စာစဥ်(၂၁)

အခန်း(၂၉၆) - ဆရာဆွန်း ကျေးဇူးပြုပြီး တပြည့် အဖြစ် လက်ခံပေးပါ။

ဆွန်းမိုက လက်ခုပ်တီးနေသည်။ စနစ်ဆီက အကြောင်းကြားချက် ရောက်လာလျှင် ခေါင်းညိတ်လိုက်သည်။ သူ့ရဲ့ လမ်းညွှန်မှုအတွက် ချိုင်တန် ပြန်ပေးဆပ်ဖို့ မမျှော်လင့်ထားပါ။ ဆွန်းမိုက ဆရာတစ်ယောက်အနေနဲ့ သူ့အလုပ်ကို လုပ်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ကျေးဇူးသိတတ်တဲ့ ကျောင်းသားကို သင်ပေးရတာက ပိုကောင်းသည်။

ဆွန်းမိုက ချိုင်တန်ရဲ့ စွမ်းဆောင်ရည်ကို အရမ်းသဘောကျသည်။

လုံးဝကို ပြီးပြည့်စုံတဲ့ တိုက်ပွဲတစ်ခု ဖြစ်သည်။ တန်မင်၏ ကျင့်ကြံခြင်း အဆင့်သည် မြင့်မားသောကြောင့် ချိုင်တန်ထက် အနည်းငယ် ပိုအားကောင်းခဲ့သည်။ သို့သော် တန်မင်၏ တိုက်ပွဲအတွေ့အကြုံ၊ ဉာဏ်နှင့် စိတ်ဆန္ဒသည် ချိုင်တန်ထက် အားနည်းခဲ့သည်။

တန်မင်သည် အရှုံးမပေးလိုသောကြောင့် အလှည့်အပြောင်း ဖြစ်လာအောင် သူ့ရဲ့ အဆုံးအစွန်ဆုံးသော လျှို့ဝှက် တိုက်ကွက်ကို ထုတ်သုံးခဲ့သည်။ ဒါတွေအားလုံးသည် ချိုင်တန်၏ တွက်ချက်မှုအတွင်းသာ ရှိခဲ့သည်။ ချိုင်တန်ကို အနိုင်ယူနိုင်ရန် အစွမ်းအစ မရှိသောကြောင့် ထုံးစံအတိုင်း ရှုံးနိမ့်ခဲ့ရသည်။

ဒီနေ့တွင် အကဲဖြတ် ဒိုင်လူကြီးအဖြစ် ဂျိမဲဂျဲနှင့်တန်ဂျိ တို့ ဆောင်ရွက်ကြသည်။ သူတို့နှစ်ယောက်စလုံးသည် ကြယ်သုံးပွင့်

မြတ်ဆရာများ ဖြစ်ကြသည်။ မကြာမီ လိဂ်ပြိုင်ပွဲ စတော့မှာ ဖြစ်သဖြင့် ရောက်လာကြခြင်း ဖြစ်သည်။ ဒီစာမေးပွဲကို အသုံးချပြီး ပြိုင်ပွဲတွင် ကျောင်းအတွက် ကိုယ်စားပြုမယ့် ကျောင်းသားများကို ရွေးခြယ်ချင်နေကြသည်။

ချိုင်တန်သည် လုပ်ဆောင်ချက်သည် သေချာပေါက် မျက်စိကျ စရာ ဖြစ်နေသည်။

“ဒီပါရမီရှင် ပြန်ရောက်လာပြီ” တန်ဂျိ အရမ်း စိတ်လှုပ်ရှားနေသည်။

“ဒါအမှန်ပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲလည်း လက်ခုပ်တီးပြီး ကျေနပ်အားရနေသည်။

တစ်ချိန်တစ်ခါက အထွင့်အထိပ်မှာ ရပ်တည်ခဲ့ဖူးတဲ့ ပါရမီရှင်သည် ချောက်နက်ထဲသို့ ထိုးကျသွားခဲ့သည်။ ဒီလိုမျိုး လူတစ်ယောက်သည် ကြီးမားသော စိတ်ဆန္ဒနှင့် ပြန်ရုန်းထလာပါက ပို၍ကြီးမားသော အောင်မြင်မှုကို ရရှိနိုင်သည်။

ကျရှုံးမှုက ကြောက်စရာမကောင်းပါ။ ကျရှုံးပြီးနောက် ပြန်မထလာခြင်းက ပိုကြောက်ဖို့ ကောင်းသည်။

"ဆရာဂျို၊ ငါ မှတ်ချက်ပေးလို့ ရမလား"

တန်ဂျိုက ပြုံးပြီး မေးလိုက်သည်။

တန်ဂျိုသည် ချိုင်တန်အား အရမ်းသဘောကျနေမှန်း ဂျိုမဲဂျဲ သိနေသည်။

အရင်တုန်းက တန်ဂျိုသည် ချိုင်တန်အား စုဆောင်းဖို့ စဉ်းစားခဲ့သော်လည်း ချိုင်တန် ချိန်နဲ့ သွားပြီးနောက် မေ့ထားခဲ့သည်။ အခုတော့ ချိုင်တန်သည် တစ်ဖန် ပြန်နိုးထလာခဲ့ပြီ။ တန်ဂျို မျှော်လင့်ထားတာထက်တောင် ပိုထူးချွန်နေသည်။

ဒါကြောင့် ဒီအခွင့်အရေးကို လက်လွှတ်မခံချင်တော့ပါ။

"ကောင်းပြီလေ"

ဂျီမဲဂျဲကလည်း ကျေကျေနပ်နပ်ကြီးကို ဦးစားပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

တန်ဂျီ မတ်တပ် ထရပ်လိုက်သည်။

ဇူးတင်သည် ချိုင်တန်အား ကွင်းထဲမှ အမြန်ထွက်ခိုင်းပြီး နောက်တစ်ပွဲ စီစဉ်ဖို့

လုပ်နေသည်။ သို့သော် ဆရာတန် မတ်ထရပ်လာတာ မြင်လိုက်လျှင် ချက်ခြင်း အော်ဟစ်လိုက်သည်။

"လူတိုင်း တိတ်တိတ်နေကြပါ"

ဖူးတင်၏ အသံသည် ကျယ်လောင်တဲ့ မိုးခြိမ်းသံကို အရမ်း ကျယ်လောင်လှသည်။ ခန်းမထဲက ဆူညံသံကို ကျော်လွှားသွားသည်။

"ဒီတိုက်ပွဲက အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းတယ်။ ကြည့်လိုက်ရင် ပွဲချိန်တိုတယ် ထင်ရပေမယ့် ချိုင်တန်ရဲ့ ကြိုးစားမှု ရလဒ်တွေကို တွေ့ရတယ်"

တန်ဂျိက မှတ်ချက်ပေးလိုက်သည်။

"ပြီးခဲ့တဲ့နှစ်က ချိုင်တန် ကောင်းကောင်း မလုပ်နိုင်ခဲ့ဘူးဆိုတာ လူတိုင်း သိတယ်။ ဒါပေမယ့် သူက အရှုံးမပေးခဲ့ဘူး။ အဲဒီအစား သူ့ကိုယ်သူ တိုးတက်အောင်လုပ်ဖို့ နည်းလမ်း ကြံဆနိုင်ခဲ့တယ်"

တန်ဂျီ၏ အသံသည် အခန်းထဲ ပဲ့တင်သံ ထပ်နေသည်။ ချိုင်တန်က နှုတ်ခမ်းကို ပွတ်သပ်လိုက်မိသည်။ မျှောင်လင့်ထားသလိုပဲ ဆရာတန်သည် သူ့အား တစ်ချက် ကြည့်လာသည်။ ကျန်ရန်ဇောင်ကို ရှုံးနိမ့်ပြီး

တိုက်ပွဲခန်းမမှ ထွက်သွားပြီးကတည်းက ချိုင်တန်သည် စိတ်ပျက် အားငယ်နေခဲ့ရသည်။ သို့သော်လည်း သူသည် အရှုံးမပေးခဲ့ပါ။ အဲဒီအချိန်တွင် ဣန္ဒြေဆေးပင်ကြောင့် ကျင့်ကြံမှုတွင် ဝိညာဉ်ချီ စုပ်ယူရန် အခက်အခဲ ဖြစ်ခဲ့ရသည်။ လက်ရှိကျင့်ကြံမှု အဆင့်တွင်သာ ထစ်ဆို့နေခဲ့ရသည်။

တပြိုင်နက်တည်းမှာပဲ ချိုင်တန်သည် ကို့ကိုယ်ကို ပါရမီရှင်တစ်ယောက် မဟုတ်ဘူးလို့ သံသယ ဝင်ခဲ့သည်။ စိတ်ညစ်စရာများကြားတွင် သူ့ရဲ့

ကိုယ်ပိုင် ကျင့်ကြံခြင်းနည်းစနစ်ကို ဖန်တီးနိုင်ခဲ့သည်။ သူ့ကိုယ်သူလည်း ပြန်သုံးသပ်မိခဲ့သည်။

အရင်တုန်းကတော့ ချိုင်တန်သည် အရမ်းထက်မြတ်ပြီး မောက်မာတဲ့ လူတစ်ယောက် ဖြစ်ခဲ့သည်။ သူက ဘယ်တော့မှ မရှုံးနိုင်တဲ့ လူလို့ ခံစားရပြီး ပြီးခဲ့တဲ့ တိုက်ပွဲအကြောင်းကို ဘယ်တော့မှ ပြန်မစဉ်းစားခဲ့ပါ။ သို့သော်လည်း မအောင်မြင်တဲ့ ကာလတစ်ခုကို ဖြတ်သန်းပြီးနောက် ဒီနှစ်ပိုင်းအတွင်း သူဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံများကို ပြန်စဉ်းစား ဖြစ်ခဲ့သည်။

ချိုင်တန်၏ ခန္ဓာကိုယ်သည် ဝေဒနာ ခံစားခဲ့ရသော်လည်း ဉာဏ်ရည် ဉာဏ်သွေးပိုင်းတွင် ပြဿနာ မရှိခဲ့ပါ။ ကြုံတွေ့ခဲ့တဲ့ အတွေ့အကြုံများကို စိတ်ပြေနပြေ ပြန်သုံးသပ်နိုင်ခဲ့သည်။ သူက စီနီယာတွေရဲ့ တိုက်ပွဲမှတ်တမ်းများကို ပြန်ဖတ်ခဲ့သည်။ ကျင့်ကြံခြင်း ကျင့်စဉ်မျိုးစုံကိုလည်း လေ့လာဖြစ်ခဲ့သည်။ သူရဲ့ ခွန်အားနဲ့ အနိုင်မယူနိုင်တဲ့ အခြေအနေတွင် ပြိုင်ဘက်ကို ဘယ်လိုအနိုင်ယူရမလဲ ဆိုတာမျိုးတွေလည်း စဉ်းစားခဲ့မိသည်။

အတိတ်တုန်းကတော့ ချိုင်တန်သည် သူ့ရဲ့ ပင်ကိုယ် အရည်အချင်းအပေါ် ကိုသာ အားကိုးခဲ့သည်။ ဒါပေမယ့်အခုတော့ ခေါင်းကလည်း စဉ်းစားလာခဲ့သည်။ အထူးသဖြင့် ဒုက္ခတွင်းထဲကို ကျသွားတဲ့အချိန်တွင် စိတ်ပိုင်းဆိုင်ရာကို လေ့ကျင့်ခဲ့ရသလို ဖြစ်သွားသည်။

သူ့ စိတ်အခြေအနေက သိသိသာသာ တိုးတက်လာခဲ့သည်။ လက်ရှိ ချိုင်တန်သည် ပြိုင်ဘက်ထက် ခြေတစ်လှမ်းစောပြီး

တွေးတောနိုင်သလိုမျိုး သူ၏ဆန္ဒက မကြုံစဖူး အားကောင်းနေခဲ့သည်။

ချိုင်တန်သည် တန်မင်က သူ့ရဲ့အဆုံးအစွန်ဆုံးသော တိုက်ကွက် တိုက်ခါနီးတွင် လက်ဦးမှု ရယူပြီးတိုက်ခိုက်ခဲ့သည်။ ပြိုင်ဘက်၏ အဆုံးအစွန်ဆုံးသော တိုက်ကွက်ကို သူ ခံနိုင်ရည် ရှိမရှိ မသေချာသဖြင့် မစွန့်စားချင်ပါ။ သို့သော်လည်း ပြန်မွေးဖွား လာသော ချိုင်တန်သည် ကြောက်စရာ အကြောင်းမရှိပါ။

တန်မင် အဆုံးအစွန်ဆုံးသော တိုက်ကွက် ထုတ်သုံးမည့် အချိန်ကို စောင့်ဆိုင်းနေခဲ့သည်။

ဒါက အကောင်းဆုံး အခွင့်အရေးဖြစ်ပြီး ဒီအခွင့်အရေးကို ဖမ်းဆုပ်နိုင်မယ်လို့ ချိုင်တန် ယုံကြည်နေခဲ့သည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် မိုးခြိမ်းသံသမျှ ကျယ်လောင်တဲ့ အသံများ ထွက်ပေါ်လာသည်။ ကျောင်းသားများက နားလည်ပေးနိုင်တဲ့ အမူအရာများ ဖြစ်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒါကြောင့် ကျဆုံးမှုက ကြောက်စရာ မဟုတ်ဘူးလို့ ငါပြောပြော နေခဲ့တာပဲ။ ကြောက်စရာ အကောင်းဆုံးက လက်လျှော့လိုက်တာပဲ ဖြစ်တယ်”

တန်ဂျိ ခန္ဓာကိုယ်ကနေ ရွှေရောင် အလင်းတန်းများ တောက်ပလာသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်ပေါ်လာသည်။

ချက်ခြင်းဆိုသလို ကျောင်းသားများ ပိုနားလည် သဘောပေါက်သွားသည်။

"ဆရာရဲ့ ချီးကျူးမှုကို ကျေးဇူးတင်ပါတယ်။ ဆရာတန်"

ချိုင်တန်က လက်သီးဆုပ်ပြီး တန်ဂျိအား ဦးညွှတ်အရိုအသေ ပေးလိုက်သည်။

"ဆရာတန်ရဲ့ အသိအမှတ်ပြုမှုအတွက် ကျေးဇူးတင်ပါတယ်"

အဲဒီစကား ပြောပြီးနောက် ချိုင်တန်သည် ကွင်းထဲက ထွက်သွားမလို့ လုပ်လိုက်သည်။ ဒါပေမယ့် တန်ဂျိက လှမ်းအော်ခေါ်သည်။

"ခဏနေပါအုံး"

တန်ဂျီ ပြုံးလိုက်သည်။

"ကျောင်းသားချိုင်၊ အရင်ဆုံး မင်းရဲ့ အောင်ပွဲအတွက် ဂုဏ်ပြုပါတယ်။ ဒါပေမယ့် မင်းငါ့ တပြည့် ဖြစ်ချင်လား"

ဟာ

တန်ဂျီ ပြောပြီးနောက် ခန်းမတစ်ခုလုံး မနာလိုတဲ့ အာမေဒိတ် အသံများ ပေါ်ထွက်လာသည်။ အဲဒီနောက် အကြည့်တွေ အကုန်လုံးက ချိုင်တန်ဆီ ရောက်သွားသည်။

ဒါက ကြယ်သုံးပွင့်မြတ်ဆရာ တစ်ယောက်ရဲ့ စုဆောင်းမှု ဖြစ်သည်။ ချိုင်တန်တော့ ထောသွားပြီ။

ချိုင်တန် အံ့အောသင့်နေသည်။ တန်ဂျိက ဒီလိုမျိုး ပြောလာလိမ့်မယ်လို့ သူ မထင်ထားခဲ့ပါ။

တိုက်ပွဲခန်းမရဲ့ အဓိကအဖြစ် တန်ဂျိ၏ လူတွေပေါ် မျှော်လင့်ထားမှုသည် အရမ်းမြင့်မားသည်။ သူက အရေအတွက်ထက် အရည်အသွေးကို ပိုကြိုက်သည်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တပြည့်လက်ခံရာတွင် အရမ်းတင်းကြပ်ပြီး လေးနက်သည်။

ချိုင်တန်ကလည်း တန်ဂျိ၏ စရိုက်ကို သိနေသည်။ ပြီးတော့ ကျောင်းတက်လာခဲ့တဲ့ နှစ်နှစ်ကျော်အတွင်း တန်ဂျိရဲ့ အသိအမှတ်ပြုမှု မရခဲ့ဖူးပါ။ ဒါကြောင့် သူသည် အရမ်းဒေါသထွက်ပြီး အသိအမှတ်ပြုမှုကို ရချင်ခဲ့သည်။

တကယ်တမ်းပြောရလျှင် အရင် အချိန်တုန်းက ကြယ်သုံးပွင့် မြတ်ဆရာတချို့ အပါအဝင် ဆရာပေါင်းများစွာသည် ချိုင်တန်ကို ခေါ်ယူဖို့

ကြိုးစားခဲ့ဖူးသည်။ သို့သော်လည်း သူတို့၏ စရိုက်နှင့် သူတို့ အထူးပြုထားသော ကျင့်ကြံခြင်း ကျင့်စဉ်က သူနဲ့ မလိုက်ဖက်သဖြင့် ချိုင်တန်က အားလုံးကို ငြင်းပယ်ခဲ့သည်။

တကယ်တော့ ချိုင်တန်သည် သူ့ကိုယ်သူ အရမ်းဂုဏ်ယူနေခဲ့သည်။ သူ့ကို ဒုကျောင်းအုပ်ကြီး ဝမ်တောင် ခေါ်ယူချင်ခဲ့သည်။

ရှူးတင်နှင့်အခြား တိုက်ပွဲခန်းမ အဖွဲ့ဝင်များ၏ မနာလိုတဲ့ အမူအရာများ ပေါက်ကွဲ ထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာများသည် တပြည့်လက်ခံရာတွင် မတူညီတဲ့ အလေ့အထ ရှိကြသည်။ မြတ်ဆရာ တချို့သည် အရည်အချင်း ပြည့်မှီတာနဲ့ တပြည့်အဖြစ် လက်ခံလိုက်ကြမည်။ ဒါကြောင့် သူတို့တွင် ကိုယ်ပိုင်တပြည့်များစွာ ရှိနေတတ်ကြသည်။ သူတို့ တစ်ယောက်ခြင်းဆီကို ဂရုစိုက်ပြီး သင်ကြားပေးသော်လည်း အရေအတွက် များလာတဲ့အခါ အရင်းအမြစ်ခွဲဝေမှုတွင် ကွာခြားမှု ရှိလာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တပြည့်လက်ခံရာတွင် တင်းကြပ်တဲ့ မြတ်ဆရာမျိုးလည်း ရှိသေးသည်။ သူတို့ကတော့ တပြည့်တိုင်းကို ညီတူညီမျှ ဆက်ဆံတတ်သည်။ နှစ်အနည်းငယ်ကြာပြီးနောက် သူတို့ရဲ့သုံးသပ်ချက်မှားယွင်းသွားရင်တောင် မြတ်ဆရာက သူ့တပြည့်အပေါ်တွင် လက်မလျှော့တတ်ကြပါ။

တန်ဂျိကတော့ နောက်ဆုံးအမျိုးအစားဖြစ်သည်။

သူ့ရဲ့ အသိအမှတ်ပြုမှုကို ရရှိဖို့ဆိုတာ ကျောင်းသားများအတွက် အရမ်းခက်ခဲလွန်းသည်။

သူတို့ လက်ခံလိုက်တာနဲ့ အမျှအတတဆုံးနှင့် အရမ်းအလေးအနက် ထားပြီး လမ်းညွှန်ပေးလိမ့်မည်။

"ချိုင်တန် ဒါက အရမ်းရှားပါးတဲ့ အခွင့်အရေးပဲ။ မင်းရဲ့ ဆရာအဖြစ် ဘာဖြစ်လို့ မြန်မြန် အသိအမှတ် မပြုသေးတာလဲ"

ချိုင်တန်နဲ့ ရင်းနှီးတဲ့ ကျောင်းသားတချို့က မနေနိုင်ဘဲ တိုက်တွန်းနေကြသည်။ ချိုင်တန်ကတော့ နှုတ်ဆိတ်နေသည်။

သူ့ရဲ့နှလုံးသားတွင် ဗဟိုပြည်နယ်က မြတ်ဆရာများကို စာရင်း ပြုစုထားခဲ့ဖူးသည်။

အပေါ်ကနေ အောက်အထိ သူ့စိတ်ကြိုက် အဆင့်တွေ ပေးထားခဲ့သည်။

အဲဒီအထဲမှာ တန်ဂျိက အဆင့် ၅ ဖြစ်သည်။

တကယ်လို့ လွန်ခဲ့တဲ့ တစ်နှစ်ကဆိုလျှင် သူပျော်ပျော်ကြီး သဘောတူမိလိမ့်မည်။ ဒါပေမယ့် အခုအချိန်မှာတော့ တွေဝေခြင်း မရှိတော့ပါ။ စောစောတုန်းက အံ့အောပြီး မှင်တက်နေခြင်း ဖြစ်သည်။

အခုတော့ သူ့စိတ်ထဲတွင် ဆရာတစ်ယောက်သာ ရှိနေတော့သည်။

"တောင်းပန်ပါတယ်။ ဆရာတန်"

ချိုင်တန်က အရိုအသေ ပေးပြီး တောင်းပန်လိုက်သည်။

ဟာ

ချိုင်တန်ရဲ့ ငြင်းပယ်တဲ့စကားကို ကြားပြီး ပတ်ဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ချိုင်တန်က သူ့ကိုယ်သူ ပြည့်ဝနေပြီ ထင်နေတာလား။

အခုဆိုလျှင် ဆရာတန်ရဲ့ စုဆောင်းမှုကိုတောင် ဂရုမစိုက်တော့ဘူးလား။

ဆရာတန်သည် ကျောင်းရှိ မြတ်ဆရာများကြားတွင် အရမ်းဇီဇာကြောင်တဲ့ ဆရာတစ်ယောက်အဖြစ် ထင်ရှားသည်။

ဒါဆိုလျှင် ချိုင်တန်က ဘာဖြစ်လို့ ငြင်းတာလဲ။

“စိတ်မကောင်းစရာပဲပေါ့။ နောင်ကျရင် မင်းစိတ်တိုင်းကျ ဆရာတစ်ယောက်နဲ့ ဆုံပါစေလို့ ဆုတောင်းပေးပါတယ်”

တန်ဂျိ၏ အမူအရာက အပြောင်းအလဲ မရှိပါ။ လူသိရှင်ကြား ငြင်းလိုက်လို့လည်း စိတ်ဆိုးတာမျိုး

မရှိပါ။ သူ့ရဲ့အမြင်မှာတော့ ဆရာနဲ့ ကျောင်းသားများသည် အခွင့်အရေး အတူတူ ရှိသည်။

မြတ်ဆရာတစ်ယောက်အတွက် အဆင့်အတန်းနှင့် ဂုဏ်သိက္ခာက အရမ်းအရေးကြီးသည်။ ဒါကြောင့် တန်ဂျိသည် ချိုင်တန်ကို ဒုတိယအကြိမ်မြောက် ခေါ်ယူဖို့ ကြိုးစားမည် မဟုတ်ပါ။ နောင်တစ်ချိန်တွင် ချိုင်တန် နောက်တ ရလျှင်တောင် သူလက်မခံတော့ပါ။

ချိုင်တန်သည် ကွင်းထဲမှ ခုန်ချပြီး ရှမ်ယွင်ဆီ လျှောက်သွားသည်။

"ငါ အနိုင်ရပြီ"

ချိုင်တန်က ပြုံးပြီး ပြောလိုက်သည်။ မိုးရွာပြီးနောက် ကြည်လင်လာတဲ့ ကောင်းကင်တစ်ခုလို သူ့ရဲ့ အပြုံးက နွေးထွေးလွန်းလှသည်။ ပတ်ဝန်းကျင်က မိန်းကလေးများ၏ နှလုံးသားများ အရည်ပျော်ကုန်သည်။

"ငါ တောင်းပန်ပါတယ်"

ရွှမ်ယွှင်သည် တောင်းပန်ပြီး မျက်ဝန်းထဲတွင် မျက်ရည်ဝဲနေသည်။

“ငါက မင်းကို နောက်ပြန်ဆွဲခဲ့မိတယ်”

“ဒီလိုမပြောပါနဲ့။ ဒီကာလအတွင်း ငါအများကြီး စဉ်းစားခဲ့တယ်။ တကယ်လို့ ဒီခေတ်ကြီးမှာ အသိပညာကို မစုဆောင်းထားရင် လမ်းမှား လျှောက်မိသွားလိမ့်မယ်”

ချိုင်တန်သည် ရွှမ်ယွှင်အား အပြစ်မတင်ခဲ့ပါ။ သူမကို ပွေ့ဖက်ပြီး လှပတဲ့ဆံပင်များကို နမ်းလိုက်သည်။

ဆွန်းမို သက်ပြင်းချလိုက်သည်။ ပါရမီရှင်များသည် ဆိုးဝါးတဲ့ အခြေအနေမှာတောင် တိုးတက်တဲ့ လမ်းကြောင်းအမှန်ကို ရှာဖွေနိုင်ကြသေးသည်။ ချိုင်တန်သည် ဒီစမ်းသပ်မှုကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့သဖြင့် အနာဂတ်တွင် အောင်မြင်မှု ပိုကြီးမားလာလိမ့်မည်။

'ယွင်အာ"

ချိုင်တန်သည် ဆွန်းမိုကို ကြည့်ပြီး တွေဝေနေသည်။

ရွှမ်ယွှင်သည် ချိုင်တန်နှင့် နှစ်ပေါင်းများစွာ ချစ်လာခဲ့တဲ့ ငယ်ချစ်ဖြစ်သဖြင့် တစ်ချက်ကြည့်လိုက်ရုံနဲ့ ချိုင်တန် ဘာတွေးနေလဲဆိုတာ သူမသိသည်။

"သွားပါ။ မင်းက ဆရာဆွန်းကို ဆရာတင်ချင်နေတာ တော်တော်ကြာနေမှန်း ငါသိတယ်။ မင်းမှာ အောင်မြင်မှုတွေ မရှိလို့ သူ့ရဲ့ဂုဏ်သိက္ခာကို အရှက်ခွဲသလို ဖြစ်သွားမှာ စိုးရိမ်နေတာ မဟုတ်လား။ အခုတော့ မင်းလုပ်လို့ ရပြီ"

ရွှမ်ယွင်က အားပေးလိုက်သည်။

“ဒါပေမယ့်...............”

ချိုင်တန် စိတ်ပူနေသည်။

“ဆရာတန်က အရမ်းပြည့်ဝ ပါတယ်။ ဒီကိစ္စကြောင့် ဆရာဆွန်းကို ရန်ငြိုး မထားပါဘူး”

ရွှမ်ယွင်လည်း ဒီကိစ္စကို စဉ်းစား ကြည့်ခဲ့သည်။

လူတိုင်းမှာ အတ္တ ရှိတတ်ကြသည်။ တကယ်လို့ ချိုင်တန်ကသာ ကြီးကြီးမားမား အောင်ပွဲခံပြီး

လူမြင်ကွင်းတွင် သူ့ကို ဆရာတင်လိုက်ပါက အောင်နိုင်ဖို့ အခွင့်အရေး များသည်။

"မင်းက ဆရာဆွန်းနဲ့ မထိုက်တန်ဘူးလို့ တွေးနေတာ မှတ်လား"

ချိုင်တန် ရုတ်တရက် အံ့အောသင့်သွားသည်။ ရှမ်ယွှင်အတွက် သူသည် အကောင်းဆုံးဖြစ်ပြီး အံ့ဖွယ် ဆရာတစ်ယောက်နဲ့သာ ထိုက်တန်တဲ့လူလို့ တွေးနေခဲ့သူ ဖြစ်သည်။ ဒါကြောင့်လည်း သူမသည် ကြယ်လေးပွင့်အောက်က မြတ်ဆရာများကို

ဂရုမစိုက်ခဲ့ပါ။ အခုတော့ ဘာဖြစ်လို့ သူမ ပြောင်းလဲသွားရတာလဲ။

"ဟဲဟဲ၊ မင်းကသာ သူနဲ့ မထိုက်တန်မှာ ငါစိုးရိမ်တယ်"

ရွှမ်ယွှင်သည် ရေကန်ဘေးတွင် ဆရာဆွန်းနဲ့ စကားပြောတဲ့ အချိန်ကို ပြန်တွေးလိုက်မိသည်။ သူမက နာကျင်၊ ဝမ်းနည်းပြီး သနားစရာကောင်းတဲ့ ပုံစံဖြစ်နေသော်လည်း သူက မလေးမစား မလုပ်ခဲ့ပါ။ ဒါက ကျောင်းသားတစ်ယောက်ရဲ့ အနာဂတ်ကို

စဉ်းစားပေးတတ်တဲ့ ဆရာကောင်းတစ်ယောက်ရဲ့ အပြုအမူ ဖြစ်သည်။

ဆွန်းမို၏ စွမ်းဆောင်ရည်နဲ့ ပက်သက်လို့ကတော့ ရွှမ်ယွှင် လုံးဝ သံသယမရှိပါ။ သူက အသက်နှစ်ဆယ်သာ ရှိသေးသော်လည်း သူ့အတောင်ပံအောက်တွင် ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ ရှိနေသည်။ သူတို့၏ အရည်အချင်းများကြောင့် တိမ်စိမ်းအဆင့် ဝင်ဖို့ဆိုတာ ပြဿနာ မရှိနိုင်ပါ။ ဒါကြောင့် ဆွန်းမိုသည် လွယ်လွယ်နဲ့ ကြယ်နှစ်ပွင့်

မြတ်ဆရာတစ်ယောက် ဖြစ်လာလိမ့်မည်။ သူတို့နှစ်ယောက် မလုပ်နိုင်ရင်တောင် ချိုင်တန် ရှိသေးသည်။

ရွှမ်ယွှင်သည် ဆွန်းမိုက ရေမွှေးအနံ့ခွဲခြားခဲ့တဲ့ပုံကို မှတ်မိနေသေးသည်။ ဒါပေမယ့် လုံးဝကို မယုံကြည်နိုင်စရာကောင်းတဲ့ စွမ်းရည်တစ်ခု ဖြစ်သည်။

“ချိုင်တန်၊ ဆရာဆွန်းက မင်းထင်ထားတာထက် အများကြီး ထူးချွန်တယ်”

ရွှမ်ယွင်က အော်ပြောလိုက်သည်။ ထို့နောက် ချိုင်တန်ကို တွန်းလွှတ်ပြီး နောက်ကျောကို ရိုက်လိုက်သည်။

“ဒီမှာပဲ ကြောင်ပြီး ရပ်မနေနဲ့။ သံဆိုတာက ပူတုန်း ထုပေးရတယ်”

ရွှမ်ယွင်က စိတ်ထဲကနေ နောက်ထပ် စကားတစ်ခု ထပ်ပြောလိုက်သည်။

(ဆရာဆွန်းမှာ ကြီးမားတဲ့ အလားအလာရှိတယ်။ အခုချိန်မှာမှ သူ့လက်အောက်ကို မဝင်ခဲ့ရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောင်တစ်ချိန် သေချာပေါက် နောင်တရနေလိမ့်မယ်)

စာစဉ်(၂၁)

အခန်း(၂၉၇) - ဆွန်းမိုရဲ၏ ဆုံးဖြတ်ချက်။

"ချိုင်တန်က အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ" ဝမ်ဟောင် သက်ပြင်းချလိုက်သည်။ ကျဆုံးပြီးနောက် ပြန်တက်လာနိုင်တဲ့ လူတွေကို

အထင်အကြီးဆုံးပဲဖြစ်သည်။ အဲဒီနေမှာ သူ့သာဆိုရင် မလုပ်နိုင်ပါ။

"အမှန်ပဲ။ ဒီကောင် ဦးနှောက်က တစ်ခုခု လွဲနေတာလား။ ဒါမှမဟုတ် ဒီတစ်ကြိမ် အနိုင်ရပြီး ဘဝင်မြင့်နေတာလား။ ဆရာတန်ရဲ့ ကမ်းလှမ်းမှုကို တကယ် ငြင်းခဲ့တာပဲ"

ကျန်ရှိသည် အရမ်းဒေါသထွက်ပြီး သွားနာကျင်လာသည်။ ချိုင်တန်က အခွင့်အရေးကို ဖြုန်းတီး ပစ်နေတယ်လို့ ခံစားရသည်။

"မင်း မလိုချင်ရင်လည်း ငါ့ကို ပေးလိုက်ပါလား"

“ချိုင်တန်က အခွင့်အရေး ပေးရင်တောင် ဆရာတန်က မင်းကို မလိုချင်ဘူး”

ဝမ်ဟောင်က သူ့ရဲ့ သူငယ်ချင်းကောင်းကို လှောင်ပြောင်လိုက်သည်။ ထို့နောက် ချီရွှန်ကျားကို ပခုံးနဲ့ တိုက်လိုက်ပြီး

“ဆရာဆွန်းက ဟိုမှာ ဘာလို့ သွားနှုတ်မဆက်တာလဲ”

“မသွားပါဘူး။ အဆင်ပြေတယ်”

ချီရွှန်ကျားက အမြဲတမ်း နိမ့်ကျတယ်လို့ ခံစားနေရသည်။ သူ့အရည်အချင်းက

အရမ်းညံ့ဖြင်းတယ်လို့ ယူဆပြီး ဆရာဆွန်းနဲ့ တူတူရပ်နေပါက ဆရာဆွန်းရဲ့ ဂုဏ်သိက္ခာ ထိခိုက်သွားမှာကို စိုးရိမ်နေသည်။

"ဟင်း၊ မင်း...."

ကျန်ရှီသည် သံမဏိ မဖြစ်လာတဲ့ သံကို မုန်းနေသည်။ တကယ်လို့ သူ့မှာသာ အခွင့်အရေးရှိလျှင် ဆွန်းမိုဆီ ပြေးသွားပြီး ဖားနေမိလိမ့်မည်။ ကျန်ရှီသည် ဆွန်းမိုဘေးနားက ထွက်သွားမည် မဟုတ်ပါ။

"အမ်၊ မြန်မြန်ကြည့်။ ချိုင်တန်က ဆရာဆွန်းကို လိုက်ရှာနေတယ်"

ဝမ်ဟောင် အံ့အော သင့်နေသည်။

ချိုင်တန် ထွက်လာလျှင် ကျောင်းသားများက ချက်ခြင်းဆိုသလို လမ်းရှဲပေးလိုက်သည်။ သို့သော် သူက တိုက်ပွဲခန်းမက မထွက်သွားဘဲ ဆရာဝတ်ရုံရှည် ဝတ်ထားတဲ့ လူငယ်တစ်ယောက်ဆီ လမ်းလျှောက်သွားတာကို မြင်နေရသည်။

"အဲဒါက ဘယ်သူလဲ"

တစ်ယောက်က မေးလိုက်သည်။

"မင်းက ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားရော ဟုတ်ရဲ့လား။ ဆရာဆွန်းကိုတောင် မသိဘူးလား"

"မင်းမျက်လုံး ကန်းနေပြီး ခွင့်လွှတ်မှုကို တောင်းခံသင့်တယ်"

"အိုဘုရားရေ။ နတ်ဘုရားလက်ပဲ"

ဆွန်းမိုက အရမ်းနာမည်ကြီးနေသည်။ ဒါပေမယ့် တရားဝင် ဆရာဖြစ်လာတာ မကြာသေးပါ။ ပြီးတော့ သူက အမှောင်တိုက်ကြီးကို တစ်လခွဲလောက် ခရီးထွက်သွားခဲ့သေးသည်။ ဒါကြောင့်

ကျောင်းသားတချို့သည် နာမည်သာ ကြားဖူးပြီး လူမမြင်ဖူးကြပါ။

သို့သော် သူ့ပုံစံက တကယ်မဆိုးပါ။

ဆွန်းမိုနဲ့ စကားပြောမလို့ တံခါးအပြင်ကနေ စောင့်နေရင် ကောင်းမလား စဉ်းစားကြတဲ့ အချိန်တွင် ချိုင်တန်က ဆွန်းမိုဆီ လျှောက်သွားပြီး ဒူးထောက်ချလိုက်တာကို မြင်လိုက်ရသည်။

"အမ်"

ကျောင်းသားတွေက မှင်တက်သွားသည်။ ဒါက ဘာလုပ်တာလဲ။

သိပ်မကြာခင် အဖြေထွက်လာသည်။

ဖုန်း

ချိုင်တန်သည် မြေပေါ်တွင် ဒူးထောက်ချကာ ပြားပြားဝပ်အောင် အရိုအသေ ပေးနေသည်။ ထို့နောက် သုံးကြိမ်တိုင်တိုင် အရိုအသေ ပေးလိုက်သည်။

"လေးစားရတဲ့ ဆရာဆွန်း၊ ကျေးဇူးပြုပြီး ကျွန်တော်ကို တပြည့် အဖြစ်လက်ခံပေးပါ"

ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။ တိုက်ပွဲဝင်နေတဲ့ ကျောင်းသားနှစ်ယောက်လည်း ခဏလောက် ရပ်ဆိုင်းသွားသည်။

ဇူးတင် မျက်ခုံး ပင့်သွားသည်။ ချိုင်တန် ဘာလုပ်ဖို့ ကြိုးစားနေတာလဲ။ စက္ကန့်အနည်းငယ် ကြာပြီးနောက် ရုတ်ရုတ်သဲသဲ အသံထွက်လာသည်။ ဆွေးနွေးနေတဲ့ အသံများကို နေရာတိုင်းတွင် ကြားနေရသည်။

"ငါ ဘာကြားလိုက်တာလဲ။ ချိုင်တန်က ဆရာဆွန်းကို ဆရာတင်ချင်နေတာလား"

"အမ်။ မင်းလည်း ကြားတာလား။ ငါက နားကြားမှားတယ် ထင်နေတာ"

"ဘုရားရေ။ ဒီကောင်ချိုင်တန်က အရမ်းထူးချွန်တယ်လေ"

ကျောင်းသားအားလုံး၏ မျက်နှာပေါ်တွင် အံ့အောတဲ့ အမူအရာများ ပေါ်နေသည်။ ချိုင်တန်က ဘာတွေ စဉ်းစားနေတာလဲ။

"ချိုင်တန် ရူးသွားပြီလား။ သူက ကြယ်သုံးပွင့် မြတ်ဆရာကို စွန့်လွှတ်ပြီး ကြယ်မရှိတဲ့ ဆရာကို ဆရာတင်ချင်နေတာလား"

အတန်းကြီး ကျောင်းသားတစ်ယောက်က နားမလည်နိုင်ဘဲ အလိုလို ထုတ်ပြောလိုက်မိသည်။ နောက်ဆုံးတော့ လူတွေက သူ့ကို ဝေဖန်လာကြသည်။

“ဟော့၊ မင်းဘာတွေ ပြောနေတာလဲ”

“ဆရာဆွန်းမှာ ကြယ်မရှိလဲ ဘာဖြစ်လဲ။ သူက အခုမှ အလုပ်ဝင်တာ လပိုင်းပဲ ရှိသေးတယ်။ လာမဲ့ စာမေးပွဲမှာ ဆရာဆွန်းက ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်လာဖို့ အရည်းအချင်း မှီနေပြီ”

“တောင်းပန်ပါ။ မြန်မြန် တောင်းပန်ပါ”

ဆွန်းမိုရဲ့ ပရိတ်သတ်တွေ အများကြီး ရှိနေသည်။ အထူးသဖြင့် အတန်းငယ်တဲ့ ကျောင်းသားတွေ ဖြစ်သည်။ သူတို့က ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းကို တက်ရောက်ခဲ့တဲ့ လူများ ဖြစ်နေသဖြင့် လေးစားမှုနှင့် ပြည့်နေသည်။ အခုတော့ ဆရာဆွန်းကို သံသယဝင်နေသဖြင့် ဘယ်လို သည်းခံနိုင်မှာလဲ။

ဒေါသ ပိုကြီးတဲ့လူတွေဆို ရိုက်နှက်ဖို့တောင် လုပ်နေကြသည်။

“တိတ်စမ်း”

ဖုးတင်က အော်ဟစ်လိုက်သည်။

"မင်းတို့ကောင်တွေက ဘဲတွေလား။ ဘာဖြစ်လို့ ဒီလောက် ဆူညံနေတာလဲ။ ထပ်ပြီး ဆူဆူညံညံ လုပ်တဲ့ကောင်တွေကို ငရဲ မောင်းထုတ်လိုက်မယ်"

စစ်ဆေးမှုကို ကြီးကြပ်တဲ့ လူတစ်ယောက်အနေနဲ့ အစီအစဉ်ကို ကာကွယ်ဖို့ တာဝန်ရှိသည်။ ပြီးတော့ ဒီနေရာတွင် ကြယ်သုံးပွင့် မြတ်ဆရာ နှစ်ယောက်လည်း ရှိနေသည်။ ဖုးတင်က

အသုံးမကျဘူးဆိုပြီး သူတို့ရဲ့ အကဲဖြတ်မှုကို မလိုချင်ပါ။

ဒီနောက် ကျောင်းသားများ ငြိမ်ကျသွားသည်။ သူတို့က ချိုင်တန်ကို ကြည့်နေကြပြီးနောက် သူတို့အကြည့်သည် အကဲဖြတ် ဒိုင်လူကြီး နေရာတွင် ထိုင်နေတဲ့ တန်ဂျိဆီ ရောက်သွားသည်။

“သူ့ရဲ့ စိတ်ခံစားမှု ထိန်းချုပ်နိုင်စွမ်းက ညံ့ဖြင်းလွန်းတယ်”

ကျန်ရှီက ခေါင်းယမ်းပြီး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချိုင်တန်က ဆွန်းမိုကို သူ့ရဲ့ ကိုယ်ပိုင်ဆရာအဖြစ် ဆရာတင်တာက ပြဿနာ မရှိပါ။ (မင်းက ဆရာတန်ကို ငြင်းခဲ့တယ်လေ။ အခုဒီလိုလုပ်နေတာ့ ဆရာတန်ကို အရှက်ခွဲနေသလို မဖြစ်ဘူးလား)

ဒါကိုမြင်တဲ့ လူတိုင်းသည် ဆရာတန်က ဆရာဆွန်းထက် ပိုနိမ့်ကျတယ်လို့ ပြောကြလိမ့်မည်။

“ဆရာတန်”

ဂျိမဲဂျဲသည် ဆွန်းမိုအတွက် စကားပြောပေးချင်လို့ မျက်ခုံး ပင့်လိုက်သည်။

"ဟားဟား။ ဆရာဂျို၊ မင်းအစိုးရိမ် လွန်နေပြီ။ ငါအဲဒီလောက် သဘောထား မသေးပါဘူး"

တန်ဂျိုက ယဉ်ကျေးမှုအရ ပြောနေခြင်း မဟုတ်ပါ။ သူက တင်းကြပ်တဲ့ လူတစ်ယောက်ဖြစ်သော်လည်း သဘောထား ကြီးပါသည်။ ချိုင်တန်သည် ဆက်ဒူးထောက်နေပြီး လုံးဝ ပြန်မထပါ။ ဆွန်းမိုကလည်း ဘာမှ ပြန်မပြောပါ။ အဲဒီနေရာမှာပဲ ရပ်နေပြီး ချိုင်တန်ကို ကြည့်နေသည်။

"ဝိုး။ ဆရာဆွန်းက အရမ်းချောတာပဲ အခုမှ ရုတ်တရက် သိလိုက်ရတယ်"

"အမှန်ပဲ။ ချိုင်တန်နဲ့ယှဉ်ရင် သူက ပိုပြီး ကျက်သရေ ရှိသေးတယ်။ သူ့အကြည့်တွေက နက်ရှိုင်းလိုက်တာ။ သူတို့ကအဆင့်ခြင်း မတူသလို ခံစားရတယ်"

"ဆွဲဆောင်မှု ရှိလိုက်တာ"

ချိုင်တန်အတွက် စိတ်လှုပ်ရှားစွာ အော်ဟစ်ခဲ့ကြတဲ့ မိန်းကလေးတွေသည် ချက်ခြင်းပဲ ချိုင်တန်ကို စွန့်ပစ်ပြီး ဆွန်းမိုကို

ချစ်မြတ်နိုးသွားကြသည်။ ရုပ်ရည်နှင့် ပုံစံအရ ပြောရလျှင် ဆွန်းမိုသည် ချိုင်တန်ထက် သာလွန်သည်။

ပြီးတော့ ပိုပြီး အရေးကြီးတာ သူတို့ရဲ့ အပြုအမူတွေ ဖြစ်သည်။ တစ်ယောက်က ကျောင်းသားဖြစ်ပြီး တစ်ယောက်က နတ်ဘုရားမျက်စိ အာရုံရှိကာ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်လေးခု ပိုင်ဆိုင်ထားတဲ့ လူဖြစ်သည်။ သူတို့ အမူအရာတွေ တူနေမှသာ ထူးဆန်းနေမည်။

“ အရင်က ဘာဖြစ်လို့ဆရာဆွန်းရဲ့ အတန်းကို မတက်ခဲ့မိပါလိမ့်။ ဘာဆုံးရှုံးသွားပြီလဲ”

ကောင်မလေးတစ်ယောက်က သူမကိုယ်သူမ စိတ်ဆိုးနေသည်။

“ချိုင်တန်၊ မင်းက ငါ့ကို ဆရာတင်ချင်တဲ့ အတွက် ကျေနပ်မိပါတယ်။ ဂုဏ်လည်း ဂုဏ်ယူမိတယ်။ ဘယ်လိုပဲပြောပြော ဒါက ပါရမီရှင်တစ်ယောက်ရဲ့ အသိအမှတ် ပြုမှုပဲလေ”

ဆွန်းမိုက ပြောလိုက်သည်။

"မဟုတ်ဘူး။ ဆရာဆွန်း မင်း အရမ်းနှိမ့်ချနေပြီ။ မင်းကြောင့်သာ မဟုတ်ရင် အခုအထိ ငါက အမှိုက် ဖြစ်နေအုံးမှာ။ မင်းက ငါ့ကို ဘ၀အသစ်တစ်ခု ပေးခဲ့တဲ့ လူပဲ "

ချိုင်တန်က ဆွန်းမိုရဲ့စကားကို အလျှင်အမြန် ဖြတ်ပြောလိုက်သည်။

ကြည့်နေတဲ့ ကျောင်းသားများလည်း ရုတ်တရက် သဘောပေါက်သွားသည်။ ချိုင်တန်က ဆွန်းမိုကို ဆရာတင်ချင်တာ မထူးဆန်းတော့ပါ။ အခုလက်ရှိ

သူ့ရဲ့ အောင်မြင်မှုသည် ဆရာဆွန်း၏ ကောင်းမွန်တဲ့ လမ်းညွှန်မှုကြောင့် ဖြစ်နိုင်သည်။

ကျောင်းသားအများစုသည် ချိုင်တန်စကားရဲ့ အဓိပ္ပါယ်ကို နားမလည်ကြပါ။ အထူးသဖြင့် ဇူးတင်လိုမျိုး တိုက်ပွဲခန်းမက အဖွဲ့ဝင်များသည် ဒီစကားကို ကြားပြီးနောက် အရမ်း အံ့အောသင့်သွားသည်။

လွန်ခဲ့သော တစ်နှစ်ခွဲက ချိုင်တန်သည် အမှန်တကယ်ကို အရေး မပါလှပါ။ သူတို့နဲ့

တိုက်ခိုက်ဖူးခဲ့သည်။ ခပ်ရိုင်းရိုင်း ပြောရလျှင် ခွေးတစ်ကောင်တောင် သူ့ကို အနိုင်ယူနိုင်သည်။

အတိအကျ ပြောရလျှင် ချိုင်တန် ပြန်အောင်မြင်လာအောင် ဆွန်းမို ဘာတွေ လုပ်ပေးခဲ့တာလဲ။

ဇူးတင်သည် ထိပ်ဆုံးအဆင့် ကျောင်းသားဖြစ်သည်။ သူ့ရဲ့ သုံးသပ်ချက်က တော်တော်လေး တိကျသည်။ ချိုင်တန်တစ်ယောက် လုံး၀ ပြောင်းလဲသွားတာကို သတိထားမိသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖူးတင်၏ လေးစားအထင်ကြီးမှု +၅ ။မှူလ(၃၅/၁၀၀)

"ဒါဆို ဒီကိစ္စက"

တန်ဂျိ ရုတ်တရုတ် သဘောပေါက်သွားသည်။ ဂျိမဲဂျဲကတော့ သိချင်စိတ်နဲ့ ဆွန်းမိုကို အကဲခတ်နေသည်။ (ဒါဆို မင်းက တကယ် ထူးချွန်တာပေါ့)

"မင်းက ချဲ့ကားပြောနေပြန်ပြီ။ ငါမရှိရင်တောင် တခြားဆရာတွေက မင်းကို လမ်းညွှန်ပေးလိမ့်မယ်။ ကံကြမ္မာကြောင့်သာ မင်းနဲ့ငါက ဆုံတွေ့ခဲ့ကြတာ"

ဆွန်းမိုက ဒီအတွက် ဂုဏ်ယူမနေပါ။ ဒါက ဆရာတစ်ယောက်ရဲ့ တာဝန် တစ်ခုသာ ဖြစ်သည်။

"ဆရာဆွန်းက မဆိုးဘူး"

ရန်ဂျိက ပြုံးရင်း ပြောသည်။ ထက်မြတ်မှုကို ပြသ လိုတဲ့လူငယ်များသည် ကမ္ဘာပေါ်မှာ ထိပ်တန်းရောက်ကြောင်းကို သက်သေပြခံရတာ မကြိုက်ကြပါ။

"ဆရာဆွန်း ကျေးဇူးပြုပြီး လက်ခံပေးပါ"

ချိုင်တန်သည် ဉာဏ်ရည်ထက်မြတ်တဲ့ လူတစ်ယောက် ဖြစ်သည်။ တစ်ခုခု မှားယွင်းနေတဲ့ အရိပ် အမြွက်ကို ခံစားမိသည်။

"မင်းက ကျေးဇူးတရားနဲ့ အောင်ပွဲကြောင့် ရလာတဲ့ ပျော်ရွှင်မှုတွေကြောင့် မင်းဆရာတင်ချင်နေတာ ဖြစ်နိုင်တယ်။ နောင်တစ်ချိန်ကျရင် မင်းရဲ့ ဆုံးဖြတ်ချက်ကို နောင်တ မရစေချင်ဘူး"

ဆွန်းမိုက ချိုင်တန်၏ မျက်လုံးကို စိုက်ကြည့်ရင်း လေးနက်စွာ ပြောလိုက်သည်။

"လအနည်းငယ် ကြာသွားလို့ မင်းစိတ်ငြိမ်သွားတဲ့အချိန်မှ ဒါကို ပြန်စဉ်းစားဖို့ မျှော်လင့်တယ်"

ချိုင်တန် လန့်သွားသည်။ တကယ်ပဲ ဒီအကြောင်း ပြချက်ကြောင့်လား။

"ဆရာက အရမ်းကြင်နာတတ်တာပဲ"

မိန်းကလေးတွေဆီက လေးစားအထင်ကြီးမှု အမှတ်များ ထွက်လာသည်။ ချိုင်တန်သည် တတိယအတန်း၏ အသန်မာဆုံး ကျောင်းသားတစ်ယောက် ဖြစ်သည်။

မမျှော်လင့်ထားတဲ့ အဖြစ်အပျက်သာ မဖြစ်လာခဲ့လျှင် သူက ထိပ်ဆုံးသို့ နောက်တစ်ကြိမ် ပြန်ရောက်လာလိမ့်မည်။ ဒီလိုမျိုး ကျောင်းသားတစ်ယောက်ကို လက်ခံခြင်းက ဘယ်ဆရာအတွက်မဆို သူ့ အလုပ်အကိုင်အတွက် အကျိုးကျေးဇူး ရှိလိမ့်မည်။ သို့သော် ဆွန်းမို ဦးစားပေးတဲ့ အရာက ချိုင်တန်၏ အခြေအနေ ဖြစ်သည်။

"ဆရာဆွန်းက ငါတို့မျိုးဆက်ရဲ့ စံပြတစ်ယောက် ဖြစ်လာနိုင်တယ်"

တန်ဂျိက ချီးကျူးလိုက်သည်။

တန်ဂျိ၏ လေးစားအထင်ကြီးမှု အမှတ်+၅၀။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ပွင့်သွားပါပြီ။

မှူလ(၅၀/၁၀၀)

"ဟုတ်ကဲ့"

ဂျိမဲဂျဲအတွက်တော့ မထူးဆန်းတော့ပါ။ ဆွန်းမို၏ နှလုံးသားထဲတွင် ကျောင်းသားများက အမြဲတမ်း နံပါတ် တစ်ဖြစ်သည်။

ဒင်

ဂျိမဲဂျဲ၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနီး(၄၁၀/၁,၀၀၀)

ချိုင်တန် အခုတော့ စိတ်ပူလာသည်။

"ထတော့"

ဆွန်းမိုသည် ပြုံးရင်းလက်ဆန့်ကာ ချိုင်တန်အား မတ်တပ်ရပ်ဖို့ ထူပေးလိုက်သည်။

"မင်းက အသက် ၁၅နှစ်ပဲ ရှိသေးတယ်။ ဘာတွေ လောနေတာလဲ။ ပြီးတော့ ငါကမင်းရဲ့ တိုက်ရိုက်ဆရာ မဟုတ်ရင်တောင် မင်းပြဿနာ ကြုံလာတိုင်း လာရှာလို့ ရတယ်"

"ဆရာ"

တန်မင်ကို အနိုင်ယူပြီးနောက် အံ့အောဖို့ ကောင်းတဲ့ အောင်ပွဲ အရသာကို ခံစားချင်သော်လည်း ချိုင်တန် မပျော်နိုင်ဘူး ဖြစ်နေသည်။ အဲဒီအစား ပင့်သက်ရှိုက်နေသည်။ ဆရာရဲ့ လမ်းညွှန်မှုကို ရနိုင်တာက တကယ့်ကို ကံကောင်းလွန်းသည်။

"ကောင်းပြီလေ။ မင်းရဲ့အောင်ပွဲကို သွားခံစားလိုက်ပါအုံး"

ဆွန်းမိုက ချိုင်တန် ကျောကို ပုတ်ရင်း ပြောလိုက်သည်။

“ရွှမ်ယွင် သူ့ကို ကောင်းကောင်း ဂရုစိုက်နော်”

“အင်း”

သူမအတွက် ချိုင်တန် ရှိပြီးသား ဖြစ်နေလို့ပါ ဒီလိုမှမဟုတ်ရင် သူ သေချာပေါက် ချစ်မိသွားလိမ့်မည်။ ဆွန်းမိုက တကယ်ကို ဆွဲဆောင်နိုင်လွန်းသည်။

ဒင်

ရွှမ်ယွင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၄၀၀/၁,၀၀၀)

“ဆရာက တကယ် စတိုင်ကျလွန်းတယ်”

လီဇီချီက တိုးတိုးလေး ရွှေရွှတ်လိုက်သည်။ ဆွန်းမိုရဲ့ နေရာမှာ သူမသာဆိုလျှင် ချိုင်တန်လို ပါရမီရှင် ကျောင်းသားတစ်ယောက်ကို တွေ့ခဲ့ပါက ချက်ခြင်း လက်ခံ မိလိမ့်မည်။

“အား။ ဆရာအတွက် ဘယ်လိုလုပ် ကျောင်းသား ရှားမှာလဲ”

လုချီဟွာကတော့ သူမရဲ့ ပညာသင်ဘက် အမကြီးက အစိုးရိမ် လွန်နေတယ်လို့ ခံစားရသည်။

နောင်တစ်ချိန်တွင် သူမဆရာအတွက် နေရာတိုင်းတွင် ကျောင်းသား ရှိနိုင်သည်။

"ပြီးသွားပြီ။ ငါ့မှာ လုံးဝ အခွင့်အရေး မရှိတော့ဘူး ထင်တယ်"

ဒီမြင်ကွင်းကို မြင်လိုက်ပြီးနောက် ကျန်ရှီ စိတ်ပျက် အားငယ်သွားသည်။ သူ့အသုတ်ရဲ့ နံပါတ်တစ် ဖြစ်တဲ့ ချိုင်တန်လို လူမျိုးတောင် အငြင်းခံလိုက်ရပြီး ဆွန်းမို နောက်လိုက်ဖို့ မလွယ်ကူ နိုင်တော့ပါ။ ကျန်ရှီအတွက်တော့ ဒီဘဝတွင် အခွင့်အရေး မရှိနိုင်တော့ပါ။

ချီရှန်ကျား အမူအရာသည် သိသိသာသာ ဆိုးရွားလာသည်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က သူ့ကိုယ်သူ ကျိန်ဆို ထားခဲ့သည်။ ဒီနေ့ တိုက်ပွဲမှာ အနိုင်ရခဲ့ရင် ဆရာဆွန်းကို တောင်းဆို မလို စဉ်းစားထားခဲ့သည်။ ဒါပေမယ့် အခုအချိန်မှာတော့ သူ့ယုံကြည်မှုတွေ လုံး၀ ပျက်ဆီးသွားပြီ။

"ငါက အမှိုက်တစပဲ အရမ်း လောဘကြီးလွန်းနေပြီ။ ဆရာရဲ့ လမ်းညွှန်မှု ရနေတာကိုက ကောင်းကင်နဲ့ မြေကြီးကို ကျေးဇူးတင်သင့်တယ်။ ဒါတောင် ငါ့ရဲ့ ကိုယ်ပိုင်ဆရာ

တင်ဖို့စိတ်ကူး ယဉ်နေတာလား။ ချီရှန်ကျား မင်းက ဖားတစ်ကောင်က လွဲပြီး ဘာမှ မဟုတ်ဘူး”

ချီရှန်ကျားသည် သူ့ကိုယ်သူ ရှုံ့ရှာသွားသည်။

လီဇီချီသည် ပတ်ဝန်းကျင်က ကျောင်းသားများ ဆရာ့ကို ကြည့်နေတဲ့ အကြည့်ကို မြင်လိုက်သည်။ သူတို့ အကြည့်များက ပိုနွေးထွေးလာတာကို သတိထားလိုက်မိသည်။ သူတို့ မနှောက်ယှက်ရဲကြပါ။

ဒင်

"ချိုင်တန်အား သူ့ကိုယ်သူ ပြန်ယုံကြည်လာအောင် ကူညီပေးခဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမို မျက်လုံးရှေ့တွင် ငွေရောင်ရတနာ သေတ္တာ တစ်လုံး ပေါ်လာသည်။

ဒင်

"လေးစားအထင်ကြီးမှု ၂,၁၃၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ"

ဆွန်းမို ရုတ်တရုတ် အံ့အောသွားသည်။ လူပေါင်းများစွာက သူ့ကို ကြည့်နေသဖြင့် မရယ်မိအောင် ထိန်းသိမ်းထားရသည်။ ဒါပေမယ့် အမှန်တကယ်ကို စိတ်ချမ်းသာနေသည်။ သူက လေးစားအထင်ကြီးမှု အမှတ်ပေါင်း နှစ်ထောင် ကျော် ရရှိခဲ့သည်။

နောင်ကျရင် ဒီလိုကိစ္စတွေ ပိုလုပ်ရမည်။

စိန်ခေါ်သူ တချို့က သူတို့ ကံကိုစမ်းချင်လို့ လာခဲ့ကြခြင်း ဖြစ်သည်။ ဒါပေမယ့်

အခုအချိန်မှာတော့ အားလုံး အစွမ်းကုန် ကြိုးစားနေကြသည်။

ကြယ်သုံးပွင့် မြတ်ဆရာနှစ်ယောက်ရဲ့ မျက်လုံးထဲတွင် သူတို့က ဘာမှမဟုတ်တဲ့မှန်း သိသော်လည်း တကယ်လို့ ဆရာဆွန်း သဘောကျသွားလည်း မဆိုးပါ။

ဒါကြောင့် စမ်းသပ်မှုရဲ့ ပြင်းထန်မှုသည် ချက်ခြင်း အဆင့်တိုးသွားသည်။

ဆွန်းမိုက သူ့ရဲ့ သုံးသပ်နိုင်စွမ်းကို စပြီး လေ့ကျင့်နေသည်။ သူက ကျောင်းသားများကို

လေ့လာပြီး နတ်ဘုရားမျက်စိအာရုံသုံးကာ ပြန်ဆန်းစစ်ကြည့်သည်။

"ဇီချီ၊ ဝိညာဉ်တက်တူး အကြောင်းတွေချည်း စဉ်းစားမနေနဲ့။ စာမေးပွဲမှာ ဝင်ပြိုင်နေတဲ့ ကျောင်းသားတွေကိုလည်း သတိထားပြီး စောင့်ကြည့်အုံး"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ လီဇီချီက ကိုယ်တိုင် သင်ကြားခြင်း မြွတ်ဆရာအရှိန်အဝါ နားလည်ထားတာကို သူ မမေ့ပါ။ သူမကို ဆရာတစ်ယောက်လို့ သတ်မှတ်လို့ ရသည်။

စာစဉ်(၂၁)

အခန်း(၂၉၈) - ချီရှုန်ကျား၊ မင်းသေချာပေါက် ရှုံးရမယ်။

မြတ်ဆရာတစ်ယောက် ဖြစ်လာဖို့အတွက် ကိုယ်တိုင်သင်ကြားခြင်း မြတ်ဆရာ အရှိန်အဝါကို နားလည်ထားဖို့ လိုအပ်သည်။ ဒါပေမယ့် လူတချို့သည် ဒီမြတ်ဆရာ အရှိန်အဝါကို

နားလည်ထားသော်လည်း ဆရာတစ်ယောက် လုပ်ရန် ရည်ရွယ်ချက် မရှိပါ။

ဥပမာ - လီဇီချီသည် အနာဂတ်မှာ ဘာဖြစ်ချင်လဲဆိုတာ မတွေးထားခဲ့မိပါ။ ဒါပေမယ့် ကျောင်းသားတွေကို ပိုလေ့လာတာက အမှားတော့ မရှိပါ။ အခြားသူများကို လေ့လာခြင်းကလည်း လေ့လာခြင်း တစ်ခုပါ။

တိုက်ပွဲတွေက ဆက်လက် ဖြစ်ပွားနေခဲ့သည်။

လီဇီချီသည် လေ့လာပြီး ခွဲခြမ်း သုံးသပ်နေသည်။ ထို့နောက် ဆွန်းမိုကို အသံတိုးတိုးလေးနဲ့

ဆွေးနွေးနေသည်။ လီချီဟွာသည် ဘေးက နားထောင်ရုံနဲ့ အကျိုးကျေးဇူးရှိတယ်လို့ ခံစားရသည်။

တဖြည်းဖြည်းနဲ့ ကျောင်းသားများသည် ဆွန်းမို အနားဝိုင်းအုံလာကာ အာရုံစိုက် နားထောင်နေကြသည်။

နောက်ဆုံးတွင် ချီရှန်ကျား အလှည့် ရောက်လာသည်။

"မြန်မြန်ကြည့် လူရိုးလေး အလှည့် ရောက်လာပြီ"

လီဇီချီသည် ဒီတိုက်ပွဲကို သိချင်စိတ် အပြည့်နဲ့ စောင့်ကြည့်နေသည်။ အရည်အချင်းမရှိတဲ့ ချီရွန်ကျားသည် သူမ ဆရာရဲ့ လမ်းညွှန်မှုကို ရပြီး ဘယ်လောက် သန်မာလာလဲဆိုတာ သိချင်နေသည်။

“ဒါဆို မင်းပေါ့”

စင်ပေါ်က ပြိုင်ဘက်ကို တွေ့လိုက်ရလျှင် ချီရွန်ကျား အံ့အောနေသည်။ တကယ်ပဲ ပိုင်ဝမ်လီလား။ ဒီကျောင်းသားသည် တစ်ချိန်က တိုက်ပွဲခန်းမ ရဲ့ အဖွဲ့ဝင် ဖြစ်ခဲ့ဖူးသည်။ သို့သော်လည်း

ချီရှန်ကျားကို ရှုံးနိမ့်ကာ အသင်းဝင် ဖြစ်ခွင့် ဆုံးရှုံးသွားခဲ့သည်။ ကံဆိုးစွာနဲ့ နောက်တစ်ကြိမ် စမ်းသပ်မှုတွင် ဖန်ရန်နှင့် ဆုံတွေ့ပြီး ဒဏ်ရာ အများအပြား ရခဲ့သည်။ အဲဒီတုန်းက ဒေါသ အရမ်းထွက်ပြီး သွေးချောင်းတွေတောင် ဆိုးနေခဲ့သည်။

"ဟားဟား။ တကယ်ပဲ မင်းလား"

ပိုင်ဝမ်လီ လုံးဝကို ပျော်ရွှင်နေသည်။ ချီရှန်ကျားကို ကြည့်တဲ့ သူ့ရဲ့ အကြည့်ထဲတွင် သတ်ချင်စိတ်များ ပြည့်နှက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ကောင်းကင်ဘုံက ငါ့အပေါ် တကယ် ကြင်နာတယ်။ ဒီလူကို လက်စားချေချင်နေမှန်း သိတယ်)

ချိုင်တန်လည်း အရင်က ဒီလို ပြောခဲ့ဖူးသည်။ လဲကျရင် လဲကျတဲ့နေရာက ပြန်ထ။

ပိုင်ဝမ်လီသည် ဒါကို လေးလေးနက်နက် ယုံကြည်သည်။ (ဒီနေ့တော့ ဒီကောင်ရဲ့သွေးနဲ့ တိုက်ပွဲခန်းမ ပြန်ဝင်ခြင်း အောင်ပွဲ ခံရမယ်။)

"အနိုင် အရှုံးကွဲသွားရင် တိုက်ပွဲကို ချက်ခြင်း ရပ်တန့်ရမယ်။ ဒေါ်သအလျှောက်ပြိုင်ဘက်ကို ဒဏ်ရာ

ရအောင် လုပ်ခွင့် မပေးနိုင်ဘူး။ ပြဿနာ မရှိရင် နှစ်ဖက်စလုံး စတင်နိုင်ပြီ”

ဇူးတင် သတိပေးလိုက်သည်။

ဒီနှစ်ယောက်ကို မှတ်မိနေသေးသည်။

အမှန်တိုင်း ပြောရလျှင် အရည်အချင်း မရှိတဲ့ ချီရွှန်ကျားကို မကြိုက်ပါ။ ချီရွှန်ကျားက တိုက်ပွဲခန်းမရဲ့ တစ်နေရာစာကို ဖြုန်းတီးနေတယ်လို့ ခံစားရသည်။ သို့သော်လည်း ပိုင်ဝမ်လီကို ချီရွှန်ကျား အန္တရာယ် ဖြစ်အောင် လုပ်ခွင့် မပေးနိုင်ပါ။ ဘယ်လိုပဲပြောပြော ကျောင်းသားတစ်ယောက်ရဲ့

အသက်က တန်ဖိုး ကြီးသည်။ အနည်းဆုံးတော့ ဒါကို သေချာအောင် လုပ်ရမည်။

ပိုင်ဝမ်လီသည် အရင်က တိုက်ပွဲခန်းမ၏ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ချီရှန်ကျား သေချာပေါက် ရှုံးတော့မယ်ဆိုတာ သူသိနေသည်။

"ပိုင်ဝမ်လီ။ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၇)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ကျင့်ကြံခြင်း အဆင့်ကို သတင်းပို့ပြီးနောက် ပိုင်ဝမ်လီ ဘဝင်မြင့်ချင်လာသည်။ သူသည် ဒီနှစ်ဝက်အတွင်း အနားမယူခဲ့ပါ။ ပြင်းပြင်းထန်ထန်

ကျင်ကြံခဲ့ပြီး နောက်ဆုံးတွင် အဆင့်တက်ကာ တိုက်ခိုက်ရေး စွမ်းရည် မြင့်တက်လာခဲ့သည်။

ဒါက သူ့ယုံကြည်ချက်ရဲ့ အရင်းအမြစ်ပဲ ဖြစ်သည်။

"ချီရှန်ကျား ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၇)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ချီရှန်ကျား လက်သီးဆုပ်ပြီး နှုတ်ဆက်လိုက်သည်။

"ဘာ"

ဒီစကားကို ကြားလိုက်လျှင် ပိုင်ဝမ်လီ တော်တော် တုန်လှုပ်သွားသည်။

တကယ်လို့ သူသာ အမှတ်မမှားခဲ့ရင် အရင်တုန်းက တိုက်ပွဲတွင် ချီရှန်ကျား၏ ကျင့်ကြံခြင်း အဆင့်သည် အဆင့်(၅)သာ ရှိသေးသည်။ အဆင့်နှစ်ဆင့်တောင် ခုန်ပျံ တက်လာတာလား။

"ငါ့ရဲ့ သုံးသပ်ချက်ပဲ မှားနေတာလား။ ဒီကောင်က အမှိုက် မဟုတ်ဘူးလား"

ပိုင်ဝမ်လီ၏ အမူအရာသည် လေးလံလာသည်။ ချီရှန်ကျားအပေါ် အထင်သေးတဲ့ ခံစားချက်ကိုလည်း

ချက်ခြင်း စွန့်လွှတ်လိုက်သည်။ အလှပဆုံး အနိုင်ယူဖို့ တွေးနေခဲ့သော်လည်း အခုတော့ ပိုသတိထား ရန် ဆုံးဖြတ်လိုက်သည်။

ဝမ်ဟောင်တို့ အဖွဲ့သည် ပိုင်ဝမ်လီထက်တောင် ပိုတုန်လှုပ်နေသေးသည်။ ချီရှန်ကျား၏ အခန်းဖော်များ အနေနဲ့ သူတို့က ချီရှန်ကျား၏ ကျင့်ကြံခြင်းအဆင့်ကို သိနေခဲ့သည်။

လွန်ခဲ့သော တစ်နှစ်ခွဲတွင် ချီရှန်ကျားသည် အဆင့်လေးမှာသာ ရှိသေးတဲ့ ဆားနယ်ထားတဲ့ ငါးတစ်ကောင် အဆင့်သာရှိသေးသည်။ သာမန်

အဆင့်ထက်တောင် နိမ့်ကျနေသေးသည်။ ဒါပေမယ့် အခုတော့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အဆင့်ခုနှစ်အထိ ရောက်နေပြီ။

"အတိအကျပြောရရင် ဆရာဆွန်းက သူ့အပေါ် ဘာတွေ လုပ်ပေးထားတာလဲ"

ကျန်ရှီ၏ အသံသည် သိချင်စိတ်နဲ့ ပြင်းပြနေပြီး စိတ်ခါတက်ကျခြင်းများလည်း ရောစွက်နေသည်။ (တချိန်တုန်းက ဆွန်းမိုကို ကိုယ်ပိုင် ဆရာတင်ဖို့ အခွင့်အရေး ရခဲ့တယ်။ ဒါပေမယ့်ငါက တန်ဖိုး မထားခဲ့မိဘူး....)

"တော်သင့်ပြီ. တိုက်ပွဲ မြန်မြန် စတော့"

ကျန်ကြီးက အော်ဟစ်လိုက်သည်။ တိုက်ပွဲစတာနဲ့ နှစ်ဖက်စလုံးက ပေါက်ကွဲအား ပြင်းပြင်းနဲ့ တိုက်နေကြသည်။ သူတို့ရဲ့ အမူအရာက တုန်လှုပ်ခြောက်ခြားဖို့ ကောင်းနေသည်။

ကျားကို နှိမ်နင်းတဲ့ ရဟန္တာ။

ဖောက် ဖောက် ဖောက်

ပိုင်ဝမ်လီရဲ့ လက်ဖဝါး ရိုက်ချက်များသည် အဆက်မပြတ် ထွက်ပေါ်လာသည်။ ရိုက်တယ်။ ခုတ်တယ်။ ထစ်တယ်။ သူက ချီရှွန်ကျားကို

ပစ်မှတ်ထားပြီး ရှုထောင့် ပေါင်းစုံက တိုက်ခိုက်နေသည်။ သူ့ရဲ့ အရှိန်အဟုန်က ပြင်းထန်လွန်းသည်။

ချီရှန်ကျားက မြင်းထိုင် ထိုင်လိုက်သည်။ လက်သီးနှင့် လက်ဖဝါးကို ထပ်တိုက်တွေ့စေပြီး တိုက်ခိုက်မှုကို တားဆီးခဲ့သည်။

လီဇီချီသည် ဒါကို မြင်လိုက်လျှင် အော်ဟစ်ကျိန်းမောင်းလိုက်ချင်သည်။ (မင်းအရင်က လေ့ကျင့်ထားသမျှကို မေ့သွားပြီလား။ ဆရာသင်ပေးထားတဲ့ လေဘုရင် နတ်ဘုရား

ခြေလှမ်းကရော။ မင်းက ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်ကို မသုံးဘဲ ပြိုင်ဘက်ကို ထိပ်တိုက် ရင်ဆိုင်နေတာလား။ မင်းလာနှောက်နေတာလား)

ဆွန်းမိုသွားတွေ ကြိမ်းချင်လာသည်။ ဒီလူရိုးလေးရဲ့ တိုက်ခိုက်ရေး အသိဉာဏ်သည် သာမန်အောက်သာ ရှိသည်။ သူ့ရဲ့နည်းလမ်းက ရန်ပွဲတစ်ခုနဲ့ တူနေသည်။ အခြေအနေကို ဘယ်လို ချည်းကပ်ရမလဲ မသိသလို ဖန်တီးမှုလည်း အားနည်းသည်။

သို့သော်လည်း ချီရွန်ကျား မရှုံးပါ။

သူက ရိုးသားပြီး ဘယ်လို ပျင်းရမလဲ မသိတာကြောင့် အခြေခံအုတ်မြစ်က ခိုင်မာလွန်းသည်။

ပိုင်ဝမ်လီရဲ့ ရဟန္တာ ဆယ့်ရှစ်ပါး ကျင့်စဉ်ကလည်း မဆိုးပါ။ လက်ဖဝါး အနည်းငယ်က ချီရွန်ကျား ရင်ဘက်ကို ထိမှန်သွားသဖြင့် တုန်ယင်သွားသည်။ ဒါပေမယ့် ချီရွန်ကျား လုံးဝ နောက်ပြန်မဆုတ်ပါ။

ပိုင်ဝမ်လီက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေခဲ့သည်။ တိုက်ခိုက်မှုက သုံးမိနစ်လောက် ကြာသွားသည်။ သူ့ရဲ့ ဝိညာဉ်ချီ လည်ပတ်မှုက ကုန်ဆုံးသွားတဲ့နှုန်းကို လိုက်မမှီတော့ပါ။ နောက်ဆုတ်ပြီး ပြန်စုစည်းဖို့လည်း အချိန်မရပါ။ ချီရှန်ကျားကတော့ မျက်နှာသာ နီနေပြီး မောပန်းခြင်း မရှိပါ။ ခန္ဓာကိုယ်ရဲ့ နာကျင်မှုကြောင့်တောင် မျက်နှာတစ်ချက် မမဲ့သွားပါ။ ပိုင်ဝမ်လီ ရုတ်တရုတ် တိုက်ခိုက်လာမှာကို စိုးရိမ်ပြီး မျက်လုံးကြီး ပြူးကာ ပိုင်ဝမ်လီကို တည့်တည့် စိုက်ကြည့်နေသည်။

"ငါလို......"

ပိုင်ဝမ်လီ ကျိန်ဆဲလိုက်သည်။ သူက လူတစ်ကိုယ်လုံးကို မြွားတစ်စင်း ပစ်လွှတ်လိုက်သလို ပစ်ဝင်လိုက်သည်။ သူက ပြင်းထန်တဲ့ တိုက်ခိုက်မှုကို ဆက်မလုပ်တော့ဘဲ အဲဒီအစား လှုပ်ရှားမှု ကျင့်စဉ်ကို သုံးကာ ချီရွှန်ကျားအား ရှုထောင့်ပေါင်းစုံမှ တိုက်ခိုက်နေသည်။

ခုနတုန်းက တိုက်ပွဲအခြေအနေတွင် ချီရွှန်ကျား၏ ခွန်အားက အရှိန်နောက် မလိုက်နိုင်ဘူးလို့ ပြောလို့ရသည်။ ဒီလိုမှမဟုတ်ရင် ချီရွှန်ကျား

အဲဒီနေမှာဘဲ ရပ်ပြီး သူ့ရဲ့ တိုက်ခိုက်မှုကို ခုခံနေရမည်။

ဒါပေမယ့် သိပ်မကြာခင်မှာပင် ပိုင်ဝမ်လီသည် သူ မှားသွားကြောင်း သိလိုက်ရသည်။

ပိုင်ဝမ်လီ ရွှေ့ပြောင်းတဲ့အခါ ချီရှန်ကျားလည်း လိုက်ပြောင်းပြီး မူလအခြေအနေအတိုင်း ထိန်းထားကာ ပိုင်ဝမ်လီအား မျက်လုံးကြီးပြူးပြီး စိုက်ကြည့်နေသည်။

"ဒါ........"

ပိုင်ဝမ်လီ အရမ်းအံ့အောသွားသည်။ ချီရှန်ကျားရဲ့ အရှိန်က အရမ်းမြန်နေတာကို သူတွေ့လိုက်ရသည်။ ချီရှန်ကျားရဲ့ အရှိန်က သူ့ထက် မြန်နေတာပဲ ဖြစ်နိုင်သည်။ ဒီလိုမှမဟုတ်ရင် ချီရှန်ကျားက သူ့ကိုယ်သူ နေရာအထိုင်ပြချပြီး အချိန်တိုင်းသူ့ကို မျက်လုံးကြီး ပြူးပြီး စောင့်ကြည့်နေဖို့ မဖြစ်နိုင်ပါ။

ဒါက ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်တစ်ခုရဲ့ အစွမ်းတစ်ခု ဖြစ်သည်။

ချီရှန်ကျားသည် လေဘုရင်နတ်ဘုရားခြေလှမ်းကို မကျွမ်းကျင်သေးသော်လည်း ပိုင်ဝမ်လီလို

ပြိုင်ဘက်မျိုးကို ကိုင်တွယ်ဖို့ အတွက်ပြဿနာ မရှိပါ။

ဒါကြောင့် သူတို့နှစ်ယောက်သည် တိုက်ခိုက်ရေး စင်ပေါ်တွင် စိန်ပြေးလိုက်တိုင်း ကစားနေသလို ဖြစ်နေသည်။

အငယ်တန်း ကျောင်းသား အားလုံးသည် ကြည့်ရင်းနဲ့ ရင်ခုန်နေကြသည်။ အတန်းကြီး ကျောင်းသားတွေ အားလုံးက ရှုံ့ချပြီး အထင်သေးတဲ့ မျက်လုံးနဲ့ ကြည့်နေကြသည်။

ဒီတိုက်ပွဲက ဘာအလှတရားမှ မရှိပါ။ ပလိန်းကြီး တိုက်ခိုက်နေသလို ဖြစ်နေသည်။ လုံးဝ နည်းစနစ် မရှိပါ။

ဒိုင်လူကြီးတစ်ယောက်အနေနဲ့ ဖူးတင်သည် လုံးဝ အကြည့်မလွှဲခဲ့ပါ။ ဒါပေမယ့် သူ ဆက်ပြီး သည်းမခံနိုင်တော့ပဲ နဖူးကို ပွတ်နေမိသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ဒီလောက်ပျင်းဖို့ကောင်းတဲ့ တိုက်ပွဲကို စောင့်ကြည့်နေရတာက သနားဖို့ကောင်းနေသည်။

"လူရိုးလေးရဲ့ တိုက်ခိုက်တဲ့ ပုံစံက ရိုးရှင်းလွန်းတယ်"

လီဇီချီ သက်ပြင်းချရင်း ပြောလိုက်သည်။ ချီရွှန်ကျားသည် ဘယ်လို တိုက်ပွဲဝင်ရမလဲဆိုတာ တစ်ခါမှ မစဉ်းစားခဲ့ဖူးပါ။ သူက ပြိုင်ဘက်ရဲ့ လှုပ်ရှားမှုကို ရိုးရှင်းစွာ တုံ့ပြန်ခဲ့ပြီး ဖန်းတီးနိုင်စွမ်းမရှိဘဲ အခြေခံအကျဆုံးနည်းနဲ့ လက်တုန့်ပြန်ခဲ့သည်။

သို့သော်လည်း သူ့ရဲ့ အခြေခံအုတ်မြစ်က အရမ်းကို ခိုင်မာလွန်းသည်။

နောက်ထပ် သုံးမိနစ်ကြာတော့ ပိုင်ဝမ်လီသည် အရမ်းပင်ပန်းပြီး ပြင်းပြင်းထန်ထန် မောဟိုက်နေသည်။ ဒါကြောင့် မနေနိုင်ဘဲ အနောက်သို့ ခြေလှမ်း အနည်းငယ် ပြန်ဆုတ်လိုက်ကာ အနားယူဖို့ အခွင့်အရေး ရသွားသည်။ စိတ်ထဲမှာတော့ အရမ်းအံ့အောပြီး မှင်တက်နေသည်။

ဒီကောင်က လမ်းဘေးကတောင် ဝယ်လို့ရတဲ့ ကောင်းကင် ဝံပုလွေလက်သီး ကျင့်စဉ်ကို

အသုံးပြုနေခဲ့သည်။ ဒါတောင် ပိုင်ဝမ်လီက အနိုင်မယူနိုင် ဖြစ်နေသည်။

အခုချိန်တွင် ပိုင်ဝမ်လီသည် ချီရှန်ကျားကို သတ္တုလိပ်တစ်ကောင်လို မြင်လာသည်။ ချီရှန်ကျား အခွံကို ဘယ်လို ရိုက်ခွဲရမလဲ မသိတော့ပါ။ ပြီးတော့ သူက ချီရှန်ကျားကို ပြတ်ပြတ်သားသား အနိုင်ယူပြီး ကို့ကိုယ်ကို ပါရမီရှင်တစ်ယောက်လို ကြွေးကြော်ချင်နေခဲ့သည်။ အခုတော့ အဲဒီလို မလုပ်နိုင်ဘဲ စိတ်ထဲမှာ စိုးရိမ်စိတ်တွေ တိုးလာသည်။

ချီရှန်ကျား စိတ်ထဲမှာတော့ တုန်လှုပ်ခြောက်ခြားနေစရာ မရှိပါ။

တူညီတဲ့ ကျင့်ကြံခြင်းအဆင့်ကို အသာထားလိုက်အုံး ကျင့်ကြံခြင်းအဆင့်မှာ သူက တဆင့်နှိမ့်နေရင်တောင် စိန်ခေါ်သူ စိတ်ဓါတ်နဲ့ အမြဲတမ်း တိုက်ပွဲ ဝင်နေမည်။ ဒါကြောင့် လှုပ်ရှားမှုတိုင်းကို အထူးဂရုစိုက်ပြီး ခွန်အားရှိသမျှ အသုံးပြုခဲ့သည်။

တိုက်ပွဲကြာချိန်က ဆယ်မိနစ် ကျော်လာခဲ့ပြီ။ ချီရှန်ကျား စိတ်ထဲတွင် ရုတ်တရုတ်အတွေးတစ်ခု ပေါ်လာသည်။

“ဒီကောင်က ကျောင်းနေဖက် ဘိုင်ဝူလောက်တောင် မသန်မာဘူး”

ဒီတစ်နှစ်ခွဲစလုံးတွင် ချီရှန်ကျားသည် တိုက်ပွဲခန်းမတွင် လေ့ကျင့်နေခဲ့သည်။ တစ်ခါတစ်လေ ရှန်းကန်ရတဲ့ အခြေအနေကို ရောက်သွားပြီး အားလုံးကို ပြန်တွန်းလှန်နေလေ့ ရှိခဲ့သည်။

အထူးသဖြင့် မကြာခင် လပိုင်းအတွင်းက ဖြစ်သည်။ သူက ကျင့်ကြံဖို့အတွက် လေဘုရင်ခန်းမကို သွားရောက်ခွင့် ရခဲ့ပြီး ဆွန်းမိုရဲ့ လမ်းညွှန်မှုကို ရခဲ့သည်။ အင်ဘိုင်ဝူနဲ့ မကြာခဏ စကားများပြီး ခွန်အားလျှင်မြန်စွာ တိုးတက်လာခဲ့သည်။ သူ့ရဲ့ မြင့်မားတဲ့ ကျင့်ကြံခြင်း အခြေခံကို အားမကိုးဘဲ လှုပ်ရှားမှု အကွက်ကိုသာ အားကိုးခဲ့လျှင် အင်ဘိုင်ဝူက ရင်ဆိုင်နိုင်မည် မဟုတ်ပါ။ တကယ်လို့ စိန်ခေါ်သူက ဒီလို စိတ်ထားမျိုးမရှိပါက

အကြိမ်ပေါင်းများစွာ ဆိုးဆိုးဝါးဝါး အရိုက်ခံရပြီး စိတ်ထဲ အမဲစက် ပေါ်လာနိုင်သည်။

အခုတော့ ပိုင်ဝမ်လီနဲ့ တိုက်ခိုက်ရတဲ့အခါတွင် အရမ်းကို သက်တောင့်သက်သာ ဖြစ်လွန်းသည်။ ဒါကို သဘောပေါက်သွားပြီး အနည်းငယ် ယုံကြည်မှု ပိုရှိလာသည်။

"ဖြစ်နိုင်တယ်။ ငါအနိုင် ရနိုင်တယ်"

ချီရွှန်ကျား သေသေချာချာ မပြောရဲပါ။

သို့သော်လည်း ကြယ်သုံးပွင့် မြတ်ဆရာ နှစ်ယောက်ကတော့ ရလဒ်ကို မြင်နေရသည်။

"သူ့ရဲ့ အရည်အချင်းက အနည်းငယ် ညံ့ဖြင်းတယ်။ နည်းနည်းလည်း တုံး အတယ်။ ဒါပေမယ့် အလုပ်တော့ အရမ်းကြိုးစားတယ်"

တန်ဂျီ သဘောကျစွာ သက်ပြင်းချလိုက်သည်။ သူက အလုပ်ကြိုးစားတဲ့ ကလေးတွေကို ချစ်သည်။

"ဟုတ်တယ်။ သူ့ရဲ့ အခြေခံ အုတ်မြစ်က တကယ်ကို ခိုင်မာလွန်းတယ်။ သူ့ရဲ့ လေ့ကျင့်ရေး တာဝန်က တစ်ရက် ရှစ်နာရီထက် မနည်းဘူး"

ဂျိမ်ဂျဲက သက်ပြင်းချရင်း ပြောလိုက်သည်။

သာမန်ကျောင်းသား တစ်ယောက်သာဆိုလျှင် ဒီလိုလေ့ကျင့်ပါက သေချာပေါက် ခန္ဓာကိုယ် ထိခိုက်သွားမည်။ သို့သော်လည်း ဒီလူငယ်လေးက ဆွန်းမိုနဲ့ ဆက်ဆံရေးကောင်းတာကို ဂျိမ်ဂျဲ စဉ်းစားလိုက်မိသည်။ ဒါကြောင့် အခြေအနေကို ထိန်းသိမ်းပေးရန် နတ်ဘုရားလက်ကို ဆွန်းမိုက သေချာပေါက် အသုံးပြုပေးလိမ့်မည်။

"သနားစရာ ကောင်းလိုက်တာ"

တန်ဂျိ ခေါင်းခါလိုက်သည်။

"အမှန်ပဲ"

ဂျိမ်ဂျဲလည်း သက်ပြင်းချရင်း ပြောလိုက်သည်။ အရည်အချင်းက နောက်ဆုံးတွင် လူတစ်ယောက်ရဲ့ အကန့်အသတ်ကို ဆုံးဖြတ်ပေးနိုင်သည်။ အလုပ်ကြိုးစားရုံနဲ့တော့ လူတစ်ယောက်ရဲ့ နိမ့်ကျတဲ့ အကန့်အသတ်ကို ချိုးဖျက်ပစ်ဖို့ မဖြစ်နိုင်ပါ။ ချီရွှန်ကျားတွင် အရည်အချင်းကြောင့် အကန့်အသတ် ရှိနေသည်။ အစွမ်းကုန်ကြိုးစားသော်လည်း သူ့ရဲ့ အနာဂတ် အောင်မြင်မှုက မမြင့်မားနိုင်ပါ။

အခြေခံ အုတ်မြစ် ဘယ်လောက်ကောင်းနေပါစေ ဒါက အခြေခံ သာဖြစ်သည်။ လူတစ်ယောက်ရဲ့

တိုက်ခိုက်ရေး အသိဉာဏ်ကို တိုးမြှင့်လာအောင် ဘယ်လိုမှ လုပ်ပေးလို့ မရပါ။ သူရဲ့ လှုပ်ရှားမှု စွမ်းအားတွေကိုသာ တခြားသူမှာ ရှိနေရင် ပိုင်ဝမ်လီ အရင်ကတည်း ရှုံးနိမ့်နေပြီ ဖြစ်သည်။

မိနစ် နှစ်ဆယ်ကြာသွားသည်။ ပိုင်ဝမ်လီသည် ခွေးသေတစ်ကောင်လို မောပန်းနေသည်။ ပါးစပ်ဟာက ဟောဟဲဟောဟဲနဲ့ အသက်ရှူ နေရသည်။ ချွေးရွှန်ကျားရဲ့ အသက်ရှူသံက တည်ငြိမ်နေသည်။

“တိုက်ခိုက်လိုက်ရုံပဲလေ”

လီဇီချီ တကယ်ကို အားမလို အားမရ ဖြစ်နေသည်။

(မင်းပြိုင်ဘက်က ဒီလို အခြေအနေတောင် ဖြစ်နေပြီ မင်းက အရမ်းသတိထားနေတုန်းလား။ ဦးနှောက် မရှိတော့ဘူးလား)

ချီရှန်ကျားကတော့ ပိုင်ဝမ်လီရဲ့ လှည့်ကွက်တစ်ခု ဖြစ်နေမှာ စိုးရိမ်နေသည်။ ဒါကြောင့် မပေါ့ဆရဲဘဲ ခိုင်မာစွာ ဆက်ပြီး တိုက်ပွဲဝင်နေသည်။ ဒီလို လိပ်ခဲတည်းလှဲ အခြေအနေနဲ့ နောက်ထပ် ဆယ်မိနစ် ထပ်ကြာသွားသည်။

"မင်းတို့တွေ ဘာလုပ်နေတာလဲ အနိုင်အရှုံး ကွဲသွားအောင် တိုက်ခိုက်တော့ပါလား"

"ဘုရားရေ။ မင်းတို့ တိုက်ခိုက်ရေး စင်ပေါ်ကနေ မြန်မြန်ဆင်းလို့ မရတော့ဘူးလား"

"လွယ်လွယ်နဲ့ရိုက်လို့ ရနေပြီလေ။ သူ အရမ်းမောနေပြီ ဘာဖြစ်လို့ မတိုက်သေးတာလဲ"

ကြည့်နေတဲ့ ကျောင်းသားများ စတင်ပြီး အပြစ်တင်လာကြတော့သည်။ ဒီတိုက်ပွဲရဲ့ ဆွဲဆောင်မှုသည် အစပိုင်းကတည်းက သာမန်သာ

ဖြစ်နေခဲ့သည်။ ဒါကို မိနစ်သုံးဆယ် ကြာအောင် ဆွဲခေါ်လာသည်။ ဒါကိုဘယ်သူက သည်းခံနိုင်မှာလဲ။

ပိုင်ဝမ်လီရဲ့ အမူအရာ တင်းမာလာပြီး ရှက်စိတ်ဝင်လာသည်။ စိတ်လောပြီး လက်သီးထိုးလိုက်တာကြောင့် လက်သီးချက်အားပျော့သွားသည်။

ချီရှန်ကျားကတော့ တခြားသူတွေဝေဖန်နေတာကို လုံးဝ ဂရုမစိုက်ပါ။ သူ့မျက်လုံးက ပိုင်ဝမ်လီကို စိုက်ကြည့်နေပြီး ခပ်မှန်မှန်သာ တိုက်ခိုက်နေသည်။

“ဘုရားရေ”

ဒီမြင်ကွင်းကို မြင်လိုက်ရတော့ ကျောင်းသားတွေ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ (မင်းတို့ကောင်တွေက တနေကုန် တိုက်နေတော့မှာလား)

ဇူးတင်က အကဲဖြတ် ဒိုင်လူကြီးတွေဆီ လှမ်းကြည့်လိုက်သည်။ သူ့အဓိပ္ပါယ်က ရိုးရှင်းသည်။ သရေပွဲ ကြေငြာပေးလိုက် ရမလား။ ဒီအတိုင်းသာ ဆက်သွားနေလျှင် တိုက်ပွဲ ခန်းမရဲ့ ဂုဏ်သိက္ခာ ထိခိုက်နိုင်သည်။

ဒါပေမယ့် အဲဒီအခိုက်အတန့်တွင် ပိုင်ဝမ်လီ အမှားတစ်ခု လုပ်လိုက်မိသည်။ အချိန်တော်တော် ကြာအောင် တိုက်ပွဲ ဝင်ခဲ့ရသဖြင့် သူတော်တော်ကို ပင်ပန်းနေပြီ။

ပိုင်ဝမ်လီ စိုးရိမ်စိတ်များလာပြီ

"အခွင့်အရေး"

ချီရှန်ကျား၏ မျက်လုံး အရောင်တောက်လာသည်။ သို့သော် သုံးသပ်ချက် အရမ်းနောက်ကျသဖြင့် အခွင့်အရေး မရလိုက်ပါ။

ဖောက်

ဆွန်းမို ကိုယ့်နဖူး ကိုယ်ရိုက်လိုက်သည်။ သူ တကယ်ကို ထွက်သွားချင်နေပြီ။

"ဒီကောင်ကွာ"

ပိုင်ဝမ်လီလည်း အံ့အောသင့်နေသည်။ (မင်းက အနိုင်ရမယ့် အခွင့်အရေးတောင် မယူချင်ဘူးလား။) ဒါပေမယ့် သူဝမ်းသာသွားသည်။ နောက်ထပ် အမှားမလုပ်မိအောင် ကို့ကိုယ်ကို သတိပေးလိုက်သည်။

သို့သော်လည်း ပင်ပန်းနွမ်းနယ်မှုကြောင့် စိတ်ပိုင်းဖြတ်မှုများ လွင့်ပါးသွားသည်။

အရမ်းပင်ပန်းနွမ်းနယ်နေသော ပိုင်ဝမ်လီသည် နောက်ထပ် အမှားတစ်ခု ထပ်လုပ်လိုက်သည်။

ဒီတစ်ကြိမ်မှာတော့ ချီရှွန်ကျားက အော်ဟစ်ပြီး တိုက်ခိုက်လိုက်သည်။

ဘုန်း ဘုန်း ဘုန်း

လက်သီးချက်တွေကြောင့် လေပြင်းများ တိုက်ခက်သွားသည်။ ဝိညာဉ်ချီ လွှမ်းမိုးထားတဲ့ ဧရိယာအတွင်း ကောင်းကင် ဝံပုလွေ ဆယ်ကောင် ပေါ်လာကာ အူသံပေးပြီး ပိုင်ဝမ်လီဆီ ပြေးဝင်သွားသည်။

ကောင်းကင်ဝံပုလွေ အမဲလိုက်ခြင်း

ဘောင်း ဘောင်း ဘောင်း

ပိုင်ဝမ်လီသည် အကောင်းဆုံး ကြိုးစားပြီး ကာကွယ်ဖို့ လုပ်လိုက်သည်။ မကြာမီ မုန်တိုင်းတစ်ခု တိုက်ခိုက်သလို ဝံပုလွေများ၏ ဝိုင်းဝန်း တိုက်ခိုက်မှုကို ခံလိုက်ရသည်။

စာစဉ်(၂၁)

အခန်း(၂၉၉) - အောင်ပွဲ ခံလိုက်ပါအုံး။

"သူက ဒီတိုက်ကွက်ကို တော်တော် အထင်ကြီးဖို့ ကောင်းတဲ့ ပုံစံနဲ့ သုံးနိုင်တာလား"

ချီရှန်ကျားက ကောင်းကင်ဝံပုလွေ အကွက် သုံးလိုက်တဲ့အခါမှာ တန်ဂျီ အလိုလို ထုတ်ဖော်ပြီး ချီးကျူးလိုက်မိသည်။

"အမှန်ပဲ"

ဂျီမဲဂျဲကလည်း ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။ သူတို့ သုံးသပ်ချက်အရ ချီရှန်ကျားသည် ဒီအကွက်ကို အခေါက်ပေါင်း မရေတွက်နိုင်အောင် လေ့ကျင့်ထားခဲ့သည်။

သူက အရည်အချင်းမရှိတဲ့ ကျောင်းသားတစ်ယောက် ဖြစ်သော်လည်း အရမ်းအလုပ်ကြိုးစားသည်။

ဘောင်း

ပိုင်ဝမ်လီ စင်ပေါ်မှာလဲကျသွားသည်။ နာကျင်မှုက ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးဆီ ပျံ့နှံ့သွားသည်။ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုထက် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုက ပိုခံစားရခက်သည်။ အသိမဲ့တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်နေသည်။

“ငါ ထပ်ရှုံးသွား ပြန်ပြီလား”

ပိုင်ဝမ်လီ၏ တစ်ကိုယ်လုံး အဆက်မပြတ် တုန်ယင်နေပြီး နှုတ်ခမ်းကို ကိုက်ထားသည်။ ကံဆိုးလို့ ရှုံးတာလို့ သူ့ကိုယ်သူ နှစ်သိမ့်ပေးလိုက်ချင်သည်။ သို့သော်လည်း သူ့ကိုယ်သူ အရှက်ကင်းမဲ့တဲ့ အထိတော့ မလိမ်ညာနိုင်ပါ။

(ဟုတ်တယ်။ ငါဝန်ခံတယ်။ ငါက ချီရွှန်ကျားထက် နိမ့်ကျတယ်)

ရှည်လျားတဲ့ တိုက်ပွဲ ဖြစ်လင့်ကစား ချီရွှန်ကျားရဲ့ ခံစစ်ကို မကျော်လွှားနိုင်ခဲ့ပါ။

သူတို့နှစ်ယောက်ရဲ့ စံနှုန်းကို တိုင်းတာဖို့ လုံလောက်နေပြီ။

“ဒါမဖြစ်နိုင်ဘူး. မဟုတ်လား”

ချီရွှန်ကျားက စာမေးပွဲကို အောင်မြင်သွားပြန်သည်။

ဝမ်ဟောင်လည်း အံ့အော တုန်လှုပ်နေသည်။

“ဒါက သူ့ရဲ့ ခွန်အားပဲ။ သေချာတယ်”

ကျန်ရှိသည် ခံစားချက်ပေါင်းများစွာနဲ့ သက်ပြင်းချလိုက်သည်။ တချိန်က သူ့ထက် နိမ့်ကျပြီး

ပွင့်လင်းတဲ့ ဒီလူက သူ့ကို ငုံ့ကြည့်နိုင်တဲ့ အနေအထားအထိ ရောက်လာပြီ။

ကျင့်ကြံခြင်း အဆင့်ကို မေ့ထားလိုက်အုံး ချီရှန်ကျား၏ စွမ်းဆောင်ရည်ကို မြင်ပြီးနောက် သူ့ကို အနိုင်ယူနိုင်မယ်လို့ ကျန်ရှီမှာ ယုံကြည်ချက် မရှိတော့ပါ။

"ဆရာ ဆွန်းက တကယ်ကို အံ့မခန်းပဲ"

ဝမ်ဟောင်က ချီးကျူးလိုက်သည်။

"အမှန်ပဲ"

အဆောင်နေဖက် အဖော်တွေကလည်း ထောက်ခံလိုက်သည်။ သူတို့လောက် ချီရှန်ကျားရဲ့ အတိတအဲကြောင်းကို မသိနိုင်ပါ။ ဒါပေမယ့် ဆွန်းမိုနဲ့ သိကျွမ်းလာတဲ့ တစ်နှစ်ခွဲအတွင်း အရမ်းကို အစွမ်းထက်လာခဲ့သည်။

"ငါတို့ အဆောင်မှာ တိုက်ပွဲခန်းမက လူတစ်ယောက် ရှိတယ်"

ကျန်ကြီး သက်ပြင်းချရင်း ဂုဏ်ယူလိုက်မိသည်။

သူတို့အပြင်သွားတဲ့အခါ ဒီအကြောင်းကို အမြဲတမ်းကြွားဝါနေခဲ့သည်။ သို့သော်လည်း

ချီရှန်ကျားသည် ဆားနယ်ထားတဲ့ ငါးတစ်ကောင်သာ ဖြစ်သောကြောင့် သူတို့တွင် ယုံကြည်ချက် မရှိခဲ့ပါ။ ကံကောင်းလို့ စာမေးပွဲအောင်မြင်ပြီး နောက်တစ်ကြိမ်တွင် သေချာပေါက် ရှုံးမယ်လို့ သူတို့ ယူဆထားခဲ့သည်။ ဒါပေမယ့် ဒီနေ့ တိုက်ပွဲကို ကြည့်လိုက်ပြီးနောက် သူတို့ လက်ခံသွားကြရသည်။

ချီရှန်ကျားတွင် တိုက်ပွဲခန်းမမှာ ခြေကုတ်ယူဖို့ ခွန်အား ရှိနေပြီ။

ဒါကိုတွေးမိပြီး ချီရွန်ကျားအတွက် ပျော်ရွှင်သွားသလို အနည်းငယ်လည်း မနာလို ဖြစ်မိသည်။ သူတို့က သာမန် အဆင့် ရှိနေတုန်း သူကတော့ မြင့်တက်သွားခဲ့ပြီ။

“မဟုတ်ဘူး၊ ငါတို့လည်း ကြိုးစားရမယ်”

အဲဒီအချိန် ကျန်ရှီနှင့် အခြားသူများသည် အလုပ်ကြိုးစားဖို့ ဆုံးဖြတ်လိုက်ကြသည်။ လူအုပ်ထဲတွင် ရန်လီသည် ချီရွန်ကျားကို စိုက်ကြည့်ရင်း မျက်လုံး ပေါက်ကွဲလုမတတ် ဖြစ်နေသည်။ (သူနိုင်သွားတာလား။ တကယ်

နိုင်သွားတာလား။) အခုလက်ရှိ ချီရှန်ကျား ပြသထားတဲ့ ခွန်အားအရ ချီရှန်ကျားကို ဘယ်တော့ မှ မနိုင်တော့မှန်း ရန်လီ သိနေသည်။

"ဆားနယ်ထားတဲ့ ငါးတစ်ကောင်တောင် အခြေအနေကို ပြောင်းလဲနိုင်တာလား။ ကောင်းကင်ကြီး ကန်းသွားပြီလား"

ရန်လီ စိတ်ဓါတ်ကျနေသည်။ ဟုတ်တယ်။ ဒါတွေ အားလုံးက ဆွန်းမို ကြောင့်ပဲ။ (မဖြစ်ဘူး.။ အဲဒီဆရာရဲ့စိတ်ထဲမှာ မှတ်ချက်ကောင်းအောင် ကြိုးစားရမယ်။ အခုတော့ သူ

ဆရာတစ်ယောက် ဖြစ်နေတုန်းပဲ။ မြတ်ဆရာစာမေးပွဲကို အောင်မြင်သွားရင် ငါ့အတွက် အခွင့်အရေး မရှိတော့ဘူး

“မင်းအဆင်ပြေရဲ့လား”

ချီရှန်ကျား ပြေးသွားသည်။ သူကစင်ပေါ်ကနေ ခုန်ဆင်းပြီး ပိုင်ဝမ်လီကို ထူပေးနေသည်။

ပိုင်ဝမ်လီသည် ချီရှန်ကျားရဲ့ လက်ကို ခါထုတ်လိုက်ချင်သည်။ (မင်းက အောင်နိုင်သူပဲ။

ဘာဖြစ်လို့ လူကောင်းတစ်ယောက်လို သရုပ်ဆောင်နေတာလဲ။)

သို့သော်လည်း ချီရွှန်ကျား မျက်လုံးထဲက စိုးရိမ်ပူပန်မှုတွေကို မြင်လိုက်ရတော့ ပိုင်ဝမ်လီလက် တောင့်တင်းသွားသည်။

ဒီလူ၏ မျက်နှာပေါ်တွင် ဟန်ဆောင်တဲ့ အငွေ့အသက် မရှိသလို ကျေနပ်နေတဲ့အမူအရာကို လည်း မမြင်ရပါ။ ချီရွှန်ကျားက သူ့အတွက် အမှန်တကယ် စိတ်ပူနေခဲ့သည်။

"ဒဏ်ရာ ရခဲ့ရင်တောင် ငါ့အရည်အချင်းက မင်းထက် နိမ့်ကျနေလို့ပဲ"

ပိုင်ဝမ်လီ၏ စကားလုံးများက မကျေနပ်ကြောင်း သိသာနေသည်။

အခြားလူသာဆိုလျှင် အောင်မြင်မှု အရသာကို ခံစားပြီး သူတစ်ပါး မနာလို ဖြစ်လာအောင် လှည့်ထွက်သွားလိမ့်မည်။

သို့သော် ချီရှန်ကျားက အဲဒီလို မလုပ်ခဲ့ပါ။ သူက အားနာစွာပြုံးပြီး ပိုင်ဝမ်လီ၏ ဒဏ်ရာကို စစ်ဆေးရန် ဆောင့်ကြောင့် ထိုင်လိုက်သည်။

"အမ်"

ပိုင်ဝမ်လီ ကြောင်သွားသည်။ (ဒါက ဘာအဓိပ္ပါယ်လဲ)

ချီရှန်ကျားသည် ဆွန်းမိုနဲ့ မဆုံခင်က လုံးဝကို အရှုံးသမားတစ်ယောက် ဖြစ်သည်။ ပြိုင်ဆိုင်မှုတိုင်းတွင် သူချည်းပဲ ရှုံးနိမ့်ခဲ့သည်။

အရင်တုန်းက တိုက်ပွဲခန်းမ စစ်ဆေးမှု နှစ်ကြိမ်ဆက်တိုက် အောင်မြင်ခဲ့တာကလည်း သူကံကောင်းလို့ လို့ ထင်နေခဲ့သည်။ သူ

မပျော်နိုင်ရုံသာမက လေ့ကျင့်ရေး ဝန်ကို ထပ်တိုးပြီး ပိုတောင် ကြိုးစားခဲ့သည်။

ဒီတစ်ကြိမ်အနိုင်ရသော်လည်း ချီရွှန်ကျားသည် ကျေနပ်ခြင်း ဒါမှမဟုတ် ဂုဏ်ယူခြင်း မရှိခဲ့ပါ။ အဲဒီအစား စိုးရိမ် ထိတ်လန့်နေခဲ့သည်။ (နောင်ကျရင် ဘာလုပ်ရမှာလဲ)

ရှုံးနိမ့်ပြီး မျက်ရည်ကျလေ့ရှိသည်။ ရတ်တရတ် နိုင်လာတော့ ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်။

"မင်းရဲ့ ခွန်အားက ဘာဖြစ်လို့ လျှင်လျှင် မြန်မြန် တိုးတက်လာတာလဲ"

ပိုင်ဝမ်လီ တွေဝေသွားသော်လည်း မျက်နှာပူပူနဲ့ မေးရန် ဆုံးဖြတ်လိုက်သည်။ ဘယ်လို သန်မာလာလဲဆိုတာ သူသိချင်နေသည်။ သူ့ ရဲ့ အရည်အချင်းက ချီရှန်ကျားထက်ပိုကောင်းတယ်လို့ ခံစားရသည်။ ဒါကြောင့် သူသည် ချီရှန်ကျား အသုံးပြုတဲ့ နည်းလမ်းကို သိပါက သူ ပိုပြီးတိုးတက်လာနိုင်တယ်လို့ ခံစားရသည်။

“ငါ့ကို ကောင်းကောင်း သင်ပေးခဲ့တဲ့လူက ဆရာဆွန်းပဲ”

ဆွန်းမို အကြောင်းကို ပြောတဲ့အခါ သူ့ရဲ့ အမူအရာက လေးစားတဲ့ပုံစံ ပြောင်းသွားသည်။ မျက်နှာမှာ ရိုင်းစိုင်းတဲ့ အမူအရာ တစ်ခု ရှိနေရင်တောင် ဆွန်းမိုရဲ့ နာမည်ကို စော်ကားသလို ခံစားရသည်။

ဒင်

ချီရွန်ကျား၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို(၂,၉၀၂/၁၀,၀၀၀)

"ဆရာဆွန်း ဟုတ်လား။ ဆရာ ဆွန်းမိုကို ပြောတာလား"

ပိုင်ဝမ်လီက မေးလိုက်သည်။ ကျောင်းတွင် ဆွန်းမျိုးရိုးနဲ့ ဆရာ အနည်းငယ်သာ ရှိသည်။

"ဟုတ်တယ်။ သူက အရမ်းတော်တယ်"

ချီရွှန်ကျားက ခေါင်းညိတ်ရင်း ပြောလိုက်သည်။

အနီးအနားမှာ ရှိတဲ့ ကျောင်းသားများသည် အဲဒီစကား ကြားလိုက်လျှင် မနေနိုင်ဘဲ ဆွန်းမိုကို လှည့်ကြည့်လိုက်မိသည်။

ဖြောင်း ဖြောင်း

လက်ခုပ်သြဘာသံများက တစ်ခန်းလုံး ဟိန်းထွက်လာသည်။

သူတို့၏ တိုက်ပွဲအချိန်သည် အရမ်းကြာပြီး ကြီးကျယ် ခမ်းနားခြင်း မရှိသော်လည်း အစဉ်အလာအရ အောင်နိုင်သူအတွက် လက်ခုပ်တီးပြီး အားပေးကြသည်။

ချီရှန်ကျားကတော့ လုံးဝ တုန့်ပြန်မှု မရှိပါ။ ဆရာဝန်က ရောက်လာပြီး ပိုင်ဝမ်လီ ဒဏ်ရာအား စစ်ဆေးပေးမလို့ လုပ်နေတာ

မြင်လိုက်လျှင် လက်ကိုတောင် ဆန့်ပြီး ကူညီမလို့ လုပ်နေသည်။

"အရင်တုန်းက မကြာခဏ အနိုင်မယူခဲ့ဖူးဘူးလား"

ပိုင်ဝမ်လီက ချီရွှန်ကျားရဲ့ တုန်ပြန်မှုကို မြင်တဲ့အခါ

"စင်ပေါ်တက်ပြီး သူတို့ကို ကျေးဇူးတင်ကြောင်း ဘာကြောင်းလေး ပြောလိုက်။ နောင်ကျရင် သူတို့က မင်းကို ဆက်ပြီး ထောက်ခံကြလိမ့်မယ်။

ကံကောင်းရင် မင်းကြိုက်တဲ့ ကောင်မလေး တချို့နဲ့တောင် ဆုံနိုင်တယ်”

“အမ်”

ချီရှန်ကျား အရမ်းအံ့အားသင့်တဲ့ မျက်နှာ ဖြစ်သွားသည်။ ခေါင်းလှည့်ပြီး စင်ပေါ်ကို ကြည့်လိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်က ပရိတ်သတ်များကို ကြည့်လိုက်ပြီး ခေါင်းခါသည်။

“မဟုတ်ဘူး။ မင်းမှားနေပြီ၊ လက်ခုပ်သံက ငါတို့အတွက်ပဲ။ ငါတစ်ယောက်တည်းအတွက် မဟုတ်ဘူး”

ချီရှန်ကျားသည် သူ့ရဲ့အဆင့်အတန်းက ငါးပုပ်ခြောက် တစ်ကောင်လို တွေးနေခဲ့သည်။ သူ့ကို ချီးကျူးဖို့ဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ။

"ဒါက မင်းအတွက်ပဲ"

ဆရာဝန်သည် မနေနိုင်ဘဲ မျက်လုံးပြူးသွားသည်။

(ယုံကြည်ချက် ဒီလောက်တောင် နည်းရသလား)

"အမ်"

ချီရှန်ကျားသည် ပတ်ဝန်းကျင်က အသံများကို နားထောင်ရင်း ထိတ်လန့်တကြား ဖြစ်သွားသည်။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်သွားသည်။ အချိန်တော်တော်ကြာအောင် မှင်တက်နေပြီးနောက် တိုက်ပွဲခန်းမက ပြေးထွက်သွားသည်။

(ထားလိုက်တော့ ။ ဒီနေရာက အရင်ထွက်သွားပြီး နောက်မှ ဒီအကြောင်းကို စဉ်းစားမယ်)

"ဒီလိုလူက နိုင်တာပဲလား"

ဆရာဝန်သည် စကားမပြောနိုင်ဘဲ ခေါင်းခါလိုက်သည်။ ထို့နောက် ပိုင်ဝမ်လီကို

လှမ်းကြည့်သည်။ (ဒီလိုလူနဲ့တောင် အရိုက်ခံရတာလား။ မင်းက တကယ့် အမှိုက်ပဲ)

ပိုင်ဝမ်လီသည် ဆရာဝန်ရဲ့ အထင်သေးတဲ့ အကြည့်ကို မြင်ပြီး အရမ်းရှက်သွားသည်။ သို့သော်လည်း သူ့စိတ်ထဲတွင် ဆွန်းမိုနာမည်ကို တိုးတိုးလေး ရေရွတ်နေသည်။ သူ့ကို လမ်းညွှန်ပေးခိုင်းဖို့ ဆွန်းမိုကို ရှာသင့်လား။

(နေပါအုံး။ ငါစဉ်းစားရမယ့် ပြဿနာက ဒီလို မဟုတ်သေးဘူး)

(ဆွန်းမိုရဲ့ ကျော်ကြားမှုအရ သူ့ဆီက လမ်းညွှန်မှု လိုချင်ရင်တောင် အခွင့်အရေး မရနိုင်ဘူး။)

ဒါပေမယ့် ပိုင်ဝမ်လီ သိချင်နေသေးသည်။ ပြိုင်ဘက်ဖြစ်တဲ့ ချီရွှန်ကျားရဲ့ ခွန်အားကို အသိအမှတ်ပြုထားသည်။ တိုက်ပွဲထဲမှာ ချီရွှန်ကျားအခြေအနေကို ခံစားနိုင်သည်။

ပျော်စရာလည်း မရှိ။ ဝမ်းနည်းစရာလည်းမရှိ။ မာနလည်း မရှိ။ စိတ်ပျက်တာလည်း မရှိ။ သူက ကျောက်တုံး တစ်တုံးလို ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှုံးရင်တောင် ဒါမှမဟုတ် အနိုင်ရလျှင်တောင် လက်မလျှော့ဘဲ စိတ်ချမ်းသာနေနိုင်သည်။

သူ့ရဲ့ စိတ်အခြေအနေက တကယ်ကို ခိုင်မာလွန်းသည်။

ဒင်

ပိုင်ဝမ်လီ၏ လေးစားအထင်ကြီးမှု +၅၀ ။ မူလ(၅၀/၁၀၀)

ဇူးတင်က နောက်ထပ် တိုက်ပွဲတစ်ခုကို ကြေညာလိုက်သည်။

"သွားရအောင်"

ချိုင်တန်နှင့် ချီရွှန်ကျား၏ တိုက်ပွဲများ ပြီးဆုံးသွားပြီ။ ဆွန်းမိုက နောက်ထပ် ထပ်နေဖို့ စိတ်အား မထက်သန်တော့ပါ။

"လူရိုးလေးက ကို့ကိုယ်ကို အထင်သေးလွန်းတယ်"

အောင်နိုင်သူရဲ့ အားပေးဂုဏ်ပြုမှုကို လက်မခံရဲဘဲ ချီရွှန်ကျား ထွက်ပြေးသွားသည်။ ဒါကိုမြင်ပြီးနောက် လီဇီချီ သိသိသာသာကို အံ့အောသွားသည်။

လူရိုးလေးက ကို့ကိုယ်ကို ယုံကြည်မှု အားနည်းလွန်းသည်။

“ဟားဟား”

ဆွန်းမိုက ချီရှန်ကျားကို တကယ်ပဲ သဘောကျသည်။ ချီရှန်ကျား မောက်မာလာပါက ဆွန်းမို အမှန်တကယ်ကို စိတ်ပျက်သွားမိလိမ့်မည်။

လီဇီချီနှင့် လုချီဟွာတို့နှစ်ယောက် စလုံးလည်း တိုက်ပွဲခန်းမက ထွက်သွားသည်။ အချိန်စောနေသေးသဖြင့် ကျင့်ကြံရန်အတွက်

လေဘုရင် ခန်းမကို ပြန်သွားကြသည်။ နောက်ဆုံးတော့ လိဂ်ပြိုင်ပွဲက နီးလာပြီ။

ဆွန်းမိုလည်း သူမတို့နောက်က လိုက်သွားသည်။ အဲဒီနောက်တွင် ချီရှန်ကျားက လက်သီးထိုး လေ့ကျင့်နေတာကို မြင်လိုက်ရသည်။ မျက်နှာပေါ်တွင် ပျော်ရွှင်နေတဲ့ အရိပ်အယောင်လည်း မမြင်ရပါ။ စောစောက အောင်ပွဲရခဲ့တဲ့လူက သူမဟုတ်သလိုပါပဲ။

“ဆရာ”

ဆွန်းမိုကို မြင်လိုက်လျှင် ချီရွန်ကျားက ချက်ခြင်း ပြေးလာပြီး နှုတ်ဆက်လိုက်သည်။

ဆွန်းမိုက စကားမပြောပါ။ လက်တစ်ဖက်ကို ခါးနောက် ပို့ထားလိုက်သည်။

ချီရွန်ကျားသည် ချက်ခြင်းဆိုသလို အရိအသေပေးပြီး မျက်နှာပေါ်တွင် တုန်လှုပ်ခြောက်ခြားတဲ့ အမူအရာ ပေါ်လာသည်။ သူက အမှားတစ်ခုခု လုပ်မိပြီလား တွေးတောနေသည်။

“ရင်ဘက် မတ်ထား”

ဆွန်းမိုက   ဝေဖန်လိုက်သည်။

ဖောက်

ချီရွန်ကျားက ချက်ခြင်း ခါးမတ်လိုက်သည်။ သူသည် အရပ်မရှည်သော်လည်း တစ်နှစ်ပတ်လုံး လေ့ကျင့်မှုကြောင့် ကြွက်သားများက အရမ်းသန်မာပြီး တောင့်တင်းလှသည်။ သူ့ရဲ့ အကြည့်တွေက အရမ်း သရဲဘောကြောင်နေတာ မဟုတ်ခဲ့ရင် ရက်စက်တတ်တဲ့ လူတစ်ယောက်လို ဖြစ်နေလိမ့်မည်။

“အနာဂတ်မှာ မင်းအနိုင်ရတဲ့ အရေအတွက်တွေက ပိုများလာလိမ့်မယ်။ ဒါကြောင့် လက်ခုပ်သံတွေနဲ့ လက်ဆောင်ပန်းလေးတွေကို ခံစားတတ်အောင် ကြိုးစားထား”

ဆွန်းမိုက လူရိုးသားလေးကို စိုက်ကြည့်ပြီး လေးနက်စွာ သတိပေးလိုက်သည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်လာသည်။

“ကျွန်တော်...............”

ချီရှန်ကျား ခေါင်းကုတ်နေသည်။ ကံကောင်းလို့ဆိုတာ ပြောလိုက်ချင်သည်။

“ပါးစပ် ပိတ်ထား”

ဆွန်းမိုအသံက အေးစက်နေသည်။

“ကျွမ်းကျင်သူတစ်ယောက်ဆိုတာက ကြီးမားတဲ့ ခွန်အားရှိရုံသာမက စိတ်ပိုင်းဆိုင်ရာမှာလည်း ယုံကြည်ချက် အပြည့်ရှိနေဖို့ လိုအပ်တယ်။ ဒီလိုမှမဟုတ်ရင် တစ်သက်လုံး ဒဏ္ဍာရီ နယ်ပယ်ကို ရောက်ဖို့ မစဉ်စားနဲ့”

“အမ်”

ချီရှန်ကျား အံ့အောသင့်နေသည်။

(ဒဏ္ဍာရီ နယ်ပယ်လား။ တစ်ခါမှမတွေးဖူးဘူး။ ဒီတစ်သက်မှာ နတ်ဘုရားခွန်အား တံခါးဝကို ရောက်ရင်တောင် ကျေနပ်ပြီ။ အဲဒီလိုသာဆိုရင် ကောင်းကင်နဲ့ မြေကြီးကို ကျေးဇူးတင်နေမိမယ်။

(ဆရာက သူ့ကို မျှော်လင့်ချက် အကြီးကြီး ထားထားတာပဲ။)

"ကို့ကိုယ်ကို လျှော့မတွက်နဲ့"

ဆွန်းမိုက အားနည်းနည်းထည့်ပြီး ချီရှန်ကျား ပုခုံးကို ပုတ်လိုက်သည်။

"ကို့ကိုယ်ကို ယုံကြည်ပါ။ မင်းလုပ်နိုင်တယ်။ အခုချိန်မှာ အနိုင်ရမှုက မင်းအနာဂတ်ကို ပြောင်းလဲမယ့် ပထမဆုံး ခြေလှမ်းပဲ"

ချီရှန်ကျား မယုံကြည်နိုင်သေးပါ။

"ကောင်းပြီလေ။ စိတ်ပိုင်းဆိုင်ရာ အတွက်နဲ့တော့ မင်းကို အတင်းအကြပ် ဖိအားမပေးတော့ဘူး။ နောင်တစ်ချိန် မင်းမှာ နိုင်ပွဲတွေ များလာတဲ့ အခါကျရင် ထုံးစံအတိုင်း မင်းအောင်ပွဲ ခံနိုင်လာလိမ့်မယ်။ ဒီနေ့အတွက်တော့ လေ့ကျင့်ခန်းလုပ်တာ ရပ်နားထားသင့်တယ်။

ထမင်းကောင်းကောင်းစားပြီး ကောင်းကောင်း အိပ်လိုက်ပါ။ သွား အောင်ပွဲခံတဲ့ ခံစားချက်ကို ခံစားကြည့်လိုက်”

ဆွန်းမို ပြုံးရင်း ပြောလိုက်သည်။

“ကျောင်းသား ချီက တိုင်ပွဲခန်းမ ဝင်ခွင့် စာမေးပွဲကို အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဒင်

“ပုပ်နေတဲ့ သစ်သားကနေ မှော်ဆန်တဲ့ အရာတစ်ခုဖြစ်အောင် ချီရွှန်ကျားကို ပြောင်းလဲပြီး

တိုက်ပွဲခန်းမမှာ စိုးမိုးမှု တစ်ခုရှိအောင် လုပ်ပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ် - ကြေးရောင် ရတနာ သေတ္တာ တစ်လုံး”

စနစ်ဆီကနေ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ကျောင်းအုပ်ကြီး ရဲ့ ရုံးခန်း...........

“လိဂ်ပြိုင်ပွဲမှာ ဝင်ပြိုင်မယ့်လူတွေကို ဆုံးဖြတ်ထားတဲ့ စာရင်းပဲ။ မင်းတို့နှစ်ယောက် ကြည့်ကြည့်ပါ။ ပြဿနာ တစ်စုံတစ်ရာ မရှိတော့ရင် ကြေငြာလိုက်တော့မယ်”

အန်ရှီဝေက ဝမ်ဆုနှင့် ကျန်ဟာန်ဖူတို့ဆီ အမည်စာရင်း နှစ်စုံ ပေးလိုက်သည်။

တစ်ခုက ဗဟိုပြည်နယ်အကယ်ဒမီ၏ ကိုယ်စားလှယ် အဖွဲ့စာရင်း ဖြစ်သည်။ ထိပ်တန်း ပါရမီရှင် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားပြီး ဆရာ‌းငါးယောက်နှင့် စုစုပေါင်း လူသုံးဆယ်ပါတဲ့ အဖွဲ့ဖြစ်သည်။

နောက်ထပ် အမည်စာရင်းတစ်ခုမှာ ဗဟိုပြယ်နယ်အကယ်ဒမီမှ ကျောင်းသားအသစ် အဖွဲ့စာရင်း ဖြစ်သည်။ ဒီကျောင်းသားများကို

ကျောင်းသားအသစ်များထဲမှ ရွေးခြယ်ထားပြီး ဒီအဖွဲ့ကို ဦးဆောင်ရန် ဆရာလေးယောက်ပါဝင်ပြီး လူ ၂၀ပါတဲ့ အဖွဲ့ ဖြစ်သည်။

"ငါအဆင်ပြေတယ်"

ဝမ်ဆုသည် အန်ရှီဝေနဲ့အတူ ဒီစာရင်းကို ရွေးခြယ်ထားသောကြောင့် အမည်စာရင်းကို တစ်ချက်တောင် မကြည့်ခဲ့ပါ။

"ငါသဘော မတူဘူး"

ကျန်ဟန်ဖူကတော့ မကျေမနပ် ဖြစ်လာသည်။

"ဒီနှစ် ကျောင်းသားသစ်ပြိုင်ပွဲအတွက် မာရှန်က ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ ဝင်ဖြေဖို့တောင် စွန့်လွှတ်ခဲ့တယ်။ ဒါတောင် မင်းက သူ့နာမည်ကို တကယ် မထည့်ထားဘူးလား။ ဒီလိုလုပ်တာက သူ့ရဲ့အချိန် တစ်နှစ်ကို ဖြုန်းတီး ပစ်လိုက်တာမဟုတ်ဘူးလား"

ကျန်ဟန်ဖူက တရားမျှတမှုအတွက် ပြင်းထန်စွာ ပြောဆိုနေသည်။ မာရှန်သည် မဟာကိုးပါး အကယ်ဒမီကိုးခုထဲက တစ်ခုဖြစ်တဲ့ ဖြူနက် အကယ်ဒမီက ဘွဲ့ရတစ်ယောက် ဖြစ်သည်။ သူ့ရဲ့

အရည်အချင်းကြောင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေပါက ကျိန်းသေပေါက် အောင်မြင်နိုင်သည်။

ဒါကြောင့် ဗဟိုပြည်နယ်အကယ်ဒမီအတွက် သူ့ရဲ့ အချိန်တစ်နှစ်ကို စတေးပစ်ခဲ့တယ်လို့ ပြောလို့ရသည်။

စာစဉ်(၂၁)

အခန်း(၃၀၀) - ဆာလောင်နေတဲ့ ဈေးကွက် မြင့်မားသော ရောင်းချနှုန်း။

“ဆရာကျန်၊ မင်းတစ်ခုတော့ ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။ ငါနဲ့ အန်ရှီဝေထဲက ဘယ်သူပဲဖြစ်ဖြစ် မာရှန်ကို မြတ်ဆရာစာမေးပွဲ စွန့်လွှတ်ဖို့ မတောင်းဆိုခဲ့ဖူးဘူး”

ကျန်ဟန်ဖူ၏ ဝေဖန်မှုထဲတွင် သူတို့၏ အဓိကလူ ပါဝင်နေသောကြောင့် ဝမ်ဆုရဲ့ အသံသည် လေးနက်နေသည်။

ပြီးခဲ့တဲ့ 'ဒီ' အဆင့် လိဂ်ပြိုင်ပွဲအတွက် လက်ရွေးစင်အသင်းကို အန်ရှီဝေက ဦးဆောင်ခဲ့သည်။ သူတို့ရဲ့ ရလဒ်က မဆိုးဝါးဘဲ ထိပ်ဆုံး ငါးသင်းထဲ ပါဝင်ခဲ့သည်။

သို့သော် ကျောင်းသားအသစ် အဖွဲ့ကတော့ ကျောင်းပေါင်း ၁၀၈ ကျောင်းအနက် အောက်ဆုံး အဆင့် ဆယ်ကျောင်းထဲ ပါဝင်သွားခဲ့သည်။

လက်ရွေးစင်အသင်းရဲ့ ရလဒ်တွေ ကောင်းမွန်နေခဲ့လို့ပါ။ ဒီလိုမှမဟုတ်ရင် မာရှုန်၏ ဆိုးရွားသော စွမ်းဆောင်ရည်ကြောင့် ကျောင်းသည် စာရင်းထဲက ထွက်ရမလို ဖြစ်သွားခဲ့သည်။

အမှန်ပဲ။ အဲဒီနှစ်ရဲ့ ကျောင်းသားအဖွဲ့အသစ် ခေါင်းဆောင်သည် မာရှုန်ကလွဲလျှင် တခြား သူမဟုတ်ပါ။ ဆိုးရွားမှုအတွက် သူ့ကို အပြစ်လုံးလုံး တင်လို့ မရပေမယ့် သူက အဖွဲ့ခေါင်းဆောင် ဖြစ်နေသောကြောင့် တာဝန်ကနေ ရှောင်လွဲလို့ မရပါ။

မာရှန်သည် သူ့ရဲ့ အမှားကိုပြန်ပြီး ပြင်ဆင်ဖို့အတွက် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို စွန့်လွှတ်ကာ ပြီးခဲ့တဲ့ နှစ်က ရခဲ့တဲ့ အရှက်တရားကို ဖယ်ရှားလိုသဖြင့် တံခါးပိတ်ပြီး ကျင့်ကြံနေခဲ့သည်။

အမှန်တိုင်းပြောရလျှင် ကူရှုပ်ရှင်းနှင့် ဆွန်းမိုတို့ရဲ့ ပုံရိပ်တွေကြောင့်သာ မဟုတ်လျှင် မာရှန်သည် ဒီနှစ်မှာလည်း ထိပ်တန်း ဆရာတစ်ယောက် ဖြစ်နေအုံးမည်။

အန်ရှီဝေနှင့် ဝမ်ဆုတို့သည် ဒုတိယအခွင့်အရေးပေးတတ်တဲ့ လူများ မဟုတ်ပါ။ မာရှန်ကို ယုံကြည်ခဲ့ပေမယ့် ဆွန်းမိုနှင့်ကူရှုပ်ရှင်းက ပို တော်နေသည်။

"ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကြယ်တစ်ပွင့်စာမေးပွဲကို စွန့်လွှတ်ထားခဲ့တယ်။ အခုတော့ နာမည်စာရင်းမှာ သူမပါတော့ဘူးလို့ ပြောချင်နေတာလား"

ကျန်ဟန်ဖူက အေးစက်စွာ ရယ်မောလိုက်သည်။

"ဒါဆိုလည်း ငါတို့က ဘယ်သူ့ကို စွန့်လွှတ်သင့်လဲ"

အန်ရှီဝေ အနည်းငယ် တုန်လှုပ်သွားသည်။

မာရှန်၏ စွန့်လွှတ်အနစ်နာ ခံမှုကို သူမ စိတ်ထဲက အသိအမှတ်ပြုသည်။ သို့သော်လည်း အရည်အချင်း မပြည့်မီပါက နာမည်စာရင်းထဲတွင် သူ့အတွက် တစ်နေရာစာ မပေးနိုင်ပါ။

ကျန်ဟန်ဖူ တိတ်ဆိတ်သွားသည်။ အမှန်တိုင်းပြောရလျှင် သူလည်း မျက်နှာ လိုချင်သည်။ မျက်စိမှိတ်ပြီး စကား မပြောချင်ပါ။

ကူရှုပ်ရှင်းသည် မရီဒန်အကယ်ဒမီက ထိပ်တန်း ဘွဲ့ရတစ်ယောက်ဖြစ်သည်။

ဆရာအသစ် ဖြစ်လာပြီးနောက် သူမရဲ့ရလဒ်သည် အထင်ကြီးဖို့ ကောင်းသည်။ သူမသည် မဟာကိုးပါး ကျောင်းထဲက မဟုတ်သော်လည်း ထိပ်တန်းအဆင့် ဘွဲ့ရတစ်ယောက်ဖြစ်နေသဖြင့် သူမရဲ့ သန်မာမှုအတွက် သက်သေတစ်ခု ဖြစ်နေသည်။

မာရှန်က သူမကို အနိုင်မယူနိုင်တာ သေချာသည်။

ဆွန်းမိုနဲ့ကြတော့ ရန်ပွဲတစ်ခုတွင် အနိုင်ယူနိုင်သော်လည်း လုပ်ဆောင်မှုအပိုင်းတွင် အများကြီးနိမ့်ကျနေသည်။ ဆွန်းမို၏ နတ်ဘုရားလက်သည် အကျိုးသက်ရောက်မှု အရှိဆုံး လုပ်ဆောင်ချက် တစ်ခု ဖြစ်နေသည်။

ကျန်တဲ့ တစ်ယောက်ကတော့ ဖန်ယန် ဖြစ်ပြီးနောက်ဆုံး တစ်ယောက်ကတော့ ရှောင်ယွမ် ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးသည် မဟာကိုးပါးမှ ဘွဲ့ရခဲ့ကြပြီး မနှစ်က လုပ်ဆောင်မှုကလည်း မာရှန်ထက်တောင် အများကြီး

ပိုကောင်းနေသေးသည်။ သူတို့ထဲက တစ်ယောက်ယောက်ကို ထုတ်ပစ်တာက အဓိပ္ပါယ် မရှိပါ။ ဒီအချက်တွေကိုတွေးပြီးနောက် ကျန်ဟန်ဖူ အံ့အောသင့်သွားသည်။ ဆွန်းမိုက ချို့ယွင်းချက်ကို ရှာမတွေ့နိုင်တဲ့အထိ ကြီးပြင်းလာပြီလား။

"ကူရှုပ်ရှင်း"

ကျန်ဟန်ဖူသည် ဆွန်းမို နာမည်ကို ပြောချင်သော်လည်း ပြောခါနီးတွင် ကူရှုပ်ရှင်း နာမည် ပြောင်းသွားသည်။ ဒီအခင်းအကျင်းတွင် ဆွန်းမို နာမည် တပ်ပြောလိုက်ရင်

အရမ်းဇီဇာကြောင်တတ်တဲ့ ဝမ်ဆုက ထရိုက်လိမ့်မည်။

ဒီလေးယောက်ထဲတွင် ဆွန်းမိုက အစားထိုးလို့မရတဲ့ တစ်ဦးတည်းသော လူဖြစ်နေသည်။

"ဘောပဲ"

ကျန်ဟန်ဖူ စိတ်ထဲကနေ ကျိန်ဆဲလိုက်သည်။ အရမ်း မကျေမနပ် ဖြစ်နေသည်။

"ကူရှုပ်ရှင်းရဲ့ တိုက်ခိုက်ရေး အစွမ်းက လေးယောက်ထဲမှာ အမြင့်ဆုံးပဲ"

အန်ရှီဝေက အေးစက်စွာ ရယ်မောလိုက်သည်။ သူတို့သည် အဖွဲ့ဦးဆောင်တဲ့ ဆရာများ ဖြစ်သော်လည်း တိုက်ခိုက်ဖို့လိုအပ်သည်။ အကြွင်းမဲ့ တိုက်စစ်အား မရှိလျှင် သူတို့သေချာပေါက် ချေမှုန်း ခံလိုက်ရမည်။

ကူရှုပ်ရှင်းရဲ့ အခြားအချက်အလက်များကလည်း မဆိုးပါ။ ဒီနှစ်မှာ ဆွန်းမိုသာ အရမ်းအထင်ကြီးဖို့ မကောင်းခဲ့ရင် ကူရှုပ်ရှင်းက အကောင်းဆုံး ဆရာအသစ်တစ်ယောက် သေချာပေါက် ဖြစ်လာလိမ့်မည်။

“ကောင်းပြီလေ။ ဒီဆုံးဖြတ်ချက် ဒီမှာပဲ ထားလိုက်တော့”

ဝမ်ဆုသည် အရမ်းအလုပ်များနေသည်။ ဒီကိစ္စလောက်နဲ့ အချိန်မဖြုန်းချင်ပါ။ လိုရင်းကို တန်းပြောလိုက်သည်။

“မာရှန်က ဒါကို မကျေနပ်ရင် သူကိုယ်တိုင် ဖြေရှင်းခိုင်းလိုက်”

ဝမ်ဆုသည် ဆွန်းမိုကို မတရား သဘောကျသည်။ ဒါကြောင့် မာရှန်က ဆွန်းမိုကို တိုက်ခိုက်ဖို့ စိန်ခေါ်လျှင်ပင် ဆွန်းမို မရှုံးနိုင်ဘူးလို့ ယုံကြည်သည်။

"မင်း......."

ကျန်ဟန်ဖူသည် ဝမ်ဆု၏ သဘောထားကြောင့် သေလုနီးပါး ဒေါသထွက်နေသည်။ သို့သော်လည်း ဝမ်ဆုသည် သူ့လိုမျိုး ဒုကျောင်းအုပ်ကို ဂရုမစိုက်ပါ။ သူက ကြယ်လေးပွင့်မြတ်ဆရာ တစ်ယောက် ဖြစ်နေသည်။ ဒါကြောင့် သူသည် ဝမ်ဆုကို လေးစားဖို့ပဲ တတ်နိုင်သည်။

အန်ရှီဝေသည် သူမ ရုံးခန်းကို ပြန်ရောက်ပြီးနောက် အရမ်းအလုပ်များနေသဖြင့်

စားပွဲပေါ်တွင် ခေါင်းငုံ့ကာ ကျန်ဟန်ဖူကို လျစ်လျူရှုထားလိုက်သည်။

"ကောင်းပြီလေ။ မင်းတို့ ဆန္ဒအတိုင်း မျက်စိမှိတ်ပြီး လုပ်ကြတာပေါ့။ ဘယ်လိုပဲပြောပြော ဗဟိုပြည်နယ် အကယ်ဒမီက အဆုံးသတ်နေပြီ။ ငါက သွားစရာ နေရာမရှားတော့ စိတ်မပူဘူး။ အဲဒီအချိန်ကို ရောက်ရင် ဘယ်သူက သနားစရာကောင်းလဲဆိုတာ စောင့်ကြည့်နေမယ်။"

ကျန်ဟန်ဖူ အေးစက်စွာ ရယ်မောရင်း ပြောလိုက်သည်။

ဗဟိုပြည်နယ် အကယ်ဒမီ၏ ကန်တင်းမှာ........

ဒီနေရာတွင် လူတိုင်းက စားသုံးကြသော်လည်း ဆရာများက ပိုဈေးကြီးပြီး ရှားပါးတဲ့ အစာများကို စာသောက်တတ်ကြသည်။

"ညီမလေးရာ။ ကျေးဇူးပြုပြီး များများစား"

ကွမ်လီက ပြုံးပြီး ရှာယွန် ပန်းကန်ထဲသို့ အစားအစာတွေ ထည့်ပေးနေသည်။

'မင်းဘာဖြစ်နေတာလဲ"

လီဖီန်သည် မျက်မှောင်ကြုတ်ပြီး စားပွဲပေါ်က ပန်းကန်တွေကို ကြည့်နေသည်။ စုစုပေါင်း ကုန်ကျစရိတ်က ငွေတုံး ၅၀၀လောက်ရှိသည်။ မြတ်ဆရာတစ်ယောက် အတွက်တောင် ဒါက အရမ်းကို ဇိမ်ခံတယ်လို့ သတ်မှတ်လို့ရသည်။

“ဟဲဟဲ၊ အရင်စားကြတာပေါ့။ မင်းတို့ စားပြီးမှ ငါတို့ စကားပြောမယ်”

ကွမ်လီ အနည်းငယ် ရှက်နေသည်။

“မင်း အရင်ပြောတာ ပိုကောင်းမယ်။ ငါ မင်းကို ကူညီနိုင်တာ ရှိရင် သေချာပေါက် လုပ်ပေးမယ်”

ဒါဆို

ရှာယွန် လက်ဖျားနဲ့ လုံးဝမထိပါ။ သူမက အမြဲလိုလို ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။

"အစ်မ ရှာ၊ မင်းမှာ ဆေးထုပ်ကြီး အပို ရှိသေးလား။ မင်းငါ့ကို ပြန်ရောင်းပေးပါလား"

ကွမ်လီက အကြွပ်ရိုက်တဲ့ အမူအရာနဲ့ ပြုံးပြီး ပြောလိုက်သည်။

"အမ်"

ရှာယွန် အံ့အောသင့်သွားသည်။

"သူတို့ရဲ့ အာနိသင်ကို မင်းမယုံဘူးလို့ ငါထင်နေတာ"

လီဖီန်က မေးလိုက်သည်။

ဒီကိစ္စက သူမနဲ့ မသက်ဆိုင်တာကို သိလိုက်ရတော့ လီဖီန်သည် ပျော်ရွှင်စွာ စားသောက်လိုက်သည်။

(အင်း။ ငါတို့ကျောင်းရဲ့ စားဖိုမှူးလက်ရာ တကယ်မဆိုးဘူး)

ကွမ်လီသည် မျက်နှာပေါ် အနေရခက်နေတဲ့ ပုံပေါ်နေသည်။

ရှာယွန်က လီဖီန်ကို တစ်ချက် ကြည့်လိုက်သည်။ စိတ်ထဲကနေ 'မင်းမှာလည်း ရှိတယ်လေ' တကယ်လို့ သူမသာ ဒုတိယအကြိမ်တွင် ရှာယွန်နဲ့ တိုက်ဆိုင်စွာ မတွေ့ခဲ့လျှင် ဆေးထုပ်ကြီး၏ အံ့ဖွယ် အာနိသင်ကို မသိခဲ့ရပါက လီဖီန်သည် ဒါတွေကို ဝယ်ဖြစ်ခဲ့မည် မဟုတ်ပါ။

ကွမ်လီသည် လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်လိုက်ပြီး လီဖီန်အား မလှောင်ပြောင်ရန် အမူအရာ ပြလိုက်သည်။

"ငါ့မှာ မကျန်တော့ဘူး"

ရှာယွန်က မချိ ပြုံးပြုံးရင်း ပြန်ဖြေသည်။

“အမ်။ ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ မင်းက ကျောင်းအုပ်ကြီးအန်နဲ့ အရမ်းရင်းနီးတယ်လို့ ငါက ထင်နေတာ။ မင်းက သူမကို မေးရင် အနည်းအကျဉ်းလောက်တော့ ရနိုင်တယ် မဟုတ်ဘူးလား”

ကွမ်လီက သူမစကားတွေကို မယုံကြည်ပါ။ ဒီခတ်ကြီးမှာ ပစ္စည်းကောင်းတွေရှိလျှင် လက်အောက် ငယ်သားတွေကို အရင်ဝေမျှပေးမှာ သေချာသည်။

လိဂ်ပြိုင်ပွဲကလည်း စဖို့ တစ်လလောက်သာ လိုတော့သည်။ အခြေအနေအရ အခုလိုအချိန်တွင် အရင်နှစ်များကတော့ အကျော်ကြားဆုံး အကြောင်းအရာမှာ ကိုယ်စားလှယ်ဆရာများနှင့် ကိုယ်စားလှယ် ကျောင်းသားများ အကြောင်း ဖြစ်သည်။ ဒါပေမယ့် ဒီနှစ်မှာတော့ ဆေးထုပ်ကြီး အကြောင်းပဲ ပြောနေကြသည်။

ဒီအတွက်လည်း အဖြေကမရှိပါ။ ဆေးထုပ်ကြီးရဲ့ အာနိသင်က တကယ်ကို အံ့မခန်း ဖြစ်သည်။ ရေစိမ်နေတဲ့ အချိန် ဘီလူးတစ်ကောင်

ပေါ်လာလိမ့်မည်။ ဒါက သိသိသာသာကို မှော်ဆန်နေသည်။ ဒါကို အသုံးပြုပြီးတဲ့ ဆရာများလည်း သိသိသာသာ အကျိုးခံစားရသည်။

သူတို့ ခွန်အားတွေက အားလုံး တိုးတက်လာသည်။ ဒီနေရာမှာရှိတဲ့လူတိုင်းက ဆရာများ ဖြစ်ကြသည်။ သူတို့ရဲ့ သုံးသပ်မှုက မဆိုးလှဘဲ ကွာဟချက်ကို မြင်နိုင်သည်။ မေးခွန်းအနည်းငယ် မေးပြီးတဲ့နောက်မှာ ဆေးထုပ်ကြီး အသုံးပြုတဲ့ လူများထံမှ အဖြေများ ရရှိခဲ့ကြသည်။

အမှန်တကယ်လည်း ပထမအသုတ် ဝယ်ခဲ့တဲ့ ဆရာတွေက မလိမ်ခဲ့ပါ။ သူတို့သည် အန်ရှိဝေကို ကူညီပေးချင်သောကြောင့် အရင်က ဝယ်ခဲ့ခြင်း ဖြစ်သည်။ ဒါကြောင့် ဆေးထုပ်အကြောင်းကို ဗိုင်းရပ်စ် တစ်ခုလို ပျံ့နှံ့သွားစေချင်ကာ သူတို့သည် ဆေးထုပ်ကြီးရဲ့ ဂုဏ်သတင်းကို ဖော်ကျူးကြတော့သည်။

ကျန်တဲ့ ဆရာများက ဆေးထုပ်ကြီး စမ်းသပ်ချင်သော်လည်း ကုန်လက်ကျန်များက မရှိတော့ပါ။ ဒါကြောင့် သူတို့သည်

သူတို့မိတ်ဆွေများထံမှ လိုက်လံရှာဖွေကြတော့သည်။

တကယ်တော့ ဆေးထုပ်ကြီးကို သိမ်းဆည်းထားတဲ့ ဆရာတွေကလည်း ပြန်မရောင်းချင်ကြပါ။ ဒါပေမယ့် အချင်းချင်း ဖိအားပေးတဲ့ဒဏ်ကို မခံနိုင်ဘဲ ရောင်းချပေးခဲ့ရသည်။

ဒါကြောင့် ဒီရက်ပိုင်းတွင် ဆေးထုပ်ကြီးကို စမ်းသပ်ဖူးတဲ့ ဆရာအရေအတွက် တိုးတက်လာသည်။ မှော်ဆန်တဲ့

အကျိုးသက်ရောက်မှုကို ခံစားပြီးနောက် မရုန်းထွက်နိုင်တော့ဘဲ ပိုများတဲ့ ဆေးထုပ်ကြီး အမြောက်အများကို ရရှိရန် ကြိုးစားလာကြတော့သည်။

ထို့ကြောင့် တခြားကျောင်းက ဆရာတွေတောင် လာမေးကြသည်။

ကွမ်လီသည် ဒီအကြောင်းကို ကြားပြီးနောက် သူမရဲ့ အချစ်ဆုံး သူငယ်ချင်းများကို အကူအညီတောင်းခဲ့ပေမယ့် သူတို့လည်း မဝယ်ခဲ့ရပါ။

ဒါကြောင့် သူမနဲ့ ဆက်ဆံရေး အဆင်ပြေတဲ့ ရှာယွန်ကို ရှာဖွေခဲ့သည်။

"ငါ့မှာလည်း ဆေးထုပ်ကြီးတွေ တကယ်မရှိတော့ဘူး။ ဆေးထုတ်လုပ်တဲ့နေရာမှာ သုံးတဲ့ ပါဝင်ပစ္စည်းတွေက အမျိုးအစား များရုံသာမက အရမ်းလည်း ရှားပါးတယ်လို့ ကြားတာပဲ။ ဒီပစ္စည်းတွေကို စုဆောင်းဖို့ ကျောင်းက အချိန်တော်တော် ပေးရတယ်"

ရှာယွန်လည်း ကူညီချင်ပေမယ့် ဘာမှ မတတ်နိုင်ပါ။ လူမှုဆက်ဆံရေး ကောင်းမွန်သဖြင့်

မိတ်ဆွေပေါ်များသည်။ ကျန်တဲ့ လူများကို ငြင်းပယ်ရာမှာ မကျွမ်းကျင်သဖြင့် သူမမှာ ဆေးထုပ်ကြီး သုံးထုပ်သာ ကျန်ခဲ့တော့သည်။

"ဆရာကွမ်၊ အစ်မ ရှာမှာ ဆေးထုပ်ကြီး ကျန်သေးရင် မင်းကို ရောင်းခိုင်းမယ်ထင်နေလား။ ငါ့ကို ရောင်းခိုင်းမှာပေါ့"

လီဖိန်၏ နှုတ်ခမ်းများ တွန့်သွားသည်။

"ဒါအမှန်ပဲ"

ကွမ်လီ သက်ပြင်းချလိုက်သည်။

(အဲဒီတုန်းက ကျောင်းအုပ်ကြီးကို နည်းနည်းလောက် ယုံလိုက်မိရင် ဘယ်လောက်ကောင်းမလဲ)

"သို့သော်လည်း ကျောင်းအုပ်ကြီးအန်၏ မျိုးရိုးစဉ်ဆက် အမွေပေးခဲ့တဲ့ ဆေးညွှန်းသည် တကယ်ကို အထင်ကြီးဖို့ ကောင်းတယ်။ အခုတော့ ငါတို့ကျောင်းရဲ့ ဘဏ္ဍာရေး အကြပ်အတည်း အဆုံးသတ်သွားပြီ"

လီဖီန်ကသက်ပြင်း ခပ်လေးလေး ချရင်း ပြောလိုက်သည်။ ဗဟိုပြည်နယ် အကယ်ဒမီ

မပြိုကွဲသ၍ သူမသည် နောက်ထပ် အလုပ်ရှာစရာ မလိုပါ။

ရှာယွန် မျက်မှောင်ကြုတ်သွားသည်။ ဒီနေရာမှာ အရင်ကျောင်းအုပ်ကြီးဟောင်းမရှိရင် အန်ရှီဝေက ဒီလိုမှော်ဆန်တဲ့ ဆေးညွှန်းကို ဘယ်လို ကာကွယ်မလဲ။ အဖြစ်နိုင်ဆုံးက အရင်က စိုးရိမ်နေသဖြင့် ထုတ်မရောင်းခြင်း ဖြစ်နိုင်သည်။ ဒီတစ်ခါတော့ ပြင်ဆင်ထားလောက်သည်။

ကွမ်လီသည် နောက်တစ်ကြိမ်ကိုသာ စောင့်ရတော့သည်။ ဒီတစ်ခါတော့

ငွေလုံလောက်အောင် ပြင်ဆင်ထားပြီး ဆေးထုပ်မရောင်းခင် တစ်ညလောက် ကြိုပြီး တန်းစီနေလိုက်မည်။ တစ်ခါတည်း အထုပ် ၅၀လောက် ဝယ်ပစ်လိုက်မည်။

ကျင့်ကြံသူများအတွက် ငွေသည် ပရဟိတသာ ဖြစ်သည်။ ကျင့်ကြံခြင်းအဆင့်နှင့် ခွန်အားကသာ သူတို့ရဲ့ အခြေခံ ဖြစ်သည်။

ထမင်းစားပြီးနောက် ရှာယွန်သည် ကျောင်းအုပ်ကြီး ရုံးခန်းသို့ သွားလိုက်သည်။

"ဆရာရှာ ကိစ္စရှိလို့လား"

အန်ရှီဝေက ခေါင်းတစ်ချက် မော့ကြည့်ပြီး အလုပ်ဆက်လုပ်နေသည်။

"မင်း ထမင်းမစားရသေးတာ ငါသိတယ်"

ရှာယွန်က နှုတ်ဆက်တာကို ကျော်သွားလိုက်သည်။

"မင်းအတွက် ထမင်းနဲ့ ဟင်းတချို့ ယူလာတယ်။ အဲဒါတွေကို စားပြီး ဗိုက်အရင် ဖြည့်လိုက်ပါအုံး"

"ကျေးဇူးတင်ပါတယ်"

အန်ရှီဝေကလည်း မငြင်းပါ။

အရင်တုန်းကတော့ ပိုက်ဆံချွေတာခြင်လို့ မစားဖြစ်ခဲ့ပါ။ နောက်ဆုံး ဗဟိုပြည်နယ် အကယ်ဒမီသည့် သူမအပိုင် ဖြစ်တာကြောင့် ကယ်တင်ဖို့အတွက် တတ်နိုင်သမျှ လုပ်ခဲ့သည်။ အခုတော့ အန်ရှီဝေတွင် ပိုက်ဆံ မရှားတော့ပါ။ အရမ်း အလုပ်များနေလို့ မစားဖြစ်ခဲ့တာ ဖြစ်သည်။

“မင်းက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ နဖူးစည်းပါ။ ပင်ပန်းမှုကြောင့် မလဲကျသွားအောင်လည်း ဂရုစိုက်ရမယ်”

ရှာယွန်သည် အစားအသောက်ကို ခင်းကျင်းပြီးနောက် အန်ရှီဝေကို ဆွဲခေါ်လိုက်သည်။

"စားစရာတွေက အများကြီးပဲ"

အန်ရှီဝေ မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သူမသည် အစားနှစ်မျိုးကိုသာ ယူလိုက်သည်။

ရှာယွန်သည် တွေ့ကရာ အကြောင်းအရာများကိုသာ ဆက်ပြောနေခဲ့သည်။ အန်ရှီဝေ ထမင်းစားလို့ ပြီးတော့မှာ မြင်လိုက်လျှင် အခုအချိန်မှ မမေးရင် အခွင့်အရေး

မရှိတော့မှန်း သူမ သိလိုက်သည်။ ဒါကြောင့် အံ့ကြိတ်ကာ မေးလိုက်သည်။

"ရှီဝေ။ ငါ့ဆေးထုပ်ကြီး ဆယ်ထုတ်ကျောင်းက ဝယ်ခဲ့တယ်။ အဲဒါတွေက တကယ်သုံးလို့ ကောင်းတယ်။ ဒါပေမယ့် တခြားဆရာတွေကသိပြီး ငါ့ဆီက လာမေးနေကြတယ်"

ရှာယွန်က ထုတ်ကုန်အကြောင်းကို အရင် ချီးမွှန်းလိုက်ပြီး

'ဒုတိယ အသုတ်က ဘယ်အချိန်မှ ရောင်းမှာလဲ.။ နောက်တစ်လခွဲလောက်မှလား"

"အဲဒါက မူလအစီအစဉ်ပဲ။ အခုတော့အဖြစ်အပျက် လေးတချို့ ရှိသွားတယ်"

အန်ရှီဝေက မချိပြုံးပြုံးရင်း ပြန်ဖြေသည်။

ပထမအသုတ်ထဲက ဆေးထုပ်ငါးပုံ တစ်ပုံကို ဆရာတွေထံ ရောင်းချလိုက်သည်။ နောက်ထပ် ငါးပုံတစ်ပုံက သြဇာကြီးတဲ့ ကုန်သည်တွေနဲ့ မှူးမတ်တွေဆီ လက်ဆောင် ပေးလိုက်သည်။

သုံးရက်လောက်ကြာတော့ ဆေးထုပ်နာမည်က ပေါက်ကွဲထွက်လာသည်။

သူတို့အားလုံးသည် ဆေးထုပ်ကြီး ဝယ်ယူရန် အစေခံများကို လွှတ်လိုက်ကြသည်။ သူတို့နဲ့အတူ ငွေများ၊ တိရိစ္ဆာန်များကို ထောင်နဲ့ချီပြီး ယူဆောင်လာခဲ့သည်။

အန်ရှီဝေက ဒီလောက်အထိ နာမည်ကြီးလာမယ်လို့ မထင်ထားခဲ့ပါ။ သူမ စိတ်လှုပ်ရှားပြီး ဆေးထုပ်ကြီး အရေအတွက် နည်းပါးလွန်းလို့ နောင်တရ သွားသည်။

ဒီလိုမျိုး ကောင်းမွန်တဲ့ ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းစဉ်က အရမ်းခက်ခဲမယ်လို့ လူများက ယူဆထားကြသည်။ ဆေးဖက်ဝင်

ပစ္စည်းများကလည်း အရမ်းဈေးကြီးနိုင်သည်။ ဒါကြောင့် ထောက်ပံ့မှုက မလုံလောက်နိုင်ပါ။

သြဇာကြီးမားတဲ့ မှူးမတ်များနှင့် ကုန်သည်များသည် ထုံးစံအတိုင်း ငွေမရှားပါ။ ဆေးထုပ်ကြီး ရရှိနိုင်ရန်အတွက် ကြိုတင်ပြီး ပရီမီယံဈေးနှုန်းနဲ့ ပေးချေဖို့ ဆန္ဒ ရှိနေကြသည်။

အန်ရှီဝေက ရောင်းချလိုက်ချင်ပေမယ့် ဆွန်းမိုက သူမကို ခဏစောင့်ဖို့ စည်းရုံးခဲ့သည်။

ထိုနောက်ပိုင်းတွင် အန်ရှီဝေဆီသို့ လာရောက်လည်ပတ်သူရဲ့ အဆင့်အတန်းများသည် တဖြည်းဖြည်းနဲ့ မြင့်မားလာသည်။

သူတို့ပေးတဲ့ စျေးနှုန်းများကလည်း တဖြည်းဖြည်းပိုမြင့်မားလာသည်။ အထူးသဖြင့် အရင်က ဆေးထုပ်ကြီး သုံးခဲ့ဖူးသူတွေက ပိုဆိုးသည်။ သူတို့က ငြင်းရခက်တဲ့ ကောင်းကင်ကြီးလောက် မြင့်မားတဲ့ စျေးနှုန်းနဲ့ ကမ်းလှမ်းလာကြသည်။ အန်ရှီဝေသည် တွက်ချက်ကြည့်ပြီး ကျန်တဲ့ ဆေးထုပ်ကြီး ငါးပုံသုံးပုံကို အကုန်လုံး ရောင်းချလိုက်သည်။

အဲဒီအချိန်တွင် အသားတင် အမြတ်ငွေက ကြောက်ဖို့ကောင်းလောက်အောင်ကို သန်း ၉၇အထိ ရှိသွားသည်။

အဲဒီညတွင် အန်ရှီဝေသည် အရမ်းစိတ်လှုပ်ရှားနေပြီး သူမအလုပ်ကိုတောင် အာရုံ မစိုက်နိုင်တော့ပါ။

အန်ရှီဝေသည် နောက်ဆုံးတော့ ဆာလောင်မှုဈေးကွက် သဘောတရားကို နားလည်သွားသည်။ သူမရဲ့ ငယ်ချစ်လေးသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှားရှားပါးပါး ဈေးကွက် ပါရမီရှင်တစ်ယောက် ဖြစ်နေတာ တွေ့ရှိခဲ့ရသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု+ ၁၀၀။ ကြည်ညို (၁,၇၇၀/၁၀,၀၀၀)

စာစဥ်(၂၁)

အခန်း(၃၀၁) - ဆရာဂုဏ်သိက္ခာ အတွက် တိုက်ခိုက်ချင်တယ်။

လိဂ်ပြိုင်ပွဲ နီးကပ်လာတာနဲ့အမျှ အန်ရှီဝေသည် ပို အလုပ်များလာသည်။

ဩဇာကြီးမားပြီး ဂုဏ်သိက္ခာ ကြီးမားတဲ့ လူချမ်းသာများ၏ ဘဏ္ဍာထိန်းများလည်း ရောက်လာသည်။ အန်ရှီဝေ၏ လက်ထောက်ကသာ သူတို့ကိုလက်ခံ တွေ့ဆုံခဲ့သည်။ သို့သော် ဘဏ္ဍာထိန်းများ၏ သခင်ကိုယ်တိုင် ရောက်လာတဲ့အခါကျတော့ သူမကိုယ်တိုင် တွေ့ဆုံခဲ့ရသည်။

အန်ရှီဝေသည် လွန်ခဲ့သော တစ်နှစ်ခွဲက တွေ့ရတဲ့ လူတွေထက် ဒီရက်ပိုင်းအတွင်း တွေ့ရတဲ့လူများက ပိုများသည်။ ပြီးတော့

အကျိုးသက်ရောက်မှုက အံ့အောသင့်စရာ ကောင်းမွန်လွန်းသည်။

ဆွန်းမိုက ပိုက်ဆံ တစ်ခုတည်း မကြည့်ရန် ပြောခဲ့သည်။ အဆက်အသွယ်က ပိုအရေးကြီးသဖြင့် အန်ရှီဝေက အဲဒီလူတွေနဲ့ အဆက်အသွယ လုပ်ခဲ့သည်။

ဗဟိုပြည်နယ် အကယ်ဒမီသည် ကျောထောက် နောက်ခံမရှိဘဲ ကျဆင်းသွားတဲ့အတွက် လူတိုင်းက အထင်မကြီးကြပါ။ ဒါပေမယ့် အခုတော့ သူတို့မှာ ဆေးထုပ်ကြီး ရှိနေပြီ။

ဒီရက်ပိုင်းအတွင်း အန်ရှီဝေသည် စပွန်ဆာ သုံးဆယ်ကျော်ရခဲ့သည်။

ဆွန်းမိုသည် ဆာလောင်ခြင်း ဈေးကွက်ကို ထိန်းချုပ်ကာ အသာစီး ယူထားခဲ့သော်လည်း လူတိုင်းကို နည်းလမ်းအမျိုးမျိုး ပုံစံမျိုးစံနဲ့ ညှိနှိုင်းခဲ့သည်။

နှစ်ပေါင်းတစ်ထောင်ကျော်အောင် ကျော်ကြားခဲ့သော ကျောင်းတစ်ခု အနေနဲ့ ကျောင်းအုပ်ကြီးဖြစ်တဲ့ အန်ရှီဝေ၏ မျက်နှာသည် အရေးကြီးသည်။ အရမ်းချမ်းသာတဲ့လူများနဲ့

ရင်ဆိုင်ရတဲ့အခါ စျေးပေးရုံနဲ့ ရောင်းချဖို့ မဖြစ်နိုင်ပါ။

သို့သော်လည်း အဲဒီအဆင့် မျိုးနွယ်စုခေါင်းဆောင်များသည် အရမ်း ထက်မြတ်ကြသည်။ သူတို့က အဟာကိုဆုပ်ကိုင်ပြီး ကျောင်းကို စပွန်ဆာ ပေးကာ ထောက်ပံ့ခဲ့ကြသည်။

ဒါကြောင့် အပေါ်ယံအားဖြင့်တော့ နှစ်ဖက်စလုံး ကျေနပ်ခဲ့ကြသည်။

အန်ရှီဝေသည် ဒီလိုမျိုး လူမှုဆက်ဆံရေးကို မကြိုက်သော်လည်း ဘာမှ မတတ်နိုင်ပါ။ သူမက

ဒီရာထူးကို ယူထားတဲ့အတွက် လုံးဝကို တာဝန်ရှိနေသည်။

ဒါပေမယ့် ဒုက္ခအပေးဆုံးကတော့ ကြယ်သုံးပွင့် ဒါမှမဟုတ် ပိုမြင့်တဲ့ မြတ်ဆရာများ ဖြစ်သည်။

လူအများကြီးတော့ မဟုတ်ပေမယ့် ခေါင်းတော့ တော်တော် ကိုက်ရသည်။

သူတို့က အသင့်ထုတ်လုပ်ပြီးသော ဆေးထုပ်ကြီးများ ဝယ်ယူရန် ပြုံးပြခြင်း မဟုတ်ပါ။ သူတို့က အန်ရှီဝေကို တိုက်ရိုက်မေးခဲ့ကြသည်။

သူတို့၏ အကြောင်းပြချက်က အရမ်းရိုးရှင်းပြီး ဖြောင့်မတ်နေသလိုလို လုပ်နေသည်။

(သုတေသန လုပ်ချင်တယ်။) *လက်နက် ပန်းတိမ်ဆရာက ဘာဖြစ်လို့ ဒါကို လေ့လာချင်လည်းဆိုတာ ဘုရားပဲ သိလိမ့်မယ်။ လက်နက် စိမ်ဖို့လား)

သူတို့ အကြောင်းပြချက်သည် မှုမမှန်မှန်း သိသော်လည်း အန်ရှီဝေက သူတို့ကို မငြင်းရဲ ဖြစ်နေသည်။ နောက်ဆုံးတော့ သူတို့သည်

ဗဟိုပြည်နယ်အကယ်ဒမီက ထိပ်တန်း မြတ်ဆရာတွေ အများကြီး မရှိပါ။

သူမ အဖိုးသည် သူတော်စင်အဆင့်သို့ တက်လှမ်းရာတွင် ကျရှုံးပြီးနောက် ဗဟိုပြည်နယ် အကယ်ဒမီသည် ကျဆင်းသွားပြီး ထိပ်တန်း မြတ်ဆရာများကို ဆက်မထိန်းထားနိုင်တော့ပါ။ ကျန်ခဲ့တဲ့ လူအားလုံးသည် အဘိုးကို သံယောဇဉ် ရှိသောကြောင့် ဖြစ်သည်။

သူမသည် အရမ်း အလုပ်များနေသော်လည်း အရမ်းပျော်ရွှင်နေသည်။ ကျောင်းရဲ့ အခြေအနေက

တိုးတက်နေပြီ ဒီနှစ်တွင် 'စီ'အဆင့်ကို တက်နိုင်ပါက ပိုကောင်းမည်။

'မဟုတ်ဘူး။ ငါတို့သေချာပေါက် မြင့်တက်လာရမယ်"

အန်ရှီဝေက သူမရဲ့ မျှော်လင့်ချက် အားလုံးကို ဆွန်းမိုနှင့် ကူရှုပ်ရှင်းထံ ပုံအပ်ထားခဲ့သည်။ လူအသစ်တန်း ပြိုင်ပွဲတွင် အဆင့် ၁၅ အတွင်းတော့ ဝင်နိုင်မယ်လို့ မျှော်လင့်ထားသည်။ အမှတ် များများရတဲ့အသင်းက ထိပ်ဆုံးအဆင့်

ဆယ်ခုအတွင်းသို့ ဝင်ရောက်နိုင်မည်။ ပြီးတော့ 'စီ'အဆင့်ကို တိုးတက်သွားမည် ဖြစ်သည်။

ဒီအမှတ် စုဆောင်းခြင်းကို နှစ်ပိုင်းခွဲထားပြီး သုံးပုံနှစ်ပုံက လက်ရွေးစင် အသင်းမှ ဖြစ်ပြီး ကျောင်းသား အသစ် အဖွဲ့က သုံးပုံ တစ်ပုံ ဖြစ်သည်။

ပြီးခဲ့တဲ့နှစ်က အန်ရှီဝေ ဦးဆောင်တဲ့ လက်ရွေးစင်အသင်းသည် ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့သော်လည်း ကျောင်းသားအသစ် အဖွဲ့က ရလဒ် ဆိုးရွားပြီး မအောင်မြင်ခဲ့ပါ။ ဒီနှစ်တွင်

အဲဒီသမိုင်းကြောင်းလို နောက်တစ်ကြိမ် ထပ်မဖြစ်ချင်တော့ပါ။

အန်ရှီဝေရဲ့ ရှင်းပြချက်ကို ကြားပြီးနောက် ရှာယွန်က နားလည်ကြောင်း အမူအရာ ပြလိုက်သည်။

အန်ရှီဝေသည် ရှာယွန် မထွက်ခင် ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသားအသစ် နာမည်စာရင်းကို ထုတ်လိုက်သည်။ ဆွန်းမိုရဲ့ ကျောင်းသား ခြောက်ယောက် မှတ်တမ်းကို ပြန်စဉ်းစားလိုက်သည်။

လိဂ်ပြိုင်ပွဲကို ဝင်ပြိုင်တဲ့ ဆွန်းမို တပြည့်အရေအတွက် ပိုများလေလေ သူတို့ စွမ်းဆောင်ရည် ပိုကောင်းလေလေ သူ၏ ဂုဏ်သိက္ခာ ပိုကြီးမားလေလေ ဖြစ်သည်။ ဒါက သူ့ရဲ့ အနာဂတ် တိုးတက်မှုအတွက် အများကြီး အထောက်အကူ ဖြစ်နိုင်သည်။

အရေးအကြီးဆုံး အချက်ကတော့ ဆွန်းမိုရဲ့ တပြည့်များသည် ထူးချွန်ပြောင်မြောက်တဲ့ စွမ်းရည်ကို ပြသနိုင်ပါ့မလား။

ဗဟိုပြည်နယ်၏ လက်ရှိအောင်မြင်မှုက ဆွန်းမိုကြောင့် ဖြစ်သည်။ အန်ရှီဝေသည် အဲဒါကို တွေးလိုက်မိတိုင်း သူမက အကြွေးများစွာ တင်နေသလို ခံစားရသည်။

အန်ရှီဝေသည် နာမည်စာရင်းကို ခေါက်သိမ်းပြီး အိတ်ကပ်ထဲထည့်လိုက်သည်။ ထို့နောက် ကျောင်းအုပ်ကြီး ရုံးခန်းကနေ ဆွန်းမိုကို ရှာဖွေရန် ထွက်လာသည်။

လေဘုရင်ခန်းမ၏ နံရံနှင့် စကြံန်တွင် ဝိညာဉ်သလင်းကျောက်များနဲ့ ပြည့်နှက်နေသည်။

တောက်ပတဲ့ အလင်းရောင်များကြားတွင် သိပ်သည်းတဲ့ ဝိညာဉ်ချီများ စီးဆင်းနေသည်။

ဆွန်းမိုသည် တင်ပလေခွေထိုင်နေပြီး သွေးလောင်ကျွမ်းခြင်း အဆင့်(၆) ရောက်အောင် ကြိုးစားနေသည်။

ချီရွှန်ကျား ကျေးဇူးကြောင့် ရရှိခဲ့တဲ့ ကြေးရောင် ရတနာသေတ္တာကနေ အနက်ရောင် မြေကြီးတစ်ခဲ ထွက်လာသည်။ ဒါပေမယ့် စနစ်က သူ့ကို ငွေရောင် ရတနာသေတ္တာ တစ်လုံး ပေးထားသေးသည်။

ချောင်ရှန်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တက်လာသောကြောင့် ချီးမြှင့်ထားခဲ့ခြင်း ဖြစ်သည်။ ချောင်ရှန်သည် မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီး ဖြစ်ပြီး ကြယ် (၅)ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်သည်။ ဒါကြောင့် အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သတ်မှတ်ထားသည်။ ဒါကြောင့်လည်း ဆုလဒ်က အရမ်းကောင်းသည်။

ဒီတစ်ကြိမ်တော့ လုချီဟွာရဲ့ ကောင်းခြင်း ကြမ္မာ ပေါက်ကွဲထွက်လာသည်။ ဆွန်းမို လကြယ်သစ်သီး တစ်လုံးကို ရရှိခဲ့သည်။

လိဂ်ပြိုင်ပွဲကလည်း ဝင်ပြိုင်ရတော့မည်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့် ပိုမြင့်နေဖို့ လိုအပ်သည်။ ဆွန်းမိုသည် မစောင့်နိုင်တော့ဘဲ လေဘုရင် ခန်းမထဲသို့ တန်းဝင်သွားသည်။ ထို့နောက် လကြယ်သစ်သီးကို မြိုချလိုက်ပြီး အဆင့်တက်ဖို့ ကြိုးစားလိုက်သည်။

ဒါက အမေ့ှောင်တိုက်ကြီးက ရတဲ့ သဘာဝ သစ်သီးဖြစ်ခဲ့လျှင် အမှည့်လွန်တာနဲ့ ကောင်းကောင်း မမှည့်သေးတာ ဖြစ်နိုင်သည်။ ဒါပေမယ့် စနစ်ကပေးတဲ့ ဆုလဒ်သည် အမြဲတမ်း အကောင်းဆုံး ဖြစ်သည်။ ဒီလကြယ်သစ်သီးရဲ့ ဆေးဖက်ဝင်အာနိသင်သည် အရမ်းကောင်းမွန်သည်။ ဆွန်းမိုရဲ့ ထူးချွန်ထက်မြက်သော အရည်အချင်းနှင့် ပေါင်းလိုက်ပါက ငါးမိနစ်အတွင်း အောင်မြင်စွာ အဆင့်တက်သွားသည်။

ဘုန်း

ဝိညာဉ်ချီတွေ ပေါက်ကွဲထွက်လာပြီး နံရံနှင့် ကြမ်းပြင်ကို ထိမှန်သွားသည်။

"ဂုဏ်ပြုပါတယ် ဆရာ။" တံခါးနားမှာ စောင့်နေတဲ့ ကျောင်းသား ခုနှစ်ယောက်က ချက်ခြင်းပဲ ဂုဏ်ပြုစကား ပြောကြသည်။

"အင်း"

ဆွန်းမို နတ်ဘုရားမျက်စိအာရုံကိုအသုံးချပြီး ကျောင်းသား ခုနှစ်ယောက်ကို စစ်ဆေးလိုက်သည်။ "ဘိုင်ဝူနှင့် ချီရှန်ကျားကလွဲလျှင် ကျန်တဲ့သူတွေက ဆက် ကျင့်ကြံကြပါ။ ပြီးတော့ ချန်လုံ မင်းက

ကျင့်ကြံမှုကို တစ်ဝက်လျှော့ချရမယ်။ ချီရှန်ကျားက ညာဘက်လက်မောင်းနဲ့ ဘယ်ဘက်ရင်အုံမှာ ဒဏ်ရာတွေရှိနေတယ်။ သွားဆေးကုရအောင်”

ဆွန်းမိုသည် ကျောင်းသား တစ်ယောက်ခြင်းစီကို လမ်းညွှန်ချက်ပေးပြီးနောက် အိမ်ပြန်လာခဲ့သည်။

ဉ ယျာဉ်အနောက်ဖက်က ဒန်းပေါ်တွင်ထိုင်ကာ အန်ရှီဝေသည် ကောင်းကင်ကြီးကို ငေးကြည့်နေသည်။

ဆွန်းမို မရှိသဖြင့် သူမ ဒီနေရာကနေ စောင့်နေခဲ့သည်။ သူမ လူတွေနဲ့

ပေါင်းသင်းဆက်ဆံပြီး အရာရာကိုမြင်ခဲ့ပြီးနောက် သူမ တဖြည်းဖြည်း နောင်တရလာသည်။ သူမ ပြန်လာပြီး နေနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

အရင်တုန်းက ဆွန်းမိုသည် အရမ်းပိန်တယ်၊ အားနည်းတယ်၊ အရပ်ပုတယ်၊ ငယ်တယ်။ သူက အမြဲတမ်း နောက်ကျ ကျန်နေခဲ့သည်။ ပြီးတော့ သူက အရမ်းသိမ်မွေ့ပြီး မဝံ့မရဲ ဖြစ်နေတတ်သည်။

နူးညံ့သိမ်မွေ့ပြီး ခံ့ညားတဲ့ ဦးလေးဆွန်းနဲ့ ကွာခြားလွန်းသည်။

သူမအဖိုးက ဆွန်းမိုနဲ့ စေ့စပ်ရမည်လို့ ပြောတဲ့အချိန်က အမှန်အတိုင်းပြောရလျှင် စိတ်ပျက်ခဲ့မိသည်။ သူရဲကောင်း မလိုချင်တဲ့ မိန်းကလေး ရှိလို့လား။

နောက်တစ်လှမ်း ဆုတ်ပေးရရင်တောင် တည်ကြည်တဲ့လူတော့ လိုချင်သည်။

ကျောင်းကို သတင်းပို့ရန် ဆွန်းမို ရောက်လာတဲ့ အချိန်တုန်းက အန်ရှီဝေသည် သူနဲ့ မတွေ့ခဲ့တာ နှစ်ပေါင်း တော်တော် ကြာနေပြီ။

သို့သော်လည်း သူက ငယ်ငယ်တုန်းကလို သိမ်ငယ်တတ်တဲ့ သဘောထား ရှိသေးသည်။

နာမည်ကြီးကျောင်းက ဘွဲ့ရတစ်ယောက်လည်း မဟုတ်၊ အတွေ့အကြုံကလည်း မရှိ၊ မသန်မာတဲ့ လူတစ်ယောက် အပေါ် အန်ရှီဝေက ဘာမျှော်လင့်ရမှာလဲ။

ဒါပေမယ့် အန်ရှီဝေသည် အဖိုးစကားကို အမြဲတမ်း နားထောင်ခဲ့သည်။ ပြီးတော့ ဆွန်းမိုက စံပြ ခင်ပွန်းတစ်ယောက် မဟုတ်ရင်တောင်

သိမ်မွေ့တဲ့ အိမ်မွေးခွေးလေးတစ်ကောင် ဖြစ်နိုင်တာတော့ သေချာသည်။

ဒီလို ခင်ပွန်းမျိုးကလည်း မဆိုးပါ။ အနည်းဆုံးတော့ သူက သူမကို ဒုက္ခမပေးဘဲ သူမ ပြောသမျှကို နားထောင်ပေးလိမ့်မည်။

ထို့နောက် ကျန်ဟန်ဖူသည် ဆွန်းမိုကို ခက်ခဲအောင်လုပ်ပြီး ထောက်ပံ့ရေးဌာနသို့ ပို့ဆောင်ခဲ့သည်။

အန်ရှီဝေ ချက်ခြင်း မကူညီရတဲ့ အကြောင်းပြချက် နှစ်ခုရှိသည်။

ပထမတစ်ချက်ကတော့ ဆွန်းမိုက သူမနဲ့ စေ့စပ်ထားတဲ့သူ ဖြစ်သည်။ အရင်ဆုံး ရာထူးတစ်ခု ယူခဲ့မယ်ဆိုလျှင် အထင်သေးတဲ့ အကြည့်တွေနဲ့ အကြည့်ခံရပြီး သေချာပေါက် ဝေဖန်ခံရလိမ့်မည်။

အန်ရှီဝေသည် ဆွန်းမိုကို ကျောင်းမှာ လက်ခံတုန်းက သူ့ရဲ့ အသေးစိတ် အချက်အလက်ကို တွေ့ခဲ့ရသည်။ အမှန်အတိုင်းပြောရလျှင် သာမန် ဆရာတစ်ယောက်သာ ဖြစ်သည်။ ဒါကြောင့်

သူမသည် ဖိအားကို ခံနိုင်ရည် မရှိဘဲ ပြိုလဲသွားမှာကို စိုးရိမ်နေခဲ့သည်။

ဒုတိယအချက်ကတော့ အန်ရှီဝေသည် ဆွန်းမိုကို မျှော်လင့်ထားဆဲ ဖြစ်သည်။ သူမသည် သူက အန္တရာယ်ရှိတဲ့ အခြေအနေက ရုန်းထွက်နိုင်မလားဆိုတာ သိချင်နေသည်။

အဲဒီနောက်မှာတော့ ဆွန်းမိုက အံ့အောဖို့ကောင်းတဲ့ စွမ်းဆောင်ရည်ကို လုပ်ပြခဲ့သည်။

အမှတ်အပြည့်က တစ်ရာပေးရမယ်ဆိုလျှင် အန်ရှီဝေသည် အမှတ်တစ်ထောင် ပေးလိုက်မိလိမ့်မည်။ သေချာပေါက် သူမ မျှော်လင့်ထားတာထက် ကျော်သွားသည်။

အန်ရှီဝေသည် ဆွန်းမို အရေခွံကို ခြုံထားတဲ့ တခြားလူတစ်ယောက်လားဆိုပြီး ထင်ခဲ့ဖူးသည်။ တကယ်တော့ လူတစ်ယောက်က ဘယ်လောက်များ ပြောင်းလဲနိုင်မှာလဲ။

“အဘိုး၊ ဒါက အဘိုး သူ့ကို ရွေးခဲ့တဲ့ အကြောင်းပြချက်လား”

အန်ရှီဝေ တိုးတိုးလေး ရေရွတ်လိုက်သည်။ အရင်တုန်းကတော့ ဆွန်းမိုအပေါ် ခံစားချက် မရှိခဲ့တာ သေချာသည်။ သူမမှာ မွေးချင်း သံယောဇဉ်ပဲ ရှိသည်။ ဒါပေမယ့် မကြာခင်ကမှ ကျေးဇူးတင်ရင်း ခံစားချက် ရှိလာခဲ့သည်။

"အစ်မအန်လား။ ဘာဖြစ်လို့ ဒီကို ရောက်နေတာလဲ"

အိပ်ခန်း ဝရံတာမှာ ရပ်နေရင်း ဆွန်းမိုသည် အန်ရှီဝေကို မြင်လိုက်ရသည်။

အန်ရှီဝေ လှမ်းကြည့်လိုက်ရာ ဆွန်းမိုမျက်နှာပေါ်ကို ဆောင်းဦးနွေရောင် ဖြာကျနေပြီး သူ့မျက်နှာက ပိုချောမောနေသည်။

“ငါမင်းကို ပြောစရာရှိလို့”

အန်ရှီဝေသည် ပြုံးနေရင်း အတွေးတစ်ခု ဝင်လာသည်။ သူမသည် အချစ်ရဲ့ အရိပ်အမြွက်ကို ခံစားလိုက်ရသည်။ လက်သည်း ခြေသည်း ပမာဏလောက်တော့ ဖြစ်နိုင်သည်။

“ဒါက ဘာလဲ”

ဆွန်းမိုက ဝရံတာတွင်မှီကာ လက်ပိုက်ပြီး အန်ရှီဝေကို ငုံ့ကြည့်လိုက်သည်။ အမ်ဒီရှုထောင့်လည်း မဆိုးပါဘူး။ သူ့ဇနီးလောင်းရဲ့ ကော်လံအောက်တွင် ချောမွေ့တဲ့ အရိုပ်အမြွက်ကို မြင်နေရသည်။

“ပါဝင်ယှဉ်ပြိုင်ရမယ့် ကျောင်းသားစာရင်းတွေ ထွက်လာပြီ။ လုချီဟွာကို ဘယ်လိုထင်လဲ”

အန်ရှီဝေသည် လှေကားပေါ်သို့ မတက်ဘဲ လှမ်းအော် ပြောလိုက်သည်။

"ငါ သူမကို သွားမေးလိုက်အုံးမယ်။ အဲဒီအကြောင်းကို နောက်မှ ပြောမယ်"

ဆွန်းမို တွေဝေသွားသည်။ ဒီလို လိဂ်ပြိုင်ပွဲကို ဝင်ပြိုင်ခြင်းက ကောင်းမွန်တဲ့ လေ့ကျင့်မှု ဖြစ်သည်။ သို့သော်လည်း သေဆုံးနိုင်ခြေ များသည်။ ပြီးတော့ ရလဒ်ဆိုးရွားနေပါကလည်း ဖိအားကို ခံနိုင်ရည်မရှိလျှင် စိတ်ဓါတ် ပြိုကွဲသွားနိုင်သည်။

"ကောင်းပြီလေ"

အန်ရှီဝေက ခေါင်းညိတ်လိုက်သည်။

"အို..သတိရပြီ။ မာရှန်က မင်းကို စိန်ခေါ်ဖို့ ဖြစ်နိုင်ခြေ များနေတယ်။ မင်းအဆင်သင့် ပြင်ထားတာ ပိုကောင်းမယ်"

ညစာ စားတဲ့အချိန်တွင် ဆွန်းမိုက သူ့ရဲ့ တပြည့်ခြောက်ယောက်ကို အနား ခေါ်လိုက်သည်။

"ရှန်ယွန်ပေါင်၊ အင်ဘိုင်ဝူနဲ့ ချန်လုံ မင်းတို့သုံးယောက်ကို ကျောင်းသားအသစ် ပြိုင်ပွဲဝင်ပြိုင်ဖို့ ရွေးချယ်ထားတယ်။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်ထားပါ"

ဒီစကား ပြောပြီးနောက် ချန်လုံကို ကြည့်လိုက်သည်။

"မင်းကရော ဘယ်လိုလဲ။ မပါချင်ဘူးလား"

ချန်လုံ ကိုယ်ပေါ်တွင် ပျက်စီးနေတဲ့ ဝိညာဉ်တက်တူးကြောင့် အလားအလာ မရှိသော်လည်း သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့အသက်အရွယ်တွင် အရမ်းအားကောင်း နေသေးသည်။

ချန်လုံ တိုက်ပွဲမှာ ပါဝင်ခဲ့လျှင် ဗဟိုပြည်နယ် အကယ်ဒမီအတွက် ကြီးမားတဲ့ အထောက်အကူ

တစ်ခု ဖြစ်နိုင်သည်။ ချန်လုံသာ ပြိုင်ပွဲဝင်ပြိုင်ခဲ့လျှင် ထိတွေ့မှုများလာပြီး လူမြင် များလာမည်။

"ဒါက မင်းရဲ့ စိတ်ကူးလား"

ချန်လုံက နဖူးပေါ်က အမှိုက်ဆိုတဲ့ စာလုံးကို လက်နဲ့ အုပ်လိုက်သည်။ အနည်းငယ် ထိတ်လန့်နေသည်။ သူ့ကို အခြားသူများ မမြင်စေချင်သော်လည်း ဆရာဆွန်းက သူ့ကိုလိုအပ်လျှင် သူ ဝင်ပြိုင်မည်။

"မင်းရဲ့ အတွေးကိုပဲ ပြောစမ်းပါ။ ငါ့ကို ထည့်စဉ်းစားဖို့ မလိုဘူး"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

"မင်း မသွားချင်ရင် ကျောင်းအုပ်ကြီးအန်ကို ကူညီပြီး ငြင်းပေးမယ်"

ချန်လုံသည် ကျေးဇူးတင်စကား မပြောမီ ခဏလောက် မှင်တက်သွားသည်။

ပုံမှန်အခြေအနေတွင် ကျောင်းရဲ့အဆင့်အတန်းနဲ့ သက်ဆိုင်တဲ့ ပြိုင်ပွဲကြီး တစ်ခု ဖြစ်သည်။ ကျောင်းသားတိုင်းက ကျောင်းရဲ့တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်သင့်သည်။

ဆွန်းမိုက သူ့တပြည့်ရဲ့ ခံစားချက်ကို ထည့်တွက်ပြီး အန်ရှိဝေကို ငြင်းဆန်ရန် ကူညီပေးလိမ့်မည်။ သူ့တပြည့်ရဲ့ ခံစားမှုကို သေချာပေါက် ကူညီပေးလိမ့်မည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၈၅၀/၁,၀၀၀)

"ချီဟွာ၊ မင်းရော ဘယ်လိုထင်လဲ"

ဆွန်းမိုက လုချီဟွာကို ကြည့်ပြီးမေးလိုက်သည်။

"အမ်၊ ငါလည်း သွားလို့ ရလား"

ဝိညာဉ်ချီ နဂါးကို အစာကျွေးနေတဲ့ လုချီဟွာ အံ့အောသွားသည်။

(ငါက အရမ်းညံ့ပေမယ့် နေရာတစ်ခု ရနိုင်တာလား)

"ဒါပေါ့။ မင်းဆန္ဒရှိရင် ပါလို့ရတယ်"

ဆွန်းမိုက ဆန်ပြုတ်ကို ဖြေးဖြေးခြင်း သောက်ရင်း ပြောလိုက်သည်။

"ဆရာက နောက်ဖေးက သွင်းဖို့ ကြိုးစားနေတာလား"

ထန်ထန်ယုထန်က ဖြတ်ပြောသည်။

"လုချီဟွာက သားရဲဝိညာဉ် ထိန်းချုပ်သူဖြစ်တယ်။ သူ့မှာ ဝိညာဉ်ချီ နဂါးလည်း ရှိတယ်။ သူမက ဘာဖြစ်လို့ မရမှာလဲ"

ဆွန်းမို မေးလိုက်သည်။

"ငါသွားမယ်"

ဆွန်းမိုရဲ့ မြင့်မားတဲ့ အသိအမှတ်ပြုမှုကို ကြားရလျှင် လုချီဟွာသည် လေးနက်တဲ့ အမူအရာ ဖြစ်လာကာ စိတ်ထဲက ကျိန်ဆိုလိုက်သည်။

(ငါက ကျောင်းသားအသစ် အဖွဲ့ထဲ ပါတော့မယ်။ ဆရာဂုဏ်တက်အောင် လိဂ်ပြိုင်ပွဲမှာ ကောင်းမွန်တဲ့ စွမ်းဆောင်ရည် ပြရမယ်)

အန္တရာယ်တစ်ခုခု ကြုံလာမလား။ ဒါမှမဟုတ် ကျော်ကြားလာမလားဆိုတာ လုချီဟွာ လုံးဝ မတွေးခဲ့ပါ။

"သေနိုင်ခြေလည်း ရှိတယ်နော်"

ဆွန်းမိုက သတိပေးလိုက်သည်။

"ငါမကြောက်ဘူး"

လုချီဟွာက သူမရင်ဘက်ကို ပုတ်ပြီး ပြောလိုက်သည်။

"ငါးသလဲထိုးလေးက ငါ့ကို ကာကွယ်ပေးလိမ့်မယ်"

သစ်သီးတွေငုံ့စားနေတဲ့ ငါးသလဲထိုးလေးသည် ချက်ခြင်း မော့ကြည့်ပြီး မျက်ရည်ကျလာသည်။

မျက်နှာတစ်ခုလုံးတွင် သစ်သီးများ ပေပွနေတဲ့ မျက်နှာမည်းလေးသည် မယုံကြည်နိုင် ဖြစ်နေသည်။

တကယ်လို့ သူ့ရဲ့ ပုံရိပ်အမှန်ကိုသာ မသိခဲ့လျှင် ဟင်းတစ်ခွက်အတွက် စွပ်ပြုတ်လုပ်ခဲ့မိရင်တောင် မသနားမိလောက်အောင် အရမ်းရုပ်ဆိုးသည်။

"အစ်မကြီး၊ မင်းက ကျန်တဲ့စကားကို မပြောတော့ဘူးလား"

ထန်ထန်ယုထန်က သက်ပြင်းချရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

သဘော်သီး ကောင်မလေး စိတ်ရှုတ်သွားသည်။

"ဒီအသံက နည်းနည်းအထင်သေးနေသလိုပဲ"

ထန်ထန်ယုထန် တွေးလိုက်သည်။

(မင်းရင်ဘက်ကို ခပ်ကြွမ်းကြွမ်း နှိပ်လိုက်ရုံနဲ့ ပြောစရာမလိုဘဲ အားလုံး အဆင်ပြေသွားမယ်လို့ ထင်နေတယ်ဆိုပြီး ငါတွေးနေမိတယ်။ ဒါပေမယ့် မင်း ငါးသလဲထိုးပေါက်စလေးကို အားကိုးဖို့ ကြိုးစားနေတာလား)

"နောက်တစ်ယောက်က ငါဖြစ်ရမယ်"

လီဇီချီသည် ခါးမတ်မတ်ထိုင်လိုက်သည်။ ထန်ထန်ယုထန်သည် ရောဂါသည် ဖြစ်နေသဖြင့် သေချာပေါက် အရွေး မခံရနိုင်ပါ။ ပြီးတော့ သိုင်းပညာသင်ဘက် အစ်မအကြီးဆုံးဖြစ်တဲ့ ငါပဲ ကျန်တော့သည်။

"ဟွန့်၊ တွေးထားသလိုပဲ။ ငါက အထွင့်အထိပ်ပဲ"

ဒါပေမယ့် အဲဒီအချိန်မှာ ဆွန်းမိုက စကား ပြောပြီးတာနဲ့ ခေါင်းငုံ့ပြီး ဆန်ပြုတ်

သောက်နေသည်။ သူမနဲ့ စကားပြောဖို့ ရည်ရွယ်ချက်မရှိပါ။

"အမ်"

လီဇီချီ အံ့အောသွားသည်။ ငါက အထွင့်အထိပ် မဟုတ်ဘူးလား။ (မင်း ထည့်တွက်ထားတဲ့အထဲမှာ ငါမပါဘူးလား)

လီဇီချီ စောင့်ဆိုင်းနေခဲ့သည်။ ဆွန်းမိုက အစားစားတာ တစ်ဝက်ပြီးတဲ့အချိန်အထိ ပြောဖို့ အစီအစဉ် မရှိသေးပါ။ ထပ်ပြီး

သည်းမခံနိုင်တော့ဘဲ ထန်ထန်ယုထန်ကို လှမ်းကန်လိုက်သည်။

ထန်ထန်ယုထန် လှည့်ကြည့်သည်။

လီဇီချီက သူ့ကို တစ်ချက် ကြည့်လိုက်သည်။

“မင်း မျက်လုံးနာနေလို့လား”

ထန်ထန်ယုထန်က နားမလည်ဟန်ဆောင်ပြီး မေးလိုက်သည်။

“မင်း မျက်လုံးတွေပဲ နာနေမယ်”

လီဇီချီ ပေါက်ကွဲသွားသည်။ ဒီကောင်က တကယ် အားကိုးလို့ကို မရပါ။ ထို့နောက် သူမက ရှန်ယွန်ပေါင်ဆီ လှမ်းကြည့်လိုက်သည်။

(တိုက်ခိုက်တာကလွဲလျှင် ဘာမှမသိတဲ့ကောင်ကို မေ့ထားလိုက်စမ်းပါ။)

သူမ အကြည့်ကို နားမလည်နိုင်သဖြင့် လုချီဟွာက ပေကလတ်လုပ်ပြီး ကြည့်လိုက်သည်။

"ငါ့ကို ကူပြီး မေးပေးစမ်းပါအုံး"

လီဇီချီလည်း မျက်နှာလိုချင်နေသည်။ သူမအတွက် နေရာရှိလားလို့ သူမကိုယ်တိုင်မေးလို့မရပါ။

“အမ်”

လုချီဟွာက လီဇီချီကို မျက်တောင်ပြန်ခပ်ပြသည်။

လီဇီချီ မျက်တောင် ထပ်ခတ်ပြသည်။

“အစ်မကြီး မင်းမျက်လုံးတွေကြည့်မကောင်းဘူးလား”

လုချီဟွာ အရမ်းစိတ်ပူသွားသည်။

“မင်းနဲ့ လိုက်ပြီး စစ်ဆေးပေးရမလား”

(ငရဲမှာပဲ သွားနေမကောင်း နေလိုက်တော့)

လီဇီချီ သေချင်စိတ်ပေါက်သွားသည်။ အင်ဘိုင်ဝူကို လှည့်ဖို့ကလွဲပြီး ရွေးချယ်စရာ မရှိတော့ပါ။

အဲဒီနောက် သံမဏိခေါင်း မိန်းကလေးက ခေါင်းငုံ့ပြီး စားနေမှန်း သိလိုက်ရသည်။ သူမရဲ့ လက်တွေက အရမ်းမြန်သည်။ ခေါင်းထောင်ဖို့လား။ အဲဒီလို လုံးဝ မရှိပါ။

ညစာစားပွဲက စစ်မြေပြင်တစ်ခုလိုပါပဲ။ အရင်ဗိုက်ဝနေဖို့က အရေးကြီးသည်။

(ပညာသင်ဘက် မောင်လေး ချန်လုံ မင်းကိုပဲ အားကိုးတော့မယ်။)

လီဇီချီက ချန်လုံကို လှမ်းကြည့်လိုက်သည်။

ချန်လုံက ဘာမှဂရုမစိုက်သလို လူသေမျက်နှာ ရှိသော်လည်း နွေးထွေးတဲ့ နှလုံးသားရှိပြီး စေ့စေ့စပ်စပ်ရှိသည်။ လီဇီချီရဲ့ သေးငယ်တဲ့ အပြုအမူကို သတိထားနေမိတာ ကြာပါပြီ။

လီဇီချီက သူ့ကို လှမ်းကြည့်လိုက်တာနဲ့ စကားစလိုက်သည်။

"ဆရာ၊ ဇီချီအတွက် နေရာ မရှိဘူးလား"

(ဘာဇီချီလဲ။ မင်းက ငါ့ကို အမအကြီးဆုံးလို့ ခေါ်သင့်တယ်)

လီဇီချီသည် အဲဒီစကားကို ကြားပြီး သူမရဲ့ လှပသော နှုတ်ခမ်းများ တုန်ယင်သွားသည်။ (ထားလိုက်တော့။ ငါ့ကို ကူညီလို့ ဒီတစ်ခါတော့ ပြဿနာ မရှာတော့ဘူး)

ဆွန်းမိုက ခေါင်းမော့ပြီး ကြည့်လာသည်။

လီဇီချီက ဆန်ပြုတ်ပန်းကန်ကို ချက်ခြင်းချလိုက်ပြီး လေးလေးနက်နက် ထိုင်လိုက်သည်။ သို့သော် သူမနားက ရက်စက်တဲ့ သားရဲတစ်ကောင်က အနားကပ်လာမြင်နေရတဲ့ ယုန်လေးတစ်ကောင်လို တုန်ယင်နေသည်။

“ငါ လီဇီချီကို ထားခဲ့လိုက်မယ်”

ဆွန်းမိုသည် စိတ်ထဲတွင် သက်ပြင်းချလိုက်သည်။ လီဇီချီသည် ဦးနှောက်ကောင်းသော်လည်း လိဂ်ပြိုင်ပွဲတွင် ရုပ်ပိုင်းဆိုင်ရာ တိုက်ပွဲများက ပိုများသည်။ သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု

စွမ်းရည်က အားနည်းနေသည်။ ဒါက အရမ်းကြီးမားတဲ့ ချို့ယွင်းချက် တစ်ခု ဖြစ်သည်။

လီဇီချီသာ ပါဝင်မယ်ဆိုလျှင် သူမရဲ့ သေဆုံးနိုင်ခြေက လုချီဟွာထက် ပိုများသည်။

“ဘာဖြစ်လို့ ငါ့ကို ချန်ထားခဲ့ရတာလဲ”

လီဇီချီ ဝမ်းနည်းလာသည်။

“ငါက ညံ့နေလို့လား။ ငါလည်း ဆရာ့ဂုဏ်သိက္ခာအတွက် တိုက်ပွဲ ဝင်ချင်တယ်”

ဖောက်ဖောက်

လီဇီချီ၏ မျက်ရည်များသည် သူမရဲ့ ဆန်ပြုတ်ပန်းကန်ထဲသို့ ကျဆင်းသွားသည်။

စာစဉ်(၂၁)

အခန်း(၃၀၂) - ခွဲတမ်းအတွက် တိုက်ပွဲ။

ဆွန်းမိုသည် လီဇီချီ ငိုနေတာ မြင်လိုက်လျှင် အနည်းငယ် စိတ်မကောင်း ဖြစ်သွားသော်လည်း စိတ်မပြောင်းသွားပါ။

“ဇီချီ၊ မင်းက အရမ်းဉာဏ်ကောင်းတဲ့ မိန်းကလေးပါ။ ငါဘာဖြစ်လို့ ဒီလိုလုပ်တာလဲ ဆိုတာ မင်းနားလည်ပါတယ်”

ဆွန်းမိုက သူမကို နှစ်သိမ့်ဖို့ ကြိုးစားလိုက်သည်။

လီဇီချီ တိတ်ဆိတ်သွားသည်။ ဆရာက သူမရဲ့ ကောင်းကျိုးအတွက် လုပ်နေမှန်း သူမသိသည်။ အရင်ဆုံး သူမရဲ့ ပုံရိပ်အမှန်ကို မခန့်မှန်းနိုင်သော်လည်း သူမသည် မင်းမျိုးမင်းနွယ်

တစ်ဦးဖြစ်ပြီး အရမ်းကို တန်ဖိုးကြီးတဲ့ လူတစ်ယောက်မှန်းတော့ သိသည်။

ဒီလိုမှမဟုတ်လျှင် ဘုရင်ခံက သူမ လုံခြုံရေးအတွက် ဒီလောက် စိုးရိမ်နေမှာ မဟုတ်ပါ။ သူမသာ တစ်ခုခုဖြစ်သွားရင် အကျိုးဆက် အရမ်းဆိုးသွားလိမ့်မည်။

ဒုတိယအချက် အနေနဲ့ကတော့ သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်သည် အရမ်းညံ့ဖျင်းလွန်းသည်။ သူတော်စင်ဂိတ်က သတ်မှတ်ထားတဲ့ စဉ်းမျဉ်းများသည် ကျောင်းသား၏

အလုံးစုံ စွမ်းရည် စမ်းသပ်ခြင်းအပေါ်ကို အာရုံစိုက်ထားသည်။ ကွင်းတွင်း တိုက်ပွဲမရှိပါ။ ပြီးတော့ လိဂ်ပြိုင်ပွဲတစ်လျှောက်တွင် အရမ်းခရီးသွားရသည်။ ခရီးတိုသည် သုံးရက် ဒါမှမဟုတ် ခရီးရှည်သည် ဆယ်ရက်ကနေ တစ်လခွဲလောက် ကြာတတ်သည်။ လီဇီချီက ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်သည်။

"ဇီချီ။ စိတ်မပူပါနဲ့။ မနက်ဖြန်အထိ စောင့်လိုက်ပါ။ ပြီးရင်တော့ မင်းက ကျောင်းသားအသစ် အုပ်စုထဲ ပါဝင်နိုင်လိမ့်မယ်"

ဆွန်းမိုက လီဇီချီကို အန္တာရာယ်တောထဲ တကယ်မလွှတ်ချင်ပါ။ ဒီလိုအခြေအနေတွင် လီဇီချီ အသက်ရှင်နိုင်နှုန်း အရမ်းနည်းပါးသည်။

လီဇီချီသည် တစ်ခုခု ပြောချင်သော်လည်း စားပွဲအောက်ကနေ ထန်ထန်ယုထန်ကို တစ်ချက် ကန်လိုက်သည်။ သူမ တစ်ချက်ကြည့်လိုက်လျှင် ရောဂါသည်က သူမကို မျက်စောင်းထိုးပြီး ကြည့်နေတာ မြင်လိုက်ရသည်။

“ဆရာ၊ ငါနားလည်ပြီ”

လီဇီချီ ဒီပြိုင်ပွဲတွင် ဆက်လက်ပါဝင်ဖို့ စဉ်းစားထားသော်လည်း သူမရဲ့ အစီအစဉ်ကို ပြောင်းလိုက်သည်။

ထမင်းစားပြီးနောက် လီဇီချီကို ထန်ထန်ယုထန်က လေဘုရင်ခန်းမ အဝင်ဝတွင် တားလိုက်သည်။

"မင်းငါ့ကို ဘာပြောချင်လို့လဲ"

လီဇီချီအသံက သိပ်မကောင်းလှပါ။

"ဆရာက နှုးညံ့ပြီး စကားပြောရတာ လွယ်ပေမယ့် ဆုံးဖြတ်ချက်တစ်ခု ချပြီးရင် လုံးဝ မပြင်တတ်ဘူး။ စွန့်လွှတ်လိုက်ပါ"

ထန်ထန်ယုထန်က ပြုံးရင်း ပြောလိုက်သည်။

"လိုရင်းကို တည့်တည့်သွား"

လီဇီချီသည် ပေါက်ကရ စကားတွေနဲ့ အချိန်မဖြုန်းချင်ပါ။ ဆွန်းမိုအတွက် စကားပြောချင်လို့ သူမဆီ ချည်းကပ်လာမှန်း သူမ သိသည်။

"ငါတို့ဘာသာ အဖြေရှာရအောင်"

ထန်ထန်ယုထန်က မျက်ခုံးပင့်ရင်း ပြန်ဖြေသည်။ ထက်မြတ်တဲ့လူနဲ့ စကားပြောရတာ ကြိုက်သည်။ ရိုးရှင်းသော စကားလုံးအနည်းငယ်နဲ့ တစ်ဖက်သားအတွေးကို ခန့်မှန်းနိုင်သည်။

ဆွန်းမို၏ တပြည့်များကြားတွင် ထန်ထန်ယုထန် ဒီလိုပြောနိုင်တာ လီဇီချီ တစ်ယောက်တည်းသာ ရှိသည်။ ချန်လုံနဲ့လည်း စကားပြောနိုင်ပေမယ့် မျက်နှာသေနဲ့ ဖြစ်နေတတ်ပြီး စကားပြောချင်စိတ် မရှိပါ။

ရှန်ယွန်ပေါင်ကတော့ တိုက်ခိုက်ရေး စွဲလမ်းနေပြီး ရန်ဖြစ်ဖို့ကလွဲလျှင် ဘာမှမရှိပါ။ လုချီဟွာကတော့ အရမ်းတုံး အ ပြီး စကားဝိုင်းရဲ့ အဓိပ္ပါယ်ကို ကောင်းကောင်း အဓိပ္ပါယ် မဖော်နိုင်ပါ။ အင်ဘိုင်ဝူကတော့ နေ့တိုင်းကြိုးစားပြီး

ကျင့်ကြံနေသည်။ အပြင်းပြေ စကားပြောချင်က သူမအတွက် အချိန်ဖြုန်းတာပဲ ဖြစ်သည်။

ရိုးသားတဲ့ ချီရွှန်ကျားလား။

ဟဲဟဲ ထန်ထန်ယုထန် သူနဲ့တော့ လုံးဝ စကားမပြောပါ။ အထင်သေးလို့ မဟုတ်ဘဲ အရေးအားလုံးကို အထူးတလည် ရှင်းပြနေရလို့ ဖြစ်သည်။ တကယ်ကို ပင်ပန်းလွန်းသည်။ တချို့အပိုင်းများကို ချန်ထားပြီး ဒါမှမဟုတ် ကျော်သွားလိုက်ပါက စကားဝိုင်းကို အမှီမလိုက်နိုင်တော့ပါ။

လီဇီချီက မျက်မှောင်ကြုတ်ထားပြီး မရင်းနီးတဲ့ ပုံစံ ဖြစ်နေသည်။ ဒီရောဂါသည် ပြဿနာ ရှာဖို့ ကြိုးစားနေမှန်း သူမ ခန့်မှန်းမိသည်။ သူမ မှန်ကန်နေသည်။

"စိတ်မပူပါနဲ့။ ငါလည်း ဆရာရဲ့တပြည့် တစ်ယောက်ပါ။ မင်းနဲ့ တလှေတည်း စီးပါ။ ဒီအဖွဲ့အတွက် မကောင်းတဲ့ အရာတွေကို ငါမလုပ်ဘူး။ ငါက ပျင်းလို့ တခြားကျောင်းသားတွေနဲ့ ဆက်ဆံချင်တာကြောင့် ကျောင်းသားအသစ် အဖွဲ့ထဲ ပါဝင်ချင်တယ်"

ထန်ထန်ယုထန်က ပုခုံးတွန့်ရင်း ပြန်ဖြေသည်။

သူ့ဘဝမှာ အချိန်သိပ် မကျန်တော့သဖြင့် စိတ်လှုပ်ရှားမှုများကိုသာ အဆက်မပြတ် ရှာဖွေနေခဲ့သည်။ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကို မီးရှူးမီးပန်းတစ်ခုလို တောက်ပချင်စေသည်။

"မင်းကိုယ်တိုင်လည်း သတ်သေ ပြချင်နေတာ မဟုတ်လား"

ရောဂါသည်က လက်ဆန့်ထုတ်လိုက်သည်။

"စိတ်မကောင်းဘူး။ ငါ့ဘာသာ ငါပဲ ဖြေရှင်းလိုက်မယ်"

လီဇီချီက ထန်ထန်ယုထန်ရဲ့ လက်ကို ကြည့်ကာ လက်ဆွဲမနှုတ်ဆက်ခဲ့ပါ။

"ကျောင်းသားအသစ် အဖွဲ့ထဲတောင် မဝင်နိုင်ရင် ငါက ဆရာ့တပြည့်ဖြစ်ဖို့ မသင့်တော်ဘူး"

ဒီစကားပြောပြီးနောက် လီဇီချီ လှည့်ထွက်သွားသည်။

ထန်ထန်ယုထန်က ရယ်မောတဲ့ အမူအရာ လုပ်ပြပြီး လက်ကိုင်ပုဝါကို ထုတ်သုတ်လိုက်သည်။

“အရမ်းကောင်းတယ်။ အခုမှပဲ အမကြီးတစ်ယောက်ရဲ့ အမူအရာ ထုတ်ပြသလို ခံစားရတယ်”

လီဇီချီသာ သူ့ရဲ့ အကြံပြုချက်ကို အစောပိုင်းက သဘောတူခဲ့လျှင် ထန်ထန်ယုထန် စိတ်ပျက်သွားမိမည်။ သူက လီဇီချီကို အစကတည်းက စမ်းသပ်နေခြင်း ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုလား။ အဲဒါကို အရင်ကတည်းက မတွေးဖူးပါ။

စကြ်ံနိဖက်သို့ မျက်နှာလှည့်သွားပြီး လီဇီချီရဲ့ အမူအရာ ပြောင်းသွားသည်။

"တောက်၊ ငါ့ကို စမ်းချင်နေတာလား။ မဖြစ်နိုင်ဘူး"

ဒီလိုလူက ကမ္ဘာကြီး တစ်ခုလုံး ပျက်ဆီးနေရင်တောင် ဂရုမစိုက်တဲ့ အရူးတစ်ယောက် ဖြစ်သည်။

သူ့ကို မောင်းထုတ်ဖို့ နည်းလမ်းတစ်ခုခုတော့ လိုနေပြီ။

လီဇီချီသည် ရောဂါသည်ကို ဆရာ့အနားမှာ နေခွင့်ပေးလိုက်ပါက တစ်နေ့နေ့မှာ ဒုက္ခကြီးကြီးမားမား ပေးလာလိမ့်မယ်လို့ ထင်နေသည်။

နောက်တစ်နေ့တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူစာရင်းကို သင်ကြားရေး အဆောက်အဦး အရှေ့က ကြေငြာဘုတ်မှာ ကပ်ထားသည်။

လက်ရွေးစင် ကိုယ်စားလှယ်အဖွဲ့ကတော့ မနေ့ကနဲ့ အတူတူပါပဲ။ ကျန်ရန်ဖောင် အနိုင်ယူခဲ့တဲ့ ချိုင်တန်တစ်ယောက် ပါဝင်လာတာပဲ ရှိသည်။

"အမ်။ ချိုင်တန်က ချိန်နဲ့နေတာ မဟုတ်ဘူးလား။ သူ့နာမည်က ဘာလို့ စာရင်းထဲ ရောက်နေတာလဲ"

"မင်းပြောနေတဲ့ သတင်းက ဟောင်းနေပြီ။ ပြီးခဲ့တဲ့ ရက်ပိုင်းက တိုက်ပွဲခန်းမ စာမေးပွဲမှာ ချိုင်တန်က တန်မင်ကို တစ်ခါတည်း အနိုင်ယူခဲ့တယ်"

"အမ်။ တန်မင်လား။ ငါ မှတ်ထားတာ မမှားရင် အဲဒီကောင်က ခြောက်တန်း ကျောင်းသား မဟုတ်ဘူးလား"

“အဲဒါတောင် မဟုတ်သေးဘူး။ တိုက်ပွဲခန်းမမှာ သူ့အဆင့်က (၁၃) ရှိတယ်။ အဲဒါကြောင့် တိုက်ခိုက်ရေး စွမ်းရည် အရမ်းမြင့်မားတယ်”

ကျောင်းသားများက သူတို့အချင်းချင်း ဆွေးနွေးနေကြသည်။ ချိုင်တန်ရဲ့ အကြောင်းကို မသိတဲ့လူများလည်း အဲဒီအကြောင်းကို ကြားနေရသည်။ ကျောင်းသားတချို့ကတော့ ချိုင်တန် အောင်မြင်လာရတဲ့ အကြောင်းအရင်းကို လေ့လာဖို့ ကြိုးစားနေသည်။

"ဒါက ဆရာဆွန်းရဲ့ ကောင်းမွန်တဲ့ လမ်းညွှန်မှုကြောင့်လို့ ငါကြားတယ်"

"ဆရာဆွန်းက ဆရာအသစ်ဆိုပေမယ့် သူ့သာဆိုရင်တော့ ငါယုံတယ်"

"အမှန်ပဲ။ နတ်ဘုရားလက်က အရမ်းထူးဆန်းတယ်"

ဆွန်းမိုနှင့် ကူရှုပ်ရှင်း နာမည်ကို ကျောင်းသားအသစ် ဦးဆောင်မည့် ဆရာများ စာရင်းတွင် မြင်နေရသည်။

အမှန်အတိုင်း ပြောရလျှင် အဲဒီအရာသည် မျှော်လင့်ချက် အတွင်းသာ ရှိသေးသည်။ ဆွန်းမိုက ဘယ်လောက်ထူးချွန်လဲဆိုတာ ပြောစရာ မလိုတော့ပါ။ အခုဆိုလျှင် ကျောင်းမှာ လူတိုင်းသိတဲ့ နာမည်ကြီး ဆရာတစ်ယောက်ဖြစ်သည်။

ဆွန်းမိုက ခေါင်ယန်ဦးဆောင်တဲ့ ကျောင်းတွင်း အနိုင်ကျင့်သူ အဖွဲ့ကို မောင်းထုတ်ခဲ့သည်။ ကြီးမားတဲ့ ဖိအားကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ အဲဒီ ရလဒ်ကြောင့်

ဗဟိုပြည်နယ် အကယ်ဒမီ၏ အငွေ့အသက်များ ကြည်လင်လာသည်။

အခုဆိုလျှင် ကျောင်းမှာ အနိုင်ကျင့်မှု နည်းပါးလာပြီး ရယ်မောခြင်းများသာ ရှိနေသည်။ ဆွန်းမို အဲဒီလို အဖြစ်အပျက်တွေကို သိခဲ့ရင် ကျောင်းသားတွေကို အကြောင်းပြချက်မတောင်းဘဲ ချက်ခြင်း ထုတ်ပစ်မယ်လို့ ပြောပြခဲ့သည်။

ပြီးတော့ ကျောင်းတွင်း အနိုင်ကျင့်သူများ အကြောင်းကို သူတော်စင်ဂိတ်ဆီ သတင်းပို့ပြီး "ဒီ"အဆင့်ထက် ပိုမြင့်တဲ့ နာမည်ကြီး

ကျောင်းများအားလုံးကိုလည်း အကြောင်းကြားမည် ဖြစ်သည်။

ကျောင်းသားတစ်ယောက်ရဲ့ နာမည်ကို ကြေငြာလိုက်တာနဲ့ သူတို့ရဲ့ အနာဂတ်သည် ပျက်ဆီးသွားလိမ့်မည်။ အဆင့်အတန်း ဒီထက်နိမ့်တဲ့ကျောင်းများသို့ သွားရမည်။ ဒါမှမဟုတ်ရင် ကျောင်းထွက်ရမည်။

ပေးဆပ်ရမယ့် တန်ဖိုးက အရမ်းများတဲ့အတွက် တခြားကျောင်းသားတွေကို အပျော်သဘောနဲ့

အနိုင်ကျင့်ခြင်တဲ့ ကျောင်းသားများသည် ပိုပြီး ဆင်ခြင်သွားကြသည်။

ကျောင်းခေါင်းဆောင်းတွေက ကျောင်းတွင်း အနိုင်ကျင့်မှုကို ဘာကြောင့် မကိုင်တွယ်နိုင်ဘူးလဲ ဆိုတာကို ကျောင်းသားတွေသည် အခုမှပဲ သဘောပေါက်သွားကြသည်။ သူတို့ သန္နိဋ္ဌာန် ဘယ်လောက်ခိုင်မာလဲဆိုတာက မေးခွန်း ဖြစ်လာသည်။

“ပြီးခဲ့တဲ့နှစ်က ကျောင်းသားအသစ်အဖွဲ့ရဲ့ ရလဒ်က အရမ်းဆိုးတဲ့ အတွက် ‘စီ’အဆင့်ကို

မတက်ရောက်နိုင်ခဲ့ဘူး။ ဒီနှစ်မှာ ဆရာဆွန်းနဲ့အတူ ငါတို့ အတန်း တက်နိုင်လိမ့်မယ်”

ကျောင်းသားများသည် လာမည့် နှစ်ကို တမ်းတလာကြသည်။ အကောင်းဆုံး ကျောင်းကို မလိုချင်တဲ့ ကျောင်းသား ရှိလို့လား။ ပြီးတော့ ဒါက သူတို့ရဲ့ အကျိုးအမြတ်နဲ့ သက်ဆိုင်နေသည်။

သူတို့ ဘွဲ့ရတဲ့ ကျောင်းက အဆင့်မြင့်လေ အနာဂတ်မှာရမယ့် သူတို့ရဲ့ အဆက်အသွယ်က ကောင်းလေ ဖြစ်သည်။

မာရှန်သည် လူအုပ်စု အပြင်ဘက်တွင် ရပ်ရင်း ကျောင်းသားတွေရဲ့ ဆွေးနွေးမှုကို နားထောင်ကာ စိတ်ဆိုးတဲ့ အမူအရာ ဖြစ်နေသည်။ ဆွမ်းမို ရွေးချယ်ခံရခြင်းသည် လူတိုင်း မြင်ချင်တဲ့ အရာ ဖြစ်နေသည်။

(တောင်းပန်ပါတယ်။ ပြီးခဲ့တဲ့ နှစ်က ငါ့ရဲ့ အရှက်တရားကို လက်စားခြေရမယ့် အချိန်ပဲ။ နေရာတစ်ခုအတွက် အရှုံးမပေးနိုင်ဘူး) မာရှန်သည် လှည့်ထွက်ပြီး စာသင်ခန်းတွေရှိတဲ့ဘက်ကို လမ်းလျှောက်သွားသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ်တွေ စုစုပေါင်း ၇၈၀မှတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမို တွေးတောနေတုန်း စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသဖြင့် အနေ့က်အယှက် ဖြစ်သွားသည်။

"ငါ့အတွက် နောက်ထပ် အကြောင်းကြားချက် မရှိတော့ဘူးလား"

ဆွန်းမို စကား မပြောနိုင်ဖြစ်နေသည်။ အကြောင်းကြားချက်များသည် မနက်ကတည်းက

မရပ်နိုင် ဖြစ်နေသည်။ နွေရာသီမှာ ပုစဉ်းရင်ကွဲတွေ အော်နေသလို ဖြစ်နေသည်။

"ဒါက အနှစ်ချုပ်တစ်ခုပါ။ အကြောင်းကြားချက်တွေ တစ်ခုပြီးတစ်ခုပေါ်လာရင် မင်းနားပင်းသွားလိမ့်မယ်"

စနစ်က ရှင်းပြသည်။ ကျောင်းဆိုင်ဘုတ်ပေါ် ကြေငြာချက်ကို နေ့တိုင်း မြင်နေတဲ့ ကျောင်းသားတွေ ရှိနေသည်။ အများစုဆီက လေးစားအထင်ကြီးမှု အမှတ်တွေ ထွက်ပေါ်လာလိမ့်မည်။

"ဒါဆိုလည်း ငါ့ညမအိပ်ခင် အကြောင်းကြားချက်တစ်ခုပဲ ပေး"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုသည် လေးစားအထင်ကြီးမှု အမှတ်တွေ အများကြီးရတဲ့အကြောင်း သိရတဲ့အတွက် အရမ်းဝမ်းသာမိသည်။ နောက်ဆုံးတော့ ဒါက ကျောင်းသားတွေဆီက အသိအမှတ်ပြုမှုကို ရရှိခြင်းဖြစ်သည်။

ကလောင် ကလောင် ကလောင်

ကျောင်းဆင်း ခေါင်းလောင်းသံ မြည်လာတာနဲ့ ဆွန်းမိုက အတန်းပြီးဆုံးကြောင်း ကြေငြာလိုက်သည်။ သင်ထောက်ကူ ပစ္စည်းများကို ယူဆောင်ပြီး အတန်းထဲက ထွက်လာသည်။

"ဆရာဆွန်း"

မာရှန်က လှမ်းခေါ်သည်။

ဆွန်းမို လှည့်ကြည့်လိုက်လျှင် အရပ်မြင့်သော ပုံစံရှိတဲ့ လူငယ်တစ်ယောက်ကို မြင်လိုက်ရသည်။ မျက်နှာက အနည်းငယ် ဝိုင်းစက်နေပြီး

ထက်မြတ်သော်လည်း နူးညံ့တဲ့ ပုံစံပေါ်နေသည်။ မျက်လုံးကတော့ တော်တော်ကြီးသည်။

ဆရာဖြစ်ဖို့အတွက် မွေးဖွားလာတဲ့ လူတစ်ယောက်လိုပါပဲ။ တစ်ယောက်ယောက်ကို ခြိမ်းခြောက်မှု မပေးစွမ်းပဲ မြင်လိုက်လျှင် စိတ်အေးချမ်းသွားနိုင်သည်။

“မင်းက....”

ဆွန်းမို ရုတ်တရုတ် အံ့အော သွားသည်။

“မာရှန်”

မာရှန်သည် ဒီလိုပြောပြီး အနည်းငယ် အနေရခက်သွားသည်။ သူသည် အခွင့်အရေးကို လက်လွတ်မခံချင်သောကြောင့် တောင်းပန်စကားသာ ပြောနိုင်သည်။

"ဒါဆိုရင် ဆရာမာပေါ့"

ညာလက်ဖြင့် လက်ဆွဲနှုတ်ဆက်ခြင်းသည် တန်နိုင်ငံတွင် မကျင့်သုံးသောကြောင့် ဆွန်းမို အမြန်ပြောလိုက်သည်။ လူတွေက လက်နှစ်ဖက်ကို လက်သီးဆုပ်ပြီး ဦးညွှတ်ကာ နှုတ်ဆက်တတ်ကြသည်။

"ဆရာဆွန်း၊ ကျောင်းသားအဖွဲ့အသစ်က နေရာအတွက် ငါ မင်းနဲ့ တိုက်ခိုက်ချင်တယ်"

မာရှန်ရဲ့ သဘောထားက အရမ်းကောင်းလွန်းသည်။

"ကောင်းပြီလေ"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

"အမ်"

မာရှန် အံ့အောသွားသည်။ ဆွန်းမိုရဲ့ တုန့်ပြန်မှုက လျှင်မြန်လွန်းသည်။ သူ့ရဲ့ စကားတောင် မဆုံးသေးပါ။

အုပ်စုထဲတွင် ဆွန်းမို နေရာက လက်တွေ့အတွက် အသေချာဆုံး ဖြစ်သည်။ ဒါကြောင့် နောက်ပိုင်းတွင် အဆင့်တက်ရန်အတွက် ဆောင်ထားတဲ့ ကောင်းကင်အဆင့်ခန္တာကိုယ် သန့်စင်ဆေးတောင် သုံးရန် မလိုတော့ပါ။

“ဆရာမာ ဒီနှစ် လိဂ်ပြိုင်ပွဲအတွက် ကြီးမားတဲ့ ပေးဆပ်မှုကို လုပ်ခဲ့တာ ငါသိတယ်။ ဒါပေမယ့်

စိတ်မကောင်းပါဘူး။ ငါလည်း ဗဟိုပြည်နယ် လိဂ်ပြိုင်ပွဲအတွက် ပါဝင်ပြီး ကူညီပေးချင်တယ်။ ဒါကြောင့် ငါ လက်မလျှော့နိုင်ဘူး။ နှစ်ယောက်တည်း တိုက်ပြီး အောင်နိုင်သူကို ဆုံးဖြတ်လိုက်ကြတာပေါ့”

ဆွန်းမိုက မာရှန်မျက်လုံးကို စိုက်ကြည့်ကာ ရိုးသားသော အသံနဲ့ ပြောလိုက်သည်။ အမှန်အတိုင်းပြောရလျှင် မာရှန်ပေါ်မှာ လေးစားမှု တချို့ ရှိသည်။ အမှားအတွက် ဘယ်လို တာဝန်ယူရမလဲ အသိစိတ်ရှိတဲ့သူသည်

တာဝန်ယူစိတ် ကြီးမားပြီး ယုံကြည်ထိုက်တဲ့ လူဖြစ်သည်။

ဆွန်းမိုက ဒီလို လွယ်လွယ်နဲ့ လိုက်လျောမယ်လို့ မာရှန် မထင်ထားခဲ့မိပါ။ ခဏလောက် ကြောင်သွားပြီး စိတ်မကောင်း ဖြစ်သွားသည်။

"ဆရာက ကျွန်တော်ကို စိန်ခေါ်ဖို့ အခွင့်အရေး ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဒင်

မာရှန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၃၀/၁,၀၀၀)

ဒီအသံကို ကြားလိုက်လျှင် ဆွန်းမိုသည် ရုတ်တရုတ် အနည်းငယ် အံ့အောသွားသည်။ သူညကနေ စတာ မဟုတ်ဘူးလား။

"မင်းက ဧောင်ယန်ကို ကျောင်းနှင်ထုတ်ခြင်း။ ရန်ချိုင်ကို အနိုင်ယူပြီး အင်ဘိုင်ဝူကို ကယ်တင်ခြင်း၊ ဗဟိုပြည်နယ် အကယ်ဒမီ၏ ထောက်ပံ့ရေးဌာနရဲ့ အခက်အခဲကို ကိုင်တွယ်ပြီးနောက် မင်းအပေါ်ကို လေးစားအထင်ကြီးမှုတွေ ရှိခဲ့တယ်"

စနစ်က ရှင်းပြသည်။

ဒီအချက်ကြောင့် မာရှန်သည် တရားမျှတပြီး တာဝန်သိစိတ်ရှိတဲ့ ဆရာတစ်ယောက်ဖြစ်ကြောင်း သိခဲ့ရသည်။

"ဒါဆိုလည်း အောင်ပွဲခံ ဒိုဂျိုကို သွားကြတာပေါ့"

ဆွန်းမိုက ဖိတ်ခေါ်တဲ့ အမူအရာ လုပ်လိုက်သည်။ သူတို့နှစ်ယောက် ထွက်သွားပြီးနောက် စကြံန်က လူအုပ်ကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်ကျန်ခဲ့သည်။

"ဆရာဆွန်းနဲ့ ဆရာမာက တိုက်ခိုက်ကြတော့မယ် ထင်တယ်။ အောင်ပွဲခံ ဒိုဂျိုကို မြန်မြန်သွားပြီး နေရာ ယူရအောင်"

"နောက်ဆုံးတော့ ဆရာဆွန်းရဲ့ တိုက်ခိုက်ရေး စွမ်းရည်ကို မြင်ရတော့မယ်။ ငါ အဲဒါကို စောင့်နေတာ"

"ဆရာဆွန်းရဲ့ တိုက်ခိုက်ရေးက ကောင်းလို့လား။ အရင်က သူတိုက်ခိုက်တာ မြင်ဖူးလား"

ကျောင်းသားတွေသည် သူတို့အချင်းချင်း ပြောဆို ဆွေးနွေးနေကြသည်။ တော်တော်များများကတော့

သူတို့ပစ္စည်းတွေကို ယူပြီး အောင်ပွဲခံဒိုဂျိုကို ပြေးသွားကာ နေရာကောင်းတစ်ခု ယူလိုက်သည်။

(ဘုရားရေ။ မင်းက ငါ့အပေါ်ကို ဘာဖြစ်လို့ ဒီလောက် ရက်စက်ရတာလဲ)

“မင်းတို့မှာ မှတ်တမ်းတင်တဲ့ ကျောက်တုံး ရှိလား။ မှတ်တမ်းတင်ထားဖို့ မမေ့နဲ့နော်။ အဲဒါကို ဈေးကြီးကြီး ပေးပြီး ပြန်ဝယ်မယ်”

ကျောင်းသားတွေသည် အတန်းလစ်ပြီး သွားကြည့်ဖို့တောင် စတင် စဉ်းစားလာကြသည်။ နောက်ဆုံးတော့ လူတော်တော်များများသည်

ကျော်ကြားလှတဲ့ ဆွန်းမိုရဲ့ တိုက်ပွဲကို ကြည့်ချင်နေကြသည်။

စာစဉ်(၂၁)

အခန်း(၃၀၃) - သူ့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်က ဒီလောက်တောင် သန်မာတာလား။

အောင်ပွဲခံ ဒိုဂျိုအတွင်းတွင် ဆွန်းမိုနှင့် မာရှန်တို့နှစ်ယောက်သည် တစ်ယောက်နဲ့ တစ်ယောက် မီတာ ၃၀ အကွာတွင် ရပ်ကြည့်နေကြသည်။

ပွဲကြည့်စင်မှာ ကျောင်းသား ရာနဲ့ချီ ရှိနေပြီး တဖြည်းဖြည်းနဲ့ ပိုများလာသည်။

"ငါအနိုင်ရရင် ကျေးဇူးပြုပြီး ငါ့အတွက် နေရာစွန့်လွှတ်ပေးပါ။ ငါရှုံးခဲ့ရင်တော့ ခန္တာကိုယ်သန့်စင်ဆေးက မင်းအတွက်ပဲ"

ဆွန်းမိုက တိုက်ခိုက်ဖို့ သဘောတူခဲ့သော်လည်း မာရှန်က စျေးနှုန်းတစ်ခု ဖွင့်လိုက်သည်။ ဒါမှ တရားမယ်လို့ သူထင်သည်။

"ဆရာမှာ ဒီလိုလုပ်စရာ မလိုပါဘူး"

ဆွန်းမိုက အနည်းငယ် မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ဆရာဆွန်း ပြောနေစရာ မလိုတော့ဘူး။ ငါ့စိတ်က ပြင်ဆင်ပြီးသွားပြီ"

ဒီစကားပြောပြီးနောက် မာရှန်သည် အဓိပ္ပါယ်မရှိတဲ့ စကားတွေကို ရပ်တန့်လိုက်သည်။ သူက

လုံရှည်ကို ကိုင်ကာ တိုက်ခိုက်ရေး ပုံစံယူလိုက်သည်။

"မာရှန် သွေးလောင်ကျွမ်းခြင်း အဆင့်(၆)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ဒီလို ကျင့်ကြံခြင်းအဆင့်ကို ကြားလိုက်လျှင် ကျောင်းသားတွေသည် မတ်တပ်ရပ်ပြီး အားပေး အော်ဟစ်လိုက်ကြသည်။

မာရှန်သည် ဆရာလုပ်တာ နှစ်နှစ်ပဲ ရှိသေးသလို အသက်ကလည်း နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးသည်။ ဒီအဆင့်အထိ ရောက်နေပြီဖြစ်သဖြင့် သူ့ရဲ့ အရည်အချင်းက ထူးချွန်တာ သိသာနေသည်။

ဆရာများသည် ကောင်းမွန်စွာ သင်ကြားပြီး မြတ်ဆရာတစ်ယောက် ဖြစ်ဖို့အတွက်လည်း လေ့လာဖို့ လိုသေးသည်။ ဒါကြောင့် သူတို့ရဲ့ ကျင့်ကြံချိန်များသည် တခြားကျင့်ကြံသူများထက် အချိန်နည်းပါးလွန်းသည်။

သူတော်စင်ဂိတ်၏ ကြေညာထားသော ကြေငြာချက်အရ အသက် ၃၈ မတိုင်ခင် သွေးလောင်ကျွမ်းခြင်းအဆင့် ခုနှစ်ကို ရောက်ပြီး နတ်ဘုရား ခွန်အားအဆင့်ကို ဝင်ရောက်နိုင်ပါက အရည်အချင်းပြည့်မှီသော ဆရာတစ်ယောက်အဖြစ် သတ်မှတ်ထားသည်။

အဲဒါကြောင့် အခုလက်ရှိ မာရှန်၏ ကျင့်ကြံခြင်းအဆင့်သည် ကျောင်းသားတွေကို အရမ်း အံ့အောသင့်သွားစေသည်။

ဆွန်းမိုကတော့ မအံ့အောပါ။ နတ်ဘုရားမျက်စိအာရုံ မသုံးပဲနဲ့တောင် ကျောင်းသားအသစ်ဖွဲ့ကို ဦးဆောင်ခွင့် ရခဲ့တဲ့ဆရာ တစ်ယောက်၏ အဆင့်အတန်းသည် အရမ်းမြင့်မားမယ်ဆိုတာ သူ ခန့်မှန်းနိုင်သည်။

မာရှန်။ အသက် ၂၃နှစ်။

သွေးလောင်ကျွမ်းခြင်း - အဆင့်(၇)။

ကြွံခိုင်မှု - ၂၉။ ဟောဒီဘုရင်၏ အစွမ်းသတ္တိကို ပိုင်ဆိုင်ခြင်း။

ဉာဏ်ရည် - ၂၆ ပျှမ်းမျှ ။ လုံလောက်သည်။

သွက်လက်မှု - ၂၇။ အခြေအနေအများစုကို ကိုင်တွယ် ဖြေရှင်းရန် လုံလောက်သည်။

ခံနိုင်ရည် - ၂၈။ ထူးချွန်။

ဆန္ဒ - ၂၃။ လွန်ခဲ့တဲ့ တစ်နှစ်က ကျရှုံးမှုကို အခုအချိန်ထိတိုင်အောင် သူ့နှလုံးသားထဲတွင် အရိပ်တစ်ခုလို ဖုံးလွှမ်းနေသည်။

ဆန်းကြယ် ကောင်းကင်အဆင့် ရစ်ခွေနဂါးလှံကျင့်စဉ်ကို ထူးချွန်းသည်။ ကျွမ်းကျင်မှု

ညွှန်းကိန်းကို အကဲဖြတ်ပါက ကျွမ်းကျင့်အဆင့် ဒါမှမဟုတ်ပိုမြင့်ပြီး မဟာအဆင့် သတ်မှတ်နိုင်သည်။

လားအလာတန်ဖိုး - မြင့်မား။

မှတ်ချက်။ အလုပ်ကြိုးစားသူ ဖြစ်သည်။ တစ်နေ့ကို သုံးနာရီလောက်ပဲ အိပ်သည်။ ကြိုးစားအားထုတ်မှုကို တွက်ပါက ဗဟိုပြည်နယ်အကယ်ဒမီတွင် ထိပ်ဆုံး ငါးယောက်ထဲ ပါဝင်သည်။

"သူက ရုတ်တရက်တော့ မသေနိုင်ပါဘူးနော်"

မာရှန်၏ အချက်အလက်ကို မြင်ပြီးနောက် ဆွန်းမို အနည်းငယ် တုန်လှုပ်သွားသည်။

"ကျင့်ကြံသူတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်က မင်းထင်ထားတာထက် ပိုကြံ့ခိုင်တယ်။ ပြီးတော့ စွမ်းအင် ပြန်ရနိုင်မယ့် ဆေးကိုလည်း သုံးစွဲတယ်"

စနစ်က ရှင်းပြသည်။

ဆွန်းမိုသည် မာရှန်ရဲ့ အချက်အလက်ကို ဆက်လက်စစ်ဆေးရင်း မျက်မှောင် ကြုတ်နေသည်။

"ဆရာဆွန်း"

မာရှန်က လှမ်းအော်သည်။

ဆွန်းမိုသည် ပြိုင်ပွဲ အစဉ်အလာအရ မာရှန်အားလေးစားမှု ပြသရန် ပြန်လည် နှုတ်မဆက်သောကြောင့် ပွဲကြည့် ပရိတ်သတ်များ အံ့အောသင့်နေကြသည်။

ဆွန်းမိုက ရိုင်းစိုင်းတဲ့ သူတစ်ယောက်မဟုတ်တာတော့ သေချာသည်။ ပြောရလျှင် ပြဿနာ တစ်ခုခု ရှိနေတာ ဖြစ်နိုင်သည်။ ဒါကြောင့် ကျောင်းသားတချို့က သူ့အတွက် စိတ်ပူစ ပြုလာသည်။

၁၃၆

ကျောင်းသားများ၏ လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၆၂၁မှတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါသည်။

"အမ်။ ဒီအချိန်မှာ ဘာဖြစ်တာလဲ"

ဆွန်းမို ရုတ်တရုတ် အံ့အောသွားသည်။

"ကျောင်းသားတွေက မင်းကို လေးစားကြည့်ညိုတဲ့အခါ မင်းအတွက် စိတ်ပူရင်လည်း လေးစားအထင်ကြီးမှုအမှတ်တွေ ထွက်လာတတ်တယ်"

စနစ်က ရှင်းပြသည်။

"ဟားဟား"

ဆွန်းမိုက ရယ်မောနေပြီး အသိအမှတ်ပြုခံရတာကို ကျေနပ်နေသည်။ ထို့နောက် လက်သီးဆုပ် အရိုအသေပေးကာ

"ဆွန်းမို။ သွေးလောင်ကျွမ်းခြင်း အဆင့်(၆)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ဟာ

ကျောင်းသားအားလုံး လေအေးတစ်ချက်ရှိုက်လိုက်မိသည်။ အောင်ပွဲခံဒိုဂျို တစ်ခုလုံး လေဟာနယ် ဆုတ်ဖြဲခံလိုက်ရသလို တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဆရာဆွန်းက၊ သွေးလောင်ကျွမ်းခြင်း ဘယ်အဆင့်ကို ရောက်နေတာလဲ"

"အဆင့် (၆) ဟုတ်တယ်နော်။ ငါနားကြား မမှားပါဘူးနော်။"

"မင်းမေ...လို.......။ ဆရာဆွန်းက အသက်ဘယ်လောက်ရှိသေးလို့လဲ။ အသက် ၂၀

မဟုတ်လား။ တခြားသူတွေ အသက်ရှင်ဖို့အတွက် မျှော်လင့်ချက် ချန်ထားပါအုံး”

“ဟေး။ မင်းစကားကို သတိထား အုံး။ မင်းက ဘယ်သူ့အမေကို မင်းမေ..လို... လိုက်ပြောတာလဲ”

ကျောင်းသားများသည် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသော်လည်း ကျောင်းသားတစ်ယောက်၏ ကျိန်ဆဲသံကို ကြားကာ စူးစူးရှရှ ရန်လိုစိတ်နဲ့ ဝိုင်းကြည့်နေကြသည်။

"အမ်။ အထင်မလွဲကြပါနဲ့။ ပါးစပ်က လွှတ်ကနဲ ထွက်သွားတာ"

ဝိုင်းကြည့်ခံနေရတဲ့ ကျောင်းသားက သူ့အကြောင်းကို အလျှင်အမြန် ပြန်ရှင်းပြသည်။

"ငါလည်း ဆရာဆွန်းရဲ့ အမာခံ ပရိတ်သတ် တစ်ယောက်ပါ။ အရမ်းကို အားပေးတဲ့ ပရိတ်သတ်ပါ"

သူက အရမ်းစိတ်ပူနေသဖြင့် သူ့အသံက ပြတ်တောင်းပြတ်တောင်း ဖြစ်နေသည်။ ကွင်းထဲမှာ ရှိနေတဲ့ မာရှန်သည် ဆွန်းမို၏ ကျင့်ကြံမှုအဆင့်ကို ကြားကာ အံ့အောသင့်တဲ့ အမူအရာ ဖြစ်နေသည်။

ထို့နောက် သူ့အမူအရာသည် အလေးအနက်ထားတဲ့ အမူအရာ ဖြစ်လာသည်။

အမှန်တိုင်းပြောရလျှင် မာရှန်သည် သူ့ရဲ့ ကျင့်ကြံမှုအဆင့် အတွက် ဂုဏ်ယူနေသည်။ အထူးသဖြင့် လွန်ခဲ့တဲ့ တစ်နှစ်တာတွင် အခြေချ နေထိုင်ပြီး ကျင့်ကြံနေခဲ့သည်။ သက်တူရွယ်တူများကြားတွင် သူက သေချာပေါက် ထိပ်ဆုံးဖြစ်မယ်လို့ ထင်နေခဲ့သည်။ ဒါပေမယ့် ဒီနေ့တော့ ထိုးနှက် ခံလိုက်ရသည်။

ဆွန်းမိုက သူ့ထက်တောင် နှစ်နှစ် ငယ်သေးသည်။

မာရှန်၏ စိတ်ထဲတွင် စိတ်ပျက်တဲ့ အငွေ့အသက် ပေါ်လာသော်လည်း သူ့ကိုယ်သူ လျှင်မြန်စွာ အာရုံပြန် စုစည်းလိုက်သည်။

(ဒီကမ္ဘာမှာ ငါ့ထက် ပိုအံ့အောဖို့ကောင်းတဲ့ ပါရမီရှင်တွေ ရှိသေးတယ်။ ငါ မနာလို ဖြစ်လို့ရတယ်။ ဒါပေမယ့် စိတ်ပျက်လို့တော့ မရဘူး။ သူတို့ကို ကျော်တက်ဖို့အတွက် ငါ့ရဲ့ ကိုယ်ပိုင်ကြိုးစားအားထုတ်မှု အပေါ်ပဲ အားကိုးရမယ်)

ဒီတိုက်ပွဲအတွက် မျှောင်လင့်ချက်တွေ ထည့်ပြီး မာရှန် မျက်လုံးများ တောက်ပလာသည်။ အမှန်တကယ်တော့ ပါရမီရှင်တစ်ယောက်ကို အနိုင်ယူရတာက ပိုစိတ်ဝင်စားဖို့ ကောင်းသည်။

"ငါတို့ စလို့ရပြီလား"

မာရှန်က မေးလိုက်သည်။

"အချိန်မရွေးဘဲ"

ဆွန်းမိုက သစ်သားဓါးကို ဆွဲထုတ်ရင်း ပြန်ဖြေသည်။

မာရှန်သည် သစ်သားခါးကို တစ်ချက်ကြည့်လိုက်သည်။ ဒီလိုမျိုး လက်နက်ကိုသုံးလို့ အထင်မသေးရဲပါ။ ပါရမီရှင်တွေက ဘယ်လိုလက်နက်ကိုပဲသုံးသုံး ကြောက်ဖို့ကောင်းသည်။

နောက်ထပ် အခိုက်အတန့်တွင် မာရှန်သည် ခြေထောက်နှစ်ဖက်ကို အားထည့်ကာ ဆွန်းမိုဆီသို့ အမြှောက်ဆံ တစ်ခုလို ပြေးဝင်သွားသည်။

မာရှန်သည် ဆွန်းမိုထက် နှစ်နှစ်စောပြီး ကျောင်းမှာ အလုပ်ဝင်ခဲ့သည်။ စီနီယာတစ်ယောက်အနေနဲ့ အငယ်ကို

အရင်တိုက်ခိုင်းသင့်သည်။ ဒါပေမယ့် ကျင့်ကြံခြင်းအဆင့်ကို ကြားပြီးနောက် အဲဒီအချက်ကို ပယ်ဖျက်လိုက်ပြီး ဆွန်းမိုကို တန်းတူရည်တူ တစ်ယောက်အဖြစ်သာ သဘောထားလိုက်သည်။

"မင်းက ပါရမီရှင်တစ်ယောက်ပဲ။ ဒါပမယ့် ငါ အရှုံးမပေးဘူး"

ဒင်

မာရှန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၂၈၀/၁,၀၀၀)

ဆွန်းမိုသည် လေးစားအထင်ကြီးမှု အမှတ်များကို ရုတ်တရုတ် ရလိုက်သဖြင့် ခဏလောက် အံ့အောသွားသည်။ ဒီလိုစရိုက်မျိုးနဲ့ ပြိုင်ဘက်ကို ပထမဆုံး တွေ့ဖူးခြင်း ဖြစ်သည်။

ဝူရှ်

မာရှန်၏ လှံသည် အလွန်လျှင်မြန်သော အရှိန်နဲ့ ပြေးထွက်လာသည်။

ဆွန်းမိုက ခေါင်းကို ငုံ့ကာ သစ်သားဓါးနှင့် ကာကွယ်လိုက်သည်။

ချွင်

လက်နက်ခြင်း ထိခိုက်တဲ့ အသံက ပြင်းထန်စွာ ထွက်ပေါ်လာသည်။ မာရှန်သည် အဲဒီအရှိန်ကို ယူလိုက်ပြီး ချက်ခြင်းဆိုသလို အတွဲလိုက် တိုက်ခိုက်လိုက်သည်။ ဆွန်းမိုကို တစ်ချက်တည်း အနိုင်ယူခြင်ပြီး ရှိသမျှ ခွန်အားတွေကို အသုံးပြုလိုက်သည်။

ဆွန်းမိုသည် သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာကျင့်စဉ်မှ ကူပြီးခြင်း အစွမ်းကို အသုံးပြုလိုက်သည်။

ကမ္ဘာကြီးတစ်ခုလုံး ချက်ခြင်း နှေးကွေးသွားသည်။ မာရုန်၏ တိုက်ခိုက်မှု သာမက ခြေနှင်လို့ထွက်ပေါ်လာသော ဖုန်မှုန့်များ လွင့်စင်လာသည်။ အောင်ပွဲခံ ဒိုဂျို တစ်ခုလုံး ချက်ခြင်း တိတ်ဆိတ်သွားသည်။

ထင်မှတ်ထားသလိုပဲ ပါရမီရှင်နှစ်ယောက်ကြားက တိုက်ပွဲ ဖြစ်သည်။ သူတို့ထဲက တစ်ယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး နောက်တစ်ယောက်က ကျောက်တုံးကြီးတစ်ခုလို ခိုင်ခံ့စွာ ကာကွယ်နေသည်။

ပွဲကြည့်ပရိတ်သတ်တွေသည် အကြည့်မလွှဲနိုင် ဖြစ်နေကြသည်။ အကြီးတန်း ကျောင်းသားနှစ်ယောက်က အရှေ့တန်းကို ပြေးလာပြီး လုပ်ငန်းစဉ် တစ်ခုလုံးကို မှတ်တမ်းတင်ထားခဲ့သည်။

မှတ်တမ်းတင် ကျောက်တုံးသည် အမှောင်တိုက်ကြီးမှ ထွက်ရှိတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ သတ္တုရိုင်း တစ်မျိုး ဖြစ်သည်။ တစ်ယောက်ယောက်က ဝိညာဉ်ချီကို အသုံးပြုပြီး အသက်သွင်းလိုက်ပါက အဖြစ်အပျက်

တစ်ခုလုံးကို မှတ်တမ်းတင်ထားနိုင်သည်။ ဒါပေမယ့် မှတ်တမ်းရဲ့ ကြာချိန်သည် ကျောက်တုံးရဲ့ အရည်အသွေးပေါ်ကို မူတည်သည်။

ဒီသတ္တုရိုင်းသည် ရှားပါးသောကြောင့် အနည်းငယ် ဈေးကြီးသည်။ ကြယ်၃ တစ်လုံး အရွယ်အစားဆိုပါက အနည်းဆုံး ဝိညာဥ်ကျောက်တုံး ၅၀လောက်တန်သည်။ ဒါကြောင့် အရေးကြီးတဲ့ ပွဲမဟုတ်လျှင် လူအနည်းစုလောက်သာ အသုံးပြုကြသည်။

"ဆရာဆွန်းက ဘာဖြစ်လို့ ပြန်မတိုက်သေးတာလဲ"

ကျောင်းသားတချို့က ထိတ်လန့်နေကြသည်။

"ပိုးစိုးပက်စက် အဖိနှိပ်ခံနေရတာ ဖြစ်နိုင်မလား"

မာရှန်ရဲ့ တိုက်ခိုက်မှုကလည်း အရမ်းကြောက်ဖို့ကောင်းသည်။

"ဆရာမာ၊ လျှင်မြန်မှုက မင်းရဲ့အားသာချက် မဟုတ်ဘူး။ စွမ်းအားကြီးတဲ့ အကွက်ကို ထုတ်သုံးပါ"

ဆွန်းမိုက   အကြံပေးသည်။

ဆွန်းမိုသည် မာရှန်၏ ရစ်ခွေနဂါးလုံကျင့်စဉ်ကို မြင်ချင်သောကြောင့် ပြန်မတိုက်ခိုက်ခဲ့ပါ။ ပြီးတော့ သူတို့ မျိုးနွယ်စုပိုင် ကျင့်စဉ်သည် ပြင်ပလူအနည်းငယ်သာ သိနိုင်သည်။

ဒီစကားကို ကြားလိုက်လျှင် မာရှန် မျက်နှာ ပျက်သွားသည်။ ဆွန်းမိုက သူ့ရဲ့ အရှိန်ကို မြင်နိုင်တာလား။

ဒါကလည်း မာရှန်ကြိုက်တဲ့ နည်းဗျူဟာ တစ်ခုဖြစ်သည်။ ရန်သူများကို လှည့်စားကာ

လျှင်မြန်သော တိုက်ခိုက်မှုနဲ့ အရင်စတိုက်သည်။ သူက အရှိန်အဟုန်နဲ့ တိုက်ခိုက်တတ်တဲ့ တိုက်ခိုက်ရေးသမားလို့ ပြိုင်ဘက် အထင်မှားတဲ့အခါ သူက ရုတ်တရက် တိုက်ခိုက်မှုပုံစံပြောင်းပြီး ရန်သူကို လုံးဝ ခြေမှုန်းရန် ခွန်အားကို ပြသကာ အလစ်အငိုက် ဖမ်းပြီး တိုက်ခိုက်တတ်သည်။

“ဆရာဆွန်းက တကယ် အရည်အချင်းရှိတာပဲ။ ဒါဆိုလည်း ငါ့ဆီကနေ တိုက်ကွက်ကို လက်ခံလိုက်”

မာရှန်ဆီက ခွန်အား ပေါက်ကွဲထွက်လာသည်။

ရစ်ခွေနဂါး၏ အလှည့်အပြောင်း။

လုံ့ရှည်သည် ဆွန်းမိုခါးနဲ့မထိဘဲ လှည့်ထွက်ကာ ရုတ်တရက် ပြင်းထန်လာသည်။ သစ်သားခါးကို ရှောင်ထွက်သွားရုံသာမက အရှိန်ကလည်း ပိုမြန်လာပြီး ဆွန်းမို နှလုံးရှိတဲ့ ဘက်ခြမ်းကို ထိုးဖောက် ဝင်ရောက်လာသည်။

ဆွန်းမိုက ဘယ်ဘက်လက်သီးနဲ့ လုံ့ကို ထိုးထုတ်လိုက်သည်။

ဘောင်း

လုံ့ရှည် ကအဝေးသို့ လွင့်ထွက်သွားသည်။

"ဘယ်လောက်တောင် ခွန်အားကြီးလိုက်သလဲ"

မာရှန်သည် ရုတ်တရက် အနည်းငယ် အံ့အားသွားသည်။ ဒါပေမယ့် ဆွန်းမိုကလည်း ခွန်အားကြီးသလို သူ့ရဲ့ တိုက်ခိုက်မှုကလည်း ပိုပြီး ပြင်းထန်လာသည်။

ရွှေ့လျားနေတဲ့ လှံတံသည် ရုတ်တရက် ရပ်တန့်သွားပြီး နောက်ပြန်လှည့်ဝင်လာသည်။

ရစ်ခွေနဂါး၏ အမြှီးရိုက်ချက်

ဟူး...

လုံချက်သည် ပြင်းထန်လှပြီး အပေါ်ကနေလည်း ဝိညာဉ်ချီ အလွှာတစ်ခု ချက်ခြင်း ဖုံးအုပ်လာသည်။ တစ်ယောက်ယောက်ကို ရိုက်မိသွားရင်တော့ လွင့်ထွက်သွားလိမ့်မည်။

ဆွန်းမိုရဲ့ အကြည့်သည် လေးနက်လာပြီး ခန္ဓာကိုယ်ကို လိမ်ကာ လက်မောင်းကို လွှဲပြီး သစ်သားဓါးနဲ့ ခုတ်ချလိုက်သည်။

ဆောင်းဦး၏ အရောင်

ဘောင်း

ကြီးမားလှတဲ့ အင်းအားကြီး နှစ်ရပ်သည် ထိပ်တိုက်တွေ့ဆုံသွားပြီး တပြိုင်နက် ပေါက်ကွဲတဲ့အသံ ထွက်ပေါ်လာသည်။ ဆွန်းမိုရဲ့ တိုက်ခိုက်မှုကြောင့် လုံ့ရှည်သည် လှန်ထွက်သွားပြီး တိုက်ခိုက်နိုင်စွမ်းလည်း ပျောက်ကွယ်သွားသည်။

မာရှန် နောက်တစ်ကြိမ် ထပ်ပြီး တိုက်ခိုက်လိုက်ပြန်သည်။ သူ့အမူအရာသည် အရင်ကထက် ပိုလေးနက်လာသည်။ ခုနတုန်းက တိုက်ခိုက်မှုသည် ပြင်းထန်တဲ့ ခွန်အားတစ်ရပ်ကို

ပေါက်ကွဲထွက်လာစေသည်။ လူအများစုကတော့ ရှောင်တိမ်းဖို့ ရွေးချယ်ကြမည်။

အဲဒီနောက်မှာတော့ သူက ပြင်းထန်တဲ့ တိုက်ခိုက်မှုများနဲ့ အဆက်မပြတ် တိုက်ခိုက်မည်။

ရစ်ခွေနဂါး အမြှီးရိုက်ချက်သည် အလွဲ တစ်ခုတည်းကနေ ဆယ့်ရှစ်ချက် တိုက်ခိုက်နိုင်သည်။ လွဲချက်တစ်ခုဆီတွင် အရင် ရိုက်ချက်ရဲ့ ခွန်အားကို စုစည်းထားပြီး ဆယ့်ရှစ်ချက်မြောက်သည် အထွဋ်အထိပ် ရောက်သွားမည်။

သွေးလောင်ကျွမ်းခြင်း အဆင့်(၇)မှာ ရှိတဲ့လူတောင် ဒါကို မကာကွယ်နိုင်ဘူးလို့ မာရှန် ယုံကြည်သည်။

"မဟုတ်သေးပါဘူး။ ဆွန်းမိုက ဒီတိုက်ကွက်ရဲ့ အနှစ်သာရကို မမြင်နိုင်ပါဘူး"

မာရှန်က သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။

သို့သော်လည်း ဆွန်းမိုက အဲဒါကို မြင်နေရသည်။ သူ့ရဲ့ နတ်ဘုရားမျက်စိအာရုံနဲ့ ကူးယူခြင်း အစွမ်းတို့ကြောင့် ခွဲခြမ်းစိတ်ဖြာပြီး မာရှန်၏ ကြွက်သားများသည် ခွန်အားတစ်ဝက်ကိုပဲ အသုံးပြုခဲ့တာကို မြင်နေရသည်။

ပုံမှန်အားဖြင့် ခွန်အားကို ဦးစားပေးတဲ့ တိုက်ခိုက်သူသည် တိုက်ကွက်စ စခြင်းမှာ ခွန်အားတစ်ဝက်လောက် အသုံးပြုလို့ မရလျှင် လုံးဝ မသုံး တတ်ကြပါ။ ဒါကြောင့် ဆွန်းမို ဒီတိုက်ကွက်တွင် နောက်ဆက်တွဲ ခွန်အားများ ပါဝင်နိုင်တယ်လို့ သတ်မှတ်ခဲ့သည်။

အစ ကကည်းကကို တားဆီးထားရမည်။ ဆွန်းမိုက ရစ်ခွေနဂါးကျင့်စဉ်ကို မြင်ချင်သော်လည်း အထင်သေးတယ်လို့ မဆိုလိုပါ။ ဒီလိုမျိုး

အဆုံးစွန်ဆုံးသော တိုက်ကွက်ကို မဖျက်ဆီးပါက သူရှုံးနိမ့်သွားနိုင်သည်။

မာရှန်၏ တိုက်ခိုက်မှုက နောက်တစ်ကြိမ် ဝင်လာပြန်သည်။

ပင်လယ်ထဲက ထွက်ပေါ်လာတဲ့ ရစ်ခွေ နဂါး။

ရွှတ်စ်။ ရွှတ်စ်။ ရွှတ်စ်။

မာရှန်၏ လုံ့ချက်သည် ခန္ဓာကိုယ်ကို အသုံးပြုကာ ပေါ်လိုက် ပျောက်လိုက် ဖြစ်နေသည်။ အရပ်မျက်နှာ မျိုးစုံကနေ ဆွန်းမိုဆီကို ထိုးဖောက်ဝင်ရောက်လာသည်။

ဒီတိုက်ခိုက်မှုသည် စွမ်းအား မကြီးသော်လည်း အရမ်းကို လျို့ဝှက်လွန်းသည်။ သတိတစ်ချက် လစ်သွားရင် ရှုံးနိမ့်သွားနိုင်သည်။

“ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်က ထင်ထားသလိုပဲ။ ဒါကတော်တော်ကို ထူးဆန်းတာပဲ”

ဆွန်းမိုက အော်ဟစ်လိုက်သည်။ သူ့မှာ ကူးယူခြင်း အစွမ်းရဲ့ ကမ္ဘာကြီး နှေးကွေးခြင်းသာ မရှိရင် ဒီတိုက်ကွက်ကို ခုခံဖို့ အနည်းငယ် ခက်ခဲသွားနိုင်သည်။

"ထင်မှတ်ထားသလိုပါပဲ။ ဆရာဆွန်းကလည်း တကယ်ကို သန်မာလွန်းတယ်"

မာရှန်လည်း အရမ်းအံ့အောနေသည်။ ကိုးကြိမ်မြောက်တိုင်တိုင် တိုက်ခိုက်ပြီးနောက် ဆွန်းမိုကို အနိုင်ယူဖို့ နေနေသာသာ ခြစ်ရာတစ်ခုတောင် မဖြစ်သေးပါ။

"မင်းရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်"

ဆွန်းမို နှိမ့်ချစွာ ပြန်ပြောလိုက်သည်။ နောက်ထက် အခိုက်အတန့်တွင် မာရှန်၏

ဘယ်ဘက်ခါး၊ ညာဘက်ပခုံးအထက်နှင့် ပေါင်ဘက်တို့မှ လုံချက် သုံးခု ထွက်ပေါ်လာသည်။ အဲဒါတွေ အားလုံးက ဆွန်းမိုရဲ့ အရေးကြီးတဲ့ နေရာများကို ပစ်မှတ်ထားနေသည်။

ပင်လယ်က ထွက်ပေါ်လာတဲ့ နဂါးသုံးကောင်။

"ငါလို...."

ဆွန်းမိုသည် စကားအနည်ငယ်ကြောင့် စိတ်အနှောက်အယှက်ဖြစ်ပြီး စိတ်မကောင်း ဖြစ်ခဲ့ရသည်။ တဖက်လူက ချီးကျူးတာ မဟုတ်ဘဲ သူ့ကို အာရုံလွှဲဖို့ ကြိုးစားခဲ့ခြင်း ဖြစ်သည်။

စာစဉ်(၂၁)

အခန်း(၃၀၄) - အားနည်းတဲ့လူကပဲ ဆုတောင်းတယ်။

ဟာ

ပွဲကြည့်စင်ကနေ အာမေဒိတ် အသံများ ထွက်ပေါ်လာသည်။ ကျောင်းသူတချို့ဆိုရင် ကြောက်လန့်တကြား မျက်လုံး ပိတ်လိုက်ကြသည်။

လုံအရိပ်သုံးခုက ဆွန်းမိုဆီသို့ အဆိပ်ရှိသော မြွေတွေလို ပြေးဝင်လာသည်။

"ဒါက တည်ငြိမ်တဲ့ အနိုင်ပဲ"

ဆွန်းမိုရဲ့ အရေးကြီးတဲ့နေရာများသို့ လုံချက်က ပြေးဝင်သွားတာကို ကြည့်ရင်း မာရှန် မျက်နှာပေါ်တွင် ဂုဏ်ယူတဲ့ အပြုံး ပေါ်လာသည်။ (ဆွန်းမို၊ မင်းရဲ့ တိုက်ပွဲ စွမ်းရည်က မဆိုးဘူးဆိုတာ ငါဝန်ခံပါတယ်၊ ဒါပေမယ့် ငါ့ထက်တော့ အားနည်းသေးတယ်။)

ဒီနှစ်ယောက်တည်း စီးချင်းတိုက်ပွဲက မကြာသေးပါ။ မာရှန်၏ တိုက်ပွဲအတွေ့အကြုံအရ

ဆွန်းမိုရဲ့ မြန်နှုန်း ကန့်သတ်ချက်က ကျော်နေပါပြီ။ ဒီလုံ့ချက် သုံးချက်ကို ရှောင်လွှဲဖို့ မဖြစ်နိုင်ပါ။ ဒါကြောင့် သူက အောင်မြင်မှုရဲ့ အရသာကို ခံစားဖို့ စောင့်ဆိုင်းနေသည်။

ဒါပေမယ့် အဲဒီအချိန်တွင် ဆွန်းမို ခန္ဓာကိုယ်ပေါ်ကနေ ရွှေရောင်အလင်းတန်းတစ်ခု ပေါ်လာသည်။

ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်။

ဒင် ဒင် ဒင်

လှုံချက် သုံးချက်သည် အဝတ်အစားကို ထိုးဖောက်ကာ အဝတ်အစားကို ထိသွားသည်။ သို့သော်လည်း ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာ ဒဏ်ချက် တစ်ခုမှ မချန်ထားခဲ့နိုင်ပါ။

“ဘာ”

မာရှန် အံ့အော ထိတ်လန့်သွားသည်။ ဒါက ဘယ်လို ကျင့်ကြံမှု ကျင့်စဉ်လဲ။

ဆွန်းမိုသည် သူ့ရဲ့ ကောင်းမွန်တဲ့ နည်းစနစ်ကြောင့် အရိုက်ခံလိုက်ရပေမယ့် ထိခိုက်မှုမရှိဘဲ ကျော်လွှားသွားသည်။

တစ်ခဏအတွင်းတွင် မာရှန် ခေါင်းကျိန်းပြီး ဆံပင်ထောင်ချင်သွားသည်။ ဒီတိုက်ပွဲကို ဘယ်လို ဆက်တိုက်မလဲ။

သူရုတ်တရက် နားလည်သွားသည်။ ခုနတုန်းက ဆွန်းမိုရဲ့ အမူအရာသည် စိတ်အနှောက်အယှက် မဖြစ်ရုံသာမက စိုးရိမ်စိတ်လည်း လုံးဝမရှိတဲ့အချက်က မထူးဆန်းတော့ပါ။ ဆွန်းမိုက သူမရှုံးနိုင်ဘူးလို့ ယုံကြည်နေခဲ့သည်။

မာရှန်စိတ်ထဲတွင် အတွေးမျိုးစုံပေါ်လာပြီး ချက်ခြင်းဆိုသလို ခုခံခြင်း ပုံစံ ပြောင်းသွားသည်။

ထင်မှတ်ထားသလိုပဲ နောက်ထပ်အခိုက်အတန့်တွင် ဆွန်းမိုဆီက တိုက်ခိုက်မှု ထွက်ပေါ်လာသည်။

အမိန့် ဆယ်ရှစ်ခု။

ဖောက် ဖောက် ဖောက်

သစ်သားချက် ဆက်တိုက် ထွက်ပေါ်လာသဖြင့် မာရှန်သည် မိုးသဲထန်စွာရွာနေတဲ့ ကြားတွင် မိုးမိသလို ဖြစ်နေသည်။

“ဘာဖြစ်သွားတာလဲ။ ဆရာဆွန်းက ဘာဖြစ်လို့ မထိခိုက်တာလဲ”

“ကြောက်ဖို့ကောင်းတဲ့ ခံနိုင်ရည် စွမ်းရည်ပဲ”

“ဆရာဆွန်းရဲ့ ကျင့်ကြံခြင်း ကျင့်စဉ် နာမည်ကို သိကြလား”

ပွဲကြည့်စင်ဘက်က ဆူညံသံများ ထွက်ပေါ်လာပြီး ကျောင်းသား အများအပြားသည် ထိုင်ခုံမှ ထကာ ရှေ့ဆုံးတန်းကို ပြေးသွားပြီး ပိုမိုရှင်းလင်းသော မြင်ကွင်းကို မြင်ချင်နေကြသည်။

အခြားကျောင်းသား ဆယ်ယောက်လည်း နောင်တရသွားပြီး မှတ်တမ်းတင်ရန်အတွက် မှတ်တမ်း ကျောက်တုံးကို ထုတ်ယူလိုက်သည်။

အမှန်အတိုင်းပြောရလျှင် မှတ်တမ်းတင် ကျောက်တုံးများသည် အရမ်းဈေးကြီးပြီး ဒီကျောက်တုံး အသုံးပြုဖို့ မထိုက်တန်ဘူးလို့ တွေးတောကာ တောရုံဆို မသုံးခဲ့ကြပါ။ ဒီလို မြင်ကွင်း မြင်ရလိမ့်မယ်လို့လဲ မထင်မှတ်ထားခဲ့ကြပါ။

မာရှန်ဆီက ထွက်ပေါ်လာတဲ့ နဂါးသုံးကောင် လုံ့ချက်သည် အရမ်းပေါက်ကွဲအား ကောင်းပြီး ထူးဆန်းလွန်းသည်။ ဆွန်းမို ခန္ဓာကိုယ်ပေါ်က ဖျက်ကနဲ တောက်ပလာတဲ့ အလင်းတန်းများ အကြောင်းကို ဘယ်သူမှ မသိကြပါ။

ဒီတိုက်ပွဲရဲ့ အရည်အသွေးက တော်တော်ကို အဆင့်မြင့်သည်။

ဆွန်းမိုက ပြန်လည် တုန့်ပြန်ရန်အတွက် ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို စတင်အသုံးပြုပြီးနောက် ပို၍ပင် စိတ်ဝင်စားဖို့ ကောင်းလာသည်။

အမိန့် ဆယ့်ရှစ်ခု တိုက်ကွက် အဆုံးသတ်သွားပြီးနောက် ရွှေရောင်ခေါင်ရမ်းပန်း တိုက်ကွက် ဆက်ပေါ်လာသည်။ မာရှန် အမြင်အာရုံထဲတွင်

ကြီးမားတဲ့ ခေါင်ရမ်းပန်းပွင့် နှစ်ခုပေါ်လာပြီး သူကိုယ်ပေါ်ကို ဖုံးအုပ်သွားသည်။

ဘောင်း ဘောင်း

မာရှန်၏ ရင်ဘက်က ရုတ်တရက် နာကျင်လာသည်။

အနောက်ဘက်မြစ်က လ။ ကျယ်ပြန့်အေးမြတဲ့ ဆောင်းဦး။ ရန့်နှောင်းပိုင်း

ဆွန်းမို၏ လူသတ်အကွက်တွေ နောက်တစ်ကြိမ် ပေါ်လာပြန်သည်။

မာရှန်သည် စီနီယာ တစ်ယောက် ဖြစ်နေသဖြင့် ဒီလို နောက်ဆုတ်နေရတာက အရမ်းရှက်ဖို့ ကောင်းနေသည်။ သို့သော်လည်း ခုနတုန်းက တိုက်ခိုက်လိုက်တဲ့ တိုက်ခိုက်မှုနှစ်ခုသည် ဆွန်းမို စွမ်းရည်ထက် လုံးဝကို ကျော်လွန်နေသည်။ ဒါကြောင့် သူ့မှာ နောက်ဆုတ်ဖို့ကလွဲလျှင် လုံးဝ ရွေးချယ်စရာ မရှိပါ။

(ဒါက အရှက်ကို ဂရုစိုက်နေရမယ့် အချိန်မဟုတ်ပါ။ မြန်မြန်နောက်ဆုတ်ပြီး နည်းနည်းခွာကာ တိုက်စစ်အဟုန်ကို ပြန်ယူရမယ်)

မာရှန် မျက်နှာ မည်းမှောင်နေသည်။ သူ့ရဲ့ သုံးသပ်ချက် မဆိုးပါ။ တိုက်ခိုက်ရ ခက်ခဲတဲ့ တိုက်ပွဲတစ်ခုဆိုတာ သေချာသည်။

ဆွန်းမိုက သူ့ကို စိတ်တိုင်းကျ လုပ်ခွင့်မပေးတာက သနားစရာပါ။

လှပတဲ့ ယန်

ဆွန်းမိုက ခန္ဓာကိုယ်ကို လှုပ်လိုက်ပြီး သစ်သားဓါးဖြင့် ခုတ်ချလိုက်သည်။ ဓါးရဲ့ အရိပ်သည် ဖျက်ကနဲ မာရှန် အရှေ့တွင် ပေါ်လာသည်။

ကြက်သွေးရောင် နှုတ်ခမ်း

ဖောက် ဖောက်

သစ်သားခါးက မာရှန် ခန္ဓာကိုယ်ကို အဆက်မပြတ် ထိမှန်နေသည်။

“ဆရာရဲ့ တိုက်ကွက်တွေက အရမ်း မိုက်တာပဲ”

ကျောင်းသားများက ချီးကျူးမှု အပြည့်ဖြစ်နေသည်။ အထူးသဖြင့် ကောင်မလေးတွေက အော်ဟစ် အားပေးနေကြသည်။

ဆွန်းမို မျက်လုံးထဲတွင်တော့ သစ်သားခါးက မာရှန်ကို ထိလိုက်တိုင်း လေထဲသို့ ရွှေရောင် စာမျက်နှာများ ပေါ်ထွက်လာသည်။

မာရှန် အံ့ကြိတ်လိုက်သည်။

ဒါကို ရှောင်ဖို့ မဖြစ်နိုင်သဖြင့် ထိပ်တိုက် ရင်ဆိုင်လိုက် ရသည်။

နဂါး တစ်ရာ မွေးဖွားခြင်း ဘုန်း

မာရှန်၏ ဝိညာဉ်ချီ တစ်ဝက်ကျော်လောက် ပေါက်ကွဲ ထွက်လာကာ မျက်စိတစ်မှိတ် အတွင်းတွင်

လွင့်ထွက်လာသည်။ ထို့နောက် သူ့ခန္ဓာကိုယ်က ကွဲထွက်လာတာနဲ့ တပြိုင်နက် ကြီးမားတဲ့ နဂါးပုံစံများ ဖြစ်ပေါ်လာသည်။

ဟောင်း ဟောင်း ဟောင်း

နဂါးကြီးများသည် ဒေါသတကြီး အော်ဟောက်နေကြသည်။ အောင်ပွဲခံဒိုဂျီတစ်ခုလုံး ကျယ်လောင်သော အသံလှိုင်းများနဲ့ ပြည့်နှက်သွားသည်။

ကျောင်းသားများသည် မတတ်နိုင်ဘဲ နားကို အုပ်ထားကြရသည်။ ဒါတောင် အသံအကျယ်ကြီး

ကြားနေရသေးသည်။ သူတို့နားနားတွင် မီးပုံပျံကြီး ပေါက်ကွဲသလို ခံစားရသည်။

ဒီနဂါးများသည် ခုနှစ်မီတာ၊ ရှစ်မီတာခန့် ရှည်လျားပြီး ထူထဲသော ကြေးခွံများ ဖုံးအုပ်ထားသည်။ သူတို့ရဲ့ တိုက်ခိုက်မှုက ပစ်မှတ်တစ်ခုထဲကို မသတ်မှတ်ထားပါ။ အဝေးရောက် တိုက်ခိုက်မှု တစ်ခုဖြစ်သော်လည်း အရေအတွက်က များပြားလွန်းသည်။

ဒီနဂါးများသည် တစ်ခုခုကို ထိလိုက်တာနဲ့ ပေါက်ကွဲထွက်သွားပြီး အကျိုးသက်ရောက်မှုက ပြင်းထန်လွန်းသည်။

ဘုန်း ဘုန်း ဘုန်း

တကယ်လို့ အောင်ပွဲခံ ဒိုဂျို တစ်ခုလုံးက အမှောင်တိုက်ကြီးက ရတဲ့ သံမဏိကျောက်တုံးနဲ့သာ မပြုလုပ်ထားခဲ့ရင် တစ်ခုလုံး ပြိုကျနေလောက်ပြီ။

ကျောင်းသားများသည် အသိစိတ်လွတ်ကာ မတ်တပ်ရပ်ပြီး လည်ပင်းဆန့်ကာ

ကြည့်လိုက်ကြသည်။ သူတို့ မျက်နှာပေါ်တွင် အံ့အောသင့်မှုများနဲ့ ပြည့်နေသည်။

ဒီတိုက်ကွက်က တကယ်ကို ဆန်းကြယ်လွန်းသည်။

နဂါးတစ်ရာ မွေးဖွားခြင်း တိုက်ကွက်၏ စွမ်းအားက ကြီးမားသလို ဝိညာဉ်ချီ ကုန်ဆုံးမှုကလည်း ကြီးမားလွန်းသည်။ မာရှန်၏ ဝိညာဉ်ချီ တစ်ဝက်လောက် ကုန်ဆုံးသွားပြီး ခန္ဓာကိုယ်အတွက် ကြီးမားတဲ့ ဝန်ထုတ်ဝန်ပိုး ဖြစ်သွားစေသည်။

အပြင်ပန်းက မမြင်ရသော်လည်း မာရှန်၏ ကြွက်သားတချို့သည် စုတ်ပြဲနေတဲ့ လက္ခဏာများ ပေါ်လာသည်။ ဒါက လွဲချော်လို့ မရတဲ့ အခွင့်အရေးတစ်ခု ဖြစ်တယ်ဆိုတာ မာရှန်သိနေပြီး ဒါ အံ့ကြိတ်ကာ ဒုတိယမြောက် နည်းစနစ်ကို စတင်လုပ်ဆောင် လိုက်သည်။

မာရှန် အားတင်းပြီး ဝိညာဉ်ချီကို သုံးစွဲလိုက်သည်။ ဆွန်းမို အနီးကို ရောက်တာနဲ့ လုံ့ရှည်ကို ထိုးသွင်းလိုက်သည်။

ဝူရှ်

ပြေးဝင်လာတဲ့ လုံ့ရှည်သည် ကြီးမားတဲ့ နဂါးတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားသည်။

ကောင်းကင်ကို ကိုက်စားတဲ့ ရစ်ခွေနဂါး

ဘုန်း

နဂါး ဟောက်သံများကြားတွင် ပတ်ဝန်းကျင် လေထုက တုန်ခါနေပြီး သွေးတွေ ပေရေနေတဲ့ ပါးစပ်ကြီးက ပွင့်လာပြီး ဆွန်းမိုကို လွှမ်းခြုံထားသည်။

"ဒီတစ်ခါတော့ မရတော့ဘူး။ ဒီတိုက်ခိုက်မှုကို မင်းခုခံနိုင်ပါ့မလား"

မာရုန် မျက်နှာတွင် ပျော်ရွှင်တဲ့ အရိပ်အမြွတ် မရှိပါ။ ဆွန်းမိုသည် စိုးရိမ်တဲ့လက္ခဏာ တစ်စက်မှ မရှိကြောင်းကို မာရုန် သတိထားလိုက်မိသည်။ ပြောချင်တာက ဆွန်းမိုသည် သူ့ကိုယ်သူ ယုံကြည်နေလို့ ဒီလိုမှ မဟုတ်ရင်လည်း အန္တာရာယ်များကြားတွင် တည်ငြိမ်စွာ ရပ်တည်နိုင်လို့ ဖြစ်နိုင်သည်။ ဘယ်လို အခြေအနေပဲဖြစ်ဖြစ် ဆွန်းမိုက သန်မာတဲ့

ပြိုက်ဘက်ကောင်း တစ်ယောက်ဖြစ်သည်။

မာရှန်သည် မသိစိတ်ကြောင့် ဆုတောင်းလိုက်သော်လည်း အားနည်းတဲ့သူကသာ ဆုတောင်းတတ်တာကို သူသတိရသွားသည်။ သန်မာတဲ့လူကတော့ တိုက်ပွဲဝင်ရန် သူရဲ့ လက်ကိုသာ အားကိုးလိမ့်မည်။

ဆွန်းမို အသက်ခပ်ပြင်းပြင်း တစ်ချက်ရှူလိုက်သည်။ ထို့နောက် နဂါးကြီးကို စိုက်ကြည့်ကာ သစ်သားဓါးကို လွှဲခုတ်လိုက်သည်။ သူတုတ်နဲ့ သူ့ကို ပြန်ရိုက်ခြင်း

ဟာ

သူ့ဆီကို ကိုက်ရန် ပြေးဝင်လာတဲ့ နဂါးကြီးသည် ရုတ်တရက် နောက်ပြန်လှန်သွားကာ ဘိုထိုင်အိမ်သာမှာ ရေဆွဲချလိုက်သကဲ့သို့ လည်ပြီး စုပ်ယူခြင်း ခံလိုက်ရသည်။ နောက်ဆုံးတော့ အနှံသီးအရွယ်အစားလောက်သာ ရှိတဲ့သေးငယ်တဲ့ စက်လုံးတစ်လုံး ဖြစ်သွားသည်။

မာရှန်အတွက် အံ့အောစရာ အကောင်းဆုံး အဖြစ်အပျက် မဟုတ်သေးပါ။ ဆွန်းမိုက သစ်သားဓါးကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်တဲ့အခါ စက်လုံးက

နောက်ပြန်လွှင့်လာသည်။ မာရှန်အနီးသို့ ရောက်လာလျှင် ကြီးမားတဲ့ နဂါးတစ်ကောင် ဖြစ်သွားသည်။

ဟောင်း

ရောနဂါးကြီးသည် သွေးတွေစိုရွှဲနေတဲ့ ပါးစပ်ကြီးကို ဒေါသတကြီး ဟလိုက်သည်။

"ဒါ....."

မာရှန် အံ့အောသင့်နေသည်။ ဒါက ကောင်းကင်ကိုက်စားတဲ့ ရစ်ခွေနဂါးနဲ့ တူသလိုပဲ။ ဒါပေမယ့် ဆွန်းမိုက ဒီတိုက်ကွက်ကို

ဘယ်လိုလုပ်သိနေရတာလဲ။ နောက်ဆုံးတော့ တိုက်ခိုက်မှုက သူ့ကို တည့်တည့် ထိမှန်သွားသည်။

နဂါးရဲ့ ပါးစပ်ကြီးသည် မာရှန်ကို မြိုချလိုက်သည်။ အသက် ဆယ်ကြိမ်ရှုတဲ့ အချိန်ခန့်တွင် ရှူးရှူးမူးမူး ပေါက်ကွဲ ထွက်လာသည်။

ဘောင်း

သွေးတွေဖုံးလွှမ်းနေတဲ့ မာရှန်သည် လဲကျသွားသည်။ သူက ပြန်ပြီး လက်တုန့်ပြန်ချင်ပေမယ့် ဆွန်းမိုရဲ့ တိုက်ခိုက်မှု ထပ်ပေါ်ထွက်လာခဲ့ပြန်သည်။

အမှတ်တရ ဂုဏ်ကျက်သရေ၊ ကောင်းကင်သဲကွန်ရက်။ ပြည့်လျှံ မြစ်စမ်းရေ။

ဘုန်း ဘုန်းဘုန်း

သစ်သားခါးက အဆက်မပြတ် ထိမှန်နေလျှင် မာရှန်ခေါင်းပေါ်က ရွှေရောင်စာမျက်နှာများ အဆက်မပြတ် ပေါ်လာသည်။

ဘုန်း

မာရှန် မြေပေါ်သို့ လဲကျသွားပြီး ပြန်မတိုက်ခိုက်နိုင်တော့ပါ။

ဆွန်းမိုလည်း မတ်တပ်ရပ်ကာ အသက်ကို အမောတကော ရှူနေပြီး ခုနတုန်းက တိုက်ပွဲအကြောင်းကို ပြန်စဉ်းစားလိုက်သည်။ ရစ်ခွေနဂါး လုံကျင့်စဉ်သည် တကယ်ကို အံ့အောဖွယ့် ကောင်းလွန်းသည်။

အောင်ပွဲခံဒိုဂျို တစ်ခုလုံး ဆွံ့အနေကြသည်။ ကျောင်းသား တစ်ထောင်ကျော်လောက်သည် တိုက်ပွဲကွင်းပြင်ကို ငေးကြည့်ရင်း မှင်တက်နေကြသည်။ နောက်ဆုံး အကျော့ တိုက်ခိုက်မှုက အရမ်းမိုက်လွန်းသည်။

"အို ဘုရားရေ။ ဒါကို မှတ်တမ်း မတင်ထားလိုက်မိဘူး"

ကျောင်းသားတစ်ယောက်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူသည် တိုက်ပွဲထဲကို အရမ်းအာရုံရောက်နေသဖြင့် မှတ်တမ်းတင်ကျောက်တုံးကို ပုံစံမှန်အောင် မကိုင်ထားလိုက်မိပါ။

"ဟော့ မင်းရဲ့ မှတ်တမ်းတင်ကျောက်ကို ရောင်းပါလား"

ငွေဘယ်လောက်လောက် ပေးပေး သနားစရာကောင်းလောက်ကို ချက်ခြင်း အငြင်းခံလိုက်ရသည်။

"မရောင်းဘူး"

စကားပြန်ပြောတဲ့လူက မှတ်တမ်းတင် ကျောက်တုံးကို သုတ်လိုက်ပြီး ချက်ခြင်း သိမ်းလိုက်သည်။

(ဒီတိုက်ပွဲက အရမ်းကောင်းတယ်။ ကို့ဘာသာကိုယ် ကြည့်ဖို့ပဲ သိမ်းထားရမယ်)

"ဆရာဆွန်းရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်က အရမ်းမိုက်တာပဲ"

"ဆရာမာလည်း မဆိုးပါဘူး။ ရောနဂါး အများကြီးကို ပေါက်ကွဲထွက်လာစေတဲ့ ကျင့်စဉ်ကလည်း အရမ်းကို ထူးဆန်းလွန်းတယ်"

"အရမ်းရမ်းကို ကောင်းတယ်။ အရမ်းမိုက်လွန်းတယ်"

ကျောင်းသားများသည် အချင်းချင်း ဆွေးနွေးနေရင်း ပြင်းပြင်းထန်ထန် လက်ခုပ်တီးပြီး

အားပေးနေကြသည်။ လက်ဖဝါးတွေတောင် နီရဲနေသည်။

မာရှန်က ရှုံးနိမ့်သွားသော်လည်း သူ့ရဲ့ အရည်အချင်းက ညံ့တယ်လို့ ဘယ်သူမှ မထင်ကြပါ။ အဲဒီအစား သူ့ကို သနားနေကြသည်။ (မင်းအားနည်းတာမဟုတ်ဘူး။ ဆွန်းမိုကကို မတရား သန်မာလွန်းတာ)

မာရှန်သည် ကြမ်းပြင်ပေါ်တွင် လဲနေပြီး အံ့အောမှင်တက်နေသည်။

(ငါ ရှုံးသွားပြီလား။ ပြီးတော့ ငါ့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ တိုက်ကွက်ကလဲ ရှုံးသွားတယ်)

“ဆရာမှာ အဆင်ပြေရဲ့လား”

ဆွန်းမိုက ပြေးသွားပြီး နှိပ်နယ်ပေးလိုက်သည်။ မာရှန်သွေးတိတ်အောင် ကူညီပေးပြီးနောက် အရိုးတွေကို ချိတ်ဆက်ပေးလိုက်သည်။ အဲဒီ ရစ်ခွေနဂါးရဲ့ မြို့ချမှုက အစွမ်းထက်လွန်းသည်။

“ငါ.......အဟွတ်.......အဟွတ်........ရှုံးသွားတယ်”

မာရှန် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါလိုက်သည်။

"အနိုင်၊ အရှုံးဆိုတာ ပုံမှန်ပါပဲ။ နောက်တစ်ကြိမ်မှာ မင်းပြန်ပြီး အနိုင်ယူလို့ရတာပဲ"

ဆွန်းမိုက ပြုံးရင်း ပြန်ပြောသည်။ ထို့နောက် ဆွန်းမို ကိုယ်ပေါ်က ရွှေရောင်အလင်းများ တောက်ပလာသည်။

တန်ဖိုးဖြတ်မရတဲ့ မြတ်ဆရာ အရှိန်အဝါ။

"အမ်"

မာရှန် အံ့အောသွားသည်။

(တကယ်ကြီးလား။ မင်းက ငါ့ပေါ် မြတ်ဆရာအရှိန်ကိုတောင် သုံးနေတာလား။)

ဒါပေမယ့် ဆွန်းမို ဟန်ဆောင်နေတယ်လို့ မခံစားရပါ။ အဲဒီအစား သူ့အပေါ်ကို နည်းနည်းတောင် ကျေးဇူးတင်မိသေးသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်သည် လူတစ်ယောက်ရဲ့ စိတ်အခြေအနေ အရိုသားဆုံးဖြစ်မှသာ အသက်ဝင်လာနိုင်သည်။

ဆွန်းမိုက နှစ်သိမ့်ရုံ သက်သက်သာမဟုတ်ဘဲ သူရဲ့ တကယ့် ခံစားချက် ဖြစ်ကြောင်း ဖော်ပြနေသည်။

“ ဒီမှာ ဆရာဝန်ဆီ ခေါ်သွားလိုက်”

ဆွန်းမို အော်ခေါ်လိုက်လျှင် ကျောင်းသား ဆယ်ယောက်ကျော်လောက်က ပြေးလာကြသည်။

“ဆရာဆွန်း၊ ငါရှုံးသွားပြီ”

မာရှန်က မချိပြုံး ပြုံးပြီး ဆွန်းမိုရဲ့ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ပြီးခဲ့တဲ့ နှစ်က ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ရလဒ်ကို ဆိုးဝါးအောင် လုပ်ခဲ့မိတဲ့အတွက် ဒီနှစ် ပြန်ပေးဆပ်ဖို့ ဆုံးဖြတ်ထားခဲ့တယ်။ ဆရာဆွန်း၊ ငါ့မှာ ဒီလိုလုပ်ဖို့ အခွင့်အရေး မရှိတော့လို့ မင်းကိုပဲ အားကိုးရတော့မယ်"

ဒင်

မာရှန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၃၈၀/၁,၀၀၀)

"ငါ အကောင်းဆုံး ကြိုးစားမယ်"

ဆွန်းမိုက မာရှန်ရဲ့လက်ကို အားနဲ့ ပြန်ဆုပ်ကိုင်လိုက်သည်။

"ဆက်မပြောနဲ့တော့ ။ အနားယူလိုက်ပါ"

ဒင်

"မာရှန်ရဲ့ အသိအမှတ်ပြုပြီး လေးစားမှုကို ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလာဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမိုသည် ငွေရောင်သေတ္တာတစ်လုံးပေါ်လာတာ မြင်လိုက်လျှင် ရုတ်တရက် အရမ်း စိတ်လှုပ်ရှားသွားသည်။ ဒါမှ

လူကောင်းကွ။ သူသာ မာရှန်နေရာမှာသာဆို ဒီလောက် ပွင့်လင်းပြီး မရိုးသားနိုင်ပါ။ လက်စားခြေဖို့ပဲ သေချာပေါက် တွေးနေမိမည်။

ဆရာဝန်ရောက်လာလျှင် ဆွန်းမိုက မတ်တပ်ရပ်ပြီး လမ်းဖယ်ပေးလိုက်သည်။ ထို့နောက် လက်ချောင်းကို လှုပ်ပြီး ပတ်ဝန်းကျင်မှာ လွင့်ဝဲနေတဲ့ ရွှေရောင် စာရွက်များကို သိမ်းလိုက်သည်။ ချက်ခြင်း ပုံသန်းလာပြီး ရွှေရောင် စာအုပ် တစ်အုပ် ဖြစ်သွားသည်။

ဒင်

“ဆန်းကြယ်ကောင်းကင်အဆင့် ရစ်ခွေးနဂါး လှံကျင့်စဉ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ သင်မှာလား”

“မေးစရာ လိုသေးလို့လား”

ဆွန်းမို မျက်လုံး ပြူးသွားသည်။

“မြန်မြန် လေ့လာပါရစေ”

စာစဉ်(၂၁)

အခန်း(၃၀၅) - ပေါက်ကွဲထွက်လာတဲ့ ဂုဏ်သတင်း။

ကျင့်ကြံခြင်း ကျင့်စဉ်တွင် အဆင့်တစ်ခု ကွာခြားခြင်းသည် အလုံးစုံ ကွာဟမှုကို ဖြစ်ပေါ်စေသည်။

ရစ်ခွေနဂါး လုံကျင့်စဉ်သည် ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်သာ ဖြစ်သည်။ အရမ်းကောင်းပါသည်။ သို့သော်လည်း သဏ္ဍာန်မဲ့ မြင်မြတ်စကြ်ာဝဠာကျင့်စဉ်နဲ့ ယှဉ်ဖို့နေနေသာသာ တိုက်ပွဲအတွက် မရည်ရွယ်တဲ့ ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ထက်တောင် နိမ့်ကျနေသေးသည်။

သို့သော်လည်း ဒီကျင့်စဉ်က သင်ယူဖို့ မထိုက်တန်ဘူးလို့ မဆိုလိုပါ။

ရှန်ယွန်ပေါင်လို ဗီဇ အားကိုးတဲ့ တိုက်ခိုက်ရေးသမားများသည် ကျင့်စဉ် အများအပြားကို သင်ယူပါက သူတို့ရဲ့ဗီဇကို အနှောက်အယှက် ဖြစ်နိုင်သည်။

ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့အခါ ရန်သူရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကို ဂရုမစိုက်တတ်ကြပါ။ သူတို့က သူတို့ရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကိုသာ အားကိုးပြီး အရာခပ်သိမ်းကို ရက်စက် ကြမ်းကြုတ်တဲ့ စွမ်းအားဖြင့်သာ လွှမ်းခြုံထားလိမ့်မည်။

လီဇီချီလိုမျိုး ကျင့်ကြံသူ အမျိုးအစားလည်း ရှိသေးသည်။ လီဇီချီ၏ တိုက်ခိုက်ရေး စွမ်းရည်သည် အားနည်းသော်လည်း အရာများစွာကို လျှင်မြန်စွာ သင်ယူနိုင်ပြီး တစ်ပေါင်းတည်းလည်း အသုံးချနိုင်သည်။

ရန်သူနဲ့ ရင်ဆိုင် တိုက်ခိုက်ရတဲ့အခါ ပြိုင်ဘက်ရဲ့ တိုက်ကွက်ကို ချေမှုန်းရန် သင်ယူခဲ့သမျှ ကျင့်စဉ်တွေထဲကနေ အသင့်တော်ဆုံး တိုက်ကွက်များကို ထုတ်ယူ သုံးစွဲနိုင်သည်။

ဆွန်းမိုက နောက်ဆုံး အမျိုးအစား ဖြစ်သည်။ သူက သစ်သားဓါးကိုသာ အသုံးပြုသော်လည်း သဏ္ဌာန်မဲ့မြင့်မြတ် စကြ်ဝဠာကျင့်စဉ်နှင့် ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို မည့်သည့် လက်နက်မျိုးအစားနဲ့မဆို တွဲဖက်ပြီး အသုံးပြုနိုင်သည်။

လက်ဗလာနဲ့ တိုက်ခိုက်ရင်တောင် အားနည်းချက် မဖြစ်လာနိုင်ပါ။

သူက ကျင့်စဉ်အမျိုးအစား တော်တော်များများကို ကျွမ်းကျင်ပြီး ခွဲခြမ်းစိတ်ဖြာကာ အသုံးချနိုင်သည်။

ပြီတော့ ဆရာတွေက ပိုမိုကျယ်ပြန့်တဲ့ အသိပညာနှင့် ဗဟုသုတတွေ ရှိနေရန် လိုအပ်သည်။

ဒင်

"ရစ်ခွေနဂါး လုံ့ကျင့်စဉ်ကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - အခြေခံအဆင့်"

"ဒါကြောင့် ဒီလှုပ်ရှားမှုရဲ့ နာမည်က နဂါးတစ်ရာ မွေးဖွားခြင်း ဖြစ်နေတာပဲ၊ ဒါက ဖန်တီးမှု သဘောတရားပါဝင်တဲ့ နာမည်တစ်ခုပါ။

ကောင်းကင်ကို ကိုက်ခြင်း ရစ်ခွေနဂါးဆိုတဲ့ နာမည်က ကြမ်းတမ်းတဲ့ နာမည်ဖြစ်ပေမယ့်လည်း အဖျက်စွမ်းအင်က တည်ငြိမ်တယ်”

ဆွန်းမို သုတေသနပြုပြီးနောက် ဒါသည် ခွန်အားကို အလေးပေးတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခုဖြစ်ကြောင်း သိရှိခဲ့သည်။ လေဘုရင်နတ်ဘုရား ခြေလှမ်းလိုမျိုး လှုပ်ရှားခြင်း ကျင့်စဉ်ဖြင့် အားဖြည့်ပေးလိုက်ပါက ပေါက်ကွဲထွက်လာတဲ့ စွမ်းအားကို အကောင်းဆုံး အသုံးချနိုင်လိမ့်မည်။

တချို့ ကျင့်ကြံသူများ၏ သွက်လက်မှုသည် အားနည်းလှသည်။ ဒါပေမယ့် အားနည်းချက်ကို ဖြည့်ဆည်းဖို့ ထိပ်တန်း ကျင့်ကြံခြင်း ကျင့်စဉ်ကို သင်ယူနိုင်သောကြောင့် စိတ်ဓါတ်ကျစရာ မလိုပါ။

"စနစ် ငါ့ရဲ့ အားနည်းချက်က ဘာလဲ"

ဆွန်းမိုသည် သူ့ရဲ့ ကိုယ်ပိုင်အချက်အလက်များကို ကြည့်လို့မရပါ။ ဒါကြောင့် သူ့ကိုယ်သူ တိုင်းတာရန် ခက်ခဲလှသည်။

"အားနည်ချက် မရှိ"

စနစ်က ပြန်ဖြေသည်။

"တကယ်လား"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"ထုံးစံအတိုင်း ဒါက အတုယောင်ပဲ"

စနစ်ရဲ့အသံက အရှုးလုပ်တဲ့ ခံစားချက်နဲ့ ပြည့်နေသည်။

"ချီ"

တကယ်လို့သူသာ လူရှေ့သူရှေ့ မဟုတ်ပါက ဆွန်းမိုသည် မိုက်ရိုင်းထွားကျိုင်းတဲ့ အသုံးအနှုန်းများကို သုံးပြီး ဆဲနေမိလိမ့်မည်။

မာရှန်ကို ဆရာဝန်က သယ်ပိုးပြီး ပိုကောင်းတဲ့ ကုသမှုကို လုပ်ပေးနိုင်ရန် ဆေးရုံကို သယ်သွားခဲ့သည်။ ထို့နောက် ဆွန်းမိုလည်း ထွက်သွားလိုက်သည်။

ကျောင်းသားများသည် တိုက်ပွဲအကြောင်းကို စိတ်အားထက်သန်စွာ ဆွေးနွေးရင်း နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ အုပ်စုလိုက် ထွက်ခွာသွားကြသည်။ သူတို့မျက်နှာအမူအရာက ပွဲမကြည့်ရသေးတဲ့ ပုံစံ ဖြစ်နေသည်။

ကျောင်းသားတချို့သည် နောက်ကျမှ ပြေးလာကြသည်။ ထိုအချိန်တွင် ဒီနေရာမှာ ကျောင်းသားဆယ်ယောက်ကျော်သာ ရှိနေတော့သည်။

“အမ်။ ဆရာဆွန်းနဲ့ ဆရာမတို့ တိုက်ပွဲရှိတယ်လို့ တစ်ယောက်ယောက်က ပြောခဲ့တာ မဟုတ်ဘူးလား။ သူတို့ ဘယ်မှာလဲ”

“မြန်မြန်ဟေ့။ နောက်ထပ် ကျောင်းသားတွေ မလာခင် နေရာကောင်းကောင်း ယူထားကြရအောင်။

ရှေ့ဆုံးထိုင်ခုံ ယူသင့်တယ်။ ဒါမှ မြင်ကွင်းကောင်းပြီး ရှင်းရှင်းလင်းလင်း ကြည့်လို့ရမှာ”

“မင်းတို့ဘာတွေ အလျှင်လိုနေတာလဲ။ ဒီမှာ လူနည်းနည်းလေးပဲ ရှိသေးတယ်”

“မင်းဘာသိလို့လဲ။ ဆရာဆွန်းက အရမ်းနာမည်ကြီးတယ်။ နောက်ကျရင် သူရဲ့နှစ်ယောက်တည်း တိုက်ပွဲကို ကြည့်ဖို့ ကျောင်းသားတွေ အများကြီး ရောက်လာကြလိမ့်မယ်။”

ကျောင်းသားတချို့ကတော့ တံခါးဝ အပေါက်ဝကနေ ချောင်းကြည့်နေကြသည်။ တချို့က နေရာကောင်းကောင်း လိုချင်၍ ပွဲကြည့်စင်ကို တန်းလျှောက်သွားသည်။

“အငြင်းပွားနေတာတွေ ရပ်လိုက်တော့။ တိုက်ပွဲက ပြီးသွားပြီ”

အစောပိုင်းတုန်းက တိုက်ပွဲကို ကြည့်ခဲ့ရတဲ့ ဆံပင်တိုတိုနဲ့ ကျောင်းသားတစ်ယောက်က ရုတ်တရက် စကားပြောလာသည်။

“ပြီးသွားပြီ ဟုတ်လား”

ကျောင်းသားများ မျက်နှာပေါ်တွင် အံ့အောသင့်တဲ့ အမူအရာ ပေါ်လာသည်။

"အတန်းပြီးတာနဲ့ တိုက်ခိုက်ကြမယ် ထင်နေတာ။ အတန်းပြီးတဲ့အချိန်နဲ့ ဘယ်လောက်ကွာသေးလို့ လဲ"

(နောက်တစ်ချိန် အတန်းတက် ခေါင်းလောင်းသံ ထွက်ပေါ်လာတဲ့အချိန်တွင် အတန်းချိန် နှစ်ခုကြားတွင် ဆယ်မိနစ်လောက်သာ ခြားနားသည်။ ဆွန်းမိုက အဲဒီအချိန်တွင်းမှာ အင်းအားကြီးတဲ့ စီနီယာကို အနိုင်ယူခဲ့တာလား။)

အခုမှ ရောက်လာတဲ့ ကျောင်းသားတွေက

“မင်း နောက်နေတာလား။ ငါတို့ကို စနေတာ မဟုတ်လား”

ဆံပင်တိုတိုနဲ့ ကျောင်းသားကို ပြန်စိုက်ကြည့်ရင်း မေးလိုက်သည်။

“ ဆရာဆွန်း ငါးမိနစ်ပဲ အချိန်ယူပြီး တိုက်ပွဲကို အဆုံးသတ်ခဲ့တယ်”

ဆံပင်တိုတိုနဲ့ ကျောင်းသားသည် သူတို့ရဲ့ ကံဆိုးမှုအတွက် နည်းနည်း အူမြူးနေသည်။

"မင်းတို့ကို ပြောလိုက်အုံးမယ်။ အရမ်းကောင်းတဲ့ တိုက်ပွဲတစ်ခုပဲ။ မင်းတို့တွေ အဲဒါကို မကြည့်လိုက်ရတာက ကြီးမားတဲ့ ဆုံးရှုံးမှုပဲ"

"ငါးမိနစ် ဟုတ်လား"

ကျောင်းသားများသည် ရုတ်တရုတ် သဘောပေါက်သွားသည်။ သင်ကြားရေး အဆောက်အဦးကနေ ဒီကို ခပ်မြန်မြန်လာတဲ့ အချိန်ကို နှုတ်လိုက်လျှင် တိုက်ပွဲတစ်ခု မြန်မြန်ပြီးသွားပြီး အမှန်တကယ် အနိုင်ရသူကို ဆုံးဖြတ်ရန် အချိန် ငါးမိနစ်သာ လိုအပ်သည်။

၁၁၃

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၂၆၁မှတ် ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

ကန်တင်းကိုသွားတဲ့ လမ်းတစ်လျှောက်တွင် ဆွန်းမိုသည် လေးစားအထင်ကြီးမှု အမှတ်လှိုင်းလုံးကြီးနဲ့ ကြုံတွေ့နေရသည်။

ဆွန်းမိုသည် မကြာခင်တွင် တိုက်ပွဲကို ကြည့်ခဲ့တဲ့ ကျောင်းသားများက ပြန်ဖြန့်ဝေလို့ အမှတ်များ ရလာတဲ့ကြောင်းကို ခန့်မှန်းမိသွားသည်။

ဆွန်းမိုသည် နာမည်မရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်တော့ပါ။ သူ့ရဲ့ ကျော်ကြားမှုက အရမ်းကြီးမြင့်နေပြီ။ ပြီးတော့ သူ့ရဲ့ အောင်မြင်မှုများက ကျောင်းသားများကို သူ့အား အသိအမှတ်ပြု လေးစားလာစေသည်။

ကျော်ကြားမှုသည် နောက်ဆုံးတွင် ဆက်တိုက် အောင်မြင်မှုအပေါ် မူတည်ပြီး တဖြည်းဖြည်းနဲ့ ကျော်ကြားလာခဲ့သည်။ ကျောင်းသားတွေ မပြောနဲ့ ကန်တင်းမှာ ဆရာတွေတောင် ဆွန်းမိုကို မခန့်လေးစား မလုပ်ရဲကြတော့ပါ။

တစ်ချို့ဆို သူတို့ဘက်က စပြီး နှုတ်ဆက်ခဲ့ကြသေးသည်။

ဒီရက်ပိုင်းအတွင်းတွင် ကျန်ဟန်ဖူသည် ကျောင်းဝန်းအတွင်း လမ်းလျှောက်နေစဉ် ကျောင်းသားများနှင့် ဆရာများက လိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိအောင် ဆွန်းမိုက အဖွဲ့ကို ဘယ်လိုဦးဆောင်မည့် အကြောင်းများ ဆွေးနွေးနေတာကို ကြားနေရသည်။ ကျန်ဟန်ဖူသည် သေလုနီးပါး ဒေါသထွက်နေခဲ့ရသည်။ ‘စီ’အဆင့်ကို တက်မယ် ဟုတ်လား။

"သတင်းကြားမိသေးလား။ ဆွန်းမိုက မာရှန်ကို အနိုင်ယူခဲ့တယ်တဲ့"

"ဆွန်းမို ဒဏ်ရာရခဲ့သေးလား။ စာရင်းမှာ ပါဝင်တဲ့ ဆရာတွေရဲ့နာမည် အပြောင်းအလဲ ရှိသေးလား"

ဆရာတချို့က မျှော်လင့်နေကြသည်။ အရင်တုန်းကတော့ သူတို့သည် အုပ်စုကို ဦးဆောင်ရန် အရည်အချင်း မပြည့်မှီကြသေးပါ။ သို့သော်လည်း မာရှန်နှင့် ဆွန်းမိုတို့ နှစ်ယောက်စလုံး

ဒဏ်ရာရသွားရင် ရေကန်မှာ ရေကုန်သွားသကဲ့သို့ တံငါးသည်များက အကျိုးရှိသွားနိုင်သည်။

"အိပ်မက် မက်နေတာ တော်လိုက်တော့။ ဆွန်းမိုက ပြတ်ပြတ်သားသားကို အောင်ပွဲခံသွားတယ်။ ပြီးတော့ ဒဏ်ရာလည်း လုံး၀ မရခဲ့ဘူး။ မင်းအတွက်ဆိုရင် ကျောင်းမှာ ဆက်နေပြီး သူတို့ကို အားပေးနေသင့်တယ်"

"မဖြစ်နိုင်ဘူး။ မဟုတ်လား။ ငါမှတ်မိတာ မမှားရင် မာရှန်က သွေးလောင်ကျွမ်းခြင်း

အဆင့်(၆)ပါ။ ဒါတောင် ဆွန်းမိုက မြန်မြန်ဆန်ဆန်နဲ့ အနိုင်ရ သွားသေးတာလား”

“သူလည်း အဆင့်(၅) ရောက်နေပြီ”

မနှစ်က ကျောင်းမှာ အလုပ်ဝင်ခဲ့ကြတဲ့ ဆရာတွေ ဆွေးနွေးနေကြသည်။ ဒါကြောင့် သူတို့အားလုံးသည် ကျောင်းကို ကိုယ်စားပြုရန် အရည်အချင်း မှီနေကြသည်။

ဒါပေမယ့် ဝမ်းနည်းစရာ ကောင်းတာက မနှစ်တုန်းကလဲ မာရှုန်ကို မနိုင်ခဲ့ကြပါ။ အခုတော့ ဆွန်းမိုထက်ပင် နှိမ့်ကျနေသေးသည်။ ဒီအကြောင်းကို

ပြောရင်း သူတို့အသံထဲတွင် စိတ်ပျက်မှုနဲ့ မနာလိုစိတ်များ ပြည့်နေသည်။ သူတို့ ကြိုးစားရင်တောင် ဆွန်းမိုကို မမှီနိုင်ပါ။ နောက်ဆုံးတော့ သူတို့ရဲ့ ခံစားချက်သည် အားငယ်မှုဘက်သို့ ရောက်သွားသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ပါရမီရှင်များသည် အခြားသူများကို စိတ်ပျက်အားငယ်စေသည်။

ကျန်ဟန်ဖူ မကျေမနပ် ဖြစ်လာသည်။ ချက်ခြင်းဆိုသလို လမ်းလျှောက်သွားပြီး

အကြောင်းပြချက်ရှာကာ သူတို့ကို ဆုံးမဖို့ ဆုံးဖြတ်လိုက်သည်။

“ကျန်ဟန်ဖူပဲ သူ့ကို နှုတ်ဆက်ရအောင်”

“မင်းပဲ နှုတ်ဆက်လိုက် သွားရအောင်”

အဲဒီနေရာမှာရှိနေတဲ့ ဆရာအနည်းငယ်သည် ကျန်ဟန်ဖူကို မြင်လိုက်လျှင် အလျှင်အမြန် ထွက်သွားကြသည်။

ကျန်ဟန်ဖူရဲ့ မျက်နှာအမူအရာသည် ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ ဒီကောင်တွေက စကားပြောတဲ့အခါ သူ့ရဲ့ နာမည် အပြည့်အစုံကို

ခေါ်ပြီး ပြောနေကြသည်။ ဘယ်လောက်တောင် စိတ်ပျက်ဖို့ ကောင်းလိုက်သလဲ။

ဒါပေမယ့် ပိုပြီး ဒေါသထွက်ဖို့ကောင်းတာက သူ့ကို နှုတ်ဆက်ဖို့တောင် စိတ်မပါကြပါ။ ဒီလိုမျိုး အရင်က လုံးဝ မဖြစ်ခဲ့ဖူးပါ။

ဆွန်းမို ရောက်လာပြီးနောက် အရာအားလုံး ပြောင်းလဲလာခဲ့သည်။

အခုတော့ ဆွန်းမိုနှင့် ကျန်ဟန်ဖူသည် အဖွဲ့ကွဲနေကြတယ်ဆိုတာ ကျောင်းက ဆရာများ အားလုံး သိနေကြသည်။ နောက်ဆုံးကျရင်

တစ်ယောက်ယောက်ကတော့ သေချာပေါက် ထွက်ပြေးရလိမ့်မည်။ အရင်တုန်းကဆိုရင်တော့ ဘယ်သူကမှ ဆွန်းမိုကို စဉ်စားကြမှာ မဟုတ်ပါ။ နောက်ဆုံးတွင် သူ့ရဲ့ ကျောထောက် နောက်ခံဖြစ်တဲ့ အန်ရှီဝေတောင် ကျန်ဟန်ဖူကို မကိုင်တွယ်နိုင်ပါ။

ဒါပေမယ့် ဆွန်းမိုက အန်ရှီဝေကို အားကိုးစရာ မလိုဘူးလို့ ဘယ်သူမှ မထင်မှတ်ထားခဲ့ပါ။ သူကိုယ်တိုင်က ကျောထောက်နောက်ခံ လုပ်လို့ရအောင် သန်မာနေသည်။ နတ်ဘုရားလက်နှင့် သန်မာတဲ့

အရည်အချင်းများကြောင့် သူ့ရဲ့ အခြေခံအုတ်မြစ်သည် ခိုင်မာလွန်းသည်။ အခုလည်း တိုက်ပွဲတစ်ခုတွင် မာရှန်ကို အနိုင်ယူပြီး သူ့ရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်ရေး စွမ်းရည်ကို ပြသခဲ့သည်။

ပြီးတော့ ဆွန်းမိုသည် အသက် ၂၀ သာရှိသေးသည်။ ဒီလိုမျိုး ဆရာတစ်ယောက်သည် မထင်မှတ်ထားတဲ့ အဖြစ်အပျက်မျိုးသာ မရှိခဲ့လျှင် သူ့ရဲ့ အနာဂတ် ကြယ်ပွင့်အဆင့်သည် သေချာပေါက် ကျန်ဟာန်ဖူထက် မြင့်လိမ့်မည်။

အရှုံးတစ်ယောက်တောင် ဘယ်ဘက်ကို ရင်းနှီးမြှုပ်နှံရမလဲ သိသည်။

စီမံအုပ်ချုပ်မှုတွင်လည်း ဆွန်းမိုသည် ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူးအဖြစ် အရမ်းကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့သည်။ သူသည် မရှိးသားတဲ့ ကုန်သည်များကို ကိုင်တွယ်ပြီး ကျောင်းရဲ့ ဘဏ္ဍာရေး အကျပ်အတည်းများကို ကိုင်တွယ်ထားခဲ့သည်။

မင်းအတွက်ကတော့ ကျန်ဟန်ဖူရေ တတ်နိုင်သမျှ အဝေးထွက်ပြေးတာ အကောင်းဆုံးပဲ။

အရွယ်ရောက်တဲ့ လူတိုင်းတွင် သူတို့ရဲ့ အနာဂတ်ကို ထည့်မစဉ်းစားတဲ့ လူရှိလို့လား။

ဘောပဲ

ဘောပဲ

ကျန်ဟန်ဖူသည် အရမ်းဒေါသထွက်ပြီး ပန်းခင်းကို ပြေးကန်လိုက်သည်။ ဒါတွေအားလုံးက ဆွန်းမို အမှားကြောင့်ပဲ။ ဒီကောင် ဒီနေ့ရက်များတွင် လက်မခံနိုင်လောက်အောင် ကြီးထွားလာခဲ့သည်။

(ပြီးတော့ ကျန်ကွမ်လင်။ မင်းရော ဘာလုပ်နေတာလဲ)

ကျန်ဟန်ဖူသည် သူ့ရဲ့သားကို အတွေ့အကြုံရအောင် ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်စေချင်ခဲ့သည်။ သို့သော် သူ့သားက အမှောင်တိုက်ကြီးကနေ မပြန်လာသေးပါ။

ပိုင်ဝမ်လီ၏ ဦးဆောင်မှု အောက်တွင် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များကို လိုက်လံရှာဖွေ ခဲ့ကြတဲ့ အခြားဆရာများ ပြန်ရောက်လာကြပြီ။ ကျန်ကွမ်လင်နဲ့ ရီဂျီမင်တို့နှစ်ယောက်က ပြန်မလာသေးပါ။

“မင်းတို့နှစ်ယောက် အမှောင်တိုက်ကြီးမှာ သေသွားပြီလား”

ကျန်ဟန်ဖူသည် အဲဒီစကား ပြောပြီးနောက် သူ့ပါးကို သူပြန်ရိုက်လိုက်သည်။ ဒီလို နမိတ်မကောင်းတဲ့ စကားတွေကို မပြောသင့်ပါ။

သို့သော်လည်း သူ့စိတ်ထဲတွင် ပူပန်မှုများ တိုးလာနေသည်။ ဒီရက်ပိုင်းတွင် ဆံပင်တွေ ကျဲလာခဲ့သည်။ အမှန်တကယ် ထိပ်ပြောင်ဖို့ လက်တစ်ကမ်းသာ လိုတော့သည်။

အိမ်ထဲတွင် ဆွန်းမိုသည် ပန်းအိုးတစ်ခုပေါ်မှာ ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲနေစဉ် ရုတ်တရက် တံခါးခေါက်သံ ပေါ်လာသည်။

တံခါးကို ဖွင့်လိုက်လျှင် ကူရှုပ်ရှင်းကို မြင်လိုက်ရသည်။

"ပြန်လာပြီးလား"

ဆွန်းမိုက ပြုံးပြီး ကူရှုပ်ရှင်းကို ဧည့်ခန်းထဲ ခေါ်သွားသည်။

"မင်းရဲ့ ရိတ်သိမ်းမှု အခြေအနေက ဘယ်လိုလဲ"

"မပြောနဲ့တော့ဟော့။ ရက်ကြာကြာ လိုက်ရှာတာတောင် ဘာမှ မရခဲ့ဘူး"

ဒါကို ပြောလိုက်ပြီးနောက် ကူရှုပ်ရှင်းသည် ရင်ပြည့်သလို ခံစားသွားရသည်။

"ဟီးဟီး"

ဆွန်းမိုသည် ကူရှုပ်ရှင်းအား လက်ဖက်ရည်တစ်ခွက် ကမ်းပေးရင်း စိတ်ထဲကနေ "ငွေကလေး"က ငါနဲ့ စာချုပ်ချုပ်ပြီး မဟာမိတ်ဖြစ်နေပြီ။ မင်းက သူ့ရဲ့ အရိပ်ကို မြင်ရလျှင်တောင် တော်တော် ထူးဆန်းနေပြီ။

"ကြည့်ရတာတော့ အခုလောလောဆယ် မင်းအရမ်းအဆင်ပြေနေတဲ့ ပုံပဲ"

ကူရှုပ်ရှင်းက ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"ဒီအိမ်က မဆိုးဘူး။ ဒီလို နေနိုင်ဖို့ကလဲ ငါရဲ့ အိပ်မက်ပဲ"

ကူရှုပ်ရှင်းရဲ့ မျိုးနွယ်သည် မချမ်းသာပါ။ ငယ်စဉ်ကတည်းကပင် သူများ အိမ်မှာ သွားနေခဲ့ရသည်။ ပရဟိတ အကူအညီကို အားကိုးရင်း

အသက်ရှင်ခဲ့ရတယ်လို့ ပြောနိုင်သည်။ ပညာသင်ဆုရပြီးမှသာ ပြောင်းပြီး နေနိုင်ခဲ့သည်။

"မနက်ဖြန်က စပြီး ငါသည် လူပျော်တစ်ယောက် ဖြစ်လာမည်"

"မြင်းတွေကို အစာကျွေးမယ်။ ထင်းခုတ်မယ်။ ကမ္ဘာပတ်မယ်"

"မနက်ဖြန်က စပြီး မျိုးစေ့တွေနဲ့ အသီးအရွက်တွေကို ဂရုစိုက်မယ်"

"ငါ့ရဲ့ အိမ်က ပင်လယ်နဲ့ မျက်နှာခြင်းဆိုင်နေပြီး ပန်းတွေနဲ့ နွေးထွေးမယ်"

ဆွန်းမိုက ပြုံးရင်း ရွတ်ဆိုလိုက်သည်။ မကြာသေးခင်က သူ့ရဲ့ အိပ်မက်ကလည်း အိမ်တစ်ခုရှိဖို့ဆိုတာ မှတ်မိနေသေးသည်။ အိမ်က ကြီးကျယ်ဖို့ မလိုသော်လည်း နွေးထွေးပြီး သက်တောင့်သက်သာ ရှိနေရမည်။ ဆိုဖာနှင့် အိပ်ယာသည် ဈေးကြီးစရာမလိုဘဲ သန့်ရှင်းနေရမည်။

ကူရှုပ်ရှင်း၏ မျက်လုံးများ တောက်ပလာသည်။ စာသားတွေက မဆိုးပါ။ သူတို့အတွက် တိကျတဲ့ ကဗျာက ဆွဲဆောင်မှုရှိသည်။ ဆွန်းမိုက တကယ်ကို လူယဉ်ကျေးတစ်ယောက်ပါ။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၃၀ ။ ရင်းနှီး(၆၁၀/၁,၀၀၀)

ဆွန်းမိုက နာကျင်မှု တပ်မက်သူလေးကို တစ်ချက်ကြည့်လိုက်သည်။ (ဒီလိုကိစ္စအတွက်လည်း လေးစားအထင်ကြီးမှုအမှတ်တွေကို ပေးတာပဲလား။ ဒီလိုဆိုရင် ရင်ဘက်တက်တူးနဲ့ သင်းကွဲဌက်ကဗျာတွေကို ရွတ်ဆိုလိုက်လျှင် ချက်ခြင်းတောင် အဝတ်အစား ချွတ်ပေးပြီး ငါ့အတွက် မင်းကိုယ်မင်း ပေးဆပ်မလားဘဲ။

သူတို့နှစ်ယောက် စကားသိပ်မပြောရသေးခင် ညှော့သည် တစ်ဦးရောက်လာသည်။

"ဦးလေး ကျွန့် ဘာဖြစ်လို့ ဒီကို ရောက်လာတာလဲ"

ဆွန်းမို အံ့အောသွားသည်။

"ကျေးဇူးပြုပြီး အထဲဝင်ပါ"

"မနက်ဖြန်ကျရင် မင်းတို့ လိဂ်ပြိုင်ပွဲ ဝင်ပြိုင်ကြမယ် ကြားလို့ အလည်လာခဲ့တာပဲ"

ကျန့်ချင်ဖန်က အိမ်ထဲဝင်လာရင်း ပြောလိုက်သည်။ သူ့နောက်တွင် အသက် ၁၆နှစ်ခန့်ရှိတဲ့ မိန်းကလေး နှစ်ယောက် လိုက်လာသည်။ သူမတို့ရဲ့ပုံစံက လန်းဆန်းဖြူစင်ပြီး လှပ လှသည်။

ချင်လင်တွင် သွယ်လျှတဲ့ ပုံစံက ရေပန်းစားသည်။ အခြားတစ်ဖက်တွင်မူ ရင်သားနှင့် တင်ပါးကြီးတဲ့ မိန်းကလေးများက ဒီလောက် ရေပန်းမစားကြပါ။

စာစဉ်(၂၁)

အခန်း(၃၀၆) - ဇီမ်ခံ လက်ဆောင်တစ်ခု။

ဆွန်းမိုက ကျန့်ချင်ဖန်ကို ညှော့ခန်းသို့ ဖိတ်ခေါ်သွားသည်။

ကူရှုပ်ရှင်းက လေးစားမှုကို ပြသရန် အမြန်ထရပ်လိုက်သည်။ ကျန့်ချင်ဖန်သည်

မြတ်ဆရာလောကတွင် ဩဇာကြီးမားခြင်း မရှိပါ။ သူက တန်နိုင်ငံ ဘုရင်မင်းမြတ်၏ ရုံးတော်တွင် လေနှင့်မိုးကို ဆင့်ခေါ်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။

"ဆရာကူ အရမ်းယဉ်ကျေးနေစရာ မလိုပါဘူး"

ကျန့်ချင်ဖန်က ထိုင်ချပြီးနောက် ပြုံးရင်း ပြန်ပြောသည်။

"ကောင်မလေးတွေ လာကြ။ ဆရာဆွန်းမိုကို ဂါရဝ ပြုကြပါအုံး"

မိန်းကလေးနှစ်ယောက်သည် ခေါင်းငုံ့ပြီး ရှေ့တိုးလာကာ ဆွန်းမိုကို အရိုအသေ ပေးလိုက်သည်။

"ကျွန်မ ရှာဟီနှင့် ဒေါင်ဟီက ဆရာဆွန်းကို ဂါရဝ ပြုပါတယ်"

မိန်းကလေးနှစ်ယောက်၏ အသံသည် နွေဦးပေါက်ရာသီတွင် ပွင့်သောပန်းများလို နူးညံ့လှသည်။

"မင်းတို့နှစ်ယောက် အရမ်းယဉ်ကျေးနေပြီ"

ဆွန်းမိုရဲ့ အပြုံးက နေရောင်ခြည်လို နွေးထွေးလှသည်။ မူလက စိုးရိမ်နေကြတဲ့

မိန်းကလေးနှစ်ယောက်ရဲ့ စိတ်သည် အနည်းငယ် အေးသွားသည်။

သူမတို့နှစ်ယောက်ရဲ့ အနာဂတ် ကံကြမ္မာနဲ့ ပက်သက်ပြီး သခင်းကြီးဆီက ကြားခဲ့ရသည်။ ဒီဆရာထံ လက်ဆောင် ပေးလိမ့်မည်။

ဒီမိန်းကလေးနှစ်ယောက်သည် ငယ်ငယ်တုန်းက မိဘများရဲ့ ရောင်းစားခြင်း ခံခဲ့ရသည်။ နောက်ဆုံးတွင် သူမတို့သည် လှပသောကြောင့် ကျန့်မျိုးနွယ်က ပြန်ဝယ်ခဲ့သည်။

အမှန်တိုင်းပြောရလျှင် ဒီမိန်းကလေးနှစ်ယောက်က မူလဇစ်မြစ်အတွက် ဝမ်းနည်းစရာလို့ မခံစားခဲ့ရပါ။ အနည်းဆုံးတော့ သူမတို့ ဗိုက်ပြည့်နေပြီး ဝတ်ဖို့ အနွေးထည်ကို ကျန့်မျိုးနွယ်က ထုတ်ပေးထားခဲ့သည်။ သူမတို့သည် စာရေးတတ်၊ ဖတ်တတ်ရုံသာမက စာအုပ်ဖတ်ပြီး စစ်တုရင်တောင် ဆော့ကစားနိုင်ကြသည်။

ကျွန်များထဲမှာမှ အထူးချွန်ဆုံးနှင့် အလှဆုံး မိန်းကလေးများအနေနဲ့ သူမတို့ရဲ့ အနာဂတ်ကို သိထားပြီးသား ဖြစ်သည်။ သူမတို့သည် မျိုးနွယ်

သခင်၏ ကိုယ်လုပ်တော် ဖြစ်လာပြီး ကလေးမွေးပေးနိုင်လျှင် အရာအားလုံး လုံခြုံစိတ်ချသွားရမည်။

ကလေးမဟုတ်သေးဘူး။ ယောကျ်ားလေး ဖြစ်ရမည်။ ဒါမှသာ သူမတို့နှင့် သားသမီးများသည် ပျော်ရွှင်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ရလိမ့်မည်။

ဒါပေမယ့် ကောင်မလေးနှစ်ယောက်သည် မျိုးနွယ် သခင်တွေရဲ့ ကိုယ်လုပ်တော်ဖြစ်ဖို့ စိတ်ကူးယဉ်နေတဲ့ အချိန်တွင် သခင်ကြီးက ဆင့်ခေါ်ပြီး ဒီဆရာထံကို

ပေးချင်နေသည်။ အစွမ်းကုန်ကြိုးစားပြီး ကောင်းကောင်း ဝန်ဆောင်ပေးရမယ်လို့လဲ ပြောခဲ့သည်။

အမှန်တိုင်းပြောရလျှင် ဒီမိန်းကလေး နှစ်ယောက်သည် အဲဒီသတင်းကို ကြားလိုက်ရတော့ မိုးကြိုးပစ်ချ ခံလိုက်ရသလို ဖြစ်သွားသည်။ သူတို့ ပိုင်ရှင်အသစ်က အရမ်းရုပ်ဆိုးပြီး ဆင်းရဲတဲ့သူတစ်ယောက် ဖြစ်နေရင်ရော။ အနာဂတ်မှာ ဘယ်လိုဆက်ပြီး နေထိုင်ရမလဲ။

ဒီမိန်းကလေးနှစ်ယောက်သည် အရမ်းထက်မြတ်လွန်းသည်။ သူမတို့ သခင်ကြီး စကားထံမှ တချို့အရာများကို ခန့်မှန်းနိုင်ခဲ့ကြသည်။ သူမတို့ရဲ့ ပိုင်ရှင်အသစ် ဆရာသည် မြတ်ဆရာတစ်ယောက် မဟုတ်ပါ။

ဆရာနှင့် မြတ်ဆရာကြားတွင် အဆင့်အတန်း ကွာခြားမှုက ကြီးမားလွန်းသည်။

ပြီးတော့ မြတ်ဆရာဖြစ်ရင်တောင် ကြယ်သုံးပွင့်နှင့် အထက်အဆင့်ရှိမှ ကျန့်မျိုးနွယ်စု သခင်နဲ့ အဆင့်အတန်းခြင်း တူညီနေလိမ့်မည်။

ဒါပေမယ့် ဒေါင်ဟီက အနည်းငယ် ပိုတွေးဖြစ်ခဲ့သည်။ သခင်ကြီး ကျန့်သည် ဖြောင့်မတ်တဲ့သူ ဖြစ်ပြီး စကားများများ ပြောခြင်း ဒါမှမဟုတ် ပြုံးပြရတာကို မကြိုက်ပါ။ ဧည့်သည်တွေကို ဧည့်ခံရတာ မုန်းတီးတဲ့အတွက် သူ့ရဲ့အဆင့်အတန်းအရ သူဆီက လက်ဆောင်ရဖို့ အဆင့်မှီတဲ့သူက အနည်းငယ်သာ ရှိသည်။ အရင်တုန်းကလဲ သခင်ကြီးသည် တစ်ခါမှ လက်ဆောင် မပေးဖူးပါ။

သို့သော်လည်း သခင်ကြီး ဒီဆရာအတွက် ခြွင်းချက်တစ်ခု ပြုလုပ်ပြီး အဖိုးတန်တဲ့ မိန်းကလေးနှစ်ယောက်ကိုပင် ပေးခဲ့သည်။

"သခင်ကြီးက အရမ်းလေးစားရတဲ့ ဆရာတစ်ယောက်ဆိုရင် သူ့ရဲ့ အဆင့်အတန်းက မနိမ့်ကျနိုင်ဘူး"

ဒေါင်ဟီသည် ဆွန်းမိုကို တိတ်တဆိတ် အကဲခတ်နေသည်။

သူ့ရဲ့ အရည်အချင်းနဲ့ စိတ်နေသဘောထားကို အသာထားလိုက်အုံး ရုပ်ရည်ကကို အရမ်းချောလွန်းသည်။

သူနဲ့အတူနေပြီး သက်တောင့်သက်သာဖြစ်တဲ့ ဘဝတစ်ခု မရလျှင်တောင် အနည်းငယ် စတေးနိုင်ပါသေးသည်။

ဒါကိုတွေးပြီးနောက် ဒေါင်ဟီရဲ့ နှလုံးသား အနည်းငယ် ပျော့ပြောင်းသွားသည်။

အမျိုးသမီးများသည် ရုပ်ရည်နဲ့ အကဲဖြတ်တတ်တဲ့ သတ္တဝါများ ဖြစ်သည်။ သူမတို့က

လူတစ်ယောက်ရဲ့ ရုပ်ရည်ကို ဂရုမစိုက်ကြောင်း ပြောတတ်ကာ အကျင့်စရိုက်နဲ့ စာရိတ္တကို အလေးပေးပြီး ပြောတတ်ကြသည်။ ဒါပေမယ့် သူမတို့လိုချင်တဲ့ ရုပ်ရည်နဲ့ မကိုက်ညီဘူးဆိုလျှင် မင်းရဲ့ ဖြစ်တည်မှုကို ဆက်ပြီး လေ့လာမှာ မဟုတ်တော့ပါ။

"သူရုပ်ချောတာ ဘာလုပ်လို့ရမှာလဲ။ စားပွဲပေါ် တင်ပြီး စားလို့ရမလို့လား"

ရှာဟီ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခုရှိနေသောလည်း စိတ်ထဲမှာတော့

မပျော်မရွှင်ဖြစ်နေသည်။ သူမရဲ့ ရည်မှန်းချက်က ကျန့်မျိုးနွယ် သခင်လေးရဲ့ အငယ်အနှောင်း တစ်ယောက်ပဲ ဖြစ်ချင်သည်။ ဒါက ဘာကြီးလဲ။ ဆရာတစ်ယောက်ရဲ့ နောက်ကို လိုက်ရမှာလား။

"ဦးလေးကျန့် ကျေးဇူးပြုပြီး အရင်ထိုင်ပါ။ လက်ဖက်ရည်လည်း သောက်ပါအုံး"

ဆွန်းမို ပြောပြီးနောက် ဒေါင်ဟီသည် ချက်ခြင်း ရှေ့တိုးသွားသည်။

"လက်ဖက်ခြောက် ဘယ်မှာလဲ။ လက်ဖက်ရည် ပြင်ပေးပါမယ့်။ သခင်ကြီးကျန်ဆီမှာ နေထိုင်တုန်းက အကြောင်းအရာတွေ အများကြီး သင်ယူခဲ့ပါတယ်"

ရှာဟီသည် ဒေါင်ဟီကို ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ဆွန်းမိုကို စော်ကားသလို ဖြစ်သွားလား။ မသွားလားဆိုတာ သူမ ဂရုမစိုက်ပါ။ ဘယ်လိုပဲပြောပြော စော်ကားသလို ဖြစ်သွားလျှင် ပိုကောင်းသေးသည်။ သူ့ဆီမှာ လုံးဝ မနေချင်ပါ။

"အဆင်ပြေပါတယ်။ အမျိုးသမီး ဒေါင်ဟီ။ ကျေးဇူးပြုပြီး ထိုင်ပါ"

ဆွန်းမိုသည် ချင်လင်တွင် တစ်နှစ်ခွဲလောက် နေထိုင်ခဲ့သော်လည်း အရင်ကမ္ဘာတွင် အနှစ်နှစ်ဆယ်လောက် နေထိုင်ခဲ့တဲ့ ယဉ်ကျေးမှုများက သူ့ရဲ့ စရိုက်ထဲတွင် စွဲမြဲနေသည်။ သူရဲ့စိတ်ထဲတွင် ဒေါင်ဟီကို သူ့ထက် အဆင့်အတန်းနိမ့်တဲ့ ကျွန်တစ်ယောက်လို့ တစ်ခါမှ မခံစားမိပါ။ ဆွန်းမိုရဲ့ စကားသံကို ကြားလျှင်

ဒေါင်ဟီ၏ လက်သည် ပြင်းထန်စွာ တုန်ယင်သွားသည်။

ကျန်နို့မျိုးနွယ်က သူမတို့ကို ကောင်းမွန်စွာ ဆက်ဆံခဲ့ပေမယ့်လည်း အဆင့်အတန်းတော့ ခွဲခြားသေးသည်။

ကျွန်တွေကြားထဲတွင် သခင်ကြီး အယုံကြည်ဆုံးဖြစ်တဲ့ ဘဏ္ဍာထိန်းက အဆင့်အတန်း အမြင့်ဆုံး ဖြစ်သည်။ နယ်ပယ်အသီးသီးမှာလည်း အဆင့်အတန်းတွေ ကွာခြားသေးသည်။

ရှာဟီနှင့် ဒေါင်ဟီတို့သည် မျိုးနွယ်စုထဲတွင် ကြီးပြင်းလာတဲ့ ကျွန်များအနေဖြင့် အဆင့်အတန်း အနိမ့်ဆုံး ဖြစ်သည်။ အေးစက်သော ပတ်ဝန်းကျင်တွင် အိမ်အကူတွေနဲ့ အဒေါ်ကြီးတွေကတောင် သူမတို့ကို ဆူပူကြိမ်းမောင်းနိုင်သည်။

(သခင်လေးရဲ့ ကိုယ်လုပ်တော် ဖြစ်ဖို့ စိတ်ကူးယဉ်နေတာလား။ အဲဒါကို မေ့ထားလိုက်စမ်းပါ။ တစ်နေ့နေ့ သခင်ကြီး

စိတ်ဆိုးပြီး ဘဏ္ဍာထိန်းကို လက်ဆောင်ပေးလိုက်မလားဆိုတာ မသိနိုင်ပါ။)

ဒေါင်ဟီနှင့် ရှာဟီတို့ အမှားအယွင်း မလုပ်သ၍ သူမတို့ရဲ့ အလှတရားကြောင့် သခင်ကြီးသည် အဆင့်နိမ့်တဲ့ ဘဏ္ဍာထိန်းကို လက်ဆောင် မပေးနိုင်ပါ။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဒေါင်ဟီနှင့် ရှာဟီတို့သည် အရာဝတ္ထု တစ်ခုသာသာ လောက်သာရှိသည်။

ဒေါင်ဟီသည် လူများ၏ ကွဲရဲ့ခြင်းနှင့် အထင်သေးခြင်းကို ခံခဲ့ရဖူးသည်။ တစ်ယောက်ယောက်က သူမကို ငြင်သာစွာ ဆက်ဆံလိုက်တဲ့အခါ ရုတ်တရုတ် တုန်လှုပ်သွားပြီး စိတ်လည်း ပျော့သွားသည်။

ဒင်

ဒေါင်ဟီ၏ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

ဆွန်းမိုသည် သူဘာမှ မလုပ်ရဘဲနဲ့ လေးစားအထင်ကြီးမှုအမှတ်များ ရလာသဖြင့်

ဒေါင်ဟီကို စူးစူးရှရှ စိုက်ကြည့်လိုက်သည်။ ဘာဖြစ်လို့ လေးစားအထင်ကြီးမှု အမှတ်တွေ ပေးရတာလဲ။

"ဆရာဆွန်း၊ ခွင့်ပြုပါ"

ဒေါင်ဟီက လက်ဖက်ခြောက်များကို ယူလိုက်သည်။ ဒီလိုအချိန်မှာ သူမက ထုံးစံအတိုင်း သူမရဲ့ အရည်အချင်းကို ပြသရမည်။

"ဆွန်းမို၊ သူမကို လက်ဖက်ရည် ပြင်ခွင့် ပေးလိုက်ပါ။ လာလာ ငါနဲ့ လာထိုင်"

ကျန့်ချင်ဖန်က လက်ဝှေ့ယမ်းရင်း ခေါ်လိုက်သည်။

“ဒါဆိုလည်း မင်းကိုပဲ ဒုက္ခပေးရတော့မယ်”

ဆွန်းမို ပြန်ထိုင်လိုက်သည်။

ဒေါင်ဟီသည် ကောင်းမွန်စွာ လေ့ကျင့်ထားခဲ့သည်။ သိပ်မကြာခင် လက်ဖက်ရည်က အဆင်သင့် ဖြစ်လာသည်။ ကူရှုပ်ရှင်းကို လက်ဖက်ရည်ခွက် ပေးလိုက်ရင်း မနေနိုင်ဘဲ အကဲခတ်လိုက်မိသည်။

ဒီလုပတဲ့ မိန်းမပျိုလေးက တကယ်ပဲ ဆရာတစ်ယောက်လား။

ဘယ်လောက် အားကျဖို့ ကောင်းလိုက်လဲ။

နေပါအုံး။ မိန်းမတွေက ပိုလှလေလေ၊ ပိုဂုဏ်ယူတတ်လေလေပါပဲ။ သူမတို့ကို အောင်မြင်အောင် ဖိတ်ခေါ်နိုင်တဲ့လူက တကယ်ရှားပါးလွန်းသည်။ ဆရာဆွန်းရဲ့ အိမ်မှာ ရှိနေတာ ဆိုတော့ သူတို့ရဲ့အဆင့်အတန်းက အတူတူပဲ။

ဒီလိုဆိုရင် ဆရာဆွန်းက အဆင့်အတန်း ပိုမြင့်တဲ့လူ ဒါမှမဟုတ်ရင် ပိုထူးချွန်တဲ့လူ ဖြစ်ရမည်။ ဒီအချက်ကသာလျှင် လှပတဲ့ ဆရာမလေးနဲ့ ရင်းနှီးနိုင်မည် အခွင့်အရေး ဖြစ်သည်။

ဒီအကြောင်းကို တွေးလိုက်မိပြီးနောက် ဒေါင်ဟီဝမ်းသာသွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုနောက်ကို လိုက်ခဲ့မယ်ဆိုရင် အဆင်ပြေတဲ့ ဘဝတစ်ခုကို ရနိုင်သည်။

ရှာပဟီသည် ဘေးမှာရပ်နေပြီး ဦးနှောက်ကို ဖြစ်ညှစ် စဉ်းစားနေသည်။ ဆွန်းမိုကလည်း သူမကို မလိုချင်အောင် သခင်ကျန့်လည်း စိတ်မဆိုးအောင် လုပ်ဖို့ အဖြေစဉ်းစားနေသည်။

ခဏတဖြုတ် အလာပသလာပ ပြောပြီးနောက် ကျန့်ချင်ဖန်သည် အဓိကအချက်ကို တန့်သွားလိုက်သည်။

“ဆရာဆွန်း၊ ဒီမိန်းကလေး နှစ်ယောက်ကို ဘယ်လိုထင်လဲ”

တကယ်လို့ တခြား ဂျူနီယာလေးများသာဆိုလျှင် ကျန့်ချင်ဖန်က ဒီမိန်းကလေးနှစ်ယောက်ကို လက်ဆောင် ပေးလိမ့်မည် မဟုတ်ပါ။ ဒါပေမယ့် ဆွန်းမိုကိုတော့ တန်းတူ ရည်တူ သဘောထားပြီး ပေါ့ပေါ့ပါးပါး မဆက်ဆံရဲပါ။ ဆွန်းမိုရဲ့

ထင်မြင်ချက်ကို အရင်မေးရမည်။ ဆွန်းမိုက သူမတို့ကို မကြိုက်လျှင် တခြား မိန်းကလေး တစ်တွဲနဲ့ ပြောင်းပေးလိုက်မည်။

"သွယ်လှပြေပြစ်ပြီး ရုပ်လည်း လှကြပါတယ်"

ဆွန်းမိုသည် နတ်ဘုရားမျက်စိ အာရုံကို မသုံးထားဖြင့် ယဉ်ယဉ်ကျေးကျေးပဲ ပြန်ဖြေခဲ့သည်။ ဒါပေမယ့် ဒီလိုလုပ်လိုက်တာက ပိုကောင်းသည် ။ ကျန့်ချင်ဖန်က စမ်းသပ်တာဆိုရင် ဘယ်လိုလုပ်မလဲ။

သူ့မှာ ကျန့်ချင်ဖန်ရဲ့ အထင်အမြင် ကောင်းနေတာကို ရုပ်တန့်ပစ်ရန် အစီအစဉ် မရှိပါ။

ရှာပဟီ။ အသက် ၁၅ နှစ်။ သာမန်လူတစ်ယောက်။

ခွန်အား - ၃။ အလယ်အလတ်။

ဉာဏ်ရည် - ၅ ထက်မြတ်ပြီး အသေးငယ်တဲ့ အကျိုးအမြတ်အတွက်သာ အသုံးပြုတတ်သည်။

သွက်လက်ခြင်း - ၄ လုံလောက်တဲ့ လျှင်မြန်မှု မရှိပါ။

ဆန္ဒ - ၂- အားနည်းပြီး အလွယ်တကူ အနိုင်ကျင့်လို့ရသည်။

ခံနိုင်ရည် - ၃

ဖြစ်နိုင်ခြေ တန်ဖိုး မရှိပါ။

မှတ်ချက် - သာမန်လူတစ်ယောက်သာ ဖြစ်သော်လည်း အရမ်းလှပသဖြင့် ပန်းအိုးတစ်လုံးလို အသုံးပြုလည်း မဆိုးပါ။

ဆွန်းမိုသည် အချက်အလက်ကို စစ်ဆေးရင်း စကားမပြောနိုင်အောင် ဖြစ်နေသည်။

"စနစ်။ ဘယ်လို အကဲဖြတ်မှုမျိုးလဲ။ ဘာကြောင့် စော်ကားသလိုလို ဖြစ်နေရတာလ"

"သူမရဲ့ လုပ်နိုင်စွမ်း အပေါ်ကိုသာ အခြေခံပြီး သုံးသပ်ချက် လုပ်ပေးထားတယ်"

တရားမျှတမှုက သူ့ဘက်မှပဲ ရှိနေသလိုလို စနစ်က ပြန်ဖြေသည်။

"လုပ်နိုင်စွမ်းလား"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"သူမက ကျွန်တစ်ယောက်လေ။ ကျွန်တွေက ဘာလုပ်မယ် ထင်လဲ။ သူမသာ အလုပ်ကောင်းကောင်းမလုပ်နိုင်ရင် သူမ သခင်က သူမကို တခြားလူဆီ ပေါ့ပေါ့ပါးပါး ပေးပြစ်နိုင်တယ်"

စနစ်က ပြန်ရှင်းပြသည်။ သူ့ရဲ့ လေသံက ဆွန်းမိုရဲ့ မသိနားလည်မှုအတွက် အထင်သေးတဲ့ သဘော ပါဝင်နေသည်။

ဆွန်းမို ဘာပြောနိုင်အုံးမှာလဲ။ ပဒေသရာဇ် စနစ်က အမှန်တကယ်ကို အန္တရာယ်များ လွန်းသည်။

ဒေါင်ဟီ - အသက် ၁၅ နှစ်။ သာမန်လူတစ်ယောက်။

ခွန်အား -၃- အလယ်အလတ်

ဉာဏ်ရည် - ၆- သူမ မှာ အရမ်းကောင်းမွန်တဲ့ စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိပြီး လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်စွမ်းရှိသည်။

သွက်လက်မှု - ၇ သူမအတွက် ဂုဏ်ပြုပါတယ်။

ဆန္ဒ -၁- ငါ့ကို မရိုက်ပါနဲ့။

ဖြစ်နေခြေ - တန်ဖိုးမရှိပါ။

မှတ်ချက် - ပန်းအိုးတစ်လုံး အဖြစ်ကလွဲလျှင် လှပတဲ့ လေ့လာဖော် ဒါမှမဟုတ် လက်ဖက်ရည်ဖျော်တဲ့သူ ဖြစ်နိုင်သည်။

ဆွန်းမိုသည် သုံးသပ်ချက်အတွက် နောက်ထပ် ပြောချင်ပေမယ့် ကျန့်ချင်ဖန်က သူ့ကို အနိုင်ပိုင်းပြီး ပြောလိုက်သည်။

"ဆွန်းမို။ အခုမှ မင်းက ဒီကို ပြောင်းလာတာ။ မိန်းကလေးတွေ ဝန်ဆောင်မှု မပေးရသေးဘူးဆိုတာ ငါသိတယ်။ နှစ်ယောက်စလုံးကို မင်းအတွက် ပေးမယ်"

ပုံမှန်အားဖြင့်တော့ ကျန့်ချင်ဖန်သည် ဆွန်းမိုက ဒါကို ငြင်းလိမ့်မယ်လို့ မထင်ထားခဲ့ပါ။ ဆွန်းမိုက တွေးလွန်တတ်တဲ့သူ ဖြစ်သည်။

"အမ်"

ဆွန်းမို အံ့အောသင့်သွားသည်။

တကယ်တော့ ကူရှုပ်ရှင်းက ဒီအဖြေကို အနည်းငယ် ခန့်မှန်း မိထားသည်။ သေသေချာချာတော့ မသိပါ။ နောက်ဆုံးပြောရလျှင် ဒီမိန်းကလေးနှစ်ယောက်က အရမ်းလှလွန်းသည်။ တကယ်လို့ သူမတို့ကိုသာ ပြည့်တန်ဆာ အခန်းဆီ ရောင်းစားလိုက်လျှင် ပန်းဘုရင်မ အဖြစ်သတ်မှတ်ခံရနိုင်သည်။ ကောင်းကင်ပေါ်မှာ လွင့်နေတဲ့ တိမ်များကဲ့သို့ နေ့စဉ်

ဖောက်သည့်ပေါင်းများစွာနဲ့ ထိပ်တန်း လူနည်းစု အနည်းငယ်ထဲက ဖြစ်နိုင်သည်။

ဒီလိုမျိုး မိန်းကလေးများသည် မျိုးနွယ်စု တစ်ခုအတွင်းမှာ ရှိနေလျှင်ပင် မျိုးနွယ်သခင်ကသာ ခံစားဖို့ ထိုက်တန်သည်။ ဒီလိုမှမဟုတ်ရင်လည်း အကျိုးအမြတ် လဲလှယ်ရန်အတွက် အရေးကြီးတဲ့ လက်ဆောင် အဖြစ်အသုံးပြုနိုင်သည်။

ကူရှုပ်ရှင်း ငယ်ငယ်တုန်းကလဲ သူမ မိသားစုသည် အရမ်းဆင်းရဲသည်။ တကယ်လို့ သူ့အမေသာ တောင့်မခံနိုင်ဘဲ ရောင်းစားခဲ့လျှင် သူမသည်

ဧမ်ခံအိမ်ကြီး တစ်ခုတည်းတွင် အေးစက်စွာနဲ့ သတိကြီးစွာ နေထိုင်ရပြီး ကျွန်များထဲက တစ်ယောက် ဖြစ်နေလိမ့်မည်။

(ငါ့ကို မြန်မြန် ငြင်းလိုက်ပါ)

ရှာဟီ ဆုတောင်းနေသည်။ ဒါပေမယ့် သူမရဲ့ အလှတရားကြောင့် မဖြစ်နိုင်ဘူးဆိုတာ သိနေသည်။

အဲဒီအစား ဒေါင်ဟီကတော့ ဆွန်းမိုကို အကဲခတ်နေပြီး သူ့ရဲ့ အဖြေကို ကြားချင်နေသည်။

ဒီလိုလူဟာ အောက်တန်းကျတဲ့ လူအုပ်စုနဲ့ မတူဘူးဆိုတာ သူမ ခံစားမိသည်။

"မင်းက ဆရာတစ်ယောက်ဖြစ်လို့ အများအားဖြင့်တော့ အလုပ်များ နေလိမ့်မယ်။ မင်းရဲ့အချိန်က အရမ်းတန်ဖိုးရှိတယ်။ အဝတ်လျှော်တာလို့ ချက်ပြုတ်တာလိုမျိုး ကိစ္စလေးတွေအတွက် မင်းရဲ့ အချိန်ကို မဖြုန်းပါနဲ့။ ဒီအသေးအဖွဲ့လေးတွေကို သူတို့လက်ထဲ အပ်လိုက်ရုံပဲ"

ကျန့်ချင်ဖန်က လက်ဖက်ရည် သောက်ရင်း ပြောလိုက်သည်။

ထုံးစံအတိုင်း သူ့ရဲ့ ရည်ရွယ်ချက် အောင်မြင်အောင် သွယ်ဝိုက်ပြီး အဆိုပြုလိုက်သည်။ ပြီးတော့ ဆွန်းမိုရဲ့ ရုပ်ရည်ကြောင့် မိန်းကလေး မရှားနိုင်ပါ။

ပြည့်တန်ဆာ အိမ်မှ မိန်းကလေးများသည် ဆွန်းမိုလို စိတ်ကူးယဉ်ဆန်ပြီး အချောဆုံး ကောင်လေးများကို သဘောကျတတ်ကြသည်။

"အိုဟုတ်ပြီလေ။ မင်း ပြည့်တန်ဆာ အိမ်မှာ ပျော်ပါးလို့ရတယ်။ ဒါပေမယ့် အစွဲအလန်းထားလို့ မရဘူး။ ပြီးတော့ ပြည့်တန်ဆာတွေအတွက် မင်းရဲ့ ပိုက်ဆံကို လွယ်လွယ်ကူကူ မဖြုန်းပစ်ပါနဲ့။ ဘာပဲပြောပြော သူတို့ရဲ့ ရည်ရွယ်ချက်က မင်းရဲ့ ပိုက်ဆံ အိတ်ကို ပြားကပ်သွားအောင် လုပ်ဖို့ပဲ"

ကျန့်ချင်ဖန်သည် လေးနက်တဲ့ အမူအရာနဲ့ သတိပေးလိုက်သည်။

“ဦးလေးကျန့်၊ ကျွန်တော် အသက်ရှင်လာတာ အနှစ်နှစ်ဆယ်ရှိပြီ။ ဒီလိုနေရာမျိုးကို တစ်ခါမှ မသွားဖူးဘူး”

ဆွန်းမိုက ကမန်းကတမ်း ပြန်ရှင်းပြသည်။ စကားပြောပြီးနောက် သူအနည်းငယ် ရှက်သွားသည်။ ဒီမှာ မိန်းကလေး သုံးယောက် ရှိနေသည်။

ဒေါင်ဟီ မျက်မှောင်ကြုတ်သွားပြီး သူမရဲ့ အကြည့်တွေက ချက်ခြင်းဆိုသလို ဆွန်းမိုဆီ ရောက်သွားသည်။ ရှာဟီ မျက်နှာမှာတော့ လှောင်ပြုံးတစ်ခု ပေါ်လာသည်။ ဒီအရွယ်

ယောကျ်ားတစ်ယောက်က ပြည့်တန်ဆာဆီ မရောက်ဖူးဘူးလား။ ငကြောက် ဟုတ်ရင်ဟုတ် ဒီလိုမှမဟုတ်ရင် အရမ်းဆင်းရဲလို့ပဲ ဖြစ်မည်။

ကူရှုပ်ရှင်းက စိုက်ကြည့်နေသည်။ ထို့နောက် အလိုလို ပြုံးမိသွားသည်။ (ဆွန်းမို။ မင်းက ရှင်းပြဖို့ ကြိုးစားနေတဲ့ပုံစံ တကယ် ချစ်ဖို့ကောင်းတာပဲ)

အဲဒီနောက်မှာတော့ သူမ အနည်းငယ် သဘောကျသွားသည်။

ဆွန်းမိုရဲ့ ချုပ်တည်းမှုက အမှန်တကယ်ကို ကြောက်ဖို့ ကောင်းလွန်းသည်။

အလယ်ကမ္ဘာပြည်နယ်ကိုးခုသည် ရှေ့ဟောင်းတရုတ်ပြည်နဲ့ ယဉ်ကျေးမှု တူညီသည်။ မိန်းကလေးများကို အသက် ၁၅နှစ်ပြည့်တာနဲ့ အိမ်ထောင်ပြုလို့ ရပြီလို့ သတ်မှတ်ထားသည်။

ယောကျ်ားလေးတွေက ချမ်းသာတဲ့ မျိုးနွယ်စုက ဆင်းသက်လာခဲ့လျှင် ဒီအသက်အရွယ်မှာ ပြည့်တန်ဆာအိမ်ကို ဆယ်ကြိမ်ထက်မနည်း ရောက်ဖူးကြလိမ့်မည်။ မရေမတွက်နိုင်တဲ့

အမျိုးသမီးတွေနဲ့ မအိပ်ဘူး မပြောနိုင်သော်လည်း အရေအတွက်ကတော့ ဂဏန်း နှစ်လုံး ကျော်လိမ့်မည်။

မှတ်ချက် - ပန်းအိုး ရုပ်ရည်လှရုံကလွဲပြီး တခြားဘာမှ အသုံးမဝင်တဲ့ မိန်းကလေးကို ရည်ညွှန်းသည်။

စာစဉ်(၂၁)

အခန်း(၃၀၇) - ဆွန်းမို မင်းက နာမည်ကြီး အနုပညာရှင်လား။

ဒီခတ်ကြီးတွင် အရာရှိကြီးတွေ နှင့် မှူးမတ်တွေ စာသင်သားတွေနဲ့ ကဗျာဆရာတွေသည် သူတို့သဘောကျတဲ့ အနုပညာရှင်ကို လိုက်ရှာတတ်ကြသည်။ သူတို့ရဲ့ ဘုန်းတန်ခိုးကို ဖော်ပြဖို့ ကဗျာတွေ ရွတ်ဖတ်ခိုင်း တတ်ကြသည်။

ဒီလို လုပ်ခြင်းအားဖြင့် သူတို့က ဘယ်လို အဆင့်အတန်းရှိတယ်ဆိုတာ ဖော်ပြကြသည်။

ဆွန်းမိုသည် ဒီကမ္ဘာက မဟုတ်သော်လည်း ဒီလိုအလေ့အကျင့်တွေကို နားလည်နေခဲ့သည်။ စတားဘက်ကို သွားပြီး အချိုရည်သောက်တဲ့ပုံကို ဆိုရှယ်မီဒီယာ တင်တတ်တဲ့ သူကမ္ဘာက လူတွေလိုပါပဲ။

(ဟင်း။ အဲဒီအတွက် တစ်ခါမှ ပိုက်ဆံ အများကြီး မသုံးခဲ့မိဘူး)

"ဦးလေးကျန့် မင်းရဲ့ရည်ရွယ်ချက်အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးပြုပြီး သူမတို့ကို ပြန်ခေါ်သွားလိုက်ပါ"

ဆွန်းမို ပြတ်ပြတ်သားသားကို ငြင်းလိုက်သည်။

“ဆွန်းမို၊ ငါ့မှာ မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူး”

ကျန့်ချင်ဖန်သည် ဆွန်းမိုရဲ့ လေသံမှာ မနှစ်သက်တဲ့ သဘောထားကို ကြားနေရသည်။ ဘာကြောင့်လဲဆိုတာ နားမလည်ပေမယ့် မျက်မှောင်ကြုတ် သွားသည်။ ဆွန်းမိုက ယောက်ျားလေးတွေကို ကြိုက်တာလား။

ဆွန်းမိုသည် လူသားတစ်ယောက်ကို လက်ဆောင်ပေးတဲ့ အမှုအကျင့်ကို မကြုံဖူးတဲ့အကြောင်းကို ကျန့်ချင်ဖန်ရဲ့ စိတ်ကူးထဲမှာမပါ ရှိပါ။

"နားလည်ပြီ"

ဆွန်းမိုက အားနာနာနဲ့ ပြုံးပြလိုက်သည်။ အကြောင်းပြချက်လည်း ကင်းမဲ့နေသည်။

ကျန့်ချင်ဖန်က ဆယ်နှစ်ကျော် သင်ကြားပေးခဲ့ရတဲ့ ကျွန်နှစ်ယောက်ကို ပေးနေခြင်း

ဖြစ်သည်။ ဒါကလည်း ဆွန်းမိုကို အလေးအနက်ထားလို့ ဖြစ်သည်။

"ကောင်းပြီလေ။ နောင်ကျရင် မင်းမှာ ဘာလိုအပ်ချက်ပဲရှိရှိ ငါ့ကို ပြောပြရမယ်"

ကျန့်ချင်ဖန်က ပြောပြီးတာနဲ့ လက်ဝှေ့ယမ်းလိုက်သည်။

"မင်းတို့နှစ်ယောက် အပြင်ထွက်ပြီး ရပ်စောင့်နေကြ"

ရှာပဟီသည် ဒီစကားကို ကြားလိုက်ရလျှင် လွတ်ငြိမ်းချမ်းသာခွင့် ရလိုက်သလို

ခံစားလိုက်ရသည်။ သူမအတွက်တော့ ဒါသည် ကပ်ဘေးတစ်ခုကို ရှောင်လိုက်နိုင်ခြင်း ဖြစ်သည်။ သူမက ဦးညွှတ် အရိုအသေပေးပြီး ချက်ခြင်း ထွက်သွားသည်။ ခြေလှမ်းတစ်လှမ်း နေ့းသွားတာနဲ့ ဆွန်းမို စိတ်ပြောင်းသွားမှာကို ကြောက်နေပုံရသည်။

သို့သော် ဒေါင်ဟီက မျက်မှောင်ကြုတ်နေသည်။ ထို့နောက် အံကြိတ်ပြီး ဒူးထောက်ချလိုက်သည်။

"သခင်ကြီး ဒီကျွန်က မိုက်ရိုင်းသလို ဖြစ်သွားရင် ခွင့်လွှတ်ပေးပါ။ ဒေါင်ဟီက ဆရာဆွန်းရဲ့

လိုအပ်ချက်တွေကို ဂရုစိုက်ဖို့ အနားမှာ နေခြင်ပါတယ်”

ညှော့ခန်းထဲမှာ ထွက်လာတဲ့ ရှာဟီ အံ့အောသွားသည်။ ဒေါင်ဟီကို လှမ်းကြည့်လိုက်သည်။ (ဒီမိန်းမ ရူးသွားပြီလား။ ကျန့်မျိုးနွယ်ရဲ့ ကိုယ်လုပ်တော် ဖြစ်လာနိုင်ပေမယ့်မင်းက မလုပ်ချင်တော့ဘူးလား။ မင်းက ဒီမှာ ကျွန်ခံချင်နေတာလား)

အမှန်အတိုင်းပြောရလျှင် သူမတို့နဲ့ အတူအိပ်တဲ့သူက တိုက်ရိုက် မျိုးဆက်ဖြစ်ခဲ့ရင်

ကိုယ်လုပ်တော် အဆင့်ကို သချောပေါက် ရနိုင်သည်။ သူမတို့ရဲ့ ဘဝသည် အရမ်း မကောင်းနိုင်သော်လည်း လူတိုင်းက အမိန်ပေးနိုင်သော ကျွန်ဘဝထက်စာရင် အများကြီး သာလွန်နေသေးသည်။

"အသုံးမကျလိုက်တာ"

ကျန့်ချင်ဖန်က ဒေါသတကြီး ဆူပူလိုက်သည်။ ကေရာဇ်ရဲ့ ရုံးတော်တွင် ဉာဏ်ရည်ဉာဏ်သွေးကို နှစ်ပေါင်း များစွာ သက်သေပြခဲ့တဲ့ လူတစ်ယောက်အနေနဲ့ ဒေါင်ဟီကို

တစ်ချက်ကြည့်လိုက်ပြီး သူမ ဘာတွေးနေလဲဆိုတာ သိလိုက်သည်။

ဒီအမျိုးသမီးက ဆွန်းမိုကို ခြေနင်းပြားတစ်ခုလို အသုံးချပြီး သူမရဲ့ လွတ်လပ်မှုကို ပြန်လိုချင်နေသည်။

ဆွန်းမိုက အရမ်းနူးညံ့ သိပ်မွေ့ပြီး ဖော်ရွေတတ်သည်။ ဒါပေမယ့် တာအိုဝါဒ ဌက်ဖြူဆီက ငွေတုံး ၂သန်း ရခဲ့ပြီးသော်လည်း ဘဝနေထိုင်မှု ပုံစံက အရင်အတိုင်းပဲ ရိုးရှင်းလွန်းသေးသည်။

အနည်းငယ်ချမ်းသာတဲ့ မိသားစုတိုင်းတွင် သူတို့သားအတွက် အိမ်ဖော် အနည်းငယ် မဝယ်ချင်တဲ့လူ ရှိလို့လား။ ဒါပေမယ့် ဆွန်းမိုက ချမ်းသာလာပြီးတဲ့နောက်မှာတောင် မဝယ်ခဲ့ပါ။

ဒီကနေ့တော့ ဒေါင်ဟီသည် ဆွန်မိုနဲ့သာ အတူတူ ရှိနေရင် နေ့တိုင်း သန့်ရှင်းရေးအနည်းငယ်သာ လုပ်ဆောင်ရပြီး ပြင်းပြင်းထန်ထန် အလုပ်လုပ်ဖို့ မလိုအပ်ပါ။ တကယ်လို့ ဆွန်းမိုသာ ကျောင်းသားများကို ခေါ်ပြီး အမှောင်တိုက်ကြီးသို့

ခရီးထွက်သွားပါက သူမသည် နှစ်လ သုံးလလောက်တော့ အားလပ်ရက် ရလိမ့်မည်။

ဒေါင်ဟီက အရမ်း ဆိုးသွမ်းလွန်းသည်။ နောင်တစ်ချိန်ကျရင် ဆွန်းမိုရဲ့ ကျော်ကြားမှုကို ပင်အသုံးချပြီး ကျွန်စာချုပ်ကို စွန့်လွှတ်ရန် အကျပ်ကိုင်နိုင်သည်။ အမှန်တိုင်းပြောရလျှင် မြတ်ဆရာတစ်ယောက်အနေနဲ့ ကျွန်တစ်ယောက်နဲ့ ရန်ဖြစ်ရခြင်းသည် အရမ်းရှက်ဖို့ ကောင်းသည်။ ဒေါင်ဟီ အရမ်းထိတ်လန့်သွားသည်။ လျှင်မြန်စွာ

ဒူးထောက်လိုက်ပြီး အကြိမ်ကြိမ် အရိုအသေ ပေးနေသည်။

ဘုန်း ဘုန်း ဘုန်း

သနားညာတာမှုကို တောင်းဆိုရင် ဒေါင်ဟီသည် ကြမ်းပြင်နဲ့ ခေါင်းကို အကြိမ်ကြိမ် ဦးတိုက်နေသည်။

“သခင်ကြီး ။ကျွန်မ မှားသွားပါတယ်။ ထပ်မလုပ်ရဲတော့ပါဘူး”

ဒေါင်ဟီ ကြောက်ရွံ့နေသည်။ ကျန့်ချင်ဖန်လို သုံးသပ်တတ်တဲ့လူတစ်ယောက်အနေနဲ့ ဒေါင်ဟီ၏

အလှအပများသည် အသုံးမဝင်ပါ။ ဒေါသထွက်နေသ၍ အပြစ်ပေးခံနေရမည်။

"အရိုအသေ ပေးတာကို ရပ်လိုက်တော့"

ဆွန်းမို တော်တော်လေး မျက်မှောင်ကြုတ်လာသည်။ ကျွန်တစ်ယောက်ရဲ့ နှိမ့်ချတဲ့ ပုံစံကို ပထမဆုံး မြင်လိုက်ရသည်။

သူတို့ကိုယ်သူတို့ စာချုပ်နဲ့ ရောင်းချခဲ့တဲ့ လူအရေအတွက်က အရမ်းနည်းပါးလွန်းသည်. ပိုင်ရှင်က သူတို့ကို သေတဲ့အထိ ရိုက်နှက်ပြီး

ပိုက်ဆံခိုးတယ်ဆိုကာ တရားရုံးကို တိုင်လိုက်လျှင် ပိုင်ရှင်ကို တစ်ချက်တောင် အပြစ်ပေးမည် မဟုတ်ပါ။

ဆွန်းမို ရဲ့ စကားကို ကြားလိုက်လျှင် ဒေါင်ဟီ ပိုထိတ်လန့်သွားသည်။ ဒါကြောင့် ပိုအားစိုက်ပြီး အရိုအသေ ပေးလိုက်သည်။

"အရိုအသေ ပေးနေတာကို ရပ်လိုက်တော့။ သူပြောတာ မကြားဘူးလား"

ကျန်နို့ချင်ဖန် တော်တော် မကျေမနပ် ဖြစ်နေသည်။

(ဒီလိုလုပ်နေလျှင် ငါက လက်အောင်ငယ်သားတွေကို မဆုံးမ နိုင်သလို ဖြစ်မနေဘူးလား။)

အရင်တုန်းကတော့ ကောင်းမွန်ပေမယ့် ဒီလိုအခြေအနေ ဖြစ်လာမယ်လို့ မထင်ထားခဲ့ပါ။

ကျန့်ချင်ဖန်၏ နှလုံးသားထဲတွင် ဆွန်းမိုက အရမ်းအရေးပါတဲ့ အနေအထားရှိသည်။ ဒါကြောင့် သူ့ရဲ့ ပုံရိပ်ကို အရမ်းအလေးအနက်ထားသည်။ ဆွန်းမိုကို ဘယ်လို အခြေအနေမှာပဲဖြစ်ဖြစ် လူတွေ ရှုံ့မုန်းသွားခွင့် မပေးနိုင်ပါ။

ဒေါင်ဟီသည် မြေပေါ်တွင် ပြားပြားဝပ်လျက်ရှိနေသည်။ ထိတ်လန့်နေတဲ့ ငုံးတစ်ကောင်လိုပါပဲ။

“ဆရာဆွန်း၊ သူမကို စောင့်ရှောက်လိုက်ပါ”

ဘေးကနေ ကြည့်နေတဲ့ ကူရှုပ်ရှင်းက ဒါကို မြင်လိုက်လျှင် ဒေါင်ဟီကို မသနားပဲ မနေနိုင်တော့ပါ။

တကယ်လို့ ဒီမိန်ကလေး ပြန်သွားပါကလည်း နောက်ထပ် ယောကျ်ားတစ်ယောက်ဆီကို လက်ဆောင်အဖြစ် အပေးခံရနိုင်သေးသည်။ ဒါကြောင့်လည်း ဆွန်းမို အနားတွင် နေလို့ရသည်။

အနည်းဆုံးတော့ ဆွန်းမိုက လူကောင်းတစ်ယောက်ပါ။ သူမကို အနိုင်ကျင့်မှာ မဟုတ်ပါ။

“မဟုတ်ဘူး။ ငါမလုပ်ရဲပါဘူး။ ငါ့မှာ ဘာစွမ်းရည်ရှိလို့လဲ။ ဆရာဆွန်း အနားမှာနေဖို့ ဘယ်လိုထိုက်တန်မှာလဲ”

ဒေါင်ဟီ၏ အသံသည် ကြောက်ရွံ့တုန်လှုပ်ခြင်းများနဲ့ ပြည့်နေသည်။

"ကောင်းပြီလေ။ ပေါက်ကရစကားတွေ ရပ်လိုက်တော့။ မတ်တပ်ရပ်တော့။ မင်းဒဏ်ရာတွေကို ကုသပေးဖို့ ငါခေါ်သွားမယ်"

ဆွန်းမို ညွှန်ကြားလိုက်သည်။ ကျန့်ဖန်ချင်ဆီက အမိန့်မရဘဲ ဒေါင်ဟီ မထရဲပါ။

"ဆရာဆွန်းစကားက ငါ့စကားနဲ့ အတူတူပဲ"

ကျန့်ချင်ဖန်က ကြိမ်းမောင်းလိုက်သည်။

"ဒီကျွန် မှတ်မိပါပြီ"

ဒေါင်ဟီ မတ်တပ်ရပ်လိုက်သည်။ သူမ ခေါင်းရဲဒဏ်ရာကြောင့် မျက်နှာတွင် သွေးများ ဖုံးလွှမ်းနေသည်။

"ဦးလေး ကျန့် မင်းပြောတာ မှန်တယ်။ ဒီနေရာကို သန့်ရှင်းရေးလုပ်ဖို့ လူတစ်ယောက်လိုတယ်။ ပြီးတော့ ဆက်ငြင်းနေရင်လည်း ငါ မယဉ်ကျေးရာ ကြတော့မယ်"

ဆွန်းမို နှလုံးသား ပျော့ပြောင်းသွားသည်။ သူမဆီက လေးစားအထင်ကြီးမှု အမှတ်များ

ထွက်လာခဲ့သည်။ ဒါကြောင့် တွေးဝေခြင်းမရှိဘဲ သူမကို ကူညီပေးခဲ့သည်။

ဆွန်းမို၏ အိမ်တွင် ဆေးနဲ့ ပတ်တီးများ ရှိနေသည်။ ဒါကြောင့် သူမကို လေ့ကျင့်ရေးအခန်းထဲ ခေါ်သွားပြီး ဒဏ်ရာများကို ကုသပေးလိုက်သည်။

သူမနှင့် လက်မအကွာတွင် ရှိနေတဲ့ ဆွန်းမိုရဲ့ ချောမောလှပတဲ့ မျက်နှာကို ကြည့်ပြီး ဒေါင်းဟီတစ်ယောက်သည် စောစောက စွန့်စားရကျိုး နပ်သွားသည်။

တခြားယောက်ျားတွေဆိုလျှင် သူမလို ကျွန်တစ်ယောက်ကို ဘယ်လို ဂရုစိုက်မှာလဲ။

"နာနေလား"

ဆွန်းမိုက ဒီလို မေးလိုက်လျှင် ဒေါင်ဟီ မျက်ရည် မထိန်းနိုင်တော့ပါ။ မျက်ရည်တွေက ကြမ်းပြင်ပေါ် စီးကျနေသည်။

တစ်ယောက်ယောက်က သူမအတွက် စိတ်မပူခဲ့တာ ဘယ်နှစ်နှစ် ရှိပြီလဲ။

ဒင်

ဒေါင်ဟီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၅၀/၁၀၀၀)

ဆွန်းမိုက ဒေါင်ဟီ ဒဏ်ရာများကို ပတ်တီး စီးပေးပြီးနောက် စာကြည့်ခန်းလေးထဲက ထွက်ကာ စကြ်ာန်တစ်ခုကို ညွှန်ပြလိုက်သည်။

"ရှေ့ဘက်က တတိယအခန်းက ဧည့်သည်တွေအတွက် အခန်းပဲ။ အရင်သွားပြီး အနားယူလိုက်ပါ"

ဒေါင်ဟီ ကိစ္စကို ဖြေရှင်းပြီးနောက် ဆွန်းမိုသည် ဧည့်ခန်းထဲသို့ ပြန်လာခဲ့သည်။

တံခါးနားမှာ ရပ်နေတဲ့ ရှာဟီသည် ဒီမြင်ကွင်းကို မြင်လိုက်ရသည်။ ရုတ်တရက် နောင်တရသလို ခံစားသွားရသည်။ သူမက ဒီမှာပဲ နေသင့်လား။ မဟုတ်သေးဘူး။ သူမရဲ့ ကံကြမ္မာက ကျန့်မျိုးနွယ်စုရဲ့ သခင်မလေး ဖြစ်ဖို့ပဲ။

ဒီရှုးမိုက်တဲ့ မိန်းမ ဒေါင်ဟီ… သူမရဲ့ လုပ်ရပ်က လုံးဝကို မှားယွင်းသည်။

"အင်း။ ဒီကိစ္စက ရုတ်တရက် ဆုံးဖြတ်လိုက်မိတာပဲ"

ကျန့်ချင်ဖန် သက်ပြင်းချလိုက်သည်။

"ဦးလေးကျန့် မင်းစကားတွေက အရမ်းလေးနက်လွန်းနေပြီ"

ဆွန်းမို အားနာသွားသည်။

"ငါ့မှာ မင်းကို ပြန်ပေးနိုင်တဲ့ အရာတစ်ခုမှ မရှိဘူး။ ဒီလိုဆိုရင်ရော ဘယ်လိုလဲ။ ငါမင်းအတွက် ပန်းချီကားတစ်ခု ပြန်ဆွဲပေးမယ်လေ"

ကျန့်ချင်ဖန်သည် ဒီစကားကို ကြားလိုက်လျှင် ရုတ်တရက် စိတ်လှုပ်ရှားသွားသည်။ အသားကင်နံ့ ရသွားတဲ့ ခွေးအိုကြီးတစ်ကောင်နဲ့ တူနေသည်။ ဆွန်းမိုကို မျက်လုံးပြူးကြီးနဲ့ ကြည့်နေသည်။

"အဲဒါ အဆင်ပြေလား"

ကျန့်ချင်ဖန် စိတ်လှုပ်ရှားလာသည်။

"စာကြည့်ခန်းကို သွားရအောင်"

ဆွန်းမိုက အရှေ့မှ ဦးဆောင်ပြီး ထွက်သွားသည်။ ကူရှပ်ရှင်း ဝင်လာပြီး လိုက်လိုက်လဲ့လဲ့ ချီးကျူးလိုက်သည်။

"ဆရာဆွန်း မင်းရဲ့ လေ့လာမှု ပုံစံက မဆိုးဘူးပဲ။ လက်ရေးလှနဲ့ ပညာဆည်းပူးဖို့အတွက် မရှိမဖြစ် ပစ္စည်းတွေ ပြည့်စုံလှချည်လား။

အကုန်လုံးကလည်း အရည်အသွေးမြင့်တဲ့ ပစ္စည်းတွေပဲ”

“မပြောတတ်ဘူး။ ဒါကို သန့်ရှင်းရေးလုပ်ပြီး ပြင်ဆင်ပေးတဲ့လူက လီဇီချီပဲ”

ဆွန်းမိုက ရှင်းပြသည်။

ဒီနာမည်ကို ကြားလိုက်လျှင် ကျန့်ချင်ဖန်၏ မျက်ခုံး လှုပ်သွားသည်။ အရင်က ဆွန်းမိုကို သတိပေးခဲ့ချင်သော်လည်း နောက်ဆုံးတွင် လက်လျှော့ဖို့ ဆုံးဖြတ်ခဲ့သည်။

ကူရှုပ်ရှင်း မှင်ကိုနေရာချပြီး စာရွက်ကို ပြင်ဆင်လိုက်သည်။

"လုပ်ခွင့်ပေးပါ"

ဒေါင်ဟီက ဘယ်လိုလုပ်ပြီး တကယ် အနားယူနိုင်မှာလဲ။ ဒါက ပထမဆုံးအကြိမ် တွေ့ဆုံခြင်း ဖြစ်သည်။ သူမက သခင်အသစ်ဆီမှာ ကောင်းမွန်တဲ့ အမြင်ကို မထားခဲ့နိုင်လျှင် နောက်ပိုင်း ဘယ်လို လုပ်ရမှာလဲ။ ဒါကြောင့် နေမကောင်းရင်တောင် သည်းခံရမည်။

ဆွန်းမိုက စုတ်တံကို ကိုင်လိုက်သည်။ စိတ်ထဲတွင် အယူအဆကို စိတ်ကူးကြည့်ပြီးနောက် စုတ်တံကို မှင်ထဲ နှစ်လိုက်သည်။

နွေးဦးမိုးရပ်တန့်သွားပြီး ကောင်းကင်ပေါ်တွင် သက်တံ့တွေနဲ့ ပြည့်နေသည်။

မြို့အပြင်က မြက်ခင်းအပေါ်တွင် နှင်းတွေ နေရာအနှံ့ရှိနေသည်။ နွေဦးတွင် ပေါက်လာတဲ့ အဖူးအညွန့်များက လေပြေလေညှင်း တိုက်ခတ်မှုကြောင့် လှုပ်ယမ်းနေသည်။

ဆယ်မိနစ်ကျော်ကြာပြီးနောက် စာရွက်ပေါ်တွင် နွေဦးရာသီရဲ့ ပန်းချီကားတစ်ချပ် ပေါ်လာသည်။

"ဆွန်းမိုရဲ့ ပုံဆွဲစွမ်းရည်က အရမ်းအထင်ကြီးဖို့ ကောင်းလိမ့်မယ်လို့ မထင်ထားခဲ့မိဘူး"

ကူရှူပ်ရှင်း အနည်းငယ် ထိတ်လန့်သွားသည်။ ဆွန်းမိုရဲ့ ပန်ချီကားက တကယ်မဆိုးပါဘူး။ ဒါပေမယ့် နာမည်ကြီး ပန်းချီဆရာအဆင့်တော့ မရောက်သေးပါ။

"နာမည်ကြီး ပန်းချီကားတစ်ချပ် ဖြစ်နေမလား"

ကျန့်ချင်ဖန်က စာရွက်ကို ထိတ်လန့်တုန်လှုပ်စွာ စိုက်ကြည့်နေသည်။ စိတ်ထဲမှာလည်း

တုန်လှုပ်ခြောက်ခြားမှု အပြည့်ဖြစ်နေသည်။ သူသည် နာမည်ကြီး ပန်ချီကားတစ်ချပ်ကို ထပ်တွေ့ရရန် မျှော်လင့်နေသော်လည်း သဘောတရားအရ ဒါက အရမ်းခက်တယ်ဆိုတာ သိနေသည်။

နာမည်ကြီး ပန်းချီကားတစ်ချပ်ဆိုတာ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာတတ်သည်။ အံ့ဖွယ်ပန်းခင်းရဲ့ တတိယအဆင့်ကို ရောက်နေတဲ့ နာမည်ကြီး ပန်းချီပညာရှင်တွေတောင် သူတို့ဆွဲတဲ့ ပန်းချီကားတိုင်းက နာမည်ကြီး ပန်းချီကား ဖြစ်လိမ့်မယ်လို့ အာမ မခံနိုင်ပါ။

နောက်ခံကို အကြမ်းဖျင်း ဆွဲပြီးနောက် ဆွန်းမိုသည် ဇာတ်ကောင်ပုံစံကို စဆွဲတော့သည်။ သူ့တွင် မဟာအဆင့် ရိုးရာနှင့် ဇာတ်ကောင်ရေးဆွဲခြင်း နည်းစနစ် ရှိနေတဲ့အချက်က အားကောင်းတဲ့ အချက်ဖြစ်နေသည်။

စုတ်ချက် အနည်းငယ် ရေးဆွဲပြီးနောက် မိုးမခပင်အောက်တွင် စွန်လွှတ်နေတဲ့ မိန်းကလေးတစ်ယောက် ပုံစံ ပေါ်လာသည်။ သူမက ခြေဗလာနှင့် မိန်းလမ်းမကို ငေးကြည့်နေသည်။ သူမ

မျက်နှာတွင် ဘာမှ လိမ်းခြယ်ထားခြင်းမရှိဘဲ သန့်ရှင်းတဲ့ အငွေ့အသက်တစ်ခုသာ ပေါ်နေသည်။

ရုတ်တရုတ် မြင်းတစ်ကောင်ကို ပန်းချီကားရဲ့ ဘယ်ဘက်ခြမ်းမှာ ရေးဆွဲလိုက်သည်။ သခင်လေးတစ်ယောက်က မြင်းစီးနေသည်။ ဘယ်ဘက်လက်တွင် ပန်းကန်တစ်လုံးကိုင်ကာ ညာဘက်လက်တွင် မြင်းဇာတ်ကြိုး ကိုင်ထားသည်။

ပြီးတော့ ချောင်းဘေးတွင် ကလေးတချို့က ငါးဖမ်းရန် ကြိုးစားနေကြသည်။ မိန်းကလေးတစ်ယောက်က သတိလက်လွတ် ဖြစ်ကာ

ရေထဲ ပြုတ်ကျနေပြီး သူမရဲ့ အစ်ကိုက သူမကို ဆွဲတင်ရန် ကြိုးစားနေသည်။

ပြီးတော့ အပြစ်ကင်းတဲ့ ကစားဖော် နှစ်ယောက်ဖြစ်တဲ့ မိန်းကလေးနှင့် ယောက်ျားလေး ကလေးနှစ်ယောက်သည် တောထဲက မြက်ခင်းပေါ်တွင် ထိုင်နေကြကာ တစ်ယောက်နှင့်တစ်ယောက် စကားပြောနေကြသည်။

ဆွန်းမိုတွင် ခံစားချက်တွေ ပေါက်ဖွားလာသည်။ သူကရေးဆွဲနေရင်း ဝမ်းနည်းစိတ်တွေ ပေါ်လာသည်။

ဒီကမ္ဘာကြီးမှာ ဒေါင်ဟီလိုမျိုး ငယ်ရွယ်တဲ့ မိန်းကလေးတွေ အများကြီးရှိမှာ သေချာသည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောင်းစားခံရပြီး ကျွန်ဖြစ်နေမဲ့ အစား မိသားစုနဲ့ ပြန်ဆုံစေချင်သည်။

ခေတ်သစ်တွင် ဒေါင်ဟီလို မိန်းကလေးများသည် အလယ်တန်းတောင် မပြီးသေးပါ။ အခုတော့ သခင်ရဲ့ ရိုက်နှက်မှုကို မခံရစေရန် သတိကြီးကြီးထားပြီး နေနေရသည်။

ဆွန်းမိုလက်ထဲက စုတ်တံသည် တောက်ပလာသည်။

အနီးအနားရှိ ဝိညာဉ်ချီများ စုရုံးလာကြသည်။

"ဒါက........."

ကူရှုပ်ရှင်းမျက်နှာတွင် အံ့အော ထိတ်လန့်မှုနဲ့ ပြည့်နေသည်။ ဒါက အံ့ဖွယ်ပန်းခင်း မဟုတ်ဘူးလား။

မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ ဆွန်းမိုက အသက်ဘယ်လောက် ရှိသေးလို့လဲ။ သူ့မှာ ပုံဆွဲလေ့ကျင့်ဖို့ အချိန်တွေ အများကြီး မရှိဘူး။ တကယ်လို့သူသာ အံ့ဖွယ်ပန်းခင်း အဆင့် ပန်းချီကားတစ်ခုကို ရေးဆွဲနိုင်လျှင် နှစ်ပေါင်းများစွာ ပန်းချီဆွဲခြင်းကို လေ့လာခဲ့ပြီး အခုထက်ထိ

အံ့ဖွယ်ပန်းချီကား မရေးဆွဲနိုင်တဲ့ လူတွေအတွက် ဘယ်လောက်တောင် ရက်စက်ရာ ကြနေမလဲ။ ကျန်နှချင်ဖန် စိတ်လှုပ်ရှားနေသည်။ သူသာ ကြိုးစားပြီး စိတ်မထိန်းချုပ်ထားခဲ့ရင် လက်ခုပ်တီးပြီး ဝမ်းသာအားရ အော်ဟစ်မိနေမည်။

မြက်ခင်းပေါ်တွင် ကလေး ဆယ်ယောက်ကျော်က စွန်နောက် ပြေးလိုက်နေသည်။ သူတို့ အဝတ်အစားတွေက ချွေးတွေနဲ့စိုရွှဲနေပြီး မျက်နှာက ပင်ပန်းနွမ်းနယ်မှုနဲ့ ပြည့်နေသည်။ ဒါပေမယ့် ဘယ်သူမှ မရပ်ရဲကြပါ။

ခပ်လှမ်းလှမ်းတွင် မဏ္ဍပ် တစ်ခုရှိသည်။ ကူရှပ်ရှင်း တစ်ချက်ကြည့်လိုက်လျှင် ချမ်းသာတဲ့ မျိုးနွယ်စုက ဆင်းသက်လာတဲ့ မျိုးနွယ်စုကလေးများက အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်ထားပြီး လက်ဖက်ရည်သောက်ရင်း စကား အေးအေးဆေးဆေးပြောကာ ကောင်းကင်ပေါ်က စွန်ကို ကြည့်နေသည်။

အမျိုးသမီးငယ်တစ်ယောက်က မဏ္ဍပ်အပြင်တွင် ရပ်နေပြီး ကလေးတွေကို ဆူပူကြိမ်းမောင်း

နေသည်။ သူမက ကလေးတွေကို ခပ်မြန်မြန် ပြေးခိုင်းနေသည်။ တချိန်တည်းမှာပဲ ဒီနေရာကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ရန် သတိပေးတဲ့ အနေနဲ့ မိန်းကလေးငယ် တစ်ယောက်ကို ရိုက်နှက်နေသည်။

စမ်းချောင်းထဲတွင်တော့ ခြေထောက်ဗလာနဲ့ ကျွန်များ ရှိနေပြီး မြင်းတွေကို သန့်ရှင်းရေး လုပ်နေကြသည်။

ဆွန်းမိုသည် နောက်ဆုံး စုတ်ချက်ကို ရေးဆွဲလိုက်လျှင် ဝိညာဉ်ချီများက ပန်းချီကားထဲသို့ စိမ့်ဝင်သွားပြီး အရောင်အသွေး စုံလာသည်။

"အ......အံ့ဖွယ်ပန်းခင်း"

ဒေါင်ဟီ အလန့်တကြား ထအော်လိုက်သည်။ ထို့နောက် နာမည်ကျော် ပန်းချီကားတစ်ချပ် မွေးဖွားနေတာကို နှောက်ယှက်မိမှာ စိုးရိမ်ပြီး ပါးစပ်ကို မြန်မြန် ပြန်အုပ်လိုက်သည်။ တကယ်လို့ အဲဒီလို ဖြစ်သွားခဲ့ရင် သူမရဲ့ သခင်ကြီးက မသတ်ရင်တောင် အရေခွံခွာလိမ့်မည်။

စာစဉ်(၂၁)

အခန်း(၃၀၈) - သူက သာမည သူတော်စင်တစ်ပါး ဖြစ်လာနိုင်တယ်။

ကျန့်မျိုးနွယ်မှ တစ်ယောက်ယောက်သည် သေသေချာချာ ဂရုစိုက်ပြီး သင်ပေးထားသောကြောင့် သူမသည် စစ်တုရင်၊ ဂီတ၊ လက်ရေးလှနဲ့ ပန်းချီပညာရပ် အကြောင်းကို တော်တော်လေး

သိနေသည်။ သူမကို ပြည့်တန်ဆာအိမ်ကို ရောင်းစားလိုက်လျှင်ပင် သူမသည် ထိပ်တန်း နေရာကောင်းကောင်း ရနိုင်သည်။ အရင်က နေရာကောင်းကောင်း ရထားတဲ့ လူများနဲ့ ကောင်းကောင်း ယှဉ်ပြိုင်နိုင်သည်။ ဒါကြောင့် ဆွန်းမိုရဲ့ ပန်းချီကားသည် သူမကို ချက်ခြင်းလက်ငင်း အနိုင်ယူသွားသည်။

ဒင်

ဒေါင်ဟိဳ၏ လေးစားအထင်ကြီးမှု +၁၀၀ ။ ရင်းနှီး(၂၅၀/၁,၀၀၀)

“ဒီလိုဆိုရင် ငါ့ရဲ့ သခင်အသစ်က အရမ်းမိုက်တာပဲ”

ဒေါင်ဟီသည် စိတ်လှုပ်ရှားပြီး ရင်ခုန်သံတွေ မြန်လာသည်။ “အံ့ဖွယ် ပန်းခင်း ပန်းချီကား’ ကို ရေးဆွဲနိုင်တဲ့ ကျွမ်းကျင်မှုကြောင့် သူမရဲ့ သခင်အသစ်သည် အဆင့်မြင့် အရာရှိများနှင့် ဩဇာကြီးသူများရဲ့ အရေးကြီးတဲ့ ဧည့်သည် ဖြစ်လာနိုင်သည်။ အမှန်ပဲ။ သခင်ကြီးကျန့်က ပန်းချီနဲ့ လက်ရေးလှကို တော်တော်လေး နှစ်သက်သည်။

သူမရဲ့ သခင်အသစ်က ပန်းချီကျွမ်းကျင်လို့ သခင်ကြီးက သဘောကျခဲ့တာ သေချာသည်။

ဒေါင်ဟီသည် ဖြစ်နိုင်ချေကို ရှာတွေ့သွားတယ်လို့ ထင်မိသွားသည်။

သို့သော် အမှန်တရားမှာက လက်ရေးလှ စွမ်းရည်နှင့် ပန်းချီစွမ်းရည်သည် ကျန့်ချင်ဖန်က ဆွန်းမိုကို သဘောကျရတဲ့ အချက်များထဲက ရေခဲတောင် ထိပ်ပိုင်းသာ ရှိသေးသည်။ မင်းဆက်နှစ်ဆက်ကို တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း ကျန့်ချင်ဖန်သည် ဆွန်းမိုကို

အရမ်းလေးစားပြီး တန်းတူရည်တူ ဆက်ဆံရတဲ့အကြောင်းမှာ ကျောင်းဆရာအဖြစ် လုပ်ဆောင်ခဲ့တဲ့ ဆွန်းမိုရဲ့ စွမ်းဆောင်ရည်များ ကြောင့်ဖြစ်သည်။

ကျန့်ချင်ဖန်လို လူတစ်ယောက်အတွက် သူ့ရဲ့ မိတ်ဆွေများကို အမျိုးအစား ခွဲခြားထားသည်။

သူနှင့်တန်းတူ အကျိုးစီးပွားကို ဝေမျှတဲ့ မိတ်ဆွေများ၊ စိတ်တူကိုယ်တူ ရဲဘော်ရဲဘက်များ၊ အရည်အချင်းပြည့်နှက်နေတဲ့ ဆွန်းမိုလို လူငယ်များကတော့ သူတို့ရဲ့ စွမ်းဆောင်ရည်ကြောင့်

အထင်ကြီးလာစေနိုင်ပြီး သူငယ်ချင်း ဖြစ်လာစေနိုင်သည်။

ကျန့်ချင်ဖန်သည် ဆွန်းမိုကို အငယ်တစ်ယောက်လို့ တစ်ခါမှ မသတ်မှတ်ခဲ့ပါ။

သူ့ရဲ့ အရည်အချင်းကို သဘောကျတာအပြင် ရင်းနှီးမြှုပ်နှံမှု တစ်ခုလို့လည်း သတ်မှတ်ထားသည်။ ဆွန်းမိုသည် အနာဂတ်တွင် ကြယ်(၅)ပွင့် မြတ်ဆရာတစ်ယောက် ဒါမှမဟုတ် သာမည သူတော်စင် တစ်ပါး ဖြစ်လာပါက သူတို့

မျိုးဆက်အတွက် အများကြီး အထောက်အကူ ဖြစ်လာနိုင်သည်။

စာရွက်ပေါ်တွင် ဝိညာဉ်ချီများ စုရုံးလာတာနဲ့အမျှ 'နွေဦးမှာ လမ်းလျှောက်ခြင်း ပန်ချီကား' ချက်ခြင်း အရောင်တောက်လာပြီး အရမ်း လှပလာသည်။ ပျော့ပြောင်းနူးညံ့တဲ့ မြက်ပင်စိမ်းစိမ်းများ၊ အရောင်အသွေးစုံတဲ့ မြင်းများ၊ လှပတဲ့ စမ်းချောင်းနှင့် ရေ၏ အရောင်ပြန်ဟပ်မှုများ................ဒီပန်းချီကားကို

ရုတ်တရုတ်ကြည့်လိုက်လျှင် အသက်ရှင်သန်မှုကို မြင်နိုင်သည်။

ကူရှုပ်ရှင်းသည် သဘောကျစွာ သက်ပြင်းချလိုက်သည်။

ဒါက နာမည်ကြီး ပန်းချီကား မွေးဖွားလာတာကို ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ မဟုတ်သေးဘူး။ ဒီလိုမျိုး မြင်ကွင်းကို မြင်နိုင်လောက်တဲ့ ကံကောင်းသောသူသည် အနည်းငယ်သာ ရှိလိမ့်မည်။

အံ့ဖွယ်ပန်းခင်းကို အဆင့်(၃)ဆင့် ခွဲခြားထားသည်။ တတိယတန်းမှာ ဝိညာဉ်ချီ တည်ရှိလာပြီး အဖြူအမည်း မဟုတ်တော့ပါ။ ရုတ်တရုတ်လေထု တစ်ခုကိုပိုင်ဆိုင်လာပြီး လက်တွေ့ဘဝ တစ်ခုကဲ့သို့ ဖြစ်လာမည်။

မြင်လိုက်တဲ့လူက လမ်းလျှောက်တာကို ရပ်ပြီး ဒါကို အာရုံစိုက်ကာ ကြည့်နေမိလိမ့်မည်။

ဒုတိယတန်းကတော့ ပန်းချီပညာရှင်၏ အတွေးအခေါ်နဲ့ အယူအဆများ လွှမ်းမိုးလာနိုင်သည်။ သူတို့က သူတို့ရဲ့ စိတ်ခံစားချက် ဆုံးရှုံးသွားပြီး

အရှုးအမူး စွဲလန်းတဲ့ ပရိသတ်တစ်ယောက် ဖြစ်လာကာ သူတို့က ဒါကို ပိုင်ဆိုင်ချင်လာလိမ့်မည်။

ပထမတန်းကတော့ ဘာမှ ပြောစရာမလိုတော့ပါ။ အဲဒါက သူတောင်စင် ပန်းချီပညာရှင်တွေရဲ့ နယ်ပယ် ဖြစ်နေပြီ။

ဆွန်းမိုရဲ့ ပန်းချီကားက တတိယအဆင့် ဖြစ်တာ သိသာနေသော်လည်း အရမ်းအထင်ကြီးစရာ ကောင်းနေသည်။ ဆွန်းမိုရဲ့ လက်ရှိအသက်ကို

မေ့ထားလို့ မရပါ။ ခုမှ အသက်နှစ်ဆယ်ကျော်ပဲ ရှိသေးသည်။

တန်နိုင်ငံတစ်ခုံလုံးမှာ သူနှင့်သက်တူရွယ်တူများထဲတွင် သူနဲ့ အဆင့်တူတူ ရပ်တည်နိုင်တဲ့ လူငယ်တစ်ယောက်မှ မရှိသေးပါ။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၇၁၀/၁.၀၀၀)

အံ့အောစရာပဲ။

အံ့အောစရာပဲ။

အံ့အောစရာပဲ။

ကျန့်ချင်ဖူ ချီးကျူးနေတာနဲ့ အမျှ မျက်လုံးက စိုစွတ်လာသည်။

ကျန့်ချင်ဖန်သည် ဒေါင်ဟီ၊ ကူရှုပ်ရှင်းတို့နဲ့ မတူဘဲ ဆွန်းမိုရဲ့ ပန်းချီစွမ်းရည်ကို နှစ်ကြိမ်တိုင်တိုင် မြင်ဖူးသည် ဒါကြောင့် ဆွန်းမိုရဲ့ စွမ်းရည်အတွက် ထူးပြီး မတုန်လှုပ်တော့ပါ။ ဒီပန်းချီကားရဲ့ အဓိပ္ပါယ်က သူ့ကို အံ့အောတုန်လှုပ်စေသည်။

ဒါက အောက်တန်းစား လူတန်းစားများ၏ ကြေကွဲစရာနဲ့ ပြည့်နေတဲ့ ဘဝကို ပုံဖော်ထားသည်။

နွေရာသီတွင် လမ်းလျှောက်ခြင်း၊ စွန်လွှတ်ခြင်း၊ ချောင်းများမှာ ငါးဖမ်းခြင်း။ ရိုးရာ သီချင်းများ သီဆိုနေခြင်း.............

သူတို့သည် တစ်ချိန်တုန်းက လူငယ်များသာ ဖြစ်သည်။ ဒါပေမယ့် သေသေချာချာ ကြည့်လိုက်လျှင် ဒီကလေးတွေက ကျွန်တွေ ဖြစ်နေကြပြီး အလုပ်ကြိုးစားနေရတာကို တွေ့ရလိမ့်မည်။

ပင်ပန်းနွယ်နေရုံသာမက ဘဝမှာလည်း ပျော်ရွှင်မှုဆိုတာ မရှိကြပါ။

လူ့အသိုင်းအဝိုင်း၏ လူတန်းစား ကွာဟမှုသည် ကျန့်ချင်ဖန်၏ မျက်နှာကို တိုက်ရိုက် ထိစေခဲ့ပြီး သူရဲ့ အတွေးများကိုလည်း ထိမှန်သွားသည်။

ဒါက နွေဦးရာသီမှာ လမ်းလျှောက်တာ ဖြစ်ပေမယ့် ပျော်ရွှင်မှုဆိုတာ အဆင့်အတန်းမြင့်တဲ့ လူများအတွက်သာ ဖြစ်နေသည်။ ဒီပန်းချီထဲတွင် ဆွန်းမိုရဲ့ ထတ်မြတ်တဲ့ အယူအဆ

တစ်ခုရှိနေသည်။ ချမ်းသာတဲ့ အသိုင်းအဝိုင်းများက လူများသည် ပန်းချီကား အများစုကို သိမ်းပိုက်ထားကြသည်။

သူတို့၏ ရယ်မောခြင်းနဲ့ ပျင်းရိခြင်းကို ပန်းချီကားအား တစ်ချက်ကြည့်ရုံနဲ့ မြင်နိုင်သည်။

သူတို့က ပန်းချီကား၏ လွှမ်းမိုးမှုကို ခံရပြီး သူတို့ကိုယ်တိုင် ဖြစ်ပျက်သွားသလို ဒါမှမဟုတ် သူတို့ရဲ့ ပျော်ရွှင်စရာ ကောင်းတဲ့ ငယ်ဘဝကို ပြန်သတိရသွားကြမည်။

အဲဒီအချိန်မှာတော့ ဒီပန်းချီကားရဲ့ ခံစားချက်က ကြည်နူးစရာပဲ။

ဒါပေမယ့် ဒီပန်းချီကားကို ပိုပြီး လေးလေးနက်နက် ကြည့်လိုက်လျှင် ပန်းချီကားရဲ့ ထောင့်မှာ ကျွန်ကလေးတွေရဲ့ အဖြစ်အပျက်ကိုမြင်ပြီး ရုတ်တရက် စိတ်မသက်မသာ ဖြစ်လာလိမ့်မည်။

သာမန်လူတွေကတော့ နားမလည်နိုင်ပေမယ့် ကျန့်ချင်ဖန်သည် တစ်ချိန်က နယ်မြေတွေကို အုပ်ချုပ်ခဲ့တဲ့ အရာရှိတစ်ယောက်ပါ။

သူ့လိုလူတွေက လူ့အဆင့်အတန်းတွေရဲ့ ကွဲပြားခြားနားမှု အမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ဖူးသည်။

ဆွန်းမိုက စုတ်တံကို ဖယ်လိုက်သည်။ ထို့နောက် ပန်းချီကားကို ကြည့်ရန် နောက်သို့ ခြေလှမ်း အနည်းငယ် ဆုတ်ပြီးနောက် နှုတ်ခမ်းများ တွန့်သွားသည်။

“ဘာလဲ။ အံ့ဖွယ် ပန်းခင်းအဆင့် ရောက်နေတာတောင် မင်းက မကျေနပ်သေးဘူးလား”

ကူရှုပ်ရှင်းက စလိုက်သည်။

“ရှုခင်းက ညံ့လွန်းတယ်”

ဆွန်းမိုက ခေါင်းယမ်းရင်း ပြန်ဖြေသည်။

ကူရှုပ်ရှင်းသည် ဆွန်းမို ခေါင်းကို ရိုက်ချင်စိတ်နဲ့ လက်သီး ဆုပ်လိုက်သည်။ (မင်းက အထင်ကြီးစရာ တစ်ခုခုကို လုပ်ထားခဲ့ပေမယ့် အရေးမပါသလို ဟန်ဆောင်နေတာလား။)

"သခင်ကြီး"

အခုလောလောဆယ်တွင် ကျန့်ချင်ဖန် မျက်ရည်သုတ်နေတာ မြင်လိုက်လျှင် ဒေါင်ဟီ အလန့်တကြား ထအော်လိုက်သည်။ ဒီအဖြစ်အပျက်ကြောင့် သူမ လန့်ဖြန့်သွားသည်။

"ဦးလေး ကျန့်"

ဆွန်းမိုလည်း ထိတ်လန့်သွားသည်။

"ငါ အဆင်ပြေပါတယ်"

ကျန့်ချင်ဖန်က လက်သီးဆုပ်ပြီး အရိုအသေ ပေးလိုက်သည်။ ဆွန်းမိုကို အရိုသေပေးရင်း ရှက်ရွံ့သော အမူအရာ ဖြစ်နေသည်။

"သာမန်လူတွေ ပျော်ရွှင်တဲ့ ဘဝတစ်ခုနဲ့ မဖြတ်သန်းနိုင်ရတာက ဝန်ချုပ်ကြီးချုပ် တစ်ယောက် အနေနဲ့ သူ့တာဝန်တွေကို မကျေပွန်လို့ပဲ"

ကျန့်ချင်ဖန်၏ စကားများသည် အရမ်းလေးနက်နေပြီး နှလုံးသား တစ်ခုလုံးကလည်း နာကျင်မှုနဲ့ ပြည့်နေသည်။

“ဝန်ကြီးချုပ်ကျန့်”

ကူရှုပ်ရှင်းလည်း ထိတ်လန့်သွားသည်။ (ဒါက ဘဝကို ပျော်မွေ့နေတဲ့လူတွေရဲ့ပုံပဲ မဟုတ်ဘူးလား။ မင်းက ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ။ ထင်မှတ်ထားသလိုပဲ။ အရာရှိကြီး ဖြစ်ခဲ့ဖူးသူတွေရဲ့ အတွေးအခေါ်တွေက တခြားလူတွေနဲ့ မတူဘူး)

မဟုတ်ဘူး။ တွေးခေါ်မှု ဖြစ်စဉ် ကွဲပြားတာ မဟုတ်ဘူး။ မိုးကုတ်စက်ဝိုင်း ကွာခြားတာ။

"ဦးလေးကျန့်၊ ငါက ဒါကို ပေါ့ပေါ့ပါးပါးလေး ရေးဆွဲခဲ့တာ။ ဘာမှ မဆိုလိုပါဘူး"

ဆွန်းမိုသည် အရိုအသေပေးမှုကို လက်မခံဘဲ ကမန်းကတန်း ရှောင်ထွက်လိုက်သည်။ တစ်ချိန်တည်းမှာပင် စိတ်ထဲ နောင်တ ရသွားသည်။

အမှန်တိုင်းပြောရလျှင် ကျန့်ချင်ဖန်ကို အရှက်ခွဲသလို ဖြစ်သွားသည်။ ကျန့်ချင်ဖန်ဆိုတာ မျိုးဆက်နှစ်ဆက် ဝန်ကြီးချုပ် လုပ်ခဲ့တဲ့လူ ဖြစ်သည်။

အခု ပန်းချီကားတွင် အောက်ခြေ လူတန်းစားများ၏ ကြေကွဲစရာ ဘဝကို ရေးဆွဲထားသည်။ ကျန့်ဖန်ချင်က ထိပ်တန်းတရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့တဲ့လူ ဖြစ်သောကြောင့် သူတာဝန် မကျေပွန်နေသလို ဖြစ်နေသည်။ ကံကောင်းတာက ကျန့်ချင်ဖန်က သဘောထားကြီးတဲ့ လူ ဖြစ်နေသည်။ တကယ်လို့ ဒီနေရာမှာသာ တခြား အရာရှိကြီး တစ်ယောက်ဆိုပါက သူတို့အလုပ်ကို သူတို့မလုပ်ကြောင်း စောင်းမြောင်းပြောဆိုနေသလို ဖြစ်နေသဖြင့် ဆွန်းမိုအား ဆွဲထုတ်ပြီး ခေါင်းဖြတ်သတ်ခိုင်း နေလောက်ပြီ။

"ဟား ဟား"

ကျန့်ချင်ဖန်က ရယ်မောပြီး ဆွန်းမို ပုခုံးကို ပုတ်လိုက်သည်။ ဆန့်ကျင်ဘက်အနေနဲ့ ဆွန်းမိုကို ပိုတောင် သဘောကျလာသေးသည်။

ဆွန်းမိုသာ သူ့ရဲ့ စွမ်းရည် ထုတ်ဖော်ပြသချင်ပါက လူငယ်များကြားတွင် အထူးချွန်ဆုံး လူသာ ဖြစ်လိမ့်မည်။ သို့သော်လည်း သာမန်လူများအတွက် အာရုဏ်ဦး အယူအဆနဲ့ ရေးဆွဲခဲ့သည်။

ဒီပန်းချီကားရဲ့ အနုပညာ ခံစားချက်သည် မြင့်မားလှပြီး နောင်တစ်ချိန်တွင် အဆင့်မြင့် ဂန္ထဝင် တစ်ခု ဖြစ်လာနိုင်သည်။

အခုလက်ရှိ ဘုရင်မင်းမြတ်သည် ထက်မြတ်သောကြောင့် ဆွန်းမိုရဲ့ နာမည်ကြီး ပန်းချီကားကို ပေးပို့ခဲ့လျှင် ဧကရာဇ်မင်းက ဆွန်းမိုကို ခရိုင် တရားသူကြီး အဖြစ် ချက်ခြင်းခန့်အပ်ပြီး သူ့ရဲ့ ရည်မှန်းချက်နဲ့ ဆန္ဒများကို အကောင်အထည် ဖော်ပေးနိုင်မယ့် လူလို့ သတ်မှတ်သွားလိမ့်မည်။

"သနားစရာ ကောင်းလိုက်တာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန် ရုတ်တရက် အနည်းငယ်နောင်တရသွားသည်။ တကယ်လို့ ဆွန်းမိုသာ ဆရာတစ်ယောက်မဟုတ်ဘဲ အရာရှိတစ်ယောက်ဖြစ်ပါက ပြည်သူတွေကို အကျိုးပြုတဲ့ အရေးပါတဲ့လူတစ်ယောက် ဖြစ်လာလိမ့်မည်။

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို (၁,၄၄၀/၁၀,၀၀၀)

"ကျွန်ုပ်ချင်ဖန်က ဝန်ကြီးချုပ် ဖြစ်ခဲ့တယ်။ ဒီပန်းချီကားက သူ့ရဲ့ ခံစားချက်ကို နက်နက်ရှိုင်းရှိုင်း ထိမှန်သွားတယ်"

စနစ်က သက်ပြင်းချရင်း ပြောလိုက်သည်။

ဆွန်းမိုက ပန်းချီကား သုံးချပ် ရေးဆွဲလိမ့်မယ်လို့ သူ မထင်ထားခဲ့ပါ။ ပန်းချီကား သုံးချပ်စလုံးကလည်း နာမည်ကျော် ပန်းချီကားတွေ ဖြစ်နေသည်။ ဒီလို အရည်အချင်းနဲ့ ဘယ်လိုမှ ဒုတိယ မဖြစ်နိုင်ပါ။

စနစ်က ဆွန်းမိုကို ကျွမ်းကျင်မှုပေးခဲ့သော်လည်း ဒါကို ဘယ်လို အသုံးပြုမည် ဒါမှမဟုတ် ကျွမ်းကျင်မှု အလားအလာ၏ ကန့်သတ်ချက်ကို ဘယ်လောက် အတိုင်းအတာအထိ ထုတ်လွှင့်နိုင်မလဲဆိုတာ ဆွန်းမို အပေါ်တွင်သာ မူတည်သည်။

"ဦးလေးကျန့်"

ဆွန်းမို အရမ်းအားနာနေသည်။

"အဆင်ပြေပါတယ်"

ကျန့်ချင်ဖန်က ပန်းချီကားဆီ လျှောက်သွားသည်။ ထိကြည့်ချင်ပေမယ့် ပျက်ဆီးမှာကို ကြောက်နေသည်။ တစ်ကြိမ်လောက် ခံစားပြီးတဲ့နောက်

"ဆွန်းမို၊ ဒါကို စွန့်လွှတ်ဖို့ ဆန္ဒရှိလား"

မေးလိုက်သည်။

ကျန့်ချင်ဖန်သည် သူ့ရဲ့ တောင်းဆိုချက်က အရမ်းလွန်ကဲနေတယ်ဆိုတာ သိသည်။ ပြီးတော့ ဖန်တီးမှု သဘောတရားကလည်း

အရမ်းပြင်းထန်သည်။ ဒါက လုံးဝကို မျိုးနွယ်စုရဲ့ အမွေအနှစ်တစ်ခု ဖြစ်လာနိုင်သည်။

ဒါပေမယ့် သူတကယ် စိတ်မထိန်းနိုင်ပါ။

သူက ဒီပန်းချီကားကို ခံစားပြီး သူ့ကိုယ်သူ သတိပေးချင်သလို အရာရှိလုပ်နေတဲ့ သူ့ရဲ့သားများကိုလည်း အမြဲတမ်း သတိပေးချင်လို့ ဒီပန်းချီကားကို ချိတ်ဆွဲထားချင်သည်။

"ဒီပန်းချီကားက မင်းကို ပေးမယ်လို့ ဆုံးဖြတ်ထားတယ်။ တကယ်လို့ မင်းမကြိုက်ခဲ့ရင်လည်း နားလည်ပေးပါ"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။ ကျန့်ချင်ဖန်လို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ လူတစ်ယောက်ကို ဒီပန်းချီကား ပေးရတာလဲ တကယ်မဆိုးပါ။ ဒီလူတွေက အမျိုးသားရေး ဝါဒကို ချမှတ်တဲ့ လူတွေ ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လည်ပတ်ပုံကို ပြောင်းလဲသွားစေနိုင်သည်။

တခြားကိစ္စတွေကို ဖယ်ထားလိုက်အုံး အခွန်ဖြတ်တဲ့ကိစ္စတွေတောင် သူတို့လက်ထဲမှာပဲ ရှိသည်။ အဲဒီအခါကျရင် သူတို့မိသားစုရဲ့ ညစာစားပွဲပေါ်မှာ အသားများများ တင်စားလို့ ရသည်။

ကူရှပ်ရှင်းသည် ဉာဏ်ရည်ထက်မြတ်တဲ့ လူတစ်ယောက်ဖြစ်ပြီး ကျန့်ချင်ဖန်၏ ပုံရိပ်ကိုလည်း သိနေသည်။ ဒီလို ပုဂ္ဂိုလ်မျိုးကိုတောင် စိတ်ခံစားချက် ဖြစ်ပေါ်စေနိုင်တဲ့ အကြောင်းအရာကို စတင် စဉ်းစားလိုက်သည်။

ခဏကြာတော့ သူမ နှလုံးသားထဲတွင် ဆွန်းမိုကို သဘောကျတဲ့ အငွေ့အသက် ပေါ်လာပြီး သူမကိုယ်သူမ စိတ်ပျက်သွားမိသည်။

အရင်တုန်းက ကူရှပ်ရှင်းသည် မြတ်ဆရာ အရှိန်အဝါ၊ သင်ကြားမှုစွမ်းရည် ဒါမှမဟုတ်

ကျင့်ကြံမှုကို နှိုင်းယှဉ်တဲ့အခါ ဆွန်းမိုထက် နိမ့်ကျတယ်လို့တော့ ခံစားမိသည်။ ဒါပေမယ့် အခုအချိန်မှာတော့ သူတို့ရဲ့ တွေးခေါ်ပုံကိုက ကွာခြားနေတာ ဖြစ်သည်။

ကူရှုပ်ရှင်းသည် သာမန်လူတန်းစားက ဆင်းသက်လာခဲ့သော်လည်း သူတို့၏အခက်အခဲကို တစ်ခါမှ မစဉ်းစားခဲ့မိပါ။ သူမသည် မြတ်ဆရာတစ်ယောက် ဖြစ်လာရမည့် အကြောင်းသာ စဉ်းစားနေခဲ့သည်။ အဲဒီလိုသာဆိုလျှင် ဆင်းရဲတဲ့ အကြောင်းကို ထပ်စဉ်းစားစရာ မလိုတော့ပါ။

၁၄၁

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၂၀၀။ ရင်းနှီး(၉၁၀/၁,၀၀၀)

ကျန့်ချင်ဖန်သည် နွေဦးရာသီ ပန်းချီကားကို ယူဆောင်ပြီး ကျေနပ်စွာ ထွက်ခွာသွားသည်။

"မင်းငါ့ကို လိုက်ပို့စရာ မလိုဘူး။ မင်းအရမ်း အလုပ်ရှုပ်နေတာ ငါသိတယ်"

ကျန့်ချင်ဖန်သည် ပန်းချီကား တွေ့တိုင်း ဒီအတိုင်း လုပ်နေမိသဖြင့် အနည်းငယ် ရှက်သွားသည်။ ဒါသိပ်မကောင်းဘူး မဟုတ်ဘူးလား။

ဒီတစ်နှစ်ခွဲအတွင်း ဆွန်းမိုဆီမှ နာမည်ကျော် ပန်းချီကား သုံးချပ် ရရှိခဲ့သည်။ ဒါကြောင့် သူ့ရဲ့ စုဆောင်းမှုတွင် ပန်းချီကား အရေအတွက် တိုးလာပြီး အရည်အသွေးပိုင်းလည်း မြင့်မားလာခဲ့သည်။

(အင်း။ ငါ့ရဲ့ မိတ်ဆွေဟောင်းတွေကို ချပြရမယ့် အခွင့်အရေး ရှာရမယ်)

ရှာဟီသည် ရထားလုံးပေါ်တွင် ထိုင်နေပြီး တစ်ခဏတွင် ဆွန်းမိုဘေးမှာ ရပ်ကျန်နေခဲ့တဲ့ ဒေါင်ဟီကို ကြည့်လိုက်သည်။ လှောင်ပြောင်တဲ့ အပြုံးတစ်ခု ပေါ်လာသည်။ (ဒီနေ့ကစပြီး ငါတို့

ဘဝတွေကြားမှာ ကြီးမားတဲ့ ကွာဟချက်တွေ ဖြစ်လာလိမ့်မယ်။ မိုက်မဲလိုက်တာ။ နောင်တစ်ချိန်ကျရင် ငါ့ကို မော်ကြည့်နေရလိမ့်မယ်)

ကျန့်မျိုးနွယ်စုတွင် သူမတို့ နှစ်ယောက်သည် မိတ်ဆွေကောင်းတွေ ဖြစ်သလို ပြိုင်ဘက်တွေလည်း ဖြစ်သည်။ အမြဲတမ်း တူညီနေခဲ့သည်။ ဒါပေမယ့် အခုတော့ အဖြေထွက်လာပြီ။

ကျန့်ချင်ဖန်သည် ပြတင်းပေါက်ကနေ လှမ်းကြည့်နေတဲ့ ရှာဟီကို ကြည့်ပြီး

"ရှာဟီ"

"သခင်ကြီး"

ရှာဟီက ပြန်ဖြေသည်။ သူမက အနားကို တိုးကပ်သွားပြီး ခြေထောက်ကို နှိပ်ပေးလိုက်သည်။

"မလိုဘူး"

ကျန့်ချင်ဖန်က လက်ဝှေ့ယမ်းလိုက်ပြီး ရှာဟီကို ကောင်းကောင်း ပြန်ထိုင်ခိုင်းလိုက်သည်။

"ဒေါင်ဟီက အရမ်းမိုက်တယ်လို့ မင်းတွေးနေတာလား"

"ဒီကျွန် မလုပ်ရဲပါဘူး"

ရှာပဟီ မျက်နှာ ပျက်သွားသည်။ ရထားပေါ်က နေရာကျဥ်းနေလို့ပါ၊ ဒီလိုမှမဟုတ်ရင် ဒူးထောက်နေမိလိမ့်မည်။

"မင်းရဲ့ နေ့စဥ် စွမ်းဆောင်မှုတွေကနေ မင်းက ဒေါင်ဟီထက် ဉာဏ်ကောင်းတယ်လို့ ငါ အမြဲထင်ခဲ့မိတယ်။ ဒါပေမယ့် ဒီနေ့ ဒေါင်ဟီကို အမြင်တစ်မျိုးနဲ့ မြင်ရလိမ့်မယ်လို့ မထင်ထားခဲ့မိဘူး"

ကျန့်ချင်ဖန် ရုတ်တရက် နောင်တရသွားသည်။ ဒေါင်ဟီလို အမြော်အမြင်ရှိတဲ့ မိန်းကလေးမျိုးကို

သားကြီးရဲ့ ကိုယ်လုပ်တော်အဖြစ် ပေးလိုက်သင့်သည်။

အမှန်တော့ ကျန့်ချင်ဖန်၏ သားအကြီးဆုံးလို လူမျိုးအတွက် မိန်းကလေး မရှားပါ။

ဒီကမ္ဘာမှာ ဘယ်အရာ ရှားပါးလဲ။

ပါရမီ။

ရှာဟီ နှုတ်ခမ်းတွန့်သွားသည်။ ရွှန်းလဲ့နေတဲ့ မျက်လုံးထဲကနေ သူမအတွေးကို မြင်နေရသည်။ သူမ မယုံကြည်ပါ။ (သခင်ကြီးက ဒေါင်ဟီကို

ငါ့ထက်ပိုတော်တယ်လို့ ဘာကြောင့် ပြောရတာလဲ။ ဆွန်းမိုကို ရွေးလိုက်လို့လား။)

“ဆွန်းမိုက တနေ့ သာမည သူတော်စင်တစ်ပါး ဖြစ်လာနိုင်တယ်”

ကျန့်ချင်ဖန်က ခံစားချက်များစွာနဲ့ သက်ပြင်းချလိုက်သည်။

“သ……သာမည သူတော်စင်၊ ဟုတ်လား”

ရှာဟီသည် သခင်ကြီး မဖြစ်နိုင်တာ ပြောနေတယ်လို့ ခံစားမိသည်။ ပြည်နယ်ကိုးခုတွင် သာမည သူတော်စင် ဘယ်နှစ်ပါး ရှိလို့လဲ။

ဆွန်းမိုမှာ ဘယ်လို အရည်အချင်း ရှိနေလို့လဲ။ နောက်ပိုင်းတွင် သခင်ကြီးသည် စကားမပြောဘဲ ရှားရှားပါးပါး တွေးငေးနေတာ မြင်လိုက်လျှင် မျက်မှောင်ကြုတ်သွားသည်။

“ဆုံးဖြတ်ချက်တစ်ခုကြောင့် ဘဝပြောင်းလဲသွားတဲ့ လူတွေ ရှိတယ်”

ကျန့်ချင်ဖန်သည် ရှာဟီကို တစ်ချက် ကြည့်လိုက်ပြီးနောက် ‘နှေဦးလမ်းလျှောက်ခြင်း’ ပန်းချီကားကို ပွေ့ဖက်ပြီး အနားယူနေသည်။

(ရှာဟီ၊ မင်းက ဘာနဲ့ လွဲချော်သွားလဲဆိုတာ မင်းမသိဘူး)

(နောင်တစ်ချိန်မှာ သေချာပေါက် နောင်တရ နေလိမ့်မယ်)

ဒေါင်ဟီသည် ဆွန်းမိုဘေးမှာ ရပ်နေရင်း ထွက်ခွာသွားတဲ့ ရထားလုံးကို ငေးကြည့်နေသည်။ သူမသည် ကျယ်ပြောလှတဲ့ ပင်လယ်ပြင်ကို ရောက်လာတဲ့ ငါးတစ်ကောင်လို ခံစားမိသည်။

(ရှာဟီ။ မင်းထက် ပိုကောင်းတဲ့ဘဝမှာ ငါသေချာပေါက် နေမယ်)

ဒေါင်ဟီက လက်သီး တင်းတင်း ဆုပ်လိုက်ပြီး

“သခင်၊ အပြင်မှာအေးတယ်။ ငါတို့ ပြန်ကြမလား”

စာစဉ်(၂၁)

အခန်း(၃၀၉) - ရတနာသေတ္တာဖွင့်ခြင်းမှ ရရှိတဲ့ ဆုလဒ်များ။

"ဒီဘဏ်စာရွက်ကို ယူသွားပြီး မင်းလိုချင်တာ သွားဝယ်လိုက်"

အိမ်ကို ပြန်ရောက်ပြီးနောက် ဆွန်းမိုသည် ဒေါင်ဟီအား ဘဏ်စာရွက် တစ်ရွက် ထုတ်ပေးလိုက်သည်။

“သခင် အေးအေးဆေးဆေး အနားယူပါ။ အရာအားလုံးကို သေချာပေါက် စီစဉ်ပေးပါမယ်”

ဒေါင်ဟီ ခံယူချက်က သဘာဝကျပြီး အထိန်းအကွပ်ရှိသည်။ အနာဂတ်တွင် သူမက အိမ်အကူ တစ်ယောက်ဖြစ်လာပြီး သခင်၏ နေ့စဉ်ဘဝကို တာဝန်ယူရမည်။

“ဘာမှ စီစဉ်ပေးစရာမလိုပါဘူး။ မင်းကိုယ်မင်းပဲ ဂရုစိုက်ဖို့လိုတယ်’

ဆွန်းမိုသည် ချမ်းသာနေသော်လည်း ကျွန်ထားရန် စိတ်ကူးမရှိပါ။ တစ်ယောက်တည်းနေရတာက တော်တော်လေးကောင်းသည်။

ဒေါင်ဟီ ပြုံးလိုက်သည်။ သူမက သူမသခင်ကို ပါးစပ်နဲ့ ဘယ်တော့မှ ပြန်ပြောမည် မဟုတ်ပါ။ ဒါပေမယ့် အမူအရာတော့ ပြနိုင်သည်။ ဒါကလည်း သူမ အမေက သင်ပေးထားခဲ့ခြင်း ဖြစ်သည်။

သခင်က အမြဲမှန်သည်။

ဒေါ်ဟီသည် ဘဏ်စာရွက်ကို သိမ်းမလို လုပ်လိုက်ကာ ပေါ့ပေါ့ပါးပါး စိုက်ကြည့်ပြီး ထိတ်လန့် တုန်လှုပ်သွားသည်။

"ငေ.....ငွေတုံးတစ်ထောင်လား"

ဒေါ်ဟီ စကားထစ်နေသည်။ ဒါက သေးငယ်တဲ့ ပမာဏ မဟုတ်ပါ။ သူမ သခင်အသစ်ရဲ့ ချမ်းသာမှုသည် သူမထင်ထားတာထက် ပိုများနေပုံရသည်။ သူမ ပြတ်ပြတ်သားသား မေးဖို့လိုနေပြီ။ ဒီလိုမှမဟုတ်ရင် အရည်အသွေး နိမ့်တဲ့

ပစ္စည်းများကိုဝယ်ယူမိပြီး မလေးမစား လုပ်သလို ဖြစ်သွားနိုင်သည်။

"သခင်၊ မင်း ဘယ်လို စားသောက်တတ်သလဲ ဆိုတာ မေးလို့ ရမလား"

"ငါက ကန်တင်းမှာ စားလေ့ရှိတယ်"

ဆွန်းမိုက ကူရှုပ်ရှင်းနဲ့ စကားပြောနေသဖြင့် ဒေါင်ဟီ အနည်းငယ် စိတ်နှောက်အယှက် ဖြစ်နေသည်။

"မင်း ငါ့အတွက် ထမင်းချက်စရာ မလိုဘူး။ ငါက ကန်တင်းမှာပဲ စားလေ့ရှိတယ်။

ဒီလိုမှမဟုတ်ရင်လည်း တစ်ခါတစ်လေ လီဇီချီက အစားအသောက် ယူလာပေးတတ်တယ်"

"မင်းရဲ့ အဝတ်အစားကရော ။ ဘယ်မှာ ချုပ်တာလဲ"

ဒေါင်ဟီက မေးလိုက်သည်။

ချမ်းသာသူများက စိတ်ကြိုက်ချုပ်ထားတဲ့ အဝတ်အစားများကိုသာ ဝတ်ဆင်တတ်သည်။ သူတို့ စိတ်တိုင်းကျတဲ့ အပ်ချုပ်သမားများ ရှိတတ်ကြသည်။

“စတိုင်နှစ်မျိုးရှိတယ်။ တစ်မျိုးက ဆောင်းရာသီနဲ့ နောက်တစ်မျိုးက နွေရာသီ ပုံစံ။ ကျောင်းက အဝတ်အစားတွေ ထုတ်ပေးတယ်”

အဝတ်အစားအကြောင်းပြောရင်း နည်းနည်း အကူအညီမဲ့သလို ဖြစ်သွားသည်။ ဒီခတ်ရဲ့ အဝတ်အစားတွေမှာ ထူးထူးခြားခြား ထူးခြားတာ မရှိပါ။ လူတိုင်းက ရှေးရိုးဆန်လွန်းသည်။ ပြည့်တန်ဆာတွေတောင် ခြေထောက်ကို ဖော်ပြီး မဝတ်ရဲပါ။ ခြေအိတ်နဲ့ ဒေါက်မြင့် ဖိနပ်တွေလား။

ဟား ဟား

အိပ်မက်ထဲမှာပဲ ရှိလိမ့်မယ်။

“အမ်။ ဒါဆို ပိုက်ဆံက ဘယ်လိုသုံးရမှာလဲ”

ဒေါင်ဟီသည် မှင်တက်တဲ့ အကြည့်နဲ့ ကြည့်နေသည်။

“ပိုက်ဆံက မင်းအတွက်ပဲလေ”

ဆွန်းမိုက ပြောလိုက်သည်။

“မင်း လှူပ်ရှားခွင့်က ပထမအထပ်မှာပဲ ရှိတယ်။ ငါ့ခွင့်ပြုချက် မရရင် မင်းဒုတိယအထပ်ကို တက်ခွင့်မရှိဘူး”

"အမ်"

ဒေါင်ဟီ အရမ်းအံ့အောသွားသည်။

"ငါက မင်းအတွက် အရမ်းသတိထားရမယ့် လူဖြစ်နေပြီလား"

"မင်း နားလည်လား"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"နားလည်ပါတယ်။ သခင်"

ဒေါင်ဟီက လျှင်မြန်စွာ ခေါင်းညိတ်လိုက်သည်။ သူမ စိတ်ထဲမှာတော့

ရင်တုန်တာ မပျောက်သေးပါ။ (ငါ စိတ်ကြိုက်သုံးဖို့အတွက် ငွေးတုံးတစ်ထောင် ပေးတာလား။ နည်းနည်းလေး ပုံကြီးချဲ့ရာ မရောက်ဘူးလား။ ကျန့်မျိုးနွယ်က သခင်လေးတွေတောင် ပုံမှန်အားဖြင့် ဒီလိုမျိုး မုန့်ဖိုး အများကြီး မပေးနိုင်ပါ။)

"ဆရာ။ သူမက ဘယ်သူလဲ"

လီဇီချီ အောက်ထပ်သို့ ဆင်းလာသည်။ သူမက ဒေါင်ဟီကို မြင်လိုက်လျှင် အနည်းငယ် အံ့အောသင့်သွားသည်။

“ဝန်ကြီးချုပ် ကျန့်ပေးတဲ့လက်ဆောင်”

ဆွန်းမိုက ဒီကောင်မလေးကို သိပ်မကြာခင် လွတ်လပ်ခွင့်ပေးဖို့ ဆုံးဖြတ်ထားသည်။

ကျန့်ချင်ဖန်၏ အဆင့်အတန်းကြောင့် သူ့မှာ စာချုပ်မရှိသော်လည်း ဒီကောင်မလေးသည် အိမ်က ငွေကို ခိုးပြီး မထွက်ပြေးနိုင်ပါ။

‘အဘိုးကျန့်က တကယ်ပဲ ဆရာအတွက် ကျွန်မိန်းမ တစ်ယောက် လက်ဆောင် ပေးလိုက်တာလား။ ဘာလို့ပေးရတာလဲ။ သူမလုပ်သမျှ ငါလည်း လုပ်နိုင်တယ်။

လီဇီချီ နှုတ်ခမ်းစူလိုက်သည်။ ဆိတ်ကွယ်ရာမှာ ယောကျ်ားနဲ့ မိန်းမ အတူတူနေကြရင် ဆရာနှင့် ဒီမိန်းမကြားမှာ တစ်ခုခု ဖြစ်သွားနိုင်သည်။

မဟုတ်ဘူး။ ဆရာက လူကြီးလူကောင်းဖြစ်လို့ ဒီလို ကိစ္စမျိုး လုံးဝ လုပ်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီအမျိုးသမီးက သွေးဆောင် လာနိုင်သည်။ ပြီးတော့ ဆရာက အရမ်းချောတယ်၊ ချမ်းသာတယ်၊ အရည်အချင်း ရှိတယ်။

လီဇီချီ၏ စူးစူးရဲရဲ အကြည့်တွေကြောင့် ဒေါင်ဟီ တုန်လှုပ်သွားသည်။ ဒါပေမယ့် သူမသည် မကျေနပ်တာ မဖော်ပြရဲဘဲ အမြန် ခေါင်းငုံ့လိုက်သည်။

သခင်ကြီးကျန့်ကို အဘိုးလို့ နာမည်တပ်ခေါ်နိုင်သဖြင့် ဒီမိန်းကလေးရဲ့ မူလဇစ်မြစ်က လုံးဝ မနိမ့်ကျနိုင်ပါ။

“ဒါက ငါ့တပြည့်တွေထဲက တစ်ယောက်ဖြစ်တဲ့ လီဇီချီ။ နောင်ကျရင် မင်းက သူ့စကားလည်း နားထောင်ရမယ်”

ဆွန်းမိုက လီဇီချီသည် မြင့်မြတ်တဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ရုတ်တရက် သတိရသွားသည်။ သူ့မှာ အိမ်ဖော်မရှိဘူးဆိုတဲ့အချက်ကို ဖယ်ထားလိုက်အုံး သူ့အတွက် လက်ဖက်ရည် ပြင်ပေးပြီး ထမင်းပြင်ဆင်ပေးကြသည်။ ဒါပေမယ့် သူမလို အဆင့်အတန်းရှိတဲ့ လူတစ်ယောက်အတွက်တော့ ရိုးရှင်းလွန်းသည်။

"ဆရာဆွန်း၊ မင်းက နာမည်ကြီး အနုပညာရှင်တစ်ယောက်ဆိုတာ ငါမသိလိုက်ဘူး"

ကူရှုပ်ရှင်းက ဆွန်းမိုကို အကဲခတ်ရင်း ပြောလိုက်သည်။

"မင်းဘယ်တုန်းက ဖြစ်လာခဲ့တာလဲ။ ငါ့အတွက် ကော ဆွဲပေးမှာလဲ"

"သေချာပေါက်ပေါ့"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။ ကူရှုပ်ရှင်းရဲ့ ပုံစံသည် ကျန်မာပြီး လှပသည်။ အထူးသဖြင့် သူမရဲ့ သေးငယ်ပြီး လုံးကျစ်တဲ့ တင်ပါးများဖြစ်သည်။ သူမ မော်ဒယ်တစ်ယောက် လုပ်ဖို့ အရမ်းသင့်တော်သည်။

“ခုနတုန်းက နာမည်ကြီး ပန်းချီကားက တကယ် ခမ်းနားတာပဲ။ နောက်ထပ် ကြည့်ခွင့် မရတော့တာတော့ စိတ်မကောင်းစရာပဲ”

ကူရှုပ်ရှင်းက သက်ပြင်းချရင်း ပြောလိုက်သည်။ တကယ်တော့ အဲဒါက ဆွန်းမိုရဲ့ စုဆောင်းမှုဖြစ်ပါက အချိန်မရွေး တောင်းပြီး ကြည့်နိုင်သည်။ ဒါပေမယ့် အခုချိန်မှာတော့ ကျန့်ချင်ဖန်၏ လက်ထဲ ရောက်နေပြီ။ သူ့ရဲ့ အဆင့်အတန်းကြောင့် ပြန်ကြည်ရဖို့ မဖြစ်နိုင်ပါ။

“နာမည်ကျော် ပန်းချီကားလား”

လီဇီချီ၏ နာရွက်လှုပ်သွားသည်။ သူမ ဆွန်းမိုလက်မောင်းကို သွားဖက်လိုက်ပြီး

"ဆရာ။ မင်းပန်းချီဆွဲတတ်တာကို ဘာလို့ စောစောက မပြောတာလဲ။ မင်းဖန်တီးခဲ့တဲ့ ပန်းချီကားက နာမည်ကြီး ပန်းချီကားဆို"

ကူရှုပ်ရှင်း အရမ်းအံ့အောနေသည်။

"ဆွန်းမို၊ မင်းမတတ်တာကော ရှိသေးလား"

'မွေးလာကတည်းက တတ်နေတာ"

ဆွန်းမို ပြန်ပြောသည်။

မိန်းကလေး သုံးယောက်စလုံး ကြောင်သွားသည်။ နောက်ထပ်အခိုက်အတန့်တွင် သုံးယောက်စလုံး ရယ်မောလိုက်ကြသည်။ ရယ်မောပြီးနောက် လီဇီချီ မျက်ခုံးပင့်လိုက်သည်။

"အဘိုးကျန့်က ပန်းချီကား ယူသွားတာလား"

အဖြေရပြီးနောက် လီဇီချီ ချက်ခြင်း ပြေးထွက်သွားသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဆရာရဲ့ နာမည်ကြီး ပန်းချီကားကို တစ်ချက်တော့ ကြည့်ဖြစ်အောင် ကြည့်ရမယ်"

(တောက်။ ငါက ပထမဆုံး မြင်ရတဲ့လူလဲ မဟုတ်ဘူး။ အဲဒီနေရာမှာလဲ မရှိခဲ့ဘူး။ ဒါကို ဘယ်လိုမှ လက်မခံနိုင်ဘူးနော်)

ဒီကြောင်းကို တွေးရင် လီဇီချီ အရမ်းစိတ်ပျက်သွားသည်။ သူ့မဆရာရဲ့ ဂုဏ်ယူရတဲ့ အခိုက်အတန့်ကို သက်သေခံနိုင်ဖို့ မျှော်လင့်ခဲ့သည်။

ကူရှပ်ရှင်းက ဆွန်းမိုနဲ့ မဟာမိတ်ဖွဲ့ချင်လို့ အမြန်လာခဲ့ခြင်း ဖြစ်သည်။

"ဖန်ယိုရဲ့ စံနှုန်းကို အရင်ကြည့်ရတာပေါ့။ သူက အရမ်းညံ့နေရင် ငါတို့က သူ့ကို ဖယ်ထုတ်ပြီး အဖွဲ့ကို ကိုယ်တိုင် ဦးဆောင်မယ်"

နာကျင်မှု တပ်မက်သူလေး၏ ပန်းတိုင်က အရမ်းကြီးလွန်းသည်။ ကျောင်းသားအသစ် ပြိုင်ပွဲတွင် ချန်ပီယံ ဖြစ်ချင်နေသည်။

ဆွန်းမိုကလည်း သဘောတူသည်။ သူကလည်း ထူးချွန်ထက်မြက်သူ ဖြစ်သည်။ ချန်ပီယံမဟုတ်ခဲ့ရင်တောင် ထိပ်ဆုံးသုံးနေရာတော့ ဝင်ရမည်။

ကူရှူပ်ရှင်းကို ပြန်ပို့လိုက်ပြီးနောက် ဆွန်းမိုသည် လေဘုရင် ခန်းမထဲသို့ ဝင်သွားသည်။

မာရှန် ကြောင့်ရထားတဲ့ ငွေရောင် ရတနာသေတ္တာကို ဖွင့်လိုက်သည်။ ရွှေအိုရောင် စာအုပ် တစ်အုပ် ကျန်ခဲ့သည်။

ဒင်

“ဝိညာဉ်တက်တူးလေ့လာခြင်းဆိုင်ရာ အခြေခံအသိ အားလုံးပါဝင်တဲ့ စာအုပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - ကျွမ်းကျင်အဆင့်”

ဆွန်းမိုသည် တကယ် အော်ဆဲလိုက်ချင်သည်။

"ဘာလို့ငါ့ကို စောစော မပေးတာလဲ"

လွန်ခဲ့သော လပိုင်းများအတွင်း တွင် ဆွန်းမို အရမ်း ဝိရိယထားပြီး အခြေခံ စာအုပ်များကို ဖတ်ရန်အတွက် အချိန်များစွာ အသုံးပြုခဲ့ရသည်။ အခုလည်း အဲဒီအကြောင်းအရာနဲ့ ပက်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာနေဆဲ ဖြစ်သည်။

"မင်း မလေ့လာဖို့ ရွေးချယ်နိုင်တယ်"

ဒီလိုမျိုး စောဒကတက်နေတဲ့ အသံကို ကြားလိုက်လျှင် စနစ်က တိုက်ရိုက် ပြန်တုန့်ပြန်သည်။

"ငတုံးမှဘဲ မသင်ဖို့ ရွေးချယ်လိမ့်မယ်"

ဆွန်းမို နှုတ်ခမ်း တုန်သွားသည်။ သူ့ဘာသာသူ လေ့လာခဲ့တဲ့ အသိပညာများသည် အချိန်ကြာလာတာနဲ့အမျှ ပြန်မေ့သွားလိမ့်မည်။ သို့သော်လည်း စနစ်မှ ရရှိတဲ့အသိပညာများသည် ထာဝရ တည်ရှိနိုင်တဲ့ ပုံစံရှိနေတာကို သူ သတိထားမိသည်။

"မြန်မြန် လေ့လာချင်နေပြီ"

ဆွန်းမို လောလိုက်သည်။

စာအုပ်သည် အလင်းတန်းတစ်ခု အဖြစ်သို့ ပြောင်းကာ ဆွန်းမို ခေါင်းထဲသို့ ဝင်သွားသည်။ များပြားလှတဲ့ ဗဟုသုတများသည် သူ့စိတ်ထဲတွင် စွဲထင်သွားသည်။

ဒင်

“ဝိညာဉ်တက်တူး လေ့လာခြင်းဆိုင်ရာ အခြေခံ အသိပညာများကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်အဆင့် - ကျွမ်းကျင်”

ဆွန်းမို ခေါင်းတစ်ခုလုံး တော်တော် ကိုက်ခဲသွားသည်။ သူထထိုင်ပြီး အသိပညာ အသစ်ကို

အလွှတ် ကျက်မှတ်နေသည်။ သို့သော်လည်း နောက်ပိုင်းတွင် ပြဿနာတစ်ခုကို ရှာတွေ့သွားသည်။

"စနစ် ဘာဖြစ်လို့ အခြေခံ ဗဟုသုတက အများကြီး ရှိနေရတာလဲ"

ဗဟိုပြည်နယ် အကယ်ဒမီသည် တစ်ချိန်က မဟာကိုးပါးထဲက တစ်ကျောင်းဖြစ်ခဲ့သဖြင့် အခြေခံ အုတ်မြစ်က နက်ရှိုင်းလှသည်။ ဥပမာ စာကြည့်တိုက်ထဲက စုဆောင်းမှုသည် အရမ်းကျယ်ပြန့်လှသည်။

ဝိညာဉ်တက်တူး ဘာသာရပ်လိုမျိုး ဘာသာရပ်များနှင့် ပက်သက်ပြီး ဗဟုသုတများကို အရင်က ဝိညာဉ်တက်တူးဘာသာရပ် သင်ကြားပေးခဲ့တဲ့ မြတ်ဆရာများ၏ သင်ခန်းစာ အစီအစဉ်များကို အစီအစဉ်ခွဲခြားထားပြီး စနစ်တကျ ထားရှိပေးထားသည်။

လက်ရှိဆရာများသည် အစီအစဉ် အတိုင်းသာ သင်ကြားရန် လိုအပ်ပြီး ပိုမိုလေးနက်တဲ့ အဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် ဟောပြောရန်သာ လိုအပ်သည်။

သို့သော်လည်း ဆွန်းမိုသည်စနစ်က ပေးတဲ့ အသိပညာသည် ပိုမိုကျယ်ပြန့်ပြီး နားလည် ပိုလွယ်ကူတာကို သတိထားခဲ့မိသည်။ ဗဟိုပြည်နယ် အကယ်ဒမီက လက်ရှိ သိမ်းဆည်းထားတဲ့ ဗဟိုသုတများနဲ့ နှိုင်းယှဉ်ပါက ဆယ်ဆ ပိုများသည်။ ပြီးတော့ ဒီနေရာတွင် အသိပညာများကို ကျောင်းက အလယ်အလတ် အဆင့်ဆိုပြီး ခွဲခြားထားသေးသည်။

"အမှားရှိလား"

ဆွန်းမို သံသယ ဝင်နေသည်။

“စနစ်က လုံးဝမှန်ကန်တယ်ဆိုတာ သတိထားပါ။ အမှားမရှိတာ လုံးဝ သေချာတယ် “

စနစ်က ထပ်ပြောလိုက်သည်။

“ပြည်နယ်ကိုးခုက ဒေသခံတွေ နားလည်တဲ့ အသိပညာက အရမ်းရှိုးရှင်းတယ်။ သူတို့ ဖြန့်ဝေထားတဲ့ အသိပညာတွေက တဖက်သတ် ဖြစ်နေတယ်”

အဲဒါကို မဖော်ပြထားရင် သဘောမပေါက်နိုင်ပါ။ ဆွန်းမို စာကြည့်တိုက်တွင် လေ့လာနေတဲ့ အချိန်တုန်းက တစ်ခါတစ်လေ အဖြေ

စဉ်းစားမရ ဖြစ်နေတတ်သည်။ ဒါပေမယ့် အခုတော့ သူရရှိခဲ့တဲ့ အခြေခံ အသိပညာများသည် အရင်က မေးခွန်းများ အားလုံးကို အဖြေထုတ်ရန် လုံလောက်နေပြီ။

ဒါက သင်္ချာဘာသာ သီအိုရီကို သင်ယူရသလိုပဲ။ သူတို့ထဲက ဆယ်ခုကို သင်လိုက်လျှင် မဖြေနိုင်တဲ့ ပြဿနာ တချို့ရှိလိမ့်မည်။ ဒါပေမယ့် အခုနှစ်ဆယ်လောက် သင်ယူလိုက်လျှင် မေးခွန်းကို ဖြေရှင်းနိုင်ရုံသာမက

ဖြေရှင်းဖို့ နည်းလမ်းကလည်း တစ်ခုထက်မက ရှိလာလိမ့်မည်။

သူက ဗဟုသုတများကို ဆက်လက်သုံးသပ်နေတဲ့အချိန်တွင် ဆွန်းမိုသည် ကျောင်းစာကြည့်တိုက်မှာ ရှိတဲ့ အပိုင်းအနည်းငယ်ကို သတိထားလိုက်မိသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ဒီအသိပညာများကို မစုဆောင်းခဲ့တာလား။ ဒါမှမဟုတ် တခြားကျောင်းတွေမှာလဲ မရှိဘူးလား။

တခြားကျောင်းတွေမှာသာ မရှိဘူးဆိုရင် ဒီအသိပညာအတွက် ဈေးနှုန်းက ခန့်မှန်းလို့တောင် မရတော့ပါ။

"ဝိညဉ်တက်တူး လေ့လာခြင်းဆိုင်ရာ အလယ်တန်းအဆင့်နဲ့ အဆင့်မြင့်အဆင့် အတွဲတွေကို ငါတကယ်ပဲ လိုချင်တယ်"

ဆွန်းမို သက်ပြင်းချလိုက်သည်။ ဒီခံစားချက်သည် အရိုးထဲက ပေါ်လာသဖြင့် အရမ်းကို မနေမိ မထိုင်သာ ဖြစ်နေသည်။

ရှစ်

စနစ်က ဂရုစိုက်တတ်တဲ့ အစ်မကြီး တစ်ယောက်လို ဖြစ်သွားပြန်သည်။ စတိုးဆိုင်ပေါ်တွင် စာအုပ်များနဲ့ ပြည့်နေသည်။

(မှော်ဆေးပညာအတွက် အခြေခံ အသိပညာ)

(ဆေးဖက်ဝင် အပင်များကို ထူးထူးခြားခြား အသုံးချမှု တစ်ထောင်)

(ရှားပါးလက်နက် သန့်စင်ခြင်းနှင့် ပုံဖော်ခြင်း)

(ဝိညာဉ်တက်တူး လေ့လာခြင်းဆိုင်ရာ အလယ်တန်းအဆင့်)

ဆွန်းမို အကြည့်များက အားလုံးဆီ ရောက်သွားသည်။ ဒီစာအုပ်တွေ အားလုံးကို တကယ်လိုချင်နေသည်။ သို့သော်လည်း တန်ဖိုးကို မြင်လိုက်ပြီးနောက် မှင်တက်သွားသည်။ တစ်အုပ်တစ်အုပ် လေးစားအထင်ကြီးမှုအမှတ် အနည်းဆုံး နှစ်သောင်းကနေ သုံးသောင်း အထိရှိသည်။ ဈေးအသက်အသာဆုံး စာအုပ်မှာ လေးစားအထင်ကြီးမှုအမှတ် တစ်သောင်း ဖြစ်သည်။

"ပညာတန်ဖိုးက ဖြတ်မရဘူး။ ပြီးတော့ ဒီစာအုပ်တွေကို လေ့လာပြီးနောက် မင်းက ချက်ခြင်း နားလည် လာလိမ့်မယ်"

စနစ်က ရှင်းပြသည်။

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ဒါက အမှန်ပါ။ ဒီစာအုပ်များသည် အခြေခံ စာအုပ်များသာ ဖြစ်သော်လည်း သူ့ကို အများကြီး တိုးတက်လာစေနိုင်သည်။

"ကြည့်ရတာတော့ ကြိုးစားပြီး လေးစားအထင်ကြီးမှု အမှတ်တွေကို ရှာရတော့မယ့် ပုံစံပဲ"

ဆွန်းမိုအတွက်တော့ မြတ်ဆရာအရှိန်အဝါရဲ့ အသုံးဝင်မှုက မြင့်မားနေဆဲ ဖြစ်သည်။ ဒါကြောင့် စာအုပ်တွေကို ခဏမေ့ထားဖို့ ဆုံးဖြတ်လိုက်သည်။ 'အပြည့်အဝ အာရုံစိုက်ခြင်း' အရှိန်အဝါကို ဝယ်ဖို့အတွက် လေးစားအထင်ကြီးမှုအမှတ် ငါးသောင်းကို အရင် စုဆောင်းရအုံးမည်။

ဒင်

“ကျန့်ချင်ဖန်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တိုးမြင့် သွားသောကြောင့် ဂုဏ်ပြုပါတယ်။

ဆုလဒ် -ငွေရောင်ရတနာ သေတ္တာ တစ်လုံး”

“ဒေါင်ဟီနှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က သူမရဲ့ လေးစားမှုနှင့် သဘောကျမှုကြောင့် အဆင့်တက်သွားသဖြင့် အနက်ရောင် ရတနာသေတ္တာ တစ်လုံး ဆုချီးမြှင့်လိုက်တယ်”

ဆွန်းမိုက လုချီဟွာရဲ့ ခေါင်းကို ပုတ်လိုက်ပြီး စနစ်ကို ညွှန်ကြားလိုက်သည်။

"သူတို့ကို ဖွင့်လိုက်ပါ"

အနက်ရောင် ရတနာသေတ္တာကို အရင်ဆုံး ဖွင့်လိုက်သည်။ ကြေးဝါရောင် အလင်းတန်းတစ်ခု ပေါ်လာသည်။

ရှိ

ဆွန်းမို လေချွန်လိုက်သည်။ ဒါက အချိန်တံဆိပ်ပဲ။

ဒုတိယ ရတနာသေတ္တာကတော့ ချစ်သူ ကာကွယ်ခြင်း ဆေးရည် ရရှိခဲ့သည်။ ငွေရောင်ရတနာသေတ္တာရဲ့ အရည်အသွေးကြောင့် ဒီရလဒ်သည် အနည်းငယ် ဆိုးရွားသည်။ သို့သော်လည်း လူသားများသည် ကျေနပ်သင့်တဲ့ အချိန်ကို နားလည်သင့်သည်။

ဆွန်းမို တွေဝေသွားသည်။ အချိန်တံဆိပ်ကို အသုံးပြုပြီး လေဘုရင်နတ်ဘုရား ခြေလှမ်းကျင့်စဉ်ကို အဆင့်မမြှင့်ခဲ့ပါ။ အဲဒီအစား အရေးပေါ် သုံးနိုင်အောင် သိမ်းဆည်း ထားလိုက်သည်။ ထို့နောက်

သိမ်းဆည်းထားတဲ့ သေတ္တာများကို ဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။ မဖွင့်ရသေးတဲ့ ခရမ်းရောင် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ အပြင် ကံကြမ္မာ ရတနာသေတ္တာ တစ်ရာကျော်ရှိသေးသည်။

"ငါရဲ့ စိတ်တွေကို တည်ငြိမ်အောင် အရင်လုပ်ရမယ်"

နောက်ဆုံးတော့ အမှောင်တိုက်ကြီးမှ မြေကြီးခဲနှင့် အမှောင် မြေသြဇာတစ်ထုပ်ပဲ ရလိုက်သည်။

"ငါလို............."

ဆွန်းမို စိတ်ဓါတ်ကျသွားသည်။ အမှန်တော့ လုချီဟွာ မပါဘဲ သူ့ကံက ဘယ်လောက်ကောင်းမလဲဆိုပြီး စမ်းခဲ့ခြင်း ဖြစ်သည်။

အချိန်တွေက အရှိန်အဟုန်နဲ့ ကုန်လွန်သွားခဲ့သည်။

နိုဝင်ဘာလ ၂၆ရက် မနက်ကိုးနာရီ။

ဗဟိုပြယ်နယ် ကိုယ်စားပြုအဖွဲ့သည် ထွက်ခွာသွားသည်။

ကျောင်းရဲ့ အတန်းတွေကို မနားခဲ့သလို အခမ်းအနားလဲ မလုပ်ခဲ့ပါ။ ဒါက အန်ရှီဝေရဲ့

တောင်းဆိုမှုကြောင့် ဖြစ်သည်။ ဒီကိစ္စကြောင့် ကျောင်းသားတွေရဲ့ အဖိုးတန် အချိန်ကို မထိခိုက်စေချင်ပါ။

အရင်ကတော့ ဗဟိုပြည်နယ် ကိုယ်စားလှယ်အဖွဲ့သည် ရိုးရာအတိုင်း ကျောင်းဝတ်စုံကိုသာ ဝတ်ဆင်ကြသည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ဝံပုလွေသားရေနှင့် ပြုလုပ်ထားတဲ့ လိမ္မော်ရောင် ကျင့်ကြံခြင်း ဝတ်စုံကို ဝတ်ဆင်ထားသည်။ ပြီးတော့ ယူနီဖောင်းရဲ့ ဒီဇိုင်းက ထူးခြားလွန်းသည်။

"ဒီယူနီဖောင်းတွေကို ဆရာဆွန်း ဒီဇိုင်းဆွဲထားတယ် ကြားတာပဲ"

"ကြည့်ရတာ အရမ်းထူးဆန်းပေမယ့် ဝတ်ရတာတော့ အရမ်းအဆင်ပြေတယ်"

"ဘယ်ဘက်ရင်အုံပေါ်မှာရှိတဲ့ ဗဟိုပြည်နယ်ဆိုတဲ့ စားလုံးက အရင်ဝင့်ကြွားလွန်းတယ်။ ဒါက အရမ်းမောက်မာတာ မဟုတ်ဘူးလား"

ကျောင်းသားတစ်ယောက်က တိုးတိုးလေး ပြောသည်။ အများအားဖြင့်တော့ ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုနိုင်တဲ့

ကျောင်းများကသာ ပြည်နယ်အမည်ကို အဝတ်အစားအပေါ်တွင် ရေးထိုးတတ်ကြသည်။

အတိတ်တုန်းကတော့ ဇဟိုပြည်နယ်အကယ်ဒမီသည် အဲဒီလို လုပ်ဖို့ အရည်အချင်းရှိသည်။ ဒါပေမယ့် အခုတော့ ရလဒ်တွေ မကောင်းသဖြင့် မျက်နှာ ပျက်ခဲ့ရပြီ။

"မင်းမှာ အဲဒီလို ယုံကြည်ချက်မရှိရင် အဖွဲ့ထဲက အခုထွက်သွားလိုက်တော့"

ဒီစကားကို ကြားလိုက်လျှင် အင်ဘိုင်ဝူ အရမ်းစိတ်ဆိုးသွားသည်။ ဒီလူတွေက သူ့မဆရာရဲ့

ဒီဇိုင်းကို သံသယ ဝင်ရဲသည်။ ဒါကို လုံးဝ လက်မခံနိုင်ပါ။

စာစဉ်(၂၁)

အခန်း(၃၁၀) - ပြဿနာရှာ ကျွမ်းကျင်သူ။

သံမဏိခေါင်း မိန်းကလေး၏

စကားကို ကြားပြီးနောက် ရှီတင်လိန် မျက်နှာ အမူအရာပြောင်းသွားသည်။

လူငယ်များသည် သူတို့မျက်နှာကို တန်ဖိုးထားကြသည်။ အခုတော့ လူရှေ့သူရှေ့တွင် အဝေဖန်ခံနေရသဖြင့် မကျေမနပ် ဖြစ်နေသည်။ ဒါကြောင့် ရှီတင်လိန်သည် ပေါက်ကွဲချင်လာသည်။ လှည့်ကြည့်လိုက်လျှင် အင်ဘိုင်ဝူကို တွေ့ပြီး သူ့ကိုယ်သူ ထိန်းရန် ဆုံးဖြတ်လိုက်သည်။

ဒီအတွက်လည်း အဖြေကမရှိပါ။ ရှီတင်လိန်သည် ငါးနှစ်မြောက် ကျောင်းသားဖြစ်သဖြင့် အင်ဘိုင်ဝူကို

လုံးဝ မကြောက်ပါ။ သို့သော် သူမရဲ့ ကိုယ်ပိုင်ဆရာမှာ ဆွန်းမို ဖြစ်နေသည်။ ဒါကြောင့် ရှီတင်လိန်က ပြန်မပြောရဲပါ။

ဆွန်းမိုကို စော်ကားဖို့ မဖြစ်နိုင်တာ မဟုတ်ပါ။ ရှီတင်လိန်ရဲ့ ကိုယ်ပိုင်ဆရာက ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး သူကိုယ်တိုင်ကလည်း ချမ်းသာတဲ့ မျိုးနွယ်က ဆင်းသက်လာတဲ့ သူဖြစ်သည်။ သူ့အဖေမှာလည်း အထင်ကြီးဖို့ကောင်းတဲ့ နောက်ခံ အသိုင်းအဝိုင်း ရှိသည်။

ဒါပေမယ့်လည်း ဆွန်းမိုက အရမ်းကျော်ကြားနေသည်။ အထူးသဖြင့် သူ့ရဲ့ နတ်ဘုရားလက် ဖြစ်သည်။ အဲဒါရဲ့ ဂုဏ်သတင်းက တစ်ကျောင်းလုံး ပျံ့နှံ့သွားပြီး ရှီတင်လိန်လည်း ကိုယ်တိုင် ခံစားကြည့်ချင်နေသည်။ ဒါကြောင့် မလိုအပ်ဘဲ ဆွန်းမိုကို မစော်ကားချင်ပါ။

ရှီတင်လိန်က ဒါကို ရိုးရိုးရှင်းရှင်း သည်းခံဖို့ စိတ်ကူးထားခဲ့သည်။ သို့သော်လည်း

မိန်းကလေးတချို့က သူ့ကို လက်ညှိုးထိုးပြီး ရယ်နေကြသဖြင့် မျက်နှာပူပြီး ရှက်ရွံ့လာသည်။

ပထမတန်းက နှုတ်ဖြင့် စော်ကားတာကို လက်တုန့်မပြန်ရဲပါက ကျောင်းတွင် ရှိတင်လိမ်ရဲ့ ဂုဏ်သတင်း သချောပေါက် ကျဆင်းသွား လိမ့်မည်။

"ဟွန့် နှံအလိုက်တာ။ ငါက အဖွဲ့ရဲ့ အကျိုးအတွက် စဉ်းစားပေးတာ။ ငါတို့ ယူနီဖောင်းမှာ ပြည်နယ်အမည်ကို တပ်ဆင်ထားရင် ငါက လူတိုင်းရဲ့ အမြေ့ှာက်ဆံ ဖြစ်သွားမယ်။ ဗဟိုပြယ်နယ်မှာရှိတဲ့

အခြားနာမည်ကြီး ကျောင်းတွေက ငါတို့ကို သေချာပေါက် ပစ်မှတ်ထားလာလိမ့်မယ်"

ရှီတင်လိန်က အေးစက်စက် အော်ဟစ်လိုက်ပြီး သူ့မျက်နှာပုံစံက စီနီယာတစ်ယောက်က အငယ်တစ်ယောက်ကို ပြောနေတဲ့ ပုံစံ လုပ်ထားသည်။ ဒီလိုပြောပြီးနောက် စိတ်ထဲ အူမြူးသွားသည်။ (ဒီ ရှင်းပြချက်က အရမ်းမိုက်တယ်။ ငါ တော်တော် ဉာဏ်ကောင်းတာပဲ)

တကယ်တော့ ရှီတင်လိန် ပြောတာလဲ မမှားပါ။ အရင်တုန်းကလည်း ဒီလို

အဖြစ်အပျက်မျိုး ရှိခဲ့သည်။ တကယ်လို့ လူတိုင်းက ဗဟိုပြည်နယ်ထဲမှာရှိတဲ့ နာမည်ကြီး ကျောင်းတစ်ခုဖြစ်ပါက ဘာဖြစ်လို့ မင်းရင်ဘက်အပေါ်မှာပဲ ပြည်နယ် အမည်ကို တပ်ဆင်ထားရတာလဲ။ ဒါကြောင့် အခွင့်အရေး ရလျှင် လှံ့ဆော်ပြီး မောက်မာတဲ့ အုပ်စုကို ဒုက္ခရအောင် လုပ်ကြလိမ့်မည်။ သေချာပေါက် အရက်ခွဲလိမ့်မည်။

"ဘာဖြစ်လဲ။ ငါတို့ဆီ ဒုက္ခလာရှာရင် သူတို့ကို ခြေမှုန်းလိုက်မှာပေါ့"

အင်ဘိုင်ဝူကလည်း သည်းမခံပါ။ သူမရဲ့ ပင်ကိုယ်စရိုက်က အမြဲတမ်း ဒီလိုပဲ ဖြစ်သည်။ လမ်းမပေါ်ထွက်တုန်းက သူများ အနိုင်ကျင့်တာ မခံချင်ရင် သူများထက် ပိုရက်စက်ရမှာကို သိလာခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့ထဲက အတန်းကြီး ကျောင်းသားများသည် အင်ဘိုင်ဝူကို လှည့်ကြည့်လိုက်သည်။ တချို့ သိချင်နေသည်။ တချို့ကလည်း သူမပြောတာကို သဘောတူသည်။

"တိုက်ပွဲတိုင်း အောင်နိုင်မယ်လို့ မင်းထင်နေတာလား"

ရှီတင်လိန် လျှောင်ပြောင်လိုက်သည်။

"တိုက်ပွဲ အားလုံးကို အနိုင်ယူဖို့ မလိုပါဘူး။ ကျောင်းသားအုပ်စု အနည်းငယ်ကိုပဲ သင်ခန်းစာပေးလိုက်ရင် ရပြီ။ တခြားသူတွေလည်း ညာဏ်ကောင်းမယ်လို့ ယုံကြည်တယ်"

လီဇီချီ ထွက်လာသည်။ သူမ အင်ဘိုင်ဝူကို ဆက်ပြီး မလွှတ်ထားနိုင်တော့ပါ။ ဒီလိုမှမဟုတ်ရင် နှစ်ဖက်စလုံး ထိခိုက်သွားနိုင်သည်။

ရှီတင်လိန်လည်း ပြောတဲ့ သဘောတရားက ယုတ္တိရှိနေသဖြင့် ပြန်မပြောနိုင်ပါ။

ဉ ပမာ ထိပ်တန်းကျောင်းငါးခု အဆင့် သတ်မှတ်ချက်ထဲဝင်တဲ့ ကျောင်းများသည် မာနကြီးပါက အခြားသူများက ပြဿနာ မရှာရဲကြပါ။

ဒါကြောင့် ယှဉ်ပြိုင်မှုမှာ ပါဝင်တဲ့ ကျောင်းသားများသည် ပထမဆုံးလုပ်ရမည့် အရာက သူတို့ရဲ့ အဆင့်ကို ထိန်းသိမ်းထားရမည်။ သူတို့ မနိမ့်ကျချင်ကြပါ။ ဘယ်လိုပဲဖြစ်ဖြစ် လိဂ်ပြိုင်ပွဲတွင် လူတိုင်း အကောင်းဆုံး ကြိုးစားရလိမ့်မည်။

ဒါကြောင့် လူတိုင်းသည် လိဂ်ပြိုင်ပွဲတွင် သန်မာတဲ့ ရန်သူကို ရှောင်ဖို့ ရွေးချယ်တတ်ကြသည်။

"သူတို့က မရှောင်ကြရင် ဘယ်လိုလုပ်မလဲ"

အာလူးနဲ့တူတဲ့ ကျန်ဟန်ဖူ ရောက်လာသည်။ ကိုယ်စားလှယ် အဖွဲ့ရဲ့ အဝတ်အစားများကို မြင်လိုက်လျှင် ချက်ခြင်း မကျေမနပ် ဖြစ်သွားသည်။

"ဒီအဝတ်အစားတွေက ဘာဖြစ်နေတာလဲ"

ကျောင်းသားတွေက ခေါင်းငုံ့ပြီး ပြန်မပြောကြပါ။

"သူတို့ကို ငါ့ဆရာက ဒီဇိုင်း ဆွဲထားတာ။ ပေါက်ကရ မဟုတ်ဘူး"

လုချီဟွာက အနည်းငယ် ကြောက်နေသော်လည်း သူ့မဆရာ မျက်နှာကို အထိခိုက်မခံနိုင်ပါ။

"ပါးစပ် ပိတ်ထား"

ကျန်ဟန်ဖူ ဒေါသတကြီး အော်ဟောက်လိုက်သည်။

"မင်းရဲ့ဆရာက ဗဟိုပြည်နယ် အကယ်ဒမီကို ဟာသ ဖြစ်စေချင်နေတာလား"

လူသစ်လေးတစ်ယောက်က သူ့ကို တကယ်ပဲ ပြန်ပြောရဲတာလား။ ဘယ်လောက်တောင် စိတ်ဆိုးဖို့ကောင်းလဲ။

လီဇီချီ ပြန်ပြောမလို့ လုပ်လိုက်တဲ့ အခါတွင် ဆွန်းမို အသံထွက်လာသည်။

"ရလဒ်ဆိုးမှသာ ဟာသ ဖြစ်သွားလိမ့်မယ်"

ဆွန်းမို လမ်းလျှောက်လာပြီး လုချီဟွာ အရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ပြီးတော့ ဒီလိုကိစ္စလေးနဲ့ ကျောင်းသားတစ်ယောက်ကို အော်ဟာစ်ဖို့

ထိုက်တန်လား။ ဒု--ကျောင်းအုပ်ကြီးကျန်။ မင်းက သဘောထားမကြီးဘူး။ တော်တော်ကို စိတ်သဘောထား သေးသိမ်တာပဲ”

ကျန်ဟန်ဖူသည် ဒေါသစိတ်ကြောင့် စကားတွေ ထစ်ဆို့နေသည်။ သူ တကယ်ကို ပြန်အော်လိုက်ချင်သည်။

“မင်းသာ စိတ်သဘောထား သေးတဲ့လူ။ မင်းတစ်မိသားစုလုံးပဲ သဘောထား သေးနေလိုက်”

သို့သော်လည်း သူသာ တကယ်ပြန်ပြောလိုက်လျှင် အမှန်တကယ်ကို စိတ်သဘောထား သေးသိမ်တဲ့လူ ဖြစ်သွားလိမ့်မည်။

ခွီ

ကောင်းမလေးတွေ ရယ်ကြတော့သည်။ ဘယ်သူက မှားလဲ မှန်လဲဆိုတာ ဂရုမစိုက်ပါ။ ဆရာဆွန်းက ရပ်ချောတယ်။ သူ့ကိုပဲ သိသိသာသာ ထောက်ခံရမည်။ သုံးသပ်ချက် ညံ့ဖြင်းတဲ့ မိန်ကလေးတွေတောင် အာလူးကို မရွေးချယ်ကြပါ။

အဲဒီအကြောင်းကို ပြောရလျှင် ဆရာဆွန်းက တော်တော်ကို အပေါက်ဆိုးသည်။ တောခွေးနက်ကြီးဆွန်းသည် ထင်ထားသလိုပါပဲ။ သူသာကိုက်ရင် တော်တော် ပြင်းထန်သည်။

ကျန်ဟန်ဖူ လျှင်မြန်စွာ လည်ပတ်ကြည့်လိုက်လျှင် သူ့အတွက် ပြောပေးမဲ့ ဆရာတစ်ယောက်မှ မရှိတာကို သတိထားလိုက်မိသည်။ ဒါက သူ့ကို စိတ်ဓါတ် ကျစေသည်။ သို့သော်လည်း ကျယ်လောင်စွာ ဆက်မပြောတော့ပါ။

ဒုကျောင်းအုပ်ကြီး တစ်ယောက် ဆရာတစ်ယောက်နဲ့ စကားများပါက ဘယ်သူပဲနိုင်နိုင် နှစ်ယောက်စလုံး မျက်နှာ ပျက်ရလိမ့်မည်။

“ကိုယ်ကျင့်တရား နိမ့်ပါးတဲ့လူက သူတို့အမှားတွေကို သတိမထားတတ်ကြဘူး”

ကျန်ဟန်ဖူက သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။

သိပ်မကြာခင် အန်ရှီဝေနဲ့ ဝမ်ဆု ရောက်လာသည်။ ဂျိမဲဂျဲ၊ လျိုမူဘိုင်နှင့် နောက်ထပ် လူအနည်းငယ်က နောက်က လိုက်လာခဲ့ကြသည်။ ကျောင်းသားတွေရဲ့

အဝတ်အစားကို မြင်လိုက်တော့ မျက်လုံးများ တောက်ပလာသည်။

"ဒီအဝတ်အစားတွေက..........."

ဒီအဝတ်အစားများသည် သူတို့ခံယူချက်နှင့် အသိပညာများကို ချိုးဖျက်သွားသည်။ ဒါကြောင့် ဝမ်ဆုသည် ဘယ်လို ထုတ်ဖော်ရမလဲ မသိတော့ပါ။

"တော်တော်လေး ကြည့်ကောင်းတယ်။ မဟုတ်သေးဘူး။ ထူးထူးခြားခြား ဆွဲဆောင်မှုရှိတယ်လို့ ပြောတာက ပိုမှန်မယ်"

အန်ရှီဝေ ရုတ်တရုတ် အနည်းငယ် အံ့အောသွားသည်။

အမှန်တိုင်းပြောရလျှင် ပြိုင်ပွဲအတွက် အသင်းဝတ်စုံကို ပြောင်းပြီး နမူနာယူလာတဲ့ အန်ရှီဝေ ထိတ်လန့်သွားသည်။

ဒီအဝတ်အစားများက လိမ္မော်ရောင်တောက်တောက် ဖြစ်နေတဲ့ အချက်ကို ဖယ်ထားလိုက်အုံး စတိုင်ကလည်း ထူးဆန်းနေသည်။ လက်ပြတ် ဖြစ်နေတဲ့အပြင် အတွင်းမှာလည်း လက်ပြတ် အကျႌတစ်ထပ် ပါသေးသည်။

နောက်ပြီးတော့ ခါးမှာလည်း ပေါ့ပေါ့ပါးပါး ချိတ်ဆွဲထားတဲ့ ခါးပတ် အကျယ်ကြီး တစ်ခုလည်း ပါသေးသည်။

ပြည်နယ်ကိုးခုတွင် ပဒေသရာဇ် လူ့အဖွဲ့အစည်း ယဉ်ကျေးမှုက အထွဋ်အထိပ် ရောက်နေတဲ့ အချိန်ဖြစ်သည်။ ဒါကြောင့်လည်း သူတို့ရဲ့ ဝတ်စားမှု ပုံစံက ဆွန်းမို မျက်လုံးထဲတွင် ရှေးကျနေပြီး ကျက်သရေနှင့် ဂုဏ်သိက္ခာကို အလေးပေးနေသည်။

ခရမ်းရောင်နှင့် အဝါရောင် တောက်တောက်များက မှူးမတ်များသာ

ဝတ်ဆင်ခွင့် ရှိသည်။ အဆင့်နိမ့်တဲ့ လူတန်းစားက မီးခိုးရောင်နှင့် အနက်ရောင်ကဲ့သို့ အရောင်များကို ဝတ်ဆင်နိုင်သည်။ တကယ်လို့ လူတစ်ယောက်သည် သူ့အဆင့်အတန်းနှင့် မလိုက်ဖက်တဲ့ အရောင်များကို မဝတ်ဆင်ပါက ဥပဒေကို ဖောက်ဖျက်တယ်လို့ ယူဆနိုင်ပြီး ကျူးလွန်သူတွေကို ကြာပွတ်နဲ့ ဒဏ်ပေးနိုင်သည်။

အန်ရှီဝေသည် ဆွန်းမိုရဲ့ ပထမဆုံး တောင်းဆိုချက်ကို ငြင်းနိုင်တဲ့ ခွန်အား မရှိပါ။ ပြီးတော့ ဒီနှစ်ဝက်အတွင်းတွင် ဆွန်းမိုရဲ့

လုပ်ဆောင်မှုများကြောင့် မဆင်မခြင် မလုပ်တတ်တဲ့ လူတစ်ယောက်လို့ အန်ရှီဝေ ယုံကြည်သည်။

သူမ မမှားဘူးဆိုတာ အမှန်တရားက သက်သေပြနေသည်။

ဆွန်းမိုထုတ်ထားတဲ့ ဒီဇိုင်းက ပထမတစ်ချက်ကြည့်ရုံနဲ့ အထင်ကြီးစရာ မရှိပါ။ သို့သော် လူပေါင်းများစွာ ဝတ်ဆင်ထားတဲ့အခါတွင် ခိုင်ခံ့လာပြီး သဘာဝ အလှတရားက လွှမ်းခြုံနေသည်။

ပဒေသရာဇ် ကျင့်ဝတ်ကြောင့် အမျိုးသမီးများရဲ့ ဝတ်စုံတွင် လက်စကများ ပါနေပြီး

အမျိုးသားများမှာတော့ မပါပါ။ ဒါကြောင့် သူတို့၏ ကြွက်သားများနှင့် သန်မာတဲ့ ပုခုံးများကို မြင်နေရသည်။

အထူးသဖြင့် တိုက်ပွဲခန်းမ၏ အဆင့်တစ်ဖြစ်တဲ့ ဖန်ယန် ဖြစ်သည်။ ဒီနေရာတွင် ရပ်နေရုံနဲ့ သံမျှော်စင်တစ်ခုနဲ့ တူနေပြီး ကြီးမားတဲ့ဖိအားကို ထုတ်လွှင့်နေသည်။ သူ့ရဲ့အငွေ့အသက် ညှာတာမှုမရှိတဲ့ တောရိုင်းကောင် တစ်ကောင် လိုဖြစ်နေသည်။

“အရမ်းလှတယ်”

လျှိုမှုဘိုင်ကလည်း ခေါင်းညိတ်ထောက်ခံလိုက်သည်။

"သူတို့ရင်ဘက်မှာရှိတဲ့ ဗဟိုပြည်နယ်ဆိုတဲ့ စာလုံးကို အကြိုက်ဆုံးပဲ။ အရမ်းရက်စက်တယ်လို့ ခံစားရတယ်"

လူငယ် ဆရာတွေ တော်တော်များများကလည်း ခေါင်းညိတ် သဘောတူကြသည်။ ဒီစကားကိုကြားပြီးနောက် ကျောင်းသားများသည် ကျန်ဟန်ဖူကို အလိုလို လှည့်ကြည့်လိုက်

မိကြသည်။ ကျန်ဟန်ဖူက အနေရခက်တဲ့ အမူအရာဖြစ်နေသည်။

ဆွန်းမို နှုတ်ခမ်း ကွေးလိုက်သည်။ သူ့ရဲ့ ဒီဇိုင်းသည် Dragon Ball မှ စွန်ဂိုးကူရဲ့ အဝတ်ဒီဇိုင်းကိုအခြေခံပြီး ဖန်တီးထားခြင်း ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းတဲ့ အရသာ တစ်မျိုးလို့ သတ်မှတ်နိုင်သည်။

တစ်ချိန်တည်းမှာပင် မျက်လုံးပြူးချင်စရာ ကောင်းနေတဲ့ အမှတ်အသား တစ်ခု ဖြစ်နေသည်။

'ဒီ' အဆင့်ပြိုင်ပွဲရဲ့ အတိုင်းအတာသည် အရမ်းကြီးမားပြီး ပရိတ်သတ်များစွာ ရှိသည်။ သူနဲ့အတူတူ ဒီကမ္ဘာရောက်လာတဲ့ လူများရှိလျှင် ဒီဝတ်စုံကို မြင်တာနဲ့ ချက်ခြင်း နားလည်သွားမည်။

"မင်းတို့တွေက စူပါ စေရန်အဖြစ် မပြောင်းနိုင်တာက စိတ်မကောင်းစရာပဲ"

ဆွန်းမိုက သက်ပြင်း ခပ်လေးလေး တစ်ချက် ချလိုက်သည်။ သိပ်မကြာခင် သူကပဲ စပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ခဏနေပါအုံး။ ဝိညဉ်တက်တူးကို အသုံးချပြီး သူတို့ကို စေရန်အဖြစ် ပြောင်းလဲအောင် လုပ်ပေးလို့ရတယ်။ သူတို့ တိုက်ခိုက်ရေး စွမ်းအား မမြင့်နိုင်ရင်တောင် ဘယ်လိုလဲ။)

အကောင်းမြင်ခြင်းက အရေးအကြီးအဆုံး အချက်ဖြစ်သည်။

ကျန်ဟန်ဖူသည် ရည်ရွယ်ချက်ရှိရှိ ပြဿနာ ရှာခြင်း မဟုတ်ပါ။ အဲဒီအစား အဘိုးကြီးတစ်ယောက်၏ ရှေးဆန်တဲ့ အမြင်ကို မပြောင်းနိုင်ခြင်း ဖြစ်သည်။ ဒါက လူသားများ

စကတ်ကို ပထမဆုံး စမြင်တဲ့ အချိန်နဲ့ တူသည်။ မီနီစကတ်က အကျင့်စရိုက်ကို ထိခိုက်စေမယ့် အဝတ်အစားတစ်ခုလို လူတိုင်း ထင်ခဲ့ကြသည်။ ဒါပေမယ့် အခုအချိန်မှာတော့ အမျိုးသမီးများ နေ့တိုင်း ဝတ်နေကြသဖြင့် စိတ်ဝင်းစားစရာ မကောင်းတဲ့ အကြောင်းအရာ တစ်ခု ဖြစ်လာခဲ့ပြီ။ အဲဒီအဝတ်အစားတွေက ကျောင်းသားတွေအပေါ်မှာ အများကြီး သက်ရောက်မှုရှိသည်။ ဒါဆိုရင် ယူနီဖောင်းကိုရော ပြောင်းလဲလိုက်သင့်လား။

"ကျောင်းအုပ်ကြီး လူစုဖို့ အချိန်ရောက်နေပြီ။ အတန်းတက်စာရင်း ခေါ်သင့်ပြီ"

အန်ရှီဝေ ခေါင်းညိတ်လိုက်သည်။ သူမက အိတ်ဆောင်နာရီကို တစ်ချက်ထုတ်ကာ ကြည့်လိုက်သည်။

"မင်းတို့တွေ အတန်းတက် စာရင်းကို စလို့ရပြီ"

ငါးမိနစ်လောက် ကြာတော့ လူစစ်တာ ပြီးသွားသည်။

ကိုယ်စားလှယ်အဖွဲ့မှာ ပါဝင်တဲ့ ကျောင်းသားအကုန်လုံး ရှိသော်လည်း နှစ်ယောက် ပျောက်နေသည်။

"ဘာဖြစ်နေတာလဲ"

ဝမ်ဆု မျက်မှောင်ကြုတ်သွားသည်။ ဒီလို အရာတွေကို လုံးဝ သည်းမခံနိုင်ပါ။

"ဒုကျောင်းအုပ်ကြီး ဝမ်"

ထန်ထန်ယုထန်က လက်ထောင်ပြီး ပြောလိုက်သည်။

"ကျောင်းသား ကျန်ကွမ် မလာနိုင်တော့ဘူး။ လောင်းကြေးအဖြစ် ခွဲတမ်း အလောင်းအစား လုပ်ကြရာမှာ ကျွန်တော်ကို ရှုံးခဲ့တယ်"

ရှွစ်

လူတိုင်း လှည့်ကြည့်ကြသည်။

"မင်းဘာပြောလိုက်တာလဲ"

ကျန်ဟန်ဖူက မျက်မှောင်ကြုတ်ပြီး အော်ဟစ်လိုက်သည်။

ထန်ထန်ယုထန်က သူ့စကားကို နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"ဒါက လုံးဝ အဓိပ္ပါယ် မရှိတာဘဲ။ မင်းက အဲဒီကို ဘာသွားလုပ်မှာလဲ။ အသင်းကို ဆွဲချဖို့လား"

ကျန်ဟန်ဖူသည် သေလုနီးပါး ဒေါသထွက်နေသည်။

ထန်ထန်ယုထန်သည် ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့်ဖြစ်နေသောကြောင့် ကူရှုပ်ရှင်းက ဘာမှမပြောခဲ့ပါ။ သို့သော်လည်း သူမ စိတ်ထဲတွင် နည်းနည်း အလိုမကျ ဖြစ်သွားသည်။

ကျောင်းက ကျောင်းသားတစ်ယောက်ကို ရွေးချယ်ရတဲ့အခါ အရာရာကို သေသေချာချာ စဉ်းစားရသည်။ ဒီလိုလုပ်တာက ထန်ထန်ယုထန်သည် ကျောင်းရဲ့ဂုဏ်သိက္ခာကို မလေးစားသလို ဖြစ်နေသည်။

အရေးအကြီးဆုံးအချက်မှာ သူက ရောဂါသည် ဖြစ်နေသည်။ ကျောင်းကို ကိုယ်စားပြုပြီး ပြိုင်ပွဲဝင်ရင်တောင် သူက ဘာလုပ်နိုင်မှာလဲ။

"ငါ့ရဲ့ အားနည်းတဲ့ ခန္ဓာကိုယ်ကို အာရုံထားမနေပါနဲ့။ အသက်ရှင်ဖို့အတွက် ဦးနှောက်ကိုပဲ အားကိုးတယ်"

ထန်ထန်ယုထန်က လက်ညှိုးနဲ့ ခေါင်းကို ထိုးပြလိုက်သည်။

ဆရာတွေသည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ကာ မျက်နှာသာပေးပြီး ဘာမှတော့ မပြောကြပါ။ တကယ်လို့ ထန်ထန်ယုထန်ရဲ့ ဆရာက

တခြားတစ်ယောက်သာဆိုလျှင် သူတို့အားလုံးဆီက ဝေဖန်သံများ ထွက်လာလိမ့်မည်။

"ဒီလိုလုပ်လိုက်အားဖြင့် မင်းမှာ ဝက်ဦးနှောက်ရှိတယ် ဆိုတာကို သက်သေပြလိုက်တာ မဟုတ်ဘူးလား"

ကျန်ဟန်ဖူသည် ကျိန်းမှောင်းပြီးနောက် အန်ရှိဝေနှင့် ဝမ်ဆုဆီ လှည့်ကြည့်လိုက်သည်။

"သူ့ကို အစားထိုးပါ။ ငါတို့ သူ့ကို ပါဝင်ခွင့် မပေးသင့်ဘူး"

လိဂ်ပြိုင်ပွဲသည် တစ်လခွဲကြာမြင့်လိမ့်မည်။ အရမ်းလည်း ရက်စက် ကြမ်းကြုတ်လိမ့်မည်။ သေချာပေါက် မတော်တဆ ထိခိုက်မှုတွေ ရှိနိုင်သည်။ ဒါကြောင့် ကျောင်းအားလုံးသည် အရန်အဖွဲ့တစ်ဖွဲ့ ပြင်ဆင်ထားသည်။

အဲဒီအခိုက်အတန့်တွင် အရံအသင်းထဲကလူတွေရဲ့ မျက်နှာပေါ်မှာ စိတ်လှုပ်ရှားတဲ့ အမူအရာ ပေါ်လာသည်။

“ချန်ရှောင် ဘယ်မှာလဲ။ သူလည်း အလောင်းအစားလုပ်ပြီး နောက်ထပ် ကျောင်းသားတစ်ယောက်ကို ရှုံးခဲ့တာပဲလား”

ဝမ်ဆုရဲ့ အသံသည် အေးစက်နေသည်။

ကျောင်းသားတွေသည် ဘယ်ညာ လှည့်ကြည့်လိုက်သည်။ အဲဒီနောက်မှာတော့ ဆွန်းမို ညာဘက်ဘေးမှာ လက်မြှောက်ထားတဲ့ ရင်ဘတ်ပြားနေတဲ့ ကောင်မလေးကို တွေ့လိုက်ရသည်။

ရှု

လူတိုင်း လေးအေးတစ်ချက် ရှိုက်လိုက်မိသည်။

"မင်းတို့နှစ်ယောက်က ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် ဖြစ်နေတာနဲ့ လုပ်ချင်တိုင်းလုပ်လို့ ရပြီ ထင်နေတာလား"

"ဆရာဆွန်း၊ မင်းတပြည့်တွေကို ကောင်းကောင်း သင်ပေးထားတာပဲ"

ကျန်ဟန်ဖူက အပြစ်တင်တဲ့လေသံနဲ့

"ဒါကကျောင်း ထုတ်ပယ်ခံရခြင်းနဲ့ သက်ဆိုင်တဲ့ ကိစ္စပဲ။ ဘယ်လိုပဲပြောပြော ပြိုင်ပွဲမစခင်မှာပဲ ငါတို့စိတ်ဓါတ်တွေ အရမ်းကျဆင်းသွားပြီ"

"ငါတပြည့်တွေက ထုံးစံအတိုင်း အကောင်းဆုံးပဲ"

ဆွန်းမိုက တန်းပြင်းသည်။

ဒီစကားကို ကြားလိုက်လျှင် အရင်က ထိတ်လန့်နေတဲ့ လီဇီချီသည် ချက်ခြင်း စိတ်အေးသွားသည်။ သူမဆရာက သူမကို အရမ်းသဘောကျ နေတုန်းပဲ။

ဆွန်းမိုက သူ့ရဲ့ တပြည့်နှစ်ယောက်ကို ဆူပူကြိမ်းမောင်းခြင်း မရှိဘဲ အဲဒီအစား ကာကွယ်ပေးနေတာကို မြင်လိုက်လျှင်

ကျောင်းသားတွေရဲ့ ပါးစပ် တလှုပ်လှုပ် ဖြစ်သွားသည်။ တပြည့်တွေကို အရမ်းကာကွယ်ပေးတတ်တဲ့ ဆရာတွေ အများကြီး မရှိပါ။

“သူတို့ ဒီလိုလုပ်တာကလဲ သူတို့မှာ အကြောင်းပြချက် ရှိနေနိုင်တယ်။ ငါတို့က ဘာဖြစ်လို့ သူတို့ရဲ့ စကားကို နားမထောင်ကြည့်ရမှာလဲ”

ဆွန်းမိုက ထန်ထန်ယုထန်ကို တစ်ချက် ကြည့်လိုက်သည်။

“မင်းအရင်ဆုံးပြော”

“ငါက ပညာသင်ဘက် အစ်မအကြီးဆုံးပါ ငါအရင်ပြောပါရစေ”

လီဇီချီသည် ထန်ထန်ယုထန်ကို စဉ်းစားဖို့ အချိန်ခဏ ပေးချင်သောကြောင့် ရှေ့ထွက်လာသည်။

အခန်း(၃၁၁) - ချန်ပီယံဆု မဖြစ်ခဲ့ရင်ငါ နှုတ်ထွက်လိုက်မယ်။

"မလိုပါဘူး"

ထန်ထန်ယုထန်သည် ကျန်ဟန်ဖူကို ကြည့်လိုက်သည်။ သူ့လေသံက မောက်မာတာလည်း မဟုတ်သလို အားနာတာလည်း မဟုတ်ပေ။

"ကျောင်းနေဖက် ကျန်ကွမ်ရဲ့ နှလုံးသားထဲမှာ ပြဿနာ ရှိနေတယ်။ ဒီလိုပြင်းထန်တဲ့ ပြိုင်ဆိုင်မှုမျိုးမှာ ဝင်ပြိုင်ရင် ရုတ်တရက်

သေဆုံးသွားနိုင်တယ်။ ဒါကြောင့် ကျွန်တော်က သူ့ကို ဆေးတချို့ပေးပြီး သက်တောင့်သက်သာ အနားယူဖို့ ပြောထားတယ်”

“အို ဟုတ်ပြီ။ သူ မကျင့်ကြံရင် ပိုကောင်းတယ်လို့တောင် ခံစားရတယ်။ ကျင့်ကြံခြင်းဆိုတာကလည်း နှလုံးသားအတွက် ဖိအားတစ်မျိုးပဲ။ ကျောင်းအုပ်ကြီးအန်၊ မင်းက ငါတို့ကျောင်းသားတွေ ရုတ်တရက် သေဆုံးတာ မမြင်ချင်ဘူးရင် သူ့ကို စွန့်လွှတ်ဖို့ စည်းရုံးသင့်တယ်”

ထန်ထန်ယုထန်သည် ကြောက်လန့်ခြင်း မရှိဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုရဲသည်။ ဒီအချက်ကိုကြည့်ပြီး ဝမ်ဆု၏ လေသံသည် နွေးထွေးသွားသည်။ သူက ဒီလိုစရိုက်ပဲ ဖြစ်သည်။ သဘောကျတာနဲ့ ကဏ္ဍပေါင်းစုံမှာ တော်တယ်လို့ သတ်မှတ်လိမ့်မည်။

“မင်း အရင်ကတည်းက ဆေးပညာကို လေ့လာဖူးလား”

ဝမ်ဆုက သိချင်နေသည်။

"ငါ့ရဲ့ ဆေးပညာက မိသားစုဆီမှ ဆင်းသက်လာတာ။ စကားထဲ ထည့်ပြောဖို့တောင် မထိုက်တန်ပါဘူး"

ထန်ထန်ယုထန်က ကိုယ့်ကိုယ်ကို ရှုံ့ချတဲ့ ပုံစံနဲ့ ပြောလိုက်သည်။

ကျောင်းသားတွေကတော့ တိုးတိုးလေး ဆွေးနွေးနေကြသည်။ ဆရာတွေကတော့ ထန်ထန်ယုထန်ကို သိချင်စိတ် အပြည့်နဲ့ စိုက်ကြည့်နေကြသည်။ ကျောင်းသားတစ်ယောက်ရဲ့ နှလုံးသားထဲမှာ ပြဿနာရှိတယ်လို့ သတ္တိရှိရှိ

ပြောရဲတဲ့အတွက် သူက တကယ် အရည်အချင်းရှိရင်ရှိ မရှိရင် လူလိမ်ပဲ ဖြစ်လိမ့်မည်။

"မင်းက ဆေးပညာကို သင်ယူထားတယ်ဆိုတော့ မင်းရဲ့ လက်ရှိအခြေအနေနဲ့ ဒီလိုပြင်းထန်တဲ့ ပြိုင်ဆိုင်မှုကို ဝင်ပြိုင်နိုင်ပါ့မလား"

လျှို့မှုဘိုင်က မေးလိုက်သည်။ ထန်ထန်ယုထန်အတွက်တော့ ပုံမှန်ပဲ ဖြစ်သည်။ ကျောင်းသားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲက ပြဿနာကို မြင်နိုင်ခြင်းသည် တော်တော်လေး အထင်ကြီးဖို့ ကောင်းနေသည်။

“ပြိုင်ပွဲ အချိန်ဇယားနဲ့ပက်သက်ပြီး သုတေသန တချို့ လုပ်ထားပါတယ်။ ပြဿနာ

မရှိနိုင်ပါဘူး”

ထန်ထန်ယုထန်က ရယ်မောပြီး ယုံကြည်ချက် အပြည့်နဲ့ ပြန်ပြောသည်။

“ပြီးတော့ အသက်ရှင်သန်ဖို့အတွက် ဦးနှောက်ကို အားကိုးတယ်။ တိုက်ခိုက်ရမယ့် ကိစ္စတွေအတွက်ကတော့ ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ကို လွဲပေးလိုက်မယ်”

"ပေါက်ကရတွေ'

ကျန်ဟန်ဖူက အပြစ်တင်လိုက်သည်။

"မင်းက ဒီလိုပြောတာနဲ့ အဲဒီကျောင်းသားက တကယ် ပြဿနာ ရှိပါ့မလား"

"သူ့ နှလုံးမှာ ပြဿနာမရှိရင် ငါ့နာမည်ကို မင်းမျိုးရိုးနဲ့တူအောင် ပြောင်းလိုက်မယ်။ အော် မေ့နေလို့။ ငါတို့ ရန်ဖြစ်တုန်းက မထိန်းနိုင်ဘဲ သူ့နံရိုးနှစ်ချောင်းကို မတော်တဆ ချိုးမိသွားတယ်။ ဒါဆို..........."

ထန်ထန်ယုထန်က ပုခုံး တွန့်ပြလိုက်သည်။

"မင်းနားလည်ပြီ မဟုတ်လား"

လူတိုင်း သဘာဝကျကျ နားလည်လိုက်သည်။ ထန်ထန်ယုထန် ဆက်မပြောသော်လည်း အဓိပ္ပါယ်က ရှင်းနေသည်။

(ဒဏ်ရာရနေတော့ လူပြောင်းဖို့ကလွဲပြီး မင်းမှာ လုပ်စရာ မရှိဘူး)

ကျန်ဟန်ဖူ သည် ဆူပူကြိမ်းမောင်း ချင်ပေမယ့် အန်ရှီဝေက တားမြစ်ခဲ့သည်။

"ဆရာကျုံ ကျေးဇူးပြုပြီး စစ်ဆေးပေးပါလား"

"ဟုတ်ကဲ့"

ထန်ထန်ယုထန်ကလည်း ဒီလိုဖြစ်လာမယ်ဆိုတာ မျှော်လင့်ထားသည်။ သူက လောင်းကစားမှာ အနိုင်ရရှိရုံမျှဖြင့် ပြိုင်ပွဲထဲ ဝင်ပါရန် ဆရာတွေကို ဆွဲဆောင်နိုင်မယ်ဆိုတဲ့ အချက်က မသေချာသေးပါ။

"ဆရာဆွန်း ဘယ်လိုထင်လဲ'

အန်ရှီဝေက ဆွန်းမိုကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"ယုထန် အကြောင်းပြချက် ပေးအုံး'

ဆွန်းမို အသံက လေးနက်လှသည်။

"အသက်ကြီးလာတဲ့ အခါကျရင် ပြန်မှတ်မိလောက်တဲ့ အမှတ်တရတစ်ခုတော့ ဘဝမှာ လုပ်သင့်တယ်လေ။ လူမသိသူမသိဘဲ တိတ်တိတ်လေးပဲ သေရမယ်ဆိုရင် ဝမ်းနည်းစရာကြီး"

ထန်ထန်ယုထန်သည် မျက်နှာတွင် ဝမ်းနည်းကြေကွဲမှု အပြည့် ဖြစ်နေသည်။

သူ့စကားကို ကြားလိုက်တော့ တခြားကျောင်းသားတွေရဲ့ အမူအရာလည်း လေးနက်လာသည်။

(အမှန်ပဲ။ နာမည် မကြီးချင်တဲ့ လူရှိလို့လား)

ပတ်ဝန်းကျင်က လေးလံလာသည်။

ထန်ထန်ယုထန် ရယ်ချင်နေသည်။ (မင်းတို့တွေက ငါ့စကားကို တကယ်ယုံကြတာလား။ ငါက ပျင်းလို့ လျှောက်ပြောနေတာ)

ဒါပေမယ့် ဆွန်းမိုက သိသိသာသာ စိုက်ကြည့်နေသဖြင့် ရင်တုန်သွားသည်။

(ဒါက မဖြစ်နိုင်ဘူး မဟုတ်လား)

(ဆရာက ငါ့အတွေးကို သိနေတာလား)

"ငါ သူ့ကို ပါဝင်ခွင့် ပေးမယ်။ တစ်ခုခု ဖြစ်သွားရင် ငါတာဝန်ယူတယ်"

ဆွန်းမိုက အန်ရှီဝေကို ကြည့်ပြီး ပြောလိုက်သည်။

"ကျောင်းသား ယုထန် ၊ မင်းက ဆရာကျုံရဲ့ စစ်ဆေးမှုကို အောင်မြင်ရင်တောင် မင်း ခန္ဓာကိုယ်က မကျန်းမာတဲ့ လက္ခဏာပြရင် မင်းနေရာကို ငါအစားထိုးမယ်"

အန်ရှီဝေရဲ့ လေသံက တင်းမာလှသည်။

ကျောင်းသားတစ်ယောက်ရဲ့ အသက်သည် ဟာသ မဟုတ်ပါ။ တကယ်လို့ ထန်ထန်ယုထန်သော ဆွန်းမိုရဲ့ တပည့်မဟုတ်ဘဲ ဆွန်းမိုရဲ့ ခွင့်ပြုချက်သာ မရခဲ့ရင် သူက ဆရာဝန်တစ်ယောက်ဖြစ်နေရင်တောင် သူ့မ ခွင့်ပြုမှာ မဟုတ်ပေ။

အမှန်တိုင်းပြောရလျှင် ဆရာဝန်တစ်ယောက် ဖြစ်နေသဖြင့် အဖွဲ့အတွက် ကြီးကြီးမားမား အထောက်အကူ ဖြစ်နိုင်သည်။ နည်းနည်းတော့ အတ္တဆန်သည်။ နောက်ပြီးတော့ သူက ဆွန်းမိုရဲ့

တပည့်တစ်ယောက် ဖြစ်နေသည်။ သူတို့ အနိုင်ရခဲ့လျှင် ဆွန်းမို ဘုန်းတန်ခိုး တိုးတက်လာလိမ့်မည်။

ထန်ထန်ယုထန်သည် စစ်ဆေးရန်အတွက် ဆရာကျုံနဲ့ အတူတူ လိုက်သွားသည်။ ကျန်ဟန်ဖူသည် လီဇီချီကို အပြစ်တင်ချင်သော်လည်း သူမရဲ့ အဆင့်အတန်းကြောင့် အပြစ်မတင်ရဲပေ။ ဒါပေမယ် ဝမ်ဆုကတော့ ကွဲပြားသည်။

"မင်းကရော မင်းလည်း ဆရာဝန်လို့ ပြောမလို့လား"

ဝမ်ဆုက လီဇီချီကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"အရင်ကတည်းက ခွဲခြမ်း စိတ်ဖြာပြီးပြီ။ ဂျင်ရှာ၏ တိုက်ခိုက်ရေး စွမ်းရည် ကျောင်းသားအသစ်အဖွဲ့ထဲတွင် အောက်ဆုံး သုံးနေရာ ရှိသည်။ ဒီအချက်ကလွဲလျှင် သူ့မှာ ကောင်းတဲ့ အချက်မရှိပါ။ အဖွဲ့အတွက် အလုပ်ကြမ်း လုပ်ပေးနိုင်သည်။ ဒီထက်ပိုပြီး ရက်စက်စွာ ပြောရလျှင် သွားမယ့်လမ်းမှာ အရှေ့ကနေ အမြောက်ဆံ လုပ်ခိုင်းလို့ရသည်။

လီဇီချီကလည်း ကြောက်လန့်နေခြင်း မရှိပေ။ သူမကလည်း ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

"မင်းက အမြောက်စာ လိုချင်ရင် ငါလည်း လုပ်ပေးနိုင်တယ်"

"မင်းကိုယ်မင်း အကဲဖြတ်မှုက တော်တော်လေး နိမ့်ကျတာပဲ"

ကျန်ဟာန်ဖူက မထိန်းနိုင်ဘဲ လှောင်ပြောင်လိုက်သည်။

"အမှန်တရားက သက်သေပြပြီးသားပဲ။ တိုက်ပွဲမှာ ငါက ဂျင်ရှာကို အနိုင်ယူခဲ့ပြီးပြီ။ ပြောချင်တာက သူက တကယ် အားနည်းတယ်"

ပုံမှန်အားဖြင့်တော့ လီဇီချီသည် စကားပြောတဲ့အခါ ဂုဏ်သိက္ခာ ရှိရှိပဲ ပြောတတ်သည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ လိဂ်ပြိုင်ပွဲမှာ ပါဝင်တဲ့ နေရာစာရင်း ဖြစ်နေတာကြောင့် လီဇီချီက တောင်းပန်ရုံပဲ တတ်နိုင်ခဲ့သည်။

"ငါက ပညာသင်ဘက် အကြီးဆုံး အစ်မကြီးပါ။ ငါ့ဆရာနဲ့ အတူတူ တိုက်ခိုက်ရမယ်"

လီဇီချီသည် ဆွန်းမိုအား သူမကို အထူးဂရုစိုက်ရန် မလိုကြောင်း တကယ် ပြောချင်နေသည်။

"မင်းက အရာအားလုံးကို ခွဲခြမ်း သုံးသပ်ပြီးပြီ ဟုတ်လား။ အဲဒီလိုဆိုရင်လည်း ဒီမှာရှိနေတဲ့ ကျောင်းသားတွေရဲ့ အားသာချက်နဲ့ အားနည်းချက်ကို ဘာဖြစ် မပြောပြတာလဲ"

လှျိုမှုဘိုင်က ကြုံရာ ကျောင်းသားတစ်ယောက်ကို ညွှန်ပြလိုက်သည်။

လီဇီချီ တစ်ချက် ကြည့်လိုက်သည်။

သူမက အချက်အလက်တွေကို ပြန်စဉ်းစားဖို့တောင် မလိုအပ်ပေ။

“လုချီ အသက် ၁၂နှစ် ၇လရှိပြီ။ ဘယ်လို ပြဿနာပဲကြုံကြုံ ကောင်းကောင်း အဖြေမထုတ်နိုင်ပါ။ ဒါကြောင့် သူ့ကို ကင်းထောက်အနေနဲ့ အသုံးပြုရင်တောင် သေးငယ်တဲ့ စစ်သားတစ်ယောက်အနေနဲ့ပဲ သတ်မှတ်နိုင်ပြီး တာဝန်ကို အမှီအခို ကင်းကင်း မဆောင်ရွက်နိုင်ပါ”

လုချီ မျက်မှောင် ကြုတ်နေသည်။ သူ့ရဲ့ အားနည်းချက်ကို လူသိရှင်ကြား ထုတ်ပြောနေသဖြင့် လက်မခံနိုင် ဖြစ်နေသည်။ နောက်ပြီးတော့ ဒီနေရာမှာ ဆရာတွေ အများကြီးလည်း ရှိနေသည်။ သူ့ကို အထင်သေးသွားနိုင်သည်။ ဒါဆို ဘယ်လို ဖြစ်လာမဲ။

“တကယ်တော့ ကျောင်းနေဖက် လု။ မင်းအသက်အရွယ်မှာ ကျောင်းသားတော်တော် များများလည်း အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ပြတ်ပြတ်သားသား မချနိုင်သေးပါဘူး။ ကျေးဇူးပြုပြီး ငါ့စကားတွေကို စိတ်ထဲ အလေးအနက် မထားပါနဲ့။

မင်းဆုံးဖြတ်ချက်ကို ပြတ်သားအောင် လေ့ကျင့်လာနိုင်ရင် မင်းလည်း ကျန်ရန်ဇောင်လို ဒီနှစ်ရဲ့ နံပါတ်တစ် ဖြစ်လာလိမ့်မယ်”

လီဇီချီက တောင်းပန်လိုက်သည်။

ဒီစကားကို ကြားပြီးနောက် ဆရာတွေသည် တိတ်တဆိတ် ခေါင်းညိတ် ထောက်ခံလိုက်ကြသည်။ ဒီမိန်းကလေးက အခြေအနေကို ကောင်းကောင်း ကိုင်တွယ်နိုင်သည်။

လုချီသည် ယောကျ်ားလေးတစ်ယောက် ဖြစ်နေသောကြောင့် သူမနဲ့ ဆက်ပြီး

အငြင်းမပွားချင်တော့ပါ။ နောက်ပြီးတော့ ဆုံးဖြတ်ချက်ကို ပြတ်သားအောင် လေ့ကျင်နိုင်လျှင် ကျန်ရန်ဖောင်လို ရှားပါးပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်တယ်လို့ သူမက ပြောခဲ့သေးသည်။ သေသေချာချာ စဉ်းစားလိုက်တော့လည်း လီဇီချီရဲ့ သုံးသပ်ချက်က တိကျနေသည်။ ဒါပေမယ့် သူက ဘာကျွမ်းတယ်ဆိုတာကို သူမ ဘယ်လိုသိနေတာလဲ။”

“ဒီကျောင်းသူကရော ဘယ်လိုလဲ”

လျှို့မူဘိုင်က နောက်ထပ် အမျိုးသမီး ကျောင်းသူတစ်ယောက်ကို ညွှန်ပြလိုက်သည်။

လီဇီချီအတွက် ခက်ခဲအောင် လုပ်ချင်တာ မဟုတ်ပါ။ သူမ တကယ်ထူးချွန်လား ဆိုတာ သိချင်နေသည်။

"ဆရာလျှို၊ မင်းငါ့ကို ဆက်မေးနေစရာ မလိုတော့ဘူး"

လီဇီချီက စကားပြောနေရင်း သားရေအိတ်ထဲက စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။

"ကျောင်းသားအသစ်အဖွဲ့နဲ့ လက်ရွေးစင် အသင်းမှာပါတဲ့ ကျောင်းသားအားလုံးရဲ့

အချက်အလက်တွေကို ငါစာရင်း ပြုစုထားတယ်. မင်းဘာသာမင်း ကြည့်လိုက်ပါ”

လျှိုမူဘိုင်သည် စာရွက်ယူဖို့ လုပ်လိုက်လျှင် ဝမ်ဆုက ထွက်လာပြီး ယူသွားသည်။

တစ်ချက်ကြည့်လိုက်ပြီး သဘောကျတဲ့ အမူအရာ ပေါ်လာသည်။

သူမရဲ့ လက်ရေးက တကယ်ကို လှပသည်။ ပိုလှပတဲ့ အချက်က အောက်မှာ ခွဲခြမ်းစိတ်ဖြာတဲ့ အချက်အလက်များ ဖြစ်သည်။

နာမည်၊နှစ်၊ ကျင့်ကြံခြင်းအဆင့်၊ ကျွမ်းကျင်မှု၊ အားနည်းချက်နှင့် ဘယ်လိုတာဝန်တွေကို ထမ်းဆောင်ဖို့ သင့်တော်သည်၊ ဒီလူက အဖွဲ့အတွက် ဘယ်လိုထောက်ပံ့ ပေးနိုင်တယ်ဆိုတဲ့ အချက်အလက်တွေ ပါဝင်နေသည်။

လီဇီချီက အရာအားလုံးကို ရေးသားထားသည်။ ပိုးရေးကြီးတဲ့အချက်က ကျောင်းသား တစ်ယောက်ခြင်းဆီအတွက် သူမရဲ့ ကိုယ်ပိုင်သုံးသပ်ချက်များ ရေးသားထားသည်။

ဝမ်ဆုက ခြောက်ပစ်ကင်းသဲလဲစင် တစ်ယောက်ဆိုတာ မေ့ထားလို့မရပါ။ ကျောင်းသားတွေမပြောနဲ့ ပါရမီရှင် ဆရာတွေတောင် သူ့ရဲ့ ချီးကျူးမှုကို ခံရဖို့ ခက်ခဲသည်။

"လီဇီချီက ပြိုင်ပွဲမှာ ပါဝင်နိုင်တယ်။"

ဝမ်ဆုက စာရွက်ကို အန်ရှီဝေဆီ ပေးလိုက်သည်။

သူက ခွင့်ပြုချက် ပေးခဲ့သည်။

အန်ရှီဝေသည် အချက်အလက်များကို မြင်ပြီးနောက် အနည်းငယ် ထိတ်လန့်သွားသည်။

မှတ်တမ်းတင်ထားတဲ့ အချက်အလက်များသည် အရမ်း အသေးစိတ်ကျသည်။ လီဇီချီနေရာမှာ သူမသာဆိုလျှင် အသေးစိတ် မဖော်ပြရင်တောင် အတူတူပဲ ဖြစ်လိမ့်မည်။

သူမရဲ့ သတင်းလမ်းကြောင်းသည် လီဇီချီထက် အများကြီး ပိုအားကောင်းသည်။ အချက်အလက်ရှိသော်လည်း အားလုံးကို ကျယ်ကျယ်ပြန့်ပြန့် ခွဲခြမ်း စိတ်ဖြာရမည်။ ဒီလိုမျိုး အချက်အလက်များကို နားလည်နိုင်မှုသည်လည်း စွမ်းရည် တစ်မျိုး ဖြစ်သည်။

လီဇီချီရဲ့ စာရင်းသည် ကျောင်းသားများရဲ့ အားသာချက်နဲ့ အားနည်းချက်များကို ခွဲခြမ်းစိတ်ဖြာထားသဖြင့် ထင်သလောက် မရိုးရှင်းပါ။

"ဇီချီ၊ ဒီအချက်အလက်တွေကို ဘယ်လိုစုဆောင်းခဲ့တာလဲ"

အန်ရှီဝေ အရမ်းသိချင်နေသည်။ ထို့နောက် လျှိုမူဘိုင်ဆီ စာရွက်ပေးလိုက်သည်။

လျှိုမူဘိုင်သည် စာရွက်ကို ကြည့်လိုက်ပြီးနောက် လီဇီချီဆီ ကြည့်လိုက်သည်။ သူ့မျက်နှာမှာ မယုံကြည်နိုင်မှုတွေ ပြည့်နှက်နေသည်။

ဒီမိန်းကလေးရဲ့ ခွဲခြမ်း စိတ်ဖြာနိုင်စွမ်းက အရမ်းကြောက်ဖို့ ကောင်းနေသည်။

"ငါတို့အားလုံး အရင်က အမှောင်တိုက်ကြီးကို အတူတူ သွားဖူးတယ်"

လီဇီချီက ရှင်းပြသည်။ သူမ ပြောချင်တာက သိသာနေသည်။ (အမှောင်တိုက်ကြီး ခရီးစဉ်အတွင်း အချက်အလက်တွေကို စတင်စုဆောင်း နေခဲ့သည်။)

ပြီးတော့ ထုံးစံအတိုင်း သူမ မျိုးနွယ်စုရဲ့ အရင်းအမြစ် အနည်းငယ်ကိုလည်း အသုံးပြုခဲ့သည်။

အန်ရှီဝေ တိတ်ဆိတ်သွားသည်။ ဒီမိန်းကလေးက အမှောင်တိုက်ကြီး ခရီးစဉ်များကတည်း ပြိုင်ပွဲစာရင်းအတွက် စဉ်းစားနေပြီလား။

သို့သော်လည်း အမှန်တရားက အဲဒီလို ဖြစ်နေသည်။

ကျောင်းသားတစ်ယောက်ကို အနိုင်ယူရုံနဲ့ ကျောင်းခေါင်းဆောင်များနဲ့ ဆရာများကို ဘယ်လို စည်းရုံးနိုင်မှာလဲ။ ထက်မြတ်မှုကို ပြသရန် အကောင်းဆုံး ပြင်ဆင်ထားရမည်။

ဒီအချက်အလက်တွေနဲ့ ကျောင်းခေါင်းဆောင်တွေကို မစည်းရုံးနိုင်ခဲ့လျှင်တောင် လီဇီချီမှာ အရန်အစီအစဉ် ရှိသေးသည်။

"ဆရာဆွန်း"

အန်ရှီဝေက ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။

"သဘောမတူဘူး"

ဆွန်းမိုသည် လီဇီချီအကြောင်းကို ကောင်းကောင်းသိသည်။

လိဂ်ပြိုင်ပွဲအကြောင်းကိုလည်း သိသည်။ တကယ်လို့ လီဇီချီသာ ဝင်ပြိုင်ခဲ့လျှင် သေဆုံးနိုင်ခြေ မြင့်မားသည်။

"ဆရာ"

လီဇီချီက ဒူးထောက်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

"မင်းငါ့အတွက် စိတ်ပူနေတာ ငါသိတယ်။ ဒါပေမယ့် မင်းငါ့ကို တစ်ဘဝလုံးကာကွယ်ပေးလို့ မရဘူးလေ။ ငှက်တွေတောင် အတောင်စုံလာရင် အသိုက်ထဲက ထွက်ပြီး စွန့်စားရသေးတယ်"

လီဇီချီရဲ့ စကားကြောင့် ဆွန်းမို အံ့အောသင့်သွားသည်။

အဲဒါလည်း မှန်သည်။ သူမကို ဘေးနားမှာ ထာဝရ ခေါ်ထားမလို့လား။ ဒါက မဖြစ်နိုင်ပါ။ သူမဟာ သိပ်မကြာခင် ဒါမှမဟုတ် နောက်ပိုင်းမှာ ကြီးပြင်းလာလိမ့်မည်။

“ဆရာ။ ငါ အမအကြီးဆုံးကို ယုံကြည်တယ်” လုချီဟွာက ဆွန်းမိုရဲ့ အင်္ကျီ လက်စကို ဆွဲပြီး စည်းရုံးနေသည်။

“ကောင်းပြီလေ”

ဆွန်မို သက်ပြင်းချရင်း ပြောလေသည်။

လီဇီချီ အရမ်းပျော်ပြီး မတ်တပ် ပြန်ရပ်လိုက်သည်။ နောက်ဆုံးတော့ သူမသည် နေရာတစ်ခု ရသွားပြီ။ ထို့နောက် လီဇီချီသည် ရှန်ယွန်ပေါင်ဘက် လှည့်လိုက်သည်။

“မင်းစကားတွေ မှားနေပြီ။ ယေဘုယျ ဆန်လွန်းတယ်။ အသက်ရှင်နိုင်ချေ ဘယ်လောက်ပဲ ရှိနေပါစေ ကျန်းမာရေး ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ငါတို့က အချက်အားလုံးကို သေသေချာချာ သုံးသပ်နိုင်နေသ၍ ငါတို့ရဲ့

အောင်မြင်နိုင်နှုန်း မြင့်တက်လာမယ်လို့ ငါယုံကြည်တယ်”

“ငါက ကောင်းကင်က အပ်နှင်းတဲ့ ကံကြမ္မာထက်စာရင် ငါကိုယ်ပိုင် အသိဉာဏ်ကို ပိုယုံကြည်တယ်”

ထန်ထန်ယုထန် လျှောက်လာသည်။ ဒီစကားကို ကြားတော့ မနေနိုင်ဘဲ ရယ်လိုက်မိသည်။

“တိုက်ဆိုင်လိုက်တာ။ ငါလည်း ငါဦးနှောက်ကိုပဲ ယုံကြည်တယ်”

ဒီအခိုက်အတန့်တွင် လူတိုင်းသည် ထန်ထန်ယုထန်အား အထင်သေးကြသော်လည်း လီဇီချီအား ထောက်ခံကြသည်။

လီဇီချီ ပြုစုထားတဲ့ အချက်လက်များကို ဖတ်ကြည့်ပြီး ဆရာအာလုံးက ချီးကျူးကြသည်။

"ဆရာကျုံ၊ ထန်ထန်ယုထန်ကို ဘယ်လို ထင်လဲ"

အန်ရှိဝေက မေးလိုက်သည်။

"ငါမေးတဲ့ မေးခွန်းတိုင်းကို သူက လွယ်လွယ်ကူကူ ဖြေနိုင်တယ်။ သူ့ရဲ့အသိပညာ အဆင့်အတန်းက

ခြောက်တန်း အဆင့်ရောက်နေပြီ။ ဒါပေမယ့် သူ့ရဲ့ လက်တွေ့ စွမ်းရည်တော့ မသိရသေးဘူး”

ဆရာကျုံက ရိုးသားစွာ တင်ပြသည်။

ဒီစကားကိုကြားလိုက်လျှင် ဒီနေရာမှာ ရောက်နေကြတဲ့ ဆရာအားလုံးသည် ထန်ထန်ယုထန်ကို ကြည့်ပြီး အနည်းငယ် အံ့အောသွားသည်။

ဘယ်လောက်အထင်ကြီးဖို့ကောင်းလဲ။ သို့သော် ထန်ထန်ယုထန်ရဲ့ ဖြူဖတ်ဖြူရော် မျက်နှာကို မြင်ပြီးနောက် အားလုံး နားလည်သွားသည်။

ကြာလကြာရှည်စွာ နေမကောင်းဖြစ်ခြင်းက ဒီလူငယ်ကို ဆရာဝန်တစ်ယောက် ဖြစ်လာစေခဲ့သည်။ ဒီလူငယ် နှစ်အနည်းငယ်ကြာအောင် အသက်ရှင်ချင်တာ ဆေးပညာကို လေ့လာခဲ့တာ ဖြစ်ဖို့ များသည်။

"အမှန်ပဲ။ ဒီအဖြစ်အပျက်မှာ ထန်ထန်ယုထန်နှင့် လီဇီချီတို့နှစ်ယောက်စလုံး ကျောင်းသားအသစ်အဖွဲ့မှာ ပါဝင်ပြီး ဗဟိုပြည်နယ် အကယ်ဒမီကို ကိုယ်စားပြုနိုင်တယ်"

အန်ရှီဝေက နောက်ဆုံး ဆုံးဖြတ်ချက်ချလိုက်သည်။

"ချီ။ ဆရာဆွန်းရဲ့ တပည့် ငါးယောက်စလုံးပါဝင်လာတာပေါ့။ မှတ်တမ်း စံချိန်ကို ချိုးသွားပြီ"

ဆရာတချို့က မနာလိုဖြစ်ပြီးညည်းညူလိုက်ကြသည်။

"ခဏနေပါအုံး"

ကျန်ဟန်ဖူက တင်းမာသော လေသံနဲ့ပြောလာသည်။

“ငါတို့ ရှင်းရှင်းလင်းလင်း လုပ်ရမယ်။ ဒီနေ့ဖြစ်ရပ်ကြောင့် ပါဝင်ယှဉ်ပြိုင်တဲ့ နေရာတစ်ခုရဖို့ နောင်ကျရင် ဒီလို လိုက်လုပ်လာရင် ကျောင်းဂုဏ်သိက္ခာ ထိခိုက်လာနိုင်တယ်”

သူ့စကား မမှားပါ။ တကယ်လို့ ကျောင်းသားများက နေရာတစ်ခုအတွက် တိုက်ခိုက်ကြမယ်ဆိုရင် တော်တော်လေး ရှုပ်ယှက်ခတ်သွားမည်။

“ဒုကျောင်းအုပ်ကြီး ကျန် ဘာပြောချင်တာလဲ”

ကျန်ဟန်ဖူက သူ့ကို ပစ်မှတ်ထားချင်နေမှန်း ဆွန်းမိုသိသည်။

"ဆရာဆွန်းက တပည့်တွေအပေါ်မှာ အရမ်းယုံကြည်တာပဲနော်။ ဒီလိုဆိုရင်ရော ဘယ်လိုလဲ။ ဒီနှစ် ကျောင်းသားအသစ် ပြိုင်ပွဲမှာ မင်းတို့တွေ ချန်ပီယံဆု ရရမယ်"

ကျန်ဟန်ဖူသည် ကောက်ကျစ်ပြီး ဆွန်းမိုအတွက် ထောင်ချောက်တစ်ခု ဆင်လိုက်သည်။

ဆွန်းမို သေချာပေါက် ပြန်မဖြေရဲပါ။ တကယ်လို့သူသာ ချန်ပီယံဆုကို မယူနိုင်ခဲ့လျှင်

နောက်ဆုံးမှာ သူနှင့် သူ့တပည့်များကြား ဆက်ဆံရေး ဆိုးသွားနိုင်သည်။

"ကျောင်းက ခြွင်းချက်အနေနဲ့ သူတို့ကို ဝင်ပြိုင်ခွင့် ပြုတဲ့အတွက် တခြားသူတွေ ပါးစပ်ပိတ်သွားအောင် ရလဒ်ကောင်း တစ်ခုရဖို့ ထုံးစံအတိုင်း လိုအပ်တယ်။ ဒီလိုမှမဟုတ်ရင်လည်း လက်လျှော့ပြီးတော့ တခြားကျောင်းသားတွေကို အခွင့်အရေး ပေးသင့်တယ်"

မျှော်လင့်ထားသလိုပဲ အရန်အသင်းသည် ဒီစကားကို ကြားပြီးနောက် စိတ်လှုပ်ရှားသွားကြသည်။

တကယ်လို့ သူတို့ရဲ့ လုပ်ဆောင်ချက် ထူးချွန်ခဲ့ရင် မြတ်ဆရာတချို့ရဲ့ အာရုံကို ဆွဲဆောင်နိုင်လိမ့်မည်။ အဲဒီလို ဖြစ်ခဲ့ရင် သူတို့ရဲ့ အနာဂတ်က အကန့်အသတ်မဲ့ ဖြစ်သွားမည်။

"ချန်ပီယံဆုကို ရရင် ဘာဖြစ်မလဲ"

ဆွန်းမိုပုံစံက မကျေမနပ် ဖြစ်နေသည်။

(ပြီးပြီလား။ ဒီအဖေက ဒေါသမထွက်လို့ မင်းက မကျေမနပ် ဖြစ်နေတာလား)

"ချန်ပီယံဆုရရင် ငါချက်ခြင်း နှုတ်ထွက်လိုက်မယ်"

ကျန်ဟန်ဖူက ရယ်မောရင်း ပြန်ပြောသည်။

ဒီဆယ်နှစ်အတွင်းတွင် မရီဒန်အကယ်ဒမီက မြင့်တက်လာပြီး ဗဟိုပြည်နယ် အကယ်ဒမီက ကျဆင်းသွားခဲ့သည်။ ဒါကြောင့်လည်း ထူးချွန်တဲ့ ကျောင်းသားများကို မရီဒန်အကယ်ဒမီက ခေါ်ယူသွားခဲ့သည်။

တကယ်လို့ ကျောင်းမှာရှိတဲ့ ထူးချွန်တဲ့ မြတ်ဆရာများက ပါရမီရှင် ကျောင်းသားများကို ကောင်းကောင်း မသင်ကြားပေးနိုင်ခဲ့ပါက ဗဟိုပြယ်နယ် အကယ်ဒမီသည် ပုံမှန် အမှတ်တောင် မရဘဲ အထုတ်ခံလိုက်တာ ကြာနေပြီ။

ကျောင်းသားအသစ် ပြိုင်ပွဲသည် ဗဟိုပြည်နယ် အကယ်ဒမီအတွက် အကြီးမားဆုံး အားနည်းချက် ဖြစ်သည်။

"သေချာတာပေါ့။ ဒီနေ့ပြောခဲ့တာကို မင်းလည်း မှတ်ထားပါ"

ဆွန်းမိုက ရှိသမျှ ပုံအောလိုက်သည်။

"သေချာပေါက် မှတ်မိတာပေါ့။ ဒါပေမယ့် မင်းကရော ဘာလုပ်မှာလဲ"

ကျန်ဟန်ဖူက ပြန်မေးသည်။

"ချန်ပီယံဆု မရခဲ့ရင် ငါနုတ်ထွက်မယ်"

ဆွန်းမိုရဲ့ စကား မဆုံးခင်မှာပင် အန်ရှီဝေရဲ့ တည်ငြိမ်မှု ပျောက်ကွယ်သွားသည်။

“ဆရာဆွန်း စိတ်လိုက်မာန်ပါ မတုန့်ပြန်ပါနဲ့”

တကယ်လို့ ဆွန်းမိုသာ ထွက်သွားရင် သူမ ဘာလုပ်ရမှာလဲ။

“ဆွန်းမို မင်းက လူကြီးဖြစ်နေပြီ။ ကလေးမဆန်ပါနဲ့”

ဝမ်ဆုကလည်း သူ့ကို စည်းရုံးလိုက်သည်။

ဒီစကားကိုကြားပြီးနောက် ဆရာအားလုံး မနာလိုတဲ့ ပုံစံ ဖြစ်သွားသည်။ ဝမ်ဆုလို ဇီဇာကြောင်တတ်တဲ့ လူတစ်ယောက်ကို

ဆွဲဆောင်နိုင်နေသည်။ ဝမ်ဆုက ဆွန်းမိုကို အမုန်တကယ် သဘောကျနေသည်။

ဒီလိုမျိုး စကားဝိုင်းတွင် ကျောင်းသားများက ဝင်ပြောခွင့် မရှိပါ။ သို့သော်လည်း သူတို့ အရမ်းစိုးရိမ်သွားသည်။ တကယ်လို့ ဆွန်းမိုသာ မရှိတော့လျှင် နတ်ဘုရား အနှိပ်ကို သူတို့ မရနိုင်တော့ပါ။

ဆွန်းမိုနောက်ကို လိုက်ပြီး ကျောင်းပြောင်းဖို့ကို ကျောင်းသားတချို့က တွေးနေကြသည်။

"ဆွန်းမို ၊ လူကြီးလူကောင်း တစ်ယောက် သူ့စကားကို ဘယ်တော့မှ မရုတ်သိမ်းဘူး"

ကျန်ဟန်ဖူ ဝမ်းသာနေသည်။

"လာပါ။ အသိအမှတ်ပြုဖို့ လက်ဖဝါးခြင်း ရိုက်လိုက်ရအောင်။ ရှုံးတဲ့သူက ထွက်သွားရမယ်'

ဆွန်းမိုက ကျန်ဟန်ဖူနဲ့ စကားဆက်ပြောရန် စိတ်ပါတော့ပါ။

"ကောင်းပြီ"

ကျန်ဟန်ဖူက စိတ်လောစွာ ရှေ့သို့ လျှောက်လာသည်။

"ဆွန်းမို"

အန်ရှီဝေက ဝင်စွက်ဖက်ပြီး သူတို့ကြားတွင် ပိတ်ရပ်လိုက်သည်။

"ကစားနေတာကို ရပ်လိုက်တော့"

ဒီအချိန်တွင် အန်ရှီဝေသည် ကျောင်းအုပ်ကြီးတစ်ယောက် မဟုတ်တော့ပါ။ အခုတော့ မိုမိုလေးအတွက် စိတ်ပူနေတဲ့ အမအန် ဖြစ်နေသည်။ သူမရဲ့လေသံမှာ ညည်းတွားမှုနဲ့ ပြည့်နေပြီး စိုးရိမ်ပူပန်မှုကိုလည်း ခံစားနိုင်သည်။

အခန်း(၃၁၂) - ရုတ်တရက် ပြောတဲ့ မိန့်ခွန်း။ ချန်ပီယံဆုကို ရည်ရွယ်တဲ့ ခါး။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် သယံဇာတ ပေါကြွယ်ဝတဲ့ နယ်မြေများ ရှိသည်။ လင်းယုန်သည် နောက်မှ အရှေ့သို့ ပျံသန်းပါက နှစ်ပေါင်းများစွာ ပျံသန်းရမယ်လို့ စကားပုံလည်း ရှိသည်။

အဲဒီအချိန်က ပြည်နယ်ကိုးခုကို ဆွန်းမိုရောက်လာတဲ့အချိန်တွင် စာကြည့်တိုက်သို့ ဝင်ကာ ပြည်နယ်ကိုးခုရဲ့ မြေပုံကို ချက်ခြင်း လေ့လာခဲ့သည်။ သူတို့ရဲ့နယ်မြေတွင် ရှေ့ဟောင်း တရုတ်ပြည်နဲ့ ယှဉ်ပါက တောင်တန်းတွေ

ပိုပေါများသည်။ သူတို့၏ စုစုပေါင်းအရွယ်အစားမှာ တရုတ်ပြည် အနောက်ဖက် တစ်ခုလုံးနဲ့ တောင်ဘက်တွင် အင်ဒို ချိုင်းနား ကျွန်ဆွယ်လောက် ကြီးမားသည်။

တကယ်လို့ ဒီလူများသည် အမှောင်တိုက်ကြီးကနေ ပို့ဆောင်ရေးတံခါး နည်းစနစ်ကို မရရှိခဲ့ပါက သူတော်စင်ဂိုတ်သည် လိဂ်ပြိုင်ပွဲကို မစီစဉ်နိုင်ပါ။ လက်ရှိခရီးသွား အခြေခံ အဆောက်အဦးနဲ့ဆိုလျှင် ကျောင်းအသီးသီးမှ

ကျောင်းသားများသည် ပြိုင်ပွဲစုရပ်ကို ရောက်ဖို့ နှစ်ပေါင်းများစွာ အချိန်ယူရလိမ့်မည်။

'ဒီ' အဆင့်ရှိတဲ့ကျောင်းက စုစုပေါင်း ၁ဝ၈ကျောင်းရှိသည်။ အရေအတွက် အများကြီး ဖြစ်ပေမယ့် ပြည်နယ်ကိုးခုလို ကျယ်ပြန့်တဲ့ နယ်မြေမှာတော့ ဒီအရေအတွက်က ဘာမှ မဟုတ်ပါ။

တချို့ နိုင်ငံတွေမှာဆိုလျှင် 'ဒီ' အဆင့် ကျောင်းတောင် မရှိပါ။

ပြည်နယ်ကိုးခုတွင် တန်နိုင်ငံသည် အရမ်းကြီးမားတဲ့ နိုင်ငံတစ်ခု ဖြစ်သည်။

ဒါကြောင့်လည်း နိုင်ငံ နယ်နမိတ်အတွင်းတွင် နာမည်ကြီး ကျောင်းတချို့ ရှိသည်။ ပြိုင်ဆိုင်မှုကလည်း ပြင်းထန်လာခဲ့သည်။ ဗဟိုပြယ်နယ်အကယ်ဒမီသည် ကျောင်းသားလိုအပ်ချက်ကို ဖြည့်ဆည်းရန် နည်းလမ်းမရှိခဲ့ပါ။ ဒါကြောင့်လည်း အန်ရှီဝေ၏ ပန်းတိုင်သည် အရမ်းဝေးငယ်သည်။ သူမက လက်ရွေးစင်အသင်းကို အစွမ်းကုန်ကြိုးစားပြီး ရှေဆုံးနားတွင်သာ ရပ်တည်စေချင်သည်။ ကျောင်းသားအသစ် အဖွဲ့ကတော့ ထိပ်ဆုံး အဆယ့်ငါးဆင့်ထဲ ဝင်နေသ၍ အဆင်ပြေသည်။

ရလဒ်များကို ပေါင်းလိုက်ပါက ထိပ်ဆုံး အဆင့် ၁၀ အတွင်းသို့ ဝင်သွားပြီး ကျောင်း၏ ရာထူး တိုးခံရလိမ့်မည်။

နံပါတ်တစ် ဖြစ်မယ်လို့ သတ္တိရှိရှိ ပြောတာလား။ မဟာကိုးပါးကျောင်းတွေကလွဲလို့ တခြားကျောင်းတွေက ပြောလာရင် ဟာသတစ်ခု ဖြစ်လာလိမ့်မည်။

"ဆရာ"

လီဇီချီ အရမ်းလန့်သွားပြီး ဆွန်းမို အကျီလက်စကို အမြန်ဆွဲလိုက်သည်။ ကျန်ဟန်ဖူ၏

စရိုက်ကြောင့် ဆွန်းမိုသာ ရှုံးနိမ့်သွားခဲ့လျှင် ဒီကိစ္စကို လူတိုင်းသိအောင် ဖြန့်ဝေလိမ့်မည်။ အဲဒီအချိန်ကျရင် သူမဆရာရဲ့ အလုပ်အကိုင်ပေါ် သက်ရောက်မှု ရှိလာနိုင်သည်။

အခြေအနေကို မှန်ကန်အောင် မသုံးသပ်နိုင်တဲ့ ဆရာတစ်ယောက်ကို နာမည်ကြီးကျောင်း စာရင်း မဝင်တဲ့ ကျောင်းတွေကတောင် မလိုချင်ကြပါ။

"ဆရာဆွန်း။ သတိထားပြီး စကားပြောအုံး"

ဝမ်ဆု သတိပေးလိုက်သည်။

"ဆရာဆွန်း၊ ဒါက ရယ်စရာ မဟုတ်ဘူးနော်"

ကူရှုပ်ရှင်းကလည်း အသံတိုးတိုးလေးနဲ့ သတိပေးလိုက်သည်။ ထို့နောက် သူမသည် ရယ်မောကာ စကာလမ်းကြောင်း ပြောင်းလိုက်သည်။

"ကောင်းပြီလေ.။ အချိန်ကလဲ မစောတော့ဘူး။ မြန်မြန် ထွက်ခွာရအောင်"

ဂျိမဲဂျဲက နောက်မှာ ရပ်လိုက်သည်။ ဆွန်းမိုကို စိတ်ဝင်စားသော်လည်း ဘာမှ မပြောပါ။

"ဟုတ်။ အမြန်ထွက်ခွာကြတာပေါ့"

"ဒီတစ်ခေါက်တော့ ငါတို့သေချာပေါက် ရလဒ်ကောင်းရမယ်"

ဆရာတွေအတွက် အဆင်ပြေလာသည်။ ဆွန်းမိုသည် ငယ်ရွယ်ပြီး အကန့်အသတ်မရှိတဲ့ အနာဂတ်ကို ပိုင်ဆိုင်ထားသည်။ ငတုံးမဟုတ်သ၍တော့ သူ့ကို မျက်နှာသာ ပေးကြလိမ့်မည်။

"မင်းကဘာလို့ ဒီလိုပြောရတာလဲ။ ငါ့ဆရာက လူတိုင်းကို ဦးဆောင်ပြီး ချန်ပီယံမဖြစ်နိုင်ဘူး ထင်နေတာလား"

လုချီဟွာကတော့ သူမဆရာအတွက် မတရားဘူးလို့ ခံစားနေရပြီး တိုးတိုးလေး

ပြောလိုက်သည်။ သူမဆရာက မိုးကောင်းကင်အောက်တွင် အကောင်းဆုံး ဆရာဖြစ်ပြီး သူက ဒါကို သေချာပေါက် အောင်မြင်အောင် လုပ်နိုင်လိမ့်မည်။

ကျန်ဟန်ဖူသည် ပြောင်းလဲသွားတဲ့ အခြေအနေကို ကြည့်ပြီး စိတ်ဓါတ်ကျကာ သွေးချောင်းဆိုးလု နီးပါး ဖြစ်သွားသည်။ သူ့အဖွဲ့ကလူတွေသည် ရှုခင်းကြည့်ချင်ယောင် ဆောင်နေကြပြီး စကား ကူမပြောခဲ့ပါ။

ဒါက အန်ရှီဝေနဲ့ ဝမ်ဆုကို မစော်ကားချင်လို့ ဖြစ်သည်။

"အကျင့်စာရိတ္တကောင်းတဲ့လူတိုင်းက ပြောတဲ့အတိုင်း လုပ်တတ်တယ်။ ဆွန်းမို။ မင်းက မင်းရဲ့ စကားကို တန်ဖိုးထားမယ်လို့ မျှော်လင့်ပါတယ်"

ကျန်ဟန်ဖူ ကအေးစက်စွာ နှာခေါင်းရှုံ့ပြီး လှမ်းပြောလိုက်သည်။

"အံ့အောစရာကောင်းတဲ့ စွပ်စွဲချက်ပဲ"

ဆွန်းမိုသည် လုချီဟွာရဲ့ ခေါင်းကို ပုတ်လိုက်ပြီး လက်ကိုဆန့်ကာ အန်ရှီဝေ ပုခုံးကို ထိလိုက်သည်။ ထို့နောက် ကျန်ဟန်ဖူ အရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ငါဆွန်းမိုက အမြဲတမ်း ကိုယ့်ရဲ့စကားကို တန်ဖိုးထားတယ်။ ပြောရဲရင် လုပ်ရဲတယ်"

အရပ်အမောင်း ကွာခြားမှုကြောင့် ဆွန်းမိုက ကျန်ဟန်ဖူကို ငုံ့ကြည့်ပြီး စကားပြောနေသည်။ ဒီအချက်ကြောင့် ကျန်ဟန်ဖူ ပိုပေါက်ကွဲလာရသည်။

“ သေချာတာပေါ့။ ငါတို့ လက်ဖဝါးခြင်းပုတ်ပြီး အတည်ပြုလိုက်ရအောင်။ တကယ်လို့ မင်းချန်ပီယံမဖြစ်ရင် ထွက်သွားလိုက်စမ်း”

ကျန်ဟန်ဖူက လက်ကို ဆန့်ထုတ်လိုက်သည်။

ဖောင်း ဖောင်း ဖောင်း

လက်ခုပ်သုံးခါ ထိလိုက်သည်။ လူတိုင်းနားထဲတွင် ကျယ်လောင်စွာ ကြားနေရသည်။

ဒါကိုမြင်လိုက်တော့ ဂျိမဲဂျဲ မျက်လုံး အရောင်တောက်လာသည်။

ဆွန်းမိုက ဆတ်ဆတ်ထိ မခံတတ်တဲ့ လူတစ်ယောက်ပါ။ သူ့ရဲ့ အရိုးတွေက သူ့ရဲ့ စိတ်သဘောထားလို တောင့်တင်းလား မသိဘူး။

(အင်း။ ငါသာ သူ့ဆီက လက်ချောင်းတစ်ချောင်း လောက်လိုချင်ရင် ငါ့ကို မပေးလောက်ဘူး။)

ဒင်

ကျူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၄၆၀/၁,၀၀၀)

"ဆရာဆွန်း။ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ကူရှုပ်ရှင်းက သက်ပြင်းချရင်း မေးလိုက်သည်။ သူတို့က ပြိုင်ဘက်တွေ ဖြစ်ပေမယ့် ဆွန်းမိုကို ကျောင်းက မထွက်သွားစေချင်ပါ။ သူလိုလူနဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်ရတာက တော်တော်လေး ကောင်းပါသည်။

ဆွန်းမိုရဲ့ အကြည့်များက အန်ရှီဝေ၊ ဝမ်ဆုနှင့် ဆရာများဆီ ရောက်သွားသည်။

သူတို့ရဲ့ မျက်နှာသည် တုန်လှုပ်ပြီး စိတ်ပျက်မှုနဲ့ ပြည့်နေသည်။

“မင်းတို့ မျက်နှာတွေက ဘာဖြစ်နေတာလဲ”

ဆွန်းမို မျက်မှောင်တော်တော် ကြုတ်သွားသည်။

“ချန်ပီယံဖြစ်ဖို့က တော်တော်လေး ခက်ပါတယ်။ ဒါပေမယ့် ဘာဖြစ်လဲ။ မင်းတို့တွေက အဲဒါကို ရဖို့အတွက် အိပ်မက်တောင် မမက်ဘူးလား”

“လူအုပ်ကြီးထဲမှာ အောင်ရုံလောက်ပဲ လိုချင်တဲ့ လူရှိလား။ အခုချက်ခြင်းထွက်လာပြီး ငါ့အတွက် ငရဲသွားလိုက်”

“ငါက ဝေလေလေ တွေကို မလိုချင်ဘူး။ အသေခံရမယ်ဆိုရင်တောင် ချန်ပီယံဆုလိုချင်တဲ့

ကျောင်းသားတွေပဲ လိုချင်တယ်။ ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီမှာ အဲဒီလိုရဲရင့်ပြီး ခံနိုင်ရည်ရှိတဲ့ ကျောင်းသားတွေ မရှားဘူးလို့ ငါယုံကြည်တယ်”

ကျောင်းသားတွေရဲ့ အမူအရာ ပြောင်းသွားသည်။ ရှက်လည်းရှက်ပြီး အပြစ်ရှိသလို ခံစားနေရသည်။

“ဆရာ၊ ငါတို့ရဲ့ ပန်းတိုင်က ချန်ပီယံဆု ယူဖို့ပဲ”

ကျန်ရန်ဇောင်က ပြောလိုက်သည်။

"အရမ်းကောင်းတယ်။ ဒါကြောင့်လည်း မင်းက အဖွဲ့ခေါင်းဆောင် ဖြစ်နေတာ"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။ ထိုနောက် အခြားကျောင်းသားများကို ကြည့်လိုက်သည်။

"ပြိုိုင်ပွဲက မ စသေးဘူး မင်းတို့မှာ ဒီလို စိတ်မျိုးရှိနေရင် ငါတို့ ရှုံးနေပြီ။ ဘာကြောင့်လဲဆိုတာ စိတ်ထဲမှာကတည်းက ချန်ပီယံဆုကို လက်လွှတ်နေပြီ"

"အဆင့် ၁ဂလား။ ဒါကို ကျေနပ်တာလား"

"အဆင့်(၅)လား။ ကျေနပ်နေတုန်းပဲလား"

"တတိယ နေရာလား ။ အထင်ကြီးဖို့ကောင်းလာပြီ။ မင်းတို့ စံချိန်ချိုးသွားပြီ"

"မင်း ခံယူချက်ကို ချိုးဖျက်ပစ်လိုက်စမ်းပါ။ အတိတ်တုန်းက ဗဟိုပြည်နယ် အကယ်ဒမီက ပြိုင်ပွဲတစ်ခု ဝင်ပြိုင်ရင် ချန်ပီယံပဲ သေချာပေါက် ဖြစ်လိမ့်မယ်။ တတိယနေရာ ရလာရင်တောင် သူတို့အတွက် အရှက်ကွဲတယ်လို့ ခံစားနေရမှာပဲ။ ဆုယူဖို့အတွက်တောင် စင်ပေါ်တက်မှာ မဟုတ်ဘူး"

ဆွန်းမိုက ကြံ့ကြံ့ဖန်ဖန် မိန့်ခွန်းပြောလိုက်သည်။

အန်ရှီဝေ နှုတ်ခမ်း ကိုက်လိုက်သည်။ ကျောင်းအုပ်ကြီးရဲ့ မြေးတစ်ယောက်အနေနဲ့ ဒီသမိုင်းကြောင်းနဲ့ ရင်းနှီးသည်။

အဲဒီတောက်ပတဲ့ကာလတွင် သက်သေအဖြစ် ဆုတံဆိပ်များကို မြင်ရတဲ့အချိန်သည် သူမ ကလေးဘဝရဲ့ အလှပဆုံး အမှတ်တရများ ဖြစ်သည်။

ဝမ်ဆုလည်း သက်ပြင်းချလိုက်မိသည်။ အတိတ်တုန်းက ပြိုင်ပွဲဝင်ခဲ့တဲ့ မြင်ကွင်းကို မှတ်မိနေသေးသည်။ တကယ်ကို သူတို့က ချန်ပီယံဆုအတွက်ပဲ ရန်းကန်ခဲ့သည်။

"ထပ်မေးပါရစေ။ ချန်ပီယံဆုနဲ့ မထိုက်တန်ဘူး ထင်တဲ့လူတွေ ထွက်သွားလို့ရတယ်"

"ငါတို့အဖွဲ့က စိတ်ဓါတ်က လွဲလျှင် ဘာမဆို ဆုံးရှုံးလို့ ရတယ်"

"စိတ်ပိုင်းဆိုင်ရာဆိုတာ ဘာလဲ သိလား။ စိတ်ဓါတ် ခိုင်မာ ပြတ်သားပြီး ဘယ်တော့မှ

အရှုံးမပေးတတ်တဲ့ စိတ်ဓါတ် အာဏာရှင်နဲ့တူတဲ့ စိတ်ဓါတ်။ တခြားကျောင်းတွေက ချန်ပီယံဆု လိုချင်ရင် ငါတို့အလောင်းကို အရင်ဖြတ်သွားလိုက်”

ဆွန်းမိုက စိတ်အားထန်သန်စွာ ဟောပြောနေသည်။

သူက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို မသုံးခဲ့သော်လည်း ကျောင်းသားတွေရဲ့ စိတ်ခံစားချက် လှုပ်ရှားနေကြသည်။ အရမ်း စိတ်လှုပ်ရှားလာပြီး လက်သီးဆုပ်ကာ အံ့ကြိတ်ထားကြသည်။

ဒီကမ္ဘာမှာ နံပါတ်တစ် မဖြစ်ချင်တဲ့လူရှိလို့လား။

ချန်ပီယံ မဖြစ်ချင်တဲ့ လူကော။

အားနည်းပြီး အခွင့်အရေးမရှိတဲ့ ကျောင်းသားများတောင် အဲဒီ အိပ်မက်ကို ခိုးပြီး တွေးတောနေကြမည်။ ထိပ်ဆုံးအမှတ်ရယူပြီး ပထမနေရာကို ယူနိုင်ခဲ့လျှင် ဘယ်လောက်ကောင်းမလဲ။

"ဆရာ။ ငါတို့ဆီက ချန်ပီယံဆု လုချင်နေတဲ့ လူတွေကို ဖြတ်ရိုက်ကြမယ်"

ရှန်ယွန်ပေါင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"အမှန်ပဲ။ အဲဒီကောင်တွေရဲ့ဖင်ကို ပိတ်ကန်ပစ်မယ်'

"ခွေးမသားတွေ။ ချန်ပီယံဆုက ငါတို့အတွက်ပဲ"

ပထမနှစ်ကျောင်းသားများက ကြွေးကြော် လာကြသည်။ မိန်းကလေးတွေတောင် တက်ကြွတဲ့ အရှိန်အဝါရိုက်ခတ်ပြီး တိုက်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်တဲ့ ပုံစံ ဖြစ်နေကြသည်။

ကျောင်းသားအဖွဲ့ရဲ့ အငွေ့အသက်သည် အရင်ကနဲ့ လုံးဝ မတူတော့ပါ။

အန်ရှီဝေသည် ပါးစပ်ကို လက်နဲ့အုပ်ပြီး မျက်ဝန်းထဲတွင် မျက်ရည်စို့လာသည်။ ဒီလိုမျိုး ရက်စက်တက်ကြွတဲ့ ကျောင်းသားတွေကို နောက်ဆုံးတွေ့ခဲ့တဲ့ နှစ်က ဘယ်လောက်ကြာပြီလဲ။

အင်း နိမ့်ကျလာတဲ့ အချိန်တွေကလည်း တော်တော် ကြာနေပြီ။ အဲဒီအချက်ကြောင့် သူတို့ရဲ့ စိတ်စွမ်အားနဲ့ ခံယူချက်တွေ ယုတ်လျော့လာခဲ့သည်။ တကယ်တော့

အန်ရှီဝေကိုယ်တိုင်တောင် ချန်ပီယံဆုကို မေ့ထားပြီး အောင်မြင်မှု ရလဒ်ကို အာရုံစိုက်နေခဲ့သည်။

အခုတော့ဆွန်းမိုက အန်ရှီဝေရဲ့ ရည်မှန်းချက်များနဲ့ ဂုဏ်ယူမှုများကို နောက်တစ်ကြိမ် လှုံ့ဆော်နိုင်ခဲ့သည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို(၂,၇၇၀/၁၀,၀၀၀)

ဒီအချိန်မှာတော့ အန်ရှီဝေသည် သူမ ငယ်ချစ်လေးကို ကြည့်လိုက်တဲ့ အကြည့်သည်

လေစားမှု အဖြစ်သို့ ပြောင်းသွားပြီး ကြည်ညိုတဲ့ အငွေ့အသက် လေးတွေတောင် ပါသေးသည်။

စိတ်ထဲမှာတော့ မိုမိုလေးလို့ခေါ်တဲ့ အားနည်းပြီး သူ့ရဲ့ဘောကြောင်တတ်တဲ့ ကောင်လေး လုံးဝ ပျောက်သွားသည်။ အဲအစား အစားထိုးလာတာက ကောင်းကင်နဲ့ မြေကြီးကိုတောင် တောင့်ခံနိုင်ပြီး စိတ်ထဲနှလုံးသားထဲတွင် မာနကြီးပြီး သွေးပူကာ ရည်မှန်းချက် ကြီးတဲ့သူ တစ်ယောက် ဖြစ်လာသည်။

“စကားပြော တကယ်ကောင်းတယ်”

ကူရှုပ်ရှင်းသည် မနေနိုင်ဘဲ လက်ခုပ်တီးပြီး အားပေးလိုက်သည်။

"အရမ်းကောင်းတယ်"

ဆွန်းမိုကိုကြည့်တဲ့ ဝမ်ဆုရဲ့အကြည့်တွင် ကြည်နူးများနဲ့ ပြည့်နေသည်။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၆၅/၁,၀၀၀)

ဂျိမ်ဂျဲသည် သူမခြေထောက်များကို ထိန်းထားရသည်။ ဆွန်းမိုကို ကြည့်တဲ့

သူမအကြည့်ထဲတွင် လိုချင်တပ်မက်မှုများနဲ့ ပြည့်နေသည်။ (ဘယ်လိုလုပ်ရမလဲ။ သူ့အရိုးတွေကို တကယ်လိုချင်နေပြီ)

ဒီမက်မွန်သီးတင်ပါးသည် အရိုးစွဲလန်းသော်လည်း တွေ့ကရာ အရိုးများကို မစုဆောင်းပါ။ အရိုးများရဲ့ မူလပိုင်ရှင်သည် တောက်ပတဲ့ သမိုင်းကြောင်းရှိတဲ့ သူရဲကောင်းများရဲ့ အရိုးကိုသာ နှစ်သက်သည်။

ဘေးမှာ အေးဆေးစွာရပ်ကြည့်နေတဲ့ လှျိုမူဘိုင်သည် ဒီစကားကို ကြားလိုက်လျှင်

ပထမဆုံးအကြိမ် ဒီဆရာအသစ်ကို အလေးအနက်ထားပြီး စိုက်ကြည့်လိုက်သည်။

အရမ်းချောပြီး ဆွဲဆောင်မှု ရှိလွန်းသည်။

ကြည့်ကောင်းမှုနဲ့တောင် ဆွန်းမိုသည် အောင်မြင်ကျော်ကြားဖို့ ကံတရားအပေါ်ကို မှီခိုစရာမလိုပါ။

"တောက်။ မင်းဒီလောက် ထူးချွန်နေဖို့ လိုလို့လား"

ဖန်ယန် စိတ်ဓါတ်ကျသွားသည်။ (ငါက ကျောင်းသားအသစ်အဖွဲ့ရဲ့ ခေါင်းဆောင်လေ။

အခုတော့ တောက်ပမှုအားလုံးကို မင်းကလွှမ်းမိုးသွားပြီ။)

အများအားဖြင့်တော့ ပွဲမစခင်တွင် အဖွဲ့ခေါင်းဆောင်က စိတ်ဓါတ်မြှင့်တင်တဲ့ မိန့်ခွန်း ပြောရသည်။

ဒီအတွက်လည်း ဖန်ယန်က တစ်နှစ်ခွဲလောက် ပြင်ဆင်ထားခဲ့သည်။ ဒါပေမယ့် အခုတော့ ဆွန်းမိုက အရမ်းထူးချွန်နေသဖြင့် သူက ဘာလုပ်ရမှာလဲ။

ဖန်ယန်သည် သူ့ရဲ့ မိန့်ခွန်းအတွက် အရမ်းကျေနပ်နေခဲ့သည်။ ဆွန်းမိုစကားနဲ့ နှိုင်းယှဉ်ကြည့်လိုက်မိတော့ ပြောချင်စိတ်ကို ကုန်သွားသည်။

"အရမ်းကောင်းတယ်။ ဘယ်သူ့ကိုမှ ဦးမညွှတ်ဘူး"

ဆွန်းမို ပြုံးလိုက်သည်။ သူ့ရဲ့ အပြုံးက နွေဦးနေရောင်ခြည်ကဲ့သို့ နူးညံ့လွန်းသည်။

"အဲဒါဆိုလည်း ငါတို့သွားပြီး ချန်ပီယံဆုကို ပြန်ယူရအောင်။ ဆုဖလားကို ကျောင်းရဲ့ ဂုဏ်ကျက်သရေ ခန်းမမှာ အတူတူ ထားကြတာပေါ့"

"နောင်တစ်ချိန်ကျရင် ကျောင်းကိုရောက်လာတဲ့ မင်းတို့ရဲ့ အငယ်တွေက ဆုဖလားကို ကြည့်ပြီး ဆုဖလားမှာ မင်းတို့ရဲ့ နာမည်တွေ ရေးထိုးထားတာ မြင်လိုက်ရင် မင်းတို့ကို ချီးကျူးပြီး အားကျကာ လေးစားနေကြလိမ့်မယ်"

“ အကြီးတွေဖြစ်တဲ့အတွက် ငါတို့က အနည်းဆုံးတော့ ကျောင်းအတွက် ချန်ပီယံဆုကို ရအောင် ယူရမယ်”

ဆွန်းမို စကားအဖြစ်ပြောခဲ့ခြင်း မဟုတ်ပါ။ ဒီဂုဏ်ကျက်သရေကလည်း အမှန်တကယ် ငတ်မွတ်နေသည်။

နှစ်ပေါင်းများစွာ သင်ကြားခဲ့တဲ့ ဆရာတစ်ယောက်အနေနဲ့ ကျောင်းသားများသည် အားပေးမှု အလိုအပ်ဆုံးဆိုတာ ဆွန်းမို သိခဲ့သည်။ အောင်မြင်မှုကို ဆက်တိုက်

ခံစားမိမှသာလျှင် အောင်မြင်မှုကို ရရှိဖို့အတွက် သူ့ကိုယ်သူ ယုံကြည်ချက် ရှိလာမည် ဖြစ်သည်။

စာမေးပွဲဖြေပြီးတဲ့နောက် ဆွန်းမိုသည် အမှတ်နည်းတဲ့ ကျောင်းသားများကို တစ်ခါမှ မဝေဖန်ခဲ့ဖူးပါ။ သူတို့ တိုးတက်ဖို့ လိုအပ်တဲ့နေကို ထောက်ပြနိုင်ခဲ့လျှင် သူတို့သာ ဆက်ကြိုးစားခဲ့လျှင် သေချာပေါက် ရလဒ်တွေ ကောင်းလာလိမ့်မည်။ စိတ်ရင်းမှန်သဖြင့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမိုဆီက ရွှေရောင်အလင်းတန်များ ဖြာထွက်လာပြီး ဆရာနဲ့ ကျောင်းသားကို လွှမ်းခြုံသွားသည်။

"သူ့အရှိန်အဝါရဲ့ အကွာအဝေးက အရမ်းကြီးလွန်းတယ်"

ကူရှုပ်ရှင်း အရမ်းအံ့အောသွားသည်။

မြတ်ဆရာအရှိန်အဝါရဲ့ အကွာအဝေး ပိုများလေလေ မြတ်ဆရာက ပိုအစွမ်း ထက်လေလေ ဖြစ်သည်။

ကျန်ဟန်ဖူသည် ဆွန်းမိုကို မျက်နှာနီကြီးနဲ့ စိုက်ကြည့်နေပြီး ဒေါသကြောင့် အဆုတ်တွေ ပေါက်ကွဲလုမတတ် ဖြစ်နေသည်။ ဆွန်းမိုက ချန်ပီယံဆုကို မရနိုင်သဖြင့် ဆွန်းမိုနဲ့ လောင်းကြေးထပ်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတော့ ဆွန်းမို ပြောတဲ့စကားနဲ့ နှိုင်းယှဉ်ရင် သူ့ရဲ့စကားများက လူရွှင်တော် တစ်ယောက်သာသာ ဖြစ်နေသည်။

မဟုတ်ဘူး။ ဒါကို ခွင့်ပြုလိုက်လို့ မဖြစ်ဘူး။ သူတစ်ခုခု ပြောရမည်။

ကျန်ဟန်ဖူသည် သူ့ရဲ့ ပုံရိပ်ကို ထိန်းသိမ်းခြင်သောကြောင့် ဦးနှောက်ကို အရည်ပျော်လုမတတ် ဖြစ်ညှစ်ပြီး စဉ်းစားနေသည်။ အဲဒီအချိန်တွင် ကျောင်းသားတစ်ယောက်က ဝိညာဉ်ချီ ရုတ်တရုတ် ပေါက်ကွဲထွက်လာသည်။

အခန်း(၃၁၃) - အံ့ဖွယ်၊ ထူးချွန်ခြင်း။

ဒီဖြစ်စဉ် ဖြစ်နေတဲ့လူက ပထမနှစ်ကျောင်းသား ရှီကွမ် ဖြစ်သည်။

ဝိညာဉ်ချီ ပေါက်ကွဲအား ပြင်းထန်လာပြီး ခေါင်းပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာကာ ပတ်ဝန်းကျင်က ဝိညာဉ်ချီများကို စုတ်ယူနေသည်။

"အဆင့်တက်နေတာလား"

ကျောင်းသားတွေ ရုတ်တရုတ် အရမ်းအံ့အောသွားသည်။ ဒီမှာ ကျင့်ကြံခြင်း လုပ်မနေဘူး၊ တရားလည်း ထိုင်မနေဘူး။ ဘာလို့ ရုတ်တရုတ် အဆင့်တက်သွား ရတာလဲ။ အဲဒါကို သူတို့ နားမလည်နိုင် ဖြစ်နေသည်။

အခြားတစ်ဖက်တွင် ဆရာတွေက အကြောင်းအရင်းကို သိနေသဖြင့် စိတ်အေးလက်အေး ဖြစ်နေကြသည်။

ရှီကွမ်သည် ထစ်ဆို့မှုတွင် အချိန်တော်တော်ကြာနေခဲ့ပြီး အဆင့်တက်ဖို့ကလည်း

ခြေတစ်လှမ်းသာ လိုတော့သည်။ ဆွန်းမိုရဲ့ ဟောပြောချက်ကို ကြားပြီး စိတ်ဓါတ်တက်ကြွကာ လိဂ်ပြိုင်တွင် ရှန်းကန်တဲ့ တွန်းအားများအဖြစ် ပြည့်နှက်လာခဲ့သည်။ ထို့နောက် အဖိုးဖြတ်မရတဲ့ အကြံပြုချက် ထိမှန်ပြီး စိတ်အားတက်ကြွလာကာ ဝိညာဉ်ချီ ပေါက်ကွဲထွက်လာခဲ့သည်။

"မလန့်နဲ့။ အသက်ခပ်ပြင်းပြင်း ရှူလိုက်ပြီး ထုံးစံအတိုင်း ဝိညာဉ်ချီကို စုတ်ယူလိုက်"

လျှိုမူဘိုင်က ချက်ခြင်း ပြောလိုက်သည်။

"ကျန်တဲ့ လူတွေက တိတ်တိတ်လေး နေကြ"

ဒါကိုမြင်လိုက်လျှင် လီဇီချီသည် မကျေမနပ်ဖြစ်သွားပြီး နှုတ်ခမ်းစူသွားသည်။ (ဒါက ဆရာဆွန်းရဲ့ မြတ်ဆရာအရှိန်အဝါကြောင့် အဆင့်တက်မလို ဖြစ်လာခဲ့တာပဲ။ ဒါကြောင့်သူ့ကို ဆရာကပဲ လမ်းညွှန်သင့်တယ်။ မင်းကို ဘယ်သူက ပြောခိုင်းနေလို့လဲ။ ဒီကောင် ထင်ပေါ်ကျော်ကြားနေတာ အရမ်းသိသာနေတယ်”

အန်ရှီဝေနှင့် ဝမ်ဆုတို့ နှစ်ယောက်စလုံး ဆွန်းမိုကို ကြည့်လိုက်လျှင် ရှီကွမ်၏ အခြေအနေကိုသာ စောင့်ကြည့်နေပြီး

စိတ်ဆိုးတာမျိုးလည်း မရှိပါ။ သူ့စိတ်ထားကို နှစ်ယောက်စလုံး အသိအမှတ်ပြုမိလိုက်သည်။

လှျိုမှုဘိုင်က ဒီကိစ္စတွင် မျက်နှာမထောက်ခဲ့ပါ။ မြတ်ဆရာလောကတွင် ပြောစရာမလိုတဲ့ စည်းကမ်းတစ်ခု ရှိသည်။ ကျောင်းသားကို ကူညီပေးတဲ့ လူကသာ လမ်းညွှန်ပေးပိုင်ခွင့် ရှိသည်။

အမှန်တကယ်တော့ လျှိုမှုဘိုင်က ကျောင်းသားအတွက် စိုးရိမ်နေပြီး ဆွန်းမိုရဲ့

အခွင့်ရေးကို တမင်တကာ လုယူချင်တဲ့ စိတ်မရှိပါ။

အရေးကြီးဆုံးအချက်ကတော့ အဓိကနေရာတွင် ရှိနေတဲ့ ဆွန်းမိုက မကျေမနပ် မဖြစ်ခြင်းပါ။ ဒီအရာက သူသည် အရမ်းသဘောထား ပြည့်ဝကြောင်း သိသာနေသည်။

ဆွန်းမိုမှာလည်း တခြား ဘာမှ လုပ်စရာမရှိတာကြောင့် နတ်ဘုရားမျက်စိအာရုံကို သုံးပြီး ရီကွမ်ကို လေ့လာလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဒီကျောင်းသားအသစ်အဖွဲ့ကို

ဦးဆောင်ရမှာဖြစ်ပြီး ကျောင်းသားတွေရဲ့ အကြောင်းကို ကြိုသိထားဖို့ လိုအပ်သည်။

ရှီကွမ်။ အသက် ၁၃နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၄)

ကြံ့ခိုင်မှု - ၆ - လက်ဗလာနဲ့ အနက်ရောက် ဝက်ဝံကို သတ်နိုင်သည်။

ဉာဏ်ရည် -၄- အတားအဆီး ဖြတ်ကျော်ရုံမျှသာ

သွက်လက်မှု- ၇- ပိုတောင် မြင့်မြင့် ခုန်လိုက်ချင်သည်။

ခံနိုင်ရည် -၈ - တောင်ပေါ်က ရွာလေးမှာ ဖွေးဖွားခဲ့ပြီး ကာယခွန်အားက ငါရဲ့ ကံကောင်းမှုပဲ။

ဆန္ဒ -၆ - ကိုယ်နာမည်ကို ကိုယ်တိုင် တည်ဆောက်ချင်တယ်။ ငွေရှာချင်တယ်။ အောင်မြင်တဲ့ ဘဝတစ်ခုကို လိုချင်တယ်။

အလားအလာ တန်ဖိုး - မြင့်မား။

မှတ်ချက် - အမဲလိုက် ကျွမ်းကျင်သူ။ တောထဲမှာ ချန်ထားခဲ့ရင်တောင် ဆာလောင်နေမှာကို စိုးရိမ်စရာ မရှိပါ။ အနာဂတ်တွင် ထူးချွန်တဲ့ မုဆိုး ဖြစ်လာနိုင်သည်။

ဆက်လက် ဖတ်ကြည့်နေရင်း ရုတ်တရက် အနီရောင် မှတ်ချက် တစ်ခုကို ဆွန်းမို မြင်လိုက်ရသည်။

မှတ်ချက် - ကျောင်းသားသည် အရင်တုန်းက ရွှေလက်စွပ် မြွေတစ်ကောင်ရဲ့ အကိုက်ခံခဲ့ရပြီး သွေးကြောနံရံထဲတွင် သွေးခဲခြင်းများ ဖြစ်နေသည်။ သွေးစီးဆင်းမှု မြင့်တက်လာခဲ့ပါက အစိုင်အခဲများ ကြွေဆင်းလာပြီး နှလုံးဆီ ရောက်သွားနိုင်သည်။

ထပ်လောင်းမှတ်ချက် - စိတ်လှုပ်ရှားခြင်းနှင့် တုန်လှုပ်ခြင်းသည် သွေးစီးဆင်းမှုကို

မြင့်တက်စေနိုင်သည်။ ဒါကြောင့် လိင်ဆက်ဆံခြင်းကဲ့သို့ စိတ်လှုပ်ရှားမဲ့ ကိစ္စများကို ရှောင်ရှားသင့်သည်။

"သူက အသက် ၁၂နှစ်ပဲ ရှိသေးတယ်လေ။ လိင်ဆက်ဆံခြင်းအကြောင်းကို ဘာသိမှာလဲ"

ဆွန်းမို မျက်လုံးပြူးသွားသည်။

သို့သော်လည်း နတ်ဘုရားမျက်စိအာရုံရဲ့ စွမ်းရည်ကိုတော့ အသိအမှတ်ပြုလိုက်မိသည်။ ကျွမ်းကျင်မှုအဆင့်ကလည်း ဘိုးဘေးအဆင့်သို့ ရောက်နေပြီ။ ပစ်မှတ်များ၏ အားသာချက် ၊

ချို့ယွင်းချက်၊ အရည်အချင်းများနဲ့ လျှို့ဝှက် အန္တရာယ်များကို ဖော်ပြပေးနိုင်ပြီး အလိုအလျှောက် ခွဲခြမ်း စိတ်ဖြာပေးနိုင်သည်။ အကောင်းဆုံး ဖြေရှင်းချက်ကိုလည်း ထုတ်ပေးထားသည်။

ဥပမာ ပြောရလျှင် - နတ်ဘုရား မျက်စိအာရုံမှ ပေးတဲ့ ဖြေရှင်းချက်အရ ဆွန်းမိုက သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုပြီး အစိုင်အခဲများကို ဖယ်ရှားပေးရမည်။

ကို့ကိုယ်ကို လေ့ကျင့်နိုင်ရန် ဆွန်းမိုသည် နတ်ဘုရားမျက်စိအာရုံ အကြံပြုထားတဲ့ နည်းလမ်းကို

မကြည့်ခင် သူ့ဘာသာသူ ဖြေရှင်းနည်းများ အရင်စဉ်းစားကြည့်ခဲ့သည်။

"သူ့အတွက် ငါတာဝန်ယူလိုက်မယ်"

ဆွန်းမိုက ရှီကွမ်ဆီ လျှောက်သွားသည်။

ဘယ်သူမှ မလှုပ်ပါ။ လူတိုင်းက ရှီကွမ် အဆင့်တက်တာ အောင်မြင်မဲ့ အချိန်ကို စောင့်နေကြသည်။ ဒါကြောင့် ဆွန်းမို လှုပ်ရှားလိုက်တဲ့အခါ သူက ချက်ခြင်း ထရပ်လိုက်သည်။

ဆွန်းမိုရဲ့ ပုံရိပ်ကြောင့်လည်း ဘယ်သူကမှ ဆွန်းမိုကို မစော်ကားချင်ကြပါ။ သူဘာလုပ်ဖို့ ကြိုးစားနေတာလဲဆိုတာ ဘယ်သူမှ မမေးကြပါ။

သို့သော်လည်း ခြွင်းချက်ဆိုတာ အမြဲတမ်း ရှိသည်။

လျှိုမူဘိုင်က သူ့ကို စိုက်ကြည့်နေသည်။

ဆွန်းမိုက မမြင်သလို ဟန်ဆောင်ထားလိုက်သည်။

ရှုတ်စ်

လျှိုမူဘိုင်က ဆွန်းမို အရှေ့မှာ ရုတ်တရုတ် ပိတ်ရပ်လိုက်သည်။

လျှိုမူဘိုင်ရဲ့ အမြင်တွင် ဆွန်းမိုက ထင်ပေါ်ကျော်ကြားခံရမဲ့ အခွင်အရေးကို လုယူခံလိုက်ရသဖြင့် စိတ်မထိန်းနိုင်ဖြစ်ကာ တစ်ခုခု ထလုပ်တယ်လို့ ထင်နေသည်။

“ဖယ်စမ်း။ ငါက သူ့ကို ကူညီဖို့ လုပ်နေတာ”

ဆွန်းမို မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ လျှို့မူ့ဘိုင်သည် ဒီလိုမျိုး မြင့်မြတ်တဲ့ ပုံစံ လုပ်တာမျိုးကို မကြိုက်ပါ။

ဒီမြင်ကွင်းကြောင့် ဆွန်းမိုသည် ရုတ်တရတ် ကျောင်းသားဘဝကို ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။ အထက်တန်း ဒုတိယနှစ် စာမေးပွဲ အောင်စာရင်း ထွက်လာပြီးနောက် အတန်းထဲတွင် ပထမရတဲ့လူက ဒုတိယရတဲ့ ဆွန်းမိုကို ကြည့်တဲ့ အကြည့်လိုမျိုး ဖြစ်နေသည်။

ဒီအကြည့်က (မင်းငါ့ကို ဘယ်တော့မှ ကျော်နိုင်မှာ မဟုတ်ဘူး။)

ဆွန်းမို ကောလိပ်စာမေးပွဲကို အပြင်းအထန် ကြိုးစားခဲ့သည်။ သူတို့ရဲ့ အသုတ်ထဲမှာ ပထမတော့ မဟုတ်ပေမယ့် အတန်းထဲမှာတော့ ပထမ ဖြစ်ခဲ့သည်။ မာနကြီးတဲ့ ကောင်လေးရဲ့ ရလဒ်သည် သူမျှော်လင့်ထားတာထက် နိမ့်ကျသွားခဲ့သည်။ အဲဒီကောင်လေးသည် စာပြန်လုပ်ပြီး နောက်တစ်မှာ ပြန်ဖြေမလို့ လုပ်နေတာ ကြားခဲ့ရသည်။ ဒါက ဆွန်းမို ပြဿနာ မဟုတ်ပါ။

အနီးအနားမှာရှိတဲ့ ဆရာတွေနဲ့ ကျောင်းသားတွေသည် အံ့အောသင့် နေကြသည်။ သူတို့နှစ်ယောက် ဘာလုပ်ဖို့ ကြိုးစားနေတာလဲ။

"သူ့ကို ကူညီပေးလိုက်ပါ"

လျှို့မူဘိုင် မျက်လုံး အနည်းငယ် မှေးလိုက်ပြီး ရှီကွမ်ကို လေးလေးနက်နက် အကဲခတ်လိုက်သည်။ ရှီကွမ်ရဲ့ အသက်ရှူသံက တည်ငြိမ်နေပြီး နှလုံးခုန်နှုန်းကလည်း ပုံမှန်ပါပဲ။ ဘာပြဿနာမှ မရှိတဲ့ ပုံပါ။

သို့သော်လည်း ဆွန်းမိုရဲ့ ဂုဏ်သတင်းကလည်း တော်တော်လေး ကောင်းမွန်သည်။ စဉ်းစားသုံးသပ်ပြီးနောက် လျှိုမူဘိုင်သည် ဆွန်းမိုအား ရှီကွမ်ကို ကြည့်ခွင့်ပေးဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော်လည်း အဲဒီအချိန်တွင် ရှီကွမ်သည် နာကျင်တဲ့ ပုံစံ ဖြစ်လာသည်။ ညာဖက်လက်က နှလုံးရှိတဲ့ နေရာကို ဆုပ်ကိုင်ပြီး လဲကျသွားကာ ခန္ဓာကိုယ်က အဆက်မပြတ် တုန်ယင်နေသည်။

နာကျင်မှု အရမ်းပြင်းထန်သည်။ ရှီကွမ်သည် အသက်ရှူကျပ်ပြီး မညည်းနိုင် ဖြစ်နေသည်။

ဘုန်း ဘုန်း ဘုန်း

ဝိညာဉ်ချီတွေကလည်း ဖရိုမရဲ စ ဖြစ်လာသည်။

"ဝေးဝေးဖယ်"

ဆွန်းမိုသည် လျှို့မှုဘိုင်ကို တွန်းဖယ်ကာ ပြေးသွားပြီး ရှီကွမ်ရဲ့ အင်္ကျီကို ဆွဲချုတ်လိုက်သည်။ ခန္ဓာကိုယ်ပေါ်ကို လက်ချောင်းနဲ့ နှိပ်ပေးနေသည်။

"ဘာဖြစ်တာလဲ"

ကျန်ဟန်ဖူ စိုးရိမ်တဲ့ အမူအရာနဲ့ ပြေးလာသည်။

"ပါးစပ်ပိတ်ထား။ ငါ့ကို လာမနှောက်ယှက်နဲ့" ဆွန်းမို အသံက ပေါက်ကွဲထွက်လာသည်။

"မင်း........."

ကျန်ဟန်ဖူ ဒေါသစိတ်ကြောင့် သေလုနီးပါး ဖြစ်သွားသည်။ ဒုကျောင်းအုပ်ဖြစ်လာတာ သုံးနှစ်ကျော်လာပြီ ဖြစ်သော်လည်း ဆွန်းမိုလို ပြန်အော်ရဲတဲ့ ဆရာတစ်ယောက်မှ မရှိသေးပါ။ ဒါက အရှိအသေ မဲ့လွန်းသည်။

ဒါက နှလုံးဆီကို အစိုင်အခဲများ စီးဆင်းသွားပြီး သွေးကြော ပိတ်သွားခြင်း ဖြစ်သည်။

စက္ကန့်ပိုင်းအတွင်း ရှီကွမ် သတိလစ်သွားပြီး မျက်နှာ အမူအရာကလည်း တော်တော် အခြေအနေ ဆိုးနေသည်။

ဘုန်း

ရှီကွမ် တုန့်ပြန်မှု မရှိတော့ပါ။

နှလုံးသည် အရေးကြီးတဲ့ ကိုယ်တွင်း အင်္ဂါတစ်ခုဖြစ်သောကြောင့် ရှီကွမ်သည် သူ့ရဲ့ အားကို မခံနိုင်မှာ စိုးရိမ်ပြီး အသုံးပြုနေတဲ့ အားကိုလျှော့ချလိုက်သည်။ သို့သော်လည်း ဒါက အလုပ်မဖြစ်သဖြင့် ပိုအားထည့်ဖို့ လိုနေသည်။

ကျေးဇူးတင်ရမှာက ရှီကွမ် အခြေအနေကို အချိန်မရွေး စောင့်ကြည့်နိုင်တဲ့ နတ်ဘုရားမျက်စိအာရုံ ရှိနေသည်။

ဘုန်း

ဆွန်းမို ပါးရိုက်လိုက်သည်။

"တောင့်ခံ ထားစမ်း"

ကျန်ဟန်ဖူ မျက်မှောင်ကြုတ်သွားပြီး

"ဆရာချန် လာကုသလိုက်ပါ"

ညွှန်ကြားလိုက်သည်။

“မင်း အပေါက်ပိတ်ဖို့ ပြောထားတယ်လေ”

ဆွန်းမို ညွှန်ကြားလိုက်သည်။

အရည်အချင်းမရှိပေမယ့် မျက်လုံးမှိတ်ပြီး အမိန့်ပေးတတ်တဲ့ ဆရာကြီးတွေက ဒီလိုပဲ။ ဆူညံပူညံ အသံတချို့ လုပ်နိုင်ရင် သူတို့အလုပ်လုပ်နေတယ်လို့ ခံယူထားကြသည်။

တချို့နေရာတွေမှာဆို ဘယ်လောက်အထိတောင် ဖြစ်နေမလဲ။ လူထု ထုတ်ပြန်ချက်တွေမှာဆိုရင် လူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ခြင်း၊ အသက်တွေကို ကယ်တင်ခြင်း အစရှိသဖြင့်

ဘလာဘလာဘလာ စတာတွေကို ခေါင်းဆောင်ကြီးရဲ့ မြင့်မြတ်တဲ့ ကွပ်ကဲမှုကြောင့် ဖြေရှင်းနိုင်တယ်ဆိုပြီး ရေးသားထား တတ်ကြသည်။

"ဆရာဆွန်း၊ အစိုင်အခဲကို ဖယ်ရှားဖို့ ငါတို့ ဆေးသုံးသင့်တယ်"

ဆရာချန်သည် ဆရာဝန်ကောင်းတစ်ယောက် ဖြစ်သောကြောင့် ဘာပြဿနာလဲဆိုတာ ချက်ခြင်း ပြောနိုင်သည်။

"အချိန်မရှိတော့ဘူး"

ဆွန်းမိုက သက်ရှင်သွေး နည်းစနစ်ကို အသုံးပြုလိုက်သည်။

"ဆရာချန် ဘာဖြစ်နေတာလဲ"

ဝမ်ဆု မေးလိုက်သည်။

"သွေးခဲခြင်း"

ချန်စန်က အတိုချုပ်ပြီး ရှင်းပြလိုက်သည်။

"သူက အရမ်းငယ်ပြီး ကျန်းမာသေးတယ်လေ။ ဘာဖြစ်လို့ သွေးခဲရတာလဲ"

ကျန်ဟန်ဖူ နားမလည်နိုင် ဖြစ်နေသည်။

ချန်စန် ပြုံးရင်း တွေးလိုက်မိသည်။ (ငါလဲ ဘယ်လိုသိမှာလဲ။ ဒါ သေသေချာချာ စစ်ဆေးပြီးမှ သိနိုင်လိမ့်မယ်။ ဒါပေမယ့် ဆွန်းမိုကတော့ တကယ် အံ့အောဖို့ ကောင်းလွန်းတယ်။ ဒါကို သူက ဘယ်လိုလုပ် သေချာပေါက် သိသွားရတာလဲ)

လူနာတစ်ယောက်ကို ကယ်တင်ဖို့အတွက် ဘာက အရေးကြီးဆုံးလဲ။ လူနာရဲ့ရောဂါကို သုံးသပ်ဖို့ ဖြစ်သည်။ သုံးသပ်ချက်မှားယွင်းပြီး အချိန် နှောင့်နှေးသွားပါက သေဆုံးနိုင်ခြေ မြင့်မားလာပြီး အရေးပေါ် ကိစ္စတွေတောင် ဖြစ်ပွားလာနိုင်သည်။

ဆွန်းမိုက လျှင်မြန် တိကျပြီး ရက်ရက်စက်စက်ကို ယုံကြည်ချက် ရှိလွန်းသည်။

"ဆွန်းမိုက ဆေးပညာ ကျွမ်းကျင်မှုကို သီးသန့်လေ့လာထားတာပဲ ဖြစ်ရမယ်"

ချန်စန် အရမ်းသိချင်နေသည်။ တစ်ချိန်တည်းမှာပဲ ဆွန်းမို အပေါ်ကို သဘောကျမိသွားသည်။ ဆွန်းမိုနေရာတွင် သူသာဆိုပါက စစ်ဆေးမှုမလုပ်ဘဲ အရေးပေါ်ကုသမှုကို ပေါ့ပေါ့တန်တန် မပေးရဲပါ။

အမှန်တကယ်ကတော့ ဆွန်းမိုသည် ဆေးပညာကို မသင်ခဲ့ဖူးပါ။ သက်ရှင်သွေးနည်းစနစ်ကြောင့်

ဒီအခြေအနေကို ကိုင်တွယ် ဖြေရှင်းနေခြင်း ဖြစ်သည်။ ဒီလိုမှ မဟုတ်ရင်လည်း ဆွန်းမိုလည်း ပေါ့ပေါ့တန်တန် မကိုင်တွယ်ရဲပါ။

သို့သော်လည်း သက်ရှင်သွေးနည်းစနစ်က တကယ်ကို အံ့အောဖို့ ကောင်းလွန်းသည်။

စက္ကန့် သုံးဆယ် မပြည့်ခင် ရှီကွမ်ရဲ့ နှလုံးနေရာကနေ သွေးရောင် အခိုးအငွေ့များ ပျံ့ထွက်လာသည်။ ဆိုးဝါးနေတဲ့ အမူအရာလည်း လျော့ပါးလာပြီး နာကျင်မှုလည်း လျှင်မြန်စွာ လျော့ကျသွားသည်။

"ဆရာချန် သူ ပြိုင်ပွဲကို ဝင်ပြိုင်လို့ ရသေးလား"

ဖန်ယန် မျက်မှောင်ကြုတ်ပြီး တိုးတိုးလေး မေးလိုက်သည်။ မရရင်တော့ အစားထိုးရလိမ့်မည်။

အခြားဆရာတွေလည်း လေးလေးနက်နက် စောင့်ကြည့်နေကြသည်။

ခရီးမထွက်ခင်မှာကို ဒီလိုမျိုး ကံဆိုးတဲ့ ကိစ္စနဲ့ တွေ့ရမယ်လို့ ဘယ်မှ မထင်မှတ်ထားခဲ့ပါ။

"မင်း ဘယ်လိုထင်လဲ"

(ဒီကလေးရဲ့ အသက်ကို ထိန်းထားနိုင်တာကပဲ ကောင်းနေပြီ။ ဒါကို ကျောင်းကိုယ်စားပြုဖို့ မျှော်လင့်နေသေးတာလား။ မင်းက နတ်ဆိုးလား)

ဖန်ယန်ရဲ့ အကြည့်က အရန်အသင်းဘက်ကို ရောက်သွားသည်။ သူက တစ်ယောက်ပြီး တစ်ယောက် ကြည့်နေသည်။

ဒီတစ်ကြိမ်တွင် ပါဝင်ယှဉ်ပြိုင်သူများကို ပြောင်းဖို့ မလွယ်ပါ။

ရှီကွမ်သည် မြောက်စာ(ရှေ့ပြေး) ချန်ရှန်နဲ့ မတူပါ။ သူက ဝိညာဉ်သားရဲ ထိန်းချုပ်မှုတွင်

ကျွမ်းကျင်ပြီး တိုက်ပွဲ နည်းဗျူဟာအတွက် အရေးကြီးတဲ့ နေရာက ရှိနေသည်။ တကယ်လို့ သူ့ကိုသာ ချန်ထားလိုက်လျှင် ဖန်ယန်ရဲ့ တိုက်ပွဲ နည်းဗျူဟာက အလကား ဖြစ်သွားမည်။

အရန်အသင်းမှာ ရှိနေတဲ့ ကျောင်းသားများကတော့ ဒါကို ဂရုမစိုက်ပါ။ သူတို့အားလုံးက အရွေးအချယ် ခံခြင်တဲ့စိတ် ပြင်းပြစွာနဲ့ ဖန်ယန်ကို ရဲရင့်စွာ ကြည့်နေကြသည်။

ရှီကွမ် သတိပြန်ရလာသည်။ သူ့ကိုယ်သူ မြေပေါ်မှာ လှဲကျနေတာကို သတိထားလိုက်မိသည်။

သူက လိဂ်ပြိုင်ပွဲကို အသုံးချပြီး သူ့နာမည်ကို ဖြန့်ကျက်စေခြင်း ခဲ့သည်။ သို့သော် ဘာမှ မလုပ်ရသေးခင် လဲကျသွားခဲ့ရသည်။

"ပျော်လိုက်စမ်းပါကွ။ မင်း အနာဂတ် မဆုံးသေးပါဘူး"

ဆွန်းမို နောက်လိုက်သည်။

"ဆရာ"

ရှီကွမ် မျက်ရည်တွေ စီးကျလာသည်။

"အားလုံး ပြီးသွားပြီ"

အဆင့်တက်တာလဲ မအောင်မြင်ခဲ့ပါ။ ဒါက ခန္ဓာကိုယ် အပေါ်ကို သက်ရောက်မှု ကြီးမားနေခဲ့သည်။ ပြီးတော့ သူ့စိတ်တိုင်းကျလည်း မသုံးစွဲ နိုင်ခဲ့ပါ။ ဘယ်ဆရာက အမှိုက်တွေကို လိုချင်မှာလဲ။

"မင်း ငယ်ငယ်တုန်းက မြွေအကိုက်ခံရပြီး သွေးခဲနေခဲ့တယ်။ ဒါကမင်းကို လျှို့ဝှက် ဒုက္ခပေးနေတယ်။ အခု အဲဒီလို ပြဿနာတွေ မရှိတော့ဘူး။ အခုတော့ ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်ကို အသုံးပြုပြီး မင်းရဲ့

စွမ်းအင်လမ်းကြောင်းနဲ့ ဝိညာဉ်ချီလမ်းကြောင်းကို နောက်တစ်ကြိမ် ရှင်းလင်းပေးမယ်။ စိတ်လျှော့ထား။ အဆင့်တက်ဖို့ ထပ်ကြိုးစားပါ”

ဆွန်းမို လျှင်မြန်စွာ နှိပ်နေရင်း ပြောလိုက်သည်။

“အရှက်မရှိတဲ့ ကြွေး”

ကျန်ဟန်ဖူက တိုးတိုးလေး ပြောလိုက်သည်။ ဆွန်းမိုကို မယုံပါ။

“အဲဒီလို လုပ်လို့ရတာလား”

ကျောင်းသားတွေတောင်မက ဆရာတွေတောင် အချင်းချင်း ပြောနေမိကြသည်။ ဆွန်းမို စကားလုံးတွေက အရမ်းကို ချဲ့ကားလွန်းသည်။

သူတို့ရဲ့ အမြင်အရတော့ ရှီကွမ်ရဲ့ အသက်ကို ကယ်တင်နိုင်တာကိုက ကံကောင်းနေသည်။ အခုလည်း အိပ်ယာပေါ်မှာ လှဲပြီး အနားယူနေသင့်သည်။

အဲဒီအချိန်တွင် ဆွန်းမို ခန္ဓာကိုယ်ကနေ ဝိညာဉ်ချီ စိမ့်ထွက်လာသည်။

"လာနေပြီ"

လီဇီချီ ပိုတက်ကြွလာသည်။ မျက်နှာမှာလည်း ဂုဏ်ယူမှုနဲ့ ပြည့်နေသည်။ (ဟွန့် ။ ငါ့ဆရာက ဘယ်လောက် သန်မာလဲဆိုတာ မင်းတို့ မသိကြသေးဘူး။ သေသေချာချာ ကြည့်ထားကြ)

အခန်း(၃၁၄) - ငါ့ဆရာက အရမ်း အံ့အောဖို့ ကောင်းတယ်။

ထန်ထန်ယုထန်သည် ဆွန်းမိုကို ကြည့်ပြီး လျှိုမူဘိုင်ကို ကြည့်ကာ ပွဲကောင်းတစ်ခုကို စောင့်နေသည်။ ဆွန်းမိုက ရှိကွမ်ကို ကုသပေးလိုက်လျှင် လျှိုမူဘိုင် ဘယ်လိုပုံစံ ဖြစ်သွားမလဲဆိုတာ သိချင်နေသည်။

ဆွန်းမိုရဲ့ ဂုဏ်သတင်းက ကြီးမြတ်သော်လည်း ချင်လင် ကျောက်စိမ်းအမွှာထဲက တစ်ခုဖြစ်တဲ့ လျှိုမူဘိုင် အဆင့်အထိ မရောက်သေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေ မှလွဲလျှင် ဗဟိုပြည်နယ်အကယ်ဒမီရှိ လူငယ်များထဲတွင် လျှိုမူဘိုင်က အရည်အချင်းအရှိဆုံး လူငယ် ဆရာတစ်ယောက် လို့ သတ်မှတ်နိုင်သည်။ သူတို့နှစ်ယောက်သည် ကျောင်းရဲ့ဂုဏ်သိက္ခာကို မြင့်တင်ပေးသည့် ဒေါက်တိုင်များ ဖြစ်သည်။

(အခုတော့ ထိပ်တန်း ပါရမီရှင် ကျောင်းသားများ အရှေ့တွင် အရှက်ကွဲပြီးနောက် လျှိုမူဘိုင် ဘယ်လို ခံစားရမလဲ။)

ကူရှုပ်လည်း ဒီမေးခွန်းကို စဉ်းစားနေသည်။ ဆွန်းမို နှင့် လျှိုမူဘိုင် ကြားတွင် ဘယ်သူပိုထူးချွန်လဲဆိုတာ သူမ သိချင်နေသည်။

လူအုပ်မှာထဲမှာရှိတဲ့ ဂျိမဲဂျဲဆီမှာတော့ အဖြေရှိနေပြီ ဖြစ်သည်။ ဆွန်းမိုရဲ့ ထင်ရှားပြီး ဂရုမစိုက်တဲ့ စရိုက်ကို သူမ နှစ်သက်သည်။ လျှိုမူဘိုင်ကတော့ လေးနက်လွန်းသည်။

ဂျိမဲဂျဲသည် လျှိုမူဘိုင် အရိုးထဲကနေ စိမ့်ထွက်လာတဲ့ ရေးရိုးစွဲ အနံ့အသက်ကို ရနေသည်။

သူမ ဘယ်လိုပြောရမလဲ။ သူက ဆယ်စုနှစ်တစ်ခုလောက် လုပ်ခဲ့တဲ့ မြတ်ဆရာတစ်ယောက်နဲ့ ပိုတူနေသည်။ သူ့မှာ လူငယ် တစ်ယောက်ရဲ့ အားမာန်မျိုး မရှိပါ။

လျှိုမူဘိုင်သည် ကလေးဘဝကတည်းက မိသားစုရဲ့ ကြီးမားတဲ့ လွှမ်းမိုးမှုကို ခံခဲ့ရပြီး ကြယ်ဖ‌ပွင့် မြတ်ဆရာတစ်ယောက်ဆီမှ လမ်းညွှန်မှုများကို ရခဲ့သည်။ ဒါကြောင့် ရှေးရိုးစွဲ အနံ့အသက်ကို ထုတ်လွှင့်နေသည်။

မဆိုးပေမယ့် ဆန်းသစ်ထီထွင်မှု အားနည်းနေသည်။

ဂျိမဲဂျဲ၏ အမြင်အရ လျှိုမှုဘိုင်သည် အရမ်းအရည်အချင်းရှိပြီး အနာဂတ်တွင် သာမန်သူတော်စင်တစ်ယောက် ဖြစ်လာနိုင်ခြေများသော်လည်း အခြားတစ်ဖက်တွင် ဆွန်းမိုက သာမန် သူတော်စင်တစ်ပါး ဖြစ်လာဖို့ အရည်အချင်း မမှီရင်တောင် မြတ်ဆရာလောကကို အပြောင်းအလဲတစ်ခု ယူလာပေးလိမ့်မည်။

သူနဲ့အတူ အချိန်အများကြီး မကုန်ဆုံးဖူးသော်လည်း ရေးရိုးဆွဲ အငွေ့အသက်တွေဆီကနေ သွေ့ဖယ်နေတဲ့ ဆွန်းမိုရဲ့ အငွေ့အသက်ကို ခံစားမိသည်။

ဒီကမ္ဘာက လူမဟုတ်သလိုဘဲ။

အန်ရှီဝေနဲ့ ဝမ်ဆုတို့ နှစ်ယောက်စလုံး တိတ်ဆိတ်နေသည်။ ရှီကွမ်၏ ဘေးကင်းမှုအတွက် စိုးရိမ်နေကြသည်။

ကျန်ဟန်ဖူသည် ဆွန်းမိုက ကျရှုံးဖို့ မျှော်လင့်ရင်း စောင့်ကြည့်နေသည်။

ကျောင်းသားတွေရဲ့ အတွေးကတော့ ရိုးရှင်းသည်။ ဆွန်းမိုက ရှီကွမ်ကို နှိပ်ပေးနေမှုအား မျက်လုံးကြီးပြူးပြီး စောင့်ကြည့်နေသည်။

“ဒါက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်လား။ အရမ်းသာမန် ဆန်တာပဲ”

အရပ်ခပ်ရှည်ရှည် ယောကျာ်းလေးဆီက အသံက ထွက်ပေါ်လာသည်။

စကာပြောတဲ့လူမရှိဘဲ တိတ်ဆိတ်နေသဖြင့် သူက တိုးတိုးလေးပြောသော်လည်း သိသိသာသာ ပေါ်ထွက်လာသည်။

ဝူရှိစ်

အင်ဘိုင်ဝူက အေးစက် ရက်စက်တဲ့ အကြည့်နဲ့ ချက်ခြင်း လှည့်ကြည့်လိုက်သည်။

လီဇီချီနှင့် လုချီဟွာရဲ့ ပုံစံကတော့ အင်ဘိုင်ဝူလောက် မပြင်းထန်ပေမယ့် အကြည့်စိမ်းနဲ့ ဖြစ်နေသည်။

(ဒီကောင် ဘယ်သူလဲ။ ဆရာ့ကို သံသယ ဝင်ရဲတာလား။ ကောင်းပြီးလေ မှတ်ထားလိုက်မယ်)

လီဇီချီရဲ့ စိတ်ထဲမှာ တေးမှတ်ထားလိုက်သည်။

"ဘာတွေ ပေါက်ကရ ပြောနေတာလဲ"

ပြောလိုက်တဲ့ ကောင်လေးရဲ့ ဘေးမှာ ရှိတဲ့ကောင်မလေးသည် စကားမပြောနိုင် ဖြစ်သွားပြီး တံတောင်နဲ့ တွတ်လိုက်သည်။ သူမက ရှာရီ ဖြစ်ပြီး အန်ရှီဝေရဲ့ တိုက်ရိုက် တပည့် ဖြစ်သည်။

“ဒါက အမှန်တရားပဲ။ ဘာဖြစ်လို့ မပြောရမှာလဲ ”

အရပ်ရှည်ရှည်နဲ့ ကောင်းလေးသည် စိတ်ဆိုးနေသည်။

“ပါးစပ်ပိတ်ထား”

ရှာရီက လှမ်းပြောလိုက်သည်။ အဲကောင်လေးက ဇူဇွန် ဖြစ်သည်။ သူကလည်း အန်ရှီဝေရဲ့ တိုက်ရိုက်ဖြစ်ပြီး ကောင်မလေးက သူ့ရဲ့ ပညာသင်ဘက် ညီမလေး ဖြစ်သည်။ ဆွန်းမိုက သူ့ရဲ့ ဆရာမနဲ့ မထိုက်တန်ဘူးလို့ ခံစားရပြီး ဆွန်းမိုကို ကြည့်မရ ဖြစ်နေသည်။

"ဟွန့်"

ဇူဇွန် နှုတ်ခမ်းထော်လိုက်ပြီး ဆွန်းမိုကို ဘယ်လိုပဲကြည့်ပါစေ စိတ်ထဲက လက်ခံလို့ မရဖြစ်နေသည်။ ဆွန်းမိုကို ဆက်ပစ်မှတ်ထားပြီး

"ဘယ်လိုပဲဖြစ်ဖြစ် ဒီလက်ထပ်မှုကို ဘယ်လိုမှ သဘောမတူနိုင်ဘူး"

ရှာရီ စကားမပြောနိုင်တော့ပါ။

ဇူဇွန်ရဲ့ စိတ်သဘောထားကို သူမ နားလည်သည်။ အဖေသေပြီးနောက် အမေက နောက်တစ်ယောက်ကို လက်ထပ်လိုက်သလို ပထွေးကို စိတ်ထဲက လုံးဝ လက်မခံနိုင်သလို ဖြစ်နေသည်။ တကယ်တော့ ရှာရီမှာလည်း အလားတူ ခံစားချက်မျိုး ဖြစ်နေသည်။

သို့သော်လည်း အန်ရှီဝေရဲ့ ဆုံးဖြတ်ချက်ကို မလွှမ်းမိုးနိုင်သဖြင့် နောက်ဆုတ်သွားခဲ့သည်။

ဇူဇွန်က ဆွန်းမို အကြောင်းကို ထပ်ပြောမလို့ စဉ်းစားနေတုန်း ဆွန်းမိုဆီက ဝိညာဉ်ချီများ ရုတ်တရက် ပေါက်ကွဲထွက်လာသည်။ အဲဒီနောက် ဂျင်းနီပေါ်လာသည်။ အရင်ခါတွေလိုပဲ ရှီကွမ်ကို မနှိပ်ခင် ဗလတွေ ထုတ်ပြနေသည်။

“ဘာကြီးလဲ”

လူတိုင်း အံ့အော သင့်စွာ ကြည့်နေကြသည်။

ဒီဗလကြီးကို အဆီတစ်မျိုးမျိုးနဲ့ ဖုံးအုပ်ထားပြီး တောက်ပနေသည်။ ခေါင်းပေါ်တွင် ခရမ်းရောင် ခေါင်းပေါင်း ဝတ်ဆင်ထားပြီး အပေါ်ပိုင်းကို အင်္ကျီ လက်ပြတ်လေးသာ ဝတ်ဆင်ထားသည်။

နှိပ်နေတဲ့အချိန်တွင် ဂျင်းနီက ဖြူဖွေးတဲ့ သွားတွေပေါ်အောင် ပြုံးပြီး လှျိုမူဘိုင်ကို မျက်စ ပစ်ပြနေသည်။ ဒီကောင့် အကျင့်က နောက်တစ်ကြိမ် ပေါ်လာပြန်ပြီ။

အဲဒီအတွက်လည်း ဘာမှ မတတ်နိုင်ပါ။ လှျိုမူဘိုင်က ဒီလူများကြားတွင် အချောဆုံး ဖြစ်သည်။

ဒါကြောင့် ဂျင်းနီက သူ့ကို အကြည်ဆုံး ဖြစ်နေသည်။

"ငါလို.."

ဆွန်းမို သည်မခံနိုင်တော့ပါ။ ဂျင်းနီရဲ့ခွေးခေါင်းကို လက်သီးတစ်ချက် ထိုးလိုက်သည်။

"ဒါ.....ဒါ..."

ဘဝအတွေ့အကြုံများနေတဲ့ ဝမ်ဆုတောင် စကားထစ်နေသည်။ သူ့ရဲ့ အကြည့်တွေက ဂျင်းနီဆီ ရောက်နေသည်။ ဆွန်းမို

လက်မောင်းနဲ့ ချိတ်ဆက်ထားတဲ့ ဝိညာဉ်ချီ အမြှင်အတန်းကိုလည်း မြင်နေရသည်။

"ဒါက ဘာလဲ"

"ငါလည်း မသိဘူး"

"အမှောင်လျှို့ဝှက် ကျင့်စဉ်တစ်ခုများ ဖြစ်နေမလား။ ကြည့်ရတာတော့ အရမ်းထူးဆန်းတာပဲ"

ဒီအချိန်က မေးမြန်းရန် သင့်တော်တဲ့ အချိန်မဟုတ်တာကို သိနေသော်လည်း

ဆရာတွေသည် စိတ်မထိန်းနိုင် ဖြစ်နေသည်။ ဒီလို အချိန်မျိုးမှာတောင် ဆွန်းမိုကို မေးချင်နေသည်။

ကျောင်းသားတွေ တော်တော်လေး ငြိမ်ကျသွားသည်။ အံ့အာလွန်းလို့ ဦးနှောက်တွေတောင် အလုပ်မလုပ်နိုင် ဖြစ်သွားပြီး ဘာပြောရမလဲ မသိ ဖြစ်နေကြသည်။

"ဆရာ...."

ရှီကွမ် အရမ်းစိတ်လှုပ်ရှားနေသည်။

"စိတ်လျော့ပြီး မင်းရဲ့ ဝိညာဉ်ချီကို ဖြန့်ကျက်လိုက်ပါ။"

ဆွန်းမိုဆီက အသံထွက်လာသည်။

သို့သော်လည်း ရှီကွမ်သည် ၁၂နှစ်အရွယ် ကလေးတစ်ယောက်သာ ဖြစ်သေးသည်။ ဆွန်းမိုကြောင့် သူ့မှာ စိတ်လှုပ်ရှားလာရပြီး အောင်မြင်မှုတစ်ခု ရဖို့ မျှော်လင့်နေတဲ့ အချိန်တွင် ကံကြမ္မာကမျက်နှာသာပေးပြီး လိဂ်ပြိုင်ပွဲကို ဝင်ပြိုင်ခွင့် ရခဲ့သည်။ ဒါပေမယ့် သွေးခဲတဲ့ ရောဂါကြောင့် သေမလို ဖြစ်သွားခဲ့သေးသည်။ အခုကျတော့ ဂျင်းနီကို မြင်နေရသည်။

အမှန်တိုင်းပြောရလျှင် ရှီကွမ် စိတ်အခြေအနေ မလွတ်ထွက်သွားတာက အရမ်းကံကောင်းနေပြီ။

ဘုန်း

ရှီကွမ်ကိုယ်ပေါ် ဝိညာဉ်ချီ ပေါက်ကွဲ ထွက်လာသည်။ ထို့နောက် သူ့ရဲ့ ခေါင်းပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခု ဖြစ်ပေါ်လာသည်။

ရှီကွမ် မော့ကြည့်လိုက်လျှင် အဲဒါကို မြင်နေရသည်။ ဒါက သူ့အတွက် နောက်ဆုံးအခွင့်အရေး ဖြစ်တယ်ဆိုတာ

သူသိနေသည်။ စိတ်အေးအေး ထားခြင်ခဲ့သည်။ သို့သော်လည်း မလုပ်နိုင် ဖြစ်နေသည်။

စိတ်အခြေအနေက ပိုတောင် ဖရိုဖရဲ ဖြစ်လာသေးသည်။ ပိုစိုးရိမ်လာပြီး အခြေအနေ ပိုဆိုးလာသည်။

ဆွန်းမိုက ရှီကွမ်အား ပေါက်ကရ စကားပြောနေတာကို ရပ်လိုက်သည်။ အသက်ခပ်ပြင်းပြင်း ရှူလိုက်ပြီး လျှင်မြန်စွာ တရားထိုင်လိုက်သည်။ ထို့နောက် ညာလက်ဖဝါးတွင် အဖြူရောင် အလင်းတန်း တစ်ခု ပေါ်လာသည်။

မြတ်ဆရာအရှိန်အဝါ။ စိတ်ဝိညာဉ်ပုံသွင်းခြင်း။

ဘုန်း

ဆွန်းမိုက လက်သီးထိုးလိုက်လျှင် ရှီကွမ် ခေါင်းထဲသို့ အဖြူရောင် အလင်းတန်းများ ဝင်သွားသည်။

အရင်က စိုးရိမ်ပြီး စိတ်မငြိမ် ဖြစ်နေတဲ့ ရှီကွမ်သည် ချက်ခြင်းဆိုသလို သိက္ခာတော်ရ ဘုန်တော်ကြီး တစ်ပါးလို ဖြစ်သွားသည်။ တည်ငြိမ်လာပြီး အေးအေးဆေးဆေး ဖြစ်သွားသည်။

ဒါက အစွမ်းထက်လွန်းတဲ့ စိတ်ဝိညာဉ်ပုံသွင်းခြင်း ဖြစ်သည်။ ဆွန်းမိုရဲ့ ခံစားချက်ကို ကျောင်းသားဆီ ထည့်ပေးလိုက်ခြင်း ဖြစ်သည်။

"ဒါက ဘာလဲ"

ဆရာတစ်ယောက်က လွှတ်ကနဲ အသံထွက်သွားသည်။

(ဆွန်းမို၊ မင်းလက်ထဲမှာ ဝှက်ဖဲ ဘယ်လောက်တောင် ရှိနေသေးတာလဲ)

"မြတ်ဆရာ အရှိန်အဝါလား"

ဝမ်ဆု အရမ်းသိချင်စိတ်နဲ့ မေးလိုက်သည်။

“တောင်းပန်တယ်။ ငါလည်း မသိဘူး”

အန်ရှီဝေ လုပ်နိုင်တာ ဘာမှ မရှိပါ။

(ဆွန်းမို။ မင်းဆိုးတယ်။ ငါ့ကိုနှိပ်ပေးတဲ့အချိန်က ဘယ်လိုသတ္တိနဲ့ တောင့်ခံထားတာလဲ။ ဟွန့် မင်းက ငါ့မိတ်ဆွေ မဟုတ်တော့ဘူး)

ဂျိမဲဂျဲ နှုတ်ခမ်းစူလိုက်ပြီး မျက်နှာက နီရဲလာသည်။ သူမရဲ့ပုံစံက ယောကျ်ားတချို့အပေါ်ကို သက်ရောက်မှုရှိမှန်း သူမသိသည်။ လမ်းပေါ်တွင် လူတော်တော်များများက သူမကို ခိုးကြည့်တတ်ကြသည်။

(ဒါကို မလုပ်နိုင်တော့ဘူး။ ဆွန်းမို။ မင်းမှာက စေ့စပ်ထားတဲ့လူရှိနေပြီ ခံစားချက်တွေ ရှိနေလို့ မရတော့ဘူး။ ထားလိုက်ပါတော့။ နောက်ကျရင် မင်းကို မနှိပ်ခိုင်းတော့ဘူး)

ဂျိမဲဂျဲသည် စိတ်ထဲတွင် အဲဒီလို တွေးလိုက်ပြီး နောက်ထပ် စက္ကန့်အနည်းငယ်ကြာတော့ တွေဝေသွားသည်။

"ကောင်းပြီလေ။ သုံးကြိမ် ပေးနှိပ်မယ်။ မဟုတ်သေးဘူး၊ ငါးကြိမ်။ အများဆုံး ဆယ်ကြိမ်ပဲ"

ဂျိမဲဂျဲက တိုးတိုးလေး ရွတ်နေသည်။

အဲဒီနောက် သူမရဲ့ အကြည့်သည် ဂျင်းနီ ဆီရောက်သွားသည်။ (ဒီကောင်ဘာလဲ။ ဝိညာဉ်ချီ ဘီလူးလား။ အရိုးကောင်ရှိရဲ့လား)

ရှီကွမ်ကို နှိပ်ပေးနေတဲ့ ဂျင်းနီသည် ရုတ်တရက် တုန်ယင်သွားပြီး စိတ်ထဲမှာ ကျောချမ်းသလို ဖြစ်သွားသည်။

အရမ်းအံ့အောသင့်နေတဲ့ ကြားတွင် ဂျင်းနီလည်း ပျောက်ကွယ်သွားသည်။ ရှီကွမ်သည် အောင်မြင်စွာ အဆင့်တက်သွားပြီး ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၅)ကို ရောက်သွားသည်။ ဆွန်းမိုရဲ့ ဖျော်ဖြေ

တင်ဆက်မှုက အရမ်းကောင်းသဖြင့် လက်ခုပ်သံတွေ ကြားသင့်သော်လည်း လူမရှိတဲ့ ကျွန်းပေါ်ကို ရောက်နေသလို လုံးဝ တိတ်ဆိတ် ငြိမ်သက်နေသည်။

လူတိုင်းက ဆွန်းမိုကို အကဲခတ်နေကြသည်။

မေးချင်သော်လည်း မပြောရဲ ဖြစ်နေသည်။ သူနဲ့သူတို့ရဲ့ ဆက်ဆံရေးအရ ဒီလောက်လေးနက်တဲ့ ကိစ္စကို ပြောလို့မရပါ။ နောက်ဆုံးတော့ လူတိုင်းရဲ့ အကြည့်သည် အန်ရှီဝေဆီ ရောက်သွားသည်။

သူတို့ အဓိပ္ပါယ်က သိသာနေသည်။ (မင်းနဲ့ စေ့စပ်ထားတဲ့လူပဲ။ ကျောင်းအုပ်ကြီးလည်း ဖြစ်နေသေးတယ်။ အမြန်မေးလိုက်စမ်းပါ။ ငါတို့အားလုံးကလည်း မျှော်လင့်တကြီး စောင့်နေကြတယ်)

“ရှီကွမ် အခု ဘယ်လိုနေသေးလဲ”

အန်ရှီဝေ လမ်းလျှောက်လာပြီး မေးလိုက်သည်။

“ဆရာချန်၊ ကျေးဇူးပြုပြီး သူ့ကို စစ်ဆေးပေးပါအုံး”

“ကျောင်းအုပ်ကြီး’

ရှီကွမ် အရမ်းစိတ်လှုပ်ရှားနေသည်။ အန်ရှီဝေဆီက ပန်းရနံ့သင်းသင်းလေးကို တစ်ချက်ရှူလိုက်ပြီး မျက်နှာရဲသွားသည်။ သူက မတ်တပ်ထရပ်ချင်သော်လည်း အန်ရှီဝေက လက်နဲ့ ဖိထားသည်။

"အရင် အနားယူလိုက်ပါ"

အန်ရှီဝေသည် စစ်ဆေးမှု တချို့ကို လုပ်နိုင်သော်လည်း ဆရာချန်လို ကျွမ်းကျင်သူ တစ်ယောက်မဟုတ်ပါ။

သို့သော်လည်း စစ်ဆေးပြီးနောက် ဆရာချန် အရမ်းအံ့အောနေသည်။

“ဆရာချန် သူ့အခြေအနေ ဘယ်လိုလဲ”

ဝမ်ဆုက မေးလိုက်သော်လည်း ဆရာချန် ပြန်မဖြေပါ။

အန်ရှီဝေက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

‘အို၊ ခဏ၊ ငါနောက်တစ်ကြိမ် စစ်ဆေးလိုက်အုံးမယ်။’

ချန်စန် အလုပ်ရှုပ်သွားပြန်သည်။ ဒီတစ်ကြိမ်တော့ အရင်ကထက် ပိုအာရုံစိုက်ထားသည်။

"ဆရာ"

ရှီကွမ်သည် တခြားသူတွေရဲ့ အမြင်ထဲတွင် ဆားနယ်ထားတဲ့ ငါးတစ်ကောင်သာ ဖြစ်သည်။ ငိုချင်လာသည်။ အဲဒီနောက် အနားမှာရှိတဲ့ မိန်းကလေးတွေကို ကြည့်ပြီး တိတ်တဆိတ် သက်ပြင်းချလိုက်သည်။

"ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ စိတ်ထဲက ခံယူချက်တွေကို သေချာပေါက် ပြောင်းပစ်မယ်"

ရှီကွမ် ကျိန်ဆိုလိုက်သည်။

"ဆရာချန်၊ ဘယ်လိုလဲ။ တစ်ခုခုတော့ ပြောအုံးလေ"

ကျန်ဟန်ဖူက တိုက်တွန်းလိုက်သည်။

"မယုံနိုင်စရာဘဲ။ လုံးဝကို မယုံနိုင်စရာပဲ"

ချန်စန်၏ မျက်နှာတွင် အံ့အားသင့်မှုများ ပြည့်နှက်နေသည်။ စိတ်တွေ ရှုပ်တွေး နေပြီး သဘောကျမှုနဲ့ ပြည့်နှက်နေသည်။

"သူ့ခန္ဓာကိုယ်မှာ ဘာပြဿနာမှ မတွေ့ဘူး။ အရမ်း ကျန်းမာတယ်။ ဆရာဆွန်း ဘယ်လိုလုပ်လိုက်တာလဲ"

ဒင်

ချန်စန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၀၀/၁,၀၀၀)

"ငါက သူ့ကို နှိပ်ပေးရုံပါပဲ"

ဆွန်းမိုက နှိမ့်ချစွာ ပြောလိုက်သည်။

"ရှေ့ဟောင်း နဂါးဖမ်းတဲ့ လက်လား"

ချန်စန် ဆက်မေးသည်။ နတ်ဘုရားလက်ဆိုတာ ဆွန်းမိုရဲ့ ဘွဲ့အမည် တစ်ခုသာ ဖြစ်သည်။ ဒီနာမည်က အမှန်ဖြစ်နိုင်သည်။

"အင်း"

ဆွန်းမို ခေါင်းညိတ်ပြလိုက်သည်။

အဲဒီအချိန်တွင် ပတ်ဝန်းကျင်ကနေ လေအေးရှိုက်သံများ ထွက်ပေါ်လာသည်။ ကျောင်းသားတွေသာမက ဆရာတွေကလည်း အားကျပြီး တအံ့တအော စိုက်ကြည့်နေကြသည်။

“မတုန်လှုပ်ကြပါနဲ့။ ဒါက ဆရာအတွက်တော့ သာမန် ဖြစ်စဉ်လေး တစ်ခုပဲ”

လုချီဟွာကတော့ ဂုဏ်ယူစွာ ပြုံးနေသည်။ (မင်းတို့တွေ အခုတော့ သိပြီမဟုတ်လား။ ငါ့ဆရာက အရမ်းအံ့အောဖို့ ကောင်းတယ်)

အခန်း(၃၁၅) - ဆွန်းမို ၊ မင်းက နတ်ဆိုးလား။

ဒီအခိုက်အတန့်တွင် လျှို့မူဘိုင် လုံးဝကို မှုန်ကုတ်နေသည်။

တခြားဆရာတွေအားလုံးနှင့် ကြွယ်တွေပါတဲ့ ဆရာတွေတောင် ဆွန်းမိုအနားမှာ ဝိုင်းအုံနေသည်။ ဆွန်းမိုရဲ့ ရှေ့ပောင်း နဂါးဖမ်းတဲ့လက်ကြောင့် သူတို့ ကြီးကြီးကျယ်ကျယ် အံ့အော သင့်နေကြသည်။

ကျောင်းသားများက ထုံးစံအတိုင်း ဒီအချိန်မှာ အနားလာခွင့် မရကြပါ။ ဒါကြောင့် သဘောကျတဲ့ အကြည့်နဲ့ လှမ်းကြည့်နေကြသည်။

လှျိုမူဘိုင်သည် အဲဒီ အကြည့်များကို ရင်းနီးသည်။ ဘာကြောင့်လဲဆိုတော့ အရင်က သူ့ကိုမြင်လျှင် ကျောင်းသားများက အဲဒီလို ကြည့်တတ်ကြသည်။

ဟူး

လျှို့မူဘိုင်သည် ကောင်းကင်ကြီးကို မော့ကြည့်ပြီး လေးတစ်ချက် မှုတ်ထုတ်လိုက်သည်။

(ဆွန်းမို၊ မင်းရဲ့ ရှေ့ပေါင်းနဂါးဖမ်းတဲ့လက်ကို ငါလည်း သဘောကျပါတယ်။ နာမည်နဲ့ လိုက်ဖက်ပါတယ်။ အရမ်းလည်း အံ့အောဖို့ကောင်းတယ်။ ဒါပေမယ့် အဲဒါက မင်းရဲ့ဝှက်ဖဲဆိုရင် ငါနဲ့ ပြိုင်ဘက်ဖြစ်ဖို့ မထိုက်တန်သေးဘူး)

လျှိုမူဘိုင်သည် လှည့်ပြီး အန်ရှီဝေကို ကြည့်လိုက်သည်။

သူ့ရဲ့ အချစ်နတ်ဘုရားမလေးက ဆွန်းမိုကို နှစ်သက်စွာ စိုက်ကြည့်နေတာကို မြင်လိုက်ရသည်။ လျှိုမူဘိုင် နှလုံးသား အရမ်းနာကျင်သွားသည်။

(ဘာကြောင့်လဲ)

(ငါ့ရဲ့ စွမ်းဆောင်ရည်က မထူးချွန်သေးလို့လား။ အရင်ကျောင်းအုပ်ကြီးကလည်း ဘာဖြစ်လို့ ငါ့ထက် ဆွန်းမိုကို ရွေးချယ်ခဲ့ရတာလဲ။ ဒါလည်း

အရေးမကြီးဘူး။ ငါ့ရဲ့ စွမ်းရည် အစစ်အမှန်နဲ့ ပြန်လုယူပြမယ်)

သူတို့က အချစ်ပြိုင်ဘက်များ ဖြစ်သော်လည်း လျှိုမှူဘိုင်သည် ဆွန်းမိုကို မမုန်းပါ။ လူတိုင်းသည် သူတို့ရဲ့ ကိုယ်ပိုင်အရည်အချင်းကိုသာ အားကိုးနိုင်သည်။ ရှုံးတဲ့လူက ကိုယ့်ရဲ့ ညံ့ဖြင်းမှုကိုသာ အပြစ်တင်နိုင်သည်။

“ဒါက တော်တော်လေး အံ့အောဖို့ကောင်းတာပဲ”

ကူရှုပ်ရှင်းက ဆွန်းမိုဘေးနားမှာ လာရပ်ပြီး ဆွန်းမို ပုခုံးကို ကောက်ရိုက်လိုက်သည်။

စနစ်ဆီက အကြောင်းကြားချက်တွေ ဆက်တိုက် ထွက်ပေါ်နေသည်။

ဒင်

“ကျောင်းသားတွေဆီကနေ လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၅,၁၂၀ ရရှိထားတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆွန်းမို လေချွန်လိုက်ချင်သည်။ ကျောင်းသားတွေ ၁၀၀လောက်သာ ရှိသည်။ ပျမ်းမျှအားဖြင့်တော့ တစ်ယောက်ကို လေးအထင်ကြီးမှုအမှတ် လေးရာကျော်လောက် ထောက်ပံ့ပေးခဲ့ကြသည်။

ဒါပေမယ့် ဒါကလည်း ပုံမှန်ပဲ။ သူက ချက်ခြင်း လက်ငင်းကို ဟောပြောမှုတစ်ခု လုပ်ပြီးနောက် ရှိကွမ်ကို ကယ်တင်ခဲ့သည်။ အရေးအကြီးဆုံးကတော့ ဂျင်းနီရဲ့ ပုံစံနဲ့ အံ့အောဖို့ကောင်းတဲ့ စွမ်းဆောင်ရည်ကြောင့် ဖြစ်သည်။

(လူတစ်ယောက်ကို ဆင့်ခေါ်နိုင်တဲ့ အနှိပ်ပညာကို တွေ့ဖူးလို့လား)

ဒီနေ့မြင်လိုက်ရတဲ့ မြင်ကွင်းကို သုံးပတ်လောက် ဆက်တိုက် ကြွားနေလို့ ရသည်။

ဒင်

"ဆရာတွေဆီကနေ လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၁,၀၀၆ မှတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"စံချိန်ကို ချိုးဖျက်ပြီး ဆရာများအဖွဲ့ရဲ့ လေးစားအထင်ကြီးမှုအမှတ်ကို ရယူခြင်း တာဝန်ကို အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ကြေးရောင် ရတနာ သေတ္တာ တစ်လုံး"

ဆွန်းမို အရမ်း ကျေနပ်သွားသည်။ ဒီတင်ဆက်မှုကနေ သူအကျိုးအမြတ် အများကြီး ရလိုက်သည်။

"ဆရာချန်၊ ရှီကွမ်ရဲ့ ခန္ဓာကိုယ်မှာ ဘာပြဿနာမှ မရှိတော့ဘူးဆိုတာ သေချာလား။ ပြင်းထန်တဲ့ လိဂ်ပြိုင်ပွဲကို ဆက်ပြိုင်နိုင်သေးလား"

ကျန်ဟန်ဖူက မှုန်ကုတ်ကုတ် မျက်နှာဖြင့် အသံနက်ကြီးနဲ့ မေးလိုက်သည်။

"မင်းက ငါ့ရဲ့ ပရိဖက်ရှင်နယ် အဆင့်အတန်းကို သံသယ ဝင်နေတာလား"

ချန်စန်က မျက်မှောင်ကြုတ်ပြီး ပြန်ပြောသည်။

"မင်းမယုံရင် တခြားလူတွေကို စစ်ခိုင်းလို့ရတယ်"

ကျန်ဟန်ဖူ မျက်နှာ မည်းသွားသည်။ ချန်စန်သည် လူတိုင်းဆီက အကောင်းမြင်စိတ်ကို ရချင်တဲ့လူဖြစ်ပြီး ကြမ်းတမ်းစွာ မပြောတတ်ပါ။

သူ့အဖြေကို ကြည့်လိုက်ရုံနှင့် ချန်စန်သည် အန်ရှီဝေဘက်မှာ နေဖို့ ပြင်နေပြီဆိုတာ သိသာနေသည်။ ဆွန်းမိုကြောင့်ပဲ ဖြစ်နိုင်သည်။

"ကောင်းပြီလေ။ အားလုံးပဲ တိတ်ကြတော့။ သိပ်မကြာခင် ထွက်ခွာကြမယ်"

ဆွန်းမိုက ဒီလို လူအုံနေတာကို မကြိုက်ပါ။

အန်ရှီဝေက လက်ခုပ်တီးလိုက်ပြီး

"လူတိုင်း ထွက်ခွာဖို့ လုပ်ကြပါ"

ရှီကွမ်သည် နောက်ဆုံးတော့ ဆွန်းမို အရှေ့ကိုသွားဖို့အခွင့်အရေး ရသွားသည်။ မဆိုင်းမတွပင် ဒူးထောက်လိုက်သည်။

"ဆရာ။ ကျွန်တော်ကို ကယ်တင်ပေးလို့ ကျေးဇူးတင်ပါတယ်"

ရှီကွမ်က အသံအကျယ်ကြီး ထွက်ပေါ်လာအောင် သုံးကြိမ် အရိုအသေ ပေးလိုက်သည်။

ဒင်

ရှိကွမ်၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို (၁.၀၀၀/၁၀,၀၀၀)

ဆွန်းမိုကြောင့်သာ မဟုတ်ခဲ့ရင် အသင်းဝင်ဖြစ်ခွင့် ဆုံးရှုံးပြီး လိဂ်ပြိုင်ပွဲတွင် ထွန်းတောက်လာမည့် အခွင့်အရေးလည်း လက်လွတ်လိုက်ရမည်။ အသက်တောင် ဆုံးရှုံးသွားနိုင်သေးသည်။

"ထပါ"

ဆွန်းမိုက ပြုံးရင်း ရှိကွမ်ကို ထူပေးလိုက်သည်။ ဒါက ကျေးဇူးတရားကို သိတတ်တဲ့ လူငယ်တစ်ယောက်ပါ။ အရန်အသင်းထဲက

အဖွဲ့ဝင်များသည် အမှန်တိုင်းပြောရလျှင် အနည်းငယ် စိတ်မကောင်း ဖြစ်နေကြသည်။ ရှီကွမ်က ပြန်ကောင်းလာသဖြင့် သူတို့မှာ အခွင့်အရေး မရှိတော့ပါ။

ပြီးတော့ လီဇီချီတို့ အဖွဲ့ကိုလည်း မနာလိုတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။

"ဆရာဆွန်းရဲ့ တိုက်ရိုက်တပည့် ဖြစ်ခွင့်ရတာ တကယ် ကောင်းတာပဲ"

"ဟီးဟီး"

လုချီဟွာသည် ဒီစကားကိုကြားလိုက်လျှင် သဘောကျပြီ တဟီးဟီး ဖြစ်နေသည်။ ပြီးတော့ ဆွန်းမို လက်မောင်းကို ဖက်ထားသည်။ အင်ဘိုင်ဝူကတော့ ဘာမှပြန်မပြောပေမယ့် မျက်နှာမှာ အပြုံးတစ်ခု ချိတ်ဆွဲထားသည်။ သူမကိုလည်း ကျောင်းသားတွေက အားကျတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။

ဘာကြောင့်ဆို သူမကလည်း ဆွန်းမိုရဲ့ တိုက်ရိုက်တပည့် တစ်ယောက် ဖြစ်နေသည်။

ကျန်ဟန်ဖူသည် ကြယ်အဆင့် အရမ်းနိမ့်ပြီး ကျောင်းတွင် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာပါက ကိုင်တွယ် ဖြေရှင်းနိုင်ခြင်း မရှိသဖြင့် ကျောင်းသားအဖွဲ့နောက်သို့ လိုက်သွားခဲ့သည်။

ဝမ်ဆုကတော့ ကျောင်းကို တာဝန်ယူရန် ကျန်ရစ်ခဲ့သည်။

ဒီတစ်ကြိမ်တွင် အန်ရှီဝေက လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင် အဖြစ် ပါဝင်သွားမည်။ ဒါကြောင့် ကိစ္စအသေးအဖွဲ့လေးများကို ဂရုမစိုက်နိုင်တော့ပဲ

သူမကိုယ်တိုင် စွမ်းအင်ကို သိမ်းဆည်းထားဖို့ လိုအပ်နေသည်။ သို့သော်လည်း ကျန်ဟန်ဖူက ဒေါသထွက်ပြီး ပြဿနာ အားလုံးကို သူမဆီ ပုံချနေသည်။

“လူတိုင်းလာပြီး ပန်းအိုး တစ်လုံးဆီ ယူကြပါ”

အန်ရှီဝေသည် ကျန်ဟန်ဖူကို စိတ်မဝင်စားအားပါ။

ဒီစကားကို ကြားလိုက်လျှင် ကျောင်းသားအသစ် အုပ်စုသည် အမဲသားတုံးကို မြင်လိုက်ရတဲ့

ခွေးအုပ်နဲ့ တူနေသည်။ အာလုံးက ချက်ခြင်းပဲ ရှေ့ကို တိုးလာကြသည်။

"ဘာဖြစ်နေတာလဲ"

အတန်းကြီးကျောင်းသားများသည် ကျင့်ကြံခြင်းအပေါ်ပဲ အာရုံစိုက်ထားသောကြောင့် ဝိညာဉ်စုဆောင်းခြင်း ပန်းအိုး အကြောင်းကို မသိလိုက်ပါ။

"ဒါက ဆရာဆွန်း ရေးဆွဲထားတဲ့ ဝိညာဉ်စုဆောင်ခြင်း ပန်းအိုးပဲ။ ဒါတွေကို ငါတို့နဲ့အတူတူ ဆောင်ထားရင် ဝိညာဉ်ချီ

ပေါကြွယ်ဝတဲ့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်မယ်။ ခန္ဓာကိုယ်အတွက် အကျိုးရှိမယ်”

ကူရှုပ်ရှင်း ရှင်းပြပြီးနောက် ပန်းအိုးဖြန့်ဝေပေးနေတဲ့ အန်ရှီဝေကို ကူညီပေးလိုက်သည်။

“အရမ်းအံ့အောစရာ ကောင်းတယ်”

အတန်းကြီးကျောင်းသားများလည်း တန်းစီကြတော့သည်။

လုချီသည် သူ့ကိုယ်ပေါ်ကို အရိပ်တစ်ခုကျလာတာကို သတိထားလိုက်မိသည်။ ဒါကြောင့်

မော့ကြည့်လိုက်လျှင် သံမျှော်စင်တစ်ခုလို သူဘေးတွင် ရပ်နေတဲ့ ဖန်ယန်ကို မြင်လိုက်ရသည်။

“စီနီယာ ဖန်။ မင်းအရင်သွားပါ”

လုချီသည် ချက်ခြင်းပဲ သူ့ဆီ လျှောက်သွားသည်။ ဒီလူသည် ဗဟိုပြည်နယ်အကယ်ဒမီတွင် ပထမအဆင့် ပြိုင်ဘက်မရှိ ကြမ်းတမ်းတဲ့ တိုက်ခိုက်ရေး ကျွမ်းကျင်သူ ဖြစ်ပြီး တိုက်ခန်းမကို သုံးနှစ်ဆက်တိုက် ကြီးစိုးထားတဲ့ လူဖြစ်သည်။

“ကျေးဇူးတင်ပါတယ်”

ဖန်ယန်သည် ကျေးဇူးတင်စကား ပြောခဲ့သော်လည်း ရှေ့မတိုးခဲ့ပါ။ ရိုးသားစွာပဲ တန်းစီးနေသည်။

ထို့နောက် ကျောင်းသားများသည် ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးများကို လက်ခံယူလိုက်ကြသည်။

လူတစ်သောင်းကျော်ကြားထဲမှာ ရွေးချယ်ထားခဲ့တဲ့ ပါရမီရှင်များဖြစ်သဖြင့် ဝိညာဉ်ချီ ခံစားမှုတွင် အရမ်းအကဲဆတ်သည်။ ပန်းအိုးကို

လက်ခံရယူပြီးနောက် အကျိုးကျေးဇူးကို ချက်ခြင်း ခံစား သိရှိသွားသည်။

"ဒီမှာ ဘာဝိညာဉ်တက်တူးတွေလဲ"

"ဒါက ဝိညာဉ်စုဆောင်းခြင်း တက်တူး ဖြစ်နေမလား။ ဒီလိုမှမဟုတ်ရင် ဝိညာဉ်ချီကို ဘယ်လို စုဆောင်းနိုင်မလဲ"

"ဒါပေမယ့် ပုံစံတွေ ပုံမှန်နဲ့ မတူဘူး။ ဘယ်လိုလုပ်ပြီး ဝိညာဉ်ချီတွေ စုဆောင်းနိုင်နေရတာလဲ။ ဒါက လုံးဝကို မယုံနိုင်စရာဘဲ"

ကျောင်းသားတွေ အချင်းချင်း ပြောဆိုနေကြသည်။

ဖန်ယန်သည် ဝိညာဉ်တက်တူး လေ့လာရတာကို အရမ်းသဘောကျသည်။ ဒါကြောင့် ပန်းအိုးကို ရပြီးတာနဲ့ ချက်ခြင်းစပြီး လေ့လာလိုက်သည်။ ကြီးကျယ်ခမ်းနားတဲ့ ရတနာတစ်ခုကို တွေ့လိုက်ရသလို မျက်လုံးများ တောက်ပလာသည်။

“ဘယ်လောက်တောင် အံ့အောဖို့ကောင်းတဲ့ ပုံဆွဲနည်းပညာလဲ”

ဖန်ယန် အော်ဟာစ်လိုက်သည်။

ဒင်

ဖန်ယန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၇၀/၁,၀၀၀)။

“ဘာတွေ တွေးနေတာလဲ။ မြန်မြန်သွားပြီး မင်းအတွက် ပန်းအိုးကို သွားယူလိုက်လေ”

ပန်းအိုး တစ်ခုနဲ့ ပြန်လာတဲ့ ရှာရီက ဇူဇွန်ကို တိုက်တွန်းလိုက်သည်။

“ငါ မလိုချင်ဘူး”

ဇူဇွန်က နှုတ်ခမ်းထော်ပြီး ပြန်ပြောသည်။

"မင်းအတွက် ဘာကကောင်းလဲဆိုတာ မသိဘူးပဲ"

ရှာရီ စကားမပြောနိုင် ဖြစ်သွားသည်။

"ဒီပန်းအိုးက အံ့အောဖို့ ကောင်းနေရင်တောင် ငါမလိုချင်ဘူး"

ဇူဇွန်က နှုတ်ခမ်းထော်ပြီး ပြန်ပြောသည်။

"ငါ့မှာ ငါ့ကျောရိုး ရှိတယ်။ ဆွန်းမိုဆီက ဘာမှ မလိုချင်ဘူး"

"မင်း အစွမ်းရှိရင် ပိုကျယ်ကျယ် ပြောလိုက်"

ရှာရီက မျက်လုံးပြူးပြီး ပြန်ပြောသည်။

"ဟွန့်၊ ဆရာ့ကို စိတ်မဆိုးစေချင်ဘူး"

"လူတိုင်း ရပြီလား"

အန်ရှီဝေက မေးလိုက်သည်။

"ဆရာ။ ဇူဇွန်မှာ မရှိသေးဘူး"

ရှာရီက တင်ပြလိုက်သည်။

"ဇူဇွန် မြန်မြန်လာယူ"

အန်ရှီဝေသည် ဒီတပည့်အား တော်တော်မျှော်လင့်ထားသည်။

"ဆရာ။ ကျွန်တော် ပန်းဝတ်မှုန်တွေနဲ့ ခါတ်မတည့်ဘူး"

ဇူဇွန်က ရောက်လာပြီး ဖြေရှင်းချက် ပေးလိုက်သည်။

ရှာရီက ဇူဇွန် နံရိုးကို တံတောင်နဲ့ တွတ်လိုက်သည်။

"မင်းဘာလုပ်တာလဲ"

ဇူဇွန်သည် နာကျင်မှုကြောင့် အံ့ကြိတ်ထားလိုက်မိပြီး ခါးနည်းနည်း ကွေးသွားသည်။

“မင်းကငတုံးလား။ ဒါက အရွက်ပဲပါတဲ့ ပန်းအိုးလေ။ ပန်းပွင့် မရှိဘူး”

ရှာရီသည် သေအောင် ရိုက်ပစ်လိုက်ချင်သည်။ သူ့ရဲ့ ပညာသင်ဘက် မောင်လေးက သင်တော်တဲ့ အကြောင်းပြချက်တောင် မစဉ်းစားတတ်ဘူးလား။

“လာပြီး ပန်းအိုးကို ယူလိုက်”

အန်ရှီဝေရဲ့ လေသံက တင်းမာလာသည်။

ဇူဇွန် လန့်သွားသည်။ ဆွန်းမိုနဲ့ သက်ဆိုင်တဲ့အရာတွေကို တစ်ခုမှ မထိချင်ပါ။

“ရှီဝေ၊ သူက မလိုချင်ရင်လည်း ထားလိုက်ပါ။ အတင်းအကြပ် မလုပ်နေပါနဲ့”

ဆွန်းမိုသည် ဇူဇွန်ကို စိတ်မဆိုးပါ။ ဒီကောင်ကို နားလည်ပေးနိုင်သည်။

ဆွန်းမိုတွင် အကန့်အသတ် အရေအတွက်နဲ့ ထုတ်လုပ်တဲ့ အရုပ်ကို ညီမလေးက တခြားလူဆီ ရောင်းချတာ ခံလိုက်ရတဲ့ သူငယ်ချင်း တစ်ယောက်ရှိသည်။

သူငယ်ချင်းက အရုပ်ပြန်ဝယ်ရန် ရည်ရွယ်ချက်ကြီးကြီးနဲ့ သွားခဲ့သည်။ ဒါပေမယ့် တဖက်လူက ပြန်ရောင်းဖို့ ငြင်းဆိုခဲ့သည်။

အဆုံးဆိုးကတော့ အိမ်တွင်းပုန်းကောင်လေးက အဲဒီအရုပ်ကို လျှာနဲ့ယက်ပြီး ဗီဒီယို ရိုက်ကာ ပို့လိုက်သေးသည်။ နောက်တစ်နေ့မှာတော့ ဆွန်းမိုသည် ကွန်ပျူတာ ဖန်သားပြင် အသစ်ဝယ်ရန် သူငယ်ချင်းနဲ့ အဖော်လိုက်ခဲ့ရသည်။

အဲဒီအတွက် ဘာမှ မကူညီနိုင်ပါ။ အိမ်တွင်းပုန်းကောင်လေးက သူ့သူငယ်ချင်း ကြိုက်တဲ့

အရုပ်ကို လျှာနဲ့ယက်ပြီး တံတွေးတွေ ဖုံးလွှမ်းနေတာမြင်လိုက်လျှင် စိတ်မထိန်းနိုင်ဘဲ ကွန်ပျူတာ စခရင်ကို ရိုက်ခွဲလိုက်မိသည်။

ဆွန်းမိုက သူ့ဆရာမအား ရှီဝေလို့ ခေါ်လိုက်တဲ့ အသံကို ကြားလိုက်ပြီး သူ့ဆရာမကလည်း ခေါင်းညိတ်ပြီး သဘောတူလိုက်တာ မြင်လိုက်လျှင် ဇူဇွန် ပိုတောင် စိတ်မကောင်းဖြစ်သွားရသည်။

(မင်းက ဒီအထီးကျန်သမားကို သေအောင် နှိပ်စက်နေတာလား)

ခွီခွီ

လီဇီချီ တခွီခွီနဲ့ ကြိတ်ရယ်နေသည်။ သူမ တကယ်ကို မေးလိုက်ချင်သည်။

"ဆရာ၊ မင်းက နတ်ဆိုးလား"

ဆွန်းမိုမှာလည်း မကောင်းတဲ့ အခြမ်းရှိတယ်ဆိုတာ လီဇီချီ သတိထားလိုက်မိသည်။ ဆရာသည် ကျောင်းအုပ်ကြီးအန်ရဲ့ နာမည်ကို လူမြင်ကွင်းတွင် တစ်ခါမှ မခေါ်ခဲ့ဖူးပါ။ အခုတော့ ဒီလိုလုပ်လိုက်တယ်ဆိုတော့ ရှုဗွန်ကို ကြည့်မရတဲ့ ပုံပဲ။

"ကောင်းပြီလေ။ ငါတို့ထွက်ခွာကြမယ်"

အန်ရှီဝေက လက်ခုပ်တီးပြီး လူတိုင်းကို နှိုးဆော်လိုက်သည်။

ချိုင်တန်သည် ပန်းအိုးကိုင်ကာ ဖြတ်သွားရင်း ဇူဇွန်ရဲ့ ပခုံးကို ပိတ်တိုက်ပစ်ခဲ့သည်။

"ဟော့"

"မင်းတောင်းပန်ရမှန်းတောင် မသိဘူးလား"

"အို"

ချိုင်တန်က ပြန်လှည့်လာပြီး ဇူဇွန်ဆီ လျှောက်သွားကာ မျက်လုံးကို တည့်တည့် စိုက်ကြည့်လိုက်သည်။

“တောင်းပန်ရမယ် ဟုတ်လား။ ပန်းအိုးကို မယူခဲ့မိတဲ့အတွက် မင်းသေချာပေါက် နောင်တရလိမ့်မယ်”

“မင်းကိုယ်မင်း ဘယ်သူ ထင်နေလဲ။ မင်းငါ့ကို သတိပေးစရာ အကြောင်းမရှိဘူး”

ဇူဇွန်သည် ငတုံးမဟုတ်ပါ။ ချိုင်တန်ရဲ့ ရန်လိုမှုကို ခံစားမိသည်။

“ဟားဟား”

ချိုင်တန်သည် ရယ်ပြီး လှည့်ထွက်သွားသည်။ (ဆရာဆွန်းကို အထင်သေးရဲတယ် ဟုတ်လား။

နှင်းဆီပန်းတွေ ဘာကြောင့် အနီရောင်ဖြစ်တယ်ဆိုတာ မင်းကို ငါပြမယ်)

"ရပ်နေစမ်း"

ဇူဇွန်သည် တိုက်ကွက် ထုတ်မလို့ လုပ်လိုက်သည်။

"မင်းဘာလုပ်နေတာလဲ"

ရှာရီသည် ဇူဇွန်ကို နောက်ဆွဲလိုက်သည်။

"မင်းရဲ့ မကောင်းတဲ့ သဘောထားကို ပြုပြင်ပေးရတော့မယ်"

“ဘာလို့ ပြုပြင်ရမှာလဲ။ ဆရာ့အတွက် ကောင်းအောင် လုပ်နေတာပဲ”

ဇူဇွန် အရမ်းဒေါသထွက်နေသည်။

“ဆရာက အရမ်းထူးချွန်တယ်။ လျှိုမူဘိုင်တောင် သူမနဲ့ မလိုက်ဖက်ဘူး။ ဆွန်းမိုဆို အဝေးကြီး”

“ဒါဆို ဘယ်သူက လိုက်ဖက်လဲ”

ရှာရီက ဝေဖန်လိုက်သည်။

“ချမ်ချူဂျင်”

ဇူဇွန်က နာမည်တစ်ခု ထုတ်ပြောလာသည်။

"အိပ်မက် မက်နေတာလား"

ရှာရီ မျက်မှောင်ကြုတ်ပြီး နောက်တစ်ကြိမ် တံတောင်နဲ့ တွတ်လိုက်သည်။ ချမ်ချူဂျင်က ဘယ်သူလဲ။ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးလောင်း။ အသက် ၃၀အောက် မြတ်ဆရာထဲတွင် ထိပ်ဆုံးလို့ လူသိများသည်။

"ဘာ။ ဆရာက ချမ်ချူဂျင်နဲ့ မထိုက်တန်ဘူးလို့ မင်းက ထင်နေတာလား"

ဇူဇွန်ရဲ့အကြည့်သည် တင်းမာနေသည်။ သူ့ရဲ့ ပညာသင်ဘက် အစ်မကြီးသာ မဟုတ်ခဲ့ရင်တော့....... ဆရာ့ကို ဘယ်သူမှ အထင်သေးခွင့် မရှိပါ။

"ချမ်ချူဂျင်ရဲ့ ပုံရိပ်ကို ပြန်စဉ်းစားကြည့်အုံး။ ဆရာသာ သူနဲ့ လက်ထပ်လိုက်ရင် ဗဟိုပြည်နယ် အကယ်ဒမီကို ဝါးမြိုသွားလိမ့်မယ်။ ဆရာကရော ဒီလိုလုပ်မယ် ထင်နေလား"

ရှာရီသည် ဇူဇွန်မှာ ဦးနှောက် မရှိသလို ခံစားရသည်။

"မြင်းလှည်းပေါ်တက် မြန်မြန်သွားကြစို့"

"ဒီအိမ်ထောင်ရေးကို ငါသဘောမတူဘူး"

ဇူဗွန်က တိုးတိုးလေး ပြောလိုက်သည်။ ဆွန်းမိုကို နှိပ်ကွပ်ဖို့ မဟာမိတ်ဖွဲ့ရန် စဉ်းစားလိုက်သည်။ အဲဒီချိန်တွင် သူပိုခံစားရမည့် စကားတစ်ခွန်းကို ကြားလိုက်ရသည်။

"ဆွန်းမို၊ ဒီမြင်းလှည်း လာစီးလေ"

အန်ရှီဝေက ဆွန်းမိုကို ဖိတ်ခေါ်လိုက်သည်။

စနစ်ဆီက အကြောင်းကြားချက် မြည်နေသဖြင့် ဆွန်မို ဒါကို မကြားလိုက်ပါ။

အခန်း(၃၁၆) - ဒါက ဆွန်းမိုပါ၊ ငါ့ခင်ပွန်းလောင်း။

ဒင်

"တာဝန် ထုတ်ပြန်တယ်။ ကျန်ဟန်ဖူနဲ့ အလောင်းအစားကို အနိုင်ရအောင်လုပ်ပြီး ဗဟိုပြယ်နယ်အကယ်ဒမီကို ကျောင်းသားအသစ်ပြိုင်ပွဲမှာ အနိုင်ရအောင် လုပ်ပေးလိုက်ပါ။ အောင်မြင်ရင် လျှို့ဝှက်ဆန်းကြယ်တဲ့ ဆုလဒ်တစ်ခု ရမယ်"

"ဘာလျှို့ဝှက်ဆန်းကြယ် ဆုလဒ်လဲ"

ဆွန်းမို သိချင်နေသည်။

“လျှို့ဝှက်ချက်”

စနစ် ကအဖြေ မပေးပါ။

“ဆွန်းမို”

အန်ရှီဝေက ထပ်အော်ခေါ်ပြန်သည်။

“အဆင်ပြေပါတယ်။ ငါ့တပည့်တွေနဲ့ပဲ နေမယ်။ ဒီလမ်းတစ်လျှောက်မှာ သူတို့ရဲ့ ခန္ဓာကိုယ်ကို ထိန်းသိမ်းဖို့ ကူညီရမယ်”

အခြားကျောင်းသားတွေသည် လီဇီချီတို့အုပ်စုကို မနာလိုတဲ့ အကြည့်နဲ့ ကြည့်လိုက်ကြပြန်သည်။ နတ်ဘုရားလက်ရဲ့ အစွမ်းကို

အချိန်မရွေးခံစားနိုင်သည်။ ဘယ်လောက်တောင် ကျေနပ်ဖို့ ကောင်းလဲ။

"ခရီး စထွက်မယ်"

အန်ရှီဝေက အမိန့်ပေးလိုက်တာနဲ့ ဗဟိုပြည်နယ်အကယ်ဒမီ ကိုယ်စားပြုအဖွဲ့သည် စတင်ထွက်သွားသည်။

သူတို့က ချင်လင်မြို့ပြင်ကို အရင်သွားပြီး သူတော်စင်ဂိတ်ရဲ့ ပို့ဆောင်ရေး တံခါးကနေတစ်ဆင့် ဝိညာဉ်တောင်ပံမြို့သို့ သွားရမည်။ အဲဒီနောက်

ဝိညာဉ်တောင်ပံမြို့ရဲ့ ပို့ဆောင်ရေး တံခါးကနေ နှင်းစက်ဖြူမြို့ သို့ သွားရမည်။

နှစ်စက်ဖြူမြို့ကို နှင်းစက်ဖြူ လွင်ပြင်တွင် တည်ဆောက်ထားသည်။ ဒါက အမှောင်တိုက်ကြီး၏ ပထမအဆင့်အတွင် အကြီးမားဆုံးနဲ့ အခမ်းအနားဆုံး တည်ဆောက်မှု ဖြစ်သည်။ နှစ်ပေါင်း တစ်သောင်းကျော်တဲ့ သမိုင်းကြောင်း ရှိသည်။

ချင်လင်က နှင်းစက်ဖြူမြို့ကို ဘာဖြစ်လို့ တိုက်ရိုက် ပို့ဆောင်ရေးတံခါး မရှိတာလည်းလို့ မေးစရာရှိသည်။ ပြည်နယ်ကိုးခုရှိ ဝိညာဉ်ချီ

စီးဆင်းမှုများသည် အမှောင်တိုက်ကြီးနဲ့ ကွဲပြားခြားနားလှသည်။ ချင်လင်မြို့တွင် ဘယ်လို သလင်းကျောက်မဆို လျှင်မြန်စွာ ကုန်ဆုံးသွားသောကြောင့် ကုန်ကျစရိတ် အရမ်းမြင့်မားသဖြင့် ပို့ဆောင်ရေး တခါးတစ်ခု တည်ဆောက်ရန် မထိုက်တန်ပါ။ ချင်လင်နှင့် ဝိညာဉ်တောင်ပံမြို့မှ တဆင့် လူသွား အများဆုံးဖြစ်သည်။

နိုင်ငံတစ်ခုရဲ့ မီးရထားလမ်းကို ကြံ့သလို ဖောက်လို့မရပါ။ ယဉ်သွားလာမှု၊ ကုန်စည် စီးဆင်းမှု

ပမာဏာနှင့် အခြားအခြေအနေများကို ထည့်သွင်း စဉ်းစားရသည်။

ဝိညာဉ်တောင်ပံမြို့နဲ့ နှင်းစက်ဖြူ မြို့ကို ဆက်သွယ်ထားတဲ့ ပို့ဆောင်ရေးတံခါးကို တစ်နေ့လျှင် နှစ်ကြိမ် ဖွင့်လှစ်သည်။ ဒါကို သူတော်စင်ဂိုဏ်းနဲ့ တည်ရှိတဲ့ နိုင်ငံက ပူးပေါင်း ကာကွယ် စောင့်ကြပ်ကြသည်။

ကျင့်ကြံသူများသည် ပို့ဆောင်ရေးတံခါးကို အသုံးပြုချင်တဲ့အခါ တင်းတင်းကြပ်ကြပ် ရှာဖွေ စစ်ဆေးခြင်း ခံရသည်။ အတူတူ ယူလာတဲ့

ပစ္စည်းများကိုလည်း ဖွင့်ပြီး စစ်ဆေးသည်။ တားမြစ်ထားတဲ့ ကန့်သတ်ပစ္စည်းကို တွေ့ပါက အသိမ်းခံရမည်။ ပြင်းထန်တဲ့အခြေအနေမှာဆိုလျှင် ကျင့်ကြံသူက လအနည်းငယ်ကြာ ဖမ်းဆီး ထိန်းသိမ်းခြင်း ခံရမည်။ ဒါပေမယ့် ကျောင်းအသီးသီးက ကိုယ်စားလှယ်တွေကတော့ ဒီစည်းမျဉ်းကို လိုက်နာစရာ မလိုပါ။ လက်နက်များ ၊ ဝိညာဉ်ချီကျောက်တုံးများ၊ ဝိညာဉ်ချီစိန်များ နှင့်အမျိုးမျိုးသော ဆေးဖက်ဝင် အပင်များနဲ့ ဆေးပစ္စည်းများကို သူတို့နဲ့ အတူတူ ယူလာတတ်ကြသည်။

ကျောင်းက သူတို့အတွက် အာမခံပေးသဖြင့် ခွင့်ပြုထားသည်။ ပြီးတော့ သူတို့အနေနဲ့ လိဂ်ပြိုင်ပွဲဝင်ပြိုင်ဖို့အတွက် အများကြီး ပြင်ဆင်ထားရသည်။ နှင်းစက်ဖြူမြို့တွင် အဲဒါတွေ အားလုံးကို မဝယ်နိုင်ပါ။

ကျောင်းသားများရဲ့ အခြေအနေကို သေချာစေရန်အတွက် ကျောင်းတချို့ဆို သူတို့ဒေသထွက်များဖြစ်တဲ့ သောက်ရေ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများကို အမြောက်အများ သယ်လာခဲ့ကြသည်။

ချင်လင်မှာတော့ နာမည်ကြီးတဲ့ ပြည့်တန်ဆာကလွဲလျှင် ထူးထူးခြားခြား ဒေသထွက်ကုန် မရှိပါ။ ဒါပေမယ့် ကျောင်းသားတွေရဲ့ စိတ်ဓါတ်ကို မြှင့်တင်ပေးရန် ပြည့်တန်ဆာတွေ အုပ်လိုက် ခေါ်လာဖို့ကလဲ မဖြစ်နိုင်ပါ။

ရထားလုံးက လမ်းပေါ်တွင် ရွေ့လျားသွားနေသည်။

“အရင်တုန်းကတော့ ဗဟိုပြည်နယ်အကယ်ဒမီ ပြိုင်ပွဲဝင်ဖို့ ရောက်လာလျှင် ကြိုဆိုမယ့် လူတော်တော်များတယ်”

လီဇီချီသည် ပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်ရင်း အတိတ်က ခမ်းနားထည်ဝါမှုတွေကို ပြန်ပြောပြနေသည်။

"ငါတို့ကျောင်းရဲ့ ကျော်ကြားမှုကလည်း မမြင့်တော့ဘူး"

ထန်ထန်ယုထန်က နှုတ်ခမ်းထော်ပြီး ပြောလိုက်သည်။ မရီဒန်အကယ်ဒမီ မြင့်တက်လာခြင်းနဲ့အတူ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျော်ကြားမှုအချို့လည်း ပျောက်ကွယ်သွားခဲ့သည်။

"ဆရာနဲ့ အတူတူသာဆိုလျှင် ငါတို့က အထွဋ်အထိပ်ကို ပြန်ရောက်နိုင်တယ်"

လုချီဟွာက သူမရဲ့လက်သီးသေးသေးလေး လုပ်ယမ်းပြီး တံခါးရှစ်ခု တိမ်တိုက်ကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်သည်။ ငွေကလေးသည် ဖဲမွေ့ယာကဲ့သို့ နူးညံ့လှပြီး အရမ်းကို ကိုင်လို့ကောင်းသည်။

ဆွန်းမိုက ရယ်မောပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

"စနစ်၊ ရတနာ သေတ္တာ ဖွင့်လိုက်တော့"

မကြာသေးခင်က ရခဲ့တဲ့ ကြေးရောင်ရတနာသေတ္တာကို ဖွင့်လိုက်လျှင် ချစ်သူကာကွယ်ရေး ဆေးရည်ကို ရခဲ့သည်။

"သိမ်းထားလိုက်"

ဆွန်းမိုက မျက်လုံးမှိတ်ပြီး အနားယူမလို့ ပြင်ဆင်နေတုန်း စနစ်ဆီက အကြောင်းကြားချက် ပေါ်လာသည်။

ဒင်

"ဝမ်ဆုနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးမြှင့်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် ကြေးရောင် ရတနာ သေတ္တာ တစ်လုံး"

"ချန်စန်၊ ရှီကွမ်နှင့် ဖန်ယန်တို့ရဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးမြှင့်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ သင့် ကံကြမ္မာ ရတနာ သုံးလုံး ဆုချီမြှင့်မယ်။ သူတို့ သုံးယောက်ရဲ့ ဆုကို ပေါင်းစပ်ပြီး ကြေးရောင်ရတနာသေတ္တာ အဖြစ် အဆင့်မြှင့်တင်လိုလား"

"အဆင့်မြှင့်မယ်"

ဆွန်းမိုသည် ဆုတောင်းပြီးနောက် လုချီဟွာ ခေါင်းကို ထပ်ပုတ်လိုက်သည်။

“အားလုံးဖွင့်”

ကြေးရောင်အလင်းတန်းများ ပျောက်ကွယ်သွားပြီး အချိန်တံဆိပ်တစ်ခုနှင့် စမ်းရေအလှ ဆေးထုပ် တစ်ခု ကျန်ခဲ့သည်။

“လေဘုရင် နတ်ဘုရားခြေလှမ်းကို အဆင့်မြင့်မယ်”

ဆွန်းမိုက စဉ်းစားချင့်ချိန်ပြီး အသုံးချလိုက်သည်။

ဒင်

"လေဘုရင်နတ်ဘုရားခြေလှမ်းကို မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

နောက်တစ်ခုဖြစ်တဲ့ အရာက 'လေး' နည်းစနစ်ဖြစ်သည်။ လိဂ်ပြိုင်ပွဲက တောထဲမှာ ကျင်းပမည်ဖြစ်သဖြင့် အသုံးဝင်လာမယ့် အခွင့်အလမ်းများနေသည်။ ဒါကြောင့် ဒါကို ရင်းနှီးအောင်ကြိုလုပ်ထားတာ ကောင်းသည်။

ဒင်

"လေဘုရင် နတ်ဘုရားကျင့်စဉ်ကို တတ်မြောက်သွားတဲ့ အတွက် ဂုဏ်ပြုပါတယ်။ ကောင်းမွန် အဆင့်ထက်သာသော်လည်းကျွမ်းကျင် အဆင့်ထက် နည်းနည်း နိမ့်ကျတယ်"

ဆွန်းမိုသည် မျက်လုံး မှိတ်လိုက်ပြီး အဲဒါရဲ့ အားသာချက်နဲ့ အားနည်းချက်များကို ခွဲခြမ်း သုံးသပ်ပြီး လေဘုရင် နတ်ဘုရားကျင့်စဉ်ကို တိတ်တဆိတ် လေ့လာနေသည်။

ပို့ဆောင်ရေးဂိတ်တွေ ရှိနေတာတောင် ကိုယ်စားလှယ်အဖွဲ့သည် အချိန်တွေ သက်သာအောင်

အားစိုက်ထုတ်မှုတွေ လုပ်ခဲ့ရသည်။ နေ့လည် သုံးနာရီတွင် နှင်းစက်ဖြူ မြို့သို့ ရောက်လာကြသည်။

ပို့ဆောင်းရေး ဂိတ်က ထွက်လာပြီးနောက် ရင်ပြင်မှာရပ်နေတဲ့ ကျောင်းသားတွေက ပတ်ဝန်းကျင်ကို သိချင်စိတ်နဲ့ လည့်ပတ်ကြည့်နေကြသည်။ သူတို့ မနေနိုင်ဘဲ အသက်ခပ်ပြင်းပြင်း ရှူလိုက်မိသည်။

"ဒီနေရာမှာ ဝိညာဉ်ချီ အရမ်းသိပ်သည်းတာပဲ"

တကယ်လို့ မှန်ကန်တဲ့ နေရာတစ်ခုသာ ဖြစ်ခဲ့လျှင် လုချီသည် ချက်ခြင်း ထိုင်ချပြီး တရားထိုင်လိုက်

ချင်သည်။ အမှန်တကယ်လည်း ဝိညာဉ်ချီ သိပ်သည်းတဲ့နေရာတွေက လူတိုင်းအတွက် အကျိုးရှိသည်။

“ပို့ဆောင်ရေးဂိတ် လည်ပတ်ဖို့ ဝိညာဉ်ချီ အများကြီး လိုအပ်တယ်။ ဒါကြောင့် လေထဲမှာ သိပ်သည်းတဲ့ ဝိညာဉ်ချီ ရှိနေတာပဲ”

ဖန်ယန်က ရှင်းပြလိုက်သည်။ “ဒါ့အပြင် အများသူငှာနဲ့ ဆိုင်တဲ့ နေရာတွေနဲ့ အဆောက်အဦးမှာ တရားထိုင်ခြင်းနဲ့ ကျင့်ကြံခြင်းကို တားမြစ်ထားတယ်။ စည်းကမ်းချိုးဖောက်တဲ့လူတွေကို နှင်ထုတ်လိမ့်မယ်”

"ဒီနေရာကလည်း စည်းကမ်းတွေ များလိုက်တာ"

ရှန်ယွန်ပေါင် ခေါင်းကုတ်ရင်း ပြောလိုက်သည်။ နည်းနည်း စိတ်မရှည်ချင်သလို ဖြစ်သွားသည်။

နှင်းစက်ဖြူ မြို့သည် လွင်ပြင်ထဲတွင် တည်ရှိပြီး တောင်များနဲ့ တောများ မရှိပါ။ ဒါကြောင့် အသီးအရွက် ရှားပါးသည်။ ဒါပေမယ့် ပြည်နယ်ကိုးခုက မျိုးဆက်များသည် မြေအောက်မှ ကျောက်တုံးများကို တူးယူပြီး မြို့တည်ဆောက်ခဲ့ကြသည်။

အချိန်ကြာမြင့်လာပြီးနောက် နံရံများနဲ့ ကျောက်လမ်းများပေါ်မှာ အမှတ်သားတွေ ဖြစ်ပေါ်လာပြီး ကျေးလက်ဆန်တဲ့ အငွေ့အသက် ရှိနေသည်။

နှစ်စက်ဖြူမြို့သည် ခရီးသွားရင်း ရာသီဥတု ဖောက်ပြန်လာပါက အနားယူရန် ပြင်ဆင်ထားတဲ့ စက်ဝန်းကြီး တစ်ခုနဲ့ တူနေသည်။ အထီးကျန်ပေမယ့် အစွမ်းထက်လွန်းသည်။

ကိုယ်စားလှယ်အဖွဲ့သည် ရင်ပြင်မှာ နာရီဝက်လောက် နားနေခဲ့သည်။ လူစုံပြီးနောက်

အဖွဲ့ပြန်ဖွဲ့ပြီး အခန်းကြိုမှာထားတဲ့ တည်းခိုဆောင်ဆီကို ဦးတည်ပြီး ထွက်ခွာလာခဲ့သည်။ ဒီလိဂ်ပြိုင်ပွဲက တစ်လခွဲလောက် ကြာလိမ့်မည်။ ဒါက ’ဒီ’အဆင့် ပြိုင်ပွဲ တစ်ခုသာ ဖြစ်သော်လည်း ကျောင်း ၁၀၈ခုက လူပေါင်း ထောင်ကျော်လောက် လာကြလိမ့်မည်။ များပြားလှတဲ့ အရေအတွက်တစ်ခုပါ။

အတန်းမြင့်ကျောင်းများနဲ့ ‘ဒီ’ အဆင့်အောက် ကျောင်းများသည် လိဂ်ပြိုင်ပွဲကို လေ့လာနိုင်ရန် လူများကို စေလွှတ်ထားကြသည်။

အလားအလာရှိတဲ့လူကို တွေ့ရင် လိုက်ရှာပြီး ဈေးကြီးကြီး ပေးကာ ကမ်းလှမ်းလိမ့်မည်။

ချမ်းသာပြီး ဩဇာကြီးမားတဲ့ လူများ၊ မြတ်ဆရာများ ၊ လူပျင်းများနဲ့ နှင်းစက်ဖြူမြို့သည် ပြိုင်ပွဲ ကာလတစ်လျှောက်တွင် စည်ကား ကျပ်သိပ်နေလိမ့်မည်။ အိမ်၊ ခြံ၊ မြေ ဈေးတွေကလည်း အဆက်မပြတ် မြင့်တက်လာလိမ့်မည်။

အန်ရှီဝေသည် သူမလက်ထောက်ကို တည်းခိုဆောင်တစ်ခုအား ကြိုမှာခိုင်းထားခဲ့သည်။ အဲဒီအချိန်တွင် ဗဟိုပြည်နယ် အကယ်ဒမီသည်

ကြီးမားတဲ့ ဘဏ္ဍာရေး အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်သည်။ ဒါကြောင့် မြို့တောင်ဘက်ခြမ်းမှာရှိတဲ့ တည်းခိုဆောင်ကို ကြိုမှာထားခဲ့သည်။

ဘယ်မြို့မှာမဆို ချမ်းသာတဲ့ လူတွေနေတဲ့ နေရာနှင့် သာမန်လူတန်းစားတွေ နေတဲ့ နေရာရှိကြသည်။ ဒါက ဒီခေတ်ကမ္ဘာတွင်လည်း ခြွင်းချက် မဟုတ်ပါ။

နှင်းစက်ဖြူမြို့ရဲ့ တောင်ဘက်ပိုင်းကို အဆင်းရဲဆုံး နေရာလို့ သတ်မှတ်ထားသည်။ ပတ်ဝန်းကျင်

ညစ်ပတ်ပြီး ဝရုန်းသုန်းကား ဖြစ်နေကာ လုံခြုံမှု မရှိပါ။ ကောင်းတဲ့ အချက်ကတော့ ဌားခ သက်သာသည်။

ဆွန်းမို တိတ်တဆိတ် အကဲခတ်နေတုန်း ရထားလုံးပေါ်မှ လူတစ်ယောက်ဆင်းသွားတာကို သတိထားလိုက်မိသည်။ "ကျောင်းအုပ်ကြီး ဒီနေရာပဲ။ ငါ အခန်းယူဖို့အတွက် လုပ်လိုက်အုံးမယ်"

လက်ထောက်က လာပြီး သတင်းပို့သည်။

"ဒီထက်ကောင်းတဲ့ နေရာ မရှိဘူးလား"

အန်ရှီဝေ မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။ ဒီပတ်ဝန်းကျင်က မကောင်းပါ။ ပန်းပဲဖိုကို မမြင်ရသော်လည်း ပန်းပဲ ထုနေတဲ့ အသံကို ကြားနေရသည်။ ကျောင်းသားတွေ အနားယူမှုကို ထိခိုက်စေနိုင်သည်။

"ဒါက မြို့တောင်ပိုင်းမှာရှိတဲ့ ဒုတိယအကောင်းဆုံး တည်းခိုဆောင်ပါ"

လက်ထောက်က ရှင်းပြသည်။

"အကောင်းဆုံး တည်းခိုဆောင်ကို ဘာလို့ ကြိုမမှာတာလဲ"

ကျန်ဟန်ဖူက လမ်းလျှောက်လာပြီး မေးလိုက်သည်။

"ကျွန်တော်တို့နဲ့ အခြေအနေတူတဲ့ လူတွေရှိနေပြီး တည်းခိုဆောင် မရတဲ့ လူတွေတောင် ရှိသေးတယ်။ ပြီးတော့ မြို့တောင်ပိုင်းမှာရှိတဲ့ အကောင်းဆုံး နေရာကလည်း လူပြည့်နေပြီ။ အခန်း မကျန်တော့ဘူး"

လက်ထောက်က အပြစ်ကင်းတဲ့ ပုံစံနဲ့ ပြန်ပြောသည်။ (အခန်းမကျန်တာ ငါက ဘာလုပ်ပေးရမှာလဲ)

"ဒါဆိုလည်း ကြိုစာရင်းပေးဖို့ မင်းကဘာလို့ စောစော မလာတာလဲ"

ကျန်ဟန်ဖူက ပြောပြီး အန်ရှီဝေကို စိုက်ကြည့်လိုက်သည်။

"မင်းက တာဝန်အပြည့်ယူမယ်လို့ ပြောထားပြီး ဒါက ဘာဖြစ်တာလဲ။ လိဂ်ပြိုင်ပွဲကို လုံးဝ ဂရုမစိုက်တော့ဘူးလား"

ကျန်ဟန်ဖူသည် အန်ရှီဝေကို အရှက်ခွဲနိုင်မည့် အခွင့်အရေးကို လက်လွှတ်မခံပါ။ သူက လမ်းလယ်ခေါင်တွင် အော်ဟစ်နေသည်။

“ ဒီလို စရိုက်မဆန်ဘဲ နေလို့ မရဘူးလား။ မင်း မရှက်ပေမယ့် ငါရှက်တယ်”

ဂျိမဲဂျဲက သည်းမခံနိုင်တော့ဘဲ ဝင်ပြောလာသည်။ လူမြင်ကွင်းမှာ အော်ဟာစ်ပြီး ရန်ဖြစ်နေလို့ မသင့်တော်ပါ။ ကျန်ဟန်ဖူက ဘာလုပ်နေတာလဲ. အန်ရှီဝေရဲ့ လွှမ်းမိုးမှုကို ဖယ်ရှားဖို့ ဘာကိုမှ ဂရုမစိုက်တော့ဘူးလား။

ညော့်ကြိုသည် တည်းခိုဆောင် အရှေ့မှာ ရပ်ထားတဲ့ မြင်းလှည်းတန်း အရှည်ကြီးကို ချက်ခြင်း

သတိထားမိသွားကာ သူဌေးကို လျှင်မြန်စွာ အကြောင်းကြားလိုက်သည်။

သိပ်မကြာခင် သူဌေးက နှုတ်ဆက်ဖို့ ထွက်လာသည်။

‘ကျောင်းအုပ်ကြီး အန်၊ ဒုကျောင်းအုပ်ကြီး ကျန်၊ မင်းတို့ကို စောင့်နေတာ။ အခန်းတွေလည်း သန့်ရှင်းရေး လုပ်ပြီးသွားပြီ။ အချိန်မရွေး တည်းဖို့ အဆင်သင့် ဖြစ်နေပြီ”

သူဌေးသည် အရမ်းဖော်ရွေလွန်းသည်။ ဒါက လုပ်ငန်းကြီး တစ်ခုပါ။

"သူငွေးတန်"

အန်ရှီဝေသည် ယဉ်ကျေးမှုအရ စကားအနည်းငယ် ပြောပြီးနောက် ကျောင်းသားများကို ရွှေ့ပြောင်းခိုင်းလိုက်သည်။

ကျန်ဟန်ဖူသည် ညှံ့ဖြင်းလှတဲ့ ပတ်ဝန်းကျင်အကြောင်းကို မပြောဘဲ ရပ်တန့်သွားသည်။ ပြီးတော့ ကျောင်းရဲ့ ဘဏ္ဍာရေး အခြေအနေကို သူလည်း သိနေသည်။

ခုနတုန်းက အန်ရှီဝေကို အရှက်ခွဲခြင်လို့ သက်သက် ပြောခဲ့ခြင်း ဖြစ်သည်။

"မင်းတို့တွေ ဘာကြောင်ကြည့်နေတာလဲ.။ ပစ္စည်းတွေ မြန်မြန် သယ်ကြ"

သူဌေးက လောလိုက်သည်။

အလုပ်သမားတွေ ပစ္စည်းသယ်ဖို့ လုပ်နေတုန်းမှာပဲ ဆွန်းမိုက လှမ်းပြောလိုက်သည်။

"ခဏနေအုံး'

ဆွန်းမိုက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း လမ်းလျှောက်လာသည်။

"ကျောင်းအုပ်ကြီး ပတ်ဝန်းကျင် အကြောင်းကို မေ့ထားလိုက်အုံး။ ပြိုင်ပွဲ ကျင်းပမယ့် နေရာနဲ့ အရမ်းဝေးနေတယ်"

အဖွဲ့တစ်ဖွဲ့သည် ပြိုင်ပွဲတမျိုးမျိုးမှာ ဝင်ပြိုင်လိုက်တာနဲ့ ပြိုင်ပွဲကျင်းတဲ့နေရာနဲ့ နီးတဲ့နေရာက ပိုကောင်းတာကို လူတိုင်းသိသည်။

သူတော်စင်ဂိတ်သည် လိဂ်ပြိုင်ပွဲကို နှင်းစက်ဖြူ အဆောက်အဦးမှာ ကျင်းပမည်။ လူအများကြီး နေထိုင်လို့ရသည်။ မြတ်ဆရာများရဲ့

ပောပြောပွဲအပြင် စိတ်လှုပ်ရှားစရာ တိုက်ပွဲများနှင့် အခြားပွဲများကို အဲဒီနေရာတွင် ပြုလုပ်သွားမည်။

လူများနေထိုင်လို့ ရတယ်ဆိုတဲ့အချက်က လက်မှတ်များများ ရောင်းချနိုင်သည်။

"ကျောင်းအုပ်ကြီး အန်။ ဒါက.........."

သူ့ဒွေး မျက်နှာ ပျက်သွားသည်။ သူ့အိတ်ကပ်ထဲ ရောက်တော့မယ့် ပိုက်ဆံက အငွေ့ပျံတော့မည်။ မကျေမနပ် ဖြစ်တာက သဘာဝကျသည်။

"ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီက ဆရာသစ်တစ်ယောက် ဖြစ်တဲ့ ဆွန်းမိုပါ။

တချိန်တည်းမှာပဲ ငါ့ရဲ့ ခင်းပွန်းလောင်းလဲ ဟုတ်တယ်"

အန်ရှီဝေက မိတ်ဆက်ပေးလိုက်သည်။

မိတ်ဆက်စကားကိုကြားပြီးနောက် သူဌေးသည် စိုးရိမ်မကင်း ဖြစ်လာသည်။ သူ့ရဲ့နောက်ခံက သူပြိုင်လို့ရတဲ့ အရာမဟုတ်ပါ။ ဒါပေမယ့် အန်ရှီဝေရဲ့ ခင်ပွန်းလောင်းဆိုတဲ့ စကားကြောင့်တော့ အံ့အောသွားမိသည်။

အန်ရှီဝေက ဘယ်လိုလူလဲဆိုတာ သူသိနေသည်။ အစွမ်းအစနှင့် အရည်အချင်းရှိတဲ့ အမျိုးသားများသာ

ဒီလိုမျိုး အရည်အချင်းရှိတဲ့ အမျိုးသမီးများကို လက်ထပ်နိုင်သည်။ (ဒီဆွန်းမိုက ဩဇာကြီးတဲ့ လူတစ်ယောက်ရဲ့ သားဖြစ်နေမလား။)

သူ့ဌေးမျက်နှာတွင် နောက်တစ်ကြိမ် အပြုံးပြန်ပေါ်လာသည်။

အဲဒီအတွက်လည်း ဘာမှမတတ်နိုင်ပါ။ ခင်ပွန်းလောင်းဆိုတဲ့ စကားကြောင့် အမှန်တကယ်လည်း အံ့အော မိသည်။ ဒါကလည်း ထိပ်တန်း ပါရမီရှင် အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်တော့မှာကို မြင်လိုက်လျှင် လူတိုင်းရဲ့

ပထမဆုံး တုန့်ပြန်မှု ဖြစ်သည်။ ဒီခင်ပွန်းလောင်းသည် သာမန်လူတော့ မဖြစ်နိုင်ပါ။ အစိုးရ အရာရှိကြီးတစ်ယောက်ရဲ့ သားသာ ဖြစ်နိုင်သည်။

"ဆရာဆွန်း၊ မင်းအသံက လွယ်ကူသလိုပဲ။ ငါတို့က ဒီမှာမနေရင် ဘယ်မှာနေမှာလဲ"

ကျန်ဟန်ဖူက လှောင်ပြောင်လိုက်သည်။

အခန်း(၃၁၇) - မကောင်းသော အစ။

ထုံးစံအတိုင်း နှင်းစက်ဖြူ အဆောက်အဦးနဲ့“ နီးတဲ့နေရာမှာ တည်းမယ်”

လီဇီချီ လမ်းလျှောက်ထွက်လာသည်။ သူမဆရာက ပိုက်ဆံ မရှားဖူးဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး တကယ်လို့ သူသာ ဖြစ်ချင်ခဲ့ရင် သူမက လုံး၀ စိုက်ပေးလိုက်လို့ရသည်။

ကျန်ဟန်ဖူ အရမ်းစိတ်ဓါတ်ကျပြီး သွေးချောင်း ဆိုးချင်သွားသည်။ ဒီမင်းသမီးက ဘာဖြစ်လို့

ဆွန်းမိုအတွက် အမြဲပြောပေးနေရတာလဲ။ သူက တကယ် ပြန်ပြောလိုက်ချင်ပေမယ့် စကားပြန် မပြောရဲပါ။

"ရှီဝေ၊ နေရာပြောင်းရအောင်"

ဆွန်းမို ဒီမှာ မနေချင်ပါ။

ဂျိမ်ဂျဲက ဘာမှမပြောပါ။ ဒီနေရာ မသင့်တော်ဘူးလို့ သူမလည်း ခံစားရသည်။ ကျောင်းသားတွေရဲ့ ထက်မြက်မှုကို မြင်ချင်ရင် ကောင်းမွန်တဲ့ ပတ်ဝန်းကျင်မှာ တည်းခိုဖို့

လိုအပ်သည်။ ငွေကြေးက ပြဿနာရှိရင်လည်း တစ်စိတ်တစ်ပိုင်း ကျခံပေးလိုက်မည်။

"ဆရာဆွန်း၊ စိတ်အလိုလိုက်တာ ရပ်လိုက်တော့"

လျို့မူဘိုင် လမ်းလျှောက်ထွက်လာသည်။ သူ့ရဲ့ ချောမောလှပတဲ့ မျက်ခုံးက မြင့်တက်နေသည်။

"ကောင်းကောင်း တည်းခိုဖို့ လိုအပ်တယ်ဆိုတာ အန်ရှီဝေလည်း သိတယ်။ ဒါပေမယ့် ကျောင်းရဲ့ လက်ရှိ ဘဏ္ဍာရေး အခြေအနေကို မင်းစဉ်းစားပြီးပြီလား။ ဒီလိုနေရာမှာ နေရဖို့တောင်

အန်ရှီဝေ ဘယ်လောင်တောင် ဒုက္ခခံပြီး ငွေစုခဲ့ရလဲ သိလား"

"ဟား ဟား"

ထန်ထန်ယုထန်ကတော့ ပွဲကောင်းကောင်းကို စောင့်ရင်း ကြည့်နေသည်။ လျိုမူဘိုင်၏ လေသံမှာ ဆင်းရဲသားတွေရဲ့ ဘဝဒုက္ခကို မသိတဲ့ သူဌေးသားတစ်ယောက်ကို ပြောလိုက်သလို ဖြစ်နေသည်။ ဒီလိုဝေဖန်မှုကို ဘယ်ဆရာမှ သည်းမခံနိုင်ပါ။

"ဆရာလျို"

အန်ရှီဝေ မျက်မှောင်ကြုတ်ရင်း လှမ်းခေါ်လိုက်သည်။ မျက်မှောင်ကြုတ်နေရင်တောင် လှနေသေးသည်။ ဒီလိုဝေဖန်မှုမျိုးကို မကြားချင်ပါ။ ဆွန်းမိုသာမရှိရင် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဘဏ္ဍာရေး အခြေအနေက ပိုးဆိုးသွားလိမ့်မည်။

“ကျောင်းအုပ်ကြီး အန်၊ မင်းဆုံးဖြတ်ချက်က ဘာလဲ”

ဆွန်းမိုသည် လျှိုမှုဘိုင်နဲ့ စကားများဖို့ စိတ်မပါ ပါ။

“သူ့ငွေးတန် ငါတောင်းပန်ပါတယ်”

အန်ရှီဝေက တွေဝေခြင်းမရှိဘဲ တန်းပြီး တောင်းပန်လိုက်သည်။ လျိုမူဘိုင်သည် ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ စကားပြောခဲ့သည်။ သို့သော်လည်း ဗဟိုပြည်နယ်အကယ်ဒမီရဲ့ လက်ရှိ ဘဏ္ဍာရေး အခြေအနေကို သူ မသိပါ။

ဈေးကွက်တွင် ရောမဆေးထုပ်များကို ရောင်းချနေခဲ့သည်မှာ ရက်အနည်းငယ်သာ ရှိသေးသော်လည်း ဒီပစ္စည်းက အရမ်းရေပန်းစားနေပြီ။ ပြီးတော့ အန်ရှီဝေကလည်း အမြတ်ရအောင် ဈေးနှုန်းကြီးကြီးနဲ့ ရောင်းချခဲ့သည်။

“ကျောင်းအုပ်ကြီးအန်၊ ငါ့စကားကြောင့် အဆင်မပြေဖြစ်သွားရင် ခွင့်လွှတ်ပါ။ အခုအချိန်မှာ လိဂ်ပြိုင်ပွဲ ကျင်းပနေလို့ နှင်းစက်ဖြူမြို့မှာ လာလည်တဲ့လူတွေ အများကြီး ရှိနေတယ်။ အခန်းဈေးနှုန်းတွေကလည်း နှစ်ဆ၊ သုံးဆလောက် မြင့်တက်နေတယ်။ နှင်းစက်ဖြူ အဆောက်အဦးနားက ဟိုတယ်တွေဆို ပိုတောင် ဆိုးသေးတယ်။ အခန်းတွေအားလုံးကလည်း ကြိုမှာပြီးသား ဖြစ်နိုင်တယ်။ မင်းမှာ ပိုက်ဆံရှိရင်တောင် အခန်းဌားလို့ မရနိုင်ဘူး” သူဌေးတန်ရဲ့ စကားကလည်း မှန်နေသည်။

"မင်းရဲ့ စေတနာအတွက် ကျေးဇူးတင်ပါတယ်"

အန်ရှီဝေက ပြုံးပြီး ပြန်ဖြေလိုက်သည်။ သူမက ခေါင်းလှည့်ပြီး လူတိုင်းကို ညွှန်ကြားလိုက်သည်။

"ရထားပေါ် ပြန်တက်ကြ။ တခြားနေရာ ပြောင်းမယ်"

ခုနတုန်းက ဆွန်းမိုသည် သူမကို ရှီဝေလို့ ခေါ်ရမည့်အစား ကျောင်းအုပ်ကြီးလို့ ခေါ်ခဲ့သည်။ သူမကို မိုင်ပေါင်းများစွာ စိမ်းကားမယ့် အေးစက်မှုကြောင့် အန်ရှီဝေ အရမ်း ထိတ်လန့်သွားသည်။

တကယ်လို့ သူမသာ မနာခံခဲ့ပါက အများကြီး ကြိုးစားပြီးမှ နွေးထွေးလာခဲ့တဲ့ သူမတို့ကြားက ဆက်ဆံရေးသည် နောက်တစ်ကြိမ် ပြန်စိမ်းသွားနိုင်သည်။

အန်ရှီဝေ၏ တန်းဖိုဖြတ်မှုကလည်း မျှတသည်။ ဆွန်းမို အကူအညီနဲ့ ရလာတဲ့ ကျောင်းရန်ပုံငွေကို သူ့မှာ စိတ်ကြိုက် ဆုံးဖြတ်ခွင့်ရှိသည်။

"အများဆုံးကုန်သွားလဲ ငါမုန့်တွေစားပြီး အလုပ်ဆက်လုပ်လို့ ရသေးတယ်"

အန်ရှီဝေ ဆုံးဖြတ်ချက် ချလိုက်သည်။

“ကျောင်းအုပ်ကြီးအန်၊ မင်းတို့အားလုံး အခုထွက်သွားပြီးနောက်မှ အခန်းရှာလို့ မရဘဲ မင်းတို့ပြန်လာရင် အခန်းစျေးနှုန်းက တူတော့မှာ မဟုတ်ဘူးနော်”

သူဌေးတန်က ခြိမ်းခြောက်လိုက်သည်။

“သွားရအောင်”

ဆွန်းမိုက တိုက်တွန်းလိုက်သည်။ အချိန်မရှိတော့ပါ။ သူက နှင်းစက်ဖြူမြို့တွင် တည်းခိုမည့် နေရာကို အမြန်ရှာပြီး လည်ပတ်သွားလာကာ အရသာရှိတဲ့

ထမင်းတစ်နပ်စားရန် စားသောက်ဆိုင်ကောင်းကောင်း ရှာချင်သေးသည်။

"ရထားပေါ်တက်၊ သွားကြစို့"

အန်ရှီဝေသည် စကားပြောပြီနောက် လျိုမူဘိုင်ကို တစ်ချက် ကြည့်လိုက်သည်။

"ဆရာလျို သွားရအောင်"

ဒီစကားကိုကြားပြီးနောက် လျိုမူဘိုင် မျက်နှာပျက်သွားသည်။ နှုတ်ခမ်းတွေ လှုပ်သွားပေမယ့် နောက်ဆုံးမှာ ဘာမှ မပြောခဲ့ပါ။ သူက လှည့်ပြီး ရထားပေါ်တက်သွားသည်။

"ထားလိုက်ပါတော့။ နောက်မှ တည်းခိုမယ့်နေရာမတွေ့ရင် ဒီပြဿနာကို ဖြေရှင်းမယ်"

လျှိုမူဘိုင် သက်ပြင်းချရင်း ရေရွတ်လိုက်သည်။ အန်ရှီဝေသည် အမှန်တကယ်ကို ဗိုင်းကောင်းကျောက်ဖိ မိန်းမကောင်းလေး ဖြစ်သည်။ အပြင်လူများရှေ့တွင် သူမနဲ့ စေ့စပ်ထားတဲ့လူကို ကာကွယ်ရမယ်ဆိုတာ သူမ သိသည်။

(ဟွန့်၊ ဆွန်းမို၊ မင်းမှာ ဘယ်လို အစွမ်းတွေရှိလို့ အန်ရှီဝေနဲ့ ထိုက်တန်မှာလဲ)

လျို့မှုဘိုင်သည် အန်ရှီဝေကို စိတ်မဆိုးပါ။ ဒါပေမယ့် ဆွန်းမိုကိုတော့ မကျေမနပ် ဖြစ်နေသည်။ ဒီလူသည် အန်ရှီဝေ ရင်ဆိုင်နေရတဲ့ အခက်အခဲများကို ထည့်မစဉ်းစားဘဲ စိတ်ခံစားချက်အတိုင်းသာ လုပ်ခဲ့သည်။ ဘယ်လောက်တောင် မုန်းတီးဖို့ကောင်းတဲ့ ကောင်လဲ။

"ကျောင်းအုပ်ကြီး သဘောတူညီချက်က အဖြူနဲ့ အမည်းလို ရှင်းတယ်နော်။ တကယ်လို့ မင်းထွက်သွားရင် ငါ ငွေပြန်မအမ်းဘူး"

ကိစ္စက ဒီလိုအဆုံးသတ်တော့မှာ မြင်လိုက်လျှင် သူဌေးတန်က တစ်ခုခုရအောင် ကြိုးစားလိုက်သည်။

"ဒါ............"

အန်ရှီဝေ ပြန်ပြောချင်နေသည်။ သဘာဝအရတော့ သူမသည် ငွေတချို့ကို ပြန်လိုချင်နေသည်။

"အချိန်မဖြုန်းနဲ့တော့။ ကြိုတင်ငွေကို မေ့လိုက်တော့" ဆွန်းမိုက အန်ရှီဝေကို ရထားပေါ် အမြန်တက်ခိုင်းလိုက်သည်။

အရေးကြီးတဲ့ လူတွေရဲ့ အချိန်က တန်ဖိုးကြီးသည်။ ငြင်းခုန်လို့ ကုန်မယ့်အချိန်တွေကို တပည့်တွေ လမ်းပြတဲ့နေရာမှာ အသုံးချလိုက်မည်။

“အမ်”

သူဌေးတန်သည် အစောပိုင်းတုန်းက အချိန်တစ်ခုကြာအောင် ငြင်းခုန်ရမယ်လို့ တွေးထားခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက ပြတ်ပြတ်သားသား စွန့်ခွာသွားတာကို မြင်လိုက်လျှင် ထိတ်လန့်သွားသည်။

(သူက ကြိုတင်ငွေတောင် ပြန်မယူတော့ဘူးလား) ထင်ထားသလိုပဲ သူကအရေးပါတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့ မျိုးဆက်ပဲ ဖြစ်ရမည်။ ဒီလိုမှမဟုတ်ရင် ဒီလောက် မမောက်မာနိုင်ပါ။ ဒါကိုတွေးရင်း သူဌေးတန်သည် သူ့ရဲ့လက်ထောက်ကို တစ်ချက်ကြည့်လိုက်သည်။

လက်ထောက်က ချက်ခြင်း သဘောပေါက်ပြီး လျှင်မြန်စွာ ထွက်သွားသည်။ ဆရာတွေနှင့် ကျောင်းသားများက ရထားပေါ် ပြန်တက်နေကြသော်လည်း ဆွန်းမိုကို

လှည့်ကြည့်လှည့်ကြည့် လုပ်နေကြသည်။ မျက်နှာအမူအရာကလည်း ထူးဆန်းနေသည်။

"ကြိုတင်ငွေတောင် ပြန်မယူဘူးလား။ သိပ်ရက်ရောတာပဲ"

"ဆရာဆွန်းက ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူးဖြစ်လာပြီးနောက် ကောင်းကောင်း အလုပ်လုပ်ခဲ့တာ သိပါတယ်။ ဒါပေမယ့် ပိုက်ဆံတွေကိုတော ဒီလို ဖြုန်းစရာမလိုဘူး မဟုတ်လား"

"ဒီမှာနေလည်း မဆိုးလောက်ပါဘူး"

အန်ရှီဝေရဲ့ ကိုယ်ကျင့်တရား အရည်းအသွေးက မဆိုးပါ။ ဆရာတွေအပေါ်လည်း ကောင်းမွန်စွာ ဆက်ဆံသည်။ ဒါကြောင့်လည်း လူတိုင်းက သူမကို အလေးထားကြသည်။ အကောင်းကြီး မဟုတ်ရင်တောင် ဒီနေရာမှာ နေနိုင်သည်။

သူတို့က မာနကြီးရမှာလား။ လျိုမူဘိုင်ကတော့ သိသိသာသာ မှုန်ကုတ်ကုတ် ဖြစ်နေသည်။ ဆွန်းမိုက အန်ရှီဝေကို ဆေးထုပ်ကြီး ထောက်ပံ့ပေးခဲ့တဲ့ အချက်ကိုလည်း မသိပါ။ ဒီငွေတွေက အန်ရှီဝေ ချွေတာထားတဲ့ ပိုက်ဆံတွေမှတ်ပြီး ခံစားနေရသည်။

"ဟွန်နဲ့၊ တည်းခိုဆောင်တွေကို ကြိုမမှာဘဲ မင်းဘာလုပ်နိုင်မလဲ ကြည့်အုံးမယ်"

ကျန်ဟန်ဖူသည် စိတ်ထဲတွင် အေးစက်စွာ ရယ်မောနေသည်။ အဲဒီနောက်တွင် သူ့ဌေးတန်သည် ပိုက်ဆံတစ်ထုပ်ကို ကိုင်ကာ ဆွန်းမိုဆီကို လျှင်မြန်စွာ ပြေးသွားသည်။

"ဆရာဆွန်း ငါတို့လုပ်ငန်းရဲ့ စည်းကမ်းတွေအရ စရန်ငွေရဲ့ တဝက်ကိုပဲ ပြန်အမ်းနိုင်မယ်။ ဒီမှာ ငွေတုံး နှစ်သောင်းခွဲ၊ ကျေးဇူးပြုပြီး ရေကြည့်ပါအုံး"

သူဌေးတန်သည် ဆွန်းမိုကို အကဲခတ်နေသည်။ ပိုက်ဆံကို အန်ရှီဝေဆီမပေးဘဲ ဆွန်းမိုဆီ ပေးလိုက်သည်။ ဆွန်းမို အကြောင်းကိုလည်း သိချင်နေသည်။

ဒီလိုမျိုး ပုဂ္ဂိုလ်မျိုးနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ပါက သူတို့လုပ်ငန်းအတွက် အကျိုးအများကြီး ရှိနိုင်သည်။

"သူဌေးတန်က အရမ်း သဘောကောင်းတာပဲ။ မင်းရဲ့ ဆုံးရှုံးမှုအတွက် ဒီပိုက်ဆံတွေကို ယူထားလိုက်ပါ"

ဆွန်းမိုသည် စကားပြောပြီးနောက် ပိုက်ဆံကို တစ်ချက်တောင် လှည့်မကြည့်ဘဲ ရထားလုံးပေါ် တက်သွားသည်။ သူဌေးသည် ပိုက်ဆံကိုကြည့်လိုက်၊ ဆွန်းမိုကို ကြည့်လိုက်နဲ့ အံ့အောသင့်နေသည်။

“ဒါဆို မင်းက တကယ်ချမ်းသာတာပေါ့။ ဒါက ငွေတုံး နှစ်သောင်းခွဲလေ”

(အို ကောင်းကင်ကြီးရေ၊ ဒီလောက်ငွေက ငါ့ဘဝတစ်ဝက်လောက် မြင်ခဲ့တဲ့ လူတွေရှာတဲ့ငွေနဲ့ ညီမျှတယ်)

“မြန်မြန်သွားကြတော့”

အင်ဘိုင်ဝူ တိုက်တွန်းလိုက်သည်။

"အို အို"

မြင်းလှည်းမောင်းသမားရဲ့ အပြုအမူက ပိုတောင် ရိုသေလာသည်။

"အမ်၊ ဆရာဆွန်း၊ ဆရာဆွန်း အလျှင်စလို မထွက်သွားပါနဲ့။ ဒီပိုက်ဆံတွေကို ယူသွားပါ"

သူ့ငွေးတန်က သူတို့နောက်ကို လိုက်ပေမယ့် အသုံးမဝင်ပါ။ ဆွန်းမိုက သူ့ကို လျစ်လျူရှုထားသည်။

"ငါ့ကိုပြောပါအုံး။ တစ်ယောက်ယောက်ကို စော်ကားလိုက်မိလား"

သူဌေးတန်သည် ရထားလုံးတွေကို စိုက်ကြည့်ရင်း မြေပေါ်ကို စိတ်ပျက်လက်ပျက်နဲ့ ထိုင်ချလိုက်သည်။ ထို့နောက် ထိတ်လန့်လာသည်။ "သူဌေး ငွေတုံး နှစ်သောင်းကျော်ကို ဂရုမစိုက်တဲ့လူက မင်းကို ဂရုမစိုက်တာလဲ ဖြစ်နိုင်တယ်"

လက်ထောက်က တိုးတိုးလေး ပြောလိုက်သည်။ "မင်းက အရေးမပါတဲ့ လူတစ်ယောက်ပဲ။ ဒီလိုလူက မင်းနဲ့ အချိန်ဖြုန်းပါ့မလား"

သူဌေးတန်သည် မတ်တပ်ထရပ်ပြီး လမ်းနည်းနည်း လျှောက်လိုက်သည်။ ဒါပေမယ့်

ဒီကြောင်းကိုတွေးလေလေ စိတ်ပိုပျက်လေလေ ဖြစ်နေသည်။

"မင်းတို့ သူတို့နောက်ကို လိုက်သွား။ သူတို့ ဘယ်မှာတည်းလဲ ငါ့ကို ပြန်ပြောပြ"

ဗဟိုပြည်နယ် အကယ်ဒမီသည် နိမ့်ကျလာပြီး ဆရာတွေ လစာပေးဖို့တောင် မတတ်နိုင်ဘူးလို့ ကောလဟာလတွေကို သူ့ဒွေးတန် ကြားခဲ့ရသည်။ ပြီးတော့ ဒီတစ်ခေါက် မြို့တောင်ဘက်တွင် နေချင်သောကြောင့် ကောလဟာလက မှန်နေပုံရသည်။ ဒါပေမယ့် လက်တွေ့မှာ အဲဒီလို

မဟုတ်မှန်း ဘယ်သူက သိမှာလဲ။ အန်ရှီဝေသည် ကျောထောက်နောက်ခံ ကြီးကြီးမားမား ရှာတွေ့ခဲ့တဲ့ ပုံရသည်။

ရထားပေါ်တွင် ထိုင်နေတဲ့ လျှိုမူဘိုင်သည် ပြန်အမ်းငွေကို လက်မခံလိုက်တဲ့ ဆွန်းမိုကို မြင်လိုက်လျှင် ပိုတောင် ဒေါသထွက်လာသည်။ (မင်းပဲ တကယ်ရက်ရောနေလိုက်၊ ဟွန့်)

"ဆရာ သူတို့ပြန်အမ်းတဲ့ငွေကို ဘာကြောင့် ငြင်းတာလဲ"

အင်ဘိုင်ဝူ နားမလည်နိုင် ဖြစ်နေသည်။ ငွေတုံး နှစ်သောင်းကျော်ဆိုတာ အများကြီးပါ။ စိတ်ထဲ နည်းနည်း နာကျင်သွားသည်။

“ဘာကြောင့်လဲဆိုတော့ အခုလောလောဆယ်မှာ ဆရာက ဗဟိုပြည်နယ် အကယ်ဒမီကို ကိုယ်စားပြုနေတယ်။ တည်းခိုဆောင်လို နေရာမျိုးက သတင်းပျံ့နှံ့ဖို့ အရမ်းလွယ်တယ်။ ဆရာသာ ငွေတွေကို ပြန်ယူလိုက်လျှင် ငါတို့ကျောင်းရဲ့ ဂုဏ်သိက္ခာအပေါ် ထိခိုက်မှု ရှိသွားလိမ့်မယ်”

လီဇီချီက ရှင်းပြလိုက်သည်။ စတိုင်ဆိုတာ ဘာလဲ။ ဒါပဲလေ။ (ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီက ပိုက်ဆံမရှားဘူးဆိုတာ လူတိုင်း သိသွားစေရမယ်။)

(ငွေတွေကို ပြန်ယူလိုက်လို့ သူဌေးတန်က အရှက်ခွဲဖို့ သတင်းလိုက်ဖြန့်လိုက်ရင် ဘယ်လိုလုပ်မလဲ။ အဲဒါကို ဖြေရှင်းဖို့ ကြိုးစားလေ မင်းနာမည် ပျက်လေပဲ ဖြစ်လိမ့်မယ်)

"ဒီလိုကိစ္စမျိုးက အရှက်ခွဲနည်း တမျိုးပဲ"

ထန်ထန်ယုထန်က ဖြတ်ပြောလိုက်သည်။

အထွင်ရှုံအထိပ်ရောက်တဲ့ ကျောင်းတစ်ခုသာဆိုလျှင် ဒီလို စရန်ငွေ ကိစ္စလောက်နဲ့ ငြင်းခုန်နေရမည် မဟုတ်ပါ။ ဒါကြောင့်လည်း ဆွန်းမိုက သူ့ဌေးတန် ကိစ္စကို မြန်မြန်ဖြတ်လိုက်ခြင်း ဖြစ်သည်။

နာမည်ကြီး ကျောင်းတစ်ကျောင်း ဖွံ့ဖြိုးတိုးတက်စေချင်ရင် ဘာကို အားကိုးရမလဲ။ ထုံးစံအတိုင်း မြတ်ဆရာများနဲ့ သန်မာတဲ့ ကျောင်းသား ဖြစ်သည်။ ဒီလိုနေရာမျိုးကို

မြတ်ဆရာမဟုတ်တဲ့ ဆရာများတောင် သွားချင်မှာ မဟုတ်ပါ။

"လူတစ်ယောက်သည် ရေးစီးဆင်းရာ လမ်းကြောင်းအတိုင်းလိုက်ပြီး တိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေသင့်၏" ဒါက ရှေးဆိုရိုးစကားပင် ဖြစ်သည်။ မြတ်ဆရာများသည် စွမ်းရည်တချို့ ရှိသ၍ ထိပ်တန်းနာမည်ကြီးကျောင်းတစ်ကျောင်းတွင်သာ သင်ကြားပို့ချလိမ့်မည်။

ပြီးတော့ အခုအခါတွင် ဆွန်းမိုသည် လူချမ်းသာတစ်ယောက်ဖြစ်သည်။ ငွေသုံးသောင်းထက် နည်းတဲ့ငွေအတွက်ဆိုလျှင် ဆေးထုပ်ကြီး ဆယ်ထုပ်ရောင်းချဖို့ပဲ လိုသည်။ တကယ်လို့သူသာဝိညာဉ်စုဆောင်းခြင်း ပန်းအိုးရောင်းမယ်ဆိုရင်တစ်အိုးပဲ ရောင်းချဖို့ လိုအပ်သည်။

ရထားလုံးထဲတွင် အန်ရှီဝေသည် ပတ်ဝန်းကျင်ရှုခင်းကို ခံစားနေတဲ့ ဆွန်းမိုကို အကဲခတ်လိုက်သည်။ သူ့မျက်နှာတွင် အပြုံးတစ်ခု ရှိနေသည်။

ဒီငွေပမာဏကို အန်ရှီဝေသည် ပြန်လိုချင်သော်လည်း ယူလို့မဖြစ်ကြောင်းကို နားလည်သည်။

ဗဟိုပြည်နယ်အကယ်ဒမီသည် သူ့မဘာဝထက် ပိုအရေးကြီးတယ်လို့ ခံယူထားသည်။ ကျောင်းဂုဏ်သိက္ခာ ထိခိုက်စေမယ့် အရာမျိုးကို မလုပ်နိုင်ပါ။ ငွေတုံး နှစ်သောင်းကို ပြန်မယူခဲ့လျှင် ဗဟိုပြည်နယ် အကယ်ဒမီသည် ကြီးမြတ်ပြီး ရက်ရောတယ်လို့ ထင်ရမည်။ နာမည်ကြီးကျောင်း တစ်ကျောင်းရဲ့ ယုံကြည်မှု ဆက်လက်ပြီး

ထိန်းသိမ်းခြင်းရင် တွန့်တို ကပ်စီးနဲ့တတ်တဲ့ အိမ်ထောင်ရှင်မ အမျိုးသမီးတစ်ယောက်လို တွေးလို့ မရပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို (၂,၈၇၀/၁၀,၀၀၀)

မြို့ရဲ့ အရှေ့ခြမ်းသည် စီးပွားရေး နယ်မြေဖြစ်သည်။ နှင်းစက်ဖြူ အဆောက်အဦးသည် ရီးအိမ်ရာတွင် တည်ရှိသည်။

ဆွန်းမိုသည် အဲဒီနေရာမှ အခမ်းအနားဆုံး တည်းခိုဆောင်ကို ဦးတည်နေသည်။ သို့သော်လည်း ဒါက လွန်ကဲတယ်လို့ ယူဆသောကြောင့် အန်ရှီဝေက သဘောမတူခဲ့ပါ။ ဒီနေရာက အရမ်းနီးသည်။

ပြီးတော့ တည်းခိုဆောင်နှစ်ခုကို စစ်ဆေးပြီးတဲ့ အချိန်တွင် အမှန်တကယ်ကို ဘိုကင်လုပ်ထားသည်။ ရထားလုံးတွေ ရပ်တန့်လိုက်သည်။

"ငါဘာပြောခဲ့လဲ။ ဒီအချိန်က လူအစည်ဆုံး အချိန်ပါလို့။ ပိုက်ဆံသုံးချင်ရင်တောင် အခန်းရှာလို့ မရဘူး"

ကျန်ဟန်ဖူက လှောင်ပြောင်လိုက်သည်။ ဆွန်းမိုသည် စကားပြောရင်း အချိန်မဖြုန်းချင်ပါ။ အိတ်ကပ်ထဲကနေ နှင်းစက်ဖြူမြို့ရဲ့ မြေပုံ ထုတ်လိုက်သည်။

"ဆရာ ကျွန်မ အမှတ်အသား လုပ်ထားတယ်။ နှင်းစက်ဖြူ အဆောက်အဦးနဲ့ အနီးအနားမှာ တည်းခိုဆောင် ၃၇ခု ရှိတယ်"

လီဇီချီက ပြေးလာပြီး မြေပုံကို ဖွင့်လိုက်သည်။

ဂျိမ်ဲဂျဲနဲ့ အခြားသူများလည်း ဘေးမှာ ရှိနေကြသည်။ သူတို့သည် လီဇီချီကို

ချီးကျူးတဲ့အကြည့်နဲ့ တစ်ချက်ကြည့်လိုက်သည်။ မျက်လုံးတွေလည်း တောက်ပနေကြသည်။

မြေပုံပေါ်တွင် နှင်းစက်ဖြူ အဆောက်အဦးကို အလယ်ဗဟိုထားကာ မီတာ ၅၀၀ အချင်းရှိတဲ့ စက်ဝိုင်းတစ်ခု ရေးဆွဲထားသည်။ ပြီးတော့ ဟိုတယ်အဆင့်အတန်းနဲ့ ဈေးနှုန်းများကိုလည်း ဖော်ပြထားသည်။

“အထွင့်မြအထိပ် တည်းခိုဆောင်တွေက စုစုပေါင်း ၁၂လုံးရှိတယ်။ ဒါပေမယ့် ဒီလို တည်းခိုဆောင်တွေက သူတို့ရဲ့ဂုဏ်သတင်းကို အရမ်းတန်ဖိုးထားပြီး

ငါတို့ပိုက်ဆံပေးချင်ရင်တောင် ငါတို့ အခန်းမရနိုင်လောက်ဘူး”

လီဇီချီက ခွဲခြမ်းစိတ်ဖြာ ပြလိုက်သည်။ (ဒါကြောင့် ဒုတိယအဆင့်ကနေ ရှာကြည့်ဖို့ အကြံပေးချင်ပါတယ်။ ဒီတည်းခိုဆောင် ငါးလုံးကို စမ်းကြည့်လို့ ရတယ်)

“ဒီအချက်အလက်တွေကို ဘယ်အချိန်ကတည်းက စပြီး စုဆောင်းခဲ့တာလဲ”

ကူရှုပ်ရှင်း သိချင်လာသည်။

"ငါတို့ ခရီးမထွက်ခင် တစ်လခွဲ အလိုလောက်ကပဲ"

လီဇီချီသည် မိုးရွာမဲ့ နေ့အတွက် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ သူမ ဆရာကို ပိုကောင်းတဲ့ အခန်းမှာ တည်းခိုစေချင်သည်။ ကျောင်းက စီစဉ်ပေးတဲ့ တည်းခိုခန်းမှာ အဆင်မပြေခဲ့လျှင် ဆရာ့အတွက် ပိုကောင်းတဲ့ အခန်းတစ်ခုကို သူ့ပိုက်ဆံနဲ့ ဘိုကင် လုပ်ထားခဲ့သည်။

"ဘယ်တည်းခိုဆောင်က အကောင်းဆုံးလို့ ထင်လဲ"

ဆွန်းမိုက မေးလိုက်သည်။ လီဇီချီရဲ့ တုန်လှုပ်စရာကောင်းတဲ့ စွမ်းဆောင်ရည်ကြောင့် သူက အဆင်သင့် အသုံးချလိုက်သည်။

“ဒီတည်းခိုဆောင်ပဲ။ မေပယ်တစ်ထောင်။ နှင်းစက်ဖြူ အဆောက်အဦးနဲ့ အနည်းငယ်လှမ်းပေမယ့် အဲဒီနေရာရဲ့ ရှုခင်းက အရမ်းကောင်းတယ်။ ညကျရင်လည်း နှင်းစက်ဖြူမြို့ရဲ့ အလှအပကို ခံစားလို့ရတယ်”

လီဇီချီသည် အချိန်တော်တော်ကြာအောင် သုတေသန လုပ်ပြီးပြီ ဖြစ်သဖြင့် ချက်ခြင်း အဖြေပေးလိုက်သည်။

"ပြီးတော့ သူတို့ရဲ့ မေပယ်ရွက် ငါးကင်က အရမ်းကောင်းတယ်လို့ ငါကြားတယ်"

"မင်းပြောခဲ့တဲ့ ပုံအရဆိုလျှင် တညတည်းရင်တောင် ငွေတုံး သုံးသောင်းလေ။ ဘုရားရေ၊ ငါတို့မှာ လူအများကြီးပဲ အခန်းဘယ်နှစ်ခန်းလောက် လိုမလဲ။ အကြမ်းဖြင်းတွက်ရင်တောင် တညကို အခန်း

(၁၅)ခန်းလောက် လိုတယ်။ ဒီလိုဆိုတော့ တညကို သောင်းနဲ့ချီပြီး သုံးစွဲဖို့ လိုတယ်”

ကျန်ဟန်ဖူ လျှာကိုက်လိုက်မိသည်။

“ဒါတင် မကသေးဘူး။ အခန်းတွေကလည်း ကြိုတင် ဘိုကင် လုပ်ထားမှာ သေချာတယ်။ အဲဒါတွေကို လိုချင်ရင် ဈေးက သုံးဆလောက် ပေးရလိမ့်မယ်”

ဂျိမဲဂျဲ ခေါင်းခါလိုက်သည်။ အခန်းတွေက သေချာပေါက် ကြိုတင်မှာထားပြီးသားပါ။ ဈေးအရမ်းမြင့်ပြီး မတန်ပါ။

"သူတို့က အခန်းတစ်ခု လူဘယ်နှစ်ယောက် ပေးနေမှာလဲ။ အခန်း ငါးဆယ်နဲ့တောင် မလောက်မှာကို ငါကြောက်တယ်"

ကျန်ဟန်ဖူ ပွဲလန့်အောင် ထပ်လုပ်လိုက်သည်။ ပြီးတော့ အန်ရှီဝေကိုလည်း အပြစ်တင်ခဲ့သည်။

"ဘာလို့ အခန်းလုပ်နေမှာလဲ။ ပြဿနာ များလွန်းတယ်။ ဟိုတယ်တစ်ခုလုံး ဘိုကင်လုပ်လိုက်"

လီဇီချီက မတရားချမ်းသာမှုကို တစ်ခါတည်း ဖော်ပြလိုက်သည်။ ပိုက်ဆံ မရှားတဲ့

မိန်းမပျိုလေးသည် ရက်စက်ကြမ်းကြုတ်လွန်းသည်။ သူမ လိုချင်သမျှကို လုပ်နိုင်စွမ်းရှိသည်။

"စာအုပ်လား၊ ဘာစာအုပ်လဲ"

အန်ဘိုင်ဝူ နားမလည်ပါ။ (မှတ်ချက်။ အင်္ဂလိပ်လို စာအုပ် ဘုတ်နှင့် ကြိုတင်မှာယူခြင်း ဘိုကင် သည် မသိတဲ့လူအတွက် အသံထွက်ခြင်း ဆင်သည်)

"ထုံးစံအတိုင်းပဲ ရှိသမျှ အခန်းစာအားလုံး တည်းခိုဆောင်ကို ပေးရမှာပေါ့"

"အမ်၊ ဘယ်လောက်တောင် ပေးရမှာလဲ"

အင်ဘိုင်ဝူ မှင်တက်နေသည်။ တည်းခိုဆောင်တစ်ခုလုံး ဘိုကင်လုပ်မယ့် အတွေးမျိုး အရင်ကတည်းက မစဉ်းစားဖူးပါ။

ဆင်းရဲတဲ့လူသည် ချမ်းသာတဲ့လောကကို ဘယ်တော့မှ နားမလည်နိုင်ပါ။

"ဒါဆိုလည်း အဲဒီနေရာပဲပေါ့"

ဆွန်းမို ဆုံးဖြတ်ချက်ချပြီး မကြာခင် ရထားလုံးများသည် မေပယ်တစ်ထောင် ဟိုတယ်အပြင်ဘက်သို့ ရောက်ရှိလာသည်။ အန်ရှီဝေနှင့် ဆရာအဖွဲ့သည် အခန်းမေးရန်

ဝင်သွားသည်။ ကျန်တဲ့လူတွေက အပြင်မှာပဲ နေခဲ့သည်။

လီဇီချီကတော့ ထုံးစံအတိုင်း ဆွန်းမို အနောက်က ပါနေသည်။ အတွင်းရေးမှူး ပေါက်စလေးပါ။

"လူတိုင်းကို တောင်းပန်ပါတယ်။ အခန်းအားလုံး ပြည့်နေပါပြီ"

သူ့ငွေးနာမည်က လဲ့ ဖြစ်သည်။ သူက ဗိုက်ရွှဲရွှဲနဲ့ လူလတ်ပိုင်းတစ်ယောက် ဖြစ်သည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ အိပ်ရေးမဝတဲ့ ပုံပေါက်နေသည်။

"ဒီမှာ ဒဏ်ကြေးက ဘယ်လောက်လဲ"

လီဇီချီက မေးလိုက်သည်။ ဒီလို ကိစ္စလေးအတွေအတွက် ဆရာ့ကို ဒုက္ခမပေးချင်ပါ။

သူ့ဒြေးလဲ့သည် လီဇီချီကို လုံးဝမကြောက်ဘဲ အကဲခတ်လိုက်သည်။ ဒီလုပ်ငန်းလုပ်ကြတဲ့ လူအားလုံးသည် လူအကဲခတ်တဲ့ စွမ်းရည် ကောင်းကြသည်။ လီဇီချီဆီက ထွက်လာတဲ့ အငွေ့အသက်သည် အထင်ကြီးဖို့ကောင်းတဲ့ နောက်ခံကို ထင်ဟပ်စေသည်။ သူမသည် သေချာပေါက် ချမ်းသာတဲ့ မျိုးနွယ်က ဖြစ်နိုင်သည်။

“အရင်က ၃၀ရာခိုင်နှုန်း ရှိပေမယ့် အခုတော့ ၇၀ ရာခိုင်နှုန်း ဖြစ်နေပါပြီ”

သူဌေးလဲ့က ပြုံးပြီး ပြောလိုက်သည်။

“ငါတို့ ဒဏ်ကြေးပေးမယ် အခန်းလိုက်ပြပါ။ အခန်းတစ်ခုရဲ့ ဈေးနှုန်းကိုလဲ သုံးဆပေးမယ်...........”

လီဇီချီ စကားမဆုံးသေးခင် နောက်ထပ် လူတစ်စုဝင်လာပြီး စကားဝိုင်းကို နှောက်ယှက်လိုက်သည်။

“သူဌေး၊ မင်းတည်းခိုဆောင် တစ်ခုလုံးကို ဘိုကင် လုပ်ချင်တယ်”

ခေါင်းဆောင်လုပ်တဲ့ လူငယ်က ပြောလိုက်သည်။ သူက ခေါင်းလှည့်ပြီး ဘေးနားက ကောင်မလေးကို ပြောလိုက်သည်။

“ဒီက ငါးကင်က မဆိုးဘူး။ ညဘက်ကျရင် ငါတို့ မြည်းကြည့်ကြတာပေါ့”

“ကျန်တဲ့လူတွေက ဘာကြောင့် ကြည့်နေတာလဲ။ မြန်မြန်သွားပြီး ခရီးဆောင်အိတ်တွေ သယ်ကြတော့လေ”

လူငယ်လေးသည် ချမ်းသာတဲ့ သခင်လေးတစ်ယောက်လို ပြုမူနေသည်။

အနီးအနားက တည်းခိုဆောင် ဝန်ထမ်းများကို ခိုင်းလိုက်သည်။

သူ့ငွေးလဲ့လည်း သွားတွေ ကျိန်းသွားသည်။ ဒါက ဘာနေ့လဲ။ ချမ်းသာခြင်း နတ်ဘုရား ကြွလာလား။ ပြီးတော့ ဒီငွေတွေက သတိမထားမိရင် သူ့လက်ကို လောင်ကျွမ်းစေနိုင်သည်။

ကောင်မလေးအကြောင်းကတော့ ဘာမှပြောစရာ မရှိပါ။ ထူးချွန်တဲ့ အမူအရာ ရှိသည်။ လူငယ်လည်း မဆိုးပါ။ သူက ဟိုတယ် တစ်ခုလုံး ဘိုကင်လုပ်ချင်တဲ့ အကြောင်းသာပြောခဲ့ပြီး ငွေအကြောင်း လုံးဝ

မပြောခဲ့ပါ။ သူ အရမ်းချမ်းသာရင် ချမ်းသာ ဒီလိုမှမဟုတ်ရင် လူလိမ်တစ်ယောက်ပဲ ဖြစ်မည်။

အမှုအရာကို ကြည့်ရတာတော့ နောက်နေတဲ့ ပုံစံ မရှိပါ။

"လက်ဖက်ရည်တွေနဲ့ မုန့်တွေက ဘယ်မှာလဲ။ မင်းမှာ သုံးသပ်နိုင်စွမ်းက နိမ့်ကျပြီး စိတ်အားထက်သန်မှု မရှိဘူးလား"

လူငယ်က မျက်မှောင်ကြုတ်ပြီး မာန်မဲလိုက်သည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ ချမ်းသာတဲ့ မျိုးနွယ်စုက ဒုတိယမျိုးဆက်မှန်း သိသာသည်။ သူ့ရဲ့စရိုက်အရ

အခြားသူများအပေါ်တွင် မောက်မာပြီး လွှမ်းမိုးတတ်တဲ့ ပုံ ဖြစ်နေသည်။

အခန်း(၃၁၈) - ငါ ဆွန်းမိုလည်း ငွေဖြုန်းချင်တယ်။

"သူတို့က ဟန်ကျုံက"

အန်ရှီဝေက အသံတိုးတိုးလေးနဲ့ သတိပေးသည်။

ဒီလူများသည် အပြာရောင် ဝတ်စုံရှည်များကို ဝတ်ဆင်ထားသည်။ ရှည်လျားသော ဝတ်စုံရဲ့ အောက်ခြေတွင် ပင်လယ်လှိုင်းပုံစံ လှိုင်းတွန့်လေးများကို ခြယ်သထားသည်။ သူတို့ကျောင်းရဲ့ အဆောင်အယောင်ဖြစ်တဲ့ ဇင်ယော်သုံးကောင် ဌက်ပုံစံကိုလည်း ရင်ဘက်ပေါ်တွင် မြင်နေရသည်။

ဒါက ဝေပြည်နယ် ဟန်ကျုံအကယ်ဒမီက ကိုယ်စားလှယ်များ ဖြစ်နိုင်သည်။

"အမ်၊ ကျောင်းအုပ်ကြီး အန်ရှီဝေ မဟုတ်ဘူးလား။ ဂါရဝ မပြုလိုက်မိဘူး"

လူငယ်လေးသည် သူ့ဘေးနားက ကောင်မလေးကို အရမ်းအရေးပေးသည်။ ဒါပေမယ့် အန်ရှီဝေကို မြင်လိုက်ပြီးနောက် မျက်လုံး အရောင်တောက်လာသည်။

"မင်းကရော"

အန်ရှီဝေက သူ့ကို ဘယ်သူလဲဆိုတာ လုံးဝ မသိပါ။

"ငါ့နာမည်က ဝေလု၊ ဟန်ကျုံ အကယ်ဒမီ ကျောင်းအုပ်ကြီးရဲ့မြေးပါ။ ဒီနှစ်မှာ ဆရာတစ်ယောက်အနေနဲ့ အလုပ်ဝင်ခဲ့ပြီး ကျောင်းသားအသစ်ပြိုင်ပွဲကို ဦးဆောင်မယ့် ဆရာတစ်ယောက်လည်း ဟုတ်တယ်"

ဝေလုသည် စကားပြောမြန်ပြီး သူ့ရဲ့လေသံက မာနတရားနဲ့ ပြည့်နေသည်။

"ဖူး"

လီဇီချီ ရယ်ချင်စိတ်ပေါက်လာသည်။ (မင်းက ဆရာတစ်ယောက်ဆိုရင် ဘာဖြစ်လို့

မြေးတစ်ယောက်အနေနဲ့ မိတ်ဆက်နေတာလဲ။ မင်းရဲ့ အလုပ်အကိုင်ပေါ် ဘယ်လို သဘောထားနေတာလဲ။)

ဝေလု၏ နှလုံးသားထဲတွင် ဆရာဟူသော နာမည်သည် ဟန်ကျို့ အကယ်ဒမီ ကျောင်းအုပ်ကြီးရဲ့ မြေးဆိုတဲ့ ဂုဏ်ပုဒ်လောက် အရေးမပါပါ။

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ ဒီကောင် အမိုက်စားဖြစ်အောင် သရုပ်ဆောင်တဲ့နေရာမှာ မကျွမ်းကျင်ဘူးပဲ။ ဆွန်းမိုသည် မာနကြီးပြီး အထက်စီးဆန်တဲ့ ပုံစံကိုမြင်ပြီး မိသားစုရဲ့

အလိုလိုက်မှုကြောင့် ဆိုးဆိုးဝါးဝါး ပျက်ဆီးနေတဲ့ လူတစ်ယောက်မှန်း သိသာနေသည်။

ဝေပြည်နယ်သည် ဂျင်တိုင်းပြည်တွင် တည်ရှိသည်။ လူဦးရေ သန်းဂဏန်း အနည်းငယ်သာ ရှိတဲ့ တိုင်းပြည်ကလေး ဖြစ်သည်။ သို့သော်လည်း သူတို့ ဝိညာဉ်ကျောက်တုံး မိုင်းတစ်ခု ပိုင်ဆိုင်ထားသောကြောင့် နိုင်ငံသားအားလုံးကို ကောင်းမွန်စွာ ထောက်ပံ့ထားသည်။

နိုင်ငံသားများသည် အစားအသောက် ဒါမှမဟုတ် အဝတ်အစားများအတွက် စိတ်ပူစရာ မလိုပါ။

မျိုးဆက်သစ်များ၏ ပညာရေးအတွက်လည်း ထောက်ပံ့ပေးထားသည်။ သူတို့ရဲ့ ယဉ်ကျေးမှုက အရမ်းကျယ်ပြန့်တယ်လို့ သတ်မှတ်နိုင်သည်။

ဟန်ကျုံအကယ်ဒမီသည် ေနိုင်ငံ တော်ဝင်မျိုးနွယ်က တည်ထောင်ထားတဲ့ အမျိုးသားကျောင်း ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း တော်ဝင်မျိုးနွယ်က ရန်ပုံငွေ အမြောက်အမြား ထောက်ပံ့ပေးသည်။ သို့သော်လည်း လူဦးရေ သိပ်သည်းမှုက အကန့်အသတ်နဲ့ ဖြစ်နေသဖြင့်

နှစ်ပေါင်းများအတွင်းတွင် ‘စီ’အဆင့်နှင့် ‘ဒီ’အဆင့်ကို ကူးပြောင်းနေခဲ့သည်။

ဟန်ကျုံအကယ်ဒမီရဲ့ အလုံးစုံအင်အားကို ‘ဒီ’အဆင့်ရှိတဲ့ ကျောင်းပေါင်း ၁၀၈ ကျောင်းထဲတွင် ထိပ်တန်း သုံးခုထဲ သတ်မှတ်နိုင်သည်။ သူတို့သည် ‘စီ’အဆင့်ကို မကြာခဏ တက်ရောက်နိုင်ပေမယ့် သူတို့ရဲ့ အဆင့်က မတည်ငြိမ်ပါ။ တစ်နှစ် ဒါမှမဟုတ် နှစ်နှစ်တစ်ကြိမ် ‘ဒီ’အဆင့်ကို ပြန်ကျသွားတတ်သည်။

ဒီအတွက်လည်း အဖြေမရှိပါ။ 'စီ'အဆင့်တွင် ကျောင်းပေါင်း ၇၂ကျောင်းသာ ရှိသဖြင့် ပြိုင်ဆိုင်မှု ပိုပြင်းထန်သည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ဟန်ကျုံအကယ်ဒမီသည် ပိုက်ဆံသာရှိပြီး အခြေခံအုတ်မြစ် မလုံလောက်ပါ။ သူတို့ ဌားထားတဲ့ မြတ်ဆရာများသည် ထိပ်တန်းအဆင့် မြတ်ဆရာများ မဟုတ်ကြပါ။ ထိပ်တန်းအဆင့် မြတ်ဆရာများအတွက် ပိုက်ဆံ မရှားပါ။ နောက်တစ်ချက်လည်း ရှိသေးသည်။ ဝေနိုင်ငံသည်

ချမ်းသာပေမယ့် ကျောင်းရန်ပုံငွေထဲသို့ ငွေ့အကန့်အသတ်မရှိ ထည့်မသွင်းနိုင်ပါ။ သူတို့သည် သူတော်စင်ဂိတ်နဲ့ နယ်စပ်တွင် ရှိတဲ့ ဂျင်နိုင်ငံကို ဝင်ငွေထဲက တစ်စိတ်တစ်ပိုင်း ပေးနေရသေးသည်။

စကားပုံတစ်ခုလိုပဲ ‘ကျောက်စိမ်း လက်စွပ်ကို သိမ်းဆည်းခြင်းသည် ရာဇဝတ်မှုတစ်ခု ဖြစ်လာနိုင်သည်။ တကယ်လို့ သူတော်စင်ဂိတ်သာ ကြားဝင် မဖြေရှင်းပေးခဲ့ရင် ဝိညာဉ်ကျောက်တုံးမိုင်း ပိုင်ဆိုင်တဲ့ ဝေနိုင်ငံကို ပိုကြီးတဲ့ ဂျင်နိုင်ငံက ဝါးမျိုသွားလိမ့်မည်။

အမှန်တိုင်း ပြောရလျှင် ဝေလုရဲ့ သရုပ်ဆောင်မှုက လွန်တယ်လို့ ပြောလို့မရပါ။ ဆန့်ကျင်ဘက်အနေနဲ့ နိမ့်ကျတဲ့ ပုံရိပ်ကို ထိန်းသိမ်းထားတယ်လို့တောင် ပြောနိုင်သေးသည်။ ဒီလိုမဟုတ်ဘဲ သူက ဘယ်သူဘယ်ဝါလို့ ကြွားချင်တဲ့အခါ ကျောင်းအုပ်ကြီးရဲ့ မြေးလို့ မပြောဘဲ တော်ဝင်မျိုးနွယ်ကလို့ ပြောရလိမ့်မည်။

အမှန်တကယ်လည်း ဝေလုသည် တော်ဝင်မျိုးနွယ်က ဖြစ်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်"

အန်ရှီဝေက ခေါင်းညိတ်ရင်း ပြန်ဖြေလိုက်သည်။

"မကြာသေးခင်က ကျောင်းအုပ်ကြီး ဘူဝေရဲ့ ကျန်းမာရေး အခြေအနေ ဘယ်လိုလဲ။ သူ ကိုမာ ရနေတာကနေ သက်သာလာပြီလား"

"အရင်အတိုင်းပါပဲ"

ဝေလုသည် အန်ရှီဝေနဲ့ စကားပြောခွင့်ရတဲ့ အတွက် အရမ်းဝမ်းသာနေသည်။ သူမက မိန်းမလေးအဆင့်မှာ အဆင့်(၇) ရပ်တည်နေသည်။ သူမကိုသာ လက်ထပ်လိုက်လျှင် ယောကျ်ားထုကြီးရဲ့ မနာလို စိတ်ကြောင့် နစ်မွန်းသွားနိုင်သည်။

"အပွတ့်၊ အပွတ်"

သူ့ဘေးနားက ကောင်မလေးသည် မကျေမနပ်နဲ့ ချောင်းနှစ်ကြိမ် ဆိုးလိုက်သည်။

"အို လင်အာ၊ သူမနဲ့ မိတ်ဆက်ပေးပါရစေအုံး။ ဒါက ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းအုပ်ကြီး အန်ရှီဝေပါ"

ဝေလု မိတ်ဆက်ပေးလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီ ဟုတ်လား။ ဒါက အထွင့်ရှုအထိပ်အဆင့် ကျောင်း မဟုတ်ဘူးလား"

ဝမ်ယွင်လင် မျက်နှာတွင် တုန်လှုပ်ခြောက်ခြားမှုနဲ့ ပြည့်နေသည်။ သူမသည် ဝေလုကို ကြည့်လိုက်သည်။

"အမ်၊ မင်းမှားနေပြီ။ ဗဟိုပြည်နယ်အကယ်ဒမီက အထွင်နှုအထိပ်အဆင့် ကျောင်းမဟုတ်တော့ဘူး။ အခုတော့ 'ဒီ' အဆင့်လို့ပဲ သတ်မှတ်ရမယ်"

ဝေလုက ရှင်းပြသည်။

"ဘာဖြစ်လို့ ဒီလောက် အထိတောင် အဆင့်နိမ့်ကျသွားရတာလဲ။ မင်းမှားနေတာလား"

ဝေယွင်လင် အံ့အောသင့် ဟန်ဆောင်နေသည်။

"ဇာတ်လမ်းက အရှည်ကြီးပဲ"

ဝေလုက မျက်နှာတည်ကြီးနဲ့ ရှင်းပြနေသည်။ သို့သော်လည်း ဘေးနားမှာရှိတဲ့ ဗဟိုပြည်နယ် အကယ်ဒမီက လူများသည် သိသိသာသာကို မျက်နှာပျက်သွားသည်။

ဝေလုရဲ့ ပင်ကိုယ်စရိုက်က ပြတ်သားသည်။ သို့သော်လည်း ဝမ်ယွင်လင် ဟန်ဆောင်ပြီး အန်ရှီဝေ မျက်နှာပျက်အောင် လုပ်ချင်နေတာကို လူတိုင်း သတိထားမိသည်။

"ဟွန့်"

ဝမ်ယွင်လင်သည် ဂျင်နိုင်ငံက မင်းသမီးတစ်ပါးဖြစ်ပြီး အရမ်းလှသည်။ ဒီနေရာကို လာတဲ့လမ်းတစ်လျှောက်တွင် ဝေလုသည် သူမကို ဆွဲဆောင်ဖို့အတွက် တက်တက်ကြွကြွ လုပ်ဆောင်ခဲ့သည်။ ဝမ်ယွင်လင်သည် ပြန်မကြိုက်နိုင်သော်လည်း ဂရုစိုက်ခံရတာကို အရမ်းသဘောကျသည်။

သို့သော်လည်း ဝေလုသည် အန်ရှီဝေကို မြင်လိုက်တာနဲ့ သူမကို ချက်ခြင်း စွန့်ပစ်သွားသည်။ ဒါကို ဘယ်လို သည်းခံရမှာလဲ။ ပြီးတော့

အဆိုးဆုံးအချက်က အန်ရှီဝေသည် သူမထက် ပိုလှနေသည်။

ဝမ်ယွင်လင်သည် မင်းသမီးတစ်ပါး ဖြစ်သော်လည်း အန်ရှီဝေနဲ့ ယှဉ်လိုက်လျှင် သူမရဲ့ပုံရိပ်နှင့် အလှတရားက လုံးဝကို ရှုံးနိမ့်နေသည်။

“သူမက မိန်လှလေးအဆင့်မှာ အဆင့်(၇) ဟုတ်လား။ ခဏစောင့်နေလိုက် နောက်နှစ်ကျရင် ငါလည်း မြတ်ဆရာ ဖြစ်လာပြီး

မိန်းမလှလေးအဆင့်မှာ အဆင့်သတ်မှတ် ခံရလိမ့်မယ်”

ဝမ်ယွင်လင်သည် အရမ်းမကျေမနပ် ဖြစ်နေသည်။

ဒီအဆင့်သတ်မှတ်ချက်ကို မိန်းမလှလေးများ လို့ ခေါ်သည်။ ဒီအဆင့် သတ်မှတ်ချက်ကို လိုချင်ပါက လှပရုံသာမက မြတ်ဆရာဆိုတဲ့ ဂုဏ်ပုဒ်လည်း ရှိရမည်။

“သူဌေးလဲ့ ၊ အခန်းပြင်ပေးဖို့အတွက် ပြဿနာ ရှိနေလား”

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

“ခဏာနေအုံး၊ ငါတို့က ဟိုတယ်တစ်ခုလုံးကို ဘိုကင် လုပ်ထားပြီးသား”

ဝမ်ယွင်လင် စကားစ ပြတ်သွားသည်။

“အို၊ မင်းဝတ်ထားတဲ့ ပုံအရ ဆရာတစ်ယောက် ဖြစ်နိုင်တယ်။ အရင်လာ အရင်စားဆိုတဲ့ စကားကို မသိဘူးလား”

သူမဆရာသာ ဝင်ပြောလိုက်လျှင် ဆရာရဲ့ဂုဏ်သိက္ခာ ကျသွားမှာကို သိနေသည်။ ဒါကြောင့် သူမ ဝင်ပြောလိုက်သည်။

တကယ်တော့ လီဇီချီ စိတ်ပူနေခြင်းသာ ဖြစ်သည်။ ဆွန်းမိုက ဒီလို အရေးမပါတဲ့ ကိစ္စများကို ဂရုမစိုက်ပါ။ ဗဟိုပြည်နယ်အကယ်ဒမီကလည်း တကယ်နိမ့်ကျနေသည်။

"မင်းတို့သာ အရင်ရောက်လာရင် အခန်းထဲ ရောက်နေရမှာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ ဧည့်ခန်းထဲမှာ ရှိနေရတာလဲ"

ဝမ်ယွင်လင် သဘောတရား ဆန်ဆန် ပြောလိုက်သည်။

"လင်အာ"

ဝေလုသည် အန်ရှီဝေနဲ့ ဆက်ဆံရေး မတင်းမာစေချင်သဖြင့် သူ့ကို စည်းရုံးလိုက်သည်။ ဘည်လိုပဲ အလှလေးဆိုတာ ဦးစားပေးပြီး ဆက်ဆံသင့်သည်။

“ဘာဖြစ်လို့ တခြား တည်းခိုဆောင်ကို မပြောင်းတာလဲ”

“ဘာဖြစ်လို့ ပြောင်းရမှာလဲ”

ဒီစကားကို ကြားလိုက်လျှင် ဝမ်ယွင်လင်သည် အမြှီးအနင်းခံထားရတဲ့ ကြောင်တစ်ကောင်လို ဖြစ်သွားသည်။ သူမ တန်းပြီး ပေါက်ကွဲသွားသည်။

“မင်းက သူမကို ကြောက်နေတာလား”

ဝေလု မျက်နှာ ပျက်သွားသည်။

“ဟန်ကျုံ့ အကယ်ဒမီက ဗဟိုပြည်နယ်အကယ်ဒမီကို ကြောက်စရာလား”

ဝမ်ယွင်လင်က ဆက်မေးလိုက်သည်။

“ဒါက ဘယ်လို ဖြစ်ရတာလဲ”

ဝေလုက ယုံကြည်ချက် ရှိရှိ ရယ်မောလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါ့ရဲ့ ဟန်ကျံုအကယ်ဒမီက 'ဒီ' အဆင့်ရဲ့ ထိပ်ဆုံး သုံးနေရာမှာ ရပ်တည်နေတယ်။ မကြာခဏ အဆင့်တောင် တက်သွားသေးတယ်"

"အို။ ဒီလိုဆိုလဲ ဘာဖြစ်လို့ ဟိုတယ်ကို သူတို့ကို ပေးလိုက်ရတာလဲ"

ဝမ်ယွင်လင်က "လိဂ်ပြိုင်ပွဲက စတော့မယ်။ နှင်စက်မြို့မှာ ရှိတဲ့ ဟိုတယ်တွေက လွယ်လွယ်ကူကူနဲ့ ဘိုကင်လုပ်လို့ မရတော့ဘူး။ ဒါနဲ့ လွဲချော်သွားရင် ကျောင်းသားတွေ

ဘယ်လောက်တောင် ခရီးသွားရအုံးမှာလဲ။ မင်း မပင်ပန်းရင်တောင် သူတို့က..”

ဒီစကားကို ကြားပြီးနောက် ဝေလု အနည်းငယ် ရှက်သွားသည်။ လှည့်ကြည့်လိုက်လျှင် တခြားဆရာတွေလည်း စိတ်မရှည်တော့တာကို မြင်လိုက်ရသည်။ ဒါကြောင့် ရယ်မောရင်း ဆုံးဖြတ်လိုက်သည်။

“ကျောင်းအုပ်ကြီးအန်၊ တောင်းပန်ပါတယ်။ ဒီတည်းခိုဆောင်ကို ငါတို့ကြိုတင်ပြီး ဘိုကင်လုပ်ထားပြီးသား”

ဝေလုက ပုခုံးတွန့်ပြပြီး ဘာမှမတတ်နိုင်တဲ့ ပုံစံ လုပ်ပြလိုက်သည်။ (မင်းပြောရုံနဲ့ ကြိုတင်ဘိုကင်လုပ်ထားတယ် ဖြစ်သွားရောလား။ မင်းက ငါ့ရဲ့ အမြင်ကို မေးကြည့်ပြီးပြီလား)

သူ‌ငွေးလဲ့ နှုတ်ခမ်းကွေးသွားသည်။ သူသည် ကျော်ကြားတဲ့ စီးပွားရေးသမား တစ်ယောက်ဖြစ်သည်။ ဒီအခုပ်စုနှစ်ခု အချင်းချင်း ပြောနေရင်း လူငယ်ရဲ့ အဘိုးနာမည်ကို သိလိုက်ရသည်။ ရုတ်တရက် လူငယ်လေး ပေးလာတဲ့ ဈေးနှုန်း ထွက်ပေါ်လာသည်။

“နေ့တိုင်း ငွေတုံးတစ်သန်း ပေးမယ်”

ဝေလုက အရမ်းယုံကြည်တဲ့ ပုံနဲ့ ပြုံးလိုက်သည်။ ဒီစျေးနှုန်းသည် နှင်းစက်ဖြူမြို့ရဲ့ အကောင်းဆုံး ဟော်တယ်ဖြစ်တဲ့ အားလပ်ရက် ဟိုတယ်ကို ငှားလို့ရသည်။ မာပယ်တစ်ထောင် ဟိုတယ်ကို ထားလိုက်စမ်းပါ”

သူဌေးလဲ့ သည် ဖြောင့်မတ်သော မျက်နှာနဲ့ ချက်ခြင်း လှည့်ကြည့်လိုက်သည်။

“လေးစားရတဲ့ မြတ်ဆရာနာမည်ကို မေးလို့ ရမလား”

"ဝေလု"

ဝေလုက လက်ဝှေ့ယမ်းပြီး

"သွားပြီး အခန်းတွေပြင်လိုက်"

လျို့မူဘိုင် မျက်နှာသည် ဘောစားလိုက်ရသလို ဖြစ်သွားသည်။ ဝေလုလို ချမ်းသာတဲ့ ဒုတိယမျိုးဆက်နဲ့ တွေ့ရင် သူဘာတတ်နိုင်မှာလဲ။ အရမ်း စိတ်ဓါတ်ကျသွားသည်။

ကျန်ဟန်ဖူသည် ကျောင်းကို လူသိရှင်ကြား ဝေဖန်ခံနေရသဖြင့် အနည်းငယ် မကျေမနပ် ဖြစ်သွားသော်လည်း ဆန့်ကျင်ဘက်အနေနဲ့ ဆွန်းမိုကို

ဆန့်ကျင်တဲ့ လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ရုတ်တရက် ပျော်ရွှင်သွားသည်။

(မာနကြီးဖို့ ဘယ်သူက ပြောလို့လဲ။ အပြင်မှာ မင်းထက် ပိုသန်မာတဲ့လူ တစ်ယောက်ကတော့ ရှိစမြဲပဲ။ ဒါကို မသိဘူးလား)

"ခဏနေအုံး"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"ငါက နှစ်သန်းပေးမယ်"

သူ့ဒွေးလှဲ့သည် မပြုံးမိအောင် လက်ကို ညှစ်ထားရသည်။ "အမှန်တကယ်ကို ချမ်းသာခြင်း နတ်ဘုရား ဒီနေ့ရောက်လာတာပဲ"

"မင်းက ငါနဲ့ ငွေဖြုန်း ပြိုင်ချင်နေတာလား"

ဝေလု အူမြူးလာသည်။ ဆွန်းမိုကို အကဲခတ်လိုက်ပြီး

"ဒါဆိုလည်း သုံးသန်းပေးမယ်။ ဘာဖြစ်လို့ လောင်းကြေး ထပ်မတိုးတာလဲ"

"ဆွန်းမို ဒေါ်သမထွက်နဲ့ သူတို့ မျိုးနွယ်က မိုင်းတွင်း ပိုင်တယ်။ မင်းမှာ ရှိလို့လား"

ကျန်ဟန်ဖူက ဆွန်းမိုကို ဖျောင်းဖြနေသလိုနဲ့ အမှန်တကယ်တော့ လှောင်ပြောင်နေခြင်း ဖြစ်သည်။ သူက ဆွန်းမိုရဲ့ ပိုက်ဆံအားလုံးကို ဆုံးရှုံးသွားစေချင်သည်။

ဒီစကားကို ကြားလိုက်ပြီးနောက် လီဇီချီ မျက်လုံးပြူးသွားသည်။ (မိုင်းတွင်းပိုင်တဲ့ ငါ့ဆရာကို ငွေဖြုန်းပြိုင်ဖို့ စိန်ခေါ်နေတာလား။)

"အများကြီး ပေးစရာမလိုပါဘူး။ အဲဒီလို လုပ်ဖို့လဲ မလိုပါဘူး"

ဝမ်ယွင်လင်က ဆွန်းမိုကို အကဲခတ်နေသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက ဆင်းရဲမွဲတေနေပြီလို့ ထင်နေတာလား။ လိဂ်ပြိုင်ပွဲကြာမြင့်ချိန်က တစ်လခွဲ တစ်ရက်ကို နှစ်သန်းဆိုရင် တစ်လခွဲအတွင်းမှာ စုစုပေါင်း သန်းသုံးဆယ်ပဲ။ မင်းတို့တွေ ပေးနိုင်မယ်လို့ ငါမထင်ဘူး"

ဝမ်ယွင်လင်ရဲ့ အစီပွါယ်က ရှင်းသည်။ ဆွန်းမိုက ပိုက်ဆံ အများကြီး မသုံးနိုင်ပါ။ ဒါကြောင့်လည်း ဈေးနှုန်း တိုးမြှင့်ပေးစရာ မလိုပါ။

"ဒီလောက် ပိုက်ဆံလေးကတော့ မေ့ထားလိုက် သလိုတောင် ရတယ်။

ဝေလုသည် မိန်းကလေးများရှေ့တွင် ကြီးကျယ် မြင့်မြတ်ချင်ယောင် ဆောင်နေသည်။

"သူဌေး မြန်မြန်သွားပြီး အခန်းပြင်ပေးလိုက်။ ဒီက ဆရာဆွန်းအတွက် စိတ်ပူမနေပါနဲ့။ သူဘယ်လောက်ပေးပေး ငါက နှစ်ဆပေးမယ်"

အန်ရှီဝေရဲ့ အမူအရာ သိသိသာသာ ပျက်သွားသည်။ ဒီစကားက သူမရဲ့ အရှိုက်ကို ထိမှန်သွားသည်။ ပြီးတော့လည်း သူမသည် ငွေအများကြီး မထုတ်နိုင်ပါ။

သူဌေးလဲ့သည် ကျောင်းအုပ်ကြီး အန်ရှီဝေကို တစ်ချက် ကြည့်လိုက်ပြီးနောက် စကားမပြောနိုင် ဖြစ်နေတာကို သတိထားလိုက်မိသည်။

"ကျောင်းအုပ်ကြီး တောင်းပန်ပါတယ်။ ဆရာဝေ ဒီနေရာမှာ ခဏ စောင့်နေပေးပါအုံး။

"နေအုံး"

လီဇီချီက ပြောလိုက်သည်။ ဖခင်ရဲ့ အချစ်ဆုံး သမီးတစ်ယောက်အနေနဲ့ သူမသည် ကိုယ်ပိုင်နယ်မြေကို ပိုင်ဆိုင်ထားပြီး နှစ်စဉ်နှစ်တိုင်း ငွေအမြောက်အများက သူမရဲ့ ဘဏ်စာရင်းထဲကို စီးဝင်နေသည်။ ချမ်းသာမှု ပြိုင်ချင်နေတာလား။

လီဇီချီ ဘယ်ကြောက်လိမ့်မလဲ။ သူမ အကျွမ်းအကျင်ဆုံးက ပိုက်ဆံ ဖြုန်းတာပဲ ဖြစ်လိမ့်မည်။ ငယ်ငယ်ကတည်းက ဒီနယ်ပယ်တွင် အမြဲတမ်းအောင်နိုင်သူအနေနဲ့ ရပ်တည်လာတဲ့ သူဖြစ်သည်။

“ဇီချီ၊ ဒီလို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့” ဆွန်းမိုသည် တောကြက်ဥလေးကို တားမြစ်လိုက်သည်။

“ဟားဟား”

ဝမ်ယွင်လင်က လှောင်ပြောင်သလို လုပ်နေသည်။ (မင်းရဲ့ အကျိုးအကြောင်း စဉ်းစားတဲ့ အသံက အရမ်းမြင့်မြတ်နေသလိုပဲ။ ငါ ဂရုမစိုက်ဘူး။ ဒီအချက်ကြောင့်လည်း မင်းရဲ့ ဆင်းရဲတယ်ဆိုတဲ့ အချက်က ပြောင်းမသွားဘူး)

“ဒါကို မှတ်ထားလိုက်ပါ့မယ် ဆရာ”

လီဇီချီ နားလည်ကြောင်း အမူအရာ လုပ်ပြလိုက်သည်။

"ဘယ်ဘက်အပေါ်ထောင့်က ခရီးဆောင်အိတ်ကို သွားယူလိုက်"

ဆွန်းမိုက ခိုင်းလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

လီဇီချီ ထွက်ခွာသွားသည်။

သူ့ဒွေးလဲ့က လူပါးတစ်ယောက် ဖြစ်သည်။ ဒါကိုမြင်လိုက်လျှင် ပြိုင်ပွဲက အဆုံးမသတ်သေးမှန်း သိနေသည်။ ဒါကြောင့် ထွက်သွားရန် အလျှင်မလိုပါ။

သို့သော်လည်း ကျန်ဟန်ဖူ မထိန်းနိုင်ဘဲ ဆွန်းမိုကို ပါးစပ်နဲ့ ရန်စလိုက်သည်။

"ဆရာဆွန်း၊ တော်တော် နောက်ကျနေပြီ။ တခြားတည်းခိုဆောင် သွားမရှာရင် ကျောင်းသားတွေ လမ်းပေါ် အိပ်နေရမယ်"

ဆွန်းမိုက ကျန်ဟန်ဖူကို လျစ်လျူရှုထားခဲ့သည်။ အိတ်ဆောင်နာရီကို ထုတ်ကာ တစ်ချက်ကြည့်လိုက်သည်။

ရထားလုံးသည် တည်းခိုဆောင် အပြင်ဘက်မှာ ရပ်ထားသည်။ ဒါကြောင့် စက္ကန့်ပေါင်းများစွာ

ကြာပြီးနောက် လီဇီချီသည် သေတ္တာတစ်လုံးကို သယ်ပြီး ပြန်ရောက်လာသည်။

“သူဌေး မင်းတည်းခိုဆောင်မှာ တလခွဲတည်းဖို့အတွက် ဝိညာဉ်သလင်းကျောက် အတုံး ၁၀၀၀ ပေးမယ်”

ဆွန်းမိုရဲ့ လေသံက အရမ်းပေါ့ပါးပြီး အရမ်းသာမန်ဆန်နေသည်။

သို့သော်လည်း အခြားသူများအားလုံး အရမ်းအံ့အောသင့်နေသည်။ သူတို့သည် အင်ဘိုင်ဝူ သယ်ဆောင်လာတဲ့ သေတ္တာကို အလိုလို

စိုက်ကြည့်နေကြသည်။ မှောင်တိုက်ကြီးတွင် ဝိညာဉ်သလင်းကျောက်ရဲ့ တန်ဖိုးသည် ဝိညာဉ်ကျောက်တုံးထက် အရမ်းတန်ဖိုးကြီးတယ်ဆိုတဲ့အချက်ကို ဖယ်ထားလိုက်အုံး ဝိညာဉ်သလင်းကျောက်များကို တိုက်ပွဲအရင်းအမြစ်လို့ သတ်မှတ်ထားပြီး ခိုင်မာတဲ့ ငွေကြေးလို့ သတ်မှတ်ထားသည်။

ရွှေငွေလိုမျိုးအရာများသည် စားလို့မရသလို အသုံးပြုလို့လည်း မရပါ။ အမှန်တိုင်းပြောရလျှင် တန်ဖိုးကြီးတဲ့ ဖလှယ်ရေး ပစ္စည်းသက်သက်သာ

ဖြစ်သည်။ တကယ်လို့ လူတစ်ယောက် ဝေတ်မွတ်ပြီး အစာရှာလို့မရလျှင် ပေါင်မုန့်တစ်လုံးလောက်တောင် တန်ဖိုး မရှိတော့ပါ။

သို့သော် ဝိညာဉ်ကျောက်တုံးနှင့် ဝိညာဉ်သလင်းကျောက်များက ကွဲပြားသည်။ ကျင့်ကြံသူများသည် ထိုအတွင်းမှ ဝိညာဉ်ချီ အနှစ်သာရကို စုတ်ယူပြီး ရက်အနည်းငယ်ကြာတောင် မစားမသောက်ပဲ နေနိုင်ကြသည်။

အင်ဘိုင်ဝူသည် သေတ္တာကို နေရာချထားလိုက်သည်။ ထို့နောက် ညာလက်ဖြင့်

ဖွင့်ကာအထဲက ပစ္စည်းများကို သူ့ဒြေးလဲ့ မြင်အောင် ပြလိုက်သည်။

အခန်း (၃၁၉) – ပထမ အချီ၊ သေခြင်းပြိုင်ပွဲ။

ရှစ်

ရတနာသေတ္တာ ပွင့်လာတာနဲ့ အမှုဝိညာဉ်သလင်းကျောက်များ၏ အလင်းရောင်ကလည်း တောက်ပလာသည်။ နေ့ခင်းဘက်ကို ကျော်ပြီး ညနေ နေဝင်ရီတရော အချိန်ဖြစ်တာနဲ့ အမှု သလင်းကျောက်ရဲ့ တောက်မှုသည် တည်းခိုဆောင် ခန်းမကြီးတစ်ခုလုံးကို လင်းထိန်သွားစေသည်။

လူတိုင်း၏ မျက်လုံးများ တောက်ပလာသည်။ ဒီသလင်းကျောက်များသည် သဘာဝ အနုပညာ တစ်ခုဖြစ်သည်။

ဒီအခိုက်အတန့်တွင် လူတိုင်း အံ့အောမှင်တက်နေကြသည်။ ဝမ်ယွင်လင်၏ အကြည့်များလဲ အနည်းငယ် မှိုင်းသွားသည်။

ဒါက အရမ်းများ“…………”

ကျန်ဟန်ဖူသည် စကားထစ်နေပြီး မျက်လုံးက သလင်းကျောက်ကနေ အကြည့်မလွှဲနိုင် ဖြစ်နေသည်။

ဒီမှာရှိနေတဲ့ လူတိုင်းက ဆရာတွေဖြစ်သည်။ သူတို့ရဲ့ အဆင်းအတန်းက မနိမ့်ကျပါ။ အရင်ကလည်း ဝိညာဉ်ကျောက်တုံးတွေကို အသုံးပြုခဲ့ဖူးသည်။ ဝိညာဉ်သလင်းကျောက်များကိုတော့ မြင်ခဲ့ဖူးပြီး တစ်ခါမှတော့ မသုံးခဲ့ဘူးပါ။ ဒီလိုမျိုး အရင်းအမြစ်များကို တိုက်ပွဲအတွက်နှင့် မိုးထဲလေထဲ ရောက်တဲ့အချိန်တွင် အသုံးပြုဖို့ သိမ်ထားလေ့ရှိသည်။

အခုတော့ လူတိုင်းအရှေ့တွင် ဝိညာဉ်သလင်းကျောက် အပြည့်ထည့်ထားတဲ့ သေတ္တာတစ်ခု ရှိနေသည်။

ရွှစ်

သူဌေးလဲ့သည် လက်ကို အလိုလို ဆန့်ထုတ်လိုက်မိသည်။ ဒါပေမယ့် အန်ရှီဝေက သူ့ထက် ပိုမြန်နေသေးသည်။

ဖောက်

အန်ရှီဝေက ရှေ့တစ်လှမ်းတိုးကာ သေတ္တာအရှေ့တွင် ပိတ်ရပ်လိုက်သည်။

သူဌေးလဲ့ တောင်း"ပန်ပါတယ်။ ငါတို့အချင်းချင်း အရင်ဆွေးနွေးလိုက်အုံးမယ်"

စကားပြောပြီးနောက် အန်ရှီဝေသည် သူ့ငွေးလဲ့၏ သဘောတူညီချက်ကို စောင့်မနေတော့ဘဲ ဆွန်းမိုဘက်သို့ လှည့်လိုက်သည်။

မင်းရူးနေပြီလား။ ဒါက အန်ကယ်ဆန်“ ချန်ထားခဲ့တဲ့ ဝိညာဉ်ကျောက်တုံးတွေ မဟုတ်ဘူးလား။ မင်းက ဒါတွေကို ဂရုမစိုက်ရင်တောင် ဒီလိုတော့ မဖြုန်းသင့်ဘူးလေ”

အန်ရှီဝေက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

)တည်းခိုဆောင် တခါတည်းဖို့အတွက် ဝိညာဉ်သလင်းကျောက် အတုံးတစ်ထောင်တောင် သုံးမယ် ဟုတ်လား။ အိုဘုရားရေ။ လူတစ်ယောက်က ဒီလောက် မောက်မာဖို့ လိုလို့လား။ ဆွန်းမို မင်းမိုးကြိုး အပစ်ချခံရမှာ မကြောက်ဘူးလား။(

ဆွန်းမိုက ပုခုံးတွန့်ပြလိုက်သည်။

မိုင်းတွင်းတစ်ခုရဲ့ တန်ဖိုးနဲ့ ပက်သက်ရင် ဆွန်းမိုက ပြည်နယ်ကိုးခုက လူတွေထက်တောင် ပိုနားလည်သေးသည်။ ကမ္ဘာ့ အချမ်းသာဆုံးက ဘယ်သူတွေလဲ။ ဝေါစတိက လူတွေလား။ မဟုတ်ဘူး။

အချမ်းသာဆုံးဆိုတဲ့ လူတွေက အရှေ့အလယ်ပိုင်းက ရေနံပိုင်ရှင်တွေပဲ။

အဲဒီကောင်တွေက ဘာမှလုပ်စရာတောင်မလိုပါ။ ခြေထောက်အောက်က ဆီများကို ထုတ်ပြီး အဆမတန်စျေးနဲ့ ရောင်းချနိုင်သည်။ ဒါက မြေပေါ်က ပိုက်ဆံ ကောက်နေရသလိုပဲ။

လျို့မှုဘိုင်သည် ဆွန်းမိုကို အကဲခတ်နေသည်။ အရင်ကတော့ ဆွန်းမို ထုတ်ယူလိုက်တဲ့ ဝိညာဉ်သလင်းကျောက်တွေကို ကြည့်ပြီး

အံ့အောသင့်သွားသည်။ ဒါပေမယ့် 'ဦးလေးဆွန်း' ဆိုတဲ့ စကားကို ကြားပြီ နားလည်သွားသည်။

ဆွန်းမိုရဲ့ အဖေသည် အဲဒီအချိန်တုန်းက အရင်အထင်ကြီးဖို့ ကောင်းသည်။ သူ့ရဲ့ မျိုးဆက်အတွက် ဒီလိုမျိုး စည်းစိမ်တွေကို ထားခဲ့တယ်ဆိုတာက သာမန်ပဲ။

ငါတို့"ဝိညာဉ်သလင်းကျောက်တွေကို လုံးဝ မသုံးဘူး"

အန်ရှီဝေ အကြံပြုသည်။

ငါတို့ ဒီမှာမနေတော့ဘူး။ တခြား“တည်းခိုဆောင် ပြောင်းကြရအောင်”

အဆင်ပြေပါတယ်။ ဝိညာဉ်သလင်းကျောက်တွေ“ ”အများကြီး ရှိသေးတယ်

အမှန်တကယ်လဲ ဆွန်းမိုသည် ဟိုတယ် ထပ်ရှာချင်စိတ် မရှိတော့ပါ။

သူဒွေးလဲ့၊“ မင်းကိုပဲ ဒုက္ခပေးရတော့မယ်။ ငါတို့ ၁၅ မိနစ်အတွင်း အခန်းဝင်ချင်တယ်။ မြန်မြန်ပြီးအောင် လုပ်ပေးလို့ရမလား။ ပြီးတော့ မင်းရဲ့ ဝန်ထမ်းတွေကိုလည်း လက်ဖက်ရည်နဲ့

မုန့်ပြင်ခိုင်းပေးပါအုံး။ ငါတပည့်တွေ အရမ်းပင်းပန်နေတာ မမြင်ချင်တော့ဘူး”

”သေချာတာပေါ့“

သူဌေးလဲ့သည် ချက်ခြင်းပဲ ခေါင်းညိတ်ပြီး အမိန့်လှည့်ပေးလိုက်သည်။ ဝေလုရဲ့ ထင်မြင်ချက်ကို မေးရမှာလား ။ မနောက်ပါနဲ့။ သာမန်လူတွေက. ဒီလောက်များပြားတဲ့ ဝိညာဉ်သလင်းကျောက်တွေကို မသုံးနိုင်ပါ။

ဒီတစ်ကြိမ်တွင် ဆွန်းမိုရဲ့ အမူအရာက အေးဆေးတည်ငြိမ် နေတယ်လို့ သူဌေးလဲ့

ခံစားမိသည်။ မတရား ပိုးစိုးပက်စက် ချမ်းသာနေတာ ဖြစ်နိုင်သည်။

”ဆွန်းမို“

အန်ရှိဝေ မျက်မှောင်ကြုတ်နေသည်။ သူ့အဖေချန်ထားခဲ့တဲ့ အမွေအနှစ်တွေကို ဖြုန်းတီးနေတယ်လို့ သူမထင်နေသည်။

ကျောင်းအုပ်ကြီးအန်၊ မင်းဒီကစ္စကို စိတ်ပူစရာ“

”မလိုဘူး

လီဇီချီ ပြုံးလိုက်မိသည်။ ဝိညာဉ်သလင်းကျောက် ၁၀၀၀ လောက်ကို ဘာကြောင့်ထည့်တွက် ရမှာလဲ။

ဆွန်းမိုဆီက အမိန့်ရပြီးနောက် လီဇီချီသည် လေဘုရင်ခန်းမကို သွားကာ ဝိညာဉ်သလင်းကျောက်တချို့ ပေါ့ပေါ့ပါးပါး ကောက်ယူခဲ့ခြင်း ဖြစ်သည်။

အပြင်ထွက်တဲ့အခါ အရှက်မကွဲရအောင် ထုံးစံအတိုင်း ပိုက်ဆံ ပိုယူလာခဲ့သည်။

ငွေနှင့်ရွှေရဲ့ ဝယ်ယူနိုင်စွမ်းသည် ဝိညာဉ်ကျောက်တွေထက် နိမ့်ကျသည်။ သို့သော်လည်း ဝိညာဉ်ကျောက်တုံးတွေသည် လေးသောကြောင့် ပိုပေါ့တဲ့

ဝိညာဉ်သလင်းကျောက်တွေကိုသာ ယူဆောင်လာခဲ့သည်။

ပြီးတော့ အဖိုးတန် ဝိညာဉ်စိန်တွေနဲ့ ပြည့်နေတဲ့ သေတ္တာတစ်လုံးလည်း ခရီးဆောင် အိတ်ထဲတွင် ရှိသေးသည်။

ကောင်“ းပြီလေ။ အနားယူဖို့ လုပ်ကြတော့”

ဆွန်းမိုက အန်ရှီဝေရဲ့ ပုခုံးကို ပွတ်ရင်း အေးအေးဆေးဆေး အနားယူရန် ပြောလိုက်သည်။ သူ့အတွက်တော့ ဝိညာဉ်သလင်းကျောက်များသည် လမ်းဘေးမှာတွေတဲ့ ကျောက်တုံးတွေလိုပဲ။

ဒီအခြေအနေတွင် အန်ရှီဝေ စိတ်ပါတာကို မြင်လိုက်လျှင် သူ့ဒွေးသည် သူ့မဆီကို ကမန်းကတန်း သွားပြီး သက်သာတဲ့ စျေးနှုန်းနဲ့ ညှိနှိုင်းရန် လုပ်လိုက်သည်။

မင်းက တကယ်ချမ်းသာတဲ့ လူတစ်ယောက်“ ဖြစ်နေမယ်လို့ မထင်ထားဘူး”

ဂျိမ်ဂျဲ ထိတ်လန့်သွားသည်။

ကူရှုပ်ရှင်းက ခေါင်းငုံ့ပြီး အသံတိုးတိုးလေးနဲ့ မေးလိုက်သည်။ အမှန်“အတိုင်းပြော မင်းမှာ

ဝိညာဉ်သလင်းကျောက် ဘယ်နှစ်တုံး ရှိသေးလဲ။ ငါ ဝယ်ချင်တယ်”

ငါတို့ရဲ့ ဆက်ဆံရေးနဲ့ မင်းက ဒီလိုပြောနေရင်“ သူစိမ်းဆန်နေပြီ။ ငါမင်းကို ဝိညာဉ်သလင်းကျောက် ”၁၀၀ ပေးမယ်

ဆွန်းမိုက ရယ်ရင်း ပြန်ပြောလိုက်သည်။

မင်း ငါ့ပေါ်ကို တစ်ခုခု ကြံနေတာတော့“ ”မဟုတ်ပါဘူးနော်

ကူရှုပ်ရှင်းက ရင်ဘက်ပေါ် လက်အုပ်ရင်း ဆွန်းမိုကို သံသယ မျက်လုံးနဲ့ ကြည့်လိုက်သည်။

မိဘတွေတောင် သူတို့သားသမီးကို ဝိညာဉ်ကျောက်တုံး အများကြီး မပေးပါ။

အင်ဘိုင်ဝူ နှုတ်ခမ်းများ လှုပ်သွားပြီး ပြောချင်စိတ်ပေါက်လာသည်။

ဆရာကူ၊ မင်းအတွေးလွန်နေပြီ။ ဝိညာဉ်သလင်းကျောက် တစ်ရာလောက်ကို ဆရာက စိတ်ကြိုက် ထုတ်သုံးနေလို့ ရတယ်။

သံမဏိခေါင်း မိန်းကလေးသည် အခုကာလတစ်လျှောက်လုံး လေဘုရင်ခန်းမတွင် ကျင့်ကြံနေခဲ့သည်။ သူမအတွက်တော့

ဝိညာဉ်သလင်းကျောက်တွေက မြင်ရပါများလို့ ရိုးအီနေပြီ။ ဒါပေမယ့် တခြားလူတွေကတော့ မတူပါ။

ဝေလုသည် သူ့အား လျစ်လျူရှုကာ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေနဲ့ ကျောင်းသားများကို ဝန်ဆောင်မှုပေးနေတဲ့ လူ့ဌေးလဲ့ကို ကြည့်ပြီး ဒေါ်တွေ ပေါက်ကွဲနေသည်။

”......အစ်ကိုဝေ“

ဝမ်ယွင်လင်က အသံချိုလေးနဲ့ ခေါ်လိုက်သည်။

လင်အာ၊ ဒါကို အနိုင်ရအောင် ငါလည်း“ ”မတတ်နိုင်တော့ဘူး

ဝေလုက မချိပြုံးပြုံးပြီး ပြန်ပြောလိုက်သည်။

ငွေလို အရာတွေက ပမာဏ တစ်ခုခု သက်သက်သာသာ ဖြစ်ပြီး ကိန်းဂဏန်းတစ်ခု လောက်ပါ။ ဝေလု၏ တော်ဝင်အဆင့်အတန်းအရ သန်းအနည်းငယ် ဒါမှမဟုတ် သန်းဆယ်ဂဏန်းလောက် သုံးစွဲဖို့အတွက် ပြဿနာ မဟုတ်ပါ။

သို့သော် ဝိညာဉ်သလင်းကျောက်ကတော့ ကွဲပြားသွားပြီ။ ဒါတွေက တိုက်ပွဲအတွက်

အရေးကြီးတဲ့ အရင်းအမြစ်များ ဖြစ်ပြီး မျိုးနွယ်စုခေါင်းဆောင်မှလွဲလျှင် ဘယ်သူမှ သုံးစွဲခွင့် မရှိပါ။

”ဟွန့်“

ဝမ်ယွင်လင်သည် အေးစက်စွာ အသံတစ်ချက်ပြုလိုက်သည်။ ဒီနေရာမှာ ဆက်နေချင်စိတ်မရှိတော့ဘဲ လှည့်ပြီး ထွက်သွားသည်။

”လင်အာ“

ဝေလုသည် သူမနောက်ကို လိုက်သွားသည်။

စိတ်မဆိုးပါနဲ့။ ဒီထက်ကောင်းတဲ့ ဟ“ိုတယ်ကို သွားကြမယ်”

အစ်ကို ဝေ၊ မင်းငါ့ကို နှစ်သိမ့်နေစရာ မလိုဘူး။“ ”ငါနားလည်တယ်

ဝမ်ယွင်လင်သည် မစဥ်းစား မဆင်ခြင်တတ်တဲ့ မိန်းကလေး မဟုတ်ပါ။ ဝိညာဉ်သလင်းကျောက် တစ်ထောင်အတွက်ဆိုလျှင် ဝေလုကိုထားလိုက်အုံး သူမရဲ့ အဖေတောင် ဟိုတယ် ကြိုတင်မှာဖို့ တွေဝေနေနိုင်သည်။

အတိအကျပြောရလျှင် ဆွန်းမိုရဲ့) ဇစ်မြစ်ကဘာလဲ။ သူက ဒီလောက်

အတိုင်းအတာထိအောင် မတရား ချမ်းသာနေတာလား(

စိတ်မပူနဲ့ ဝိညာဉ်သလင်းကျောက်တွေက“ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ သိမ်းဆည်းထားမှုတွေ ဖြစ်နိုင်တယ်။ သူတို့ ဖြုန်းပြီးရင် နောက်ပိုင်းပြိုင်ပွဲတွေမှာ ဘယ်လို ဆက်လုပ်မလဲဆိုတာ စောင့်ကြည့်လိုက်အုံးမယ်”

ဝေလုသည် ဘေးဆိုးကို တွေးတောပြီး ပျော်ရွှင်မြူးတူးစွာ အော်ဟစ်လိုက်သည်။

နောက်ဆုံးကျရင် သူတို့ရဲ့ ကိုယ်စားလှယ်“ အဖွဲ့တခုလုံးကို အရှုံးပေးရအောင် လုပ်ပေးလိုက်မယ်”

ဝမ်ယွင်လင်သည် သူမ လက်သီးများကို တင်းတင်းဆုပ်ပြီး ရေရွတ်လိုက်သည်။

ငွေဆိုတဲ့ အရာက နတ်ဆိုးကိုတောင် အခိုင်းစေဖြစ်အောင် လုပ်လိုက်လို့ရသည်။ သူဌေးလဲ့နှင့် သူ့လူများသည် အမြန်ဆုံးနှုန်းနဲ့ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများနှင့် ဆရာတွေအတွက် အခန်းများကို လုပ်ပေးနေသည်။ သို့သော်လည်း အန်ရှီဝေကတော့

ဝိညာဉ်သလင်းကျောက်တွေ ဆုံးရှုံးသွားတဲ့အတွက် နှမျောနေဆဲ ဖြစ်သည်။ ညှိနှိုင်းပြီးသွားတဲ့နောက် ဈေးနှုန်းမှာ ဝိညာဉ်သလင်းကျောက် ၅၀၀ ဖြစ်သွားသည်။ ဒါပေမယ့် တည်းခိုဆောင် တစ်ခုလုံးကိုတော့ သီးသန့် ဘိုကင် မဟုတ်ခဲ့ရပါ။

ကျန်ဟန်ဖူသည် အခန်းထဲဝင်လာပြီးနောက် တံခါးကို ချက်ခြင်း ပိတ်လိုက်ပြီး ခေါင်းအုံးကို ထိုးကာ တိတ်တဆိတ် ပေါက်ကွဲနေသည်။

ဘောပဲ

ဘောပဲ

ဒီ ခွေးကောင် ဆွန်းမိုပဲ။ ဘာဖြစ်လို့ ငါ့အစီအစဉ်တွေကို အမြဲတမ်း လိုက်ဖျက်နေရတာလဲ။ ပြီးတော့ ငါ့သားကလည်း ဘယ်ရောက်နေတာလဲ အမှောင်တိုက်ကြီးမှာ ဘာတွေ လုပ်နေတာလဲ”

(တစ်ခုခုများ ဖြစ်နေတာလား)

ကျန်ဟာန (မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။) ဖူ ခေါင်းခါလိုက်သည်။

သူ)က အရမ်းကို ထူးချွန်တယ်။ သူဘာမှ မဖြစ်နိုင်ဘူး”

ကောင်းကင်သစ်ခွ အကယ်ဒမီသည် ထိပ်တန်းဆယ်ခု အဖြစ်သတ်မှတ်ခံရတဲ့ ကျောင်းဖြစ်ပြီး ‘စီ’ အဆင့်ကို မကြာခဏ ဝင်ရောက်ခဲ့သည်။ ကျောင်းနှစ်ကျောင်းသည် ဆက်ဆံရေးမရှိသောကြောင့် ပုံမှန်အားဖြင့်တော့ အေးစက်တဲ့ ဆက်ဆံရေးသာ ရှိသည်။

တတိယမြောက်နေ့ မနက် ဧနာရီတွင် နှင်းစက်ဖြူ အဆောက်အဦးရှေ့တွင် လိဂ်ပြိုင်ပွဲကို တရားဝင် ဖွင့်လှစ်သည်။

ကွင်းထဲသို့ ကျောင်း ၁၀၈ကျောင်းကို ကိုယ်စားပြုတဲ့ အဖွဲ့တွေလည်း ရောက်လာကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီက လူများဝင်လာကြလျှင် လူတိုင်းက ထိတ်လန့်တကြား အော်ဟစ်ကြသည်။

သူတို့က လိမ္မော်ရောင် အဝတ်အစားနဲ့ တမူထူးခြားနေသည်။ ဒီဘက်ခေတ်မှာတော့ ကျောင်းအားလုံး၏ အဝတ်အစားများသည် အကြမ်းအားဖြင့်တော့ တူညီနေကြသည်။ အများစုက အရောင်များ နှင့် ဒီဇိုင်းအနည်းငယ်သာ ကွာခြားသည်။

ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အဝတ်အစားကတော့ သိသာ ထင်ရှားနေသည်။

သို့သော်လည်း ဒီစတိုင်က ကွဲပြားတဲ့ အလှတရား တမျိုးကို ပေးစွမ်းနေသည်။

“ဒါက ဗဟိုပြည်နယ်အကယ်ဒမီလား”

“ချီ၊ ဒီလို လှည့်ကွက်သုံးတာ ဘာသဘောလဲ။ ပြိုင်ပွဲမှာ အနိုင်ရချင်ရင်တော့ စွမ်းရည်အပေါ်မှာပဲ မူတည်တယ်”

“ကျောင်းသားအသစ်အဖွဲ့က သူတို့ရဲ့ အားနည်းချက်ဖြစ်လို့ သိပ်ဂရုစိုက်စရာ မလိုပါဘူးကွာ။

ငါတို့ရဲ့ အဓိကပြိုင်ဘက်က ဟန်ကျုံ၊ မင်ရှန် နဲ့ ကောင်းကင်သစ်ခွ အကယ်ဒမီတွေပဲ ဖြစ်လိမ့်မယ်”

ဒီနေရာတွင် ဆူညံပွက်လောရိုက်အောင် ဆွေးနွေးနေတဲ့ အသံများကို ကြားနေရသည်။ မြင်မြင်ခြင်း အံ့အောပြီးနောက် ဗဟိုပြည်နယ်အကယ်ဒမီကို ဘယ်သူကမှ ဂရုမစိုက်တော့ပါ။ ထိပ်ဆုံး ၁၀ခုလို့ သတ်မှတ်ထားခံရတဲ့ ကျောင်းဆယ်ကျောင်းကသာ အာရုံတွေကို ဆွဲဆောင်နေနိုင်ခဲ့သည်။

ဒီပြိုင်ပွဲကို ဦးစီးတဲ့သူက သူတော်စင်ဂိုတ်ရဲ့ ဒုတိယ မဟာမိတ်ခေါင်းဆောင် ဖြစ်ပြီး သူကအဖွင့် အမှာစကားကို ပြောကာ ဖွင့်ပွဲအခမ်းအနားကို အဆုံးသတ်လိုက်သည်။ မနက်ဖြန်တွင် ပြိုင်ပွဲ တရားဝင် စတင်မည်။

ဒီနေ့တော့ ပြိုင်ဆိုင်မှုများ မရှိသေးပါ။ ကျောင်းအားလုံးသည် အနားယူကာ အချိန်ကို အသုံးချပြီး ပြန်လည် ပြင်ဆင် ဖွဲ့စည်းကြသည်။

ဆွန်းမိုသည် ကျောင်းသားအသစ်များကို နှိပ်ပေးပြီးနောက် အတန်းကြီးကျောင်းသားများကို

နှိပ်ပေးမလို့ လုပ်လိုက်သည်။ သို့သော် အန်ရှီဝေက တားထားသည်။

"မင်းလည်း ပြိုင်ပွဲဝင်ရအုံးမယ်။ မင်းရဲ့ စွမ်းအားတွေကို မဖြုန်းနဲ့တော့"

အန်ရှီဝေက ဆွန်းမိုကို စည်းရုံးလိုက်သည်။

'အဆင်ပြေပါတယ်"

ဆွန်းမို ခွန်အားအပြည့် ရှိနေသေးသည်။ အမျိုးသမီးတွေကို နှိပ်ပေးခဲ့တဲ့အခါမှသာ ကိုယ်တိုင် နှိပ်ပေးရသည်။ ယောကျ်ားတွေ အားလုံးကိုတော့ ဂျင်းနီက ကိုင်တွယ်သည်။

သူ့ အဓိက အားစိုက်ထုတ်ရတာ ဝိညာဉ်ချီတွေပဲ ဖြစ်သည်။ သို့သော် လေးစားအထင်ကြီးမှုအမှတ် အများကြီး ပြန်ရသဖြင့် ဒါက ထိုက်တန်သည်။

"မဖြစ်ဘူး။ မြန်မြန် သွားအိပ်တော့"

မနက်ဖြန်တွင် ပြိုင်ပွဲရှိပြီး ဒါက ကျောင်းရဲ့ အနာဂတ်နဲ့ သက်ဆိုင်နေသည်။ အန်ရှီဝေသည် ဆွန်းမိုနဲ့ စကားပြောချင်သော်လည်း ဘာပြောရမှန်း မသိဖြစ်နေသည်။

“စိတ်မပူပါနဲ့။ ငါတို့ သေချာပေါက် လုပ်နိုင်လိမ့်မယ်”

တံခါးပိတ်လိုက်ပြီး ဆွန်းမိုက သူမကို နှစ်သိမ့်လိုက်သည်။

ကျောင်းသားအသစ်ပြိုင်ပွဲနဲ့ လက်ရွေးစင်ပြိုင်ပွဲသည် တပြိုင်နက် စတင်မည်။ အကြောင်းအရာကတော့ ကွာခြားသည်။ ဒါကြောင့် နှစ်ဖွဲ့စလုံးသည် နှင်းစက်ဖြူအဆောက်အဦးထဲသို့ ဝင်ပြီးနောက် လမ်းခွဲသွားသည်။

“နောက်နှစ်ကျရင် လက်ရွေးစင်ပြိုင်ပွဲမှာ ဦးဆောင်တဲ့ ဆရာတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်”

အန်ရှီဝေနှင့် လျိုမူဘိုင်တို့ ထွက်ခွာသွားတာကို မြင်လိုက်လျှင် ကူရှုပ်ရှင်းသည် စိတ်ထဲက ကျိန်ဆိုလိုက်သည်။

အကျႌအဝါရောင် ဝတ်ထားတဲ့ ဝန်ထမ်းတစ်ယောက် လမ်းလျှောက်လာသည်။ အသံချဲ့တဲ့ ကျောက်တုံးကို ကိုင်ကာ စပြောလိုက်သည်။

"ကျောင်းသားအသစ်အဖွဲ့ကို ဦးဆောင်တဲ့ ဆရာအားလုံး စောင့်တဲ့နေရာမှာ နေရမယ်။ ပါဝင်ယှဉ်ပြိုင်တဲ့ ကျောင်းသားတွေက သတ်မှတ်ထားတဲ့ နေရာတွေမှာ အုပ်စုခွဲပြီး ဇုန်-တစ် ထဲကို ဝင်ရမယ်။ ပြိုင်ပွဲ စည်းမျဉ်းများကို နားထောင်ရမယ်။ ပြိုင်ပွဲစည်းမျဉ်းတွေကို ထပ်ခါထပ်ခါ မကြေညာပေးနိုင်ဘူး။ မင်းတို့ လွဲချော်သွားရင် နောက်ဆက်တွဲ အကျိုးဆက်တွေကို မင်းတို့ပဲ တာဝန်ယူရမယ်"

"ဇုန်-တစ် မကြာခင်ပိတ်တော့မယ်။ မြန်မြန်ဝင်ကြပါ"

ဝန်ထမ်းသည် နှစ်ကြိမ်ဆက်တိုက်ပြောပြီးနောက် ထိုင်ကာ ရေတွက်နေသည်။

စိတ်ဖိအားတွေ ချက်ခြင်း သက်ရောက်လာသည်။ ကျောင်းသားများသည် ဆရာတွေရဲ့ သတိပေးစကားကို နားမထောင်နိုင်ဘဲ ဇုန်-တစ်ထဲကို အမြန်ဝင်နိုင်အောင် ကြိုးစားနေရသည်။

တွန်းတိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေပေမယ့် ဝန်ထမ်းက မတားဆီးပါ။

"လမ်းပိတ်ရင် သတ်ပစ်ကွာ"

ရှန်ယွန်ပေါင် မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုများ ပေါ်နေသည်။ သူက အကျီလက်စကို မပြီး လမ်းရှင်းမလို့ လုပ်လိုက်သည်။

"နေအုံး"

လီဇီချီက ရှန်ယွန်ပေါင်ကို တားလိုက်သည်။

"ကျန်ရန်ဓောင်၊ ရှန်ယွန်ပေါင်၊ ဇန်ချန်, ကူဂျိလင် မင်းတို့လေးယောက် လမ်းရှင်းပါ။ ဝူဂျိတန်၊ ပန်ခုန် မင်းတို့က ဘယ်တောင်ပံကနေ ကာကွယ်။

ကူဒင်ချန် ၊လျှောင်ဇီ မင်းတို့က ညာတောင်ပံကို ကာကွယ်။ ကျန်တဲ့လူတွေက အလယ်မှာနေ”

လီဇီချီက ပြတ်သားတဲ့ အမိန့်ကို ပေးလိုက်သည်။ သူမ တပြိုင်နက် ပတ်ဝန်းကျင်ကို စောင့်ကြည့်ပြီး အကဲခတ်နေသည်။

“လီဇီချီ ငါက အဖွဲ့ခေါင်းဆောင်ပါ”

လီဇီချီသည် လုပ်ပိုင်ခွင့်ကို ကျော်လာတယ်လို့ ခံစားရပြီး ကျန်ရန်ဖေါင် မကျေမနပ် ဖြစ်နေသည်။

“မင်းလည်း ဒီနည်းဗျူဟာတွေကို ဆွဲနိုင်တယ်ဆိုတာ ငါသိတယ်။ ငါက မင်းကို ကူညီရုံ

သက်သက်ပါ။ တခြားအဖွဲ့တွေကို စောင့်ကြည့်တဲ့နေရာမှာ မင်းရဲ့ ခွန်အားတွေကို အသုံးချသင့်တယ်”

လီဇီချီသည် စကားများ ရန်မဖြစ်ချင်သဖြင့် ကျန်ရန်ဖောင်ကို မြှောက်ပြောလိုက်သည်။

အမှန်တကယ်လည်း ကျန်ရန်ဖောင်သည် ဒီစကားကို ကြားပြီး ကျေနပ်သွားသည်။

“လူတိုင်း ငါ့နောက်က လိုက်။ ခပ်ကြမ်းကြမ်းလေး စလိုက်ရအောင်”

ဘုန်း

ဗဟိုပြည်နယ်အကယ်ဒမီ အဖွဲ့သည် ဇုန်-တစ်ဆီသို့ အားကောင်းတဲ့ ရေစီးကြောင်းတစ်ခုလို ပြေးဝင်သွားသည်။ လမ်းပိတ်နေတဲ့ ကျောင်းသားများကို တန်းပြီး တိုက်ခိုက်လိုက်သည်။

အခန်း (၃၂၀) – စွဲမက်ဖွယ်ကောင်းတဲ့ လုပ်ဆောင်ချက်။

သူတို့ရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုသည် ယေဘုယျအားဖြင့်တော့ တူညီတဲ့ အဆင့်တွင် ရှိသည်။ အုပ်စုလိုက်ဖွဲ့စည်းထားတဲ့ အားကတော့ သေချာပေါက် မြင့်မားသည်။ ဒါကြောင့် ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအသစ်အဖွဲ့သည် ထောပတ်ကို လှီးဖြတ်တဲ့ ဓါးပူပူ တစ်ချောင်းနဲ့ တူနေသည်။ ရှန်ယွန်ပေါင်နှင့် ကျန်ရန်ဇောင်တို့၏ လက်သီးများသည်လေထဲ ဝဲပျံနေသည်။ သူတို့ရဲ့ လက်သီးများသည်

သံနဲ့တူနေပြီး ကျောင်းသားတွေဆီကို ပြေးဝင်နေသည်။

လက်သီးတစ်ချက်စီတိုင်းသည် ထိမှန်နေသည်။ အားနည်းတဲ့သူများက မြေပေါ်လဲကျသွားပြီး သန်မာတဲ့ သူများက အံ့ကြိတ်ကာ ဘေးသို့ ရှောင်ဖယ်သွားသည်။

"ဘာဖြစ်လို့ တွေ့သမျှ လျှောက်ရိုက်နေတာလဲ"

ကျန်ရန်ဇော်သည် ရှန်ယွန်ပေါင်ကို စိုက်ကြည့်ပြီး စကားပြောချင်စိတ် အနည်ငယ် ပျောက်သွားသည်။ (တကယ်ပဲ မင်းက မင်းရဲ့သန်မာတဲ့ ခန္ဓာကိုယ်ကို

ဖြုန်းတီးနေတာပဲ။) ရှန်ယွန်ပေါင်က ကျန်တာဘာမှမတွေးဘဲ တိုက်ခိုက်ဖို့ သက်သက်ပဲ တွေးနေခဲ့သည်။ သူက သူ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စတိုင်ကို အားကိုးကာ လူတွေရဲ့ လှည့်ကွက်ကို မစဉ်းစားဘဲ တစ်ခါတည်း တန်းတိုက်ခိုက်နေသည်။ သူ့ရဲ့တိုက်ခိုက်မှုပုံစံသည် လူမရွေးဘဲ တွေ့သမျှ တိုက်ခိုက်နေခဲ့သည်။

ကျန်ရန်ဇောင်ကတော့ မတူပါ။ လက်ဖဝါးနဲ့ရိုက်လိုက်၊ လက်သီးနဲ့ ထိုးလိုက် အသုံးပြု၍ ပြိုင်ဘက်များကို လည်ချောင်းများကို

ရိုက်လိုက်၊ နှလုံးနေရာသို့ သံတူများနဲ့ တိုက်ခိုက်သလို ရိုက်လိုက် ဒါမှမဟုတ် မျက်လုံးများ တိုက်ခိုက်လိုက် လုပ်နေသည်။ သူ့ရဲ့လုပ်ရပ်တွေက ရက်စက် ကြမ်းကြုတ်လွန်းသည်။

ကျန်ရန်ဇောင်ရဲ့ တိုက်ခိုက်မှုကြောင့် ကျောင်းသားသုံးပုံနှစ်ပုံသည် မြေပေါ်လဲကျနေသည်။ နာကျင်ပြီး ဝမ်းနည်းပက်လက် ငိုကွေးနေကြသည်။

ရှန်ယွန်ပေါင်က လှည့်ပြီး ကျန်ရန်ဇောင်ကို စိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်း ကွေးသွားသည်။ ဒီလို

နည်းစနစ်တွေကို မကြိုက်တာကြောင့် လျစ်လျူရှုထားခဲ့သည်။

“ကျန်ရန်ဇောင် စည်းကမ်းမချိုးဖောက်မိအောင် သတိထားပါ။”

လီဇီချီ မျက်မှောင်ကြုတ်ရင်း သတိပေးလိုက်သ်ည်။

“စိတ်မပူနဲ့၊ စည်းကမ်းတွေကိုတောင် မကြေငြာရသေးဘူး။ အကဲဖြတ်လူကြီးတွေက ပြဿနာ ရှာချင်ရင်တောင် “ငါမသိ’ လို့ဆိုပြီး ခပ်မြန်မြန် အကြောင်းပြချက် ပေးနိုင်တယ်”

ကျန်ရန်ဖေါင်သည် အရမ်းကို တည်ငြိမ်နေသည်။ ဖြစ်နိုင်ခြေရှိတဲ့ အချက်အလက်အားလုံးကို ခွဲခြမ်းစိတ်ဖြာ နေသည်။

ပြီးတော့သူသည် မဆင်မခြင် တိုက်ခိုက်ခဲ့ခြင်း မဟုတ်ပါ။

ကျောင်းပေါင်း ၁၀၈ကျောင်း ရှိပြီး ကျောင်းသားတစ်ဖွဲ့စီတွင်လည်း လူနှစ်ဆယ်လောက် ပါဝင်သည်။ ပြောချင်တာက လူပေါင်း နှစ်ထောင့်တစ်ရာ့ ခြောက်ဆယ်သည် ဝရုန်းသုန်းကားနဲ့ ဇုန်-တစ်ဆီသို့ ပြေးဝင်လာကြသည်။

တကယ်လို့ တစ်ယောက်ယောက်သာ လေထဲက ငုံ့ကြည့်ပါက ဗဟိုပြည်နယ်အကယ်ဒမီလို တူညီတဲ့ နည်းဗျူဟာကို အသုံးပြုတဲ့ အဖွဲ့သုံးဆယ်ကျော်ကို မြင်ရလိမ့်မည်။

ဒီကြားထဲ ယုတ်မာတဲ့နည်းလမ်း သုံးပြုတဲ့လူတွေလည်း အများကြီး ရှိနေသည်။

"အား၊ ငါ့လက်ကျိုးသွားပြီ"

"ဟိုဘက်ကိုတိုး၊ ငါ့ကို မနင်းနဲ့"

"ဆရာ၊ ကျွန်တော် အရမ်းနာနေတယ်"

ကျောင်းသားတော်တော်များများသည် ဒဏ်ရာရပြီး ပြိုလဲကျနေသည်။

"ဒါက 'ဒီ' အဆင့် ပြိုင်ပွဲလား'

ဆွန်းမို အံ့အောနေသည်။

လဲကျတဲ့အသံတွေနဲ့ ကျောင်းသားများသည် ဝရုန်းသုန်းကား ဖြစ်နေကြပြီး သေခြင်းတရားနဲ့ မျက်နှာခြင်းဆိုင် တွေ့လိုက်ရသလို အရမ်းထိတ်လန့်နေကြသည်။ သူတို့မျက်နှာတွင် ထိတ်လန့်ကြောက်ရွံ့မှုများနဲ့ ဖုံးအုပ်နေသည်။

လူ့အနည်းငယ်ကသာ တည်ငြိမ်စွာ ရပ်တည်နိုင်သည်။

"အမှန်ပဲ"

ဖန်ယန် ကရယ်မောလိုက်သည်။ ဒါကလည်း ဖြစ်ပျက်နေကြပြီး မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေ ဖြစ်လာနိုင်သည်။

ကျင့်ကြံခြင်းသည် ကောင်းကင်နှင့် မြေကြီးရဲ့ အနှစ်သာရကို ခိုးယူခြင်း ဖြစ်သည်။ ကောင်းကင်ကို အံ့တုပြီး ကံကြမ္မာလမ်းကို ပြောင်းလဲခြင်း ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလမ်းစဉ်မှာ အဆုံးအထိ လျှောက်လှမ်းနိုင်သူ အရေအတွက် အရမ်းကိုနည်းပါးသည်။

ကြီးမားသော သန္နိဋ္ဌာန်နှင့် ခိုင်မာတဲ့ နားလည်နိုင်စွမ်းမရှိရင် ဘယ်လို အောင်မြင်မှာလဲ။

နှစ်စဉ်နှစ်တိုင်း လိဂ်ပြိုင်ပွဲ၏ အကြောင်းအရာသည် မတူညီကြပါ။ သို့သော် သဘောတရား တစ်ခုကတော့ တူညီနေသည်။ ပြီးတော့ ကျောင်းသားတွေရဲ့ စိတ်ဆန္ဒကို တောက်လောင်စေပြီး သူတို့ရဲ့ စိတ်အခြေအနေကို သံမဏိလို ဖြစ်လာအောင် ပျိုးထောင်ပေးဖို့ ဖြစ်သည်။

"ဒီဆင်းရဲဒုက္ခက ဘာအတွက်လဲ။ အမှားကနေ သင်ခန်းစာ မယူနိုင်ပဲ မပေါက်ကွဲထွက်လာနိုင်ရင် သူတို့သေသွားနိုင်တယ်"
လျှောင်ရန်ကတော့ ကျောင်းသားတွေကို မကြည့်ပါ။ သူက ရပ်စောင့်နေတဲ့ ဆရာတွေကို အကဲခတ်နေသည်။ သူတို့ကမှ တကယ်ပြိုင်ဘက်တွေ ဖြစ်သည်။

ဆွန်းမို အနည်းငယ် မျက်မှောင်ကြုတ်နေသည်။ သူက အခြားဆရာများကို ကြည့်လိုက်လျှင် သူတို့အားလုံးသည် အရမ်းအေးဆေးတည်ငြိမ်နေပြီး

ကျောင်းသားတစ်ယောက်ခြင်းစီရဲ့ ခွန်အားကို အကဲဖြတ်ကာ သတိထားသင့်တဲ့ ပစ်မှတ်ကို ရှာနေသည်။

"ဗဟိုပြည်နယ်ရဲ့ ကျောင်းသားအသစ်အဖွဲ့ကတော့ အနည်းငယ် အထင်ကြီးဖို့ကောင်းတာပဲ"

"အင်း ရှေ့က ကျောင်းသားနှစ်ယောက်ကတော့ မရိုးရှင်းဘူး"

"တတိယအချီပြီးမှပဲ ပြန်ကြည့်ကြတာပေါ့။ မနှစ်ကလိုပဲ အဖွဲ့ကွဲသွားတာလဲ ဖြစ်လာနိုင်တယ်"

ဂူ

လက်သီးချက်တစ်ချက် ရုတ်တရုတ် ရှန်ယွန်ပေါင် ခေါင်းဆီ ပြေးဝင်လာသည်။

ဒိုင်း

ရှန်ယွန်ပေါင် ကာကွယ်လိုက်သည်။ ထို့နောက် လှည့်ကြည့်လိုက်လျှင် နှစ်မီတာလောက် အရပ်မြင့်တဲ့ ကျောင်းသားတစ်ယောက်ကို မြင်လိုက်ရသည်။ ဒီလူက သူ့ထက်တောင် ပိုအရပ်ရှည်နေသေးသည်။

"အမ်"

တဖက်လူကလည်း ရှန်ယွန်ပေါင် ကာကွယ်နိုင်လိမ့်မယ်လို့ မမျှော်လင့်ထားပါ။ အရမ်းအံ့အောနေသည်။ ဒါပေမယ့် ဒီအချိန်က တိုက်ပွဲ ဝင်ရမည့် အချိန်မဟုတ်ပါ။ ဒါကြောင့်သူသည် ရှန်ယွန်ပေါင်ကို ချက်ခြင်း လျစ်လျူရှုထားပြီး အရှေ့သို့ ပြေးတက်သွားသည်။

"မသွားနဲ့"

ရှန်ယွန်ပေါင်သည် သားကောင်ကို မြင်ပြီး အံ့အောသွားသည်။ သူတိုက်ခိုက်ချင်နေသည်။

"ရှန်ယွန်ပေါင် လမ်းကြောင်း ဆက်ရှင်းပါ"

လီဇီချီက အော်လိုက်သည်။

ကျန်ရန်ဇောင်ကတော့ စကားမပြောဘဲ ရှန်ယွန်ပေါင်ရဲ့ အင်္ကျီစကို အမြန်ဆွဲလိုက်သည်။

"ငါ့ အချိန်ကုန်ခါနီးနေပြီ"

"ဘောပဲ"

ရှန်ယွန်ပေါင် ဆဲဆိုလိုက်သည်။ လက်နှစ်ဖက်ကို ခွန်အားတွေဖြည့်ကာ အစွမ်းကုန် ထုတ်သုံးလိုက်သည်။ ဒါကြောင့် သူ့အရှေ့က ကျောင်းသားတော်တော်များသည် သူ့လက်ချက် မိသွားသည်။

အဆုံးမှာတော့ ရှန်ယွန်ပေါင်လာနေတာ မြင်လိုက်လျှင် အခြားကျောင်းသားများသည် တခါတည်း လမ်းဖွင့်ပေးလိုက်သည်။

ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားအသစ်အဖွဲ့သည် ဇုန်-တစ်သို့ရောက်ရန် စုစုပေါင်း လေးဆယ်နှစ် စက္ကန့် ကြာမြင်ခဲ့သည်။ ဒါပေမယ့် သူတို့ထက် ပိုမြန်တဲ့တခြား အဖွဲ့တွေလည်း ရှိနေသေးသည်။

"သူတို့က မာရှန်နှင့် ဟန်ကျုံအဖွဲ့တွေပဲ"

သူတို့သည် ပထမဆုံး ရောက်တဲ့ အဖွဲ့မဟုတ်မှန်းသိလိုက်လျှင် ကျန်ရန်ဖောင် မပျော်နိုင် ဖြစ်သွားသည်။

ဒီကျောင်းသားအားလုံးသည် လူသစ်များ ဖြစ်ကြသော်လည်း သူတို့ရဲ့ အကြည့်သည် ပြင်းထန်ပြီး လေးနက်နေသည်။ ပြင်းထန်တဲ့ ယုံကြည်မှု အငွေ့အသက်ကို ထုတ်လွှင့်နေသည်။

သုံး

နှစ်

တစ်

တံခါးပိတ်လိုက်တော့

အခုလောလောဆယ်တွင် အပြင်ဘက်မှာ ကျောင်းသား နှစ်ဆယ်ကျော် ရှိသေးသည်။ လဲကျနေတဲ့သူက သုံးရာကျော်လောက် ရှိသည်။

ရေတွက်ချိန်ကုန်ဆုံးလာတာနဲ့အမျှ ဒိုင်လူကြီးက တံခါးပိတ်ဖို့ တခါတည်း အမိန့်ပေးလိုက်သည်။ ဇုန်-တစ်၏ တံခါးသည် ဖြည်းညင်းစွာ ပိတ်နေသည်။

အဲဒီအချိန်တွင် ကျောင်းသားများသည် အသိုက်ထဲသို့ ပြေးဝင်တဲ့ ပျားများလို ဖြစ်နေသည်။

ကြောက်ရွံ့မှုနှင့် စိုးရိမ်ပူပန်မှုများက သူတို့မျက်နာတွင် ပြည့်နှက်နေသည်။ ဇုန်တစ်ထဲသို့ မဝင်နိုင်ပါက သူတို့ကို ဖယ်ထုတ်မယ်လို့ ဒိုင်လူကြီးက မပြောပေမယ့် ကျောင်းသားတွေ လောင်းကြေး မထပ်ရဲပါ။

တံခါးကို ဖြတ်ပြီး ဇုန်တစ်နေရာထဲ ရောက်နေတဲ့ ကျောင်းသားများသည် အပြင်ဘက်က ကျောင်းသားများရဲ့ ဝရုန်းသုန်းကား အခြေအနေကို မြင်နေရသည်။

“အပြင်မှာရှိနေတဲ့လူတွေ အာရုံစိုက်ပြီး နားထောင်ပါ။ မင်းတို့ ဝင်လာမယ့် အခွင့်အရေးက လုံးဝ မရှိတော့ဘူး။ ဘာဖြစ်လို့ တခြားလူကို မတားဆီးတာလဲ။ ဒီလိုလုပ်လိုက်ရင် မင်းတို့ အသင်းဖော်အတွက် ပြိုင်ဘက်တွေ နည်းသွားလိမ့်မယ်”

ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာသည်။

ရွှတ်စ်

ကျောင်းသားတွေရဲ့အကြည့်သည် တခါတည်း တန်းရောက်လာသည်။ စင်မြင့်ပေါ်မှာ ရပ်နေတဲ့ ဒိုင်လူကြီးတောင် အံ့အော သွားမိသည်။

'အားလုံးပဲ မင်္ဂလာပါ။ ငါ့နာမည်က ကျန်ရန်ဖေ့ာင်ပါ" ထန်ထန်ယုထန်က လက်ဝှေ့ယမ်းပြီး အားလုံး နှုတ်ဆက်လိုက်သည်။

"အ"

ကျန်ရန်ဖေ့ာင် စိတ်ဓါတ်ကျသွားသည်။ "မင်း ဒီလောက် အရှက်မမဲ့လို့ မရဘူးလား။ မင်းရဲ့

လုပ်ရပ်ကြောင့် ငါတို့အဖွဲ့အတွက် အခက်အခဲ တိုးလာလိမ့်မယ်"

"ရက်စက်လွန်းတယ်"

လီဇီချီလည်း ဒီလိုလုပ်ဖို့ စိတ်ကူးရှိပေမယ့် စဉ်းစားပြီးနောက်မှာ စိတ်ကူးကို စွန့်လွှတ်ခဲ့သည်။ ဒီလို လုပ်လိုက်ပါက တခြားအဖွဲ့တွေရဲ့ ပစ်မှတ်ထားခံရမှာကို သူမ စိုးရိမ်နေခဲ့သည်။

"ဘယ်လို လူမိုက်လဲ။ ငါတို့က ဒါကို အာရုံစိုက်ရမယ်"

နန်ခုန်တာအိုက အဖွဲ့ဝင်တွေကို သတိပေးလိုက်သည်။

ဒီလိုမျိုးစကားများသည် အဖွဲ့တိုင်းနီးပါတွင် ဖြစ်ပွားနေခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ထန်ထန်ယုထန်ရဲ့ စကားသည် ဝင်ဖို့လုပ်နေတဲ့ အဖွဲ့တိုင်းအပေါ်တွင် အကျိုးသက်ရောက်မှု ရှိသွားသည်။

ဖောက်

ကျောင်းသားတစ်ယောက်သည် တံခါးအနီးသို့ ပြေးလာနိုင်ခဲ့ပေမယ့် သူ့ခြေလှမ်းက တံခါးကို

မကျော်နိုင်ခင် သူ့ရဲ့ ဆံပင်ကို အနောက်ကနေ တစ်ယောက်ယောက်က လှမ်းဆွဲထားသည်။ သူ ဆွဲထုတ်ခံလိုက်ရသည်။

ဘုန်း

တံခါး ပိတ်သွားသည်။

ဇုန်တစ်ထဲမှာရှိတဲ့ လူတိုင်းက ထန်ထန်ယုထန်ကို စိုက်ကြည့်နေကြသည်။ ဒီ 'ကျန်ရန်ဇောင်'ဆိုတဲ့ စကားကြောင့် နောက်ထပ် ဝင်ရောက်နိုင်တဲ့ ကျောင်းသား မရှိတော့ပါ။

“အဟွတ် အဟွတ် ငါ့ကို ဒီလို မကြည့်ပါနဲ့။ ငါက အသည်းငယ်တယ်”

ထန်ထန်ယုထန်က ချောင်းဆိုးရင်း ပြန်ပြောသည်။

“ထန်ထန်ယုထန်၊ နောင်ကျရင် ငါ့အမိန့်မရဘဲ စကားမပြောနဲ့”

ကျန်ရန်ဇောင်က သတိပေးလိုက်သည်။

“ကောင်းပြီလေ ခေါင်းဆောင်”

ထန်ထန်ယုထန် အသံက နှိမ့်ချမှုရှိပြီး မျက်နှာပေါ်မှာလည်း အပြုံးတစ်ခု ရှိနေသည်။ သို့သော်လည်း လီဇီချီသည် ထန်ထန်ယုထန်က

ကျန်ရန်ခေါင်ကို အထင်ကြီးခြင်း မရှိကြောင်း သိနေသည်။ ဇုန်တစ်ထဲတွင် အလင်းရောင်သည် ပြတင်းပေါက်ကြီးများမှ တဆင့် ဖြာကျနေသည်။ ဒီနေရာသည် အရမ်းတောက်ပနေသည်။ အသက်လေးဆယ်ကျော်လို့ ယူဆရတဲ့ လူတစ်ယောက်က စင်ပေါ်တက်ပြီး စကားပြောသည်။ သူ့ အသံက မိုးခြိမ်းသံလို ကျယ်လောင်လှသည်။

"ငါက ဒီပြိုင်ပွဲရဲ့ အဓိက ဒိုင်လူကြီး တန်ရီမင်ပါ။ အခုတော့ ပထမအချီနဲ့ ပက်သက်ပြီး အကြောင်းအရာနဲ့ စည်းကမ်းတွေကို ကြေငြာမယ်"

တန်ရီမင်ရဲ့ အကြည့်သည် လူအုပ်ကြီးပေါ်သို့ ဖြတ်ပြေးသွားသည်။ "တစ်ခေါက်ပဲပြောမယ်။ သေသေချာချာ နားထောင်ပါ။ မေးခွန်း မေးခွင့်မရှိဘူး။ စကား ဖြတ်ပြောခွင့် မရှိဘူး။ အချင်းချင်း တိုးတိုး တိုးတိုးနဲ့ ပြောခွင့် မရှိဘူး။ ရှာဖွေတွေ့ရှိလျှင် ပြိုင်ပွဲ ဖယ်ရှားပစ်မယ်"

တန်ရီမင်၏ တင်းမာသော လေသံနှင့် စကားလုံးကြောင့် လေထဲတွင် ဖိအားများလာသည်။ ကျောင်းသားအားလုံးက အာရုံစိုက်ပြီး သူ့ကို ကြည့်နေကြသည်။

"ပထမအချီ ပြိုင်ပွဲကို သေခြင်းပြိုင်ပွဲလို့ ခေါ်တယ်။ ကျောင်းသားသစ်အဖွဲ့တွေက ငါးရက်အတွင်း ဟွာလူ ကျွန်းကို ရောက်အောင်သွားရမယ်"

"မင်းတို့ စောစော ရောက်လေ မင်းတို့ရဲ့ အဆင့်က ပိုမြင့်လေပဲ။ ခုနစ်ရက်ကျော်သွားပါက ဖယ်ရှားခြင်း ခံရမယ်"

"နောက်ဆုံးအဆင့်ကို စံချိန် သုံးမျိုးနဲ့ ဆုံးဖြတ်မယ်။ ပထမအချက်က အရင်ဆုံးရောက်တဲ့ အစီအစဉ်အတိုင်း။ ဒုတိယက အဖွဲ့ထဲကနေ

လူနှစ်ယောက် ထွက်သွားရင် အဆင့်တစ်ခု လျှော့ချခံရမယ်။ လူခြောက်ယောက် ထွက်သွားခဲ့ရင်တော့ ရလဒ်ကို ပယ်ဖျက်ပြီး ပြိုင်ပွဲထဲက ထွက်ရမယ်”

“တတိယအချက်အနေနဲ့ကတော့ အစကတည်းက မင်းတို့ဆရာ ခေါ်လို့ရတယ်။ တစ်ယောက်ကို အဆင့်တစ်ခု လျှော့ချ ခံရမယ်။ အဖွဲ့က ဆရာတစ်ယောက်မှ မခေါ်ရင်တော့ အဆင့် မပြောင်းဘူး”

“ဒါပေမယ့် လမ်းမှာ မဖြေရှင်းနိုင်လို့ ရုတ်တရက် မင်းတို့ဆရာရဲ့ အကူအညီလိုလာခဲ့ရင်

မင်းတို့အဆင့်ကို သုံးဆင့် လျှော့ချမယ်။ ဆရာတွေကို အကူအညီတောင်းပြီးရင်တောင် မင်းတို့ရဲ့ ဆရာတွေက မကူညီပေးနိုင်ခဲ့ရင်တော့ မင်းတို့ အဖွဲ့ကို ထုတ်ပယ်မယ်”

တန်ရီမင်က သာမန် အမြန်နှုန်းနဲ့ စကားပြောသော်လည်း စည်းကမ်းချက်တွေက များလွန်းသည်။ အဲဒါတွေက အရမ်းဒုက္ခရောက်ပြီး ကျောင်းသားတွေကို စိတ်ရှုပ်စေသည်။

လုချီဟွာသည် ရှေ့ကိုတိုးကာ တတ်နိုင်သလောက် မှတ်မိအောင် ကြိုးစားနေသည်။ သို့သော်လည်း သူမ မေ့သွားသဖြင့် ချွေးစေးများ ထွက်နေသည်။

စင်ပေါ်တွင် ကန့်လန့်ကာ တစ်ခုရှိနေသည်။ တန်ရီမင်က ရုတ်တရက် လက်ကိုဆန့်ပြီး ဖယ်လိုက်သည်။

ကန့်လန့်ကာနောက်တွင် မြေပုံရှိတဲ့ ရှေးခေတ် ကျောက်သင်ပုန်းကြီးတစ်ခုကို မြင်နေရသည်။

ဖောင်း

တန်ရီမင် ရေကန်အလယ်မှာရှိတဲ့ တောင်တစ်ခုကို ညွှန်ပြလိုက်သည်။

"ဒီနေရာက ဟွာလူ ကျွန်းပဲ။ ဒီကျွန်းမှာ ဟွာလူငှက်တွေ အများကြီးနေထိုင်တယ်။ ဒါကြောင့် ကျွန်းနာမည်ကို ဟွာလူလို့ ပေးထားတာ။ ဒီနေရာက ပန်းတိုင်ဆိုတာ လူတိုင်း မှတ်ထားရမယ်"

တန်ရီမင် ညွှန်ပြရင်း သုံးကြိမ်တိုင်တိုင် ပုတ်လိုက်သည်။

“အရမ်းကောင်းတယ်။ ငါပြီးပြီ။ အခုတော့ အဖွဲ့အသီးသီးက ခေါင်းဆောင်တွေက မြေပုံလာယူပြီး ငါးမိနစ်အတွင်း ထွက်ခွာဖို့ လုပ်ကြပါ”

လီဇီချီသည် အမှန်တကယ် မြေပုံကို ယူချင်သော်လည်း ကျန်ရန်ဖောင်က သူမထက် ပိုမြန်နေသည်။

“သူ့ကို ပေးသွားလိုက်”

ထန်ထန်ယုထန်သည် ကျောက်သင်ပုန်းပေါ်က မြေပုံကို ရှင်းရှင်းလင်းလင်း ကြည့်ချင်သော်လည်း

ဝန်ထမ်းတစ်ယောက်က အဝတ်စနဲ့ ချက်ခြင်း အုပ်လိုက်သည်။

"အမ်"

ရောဂါသည် မျက်မှောင် ကြုတ်သွားသည်။ (ဒါကို အရေးတကြီးဖုံးဖို့ လိုလို့လား။)

ထို့နောက် မှတ်စုစာအုပ်ကလေးထဲက တစ်ခုခုကို ဆွဲထုတ်လိုက်သည်။

"ဒိုင်လူကြီး အပြင်က ကျောင်းသားတွေက ဘာဖြစ်မှာလဲ"

အဖွဲ့ခေါင်းဆောင်တစ်ယောက်သည် မြေပုံကို ရပြီးနောက် သိချင်စိတ်ကို မထိန်းနိုင်ဘဲ မေးလိုက်သည်။ အဲဒီအတွက် ဘာမှမတတ်နိုင်ပါ။ သူ့ရဲ့ အဖွဲ့သားသုံးယောက်သည် အပြင်ဘက်တွင် ကျန်နေခဲ့သည်။ သူတို့အဖွဲ့သာ ပြန်မပေါင်းနိုင်ခဲ့လျှင် ပြိုင်ပွဲစတဲ့အချိန်တွင် အဆင့်သတ်မှတ်ပါက အောက်ဆုံး ရောက်သွားလိမ့်မည်။

"အရင်က ပြောပြီးသား။ မေးခွန်းထုတ်ခွင့် မရှိဘူး။ မင်းရဲ့ ယှဉ်ပြိုင်ခွင့်ကို သိမ်းလိုက်ပြီ"

တန်ရီမင်၏ လေသံသည် မြောက်ဝန်ရိုးစွန်းက အေးစက်တဲ့ လေသံနဲ့ တူနေသည်။ လေထုက ချက်ခြင်းကို အေးစက်သွားသည်။ အချင်းချင်း ဆွေးနွေးနေတဲ့ ကျောင်းသားများသည် အလိုလို ပါးစပ်ပိတ်ထားသည်။

"အ..အ"

အဲဒီ အဖွဲ့ခေါင်းဆောင်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်မှုများနဲ့ ပြည့်နေသည်။ သူသည် အသနားခံခြင်သော်လည်း တန်ရီမင်၏ တင်းမာသော အကြည့်အောက်တွင် ဘာမှ မပြောနိုင်ပါ။

“ငါတို့ ဇီချီက အမိန့်မြန်မြန်ပေးလိုက်တာကြောင့် ကံကောင်းသွားတယ်။ ဒီလိုမှမဟုတ်ရင် ငါတို့တစ်ဖွဲ့လုံး အချိန်မီဝင်နိုင်မှာ မဟုတ်ဘူး”

လီဖန်သည် တုန်လှုပ်ချောက်ချား သွားမိသည်။ လီဇီချီ ကြောင့်သာ မဟုတ်ရင် သူကျန်နေခဲ့ရမယ့် အခွင့်အရေးက ရှစ်ဆယ်ကနေ ကိုးဆယ် ရာခိုင်နှုန်းလောက် ရှိသည်။

လုချီဟွာကလည်း အကြွင်းမဲ့ ခေါင်းညိတ် ထောက်ခံလိုက်သည်။

"ဒီကြောင်း ပြောမနေနဲ့တော့။ အရေးကြီးတဲ့အချက်က ဆရာကို ခေါ်သွားမှာလား ဆိုတာပဲ"

လီဇီချီသည် အိတ်ဆောင်နာရီကို တစ်ချက် ထုတ်ကြည့်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ သူတို့ဆွေးနွေးတာက မပြီးသေးဘူး အချိန်က လေးမိနစ် ကုန်သွားပြီ။

အခန်း (၃၂၁) - ဒီနေ့မှာ ငါတို့ ကျော်ကြားလာရမယ်။

ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ကျောင်းသားတွေရဲ့ အမူအရာက အရမ်းပြင်းထန်နေသည်။

တန်ရီမင်သည် ဆံပင်တိုတိုနဲ့ ကျောင်းသားတစ်ယောက်ကို ထုတ်ပယ်ပြီးနောက် လူတိုင်းဆီတွင် ကြီးမားတဲ့ ဖိအားကို ခံစားနေရသည်။ ဒီပြိုင်ပွဲရဲ့ ရက်စက်ကြမ်းကြုတ်မှုကို ခံစားမိကြသည်။

ပြိုင်ပွဲမစခင်မှာပင် အဖွဲ့သည် မှန်ကန်တဲ့ တုန့်ပြန်မှုကို ပြသဖို့ လိုအပ်သည်။ ခြေတစ်လှမ်းနောက်ကျရင် ချန်ပီယံဆုကို ဘယ်တော့မှ မရနိုင်တော့ပါ။

"ဒါကို စဉ်းစားနေဖို့ လိုသေးလို့လား။ ထုံးစံအတိုင်း ငါတို့ဆရာကို ခေါ်ရမှာပေါ့"

လုချီဟွာ မျက်နှာပေါ်တွင် ထိတ်လန့်တဲ့ အမူအရာဖြစ်နေသည်။ ဆွန်းမိုနဲ့ အတူတူရှိနေမှ သက်တောင့်သက်သာ ခံစားရသည်။

“ဆရာတစ်ယောက်ကို ခေါ်လိုက်လျှင် ငါတို့ရဲ့ အဆင့်သတ်မှတ်ချက်က တဆင့်ကျသွားလိမ့်မယ်”

ဝူဂျိတန်သည် အရပ်အမောင်း သေးငယ်သော်လည်း အရမ်းအမျှော်အမြင်ကြီးပြီး ကိုယ့်ကိုယ်ကို ယုံကြည်ချက် ရှိသည်။ “ဒါက ကျောင်းသားတွေကြားက ပြိုင်ဆိုင်မှုပဲ။ ငါတို့ ဆရာမရှိလည်း ငါတို့ လုပ်နိုင်ရမယ်”

"အမှန်ပဲ၊ ဆရာတွေကို ခေါ်ရမှာ ရှက်စရာကြီး"

ကူဒင်ဂျင်သည် အရင်ကတွေဝေနေသော်လည်း ဝူဂျီတန်၏ စကားကိုကြားပြီးနောက် ချက်ခြင်းဆိုသလို သူ့ဘက်က ထောက်ခံလိုက်သည်။

"ဒါက ရှက်ဖို့ကောင်းလား မကောင်းလားဆိုတဲ့ မေးခွန်း မဟုတ်ဘူး"

လီဖန်က "ငါတို့က ဆရာတွေကို လမ်းတစ်ဝက်ရောက်မှ အကူအညီတောင်းလိုက်ရင် အဆင့်သုံးဆင့် ကျသွားမယ်ဆိုတဲ့ အချက်ကို

မမေ့လိုက်နဲ့၊ ငါကတော့ ဆရာတွေကို အခုပဲ ခေါ်လိုက်ချင်တယ်”

ပိုင်ခွန်ချီက ကြားဖြတ်ပြောလာသည်။

“ဒါပေမယ့် ထပ်ဆုံး အဆင့်ငါးဆင့်ထဲ သတ်မှတ်ခံရတဲ့ ကျောင်းတွေက ဆရာတွေကို သေချာပေါက် မခေါ်ဘူး”

ကျန်ရန်ဇော်င် ပြန်ရောက်လာပြီး စကားတစ်ခွန်း ပြောလိုက်သည်။ သူက လူတိုင်းကို ကြည့်လိုက်သည်။

“ဒီကို လာရတဲ့ ရည်ရွယ်ချက်က ဘာလဲ။ ဖျော်ဖြေဖို့လား။ ‘ဒီ အဆင့်’ ပြိုင်ပွဲမှာ

အောင်မြင်ရုံလောက် မဟုတ်ဘူး။ မဟုတ်သေးဘူး။ ဆွန်းမို မှန်တယ်။ ငါတို့ ချန်ပီယံဆုကို ယူဖို့ပဲ။ ငါတို့ရဲ့ ပန်းတိုင်က ချန်ပီယံဆု ယူဖို့ပဲ။ ဒါကြောင့် ဆရာတွေကို မခေါ်ဘူး”

ထန်ထန်ယုထန် နှုတ်ခမ်းတွန့်သွားသည်။ ဒီစကားက မှန်တယ်ဆိုတာ လူတိုင်း နားလည်သည်။

“ငါကတော့ ဆရာတွေကို ခေါ်ဖို့ အကြံပေးတုန်းပဲ”

လီဇီချီက “ငါတို့ကျောင်းသားတွေရဲ့ ဘေးကင်းမှုကို ထည့်စဉ်းစားရမယ်။ ဒိုင်လူကြီးက အဖွဲ့က လူနှစ်ယောက်လျှော့သွားရင်

တမှတ်ကျသွားမယ်လို့ ပြောခဲ့တယ်။ ပြိုင်ဆိုင်တဲ့ လုပ်ငန်းစဉ်မှာ အန္တာရာယ်တွေနဲ့ ပြည့်နေမယ်လို့ ဒိုင်လူကြီး က ပြောတယ်”

“ငါတို့ ဆရာတွေကို မခေါ်လဲ လူနှစ်ယောက် လျှော့သွားရင် တဆင့် လျှော့မှာပဲ။ ဒီလောက်ဆုံးရှုံးမှုကို ငါတို့ လက်ခံနိုင်တယ်”

ကျန်ရန်ဇောင်က ပြောလိုက်သည်။ ထို့နောက် လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။

“လူတွေက တခြားလူကိုအားကိုး ချင်ကြတယ်။ ငါတို့သာ ဆရာတွေကို အတူတူ ခေါ်လာခဲ့လျှင် အခက်အခဲတိုင်းလိုလို အကူအညီ တောင်းမိလိမ့်မယ်”

“အမှန်ပဲ။ လုံး၀ မျှော်လင့်ချက် ကင်းမဲ့တဲ့ အခြေအနေမှသာ လူတစ်ယောက်ရဲ့ အလားအလာကို လှုံ့ဆော် ပေးနိုင်တယ်”

ရှန်ယွန်ပေါင်က လက်သီးနှစ်ခုကို ထိရင်း ပြောလိုက်သည်။

ဒီစကားကို ကြားပြီးနောက် လီဇီချီ မျက်လုံးပြူးသွားသည်။ (လူတိုင်းကအတူတူပဲလို့

မင်းထင်နေတာလား။ အန္တရာယ် ပိုများလေ စိတ်လှုပ်ရှားစရာပိုများလေလို့ တွေးနေတာလား)

တခြားကျောင်းသားအဖွဲ့တွေလည်း ဒီအချက်နဲ့ ပက်သက်ပြီး ငြင်းခုန်နေကြသည်။ သူတို့က အကျိုးအမြတ်အများဆုံး ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေကြသည်။

လူတိုင်းရဲ့ အမြင်က မတူကြပါ။

"နောက်ဆုံးမိနစ်၊ အခုကစပြီး ရေတွက်တော့မယ်"

တန်ရီမင်က အိတ်ဆောင် နာရီကို တစ်ချက်ထုတ်ကြည့်ပြီး ကြေညာလိုက်သည်။

"လေးမိနစ်ကုန်သွားပြီးလား မြန်လိုက်တာ"

လုချီဟွာသည် အရှိန်အဟုန်နဲ့ နောက်ပြန်ဆုတ်သွားသည်။

"အခုက ဒီပြဿနာကို ဂရုစိုက်ရမယ့် အချိန်မဟုတ်ဘူး။"

ထန်ထန်ယုထန်က လုချီဟွာပုခုံးကို လှုပ်ယမ်းကာ ပြောလိုက်သည်။

"မင်း ဒီထက်ပိုပြီး အလေးအနက်ထားလို့ မရဘူးလား။ ငါတို့က အခုအရေးကြီးတဲ့ ကိစ္စကို ဆွေးနွေးနေတယ်"

ထန်ထန်ယုထန်ရဲ့ အပြုအမူကို မြင်ပြီး ဝူဂျိတန် မကျေမနပ် ဖြစ်နေသည်။ ထန်ထန်ယုထန် အစားထိုးခဲ့တဲ့ ကျောင်းသားသည် အမှန်တကယ်တော့ သူနဲ့ တရွာထဲသား ဖြစ်သည်။ သူတို့ရဲ့ ဆက်ဆံရေးကလည်း အရမ်းကောင်းမွန်သည်။

"လက်မြှောက်ပြီး မဲခွဲလိုက်ရအောင်"

လီဇီချီနှင့် ကျန်ရန်ဇောင်တို့ နှစ်ယောက်စလုံးသည် ငြင်းခုန်နေရုံနဲ့

အဖြေမထုတ်နိုင်မှာကို စဉ်းစားမိပြီး ဒီလို ဖြေရှင်းနည်းကို ရွေးချယ်လိုက်ကြသည်။

"၄၀"

တန်ရီမင်က အသံချဲ့စက်ကနေ ကြေငြာလိုက်သည်။

"ဆုံးဖြတ်ပြီးသား အဖွဲ့တွေက ချက်ခြင်း ထွက်ခွာနိုင်ပြီ"

တန်ရီမင် စကားဆုံးသွားတာနဲ့ ဇုန်တစ်ထဲကနေ ကျောင်းသား ခုနှစ်ဖွဲ့ ပြေးထွက်သွားသည်။

"သူတို့က ဆရာမခေါ်ဘူးလား"

"မြန်မြန်သွားရအောင်။ ငါတို့လဲ ဆရာမခေါ်ဘူး"

"အမှန်ပဲ၊ သူတို့တောင် မခေါ်သေးရင် ငါတို့လည်း မခေါ်ဘူး။ ငါတို့လည်း အဲဒီလို လုပ်ရအောင်"

"သူတို့နဲ့ယှဉ်စရာလား။ သူတို့က ချန်ပီယံဆု လုဖို့ ရောက်လာတာ။ ငါတို့က အဆင့်ထိန်းထားနိုင်ရင် အဆင်ပြေပြီ"

တခြားအဖွဲ့ကြားက ငြင်းခုန်မှုသည် ပိုဆိုးလာသည်။ ပြီးတော့ နာရီအမှတ်အသား ပြုလုပ်ထားသဖြင့် လူတိုင်းအပေါ်မှာ ဖိအားများလာသည်။

တန်ရီမင်၏ နှုတ်ခမ်းများ ကွေးသွားသည်။ အဖွဲ့ခုနှစ်ဖွဲ့သာ ထွက်သွားခဲ့ပြီး သူခန့်မှန်းမှုထက် ပိုနည်းနေသေးသည်။ ပြီးတော့ ဒါတွေကလည်း ပြီးခဲ့တဲ့တစ်နှစ်က ထိပ်ဆုံး ၁၀ အဆင့်ထဲဝင်တဲ့ မာရှန်၊ ကောင်းကင်သစ်ခွနှင့် ဟန်ကျုံ ကျောင်းတွေပဲ ဖြစ်နေသည်။

(ဟင်း၊ 'ဒီ' အဆင့်ကျောင်းတွေက တိုးတက်မှု မရှိဘူး)

တန်ရီမင် ခေါင်းလှုပ်လိုက်သည်။ သူ့ရဲ့ အကြည့်တွေက ကျန်ရန်ဇောင်တို့ အဖွဲ့ဆီ

ရောက်လာသည်။ ထန်ထန်ယုထန်၏ အစောပိုင်းတုန်းက စကားများကြောင့် သတိထားမိခဲ့သည်။

“ဒီနှစ် ဗဟိုပြည်နယ်အကယ်ဒမီကလည်း အလားအလာ ကောင်းတဲ့ပုံ မပေါ်ဘူး”

တန်ရီမင်သည် စိတ်မကောင်း ဖြစ်မိသည်။ ထင်ထားသလိုပဲ နာမည်ကြီးကျောင်းတစ်ကျောင်းက ကျဆင်းသွားခဲ့ရင် အထွဋ်အထိပ်ပြန်ရောက်ဖို့ တော်တော် ခက်တာပဲ။

“ဆုံးဖြတ်ဖို့အတွက် လက်မြန်မြန်မြောက်ရအောင်”

ကျန်ရန်ဇောင်က တိုက်တွန်းလိုက်သည်။

“ဆရာတွေကို ခေါ်ချင်တဲ့လူတွေက လက်ထောင်”

ရှတ်စ် ရှတ်စ်

လက်နှစ်ချောင်း မြင့်တက်လာသည်။ လီဇီချီနှင့် လုချီဟွာတို့ကလွဲလျှင် တခြားသူ မဟုတ်ပါ။

လီဖန်သည် သူမလက်ကို တစ်ဝက်တစ်ပျက်မြောက်လိုက်သော်လည်း ရလဒ်ကို မြင်လိုက်လျှင် လက်ပြန်ချလိုက်သည်။

“ကောင်းပြီလေ။ ရှစ်မဲ နှစ်မဲ။ ငါတို့ ဆရာတွေ မခေါ်တော့ဘူး။ သွားရအောင်”

ကျန်ရန်ဇောင် တိုက်တွန်းလိုက်သည်။ အဲဒီနောက် လျှင်မြန်စွာ လမ်းလျှောက်သွားသည်။

သူက ဒီလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်အောင်လုပ်ပြီး ကျော်ကြားမှုတိုးလာစေချင်သည်။ ဒါကြောင့် အရင်ထွက်သွားတဲ့ အုပ်စုနောက် စိတ်လောစွာ လိုက်နေသည်။

“မာနကြီးလွန်းတယ်”

လီဇီချီ ခေါင်းခါလိုက်သည်။ ဒါပေမယ့် ဒီလိုဖြစ်လာတဲ့အတွက် မကျေမနပ်မှုကို ဖယ်ရှားလိုက်ပြီး ပြိုင်ပွဲကို ချက်ခြင်း အာရုံစိုက်လိုက်သည်။ ဆရာတွေရဲ့ ဦးဆောင်ခြင်း မရှိဘဲ ရလဒ်ကောင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စတင်ပြီး စဉ်းစားလာခဲ့သည်။

"အချိန်စေ့ပြီ။ ဆရာတွေကို ခေါ်ခွင့် မရှိတော့ဘူး။"

တန်ရီမင် က

"အဖွဲ့အားလုံး အခု ထွက်ရတော့မယ်။"

"ပြေး၊ မြန်မြန်ပြေး"

"ငါတို့ လုပ်နိုင်တယ်"

"ငါတို့ သေချာပေါက် အနိုင်ယူမယ်"

ကျောင်းသားအများအပြားသည် ထွက်ပေါက်မှ ထွက်သွားစဉ် ဆုံးဖြတ်ချက် မပြတ်သားတဲ့ ပုံဖြစ်သည်။ အသင်းဖော်တွေကို အားပေးဖို့အတွက် ကျောင်းသားတချို့က အော်ဟစ်နေကြသည်။ တန်ရီမင်က စင်ပေါ်မှာ ရပ်ပြီး ရေတွက်ကြည့်နေသည်။ အဖွဲ့တစ်ဖွဲ့မှ ဆရာတွေကို မခေါ်ခဲ့ကြပါ။ ပိုပြီးတိတိကျကျ ပြောရလျှင်

အုပ်စုတစ်ခုမှ ငါးမိနစ်အတွင်း ဆုံးဖြတ်ချက် မချနိုင်ခဲ့ပါ။

“ဘယ်လောက်တောင် ညံ့ဖြင်းတဲ့ စွမ်းဆောင်ရည်လဲ”

တန်ရီမင် မျက်မှောင်ကြုတ်နေသည်။ အမှန်ကတော့ ဆရာတွေခေါ်လာလည်း ပြိုင်ဆိုင်မှုအပေါ်မှာ မသက်ရောက်နိုင်ပါ။ ပြီးတော့ ဒီနေရာမှာ ငြင်းခုန်ပြီး အချိန်ဖြုန်းနေတာထက် ဘယ်ဆုံးဖြတ်ချက် မဆို ပိုကောင်းသည်။ အချင်းများလျှင် ခေါင်းဆောင်သည်

အခွင့်အာဏာမရှိဘဲ မိနစ်အနည်းငယ်အတွင်းတွင် သူ့လူများရဲ့ ထင်မြင်ချက်ကို မစုစည်းနိုင်လို့ပဲ ဖြစ်မည်။

ကျောင်းသားများကို ဇုန်တစ်ထဲ အချိန်အကန့်အသတ်နဲ့ ဝင်ခိုင်းပြီး တင်းကျပ်တဲ့ စည်းကမ်းအမျိုးမျိုးထုတ်ကာ ကျောင်းသားတစ်ယောက်ကို စံနာမူနာပြ ထုပ်ပယ်ပစ်ပြီး ကျန်တဲ့ကျောင်းသားများကို သတိပေးခဲ့သည်။ ကျောင်းသားများ ကြီးမားတဲ့

ဖိအားအောက်တွင် ကြောက်လန့်ပြီး ထိတ်လန့်နေစေရန် ဖြစ်သည်။

ပြီးတော့ ကျင့်ကြံသူများသည် သေစေလောက်တဲ့ အခြေအနေများနဲ့ ရင်ဆိုင်ရလိမ့်မည်။ ကြီးမားတဲ့ ဖိအားအောက်တွင် တည်ငြိမ်မှုကို ထိန်းထားပြီး မှန်ကန်သော ဆုံးဖြတ်ချက်ကို ချရမည်။ ဒါမှလည်း အသက်ရှင်နိုင်ခြေ မြင့်မားလိမ့်မည်။

"အဲဒီမှာ ဘယ်လိုအခြေအနေတွေ ဖြစ်နေလဲ"

ဖန်ယန်သည် လည်ပင်းဆန့်ပြီး ကြည့်နေသော်လည်း တံခါးက တင်းတင်းကြပ်ကြပ်

ပိတ်ထားသည်။ ဇုန်တစ်နေရာကို ဘယ်လိုမှ မမြင်ရပါ။

ရှတ်တရှတ် အနက်ရောင်ဝတ်ထားတဲ့ လူတစ်ယောက် ပေါ်လာသည်။

"ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအသစ်အဖွဲ့ရဲ့ ဆရာတွေ၊ ငါက စောင့်ကြည့်သူ အမှတ် ၆၃ ဖြစ်သည်။ ငါပြောတဲ့ အချက်တွေကို ကျေးဇူးပြုပြီး မှတ်ထားပေးပါ"

"ကျောင်းသားအသစ်အဖွဲ့ရဲ့ လုပ်ဆောင်ချက်ကို ကျွန်တော်က စောင့်ကြည့်နေပြီး အချက်လက်များကို

စုစည်းကာ ဖိုင်တစ်ခု လုပ်ထားပြီး မှတ်တမ်းတင်ထားမယ်”

“မင်းက ငါ့ကို မိတ်ဖွဲ့ခွင့် မရှိဘူး”

“ငါ့နာမည်ကို မမေးရဘူး”

“ငါ့ကို ထင်မြင်ချက် မပေးရဘူး”

“ငါ့ရဲ့ ခွင့်ပြုချက် မရှိဘဲ ဘယ်လိုပုံစံဖြစ်စေ ကျောင်းသားတွေကို မဆက်သွယ်ရဘူး။ အဲဒီအချက်တွေကို တွေ့ရှိပါက မင်းတို့အားလုံး ဖယ်ရှားပစ်မယ်”

"မင်းတို့ ငါ့ကို မှီအောင် မလိုက်နိုင်ရင်လည်း မင်းတို့ ထွက်သွားပြီလို့ သတ်မှတ်မယ်။ နောက်ဆက်တွဲ အကျိုးဆက်ကို မင်းတို့ကိုယ်တိုင် တာဝန်ယူရမယ်"

"မင်းတို့အားလုံး ဒီနေရာမှာ ရှစ်နာရီ ကြာအောင် စောင့်နေရမယ်"

"ငါတို့ ကျောင်းသားတွေကို ရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ။ ဒီစောင့်ကြည့်သူရဲ့ အပြုအမူကို သဘောမကျဘူး။ မာနကြီးပြီး အေးစက်တယ်"

"ထုံးစံအတိုင်း ကျရှုံးမှုလို့ သတ်မှတ်လိမ့်မယ်"

ထို့နောက် ကူရှပ်ရှင်းသည် ပတ်ဝန်းကျင်ကိုလည့်ပတ် ကြည့်လိုက်သည်။ ပြီးတော့ မျက်လုံးမှိတ်ကာ တရားထိုင်လိုက်သည်။

ဆွန်းမိုသည် ဒီလို ပြိုင်ပွဲကို ပထမဆုံးအကြိမ်ကြုံဖူးခြင်း ဖြစ်ပြီး အရမ်းမိုက်တယ်လို့ ခံစားရသည်။ စာသင်ခန်းထဲမှာ စာရွက်တွေနဲ့ ဖြေရတာနဲ့စာရင် ပိုခက်သည်။

“ဒါက ငါတို့ဆရာတွေအတွက် သူတော်စင်ဂိတ်ရဲ့ စမ်းသပ်မှု တစ်ခု ဖြစ်နိုင်တယ်။ စိတ်ပူစရာမလိုဘူး။

ငါတို့ရဲ့ စိတ်အခြေအနေကို ပုံမှန်အတိုင်း ဖြစ်အောင် ထိန်းထားရုံပဲ”

ဖန်ယန်က တခြားလူတွေကို သတိပေးလိုက်သည်။

ရှစ်နာရီကြာအောင် စောင့်ဆိုင်းနေရသဖြင့် ဆရာများသည် စိတ်ဖိစီးမှု တိုးလာသည်။ ကျောင်းသားတွေကို အချိန်မှီ ရှာနိုင်ပါ့မလား။

နှင်စက်ဖြူအဆောက်အဦးထဲက ဆရာများသည် သူတို့ရဲ့ ခွန်အားကို ထိန်းသိမ်းရန် တရားထိုင်နေကြသည်။

ဗဟိုပြည်နယ်အကယ်ဒမီမှာ ကျောင်းသားအသစ်အဖွဲ့သည် နှင်းစက်ဖြူအဆောက်အဦးက ထွက်လာပြီးနောက် အရှိန်မြှင့်လိုက်သည်။ စီးတော်ယာဉ်များကို အသုံးပြုခွင့် မပေးကြောင်း မြေပုံပေါ်တွင် အနီရောင်နဲ့ ရေးထိုးထားသည်။ ပြောချင်တာက သူတို့ခြေထောက်များကိုသာ အားကိုးပြီး သွားနိုင်သည်။

“ထန်ထန်ယုထန်၊ မင်းခံနိုင်ရည် ရှိသေးလား”

ကျန်ရန်ဖောင်သည် အဖွဲ့ကို ဦးဆောင်ရင် တစ်ခါတစ်လေ ပြန်လှည့်ကြည့်သည်။ ထန်ထန်ယုထန်ဆိုတဲ့ အကောင်ကို အစိုးရိမ်ဆုံး ဖြစ်သည်။

"အဟွတ် အဟွတ်"

ထန်ထန်ယထန်သည် ပါးစပ်ကို လက်ကိုင်ပုဝါနဲ့ အုပ်လိုက်သည်။

"စိတ်မပူပါနဲ့။ ယာယီအားဖြင့်တော့ မသေနိုင်သေးပါဘူး"

ကျန်ရန်ဖေါင်သည် ဒေါသကြောင့် ချောင်းသီးမတတ် ဖြစ်သွားသည်။ သူသည် အဖွဲ့ရဲ့ စိတ်ဓါတ်ကို ထိခိုက်သွားမှာ စိုးရိမ်လို့ပါ။ ဒီလိုမှမဟုတ်ရင် 'မင်းဘယ်အချိန်မှာ သေမှာလဲလို့ မေးနေလို့လား' ဒီလို အော်ပြောလိုက်ချင်သည်။ ပြေးတဲ့ဒဏ်ကို ခံနိုင်ရည်ရှိလား မေးနေတာ။ (မင်းက ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်လာမှာကို ငါစိုးရိမ်နေတာ)

လမ်းနှစ်ခုလောက် ပြေးလာပြီးနောက် ထန်ထန်ယုထန် ပိုချောင်းဆိုးလာသည်။

အမှန်တိုင်းပြောရလျှင် သူ့ရဲ့ ချောင်းဆိုးသံကြားတိုင်း တော်တော် စိတ်အနှောက်အယှက် ဖြစ်ရသည်။

"အဖွဲ့ခေါင်းဆောင် မြေပုံပြလို့ ရမလား"

ထန်ထန်ယုထန်က ဂယက်ထလိုက်သည်။

"ဘာဖြစ်လို့လဲ။ ငါ့ရဲ့ မြေပုံဖတ်တဲ့စွမ်းရည်ကို မင်း မယုံလို့လား"

ကျန်ရန်ဇောင်က မေးခွန်း ပြန်ထုတ်သည်။ သူက ထန်ထန်ယုထန်ကို အသုံးချပြီး ဂုဏ်သိက္ခာကို တည်ဆောက်ချင်နေသည်။

အရာအားလုံးကို စိတ်အလိုလိုက်ပြီး လုပ်ခွင့်မပေးနိုင်ပါ။ ပြီးတော့ အဖွဲ့ရဲ့ စိတ်ဓါတ်ကို စုစည်းဖို့လိုအပ်သည်။ အသံတစ်သံထဲသာ ခွင့်ပြုထားပါက အန္တရာယ်တောထဲကို ကျရောက်သွားလဲ ဖရိုဖရဲမဖြစ်နိုင်ပါ။ အာဏာသည် တစ်ယောက်ဆီကနေသာ စီးဆင်းလာရမည်။

“ငါတို့မှာ လူနှစ်ဆယ်ရှိပြီး ငါတို့ရဲ့ အသိဉာဏ်တွေကိုစုစည်းကာ အကျိုးရှိအောင် အသုံးချလို့ ရတယ်။ ငါတို့ အကောင်းဆုံး လမ်းကို ရှာနိုင်လိမ့်မယ်”

လီဇီချီက အကြံပြုသည်။ အဖွဲ့သားတစ်ယောက်ခြင်းစီ၏ ထင်မြင်ယူဆချက်သည် အရမ်း အရေးကြီးတယ်လို့ သူမ ထင်သည်။

"လူနှစ်ဆယ် ဟုတ်လား"

လူချီဟွာနှင့် လီဖန်ကို ကြည့်ပြီး ကျန်ရန်ဖောင် နှုတ်ခမ်း တုန်သွားသည်။

ကြီးမားတဲ့ဖိအားအောက်တွင် ဒီမိန်းကလေးနှစ်ယောက်သည် တော်တော် စိတ်ပျက်ဖို့ ကောင်းသည်။ တစ်ယောက်က

အချိန်တိုင်း ဆရာကိုသာ အားကိုးဖို့ စဉ်းစားနေပြီး ကျန်တာတွေကို မမြင်နိုင်ပါ။ ဒီလို အမှိုက်တွေရဲ့ ထင်မြင်ယူဆချက်တွေက အသုံးဝင် နိုင်ပါ့မလား။

"ဘာဖြစ်လို့ ငါ့ကို ကြည့်တာလဲ"

လုချီဟွာ မျက်နှာသည် ချစ်ဖို့ကောင်းပြီး တုံးအတဲ့ ပုံစံ ဖြစ်နေသည်။

"သူက မင်းကို အထင်သေးနေတာ"

ထန်ထန်ယုထန်က ပွဲရှာလိုက်သည်။

"အဖွဲ့ထဲ စည်းလုံးမှု ပြိုကွဲစေချင်နေတာလား"

လီဇီချီက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ ရောဂါသည် ချိန်ကိုက်ဗုံးသည် ထင်ထားသလိုပဲ။ ဒီကောင်က ပြိုင်ပွဲမှာ ကောင်းကောင်းလုပ်ဆောင်ဖို့ မစဉ်းစားဘူး။ သူက စိတ်လှုပ်ရှားမယ့် အခြေအနေတွေကို ရှာဖွေနေသည်။

'အို'

လုချီဟွာသည် ခေါင်းငုံ့သွားပြီး မျက်နှာ ညှိုးသွားသည်။ သူမက အသုံးမကျတဲ့လူဆိုတာ သူမကိုယ် သူမ သိနေသည်။

"တည့်တည့်သွားရင် အကွာအဝေး အနည်းဆုံးဖြစ်မှာ သေချာတယ်။ တခြားလမ်း မရှိတော့ရင် တောင်တန်းတွေကို ဖြတ်ကျော်ဖို့ စီစဥ်ထားတယ်။ မင်းတို့ စိတ်ပိုင်းဆိုင်ရာကို အကောင်းဆုံး ဖြစ်အောင် ပြင်ဆင်ထားပါ။

ကျန်ရန်ဇောင် ရှင်းပြလိုက်သည်။

ထိုးစံအတိုင်း သွားရလာရ ခက်နေရင်တောင် ကျန်ရန်ဇောင်သည် မြေပုံမှာ ဖော်ပြထားတဲ့ ပင်းမလမ်းကို ရွေးချယ်နေတုန်းပါ။ ဒါပေမယ့် အသင်းသားတွေကို ဒီအကြောင်း ပြောစရာ မလိုပါ။

(မင်းတို့ ဥာဏ်ရည်လောက်နဲ့ ငါနဲ့ တစ်ဖွဲ့တည်းထဲ မဖြစ်နိုင်ဘူး)

အမှန်တိုင်းပြောရလျှင် ကျန်ရန်ဇောင်သည် သူ့ရဲ့ အသင်းသားများကို အထင်သေးနေသည်။ အဆိုးဆုံး ဖြစ်လာလျှင်တောင် သူရဲ့ ကိုယ်ပိုင်အစွမ်းအပေါ်ကိုသာ အားကိုးမည်။

ကျန်ရန်ဇောင်သည် မြေပုံကို မယူတာ မြင်လိုက်လျှင် လီဇီချီသည် အဲဒါကို ယူမလို့ လုပ်လိုက်သည်။ ဒါပေမယ့် ခြေချော်ပြီး မြေပေါ်သို့ ပထမဆုံးအကြိမ် လဲကျသွားသည်။

ဘုန်း

တောကြက်ဥလေးရဲ့ မျက်နှာက အဆင်ပြေသည်။ ဒါပေမယ့် လက်ဖဝါးနှစ်ဖက်ကတော့ စုတ်ပြတ်သတ်သွားသည်။

ကျန်ရန်ခေါင် လှည့်ကြည့်လာသည်။ (ဒီလို နေရာမှာ လဲကျတာပဲလား။)

လီဇီချီရဲ့ သက်ပြင်းရှိုက်သံကို ကြားလိုက်ရလျှင် ဒီမိန်းကလေးရဲ့ ကြံ့ခိုင်မှုက ရောဂါသည်ထက် ပိုနိမ့်ကျတယ်ဆိုတာ ရုတ်တရက် သိလိုက်ရသည်။

အခန်း (၃၂၂) - ဆွန်းမို မင်းက တကယ်ပဲ သားရဲ ထိန်းချုပ်သူလား။

ရှစ်နာရီ စောင့်ဆိုင်းပြီးနောက် နှင်းစက်ဖြူ အဆောက်အဦးထဲက ဆရာများသည် မြွားပစ်သလို ပြေးထွက်သွားကြသည်။ လူတိုင်းရဲ့ အရှိန်သည် အကြမ်းဖျင်းအားဖြင့် တူညီပြီး သူတို့ကြားက အကွာအဝေးသည် အများဆုံး မီတာ ရာဂဏန်းလောက်သာ ဖြစ်သည်။ အကြမ်းအားဖြင့်တော့ သုံးနာရီလောက်အထိ အားလုံး အတူတူပါ။ လမ်းဆုံ လမ်းခွကိုရောက်လာသည်။

"ခဏနေအုံး"

ဆွန်းမို တားလိုက်သည်။

"ဘာဖြစ်လို့လဲ"

ဖန်ယန်သည် နဖူး တွန့်သွားသည်။

"အရေးပေါ် သေးပေါက်ခြင်ရင်လည်း မြန်မြန်သွားပေါက်"

"ငါတို့ ညာလမ်းဘက်ကို သွားရမယ်"

ဆွန်းမိုသည် မျက်လုံး ဘေးစွန်းနှစ်ဘက်ကို လက်ဖြင့်ကာ အဝေးကို မျှော်ကြည့်နေသည်။

"ညာဘက် ဟုတ်လား"

ဖန်ယန် မျက်မှောင်ကြုတ်သွားသည်။ သူသည် အရှေ့က အုပ်စုတွေကို လှမ်းကြည့်လိုက်သည်။ အခုအချိန်မှာတော့ ဆရာများသည် သူတို့ကို ကျော်ပြီး ချွင်းခြက်မရှိ ဘယ်ဘက်လမ်းထဲကို ဝင်သွားကြသည်။

"ပြဿနာ တစ်ခုခု သတိထားမိလို့လား"

ကူရှုပ်ရှင်းက အသံတိုးတိုးလေးနဲ့မေးလိုက်သည်။ ဆွန်းမိုနဲ့ အချိန်တော်တော်ကြာအောင် ရင်းနှီးလာတဲ့ အတွေ့အကြုံအရ သူက မစဉ်းစား မဆင်ခြင်ဘဲ စကားမပြောတတ်ကြောင်းကို သိထားသည်။

"ဟုတ်တယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

"ပြဿနာက ဘာလဲ"

လျှောင်ရန်က မေးပေမယ့် ဖန်ယန်က လက်ကိုမြှောက်ပြီး ဆွန်းမိုက ပြန်မဖြေရန် အမူအရာ ပြလိုက်သည်။ တခြားဆရာတွေကလည်း ရပ်ပြီး သူတို့ကို ကြည့်နေကြသည်။

"ခဏနားပြီး ရေသောက်ဟန် ဆောင်လိုက်"

ဖန်ယန်က အသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။ ထို့နောက် သူတို့သည် ပင်မလမ်းမှ ထွက်ခွာပြီး ဘေးနားက တောအုပ်ထဲကို ဦးတည်ပြီး သွားကြသည်။

"ဆွန်းမို ဘာဖြစ်လို့လဲ."

"ငါကြည့်လို့ ရအောင် မြေပုံ ပေးအုံး"

ဆွန်းမိုက လက်ဆန့်ပြီးမြေပုံ တောင်းလိုက်သည်။

ဖန်ယန်က မြေပုံထုတ်ပြီး ဆွန်းမိုကို ပေးလိုက်သည်။

ဆွန်းမို သတိထားပြီး ကြည့်လိုက်သည်။ သူဖြတ်သန်းလာတဲ့ တလျှောက် အထင်ကရ နေရာများကို ပြန်ပြီး ကိုးကားလိုက်သည်။

"မြေပုံ မှားနေလို့လား"

ကူရှုပ်ရှင်းရဲ့ တုန့်ပြန်မှုက မြန်ဆန်ပြီး ဖြစ်နိုင်ခြေကို တွေးလိုက်သည်။

"မဖြစ်နိုင်ဘူး။ မြေပုံမှာ ပြထားတဲ့ အထင်ကရ နေရာတွေကို လမ်းကြောင်းနဲ့ တိုက်စစ်ပြီးပြီ......"

ဖန်ယန်က ခေါင်းယမ်းရင် ပြန်ပြောလိုက်သည်။ သို့သော် တစ်ဝက်တစ်ပျက်နဲ့ စကားရပ်သွားသည်။ သူတို့ မြေပုံက မမှားပေမယ့် ကျောင်းသားတွေရဲ့ မြေပုံက မှားနေရင်ကော။

အဲဒီလိုသာ ဆက်လုပ်နေရင် သူတို့ရဲ့ ရည်ရွယ်ချက် ပျက်ဆီး သွားလိမ့်မည်။

"မြေပုံမှာ အမှားရှိ မရှိ မသိပေမယ့် ကျောင်းသားအဖွဲ့ကတော့ ညာဘက်ကို ရောက်သွားတယ်"

ဆွန်းမိုက ရှင်းပြသည်။

"မဖြစ်နိုင်ပါဘူး"

လျှောင်ရန် လန့်သွားသည်။

"ဒါကို မင်းဘယ်လို သိတာလဲ"

ဖန်ယန်က မေးလိုက်သည်။

ကူရှုပ်ရှင်းလည်း အဖြေကို စောင့်နေသည်။ သို့သော်လည်း သူမ မျက်လုံးများက လျှောင်ရန်နှင့် ဖန်ယန်ဆီ ရောက်နေသည်။

ဖန်ယန်က အရမ်းထူးချွန်သည်။ သူက တစ်ယောက်တည်း မလုပ်တတ်သလို မာနလည်း မကြီးပါ။ ဆွန်းမိုရဲ့ လက်တွေ့မကျတဲ့ အကြံပြုချက်ကို နားထောင်ပြီး မဝေဖန်ဘဲ ချက်ခြင်း သုံးသပ်နေသည်။ ပြီးမှ မေးခွန်းထုတ်ခဲ့သည်။

“အစောပိုင်း ကျောင်းသားတွေ ထွက်သွားတုန်းက ဝိညာဉ်သားရဲကို နောက်က လိုက်ခိုင်းခဲ့တယ်။ ကျောင်းသားတွေ သွားတဲ့လမ်းကို ပြန်ပြောပြတယ်”

ဆွန်းမိုက ရှင်းပြသည်။

“ဘာ”

လျှောင်ရန် နားရွက်ကို ပွတ်လိုက်မိသည်။

“မင်းဘာပြောတာလဲ”

“ဆရာဆွန်း၊ အခုက နောက်နေရမယ့် အချိန်မဟုတ်ဘူး”

ဖန်ယန်က မျက်ခုံး ပင့်ရင်း ပြန်ပြောသည်။

ကူရှုပ်ရှင်းမျက်နှာပေါ်မှာတော့ အံ့အောသင့်တဲ့ အမူအရာ ပေါ်နေသည်။ ဘာမှတော့ ပြန်မပြောပါ။

“ငါမနောက်ဘူး”

ဆွန်းမိုက သက်ပြင်းချရင်း ပြန်ဖြေသည်။ သို့သော်လည်း သူ့စကားကို ယုံကြည်နိုင်ခြေ အရမ်းနည်းတယ်ဆိုတာ သူသိနေသည်။

“မင်းမှာက နတ်ဘုရား လက်ရှိတယ်။ မင်းက ဝိညာဉ်တက်တူး မဟာသခင် တစ်ယောက်လည်း ဟုတ်သလို ကျင့်ကြံခြင်းအဆင့်ကလည်း

သွေးလောင်ကျွမ်းခြင်း အဆင့် (၆) ကိုလည်း ရောက်နေပြီ မဟုတ်လား။ အခုတော့ မင်းက ငါ့ကို သားရဲ ထိန်းချုပ်သူတစ်ယောက်လို့ တကယ်ပြောနေတာလား”

“အိုဘုရားရေ၊ မင်းက တကယ်ပဲ အသက် ၂၀ရော ဟုတ်ရဲ့လား။ မဟုတ်သေးဘူး။ အသက် ၃၀ရှိတဲ့ မြတ်ဆရာတော်တော်များများတောင် မင်းလို အောင်မြင်မှုတွေ ရှိမှာ မဟုတ်ဘူး”

ဖန်ယန်သည် ဆွန်းမိုကို မယုံတာ မဟုတ်ပေမယ့် ဒါက ရှုးသွပ်လွန်းသည်။

ဘာသာရပ်တစ်ခုကို ကျွမ်းကျင်ရန် အခြေခံအဆင့်ကနေ ကျွမ်းကျင်အဆင့် ကျောင်းသားများကို သင်ကြားပေးနိုင်တဲ့ အဆင့်အထိ ရောက်ရန် ခုနှစ်နှစ်၊ ရှစ်နှစ်လောက် အချိန်မပေးဘဲ မဖြစ်နိုင်ပါ။

ဆွန်းမိုသည် သူ့အမေရဲ့ ဗိုက်ထဲက စပြီးလေ့လာခဲ့လျှင်တောင် အနှစ်နှစ်ဆယ်စလုံး လုံးဝ မနားဘဲ လေ့လာခဲ့မှပဲ သူပြောတဲ့ အောင်မြင်မှုကို ရရန် ဖြစ်နိုင်သည်။

"ဆရာဆွန်း၊ မနောက်ပါနဲ့တော့၊ အချိန်မရှိဘူး"

လျှောင်ရန် စည်းရုံးလိုက်သည်။

အလုပ်အကိုင် အများကြီးရှိသော်လည်း ဘယ်အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်က အရည်အချင်း အရမ်းလိုအပ်ပြီး အချိန်အများဆုံးနဲ့ အပင်ပန်းဆုံးလဲ။

အဲဒါက ထုံးစံအတိုင်း ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ ကျင့်စဉ်ပဲ ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်တဲ့ သားရဲများနဲ့ ဆက်ဆံရေးတည်ဆောက်ရန် နေ့တိုင်းဆက်သွယ်ပြီး ဆက်ဆံနေရမည်။

ပြီးတော့ ညတိုင်းတွင် တရားထိုင်ပြီး ဝိညာဉ်လောကထဲရှိ သားရဲများကို ခံစားသိရှိနိုင်ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုရမည်။ အဲဒီအတွက် အရမ်းမြင့်မားတဲ့ အရည်အချင်း လိုအပ်ပြီး ဒီလိုမှမဟုတ်ရင် ဘာကိုမှ အာရုံမခံနိုင်ဘဲ ဖြစ်မည်။ ပြီးတော့ တစ်ခုခုကို အာရုံခံမိသော်လည်း အဆက်မပြတ် ဆက်သွယ်ပြီး ဝိညာဉ်သားရဲဆိုင်ရာ ပဋိညာဉ် စာချုပ်ကို ချုပ်ဆိုနိုင်ဖို့ လိုအပ်သည်။

အခြားအလုပ်အကိုင်များတွင် မအောင်မြင်ပါက ထပ်မံကြိုးစားနိုင်သော်လည်း ဝိညာဉ်သားရဲ

ထိန်းချုပ်မှုတွင် မအောင်မြင်ပါက ဝိညာဉ်သားရဲရဲ့ ကိုက်စားခြင်း ခံရမည်။

"မင်းက သားရဲ ထိန်းချုပ်သူလား။ ပြီးတော့ ဝိညာဉ်သားရဲ ထိန်းချုပ်သူလဲ ဖြစ်နေတာလား"

ဖန်ယန်က မေးလိုက်သည်။

ပုံမှန်အားဖြင့် ကြီးမားပြီး ရက်စက်တဲ့ မျိုးစိတ် ဒါမှမဟုတ် သဘာဝ မျိုးစိတ်များကို ထိန်းချုပ်နိုင်ရမည်။ သစ်ပင်နှင့် ပန်းများကို ထိန်းချုပ်နိုင်လာမည်။ နောက်ဆုံးတွင် ဒါက လျှို့ဝှက်ဆန်းကြယ်တဲ့ လုပ်နည်းများနဲ့

ဝိညာဉ်လောကမှ ဝိညာဉ်သားရဲများကို ဆင့်ခေါ်နိုင်လာမည်။

အများအားဖြင့်တော့ နောက်ဆုံးလမ်းက ပိုခက်သည်။

“ငါ့ကို ဝိညာဉ်သားရဲ ထိန်းချုပ်သူလို့ သတ်မှတ်လို့ရတယ်”

ဆွန်းမိုသည် ငွေကလေးနဲ့ ပဋိညာဉ်စာချုပ်ချုပ်ဆိုထားခဲ့သည်။ ဒီလို သတ်မှတ်ချက်သဘောတရားအရဆိုလျှင် သူ့ကို ဝိညာဉ်သားရဲထိန်းချုပ်သူလို့ သတ်မှတ်နိုင်သည်။

'မင်း ဘာပြောချင်တာလဲ ငါသိတယ်”

ဖန်ယန်သည် ဒီလိုလက်တွေ့မကျတဲ့ စကားများကို မကြိုက်ပါ။

“ဒါဆိုလည်း မင်းရဲ့ ဝိညာဉ်သားရဲက ဘယ်မှာလဲ။ ဘာလဲ”

“တောင်းပန်ပါတယ်။ မပြောနိုင်ဘူး။ ဒါပေမယ့် လီဇီချီနဲ့ တခြားသူတွေ ညာဘက်လမ်းကို သွားတာကတော့ ငါ့အသက်ကို ရင်းပြီးအာမခံလို့ ရတယ်”

ဆွန်းမိုသည် သူ့ရဲ့ ဝိညာဉ်သားရဲက တံခါးရှစ်ခု တိမ်တိုက်ဖြစ်နေသဖြင့် ဘယ်လိုလုပ်ပြီး ထုတ်ပြောနိုင်မှာလဲ။ စကားပုံတစ်ခုရှိသေးသည်။ 'ကျောက်စိမ်းလက်စွပ် ပိုင်ဆိုင်ခြင်းသည် ရာဇဝတ်မှု တစ်ခု ဖြစ်လာနိုင်သည်'။ အဲဒါရဲ့ တည်ရှိမှုကို ဖော်ထုတ်လိုက်ရင် အနာဂတ်မှာ အေးအေးဆေးဆေး နေဖို့ မစဉ်းစားနဲ့တော့။

အမ်

ဖန်ယန်သည် စိတ်အနှောက်အယှက်ဖြစ်သွားပြီး ဆံပင်ကို ကိုင်လိုက်မိသည်။ ဆွန်းမိုက အစိပ္ပါယ်မရှိတဲ့

စကားတွေ ပြောနေတယ်လို့ သဘောတရားအရ ယူဆနိုင်ပေမယ့် ဆွန်းမိုရဲ့ ပုံစံ အရတော့ ပြိုင်ပွဲကို ဟာသ မလုပ်နိုင်ပါ။ ပြီးတော့ ဆွန်းမိုသည် အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့သူဖြစ်ပြီး ကျောင်းပိုင်ရှင် တစ်ဝက်လည်း ဖြစ်သည်။ ဒီကိစ္စကို ဖျက်လို ဖျက်ဆီး လုပ်စရာအကြောင်းမရှိပါ။

“မင်းတို့နှစ်ယောက်ရော ဘယ်လိုထင်လဲ”

ဖန်ယန်က မေးလိုက်သည်။

“ဆရာဆွန်းက ဝိညာဉ်သားရဲ ထိန်းချုပ်သူ ဖြစ်ကြောင်း သက်သေမပြရင် ငါမယုံဘူး”

လျှောင်ရန်က အခိုင်အမာ ပြောသည်။

"ငါကတော့ ဆွန်းမိုကို ယုံတယ်"

တွေဝေသွားပြီးနောက် ကူရှုပ်ရှင်းသည် ဆွန်းမိုဘက်မှ ရပ်တည်ရန် ဆုံးဖြတ်လိုက်သည်။

"မင်းတို့ ဒီလို လုပ်လို့ မရဘူး"

ဖန်ယန် စကားမပြောနိုင် ဖြစ်နေသည်။ (ဒါဆို နောက်ဆုံးတော့ ငါကပဲ ဆုံးဖြတ်ချက် ချရတော့မှာပေါ့။)

နည်းဗျူဟာဆိုင်ရာ အမှားအယွင်း ဖြစ်လာရင် ကြောက်စရာကောင်းတဲ့ အကျိုးဆက်

ဖြစ်ပေါ်လာနိုင်ပြီး တော်တော်စိတ်ညစ်ဖို့ကောင်းသည်။

ဆွန်းမိုက အိတ်ဆောင်နာရီကို ထုတ်ပြီး ကြည့်လိုက်သည်။ ထို့နောက် ကြီးမားတဲ့ သစ်ပင်တစ်ပင်ပေါ်တက်ကာ လမ်းဆုံကို လှမ်းကြည့်လိုက်သည်။

ကူရှုပ်ရှင်းကတော့ ဘာမှမလုပ်ပါ။ အခြားဆရာများကို စောင့်ကြည့်နေသည်။

“ငါတို့ ဘာလုပ်သင့်လဲ”

လျှောင်ရန် စကားမပြောနိုင် ဖြစ်နေသည်။

“ဆွန်းမိုက အရမ်းအထင်ကြီးစရာကောင်းတာတော့ အမှန်ပဲ။ သူသာ ဝိညာဉ်သားရဲထိန်းချုပ်သူ အမှန်တကယ်ဖြစ်နေရင် သူ့ကို အထင်ကြီးရတာ အကန့်အသတ် မရှိတော့ဘူး”

ဝိညာဉ်သားရဲများကို အလွယ်တကူ ဖမ်းနိုင်ပါက လမ်းတစ်ခုလုံးတွင် ဝိညာဉ်သားရဲ ထိန်းချုပ်သူများနဲ့ ပြည့်နေမည်။

ဖန်ယန် ဒွိဟ ဖြစ်နေသည်။

“တကယ်တော့ ဆရာဖန် မင်းက အရမ်းအထင်ကြီးဖို့ ကောင်းတယ်။ ဒါပေမယ့်

တစခုတည်းသော ချို့ယွင်းချက်က မင်းက ပြဿနာနဲ့ကြုံလာရင် တွေဝေပြီး ဆုံးဖြတ်ချက် မပြတ်သားဘူး။ နေ့တစ်ဝက်လောက်ရှိနေပြီ ဆုံးဖြတ်ချက် မချနိုင်သေးဘူး”

ဆွန်းမိုအသံက ရိုးသားမှုနဲ့ ပြည့်နေသည်။ ဖန်ယန်သာ အရည်အချင်းမရှိရင် အန်ရှီဝေနှင့် ဝမ်ဆုက အဖွဲ့ခေါင်းဆောင် ခန့်ထားခဲ့မည် မဟုတ်ပါ။

ရွှတ်စ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ဝင်လာသည်။

ရွှေရောင်အလင်းတန်းများက ဖန်ယန်ဆီ ဖြာကျလာပြီး သူ့ရဲ့ စိတ်ဝိညာဉ်များ တုန်လှုပ်သွားသည်။ ချက်ခြင်းဆိုသလို တစ်ခုခုကို သဘောပေါက်သွားသည်။

"ဒါအမှန်ပဲ။ ငါအသုံးမကျဘူး"

ဖန်ယန် ခေါင်းယမ်းလိုက်သည်၊ ထို့နောက် အသက်ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

"ဆရာဆွန်း၊ ဆရာကူ သွားကြစို့၊ ငါတို့ ဒီက ထွက်သွားရအောင်"

"ငါတို့ ဒီတောအုပ်ထဲက ဖြတ်ပြီး ဘယ်သူမှ မတွေ့အောင် အတတ်နိုင်ဆုံး ကြိုးစားကြစို့"

"အမ်"

လျှောင်ရှန် အံ့အောသွားသည်။ ဖန်ယန်၏ စကားများသည် ဆွန်းမိုကို ယုံကြည်ပြီး ညာဘက် လမ်းကို လိုက်မည့် ပုံစံ ဖြစ်နေသည်။

"ဆရာဖန်၊ မင်းက မြတ်ဆရာအရှိန်အဝါရဲ့ လွှမ်းမိုးမှုကို ခံရပြီး စိတ်ခံစားချက် မတည်ငြိမ်သေးဘူး။ ဆုံဖြတ်ချက်ကို လွယ်လွယ်ကူကူ မချပါနဲ့"

လျှောင်ရန် စိတ်ပူလာသည်။

"ဆရာဆွန်း၊ မင်းရဲ့ ဝိညာဉ်သားရဲကို မပြနိုင်ရင်တောင် မင်းကို ယုံကြည်နိုင်ဖို့အတွက် ငါတို့ကို နာမည်တော့ ပြောပြသင့်တယ်"

လျှောင်ရန်၏ အားကောင်းတဲ့အချက်မှာ သူ့ရဲ့စရိုက်က တည်ငြိမ်ပြီး စွန်းစားတဲ့ သူမဟုတ်ပါ။ ဒါကြောင့်လည်း အန်ရှီဝေ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ ဒီအခိုက်အတန့်မှာလည်း သူက တားဆီးထားသည်။

"တောင်းပန်ပါတယ်"

ဆွန်းမို ခေါင်းယမ်းလိုက်သည်။

"ကောင်းပြီလေ။ စကားများနေတာကို ရပ်လိုက်တော့။ ငါပြောတဲ့အတိုင်း လုပ်ကြ"

ဖန်ယန်က လက်ခုပ်တီးပြီး ပြောလိုက်သည်။

"ဆရာလျှောင်၊ ဆရာဆွန်း မမှားဘူး။ ဒီလူတွေကို ကြည့်လိုက်"

ကူရှုပ်ရှင်းက သူတို့ကို သတိပေးလိုက်သည်။

ဆရာဆယ်ယောက်ကျော်သည် လမ်းဆုံလမ်းခွနဲ့ ရပ်သွားသည်။ တချို့ အနားယူကြပြီး တချို့က

ရှေ့ဆက်သွားကြသည်။ တချို့ကတော့ တောထဲကို ဝင်သွားကြသည်။

သာမန်လူတွေတောင် တစ်ခုခု မှားနေမှန်း ပြောနိုင်သည်။ ပြီးတော့ ဆရာများကြားတွင် တင်းမာမှုက ပြင်းထန်နေသည်။ ပြီးတော့ အားလုံးကလည်း အရမ်း သတိထားနေကြသည်။ ဒါက ပြဿနာ တစ်ခုလို့ ပြောဖို့ လုံလောက်နေသည်။

အဲဒါက အမှန်ပဲ။ ကူရှူပ်ရှင်းသည် ကျောင်းသားတွေ ဘယ်ဘက်ကို သွားလဲဆိုတာ မဆုံးဖြတ်နိုင်ပေမယ့် ဒီအသေးစိတ်

အချက်လက်တွေကိုတော့ သူမ ကောက်ချက်ချနိုင်သည်။

လျှောင်ရန်၏ နှလုံးခုန်နှုန်း မြန်လာသည်။ (မှန်နေတဲ့ ပုံပဲ)

တကယ်လို့ ဒီလူများသည် အပြစ်ရှိတဲ့စိတ်မခံစားရပါက တခြားလူများကို ဘာဖြစ်လို့ ဂရုစိုက်နေမှာလဲ။

ဆွန်းမိုသည် ကူရှုပ်ရှင်းကို တစ်ချက်ကြည့်လိုက်သည်။ နာကျင်မှု တပ်မက်သူလေးသည်

မရီဒန် အကယ်ဒမီက ထိပ်တန်း ဘွဲ့ရတစ်ယောက်ဖြစ်သဖြင့် မျှော်လင့်ထားသလိုပဲ။ လှည့်ကွက်ကို လျှင်မြန်စွာ သတိထားမိသည်။

လျှောင်ရန် ယုံကြည်သွားပြီးနောက် လေးယောက်သား အရှိန်နှုန်းကို မြင့်ကာ ချီတက်သွားကြသည်။

သူတို့ရဲ့ အတွေးက ရိုးရှင်းသည်။ သူတို့ရဲ့ ဆုံးဖြတ်ချက် မှားခဲ့ရင်တောင် မှီအောင် ပြန်လိုက်လို့ရမည့် အချိန်ကို လိုချင်သည်။

ဒါပေမယ့် သူတို့အတွေး လွန်နေခြင်း ဖြစ်သည်။ နေမဝင်ခင် ကျန်ရန်ဖောင်တို့ အဖွဲ့ကို မြင်လိုက်ရသည်။

"သူတို့ကို ငါတို့ တွေ့ပြီ"

ဖန်ယန်သည် အရမ်းစိတ်လှုပ်ရှားပြီး လက်သီး တင်းတင်းဆုပ်လိုက်မိသည်။ ပြီးတော့ အကြောက်တရား တစ်ခုကိုလည်း ခံစားလိုက်မိသည်။ ဆွန်းမိုက အချိန်မှီ သတိပေးခဲ့လို့ပါ။ ဒီလိုမှမဟုတ်ရင် အခုအချိန်မှာ သူတို့ ဘယ်ဆီရောက်နေမှန်း မသိနိုင်ပါ။

ပထမအချီ ရလဒ်ကို ကောင်းကောင်း ခန့်မှန်းနိုင်သွားမည်။ အကျိုးဆက် အရမ်းဆိုးသွားနိုင်သည်။

ဒင်

ဖန်ယန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၁၀/၁,၀၀၀)

"လမ်းမှားပြီးပြေးသွားတဲ့ ဆရာတွေတော့ သိသွားရင် ငိုကြတော့မှာပဲ"

လျှောင်ရန် အူမြူးလာသည်။ ထို့နောက် ဆွန်းမိုကို ကြည့်ပြီး ပုခုံး ပုတ်လိုက်သည်။

"ဆရာဆွန်း၊ မင်းမှားတယ်လို့ အပြစ်တင်လိုက်မိတယ်။ ဟီး ဟီး"

ဆွန်းမိုကတော့ စိတ်ထဲ မထားပါ။

"အဲဒီအကြောင်း ပြောရရင် မင်းက တကယ်ပဲ ဝိညာဉ်သားရဲ ထိန်းချုပ်သူလား"

လျှောင်ရန် အရမ်းသိချင်နေသည်။ ဆွန်းမို လက်မောင်းကို ဖမ်းကိုင်လိုက်သည်။

"မင်းက ဘာသာရပ်အများကြီး အထူး ပြုထားတာပဲ။ အိပ်ဖို့တောင် မလိုအပ်ဘူးလား"

ဒင်

လျှောင်ရန်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၄၀/၁,၀၀၀)

“ဆရာလျှောင်၊ အခုပြဿနာက ကျောင်းသားတွေရဲ့ မြေပုံ မှားနေတဲ့ ကိစ္စပဲ”

ဒီလိုအခြေအနေမှာတောင် ဆွန်းမိုက ဘာဖြစ်လို့ စိတ်ပူနေလဲဆိုတာ စိတ်ထဲတွေးနေမိသည်။ ဒါပေမယ့် သူမလည်း အရမ်းစိုးရိမ်နေသည်။

လျှောင်ရန်သည် ပတ်ဝန်းကျင်ကို တစ်ချက် ခိုးကြည့်လိုက်ပြီး အသံကို တိုးကာ

"ဝိညာဉ်သားရဲကို အသုံးပြုပြီး သူတို့ဆီ သတင်းပို့လို့ မရဘူးလား"

ဆရာနှင့် ကျောင်းသားကြားက အဆက်သွယ်အကုန်လုံးကို တားမြစ်တယ်လို့ စောင့်ကြည့်သူက ပြောထားသည်။ သို့သော်လည်း ဝိညာဉ်သားရဲ အသုံးပြုခြင်းက အရမ်း လျှို့ဝှက်သည်။

"လျှောင်ရန် ကျေးဇူးပြုပြီး မျှမျှတတ ယှဉ်ပြိုင်ပါ။ ဒီလိုမျိုး ထပ်ပြောရင် မင်းရဲ့ ပါဝင်ခွင့် ရုတ်သိမ်းလိုက်မယ်"

တိုးညှင်းပြီး လေးနက်တဲ့ အသံတစ်ခု ထွက်လာသည်။ ဆောင်းတွင်း အေးစက်တဲ့ ရေစက်က လည်ပင်းပေါ် ကျလာသလို လျှောင်ရန် ခံစားလိုက်ရသည်။ လျှောင်ရန် တုန်လှုပ်သွားသည်။

စောင့်ကြည့်သူ ဖဒ္ဒသည် လူတိုင်းရဲ့ အရှေ့တွင် ရုတ်တရက် ပေါ်လာသည်။

"မင်းတို့က မြေပုံထဲက ချို့ယွင်းချက်ကို ရှာတွေ့ပြီး ကျောင်းသားတွေကို ပထမနေ့ကတည်းက ရှာတွေ့ခဲ့တယ်။ ထူးချွန်တဲ့ စွမ်းဆောင်ရည်"

စောင့်ကြည့်သူသည် စကားပြောပြီးနောက် အနီရောင် သားရေ စာအုပ်ထဲတွင် တစ်ခုခုကို မှတ်တမ်းတင်လိုက်သည်။

ကူရှုပ်ရှင်း၏ မျက်လုံးတောက်ပလာသည်။

“ငါတို့ အမှတ်ပို ရမှာလား’

“မရဘူး”

စောင့်ကြည့်သူရဲ့ အသံက အေးစက်လှသည်။ သူတို့လက်ရှိ စွမ်းဆောင်ရည်ကို မှတ်တမ်းတင်ထားမယ်ဆိုတာ ဒီဆရာတွေကို ပြောပြမည် မဟုတ်ပါ။ နောက်တစ်ချိန်တွင် မြတ်ဆရာစာမေးပွဲကို

ဝင်ဖြေပါက ဒီအချက်အလက်ကို အကိုးအကားအဖြစ် အသုံးပြုနိုင်သည်။

“ကျောင်းသားအုပ်စုကို ခြေရာခံဖို့ မင်းတို့က ဘယ်လို နည်းလမ်း အသုံးပြုခဲ့တာလဲ”

စောင့်ကြည့်သူက မေးလိုက်သည်။

ဖန်ယန်နှင့် တခြားနှစ်ယောက်သည် ဆွန်းမိုကို ကြည့်လိုက်သည်။

အခန်း (၃၂၃) - လီဇီချီ
မင်းလက်လျှော့လိုက်တော့။

"ငါပြောရမှာလား"

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။

"ဟုတ်တယ်၊ ပြောရမယ်"

စောင့်ကြည့်သူရဲ့ ခေါင်းပေါ်တွင် အနက်ရောင် ခေါင်းစွပ်တစ်ခု ဝတ်ထားပြီး မျက်လုံးသာ

အပေါက်ဖောက်ထားသည်။ ဆွန်းမိုကို စူးရှတဲ့ အကြည့်တွေနဲ့ စိုက်ကြည့်နေသည်။

“ထွေထွေထူးထူး ပြောစရာ မရှိ”

ဆွန်းမိုက ပြန်တုန့်ပြန်သည်။

ရှူ

ဆွန်းမိုသည် ဆတ်ဆတ်ထိ မခံဖြစ်ပြီး စောင့်ကြည့်သူတစ်ယောက်ကို တိုက်ရိုက် စော်ကားခဲ့သည်။ ဒီစကားကို ကြားလိုက်လျှင် လျှောင်ရန် အရမ်းထိတ်လန့်သွားပြီး ရင်တုန်သွားသည်။ (အိုဘုရားရေ၊ ဒီလောက်

ခေါင်းမာရတာလား။ သူက အားလုံးကို စောင့်ကြည့်နေတယ်လေ။ ငါတို့ကို အမှတ်လျှော့လိုက်မှာ မကြောက်ဘူးလား)

ဖန်ယန် နှုတ်ခမ်းတုန်နေပြီး ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပုံရိပ်ကို ဘယ်လိုပြန်မြင့်တင်ရမလဲဆိုတာ စဉ်းစားနေသည်။ သို့သော် ကူရှုပ်ရှင်းက ရယ်ချင်နေသည်။ (တောခွေးနက်ကြီး ဆွန်းဆိုတဲ့ နာမည်ကို အတုလို့ ထင်နေတာလား)

“ငါက ဝင်ပြိုင်တဲ့ ဆရာတစ်ယောက်ပါ။ ဒါမင်းက မေးနေတာလား။ သူတော်စင်ဂိုဏ်းက မင်းကို စောင့်ကြည့်သူအဖြစ်နဲ့ ဘာဖြစ်လို့ ဌားတော့မှာလဲ။ မင်းက ဒီမှာ အချောင်ခိုနေတာလား”

ဆွန်းမိုလည်း ဒီကောင့်ကို မကျေမနပ် ဖြစ်နေသည်။ သူ့မှာ လုပ်ပိုင်ခွင့် နည်းနည်းလေးပဲရှိတာတောင် ဘာဖြစ်လို့ ဒီလောက် မောက်မာနေရတာလဲ။

“တကယ်လို့ ငါက လိမ်နေရင်တောင် မင်းဘက်က စပြီး သတိပေးသင့်တယ်”

“ဆရာဆွန်း၊ စကားနည်းနည်း ထိန်းပြောပါအုံး”

ဖန်ယန်က အကြံပေးလိုက်သည်။

“ဆရာဆွန်းမို၊ မင်းရဲ့ စကားကို မှတ်တမ်းတင်လိုက်မယ်”

စောင့်ကြည့်သူရဲ့ လေသံက အရင်အတိုင်း အေးစက်နေသည်။ ပြီးတော့ ဆွန်းမို စိတ်ဆိုးလား မဆိုးလားဆိုတာ ခန့်မှန်းလို့ မရပါ။ ထို့နောက် စောင့်ကြည့်သူ ရယ်မောကာ တောထဲဝင်ပြီး ပျောက်ကွယ်သွားသည်။

“ဆရာဆွန်း၊ မင်းက စိတ်ကြီးလွန်းတယ်”

လျှောင်ရန် ဘယ်လို ပြောမလဲ မသိတော့ပါ။

"ငါမလိမ်ဘူး။ ဘာလို့ ကြောက်ရမှာလဲ"

အမှန်တရားကလည်း သူ့ဘက်မှာ ရှိနေလို့ ဆွန်းမိုက ရဲ့ရင့်ပြီး ယုံကြည်ချက် ရှိရှိ ပြန်ပြောခဲ့ခြင်း ဖြစ်သည်။ အဓိက ဒိုင်လူကြီး ကိုယ်တိုင် လာမေးခဲ့ရင်တောင် သူ ပြန်မဖြေနိုင်ပါ။ ငွေကလေးရဲ့ တည်ရှိမှု လျှို့ဝှက်ချက်သည် အရမ်းအရေးကြီးသည်။

"မစိုးရိမ်နဲ့။ စောင့်ကြည့်သူက တစ်ယောက်ယောက် လိမ်နေတာကို မတွေ့နိုင်ရင် သူ့အရည်အချင်းရဲ့ ပြဿနာပဲ။ မှတ်တမ်းတင်ရဲရင်

သူပဲ အရှက်ကွဲလိမ့်မယ်။ ဒီအဓိပ္ပါယ်က သူတော်စင်ဂိတ်က လူမဒြားခင် သုံးသပ်နိုင်စွမ်း အားနည်းလို့ပဲ”

ကူရှုပ်ရှင်းက နှစ်သိမ့်လိုက်သည်။

အမှန်တကယ်တော့ လူတစ်ယောက်သည် ဒီအရာကို လူသဘောသဘာဝရှုထောင့်မှ သုံးသပ်လိုက်လျှင် စောင့်ကြည့်သူသည် သူ့အတွက် အကျိုးမရှိတဲ့ အရာတစ်ခုကို မလုပ်နိုင်ပါ။

“အမ်”

လျှောင်ရန် ရုတ်တရက် သဘောပေါက်သည်။ "ဒါဆို ဆရာဆွန်းက သက်သက် ကြိမ်းမောင်းလိုက်တာပေါ့"

"အမှန်ပဲ"

ကူရှုပ်ရှင်းသည် လျှောင်ရန်ကို အကဲခတ်လိုက်သည်။ အသက် ၂၁နှစ်ပဲ ရှိသေးပေမယ့် နဖူးက နည်းနည်း ပြောင်ချင်နေပြီ။ သို့သော် ထိပ်မပြောရင်တောင် သူ့ဦးနှောက်က နည်းနည်း နှေးကွေးလွန်းသည်။ ဒီလိုပုံစံနဲ့ မိန်းကလေးတွေကို ဘယ်လို ဆွဲဆောင်နိုင်မှာလဲ။

"ဆရာဆွန်း၊ မင်း ကြိမ်းမောင်းပြီးပြီလို့ ဘာဖြစ်လို့ မပြောတာလဲ"

လျှောင်ရန်က မေးလိုက်သည်။

"သူက အရိပ်ထဲက နားထောင်နေတုန်းပဲ"

ဆွန်းမို နှုတ်ခမ်း လှုပ်သွားသည်။ သူက ငတုံးမဟုတ်ပါ။ လူများကို ပြောလို့ရမရ သူသိသည်။

"အမ်"

ဒီစကားကိုကြားလိုက်လျှင် လျှောင်ရန်သည် လိမ္မာပါးနပ်စွာ ပါးစပ်ပိတ်လိုက်သည်။ ဆွန်းမိုသည် စောင့်ကြည့်သူကို စော်ကားရန် သတ္တိရှိသော်လည်း

မလုပ်ရဲပါ။ ပြီးတော့ သူသည် ဒီလို သတ္တိရှိတဲ့လူကို သဘောကျသည်။

၃င်

လျှောင်ရန်၏ လေးစားအထင်ကြီးမှု +၂၀။ ရင်းနှီး(၁၆၀/၁,၀၀၀)

ဖန်ယန် မျက်နှာညှိုးနေသည်။ ကျောင်းသားတွေ လမ်းမှားနေသည်။ ဘာလုပ်ရမလဲ။ အထူးသဖြင့် ကျောင်းသားတွေ အမှားလုပ်နေတာ သိသိကြီးနဲ့ စောင့်ကြည့်ရတဲ့ ခံစားချက် တော်တော်ဆိုးသည်။ တကယ်ကို ကြောက်ဖို့ ကောင်းလွန်းသည်။

ဟွာလူကျွန်းသည် နှင်စက်ဖြူမြို့၏ မြောက်ဘက် အနက် ၆၀ ဒီဂရီတွင် တည်ရှိသည်။ အဲဒီကိုရောက်ဖို့အတွက် တောင်ကုန်းတွေ၊ ချောက်တွေ၊ စိမ့်စမ်းတွေကို ဖြတ်သန်းရမည်။ နောက်ဆုံးနေရာသည် နယ်မြေအမျိုးအစား ပေါင်းစုံ ဖြတ်သန်းရလိမ့်မည်။ ဒါက ကျောင်းသားတွေကို ဘက်စုံ စမ်းသပ်ခြင်း ဖြစ်သည်။

သေခြင်းပြိုင်ပွဲ၏ ပထမနေ့ယှဉ်ပြိုင်မှု။

အချိန်တွေ အဆက်မပြတ် ကုန်ဆုံးလာတာနဲ့အမျှ အဖွဲ့ထဲက အဖွဲ့ဝင်တွေသည်

တစ်ယောက်နဲ့တစ်ယောက် ပိုရင်းနီးလာခဲ့ကြသည်။ အဲဒီနောက်မှာတော့ ကျန်ရှန်ဇောင်၏ စိတ်သည် ရေကန်ထဲသို့ ပစ်ချလိုက်တဲ့ ကျောက်တုံးကြီးတစ်ခုလို နစ်မြုပ်သွားသည်။

သူ့ ခန့်မှန်းချက် မမှားပါ။ လီဇီချီသည် ရောဂါသည်ထက်တောင် အသုံးမကျပါ။

ထန်ထန်ယုထန်၏ ကိုယ်ခန္ဓာသည် အားနည်းနေသော်လည်း အဖွဲ့နဲ့ မှီအောင် လိုက်နိုင်သည်။ ပြီးတော့ သူက မမျှောင်လင့်ထားတဲ့

အဖြစ်အပျက်များ ဖြစ်လာစရာ မရှိပါ။ သို့သော် လီဇီချီက မလုပ်ဆောင်နိုင်ပါ။

သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် ညံ့ဖျင်းလွန်းလှသည်။ သူမရဲ့ သက်လုံသည် မလုံလောက်ပါ။ ခန္ဓာကိုယ် ဟန်ချက် ထိန်းတဲ့ အခြေအနေနဲ့ ပေါင်းစပ်လိုက်ပါက အရမ်းအားနည်း သွားပြီ။

မြေပြင်နဲ့မှာတောင် လဲကျနေတဲ့လူတစ်ယောက်ကို တောင်ကုန်း ထူထပ်တဲ့ ဒေသတွေကို

ဖြတ်ကျော်တဲ့အခါ ထူးထူးခြားခြား လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ရမှာလား။

ခန့်မှန်းထားသလိုပဲ ညနေ ၃ နာရီခန့်တွင် တောင်ကုန်း ထူထပ်တဲ့ နေရာကို ရောက်လာခဲ့သည်။ လီဇီချီရဲ့ အရှိန်လည်း သိသိသာသာ နှေးကွေးသွားသည်။ ပြီးတော့ သူတို့ အပြေးအလွှားလာခဲ့တာ ဖြစ်သဖြင့် သူမအတွက် အရမ်းပင်ပန်းနေပြီ ဆိုတာ လူတိုင်း ခံစားမိသည်။

"အကြီးဆုံး အမကြီး"

လုချီဟွာက လီဇီချီကို ဖေးမရန် လက်ကို ဆန့်လိုက်သည်။ မျက်နှာတွင် စိုးရိမ် ပူပန်မှုများနဲ့ ပြည့်နေသည်။

"အဆင်ပြေပါတယ်"

လီဇီချီက လုချီဟွာ လက်ကို တွန်းဖယ်လိုက်သည်။ ဒါပေမယ့် ဒီလိုလုပ်လိုက်တာကြောင့် ဟန်ချက်ပျက်သွားသည်။ တောင်စောင်းအတိုင်း ဆင်းလာရင်း ခြေချော်သွားသည်။

"အ"

လီဇီချီ လန့်ပြီး အော်လိုက်သည်။ ဒါပေမယ့် မအော်မိအောင် အမြန် ထိန်းချုပ်လိုက်သည်။

ဘုန်း ဘုန်း

တောင်စောင်းသည် သိပ်မမက်သော်လည်း လီဇီချီသည် သူမခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ လိမ့်ဆင်းသွားသည်။ အပင်နှစ်ခုကို တိုက်မိသွားမှပဲ ရပ်တန့်သွားသည်။

"အမကြီး"

လုချီဟွာ လန့်ဖြန့်ပြီး ခုန်လိုက်သွားသည်။ ချက်ခြင်းဆိုသလို ပြေးပြီး သူမကို ထူလိုက်သည်။

'သတိထား"

ဘေးတွင်ရှိတဲ့ ချူဂျင်ရဲ့ တုန့်ပြန်မှုက လျှင်မြန်လှသည်။ သူက လျှင်မြန်စွာ လီဇီချီရဲ့ လက်ကောက်ဝတ်ကို ဖမ်းဆွဲထားသည်။

ဝရုန်းသုန်းကား ဖြစ်ပြီးနောက် အဖွဲ့သည် နောက်ဆုံးတော့ တောင်ထိပ်သို့ ရောက်သွားသည်။

လီဇီချီသည် သစ်ပင်တစ်ခုကို မှီကာ တော်တော် မောပန်း မောဟိုက်နေသည်။ ချွေးတွေက မျက်နှာတစ်ခုလုံး ပြည့်နေသည်။ ဆံပင်တွေက

ပြားကပ်နေပြီး မျက်နှာနှင့် လည်ပင်းတွင် ကပ်နေသည်။

"အမကြီး ရေသောက်ပါအုံး"

လုချီဟွာက ရေအိတ်ကို ပေးလိုက်သည်။

လီဇီချီက တွန်းဖယ်လိုက်သည်။ မျက်နှာမှာ ခံစားချက် မရှိသော်လည်း စိတ်ထဲတွင် အရမ်း စိတ်ဓါတ်ကျနေပြီး ဝန်လေးနေသည်။ သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်အကြောင်းကို သူမ သိနေသည်။ သူမရဲ့ စွမ်းဆောင်ရည်ကလဲ အနည်းငယ် အားနည်းလွန်းသည်။

"လီဇီချီ၊ မင်းက တုန်လှုပ်နေတဲ့ ခံစားချက်ကို ထိန်းချုပ်နိုင်တာ မြင်လိုက်ရတဲ့အတွက် တကယ် သဘောကျတယ်ဆိုတာ ဝန်ခံပါတယ်။ မင်းလဲကျတာတောင် မအော်ခဲ့ဘူး။ ဒါပေမယ့် မင်းရဲ့ ခန္ဓာကိုယ်က တကယ် အားနည်းလွန်းတယ်"

ကျန်ရန်ဇောင်သည် လီဇီချီ အရှေ့တွင် ဆောင့်ကြောင့်ထိုင်ပြီး မျက်လုံးကို ကြည့်ကာ ပြောလိုက်သည်။

"မင်း လက်လျှော့လိုက်သင့်တယ်"

ကျန်ရန်ဖေါင်က တကယ်ကို ရက်စက်ကြမ်းကြုတ်တဲ့ စကားကို ပြောလိုက်သည်။

“ဘာဖြစ်လို့လဲ”

လုချီဟွာ စိုးရိမ်လာသည်။

ဝူဂျီတန်နှင့် ကူဒင်ဂျင်သည် အကြည့်ခြင်း ဖလှယ်လိုက်သည်။ သူတို့က စကားမပြောပေမယ့် ဒါက သူတို့ရဲ့ ရည်ရွယ်ချက် ဖြစ်သည်။

“လီဇီချီကြောင့် ကျောင်းသား ဖဂလောက် ကျော်တက်သွားပြီ”

ကျန်ရန်ဖောင် အရမ်းကို မကျေမနပ် ဖြစ်နေသည်။

သူက တိုက်ပွဲကြောင့် မဟုတ်ဘဲ အဖွဲ့ဝင်တစ်ယောက်ကို ဆုံးရှုံးခဲ့ရသည်။ ဘယ်ခေါင်းဆောင်က ကျေနပ်နိုင်မှာလဲ။ သို့သော်လည်း ဒီလိုမလုပ်ဘဲ လီဇီချီကို ဆက်ခေါ်သွားရင် သူတို့ရဲ့ သွားနှုန်းက ပိုတောင် နှေးသွားအုံးမည်။

"ငါ ဆက်လုပ်နိုင်သေးတယ်"

လီဇီချီက အံ့ကြိတ်ပြီး ပြောလိုက်သည်။

"လီဇီချီ မင်းက ထက်မြတ်တဲ့လူတစ်ယောက်ပါ။ မင်းကိုယ်မင်း လိမ်နေတာ ရပ်လိုက်သင့်ပြီ။

မင်းရဲ့သွားနှုန်းက မြေပြန့်မှာကတည်းက နှေးနေပြီ။ အခုဆိုရင် တောင်တန်းတွေကို ဖြတ်ကျော်ရတော့မယ်။ ပုံမှန်အားဖြင့်တော့ မင်းအတွက် သေဒဏ်လိုပဲ”

ဝူဂျီတန်က ဖြတ်ပြောလာသည်။

“ဝေဒနာကို ကြာကြာထားတာထက် အမြစ်ပြတ်အောင် လုပ်လိုက်တာက ပိုကောင်းတယ်”

“မင်းတို့ကောင် တွေ ဘယ်လိုလုပ်နေတာလဲ”

လုချီဟွာက လီဇီချီအတွက် မတရားဘူးလို့ ခံစားရသည်။

"ငါ အမအကြီးဆုံးက အကောင်းဆုံး လုပ်နေတာပဲ"

"ပြီးတော့'

ကျန်ရန်ဖေါင်က တစ်ချက်ကြည့်လိုက်ပြီး

"သူမက အတတ်နိုင်ဆုံး လုပ်နေတယ်လို့ အကြောင်းပြချက် ပေးရင် အနည်းဆုံးလူ ၁၀၀ကျောက်လောက်က သူမထက် ကြိုးစားတာ သေချာတယ်"

"အဖွဲ့ခေါင်းဆောင်၊ မင်းရဲ့စကားတွေက နည်းနည်း လွန်သွားပြီ။ အစကတည်းက

အခုအချိန်အထိ လီဇီချီရဲ့ စွမ်းဆောင်မှုက ငါ့အမြင်မှာ အရမ်း ပြည့်စုံနေပြီ"

ထန်ထန်ယုထန်သည် သူမအတွက် ကူညီပြီး ဝင်ပြောလာသည်။

ခန္ဓာကိုယ်ဆိုတာက မွေးရာပါလက်ဆောင် ဖြစ်သည်။ တစ်ယောက်ယောက်က သူတို့ကိုယ်သူတို့ အဆက်မပြတ် လေ့ကျင့်နေရင်တောင် အများကြီး မတိုးတက်လာနိုင်ပါ။

ကမ္ဘာပေါ်မှာရှိတဲ့ အားကစား နယ်ပယ် အသီးသီးတွင် အနိုင်ရရန် သူတို့ အရည်အချင်းပေါ်

မူတည်သည်။ သူတို့ရဲ့ မွေးရာပါ စွမ်းရည်က လုံလောက်အောင် မမြင့်မားခဲ့လျှင် ဘယ်လိုပဲ အားထုတ်ပြီး ကြိုးစားနေပါစေ ရလဒ် မကောင်းနိုင်ပါ။

တကယ်လို့ ဆွန်းမိုကသာ ရှေ့ဟောင်းနဂါး ဖမ်းယူခြင်း လက်နှင့် သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာ ပထမဆင့်နဲ့ သူမရဲ့ စွမ်းရည်ကိုသာ မနှိုးဆွခဲ့လျှင် သူမသည် အဖွဲ့နဲ့ တော်တော်လေး ပျက်ကျန်နေခဲ့မည်။

"ပြည့်စုံနေပြီ ဟုတ်လား။ အနှစ် ၇၀အတွင်း ငါတို့ အဆင့်သတ်မှတ်ချက်ကို ပြန်ကြည့်လိုက်အုံး"

ကျန်ရန်ဇောင်က လှောင်ပြောင်လိုက်သည်။

“ဒါက ငါ့အမှားပါ။ ငါမငြင်းပါဘူး။ ဒါပေမယ့် ငါ့မှာလည်း သန်မာတဲ့ အချက်တွေရှိတယ်”

လီဇီချီက နှုတ်ခမ်းကိုက်ပြီး ပြောလိုက်သည်။

“အဖွဲ့ကို အကျိုးပြုနိုင်ဖို့ ကိုယ်ပိုင်နည်းလမ်းကို အသုံးပြုမယ်”

“လီဇီချီ မင်းရဲ့ ရည်မှန်းချက် အရိုင်းတွေကို စွန့်လွှတ်လိုက်တော့”

ကျန်ရန်ဇောင်က သူမကို ကြည့်ပြီး ပြောလိုက်သည်။

“ငါတို့ အနိုင်ရချင်တယ်။ အဖွဲ့အတွက် အကျိုးရှိအောင် ကျေးဇူးပြုပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချပေးပါ”

“အို၊ မင်းက သူမကို ဆန္ဒအလျှောက် နှုတ်ထွက်ခိုင်းနေတာလား”

ထန်ထန်ယုထန်သည် လမ်းလျှောက်လာပြီး ကျန်ရန်ဇောင်ရဲ့ ပုခုံးကို တွန်းလိုက်သည်။

“ရန် မဖြစ်ကြနဲ့”

လီဖန်က စိုးရိမ်တကြီး ပြေးလာသည်။

ဒီလူများ စကားရန်ဖြစ်နေပြီး တော်ရုံနဲ့ ဆုံးဖြတ်ချက် မထွက်လာမှာကို သိလိုက်တာနဲ့ ရှန်ယွန်ပေါင်သည် ထိုင်ချပြီး တရားထိုင်လိုက်သည်။

လီဇီချီသည် တိတ်တဆိတ်နဲ့ သူမရဲ့ ဆုံးဖြတ်ချက်ကို သံသယ ဝင်လာသည်။ ဆုံးဖျက်ချက် မှားပြီလား။ ကျန်ရန်ဖေါင်ကို အနိုင်ရစေချင်လို့ ပြောနေမှန်း သူမ သိသည်။

ပိုအရေးကြီးတာက သူမရဲ့ ဆရာဖြစ်သည်။ သူမကြောင့် အဖွဲ့နှောင့်နှေးပြီး အဆင့်ကျသွားပါက

ထိခိုက်နှစ်နာသူသည် သူမနှင့် သူမ ဆရာ ဖြစ်သွားမည်။

“လီဇီချီ ကို့ကိုယ်ကို အထင်မသေးနဲ့။ ပြိုင်ပွဲက အခုမှစတာ နောက်ဆုံးမှာ ဘယ်လို ဖြစ်မလဲဆိုတာ ဘယ်သူမှ မသိဘူး”

ထန်ထန်ယုထန်သည် သူမကို နှစ်သိမ့်လိုက်သည်။

“ငါတို့သာ သူမကို ခေါ်လာခဲ့ရင် ငါးရက်အတွင်း ခရီးကို ဆုံးအောင် သွားနိုင်မှာ မဟုတ်ဘူး။ အချိန်မှီရောက်ရင်တောင် အဆင့် ၇၀နဲ့ ၈၀ လောက်ရရင် ဘာလုပ်ရမှာလဲ”

"အဖွဲ့ခေါင်းဆောင်၊ ငါတို့ရဲ့ စွမ်းဆောင်ရည်ကို ပြည့်စုံဖို့အတွက် ဝန်ထုပ်ဝန်ပိုး လျှော့ချချင်တယ်ဆိုတာ ငါနားလည်ပါတယ်။ ဒါပေမယ့် မင်းက မျက်စိစုံမှိတ်ပြီး လီဇီချီရဲ့ အားသာချက်ကို ဝန်မခံတာက အရမ်းလွန်လွန်းတယ်"

ထန်ထန်ယုထန်သည် အိတ်ထဲက သစ်တော်သီးကို ထုတ်ယူလိုက်သည်။ သုတ်သင်ပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

ကျန်ရန်ဇောင်သည် အတ္တကြီးတဲ့လူဖြစ်လည်း ပြဿနာ မရှိပါ။ နောက်ဆုံးတော့ ပြိုင်ပွဲက

သူတို့အားလုံးရဲ့ အနာဂတ်နဲ့ သက်ဆိုင်နေသည်။ ကျန်ရန်ဖောင် တကိုယ်ကောင်းဆန်တာကို နားလည်ပေးနိုင်သည်။ ဒါပေမယ့် လီဇီချီကို ကန်ထုတ်ရန်အတွက် အကြောင်းပြချက် အကြီးအကျယ်ပေးနေတာ မလုပ်သင့်ပါ။

"သူမမှာ ခွန်အား ရှိတယ် ဟုတ်လား။ မြေပြန့်မှာတောင် လဲကျနေတာကို ခွန်အားလို့ ပြောချင်တာလာ"

ကျန်ရန်ဖောင် လေသံများ ဒေါသနဲ့ ပြည့်နေသည်။ ထန်ထန်ယုထန်သည် သူ့ကို အမြဲတမ်း

အနှောက်အယှက် ပေးနေသည်။ ထင်ထားသလိုပဲ ဒီနှစ်ယောက်ကို အဖွဲ့ထဲဝင်ခွင့် မပေးခဲ့သင့်ပါ။

"မင်းတို့ စကားများနေတာ ရပ်လိုက်တော့။ ငါ.........."

ဝူဂျိတန်နှင့် အခြားသူများရဲ့ မျက်လုံးထဲတွင် မခန့်လေးစားမှုကို မြင်လိုက်လျှင် လီဇီချီ စိတ်ရှုတ်တရက် တုန်လှုပ်သွားသည်။ သူမက အဖွဲ့ထဲက နှုတ်ထွက်ဖို့ လုပ်လိုက်သော်လည်း လုချီဟွာက စကားဖြတ်ပြီး ပြောလာသည်။

“အကြီးဆုံး အမကြီး မင်းလက်လျှော့လိုက်လို့ မရဘူး”

လုချီဟွာက လီဇီချီ လက်ကို ဆုပ်ကိုင်လိုက်သည်။

“ဆရာက မင်းကို အရမ်းမျှော်လင့်ထားတယ်။ သူ့ရဲ့ ယုံကြည်မှုကို ပြန်ပေးဆပ်ဖို့ စွန့်လွှတ်မှုကို အသုံးပြုမှာလား”

ဆွန်းမို နာမည်ကို ကြားပြီးနောက် လီဇီချီ ပါးစပ်ကို လက်နဲ့ အုပ်လိုက်သည်။

“ငါတို့ဆရာသာ အဖွဲ့ခေါင်းဆောင် ဖြစ်ခဲ့ရင် သူ့ရဲ့အဖွဲ့သားတွေကို ဘယ်တော့မှ စွန့်လွှတ်မှာ

မဟုတ်ဘူး။ လူတိုင်းရဲ့ ပြဿနာ ကျော်လွှားနိုင်အောင် အဖြေစဉ်းစားနေမယ်လို့ ငါယုံကြည်တယ်”

လုချီဟွာက ဒီစကားကို ပြောပြီးနောက် ကျန်ရန်ဇေ့ာင်ကို စိုက်ကြည့်လိုက်သည်။

“ခေါင်းဆောင်ကောင်းဆိုတာ အကျပ်အတည်း တွေ့လာတာနဲ့ အသင်းဖော်တွေကို မစွန့်လွှတ်တတ်ဘူးလို့ ငါထင်တယ်။ အဲဒီအစား ဦးနှောက်ထဲမှာ အဖြေတစ်ခုကို စဉ်းစားပေးတာက ပိုကောင်းမယ်”

“ဒါက ဦးနှောက် ဖျော်ရည်ပဲ။ ကူးယူတာ မဟုတ်ဘူး”

ထန်ထန်ယုထန်က သူမကို လှမ်းပြောလိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ဆရာကတော့ ဒီလို လုံးဝ မလုပ်ဘူး”

ဒင်

လုချီဟွာ၏ လေးစာအထင်ကြီးမှု +၁၀၀။ ကြည့်ညို|

အမှောင်ထဲတွင် ပုန်းအောင်းနေတဲ့ ဆွန်းမိုသည် လုချီဟွာ ဘာပြောနေမှန်း မသိသော်လည်း

အများစုကိုတော့ အကြမ်းဖြင်း ခန့်မှန်းနိုင်သည်။ သို့သော် စနစ်ဆီက အကြောင်းကြားချက်ကို ရပြီးနောက် အရမ်း အံ့အောသွားသည်။

သဘော်သီးမိန်းကလေးက သူ့အပေါ်မှာ အကြွင်းမဲ့ကို ယုံကြည်နေသည်။

လူတိုင်းအနေရခက်သွားသည် အထူးသဖြင့် ဝူဂျိတန်နှင့် ကူဒင်ဂျိ တို့အတွက် ဖြစ်သည်။ ပြီးတော့ သူတို့အဖွဲ့သည် အခုမှ စဖွဲ့ခြင်းဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် မရင်းနှီးကြသေးပါ။ ဒါကြောင့် ပြဿနာ တစ်ခုခု ဖြစ်လာတာနဲ့ သူတို့ရဲ့

ပထမဆုံးအတွေးမှာ ဝန်ဆွဲမခံရအောင် ဖယ်ထုတ်ရန် ဖြစ်သည်။

"ချီဟွာ၊ ကျေးဇူးတင်ပါတယ်"

လီဇီချီက လုချီဟွာကို ပြုံးပြလိုက်သည်။ ထို့နောက် အသက်ခပ်ပြင်းပြင်းလေး နှစ်ခါ ရှူလိုက်ပြီးနောက် ခံစားချက်များကို တည်ငြိမ်အောင် လုပ်လိုက်သည်။ အဲဒီနောက် ကျန်ရန်ဇောင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"တောင်းပန်ပါတယ်။ ငါလက်မလျှော့နိုင်ဘူး"

အခန်း (၃၂၄) - အမှောင်ထဲမှာ လမ်းပျောက်နေတဲ့ လူတစ်ယောက်။

ကျန်ရန်ဇောင်ရဲ့ စိတ်အခြေအနေ ပိုဆိုးလာသည်။ ခွေးဆိုးတွေ လက်ထဲ ရောက်သွားသလို ခံစားရသည်။

"ကျောင်းသား လီဇီချီ၊ လူတိုင်းအတွက် ငါ့ရဲ့ အကြံပြုချက်ကို ကျေးဇူးပြုပြီး စဉ်းစားပေးပါ။

ဒီပြိုင်ပွဲရဲ့ ရလဒ်က လူတိုင်းရဲ့ အနာဂတ်သာမက ဗဟိုပြည်နယ်အကယ်ဒမီနဲ့ မင်းဆရာကိုပါ သက်ရောက်မှု ရှိနိုင်တယ်”

ကျန်ရန်ဓောင်သည် လီဇီချီကို ဖိအားပေးရန်အတွက် လူတိုင်း၏ အနာဂတ်နှင့် ကျောင်းဂုဏ်သတင်း၊ ဆွန်းမို စတဲ့ အရာများကို ဆွဲထည့်လိုက်သည်။

“ငါပြောခဲ့ပြီးပြီ။ လက်မလျှော့နိုင်ဘူး”

လီဇီချီက ကျန်ရန်ဇောင်ရဲ့ မျက်လုံးများကို တည့်တည့် စိုက်ကြည့်နေသည်။ နောက်ဆုတ်မည့် အရိပ်အယောင် မရှိပါ။

"ငါလမ်းလျှောက်တာ နှေးကွေးတဲ့အတွက် မင်းစိတ်ဆိုးနေတာ မှတ်လား။ ငါ ဒီည ဖြေရှင်းလိုက်မယ်"

"ဘာလို့ ညကိုစောင့်မှာလဲ"

ကျန်ရန်ဇောင်က မေးခွန်းထုတ်လိုက်သည်။

"ဒါ အချိန်ဖြုန်းတာပဲ မဟုတ်ဘူးလား"

"ဘာဖြစ်လို့လဲဆိုတော့ ငါ့အခု အရှိန်မြှင့်လိုက်မယ်"

လီဇီချီသည် စကားပြောပြီးနောက် အံ့ကြိတ်ကာ ရှေ့ဆက်လျှောက်သွားသည်။

လုချီဟွာက ကူညီဖို့ ပြေးလာခဲ့ပေမယ့် သူမက တွန်းထုတ်ခဲ့သည်။

"ဇီချီ၊ မင်းကို ငါကျောပိုးမယ်"

ရှန်ယွန်ပေါင်သည် လူတချို့ကို ကျော်တက်လာပြီး အနားကို ရောက်လာသည်။ လီဇီချီရဲ့ ဆုံးဖြတ်ချက်ကို သဘောကျသည်။

ရှုံးနိမ့်မှုကို လက်ခံပြီး ပြဿနာကို ရှောင်ပြေးချင်စိတ်ရှိပါက ဘယ်လိုလုပ်ပြီး အကြီးဆုံး အမကြီး လုပ်မှာလဲ။

"မလိုဘူး"

လီဇီချီသည် အဖြေတစ်ခုရရန် ဦးနှောက်ကို ဖြစ်ညှစ်ပြီး စဉ်းစားနေသည်။ သူမတွင် ယေဘုယျ စိတ်ကူးရှိသော်လည်း ပိုပြီး တိကျတဲ့နည်းလမ်းကို စဉ်းစားရန် လိုအပ်သေးသည်။

"ငါတို့ သွားတော့မယ်၊ အဖွဲ့ခေါင်းဆောင်'

ထန်ထန်ယုထန် တိုက်တွန်းလိုက်သည်။

ကျန်ရန်ဖေါင်သည် ဒီလူများကို ကြည့်လိုက်ကာ အရိုးအသံ ထွက်လာတဲ့အထိ လက်သီး ဆုပ်လိုက်မိသည်။ (မင်းတို့ မျက်စိထဲမှာ အဖွဲ့ခေါင်းဆောင်ဆိုတာရော ရှိသေးရဲ့လား)

“သူမကို နောက်ထပ် တစ်ညလောက် အချိန်ပေးလိုက်ပါ”

ချူချန်က နှစ်သိမ့်လိုက်သည်။ လီဇီချီကို သဘောကျလို့ မဟုတ်ပါ။ ဆွန်းမိုရဲ့ မျက်နှာကြောင့် ဖြစ်သည်။

ကျောင်းသားစုဆောင်းရေး ပွဲတုန်းက ဆွန်းမိုသည် ချူချန်ကို တပည့်အဖြစ် ခေါ်ယူရန် ကမ်းလှမ်းခဲ့သေးသည်။ သို့သော်လည်း အဲဒီအချိန်တွင် ဆွန်းမိုသည် မကျော်ကြားသေးဘဲ အစမ်းခန့် ဆရာတစ်ယောက်သာ ဖြစ်သောကြောင့် ချူချန်က ငြင်းပယ်ခဲ့သည်။

ဒီနေ့ရက်များတွင် ချူချန်သည် အဲဒီအကြောင်းကို ပြန်တွေးတိုင်း နောင်တရသည်။

အဖွဲ့နောက်တစ်ကြိမ် ခရီးထွက်မဲ့ အချိန် ရောက်လာသည်။ ဒီအဖြစ်အပျက်လေးကြောင့်

သဘောထားကွဲလွဲတဲ့ အငွေ့အသက်လေးတော့ ပေါ်နေသည်။ လီဖန် အရမ်းစိုးရိမ်သွားသည်။ ဒီတစ်ကြိမ်တော့ လီဇီချီ၊ နောက်တစ်ကြိမ်ကရော...

ကျန်ရှန်ဖေါင်သည် အရည်အချင်းရှိသော်လည်း လက်တွေ့ဆန်လွန်းသည်။ ရလဒ်ကောင်းဖို့အတွက် ဘယ်သူ့ကို မဆို စွန့်လွှတ်နိုင်သည်။

နေဝင်လာတာနဲ့ နေဝင်ဆည်းဆာအရောင်သည် တောင်တန်းကြီးကို လွှမ်းခြုံလာသည်။

“မီးတိုင်တွေ ပြင်ပြီး ဆက်လျှောက်ကြစို့”

ကျန်ရန်ဖေါင်က အမိန့်ပေးလိုက်သည်။

အုပ်စုက တိတ်ဆိတ်နေပြီး သဘောတူခြင်း မတူခြင်းများ မလုပ်ကြပါ။

"အဖွဲ့ခေါင်းဆောင် ဒါက ပထမနေ့ပဲ အရမ်းကြီး ကြိုးစားနေဖို့ လိုလို့လား"

ထန်ထန်ယုထန်က ပွဲတည်လိုက်သည်။

"ငါတို့ တနေကုန် ခရီးသွားလာပြီးပြီ။ ဘာဖြစ်လို့ အနားမယူသေးတာလဲ"

"မင်းတို့ အနားယူတဲ့အချိန်မှာ မာရှန်နဲ့ ဟန်ကျုံတို့က နောက်ဆုံးပန်းတိုင် နေရာကို ရောက်သွားနိုင်တယ်"

ကျန်ရန်ဇောင်ရဲ့ အမူအရာက လေးနက်နေသည်။

“မင်းတို့အနိုင်ရချင်ရင် ပြိုင်ဘက်ထက် ပိုကြိုးစားဖို့ လိုတယ်”

“မင်းက ပြောနိုင်ပေမယ့် လူတိုင်းက အနားယူဖို့ လိုအပ်တယ်။ ဒီလိုမှမဟုတ်ရင် ငါတို့ရဲ့ အခြေအနေကို ထိခိုက်သွားနိုင်တယ်”

လီဇီချီသည် မတူညီတဲ့ ထင်မြင်ချက်ကို ပေးရင်း တိတ်တဆိတ် ရင်ခုန်နေသည်။

“မင်းက အနားယူချင်တဲ့ လူ မဟုတ်လား”

ကျန်ရန်ဇောင်က လှောင်ပြောင်လိုက်သည်။

"ငါ့ရဲ့ အကြီးဆုံး အမကြီးက အဲဒီလို မဟုတ်ဘူး"

လုချီဟွာ ပြန်ပြောသည်။ ကျန်ရန်ဇောင်ရဲ့ နှလုံးသားတစ်ခုလုံး မှောင်ဖုံးနေတယ်လို့ ခံစားရသည်။

"ငါတို့ ဘာလုပ်နေတာလဲ။ စကားများနေတာကို ရပ်လိုက်တော့"

လုချီသည် ပိုင်ခွန်ချီ ဘေးနားမှာရပ်နေပြီး အော်ပြောလိုက်သည်။ ပြိုင်ပွဲတစ်လျှောက်တွင် သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက သိသိသာသာ တိုးတက်လာပြီး သူငယ်ချင်း ဖြစ်တော့မည်။

“မင်းရဲ့ စကားတွေက အသုံးဝင်မယ် ထင်နေတာလား”

ပိုင်ခွန်ချီ မျက်နှာပေါ်တွင် ကို့ကိုယ်ကို လှောင်ပြောင်လာတဲ့ အပြုံးတစ်ခု ပေါ်လာသည်။

“ထားလိုက်ပါတော့။ သူတို့ ပြီးတဲ့အထိ ရန်ဖြစ်ကြပါစေ”

ပိုင်ခွန်ချီသည် လိမ္မာပါးနပ်တဲ့လူဖြစ်ပြီး ပြဿနာရဲ့ အလှည့်ပြောင်းကို နားလည်သည်။

အဖွဲ့ရဲ့ အခြေအနေက အရမ်းသိသာနေသည်။ ကျန်ရန်ဇောင်က အဖွဲ့ထဲမှာရှိတဲ့ လူနှစ်ဆယ်ကို

စုဆောင်းပြီး သူ့ရဲ့ဂုဏ်သိက္ခာကို ထူထောင်ချင်နေသည်။

လီဇီချီက ကျန်ရန်ဖောင် ကို မယုံကြည်ပါ။ ပိုပြီးတိတိကျကျ ပြောရလျှင် သူမရဲ့ ကိုယ်ပိုင်သုံးသပ်ချက်ကိုသာ ယုံကြည်နေသည်။ အဖွဲ့ခေါင်းဆောင်လုပ်ဖို့ မစဉ်းစားပေမယ့် ကျန်ရန်ဖောင်က သူမရဲ့ ထင်မြင်ချက်ကို လေးစားပြီး သူမရဲ့ အစီအစဉ်အတိုင်း လိုက်လုပ်စေချင်နေသည်။

သို့သော်လည်း သူမရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် ညံ့ဖျင်းနေသဖြင့် ကျန်ရန်ဖောင်ကလည်း

သူမကို အထင်သေးနေသည်။ ဒါကြောင့်လည်း သူတို့ကြားတွင် ကြီးမားတဲ့ ပဋိပက္ခ ဖြစ်ပေါ်လာရသည်။

တခြားသူတွေကတော့ ဘယ်သူမှ အဖွဲ့ခေါင်းဆောင် မဖြစ်ချင်ကြပါ။ လှိုင်းလုံးအတိုင်း လိုက်စီးဆင်း ချင်နေကြသည်။

ဒါကိုတွေးပြီး ပိုင်ခွန်ချီသည် အနည်းငယ် စိတ်မကောင်း ဖြစ်မိသည်။ ကျန်ရန်ဖောင်သည် အရည်အချင်းရှိသော်လည်း တကိုယ်ကောင်းဆန်သည်။ အရေးကြီးတဲ့

အခိုက်အတန့်တွေမှာ တခြားလူတွေကို ချကျွေးလိမ့်မည်။

ဒါပေမယ့် သူကလွဲလျှင် အခြားသူများက အဖွဲ့ခေါင်းဆောင် မဖြစ်နိုင်ပါ။ တခြားသူတွေက ကိုယ့်ကိုယ်ကို ယုံကြည်ချက် မရှိကြပါ။ ဒါကြောင့်လည်း သူတို့ရဲ့ အနာဂတ်ကို ကျန်ရန်ဖောင်ဆီ ပေးအပ်ထားကြသည်။

ပြောရကြေးဆိုလျှင် လီဇီချီသည် အားနည်းပေမယ့် ကိုယ်ပိုင်ခံယူချက်နှင့် ကိုယ့်ကိုယ်ကို ယုံကြည်ချက် အပြည့်ရှိသည်။

"မာရှန်ရဲ့ ကျောင်းသားအဖွဲ့က လူတော်တော်များများက တခြားကျောင်းတွေမှာဆိုရင် အဖွဲ့ခေါင်းဆောင် ဖြစ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ငါကြားတယ်။ စိတ်မကောင်းစရာက နန်ခုန်တာအိုက နှိမ်နင်းလိုက်တာပဲ"

ပိုင်ခွန်ချီ တုန်လှုပ်သွားသည်။

"နန်ခုန်က အရမ်းအထင်ကြီးဖို့ ကောင်းလား"

လုချီ အံ့အောသွားသည်။

"ဘိုင်လင်က နန်ကုန်ရှေးဟောင်းမျိုးနွယ်စုရဲ့ တိုက်ရိုက်မျိုးဆက်ပဲ။ မင်းဘယ်လိုထင်လဲ"

ကျန်ရန်ဇော် ငါးယောက် ဒါမှမဟုတ် ဆယ်ယောက်ရှိလျှင်ပင် နန်ခုန်တာအိုကို မယှဉ်နိုင်ဘူးလို့ ပိုင်ခွန်ချီ ခံစားမိသည်။

"သွား ထင်းသွားရှာပြီး မီးမွေးဖို့ ပြင်ကြ"

ကျန်ရန်ဇော် စကားဆက် မပြောချင်တော့ပါ။ တဖက်လူက သူ့ရဲ့စကားတွေကို မယုံကြည်တာကြောင့် လက်သီးအသုံးပြုဖို့ကလွဲလျှင် ရွေးချယ်စရာ မရှိတော့ပါ။

လက်သီးပိုသန်မာတဲ့ လူက ဆုံးဖြတ်လိမ့်မည်။

"အုပ်စုခေါင်းဆောင်၊ ငါတို့ လက်ရှိအရှိန်အရ မနက်ဖြန် နေ့လည်လောက်ဆိုရင် လူသားမျက်နှာ ချောက်ကမ်းပါးကို ရောက်လိမ့်မယ်။ အဲဒီအချိန်ရောက်လာရင် ညဘက် ခရီးသွားခဲ့တာကြောင့် ငါတို့တွေက ပင်ပန်းနေပြီး အသေအပျောက်များ လိမ့်မယ်"

လီဇီချီသည် သူမရဲ့ ဒေါသကို မျိုချလိုက်သည်။ အမြဲတမ်း တစ်ယောက်တည်း ဆုံးဖြတ်ပြီး လုပ်ဆောင်တဲ့လူတွေကို မကြိုက်ပါ။

“လူသားမျက်နှာ ချောက်ကမ်းပါး ဟုတ်လား”

လူတိုင်း လန့်သွားသည်။ ဘာနာမည်ကြီးလဲ။ နာမည်နဲ့တင် ကြောက်ဖို့ ကောင်းနေပြီ။

“ကျောင်းသားအသစ်တွေအတွက် ပြီးပြည့်စုံတဲ့ စားမေးပွဲတစ်ခုဖြစ်လာစေရန် သူတော်စင်ဂိတ်က နေရာများစွာကို စည်းတံဆိပ် ခတ်ထားတယ်။ လိဂ်ပြိုင်ပွဲ ကျင်းပတဲ့ အခါကျမှ အဲဒီနေရာတွေကို ဝင်ခွင့်ပေးတယ်။ လူသားမျက်နှာ ချောက်ကမ်းပါးဆိုတာကလဲ အဲဒီနေရာတွေထဲက တစ်ခုပဲ”

လီဇီချီက ရှင်းပြသည်။

အဲဒီနေရာတွေနဲ့ ပက်သက်ပြီး သတင်းအချက်အလက်များစွာ မရှိသော်လည်း စည်းပိတ်နယ်မြေ ဖြစ်တယ်ဆိုတဲ့ အချက်အလက်ကလဲ သတင်းအချက်အလက် အပိုင်းအစ တစ်ခု ဖြစ်သည်။ အဲဒါကြောင့်ကို အာရုံစိုက်ဖို့ ထိုက်တန်သည်။

လီဇီချီ ထွက်မလာခင်တွင် အမှောင်တိုက်ကြီးရဲ့ ပထမအဆင့် မြေပုံကို လေ့လာခဲ့သည်။ ဒီစည်းတံဆပ် ခတ်ထားတဲ့ နေရာအားလုံးကို လေ့လာခဲ့သည်။

"မြေပုံကို တခါမှ မကြည့်ပဲ ဘယ်လိုသိတာလဲ"

ထန်ထန်ယုထန်သည် သိချင်ဟန်ဆောင်လိုက်သည်။

လီဇီချီ မျက်လုံးပြူးသွားသည်။ (ဘာမသိတဲ့လူတစ်ယောက်လို လုပ်မှရမှာလား)

"အကြီးဆုံး အမကြီးမှာ ဓါတ်ပုံ မှတ်ဉာဏ်ရှိတယ်"

လုချီဟွာကတော့ အရမ်းဂုဏ်ယူနေသည်။ လေဘုရင်နတ်ဘုရားကျင့်စဉ်ကို လေဘုရင် ပထမဆုံးပြောခဲ့တဲ့အချိန်က လီဇီချီရဲ့ ကြောက်ဖို့ကောင်းတဲ့

စွမ်းရည်ကို မမေ့သေးပါ။ အဲဒီအချိန်တုန်းက လေဘုရင် ကိုယ်တိုင် ထိတ်လန့် တုန်လှုပ်သွားခဲ့သည်။

ကျန်ရန်ဇောင် အမူအရာ ပျက်သွားသည်။ မြေပုံထုတ်ပြီး ကြည့်လိုက်သည်။ သူ့ရဲ့ အမြင်အာရုံထဲသို့ လူသားမျက်နှာ ချောက်ကမ်းပါးဆိုတဲ့ စာလုံး ပေါ်လာသည်။ အမူအရာ တော်တော် ဆိုးဝါးနေသည်။

"ဘာမှားလို့လဲ။ လီဇီချီ မှားနေတာလား"

ထန်ထန်ယုထန် နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

ကျန်ရန်ခေါင် စိတ်လေးသွားသည်။ သူက အရည်အချင်းရှိတဲ့လူတစ်ယောက် ဖြစ်သောကြောင့် လက်ရှိအမြန်နှုန်းနဲ့ဆိုရင် မနက်ဖြန် နေ့လည်လောက် လူသားမျက်နှာ ချောက်ကမ်းပါးကို ရောက်မယ်ဆိုတာ သူသိနေသည်။

ရှီကွမ်သည် လည်ပင်းဆန့်ပြီး မြေပုံကို တစ်ချက် ကြည့်လိုက်သည်။ အေးစက်သော လေအေးတစ်ချက်ကို အလိုလို ရှိုက်လိုက်မိသည်။

လူသားမျက်နှာ ချောက်ကမ်းပါးတည်နေရာကို အနီရောင် စာလုံးများနဲ့ အမှတ်အသား လုပ်ပေးထားသည်။

'အန္တာရာယ်အဆင့် (၄) သတ်မှတ်ထားသည်။ အန္တာရာယ်ရှိတဲ့ အခြေအနေနဲ့ ကြုံတွေ့လာရပါက ဆရာများ ထံက အမြန် အကူအညီတောင်းပါ။ မတွေဝေပါနဲ့'

ကျောင်းသားများသည် လိဂ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်စဉ် သေခြင်း ရှင်ခြင်း စာချုပ်ကို လက်မှတ်ထိုးထားရသည်။ နောက်တစ်ခု ဒီလို

လိဂ်ပြိုင်ပွဲတွင် လူအသေအပျောက်များနဲ့ မတော်တဆမှုများ ကြုံတွေ့ရနိုင်သည်။

"ဒီည ဒီမှာပဲ နားရအောင်။ လုချီ၊ ရှီကွမ်၊ ပိုင်ခွန်ချီ မင်းတို့သုံးယောက်က ထင်းရှာပြီး အမဲလိုက်ကြ။ လီဖန်၊ လီဇီချီ နှင့် လုချီဟွာတို့က အသီးအနှံတွေကို လိုက်ရှာပြီး ရေအရင်းအမြစ်နဲ့ အခြားလူအုပ်စုတွေရဲ့ စခန်းချမယ့် နေရာကို လိုက်ရှာကြ"

ကျန်ရန်ဖောင်က အမိန့်အသစ် ထုတ်ပြန်လိုက်သည်။ ထို့နောက်

လှည့်ထွက်သွားသည်။ အမိန့်အသစ်ပြောင်းလိုက်ရသဖြင့် ရှက်သွားသည်။

"တကယ်တော့ ဒီကောင်က ဒီလောက်ခေါင်းမမာပါဘူး"

ထန်ထန်ယုထန် ရုတ်တရက် အံ့အောသွားသည်။

"အရှက်ကွဲတာထက်စာရင် အနိုင်ပိုလိုချင်တယ်"

လီဇီချီသည် ကျန်ရန်ဇောင်ကို အနည်းငယ်သဘောကျသွားသည်။ သည်းခံနိုင်တဲ့လူများသည် ကြီးကျယ်တဲ့အလုပ်များကို သေချာပေါက်လုပ်နိုင်ကြသည်။

"မင်းမှာ ဓါတ်ပုံ မှတ်ဉာဏ် တကယ် ရှိတာလား"

လီဖန် သိချင်နေသည်။

"ပြောဖို့တောင် မတန်ပါဘူး"

လီဇီချီ၏ ထက်မြက်တဲ့ အသိအာရုံအရ လီဖန် ကြောက်လန့်နေတာကို သတိထားလိုက်မိသည်။ အရမ်းကောင်းသည်။ သူမရဲ့ တကယ်စိတ်ချရမယ့် ပထမဆုံး အားပေးသူကို တွေ့ရပြီ။ ယှဉ်ပြိုင်သူများကို အဝတ်အစား၊ လက်နက်နဲ့ အပြင် သူတို့ ကိုယ်ရေးကိုယ်တာ ပစ္စည်းများကို ယူဆောင်ခွင့် မပေးထားပါ။

ပြီးတော့ ယှဉ်ပြိုင်သူ တစ်ဦးစီအတွက် သူတော်စင်ဂိတ်က ပစ္စည်းအတူတူ ထောက်ပံ့ပေးထားသည်။

သုံးရက်စာ ရေနှင့် ရိက္ခာခြောက်များ၊ အချက်ပြ အချောင်းတစ်ခုနှင့် အရေးပေါ်သုံး အိတ်တစ်ခု။

အရေးပေါ်အိတ်ထဲတွင် ပစ္စည်းတွေက နဲ လှသည်။ အဆိပ်ဖြေဆေး၊ အနာကျက် ဆေးမှုန့်၊ ကတ်ကြေးနှင့် ပိတ်တီး တို့ပါဝင်သည်။

အစိပ္ပါယ်က ရှင်းသည်။ ကျောင်းသားများသည် ခရီးကို အရှိန်အဟုန်နဲ့ သွားရုံသာမက ဆေးဖက်ဝင် အပင်များကိုပါ စုဆောင်ထားရမည်။

ထုံးစံအတိုင်းဆိုရင်တော့ အဲဒီလို မဖြစ်တာ ကောင်းသည်။ သို့သော်လည်း အဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရပြီး အရေးပေါ်ကုသရန်အတွက် ဆေးဖက်ဝင်အပင်များ မရှိလျှင် အဲဒီလူရဲ့ ကံဆိုးမှုကိုသာ အပြစ်တင်ရမည်။ ပြီးတော့ တခြားအသေးအဖွဲ့လေးတွေလည်း ရှိသေးသည်။ ဥပမာအားဖြင့် ဝိညာဉ်တက်တူးသခင်သည်

ဝိညာဉ်တက်တူး စာရွက်နှင့် ဝိညာဉ်တက်တူး စုတ်တံများ မှင်များကို အတူတူယူလာဖို့ လျှောက်ထားနိုင်သည်။ မှော်ဆေးပညာရှင်ကတော့ သန့်စင်ရန်အတွက် မီးဖိုလေးများကို ယူဆောင်လာနိုင်သည်။ သို့သော်လည်း အများအားဖြင့်တော့ လူများသည် အဲဒီလို ပစ္စည်းများကို ယူလာသော်လည်း အသုံးပြုဖို့ အချိန်မရှိပါ။ ပြီးတော့ ဒီပြိုင်ပွဲ သေခြင်း ပြိုင်ပွဲပါ။ အချိန်က အရမ်းတင်းကြပ်လွန်းသည်။

“ကူဒင်ဂျိ မင်းစားတာ အရမ်းများနေပြီ”

ကျန်ရန်ဇောင်က ဝေဖန်လိုက်သည်။

သူတို့ဟာ သားကောင်များ ရှာမတွေ့ခဲ့ကြသလို ဒီတောရိုင်းကြီးထဲမှာ အသီးအနှံတွေလည်း မရှိပါ။ ဒါကြောင့် လူတိုင်းသည် သူတော်စင်ဂိတ်က ပေးတဲ့ ရိက္ခာခြောက်များကိုသာ စားနေရသည်။ ရိက္ခာက သုံးရက်စာပဲ ရှိသဖြင့် ပိုချွေတာရမည်။

“တကယ်လို့ ဗိုက်မဝရင် ဘယ်လို ခွန်အား ရှိမှာလဲ”

ကူဒင်ဂျိက ဒေါသသံနဲ့ တိုးတိုးလေး ညည်းတွားသည်။

"ပြီးတော့ မနက်ဖြန်မှာ ငါတို့ သားကောင်တွေ့အောင် ရှာလို့ ရတယ်"

ကူဒင်ဂျိ၏ နောက်ခံသည် တောင့်တင်းသည်။ တခါမှ မငတ်ခဲ့ဖူးပါ။ တစ်နေ့လုံး ပြေးလွှားရင်း မောပန်း ဗိုက်ဆာနေခဲ့သည်။ အဲဒါကြောင့်လည်း ပိုစားဖြစ်သည်။

ကျန်ရန်ဇောင်က မကြားချင်ယောင်ဆောင်နေလိုက်သည်။ ထို့နောက် တခြားလူများကို တိတ်တိတ်လေး ကြည့်လိုက်သည်။ လုချီဟွာနှင့် လီဇီချီတို့ကတော့ ခွဲတမ်း ပမာဏအတိုင်း မုန့်များကို

စားပြီး ရေသောက်ကြသည်။ သူမတို့ရဲ့ သည်းခံနိုင်စွမ်းက မဆိုးပါ။

"ဇီချီ၊ ဒါကို စားလိုက်"

အင်ဘိုင်ဝူက သူမရဲ့ မုန့်ကိုပေးနေသည်။ ဒီနေ့တွင် တောကြက်ဥလေးရဲ့ စွမ်းအင်သုံးစွဲမှုသည် တခြားသူများထက် သိသိသာသာ ပိုများနေသည်။

"မလိုပါဘူး"

လီဇီချီက ငြင်းဆိုလိုက်သည်။

"စားပါ"

သံမဏိခေါင်း မိန်းကလေးက သူမရဲ့မုန့်ကို ပေးလိုက်သည်။ "ဘယ်လိုပဲဖြစ်ဖြစ် ငါက ရက်နည်းနည်းလောက် မစာမစားရရင်တောင် အဆင်ပြေတယ်"

အင်ဘိုင်ဝူ လိမ်တာ မဟုတ်ပါ။ တကယ်ကို ပြဿနာ မရှိပါ။ အရင်က သူမက နှစ်ပေါင်းများစွာ ငတ်လာခဲ့ဖူးသည်။ ပိုပြီး တိတိကျကျပြောရလျှင် ဗိုက်ဝအောင် စားခဲ့ရတဲ့ နေ့ရက်များကို လက်ချိုးရေလို့ ရသည်။

နှစ်သစ်ကူးနေ့မှာတောင် အင်ဘိုင်ဝူသည် ဗိုက်ပြည့်အောင် မစားခဲ့ရပါ။

"အင်ဘိုင်ဝူ မင်းရဲ့ စားစရာကို ပြန်ယူပါ"

ကျန်ရန်ဇောင်က အမိန့်ပေးလိုက်သည်။

"မင်းငါ့ကို ထိန်းချုပ်နေတာလား"

အင်ဘိုင်ဝူ မျက်မှောင်ကြုတ်သွားသည်။

"ငါက အဖွဲ့ခေါင်းဆောင်ပဲ"

ကျန်ရန်ဇောင်၏ လေသံမှာ ဒေါသတွေနဲ့ ပြည့်နေသည်။ အဖွဲ့ထဲမှာ ဆူးတွေ ဘာဖြစ်လို့

ဒီလောက်များနေရတာလဲ။ ရန်ပွဲဆိုတာ ရှောင်လို့မရသလိုပဲ။

“စကားများတာ ရပ်လိုက်တော့”

လီဇီချီက မတ်တပ်ရပ်လိုက်ပြီး အင်ဘိုင်ဝူဆီကို ပြန်ပေးလိုက်သည်။ “ဒီည ငါပြန်မလာဖြစ်ခဲ့ရင် ငါ့ကို ရှာနေစရာ မလိုဘူး”

“အမ်”

လုချီဟွာ ထိတ်လန့်သွားသည်။

“မင်းဘာလုပ်မလို့လဲ”

"လမ်းပန်းဆယ်သွယ်ရေး ပြဿနာကို ဖြေရှင်းမလို့"

လီဇီချီမှာ အစီအစဉ်ရှိနေသည်။

"ငါမင်းနဲ့ လိုက်ခဲ့မယ်"

အင်ဘိုင်ဝူနှင့် လုချီဟွာတို့ နှစ်ယောက်စလုံး မတ်တပ်ရပ်လိုက်ကြသည်။

"မလိုဘူး။ ဒါက ငါ့အတွက် ပြင်းထန်တဲ့ လေ့ကျင့်ခန်းပဲ"

လီဇီချီ စခန်းမှ ထွက်သွားသည်။

(တစ်သက်လုံး ပြန်မလာဖို့ မျှော်လင့်တယ်)

ကျန်ရန်ဇောင်က အေးစက်တဲ့ အကြည့်နဲ့ ကြည့်နေခဲ့သည်။ ထို့နောက်သူသည် အခြားသူများကို ညွှန်ကြားလိုက်သည်။

“ဒီညရဲ့ ရှေ့ပိုင်းတဝက်ကို ငါကင်းစောင့်မယ်။ နောက်ပိုင်းကို ရှန်ယွန်ပေါင်က တာဝန်ယူ။ ကျန်တဲ့လူတွေက မြန်မြန် သွားအိပ်ကြတော့”

ညစာစားပြီးနောက် ကျန်ရန်ဇောင်သည် မီးပုံဘေးတွင် ထိုင်ကာ မြေပုံကို ခွဲခြမ်းစိတ်ဖြာပြီး

ဖြတ်လမ်းကို ရှာနေသည်။ ရုတ်တရက် အသံတိုးတိုးလေးတစ်ခု ပျံ့လွင့်လာသည်။

“ဘယ်သူလဲ”

ကျန်ရန်ဇောင် အော်လိုက်သည်။ သူက ဓါးကွေးကို ဆွဲထုတ်နေတုန်း ရင်ခုန်သံ မြန်နေသည်။

အခန်း (၃၂၅) - လူသားမျက်နှာ ချောက်ကမ်းပါး။ သေခြင်း ခရီးလမ်း။

တခြား မအိပ်သေးတဲ့လူတွေလည်း လန့်ဖြန့်သွားသည်။ သူတို့အားလုံးသည် တိုက်ပွဲအတွက် အဆင်သင့်ဖြစ်အောင် လက်နက်ဆွဲထုတ်ထားကြသည်။

"တခြားကျောင်းက အဖွဲ့တွေ တိုက်ခိုက်ဖို့ ခိုးဝင်လာကြတာလား"

လီဖန် စိတ်လှုပ်ရှားကာ စိုးရိမ်နေသည်။

အဆင့်ပိုကောင်းလာစေရန် ကျောင်းသားအုပ်စုများသည် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြတဲ့ ဖြစ်စဉ်များကို သူမ ကြားခဲ့ဖူးသည်။

"ပါးစပ် ပိတ်ထား"

ကျန်ရန်ဇောင်က အသံနှိမ့်ပြီး အော်လိုက်သည်။ စကားပြောခြင်း ဒါမှမဟုတ် အမိန့်ပေးခြင်းများကို ရန်သူကြားသွားမှာ သူကြောက်နေသည်။ အကြည့်တစ်ချက်ပေးပြီး အဖွဲ့ဝင်များကို ထွက်လာခိုင်းလိုက်သည်။ သို့သော်လည်း ဒီကောင်တွေက လုံးဝသတိမထားမိပါ။

"တုံးလိုက်ကြတာ"

ကျန်ရန်ဖောင်သည် စကားမပြောနိုင်ဖြစ်သွားသည်။ ရှန်ယွန်ပေါင်ကို ဆိုရင် ပိုတောင်စိတ်ပျက်သွားမိသည်။ ဒီလူက သူ့ရဲ့ ငွေလုံကိုကောက်ယူပြီး ရန်သူတွေကို တိုက်ခိုက်ဖို့ ဦးဆောင်ပြီးထွက်သွားသည်။

"မင်း ဦးနှောက် မရှိဘူးလား"

ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်ရေး စွမ်းရည်သည်အရမ်းအားကောင်းပြီး ကျန်ရန်ဖောင်က သူရဲ့ အဓိကတိုက်ခိုက်ရေး အင်အားစု အဖြစ်အသုံးပြုမလို့

စီစဉ်ထားခဲ့သည်။ သူက အမြှောက်ဆံ (ရှေ့ပြေးကင်း)များ ထောက်လှမ်းဖို့ အရင်ဆုံးလွှတ်သင့်သည်။

ဘေးမှာ ပုန်းနေတဲ့ ထန်ထန်ယုထန်သည် စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ ကျန်ရန်ဇောင်ကို ကြည့်ပြီး ရယ်ချင်နေသည်။ ရယ်ချင်နေသော်လည်း မရယ်ဖြစ်ခဲ့ပါ။

ဒီကောင် ကျန်ရန်ဇောင်က သန်မာပေမယ့် တခါတလေမှာ သူဖြစ်ချင်တဲ့ ပုံစံအတိုင်း မဖြစ်ဘူးဆိုတာ နားမလည်ပါ။ အခွင့်လမ်းအသစ်ကို အကောင်းဆုံး အသုံးချရမည်။

မင်းအခွင့်အရေးအတွက်အာဏာက ကျောင်းသားတွေ မင်းရဲ့ စကားကို လိုက်နာဖို့အတွက် မလုံလောက်တဲ့အခါ မင်း ဒေါသလည်း မထွက်သင့်ဘူး၊ စိတ်ဓါတ်လည်း မကျသင့်ဘူး။ အဲဒီအစား မင်းအမိန့်တွေကို ပြည့်စုံဖို့ လမ်းညွှန်သင့်သည်။

ရှန်ယွန်ပေါင်သည် မီတာ သုံးဆယ်လောက် ပြေးထွက်သွားပြီး ရပ်တန့်သွားသည်။

“ဒါက မင်းလူပဲ”

လရောက်အောက်တွင် ရှန်ယွန်ပေါင်သည် လီဇီချီ ပြန်လာတာကို မြင်လိုက်ရသည်။ သူမက ကြီးမားတဲ့

ကျားဖြူကြီးကို စီးထားပြီး ကြည့်လိုက်လျှင် အရမ်းဆွဲဆောင်မှု ရှိနေသည်။

ကျားဖြူကြီးသည် အနည်းငယ် ခုန်လွှားပြီး ကျန်ရန်ဇောင် အရှေ့သို့ ရောက်လာသည်။

"ခေါင်းဆောင်၊ အခုလိုဆိုရင်ရော အဆင်ပြေလား"

လီဇီချီက ကျားဖြူကြီးရဲ့ အမွှေးကို ပွတ်သပ်ရင်း မေးလိုက်သည်။

ကျန်ရန်ဇောင် ပါးစပ် တလှုပ်လှုပ် ဖြစ်သွားပြီး ဘယ်လို ပြန်ဖြေရမလဲ မသိတော့ပါ။ အခါတော့ တောကြက်ဉလေးသည် ကျားဖြူကြီးကို

စီးနေတာကြောင့် ကျန်တဲ့လူတွေကို အမှီလိုက်နိုင်တော့မည်။

“လီဇီချီ၊ ဒါကို မင်းဘယ်လိုလုပ်ခဲ့တာလဲ”

လီဖန် အံ့အောသင့်နေသည်။

“မင်းက သားရဲ ထိန်းချုပ်သူလား”

ရှီကွမ် အံ့အောနေသည်။

“မင်းရဲ့ အိမ်မွေးတိရစ္ဆာန်ကို စောင့်ကြည့်ထားပါ။ တခြားသူတွေကို မကိုက်စေနဲ့”

ဒီလိုပြောပြီးနောက် ကျန်ရန်ဖောင်သည် လီဇီချီကို လျစ်လျူရှုထားလိုက်သည်။

အမျိုးသမီးများသည် ဒီလိုမျိုး အကောင်ကြီးတဲ့ ကြောင်ကြီးကို ဘယ်လို သည်းခံနိုင်မှာလဲ။ လီဖန်သည် ပြေးလာပြီး လက်ဆန့်ကာ အိမ်မွေးတိရစ္ဆာန်ကြီးကို ထိကြည့်ချင် နေသည်။ သို့သော်လည်း ကျားဖြူကြီးက အစွမ်းဖြဲပြတာကို မြင်လိုက်လျှင် အနည်းငယ် ထိတ်လန့်သွားသည်။

"အဆင်ပြေတယ်"

လီဇီချီက ကျားဖြူကြီးကို ပွတ်သပ်ရင်း နှစ်သိမ့်နေသည်။

ဝရုန်းသုန်းကာ ဖြစ်ပြီးနောက် စခန်းတစ်ခုလုံး နောက်တစ်ကြိမ် ပြန်လည် တိတ်ဆိတ်သွားသည်။

လီဇီချီသည် ကျားဖြူကြီးကို မှီပြီး သူမရဲ့ အမူအရာက လေးလံ ထိုင်းမှိုင်းနေသည်။

တခြားသူတွေနဲ့ လိုက်လျောညီထွေမှု မဖြစ်တဲ့ ပြဿနာက ပြီးသွားပေမယ့် လီဇီချီ မပျော်ပါ။

လီဇီချီတွင် ဓါတ်ပုံမှတ်ဉာဏ်ရှိပြီး အရမ်းဉာဏ်ရည်မြင့်မားတဲ့လူ ဖြစ်သည်။ ဒါကြောင့် သူမက အရာအားလုံးကို လျှင်မြန်စွာ သင်ယူနိုင်ခဲ့သည်။

ဆွန်းမိုကလည်း သူမကို ကောင်းကောင်းသင်ပေးခဲ့ပြီး ဝိညာဉ်ပုံသွင်းခြင်းနဲ့ လီဇီချီကို သူသိသမျှ သင်ပေးထားခဲ့သည်။

လီဇီချီသည် လောဘကြီးခြင်းက ကောင်းကျိုးမရှိတာကို သိထားပြီး ဒါကြောင့်လည်း သူမရဲ့ စွမ်းအင်အားလုံးကို ဝိညာဉ်တက်တူးလေ့လာတာနဲ့ ကျင့်ကြံခြင်းတို့တွင်

သုံးစွဲခဲ့သည်။ မကြာခင်ကမှ လေဘုရင်နဲ့ တွေ့ဆုံခဲ့ရပြီး လျှို့ဝှက်ကျင့်စဉ်များကို လေ့လာသင်ယူရန်အတွက် လေဘုရင်နဲ့ အတွေ့အကြုံကို မျှဝေရန် လေဘုရင်ခန်းမမှာ အချိန်အနည်းငယ် သုံးခဲ့သည်။

လီဇီချီသည် သားရဲ ထိန်းချုပ်ခြင်းကျင့်စဉ်တွင် အခြေခံအဆင့်ကို ရောက်နေသော်လည်း နက်နက်နဲနဲ နားလည်အောင် အချိန်မပေးခဲ့ပါ။ ဝိညာဉ်သားရဲကို ထိန်းချုပ်လိုလျှင် ဝိညာဉ်သားရဲနဲ့ ဆက်ဆံရေး

ထူထောင်ရန် လိုအပ်သည်။ ဒါကအချိန် အရမ်းပေးရသည်။

ဒီနေ့မနက်တွင် သူမသည် အဖွဲ့နဲ့ မှီအောင်လိုက်ရန် အရမ်းခက်ခဲတဲ့အကြောင်းကို သိသွားပြီးနောက် လီဇီချီသည် အိမ်မွေးတိရစ္ဆာန်တစ်ကောင်ဖြင့် စီးနင်းလိုက်ပါရန် စဉ်းစားခဲ့သည်။ သို့သော်လည်း သူမ မလုပ်ခဲ့ပါ။

ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း အယူအဆမှာ အိမ်မွေးတိရစ္ဆာန်ကို သူငယ်ချင်းအဖြစ် ဆက်ဆံရန်ဖြစ်ပြီး ကျွန်အဖြစ် သတ်မှတ်ရန် မဟုတ်ပါ။

ဒီအကြောင်းအရာကို ရှေးသူတော်စင်များကလည်း အမြဲတမ်း ပြောခဲ့သည်။ လီဇီချီက အရေးပေါ် အခြေအနေအတွက် အိမ်မွေးတိရစ္ဆာန် တစ်ကောင်ကို ဖမ်းခဲ့ပြီး အဲဒီသဘောတရားကို ချိုးဖောက်နေသလို ဖြစ်ခဲ့သည်။

ကျားဖြူကြီးသည် လီဇီချီရဲ့ အပြစ်စိတ်ကို သတိထားမိပြီး သူမဆီသို့ ချဉ်းကပ်လာသည်။ ထို့နောက် လီဇီချီရဲ့ မျက်နှာကို လျှာကြီးနဲ့ လျှက်လိုက်သည်။

“ဟားဟား ၊ ရပ်လိုက်တော့ ယားတယ်”

လီဇီချီသည် ကျားဖြူကြီးရဲ့ ခေါင်းကို တွန်းထုတ်သော်လည်း မရဖြစ်နေသည်။

လုချီဟွာကတော့ ဘေးက ထိုင်ကြည့်ပြီး အားကျနေသည်။ အဲဒီနောက် သူမရဲ့ ပုံစံသည် စိတ်ပျက်တဲ့ အမူအရာ ဖြစ်သွားသည်။

(အကြီးဆုံး အမကြီးက အမှန်တကယ်ကို ထူးချွန်လွန်းတယ်။ သူမက ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ ကျင့်စဉ်ကို အချိန်အများကြီး မပေးခဲ့သော်လည်း သူမရဲ့ ပထမဆုံး ကြိုးစားမှုက အောင်မြင်နေဆဲ ဖြစ်သည်။)

ဒါက ထိချက် ပြင်းထန်လွန်းသည်။

တကယ်တော့ လီဇီချီသည် ဝိညာဉ်ချီနဂါးရဲ့ အကူအညီကြောင့်သာ ကျားဖြူကြီး မြန်မြန် ရှာတွေ့ခဲ့ခြင်း ဖြစ်သည်။ နောက်တနေ့မနက်စောစော ရောက်လာလို့ ကောင်းကင်ကြီးကလည်း နောက်တစ်ကြိမ် ပြန်လင်းလာသည်။ ကျားစီးလာသဖြင့် လီဇီချီရဲ့ အရှိန်က ပိုမြန်လာသည်။ ပြီးတော့ သူမက ပြတ်ကျန်ခဲ့တဲ့ အဖွဲ့ကို စောင့်ရန် တစ်ခါတစ်လေ ရပ်စောင့်နေရသည်။

ဒီအရာကြောင့်လည်း ကျန်ရန်ဇောင်ရဲ့ မျက်နှာ မှိုင်းနေသည်။

"မင်းက အိမ်မွေးတိရစ္ဆာန်တွေကို ဖမ်းနိုင်ရင်လည်း ဘာဖြစ်လို့ စောစော မပြောတာလဲ။ မင်းက လူတိုင်းရဲ့ အချိန်ကို ဖြုန်းတီးပစ်နေတာပဲ"

"တော်ကြတော့၊ ရှေ့မှာ လမ်းခွဲတစ်ခုရှိတယ်။ ငါတို့ ဘယ်ဘက်ကို သွားရမှာလဲ"

ကူချန်ဂျိက အကောင်းဆုံး ကြိုးစားပြီး ဖြန်ဖြေလိုက်သည်။

"ညာဘက်ကို သွား"

ကျန်ရန်ဇော်င် ပြန်အော်လိုက်သည်။ အားလုံးက ညာဘက်ကို လှည့်လိုက်ပေမယ့် ဆယ်မီတာလောက် လျှောက်လာပြီးနောက် လုချီဟွာ ရုတ်တရက် ရပ်တန့်လိုက်သည်။ သူမက လက်ညှိုးထိုးပြီး ဘယ်လက် လမ်းကြောင်းကို ကြည့်နေသည်။

"ဘာဖြစ်လို့လဲ"

လုချီက မေးလိုက်သည်။ သူသည် ဒီရင်သားကြီးတဲ့ ကောင်မလေးကို နည်းနည်း သဘောကျနေသည်။

"ငါ.....ငါတို့ လမ်းကြောင်းမှားနေတယ်လို့ ခံစားရတယ်"

လုချီဟွာက အကြည့်လွှဲရင်း ဖြေသည်။.

"မှားနေတယ် ဟုတ်လား"

ကျန်ရန်ဖေါင် မျက်မှောင်ကြုတ်ပြီး စစ်ဆေးရန် ဖြေပုံကို ထုတ်လိုက်သည်။

"ညာဖက်လမ်းက လမ်းမှန်ပဲ"

"ဒါပေမယ့်... ဒါပေမယ့် ငါတို့ ထွက်သွားသင့်တယ်လို့ ငါခံစားနေရတယ်"

လုချီဟွာရဲ့ စရိုက်က ပျော့ညံ့တဲ့ဖက်မှာ ရှိသည်။ အရင်တုန်းက ဆိုရင်တော့ မတူညီတဲ့ အမြင်တွေကို ထုတ်ဖော်ပြောပြမှာ မဟုတ်ပါ။ ဒါပေမယ့်

ဒီတစ်ကြိမ်မှာတော့ သူမဆရာရဲ့ ဂုဏ်သိက္ခာက ရှိနေပြီး သူ့ရဲ့နာမည်ကို သူမကြောင့် အရှက်မရစေချင်ပါ။

"မင်းရဲ့ ခံစားချက်က မြေပုံထက် ပိုတိကျတယ်ပေါ့"

ကျန်ရန်ဇောင်က မခိုးမခန့် ရယ်မောလိုက်သည်။ ဆွန်းမိုရဲ့တပည့်တွေက ဘာဖြစ်လို့ ဒီလောက် ဒုက္ခရှာနေရတာလဲ။

"ငါ........ငါ......."

လုချီဟွာသည် အမှားလုပ်မိတဲ့ အိမ်မွေးကြောင်လို ဖြစ်သွားသည်။ ခေါင်းငုံ့ပြီး ရပ်နေသည်။ အရင်တုန်းကတော့ လမ်းမသိရင် သစ်ကိုင်းတွေကို အားကိုးပြီး လျှောက်သွားခဲ့သည်။

နည်းလမ်းကတော့ တစ်မီတာ ရှည်တဲ့ သစ်ကိုင်းတစ်ကိုင်းကို လမ်းအလယ်မှာထားပြီး လွှတ်ချလိုက်သည်။ အကိုင်းကျတဲ့ဘက်ကို သူမလျှောက်သွားမည်။

ပြီးတော့ ရှန်ဂျင်မှ ချင်လင်သို့ ထောင်ပေါင်းများစွာ အကွာအဝေးကိုလည်း ဒီနည်းလမ်းတိုင်း အသုံးပြုပြီး

လှျောက်လှမ်းလာခဲ့သည်။ အကြိမ်းအနည်းငယ်လောက်တော့ လမ်းမှားခဲ့သည်။ သို့သော်လည်း လုချီဟွာ၏ ဒီအကြောင်းပြချက်က အလုပ်မဖြစ်မှန်း သိနေသည်။

"လီဇီချီ မင်းမကျေနပ်တာရှိရင်လည်း ငါ့ကို ပြောပါ။ မင်း သူမကိုဒီလိုတွေ မလုပ်ခိုင်းပါနဲ့"

ကျန်ရန်ဇောင်က နဖူးကို ပွတ်ရင်း ပြောလိုက်သည်။ လီဇီချီက လုချီဟွာကို ပြဿနာရှာဖို့ ခိုင်းထားတယ်လို့ သူထင်နေသည်။

လီဇီချီရှင်းပြချင်ပေမယ့် ကျန်ရန်ဇောင် ရဲ့ ပင်ပန်းနွမ်းနယ် နေတဲ့အကြည့်ကို မြင်ပြီး သူမ အလျှော့ပေးလိုက်သည်။ ဒီကောင် မနေ့ညက တော်တော် နောက်ကျပြီးမှာ အိပ်သွားမှန်း သူမ သိသည်။ သူတို့ အနိုင်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဖြစ်ညှစ်ပြီး စဉ်းစားနေခဲ့လိမ့်မည်။

“ခရီး ဆက်သွားကြစို့”

ကျန်ရန်ဇောင်က ဦးဆောင်ပြီး လျှောက်သွားသည်။ နောက်ထပ်တစ်နာရီ

ကြာပြီးနောက် သူတို့သည် လူသားမျက်နှာ ခြောက်ကမ်းပါးကို ရောက်လာကြသည်။ တကယ့်စိန်ခေါ်မှုက ဒီနေရာမှ စလိမ့်မည်။

သူတို့နဲ့ မီတာလေးရာ အကွာမှာရှိတဲ့ တောင်ကုန်းတစ်ခုအနောက် ကနေ ဖန်ယန်တို့အဖွဲ့ ချောင်းကြည့်နေသည်။ ကျန်ရန်ဖေ့ာင် တို့အဖွဲ့ လမ်းဆုံတွင် ရပ်သွားသဖြင့် သူတို့အဖွဲ့ ရင်ခုန်သွားသည်။

"နောက်ဆုံးတော့ မြေပုံရဲ့ ပြဿနာကို သတိထားမိသွားပြီပဲ"

"အဲဒါတော့ မဖြစ်နိုင်ဘူး"

ဆွန်းမို ခေါင်းယမ်းလိုက်သည်။ ဝေးလွန်းသဖြင့် ကျောင်းသားများ ဘာပြောနေလဲဆိုတာ မကြားရပါ။ လူတိုင်းရဲ့အကြည့်ကြောင့် တစ်စုံတစ်ရာ အဆိုပြုတဲ့ လူက လုချီဟွာ ဖြစ်မှန်းတော့ သိနေရသည်။

လုချီဟွာက သူမရဲ့ ပင်ကိုယ်ဗီဇကို အားကိုးတဲ့လူ ဖြစ်သည်။ ဒီကြောင်းပြချက်ကြောင့် ကျန်တဲ့လူတွေကို မဆွဲဆောင် နိုင်လောက်ပါ။

ထင်မှတ်ထားသလိုပဲ မိနစ်အနည်းငယ်ကြာတော့ အုပ်စုသည် မှားယွင်းတဲ့ လမ်းကို လျှောက်လှမ်းသွားကြသည်။

ရှူ

ဖန်ယန်သည် သက်ပြင်းချပြီး ဆံပင်ကို ဆွဲပွတ်လိုက်မိသည်။ သူတို့ ဘာလုပ်နေကြတာလဲ။

"ဆရာကူ၊ ကျန်ရန်ဖောင်က မြေပုံနဲ့ပက်သက်ပြီး သတိထားမိဖို့က အခွင့်အရေး ဘယ်လောက် ရှိလဲ"

လျှောင်ရန်က မေးလိုက်သည်။ နောက်နှစ်မှဆိုရင် အဲဒါက နောက်ကျသွားလိမ့်မည်။

"ငါလည်း မသေချာဘူး"

ကူရှုပ်ရှင်းလည်း မျက်မှောင်တော်တော်ကြုတ်နေသည်။

"ဇီချီ၊ ပြဿနာကို မြန်မြန် သတိထားမိစမ်းပါ"

ဆွန်းမို ဆုတောင်းနေသည်။ ထန်ထန်ယုထန်ကတော့ ဒါကို သတိထားမိရင်တောင် မပြောနိုင်ပါ။

နံနက် ၁၁နာရီလောက်တွင် လူတိုင်း လူသားမျက်နှာ ချောက်ကမ်းပါးသို့ ရောက်ရှိလာကြသည်။

ဒါက ကုန်းမြေအနှံ့ကို လှည့်ပတ်ဝိုင်းရံထားတဲ့ တောင်တန်းကြီး တစ်ခု ဖြစ်သည်။ ကွေ့ပတ်ပြီးသွားရင်လည်း အချိန်ကုန်လွန်ပြီး ဖြတ်သန်းသွားရင်လည်း အန္တာရာယ်များလွန်းသည်။ ဒါကြောင့်လည်း ချောက်ကမ်းပါးကို ဖြတ်သန်းပြီး သွားခြင်းက အကောင်းဆုံး ရွေးချယ်မှု ဖြစ်နေသည်။

ဘာဖြစ်လို့ လူသားမျက်နှာ ခြောက်ကမ်းပါးလို့ ခေါ်ရတာလဲ။

ဒီနေရာကို ရောက်ပြီးနောက် လူတိုင်း နားလည်သွားသည်။ ချောက်အဝင်ဝရှိ

နံရံနှစ်ဖက်စလုံးတွင် အရွယ်အစားအမျိုးမျိုး ရှိတဲ့ လူသားမျက်နှာ ပုံစံများ ဖြစ်ပေါ်နေသည်။

အချို့က ဆယ်မီတာလောက် ကြီးမားပြီး အချို့က ကြိတ်ဆုံ အရွယ်အစားလောက် ရှိသည်။ အချို့ပုံစံများက ထူးဆန်းပြီး လူသား ပုံစံများ မဟုတ်ကြပါ။

လုချီဟွာသည် တစ်ချက်ကြည့်လိုက်ပြီးနောက် ကြောက်လန့်ကာ လီဇီချီ အင်္ကျီလက်စကို အလန့်တကြား ဖမ်းဆွဲထားသည်။

လီဇီချီလည်း ရင်တထိတ်ထိတ် ဖြစ်နေပြီး အနည်းငယ် ထိတ်လန့်နေသည်။

မျက်နှာတချို့က ဒေါသထွက်နေပြီး မျက်နှာတစ်ချို့က သတ်ဖြတ်ချင်တဲ့ဆန္ဒနဲ့ ပြည့်နှက်နေသည်။ ဘယ်လို ဖြစ်ပေါ်လာလဲ မသိပေမယ့် အရမ်းအသက်ဝင်ပြီး ကြည့်လိုက်လျှင် ကျောချမ်းဖို့ ကောင်းသည်။

ကျန်ရန်ဇောင်နှင့် ထန်ထန်ယုထန်ကတော့ မျက်နှာများကို မကြည့်ဘဲ သူတို့နှင့် မနီးမဝေးမှာရှိနေတဲ့ ကျောင်းသားအုပ်စုကို

ကြည့်နေကြသည်။ လီဇီချီကလည်း စီးနင်းလိုက်ပါလာတဲ့အတွက် သူမက ပိုတောင် မြန်မြန်ဆန်ဆန် သွားလာနိုင်နေပြီး အခြားသူများအတွက်လည်း ဝန်ထုတ်ဝန်ပိုး မဖြစ်တော့ပါ။

"လုပ်လိုက်ကြစို့"

ကျန်ရန်ဇောင်က တိုက်တွန်းလိုက်သည်။

"ရှန်ယွန်ပေါင် မင်းက လမ်းကြောင်းကို ဦးဆောင် ကျန်တဲ့လူတွေက ငါ့အမိန့် မရဘဲ အဖွဲ့ထဲကနေ မထွက်သွားနဲ့"

ဒီအခင်းအကျင်းကို မြင်လိုက်တော့ ချောင်ဒင် အဖွဲ့ခေါင်းဆောင်က သူတို့အဖွဲ့နောက်မှ လိုက်သွားရန် အမိန့်ပေးလိုက်သည်။ နှစ်ဖွဲ့စလုံး နောက်ကျ မကျန်ချင်ဘဲ မြန်မြန်ဆန်ဆန် လှုပ်ရှားနေကြသည်။

ကောင်းကင်ကနေ ငုံ့ကြည့်လိုက်လျှင် ချောက်ကမ်းပါးကြီးသည် ကွေ့ကောက်နေတဲ့ စပါးအုံးမြွေကြီးနဲ့ တူနေသည်။

အုပ်စုနှစ်စုသည် ဆယ်မိနစ်လောက် ခရီးသွားပြီးနောက် အော်သံ ဟစ်သံများနဲ့ တိုက်ပွဲအသံများကို ရုတ်တရက် ကြားလိုက်ရသည်။

"အာလုံး ရပ်ပြီး မြန်မြန် ပုန်းကြတော့"

ကျန်ရန်ဇောင်က တိုက်တွန်းလိုက်သည်။ ချောက်၏ တဖက် တချက်စီတွင် လှိုဏ်ဂူများ ရှိနေပြီး အချို့မှာ နှစ်မီတာ၊ သုံးမီတာ လောက်ကျယ်ပြီး အချို့က လက်ချောင်းကဲ့သို့ သေးငယ်လှသည်။

“အနည်းဆုံး နှစ်ယောက်တတွဲစီ နေဖို့ သတိရပါ။ တစ်ယောက်တည်း မဖြစ်စေနဲ့”

လူတိုင်း ပုန်းနေကြစဉ် လူတစ်စုသည် စုတ်ပြတ်သတ်နေတဲ့ ပုံစံနဲ့ ချောက်ကြီးဆီမှ ပြန်ဆုတ်ခွာလာကြသည်။

လူနှစ်ဆယ်နဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့သည် အခုတော့ လူ ၁၅ယောက်ပဲ ကျန်တော့သည်။ အားလုံးက ဒဏ်ရာတွေနဲ့ ပြည့်နှက်နေသည်။ အဲဒီတစ်ယောက်သည် လူတစ်ယောက်ကို ကျောပိုးပြီး

ပြန်သယ်လာသည်။ တကိုယ်လုံးက စိမ်းစိုစို အဆိပ်ငွေ့ ထွက်နေသည်။

အဆိပ် မိလာတာလား။

ကောင်မလေးတစ်ယောက် နာကျင်လွန်းလို့ ငိုနေသည်။

“မဟုတ်ဘူး”

သယ်ပိုးလာတဲ့ ကျောင်းသားက ချက်ခြင်း ငြင်းဆိုလိုက်သည်။

“အချက်ပြ ပြွန်ဘယ်မှာလဲ။ ငါတို့မှာ ဘယ်နှစ်ယောက်ကျန်ခဲ့လဲ”

"နောက်ထပ် သုံးယောက် ကျန်ခဲ့တယ"

"နောက်တစ်ယောက်လည်း ကျန်ခဲ့သေးတယ်"

"မြန်မြန်လုပ်ကြ"

အရပ်ရှည်ရှည်နဲ့ လူသည် " လူမျက်နှာရှိတဲ့ ပင့်ကူတွေ ဘယ်မှာလဲ။ ငါတို့နောက်ကို လိုက်လာသေးလား"

"လောလောဆယ်တော့ မတွေ့သေးဘူး"

ပင့်ကူများကို မမြင်ရသော်လည်း စိတ်မလျှော့ရဲသေးပါ။ သူတို့သည် တတ်နိုင်သမျှ မြန်မြန်ပြန်ပြေးလာကြသည်။

အချက်ပြ အချောင်းတစ်ခု ပစ်လွှတ်လိုက်သည်။

ဒိုင်း

ကျယ်လောင်သော အသံတစ်ချက် ပေါ်ထွက်လာပြီး ကောင်းကင်ပေါ်သို့ အနီရောင် မီးတောက်တစ်ခု မြင့်တက်သွားသည်။

ဒီအုပ်စုသည် ကံမကောင်းစွာ ထွက်ခွာသွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီနှင့် ချောင်ဒင်မှ ကျောင်းသားများသည် အပေါက်များက ပြန်ထွက်လာကြသည်။

"ဒါက အန္တရာယ် မများလွန်းဘူးလား"

တစ်ယောက်ကတော့ ထိတ်လန့် ကြောက်ရွံ့တဲ့ပုံပေါက်နေသည်။

ဒါက ဟာသမဟုတ်ပါ။ တကယ်သေသွားနိုင်သည်။

"ငါတို့ ဘာလုပ်သင့်လဲ။ ငါတို့လမ်းလွှဲပြီးသွားကြမလား"

လီဖန်က အကြံပြုလိုက်သည်။ အစိမ်းရောင်လွှမ်းနေတဲ့ ကျောင်းသားကြောင့် သူမတော်တော်လေး ထိတ်လန့်နေသည်။

"ဘာကို လမ်းလွှဲမှာလဲ၊ ဆက်သွား"

ကျန်ရန်ဇောင်က ပြတ်ပြတ်သားသား ပြောလိုက်သည်။ တကယ်လို့ လမ်းကြောင်းလွှဲပြီး သွားပါက ထိပ်ဆုံး အဆင့် ၅၀ထဲတောင် မဝင်နိုင်တော့ပါ။ ထပ်ဆုံး ၃နေရာကို မေ့လိုက်တော့။

“မင်းတို့ကောင်တွေ ဘာကြောင့်ပြီး ရပ်နေတာလဲ။ ဆက်သွား”

ချောင်ဒင်၏ ခေါင်းဆောင်ကလည်း အံကြိတ်ပြီး အမိန့်ပေးလိုက်သည်။

(ဗဟိုပြည်နယ်အကယ်ဒမီတောင် လုပ်ရဲသေးတာ ချောင်ဒင်ကလည်း အလားတူ သတ္တိရှိရှိ လုပ်ရဲရမယ်)

အခန်း (၃၂၆) - အရှက်မရှိရတာ တကယ်ကောင်းလား။

ကျောင်းသားအဖွဲ့နှစ်ဖွဲ့သည် တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မီတာ ၃၀ ကွာကာ လူသားမျက်နှာ ချောက်ကမ်းပါးထဲသို့ ဝင်လာကြသည်။

ဆောင်းဦးရဲ့လေညှင်းသည် အရမ်းအေးစက်ပြီး သွေးအေးသတ္တဝါတစ်ကောင် လျှာကြီးနဲ့ နမ်းနေသလို ဖြစ်နေသည်။ ဆံပင်တွေတောင် ထောင်စေသည်။

"အားလုံး သတိရှိကြပါ"

ကျန်ရန်ခေါင် တိုးတိုးလေး သတိပေးသည်။

လူသားမျက်နှာ ခြောက်ကမ်းပါးရဲ့ အကျယ်ဆုံးနေရာသည် မီတာ ၃၀ ကျော်ပြီး အကျဉ်းဆုံးနေရာက မီတာ အနည်းငယ်သာ ရှိသည်။ ကြီးမားတဲ့ မြွေကြီးတစ်ကောင် မြေပေါ်မှာ လှဲလျောင်းနေသလို ဖြစ်နေသည်။ အကွေ့အကောက်များက အဝေးမြင်ကွင်းကို ပိတ်ဆို့ထားသည်။

ကူဒင်ဂျိသည် လေးရှည်ကို တင်းတင်းကျပ်ကျပ် ကိုင်ထားပြီး မိုးပေါ်သို့ မော့ကြည့်လိုက်သည်။

ဝုန်း

ချောက်ကြီးရဲ့ ကမ်းပါးနှစ်ဖက်သည် ပြင်ညီမဟုတ်ဘဲ ကျောက်တုံးများက တစ်ခါတစ်ခါ ပြုတ်ကျနေတတ်သည်။

"တစ်ခုခုက ငါတို့ကို စိုက်ကြည့်နေသလိုပဲ"

လုချီဟွာက တုန်လှုပ်ချောက်ခြားစွာ လှည့်ပတ်ကြည့်လိုက်ပြီး သတိပေးနေသည်။

"ပင့်ကူတွေ"

ကျန်ရန်ဇောင်သည် အဲဒီ ပင့်ကူများကို မြင်ဖူးသည်။ ဝိညာဉ်ချီ ပေါက်ကွယ်ဝတဲ့

အမှောင်တိုက်ကြီးတွင် အလယ်ကမ္ဘာ ပြည်နယ်ကိုးခုက တိရစ္ဆာန် ဗဟုသုတများ အသုံးမဝင်ပါ။ လီဇီချီသည် အရှေ့မှာရှိနေတဲ့ ချောက်ကြီးကိုလှမ်းကြည့်ပြီး ကျဉ်းမြောင်းတဲ့နေရာ ဖြစ်နေတာ သတိထားလိုက်မိလျှင်

“ငါတို့က ချောင်ဒင်က လူတွေကို အခွင့်အရေး ပေးလို မဖြစ်ဘူး”

“မှန်တယ်”

ကျန်ရန်ဖေောင်က လူတိုင်းကို ရပ်ဖို့ ပြောလိုက်သည်။ တကယ်လို့သာ

သူတို့ဆက်သွားလျှင် ချောင်းမြောင်းတိုက်ခိုက်မှုကို သူတို့ အရင်ခံရလိမ့်မည်။ သူတို့က အခြားသူများအတွက် လူသားဒိုင်းများ ဖြစ်သွားမည်။

"မင်တို့ စောင့်နေကြ"

ကျန်ရန်ခေါင်က ညှိနှိုင်းရန် ထွက်သွားသည်။

"သူတို့ သဘောတူမယ်လို့ ထင်လား"

လီဖန် စိတ်ပူနေသည်။

"ပြောရတာခက်တယ်"

ကူဒင်ဂျိက ခေါင်းယမ်းရင်း ပြန်ဖြေသည်။

ထင်မှတ်ထားသလိုပဲ မိနစ်အနည်းငယ်ကြာပြီးနောက် ကျန်ရန်ဖေါင်သည် ဒေါသတကြီး ပြန်ရောက်လာသည်။ "သူတို့ သဘောမတူဘူး"

"ဒါဆို ငါတို့ ဘာလုပ်ကြမလဲ"

လီဖန် စိုးရိမ်နေသည်။

"ဘာမှ မဖြစ်ဘူး"

ကျန်ရန်ဖေါင်က "ငါတို့ ဆက်သွားကြတာပေါ့။ လူတိုင်း စိတ်ခါတ်တွေကို အဆင်သင့် ပြင်ထားပါ"

"နေပါအုံး"

လီဇီချီက

“ငါတို့က ဘာဖြစ်လို့ အရင်တိုက်ခိုက်ရမှာတုန်း”

“ချောင်ဒင်က ငါတို့ကို အခွင့်အရေးယူဖို့ အစီအစဉ် မရှိဘူး။ လီရွှန်ခုန် ပြောတယ် ‘မင်းတို့ကြောက်ရင် ငါတို့ အရင်သွားမယ်’တဲ့”

ကျန်ရန်ဖောင်လို လူငယ်တစ်ယောက်သည် ယုံကြည်မှုရှိပြီး မာန ကြီးသဖြင့် ဒီလိုမျိုး အရှက်ခွဲမှုကို သည်းမခံနိုင်ပါ။ သူက ပြတ်ပြတ်သား ညင်းပယ်ခဲ့သည်။

“ငါ သူတို့နဲ့ စကား သွားပြောလိုက်အုံးမယ်”

လီဇီချီက မျက်မှောင်ကြုတ်ပြီး ပြန်ပြောသည်။

အင်ဘိုင်ဝူနဲ့ လုချီဟွာသည် သူမ အနေအထား နိမ့်ကျမှာ စိုးရိမ်ပြီး သူမနောက်သို့ အမြန်လိုက်သွားသည်။

"နောက်တစ်ယာက် ဘာဖြစ်လို့ ထပ်လာတာလဲ။ စောစောက ပြောတာ မရှင်းဘူးလား"

ချိုင်ယောင်က ထူထဲတဲ့ မျက်ခုံးကို တွန့်ပြီး ပြောလာသည်။

"ယာယီအဖွဲ့ ဖွဲ့တာက လူတိုင်း အတွက် အကျိုးရှိတယ်လေ"

လီဇီချီက အပြုံးမျက်နှာနဲ့ အေးအေးဆေးဆေး ပြောလိုက်သည်။

"အရင်ကလည်း တခြားကျောင်းသားအဖွဲ့ရဲ့ ကြောက်စရာ အခြေအနေကို မင်းလည်း မြင်ခဲ့မှာပဲ"

"ယာယီ အဖွဲ့ဆိုတာ တကယ်ကောင်းတဲ့ စိတ်ကူးပဲ။ ဒါပေမယ့် မင်းတို့နဲ့တော့ မဟုတ်ဘူး"

လီဇီချီကို အကဲခတ်ရင်း မိန်းကလေးတစ်ယောက်က ပြောလာသည်။ (ဟွန့် ၊ တစ်ချက်စာသာ မရှိဘူး)

"ဘာကို ဆိုလိုတာလဲ"

အင်ဘိုင်ဝူ မကျေမနပ် ဖြစ်သွားသည်။

"မနှစ်တုန်းက ဗဟိုပြည်နယ် ကျောင်းသားအသစ်အဖွဲ့ရဲ့အဆင့်က ဘယ်လောက်လဲ"

ရင်ဘက် ပြားချပ်ချပ် ဖြစ်နေတဲ့ လီဇီချီကို ငုံ့ကြည့်ပြီး ဝူရန်က လှည့်မေးသည်။

"အဆင့် ဆယ်ဂဏန်းများစွာလား။ မမှတ်မိတော့ဘူး"

ချိုင်ယောင် အဲဒါကို မမှတ်တော့ပါ။

"အဆင့် ၁၀ ကနေ ၉၉အထိ ဆယ်ဂဏန်းတွေပဲ ဘယ်လိုလုပ်တူမှာလဲ"

ဝူရန်၏ မျက်လုံးပြူးပြီး ပြန်ဖြေသည်။

"ကိုးဆယ်ကျော် မဟုတ်ရင် ရှစ်ဆယ်ကျော်ပဲ။ သူတို့က နောက်ဆုံးနဲ့ သိပ်မဝေးတော့ဘူး။ အမ်။ မင်း ဒီကြောင်းကို ဘာလို့ စိတ်ပူနေတာလဲ"

ချိုင်ယောက်က ခေါင်းကုတ်ရင်း ပြန်ဖြေသည်။ လူအများစုသည် အောက်ခြေအဆင့် သတ်မှတ်ချက်ရှိတဲ့ အဖွဲ့ကို တမင်သက်သက် မရှာကြပါ။ သို့သော်လည်း

ဗဟိုပြည်နယ်အကယ်ဒမီက လူသိများလွန်းသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့သည် တချိန်တုန်းက မဟာကိုးပါး ကျောင်းတွေထဲက တစ်ကျောင်း ဖြစ်ခဲ့သည်။

"ဒါဆိုရင် ငါတို့ရဲ့ အဆင့်က ဘယ်လောက်မှာလဲ"

ဝူရန်က ဆက်မေးသည်။

လုချီဟွာက သူမ ဘာကိုပြောချင်မှန်း သေသေချာချာ မသိသဖြင့် နားစွင့်နေသည်။ သို့သော်လည်း လီဇီချီနှင့် အင်ဘိုင်ဝူတို့ နှစ်ယောက်စလုံးသည် မျက်နှာ မည်းသွားသည်။

ဒီမိန်းကလေးက သူမတို့ရဲ့ ကျောင်းကို အရှက်ခွဲနေမှန်း သူမသိသည်။

“ အဆင့် ၂၉”

ချိုင်ယောင်သည် ဒီလိုပြောလိုက်တဲ့အချိန်တွင် မျက်နှာမှာ မာနတရားနဲ့ ပြည့်နေသည်။ တခြားကျောင်းသားတွေကလည်း လီဇီချီတို့အဖွဲ့ကို ကြည့်နေကြသည်။ သူတို့မျက်နှာတွင် ဘဝင်မြင့်မှုများနဲ့ ပြည့်နေသည်။

"ကျွတ်၊ ဒါဆို အဆင့် ၂၉ပေါ့။ မင်းတို့မျက်နှာတွေကို ကြည့်ရတာတော့ အဆင့် ၉လို့ ထင်ရတယ်"

လီဇီချီက ပြန်ပြောသည်။

"အဲဒါက ဘာကိုဆိုလိုတာလဲ"

နွားတစ်ကောင်လို မျက်လုံးကြီးပြီး အရပ်ရှည်ကာ ဗလတောင်တောင့် လူတစ်ယောက်က လီဇီချီကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"မင်းက ငတုံးလား။ ဒါတောင် နားမလည်ဘူးလား"

အင်ဘိုင်ဝူက ခြေတစ်လှမ်းတိုးသွားကာ လီဇီချီနှင့် လုချီဟွာတို့အရှေ့ကနေ ကာကွယ်ပေးပြီး ပြန်တုန့်ပြန်လိုက်သည်။

"မင်းက သေခြင်းတရားကို ရှာနေတာပဲ"

နှာမျက်လုံးနဲ့ကောင်လေးသည် ထအော်လိုက်သည်။

"လျှူယု တော်သင့်ပြီ"

လီရှန်ခုန်က သူ့အဖော်ကို တားလိုက်သည်။ "မင်းတို့တွေ စိတ်မကောင်းပါဘူး။ ငါထင်တာကတော့

မင်းတို့တွေ မင်းတို့ရဲ့ ကိုယ်ပိုင် အရည်အချင်းကိုပဲ အားကိုးသင့်တယ်”

လီရှွန်ခုန်သည် ချောင်ဒင် အကယ်ဒမီရဲ့ ကျောင်းသားအသစ်အဖွဲ့၏ ခေါင်းဆောင် ဖြစ်သည်။

အမှန်တိုင်းပြောရလျှင် တစ်ဖက်က အရင် အဆိုပြုလာသဖြင့် စိတ်ကြီးဝင်သွားမိသည်။ လူသားမျက်နှာ ချောက်ကမ်းပါးကို မဝင်ခင်က ဒါကို စဉ်းစားခဲ့ဖူးသည်။ သို့သော်လည်း ဒီလို အဆိုပြုခြင်းသည် ကျောင်းရဲ့ ဂုဏ်သိက္ခာကို

ထိခိုက်ရုံသာမက ခေါင်းဆောင်လုပ်တဲ့လူကိုလည်း သရဲဘောကြောင်တဲ့လူလို့ ထင်သွားနိုင်သည်။

တခြားကျောင်းသားအုပ်စုက ဒါကို အဆိုပြုလာခဲ့သည့်အချိန်တွင် လီရွှန်ခုန် သဘောတူလိုက်ချင်သည်။ သို့သော်လည်း သူဘာမှ မပြောရသေးခင် ဝူရန်၊ ချိုင်ယောင်နှင့် အခြားလူများက စတင်ပြီး ငြင်းဆိုလာခဲ့ကြသည်။ ပြီးတော့ လျောင်ပြောင်တဲ့ လေသံများ အသံပြုခဲ့ကြသေးသည်။

လီရွှန်ခုန်လည်း ဘာမှ မတတ်နိုင်တော့ပါ။

ခေါင်းဆောင်တစ်ယောက်ရဲ့ အခွင့်အာဏာ နည်းနည်းလေးရဖို့တောင် မလွယ်ပါ။ သူသာ အတင်းအကျပ်လုပ်ခဲ့လျှင် အဖွဲ့တွင်း သဘောထား ကွဲလွဲမှု ဖြစ်သွားနိုင်သည်။

"ဟင်း၊ လူတစ်ယောက်က စွန့်စား သင်ယူရာမှ အစပြုပြီး နောက်ဆုံးတွင် ပိုရင့်ကျက်လာ တတ်ကြတယ်။ မင်းတို့ကောင်တွေ ဘာလို့ ဒါကို နားမလည်ကြတာလဲ"

လီရှန်ခုန်သည် မျိုးနွယ်ကြီးတစ်ခုမှ မွေးဖွားလာခဲ့ပြီး ငယ်စဉ်ကတည်းက ကောင်းကောင်း

သင်ကြားခဲ့ရသည်။ ဒါကြောင့် အရာအားလုံးထက် အကျိုးစီးပွားကို ရှေ့တန်းတင်သင့်တယ်ဆိုတာ သူသိနေသည်။ မိမိက သူတစ်ပါးထက် သာလွန်တဲ့ ခံစားချက်ကို ခံစားနိုင်ဖို့ သူတပါးကို ကဲ့ရဲ့တာက ဘာဖြစ်လာမှာလဲ။

သူတို့ အုပ်စုက လူသားမျက်နှာ ချောက်ကမ်းပါးကို လျှင်မြန်စွာ ဖြတ်သန်းသွားပြီး ပိုအဆင့်မြင့်တဲ့ အဆင့်ကို သိမ်းပိုက်နိုင်ဖို့ပဲ လိုသည်။

သူတို့က ထိပ်ဆုံး အဆင့်တစ်ဆယ် ထဲကို ဝင်သွားပြီးမှပဲ အခြားသူကို အထင်သေးလို့ ရမည်။

“ငါကလည်း ကိုကိုယ်ကို အရမ်းယုံကြည်တယ်”

လီဇီချီက ခေါင်းညိတ်ပြပြီး လှည့်ထွက်သွားသည်။

“အကြီးဆုံး အမကြီး၊ ဒီကောင်တွေက နည်းနည်းတော့ အံ့အောဖို့ ကောင်းတာပဲ”

လုချီဟွာသည် လီရှန်ခုန်ကို လှည့်ကြည့်ကာ အကဲခတ်ရင်း လမ်းလျှောက်လာသည်။ သူ့ရုပ်ရည်က သာမန်သာ ဖြစ်ပြီး ဆွန်းမိုနဲ့ မယှဉ်နိုင်ပေမယ့် ဉာဏ်ရည်ထက်မြက်တဲ့ လူတစ်ယောက်နဲ့တူသည်။

“လူတိုင်းအတွက် မလွယ်ကူနိုင်ဘူး”

လီဇီချီက သက်ပြင်းချရင်း ပြန်ပြောလိုက်သည်။ မင်းသာ ငယ်ငယ်ကတည်းက ကြီးကျယ်ခမ်းနားတဲ့ ကျော်ကြားမှုနဲ့ ထူးခြားတဲ့ အရည်အချင်းတွေကို မပြသနိုင်ခဲ့ဘူးဆိုလျှင် မင်းကို ခေါင်းဆောင် အဖြစ်နဲ့ လက်ခံမည့် သူမရှိတဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ရလိမ့်မည်။

လူတိုင်းက သူတို့ရဲ့ အထင် မှန်တယ်လို့ ယူဆတဲ့အတွက် ကွဲလွဲမှု ရှိနေမှာ သေချာသည်။

"အဲဒီလူတွေ တကယ်ကို ဘဝင်မြင့်နေတာပဲ"

လုချီဟွာက ပြန်ရောက်ပြီးနောက် စောဒက တက်လိုက်သည်။

"သူတို့က ငါတို့ကို အထင်သေးနေတယ်"

"အများကြီး ပြောမနေနဲ့တော့။ ဒီတစ်ကြိမ်မှာတော့ ဘယ်သူပဲ ရှုံးပါစေ ငါတို့က ချောင်ဒင် အကယ်ဒမီကိုတော့ ရှုံးစေရဘူး"

ကျန်ရန်ဇောင်က လူတိုင်းကို သွားဖို့ နှိုးဆော်လိုက်သည်။

"နေအုံး"

လီဇီချီက သူတို့ကို လှမ်းအော်ခေါ်လိုက်သည်။

"ဘာလဲ"

ကျန်ရန်ဧောင်က မျက်မှောင်ကြုတ်ရင်း ပြန်မေးသည်။ သူက ဂုဏ်ယူတတ်တဲ့ လူတစ်ယောက်ဖြစ်သည်။ ချောင်ဒင် အကယ်ဒမီထက် အရင်မသွားနိုင်ဘဲ နောက်ကလိုက်ရတာ ရှက်ဖို့ကောင်းသည်။ ဒါက ရှက်ဖို့ကောင်းလွန်းသည်။

လီဇီချီ က လှည့်ပတ်ကြည့်လိုက်ပြီး နောက်ဆုံးတွင် သူမရဲ့ အကြည့်က ထန်ထန်ယုထန်ဆီ ရောက်သွားသည်။

(ရောဂါသည် မင်းလှူပ်ရှားရမယ့် အလှည့်ရောက်လာပြီ)

ထန်ထန်ယုထန်သည် ချက်ခြင်းဆိုသလို သူမ ဘာဖြစ်ချင်တာလဲဆိုတာ သဘောပေါက်ပြီး မြေပေါ်လဲကျသွားသည်။

"ပညာသင်ဘက် မောင်လေး"

လုချီဟွာ ထိတ်လန့်သွားပြီး ကူညီရန် ချက်ခြင်း ပြေးသွားသည်။

ထန်ထန်ယုထန်သည် လုချီဟွာကို ရှောင်တိမ်းကာ မြေပေါ်သို့ လှဲကျသွားသည်။

"အဟွတ် အဟွတ် အဟွတ် အဟွတ်"

ရောဂါသည် သည် နာကျင်တဲ့အမူအရာနဲ့ ချောင်းဆိုးနေသည်။

"ယုထန်၊ ဘာဖြစ်လို့လဲ။ မြန်မြန်လေး၊ ရှေ့ဦးသူနာပြုစုတဲ့ ဆေးအိတ်ကို ယူလာခဲ့"

လီဇီချီက အော်ဟစ်နေပြီး သူမရဲ့ အမူအရာက ကြောက်ရွံ့နေတဲ့ ပုံစံ ဖြစ်နေသည်။

ကျန်ရန်ဇောင် စကားမပြောနိုင် ဖြစ်သွားသည်။ (မင်းရဲ့ သရုပ်ဆောင် စွမ်းရည်က အံ့အောဖို့ ကောင်းလွန်းတယ်။ အခု ငါက ဘာလုပ်ရမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သရုပ်ဆောင်ရမှာလား ဒါမှမဟုတ် ကြိုးစားပြီး သရုပ်ဆောင်ရမှာလား)

ကျန်ရန်ဇောင်သည် လုပ်သင့်တာကိုလုပ်ရမှန်း သိသော်လည်း မလုပ်နိုင်ဖြစ်နေသည်။ ဒါကြောင့်လည်း ထန်ထန်ယုထန်ဘေးတွင် ဆောင့်ကြောင့် ထိုင်ချလိုက်သည်။

သူတို့ရဲ့အနောက် မီတာ ၂၀ အကွာကနေ လိုက်လာတဲ့ ချောင်ဒင် အကယ်ဒမီက ကျောင်းသားများသည် ဒါကို မြင်လိုက်လျှင်

မျက်လုံးကြီး ပြူးပြီး ပါးစပ်ကြီး ဟောင်းသွား ဖြစ်နေကြသည်။

"တကယ်လား။ ဘယ်လိုလုပ်ပြီး ဒီလောက် အရှက်နည်းရတာလဲ"

ဝူရန် အံ့အော့သွားသည်။ (မင်းတို့က ရောဂါသည်လိုတောင် ဟန်ဆောင်နိုင်တာလား)

"ဗဟိုပြည်နယ်အကယ်ဒမီ နိမ့်ကျသွားရတာလဲ မထူးဆန်းတော့ဘူး။ သူတို့မှာ ဒီလို ပြတ်သားမှုတောင် မရှိတော့ဘူး"

"သူတို့ကို မေ့ထားလိုက်၊ အရင်သွားကြစို့"

“ဒါပေမယ့် အရှေ့မှာက တကယ် အန္တရာယ် များတယ်”

ကျောင်းသားတွေ အချင်းချင်း ပြောဆိုနေကြသည်။

ဒီလိုအခြေအနေအောက်တွင် အရင်သွားတဲ့လူက ပိုအန္တရာယ်များတာကို ဘယ်သူက မသိလို့လဲ။

ဒီအချိန်မတိုင်ခင်က ချောင်ဒင် အကယ်ဒမီက ကျောင်းသားများသည် ရွှဲ့စောင်း ပြောခဲ့ပေမယ့် သူတို့ ဦးဆောင်ရတော့မယ့်အချိန်တွင် ခံစားချက်တွေက လုံးဝ ကွာခြားသွားပြီး စိုးရိမ်လာသည်။

သူတို့သာ အနောက်မှ လိုက်ခဲ့လျှင် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေ အရင်ဆုံး တိုက်ခိုက်ခံရပြီး သူတို့ကလည်း အချိန်မှီ ပြင်ဆင်လို့ ရမည်။ အခုမှာတော့..................

“အခုတော့ မင်းတို့ ကြောက်နေကြပြီလား”

လီရွှန်ခုန်သည် အဖွဲ့ဝင်များရဲ့ ပြောင်းလဲလာတဲ့ အမူအရာကို မြင်ပြီး သက်ပြင်းချလိုက်မိသည်။ ဒါပေမယ့် တခြားဘာမှလည်း မလုပ်ပေးနိုင်ပါ။ ရောဂါဖြစ်ချင်ယောင်ဆောင်ပြီး လဲကျမဲ့လူ သူတို့အဖွဲ့ထဲမှာ မရှိတော့ဘူးလား။

အုပ်စု နှစ်စုသည် တစ်စုနဲ့ တစ်စု ဖြတ်ကျော်သွားသည်။

"ဝိုး၊ ရင်သားကြီးတဲ့ ကောင်မလေးကို ကြည့်စမ်း၊ သရုပ်ဆောင်ချက်က အရမ်းမိုက်တယ်။ ကျောင်းတက်တာ အချိန်ဖြုန်းသလို ခံစားရတယ်။ သရုပ်ဆောင် သွားလုပ်သင့်တယ်။ သေချာပေါက် နာမည်ကြီးလာလိမ့်မယ်"

"သရုပ်ဆောင်နေတာနဲ့ မတူဘူး။ လဲကျနေတဲ့ ကောင်က တကယ် သွေးထွက်နေသလိုပဲ"

"ငါတို့က အရမ်းပဲ မကောင်းမြင်နေပြီလား"

ချောင်ဒင်က ကျောင်းသားများ နီးကပ်လာတာနဲ့ အမျှ မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ထန်ထန်ယုထန်ရဲ့ မျက်နှာအမူအရာသည် တော်တော် ဆိုးဝါးနေသည်။ ချောင်းတွေဆိုးကာ သွေးတွေ အဆက်မပြတ် ကျနေသည်။ တကယ်ကို ဝေဒနာ ခံစားရသလို ဖြစ်နေသည်။

ဒီစကားကိုကြားလိုက်လျှင် ကျန်ရန်ဇောင်သည် ဒီရောဂါသည်ကို ခေါ်လာမိတာ အကျိုးရှိသွားပြီလို့ ခံစားလိုက်ရသည်။

ချောင်ဒန်က ကျောင်းသားများ မီတာ ဖိုဂလောက် ကျော်သွားလျှင် လီဇီချီသည် ထန်ထန်ယုထန်ကို လက်နဲ့ ပုတ်လိုက်သည်။

"ရပြီ"

"အဟွတ် အဟွတ်"

ထန်ထန်ယုထန်က လက်ကိုင်ပုဝါနဲ့ ပါးစပ်ကို သုတ်ပြီး မတ်တပ်ထရပ်လိုက်သည်။

"ပညာသင်ဘက် မောင်လေး။ တကယ်ပဲ အဆင်ပြေလား။ အနားယူဖို့ မလိုတော့ဘူးလား"

လုချီဟွာက ရေအိတ်ပေးရင်း စိုးရိမ်တကြီး မေးလိုက်သည်။

အင်ဘိုင်ဝူက စကားမပြောဘဲ လုချီဟွာ ခေါင်းကို ပွတ်လိုက်သည်။ (ဒီလောက် နုံအရသလား။ နောင်ကျရင် မင်းပိုင်ဆိုင်သမျှတော့ အလိမ်ခံရတော့မှာပဲ)

အမြဲတမ်း အရေထူတဲ့ ထန်ထန်ယုထန်သည် လုချီဟွာရဲ့ စိုးရိမ်ပူပန်တဲ့ စကားကြားပြီး သောက ရောက်နေတဲ့ အကြည့်ကို မြင်လိုက်လျှင် ဘဝမှာ ပထမဆုံးအကြိမ် နေရခက်သွားသည်။

နောက်ကလိုက်နေတဲ့ စောင့်ကြည့်သူသည် ဒီမြင်ကွင်း အစအဆုံးကို မြင်လိုက်ရသည်။ မနေနိုင်ဘဲ ဆွန်းမိုနဲ့ သုံးယောက်ကို အလိုလို လှည့်ကြည့်လိုက်မိသည်။ သူ့အဓိပ္ပါယ်က ရှင်းသည်။ (ဗဟိုပြည်နယ် အကယ်ဒမီက ဒီလောက်တောင် အရှက်မဲ့တာလား)

“ဟီးဟီး”

ဖန်ယန် ပြုံးလိုက်ပေမယ့် သူ့ရဲ့ အပြုံးက ခပ်တောင့်တောင့် ဖြစ်နေသည်။ လီဇီချီသည်

အခြေအနေကို ကိုင်တွယ်ရာတွင် ကောင်းမွန်ပြီး ခေါင်းမမာတတ်ပါ။

"ပြဿနာ ရှိလို့လား"

ဆွန်းမိုသည် စောင့်ကြည့်သူရဲ့ အကြည့်ကို မလွှဲခဲ့ပါ။ ကျောင်းသားများက လုံခြုံရေးနှင့် အရက်တရားကို ရွေးချယ်တဲ့ကိစ္စက ဆွန်းမို အတွက် ပုံမှန်သာ ဖြစ်သည်။

ခရီးဆက်သွားပြီး နာရီဝက်လောက်ကြာလျှင် ချောက်ရဲ့အတွင်းပိုင်းကို ရောက်လာတာနဲ့အမျှ

ပင့်ကူများကို မြင်လာရသည်။ လီဇီချီ လှည့်ကွက်ရဲ့ အကျိုးကျေးဇူးက နောက်ဆုံးတွင် ပေါ်လွင်လာသည်။

ဒီပင့်ကူများသည် ဉာဏ်ရည်မမြင့်မားဘဲ ချောင်ဒင်က ကျောင်းသားများကို မြင်တာနဲ့ ဝင်တိုက်ခိုက်ကြသည်။

"ဇီချီ၊ အားလုံးအတွက် မင်းကို ကျေးဇူးတင်ပါတယ်"

ချောင်ဒင်မှ ကျောင်းသားများ တိုက်ပွဲဝင်နေတာကို ကြည့်ရင်း လီဖန်က ရင်ဘက်ကို လက်နဲ့ဖိကာ ပြောလိုက်သည်။

လီဇီချီရဲ့ အစီအစဉ်ကြောင့်သာ မဟုတ်ရင် အခုတိုက်ခိုက်ခံနေရမယ်လူတွေက သူမတို့ အဖွဲ့ ဖြစ်နေမည်။

လီရွှန်ခုန် အနည်းငယ် နောင်တရနေသည်။ ရောဂါသည် ဟန်ဆောင်မဲ့ လူတစ်ယောက်ကို စောစောစီးစီး ရှာခဲ့သင့်သည်။ ဒီပင့်ကူတွေက တိုက်ခိုက်ရေး စွမ်းရည် မကောင်းသော်လည်း သူတို့ရဲ့ အဖွဲ့ကိုတော့ တော်တော် စိတ်ဒုက္ခပေးနေသည်။ သူတို့က အပြည့်အဝ အာရုံစိုက်ပြီး ပတ်ဝန်းကျင်ကို သတိထားကာ စောင့်ကြည့်နေရသည်။

"မပဟုတ်သေးဘူး။ ငါတို့ အဖြေစဉ်းစားဖို့ လိုနေပြီ"

လီရှန်ခုန် ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားနေတဲ့ အချိန်မှာပဲ ချောက်ကြီးရဲ့ မြင့်မားနေရာမှာရှိတဲ့ အက်ကွဲကြောင်းကြီးကနေ ပင့်ကူ အမြောက်အများ ရုတ်တရက် ထွက်ပေါ်လာသည်။

အခန်း (၃၂၇) - ငါတို့ ဒီနေရာမှာပဲ တစ်ဘဝလုံး နေလို့ မရဘူး။

လူမျက်နှာရှိတဲ့ ပင့်ကူများသည် ကြိုးဖြင့် ချည်ပြီး တွဲလျောင်းချထားတဲ့ ဖက်ထုပ်များနဲ့ တူနေသည်။ နံရံနှစ်ဖက်စလုံး ရှိနေပြီး ဆယ်မီတာ အမြင့်မှာ တွဲလျောင်းကျလျက် ရှိနေကြသည်။

ဘုန်း ဝုန်း ဝုန်း

လူမျက်နှာရှိတဲ့ ပင့်ကူများသည် တဝုန်းဝုန်းနဲ့ ခုန်ချလာကြသည်။ သူတို့ရဲ့ သားကောင် ရှိတဲ့ဆီ ချက်ခြင်း ပြေးလာကြသည်။ ချောင်ဒင်မှ ကျောင်းသားများသည် တစ်ချက်ကြည့်လိုက်ပြီး ခေါင်းတွေကျိန်းကာ ဆံပင်တွေ ထောင်ချင်လာသည်။

ဒီ လူသားမျက်နှာနဲ့ ပင့်ကူများသည် အရွယ်အစား အမျိုးမျိုး ရှိနေကြသည်။ အငယ်ဆုံးက ကြိတ်ဆုံကျောက် အရွယ်အစားရှိပြီး အကြီးဆုံးက နွားပေါက် အရွယ်လောက် ရှိသည်။ ခြေတံတွေရှည်လျားပြီး ထူးထူးခြားခြားကို အသည်းယားဖို့ ကောင်းနေသည်။ သူတို့ရဲ့ တိုက်ခိုက်ရေး စွမ်းရည်ကို မေ့ထားလိုက်အုံး ပုံစံနဲ့တင် အရမ်းကြောက်ဖို့ကောင်းပြီး ရွံဖို့ကောင်းနေသည်။

"အား"

ဝူရန်က ချက်ခြင်း ထအော်ပြီး ချိုင်ယောင်နောက်သို့ ပြေးပုန်းသည်။

"မင်းဘာလုပ်တာလဲ"

ချိုင်ယောင်က အလန့်တကြား ထခုန်သည်။

ဝူရန်က နှုတ်ခမ်း တဆက်ဆက် တုန်နေသည်။ သူမ စိတ်လျှော့လိုက်ပြီး သေးထွက်မကျအောင် တင်ပါးကို အတတ်နိုင်ဆုံး ရှုံ့ထားသည်။

အဲဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ လူသားမျက်နှာနဲ့ ပင့်ကူများသည် ကြည့်ရတာနဲ့ကို အော်ဂလီ ဆန်ဖို့ ကောင်းနေသည်။ ကြီးမားတဲ့

မျက်လုံးတစ်စုံ၊ ကြောက်ဖို့ကောင်းတဲ့ ပါးစပ်ကြီး၊ ခန္ဓာကိုယ်ပေါ်နဲ့ လက်ချောင်းတွေပေါ်မှာ အမွေးအမျှင်များ ဖုံးနေပြီး ကြည့်လိုက်လျှင် ပဋ္ဌရူပ အာရုံတွင် ကြောက်ဖို့ကောင်းနေသည်။

အသည်းငယ်တတ်တဲ့ မိန်းကလေးတွေ မပြောနဲ့ ယောကျာ်းလေးတွေတောင် ကြောက်စရာ အသွင်အပြင်နဲ့ ပြည်နေတဲ့ ဒီပင့်ကူကြီးကို ကြည့်ပြီး ကြောက်လန့်နေကြသည်။

လူမျက်နှာနဲ့ ပင့်ကူများသည် ဆင်းသက်လာရင်း ပါးစပ်ကနေ တံတွေး ထွေးထုတ်နေကြသည်။

ချီ ချီ ချီ

အစိမ်းရင့်ရောင်ရှိတဲ့ အဆိပ်တွေက ပတ်ပတ်လည်ကို လွှင့်စင်လာသည်။

"ပြန်ဆုတ်၊ မြန်မြန် ပြန်ဆုတ်"

လီရှန်ခုန်က စိုးရိမ်တကြီး အော်ဟစ်လိုက်သည်။ တကယ်တော့ သူအော်နေဖို့တောင် မလိုပါ။ လူသားမျက်နှာနဲ့ ပင့်ကူကြီးကို မြင်လိုက်တဲ့အချိန်တွင် လူတိုင်း ပြန်ဆုတ်နေကြပြီ။

"အဖွဲ့ ပုံစံကို ထိန်းထားပါ"

ချိုင်ယောင် က ကျယ်လောင်စွာ အော်ဟာစ်လိုက်သည်။ သူက လက်နက်ကိုထုတ်ကာ လူသားမျက်နှာနဲ့ ပင့်ကူတစ်ကောင်ဆီ ပြေးဝင်သွားသည်။

ရှူး

အစိမ်းရောက်ရှိတဲ့ စေးကပ်နေတဲ့ အရည်များသည် သွေးရည်တွေနဲ့ ရောပြီး လွင့်စင်လာသည်။

“ဒီပင့်ကူကို ကြည့်လိုက်လျှင် ကြောက်ဖို့ကောင်းပေမယ့် တိုက်ခိုက်ရေးစွမ်းအားကတော့ ပုံမှန်ပဲ။ ကြောက်နေစရာ မလိုဘူး။”

လီရှန်ခုန်က အဖွဲ့ရဲ့ စိတ်ဓါတ်ကို လှုံ့ဆော်ချင်လို့ အော်ဟစ်လိုက်သည်။

အစိမ်းရောင် အဆိပ်များ ဖြတ်ကျော်သွားလျှင် လူအနည်းစုကတော့ အနည်းငယ် ထိမိသွားသည်။ အဝတ်အစား ရှိတဲ့နေရာတွေမှာ အဆင်ပြေပေမယ့် လည်ပင်း၊ လက်နောက်ကျောနဲ့ အဝတ်အစားမရှိတဲ့နေတွေကို အဆိပ်က

ထိမှန်သွားလျှင် ပူလောင်တဲ့ နာကျင်မှုကို ချက်ခြင်း ခံစားရသည်။

“အ အ”

အရှေ့မှာရှိတဲ့ ကျောင်းသားများသည် နာကျင်စွာ အော်ဟစ်နေကြသည်။ အဆိပ်ရှိတဲ့ နေရာကို လက်နဲ့ အလိုလို သုတ်မိပြီး အနာ နေရာက ပိုမို ကျယ်ပြန့်လာသည်။

“နောက်ဆုတ် နောက်ဆုတ်၊ နောက်ဆုတ်”

“ချိုင်ယောင် ထွက်လာ လမ်းရှင်းဖို့ ငါ့နောက်က လိုက်ခဲ့”

လီရွှန်ခုန်က ဓါးကို ဝှေ့ယမ်းပြီး မာန်တင်းကာ ချီတက်သွားသည်။ တကယ်လည်း ဒါက ခေါင်းဆောင်တစ်ယောက်ရဲ့ စံပြ အလုပ်ဖြစ်သည်။

သူတို့အနောက် မီတာ လေးဆယ်အကွာမှာရှိနေတဲ့ ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့သည် ဒါကို မြင်ပြီး တုန်လှုပ်သွားသည်။ အကြောက်တရားတွေက နှလုံးသားထဲကနေ စိမ့်ထွက်လာသည်။

ကံကောင်းထောက်မစွာ လီဇီချီရဲ့ အစီစဉ်က အလုပ်ဖြစ်ခဲ့သည်။ ဒီလိုမဟုတ်ရင် အတိုက်ခံရတဲ့ လူတွေက သူတို့ ဖြစ်နေမည်။

"ကောင်းကင်နဲ့ မြေကြီးကို ကျေးဇူးတင်ပါတယ်"

ကျန်ရန်ဇောင်က ရေရွတ်လိုက်သည်။ အဲဒီနောက် လက်နက်ကို ဆွဲထုတ်လိုက်သည်။

"တိုက်ခိုက်ဖို့ ပြင်ကြ"

သူတို့ ပြန်ဆုတ်လို့ မဖြစ်ပါ။ ဝန်းရံပြီးပဲ သွားရမည်။ ဒီလိုလုပ်လိုက်လျှင် မြင့်တဲ့ အဆင့်ကိုတောင် ရနိုင်သည်။ ကံကောင်းထောက်မစွာ ချောင်ဒင် မှ ကျောင်းသားများသည် လူသားဒိုင်းများအဖြစ် အချိန်တစ်ခု ကြာအောင် တောင့်ခံပေးထားလိမ့်မည်။

“ဒါက လူသားမျက်နှာနဲ့ ပင့်ကူတွေပဲ။ သူတို့ရဲ့ ခေါင်းက လူသားမျက်နှာနဲ့ တူနေလို့ ဒီနာမည်ပေးထားတာပဲ။ အဆိပ်တွေ ထွေးထုတ်နိုင်ပေမယ့် အဆိပ်အိတ်က သိပ်မကြီးလို့ အများဆုံး သုံးကြိမ်၊ လေးကြိမ်ပဲ မှုတ်ထုတ်နိုင်တယ်”

“အဆပ်က သိပ်မပြင်းဘူး၊ ဒါကြောင့် ငါတို့ မသေနိုင်ဘူး။ ဒါပေမယ့် အရေပြားနဲ့ ထိလိုက်ရင် ထိလိုက်တဲ့နေရာက အပူလောင်သလို နီရဲလာပြီး နောက်ဆုံးမှာ ခြေတွေလက်တွေ မလှုပ်ရှားနိုင် ဖြစ်သွားလိမ့်မယ်”

"သူတို့ အဓိက တိုက်ခိုက်တဲ့ပုံစံက ကြမ်းကြမ်းတမ်းတမ်း ကိုက်တတ်တာပဲ ရှိတယ်"

"မျက်လုံးနဲ့ ဗိုက်အောက်ပိုင်းတွေက အားနည်းတဲ့နေရာတွေပဲ။ တခြား အစိတ်အပိုင်းထက်စာရင် အစွယ်တွေက ပိုအားသန်တဲ့အတွက် ခွဲထုတ်ပစ်ရတာကို ပိုအားသန်တယ်"

လီဇီချီက စကားကို မြန်မြန်ပြောလိုက်သော်လည်း ရှင်းလင်းလှသည်။ လူသားမျက်နှာ ပင့်ကူရဲ့ အကြောင်းအား သူမသိထားသမျှ အချက်အလက်အားလုံး ပြောပြလိုက်သည်။

"အကြီးဆုံး အမကြီး၊ မင်းက အများကြီး သိတာပဲနော်"

လုချီဟွာ အားကျနေသည်။

"အခုက ဒီအကြောင်း ပြောရမယ့် အချိန်လား"

လီဖန် အရမ်း စိုးရိမ်နေသည်။ "အဖွဲ့ခေါင်းဆောင် ငါတို့ ဘာလုပ်ကြမလဲ"

"ခဏစောင့်၊ အရင်ဆုံး လေ့လာလိုက်အုံးမယ်"

ကျန်ရန်ဇောင်သည် အသက်ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး အရှေ့ကို လှမ်းကြည့်လိုက်သည်။

ကျောင်းတိုင်းတွင် ပါရမီရှင် မရှားကြပါ။

လီရွန်ခုန် နှင့်အခြားခြောက်ယောက်တို့၏ တည်ငြိမ်တဲ့ ထိန်းချုပ်မှုအောက်တွင် အခြားကျောင်းသားများလည်း ထိန်လန့်နေရာမှ တဖြည်းတဖြည်း ပြန် တည်ငြိမ်လာကြသည်။ အသက် ၁၂ နှစ်မှ အသက် ၁၃ သာရှိသေးတဲ့ လူငယ်များအတွက် ဒါက ရိုးရှင်းတဲ့ ကိစ္စတစ်ခု မဟုတ်ပါ။

သို့သော်လည်း ကံကောင်းမှုက အခိုက်အတန့် တစ်ခုသာ ကြာလိုက်သည်။

နံရံရှိ အက်ကွဲကြောင်းများကြားက လူသားမျက်နှာနဲ့ ပင့်ကူကြီး ခြောက်ကောင် ပြေးထွက်လာသည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ မြေပေါ် မဆင်းလာခဲ့ကြပါ။ သူတို့သည် ကြီးမားတဲ့ ပင့်ကူအိမ်ကြီးမှာ တွဲလျောင်းကျနေပြီး ပါးစပ်ဟကာ အဆိပ်များ မှုတ်ထုတ်လိုက်သည်။

ချီ ချီ ချီ

အစိမ်းရောင် အဆိပ်များ မိုးရွာသလို ကျလာသည်။

“ဘောပဲ”

လီရှန်ခုန် စိတ်ဓါတ်ကျသွားသည်။

ဒီအခိုက်အတန့်တွင် မကြာခင်ကမှ ပြန်တည်ငြိမ်လာတဲ့ အဖွဲ့ရဲ့ ဖွဲ့စည်းပုံသည် လုံးဝပျက်သွားသည်။ ကျောင်းသားများသည် အဆိပ်မိုးများလက်က လွတ်အောင် အရူးအမူး ထွက်ပြေးနေကြသည်။

အဲဒီနောက်မှာတော့ ပင့်ကူများက ပြင်းထန်စွာ တိုက်ခိုက်ကြတော့သည်။

"ကျန်ရန်ဇောင်၊ နောက်ဆုတ်ဖို့ မြန်မြန် အမိန့်ပေးပါ"

လီဇီချီ အော်ဟစ်ပြီး ပြောလိုက်သည်။ လူသားမျက်နှာနဲ့ ပင့်ကူများသည် ဘယ်လိုတိုက်ခိုက်ရမလဲဆိုပြီး တိုက်ပွဲ နည်းဗျူဟာများ သိကြသည်။ ဒီအချက်ကြောင့် သူတို့ရဲ့ ဘုရင်မသည် ဉာဏ်ရည်မြင့်တဲ့ မျိုးစိတ်ဆိုတာ သိသာနေသည်။ မျိုးစိတ်တစ်ခုရဲ့ ဉာဏ်ရည်မြင့်လေလေ သူတို့ရဲ့ တိုက်ခိုက်အစွမ်း အားကောင်းလေလေ ဖြစ်သည်။ လူသားမျက်နှာနဲ့ ပင့်ကူများသည် အများအားဖြင့် အုပ်စုတစ်စုထဲက ဖြစ်ကြပြီး မျိုးနွယ်စုတစ်ခုလုံး ကို ထိန်းချုပ်တဲ့

ညာဏ်ရည်မြင့်တဲ့ ဘုရင်မ (သားဖွားမိခင်) တစ်ဦး ရှိသည်။

ပုံမှန်အားဖြင့်တော့ ဘုရင်ကြီးကိုယ်တိုင် မလှုပ်ရှားတတ်ပါ။ ပင့်ကူအထီးတွေကသာ အစာရှာဖို့ ထွက်လာတတ်ကြသည်။

သိသာတဲ့အချက်ကတော့ လိဂ်ပြိုင်ပွဲကြောင့် ဘုရင်မကြီး ကိုယ်တိုင် လှုပ်ရှားလာခြင်း ဖြစ်နိုင်သည်။ ကျောင်းသားများစွာ ဒီနေရာကို ဖြတ်သန်းနေကြသဖြင့် ဘုရင်မကြီး လှုပ်ရှားလာခဲ့တာ ဖြစ်နိုင်သည်။ ဘယ်လိုပဲပြောပြော

ကျောင်းသားတွေက အရသာရှိတဲ့ အစာတွေ ဖြစ်သည်။

“ငါတို့အခု ပြန်ဆုတ်လိုက်ရင် နောက်တစ်ခါ ဝင်ဖို့ သတ္တိမရှိတော့ဘူး”

ကျန်ရန်ဇောင်က ဒေါသတကြီး ပြန်အော်သည်။

“ ငါတိတိကျကျ မပြောနိုင်ပေမယ့် ဘုရင်မကြီး (သားဖွားမိခင်) ရှိတာ သေချာတယ်။ နောက်ထပ် အပြေတစ်ခု စဉ်းစားရအောင်”

လီဇီချီ ပိုစိုးရိမ်နေသည်။ ဒီမှာ အနိုင်ရခဲ့ရင်တောင် အသုံးမဝင်ပါ။

“ဒီလိုဆိုရင်တောင် ငါတို့ တိုက်ခိုက်ရမှာပဲ"

ကျန်ရန်ဖေါင်ကတော့ မနိုင်ရင်တောင် နောက်ပြန်ဆုတ်ဖို့ သိပ်နောက်မကျဘူးလို့ စဉ်းစားနေသည်။ အခု အချိန်ပြန်ပြေးသွားရင် သူ့ရဲ့ဘောကြောင် သလို ဖြစ်သွားမည်။

“မင်း...............”

လီဇီချီ အရမ်း ဒေါသထွက်ပြီး စကားမပြောနိုင်ဖြစ်သွားသည်။

အနောက်မှာရှိနေတဲ့ ဆရာအဖွဲ့က ကျောင်းသားအဖွဲ့ရဲ့ လှုပ်ရှားမှုတိုင်းကို

စောင့်ကြည့်နေသည်။ နှစ်ဖက်စလုံးက ဆရာတွေရဲ့ မျက်နှာပေါ်တွင် စိုးရိမ်ပူပန် မှုများ ပေါ်နေသည်။

"ဆွန်းမို၊ မင်းဘယ်လိုထင်လဲ"

ဖန်ယန်က မေးလိုက်သည်။ သူ့မျက်လုံးထဲတွင် ဆွန်းမိုက ကူရှုပ်ရှင်းနှင့် လျှောင်ရန်တို့ထက် ပိုအားကိုးရသည်။ ခရီးစဉ်အစကနေ အခုချိန်အထိ သူကလည်း သက်သေပြထားခဲ့သည်။

လျှောင်ရန်နှင့် ကူရှုပ်ရှင်းတို့နှစ်ယောက်ကို ညံ့တယ်လို့ ပြောတာ မဟုတ်ပါ။ သူတို့ထက် ဆွန်းမိုက ပိုထူးချွန်နေသည်။

"အရမ်းဆိုးတယ်"

ဆွန်းမို က မျက်မှောင် တင်းတင်းကြုတ်ပြီး ပြန်ပြောသည်။

တကယ်လို့သူသာ ကျောင်းသားအဖွဲ့ကို ဦးဆောင်ရပါက တခြားကျောင်းသားအဖွဲ့က ကျောင်းသားများ ပြန်ဆုတ်လာတာကို မြင်ပြီးနောက် ထုံးစံအားဖြင့်တော့ အဖွဲ့ကို ချောက်ထဲ မဝင်ခိုင်းပါ။

"တကယ်တော့ စောစော ဖြတ်သန်းသွားတဲ့ကောင်တွေက ကံအကောင်းဆုံးပဲ။ အခုအချိန်မှာ လူသားမျက်နှာ

ချောက်ကမ်းပါးထဲမှာရှိတဲ့ လူသားမျက်နှာပင့်ကူတွေက တော်တော်လေး ထိတ်လန့်နေပြီ။ သူတို့ဘဝလမ်းကြောင်းကို သူတို့လျှောက်လှမ်းရင်တောင် သူတို့ရဲ့ အနာဂတ်လမ်းကြောင်းက အမြဲတမ်း ချောမွေ့နေမှာမဟုတ်ဘူး”

ကူရှုပ်ရှင်းက လေးလံတဲ့ အမူအရာနဲ့ ပြောလိုက်သည်။

ဒီလမ်းကြောင်းသည် အရင်ကတည်းက မှားနေခဲ့သည်။ ဒီနေရာတွင် အသေအပျောက် ဒဏ်ရာရခြင်းက မထူးဆန်း ပါ။

သူတို့လေးယောက် စကားပြောနေတုန်းမှာ ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားများသည် လူသားမျက်နှာ ပင့်ကူများရဲ့ ခြုံခို တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

"သူတို့ကို ကယ်ကြတော့မှာလား"

ဖန်ယန်က သက်ပြင်းချရင်း ပြောလိုက်သည်။ သူ့အမြင်အရတော့ ဒီကျောင်းသားတွေသည် ဒီလိဂ်ပြိုင်ပွဲတွင် ကျိန်းသေပေါက် ကျရှုံးလိမ့်မည်။

ဟင်း ၊ ဗဟိုပြည်နယ်အကယ်ဒမီ ပြန်တိုးတက်လာမယ့် မျှော်လင့်ချက် မီးတောက်ကို မမြင်ရသေးပါ။

“ဆရာဖန်၊ မင်းသူတို့ကို ယုံကြည်သင့်တယ်"

ဆွန်းမိုက ဖန်ယန်ရဲ့ သဘောထားကို မကျေမနပ် ဖြစ်နေသည်။ သူက မြန်မြန်ဆန်ဆန်ပဲ အရှုံးပေးချင်နေသည်။

"အဲဒီကိုရောက်ရင် တံတား ဖြတ်ရအုံးမယ်၊ အားလုံးက နောက်ဆုံးကျရင် ဆုံရမှာဘဲ။ ကျောင်းသားတွေတောင် မကြောက်လန့်သေးတာ မင်းလည်း စိတ်ဓါတ် မကျသင့်ဘူး"

တန်ဖိုးဖြတ် မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

"ဆရာဆွန်းပြောတာ မှန်တယ် ။ ငါစကား မှားသွားတယ်"

ဖန်ယန်က တောင်းပန်လိုက်သည်။

စောင့်ကြည့်သူသည် ဒီအခြေအနေကို မြင်ပြီးနောက် ဆွန်းမိုကို မနေနိုင်ဘဲ ကြည့်လိုက်မိသည်။ ထို့နောက် မှတ်စုစာအုပ်ထုတ်ကာ မှတ်ထားလိုက်သည်။

ချောက်ထဲတွင် ရှိနေတဲ့ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအသစ်အဖွဲ့သည်။

"သူတို့ကို သတ်"

ကျန်ရန်ဖေခင်က ဒေါသတကြီး အော်ဟစ်ပြီး အာဏာရှင်ဆန်တဲ့ အငွေ့အသက်ကို ထုတ်လွှင့်လိုက်သည်။

"ဟားဟား။ လာကြစမ်း။ ငါ့ရဲ့ ငွေလှံကလည်း သွေးမသောက်ရတာ ကြာပြီ"

ရှန်ယွန်ပေါင်က လှံကို ဆွဲထုတ်ပြီး နမ်းလိုက်သည်။ သူတို့ ပြေးလာတဲ့ လူမျက်နှာ ပင့်ကူများကို တည့်တည့် စိုက်ကြည့်နေသည်။ သို့သော် မြွေးတစ်စင်းက ရုတ်တရုတ်ထွက်လာပြီး ပင့်ကူရဲ့ မျက်လုံးထဲ ဖောက်ဝင်သွားသည်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

အင်ဘိုင်ဝူက မြှားတွေကို လျှင်မြန်စွာ ပစ်လွှတ်နေသည်။ ငါးချက်ဆက်တိုက် ပစ်ပြီးနောက် ပင့်ကူ သုံးကောင် သေသွားသည်။ အခြားမြှားနှစ်ချောင်းကိုတော့ ရည်ရွယ်ချက်ချက်ရှိရှိ နှေးကွေးစွာ ပစ်လိုက်သည်။ သို့သော်လည်း ဒုတိယလှိုင်းထဲက ပင့်ကူများသည် အချိန်မှီမရှောင်နိုင်ဘဲ မြှားထိမှန်သွားသည်။

ကူဒင်ဂျိ၏ မြှားပစ်စွမ်းရည်လည်း မဆိုးပါ။ သူမြှား သုံးချောင်း ပစ်ပြီးနောက် ပင့်ကူ နှစ်ကောင်

ထိမှန်သွားသည်။ ဒါပေမယ့် မသေသေးသဖြင့် မျက်မှောင် ကြုတ်သွားသည်။ အဆင်မပြေ ဖြစ်သွားပြီး အင်ဘိုင်ဝူကို ပဟေဠိဆန်တဲ့ အကြည့်နဲ့ ကြည့်လိုက်မိသည်။

(မင်းပစ်တဲ့ မြှားတွေက ဘာဖြစ်လို့ ဒီလောက် ဖျက်ဆီးအားကောင်းနေရတာလဲ)

ဒီမြှားများကို လေဘုရင်နတ်ဘုရားကျင့်စဉ်ကို သုံးပြီး ပစ်ခတ်သဖြင့် မြှားတစ်စင်းက ဒုံးပျံတစ်ခုနဲ့ တူနေသည်။ လုံးဝကို သာမန်မြှားတစ်ချောင်း အပျက်စွမ်းအင် မရှိခဲ့ပါ။

ရှင်းအောင် ပြောရလျှင် မြှာပစ်လိုက်လျှင် ဖြစ်ပေါ်တတ်တဲ့ အရွေ့စွမ်းအင်ကို ရည်ညွှန်းတဲ့ အပျက်စွမ်းအင်ကို လုံးဝလျစ်လျူရှုထားသည်။

အဖွဲ့ထဲတွင် ကြီးကျယ်တဲ့ အဖွဲ့အဝင်အနည်းငယ်ရှိနေခြင်းက အဖွဲ့၏ စိတ်ဓါတ်ကို အထောက်အကူပြုသည်။

ကျန်ရန်ဇောင် အကြောင်းကတော့ ဘာမှ ပြောစမရာမရှိပါ။ မာနကြီးပြီး သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိတဲ့ ခေါင်းဆောင်တစ်ယောက် ပုံစံ အပြည့်အဝ ပိုင်ဆိုင်သည်။ အင်ဘိုင်ဝူနှင့်

ရှန်ယွန်ပေါင်တို့က တိုက်ခိုက်ရေးသမားတွေပါ။ အကြောက်တရားဆိုတာ ဘာမှန်း မသိပါ။

လီဇီချီက အနည်းငယ် ကြောက်နေသော်လည်း သူမရဲ့ အတွင်းစိတ်ကို ဖုံးကွယ်ထားခဲ့သည်။

ချူအန်နှင့် ကူဒင်ဂျီတို့လည်း ပါသည်။

ကျောင်းသားတစ်ဝက်ကျော်လောက်ကတော့ ကြောက်ရွံ့နေကြသည်။

"မင်းမကြောက်ဘူးလား"

လီဖန်က တုန်တုန်ယင်ယင်နဲ့ ဘေးနားမှာရှိတဲ့ လုချီဟွာကို ကြည့်ပြီး မေးလိုက်သည်။

"ကြောက်ရင်တောင် ဘာမှ မတတ်နိုင်ဘူး"

လုချီဟွာက ဓါးကို ကိုင်ရင်း တိုးတိုးလေး ပြောလိုက်သည်။

"ငါတို့ ဒီနေရာမှာပဲ တစ်သက်လုံးနေလို့ မရဘူးလေ"

"ပြောတာ ကောင်းတယ်"

ကျန်ရန်ဇောင် ချီးကျူးလိုက်မိသည်။ အဖွဲ့ပြိုကွဲမယ်လို့ သူထင်ထားခဲ့ပြီး စိတ်ဓါတ်နှိုးဆော်ရန် စကားလုံးအနည်းငယ်ကိုသာ ပြင်ဆင်နေခဲ့သည်။ အခုတော့ သူ့အစိုးရိမ်

လွှန်နေပုံရသည်။ ဆွန်းမို၏ ဒီတပည့်များကို တိုက်ခိုက်ရေး စွမ်းရည် မေ့ထားလိုက်အုံး သူတို့အားလုံးက ထူးထူးခြားခြား သတ္တိရှိနေကြသည်။ ရောဂါသည် ဖြစ်တဲ့ ထန်ထန်ယုထန်တောင် သူသားမျက်နှာ ပင့်ကူများကို တည်တည်ငြိမ်ငြိမ်နဲ့ လှမ်းကြည့်နေသည်။ မသိရင် အပျော်တမ်း မျှောက်တစ်ကောင်ကို ကြည့်နေသလို ဖြစ်နေသည်။

ကျန်ရန်ဇောင်က ထန်ထန်ယုထန်သည် ဆွန်းမိုရဲ့ တပည့်ဖြစ်လာအောင် နောက်ခံကို အားကိုးခဲ့တယ်လို့

ထင်နေခဲ့သည်။ ဒါပေမယ့် အခုအခြေအနေကို ကြည့်ရတာတော့ သူ့မှာ စွမ်းရည် တချို့ ရှိပုံရသည်။

ကျန်ရန်ခေါင် ရုတ်တရုတ် ဝမ်းသာသွားမိသည်။ လီဇီချီနှင့် ထန်ထန်ယုထန်သာ ဒီနေရာမှာ မရှိခဲ့ပါက အဖွဲ့သည် အများအယွင်းအနည်းငယ် ကြုံတွေ့ရလိမ့်မည်။

ယောကျာ်လေးတွေက ငယ်ရွယ်ပြီး သွေးဆူလွယ်သည်။ အစပိုင်းမှာ ကြောက်လန့်ကြသော်လည်း လီဇီချီနဲ့

ကျန်တဲ့လူများရဲ့ တည်ငြိမ်မှုကို မြင်ပြီး သူတို့ရဲ့ စိတ်တွေလည်း တည်ငြိမ်လာသည်။

(မိန်းကလေးတွေထက် ပိုကြောက်စရာလား)

ဖန်ဂန်က တိုးတိုးလေး ရေရွတ်လိုက်သည်။ သူက ပင့်ကူများကို ကြည့်ကာ သတ်ဖြတ်မလို့ ပြင်ဆင်လိုက်သည်။

အပြေးအလွှားရောက်လာတဲ့ ပင့်ကူများသည် အလိုလို အရှိန်နှေးသွားသည်။ အင်ဘိုင်ဝူနှင့် ကူဒင်ဂျီတို့ရဲ့ အဝေးပစ် တိုက်ခိုက်မှုအပြင် ကျန်တဲ့လူများရဲ့ သတ်ဖြတ်လိုစိတ်ကို ခံစားမိသည်။

အင်းဆက်ပိုးမွှား မျိုးစိတ်များအနေနဲ့ ဒီလိုမျိုး အငွေ့အသက်များကို အာရုံခံရာ၌ အရမ်း အကဲဆတ်လွန်းသည်။

စျေးကွက်ရဲ့ သဘောတရားအရဆိုလျှင် ရက်စက် ကြမ်းကြုတ်တဲ့ သားရဲများနှင့် အင်းဆက်ပိုးမွှားများကို အမဲလိုက်ရန်အတွက် အားနည်းပြီး ပျော့ညံ့တဲ့ ပစ်မှတ်များကို ရွေးကာ တည်ကြက် လုပ်တတ်ကြသည်။ တကယ်လို့ လူသားမျက်နှာ ပင့်ကူများသည် စကားပြောတတ်ပါက ဘာဖြစ်လို့

ငါတို့ရဲ့ လွတ်မြောက်ရာ လမ်းကြောင်းကို ပိတ်ဆို့မှာလဲဆိုကာ ငြီးတွားနေလောက်သည်။

“ရှန်ယွန်ပေါင်၊ ဇန်ဂန် ၊ ရှီကွမ် ငါနောက်က လိုက်ပြီး ခပ်မြန်မြန် သတ်ပစ်ကြပါ။ အင်ဘိုင်ဝူနှင့် ကူဒင်ဂျိက အဝေးကနေ ပစ်ကူပါ။ သူတို့ကို သတ်”

ကျန်ရန်ဇောင်က စိတ်ဓါတ် အပြည့်နဲ့ ပြေးတက်သွားသည်။

အခန်း (၃၂၈) - တုန်လှုပ်ဖွယ် စွမ်းဆောင်မှု။

"အဖွဲ့ခေါင်းဆောင် ၊ ငါတို့တော့သွားပြီ။ ထွက်လမ်းကို ပိတ်ဆို့ထားကြပြီ"

ချောက် အနောက်ဖက်ကနေ လူသားမျက်နှာ ပင့်ကူတစ်သိုက် ပြေးထွက်လာသည်။ ဒါကိုမြင်ပြီးနောက် ဝူရန်က အော်ဟစ်လိုက်သည်။

ချောင်ဒင်မှ ကျောင်းသားများသည် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။ ဒီနေ့ ဒီမှာပဲ သေရတော့မှာလား။

ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအဖွဲ့ ရှိသော်လည်း ဒီလိုလူတွေအပေါ်မှာ မျှော်လင့်ချက် မထားနိုင်ပါ။ လူသားမျက်နှာ ပင့်ကူများ

အကြောင်းပြချက် မရှိ ရုတ်တရက် သေဆုံးဖို့ပဲ ဆုတောင်းနိုင်တော့သည်။

"အဖွဲ့ခေါင်းဆောင်၊ မြန်မြန် အချက်ပြလိုက်တော့"

ဝူရန်က တိုက်တွန်းလိုက်သည်။ သူတို့ဆရာထံမှ အကူအညီပဲ တောင်းခံနိုင်တော့သည်။ ဒီအချက်အကြောင့် အဆင့်သုံးဆင့် ကျသွားမယ်ဆိုတဲ့ အချက်ကိုလည်း ဂရုမစိုက်နိုင်တော့ပါ။

အခြေအနေက ဒီအတိုင်းအတာအထိ ရောက်နေပြီ။ ဒီလိုအချိန်မှာ အသက်ရှင်ဖို့က အရေးအကြီးဆုံးပဲ။

"အဖွဲ့ခေါင်းဆောင် ငါမသေချင်သေးဘူး"

"လီရွန်ခုန် ဘာတွေ ကြောင်နေတာလဲ။ မြန်မြန် အမိန့်ပေးတော့ဟ"

"မြန်မြန်လုပ်၊ အချိန်မရှိတော့ဘူး"

ကျောင်းသားတချို့က မျက်နှာပျက်နေပြီး အပြင်းအထန် တိုက်တွန်းနေကြသည်။

ကျောင်းသားများက အချက်ပြအချောင်းကို အလွယ်တကူ အသုံးပြုခြင်းမှ တားဆီးရန်အတွက် လီရွန်ခုန်က ကာကွယ်တဲ့အနေနဲ့ ယုံကြည်ရတဲ့ သူ့ သူငယ်ချင်း ချမ်ချမ်ရဲ့ လက်ထဲမှာ အပ်ထားခဲ့သည်။

လီရွှန်ခုန် စကားမပြောတာကို မြင်လိုက်လျှင် ဝူရန်က အားသုံးပြီး လုမလို့ လုပ်လိုက်သည်။

"ငါတို့ ဘာလုပ်မှာလဲ"

လီရွှန်ခုန်လည်း ဝေခွဲရခက် နေသည်။ အခုအချိန်တွင် အခြေအနေ မကောင်းသော်လည်း အဖွဲ့ဝင်တစ်ယောက်မှ မကျသေးပါ။ သူတို့ ဒီကနေ လွတ်မြောက်သွားတာလဲ ဖြစ်နိုင်သည်။ ကံကြမ္မာကို လောင်းလိုက်ချင်သည်။ သို့သော်လည်း အဲဒီအချိန်တွင် သူယုံကြည်ရတဲ့ ချမ်ချမ်က အချက်ပြမီးကျည်ကို ပစ်ဖောက်လိုက်သည်။

"မင်း............"

လီရှန်ခုန် ထိတ်လန့်ပြီး ဒေါသ ပေါက်ကွဲသွားသည်။ အလွန် စိတ်ချ ယုံကြည်မိတဲ့ ချမ်ချမ်က အမှန်တကယ် သရဲဘောကြောင်လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

"ငါက လူတိုင်းဘေးကင်းအောင် စဉ်းစားလိုက်တာ"

ချမ်ချမ်က ရှင်းပြသည်။

"မြန်မြန်ကြည့်စမ်း၊ ဗဟိုပြည်နယ် အကယ်ဒမီကလူတွေ တိုက်ပွဲဝင်နေပြီ"

တစ်ယောက်ယောက်က လှမ်းအော်လိုက်သည်။ ဇဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအဖွဲ့သည် ဖိအားကြောင့် မပြိုကွဲသွားပဲ သူတို့ရဲ့ လမ်းကြောင်းမှာ ပိတ်ဆို့နေတဲ့ လူသားမျက်နှာ ပင့်ကူများဆီ အပြေးသွားပြီး စတင် တိုက်ခိုက်နေသည်။

ကျန်ရန်ဇောင်၏ လျှင်မြန်တဲ့ ဓါးက ပင့်ကူတစ်ကောင်ရဲ့ ခေါင်းကို တခါတည်း ဖြတ်ချသွားသည်။ ရှီကွမ်က ပင့်ကူရဲ့ မျက်လုံးကို လှံနဲ့ ထိုးသည်။

သို့သော် အရဲဆုံးလူက ရှန်ယွန်ပေါင် ဖြစ်သည်။ ဒီကောင်က ပင့်ကူရဲ့ ခေါင်းကို သူ့လုံ့ရိုးနဲ့ ထုရိုက်နေသည်။

ဘုန်း

ကြီးမားလှတဲ့ ခွန်အားကြောင့် ပင့်ကူရဲ့ခေါင်းက ပေါက်ကွဲသွားသည်။ ခန္ဓာကိုယ်ကလည်း အနောက်သို့ လွင့်ထွက်သွားသည်။

အင်ဘိုင်ဝူ မြွေးတစ်ချက်ပစ်တိုင်း ပင့်ကူတစ်ကောင် သေနေသည်။

ကျန်ရန်ဇောင်နဲ့ ကျောင်းသား ငါးယောက်သည် ပင့်ကူတွေရဲ့ တိုက်ခိုက်မှုကို ချက်ခြင်း တားဆီးခဲ့သည်။

"ဒါအမှန် မဟုတ်နိုင်ဘူး။ ဘာဖြစ်လို့ ဒီလောက် အစွမ်းထက်နေရတာလဲ"

ချောင်ဒင်မှ ကျောင်းသားအားလုံး အံ့အောသင့်နေကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ကျဆင်းသွားပြီ မဟုတ်ဘူးလား။ ဒီကျောင်းက အရည်အချင်းရှိတဲ့ ကျောင်းသားတွေကို မခေါ်နိုင်တော့ မဟုတ်လား။ ဒါပေမယ့် ဘာဖြစ်လို့

ဒီကောင်တွေက ဒီလောက် ရက်စက်ပြီး အစွမ်းထက်နေရတာလဲ။

အရေးကြီးဆုံးက ပြိုင်ဘက်တွေကို ချေမှုန်းပစ်တဲ့ အငွေ့အသက်ပဲ ဖြစ်သည်။

“အင်ဘိုင်ဝူ ခွန်အားတချို့ကို သိမ်းထားပါ”

လီဇီချီက ဝိညာဉ်တက်တူး ငါးရွက်ကို ထုတ်ယူရင်း သတိပေးလိုက်သည်။ ထို့နောက် သူမသည် အံကြိတ်ကာ ဝိညာဉ်တက်တူးတွေကို လက်ထဲ ဆုပ်ကိုင်ထားသည်။

အင်ဘိုင်ဝူက အရမ်းဉာဏ်ကောင်းပြီး ချက်ခြင်းနားလည်သည်။ သူမက ခေါင်းစောင်းက အက်ကွဲကြောင်းများကို အနီးကပ်စောင့်ကြည့်နေသည်။

ထင်ထားတဲ့ အတိုင်းပါ။ တစ်မိနစ် မပြည့်ခင် အက်ကွဲကြောင်းအတွင်းမှ အဖြူရောင် ပင့်ကူ အမြောက်အများ ထွက်ပေါ်လာသည်။ ထို့နောက် လူသားမျက်နှာ ပင့်ကူဖြူများသည် လျှင်မြန်စွာ လျှောဆင်းလာပြီး မြေပြင်ကနေ ခုနစ် မီတာ ၊ ရှစ်မီတာ အကွာ လေထဲတွင်

တွဲလျှောင်းခိုနေကြသည်။ အဆိပ်တွေကို ထွေးထုတ်ရန် ရုတ်တရက် ပါးစပ်ဟလာကြသည်။

ချောင်ဒင် အကယ်ဒမီက ကျောင်းသားများလည်း ဒီနည်းဗျူဟာနဲ့ ခြေမှုန်းခံခဲ့ရသည်။

အင်ဘိုင်ဝူက အသက်ခပ်ပြင်းပြင်းလေး တချက်ရှုပြီး လေးကြိုး အမြင့်ဆုံးအထိ ဆွဲလိုက်သည်။ တချိန်တည်းမှာပင် ဝိညာဉ်ချီကို အစွမ်းကုန်လည်ပတ်ကာ လေးထဲ ထည့်သွင်းလိုက်သည်။

လေဘုရင်၏ ဖရိုဖရဲ ပစ်ချက်။

ဘောင်း

လေးကြိုးသည် ပြင်းထန်စွာ တုန်ခါသွားသည်။

"မင်း မြှား မထည့်ထားဘူးလား"

ကူဒင်ဂျိနှင့် လီဖန်တို့က အင်ဘိုင်ဝူ အရမ်းစိတ်လှုပ်ရှားပြီး အမှားလုပ်မိတယ်ထင်ကာ အော်ဟာစ်လိုက်ကြသည်။ သို့သော် နောက်ထပ် အခိုက်အတန့်တွင် လေးကနေ တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့ မြှားတစ်ချောင်း ပစ်လွှတ်လိုက်သည်။ ဘယ်သူမှ မထင်ထားမိပါ။

ရွှတ်စ် ရွှတ်စ်

မြွားက လေထဲ လွှင့်ပျံသွားပြီး လေထဲမှာတွဲလျောင်းရှိနေတဲ့ ပင့်ကူ ခုနှစ်ကောင်ကို ထိုးဖောက် ဝင်ရောက်သွားသည်။ တစ်ဖက်မှ ဖောက်ထွက်ကာ အပေါက်ကြီး ကျန်ခဲ့သည်။

ဘုန်း ဘုန်းဘုန်း

ပင့်ကူတွေ ပြုတ်ကျလာသည်။ အရှေ့ဆုံးက မြွားထိတဲ့ နှစ်ကောင်ကတော့ ကြည့်ရတာကို စိတ်ဆင်းရဲဖို့ ကောင်းသည်။ တခါတည်း အပိုင်းပိုင်း ဖြစ်သွားသည်။

ဒီလုပတဲ့ သွေးထွက်သံယိုမြင်ကွင်းကြောင့် အဖွဲ့ထဲမှ လူတိုင်း မှင်တက်သွားသည်။

“ဒါ.......ဒါ......”

ကူဒင်ဂျိ အရမ်းထိတ်လန့်တုန်လှုပ်ပြီး မျက်လုံး ပြူတ်ကျမတတ် ဖြစ်နေသည်။ ဒါဘယ်လို လေးပစ်တဲ့ နည်းစနစ်လဲ။

တောက်၊ တကယ်လိုချင်လိုက်တာ။

“လုလိုက်တာ”

ထန်ထန်ယုထန် ချီးကျူးလိုက်သည်။

“ဒုတိယလှိုင်း လာတော့မယ်။ အကောင်းဆုံးကြိုးစားပြီး သူတို့ကို ထိန်းပါ”

ကျန်ရန်ဇောင် အော်ဟစ်လိုက်ပြီးနောက် သူနဲ့ မနီးမဝေးမှာရှိတဲ့ ပင့်ကူများသည် လိမ္မော်ရောင် မီးလုံးကြီးကြောင့် ပေါက်ကွဲထွက်သွားတာကို မြင်လိုက်ရသည်။

ဝုန်း

ထိမှန်သွားတဲ့ ပင့်ကူများသည် ချက်ခြင်းဆိုသလို အမှုန့်များ ဖြစ်သွားသည်။ မီးလောင်နေတဲ့ အသားအပိုင်းအစများကလည်း

ကောင်းကင်ပေါ်ကနေ တဖြုတ်ဖြုတ် ကျဆင်းလာသည်။

ချီ ချီ ချီ

လူသားမျက်နှာ ပင့်ကူများ အော်ဟစ်နေကြသည်။ မီးဆိုတာက သူတို့လို ပိုးကောင်များအတွက် သဘာဝရန်သူ ဖြစ်သည်။

"ဘာကြီးလဲ"

ကျန်ရန်ဖောင် အရမ်းအံ့အောနေသည်။ မနေနိုင်ဘဲ အလိုလို လှည့်ကြည့်လိုက်မိသည်။

လီဇီချီက ဝိညာဉ်တက်တူး စာရွက်တွေကို ထုပ်ကိုသွားနဲ့ ကိုက်ဖြတ်နေတာ မြင်လိုက်ရသည်။

ဆုတ်ပြဲသွားတဲ့ ဝိညာဉ်တက်တူးစာရွက်ကနေ လီမွှော်ရောင် အနီရောင် မီးတောက်များ ထွက်ပေါ်လာပြီး ဝိညာဉ်ချီမီးများ တောက်လောင်လာသည်။ သူတို့က လှည့်ပတ်ပြီး ရောမ မီးလုံးကြီး ဖြစ်သွားသည်။ ထို့နောက် လက်ဖဝါးကို ဆန့်ထုတ်လိုက်လျှင် မီးလုံးကြီးက ပြေးထွက်သွားသည်။

ဘုန်း

နောက်ထပ် ပင့်ကူတစ်ကောင် အသားကင် ဖြစ်သွားသည်။

ကျန်ရန်ဖောင် နှလုံးပေါ်ကို မြင်းရိုင်းတစ်ထောင်လောက် ဖြတ်ပြေးသလို ဖြစ်သွားသည်။ လီဇီချီက တကယ်ပဲ ဝိညာဉ်တက်တူး သခင်လား။

ရုပ်ရည်အားဖြင့်လည်း သူမရဲ့ အဆင့်အတန်းက မနိမ့်ပါ။

ဒိုင်လူကြီးများသည် ကျောင်းသားများကို သူတို့ကိုယ်ပိုင်လက်နက်ကလွဲလျှင် ယူလာခွင့်

မပေးထားပါ။ ဒါကြောင့် ဒီဝိညာဉ်တက်တူးများသည် မနေ့ညက လီဇီချီ ရေးဆွဲထားတာ ဖြစ်နိုင်သည်။

လီဇီချီက တညတည်းနဲ့ စွဲမက်ဖို့ကောင်းတဲ့ ဝိညာဉ်တက်တူးအများကြီး ရေးဆွဲထားသောကြောင့် သူမရဲ့ စွမ်းရည်က စိတ်ကူးလို့တောင် မရတော့ပါ။

"ဒါဆို မင်းက အရမ်းသန်မာတာပေါ့"

လီဖန်က သဘောကျစွာ သက်ပြင်းချလိုက်မိသည်။

"ငါ့ဆရာက ကောင်းကောင်း သင်ပေးထားလို့ပဲ"

လီဇီချီက တည်ငြိမ်စွာ ပြုံးရင်း ပြန်ဖြေသည်။

“ဒါဆို မင်းရဲ့ သားရဲထိန်းချုပ်မှု ပညာကလဲ ဆရာဆွန်း သင်ပေးထားတာပဲလား”

ကူဒင်ဂျိက စိတ်မထိန်းနိုင်ဘဲ မေးလိုက်မိသည်။

“ဟုတ်တယ်”

လီဇီချီ ပြောလိုက်ပြီးနောက် လူတိုင်းသည် သဘောကျစွာ ညည်းညူလိုက်မိသည်။

“ဆရာဆွန်းက အရမ်းတော်တာပဲ”

လီဖန်သည် အရမ်းအားကျပြီး သရေတောင် ကျချင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ကြောင်းကြားချက် များစွာ ရလိုက်သည်။

ဒင်

ကျောင်းသားအသစ်အဖွဲ့ဆီက

လေးစားအထင်ကြီးမှု အမှတ်ပေါင်း +၂,၁၀၀။

စောင့်ကြည့်သူသည် ခေါင်းကိုလှည့်ကာ ဆွန်းမိုကို ကြည့်ပြီးနောက် မှတ်စုစာအုပ်တွင် တစ်ခု ချရေးလိုက်သည်။ လီဇီချီသည် အခြားသူများထက် ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်

အားနည်းတာကလွဲလျှင် ကျန်တဲ့ ကဏ္ဍအားလုံးမှာ အရမ်းထူးချွန်သည်။

"ကောင်းလိုက်တာ။ အရမ်းကောင်းတယ်"

ဖန်ယန် အံ့အောသွားသည်။ အဲဒီနောက် ဆွန်းမိုရဲ့ ပုခုံးကို ပုတ်လိုက်သည်။ အုပ်စုပြိုင်ပွဲတော့မယ်လို့ အရင်က ထင်ခဲ့မိသည်။ ဆွန်းမိုရဲ့ တပည့်များက ဒီလောက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်မယ်လို့ မထင်ထားခဲ့ပါ။

အို၊ ကျန်ရန်ဇောင်လည်း မဆိုးပါ။

"ဆရာဆွန်းက သင်ကြားမှုမှာ အရမ်းတော်တာပဲ"

လျှောင်ရန် ချီးကျူးပြီး သက်ပြင်းချလိုက်သည်။ သူတို့နှစ်ယောက်ဆီက လေးစားအထင်ကြီးမှု အမှတ် +၁၀၀ စီ ရလိုက်သည်။

ကူရှုပ်ရှင်းကတော့ အင်ဘိုင်ဝူကို မနာလိုတဲ့ အကြည့်နဲ့ စိုက်ကြည့်နေသည်။ ဒီသန်မာတဲ့ မိန်းကလေးက စွဲမက်ဖို့ကောင်းတဲ့ စွမ်းဆောင်ရည် ထုတ်ပြမယ်လို့ ခန့်မှန်းထားပြီးသားပါ။ ဒါပမယ့် ဒီလောက် ထူးထူးခြားခြား စွမ်းဆောင်နိုင်လိမ့်မယ်လို့ မထင်ထားခဲ့မိပါ။

ဒီမြွားပစ်တဲ့ နည်းစနစ်ကလည်း အရမ်းကောင်းမွန်သည်။

ဒီမိန်းကလေး အရင်က အမှိုက်တွေ စွန့်ပစ်ရတဲ့ လူဖြစ်ပြီး အမြဲတမ်း ငတ်မွတ်နေကာ အဝတ်အစားတောင် ကောင်းကောင်း မရှိခဲ့ပါ။ ဆွန်းမိုဆီ မရောက်ခင်ကလည်း အများကြီး မကျင့်ကြံခဲ့ဖူးပါ။ ဆွန်းမိုရဲ့ အကျင့်သီလနှင့် သုံးသပ်တဲ့ စွမ်းရည် အရမ်းကောင်းမွန်ပြီး သူမကို တပည့် အဖြစ်လက်ခံခဲ့သည်။ လအနည်းငယ်ကြာတာနဲ့ ဒီလောက်

ထိတ်လန့်ဖို့ကောင်းတဲ့ အတိုင်းအတာထိ ကြီးထွားလာခဲ့ပြီ။

ဟင်း၊ တပည့်ရွေးတဲ့အပိုင်းမှာတော့ ဆွန်းမိုထက် အများကြီး ညံ့သေးတာပဲ။

ချောင်ဒင်မှ ကျောင်းသားအားလုံးလည်း အရမ်း အံ့အောနေကြသည်။

ဘာဖြစ်လို့ ဗဟိုပြည်နယ် အကယ်ဒမီက ကောင်တွေက အရမ်းသန်မာနေရတာလဲ။ သူတို့ အုပ်စုကို ဝရုန်းသုန်းကား ဖြစ်စေခဲ့တဲ့ လူသားမျက်နှာ ပင့်ကူတွေက ဒီကောင်တွေရဲ့ အရှေ့မှာ လည်စင်းခံတဲ့

ကြွက်ကလေးတွေလို ဖြစ်နေသည်။ အရမ်းကို အားနည်းလွန်းသည်။ သူ့ရဲ့ ရက်စက်မှုကို တခါမှ မတွေ့ရပါ။

ဒီအခိုက်အတန့်တွင် ချောင်ဒင်က ကျောင်းသားများသည် ပျော်ရွှင်ရတာထက် ပိုဝမ်းနည်း နေကြသည်။

လွတ်မြောက်ဖို့အတွက် လုံခြုံသွားသောကြောင့် ပျော်ရွှင်ချင်သော်လည်း အခြားသူများရဲ့ အဖိနှိပ်ခံလိုက်ရသောကြောင့် မပျော်နိုင် ဖြစ်နေရသည်။ အထူးသဖြင့် ကျန်ရန်ဇောင်နှင့်

လီဇီချီအပေါ်ကို မခန့်လေးစား လုပ်ခဲ့တဲ့ လူများဖြစ်သည်။ အခုချိန်မှာတော့ မျက်နှာကို ဘယ်နားထားရမှန်း မသိအောင် ရှက်နေကြသည်။

"သတိမလွတ်ကြနဲ့။ ငါတို့ ဒီနေရာက မထွက်ရသေးဘူး"

လီဇီချီက တခြားသူတွေကို သတိပေးလိုက်သည်။

"မင်း ငါ့နေရာ လုနေတာ ရပ်လိုက်တော့"

ကျန်ရန်ဖေါင် အားကိုးရာမဲ့နေသည်။ (ခေါင်းဆောင် အစစ်က ဘယ်သူလဲ။) အဲဒီအခိုက်တန့်တွင် ပတ်ဝန်းကျင်ရှိ

အက်ကွဲများကနေ ပင့်ကူ မျှင်များ ထွက်လာပြီး လီဖန်၊ ပိုင်ကွန်ဂီ၊ ဝူဂျိတုံနှင့် လုချီတို့ကို ဖုံးအုပ်သွားသည်။ အဲဒီနောက် ငါးများတံမှာ မိနေတဲ့ ငါးကလေးတွေလို လေထဲ မြောက်ပါသွားသည်။ မအော်ရဲကြပါ။

ဘာကြောင့်ဆို ပင့်ကူရဲ့ အရှေ့တွင် အရမ်းထုံကျဉ်နိုင်တဲ့ အဆိပ်ပါသည့် ဆူးတံ အနည်းငယ် ရှိသည်။ အဲဒီအဆိပ်ကို ခန္ဓာကိုယ်ထဲ ထိုးသွင်းလိုက်တာနဲ့ သတိလစ် သွားကြသည်။

"အို မဟုတ်ဘူး"

လီဇီချီက လက်ဖဝါးယမ်းပြီး ဌက်ဖြူကို ပစ်လွှတ်လိုက်သည်။ သားကောင်ထဲက တစ်ဦးကို လွတ်မြောက်အောင် ဖြတ်ချပေးနိုင်လိုက်သည်။ လုချီ မြေပေါ်သို့ လဲကျသွားသည်။

အင်ဘိုင်ဝူက မြှားနှစ်စင်းကို ပစ်လွှတ်လိုက်သော်လည်း ပိုးမျှင်က ပါးလွန်းသဖြင့် မထိလိုက်ပါ။ သို့သော်လည်း သူမရဲ့ တုန့်ပြန်မှုက အရမ်းလျှင်မြန်သည်။ ပင့်ကူ ပိုးမျှင်ပစ်လွှတ်တဲ့ နံရံရှိ အက်ကွဲကြောင်းထဲသို့ ချိန်ပြီး မြှားတစ်ချောင်း ထပ် ပစ်လိုက်သည်။

ဘောင်း

ကျောင်းတုံးတွေ ပေါက်ကွဲပြီး အစိမ်းရောင် ပင့်ကူတစ်ကောင်သည် သားကောင်နဲ့အတူ ပြုတ်ကျလာသည်။ လီဖန် မြေပေါ်မှာလဲကျနေသည်။

ကျန်တဲ့နှစ်ယောက်ကတော့ ကံမကောင်းရှာပါ။

ပင့်ကူတွေရဲ့ လုပ်ဆောင်မှုက မြန်ဆန်လွန်းသည်။ သားကောင်များ လေထဲရောက်နေတဲ့အချိန်တွင် အခြားသူများမှာ အဝေးပစ်နိုင်တဲ့ လက်နက်များ မပိုင်ဆိုင်ကြပါ။ ဒါကြောင့် ကျန်တဲ့နှစ်ယောက်ကို

ကယ်တင်နိုင်မယ့် နည်းလမ်းမရှိဘဲ ကူကယ်ရာမဲ့ ကြည့်နေခဲ့ရသည်။

"ငါလို……"

ကျန်ရန်ဇောင် ဆဲလိုက်သည်။ သူ အရမ်းဒေါသထွက်နေတဲ့ အချိန်တွင် ချောင်ဒင်အဖွဲ့ရဲ့ အခြေအနေက ပိုဆိုးနေသည်။ သူတို့ရဲ့ ကျောင်းသားလေးယောက်လဲ ပါသွားပြီး အချိန်မီ မကယ်တင်နိုင်ခဲ့ပါ။ နောက်ဆုံးတော့ အုပ်စုနှစ်စုသည် လူသားမျက်နှာ ချောက်ကမ်းပါးမှ ထွက်လာကြသည်။ ပင့်ကူတွေက ဆက်မလိုက်ဘဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အက်ကွဲကြောင်းထဲ ပြန်ဝင်သွားတာ မြင်လိုက်မှ ကျောင်းသားအားလုံး သက်ပြင်းချနိုင်တော့သည်။

အီး ဟီး

ဘေးဆိုးကြီး ပြီးသွားတဲ့နောက် ဝူရန် ရုတ်တရုတ် ငိုချလိုက်သည်။ (အမေ၊ အိမ်ပြန်ချင်တယ်)

"အခု ငါတို့ ဘာလုပ်ကြမလဲ"

ထန်ထန်ယုထန်က မေ့လဲနေတဲ့ လီဖန်ကိုပြုစုနေကာ စိုးရိမ်တကြီး ကြည့်နေသည်။

"အချက်ပြပြီး ဆရာတွေဆီက အကူညီတောင်းလိုက်ရအောင်"

လုချီဟွာ အကြံပေးလိုက်သည်။ သူတို့သာ နောက်ထပ် နှောင့်နှေးလျှင် ကံဆိုးတဲ့ လူနှစ်ယောက်က ပင့်ကူ အစာ ဖြစ်သွားနိုင်သည်။

"ဒါပေမယ့် ဒီလို လုပ်လိုက်လျှင် ငါတို့အဆင့်တွေ နောက်ပြန်ရောက်သွားလိမ့်မယ်"

ကျန်ရန်ဇောင် မျက်မှောင်ကြုတ်ပြီး ပြန်ပြောသည်။

"အခုလက်ရှိ အခြေအနေကိုလည်းကြည့်အုံး။ မင်းက အဆင့်တွေကို ဂရုမစိုက်တုန်းလား"

ဇန်ဂန် ဒေါသပေါက်ကွဲလာသည်။ တစ်ယောက်ယောက်ကို ရိုက်လိုက်ချင်သည်။ ဒီငတုံးနှစ်ယောက်က ဘယ်လောက်ပဲ အသုံးမဝင်ပါစေ သူဒေါသထွက်နေရင်တောင် မစွန့်လွှတ်သင့်ပါ။

"ငါတို့ ကို့ဘာသာ သူတို့ကို ကယ်ကြမယ်"

ကျန်ရန်ဇောင်က အကြံပြုလိုက်သည်။

"မင်းရူးနေလား"

ကူဒင်ဂျိ အရမ်းအံ့အောသွားသည်။ အခြားသူများကလည်း ကျန်ရန်ဖောင်ကို အံ့အောစွာ ကြည့်နေကြသည်။

“အဲဒီလူနှစ်ယောက်ကို အသိုက်ဆီ ခေါ်သွားတာသေချာတယ်။ ငါတို့ ဘယ်လို ပြန်ကယ်မှာလဲ”

“ဒါကြောင့် ပင့်ကူတွေက အသိုက်ဆီ မပို့နိုင်ခင် ကယ်တင်ရမှာပေါ့”

ကျန်ရန်ခေါင် တံတွေးတစ်ချက် မြို့ချပြီး ပြောလိုက်သည်။ ဒီလိုကိစ္စကြောင့် အဆင့်ပြန်မကျသွား စေချင်ပါ။

ချောင်ဒင်ကျောင်းရဲ့ ဆရာလေးယောက်သည် အချက်ပြတာကို မြင်လိုက်လျှင် ချက်ခြင်း ပြေးလာကြသည်။

ဒီက ကျောင်းသားတွေ အခြေအနေကောင်း နေကြောင်းကို အတည်ပြုပြီးနောက် ဖမ်းထားတဲ့ ကျောင်းသားတွေကို ကယ်တင်ဖို့ ချက်ခြင်း လိုက်သွားကြသည်။

"ငါ လို....."

လီရွှန်ခုန် ဆဲဆိုလိုက်ပြီး ဘေးက ကျောက်တုံးကို ဓါးနဲ့ ခုတ်ချလိုက်သည်။ ဒီပွဲမှာ သူတို့ရှုံးတယ်လို့ ပြောလို့ရသည်။

"ကိုယ့်ကိုယ်ကို အပြစ်မတင်ပါနဲ့။ ဒါက ငါတို့ အမှားမဟုတ်ဘူး"

လုယူက လီရွှန်ခုန်ရဲ့ ပုခုံးကို ပုတ်ပြီး နှစ်သိမ့်လိုက်သည်။ "အရင်ကတွေ့ခဲ့တဲ့ ကျောင်းသားအုပ်စုကို ကြည့်လိုက် သူတို့ဆို ငါတို့ထက်တောင် အခြေအနေဆိုးသေးတယ်"

ဒီစကားကို ကြားလိုက်မှ လီရွှန်ခုန် အနည်းငယ် စိတ်သက်သာ သွားသည်။ ဒါပေမယ့် ခေါင်းလှည့်ပြီး ကြည့်လိုက်လျှင် လီဇီချီတို့ အဖွဲ့ကို မြင်ပြီး စိတ်ဓါတ်ပြန်ကျလာကာ ချောင်းပါဆိုးသွားသည်။

သူတို့နဲ့ နှိုင်းယှဉ်ရင် သူ့ရဲ့အဖွဲ့က တကယ် အမှိုက် ဖြစ်နေသည်။

“ဘာလို့ သူတို့က အချက်မပြသေးတာလဲ။ ဆက်စောင့်နေရင် အဖမ်းခံရတဲ့ ကျောင်းသားတွေကို ကယ်တင်နိုင်မယ့် အခွင့်အရေး နည်းသွားလိမ့်မယ်”

လုခုန် အဖြေရှာမရ ဖြစ်နေသည်။

အခန်း(၃၂၉) - ကို့ကိုယ်ကို အရမ်းယုံကြည်ခြင်း။

လိမ္မာပါးနပ်တဲ့လူတွေသည် အများအားဖြင့်တော့ ကို့ကိုယ်ကို ယုံကြည်မှု ပြည့်နှက်နေတတ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားများသည် အချက်ပြမီးကျည်ကို မသုံးဖို့ ဆုံးဖြတ်လိုက်သည်။ လူသားမျက်နှာ ပင့်ကူများ ဖမ်းသွားတဲ့ ပိုင်ကွန်ချီ နှင့်

ဝူဂျိတန်ကို ကိုယ့်ကိုယ်တိုင် ပြန်ကယ်ဖို့ လုပ်နေကြသည်။ ကိုယ့်ကိုယ်ကို ယုံကြည့်မှု ရှိိတယ်လို့ ပြောရမလား။ ဒါမှမဟုတ် မောက်မာတယ်လို့ ပြောရမလား။

အစပိုင်းတွင် ပင့်ကူစစ်တပ်၏ ခြုံခို တိုက်ခိုက်မှုကို ခံခဲ့ရပြီး အဖွဲ့လည်း မပြိုကွဲသွားဘဲ ထူးထူးခြားခြား လုပ်ဆောင်နိုင်ခဲ့ကြသည်။ အဲဒါကြောင့် သတ္တိရှိလာကြသည်။

ကျောင်းသားနှစ်ယောက်သာ အဖမ်းမခံခဲ့ရလျှင် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများရဲ့ လုပ်ဆောင်မှုသည် ပြည့်စုံတယ်လို့ ပြောလို့ရသည်။

“ဒီလူသားမျက်နှာ ပင့်ကူတွေရဲ့ အမဲလိုက်တဲ့ ပုံစံက တခြား ပင့်ကူတွေနဲ့ မတူဘူး။ အစိမ်းရောင် အဆိပ်ကို အားကိုးကြသည်။ တခြားပင့်ကူတွေလို သားကောင်းဝင်လာတာ စောင့်ဆိုင်းပြီး ပင့်ကူအိမ်များနဲ့ မဖမ်းကြဘူး။ အဲဒီအစား သူတို့ရဲ့ အရေ့မှာရှိတဲ့ အဆိပ်ချောင်းတွေ ပစ်ခတ်ပြီး ပင့်ကူမျှင်တွေနဲ့ ပစ်ဖမ်းတယ်”

"အဆိပ်ချောင်းမှာက ထုံကျင်စေတဲ့ အဆိပ်တွေနဲ့ ပြည့်နေတယ်။ သားကောင်သာ တစ်ချက်လောက်မှန်လိုက်ရင် တခါတည်း သတ္တိလစ်သွားလိမ့်မယ်"

လီဇီချီက လူတိုင်းကို ရှင်းပြသည်။

လီဇီချီရဲ့ အသိပညာ ကျယ်ပြန့်မှုသည် ကျန်တဲ့လူတွေအတွက် မထူးဆန်းတော့ပါ။ လီဇီချီ အဖွဲ့ထဲမှာ ရှိတာက အမှန်တကယ် အကျိုးကျေးဇူးရှိတယ်ဆိုတာ ကျန်ရန်ဖောင် ဝန်ခံလိုက်မိသည်။

အနည်းဆုံးတော့ သူတို့ မသိတဲ့ မျိုးစိတ်တွေနဲ့ ကြုံလာရင် လီဇီချီက အဲဒီသတ္တဝါတွေရဲ့ အသေးစိတ် အချက်အလက်ကို ချက်ခြင်း ပြောပြနိုင်သည်။ သူတို့ မျက်လုံးစုံမှိတ်ပြီး ထိတ်လန့်နေရာ မလိုပါ။

“သူတို့နှစ်ယောက်အတွက် ငါတို့ ဘာလုပ်သင့်လဲ။ သူတို့ကို စောင့်ရှောက်ဖို့ လူချန်ထားခဲ့သင့်လား”

ကျန်ဇီက မေးသည်။

လီဖန်နှင့် လုချီသည် သတိလစ်နေဆဲ ဖြစ်သည်။

ကျန်ရန်ဇောင်ကတော့ တွေးတောမှုထဲတွင် နစ်မျောနေသည်။ ကယ်ဆယ်ရေးလုပ်တဲ့ လုပ်ငန်းက

လူများလေ ပိုကောင်းလေ ဖြစ်သည်။ ဒီနှစ်ယောက်ကို ဒီအတိုင်း မထားခဲ့နိုင်ပါ။

"ချောင်ဒင်ရဲ့ လူတွေက အရင်နေရာမှာပဲ အနားယူပြီး ပြန်လည် ဖွဲ့စည်းဖို့ လုပ်နေကြတယ်။ သူတို့နှစ်ယောက်ကို စောင့်ရှောက်ပေးဖို့ တောင်းဆိုကြည့်ကြမလား"

ချူဂျန်က အကြံပေးလိုက်သည်။

ကျန်ဇီသည် တစ်ခုခု ပြောလိုက်ချင်သော်လည်း တွေဝေနေသည်။ တကယ်ပဲ နောက်မှ ကျန်နေခဲ့ချင်သည်။ ဒါပေမယ့် ဒါက တကယ်ကို

ရှက်ဖို့ကောင်းသည်။ ရပ်တည်ဖို့အတွက် အရှက်တောင် မရှိ ဖြစ်သွားနိုင်သည်။ တကယ်တော့ ကျောင်းသားတိုင်းက သတ္တိမရှိကြပါ။ ဥပမာ - ကျန်ဇီက ကြောက်လန့်ပြီး ပြိုင်ပွဲက နှုတ်ထွက်ချင်နေသည်။ ဖိအားခံနိုင်ရည် အရမ်းနည်းသည်။

"ကျန်ဇီ နောက်မှာ ကျန်နေခဲ့ရင် ဘယ်လိုလဲ"

လီဇီချီက ထန်ထန်ယုထန်ကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"မ...."

ထန်ထန်ယုထန် မျက်မှောင် ကြုတ်နေသည်။ အရင်က မရဘူး ပြောလိုက်ချင်သော်လည်း ကျန်ဇီရဲ့ ထိတ်လန့်နေတဲ့ မျက်နှာကို မြင်ပြီး သဘောပေါက်သွားသည်။ ဒါကြောင့်လည်း ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ။ ကျန်ဇီ နောက်မှာကျန်ပြီး သူတို့ကို ဆောင့်ရှောက်ထားလိုက်ပါ"

"အဲဒါဆိုလျှင် အားလုံး အဆင်ပြေသွားပြီ။ အားလုံး ရေနဲ့ အစာ စားကြပါ။ ငါတို့ရဲ့ လက်နက်တွေကိုလည်း

ပြန်စစ်ဆေးကြပါ။ နှစ်မိနစ်အတွင်း ငါတို့ထွက်ခွာမယ်”

လီဇီချီက လက်ခုပ်တီးပြီး ပြောလိုက်သည်။

ချက်ခြင်း ထွက်သွားသင့်သော်လည်း လီဇီချီရဲ့ စကားကို ကြားပြီးနောက် မကန့်ကွက်ကြပါ။ ဒီမိန်းကလေးက ပြဿနာတစ်ခုကို ကိုင်တွယ်တဲ့နေရာတွင် သူထက်ပိုပြီး လိမ္မာပါးနပ်တယ်ဆိုတာ လက်ခံလိုက်ရသည်။

ရှေ့မှာ အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရပေမယ့်လည်း အသေးစိတ်အချက်အလက်တွေကို လျစ်လျူ မရှုခဲ့ပါ။

"အမ်။ သူမက ငါ့ရဲ့ အားနည်းချက်ကို ဖြည့်ဆည်းပေးနိုင်တယ်။ သူမကို ဒုခေါင်းဆောင် ခန့်လိုက်တာက ကောင်းမွန်တဲ့ ရွေးချယ်မှုပဲ"

ကျန်ရန်ဖောင် တွေးနေသည်။ လီဇီချီကို အသိအမှတ် ပြုလိုက်ပြီးသား ဖြစ်နေသည်။

ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် အားနည်းတယ် ဟုတ်လား။

ပြဿနာ မရှိဘူး။ လီဇီချီရဲ့ ထူးချွန်မှုက ဒီအားနည်းချက်တွေကို လျစ်လျူရှုထားဖို့ လုံလောက်နေတယ်။ ပြီးတော့ သူမမှာ ကျားဖြူတစ်ကောင်လည်း ရှိသေးသည်။ သူမရဲ့ ခရီးသွားတဲ့ အရှိန်က မနှေးတော့ပါ။

နှစ်မိနစ် ကုန်သွားသည်။ အဖွဲ့ထွက်ခွာမလို့ လုပ်လိုက်သော်လည်း ချူဂျန်က လူပျောက်နေတာကို သတိထားမိသွားသည်။

“ရောဂါသည်က ဘယ်ရောက်သွားတာလဲ”

ချူဂျန်က လူရေတွက်လိုက်သည်။

“ဟိုမှာ”

ကူဒင်ဂျိက မျက်လုံးလျှင်သည်။ ချောက်ကမ်းပါးကို ညွှန်ပြလိုက်သည်။

လူတိုင်း လှည့်ကြည့်လိုက်လျှင် ထန်ထန်ယုထန်က မက်စောက်တဲ့ တောင်စောင်းပေါ်က လျှောချလာတာကို တွေ့လိုက်ရသည်။

ကျန်ရန်ဇောင် မကျေမနပ် ဖြစ်သွားသည်။ ထန်ထန်ယုထန် ပြန်လာပြီးနောက် ချက်ခြင်းပဲ မေးခွန်း ထုတ်လိုက်သည်။

“မင်းဘယ်သွားပြီး ဘာလုပ်နေတာလဲ”

"ဆေးရွက် သွားခူးတာ"

ထန်ထန်ယုထန်က လီဖန်ဆီ လျှောက်သွားရင်း ပါးစပ်ထဲက ဝါးနေတဲ့ ဆေးရွက်ကို ထွေးထုတ်လိုက်သည်။ ထို့နောက် လီဖန် ပါးစပ်ထဲသို့ ဆေးဝါးဖက်တွေ ထည့်ပြီး ရေတိုက်လိုက်သည်။ ထို့နောက် ပါးစပ်ထဲဝင်ရန် လည်ပင်းကို နှိပ်ပေးလိုက်သည်။

"အစိမ်းရောင် အဆိပ်တွေကို ရက်အနည်းငယ်အတွင်း အဆိပ်ဖြေမှ ဖြစ်မယ်။

ဒီလိုမှမဟုတ်ရင် တစ်ပတ်လောက် အိပ်ယာထဲ လှဲနေရမယ်”

ထန်ထန်ယုထန်က ရှင်းပြသည်။

ရောဂါသည်က အားသုံးပြီး ဆေးဆက်တိုက်နေတာ မြင်လိုက်လျှင် ဗလတောင့်တောင့်နဲ့ ကျန်ဇီတစ်ယောက် တုန်ယင်နေသည်။ အသံတိုးတိုးလေးနဲ့ “ငါတစ်ပတ်လောက် အိပ်ယာပေါ်လှဲနေရမှာလား”

“ငါလည်း အစိမ်းရောင် အဆိပ် မိထားတယ်။ ကျေးဇူးပြုပြီး ဆေးအတင်းမတိုက်ပါနဲ့”

ကူဒင်ဂျိက ဒီအခိုက်အတန့်တွင် ရှုံ့ရှာတဲ့ စိတ်ပေါက်နေသည်။ ဒါပေမယ့် နို့ကြီးကြီး ကောင်မလေးက တိုက်ကျွေးရင်တော့ မဆိုးဘူးလို့ ခံစားမိသည်။

ထုံးစံအတိုင်း အင်ဘိုင်ဝူဆိုလည်း အဆင်ပြေသည်။ သူမရဲ့ ရင်ဘက်က အနည်းငယ် သေးသော်လည်း လက်ခံနိုင်တဲ့ အတိုင်းအတာအတွင်းမှာ ရှိသေးသည်။ ဒါပေမယ့် လီဇီချီကတော့ လုံးဝ မဖြစ်နိုင်တာ သေချာသည်။

ဒီကျောင်းသားအသစ်ရဲ့ ကိုယ်ကျင့်တရားသည် အနည်းငယ် နိမ့်ကျသည်။

ဒီလို ခက်ခဲတဲ့ အခြေအနေကို ကြုံတွေ့လိုက်ရသဖြင့် သူတို့ရဲ့ အဆင့်က ဆိုးဝါးသွားလိမ့်မည်။ ဒါကို ချောင်ဒင်က လူတိုင်း သိနေသည်။ အခြခံအားဖြင့်တော့ 'စီ'အဆင့် တက်ဖို့ မဖြစ်နိုင်ပါ။

"ဒါက ပထမအကျော့ပဲ ရှိသေးတယ်။ ငါတို့ မရှုံးသေးဘူး"

လီရှန်ခုန်က လူတိုင်းကို အားပေးဖို့ ကြိုးစားလိုက်သည်။ သို့သော် သူကိုယ်တိုင်လည်း သူ့စကားကို မယုံကြည်ပါ။

လွန်ခဲ့တဲ့နှစ်ရဲ့ စံနှုန်းအရ ပြိုင်ပွဲ သုံးချီစလုံးသည် ပိုပိုပြီး ခက်ခဲလာလိမ့်မည်။

"လူတိုင်းက အခက်အခဲ ကြုံနေရတဲ့ ညီအစ်ကိုတွေပဲ"

ချိုင်ယောင်က "ဘာဖြစ်လို့ ဗဟိုပြည်နယ်အကယ်ဒမီနဲ့ ယာယီ မဖွဲ့ရမှာလဲ"

ဒီတစ်ခါတော့ ဝူရန် မလျှောင်တော့ပါ။

နောက်တစ်ခုက အဆင့်ကောင်းကောင်းလိုချင်ရင် ဖြတ်လမ်း လိုက်လို့မရပါ။ ပြီးတော့ လူသားမျက်နှာ ချောက်ကမ်းပါးကို ဖြတ်ဖို့ ကျန်သေးသည်။ ဒါကြောင့်လည်း ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအဖွဲ့သည် အကောင်ဆုံး မဟာမိတ် ဖြစ်နေသည်။

"သူတို့လက်မခံဖို့ ဖြစ်နိုင်ခြေ များတယ်။ မဟုတ်လား"

လီရှွန်ဂန်က သက်ပြင်းချရင်း ပြောလိုက်သည်။ အခုအချိန်မှသွားရင် လှောင်ပြောင်ခံရမှာ သေချာသည်။

ကျောင်းသားတိုင်း မျက်နှာ ပျက်နေကြသည်။ သူတို့က ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားများကို ပိုးဆိုးပက်စက် လှောင်ပြောင်ခဲ့မိသည်။

"ဝူရန်၊ မင်းစရိုက်က တော်တော်ဆိုးတာပဲ"

တစ်ယောက်ယောက်က စပြီး အပြစ်တင်လာသည်။

"ငါ ဘာမှားလို့လဲ"

ဝူရန်က အမှားကို ဝန်မခံချင်ပါ။

"တော်ပြီ။ အားလုံး ပါးစပ် ပိတ်ထားကြတော့"

လီရှန်ဂန် မတ်တပ်ရပ်ပြီး ပြောလိုက်သည်။

"ငါသွားပြီး တောင်းဆိုကြည့်လိုက်အုံးမယ်"

သို့သော်လည်း သူမသွားရသေးခင် ဗဟိုပြည်နယ် အကယ်ဒမီမှ ကျောင်းသားအသစ်အဖွဲ့သည် သူတို့ရဲ့ လူသုံးယောက်ကို ချန်ထားပြီး ထွက်သွားတာ မြင်လိုက်ရသည်။ အခြားလူတွေအားလုံးက

လူသားမျက်နှာ ချောက်ကမ်းပါး နံရံက အက်ကွဲကြောင်းထဲ ဝင်သွားသည်။

"ဘာလုပ်ဖို့ လုပ်နေကြတာလဲ"

ချိုင်ယောင် နားမလည်နိုင် ဖြစ်နေသည်။ ပုံစံကို ကြည့်ရတာတော့ သူတို့ရဲ့ လူသုံးယောက်ကို ချန်ထားခဲ့ပြီး အရင်သွားချင်တဲ့ ပုံပေါက်နေသည်။

"အဖမ်းခံရတဲ့ ကျောင်းသားနှစ်ယောက်ကို သူတို့ကိုယ်တိုင် ကယ်တင်ဖို့ လုပ်နေတာလား" ချမ်ချမ် စကားဆုံးခင် ဝူရန်က ဖြတ်ပြောလာသည်။

“ဘယ်လို ဖြစ်နိုင်မှာလဲ။ မရှုံးရင်တော့ ဒီလို မလုပ်နိုင်ဘူး”

ဝူရန်က ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်သည်။ အန္တရာယ်များတဲ့ ကိစ္စကို လုပ်လိုက်ရင် သေချာပေါက် သေသွားလိမ့်မည်။

လီရွှန်ခုန်က အရိုန်တင်ပြီး သူတို့နောက်ကို လိုက်သွားသည်။ ကျန်ရန်ဇောင်နဲ့ ခဏတဖြုတ် စကားပြောပြီးနောက် ပြန်လာခဲ့သည်။ ကျန်ရန်ဇောင်ရဲ့အဖွဲ့က လျှင်မြန်စွာ ဆက်လက် ချီတက်သွားသည်။

“အဖွဲ့ခေါင်းဆောင်၊ သူတို့က အဖမ်းခံရတဲ့ ကျောင်းသားနှစ်ယောက်ကို သွားကယ်တာ မဟုတ်ဘူး မှတ်လား”

လီရွှန်ခုန်က ပြန်ရောက်လာလျှင် ချိုင်ယောင် စိတ်စောပြီး မေးလိုက်သည်။

“အင်း”

လီရွှန်ခုန်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် လေးနက်တဲ့ မျက်နှာနဲ့ ဘေးမှာ ထိုင်ချလိုက်သည်။ အခြေခံအားဖြင့်တော့ သူသည် အခြားလူများကို ကယ်တင်ဖို့ မစဉ်းစားရဲပါ။ ဒီတစ်ခေါက်တော့

နှိုင်းယှဉ်စရာကို မလိုတော့ဘူး။ သူတို့အဖွဲ့ လုံးဝကို ရှုံးနေပြီ။

ဗဟိုပြည်နယ် အကယ်ဒီက ဒီနှစ်တွင် အဆင့်အမြင့်ဆုံး ဖြစ်နိုင်သည်။

အဖမ်းခံရတဲ့ သားကောင်နှစ်ယောက်သည် သေဆုံးသွားဖို့ များနေသည်။ သူတို့ ခေါင်းကိုက်ချင်လာသည်။

ဒီနေရာမှာက သိသိသာသာကို လျှိုဏ်ခေါင်း အရမ်းများလွန်းသည်။ ပင့်ကူဘယ်ပြေးသွားလဲဆိုတာ မသိနိုင်ပါ။

“ဘယ်လို ခြေရာခံရမလဲ သိလား”

ကျန်ရန်ဖောင် အားကိုးရာမဲ့စွာ မေးလိုက်သည်။

လူတိုင်း အကြည့်ခြင်း ဖလှယ်လိုက်သည်။ ခြေရာခံစွမ်းရည်နဲ့ ပက်သက်ပြီး ဘယ်သူက သီးသန့် လေ့ကျင့်ဖူးလို့လဲ။

“မင်းဘာတွေ စောင့်နေတာလဲ”

ရှန်ယွန်ပေါင်က ရောဂါသည်ကို တိုက်တွန်းလိုက်သည်။

ရှုတ်စ်

အကြည့်တိုင်းက ထန်ထန်ယုထန်ဆီ ရောက်သွားသည်။

"ခွင့်ပြုပါအုံး"

ထန်ထန်ယုထန်က အုပ်စုအရှေ့ကို ထွက်လာသည်။ မြေပြင်ရှိ သဲလွန်စများကို စစ်ဆေးပြီးနောက် လမ်းကြောင်းတစ်ခုကို ညွှန်ပြလိုက်သည်။

"မင်း သေချာလား"

ကူဒင်ဂျိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ ဒါက ဟာသမဟုတ်ပါ။ လမ်းပျောက်ရင်း

အချိန်ကုန်သွားပါက သူတို့အသက်အတွက် အန္တရာယ် ရှိသည်။

"အပွတ် အပွတ်၊ ငါ့ကို လာမရွေးနဲ့လေ"

ထန်ထန်ယုထန်က ပါးစပ်ကို လက်ကိုင်ပုဝါနဲ့ အုပ်ပြီး ချောင်းဆိုးနေသည်။ သူ့အသံက အေးဆေး တည်ငြိမ်နေပြီး ဘာမှ ခန့်မှန်းလို့ မရပါ။

"ငါတို့ကို လမ်းပြပါ"

ကျန်ရန်ဇောင်က လီဇီချီကို တစ်ချက်ကြည့်လိုက်လျှင် သူက ရောဂါသည်ကို

သံသယ မဝင်တာ မြင်လိုက်ရသည်။ ဆိုလိုတာက ထန်ထန်ယုထန်ကို သူမ ယုံကြည်သည်။

ထန်ထန်ယုထန်၏ အရှိန်က အကန့်အသတ် အထိရောက်လာသည်။

"အရှိန်လျှော့အုံး"

ကျန်ဇီက ညည်းတွားရင်း ပြောလိုက်သည်။

လှိုဖာ်ဂူက နက်မှောင်နေသည်။ မီးတိုင်ကို မီးညှိလိုက်သော်လည်း မြင်ကွင်း အနည်းငယ်ကိုသာ မြင်နေရသည်။

"ဇီချီ၊ သူက အားကိုးလို့ ရလား၊ မရဘူးလား"

ကျန်ရန်ဇောင်က ထန်ထန်ယုထန် အတည်ပြုတဲ့ နှုန်းက မြန်ဆန်လွန်းသဖြင့် မသေမချာ ခံစားလာရသည်။ အမဲလိုက်ခွေးတွေတောင် အနံ့ခံဖို့ ခဏတဖြုတ် ရပ်နားရသေးသည်။

"ပြဿနာ မရှိဘူး"

လီဇီချီသည် လုချီဟွာ ပြန်ပေးဆွဲခံရတဲ့အချိန်က ထန်ထန်ယုထန် ရှာတွေ့ခဲ့တဲ့ပုံကို ပြန်စဉ်းစားလိုက်မိသည်။

"ငါ သူတို့ကို တွေ့ပြီ။ ညာဘက်ခြမ်းလေးမှာပဲ ရှိလိမ့်မယ်"

ထန်ထန်ယုထန် ရုတ်တရုတ် ရပ်တန့်လိုက်သည်။ သူ့စကားက လူတိုင်းကို အံ့အော ထိတ်လန့်သွားစေသည်။

"ဘယ်လောက်ဝေးသေးလဲ" ကျန်ရန်ဇောင်က မေးလိုက်သည်။

"မီတာ ၅၀၊ ၆၀ လောက် လိုအုံးမယ်"

ထန်ထန်ယုထန်က တွက်ချက်ပြီး ပြန်ဖြေသည်။

"ဇီချီ၊ ငါတို့အတူတူ အမြန်တိုက်သင့်လား။ ဒါမှမဟုတ် ထောက်ပံ့ဖို့ တစ်ယောက်လောက် ချန်ထားသင့်လား"

ကျန်ရန်ဇောင်က လီဇီချီကို မေးလိုက်သည်။

"ဇီချီက အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ"

အင်ဘိုင်ဝူက သဘောကျစွာ သက်ပြင်းချလိုက်သည် ကျန်ရန်ဇောင် မာနကြီးပြီး အတ္တကြီးသည်။ အစပိုင်းတွင် အဖွဲ့ခေါင်းဆောင် ဖြစ်သောကြောင့် ကျန်တဲ့ လူများကို လျစ်လျူရှုပြီး အမိန့်ပေးခဲ့သည်။ အခုတော့ လီဇီချီရဲ့ ထင်မြင်ချက်ကို စပြီး တောင်းဆိုလာသည်။ ပြောချင်တာ လီဇီချီရဲ့ အရည်အချင်းကို အသိအမှတ် ပြုလိုက်ပြီ။

ဒီနေရာက ရှုပ်ထွေးလွန်းသည်။ လမ်းပျောက်လျှင် အပြင်ပြန်ထွက်ဖို့ မလွယ်ကူနိုင်ပါ။

"ငါတို့ အတူတူ ပြေးတက်သွားရင် မီးအားက ပိုအားကောင်းလိမ့်မယ်"

လီဇီချီက တွေဝေခြင်းမရှိဘဲ အကြောင်းပြချက် ပေးလိုက်သည်။

"ကောင်းပြီလေ။ ရှန်ယွန်ပေါင်၊ ကူဒင်ဂျိန့် ငါက ရှေ့ဆုံးက တိုက်မယ်။ ငါ ဒဏ်ရာရသွားရင် လီဇီချီက အဖွဲ့ခေါင်းဆောင် နေရာကို တာဝန်ယူလိမ့်မယ်"

ကျန်ရန်ဇောင်က ပြောပြီးတာနဲ့ ထွက်သွားပြီး ရှေ့ဆုံးမှာ ရပ်လိုက်သည်။

ဒီလိုအချိန်မှာ အဖွဲ့ခေါင်းဆောင်ရဲ့ ရဲစွမ်းသတ္တိက တစ်ဖွဲ့လုံးကို အားပေးနိုင်သည်။

ထင်ထားသလိုပဲ ကျန်ရန်ဇောင် လှုပ်ရှားပြီးနောက် အဖွဲ့ရဲ့ စိတ်ဓါတ်ရေးရာက မြင့်တက်လာသည်။

ထန်ထန်ယုထန်က ပေါ့ပေါ့ပါးပါး လေချွန်လိုက်သည်။

"လှုပ်ရှားကြတော့"

ကျန်ရန်ခေါင် အော်ဟစ်ပြီး ရှေ့ဆုံးက ပြေးတက်သွားသည်။ ဝမ်းနည်းစရာက ခြေလှမ်းအနည်းငယ်အတွင်းတွင် ရှန်ယွန်ပေါင်က သူ့ကို ကျော်တက်သွားသည်။

လီဇီချီသည် ပြေးသွားရင်း ခြေလှမ်းများကို ရေတွက်ကာ တိုင်းတာနေသည်။ နောက်ဆုံးတော့ ကျောက်ခဲတစ်ခုကို တိုက်မိပြီး လဲကျသွားသည်။ ကံကောင်းထောက်မစွာ ထန်ထန်ယုထန်ရဲ့ တုန့်ပြန်မှုက လျှင်မြန်ပြီး သူမကို ထိန်းပေးလိုက်နိုင်သည်။

"ရေတွက်စရာ မလိုဘူး။ ငါတွက်ထားတယ်"

ထန်ထန်ယုထန်ကို သူမကို နှစ်သိမ့်လိုက်သည်။ လီဇီချီ ဒီလိုလုပ်လိမ့်မယ်လို့ သူ ခန့်မှန်းပြီးသားပါ။

သူတို့သည် မီတာ ၅၇ မီတာလောက် ပြေးလာပြီးနောက် ဘဲဥ ပုံဏ္ဍာန် လှိုဏ်ဂူထဲသို့ ရောက်လာကြသည်။ ပိုင်ကွန်ချီနှင့် ဝူဂျိတန်ကို ပင့်ကူမျှင်များနဲ့ ပိုးတုံးလုံးပုံစံ ထုပ်ပိုးထားသည်ကို တွေ့လိုက် ကြရသည်။ သူတို့သည် ခေါင်းများကိုသာ ချန်ထားပြီး မျက်နှာကျက်ကနေ ဇောက်ထိုး

တွဲလောင်းကျနေသည်။ သူတို့အပြင် ချောင်ဒင်က ကံမကောင်းတဲ့ လူတချို့လည်း ရှိသေးသည်။

"သူတို့ကို ကယ်လိုက်"

ကျန်ရန်ဇောင် အသံပျောက်သွားတာနဲ့ လီဇီချီက သူမ၏ ဓါးကို ဝှေ့ယမ်းလိုက်သည်။ အဖြူရောင်ဌက်ဖြူနှစ်ကောင် ပျံသန်းထွက်သွားပြီး ပင့်ကူပိုးအိမ်ကို ခွဲလိုက်သည်။

ရှန်ယွန်ပေါင်နှင့် ကျန်တဲ့လူတွေက ခုန်ပြီး မေ့နေတဲ့ လူတွေကို ဖမ်းလိုက်သည်။

"ပြန်ဆုတ်"

ကျန်ရန်ဇောင်က အုပ်စုကို ဦးဆောင်ပြီး လာရာလမ်းအတိုင်း ပြန်ဆုတ်ခွာလာသည်။

“ငါကတော့ နောက်ကျသွားမှာ စိုးရိမ်တယ်”

ထန်ထန်ယုထန်က မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

“ဘာမှားနေလို့လဲ”

လုချီဟွာ အရမ်းစိုးရိမ်လာသည်။

“ငါတို့ ဖောက်ထွင်း ဝင်ရောက်လာရတာ အရမ်းလွယ်တယ်လို့ မထင်ဘူးလား”

ထန်ထန်ယုန်ထန်သည် ရုတ်တရုတ် အားကုန်သုံးပြီး မီးတိုင်ကို လွှင့်ပစ်လိုက်သည်။

ဖောက်စ်

မီးတိုင်က မြေပြင်ပေါ်သို့ ကျသွားသည်။ အဲဒီနေရာတစ်ဝိုက်တွင် လင်းထိန်သွားလျှင် သူတို့ကို စောင့်နေတဲ့ ကြောက်စရာ ပင့်ကူ အုပ်ကြီးကို မြင်လိုက်ရသည်။

ပင့်ကူတွေက သူတို့အဖွဲ့ကို ဝိုင်းထားသည်။

“ချောင်ဒင်ကျောင်းက ဆရာတွေရဲ့ တုန့်ပြန်မှုက လျှင်မြန်မယ်လို့ ထင်နေတာ။ ဒါကြောင့်လည်း

သူတို့နောက်ကလိုက်လာခဲ့တာ။ သူတို့က ပင့်ကူတွေနဲ့တိုက်ခိုက်နေတဲ့အချိန်ကို အခွင့်အရေးယူပြီး အဖမ်းခံရတဲ့ လူတွေကို ကယ်တင်နိုင်ခဲ့တယ်။ ဒါပေမယ့် သူတို့ရဲ့ တုန့်ပြန်မှုက နှေးကွေးလွန်းတယ်”

လီဇီချီက မချိပြုံးပြုံးရင်း ပြောလိုက်သည်။

“ဒါအမှန်ပဲ”

ထန်ထန်ယုထန်ရဲ့ ရည်ရွယ်ချက်ကလဲ အတူတူပဲဖြစ်နေသည်။ ဒီလိုသာ မဟုတ်ခဲ့ရင် သူတို့သေချာပေါက် အန္တရာယ် ကင်းလိမ့်မည်။

ဘယ်လိုပဲ ပြောပြော ပင့်ကူအသိုက်က ဒီလိုမျိုး တရကြမ်း ဝင်လာသင့်တဲ့ နေရာ မဟုတ်ပါ။

"အခုမှတော့ ပြောဖို့ နောက်ကျနေပြီ။ လမ်းကြောင်းအတွက် သတ်ဖြတ်ကြစို့"

ရှန်ယွန်ပေါင်က လှံကိုထုတ်ပြီး တိုက်ခိုက်ဖို့ ပြင်ဆင်လိုက်သည်။

"မဟုတ်ဘူး။ မင်းလုံးဝကို မလှုပ်ရဘူး"

ထန်ထန်ယုထန်က သူ့ကို တားလိုက်သည်။ အသံတွေကနေတဆင့် ပင့်ကူတွေက ရာဂဏာန်း ဒါမှမဟုတ် ထောင်ဂဏာန်းလောက် ရှိမယ်လို့

ခန့်မှန်းထားသည်။ လမ်းကြောင်းရဖို့ တိုက်ခိုက်ချင်ရင်တောင် ခက်ခဲလွန်းသည်။

အခန်း (၃၃၀) - ပြိုင်ဘက်ကင်း ဇဝနညာဏ်။

လှိုဏ်ဂူထဲမှာ ဆူညံသံတွေ ကြားနေရသည်။ လူမျက်နှာ ပင့်ကူများရဲ့ ခြေထောက် ပွတ်တိုက်သံများလည်း ကြားနေရသည်။ ပြီးတော့ သူတို့ မျက်လုံးအစုံက အစိမ်းရောင် တောက်ပနေပြီး အမှောင်ထဲတွင် အရမ်းကြောက်ဖို့ ကောင်းနေသည်။

"ငါတို့ ဘာလုပ်ကြမလဲ။ ဒီကပဲ စောင့်နေကြမလား။ ပင့်ကူတွေ ပိုများလာရင် ဘယ်လိုလုပ်မလဲ"

ဇန်ဂန်က စိုးရိမ်မှုကြောင့် ဒေါသတကြီး ပြောလိုက်သည်။

"ဇီချီ မင်းမှာ အကြံရှိသေးလား"

ကျန်ရန်ဧောင်က မေးလိုက်သည်။ စောင့်မယ် ဟုတ်လား။ လူသားမျက်နှာနဲ့ ပင့်ကူများက အနေးနဲ့ အမြန် တိုက်ခိုက်လာမှာ ဖြစ်သဖြင့် သေချာပေါက်

မဖြစ်နိုင်ပါ။ ပြီးတော့ သူတို့မှာ ကျန်တဲ့ အချိန်တွေကလည်း သိပ်မရှိတော့ပါ။

"လာ၊ ဒီဆေးပင်တွေကို ဝါးလိုက်"

ထန်ထန်ယုထန်က အရွက်တချို့ကို ဝါးရင်းပြောသည်။ အပင်တွေအစုလိုက် ဝါးရန် သေသေချာချာ ရှင်းပြသည်။

"ဆေးပင်တွေကို သေသေချာချာ ဝါးပြီး အစိတ်စိတ်အမွှာမွှာဖြစ်အောင် လုပ်ပါ။ ပြီးတော့ ဆေးပင်တွေကနေ အရည်ထွက်လာအောင် လုပ်ကြ။ အရည်ကို မမြိုချမိအောင်လည်း သတိထားအုံး"

“အခုမှ သားကောင်ဖြစ်တဲ့လူတွေကို ဘာဖြစ်လို့ စိတ်ပူနေမှာလဲ”

ကူဒင်ဂျိက ဒေါသတကြီး ပြောလိုက်သည်။

စိတ်ဓါတ်ကျနေတဲ့အတွက် တစ်ယောက်မှလည်း သူ့ကို အပြစ်မတင်ပါ။ ပိုင်ကွန်ဂျီနှင့် ဝူဂျိတန်အပြင် ချောင်ဒင်မှ ကျောင်းသားလေးဦးလည်း သတိလစ်သွားသည်။ နောက်တွဲတွေအများကြီး ရှိတော့လဲ ဘာလုပ်လို့ရမှာလဲ။ သူတို့ကို ချန်ထားခဲ့ ရမှာလား။

ကူဒင်ဂျိသည် ပတ်ဝန်းကျင်ကို တိတ်တဆိတ် အကဲခတ်လိုက်သည်။ တခြားသူတွေမှာလည်း ဒီလို စိတ်ကူးရှိမှာ သူယုံကြည်ပေမယ့် ဒီအချက်က လူသားမဆန်လွန်းတာကြောင့် ဘယ်သူမှ ထုတ်မပြောရဲကြပါ။

"ဒါဆိုလည်း သူတို့ကို မြန်မြန် သတိပြန်ရအောင် လုပ်ကြတာပေါ့"

ထန်ထန်ယုထန်က မြန်တာလည်းမဟုတ် နှေးတာလည်း မဟုတ်တဲ့အရှိန်နဲ့ ပြောလိုက်သည်။

"ပညာသင်ဘက် မောင်လေး၊ နင်သေမှာ မကြောက်ဘူးလား"

လုချီဟွာ သိချင်နေသည်။

ရောဂါသည်က ခနဲ့တဲ့တဲ့ လေသံဖြင့် "ငါတို့အားလုံးက အနေးနဲ့ အမြန် သေမှာပဲ"

"အဲဒီအစား ပိုအဓိပ္ပါယ်ရှိတဲ့ တစ်ခုခု ပြောပါလား"

ဇန်ဂန် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။ သူ မသေချင်သေးပါ။

"ဆွန်းမိုရဲ့ တပည့်တွေက ဘယ်လိုလူတွေလဲ"

ကျန်ရန်ဇောင် ခေါင်းကျိန်းချင်သလို ဖြစ်သွားသည်။

ရှန်ယွန်ပေါင်၊ အင်ဘိုင်ဝူနှင့် ထန်ထန်ယုထန်တို့သည် အကြွင်းမဲ့ တည်ငြိမ်နေကြသည်။ ကျယ်လောင်မောဟိုက်စွာ အသက်ရှူနေကြတဲ့ ကျန်တဲ့လူတွေနဲ့ မတူပါ။ သူတို့ရဲ့ အသက်ရှူသံက ပုံမှန်ပဲ ဖြစ်နေသည်။

လီဇီချီက ကြောက်လန့်နေသော်လည်း ဉာဏ်ကို အသုံးပြုကာ ဖိနှိပ်ထားသည်။ အဲဒီနောက်

အခြေအနေကို ဖြေရှင်းရန် ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားနေသည်။

လုချီဟွာက လုံးဝကို မကြောက်တဲ့ ပုံစံပါ။ သူမက ထန်ထန်ယုထန်နဲ့ အေးအေးဆေးဆေး စကားပြောနေပြီး အကြောင်းအရာကတော့ ထန်ထန်ယုထန်က ကြောက်သလား ၊ မကြောက်ဘူးလား ဖြစ်နေသည်။

ချူဂျန်က ဆေးပင်ကိုယူကာ ဝါးလိုက်ပြီး ထွေးထုတ်ကာ ပိုင်ကွန်ဂျီနှင့် ဝူဂျိတန် ပါးစပ်ထဲသို့ ထည့်လိုက်သည်။

သူ့ကိုင်တဲ့ပုံက နည်းနည်းတော့ ကြမ်းသည်။

“ငါတို့ ထပ်မစောင့်တော့ဘူး။ တွေဝေနေတာကို ရပ်လိုက်တော့။ ရှန်ယွန်ပေါင်၊ ဇန်ဂန် ငါထွက်သွားရင် မင်းတို့က ရှေ့တန်းကို တာဝန်ယူ”

ကျန်ရန်ဖောင်က အံ့ကြိတ်ကာ ပြောလိုက်သည်။ ဒါက သူပေးခဲ့တဲ့ အမိန့်ဖြစ်သည်။ ဒါကြောင့် သူကပဲ အဆုံးသတ်ပေးရလိမ့်မည်။

“မဟုတ်ဘူး။ ဒီအခြေအနေမှာ ဘယ်သူပဲ နောက်တန်းမှာနေနေ သေမှာပဲ”

လီဇီချီ ငြင်းလိုက်သည်။

"ငါတို့ထဲက အများစု လွတ်မြောက်ရင် ပိုကောင်းတာပေါ့'

ကျန်ရန်ဖေါင်မှာလည်း ရွေးချယ်စရာ မရှိပါ။ "ရှန်ယွန်ပေါင်ကို မင်းကိုငါ ထားခဲ့လိုက်မယ်။ မြန်မြန်ပြေးပြီး အချက်ပြမီးကို လွှတ်လိုက်"

"ငါက အနောက်မှာနေပြီး ကာကွယ်ပေးမယ်"

ရှန်ယွန်ပေါင်က ငြင်းလိုက်သည်။

"ငါ....ငါ...."

ဇန်ဂန်လည်း ဒါကိုပြောချင်ပေမယ့် ပြောမထွက်ဖြစ်နေသည်။ နောက်မှာနေတဲ့လူက

သေဖို့ ရာခိုင်နှုန်း ရှစ်ဆယ်ကနေ ကိုးဆယ်အထိ ရှိသည်။

"ဇီချီ၊ ချီဟွာ ငါ့နောက်ကနေ ကပ်လိုက်ခဲ့။" အင်ဘိုင်ဝူက တခြားသူတွေကို ဂရုမစိုက်ပါ။ ဒါပမယ့် ဒီမိန်းကလေးနှစ်ယောက်ကတော့ ဆရာအရမ်းချစ်တဲ့ တပည့်တွေပါ။ သူမ သေရမယ်ဆိုရင်တောင် သူမတို့ ဘေးကင်းဖို့အတွက် အကောင်းဆုံးကြိုးစားသွားမည်။

"ပညာသင်ဘက် ညီမလေး"

လီဇီချီ အရမ်းခံစားသွားရသည်။ သူမက အမကြီး ဖြစ်သော်လည်း အသုံးမဝင် ဖြစ်နေသည်။

"မလန့်ကြပါနဲ့။ ငါ့မှာ တခြားဖြေရှင်းနည်း ရှိပါတယ်"

လီဇီချီက ဘယ်ဘက်လက်နဲ့ ပါးစပ်ကို အုပ်ပြီးပြောလိုက်သည်။ သူမက လက်မ၏ လက်သည်းများ အဆက်မပြတ်ကိုက်ကာ ဦးနှောက်ကို တုန်ခါစေသည်။ တောကြက်ဥလေးသည် စိတ်ထဲကနေ ဖတ်ဖူးတဲ့ စွန့်စားခန်း ဇာတ်လမ်းများကို လျှင်မြန်စွာ စဉ်းစားနေသည်။

အဖွဲ့ထဲတွင် လူ့ဆယ့်ငါးယောက်ရှိသည်။ သူတို့ရဲ့ အားနည်းချက်နဲ့ အားသာချက်များကို စိတ်ထဲက တွေးနေသည်။

ပြီးတော့ လူသားမျက်နှာ ပင့်ကူများရဲ့ နေထိုင်မှု ဓလေ့၊ အမဲလိုက်တဲ့ပုံစံ နှင့် သူတို့မျိုးနွယ်များရဲ့ အထူးလက္ခဏာများ……

ရုတ်တရက် လီဇီချီ၏ မျက်လုံးများ တောက်ပလာသည်။

“ကျန်ရန်ဇောင် ဘုရင်မ (သားဖွားမိခင်)ကို သွားရှာရအောင်”

လီဇီချီက ပြောလိုက်သည်။

“မင်း ရူးသွားပြီလား”

“ငါတို့သေတာ နေ့းမှာ စိုးရိမ်နေတာလား”

“ဘာဖြစ်လို့ ဘုရင်မကို ရှာမှာလဲ။ ညှိနှိုင်းဖို့လား”

ကျန်တဲ့ ကျောင်းသားတွေကလည်း လီဇီချီကို အကြောင်းပြချက်မေးပြီး လှောင်ပြောင်နေကြသည်။

“ဘာဖြစ်လို့လဲ”

ကျန်ရှန်ဇောင်လည်း နားမလည် ဖြစ်နေသည်။

“ရောဂါသည် အဆင်ပြေရင် နင်ရှင်းပြလိုက်”

လီဇီချီသည် အစီအစဉ်ရဲ့ နောက်ပိုင်းကို စဉ်းစားဖို့ လိုအပ်နေသေးသည်။ ထန်ထန်ယုထန်၏ ဉာဏ်ရည်ဉာဏ်သွေးကြောင့် သူမရဲ့ တိုက်ပွဲဗျူဟာကို သေချာပေါက် နားလည်လိမ့်မည်။

“လီဇီချီက ဘုရင်မ(သားဖွားမိခင်)ကို သားရဲ ဝိညာဉ်ထိန်းချုပ်ခြင်း အသုံးပြုမလို့ စီစဉ်နေတယ်။ ငါတို့က သူမကို ထိန်းချုပ်နိုင်သ၍ ဒီပင့်ကူမျိုးနွယ်တွေကို ထိန်းချုပ်ထားနိုင်လိမ့်မယ်”

ထန်ထန်ယုထန်က ရှင်းပြသည်။

ချောင်ဒင်က ကံမကောင်းတဲ့ အရှုံးများ လိုဏ်ဂူထဲ ဝင်သွားပြီးနောက် ထန်ထန်ယုထန်သည် တစ်ခုခု မှားနေကြောင့် သတိထားလိုက်မိသည်။ အဲဒီအချိန်မှစပြီး ပြဿနာ ကြုံလာပါက ဘယ်လို ဖြေရှင်းမလဲဆိုတာ စပြီး စဉ်းစားလာခဲ့သည်။

(ဒီတောကြွက်ဥလေး က အထင်ကြီးစရာပဲ) ထန်ထန်ယုထန် တိတ်တိတ်လေး ချီးကျူးလိုက်သည်။

“ဒါက ဟာသလား”

ဇန်ဂန်က ဒေါသတကြီး အော်ဟစ်သည်။

“ပင့်ကူတွေက ဘာဖြစ်လို့ မတိုက်ခိုက်သေးတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ ပင့်ကူတွေက စစ်တပ်တစ်ခုလို ငါတို့ကို ဝိုင်းထားလိုက်ပြီ။ ဒါကြောင့် ငါတို့က ထွက်လမ်းကို ပြန်ဆုတ်ချင်ရင် ပင့်ကူ အများကြီးနဲ့ ရင်ဆိုင်ရလိမ့်မယ်။ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်တော့ ဘုရင်မ ရှိတဲ့နေရာက အခုအချိန်မှာ ပင့်ကူနည်းနေဖို့ များတယ်”

ထန်ထန်ယုထန်ရဲ့ လေသံက မသေချာမှုတွေ များနေသည်။ ဒါကြောင့် ဇန်ဂန်သည် ဒေါသထွက်ပြီး ပြေးထိုးချင်စိတ် ပေါက်နေသည်။

"မဟုတ်ဘူး"

ကျန်ရန်ဖောင်က ငြင်းလိုက်သည်။ "ပထမ တစ်ချက်က ဘုရင်မကို ရှာဖို့ နည်းလမ်း မရှိဘူး။ ဒုတိယအချက်အနေနဲ့ ငါတို့က သူမကို ကျွန်ခံစေချင်ရင် ထိတွေ့ ဆက်ဆံဖို့ အချိန်အများကြီး လိုတယ်။ တကယ်လို့ ငါတို့က အတင်းအကြပ်

ကျွန်ခံခိုင်းရင်လဲ ဘုရင်မရဲ့ ခွန်အားက အရမ်းကြီးမားနေနိုင်တယ်”

သားရဲ ထိန်းချုပ်သူက ဝိညာဉ်သားရဲအဖြစ် သိမ်းသွင်းလိုပါက နည်းလမ်း နှစ်ခုရှိသည်။ တစ်ခုက ဆွန်းမိုနှင့် ငွေကလေးတို့ လုပ်ခဲ့တဲ့ နည်းလမ်းအတိုင်း နှစ်ဖက်စလုံး တန်းတူညီမျှ ဆက်ဆံရေးပုံစံ အပြန်အလှန် သဘောတူညီမှုယူပြီး နှောင်ကြိုးဖွဲ့တာ ဖြစ်သည်။ ဒုတိယနည်းကတော့ အတင်းအကျပ် ကျွန်ခံခိုင်းတာ ဖြစ်သည်။

ဒုတိယနည်းက အဲဒီသတ္တဝါကို နှိမ်နင်းရန် သိုင်းအစွမ်းကို အသုံးပြုရမည်။ ဒါပေမယ့် အဲဒီလိုလုပ်ပါက သားရဲ့၏ သစ္စာဖောက်နိုင်ခြေ များသည်။ ပြီးတော့ သားရဲ ဉာဏ်ရည်မြင့်မားလေလေ ကျွန်ခံဖို့ အခွင့်အရေးနည်းလေလေ ဖြစ်သည်။ လုချီဟွာက ရုတ်တရက် လက်မြှောက်ပြီး “ဘုရင်မ နေရာကို ရှာပေးနိုင်တယ်”

“ဘယ်လို”

လီဇီချီကလည်း ဒီပြဿနာကို စဉ်းစားနေသည်။ လုချီဟွာသည် အင်ဘိုင်ဝူ

မြွားကျည်တောက်ထဲက မြွားတစ်ချောင်း ယူလိုက်သည်။ အဲဒီနောက် သူမသည် ဆုတောင်းခြင်း ရွတ်ဖတ်ခြင်း မလုပ်ဘဲ တန်းပြီး ပစ်ချလိုက်သည်။

မြွားက ပြုတ်ကျနေပြီး ကိုးနာရီ လမ်းကြောင်းကို ညွှန်ပြနေသည်။

"အဲဒီနေရာမှာ ဘုရင်မ ရှိနေတယ်"

လုချီဟွာက ယုံကြည်ချက် ရှိရှိနဲ့ ပြောလိုက်သည်။

ကျောင်းသားတွေ အရမ်းအံ့အော မှင်တက်နေကြသည်။

ကျန်ရန်ဖောင် မျက်နှာ ချက်ခြင်း မည်းမှောင်သွားသည်။ အခြေအနေတွေ အရမ်းခက်ခဲနေလို့ပါ။ ဒီလိုမှမဟုတ်ရင် လုချီဟွာရဲ့ ဆွေစဉ်မျိုးဆက်ကို ကျိန်ဆဲနေမိမည်။

(ဒီလိုအချိန်မှာတောင် ဟာသလုပ်နေတာလား)

"ငါးသလဲထိုးလေး ဘယ်မှာလဲ။ ဘုရင်မကို ရှာပေးနိုင်မလား"

လီဇီချီက အသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

ဝိညာဉ်ချီနဂါးသည် ဝိညာဉ်ချီ အာရုံခံမှုတွင် အရမ်းကို အကဲဆတ်လွန်းသည်။

ဒီအာရုံခံစားမှုသည် ဝိညာဉ်ကျောက်တုံး မိုင်းတွေ၊ ဆေးပင်တွေသာမက အစွမ်းထက်တဲ့လူ၊ ရက်စက်ကြမ်းကြုတ်တဲ့ သားရဲများ နှင့် ပိုးကောင်များလည်း ပါဝင်ပြီး အကန့်အသတ် မရှိပါ။

ဒီနေရာက ကျွမ်းကျင်သူများတွင် အရမ်းများပြားတဲ့ ဝိညာဉ်ချီ များရှိနေသည်။

"အမှန်ပဲ၊ ဘာလို့ မေ့နေရတာလဲ မသိဘူး"

"အမှန်ပဲ၊ ဘာဖြစ်လို့ မေ့နေရတာလဲ"

လုချီဟွာက သူမနဖူးကို သူမပုတ်လိုက်သည်။ ထို့နောက် လက်မကို ကိုက်ကာ လက်ဖဝါးပေါ်တွင်

လျှို့ဝှက်ဆန်းကြယ်တဲ့ ပုံတစ်ပုံကို ရေးဆွဲလိုက်သည်။ လက်ဆတ်တဲ့ သွေးကို အသုံးပြုထားသည်။ အဲဒီနောက် လက်ခုပ်တီးကာ ဝိညာဉ်ချီကို ထည့်သွင်းလိုက်သည်။

ဘုန်း

အဖြူရောင် မြူခိုးတစ်လုံး ပေါက်ကွဲထွက်လာသည်။ အဲဒီနောက် ဝိညာဉ်ချီ နဂါးက လုချီဟွာ အရှေ့တွင် ပေါ်လာသည်။

ဆွန်းမိုက လုချီဟွာကို သင်ပေးထားတဲ့ သားရဲဝိညာဉ်ထိန်းချုပ်ခြင်း ပညာပါ။ ဝိညာဉ်သားရဲ

ဘယ်နေရာမှာပဲ ရှိနေပါစေ ဒီပညာကို အသုံးပြုနေတဲ့ ကာလပတ်လုံး ဆင့်ခေါ်လို့ ရသည်။

ဒါပေမယ့် ဝိညာဉ်သားရဲက ပိုးဝေးလေလေ ဝိညာဉ်ချီ ပိုကုန်လေလေ ဖြစ်သည်။

"မင်းတကယ်ပဲ ကိုယ်ပိုင် ဝိညာဉ်သားရဲကို မေ့နေတာလား"

ကျန်ရန်ဇောင် စကားမပြောနိုင် ဖြစ်နေသည်။ ဒီကောင်မလေးက သိပ်အားကိုးမလို့ မရဘူးလို့ ခံစားရသည်။

ဂျီ ဂျီ

ငါးသလဲထိုးလေးသည် ပေါက်ချလာပြီးနောက် လုချီဟွာ လက်မောင်းတွင် ရစ်ခွေလိုက်သည်။

"ဟီး ဟီး"

လုချီဟွာက ရယ်မောပြီး ငါးသလဲထိုးလေး ခေါင်းကို ပုတ်လိုက်သည်။ အဲဒီနောက်မှာတော့ အိတ်ကပ်ထဲကနေ ပေါက်ပေါက်ဆုပ် လက်တစ်ဆုပ်စားကို ထုပ်ပြီး ဝိညာဉ်ချီ နဂါးကို ကျွေးလိုက်သည်။

ဒီပေါက်ပေါက်ဆုပ်သည် ဆွန်းမို လုပ်ပေးထားတဲ့ သရေစာ ဖြစ်သည်။ ပြောင်းဖူးကို သကြားလိမ်းပြီး

ပေါက်သည်အထိ အပူပေးထားခြင်း ဖြစ်သည်။ အရမ်းကို အရသာရှိသည်။

"အမ်။ ဒီအခြေအနေကြောင့် ငါတို့က စိုးရိမ်ရမှာလား၊ မစိုးရိမ်ရဘူးလား"

ချူဂျန် စကားမပြောနိုင် ဖြစ်နေသည်။

"အို"

အစက တခစ်ခစ်နဲ့ ရယ်မောနေသည့် လုချီဟွာသည် အပြုံးချက်ခြင်း ပျောက်သွားပြီး ကြောက်ရွံ့တဲ့ ပုံစံ ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချူဂျန် မျက်လုံးမှိတ်ထားသည်။ (မေ့လိုက်တော့ ၊ ငါမကြည့်တော့ဘူး)

"ငါးသလဲထိုးလေ၊ ဘုရင်မ(သားဖွားအမေ)ကို ရှာပေးနိုင်မလား)

လီဇီချီက မေးလိုက်သည်။ တကယ်လို့ ဒီနေရာမှာ သာမန် ဝိညာဉ်သားရဲ ဖြစ်ပါက လီဇီချီရဲ့ စကားကို နားမလည်နိုင်ပါ။ ဒါပေမယ့် ဝိညာဉ်ချီ နဂါးအတွက်တော့ ပြဿနာ မရှိနိုင်ပါ။ ငါးသလဲထိုးလေး ပျံသန်းလာပြီး ခဏလောက်

ရပ်တန့်သွားသည်။ အဲဒီနောက် အသံပြုလိုက်ပြီး အမြီးက ဂူတစ်ခုဆီ ညွှန်ပြလိုက်သည်။

လူတိုင်းလှည့်ကြည့်ပြီး စကားမပြောနိုင် ဖြစ်နေကြသည်။ လုချီဟွာ လမ်းညွှန်တဲ့နေရာနဲ့ တူနေသည်။ သူမရဲ့ ခန့်မှန်းမှုက တကယ်ပဲ မှန်နေတာလား”

“ကံကောင်းတာ၊ တကယ်ပဲ ကံကောင်းတာ ဖြစ်မယ်”

ကူဒင်ဂျိ တိုးတိုးလေး ရေရွတ်နေသည်။

‘အဖွဲ့ခေါင်းဆောင် အမိန့်ပေးပါ”

လီဇီချီက တိုက်တွန်းလိုက်သည်။ ပင့်ကူတွေက ရှေ့တိုးလာနေပြီ။

ကျန်ရန်ဇောင် စကားမပြောနိုင်သေးပါ။ ထွက်ပြေးဖို့ ရွေးချယ်ခဲ့လျှင် သူတို့ထဲက တချို့ အသက်ရှင်နိုင်သေးသည်။ တကယ်လို့ ဘုရင်မအား ကျွန်ခံခိုင်းရန် ကြိုးစားပြီး ကျရှုံးခဲ့ပါက အားလုံး သေရလိမ့်မည်။ အကူညီတောင်းဖို့ အချက်ပြရန်တောင် အချိန်မရ ဖြစ်သွားမည်။

"မြန်မြန် အချိန်မရှိတော့ဘူး"

ချူဂျန်က တိုက်တွန်းလိုက်သည်။ အကြံဆိုးရင်တောင် ဘာအကြံမှမရှိတာထက် ကောင်းသေးသည်။

"အားလုံးသတိထား။ ဘုရင်မရဲ့ အသိုက်ထဲကို ဝင်မယ်။ ချီဟွာ၊ ယုထန်၊ ကူဒင်ဂျိ ၊ မင်းတို့သုံးယောက်က သတိလစ်နေတဲ့လူတွေကို တာဝန်ယူပါ"

လီဇီချီက အမိန့်ပေးလိုက်သည်။

ဒါက အားလုံးရဲ့ သေခြင်း၊ ရှင်ခြင်းနဲ့ သက်ဆိုင်နေသောကြောင့် ကျန်ရန်ဖောင်သည်

သဘောတူတာလဲ မလုပ်သလို ကန့်ကွက်တာလဲ မလုပ်ပါ။ တကယ်ကို ဆုံးဖြတ်ချက် မချရဲ ဖြစ်နေသည်။ ဒါက လူတွေရဲ့ အသက်ပါ။ စကားတစ်ခွန်းတည်းနဲ့ သေခြင်း၊ ရှင်ခြင်းကို ဆုံးဖြတ်သွားလိမ့်မည်။

"ချူဂျန်၊ ရှန်ယွန်ပေါင်နဲ့ အင်ဘိုင်ဝူ မင်းတို့က ရှေ့ဆုံးကနေ တိုက်ခိုက်ကြ။ ကျန်ဂန်၊ ကျန်ရန်ဇောင် မင်းတို့နှစ်ယောက်က နောက်တန်းကို ကာကွယ်ကြ။ သွားကြစို့၊ သွား သွား"

လီဇီချီက ဧှက်ဖြူခါးရှည်ကို ကိုင်ကာ ဝှေ့ယမ်းပြီး အော်ဟစ်လိုက်သည်။

"ဆရာ့အတွက်"

"ဒါက အသက်ရှင်ဖို့ မဖြစ်သင့်ဘူးလား။ ချန်ပီယံ ဆုအတွက်လို့ အော်ရင်တောင် လက်ခံလို့ ရသေးတယ်။ 'ဆရာ့အတွက်' ဆိုတာ ဘာပြောချင်တာလဲ။ ဘယ်လောက်တောင် ကိုးကွယ်နေတာလဲ"

ကျန်ရန်ဖေါင်က သူမကို ဝေဖန်လိုက်သည်။ အခြေအနေက ဒီလို ဖြစ်သွားမှတော့

နောက်ပြန်လှည့်စရာ မရှိတော့ပါ။ လီဇီချီ အော်ဟာစ်နေတုန်း ပင့်ကူများက အလန့်တကြား တိုက်ခိုက်လာသည်။

ထန်ထန်ယုထန်က လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။ သူမရဲ့ ကြွေးကြော်သံက စိတ်ဓါတ် မြှင့်တင်ပေးရုံသာမက ပင့်ကူများကိုလည်း ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ပြီးသား ဖြစ်သွားသည်။ ကျောင်းသားအားလုံး ဒီအစီအစဉ်ကို လိုက်နာရုံမှအပ ရွေးချယ်စရာ မရှိတော့ပါ။

တကယ်တော့ ထန်ထန်ယုထန်မှာလည်း လီဇီချီနဲ့ တူညီတဲ့ အစီအစဉ် ရှိသည်။ ပင့်ကူများတိုက်ခိုက်လာပါက လူတိုင်းသည် အဲဒီဖိအားကြောင့် အစီအစဉ်အတိုင်း လိုက်နာရလိမ့်မည်။

လီဇီချီသည် ဒီလို အန္တရာယ်များတဲ့ အခြေအနေ ရောက်နေတာတောင် အရာအားလုံးကို အသေးစိတ် တွက်ချက် နိုင်သေးသည်။ အစီအစဉ် အဆင့်ဆင့် ရေးဆွဲနိုင်သေးသည်။ အမှန်တကယ်ကို အထင်ကြီးမိသည်။

"သူတို့ အားလုံးကို သတ်"

ရှန်ယွန်ပေါင်က ဦးဆောင်ပြီး ပြေးသွားပေမယ့် အင်ဘိုင်ဝူရဲ့ မြွားက အရင်ရောက်သွားသည်။ မှောင်ထဲတွင် တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့ မြွားက တောက်ပနေပြီး အရမ်းကို လှပနေသည်။

ဘောင်း ဘောင်း ဘောင်း

ကိုးနာရီထောင့်တွင် ပင့်ကူ ဆယ်ကောင်သည် ချက်ခြင်း သေဆုံးသွားသည်။ ရုတ်တရုတ်ဆိုသလို ရှန်ယွန်ပေါင်အတွက် ဘာမှ မကျန်ခဲ့ပါ။

လီဇီချီရဲ့ ခန့်မှန်းမှုက မှန်ကန်နေသည်။ လူသားမျက်နှာ ပင့်ကူများသည် သူတို့အား အမဲလိုက်ရန် စုဝေးနေသော်လည်း ဘုရင်မဆီကို သွားတဲ့ လမ်းကြောင်းက အကာအကွယ် နည်းနေသည်။

"ပင့်ကူတွေ ထပ်မရှိတော့ဘူး"

ရှန်ယွန်ပေါင်က "ငါတို့ ဘယ်သွားရမလဲ"

"ငါးသလဲထိုးနောက် လိုက်"

လီဇီချီက အော်လိုက်သည်။ ထွက်ပြေးရမယ် ဟုတ်လား။ တောကြက်ဥလေးရဲ့ ရည်ရွယ်ချက်က

ပိုကြီးမားသည်။ ပထမနေရာကို လိုချင်သည်။ ဒီတိုက်ပွဲ နည်းဗျူဟာသာ အောင်မြင်ခဲ့လျှင် တန်ပြန်တိုက်ခိုက်ဖို့ အခွင့်အရေး ရလာလိမ့်မည်။

အခန်း (၃၃၁) - ဆွန်းမိုရဲ့ တပည့်တွေက တကယ် သန်မာလှချည်လား။

ဒီပင့်ကူများကို သတ်ပြီးနောက် သူတို့၏ အရှေ့တွင် အတားအဆီး မရှိတော့ဘဲ ဥမင်လှိုဏ်ခေါင်းမှ လွယ်ကူ ချောမွေ့စွာ ဖြတ်သန်းသွားကြသည်။

ဝိညာဉ်ချီ နဂါးက လေထဲ ပျံဝဲနေပြီး အမြီးကို ဆန့်တန်းကာ ညွှန်ပြနေသည်။ လုပ်ဆောင်ချက်

မြန်ဆန်လွန်းဖြင့် မသိလျှင် ရေကန်ထဲမှာ ကူးခတ်နေတယ်လို့ ထင်ရသည်။

"အဲဒါက ဘာလဲ"

ကျန်ဂန်နှင့် တခြားသူများ အံ့အောသင့်နေကြသည်။

ဒီသတ္တဝါသည် ကြီးမားတဲ့ ငါးသလဲထိုးနဲ့တူသော်လည်း လေထဲတွင် ပျံဝဲနေနိုင်သည်။ ကမ္ဘာပေါ်မှာ ရှားပါးမျိုးစိတ် ဖြစ်နိုင်သည်။

ပုံရိပ်ကို တိတိကျကျ မပြောနိုင်သော်လည်း ရှားပါးမယ်ဆိုတာတော့ သိနေကြသည်။ ဒါကြောင့် ဒီသတ္တဝါသည် တကယ်ကို အဖိုးတန်တဲ့ သတ္တဝါ ဖြစ်နိုင်သည်၊

“ဘိုင်ဂူ အနောက်ကနေ ထောက်ပံ့ပါ”

လီဇီချီက အမိန့်ပေးလိုက်သည်။

သူမ လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး လုပ်ခြင်း မဟုတ်ပါ။ အဲဒီအစား ကျန်ရန်ဇောင်မှာ စီစဉ်ရန် အချိန်မရှိပါ။

ဒီလူသားများက ထွက်မပြေးဘဲ ပြန်လှည့်ကာ ဘုရင်မ(သားဖွား မိခင်) ရှိတဲ့ လှိုဏ်ခေါင်းဘက်သို့ ဦးတည်ပြီး သွားတာ မြင်လိုက်လျှင် လူသားမျက်နှာပင့်ကူများသည် ဒေါသတကြီး ဖြစ်သွားသည်။ ဘုရင်မသေရင် သူတို့ မျိုးပြုတ်လိမ့်မည်။ ဒါကြောင့် လူသားများနောက်ကို အရူးအမူး လိုက်နေကြသည်။

နောက်တန်းကို တာဝန်ယူထားရတဲ့ ကျန်ရန်ဖေါင်နဲ့ လူတချို့သည် အရမ်းကို ဖိအားများနေကြသည်။

အင်ဘိုင်ဝူကလည်း မတွေဝေပါ။ လေးနှင့် မြှားကို ကိုင်ကာ လှည့်ပြေးသွားပြီး ဝိညာဉ်ချီ ထည့်သွင်းလိုက်သည်။

ရှူ

ဝိညာဉ်ချီ မြှားတစ်စင်း ပေါ်လာသည်။

လေဘုရင်၏ ဒေါသ။

ရှွတ်စ်

မြှားတစ်စင်း ပြေးထွက်လာပြီး ကျယ်လောင်သော လေတိုးသံ ပေါ်လာသည်။ ပင့်ကူများကြား ကျသွားပြီး ပေါက်ကွဲသွားပြီ။

ဝုန်း

ပင့်ကူတွေ အော်ဟာစ်နေကြသည်။ ခဏအကြာတွင် အင်ဘိုင်ဝူရဲ့ တိုက်ခိုက်မှုကြောင့် ပင့်ကူ ဆယ်ကောင်ကျော် သေဆုံးသွားပြီး သူတို့ ပြေးလာတဲ့အရှိန်လည်း တန့်သွားသည်။

ပင့်ကူများ ဒုက္ခ ဖြစ်နေကြကာ လှိုဏ်ဂူကလည်း ကျဉ်းမြောင်းသဖြင့် ထွက်ပြေးဖို့ နေရာ မရှိပါ။ ဒါကြောင့်လည်း အင်ဘိုင်ဝူ၏ ပစ်ချက်တိုင်းသည် အကျိုးသက်ရောက်မှု ကြီးမားသည်။

မိနစ်အနည်းငယ်ကြာတော့ ရှန်ယွန်ပေါင်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

“ငါတို့ ရောက်ပြီ”

သူတို့ ဦးတည်ပြီး သွားနေတဲ့ လှိုဏ်ခေါင်းသည် ရုတ်တရက် ကျယ်လာသည်။ ကြီးတဲ့ ဂူတစ်ခု ဖြစ်နေပြီး သူတို့ ပြေးဝင်သွားလျှင် ဘောလုံးကွင်းတစ်ဝက်လောက်ရှိတဲ့ အသိုက်တစ်ခုကို မြင်လိုက်ရသည်။

ဘုရင်မ ရှိတဲ့နေရာသည် ထုံးစံအတိုင်း ကျယ်ဝန်းပြီး သက်တောင့်သက်သာ ရှိသည်။

ဒီနေရာတွင် ပင့်ကူမျှင် အလွှာများ ထူထပ်နေပြီး ကောဇော တစ်ခုလို ဖြစ်နေသည်။ ကံကောင်းတာက နှစ်ဆယ်နဲ့ချီပြီး ကြာနေတာခဲ့သဖြင့် စေးကပ်တဲ့ ဂုဏ်သတ္တိ မရှိတော့ပါ။ ဒီလိုမှမဟုတ်ခဲ့လျှင် ကျောင်းသားများသည် ပင့်ကူအိမ်မှာ တွယ်ငြိနေတဲ့ ပိုးဖလံလို ဖြစ်နေမည်။

လှိုဏ်ဂူထဲတွင် သားမွေးများ စုပုံပြီး လုပ်ထားတဲ့ အသိုက်ပေါ်တွင် ပင့်ကူကြီး တစ်ကောင် အိပ်နေသည်။

ခန္ဓာကိုယ်က မြင်လှည်း နောက်တွဲတစ်ခုလို ကြီးမားပြီး အစိမ်းရောင် အမျိုးမျိုးနဲ့ ဖုံးအုပ်ထားသည်။ ပါးစပ် ဖွင့်လိုက် ပိတ်လိုက် လုပ်တဲ့အချိန်တွင် ချွန်ထက်တဲ့ သွားများကို မြင်နေရသည်။ ကြောက်စရာအကောင်းဆုံး အပိုင်းကတော့ ခေါင်းပဲ ရှိသေးသည်။ အဲဒီအရာတွင် မျက်လုံးပေါင်းများစွာ ရှိနေပြီး အခြားပင့်ကူများလို အစိမ်းရောင် မဟုတ်ပါ။ အဲဒီအစား ရက်စက် ကြမ်းကြုတ်တဲ့ အနီရောင် ဖြစ်နေသည်။ ပြီးတော့ ခေါင်းရဲ့ ထိပ်တွင် ပြင်းထန်စွာ ရောဂါဝေဒနာ ခံစားနေရတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဆင်တူတဲ့ ပုံရိပ် ရှိနေသည်။

“မင်းတို့က ဒီနေရာကို ပိတ်ဆို့ထား။ လုချီဟွာ၊ ထန်ထန်ယုထန်နဲ့ ကူဒင်ဂျိုက ငါနဲ့ လိုက်ခဲ့”

လီဇီချီသည် လဲမကျအောင် အတတ်နိုင်ဆုံး ဟန်ချက်ကို ထိန်းပြီး လမ်းလျှောက်သွားသည်။

ဘုရင်မသည် ကျူးကျော်လာတဲ့ လူသားများကို မြင်လိုက်လျှင် ဂျိဂျိနဲ့ အသံမြည်လာသည်။

“သူမက ငါတို့ကို လှောင်ပြောင်နေတယ်”

လုချီဟွာက ဘာသာ ပြန်ပေးသည်။

"ကူဒင်ဂျိ၊ ထန်ထန်ယုထန် ငါ့အတွက် အချိန်ရအောင် ကျေးဇူးပြုပြီး ကာကွယ်ပေးထားကြပါ"

လီဇီချီသည် စကားပြောပြီးနောက် တရားထိုင်ကာ သားရဲထိန်းချုပ်တဲ့ နည်းစနစ်ကို အသုံးပြုလိုက်သည်။ ဘုရင်မနဲ့ စိတ်ခြင်း ဆက်သွယ်ရန် ကြိုးစားလိုက်သည်။

ဝုန်း

စိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှု လှိုင်းများကြောင့် လီဇီချီ ခန္ဓာကိုယ် တုန်ယင်သွားသည်။

စိတ်ပိုင်းဆိုင်ရာ နာကျင်မှုကြောင့် ခေါင်းတစ်ခုလုံး ကွဲထွက်တော့မလို ခံစားလိုက်ရသည်။

"အကြီးဆုံး အမကြီး"

လုချီဟွာက လီဇီချီကို ပြေးထူလိုက်သည်။

"ငါ အဆင်ပြေတယ်။ မင်းကသာ လုံခြုံတဲ့နေရာမှာ ပုန်းနေသင့်တယ်"

လီဇီချီက လုချီဟွာကို တွန်းဖယ်ပြီး ဘုရင်မကို ဆက်စည်းရုံးလိုက်သည်။

"လူသေးသေးလေးက ငါ့ကို ကျွန်အဖြစ် ခိုင်းဖို့ သတ္တိရှိနေတာလား။) (မင်းခန္ဓာကိုယ်က

အရေပြားတွေကို ငါ့ရဲ့ အိပ်ယာအဖြစ် အသုံးပြုလိုက်မယ်။ မင်းသေသွားရင်တောင် မင်းရဲ့ ဝိညာဉ် မအေးချမ်းစေရဘူး)

ဒင် ဒင် ဒင်

ကူဒင်ဂျိ ပစ်လိုက်တဲ့ မြွားများ ထိမှန်သွားသော်လည်း ဘုရင်မ၏ အပေါ်ယံ အကာအကွယ်တွေကြောင့် အသုံး မဝင်ဖြစ်သွားသည်။ မြွားများသည် မထိုးဖောက်နိုင်ခဲ့ပါ။

"မရဘူး။ ထိခိုက်အောင် မလုပ်နိုင်ဘူး"

ကူဒင်ဂျိ စိတ်ပျက်အားငယ်သွားသည်။ သူက တကယ့် အမှိုက် ဖြစ်နေသည်။

"နှောက်ထပ် နှစ်ယောက် ကူညီလိုက်၊ အင်ဘိုင်ဝူ မင်းပါလိုက်ပါ"

ကျန်ရန်ဇောင် တချက်ကြည့်လိုက်ပြီး ခေါင်းကိုက်သွားသည်။ ဘုရင်မသည် မျှော်လင့်ထားတာထက် ပိုသန်မာနေသည်။ သူတို့ ဘာလုပ်သင့်လဲ။

"အုပ်စု ခေါင်းဆောင်"

ကျန်ဂန်က လှမ်းအော်သည်။ အင်ဘိုင်ဝူက အဝေးက မြှားပစ်ပြီး နှိမ်နင်းပေးတဲ့အတွက် ပင့်ကူများ အစုလိုက် အပြုံလိုက် မတက်လာနိုင်ကြတော့ပါ။ ဒါပေမယ့် အင်ဘိုင်ဝူသာ ထွက်သွားလျှင် ကျန်တဲ့လူတွေက ဖိအား ချက်ခြင်း တိုးလာလိမ့်မည်။

"ပါးစပ် ပိတ်ထား"

ကျန်ရန်ဇောင် အရှေ့သို့ ခြေလှမ်းနှစ်လှမ်းတိုးပြီး အားလုံးအရှေ့မှာ ပိတ်ရပ်လိုက်သည်။

ဒီအချိန်မှာ ဘုရင်မကို မထိန်းနိုင်ရင် အားလုံး သေကြလိမ့်မည်။

ထန်ထန်ယုထန်ကတော့ ဆက်တိုက် ချောင်းဆိုးနေသည်။ အဲဒီနောက် ရုတ်တရုတ် ထပြီး ကြက်ဥ အရွယ် အရာဝတ္ထု တစ်ခုနဲ့ ပစ်ပေါက်လိုက်သည်။

ဂျီး

ဘုရင်မ လျှောင်ပြောင် ရယ်မောသည်။ (ငနူကောင် ငါ့ကို ကျောက်ခဲနဲ့ ပစ်သတ်ချင်တာလား။)

ဒါပေမယ့် နောက်ထပ် အခိုက်အတန့်မှာ မရယ်နိုင်တော့ပါ။ ပစ်လိုက်တဲ့ အရာက ဘုရင်မ

အရှေ့တွင် ကျသွားသည်။ ဝုန်းကနဲဆိုတဲ့ အသံနဲ့အတူ အစိမ်းရောင် အခိုးအငွေ့များ ထွက်လာသည်။

ဂျီး

ဘုရင်မက သူမဗိုက်ကို ကာကွယ်ရန် အားပြုပြီး ဆယ်မီတာ အကွာသို့ ခုန်ဆုတ်သွားသည်။

ဘောင်း

ဘုရင်မ မြေပေါ်သို့ လဲကျသွားသည်။ ဗိုက်က ပျော့ပြောင်းလာပြီး အရေပြားက မြေပေါ်အထိ တွဲကျလာသည်။ ဒီနေရာရှိနေတဲ့ ပျော့ပြောင်းတဲ့

ပင့်ကူမျှင်ကြောင့်သာမဟုတ်လျှင် အရေးပြားတွေ ပွဲထွက်ကာ သွေးထွက်နေလောက်မည်။

"မင်း ဘာလုပ်လိုက်တာလဲ"

ကူဒင်ဂျိ အံ့အောသွားသည်။ သူက ပျံ့လွင့်လာတဲ့ အစိမ်းရောင်အခိုးအငွေ့တွေဆီက လွတ်အောင် အမြန်ရှောင်လိုက်သည်။

"ဒီအရာက ငါတို့ကိုရော ထိခိုက်မှာလား"

"သဘာဝအတိုင်းပဲ ရန်သူနဲ့ မိတ်ဆွေ မခွဲခြားနိုင်ဘူး"

ထန်ထန်ယုထန် အူမြူးသွားသည်။

"မင်းပြုံးနေတာလား"

ကူဒင်ဂျိကတော့ အေးဆေးတည်ငြိမ်စွာ မနေနိုင်ဘဲ တုန်လှုပ်နေသည်။ ဒီရောဂါသည်ကို အရှုံးတစ်ယောက်လို့ မြင်လိုက်မိသည်။ ဒီလို အလုံပိတ်နေတဲ့ နေရာမှာ အဆိပ်ကို တကယ်ပဲ အသုံးပြုခဲ့သည်။

ဘုန်း

ရောဂါသည်က နောက်တစ်ခု ထပ်ထုတ်ပြီး ဘုရင်မကို ပစ်လိုက်ပြန်သည်။

ဘုရင်မသည် တုန်တုန်ယင်ယင်နဲ့ ထလာသည်။ ဒီတစ်တော့ လျှင်မြန်စွာ တွားသွား သွားဖို့တောင် ခွန်အား မရှိတော့ပါ။ အဆိပ်ထုပ်မှ ထုတ်လွှင့်နေတဲ့ အမှုန်အမွှားများသည် သူမ၏ အာရုံကြောများကို ထုံကျဉ်သွားစေသည်။ ခန္ဓာကိုယ်မှာ အားမရှိတော့ပါ။

ဂျီဂျီ

ဘုရန်မ အော်ဟစ်နေသည်။ ခေါင်းကိုမော့ကာ ပါးစပ် ဟလိုက်သည်။

ဂျီ ဂျီ ဂျီ

အစိမ်းရင့်ရောင် အဆိပ်ထုတ် ၁၂ထုပ် ဆက်ပစ်လိုက်သည်။ သို့သော်လည်း ထန်ထန်ယုထန်ရဲ့ လုပ်ဆောင်ချက် မပြီးသေးပါ။

ဗွီး

အဆိပ်သည် မြေကြီးနဲ့ ထိတွေ့ပြီး ပင့်ကူမျှင်များကို လျှင်မြန်စွာ အရည်ပျော်သွားစေသည်။ အဲဒီနောက်မှာ ကောဇောလို ဖြစ်နေတဲ့ ပင့်ကူမျှင်တွေလည်း ဆွေးမြေ့လာသည်။

"မပြီးသေးဘူးလား"

ကူဒင်ဂျိ တံတွေးတစ်ချက် မြိုချလိုက်မိသည်။

“သူမကို မနှောက်ယှက်နဲ့”

ထန်ထန်ယုထန်က သတိပေးလိုက်သည်။

ဖူး

လီဇီချီ ပါးစပ်က သွေးများ အန်ထွက်လာသည်။

ဒီလိုမျိုးအတင်းအကျပ် ကျွန်ပြုခြင်းသည် မအောင်မြင်ပါက ဂါထာရွတ်ဆိုသူကို စိတ်ပိုင်းဆိုင်းရာ တန်ပြန်မှု သက်ရောက်စေသည်။

“အဖွဲ့ခေါင်းဆောင်၊ တခြား အဖြေတွေ စဉ်းစားပါအုံး”

ချူဂျန်က ခေါင်းလှည့်ကြည့်လိုက်သည်။ ဒီလိုရလဒ်ကို သူ မအံ့အောပါ။

ဘုရင်မသည် ဉာဏ်ရည်မြင့်တဲ့ သတ္တဝါ ဖြစ်ပြီး တိုက်ခိုက်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ခွန်အားသည် လီဇီချီလို ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်မှာ ရှိနေတဲ့ သူတွေထက် ပိုမြင့်မားသည်။ ဘယ်လိုလုပ် ဘုရင်မကို ကျွန်ခံခိုင်းလို့ ရမှာလဲ။

ဗဟိုပြည်နယ် အကယ်ဒမီအဖွဲ့သည် ဒီလောင်းကြေးရှုံးပြီး မအောင်မြင် ဖြစ်သွားပြီ။ သုံးကြိမ်တိုင်တိုင် ကျရှုံးပြီးနောက် လီဇီချီသည်

အံ့ကြိတ်ကာ အိတ်ထဲမှ အဖိုးတန် ပုလဲတစ်လုံးကို ထုတ်ယူလိုက်သည်။ လျှာကို ကိုက်ပြီး ပုလဲပေါ် သွေး ထွေးချလိုက်သည်။

ပုလဲက ရွှေရောင်အလင်းတွေနဲ့ တောက်ပနေသည်။

ချီ ချီ ချီ

နောက်ထပ် အဆပ်ပြင်းပြင်း ပေါက်ကွဲသွားသည်။

လီဇီချီက ကမန်းကတမ်း ရောင်ထွက်ပြီး နောက်ထပ် ဂါထာများကို စတင်ရွက်ဆိုလိုက်သည်။ အာရုံပျံ့လို့ မရပါ။ ဂါထာ ရွတ်ခြင်းက

တဝက်တပျက်နဲ့ ရပ်သွားသည်။ ဒါက အရှုံးနဲ့ အဆုံးသတ်သွားသည်။

"သတိထား"

ထန်ထန်ယုထန် အော်ဟစ်လိုက်သည်။ ဒါပေမယ့် နောက်ကျသွားသည်။

ဘုရင်မသည် ထန်ထန်ယုထန်ဆီကို ဦးတည်ပြီး လာနေသော်လည်း ဒါက အာရုံလွှဲတာ ဖြစ်နေသည်။ ဘုရင်မရဲ့ အနောက်ဖက်ကနေ ပင့်ကူမျှင်များ ထွက်လာပြီး လီဇီချီကို ရစ်ပတ်သွားသည်။ အဲဒီနောက် ပင်ကူမျှင်များနဲ့ လီဇီချီကို ဆွဲယူနေသည်။

ရွတ်စ်

လီဇီချီသည် ဘုရင်မဆီ အဆွဲခေါ်ခံလိုက်ရသည်။

ဘုရင်မ လှည့်ပြီး ပါးစပ်ဖွင့်ကာ လီဇီချီကို ကိုက်ရန် လုပ်သည်။

ဒီလိုခက်ခဲနေတဲ့ အခိုက်အတန့်တွင် ထန်ထန်ယုထန်က ရုတ်တရက် ပြေးလာပြီး ဓါးမြှောင်နဲ့ ပင့်ကူမျှင်တွေကို ဖြတ်ချလိုက်သည်။ အဲဒီနောက် လီဇီချီကို အဝေးရောက်အောင် တွန်းထုတ်လိုက်သည်။

ဘုန်း

လီဇီချီ လည်ထွက်ပြီး လဲကျသွားသည်။

"ယုထန်"

လီဇီချီက အလန့်တကြား အော်ဟစ်သည်။

ဘုရင်မက ပါးစပ်ကြီး ဟလျှက် ထန်ထန်ယုထန်ဘက် လှည့်သွားသည်။ ထက်မျှနေတဲ့ အစွယ်များက တလက်လက် တောက်ပနေပြီး ထန်ထန်ယုထန်ဆီ ပြေးဝင်လာသည်။

"အော်မနေနဲ့၊ ငါထန်ထန်ယုထန်က ဒီလို နေရာမှာ မသေဘူး"

ထန်ထန်ယုထန်က အရှုံးမပေးသေးပါ။ ဘုရင်မသည် ထန်ထန်ယုထန်ရဲ့ ခေါင်းကို ကိုက်မိခါနီးတွင် ရုတ်တရုတ် တုန်ယင်ပြီး တောင့်တင်းသွားသည်။

တဟုန်ထိုးပြေးလာနေတဲ့ ပင့်ကူများလည်း ရုတ်တရုတ် ရပ်တန့်သွားသည်။

"ဘာဖြစ်နေတာလဲ"

ချူဂျန် ခေါင်းလှည့်ပြီး ကြည့်လိုက်သည်။

"ဘုရင်မက ငါတို့ကို ခွင့်လွှတ်ပြီး လွှတ်ပေးမလို့လား"

"သတ်သတ်လွတ်သမားများ ဖြစ်နေမလား"

တိုက်ပွဲကိုသာ အမြဲတမ်း အာရုံစိုက်နေတတ်တဲ့ ရှန်ယွန်ပေါင်တောင် ဒီတစ်ကြိမ်တော့ အနည်းငယ် သိချင်လာသည်။

တခြားသူတွေက မသေချာတဲ့ ထင်မြင်ချက်ကို မပေးကြပါ။ သူတို့အားလုံးလည်း သေမင်းနဲ့ ရင်ဆိုင်နေရသဖြင့် ရင်ခုန်နေကြသည်။

"ကျွန်ဖြစ်သွားပြီလား"

လီဇီချီက လုချီဟွာကို အံ့အောသင့်တဲ့ အကြည့်နဲ့ ကြည့်နေသည်။

သူမက လုချီဟွာ တိုက်ခိုက်ရေး အစွမ်း ဘာမှ မရှိဘူးလို့ တွေးထားခဲ့သည်။ သို့သော်လည်း သူမက ဘုရင်မကို ကျွန်အဖြစ် ချုပ်နှောင်ထားနိုင်ခဲ့သည်။

လုချီဟွာ ကံကောင်းသွားတာလို့ ဘယ်သူမှမပြောရဲပါ။ သူမရပ်နေတဲ့ နေရာက သတိမထားမိနိုင်တဲ့ နေရာ ဖြစ်နေသည်။ ပြီးတော့ သူမ ခန္ဓာကိုယ်က အားနည်းပြီး သေးငယ်သောကြောင့် ဘုရင်မက သူမကို ခြိမ်းခြောက်မှု အဖြစ် မသတ်မှတ်ခဲ့ပါ။ ဒါကြောင့်လည်း လုချီဟွာ ဝိညာဉ်သားရဲ

ထိန်းချုပ်ခြင်း နည်းစနစ်ကို အသုံးပြုဖို့ အချိန်ရခဲ့သည်။

ဒါပေမယ့် သူမရဲ့ ပထမဆုံးကြိုးစားမှု အောင်မြင်သွားမယ်လို့ ဘယ်သူမှ မထင်ထားခဲ့ပါ။

“မင်း ဘယ်လိုလုပ်လိုက်တာလဲ”

လီဇီချီ သိချင်နေသည်။ ကိုယ်တိုင် ကြိုးစားခဲ့ဖူးလို့ ဉာဏ်ရည်မြင့်တဲ့ မျိုးစိတ်ကို ကျွန်ခံခိုင်းဖို့က ဘယ်လောက်ခက်လဲဆိုတာ သူမ သဘောပေါက်နေသည်။

ဒဏ်ပြန်မှုက အရှုးတစ်ယောက် ဖြစ်လုနီးပါး စိတ်ထဲမှာ ခံစားရသည်။

“ငါက ဆရာသင်ပေးတဲ့အတိုင်းပဲ လုပ်ခဲ့တာ အဲဒီစာလုံးတွေပဲ ရွတ်ခဲ့တယ်”

လုချီဟွာက ရှင်းပြသည်။

“မင်းငါ့ကို သေအောင်များ လုပ်နေတာလား”

ကျန်ရန်ဇောင် မေးခွန်းထုတ်လိုက်သည်။

“ထိုင်”

လုချီဟွာက အမိန့်ပေးလိုက်သည်။

ဖုန်း

ဘုရင်မ လှဲချလိုက်သည်။

'အမ်"

လုချီဟွာက မအောင်မြင်ဘူးတွေးပြီး ဖေါချွေးတွေ ပျံ့နေသည်။ ဒါပေမယ့် ကျန်တဲ့လူများကတော့ စိတ်လျော့ပြီး မြေပေါ်သို ပျော့ခွေကျသွားသည်။

ဒီတစ်ခေါက်က သေဖို့ နီးနီးလေး တကယ်ကို နီးနီးလေး ဖြစ်ခဲ့သည်။

"ကဲကောင်းတာ ဂူရဲ့အနေထားကြောင့် ပင့်ကူတွေ မြန်မြန်ဆန်ဆန် မတက်လာနိုင်လို့။ ဒီလိုမှမဟုတ်ရင်

လုချီဟွာက ဘုရင်မကို ကျွန်အဖြစ်ချုပ်နှောင်ဖို့ အချိန်ရလိုက်မှာ မဟုတ်ဘူး”

ကူဒင်ဂျီ တုန်လှုပ်ခြောက်ခြားနေသည်။

ပြီးတော့ အဓိကအချက်က ရှန်ယွန်ပေါင် သန်မာလွန်းတာလဲ ပါသည်။ သူက လုံတံကို ဖြန့်ကျက်ပြီး ရန်သူတစ်သောင်းလောက်ကို ပိတ်ဆို့ထားတဲ့ ပုံစံမျိုး ဖြစ်နေခဲ့သည်။ အင်ဘိုင်ဝူ၊ လီဇီချီနှင့် ထန်ထန်ယုထန်တို့၏ လုပ်ဆောင်ချက်ကလည်း လူတိုင်းကို ထိန်လန့်သွားစေခဲ့သည်။

အမှန် လုချီဟွာနဲ့ ယှဉ်လိုက်ရင်တောင် စိတ်ပျက်အားငယ်ဖို့ပဲ ကျန်တော့သည်။

ဒီကယ်ဆယ်ရေး လုပ်ငန်းစဉ်မှာ တခြားသူတွေရဲ့ လုပ်ဆောင်ချက်တွေကလည်း မဆိုးပါ။ ဒါပေမယ့် သူတို့နဲ့ ယှဉ်လိုက်လျှင် တော်တော်လေး နိမ့်ကျသွားသည်။

"ဆွန်းမိုရဲ့ တပည့်တွေအားလုံးက တော်တော်ကို အထင်ကြီးဖို့ ကောင်းတာပဲ"

ကျန်ရန်ဖောင် သက်ပြင်းချရင်း ရေရွတ်လိုက်သည်။ သူ့ရဲ့ ကြီးမားတဲ့ ယုံကြည်ချက်နဲ့ နှလုံးသားထဲမှာ ထိခိုက်သွားသည်။

“ငါတို့ ဘာဆက်လုပ်ကြမလဲ”

လုချီဟွာက မေးလိုက်သည်။

“ထုံးစံအတိုင်းပေါ့ ပြန်ပြီး အောင်ပွဲ ခံကြမယ်”

ထန်ထန်ယုထန်က ဂယက် ထလိုက်သည်။

ဘုရင်မကို ကျွန်ပြုပြီးတဲ့နောက်တော့ ပထမနေရာရဖို့ သေချာနေပြီ။ အများဆုံး

ဗဟိုပြည်နယ်အကယ်ဒမီကို အထင်သေးနေတဲ့ လူတွေအားလုံး လန့်ဖြန့်သွားနိုင်သည်။

အခန်း (၃၃၂) - တိုက်ပွဲအတွင်း ရတနာတွေ ရရှိတဲ့ ဗဟိုပြည်နယ် ကျောင်းသားအသစ် အဖွဲ့ကို ဂုဏ်ပြုပါတယ်။

ဘုရင်မနဲ့ မီတာ ၅၀ ကွာတဲ့ လှိုဏ်ခေါင်းတစ်ခုထဲတွင် ဆွန်းမိုတို့အဖွဲ့နှင့် စောင့်ကြည့်သူသည် သလင်းကျောက်တစ်ခုကို ကိုင်ကာ တိုက်ပွဲကို စောင့်ကြည့်နေသည်။

"ဒါကဘာလဲ, အချိန်နဲ့တပြေးညီ စောင့်ကြည့်လို့ ရလား"

ဆွန်းမိုက စပ်စုလိုက်သည်။

စောင့်ကြည့်သူ လက်ထဲက သလင်းကျောက်များသည် ပြားပြီး ချောမွေ့နေသည်။

မြင်ကွင်းက အနည်းငယ် မှုန်ဝါးပေမယ့် ဂူထဲမှာ ဖြစ်ပျက်နေတာ အားလုံးကို မြင်နေရသည်။

"သူတော်စင်ဂိတ်က အမှောင်တိုက်ကြီးကနေ အမှောင်နည်းပညာ အများကြီး တူးဖော် ရရှိခဲ့တယ်။ ဒီသလင်းဘုတ်ပြားကလည်း အဲဒီထဲက တစ်ခုပဲ"

ကူရှုပ်ရှင်းက ရှင်းပြသည်။

"ဈေးကွက်ထဲမှာ ဝယ်လို့ရလား"

အခုလောလောဆယ်တွင် ဆွန်းမိုမှာ ပိုက်ဆံ မရှားပါ။

ကူရှပ်ရှင်းက ဘာမှ ထပ်မပြောတော့ဘဲ စောင့်ကြည့်သူကို လှမ်းကြည့်လိုက်မိသည်။

"အိပ်မက် မက်နေတာ ရပ်လိုက်တော့။ အမှောင်နည်းပညာကို ပြင်ပ ကမ္ဘာမှာ မပြန့်ပွားဖို့ တားမြစ်ထားတယ်။ ငါတို့ စောင့်ကြည့်သူ အဖွဲ့ကပဲ ဒါကို အသုံးပြုနိုင်တယ်။ ပွဲပြီးရင်တော့ သလင်းဘုတ်ပြားတွေကို သူတော်စင်ဂိတ်ဆီ ပြန်ပေးရတယ်"

စောင့်ကြည့်သူက ရှင်းပြသည်။

ဝယ်ဖို့ နေနေ သာသာ သာမန်လူများဆိုလျှင် မြင်ခွင့်တောင် မရှိပါ။

ဆွန်းမို နှုတ်ခမ်းများ တုန်သွားသည်။ ဒါက ပေါက်ကရ သလင်းဘုတ်ပြားတစ်ခုပဲလေ။ ဘာတွေ အရေးကြီးခွင်ကျယ် လုပ်နေရတာလဲ။ (ဒီအဖေဆိုရင် လွန်ခဲ့တဲ့ တစ်နှစ်တုန်းက လေးထောင် ဂစ်လောက်ရှိတဲ့ ဟာဒ်ဒစ်ထဲမှာ အောကားတွေ အပြည့်သိမ်းထားဖူးတယ်။ ဒါတောင် မမောက်မာခဲ့ဘူး)

"ပြောရအုံးမယ်။ မင်း သူတို့ကို လုံးဝ စိတ်မပူဘူးလား"

စောင့်ကြည့်သူ သိချင်နေသည်။ (မင်းရဲ့ တပည့်တွေက သေခြင်းတရားနဲ့ ရင်ဆိုင်နေရတယ်လေ)

"ငါက သူတို့နဲ့ အရမ်းနီးနေပြီ အန္တရာယ်ဖြစ်ရင်တောင် ချက်ခြင်း ကယ်တင်နိုင်တယ်"

ဆွန်းမိုသည် စောင့်ကြည့်သူ အပေါ် စိတ်ဆိုးနေသော်လည်း တိတ်တဆိတ် ပေါ်လာနိုင်တဲ့

အပေါ်မှာတော့ အထင်ကြီးမိသည်။ သူ့ရဲ့ခြေရာခံနိုင်စွမ်းကလဲ အံ့မခန်း ဖြစ်ပြီး တိုက်ပွဲအခြေအနေကို အမြဲတမ်း စောင့်ကြည့်နေခဲ့သည်။

"အို အခု လီဇီချီ အန္တာရာယ် များနေပြီ"

ဖန်ယန် အော်လိုက်သည်။

ကူရှုပ်ရှင်း ကူညီမလို့ လုပ်လိုက်တဲ့အခါမှာ ဆွန်းမို ပြေးထွက်သွားပြီ။

(စောစောက ပြသခဲ့တဲ့ တည်ငြိမ်မှုက ဘယ်မှာလဲ။ တကယ့်တော့ မင်းက တခြားလူတွေထက်တောင် ပိုစိုးရိမ်နေတာပဲ)

"ဆွန်းမို ရပ်လိုက်။ မင်းဆက်ပြေးနေရင် မင်းကျောင်းရဲ့ ယှဉ်ပြိုင်ခွင့်ကို ငါဖယ်ရှားလိုက်မယ်"

စောင့်ကြည့်သူက ခြိမ်းခြောက်သည်။

"ဆွန်းမို အဆင်ပြေသွားပြီ။ အဆင်ပြေသွားပြီ"

ကူရှုပ်ရှင်းက သလင်းကျောက်ပြားကို တစ်ချက် ကြည့်လိုက်လျှင် ဘုရင်မရဲ့ တိုက်ခိုက်မှု

ရပ်တန့်သွားတာ မြင်လိုက်ရသည်။ ချက်ခြင်း ထအော်လိုက်သည်။

" ငါ အရမ်း သေးပေါက်ချင်လို့"

ဆွန်းမိုက ပခုံးတွန့်ရင်း ပြန်လိုက်သည်။

"စောင့်ကြည့်သူ ဒီကိစ္စလည်း မရဘူးလား"

စောင့်ကြည့်သူ စကားမပြောနိုင် ဖြစ်နေသည်။ ဒီရှင်းပြချက်ကို မခြေပနိုင်သောကြောင့် ရင်ဘက်သည် နိမ့်လိုက် မြင့်လိုက် ဖြစ်နေသည်။

ကူရှုပ်ရှင်း ကတော့ 'တောခွေးနက်ကြီးဆွန်းဆိုတဲ့ နာမည်ပြောင်နဲ့ လိုက်ဖက်တယ်လို့' စိတ်ထဲက

တွေးလိုက်မိသည်။ မနေနိုင်ဘဲ အလိုလို ပြုံးလိုက်မိသည်။ 'မင်းရဲ့ အဆပ်သင့်တဲ့ လျှာ က လူတွေကို သေစေနိုင်တယ်'

စောင့်ကြည့်သူက မှတ်စုစာအုပ် ထုတ်ပြီး ဆွန်းမိုကို ခြိမ်းခြောက်တဲ့ အကြည့်နဲ့ ကြည့်ကာ မှတ်တမ်းတင်ဟန် ဆောင်လိုက်သည်။ ဆွန်းမိုကို လှည့်ကြည့်လိုက်လျှင် ဂရုမစိုက်တာ သတိထားလိုက်မိသည်။

"လုချီဟွာရဲ့ သားရဲထိန်းချုပ်ခြင်း နည်းစနစ်က အရမ်းအစွမ်းထက်ပါလား"

ဖန်ယန် မျက်နှာတွင် တုန်လှုပ်ခြောက်ခြားမှုနဲ့ ပြည့်နေသည်။ နဖူးပေါ်က ချွေးများကို သုတ်ပြီး သက်ပြင်းချလိုက်မိသည်။ (အေးပါကွာ။ ဒီအတိုင်းဆက်သွားရင် ဒီအဖေတော့ နှလုံးရောဂါ ရတော့မယ်)

ဒါပေမယ့် အဲဒီနောက်မှာတော့ သူ့မျက်နှာက ရွှင်မြူးသွားသည်။ ပန်းပွင့်တစ်ပွင့်လို အပြုံးကြီးကြီး ပြုံးနေသည်။ အစောပိုင်းတွင် တိုက်ပွဲနည်းဗျူဟာကို သုံးပြီး ပင့်ကူများက ကျောင်းသားတွေကို ဝိုင်းထားသည်။ အဲဒါကို မြင်လိုက်ပြီးနောက်

ဖန်ယန် စိတ်ပျက်လက်ပျက် ဖြစ်နေသည်။ ဒီနှစ်တွင်လည်း ဗဟိုပြည်နယ် အကယ်ဒမီ ကျရှုံးတော့မယ်လို့ ထင်လိုက်မိသည်။ သို့သော်လည်း ကျောင်းသားတွေက ထွက်ပြေးဖို့ မရွေးချယ်ရုံသာမက ဘုရင်မကို ကျွန်ပြုရန် သေခြင်းတရားနဲ့ လောင်းကစား လုပ်လိမ့်မယ်လို့ သူမထင်ထားခဲ့မိပါ။

ရဲစွမ်း သတ္တိကတော့ တကယ်လေးစားဖို့ကောင်းသည်။

“မင်းတို့ကောင်တွေ တကယ် ကံကောင်းတာပဲ”

စောင့်ကြည့်သူ သည် ဘာမှမပြောသော်လည်း ကျောင်းသားတွေရဲ့ စွမ်းဆောင်မှုက အရမ်းအံ့အောဖို့ကောင်းတာ ဝန်ခံမိသည်။ အထူးသဖြင့် ဆွန်းမိုရဲ့ တပည့်တွေ ဖြစ်သည်။ သူတို့ရဲ့ တည်ရှိမှု ဒီလုပ်ငန်းစဉ်ရဲ့ အောင်မြင်မှုနဲ့ ကျရှုံးမှုကို ဆုံးဖြတ်နိုင်သည်။

တကယ်လို့ သူတို့သာ ဒီအတိုင်း ဆက်ထူးချွန်နေရင် ဗဟိုပြည်နယ် အကယ်ဒမီသည် ဒီနှစ်တွင် 'စီ'အဆင့်ကို တက်ဖို့ မျှော်လင့်ချက် ရှိနေပြီ။

"ကျန်ရန်ဇေ့ာင်ရဲ့ လုပ်ဆောင်ချက်ကလဲ တော်တော်လေး စွဲမက်ဖို့ ကောင်းတယ်"

လျှောင်ရန်က ကူရှုပ်ရှင်းကို ချီးကျူးလိုက်သည်။

"ဟီး ဟီး"

ကူရှုပ်ရှင်း မကျေမနပ် ဖြစ်နေသည်။ ကျန်ရန်ဇေ့ာင်က အနောက်ကနေ ကာကွယ်ပြီး သူ့ကိုယ်သူ စတေးရန် ဆန္ဒရှိနေသည်။ ဒါက အရမ်း ကြမ်းတမ်းသည်။ ရှန်ယွန်ပေါင်ကလည်း သူ့လို အလားတူ လုပ်ဆောင်ခဲ့သည်။ ပြီးတော့ လီဇီချီနဲ့

နိုင်းယှဉ်ပါကလည်း နည်းဗျူဟာ ပိုင်းတွင် နိမ့်ကျသည်။

လူတွေရဲ့ ခွန်းအားကိုသာ နှိုင်းယှဉ်မယ်ဆိုလျှင် ကျန်ရန်ဖောင်မှာ အပြစ်အနာအဆာ မရှိပါ။ သို့သော်လည်း သူက နယ်ပယ်တိုင်းတွင် ထူးချွန်တဲ့ သူမဟုတ်ပါ။

“မင်းတို့ ကျေနပ်သင့်တယ်။ မင်းတို့ တပည့်လိုမျိုး ကျောင်းသားတစ်ယောက်လောက် လက်ခံနိုင်ရင် ငါတော့ တစ်လလောက်တောင် အိပ်မပျော် ဖြစ်သွားမယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ယန်တစ်ယောက် အားကျပြီး မနာလို ဖြစ်သွားသည်။

ကျောင်းသားကောင်းတွေကို မလိုချင်တဲ့သူ ရှိလို့လား။

(ဆွန်းမိုရဲ့ တပည့်တွေအားလုံးက အရမ်းထူးချွန်ကြပြီး သူတို့ကလည်း လိဂ်ပြိုင်ပွဲတွင် ကြီးမားတဲ့ ထူးချွန်မှုကို သေချာပေါက် ပြသလိမ့်မည်။ ဆွန်းမိုကို ထိန်းထားနိုင်ပါ့မလား)

ဖန်ယန် စိုးရိမ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာလောကတွင် မြတ်ဆရာတစ်ယောက်ရဲ့ တပည့်ကို မလုတတ်ကြပါ။ ဒါပေမယ့် သစ်တောကြီးထဲတွင် သတ္တဝါမျိုးစုံ ရှိနိုင်သည်။ စည်းကမ်းစည်းမျဉ်းများကို မလိုက်နာတဲ့ မြတ်ဆရာ အနည်းငယ်လည်း ရှိနိုင်သည်။

သဘာဝအတိုင်း သင့်တော်တဲ့ အကြောင်းပြချက်ကို ပေးပြီး အရာအားလုံး အဆင်ပြေအောင် လျှော်ကြေးပေး ဖြေရှင်းတတ်သည်။

ဒါက ဘောလုံးလောကနဲ့တူသည်။ ချမ်းသာတဲ့ မန်ယူလို အသင်းများက ဘောလုံးသမား ခေါ်တဲ့အခါ အခြားအသင်းရဲ့ ထိပ်တန်း ကစားသမားများကို ခေါ်ယူတတ်သည်။ အချို့ ပါရမီမြင့်တဲ့ ကစားသမားအတွက်ဆိုလျှင် လစာကိုတောင် လျှော့ပေးတတ်သည်။

မြတ်ဆရာလောကတွင်လည်း ဒီလိုမျိုး အခြေအနေများ ရှိခဲ့ဖူးသည်။ တကယ်လည်း ကြယ်စပွင့် မြတ်ဆရာများ မဲလာဆွယ်ပါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအနည်းငယ်သာ ဒီသွေးဆောင်မှုကို ခံနိုင်ရည် ရှိသည်။

ကြယ်၉ ပွင့် မြတ်ဆရာ ဆိုရင်ရော။

အဲဒီကြယ်ပွင့် မြတ်ဆရာများက တံခါးဝတွင် တပည့်ခံချင်တဲ့ ကျောင်းသားများ တန်းစီ နေသဖြင့် ခိုးယူဖို့ မလိုအပ်ပါ။ တပည့်တစ်ယောက် ရွေးဖို့တောင် လူကုန်အောင် မစစ်ဆေးနိုင်တော့ပါ။ ဒါကလည်း သိသာတဲ့ လူ့သဘာဝ တစ်ခုဖြစ်သည်။ အမြင့်မတက်ချင်တဲ့ လူရှိလို့လား။

ကူရှုပ်ရှင်၏ အမူအရာမှာလဲ ကျေနပ်မှုတစ်ဝက် စိုးရိမ်မှု တစ်ဝက် ဖြစ်နေသည်။ ကျန်ရန်ဇောင်ကို မထိန်းထားနိုင်တော့မှာ သူမ ကြောက်နေသည်။

လှိုဏ်ဂူထဲတွင် လူများ စုရုံးနေကြသည်။

"ထိလို့ ရမလား"

ရှီကွမ်က ဘုရင်မ ခေါင်းပေါ်က လှပတဲ့ အမျိုးသမီးပုံကို ကြည့်ပြီး ထူးဆန်းတဲ့ အလှကို ခံစားမိသည်။

"အရမ်း ရုပ်ပျက်လိုက်တာ။ ဘာလို့ ဒီလို လုပ်ချင်တာလဲ"

ဇန်ဂန်က နားမလည်နိုင် ဖြစ်နေသည်။ သူက မြေပေါ်မှာထိုင်ပြီး စောစော တိုက်ခိုက်ထားတဲ့ အရှိန်ကြောင့် သေလုနီးပါ မောပန်းနေသည်။

“မင်း နားမလည်ပါဘူးကွာ”

ရှီကွမ်က လက်ကိုဆန့်ကာ ပုံကို ထိဖို့ လုပ်လိုက်သည်။ ဒါပေမယ့် သူဒီလို မလုပ်ရသေးခင် ကူဒင်ဂျိုက ခြေထောက်နဲ့ ဘုရင်မရဲ့ တင်ပါးကို နင်းလိုက်သည်။

ဂျို

ဘုရင်မက ချက်ခြင်း လှည့်ကြည့်သည်။ ကူဒင်ဂျီကို ကိုက်သတ်မလို့ ပါးစပ်ကြီး ဟလာသည်။

ရွှတ်စ်

လူတိုင်း အလျှင်စလို နောက်ဆုတ်သွားပြီး တောင့်တင်းစွာ ရပ်လိုက်သည်။

"အမကြီးပင့်ကူ၊ သူ့မှာ မကောင်းတဲ့ ရည်ရွယ်ချက် မရှိပါဘူး"

လုချီဟွာက ဘုရင်မကို အမြန် ချော့မော့လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

ကျန်ရန်ဇောင်က ကူဒင်ဂျိကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"တော်ပြီ။ ဒီငရဲက မြန်မြန် ထွက်ကြစို့"

ချူဂျန်က တိုက်တွန်းသည်။

"ခဏနေအုံး။ ချီဟွာ ဒီမှာ ဝှက်ထားတဲ့ ရတနာ ရှိလားလို့ မေးကြည့်ပါလား"

အင်ဘိုင်ဝူက လုချီဟွာဆီ တိုးသွားပြီး တိုးတိုးလေး မေးလိုက်သည်။

ဘုရင်မသည် ဘယ်လိုတိုက်ရမလဲ တိုက်ပွဲနည်းဗျူဟာကို သိသောကြောင့်

လူအများအပြားကို ဖမ်းဆီးပြီး စားသောက်ခဲ့လိမ့်မည်။ သူတို့ရဲ့ ပစ္စည်းတွေထဲမှာလဲ ရတနာ ပါလာနိုင်သည်။

လုချီဟွာက ချက်ခြင်းဆိုသလို လက်နဲ့ခြေကို အသုံးပြုပြီး ဘုရင်မကို မေးလိုက်သည်။ ဘုရင်မကလည်း ဂျီဂျီ ဆိုပြီး ပြန်လည် ပြောဆိုသည်။

လူတိုင်း လုံးဝ အံ့အောသင့်နေသည်။ ဝိညာဉ်သားရဲ ထိန်းချုပ်သူ တစ်ယောက်တောင် လက်ဟန်အမူအရာနဲ့ သားရဲတွေကို မဆက်သွယ်နိုင်ဘူး မဟုတ်လား။

"ငါသိပြီ ရတနာတွေက သူ့မ ပလ္လင်အောက်မှာ"

လုချီဟွာက ပြန်ပြောသည်။ အဲဒီနောက် ပေါက်ပေါက်ဆုပ် လက်တစ်ဆုပ်စာ ထုပ်ကာ ဘုရင်မကို ကျွေးလိုက်သည်။ ဒါပေမယ့် သူမ ဘာမှ မစားရသေးခင် ငါးသလဲထိုးလေးက ပြေးလာပြီ ပေါက်ပေါက်ဆုပ်ကို အရင်စားလိုက်သည်။

"ပလ္လင် ဟုတ်လား"

လူတိုင်း ဘုရင်မရဲ့ အသိုက်ကို ကြည့်လိုက်ကြသည်။

"ငါတို့ ဘာအတွက် စောင့်နေတာလဲ"

ကျန်ဂန်က ဝမ်းသာတဲ့အမူအရာနဲ့ ပြေးမလို့ လုပ်လိုက်သည်။ သူတို့ ချမ်းသာတော့မည်။

"ခဏနေအုံး"

ကျန်ရန်ဇောင်က သူ့ကျောကို လှမ်းဆွဲထားသည်။

"အရင်ဆုံး ရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ရမယ်။ ဒါက ပြိုင်ပွဲတစ်ခုပဲ။ လုယက်မှု ဘယ်လိုပဲ ကွဲပြားပါစေ စိတ်ဝမ်းကွဲစရာ မလိုဘူး။ ဒီလိုမှမဟုတ်ရင် ငါကတော့ ရတနာ အားလုံး စွန့်လွှတ်လိုက်မယ်"

"ဒါပေါ့ သေချာတယ်"

ကျောင်းသား တော်တော်များများ ခေါင်းညိတ်ထောက်ခံကြသည်။

"ချီဟွာ၊ မင်းက ပင့်ကူမျိုးနွယ်တစ်ခုလုံးကို ကျွန်.....”

"ကျွန်လုပ်တာ မဟုတ်ဘူး"

လုချီဟွာက ကျန်ရန်ဖောင်ရဲ့ စကားကို ဖြတ်ပြောလိုက်သည်။ ဘုရင်မကို ဘယ်တော့မှ ကျွန်တစ်ယောက်လို မဆက်ဆံပါ။

လုချီဟွာသည် လူတိုင်းဆီက သဘောကျမှုကို ချက်ခြင်း ရသွားသည်။

"အရင်တုန်းက ကြုံတွေ့ရတဲ့ အန္တရာယ် အဆင့်အဆင့်အရ တိုက်ပွဲရဲ့ ဝေစု ကွဲသွားမယ်။ အများဆုံးလုပ်တဲ့လူက အများဆုံးရမယ်။ ဘုရင်မကို လုချီဟွာက ဖမ်းဆီးခဲ့တာကြောင့် သူမက ဝေစု အများစုရမယ်။ လီဇီချီက နည်းဗျူဟာချပြီး ငါတို့ကို လမ်းညွှန်ပေးတာကြောင့် သူမက ဒုတိယ အများဆုံး ရမယ်။ ထန်ထန်ယုထန်နဲ့ အင်ဘိုင်ဝူက ဘုရင်မကို တားဆီးရပြီး အန္တရာယ်လည်း အရမ်းများတယ်။ ဒါကြောင့် တတိယ အများဆုံး ဝေစုကို ရမယ်။ ရှန်ယွန်ပေါင်နဲ့ ငါက နောက်တန်းကို ကာကွယ်ရတာကြောင့် စတုတ္ထ အများဆုံးရမယ်။

ကျန်တဲ့လူတွေက ကျန်တဲ့ ဝေစုကို ရမယ်။ ကန့်ကွက်စရာ ရှိလား”

ကျန်ရန်ဖောင်က ဆင်ခြင်တုံတရားကို အခြေပြုပြီး ပြောလိုက်သည်။

“ကန့်ကွက်စရာ မရှိဘူး”

ကျောင်းသားတွေက သဘောတူကြသည်။ ကယ်တင်ခဲ့တဲ့ အခြေအနေကိုလည်း ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ကြသည်။ အမှန်တိုင်းပြောရလျှင် ဆွန်းမိုရဲ့ တပည့်တွေက တကယ်ကို အထင်ကြီးဖို့ ကောင်းသည်။

ဘယ်လို သင်ပေးခဲ့လဲ မသိပါ။

“အို၊ ယုထန် အခုအချိန်မှာ ဆရာဆွန်းကို ဆရာတင်ချင်ရင် လွယ်အုံးမလား”

ကူဒင်ဂျိက လေသံလေးနဲ့မေးလိုက်သည်။

“မင်း ဘယ်လိုထင်လဲ”

ထန်ထန်ယုထန်က ရယ်ပြီး ပြန်မေးသည်။

“အိပ်မက် မက်နေတာ ရပ်လိုက်တော့။ အရမ်းခက်လိမ့်မယ်”

ရှီကွမ်က သက်ပြင်းချရင်း ပြောလိုက်သည်၊ ဆရာဆွန်းကို သူတို့ကိုယ်ပိုင် ဆရာအဖြစ် တင်မြှောက်ချင်ရင် ဘယ်လိုလုပ် ကူဒင်ဂျိရဲ့ အလှည့် ရောက်မှာလဲ။

ဘုရင်မရဲ့ ပုလ္လင်ကို ဖယ်လိုက်လျှင် အောက်မှာ အပေါက်ကြီး တစ်ခုရှိသည်။ အထဲမှာ အများကြီး မရှိပေမယ့် အဖိုးတန်တယ်လို့တော့ ထင်ရသည်။

ကျောက်မြတ် ရတနာတွေ၊ ဝိညာဉ်ကျောက်တုံးတွေ ၊ ဆေးပင်နှင့် လက်နက်

အနည်းငယ်။ အရိုးအချို့နှင့် သူတို့မသိတဲ့ သတ္တုရိုင်းတချို့တောင် ရှိသေးသည်။

လူတိုင်း အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ ဒါတွေက ဘာလဲဆိုတာ မသိကြပါ။

"ဇီချီ ဒါတွေကို အကျဉ်းချုံးပြီး မိတ်ဆက်ပေးလို့ ရမလား"

ကူဒင်ဂျိက ခခယယ ပြုံးပြီး မေးလိုက်သည်။ လီဇီချီကို လေ့လာဖို့ လူတိုင်း ကျင့်သုံးနေကြပြီ။ မသိတာ တစ်ခုခု ကြုံလာလျှင် သူမကို အရင်မေးလိုက်သည်။

“ဆေးပင်တွေကတော့ အပင်တစ်ရာ မြက်လို့ခေါ်တယ်။ ဒါတွေက သွေးကြောကို ရှင်းလင်းစေပြီး ခန္ဓာကိုယ်ထဲမှာ သိမ်းဆည်းနိုင်တဲ့ ဝိညာဉ်ချီ ပမာဏ တိုးမြှင့်လာနိုင်စေတယ်။ အရွယ်အစားအရတော့ နှစ်သုံးရာ သက်တမ်းလောက်ရှိမယ်”

“လက်နက်တွေကတော့ သာမန်ပါပဲ။ ဒီဓါးတိုက ဝိညာဉ်လက်နက်ဆိုပေမယ့် အလယ်အလတ်အဆင့်ပဲရှိတယ်”

“ဒီသတ္တုရိုင်းတွေကတော့ တန်ဖိုးမရှိဘူး ပုံစံလှနေတာပဲ ရှိတယ်”

လီဇီချီက ပစ္စည်းတွေရဲ့ အဓိက အချက်ကို မိတ်ဆက်ပေးလိုက်သည်။

"တွက်ချက်လိုက်ရင်တော့ အားလုံးပေါင်း ဝိညာဉ်ကျောက်တုံး တစ်သိန်းဖိုး လောက်ရှိမယ်"

"အရမ်းများတယ် မဟုတ်လား"

လူတိုင်း မောဟိုက်လာသည်။

ဂျီ

ဘုရင်မ သွားဖြဲလာသည်။ လုချီဟွာက အသံတိုးတိုးလေးနဲ့ နှစ်သိမ့်လိုက်ပြီး သတိပေးလိုက်သည်။

"ဒီပစ္စည်းတွေက သူ့ရတနာလို့ ဘုရင်မက ပြောတယ်။ ယူတဲ့လူက ကိုက်သတ်ခံရပြီး သေဖို့ ပြင်ထားတဲ့"

"ငွေ အမောက်ကို အရင်ဆုံး မေ့ထားလိုက်"

ထန်ထန်ယုထန်က နှုတ်ခမ်းတွန့်ပြီး

"ငါတို့ ပြိုင်ပွဲ ပြိုင်နေတုန်းပဲ"

"ပစ္စည်းတွေကို သယ်လာကြ။ ဒီည စခန်းချတဲ့ နေရာရောက်မှ ခွဲမယ်"

လီဇီချီက တိုက်တွန်းလိုက်သည်။

ပစ္စည်းတွေကို စုစည်းနေတဲ့အချိန်တွင် သတိလစ်နေတဲ့ လူများ ပြန်သတိရလာကြသည်။

"ငါဘယ်သူလဲ"

"ငါ ဘယ်မှာလဲ"

"ငါ့ မိန်းမက ဘယ်မှာစောင့်နေတာလဲ"

ပိုင်ကွမ်ချီက ခေါင်းကို ပွတ်ကာ ထထိုင်လိုက်သည်။ မျက်နှာ နာကျင်တဲ့ အမူအရာ ရှိနေသည်။

"စောင့်နေတဲ့ မယား ဟုတ်လား"

ဇန်ဂန် နှုတ်ခမ်း တင်းတင်းစေ့ထားသည်။ (ဟွန့် ချမ်းသာတဲ့ မျိုးဆက်က ထင်ထားသလိုပဲ။ ရုပ်ဆိုးနေရင်တောင် မယား မရှားဘူး)

"အမ်"

ဝူဂျိတန် မျက်လုံးဖွင့် ကြည့်လိုက်လျှင် သူ့ဘေးမှာ အမွေးအမျှင်ထူတဲ့ ပင့်ကူကြီးတစ်ကောင်ကို မြင်လိုက်ရသည်။ လန့်ဖြန့်ပြီး ထအော်သည်။

ရှူး

ဘောင်းဘီတွေ စိုကုန်သည်။

(ငါ သေရတော့မှာလား)

ချောင်ဒင်က ကျောင်းသားတွေလည်း သတိရလာကာ အရမ်း ကြောက်လန့်နေကြသည်။ တစ်ယောက်က ကျောက်တုံးနဲ့ ပင့်ကူကို ပစ်ပေါက်လိုက်သည်။ အဲဒီနောက် ရှန်ယွန်ပေါင်ရဲ့ အကန်ခံရပြီး ပြန်သတိလစ်သွားသည်။

“ချောင်ဒင်က လူတွေ ငါတို့က မင်းတို့ကို ကယ်ခဲ့တဲ့လူတွေပဲ။ ကြီးမားတဲ့ ကျေးဇူးကြွေးကို ပြန်ဆပ်ဖို့ မမေ့နဲ့”

လီဇီချီ ပြုံးလိုက်မိသည်။ တကယ်တော့ ကျေးဇူးကြွေးကို စိတ်ထဲ မထားပါ။ ဒီလူတွေကို

ဒေါသထွက်နေသောကြောင့်သာ ပြောလိုက်ခြင်းဖြစ်သည်။ အရင်တုန်းက ဗဟိုပြည်နယ်အကယ်ဒမီကို အထင်သေးဖို့ ဘယ်သူ ပြောခဲ့တာလဲ။

သူမဆရာနဲ့ ပက်သက် ဆက်နွယ်နေတဲ့ အရာအားလုံးကို ဘယ်သူမှ အထင်သေးခွင့် မရှိဘူး။ ပြီးတော့ ဗဟိုပြည်နယ်အကယ်ဒမီက သူမဆရာရဲ့ ကျောင်းဖြစ်သည်။ ဒါကြောင့် ဒါက အရေးပါလာသည်။

"ငါ....ငါတို့ကို ကယ်တင်ခဲ့တာလား"

ချောင်ဒင်ကျောင်းမှ ကျောင်းသားများ၏ မျက်နှာတွင် အရမ်းအံ့အောမှုနဲ့ ပြည့်နေသည်။

အခန်း (၃၃၃) - ပထမနေရာကို ပစ်မှတ်ထားခြင်း။ လုပ်လိုက်ကြစို့။

"လှိုဏ်ခေါင်းတွေက အများကြီးပဲ။ ဘယ်တစ်ခုက လမ်းအမှန်လဲ"

"ငါတို့ အချိန်ကုန်တာ တစ်နာရီလောက် ရှိပြီ။ သူတို့လေးယောက် မသေးသေးဘူးလို့တော့ မျှော်လင့်တာပဲ"

"အရမ်းစိတ်ပျက်ဖို့ကောင်းတဲ့ စကားတွေကို မပြောဘဲ နေလို့ မရဘူးလား"

ချောင်ဒင်က ဆရာလေးယောက်သည် လှိုဏ်ခေါင်းတစ်ခုထဲတွင် ပြေးနေကြသည်။ သို့သော်လည်း ဒီနေရာတွင် ခက်ခဲလှသည်။ နည်းနည်းလေး သတိမထားလိုက်မိတာနဲ့ လမ်းမှားသွားနိုင်သည်။

အချိန်ကြာလာတာနဲ့အမျှ သူတို့စိတ်လေးလာသည်။

အခုတော့ သူတို့အရှေ့မှာ စမ်းသပ်မှု တစ်ခုရှိနေပြီ။ သေဆုံးနိုင်ခြေများတဲ့ ကျောင်းသားတွေကို ဆက်ရှာပြီး အန္တရာယ်ကြားမှာ စွန့်စားသင့်လား။ ဒါမှမဟုတ် စောင့်ကြည့်သူကို အကူအညီတောင်းသင့်လား။ စောင့်ကြည့်သူကို အကူအညီတောင်းလိုက်တာနဲ့ ဒီအချီကို အရှုံးပေးလိုက်သလို ဖြစ်သွားပြီ။

ပြီးတစ်ချီကို အရှုံးပေးလိုက်လျှင် စီအဆင့်တက်ဖို့အတွက် စိတ်ကူးယဉ်စရာ မလိုတော့ပါ။ လက်ရှိအဆင့်ကို ဆက်ထိန်းထားနိုင်ရင်တော့ မဆိုးသေးဘူး။

စောင်းကြည့်သူက သူတို့နောက်မှ လိုက်နေသည်။ စကားမပြောဘဲ စိတ်ပိုင်းဆိုင်ရာ ဖိအား ပေးနေသည်။

"ဘောပဲ"

အဖွဲ့ကို ဦးဆောင်တဲ့ ဆရာတွေက ဆဲလိုက်ကြသည်။

"သတိထား။ ရှေ့မှာ ပင့်ကူတွေ ရှိနေတယ်"

အရှေ့က ဆရာက အော်ဟစ်လိုက်သည်။ ဒီလူသားမျက်နှာ ပင့်ကူများသည် သဘာဝကပေးထားတဲ့ တိုက်ခိုက်ရေး စွမ်းရည်များရှိပြီး မကြောက်တတ်ပါ။ ဆရာတွေရဲ့ စိတ်ထဲတွင် ဒေါသတွေနဲ့ တောက်လောင်နေပြီး စိတ်ခံစားချက်အတိုင်း ပင့်ကူတွေကို သတ်ပစ်နေသည်။

ဒါပေမယ့် အနည်းငယ် သတ်လိုက်ပြီးနောက် တစ်ယောက်ယောက်က စိုးရိမ်တကြီး အော်လိုက်တဲ့ အသံကို ကြားလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မသတ်နဲ့ဟော့။ ငါ့ရဲ့ အိမ်မွေးတိရစ္ဆာန်တွေပဲ”

“မင်းတို့တွေ မရပ်ဘူးလား”

“ဆရာ မီအို၊ အီးဟီးဟီ၊ ငါတို့နောက်ဆုံးတွေ့ကို ပြန်တွေ့ရပြီ”

ကျောင်းသားတွေရဲ့ အသံက ဂူထဲကနေ ပျံ့လွင့်လာသည်။

ဆရာလေးယောက်သည် ရပ်တန့်ကာ အချင်းချင်း ပြန်ကြည့်လိုက်ကြသည်။ (ငါ့ရဲ့ အိမ်မွေးတိရစ္ဆာန်ဆိုတာ ဘာပြောချင်တာလဲ။ ဒီပင့်ကူတွေကို ပြောချင်တာလား)

အဖြေကို မြန်မြန် စဉ်းစားနေသည်။

လီဇီချီနဲ့ အဖွဲ့သည် ပင့်ကူကျောပေါ်တွင် ထိုင်နေသည်။ သူတို့က ဂူထဲကနေ လျှင်မြန်စွာ ပြေးထွက်လာသည်။

"ဘာကြီးလဲ"

ဆရာလေးယောက် လုံးဝကို အံ့အော မှင်တက်နေသည်။ အထူးသဖြင့် ရင်သားကြီးတဲ့ မိန်းကလေး စီးလာတဲ့ ပင့်ကူကြီးကို မြင်လိုက်တဲ့အချိန် ဖြစ်သည်။ အဲဒါကြီးက အရမ်းကြီးမားပြီး ကြောက်ဖို့ ကောင်းလွန်းသည်။

ဒီကောင်ကြီးကို ဘယ်လိုရှုထောင့်ကပဲ ကြည့်ပါစေ ဘာပြောရမှန်း မသိပါ။

"ဆရာ မီအို"

ချောင်ဒင်က ကျောင်းသားလေးယောက် ပြေးလာသည်။ သူတို့က သေခြင်းတရားကို တော်တော်လေး ကြောက်ရွံ့သွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေကြောင့်သာ မဟုတ်ရင် ဘုရင်မအတွက် အရသာရှိတဲ့ ညစာ တစ်ခွက် ဖြစ်သွားလိမ့်မည်။

"မင်းတို့ အဆင်ပြေရဲ့လား"

"မင်းတို့အားလုံးက ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေပဲ မဟုတ်ဘူးလား"

"သူတို့ကို ဘယ်လို ရှာတွေ့ခဲ့တာလဲ"

ဆရာတွေမှာ အဖြေရှာမရတဲ့ မေးခွန်းတွေနဲ့ ပြည့်နှက်နေသည်။

"ဆရာလေးယောက် ကျေးဇူးပြုပြီး ထွက်သွားပေးလို့ ရမလား။ ကျောင်းသားတွေနဲ့ စကားပြောတာကို ရပ်လိုက်ပါ။ ဒီလိုမှမဟုတ်ရင် မင်းတို့ကျောင်းရဲ့ ယှဉ်ပြိုင်ခွင့်ကို ရုတ်သိမ်းလိုက်မယ်"

စောင့်ကြည့်သူက အေးစက်စွာ ပြောလိုက်သည်။

"မြန်မြန်ထွက်ကြစို့။ မြန်မြန်လေး"

ကျန်ရန်ဇောင်က တိုက်တွန်းလိုက်သည်။

ကျောင်းသားလေးယောက်လည်း သူတို့အဖွဲ့ဆီ ပြန်ချင်နေကြသည်။ ဒါကြောင့်လည်း သူတို့ရဲ့ ခံစားချက်ကို ထုတ်ဖော်ဖို့ အချိန်မရဘဲ ပင့်ကူရဲ့ ကျောပေါ်ကိုသာ ပြန်တက်ရုံ ရှိတော့သည်။

ဒီအတွက်လည်း အဖြေကမရှိပါ။ ဗဟိုပြည်နယ်အကယ်ဒမီအဖွဲ့နဲ့ လမ်းခွဲလိုက်လျှင် လမ်းပျောက်သွား လိမ့်မည်။

ပင့်ကူတွေက ထွက်သွားကြသော်လည်း ဆရာလေးယောက်က မှင်တက်ပြီး ကျန်နေခဲ့သည်။

နည်းနည်း ရှက်စရာ မကောင်းဘူးလား။

တကယ့်တော့ ဆရာလေးယောက်ရဲ့ ရှာဖွေနှုန်းသည် အရမ်းမြန်ဆန်သည်။ ဘုရင်မရဲ့ လှို့ဏ်ဂူသည် မီတာ တစ်ရာကျော်လောက် ရှိသည်။ သနားစရာကောင်းတာက ထန်ထန်ယုထန်ရဲ့ ရှာဖွေနှုန်းက ကောင်းမွန်လွန်းနေသည်။

“ဒီနှစ်တော့ ဗဟိုပြည်နယ် အကယ်ဒမီက အဆင့်တက်ဖို့ ဖြစ်နိုင်ခြေ များနေပြီ”

သားကောင်တွေကို ကယ်တင်နိုင်ခဲ့တာက အံ့အောဖို့ ကောင်းနေပြီ။ ဒါပေမယ့် ဘုရင်မကို ထိန်းချုပ်ပြီး ပင့်ကူမျိုးနွယ်ကို ထိန်းချုပ်ဖို့လား။ ဒါက ကောင်းကင်ကြီးကို အံတုတာ ဖြစ်နေပြီ။

“ငါတို့ ပြန်ရောက်တဲ့အခါကျရင် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေရဲ့ အထောက်အထားကို စုံစမ်းသင့်နေပြီ”

ဆရာ မီအို ကျောင်းသားတချို့ကို လုဖို့ ပြင်နေသည်။

လူသားမျက်နှာ ချောက်ရဲ့ အပြင်ဘက်တွင် အုပ်စုနှစ်စု စိတ်အားထက်သန်စွာ စောင့်မျှော်နေကြသည်။ ရုတ်တရက် ကင်းကျတဲ့ ကျောင်းသားက ပင့်ကူ အုပ်ကြီးတစ်အုပ် အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြေးလာတာ မြင်လိုက်ရသည်။

"သတိ သတိ"

အချက်ပေးသံကြားပြီးနောက် ကျောင်းသားများသည် အနီးအနားမှာရှိတဲ့ ကျောက်ဆောင်နောက်သို့ ပြေးဝင်သွားပြီ။

သိပ်မကြာခင် ပင့်ကူကြီး တစ်စု ပြေးလာသည်။

“ကျန်ဖီ မင်းဘယ်မှာလဲ”

ကျန်ရန်ဖောင် အော်ဟစ်လိုက်သည်။

“အမ်၊ ဘာအခြေအနေကြီးလဲ”

လီရွှန်ဂန်က အံ့အောတဲ့ အကြည့်နဲ့ ကြည့်နေသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေ ဘာဖြစ်လို့ ပင့်ကူကျောပေါ်မှာ ထိုင်နေကြတာလဲ။ ပြီးတော့ လုချီနဲ့ တခြားသူတွေက ဘာဖြစ်လို့ ဒီအဖွဲ့နဲ့ ပါလာရတာလဲ။

သို့သော်လည်း သူတို့နဲ့ တွေ့ဆုံရန် ကမန်းကတမ်း ပြေးထွက်လာသည်။

“ကျန်ဇီ မြန်မြန်ထွက်လာ။ ငါတို့ သွားကြတော့မယ်”

ဇန်ဂန် တမင်သက်သက် အသံမြှင့်ပြီး ပြောလိုက်သည်။ ဒီအခိုက်တွင် ချောင်ဒင်က ကျောင်းသားများထက် သာလွန်တယ်ဆိုတဲ့ ခံစားချက်ကို ခံစားလိုက်ရသည်။

(ဟွန့်)

(မင်းတို့ ငါတို့ကျောင်းကို အထင်သေးခဲ့တာ မဟုတ်ဘူးလား။ အခုတော့ အမှိုက်က ဘယ်သူလဲဆိုတာ သိသင့်နေပြီ)

"အီး ဟီး ဟီး၊ မင်းတို့တွေ နောက်ဆုံးတော့ ပြန်ရောက်လာပြီ။ ငါ အရမ်းကြောက်နေတာ"

လီဖန် ပြေးထွက်လာသည်။

လုချီ က အနောက်မှာ ရပ်နေပြီး အရမ်းနေရခက်နေသည်။ သူက တကယ့် အမှိုက်ဖြစ်နေ ခဲ့သည်။

နောက်ဆုံးတော့ အဖွဲ့ ပြန်စုံသွားသည်။

"မင်းတို့တွေ ဘာလုပ်နေကြတာလဲ"

ကျန်ဖီသည် ပင့်ကူကြီးကို ကြည့်လိုက်သည်။ သူ ထိကြည့်ချင်သော်လည်း မလုပ်ရဲ ဖြစ်နေသည်။

"သူတို့ပေါ် မြန်မြန် တက်လိုက်၊ သွားရအောင်"

လီဖီချီက တိုက်တွန်းလိုက်သည်။

"မကိုက်တာ သေချာလို့လား"

လီဖန် အရမ်းကြောက်နေသည်။ ဒီလူသားမျက်နှာ ပင့်ကူများက ဘယ်လောက် ကြောက်ဖို့ ကောင်းတယ်ဆိုတာ သူမ မမေ့သေးပါ။

"ငါတို့ သေချာတယ်"

ကျန်ရန်ခေါင် ပင့်ကူတစ်ကောင်ပေါ်တွင် ထိုင်ကာ လီရှန်ဂန်ကို အပေါ်စီးကနေ ငုံ့ကြည့်လိုက်သည်။ လက်ခုပ်တီးလိုက်ပြီး

"လူတိုင်း မင်းတို့ကျောင်းသားတွေကို ငါတို့ ကယ်တင်ပေးခဲ့ပြီးပြီ။ နောင်ကျရင် ဒီကျေးဇူးကို ပြန်ဆပ်ဖို့ မမေ့နဲ့"

ခေ◌ျ◌ာင်ဒင်၏ အဖွဲ့အားလုံးရဲ့ မျက်နှာပေါ်တွင် ရှက်တဲ့ ပုံစံများ ပေါ်လာသည်။

"ဖြစ်စေရမယ်"

လီရွှန်ဂန်က ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။

“ဒါဆိုလည်း ရေစက်ရှိရင် ပြန်ဆုံကြသေးတာပေါ့”

ကျန်ရန်ဇောင်သည် ဒီအခိုက်အတန့်တွင် ချီးမြှောက်ခံရသလို ကျေနပ်အားရ သွားသည်။ တကယ်ကို အားတက်စရာပဲ။

“မင်းတို့ ဘာတွေကြုံခဲ့ရလဲ”

ကျန်ဇီ တကယ်သိချင်နေသည်။

အဲဒီနောက် ကူဒင်ဂျိက အားလုံး ရှင်းပြလိုက်သည်။ ဒီစကားကို ကြားလိုက်ပြီးနောက် ကျန်ဇီ နောင်တရသွားသည်။ (ငါက ဘာလို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလူနှစ်ယောက်ကို စောင့်ရှောက်ဖို့ ကျန်နေခဲ့ရတာလဲ။ ငါသာ လိုက်သွားခဲ့ရင် ငါ့ဘဝရဲ့ အရေးကြီးဆုံး အမှတ်တရ တစ်ခု ဖြစ်လာလိမ့်မယ်။ ဘွဲ့ရပြီးရင်တောင် ငါ့ဘဝ တစ်ဝက်လောက်အထိ ဒီဇာတ်လမ်းအကြောင်းကို ပြန်ပြောပြီး ကြွားနေလို့ရတယ်)

ကျန်ဇီသည် အဖွဲ့ဝင် ဆယ်ငါးယောက်ကြားက ဆက်ဆံရေး ပိုပြီး သံဟဇာတ ဖြစ်လာတာကို သိသိသာသာ ခံစားလိုက်မိသည်။

“အဖွဲ့ခေါင်းဆောင် လီ၊ မင်း သူတို့နဲ့ညှိနှိုင်းပြီး မဟာမိတ် ဖွဲ့လိုက်သင့်တယ်”

ဝူရန် က အကြံပြုသည်။

“ဒါအမှန်ပဲ။ ပင့်ကူပေါ်မှာ ထိုင်နိုင်ရင် ငါတို့မှာ အခွင့်အရေး ရှိသေးတယ်”

ချိုင်ယောင်က နှုတ်ခမ်းသပ်လိုက်သည်။ လူသားမျက်နှာ ပင့်ကူများသည် ရှုံ့ဖို့ ကောင်းသော်လည်း အောင်ပွဲအတွက် ဒါကို အောက်အီး သည်းခံနိုင်သည်။

"အစေားကြီးကတည်းက ငါတို့က သူတို့ကို ငြင်းပယ်ခဲ့တာလေ။ မင်းတို့အားလုံး မေ့နေကြပြီလား"

လီရွှန်ဂန် မျက်နှာ တင်းမာနေသည်။

"မင်းတို့အားလုံး ဆန္ဒရှိရင် သွားလုပ်လို့ရတယ်။ ငါတော့ မလုပ်ဘူး"

ဒီစကားကို ကြားပြီးနောက် လူတိုင်း ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"ဝူရန် ဒါက မင်းအပြစ်ပဲ"

ချိုင်ယောင်က အပြစ်တင်တော့သည်။

“ငါ......”

ဝူရန် အနိုင်းမဲ့ စိတ်ဓါတ် ကျသွားသည်။ (ငါလည်း အကူညီမဲ့နေပါတယ်ကွာ။ ဒီနှစ် ဗဟိုပြည်နယ် ကျောင်းသားအသစ်အဖွဲ့က ဒီလောက် ပေါက်ကွဲအား ကောင်းမယ်လို့ ဘယ်သူက ထင်မှာလဲ)

ပင့်ကူကြီးများနဲ့ တောင်တက်ရသဖြင့် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားအဖွဲ့ရဲ့ အရှိန်သည် ပိုမြန်လာသည်။ ပြီးတော့ ပတ်ဝန်းကျင်မှာ ရှိတဲ့ ရက်စက်တဲ့ သားရဲများနဲ့ အဆိပ်ပြင်းမြွေများသည် ပင့်ကူတွေရဲ့ ခြေရာ

ခံစားမိပြီး ရှောင်သွားကြသည်။ အဖွဲ့က တိုက်ခိုက်မှု မခံရပါ။

ဒါကြောင့် လမ်းတစ်လျှောက် အရမ်းကို အဆင်ပြေချောမွေ့နေသည်။

တခုတည်းသော ပြဿနာက လူသားမျက်နှာ ပင့်ကူများသည် လူသားမျက်နှာ ချောက်ကြီးက ထွက်ခွာလာတာနဲ့ သည်းမခံနိုင်ဘဲ ရုန်းကန်ချင်တဲ့ လက္ခဏာ ပြသလာသည်။ ဘယ်လိုပဲ ပြောပြော နယ်မြေကို စွန့်ခွာလာရသဖြင့် လုံခြုံတဲ့ ခံစားချက်ကို ဆုံးရှုံးသွားသည်။

ကံကောင်းထောက်မစွာ လုချီဟွာက ဘုရင်မကို ထိန်းချုပ်နိုင်ခဲ့သည်။ ဘုရင်မကလည်း သူတို့ရဲ့ မျိုးနွယ်ပေါ်ကို အကြွင်းမဲ့ ထိန်းချုပ်ထားသည်။ ပြီးတော့ ဆူပူ အုံကြွမှု အသေးစားကို အမြန် နှိမ်နှင်းလိုက်သည်။

တောထဲတွင် အခြားကျောင်းသားတစ်ဖွဲ့က အစွမ်းကုန် ကြိုးစားပြီး ခရီးနှင်နေသည်။ ကင်းကျတဲ့ ကျောင်းသားက နားစွင့်ပြီး ရုတ်တရက် ထအော်သည်။

“အားလုံး သတိထားကြ။ ရုတ်ရုတ်သဲသဲ အသံတွေ ကြားနေရတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်း ကောင်းကောင်း မပုန်းရသေးခင် ပင့်ကူများ အုပ်စုလိုက် ပြေးလာတာကို မြင်လိုက်ရသည်။

"တိုက်ခိုက်ဖို့ ပြင်ကြ"

ကလောက် ကလောက်

လက်နက် ပြုတ်ကျတဲ့ အသံများ ထွက်ပေါ်လာသည်။

"လူသား မျက်နှာ ပင့်ကူတွေလား"

ကျောင်းသားများ ခေါင်းတွေကျိန်းပြီး ဆံပင်ထောင်လာသည်။

အရင်က ဒီပင့်ကူတွေကို ကြုံဖူးသည်။ လူသားမျက်နှာ ချောက်မှ ဘေးကင်းစွာ ဖြတ်ကျော်နိုင်ဖို့အတွက် အဆင့်(၃)ဆင့် အကျခံကာ ဆရာတွေဆီက အကူအညီ ယူခဲ့ရသည်။

"ဒီပင့်ကူတွေ ဘာဖြစ်လို့ ငါတို့နောက် တလျှောက်လုံး လိုက်နေရတာလဲ"

"ပြေးကြ"

"ခြေရှစ်ချောင်း ပင့်ကူထက် မြန်အောင် ပြေးချင်တာလား။ အိပ်မက်မက်နေတာလား"

ကျောင်းသားများ ပြာယာခတ်နေကြသည်။ ဆရာတွေဆီက အကူအညီ ထပ်တောင်းလို့ မရတော့ဘူး မဟုတ်လား။

အဲဒီအချိန်တွင် ပင့်ကူများ အနားရောက်လာသည်။ ကျောင်းသားတချို့ ပင့်ကူပေါ်မှာ ထိုင်နေတာကို အမြင်ကောင်းတဲ့ လူများ မြင်လိုက်ရကာ မျက်လုံး ပွတ်လိုက်သည်။

"ငါ အရမ်းလန့်ပြီး ထင်ယောင်ထင်မှား မြင်နေရတာလား"

အဖွဲ့ခေါင်းဆောင် မျက်မှောင် ကြုတ်နေသည်။

ရှာ ရှာ

ပင့်ကူ ဗိုက်များနဲ့ မြေပေါ်က အရွက်များ ပွတ်တိုက်မိသဖြင့် အသံများ ထွက်ပေါ်နေသည်။

ပင့်ကူတပ်တွေ ရောက်လာသည်။ အဲဒီနောက် ကျောင်းသားအုပ်စုကို ဖြတ်ကျော်ပြီး ဆယ်မီတာ အကွာကို ရောက်သွားသည်။ အခုချိန်မှာတော့ လူတိုင်း ရှင်းရှင်းလင်းလင်း မြင်နေရပြီ။

“ဘာကြီးလဲ”

ကျောင်းသားတစ်ယောက်ဆီက အသံထွက်လာသည်။ (ငါတို့ ရင်ဆိုင်တုန်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သေလောက်အောင် လုပ်တဲ့ ရန်သူတွေက တခြားသူတွေရဲ့ စီးတော်ယာဉ် ဖြစ်နေပြီလား။ ယုတ္တိရော ရှိသေးရဲ့လား)

“ဒီကျောင်းသားအဖွဲ့က ဘယ်ကျောင်းကလဲ။ အရမ်းထူးချွန်လွန်း မနေဘူးလား”

အဖွဲ့ခေါင်းဆောင်ရဲ့ အသံက ဝီစီမှ ထွက်လာသလို စူးရှနေသည်။ မျက်နှာပေါ်မှာလည်း မယုံကြည်နိုင်မှုနဲ့ ပြည့်နှက်နေသည်။

“ကျောင်းအဝတ်အစားကို ကြည့်ရတာတော့ ဗဟိုပြည်နယ် အကယ်ဒမီကပဲ”

ကျောင်းသားတစ်ယောက်က ပြောလိုက်ပြီးနောက် တစ်ဖွဲ့လုံး တိတ်ကြသွားသည်။ မိနစ်အနည်းငယ်ကြာပြီးနောက် စိတ်ပျက်ခြင်း၊ အားကိုးရာမဲ့ခြင်း ဖြစ်လာသလို အားကျတဲ့စိတ်လည်း ပေါ်လာသည်။ ဆဲဆိုပြီးသာ ခံစားချက်များကို ဖွင့်ထုတ်နိုင်တော့သည်။

နောက်ဆုံးတော့ အဲဒီကျောင်းသားများသည် သူတို့နဲ့ သန်မာတဲ့ ကျောင်းများကြားက ကွာခြားချက်ကို နားလည် သွားသည်။

တခဏလေးအတွင်းမှာပဲ တိုက်ပွဲဝင်ချင်စိတ် ပျောက်ကွယ်သွားသည်။

ဆွန်းမိုတို့ လေးယောက်စလုံးသည် သူတို့ရဲ့ အမြန်နှုန်းကို အကန့်အသတ်ထိ ရောက်အောင် မြှင့်တင်ဖို့ကလွဲလျှင် ရွေးချယ်စရာ မရှိတော့ပါ။ သူတို့အားလုံး အရမ်းကို ပင်းပန်းနွမ်းနယ် နေကြသည်။

ဒီအတွက်လည်း အဖြေက မရှိပါ။ ဒီလိုမဟုတ်ရင် ပင့်ကူတွေနောက်ကို မှီအောင် လိုက်နိုင်မည် မဟုတ်တော့ပါ။ လောလောဆယ်မှာတော့ ပင်းပန်းနေသလို ပျော်ရွှင်မှုတွေလည်း ရှိနေသည်။

ဒင်

"မင်းရဲ့ တပည့်တွေအားလုံး ပထမဆုံး တကယ့်တိုက်ပွဲမှာ ပြောင်မြောက်တဲ့ စွမ်းရည်တွေကို ပြသနိုင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒါကြောင့် အချိန်တံဆိပ်ကို ချီးမြှင့်လိုက်တယ်။ မင်းပိုင်တဲ့ မြတ်ဆရာအရှိန်အဝါကို မဟာအဆင့်ထိ ရောက်အောင် မြှင့်တင်လို့ ရတယ်"

စနစ်ဆီက အကြောင်းကြားချက် ပေါ်လာပြီးနောက် ဆွန်းမို မျက်လုံးရှေ့တွင် အချိန်တံဆိပ် တစ်ခု ပေါ်လာသည်။

“သုံးမလား”

ဆွန်းမို တွေဝေသွားသည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်း မြင့်တင်ရမှာလား ဒါမှမဟုတ် စွယ်စုံကျမ်း အသိပညာကို မြင်တင်ရမှာလား။

အရင်အသုံးပြုတဲ့အတိုင်းတာက နောက်ပိုင်းနဲ့ ယှဉ်နိုင်မည် မဟုတ်ပါ။ အမှန်တော့ စွယ်စုံကျမ်း အသိပညာသည် ကျောင်းသားတွေကို သင်ပေးတဲ့နေရာမှာ အသုံးပြုနိုင်သည်။

"ဒါဆိုလည်း စွယ်စုံကျမ်း အသိပညာကို အဆင့်မြှင့်တင်မယ်"

ဆွန်းမို ဆုံးဖြတ်ချက် ချလိုက်သည်။

ဒင်

"စွယ်စုံကျမ်း အသိပညာ မြတ်ဆရာအရှိန်အဝါကို မဟာအဆင့်အထိ နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ အသုံးပြုပါက သက်ရောက်တဲ့ ဧရိယာသည် မီတာ တစ်ထောင်အထိ ရောက်ရှိလိမ့်မယ်။ အကျိုးသက်ရောက်မှုက သုံးရက်ကြာမြှင့်မယ်"

ဆွန်းမို ပျော်သွားသည်။ ဒီတစ်ကြိမ်လည်း ထပ်ပြီးတော့ သန်မာလာပြန်ပြီ။ ဒီမြတ်ဆရာအရှိန်အဝါကို အသုံးပြုလိုက်တာနဲ့ သုံးရက် ကြာမြင့်နိုင်သည်။ ကျောင်းသားတွေ သူ့ကို သေမတတ် သဘောကျသွားလိမ့်မယ်”

ညရောက်လာတော့ လေပြေအေးက တိုက်ခတ်လာသည်။

တောင်ရဲ့ အခြားတစ်ဖက်ကို ရောက်ပြီးနောက် ကျန်ရန်ဇောင်က စခန်းချရန် အမိန့်ပေးလိုက်သည်။

“လီဇီချီ၊ မင်းအနားယူသင့်တယ်”

ကျန်ရန်ခေါင်က လီဇီချီရဲ့ ကိုယ်ကာယ ကြံ့ခိုင်မှု အားနည်းတာကို သိနေသည်။ ဒါကြောင့်လည်း ကာယကြံ့ခိုင်မှု လိုအပ်တဲ့ အလုပ်များကို သူမအား မခိုင်းခဲ့ပါ။

'မြေပုံ ဘယ်မှာလဲ။ တစ်ချက်လောက် ကြည့်ရအောင်"

လီဇီချီလည်း အားမနာနေတော့ပါ။ အချိန်အသက်သာဆုံး လမ်းကြောင်းကို ရှာချင်နေသည်။ တကယ်လို့ အရင်ကသာဆိုလျှင်

ကျန်ရန်ဇောင် လုံးဝ ငြင်းလိုက်မိလိမ့်မည်။ အခုတော့ အကြောင်းပြချက် မမေးဘဲ လီဇီချီကို ပေးလိုက်သည်။

တောကြွက်ဥလေးက ချောင်းဘေးရှိ ကျောက်ဆောင်ကြီး တစ်ခုပေါ်တွင် ထိုင်ကာ မြေပုံကို ကြည့်နေသည်။ သို့သော် ကြည့်နေရင်း တဖြည်းဖြည်းနဲ့ မျက်မှောင်ကြုတ်လာသည်။

“နှင်းစက်ဖြူ အဆောက်အဦးမှာ တွေ့တဲ့ မြေပုံနဲ့ ဘာဖြစ်လို့ မတူရတာလဲ။ မဟုတ်သေးဘူး။ ငါမှတ်မိတာ မှားနေတာ ဖြစ်နိုင်တယ်”

လီဇီချီ သူ့မကိုယ်သူမ ရေရွတ်လိုက်သည်။ မြေပုံမှားနေတဲ့ အကြောင်းကို မတွေးရဲပါ။ ဒီလိုမှမဟုတ်ရင် သူတို့အဖွဲ့ ပေးဆပ်ခဲ့ရတာမှန်သမျှ ဘာတန်ဖိုးမှ မရှိတော့ပါ။

အခန်း (၃၃၄) - မင်းက မကြာခင် ဗုဒ္ဓ ဖြစ်တော့မှာလား။

နေရောင်ခြည် မိုန်ဖျော့ဖျော့ တောက်ပလာပြီး ဆည်းဆာ အချိန် ရောက်ရှိလာသည်။

မြူနှင်းများလည်း လေထုထဲတွင် တဖြည်းဖြည်း ပျံ့နှံ့လာသည်။

"အကြီးဆုံး အမကြီး စခန်းပြင်တာနဲ့ ညစာ နှစ်ခုစလုံး အဆင့်သင့် ဖြစ်နေပါပြီ"

အချိန်တော်တော်ကြာနေတာတောင် လီဇီချီ ပြန်မလာတာကို လုချီဟွာ သတိထားလိုက်မိသည်။ လီဇီချီကို လိုက်ရှာဖွေခဲ့သည်။

"ဒီနေ့ အင်ဘိုင်ဝူရဲ့ ကံမဆိုးဘူး။ တောဝက် တစ်ကောင် ရလာတယ်"

လီဇီချီသည် မြစ်ကမ်းနံဘေးက ကျောက်ဆောင်ပေါ်တွင် ထိုင်နေပြီး အဲဒီနေရာတွင် တိတ်တဆိတ်နဲ့ ကျောက်ရုပ် တစ်ခုလို ဖြစ်နေသည်။

"အကြီးဆုံး အစ်မကြီး"

လုချီဟွာ ကြောက်လန့်တကြား ပြေးလာသည်။ လီဇီချီကို သေသေချာချာ ကြည့်လိုက်သည်။ လီဇီချီရဲ့ မျက်နှာက ဖြူဖျော့နေပြီး နဖူးမှာ ချွေးတွေနဲ့ ပြည့်နေသည်။

"ဘာဖြစ်နေတာလဲ"

လုချီဟွာ စိတ်ပူနေသည်။ လီဇီချီ ဘာဖြစ်လို့ ဒီလောက် ပင်ပန်း နွမ်းနယ်နေရတာလဲ။ တနေ့လုံးကြိုးစားပြီး တာဝန်ထမ်းဆောင်နေတဲ့ လူထက်တောင် ပိုပင်ပန်းနေသေးသည်။

"လုချီဟွာ၊ ဒီမြေပုံက တစ်ခုခု မှားနေတယ်လို့ ထင်လား"

လီဇီချီက မေးလိုက်သည်။

ဒီနှစ်များတလျှောက်လုံးတွင် လီဇီချီသည် ဓါတ်ပုံမှတ်ဉာဏ်ကို အသုံးပြုနေခဲ့သည်။ တစ်ခုခုကို စိုက်ကြည့်မိပါက အဲဒီကြောင်းအရာများကို

အလွတ်ကျက်မှတ်ရန် ရည်ရွယ်ချက် ရှိရှိ မရှိရှိ မှတ်မိနေတတ်သည်။

ဒီတစ်နာရီအတွင်းတွင် လီဇီချီသည် နှင်းစက်ဖြူ အဆောက်အဦးမှာ သူမမြင်ခဲ့သမျှကို ပြန်လည်စုစည်းရန် ကြိုးစားနေခဲ့သည်။ မြေပေါ်မှာ ထိုင်ပြီး ပုံတွေ ရေးဆွဲနေခဲ့သည်။

ယေဘုယျအားဖြင့်တော့ မှားယွင်းတဲ့ နေရာများစွာ မရှိပါ။ စုစုပေါင်း နာမည် အမှားနဲ့ လမ်းကြောင်းအမှား အာလုံးပေါင်းမှ လေးခုသာ ရှိသည်။

ဒီအချက်ကြောင့် မြေပုံပေါ်တွင် အမှတ်အသားပြုထားတဲ့ နောက်ဆုံးနေရာက ဟွာလူကျွန်း ဖြစ်နိုင်ရန် ဖြစ်နိုင်ခြေ များနေသည်။ လူတိုင်း ကြိုးကြိုးစားစား လုပ်ရင်တောင် သူတို့ရဲ့ ကြိုးစားမှု အလဟာသ ဖြစ်သွားနိုင်သည်။

"မဟုတ်ဘူး။ ငါတွေးလွန်နေတာပဲ ဖြစ်မယ်။ ဒါက ပုံနှိပ်တဲ့ အမှားဖြစ်နိုင်တယ်"

လီဇီချီက သူမကိုယ်သူမ ဖြေသိမ့်လိုက်သည်။

"မြေပုံက ဘယ်လိုလုပ် မှားနိုင်မှာလဲ။ သူတော်စင်ဂိတ်က ဒီလိုအမှားမျိုးကို လက်လွှတ်စပယ် မလုပ်နိုင်ဘူး"

လုချီဟွာရဲ့ လေသံက သေချာနေသည်။

"ဒါအမှန်ပဲ"

လီဇီချီက ကို့ကိုယ်ကို လှောင်ပြောင်ပြီး ရယ်မောလိုက်သည်။ သူမ တစ်ခုခုကို ရုတ်တရက် တွေးလိုက်မိသည်။

"အို၊ ပြီးခဲ့တဲ့ လမ်းဆုံတစ်ခုတုန်းက တခြားလမ်းက မှန်တယ်လို့ မင်းပြောခဲ့ဖူးတယ်။ မင်း ဘယ်လိုလုပ်ပြီး သေချာတာလဲ"

"အမ်"

လုချီဟွာ ခေါင်းကုတ်ပြီး စိတ်ရှုပ်တဲ့ အမူအရာနဲ့ ကြည့်လိုက်သည်။

"ငါလုပ်ခဲ့တာလား"

"မင်းက ရွှေငါးလား။ မင်းရဲ့ မှတ်ဉာဏ်က ခုနှစ်စက္ကန့်ပဲ ကြာတာလား"

လီဇီချီ စကားမပြောနိုင် ဖြစ်နေသည်။ (မနေ့က အဖြစ်အပျက်တွေကိုတောင် မေ့နေတာလား)

တကယ်တော့ လုချီဟွာ မမေ့ပါ။ အဲဒီအစား သူမရဲ့ စိတ်နှလုံးက ကျယ်ပြန့်ပြီး အသေးစိတ် အချက်အလက်များကို စိတ်မဝင်စားပါ။

မနေ့က နေ့လယ်စာကို လမ်းကြုံ မေးလိုက်သလိုပါပဲ။ အဲဒီလူ ပြန်မဖြေခင် သေသေချာချာ စဉ်းစားဖို့လိုသည်။ ဘယ်သူမှ ချက်ခြင်း ပြန်မဖြေနိုင်ကြပါ။

လီဇီချီကတော့ အသေးစိတ် အချက်အလက်များကို အလေးထားပြီး မှတ်ထားတတ်တဲ့ လူမျိုး ဖြစ်သည်။ တကယ်တော့သူမသည် လွန်ခဲ့တဲ့ တစ်ပတ်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တိုင်းကို အသေးစိတ် အချက်အလက်ကအစ မှတ်မိနေသေးသည်။

လုချီဟွာ မချိပြုံး ပြုံးလိုက်သည်။ “ငယ်ငယ်ကတည်းက အခုအချိန်အထိ ငါ့ရဲ့ဗီဇကို အားကိုးတာ အမြဲတမ်း မှန်ကန်ပြီး တစ်ခါမှ လမ်းမမှားဖူးသေးဘူး”

"သေချာလား"

လီဇီချီ ဒါကို မယုံကြည်ရဲပါ။

လုချီဟွာ ရက်ရှရှစွာ ပြုံးလိုက်သည်။ "ဒါပေမယ့် နောက်ထပ် သွားလည်ဖို့ ပိုကောင်းတဲ့နေရာကို တွေ့သွားတာလဲ ရှိသေးတယ်"

"ဟွာလူ ကျွန်းက ဘယ်မှာလို့ ထင်လဲ"

လုချီဟွာလို လမ်းကြောင်းအာရုံခံမှုကို အရမ်းပြင်းထန်တဲ့ အာရုံခံစားမှု ဗီဇနဲ့မွေးဖွားလာတဲ့ လူများက လမ်းလုံးဝ မပျောက်နိုင်ဘူးလို့ လီဇီချီ ခံစားမိသည်။

"အမ်"

လုချီဟွာ အနည်းငယ် စဉ်းစားနေသည်။ သူမက လီဇီချီ မျက်နှာကို သေသေချာချာ ကြည့်ရင်း ၁၁နာရီ ထောင့်သို့ လမ်းညွှန်လိုက်သည်။

"ဒီမှာ"

လီဇီချီကတော့ ဘာအမူအရာမှ မပြပါ။

"အမ်၊ ဒီလမ်းကြောင်းလဲ ဖြစ်နိုင်တယ်"

လုချီဟွာက ဦးတည်ရာကို ပြောင်းလိုက်သည်။

လီဇီချီကတော့ လုချီဟွာ ပထမဆုံးအကြိမ် လမ်းညွှန်တဲ့ လမ်းညွှန်ချက်သည် ဟွာလူတည်နေရာနဲ့ ကွဲခြားနေသောကြောင့် အတွေးထဲ နစ်မျောနေသည်။

“မြေပုံက အတုဆိုရင် နောက်ဆုံး အမှတ်က ဘယ်နေရာ ဖြစ်မလဲ”

လီဇီချီက ချောင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

လုချီဟွာသည် လီဇီချီ ကြည့်လိုက်တဲ့ဘက်သို့ လှမ်းကြည့်လိုက်လျှင် အရမ်းကို အသေးစိတ်ရေးဆွဲထားတဲ့ မြေပုံတစ်ခုကို မြင်လိုက်ရသည်။

"မင်းတို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ"

အင်ဘိုင်ဝူနှင့် ထန်ထန်ယုထန်လည်း ရောက်လာသည်။

'အစားအသောက်တွေ အေးကုန်တော့မယ်"

ရောဂါသည့် မြေပြင်ပေါ်တွင် ချထားတဲ့ မြေပုံကို ချက်ခြင်း သတိထားလိုက်မိသည်။ ပင်ကိုယ် ဗီဇကြောင့် အရေးကြီးတဲ့ နေရာများကို ချက်ခြင်း စစ်ဆေးလိုက်မိသည်။

"ငါတို့ အကြီးဆုံး အစ်မကြီးက ငါတို့ရခဲ့တဲ့ မြေပုံ မှားနေတယ်လို့ ပြောနေတယ်"

လုချီဟွာ ပေါက်ကွဲစေနိုင်တဲ့ ထုတ်ဖော်မှု တစ်ခု လုပ်လိုက်သည်။

"မဖြစ်နိုင်ဘူး၊ မဟုတ်လား"

ထန်ထန်ယုထန်က ဆင်ခြင်တုံတရားနဲ့ ချိန်ပြီး စကားပြောနေတဲ့ အချိန်တွင် အင်ဘိုင်ဝူ မျက်မှောင် ကြုတ်နေသည်။

"ငါလည်း မသေချာဘူး'

လီဇီချီ ခေါင်းခါလိုက်သည်။ ဒီလိုမျိုး အခြေအနေနဲ့ ကြုံလာလျှင် သူတို့ရဲ့ ဆရာက ဘာလုပ်မှာလဲ။ ဆွန်းမိုရဲ့ လုပ်ဆောင်ပုံနည်းလမ်းကို

ခွဲခြမ်းစိတ်ဖြာပြီးနောက် သူမဆရာက ဒီလိုမျိုးဝေခွဲရခက်နေမည် မဟုတ်ဘဲ မြေပုံက အတုဖြစ်ကြောင်း ချက်ခြင်း အတည်ပြုလိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမရဲ့ ဆရာသည် သူမထက် ယုံကြည်ချက် ပိုများသည်။

"အကြီးဆုံး အမကြီး၊ မင်းကိုယ်မင်း ပိုယုံကြည့်သင့်တယ်"

လုချီဟွာကတော့ လီဇီချီ အရမ်းနှိမ့်ချနေတယ်လို့ ထင်နေမိသည်။

‘ဆရာက မင်းရဲ့ ဉာဏ်ရည် ဉာဏ်သွေးနဲ့ အရည်အချင်းကို အရမ်းလေးစားတယ်။ မင်းကိုယ်မင်း မယုံတာက ဆရာရဲ့ သုံးသပ်ချက်ကို မယုံကြည်သလို ဖြစ်နေပြီ”

“ဘာ”

ထန်ထန်ယုထန် မျက်လုံးပြူးသွားသည်။ “ဒါက ဘယ်လို သဘောတရားကြီးလဲ။ ထန်ထန်ယုထန် တစ်ခုခု ပြောလိုက်ချင်ပေမယ့် ဘေးနားက အင်ဘိုင်ဝူ ခေါင်းညိတ် ထောက်ခံတာကို မြင်လိုက်ရသည်။ သူမကလည်း ဒီစကားကို လက်ခံတာ သိသာနေသည်။

(မင်းတို့ မိန်းကလေးသုံးယောက်က ဆွန်းမိုကို ဒီလောက်တောင် ကိုးကွယ်တာလား)

ဒီစကားကို ကြားပြီးနောက် လီဇီချီရဲ့ မျက်လုံး တောက်ပလာသည်။

“အမှန်ပဲ။ ငါ့ကိုယ်ငါ ပိုယုံကြည်ရမယ်။ ပြီးတော့ ဒါက သူတော်စင်ဂိတ်ရဲ့ စမ်းသပ်မှု ဖြစ်ပြီး ဒီအရာများကို ယုတ္တိဗေဒ အယူအဆများနဲ့ မဆုံးဖြတ်သင့်ပါ။ ငါတို့က ဆုံးဖြတ်ချက် မချခင် ဖြစ်နိုင်ခြေအားလုံးကို စစ်ဆေးရမယ်”

လီဇီချီ အသက်ခပ်လေးလေး တစ်ချက်ရှူလိုက်ပြီး အာရုံစိုက်လိုက်သည်။ နှင်းစက်ဖြူ အဆောက်အဦးမှာ သူမ မြင်ခဲ့တဲ့ မြေပုံကို ပြန်စဉ်းစားနေသည်။ ဒါတင်မကပဲ အဓိက ဒိုင်လူကြီး ပြောခဲ့တဲ့ စကားလုံးတိုင်းကို ပြန်စဉ်းစားလိုက်သည်။

အဲဒီနောက်မှာတော့ သူမတို့ ဖြတ်သန်းခဲ့တဲ့ အဖြစ်အပျက်တိုင်းကို ပြန်စဉ်းစား လိုက်သည်။

လုချီဟွာက အကြီးဆုံး အစ်မကြီး အရေးကြီးတဲ့ အရာများကို တွေးတောနေမှန်း သိသဖြင့် တိတ်တိတ်လေး နေ နေသည်။ ဒါပေမယ့်

ခဏကြာတော့ ထိတ်လန့်တဲ့ မျက်နှာ ဖြစ်လာပြီး အော်ဟာစ်လိုက်သည်။

"အမ်"

လီဇီချီရဲ့ ခန္ဓာကိုယ်ကို ရုတ်တရက် ရွှေရောင် အလင်းတန်းများနဲ့ ဖုံးအုပ်သွားသည်။ ညဘက် ဖြစ်နေသဖြင့် အရမ်း ထင်ရှားနေသည်။

"ဘာဖြစ်နေတာလဲ"

အင်ဘိုင်ဝူ အံ့အောသင့်နေသည်။ မကြာသေးခင်က ပညာရေးကို စတင်ခဲ့ရသဖြင့် အသိပညာပိုင်းတွင် အားနည်းလွန်းသည်။

ဘာဖြစ်နေတာလဲ သူမ မသိပါ။ သို့သော် လုချီဟွာနှင့် ထန်ထန်ယုထန်တို့ နှစ်ယောက်စလုံးလည်း အံ့အောသင့်နေကြသည်။

လီဇီချီဆီမှ အလင်းတန်းများကို ကြည့်ရတာ မြတ်ဆရာအရှိန်အဝါ သက်ရောက်မှု ရှိနေသည်။ သို့သော်လည်း ဒီနေရာမှာ မြတ်ဆရာ တစ်ယောက်မှ မရှိပါ။

တစ်နာရီကြာပြီးနောက် လီဇီချီ မျက်လုံးဖွင့်ကာ ထန်ထန်ယုထန်ကို ကြည့်လိုက်သည်။

"ဒီမြေပုံနဲ့ ပက်သက်ပြီး မင်းရဲ့ အမြင်ကို ငါသိချင်တယ်"

"ပြဿနာ ရှိလို့လား"

ထန်ထန်ယုထန် လိုရင်းကို တန်းမေးလိုက်သည်။

"ဘာဖြစ်လို့ စောစောက မပြောတာလဲ"

လီဇီချီက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ငါလည်း မသေချာလို့ပေါ့"

ထန်ထန်ယုထန်သည် လီဇီချီရဲ့ ဉာဏ်ရည်ကို စော်ကားသလို ဖြစ်မှာ စိုးရိမ်သောကြောင့် မသိဘူးလို့

မငြင်းချင်ပါ။ သူမကလည်း သူ့ကို မယုံမှာ သေချာသည်။

"ထန်ထန်ယုထန်၊ ဘာဖြစ်လို့ ငါ့ရဲ့ဆရာ အသိမှတ်ပြုခဲ့လဲဆိုတာ ငါဂရုမစိုက်ဘူး။ အချိန်တိုင်းပျင်းနေမလား ဒါမှမဟုတ် ပြဿနာ ဖန်တီးမလား ဒါလည်း အဆင်ပြေသေးတယ်။ ဒါပေမယ့်..............."

လီဇီချီက ရှေ့ကိုတိုးပြီး ထန်ထန်ယုထန်ရဲ့ မျက်လုံးကို တည့်တည့် စိုက်ကြည့်လိုက်သည်။

သူမ ပုံစံက မိသားစုကို ကာကွယ်ပေးနေတဲ့ ကြောင်ကြီး တစ်ကောင်လို ဖြစ်နေသည်။

"ဆရာ ဒါမှမဟုတ် ငါတို့ သိုင်းမောင်နှမထဲက တစ်ယောက်ယောက်ကို ဒုက္ခပေးခဲ့ရင် မင်းတစ်သက်လုံး နောင်တရစေ ရမယ်။ ငါ လီဇီချီကလည်း ဒီလို လုပ်ဖို့ သစ္စာဆိုတယ်"

လီဇီချီ၏ အမူအရာနဲ့ လေသံတို့ကြောင့် လေထု အေးစက်သွားသည်။ လုချီဟွာက အရမ်းလန့်ပြီး အသက်တောင် ရဲရဲ မရှူရဲတော့ပါ။

ဒါပေမယ့် အခုအချိန်တွင် လီဇီချီသည် အကြီးဆုံး အစ်မကြီးရဲ့ အငွေ့အသက်ကို တကယ် ပိုင်ဆိုင်ထားသည်။

"ဟီး ဟီး"

ထန်ထန်ယုထန် ပျော်သွားသည်။

"ရှွတ်စ်"

လီဇီချီသည် ဌက်ဖြူခါးကို ဝိညာဉ်ချီ ထည့်သွင်းပြီး ထန်ထန်ယုထန်ရဲ့ ဘေးနားကို ခုတ်ချလိုက်သည်။

"ဒါဆိုလည်း ကောင်းပြီလေ"

ထန်ထန်ယုထန်က ပေါ့ပေါ့ပျက်ပျက် အမူအရာ ရုတ်သိမ်းလိုက်သည်။ လီဇီချီရဲ့ ဆုံးဖြတ်ချက်ကို ခံစားမိသည်။ တချိန်တည်းမှာပင် လီဇီချီက ဘာကြောင့် သူ့ရဲ့ ထင်မြင်ချက်ကို တောင်းဆိုတာလဲ နားလည်သည်။ မသေချာလို့လဲ မဟုတ်ဘူး၊ သူ့ဆီက အတည်ပြုချက် လိုချင်လို့လဲ မဟုတ်ပါ။ အဲဒီအစား သူ့ကို အဖွဲ့ထဲ ပါဝင်စေချင်လို့ ဖြစ်သည်။

"သွားကြစို့"

လီဇီချီ ကျောက်ဆောင်ပေါ်က ခုန်ဆင်းလိုက်သည်။ ချောင်းဘေးက မြေသည်

ရေးစီးကြောင်းကြောင့် ချောနေသည်။ ခြေချော်သွားပြီး ဟန်ချက်ပျက်ကာ လဲကျသွားသည်။

"အမ်"

လီဇီချီ ငိုချင်စိတ် ပေါက်လာသည်။ (အစကတော့ အေးဆေး တည်ငြိမ်တဲ့ ပုံနဲ့ ထွက်သွားမလို့ပဲ။ ငါ့ရဲ့အငယ်လေးတွေကို အထင်ကြီးဖို့ကောင်းတဲ့ ပုံရိပ် ချန်ထားပြီး ထွက်သွားဖို့ စိတ်ကူးထားပေမယ့် အားလုံး ပျက်ဆီးသွားပြီ"

"အကြီးဆုံး အစ်မကြီး မင်းကိုယ်က ဘာဖြစ်လို့ ရွှေရောင် တောက်လာရတာလဲ။"

လုချီဟွာက လီဇီချီကို လက်ကနေ ဆွဲထူရင်း မေးလိုက်သည်။ မျက်နှာပေါ်တွင်လည်း သိချင်စိတ်များ ပြည့်နေသည်။

"မင်း မကြာခင် ဗုဒ္ဓ ဖြစ်တော့မှာလား"

"မင်းပဲ ဗုဒ္ဓဖြစ်လိမ့်မယ်"

လီဇီချီက ဒေါသတကြီး ပြန်ပြောပြီး လုချီဟွာရဲ့ နဖူးကို ရိုက်လိုက်သည်။

"အဲဒါက မြတ်ဆရာအရှိန်အဝါကို မထင်မှတ်ဘဲ နားလည်သွားလို့"

"ဟမ်"

လုချီဟွာ ခြေလှမ်းအနည်းငယ် နောက်ဆုတ်ကာ လီဇီချီကို လေးလေးနက်နက် အကဲခတ် လိုက်သည်။

ထန်ထန်ယုထန်ကလည်း မျက်မှောင်ကြုတ်နေသည်။ လီဇီချီကို နောက်ပြောင်နေတာ ရပ်လိုက်ဖို့ ပြောချင်နေသည်။ (အသက်ဘယ်လောက်ရှိသေးလို့လဲ။ ၁၂နှစ် မဟုတ်လား။ ဘာဖြစ်လို့ အဓိပ္ပါယ်မရှိ မြတ်ဆရာအရှိန်အဝါကို နားလည်သွားပြီလို့ ပြောချင်ရတာလဲ”

ဒီအရာသာ အမှန်တကယ် ဖြစ်ပါက သူတော်စင်ဂိတ်ရဲ့ စံချိန်ကို ချိုးဖျက်ပြီး

မြတ်ဆရာအရှိန်အဝါကို နားလည်တဲ့ အသက်အငယ်ဆုံး လူသား ဖြစ်လာလိမ့်မည်။

လီဇီချီ နှုတ်ခမ်း တွန့်လိုက်သည်။ အဲဒီနောက် လက်ချောင်းကို ဆန့်ထုတ်လိုက်သည်။

ရွှတ်စ်

လီဇီချီကို ဗဟိုပြုပြီး ရွှေရောင် မြတ်ဆရာအရှိန်အဝါ ပျံ့လွင့်လာသည်။ အလင်းရောင်က ဆယ်မီတာ ကျော်လောက်အထိ ဖြာထွက်လာသည်။

မကြာခင်ကမှ နားလည်ထားတဲ့ မြတ်ဆရာအရှိန်အဝါ ဖြစ်ပြီး အရမ်းအထင်ကြီးဖို့ ကောင်းနေသည်။

"ဒါက ဘာ အရှိန်အဝါလဲ"

ထန်ထန်ယုထန်က မေးလိုက်သည်။

"မှတ်သားဖွယ်ရာ မှတ်ဉာဏ်"

လီဇီချီက မကြွားချင်ပါ။ အဲဒီအစား ထန်ထန်ယုထန်ကို ဖိနှိမ့်ချင်လို့ လုပ်နေခြင်း ဖြစ်သည်။ ဉာဏ်ရည်မြင့်ရုံနဲ့ အခြားသူများကို အထင်မသေးသင့်ကြောင့် ပြောချင်နေသည်။

ထန်ထန်ယုထန်သည် 'မှတ်သားဖွယ်ရာ မှတ်ဉာဏ်' ရဲ့ အကျိုးသက်ရောက်မှုကို ခံစားရပြီး စကားမပြောနိုင် ဖြစ်နေသည်။ ဒီအချိန်တွင် သူ့ရဲ့စိတ်အခြေအနေက အရမ်းကောင်းမွန်နေပြီး မြင်သမျှကို မှတ်မိနေသည်။

"ဝိုး၊ ဒါက လက်တွေ့အသုံးဝင်တဲ့ မြတ်ဆရာ အရှိန်အဝါပဲ"

လုချီဟွာ အားကျနေသည်။ ဖတ်သမျှစာအုပ်တွေကို မမှတ်မိတဲ့

တော်းတစ်ယောက်အနေနဲ့ မှတ်သားဖွယ်ရာ မှတ်ဉာဏ်ကို အမြဲတမ်း လိုချင်နေခဲ့သည်။

တချက်ကြည့်လိုက်ရုံနဲ့ မှတ်မိနိုင်မယ်။ ကျန်တဲ့အချိန်တွေမှာ ကစားနေလို့ ရသည်။ အံ့အောစရာ ကောင်းတဲ့ အရာတစ်ခုပဲ။

အင်ဘိုင်ဝူကတော့ ဘာမှ ပြန်မပြောဘဲ လီဇီချီကို ကြည်နူးမှု အပြည့်နဲ့ ကြည့်နေသည်။ သူမရဲ့ ဆရာကြောင့် သူမလည်း တခြားသူတွေကို ကူညီဖို့ ဆရာတစ်ယောက်ဖြစ်လာရန် စိတ်ကူးနေသည်။

ဒါပေမယ့် အချက်အလက်များကို စစ်ဆေးပြီးတဲ့နောက်မှာတော့ ဆရာလုပ်တဲ့ အသက်မွေးဝမ်းကြောင်းသည် သူမလုပ်ချင်တဲ့ အရာမဟုတ်ဘူးဆိုတာ သဘောပေါက်သွားသည်။ မြတ်ဆရာတစ်ယောက်ဖြစ်ရန် အရင်ဆုံး ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ဖို့ လိုအပ်သည်။

“ခဏနေအုံး။ မြတ်ဆရာအရှိန်အဝါကို နားမလည်ခင် ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ဖို့ လိုတယ်ဆို”

လုချီဟွာ ရုတ်တရုတ် အတွေးပေါက်သွားသည်။

“ ဘယ်တုန်းက နားလည်သွားတာလဲ”

“လွန်ခဲ့တဲ့ လအနည်းငယ်၊ အမေှ့ာင်တိုက်ကြီးမှာ လေ့ကျင့်ခန်း လုပ်နေတုန်း”

လီဇီချီက မဖုံးကွယ်ထားတော့ပါ။

တောကြွက်ဥလေးသည် အဲဒီနေ့က ဆရာနဲ့ စကားပြောခဲ့တဲ့ နွေးထွေးတဲ့ အမှတ်တရ မမေ့သေးပါ။ တကယ်လို ဆရာသာ မရှိခဲ့ရင် သူမရဲ့ နိမ့်ပါးတဲ့ အားကစားစွမ်းရည်ကြောင့် သူမကိုယ်သူမ မုန်းတီးနေမိလိမ့်မည်။

ဒင်

လီဇီချီ လေးစားအထင်ကြီးမှု +၁,၀၀၀

"ကျွန်တော် ကျေကျေနပ်နပ် ကြီးကို ဝန်ခံပါတယ်"

ထန်ထန်ယုထန် အနိုင်ပေးလိုက်ရသည်။ ဒီရောဂါသည်က ကိုယ်ခန္ဓာ မကျန်းမမာဖြစ်လို့ စိတ်ဓါတ် မကျဘဲ အရမ်းမာနကြီးတဲ့ လူဖြစ်သည်။ ဥာဏ်ရည် အရမ်းမြင့်မားသဖြင့် ကျန်တဲ့ လူတွေကို အထင်သေးတတ်သည်။

သူများတွေ ဘာပဲလုပ်လုပ် အဲဒီထက် ပိုကောင်းအောင် လုပ်နိုင်တယ်လို့ အမြဲတမ်း

တွေးနေတတ်တဲ့ လူဖြစ်သည်။ ဥပမာဆိုရလျှင် မြေပုံပေါ်က အမှားတစ်ခုကို ပထမဆုံး တွေ့ခဲ့သော်လည်း ထုတ်မပြောခဲ့ပါ။

ဒီလူတွေက အရမ်းအားထုတ်နေရတာကို မြင်လျှင် ထန်ထန်ယုထန် အရမ်းပျော်သွားသည်။ နောက်ဆုံးတော့ ဘာမှ မရခဲ့ပါ။

ဒါပေမယ့် အခုချိန်မှာတော့ လီဇီချီကို ရှုံးနိမ့်သွားပြီ။

ထန်ထန်ယုထန်သည မြတ်ဆရာတစ်ယောက် ဖြစ်ချင်သော်လည်း မလုပ်နိုင်ခဲ့ပါ။ အရည်အချင်း

ရှိရုံသာမက စိတ်အခြေအနေကလည်း အရေးကြီးသည်။ ရောဂါသည်ရဲ့ နှလုံးသားထဲတွင် မှန်ကန်တဲ့ အချက် မရှိပါ။

မြတ်ဆရာများသည် မြတ်ဆရာအရှိန်အဝါကို နားလည်ရန်အတွက် စိတ်အခြေအနေကို ပြင်ဆင်ရန် နှစ်ပေါင်းများစွာ အချိန်လိုတယ်လို့ သူတော်စင်ဂိတ်က ကောက်ချက်ချထားခဲ့သည်။

မှတ်သားဖွယ်မှတ်ဉာဏ် မြတ်ဆရာအရှိန်အဝါကို မြတ်ဆရာ ဘယ်လောက်များများ နားလည်နိုင်ခဲ့လို့လဲ။ ဒီလောက်နှစ်အများကြီးတွင်

ဆရာတွေသည် ဒီလိုမျိုး အခြေအနေ ရှိခဲ့သော်လည်း ရှားရှားပါးပါး လူအနည်းစုမှာသာ ဓါတ်ပုံ မှတ်ဉာဏ် ရှိခဲ့သည်။ ဒါကြောင့်လည်း အများစုက ဒီမြတ်ဆရာအရှိန်အဝါကို နားမလည်နိုင်ကြပါ။

လီဇီချီက ဓါတ်ပုံမှတ်ဉာဏ်ကို ပိုင်ဆိုင်ထားလို့ ဒီလိုမျိုး အခြေအနေတွင် နားလည်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ သူမက ကို့ကိုယ်ကို ယုံကြည်မှုလည်း အရမ်းရှိနေခဲ့သည်။ တဖြည်းဖြည်းနဲ့ စိတ်အခြေအနေ ပြောင်းသွားပြီး မြတ်ဆရာ အရှိန်အဝါကို နားလည်နိုင်ခဲ့သည်။

"အချိန်မဖြုန်းဘဲ ကျန်ရန်ဖော်ကို ရှာကြရအောင်"

အခုအချိန်မှာတော့ လီဇီချီသည် ကျန်တဲ့ ကျောင်းသားအဖွဲ့တွေ မြေပုံအမှားကို ရှာမတွေ့စေပါနဲ့လို့သာ ဆုတောင်းနေမိသည်။ ဒီလိုမှမဟုတ်ရင် သူတို့အဖွဲ့နဲ့ တခြားအဖွဲ့သည် တော်တော်ကွာဝေးနေပြီး လိုက်မမှီနိုင်အောင် ဖြစ်နေမည်။

သူတို့ ယာယီ စခန်းချထားတဲ့နေရာတွင် မီးပုံတစ်ခု တောက်လောင်နေသည်။ ချက်ပြုတ်ထားတဲ့ အသားကင် မွှေးရနံ့က လေထုထဲ ပျံ့နှံ့နေသည်။

လူသားမျက်နှာ ချောက်ကြီးကို ဖြတ်ကျော်ကာ ခရီးသွားတဲ့အခါတွင် အချိန်ကုန် အများကြီး သက်သာပြီး ပင့်ကူတွေတောင် ရခဲ့သေးသည်။ ပထမနေရာကို မေ့ထားလိုက်အုံး ထိပ်ဆုံး ငါးနေရာအတွက်တော့ ပြဿနာ မရှိနိုင်ပါ။

ဒါကြောင့်လည်း လူတိုင်းရဲ့စိတ်အခြေအနေသည် အေးဆေး နေသည်။ သူတို့အားလုံး အေးချမ်းစွာ

စကား စမြည် ပြောဆိုနေကြသည်။ သို့သော်လည်း လီဇီချီ ပြန်လာပြီး သူမရဲ့ ထင်မြင်ချက်ကို ပြောလိုက်တဲ့အခါ လူတိုင်း အရမ်းအံ့အောသင့်နေကြသည်။

"ဒါက မဖြစ်နိုင်ဘူး မဟုတ်လား"

ကူဒင်ဂျိ မျက်မှောင် ကြုတ်နေသည်။

"မင်း အမှတ်မှားတာလဲ ဖြစ်နိုင်တယ်"

"ငါ လုံး၀ အမှတ်မမှားဘူး"

လီဇီချီ လေသံက ပြတ်သားနေသည်။

"အဖွဲ့ခေါင်းဆောင် ငါတို့ရဲ့ အစီအစဉ်ကို အခုပဲ ပြောင်းရလိမ့်မယ်။"

ကျန်ရှန်ဇောင် မြေပုံကို ထုတ်ယူပြီး

"ဘယ်နေရာ မှားနေတာလဲ"

လီဇီချီက ချက်ခြင်းပဲ ထောက်ပြလိုက်သည်။

ကျန်ရှန်ဇောင်သည် နေရာခြောက်နေရာကို ကြည့်ပြီး ခေါင်းကိုက်နေသည်။ ပြောရမယ်ဆိုရင် အဖွဲ့ခေါင်းဆောင် လုပ်ရတာ တကယ် ပင်ပန်းသည်။ မဆုံးနိုင်တဲ့ ပြဿနာတွေ တစ်ခုပြီး တစ်ခု ပေါ်လာနေသည်။

ကျန်ရန်ဇောင်သည် နဖူးကို ပွတ်ပြီး အရမ်းစိတ်ဖိစီးနေသည်။

ထန်ထန်ယုထန်သည် ဒါကိုမြင်လိုက်တော့ နှုတ်ခမ်းတွန့်သွားသည်။ ပြောချင်တာက ကျန်ရန်ဇောင်သည် ဒီဖိအားကို တွန်းလှန်ရန် အားနည်းနေသည်။ ကျန်ရန်ဇောင်သည် ဒီလိုမျိုး စမ်းသပ်မှုကို တစ်ခါ မကြုံဖူးပါ။ ဒါကြောင့် သည်းမခံနိုင်အောင် ဖြစ်နေရပုံရသည်။

ဆန်နီ့ကျင်ဘက်အနေနဲ့ လီဇီချီက သူရဲဘောကြောင်တဲ့ အပြုအမူမျိုးကို တစ်ခါမှ မထုတ်ဖော်ဖူးပါ။

မဟုတ်သေးဘူး။ သူမ ထုတ်ဖော်ခဲ့ပြီးတာ ဖြစ်နိုင်သည်။ ဒါပေမယ့် အဖွဲ့ဝင်တွေ စိတ်ဓါတ် ထိခိုက်မှာစိုးလို့ လူရှေ့သူရှေ့မှာ ထုတ်မပြတာဘဲ ဖြစ်နိုင်သည်။

"အဟွတ် အဟွတ်"

လီဇီချီက ချောင်းဟန့်ပြီး သတိပေးလိုက်သည်။ ကျန်ရန်ဇောင်၏ ဉာဏ်ရည်ကလည်း မနိမ့်ကျပါ။

သူ့အမူအရာက မသင့်တော်တဲ့အကြောင်းကို သဘောပေါက်ပြီး ချက်ခြင်းဆိုသလို လေးနက်တဲ့ အမူအရာ ဖြစ်လာသည်။

"မင်းပြောတာကြောင့် ဒီမြေပုံက မှားနေတယ်ဆိုတာ ငါလက်မခံနိုင်ဘူး"

ကျန်ရန်ဇောင်က ပြောလိုက်သည်။ ဒါပေမယ့် သူ စကားမဆုံးခင် ဖြတ်ပြီး အပြောခံလိုက်ရသည်။

"ဒါဆိုရင်လည်း ဒီညမှာ ငါတို့ နေရာ ခြောက်ခုထဲက တစ်ခုကို ရောက်အောင် သွားကြမယ်။

အဲဒီမှာ ဘာမှမရှိဘူးဆိုရင်တော့ မြေပုံ မှားနေတာ သေချာပြီ”

လီဇီချီကလည်း ဒါကို စဉ်းစားနေခဲ့တာ ကြာနေပြီ။

“တကယ် မင်းမသွားနိုင်ရင် ငါသွားမယ်”

အင်ဘိုင်ဝူက စေတနာ့ ဝန်ထမ်း လုပ်ဖို့ စ ကမ်းလှမ်းလိုက်သည်။

ကျန်ရန်ဇောင် လှည့်ပတ်ကြည့်လိုက်ပြီး တခြားသူတွေရဲ့ အတွေးကို အကဲခတ်လိုက်သည်။ အဲဒီအတွက် အဖြေမရှိပါ။ အမှာင်တိုက်ကြီးမှာ မဆိုနဲ့

ပြည်နယ်ကိုးခုမှာတောင် ညဘက် ခရီးသွားရင် အန္တာရာယ် အရမ်းများသည်။

"သွားတာ ပိုကောင်းမယ်လို့ ငါတော့ထင်တယ်"

တရားထိုင်နေတဲ့ ရှန်ယွန်ပေါင်က ရှန်းရင်းဆန်ခတ် ဖြစ်နေတဲ့ အသံကို ကြားပြီး ရောက်ချလာသည်။ "အိပ်ရတာ ပျင်းဖို့ကောင်းလွန်းတယ်။ ငါလည်း ဘီလူးတချို့ကို ရှာပြီး သတ်ချင်နေပြီ"

"ငါလည်း လိုက်မယ်"

ကျန်ရန်ဇောင် မတ်တပ်ရပ်လိုက်သည်။

"အချိန်မဖြုန်းတော့ဘူး။ ငါတို့ အခုသွားကြမယ်။ ငါမရှိရင် လီဇီချီက အဖွဲ့ခေါင်းဆောင်နေရာကို တာဝန်ယူ"

အခန်း (၃၃၅) - အရှိန်အဟုန်နဲ့ ခရီးဆက်ခြင်း။

ဒီညမှာတော့ ကျန်ရန်ဖေါင်သည် စိတ်ရောကိုယ်ပါ ပင်ပန်းနေခဲ့သည်။

လီဇီချီရဲ့ ယူဆချက် မှန်ကန်နေပြီး သူတော်စင်ဂိတ်က ပေးထားတဲ့ မြေပုံက မှားနေလျှင်

ပေါ်လာတဲ့မေးခွန်းက နောက်ဆုံး အဆုံး အမှတ်နေရာက မှန်လား၊ မှားလာဆိုတာ ဖြစ်နေပြီ။

လီဇီချီက ဟွာလူကျွန်း တည်နေရာကို အစဆွဲထုတ်ရန် သူမရဲ့ မှတ်ဉာဏ်အပေါ်မူတည်နေပြီ။ ပြီးတော့ သူတော်စင်ဂိတ်က ပေးထားတဲ့ နေရာကလည်း ဟွာလူကျွန်းနဲ့ တူညီနေသည်။ သူတို့အားလုံးရဲ့ ပုံစံက အတူတူ ဖြစ်နေသည်။

မြေပြင်အနေအထားလည်း အတူတူ ဖြစ်သည်။

တစ်ချက်ကြည့်လိုက်ရုံနဲ့ ပြဿနာ မရှိပါ။ ကျန်ရန်ဖောင်သည် ဉာဏ်ရည်ထက်မြတ်တဲ့လူ ဖြစ်သဖြင့် စဉ်းစားချင့်ချိန်ပြီး အမှားအမှန်ကို စစ်ဆေးနိုင်သည်။

ဟွာလူကျွန်းရဲ့ တည်နေရာ မမှားရင်တောင် သူတော်စင်ဂိတ်က ပျင်းလို့ မြေပုံမှားပေးတာ မဖြစ်နိုင်ပါ။ ဒီအတွက် ဖြစ်နိုင်ခြေက တစ်ခုပဲ ရှိတော့သည်။

ဖြစ်နိုင်ခြေကတော့ ဟွာလူကျွန်းရဲ့ တည်နေရာကို မြေပုံပေါ်မှာ ရှာလို့မရတာ ဖြစ်နိုင်သည်။ ဒါကြောင့်

ကျောင်းသားတိုင်းရဲ့ မှတ်ဉာဏ်ကို တိုက်စစ်ပြီး သူတို့ကိုယ်တိုင် တည်နေရာကို ရှာဖို့ လိုအပ်နေပြီ။

ဒီကြောင်းကို စဉ်းစားရင်း ကျန်ရန်ဖေါင် ခေါင်းကိုက်လာသည်။

ဘာဖြစ်လို့လဲ၊ ဘာဆက်လုပ်ရမှန်း မသိတော့ပါ။

နောက်နေ့ မနက်မိုးလင်းလျှင် ကောင်းကင်ပေါ်က လိမ္မာရောင်နေလုံးဆီကနေ အလင်းရောင် ဖြာကျလာသည်။

ကျန်ရန်ခေါင်နှင့် ရှန်ယွန်ပေါင်တို့ နှစ်ယောက်စလုံး ပြန်ရောက်လာသည်။ နှစ်ယောက်စလုံး ဖုန်အလိမ့်လိုက် ဖြစ်နေသည်။

"အဖွဲ့ခေါင်းဆောင် ပြန်လာပြီ"

ဝူဂျိတန်က လှမ်းအော်လိုက်ပြီး သူတို့နှစ်ယောက်ကို အားပေးဖို့ ချက်ခြင်း ပြေးလာသည်။

"လာလာ ဆွတ်ပြုတ် သောက်လိုက်"

လုချီဟွာက ဆွတ်ပြုတ်ပူပူ နှစ်ခွက်နဲ့ အမဲသားများ ယူလာသည်။

“ဘယ်လိုလဲ”

ချူဂျန်က မေးလိုက်သဖြင့် လူတိုင်းက စိုးရိမ်စွာ လှည့်ကြည့်ကြသည်။

“လီဇီချီ ပြောတာ အမှန်ပဲ။ မြေပုံက မှားနေတယ်”

ကျန်ရန်ဖောင်က သက်ပြင်းချရင်း ပြောလိုက်သည်။ လီဇီချီဆီကို လှမ်းကြည့်ပြီး ဘာလုပ်ကြမလဲဆိုတာ မေးလိုက်ချင်သည်။ သို့သော်လည်း အဖွဲ့ခေါင်းဆောင် မာနကြောင့် မေးရမှာ ရှက်နေသည်။

“မြေပုံ ပြဿနာ ရှိနေတယ်ဆိုတာ နောက်ဆုံးတော့ အတည်ပြုပြီးပြီ”

အမှောင်ထဲမှာ ပုန်းပြီးကြည့်နေတဲ့ ဖန်ယန် စိတ်လှုပ်ရှားစွာ ကခုန်နေသည်။ နှစ်ရက်လောက် အချိန်ပုတ်သွားပေမယ့် သိပ်နောက်မကျသေးပါ။ ဘယ်လိုပဲပြောပြော ဒီ အဆင့်သည် အဆင့်သတ်မှတ်ချက်အတွက် အစိတ်အပိုင်း တစ်ခု ဖြစ်နေသည်။

“အပျော် မစောနဲ့အုံး။ မြေပုံအတုပေါ်မှာရှိတဲ့ ဟွာလူကျွန်းရဲ့ ပုံစံ အစစ်အမှန်နေရာရဲ့

ပတ်ဝန်းကျင်နဲ့ အတူတူပဲ။ ဟွာလူကျွန်းကို ရှာဖို့ဆိုတာ မြေပုံကို လုံးဝ အားကိုးလို့ မရတော့ဘူး”

စောင့်ကြည့်သူ သတိပေးလိုက်သည်။

ဒီစကားကြားလိုက်လျှင် ဖန်ယန်ရဲ့ အမူအရာ တင်းမာသွားသည်။

“ကျန်ရန်ဇောင် ပြိုကွဲလုနီးပါး ဖြစ်နေပြီ”

လျှောင်ရန်က အသေးစိတ် အချက်အလက်ကို ရှာတွေ့သွားသည်။ ကျန်ရန်ဇောင်ရဲ့ အမူအရာက လေးလံထိုင်းမှိုင်းနေပြီး တိမ်းမည်းတွေ ဖုံးအုပ်နေတဲ့ ကောင်းကင်ကြီးနဲ့ တူနေသည်။

“ သူတော်စင်ဂိတ်က ဘာဖြစ်လို့ အသုံးမကျတဲ့ ခေါင်းစဉ် လုပ်ရတာလဲ။ ဒါက မခက်ခဲလွန်းဘူးလား”

ဖန်ယန် မကျေမနပ် ဖြစ်နေသည်။

“ကျောင်းတစ်ဝက်လောက်က နောက်ဆုံး အမှတ်ကို ရောက်အောင်သွားနိုင်ရင် မဆိုးဘူးလို့ ငါထင်တယ်”

လျှောင်ရန်က ခန့်မှန်းလိုက်သည်။ သူလည်း ပြဿနာကိုသေသေချာချာ စဉ်းစားကြည့်ပြီးသွားပြီ အဖြေရှာဖို့ နည်းလမ်း မရှိတော့ပါ။

“အရင်နှစ်က အကြောင်းအရာတွေက ရိုးရှင်းလွန်းတယ်လို့ သူတော်စင်ဂိတ် ခံစားရတယ်။ ဒါကြောင့် မင်းတို့အားလုံးနဲ့ ထိပ်တန်းကျောင်းတွေရဲ့ ကွားခြားမှုကို သူက သိစေချင်နေတယ်”

စောင့်ကြည့်သူက ဝမ်းသာအားရ ပြောလိုက်သည်။

ဒါက ဒီ အဆင့် ကျောင်းတွေကို လှုံ့ဆော်မှု ပေးနိုင်သည်။ ရှေးရိုးစွဲပြီး လမ်းဟောင်းအတိုင်း မလျှောက်လှမ်းသင့်ပါ။

“ပြီးတော့ ပါရမီရှင် ကျောင်းသားတွေကို အထင် မသေးပါနဲ့။ စစ်မှန်တဲ့ ဖိအားအောက်မှာ သူတို့ရဲ့

အလားအလာကို ညှစ်ထုတ်ပြီး သူတို့ရဲ့ ကန့်သတ်ချက်ကို ကျော်လွှားနိုင်လိမ့်မယ်”

စောင့်ကြည့်သူ က ရှင်းပြသည်။ သူတော်စင်ဂိတ်ရဲ့ စာမေးပွဲ ရည်ရွယ်ချက်သည် ကျောင်းသားတွေရဲ့ အရည်အချင်းနှင့် အလားအလာကို ဖော်ထုတ်ရန် ရည်ရွယ်သည်။ လေ့ကျင့်ရေးခရီးစဉ်ဆိုပြီး ပေါ့ပေါ့တန်တန် မလုပ်နိုင်ပါ။

ဆွန်းမိုက သူတော်စင်ဂိတ်ရဲ့ ကိုင်တွယ်ပုံကို နားလည်သည်။ ကျောင်းစာမေးပွဲ တစ်ခုလိုပါပဲ။ လူနှစ်ယောက်က စာမေးပွဲမှာ အမှတ် ၁၀၀

ရတယ်ဆိုပါစို့။ တစ်ယောက်က စာမေးပွဲမှာပါတဲ့ ရိုးရိုးရှင်းရှင်း တွေကို အမှတ်၁၀၀ ရသည်။ နောက်တစ်ယောက်က ကြိုးကြိုးစားစားနဲ့ ဉာဏ်စမ်းတွေကို ဖြေဆိုပြီး အမှတ် ၁၀၀ ရသည်။

သူတို့နှစ်ယောက်ရဲ့ ရလဒ်တွေက တူညီပေမယ့် လက်တွေ့မှာ ခွန်အားကတော့ ကွာခြားသည်။

နေမြင့်တက်လာပြီးနောက် နွေးထွေးတဲ့ နေရောင်ခြည်ကြောင့် လူတိုင်း တောက်ပလာသည်။ သို့သော် စခန်းချတဲ့ နေရာက လေထုက အရမ်းအေးခဲနေသည်။

ဒီအခိုက်အတန့်တွင် လူတိုင်းသည် ရေမျော ကမ်းတင် သစ်သားစ တစ်စကို ဖက်တွယ်ကာ ပင်လယ်ပြင်ထဲတွင် မျှောပါနေသလို ခံစားနေရသည်။ အခြေခံအားဖြင့်တော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိကြတော့ပါ။

“နောက်ဆုံးအမှတ်က အမှားမရှိဘူးလို့ ခံစားရတယ်။ ဒီလိုမှမဟုတ်ရင် ဘယ်လို ရှာမှာလဲ”

ချူဂျန်က “မြေပုံပေါ်က အမှားအယွင်း တချို့ဆိုတာကလဲ သူတော်စင်ဂိတ်က ငါတို့ စိတ်ရှုပ်ထွေးအောင် တမင်သက်သက် လုပ်ထားတာ

ဖြစ်နိုင်တယ်။ ငါတို့ကို ပြသနာ ထပ်တိုးပေးထားတာပဲ ဖြစ်နိုင်တယ်”

“ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က လမ်းကြောင်းကို မသိတဲ့အတွက် မူလအစီအစဉ်အတိုင်း မြေပုံ ပြထားတဲ့ နေရာကိုပဲ ဆက်သွားသင့်တယ်”

ရှီကွမ်က ဆံပင်ဆွဲရင်း စိတ်ရှုပ်ထွေးစွာ အကြံပေးလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူပြေလည်အောင် မဖြေရှင်းနိုင်ပါ။

“အကြီးဆုံး အစ်မကြီး မင်းမှာ ဖြေရှင်းချက်မရှိဘူးလား။ တန်းပြောပါလား”

လုချီဟွာက လေသံနဲ့ မေးလိုက်သည်။

"တန်ရီမင် ပြောခဲ့သလိုပဲ ဟွာလူ ကျွန်းဆိုတာ ဟွာလူ ငှက်တေွ အများကြီးရှိလို့ အဲဒီ နာမည် ပေးထားတာပဲ"

လီဇီချီက ပြောလိုက်သည်။

"ဒါဆို"

လီဖန်က ငေးကြည့်နေသည်။

"ဟွာလူ ငှက်တွေက အများအားဖြင့်တော့ စိုစွတ်တဲ့နေရာ ဒါမှမဟုတ် စိမ့်တောမှာ နေတတ်ကြတယ်။ သူတို့ ရေချိုးငါးတွေကို စားရတာ

ကြိုက်နှစ်သက်ပြီး စိုစွတ်တဲ့ မြေပေါ်မှာ ဥ ဥတတ်တယ်”

လီဇီချီက မြေပုံကို ဖွင့်ကြည့်လိုက်ပြီး

“ဒီမြေပုံနှစ်ခုမှာ ပြောတဲ့ အချက်တွေနဲ့ ကိုက်ညီတဲ့ နေရာသုံးခု ရှိတယ်။ အခုမေးစရာ ရှိတာက ဘယ်ဟာက ဟွာလူကျွန်းအစစ်လဲ”

လီဇီချီရဲ့ အကျိုးအကြောင်း သုံးသပ်ချက်ကို နားထောင်ပြီး ကျန်ရန်ဖောင် စိတ်ထဲ တင်းကျပ်သွားသည်။

(ဟွာလူဌက်တွေရဲ့ နေထိုင်မှု စရိုက်ကို စဉ်းစားပြီး ဟွာလူကျွန်းရဲ့ တည်နေရာကို စဉ်းစားဖို့ ဘာကြောင့် မစဉ်းစားမိရတာလဲ။) ဒါပေမယ့် စာမေးပွဲ စစ်တဲ့လူတွေကလည်း တကယ် ကောက်ကျစ်လွန်းတယ်။ အဓိက ဒိုင်လူကြီးရဲ့ သုံးသပ်ချက်ထဲတွင် အဓိကအချက်ကို ထည့်သွင်း ပြောဆိုခဲ့သည်။ မဟုတ်သေးဘူး။ ပြောနေရင်းနဲ့တောင် ညွှန်ပြလိုက်သေးသည်။

“သုံးနေရာ စလုံး လိုက်ရှာလိုက်ရင် အဖြေရပြီးပေါ့ မဟုတ်ဘူးလား”

ဒီနေရာတွင် ထိုင်ပြီး အချိန်ဖြုန်းနေမယ့်အစား အဲဒီနေရာတွေဆီ အမြန်သွားသင့်တယ်လို့ ဝူဂျိတန် ထင်သည်။

"သုံးနေစရာလုံးကို စစ်ဖို့ အချိန်မလောက်ဘူး"

ချူဂျန်က မျက်လုံးကြီး ပြူးပြီး ပြန်ဖြေသည်။

"မင်း ဘယ်လိုထင်လဲ"

ထန်ထန်ယုထန်က လီဇီချီကို ကြည့်ပြီး မေးလိုက်သည်။ တကယ်တော့ သူ့စိတ်ထဲမှာ အကြံတစ်ခု ရှိနေသည်။

"ချီဟွာ မင်းရော ဘယ်လိုထင်လဲ"

လီဇီချီက မေးလိုက်သည်။

“ခဏာနေအုံး” လုချီဟွာ သစ်ကိုင်း သွားကောက်သည်။ အဲဒီနောက် မြေပုံပေါ်ကို ဒေါင်လိုက် ပစ်ချသည်။

ဖုန်း

သစ်ကိုင်း လဲကျသွားသည်။ အဲဒီနောက် သစ်ကိုင်းက တောင်ကုန်း တစ်ခုကို ညွှန်ပြနေသည်။ လူတိုင်း မျက်နှာ မည်းသွားသည်။

“ဒီနေရာပဲ”

လုချီဟွာ ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်သည်။

ဖောက်

အင်ဘိုင်ဝူက လုချီဟွာရဲ့ ခေါင်းကို ဖြည်းဖြည်းလေး ပုတ်လိုက်သည်။

“လီဇီချီ ပြောတာကို နားမထောင်ဘူးလား။ ဟွာလူကျွန်းက စိုစွတ်တဲ့နေရာ ဒါမှမဟုတ် စိမ့်တောတွေ ရှိတဲ့နေရာ ဖြစ်သင့်တယ်”

“အို နောက်တစ်ကြိမ် ကြိုးစားကြည့်လိုက်မယ်”

“ရပြီ”

လီဇီချီက မြေပုံအလယ်ဗဟိုရှိ ရေတိမ်ဒေသကို ညွှန်ပြလိုက်သည်။

“ဒီနေရာလို့ပဲ ငါထင်တယ်”

“ဘာကြောင့်လဲ”

ကျန်ရန်ဖေါင်က အကြောင်း ပြချက် သိချင်နေသည်။

“ငါသိတယ်။ အဲဒီနေရာ အကျယ်ဆုံး ဖြစ်ပြီး ဟွာလူ၌ကျက်တွေ အတွက် ပိုကြီးတဲ့ အသိုက်တွေ ဆောက်လို့ရတယ်။ ပြီးတော့ နေရထိုင်ရတာလဲ ပိုပြီး သက်တောင့် သက်သာ ရှိတယ်လေ”

လုချီဟွာက လက်မြှောက်ရင်း ပြောလိုက်သည်။ ပြီးတော့ သူမရဲ့ ဉာဏ်ရည်ကို အထင်ကြီး မိသွားသည်။

(ထင်ထားသလိုပဲ ငါကထက်မြတ်တဲ့ လူတစ်ယောက်ပဲ။ ဒီအဖြေက စဉ်းစားလေလေ ပိုပြည့်စုံလေလေပဲ)

"အဲဒီအချိန်တုန်းက တန်ရီမင် လက်ထဲမှာ ညွှန်တံတစ်ခုကိုကိုင်ပြီး ဒီတစ်နေရာတည်းကို သုံးကြိမ် ဆက်တိုက် ညွှန်ပြခဲ့တယ်။ မြေပုံပေါ်မှာ

ခန့်မှန်းကြည့်ရမယ်ဆိုလျှင် အဲဒီနေရာပဲ ဖြစ်ဖို့များတယ်”

“အမ်”

လူတိုင်း ကြောင်သွားသည်။ (ဒါက အဖြေလား။ တန်ရီမင်ကလဲ ဒီတစ်နေရာတည်းကို သုံးကြိမ်ဆက်တိုက် ညွှန်ပြခဲ့တာလား။)

(ဒီလို ပေါ့ပေါ့ပါးပါး အရာတွေကိုလည်း မှတ်မိတာလား)

ထန်ထန်ယုထန် ချီးကျူးလိုက်မိသည်။

“သွားကြစို့”

ကျန်ရန်ခေါင် ထပ်ပြီး မတွေးချင်တော့ပါ။ ဒီလို စိတ်ဓါတ်ကျစရာ အနေအထားမှာ ရိုးရိုးလေးပဲ ဆုံးဖြတ်လိုက်သည်။

အဖွဲ့သည် ခရီး ထပ်ထွက်ခဲ့ပြန်သည်။ သူတို့တွင် လူသားမျက်နှာ ပင့်ကူများ ရှိနေသောကြောင့် အမြန်နှုန်းက တော်တော် မြန်ဆန်သည်။

....

မြစ်ကြီး တစ်ခုရဲ့ဘေးတွင် ကျောင်းသား အဖွဲ့ ဆယ်သုံးဖွဲ့သည် တံတားလည်း မရှိ လှေလည်း မရှိလို့ ပိတ်မိနေကြသည်။ ဒါကြောင့်လည်း လူတိုင်း

ရွေးချယ်စရာ မရှိဘဲ အဖြေတစ်ခုကို စဉ်းစားနေကြသည်။

"တောက်၊ ငါတို့က အစောဆုံး ရောက်ပေမယ့် ဒီမြစ်ကြီးကြောင့် နောက်ကျနေရပြီ"

ကျောင်းသားအုပ်စု အရေအတွက် တိုးလာသဖြင့် ဖန်ရှန်အကယ်ဒမီက ကျောင်းသားတွေ ဆဲဆိုနေကြသည်။

ကျောင်းသားအဖွဲ့တချို့က ဖောင်ဖွဲ့ကြပြီး ကေျ ာင်းသားတချို့ လက်ပစ်ကူးဖို့

ကြိုးစားကြသည်။ သို့သော်လည်း ရေစီးကြောင်းက အရမ်းပြင်းထန်သဖြင့် ဘယ်သူမှ မအောင်မြင်ခဲ့ကြပါ။

"ငါတို့ ဘာလုပ်သင့်လဲ။ ဆရာတွေဆီက အကူအညီ တောင်းကြမလား"

ဒီလို အကြံပြုတဲ့သူလည်း ရှိသည်။ သူတို့ အဆင့်သုံးဆင့် ပြန်ကျသွားရင်တောင် ဒီနေရာမှာ ပိတ်မိနေတာထက်စာလျှင် ပိုကောင်းတယ်လို့ ခံစားရသည်။

လီဇီချီတို့အဖွဲ့ ရောက်လာသဖြင့် လူအများက လှည့်ကြည့်ကြသည်။

"တောက်၊ သူတို့က ဘယ်ကျောင်းကလဲ။ တောင်လိုကြီးတဲ့ ပင့်ကူတွေတောင် ဘာဖြစ်လို့ ပိုင်နေရတာလဲ"

"အထင်ကြီး စရာပဲ"

"ဒီပင့်ကူတွေက လူသားမျက်နှာ ချောက်က ပင့်ကူတွေ ဖြစ်နိုင်တယ်"

ကျောင်းသားများသည် အံ့အောပြီး အနည်းငယ် ကြောက်နေကြသည်။

"ဗဟိုပြည်နယ် အကယ်ဒမီ ကပဲ"

"အမ်၊ သူတို့ရဲ့ မနှစ်က ရလဒ် တော်တော်ဆိုးဝါးတယ်လို့ ကြားတာပဲ"

"ဗဟိုပြည်နယ်အကယ်ဒမီ လူတွေတောင်ရောက်လာပြီ။ ဒါဆိုရင် ငါတို့က နောက်ဆုံး အသုတ်ဖြစ်နေပြီပေါ့"

ကျောင်းသားများစွာ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

စားမေးပွဲ ရလဒ် ကြေငြာတဲ့အခါ သူတို့က အောင်ဆုံးအဆင့်နားကကျောင်းနှင့် အတူတူ

ရှိနေမည်။ ထုံးစံအတိုင်း ကောင်းကောင်း မလုပ်နိုင်ဘူးလို့ ခံစားရသည်။

ဗဟိုပြည်နယ်အကယ်ဒမီကို ရည်ရွယ်ချက် အဖြစ် အသုံးပြုနေကြသည်။

ဒါပေမယ့် သိပ်မကြာခင် အဲဒီလူတွေ သံသယ ဖြစ်လာသည်။ (ဒီလူတွေမှာ လူသားမျက်နှာ ပင့်ကူ ဘယ်လိုလုပ်ပြီး ရှိနေရတာလဲ။ ဆရာတွေကို အကူညီတောင်းပြီး ဖမ်းခဲ့တာလား။ ဒါပေမယ့် ဒါက တရား မဝင်ဘူးလေ)

"မြစ်ကူးရမယ်လို ငါ့ကို မပြောနဲ့နော်"

လီဖန် စတင်ပြီး ဆုတောင်းနေသည်။

"အမှန်ပဲ"

လီဇီချီသည် မြစ်ကမ်းဘေးက လူများကို တစ်ချက်ကြည့်လိုက်ပြီး ပြောသည်။

"အမ်"

လီဖန် စိတ်ပျက်သွားသည်။

"စိတ်မပူနဲ့၊ ငါတို့မှာအကြီးဆုံး အစ်မကြီး ရှိတယ်။ ဖြေရှင်းလိုက်လိမ့်မယ်"

လုချီဟွာက လက်မထောင်ပြလိုက်သည်။ အခုအချိန်မှာတော့ သူမသည် လီဇီချီကို ယုံကြည်ကိုးကွယ်နေသည်။

မြစ်ကမ်းစပ်ကို ရောက်လျှင် ပြင်းထန်တဲ့ ရေစီးကြောင်းကို မြင်လိုက်ပြီး အားလုံး ခေါင်းကျိန်းသွားသည်။

"မဖြစ်နိုင်ဘူး။ ငါတို့ ရေကူးပြီး ဖြတ်သွားလို့မရဘူး"

ကျန်ရန်ဇောင်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ရပါတယ်"

ရှန်ယွန်ပေါင်က စကားဖြတ်ပြောလိုက်သည်။

"တယောက်တည်း ကူးပေါ့"

ဖန်ရှန်က ကျောင်းသားများ လှမ်းလှော်နေကြသည်။

"မင်း ငါနဲ့ တိုက်ခိုက်ချင်လား"

ရှန်ယွန်ပေါင်က လျှာသပ်ပြီး ပြောလိုက်သည်။

"မင်းကိုကြောက်နေတယ်လို့များ ထင်နေတာလား"

ဒေါသပေါက်ကွဲသွားပြီး ဓါးကွေးကို တန်းထုတ်လိုက်သည်။

"စကားများနေတာကို ရပ်လိုက်တော့။ သစ်ခုတ်ဖို့ တောထဲ သွားပါ။ သစ်ဖောင် ဆောက်ရအောင်"

လီဇီချီက အပြစ်တင်လိုက်သည်။

ဗဟိုပြည်နယ်မှ ကျောင်းသားအဖွဲ့သည် မနီးမဝေးမှာရှိတဲ့ တောထဲကို လမ်းလျှောက်သွားကြသည်။ ဒါကို မြင်လိုက်လျှင် ဖန်ရှန်ကျောင်းမှ အဖွဲ့ခေါင်းဆောင်သည် အံ့အောကာ နောက်မှလိုက်လာသည်။

သူက စေ့စပ်ညှိနှိုင်းပြီး ပင့်ကူ အနည်းငယ်ကို ဝယ်ချင်နေသည်။

သို့သော်လည်း ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအဖွဲ့သည် ရပ်နားပြီး သစ်ခုတ်ရန် အစီအစဉ်မရှိတာကို မြင်လိုက်ရသည်။ အမှန်တကယ်လည်း သူတို့သည် တောထဲသို့ တိုက်ရိုက်ဝင်သွားကြသည်။

"ဘာလဲကွ"

အဖွဲ့ခေါင်းဆောင်သည် အံ့အောတဲ့ မျက်နှာနဲ့ ငေးကြည့်ပြီး ကျန်ခဲ့သည်။ သစ်ဖောင်လုပ်တဲ့နေရာမှာ

လျှို့ဝှက်ချက် ရှိလို့လား။ ဒါကြောင့် ဘယ်သူမှ မမြစ်စေချင်တာလား။

“မဟုတ်သေးဘူး။ ငါလိုက်ကြည့်ရမယ်”

အဖွဲ့ခေါင်းဆောင် ပြေးလိုက်သွားသော်လည်း ဘယ်လိုလုပ်ပြီး ပင့်ကူတွေထက် မြန်အောင် ပြေးနိုင်မှာလဲ။ မကြာခင် ခြေရာပျောက်သွားသည်။

“ငါလို.........”

အဖွဲ့ခေါင်းဆောင် အရမ်းဒေါသထွက်ပြီး သွေးချောင်းတောင် ဆိုးချင်သွားသည်။ ဒါပေမယ့် သိပ်မကြာခင် မျက်မှောင်ကြုတ်သွားသည်။

"ခဏာနေအုံး။ တစ်ခုခုတော့ မှားနေပြီ။ ငါတစ်ခုခုကို လျစ်လျူရှုထားခဲ့မိတာပဲ။ အဆုံးအမှတ်ကို ရောက်ဖို့ မြစ်ကူးစရာ မလိုဘူး မဟုတ်လား"

ဖန်ရှန် အဖွဲ့ခေါင်းဆောင်သည် မြေပုံထုတ်ပြီး စစ်ဆေးလိုက်သည်။ မိနစ် အနည်းငယ်ကြာတော့ အင်္ကျီထဲကနေ ဝါးပြွန်ကိုထုတ်ပြီး ပိုးကောင် တစ်ကောင်ကို လွှတ်ပေးလိုက်သည်။

ပိုးကောင်သည် လီဇီချီတို့အဖွဲ့ သွားရာလမ်းကြောင်းအတိုင်း ပျံ့သန်းပြီး နောက်ကို လိုက်သွားသည်။

"ဟော့၊ ငါတို့က သစ်ဖောင်ဖွဲ့မှာ မဟုတ်ဘူးလား"

လီဇီချီသည် တောအုပ်အတွင်းတွင် အရှိန်ပြင်းပြင်းနဲ့ ဖြတ်သန်းကာ မြစ်နဲ့ ဝေးရာ အရပ်သို့ သွားနေတာ မြင်လိုက်လျှင် လီဖန်က အရမ်းအံ့အောပြီး မေးလိုက်သည်။

"ခုနတုန်းက တခြားလူတွေက ငါတို့ကို ကြည့်နေတယ်။ တကယ်လို့ ငါတို့သာ

တိုက်ရိုက်ထွက်သွားရင် ငါတို့ ဘာလုပ်မလဲဆိုတာ သူတို့ကို သတိပေးမလို ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် သစ်ဖောင်ဖွဲ့မယ်ဆိုပြီး အကြောင်းပြခဲ့တာ”

လီဇီချီက ရှင်းပြသည်။

“ဒါဆို ဒီကစ္စက ဒီလိုပေါ့”

လူတိုင်း ရုတ်တရတ် သဘောပေါက်သွားသည်။ အဲဒီနောက် ခံစားချက် အများအပြားပေါ်လာသည်။ လီဇီချီက ပြဿနာတစ်ခုကို တွေးတောလျှင် ရှုထောင့်ပေါင်းစုံက တကယ်ကို စဉ်းစားနိုင်သည်။

တကယ်လို့ သူမသာ အဖွဲ့ခေါင်းဆောင် ဖြစ်ခဲ့ပါက ကျန်ရန်ဖောင်ထက် ပိုပြီး စွမ်းဆောင်နိုင်လိမ့်မည်။

နောက်နေ့တစ်ဝက်လောက်မှာတော့ သူတို့ခရီးက အတားအဆီး မရှိခဲ့ဘဲ အရမ်းမြင့်မားပြီး ကြီးမားတဲ့ ဧရာမတောင်ကြီးရဲ့ ခြေရင်းတစ်ခုသို့ ရောက်လာခဲ့ကြသည်။

ပြဿနာ အသစ်တစ်ခုတော့ ရှိနေပြီ။

အခန်း (၃၃၆) - နောက်ဆုံး စမ်းသပ်မှု။

“ဘာဖြစ်လို့ ဆက်မသွားတာလဲ”

လုချီဟွာက ခေါင်းငုံ့ပြီး မေးလိုက်သည်။ ဒီတောင်ကြီးက အရမ်းမြင့်မားသည်။ ဒီတောင်ရဲ့ ထိပ်ဖြားက တိမ်များနဲ့ ထိနေတာကို မြင်နေရသည်။

သို့သော်လည်း တောင်ရဲ့ ကိုယ်ထည်က အနည်းငယ်ရုပ်ဆိုးနေပြီး လှိုဏ်ဂူများနဲ့ ပြည့်နှက်နေသည်။

အပေါက်တွေ အဖုအပိန်းတွေ ကြောက်တတ်တဲ့ ရောဂါရှိတဲ့လူဆိုလျှင် ခေါင်းတွေ ကျိန်းသွားမှာ သေချာသည်။

“ဂူနဲ့ပက်သက်ပြီး အနီရောင် စကားလုံးနဲ့ ရေးထားတဲ့ မှတ်ချက် တစ်ခုရှိတယ်။ ဒီနေရာကို မြွေတစ်ထောင် ဂူလို့ ခေါ်တယ်”

လီဇီချီက ဒီဂူများကို စိုက်ကြည့်ရင်း အနည်းငယ် မသက်မသာ ဖြစ်နေသည်။

မိန်းကလေးများသည် အမြဲတမ်း သွေးအေးသတ္တဝါများကို ကြောက်ရွံ့တတ်ကြသည်။

ကျန်ရန်ဇောင်က မြေပုံကို ထုတ်ကာ မြေပြင်အခြေအနေကို လေ့လာလိုက်သည်။

ပထမလမ်းကြောင်းက မြွေတစ်ထောင်ဂူကို ဖြတ်လျှောက်ရမည်။

ပြောချင်တာ မြွေတစ်ထောင်ဂူကို ဖြတ်သန်းပြီး သွားပါက အချိန်ကုန် အရမ်းသက်သာပြီး

အန္တရာယ်အရှိဆုံး လမ်းကြောင်းလည်း ဖြစ်နေသည်။ ဒုတိယလမ်းကတော့ တောင်နိမ့်တဲ့ နေရာတွေကို ရှာပြီး တောင်ကြီး ဖြတ်သန်း သွားလာရမည်။

အချိုးအစားအရ အချိန်အများကြီး ကုန်လိမ့်မည်။ ဒုတိယလမ်းကို အသုံးပြုပါက အနည်းဆုံး တစ်ရက်လောက်တော့ အချိန်ကုန်လိမ့်မည်။

"မြွေတစ်ထောင်လှိုဏ်ဂူကို ဖြတ်သန်းကြရအောင်"

ကျန်ရန်ဇောင်က ဆုံးဖြတ်လိုက်သည်။

“လူသားမျက်နှာ ချောက်မှာ ဘယ်လိုပြဿနာတွေနဲ့ ကြုံခဲ့သလဲဆိုတာ မင်းမေ့နေပြီလား။ ဒီနေရာ ပြသထားတဲ့ အန္တာရာယ်အဆင့်က ချောက်ကြီးထက် ပိုမြင့်တယ်”

ဇန်ဇီ ခေါင်းငုံ့ပြီး ကန့်ကွက်လိုက်သည်။

လူတိုင်း မျက်နှာ ပျက်နေကြသည်။ ပင့်ကူတွေက ဖမ်းသွားတဲ့အခါ ချက်ခြင်း မသေပါ။ ဒါပေမယ့် မြွေတွေကတော့ မတူပါ။ အဆိပ်ပြင်းတဲ့ မြွေကိုက်ခဲ့လျှင် ချက်ခြင်း သေပြီး

အေးစက်သွားလိမ့်မည်။ ဆေးကုဖို့ အချိန်မရဘဲ ဖြစ်သွားလိမ့်မည်။

"ယုထန်၊ မြွေသတ်တဲ့ ဆေးမှုန့် ဖော်စပ်လို့ ရမလား"

လီဇီချီက မေးလိုက်သည်။

"မြင်ခင်းပြင်တွေထဲက သာမန် အဆိပ်ရှိတဲ့ မြွေတွေအတွက်ဆိုလျှင် ပြဿနာ မရှိဘူး။ ဒါပေမယ့် မြွေတစ်ထောင်ဂူထဲက အဆိပ်ရှိတဲ့ မြွေတွေအတွက်ဆိုရင်တော့ အမှုန့် အသုံးပြုဖို့က ခက်လိမ့်မယ်"

ထန်ထန်ယုထန်က ပခုံးတွန့်ရင်း ပြန်ဖြေသည်။

အဆိပ်ရှိတဲ့မြွေသည် သတ်မှတ်ထားတဲ့ ပမာဏ တစ်ခုအထိ ရောက်သွားလျှင် မြွေသတ်တဲ့ ဆေးမှုန့်ကို အသုံးပြုဖို့က မရိုးရှင်းတော့ပါ။

"သွား ပြင်ဆင်လိုက်ပါ"

လီဇီချီက မြွေတစ်ထောင်ဂူကို ဖြတ်သန်းဖို့ ဆုံးဖြတ်လိုက်သည်။

"ငါတို့ကိုယ်ငါတို့ အရမ်းဖိအားပေးဖို့ လိုလို့လား"

ဇန်ဇီက စိတ်ဓါတ်ကျတဲ့ မျက်နှာနဲ့ ရေရွတ်လိုက်သည်။

"ငါတို့ မသေရင်တောင် အဆိပ်ရှိတဲ့ မြွေအကိုက်ခံရပြီး မသန်မစွမ်း ဖြစ်သွားလိမ့်မယ်"

"ဟုတ်တယ်၊ အဆိပ်ရှိတဲ့ မြွေတချို့က ငါတို့ အာရုံကြောကို ထိခိုက်စေနိုင်တယ်။ ငါတို့ အဆက်မပြတ် တုန်ယင်နေပြီး တစ်ဘဝလုံးအတွက် ဒုက္ခ ဖြစ်နေနိုင်တယ်"

ထန်ထန်ယုထန် ရယ်မောပြီး ပြန်ဖြေသည်။

"လူတွေကို မခြောက်လို့ မရဘူးလား"

ကျန်ရန်ဇောင်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

တကယ်တော့ လူအများစုက မြွေတစ်ထောင်လှိုဏ်ဂူထဲသို့ မဝင်ချင်ကြပါ။ မာနကြောင့်သာ ဖွင့်မပြောကြခြင်း ဖြစ်သည်။

သူတို့ကို သူရဲဘောကြောင်တဲ့လူလို့ မထင်ချင်တာလည်း ဖြစ်နိုင်သည်။

ထန်ထန်ယထန်က မြွေသတ်ဆေးမှုန့်ကို ဖော်စပ်ရန် ဆေးပင်တချို့ ရှာနေတဲ့အချိန်တွင် ဂူကြီးထဲကနေ အခြားကျောင်းက ကျောင်းသားတချို့ အရှိန်ပြင်းပြင်းနဲ့ ပြေးထွက်လာကြသည်။

“ငါလို..ပဲ။ အရမ်းကြောက်ပြီး သေမလို ဖြစ်သွားတယ်”

“အီးဟီးဟီး၊ မေမေ အိမ်ပြန်ချင်တယ်”

“တောက်၊ ငါတို့သာ နေးသွားရင် မြွေကြီးရဲ့ အစာ ဖြစ်သွားနိုင်တယ်”

ကျောင်းသားအုပ်စုသည် မြေပေါ်တွင်ထိုင်ကာ အမောတကော ပါးစပ်နဲ့ အသက်ရှူနေကြသည်။ သေလုနီးပါး ကပ်ဆိုးကြီးက လွတ်မြောက်လာပြီးနောက် သူတို့မျက်နှာတွင် ဝမ်းသာတဲ့ အမူအရာနဲ့ ပြည့်နေသည်။ သို့သော်လည်း

လီဇီချီတို့ အဖွဲ့ကို မြင်လိုက်လျှင် ချက်ခြင်း ပြန်ထရပ်လိုက်ပြီး အဖွဲ့ကို ပုံစံတကျ ဖွဲ့စည်းလိုက်သည်။

နှစ်ယောက်စလုံးသည် တဖက်နဲ့တဖက် အဝတ်အစားတွေကို ကြည့်ပြီး ဘယ်ကျောင်းက လာလဲဆိုတာ အကဲခတ်လိုက်ကြသည်။

"ကျန်ရှန် ကျောင်းက ကျောင်းသားတွေပဲ"

ကျန်ရန်ဖေါင်က ကျန်တဲ့လူတွေကို သတိပေးလိုက်သည်။ ဒီကျောင်းသည် ပြီးခဲ့တဲ့နှစ်က အဆင့်(၁၃) ရပြီး စီ အဆင့်ကို တက်လုနီးပါး

ဖြစ်ခဲ့သည့်ကျောင်း ဖြစ်သည်။ သူတို့ရဲ့ ခွန်အားက တော်တော်လေးမြင့်တယ်လို့ ပြောလို့ရသည်။

"ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေပဲ"

တစ်ဖက်နဲ့တစ်ဖက် အကဲခတ်ပြီးနောက် ကျန်ရှုန်မှ ကျောင်းသားတွေသည် စိတ်အေးလက်အေး ဖြစ်သွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီ ဟုတ်လား။ အောက်ခြေအဆင့်က ကောင်တွေပဲ။ အရမ်းကောင်းတယ်။ ခြိမ်းခြောက်မှု တစ်ခုတောင် မဟုတ်ဘူး။

"မင်းတို့ ဘာတွေးနေကြတာလဲ"

ခုနတုန်းက ဂူကြီးထဲကနေ နောက်ဆုံးပြေးထွက်လာတဲ့ အရပ်ရှည်ရှည်နဲ့ ကျောင်းသားသည် သူများတွေလို ထိုင်ပြီး မမောပန်းနေပါ။ အဲဒီအစား ဂူအပေါက်ဝကို လှည့်ကြည့်နေသည်။

အဲဒီအခိုက်တန့်တွင် သူ့ရဲ့ အဖွဲ့ဝင်များက ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများကို မခန့်လေးစား အမူအရာနဲ့ ကြည့်နေတာကို မြင်ပြီး အော်ဟောက်လိုက်သည်။

"သူတို့က ဒီအထိရောက်အောင် လာနိုင်လို့ သူတို့မှာ အရည်အချင်းတချို့ ရှိနေပြီ"

အရပ်ရှည်ရှည်နဲ့ ကောင်းလေးရဲ့ စကားကြားပြီး ကျောင်းသားများသည် ခေါင်းငုံ့ကာ ခရမ်းချဉ်သီးလို မျက်နှာ နီရဲနေကြသည်။

"အဖွဲ့ခေါင်းဆောင်၊ ငါတို့အမှားကို သိပါပြီ"

ကျောင်းသားတွေက တောင်းပန်လိုက်သည်။

ကျန်ရှန် ကျောင်းသားအဖွဲ့ရဲ့ ခေါင်းဆောင်သည် လျှိုဝမ်ဘင် ဖြစ်သည်။ သူက မျိုးနွယ်ကြီးတစ်ခုက ဆင်းသက်လာပြီး ဉာဏ်ရည်နှင့် ကျင့်ကြံခြင်း နှစ်ခုစလုံးတွင် ထူးချွန်သည်။

"တောက်၊ ဒီကောင်ရဲ့ ဂုဏ်သိက္ခာ ကြီးလိုက်တာ"

ဝူဂျီတန် မနာလို ဖြစ်နေသည်။

“သူ့ကို သိလို့လား”

လီဖန်က တစ်ခုခုကို ခံစားလိုက်မိသည်။ အရပ်ရှည်ရှည်နဲ့ကောင်သည် ကြည့်ကောင်းပြီး တည်ကြည်ကာ နူးညံ့တဲ့ ခံစားချက်မျိုး ပေးနေသည်။

“သူ့ကိုမသိပေမယ့် အဖွဲ့ခေါင်းဆောင်ဆိုတာတော့ သေချာတယ်”

လုချီဟွာ ပြောပြီးနောက် အားလုံး မျက်လုံးပြူးသွားသည်။ (အဲဒါက

ပြောစရာမလိုဘူးလေ။ ငါတို့အားလုံးလည်း သိတယ်လေ)

"ဗဟိုပြည်နယ်အကယ်ဒမီမှ လူများ၊ ငါက လျှို့ဝမ်ဘင် ပါ။ မင်းတို့ရဲ့ အဖွဲ့ခေါင်းဆောင်က ဘယ်သူလဲ။ ငါနဲ့ ဆွေးနွေးရအောင် ထွက်လာပါလား"

လျှို့ဝမ်ဘင်သည် လူတိုင်းကို အကဲခတ်ပြီး အချိန်မဖြုန်းချင်ပါ။ မြွေလို့ဖက်ဂူထဲကို တစ်ခေါက် စမ်းသပ်ပြီး ဖြတ်သန်းကြည့်ပြီးနောက် ဒီလိုလုပ်ဖို့ မလွယ်ဘူးဆိုတာ သူသိနေသည်။ ဒါကြောင့်

ဗဟိုပြည်နယ် အကယ်ဒမီက လူများတွင် ဖြေရှင်းချက် တစ်ခုခု ရှိမရှိဆိုတာ သိချင်နေသည်။

ဒီမှမဟုတ်ရင် လမ်းလွဲပြီး သွားရတော့မည်။

ရှီကွမ်သည် အလိုလို လီဇီချီကို စိုက်ကြည့်လိုက်မိသည်။ အဲဒီနောက်မှာ တုံ့ပြန်မှု မှားမှန်းသိပြီး ကျန်ရန်ဖောင်ကို လှည့်ကြည့်လိုက်သည်။

လီဇီချီက အချိန်တော်တော်ကြာအောင် အမိန့်ပေးလာသဖြင့် သူပြဿနာ ကြုံလာတိုင်း သူမကိုသာ ချက်ခြင်း လိုက်ရှာလာတတ်ကြသည်။

“ဘာလဲကွ”

လှျိုဝမ်ဘင် မျက်မှောင်ကြုတ်သွားသည်။ အဖွဲ့ထဲမှာ စကားပြောပိုင်ခွင့်ရှိတဲ့လူက နှစ်ယောက် ရှိနေတာလား။

“သတိထား။ ဒီကောင်က တော်တော် ဉာဏ်များတယ်”

လီဇီချီက ကျန်ရန်ဖောင်ကို တိုးတိုးလေး သတိပေးလိုက်သည်။

‘အမ်”

ကျန်ရန်ခေါင် နားမလည်နိုင် ဖြစ်သွားသည်။ (ဒါဆို ဘယ်လို ပြောရမလဲ)

သို့သော်လည်း လီဇီချီ အပေါ် သဘောကျတဲ့ အချက်များ တိုးလာသည်။

လူအများအရှေ့တွင် သူ့ကို နေရာပေးသည်။ ဒါက သူ့ကို မျက်နှာသာပေးခြင်း ဖြစ်သည်။ လီဇီချီ အခုထွက်သွားရင်တောင် တခြားအဖွဲ့ဝင်တွေက ဘာမှ မပြောပါ။

"သူတို့ အဖွဲ့က ကြိုးစားခဲ့ပြီးပြီ သိသိသာသာ မအောင်မြင်ခဲ့ဘူး။ ဒီ လျှို့ဝှက်ဘင် က မျှော်လင့်ချက်

မရှိတော့တာကို နားလည်ပြီး ချက်ခြင်း မဝင်သေးတဲ့ ငါတို့အဖွဲ့ရဲ့ အတွေးကို ခန့်မှန်းချင်နေတယ်။ စိတ်ပျက်စရာ အခြေအနေမှာ ဘာမဆို ကြိုးစားကြည့်ချင်နေတယ်”

လီဇီချီက ရှင်းပြသည်။

“နားလည်ပြီ”

ကျန်ရန်ဇောင်က ပြန်ဖြေသည်။ မျက်နှာကို ဂရုမစိုက်ဘဲ ဘယ်အခြေအနေနဲ့မဆို လိုက်လျှောညီထွေအောင် ကိုင်တွယ်နိုင်တဲ့ လျှိုဝှမ်ဘင်လို လူမျိုးက ကိုင်တွယ်ဖို့ အခက်ဆုံး

ဖြစ်သည်။ ဆန့်ကျင်ဘက်အနေနဲ့ ချောင်ဒင်ရဲ့ အဖွဲ့ခေါင်းဆောင်သည် တကယ် ညံ့ဖျင်းလွန်းသည်။ ဘယ်လို လိုက်လျောညီထွေ ဖြစ်အောင် လုပ်ရမှန်း မသိပါ။

"မင်းတို့နှစ်ယောက်နဲ့ ဆွေးနွေးလို့ ရမလား"

လှျိုဝမ်ဘင်က ဖြူဖွေးတဲ့ သွားတွေ ပေါ်အောင် ပြုံးပြပြီး လီဇီချီနှင့် ကျန်ရန်ဖောင်တို့ကို လက်ပြလိုက်သည်။

"ဂူထဲက အခြေအနေကို ငါတော်တော်လေး သိတယ်"

ဒီသွေးဆောင်မှုကို ခုခံရန် အမှန် ခက်ခဲလှသည်။

အမှန်တိုင်းပြောရလျှင် လီဇီချီကလည်း ရှန်ယွန်ပေါင်ကို လွှတ်ပြီး အရင်ဆုံး ကင်းထောက်ခိုင်းမလို့ စဉ်းစားထားသည်။ အနည်းဆုံးတော့ အဆိပ်ပြင်းတဲ့ မြွေအမျိုးအစားကို သိနိုင်သည်။

“မင်းတို့ မြွေသတ်ဆေးမှုန့် ဖော်စပ်နေတာလား။ အဲဒါတွေအတွက် ဘယ်လို ပြန်ပေးရမလဲ”

လှျ◌ို◌ုဝမ်ဘင်က ရယ်မောပြီး ကောင်းမွန်တဲ့ သဘောထားကို ပြလိုက်သည်။

"ဒါဆိုလည်း အလဲအလှယ် လုပ်ရအောင်"

လီဇီချီက သူမရဲ့ ရုပ်တည်မှုကို နှိမ့်ချလိုက်ပြီး နှိမ့်ကျတဲ့ အနေအထား လုပ်လိုက်သည်။

"သေချာတာပေါ့"

လှျိုဝမ်ဘင် အကြွမ်းဖက်တဲ့ နည်းကို အသုံးမပြုပေမယ့် သံတမန် ရေးရာကို စိတ်မဝင်စားပါ။ လီဇီချီကို အစ်အောက်ကြည့် ချင်နေသည်။

တကယ်လို့ လီဇီချီ သဘောမတူပါက သူက ဂူနဲ့ပက်သက်တဲ့ အချက်အလက်တွေကို လဲလှယ်တဲ့

ပစ္စည်းအနေနဲ့ အသုံးချလိုက်မည်။ လီဇီချီမှာ မြွေသတ်တဲ့ ဆေးမှုန့် မရှိဘူးဆိုလျှင် အချက်အလက် ဈေးနှုန်းကို မြင့်တင်လိုက်မည်။

ထိုးစံအတိုင်း သူမရဲ့အဖွဲ့တွင် မြွေသတ်ဆေးမှုန့် ပါလာသောကြောင့် အတူတကွ လက်တွဲလုပ်ဆောင်ဖို့ သူမကို စည်းရုံးနိုင်ရန် ပိုပြီး ဖော်ရွေတဲ့ သဘောထားကို ပြလိုက်သည်။

“ဂူထဲမှာ မြွေအမျိုးအစား ဘယ်လောက်တောင်ရှိလဲ။ ငါတို့မှာ ဆရာဝန် ရှိပြီး မင်းတို့ကို ကုသပေးနိုင်တယ်”

လီဇီချီက ကျန်ရှန်မှ ကျောင်းသားများကို စိုးရိမ်တဲ့ အကြည့်နဲ့ လှမ်းကြည့်လိုက်သည်။ တကယ်တော့ သူမက အချက်အလက်တွေကို စုံစမ်းနေပေမယ့် ဒီကောင်က အရမ်းအကြံများနေတာကို မြင်လိုက်ပြီး သိပ် အသုံးမဝင်နိုင်တာကို သိလိုက်သည်။

"မသေချာဘူး။ ဒါပေမယ့် သုံးမျိုးတော့ မြင်ခဲ့တယ်"

လှျိုဝမ်ဘင်က ပြန်ဖြေသည်။

" ဂူက ဘယ်လောက်နက်တယ်၊ မြွေအရေအတွက် ဘယ်လောက်များတယ်ဆိုတာ မပြောတော့ဘူး။

ဒါပေမယ့် အဲဒီအထဲမှာ ကြောက်စရာ အရမ်းကောင်းတဲ့ မြွေကြီး တစ်ကောင် ရှိတယ်”

“အဲဒီမြွေကြီးက လုံးပတ် အရမ်းကြီးတယ်။ လူနှစ်ယောက်လောက် ဖက်ထားလို့ရတယ်။ မီတာ ၃၀၀ လောက်ရှည်ပြီး ကျောင်းသား တစ်ယောက်လောက်ကို အေးအေးဆေးဆေး မျိုချလိုက်လို့ ရတယ်။ အဆိပ်လည်း မှုတ်ထုတ်နိုင်တယ်”

လျှို့ဝမ်ဘင်က ဂူအတွင်း သတင်းများကို မိတ်ဆက်ပေးနေတာ နားထောင်ရင်း

ဒီအချက်အလက် မှန်လား၊ မမှန်လားဆိုတာ စစ်ဆေးရင် ကျန်ရှန်မှ ကျောင်းသားများရဲ့ အမူအရာကို အကဲခတ်နေသည်။

အရမ်းကောင်းတယ်။ ကျောင်းသားများက အကြောက်တရားကို ပြသနေသည်။ ပြောချင်တာက လျှို့ဝှက်ဘင်ပေးတဲ့ အချက်အလက်တွေမှာ ပြဿနာ မရှိပါ။

နှစ်ဘက် စေ့စပ်ဆွေးနွေးရေး အရမ်း ချောမွေ့ခဲ့သည်။

မကြာခင် ထန်ထန်ယုထန် ပြန်ရောက်လာသည်။

"သူတို့ကို ပိုနေတဲ့ အမှုန့် တဝက်ပေးလိုက်ပါ"

လီဇီချီက ညွှန်ကြားလိုက်သည်။ ရောဂါသည်ရဲ့ အကျင့်စရိုက်ကို ကောင်းကောင်းသိနေသည်။ သေချာပေါက် အပိုဆောင်းပြီး လုပ်လာလိမ့်မည်။

"အဟွတ် အဟွတ်"

မြွေဆေးမှုန့်ကို ဒုခေါင်းဆောင်ဆီ လွှဲပေးလိုက်သည်။ ညွှန်ကြားချက် ပေးပြီးနောက် သူပြန်ရောက်လာသည်။

"မင်းတို့နှစ်ယောက်ရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုလဲ။ မြွေတစ်ထောင် လျှို့ဏ်ဂူကို အုပ်စုလိုက်

ဖြတ်သန်းဖို့က အန္တာရာယ် များလွန်းတယ်။ ဘာကြောင့် မဟာမိတ် မဖွဲ့တာလဲ။ အဲဒီတုန်းကဆိုလျှင် ဆရာတွေဆီကတောင် အကူအညီ တောင်းလိုက်လို့ရမယ်။ ဆရာရှစ်ယောက်ရဲ့ အကူအညီနဲ့ဆိုရင် သေချာပေါက် အောင်မြင်လိမ့်မယ်”

ဒါက လျှိုဝမ်ဘင်ရဲ့ အစီအစဉ်ပါ။ ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ရဲ့ အချက်ပြ ပြွန်ကို တစ်ချက် ကြည့်လိုက်သည်။ ပိုသေချာတဲ့ အာမခံချက် လိုချင်သည်။

"အုပ်စုခေါင်းဆောင် လီရဲ့ အစီအစဉ် မဆိုးပါဘူး။ ဒါပေမယ့် အရင်ဆုံး အောင်မြင်နိုင်လား၊ မအောင်မြင်ဘူးလားဆိုတာ စမ်းသပ်ကြည့်ချင်တယ်"

လီဇီချီက ငြင်းလိုက်သည်။

"ချီ၊ ငါတို့ ကျန်ရှန်ကတောင် မလုပ်နိုင်ရင် ဇဟိုပြည်နယ်အကယ်ဒမီဆို ပြောစရာတောင် မလိုဘူး"

"ဘယ်လောက် ဘဝင်မြင့်နေတာလဲ"

"သူတို့ကို မေ့ထားလိုက်စမ်းပါကွာ။ သူတို့ တချို့သေသွားရင် ပွဲကောင်းတပွဲ ကြည့်လို့ ရတာပေါ့"

လီဇီချီရဲ့ စကားကိုကြားပြီးနောက် ကျန်ရှန်မှာ ကျောင်းသားတချို့ စတင်ပြီး လှောင်ပြောင်လာသည်။

"ကျောင်းသားလီ၊ မင်းက ဉာဏ်ကောင်းပါတယ်။ ပိုကောင်းတဲ့ ရွေးချယ်မှုက ဘာလဲဆိုတာ မင်း သိသင့်တယ်"

လှိုဝမ်ဘင်က မျက်မှောင်ကြုတ်ပြီး ပြောသည်။ လီဇီချီက အချက်ပြ ပွန် သုံးလိုက်မှာကို စိုးရိမ်နေသည်။ သူမတို့အဖွဲ့ရဲ့ ဆရာတွေ၏ အကူအညီကို အားကိုးကာ မြေတစ်ထောင်ဂူကို

ဖြတ်သန်းရန် စီစဉ်ထားသဖြင့် သူ့ဘက်က ထိခိုက်နစ်နာမှု များလာနိုင်သည်။

“တောင်းပန်ပါတယ်။ ငါတို့ ကြိုးစားကြည့်လိုက်အုံးမယ်”

လီဇီချီက စကားပြောပြီးနောက် အဖွဲ့ကို စတင်စုစည်း လိုက်သည်။

“ဘာလို့ ငါတို့ အတူတူ မသွားရတာလဲ။ အရေအတွက်မှာလည်း အင်အားရှိတယ်လေ”

ဇန်ဇီ ညည်းတွားလိုက်သည်။ အဆိပ်ရှိတဲ့ မြွေတစ်ကောင်ကို မနှိမ်နင်းနိုင်ရင်တောင်မှ

ထွက်ပြေးရင်တော့ သူ့ထက်နေးတဲ့လူ သေချာပေါက် ရှိလာလိမ့်မည်။

"ငါ လျှို့ဝှက်ဘင် ကို မယုံဘူး"

လီဇီချီရဲ့ စကားက တိုတိုနဲ့ ပြည့်စုံသည်။

"ကောင်းပြီလေ။ မင်းတို့ ကိုယ်ပေါ်ကိုအမှုန့် သုတ်လိမ်းကြပါ။ မီးတိုင်တွေ ပြင်ဆင်ကြ။ ရှန်ယွန်ပေါင်၊ ကျန်ရန်ဇောင်၊ အင်ဘိုင်ဝူ မင်းတို့ သုံးယောက်က ရှေ့တန်းကို တာဝန်ယူ"

လီဇီချီက ဖွဲ့စည်းတဲ့ ပုံစံ စတင်ပြီး စီစဉ်နေသည်။ ဇန်ဇီက မသွားချင်ပေမယ့် ရွေးချယ်စရာ မရှိတော့ပါ။

ဒါကြောင့် မှုန်ကုတ်ကုတ် မျက်နှာနဲ့ စိတ်ဓါတ်ကျတဲ့ အမူအရာကိုသာ ဖော်ပြနိုင်သည်။

ပြင်ဆင်မှုများ ပြီးမပြီး စစ်ဆေးပြီးနောက် လီဇီချီက ထွက်ခွာရန် အချက်ပြလိုက်သည်။

“ခေါင်းဆောင်၊ သူတို့ကို မစည်းရုံးနဲ့တော့ ၊ ဝင်ခွင့်ပေးလိုက်”

ကျန်ရှန်ရဲ့ ဒုခေါင်းဆောင် ရောက်လာသည်။ ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားများ ဂူထဲသို့ ဝင်သွားတာ မြင်လိုက်လျှင် အေးစက်စွာ ရယ်မောလိုက်သည်။

“သေခြင်းဆိုတာ ဘယ်လို စာလုံးပေါင်းလဲ လေ့လာကြပေါ့”

“အို ရှောင်၊ သူတို့ ပေးထားခဲ့တဲ့ မြွေဆေးအမှုန့်က ဘယ်လိုလဲ”

လှ◌ျ◌ိ◌ုဝမ်ဘင်က လှည့်ပြီး ဒုတိယခေါင်းဆောင်ကို မေးလိုက်သည်။

“ငါ သေသေချာချာ မစစ်ဆေးရသေးပေမယ့် သူတို့ရဲ့ အာနိသင်က ငါတို့ အမှုန့်ထက် နှစ်ဆလောက် ပြင်းတယ်လို့ ကျွန်တော် ထင်တယ်။ အနံ့ကိုက တော်တော်လေး ပြင်းတယ်”

ရှောင်က သဘောကျစွာ သက်ပြင်းချလိုက်သည်။ ဆေးပင်ကျွမ်းကျင်သူအနေနဲ့ ရှောင်မှာလဲ သုံးသပ်နိုင်တဲ့ စွမ်းရည် တချို့ ရှိသေးသည်။ ဘယ်လိုပဲပြောပြော ပတ်ဝန်းကျင်က ဆေးပင်အနည်းငယ်ကို အသုံးပြုပြီး မြွေသတ်ဆေးမှုန့်ကို ဖော်စပ်ထားမှန်း သိနေသည်။

လျှို့ဝှက်ဘင် အနည်းငယ် တွေဝေသွားပြီး အမိန့်ပေးလိုက်သည်။

"လူစုကြ၊ ငါတို့ သူတို့နောက်က လိုက်မယ်"

အခန်း (၃၃၇) - မြွေဂူထဲမှ ထွက်ပြေးခြင်း။

"ဘာ"

"ငါတို့ ဝင်ရအုံးမှာလား"

လျှို့ဝမ်ဘင်ရဲ့ အမိန့်ကို ကြားလိုက်ပြီးနောက် ကျောင်းသားများသည် ချက်ခြင်း ညည်းညူလိုက်ကြပြီး ဆန့်ကျင်ခြင်တဲ့ အမူအရာများ ပြသလာသည်။ သူတို့အားလုံး မသေခြင်သလို လေးဘက်လည်း မတွားချင်ပါ။

အစောပိုင်း မြွေကြီး လိုက်ဖမ်းတာ ခံရတဲ့ အခြေအနေသည် အန္တာရာယ် အရမ်းများသည်။

အဲဒါကို ထပ်ပြီး မကြုံတွေ့ချင်တော့ပါ။ အမှန်တိုင်းပြောရလျှင် လျိုဝမ်ဘင်သာ အချက်ပြမွှန် မယူထားဘဲ သူက ဦးဆောင်ပြီး မပိတ်ဆို့ခဲ့လျှင် ကျောင်းသားတော်တော်များ ဆန့်ကျင်နေလောက်ပြီ။

"အခိပ္ပါယ် မရှိတာပြောပြီး အချိန်မဖြုန်းနဲ့။ မြန်မြန် လှုပ်ရှားကြ။ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသား ဓါးစားခံဖြစ်နေတုန်း ငါတို့သွားရင် အများကြီး သက်သာလိမ့်မယ်"

လျိုဝမ်ဘင်က တိုက်တွန်းလိုက်သည်။ သူ့သာသာ ကောင်းကောင်း တွက်ချက်နိုင်သ၍တော့

ဗဟိုပြယ်နယ်က ကျောင်းသားများကို မြွေကြီးအား ဆွဲဆောင်ဖို့အတွက် အသုံးချနိုင်သည်။

"အဖွဲ့ခေါင်းဆောင်၊ မင်းက ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ကို ထည့်တွက်နေတာလား။ ငါတို့တောင် မအောင်မြင်သေးရင် သူတို့က ဘယ်လို အောင်မြင်မှာလဲ"

"အမှန်ပဲ၊ ဆယ်မိနစ်လောက်ကြာရင် ဘောင်းဘီတွေ စိုပြီး ထွက်ပြေးလာမှာ မြင်ယောင်သေး"

"အရမ်းပင်ပန်းနေပြီ။ ရေတစ်ငုံတောင် မသောက်ရသေးဘူး"

ကျောင်းသားတွေက အော်ဟစ်ပြီး ညည်းတွားနေကြသည်။

"အားလုံး ထကြတော့"

လျိုဝမ်ဘင်က အော်ဟစ်ကြိမ်းမောင်းလိုက်ပြီး သူ့ရဲ့ လေသံက တင်းမာနေသည်။

"အဖွဲ့ခေါင်းဆောင် ၊ မင်းရဲ့ အစီအစဉ်ကို ငါတို့ နားလည်တယ်။ ဒါပေမယ့် ငါတို့အဖွဲ့ရဲ့ လက်ရှိအခြေအနေအရ မဖြစ်နိုင်ဘူး"

ဒုခေါင်းဆောင်က ဆရာဝန်တစ်ယောက် အမြင်နဲ့ ပြောလိုက်သည်။

သူတို့အားလုံးသည် မြွေများရဲ့ အမဲလိုက်ခြင်း ခံခဲ့ရပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခွန်အား ပြန်မကောင်းလာကြသေးပါ။ အခုအချိန် ဝင်သွားရင် ပိုအန္တရာယ် များနိုင်သည်။ လျိုဝမ်ဘင် မျက်မှောင်ကြုတ်ပြီး လူတိုင်းကို ကြည့်လိုက်သည်။ နောက်ဆုံးတော့ သူ့ရဲ့ အကြည့်များက ဂူထဲကို ဝင်နေကြတဲ့ ဗဟိုပြည်နယ်အကယ်ဒမီ ကျောင်းသားအဖွဲ့ဆီ ရောက်သွားသည်။

စက္ကန့်အနည်းငယ်ကြာပြီး အလျှော့ပေးရန် ဆုံးဖြတ်လိုက်သည်။

“ထားလိုက်တော့။ မင်းတို့တွေ အနားယူပါ”

“အို ဟုတ်ပြီ”

ကျောင်းသားတွေ ဝိုင်းအော်ကြသည်။

အဲဒီနောက် လှိုဝမ်ဘင် ဂူကြီးဆီ လျှောက်သွားသည်။

“အုပ်စုခေါင်းဆောင်”

"လီဇီချီက အရမ်းသတိကြီးပြီး စေ့စပ်သေချာတတ်တဲ့ ခေါင်းဆောင်မျိုးပါ။ ဂူထဲကို စစ်ဆေးဖို့ ကင်းထောက် တစ်ယောက်တောင် မလွှတ်ဘူး။ မြွေသတ်ဆေးမှုန့်ရတာနဲ့ ချက်ခြင်း တန်းပြီး ဝင်သွားတယ်။ ဒါက နည်းနည်းတော့ ပေါ့ဆတာ မဟုတ်ဘူးလား"

လျိုဝမ်ဘင် စဉ်းစားနေမိသည်။ ခဏာနေအုံး၊ ငါတို့ အဖွဲ့ကို နောက်က လိုက်လာ စေချင်နေတာလား။

ဒါကို စဉ်းစားပြီး လျိုဝမ်ဘင် မချိပြုံး ပြုံးလိုက်မိသည်။ အချိန်တွေ အများကြီး ဖြုန်းခဲ့မိပြီး

သူတို့နောက် လိုက်ဖို့ မဖြစ်နိုင်တော့ပါ။ ပြီးတော့ သူ့ရဲ့ အဖွဲ့ဝင်များကလည်း မသွားချင်ကြသေးပါ။

"ဟင်း၊ ဒီ အဆင့်ကျောင်းက ကျောင်းသားတွေရဲ့ အရည်အချင်းက တကယ်ဆိုးဝါးတာပဲ။ ဒီနေရာမှာ အေအဆင့် ဒါမှမဟုတ် ဘီအဆင့် ကျောင်းတွေသာ ဖြစ်ခဲ့ရင် ဘယ်လောက်ပဲ ပင်ပန်းနေပါစေ အခွင့်အရေးကို ရအောင် ဆုပ်ကိုင်မှာပဲ"

လျိုဝမ်ဘင် အရမ်း စိတ်ပျက်သွားသည်။

အခုအချိန်မှာတော့ ကျောင်းပြောင်းဖို့ စိတ်အား ထက်သန်နေသည်။ အရင်တုန်းကတော့ ကျန်ရှန်

အကယ်ဒမီသည် သူ့နိုင်ငံရဲ့ နာမည်ကြီးတဲ့ ကျောင်းတစ်ကျောင်းဖြစ်လို့ သူနဲ့သက်ဆိုင်တယ် ထင်ပြီး လျှောက်ထားခြင်း ဖြစ်သည်။

မြွေတစ်ထောင် ဂူထဲတွင် မဲမှောင်နေသည်။

ကံကောင်းထောက်မစွာ သူတို့က မီးတိုင်များ ပြင်ဆင်လာခဲ့မိသည်။ မီးတိုင်၏ လိမ္မော်ရောင် အလင်းရောင်သည် ပတ်ဝန်းကျင်ကို အတိုင်းအတာ တစ်ခုအထိ လင်းထိန်စေသည်။

ဂူထဲရှိ လှိုဏ်ခေါင်းသည် လီဇီချီ စိတ်ကူးထားတာထက် အများကြီး ပိုကြီးနေသည်။

ဒါကြောင့် ကျဉ်းကျဉ်းကြပ်ကြပ်ထဲမှာ သွားလာလို့ စိတ်အိုက်ရတဲ့ ဒုက္ခ အများကြီး သက်သာသွားသည်။ သို့သော်လည်း ချို့ယွင်းချက် တစ်ခုကတော့ ရှိနေသည်။ လူတိုင်းတွင် ပင့်ကူများ ရှိနေသောကြောင့် တစ်ယောက်နဲ့ တစ်ယောက် အနည်းငယ် အလှမ်းဝေးနေသည်။ ဒါကြောင့် အဖွဲ့အတန်းကြီးက ပိုရှည်နေသည်။

"အားလုံး ကိုယ့်အနီးအနားကို သတိထားပါ။ တစ်ခုခု မှားနေပြီလို့ ခံစားရတာနဲ့ ချက်ခြင်း အော်လိုက်ပါ"

လီဇီချီက အသံတိုးတိုးလေးနဲ့ သတိပေးလိုက်သည်။

"ဒါပေမယ့် မလိုအပ်ရင် တိတ်တိတ်လေးနေဖို့ အကောင်းဆုံး ကြိုးစားပါ"

"ဇီချီ၊ ကျန်ရှန်က လူတွေ မလိုက်လာဘူး"

နောက်တန်းကို တာဝန်ယူထားတဲ့ ချူဂျန်က ၁၅ မိနစ်လောက်ကြာရင် သတင်းပို့လာသည်။ ဒါက လီဇီချီ ကိုင်တွယ်ရမယ့် ပြဿနာ ဖြစ်သည်။

"နားလည်ပြီ။ ဆက်စောင့်ကြည့်ထားပါ"

လီဇီချီက အိတ်ဆောင် နာရီကိုထုတ်ပြီး တစ်ချက်ကြည့်လိုက်သည်။ အဲဒီနောက် မြွေတစ်ထောင်ဂူရဲ့ မြေပုံကို ပြန်စဉ်းစားလိုက်သည်။ သူတို့ ဖြတ်သန်းနိုင်ဖို့ အကြမ်းအားဖြင့်တော့ သုံးနာရီ လောက်လိုအပ်သည်။

တောက် တောက်

ဂူထဲတွင် မှောင်မဲပြီး အေးစက်နေသည်။ ဂူအမိုးပေါ်က ရေစက်များ တတောက်တောက်နဲ့ ကျနေသည်။ ထွက်လာတဲ့ အသံနဲ့ ခံစားချက်ကြောင့် အရိုးတောင်အေးတဲ့ စိတ်ခံစားချက် ဖြစ်နေသည်။

ထန်ထန်ယုထန်က ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီးနောက် ပြုံးလိုက်သည်။ လေကို တစ်ချက်လောက် ရှူရှိုက်ပြီး မျက်မှောင်ကြုတ်သွားသည်။

“ဗီချီ၊ မြွေက ဒီမှာပဲ”

ထန်ထန်ယုထန် သတိပေးလိုက်ပြီး တစ်မိနစ်လောက် အကြာတွင် တရွေ့ရွေ့လာနေတဲ့ အသံကို ကြားလိုက်ရသည်။ တစ်စုံတစ်ခုက သူတို့ဆီက လျှင်မြန်စွာ ရွေ့လျားလာနေသည်။

အားလုံးက မီးတိုင်ကို မြှောက်ပြီး ပတ်ပတ်လည်ကို စစ်ဆေးကြည့်နေသည်။ အခုတော့ မီးခိုး အစက်ပျောက်နဲ့ မြွေတွေ အများကြီး ပေါ်ထွက်လာသည်။ ဒီမြွေအမျိုးအစားက အဆိပ် အများကြီး မရှိပါ။ အကိုက်ခံရလျှင်လည်း ချက်ခြင်း မသေပါ။ ခန္ဓာကိုယ် ထုံကျင်လာပြီး ခွန်အား မရှိဖြစ်သွားမည်။ ဒါပေမယ့် အချိန်တိုလေးအတွင်းမှာ အများကြီး အကိုက်ခံရလျှင်တော့ သေဖို့ မြန်လာလိမ့်မည်။

အဖွဲ့တစ်ခုလုံး တုန်လှုပ် ချောက်ခြားသွားသည်။

“မြန်မြန်”

“မြန်မြန်”

လီဖန်က တိုက်တွန်းလိုက်သည်။ သို့သော်လည်း ဂူထဲရှိ လက်ရှိမြေပြင်အနေအထားအရ အရှိန်မြှင့်ချင်ရင်တောင် မဖြစ်နိုင်ပါ။

“ယုထန်၊ မင်းရဲ့ မြွေဆေးမှုန့်က အသုံးဝင်လား”

ကျန်ဇီ ငိုချင်လာသည်။

“အသုံးမဝင်ရင်တော့ ငါတို့ပြေးရလိမ့်မယ်”

ထန်ထန်ယုထန် နှုတ်ခမ်းတွန့်သွားသည်။ သူကတော့ အရင်အတိုင်းပဲ တည်ငြိမ်နေသည်။

(တောက် ဒီကောင်က အရှုံးပဲ)

ရောဂါသည်ရဲ့ အမူအရာကို မြင်ပြီး ကျန်ဇီ စိတ်ထဲကနေ ဆဲဆိုလိုက်သည်။

"ဇီချီ၊ မြွေတွေအများကြီး သွားမယ့်လမ်းမှာ ပိတ်နေတယ်"

အင်ဘိုင်ဝူ အသံထွက်လာသည်။

"ယုထန်၊ ဒါတွေကို မင်းနဲ့ထားခဲ့မယ်။ ဒါကို မထိန်းနိုင်ဘူးလို့ ငါ့ကို လာမပြောနဲ့နော်"

လီဇီချီက ညွှန်ကြားလိုက်သည်။

“ငါ့လို ရောဂါသည်ကို ဘယ်လို အမိန့်တွေ ပေးနေတာလဲ”

ထန်ထန်ယုထန်က တိုးတိုးလေး ရေရွတ်လိုက်သည်။ သို့သော်လည်း နာခံပြီး အရှေ့သို့ တက်သွားသည်။ ထို့နောက် ဆေးပင်အမျိုးမျိုး ပေါင်းစပ်ထားတဲ့ ဘောလုံးလေးတစ်လုံးကို ပစ်ပေါက်လိုက်ပြီး မီးညှိလိုက်သေးသည်။

ဘောလုံးကလေးသည် ငုံးတစ်ကောင် အရွယ်လောက်သာ ရှိသည်။ ဒါပေမယ့်

မီးလောင်ပြီးနောက် အဖြူရောင် မီးခိုးလုံးကြီး ထွက်လာသည်။

ကျန်ရန်ဇောင်က ပါးစပ်နှင့် နှာခေါင်းကို အမြန်အုပ်လိုက်သည်။

"စိတ်မပူနဲ့။ မီးခိုးက လူတွေအတွက် အန္တာရာယ် မရှိဘူး"

ထန်ထန်ယုထန်က အော်ပြောလိုက်သည်။

"ကောင်းပြီလေ။ ငါတို့ ဆက်သွားကြမယ်"

အဖြူရောင် မီးခိုးတွေက မီးခိုးရောင် အစက်အပြောက်နဲ့ မြွေတွေနား ရောက်သွားလျှင်

သဘာဝရန်သူနဲ့ တွေ့လိုက်သလိုမျိုး မြွေတွေက တုန့်ပြန်ကြကာ ပြန့်ကျဲသွားသည်။

အဖွဲ့က ရှေ့ဆက်သွားနေသော်လည်း လုချီဟွာ ရုတ်တရက် ထအော်သည်။

"ဇီချီ၊ အဖော်ကြီးကြီးတစ်ကောင် ငါတို့ဆီ ရောက်တော့မယ်"

"အားလုံး သတိထားပါ။ အရှိန်မြင့်"

အားလုံး စိုးရိမ်လာကြသည်။ လုချီနှင့်ရှီကွမ် တို့ လှိုဏ်ခေါင်းတစ်ခုကို ဖြတ်သန်းသွားလျှင် ဘေးနားက

လှိုဏ်တစ်ခုမှ ဧရာမ မြွေခေါင်းကြီး တစ်ခုပေါ်လာတာကို မြင်လိုက်ရသည်။

ရှူး

ပါးစပ်ကြီး ဖွင့်ဟ လိုက်လျှင် လျှာနှစ်ခွ ပေါ်ထွက်လာသည်။ ကြီးမားတဲ့ အစွယ်တွေအပြင် အစိမ်းရောင် အဆိပ်တွေကိုလည်း မြင်နေရသည်။ လုချီ အရမ်းကြောက်လန့်ပြီး သေးထွက်ကျလုနီးပါး ဖြစ်နေသည်။

အဲဒီအတွက် အဖြေမရှိပါ။ ခေါင်းကြီးက ကြီးမားလွန်းပြီး သူတို့နှစ်ယောက်ကို

တကိုက်တည်းစားဖို့ ပြဿနာ မရှိပါ။ ပိုကြောက်စရာကောင်းတာက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တစ်ခု ဖြစ်နေသည်။

လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ဆိုတာက အမှောင်တိုက်ကြီးမှာ နေထိုင်တဲ့ အစွမ်းထက်တဲ့ မျိုးစိတ်များကို ရည်ညွှန်းသည်။ သာမန် ယုန်များနှင့် ဠက်များကို ထည့်မတွက်ပါ။ သူတို့သည် ကြီးမားတဲ့ အဖျက်စွမ်းအား ပိုင်ဆိုင်ရမည် ဒါမှမဟုတ် ရှားပါးပြီး အဖိုးတန်ရမည်။

ထင်မှတ်ထားသလိုပဲ။ နောက်ထပ် အခိုက်အတန့်တွင် အစိမ်းရောင် အခိုးအငွေ့များကို မှုတ်ထုတ်သည်။

ချီ

အဆိပ်ငွေ့တွေ ပြန့်ကျဲလာသည်။

"ဘောပဲ"

ကျန်ရန်ဇောင် ကျိန်ဆဲလိုက်သည်။ တော်တော် ဒုက္ခပေးတဲ့ ကိစ္စ ဖြစ်သည်။ မြွေကြီးက ရုတ်တရက် အလယ်က ပေါ်လာသဖြင့် အဖွဲ့နှစ်ခြမ်း ကွဲသွားသည်။

ရှေ့က လူတွေသည် လက်နက်ချက်ခြင်းထုတ်ကြသလို သူတို့ရဲ့ ပင့်ကူတွေလည်း အလန့်တကြား ဖြစ်နေကြသည်။ သူတို့က အရှိန်မြှင့်ပြီး သွားချင်နေကြသည်။

နောက်က လူတွေကတော့ အံ့အောပြီး နောက်ဆုတ်သွားသည်။ အဲဒီနောက်မှာတော့ မြွေကြီးကို မြင်လိုက်လျှင် သူတို့ ချက်ခြင်း နောက်လှည့်ပြီး ပြေးကြသည်။

ဒီမြင်ကွင်းကို မြင်လိုက်တော့ ချူဂျန် စိတ်ပျက်သွားသည်။

“ပြီးသွားပြီ”

သူတို့ မသေပေမယ့် မြွေတစ်ထောင်ဂူကို ဖြတ်သန်းတဲ့ အစီအစဉ်ကတော့ ကျရှုံးမှာ သေချာနေသည်။

“ဘာကြောင်နေတာလဲ။ အသက်ရှင်ခြင်ရင် မြန်မြန်ပြေး”

ကျန်ဇီက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ အဆိပ်မြူခိုးတွေက ပျံ့လွင့်လာသည်။

“မကြောက်ကြနဲ့။ နောက်ကလူတွေက ညဘက် လှိုဏ်ခေါင်းထဲကို မြန်မြန် ပြေးကြ”

လီဇီချီက အမိန့်ပေးရန် လိုအပ်နေသည်။ သူမက အဖွဲ့ရဲ့ အူတိုင် ဖြစ်နေသည်။ မြေပေါ်ထွက်လာတဲ့နေရာက သူမနဲ့ မလှမ်းမကမ်း ဖြစ်သည်။

“အကြီးဆုံး အစ်မကြီး”

လုချီဟွာက ချက်ခြင်းပြေးလာပြီး လီဇီချီရှေ့မှာ ပိတ်ရပ်ကာ ကာကွယ်လိုက်သည်။

“ငါ အဆင်ပြေတယ်”

အဲဒီနောက် လီဇီချီ အော်ဟစ်လိုက်သည်။ "ရှန်ယွန်ပေါင်နဲ့ အင်ဘိုင်ဝူ ဘယ်ဘက် မီတာ ၅၀ အကွာက လှိုဏ်ခေါင်းထဲကို မဝင်ခင် အားစုထား"

သူတော်စင်ဂိတ်က ပေးခဲ့တဲ့ မြေပုံထဲတွင် မြွေတစ်ထောင်ဂူရဲ့ မြေပြင်အနေအထား ပါဝင်သည်။

အခုအချိန်မှာတော့ လီဇီချီသည် မြေပုံထဲက မြေပြင် အနေအထားမှာ အမှားမပါ ပါစေနဲ့လို့သာ ဆုတောင်းနေသည်။

ဒီအခိုက်အတန့်တွင် လူပေါင်းများစွာ ထိတ်လန့်ကြောက်ရွံ့ နေကြသော်လည်း

တိုက်ပွဲစွဲလမ်းသူကြီးနဲ့ သံမဏိခေါင်း မိန်းကလေးက အဆင်ပြေသည်။ သူတို့က အရမ်းတည်ငြိမ်နေပြီး ညွှန်ကြားချက် ကြားတာနဲ့ ချက်ခြင်း ပြေးသွားသည်။

“သွား၊ သွား၊ သွား”

လီဇီချီက တိုက်တွန်းလိုက်သည်။

“အမ်၊ မင်းအနောက်က လူတွေကို စွန့်လွှတ်ချင်နေတာလား”

ပိုင်ကွမ်ချီ အော်ဟစ်လိုက်သည်။ သူ့ကို အရင်တုန်းက ကယ်တင်ခဲ့ကြသဖြင့် စိတ်ထဲတွင် အပြစ်ရှိသလို ခံစားနေရသည်။ အဖွဲ့ပေါ်တွင်လည်း

စိတ်ရင်း စေတနာ ကောင်းရှိနေသည်။ ဒါကြောင့်မို့ သူတို့ရဲ့ စေတနာကို ပြန်ပေးဆပ်ဖို့အတွက် အခုပဲ စွန့်လွှတ်လိုက်ချင်နေသည်။

"ပါးစပ်ပိတ်ပြီး အဖွဲ့နောက်ကိုလိုက်"

လီဇီချီက အော်ဟစ်လိုက်သည်။

"ရောဂါသည်၊ ရှေ့ကအဖွဲ့ကို မင်းလက်ထဲ အပ်လိုက်ပြီ"

စကားပြောပြီးတာနဲ့ လီဇီချီသည် ပင့်ကူပေါ်တက်ပြီး မြွေကြီးနောက်သို့ လိုက်ရန် လှည့်လိုက်သည်။

"အကြီးဆုံး အစ်မကြီး ဘာလုပ်နေတာလဲ"

လုချီဟွာ အရမ်းထိတ်လန့်သွားသည်။ (မင်းကိုယ်မင်း သေတွင်းထဲ ပို့နေတာလား။ ကြီးမားတဲ့ မြွေကြီးက မင်းကို တိုက်ခိုက်လာရင် ဘယ်လိုလုပ်မလဲ။ မင်းက ငါတို့အဖွဲ့ထဲမှာ အားအနည်းဆုံးပဲ)

ကျန်ရန်ဇောင်က အဖွဲ့နောက်ကို ဆက်ပြေးလိုက်နေသည်။ အနည်းငယ် ကြောက်လန့်နေသော်လည်း တည်ငြိမ်မှုကို ထိန်းထားနိုင်သေးသည်။ သာမန်အဖွဲ့ဝင်သာ

ဖြစ်ခဲ့လျှင် သူ့ရဲ့ လုပ်ဆောင်မှု ကောင်းမွန်သည်။ ဒါပေမယ့် သူက အဖွဲ့ခေါင်းဆောင် တစ်ယောက် ဖြစ်နေသည်။

"ဒီအခြေအနေအတွက် မြန်မြန် အဖြေရှာစမ်း"

ကျန်ရန်ဇောင်က သူ့ခေါင်းကို ထုနှက်ပြီး ပြောလိုက်သည်။ ဒါပေမယ့် ဘာကိုမှ မစဉ်းစားနိုင် ဖြစ်နေသည်။ စိတ်ထဲမှာလည်း ကို့ကိုယ်ကို မုန်းလာသည်။

အဲဒီနောက်မှာတော့ အဖွဲ့ထဲမှာ လီဇီချီ ရှိနေသဖြင့် ဝမ်းသာသွားသည်။ အမှန်တိုင်း ပြောရလျှင် ဖရိုဖရဲ

အခြေအနေထဲတွင် လီဇီချီက အမိန့်ပေးနိုင်နေဆဲဖြစ်သည်။ သူမက ဗိုလ်ချုပ်တစ်ယောက်ရဲ့ အငွေ့အသက်ကို ထုတ်လွှင့်ထားသည်။

"ငါ သဘောမတူဘူး"

ထန်ထန်ယုထန် နှုတ်ခမ်းများ တုန်ယင်နေသည်။ သို့သော်လည်း သူက အဖွဲ့ကို ထိန်းချုပ်နေဆဲဖြစ်သည်။

"မီတာ ၇၀ အကွာ ရောက်နေတဲ့ လူတွေက ဘယ်ဘက်ကို ဆက်ကွေ့ပါ"

ထန်ထန်ယုထန်၏ အမိန့်သည် ရှင်းလင်းပြီး ယုံကြည်ချက် အပြည့်ရှိနေတာကို အင်ဘိုင်ဝူနှင့် ရှန်ယွန်ပေါင် သတိထားလိုက်မိသည်။ ပြီးတော့ သူ့မှာ မြေပုံလည်း မရှိပါ။

"ဒီလူ မြေပုံကို အလွတ်ကျက်ထားတာလား"

အင်ဘိုင်ဝူ ခန့်မှန်းလိုက်သည်။

"ညာဘက်ကို ဦးတည်။ ညာဘက်ကို ဦးတည်ကြ"

လီဇီချီက အနောက်ဖက်က လူများကို လှမ်းအော်လိုက်သည်။ ဒီအခိုက်အတန့်တွင် သူမရဲ့

အသံကို ကြားပြီး မြွေကြီး ပြန်လှည့်လာမှာကိုလည်း သူမ ဂရုမစိုက်ပါ။

အဖွဲ့ဝင်တွေ လမ်းကြောင်းမှားပြီး ထွက်ပြေးသွားရင် ပိုဒုက္ခများလိမ့်မည်။

ကံကောင်းထောက်မစွာ လူတိုင်းသည် အရမ်းကြောက်လန့်ပြီး ဘာမှ မတွေးနိုင်ဖြစ်နေကြသည်။ လီဇီချီရဲ့ အသံကို ကြားပြီး အလိုလို လိုက်နာနေမိကြသည်။

သို့သော်လည်း မမျှော်လင့်ထားတဲ့ အဖြစ်အပျက် တစ်ခု ဖြစ်ပေါ်လာသည်။ ဒုတိယ အကွေ့တွင်

မြွေကြီးက အရှိန်မြင့်ပြီး ရိုက်ချလိုက်ရာ ကျယ်လောင်တဲ့ ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

နောက်ကျန်နေခဲ့တဲ့လူထဲတွင် လီဖန် ပါဝင်သည်။ ဘယ်ဘက် လှိုဏ်ခေါင်းကို ပိတ်ဆို့ပြီး အဆိပ်မှုတ်ထုတ်နေတဲ့ မြွေကြီးကို မြင်ပြီး အရမ်းကြောက်လန့်သွားသည်။ ဒါကြောင့် အလိုလို ဆန့်ကျင်ဘက် လှိုဏ်ခေါင်းဘက်ကို ပြေးသွားမိသည်။

သူမ နောက်မှာရှိတဲ့ ချူဂျန်ကလဲ အခြားလှိုဏ်ခေါင်းထဲသို့ ဝင်ရန် အခွင့်အရေး မရှိဘဲ

လီဖန် နောက်ကိုသာလိုက်ပြီး အခြားလှိုဏ်ခေါင်းထဲသို့ ဝင်သွားသည်။

မြွေကြီးအရှိန်က လျော့ကျသွားသည်။ ကြီးမားတဲ့ ခန္ဓာကိုယ်ကြောင့် ဖြတ်သန်းသွားတဲ့ နေရာတွင် အရာများ ကျန်နေခဲ့သည်။

"လီဖန်၊ ချူဂျန် ကြောက်မနေကြနဲ့ ငါပြောတဲ့အတိုင်း လုပ်ပါ"

လီဇီချီက နောက်မှလိုက်ပြီး နှစ်သိမ့်ပေးနေသည်။ လီဖန် ကြောက်လန့်ပြီး သွေးပျက်သွားမှာကို သူမကြောက်နေသည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်မိနစ်လောက်ကြာလျှင် လီဖန်ဆီက ငိုသံထွက်ပေါ်လာသည်။

“ပြီးသွားပြီ။ သေခြင်းရဲ့ အဆုံးသတ်ပဲ”

“ငါလို....၊ ငါတို့ကို ဘယ်ဘက်ပြေးလာကြတာလဲ”

ချူဂျန် ကျိန်ဆဲလိုက်သည်။ နောက်ပြန်ဆုတ်ချင်သော်လည်း မြွေကြီးက အပေါက်ဝမှာ ပိတ်ဆို့ထားတာကို မြင်လိုက်ရသည်။

အခန်း (၃၃၈) - ပထမအချီရဲ့ အဆင့်များ။

အခြေအနေက အရမ်းအရမ်းကို အန္တရာယ်များနေသည်။

ဒါက သေခြင်းနဲ့ အဆုံးသတ်သွားနိုင်သည်။ တကယ်လို့ မြွေကြီးသာ လျှင်မြန်စွာ ဝင်လာခဲ့လျှင် ဒါမှမဟုတ် အဆိပ်မှုတ်ထုတ်လိုက်လျှင် လီဖန်နှင့် ချူဂျန်တို့သည် အလောင်းကောင်များ ဖြစ်သွားလိမ့်မည်။

"ငါတို့ လွတ်မြောက်အောင် သတ်ဖြတ်ကြစို့"

ချူဂျန်က အံ့ကြိတ်ပြီး တိုက်ပွဲဝင်ရန် ပြင်ဆင်လိုက်သည်။

သို့သော် လီဖန်က ဂူနံရံကို ကြောက်လန့်တကြား တိုက်ခိုက်နေသည်။

"ရုပ်ဆိုးတဲ့ မြွေကြီး၊ ဒီမှာ"

လီဇီချီက ကျယ်လောင်စွာ အော်လိုက်ပြီး ပေါက်ကွဲ မီးတောက် ဝိညာဉ်တက်တူးကို ပစ်ဖောက်လိုက်သည်။

စုစည်းပြီးနောက် အုန်းသီးအရွယ် မီးလုံးတစ်ခု ဖြစ်ပေါ်လာကာ မြွေကြီးဆီ ပစ်လွှတ်လိုက်သည်။

ဘုန်း

မီးလုံးနဲ့ မြွေကြီး ထိမိသွားကာ ကျယ်လောင်စွာ ပေါက်ကွဲသွားသည်။

ရှူး

မြွေကြီးက အော်ဟစ်လိုက်သည်။ အမြှီးနဲ့ နံရံကို ရိုက်ခတ်နေသည်။

ဘောင်း ဘုန်း

ပြင်းထန်ကြီးမားလှတဲ့ အားကြောင့် လှိုဏ်ဂူထဲတွင် လျှောင်လှုပ်နေသလို ဖြစ်နေပြီး ကျောက်တုံးတွေ ပြိုကျနေသည်။

မြွေကြီး ဒေါသထွက်သွားတဲ့ ပုံစံ ဖြစ်နေသည်။ လီဖန်နှင့် ချူဂျန်ကို လျစ်လျူရှုထားလိုက်ပြီး လီဇီချီဆီသို့ အရှိန်မြင့်ပြီး ပြေးသွားသည်။

"လီဇီချီ၊ မြန်မြန် ပြေး"

ချူဂျန်က မြွေကြီးကို လှမ်းကြည့်ပြီး အော်ဟစ်လိုက်သည်။ သူ့အသက်နဲ့ မိန်းကလေး အသက်ကိုသာ လဲရမယ်ဆိုရင် အသက်ရှင်နေရင်တောင် မပျော်နိုင်တော့ပါ။

လီဇီချီက ထွက်ပြေးလည်း မလွတ်မြောက်နိုင်တာကို သိပြီးနောက်

မပြေးတော့ပါ။ သူမက မြွေကြီးကို ကြည့်ပြီး အော်ဟစ်လိုက်သည်။

"ဒိုင်လူကြီး၊ မင်းကိုယ်မင်း ဖော်ပြသင့်ပြီ"

"ရှုံးသွားပြီလား"

ချူဂျန် အံ့အောသင့်နေသည်။ လီဇီချီ ဘာလုပ်နေလဲဆိုတာ သူ နားမလည်နိုင်တော့ပါ။

သူ့မျက်လုံးထဲမှာတော့ မြွေကြီးက လီဇီချီဆီ ရောက်ဖို့ အနည်းငယ်သာ လိုတော့သည်။ ဒါပေမယ့် အဲဒီအခိုက်အတန့်တွင် ရပ်တန့်နေသလို မြွေကြီးကလည်း ရပ်တန့်သွားသည်။

ဖောက် ဖောက်

မြွေတံတွေးတွေက တစက်ပြီးတစက် ကျဆင်းနေသည်။

'အမ်"

ချူဂျန် မှင်တက်နေသည်။ ဘယ်လို အခြေအနေကြီးလဲ။ ဒါပေမယ့် သူလှုပ်ရှားလိုက်လျှင် လှုံ့ဆော်သလို ဖြစ်သွားကာ မြွေကြီးက လီဇီချီကို အန္တာရာယ်ပေးမှာ စိုးရိမ်ပြီး ရပ်တန့်နေသည်။

"မင်းက အကဲဖြတ် ဝန်ထမ်းလား ဒါမှမဟုတ် ဝန်ထမ်း သက်သက်လား"

လီဇီချီက မြွေကြီးကို စိုက်ကြည့်ရင်း မေးလိုက်သည်။

လီဇီချီ ပြုံးလိုက်မိသည်။ အရင်တုန်းကတော့ သိပ်မသေချာပေမယ့် အခုတော့ အတည်ပြုနိုင်ပြီ။

ရှူး ရှူး

မြွေတွန်သံကလွဲလို့ ဂူကြီးထဲ တိတ်ဆိတ်နေသည်။ သို့သော်လည်း နောက်အခိုက်အတန့်တွင် အသံတစ်ခု ထွက်ပေါ်လာသည်။

“မင်း ဘယ်လိုတွေ့တာလဲ”

“အမ်၊ လုပ်ရပ်တစ်ခုလား”

ချူဂျန်၏ မျက်လုံးများက ပတ်ဝန်းကျင်ကို အရှုးအမူး လိုက်ကြည့်နေသည်။ စကားပြောတဲ့ လူကို ရှာဖွေနေသည်။

“ပထမအချက်က မြွေကြီးရဲ့ လှုပ်ရှားမှုပဲ။ ဘယ်လိုပြောရမလဲ တောရိုင်း ဆန်မနေဘူး။ ရွေ့လျားတဲ့အခါ နံရံတွေကို လုံးဝ မထိမိဘူး။ ဒီလို စိတ်လှုပ်ရှားပြီး အရှိန်မြင့်ပြေးတဲ့ အချိန်မှာလည်း နည်းနည်း ထူးခြားနေတယ်”

“ဆက်ပြောပါ”

အသံထွက်လာပြန်သည်။

“အဲဒီနောက်မှာ ဒီမြွေကြီးက ကြီးမားတဲ့ တိုက်ခိုက်မှုတွေ မလုပ်ခဲ့ဘူးဆိုတာ သတိထားလိုက်မိတယ်။ သူ့ရဲ့ လုပ်ဆောင်ချက်အားလုံးက ခြိမ်းခြောက်ဖို့ပဲ ရည်ရွယ်တယ်။ အဆပ်မှုတ်ထုတ်တယ်ဆိုပေမယ့် အကွာအဝေး တစ်ခု ခြားပြီး မှုတ်ထုတ်တယ်။ ဒီလိုမျိုး လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွေက အချိန်တစ်ခုအထိ အသက်ရှင်နေထိုင်ပြီးရင် သူတို့ရဲ့ အားသာချက်ကို ဘယ်လို တိုက်ခိုက်ရမလဲဆိုပြီး ကောင်းကောင်း နားလည်တယ်”

လီဇီချီ ထိုင်ချလိုက်သည်။ သူမ အရမ်းမောနေသည်။

"ပြီးတော့ အရေးအကြီးဆုံး အချက်က သန့်ရှင်းလွန်းတယ်။ တစ်နှစ်ပတ်လုံး မှောင်မဲနေတဲ့ ဂူထဲမှာနေထိုင်တဲ့ မြွေကြီးအတွက် ထူးဆန်းတယ် မထင်ဘူးလား"

လီဇီချီ ပြုံးလိုက်မိသည်။ အမှားတွေက များလွန်းသည်။

"သန့်ရှင်းတာကို ကြိုက်တာ မဖြစ်နိုင်ဘူးလား"

အသံက ငြင်းဆိုသည်။

"ဟီးဟီး၊ မြွေသွားတွေမှာ အသားစ အပိုင်းအစတောင် မရှိဘူး။ မျိုချတယ်လို့ ပြောနိုင်ပေမယ့် ဒီလိုသားရဲမျိုးက အသက်ရှုလိုက်ရင် အနံ့အသက်ထွက်မှာ သေချာတယ်။ ဒါပေမယ့် ဒီနေ့ အသက်ရှုနေတဲ့ အချိန်မှာ အနံ့အသက် လုံးဝ မရှိဘူး။ တစ်ယောက်ယောက်က ဂရုစိုက်ပြီး သွားတွေကို သန့်စင်ပေးနေတာ သိသာတယ်"

လီဇီချီက မြွေကြီးကို ကြည့်ကာ လက်ဝှေ့ယမ်း ပြလိုက်သည်။

"ငါတို့ ဆက်ပြောဖို့ လိုသေးလား"

"မလိုပါဘူး"

အသံက သဘောကျတဲ့ အသံနဲ့ ပြောလိုက်သည်။

"နောက်ဆုံးမေးချင်တာက မင်းနာမည် ဘယ်လိုခေါ်လဲ"

"လီဇီချီ"

လီဇီချီက မတ်တပ်ပြန် ရပ်လိုက်ပြီး

" ဗဟိုပြည်နယ် အကယ်ဒမီကကျောင်းသား။ ဆရာဆွန်းမိုရဲ့ တပည့်ပါ"

"အရမ်းကောင်းတယ်။ မင်းကို သတိရနေမယ်။ ကျေးဇူးပြုပြီး ဖြတ်သန်းသွားပါ"

စကားပြောပြီးနောက် လေချွန်သံ တစ်ချက်ပေါ်လာသည်။ မြွေကြီးက ချက်ခြင်းဆိုသလို သူတို့အား ထားခဲ့ပြီး ဂူအနက်ပိုင်းသို့ လျှောဝင်သွားသည်။

"လီဇီချီ"

ချူဂျန် ပြေးလာပြီး မြွေကြီးဝင်သွားတဲ့နေရာကို ငေးကြည့်နေမိသည်။ အနည်းငယ်

ထိတ်လန့်နေတုန်းပါ။ ဒါပေမယ့် နောက်ပိုင်းမှာတော့ အံ့အောမှင်တက်မှု မျက်နှာမှာပေါ်လာသည်။

ဒီစမ်းသပ်မှုက တကယ်ပဲ အတုယောင် ဖြစ်နေတာလား။

သူတော်စင်ဂိတ်ရဲ့ စမ်းသပ်မှုများကို ခန့်မှန်းဖို့ မဖြစ်နိုင်ပါ။ ပြီးတော့ လီဇီချီကလည်း တကယ်အထင်ကြီးဖို့ ကောင်းသည်။ ဒီလို အန္တရာယ်များတဲ့ အခြေအနေမှာတောင် အသေးစိတ် အချက်အလက်တွေကို ရှာတွေ့နိုင်သေးသည်။

ဒီအရာက လူသားတွေရဲ့ လုပ်နိုင်စွမ်းရော ဟုတ်ရဲ့လား။

"လီဖန်ကို သွားစစ်ကြည့်ပါအုံး"

လီဇီချီက ညွှန်ကြားလိုက်သည်။

လီဖန်ရဲ့ ခြေထောက်များက ပျော့ခွေနေသည်။ အခြေအနေက ကောင်းနေပြီဆိုတာ သိပေမယ့် တုန်တုန်ယင်ယင် ဖြစ်နေသေးသည်။ ခဏလောက် မတ်တပ်မရပ်နိုင် ဖြစ်နေသေးသည်။ သုံးမိနစ်လောက်ကြာမှ ထန်ထန်ယုထန်နဲ့ တခြားလူတွေများ ရောက်လာကြသည်။

ဒီရောဂါသည်ရဲ့ ခြေရာခံနိုင်စွမ်းကတော့ အံ့မခန်းပါ။

"ခုတော့ အားလုံး အဆင်ပြေသွားပြီ"

ရှန်ယွန်ပေါင်က ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။

"မြွေကြီး ဘယ်မှာလဲ"

"မင်းတို့ကို ပြောလိုက်မယ်။ သူ့တော်စင်ဂိတ်က အရမ်းများသွားပြီ။ ငါတို့ကို ခြောက်ဖို့ အတွက် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွေကိုတောင် အသုံးပြုတယ်"

လီဖန်က စောဒက တက်ရင်း ငိုနေသည်။

ခုနတုန်းက သူမ တကယ်ကို ကြောက်လန့်နေခဲ့သည်။

"ပြေးလိုက်သွားရဲတဲ့ မင်းရဲ့ သတ္တိကိုတော့ တကယ် ချီးကျူးတယ်"

ထန်ထန်ယုထန် ချီးကျူးပြီး လက်ဆန့်ထုတ်လိုက်သည်။

ဖောက်

လီဇီချီက လက်ကိုခါထုတ်ပြီး သူမဘာသာ သူမ မတ်တပ်ထရပ်လိုက်သည်။

“အဲဒီအချက်ကို မင်းရှာတွေ့တာလား”

ထန်ထန်ယုထန်က လီဇီချီကို စိုက်ကြည့်ရင်း မေးလိုက်သည်။

“မြွေရဲ့ လှုပ်ရှားမှုက အနည်းငယ် ထူးဆန်းတယ်လို့ ထင်မိပေမယ့် သေသေချာချာ မတွေးရသေးခင်မှာ အခြေအနေက ဖြစ်ပျက်သွားပြီ”

ရောဂါသည် ပခုံးတွန့်လိုက်ပြီး

“ဒီတစ်ခါတော့ မင်းကို ယုံလိုက်မယ်”

လီဇီချီသည် တခြားလူတွေ အဆင်ပြေကြောင်း သိပြီးနောက် ကျန်တဲ့ ခရီးကို ခပ်မြန်မြန် ဆက်သွားရန် တိုက်တွန်းလိုက်သည်။

မြွေတစ်ထောင် လှိုဏ်ဂူထဲက ဂူတစ်ခုထဲတွင် စောင့်ကြည့်သူက ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအဖွဲ့ အခြေအနေကို သလင်းဘုတ်ပြားပေါ်မှ စောင့်ကြည့်နေသည်။

"လီဇီချီက တကယ် အထင်ကြီးစရာပဲ"

ဖန်ယန် လုံး၀ အံ့အောနေသည်။ အမှန်တိုင်းပြောရလျှင် မြေကြီးက ၀ိညာဉ်သားရဲ ဖြစ်တယ်ဆိုတာ သူလည်း မသိပါ။

“သူမက ကျန်ရန်ဇောင်ထက် အဖွဲ့ခေါင်းဆောင် ဖြစ်ဖို့ ပိုသင့်တော်တယ်”

လျှောင်ရန်က ချီးကျူးလိုက်သည်။ ဒီစကားကို ကြားလိုက်လျှင် ကူရှုပ်ရှင်း နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်သွားသည်။ သို့သော်လည်း လီဇီချီက အမှန်တကယ်ကို စေ့စပ်သေချာလွန်းသည်။ ဒါကိုလည်း ၀န်ခံရမည်။ ပြီတော့ နောက်ဆုံးတွင် သူမ

ပြသခဲ့တဲ့ ရဲစွမ်းသတ္တိအရ မိန်းကလေးတစ်ယောက်ဆိုတဲ့ ရှုထောင့်မှကြည့်လျှင် တောက်ပလွန်းသည်။

"ဒီအကြောင်းကို ပြောရရင် သူမကလည်း မင်းကို ကိုးကွယ်လွန်းတယ်။ ဒိုင်လူကြီး မေးခွန်းမေးတဲ့အခါမှာလည်း မင်းအကြောင်း ထည့်ပြောဖို့ မမေ့ခဲ့ဘူး"

ဖန်ယန်က ဆွန်းမိုကို အားကျစိတ်နဲ့ ပခုံးပုတ်လိုက်သည်။

ဒါတွေ အကုန်လုံးကို မှတ်တမ်းတင်ထားလိမ့်မည်။ သူတော်စင်ဂိတ်ရဲ့ အဓိကပုဂ္ဂိုလ်တွေ အားလုံးက ဒါကို ဖတ်ကြလိမ့်မည်။

လီဇီချီက အဖွဲ့မှာ ပိုထူးချွန်လေလေ သူမရဲ့ ကိုယ်ပိုင်ဆရာဖြစ်တဲ့ ဆွန်းမိုက ပိုကျော်ကြားလာလေလေ ဖြစ်လိမ့်မည်။ အဲဒီအချိန်တွင် သူတော်စင်ဂိတ်က အလုပ်ခန့်မယ့် အခွင့်အရေး ရလာလိမ့်မည်။

ဒီအခွင့်အရေးသည် အရမ်းထူးချွန်တဲ့ မြတ်ဆရာများသာ ရနိုင်တဲ့ အခွင့်အရေး ဖြစ်သည်။

ဆွန်းမိုကတော့ လီဇီချီရဲ့ စွမ်းဆောင်ရည်အတွက် အရမ်းကျေနပ်နေသည်။

"သွားကြစို့"

စောင့်ကြည့်သူသည် သလင်းဘုတ်ပြားကို ပိတ်ကာ ကျောင်းသားအဖွဲ့နောက်သို့ မလိုက်ခင် ဆွန်းမိုကို တစ်ချက်လောက် လေးလေးနက်နက်ကြည့််ွ သွားခဲ့သည်။

အဲဒီနောက်မှာတော့ ကြီးကြီးမားမား စမ်းသပ်ချက်တွေ မရှိတော့ပါ။ ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအဖွဲ့၏

ခွန်အားကြောင့် နောက်ဆုံးအမှတ်ကို ရောက်ရန် အချိန် အနည်းငယ်သာ လိုအပ်သည်။

မြွေတစ်ထောင် လှိုဏ်ဂူအပြင်ဘက်တွင် တစ်နာရီတောင် ကြာသွားပြီ။

“ဘာဖြစ်လို့ မထွက်လာသေးတာလဲ”

ဝင်ပေါက်ကို စိုက်ကြည့်ရင်း ရှောင်က မျက်မှောင်ကြုတ်နေသည်။

“သူတို့ ရဲ့ တိုက်ခိုက်မှုက အောင်မြင်သွားပြီလား”

“မင်းဦးနှောက် သံချေး တက်နေပြီလား။ ညံ့ဖျင်းတဲ့ ကျောင်းက လူတွေက မြွေတစ်ထောင် လှိုဏ်ဂူကို

ဖြတ်သန်းနိုင်မယ်လို့ ထင်နေတာလား။ အများဆုံးက ငိုပြီး ကြောက်လန့်တကြား အော်ဟစ် ထွက်ပြေးတာပဲ ဖြစ်လိမ့်မယ်”

“ဒါအမှန်ပဲ။ ငါတို့တောင် မဖြတ်သန်းနိုင်တာ။ ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ဆိုရင် ပြောစရာတောင် မလိုဘူး”

“ဒီ မြေကြီးက လျှို့ဝှက်ဆန်းကြယ် အမျိုးမျိုးစိတ်ဖြစ်ပြီး ကိုင်တွယ်ဖို့ မလွယ်ကူဘူး။ သူတို့ဆရာတွေဆီကနေ အကူအညီတောင်းခဲ့တာပဲ ဖြစ်နိုင်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများ ဆွေးနွေးနေကြသည်။ တချို့က ဗဟိုပြည်နယ်အကယ်ဒမီကို လှောင်ပြောင်နေကြသည်။ ကျောင်းသားတချို့ ဒီစမ်းသပ်မှုကို ကျော်လွှားနိုင်ရန် အစွမ်းကုန် စဉ်းစားနေကြသည်။

လျို့ဝမ်ဘင်သည် ကျောက်ဆောင်ကြီး တစ်ခုပေါ်တွင် ထိုင်ရင်း ဂူအပေါက်ဝကို စိုက်ကြည့်နေသည်။ သူ့မျက်နှာက ဆိုးဆိုးဝါးဝါး ပျက်နေသသည်။

(ဘောပဲ)

မြေတစ်ထောင် လှိုဏ်ဂူကို ဖြတ်သန်းနိုင်မယ့် အခွင့်အရေး လက်လွတ်သွားပြီ။

(သူတို့ထွက်ပြေးတယ်ဆိုတာ ဘာပြောချင်တာလဲ။ အချိန်အတိုင်းအတာအရ မြေကြီးရဲ့ တိုက်ခိုက်မှုကို ခံပြီးသွားပြီ။ ဇဟိုပြည်နယ် အကျောင်းသားအဖွဲ့ မအောင်မြင်ရင် အသက်ရှင်ကျန်ရစ်တဲ့ လူတချို့ကတော့ ထွက်လာလိမ့်မယ်။ မထွက်လာဘူးဆိုရင်တော့ သူတို့အောင်မြင်စွာ ထွက်ခွာသွားနိုင်တာပဲ ဖြစ်လိမ့်မယ်။)

ဒီပြိုင်ပွဲရဲ့ ရည်ရွယ်ချက်က ကျောင်းသားတွေရဲ့ သင်ကြားနိုင်စွမ်းကို စမ်းသပ်ဖို့ ဖြစ်သည်။ ကျောင်းသားတွေကို သတ်ဖြတ်ဖို့အတွက် မဟုတ်ပါ။

အထူးသဖြင့် ကျောင်းသားအသစ် ပြိုင်ပွဲအတွက် ဖြစ်သည်။ ကြောက်သွားအောင် လုပ်ချင်တယ်ဆိုရင်တော့ လူသားမျက်နှာ ချောက်တစ်ခုတည်းနဲ့ လုံလောက်သည်။ အမှန်တိုင်းပြောရလျှင် မြွေတစ်ထောင်ဂူရဲ့ အန္တရာယ် အဆင့်သတ်မှတ်ချက်ကို မြင်လိုက်လျှင် ကျောင်းသားတော်တော်များများက

နောက်တစ်လမ်းကိုပဲ ရွေးချယ်သွားတတ်သည်။ ပိုကွာဝေးပေမယ့် လုံခြုံသည်။

ဗဟိုပြည်နယ်မှ ကျောင်းသားအဖွဲ့သည် ပင့်ကူများကို စီးပြီး လျှင်မြန်စွာ ခရီးဆက်နေကြသည်။ ပင့်ကူတစ်ကောင် ပင်ပန်းလာလျှင် နောက်တစ်ကောင်ကို ပြောင်းစီးကာ လိုက်လာကြသည်။

တခုတည်းသော ပြဿနာမှာ လုချီဟွာက ဘုရင်မကြီးကို ဆက်တိုက်စီးလာရပြီး သူမရဲ့ ဒေါသကို ထိန်းထားရခြင်းဖြစ်သည်။

ဒုတိယနေ့ နေ့လည်တွင် လူတိုင်း၏ အမြင်အာရုံထဲမှာ ကျယ်ပြန့်တဲ့ ရေတိမ်ဒေသ ပေါ်ပေါက်လာသည်။ လီဇီချီက ခေါင်းစောင်းပြီး တစ်ချက်တစ်ချက် ကြည့်နေသည်။ ပျံသန်းနေတဲ့ ဟွာလူ ငှက်အုပ်စုများကို မြင်နေရပြီး သူတို့ရဲ့ တေးသံနဲ့ ပြည့်နှက်နေသည်။

လူတိုင်း အရမ်း စိတ်လှုပ်ရှားနေကြသည်။ သူတို့ နောက်ဆုံးအမှတ်ကို ရောက်လာပြီ။

“ဇီချီ မင်းပြောတာ မှန်တယ်”

ကျန်ရန်ခေါင် အရမ်းနောင်တရနေသည်။ ဒီတစ်ခါတွင် လုချီဟွာ၊ ထန်ထန်ယုထန်နှင့် လီဇီချီတို့သာ ဒီနေရာတွင် မရှိပါက ကျရှုံးခဲ့လိမ့်မည်။ ဒီအောင်မြင်မှုသည် ဒီသုံးယောက်နဲ့ အကြွင်းမဲ့ သက်ဆိုင်နေသည်။

သူတို့သာ မရှိလျှင် အချိန်ကန့်သတ်ချက် ငါးရက်ကို ကျော်လွန်ပြီး တိုက်ရိုက် ဖယ်ရှားခံရလိမ့်မည်။

ဟွာလူကျွန်းပေါ်တွင် စခန်းငယ်တစ်ခု တည်ဆောက်ထားသည်။ ဒိုင်လူကြီးအဖွဲ့၊

ထောက်ပံ့ရေး အဖွဲ့၊ ဆေးဘက်ဆိုင်ရာ အဖွဲ့၊ ကျောင်းအုပ်ကြီးတွေနဲ့ ကိုယ်စားလှယ်တချို့တို့ စောင့်ဆိုင်းနေကြသည်။

ဒိုင်း ဒိုင်း ဒိုင်း

အချက်ပြ မီးကျည်သုံးလုံး လေထဲသို့ မြင့်တက်လာသည်။ ဒီအချက်ကြောင့် နောက်ထပ် ကျောင်းသားအဖွဲ့ရောက်လာကြောင်း သိရှိရသည်။

လူများသည် တဲထဲမှ ပြေးထွက်လာကြသည်။ နောက်ဆုံး အမှတ်အသားပြုထားတဲ့ မျဉ်းကြောင်းပေါ်တွင် စုဝေးနေကြသည်။ ဒဏ်ရာရတဲ့

ကျောင်းသားတွေကို ကုသပေးဖို့အတွက်လည်း ဆေးဝန်ထမ်းတွေ အဆင့်ရှိနေကြသည်။

"မင်္ဂလာ နေ့လည်ခင်းပါ။ ဒုကျောင်းအုပ်ကြီးကျန်။ ဒီတစ်ခေါက်တော့ မင်းကလေးတွေက ဒုတိယနေရာ ရတယ် ကြားတယ်။ ဒီနှစ်တော့ မင်းတို့ "စီ'အဆင့်ကို တက်ခွင့်ရမှာ သေချာတယ်"

အဘိုးအိုတစ်ယောက်က နှုတ်ဆက်သည်။

ဒီအဘိုးကြီးသည် မာရှန်အကယ်ဒမီက ကျောင်းအုပ်ကြီး ဖြစ်သည်။ သူ့ရဲ့ နာမည်က မာ ဖြစ်သည်။

“မင်းရဲ့ တပည့်တွေက ပထမနေရာ ရလို့ လျှောင်ပြောင်နေတာလား”

ကောင်းကင်အကယ်ဒမီ ကျောင်းအုပ်ကြီး ကျန့်က ဝင်ပြောလာသည်။ သူက ဟာသတွေကို အမုန်းဆုံးဖြစ်သည်။

သူတို့ကျောင်းက ကျောင်းသားအသစ်အဖွဲ့သည် ဒီနေ့ မနက်ခင်းတွင် နောက်ဆုံးအမှတ်သို့ ရောက်လာခဲ့ကြသည်။ သို့ရာတွင် သူတို့သည် သတင်းအချက်အလက်များကို စုဆောင်းရမည်

ဖြစ်သောကြောင့် အခြားသူများရဲ့ ခရီးကို သက်သေခံသည့် ကိစ္စကို တားဆီးခြင်း မလုပ်ကြပါ။

အခြေခံအားဖြင့် ပထမအချီတွင် ဆယ်သင်းထဲ ဝင်တဲ့လူများကို တိုက်ရိုက်ပြိုင်ဘက် အဖြစ် သဘောထားကြသည်။

"အခုရောက်လာတဲ့လူတွေက ငါးနေရာမြောက် ဖြစ်နိုင်တယ် မဟုတ်လား"

"ဘယ်အဖွဲ့ ဖြစ်မယ် ထင်လဲ"

"အများဆုံးကတော့ ဟာကျိုး ဖြစ်နိုင်တယ်။ ခွန်အားသတ်မှတ်ချက်အရ ဖြစ်နိုင်တယ်"

ကျောင်းအုပ်ကြီးတွေ ဆွေးနွေးနေကြသည်။

“လူအိုကြီး၊ ဗဟိုပြည်နယ်အကယ်ဒမီ ဖြစ်နိုင်တယ်လို့ ထင်လား”

ကျောင်းအုပ်ကြီးမာက အဝေးသို့ လှမ်းကြည့်ရင်း မေးလိုက်သည်။

“ခက်တယ်”

ကျောင်းအုပ်ကြီး ကျန်က ခေါင်းခါလိုက်သည်။

“မိန်းကလေးအန်က စာသင်တဲ့ ကိစ္စမှာ ပျော်မွေ့နေတုန်းပဲ။ ဒါပေမယ့် ကျောင်းအုပ်ကြီးအတွက်လား။ သူမ

နိမ့်ကျလွန်းတယ်။ ဗဟိုပြည်နယ်အကယ်ဒမီက လက်ရှိအဆင့်ကို ထိန်းထားနိုင်ရင် မဆိုးပါဘူး”

“လူအိုကြီးမာ၊ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အတိတ်ဖြစ်နေပါပြီကွာ။ သူတို့ကို အလေးမထားပါနဲ့တော့။ အဲဒီအစား ငါတို့ မျက်လုံးရှေ့ကိုပဲ မျှော်ကြည့်သင့်တယ်”

ဟာကျုံမှ ကျောင်းအုပ်ကြီး ဝမ်သည် ရယ်မောပြီး ပြောလိုက်သည်။ အနီးအနားကလူတွေက သူ့ကျောင်းရဲ့ နာမည်ကို ဆွေးနွေးနေကြတာကို ကြားရလျှင် အရမ်းပျော်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ဟာကျုံကျောင်းရဲ့ အင်အားကို နာမည်ကြီးကျောင်းက ကျောင်းအုပ်ကြီးတွေ အသိအမှတ်ပြုတာ ဖြစ်သည်။

.

အခန်း (၃၃၉) - ပြန်လည်ထွန်းကားလာတဲ့ ဗဟိုပြည်နယ် အကယ်ဒမီ။

“အဖွဲ့ခေါင်းဆောင်၊ ငါတို့ရဲ့ ကျောင်းအလံကို လွှင့်တင်လိုက်ရမလား”

ရှီကွမ်က ရုတ်တရုတ် သူ့အတွေးကို ပြောလိုက်သည်။

လူတိုင်း တွေဝေသွားသည်။ ပြီးတော့ တုန်လှုပ်ပြီး စိတ်လှုပ်ရှားလာကြသည်။

လိဂ်ပြိုင်ပွဲကို ဝင်ပြိုင်တဲ့ ကေ◌ျ◌ာင်းသားများသည် ကျောင်းအလံကို ဆောင်ထားကြသည်။ တကယ်လို့ သူတို့သာ ထိပ်တန်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါက အဲဒီအချိန်တွင် လွှင့်ထူနိုင်မည်။ ဒါက ကျောင်းအတွက် ဂုဏ်ယူစရာကောင်းတဲ့ အခိုက်အတန့် ဖြစ်သည်။

“ငါတို့ရဲ့အဆင့်က အရမ်းမဆိုးဘူးလို့တော့ ထင်တာပဲ။ ဟုတ်တယ်မှတ်လား”

လီဖန် ခန့်မှန်းလိုက်သည်။ တကယ်လို့ သူတို့သာ နောက်ဆုံး လူစု ဖြစ်ခဲ့ပါက အလံလွှင့်တင်လိုက်လျှင် အရမ်းရှုက်ဖို့ ကောင်းသွားမည်။

“ငါတို့ ထိပ်ဆုံး ဆယ်သင်းထဲမဝင်ရင်တောင် ထိပ်ဆုံး နှစ်ဆယ်ထဲတော့ သေချာပေါက် ဝင်တယ်”

ချူဂျန်က တိုက်တွန်းလိုက်သည်။

“ဘာကို စောင့်နေတာလဲ။ မြန်မြန် လွှင့်တင်လိုက်”

ကျန်ရန်ဇောင်သည် နောက်ကျောမှာ လွယ်ထားတဲ့ ကျောင်းအလံကို ထုတ်ယူလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇန်ဂန်က အနားရှိ သစ်ကိုင်းတစ်ကိုင်းကိုခုတ်ကာ အလံတိုင် လုပ်လိုက်သည်။

မကြာခင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အလံက လေထဲ မြင့်တက်လာသည်။

ကျန်ဟန်ဖူက ဘေးမှာ ရပ်ပြီး ဆွေးနွေးနေမှုများကို ပြုံးပြီးနားထောင်နေသည်။ ဒါပေမယ့် သူ့မျက်နှာတွင် ဖုံးကွယ်မရတဲ့ အနေရခက်မှုများ ပေါ်လွင်နေသည်။ တစ်ခုခု ပြောချင်ပေမယ့်လည်း လူတိုင်းက သူ့ကို လျစ်လျူရှုထားသည်။

ဒီကျောင်းမှ ကျောင်းအုပ်ဆရာကြီး အားလုံးသည် ကြယ် ၅ပွင့်နှင့် ၆ ပွင့်မြတ်ဆရာများ ဖြစ်သည်။ ကြယ် ၄ ပွင့် မြတ်ဆရာတောင် အရမ်းရှားပါးသည်။ ဒါကြောင့် ကျန်ဟန်ဖူလို လူမျိုးသည် ခွန်အားနှင့် အဆင့်အတန်းအရ အသိအမှတ်ပြုမှုကို မရနိုင်ပါ။ ထုံးစံအတိုင်း လေးစားစရာ မလိုပါ။

သို့သော်လည်း ကျန်ဟန်ဖူသည် ကျောင်းအုပ်ကြီးများနဲ့ ဆက်ဆံရေး ကောင်းအောင် အစွမ်းကုန် ကြိုးစားနေဆဲ ဖြစ်သည်။ ဘာကြောင့်ဆို ဒီမှာရှိတဲ့ လူတိုင်းက သူတို့တိုင်းပြည်တွင် ကြီးမားတဲ့

ဩဇာ အာဏာရှိကြသည်။ ကျန်ဟန်ဖူသည် မင်းသားလီရဲ့ စွန့်လွှတ်မှုကို ခံရပြီး ဗဟိုပြည်နယ် အကယ်ဒမီက ထွက်ခွာသွားရသည့်တိုင်အောင် အခြားနေရာတစ်ခုတွင် ကောင်းမွန်စွာ နေနိုင်ရန် ကွန်ယက်တစ်ခုကို တည်ဆောက်ချင်နေသည်။

ကျန်ဟန်ဖူသည် သူတို့ရဲ့ ခန္ဓာကိုယ်အပြုအမူများကို ခွဲခြားနိုင်သေးသည်။ ဟာကျုံ မှကျောင်းအုပ်ကြီးသည် သနားပြီး ကြင်နာတတ်တဲ့ မျက်နှာရှိသည်။ ဒါကြောင့် လူတိုင်းနဲ့

စကားပြောပြီးနောက် ကျန်ဟန်ဖူက စကား တစ်ခွန်း ဖြည့် ပြောလိုက်သည်။

"အရင် ဟာကျုံက ကျောင်းသားတွေနဲ့ ဆုံဖူးတယ်။ သူတို့အားလုံးက အရမ်းတော်တယ်။ ဖြစ်နိုင်တာကတော့ သူတို့ရဲ့ ထူးချွန်မှုကို လုံလောက်အောင် မဖော်ထုတ်နိုင်ခဲ့ဘူး ထင်တယ်။ ဒီလိုမဟုတ်ရင် ထိပ်ဆုံး သုံးနေရာထဲ ဝင်နိုင်တယ်"

တကယ်တော့ ကျန်ဟန်ဖူသည် ပထမနေရာလို့ ပြောလိုက်ချင်သည်။ မာရှန် အကယ်ဒမီက ကျောင်းအုပ်ကြီး အနားမှာ ရှိနေလို့ပါ။

ဒီစကားပြောလိုက်လျှင် စိတ်အနှောက်အယှက်ဖြစ်သွားမှာ ကျိန်းသေသည်။ ဒါကြောင့် ထိပ်ဆုံးသုံးနေရာလို့ သုံးနှုန်းခဲ့သည်။

ဒီစကားကို ကြားလိုက်ပြီးနောက် ကျောင်းအုပ်ကြီးဝေရဲ့ မျက်နှာပေါ်တွင် ပျော်ရွှင်မှုအရိပ် ခပ်ပါးပါးလေး ဖြတ်သန်းသွားသည်။ ကျန်ဟန်ဖူကို တစ်ချက်ကြည့်လိုက်သည်။

“မတွေ့ဖြစ်တာ တစ်နှစ်လောက်ရှိပြီး ကျောင်းအုပ်ကြီး ဝေက မမှတ်မိဘူးထင်တယ်။

ပြီးတော့ ဟာကျံု အကယ်ဒမီက မှတ်တမ်းတွေကို ချိုးဖျက်ပြီး အဆင့်ကောင်းကောင်း ရလာမှာ သေချာပါတယ်”

ကျန်ဟန်ဖူက ချက်ခြင်းရောက်လာပြီး ကျောင်းအုပ်ကြီး ဝေနဲ့ ရင်းနှီးသလို စကားစပြောလာသည်။

“မင်းက”

ကျောင်းအုပ်ကြီးဝေသည် ဒီလူက လူတွေနဲ့ စကားဘယ်လိုပြောရမလဲ ဆိုတာ ကောင်းကောင်းသိတယ်လို့ ခံစားမိသည်။ ဒါပေမယ့်

အရပ်က နည်းနည်းပုလွန်းတယ်။ သူ့ပုံစံက ခြေတွေ လက်တွေရှည်ပြီး အာလူးတစ်လုံးနဲ့ တူနေသည်။

(ဒါပေမယ့် ဒါက ပိုကောင်းပါတယ်လေ။ သူက ပိုရုပ်ဆိုးလေလေ၊ ဆန့်ကျင်ဘက်အားဖြင့် ငါက ချောတဲ့ ပုံ ပိုပေါက်လေလေပေါ့)

ဒါကိုတွေးပြီး ကျောင်းအုပ်ကြီးဝေသည် ရင်ဘက်ကိုကော့ပြီး လက်နှစ်ဖက်ကို နောက်ပစ်လိုက်ပြီး ကျွမ်းကျင်တဲ့ လူတစ်ယောက် ပုံစံကို ဖော်ထုတ်လိုက်သည်။

"ကျွန်တော်က ဗဟိုပြည်နယ်အကယ်ဒမီက ဒုကျောင်းအုပ်ကြီး ကျန်ဟန်ဖူပါ"

ကျန်ဟန်ဖူက သူ့ကိုယ်သူ ပြုံးပြီး မိတ်ဆက်လိုက်သည်။ ဒါပေမယ့် စိတ်ထဲမှာတော့ အရမ်း စိတ်ဓါတ်ကျနေသည်။ (ပြီးခဲ့တဲ့ လိဂ်ပြိုင်ပွဲမှာလဲ ကိုယ်တိုင် မိတ်ဆက်ပြီးပြီလေ)

"တွေ့ရတာ ဝမ်းသာပါတယ်"

ကျောင်းအုပ်ကြီးက ဝတ်ကျေတန်းကျေ ပြန်ပြောသည်။ နှစ်တိုင်း တွေ့နေရတဲ့လူကို မမှတ်မိတဲ့ လူ ရှိလို့လား။

အရင်တုန်းကတော့ ကျန်ဟန်ဖူကို ဘယ်သူမှ သတိမထားပါ။ သို့သော်လည်း ဇဟိုပြည်နယ်အကယ်ဒမီမှ ဒုကျောင်းအုပ်ကြီးလို့ ပြောလိုက်တာနဲ့ အကြည့်ဆယ်ခုကျော်က ချက်ခြင်း ရောက်လာသည်။

“ကျောင်းအုပ်ကြီးအန်က ဘာမှားနေလို့လဲ။ ဒီလို ရုပ်ဆိုးတဲ့ကောင်ကို ဘာဖြစ်လို့ ဒုကျောင်းအုပ်ကြီး ခန့်ထားရတာလဲ”

“ဗဟိုပြည်နယ်အကယ်ဒမီက အခြေအနေမကောင်းဘူးလို့ ကြားရတယ်။ ကြည့်ရတာတော့ အမှန်ဖြစ်တဲ့ ပုံပဲ”

“ချူ သူက လူအိုကြီးဝေကို စကားစပြောဖို့ ကြိုးစားနေတာပဲ။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ နောက်ဆုံး သမ္မာဓိလည်း ပြိုကျသွားပြီပဲ”

ပတ်ဝန်းကျင်က ဆွေးနွေးမှုများကို ကြားပြီး ကျန်ဟန်ဖူတစ်ယောက် အရမ်းစိတ်မကောင်းဖြစ်ရပြီး အနေရလည်း ခက်လာသည်။

ပုံမှန်အားဖြင့်လည်း

ဒီကျောင်းအုပ်ဆရာကြီးများသည် ကျန်ဟန်ဖူကို မလေးစားကြပါ။ သူတို့ မပျင်းရင်တောင် သူတို့ရဲ့ အမြင်ကို ထုတ်ဖော်ပြောနေခြင်း သက်သက်ပါ။

ကျောင်းအုပ်ဆရာကြီးများသည် ကျောင်း၏ အလံနဲ့တူသည်။ ကျောင်းကို ကိုယ်စားပြုသည်။ ရုပ်အရမ်းချောနေဖို့ မလိုပါ။ ဒါပေမယ့် အပြင်သွားရင်တော့ ကျောင်းရဲ့ မျက်နှာကို မေ့လို့မရပါ။

ကျန်ဟန်ဖူရဲ့ပုံစံက တကယ်ညံ့ဖျင်းလွန်းပြီး ခွန်အားကလဲ ,ဟား...ဟ...

သူတော်စင်ဂိတ်သည် ဆရာများနှင့် ကျောင်းအုပ်ဆရာကြီးများ အတွက် ဝတ်စားဆင်ယင်မှုကို တင်းကျပ်တဲ့ စည်းကမ်းများ မထုတ်ထားသော်လည်း လူတိုင်းက ကြိုတင်တိုင်ပင်ခြင်း မရှိဘဲ ကျောင်းဝတ်စုံကိုသာ ဝတ်ဖို့ ရွေးချယ်ကြသည်။ ထူးခြားမှုကတော့ ရွှေကြယ်အရေအတွက် ဖြစ်သည်။ သူတို့ရင်ဘက်တွင် ကျောင်းရဲ့ တံဆိပ်များကို တပ်ဆင်ထားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်အရေအတွက်ကတော့ မြတ်ဆရာ အဆင့်အတန်း ဖြစ်သည်။

ကျန်ဟန်ဖူတွင် ကြယ်နှစ်ပွင့်ရှိသည်။

သူက လူအုပ်ကြီးထဲတွင် ဖြတ်သန်းနိုင်သော်လည်း ဒီအဆင့်အတန်းက ကျောင်းအုပ်ကြီးများရှေ့တွင် အမှန်တကယ် အရေးမပါလှပါ။

ကျောင်းအုပ်ကြီး တချို့ဆို ပိုရက်စက်ကြသေးသည်။ ဒါကိုမြင်တော့ သူတို့ထဲက တစ်ယောက်သည်

“ဘယ်သူသိနိုင်မှာလဲ။ အခုပြန်လာတဲ့လူတွေက ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေလဲ ဖြစ်နိုင်တာပဲ”

“မဖြစ်နိုင်ပါဘူး။ မဖြစ်နိုင်ပါဘူး။ အခုနှစ်ကျောင်းသားအသစ်တွေရဲ့ အရည်အချင်းက သာမန်ပဲ ရှိတယ်။ ငါးနေရာမြောက်ဆိုတဲ့ အိပ်မက်ကြီးကို မမက်ရဲပါဘူး။ ဆယ်နေရာမြောက်ကို ရရင်တောင် ကျွန်တော်တို့ ပျော်နေမိမှာပဲ”

ကျန်ဟန်ဖူ နှိမ့်ချတာ မဟုတ်ပါ။ သူ့အတွက်တော့ ဆယ်နေရာဆိုတဲ့ နေရာက ကျောင်းသားအသစ် အဖွဲ့အတွက် သူအိပ်မက် မမက်ရဲတဲ့နေရာ ဖြစ်သည်။

"ဟားဟား၊ အဆင့် ၁၀ ဟုတ်လား"

ကျောင်းအုပ်ကြီးတချို့က မခန့်လေးစား လှောင်ပြောင်နေကြသည်။ (မင်းတို့ကိုယ်မင်းတို့ မဟာကိုးပါးရဲ့ အစိတ်အပိုင်းတစ်ခုလို့ ထင်နေတုန်းလား။ အဲဒါက အတိတ်မှာ ကျန်ခဲ့ပြီ)

“စိတ်မပူပါနဲ့၊ ဗဟိုပြည်နယ်အယ်ဒမီက အခုမလုပ်နိုင်ရင်တောင် ဖြည်းဖြည်းခြင်း လုပ်ယူလို့ရတာပဲ”

ကျောင်းအုပ်ကြီးဝေက နှစ်သိမ့်လိုက်သည်။

ကျန်ဟန်ဖူ အနေရ ခက်နေသည်။ ကံကောင်းထောက်မစွာ ကျောင်းသားအသစ်အဖွဲ့သည် နောက်ဆုံး အမှတ်သို့ ရောက်ရှိသွားသည်။ သူတို့လွှင့်ထူထားတဲ့ အလံသည် လူတိုင်း မြင်ကွင်းထဲသို့ ဝင်လာသည်။

“ကျောင်းအုပ်ကြီးဝေ၊ ဂုဏ်..”

ကျောင်းအုပ်ကြီးဝေရဲ့ အထင်ကြီးမှုကို ရရန် ကျန်ဟာန်ဖူသည် ချီးကျူးဂုဏ်ပြုဖို့ ဆုံးဖြတ်ခဲ့သည်။ ဒါပေမယ့် အလံကိုမြင်ပြီး အံ့အောသွားသည်။

အလံကို အရမ်းရင်းနှီးနေသည်။

အလံပေါ်တွင် သင်္ကေတမှာ စွန်ဒိုင်းတစ်ခုဖြစ်ပြီး တိုက်ပွဲဝင် တူတစ်ချောင်းနဲ့ ဓါးရှည်တစ်ချောင်းကို ဒိုင်းပေါ်တွင် ကြက်ခြေခတ်ပုံစံ တင်ထားသည်။

ရှုတ်စ်

ကျောင်းအုပ်ကြီးအားလုံးရဲ့ အကြည့်က ကျန်ဟာန်ဖူဆီ ရောက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီးများသည် ဒီ အဆင့်ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်းရဲ့တံဆိပ်ကို မမှတ်မိသော်လည်း ဗဟိုပြည်နယ်အကယ်ဒမီရဲ့ တံဆိပ်ကိုတော့ ကောင်းကောင်း မှတ်မိကြသည်။

အဲဒီအတွက်လည်း အဖြေက မရှိပါ။ ဗဟိုပြည်နယ် အကယ်ဒမီသည် အရမ်းနာမည်ကြီးခဲ့သည်။ ဒီကျောင်းအုပ်ကြီးများ ငယ်ရွယ်စဉ်က ပြိုင်ပွဲတွင် ပါဝင်ခဲ့ကြပြီး ဗဟိုပြည်နယ်အကယ်ဒမီသည် အရမ်းကြောက်ဖို့ ကောင်းတဲ့ ပြိုင်ဘက် ဖြစ်သည်။

"အဆင့်ငါးနေရာလား။ သူတို့စွမ်းဆောင်ရည် တကယ်ကို အထင်ကြီးစရာပဲ"

"ကြည့်ရတာတော့ မိန်းကလေးအန်က ဒီနှစ်မှာ အများကြီး အားစိုက်ထုတ်ထားတဲ့ ပုံပဲ"

"အဟုတ်ပဲ။ မနှစ်တုန်းက ကျောင်းသားအသစ်အဖွဲ့ရဲ့ စွမ်းဆောင်ရည်က အရမ်းညံ့ဖျင်းလွန်းတယ်။ ဒီနှစ်တော့ သေချာပေါက် အာရုံစိုက်လိမ့်မယ်"

ကျောင်းအုပ်ကြီးများသည် စကားစမြည် ပြောဆိုနေကြပြီး ကျောင်းအုပ်ကြီးဝေရဲ့

ကံဆိုးမိုးမှောင်ကျမှုကို ဝမ်းသာအားရ ကြည့်နေကြသည်။

အမှန်တိုင်းပြောရလျှင် ကျောင်းအုပ်ကြီးဝေသည် အလာဟာသ မာနကြီးလွန်းသည်။ ဒါကြောင့် လူတိုင်းက သူ့အပေါ်မှာ အကောင်းမြင်ခြင်း မရှိပါ။ သို့သော်လည်း သူ့ရဲ့ ခွန်အားကြောင့် ကျောင်းအုပ်ကြီးများသည် သူတို့ရဲ့ မကျေနပ်မှုများကို ပွင့်ပွင့်လင်းလင်း မပြောရဲပါ။

ဒီကောင် ကျန်ဟန်ဖူက သတ္တိကောင်းတယ်လို့ ဘယ်သူက ထင်မှာလဲ။ သူက ကျောင်းအုပ်ကြီးဝေကို လှောင်ပြောင်ရဲသည်။

“ငါစောစောက မပြောဘူးလား။ သူက ကြယ်အဆ
နိမ့်ပေမယ့်လည်း ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဒုကျောင်းအုပ်ကြီး တစ်ယောက်ပဲ။ သူ့မှာ ယုံကြည်ချက်ရှိပြီး ကျောင်းအုပ်ကြီးဝေကို ဖားဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ”

ဝေ ဟုတ်လား။

ရက်စက်လိုက်တာ။

“ဒါပေမယ့် ဒီလိုလုပ်လိုက်ရင် ဟာကျုံ အကယ်ဒမီက စိတ်ဆိုးမှာကို လုံးဝ မစိုးရိမ်ဘူးလား”

ကျောင်းအုပ်ကြီး အားလုံးသည် ကျန်ဟန်ဖူကို ကြည်ညိုလေးစားတဲ့ အကြည့်နဲ့ တစ်ချက် ကြည့်လိုက်သည်။

“ငါ..........ငါ........”

ကျန်ဟန်ဖူ ရှင်းပြချင်ပေမယ့် ဘယ်ကစပြီး ပြောရမလဲ မသိ ဖြစ်နေသည်။

“ဒုကျောင်းအုပ်ကြီး ကျန် ဟုတ်တယ်နော်။ ကောင်းတယ်။ အရမ်းကောင်းတယ်”

ကျောင်းအုပ်ကြီး ဝေက ကျန်ဟန်ဖူရဲ့ ပခုံးကို အားနဲ့ ပုတ်ပြီး

“ငါ မင်းကို သတိရနေမယ်။ နောက်တစ်ချိန်ကျရင် အမှန်တိုင်း ပြောဆိုကြမယ်”

ဒီစကားပြောပြီးနောက် ကျောင်းအုပ်ကြီးဝေသည် မှုန်ကုတ်ကုတ်မျက်နှာနဲ့ ထွက်သွားသည်။

ပြီးတာကလွဲလို့ ကျန်ဟန်ဖူ ဘာလုပ်နိုင်မှာလဲ။ “မဟုတ်ဘူး။ မင်းကို မလေးမစားလုပ်တာ မဟုတ်ဘူး’ လို့လဲ ပြောလို့မရပါ။ ဒီကျောင်းသားတွေက အဆင့်(၅) ရအောင် လုပ်နိုင်လိမ့်မယ်လို့လဲ ငါမသိခဲ့ဘူး”

ဘောင်း

အချက်ပြ မီးကျည် တစ်ခုကို ကောင်းကင်ပေါ်သို့ ပစ်လွှတ်လိုက်သည်။ အဲဒီနောက် ဒိုင်လူကြီးက ကျယ်လှောင်သော အသံနဲ့ ကြေငြာသည်။

“ဗဟိုပြည်နယ်အကယ်ဒမီက ပြိုင်ပွဲဝင် နှစ်ဆယ်စလုံး နောက်ဆုံးအမှတ် မျဉ်းကို ရောက်သွားပြီ”

ကျောင်းအုပ်ကြီးများသည် လက်ခုပ်တီးပြီး ကျောင်းသားများကို အကဲခတ်ရန် ကြည့်လိုက်သည်။ သူတို့အားလုံးသည် မြတ်ဆရာများ ဖြစ်ကြသဖြင့်

တစ်ချက်ကြည့်လိုက်ရုံနဲ့ အသေးစိတ် အချက်အလက်များကို မြင်နိုင်သည်။

လူသားမျက်နှာ ပင့်ကူများ၊ ကျောင်းသားတွေရဲ့ အဝတ်အစားက စုတ်ပြဲခြင်း ဒါမှမဟုတ် အညစ်အကြေးများ ဖုံးလွှမ်းခြင်း မရှိပါ။ သူတို့ရဲ့ စိတ်အခြေအနေများသည် အရမ်းပင်ပန်းခြင်း မရှိကြပါ။ ဒီအချက်ကြောင့် ကျောင်းသားများသည် အမှန်တကယ်ကို စွမ်းရည်တချို့ ရှိနေကြောင်း ညွှန်ပြနေသည်။

အရေးအကြီးဆုံးကတော့ ကျောင်းသားတွေအားလုံး အတူတူ စုဝေးပြီး ပျော်ရွှင်စွာ အောင်ပွဲခံနေကြသည်။ ပြောချင်တာက ကျောင်းသားတွေကြားက ဆက်ဆံရေးသည် အရမ်းကို သဟဇာတ ဖြစ်နေသည်။

(ဗဟိုပြည်နယ်အကယ်ဒမီက ဒီနှစ်တွင် ပြိုင်ဘက်ကောင်း ဖြစ်လာလိမ့်မည်။)

ဒီအတွေးက ကျောင်းအုပ်ကြီး အားလုံးရဲ့စိတ်ထဲတွင် ချက်ခြင်း ပေါ်လာသည်။ သူတို့ပြန်သွားပြီးတဲ့နောက်

ဗဟိုပြည်နယ်အကယ်ဒမီကို ပိုသတိထားရန် ကျောင်းသားတွေကို ပြောရမည်။

“ဒုကျောင်းအုပ်ကြီးကျန် ဂုဏ်ပြုပါတယ်”

“အဆင့် ငါးနေရာကလဲ မဆိုးပါဘူး။ ဂုဏ်ပြုပါတယ်”

“ပုံစံတွေကိုကြည့်ရတာတော့ သူတို့ဆရာဆီက အကူအညီတောင်းထားတဲ့ ပုံစံ မရှိဘူး။ သူတို့စွမ်းဆောင်ရည်က တော်တော်လေးကို ထူးချွန်လွန်းတယ်”

ကျောင်းအုပ်ကြီးတချို့သည် ကျန်ဟန်ဖူဆီ စကားပြောရန် လျှောက်လာကြသည်။ အခုနှစ်ကျောင်းသား အသစ်အဖွဲ့က ဘယ်လိုဘယ်ပုံ အားကောင်းလဲဆိုတာ အချက်အလက် စုဆောင်းချင်နေကြသည်။

ကျန်ဟန်ဖူက တစ်ယောက်ပြီး တစ်ယောက် မေးခွန်းများကို ဖြေပေးနေခဲ့သည်။ စိတ်ခံစားချက်ကတော့ တော်တော် ဝေခွဲရခက်နေသည်။ ဒီကျောင်းသားများရဲ့

စွမ်းဆောင်မှုကြောင့် သူသည် တစ်ဝက်တစ်ပျက် ပွင့်လင်းမြင်သာမှု ရှိတဲ့လူလို့ ကျော်ကြားလာသည်။

ဒီကေ ျ ာင်းအုပ်ကြီးများရဲ့ ရည်ရွယ်ချက်သည် မသန့်ရှင်းမှန်းသိသော်လည်း အာရုံစိုက်မှု ဗဟိုချက် ဖြစ်ရတာကတော့ အမှန်တကယ်ကို အံ့မခန်း ဖြစ်သည်။

"အကြီးဆုံး အစ်မကြီး နည်းနည်းလေးတောင် မပျော်ဘူးလား"

လုချီဟွာက လီဇီချီ အနည်းငယ် စိတ်ပျက်နေတာကို မြင်လိုက်သည်။

"ငါတို့ ထိပ်ဆုံး သုံးသင်းထဲ မဝင်တာက စိတ်မကောင်းစရာပဲ"

လီဇီချီက သက်ပြင်းချရင်း ပြောလိုက်သည်။

"အဆင့် (၅) နေရာကလဲ အရမ်းကောင်းပါတယ်။ အမှန်တိုင်းပြောရရင် ငါတို့က ထိပ်ဆုံး ဆယ်နေရာထဲဝင်မယ်လို့တောင် စိတ်မကူးရဲခဲ့ဘူး"

ချူဂျန်က ကြားဖြတ်ပြီး ပြောလိုက်သည်။

"ပြီးတော့ ငါတို့ရဲ့ ပထမအချီ ခရီးစဉ်က ချောမွေ့တယ်လို့ ယူဆနိုင်တယ်။ လူသားမျက်နှာ ပင့်ကူတွေနဲ့တောင် အဆင့်(၅) နေရာပဲ ရခဲ့တယ်။

အဲဒီတော့ ပထမဆုံး လေးနေရာကိုရတဲ့လူတွေက ဘယ်လောက်တောင် သန်မာနေမလဲဆိုတာ စဉ်းစားကြည့်လေ”

အင်ဘိုင်ဝူ မျက်မှောင် ကြုတ်သွားသည်။

“ဘာဖြစ်လို့ ကို့ကိုယ်ကို စိတ်ဓါတ်ကျအောင် ပြောနေရတာလဲ။ ငါတို့က ထိပ်ဆုံး ဆယ်နေရာထဲမှာ ရှိနေသ၍ အဆင့်တက်နိုင်တယ်”

ဇန်ဇီကတော့ အင်ဘိုင်ဝူရဲ့ ရည်မှန်းချက်က မြင့်မားလွန်းတယ်လို့ ခံစားရသည်။

အင်ဘိုင်ဝူကတော့ ပထမနေရာကို ရအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားနေတာကြောင့် ပြန်မဖြေ ဖြစ်ပါ။ အကြောင်းအရင်းကတော့ သူမရဲ့ ဆရာသည် ကျန်ဟန်ဖူနဲ့ လောင်းကြေးထပ်ထားသည်။ ဒါကြောင့် သူတို့သည် သေချာပေါက် ချန်ပီယံ ဖြစ်ရမည်။ ကျန်ဟန်ဖူ ရောက်လာသည်။

"အရမ်းကောင်းတယ်"

"ဒုကျောင်းအုပ်ကြီး"

ကျောင်းသားများ နှုတ်ဆက်ကြသော်လည်း သူတို့ရဲ့ အမူအရာက သာမန်သာ ရှိသည်။ ဘာကြောင့်ဆို ဆွန်းမိုနှင့် ကျန်ဟန်ဖူက မတည့်ဘူးဆိုတာ လူတိုင်း သိနေကြသည်။ လီဇီချီနှင့် အခြားသူများရဲ့ လုပ်ဆောင်ချက်တွေကို မြင်တွေ့ပြီးတဲ့နောက်မှာ အားလုံးက ဆွန်းမိုကို လေးစားနေကြသည်။

ဆွန်းမို တပည့်တွေရဲ့ ကြိုးစားမှုကြောင့် ဒီလိုမျိုး ရလဒ်တွေ ရလာတယ်လို့ ပြောလို့ရသည်။

ကျန်ဟန်ဖူ အနေရခက်သွားသည်။

ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ ကျောင်းသားတွေဆီက လေးစားချစ်ခင်မှုကို မရတော့ရင် အဓိပ္ပါယ် ရှိအုံးမလား။ ဒါပေမယ့် အဆင်ပြေသည်။ ကျိန်ဟာန်ဖူသည် လူတွေရဲ့ စိတ်နှလုံးကို ဘယ်လို သိမ်းသွင်းရမလဲဆိုတာ ကောင်းကောင်းသိနေသည်။

"မင်းတို့ အားလုံး သေမလောက် ပင်ပန်းနေပြီ မဟုတ်လား။ ဟင်းကောင်းကောင်း ပြင်ဆင်ပေးထားတယ်။ ထမင်းမစားခင် ရေနွေးလေးနဲ့ ချိုးကြပေါ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်တော့ အစားအသောက်တွေကို အန်ရှီဝေက ပြင်ဆင်ပေးထားခြင်း ဖြစ်သည်။

“ဆရာ ပြန်လာပြီ”

လုချီဟွာက အော်ပြီး ပြေးသည်။

စောင့်ကြည့်သူနှင့် ဆွန်းမိုတို့ အဖွဲ့ ပြန်ရောက်လာသည်။

“ဆရာ”

အခြားသူများကလည်း အားတက်သရော အော်ဟစ်ပြီး ဆွန်းမို ဆီပြေးသွားကြသည်။

ကျန်ဟန်ဖူ ဘက်မှာတော့ ချက်ခြင်း လူရှင်းသွားသည်။ ဒီအရာက တော်တော် ရှက်ဖို့ ကောင်းသည်။ သူ့မှာ ဆွန်းမိုနဲ့ စကားပြောဖို့ မျက်နှာ မရှိပါ။ သို့သော်လည်း သူက တန်းထွက်သွားလျှင် သဘောထားမကြီးရာ ဖြစ်နေအုံးမည်။

“ဆရာ၊ ထိပ်ဆုံး သုံးနေရာထဲ မဝင်လို့ တောင်းပန်ပါတယ်”

လီဇီချီက တောင်းပန်လိုက်သည်။

“မင်းတို့ လုပ်တာ အရမ်းကောင်းတယ်”

ဆွန်းမိုက လီဇီချီရဲ့ ခေါင်းကို ပွတ်လိုက်ပြီး ဘေးနားမှာရှိတဲ့ ကျောင်းသားတွေကို သဘောကျတဲ့ မျက်လုံးနဲ့ ကြည့်လိုက်သည်။

"မင်းတို့ လုပ်ဆောင်မှုတွေအားလုံးကို ငါမြင်ပြီးပြီ။ မင်းတို့တွေ အရမ်းတော်တယ်"

အခန်း (၃၄၀) - မင်းကို သတ်မယ်

သူတော်စင်ဂိတ်က ပထမအချီရဲ့ကြာချိန်ကို ငါးရက် သတ်မှတ်ထားသည်။ အချိန်ကန့်သတ်ချက်ထက် ကျော်လွန်ပါက ဖယ်ရှားလိုက်ပြီလို့ သတ်မှတ်နိုင်သည်။ ကျောင်းသားအသစ်အဖွဲ့သည် အချိန်မကုန်ခင် တာဝန်အောင်မြင်ပါက ကျန်တဲ့ အချိန်ကို အနားယူတဲ့ အချိန်အဖြစ် သတ်မှတ်ပေးထားသည်။

လီဇီချီတို့အဖွဲ့က တစ်ရက်စောပြီး ပြီးဆုံးခဲ့သည်။ ဒါကို အားသာချက် သေးသေးလေးလို့ သတ်မှတ်နိုင်သည်။

ခြောက်ရက်မြောက်နေ့နံနက်တွင် ဆွန်းမိုသည် မနက်စာစားပြီး မေပယ်တစ်ထောင် ရဲ့ အပြင်ဘက်တွင် အန်ရှီဝေနဲ့ တွေ့ဆုံခဲ့သည်။ အဲဒီနောက် ရလဒ်များကို နားထောင်ရန် နှင်းစက်ဖြူ အဆောင်အဦးသို့ သွားခဲ့သည်။

“ငါအားလုံးကို မေးကြည့်ခဲ့ပြီးပြီ။ မင်းတပည့်တွေရဲ့ စွမ်းဆောင်ရည်က အံ့အော စရာပဲ”

ဆွန်းမိုကို မြင်လိုက်လျှင် အန်ရှီဝေက ပျော်ရွှင်စွာ ပြုံးလိုက်သည်။

“အဆင်ပြေရဲ့လား”

ဆွန်းမိုက မျက်ခုံးပင့်ပြီး မေးလိုက်သည်။ အန်ရှီဝေရဲ့ အမှောင်စက်ဝိုင်းများက အရမ်းပြင်းထန်နေသည်။ ပြီးတော့ လက်ရွေးစင်များကြားက ပြိုင်ဆိုင်မှုသည် ပိုပြင်းထန်ကာ ပိုလည်းရက်စက်သည်။

ပြီးတော့ လက်ရွေးစင်အသင်းများကို ထိပ်တန်းပါရမီရှင်များနဲ့ ဖွဲ့စည်းထားသည်။ ဦးဆောင်တဲ့ဆရာတွေရဲ့ အဆင့်အတန်းကလည်း အရမ်းမြင့်မားသည်။ အဆင့်ကောင်းကောင်းလိုချင်ရင်တော့ အစွမ်းကုန် ကြိုးစားရလိမ့်မည်။

"အဆင်ပြေပါတယ်"

အန်ရှီဝေ အနည်းငယ် ပြုံးလိုက်သည်။ "သွားကြစို့ မစောတော့ဘူး"

ကျန်ဟန်ဖူက တတိယ ပြတင်းပေါက်ကနေ မတ်တပ်ရပ်ပြီး ကြည့်နေသည်။ ဆွန်းမိုနှင့် အန်ရှီဝေတို့ ထွက်သွားတာ မြင်လိုက်လျှင် အရမ်းဒေါသထွက်ပြီး လက်ထဲက လက်ဖက်ရည်ခွက်ကို ရိုက်ချိုး ပစ်လိုက်သည်။ တောက်ပရတာကို သူလည်း နှစ်သက်သည်။

"ဘာဖြစ်လို့ သူတို့နောက် လိုက်ခွင့် မပေးတာလဲ"

လုချီဟွာက အနည်းငယ် ညည်းတွားလိုက်သည်။

"ဆရာနဲ့ ကျောင်းအုပ်ကြီးကြားက ဆက်ဆံရေးကို ပျိုးထောင်ပေးဖို့ လိုတယ်။ နောက်တွဲဘီး ဖြစ်ချင်လို့လား"

လီဇီချီက မျက်လုံးပြူးပြီး အခန်းထဲက ထွက်သွားသည်။ အချိန်တော်တော်ကြာ လမ်းလျှောက်ပြီးနောက် လုချီဟွာ မလိုက်လာတာကို သတိထားလိုက်မိသည်။

"မြန်မြန်လာလေ"

"အမ်"

"ငါတို့က နောက်တွဲဘီး ဖြစ်မယ်လို့ မထင်ဘူး"

လုချီဟွာ နားမလည်နိုင် ဖြစ်နေသည်။

"အရိပ်အခြေ ကြည့်ရမယ်ဆိုတာ မသိဘူးလား"

လီဇီချီ စကားမပြောနိုင် ဖြစ်နေသည်။ သူမဆရာရဲ့ အချစ်ရေးဆိုတာက သူမတို့ အချိန်တိုင်း သတိထားရမယ့် အရာဖြစ်သည်။

အန်ရှီဝေ ရောက်လာပြီးနောက် လူစုလူဝေးရဲ့ အချက်အချာ ဖြစ်လာသည်။

"အန်လေး၊ မင်းက ဒီမှာလား"

"ရှီဝေ၊ မင်းအဘိုးရဲ့ အခြေအနေက ဘယ်လိုလဲ"

"မင်း အခက်အခဲ တစ်ခုခု ဖြစ်လာရင် ငါတို့ကို လူစိမ်းတစ်ယောက်လို မသတ်မှတ်နဲ့"

ကျောင်းအုပ်ကြီးတချို့ ချက်ခြင်း ရောက်လာသည်။

အချို့က အန်ရှီဝေကို စိတ်ရင်းအမှန်နဲ့ ကူညီချင်ကြသော်လည်း တချို့က ယဉ်ကျေးမှုအရသာ ပြောဆိုကြသည်။ သူတို့က အရင်ကျောင်းအုပ်ကြီးရဲ့ ကြင်နာမှုကို ခံခဲ့ရဖူးသည်။

သို့သော်လည်း အားလုံးကို လိမ္မာပါးနပ်စွာ ငြင်းဆိုခဲ့သည်။ ဗဟိုပြည်နယ်အကယ်ဒမီသည် လုံးဝ ပျက်သုန်းတဲ့ အဆင့်ကို မရောက်သေးပါ။ အမှန်တော့ သူမသာ လူတွေရဲ့ အကူအညီကို အမှန်တကယ် အားကိုးနေပါက ကျေးဇူးအကြွေး ပြန်ဆပ်နေရမည်။

ကျေးဇူးအကြွေးဆိုတာက သင့်တော်တဲ့ အချိန်ရောက်မှသာ အသုံးပြုသင့်သည်။

လက်ရှိတွင် နှင်းစက်ဖြူ အဆောက်အဦးထဲ၌ ထိုင်ခုံများကို နှစ်ဖက် ခွဲထားသည်။ တစ်ဖက် ပလက်ဖောင်းကပိုနီးပြီး ဒီထိုင်ခုံများသည်

ကျောင်းကိုယ်စားလှယ်များအတွက် ဖြစ်သည်။ နောက်တစ်စုက ပရိတ်သတ်အတွက် ထိုင်ခုံများ ဖြစ်ပြီး ဘယ်သူမဆို ဝင်ထိုင်နိုင်သည်။

"မင်းကအရမ်း နာမည်ကြီးနေတဲ့ ပုံပဲ ဟေ့"

ဆွန်းမိုက စနောက်လိုက်သည်။ အန်ရှီဝေကို စောင့်ကြည့်နေတဲ့ ဆရာများစွာ ရှိတာကို သတိထားလိုက်မိသည်။

အန်ရှီဝေ မျက်လုံး ပြူးသွားသည်။ (ဘာပဲဖြစ်ဖြစ်လေ၊ ငါက မိန်းမလှလေးအဆင့်မှာ အဆင့်(ရ)လေ။ ငါက ကြယ်သုံးပွင့်မြတ်ဆရာနဲ့

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးလေ။ နာမည် မကြီးဖို့တောင် ခက်အုံးမယ်)

သူတော်စင်ဂိတ်ရဲ့ လုပ်ဆောင်မှုများသည် အမြဲတမ်း လျှင်မြန်ပြီး ပြတ်သားသည်။ မနက် ကိုးနာရီထိုးတာနဲ့ ဒုခေါင်းဆောင် လင်ဟွန်ဒါသည် စာအိတ်ထူထူကြီး တစ်အိတ်ကို ကိုင်ကာ အဆင့်သတ်မှတ်ချက်ကို ကြေညာရန် ပလက်ဖောင်းပေါ်သို့ လမ်းလျှောက်သွားသည်။ ဒီစာအိတ်ထဲတွင် ကျောင်းအမည်များ ပါဝင်နေသည်။ သူက မဟာမိတ်အဖွဲ့ရဲ့ ဒုခေါင်းဆောင်

ဖြစ်သော်လည်း လွန်ခဲ့တဲ့ နာရီဝက်မှ ဒီစာအိတ်ကို ဒိုင်လူကြီး တန်ရီမင်ဆီက လက်ခံရရှိခဲ့သည်။ ဒီလို လုပ်ခြင်းအားဖြင့် လိမ်လည်မှု ဒါမှမဟုတ် လျှို့ဝှက်ချက် ပေါက်ကြားခြင်းမှ ကာကွယ်နိုင်သည်။

"ပထမနေရာ မာရှန် အကယ်ဒမီ"

လင်ဟွန်ဒါက စာအိတ်ဖွင့်ပြီး ကြေညာလိုက်သည်။

"သူတို့ရဲ့ ကျောင်းသားအသစ်အဖွဲ့က ပထမရပြီး လက်ရွေးစင်အသင်းကလဲ ပထမရခဲ့တယ်။ သူတို့ရဲ့ စုစုပေါင်းအဆင့်က နံပါတ် တစ်"

အရင်တုန်းကတော့ ဆွန်းမိုသည် အစည်းအဝေး လုပ်ရမှာကို အရမ်းကြောက်သည်။

ဘယ်ခေါင်းပဲဖြစ်ဖြစ် ကြီးကြီးမားမား အရေးမကြီးတဲ့ အကြောင်းအရာများကို အကြာကြီး ပြောတတ်သည်။ အချိန်ကုန်တာကလွဲလျှင် ဘာမှ အသုံးမဝင်ပါ။

ဒုတိယအဆင့်ကတော့ ဆွန်းမိုတို့နဲ့ ဟော်တယ်တစ်ခုတည်း အတူတူတည်းတဲ့ ကောင်းကင် သစ်ခွ အကယ်ဒမီ ဖြစ်သည်။

တတိယနေရာကတော့ လျှင်ပြည်နယ်မှ နာမည်ကြီးကျောင်းဖြစ်တဲ့ ဝူမာ အကယ်ဒမီ ဖြစ်သည်။ အဲဒီနေရာရဲ့ ဓလေ့ ထုံးတမ်းအစဉ်အလာများမှာ ရဲရင့်မှုနဲ့ ခွန်အားသာ အဓိက ဖြစ်သည်။ သတ္တိ အရမ်းတန်ဖိုးကြီးတဲ့ ဆုတံဆိပ် ဖြစ်သည်။ ဒါကြောင့်လည်း ကျောင်းရဲ့ ပုံစံကလည်း ထူးခြားသည်။ သူတို့က အသက်နဲ့ သေခြင်းကို လျစ်လျူရှုထားခဲ့သည်။ တခုမကျေနပ်တာနဲ့ ထပြီး တိုက်ခိုက်ကြတော့သည်။

အများအားဖြင့်တော့ တခြားကျောင်းများသည် သူတို့နဲ့ ယှဉ်ပြိုင်ရလျှင် ရှောင်ဖို့ ရွေးချယ်တတ်ကြသည်။ ဘယ်လိုပဲပြောပြော သေခြင်းတရားက အစိပ္ပါယ် မရှိပါ။

"အဆင့်လေးနေရာက........"

လင်ဟွန်ဒါသည် စတုတ္ထစာအိတ်ကို ဖွင့်လိုက်သည်။ ကျောင်းနာမည်ကို မြင်ပြီး လန့်သွားသည်။

သူ့ရဲ့ တုန့်ပြန်မှုအောက်တွင် ဆွေးနွေးမှု လှိုင်းလုံးကြီး ပေါ်ပေါက်လာသည်။

ဒီမှာရှိနေတဲ့ ကျောင်းအုပ်ကြီးတွေက သုံးသပ်ချက်ကောင်းတဲ့ လူတွေ ဖြစ်သည်။ လင်ဟွန်ဒါရဲ့ အမူအရာကို မြင်ပြီးနောက် မြင်းနက်တစ်ကောင် ပေါ်လာပြီဆိုတာ သတိထားလိုက်မိသည်။

"အဆင့် လေးနေရာက ဗဟိုပြည်နယ်အကယ်ဒမီ"

"သူတို့ကျောင်းသား အသစ်အုပ်စုက အဆင့်(၅) နေရာ၊ လက်ရွေးစင်အသင်းက အဆင့်(၃) နေရာ။ စုစုပေါင်းအဆင့်က အဆင့်(၄)"

လင်ဟွန်ဒါရဲ့ ကြေညာချက်အပြီးတွင် စင်အောက်တွင် ရုန်းရင်းဆန်ခတ် အကြီးစား ဖြစ်သွားသည်။

"စတုတ္ထနေရာ ဟုတ်လား။ ဒီအတိုင်းဆက်သွားရင် စီ အဆင့်ကို တက်သွားနိုင်တယ်။ တကယ် မျှော်လင့်ချက် ရှိနေပြီ"

"မေ့လိုက်စမ်းပါကွာ။ ဒီပွဲပြီးရင် ပြိုင်ဖို့ နောက်ထပ် နှစ်ကြိမ် ကျန်သေးတယ်။ အရင်က ကျောင်းတွေလည်း ပြတ်ကျန်ခဲ့တာ ရှိတာပဲ"

တချို့က မနာလို ဖြစ်နေကြသည်။ တချို့က အားကျနေကြသည်။ တချို့က မခန့်လေးစား

လုပ်နေကြသည်။ ဒီနေရာတွင် လူပေါင်းများစွာ ရှိနေသဖြင့် အသံပေါင်းများစွာ ပေါ်နေသည်။

"အန်ရှီဝေက စိတ်ကို တည်ငြိမ်အောင် ထိန်းထားနိုင်တာပဲ"

ဆွန်းမိုက အန်ရှီဝေ အရမ်းစိတ်လှုပ်ရှားပြီး ထမအော်တာကို မြင်လိုက်သည်။ သူက ချီးကျူးလိုက်တဲ့အခါ သူမက ဆွန်းမိုရဲ့ ဘယ်ဘက်လက်ကို ရုတ်တရုတ် ဆုပ်ကိုင်လိုက်သည်။ အရမ်း နာကျင်သွားသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀

ကြည်ညို (၃,၁၀၂/၁၀,၀၀၀)

“အားအများကြီး သုံးရလား”

ဆွန်းမို ငိုလုမတတ် ဖြစ်သွားသည်။ အန်ရှီဝေက လက်လွှတ်လိုက်လျှင် လက်ချောင်းရာတွေက နီရဲပြီး ကျန်ခဲ့သည်။

အဆင့်တွေအားလုံးအတွက် ဟာကျုံက အဆင့်(၉)၊ ကျန်ရှန်က အဆင့်(၄၂) ဖန်ရှန်ကအဆင့် (၅၇)၊ ချောင်ဒင်က အဆင့် (၈၆) ဖြစ်ကြသည်။

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

အန်ရှီဝေသည် အရမ်း စိတ်မလှုပ်ရှားတာ မဟုတ်ပါ။ ခံစားချက်တွေကို မျိုသိပ်ပြီး မငိုမိအောင် ထိန်းထားရသည်။ လင်ဟွန်ဒါသည် အဆင့်သတ်မှတ်ချက် ကြေငြာပြီးနောက် နှစ်ရက်အကြာတွင် ပြိုင်ပွဲ စတင်မည့်အကြောင်းကို အသိပေးလိုက်သည်။ အန်ရှီဝေသည် ဆွန်းမိုကို နှင်းစက်ဖြူအဆောက်အဦးကနေ လက်ဆွဲပြီး ပြေးထွက်သွားသည်။ ဒီမှာ ဆက်နေ နေမယ်ဆိုလျှင်

စိတ်ခံစားချက်များကို မထိန်းသိမ်းနိုင်ဘဲ ငိုလိုက်မိမှာ ကြောက်နေသည်။ အဆောက်အဦး အပြင်ရောက်တာနဲ့ ဆွန်းမိုလက်ကို ဆွဲပြီး ဆက်ပြေးနေသည်။ အဲဒီနောက် လမ်းငယ်တစ်ခုသို့ ဝင်လိုက်ကာ ဆွန်းမိုကို လှည့်ပြီး ဖက်လိုက်သည်။

အင့်

ဆွန်းမို အနည်းငယ် နောက်ပြန်ဆုတ်ဖို့ ကြိုးစားလိုက်သည်။ မသိစိတ်က အန်ရှီဝေကို ဖေးမထားလိုက်မိသည်။

"ကျေးဇူးတင်ပါတယ်။ မိုမိုလေး။ စီ အဆင့်ကို ပြန်သွားနိုင်မယ့် မျှော်လင့်ချက်ကို မင်းပေးလိုက်ပြီ။ မဟုတ်ဘူး အထွဋ်အထိပ် အဆင့်အထိ"

အန်ရှီဝေက ဆွန်းမိုရင်ဘက်တွင် မျက်နှာအပ်ပြီး ငိုရှိုက်နေသည်။

ဒီအခိုက်အတန့်ကို ရဖို့ စုစုပေါင်း သုံးနှစ်လောက် စောင့်ခဲ့ရသည်။

ကျောင်းအုပ်ဆရာမကြီး ဖြစ်လာကတည်းက ကြီးမားတဲ့ ဖိအားအောက်တွင် နေခဲ့ရသည်။ သို့သော်လည်း သူမရဲ့ စိတ်ဖိစီးမှုကို အပြင်လူများ

ရှေ့တွင် မဖော်ထုတ်ရဲပါ။ ကျောင်းအုပ်ကြီးဖြစ်လာသဖြင့် လူတိုင်းရဲ့ မျှော်လင့်ချက်နဲ့ အိပ်မက်ကို ထမ်းပိုးထားရသည်။

ဆွန်းမို အနည်းငယ် တွေဝေသွားသော်လည်း ပြန်မဖက်ခဲ့ပါ။ သူမ နောက်ကျောကိုသာ ပြန်ပုတ်ခဲ့သည်။

“စီ အဆင့် တက်ဖို့လား။ ငါ့ရည်မှန်းချက်က ချန်ပီယံ ဖြစ်ဖို့ပဲ”

ဆွန်းမိုက ရယ်ပြီးပြောလိုက်သည်။

ဒင်

"ဗဟိုပြည်နယ်အကယ်ဒမီကို ကောင်းမွန်တဲ့ အစပျိုးမှု တစ်ခုရအောင် ကူညီပေးခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းကို ကြေးရောင် ရတနာသေတ္တာ တစ်လုံး ချီးမြှင့်လိုက်တယ်"

စနစ်က အချိန်နဲ့ တပြေးညီ ဂုဏ်ပြုစကားများ ပေးပို့ခဲ့သည်။

အဲဒီနောက် သူတို့နှစ်ယောက် မေပယ်တစ်ထောင်သို့ ပြန်လာခဲ့ကြသည်။ အန်ရှီဝေက အဆင့်သတ်မှတ်ချက်ကို မကြေငြာရသေးခင် လူတိုင်းက ရှင်မြူးနေကြသည်။

ကျောင်းသားတချို့ကို ကြည့်လိုက်တာနဲ့ သူတို့ သိရှိနေပြီဆိုတာ သိသာနေသည်။

"ဒီနေ့ နေ့လည်စာကို ပိုကောင်းတဲ့ အစာစားကြမယ်"

အန်ရှီဝေသည် ဒီအခိုက်အတန့်တွင် တကယ်ကို ပျော်ရွှင်နေသည်။

ကောင်းကင်သစ်ခွ အကယ်ဒမီမှ ကျောင်းသားများလည်း ဟိုတယ်ထဲတွင် ရှိနေကြသည်။ ဒါကို မြင်တော့ မနေနိုင်ဘဲ လျှောင်ပြောင်ကြသည်။

"မင်းတို့ အဆင့်လေး လေးရတာလေ။ ဒီလောက် စိတ်လှုပ်ရှားနေရတာလား"

"အမှန်ပဲ။ ငါတို့အတွက် အဆင့်လေးဆိုတာက နှစ်သစ်မှာ သာမန်ပွဲ ကျင်းပရသလိုပဲ"

"ငါတို့လိုကျောင်းက ဖီးနစ် အမွေးတွေလို ကီရင်းရဲ့ ဦးချိုတွေလို ရှားပါးတယ်"

ကောင်းကင်သစ်ခွ အကယ်ဒမီမှ ကျောင်းသားအနည်းငယ်သည် ဗဟိုပြည်နယ်အကယ်ဒမီကို အထင်သေးတဲ့

အကြည့်နဲ့ ကြည့်နေကြသည်။ သူတို့က သာလွန်တယ်ဆိုတဲ့ ခံစားချက်နဲ့ ပြည့်နေကြသည်။

နေ့လည်စာက အရသာရှိလွန်းသည်။ သူဌေးလဲ့က တဝက်ဈေးပဲ ယူပြီး သစ်သီးပန်းကန်တွေတောင် ချပေးခဲ့သေးသည်။

"ဂုဏ်ပြုပါတယ်။ ကျောင်းအုပ်ကြီးအန်"

သူဌေးလဲ့က အပြုံးကြီးကြီး ပြုံးပြီး ဂုဏ်ပြုစကား ပြောခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီက ဒီလောက်ကောင်းလိမ့်မယ်လို့ မထင်ထားခဲ့ပါ။ သူတို့သာ ထိပ်ဆုံး သုံးသင်းထဲ ဝင်ခဲ့လျှင် သူက အကျိုးကျေးဇူးကြီးကြီးမားမား ရလိမ့်မည်။

အမှန်အတိုင်း ပြောရလျှင် ကောင်းကင်သစ်ခွ အကယ်ဒမီကို ဒီချန်ပီယံ ဆုအတွက် တဝက်စျေးသာ ကောက်ခံခဲ့သည်။ ဘာကြောင့်ဆို သူက ဒီနှစ်တွင် ကောင်းကင်သစ်ခွ အကယ်ဒမီက ချန်ပီယံဖြစ်မယ်လို့ လောင်းကြေးထပ်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်သာ ဖြစ်လာခဲ့ရင် သူ့ရဲ့ ဟိုတယ်ကြေးက နောက်နှစ်တွင် မြင့်တက်လာလိမ့်မည်။

ပြိုင်ဆိုင်မှုတစ်ခုလိုပါပဲ။ ကျောင်းတွေအားလုံး အယူသီးကြလွန်းသည်။ သူတို့သည် အရင်က တည်းခဲ့တဲ့ ချန်ပီယံ အကြောင်း ပြောနေကြလိမ့်မယ်။ အဲဒီနောက် ဟိုတယ်ဈေးနှုန်းက ဆယ်ဆလောက် တိုးလက်လာလိမ့်မည်။

ဒီလို နာမည်ကြီး ကျောင်းတွေက ပိုက်ဆံလည်း မရှားဘူး။ ကံလည်း မဆိုးဘူး။

"သူဌေးလဲ့ သာယာ နာပျော်ဖွယ်ကောင်းတဲ့ အကြောင်းတွေပဲ ပြောမနေနဲ့ လက်တွေ့ကျတဲ့ အရာတစ်ခုကို ပြပါအုံး"

ဆွန်းမိုက အရှန်းဖောက်လိုက်သည်။

"ဒီအသီးတွေက မလုံလောက်သေးဘူးလား"

သူဌေးလဲ့က ရယ်ပြီး ပြန်ပြောသည်။ သူ့အရှေ့မှာရှိတဲ့ အရမ်းချမ်းသာတဲ့ ဒီလူကို လုံးဝ လျစ်လျူမရှုရဲပါ။

"ငါတို့သာ ချန်ပီယံ ဖြစ်ခဲ့ရင် ငါတို့ပိုက်ဆံတွေကို ပြန်ပေးမှာလား"

ဆွန်းမိုက သူ့ကို နောက်လိုက်သည်။ သူ့အတွက် ပိုက်ဆံ မရှားပါ။

သူငွေးလွဲ့က ဘာမှ ပြန်မပြောသော်လည်း ကောင်းကင်သစ်ခွမှ ဆရာတချို့သည် မထိန်းနိုင်ဘဲ ကျယ်လောင်စွာ ရယ်မောလိုက်ကြသည်။

“ချန်ပီယံဆု လိုချင်တယ် ဟုတ်လား။ ဒီကောင် အိပ်မက် မက်နေတာလား”

“ထားလိုက်စမ်းပါ”

အန်ရှီဝေက ဆွန်းမိုကို နှစ်သိမ့်လိုက်သည်။ စကားတစ်ခွန်းကြောင့်နဲ့ ပြဿနာရှာလို့ မရဘူး မဟုတ်လား။

“ဘာမှားလို့လဲ”

ဦးဆောင်တဲ့ အမျိုးသားဆရာက မတ်တပ် ထရပ်လိုက်သည်။ ဆွန်းမိုကို မကြည့်ခင် အန်ရှုီဝေကို တစ်ချက်ကြည့်လိုက်သည်။ “မင်းတို့က အဆင့်လေး နေရာရလို့ အရမ်းဂုဏ်ယူနေတာလား”

“အမှန်ပဲ။ ငါတို့ဆို ဒုတိယနေရာ ရတယ်။ ဒါပေမယ့် ဘဝင်မမြင့်ဘူး”

လင်ပိုင်က ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

“အို ၊ မင်းတို့နှစ်ယောက် ဝင်စွက်ဖက်နေတာနဲ့ သူများတွေ ကြွားဖို့တောင် အခွင့်အရေး မရတော့ဘူး”

ဂေါင်ဇီဟွာ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်ကို တံတောင်နဲ့ ထိုးလိုက်သည်။ သူက ဆွန်းမိုအတွက် ပြောပေးသလိုနဲ့ အမှန်တကယ်တော့ လှောင်ပြောင်နေသည်။

“မင်းနာမည် ဘယ်လိုခေါ်လဲ”

ဆွန်းမိုက ဦးဆောင်တဲ့ ဆရာကို ကြည့်ရင်း မေးလိုက်သည်။

"ချူရှုခုန်၊" အမျိုးသားဆရာက ဒေါသတကြီး ပြန်ပြောသည်။

"ဘာလဲ မင်းက နှစ်ယောက်ထဲ တိုက်ချင်လို့လား။ အချိန်မရွေးဘဲနော်"

"ရန်ဖြစ်နေတာ ရပ်ကြတော့။ နောက်နှစ်ရက်နေရင် ပြိုင်ပွဲ ပြိုင်ရအုံးမယ်"

အန်ရှီဝေက ဆွန်းမိုကို တားလိုက်သည်။ သူ့ရဲ့ ငယ်ချစ်လေးက ဝှက်ဖဲ ဖြစ်သည်။ ဒီလို မမျှော်လင့်တဲ့ အဖြစ်အပျက်ကြောင့် ဒဏ်ရာ မရစေချင်ပါ။

“မင်းတို့နှစ်ယောက်စလုံး စိတ်လျှော့ကြပါလား”

သူ့ဒွေးလဲ့ကလည်း ကမန်းကတမ်း ဖြန်ဖြေသည်။

ချူရှုခုန်က ရယ်မောပြီး

“မင်းက ဒီလောက်ဘဝင်မြင့်နေတာ မထူးဆန်းဘူး။ မင်း..........”

“ပါးစပ်ပိတ်ထား”

အန်ရှီဝေက မျက်မှောင်ကြုတ်ပြီး ချူရှုခုန်ကို စိုက်ကြည့်နေသည်။ သူမရဲ့ တင်းမာတဲ့ အငွေ့အသက်က ပျံ့လွင့်လာသည်။

"ကျောင်းအုပ်ကြီး ကျန်က ကိုယ်ကျိုးမဖက်ဘဲ ဘယ်လောက်တောင် ထိန်းထိန်းသိမ်းသိမ်း နေသလဲ။ ဒီလိုပြုမူဖို့ သင်ပေးထားတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အားလုံး မျက်နှာ ပျက်ချင်ရင် လုပ်လိုက်။ ဒါပေမယ့် ကောင်းကင်သစ်ခွ အကယ်ဒမီ ကျောင်းအုပ်ကြီး ကျန်ရဲ့ မျက်နှာကိုတော့ မမေ့နဲ့"

ချူရှုခုန်နဲ့ တခြားလူတွေသည် ဘာပြန်ပြောရမလဲ မသိ ဖြစ်သွားသည်။

ဆွန်းမိုက အန်ရှီဝေကို တစ်ချက်ကြည့်လိုက်သည်။ သူမလို ပညာတတ်ပြီး မျှတတဲ့ အလှလေးက လူတွေကို ဒီလောက်အထိ ကျိန်းမောင်းတတ်မယ်လို့ မထင်ထားခဲ့ပါ။

ချူရှုခုန်က တစ်ခုခု ပြောချင်သော်လည်း ဂေါင်ဇီဟွာ တားလိုက်သည်။

"ထားလိုက်တော့။ ကျောင်းအုပ်ကြီးရဲ့ နားထဲကို ရောက်သွားရင် ငါတို့အတွက် အကျိုးမရှိဘူး"

ဂေါင်ဇီဟွာက စည်းရုံးလိုက်သည်။ သူ့ရဲ့နောက်တွင် အစားထိုးဖို့ အရံဆရာများစွာ ရှိနေသည်။

"အမှန်ပဲ။ ပြိုင်ပွဲမှာ ဘယ်သူက ဆရာကြီးလဲဆိုတာ ဒီကောင်တွေကို ငါပြပေးလိုက်မယ်"

လင်ပိုင် နှုတ်ခမ်းကွေးလိုက်သည်။ ဆွန်းမိုရဲ့ ကျောင်းဝတ်စုံတွင် ကြယ်များ မပါပါ။ ဒါကြောင့် ဆွန်းမိုသည် ကျောင်းသားအသစ်အဖွဲ့တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပါဝင်ယှဉ်ပြိုင်နေတဲ့ ဆရာ တစ်ယောက်ဆိုတာ သေချာသည်။

"ပြိုင်ပွဲမှာ ငါနဲ့ မဆုံဖို့ ဆုတောင်းထား"

ချူရှုခုန်က လက်မနဲ့ လည်ပင်းဖြတ်ပြတဲ့ အမူအရာ လုပ်ပြလိုက်သည်။ သူ့ရဲ့ အဓိပ္ပါယ်က ရှင်းနေသည်။ (မင်းကို သတ်ပစ်မယ်)

ဆွန်းမိုရဲ့ အကြည့်သည် တင်းမာလာသည်။

လီဇီချီ ရောက်လာသည်။ ဒီမြင်ကွင်းကို မြင်လိုက်တော့ အရမ်း စိတ်ဆိုးသွားသည်။

"ငါ သူ့ကို သတ်မယ်"

ဒီကောင် ဘယ်သူလဲ။ ဘာလို့ ဒီလောက် မောက်မာနေရတာလဲ။

“အရူးတစ်ကောင်ပါ”

ဆွန်းမိုက နှုတ်ခမ်း ကွေးလိုက်သည်။

“ဆရာဆွန်း စိတ်မဆိုးပါနဲ့။ ဒီဆရာသစ်တွေက ကောင်းကင်သစ်ခွ အကယ်ဒမီမှာ ပါဝင်ခွင့်ရလို့ မောက်မာနေကြတာ။ နှစ်အနည်းငယ်ကြာရင် သူတို့ ပိုကောင်းလာလိမ့်မယ်”

သူဌေးလဲ့သည် ဒါမျိုးကို အရင်က ကြုံဖူးသည်။ လူငယ်တွေမှ မတက်ကြွရင် ဘယ်သူက တက်ကြွရမှာလဲ။

အခန်း (၃၄၁) - အားကောင်း စေတဲ့ အကျိုးသက်ရောက်မှု အနည်းငယ်က ကြောက်စရာ ကောင်းလိုက်တာ။

ဒီမြင်ကွင်းကို ကောင်းကင်သစ်ခွ အကယ်ဒမီမှ ကျောင်းအုပ်ကြီး ကျန်သာ မြင်လိုက်လျှင် သေချာပေါက် ကျေနပ်နေလိမ့်မည်။ ပြောချင်တာက ဆရာအသစ်များ၏ ကျောင်းနဲ့ ပက်သက်တဲ့ သဘောထားက ဂုဏ်ယူစရာ ကောင်းနေသည်။

တကယ်တော့ ဒီ ချူရှုခုန်က တမင်သက်သက် ပြဿနာ ရှာတာလဲ ဖြစ်နိုင်သည်။ အဲဒီနောက်မှာ ကျောင်းအုပ်ကြီးရဲ့ နားထဲသို့ရောက်ပြီး သူ့အပေါ်ပိုပြီး အမြင်ကောင်းလာနိုင်သည်။ အထက်လူကြီးများနဲ့ ဆက်သွယ်ရေးကောင်းရန် လက်လှမ်းမှီသော နည်းလမ်းမျိုးစုံကို အသုံးပြုလိုစိတ် ရှိကြသည်။

သို့သော်လည်း ဆွန်းမိုက အကြောင်းအရင်းကို ခန့်မှန်းရန် စိတ်မဝင်စားတော့ပါ။ နောင်ကျရင် ပြိုင်ပွဲ တွေ့ရလိမ့်မည်။

"သူဌေးလဲ့၊ လိုရင်းပဲ သွားလိုက်ရအောင်။ ငါတို့သာ ချန်ပီယံဆုရခဲ့ရင် ဟိုတယ်က ငါတို့ရဲ့ ပိုက်ဆံကို ပြန်ပေးမလား"

ဆွန်းမိုသည် စကားပြောပြီးနောက် လုချီဟွာကို လိုက်ရှာချင်နေသည်။

"ကောင်းပြီလေ။ မင်းတို့သာ ချန်ပီယံ ဖြစ်ခဲ့ရင် ငါပြန်အမ်းပေးမယ်"

သူဌေးလဲ့က ကျယ်လောင်စွာ ရယ်မောပြီး တုန်လှုပ်ဟန်ဆောင်လိုက်သည်။ တကယ်တော့ ဗဟိုပြည်နယ်အကယ်ဒမီ လုပ်နိုင်မယ်လို့ မယုံကြည်ပါ။ (ပထမအချီမှာ မင်းတို့ရဲ့

စွမ်းဆောင်မှုက အရမ်းကောင်းနေတော့ တခြား ကျောင်းတွေက သတိထားပြီး နောင်အချိန်မှာ မင်းတို့ကို သေသေချာချာ သတိထားလိမ့်မယ်။ ထူးချွန်တဲ့ ရလဒ် ထပ်ရချင်ရင်တော့ အရမ်းခက်ခဲလိမ့်မယ်။)

အခန်းထဲတွင် လုချီဟွာ တရားထိုင်နေသည်။ အချိန်တိုင်း ခွန်အားတိုးလာဖို့က အရေးကြီးနေသည်။ ဆွန်းမိုသည် လီဇီချီနှင့် အတူတူ ဝင်လာပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

ထို့နောက် ကြေးရောင် ရတနာ သေတ္တာကို ဖွင့်လိုက်သောအခါ ဆုအဖြစ် ဆေးဘက်ဆိုင်ရာ ဆေးထုပ် ငါးထုပ် ရရှိသည်။

ဒင်

"ခရုပတ်ဝိညာဉ်ချီ စုဆောင်းခြင်း ဆေးထုပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ဒီဆေးထုပ်ကို ရေးချိုးစဉ် အသုံးပြုပါက လူတစ်ယောက်ရဲ့ စိတ်ဓါတ်နဲ့ ခွန်အားကို အမြန်ဆုံး ပြန်လည် ပြည့်ဖြိုးစေတယ်။ ဒါက မင်းရဲ့ ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေပြီး အထွဋ်အထိပ် အခြေအနေကို ပြန်လည် ပို့ဆောင်ပေးနိုင်တယ်"

ရှီ

ဆွန်းမို လေချွန်လိုက်သည်။ ဒါက သူအလိုအပ်ဆုံး အရာပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆေးထုပ်ကြီးက အဓိကအားဖြင့် လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို လှုံ့ဆော်ပေးနိုင်သည်။ ဝိညာဉ်ချီ ပြည်လည် ပြည့်ဖြိုးနိုင်ပေမယ့် ခန္ဓာကိုယ် ပြန်ကောင်းလာဖို့ သုံးရက်ကနေ လေးရက်လောက်အထိ အနားယူဖို့ လိုအပ်သည်။

မန်ယူလို အသင်းမျိုးသည် ပွဲကျပ်ကာလတွင် တစ်ပတ်ကို နှစ်သင်းကနေ သုံးသင်းလောက် အထိ ကစားရသည်။ ဒါကြောင့် ကြယ်ပွင့် ကစားသမားတွေ ကြံ့ခိုင်မှု အရမ်းကောင်းနေရမည်။ ဒီလိုမှမဟုတ်ခဲ့လျှင် ဒဏ်ရာရတာ ဒါမှမဟုတ် ဖျားနာဖို့ လွယ်ကူသည်။

ခရုပတ်ဝိညာဉ်ချီ စုဆောင်းခြင်း ဆေးထုပ်နဲ့ ရေချိုးပါက ပြန်လည်ကောင်းမွန်နှုန်းကို နှစ်ဆ တိုးတက်လာစေနိုင်သည်။

ရေစိမ်ပြီးရင်တော့ လုံးဝ ပြန်ကောင်းလာလိမ့်မည်။

အချိန်ဖြုန်းလို့ မရတာကြောင့် ကျောင်းသားနှစ်ဆယ်ကို ရေချိုးဖို့ ချက်ခြင်း ခေါ်လိုက်သည်။

ယောကျ်ားလေးတွေ အတွက်တော့ ထုံးစံအတိုင်း ဆွန်းမိုက တာဝန်ယူလိုက်သည်။ မိန်းကလေးတွေ အတွက်တော့ ကူရှုပ်ရှင်းကို လွှဲပေးလိုက်သည်။

“မင်းက ငါတို့နဲ့ မလိုက်ဘူးလား”

ကူရှူပ်ရှင်းက ဆွန်းမိုကို ကြည့်ပြီး မေးလိုက်သည်။ ဒီလိုပြောတာ မသင့်တော်မှန်း သိပေမယ့် နာကျင်မှု တပ်မက်သူလေးသည် အနှိပ်ကို နောက်တစ်ကြိမ် ခံစားချင်နေသည်။

“ဒါကို အစာထိုးပြီး အသုံးပြုလိုက်ပါ”

ဆွန်မိုက ကူရှူပ်ရှင်းကို ဝိညာဉ်တက်တူးလေးခု ပေးလိုက်သည်။

“ဒါက ဘာလဲ”

ဝိညာဉ်တက်တူးတွင် လျှို့ဝှက်ဆန်းကြယ်တဲ့ ရုပ်ပုံများကို ရေးထွင်းထားသည်။ ဒါကို စိုက်ကြည့်ရင်း ကူရှူပ်ရှင်း နားမလည်နိုင် ဖြစ်နေသည်။

"ရှေးဟောင်းနဂါးဖမ်းတဲ့လက် ဝိညာဉ်တက်တူး၊ ခန္ဓာကိုယ် အပန်းဖြေဖို့ အဓိက အသုံးပြုတယ်"

ဆွန်းမိုက ရှင်းပြသည်။

"အမ်"

ကူရှုပ်ရှင်း လုံးဝ အံ့အောသွားသည်။ ဝိညာဉ်တက်တူး လေ့လာခြင်းအကြောင်းကို မသိသော်လည်း ဒီလိုမျိုး ဝိညာဉ်တက်တူး မရှိတာကိုတော့ သူမသိသည်။ ဆွန်းမိုက ကိုယ်တိုင် သုတေသနလုပ်ပြီး ဖန်တီးထားတာလား။

ဒီလိုသာဆိုရင်တကယ်ကို အထင်ကြီးစရာပဲ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှူပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀၊ ကြည်ညို (၁,၆၀၀/၁၀,၀၀၀)

“ဆရာ၊ တီထွင်ထားတာပဲ ဖြစ်နိုင်တယ်”

လီဇီချီက ခန့်မှန်းလိုက်သည်။

“မေးစရာကို မလိုဘူး။ ဒါပဲ ဖြစ်လိမ့်မယ်”

လုချီဟွာ မျက်နှာ မော်နေပြီး ဂုဏ်ယူမှုများနဲ့ ပြည့်နေသည်။

“ဆရာက အရမ်းအထင်ကြီးဖို့ကောင်းတယ်ဆိုတာ အခုမှ သဘောပေါက်တာလား”

အင်ဘိုင်ဝူက အရမ်းတည်ငြိမ်နေသည်။ သူမ ဆရာ ဘယ်လိုပဲ အောင်မြင်ပါစေ ယုတ္တိရှိတယ်လို့ သူမ

ထင်သည်။ သူမ နှလုံးသားထဲတွင် ဆွန်းမိုက အလုံးစုံ အစွမ်းထက်သည်။

"ကောင်းပြီလေ။ အားလုံးရောက်ပြီလား။ သွားကြစို့"

ဆွန်းမိုက လက်ဝှေ့ယမ်း ပြလိုက်သည်။ သူက ယောကျ်ားလေးများကို မေပယ်တစ်ထောင်ရဲ့ အများသုံး ရေချိုးခန်းကို ခေါ်ဆောင်လာခဲ့သည်။

ဒီဟိုတယ်ရဲ့ အပြင်အဆင်က မဆိုးပါ။ အိပ်ခန်းထဲတွင် ရေချိုးခန်းပါသော်လည်း စိတ်မကောင်းစရာက လူတိုင်းအတွက် အများသုံး

ရေချိုးခန်း မပါပါ။ ဒါကြောင့်လည်း ဆွန်းမိုရဲ့ အနီးမှာရှိတဲ့ အများသုံး ရေချိုးခန်းသို့ သွားခဲ့ရသည်။

ဆွန်းမိုရဲ့ နောက်ကျောကို ငေးကြည့်ရင်း ကူရှုပ်ရှင်းသည် ဒီလုပ်ဖော်ကိုင်ဖက်နဲ့ လက်ထပ်ရလဲ သိပ်မဆိုးဘူးလို့ ရုတ်တရက် ခံစားလိုက် ရသည်။

"ဆရာ၊ မင်းမှာ အခွင့်အရေးမရှိတော့ဘူး။ ငါ့ဆရာမှာ စေ့စပ်ထားတဲ့ လူရှိနေပြီ"

လုချီဟွာ နှစ်သိမ့်လိုက်သည်။ ကူရှုပ်ရှင်းနှင့် ဆွန်းမိုကြားတွင် အဆုံးမသတ်နိုင်တဲ့ ဆက်ဆံရေးတစ်ခု ဖြစ်လာမှာကို သူမကြောက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းဘာတွေက မျက်လုံးစုံမှိတ်ပြီး လျှောက်အော်နေတာလဲ"

လီဇီချီက လုချီဟွာရဲ့ နဖူးကို ပုတ်ရင်း ပြောလိုက်သည်။

"စိတ်မပူပါနဲ့ မင်းတို့ဆရာကို မချစ်မိပါဘူး"

ကူရှုပ်ရှင်းက ရယ်ရင်း ပြန်ဖြေလိုက်သည်။ (ငါကြိုက်တဲ့ ယောကျာ်းလေးမျိုးကို ဗလတောင့်တဲ့ ယောကျ်ားလေးတွေပဲ။ ဆွန်းမိုကို ချစ်မိသွားရင်တောင် လက်မထပ်ပါဘူး။) (အနည်းဆုံးတော့ ငါ့ရဲ့ ကိုယ်လုပ်တော်ပဲ ဖြစ်လိမ့်မယ်)

နှင်စက်ဖြူ အဆောက်အဦးကိုလာကြတဲ့ လူများအတွက် အများသုံး ရေချိုးခန်းက ရေပန်းစားနေသည်။ ဆွန်းမိုတို့ ရောက်လာလျှင် တခြားကျောင်းက ဆရာနဲ့ ကျောင်းသားတွေ ရေချိုးနေတာ မြင်လိုက်ရသည်။

ကံကောင်းတာက ဆွန်းမိုသည် ပိုက်ဆံ မနှမြောဘဲ သီးသန့်ခန်းကို ကြိုမှာထားခဲ့သည်။

ကြွယ်ခင်းနှင့် နံရံကို သစ်သားဖြင့် ပြုလုပ်ထားကာ ဆွဲဆောင်မှုရှိတဲ့ ရုပ်ပုံများနဲ့ အလှဆင်ထားသည်။

ဒီလိုသွေးဆောင်မှုကို ကလေးတွေက ဘယ်လို ခံနိုင်မှာလဲ။ သူတို့သည် ချက်ခြင်း ရေထဲစိမ်ပြီး

ခေါင်းငုံ့ထားကြသည်။ ထန်ထန်ယုထန်ကသာ တစ်ပုံခြင်း လှည့်ပတ် ကြည့်နေပြီး အကောင်း၊ အဆိုးကို အကဲခတ်နေသည်။

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ အမှန်တော့ ရေချိုးခန်းမှာ အခြား ဝန်ဆောင်မှုများလည်း ရှိသည်။ ပိုင်ရှင်တွင် စီပွားရေး အမြင်တော်တော်ရှိသည်။ ဒါပေမယ့် ကျောင်းသားတွေ အရမ်းများနေတာကြောင့် ဆွန်းမိုအတွက် သီးသန့် ဝန်ဆောင်မှု မပေးရပါ။

ဆွန်းမိုသည် လူတိုင်း ရေစိမ်နိုင်အောင် အချိန်တစ်ခု အထိ စောင့်နေလိုက်သည်။ အပူချိန်ကို

ခံနိုင်ရည်ရှိလာတဲ့နောက်
ခရုပတ်ဝိညာဉ်ချီစုဆောင်းခြင်း ဆေးထုပ်ကို
ရေကန်ထဲ ပစ်ချလိုက်သည်။

ဂလူး ဂလူး

ရေကန်ထဲမှ ရေက ပွက်ပွက်ဆူလာပြီး
အနီရောင်အခိုးအငွေ့များ စိမ့်ထွက်လာသည်။
ဒါပေမယ့် အပူချိန်က မမြင့်ပါ။

အနီရောင် အခိုးငွေ့အများသည် အပ်ပုံစံနဲ့တူတဲ့
ငါးများ အဖြစ်သို့ ပြောင်းသွားပြီး လူတိုင်း ကိုယ်ထဲသို့
ပြေးဝင်သွားသည်။

ဟူး

သက်တောင့်သက်သာ ဖြစ်လာသဖြင့် လူတိုင်း ညည်းတွား လိုက်မိကြသည်။

အနီရောင်ငါးသည် ရေချိုစမ်းနဲ့တူပြီး ခြောက်သွေ့နေတဲ့ လူခန္ဓာကိုယ်နဲ့ စိတ်ကို ကျေနပ် နှစ်သိမ့်မှု ဖြစ်ပေါ်လာစေသည်။

"ကျန်ရန်ဇောင် လာအုံး"

ဆွန်းမိုက လက်ချောင်းကို အသုံးပြုပြီး ရှေးဟောင်း အနှိပ်ပညာကို ဖော်ထုတ်လိုက်သည်။

"ဆရာ၊ မင်းတော့ ပင်ပန်းသွားပြီ"

ကျန်ရန်ဇောင် ကျေးဇူးတရားကို သိတတ်သူ ဖြစ်သည်။ ဒီလို အခွင့်အရေးသည် ရှားပါးကြောင်း

နားလည်သဘောပေါက်ကာ ကျေးဇူးတင်စကား ပြောရင်း အရိုအသေ ပေးလိုက်သည်။ ပြီးတော့ ဘေးနားက ဝါးကုတင်ပေါ်သို့ လှဲချလိုက်သည်။

လက်ရှိတွင် ဆွန်းမိုက ရှေးဟောင်းနည်းပညာအစုံအလင် ပိုင်ဆိုင်ထားပြီး မဟာအဆင့် ကျွမ်းကျင်သူလည်း ဖြစ်နေသည်။

အရင်တုန်းက ဂျင်းနီ ပေါ်မလာခင် ကိုယ်တိုင် နှိပ်ပေးနေဖို့ လိုအပ်သည်။ သို့သော် အခုတော့ ဆန္ဒပြုလိုက်တာနဲ့ တပြိုင်နက် ဝိညာဉ်ချီတွေ စုစည်းလာကာ ဂျင်းနီ ရုပ်လုံးပေါ်လာသည်။

အာလာ

ဂျင်းနီ ကိုယ်နေဟန်စတိုင်ပြပြီး ဗလတွေ ညှစ်ပြနေသည်။ အဲဒီနောက် အောဲဟစ်ပြီး ကျန်ရန်ဇောင်ရဲ့ ကျောကို ထုရိုက်နေတော့သည်။

ဖူး

ကျန်ရန်ဇောင် ညည်းတွားနေသည်။ နာကျင်ရပေမယ့် ပျော်ဖို့လည်း ကောင်းခဲ့သည်။ ထုံကျင်တဲ့ ခံစားချက်တွေ ပျောက်သွားပြီး တစ်ကိုယ်လုံး သက်တောင့်သက်သာ ဖြစ်လာသည်။ အဲဒီနောက် တိမ်တွေလို ပျော့ပြောင်းသွားကာ လွင့်မျောနေတဲ့ ခံစားချက်ကို ရလိုက်သည်။

သုံးမိနစ်လောက်ကြာတော့ နောက်ကျောင်းသား အလှည့်ရောက်လာသည်။

ရှန်ယွန်ပေါင်က လာပြီး ကြည့်နေသည်။ ကျန်ရန်ဇောင်က ဝါးကုတင်ပေါ်တွင် သက်တောင့်သက်သာ အိပ်ပျော်နေသည်။

ဒီနေရာတဝိုက်ရှိ အနီရောင်အခိုးငွေ့များသည် လျှင်မြန်စွာ လျော့ကျသွားသည်။ အခိုးအငွေ့အားလုံးသည် ငါးအဖြစ်သို့ ပြောင်းလဲကာ ကျောင်းသားများရဲ့ စုတ်ယူခြင်းကို ခံလိုက်ရသည်။ အရွယ်အစားအမျိုးမျိုးရှိတဲ့ လေဆင်နှာမောင်းများ ပေါ်လာကာ ခန္ဓာကိုယ်ထဲသို့ တိုးဝင်သွားကြသည်။

အနီရောင် အခိုးငွေ့တွေကလည်း ဆက်လက် စိမ့်ထွက်နေပြီး ကျောင်းသားတွေကလည်း ငါးတွေကို ဆက်လက် စုပ်ယူနေကြသည်။

ထန်ထန်ယုထန်သည် အနံ့ခံကာ ရေကို အနည်းငယ် မြည်းကြည့်လိုက်သည်။

“ဆရာ၊ ဒါကဘာဆေးညွှန်းလဲ”

“ဒါက လူတစ်ယောက်ရဲ့ ခွန်အားနဲ့ ဝိညာဉ်ချီကို ပြန်ဖြည့်တင်းပေးတဲ့ အရာပဲ”

ဆွန်းမိုက ရှင်းပြသည်။

"ဘာလို့ အရမ်းစဉ်းစားနေတာလဲ။ သက်တောင့်သက်သာ ဖြစ်မှုကို ပျော်ရွှင်စွာ ခံစားနေလိုက်စမ်းပါ"

ကူဒင်ဂျိကတော့ ရေကူးကန် နံရံကို သက်တောင့်သက်သာ ဖြစ်စွာ မှီနေပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။ ရှီကွမ်ကတော့ ရေကစားနေသည်။ သူက တခါတလေ အားကျတဲ့ အကြည့်နဲ့ ရှန်ယွန်ပေါင်ကို ကြည့်နေသည်။ ဒီကောင် အရမ်းကံကောင်းလွန်းသည်။

"ငါလည်း ဆရာဆွန်းရဲ့ တပည့်တွေထဲက တစ်ယောက် ဖြစ်ချင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှီကွမ်သည် ဆွန်းမိုကို ဘယ်လောက်တောင် အထင်ကြီးမိနေလဲ မသိပါ။

ဒင်

ရှီကွမ်၏ လေးစားအထင်ကြီးမှု +၃၀။ လေးစား(၁,၂၀၀/၁၀,၀၀၀)

ဘေးက ရေချိုးခန်းထဲတွင် ဟာကျုံကျောင်းမှ ကျောင်းအုပ်ကြီး ဝေ ရှိနေကာ သူနဲ့အတူ ဆရာရှစ်ယောက်လည်း ရှိနေသည်။

"ဝေလု၊ ပထမအချီမှာ မင်းရဲ့ စွမ်းဆောင်မှုက ငါ့ကို အရမ်းစိတ်ပျက်စေတယ်"

ကျောင်းအုပ်ကြီးဝေသည် တော်တော်ကို မကျေမနပ်ဖြစ်နေသည်။ သူတို့က မိသားစုဖြစ်သောကြောင့် မျက်နှာတစ်ခုလုံး အရှက်ကွဲနေရသလို ဖြစ်နေသည်။ စကားပုံအတိုင်းပဲ “ပိုချစ်လေလေ ပိုမျှော်လင့်လေလေ’ ဖြစ်သည်။

“ဦးလေး၊ ငါ.........”

ဝေလု စကားမဆုံးခင် ဖြတ်ပြောခံလိုက်ရသည်။

“ငါ့ကို ကျောင်းအုပ်ကြီးလို့ ခေါ်ပါ”

ကျောင်းအုပ်ကြီးဝေက ဆူပူကြိမ်းမောင်း လိုက်သည်။

“ကျောင်းအုပ်ကြီး၊ ဒုတိယအချီမှာ သေချာပေါက် ပထမနေရာ ရစေရမယ်”

ဝေလုက အာမခံလိုက်သည်။

“မင်း ထိပ်ဆုံး သုံးနေရာထဲဝင်ရင် ငါကျေနပ်တယ်။ ဒါပေမယ့် မင်းက မာရှန်နဲ့ ကောင်းကင်သစ်ခွကို ဖယ်ရှားနိုင်ရင် ပိုပျော်မိလိမ့်မယ်”

ကျောင်းအုပ်ကြီးဝေ၏ မျက်လုံးထဲတွင် ပြိုင်ဘက်များစွာ မရှိပါ။ တကယ်လို့ သူတို့အား မဖယ်ရှားနိုင်ခဲ့လျှင် ဒီ အဆင့်ရဲ့ နံပါတ်တစ်လို့ ဘယ်သူ လက်ခံမည် မဟုတ်ပါ။

"အို၊ ဗဟိုပြည်နယ် ကျောင်းသားအသစ်အဖွဲ့ကိုလည်း သုတ်သင်မယ့် နည်းလမ်းရှာပါ"

ကျန်ဟန်ဖူက သူ့ကို လူရှေ့သူရှေ့တွင် လှောင်ပြောင်ခဲ့သဖြင့် အဲဒီအကြောင်းကို ကျောင်းအုပ်ကြီးဝေက ပြန်ပြောပြနေသည်။ ဘယ်လောက် စိတ်ဆိုးဖို့ ကောင်းလိုက်သလဲ။

"ဒါကို ငါမှတ်ထားတယ်"

ဝေလုက နားလည်ကြောင်း အမူအရာ ပြသည်။

"အင်း"

ကျောင်းအုပ်ကြီးဝေသည် မှာကြားချက် ပြီးတာနဲ့ ရေချိုးဖို့ အာရုံစိုက်လိုက်သည်။

“ကျောင်းအုပ်ကြီး၊ အရင်က အနှိပ်အကြောင်းကို လေ့လာဖူးပါတယ်။ ခန္ဓာကိုယ် ဖြေလျှော့သွားအောင် ကူညီပေးမယ်”

ငယ်ရွယ်တဲ့ ဆရာတစ်ယောက် ချက်ခြင်း ရောက်လာသည်။

“အားနည်းနည်းထည့်”

ကျောင်းအုပ်ကြီးဝေကလည်း မငြင်းပါ။

ဆယ်မိနစ်လောက်ကြာပြီးတော့ ကျောင်းအုပ်ကြီးဝေသည် အကျိုးသက်ရောက်မှု

တကယ်ကောင်းတယ်လို့ ခံစားလိုက်ရသည်။ ဒါကြောင့် သူက "အနိုပ် စွမ်းရည်ကောင်းတယ်' လို့ ချီးကျူးလိုက်သည်။

(ခဏနေအုံး)

ကျောင်းအုပ် ဆရာကြီးဝေသည် မျက်မှောင်ကြုတ်နေသည်။ ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် အာရုံခံစားမှု ထက်မြတ်သည်။ ဒီအကျိုးသက်ရောက်မှု အနိုပ်က ထွက်ပေါ်လာတဲ့ အရာ မဟုတ်ပါ။

အဲဒီနောက် ကျောင်းအုပ်ကြီးဝေသည် နံရံ ကြားက ထွက်လာတဲ့ အနီရောင် အမှုန်အမွှားများကို

မြင်လိုက်သည်။ သိပ်မကြာခင်ဘဲ လေထုထဲတွင် ပျောက်ကွယ်သွားသည်။

အတိအကျပြောရလျှင် ဒီအခိုးငွေ့ကြောင့် ဝိညာဉ်ချီ ပိုထူထပ်လာသည်။ ဒါတင်မကသေးဘဲ ကာယကြံ့ခိုင်မှုလည်း ပြန်လည် ကောင်းမွန်လာတဲ့ ပုံရှိသည်။

“ဝေလု၊ ဘေးခန်းက လူတွေ ဘာလုပ်နေလဲ စုံစမ်းစမ်းကွာ”

ကျောင်းအုပ်ကြီး ဝေ အရမ်းသိချင်နေသည်။ ဆေးဘက်ဝင် ရေချိုးနေတာ ဖြစ်နိုင်သည်။ ဆေးရေချိုးခြင်းရဲ့ အကျိုးသက်ရောက်မှု တကယ်ကို

အံ့အောစရာ ကောင်းနေသည်။ ဖြစ်နိုင်လျှင် အဲဒီဆေးထုပ်တချို့ကို ဝယ်ချင်နေသည်။

"ဟုတ်ကဲ့"

ဝေလု ပြေးသွားသည်။

ဒေါက် ဒေါက်

တံခါးခေါက်တဲ့ အသံထွက်ပေါ်လာသည်။

"သွားပြီး တံခါးဖွင့်လိုက်မယ်"

ရှီကွမ်က လုပ်ဆောင်ပေးရန်အတွက် ရေကူးကန်ထဲက ချက်ခြင်း ပြေးတက်သွားပြီး တံခါးဖွင့်လိုက်သည်။ တံခါးဖွင့်လိုက်လျှင် ပိန်ပါးပါး လူတစ်ယောက်ကို မြင်လိုက်ရသည်။

"ဟုတ်ကဲ့၊ ဘာကူညီပေးရမလဲ"

"လေးစားအပ်တဲ့ မိတ်ဆွေများ ရေပူချိုးပြီးတာနဲ့ နိပ်ပေးဖို့ လိုအုံးမလား"

အဲဒီလူက အဝါရောင်သွားများ ပေါ်အောင် ပြုံးရင်း ပြောလိုက်သည်။ "တစ်ခါနှိပ် ကြေးဒင်္ဂါး ၅၀၊ ခေါင်းကနေ ခြေဖျားအထိ သက်တောင့်သက်သာ ဖြစ်သွားစေရမယ်လို့ အာမခံတယ်"

"ဒီလောက် ဈေးကြီးလား"

ရှီကွမ် အရမ်းအံ့အောသွားသည်။

"ဒီလို ဝန်ဆောင်မှုတွေက အမြဲတမ်း အကြွေ ၂၀ ပဲ ရှိပါတယ်"

"လေးစားအပ်ပါတဲ့ ဖောက်သည်၊ ဈေးကြီးတယ်လို့ မထင်ပါနဲ့။ ငါ့ရဲ့ နည်းပညာက အရမ်းကောင်းတယ်"

အဝါရောင်သွား ရှိတဲ့လူက ပြောလိုက်သည်။ အဲဒီနောက် အခန်းထဲကို ကြည့်လိုက်လျှင် ဆွန်းမိုက ကူဒင်ဂျိရဲ့ ကျောကို နှိပ်နေတာ မြင်လိုက်ရသည်။

ဆွန်းမိုက "ကောင်းပြီလေ။ နောက်တစ်ယောက်"

(တောက်၊ မင်းက ဘယ်သူလဲ။ မင်းကို ဘာဖြစ်လို့ တစ်ခါမှ မမြင်ဖူးရတာလဲ။ ဒီအလုပ်လုပ်ဖို့အတွက် လိုင်းကြေး ပေးပြီးပြီလား။ ငါ့ရဲ့ စားခွက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါ့နယ်မြေထဲ လာလုရဲတာလား။ ဒီဖေဖေက မင်းကို ရိုက်သတ်မယ်ဆိုတာ ယုံလား)

သွားအဝါရောင်နဲ့လူသည် မကျေမနပ် ဖြစ်နေသည်။ ဒီငပေတိုးလေးက ဘယ်သူလဲ။ မျက်နှာချောရုံနဲ့ ဖောက်သည် လုနိုင်မယ် ထင်နေတာလား။

အခန်း (၃၄၂) - ကြမ်းတမ်းတဲ့ စကားများ။

သွားအဝါရောင်ရှိတဲ့လူရဲ့ စိတ်ထဲတွင် အတွေးများစွာ ပေါ်လာသည်။ အဲဒီနောက် သူ့ရဲ့ အမူအရာက နှိမ့်ချလိုက်ပြီး “လေးစားရတဲ့ ဖောက်သည်များ ငါ့ရဲ့ အရည်အချင်းက အရမ်းကောင်းမွန်ပါတယ်။ တကယ်လို့ စိတ်တိုင်းမကျရင် ပိုက်ဆံမယူဘူး”

သွားအဝါရောင်ရှိတဲ့လူက စကားပြောရင်း အခန်းထဲ ဝင်လာသည်။ ပြီးတော့ သူ့ရဲ့ အသံက အရမ်းကျယ်သဖြင့် တခြားလူများ ကြားမယ်လို့ ယုံကြည်နေသည်။ အမှန်တော့ ဒီအခန်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေ မဌေးချင်ရင်တောင် တခြားအခန်းက ကျောင်းသားတွေ ဌေးကြလိမ့်မည်။

သူတို့အားလုံးသည် အတွေ့အကြုံနည်းတဲ့ ကျောင်းသားများ၊ အကောင်းဆုံး ပစ်မှတ်များ ဖြစ်သည်။ နောက်ဆုံးမှာ မပေးရင်လဲ သူက ထွက်သွားမှာ မဟုတ်ပါ။

"ငါကြွားပြောတာ မဟုတ်ဘူး။ ငါ့ရဲ့ အနှိပ်ပညာက ဒီကောင်ထက်တော့ သေချာပေါက် ပိုကောင်းတယ်။ သူ့ရဲ့ ပုံစံကို ကြည့်ပါအုံး။ အသားလုံးဝ မရှိတာ သေချာတယ်။ သေချာပေါက် အားနည်းနေလိမ့်မယ်"

အဲဒီကောင်က ဆွန်းမိုကို မတရား ဝေဖန်နေသည်။

"မင်းဘာတွေ လျှောက်ပြောနေတာလဲ"

ရှီကွမ် လက်သီးဆုပ်ထားသည်။ ဒီကောင့် စောက်ပေါက်ကို ပြေးထိုးလိုက်ချင်သည်။

"အမ်"

သွားအဝါရောင်နဲ့လူသည် စကားပြောပြီးတာနဲ့ ပတ်ဝန်းကျင်က ကျောင်းသားများကို တစ်ချက်ကြည့်လိုက်သည်။ အဲဒီလို ပြောပြီးနောက် ကျောင်းသားများရဲ့ အမူအရာက ရန်လိုလာတာကို သတိထားလိုက်မိသည်။

တောက်၊ စကားပြော မှားသွားပြီလား။ သူ့စကားကို ဘယ်လို ပြန်ဖာရမလဲ စဉ်းစားနေတုန်း ရှီကွမ်က သူ့ကို တွန်းထုတ်လိုက်သည်။

“ထွက်သွားပါ။ မင်းရဲ့ ဝန်ဆောင်မှုကို မလိုချင်ဘူး”

ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်သည် ဆရာဆွန်းရဲ့ သီးသန့် ပညာဖြစ်သည်။ ရှီကွမ်က သွားအဝါရောင်နဲ့လူ ခိုးသင်သွားမှာ စိုးရိမ်နေသည်။

“စမ်းကြည့်ပါအုံး၊ စမ်းကြည့်ပါ။ ငါ့ရဲ့ အနှိပ်ပညာက နှင်းစက်ဖြူမြို့မှာထိပ်ဆုံးအဆင့် ရှိပါတယ်”

သွားအဝါရောင်နဲ့လူကလည်း လက်မလျှော့ချင်ပါ။

"ချီ၊ မင်းကလှပတဲ့ မိန်းကလေးဆိုရင်တောင် အသုံးမဝင်ဘူး" ကျန်ဇီ လှောင်ပြောင်လိုက်သည်။

"နှင်စက်ဖြူမြို့မှာ အဆင့်သတ်မှတ်ခံရတယ် ဟုတ်လား။ ငါ့ဆရာရဲ့ အနှိပ်ပညာက ချင်လင် တစ်ခုလုံးမှာတောင် ဘယ်သူမှ မကျော်နိုင်ဘူး"

ဒိုင်း

ရှီကွမ်က အဲဒီလူကို တွန်းထုတ်လိုက်ပြီး တံခါးစောင့်ပိတ်လိုက်သည်။ အဲဒီနောက် ရေကန်ဆီ ပြန်လျှောက်လာသည်။ ရေကန်ထဲ မဝင်ရသေးခင် တံခါးခေါက်သံ ပေါ်လာပြန်သည်။

ဒေါက် ဒေါက်

ရှီကွမ်က အဲဒါကို လျစ်လျူရှုထားသည်။ ဒါပေမယ့် တံခါးခေါက်သံက ပိုပြီး လောကြီးလာသည်။

"ဒီကောင့်ကို တကယ်ရိုက်ချင်လာပြီ"

ရှီကွမ် စိတ်မချမ်းသာ ဖြစ်သွားသည်။ သူက တံခါးကို ဖွင့်ပြီး

"မင်းလုပ်ရပ်က အဓိပ္ပါယ် မရှိတော့ဘူးနော်"

အော်ပြောလိုက်သည်။

"မင်း ဘယ်ကျောင်းကလဲ။ မင်းဆရာက ဒီလိုပြောဖို့ သင်ပေးထားတာလား"

ဝေလု အမူအရာက မှုန်ကုတ်ကုတ် ဖြစ်သွားသည်။

"အမ်"

ရှီကွမ်သည် လူမှားပြီး ကြိမ်းမောင်းလိုက်မိသဖြင့် အနည်းငယ် ရှက်သွားသည်။

“ဟွန့်”

ဝေလုက အော်ဟစ်ပြီး ဝင်လာက ရေကူးကန်သို့ တစ်ချက် ကြည့်လိုက်သည်။ ရေကူးကန်ထဲတွင် အနီရောင် ဖျော့ဖျော့လေး သမ်းနေသည်။ ထင်ထားတဲ့အတိုင်း ဆေးရေစိမ်နေကြသည်။

သို့သော် ဆွန်းမိုကို မြင်လိုက်ပြီး မျက်မှောင်ကြုတ်သွားသည်။

“မင်းကို ဘယ်သူက ဝင်ခွင့် ပြုလို့လဲ”

ဆွန်းမိုက

“ငါ့တပည့်တွေကို ရိုင်းရိုင်းစိုင်းစိုင်းပြောဖို့ မင်းမှာ အခွင့်အရေး ရှိလို့လား။ မဖိတ်ခေါ်ဘဲ ဝင်လာခဲ့တာက အရမ်းယဉ်ကျေးလို့လား”

ဝေလု အဲဒီနေရာမှာပင် တောင့်တင်းသွားသည်။ ဆွန်းမိုကို ဆေးထုပ်အကြောင်း မေးဖို့ မဖြစ်နိုင်တော့ပါ။ ပြီးတော့ ဆွန်းမိုက သူ့ကို ငွေနဲ့ ပြန်ပစ်ပေါက်လို့ရတဲ့ပုံ ပေါ်နေသည်။ ကြည့်ရတာတော့ ပိုက်ဆံ မရှားတဲ့ ပုံပဲ။

“တောက်၊ တော်တော် ဒုက္ခများပြီ”

ဝေလု အရမ်းစိုးရိမ်သွားသည်။ ဒီလို ရိုးရှင်းတဲ့ အလုပ်တောင် မကိုင်တွယ်နိုင်ရင် ဦးလေးက သူ့ကို အားကိုးလို့ မရဘူး ထင်တော့မည်။

"ဝေလု၊ ဘာဖြစ်နေတာလဲ။ မရှင်းနိုင်ဘူးလား"

အနီရောင်အခိုးအငွေ့ရဲ့ သက်ရောက်မှုက အရမ်းကောင်းတာကြောင့် ကျောင်းအုပ်ကြီး ကိုယ်တိုင် လိုက်လာခဲ့သည်။ သူကိုယ်တိုင် စုံစမ်းချင်နေသည်။

ဝေလုက ကျောင်းအုပ်ကြီးဆီ အမြန်ပြေးပြီး သိသာတဲ့ ပုံစံနဲ့ မိတ်ဆက်ပေးလိုက်သည်။

(ဘယ်လိုလုပ်ပြီး ဗဟိုပြည်နယ်အကယ်ဒမီက ဖြစ်နေရတာလဲ)

ကျောင်းအုပ်ကြီး ဝေ မျက်မှောင်ကြုတ်သွားသည်။ (ဒီနှစ်မှာ ဗဟိုပြည်နယ်အကယ်ဒမီနဲ့ တစ်လျှောက်လုံး ခလုတ်တိုက်နေတော့မှာလား)

“ဆွန်းမို၊ ဒါက ငါတို့ ဟာကျုံကျောင်းရဲ့ ကျောင်းအုပ်ကြီးပဲ”

ဝေလုက မိတ်ဆက်ပေးလိုက်သည်။

ကျောင်းအုပ်ကြီးဝေသည် နောက်ဖက်သို့ လက်နှစ်ဖက် ပစ်လိုက်သည်။ ဆွန်းမိုဆီက

စပြီးမိတ်ဆက်လာမည့် အချိန်ကို စောင့်နေသည်။ သူက ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သဖြင့် အဖားခံရန် အရည်အချင်း ရှိသည်။ ဝမ်းနည်းစရာမှာ ဆွန်းမိုက ငဖားကောင်တစ်ကောင် မဟုတ်ပါ။

"မင်းတို့တွေ ထွက်သွားပေးလို့ ရမလား"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဒီအဖေရဲ့ ဌက်လေးက အရမ်းကြည့်ကောင်းလို့လား"

(မှတ်ချက်။ တရုတ်စကားတွင် ယောကျ်ားတန်ဆာကို ဌက်လို့ နောက်ပြောင်ပြီး ခေါ်တတ်ကြသည်။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖူး

ထန်ထန်ယုထန် နှင့် ကျန်တဲ့လူများသည် မတ်တပ်ရပ်နေကြပြီ။ ဒါက ထင်ရှားကျော်ကြားတဲ့ ကျောင်းအုပ်ကြီးကို လေးစားတဲ့ လက္ခဏာ ဖြစ်သည်။ သူတို့က နှုတ်ဆက်ဖို့ ပြင်ဆင်နေကြပေမယ့် ဆွန်းမိုရဲ့ စကားကြောင့် မထိန်းနိုင်ဘဲ ရယ်သံ ထွက်သွားသည်။

တောခွေးနက်ကြီးဆွန်းက မျှော်လင့်ထားသလိုပဲ။ မကိုက်ရင်အကောင်း၊ ကိုက်လို့ကတော့ အရိုးထိအောင် ကိုက်လိမ့်မည်။

“မင်း ဘာပြောလိုက်တာလဲ”

ကျောင်းအုပ်ကြီးဝေရဲ့ မျက်နှာပေါ်တွင် မယုံကြည်နိုင်မှုများနဲ့ ပြည့်နေသည်။ ကြယ် ၅ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သလို လူထောင်ပေါင်းများစွာရဲ့ အနာဂတ်ကို ထိန်းကျောင်းပေးနေတဲ့ ကျောင်းအုပ်ကြီး တစ်ယောက်လည်း ဖြစ်သည်။ ဒီနှစ်သုံးဆယ်အတွင်း အထူးတလေ ရယ်မောပြီး နှုတ်ဆက် ခံနေခဲ့ရသည်။ အခုတော့ ဆွန်းမိုလို ပြောင်မြောက်တဲ့ လူတစ်ယောက်နဲ့ တကယ်ဆုံတွေ့ခဲ့ရပြီ။

ကျောင်းအုပ်ကြီဝေသည် အံ့အော မှင်တက်ပြီးနောက် မျက်နှာ မည်းမှောင်လာသည်။

ဒေါသ အရမ်းထွက်ပြီး အဆုတ်တွေ ပေါက်ကွဲထွက်တော့မလို ဖြစ်လာသည်။

“လူမိုက်”

ကျောင်းအုပ်ကြီးဝေက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဆွန်းမိုရဲ့ ရိုင်းစိုင်းကြမ်းကြုတ်သည့် “ဒီဖေဖေရဲ့ ဌက်လေး’ ဆိုတဲ့ စကားကို မယုံကြည်နိုင် ဖြစ်နေသည်။ ဒါ....ဒါက တကယ်ကို အရှက်မရှိတဲ့ကောင်။

အော်ဟစ်ကြိမ်မောင်းသင့်တယ်။

အပြစ်ပေးသင့်တယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရက်ရက်စက်စက် ရိုက်သင့်တယ်။

ဘုန်း

ကျောင်းအုပ်ကြီးဝေဆီမှ မြတ်ဆရာအရှိန်အဝါ ပေါ်ထွက်လာသည်။ သူ့ကို ဗဟိုပြုပြီး အလင်းရောင်က ပတ်ဝန်းကျင်ကို ပျံ့နှံ့လာသည်။

ရွတ်စ်

အလင်းရောင်က နေရာတိုင်းကို ပျံ့နှံ့သွားရင်ဖြင့် ဒူးထောက်ချတဲ့ အသံများ ပေါ်ထွက်လာသည်။ ဒူးထောက်ချတဲ့ အားက များသဖြင့် အရိုးကျိုးသလိုတောင် ခံစားကြရသည်။

တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ။

ဆွန်းမို တပည့်ရဲ့ အမူအရာများသည် ဒေါသထွက်ပြီး စိုးရိမ်တဲ့ ပုံစံ ပြောင်းသွားသည်။ ဟာကျုံကျောင်းအုပ်ကြီးသည် သူတို့ကို ဖိနှိပ်ရန်အတွက် မြတ်ဆရာအရှိန်အဝါကို အမှန်တကယ် အသုံးပြုခဲ့သည်။ သို့သော်လည်း သူတို့မှာ ခုခံရန် နည်းလမ်း မရှိပါ။

ရှန်ယွန်ပေါင်နှင့် ထန်ထန်ယုထန်တို့သည် ဒူးမထောက်ချင်သော်လည်း မထိန်းနိုင်ကြပါ။ ဒီမြတ်ဆရာ အရှိန်အဝါရဲ့ သက်ရောက်မှုက အရမ်းပြင်းထန်သည်။ ဒီအခိုက်အတန့်တွင် ကျောင်းအုပ်ကြီးဝေကို ကြည့်လိုက်ပါက

စည်းကမ်းတင်းကျပ်တဲ့ အဖေတစ်ယောက်ကို မြင်လိုက်တဲ့ သားတစ်ယောက်လို ခံစားရလိမ့်မည်။ သူတို့ ဘယ်လိုပဲ မကျေနပ်ပါစေ သူတို့ ခန္ဓာကိုယ်က လုံးဝကို လက်အောက်ခံနေသည်။

“ငါ လို........”

ဝေလုက ကျိန်ဆဲပြီး ဒူးထောက်ချလိုက်သည်။ ဒေါသထွက်နေတဲ့ ကျောင်းအုပ်ကြီးဝေသည် ဘေးနားမှာရပ်နေတဲ့ ဝေလုကိုလည်း ဂရုမစိုက်တော့ပါ။

“ဒါပေမယ့် ဆွန်းမို ဒုက္ခရောက်တာကို မြင်ရတာနဲ့ တန်ပါတယ်”

ဆွန်းမိုကို စိုက်ကြည့်ရင်း ဝေလုန္နတ်ခမ်း တဆက်ဆက် တုန်သွားသည်။

ဒီလို ရွံ့ဖို့ကောင်းတဲ့ ကောင်သာ ဒူးထောက်နေတုန်းခေါင်းကို အညစ်ကြေး ပန်းကန်နဲ့ ပစ်လိုက်ရမှာ။ ဆွန်းမိုရဲ့ လက်ရှိပုံစံနဲ့ဆို တော်တော် ကြည့်ကောင်းနေမှာပဲ။

သို့သော်လည်း ဝေလုသည် တစ်ချက်ကြည့်ပြီး အံ့အော သင့်နေသည်။ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေပြီး ပါစပ်ကြီးက ကျယ်လွန်းသဖြင့် မုန်လာဥတောင် ထိုးထည့်လို့ရသည်။

“ဘာ.....ဘာဖြစ်လို့ ဆွန်းမိုက မတ်တပ်ရပ်နိုင်သေးတာလဲ”

ဝေလု စိတ်ထဲတွင် မေးခွန်းများနဲ့ ပြည့်နေသည်။

တခြားကျောင်းသားတွေလည်း ဒီအခြေအနေကို မြင်နေရသည်။ ဆွန်းမိုက ဒူးမထောက်နေပါ။ တကယ်တော့ မတ်တပ်ရပ်ပြီး လက်ထဲမှာ ဧလုံတစ်လုံး ကိုင်ထားသည်။

အမူအရာကို ကြည့်ရတာတော့ ကျောင်းအုပ်ကြီးဝေကို ပစ်ပေါက်ရန် ပြင်နေတဲ့ပုံပါ။

ဒီအခိုက်အတန့်တွင် ကျောင်းအုပ်ကြီးဝေက နှာခေါင်း တစ်ချက် ရှုံ့လိုက်သည်။ သူက

လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး မျက်နှာကို လေးဆယ့်ငါး ဒီဂရီမော့ကာ မျက်နှာကျက်ကို ကြည့်နေသည်။ ဆွန်းမိုနဲ့ ကျောင်းသားများကို တစ်ချက်တောင် မကြည့်ဘဲ ပုရွတ်ဆိတ်တွေလို ဆက်ဆံနေသည်။

နောက်ဆုံးတွင် တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ မြတ်ဆရာ အရှိန်အဝါအောက်တွင် လက်လျှော့ ရလိမ့်မည်။

"ကျောင်းအုပ်ကြီးဝေ၊ မင်းက ဟာကျုံအကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်တဲ့ မင်းရဲ့အဆင့်အတန်းကြောင့် လေးစားမှုနဲ့ ဒီနေ့

ပြဿနာကို မေ့ပေးလိုက်မယ်။ ဒါပေမယ့် နောက်တစ်ကြိမ်ဆိုရင် မင်းကို မျက်နှာသာ မပေးလို့ ငါ့ကို အပြစ်လာမတင်နဲ့”

ဆွန်းမိုက ဒေါသထွက်ပြီး အံတကြိတ်ကြိတ် ဖြစ်နေသည်။

“ဘာ”

တစ်ယောက်ယောက်က စကားပြောတဲ့အသံကို ကြားလိုက်လျှင် ကျောင်းအုပ်ကြီးဝေ ဖျတ်ကနဲ လှည့်ကြည့်ကာ မယုံနိုင် ဖြစ်နေသည်။ အလိုလို ဆွန်းမိုကို ငေးကြည့်နေမိသည်။

“မင်းဘာလို့ မတ်တပ်ရပ်နိုင်သေးတာလဲ”

ကျောင်းအုပ်ကြီးဝေ အံ့အောသင့်နေသည်။ မတ်တပ်ရပ်တာ ထားလိုက်အုံး။ ဒီမြတ်ဆရာ အရှိန်အဝါက ခွင့်မပြုရင် စကားတောင် ပြောလို့မရပါ။

အဖေဆိုတာ ဘာလဲ။

ဖခင်ဆိုတာက သားတစ်ယောက်ရဲ့ အရှေ့တွင် ပြိုင်ဘက်ကင်းစွမ်းအား ပိုင်ဆိုင်တဲ့ လူဖြစ်သည်။

“ဟားဟား၊ မင်းက ကျောင်းအုပ်ကြီး အတုလား”

ဆွန်းမို အူမြူးလာသည်။

“အမ်”

ကျောင်းအုပ်ကြီးဝေသည် အံ့အောပြီး ဘယ်လို ပြန်ဖြေရမလဲ မသိ ဖြစ်နေသည်။ ဒီမြတ်ဆရာအရှိန်အဝါရဲ့ အကျိုးဆက်ကို ခံနိုင်ရည်ရှိတာက အခြေအနေတစ်ခုသာ ရှိသည်။ ဆန့်ကျင်ဘက် မြတ်ဆရာကလည်း အလားတူ မြတ်ဆရာ အရှိန်အဝါကို နားလည်နေဖို့ လိုသည်။

သို့သော်လည်း ဒီမြတ်ဆရာအရှိန်အဝါကို ‘ငြိမ်းချမ်းစွာ အနားယူခြင်း’ မြတ်ဆရာအရှိန်အဝါလို့လည်း လူသိများသည်။ အရမ်းလေးစားဖို့ကောင်းတဲ့ မြတ်ဆရာများကသာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြစ်ဆရာအရှိန်အဝါကို နားလည်နိုင်တဲ့ နှလုံးသားကို ပိုင်ဆိုင်နိုင်လိမ့်မည်။

သူတော်စင်ဂိတ်ကတောင် ဒီမြစ်ဆရာအရှိန်အဝါကို နားလည်ဖို့ အသက် ရ၀ လောက် လိုတယ်လို့ ကြေငြာ ထားသည်။ ဒါတောင် သူ့အရှေ့မှာရှိတဲ့ လူငယ်က အသက်ဘယ်လောက်ရှိသေးလို့လဲ။ အများဆုံးမှ ၂၀ပေါ့။

ဒါ..........

ဆွန်းမိုက လေးလေးနက်နက် အကဲခတ်ရင်း ကျောင်းအုပ်ကြီးဝေရဲ့ မျက်နှာ တင်းမာလာသည်။

“ဒါက အတုပဲ ဖြစ်ရမယ်။ မဟုတ်လား”

ဝေလုလည်း လန့်သွားသည်။ ဒီလူငယ်က ငယ်ရွယ်တဲ့ ပုံပေါက်နေပေမယ့် တကယ်တော့ သေတော့မယ့် အဘိုးကြီးလား။

ဒီလိုမှမဟုတ်ရင် ဆွန်းမိုက ဒီမြတ်ဆရာအရှိန်အဝါကို ဘယ်လိုနားလည်နိုင်မှာလဲ။

“အိုဘုရားရေ။ ဆရာက စောက်ရမ်းတော်တာပဲ”

“ဆရာဆွန်းက အံ့မခန်းပဲ”

“မိုက်လွန်းတယ်”

ကျောင်းသားအားလုံးသည် ဆွန်းမိုကို တုန်လှုပ်ခြောက်ခြားစွာ စိုက်ကြည့်နေကြသည်။

မျက်လုံးထဲတွင် ကြည့်ညို့ခြင်းများနဲ့ ပြည့်နေသည်။ ဒါက နာမည်ကြီးကျောင်းမှာ ကျောင်းအုပ်ကြီး တစ်ယောက်ကို တွန်းလှန်ခြင်း ဖြစ်သည်။ ဒါတောင် ဆွန်းမိုရဲ့ အော်ရာ က နည်းနည်းလေးမှ မနိမ့်ကျပါ။

ဒင်

လေးစားအထင်ကြီးမှု အမှတ်စုစုပေါင်း ၃,၁၂၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ ခုနတုန်းက ကျောင်းသားတွေကို နှိပ်ပေးတဲ့အချိန်တွင် ရခဲ့တဲ့ လေးစားအထင်ကြီးမှုအမှတ်က သိပ်မများပါ။ ဒါကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သိခဲ့ရင် နေ့တိုင်း ကျောင်းအုပ်ကြီးတွေကို လိုက်ရှာပြီး ကျိန်းမောင်းပါသည်။

အခန်းအပြင်ဘက်တွင် လူအုံနေပြီ။ ကျောင်းအုပ်ကြီးဝေရဲ့ ဒေါသကြောင့် မြတ်ဆရာအရှိန်အဝါရဲ့ အကွာအဝေးကို မထိန်းချုပ်ခဲ့မိပါ။ ဒါကြောင့် အနီးအနားမှာရှိတဲ့ အခန်းတွေ လွှမ်းမိုးမှု ခံလိုက်ရသည်။

"ကျောင်းအုပ်ကြီးဝေ၊ မင်းဘာလုပ်နေတာလဲ"

မာရှန်ရဲ့ ကျောင်းအုပ်ကြီး ရောက်လာသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ကျောင်းအုပ်ကြီးဝေက ကျောင်းအုပ်ကြီးမာကို လျစ်လျူရှုထားသည်။ အဲဒီအစား ဆွန်းမိုကို စိုက်ကြည့်နေသည်။ သူ့ရဲ့ အကြည့်တွေက အလိုလို ဆွန်းမိုရဲ့ လက်ဆီ ရောက်နေသည်။

ဒီဆရာက ရေဇလုံကို လုံးဝ မပစ်ရဲဘူးဆိုပေမယ့် သူ့ကို ဆက်ပြီး ရန်စနေရင် ဒီကောင် တကယ်ပြစ်မဲ့ပုံပါ။

"ဆွန်းမို"

ဆွန်းမိုက ရေဇလုံကို ပစ်ချရင်း ပြန်ဖြေသည်။

“မင်းမေးခွန်းတွေပြီးပြီလား။ ပြီးရင် ကျေးဇူးပြုပြီး ထွက်သွားပါတော့။ ငါတို့ ရေချိုးတဲ့အချိန်ကို မဖြုန်းပါနဲ့တော့”

“ရှူ၊ သူက ဘယ်သူလဲ။ ဒီလို ရိုင်းစိုင်းတဲ့ လေသံကို ဘယ်လို သတ္တိနဲ့ ပြောရဲတာလဲ”

“သူ့ကြည့်ရတာ စွမ်းဆောင်ရည် ရှိတဲ့ပုံပဲ။ တစ်ခန်းလုံးမှာ သူတစ်ယောက်တည်း မတ်တပ်ရပ်နိုင်တာ မမြင်ဘူးလား”

“ဆွန်းမို ဟုတ်လား။ သူ့အကြောင်း သိတဲ့လူရှိလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပတ်ဝန်းကျင်က ဖောက်သည်များသည် သိချင်စိတ်နဲ့ ဆွေးနွေးနေကြသည်။

ဝေလု ဒူးထောက်နေတာကို လူတိုင်း မြင်နေရသည်။ ဦးလေးကို ဒေါသမထွက်ရဲတာကြောင့် ဒေါသတွေအားလုံးကို ဆွန်းမိုဆီ ပုံချလိုက်သည်။ ဒါကြောင့် ဆွန်းမိုကို ပိုမုန်းတီးလာသည်။

(ရိုးရိုးလေးပဲ ဒူးထောက်လိုက်လျှင် ဒီလောက် ဒုက္ခမများတော့ဘူးလေ)

ကျောင်းအုပ်ကြီးဝေရဲ့ နှုတ်ခမ်းများ တုန်သွားသည်။ အမှန်တိုင်းပြောရလျှင် သူက ဆွန်းမို ခွင့်ပြုချက် မရှိဘဲ အခန်းထဲကို ဝင်ခဲ့မိသည်။

ဒီကိစ္စတွင် ဆွန်းမိုဘက်မှာ သဘာဝအရ မှန်နေသည်။ ပြီးတော့ ကျောင်းအုပ်ကြီးဝေက အငယ်များကို ဟောပြောနေတဲ့ ပုံစံက လူရှေ့သူရှေ့တွင် အကြီးတစ်ယောက်က အနိုင်ကျင့်နေသလို ဖြစ်နေသည်။

ကျောင်းအုပ်ကြီးဝေသည် မောက်မာပြီး မျက်နှာလိုချင်သည်။ ဒါကြောင့် ဆွန်းမိုကို ပါးစပ်နဲ့ မတိုက်ခိုက်နိုင် ဖြစ်နေသည်။

"ဟွန်း"

ကျောင်းအုပ်ကြီးဝေ လှည့်ထွက်သွားသည်။ သူထွက်သွားတာနဲ့ ကျောင်းသားတွေ အပေါ်က

ဖိအားများလည်း လျော့ကျသွားသည်။ အခုတော့ မတ်တပ်နိုင်ကြပြီ။

"မင်းက ဆွန်းမို၊ အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့သူနော်"

ကျောင်းအုပ်ကြီးမာက ကျယ်လောင်စွာ ရယ်မောပြီးဝင်လာသည်။ သိပ်မကြာခင် မျက်မှောင်ကြုတ်သွားသည်။ ဒီအခန်းထဲက အနံ့က နည်းနည်း ထူးဆန်းနေသဖြင့် လေကို ရှူလိုက်မိသည်။

ကျောင်းအုပ်ကြီးမာရဲ့ နောက်ထပ် အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်မှာ ဆရာဝန်ဖြစ်သည်။ ဒါကြောင့် ဆေးပင်ရဲ့ အနံ့များကို

ယဉ်ပါးနေသည်။ ဒီနေရာမှာ ဆေးရေစိမ်နေတာ ဖြစ်နိုင်သည်။

နောက်ပြီး ဒီကျောင်းသားတွေ..........

လူတိုင်း အဝတ် မဝတ်ထားသဖြင့် သူတို့ရဲ့ ကြွက်သားအခြေအနေကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ အဲဒီနောက် သူ အံ့အော သင့်သွားသည်။

အရင်က ဒီကျောင်းသားတွေကို မြင်ခဲ့ဖူးသည်။ သူတို့က ပထမအချီကို ဝင်ပြိုင်တဲ့ ကျောင်းသား အသစ်တွေ ဖြစ်သည်။ သဘောတရား အရဆိုလျှင် သူတို့ ပင်ပန်းနေရမည်။ အခုတော့ သူတို့ကို

ကြည့်ရတာ တက်ကြွလန်းဆန်းနေသည်။ ဘာဖြစ်လို့ တက်ကြွနေရတာလဲ။

အခန်း (၃၄၃) - ချန်မျိုးနွယ်ရဲ့ ညီအစ်ကိုများ၊ ဆန်းကြယ် အရည်အချင်း။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကေ ဆေးရေစိမ်ခြင်း အကျိုးသက်ရောက်မှုပါ။ ကျောင်းအုပ်ကြီးမာ ချက်ခြင်း သဘောပေါက်သော်လည်း သူ့ရဲ့ စရိုက်က ကျောင်းအုပ်ကြီးဝေထက် ပိုကောင်းသည်။ သူတကယ် သိချင်နေသော်လည်း သူ့ဘာသာသူ ယူရန် စိတ်ကူး မရှိပါ။

ကျောင်းအုပ်ကြီးဝေက သူ့အတွက် မလိုပါ။ သူက ကျောင်းကို အေ အဆင့် ဒါမှမဟုတ် အထွဋ်အထိပ်သို့ ရောက်အောင် ပို့ဆောင်ချင်သည်။ ဒါကြောင့် သူ့ကျောင်းသားတွေ ခွန်အားမြှင့်တင်နိုင်မယ့် အရာအားလုံးကို လိုချင်နေသည်။

ဒီရှုထောင့်မှ ကြည့်လျှင်တော့ ကျောင်းအုပ်ကြီးဝေသည် ဟာကျုံအကယ်ဒမီအတွက် အရမ်းကောင်းတဲ့ ကျောင်းအုပ်ကြီးဖြစ်သည်။

“ကျောင်းအုပ်ကြီးမာ၊ လက်ရှိအခြေအနေအရ စကားပြောလို့ မကောင်းပါဘူး”

ဆွန်းမိုက လက်ကို ဖြန့်လိုက်သည်။

သူတို့အားလုံးသည် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပြိုင်ဘက်များ ဖြစ်သည်။ ဆွန်းမိုသည် အန်ရှီဝေဆီက လေ့လာထားခဲ့တာ ကြာပါပြီ။ ဖွင့်ပွဲတုန်းကလဲ အဝေးကနေ မြင်ဖူးသည်။

ဆွန်းမို မှတ်ဉာဏ်ထဲတွင် အလွတ်မှတ်ထားသည်။

"အမှန်ပဲ။ ဒီအချိန်က စကားပြောလို့ မကောင်းဘူး။ နောက်မှပဲ စကားဆက်ပြောကြတာပေါ့"

ကျောင်းအုပ်ကြီးမာရဲ့ မျက်နှာ အမူအရာ တင်းမာသွားသည်။ ဆွန်းမို့ရဲ့ စကားများက သူ့ကို ထွက်သွားစေချင်နေတာ သိသာနေသည်။ သို့သော်လည်း တကယ် စိတ်ထဲမထားခဲ့ပါ။ အဲဒီနောက် သူလှည့်ထွက်သွားသည်။

"ဒီကောင်က အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့လူပဲ။ သူက ဘာလို့ မောက်မာနေရတာလဲ"

"ဟုတ်တယ်။ သူ့ကိုယ်သူ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဒါမှမဟုတ် ကြွယ်သုံးပွင့် မြွတ်ဆရာတစ်ယောက်လို့ ထင်နေတာလား"

မာရှုန်မှ ကျောင်းဆရာတွေသည် သူတို့ လေးစားချစ်ခင်ရတဲ့ ကျောင်းအုပ်ကြီး မခန့်လေးစား အလုပ်ခံရကာ အရှက်ကွဲရသဖြင့် မကျေမနပ် ဖြစ်နေကြသည်။ သူတို့ပြန်ရောက်လျှင် သူတို့ရဲ့ ကျောင်းသားတွေကို ဗဟိုပြည်နယ်အကယ်ဒမီက လူတွေနဲ့ တွေ့တဲ့အခါတိုင်း သေချာပေါက် သင်ခန်းစာ တစ်ခုပေးဖို့ သေသေချာချာ မှာရမည်။

ကျောင်းအုပ်ကြီးဝေမှာ တူညီတဲ့ ဆန္ဒရှိနေသည်။ သို့သော်လည်း သူဘာမှပြောစရာတောင် မလိုပါ။ သူ့လက်အောက်မှ ဆရာတွေသည် ဘာလုပ်ရမှန်း သိနေကြပြီ။

ဗဟိုပြည်နယ်အကယ်ဒမီက လူများ သေကိုသေရမည်။

"ဆွန်းမို၊ မင်းရဲ့ ဆေးထုပ်က တကယ်ကောင်းတာပဲ။ မင်းကိုယ်တိုင် ဖော်စပ်ခဲ့တာလား။ ငါ့ကို ရောင်းလို့ မရဘူးလား"

နှစ်ဖွဲ့စလုံး ရေချိုးအိမ်ကြီးရဲ့ ခန်းမကြီးထဲမှာ ဆုံကြလျှင် ကူရှုပ်ရှင်းက မနေနိုင်ဘဲ မေးလိုက်သည်။

အပြင်လူများ မရှိသဖြင့် ဆွန်းမို နာမည်ကို တန်း

ခေါ်လိုက်သည်။ မလေးစားတာ မဟုတ်ပါ။ ဒါက ဆွန်းမိုနဲ့ သူမကြားက ရင်းနှီးမှုကို ပြလိုက်ခြင်း ဖြစ်သည်။

ဆွန်းမိုက မချိပြုံး ပြုံးလိုက်သည်။

"ငါ့ဆီမှာ ဆေးညွှန်း မရှိသေးဘူး။ နောက်ထပ် သုံးထုပ်ပဲ ကျန်တော့တယ်"

"အို မင်းမှာ ရှိတဲ့အခါကျရင် ငါ့ကို သုံးဆယ် ရာခိုင်းနှုန်း ဈေးလျှော့ပြီး ရောင်းပေး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သက်သက်ရှောင်လွဲနေတယ်လို့ ကူရှုပ်ရှင်း မထင်ပါ။ သူ့အကြောင်း နားလည်သလောက်ဆိုလျှင် ဒီကောင်က ဒီလိုမျိုး လှည့်ကွက်တွေကို မသုံးတတ်ပါ။

မရှောင်းချင်ရင် တိုက်ရိုက်ပြောလိမ့်မည်။

"ဒါပေမယ့် ဒီဆေးထုပ်က တကယ်သုံးလို့ကောင်းတယ်။ စိမ်ပြီးသွားရင် လုံးဝ လန်းဆန်းသွားသလို ခံစားရတယ်။ စိတ်ပိုင်းရော ရုပ်ပိုင်းရော ပင်ပန်းနွမ်းနယ်နေတာ ပျောက်သွားပြီး ခွန်အား ပြန်ပြည့်လာသလိုပဲ။"

ကူရှူပ်ရှင်းသည် ခန်းမထဲက ထွက်လာပြီး လှေကားထစ်တွင် ရပ်ကာ ခန္ဓာကိုယ်ကို ဆန့်ပြီး နေဝင်ချိန် ညနေခင်း အလှကို ငေးကြည့်နေသည်။

အခ

ကူရှူပ်ရှင်းသည် နေရထိုင်ရတာ သက်တောင့်သက်သာ ဖြစ်လွန်းလို့ ဆွဲဆောင်မှုရှိတဲ့ နှာသံတစ်ချက် အောင်လိုက်မိသည်။

ဒီခံစားချက်က သုံးနှစ်ဆက်တိုက် အလုပ်လုပ်ပြီး ပင်ပန်းနွမ်းနယ်နေတဲ့အချိန်နဲ့တူသည်။ အဲဒီနောက် အားလပ်ရက်မှာ အပန်းဖြေရန်အတွက် မော်လ်ဒိုက်

ခရီးထွက်သွားပြီး ဘာမှမတွေးပဲ စိတ်အေးလက်အေး တလခွဲလောက်နေကာ အပန်းဖြေရတာနဲ့ တူသည်။

ကူရှပ်ရှင်းသည် ဘဝအသစ် တစ်ခုသို့ ရောက်နေသလို ခံစားနေရသည်။

ဖြတ်သန်းသွားကြတဲ့ အမျိုးသားများက ကူရှပ်ရှင်းရဲ့ ခန္ဓာကိုယ်ကို ချက်ခြင်း လှည့်ကြည့်ကြသည်။ သူမ၏ သိမ်မွေ့နူးညံ့တဲ့ ပုံစံ၊ ဖြူစင်နေတဲ့ လည်တိုင်နှင့် လိုက်ဖက်လွန်းလှတဲ့ ခါး.............

(အိုဘုရား၊ ဒီမိန်းကလေးက တခြားမိန်းကလေးနဲ့ မယှဉ်နိုင်လောက်အောက်ကို ပြည့်စုံလွန်းလှတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမိန်းကလေးနဲ့ လက်ထပ်လိုက်ရရင်တော့ သေချာပေါက် ကောင်းချီး ပေးခံရသလို ဖြစ်နေမှာပဲ)

(တစ်ခုတည်းသော ချို့ယွင်းချက် ရင်ဘက် နည်းနည်း သေးနေတယ်)

ယောကျာ်းလေးတွေက ဒီအကြောင်းကို တွေးရင်း ကူရှုပ်ရှင်း ဘေးနားမှာ ရပ်နေတဲ့ လုချီဟွာကို လှည့်ကြည့်သွားကြသည်။

(အိုဘုရားရေ၊ သူမရဲ့ ရင်သားက အစစ်တွေပါနော်။ သဘော်သီးနှစ်လုံးကို အဝတ်အစားတွေထဲ ထည့်ထားသလား ထင်ရတယ်)

ရင်သားသေးသေးနဲ့ တင်ပါး ကျစ်ကျစ်လေး ပိုင်ဆိုင်တဲ့ လီဇီချီကတော့ နှုတ်ခမ်းတွန့်နေသည်။ (နောက်ဆိုရင် မင်းတို့နဲ့ အများသုံးရေချိုးခန်းမှာ မချိုးတော့ဘူး)

အင်ဘိုင်ဝူကတော့ ဘာမှ မခံစားရပါ။ သူမ မျက်လုံး၊ သန်မာတဲ့ ကြွက်သားများ၊ ခြေလက်အင်္ဂါများက အချိုးကျကာ ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ် တစ်ခုလို့ သတ်မှတ်နိုင်သည်။

"တွေ့ကရာနေရာတွေကို လျှောက်မသွားနေကြနဲ့။ ဟိုတယ်ကို တန်းပြန်ကြ။ ရန်ဇောင် မင်းက သူတို့ကို

ထိန်းသွား”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“နားလည်ပါပြီ”

ကျန်ရန်ဇောင် ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။ ခုနတုန်းက ဆွန်းမိုမှ သေသေချာချာ နှိပ်ပေးခဲ့သဖြင့် ကျေးဇူးတင်နေမိသည်။

သဘောတရားအရ ပြောရလျှင် ထန်ထန်ယုထန်နှင့် ရှန်ယွန်ပေါင်သည် သူ့ရဲ့ တပည့်များ ဖြစ်သည်။ လီဇီချီလည်း အနီးအနားတွင် ရှိနေသည်။ ဒါကြောင့် သူတို့ကို တာဝန်ပေးတာကလဲ ယုတ္တိရှိသည်။

သို့သော်လည်း ကျန်ရန်ဇောင်ရဲ့ အဖွဲ့ခေါင်းဆောင်နေရာကို ဆွန်းမိုက အသိအမှတ်ပြုထားသောကြောင့် အဲဒီလို မလုပ်ခဲ့ပါ။ ကျန်ရန်ဇောင်က အရေးမပါသလိုမျိုး ဆွန်းမိုက တစ်ခုမှ မလုပ်ခဲ့ပါ။

ဒင်

ကျန်ရန်ဇောင်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၁၂၀/၁.၀၀၀)

"အို၊ ဒါက ငါ့ရဲ့ တိုက်ရိုက် တပည့်လေ"

ကျန်ရန်ဇောင် မျက်နှာပေါ်က် လေးစားတဲ့အမူအရာကို မြင်ပြီး ကူရှုပ်ရှင်း

အနည်းငယ် မနာလို ဖြစ်သွားသည်။ သူမက လက်နဲ့ ဆွန်းမိုကို ဖြေးဖြေးလေး ပုတ်လိုက်သည်။

"အရမ်းကောင်းတယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။ အဲဒီနောက် ဘေးမှာရှိတဲ့ ကျောင်းသားများကို လှမ်းကြည့်လိုက်သည်။ သူတို့အသီးသီးမှာလဲ ပြဿနာတွေရှိနေကြသည်။

လီဇီချီသည် မီတာ ဆယ်နဲ့ချီပြီး လမ်းလျှောက်ပြီးနောက် လမ်းဘေးမှာရှိတဲ့ အထွေထွေ ကုန်ပစ္စည်းဆိုင်တစ်ခုကို ရုတ်တရက် တွေ့လိုက်သည်။ ဆိုင်၏ ဆိုင်းဘုတ်တွင်

ခေတ်တစ်ခုရဲ့ လက္ခဏာများကို သိသိသာသာ ပြသထားသည်။ ပြီးတော့ သူတို့၏ ပုံစံနဲ့ စျေးနှုန်းများက ကွာခြားနေသောကြောင့် လူတိုင်း စိတ်ဝင်စားတတ်ကြသည်။

“ဆရာ၊ စျေးဝယ်ချင်လို့ အဲဒီကုန်စုံဆိုင်လေးကို လိုက်ပို့ပေးပါလား”

လီဇီချီက ဆွန်းမိုရဲ့ လက်မောင်းကို ဖက်လိုက်ပြီး ချိုသာစွာ ပြောနေရင်း လုချီဟွာကို အချက်ပြတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။

လုချီဟွာက ခေါင်းညိတ်လိုက်သော်လည်း မျက်နှာတွင် စဉ်းစားမရတဲ့ အမူအရာ ဖြစ်နေသည်။

စိတ်ကို မဖတ်တတ်သောကြောင့် အဖြေရှာမရ ဖြစ်နေသည်။ သို့သော်လည်း အင်ဘိုင်ဝူက လီဇီချီရဲ့ အဓိပ္ပါယ်ကို နားလည်သည်။ သူမ လက်ဆန့်ထုတ်လိုက်သည်။ သို့သော်လည်း အနည်းငယ်ရှက်သလို ခံစားရသဖြင့် ဆွန်းမိုရဲ့ လက်မောင်း နောက်တစ်ဖက်ကို မဖက်ဖြစ်လိုက်ပါ။

"အတူတူ သွားကြတာပေါ့"

ကူရှုပ်ရှင်းက ဦးဆောင်လိုက်သည်။ ဘယ်ကမ္ဘာမှာပဲ ဖြစ်ဖြစ် အမျိုးသမီးတွေက ဈေးဝယ်ထွက်သမားသာ ဖြစ်သည်။ ဆွန်းမိုက သူမတို့နောက်မှ လိုက်သွားသည်။ ဆိုင်ထဲကို

မဝင်ချင်တဲ့အတွက် အပြင်ကနေပဲ ရပ်စောင့်နေလိုက်သည်။ နောက်ဆုံးတွင် ဆူပူကြိမ်းမောင်းနေတဲ့ အသံတချို့ကို ကြားလိုက်သည်။

"ဘာဖြစ်နေတာလဲ"

ဆွန်းမိုက ကုန်စုံဆိုင်လေးနဲ့ ငါးမီတာအကွာမှာ ရှိတဲ့ လမ်းကြားလေး တစ်ခုသို့ လမ်းလျှောက်သွားသည်။

ဒီလမ်းကြားလေးက ရုတ်တရက် ကြည့်ရင် မမြင်ရပါ။ လမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်တွင်

ပစ္စည်းများစွာ ပြည့်နေသည်။ အမှိုက်တွေ ရှိသလို လမ်းလျှောက်နေတဲ့ ကြောင်တွေလဲ ရှိသည်။

နေရောင်သည် နိမ့်ဆင်းလာပြီး အိမ်ကို ဖြတ်သန်းလာရသဖြင့် ရှည်လျားတဲ့ အရိပ်တွေကျနေသည်။

အဲဒီအချိန်တွင် လူငါးယောက်သည် ပိန်ပါးပြီး ပျော့ညံ့တဲ့ ပုံစံပေါ်နေတဲ့ ယောကျ်ားလေး တစ်ယောက်အနားတွင် ရပ်နေသည်။ သူတို့ မညှာမတာ ပြောဆိုနေကြပြီး သူ့ကိုကြည့်ရတာ သနားဖို့ ကောင်းနေသည်။ တစ်ခါတစ်လေ ဝိုင်းတွန်းကြသေးသည်။

“ကျောင်းတွင်း အနိုင်ကျင့်နေတာလား”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး လမ်းလျှောက်သွားသည်။

“အဝတ်လျှော်တာမျိုး သေးသေးမွှားမွှား ကိစ္စလေးတွေတောင် မလုပ်တတ်ဘူးလား။ ပြောစမ်းပါအုံး၊ ဘာအချက်ကြောင့် အသက်ဆက်ရှင်နေရတာလဲ”

ချန်လီချီက ချန်ယင်ရဲ့ နဖူးကို အဆက်မပြတ် ရိုက်ပြီး မေးနေသည်။

ချန်ယင်က ပြန်တုန့်ပြန်ရန် ရည်ရွယ်ချက် မရှိဘဲ ခေါင်းငုံ့နေသည်။

"အလုပ်တွေ လုပ်ရလို့ ပင်ပန်းနေပြီလား။ ပင်ပန်းတယ်လို့ မခံစားရသေးရင် မင်း အလုပ်မကြိုးစားသေးလို့ပဲ။ ပြောစမ်းပါအုံး မင်းက အမှိုက် ဟုတ်လား၊ မဟုတ်ဘူးလား"

ချန်လီချီက ဆက်လက်ပြီး ကြိမ်းမောင်းနေသည်။

တစ်ယောက်ယောက်ကို ရိုက်နှက်ဖို့လား။

ချန်လီချီ ဒီလို မလုပ်ရဲပါ။ ချန်ယင်သာ ဆရာတယောက်ယောက်ကို တိုင်းကြားလိုက်လျှင် ပြိုင်ပွဲဝင်တစ်ယောက်ရဲ့ အဆင့်အတန်းကို ရုတ်သိမ်းတာ ခံရလိမ့်မည်။ ဒါပေမယ့် ဒီလိုမျိုး

သေးသေးလေးတွေ လုပ်ရတာလဲ ကျေနပ်ဖို့ကောင်းသည်။

“လီချီ၊ တစ်ယောက်ယောက် လာနေပြီ”

ဆွန်းမို လမ်းလျှောက်လာမြင်လျှင် ဘေးမှ ကျောင်းသားက သတိပေးသည်။

“ဆရာ တစ်ယောက်ပဲ”

ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဆရာ ဝတ်စုံကို ဝတ်ဆင်ထားသည်။ ချန်လီချီသည် ဆွန်းမို ရင်ဘက်ပေါ်က တံဆိပ်ကို ကြည့်ပြီး စိတ်အေးသွားသည်။

"သူ့မှာ ကြွယ်မရှိဘူး။ မင်းဘာကို ကြောက်နေတာလဲ"

"မင်းတို့ အားလုံး ဘယ်ကျောင်းကလဲ"

ဆွန်းမို လေသံက လေးနက်နေသည်။

"ဆရာ၊ ကျွန်တော်က ကျွန်တော့်ညီကို သူ့ရဲ့ အလုပ်မှာ ပိုကောင်းစေချင်လို့ သင်ကြားပေးနေတာ။ ဒီလိုကိစ္စတွေလည်း လိုက်ရှင်းပြနေရမှာလား"

ချန်လီချီက မေးခွန်းထုတ်နေသည်။

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသက်သွင်းလိုက်သည်။

ချန်လီချီ၊ အသက် ၁၃နှစ်

ခန္တာကိုယ်ပြုပြင်ခြင်း အဆင့်ငါး။

ကြံ့ခိုင်မှု - ၉ - အံ့အောဖို့ကောင်းတဲ့ ခွန်အား။ လူတစ်သောင်းလောက်ကို ခုခံ ကာကွယ်နိုင်သည်။

ဉာဏ်ရည် _ ၇ - စဉ်းလဲပြီး ကောက်ကျစ်တတ်သည်။

သွက်လက်မှု - ၇ - အသုံးပြုဖို့ လုံလောက်

ဆန္ဒ - ၈ - လုပ်ဖော်ကိုင်ဖက် အချင်းချင်းကြားတွင် ထင်ပေါ်လိုစိတ် အရမ်းများသည်။

ခံနိုင်ရည် - ၉ - ထာဝရကို မမောတမ်းမပန်းတမ်း ပြေးနေနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလားအလာ တန်ဖိုး အရမ်းမြင့်မားအဆင့်နဲ့ အနည်းငယ်နှိမ့်ကျသည်။

မှတ်ချက် - ဆင်းရဲတဲ့ မိသားစုမှ ဆင်းသက်လာသည်။ ပိုကောင်းမွန်တဲ့ ဘဝမှာ နေထိုင်ချင်ပြီး ထိပ်တန်း လူတစ်ယောက် ဖြစ်လာဖို့အတွက်ဆိုရင် ရိုးသားမှု လုံးဝမရှိပါ။ မကောင်းတဲ့ လမ်းကြောင်းကို မရောက်ခင် ဆရာတစ်ယောက်က ချက်ခြင်း ပြုပြင်သင့်သည်။

အချက်အလက်များကို ကြည့်လိုက်ပြီးနောက် ဆွန်းမို စိတ်ထဲကနေ အော်ဟစ်လိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာတွင် ပါရမီရှင်တစ်ယောက်နဲ့ တွေ့လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

သို့သော်လည်း ဒီလူငယ်ရဲ့ ပင်ကိုယ်စရိုက်အရ လုပ်လို့ မရပါ။ သူက အမှားလုပ်ပေမယ့် ဆရာတစ်ယောက်ကို ပြန်မေးရဲသည်။ ပထမ တစ်အချက်အရဆိုလျှင် ဒီလူငယ်က ရက်စက်ကြမ်းကြုတ်ပြီး အလွယ်တကူ စည်းကမ်းများကို ချိုးဖောက်မှာ သိသာနေသည်။

သံသယ ရှိစရာမလိုပါ။ ဒီချန်လီချီက အရည်အချင်းရှိပြီး မောက်မာလိမ့်မည်။

“ဟုတ်တယ်။ သူက ငါနဲ့သွေးဝေးတဲ့ ဝမ်းကွဲလေ”

ချန်လီချီက ပြုံးရင်း စကားပြောပြီး ချန်ယင် ပုခုံးပေါ်သို့ လက်တင်ကာ ဖက်ထားသည်။

ဆွန်းမိုက အနိုင်ကျင့်ခံရတဲ့ လူငယ်လေးကို တစ်ချက်ကြည့်လိုက်သည်။

ချန်ယင်၊ အသက် ၁၃ နှစ်

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၃)

ခွန်အား - ၄ - အားနည်းတဲ့ ကြက်ကလေး။

ဉာဏ်ရည်ဉာဏ်သွေး - ၇ - ကြီးမြတ်တဲ့ ဉာဏ်ရည်ကလဲ တုံးအမှု ဖြစ်နိုင်သည်။

သွက်လက်မှု - ၉ - ငါ့ရဲ့ အိပ်မက် ကောင်းကင်ပေါ်မှာ လွင့်မျောနေတဲ့

တိမ်တွေနောက်ကို လိုက်ဖို့ဖြစ်ပြီး အမေ မသေခင်အချိန်ကို ပြန်ရောက်ချင်တယ်။

ဆန္ဒ - ၃ ငါက အမှိုက်ပဲ။

ခံနိုင်ရည် - ၄ - အလုပ်ကြိုးစားပြီး အခက်အခဲများကို ခံနိုင်ရည် ရှိသည်။

အလားအလာတန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက် - လေ့ကျင့်ထားတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကြောင့် စွမ်းအင်လမ်းကြောင်းများတွင် ပြဿနာ ရှိနေသည်။

ဆွန်းမို ပေကာလတ်ပေကာလတ် ဖြစ်သွားသည်။ ပြီးတော့ နောက်တစ်ကြိမ် ပြန်ကြည့်လိုက်သည်။

မမှားပါ။ အနိုင်ကျင့်ခံရတဲ့ လူငယ်လေးရဲ့ အလားလာတန်ဖိုးသည် အမှန်တကယ်မှာ အရမ်းမြင့်မားသည်။ ဒီအရာကြောင့် စကားမပြောနိုင် ဖြစ်နေသည်။

တစ်ခုခု မှားနေတာလား။ အရည်အချင်း မြင့်မားတဲ့ လူငယ်နှစ်ယောက် သူ့ရဲ့ အရှေ့တွင် ဒီလိုမျိုးပေါ်လာခဲ့သည်။ ချန်မျိုးနွယ်တွေ အထင်ကြီးစရာ ကောင်းနေတာလား။ တခြားလူတွေက ဘယ်လိုလုပ်ပြီး ယှဉ်နိုင်မှာလဲ။

ချန်လီချီ မလိမ်ပါ။ သူတို့နှစ်ယောက်က ဆွေးမျိုးတွေ ဆိုပေမယ့် အရမ်းသွေးဝေးတဲ့ ဆွေးမျိုးတွေပါ။

ချန်ယင်သည် ချန် ရွာခေါင်းဆောင်၏ သားဖြစ်ကာ ဇိမ်ခံဘဝနဲ့ မွေးဖွားခဲ့သည်။ သူတစ်ပါးကို တစ်ခါမှ အနိုင်မကျင့်ခဲ့ပါ။ အရမ်းသဘောကောင်းလွန်းတာကြောင့် အနိုင်ကျင့်ခံရမည့် ပစ်မှတ် ဖြစ်လာခဲ့သည်။

ချန်လီချီရဲ့ အဖေကတော့ ချန်ရွာက လယ်သမား တစ်ယောက်ဖြစ်သည်။ သူ့အဖေက ရွာခေါင်းဆောင်အတွက် အလုပ်လုပ်ပေးရပြီး ငယ်ငယ်လေးကတည်းက ဆင်းရဲတဲ့ ဘဝကို ဖြတ်သန်းခဲ့ရသည်။ အထူးသဖြင့် နှစ်သစ် အချိန်တွေ ဖြစ်သည်။ ရွာခေါင်းဆောင်၏ အိမ်တော်ထိန်းက

အဖေဆီကို ပိုက်ဆံတောင်းရန်လာသည့် မြင်ကွင်းက အိပ်မက်ဆိုး တစ်ခုလို ဖြစ်နေခဲ့သည်။ သူ့နှလုံးသားထဲက အရိပ်မဲတစ်ခုလည်း ဖြစ်သည်။

ချန်မျိုးနွယ် ရွာသားများသည် အတိတ်တုန်းက ဝရုန်းသုန်းကား စစ်ပွဲတစ်ခုမှ အတူတူလွတ်မြောက်လာတဲ့ သူများ ဖြစ်သည်။ သို့သော်လည်း မျိုးနွယ်ထဲရှိ မိသားစုတိုင်းသည် သူတို့ရဲ့ ဘဝပုံစံနဲ့သာ နေထိုင်ခဲ့ကြသည်။ မိသားတစ်ခုထဲက ညီအစ်ကိုများတောင် တန်ဖိုး မတူကြပါ။ အားလုံးသည် ချန်မျိုးနွယ်ရဲ့

တစိတ်တပိုင်းဖြစ်သော်လည်း ရွာသားတချို့ကတော့ ထည့်သွင်း ဖော်ပြစရာတောင် မလိုပါ။

ချန်လီချီသည် ငယ်ငယ်တုန်းက ရွာခေါင်းဆောင်အတွက် နွားကျောင်းဖို့အတွက် တာဝန်ယူခဲ့ရသည်။

ချန်လီချီသည် အဲဒီအချိန်တုန်းက ချန်ယင်ကို စာရေးစာဖတ်တတ်အောင် သင်ကြားပေးတဲ့ ဆရာတစ်ယောက် ရှိခြင်း ထမင်းဖြူစားနိုင်ခြင်းနှင့် ကူလုပ်ပေးမယ့် အိမ်အကူတစ်ယောက်ရှိခြင်းတို့ကို မြင်ပြီး သူ့ကိုယ်သူ ပိုကောင်းတဲ့ ဘဝတစ်ခု ပိုင်ဆိုင်ရမယ်လို့ ကတိပြုခဲ့သည်။

အဲဒါကြောင့် မာရှန်က ကျောင်းသားအသစ်ခေါ်ယူတဲ့ အချိန်တွင် အရည်အချင်းမပြည့်မှီသော်လည်း အဲဒီနေရာကို တိတ်တဆိတ်သွားခဲ့သည်။ အဲဒီအချိန်တွင် ရွာခေါင်းဆောင်ရဲ့ အရိုက်ခံရကာ သေလုနီးပါးဖြစ်ခဲ့ရသော်လည်း နောက်ဆုံးတွင် မြတ်ဆရာတစ်ယောက်က ကယ်တင်ခဲ့သည်။

ချန်လီချီရဲ့ အရည်အချင်းက အရမ်းမြင့်မားမယ်လို့ ဘယ်သူမှ မထင်ခဲ့ကြပါ။ ကျောင်းထဲသို့ ဝင်လာပြီးနောက် သူ့ရဲ့ ထူးချွန်မှုကို ပြသကာ ဆရာတွေအား အံ့အားသင့်စေခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီခတ်မှာက အရည်အချင်း ကောင်းရင် ဦးစားပေးခံရသည်။ မြတ်ဆရာများစွာကလဲ သူ့ကိုတွေ့လိုက်တာနဲ့ ခေါ်ယူဖို့ ကြိုးစားကြသည်။ သဘာဝအတိုင်း ချန်လီချီ မောက်မာတတ်လာသည်။

သို့သော်လည်း သူက ကမ်လှမ်းမှုများကို လက်မခံခဲ့ဘဲ ပိုကောင်းတဲ့ ကမ်းလှမ်းမှုများကို စောင့်နေခဲ့သည်။ သူသာ လိဂ်ပြိုင်ပွဲတွင် ကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့ပါက ကျောင်းအုပ်ကြီးရဲ့ စိတ်ကို နှိုးဆော်နိုင်ပြီး ကျောင်းအုပ်ကြီးရဲ့ တပည့်တစ်ယောက် ဖြစ်လာနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီအချိန်က ချန်ယင်၏ အရည်အချင်းသည် သာမန်သာဖြစ်သော်လည်း ရှာခေါင်းဆောင်က ငွေအမြောက်အများ လှူဒါန်းခဲ့ပြီး မာရှန်ကျောင်းကို ဝင်ခွင့် ရအောင် လုပ်ပေးခဲ့သည်။

သူတို့ကျောင်းထဲ မဝင်ခင်ကတည်းက ချန်လီချီသည် ချန်ယင်ကို ဘယ်လို ဆက်ဆံရမလဲဆိုတာ အစီအစဉ် ရေးဆွဲထားခဲ့ပြီး ဖြစ်သည်။ ဒါကလည်း ရှာခေါင်းဆောင်၏ အနိုင်ကျင့်ခြင်းကို နှစ်ပေါင်းများစွာ ခံခဲ့ရသောကြောင့် ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ရွာခေါင်းဆောင် ငါ့အပေါ်လုပ်ထားတဲ့ အရာတွေအတွက် မင်းရဲ့အသွေးအသားကနေ တဆင့်ပြန်ပေးရမယ်)

"ဟီးဟီး"

ချန်လီချီက ထုံးစံအတိုင်း မကြောက်ပါ။ သူက နွားကျောင်းရတဲ့ ကောင်လေး မဟုတ်တော့ပါ။ သူ့ရဲ့ အနာဂတ်က အကန့်အသတ်မရှိ တောက်ပနေပြီး နောက်ပိုင်းတွင် ဇိမ်ခံတဲ့ဘဝနဲ့ ဖြတ်သန်းနိုင်မှာ သေချာသည်။ အဲဒီချိန်ရောက်လျှင် ရွာခေါင်းဆောင်က ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပြုံးပြရလိမ့်မည်။

အခန်း(၃၄၄) - ငါတို့လို သေလူတွေက ရှင်သန်နိုင်မယ့်လမ်းကို မစွန့်ပစ်ရဘူး။

ချန်လီချီသည် အနိုင်ကျင့်သော်လည်း အရမ်းဉာဏ်များသည်။ အရင်က နှုတ်အားဖြင့်သော်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း အနိုင်ကျင့်သော်လည်း ချန်ယင်၏ ကိုယ်ပေါ်တွင် ဒဏ်ရာများ မထားခဲ့ပါ။ လုပ်ချင်သလို မလုပ်ရဲတာ မဟုတ်ပါ။ အဲဒီအစားနာမည်ကောင်းသာ လိုချင်ခဲ့သည်။

ပြီးတော့ ချန်ယင်သာ ကြောက်လန့်ပြီး အဝေး ထွက်ပြေးသွားလျှင် ကျောင်းမှာ အရမ်းပျင်းဖို့ ကောင်းနေမည်။ အရုပ်ကောင်းတစ်ခုဆိုတာ ဖြေးဖြေးလေး ကစားသင့်သည်။

ဆွန်းမိုသည် ချန်လီချီ၏ ရှင်းပြချက်ကို စိတ်မဝင်စားပါ။ သူက ချန်ယင်ကို ကြည့်လိုက်သည်။

“မင်းမှာ တစ်ခုခု ပြောစရာ မရှိဘူးလား”

ဆွန်းမိုရဲ့ အေးစက်ပြီး လျစ်လျူရှုထားတဲ့ သဘောထားကို မြင်လိုက်လျှင် ချန်လီချီ ချက်ခြင်း စိတ်ဆိုးသွားသည်။ သို့သော်လည်း မျက်ပေါ်မှာတော့ အပြုံးတစ်ခု ရှိနေသေးသည်။

"ဆရာ ကျွန်တော်တို့က မာရှန် ကျောင်းကပါ။ မင်းဂရုစိုက်ဖို့ အလှည့်မရောက်သေးဘူး"

"ပါးစပ်ပိတ်ထား"

ဆွန်းမို အော်ဟစ် ကြိမ်းမောင်းလိုက်သည်။

"မင်းက ဘယ်ကျောင်းကလဲဆိုတာ ငါဂရုမစိုက်ဘူး။ မင်းကလူတွေကို အနိုင်ကျင့်နေရင် မင်းအမှားပဲ"

"ငါက အနိုင်ကျင့်တယ်ဆိုတာ ဘယ်မျက်လုံးနဲ့ မြင်လို့လဲ"

ချန်လီချီက ပြန်တုန့်ပြန်သည်။ သူက ချန်ယင်ရဲ့ ပုခုံးကို အားပြင်းပြင်းနဲ့ အတင်းဆွဲလိုက်ကာ ဆွန်းမိုကို ကြည့်ပြီး ပြုံးပြသည်။

“ဝမ်းကွဲ၊ ငါက မင်းကို အနိုင်ကျင့်နေတယ်လို့ သူကပြောနေတယ်။ ဒါက ရယ်စရာ ဟုတ်လား မဟုတ်ဘူးလား”

အစကတည်းက တိတ်ဆိတ်ကာ ပျော့ညံ့ပြီး ပိန်ပိန်ပါးပါးနဲ့ ကောင်လေးက ရုတ်တရက် ခေါင်းမော့ပြီး ဆွန်းမိုကို အကဲခတ်လိုက်သည်။

“တစ်ခုခု ပြောပါ။ မင်အနိုင်ကျင့်ခံနေရတယ်လို့ ခံစားရတယ်”

ချန်လီချီသည် ချန်ယင်၏ စရိုက်ကို သိနေသောကြောင့် ခြိမ်းခြောက်စရာတောင် မလိုပါ။ တခွန်းထဲ ပြောရမယ်ဆိုလျှင် လူယုတ်မာ

အမှန်အတိုင်း ပြောရလျှင် ချန်လီချီ၏ ကျင့်ကြံခြင်း အဆင့်က ချန်ယင်ကို လိုက်မှီသွားနေပေမယ့်လဲ သူက ချန်ယင်ကို ရိုက်နေတဲ့အခါမှာ ကြောက်ရွံ့နေသေးသည်။ နောက်ဆုံးတွင် သူ့ရဲ့ တိုက်ခိုက်မှုများက ပြင်းထန်ပြီး အချင်းချင်း အနိုင်ကျင့်တဲ့ အဆင့်ထက်တောင် ကျော်သွားသည်။

သို့သော်လည်း ချန်ယင် အဖေက ရက်စက်ကြမ်းကြုတ်သော်လည်း ချန်ယင်

မရက်စက်တတ်တာကို သတိထားမိသွားသည်။ သူက ကြီးကျယ်တဲ့ အရာတစ်ခု မဟုတ်ဘဲ ပိုးကောင်တစ်ကောင်မျှသာ ဖြစ်သည်။

အဲဒီအနိုင်ကျင့်မှုအပြီးတွင် ချန်ယင်သည် အိပ်ရာထဲမှာ တစ်လခွဲလောက် နေခဲ့ရပြီး ပြန်သက်သာလာသော်လည်း မတိုင်ရဲခဲ့ပါ။

“မင်းကို ပါးစပ်ပိတ်ထားဖို့ ပြောတာ မကြားဘူးလား"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး အော်ဟစ်လိုက်သည်။ ဒီလို ကျောင်းသားတွေကို အမုန်းဆုံးပါ။

"မင်းရဲ့ ဆရာ ဂုဏ်ပုဒ်ကြောင့် လေးစားမှု ပြနေတာ။ မင်းက ငါ့ကို တကယ်သွန်သင်နိုင်မယ်လို့ ထင်နေတာလား"

ချန်လီချီက ပြန်အော်ဟစ်လိုက်ပြီး သူ့မျက်နှာမှာ အထင်သေးမှုတွေနဲ့ ပြည့်နေသည်။ "ကျောင်းထဲမှာ ဒီအဖေကို တိုက်ရိုက်တပည့်အဖြစ် လက်ခံခြင်တဲ့ မြတ်ဆရာ ဘယ်နှစ်ယောက်တောင် ရှိလဲ သိလား။ မင်းကို ဘာဖြစ်လို့ ထည့်တွက်ရမှာလဲ"

"လီချီ တော်လိုက်တော့"

တခြားကျောင်းသားတွေက ဆရာတစ်ယောက်ကို ဒီလို မငြင်းရဲပါ။ ပြီးတော့ သူတို့က ချန်ယင်ကို

အမှန်တကယ် အနိုင်ကျင့်ခဲ့ကြသည်။ ဒီကိစ္စသာ ပေါ်ပေါက်သွားလျှင် ကံဆိုးသူက သူတို့ပဲ ဖြစ်သွားမည်။

"မင်းတို့အားလုံး ဘာကြောက်နေတာလဲ။ ဒီကောင်မှာ ကြယ်တစ်ပွင့်တောင် မရှိဘူး။ သူက ဘာလုပ်.........."

ချန်လီချီဆီသို့ မမြင်နိုင်တဲ့ ဖိအားတစ်ခုက သက်ရောက်လာသည်။ ဒါက ဂျင်တစ်ထောင်လောက် ပုခုံးပေါ်သို ရုတ်တရက် ဖိချလိုက်သလိုမျိုး ဖြစ်နေပြီး တောင့်မခံနိုင်တော့ပါ။

ဘုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လီချီ မြေပေါ်ဒူးထောက်ကျသွားသည်။ ဒူးများကွဲလုမတတ် ဖြစ်သွားသည်။

တခြား ကျောင်းသားတွေလဲ မရှောင်နိုင်ကြပါ။ သူတို့ပါ ဒူးထောက်ကျသွားသည်။ ဒူးတွေနာကျင်နေပေမယ့် အသံမထွက်ရဲပါ။ အဲဒီအစားဆွန်းမိုကို ကြောက်လန့်တကြား ကြည့်နေကြသည်။

တ...တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေ

မာရှန်မှ ကျောင်းသားအားလုံး အံ့အောသင့်နေကြသည်။ သူတို့အရှေ့မှာ ရှိတဲ့ ဆရာကငယ်သေးပေမယ့် ဒီလောက်အစွမ်းထက်တဲ့မြတ်ဆရာအရှိန်အဝါကို နားလည်နေပြီလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့ကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီးနှင့် အရမ်းလေးစားထိုက်တဲ့ မြတ်ဆရာတချို့သာလျှင် ဒီအရှိန်အဝါကို နားလည်ကြသည်။ အရင်ကလည်း သူတို့ တွေ့ခဲ့ဖူးသည်။ ကျောင်းရှိ မြင့်မြတ်တဲ့ သက်ကြီးရွယ်အိုတွေပင် ဒီအရှိန်အဝါ ပိုင်ဆိုင်တဲ့ ဆရာ၏ သင်ကြားပို့ချတဲ့ အတန်းကို အရမ်း အလေးအနက်ထားပြီး တက်ရောက်တတ်ကြသည်။ သူတို့သည် အလေးအနက်ထားပြီး အခမ်းအနားတစ်ခုကို တက်ရောက်သလို သဘောထားကြသည်။

ချန်လီချီသည် လက်သီး တင်းတင်းဆုပ်ထားသည်။

ဆွန်းမိုကို တစ်ချက်ကြည့်ပြီး လျှင်မြန်စွာ ခေါင်းငုံ့သွားသည်။ သူ့စိတ်ထဲတွင် ဒေါသူပုန် ထနေသော်လည်း အခုအချိန်တွင် သူပြောလိုက်ပါက ပိုးဆိုးသွားမှာကို သိနေသည်။ ဒါကြောင့် သည်းခံနေလိုက်သည်။

(ကျိန်းသေပေါက် လက်စားပြန်ချေမယ်။ ငါက ပါရမီရှင်ပါ။ မင်းကို သေချာပေါက် ချေမှုန်း ပစ်မယ်) ချန်လီချီ ကျိန်ဆိုလိုက်သည်။

အခြားကျောင်းသားများသည် အသနား ခံချင်သော်လည်း ပါးစပ်ဖွင့်ပြီး စကားပြောလို့ မရကြောင်း သိသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျောင်းသား၊ မင်းက အနိုင်ကျင့်ခံလိုက်ရပေမယ့်။ မင်းဘာဖြစ်လို့ ခဏခဏ ဒုက္ခခံနေရလဲ တွေးဖူးလား။ မခံချင်စိတ်များလေလေ သတ္တိမရှိတဲ့လူ ဖြစ်လာလေလေပဲ"

ဆွန်းမိုက ချန်ယင်ကို ကြည့်ပြီး တက်ကြွစွာ အကြံပေးလိုက်သည်။

ဆရာတစ်ယောက်ကို အကူအညီ တောင်းရမှာလား။

ဒါက ကောင်းမွန်တဲ့ နည်းဗျူဟာ မဟုတ်ပါ။ မှန်တဲ့နည်းက ချန်ယင်သည် ရဲရင့်စွာ ရပ်တည်ပြီး ချန်လီချီကို လက်တုန့်ပြန်ရမည်။

ချန်ယင် ခေါင်းငုံ့နေပြီး စကားမပြောပါ။

"ဆွန်းမို ဘာမှားနေတာလဲ"

ကူရှုပ်ရှင်းနဲ့ အခြားသုံးယောက်သည် အထွေထွေ ကုန်ပစ္စည်းဆိုင်မှ ထွက်လာခဲ့ကြသည်။ ဆွန်းမိုကို ရှာမတွေ့ဘဲ ရုန်ရင်းဆန်ခတ် ဖြစ်နေတဲ့ အသံကို ကြားနေရသည်။ ဒါကြောင့် လူအုပ်ကြီးကို အမြန်ကျော်တက်သွားလိုက်သည်။

"ဆရာ၊ သူတို့က ဘာဖြစ်လို့ ဒူးထောက်နေတာလဲ"

လုချီဟွာ နားမလည်နိုင် ဖြစ်နေသည်။

"ဘာလို့လဲဆိုတော့ သူတို့က သူတို့ရဲ့ အမှားကို ပြန်ဆင်ခြင်နေကြတယ်"

ဆွန်းမိုက ရယ်ရင်း ပြန်ဖြေသည်။

ချန်လီချီသည် ဆွန်းမိုကို အကြိမ်တစ်သောင်းလောက် ကျိန်စာတိုက်လိုက်ချင်သည်။

“ကျောင်းသားတွေ မင်းတို့ရဲ့ အမှားကိုသိပြီး ပြုပြင်နိုင်တာကလဲ သီလတစ်ခုပဲ”

လုချီဟွာသည် ပန်းပွင့် သကြားလုံးကို ထုတ်ပြီး ဆွန်းမို အရှေ့မှာ ဒူးထောက်နေတဲ့ ချန်လီချီအား ပေးလိုက်သည်။

“မင်းကို အားပေးနေမယ်”

(ငါလို....”

ချန်လီချီသည် သူမကို ကျိန်ဆဲချင်ပေမယ့် အသံထွက်လို့ မရဖြစ်နေသည်။

“ဆွန်းမို၊ ဒါက တစ်ရက်စာ ဆရာ၊ တစ်သက်တာ အဖေရဲ့ အကျိုးသက်ရောက်မှုလား”

ကူရှုပ်ရှင်းက ဆွန်းမိုကို အံ့အောသင့်စွာ ကြည့်လိုက်သည်။

“တော်ပြီ တော်ပြီ ငါ့ကို မပြောနဲ့တော့၊ ဒီလိုမှမဟုတ်ရင် ငါ့ကိုယ်ငါ မထိန်းနိုင်ဘဲ မင်းကို သတ်မိလိမ့်မယ်”

“ဟားဟား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ရယ်နေလိုက်သည်။ ဒီနာကျင်မှု တပ်မက်သူလေးက ဘယ်လိုနောက်ရမလဲဆိုတာ တကယ်သိတာပဲ။

"တကယ်လား"

ကူရှုပ်ရှင်း မျက်ရည် ဝေ့လာသည်။ စိတ်ဓါတ်ကျပြီး ညည်းညူနေသည်။

(ငါက မင်းထက် ညံ့ပေမယ့်၊ မင်းကိုလိုက်ဖို့ အခွင့်အရေး ရှိတယ် ထင်နေမိတာ။ အခုတော့ မင်းက ငါ့ရဲ့ စိတ်ဓါတ်ကို ရိုက်ချိုး ပေးပါလား။)

(ငြိမ်းချမ်းစွာ အနားယူခြင်း အရှိန်အဝါကိုတောင် သိနေတာလား။ မင်းက လူရော ဟုတ်ရဲ့လား)

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည်ညို(၂,၆၁၀/ ၁၀,၀၀၀)

"ဆွန်းမို၊ ငါတို့လို လူသားတွေအတွက် ရှင်သန်မယ့် လမ်းလေး မပေးတော့ဘူးလား"

ကူရှုပ်ရှင်းက ဒီဝါကျကို ခံစားချက်တွေ ရောထွေးပြီး ပြောလိုက်သည်။ သုံးပုံ တစ်ပုံက ဆွန်းမိုကို နောက်တာ ဖြစ်ပြီး သုံးပုံတစ်ပုံက စိတ်ပျက်ကာ ကျန်တဲ့ တစ်ပုံက သူမကိုယ်သူမ အားပေးနေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါ ကူရှုပ်ရှင်းက တခြားသူတွေထက် အားနည်းနိုင်တယ်။ ကျရှုံးတာကို လက်ခံပေးမယ့် အရှုံးတော့ မပေးတတ်ဘူး။)

ဆွန်းမိုက ကူရှုပ်ရှင်းကို လှည့်ကြည့်လိုက်သည်။ အရင်က ရှင်းပြချင်သော်လည်း မီးတောက်နေတဲ့ သူမရဲ့ အကြည့်ကို မြင်ပြီး အပြုံးတွေကို ရုတ်သိမ်းလိုက်သည်။ သူ့ရဲ့ အမူအရာက လေးနက်လာသည်။

ဒါက ဘာအကြည့်လဲ။

ရည်မှန်းချက်တွေနဲ့ ပြည်နှက်နေပြီး တိုက်ပွဲဝင်ချင်စိတ်နဲ့ တောက်လောင်နေသည်။

ကူရှုပ်ရှင်းကို နှစ်သိမ့်ဖို့လား။

မလိုဘူး။

သူမသည် အခြေခံအားဖြင့်တော့ စိတ်ဓါတ်မကျတတ်ပါ။

“ကျောင်းသားတွေရော၊ ယောကျ်ား တွေရော အခြေခံအားဖြင့် အားနည်းတဲ့သူကို အနိုင်မကျင့်သင့်ဘူး။ အဲဒီအစား မင်းတို့က သူတို့ကို ကာကွယ်ပေးသင့်တယ်။ လှပတဲ့ အရာအားလုံးကို ကာကွယ်သင့်တယ်"

“လူတွေရဲ့ စစ်မှန်တဲ့ ကြီးမြတ်ခြင်းက ဘာလဲ သိလား။ အဆိုးဆုံးကို ရင်ဆိုင်နေရတဲ့

အချိန်မှာတောင် တရားမျှတမှုကို ကာကွယ်ဖို့ အတွက် ရဲရင့်တဲ့ သတ္တိရှိတာပဲ”

“အခုလက်ရှိ မင်းလုပ်နေတဲ့ လုပ်ရပ်က မကောင်းမှုကလွဲရင် ဘာမှမဟုတ်ဘူး”

ဆွန်းမိုသည် ခုနတုန်းက သုံးထားတဲ့ မြတ်ဆရာအရှိန်အဝါကို ရုတ်သိမ်းလိုက်သည်။ ခန္ဓာကိုယ်မှ ရွှေရောင်အလင်းတန်း အသစ်တစ်ခု ထွက်ပေါ်လာသည်။

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက်။

ကျောင်းသားအနည်းစုက နောင်တရပြီး နားလည်တဲ့ အမူအရာ ဖြစ်နေသည်။ ချန်လီချီလည်း

ခြွင်းချက် မဟုတ်ပါ။ ဒီအချိန်မှာ သူ့လုပ်ရပ်က လွန်လွန်းတယ်လို့ ခံစားနေရသည်။

"မင်းတို့တွေ မအံ့အောဘူးလား"

ကူရှပ်ရှင်းက လီဇီချီနှင့် နောက်ထပ်နှစ်ယောက်ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

"ငါတို့က ဘာဖြစ်လို့ အံ့အောရမှာလဲ။ ဒါက ဆရာဆွန်းအတွက် ပုံမှန်ပဲ"

လုချီဟွာက သကြားလုံးတစ်လုံးကို ဝါးရင်း သူမရဲ့ ဆရာက အရမ်းချောတယ်လို့ ထင်နေမိသည်။ ဒူးထောက်နေတဲ့ ကျောင်းသားများလဲ

မတ်တပ်ရပ်လိုက်ကြသည်။ ရှက်ကိုးရှက်ကန်း အမူအရာ ဖြစ်နေကြသည်။

"မင်းတို့တွေ သွားလို့ရပြီ။ ငါပြောတာကို သေသေချာချာ စဉ်းစား"

ဆွန်းမို ပြုံးလိုက်မိသည်။ ကလေးကို ပြစ်ဒဏ်ပေးတဲ့အခါ အပြစ်ပေးဖို့ပဲ စဉ်းစားနေလို့မရပါ။ အဲဒီအစား သဘောတရားကို နားလည်အောင် ပြောပြတာက ပိုကောင်းသည်။

ချန်လီချီနှင့် တခြားသူများသည် လမ်းကြားမှ ချက်ခြင်း ထွက်ပြေးသွားသည်။

"ဆရာ၊ ကျွန်တော်လဲ သွားလို့ ရမလား"

ချန်ယင်က မေးသည်။

"ကျောင်းသား၊ မင်းရဲ့ အရည်အချင်းက အရမ်းမြင့်ပေမယ့် မင်းမှာ ပြင်းပြတဲ့ ဆန္ဒ မရှိဘူး။ ဒီလိုမှမဟုတ်ဘဲ ကြိုးစားဖို့ သတ္တိ တစ်ခုမှ မရှိရင်တော့ အောင်မြင်မှုတစ်ခုတောင် ရမှာမဟုတ်ဘူး"

ဆွန်းမိုက ချန်ယင်ကို ကြည့်ရင်း အရမ်းစိတ်ပျက်နေသည်။

ရွှေရောင် အလင်းတန်းတစ်ခု ဖြန့်ကျက်လာပြီး ချန်ယင်ဆီ နောက်တစ်ကြိမ် ကျဆင်းသွားသည်။ ဒါကြောင့် ပျော့ညံ့ပြီး ပိန်လှီတဲ့မျက်နှာ ပိုပြီး ပိန်လှီသွားသည်။ ချန်ယင် မျက်ခုံး

တင်းတင်းကြုတ်ထားသည်။ အဲဒီနောက် စိတ်လျှော့ကာ အရိုသေ ပေးလိုက်သည်။ မြေပြင်ပေါ်ရှိ ညစ်ပတ်နေတဲ့ အဝတ်အစားကို ကောက်ကိုင်ကာ လှည့်ထွက်သွားသည်

ဒီအဝတ်အစားအများက ပြိုင်ပွဲဝင် ကိုယ်စားလှယ်များရဲ့ အဝတ်အစားများ ဖြစ်သည်။ ထောက်ပံ့ရေးအဖွဲ့တွင် ပါဝင်တဲ့လူများက သူတို့ရဲ့ အဝတ်အစားများကို လျှော်ဖွတ်ပေးရသည်။

“ဒီကောင်က သူ့အပေါ်မှာ ကြင်နာတဲ့ ရည်ရွယ်ချက်ထားနေတယ်ဆိုတာ တကယ် မသိတတ်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ အရမ်းစိတ်ဆိုးသွားသည်။

“ဟင်း၊ သူ့မှာလဲ သူ့အခက်ခဲနဲ့ သူရှိလိမ့်မယ်”

ဆွန်းမိုက ချန်ယင် အတွက် ဆင်ခြင်ပေးလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမိုကို တစ်ခါမှ ကျေးဇူးမတင်ခဲ့တဲ့ ချန်ယင်ဆီက လေးစားအထင်ကြီးမှုအမှတ် ထွက်လာသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်ယင်၏ လေးစားအထင်ကြီးမှု +၁၀။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်ပြီ။ မူလ(၁၀/၁၀၀)

ဆွန်းမိုက အရမ်းနူးညံ့ သိမ်မွေ့ပြီး ဆရာတစ်ယောက် ပုံစံနဲ့ လိုက်ဖက်တယ်လို့ ချန်ယင် ခံစားမိသည်။ သန်မာတယ်၊ ဖြောင့်မတ်ပြီး အရေးကြီးဆုံးအချက်ကတော့ ကျောင်းသားတွေကို နူးညံ့ သိမ်မွေ့စွာ ဆက်ဆံသည်။

ဆွန်းမိုပေါ်ကို သူ့ရဲ့ အပြုအမူက အေးစက်နေသော်လည်း ဆွန်းမိုက စိတ်မဆိုးဘဲ သူ့အတွက်တောင် စိတ်ပူနေသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ၊ သွားရအောင်"

လုချီဟွာ ဆွန်းမို လက်မောင်းကို ဖက်ပြီး ပြောလိုက်သည်။

ဆွန်းမိုက လုချီဟွာကို ခဏစောင့်ရန် အမူအရာပြလိုက်သည်။

"ကျောင်းသား၊ စကားမစပ် မင်းရဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို ကျင့်ကြံတာ ရပ်ထားသင့်တယ်"

ဒီသတိပေးစကားကို ကြားလိုက်လျှင် ချန်ယင်ပြုံးလိုက်မိသည်။ (ဘာလို့ လေ့ကျင့်တာ ရပ်ရမှာလဲ။)

(ငါ့ရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်က သူတော်စင် အဆင့်ပဲ။ ဒါပေမယ့် မရေမတွက်နိုင်တဲ့ လူတွေ အိပ်မက် မက်ရတဲ့ သူတော်စင်အဆင့် ကျင့်စဉ်ပဲ)

"မင်းရဲ့ စွမ်းအင် လမ်းကြောင်းတွေ ထိခိုက်နေပြီ။ ထပ်လေ့ကျင့်ရင် မသန်မစွမ်း ဖြစ်လာလိမ့်မယ်။ တခြား ကျင့်ကြံခြင်း ကျင့်စဉ်ကို ပြောင်းလိုက်ပါ"

ဆွန်းမိုသည် ခဏလောက် တွေဝေသွားသော်လည်း ထုတ်ပြောဖို့ ဆုံးဖြတ်လိုက်သည်။

အမှန်အတိုင်း ပြောရလျှင် နတ်ဘုရားမျက်စိ အာရုံနဲ့ ကြည့်ခဲ့မိသောကြောင့် အလားအလာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းမြင့်တဲ့ လူငယ်တစ်ယောက်က သူ့ကိုယ်သူ ဖျက်ဆီးနေတာကို မကြည့်ရက်ပါ။

"ဆရာရဲ့ ပူပန်မှုအတွက် ကျေးဇူးတင်ပါတယယ်။ ဒါပေမယ့် အဆင်ပြေပါတယ်"

ချန်ယင်က ဆွန်းမိုကို ကျေးဇူးတင်စကား ပြောလိုက်သည်။ ဘယ်လိုပဲပြောပြော ဆွန်းမိုက သူ့အတွက် စိတ်ပူပေးနေသည်။ ဝမ်းနည်းစရာက ဆွန်းမိုရဲ့ အဆင့်က အရမ်းနိမ့်နေသည်။ သူ့မှာ မြတ်ဆရာ အရှိန်အဝါတချို့ ရှိပြီး အရမ်းနူးညံ့သော်လည်း မြတ်ဆရာ တစ်ယောက် မဟုတ်သေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရေးအကြီးဆုံးကတော့ ဆရာတစ်ယောက်မှာ ကျောင်းသားတွေကို လမ်းညွှန်ပေးနိုင်မယ့် အရည်အချင်း လိုသေးသည်။

အဲဒါ အမှန်ပဲ။ တကယ်လို့ ဆွန်းမိုသာ တကယ် ကြီးမြတ်ခဲ့လျှင် သူတော်စင်အဆင့် ကျင့်စဉ်ကို စွန့်လွှတ်ဖို့ ပြောမှာမဟုတ်ပါ။

ချန်ယင် လမ်းကြားက ထွက်ခွာသွားခါနီးတွင် ဆွန်းမိုက လှမ်းပြောလိုက်သည်။

"သူတော်စင်အဆင့် ကျင့်စဉ်က ကောင်းမွန်ပေမယ့်လည်း လူတိုင်း ကျင့်ကြံဖို့ သင့်တော်တာ မဟုတ်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စကားပြောပြီးနောက် ကူရှုပ်ရှင်း အံ့အောသွားသည်။

"သူတောင်စင်အဆင့် ကျင့်စဉ်လား၊ ဘယ်သူလဲ။ သူလား"

ကူရှုပ်ရှင်း စိတ်ထဲတွင် ဒီအတွေးက ဖျတ်ကနဲ ပေါ်လာပြီး ဆွန်းမိုကို အံ့အောသင့်စွာ ကြည့်နေသည်။ (ဒါကို မင်းဘယ်လိုသိတာလဲ. မင်းက ရှေ့ဖြစ်ဟော ကျွမ်းကျင်သူလား။)

(မင်း ဒူးခေါင်းကို မြှားမှန်ပြီး ဝိညာဉ်တက်တူး ဆရာ ဖြစ်လာတာလား)

လီဇီချီ နှင့် အခြားနှစ်ယောက်သည် ချန်ယင်ကို လေ့လာနေသလို ကြည့်နေကြသည်။ သို့သော်လည်း သူတို့ မျက်လုံးထဲတွင် အားကျတဲ့ အကြည့်များ မရှိပါ။

ကူရှုပ်ရှင်းက အရမ်းစေ့စပ် သေချာသည်။ ဒီအချက်ကိုလည်း သတိထားလိုက်မိပြီး မထိန်းနိုင်ဘဲ တုန်လှုပ်ခြောက်ခြားနေသည်။ ဆွန်းမိုက သူ့ရဲ့ တပည့်တွေကို ဘယ်လို သင်ပေးထားတာလဲ။ အားလုံးက ဒီလောက်တောင် စိတ်ဓါတ် ခိုင်မာနေပြီလား။

ကူရှုပ်ရှင်းကတော့ သူတော်စင်အဆင့် ကျင့်စဉ် ဆိုပြီး ကြားလိုက်ကတည်းက အနည်းငယ်

တုန်လှုပ်နေသည်။ ဒီကိစ္စက သူမရဲ့ နှလုံးသား အောက်ခြေအထိတောင် ရောက်နေပြီ။

လမ်းကြား အဝကို ရောက်နေတဲ့ ချန်ယင် ခန္ဓာကိုယ် တောင့်တင်းသွားသည်။

လှည့်မကြည့်ဘဲ ထွက်သွားသင့်တယ်လို့ သဘောတရားက ပြောနေသည် ဒီလိုမှမဟုတ် သူတောင်စင်အဆင့် ကျင့်စဉ်ကို ပိုင်ဆိုင်တယ်ဆိုတဲ့ လျှို့ဝှက်ချက်သာ ပေါက်ကြားသွားလျှင် ပြဿနာတွေကို သေချာပေါက် သယ်ဆောင် လာလိမ့်မည်။ ဒါပေမယ့် စိတ်ဓါတ် ပျော့ညံ့တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်အနေနဲ့ အပြုအမူကို မထိန်းချုပ်နိုင်ခဲ့ပါ။

"မင်းဘယ်လိုသိတာလဲ"

ချန်ယင်က လှည့်ကြည့်ပြီး မသေမချာ မေးလိုက်သည်။

အခန်း (၃၄၅) သူတော်စင်အဆင့် ကျင့်စဉ်၊ ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီး။

“မင်းက တကယ်ပဲ သူတော်စင်အဆင့် ကျင့်စဉ်ကို သိနေတာလား။”

ကူရှုပ်ရှင်းက ချန်ယင်ကို အရမ်းအံ့အောသင့်စွာ စိုက်ကြည့်နေသည်။ ဆွန်းမို မှန်နေမယ်လို့ မထင်ထားခဲ့ပါ။ ဒါပေမယ့် နောက်ပိုင်းမှာတော့ သူမဘဲ စဉ်းစားမရ ဖြစ်လာသည်။ ဒါကို ဆွန်းမို ဘယ်လိုသိတာလဲ။

အခြေအနေအရတော့ ဆွန်းမိုက ဒီလူငယ်ကို ကြိုမသိထားခဲ့ပါ။ ရှေ့ဟောင်း နဂါးဖမ်းယူတဲ့ လက်ကြောင့် ဖြစ်နေမလား။ (ဆွန်းမိုက ငါတို့ မရောက်ခင် ဒီလူငယ်ကို ကိုင်ကြည့်ထားတာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်မယ်) ကူရှပ်ရှင်း ဒီဖြစ်နိုင်ခြေကိုပဲ တွေးလိုက်မိသည်။ သူမရဲ့ သုံးသပ်နိုင်စွမ်းသည် အရမ်းကောင်းမွန်သော်လည်း နတ်ဘုရား မျက်စိအာရုံ ရှိနေမယ်လို့ မထင်ထားခဲ့မိပါ။

"မင်း အရမ်း အံ့အောနေစရာ လိုလို့လား"

လုချီဟွာက မျက်စိကို ပေကလတ် ပေကလတ် လုပ်လိုက်ပြီး

"ဆရာက သိတယ်လို့ပြောရင် သိလို့ပဲ"

"ငါတို့ဆရာ ရှေ့ဟောင်းနဂါး ဖမ်းယူခြင်း လက်ကို ပိုင်ဆိုင်ထားတယ်။ လူတစ်ယောက်ကို ထိလိုက်မိတာနဲ့ အဲဒီလူရဲ့ အခြေအနေကို သိနိုင်တယ်"

လီဇီချီ ရှင်းပြလိုက်သည်။

ချန်ယင် မျက်မှောင် ကြုတ်နေမိသည်။ သူ့ကို မထိခဲ့ဘူးဆိုတာ ပြောလိုက်ချင်သည်။ ဒါပေမယ့် ဒါက အဓိက အချက်မဟုတ်ပါ။ သူတော်စင်အဆင့် ကျင့်စဉ် လက်ထဲမှာရှိနေတယ် ဆိုတဲ့ အချက်ကို ဘယ်လို ဖုံးကွယ်ရမလဲဆိုတာက ပြဿနာ ဖြစ်နေသည်။

ဒီကျင့်စဉ်ကို ပြိုကျ ပျက်ဆီးနေတဲ့ ရှေ့ဟောင်း ဘုရားကျောင်းအပျက်တစ်ခုထဲက ချန်ယင် တွေ့ခဲ့သည်။ အဲဒီအချိန်တုန်းက မိုးသည်းထန်စွာ ရွာသွန်းနေပြီး ကောင်းကင်က ညလို မှောင်မဲနေသည်။ ပြိုကျနေတဲ့ ဘုရားကျောင်းထဲသို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုးကြိုးပစ်ချလိုက်ပြီး ပလ္လင်ပေါ်က ဗုဒ္ဓ ရုပ်ပွားတော်တစ်ဆူကို ထိမှန်ခဲ့သည်။

အဲဒီနောက် ဗုဒ္ဓ ရုပ်ပွားတော် ပြိုကျပျက်ဆီးသွားပြီး ဇစ်မြစ်ကို မသိရတဲ့ သက်ရှိပုံစံ အရိုးတစ်ခု ပေါ်လာသည်။ အရိုးများအပေါ်တွင် စာလုံးများကို ရေးထိုးထားသည်။ အဲဒီစာလုံးတွေက ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီး ကျင့်စဉ် ဖြစ်နေသည်။

ဒါဆိုရင် အနိုင်ကျင့်ခံရပြီး အရှက်ခွဲခံနေရတဲ့ ချန်ယင် ဘာဖြစ်လာမလဲ။

ခမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီး ကျင့်စဉ်ကို ကျင့်ကြံနေသ၍ လက်စာချေနိုင် လာလိမ့်မည်။ ပြီးတော့ အရင်ကမတွေးခဲ့ဖူးတဲ့ အမြင့်အထိ ရပ်တည်နိုင်လိမ့်မည်။

သူ့မှာ အရည်အချင်း မရှိပေမယ့် သူတော်စင်အဆင့် ကျင့်စဉ် ရှိနေသည်။

ဒါက ချန်ယင် ဝှက်ဖဲဖြစ်သော်လည်း အခုတော့ ဖော်ထုတ်ခံနေရပြီ။

တခဏလေးအတွင်းမှာပဲ ချန်ယင် ကြောက်ရွံ့မှုကို ခံစားလာရသည်။ တကယ်လို့ ဒီဆရာသာ လိုချင်စိတ်ဖြစ်လာပါက...... ချန်ယင်ရဲ့ အတွေးကို

အပြစ်တင်လို့ မရပါ။ စည်းစိမ် ဥစ္စာဆိုတာက လူတွေရဲ့ စိတ်လောဘကို နှိုးဆော် ပေးနိုင်သည်။ ပြီးတော့ မရေမတွက်နိုင်တဲ့ ကျင့်ကြံသူများရဲ့ အိပ်မက် ဖြစ်သည်။ အဖိုးတန် ရတနာ တစ်ပါးပါ။

"အို၊ မင်းအမူအရာက ဘာဖြစ်နေတာလဲ။ ငါ့ဆရာကို သူခိုးလို့ ထင်နေတာလား"

လီဇီချီ မျက်မှောင်ကြုတ်သွားသည်။

"မင်းရဲ့ ညစ်ညမ်းတဲ့ အတွေးကို ပြန်သိမ်းလိုက်စမ်း။ ငါတို့ ဆရာက သူတော်စင် အဆင့် ကျင့်စဉ် လေးမျိုးတောင် သိတယ်"

"ဘာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းက နားကြားမှားတာလားတောင် တွေးနေမိသည်။ ဒါကြောင့် လီဇီချီကို အမှတ်တမဲ့ လှည့်ကြည့်လိုက်သည်။ (ဆွန်းမို သိတယ်လို့ ပြောခဲ့တဲ့ သူတော်စင်အဆင့် ကျင့်စဉ်က လေးမျိုးတောင်လား။) ဒါပေမယ့် ကူရှုပ်ရှင်းတစ်ယောက် ဒီသက်ရောက်မှုကို ခံနိုင်ရည် မရှိသေးခင် ပိုပြီးတုန်လှုပ်ခြောက်ခြားစရာ ကောင်းတဲ့ အရာ ပေါ်လာသည်။

"ဟုတ်တယ်။ ငါတို့နှစ်ယောက်ကိုတောင် သင်ပေးခဲ့သေးတယ်"

လုချီဟွာက ခေါင်းညိတ်ပြီး သက်သေထူလိုက်သည်။

"ခဏ နေပါအုံး"

ကူရှုပ်ရှင်းက လက်မြှောက်လိုက်သည်။

"ခဏရပ်လိုက်အုံး။ ရှင်းရှင်းလင်းလင်း ပြောရအောင်။ သူတော်စင်အဆင့် ကျင့်စဉ် လေးမျိုးကို မင်းသိလား"

"ငါး ခြောက်ခုလောက် သိမယ်ထင်တယ်"

သဏ္ဌာန်မဲ့ မြင့်မြတ် စက်ကြာဝဠာ၊ ရှေ့ဟောင်း လောကနတ် အပြင် လေဘုရင် နတ်ဘုရား ခြေလှမ်းကိုလည်း သိသေးသည်။ ဒါက လှုပ်ရှားမှု ကျင့်စဉ် ဖြစ်သည်။ လေဘုရင် နတ်ဘုရား ကျင့်စဉ်ကတော့ လေးပစ်တဲ့ အမျိုးအစား ဖြစ်သည်။

သူက ရှန်ယွန်ပေါင်ရဲ့ လေးပြင်းမီးတောက် လှံကျင့်စဉ်ကို သိသော်လည်း ကျွမ်းကျင်မှု အခြေခံ အဆင့်သာ ရှိသေးသည်။ အမည်မဲ့ ကိုးခု နိမ့်ကျသူတော်စင်အဆင့် ကျင့်စဉ်ကိုလည်း ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို အသုံးပြုပြီး ကူးယူခဲ့သေးသည်။

ထုံးစံအတိုင်း ဆွန်းမိုသည် ကျင့်စဉ်နဲ့ ပက်သက်ပြီး အနည်းအကျဉ်း သိသော်လည်း လေ့ကျင့်ဖို့ အချိန်မရှိသေးပါ။

“ကြွားပါ။ ဆက်ကြွားပါ”

ကူရှုပ်ရှင်းက မျက်လုံးပြူးပြီး အော်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းသာ သူတော်စင်အဆင့် ကျင့်စဉ် ခြောက်ခုကို တကယ်သိခဲ့ရင် မင်းနဲ့ သုံးရက်....ဆယ်ရက် အတူတူ အိပ်လိုက်မယ်"

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။ ကူရှုပ်ရှင်းရဲ့ ရင်ဘက်ကို အလိုလို ကြည့်လိုက်မိသည်။ (မေ့လိုက်ပါ။ မင်းပုံစံက ငါ့အကြိုက်မဟုတ်တော့ ပါးစပ် ပိတ်နေလိုက်မယ်)

"ငါတို့က ဆရာတွေပါ။ ရိုးသားမှုက အကောင်းဆုံး မူဝါဒပဲ။ ဒီလိုမဟုတ်ရင် ကျောင်းသားတွေရဲ့ စံပြ ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ"

ကူရှုပ်ရှင်း ပြောလိုက်သည်။

ကူရှပ်ရှင်း ဆွန်းမို ပုခုံးကို ပုတ်လိုက်ပြီး အနားကပ်လာသည်။ အဲဒီနောက် ဆွန်းမိုကို အတင်းကျပ် ဆွဲခေါ်သွားပြီး "သူတော်စင်အဆင့် ကျင့်စဉ် ခြောက်မျိုးကို တကယ်သိတာလား"

ကူရှပ်ရှင်း အသံလျှော့ပြီး မေးလိုက်သည်။ အခုချိန်မှာတော့ သူမရဲ့ သိချင်စိတ်သည် ဇယားကွက်ရဲ့ အပြင်ဘက်သို့ ရောက်နေပြီ။ ရင်ဘက်ထဲ ကြောင်အကောင် တစ်ထောင် ကုတ်နေသလိုပါပဲ။ စိတ်ထဲ ယားကျိကျိ ဖြစ်ပြီး နေရခက်နေသည်။

နာမည်တွေ မေးလိုက်ချင်ပေမယ့် ဒီလို လုပ်ရမှာ သူမ ရှက်နေသေးသည်။

“အင်း”

ဆွန်းမို ခေါင်းညိတ်ပြီး ဖြေလိုက်သည်။

ဘုန်း

နာကျင်မှု တပ်မက်သူလေးသည် လက်မြှောက်ပြီး ဆွန်းမို ရင်ဘက်ကို ရိုက်လိုက်သည်။ ဆွန်းမိုက မစဉ်းစားဘဲ မပြောတတ်တဲ့လူဆိုတာ သူမ သိနေသည်။ ဒါကြောင့် မျက်နှာ အနည်းငယ် နီလာသည်။

(ငါ ဘာလုပ်ရမှာလဲ)

(သူနဲ့အတူတူ ဆယ်ရက်လောက် တကယ် အိပ်ရမှာလား။) (အား အရမ်းရှက်ဖို့ ကောင်းတာပဲ။ ထူးထူးဆန်းဆန်း ပုံစံတွေ လုပ်ခိုင်းရင် ငါက မငြင်းသင့်ဘူးလား။ မငြင်းရမှာလား။)

"မဟုတ်သေးဘူး။ ကူရှုပ်ရှင်း ဒီအတွေးတွေကို မြန်မြန် မောင်းထုတ်စမ်း။ ဒါက မင်းရဲ့ အနာဂတ် ခင်းပွန်းလောင်းအပေါ်ကို သစ္စာဖောက်နေသလို ဖြစ်နေပြီ။ ဆွန်းမိုက သူတော်စင်အဆင့် ကျင့်စဉ် တစ်ရာလောက် သိရင်တောင် သူနဲ့ မအိပ်နိုင်ဘူး"

ကူရှုပ်ရှင်းသည် ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အ"

(သူ တကယ်သိတဲ့ ပုံပဲ"

ချန်ယင် မျက်မှောင်ကြုတ်နေသည်။ ဆွန်းမိုက နွေးထွေးပြီး စိတ်ကောင်းရှိတယ့် ဆရာ တစ်ယောက်ဖြစ်ပေမယ့် ယုတ္တိဗေဒ သဘောတရား အရကတော့ မဖြစ်နိုင်ဘူး ပြောနေသည်။

သူတော်စင်အဆင့် ကျင့်စဉ်ကို အခြားသူများအား သင်ပေးရတဲ့ အထိ ဘယ်သူက မိုက်မဲနေမှာလဲ။ တိုက်ရိုက် တပည့်တွေတောင် သင်ယူဖို့အတွက် အရည်အချင်း မပြည့်ခင် သစ္စာရှိကြောင်း ဆယ်နှစ်လောက် သက်သေပြဖို့ လိုသည်။

ဒီလိုမှမဟုတ်ရင်လည်း ဒီထက်တောင် ပိုများနိုင်သေးသည်။

ကူရှပ်ရှင်းက လီဇီချီ လက်မောင်းကို တို့လိုက်ပြီး

"မင်းတို့သုံးယောက်က သူသိတဲ့ သူတော်စင်အဆင့် ကျင့်စဉ်အကြောင်းကို မသိချင်ဘူးလား"

"ဘာကြောင့် သိချင်ရမှာလဲ"

လုချီဟွာ နားမလည်နိုင် ဖြစ်သွားသည်။

"ဟီးဟီး ဒါကို သိစရာ မလိုပါဘူး"

လီဇီချီက ပြုံးပြီး ချန်ယင်ကို ကျေနပ်စွာ စိုက်ကြည့်နေသည်။ (ငါတို့ ဆရာက ဘယ်လောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြင့်မြတ်တယ်ဆိုတာ မင်းမသိနိုင်သေးပါဘူးကွာ။ သူတော်စင်အဆင့် ကျင့်စဉ်ကို သင်ပေးရုံသာမက ငွေကလေးရဲ့ လျှို့ဝှက်ချက်ကိုတောင် ပြောပြခွင့်ပေးပြီး လေဘုရင် ခန်းမမှာ ကျင့်ကြံခွင့်ပေးသေးတယ်။ အဲဒါက ဝိညာဉ်ချီ ပေါက်ကွယ်ဝတဲ့နေရာလေ။)

(အရင်ကတည်းက ဆရာ သီးသန့်ပိုင်တဲ့ ပစ္စည်းတွေပဲ။)

ကူရှုပ်ရှင်းသည် သူ့ရဲ့ တပည့်တွေက သူ့ကို ဘာလို့ ဒီလောက် လေးစားချစ်ခင်လဲဆိုတာ ရုတ်တရက် သဘောပေါက်သွားသည်။

"မယုံဘူး"

ချန်ယင်ကတော့ ခေါင်းခါနေတုန်းပါ။ ဆွန်းမို နေရာမှာ သူသာဆိုပါက နောင်တစ်ချိန်တွင် ကလေးတွေရလာပါကလဲ သားတစ်ယောက် သမီးတစ်ယောက် ဆီသာ လက်ဆင့် ကမ်းပေးလိမ့်မည်။ တပည့်တွေ အတွက်လား ထည့်တောင် မစဉ်းစားဘူး။

"ယုံယုံ၊ မယုံယုံ အဆင်ပြေတယ်"

ဆွန်းမိုက ပိန်ပိန်ပါးပါး လူငယ်လေးကို ကြည့်ပြီး ပြောလိုက်သည်။

"သိပ်မကြာခင်က ကျင့်ကြံခြင်း ကျင့်စဉ်ကနေ စွမ်းအင် ဖြန့်ဝေတဲ့အခါ မင်းရဲ့ ညာဘက် ရင်အုံနဲ့ ဒန်တယ် နာကျင်မှုကို သတိထားမိလား။ ပြီးတော့ လေ့ကျင့်တဲ့ အချိန်ကြာလာလေလေ၊ အဆင်မပြေလေဖြစ်နေတာ သတိမထားမိဘူးလား။ တခါတလေဆိုရင် မင်းချောင်းဆိုရင် သွေးတွေတောင် ပါလာနိုင်သေးတယ်"

ချန်ယင်၏ အမူအရာ ပြောင်းသွားသည်။ တကယ်တော့ အဲဒီလို အခြေအနေက လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက စဖြစ်နေခဲ့သည်။

“မင်းဆက်ပြီး လေ့ကျင့်နေရင် မင်းရဲ့ ခြေတွေ လက်တွေက ဖောယောင်ပြီး နာကျင်လာလိမ့်မယ်”

ဆွန်းမို စည်ရုံးလိုက်ပြီးနောက် လမ်းကြားကနေ ထွက်ဖို့အတွက် တပည့်တွေကို လက်ပြလိုက်သည်။

“သွားကြစို့ ”

“ဒါဆို ငါက ဘာလုပ်ရမှာလဲ”

ချန်ယင က မျက်မှောင် ကြုတ်ပြီး မေးလိုက်သည်။

“ကျင့်စဥ်ကို စွန့်လွှတ်လိုက် ဒီလိုမှ မဟုတ်ရင်လည်း တိုးတက်လာအောင် လုပ်”

ဆွန်းမို ဖြေပေးလိုက်သည်။ ချန်ယင်သည် ဒီစကားကို ကြားလိုက်လျှင် ရယ်ချင်စိတ်

ပေါက်လာသည်။ ကူရှုပ်ရှင်းတောင် ဆွန်းမိုကို စိုက်ကြည့်နေသည်။ ဆွန်းမို "မင်းက တကယ် ယုံကြည်လို့ ရလား၊ မရဘူးလား။' မေးလိုက်ချင်သည်။ သူတော်စင်အဆင့် ကျင့်စဉ်ကို ဘယ်သူက စွန့်လွှတ်မှာလဲ။

တိုးတက်အောင် လုပ်ဖို့ ဆိုတာလား။ ဒီအကြောင်းက ပြောစရာကို မလိုတော့ဘူး။ ဘယ်သူ လုပ်နိုင်မှာလဲ။ သာမန်သူတော်စင်တွေမှာ လုပ်နိုင်စွမ်း ရှိချင် ရှိလိမ့်မည်။ ဒီလိုမျိုး လူငယ်တစ်ယောက်ကတော့ လုပ်ဖို့ မဖြစ်နိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း ကိုယ်တိုင်တောင် သာမန်သူတော်စင် တစ်ပါးနဲ့ ရင်းနီးဖို့ အခွင့်အရေး မရှိပါ။

"နှုတ်ဆက်ပါတယ်"

ချန်ယင်က ခေါင်းယမ်းရင်း နှုတ်ဆက်သွားသည်။ ဆွန်းမိုကို ယုံကြည်ဖို့အတွက်ဆိုလျှင် သူရှုံးနေမှပဲ ရလိမ့်မည်။

ချန်ယင်သည် လမ်ကြားကနေ မီတာ အနည်းငယ်ကွာတဲ့အထိ လမ်းလျှောက် ထွက်လာသည်။ တစ်ယောက်ယောက်က လှမ်းပြောလိုက်တဲ့ အသံကို ကြားလိုက်ရသည်။

"အိုး၊ မင်းလေ့ကျင့်နေတဲ့ ကျင့်စဉ်အမှန်က ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးပဲ"

ဒီအသံက ဆွန်းမို အသံပါ။

ချန်ယင်သည် ဒီစကားကို ကြားလိုက်လျှင် နှလုံးသားတစ်ခုလုံး တုန်ယင်သွားသည်။ ထိတ်လန့်တကြားမျက်နှာနဲ့ ပတ်ဝန်းကျင် လိုက်ကြည့်လိုက်မိသည်။ အခြားသူတွေ ကြားသွားရင် ဘယ်လိုလုပ်ရမလဲ။ (ငါ့ရဲ့ ကျင့်ကြံခြင်း ကျင့်စဉ် နာမည်ကို သူ ဘယ်လိုသိတာလဲ။)

ချန်ယင်တစ်ယောက် အရမ်းအံ့အော သင့်နေသည်။ ဒီအကြောင်းပြောရလျှင် ဆွန်းမိုဆီက

လမ်းညွှန်မှုကို တောင်းခံသင့်လား။ သူက အခုလက်ရှိတွင် ကျင့်ကြံခြင်း ထစ်ဆို့နေသည်။ ကျင့်ကြံနေတုန်း ခန္ဓာကိုယ်က အားနည်းလာသည်။

ဆွန်းမိုသာ ဒီကြောင်းကို မပြောခဲ့လျှင် သူ့ရဲ့ အရည်အချင်းက နိမ့်ပါးလို့ ဒီကျင့်စဉ်ကို ကျင့်ကြံဖို့အတွက် အရည်အချင်းမမှီဘူးလို့ ထင်နေခဲ့မိသည်။ ဓမ္မကောင်းကင်လက်သီး ကျင့်စဉ်မှာ ပြဿနာ ရှိနေမယ်လို့ လုံးဝမတွေးမိပါ။

“မဟုတ်သေးဘူး။ သူက ဆရာအသစ်တစ်ယောက်ပဲ။ ဘယ်လိုလုပ်

သူတော်စင်အဆင့် ကျင့်စဉ်ကို တိုးတက်အောင် လုပ်နိုင်မှာလဲ"

ချန်ယင် ကို့ကိုယ်ကို လှောင်ပြောင်ပြီး ပြုံးလိုက်မိသည်။ သူ အတွေးလွန်နေပြီ။

မေပယ်တစ်ထောင်ကို ပြန်ရောက်ပြီးနောက် ဆွန်းမိုက အင်ဘိုင်ဂူနှင့် ရှန်ယွန်ပေါင်တို့ကို အဝင်ဝ ကင်းစောင့်ခိုင်းလိုက်သည်။ သူက ဂေါင်ပန်ဆီက ရခဲ့တဲ့ အနီရောင်သွေးဆေးပြားကို အသုံးပြုပြီး သွေးလောင်ကျွမ်းခြင်း အဆင့် (၇)ကို တက်ရောက်ရန် ကြိုးစားချင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ ဆေးသုံးပြီး အဆင့်တက်တာက အနာဂတ်အတွက် မကောင်းဘူးနော်"

လီဇီချီ စည်းရုံးလိုက်သည်။ သူမ ဆရာရဲ့ လက်ရှိကျင့်ကြံခြင်း အဆင့်က ပြိုင်ဘက်တွေထက် လုံးဝကို သာလွန်နေပြီ။ စွန့်စားဖို့ မလိုတော့ပါ။

"နောက်ပြိုင်ပွဲတွေက လွယ်မှာ မဟုတ်တော့ဘူး။ နည်းနည်း ပိုအားကောင်းရင် နည်းနည်းပိုပြီး မျှော်လင့်ချက် ရှိလာမယ်"

ဆွန်းမိုက ဒီကမ္ဘာမှာရှိတဲ့ သူရဲကောင်းများကို မခန့်လေးစား မလုပ်ရဲပါ။

ချန်ပီယံ ဆုလိုချင်ရင်တောင် တစ်ခုခုတော့ ပေးဆပ် ရလိမ့်မည်။

နာမည်အတိုင်းပါ အနီရောင် သွေးဆေးပြားသည် လက်ဆတ်နဲ့ သွေးနဲ့ ဖွဲ့စည်းထားသလို လုံးဝကို အနီရောင် ဖြစ်နေသည်။ အရမ်းကို အစွမ်းထက်တဲ့ ဆေးဖက်ဝင် ပစ္စည်းများကို အသုံးပြုကာ သွေးများကို လောင်ကျွမ်းစေပြီး ခန္ဓာကိုယ်ထဲက အညစ်အကြေးများကို ညှစ်ထုတ်ကာ သန့်စင်တဲ့ သွေးအနှစ်သာရနဲ့ စွမ်းအင်ကို ချန်ထားခဲ့လိမ့်မည်။ သာမန်လူတစ်ယောက်တော့ သူတို့ရဲ့

သွေးတစ်စက်သည် စွမ်းအင်အစိတ်အပိုင်း တစ်ခုနဲ့ ညီမျှသည်။

ဆွန်းမိုက အနီရောင်သွေးဆေးပြားကို ပါးစပ်ထဲ မထည့်ခင် ခဏလောက် လေ့လာလိုက်သေးသည်။ ဆေးပြားသည် ပါးစပ်ထဲသို့ ရောက်တာနဲ့ တပြိုင်နက် အရည်ပျော်သွားပြီး ဗိုက်ထဲမှာ ပူနွေးတဲ့ စီးကြောင်းတစ်ခု ပေါ်လာသည်။ ပါးစပ်ထဲမှာ သွေးအရသာ တစ်ခုပဲ ကျန်ခဲ့သည်။

ဆွန်းမိုက အာရုံစိုက်ပြီး ဝိညာဉ်ချီနှင့် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။ စက္ကန့်ပေါင်း

ဆယ်နဲ့ချီပြီး ကြားတဲ့ အချိန်တွင် သွေးများ ဆူပွက်လာသည်။

ဘုန်း

ဆွန်းမို ခန္ဓာကိုယ်မှ ပြင်းထန်တဲ့ အပူများ ပေါက်ကွဲထွက်လာပြီး ဆရာ၀တ်စုံက မီးလောင် ပြာကျသွားသည်။

ဘုန်း ဘုန်း

ဆွန်းမိုရဲ့ နှလုံးခုန်သံ မြန်လာသည်။ နှလုံးကနေ စပြီး အရေပြားပေါ်အထိ အနီရောင် သွေးပြန်ကြော ပုံစံများ ပေါ်လာကာ ခြေတွေလက်တွေ အထိ ပျံ့နှံ့သွားသည်။

ခဏလေးအတွင်းမှာ သွေးကြောများ ခန္ဓာကိုယ် အနှံ့ပေါ်လာသည်။

ရုတ်တရက်ကြည့်လိုက်လျှင် ပြုတ်ကျပြီး အက်ကွဲကြောင်းတွေ ပြည့်နေတဲ့ ပန်းအိုး တစ်လုံးနဲ့ တူနေသည်။

ရှူ ရှူ ရှူ

ဒီအနီရောင် ပုံစံများက တစ်စတစ်စ တောက်ပလာပြီး အခန်းတစ်လုံး လင်းထိန်လာသည်။ အခန်း တစ်ခုထဲတွင် မီးအနီရောင် ထွန်းထားသလို ဖြစ်နေသည်။

ဆွန်းမို တကိုယ်လုံးသည် ပူပြီး အနီရောင်ဖြစ်နေတဲ့ သတ္တုထဲတွင် အဖိခံထား ရသလိုဖြစ်နေသည်။ အပူချိန်ရှိတဲ့ သတ္တုအပိုင်းအစများကို မြိုချလိုက်သလို ဖြစ်နေသည်။

ကလူး

ဆွန်းမို တစ်ယောက် လောင်းကျွမ်ပြာကျတော့မယ်လို့ ခံစားနေရသည်။

ရှူး ရှူး

အရေပြားပေါ်တွင် ချွေးတွေ စိမ့်ထွက်လာပြီး ချက်ခြင်း အငွေ့ပျံသွားပြီး ခဏကြာတော့ ဆွန်းမို

ပတ်ဝန်းကျင် တစ်ခုလုံး အဖြူရောင် အခိုးအငွေ့များနဲ့ ဖုံးလွှမ်းသွားသည်။

အကြွမ်းဖျင်း ငါးမိနစ်လောက် ကြာပြီးနောက် ဆွန်းမိုရဲ့ အပူချိန်လည်း စတင်ပြီး ကျဆင်းလာသည်။ အနီရောင်တောက်နေတဲ့ ပုံစံတွေလည်း တဖြည်းဖြည်း မှိန်သွားသည်။ ဒီဆေးပြားက ဂေါင်ပန်တစ်ယောက် ခက်ခဲကြမ်းတမ်းစွာ အားထုတ်ပြီးမှ ရလာခဲ့တဲ့ အရာ ဖြစ်သည်။ ထစ်ဆို့နေတဲ့ အချိန်ကြုံလာခဲ့ရင် သောက်သုံးဖို့ ပြန်ဆင်ထားခဲ့သည်။ ဆွန်းမို အရည်အချင်းက သူ့ဘာသာသူလည်း မဆိုးပါ။ ဒီအခိုက်အတန့်အတွင်

ဆေးပြားအကူအညီကို ယူခဲ့သဖြင့် အောင်မြင်စွာ အဆင့်တက်သွားခဲ့သည်။

“ဘိုင်ဝူ၊ ငါရေချိုးဖို့ ကူညီပါအုံး"

ဆွန်းမိုသည် မှုန်မှုန်ဝါးဝါးဖြစ်နေတဲ့ လေထုထဲက လေကို ရှူရှိုက်ပြီး အသံတိုးတိုးလေးနဲ့ ညွှန်ကြားလိုက်သည်။

“သွေးလောင်ကျွမ်းခြင်း အဆင့်(၇)ကို တက်ရောက်သွားတဲ့ အတွက် ဂုဏ်ပြုပါတယ် ဆရာ”

လီဇီချီက ကျောင်းသားတွေကို ဦးဆောင်ပြီး ဂုဏ်ပြုစကား ပြောလိုက်သည်။ ဒီလိုနဲ့ နှစ်ရက်က

လျှပ်တပြက် ကုန်ဆုံးသွားသည်။ ဒုတိယအချီ ဒီအဆင့် ကျောင်းပြိုင်ပွဲကြီး စတင်ပါပြီ။

အခန်း (၃၄၆) - မင်းရဲ့ ကံက အနှိုင်းမဲ့ပဲ။

နှင်းစက်ဖြူ အဆောက်အဦး အရှေ့တွင် ကျောင်းပေါင်း ၁၀၈ ကျောင်းမှ ကျောင်းသားအဖွဲ့တွေနှင့် ဆရာအဖွဲ့တွေ သပ်သပ်ရပ်ရပ် တန်းစီကာ မတ်တပ်ရပ်ပြီး စောင်းဆိုင်းနေကြသည်။ ချန်လီချီသည် ဆွန်းမိုကို မြင်လိုက်လျှင် ဒေါသမျက်လုံးများနဲ့ ကြည့်နေသည်။ အဲဒီနောက်မှာတော့ ဆွန်းမို အနောက်မှာရှိနေတဲ့

ကျောင်းသားများကို အကြည့်စူးစူးနဲ့ ကြည့်နေသည်။ သူက ဆွန်းမိုကို အနိုင်မယူနိုင်ပေမယ့် ဒီကျောင်းသားတွေကိုတော့ ထိန်းထားနိုင်သည်။ တကယ်လို့ သူတို့သာပြိုင်ပွဲအတွင်း ရလဒ်မကောင်းပါက ဆရာတစ်ယောက်အနေနဲ့ ဆွန်းမိုသည် ကျောင်းအုပ်ကြီးရဲ့ အပြစ်တင်ခြင်းကို ခံရပြီး အလုပ်တောင် အထုတ်ခံရနိုင်သည်။

“ဟွန့်၊ မင်းကိုယ်မင်း ဘယ်သူ ထင်နေတာလဲ။ ငါ့ရဲ့ အလုပ်ထဲမှာ ဝင်ရှုပ်ရဲတယ်ပေါ့။ ဒီလိုလုပ်ခဲ့တဲ့အတွက် မင်းပေးဆပ်ရမယ်” ချန်လီချီက

လက်စားချေမည့် အစီအစဉ်ကို တိတ်တိတ်လေး စဉ်းစားနေခဲ့သည်။

အဓိက ဒိုင်လူကြီး တန်ရီမင် စင်မြင့်ပေါ်မှာ ရပ်ပြီး ပတ်တတ်လည်ကို ကြည့်လိုက်သည်။ “ ဒီပြိုင်ပွဲမှာ ဆရာတွေရော ကျောင်းသားတွေရော အတူတူ ဝင်ပြိုင်ရမယ်။ စည်းကမ်းချက်တွေကို တစ်ကြိမ်ပဲ ပြောပြမယ်။ သေသေချာချာ နားထောင်ကြပါ”

“ဒီပြိုင်ပွဲကို လျှို့ဝှက် ဆန်းကြယ် အမှောင်မျိုးစိတ် အထူးအမဲလိုက်ပွဲလို့ နာမည်ပေးထားတယ်။ နောက်ပိုင်း စင်ပေါ်မှာ မဲနှိုက်ဖို့ ကိုယ်စားလှယ်တွေကို

ရွေးချယ်သွားမယ်။ မင်းတို့ မဲပေါက်တဲ့ မျိုးစိတ်က မင်းတို့ အမဲလိုက်ရမယ့် မျိုးစိတ်တွေပဲ"

"အဲဒီမျိုးစိတ်တွေကို ဖမ်းပြီး နောက်ဆုံးအမှတ်ကို ပြန်သွားနိုင်ခဲ့ရင် ၁၀ မှတ်ရလိမ့်မယ်။ မဲထဲက မျိုးစိတ်တွေကို ရှာမတွေ့ခဲ့ရင် အမှောင်မျိုးစိတ်တွေကို လိုက်ဖမ်းနေတဲ့ အခြားကျောင်းက အဖွဲ့တွေကို တိုက်ခိုက်နိုင်တယ်"

"ဒါပေမယ့် မင်းမဲဆွဲထားတဲ့ မတူတဲ့ မျိုးစိတ်ဆိုရင်တော့ မင်းတို့ ငါးမှတ်ပဲ ရလိမ့်မယ်။ ဒီသဘောတရားအရတော့ မင်းတို့က

တခြားကျောင်းကို တိုက်ခိုက်မယ်ဆိုလျှင် ၁၀မှတ်ရဖို့ အတွက် နှစ်ကျောင်း တိုက်ခိုက်ဖို့ လိုမယ်''

ဒီစကားကြောင့် ကျောင်းသားများသည် လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ ဒီအချိက ထိပ်တိုက် ရင်ဆိုင်မှုအပေါ် မူတည်သည်။ ဒါကြောင့် တိုက်ခိုက်ရေး အင်အားက အရမ်းအရေးကြီးသည်။

သို့သော်လည်း ဒါက စစ်မှန်တဲ့ ရည်ရွယ်ချက် ဖြစ်သည်။ ကျောင်းသားတစ်ယောက် သန်မာလား ၊ မသန်မာဘူးလားဆိုတာ တိုက်ခိုက်ကြည့်မှပဲ သိလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာတွေကလည်း သတိထားရမယ်။ မင်းတို့အချင်းချင်း လွတ်လပ်စွာ တိုက်ခိုက်နိုင်ပေမယ့် ကျောင်းသားတွေကိုတော့ တိုက်ခွင့် မပေးထားဘူး။ ဒါပေမယ့် ခြွင်းချက်တော့ရှိတယ်။ ကျောင်းသားက မင်းကို တိုက်ခိုက်လာရင်တော့ ပြန်တိုက်ခွင့် ရှိတယ်"

"ပြီးတော့ ဖမ်းမိထားတဲ့ အမှောင်မျိုးစိတ်ကို ကျောင်းသား လက်ထဲ အပ်ထားရလိမ့်မယ်။ ဒါကို ဆရာက သိမ်းထားရင် စည်းကမ်း ချိုးဖောက်တဲ့ အမှုနဲ့ အဲ့ဒီအဖွဲ့ကို ဖယ်ရှားပစ်မယ်"

တန်ရီမင်ရဲ့ စကားကြောင့် နောက်ထပ် ဆွေးနွေးမှုများ ဖြစ်ပေါ်လာသည်။

ဒီစည်းမျဉ်းက ပါရမီရှင် ကျောင်းသားတွေအတွက်ဆိုတာ သိသာနေသည်။ နှစ်စဉ်နှစ်တိုင်း ဆရာကို စိန်ခေါ်ချင်တဲ့ ကျောင်းသားသစ်များစွာ ရှိသည်။ အောင်မြင်သည်ဖြစ်စေ ၊ မအောင်မြင်သည်ဖြစ်စေ တန်ဖိုးရှိတဲ့ အတွေ့အကြုံ ဖြစ်သည်။ တချိန်တည်းမှာပင် ဆရာတွေအတွက်လည်း တွန်းအား တစ်ခု ဖြစ်သည်။ အနာဂတ်၏ ကြယ်ပွင့်များသည် နွားအမွေးကဲ့သို့ များပြားတာကို ဆရာတွေ သိစေချင်သည်။ ဆရာတစ်ယောက်က လုံလုံလောက်လောက် အလုပ်မကြိုးစားရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားကို လမ်းညွှန်နိုင်မည့် အခွင့်အရေး ဆုံးရှုံးရုံသာမက နောက်ပိုင်းတွင်လည်း ကျောင်းသားက ကျော်တက်သွားလိမ့်မည်။

"အခု၊ မဲနှိုက်မယ့် ကျောင်းကိုယ်စားလှယ်တွေ စင်ပေါ်ကို တက်လို့ ရပြီ"

" သုံးမိနစ်အတွင်းမှ မဲမနှိုက်ရင် အရှုံးလို့ သတ်မှတ်မယ်"

တန်ရီမင် ကြေငြာပြီးတာနဲ့ ဝန်ထမ်းများက ဖောက်ထွင်းပြီး မြင်ရတဲ့ သေတ္တာကြီးကို စင်ပေါ် သယ်လာကြသည်။ တချိန်တည်းမှာပဲ အဖြူရောင် ကန့်လန့်ကာနဲ့ အုပ်လိုက်သည်။

ကန့်လန့်ကာပေါ်တွင် စည်းမျဉ်းကိုးခု ရှိသည်။ အဲဒါတွေက ‘အေ’ မျိုးစိတ်၊ ‘ဘီ’မျိုးစိတ်၊ ‘စီ’ မျိုးစိတ်၊ ‘ဒီ’ မျိုးစိတ်၊ ‘အီး’ မျိုးစိတ်၊ ‘အက်ဖ်’ မျိုးစိတ်၊ ‘ဂျီ’ မျိုးစိတ်၊ “အိတ်ချ်’ မျိုးစိတ်နှင့် ‘အိုင်’ မျိုးစိတ် ဆိုပြီး ရေးထားသည်။ သေတ္တာထဲတွင် မျိုးစိတ်အဆင့် သတ်မှတ်ချက် ပါတဲ့ စက္ကူ ဖယောင်းလုံးများ ရှိသည်။ တန်ရီမင်က သေတ္တာကို စစ်ဆေးရန် တစ်ယောက်ယောက် သေတ္တာ လာကြည့်ဖို့ မဖိတ်ခေါ်ခဲ့တာကို ဆွန်းမို သတိထားမိသည်။ ပြီးတော့ တခြားဆရာများကလည်း အဲဒီလို လုပ်ရန် မတောင်းဆိုခဲ့ပါ။ ပြောချင်တာက အကယ်ဒမီ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အားလုံးရဲ့ နှလုံးသားထဲတွင် သူတော်စင်ဂိတ်က အဆင့်အတန်း အရမ်းမြင့်မားသည်။ လူတိုင်းက ခြွင်းချက် မရှိ ယုံကြည်ကြသည်။ တန်ရီမင် စကားပြောပြီးနောက် ဘေးတွင်ရပ်ကာ မဲနှိုက်တဲ့ လုပ်ငန်းစဉ်ကို စောင့်ကြည့်နေသည်။ သို့သော်လည်း မဲနှိုက်ရမည့် အစီအစဉ်ကို မဆုံးဖြတ်ခဲ့ပါ။

ဒီအခြင်းအကျင်းကို သတိထားလိုက်မိပြီးနောက် ကျောင်းအဖွဲ့ ဆယ်ဖွဲ့ကျော်သည် စင်ပေါ်ကို ချက်ခြင်း တက်သွားသည်။ မဲနှိုက်တာ စောလေလေ အခွင့်အလမ်းကောင်း အများကြီး ရနိုင်လေလေ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအချိန်မှာ အဖွဲ့ခေါင်းဆောင်တွေက သူတို့ရဲ့ လှုပ်ရှားမှု နည်းစနစ်ကို ယှဉ်ပြိုင်နေကြသည်။ မာရှန် အကယ်ဒမီက နန်ဂေါင် တာအိုသည် အရမ်းလျှင်မြန်တဲ့ အရှိန်နဲ့ စင်ပေါ်ကို တက်သွားသည်။ အလင်းတစ်ခုလို စင်ပေါ်မှာ ချက်ခြင်း ပေါ်လာသည်။ အဲဒီနောက် ညာဘက်လက်နဲ့ သေတ္တာထဲက ဖယောင်းလုံးကို ယူလိုက်သည်။

“ဒီကောင် နည်းနည်း စိတ်လှုပ်ရှားနေတာပဲ”

"သူက ရလဒ်ကောင်း ရနိုင်ခြေ တိုးမြှင့်လိုတာ မဟုတ်ဘဲ နံပါတ်တစ်ဖြစ်ချင်လို့ အလျှင်စလို လုပ်ခဲ့တာပဲ"

"အမှန်ပဲ။ သူက မဲနှိုက်တာ ဘယ်လို ရလဒ်ပဲ ထွက်ထွက် သူ့ကျောင်းကပဲ သေချာပေါက် ပထမနေရာကို ရလိမ့်မယ်"

ပတ်ဝန်းကျင်တွင် ကျောင်းသားများ ဆွေးနွေးနေကြသည်။ အားကျပြီး သဘောကျတဲ့ သက်ပြင်းချသံတွေကို လည်း ကြားနေရသည်။ နန်ဂေါင် တာအိုသည် အရမ်းကျော်ကြားသည်။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တခြားကျောင်းက ကျောင်းသား တဝက်လောက်ကို လက်တဖက်တည်းနှင့် ဖျက်ဆီးနိုင်သည်။

တန်ရီမင်သည် ဖယောင်းလုံးကို နန်ဂေါင်တာအို လက်ထဲက ယူလိုက်သည်။ သူက ခြေမွလိုက်ပြီး အထဲက စာရွက်ကို ယူလိုက်သည်။

" 'အေ' မျိုးစိတ်"

တန်ရီမင် အော်လိုက်ပြီးနောက် ကန့်လန့်ကာပေါ်ရှိ 'အေ' မျိုးစိတ်အောက်တွင် အနက်ရောင်မှင်နဲ့ မာရှန် အကယ်ဒမီ နာမည်ကို ချက်ခြင်း ရေးလိုက်သည်။

"ဒါက ကောင်းတာလား။ မကောင်းတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက်ယောက်က ထင်ကြေးပေးနေသည်။ ကောင်းကင်သစ်ခွ၊ ဝူမာ၊ ဟာကျုံလိုမျိုး နာမည်ကြီးကျောင်းများက ကျောင်းသားအဖွဲ့ ခေါင်းဆောင်များကို အဖွဲ့သားများက နက်နက်ရှိုင်းရှိုင်း ယုံကြည်ကြသည်။ ဒါကြောင့်ပြင်းခုန် ဆွေးနွေးနေစရာ မလိုဘဲ အဖွဲ့ခေါင်းဆောင်က တိုက်ရိုက် မဲနှိုက်ခဲ့သည်။

ဒါပေမယ့် တခြားကျောင်းတွေမှာတော့ ကျောင်းသားခေါင်းဆောင် ဂုဏ်သိက္ခာ မမြင့်မားပါ။ အဖွဲ့ဝင်တချို့က စင်ပေါ်မှာ သူတို့ကိုယ်တိုင် မဲနှိုက်ချင်လို့ တောင်းဆိုနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီအတွက်ကတော့ ဆွန်းမိုသည် လုချီဟွာက ကံကောင်းခြင်း နတ်သမီးဖြစ်သောကြောင့် သူမကို အမှန်တကယ် မဲနှိုက်စေချင်နေသည်။ သူမရဲ့ ကံကြမ္မာက ကောင်းကင်ကြီးကို အံတုနိုင်လောက်အောင် အားကောင်း သည်။

သို့သော်လည်း ကျန်ရန်ဇောင်က ကတိသစ္စာပြုနေသောကြောင့် ပြောရမှာ ရှက်ဖို့ ကောင်းနေသည်။

"ငါ့ကို ယုံပါ။ ဒီတစ်ခေါက်မှာ ကောင်းကောင်း မဆွဲနိုင်ရင် အသားစားတာကို သုံးနှစ် ရှောင်ပါ့မယ်"

ကျန်ရန်ဖေါင်က သူ့ရင်ဘက်ကို ပုတ်ပြီး ကတိပြုနေသည်။

"အသားမစားရင် မင်းရဲ့ကျင့်ကြံမှုကို ထိခိုက်လိမ့်မယ်။ ဒီလိုဆိုရင်ရော ဘယ်လိုလဲ။ မဲကောင်းကောင်း မနှိုက်နိုင်ရင် ကျောင်းတက်နေတုန်း ရည်စား မထားရဘူး"

ထန်ထန်ယုထန်က နောက်လိုက်သည်။

"အမ်"

"ပြဿနာမရှိဘူး။ မဲကောင်းအောင် မနှိုက်ရင် ရည်စားမရပါစေနဲ့"

ကျန်ရန်ဖေါင်ကတော့ ပုံအောနေပြီ။

သူ့စကားသံကို ကြားလိုက်တာနဲ့ အားလုံး ရယ်လိုက်ကြသည်။ လေထုက ချက်ခြင်းကို သဟဇာတ ဖြစ်သွားသည်။ လီဇီချီက လုချီဟွာကို ထောက်ခံပေးချင်သော်လည်း ဒီမြင်ကွင်းကို မြင်လိုက်ပြီးနောက် လက်လျှော့လိုက်သည်။ အဖွဲ့ဝင်ကြားက သဟဇာတ ဖြစ်မှု ကံကောင်းခြင်းထက် ပိုအရေးကြီးသည်။ ကျန်ရန်ဇောင်က သေတ္တာရှေ့မှာ ရပ်ပြီး လက်ကိုဆန့်လိုက်သည်။

"တကောင်ကြွက် မဖြစ်ချင်ဘူးနော်။ မင်းက ငါ့ညာလက်ပဲနော်။ မင်းကို အမြဲတမ်း

အသုံးမပြုခဲ့ဘူးနော်။ လုံလုံလောက်လောက် အနားယူပြီးပြီ။ မင်းငါ့ကို အကြွေးနည်းနည်းတော့ ဆပ်သင့်ပြီ။”

ကျန်ရန်ဇောင် ဆုတောင်းလိုက်သည်။

ဒီကောင်က ဘယ်သန်ပါ။ တကိုယ်ရည် အာသာဖြည်ရင်တောင် ဘယ်ဘက်လက်နဲ့ ဌက်ကို ကိုင်ပြီး အသုံးပြုတတ်သည်။ ဒါကြောင့် ညာဘက်လက်သည် အရမ်းသန့်ရှင်းနေပြီး ကံမဆိုးနိုင်ဘူးလို့ သူယုံကြည်နေသည်။

“ဗဟိုပြည်နယ်အကယ်ဒမီ”

တန်ရီမင်က စာရွက်ကို ဖွင့်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"'အေ မျိုးစိတ်"

"ငါလို..........."

ကျန်ရန်ဖောင်သည် ဒေါသတကြီး အော်ပြီး မျက်လုံး မှိတ်လိုက်သည်။ ဒါကအဆိုးဆုံးပဲ ဖြစ်မည်။ တန်ရီမင် အခြားအုပ်စုများထဲမှ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များကို လူယူနိုင်ပြီး ငါးအမှတ်အထိ ရမယ်လို့ ပြောထားသော်လည်း အဲဒီသတ္တဝါအား လုယူခွင့် မရှိလို့လည်း မပြောခဲ့ပါ။ ဒါကြောင့် ကျောင်းသားတွေ ရှင်းရှင်းလင်းလင်း လုပ်နိုင်သည်။

သူတို့ရဲ့ ပစ်မှတ်က မာရုန်အကယ်နဲ့ အတူတူဖြစ်နေသည်။ ပြိုင်ဆိုင်မှု ဖိအား အရမ်းကြီးမားတယ်လို့ ပြောရမည်။

အရင်ဆုံး မာရုန်သည် ‘အေ’အဆင့်ရှိ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို သေချာပေါက် ရှာဖွေနိုင်လိမ့်မည်။ ကျန်ရန်ဖေါင်ကတော့ အမဲလိုက်ရန်အတွက် မျိုးစိတ်အရေအတွက်အများကြီး မရှိနိုင်ဘူးလို့ ထင်နေသည်။ ပြီးတော့ သူတို့က အရေအတွက် ပိုနည်းတဲ့ အတွက် ဖမ်းမိဖို့လည်း ပိုခက်လိမ့်မည်။

ပြီးတော့ သူတို့ ဖမ်းမိခဲ့ရင်လည်း မာရှန်အကယ်ဒမီက သူတို့ဆီမှ လုယူလိမ့်မည်။ ဒီကြေငြာချက်ကို ကြားပြီးနောက် ကျန်ရန်ဖောင်သည် သူတို့ စွမ်းအင်များကို ချွေတာရန်အတွက် အနားယူသင့်တယ်လို့ တွေးလိုက်သည်။ မျိုးစိတ်များကို အမဲလိုက်မည့်အစား အခြားကျောင်းသားအဖွဲ့ဆီကနေ လုယူလို့ ရသည်။

"အဖွဲ့ခေါင်းဆောင် ဂုဏ်ပြုပါတယ်။ တကောင်ကြွက်ဖြစ်ဖို့ ရည်မှန်းထားတယ် ထင်တယ်"

ကူဒင်ဂျိက နောက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောင်းပန်ပါတယ်ကွာ ။ နောင်ကျရင် ငါ့ချစ်သူနဲ့ မင်းကို လူရှေ့သူရှေ့မှာ မိတ်ဆက်ပေးမယ်"

ရှီကွမ်က ရယ်ရင်း ပြောလိုက်သည်။

"လူယုတ်မာ"

ကျန်ရန်ဇောင်က နှာခေါင်းရှုံ့ပြီး ကျိန်းဝါးလိုက်သော်လည်း နှလုံးသားထဲမှာ နွေးထွေးမှုကို ခံစားလိုက်ရသည်။ သူ့ရဲ့အဖွဲ့သားတွေက ဒီလိုပြောနေပေမယ့် သူတို့က မနာကျည်းပဲ သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားနေကြသည်။

"ငါတို့ မာရှန်ကို သုတ်သင်ရမယ်။ ချန်ပီယံဆုရဲ့ အလေးချိန်ကို ရွှေထက်ထိုက်တန်အောင် လုပ်ရမယ်"

လီဇီချီသည် မာရှန်ကျောင်းဘက်သို့ လှည့်ကြည့်လိုက်လျှင် သူတို့ အတူတကွ ရပ်နေပြီး မျိုးစိတ်ကို ဖမ်းယူရန်အတွက် အစီအစဉ်ချနေတာကို သတိထားလိုက်မိသည်။ သူတို့ရဲ့ပြိုင်ဘက်က ဘယ်သူလဲဆိုတာ လုံးဝ ဂရုမစိုက်ပါ။

"အဖွဲ့ခေါင်းဆောင် နန်ဂေါင်။ ဗဟိုပြည်နယ်အကယ်ဒမီကလည်း "အေ'မျိုးစိတ်ကို မဲဆွဲထားတယ်။" ကျောင်းသားတစ်ယောက်က

အသံတိုးတိုးလေးနဲ့ သတိပေးသည်။ နန်ဂေါင်က အသံတိုးတိုးလေးနဲ့ သတိပေးတဲ့ ကျောင်းသားကို ခေါင်းစောင်းပြီး ကြည့်လိုက်သည်။

"ငါတို့ မျိုးစိတ်တူတဲ့ လူတွေကို သတိထားစရာ မလိုဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ထက်တော့ ပိုပြီး မသန်မာနိုင်ဘူး။"

ဒီလို ရက်စက် ကြမ်းကြုတ်တဲ့ စကားကို ကြားပြီး ကျောင်းသားတွေ ချက်ခြင်း စိတ်ခါတ် တက်ကြွလာသည်။ အားလုံးက စိတ်ခါတ်မြင့်မားစွာ ကြွေးကြော်လိုက်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မာရှန် အသက်ရှည်ပါစေ" ဒီလို ကျယ်လောင်တဲ့ ကြွေးကြော်သံကြောင့် အနီးအနားမှာရှိတဲ့ ကျောင်းသားတွေ လှည့်ကြည့်ကြသည်။ အေ မျိုးစိတ်ကို မဲဆွဲမိတဲ့ အခြားကျောင်းသားတွေကတော့ လင်သေတဲ့ မယား မျက်နှာလို ဖြစ်နေကြသည်။

သုံးမိနစ်လောက်ကြာတော့ မဲဆွဲတာ ပြီးသွားပြီ။

ကျောင်းပေါင်း ၁၀၈ ကျောင်းကို အမျိုးအစား ကိုးခု ခွဲထားပြီး တစ်ခုတွင် ဆယ့်နှစ်ကျောင်း ပါဝင်သည်။ သူတို့က တူညီတဲ့ အမှောင်မျိုးစိတ်ကို အမဲလိုက်ဖို့ လိုသည်။

"ခဏစောင့်အုံး"

လုချီသည် မျက်ကွယ်နေရာတစ်ခုကို ရုတ်တရက်တွေ့လိုက်သည်။ အေ အဆင့်အမှောင်မျိုးစိတ်ဆိုတာဘာလဲ။

"ကောင်းပြီလေ။ မင်းတို့အားလုံး အခုထွက်သွားလို့ရပြီ"

တန်ရီမင်က ကျယ်လောင်စွာအော်ပြောလိုက်သည်။

"ပြိုင်ပွဲ စပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားနှင့် ဆရာတွေ အချင်းချင်း အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ (ဒိုင်လူကြီးက ငါတို့ကို နောက်နေတာလား)

“ဒိုင်လူကြီး၊ ငါတို့ ဖမ်းရမယ့် အမှောင်မျိုးစိတ်အကြောင်းကို မပြောရသေးဘူးနော်”

ကျောင်းသားတစ်ယောက်က စူးစူးရှရှ အော်မေးသည်။ ဆွန်းမိုနှင့် ကူရှုပ်ရှင်းသည် အကြည့်ခြင်း ဖလှယ်ပြီး နှင်းစက်ဖြူ အဆောက်အဦးထဲမှ လျှင်မြန်စွာ ထွက်လာကြသည်။ လီဇီချီနှင့် ထန်ထန်ယုထန်တို့လည်း တချိန်တည်းမှာ ထွက်သွားကြသည်။

သို့သော်လည်း ခြေလှမ်းအနည်းငယ် လှမ်းလိုက်ပြီးနောက် လီဇီချီသည် အခြားကျောင်းသားတစ်ယောက်ကို ခလုတ်တိုက်ကာ လဲကျလုနီးပါး ဖြစ်သွားသည်။ ရောဂါသည်ကတော့ ငါးတစ်ကောင်ကဲ့သို့ လူအုပ်ကြီးကို ရှောင်ရှားပြီး ထွက်သွားသည်။

“ဆရာလျှောင်၊ ကျောင်းသားတွေကို စုစည်းလိုက်ပါ။ ဆရာဖန်၊ မြန်မြန်လာ”

ဆွန်းမိုက သတိပေးလိုက်သည်။ တချိန်တည်းမှာပင် ကျောင်းပေါင်း သုံးဆယ်ကျော်မှ ဆရာနဲ့ ကျောင်းသားတွေ ထွက်သွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောက်၊ ဘာကြီးလဲ"

လျှောင်ရန် စဉ်းစားမရဖြစ်နေပေမယ့် ဖန်ယန်ရဲ့ မျက်နှာအမူအရာ လေးလံပြီး အမြင်မကြည်တဲ့ ပုံဖြစ်နေသည်။ တကယ်ကို စိတ်ပျက်အားငယ် စရာပါ။ သူက ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ထက်စာလျှင် ပို စီနီယာကျသော်လည်း ဉာဏ်ရည်က သူတို့ထက် နိမ့်ကျလှသည်။

ဒိုင်လူကြီးက ဘယ်လိုလုပ်ပြီး အမှားလုပ်မှာလဲ။

ဒါကြောင့် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များ အကြောင်းကို ပြောဖို့ မေ့နေတာ

မဖြစ်နိုင်ပါ။ အဲဒီအစား ကျောင်းသားတွေကိုယ်တိုင် အဖြေရှာခိုင်းတာ ဖြစ်နိုင်သည်။

တန်ရီမင်သည် စင်ပေါ်ကနေ အောက်ဘက်မှ အခြေအနေကို စောင့်ကြည့်နေသည်။ မာရှန်၊ ဘိုင်တန် ဇီဂူ၊ ဝေလု ဒီကျော်ကြားတဲ့ ပါရမီရှင်များအားလုံးသည် အဲဒီအချက်ကို တွေ့ရှိသွားသည်။ ဒါက မထူးဆန်းဘူးလို့ တန်ရီမင် ထင်သည်။ ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီမှ ဆွန်းမိုနှင့် ကူရှုပ်ရှင်း တို့ကိုတော့ အံ့အောသင့်မိသည်။ ဗဟိုပြည်နယ် အကယ်ဒမီသည် ဒီနှစ်တွင် ‘စီ’အဆင့်ကို တက်ရောက်လိမ့်မည်။

မာရှန်သည် ပြေးလွှားရင်း ပတ်ဝန်းကျင်ကို လျှင်မြန်စွာ အကဲခတ်နေသည်။ သူနဲ့အတူ ပြေးထွက်လာတဲ့ ဆရာတွေရဲ့ မျက်နှာကို မှတ်နေသည်။ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်သာ မဖြစ်လာခဲ့လျှင် ဒီလူတွေဟာ ဒီပြိုင်ပွဲအတွင်းမှာ ကြောက်ဖို့ကောင်းတဲ့ ပြိုင်ဘက်တွေ ဖြစ်လာလိမ့်မည်။

နှင်းစက်ဖြူ ရင်ပြင်သို့ရောက်လျှင် အကြမ်းဖြင်းဆယ်စက္ကန့်လောက် ပြေးလိုက်ရသည်။ အရင်ထွက်ပြေးသွားတဲ့လူတွေနဲ့ သိပ်မဝေးပါ။ ဒါကြောင့် လူတိုင်းသည် အပြင်ရောက်လာလျှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လွှတ်တင်ထားတဲ့ စွန် သုံးဆယ်ကို မြင်လိုက်ရသည်။ အဲဒီနောက် လက်သီးအရွယ် ဖယောင်းလုံးများ ပြုတ်ကျလာသည်။

"လူခွဲပြီး လုယူကြ"

ဆွန်းမိုက ပြောပြီးတာနဲ့ အနီးဆုံး ရစ်ဘီးဆီသို့ ပြေးသွားသည်။

သို့သော် သူကံမကောင်း ခဲ့ပါ။ အခြားဆရာ သုံးယောက်လည်း လှည့်ပြီး အာရုံစိုက်လာသည်။

ကူရှုပ်ရှင်းက ကိုးနာရီ ထောင့်မှာရှိတဲ့ ဖယောင်းလုံးဆီသို့ ပြေးသွားသည်။ နည်းနည်း လှမ်းသော်လည်း ပြိုင်ဘက် တစ်ယောက်သာ ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုအခြေအနေရဲ့ ဖိအားအောက်တွင် လူတိုင်းသည် အလိုလို ကြောက်ရွံ့ပြီး မြန်မြန်ဆန်ဆန် လိုချင်သောကြောင့် အနီးဆုံး ရစ်ဘီးဆီပဲ သွားကြသည်။

"ဟဲဟဲ ဒါက ငါ့ဥစ္စာပဲ"

ပိန်ပိန်ပါးပါးနဲ့ ဆရာတစ်ယောက်က နောက်ကနေ ခြေသံများ ကြားလိုက်လျှင် လှည့်ကြည့်ပြီး ပြောလိုက်သည်။ သူ့ရဲ့ လှုပ်ရှားမှု နည်းစနစ်က သာလွန်ကောင်းကင်အဆင့် ရှိသည်။ (အမြန်နှုန်းခြင်း ယှဉ်ချင်တာလား။ ပစ္စည်းလုချင်နေတာလား။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အဲဒီလိုသာဆိုရင်တော့ မင်းတို့အားလုံး အမှိုက်တွေချည်းပဲ)

အခန်း (၃၄၇) - ဂျိုရှား အကယ်ဒမီ၊ လျှက်တပြတ် ဓါးပျံ။

ဒီဆရာ ပိန်ပိန်လေးက ယုံကြည်ချက်အပြည့်နဲ့ မောက်မာနေတဲ့ အချိန်တွင် သူ့ဘေးမှာ လေနုအေး တစ်ချက် တိုက်ခတ်သွားပြီး မျက်လုံးတောင် အနည်းငယ်မှေးသွားသည်။ (ဆောင်ဦးလေက နွေးထွေးစေတယ်။ တိမ်တွေဆီ အရောက်ပိုပေးဖို့လား။ ဒါက နမိတ်ကောင်းပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူငယ်တစ်ယောက်က မယုံကြည်နိုင်လောက်တဲ့ အရှိန်တဲ့ သူ့ကို ကျော်ဖြတ်သွားသည်။ မျက်စိတစ်မှိတ်အတွင်းမှာ မီတာပေါင်းများစွာ ကွာဝေးသွားသည်။ သိထားရမှာက ပိန်ပိန်နဲ့ ဆရာလည်း အခုလောလောဆယ်တွင် ဒုန်းစိုင်းပြီး ပြေးနေသည်။

"မနက်အစောကြီးမှာ တစ္ဆေသရဲနဲ့ လာတွေ့နေတာလား"

ပိန်ပိန်နဲ့ ဆရာသည် အံ့ကြိတ်ပြီး အစွမ်းကုန် အရှိန်မြှင့်လိုက်သည်။ ဒါပေမယ့်လည်း သူတို့ကြားက အကွာအဝေး ပိုများလာတာပဲ အဖတ်တင်သည်။

- 1997 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ပြီးသွားပြီ”

သူဂုဏ်အယူရဆုံး နယ်ပယ်တွင် ရှုံးနိမ့်ခဲ့ရသည်။ ပိန်လှီသော ဒီဆရာ၏ နှလုံးသားထဲတွင် ဆုံးရှုံးမှု အကြိမ် တစ်ထောင်လောက် ခံစားလိုက်ရပြီး ချက်ခြင်း လက်လျှော့သွားမိသည်။ ဖယောင်းလုံးက မြေပေါ်သို့ မရောက်ခင် ဆွန်းမိုက လက်ဆန့်ပြီး ဖမ်းလိုက်သည်။

“ငါ့ရဲ့ လှုပ်ရှားမှု ကျင့်စဉ်က သာလွန်ကောင်းကင်အဆင့်လေ ငါက ဘယ်လိုလုပ်ပြီး ရှုံးသွားရတာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိန်ပိန်နဲ့ ဆရာသည် နားမလည်နိုင် ဖြစ်နေသည်။ ပြီးတော့ ဖြစ်နိုင်ခြေကို တွေးတောရင်း မျက်နှာတင်းမာလာသည်။ တကယ်လို့ တဖက်လူက သူတော်စင်အဆင့် လှုပ်ရှားမှု ကျင့်စဉ်ကို အသုံးပြုခဲ့မယ်ဆိုလျှင် ပြိုင်ဘက်က သူ့ကို အမှန်တကယ် နှိမ်နင်း နိုင်လိမ့်မည်။ ဒါပဲ ဖြစ်နိုင်ခြေရှိသည်။ (ဒါပမယ့် ဒီလူက ဘယ်သူလဲ)

(ဒီလို ထိပ်တန်းအဆင့် ကျင့်စဉ်ကို ကျင့်ကြံထားတဲ့ ဆရာတွေက နာမည်ကျော်ပြီးသားပါ။ ခဏနေပါအုံး။ သူ့ရဲ့အဝတ်အစားက ဗဟိုပြည်နယ် အကယ်ဒမီကပဲ။ လျှိုမူဘိုင်လား)

- 1999 - | ဘာသာပြန်Hurricane

(အမ်၊ ဒါက အဓိပ္ပါယ် ရှိတယ်။ လျှိုမှုဘိုင်က ကျောက်စိမ်း အမွှာထဲက တစ်ယောက် ဖြစ်ပြီး အရမ်းချောတယ်လို့ ကြားဖူးတယ်။ ဒီလူက ကောလဟာလထက်တောင် ပိုချောသေးတာပဲ)

ဒီအကြောင်းကိုတွေးရင်း ပိန်ပိန်နဲ့ ဆရာသည် မနာလိုစိတ်နဲ့ ညည်းညူလိုက်မိသည်။

ဆွန်းမိုကတော့ သူ့ရဲ့ အသွင်အပြင်ကို အကဲခတ်နေကြောင်း မသိပါ။ ဖယောင်လုံးကို ဖမ်းယူဖို့ လက်ကို ဆန့်ထုတ်နေတုန်း အနီရောင် အမြီးပါပြီး ရှဥ့်နဲ့တူတဲ့သတ္တဝါလေးတစ်ကောင်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှပ်စီးလက်သလို အရှိန်ပြင်းပြင်းနဲ့ သူဖမ်းမမိသေးခင် ဝင်ရောက်လာသည်။

ဖောက်

သတ္တဝါလေးက ပါးစပ်နဲ့ ဖယောင်းလုံးကို ကိုင်ကာ ဆွန်းမိုရှေ့က ဖျက်ကနဲ ပြန်ထွက်ပြေးသည်။

"ဟူး"

ဟွာလျှိုဖန် လေချွန်လိုက်သည်။ မျက်နှာပေါ်တွင် ကျေနပ်နေတဲ့ အမူအရာ ရှိနေသည်။ (ငါက မင်းတို့နှစ်ယောက်လောက် မြန်အောင် မပြေးနိုင်ပမယ့် ငါ့ရဲ့ ဝိညာဉ်သားရဲက မြန်မြန် ပြေးနိုင်ပါတယ်ကွ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကောင်လေးကို လျှပ်စီး ကြွက်လို့ ခေါ်သည်။ သူ့ရဲ့ နာမည်ကို ကြားရုံနဲ့ ဘယ်လောက်မြန်လဲဆိုတာ သိနိုင်သည်။

ဆွန်းမိုက လေကိုသာ ဖမ်းမိလိုက်သည်။ သဏ္ဌာန်မဲ့မြင်မြတ် စက်ကြာဝဠာ ကျင့်စဉ်ကို အသုံးမပြုချင်သော်လည်း ဒီအချိန်မှာ လျှို့ဝှက်ထားလို့ မရတော့ပါ။ ဖယောင်းလုံးကိုသာ အချိန်မှီ မယူနိုင်ခဲ့လျှင် အချိန်ဘယ်လောက် နှောင့်နှေးသွားမယ်ဆိုတာ မသိနိုင်ပါ။

ဝူရှိ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုဆီက အနီရောင် ဝိညာဉ်ချီ အမြောက်အမြား ရုတ်တရက် ပေါ်လာသည်။ အဲဒီနောက် ကိုယ်ပွား တစ်ခု ဖြစ်သွားသည်။ ကိုယ်ပွားက လေဘုရင် နတ်ဘုရားခြေလှမ်းကို အသုံးပြုပြီး အရှိန်မြှင့်လိုက်သည်။

ဘုန်း

ရုတ်တရက် သက်ရောက်မှုကြောင့် လျှပ်စီး ကြွက် ပတ်လည်ရှိ ဝိညာဉ်ချီ စီးဆင်းမှုများ အနှောက်အယှက် ဖြစ်သွားကာ လျှပ်စီး ကြွက် အနည်းငယ် တုန်ရင်သွားသည်။ ခဏအကြာတော့ ကျယ်လောင်တဲ့ အသံနဲ့အတူ လက်ကြီးတစ်ခုက ဆုပ်ကိုင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာ"

ဟွာလျှိုဖန် ထိတ်လန့်အံ့အောပြီး မျက်နှာဖြူဖျော့သွားသည်။ (တကယ်ပဲသူက ငါ့ရဲ့ လျှပ်စီးကွက်ထက် ပိုမြန်နေတာလား။)

ဂျီ ဂျီ

လျှပ်စီး ကွက်က အောင်ဟာစ်ပြီး ဖယောင်းလုံးကို ထွေးထုတ်လိုက်သည်။ အဲဒီနောက် ပါးစပ်နဲ့ လက်ချောင်းကို ကိုက်သည်။

ကချောက်

လက်ညိုး အကိုက်ခံလိုက်ရပြီး သာမန်လူသာဆိုလျှင် နာကျင်မှုကြောင့် အလိုလို

လက်လွတ်လိုက်မိလိမ့်မည်။ သို့သော်လည်း ကိုယ်ပွားက နာကျင်မှုကို မခံစားတတ်ပါ။ လက်လက်တစ်ဖက်နဲ့ ဖယောင်းလုံးကို ကိုင်ထားလိုက်သည်။ ပထမလက်ကတော့ လျှပ်စီးကြွက် ကိုက်တာ ခံနေရသည်။ အဲဒီအချိန်တွင် ဟွာလျှိုဖန် ရောက်လာသည်။ ဓါးဆွဲထုတ်ပြီး ဒေါသတကြီး ခုတ်ချလိုက်ကာ ဓါးရဲ့ အစွန်းက ရွှေရောင်တောက်နေသည်။

ရွှတ်စ်

ရွှေရောင် အလင်းတန်းတစ်ခုက ကိုယ်ပွားရဲ့ လက်မောင်းကို ဖြတ်ချလိုက်သည်။ သို့သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မထိမှီတွင် သစ်သားခါးက ပိတ်ဆို့လာသည်။ ဟွာလျှိုဖန်၏ မျက်လုံး ကျဉ်းမြောင်းသွားသည်။ "ဘယ်လောက်တောင် မြန်လိုက်လဲ"

ဒါပေမယ့် အဆင်ပြေသည်။ တဖက်လူကို သတ်လိုက်တာနဲ့ ဖယောင်းလုံးကို ရနိုင်သေးသည်။ စိတ်ထဲတွင် ဒီအတွေး ပေါ်လာတာနဲ့ ဟွာလျှိုဖန် လက်ကောက်ဝတ်ကို လှုပ်ရှားလိုက်သည်။ သူ့ ခါးရှည်နဲ့ ဆွန်းမိုကို တန်းခုတ်လိုက်သည်။ မရေးမတွက်နိုင်တဲ့ ခါးချက်များက မိုးရေစက်လို ကျဆင်းလာသည်။

လျှပ်တပြတ် ခါးပျံ။

- 2006 - | ဘာသာပြန်Hurricane

"တောင်းပန်ပါတယ်။ ငါ မင်းကို မသတ်ချင်ပါဘူး။ ဒါပေမယ့် ဒီပွဲကို နိုင်မှ ဖြစ်မယ်"

ဟွာလျှိုဖန်သည် သူ့ရဲ့ နည်းစနစ်ကို အသုံးပြုပြီးနောက် ရလဒ်ကို မစောင့်နိုင်အောင် ဖြစ်နေသည်။ အကြည့်တွေက ဆွန်းမို ကိုယ်ပွားလက်ထဲက ဖယောင်းလုံးဆီ ရောက်သွားသည်။ ဒါက မာနကြီးတာ မဟုတ်ပါ။ ကို့ကိုယ်ကို ယုံကြည်မှု ရှိတာ ဖြစ်သည်။ ဟွာလျှိုဖန်သည် ပြီးခဲ့တဲ့နှစ်က ဂျိရှားအကယ်ဒမီရဲ့ တတိယအကောင်းဆုံး ဘွဲ့ရဖြစ်ခဲ့သည်။ အဲဒီနောက်မှာ ဝူမာ အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးက

သူ့ကို ကောင်းကင်လောက် မြင့်မားတဲ့ ဈေးကို ပေးပြီး ခေါ်ဆောင်ခဲ့သည်။

ဂျိုရှားအကယ်ဒမီတွင် ဟွာလှျိုဖန်သည် ဓါးပျံဖြင့် ကျော်ကြားခဲ့ပြီး သူရဲ့ ဓါးပျံကို ရှောင်နိုင်တဲ့လူက ဆယ်ဦး ထက်မပိုခဲ့ပါ။ ဒါပေမယ့် ထိပ်တန်း ပါရမီရှင် မဟုတ်တဲ့လူများသည် ထုံးစံအတိုင်း ရှောင်နိုင်မှာ မဟုတ်ပါ။

ဟွာလှျိုဖန်သည် မာနကြီးတဲ့သူတစ်ယောက် ဖြစ်ပြီး ထိပ်တန်းကျောင်းမှ ဘွဲ့ရမဟုတ်တဲ့လူများကို အလေးထားပြီး မဆက်ဆံပါ။

ဒီဓါးပျံက တကယ်ကို မြန်ဆန်လွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သို့သော်လည်း ဆွန်းမိုက ကာကွယ်ထားနိုင်ခဲ့ဖြစ်သည်။

ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်

ဒင်

ဓါးပျံက ဆွန်းမို လည်ပင်းကို ထိသွားပြီး မီးပွားအချို့ထွက်လာသည်။

“ဘာ”

ဟွာလှျိုဖန် မှင်တက်ပြီး ပါးစပ်အဟောင်းသားဖြစ်နေသည်။ (ဘာကြီးလဲ။ ဒီကောင်က သတ္တုနဲ့လုပ်ထားတာလား)

သဘာဝအရ အဲဒီလို တွေးပြီး တုန်လှုပ်ခြောက်ခြားခဲ့သော်လည်း မကြာခင် ပြန်ပြီး စိတ်တည်ငြိမ်သွားသည်။ ဟွာလှျိုဖန် အတွေ့အမြင်များနဲ့ အတွေ့အကြုံအရ ဆွန်းမိုက ကာကွယ်ရေးအမျိုးစား ကျင့်စဉ်တစ်ခုကို သုံးလိုက်တယ်လို့ ခန့်မှန်းမိသည်။

ပြီးတော့ သူသည် ဂျိရှားအကယ်ဒမီက ကျောင်းသားဖြစ်ခဲ့သောကြောင့် အခြား အဆင့်မြင့်ကျောင်းများကို ပညာဖလှယ်ရေး သွားရန် အရည့်အချင်း ပြည့်မှီနေသည်။ ပြီးတော့ ဆွန်းမို သုံးတဲ့ နည်းစနစ်ကို အနည်းငယ် ရင်းနှီးသလို ခံစားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သို့သော်လည်း သဏ္ဌာန်မဲ့မြင့်မြတ် စက်ကြာဝဠာကျင့်စဉ်က အရမ်းအဖိုးတန်ပြီး အပြင်လူကို မသင်ကြားပေးသောကြောင့် လေးလေးနက်နက် မစဉ်းစားခဲ့မိပါ။

ကြက်သွေးရောင် နှုတ်ခမ်း။ ဆွန်းမိုက တိုက်ခိုက်လိုက်သည်။ ဟွာလျှိုဖန်သည် အဲဒါကို ကာကွယ်လိုက်ပြီး ဆွန်းမိုအား တချက်တည်းနဲ့ အနိုင်လိုချင်နေသည်။ ဒါပေမယ့် ပါရမီရှင်တစ်ယောက်ရဲ့ ဆဌမအာရုံက သူ့ကို သတိထားဖို့ ပြောနေသည်။ စိတ်ထဲ အလိုလို တုန်လှုပ်သွားပြီး ဒီလှုပ်ရှားမှုက မရိုးရှင်းနိုင်ပါ။

- 2011 - | ဘာသာပြန် Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို သတိထားပြီး တုန့်ပြန်ရမည်။ ဟွာလုျိုဖန်က တိုက်ခိုက်ရေးကို ကာကွယ်လိုက်တာနဲ့ ဆွန်းမိုက လျှင်မြန်စွာ နောက်ပြန်ဆုတ်သွားသည်။ တချိန်တည်းမှာပင် သူ့ရဲ့ ကိုယ်ပွားက ဖယောင်းလုံးကို ဖမ်းယူသွားသည်။ လျှပ်စီးကြွက်လည်း လည်ပင်းကျိုးကာ လွင့်ပစ်ခံလိုက်ရသည်။ အဲဒီနောက် ကိုယ်ပွားသည် အနီရောင် အခိုးအငွေ့အလုံးအဖြစ် ပြောင်းသွားကာ ဆွန်းမိုကိုယ်ထဲ လျှင်မြန်စွာ ပြန်ဝင်သွားသည်။ ဆွန်းမိုက ဖယောင်းလုံးကို ယူလိုက်သည်။

"လျှပ်တပြတ်လေး"

- 2012 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟွာလျှိုဖန် အောင်ဟစ်လိုက်သည်။ သူက ဆွန်းမိုကို လျစ်လျူရှုလိုက်ပြီး လျှပ်စီးကြွက်လေး မြေပေါ်မကျခင် လိုက်ဖမ်းလိုက်သည်။ ဒါပေမယ့် လျှပ်စီးကြွက်လေးကို ကယ်တင်မရနိုင်တာ မြင်လိုက်ရသည်။

"မင်း နာမည် ဘယ်လိုခေါ်လဲ"

ဟွာလျှိုဖန်က ဒေါသမျက်လုံးနဲ့ စိုက်ကြည့်ရင်း အောင်ငေါက်လိုက်သည်။

"မင်းကို လက်စားမချေရရင် ငါ ဟွာလျှိုဖန် ဘယ်တော့မှ အနားမယူဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟာသပဲ။ မင်းက ငါ့ကို သတ်ခွင့်ရှိတယ်။ ငါက အိမ်မွေးတိရစ္ဆာန်ကို သတ်ခွင့် မရှိဘူးပေါ့"

ဆွန်းမိုက အေးစက်စွာ ပြန်အော်သည်။ သူ့တုန့်ပြန်မှုသာ နည်းနည်းလေး နောက်ကျသွားခဲ့လျှင် လည်ပင်းထဲကို ဓါးဖောက်ဝင်နေလောက်ပြီ။

ဟွာလျှိုဖန် ကြောင်သွားပြီး မျက်နှာပျက်သွားသည်။

အမှန်တော့ လျှပ်စီးကြွက်အတွက် နာကျင်လွန်းပြီး ဟွာလျှိုဖန် ထိန်းချုပ်မှု လွတ်သွားသည်။ သူအရင်တိုက်ခိုက်လို့ဆိုတဲ့ အချက်ကို

မေ့ထားလိုက်အုံး ဒါက လိဂ်ပြိုင်ပွဲ တစ်ခုပါ။ တစ်ဖက်လူက ဘာဖြစ်လို့ သူ့ရဲ့ အိမ်မွေးတိရစ္ဆာန်ကို မသတ်နိုင်ရမှာလဲ။ ဆရာပိန်ပိန်နှင့် အခြားလူများသည် အဲဒီနေရာတွင် မှင်တက်နေပြီး ဖယောင်လုံးကို ငေးကြည့်နေသည်။

ဆွန်းမိုကို အလျှင်စလို မတိုက်ခိုက်ရဲပါ။ အဲဒီအတွက်လည်း အဖြေမရှိပါ။ လိဂ်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရတဲ့ ဆရာအားလုံးသည် သင့်တော်တဲ့ ခွန်အားနှင့် သုံးသပ်ချက်များ ရှိသည်။ ဆွန်းမိုနှင့် ဟွာလျှိုဖန်တို့ကြားက အပြန်အလှန် တိုက်ခိုက်မှုသည် တိုတောင်းသော်လည်း သူတို့နှစ်ယောက်ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်အချင်းကို ခန့်မှန်းဖို့အတွက် လုံလောက်သည်။ သူတို့က ဒီ တိုက်ခိုက်ရေးသမား နှစ်ယောက်စလုံးကို အနိုင်မယူနိုင်မှန်း သိနေသည်။

ဝန်ခံရတာ ရှက်ဖို့ကောင်းပေမယ့် အမှန်တရားပါ။

အဲဒီအချိန်တွင် ဆရာပိန်ပိန်ရဲ့ နှလုံးခုန်သံ မြန်နေသည်။ တကယ်လို့ ဗဟိုပြည်နယ် အကယ်ဒမီမှ လူက သူ့ထက်မြန်အောင် ပြေးသွားတာ ကံကောင်းတယ်လို့ ခံစားမိသည်။ ဒီဟွာလျှိုဖန်ရဲ့ ဓါးက သူ့လည်ချောင်းထဲကို ထိုးဖောက်သွားလိမ့်မည်။

ဒါကိုသာ မကာကွယ်နိုင်လျှင် သူသေသွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီကောင်က ဝူမာ အကယ်ဒမီရဲ့ ဆရာဝတ်စုံကို ဝတ်ထားပြီး သူ့ရဲ့ ဓါးသွားကလည်း ရွှေရောင် ဖြစ်နေတယ်။ ဂျိရှားအကယ်ဒမီက ဘွဲ့ရ လျှပ်တပြတ် ဓါးပျံ ဟွာလျှိုဖန်ပဲ ဖြစ်လိမ့်မယ်။ သံသယ ရှိစရာကို မလိုဘူး"

ဆရာပိန်ပိန်သည် ဆွန်းမိုကို ငေးကြည့်ရင်း ဘယ်သူလဲဆိုတာ အံ့အောနေမိသည်။ ဟွာလျှိုဖန်နဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွင် တကယ်ကို အသာရခဲ့သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချင်ချင်ရဲ့ လေးစားအထင်ကြီးမှု +၁၅ ။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - မူလ(၁၅/၁၀၀)

သူတို့နဲ့ ဝေသွားအောင် ပြေးနေတဲ့ ဆွန်းမိုသည် မနေနိုင်ဘဲ လှည့်ကြည့်လိုက်မိသည်။ (ချင်ချင်က ဘယ်သူလဲ။ ဘာကြောင့် လေးစားအထင်ကြီးမှု အမှတ်တွေ ပေးခဲ့တာလဲ။) ဆွန်းမိုသည် ဖယောင်းလုံးလေးထဲမှာ ဘယ်လို လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် ရှိနေလဲဆိုတာ မသိပါ။ ဒါပေမယ့် စိတ်ချရအောင် နောက်ထပ်တစ်လုံး ထပ်လုဖို့ ပြင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထုံးစံအတိုင်း ဆွန်းမိုသည် ဟွာလျှိုဖန်ကို သတိထားပြီး စောင့်ကြည့်နေသည်။ ပြီးတော့ သူက ဟွာလှျိုဖန်ရဲ့ ဝိညာဉ် သားရဲကို သတ်ဖြတ်ခဲ့သည်။ ဟွာလှျိုဖန်က သူ့ကို ရက်စက်တဲ့ အကြည့်နဲ့ စိုက်ကြည့်နေသည်။ အဲဒီနောက်မှာ သူ့ကို လျစ်လျူရှုကာ ဖယောင်လုံးနောက်သို့ ပြေးလိုက်သွားသည်။ ဆွန်းမိုရဲ့ အမူအရာ လေးလံသွားသည်။

ဒေါသစိတ်ကို ထိန်းချုပ်နိုင်တဲ့ ရန်သူက တကယ်ကို ကြောက်ဖို့ ကောင်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနဲ့ တိုက်ခိုက်လျှင် အနိုင်၊ အရှုံးကို အချိန်တိုအတွင်း မဆုံးဖြတ်နိုင်မှန်း ဟွာလျိုဖန် သိနေသည်။ အခုချိန်မှာ အချိန်က အရမ်းအရေးကြီးနေသည်။ ဒါကြောင့်လည်း ပြိုင်ပွဲကို ဦးစားပေးခဲ့သည်။

ဟွာလျိုဖန်ရဲ့ ဖိအား မရှိတော့သဖြင့် ဆွန်းမိုက ဖယောင်းလုံးကို ချက်ခြင်း ချေမွလိုက်သည်။

စာရွက်ပေါ်တွင် ဘီ အဆင့် - နားခြောက်ပေါက် မျောက်တစ်ကောင် လို့ ရေးထားသည်။

ဆွန်းမို ကျိန်ဆဲလိုက်သည်။ နားခြောက်ပေါက် မျောက်တစ်ကောင်ကို ဘာလုပ်ရမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်အမြင့်ဆုံး နို့တိုက်သတ္တဝါဆိုတာ သူသိသည်။ ဒါပေမယ့် အနောက်ဘက်သို့ ခရီးသွားခြင်းထဲက မျောက်ဆိုရင်တော့ ချက်ခြင်းပဲ အဝေးကို ထွက်ပြေးမိလိမ့်မည်။

"ဘာမှ ကြောက်စရာ မရှိဘူး"

ဆွန်းမို ကို့ကိုယ်ကို လှောင်ပြုံးလိုက်သည်။ အဲဒီနောက် ခါးသီးတဲ့ အပြုံး ဖြစ်သွားသည်။

ဘီ မျိုးစိတ် ဟုတ်လား။ ချီး ကံမကောင်းဘူး။ ဘီ မျိုးစိတ်သည် အေ မျိုးစိတ်နဲ့ တော်တော်လေး နီးစပ်သော်လည်း အိုင် မျိုးစိတ်ကို ရတာနဲ့ ဘာမှ မထူးပါ။

- 2021 - | ဘာသာပြန်Hurricane

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ဖယောင်းလုံး နောက်တစ်လုံးကို လုယူချင်သော်လည်း အချိန်မရှိတော့ပါ။ အခုအချိန်တွင် နှင်းစက်ဖြူ အဆောက်အဦးထဲမှ ကျောင်းသားများ ပြေးထွက်လာကြသည်။

"မြန်မြန်ဟေ့၊ ဖယောင်းလုံးတွေကို လုကြ"

"အမှောင်မျိုးစိတ် နာမည်တွေကို အဲဒီထဲမှာ ရေးထားတယ်"

"ဒီပြိုင်ပွဲက အရမ်း ကလိမ်ကကျစ်ကြတာပဲ"

တခြားဆရာတွေလည်း အော်ဟစ်ပြီး သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက်များကို လှမ်းခေါ်ကြသည်။

"ဆွန်းမို ဘယ်လိုလဲ"

ကူရှုပ်ရှင်း လှမ်းအော်သည်။ ဆွန်းမိုက လက်ထဲက စာရွက်ကို လက်ညှိုး ထိုးပြလိုက်သည်။ အနီးကပ်ကြည့်လျှင် အိုကေ အဓိပ္ပါယ် ဖြစ်သည်။ ဒါက ပြိုင်ပွဲ မစခင် ဆွန်းမိုက လူတိုင်းကို ပြောခဲ့တဲ့ အရာဖြစ်သည်။

စကားပြောဖို့ အဆင်မပြေပါက ဒီအမူအရာကို အသုံးပြုမည်။ ကူရှုပ်ရှင်းက သူမရဲ့ ဖယောင်းလုံးအကြောင်းကို ဘာမှ မပြောခဲ့ပါ။ ကူရှုပ်ရှင်းသည် သိုင်းစွမ်းအားကောင်းရုံသာမက အရမ်းလည်း ထက်မြတ်သည်။ တကယ်လို့ သူမသာ နာမည် စာရင်းမှန်ကြောင်း ထုတ်ပြောလိုက်ပါက

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ နာမည်စာရင်းကို အခြားသူများက လုယူကြလိမ့်မည်။ အဲအချိန်တွင် အေ မျိုးစိတ် မဲပေါက်ထားတဲ့ ကျောင်းတွေ ရှုံးသွပ်စွာ ပြေးလာကြလိမ့်မည်။ ပြီတော့ အေ မျိုးစိတ်စာရင်း မဲမပေါက်တဲ့လူတွေတောင် အောင်မြင်စွာ လုယူနိုင်ခဲ့လျှင် သူတို့လိုချင်တာနဲ့ လှဲလှယ်လို့ ရသည်။ ကျောင်းသားတချို့ ပြေးလာကြသည်။ အမှုအရာနဲ့ ဆက်သွယ်မည့် နည်းလမ်းကို မလုပ်ခဲ့ကြပါ။ ဒီအချိန်တွင် လူတိုင်းက ဖယောင်လုံး လုယူဖို့ တိုက်ပွဲဝင်နေကြသည်။ သေချာပေါက်

အားနည်းတဲ့ လူသစ်များက ပစ်မှတ်ဖြစ်နေမှာ သေချာသည်။

"သွားကြစို့"

ဆွန်းမိုက လှည့်ပြီး ပြေးသည်။

"မြို့ထဲက အရင်ထွက်ရအောင်"

ကူရှုပ်ရှင်းလည်း ပြေးလိုက်လာသည်။ ဆွန်းမိုကို လျှင်မြန်စွာ လိုက်မှီမယ်လို့ ထင်ခဲ့သော်လည်း ဒီကိစ္စ မဖြစ်နိုင်မှန်း သိပ်မကြာခင် သိလိုက်ရသည်။ ဒီကောင်ပြေးတာက မတရားကို လျှင်မြန်လွန်းလှသည်။

"ဆရာ ကတော့ အံ့မခန်းပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ တုန်လှုပ်သွားပြီး ရှင်လန်းတက်ကြွနေသည်။ တခြားကျောင်းသားတွေကလည်း အလားတူ ဖြစ်နေကြသည်။ နှင်းစက်ဖြူ အဆောက်အဦးမှ ထွက်လာတဲ့အချိန်တွင် ဆွန်းမိုက ဖယောင်းလုံးကို လုယူကာ ဟွာလျှိုဖန်အား နောက်ပြန်ဆုတ်ခိုင်းလိုက်တာ မြင်ခဲ့ရသည်။

ဟွာလှ့ျ်ိုဖန်သည် ဝူမာအကယ်ဒမီက ဆရာတစ်ယောက်ဖြစ်သော်လည်း ဆွန်းမိုရဲ့ ဖိနှိပ်ခြင်းကို ခံခဲ့ရသည်။

အခန်း (၃၄၈) - တဝက်တပျက် မဟာအဆင့်။

- 2026 - | ဘာသာပြန်Hurricane

နှင်းစက်ဖြူ အဆောက်အဦးအရှေ့တွင် ဝရုန်းသုန်းကား တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်။ ဒီအပိုင်းတွင် ဆရာများ၏ တိုက်ခိုက်ရေး စွမ်းရည်၊ ဆုံးဖြတ်နိုင်စွမ်း၊ ဉာဏ်ရည်ဉာဏ်သွေး တို့ကို စမ်းသပ်ထားသည်။ သေသေချာချာ စီစဉ်ထားတဲ့ ပြိုင်ပွဲ အားလုံးက ဒီလိုပဲ ဖြစ်သည်။ ပြိုင်ပွဲ မစခင်မှာပင် ဆရာများရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို စမ်းသပ်နေခဲ့သည်။ ပြိုင်ပွဲစမှသာ စစ်ဆေးမှု စမယ်လို့ မိုက်မဲစွာ တွေးတော နေပါက

ပါရမီရှင်များနောက်တွင် ဘယ်လောက်မှန်း မသိအောင် ပျတ်ကျန်နေခဲ့မည်။

ဒီအခိုက်အတန့်မှာ ကျောင်းသားများသည် နားလည် သဘောပေါက်သွားပြီး ရင်ပြင်ဆီကို ပြေးလာကြသည်။ စိတ်မကောင်းစရာက ဖယောင်းလုံးက အလုံး ၃၀ ပဲ ရှိသည်။ ဒါကြောင့် တစ်ဖွဲ့ခြင်းဆီ၏ အစွမ်းပေါ်သာ မူတည်နေသည်။

ကောင်းကင်သစ်ခွ အကယ်ဒမီက ဘိုင်တန်ဇီဝေ၊ မာရှန် အကယ်ဒမီက မာရှောင်နှင့် ဟာကျုံ အကယ်ဒမီက ဝေလုတို့သည် တကယ်ကို အစွမ်းထက်လှသည်။ သူတို့က သူတို့ကိုယ်တိုင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖယောင်းလုံးကို ဖမ်းယူနိုင်ရုံသာမက အခြားသူများဆီကလဲ လုယူနေကြသည်။ ဒီလိုအချိန်မျိုးမှာ ဖယောင်လုံးများများ ယူထားတာက သဘာဝအတိုင်း ပိုကောင်းသည်။

ဆွန်းမိုနှင့် ကူရှူပ်ရှင်းတို့နှစ်ယောက်စလုံး အောင်မြင်ခဲ့ကြသည်။ သူတို့က အချိန်ဖြုန်းမနေတာ့ဘဲ မြို့အပြင်ကို တခါတည်း ပြေးထွက်လာကြသည်။

ကျောင်းသားတွေနဲ့ ပြန်ဆုံဖို့ ကိစ္စအတွက်တော့ စိတ်ပူစရာ မလိုပါ။ ကျောင်းတိုင်းတွင် လျှို့ဝှက် ဆက်သွယ်ရေး နည်းလမ်းများ ရှိကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အဲဒါက ဘယ်ကျောင်းကလဲ"

ကျောင်းသားတွေ အရမ်းအံ့အော နေကြသည်။ ဒီဆရာနှစ်ယောက်က နည်းနည်း မမြန်လွန်းဘူးလား။ မိန်းကလေးကလည်း လှသည်။ ယောကျ်ားလေးကလည်း ချောသည်။ အဓိက ကတော့ သူတို့သည် ကြည့်ကောင်းရုံသာမက သန်မာပြီး ထက်မြတ်လွန်းသည်။ ဆရာတော်တော်များများသည် ဒါကိုမြင်ပြီး နောက်ကလိုက်တာကို ရပ်တန့်လိုက်ကြသည်။ သို့သော်လည်း ဝရန်းသုန်းကား တိုက်ပွဲတွင် အခွင့်အရေး မရှိနိုင်ဘူးလို့ သတ်မှတ်ထားတဲ့ သံခေါင်း တချို့

ရှိနေသေးသည်။ သူတို့က ဖယောင်းလုံးများကို လုယူရန် ဆွန်းမိုနှင့် ကူရှုပ်ရှင်းနောက်ကို ဆက်လိုက်နေကြသေးသည်။

"ဆရာဘိုင် ပြန်လာခဲ့"

ကျောင်းသားအုပ်စုကို ဦးဆောင်တဲ့ ဆရာက ကျယ်လောင်စွာ အော်လိုက်သည်။ ဒီအခိုက်အတန့်တွင် ကျောင်းသားတွေချည်းပဲဆိုပါက မှင်တက်ပြီး ရှုံးနိမ့်နေကြမည်။ ကျောင်းသားတွေ မဆိုထားနဲ့ ဆရာတွေတောင် ခေါင်းကိုက်နေကြသည်။

လိဂ်ပြိုင်ပွဲရဲ့ ဒုတိယအချီက တကယ်ကို ကလိမ်ကကျစ်ကြီးပါ။

ဒီနေရာတွင် တိုက်ခိုက်နေကြတဲ့ လူတိုင်းက ပိုပြီး ကြမ်းကြမ်းတမ်းတမ်းတိုက်ခိုက်လေ ဗဟိုပြည်နယ်အကယ်ဒမီက ပိုပြီး အကျိုးရှိလေ ဖြစ်နေသည်။ ရထားတဲ့ ဖယောင်လုံး နှစ်လုံးကို မေ့ထားလိုက်အုံး ဝရုန်းသုန်းကာ တိုက်ပွဲထဲတွင် သူတို့ရဲ့ ခွန်အားကို ဖြုန်းစရာ မလိုခဲ့ပါ။ ဝရုန်းသုန်းကား တိုက်ပွဲထဲတွင် ပါဝင်နေကြတဲ့ သူများသည် ဒဏ်ရာ မရရင်တောင် ခွန်အား၊ ခံနိုင်ရည်နှင့် ဝိညာဥ်ချီများကတော့ ဖြုန်းတီး နေသလို ဖြစ်နေမည်။ ကျောင်းသားတချို့ကတော့ ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားအဖွဲ့ကို

စိုက်ကြည့်နေကြပြီး သူတို့ရဲ့ အကြည့်က မနာလိုခြင်း၊ ရန်လိုခြင်းများနဲ့ ပြည့်နေသည်။

"ဒါက ဘယ်ကျောင်းကလဲ"

"ဗဟိုပြည်နယ်အကယ်ဒမီ မဟုတ်လား"

"အမ်၊ ပြုတ်ကျခါနီးဖြစ်နေတဲ့ ကျောင်းမဟုတ်လား"

"ပိန်တဲ့ ကုလားအုပ်က မြင်းတစ်ကောင်ထက်တော့ ပိုကြီးသေးတယ်"

တိုးတိုး တိုးတိုးနဲ့ ဆွေးနွေးနေတဲ့ အသံကို ကြားရပြီး ဖန်ယန် အရမ်းပျော်သွားသည်။

ကျောင်းသားတွေတောင်
ဂုဏ်ယူဝင့်ကြွားနေကြသည်။

“ဆွန်းမိုနှင့် ကူရှပ်ရှင်းကတော့ လှလှပပလေး လုပ်လိုက်တာပဲ”

ဖန်ယန်က ချီးကျူးလိုက်သည်။ သူတို့နှစ်ယောက်စလုံး ထူးချွန်စွာ စွမ်းဆောင်ခဲ့ကြသည်။ သူတို့က အဖွဲ့ကို ဦးဆောင်ခွင့် ပေးခဲ့ရုံသာမက အခြားအဖွဲ့တွေကိုလည်း ခြိမ်းခြောက်ခဲ့ကြသေးသည်။ ပြောချင်တာက အခြားကျောင်းတွေအတွက် ရွေးချယ်ခွင့် ရှိမယ်ဆိုလျှင် ဗဟိုပြည်နယ်အယ်ဒမီကို စပြီး

ပြဿနာရှာမှာ မဟုတ်ပါ။ လူတိုင်းက ပျော့ညံ့တဲ့ ပန်းသီးကိုသာ ရွေးချယ်ကြလိမ့်မည်။ အရင်ကတည်းက အခုအထိ ဒီလိုပဲ ဖြစ်သည်။

ဘိုင်တန်ဝူ၊ မာရှောင်နှင့် ထိပ်တန်းကျောင်းငါးကျောင်းမှ ဆရာတွေသည် ကြီးမားအစွမ်းထက်တဲ့ ခွန်အားကို မြင်လိုက်ပြီးနောက် သူတို့ တစ်ယောက်မှ မဝိုင်းထားတော့ပါ။ အဲဒီအစား တခြားကျောင်းတွေကိုသာ ပစ်မှတ်ထားလိုက်ကြသည်။

ကူရှုပ်ရှင်းကလည်း အကြောင်းပြချက်တစ်ခုဖြစ်သည်။ သူမက မရီဒန်အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရ တစ်ယောက်ဖြစ်ပြီး အန်ရှီဝေရဲ့ အမဲလိုက်ခြင်းကို ခံခဲ့ရတဲ့သူဖြစ်သည်။ ဒါကြောင့် သူမမှာ ကြောက်ဖို့ကောင်းတဲ့ အရည်အချင်း တချို့ရှိနိုင်သည်။ ပြီးတော့ ဆွန်းမိုကလည်း အရမ်းသန်မာပြီး အနည်းငယ်ကြောက်ဖို့ကောင်းသည်။

အခုအချိန်မှာ ဖန်ယန်သည် ရုတ်တရက်အံ့အောပြီး စိတ်ပျက်နေသည်။ သူက အဖွဲ့ခေါင်းဆောင်

ဖြစ်သော်လည်း ဆွန်းမိုက သူ့ထက်သာလွန်နေတာကို သိနေသည်။

ဆွန်းမိုက ဂုဏ်ပုဒ်ကို မမက်သောကြောင့် သူခေါင်းဆောင် ဖြစ်နေခြင်း ဖြစ်သည်။ ဒီလိုမဟုတ်ပါက ဆွန်းမိုသည် သေချာပေါက် အဖွဲ့ခေါင်းဆောင် ဖြစ်လာလိမ့်မည်။

ဒင်

ဖန်ယန်၏ လေးစားအထင်ကြီးမှု +၃၀

မူလ(၉၀/၁၀၀)

ကျောင်းသားတွေရဲ့ အတွေးက ပိုရိုးရှင်းသည်။ သူတို့က လီဇီချီနဲ့အဖွဲ့ကို မနာလ ို ဖြစ်နေပြီး

ဆွန်းမိုရဲ့ တိုက်ရိုက် တပည့်ဖြစ်ပါက တကယ်ကောင်းတယ်လို့ ခံစားနေရသည်။ ဒါကြောင့် သူတို့ဆီက လေးစားအထင်ကြီးမှု အမှတ်လှိုင်းကြီး ရလိုက်သည်။

“ဆရာလျှောင် ဘာလုပ်နေတာလဲ။ မြန်မြန်သွား”

ဖန်ယန် တိုက်တွန်းလိုက်သည်။ ဖန်ယန် ပြောလိုက်တဲ့ အချိန်မှာပဲ အခြားဆရာ သုံးယောက်နဲ့ တိုက်ခိုက်နေတဲ့ လျှောင်ယန်သည် ရင်ဘက်ကို အကန်ခံလိုက်ရပြီး အပြင်ဘက် လွင့်စင်သွားသည်။

လျှောင်ရန်သည် မြေပေါ်သို့ လဲကျသွားပြီး မျက်နှာမှာ မီးခိုးရောင် သန်းနေသည်။

ရင်ဘက်က မနာပေမယ့် နှလုံးသားက နာကျင်နေသည်။ ဆွန်းမိုနှင့် ကူရှူပ်ရှင်းထက်စာလျှင် အခုတော့ သူက နှိမ့်ကျနေသည်။

ဆွန်းမိုရဲ့ အော်သံကို ကြားပြီး လျှောင်ရန် လန့်ဖြန့်သွားသေးသည်။ အဲဒီနောက် ဖယောင်းလုံးကို မြင်လိုက်တာနဲ့ သူ့ရဲ့ တန်ဖိုးကို သက်သေပြဖို့ ပြင်လိုက်သည်။ သူနဲ့ တိုက်ခိုက်မည့် ရန်သူက ပေါက်ကွဲအား ကောင်းနေမယ်လို့ ဘယ်သူက ထင်မှာလဲ။ လျှောင်ရန်သည် သူတို့နဲ့ တိုက်ခိုက်လာရင်း ယုံကြည်ချက် အားနည်းလာသည်။ ဒီနေရာမှာရှိတဲ့ လူတိုင်းသည် ကျောင်းတွေက

ဂရုတစိုက် ရွေးချယ်ထားတဲ့ ဆရာအသစ်များ ဖြစ်သည်။ သူတို့ရဲ့ ခွန်အားအဆင့်က အတူတူပဲ ဖြစ်သင့်သည်။ မာရှောင်က ဘိုင်တန်ဇီဝေတို့ကတော့ ထုံးစံအတိုင်း ဒီအသုတ်ရဲ့ မွန်းစတားတွေ ဖြစ်သည်။ ကို့ကိုယ်ကို သူတို့နဲ့ နှိုင်းယှဉ်စရာ မလိုပါ။ လျှောင်ရန်သည် ဆွန်းမို ၊ ကူရှုပ်ရှင်းတို့နဲ့ နှိုင်းယှဉ်ချင်ပြီး သူတို့ထဲမှာ ဘယ်သူကအကောင်းဆုံးလဲဆိုတာ သိချင်နေသည်။ သို့သော် အဖြစ်မှန်ကတော့ အပေါက်တစ်ခု ရှာပြီး ခုန်ချလိုက်ချင်သည်။ တော်တော်ကို ရှက်ဖို့ ကောင်းသည်။

"တောက်၊ ငါက ဘာလို့ ဒီလောက်တောင် အားနည်း ရတာလဲ။"

လျှောင်ရန်သည် သူ့ကိုယ်သူ သံသယ ဝင်လာသည်။ မတ်တပ်ရပ်လိုက်ပြီး နောက်တစ်ကြိမ် တိုက်ပွဲ ဝင်လိုက်ပြန်သည်။

(ဒါကို မယုံနိုင်ဘူး)

"ဆရာလျှောင် ထပ်မတိုက်တော့နဲ့"

ဖန်ယန်က မျက်မှောင်ကြုတ်ပြီး တားလိုက်ချင်သည်။ ပြီးတော့ သူ့ရဲ့ စိတ်အခြေအနေက မတည်ငြိမ်ဘဲ ပြိုင်ဘက်တွေထက် ခွန်အား နည်းနည်း

နှိမ့်ကျတာကြောင့် နောက်တစ်ကြိမ် လွင့်ထွက်လာပြန်သည်။

“ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေအားလုံးတော့ မွန်းစတား မဖြစ်နိုင်ဘူး"

ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ တည်ဆောက်ထားတဲ့ ဂုဏ်သိက္ခာကို လျှောင်ရန်က အလာဟာသ ဖြုန်းပစ်လိုက်သည်။

ဖယောင်းလုံးကို ရရှိသွားတဲ့ ကျောင်းသားအဖွဲ့ ၁၂ ဖွဲ့သည် လျှင်မြန်စွာ ထွက်ခွာသွားသည်။

ဒီအသုတ်က ပထမဆုံး အသုတ်ဖြစ်ပြီး သူတို့ရဲ့ ဆုံးရှုံးမှုက နည်းပါးသည်။

နောက်ထပ် သုံးမိနစ်လောက်ကြာတော့ ဒုတိယအုပ်စုလည်း ဝရုန်းသုန်းကား တိုက်ပွဲကနေ ထွက်ခွာသွားသည်။ ဖယောင်းလုံး ၁၂လုံး ကျန်နေသေးပြီး ဒါကို လူတိုင်းက အရှုးအမူး လုနေကြသည်။ ဒီကျောင်းတွေရဲ့ အင်အားက တူညီနေကြသဖြင့် ပြိုင်ဆိုင်မှုက အရမ်းပြင်းထန်နေသည်။

“အားလုံး ခဏလောက် ရပ်ကြပါအုံး။ အချင်းချင်းတိုက်ခိုက်ပြီး ဘာဖြစ်လို့ ခွန်အားတွေ ဖြုန်တီးနေကြမှာလဲ။ ငါတို့အားလုံး ဖယောင်းလုံးတွေကို အညီအမျှ ခွဲယူလို့ ရတယ်။

ဒိုင်လူကြီးတွေက ဒါကို ခွင့်မပြုဘူးလို့ မပြောဘူး မဟုတ်လား”

နဖူးမှာ မွေးရာပါ အမှတ်ပါတဲ့ လူငယ်တစ်ယောက်က အော်ဟစ်ပြီး ပြောလိုက်သည်။

ဒီစကားက လူတိုင်းကို ရပ်တန့်သွားစေသည်။ သူတို့ရဲ့ အမူအရာက အံ့အောသင့်ပြီး နောင်တတွေနဲ့ ပြည့်နေသည်။ ဒါအမှန်ပဲ။ ဒိုင်လူကြီးတွေက ဖယောင်းလုံးတွေကို ခွဲဝေလို့ မရဘူးလို့ မပြောခဲ့ဘူး။

“အခု ဖယောင်းလုံး လက်ဝယ်ရှိတဲ့လူက ချေမွပြီး အချက်အလက်ကို ဖတ်ကြည့်သင့်တယ်။ မင်းတို့နဲ့ အုပ်စုတူတဲ့ လူအချင်းချင်း ကျေးဇူးပြုပြီး မျှဝေပေးပါ”

မွေးရာပါ အမှတ်နဲ့ လူငယ်က သူ့ရဲ့ဖယောင်းလုံးကို ချေမွရင်း ပြောလိုက်သည်။ အဲဒီနောက် စာရွက်ကို ထုတ်ယူလိုက်သည်။

“မိုင်း ‘ဒီ’ အဆင့် မျိုးစိတ်” ဖယောင်းလုံးရထားတဲ့ အခြားသူများကတော့ တွေဝေနေကြသည်။ ဘယ်လိုပဲပြောပြော သူတို့က စပြီး လုပ်ရလိမ့်မည်။ ဘာကြောင့် တခြားသူတွေကို ဝေမျှပေးရမှာလဲ။ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်အရေအတွက်က သေချာပေါက် ကန့်သတ်ထားလိမ့်မည်။ သူတို့က အရင်သွားနိုင်လျှင် အခွင့်အရေး ပိုများလိမ့်မည်။

"တစ်ယောက်ယောက်ကတော့ ပူးပေါင်းလုပ်ဆောင်ချင်တဲ့ စိတ်မရှိတဲ့ပုံပဲ။ ငါတို့အားလုံး ပူးပေါင်းပြီး အဲဒီကျောင်းသားအဖွဲ့ကို ဖြိုခွင်းကြမလား။ ဘယ်လိုလဲ"

လူငယ်က ဆက်ပြီး အကြံပြုလိုက်သည်။ ဒီနေရာမှာရှိနေတဲ့ အဖွဲ့အများစုမှာ ဖယောင်းလုံး မရှိကြသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သူတို့ရဲ့ အမူအရာကလည်း ရန်လိုတဲ့ ပုံစံ ဖြစ်လာသည်။

"မင်းတို့မှာ ရှိနေတဲ့ ဖယောင်းလုံးတိုင်းက မင်းလိုချင်တဲ့ အမျိုးအစားဖြစ်မယ်ဆိုတာ အာမခံလို့

မရဘူး။ အခြားသူနဲ့ လှဲလှယ်ဖို့ပဲ ရှိတယ်။ မင်းလိုချင်တဲ့ အခြားလူနဲ့ တွေ့မယ်ဆိုတာ အာမခံနိုင်လို့လား”

လူငယ်က ဆက်ပြီး စည်းရုံးလိုက်သည်။ ဒီကောင်က နည်းနည်း ရုပ်ဆိုးပေမယ့် ထက်မြတ်သည်။ ပြီးတော့ သူပြောတဲ့ စကားတိုင်းက အရေးကြီးတဲ့ အချက်ကို ပစ်မှတ်ထားခဲ့သည်။ အားလုံး တွေဝေသွားပြီးနောက် မျှဝေဖို့ ဆုံးဖြတ်လိုက်သည်။

လူငယ်က ကျောင်းသားတချို့ကို တစ်ချက်ကြည့်ပြီး တိတ်တဆိတ်

အချက်ပြလိုက်သည်။ လိုက်လံရှာဖွေရမည့် အမှောင်မျိုးစိတ် နာမည်ကို မှတ်ထားရန် တိတ်တဆိတ်လှုပ်ရှားဖို့ ပြောလိုက်သည်။

လူအနည်းငယ်ကလည်း လူငယ်လုပ်ခဲ့သည့်အတိုင်း သတင်းအချက်အလက် စုဆောင်းဖို့ လူများကို စေလွှတ်ခဲ့ကြသည်။ သို့သော်လည်း ဖယောင်းလုံးကို ရထားတဲ့ လူအများစုကတော့ သူတို့ရဲ့ အရေးပါမှု အနည်းငယ် လျော့ပါးသွားနိုင်တာကို သတိထားလိုက်မိသည်။

အမှန်တိုင်းပြောရလျှင် ဗဟိုပြည်နယ်အကယ်ဒမီ၊ မာရှန်နှင့် အခြားကျောင်းများ

ထွက်ခွာသွားကတည်းက လူတိုင်း ဖိအား များနေကြသည်။ ဒါပေမယ့် အခုအချိန်မှာတော့ သိပ်မနောက်ကျသေးပါ။ သူတို့အားလုံးမှာ အနိုင်ရမည့် အခွင့်အရေး ရှိနေတုန်းပါ။

တန်ရီမင်သည် နှင်းစက်ဖြူ အဆောက်အဦး စင်ပေါ်ကနေ အရာအားလုံးကို ရပ်ကြည့်နေသည်။

"အဲဒီလူငယ်ရဲ့ နာမည်က ဘာလဲ"

တန်ရီမင် သိချင်နေသည်။

"ဆွန်းရှီ"

လက်ထောက်က မိတ်ဆက်ပေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်း မျိုးရိုးနဲ့ နောက်တစ်ယောက် ရှိသေးတာလား"

တန်ရီမင် ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။ ဒီနှစ်မှာ ဆွန်းမျိုးရိုး နာမည်ရှိတဲ့ လူအားလုံး သန်မာနေသည်။ အမှန်တော့ သူတော်စင်ဂိတ်သည် နှင်းစက်ဖြူအဆောက်အဦး အဝင်ဝ၊ မြို့ဝင်၊ မြို့ထွက်တဲ့နေရာတွေမှာ ဖယောင်းလုံးများကို ကြုံရာ ချခြင်ခဲ့သည်။ သို့သော် ဆွန်းရှီ၏ အကြုံပြုချက်အတိုင်း လူတိုင်းအား ဖယောင်းလုံး မှုဝေခွင့်ကို ခွင့်ပြုခဲ့ပြီး ဆရာတွေကြားမှ ဝရန်းသုန်းကား တိုက်ပွဲလည်း အဆုံးသတ်သွားည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါးမိနစ်လောက်ကြာတော့ ကျောင်းသားတွေအားလုံး သူတို့လိုချင်တဲ့ အချက်အလက်ကို ရပြီး စတင်ထွက်ခွာသွားကြသည်။

"ဒီလိုလုပ်ခြင်းအားဖြင့် စောစောက ဖယောင်းလုံးတွေ လုယူထားတဲ့ ကျောင်းအဖွဲ့တွေမှာ အားနည်းချက် ရှိလာနိုင်တယ်။ သူတို့ရဲ့ ဖယောင်းလုံးထဲမှာ သူတို့လိုချင်တဲ့ မျိုးစိတ်မဟုတ်ရင် ဘယ်လိုလုပ်ကြမလဲ"

လက်ထောက်က မျက်ခုံးပင့်ပြီး မေးလိုက်သည်။

"ဒီလိုသာဆိုရင်တော့ ပြိုင်ပွဲက ပိုပြီး စိတ်ဝင်စားဖို့ ကောင်းလာလိမ့်မယ်"

တန်ရီမင်သည် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ စွမ်းဆောင်ရည်ကြောင့် အနည်းငယ် မျှော်လင့်မိသည်။

ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့သည် လျှို့ဝှက်အချက်ပြတဲ့ အမှတ်အသားများကို ချန်ထားခဲ့ပြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ ခရီးဆက်လာခဲ့ကြသည်။ သူတို့ လိုက်ဖမ်းရမည့် အမှောင်မျိုးစိတ်က ‘ပန်းငါးကြင်း’ ဖြစ်သည်။ ရေချို အိုင်များတွင် နေထိုင်တတ်တဲ့ ငါးတစ်မျိုးဖြစ်သည်။ အမှန်အတိုင်းပြောရလျှင်တော့ ဖမ်းမိဖို့ နည်းနည်း ခက်သည်။

"တောက်၊ ဘာဖြစ်လို့ မြေပေါ်က မျိုးစိတ် မဟုတ်ရတာလဲ။ ဌက်မျိုးစိတ် ဖမ်းရမယ်ဆိုရင်တောင် အဆင်ပြေသေးတယ်"

ကူရှပ်ရှင်း စိတ်ဓါတ်ကျသွားသည်။ ငါးမထွက်လာလျှင် ဘယ်လိုလုပ်မလဲ။

ဆွန်းမိုက စနစ်ဆီမှ အကြောင်းကြားချက်ကို နားထောင်နေသဖြင့် ပြန်မတုန့်ပြန်ခဲ့ပါ။

ဒင်

ကူရှပ်ရှင်း၊ ကျန်ရန်ဇောင်တို့နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် အဆင့်တစ်ခု တိုးလာသဖြင့် ဂုဏ်ပြုပါတယ်။

ဆုလဒ် - ကြေးရောင် ရတနာသေတ္တာတစ်လုံးနှင့် ကံကြမ္မာရတနာ သေတ္တာတစ်လုံး”

ကျန်ရန်ဖောင်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် မူလအဆင့်မှ ရင်းနှီးအဆင့်ကို တိုးတက်လာသော်လည်း ရတဲ့ ဆုလဒ်မှာ အနည်းငယ် နိမ့်ကျနေသည်။

“ဖွင့်လိုက်”

ဆွန်းမိုက လုချီဟွာရဲ့ ကံကို မဖြုန်းတီးချင်သဖြင့် သူမကို မစောင့်တော့ပါ။ ပြီးတော့ သူသည် အစောပိုင်းတုန်းက ဖယောင်လုံးထဲမှ အေ အဆင့်မျိုးစိတ်ကိုလည်း မရခဲ့ပါ။ သူတစ်ခါ

ကံမကောင်း ဖြစ်ခဲ့ပြီးပြီ နောက်တစ်ကြိမ် ကံမကောင်းတော့ မဖြစ်နိုင်ပါ။

ဒင်

“ အနက်ရောင် မြေကြီးတစ်ခဲနှင့် အချိန်တံဆိပ်တစ်ခု ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်

”

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ (မြေကြီး ထပ်မရသင့်တော့ဘူးလေ။ ငါက အမှောင်တိုက်ကြီးကို ရောက်နေပြီလေ။ ခါးကုန်းပြီး ကောက်လိုက်တာနဲ့ မြေကြီးတစ်ခဲ အလွယ်တကူ ယူလို့ ရတယ်လေ။)

ကံကောင်းလို့ အချိန်တံဆိပ်တစ်ခု ရခဲ့သေးသည်။ ဒီလိုမှမဟုတ်ရင် ဒေါသထွက်ပြီး သွေးချောင်းဆိုးနေလိမ့်မည်။

"သုံးမှာလား"

စနစ်က မေးသည်။

ဆွန်းမို တိတ်ဆိတ်သွားသည်။ သူကတော့ ထုံးစံအတိုင်း သုံးချင်နေသည်။ လေဘုရင်နတ်ဘုရားခြေလှမ်းရဲ့ အစွမ်းကို တွေ့ခဲ့ပြီးတဲ့နောက် လေဘုရင်နတ်ဘုရားကျင့်စဉ်လည်း မဆိုးဘူးလို့ နားလည်လာသည်။

ပြီးတော့ ကျင့်ကြံခြင်း ရှုထောင့်မှ ကြည့်လျှင်လည်း အဲဒါက လူတစ်ယောက်ရဲ့ မြားပစ်စွမ်းရည်ကို မြှင့်တင်ပေးရုံသာမက အာရုံခြောက်ပါးစလုံးကိုလည်း မြှင့်တင်ပေးသည်။

ဘယ်လိုပဲပြောပြော လေးပစ်တဲ့နေရာမှာ တိကျချင်တယ်ဆိုလျှင် အာရုံခြောက်ပါးစလုံး တိကျနေဖို့ လိုသည်။ ပစ်မှတ်ကို ရှာဖွေနိုင်ဖို့က အရေးအကြီးဆုံး ဖြစ်သည်။

"လေဘုရင် နတ်ဘုရားကျင့်စဉ်ကိုပဲ အဆင့်မြှင့်လိုက်ရအောင်"

ဆွန်းမို ညွှန်ကြားလိုက်သည်။

အချိန်တံဆိပ် ကြေမွသွားပြီး ဆွန်းမို ခန္ဓာကိုယ်ထဲသို့ အလင်းတန်းများ ဝင်သွားသည်။ သူ့စိတ်ထဲတွင် လေးနက်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ အသိပညာတချို့ ပေါ်ပေါက်လာသည်။

ဒင်

“လေဘုရင်နတ်ဘုရားကျင့်စဉ်ကို တဝက်တပျက် မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။”

အခုလက်ရှိတွင် ပြေးနေတဲ့ ကူရှုပ်ရှင်းသည် ဘေးနားက ဆွန်းမိုကို ရုတ်တရုတ်

လှည့်ကြည့်လိုက်သည်။ ထူးဆန်းလိုက်တာ။ သူက ပိုသန်မာလာတယ်လို့ ဘာဖြစ်လို့ ခံစားမိတာလဲ။

"တဝက်တပျက် မဟာအဆင့် ဘာကြီးလဲ"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ဒီလိုမျိုး ကျွမ်းကျင်အဆင့်ကို အရင်က မကြားဖူးပါ။

အခန်း (၃၄၉) - ဘာမှပြောမနေနဲ့ သူမကို နမ်းလိုက်။

"တဝက်တပျက် မဟာအဆင့်ဆိုတာက တရားဝင်အဆင့် မဟုတ်ဘူး။ ဖော်ပြချက် တစ်ခုပဲ။ နာမည်ပြောင်လို့သာ မှတ်ထားလိုက်"

စနစ်က ရှင်းပြသည်။

"နာမည်အတိုင်းပဲ မင်းရဲ့ ကျွမ်းကျင်မှုက ကျွမ်းကျင်အဆင့်ကို ကျော်သွားပေမယ့် မဟာအဆင့်ကို ရောက်ဖို့ကလဲ ခြေလှမ်း တစ်ဝက်စာလောက် လိုသေးတယ်"

"ဒါပေမယ့် ဒီခြေလှမ်းတစ်ဝက်ကို တချို့လူတွေက နေ့တစ်ဝက်အတွင်း ကျော်လွန်နိုင်ပြီး

တချို့လူတွေကတော့ ဘဝတစ်လျှောက်လုံး မကျော်ဖြတ်နိုင်တော့ဘူး။

“ဒီအဆင့်မှာ ပြင်းပြင်းထန်ထန် လေ့ကျင့်နေရုံနဲ့ မလုံလောက်တော့ဘူး။ နားလည်သဘောပေါက်မှုအပေါ်မှာ ပိုမူတည်နေပြီ။ မင်းသာ နားမလည်ရင် ဒီခြေလှမ်းတစ်ဝက်ကို တသက်လုံး ကျော်လွှားနိုင်မှာ မဟုတ်ဘူး။ မင်းအခု နားလည်ပြီလား”

စနစ်ရဲ့ လေသံသည် ဉာဏ်ပညာရှိတဲ့ ကျွမ်းကျင်သူတစ်ယောက်က မသိနားမလည်တဲ့ တပည့်တစ်ယောက်ကို သင်ပေးနေတဲ့အတိုင်း

ရုတ်တရုတ် နက်နဲလာသည်။ ပညာရှင်ဆန်တဲ့ လေထုကို ထုတ်လွှင့်လာသည်။

"နားလည်ပြီ"

ဆွန်းမိုက ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

"ဒါပမယ့် ငါက ဖြတ်လမ်းကို ရွေးမယ်"

"ဘာ"

စနစ် ကြောင်သွားသည်။။

"စတိုးဆိုင် ဖွင့်ပါ။ အမှတ် တစ်ထောင်သုံးပြီး ဆယ်နှစ်စာအချိန်တံဆိပ်တစ်ခု ဝယ်မယ်"

ဆွန်းမိုက တောင်းဆိုလိုက်သည်။

"မင်းက ကျိန်ဆဲလိုက်ရမလား"

ဒီလိုပြောလိုက်ပေမယ့် စနစ်သည် စိတ်ထဲက ကျိန်ဆဲပြီး အော်ဟောက်နေသည်။ (မင်းနဲ့အတွေ့အကြုံတွေ မျှဝေဖို့က မလွယ်ပေမယ့် နောက်ဆုံးတော့ မင်းရဲ့ သဘောထားက ဒီလိုပဲလား)

(နှိမ့်ချစွာ သင်ယူပါဆိုတဲ့ စကားကိုဘယ်နေရာမှာ သွားသုံးရမှာလဲ။)

“ဘာလဲ။ စတိုးဆိုင်က ငါ့ကို မရောင်းနိုင်ဘူးလို့ ငြင်းနေတာလား”

ဆွန်းမိုက မေးလိုက်သည်။

“ထုံးစံအတိုင်း ရောင်းချပေးလိမ့်မယ်”

စနစ်မှာသာ သွားတွေရှိနေလျှင် ဒေါသထွက်ပြီး လျှာကိုက်မိနေလောက်သည်။

ဒင်

“ဝယ်ယူမှုအောင်မြင်တယ်။ အချိန်တံဆိပ်ကို သိုလှောင်ခန်းထဲ ပို့ထားလိုက်ပြီ”

ဆွန်းမို နှုတ်ခမ်းများ တွန့်ကွေးသွားသည်။

“လေဘုရင် နတ်ဘုရားကျင့်စဉ်ကို အဆင့်မြှင့်တင်ရန် အသုံးပြုလိုက်ပါ”

သိပ်မကြာခင်ကပင် ဆွန်းမိုသည် လေးစားအထင်ကြီးမှုအမှတ် ငါးသောင်းနီးပါးလောက် ရရှိထားခဲ့သည်။

ဒင်

"လေဘုရင်နတ်ဘုရားကျင့်စဉ်ကို မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဒီတစ်ခါတော့ စနစ်ဆီက အကြောင်းကြားချက်သည် ခံစားချက်များ ကင်းမဲ့နေပြီး စက်ရုပ်တရုပ်ဆီက ထွက်လာသလို ဖြစ်နေသည်။ ဆွန်းမိုက အင်ဂျင်ဝိုင်အနံ့ကိုသာ ရလိုက်သလို ခံစားရသည်။

ဆွန်းမိုသည် စနစ်နဲ့အတူတူ ရှိနေခဲ့တာ တစ်နှစ်လောက်ရှိနေပြီ။ ဒါကြောင့် အဲဒါကို

သေသေချာချာ နားလည်သည်။ အပြန်အလှန်ပြောဆိုရာတွင် လူသားတစ်ဦးကဲ့သို့ ပြောဆိုပြီး အရေးပါတဲ့ လူတစ်ယောက်လို ပြောတတ်သည်။ စိတ်လှုပ်ရှားမှုမရှိဘဲ ပြန်တုန့်ပြန်တဲ့အခါတွင် အရေးပါတဲ့ လူတစ်ယောက်လို မလုပ်တော့ဘဲ ကန့်သတ်ချက်ဘောင်တစ်ခု အတွင်းကနေ အခြေခံပြီး ပြန်တုန့်ပြန်သည်။

"စနစ်က အိပ်ပ်ဖို့လိုတာလား"

ဆွန်းမို အဖြေစဉ်းစားမရ ဖြစ်နေသည်။ (တိတိကျကျ ပြောရရင် စနစ်က ဘာလဲ။

သူ့အသက်က ငါနဲ့ဆက်စပ်နေတာလား။ ငါသေရင် သူသေမှာလား။ ဒါမှမဟုတ် ငါသေသွားရင် ငါ့ဆီကနေ ထွက်သွားပြီး နောက်ထပ် ပိုင်ရှင်တစ်ယောက် လိုက်ရှာမှာလား)

သို့သော်လည်း ဆွန်းမိုသည် ဒီမေးခွန်းကို ဆက်စဉ်းစားရန် အရမ်းပျင်းသွားပြီ။ လေဘုရင် နတ်ဘုရားကျင့်စဉ်ကို မဟာအဆင့်အထိ ကျွမ်းကျင်လာတာနဲ့အမျှ သူ့ရဲ့ စိတ်ဓါတ်နဲ့ ဝိညာဉ်လည်း မြင့်တက်လာတဲ့ ပုံရသည်။

အရင်တုန်းက ဆွန်းမိုသည် ဒါကို အာရုံအပြည့်စိုက်ထားရင် သဘာဝ တရားရဲ့ ညည်းညူနေတဲ့ အသံတွေကိုတောင် မကြားနိုင်ပါ။

ဥပမာပြောရလျှင် မိုးရွာတဲ့နေ့တွင် လူတချို့က ကြမ်းပြင်ပေါ်ကျနေတဲ့ မိုးစက်သံကို ကြားနိုင်သော်လည်း တချို့က သဘာဝကြီးရဲ့ အသံရှုကို ကြားနေလိမ့်မည်။

မိုးရွာနေတဲ့အချိန်တွင် မင်းက ထီးဖွင့်ပြီး မြက်ခင်းတစ်ခုအပေါ်မှာ လမ်းလျှောက်နေရင် ကောင်းကင်နဲ့ မြေကြီးကြားက ဆက်စပ်မှုကို

ခံစားရပြီး သူတို့နဲ့တသားတည်း ဖြစ်နေသလို ခံစားရမည်။

လူတချို့ကတော့ မိုးရွာတဲ့အချိန်မှာ စိတ်ငြိမ်ဖို့ ပိုလွယ်ကူတယ်လို့ ထင်မြင်ကြသည်။ အကြောင်းမှာ အာရုံခြောက်ပါးစလုံးကို သဘာဝတရားကြီးက လွှမ်းမိုးထားလို့ ဖြစ်သည်။ အခုချိန်မှာတော့ ဆွန်းမိုက မျက်လုံးမှိတ်ထားပြီး အသက် ခပ်ပြင်းပြင်း ရှူသွင်းနေသည်။ စိမ်းလန်းနေတဲ့ သစ်ရွက်ပေါ်မှာ သွားနေတဲ့ ပိုးကောင်လေးများရဲ့ တွားသွားနေတဲ့ တီးတိုးသံလေးများကိုတောင် ကြားနေရသည်။

အိပ်တန်း ပြန်ဖို့ ပြင်ဆင်နေတဲ့ ငှက်လေးတွေရဲ့ သီဆိုသံတွေကိုလည်း ကြားနေရသည်။ အသီး အပွင့်များ၏ ညှိုးနွမ်းခြင်းနဲ့ သေဆုံးခြင်း၊ ဖရဲသီးများ မှည့်ပြီး ကြွေကျတဲ့အချိန်မှာ မြည်တဲ့အသံနဲ့ ဘဝအသစ်များ မွေးဖွားနေတဲ့ အသံများကို ကြားနေရသည်။

လေဘုရင်နတ်ဘုရားကျင့်စဉ်ရဲ့ သဘောတရားအရ စစ်မှန်တဲ့ လေးသမားဆိုတာ ရုပ်ပိုင်းဆိုင်ရာ မျက်လုံးအပေါ်မှာ မမှီခိုပါ။ အဲဒီအစား စိတ်မျက်လုံးကိုသာ အားကိုးသည်။ အမှန်တရားကို သိမြင်နိုင်ရန် မြူခိုးအားလုံးကို ကျော်ဖြတ်ဖို့ လိုသည်။

မဟာအဆင့် လေးပစ်တဲ့ အခြေခံက အခြေခံ ပြဿနာ မဟုတ်တော့ပါ။ သူတို့က စိတ်မျက်လုံးကို လေ့ကျင့်ရလိမ့်မည်။ လူသားများ သဘာဝနှင့် ဖွဲ့စည်းပုံကို နက်ရှိုင်းစွာ သဘောပေါက်ဖို့ လိုသည်။ စစ်မှန်တဲ့ လေးသမားသည် ဥပဒေသ များစွာကို သတ်ဖြတ်နိုင်သည်။ ကောင်းကင်နဲ့ မြေကြီးရဲ့ အရင်းအမြစ်ကိုတောင် သတ်ဖြတ်နိုင်သည်။

လူ့နှလုံးသားကို သတ်ဖြတ်နိုင်သည်။

ကမ္ဘာကြီးကို သတ်ဖြတ်ပစ်နိုင်သည်။

အဆင့်အမြင့်ဆုံးမှာ ပစ်ခတ်ခြင်းမရှိတဲ့ ပစ်ခတ်မှုအခြေအနေကို ရောက်သွားလိမ့်မည်။ အဲဒါက လေးပစ်မှုမှာ အမြင့်ဆုံး နယ်ပယ် ဖြစ်သည်။

ဆွန်းမိုက ရုတ်တရက် ရပ်တန့်လိုက်ပြီး သစ်ကိုင်းတစ်ခုပေါ်မှာ ဆောင့်ကြောင့် ထိုင်လိုက်သည်။

ရုတ်တရက် 'ရွှေ့လျားခြင်းမှ တည်ငြိမ်ခြင်း' လုပ်ဆောင်ချက်သည် အံ့အောစရာကောင်းသလို ဘုန်းတန်ခိုး ကျက်သရေများနဲ့ ပြည့်နှက်နေသည်။

ကူရှုပ်ရှင်း မျက်မှောင်ကြုတ်သွားသည်။ သူတို့မှာ တခြားသူတွေ ပစ်မှတ်ထားတဲ့ ဖယောင်းလုံး နှစ်လုံး

ရှိနေပြီ။ အခုအချိန်မှာ လုံး၀ မရပ်တန့်သင့်ဘဲ တခြားပြိုင်ဘက်တွေနဲ့ ဝေးနိုင်သမျှ ဝေးဝေးမှာ နေသင့်သည်။

“မင်းဘာလုပ်မ.....”

ကူရှုပ်ရှင်း အလိုလို မေးလိုက်မိသည်။ သို့သော်လည်း မေးခွန်းက တစ်ဝက်တစ်ပျက်နဲ့ ရပ်တန့်သွားသည်။ အခုလက်ရှိတွင် ဆွန်းမိုက အဲဒီနေရာတွင် ထိုင်ရင်း မျက်လုံးမှိတ်ထားသည်။ သဘာ၀တရားနဲ့ ပေါင်းစပ်ကာ သစ်ပင်တစ်ပင်လို ဖြစ်လာသည်။ သူ့ရဲ့ကိုယ်ရောင် အငွေ့အသက်တွေလည်း ပျောက်ကွယ်သွားသည်။

“နောက်တကြိမ် စိတ်ပိုင်းဆိုင်ရာ တိုးတက်လာပြန်တာလား“

အစောပိုင်းတုန်းက ဆွန်းမိုရဲ့ စိတ်အခြေအနေနဲ့ ကွဲပြားနေတာကို ကူရှုပ်ရှင်း ခံစားမိသည်။ သိဖို့က မလွယ်လှသည်။ ဒါပေမယ့် အခုလက်ရှိ ဆွန်းမို အခြေအနေကို မျက်မမြင်တစ်ယောက်ကတောင် မြင်နိုင်သည်။

ရွှတ်စ်

ကူရှုပ်ရှင်းက ဆွန်းမိုနားကနေ ပေါ့ပေါ့ပါးပါးလေး ခုန်ထွက်သွားသည်။

ပထမ အချက်က သူမတို့ အရမ်းနီးကပ်ပြီး ဆွန်းမို ထိခိုက်သွားမှာ သူမ ကြောက်နေသည်။ ဒုတိယအချက်ကတော့ မဖိတ်ခေါ်ထားတဲ့ ညှော်သည့်တွေ ရောက်လာလျှင် သူ့ကို နှောက်ယှက်လို့မရအောင် စောင့်ရှောက်ထားဖို့ လိုသည်။

ရုတ်တရက် ဥဒဏ်အလင်းပွင့်ခြင်းသည် ရုတ်တရက် ဖြစ်ပေါ်တတ်သော်လည်း အရမ်းရှားပါးပြီး အချိန်ခဏလေးပဲ ကြာမြင့်တတ်သည်။ ကျင့်ကြံသူအများစုကတော့ တစ်ဘဝလုံး မတွေ့ကြုံလိုက်ရတာ ဖြစ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအချက်ကနေ ဘယ်လောက် အဖိုးတန်လဲဆိုတာ သိနိုင်သည်။

(ပြိုင်ပွဲမှာ ငါတို့ ရှုံးမယ်ဆိုရင်တောင် ဆွန်းမိုကို ဘယ်သူမှ မနှောက်ယှက်စေရဘူး)

ကူရှုပ်ရှင်း စိတ်ထဲမှာ အတွေးတစ်ခု ပေါ်လာသည်။ ဒါပေမယ့် အဲဒီနောက်မှာ သူမ စ စဉ်းစားလိုက်မိသည်။ ဆွန်းမိုနှင့် သူမကြားက ဆက်ဆံရေးက ဘယ်အချိန်တုန်းက အရမ်းကောင်းလာတာလဲ။

သူမ သူ့အတွက် အရမ်းတွေးနေပြီလား။

ဘာကို အခြေခံတာလဲ။

သို့သော်လည်း နာကျင်မှု တပ်မက်သူလေးသည် ဆွန်းမိုရဲ့ ချောမောတဲ့ မျက်နှာကို ကြည့်လိုက်ပြီး စိတ်ထဲ မကျေနပ်မှုတွေ အားလုံး ပျောက်ကွယ်သွားသည်။

အခုလက်ရှိတွင် ဆွန်းမိုမှာ ဘာအမူအရာမှ မရှိပါ။ သူက သတ္တုရုပ်တု တစ်ခုလို ရွှံ့စေး ရုပ်တု တစ်ခုလို ဖြစ်နေသည်။ သို့သော်လည်း ဒီအခြေအနေအတွင် သူ့ကိုယ်မှ ဖြာထွက်နေတဲ့ အငွေ့အသက်များကြောင့် သူ့ကို လေးစားအားကျ သွားစေနိုင်သည်။

ဆွန်းမိုက လေးစားဖို့ မကောင်းရင်တောင် သူ့ရဲ့ စိတ်ဓါတ်ကတော့ လေးစားဖို့ကောင်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်ကို ရွှေချောင်းတစ်ထောင်လောက် လေးလံအောင် ဘယ်လို လုပ်ရမလဲ။

အဖြေကတော့ သူတို့ရဲ့ တွေးခေါ်မှုနဲ့ အရှည်တွေးခေါ်နိုင်စွမ်း ဖြစ်သည်။ စနစ်ကလည်း ဒါကို သတိထားမိပြီး စကားမပြောနိုင်အောင် ဖြစ်နေသည်။

လေဘုရင်နတ်ဘုရားကျင့်စဉ်သည် လေးပစ်ခြင်းအမျိုးအစား ကျင့်စဉ် ဖြစ်သည်။ နောက်ဆုံးတော့ ဆွန်းမိုသည် မြှားတစ်ချောင်းမှ မပစ်ဘဲ မဟာအဆင့်အထိ ကျွမ်းကျင်သွားသည်။

ပြီးတော့ သူက အဲဒီအပေါ်မှာ ရုတ်တရုတ် ဉာဏ်အလင်းတောင် ပွင့်နေလိုက်သေးသည်။

အမ်

ပါရမီရှင်တွေကတော့ အခြားသူတွေကို အမြဲတမ်း စိတ်ပျက်စေသည်။။။ ဆွန်းမိုက လေဘုရင်နတ်ဘုရားကျင့်စဉ်ကို ဘာဖြစ်လို့ တစ်ဝက်တစ်ပျက် မဟာအဆင့်ထိပဲ တိုးတက်ခဲ့တာလဲ။

ဘာကြောင့်ဆို ဆန်းကြယ် သူတော်စင်အဆင့်ကျင့်စဉ် ဆိုတာက ပြည်နယ်ကိုးခုတွင် အထွဋ်အထိပ် ကျင့်စဉ် ဖြစ်သည်။

ဒီအဆင့်တွင် အချိန်တံဆိပ်က ဆယ်နှစ်နဲ့တူတဲ့ အတွေ့အကြုံကို ပေးနိုင်သည်။ မိမိတို့ရထားတဲ့ အတွေ့အကြုံကနေတဆင့် ရုတ်တရက် သဘာပေါက်ဖို့ လိုအပ်သေးသည်။ ကျင့်ကြံသူရဲ့ အရည်အချင်း အရမ်းညံ့ပါက အတွေ့အကြုံ ပိုမို ရရှိရန် အချိန်တံဆပ် ပိုအသုံးပြုဖို့ လိုအပ်သည်။

သို့သော် ဆွန်းမိုကတော့ အချိန်တံဆိပ်တစ်ခုသာ အသုံးပြုခဲ့ပြီး ရုတ်တရက် ဉာဏ်အလင်းပွင့်တဲ့ အခြေအနေကို ဝင်ရောက်ခဲ့သည်။

“ ဆွန်းမိုသည် ဒူးခေါင်းကို မြှားမှန်ထားတဲ့ မွေးရာပါ မြှားနတ်ဘုရား ဖြစ်နေမလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က ခန့်မှန်းနေသည်။

ဆွန်းမိုရဲ့ အရည်အချင်းက ကောင်းမွန်မှန်း သိသာလွန်းသည်။ ဒါမှမဟုတ် တနည်းနည်းအားဖြင့် တွေးခေါ်တတ်တဲ့လူ ဖြစ်သည်။ အခြားသူများက နားလည်ရန် နှစ်ဆယ်နဲ့ချီပြီး အသုံးပြုတဲ့ အရာတွေအတွက် သူကတော့ ဆယ်နှစ်အတွင်း နားလည်နိုင်သည်။ လေ့လာရတဲ့ ကိစ္စအားလုံးတွင် ဒီအတိုင်း ဖြစ်နေသည်။

နားလည်နိုင်စွမ်း မြင့်မားတဲ့သူတွေက သူများ ဆယ်ရက်လောက် သင်ယူတဲ့အရာကို တရက်တည်း သင်ယူတတ်ကြသည်။

ရွှတ်စ်

ဆွန်းမိုက မျက်လုံး ဖွင့်လိုက်သည်။ အခုအချိန်တွင် သူ့မျက်လုံးက ကြယ်တွေနဲ့ တူနေသည်။

နာကျင်မှု တပ်မက်သူလေးသည် ထိတ်လန့်သွားသည်။ သူမက ဆွန်းမို မျက်လုံးကို စိုက်ကြည့်ရင်း အနည်းငယ် စွဲလန်းသွားသည်။ (သူက နည်းနည်းလေး ရုပ်ချောတာ မဟုတ်ဘူး။)

သူ့မျက်လုံးတွေက အသိပညာ သမုဒ္ဒရာကြီး တစ်ခုလို နက်နဲ လှသည်။ တည်ငြိမ်ပြီး ထက်မြတ်လွန်းသည်။ ပေါ့ပေါ့ပါးပါး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြည့်တစ်ချက်နဲ့တင် နက်ရှိုင်းတဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ ချက်ခြင်း ခံစား မိစေနိုင်သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

ကူရှုပ်ရှင်း မျက်နှာ ချက်ခြင်း နီသွားကာ ခေါင်းကို ကမန်းကတမ်း ငုံ့လိုက်သည်။ အရမ်းစိတ်လှုပ်ရှားနေသောကြောင့် ခြေချော်ကာ သစ်ကိုင်းမှ ပြုတ်ကျသွားသည်။

အား

ကူရှပ်ရှင်း လန့်ပြီးအော်လိုက်သည်။ အဲဒီနောက် သန်မာတဲ့ လက်တစ်စုံက သူမကို လှမ်းဖမ်းထားလိုက်သည်။

“မင်း အဆင်ပြေရဲ့လား”

ဆွန်းမို စိတ်ပူသွားသည်။

ဆွန်းမိုကတော့ ကူရှပ်ရှင်းကို သူငယ်ချင်း တစ်ယောက်လိုသာ ဆက်ဆံသည်။ အစောပိုင်း အခြေအနေမှာ နာကျင်မှုတပ်မက်သူလေးက မနာလိုဖြစ်ပြီး သူ့ရဲ့ ဉာဏ်အလင်းပွင့်မှုကို ပျက်ဆီးအောင် နှောက်ယှက်နိုင်သည်။ သို့သော်လည်း

သူမက အဲဒီလိုမလုပ်မယ့်အစား သူ့ကိုတောင် ကာကွယ်ပေးထားသည်။

“ငါ အဆင်ပြေတယ်”

ကူရှပ်ရှင်းက ဆွန်းမို မျက်လုံးကို မကြည့်ရဲဘဲ အဝေးသို့ အကြည့်လွှဲလိုက်သည်။

“စနစ်။ မင်းကို ချီးကျူးပါတယ်”

ဆွန်းမိုက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေသည်။

“ငါ့ကို ကျေးဇူးတင်စရာ မလိုပါဘူး။ မင်းအရည်အချင်း ကောင်းလို့ပါ”

စနစ်က ချီးမွန်းတာကို လက်မခံချင်ပါ။

အချိန်တံဆိပ်ရဲ့ သက်ရောက်မှုက လူတစ်ယောက်ခြင်းစီ အပေါ် မူတည်သည်။ အဲဒါက ဆွန်းမိုကို ဆယ်နှစ်စာ အတွေ့အကြုံသာ ပေးနိုင်ပြီး တိုးတက်မှုနှင့် ကြီးထွားရန်အတွက် အတွေ့အကြုံကို အာဟာရအဖြစ် ပြောင်းလဲဖို့ လိုသေးသည်။ ဒါကလည်း လူတစ်ယောက်ရဲ့ အရည်အချင်းနဲ့ သက်ဆိုင်သည်။

ဥပမာ ချီရွှန်ကျားက အနှစ် ၁၀၀ အချိန်တံဆိပ်ကို အသုံးပြုရင်တောင် သူက မြွားပစ်ခြင်းတွင် မဟာအဆင့် ရောက်ရုံလေးသာ ရှိလိမ့်မည်။ သဘောတရားအရ ဆွန်းမိုက နှစ် ၁၀၀ သာ

အသက်ရှင်နိုင်မယ် ဆိုပါစို့ သက်တမ်းက ကန့်သတ်ချက်ရှိနေသဖြင့် ဘာသာရပ်တိုင်းကို သင်ယူဖို့ မဖြစ်နိုင်ပါ။ သို့သော်လည်း အချိန်တံဆိပ်ကို အသုံးပြုပါက အခွင့်အရေး ရလာလိမ့်မည်။

ကူရှုပ်ရှင်းက စကားမပြောဘဲ ခပ်ခွာခွာနေ နေတာ မြင်လိုက်လျှင် ဆွန်းမို ခေါင်းကုတ်လိုက်မိသည်။ ဘာပြောရမှန်း မသိပါ။ ဒီလိုအချက်ကြောင့်လည်း နှစ်ပေါင်းများစွာ တစ်ကောင်ကြွက်ဘဝနဲ့ အထီးကျန် ဖြစ်နေခဲ့သည်။ အခုအချိန်မှာ အခွင့်အရေးယူပြီး သူမကို တန်းနမ်းလိုက်သင့်သည်။

“တောက်၊ ခိုးပြီး ချိန်းတွေ့နေတဲ့အတွဲတတွဲကို မြင်လိုက်ရတယ်။ လူတိုင်းက ပြိုင်ပွဲအတွက် ကြိုးစားနေတဲ့အချိန်မှာ အပန်းဖြေ လက်လေးကိုင် လမ်းလျှောက်နိုင်နေပြီလား”

ဗလတောင့်တဲ့ကောင်က ဆဲဆိုလိုက်သည်။ သူက ခဏရပ်လိုက်ပြီး

“မဟုတ်သေးဘူး။ သည်းမခံနိုင်ဘူး။ ငါအဲဒီကောင်ကို ထိုးမှ ရမယ် ဒီလိုမှမဟုတ်ရင် နောက်လဝက်လောက်အထိ အစားမစားနိုင် ဖြစ်နေမယ်”

ဒီခံစားချက်သည် အထီးကျန်သောလူတစ်ယောက်ရဲ့ ဒေါသ ဖြစ်သည်။ ပူညံပူညံသံကို ကြားလိုက်သဖြင့် ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့သည် ချက်ခြင်း အသိဝင်လာပြီး ဆယ်နာရီထောင့်ကို လှမ်းကြည့်လိုက်သည်။

ဆရာနှစ်ယောက်က သူတို့ရဲ့ အမြင်အာရုံထဲတွင် ပေါ်လာသည်။

"တော်ပြီ၊ မြန်မြန်ထွက်သွားရအောင်။ ဒီကောင်က အရမ်းအစွမ်းထက်တယ်။ ဝူမာ အကယ်ဒမီက ဟွာလျိုဖန်ကိုတောင် ဖိနှိပ်ထားတာ။ စောစောက မမြင်လိုက်ဘူးလား"

လူငယ်တစ်ယောက်က ဗလတောင့်တောင့်နဲ့လူကို စည်းရုံးနေသည်။ ဟွာချင်က ဆရာနှစ်ယောက်သည် ကံကောင်းထောက်မစွာ သူတို့လိုချင်တဲ့ ဖယောင်းလုံးကို လုယူနိုင်ခဲ့သည်။ ဗလတောင့်တောင့်နဲ့လူသာ ရန်မစရင် သူတို့ ဒုက္ခမရောက်နိုင်ပါ။

“မရဘူး၊ ငါသည်းမခံနိုင်ဆုံးက ငါ့အရှေ့လာပြီး ချစ်ပြ ၊ သည်းပြ နေတဲ့ လူတွေပဲ”

သူက ဆွန်းမိုကို ကြည့်နေခဲ့သည်။ ဒါပေမယ့် သူ့မျက်လုံးတွေက ကူရှုပ်ရှင်းဘက်သို့ လှည့်ကြည့်လိုက်လျှင် မျက်နှာအမူအရာ

ပြောင်းသွားပြီး အရေးတကြီးနဲ့ အဝေးသို့ အမြန်လှည့်ထွက်သွားသည်။

"သူမရဲ့ ခြေထောက်တွေက အရမ်းရှည်တာပဲ"

ဗလတောင့်တဲ့ကောင်သည် စိတ်မထိန်းနိုင်ဘဲ နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ စိတ်မကောင်းစရာက ခြေထောက်တွေကို မမြင်ခဲ့ရပါ။ ဘယ်လောက်တောင် စိတ်ပျက်ဖို့ ကောင်းလဲ။ ကူရှုပ်ရှင်း ဒီမြင်ကွင်းကို သတိပြုမိပြီး သူမရဲ့ ညာဖက်ခြေထောက်ကို အနည်းငယ် ဆုပ်ကိုင်လိုက်ပြီး ဖြောင့်စင်းတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခြေကျင်းဝတ်ပေါ်လာအောင် အနည်းငယ် မလိုက်သည်။

ဂလု

ဗလတောင့်တဲ့လူသည် အလိုလို တံတွေးတစ်ချက် မျိုချလိုက်မိသည်။

"အေး၊ ဘယ်လောက်တောင် ရက်ဖို့ ကောင်းလိုက်သလဲ။ ဒီဗလတောင့်တဲ့ကောင်က ငါ့ကို စိတ်ကူး ယဥ်နေတာပဲ"

ကူရှုပ်ရှင်းသည် သူမအပေါ် အတွေးရိုင်းတဲ့လူကို အလွတ်ပေးချင်ပါ။

"မြန်မြန်သွား"

လူငယ်က တိုက်တွန်းလိုက်သည်။

“လီချွန်အိမ်မှာ လှပတဲ့ မိန်းကလေးတွေ အများကြီးပဲ. ပြိုင်ပွဲပြီးသွားရင် မင်းကို ငါလိုက်ပို့ပေးမယ်”

“လူယုတ်မာ”

ဗလတောင့်တဲ့လူက ကျိန်ဆဲလိုက်သည်။

“ငါ့ကို မစော်ကားနဲ့။ ငါက ခန္ဓာကိုယ် လိုချင်တာ မဟုတ်ဘူး။ အချစ်လိုချင်တာ”

“ဒါကြောင့် မင်းခေါင်းရင်းမှာ အန်ရှီဝေပုံထားပြီး အိပ်တဲ့အကြောင်းလား”

လူငယ်က နောက်လိုက်သည်။ ဒီစကားကို ကြားပြီးနောက် ကူရှုပ်ရှင်းသည် ဆွန်းမိုကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။

(တစ်ယောက်ယောက် မင်းရဲ့ ဇနီးလောင်းကို တိတ်တိတ်လေး ချစ်နေတယ်။ မင်းဘာလုပ်မှာလဲ”

“ငပေလေး၊ နောင်မှာ မင်းတို့ ချစ်ချင်ရင် လူမရှိတဲ့ နေရာရှာတာ ပိုကောင်းမယ်။ ထပ်တွေ့လို့ကတော့ မင်းတို့ခေါင်းနှစ်ခုစလုံးကို သေသေချာချာ ရိုက်ပေးမယ်”

ဗလတောင့်တဲ့လူက ဆူပူကြိမ်းမောင်းပြီး လှည့်ထွက်ဖို့ လုပ်လိုက်သည်။

“ခဏာနေအုံး”

ဆွန်းမိုက တားလိုက်သည်။

“မင်းတို့နှစ်ယောက်ကို သွားခွင့်ပေးသေးလို့လား”

အခန်း (၃၅၀) - တောင်းပန်ပါတယ်။ မင်းတို့ကိုအရှက်မကွဲစေချင်ပါဘူး။ မင်းရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကိုပဲ လိုချင်တယ်။

ဆွန်းမိုရဲ့အသံက လေးလံလှပြီး လေထုထဲတွင် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ဆောင်းဦးလေပြေလို ညင်ညင်သာသာလေး ပြောစရာ မလိုပါ။ အရင်က ထွက်သွားချင်နေတဲ့

ဗလာတောင့်လူနဲ့ လူငယ်လေးသည် ရုတ်တရုတ် ခေါင်းလှည့်လာပြီး ဆွန်းမိုကို ကြည့်ကာ

“မင်း ဘာပြောလိုက်တာလဲ”

ဆွန်းမိုကို စိုက်ကြည့်ရင်း ဗလတောင့်တဲ့လူသည် ဒေါသစိတ်ကြောင့် မျက်လုံး ပြူးလာသည်။

“မင်း သတ္တိရှိရင် နောက်တစ်ခေါက် ထပ်ပြောစမ်း”

“အိုး တောင်းပန်ပါတယ်။ မင်းက နားမကြားဘူးဘဲ”

ဆွန်းမိုက သစ်သားဓါးကို ဆွဲထုတ်ရင်း ပြောလိုက်သည်။

"ဒီလိုဆိုတော့လည်း ပိုကျယ်တဲ့ အသံနဲ့ ပြောပေးမယ်။ မင်းတို့နှစ်ယောက်စလုံး ဖင်တွေကိုသိမ်းပြီး ဒီနေရာမှာ သေဖို့ ပြင်ထား"

"မင်းကို သတ်မယ်"

ဗလတောင့်တဲ့လူက ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူက ပြေးသွားချင်ပေမယ့် လူငယ်က သူ့ကို တားထားသည်။

"ထားလိုက်စမ်းပါ။ ငါတို့ ဒီလို သေးသေးလေးတွေကိုတောင် သည်းမခံနိုင်ရင် ကိစ္စကြီးတွေကို ဘယ်လိုလုပ်မှာလဲ။ ပြိုင်ပွဲကိုပဲ အာရုံစိုက်သင့်တယ်"

လူငယ်က စည်းရုံးလိုက်သည်။

“ဆွန်းမို၊ သူက အစ်မ ရှီဝေရဲ့ ပုံတူကို ခေါင်းရင်းမှာ ထားတဲ့အတွက် ဒေါသအရမ်းထွက်နေတာ သိပါတယ်။ ဒါပေမယ့် အခုချိန်မှာ ပြိုင်ပွဲအပေါ်ကိုပဲ အာရုံစိုက်ထားသင့်တယ်။ ပြဿနာ လှုံ့ဆော်တာကို ရှောင်သင့်တယ်”

ကူရှပ်ရှင်းက အကြံပေးသည်။

“မင်းမှားနေပြီ။ ဒီကိစ္စက အန်ရှီဝေနဲ့ ဘာမှမဆိုင်ဘူး။ သူတို့ကို အဆုံးသတ်ပြီး လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် စာရင်းတွေကို ထပ်ယူချင်တယ်”

ဆွန်းမို ပုခုံးတွန့်ရင်း ပြန်ဖြေသည်။

"အမ်"

ကူရှုပ်ရှင်းက အကောင်အထည်မဖော်ခင် စဉ်းစားလိုက်သည်။ အဲဒါအမှန်ပဲ။ ပန်းငါးကြင်း ရေချိုကန်မှာနေတဲ့ ငါးတမျိုး။ တစ်ကောင်ကောင် ဖမ်းမိဖို့တောင် မလွယ်ဘူး။ ဒါကြောင့် အရန်အစီအစဉ် ပြင်ဆင်ထားသင့်သည်။

ဒါပေမယ့်............

ကူရှုပ်ရှင်းက လူငယ်နှင့် ဗလတောင့်တဲ့လူကို တစ်ချက်ကြည့် လိုက်သည်။ သူတို့ အပြင်အဆင်အရ ဟွာချင် အကယ်ဒမီက ဖြစ်သည်။ ပထမအချီတွင်

အဆင့် ၂၅ ရထားသည်။ ပြီးခဲ့တဲ့နှစ်များအတွင်း 'စီ'အဆင့်ကို တက်ခွင့်ရခဲ့ဖူးတဲ့ ကျောင်းတစ်ကျောင်း ဖြစ်သည်။ သူတို့နဲ့တိုက်ခိုက်ရမှာ မလွယ်နိုင်ပါ။ ကူရှုပ်ရှင်း အမြင်မှာတော့ နာမည်စာရင်းကို လိုချင်ရင် အားနည်းတဲ့ ကျောင်းကို ရှာဖွေသင့်သည်။

"ဆရာကူ၊ မင်းပြောချင်တဲ့အဓိပ္ပါယ်ကို ငါနားလည်တယ်။ ပေးဆပ်ရမှာနဲ့အကျိုးအမြတ်ကို ချိန်ဆသင့်တယ်ဆိုတာ ငါနားလည်တယ်။ ဒါပေမယ့် အဲဒါကို မလုပ်ချင်ဘူး။ မဟာကိုးပါးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်အောင် ပြန်သွားချင်ရင်

အကျိုးအမြတ်ကို စဉ်းစားနေမယ့်အစား အာဏာရှင်ပိုဆန်သင့်တယ်”

ဆွန်းမိုက ဗလတောင့်တဲ့ လူကို ကြည့်လိုက်ပြီး

“အာဏာရှင်ဆန်တယ်ဆိုတာက ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေနဲ့ ဆရာတွေ လျှောက်သွားတဲ့အခါကျရင် တခြားကျောင်းတွေက ရှောင်ရမယ် ဒီလိုမှမဟုတ်ရင် နောက်ပြန်ဆုတ်ရမယ်။ တခြားကျောင်းတွေက အရမ်းကြောက်လန့်ပြီး သူတို့ကို မမြင်အောင် ပုန်းနေရမယ်”

ဒုတ် ဒုတ်

ကူရှုပ်ရှင်းရဲ့ နှလုံးခုန်သံ မြန်လာသည်။ သူမရဲ့ စိတ်ဝိညာဉ် လှုပ်ရှားလာသဖြင့် မျက်နှာ နီလာသည်။

ဒါမှန်တယ်။

သူမကလည်း အဲဒီလို နေ့ရက်ကို လိုချင်လို့ အန်ရှီဝေနောက် လိုက်ခဲ့သည်။ သူမက ဗဟိုပြည်နယ်အကယ်ဒမီ ကျောင်းကလို့ ပြောတာနဲ့ ကမ္ဘာပေါ်မှာရှိတဲ့လူတိုင်းက အားကျလေးစား၊ ကိုးကွယ်ကာ သိမ်ငယ်ပြီး အားငယ်ခြင်းတွေကို ခံစားစေချင်သည်။

ဗဟိုပြည်နယ်အကယ်ဒမီကို တခြားသူတွေ စိန်မခေါ်ရဲအောင် သူမ လုပ်ချင်သည်။

ချွင်

ကူရှုပ်ရှင်းက သူမ ခါးကို ဆွဲထုတ်ပြီး သူတို့နှစ်ယောက်ကို စိုက်ကြည့်လိုက်သည်။

"ဆွန်းမို၊ မင်းမှန်တယ်"

"ဟားဟား၊ ဘာမှ ပြောမနေနဲ့တော့"

ဆွန်းမိုက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

"ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီကို စော်ကားရင် အဝေးမှာရှိနေရင်တောင် ဖျက်ဆီးခံရမယ်"

ကူရှုပ်ရှင်းသည် ဒီစကားကို ကြားလိုက်လျှင် ချက်ခြင်းဆိုသလို မျက်လုံး

အရောင်တောက်လာသည်။ ဆွန်းမိုရဲ့ ဒီစကားက အကြွင်းမဲ့ကို ရက်စက် ရင့်သီးလွန်းသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည့်ညို့ (၃,၁၁၀/၁၀,၀၀၀)

“ဆရာဂျင်၊ ဒီစကားကို ကြားပြီးမှတော့ ငါမထွက်သွားချင်တော့ဘူး”

ဗလတောင့်တဲ့လူက အေးစက်စွာ နှာခေါင်း တစ်ချက် ရှုံ့လိုက်သည်။ မျိုးရိုးနာမည် ဂျင်ဖြစ်တဲ့ ဆရာသည် မတိုက်ခိုက်ချင်ပါ။ ဒါပေမယ့် ဆွန်းမိုက ဒါကိုတွေကို ပြောတဲ့အချိန်မှာ

ဖုံးကွယ်ဖို့အတွက် တိုးတိုးလေး မပြောခဲ့ပါ။ ဒါကြောင့် သူ့ပြောသမျှကို ရှင်းရှင်းလင်းလင်း ကြားနေရသည်။

“ဘယ်လောက်တောင် မိုက်ရိုင်းသလဲ။ ငါတို့ကို တွန်းလှန်နိုင်မယ်လို့ တကယ်ထင်နေတာလား”

ဂျင်ဇီက ဒေါသတကြီး အော်ဟောက်လိုက်သည်။

“ဘယ်သူကို ရွေးမလဲ”

ဆွန်းမိုက ဂျင်ဇီကို လျစ်လျူရှုထားသည်။ သူကလှည့်ပြီး ကူရှုပ်ရှင်းကို မေးသည်။

“ဒီဆရာဂျင်ကို ရွေးလိုက်မယ်”

ကူရှုပ်ရှင်းက ဆက်ပြောသည်။

"အဲဒီကြွက်သားနဲ့လူက အရမ်း ရုပ်ဆိုးတယ်။ သူနဲ့ မျက်နှာချင်းဆိုင်ရင် အန်မိမှာ စိုးတယ်"

"သေချင်နေတာပဲ"

ဗလတောင့်တဲ့လူသည် သည်းမခံနိုင်တော့ပါ။ အမြှောက်ထဲက ပစ်လွှတ်လိုက်တဲ့ ကျည်ဆန်လို ခြေထောက်ကို အားထည့်ပြီး ပြေးထွက်သွားသည်။

"ဆရာယွန်၊ စိတ်အေးအေးထား။ သူတို့က မင်းကို တမင်သက်သက် စိတ်တိုအောင် လုပ်နေတာ"

ဂျင်ဇီက သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်ကို သတိပေးလိုက်သည်။ သူ့ရဲ့ အမူအရာက အနည်းငယ် လေးလံနေသည်။ အခုအချိန်မှာတောင် ပြိုင်ဘက်က

စိတ်ပိုင်းဆိုင်ရာ လှည့်စားမှုတွေ လုပ်နေသည်။ ပြီးတော့ သူတို့မျက်နှာမှာလဲ ကြောက်ရွံ့တဲ့ အရိပ်အယောင် လုံးဝ မရှိပါ။ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေက အရမ်းမြင့်မား သန်မာနေသည်။

ဗလတောင့်တဲ့လူကို ယွန်ဇန်ဂန်လို့ ခေါ်သည်။ သူ့ရဲ့လက်နက်က လေးလံတဲ့ဓါးရှည် ဖြစ်သည်။ ကြည့်လိုက်တာနဲ့ ၃၀၀ ဂျင်ထက် ပိုလေးမှန်းသိသာသည်။ သန်မာတဲ့ လက်မရှိရင် ကိုင်ဆောင်နိုင်ဖို့ မဖြစ်နိုင်ပါ။

“ငရဲကို သွားလိုက်”

ယွန်ဇန်ဂန်က ဆွန်းမိုဆီ ပြေးသွားပြီး ဓါးနဲ့ ခုတ်လိုက်သည်။

မိုးခြိမ်းသံ

ဘုန်း

ဒီဓါးချက်သည် အရှိန်အဟုန်ပါပြီး လျှင်မြန်ရုံသာမက မိုးခြိမ်းသံပါ ဖြစ်ပေါ်စေသည်။ ပြီးတော့ ခုတ်ချလိုက်တဲ့ အချိန်တွင် လက်နက်ရဲ့ အရှိန်က ရုတ်တရုတ် တိုးမြှင့်လာသည်။ သာမန်လူတစ်ယောက်သာဆိုလျှင် သေချာပေါက် သတိမထားမိနိုင်ပါ။ ဒါပေမယ့် ဆွန်းမိုကတော့ မတူပါ။ ကူးယူခြင်းနှင့် နတ်ဘုရားမျက်စိအောက်တွင်

ယန်ဇန်ဂန်၏ ဓါးချက်သည် ခရုသွားသကဲ့သို့ နေးကွေးလှသည်။

ဖောက် ဖောက်

ဆွန်းမိုက လေဘုရင်နတ်ဘုရားခြေလှမ်းကို အသုံးပြုပြီး ယွန်ဇန်ဂင် အနောက်ဖက်သို့ရွေ့ကာ ဓါးနဲ့ တိုက်ခိုက်လိုက်သည်။

အမိန့် ဆယ်ရှစ်ခု။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

သစ်သားဓါးရဲ့ဓါးချက်

အဆက်မပြတ်ပေါ်လာသည်။ ယွန်ဇန်ဂန်ကို ချက်ခြင်း ဖုံးအုပ်သွားပြီး အရိပ်လုံးတစ်ခုလို ဖြစ်သွားသည်။

"ဘာ"

ယွန်ဇန်ဂန် အရမ်းအံ့အောပြီး စိတ်ဝိညာဉ်ပါ တုန်လှုပ်သွားသည်။ ရန်သူက ဘာဖြစ်လို့ မျက်စိတမှိတ်အတွင်း ပျောက်ကွယ်သွားတာလဲ။ ပြီးတော့ သူ့နောက်ကျောကနေ ဆူညံတဲ့ အသံများ ထွက်လာသည်။ အချိန်မှီ မရှောင်နိုင်ဘူးဆိုတာ သိလိုက်ပြီး အတင်း ခုခံဖို့သာ တတ်နိုင်သည်။

ဗာဂျာ လမ်းကြောင်းပေါင်းစုံ

ဟူ

ခါးရှည်သည် ဒေါသတကြီး လှည့်ပတ်ကာ စက်ဝိုင်းတစ်ခု ဖြစ်ပေါ်လာသည်။

ထိုအခိုက်အတန့်တွင် ဗလတောင့်တဲ့လူမှာ ခေါင်းသုံးလုံး ၊ လက်ခြောက်ဖက် ရှိတယ်လို့ ထင်ရသည်။

ဒင် ဒင် ဒင်

သစ်သားဓါးချက်သည် ၁၅ ကြိမ် ပိတ်ဆို့ခံရပြီး သုံးကြိမ်သာ ထိမှန်ခဲ့သည်။ ထိတဲ့ နေရာများကလဲ အသားထူတဲ့နေရာများ ဖြစ်သဖြင့် ဒီတိုက်ခိုက်မှုက အဓိပ္ပါယ် မရှိခဲ့ပါ။

“ဒီကျင့်ကြံမှု ကျင့်စဉ်က တော်တော် စိတ်ဝင်စားဖို့ကောင်းတာပဲ”

ထပ်မံတိုက်ခိုက်ရင်း ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ ညဘက်မှာ ငိုနေတဲ့ ကျီးကန်း

ကြက်သွေးရောင် နှုတ်ခမ်း

“သန်မာလိုက်တာ”

ယွန်ဇန်ဂန် အရမ်းကို ထိတ်လန့်သွားသည်။ အစောပိုင်းတုန်းက တိုက်ခိုက်မှုများကို ကာကွယ်နိုင်ခြင်းမှာ သူ့ရဲ့ အကောင်းဆုံး ခံစစ်လှုပ်ရှားမှု ဖြစ်သည်။ သူ့ရဲ့ ဝှက်ဖဲလည်း ဖြစ်သည်။ တိုက်ခိုက်မှုကို ကာကွယ်နိုင်သော်လည်း ထိခိုက်တဲ့ အရှိန်ကြောင့် လက်များ ထုံကျင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြန်သက်သာမလာခင် ဆွန်းမိုရဲ့တိုက်ခိုက်မှုများ ထပ်မံရောက်ရှိလာခဲ့သည်။

ဝူရှ်

သစ်သားဓါးက အဆပ်ရှိတဲ့ မြွေတစ်ကောင်လို ယွန်ဇန်ဂန်၏ လည်ပင်းဆီ ပြေးဝင်သွားသည်။ အဲဒီနေရာကို ယွန်ဇင်ဂန်က ကာကွယ်လိုက်လျှင် သစ်သားဓါးက ရုတ်တရတ် အပေါ်သို့ လမ်းကြောင်းပြောင်းသွားပြီး နဖူးဆီ ဦးတည်လာသည်။

ဖောက်

ဆွန်းမိုရဲ့ အမြင်အာရုံထဲတွင် ရွှေဒင်္ဂါးနဲ့တူတဲ့ ရွှေရောင်အလင်းတန်းများက ဗလတောင့်တဲ့လူရဲ့ ခေါင်းကနေ ပေါ်ထွက်နေပြီး ရွှေရောင် စာမျက်နှာ တစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

“ဘောပဲ”

ယွန်ဇန်ဂန်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့တဲ့ အမူအရာများ ပေါ်နေသည်။ စိတ်လည်း ဆိုးနေသည်။ တကယ်လို့ ဆွန်းမိုရဲ့ တိုက်ခိုက်မှုမှာ အားလုံးလောက်အောင် ထည့်ခဲ့မယ်ဆိုလျှင် ခေါင်းထဲသို့ ထိုးဖောက် ဝင်ရောက်သွားလိမ့်မည်။ သို့သော်လည်း ဆွန်းမိုက အဲဒီလို မလုပ်ခဲ့ပါ။

"ငါ့ကို အရှက်ခွဲနေတာလား"

ဗလတောင့်တဲ့လူသည် ဒေါသတကြီး အော်ဟစ်လိုက်သည်။ ဆွန်းမိုရဲ့ စွမ်းအားများက နောက်တစ်ကြိမ် လွှမ်းမိုး လာပြန်သည်။ (တောင်းပန်ပါတယ်။ မင်းကို အရှက်မခွဲချင်ပါဘူး။ မင်းရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကိုပဲ လိုချင်တယ်)

ဆွန်းမိုက အဆက်မပြတ် တိုက်ခိုက်နေသည်။

အခုအချိန်တွင် သူက သွေးလောင်ကျွမ်းခြင်း အဆင့်(၇)ကို ရောက်နေပြီ။ သူတော်စင်အဆင့် ကျင့်စဉ် မပြောနဲ့ လမ်းဘေးဆိုင်မှာ ရောင်းချတဲ့

အမှိုက်ကျင့်စဉ်ကို အသုံးပြုရင်တောင် ကျင့်ကြံအဆင့်ကို အားကိုးပြီး တိုက်ခိုက်လို့ရသည်။

"အရမ်း အစွမ်းထက်လွန်းတယ်"

ဂျင်ဇီသည် ကူရှုပ်ရှင်းနှင့် နှစ်ကြိမ် ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။ ဒီဖလှယ်မှုအပြီးတွင် သံပြားကို ကန်မိမှန်း သိသွားသည်။ ဒီမိန်းမက ကြောက်ဖို့ကောင်းလောက်အောင် အစွမ်းထက်လွန်းသည်။ နိုင်ရင်တောင် အံ့အောစရာကောင်းတဲ့ နိုင်ပွဲပဲ ဖြစ်မည်။ ဒါကြောင့် အခုအချိန်တွင် ဆရာယွန်ကိုသာ အားကိုးနိုင်တော့သည်။ သို့သော်လည်း ဂျင်ဇီ

ခေါင်းလှည့်ကြည့်လိုက်လျှင် တုန်လှုပ်ခြောက်ခြားသွားသည်။

ဆရာယွန်ဆိုတာက တိုက်ခိုက်တဲ့နေရာတွင် ကျွမ်းကျင်ပြီးနွားတစ်ကောင်လို ကိုယ်လုံးကိုယ်ပေါက်နဲ့ ပြင်းပြင်ထန်ထန် တိုက်ခိုက်တတ်တဲ့ လူငယ်တစ်ယောက်ပါ။ ဒီမြင်ကွင်းမှာတော့ အဖေတစ်ယောက်က စည်းကမ်းမလိုက်နာတဲ့ သားတစ်ယောက်ကို ရိုက်နှက် ဆုံးမနေသလို ဖြစ်နေသည်။

လက်တုန့်ပြန်မယ့် ခွန်အားလား။

တောင်းပန်ပါတယ်။ ယွန်ဇန်ဂန်မှာ ငိုဖို့တောင် အချိန်မရပါ။ ယွန်ဇန်ဂန်သည် ငယ်ငယ်ကတည်းက ဒဏ္ဍာရီ ပုံပြင်တွေကနေ ငရဲဆိုတဲ့ အဓိပ္ပါယ်ကို ကြားဖူးခဲ့သည်။ သို့သော်လည်း ဘယ်လိုပုံစံလဲဆိုတာ မသိခဲ့ပါ.

ဒါပေမယ့် အခုတော့ သူသိနေပြီ။

အကန့်အသတ်မရှိ ထိတ်လန့်မှု၊ အားကိုးရာမဲ့တဲ့ ခံစားမှု၊ တစ်ယောက်ယောက်က နှိပ်စက်နေသဖြင့် ကို့ကိုယ်ကို ရွံရှာတဲ့ ခံစားမှု ဒီခံစားချက်တွေအားလုံး ယွန်ဇန်ဂန်၏ နှလုံးသားထဲမှာ ပေါက်ဖွားနေသည်။ လွတ်မြောက်သွားအောင် သေလိုက်ချင်သည်။

ဆောင်းဦးရဲ့ အရိပ်

ရွတ်စ်

ယွန်ဇန်ဂန်သည် ပါးပြင်ပေါ်မှာ နာကျင်မှုကို ခံစားလိုက်ရသည်။ အဲဒီအချိန်တွင် မေးစေ့ကိုလည်း အရိုက်ခံလိုက်ရသည်။ သတိမလစ်ခင် လေထဲမှာ လွင့်ပျံနေတယ်ဆိုတာ သတိထားလိုက်မိသည်။ အဲဒီနောက်မှာတော့ သူ့နှာခေါင်းထဲကို မြေကြီးအနံ့များ စိမ့်ဝင်လာသည်။ ဆွန်းမိုက လေထဲလွင့်မျှောနေတဲ့ ရွှေရောင် စာရွက်တွေကို ကြည့်ပြီး လက်ညှိုး ထိုးလိုက်သည်။

ဖောက်

စာမျက်နှာတွေက အိပ်တန်းပြန်လာတဲ့ ငှက်တွေလို စုဖွဲ့ပြီး စာအုပ်တစ်အုပ်ဖြစ်သွားသည်။

ဒင်

“ဆန်းကြယ် မြေကြီးအဆင့် ဓါးပြားကိုးခု ကျင့်စဉ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။”

“အမှိုက်ပဲ”

ဆွန်းမိုက ဒါကို ဂရုမစိုက်ပါ။ ကြည့်ပြီးနောက် လွှင့်ပစ်လိုက်သည်။

ဖောက်

ရွှေရောင် စာအုပ်သည် လေထဲတွင် ပျောက်ကွယ်သွားသည်။ ဆွန်းမို

နှုတ်ခမ်းတွန့်သွားသည်။ (ငါ့ရဲ့အချိန်က အရမ်းတန်ဖိုးရှိတယ်။ ဒါက ကောင်းကင်အဆင့် ကျင့်စဉ် ဆိုရင်တောင် သင်သင့် မသင်သင့် စဉ်းစားအုံးမယ်။)

“ဒါက မဖြစ်နိုင်ဘူးလေ။ သူက ဘယ်လိုလုပ် ဒီလောက် သန်မာရတာလဲ”

ကူရှုပ်ရှင်း အံ့အော မှင်တက်နေသည်။ “ပြီးခဲ့တဲ့ ရက်ပိုင်းငါတို့ မတွေ့တဲ့ အချိန်အတွင်းမှာ မင်းသန်မာလာတာလား”

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁၀၀။ ကြည်ညို(၃,၂၁၀/၁၀,၀၀၀)

“မကြာခင်ကမှ ငါအများကြီး ကြိုးစားခဲ့ရတယ်”

ဆွန်းမိုက ပြုံးပြီး ပြန်ဖြေသည်။ အဲဒီနောက် ဂျင်ဇီကို ကြည့်လိုက်သည်။

“ဒါက ဘာအကြောင်းပြချက်လဲ။ မင်း ငါ့ကို အရူးလုပ်ဖို့ စဉ်းစားနေတာလား”

ကူရှုပ်ရှင်း မျက်လုံး ပြူးသွားသည်။

သို့သော်လည်း ဂျန်ဇီက ခွေးတစ်ကောင်လို ကြောက်ရွံ့နေသည်။ လှည့်ပြီး ချက်ခြင်း ထွက်ပြေးသည်။ ဆရာယွန်ကို ကူညီဖို့လား။

နောက်နေတာ ရပ်လိုက်ပါ။ သူဒီလိုလုပ်လိုက်ရင် ဒီနေရာမှာပဲ ကျိန်းသေပေါက် ကျရှုံးသွားလိမ့်မည်။

အခု လောလောဆယ် အရေးအကြီးဆုံးက အသက်ရှင်သန်ဖို့ပဲ။

ဖယ်ထုတ်ခံလိုက်ရပါက သူ့ကျောင်း၏ ကျောင်းသားအဖွဲ့တွင် ဆရာနှစ်ယောက် နည်းသွားလိမ့်မည်။

"ပြေးချင်တာလား"

ကူရှုပ်ရှင်းက ဒါကိုမြင်လိုက်လျှင် ပြေးလိုက်မလို့ လုပ်လိုက်သည်။ ဆွန်းမိုက သူမထက်နောက်ကျပြီး

တုန့်ပြန်လိုက်သော်လည်း ဂျန်ဇီအရှေ့မှာ ပေါ်လာတာကို မြင်လိုက်ရသည်။

"မြန်လွန်းတယ်"

နာကျင်မှု တပ်မက်သူလေး အံ့အောသွားသည်။ ဆွန်းမိုက ဘယ်လို လှုပ်ရှားမှု ကျင့်စဉ်ကို အသုံးပြုလိုက်တာလဲ။

"မင်း ထပ်ပြေးရင် မင်းကို ရိုက်ချိုးလိုက်မယ်"

ဆွန်းမိုက ပြောပြီးတာနဲ့ ဓါးကို ဖယ်လိုက်သည်။ သို့သော်လည်း ဂျင်ဇီသည် လက်ချောင်းတစ်ချောင်းတောင် မလှုပ်ရဲပါ။

"မင်းဆီက စာရွက်ကိုပေးပြီး မင်းထွက်သွားလို့ရပြီ"

ဆွန်းမိုက အမိန့်ပေးလိုက်သည်။

"အမ်"

ဆွန်းမိုက သူ့ကိုလွှတ်ပေးမယ်လို့ မထင်ထားခဲ့ပါ။ သို့သော် မကြာခင် နားလည်လာသည်။ သူက ဗဟိုပြည်နယ် အကယ်ဒမီအတွက် ခြိမ်းခြောက်မှု မဖြစ်နိုင်သေးပါ။ ဒါပေမယ့် ဆွန်းမိုက သူ့ကို လွှတ်ပေးလိုက်လျှင် တခြားကျောင်းတွေအတွက် ဒုက္ခရောက်နိုင်သည်။ ဒီကောင်က အကြံကြီးလွန်းသည်။

"စာရွက်က စုတ်ပြဲသွားပြီ"

ဂျင်ဇီက ဖျစ်ညှစ်ပြီး ပြုံးရင်း ဖြေသည်။

"ဒါပေမယ့် ငါအလွတ်မှတ်ထားတယ်။ မင်းကို ပြန်ပြောပြမယ်"

"မင်းရဲ့စကားတွေကို ယုံရအောင် ငါက အရမ်းတုံးအနေတယ်လို့ ထင်နေတာလား"

ဆွန်းမို မျက်လုံးများ မှေးသွားသည်။

"နောက်ဆုံး အခွင့်အရေးပဲ။ စာရွက်ထုတ်ပေး"

ဂျင်ဇီသည် ခဏလောက် တွေဝေသွားသော်လည်း စာရွက်ထုတ်ပေးလိုက်သည်။ သူက မှားယွင်းတဲ့

အချက်အလက် ပေးချင်ခဲ့သော်လည်း ဆွန်းမိုကို အရှုံးလုပ်လို့ မရတာက စိတ်မကောင်းစရာပါ။

ဆွန်းမိုက စာရွက်ကို စစ်ပြီး ကျေနပ်သွားသည်။

"ကောင်းပြီလေ။ အခု မင်းထွက်သွားလို့ ရပြီ"

"ငါသူ့ကို ခေါ်သွားလို့ ရမလား"

ဂျင်ဇီက သတိလစ်နေတဲ့ လှူပ်ဖော်ကိုင်ဖက်ကို တစ်ချက်ကြည့်ရင်း မေးလိုက်သည်။

"မင်းနဲ့ပဲဆိုင်တယ်"

ဆွန်းမိုက ဂရုမစိုက်ပါ။ ဂျင်ဇီသည် သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်ကို သယ်ပြီး ထွက်သွားသည်။ အခုအချိန်မှာတော့ သူ့ကျောပေါ်က လူကို

အရမ်းမုန်းတီးနေသည်။ ဒီကောင်သာ ဆူညံပွက်လောမရိုက်ခဲ့လျှင် အတားခံရမှာ မဟုတ်ပါ။ အမှန်အတိုင်းပြောရလျှင် ဆွန်းမို မျက်လုံးထဲမှာ သူတို့မရှိလို့ သွားခွင့် ပေးလိုက်ခြင်း ဖြစ်သည်။ ဒါကြောင့်လည်း ဂျင်ဇီသည် ရှုံးနိမ့်ရတာထက် ပိုခံစားနေရသည်။

(ပြောရရင် ဒီလူကလည်း တကယ်ကို အစွမ်းထက်လွန်းတယ်။ သူ့ရဲ့ ခွန်အားနဲ့ဆို တခြားပြိုင်ပွဲတွေမှာ ဝင်ပြိုင်သင့်တယ်။ ဘာဖြစ်လို့ လူသစ်တန်းမှာ ဝင်ပြိုင်နေရတာလဲ။ မင်းထက်

အားနည်းတဲ့လူကို အနိုင်ကျင့်ရတာ ပျော်ဖို့ကောင်းလား။)

(ဗဟိုပြည်နယ် အကယ်ဒမီက ဟုတ်လား။ ချောမောပြီး ကြည့်ကောင်းတယ် ဟုတ်လား။။ လျှို့မှုဘိုင်များ ဖြစ်နေမလား) ဂျင်ဇီ စဉ်းစားနေသည်။ ဗဟိုပြည်နယ်ရဲ့ အချက်အလက်ကို ကြိုတင်ပြီး မစစ်ဆေးခဲ့မိတဲ့အတွက် တကယ်ကို နောင်တရနေသည်။ ဗဟိုပြည်နယ်အကယ်ဒမီက မခြိမ်းခြောက်နိုင်ဘူးလို့ သူ့ရဲ့ ကျောင်းသတင်းကွန်ရက်က သုံးသပ်ပြီး ကြိုတင်ပြင်ဆင်ထားခြင်း မရှိပါ။

"မိုက်လိုက်တာ"

ဂျင်ဇီနှင့် လုပ်ဖော်ကိုင်ဖက်တို့ မျက်စိပျက်မျက်နှာပျက်နဲ့ ထွက်သွားတာ မြင်လိုက်လျှင် အရမ်းဝမ်းသာကာ လက်ထောင်လိုက်သည်။

ဆွန်းမိုကလည်း တုန့်ပြန်ကာ ဟိုက်ဖိုက် ပြန်ရိုက်လိုက်သည်။

ဖောင်း

အသံက ကြည်လင် ပြတ်သားသည်။

"အားရဖို့ကောင်းလွန်းတယ်။ တစ်ယောက်ယောက်ကို လုံးဝ ချေမှုန်းလိုက်ရတဲ့ ခံစားချက်က အရမ်း ကျေနပ်ဖို့ ကောင်းလွန်းတယ်"

ကူရှုပ်ရှင်းက အော်လိုက်သည်။ အဲဒီနောက် သူမသည် ဆွန်းမိုကို ကြည့်လိုက်ပြီး

"သွေးလောက်ကျွမ်းခြင်း အဆင့် ဘယ်လောက် ရောက်ပြီလဲ"

"အဆင့် ခုနှစ်"

ဆွန်းမိုကလည်း မဖုံးကွယ်ထားပါ။

"ဘယ်နှစ်ခါလဲ"

ကူရှုပ်ရှင်းက နားကြားမှားတယ်လို့ ထင်နေသည်။ ဆွန်းမိုက နောက်တစ်ကြိမ် ထပ်ဖြေလိုက်လျှင် သူမ တိတ်ဆိတ်သွားသည်။ ဆွန်းမိုက အသက်နှစ်ဆယ် မှာ သွေးလောင်ကျွမ်းခြင်း အဆင့် (၇)ကို ရောက်နေပြီ။ ဒီကျင့်ကြံမှု စွမ်းရည်က ပေါက်ကွဲအား ပြင်းလွန်းသည်။

"ဆွန်းမို၊ မင်းငယ်ငယ်တုန်းက မဟာကိုးပါးထဲကို ဘာဖြစ်လို့ မဝင်ခဲ့တာလဲ"

ကူရှုပ်ရှင်း အရမ်း သိချင်စိတ်များနေတဲ့ ကလေးတစ်ယောက်လို ဆွန်းမိုအား စူးစမ်းနေသည်။

အခန်း (၃၅၁) - လှပတဲ့ အပြုံး။

"ငါ့ဝင်ခွင့်အတွက် လုံလောက်တဲ့ အမှတ် မရခဲ့ဘူး။ ငါ့အရည်အချင်းက ဆိုးလွန်းတယ်"

ဆွန်းမိုက ပုခုံးတွန့်လိုက်သည်။ ဒီအတွက်လည်း ရှက်စရာ မလိုပါ။ အဲဒီလို လုပ်နိုင်မယ်ဆိုလျှင် ဘယ်သူက ပိုကောင်းတဲ့ ကျောင်းကို မတက်ချင်ပဲ ရှိမှာလဲ။

“မင်းက ဆန်းသစ်လွန်းတယ်”

ကူရှုပ်ရှင်း ခန့်မှန်းလိုက်သည်။

“ဝင်ခွင့်စာမေးပွဲမှာ မင်းရဲ့ အလားလာကို ကောင်းကောင်း မပြသခဲ့နိုင်ဘူး မဟုတ်လား”

အခြားဖြစ်နိုင်ခြေလည်း ရှိသေးသည်။ ဆွန်းမိုက ကျောင်းတက်ပြီးမှ အရည်အချင်းတွေ ဖော်ထုတ်လာနိုင်တာလည်း ဖြစ်နိုင်သည်။ တကယ်တော့ စာသင်ချိန် ခုနှစ် နှစ်၊ ရှစ်နှစ်ဆိုတာက ကျောင်းသားတစ်ယောက်အတွက် တော်တော် ကြာလွန်းသည်။ ဘာမဆို ဖြစ်လာနိုင်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် အခုလက်ရှိမင်းရဲ့ အောင်မြင်မှုတွေကြောင့် မင်းကိုလက်မခံခဲ့မိတဲ့ မဟာကိုးပါး ကျောင်းတွေအတွက် ဆုံးရှုံးမှု တစ်ခုပဲ"

နာကျင်မှုတပ်မက်သူလေးက တခစ်ခစ်ရယ်ရင်း ပြောလိုက်သည်။

"မင်း ကရော"

ဆွန်းမိုက ဒီကြောင်းအရာကို ဆက်မပြောချင်တော့ပါ။ သူမရဲ့ အရည်အချင်းက တကယ်မြင့်မားသောကြောင့် သူမရဲ့အကြောင်းကို အနည်းငယ် သိချင်နေသည်။

"ငါက ဆင်းရဲတဲ့ မိသားစုက ဆင်းသက်လာတာ"

ကူရှုပ်ရှင်းက မချိပြုံး ပြုံးရင်း ဖြေသည်။

ကူရှုပ်ရှင်းသည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကို ဝင်ရောက်နိုင်ခဲ့သည်။ သူမရဲ့ အရည်အချင်းက မဆိုးသော်လည်း တိမ်တွေလို ပါရမီရှင်ပေါများတဲ့ ကျောင်းမှာ တက်ရောက်လျှင် မထင်ပေါ်ဘဲ ဦးစားပေးမှု မရနိုင်ပါ။

ဒါပေမယ့် မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီးချောင်က ပညာသင်ဆုအတွက် ငွေအများကြီးပေးမယ်လို့ ကတိပေးခဲ့သည်။

“ဒါက ဘာဝပဲ”

ဆွန်းမို သက်ပြင်းချရင်း မှတ်ချက်ပေးလိုက်သည်။ ကူရှုပ်ရှင်းသာ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီတွင် တက်ရောက်ခဲ့ပါက အခုအချိန်ဆိုလျှင် ကွဲပြားခြားနားတဲ့ ဘဝတစ်ခုကို ဖြတ်သန်း နေရမည်။

"ဘာလို့ သက်ပြင်းချတာလဲ"

"ဒါက ငါကိုယ်တိုင် ရွေးတဲ့လမ်းပဲ။ ငါဘယ်တော့မှ နောင်တမရဘူး"

ကူရှုပ်ရှင်းက ပြုံးရင်း ပြောသည်။ သူမက သူမကိုယ်သူမ နှစ်သိမ့်နေသော်လည်း ဒီလိုမျိုး တွေးနေမိသည်။ မဟာကိုးပါး ကျောင်းတွေက

တကာယ်ကို ကောင်းပါသည်။ သို့သော်လည်း ကျောင်းကောင်းတစ်ခုကို ဝင်ရုံနဲ့ ဘဝက ပိုကောင်းမလာနိုင်ပါ။

ဒီစဉ်းမျဉ်းကို ဘယ်သူလုပ်တာလဲ။

(ငါတို့က ငါတို့ရဲ့ ဘဝကို ဘုန်းတန်ခိုး အမျိုးမျိုး ၊ တောက်ပမှုအမျိုးမျိုးနဲ့ အံ့အောဖို့ကောင်းအောင် ဖြတ်သန်းမည်။ အသက်ကြီးလာလျှင် လေသာဆောင်ပေါ်မှာထိုင်ပြီး ကုလားထိုင်ပေါ်မှာ မှီရင်း နေဝင်ချိန် ဆည်ဆာအလှကို ခံစားမည်။ နေ့ရက်တွေတိုင်းကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းပြီး လုံးဝ နောင်တ မရဘူး။)

ဆွန်းမိုက ကူရှပ်ရှင်းကို ကြည့်လိုက်သည်။ သူမရဲ့ အပြုံးက မှန်ကန်ပြီး ဖြူစင်တယ်လို့ ရုတ်တရက် ခံစားလိုက်ရသည်။ ရိုးရှင်းတဲ့ အပြုံးတစ်ခုနဲ့တင် သူမမှာ အင်ပါယာကို ဖြိုချနိုင်တဲ့ အလှတရားကို ပိုင်ဆိုင်ထားသည်။

ဒါက လောကခံရိုက်ချက်များကြားမှာ မျက်လုံးမှိတ်ကာ လေလွင့်နေမည့် မိန်းကလေးမျိုး မဟုတ်ပါ။ သူမမှာ သူမရဲ့ ကိုယ်ပိုင်တန်ဖိုးရှိတဲ့ မိန်းကလေးမျိုး ဖြစ်ပြီး ရင့်ကျက်တဲ့သူတစ်ယောက် ဖြစ်သည်။

"သူမ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ ဒါတွေကို နားလည်နေပြီလား"

ဆွန်းမိုသည် သူ့ရဲ့ အတိတ်ကို ပြန်သတိရသွားသည်။ သူက တက္ကသိုလ်ကျောင်းသားဘဝရဲ့ လေးနှစ်တာကို ဗရုတ်သုတ်ခ ခေါင်းမာမှု အနေအထားနဲ့ ဖြတ်သန်းခဲ့သည်။ အစီအစဉ်အတိုင်းသာ သင်ကြား လေ့လာခဲ့သည်။ ဘွဲ့ရပြီးမှ အလုပ်ရှာသည်။။ အမှတ်(၂) အထက်တန်းကျောင်းကို သွားကာ သင်ကြားရေး အလုပ်အကိုင်ကို စတင်ခဲ့သည်။ မကောင်းဘူးလို့ပဲ ပြောရမည်။

မဟုတ်သေးဘူး။ ဆွန်းမိုက သူဘာဖြစ်ချင်လဲဆိုတာ တစ်ခါမှ မတွေးခဲ့ဘူးပါ။

"ငါ့ကို ဒီလို အကြည့်တွေနဲ့ ကြည့်မနေနဲ့။ ငါ ဂုဏ်ယူနေမိမယ်"

ကူရှုပ်ရှင်းက နောက်လိုက်သည်။ သို့သော်လည်း ဆွန်းမိုက စကားမပြောရုံသာမက အလေးအနက်ထားပြီး ကြည့်နေတာ မြင်လိုက်ရသည်။

"ရှုပ်ရှင်း၊ ငါမင်းကို နည်းနည်း လေးစားလာပြီ"

စိတ်မကောင်းစရာက ဒီနေရာမှာ အရက်မရှိခဲ့ပါ။ ဒီလိုမှမဟုတ်ရင် စိတ်လွတ်ကိုယ်လွတ် သောက်မိလိမ့်မည်။

စိတ်ခံစားမှုတွေနဲ့ ပြည့်နှက်နေတဲ့ ဆွန်းမို စကားများကို ကြားရတဲ့အပြင် သူမရဲ့ နာမည်ကို တိုက်ရိုက်ခေါ်ခဲ့သဖြင့် ကူရှုပ်ရှင်းတစ်ယောက် မျက်နှာချက်ခြင်း နီသွားပြီး စိတ်ထဲ ခံစားချက် ဖြစ်လာသည်။

"မဟုတ်သေးဘူး။ ကူရှုပ်ရှင်း စိတ်လျှော့။ သူက အစ်မရှီဝေရဲ့ ခင်ပွန်းလောင်း။ သူကို ချစ်မိသွားလို့ မရဘူး"

နာကျင်မှု တပ်မက်သူလေးက သူမကိုယ် သူမ ပြောလိုက်သည်။

သို့သော်လည်း သေသေချာချာ စဉ်းစားကြည့်ပါက ဆွန်းမိုက သူမရဲ့လူဖြစ်ချင်ရင် သူမ မငြင်းဖြစ်ဖို့ များသည်။ ပြီးတော့ဆွန်းဆိုတဲ့ မျိုးရိုးနာမည်နဲ့ သူမတို့ရဲ့အနာဂတ်ကလေးကို နာမည်ပေးရတာ လွယ်သည်။ (ယောက်ျားလေးသာဆိုလျှင် ဆွန်းမိုလို ချောမော၊ ချမ်းသာကာ၊ အရည်အချင်း ရှိမှာလား) ကူရှုပ်ရှင်း စိတ်ကူးယဉ်နေသည်။

တစ်ရက်ခွဲကြာပြီးနောက် ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့သည် ဖန်ယန် ဦးဆောင်တဲ့

ကျောင်းသားအဖွဲ့နဲ့ တောင်စောင်းလေးတစ်ခုတွင် တွေ့ဆုံခဲ့သည်။

"ဆရာ၊ မင်းက အံ့မခန်းပဲ"

လုချီဟွာ ပြေးလာပြီး ဆွန်းမို လက်မောင်းကို ဖက်လိုက်သည်။

ဆွန်းမိုကို ကြည့်တဲ့ အခြားကျောင်းသားတွေရဲ့ အကြည့်ထဲမှာလည်း ကိုးကွယ်မှုနဲ့ ပြည့်နေသည်။ ဆရာသုံးယောက်နဲ့ တိုက်ခိုက်ကာ ဖယောင်းလုံးကို လုသွားခဲ့သည်။ အဲဒါက သိသိသာသာကို အထာကျလွန်းသည်။

"ငါတို့ရဲ့ ပစ်မှတ်က ပန်းငါးကြင်းပဲ။ တစ်ကောင်ဖမ်းမိဖို့တောင် အရမ်းခက်တယ်"

ဆွန်းမိုက စာရွက်တစ်ရွက်ကို ထုတ်ကာ ဖန်ယန်ဆီ ပေးလိုက်သည်။ ဒီလိုအသေးအမွှား လုပ်ဆောင်ချက်ကြောင့် ဖန်ယန်သည် ဆွန်းမိုကို ပိုအထင်ကြီးလားသည်။ ပြောချင်တာက ဆွန်းမိုသည် ထင်ပေါ်ကျော်ကြားမှုကို မမက်ပါ။ ရလဒ်အပေါ်မှာ မမောက်မာတတ်ပါ။ အဖွဲ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ သူ့အပေါ်ကို လေးစားနေသေးသည်။

"မင်းပဲ ဖတ်လိုက်သင့်တယ်"

ဖန်ယန်က ငြင်းလိုက်သည်။

“ငါပင်ပန်းနေပြီ”

ဆွန်းမိုက ပြုံးပြီး စာရွက်တွေကို ဖန်ယန်ဆီ ပေးလိုက်သည်။

“အမ်”

“ဘာဖြစ်လို့ စာရွက်က သုံးရွက် ဖြစ်နေရတာလဲ”

ဖန်ယန် စဉ်းစားမရ ဖြစ်နေသည်။

“ငါတို့သွားတဲ့လမ်းမှာ ဟွာဂျင်က ဆရာနှစ်ယောက်နဲ့ ဆုံခဲ့တယ်။ ဆရာဆွန်းက သူတို့နှစ်ယောက်စလုံးကို အနိုင်ယူခဲ့တယ်”

ကူရှုပ်ရှင်းက ပုခုံးတွန့်လိုက်ပြီး “ဆွန်းမိုရဲ့ အထင်ကြီးစရာတွေနဲ့ပက်သက်ပြီး ငါလည်း မတတ်နိုင်ဘူး”

ကျောင်းသားနှစ်ဆယ်စလုံးက ဆွန်းမိုကို ကြည့်လိုက်ကြသည်။ အဲဒီနောက် ဆွန်းမိုကို ကြည့်တဲ့အကြည့်တွေထဲတွင် ကိုးကွယ်မှုများ ပိုများလာသည်။ ကျောင်းကို ကိုယ်စားပြုတဲ့ ဆရာတွေက သေချာပေါက် အားကောင်းလိမ့်မည်။ သို့သော် ဆရာဆွန်းက သိသိသာသာကို ဒဏ်ရာ မရခဲ့ပါ။ ပြောချင်တာ ရန်သူကို လုံး၀ အနိုင်ယူ ဖိနှိပ်ထားခဲ့တာပဲ ဖြစ်နိုင်သည်။

ဒင်

ကျောင်းသားများ၏ လေးစားအထင်ကြီးမှု +၂,၁၂၀။

"ကျွန်တော်တို့ ဖမ်းယူရမဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်က ရေချိုးကန်တွေမှာ နေတတ်တဲ့ ပန်းငါးကြင်းပေါ့နော်။ ကျန်တဲ့နှစ်ကောင်က နားခြောက်ဖက် မျောက်နဲ့ ခရမ်းရောင် ဌက်တွေဖြစ်သည်။

"ခရမ်းရောင်ဌက်ဆိုတာက ဖမ်းရခက်တဲ့ ဌက်အမျိုးအစားပါ။ နားခြောက်ဖက် မျောက်သည် ကုန်းပေါ် သတ္တဝါဖြစ်သော်လည်း တောင်တန်းများရဲ့

နက်ရှိုင်းတဲ့နေရာမှာ နေထိုင်ကြပြီး ကျင်လည်ကျက်စားတဲ့နေရာကလည်း ကျယ်ပြန့်လွန်းသည်”

“ဒါကြောင့်ငါတို့ရဲ့ ပထမဆုံး ပစ်မှတ်အဖြစ် ပန်းငါးကြင်းကို ဆက်ပြီး ဆုပ်ကိုင်ထားသင့်တယ်။ ငါကတော့ ဒီလို အကြံပြုတယ်”

“ပြီးတော့ ဒီလို လုပ်ဆောင်နေတဲ့အချိန်အတွင်း တခြားကျောင်းသားတွေကို စောင့်ကြည့်ဖို့ အတွက် ငါတို့ ကျောင်းသားတွေကို စေလွှတ်ထားမယ်။ အခြေအနေအပေါ် မူတည်ပြီး သူတို့ကိုလည်း တိုက်ခိုက်သွားမယ်”

ဖန်ယန်က ရိုးသားစွာ အာမခံချက် ပေးလိုက်သည်။

ဆရာဖန်ရဲ့ ခွဲခြမ်းစိတ်ဖြာမှုက အရမ်းယုတ္တိရှိတယ်လို့ ကျောင်းသားတွေက ယူဆနေကြသည်။ သို့သော်လည်း ဆွန်းမိုနှင့် ကူရှုပ်ရှင်းက တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိသည်။

ဖန်ယန်က သူ့ရဲ့ အရည်အချင်းကို ပြသဖို့ပဲ စိတ်ပူနေသည်။ ဒီပြိုင်ပွဲက ကျောင်းသားတွေနဲ့ သက်ဆိုင်တယ်ဆိုတာ သူမေ့နေသည်။ ကျောင်းသားတွေက အစီအစဉ်ကို လွတ်လပ်စွာ တွေးခေါ်နေတဲ့လူ ဖြစ်သင့်သည်။

"ဆရာဆွန်း ဘယ်လို ထင်လဲ"

ဖန်ယန်က ပြောပြီးတာနဲ့ ဆွန်းမိုကို စိုက်ကြည့်ပြီး သူ့ရဲ့ ထင်မြင်ချက်ကို တောင်းခံလိုက်သည်။

“ကောင်းပါတယ်”

ဖန်ယန်ရဲ့ နှိမ့်ချမှုကို မြင်လိုက်ပြီး ဆွန်းမိုအတွက် အကြံပေးဖို့ မကောင်းတော့ပါ။

ကူရှုပ်ရှင်းက တစ်ခုခု ပြောချင်နေသည်။ ဒါပေမယ့် ဆွန်းမိုက သူမရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်သည်။

“လူနည်းတဲ့ အချိန်ကို စောင့်လိုက်ပါအုံး”

ဆွန်းမိုက အနားကပ်လာပြီး တိုးတိုးလေး ပြောသွားသည်။

ရွှတ်စ်

ကူရှုပ်ရှင်း၏ နားရွက်နဲ့ ဖြူဖွေးတဲ့လည်တိုင်သည် နီရဲလာသည်။ တချိန်တည်းမှာပင် ဆွန်းမိုရဲ့ တခြားသူများအပေါ် ညှာတာ ထောက်ထားမှုအား အပြစ်တင်လိုက်မိသည်။

သဘောတရားအရဆိုလျှင် သူတို့ကြားက ဆက်ဆံရေးသည် ပြိုင်ဆိုင်မှုတစ်ခုသာ ဖြစ်သင့်သည်။

ဖန်ယန်ရဲ့ စွမ်းဆောင်ရည် ပိုဆိုးလာလေလေ ဆွန်းမိုအတွက် အခွင့်အရေး ပိုများလာလေလေ ဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုကတော့ အခွင့်အရေး မယူခဲ့ပါ။

ကျောင်းသာအဖွဲ့သည် ပင်းယ ရေကန်သို့ ဆက်ပြီး ခရီးထွက်လာကြသည်။

ဒီရေကန်သည် အရမ်းကြီးမားပြီး ကြည့်လိုက်လျှင် ရက်စက်ကြမ်းကြုတ်တဲ့ သားရဲကြီးများရဲ့ သွားနဲ့ တူလို့ ဒီနာမည် ထွင်နေသည်။

"ဆရာ၊ စာရွက်သုံးရွက်ကို ကြည့်လို့ ရမလား"

လီဇီချီက မေးလိုက်သည်။

ဖန်ယန်က ဒီမိန်းကလေးရဲ့ ဉာဏ်ရည်က အရမ်းမြင့်မားတယ်လို့ လက်ခံထားသည်။ လီဇီချီရဲ့ ကျားဖြူကြီးက ပင့်ကူများကြောင့် သေသွားခဲ့သည်။ ဒါပေမယ့် အခုတော့ ကျားဖြူကြီးအစား

ပင့်ကူတစ်ကောင်ကို စီးလာသည်။ ဒီလိုလုပ်ခြင်းက ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း စည်းမျဉ်းနဲ့ ဆန့်ကျင်နေသည်။ သို့သော်လည်း လီဇီချီသည် သားရဲထိန်းချုပ်သူ ဒါမှမဟုတ် ဝိညာဉ်သားရဲ ထိန်းချုပ်သူ လုပ်ရန် အစီအစဉ် မရှိပါ။ ဒါကြောင့် အဆင်ပြေသည်။

အချိန်တစ်ခု ကြာပြီးနောက် ဖန်ယန်ဘက်က စပြီး မေးလိုက်သည်။

"ဘယ်လိုထင်လဲ"

"ဒီပြိုင်ပွဲကို သူတော်စင်ဂိတ်က ကျင်းပတဲ့ ရည်ရွယ်ချက်က ကျောင်းအသီးသီးမှာရှိတဲ့

ဆရာတွေနဲ့ ကျောင်းသားတွေရဲ့ ခွန်အားကို စမ်းသပ်ဖို့ပဲ။ ဒါကြောင့် ပြိုင်ပွဲရဲ့ ရည်ရွယ်ချက်မှာ အမှောင်မျိုးစိတ်ကို ဖမ်းယူရန် ဖြစ်သော်လည်း စည်းမျဉ်းများအရ အဓိကအချက်မှာ ကျောင်းအချင်းချင်းကြားက တိုက်ပွဲပဲ။ ပြီးတော့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် ရှိတဲ့နေရာကလည်း တစ်ခုနဲ့ တစ်ခု သိပ်မဝေးနိုင်ဘူး”

“ဘာလို့လဲဆိုတော့ အဲဒီတွေ နီးမှ ကျောင်းအချင်းချင်း တွေ့ဆုံနိုင်ခြေ ပိုများလာလိမ့်မယ်”

လီဇီချီက သုံးသပ်လိုက်သည်။

ဖန်ယန်၏ အမူအရာ တင်းမာသွားသည်။ သူက ပေါ့ပေါ့ပါးပါး မေးလိုက်ခြင်း ဖြစ်သည်။ သူမရဲ့ ထင်မြင်ချက်ကို တကယ်ထုတ်ပြောလာမယ်လို့ မထင်ထားခဲ့ပါ။

သို့သော်လည်း သေသေချာချာ တွေးကြည့်လျှင် သူမရဲ့ ထင်မြင်ချက်က ဖြစ်နိုင်ခြေ ပိုများသည်။

"ဆွန်းမိုက တကယ်ကို ကံကောင်းလွန်းတယ် "

မြတ်ဆရာလောကတွင် ဘယ်လိုတပည့်မျိုးက အရှားပါးဆုံးလဲ။

ရှန်ယွန်ပေါင်လို တိုက်ခိုက်ရေး ထူးချွန်တဲ့လူတွေလား။

မှားတယ်။

ညာဏ်ရည်မြင့်ပြီး ဦးနှောက်သုံးနည်းကို သိတဲ့ လီဇီချီလို လူများ ဖြစ်သည်။ ဖန်ယန်သည် လီဇီချီကို နောက်တစ်ကြိမ် ကြည့်လိုက်သည်။ သူ့ရဲ့ မျက်လုံးထဲတွင် သဘောကျမှုနှင့် ဝမ်းနည်းရိပ် အနည်းငယ် သမ်းနေသည်။

လီဇီချီရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်မှာ အရမ်း အားနည်းလွန်းသည်။ တကယ်လို့ သူမက သက်ရှည်နယ်ပယ်ကို မရောက်နိုင်ခဲ့လျှင် သူမရဲ့ သက်တမ်းက အကန့်အသတ် ရှိလိမ့်မည်။

ဒါကြောင့် သူမရဲ့ ဦးနှောက်က ဘယ်လောက်ပဲ ကောင်းမွန်နေပါစေ သူမမှာအောင်မြင်မှု မရှိနိုင်ပါ။

(ငါ့ရဲ့ အကြီးဆုံး အစ်မကြီးက မှတ်သားဖွယ်မှတ်ဉာဏ်ကို နားလည်ထားတာ မင်းသိရင် သေတဲ့အထိ အံ့အောသွားလိမ့်မယ်။)

လုချီဟွာ အနည်းငယ် ကြွားချင်စိတ် ပေါက်လာသည်။ သူမရဲ့ အမြင်အရ လီဇီချီသည် သူမရဲ့ မိသားစုဝင် တစ်ယောက် ဖြစ်သည်။ ဒါကြောင့် လီဇီချီရဲ့ အထင်ကြီးစရာကောင်းမှုအပေါ်ကို အရမ်း ဂုဏ်ယူမိသည်။ လုချီဟွာက လီဇီချီကို ထုတ်ဖော်ပြသပေးနိုင်မလား မေးမလို့ လုပ်လိုက်တဲ့

အချိန်တွင် သူမရဲ့ နားရွက်တွေ ရုတ်တရက် တုန်လာပြီး

"ဆရာ၊ တစ်ယောက်ယောက် လာနေတယ်"

လုချီဟွာက လေးနာရီထောင့်ကို တစ်ချက်ကြည့်လိုက်သည်။

"ရပ်ကြပါ။ အားလုံးပဲ ကာကွယ်ရေးကို ပြင်ကြ"

ဆွန်းမိုက အော်ဟစ်လိုက်သည်။

လူတိုင်းက ချက်ခြင်းပဲ ရပ်တန့်လိုက်ပြီး လက်နက်ကို ဆွဲထုတ်ကာ ဖွဲ့စည်းပုံကို ခင်းကျင်းလိုက်သည်။ သို့သော်လည်း ဘယ်သူမှ မရောက်လာပါ။

“တစ်ယောက်ယောက် ရှိလို့လား”

ဖန်ယန်က မျက်မှောင် ကြုတ်ပြီး မေးလိုက်သည်။ သူ့ခန့်မှန်းချက် တော်တော် ကောင်းတယ်လို့ ထင်သည်။ ဒါပေမယ့် ဘာဖြစ်လို့ ဘာမှ မကြားရတာလဲ။ ဖန်ယန်သည် လုချီဟွာကို အလိုလို စူးစမ်းလိုက်မိသည်။ အဲဒီနောက် သူ့နှုတ်ခမ်းတွေ တွန့်သွားသည်။ ဒီမိန်းကလေးရဲ့ မျက်နှာတွင် ကြောက်ရွံ့ပြီး ဝမ်းနည်းမှုနဲ့ ပြည့်နေသည်။ အဲဒီနောက် သူမက ဆွန်းမိုကို အသံတိုးတိုးလေးနဲ့ ရေရွတ်ရင်း

“ဆရာ၊ ငါပဲ နားကြားမှားတာလားဟင်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်း ပဲကြားတာ မှန်လား၊ မှားလားဆိုတာ မသိဘူးလား။)

ဆွန်းမိုလည်း စကားမပြောနိုင် ဖြစ်နေသည်။

(ဒါဆို ဒါက မှားယွင်းတဲ့ အချက်ပြမှုပေါ့။ စောစောက ငါမပြောဘူးလား ငါ့ရဲ့ ထင်မြင်ချက် အရမ်းကောင်းပါတယ်လို့။ ဒါပေမယ့် ငါဘာမှ မကြားခဲ့ရဘူး။ မင်းရဲ့ တပည့်မှာ ဘယ်လိုလုပ်ပြီး ငါ့ထက် ပိုအားကောင်းတဲ့ အလိုလို အသိစိတ်ရှိမှာလဲ။)

ဒါပေမယ့် ဖန်ယန်က ဒီမိန်းကလေးကို ဝေဖန်ချင်တဲ့ စိတ်မရှိပါ။

သူမက ဆွန်းမိုရဲ့ တိုက်ရိုက်တပည့်ဖြစ်ပြီး ဆွန်းမိုကလည်း သူမကို ကောင်းမွန်စွာ ဆက်ဆံသည်။ ဖန်ယန်က သူဆူပူကြိမ်းမောင်းလိုက်လို့ ဆွန်းမိုကို စိတ်အနှောက်အယှက် မဖြစ်စေချင်ပါ။

"ဆက်သွားကြပါ"

ဖန်ယန်က တိုက်တွန်းလိုက်သည်။ ဆွန်းမိုက လုချီဟွာကို ကြည့်ပြီး ခေါင်းကိုပုတ်လိုက်သည်။

"ကို့ကိုယ်ကို ယုံကြည်ချက် ပိုထား"

စကားပြောပြီးနောက် ဆွန်းမိုသည် ဖန်ယန်ဘက်သို့ လှည့်ကာ

"ခဏလောက်စောင့်ရအောင်"

ဖန်ယန်လဲ ဘာတတ်နိုင်မှာလဲ။

ခဏစောင့်ပေါ့။

ဒီအကြောင်းကို ပြောရလျှင် ဆွန်းမိုက ဒီမိန်းကလေးရဲ့ သုံးသပ်ချက်ကို အရမ်း ယုံကြည်နေတဲ့ ပုံရှိသည်။ တနည်းအားဖြင့်ဆို ဒီအခွင့်အရေးကို အသုံးချပြီး လုချီဟွာကို လမ်းညွှန်ပေးချင်နေတာလား။

ဒါက အမှန်ပဲ။ ကျောင်းသားတွေကို ဆူပူကြိမ်းမောင်းတာထက် အားပေးခြင်းက ပိုပြီးထိရောက်တဲ့ အကျိုးသက်ရောက်မှုကို ဖြစ်စေသည်။

ဖန်ယန်သည် အတိတ်ကို ပြန်တွေးမိသွားသည်။ အမှားလုပ်မိမှာကို ကြောက်စရာ မလိုခဲ့ပါ။ ကြောက်စရာ အကောင်းဆုံးက ဆရာတစ်ယောက်ရဲ့ ဆူပူကြိမ်းမောင်းမှုကို ခံရပြီး ကိုယ့်ကိုယ်ကို ယုံကြည်ချက်ပျောက်ကာ ကြိုးစားဖို့ သတ္တိ ဆုံးရှုံးသွားခြင်းက ပိုကြောက်ဖို့ကောင်းသည်။

(ငါနဲ့ယှဉ်ရင် ဆွန်းမိုရဲ့ ကျောင်းသားတွေကို သင်ကြားပေးတဲ့ပုံက ပိုကောင်းတယ်)

ဖန်ယန်ဆီ အရောင်ပြန်သွားသည်။

ဒင်

ဖန်ယန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၁၄၀/၁,၀၀၀)

ရုတ်တရက် အကြောင်းကြားချက်ရလာလျှင် ဆွန်းမိုသည် ဖန်ယန်ကို ကြည့်လိုက်မိသည်။ (မင်းဘာလုပ်နေတာလဲ။ ငါ့တင်ပါးကို ကြည့်ပြီး လေးစားအထင်ကြီးမှုအမှတ်တွေ ပေးနေတာလား)

(မင်းက လိင်တူ ချစ်သူလား)

အဲဒီအချိန်မှာပဲ ဆွန်းမိုသည် အသံတိုးတိုးလေး ကြားလိုက်ရသည်။ မိနစ်အနည်းငယ်ကြာတော့ ဆရာတွေနှင့် ကျောင်းသားတွေ ပါဝင်တဲ့

အဖွဲ့တစ်ဖွဲ့သည် လေးနာရီထောင့် တောအုပ်ထဲက ထွက်လာကြသည်။

ရွှတ်စ်

အားလုံး ရပ်သွားသည်။ သူတို့တွေက သစ်ပင်အကိုင်းအခက်များပေါ်မှာ ငုတ်တုတ်ထိုင်နေတဲ့လူက ထိုင်နေကြသည်။ သူတို့ရဲ့ အမူအရာက အရမ်းအံ့အော သင့်နေကြသည်။ ဘာကြီးလဲ။ သူတို့ရဲ့ ပစ်မှတ်က ဖွဲ့စည်းပုံ ပြုပြင်ပြီး တကယ်စောင့်နေတာလား။ ပစ်မှတ်က သူတို့ကို အရင်တွေ့ခဲ့တာလား။

“သူတို့က မာရှန် အကယ်ဒမီက ကျောင်းသားတွေပဲ”

လျှောင်ရန်သည် မဖိတ်ထားတဲ့ ဧည့်သည်များ၏ ရင်ဘက်ပေါ်က အမှတ်တံဆိပ်ကို ကြည့်ပြီး အခြားသူများအား သတိပေးလိုက်သည်။

ဟူး

လုချီဟွာက သက်ပြင်းလေးလေး တစ်ချက်ချလိုက်သည်။

“အရင်ကလည်း ပြောပါတယ်။ ကို့ကိုယ်ကို ယုံကြည်ချက် ပိုထားပါလို့”

ဆွန်းမိုက လုချီဟွာရဲ့ ဆံပင်ကို ပွတ်ရင်း ပြောလိုက်သည်။ သူ့မျက်နှာမှာလည်း အပြုံးတစ်ခု ရှိနေသည်။ သို့သော် သူ့စိတ်ထဲတွင် ထိတ်လန့်နေသည်။ ဒါက ဘယ်လို အသိစိတ်ကြီးလဲ။ သူက လေဘုရင်နတ်ဘုရားကျင့်စဉ်ကို မဟာအဆင့်အထိ အောင်မြင်ထားသဖြင့် အာရုံခြောက်ပါးစလုံး တိုးတက်လာသော်လည်း လုချီဟွာထက် နိမ့်ကျနေသေးသည်။ (ဒါက နည်းနည်းလေး ကြောက်စရာ မကောင်းလွန်းဘူးလား။ မင်းက လူသားပုံစံ ရေဒါလား)

"လူတိုင်း ဒီနေရာကို ဘာကိစ္စရှိလို့ ရောက်လာတာလဲ"

အဖွဲ့ခေါင်းဆောင်အနေနဲ့ ဖန်ယန် အော်ဟစ်လိုက်သည်။

"မင်းတို့လုယူသွားတဲ့ စာရွက်တွေကို ထုတ်ပေး"

ကြမ်းတမ်းတဲ့အကြည့်နဲ့ လူငယ်တစ်ယောက် ထွက်လာသည်။ သူ့နာမည်က ဝမ်ဇောင်လန် ဖြစ်ပြီး ဖန်ရှန် အကယ်ဒမီကို ကိုယ်စားပြုကာ ဖြူနက် အကယ်ဒမီက ကျောင်းဆင်းတစ်ယောက်ဖြစ်သည်။ ဝိညာဉ်သားရဲ ထိန်းချုပ်သူလည်း ဖြစ်သည်။ သူတို့ ထွက်မလာခင်ကတည်းက ဝိညာဉ်သားရဲကို

ရှေ့ကသွားပြီး တန်ဖိုးရှိတဲ့ ရန်သူတွေကို ရှာဖွေရန် အမိန့်ပေးထားခဲ့သည်။ သူတို့တွေ့တာနဲ့ ဝိညာဉ်သားရဲက အကြောင်းကြားမည်။ သူက ပြင်းထန်တဲ့ တိုက်စစ်ကို ဦးဆောင်ပြီး အခြားသူများရဲ့ ဖယောင်းလုံးကို လုယူမည်။

ဝမ်ဇောင်လန်၏ အတွေးများသည် ဆွန်းမိုနဲ့ထပ်တူ ကျနေသည်။ ဖယောင်းလုံး ဒါမှမဟုတ် စာရွက်လုံးများကို လုယူကာ ဖမ်းရအလွယ်ဆုံး မျိုးစိတ်ကို ရှာဖွေမည်။

အခုအချိန်မတိုင်ခင်အထိ ဖန်ရှန်ကျောင်းသည် ဝိညာဉ်သားရဲကနေတဆင့် ရန်သူကို တိတ်တဆိတ်

ချည်းကပ်ကာ သုံးကြိမ်တိုင်တိုင် အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့သည်။ ဒါကြောင့် ဒီတစ်ကြိမ်တွင် ကျူရှုံးမယ်လို့ မထင်ပါ။

"သူတို့က ငါတို့ကို ဘယ်လို ရှာတွေ့တာလဲ"

ဝမ်ဇောင်လန် မျက်မှောင်ကြုတ်သွားသည်။ (ငါ့ရဲ့ ဝိညာဉ်သားရဲကို ရှာတွေ့သွားတာလား)

ဒီအချိန်တွင် ဝမ်ဇောင်လန်သည် အနည်းငယ် တွေဝေနေသည်။ ပြီးတော့ ပြိုင်ပွဲက စနေပြီး အသေအပျောက်နည်းဖို့ လိုသည်။ ဒီအဖွဲ့ကလည်း အားနည်းတဲ့ ပုံမရှိပါ။

"မင်းစကားအရဆိုရင် မင်းအဖွဲ့က အရမ်းသန်မာရမယ်။ ဘယ်နှစ်ဖွဲ့ကို အောင်မြင်အောင် လုခဲ့ပြီးပြီလဲ"

ဆွန်းမိုက မေးလိုက်သည်။

"နှစ်ဖွဲ့လား"

"တစ်ဖွဲ့မှ မလုရသေးဘူး"

နောက်ထပ် ဆရာတစ်ယောက်က ကျယ်လောင်စွာရယ်ပြီး သတင်းအချက်အလက်ကို ဖုံးကွယ်လိုက်သည်။ သို့သော် ကျောင်းသားများက အကြံသမားများ မဟုတ်ပါ။ သူတို့ မျက်နှာတွင် ဂုဏ်ယူတဲ့ ပုံစံများ ပေါ်နေသည်။

ကျောင်းသားတချို့ဆို အထင်သေးတဲ့ အကြည့်နဲ့ကြည့်ပြီး သာလွန်သလို လုပ်နေကြသည်။

"ဒီလိုဆိုတော့ မင်းတို့မှာ အနည်းဆုံး စာရွက်သုံးရွက် ရှိရမယ်။ မထင်ထားမိဘူး။ ကြည့်ရတာတော့ ဖန်ရှန် အကယ်ဒမီက မဆိုးဘူးပဲ"

ဆွန်းမိုက အံ့အောသင့်စွာ လျှာကိုက်လိုက်သည်။ သူ ပြောပြီးတာနဲ့ ဖန်ရှန်မှ ဆရာလေးယောက် မျက်နှာပျက်သွားသည်။ ဆွန်းမိုကို အကဲခတ်ရင်း သူတို့အကြည့်က လေးလံလာသည်။

"မင်းနာမည်က ဘယ်လိုခေါ်လဲ"

ဝမ်ဇောင်လန်က မေးလိုက်သည်။

ရှေ့တွင်ရပ်နေတဲ့ ဖန်ယန်သည် အနည်းငယ် အနေရခက်သွားသည်။ ဘယ်လိုပဲပြောပြော သူက အဖွဲ့ခေါင်းဆောင်လေ။ စကားဝိုင်းက ဆွန်းမိုကိုပဲ ပစ်မှတ်ထားနေသည်။ ဖန်ယန်သည် စိတ်ဓါတ်ကျနေသော်လည်း ဆွန်းမိုရဲ့ စွမ်းဆောင်မှုက စိတ်ချယုံကြည်ရတာကြောင့် စိတ်မဆိုးခဲ့ပါ။

(ဒါက ပါရမီရှင် တွေးခေါ်တဲ့ပုံစံလား)

ဖန်ယန်က ဝမ်ဇောင်လန်ကို ဘယ်လို အစ်အောက်ရမလဲ စဉ်းစားနေတုန်း ဆွန်းမိုက ပွင့်ပွင့်လင်းလင်းပြောပြီး တိုက်ရိုက် စုံစမ်းခဲ့သည်။

ဒါကြောင့် ဖန်ယန်ဆီက လေးစားအထင်ကြီးမှု အမှတ်များ ထပ်ထွက်လာပြန်သည်။

"အမ်၊ ဆရာ သူတို့မှာ စာရွက်သုံးရွက် ရှိတယ်ဆိုတာ ဘယ်လိုသိတာလဲ"

လုချီဟွာက ရိုးသားစွာ မေးလိုက်သည်။ သူမက အဲဒီလောက် မလည်ဝယ်သဖြင့် တတ်နိုင်သမျှ ပိုသင်ယူခွင့် ရချင်သည်။

"သူက ခန့်မှန်းတာပဲ ဖြစ်နိုင်တယ်"

လျှောင်ရန်က ရှင်းပြသည်။

"အဲဒီလို မဟုတ်ခဲ့ရင် ငါတို့ ဘာလုပ်ကြမလဲ။ တဖက်လူက သူတို့ရဲ့ အချက်အလက်ကို ဖော်ပြမှာ မဟုတ်ဘူးလေ"

လျှောင်ရန်မှာ ဆွန်းမိုကို လှောင်ပြောင်ရန် ရည်ရွယ်ချက် မရှိပါ။ သူက ဖြစ်တည်မှုကို သိစေရန် ပြောလိုက်ခြင်း ဖြစ်သည်။ ဒီလိုမှမဟုတ်ရင် မကြာခင် သူ့ကို မေ့နေကြမည်။

"ဆရာက ကျောင်းသားတွေရဲ့ အမူအရာကနေ အဖြေထုတ်လိုက်တာ"

လီဇီချီက ရှင်းပြသည်။

အချက်အလက်တချို့လောက်ကို မေးခွန်းမမေးဘဲ အဖြေထုတ်နိုင်သည်။

"ဒီပြိုင်ပွဲမှာ ဖြတ်သန်းရတဲ့ အချိန်၊ မြေပြင်အနေအထားအရ ကျောင်းသားအဖွဲ့ငါးဖွဲ့နဲ့ဆုံဖို့ဆိုတာ အရမ်းနည်းတယ်။ တဖွဲ့ ဒါမှမဟုတ်နှစ်ဖွဲ့နဲ့ ဆုံဖို့ဆိုတာက ဖြစ်နိုင်တယ်။ ဒါကြောင့်ဆရာက 'နှစ်'ဆိုပြီး စမ်းသပ်လိုက်တယ်။ သူတို့ကျောင်းသားတချို့က မာနနဲ့သာလွန်မှုတွေကိုပြသပြီး ငါတို့ရဲ့ဆရာက သူတို့ကိုလျှော့တွက်နေတယ်ဆိုတဲ့ အမူအရာကိုပြနေကြတယ်"

တစ်လလျှင် ဒေါ်လာ ၂၀,၀၀၀ လောက်ရနေတဲ့လူကို မင်းကလစာ ဘယ်လောက်ရလဲ မေးလိုက်လျှင် သူက ပြန်မပြောရင်တောင် မျက်နှာမှာ သာလွန်တဲ့ ခံစားချက်ကို ပြသနေလိမ့်မည်။

ဒါက လူ့သဘာဝပါ။

“ဒါဆို ဒီလိုပေါ့”

ကျောင်းသားတွေလည်း ရုတ်တရက် သဘောပေါက်သွားသည်။ အဲဒီနောက် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ ဆရာဆွန်းက အရမ်းစေ့စပ်ပြီး ထက်မြတ်လွန်းသည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ထောက်ပံ့ရေး

ဌာနမှူးဖြစ်လာတာ မထူးဆန်းတော့ပါ။ ဌာနမှူးလုပ်ဖို့ဆိုရင် အကြံအစည်တွေကို ကောင်းကောင်းသိနေဖို့ လိုသည်။

ဒင်

ကျောင်းသားတွေ၏ လေးစားအထင်ကြီးမှု +၁,၈၉၀

"သူက အရမ်းချောတယ်။ ဗဟိုပြည်နယ်အကယ်ဒမီက လျှို့မှုဘိုင်များ ဖြစ်နေမလား"

ဘေးနားမှ ဆရာတစ်ယောက်သည် ဆွန်းမိုကို အကဲခတ်ရင်း မနာလို ဖြစ်နေသည်။

"ငါက ဆွန်းမိုပါ"

ဆွန်းမိုက ဖန်ရှန်က ကျောင်းသားတွေကို ကြည့်ပြီး သွားရှစ်ချောင်းပေါ်အောင် ပြုံးပြလိုက်သည်။ ကောင်မလေးများရဲ့နှလုံးသားထဲတွင် လှည့်စားတတ်တဲ့ ယုန်တစ်ကောင် ရှိနေသလိုမျိုး ဂနာမငြိမ်ဖြစ်သွားသည်။

အခန်း (၃၅၂) - ဘဝ၏ ဆရာ၊ တောခွေးနက်ကြီး ဆွန်း။

“ဆွန်းမို ဟုတ်လား”

ဆွန်းမိုကို မနာလိုစိတ်နဲ့ ကြည့်နေတဲ့ ဆရာသည် ဒီစကားကို ကြားလိုက်ပြီးနောက် ဝမ်ဇောင်လန်ကို လှမ်းကြည့်လိုက်သည်။

“လျှိုမူဘိုင် မဟုတ်ဘူးပေါ့”

"ဆရာ၊ ဘာကူညီပေးရမလဲ"

ဝမ်ဓောင်လန်သည် ဆွန်းမို မျက်လုံးကို စိုက်ကြည့်ရင်း အဖွဲ့ကို ခေါ်ထုတ်သွားမည့် စိတ်ကူးအား စွန့်လွှတ်လိုက်သည်။ အဲဒီလိုလုပ်လိုက်ရင် သူတို့ရဲ့ စိတ်ဓါတ်ကို ထိခိုက်သွားနိုင်သည်။ ပြီးတော့ ဆွန်းမိုရဲ့ သဘောထားကလည်း လွယ်လွယ်ကူကူ ထွက်ခွင့်မပေးမှာ သေချာသည်။

"မင်းတို့ လုယူထားတဲ့ စာရွက်တွေကို ထုတ်ပေးပါ"

ဆွန်းမို ပြောပြီးတာနဲ့ ဖန်ရှန်က ဆရာတွေ ချက်ခြင်း ဒေါသပေါက်ကွဲသွားသည်။ ဘာကြောင့်ဆို ဒီစကားမှာ စောစောက ဝမ်ဇေဝင်လန် ပြောခဲ့တဲ့ စကားဖြစ်နေသည်။ ဆွန်းမိုရဲ့ ကိုယ်ပိုင်စကား တစ်ခုမှ မပါဘဲ ပြည့်စုံလွန်းသည်။ ဒါက ရန်စနေတာ သိသာနေသည်။

ဝိုး

ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားများကတော့ အားပေးနေကြသည်။ သူတို့ရဲ့ ဆရာက ရက်စက်လွန်းသည်။

"ဘယ်လောက်တောင် ဘဝင်မြင့်နေတာလဲ။ ပထမအချီမှာ နံပါတ်လေးရတာနဲ့ မင်းတို့က အထင်ကြီးဖို့ကောင်းတယ်လို့ တကယ် ထင်နေတာလား"

ဆရာတစ်ယောက်က လှောင်ပြောင်လိုက်သည်။ (ငါတို့က ဖန်ရှန်ကပဲ။ ဖန်ရှန်ဆိုတာ ကျောင်းသားအဖွဲ့ သုံးဖွဲ့ဆီက ဖယောင်းလုံး သုံးလုံးကို လုယူခဲ့တဲ့အဖွဲ့ပဲ)

"အဆင်လေးက အထင်ကြီးစရာ မဟုတ်ဘူးဆိုတော့ မင်းတို့ကို အထင်ကြီးရမှာလား..........."

ဆွန်းမိုက ခဏရပ်လိုက်ပြီး

“အမ်၊ တောင်းပန်ပါတယ်။ ငါထက်နိမ့်တဲ့ အမှိုက်တွေရဲ့ အဆင့်ကို ငါက ဘယ်တော့မှ မမှတ်မိဘူး။ မင်းတို့ရဲ့ အဆင့်က ဘယ်လောက်လဲ”

ဟားဟား

ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအားလုံး ရယ်နေကြသည်။

ဖန်ယန်သည် ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ဖန်ရှန် အကယ်ဒမီနဲ့ ပြဿနာ မဖြစ်အောင် စည်းရုံးချင်နေသည်။ သို့သော်လည်း ခဏလောက်တွေဝေပြီး လက်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။ ပြီးတော့

တောခွေးနက်ကြီးဆွန်းရဲ့ ပါးစပ်က သွေ့နာမည် ဂုဏ်သတင်းနဲ့ ကိုက်ညီနေသည်။ တစ်ယောက်ယောက်ကို ပစ်မှတ်ထားလိုက်တာနဲ့ ဒေါသဖြစ်ပြီး သွေးအန်နေမည်။

"မောက်မာလွန်းတယ်။ ဘဝင်မြင့်လွန်းတယ်"

"သူတို့ကို ရိုက်"

"ငါလို.....မ..သ..တွေကို သေအောင်သတ်"

ဖန်ရှန်မှ ဆရာတွေနဲ့ ကျောင်းသားတွေသည် အော်ဟစ်နေပြီး ဒေါသတွေနဲ့ ပြည့်နှက်နေသည်။

ဆွန်းမိုရဲ့ မေးခွန်းက အရှက်ခွဲလွန်းသည်။ အခြေခံအားဖြင့် သူတို့မှာ ပြန်ပြောစရာ မရှိပါ။

"ငါတို့က နှုတ်စစ်ပွဲကို မကြိုက်ဘူး။ တိုက်ခိုက်လိုက်ရအောင်။ ရှုံးတဲ့လူက စာရွက်တွေကို ထားခဲ့ရမယ်"

ဝမ်ဇေခင်လန်က မျက်နှာပင့်ပြီး ဆွန်းမိုကို ပြောလိုက်သည်။

"အုပ်စုလိုက်တိုက်ပွဲလား။ တစ်ယောက်ခြင်း တိုက်ပွဲလား"

"မင်းတို့က အဆင့်နိမ့်တော့ မင်းတို့ပဲ ရွေးချယ်လိုက်ပါ။ မင်းတို့ဘာရွေးရွေး ငါတို့ လက်ခံတယ်"

ဆွန်းမို လျှာက အဆိပ်သင့်လွန်းသည်။

"ဟားဟား"

ကျောင်းသားများ မထိန်းနိုင်ဘဲ နောက်တစ်ကြိမ် ထပ်ရယ်နေကြသည်။ (ဆရာ၊ မင်းက သူတို့ကို ဒေါသထွက်ပြီး သေစေချင်နေတာလား)

"ကျောင်းသားတွေ ကြားထဲက တစ်ယောက်ခြင်း တိုက်ပွဲ။ ဘယ်လိုလဲ။ သုံးပွဲမှာ နှစ်ပွဲအနိုင်ရတဲ့ဖက်က အနိုင်။ ဘယ်လိုလဲ"

ဝမ်ဇေါင်လန် အကြံပြုသည်။

"ဒီကောင်က ဘယ်သူလဲဆိုတာ မင်းသိလား"

ဆွန်းမိုအနားကို ကူရှုပ်ရှင်း ကပ်လာပြီး တိုးတိုးလေး မေးလိုက်သည်။

ပြိုင်ပွဲက စပြီဆိုတာနဲ့အခုချက်ခြင်းပဲ အုပ်စုလိုက် တိုက်ခိုက်ကာ အနိုင်- အရှုံးကို ဆုံးဖြတ်စေချင်သည်။ ဆွန်းမိုက လူတွေကို ဒေါသထဲနစ်မြုပ်ပြီး တွေးခေါ်နိုင်စွမ်းကို ဆုံးရှုံးစေချင်သည်။ ဒါကြောင့်လည်း ရည်ရွယ်ချက်ရှိရှိ ကဲရဲ့နေခဲ့သည်။ ဒေါသ အရမ်းထွက်ကာ အပြေးအလွှား လာရိုက်စေချင်သည်။

ဆွန်းမိုက သွေးလောင်ကျွမ်းခြင်း အဆင့် (၇) ဖြစ်သောကြောင့် အဲဒီဆရာများကို အနိုင်ယူနိုင်မယ်လို့ ယုံကြည်သည်။

သို့သော်လည်း ဝမ်ဖောင်လန်က အရင်အတိုင်းပဲ တည်ငြိမ်နေခဲ့သည်။ ဒေါသမထွက်ပါ။ သူ့ရဲ့စိတ်နေစိတ်ထားက သိသိသာသာကို ကြောက်ဖို့ကောင်းပြီး မှန်ကန်တဲ့ ရွေးချယ်မှုကို လုပ်နိုင်ခဲ့သည်။

"အဖွဲ့ခေါင်းဆောင်၊ အဲဒီအစား ဘာဖြစ်လို့ ဆရာတွေကို တိုက်ခွင့် မပေးတာလဲ"

ဆရာသုံးယောက်က ညည်းတွားနေကြသည်။ သူတို့အားလုံးက ဆွန်းမိုအပေါ် ခံစားချက် ဖောက်ခွဲချင်နေသည်။

"ငါ မှတ်မိတာ မမှားရင် ဗဟိုပြည်နယ်အကယ်ဒမီက ချင်လင်မြို့မှာရှိတယ်။ မရီဒန်အကယ်ဒမီလည်းရှိပြီး သူတို့ထက် တဆင့်ပိုမြင့်တယ်။ အဲဒီလိုဆိုလျှင် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအသစ် ရဖို့ ရှားပါးလိမ့်မယ်"

ဝမ်ဇောင်လန်က ရှင်းပြသည်။ သူတို့ကျောင်းသားတွေ သုံးကြိမ်လုံး ရှုံးခဲ့ရင်တောင် အဆင်ပြေသေးသည်။ ဒါပေမယ့် ဆရာတွေ ဒဏ်ရာရခဲ့ရင် ပြိုင်ပွဲ နောက်ပိုင်းမှာ ဘာလုပ်ကြမလဲ။

(ဆွန်းမိုရဲ့ အကြံကိုလည်း ငါနားလည်တယ်။ မင်းဖြစ်စေချင်တဲ့အတိုင်း လိုက်မလုပ်ဘူး။)

“ကောင်းပြီလေ၊ ဒါဆိုလည်း အရင်ရှင်းအောင် လုပ်ရမယ်။ ရှုံးတဲ့လူက စာရွက်သုံးရွက် ထားခဲ့ရမယ်”

ဆွန်းမိုက လက်သုံးချောင်း ထောင်ပြီး ပြောလိုက်သည်။

“ဟားဟား ၊ မင်းနောက်နေတာလား။ အချက်တစ်ခုနဲ့ သုံးခုကို လှဲချင်နေတာလား။ အိပ်မက် မက်နေတာလား”

ဆွန်းမိုကို မနာလို ဖြစ်နေတဲ့ ဆရာက အော်လိုက်သည်။

"ငါတို့မှာ တစ်ခုပဲ ရှိတယ်လို့ ဘယ်သူက ပြောလဲ။ ငါတို့မှာလည်း သုံးခု ရှိတယ်"

ဆွန်းမို ပုခုံးတွန့်ရင်း ပြောလိုက်သည်။

"ဒီဆရာ ၊မင်းက တခြားသူတွေကို အထင်သေးလှချည်လား။ မင်းကိုယ်မင်း ကောင်းကင်အောက်မှာ နံပါတ်တစ်လို လုပ်နေတာလား"

"ဆရာ၊ ငါတို့အထက်မှာ မာရှန်နဲ့ ကောင်းကင်သစ်ခွ ရှိသေးတယ်။ ဒီနေရာမှာမရှိသေးတဲ့ မဟာကိုးပါးလည်း

ရှိသေးတယ်။ ဖန်ရှန်ကတော့ ကောင်းကင်အောက် နံပါတ်တစ် လုံး၀ မဟုတ်ဘူး”

လီဇီချီက ဆွန်းမိုကို သတိပေးသလိုနဲ့ သူမရဲ့အသံက တဖက်လူ ကြားရလောက်အောင် ကျယ်လောင်လွန်းသည်။

အခုအချိန်တွင် တဖက်အသင်းက ဆရာများ ဒေါသမထွက်တော့ပါ။ သူတို့ရဲ့ အမူအရာသည် လေးလံလာသည်။ ဖယောင်းလုံးသုံးလုံးကို လုယူနိုင်တဲ့ကျောင်းသည် အရမ်းသန်မာမှန်း သူတို့နားလည်သည်။

“တန်ရှုအီ၊ မင်း ပထမပွဲကို တိုက်လိုက်”

ဝမ်ဇောင်လန်က သူတို့အဖွဲ့ရဲ့ ထိပ်ဆုံးသုံးယောက်ထဲမှာ ရှိတဲ့ ကျောင်းသားတစ်ယောက်ကို ခေါ်ထုတ်လိုက်သည်။ သူက အစကောင်းအောင်လုပ်ပြီး လူအုပ်စုကို အံ့အောသင့်စေမည်။

"ဘယ်သူ တိုက်ခိုက်ချင်လဲ"

ဆွန်းမိုက ခေါင်းလှည့်ပြီး ကျောင်းသားတွေကို မေးလိုက်သည်။

ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူသည် တွေဝေမနေဘဲ လက်မြှောက်လိုက်ကြသည်။

တခြားကျောင်းသားတွေက မလုပ်ကြပါ။ သူတို့ အမူအရာသည် ထိတ်လန့်ခြင်းများနဲ့ ပြည့်နေသည်။ ရှုံးရင် ဘာဖြစ်သွားမလဲဆိုတာ တွေးနေကြသည်။

"မင်းတို့ အားလုံးစိတ်ထဲက တွေးနေသလို ဖြစ်လာမှာ မဟုတ်ဘူး။ တိုက်ပွဲမစခင် သူ့ရဲဘောကြောင်နေပြီလား။ ဒါဆို မင်းက ဒီတိုက်ပွဲမှာ သုံးဆယ် ရာခိုင်နှုန်း ရှုံးနေပြီ"

ဆွန်းမိုက သူတို့ကို လမ်းပြရင်း သူ့အသံက တင်းမာလာသည်။ သူ့ဆီကနေ ရွှေရောင် အလင်းတန်းပေါ်လာသည်။

"တောက်၊ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်"

ဖန်ရှန်က ကျောင်းသားများ အံ့အောသွားသည်။ ဒီဆရာ ဘာလုပ်နေတာလဲ။ လူမြင်ကွင်းမှာ သင်ကြား ပို့ချနေတာလား။ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများလည်း အံ့အောနေကြသည်။ အဲဒီနောက် သူတို့အားလုံး ရှက်ရွံ့စွာ ခေါင်းငုံ့သွားကြသည်။

"ဆရာ၊ ကျွန်တော်တို့ နားလည်ပါပြီ"

"ဒီအချိန်မှာ မင်းတို့ စဉ်းစားသင့်တဲ့အရာက အောင်ပွဲပဲ။ ရှုံးတဲ့ အကြောင်းအရာ မဟုတ်ဘူး။ အဲဒီအစား မင်းတို့ရဲ့ အားသာချက်ကို

အကန့်အသတ်ထိ ရောက်အောင် ထုတ်လွှင့်ရမယ်။ တခါတလေ မင်းတို့မှာ ပြိုင်ဘက် ရွေးခွင့် မရှိဘူး”

ဆွန်းမိုက ဆက်ပြီး လမ်းညွှန်နေခဲ့သည်။

ချူဂျန် နှုတ်ခမ်းများ ကွေးသွားသည်။ (ငါ မကြောက်ဘူး)

“ချူဂျန် မင်းက ကျိန်းသေပေါက် နိုင်မယ့် ပြိုင်ဘက်ကို ရွေးချယ်ချင်နေတာ ငါသိတယ်။ ဒီအတွေးက မဆိုးပါဘူး။ ဒါပေမယ့် မင်းဘက်က စပြီးတိုက်ခိုက်မယ့်စိတ် ကင်းမဲ့နေတယ်”

ဆွန်းမိုက ချူဂျန်ကို ကြည့်ပြီးပြောလိုက်သည်။ ကျောင်းသားစုဆောင်းရေးပွဲ ကတည်းက ဒီလူငယ်ကို

တွေ့ဖူးသည်။ သူက ငယ်သေးသော်လည်း လွတ်လပ်တဲ့ အတွေးအခေါ်များ ရှိနေပြီ။ အနာဂတ် လမ်းကြောင်းကိုတောင် သိနေပြီ။

သူက တကယ်ကို ရင့်ကျက်နေသည်။ ရင့်ကျက်လွန်းပါကလည်း ထက်မြက်မှုကို ဆုံးရှုံးနိုင်သည်။

ချူဂျန်သည် ဆွန်းမိုကို အရမ်းအံ့အောတဲ့ အမူအရာနဲ့ ကြည့်နေသည်။ (မဖြစ်နိုင်ဘူး။ ငါဘာတွေးနေလဲ ဆိုတာတောင် မင်းသိနေတာလား)

ဒါပေမယ့် အဲဒီနောက်မှာတော့ သူလေးလေးနက်နက် စဉ်းစားဆင်ခြင် သုံးသပ်မိသွားသည်။

(ဆရာဆွန်းရဲ့ စကားတွေက ယုတ္တိ ရှိပုံရသည်။)

ဒင်

ချူဂျန်၏ လေးစားအထင်ကြီးမှု +၃၀၊ ရင်းနှီး(၃၅၀/၁,၀၀၀)

ဖန်ယန်နှင့် လျှောင်ရန်သည် အံ့အောသင့်နေသည်။ တိုက်ခိုက်တော့မှာ မဟုတ်ဘူးလား။ ဆွန်းမိုက ဘာဖြစ်လို့ ဘဝရဲ့ ဆရာ ဖြစ်လာရတာလဲ။ သို့သော်လည်း ဆွန်းမိုရဲ့

စကားတွေက တကယ်ကို စွဲမက်ဖို့ကောင်းပြီး အထာကျလွန်းသည်။ ဒီအကြောင်းကို တွေးလေတိုင်း ဆရာနှစ်ယောက်သည် ရှက်သလို ခံစားရသည်။ သူတို့သည် ဆွန်းမိုထက် အသက်ကြီးပြီး သူ့ထက် အရင် အလုပ်ဝင်ခဲ့ကြသည်။ သို့သော် သင်ကြားရေးနယ်ပယ်တွင် ဆွန်းမိုနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသည်။

ကူရှုပ်ရှင်းလည်း လေးနက်စွာ တွေးတောနေသည်။ ဒါအမှန်ပဲ။ ‘သင်ကြားခြင်းဆိုတာက ကျောင်းသားတွေကို ကျင့်ကြံခြင်းမှာ လမ်းညွှန်ရုံ သက်သက်လောက်

မရိုးရှင်းဘူး။ သူတို့ရဲ့ ဇီဝကမ္မနှင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများ တိုးတက်ကြီးထွားလာစေရန် ကူညီပေးရမည်။'

(အမ်၊ ဆွန်းမို၊ မင်းကဘာလို့ ဒီလောက် ထူးချွန်နေရတာလဲ။)

(ဒီအတိုင်းဆက်သွားလျှင် မင်းက ငါ့ပြိုင်ဘက် မဟုတ်တော့ဘူး)

အမှန်တိုင်းပြောရလျှင် သက်ရောက်မှုက တော်တော် ကြီးမားသွားသည်။

"ရန်ဇောင်၊ မင်းက အလုပ်ကောင်းကောင်း လုပ်တာပဲ။ မင်းက ရည်ရွယ်ချက်ရှိရှိ

လက်မပြောက်ခဲ့တာ ငါသိတယ်။ မင်းက အဖွဲ့ခေါင်းဆောင်ဆိုတော့ ဒဏ်ရာ မရအောင် အစွမ်းကုန် ကြိုးစားရမှာပဲ။ ဒါမှ နောက်ပိုင်းမှာ အဖွဲ့သားတွေကို အမိန့်ဆက်ပေးလို့ ရမှာ”

ဆွန်းမိုက ချီးကျူးလိုက်သည်။

“ဆရာ”

ကျန်ရန်ဇောင် ပါးစပ်ကို လက်နဲ့ အုပ်ရင်း မျက်ရည် အနည်းငယ် ကျလာသည်။ အမှန်တိုင်းပြောရလျှင် လက်မပြောက်ခဲ့သဖြင့် အဖွဲ့သားတွေက သူ့ကို ကြောက်လို့ ဝေဖန်မှာ စိုးရိမ်နေခဲ့သည်။

"မင်း ဘယ်လောက်သတ္တိ ကောင်းတယ်ဆိုတာ လူတိုင်းသိပါတယ်"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။ ကျန်ရန်ဇောင် မျက်နှာပေါ်တွင် နားလည်တဲ့ အမူအရာ ပေါ်လာသည်။ သူပျော်သွားသလို အနည်းငယ်လည်း နှောင်တရနေသည်။ အဲဒီတုန်းက ဘာဖြစ်လို့ ဆွန်းမိုကို ဆရာမတင်ခဲ့မိတာလဲ။ အခုဆိုရင် ဘယ်လို ဘဝမျိုး ဖြတ်သန်းနေရမလဲ။

ဒင်

ကျန်ရန်ဇောင်၏ လေးစားအထင်ကြီးမှု +၁၀၀ ။ ရင်းနှီး (၄၁၀/၁,၀၀၀)

“မကြောက်နဲ့ ဒီကောင်က သူ့ရဲ့ အစွမ်းအစကို ထုတ်ထောင်နေတာ”

မနာလိုစိတ်ကြောင့် ရုပ်ဆိုးသလိုဖြစ်နေတဲ့ ဆရာက သူ့ကျောင်းသားများကို အားပေးရန် အတတ်နိုင်ဆုံး ကြိုးစားနေသည်။

ဒီစကားတွေကြောင့် ကျောင်းသားတွေသည် မသက်မသာ ဖြစ်နေကြသည်။ အဲဒီအစား သူတို့အမူအရာက ပိုလေးလံလာသည်။ ငတုံးမဟုတ်လို့ကတော့ တဖက်အသင်းရဲ့ အရှိန်အဟုန် တိုးတက်လာကို မြင်နေရသည်။ ပြီးတော့ ချောမောတဲ့ ဆရာရဲ့ လမ်းညွှန်မှုကြောင့်

ဗဟိုပြည်နယ်အကယ်ဒမီ ကျောင်းသားတွေဖက်က စတိုက်ဖို့တောင် ပြင်နေကြသည်။

ဝမ်ဇောင်လန်က ဘာမှမပြောဘဲ ဆွန်းမိုကို အကဲခတ်နေသည်။

ဒီပွဲမှာ သူရှုံးသွားသလို ခံစားနေရသည်။ သူက အောင်ပွဲအကြောင်းတွေးရင်း ဆရာဖြစ်ရခြင်း၏ အခြေခံဖြစ်တဲ့ ခွန်အားနှင့် စိတ်နှလုံးကို မြင့်တင်လာအောင် ကူညီပေးရမယ်ဆိုတဲ့ အချက်ကို မေ့နေခဲ့သည်။

ထူထပ်တဲ့ တောအုပ်ထဲတွင် စောင့်ကြည့်သူတစ်ယောက် စာအုပ်ကို ထုတ်ပြီး ရေးမှတ်နေသည်။

ဆွန်းမို၏ လမ်းညွှန်မှုကြောင့် သူ့ရဲ့ ကျောင်းသားအဖွဲ့သည် စိတ်ဓါတ်ကြီးကြီးမားမား တိုးတက်လာခဲ့သည်။

ကျောင်းသားအုပ်စုတိုင်းတွင် ပါဝင်တဲ့ ဆရာတွေနှင့် ကျောင်းသားတွေကို စောင့်ကြည့်သူတစ်ယောက်က အမြဲတမ်း စောင့်ကြည့်ပြီး မှတ်တမ်း တင်ထားသည်။ အထူးသဖြင့် ဆရာတွေအတွက် ဖြစ်သည်။ ထူးချွန်စွာ

စွမ်းဆောင်ခဲ့ပါက သူတို့ကို ပြုစုပျိုးထောင်ရန် အလားလာရှိတဲ့လူအဖြစ် သူတော်စင်ဂိတ်က သတိထားမိလိမ့်မည်။

"ယွန်ပေါင်၊ ငါတို့ရဲ့ အပြင်းထန်ဆုံး တိုက်ခိုက်မှုပဲ။ ဘာလုပ်ရမလဲဆိုတာ မင်းသိတယ်နော်"

ဆွန်းမို နာမည်ခေါ်လိုက်တဲ့ ကျောင်းသားက

"ငါ သိတယ်"

ရှန်ယွန်ပေါင်သည် ပြုံးပြီး ရှေ့သို့ တိုးထွက်လာသည်။ သူ့ရဲ့အကြည့်က ဖန်ရှန် ကျောင်းသားအဖွဲ့ဆီ ရောက်သွားသည်။

"မြန်မြန်လာ။ ငါ့ရဲ့ ငွေကော်လေးက ရေဆာနေပြီ"

“ငွေကော်ဆိုတာ ဘာလဲ”

ဖန်ရှန်က ကျောင်းသားများသည် နားမလည်ကြသော်လည်း မကြာခင် ရှန်ယွန်ပေါင်ရဲ့ ငွေလုံကို မြင်လိုက်ရသည်။ နေရောင်အောက်တွင် တောက်ပနေသည်။ တန်ရှုအီသည် စိန်ခေါ်မှုကို တုန့်ပြန်ရန် ခြေလှမ်းပြင်လိုက်သည်။ သူ့ရဲ့ လက်နက်ကလည်း ငွေလုံဖြစ်သည်။

“တန်ရှုအီ၊ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၈)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

ဒီကျင့်ကြံခြင်း အဆင့်ကို ကြားလိုက်ရလျှင် ဗဟိုပြည်နယ်အကယ်ဒမီဘက်တွင် ရှုန်းရင်းဆန်ခတ် အသံများ ထွက်ပေါ်လာသည်။

"တောက်၊ ကျင့်ကြံခြင်း အဆင့်က ဒီလောက် မြင့်တာလား"

ထင်မှတ်ထားသလိုပဲ ကောင်းကင်အောက်တွင် ပါရမီရှင်တွေ အများကြီး ရှိနေသည်။

"ငါတို့ပဲ သေချာပေါက် နိုင်လိမ့်မယ်"

"သူတို့ရဲ့ အမူအရာကို ကြည့်လိုက်အုံး။ အရမ်းကြောက်နေကြပြီ"

"အစ်ကိုတန်၊ သူတို့ကို ချေမှုန်းလိုက်"

ဖန်ရှန်က ကျောင်းသားများ အော်ဟစ်ပြီး သူတို့ရဲ့ စိတ်ဓါတ်များ ပြန်တက်ကြွလာကြသည်။ သို့သော်လည်း ရှန်ယွန်ပေါင်က သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ပြန်ကြေငြာလိုက်လျှင် လည်ပင်းက ဖမ်းဆုပ်ခံထားရတဲ့ ကြက်တွေလို ဖြစ်သွားသည်။ သူတို့အားလုံး ချက်ခြင်း တိတ်ကျသွားသည်။

"ရှန်ယွန်ပေါင် ၊ ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့်(၉)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ချီ

အားလုံး အံ့အောမှင်တက်နေကြသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေတောင် ပါသေးသည်။ ရှန်ယွန်ပေါင်ကို ကြည့်ရင်း မျက်လုံးပြူးနေကြသည်။ ဒီကောင်က အရမ်းအထင်ကြီးဖို့ကောင်းတာ သိသော်လည်း ဒီလောက် အတိုင်းအတာအထိ ဖြစ်မယ်လို့ မထင်ထားမိပါ။

တန်ရှုအီသည် စောစောက သူ့ဖက်မှ ကျောင်းသားများ အော်ဟစ်အားပေးနေတဲ့ကြားတွင် တည်ငြိမ်နေဟန် ဆောင်ထားခဲ့သည်။ သို့သော်လည်း

ရှန်ယွန်ပေါင်ကို ကြည့်တဲ့ သူ့အကြည့်များတွင် မောက်မာမှုများကို မြင်နိုင်သည်။

(ဒီကောင်က အရမ်းဗလကြီးပြီး အရပ်က ၁.၉ မီတာလောက် ရှိမယ်။ သို့သော်လည်း အဆင်ပြေသေးတယ်။ ငါပဲ သေချာပေါက် နိုင်လိမ့်မယ်) သို့သော်လည်း မျက်လုံးတစ်မှိတ်အတွင်းမှာ တန်ရှုအီ၏ မာနကြီးမှုသည် ရှန်ယွန်ပေါင်ရဲ့စကားလုံးအောက်မှာ ကွဲကြေသွားသည်။

"ဘာ"

တန်ရှုအီ၏ မျက်နှာတွင် မယုံကြည်နိုင်တဲ့ အမူအရာ ဖြစ်နေသည်။ သူကိုယ်တိုင်က ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၈)ကို ရောက်နေသောကြောင့် ဒီလိုအခြေအနေ ရောက်လာရန် လူတစ်ယောက်က ဘယ်လောက် အားစိုက်ထုတ်ရပြီး စွမ်းအင်အများကြီး လိုအပ်ကြောင်းကို သူသိနေသည်။

နေရောညပါ အဆက်မပြတ် ကျင့်ကြံတာကလွဲလျှင် တန်ရှုအီသည် မြတ်ဆရာ သုံးယောက်ရဲ့ လမ်းညွှန်မှုကို ခံယူကာ ထိပ်တန်း ဆေးရေကို နေ့တိုင်း စိမ်နေခဲ့သည်။ သူသုံးတဲ့

ငွေအမောက်က ကောင်းကင်ကြီးလောက်ကို ကြီးမားသည်။ ထုံးစံအတိုင်း အရေးအကြီးဆုံးအချက်က အရည်အချင်း ဖြစ်သည်။ သာလွန်ကောင်းမွန်တဲ့ အရည်အချင်း မရှိလျှင် ဆေးရေစိမ်လည်း အသုံးမဝင်ပါ။

"အသက်ဘယ်လောက်လဲ"

တန်ရှူအီ အလိုလို မေးလိုက်မိသည်။

"၁၄"

ရှန်ယွန်ပေါင်မှာ ကြွားရန် ရည်ရွယ်ချက် မရှိသော်လည်း သူ့စကားကို ကြားပြီး လူတိုင်း အံ့အောသင့်နေသည်။

“အစ်ကိုတန်လည်း ၁၄နှစ်ပဲ”

ဖန်ရှန်မှကျောင်းသားများ တိုးတိုးလေး ရေရွတ်လိုက်ကြသည်။ အရင်တုန်းက တန်ရှူအီက အသက် ဆယ်လေးနှစ်နဲ့ အဆင့်(၈)ကို ရောက်သဖြင့် အရမ်းဂုဏ်ယူခဲ့ကြသည်။ ဒါပေမယ့် အခုတော့ အဆင့်(၉)မှာရှိတဲ့ ရှန်ယွန်ပေါင်နဲ့ နှိုင်းယှဉ်လိုက်လျှင် တန်ရှူအီက ဘာမှ မဟုတ်တော့ပါ။

ဖန်ရှန်မှ ကျောင်းသားများရဲ့ စိတ်ဓါတ်သည် ရှန်ယွန်ပေါင်ရဲ့ကျင့်ကြံခြင်းအဆင့်ကိုကြားပြီး နောက်တစ်ကြိမ် ပြိုကွဲသွားသည်။

“ဆရာဆွန်းက အရမ်း ကံကောင်းတာပဲ”

ဖန်ယန်နှင့် လျှောင်ရန်သည် မနာလိုစိတ်ကြောင့် မျက်နှာနီလာသည်။ ရှန်ယွန်ပေါင်လို ကောင်းတဲ့ မျိုးစေ့ကို မလိုချင်တဲ့လူ ရှိလို့လား။ ဆွန်းမိုကသူ့ကို စုဆောင်းခဲ့တာပဲ။

"မင်း အဆင့်သင့်ဖြစ်ပြီလား"

အခုတော့ ရှန်ယွန်ပေါင် စိတ်မရှည်တော့ပါ။

(ငါက တိုက်ခိုက်ပြီးရင် တရားထိုင်ရအုံးမယ်)

"နောက်ဆုံးမေးခွန်းပဲ။ မင်းရဲ့ ကိုယ်ပိုင်ဆရာက ဘယ်မြတ်ဆရာလဲ"

ရှန်ယွန်ပေါင်ကို မြတ်ဆရာတစ်ယောက်က ဂရုတစိုက် ပျိုးထောင်ခဲ့တာ ဖြစ်နိုင်တယ်လို့ တန်ရှုအီ

ခံစားမိသည်။ ကြယ် ၅ ပွင့်မြတ်ဆရာ ဒါမှမဟုတ် ကြယ် ၆ပွင့် မြတ်ဆရာဆိုလျှင် အဆင်ပြေသေးသည်။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လျှင်တောင် တန်ရှုအိသည် သာလွန်မှုကို ထိန်းထားနိုင်သေးသည်။ သူ့ရဲ့ဆရာတွေက ရှန်ယွန်ပေါင် ဆရာထက်လမ်းညွှန်မှု နိမ့်ကျနေလား။ သူ့ရဲ့အခြေခံကပဲ ရှန်ယွန်ပေါင်ကို မယှဉ်နိုင်တာလား သိချင်နေသည်။

အခန်း (၃၅၃) - သုံးပွဲမှာ နှစ်ပွဲ အနိုင်ရခြင်း။ အကြွင်းမဲ့ စိုးမိုးခြင်း။

ဒီမေးခွန်းကို ဆရာနဲ့ ကျောင်းသားတွေ စိတ်ဝင်စားနေကြသည်။

"မင်းရဲ့ မျက်စိရှေ့မှာပဲ ရှိတယ်"

ရှန်ယွန်ပေါင်က ပြောပြီးတာနဲ့ ငွေလုံကို ဖွေ့ယမ်းလိုက်သည်။

"တော်ပြီဟော့၊ တိုက်ပွဲ မြန်မြန် စလိုက်ရအောင်"

"ငါ့ မျက်စိရှေ့မှာ ဟုတ်လား"

တန်ရှုအီ အံ့အောသွားသည်။ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဖန်ယန်ကို တချက်ကြည့်လိုက်သည်။ ဖန်ယန်သည် ဂုဏ်သိက္ခာ အရှိဆုံးဖြစ်သင့်သော်လည်း ရှန်ယွန်ပေါင်ရဲ့ ဆရာတော့ မဖြစ်နိုင်ပါ။ အဲဒီနောက် နောက်ထပ် ဆရာသုံးယောက်ကို ထပ်ကြည့်လိုက်သည်။ ခြွင်းချက် မရှိပါ။ သူတို့အားလုံးက အရမ်းငယ်သေးသည်။

“မင်း ငါ့ကို လှည့်စားနေတာလား”

တန်ရှုအီ မကျေမနပ် ဖြစ်သွားသည်။

“ဘာဖြစ်လို့ မင်းကို လှည့်စားရမှာလဲ”

ရှန်ယွန်ပေါင် နားမလည်ပါ။

“မင်းရဲ့ ကိုယ်ပိုင်ဆရာက ဘယ်သူလဲ”

တန်ရှူအီက မေးလိုက်သည်။

“ဆွန်းမို၊ ဆရာဆွန်း ၊ နားလည်ရ အရမ်းခက်နေတာလား”

တန်ရှူအီ ဘာကြောင့် ဒီလောက် အံ့အောနေလည်းဆိုတာ ရှန်ယွန်ပေါင် နားမလည်ပါ။ တန်ရှူအီသည် ရှန်ယွန်ပေါင်ကို မနှောက်ဖို့ တားလိုက်ချင်သည်။ ဒါပေမယ့် ရှန်ယွန်ပေါင်ရဲ့ တည်ကြည်တဲ့ မျက်နှာကို မြင်ပြီး အမှန်အတိုင်းပြောနေမှန်း နားလည်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါပေမယ့် ဘာဖြစ်လို့လဲ။ အနာဂတ်ကို လေးလေးနက်နက် မစဉ်းစားတော့ဘူးလား)

တန်ရှူအီက ဆွန်းမိုကို ချက်ခြင်း အကဲခတ်လိုက်သည်။

သူတော်စင်ဂိတ်ရဲ့ စည်းမျဉ်းအရ ကျောင်းသားအသစ်အတန်းတွင် ပါဝင်တဲ့ ဆရာများသည် ကျောင်းမှာ အလုပ်လုပ်တာ နှစ်နှစ်အောက် ဖြစ်ရမည်။ ပြီးတော့ မြတ်ဆရာအရည်အချင်းစစ် စာမေးပွဲကို မဖြေရသေးတဲ့လူ ဖြစ်ရမည်။ တကယ်လို့ မြတ်ဆရာ

စာမေးပွဲကို ဝင်ဖြေပြီး ကျရှုံးရင်လည်း လိဂ်ပြိုင်ပွဲကို ပါဝင်ရန် အရည်အချင်း မမှီတော့ပါ။

“မင်းက အသက် (၁၄)နှစ်ပဲ ရှိသေးတယ်။ ခန္တာကိုယ်ပြုပြင်ခြင်းအဆင့် (၉)တောင် ရောက်နေပြီ။ ဒီလိုမျိုး အရည်အချင်းက အရမ်းရှားပါးလို့ သာမန် သူတော်စင်တွေတောင် မင်းကို အလေးထားလိမ့်မယ်။ မင်းက ဘာဖြစ်လို့ အဲဒီလူကို မင်းရဲ့ ဆရာတင်ရတာလဲ”

မမေးရရင် သေချင်စိတ် ပေါက်လာနိုင်သောကြောင့် မေးလိုက်မိသည်။

"ဟော့၊ မင်းရဲ့ လေသံကို သတိထားပါ။ ဘာဖြစ်လို့ ဒီလူလို့ ပြောတာလဲ။ သူက ငါ့ရဲ့ ကိုယ်ပိုင်ဆရာပဲ။ မင်းစကားတွေက နည်းနည်း လေးစားပေးပါ"

ရှန်ယွန်ပေါင်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဒါဆို မင်းက တိုက်မှာလား မတိုက်ဘူးလား။ မတိုက်ရဲရင်လည်း လှည့်ကွက်လုပ်မနေနဲ့။ နောက်လူ ခေါ်လိုက်ပါ"

တန်ရှူအီ ပြန်မဖြေသေးပါ။

"ဒီကောင်က ငတုံး ဖြစ်နေမလား"

"ဒါမှမဟုတ် သူ့ရဲ့ဆရာကများ အထင်ကြီးစရာကောင်းတဲ့ နောက်ခံ ရှိနေလို့လား"

"သူ့ရဲ့ ဆရာမှာ ဘယ်လိုပဲ အထင်ကြီးဖို့ကောင်းတဲ့ နောက်ခံရှိရှိ ဒီလိုပါရမီရှင်တစ်ယောက်က အနာဂတ်တစ်ခုလုံးနဲ့ မလဲသင့်ဘူး မဟုတ်လား"

ဖန်ရှန်မှကျောင်းသားများ ဆွေးနွေးနေကြသည်။ နားမလည် နိုင်ကြပါ။

"ဟားဟား။ မင်းတို့က ဆရာဆွန်း ဘယ်လောက် အထင်ကြီးဖို့ကောင်းတယ်ဆိုတာ ဘယ်လို နားလည်မှာလဲ"

ရှီကွမ်က အပြစ်တင်ရှုံ့ချပြီး ပြောလိုက်သည်။

(ဒါအမှန်ပဲ။ သူက နတ်ဘုရားလက်ပါ။ တခြားကျောင်းက ကျောင်းသားအားလုံး မင်းတို့တစ်ဘဝလုံး အဲဒါကို ဘယ်တော့မှ တွေ့ကြုံခံစားနိုင်မှာ မဟုတ်ဘူး။)

ကူဒင်ဂျိသည် ဆွန်းမိုရဲ့ သင်ကြားရေး စွမ်းရည်ကို လုံးဝ သံသယ မရှိပါ။

"ရှန်ယွန်ပေါင် ဒီကောင်က ငါတို့ဆရာကို နှိမ့်ချနေတယ်။ သူ့ကို မြန်မြန် နှိပ်စက်လိုက်စမ်း"

လီဇီချီက တိုက်တွန်းလိုက်သည်။

"တန်ရှူအီ၊ အတွေးရိုင်းတွေကို သိမ်းပြီး တိုက်ပွဲ မြန်မြန် စလိုက်ပါ"

ဝမ်ဖေါင်လန်က စည်းရုံးလိုက်သည်။ သို့သော် သူ့စိတ်ထဲတွင် ဆွန်းမိုအပေါ် မနာလိုမှု အနည်းငယ် ဖြစ်နေသည်။ ရှန်ယွန်ပေါင်လို ပါရမီရှင်က အနာဂတ်တွင် ကြီးမားတဲ့ အောင်မြင်မှုကို သေချာပေါက် ရလိမ့်မည်။

ဆရာတစ်ယောက်ဖြစ်နေသ၍ သူ့ရဲ့ သင်ကြားမှုထဲကနေ ကျော်ကြားတဲ့လူတစ်ယောက် ပေါ်လာမှာကိုမလိုချင်တဲ့လူ ရှိလို့လား။ ရှန်ယွန်ပေါင်နှင့် တန်ရှူအီတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ အဲဒီနောက် လုံ့ခြင်း ထိပ်တိုက် တွေ့ဆုံမှု ဖြစ်သွားသည်။

ဆင်းသက်လာတဲ့ ဥက္ကာပျံ

လေဝင်ပေါက်

ဘုန်း

လုံအချင်းချင်း ထိပ်တိုက်တွေ့ဆုံရာမှာ ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုသည် ပတ်ဝန်းကျင်ကို ပျံ့နှံ့သွားသည်။

"ဘယ်လောက်တောင် သန်မာလိုက်သလဲ"

တန်ရှုအီ မျက်နှာပျက်သွားသည်။ လုံချက်ကနေ ကြီးမားတဲ့ ဖိအားတစ်ခု သူ့ခန္ဓာကိုယ်ထဲသို့ စီးဆင်းလာသည်။ အဲဒါကြောင့် သူ့လက်များ ထုံကျင်သွားသည်။ သူက ကြိုးစားပြီး

ထိန်ချုပ်နေတဲ့အချိန်တွင် ရှန်ယွန်ပေါင်ဆီက ဒုတိယအကြိမ် တိုက်ခိုက်မှု ဝင်ရောက်လာသည်။

ပုလဲပန်း မိုးစက်

ချီချီ

ငွေရောင် လုံ့အရိပ်သည် ပုလဲပန်းပွင့်တစ်ထောင် ပုံစံ ဖြစ်ပေါ်လာသည်။ ပန်းပွင့် တစ်ပွင့်စီတိုင်းက တန်ရှုအီဆီ လွင့်စင်လာသည်။ တန်ရှုအီသည် အံ့ကြိတ်ပြီး ခုခံကာကွယ်လိုက်သည်။ သို့သော်လည်း ပန်းပွင့်များသည် မရေမတွက်နိုင်အောင် ဖြစ်နေပြီး တစ်ပွင့်ပြီး တစ်ပွင့်ရောက်လာသည်။ သူတို့နှစ်ယောက်က အရမ်းနီးနေပေမယ့် ကမ္ဘာတွေ

ခြားနေသည်။ ထိပ်တိုက် ထိတွေ့မှုတိုင်းက ကြီးမားသော သက်ရောက်မှုများ ဖြစ်လာပြီး တန်ရှုအီရဲ့ အတွင်းအင်္ဂါအထိ ပျံ့နှံ့သွားသည်။

ဘုန်း ဘုန်း ဘန်း

တန်ရှုအီ နောက်ဆုတ်လိုက်ရသည်။

ဟာ

ဖန်ရှန်မှ ကျောင်းသားများ အံ့အောနေကြသည်။ တန်ရှုအီသည် တိုက်ခိုက်မှုများကို ကျွမ်းကျင်ပြီး သူ့ရဲ့အစွမ်းအစက သူတို့အဖွဲ့ထဲတွင် ထိပ်ဆုံး သုံးယောက်ထဲ ရှိသည်။ သို့သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်စစ်စွမ်းရည်ချည်းပဲ တွက်မယ်ဆိုလျှင် နံပါတ်တစ်ဆိုတာ သံသယ ရှိစရာ မလိုပါ။

သူ့ပြိုင်ဘက်က မွန်းစတားလား။

ဖန်ရှန်မှ ကျောင်းသားများသည် ရှန်ယွန်ပေါင်ကို ကြည့်လိုက်ကြသည်။ သူ့ရဲ့ လုံနည်းစနစ်မှာ ရက်စက်ကြမ်းကြုတ်တဲ့အလှတရားတွေ ပါဝင်နေသည်။ အဲဒါက အရှေ့ဘက်သို့ စီးဆင်းနေတဲ့မြစ်ကြီးနဲ့ တူသည်။ အဲဒီရေစီးကြောင်းက ဘယ်တော့မှ မရပ်တန့်ပါ။

အသူရာနဂါး မီးတောက်ကြီး

ဘုန်း

ဝိညာဉ်ချီများသည် လုံကနေ ပေါက်ကွဲထွက်လာပြီး အရှေ့ဘက် ဒဏ္ဍာရီထဲက နဂါးတစ်ကောင်လို ဖြစ်သွားသည်။ နဂါးသည် တန်ရှုအီကို ကိုက်ချင်တဲ့စိတ်နဲ့ ပျံသန်းလာသည်။

ဝေါင်း

နဂါးကြီးက ဒေါသတကြီး အော်ဟောက်လိုက်သည်။

"ဘောပဲ"

တန်ရှုအီသည် နောက်ပြန်ဆုတ်ပြီး ခံစစ်အပြည့် ခင်းကျင်းလိုက်သည်။

သို့သော်လည်း တိုက်ခိုက်မှု ပြီးတဲ့အချိန်တွင် သူ့ရဲ့ အပေါ်ယံ အဝတ်အစားများ စုတ်ပြတ်သွားပြီး အရမ်းလည်း မူးဝေသွားသည်။ ဒီ အသူရာနဂါး မီးတောက်ကြီးက တန်ရှူအီကို လုံးဝ ထိတ်လန့်သွားစေသည်။

"သတိထား"

ဝမ်ဓောင်လန်က အော်ဟစ်ပြီး ဓါးဆွဲထုတ်လိုက်သည်။

ဒင်

ဓါးက ရှန်ယွန်ပေါင်ရဲ့လှံချက်ကို ကာကွယ်လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

"အရှုံးကို လက်မခံတာလား"

"အရှက်မရှိဘူး"

ဗဟိုပြည်နယ် အကယ်ဒမီမှ ကျောင်းသားများသည် ချက်ခြင်း ကျိန်ဆဲကြသည်။

ဖန်ရှန်ကျောင်းမှ ကျောင်းသားများရဲ့အမူအရာသည် ရုပ်ဆိုးနေကြသည်။ ဆရာတစ်ယောက်ဝင်စွက်ဖက်ခြင်းက တိုက်ပွဲရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ သို့သော်လည်း ဆရာဝမ်မှာ အတင်းအကျပ် လုပ်ဆောင်ရုံကလွဲလျှင် ရွေးချယ်စရာမရှိခဲ့ပါ။ ဒါကို သူတို့သိနေသည်။

အခုပုံစံအတိုင်းဆိုလျှင် သူသာ ဝင်မစွက်ဖက်ခဲ့လျှင် တန်ရှူအီ အသတ်ခံရလိမ့်မည်။

"ငါတို့ ဒီပွဲမှာ ရှုံးတယ်"

ဝမ်ဇောင်လန်လည်း အရမ်းရှက်နေသည်။ ဒါပေမယ့် ကျောင်းသားအတွက် အရှက်ကို စဉ်းစားနေလို့ မရပါ။ တန်ရှူအီသာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့လျှင် အနာဂတ် ကျင့်ကြံမှုကို ထိခိုက်သွားလိမ့်မည်။

ဆွန်းမိုက ပုခုံးတွန့်လိုက်ပြီး ဘာမှ မဝေဖန်တော့ပါ။ တကယ်လို့ အဲဒီနေရာမှာ သူဆိုရင်လည်း အဲဒီအတိုင်း လုပ်မိလိမ့်မည်။ ဆွန်းမိုရဲ့

တကယ့်ကို သဘောထားကြီးမှုကြောင့် ဖန်ရှန်မှ ဆရာတွေနဲ့ ကျောင်းသားတွေသည် လေးစားအထင်ကြီးမှု အမှတ်များ ထောက်ပံ့ခဲ့သည်။

"ရင်ဘက်မတ်ထားစမ်းပါ။ မင်းက တစ်ပွဲပဲ ရှုံးသေးတယ်။ မင်းဘဝပျက်သွားတာ မဟုတ်ဘူး"

ဝမ်ဇောင်လန်က စိတ်ပျက်အားငယ်နေတဲ့ တန်ရှုအီကို ကြည့်ပြီး အော်ဟစ်လိုက်သည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်ပေါ်လာသည်။ တိုက်ပွဲဝင်စိတ် ပျောက်ဆုံးသွားတဲ့ တန်ရှုအီ၏ စိတ်ဝိညာဉ်များ တုန်လှုပ်သွားသည်။ အခုအချိန်တွင်

သူ့နှလုံးသားထဲမှာ တိုက်ပွဲဝင်စိတ်များ ပြန်နိုးကြွားလာသည်။

“ဝမ်ချီ၊ မင်းက ဒုတိယပွဲကို တိုက်ခိုက်မယ်”

ဝမ်ဇောင်လန်က ကျောင်းသားတစ်ယောက်ကို ခေါ်လိုက်သည်။

“ဆရာ ခွင့်ပြုပေးပါ”

အင်ဘိုင်ဝူက ပြောလိုက်သည်။

“သေချာတာပေါ့”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ အင်ဘိုင်ဝူ ချို့တဲ့နေတာက တိုက်ပွဲအတွေ့အကြုံ ဖြစ်သည်။

"ဝမ်ချီ၊ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၇)။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

"အင်ဘိုင်ဝူ၊ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၆)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး။'

အန်ဘိုင်ဝူက ကျင့်ကြံခြင်းအဆင့်ကို ပြောလိုက်လျှင် ဗဟိုပြည်နယ်အကယ်ဒမီက ဆရာနဲ့ ကျောင်းသားတွေ တုန်လှုပ်သွားကြသည်။ ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ ဒီ မိန်းကလေးရဲ့ အရည်အချင်းက တကယ် မြင့်မားတာလား။ အရင်က

အင်ဘိုင်ဝူရဲ့ မတော်တဆမှုသည် ကျောင်းတွင် ကြီးကြီးမားမား ဝရုန်းသုန်းကား ဖြစ်ခဲ့သည်။ ကျောင်းက လူတိုင်းနီးပါး သိကြသည်။ သူမက အသက်ရှင်ဖို့အတွက် စားကြွင်းစားကျန်ကို သယ်ခဲ့ရတဲ့လူ ဖြစ်သည်။ သို့သော်လည်း ကျင့်ကြံပြီး တစ်နှစ်ခွဲအတွင်းတွင် ဒီလောက်အထိ မြင့်မားလာခဲ့သည်။ အိုဘုရားရေ။ သူမက အရည်အချင်း မရှိလွန်းဘူးလား။

တချိန်တည်းမှာပဲ အဲဒီနေရာမှာရှိတဲ့ ကျောင်းသားတွေ ရှက်လည်းရှက်နေကြသည်။

(ငါ့ကိုယ်ငါ အရမ်းအထင်ကြီးနေတာပဲ။ သူမနဲ့ ယှဉ်လိုက်လျှင် ငါဆိုတာ ဘာမှ မဟုတ်တော့ဘူး)

"ဆွန်းမိုမှာ အရည်အချင်းတချို့ ရှိတဲ့ပုံပဲ"

ဖန်ယန်သည် ပြိုင်ပွဲပြီးတဲ့နောက် ဆွန်းမိုဆီကနေ မှန်ကန်စွာ လမ်းညွှန်မှု တောင်းခံဖို့ ဆုံးဖြတ်လိုက်သည်။ အင်ဘိုင်ဝူသည် အခုထက် ကြီးမြတ်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်နေရင်တောင် သူမတစ်ယောက်တည်းတော့ မအောင်မြင်နိုင်ပါ။ ဆွန်းမိုရဲ့ လမ်းညွှန်မှုကြောင့်သာ ဖြစ်ရမည်။ တိုက်ပွဲစတာနဲ့ ဝမ်ချီသည် အင်ဘိုင်ဝူဆီ ပြေးသွားသည်။ ဒီမိန်းကလေးက လေးတစ်ချောင်း

ဆောင်ထားသဖြင့် အဝေးကတိုက်ခိုက်သူဆိုတာ သိသာနေသည်။ ဒါကြောင့် အခွင့်အရေးကို ဖမ်းဆုပ်ပြီး သူမနဲ့ နီးနိုင်သမျှ နီးအောင် ချည်းကပ်ရမည်။

"သူမ နည်းနည်းလေးတောင် သတိမထားမိဘူးလား"

လီဖန် စိတ်ပူသွားသည်။ လေးက အင်ဘိုင်ဝူ နောက်ကျောမှာ ရှိနေဆဲ ဖြစ်သည်။ လက်ထဲမှာ လုံးဝ မရှိပါ။

"စိတ်မပူနဲ့။ ညီမလေး ဘိုင်ဝူက အရမ်းအထင်ကြီးဖို့ ကောင်းတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ ပြောပြီးတာနဲ့ လီဖန် အော်ဟာစ်လိုက်သည်။ အင်ဘိုင်ဝူက နောက်မဆုတ်ရုံသာမက လေးကိုပါ ဆွဲထုတ်ပြီး ဝမ်ချီကို ချိန်ထားတာ မြင်လိုက်ရသည်။ သို့သော် အရေးအကြီးဆုံးအချက်မှာ အင်ဘိုင်ဝူ လေးထဲတွင် မြှားထည့်ဖို့ မေ့နေသည်။ လန့်ဖြန့်ပြီး အမှားလုပ်မိတာလား။

(သူမရဲ့ စိတ်အခြေအနေက ဒီလောက်ပဲလား)

ဝမ်ချီ မျက်နှာသည် တည်ငြိမ်နေသော်လည်း စိတ်ထဲမှာ ရယ်မောနေသည်။

ဘုန်း

လေကြိုး တုန်ခါသွားသည်။

"ဟီးဟီး"

ဝမ်ချီ မျက်နှာပေါ်ကအပြုံး ပျောက်ကွယ်သွားသည်။ ခဏအကြာတွင် လေချွန်သံ တစ်ခုပေါ်လာသည်။ ရယ်မောသံက လည်ချောင်းထဲ တစ်နေပြီး ထိတ်လန့်တကြား ကြည့်ကာ မျက်လုံး ပြူးနေသည်။

ဖောက်ထွင်းမြင်ရတဲ့ မြွားတစ်ချောင်းက ရုတ်တရက် သူ့အရှေ့မှာ ပေါ်လာသည်။

အရှိန်က အရမ်းမြန်သည်။ ဝမ်ချီရဲ့ နားရွက်နားက ဖြတ်သန်းသွားတဲ့ အချိန်အထိ တုန့်ပြန်ဖို့

အချိန်မရလိုက်ပါ။ မြွားဆီက ထွက်လာတဲ့ လေပြင်းများကြောင့် ဆံပင်များ လှုပ်ခတ်သွားသည်။

"ဝန်ခံ"

အင်ဘိုင်ဝူက လေးကြိုးကို နောက်တစ်ကြိမ် ထပ်ဆွဲလိုက်ပြီး အေးစက်တဲ့ လေသံနဲ့ ပြောလိုက်သည်။

ဝမ်ချီသည် အဲဒီနေရာမှာပင် အေးခဲသွားသည်။ သူ့ရဲ့အမူအရာက အရမ်းရှက်နေပြီး ဝေခွဲမရဖြစ်နေသည်။ အရင်ကတည်းက ရှုံးသွားပြီဆိုတာ သိနေသည်။ အင်ဘိုင်ဝူကသာ

သူ့ရဲ့ခေါင်းကို ချိန်လိုက်လျှင် သူ့ရဲ့ခေါင်း ပေါက်ကွဲသွားလိမ့်မည်။

"ဒါက ဝိညာဉ်လက်နက်လား။ မြွားထည့်ဖို့ တကယ်မလိုဘူးလား။ အစွမ်းထက်လွန်းတယ်"

"ဝမ်ချီက သူမဆီ ပြေးလာတဲ့အချိန်မှာ လုံးဝကို နောက်ပြန်မဆုတ်ခဲ့ဘူးပဲ။ ဘယ်လောက်တောင် ရဲရင့်လိုက်သလဲ"

"သူမရဲ့ ယုံကြည်မှု ဇယားကွက်ထဲမှာ မရှိတော့ဘူး"

ဖန်ရှန်က ကျောင်းသားတွေ ဆွေးနွေးနေကြသည်။ သူတို့အကြည့်သည် အင်ဘိုင်ဝူ လက်ထဲက လေးဆီ

ရောက်နေကြသည်။ လေဘုရင်ရဲ့ ကိုယ်ပိုင်လက်နက်ဖြစ်ပြီး ဒီနတ်ဘုရားလေးက လှပပြီး ပြုံးပြုံးပျက်ပျက်လက်နေသည်။

"ဝမ်ချီ ဘာကြောင် နေတာလဲ။ သူမကို မြန်မြန်"

မနာလိုစိတ်ကြောင့် ရုပ်ဆိုးနေတဲ့ ဆရာသည် မထိန်းနိုင်ဘဲ ဝမ်ချီကို အော်ဟစ်သတိပေးလိုက်သည်။ ဝမ်ချီသည် အံ့ကြိတ်ပြီး နောက်တစ်ကြိမ်ထပ်ပြီးလှုပ်ရှားလိုက်သည်။ သူက အရှက်တရားကိုသန့်စင်ချင်နေသည်။

ဗဟိုပြည်နယ်မှ ကျောင်းသားများသည် ချက်ခြင်းကျိန်ဆဲလိုက်ကြသည်။ (အင်ဘိုင်ဝူက

ညှာတာခဲ့ပေမယ့် မင်းတို့တွေက တကယ် မရှက်တတ်ဘူးပဲ)

ဒါပေမယ့် အင်ဘိုင်ဝူက လုံးဝ ဒေါသမထွက်ပါ။ သူမက ခြေဖဝါးထဲ အားထည့်ကာ ဝမ်ချီကို ရှောင်သွားလိုက်သည်။ အဲဒီနောက် လေးကို တပြိုင်နက်ပစ်ရင်း မီတာ နှစ်ဆယ် အကွာအထိ ဆုတ်သွားသည်။

“ဘယ်လောက်တောင် မြန်လိုက်သလဲ”

ဝမ်ချီ ဆိုးဝါးစွာ တုန်လှုပ်နေသည်။ ဆရာတွေရဲ့ အကြည့်ကလည်း မှင်တက်သွားသည်။ ဒီမိန်းကလေး

အသုံးပြုနေတဲ့ လှုပ်ရှားမှုကျင့်စဉ်သည် အနည်းဆုံး သာလွန်ကောင်းကင်အဆင့် ကျင့်စဉ် ဖြစ်လိမ့်မည်။

“ဝမ်ချီ ဝန်ခံလိုက်တော့”

ဝမ်ဇောင်လန်က ပြောလိုက်သည်။

ဝမ်ချီက အင်ဘိုင်ဝူကိုပင် မှီအောင် မလိုက်နိုင်တာ ဘယ်လို တိုက်ခိုက်မှာလဲ။

အင်ဘိုင်ဝူက မြှားကို တားဆီး ပစ်ခတ်နေသည်။ ဝမ်ချီက မြှားတွေကို စိတ်ဆင်းရဲစွာ ရှောင်တိမ်းလိုက် တားဆီးလိုက် လုပ်နေရသည်။ အခြေခံအားဖြင့် အခွင့်အရေး မရှိပါ။

ဒါကြောင့်လည်း အင်ဘိုင်ဝူသည် လေဘုရင်လေး၊ လေဘုရင်နတ်ဘုရားကျင့်စဉ်နှင့် လေဘုရင်နတ်ဘုရားခြေလှမ်း

ကျင့်စဉ်တို့ကြောင့် ပြိုင်ဘက်နဲ့ အကွာဝေးကို စိတ်ကြိုက် ထိန်းချုပ်ထားနိုင်ပြီး လိုသလို တိုက်ခိုက်နေနိုင်သည်။ အခုလောလောဆယ်တော့ မြွားပစ်ကာ တားဆီးထားသည်။

“ငါ ရှုံးသွားပြီ”

ဝမ်ချီ တွန့်ဆုတ်နေသော်လည်း လုပ်နိုင်တာ မရှိပါ။ ပိုပြီး စိတ်ဓါတ်ကျရတဲ့အချက်က သူ့မှာ ဆန်းကြယ်တဲ့ လှုပ်ရှားမှု ကျင့်စဉ်မရှိလျှင်

ဒီမိန်းကလေးကို တသက်လုံး မနိုင်နိုင်ဘူးဆိုတာ သိနေလို့ ဖြစ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီက တိုက်ပွဲသုံးခုတွင် နှစ်ခု အနိုင်ရခဲ့သည်။ တတိယပွဲတောင် တိုက်စရာမလိုတော့ပါ။

ဖန်ရှန်မှ ကျောင်းသားများသည် စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ မျက်နှာနဲ့ ကြည့်နေကြသည်။ ဒါက ကြေကွဲဖို့ကောင်းတဲ့ ရှုံးနိမ့်မှုဖြစ်ပြီး တကယ်ကို စိတ်ပျက်ဖို့ ကောင်းလွန်းသည်။ လွတ်လိုက်တဲ့

ကျောင်းသားတွေကလည်း သူတို့အဖွဲ့ရဲ့ အတော်ဆုံး ကျောင်းသားတွေ ဖြစ်သည်။

"ငါတို့က ဗဟိုပြည်နယ်အကယ်ဒမီကိုတောင် အနိုင်မယူနိုင်ဘူး။ ဒီနှစ်အတန်းမတက်နိုင်မှာဘဲ ငါကြောက်တယ်"

ဆရာတွေတောင် စိတ်ဓါတ်ကျနေသည်။

"ဒါက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်တွေပါတဲ့ စာရွက်ပဲ။ အခုတော့ မင်းတို့ ပိုင်တယ်"

ဝမ်ဖေါင်လန်သည် စာရွက်တွေကို မြေပေါ်ချထားပြီး သူ့ရဲ့အဖွဲ့ကို ခေါ်ကာ ထွက်သွားသည်။

“ဆရာဆွန်း၊ နောက်တစ်ကြိမ်ပြန်ဆုံရင် ငါတို့ အောင်ပွဲခံနိုင်အောင် အစွမ်းကုန်ကြိုးစားမယ်”

“ငါ စောင့်နေမယ်”

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေလိုက်သည်။

ရှီကွမ်ပြေးထွက်လာပြီး ပြန်မလာခင် စာရွက်သုံးရွက်ကို ကိုင်လိုက်သည်။

“အိုရေ၊ ငါတို့နိုင်သွားပြီ”

ကျောင်းသားတွေလည်း အောင်ဟစ် အောင်ပွဲခံနေကြသည်။

"ဒါက အောင်ပွဲသေးသေးလေးပဲ။ 'စီ'အဆင့်ကို တက်ရောက်တဲ့အခါကျရင် အောင်ပွဲခံဖို့ အားတွေချန်ထားအုံး"

ဆွန်းမို၏ ယုံကြည်ချက် ရှိတဲ့ အပြုံးသည်ကျောင်းသားတွေကို လွှမ်းမိုးသွားသည်။ တကယ်တော့ မနှစ်က ရလဒ် ဆိုးဝါးလွန်းတာကြောင့် ပြိုင်ပွဲမစခင် လူတိုင်း တုန်လှုပ်ခြောက်ခြားနေခဲ့ကြသည်။ လူတိုင်းက လက်ရှိအဆင့်ကိုသာ ထိန်းထားနိုင်ရန် မျှော်လင့်ပြီး အဆင့်တက်ဖို့အတွက်

မတွေးထားကြပါ။ ဒါပေမယ့် အခုအချိန်မှာတော့ ‘စီ’တန်းကို တက်ဖို့အတွက် တကယ် မျှော်လင့်ချက်ရှိလာပြီ။

အဲဒီနောက် အဖွဲ့သည် ပင်းယ ရေကန်သို့ ဆက်ပြီး ခရီးထွက်လာသည်။

ဒင်

“မင်းရဲ့ တပည့်နှစ်ယောက်က တိုက်ပွဲမှာ အဖွဲ့အတွက် အနိုင်ရခဲ့လို့ ဂုဏ်ပြုပါတယ်။ အနက်ရောင် ရတနာသေတ္တာတစ်လုံး ချီးမြှင့်လိုက်တယ်”

ဒင်

"ချူဂျန်နှင့် လေးစားအထင်ကြီးမှုဆက်သွယ်ချက် အဆင့်တစ်ဆင့်တိုးတက်လာတယ်။ ဆုလဒ် - ကံကြမ္မာရတနာသေတ္တာ တစ်လုံး"

အမှိုက်အဆင့် ရတနာသေတ္တာ နှစ်လုံးဖြစ်တာကြောင့် ဆွန်းမိုသည် လုချီဟွာရဲ့ ကံကောင်းမှုကို ဖြုန်းပစ်ဖို့ အစီအစဉ် မရှိပါ။ တန်းဖွင့်လိုက်သည်။ တစ်ခုက ရှေးဟောင်းဝေလငါးဆီ ပုလင်းဖြစ်ပြီး နောက်တစ်ခုက ခရုပတ်ဝိညာဉ်စုဆောင်းခြင်း ဆေးထုပ်ဖြစ်သည်။ ဒီဆုများက အရမ်းကောင်းတယ်လို့ ယူဆနိုင်သည်။

ဒုတိယနေ့လည်ခင်းတွင် အဖွဲ့သည် ပင်းယ ရေကန်သို့ ရောက်လာသည်။ ပန်းငါးကြင်းကို ချက်ခြင်း မရှာဘဲ မြေမျက်နှာ အသွင်အပြင်နဲ့ ရင်းနှီးရန် ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး လေ့လာနေကြသည်။

ထိုအချိန်တွင် မာရှောင် အကယ်ဒမီက ကျောင်းသားတစ်ယောက်သည် သူတို့အရှေ့တွင် ရုတ်တရက် ပေါ်လာသည်။

"မင်းတို့ကို အချိန်တစ်မိနစ်ပေးမယ်။ ချက်ခြင်း ပြန်လှည့်ပြီး ဆယ်မိုင်အကွာကို ပြန်ဆုတ်ပါ။

ဒီလိုမှမဟုတ်ရင် ငါတို့က မယဉ်ကျေးဘူးလို့ အပြစ်မတင်နဲ့”

“အမ် သူတို့က ဒီနေရာကို သူတို့အတွက် ရှင်းလင်းချင်နေတာနဲ့ ငါတို့ကို ထွက်သွားစေချင်တာလား”

ကူရှုပ်ရှင်း မျက်လုံး ပေကလတ်ပေကလတ် ဖြစ်သွားသည်။

အခန်း (၃၅၄) - ကိုးကွယ်မှု စတင်ခြင်း။

ပင်းယရေကန်သည် အရမ်းကျယ်သည်။ ပန်းငါးကြင်းကို ဖမ်းမိရန်အတွက် ရေကန်ရဲ့ တစ်လက်မ မကျန် လိုက်ရှာမယ်ဆိုရင် ဘယ်လောက်ကြာမှန်း မသိနိုင်ပါ။ ကံကောင်းစွာဖြင့် သူတို့၏ အစားသောက်နှင့် နေထိုင်မှုပုံစံကို အခြေပြုကာ ပန်းငါးကြင်း ပေါ်လာမည့်နေရာကို အတည်ပြုနိုင်ခဲ့သည်။ ဒါကြောင့်လည်း ရေဇရိယာ အနည်းငယ်ကိုပဲ အာရုံစိုက်ဖို့ လိုအပ်တော့သည်။

အခုတော့ မာရှန်အကယ်ဒမီက ပစ်မှတ်များကို ရှင်းလင်းနေပြီး အခြားသူများကို ဝင်ခွင့် မပြုတော့ပါ။ ဒီအပြုအမူက သိသိသာသာကို ရင့်သီးလွန်းသည်။

"အမှန်ပဲ။ ငါတို့ ဒီနေရာကို ရှင်းလင်းနေတယ်။ မင်းတို့တွေ ထွက်သွားတော့"

ကူရှပ်ရှင်းရဲ့ စကားကို ကြားပြီး သူက ချက်ခြင်း ပြန်တုန့်ပြန်သည်။ ကူရှပ်ရှင်၏စရိုက်က အမြဲတမ်း ဖော်ရွေပြီး သဘောကောင်းသည်။ သူမရဲ့ စတိုင်က ကျောင်းသားတွေနဲ့ မိတ်ဖွဲ့တတ်သည်။ ဒါကြောင့်လည်း ဒေါသဖြစ်တယ်ဆိုတာ အတော်ရှားသည်။ ဒါပေမယ့် အခုတော့............

"ကျန်ရန်ဓောင် သူ့ကို သွားနှိပ်စက်လိုက်"

ကူရှုပ်ရှင်းသည် ဆရာတစ်ယောက်အနေနဲ့ လုပ်လို့ မရသော်လည်း သူမရဲ့ တိုက်ရိုက်တပည့်ကို ခိုင်းလို့ရသည်။

"ငါ့ကို နှိပ်စက်မယ် ဟုတ်လား"

အဲဒီကျောင်းသားက လှောင်ပြောင်လိုက်သည်။

"မင်းတို့တွေ သေသေချာချာ စဉ်းစားဖို့ ကောင်းတယ်နော်။ ငါက မာရှုန်က ကျောင်းသားပဲ။ အခုမှ မထွက်သွားရင် ထွက်သွားဖို့ နောက်ကျသွားလိမ့်မယ်"

"မင်းက ငါတို့ကို ခြိမ်းခြောက်နေတာလား"

ဖန်ယန်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဟားဟား။ မင်တို့ကို ခြိမ်းခြောက်တယ် ဟုတ်လား ။ မင်းတို့တွေက အဲဒါနဲ့ ထိုက်တန်လို့လား။ ငါက အမှန်တွေကို ပြောတာပဲ ရှိတယ်"

အဲဒီကျောင်းသားလေး၏ အမူအရာသည် မောက်မာမှုနဲ့ ပြည့်နေသည်။ ဒီကျောင်းတွေနဲ့ယှဉ်ရင် မာရှန်က အဆင့်အတန်း တစ်ခုရှိသည်။ အခြားကျောင်းတွေက 'စီ' အဆင့်ကို တက်ဖို့ ရုန်းကန်နေရသော်လည်း မာရှန်က ကျိန်းသေပေါက် တက်ရောက် နိုင်လိမ့်မည်။ ချန်ပီယံဆုရဖို့ပဲ ကြိုးစားနေကြသည်။

"နောက်တစ်ခု ထပ်ပြောလိုက်အုံးမယ်။ မင်းတို့မရောက်ခင် ဟာကျုံ အကယ်ဒမီလည်း ရောက်လာသေးတယ်။ ဒါပေမယ့် သူတို့က နာခံမှုရှိရှိနဲ့ ပြန်ထွက်သွားကြတယ်"

"ငါက တစ်ယောက်တည်းဆိုပေမယ့် မာရှန်ကို ကိုယ်စားပြုတယ်။ ကောင်းပြီလေ။ အချိန်မဖြုန်းတော့ဘူး။ မြန်မြန်ထွက်......"

အဲဒီကျောင်းသားသည် သူ့စကားမဆုံးခင် ချောမောတဲ့ ဆရာလေးတစ်ယောက်ဆီက ရွှေရောင်အလင်း ဖြာထွက်လာတာကို မြင်လိုက်ရသည်။ ရွှေရောင်တွေက အရပ်လေးမျက်နှာ

ပျံ့နှံ့သွားသည်။ အဲဒီနောက်တော့ သူ့ပုခုံးပေါ်မှာ ဂျင် ၁၀၀၀လောက် လေးလာတယ်လို့ ခံစားလိုက်ရသည်။

ဖုန်း

ကျောင်းသားသည် မြေပေါ်သို့ ဒူးထောက်ကျသွားသည်။ သူက လက်ဖဝါးနှင့် ခြေထောက်များသည် ကြမ်းပြင်ပေါ်ရောက်နေပြီး စီးပွားရှာတဲ့ ပုံစံ ဖြစ်နေသည်။ (ဖင်ကုန်းနေတဲ့ ပုံစံ) တောင့်ခံထားချင်ပေမယ့် မတတ်နိုင် ဖြစ်နေသည်။

“ဘယ်လို လုပ်ရဲတာလဲ။ ငါက မာရှန်က ကျောင်းသားပဲ”

ကျောင်းသားသည် ဒေါ်သတကြီး အော်ဟာစ်လိုက်ချင်ပေမယ့် အသံမထွက်နိုင်တာကို သတိထားလိုက်မိသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများသည် အဆင်ပြေနေပေမယ့် မမြင်နိုင်တဲ့ စွမ်းအားများက ဖုံးအုပ်ထားသလို ခံစားနေရသည်။ ကောင်းကင်ကနေ နတ်ဆိုးဘုရင် ဆင်းသက်လာတာ မြင်ရသလို သူတို့အမူအရာသည် လေးလံနေသည်။

“ဒါ……………ဒါ……………”

လျှောင်ရန်သည် ဆွန်းမိုကို စိုက်ကြည့်ရင်း အံ့အောသင့်နေသည်။

"ဆ.....ဆရာဆွန်း၊ ဒါက 'တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေ' မဖြစ်နိုင်ဘူး မဟုတ်လား"

ဖန်ယန်က မေးလိုက်သည်။ အဲဒီပုံစံနဲ့တူနေပေမယ့် ဆွန်းမိုက အသက်ဘယ်လောက် ရှိသေးလို့လဲ။ လေးစားထိုက်တဲ့ လူကြီးများသာ နားလည်နိုင်တဲ့ ငြိမ်းချမ်းစွာ အနားယူခြင်း အရှိန်အဝါ ဖြစ်သည်။

"အမှန်ပဲ"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

"သွားကြစို့"

ဖန်ယန်က ကူရှုပ်ရှင်းအမူအရာ အေးအေးဆေးဆေး ဖြစ်နေတာကို သတိထားလိုက်မိသည်။ ဒါကြောင့် မနေနိုင်ဘဲ မေးလိုက်မိသည်။

"ဒါကို မင်းလည်း သိနေတာလား"

"အင်း၊ ငါ ရေချိုးတုန်းက မြင်ဖူးတယ်"

ကူရှုပ်ရှင်းက ရက်ရက်စက်စက် သက်ပြင်းချရင်း ပြောလိုက်သည်။ ဘယ်လိုမှခုခံနိုင်စွမ်း မရှိဘဲ မြေပေါ်မှာ ဒူးထောက်နေတဲ့ အဲဒီကျောင်းသားကို မနေနိုင်ဘဲ ကြည့်လိုက်မိသည်။ တကယ်ကို အံ့အောစရာကောင်းလွန်းသည်။ အင်း သူမလည်း

ဒါကို တကယ်နားလည်ချင်သည်။ သို့သော် သူမက ဒီမြတ်ဆရာအရှိန်အဝါကို နားလည်သဘောပေါက်ခြင်ပါက အသက်လေးဆယ်ကျော်တဲ့အထိ စောင့်ရမယ်ဆိုတာ သဘောပေါက်နေသည်။

"ရေချိုးတယ်ဟုတ်လား"

(အစောပိုင်း မင်းတို့ စကားပြောတုန်းက အရမ်းရင်းနီးတယ်လို့ ငါထင်နေတာ။ အခုတွေးကြည့်လိုက်တော့ မင်းတို့နှစ်ယောက်ကြားမှာ တစ်ခုခု ပက်သက်နေပြီ ထင်တယ်)

(မင်းတို့ အချင်းချင်း သဘောကျနေကြပြီလား)

(ဘာလုပ်ရမလဲ။ ကျောင်းအုပ်ကြီး အန်ကို အကြောင်းကြားရမလား။ ဘယ်လိုပဲပြောပြော စိတ်ပိုင်းဆိုင်ရာ သစ္စာဖောက်ရင်လည်း သစ္စာဖောက်တာပဲ)

"သွားကြစို့"

ဆွန်းမို တိုက်တွန်းလိုက်သည်။

"ဆရာဆွန်း၊ ငါသေချာပေါက် ယုံတယ်"

ဖန်ယန်က လက်မထောင်ပြသည်။ လျှောင်ရန်လည်း လက်မထောင်ပြသည်။

ဒင်

ကျောင်းသားအသစ်အဖွဲ့မှ လေးစားအထင်ကြီးမှု +၁,၉၀၂

ဒူးထောက်နေတဲ့ ကျောင်းသားလေးသည် ခေါင်းမထောင်နိုင် ဖြစ်နေသည်။ ထွက်ခွာသွားတဲ့ ခြေသံကို နားထောင်ပြီး တောက် တခေါက်ခေါက် ဖြစ်နေသည်။

"စောင့်ကြည့်နေလိုက်။ မာရှန် ကျောင်းသားသစ်အဖွဲ့ကို ဦးဆောင်ပြီး မင်းတို့အားလုံးကို နှိမ်နင်းပစ်မယ်"

ကျောင်းသားလေးက ကျိန်ဆိုလိုက်သည်။ လုံးဝ ရှုံးနိမ့်ပြီး ဆွန်းမို ထိုင်ငိုနေတာကို သူမြင်ချင်သည်။

"ကျောင်းသား မင်းက ဆိုးဆိုးဝါးဝါး လက်စားချေခြင်နေတာလား"

ဆွန်းမိုက မေးလိုက်သည်။

"ဟားဟား အခုတော့ မင်းကြောက်နေပြီလား"

ထိုကျောင်းသားလေးက အေးစက်စွာ ရယ်မောပြီး မေးလိုက်သည်။

"သိပ်နောက်ကျသွားပြီ မင်းတို့ကောင်တွေ မာရှန်ကျောင်းကို စော်ကားလို့ သေချာပေါက် သေရလိမ့်မယ်"

ဒီစကားတွေက သူ့စိတ်ထဲမှာ ပြောနေခြင်း ဖြစ်သည်။ သူက ဒါကိုထုတ်မပြောနိုင် ဖြစ်နေသည်။

"ကျောင်းသား၊ မင်းက မာရှောင် အကယ်ဒမီရဲ့ နာမည်ကို မသုံးခင် ကျောင်းအတွက် ဘာလုပ်ပေးခဲ့ပြီးပြီလဲ။ ကျောင်းကို ဝင်ခွင့်ရရုံနဲ့ ကျောင်းရဲ့ဂုဏ်ကျက်သရေ၊ ဂုဏ်သိက္ခာကို ကိုယ်စားပြုတယ်လို့ သတ်မှတ်လို့ မရဘူး။ အဲဒီအစား မင်းရဲ့ ကြိုးစား အားထုတ်မှုနဲ့ အားစိုက်ထုတ်မှုတွေအတွက် ပစ်မှတ်တစ်ခုလို့ သတ်မှတ်ပြီး ကျောင်းရဲ့ ဂုဏ်ကို ခံယူသင့်တယ်။ အဲဒီအချိန်ကျမှ မင်းက ကျောင်းအတွက် ဂုဏ်သိက္ခာ အသစ်ကို ဆောင်းကျဉ်းပေးတဲ့ လူဖြစ်လိမ့်မယ်"

ဆွန်းမိုက လမ်းညွှန်လိုက်သည်။

ဒီလိုလူတွေကို မကြိုက်ဆုံးပါ။ (မင်းက ချန်ပီယံအသင်းမှာ ပါလို့ ချန်ပီယံ တစ်ယောက်လို့ ထင်နေတာလား။ စိတ်မကောင်းစရာပဲ အသင်းမှာ ရေလိုက်ဝေတဲ့ လူဖြစ်ဖို့တောင် အရည်အချင်း မရှိသေးဘူး။)

သူ့မျက်စိရှေ့မှာရှိတဲ့ အဲဒီကျောင်းသားလေးသည် ချန်ပီယံ ဖြစ်နိုင်စွမ်းမရှိသေးပါ။ ဒါပေမယ့် ချန်ပီယံ မဖြစ်သေးသော်လည်း သူက ချန်ပီယံတစ်ယောက်လို မာနကြီးပြီး မောက်မာပြနေပြီ။ ကျောင်းသားသည် အံကြိတ်ထားပြီး အကြံ့ပြုချက်ကို နှလုံးသားထဲက လက်မခံကြောင်းပြသနေသည်။ ဆွန်းမိုကတော့

စိတ်မဝင်စားပါ။ ဒီလိုပြောပေးဖို့က ဆရာတစ်ယောက်ရဲ့ တာဝန် ဖြစ်သည်။ သူ့ရဲ့ အကြံအညာဏ်ကို လိုက်နာတာ ၊ မလိုက်နာတာက ကျောင်းသားရဲ့ ပြဿနာ ဖြစ်သည်။

ဆွန်းမို ထွက်သွားတာနဲ့ ကျောင်းသားသည် မတ်တပ်ရပ်ဖို့ ကြိုးစားလိုက်သည်။ သို့သော်လည်း အဲဒီလို မလုပ်နိုင်ဘဲ နောက်ထပ် တစ်နာရီကြာအောင် ဒူးထောက်ခဲ့ရသည်။

"မာရှန်က ကျောင်းသားတွေ တကယ်ကို မောက်မာလွန်းတယ်။ တစ်ယောက်တည်းနဲ့တောင် ဒီလို ပြောရဲတာလား။ သူတို့ကို တခြားကျောင်းတွေက

တကယ် ကြောက်နေတယ်လို့ တကယ်ထင်နေတာလား”

ကျန်ရန်ဇောင် ဒေါသထွက်နေသည်။ “အမှန်ပဲ။ ခွေးမသားတွေ”

ကျောင်းသားတွေရဲ့ တိုက်ပွဲဝင်စိတ် တောက်လောင်လာသည်။ ကြောက်ရွံ့တာတို့ စိုးရိမ်တာတို့ လုံးဝ မရှိတော့ပါ။ ဖန်ယန် ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။ ဒီအပြောင်းအလဲတွေ အားလုံးကို ဆွန်းမို ယူဆောင်လာခဲ့သည်။

ပြိုင်ပွဲ မစခင်က လူတိုင်းရဲ့ ရည်ရွယ်ချက်သည် လက်ရှိအဆင့်ကို ထိန်းသိမ်းရန်သာ ဖြစ်သည်။ တကယ်လို့ အဆင့် တစ်ဆယ်အတွင်းသို့ ဝင်ပြီး စီအဆင့်ကို တက်ရောက်ခွင့် ရပါက ကောင်းကင်နှင့် မြေကြီးကို အမှန်တကယ် ကျေးဇူးတင်ရလိမ့်မည်။

ဒါပေမယ့် အခုတော့ ကျောင်းသားများသည် ပထမနေရာအတွက် မာရှန်ကို စိန်ခေါ်ချင်နေကြသည်။ “ဒါက မြတ်ဆရာတစ်ယောက်ရဲ့ ဘုန်းကျက်သရေလား”

ဖန်ယန်သည် မြတ်ဆရာဆိုတဲ့ ဘွဲ့ကို နောက်တစ်မျိုး နားလည်လာသည်။

"ရက်စက်ပြီး စိတ်အားထက်သန်လွန်းတယ်"

လျှောင်ရန် သက်ပြင်းချလိုက်သည်။

"ငါတို့ မာရှန်နဲ့ မတိုက်ခိုက်သင့်ဘူး။ မတန်ဘူး"

လျှောင်ရန် အမြင်အရ ပထမနှင့် ဒုတိယ ရန်ဖြစ်ခြင်းသည် တတိယ အတွက် အကျိုးရှိလိမ့်မည်။ ဒီစကားကို ကြားလိုက်လျှင် ကူရှုပ်ရှင်း နှုတ်ခမ်းတွန့်သွားသည်။ သူမက ဆွန်းမို မောက်မာမှုကို တကယ်သဘောကျသည်။ (မင်းတို့ ဘယ်သူလဲဆိုတာ ငါဂရုမစိုက်ဘူး။ ဒီအဖေရဲ့ ချန်ပီယံလမ်းကြောင်းမှာ လာပိတ်နေရင် မင်းတို့ဖင်ကို ပိတ်ကန်ပြီး သတ်ပစ်မယ်)

ဒင်

ကူရှပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁၀၀ ကြည်ညို(၃,၃၁၀/၁၀,၀၀၀)

အကြောင်းကြားချက်ကို ရလိုက်လျှင် ဆွန်းမိုသည် ခေါင်းလှည့်ပြီး နာကျင်မှု တပ်မက်သူလေးကို တချက်ကြည့်လိုက်သည်။ (မင်းဘာလုပ်နေတာလဲ။) (မင်းစိတ်ထဲမှာငါ့ရဲ့ အမာခံ ပရိတ်သတ် ဖြစ်နေပြီလား)

အရင်က ကျန်ရန်ဇောင်နဲ့ စကားပြောနေတဲ့ ကူရှုပ်ရှင်းသည် ဆွန်းမိုရဲ့ အကြည့်ကို သတိထားမိပြီး ချိုသာစွာ ပြုံးလိုက်မိသည်။

"ဖောက်ပြန်တဲ့ စုံတွဲ"

လျှောင်ရန် မနာလို ဖြစ်နေသည်။ သူက ကူရှုပ်ရှင်းကို အနည်းငယ် လိုက်ကြိုက်နေခဲ့သည်။ ဒါပေမယ့် အခုတော့ သူ့မျှော်လင့်ချက်များ ပျက်ဆီးသွားပြီ။

ပန်းငါးကြင်းသည် အစုံစား သတ္တဝါ ဖြစ်သည်။ သူ့ရဲ့အစာများထဲတွင် အဓိကအားဖြင့် ဇီချောင်လို့ခေါ်တဲ့ ရေညှိပင်၊ ဖားလောင်းလေးတွေနဲ့

အင်းဆက်ပိုးမွှားများ ပါဝင်သည်။ ပုဇွန်လေးတွေကိုလည်း မကြာခဏ စားတတ်သည်။ ဇီချောင်က နေရာတိုင်းမှာ မကြီးထွားပါ။ သူတို့က လေကောင်းလေသန့်ရပြီး နေရောင်ရှိတဲ့ နေရာများမှာသာ ပေါက်ရောက်နိုင်သည်။

ဆွန်းမိုသည် ရေပြင်နေရာကို ရှာဖွေပြီး တာဝန်များကို စတင် ခွဲဝေပေးသည်။ သူတို့သည် အဖွဲ့လေးဖွဲ့ခွဲလိုက်သည်။ တစ်ဖွဲ့မှာ ကျောင်းသား သုံးယောက်စီ ပါသည်။ ရည်ရွယ်ချက်မှာ ဆရာတစ်ယောက်ရဲ့ ဦးဆောင်မှုအောက်တွင် ပန်းငါးကြွင်းကို ဖမ်းယူရန်အတွက်

ရေပြင်လေးနေရာကို တပြိုင်နက် ရှာဖွေမည်။ ကျန်တဲ့ ကျောင်းသား ရှစ်ယောက်က အုပ်စုနှစ်စုခွဲကာ အခြားကျောင်းသားများရဲ့ ခြေရာလက်ရာကို ပတ်ဝန်းကျင် အနီးအနားတွင် လိုက်စစ်ဆေးရမည်။ ပန်းငါးကြင်းကို မဖမ်းမိခဲ့ရင်လည်း အခြားကျောင်းသားအဖွဲ့တွေက လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ဖမ်းမိခဲ့ရင် တိုက်ခိုက်လုယူလို့ ရမည်။ ဒါက အရန် အစီအစဉ် ဖြစ်သည်။

“အရာရာတိုင်းမှာ ဘေးကင်းရေးကို ဦးစားပေးပါ။ မင်းတို့ မပြေးနိုင်ဘဲ ပြိုင်ဘက်ကို အနိုင်မယူနိုင်ရင် ချက်ခြင်း အရှုံးပေးလိုက်ပါ”

ဆွန်းမိုက သတိပေးလိုက်သည်။

ပြိုင်ပွဲမှာ ကျောင်းသားတွေကို အရှုံးပေးခွင့် ပေးထားသည်။ အရှုံးပေးပြီးသွားရင်တော့ နောက်ပိုင်း ပြိုင်ပွဲကို ထပ်ပြိုင်လို့ မရတော့ပါ။

“ဆရာဆွန်း၊ ပန်းငါးကြွင်းက ဖမ်းရခက်တယ်။ ကျွန်တော်တို့က ခွန်အားကို ထိန်းသိမ်းထားပြီး တခြားကျောင်းအဖွဲ့တွေကို စောင့်ပြီး တိုက်ခိုက်တာ ပိုကောင်းမယ် ထင်တယ်”

ဖန်ယန်က ပင်းယ ရေအိုင်ကြီးကို ကြည့်ပြီး ခေါင်းကိုက်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူအဖြေ စဉ်းစားလို့ မရဖြစ်နေသည်။

(ငါးမျှားဖို့လား။) (နောက်နေတာ ရပ်လိုက်ပါတော့။ တစ်ယောက်ယောက်က ငါးထိုင်မျှားရင် တစ်နှစ်သာ ကြာသွားမယ် ပန်းငါးကြင်းရဲ့ အရိပ်ကိုတောင် မြင်ရမှာ မဟုတ်ဘူး)

ဖန်ယန်က မေးလိုက်သည်။

"အို ။ ပန်းငါးကြင်း လိုက်ဖမ်းမယ့် လူအရေအတွက်ကို လျှော့ချသင့်လား"

လျှောင်ရန်ကလည်း အကြံပေးလာသည်။

"ဒီလိုမှမဟုတ်ရင်လည်း အခြားမျိုးစိတ်တွေကို ဖမ်းဖို့ ကြိုးစားသင့်တယ်။ အနည်းဆုံးတော့ ပစ်မှတ်ကို ကုန်းနေသတ္တဝါ အဖြစ်ပြောင်းသင့်တယ်"

"ကောင်းပြီလေ။ မင်းတို့ အစီအစဉ်တိုင်း လုပ်ကြပါ။ အဆင်ပြေပါတယ်"

ဆွန်းမိုက ဒါကို စိတ်မဝင်စားပါ။ အစကတည်းက လည်း ဒီနှစ်ယောက်ကို အားကိုးဖို့ မစီစဉ်ထားခဲ့ပါ။

"ကျန်တဲ့လူတွေက စပြီး ထွက်ကြတော့"

ဆွန်းမိုရဲ့ အမိန့်ကြောင့် ကျောင်းသားများ လမ်းခွဲထွက်သွားကြသည်။ ဆွန်းမိုရဲ့ ဩဇာလွှမ်းမိုးမှုက သိသိသာသာ ကြီးထွားလာသည်။ ဒါကို ဘယ်သူမှ သတိမထားမိကြပါ။ သူက အမိန့်ပေးနေခဲ့ပြီး အဖွဲ့ခေါင်းဆောင် ဖန်ယန်ကလည်း မသင့်တော်ဘူးလို့ မတွေးပါ။

“ဆွန်းမို၊ ပန်းငါးကြွင်း ဘယ်သူ အရင်ဖမ်းမိမလဲ လောင်းကစားလုပ်ရအောင်”

ကူရှပ်ရှင်းက ဆွန်းမိုအနားကပ်လာပြီး တိုးတိုးလေး ပြောလိုက်သည်။

“ငါရှုံးရင် မင်းကျောကို ဂျီးတွန်းပေးပြီး နှိပ်ပေးမယ်။ တကယ်လို့ မင်းရှုံးရင်လည်း ငါ့ကို တစ်ခေါက်လုပ်ပေး။ ဘယ်လိုလဲ”

“ကောင်းပြီလေ တကယ်လို့ ငါနိုင်ရင် မင်းကငါ့ကို တစ်ခေါက်ပေးရမယ်”

ဆွန်းမိုက ရယ်ပြီးပြောလိုက်သည်။

“ဒါဆိုလည်း ဂတိပဲ”

ကူရှူပ်ရှင်း ထွက်သွားသည်။ ဆွန်းမို စကားရဲ့ သွယ်ဝိုက်တဲ့ အဓိပ္ပါယ်ကို သူမ နားမလည်တာ သိသာနေသည်။

တကယ်တော့ သူတို့ လက်ရှိဆက်ဆံရေးအရ ဆွန်းမို နှိပ်ခိုင်းရင် မငြင်းဘူးဆိုတာ နာကျင်မှုတပ်မက်သူလေး သိနေသည်။ သေချာပေါက် မငြင်းပါ။ ဒါပေမယ့် သူမမှာ လှဲလှယ်စရာ ဘာမှမရှိပါ။ သူမဘက်က စ နှိပ်ပေးဖို့တောင်းဆိုရင်လည်း သူမကို ပေါ့ပျက်ပျက် မိန်းမလို့ ထင်သွားနိုင်သည်။ ဒါကြောင့် အလောင်းအစားလုပ်ဖို့ ရွေးချယ်ခဲ့သည်။

"အဲဒီအကြောင်းကို တွေးကြည့်ရုံနဲ့ နည်းနည်း စိတ်လှုပ်ရှားခြင်လာပြီ"

ဆွန်းမို ခေါင်းကုတ်လိုက်မိသည်။ ပြီးတော့ လောင်ကြေးထပ်တဲ့လူက ဂျီမဲဂျဲဆိုလျှင် ပိုကောင်းမည်။

" ဘာဖြစ်လို့များ ဆရာကူက ငါတို့ဆရာကတော် ဖြစ်လာနိုင်တယ်လို့ ရုတ်တရက် ခံစားမိတာလဲ မသိဘူး"

လုချီဟွာက တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒါက ဆရာရဲ့ မယားငယ်ပဲ"

လီဇီချီက သူမကို သတိပေးလိုက်သည်။

"ဒီအကြောင်းက အရင်မဟုတ်သေးဘူး။ ပန်းငါးကြင်းကို ဘယ်လို ဖမ်းမှာလဲ"

အင်ဘိုင်ဝူက ဆွန်းမိုကို တစ်ချက် ကြည့်လိုက်သည် သူမရဲ့ဆရာမှာ အဖြေရှိမှာ သေချာသည်။

"စကားပြောရင်း လမ်းလျှောက်ကြတာပေါ့"

ဆွန်းမိုက ရေကန်ဘက်သို့ လမ်းလျှောက်သွားရင်း

"ဘိုင်ဝူ၊ မင်းမှာ အကြံရှိလား" မေးလိုက်သည်။

"ပန်းငါးကြင်းတစ်ကောင် ဖမ်းဖို့အတွက် ဝိညာဉ်ချီ နဂါးကို သုံးလို့ မရဘူးလား"

အင်ဘိုင်ဝူက မေးလိုက်သည်။

"အင်း၊ ဒီအကြံမဆိုးဘူး"

လုချီဟွာ မျက်လုံး အရောင်တောက်လာသည်။

"လုချီဟွာ ၊ မင်းရဲ့ အကြံကရော"

ဆွန်းမိုက လုချီဟွာကို တစ်ချက်ကြည့်ရင်း မေးလိုက်သည်။

"အမ်။ ကျွန်မ စဉ်းစားစရာ လိုသေးလို့လား။ ဆရာနဲ့ အကြီးဆုံးအစ်မကြီးတို့ဆိုရင် မဖြေရှင်းနိုင်တဲ့ ပြဿနာ မရှိဘူးလေ"

လုချီဟွာ ရုတ်တရက် အံ့အောသွားသည်။

"မင်း ငါ့အပေါ်ကို ယုံကြည်မှု လွန်ကဲနေပြီ"

လီဇီချီက လှောင်ပြောင်လိုက်သည်။

“ချီဟွာ မင်းမလုပ်နိုင်ရင်တောင် အဖြေတစ်ခုတော့ တွေးကြည့်သင့်တယ်။ နောက်ဆုံးမှာ မင်းက ကမ္ဘာကြီးထဲကို လွတ်လွတ်လပ်လပ် လျှောက်လမ်းရမယ့် နေ့တစ်နေ့ ရောက်လာလိမ့်မယ်”

ဆွန်းမိုက လမ်းညွှန်လိုက်သည်။

“ဘာလို့ လွတ်လွတ်လပ်လပ် လျှောက်သွားရမှာလဲ။ နင်တို့နဲ့အမြဲတမ်း အတူတူ နေလို့ မရဘူးလား”

လုချီဟွာရဲ့ မေးခွန်းက ထက်မြတ်လွန်းသည်။ အထူးသဖြင့် ဆွန်းမိုကို အပြစ်ကင်းတဲ့ မျက်လုံး

လှလှကြီးများနဲ့ စိုက်ကြည့်နေသည်။ သူမရဲ့ အကြည့်ကြောင့် လူတိုင်း သနားသွားစေနိုင်သည်။

"မင်းလုပ်လို့ရတယ်။ မင်း မထွက်သွားချင်ရင် ငါ့အနားမှာပဲ တစ်သက်လုံး နေနိုင်တယ်"

လီဇီချီက လုချီဟွာခေါင်းကို ပွတ်ဖို့အတွက် တိုးသွားသည်။ နောက်ဆုံးမှာ ခလုတ်တိုက်ပြီး လဲကျလုနီးပါး ဖြစ်သွားသည်။

"အား၊ သတိထား"

လုချီဟွာက ကူညီဖို့အတွက် အမြန်ပြေးသွားသည်။

"ဟွန့်၊ ငါစိတ်ပြောင်းသွားပြီ။ ချီဟွာ မင်းထွက်သွားတာ ပိုကောင်းမယ်" လီဇီချီက မျက်နှာညှိုးပြီး ပြောလိုက်သည်။ (ငါ့ရင်ဘက်က မင်းထက်ကြီးတဲ့နေ့မှ ပြန်လာခဲ့)

"ဇီချီ မင်းမှာ အကြံရှိလား"

ဆွန်းမိုသည် နောင်တွင် လုချီဟွာကို ဘဝနဲ့သက်ဆိုင်တဲ့ မေးခွန်းများ မဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။ သူမ လုံးဝ နားမလည်နိုင်ပါ။ သူမက အိမ်မွေး ကြောင်လေးနဲ့တူသည်။ သူမကို မစွန့်လွှတ်သ၍ အမြဲတမ်း အနောက်က လိုက်နေမည်။

အခန်း (၃၅၅) - ပါရမီရှင်တစ်ယောက်ရဲ့ တောက်ပမှု။

ဆွန်းမိုက သူတို့ကို စမ်းသပ်နေတယ်ဆိုတာ လုချီဟွာ နားမလည်ပါ။ ဆွန်းမို၊ လီဇီချီတို့နဲ့ အတူတူ ရှိနေသ၍ အမြဲတမ်း လုံခြုံနေမယ်လို့ ခံစားရသည်။ ဒါတွေကို တွေးနေစရာ မလိုပါ။ သူတို့ ညွှန်ကြားတဲ့အတိုင်း လိုက်လုပ်လိုက်ရင် အားလုံး အဆင်ပြေသွားလိမ့်မည်။

"ပန်းငါးကြင်းကို အမဲလိုက်ဖို့ ငါးသလဲထိုးလေးကို အသုံးပြုလို့ ရတယ်။ သုံးဖို့လည်း စိတ်ကူးထားတယ်။ ဒါပေမယ့် အချိန်အများကြီး လိုလိမ့်မယ်"

လီဇီချီသည် ဒုတိယအချီ ပြိုင်ပွဲအကြောင်းအရာကို သိသောကြောင့် အဖြေတစ်ခုကို ကြိုတင်ပြီး

စဉ်းစားနေခဲ့သည်။ ဝိညာဉ်ချီ နဂါးသည် နဂါးဆိုတဲ့စကားလုံးပါသဖြင့် အစာကွင်းဆက်၏ ထိပ်ဆုံးမှာ ရပ်တည်နေသည်။ သို့သော်လည်း အဲဒါက သတ်သတ်လွတ်စားပြီး ဝိညာဉ်ချီ ပါဝင်နှုန်းမြင့်တဲ့ အသီးအရွက်များကိုသာ စားသောက်သည်။ အရသာဆိုးတဲ့ အသီးအရွက် ဒါမှမဟုတ် အမြစ်တွေကိုတောင် မစားပါ။

တခြား တိရိစ္ဆာန်တွေကရော

သူတို့ အစားစားရင် ပါးစပ်မှာသွေးတွေ ပေကျံနေလိမ့်မည်။ ဒါက ညစ်ပတ်ပြီး တစ်ကိုယ်ရည် သန့်ရှင်းမှု အားနည်းလွန်းသည်။

ကပ်ပါးကောင်တွေတောင် ရှိနိုင်သည်။ ထုံးစံအတိုင်း ရက်စက်ကြမ်းကြုတ် အထွင့်အထိပ်အဆင့် သားရဲနဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်အနေနဲ့ ငါးသလဲထိုးလေးသည် ဆယ်ကျော်သက် အရွယ်သာ ဖြစ်သော်လည်း ပန်းငါးကြင်းကို ဖမ်းယူနိုင်ဆဲ ဖြစ်သည်။ သို့သော်လည်း ငါးသလဲထိုးလေးသည် ပြဿနာရဲ့ အရင်းအမြစ်ကို မသိပါ။ မွေးကင်း စ ခြသ်ံကလေးနဲ့တူနေသည်။ မလေ့လာရင် ဘယ်လို လိုက်ရမလဲတောင် မသိပါ။ ပြီးတော့ သူတို့အခုဖမ်းမှာက ငါးအမျိုးအစား ဖြစ်သည်။

ခက်ခဲမှုအဆင့်က မြင့်မားသည်။

"ဒါကြောင့် စိတ်ကူးပြောင်းပြီး ပန်းငါးကြင်းတွေရဲ့ သဘာဝ ဓလေ့စရိုက်ကို အသုံးပြုဖို့ စဉ်းစားထားတယ်"

လီဇီချီက သုံးသပ်လိုက်သည်။

"သူတို့သဘာဝ အစာတွေက ဘာတွေလဲ"

"ပန်းငါးကြင်းတွေကို စားရတာ ကြိုက်တဲ့ ဌက်အမျိုးအစားတွေ ရှိတယ်။ ဒါပေမယ့် အဲဒီဌက်တွေကလည်း အရေအတွက် အကန့်အသတ်နဲ့ ရှိတယ်။ ပြီးတော့ ဒီအမျိုးအစား ဖမ်းရမယ့် လူတွေရဲ့

အမှောင်မျိုးစိတ် စာရင်း တစ်ခုလည်း ဖြစ်နေတယ်။ ဒါကြောင့် ဖမ်းမိဖို့ မလွယ်ဘူး”

“ဒီလိုဖြစ်နေလို့ ငါတို့ရဲ့ အကောင်းဆုံးအရာက အခြေချပြီး ငါးရှာစားနေတဲ့ ဌက်အုပ်စုကြီးကို ရှာဖို့ပဲ။ ဥပမာ - ကော်တီ ဌက်တွေ၊ ဗျိုင်းတွေလေ။ အဲဒီကောင်တွေကို ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း နည်းစနစ်နဲ့ ထိန်းချုပ်လိုက်ပြီး ငါတို့အတွက် ပန်းငါးကြင်းတစ်ကောင်ကို အမဲလိုက်ခိုင်းမယ်”

ဒီစကားကို ကြားလိုက်ပြီးနောက် လုချီဟွာက လက်ခုပ်တီးလိုက်သည်။ သူမ မျက်နှာတွင် ကိုးကွယ်မှုများနဲ့ ပြည့်နေသည်။

"အကြီးဆုံး အစ်မကြီးက အရမ်းအထာကျတာပဲ"

"အံ့အောဖို့ကောင်းတယ် မဟုတ်လား"

လီဇီချီက ပုခုံးတွန့်လိုက်ပြီး " ဆရာက ဒါကို အရင်ကတည်းက တွေးထားပြီးသားပဲ"

"ဆရာစဉ်းစားတာက တစ်ခုလေ။ မင်းစဉ်းစားတာကလဲ နောက်တစ်ခုပဲ.။ နှစ်ယောက်စလုံးက အထင်ကြီးဖို့ကောင်းတယ်"

လုချီဟွာသည် အနီးအနားမှာရှိတဲ့ အပင်က အသီးတစ်လုံးကို ခူးပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

"အမ်၊ အဆိပ်မိမှာ မကြောက်ဘူးလား"

လီဇီချီ စိတ်ပူသွားသည်။

"အဆိပ်မိမယ် ဟုတ်လား"

လုချီဟွာကတော့ အရင်ကတည်းက အတွေ့အကြုံရှိပြီးသားဖြစ်ကာ ဒီလိုမျိုး တစ်ခါမှ မတွေးဖူးပါ။ လုချီဟွာ မိန်းကလေးရဲ့ ကိုးကွယ်မှုနှင့် ယုံကြည်မှုသည် ဆွန်းမိုအပေါ်ကို ဖိအားဖြစ်စေသည်။ ကံကောင်းစွာပင် သူကမတုံးပဲ ပြဿနာ ဖြေရှင်းရန် နည်းလမ်းတွေကို ရှာဖွေနိုင်နေသည်။ ဒီလိုမှမဟုတ်ရင် ရက်ဖို့ကောင်းလိမ့်မည်။

"ဆရာ၊ ကျွန်မ ခန့်မှန်းတာ မမှားရင် ဌက်တွေကို ရှာဖို့အတွက် ငွေကလေးကို လွှတ်လိုက်ပြီ မဟုတ်လား"

လီဇီချီက မေးလိုက်သည်။

“အင်း”

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

တံခါးရှစ်ခု တိမ်တိုက်ရဲ့ ပျံ့သန်းနှုန်းသည် အရမ်းလျှင်မြန်သည်။ သူ့ရဲ့တည်ရှိမှုသည် မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်နဲ့တူသည်။ ဌက်တစ်ကောင် ဒါမှမဟုတ် နှစ်ကောင်လောက်ကို ရှာရန် မလွယ်သော်လည်း ဌက်အုပ်ကြီးကတော့ သေချာပေါက် ရှာဖို့ လွယ်သည်။

မိနစ် သုံးဆယ်လောက်ကြာတော့ ငွေကလေး ပြန်ရောက်လာသည်။ ‘လီ’

ငါးဆယ်လောက်အကွာတွင် ရှုံ့ထူတဲ့ နေရာတစ်ခုရှိသည်။ အဲဒီနေရာတွင် ဗျိုင်း အုပ်စုလိုက်ရှိနေကြသည်။ သူတို့က ပင်းယ ရေကန်မှာရှိတဲ့ ငါးကလေးတွေကို ဖမ်းပြီး စားသောက်နေကြသည်။ ငွေကလေးသည် တခဏလေးအတွင်းမှာ ဖောင်းပွလာပြီး ချည်လုံးတစ်လုံးလို ဖြစ်လာသည်။

“သွားကြစို့”

ဆွန်းမိုက အော်ခေါ်ပြီး တံခါးရှစ်ခု တိမ်တိုက်ပေါ်သို့ ခုန်တက်လိုက်သည်။

ခန္ဓာကိုယ်တစ်ဝက်လောက် နစ်မြုပ်သွားသည်။ အရမ်းကို ဇိမ်ကျလွန်းသည်။

“ဆရာ”

လီဇီချီ ထိတ်လန့်သွားပြီး ပတ်ဝန်းကျင်ကို ကျီးကြည့်ကြောင်ကြည့် လှည့်ပတ်ကြည့်လိုက်သည်။ ဒါကိုသာ စောင့်ကြည့်သူမြင်သွားရင် ရှတ်ရှတ်သဲသဲ ဖြစ်လာလိမ့်မည်။ တံခါးရှစ်ခုတိမ်တိုက်သည် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် စာရင်းတွင် အဆင့် (၁၀) ချိတ်ပြီး အရမ်းရှားပါးတဲ့မျိုးစိတ် တစ်ခုဖြစ်သည်။ ချမ်းသာတဲ့ မျိုးနွယ်စုက

ဒီလိုတစ်ကောင်ရရန် ရှိသမျှ ပုံအောပြီး သုံးစွဲကြလိမ့်မည်။

"ကြည့်စရာမလိုဘူး။ သူက အနားမှာ မရှိတော့ဘူး။ ကူရှပ်ရှင်းနောက်ကို လိုက်သွားပြီ"

ဆွန်းမိုက ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်သည်။

ဗဟိုပြည်နယ်အကယ်ဒမီအဖွဲ့က ခွဲထွက်လိမ့်မယ်လို့ စောင့်ကြည့်သူ မထင်ထားခဲ့ပါ။ ခေါင်းကိုက်ချင်သလိုလို ဖြစ်သွားသည်။ သဘောတရားအရဆိုလျှင် ဆွန်းမိုနောက်သို့ လိုက်သင့်သည်။ ဘယ်လိုပဲပြောပြော ဆွန်းမိုရဲ့

လုပ်ဆောင်ချက်တွေက အရမ်းထူးချွန်လွန်းသည်။ သို့သော်လည်း စောင့်ကြည့်သူက ကူရှုပ်ရှင်းနောက်သို့ လိုက်ရန် ရွေးချယ်သွားသည်။

ထုံးစံအတိုင်း အလှတရားကို စောင့်ကြည့်ရတာက ပိုစိတ်ဝင်စားဖို့ ကောင်းသည်။

“အကြီးဆုံး အမကြီး မြန်မြန်လာ၊ အရမ်းဗိမ်ကျတယ်”

လုချီဟွာသည် ငွေကလေးပေါ်တွင်ထိုင်ကာ ပျော့အိပျော့အိ ကစားကွင်းရောက်နေသလို ခုန်နေသည်။

လေးယောက်စလုံး ထိုင်ပြီးတဲ့အချိန်တွင် ငွေကလေးသည် တိမ်တွေဆီ တန်းပြီး ပျံတက်သွားသည်။ မြေပေါ်မှာ သူတို့ကို မြင်နိုင်တဲ့လူ တစ်ယောက်မှ မရှိတာကိုသိပြီးနောက် ဗျိုင်းတွေရဲ့အသိုက်ဆီ ပျံ့သန်းသွားသည်။ ဆယ်မိနစ်လောက်ကြာတော့ သူတို့ ပစ်မှတ်ထားတဲ့ဆီကို ရောက်သွားသည်။

လီဇီချီသည် စိုစွတ်တဲ့မြေပေါ်မှာ ရပ်လိုက်ပြီး လေထဲက ရေရနံ့ကို ခံစားလိုက်သည်။ သူမက ဒီနေရာမှာ ရှိနေတဲ့ ဗျိုင်းတစ်ထောင်ကျော်ကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ အနည်းဆုံးတော့

ပထမ ခြေလှမ်း လှမ်းပြီးပြီ။ အဲဒီနောက် ဝိညာဉ်သားရဲ ထိန်းချုပ်ပညာနဲ့ ဌက်ဘယ်လောက်ကို ထိန်းချုပ်နိုင်မလဲဆိုတာ စောင့်ကြည့်ရမည်။

လီဇီချီ သက်ပြင်းချပြီးတဲ့အချိန်တွင် လုချီဟွာရဲ့ ပေါ့ပါးသော ရယ်သံကို ကြားလိုက်ရသည်။

"ဟားဟား ၊ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ ဆရာနဲ့ အမကြီး မြန်မြန်လာကစားကြပါ"

လုချီဟွာက ဌက်အုပ်ထဲသို့ ပြေးဝင်သွားသည်။

သဘောတရားအရဆိုလျှင် ဗျိုင်းလေးတွေသည် သူတို့နယ်မြေထဲ လူစိမ်းတွေ ဝင်လာတာ တွေ့တာနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလိမ့်မည်။

အနည်းဆုံးတော့ အဝေးကိုပျံသန်းပြီး ထွက်ပြေးကာ သတိထား ကြလိမ့်မည်။

ဒါပေမယ့် အခုတော့ လုံးဝကို ကွဲပြားခြားနားနေသည်။ ဗျိုင်းအုပ်ကြီးတစ်ဖွဲ့သည် တန်းပြီး ပျံသန်းလာကာ ပြည်သူ့ရင်ပြင်တွင် အစားကြွေးတာကို မျှော်နေတဲ့ ခိုတစ်အုပ်လို ဖြစ်နေပြီး လုချီဟွာကို ဝိုင်းရံထားကြသည်။

လူလုံးဝ မကြောက်ဘူးလား။

“အို။ သူတို့က လူမကြောက်ဘူးလား”

လီဇီချီက ကြည့်ပြီး ခြေလှမ်းအနည်းငယ် လှမ်းလိုက်သည်။ နောက်ဆုံးမှာတော့ သူမ

အရှေ့မှာရှိတဲ့ ဌက်အုပ်သည် သူမကို မြင်တာနဲ့ အဝေးကို ပျံသန်းပြီး ထွက်ပြေးသွားသည်။ ဒီအရာကြောင့် ရှက်ပြီး မတ်တပ်ရပ်နေမိသည်။

လုချီဟွာနှင့် တိရစ္ဆာန်များ ရင်းနှီးမှုသည် ဇယားကွက်ထဲမှာ မရှိတော့ပါ။ သူမကိုတစ်ယောက်မှ မယှဉ်နိုင်ပါ။

လီဇီချီသည် လှပတဲ့ ဗျိုင်းတစ်ကောင်ကို ရွေးချယ်ကာ အသက်ခပ်ပြင်းပြင်း ရှူလိုက်သည်။ အဲဒီနောက် သားရဲထိန်းချုပ်ခြင်းပညာကို အသုံးပြုပြီး စိတ်ခြင်း ဆက်သွယ်လိုက်သည်။

ဆွန်းမိုလည်း အဲဒီလို လုပ်နေသည်။ သူက ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဘာသာရပ်တွင် မဟာအဆင့် ရှိနေသည်။ တစ်ခါမှ မသုံးခဲ့ဖူးပေမယ့် ထိရောက်မှုကတော့ အားကောင်းမှာ သေချာသည်။

သူ့ပါးစပ်ကနေ ထူးခြားတဲ့ အော်ဟစ်သံများ ထွက်လာတဲ့အချိန်တွင် ဗျိုင်းဆယ်ကောင်ကျော် ပျံတက်သွားသည်။ ဆွန်းမိုက လက်ချောင်းကို ကိုက်ပြီး လက်ဆက်တဲ့သွေးတချို့ကို လှမ်းပစ်လိုက်သည်။ သွေးတစ်စက်မှ မြေပေါ်သို့ မကျဘဲ အနီရောင် အလင်းတန်းအဖြစ်ပြောင်းလဲကာ

ထိတ်လန့်တုန်လှုပ်နေတဲ့ ဗျိုင်းတွေဆီ ရောက်သွားပြီး သူတို့ စိတ်ထဲဝင်သွားသည်။

ဟူးလာလာ

ဗျိုင်းအနည်းငယ်သည် ဆွန်းမိုဆီ ပျံသန်းလာပြီး အချို့က သူ့ပုခုံးပေါ်မှာ ရပ်နားသည်။ ဆံပင်ကို ခပ်ဖွဖွ လေးကိုက်နေသည်။ ဒါက သားရဲထိန်းချုပ်ခြင်း နည်းတစ်မျိုး ဖြစ်သည်။ ပစ်မှတ်များနဲ့ ယာယီပင္ဂိုညာဉ် စာချုပ်ချုပ်ဆိုကာ သိမ်းသွင်းထားနိုင်သည်။ သို့သော် အထူးဆင့်ခေါ်မှုသည် ပေးဆပ်မှုတချို့တော့ လိုအပ်သည်။ ဥပမာ - ဆွန်းမိုရဲ့ဝိညာဉ်ချီ

ပါတဲ့သွေးစိမ်းတချို့ကို ဆုအဖြစ်ပေးရသည်။ ဒါကြောင့် တိမ်တိုက်ကလေး ခါးမြှောင်ကိုထုတ်ကာ လက်ဖဝါးပေါ်မှာ ကန့်လန့်ဖြတ် လှီးလိုက်သည်။

တောက် တောက်

သွေးစိမ်းတွေ စီးကျလာပြီး အနီရောင်အခိုးအငွေ့အဖြစ်သို့ ပြောင်းသွားသည်။ ဗျိုင်းဆယ်ကောင်ကျော်က ချက်ခြင်း ဝိုင်းအုံကာ လက်ဆတ်တဲ့သွေး ဝိညာဉ်ကို စားသုံးကြသည်။

တဖက်တွင် လီဇီချီလည်း အောင်မြင်ခဲ့သည်။ သူမက ငှက်ရှစ်ကောင်ကို ထိန်းချုပ်နိုင်ခဲ့သည်။

"မင်း ခန္ဓာကိုယ်ကို သတိထားပါ။ ကိုယ့်အရည်အချင်းနဲ့ကိုယ် ချိန်ပြီး လုပ်ပါ" ဆွန်းမိုက သတိပေးသည်။ ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ ဘာသာရပ်သည် အခြားဘာသာရပ်များနဲ့ယှဉ်ပါက ပိုပြီး အန္တရာယ်များသည်။ အဲဒါမှာ ဝိညာဉ်နှင့် စိတ်၏ အသွင်ပုံစံများ ပါဝင်နေသည်။ နည်းစနစ်မအောင်မြင်တာနဲ့ အသုံးပြုသူသည် ဒဏ်ပြန်သက်ရောက်မှုကို ခံရလိမ့်မည်။ ဘယ်လိုပဲပြောပြော သက်ရှိပုံစံအားလုံးတွင် မျိုးရိုးထဲမှာ ဗီဇများပါဝင်သည်။ တစ်စုံတစ်ခုအား

ကျွန်ခံစေခြင်းရင် ပမာဏ တစ်ခုလောက်တော့ စွန့်စားရသည်။

အများအားဖြင့်တော့ ဉာဏ်ရည်မြင့်မားတဲ့ သတ္တဝါဆိုလျှင် ကျွန်ခံခိုင်းဖို့ ပိုခက်လေလေ ဖြစ်သည်။ ပြီးတော့ ဒဏ်ပြန်မှုကြောင့် ဖြစ်ပေါ်တဲ့ ထိခိုက်မှုလည်း ပိုပြင်းထန်နိုင်သည်။

"နားလည်ပါတယ်"

လီဇီချီက လုချီဟွာကို တစ်ချက်ကြည့်လိုက်သည်။ သူမ ဘယ်လိုနေလဲဆိုတာ သိချင်သည်။ ခေါင်းလှည့်ကြည့်လိုက်လျှင် ဗျိုင်းအုပ်စုကြီး

တစ်စုသည် ပင်းယ ရေကန်ပေါ်မှာ တောင်ပံခတ်ပြီး ပျံသန်းနေတာ မြင်လိုက်ရသည်။

"ကျေးဇူးတင်ပါတယ်။ မင်းတို့ဖမ်းမိရင် ပိုးကောင်တွေအားလုံး မင်းတို့ စားစေရမယ်"

လုချီဟွာက ကောင်းကင်ပေါ်မှာရှိတဲ့ ဗျိုင်းကလေးတွေကို လက်ပြနေသည်။

"ဒါ..............."

လီဇီချီနှင့် အင်ဘိုင်ဝူတို့ နှစ်ယောက်စလုံး အရမ်းအံ့အောသင့်နေသည်။

"ကောင်းပြီလေ။ ငါပိုးကောင်တွေကို လိုက်ဖမ်းလိုက်အုံးမယ်"

လုချီဟွာက လက်ခုပ်တီးရင်း ပြောလိုက်သည်။

“ငါ သူတို့ကို ကတိပေးထားတယ်”

“ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ပညာကို အသုံးပြုခဲ့လား”

လီဇီချီ သိချင်နေသည်။

“အမ်၊ ဘာဖြစ်လို့ ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ ပညာကို အသုံးပြုရမှာလဲ”

လုချီဟွာ ကြောင်တောင်တောင် ဖြစ်သွားသည်။

“ဘာမှမဟုတ်ဘူး။ ငါဘာမှ မပြောခဲ့ဘူးလို့ပဲ သတ်မှတ်လိုက်”

လီဇီချီက ဆက်မမေးတော့ဖို့ ဆုံးဖြတ်လိုက်သည်။ လုချီဟွာသည် အပြစ်ကင်းပြီး ဖြူစင်လွန်းသည်။ လုံးဝအန္တရာယ်ကင်းတဲ့ အငွေ့အသက် ပေါ်နေသည်။ ဒါကြောင့်လည်း တိရစ္ဆာန်လေးတွေနဲ့ ဆော့ကစားနိုင်ခဲ့သည်။

“ပိုးကောင်တွေ ဖမ်းဖို့ ငါကူညီပေးမယ်”

“ငါရောပဲ”

အင်ဘိုင်ဝူက သူမတို့နောက်ကို လိုက်သွားသည်။

ဆွန်းမိုက အခြားကျောင်းသားအဖွဲ့ကို ရှာဖွေရန် ငွေကလေးအား ခိုင်းလိုက်သည်။

သူကိုယ်တိုင်ကတော့ သားရဲထိန်းချုပ်ခြင်း ကျင့်စဉ်ကို ဆက်ပြီး လေ့ကျင့်နေခဲ့သည်။

ပင်းယ ရေကန်။

“မြန်မြန်သွားပါ”

ဇန်ဇီက တိုက်တွန်းလိုက်သည်။ သူနှင့် ထန်ထန်ယုထန်သည် အခြားကျောင်းသားအဖွဲ့များကို ခြေရာခံရမည့် တာဝန် ချမှတ်ခံရသည်။ အမှန်တိုင်းပြောရလျှင် ထန်ထန်ယုထန်က ဝန်ထုပ်ဝန်ပိုးလို့ ခံစားရသဖြင့် သူနဲ့တစ်ဖွဲ့တည်း မနေချင်ပါ။ ရန်သူနဲ့ဆုံလျှင် တိုက်ခိုက်ဖို့ မပြောနဲ့ အောင်မြင်အောင်တောင် ထွက်ပြေးနိုင်ပါ့မလား။

"မင်းကဘာဖြစ်လို့ ဒီလောက် အလျှင်လိုနေတာလဲ"

ထန်ထန်ယုထန်က မှိုကိုဝါးပြီး အေးအေးဆေးဆေး လမ်းလျှောက်နေသည်။ မသိရင် အိမ်နောက်ဖေး လမ်းကြားမှာ လမ်းလျှောက်နေသလိုပဲ။

"တစ်ခု စားမလား"

"မစားဘူး"

ဇန်ဇီသည် အရောင်တောက်တဲ့ မှိုကို စိုက်ကြည့်ပြီး လှောင်လိုက်သည်။

"မင်းအဆိပ်မိမှာ မကြောက်ဘူးလား။ အရင်ဆုံး ရှင်းအောင် ပြောထားရမယ်။ ငါက ရှေ့ဦးသူနာပြုနည်း

မသိဘူးနော်။ မင်းကို ကူညီဖို့ တစ်ယောက်ယောက် သွားခေါ်တဲ့အချိန်မှာ မင်းခန္ဓာကိုယ် အေးစက်သွားနိုင်တယ်”

“ကျေးဇူးပါ။ ငါက ဆရာဝန်ဆိုတာ မေ့သွားပြီလား”

ထန်ထန်ယုထန်က ဗရုတ်ကျလိုက်သည်။

ဇန်ဇီ ကြောင်သွားသည်။ ဒါက အမှန်ပဲ။ ဘယ်လိုပဲပြောပြော မြွေတစ်ထောင်လှိုဏ်ဂူ ဖြတ်သန်းသွားတဲ့အချိန်တွင် မြွေသတ်ဆေးမှုန့်ကို ဒီရောဂါသည်က ဖော်စပ်ခဲ့သည်။

“တကူးတက ကြီးလုပ်မနေနဲ့။ လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်။ ဒီမှိုက အမျိုးသားတွေရဲ့ သန်စွမ်းမှုကို မြှင့်တင်ပေးတယ်။ မင်းရဲ့ ညီလေးကိုတောင် ပိုကြီးလာစေတယ်”

ထန်ထန်ယုထန်က အသံလျှော့ပြီး ပြောလိုက်သည်။

“အမ်”

ဇန်ဇီသည် အလိုလို ပေါင်ကြားကို ငုံ့ကြည့်လိုက်မိသည်။ အဲဒီနောက် တံတွေးတစ်ချက် မြိုချလိုက်ပြီး

"ဟော့ မှိုရှိသေးရင် ငါ့ကို နည်းနည်းလောက်ပေးအုံး" ပိုကြီးချင်တာက ယောက်ျားတိုင်းရဲ့အိပ်မက် ဖြစ်သည်။ ဇန်ဇီသည် ရောဂါသည်ဆီက မှိုကို ယူပြီး ကိုက်စားလိုက်သည်။ အရသာချောမွေ့ပြီး ထိတွေ့မှုက မဆိုးဘူး။

"အထင်မလွဲနဲ့။ ဒီဟာကို မစားချင်လို့ မစားတော့ဘူး။ ငါက အသစ်အဆန်းတွေကိုပဲ စားချင်တယ်"

ဇန်ဇီသည် ဒီလိုပြောပြီး မျက်ဖြူလန်ကာ လဲကျသွားသည်။

"ဒီမှိုက မင်းရဲ့ ညီလေးကို ကြီးလာအောင် မလုပ်ပေးနိုင်ဘူး။ ဒါပေမယ့် မင်းရဲ့ညီလေးကို သားရဲရဲ့ ညီလေးနဲ့ ပြောင်းလဲပြီး မင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးလို့ ရတယ်"

ရောဂါသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ အဲဒီနောက် ဇန်ဇီကို ဆွဲပြီး ဘေးကင်းအောင် သစ်ပင်ပေါ်တွင် တင်ထားလိုက်သည်။ အဲဒီနောက်မှာတော့ ထန်ထန်ယုထန်သည် ရေကန်ဘက်သို့ လျှောက်သွားသည်။

"ဒီလို တောထဲ နယ်မြေကြမ်းကြမ်းမှာ နေရတာ မုန်းတယ်။ ဒါကြောင့် တာဝန်မြန်မြန် ပြီးအောင် လုပ်ပြီး ပြန်ရမယ်"

ထန်ထန်ယုထန်သည် သူ့ကိုယ်သူ ရေရွတ်လိုက်သည်။ အခွံမာ သစ်သီး တစ်လုံးကို ထုတ်ယူကာ ကြိတ်ချေလိုက်ပြီးနောက် မှုတ်ထုတ်လိုက်သည်။

အမှုန့်များသည် လွင့်ထွက်သွားပြီး ရောင်ပြန်နေတဲ့ ရေပြင်ပေါ် ကျဆင်းသွားသည်။

ထူးဆန်းတဲ့ ရနံ့တစ်ခုက ပျံ့နှံ့လာသည်။ သုံးမိနစ်ကြာလျှင် ရေပြင်ပေါ်မှာ တဗွက်ဗွက်နဲ့

အသံကိုကြားလိုက်ရသည်။ အမှန်တိုင်းပြောရလျှင် အဲဒီအမှုန့်ကို တလုပ်လောက်စားချင်သဖြင့် ငါးကြီးများစွာ ကူးခတ်နေကြသည်။ အဲဒီနောက် အချင်းချင်း သတ်ဖြတ်ကြတော့သည်။

အရင်က ကြည်လင်နေတဲ့ ရေပြင်သည် ချက်ခြင်းဆိုသလို သွေးနီရောင် လွှမ်းသွားသည်။ ငါးသေကောင်ပေါင်းများစွာ ပေါလောမျောနေသည်။

"ဖြည်းဖြည်း သတ်ကြပါ။ အလျင်စလို မလုပ်ကြပါနဲ့"

ရောဂါသည်က ကန်ဘေးတွင် ထိုင်ချကာ တေးညည်းပြီး ဒီမြင်ကွင်းကို ခံစားနေသည်။

အကြမ်းဖြင်း ၁၅ မိနစ်လောက်ကြာလျှင် ငါးများကြားက သတ်ဖြတ်မှုလည်း ရပ်တန့်သွားသည်။ ငါးခေါင်းများစွာက ရေပေါ် ပေါ်နေသည်။ ပါးစပ်ထဲတွင် ကြောက်ဖို့ကောင်းတဲ့ သွားများလည်း ရှိသည်။

“ကောင်းပြီလေ။ ပန်းငါးကြင်းလို့ခေါ်တဲ့ ငါးအမျိုးအစားကို သွားဖမ်းခဲ့ပါ။ အသက်ရှင်လျှက် အနည်းဆုံးတစ်ကောင်တော့ ရအောင် ဖမ်းခဲ့”

ထန်ထန်ယုထန် ညွှန်ကြားလိုက်သည်။ လှိုင်းပုတ်သံနဲ့အတူ ရာနဲ့ချီတဲ့ ငါးကြီးများသည် နေရာအနှံ့ကွဲထွက်သွားသည်။ သူတို့ ကူးခတ်တဲ့

အရှိန်သည် တော်ပီဒို ပစ်လွှတ်လိုက်သလို အရမ်းမြန်ဆန်သည်။

မှတ်ချက် - ၁-လီတွင် မီတာ ငါးရာခန့် ရှိသည်။

အခန်း (၃၅၆) - မွန်းစတား

ပင်းယ ရေကန်၏ရေသည် ကျောက်စိမ်းရောင် တောက်နေပြီး လှိုင်းများနဲ့ လှုပနေသည်။ ရှုခင်းကလည်း အရမ်းလှသည်။

တကယ်ကို သဘာဝ အလှပဲ။ လူသားများက သူ့အရှေ့တွင် သေးငယ်သည်၊ အရေးမပါဘဲ အကူအညီ မဲ့နေသည်။ သူတို့က အထွဋ်အထိပ် အဆင့်မရပ်တည်ဘဲ အစာကွင်းဆက်၏ အစိတ်အပိုင်း

တစ်ခု ဖြစ်လာခဲ့သည်။ တစ်ချက်လောက် သတိပေါ့သွားပါက ဒဏ်ရာရလျှင်ရ ဒါမှမဟုတ် သေသွားနိုင်သည်။

ချောင်ဒင်မှ ကျောင်းသားများသည် ရေကန်ဘေးတွင် ထိုင်ကာ အကြံကုန်နေကြသည်။

ရေကူးတတ်တဲ့ ကျောင်းသားသုံးယောက်ကတော့ ရေကန်ထဲသို့ ခုန်ဆင်းသွားကြသည်။ သို့သော်လည်း ဒီနည်းနဲ့ ပန်းငါးကြင်းကို ဖမ်းလို့ မရဘူးဆိုတာ လူတိုင်း သိနေသည်။ မကြိုးစားရင်လည်း အခွင့်အရေးက လုံးဝ မရှိပါ။

"ငါးအမျိုးအစားကို ဖမ်းရတာ အရမ်းခက်တယ်။ အဲဒီအစား ကုန်းတွင်း မျိုးစိတ်ကို ဘာဖြစ်လို့ ပြောင်းပြီး မဖမ်းတာလဲ"

"အခြားသူတွေ ဖမ်းထားတဲ့ အမှောင်မျိုးစိတ်ကို ဘာဖြစ်လို့ လွယ်လွယ်ကူကူ မလုတာလဲ"

"ဆက်စောင့်လည်း အကျိုး မရှိဘူးလို့ ထင်တယ်"

ကျောင်းသားများက အော်ဟစ် ဆွေးနွေးနေကြသည်။

ချောင်ဒင်က ဆရာများသည် ဒီမြင်ကွင်းကို မြင်လျှင် တိတ်တဆိတ် သက်ပြင်းချလိုက်မိသည်။

ခက်ခဲတဲ့ ပြဿနာ တစ်ခုကို ကြုံတွေ့တာနဲ့ ပြေလည်အောင် မကြိုးစားဘဲ ရှောင်ပြေးဖို့ ဒါမှမဟုတ် ဖြတ်လမ်းလျှောက်ရန်သာ တွေးနေလျှင် ဒီကျောင်းသားများသည် သူတို့ စိတ်ထဲမှာ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်များကို ဘယ်တော့မှ အကောင်အထည် ဖော်နိုင်မှာ မဟုတ်တော့ပါ။

ကျောင်းသားတွေ စကားပြောဆို ဆွေးနွေးနေတုန်း ကောင်းကင်မှာ အမွေးအဖြူရောင် ငှက်များ ပျံဝဲနေတာကို ရုတ်တရက် မြင်လိုက်ရသည်။

ရုတ်တရုတ် အဲဒီငှက်တွေက တဟုန်ထိုး ဆင်းလာသည်။

ပလုံ ပလုံ

ငှက်တွေသည် ရေထဲ တစ်မီတာလောက် ရေငုပ်ပြီး ချက်ခြင်း ပြန်ပျံတက်သွားသည်။ အတောင်ပံခတ်ကာ ကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။ သူတို့ နှုတ်သီးတွင် ငါးသေးသေးလေးများကို မြင်နေရကာ ငါးတွေ ရုန်းကန်နေသည်။ သူတို့ ဖမ်းမိထားတဲ့ ငါးများကို မြို့ချလိုက်သည်။

"အမ်၊ ရုတ်တရတ် စဉ်းစားမိပြီ။ အဲဒီဌက်တွေကို ထိန်းချုပ်ပြီး ပန်းငါးကြွင်းတွေ ဖမ်းခိုင်းလို့ မရဘူးလား"

အဖွဲ့ခေါင်းဆောင် လီရွန်ဂန်၏ စကားကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မျက်နှာမှာလည်း ပျော်ရွှင်တဲ့ အမူအရာ ဖြစ်နေသည်။

အကြည့်အားလုံးက လျူယုရှန် ဘက် ရောက်သွားသည်။ သူက သားရဲထိန်းချုပ်နည်းကို သိတဲ့ တစ်ဦးတည်းသော အဖွဲ့ဝင် ဖြစ်သည်။

“ငါ့ကို မကြည့်နဲ့။ အများဆုံးမှ တစ်ကောင်ပဲ ထိန်းနိုင်မယ်။ အသုံးမဝင်ပါဘူး”

လျူယုရှန်က ပုခုံးတွန့်ပြီး ပြန်ဖြေသည်။

“တစ်ကောင်ကို ထိန်းနိုင်ရင်တောင် ဘာမှ မရှိတာထက်တော့ ပိုကောင်းတယ်”

လီရွှန်ဂန်က တိုက်တွန်းလိုက်သည်။ “ကောင်းပြီဟေ့၊ လျူယု ကျွန်ခံခိုင်းလို့ရအောင် အားလုံး ဥက်တွေ ဖမ်းကြ”

“အဖွဲ့ခေါင်းဆောင် ၊ ဒီဥက်တွေက တခြားလူတွေရဲ့ ကျွန်ဖြစ်နေတာ ဖြစ်နိုင်မလား”

ချင်ချင်က ဌက်များကို ကြည့်ရင်းပြောလိုက်သည်။ တချို့က ဖမ်းမိထားတဲ့ ငါးများကို မစားကြပါ။ သူက ပါးစပ်ထဲတွင် ငုံထားပြီး ဆက်လက်ရှာဖွေနေကြသည်။ ဒါက ယုတ္တိမရှိပါ။

"မဖြစ်နိုင်ဘူး"

လီရွှန်ဂန် ပြန်ဖြေတာကို မစောင့်ဘဲ လျူယုရှန်က တုန့်ပြန်လိုက်သည်။

"ဝိညာဉ်သားရဲ ကျွန်ခံတဲ့ အရေအတွက်က သူတို့ရဲ့ စိတ်စွမ်းအင် အပေါ်မှာမူတည်တယ်။ ထိန်းချုပ်မှု ပိုများလေ ဒဏ်ပြန်မှု ပိုများလေပဲ"

အခုဒီမှာ ဗျိုင်းဘယ်နှစ်ကောင်တောင်လဲ။ တစ်ထောင် နီးပါရှိသည်။ သူတို့အားလုံးကို ကျွန်ပြုရန် သားရဲ ဝိညာဉ်ထိန်းချုပ်သူသည် ဘယ်လောက်တောင် အားကောင်းရမလဲ။

"မြန်မြန်ကြည့်'

ဝူရန်က ငှက်တစ်ကောင်ကို ညွှန်ပြလိုက်သည်။ ပြီးတော့ ရုတ်တရုတ် အော်လိုက်သည်။

"ပန်းငါးကြွင်းကို ဖမ်းထားတယ်"

ငှက်ရဲ့ ပါးစပ်ထဲတွင် လှုပပြီး ခန္ဓာကိုယ်ပေါ်တွင် သက်တံလို အရောင်ရှိတဲ့ ငါးတစ်ကောင် ရှိနေသည်။

ဒါက ပန်းငါးကြင်းရဲ့ အထင်ရှားဆုံး လက္ခဏာ ဖြစ်သည်။

ဖလက် ဖလက်

ဗျိုင်းတွေက ပျံသန်းပြီး ထွက်ပြေးသွားသည်။

"မင်းဘာစောင့်နေတာလဲ။ သွားပြီး လိုက်ဖမ်းလေ"

လီရှန်ဂန်က တိုက်တွန်းလိုက်သည်။

"ဟားဟား ၊ ငါတို့ ကံက ကောင်းလိုက်တာ ပြောစရာ စကားတောင် မရှိတော့ဘူး"

ချိုင်ယောင် ဟက်ဟက်ပက်ပက် ထရယ်သည်။

ဆရာလေးယောက်ကတော့ အချင်းချင်း အကြည့် ဖလှယ်လိုက်သည်။ သူတို့ကတော့ အကောင်းမမြင်ပါ။ ဗျိုင်းတွေက ငါးတွေကို မစားဘဲ ဘာဖြစ်လို့ ဖမ်းသွားကြတာလဲ။

သူတို့ မိတ်ဖွဲ့ဖို့တော့ မဖြစ်နိုင်ပါ။ အသိုက်ကို အစာ ပြန်သယ်သွားရန်လည်း မလိုပါ။ ဒါကြောင့် အဖြေတစ်ခုပဲ ရှိတော့သည်။ ဒီငှက်တွေက တစ်ယောက်ယောက်ရဲ့ ကျွန်ပြုခြင်း ခံထားရပြီ။

"ဘယ်ကျောင်းသားအသစ် အဖွဲ့လည်း သိချင်လိုက်တာ"

ဆရာလေးယောက်ကတော့ စိုးရိမ်ပူပန်နေကြသည်။ တဖက်သားက ဒါကို လုပ်နိုင်သဖြင့် သူတို့ရဲ့အင်အားကို လျှော့တွက်လို့ မရပါ။

ဌက်ကလေးတွေရဲ့ အသိုက်မှာ မိန်းကလေးသုံးယောက်ကတော့ ပိုးကောင်သွားဖမ်းနေကြသည်။

ဆွန်းမိုမှာ ဘာမှ လုပ်စရာ မရှိပါ။ ဒါကြောင့် ညစာအတွက် ငါးကင်ဖို့ ဆုံးဖြတ်လိုက်သည်။

သိပ်မကြာခင် မိုင်းလေးတွေ ပြန်ရောက်လာကြသည်။ လုချီဟွာ အနားသို့ ဌက်

အုပ်စုကြီးလိုက် ရောက်လာသည်။ သူတို့ထဲမှ တစ်ကောင်က သက်တံရောင်ရှိတဲ့ ငါးကြင်းတစ်ကောင်ကို မြေပေါ် ပစ်ချလိုက်သည်။

“ကောင်းလိုက်တာ၊ ကျေးဇူးအများကြီး တင်ပါတယ်”

လုချီဟွာက လက်ကိုင်ပုဝါနဲ့ ထုပ်ထားတဲ့ ပိုးကောင်တွေကို ဗျိုင်းတွေအား ပေးလိုက်သည်။

သူတို့ကို အစာကျွေးပြီးနောက် ကောင်းကင်ကြီး လည်း မှောင်သွားသည်။

တောထူထပ်တဲ့ တောအုပ်ထဲတွင် စခန်းချပါက အန္တရာယ်များသည်။ ဒါကြောင့် ဆွန်းမိုသည် နေရာတစ်ခု သတ်မှတ်ပြီး သူတို့အားလုံး ညစနာရီတွင် နောက်ဆုံးထားပြီး ပြန်ဆုံရန် သတ်မှတ်ခဲ့သည်။

"သွားရအောင်"

ပန်းငါးကြွင်းကို ဖမ်းမိကတည်းက ဆွန်းမို စိတ်မပူတော့ပါ။ ပြန်တဲ့အချိန်တွင် ကောင်မလေး သုံးယောက်အား ငွေကလေးပေါ်တွင် ထိုင်ခွင့်မပေးတော့ပါ။ အဲဒီအစား

တောအုပ်ကြီးထဲတွင် ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်ကို လေ့ကျင့်ပေးခဲ့သည်။ လီဇီချီရဲ့ အရှိန်က တော်တော် နှေးကွေးလွန်းသည်။ တဖြည်းဖြည်း မှိန်လာတဲ့ နေအလင်းရောင်နဲ့ လထွက်လာတာကို ကြည့်ရင်း လီဇီချီ အရမ်းစိုးရိမ်နေသည်။ လူတိုင်းရဲ့ အချိန်ကို နှောင့်နှေးအောင် လုပ်မိတယ်လို့ သူမခံစားနေရသည်။

“အကြီးဆုံး အစ်မကြီး အလျှင်မလိုပါဘူး။ ဖြေးဖြေးပဲ လျှောက်ပါ”

လုချီဟွာသည် လီဇီချီ ဘေးမှာ အမြဲတမ်း ရှိနေသည်။ ဒါပမယ့် ရုတ်တရက် ရပ်တန့်ကာ နား‌ရွက်များ လှုပ်သွားသည်။ အဲဒီနောက် သူမ မျက်နှာပေါ်တွင် တုန်လှုပ်ခြောက်ခြားတဲ့ အမူအရာ ပေါ်လာသည်။

“ဆရာ၊ လူတွေ ဒီဘက်ကို လာနေကြတယ်။ တော်တော်များတယ်”

ဆွန်းမို မျက်မှောင် ကြုတ်လိုက်သော်လည်း လျှင်မြန်စွာ တုန့်ပြန်လိုက်သည်။ လူတချို့က ဗျိုင်းနောက် လိုက်သွားလာကာ သူတို့ရဲ့ အသိုက်ကို

ရှာကြသည်။ အဲဒီနောက် ခြေရာခံကာ သူတို့နောက်ကို လိုက်လာကြသည်။

အခုအချိန်တွင် ဆွန်းမိုမှာ ရွေးချယ်စရာ နှစ်ခုရှိသည်။ ပထမတစ်ချက်က ရန်သူ မရောင်ခင် ငွေကလေးပေါ်ထိုင်ပြီး ထွက်သွားနိုင်သည်။ ဒုတိယတစ်ချက်ကတော့ ဒီနေရာကပဲ စောင့်ပြီး တိုက်ပွဲအတွက် ခွန်အားတွေကို စုစည်းထားရမည်။

"တိုက်ပွဲအတွက် ပြင်ဆင်ပါ"

ဆွန်းမိုက နောက်ဆုံးတစ်ခုကို ရွေးချယ်လိုက်သည်။ ပန်းငါးကြင်း ပါသွားရင်တောင်

နောက်တစ်ကောင် ထပ်ဖမ်းလိုက်လို့ ရသည်။ သို့သော်လည်း ဒီလို လုယက်မှုက အခုမကြုံလည်း နောက်ပိုင်း ကြုံတွေ့ရလိမ့်မည်။

သိပ်ကြာကြာ မစောင့်လိုက်ရပါ။ အသံတစ်ခု ထွက်လာသည်။

"ငါတွေ့ပြီ။ သူတို့က ဒီမှာဘဲ"

ချင်ချင် အူမြူးနေသည်။

ချောင်ဒင်က ကျောင်းသားများ ပေါ်လာသည်။ လူတိုင်းက အရမ်းမောနေပေမယ့် စိတ်လှုပ်ရှားနေကြသည်။ အထူးသဖြင့် လုချီဟွာ

လက်ထဲက ပန်းငါးကြွင်းကို တွေ့လိုက်တဲ့ အချိန်ဖြစ်သည်။ ယောကျ်ားလေးတွေကတော့ ပန်းငါးကြွင်းကို ရလိုက်သလို အချင်းချင်း ဂုဏ်ပြုနေကြသည်။

"မင်းတို့ပါလား"

လီရွှန်ဂန် မျက်နှာပေါ်တွင် အနေရခက်တဲ့ ပုံစံ ဖြစ်နေသည်။ လူသားမျက်နှာချောက်ထဲက အရှက်ရစရာ ကောင်းတဲ့ ကိစ္စကို ပြန်အမှတ်ရလာသည်။

"ဟမ်၊ မင်းတို့လေးယောက်ပဲလား"

ချင်ချင်က နားစွင့်ပြီး ဂရုတစိုက် နားထောင်လိုက်သည်။

"ချောင်ဒင်က ကျောင်းသားတွေပဲ"

လီရှန်ဂန်တို့ အဖွဲ့ကို မြင်ပြီး လီဇီချီ သက်ပြင်းချလိုက်သည်။ ကံကောင်းထောက်မစွာ မာရှောင် ဒါမှမဟုတ် ကောင်းကင် သစ်ခွ အကယ်ဒမီ မဟုတ်လို့ တော်သေးသည်။ တခြားကျောင်းသားအဖွဲ့တွေဆို ထိပ်တိုက် တိုက်ခိုက်လို့ရသည်။

“ဘာပြောချင်တာလဲ။ ငါတို့ကို အထင်သေးနေတာလား”

ချိုင်ယောင်က ဒေါသတကြီး ပြောလိုက်သည်။

“မင်းတို့မှာ အထင်ကြီးစရာ အချက်ရှိလို့လား။ မင်းတို့ထဲက တချို့ကို ငါတို့ကယ်ခဲ့တာ မမေ့ပါနဲ့”

လုချီဟွာက ပြန်ငြင်းသည်။ သူတို့ မျက်နှာပိုတောင် ဆိုးဝါးသွားသည်။ လီရှန်ဂန်က လူတိုင်းကို မငြင်းကြရန် အချက်ပြလိုက်သည်။

"သုံးယောက်နဲ့ နှစ်ဆယ်။ မင်းတို့တွေ မနိုင်နိုင်ဘူး။ ပန်းငါးကြွင်း ထားခဲ့ပြီး မင်းတို့တွေ ထွက်သွားလို့ရတယ်"

"ဒီက ကျောင်းသားသုံးယောက် ၊ ငါတို့အားလုံးက သေခြင်း ရှင်ခြင်းစာချုပ်ကို လက်မှတ်ထိုးခဲ့တာ မမေ့ပါနဲ့။ မင်းတို့ကို သတ်လိုက်ရင်တောင် တာဝန်ယူစရာ မလိုဘူး"

ဝူရန်က ခြိမ်းခြောက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာဖြစ်လို့ ပေါက်ကရ စကားတွေ ပြောနေတာလဲ။ သူတို့ဆီက ပန်းငါးကြွင်းကို လုလိုက်ရုံပဲလေ"

ချင်ချင် စိတ်မရှည်တော့ပါ။ ဗိုုင်းတွေ အများကြီး) ဘယ်လိုနည်းနဲ့ ထိန်းချုပ်ခဲ့တာ မသိပေမယ့် မင်းတို့ လုုပ်ဆောင်မှုက ငါတို့အတွက် အကျိုးရှိတယ်(

အခုအချိန်သာ ပြန်သွားရင် ထိပ်ဆုံး ဆယ်သင်းထဲ သေချာပေါက် ဝင်နိုင်သည်။ ထိပ်ဆုံးငါးသင်းတောင် ဖြစ်နိုင်သည်။

"ဘိုင်ဝူ၊ ပန်းငါးကြွင်းကို ယူပြီး အရင်သွားနှင့်"

လီဇီချီသည် လုချီဟွာ ဆီက ပန်းငါးကြွင်းကိုယူကာ အင်ဘိုင်ဝူ ခါးပတ်ပေါ်တွင် ချည်ပေးလိုက်သည်။ အဲဒီနောက် ဝိညာဉ်တက်တူး စာရွက်ကို ထုတ်ယူလိုက်သည်။ လုချီဟွာက ခါးဆွဲထုတ်ပြီး လီဇီချီ အရှေ့မှာ ပိတ်ရပ်လိုက်သည်။

'မှန်တယ်"

အင်ဘိုင်ဝူက လေဘုရင်နတ်ဘုရား ခြေလှမ်းကို ထုတ်သုံးလိုက်သည်။ မျက်စိတမှိတ်အတွင်းမှာ မီတာ သုံးဆယ်ကျော်လောက် ရောက်သွားသည်။

"အရမ်း မြန်တယ်"

ကျောင်းသားတွေ မပြောနဲ့ ဆရာတွေတောင် အံ့အားနေကြသည်။ ဒီလှုပ်ရှားမှု ကျင့်စဉ်က အနည်းဆုံး သာလွန်ကောင်းကင် အဆင့် ရှိသည်။

"ချင်ချင်၊ ဝူရန်၊ သူ့မနောက်ကို မြန်မြန်လိုက်"

လီရွှန်ဂန်က ကျောင်းသားများကို အမြန်ဆုံး နှုန်းနဲ့ ရွေးလိုက်သည်။ အဲဒီနောက်သူက "မင်းပြေးရဲရင် ဒီမိန်းကလေးနှစ်ယောက်ကို ခြေတွေလက်တွေ ချိုးပစ်လိုက်မယ်။ ပြောတဲ့ အတိုင်း လုပ်မှာနော်"

"သွား"

လီရှွန်ဂန်သည် အင်ဘိုင်ဝူကို ဖိအားပေးချင်တဲ့အတွက် လီဇီချီနှင့် လုချီဟွာကို ဓါးစာခံ အနေနဲ့ ဖမ်းချင်နေသည်။ ပထမအချီတွင် မအောင်မြင်သောကြောင့် လီရှွန်ဂန်သည် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အချက်အလက်များကို စစ်ဆေးခဲ့သည်။ ဒီမိန်းကလေးတွေက ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် ဖြစ်တယ်ဆိုတာ သူသိနေသည်။ ဒီအတိုင်းဆိုလျှင် ပြေးတဲ့လူက ညာတာ သနားမှုကင်းမဲ့ကာ သူမရဲ့ ပညာသင်ဘက် ညီမများ၏ ဘေးကင်းမှုကို လျစ်လျူရှုမှာ မဟုတ်တာ သေချာသည်။ လီရှွန်ဂန်သည် သူ့ကိုယ်သူ

အဆင့်အတန်း မြင့်တယ်လို့ ခံယူထားသောကြောင့် ကိုယ်တိုင် မတိုက်ခိုက်ပါ။

ဒါပေမယ့် ချိုင်ယောင်နှင့် ကျန်တဲ့လူတွေက စိတ်မရှည်တော့ပါ။ ပြင်းပြင်းထန်ထန်ကို ပြေးဝင်သွားကြသည်။ လီဇီချီက ပေါက်ကွဲမီးတောက်ဝိညာဉ် တက်တူးကို ဆုတ်ဖြဲလိုက်သည်။ မီးလျှိုင်းတွေပေါ်လာပြီး မီးလုံးတစ်ခု ဖြစ်သွားသည်။ လီဇီချီရဲ့ ထိန်းချုပ်မှုအောက်တွင် ချိုင်ယောင်ဆီ ပြေးထွက်သွားသည်။

ဟူး

အုန်းသီးအရွယ် မီးလုံးကြီးသည်

မျက်စိတမှိတ်အတွင်းမှာ ချိုင်ယောင် အရှေ့သို့ ရောက်လာသည်။ ရှောင်ချင်သော်လည်း အချိန်မရှိတော့ပါ။ ဒါကြောင့် လက်နက်ဖြစ်သာ ကာကွယ်လိုက်ရသည်။

ဘုန်း

မီးလုံး ပေါက်ကွဲသွားပြီး မီးပွားများ နေရာအနှံ့သို့ ပျံ့နှံ့သွားသည်။ ပြင်းထန်လှတဲ့ ရှတ်တရက် သက်ရောက်မှုကြောင့် ချိုင်ယောင် အဝေးသို့ လွင့်ထွက်သွားသည်။

ဘုန်း

ချိုင်ငယောင်သည် အနီးမှာရှိတဲ့ ချုံပုတ်ထဲသို့ ပြုတ်ကျသွားပြီး နာကျင်တဲ့ အမူအရာနဲ့ အော်ဟစ်နေသည်။ ခန္ဓာကိုယ် မီးလောင်ကျွမ်းရာတွေနဲ့ မည်းမှောင်နေသည်။ ဒီမြင်ကွင်းကြောင့် တခြားကျောင်းသားများ တုန်လှုပ်သွားသည်။

"ဒီလောက် သန်မာတာလား"

လီဇီချီ အရှေ့မှာ မီးလုံး ထပ်ပေါ်လာလျှင် လူတိုင်း မနေးကွေးရဲတော့ပါ။

ဒီအခြေအနေတွင် မြန်မြန်မပြေးနိုင်တဲ့ကောင်က ကံဆိုးတဲ့ ကောင်ပဲ ဖြစ်လိမ့်မည်။

"ဒီမိန်းကလေးရဲ့ ဝိညာဉ်တက်တူး အရည်အချင်းက အရမ်းမြင့်မားတယ်"

ချူရီ အံ့အောတုန်လှုပ်နေသည်။

"ဒါက ဘာဝိညာဉ်တက်တူးလဲ။ ဘာဖြစ်လို့ အရင်က မမြင်ဖူးရတာလဲ"

ဇန်ဂျူရန် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ သူတို့နှစ်ယောက်သည် ချောင်ဒင် အဖွဲ့ကို ဦးဆောင်တဲ့ ဆရာတွေ ဖြစ်သည်။ ဝိညာဉ်တက်တူးအကြောင်းကို

အနည်းငယ် သိသည်။ ဒီအရာများကို မြင်လိုက်လျှင် သူတို့မျက်နှာတွင် စိတ်ရှုပ်ထွေးမှုများနဲ့ ပြည့်နှက်နေသည်။

“ဒါက ကောင်မလေး ဖန်တီးထားတဲ့ ဝိညာဉ်တကော်တူး အသစ်ဖြစ်နေမလား”

ဇန်ဂျူရန် ခန့်မှန်းလိုက်သည်။

“မင်းတို့ စိတ်ပျက်သွားပြီလား"

ချူရီ မျက်လုံးပြူးသွားသည်။

အဲဒီအချိန်တွင် ထူထပ်တဲ့ တောအုပ်ထဲက ကြောက်ခွဲဖွယ် အော်သံတစ်ခု ထွက်ပေါ်လာသည်။

ဆရာ လေးယောက်ရဲ့ မျက်နှာ အမူအရာပျက်သွားသည်။ သူတို့ထဲက တစ်ယောက် ချက်ခြင်း ပြေးသွားသည်။

မေးစရာတောင် မလိုဘူး။ လေးကိုင်ထားတဲ့ မိန်းကလေးကြောင့် ကျောင်းသားတစ်ယောက် ဒဏ်ရာ ရသွားသည်။

“အမှိုက်”

လီရှန်ဂန်သည် အော်သံကို ကြားပြီးနောက် စိတ်မထိန်းနိုင်တော့ပါ။ လီဇီချီဆီသို့ တိုက်ရိုက်

ပြေးဝင်သွားပြီး သူမကို အရင်ဖမ်းထားရန် ပြင်လိုက်သည်။

ဟူး

မီးလုံးသည် လီရွှန်ဂန်ဆီသို့ ပြေးဝင်လာသည်။

တိုင်ခိုက်ဖို့ ပြင်ဆင်နေတဲ့ လီရွှန်ဂန် ခေါင်းငုံ့လိုက်သည်။ အဲဒီနောက် မီးလုံးက သူ့မျက်နှာနားကနေ လေချွန်သံပေးပြီး ဖြတ်သန်းသွားသည်။ ပူပြင်းတဲ့ အပူချိန်ကြောင့် ဆံပင်တွေ အနည်းငယ် တွန့်လိမ်သွားသည်။

ဘုန်း

မီးလုံးကြီးက လူတစ်ဖက်စာလောက်ရှိတဲ့ အပင်ရဲ့ ပင်စည်ကို ထိမှန်သွားကာ ပေါက်ကွဲပြီး အပိုင်းပိုင်း အစစ ဖြစ်သွားသည်။

"ငါတို့အနားကို လာဖို့ မစဉ်းစားနဲ့"

လုချီဟွာက ခါးကို ဖော့ယမ်းပြီး လီရှန်ဂန်ကို ပိတ်ဆို့ရန် ရှေ့သို့ လျှောက်သွားသည်။

"သူတို့ အတူတူ ပြေးတော့မယ်"

ကျောင်းသားတစ်ယောက် အော်ဟစ်လိုက်သည်။ ဒီအခွင့်အရေးကို အသုံးချပြီး လီဇီချီက နောက်ထပ် မီးလုံး တစ်လုံး ပစ်လွှတ်လိုက်သည်။

“ရှောင်ကြ”

လီရှန်ဂန်က ဓါးကို ဝှေ့ယမ်းပြီး လုချီဟွာနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

ဒင်

လုချီဟွာသည် ထိပ်တိုက် ထိတွေ့မှုကြောင့် တုန်ခါသွားသည်။ အရင်နေရာသို့ အတင်း ပြန်ဆုတ်လိုက်ရသည်။

“နောက်ကျသွားပြီ”

လီရှန်ဂန် မျက်နှာပေါ်တွင် မခန့်လေးစားတဲ့ အပြုံးတစ်ခု ပေါ်လာသည်။ သို့သော်လည်း လီဇီချီကို

လှမ်းကြည့်လိုက်လျှင် နောက်ထပ် ဝိညာဉ်တက်တူး တစ်ရွက်ကို ဆုတ်ဖြဲနေတာ မြင်လိုက်ပြီး မျက်နှာ အေးခဲသွားသည်။

ဝိညာဉ်တက်တူး စာရွက် ဆုတ်ပြဲသွားပြီးနောက် မီးလှိုင်းများ မပေါ်လာပါ။ အဲဒီအစား ပျက်တောင်းပျက်တောင်း လျှပ်စီးကြောင်းများ ပေါ်လာကာ နာနတ်သီးအရွယ် လျှပ်စီး စက်လုံးများ ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလျှပ်စီး စက်လုံးများကို လီဇီချီ ထိန်းချုပ်စရာမလိုပါ။ သူတို့က တည်ငြိမ်လျှပ်စီးဓါတ်ကို အာရုံခံကာ အနီးဆုံး ရန်သူဆီ တိုက်ရိုက် ပြေးဝင်သွားလိမ့်မည်။

လီရှန်ဂန်အတွက်တော့ ကြေကွဲစရာ အကောင်းဆုံး ဖြစ်သည်။ သူသည် လီဇီချီနှင့် အရမ်းနီးကပ်နေသဖြင့် အချိန်မှီ မရှောင်နိုင်ဘဲ ခေါင်းတည့်တည့်ကို လျှပ်စီး စက်လုံး နှစ်ခု ထိမှန်သွားသည်။

ခရက်

အပြာရောင် လျှပ်စီးကြောင်းက လီရှန်ဂန်ရဲ့ ခန္ဓာကိုယ်ကို ထိမှန်သွားပြီး အနက်ရောင် ပြောင်းသွားသည်။ မီးခိုးတွေ အူထွက်ပြီး မြေပေါ်လဲကျသွားသည်။ သေလား၊ ရှင်လား ဆိုတာတောင် မသိရပါ။

"လီရှန်ဂန်"

ချူရီ အရမ်းတုန်လှုပ်ပြီး ပြေးထွက်သွားသည်။

"မင်းက တိုက်ပွဲကို ဝင်စွက်ဖက်ချင်တာလား"

ဆွန်းမိုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ပြိုင်ပွဲရဲ့ စည်းမျဉ်းအရ တိုက်ပွဲတွေကို ဆရာတွေက ရည်ရွယ်ချက်ရှိရှိ ဝင်စွက်ဖက်လို့ မရပါ။ ဥပမာ အခုအချိန်တွင် လီဇီချီက လီရွန်ဂန်ကို ဓါးစာခံအနေနဲ့ ဖမ်းထားပြီး ကျန်တဲ့လူများကို ခြိမ်းခြောက်ကာ ပြန်ဆုတ်ခိုင်းနိုင်သည်။

"ငါ...လို.."

ချူရီ ဆဲဆိုလိုက်သော်လည်း မလှုပ်ရှားပါ။

"ဒါက ဘာဝိညာဉ်တက်တူး ထပ်ဖြစ်ပြန်ပြီလဲ"

ဇန်ဂျူရန် အံ့အောတုန်လှုပ်သွားပြန်သည်။ ဝိညာဉ်တက်တူး လေ့လာတဲ့နေရာမှာ)

ငါ့အရည်အချင်းက မဆိုးဘူးလို့ ထင်တာပဲ။ ဝိညာဉ်တက်တူး တစ်ထောင်ကျော်ကို အလွတ်ကျက်ထားတယ်။ ဒါပေမယ့် ဒီလိုပုံစံမျိုး တစ်ခါမှ မတွေ့ဖူးဘူး(

"ချီဟွာ လျှပ်စီး ကာကွယ်ခြင်း တက်တူးကို အသုံးပြုပါ"

လီဇီချီက ညွှန်ကြားလိုက်သည်။

လုချီဟွာက ချက်ခြင်းပဲ ဝိညာဉ်တက်တူးကို ထုတ်ယူပြီး ဆုတ်ဖြဲလိုက်သည်။ အဲဒီနောက်မှာ

လျှပ်စီး စက်လုံး ငါးခု သူမဘေးနား ကြုံသလို ဝဲပျံနေသည်။

ချောင်ဒင်က ကျောင်းသားများသည် လီရွှန်ဂန်ရဲ့ ကြေကွဲဖွယ် အဖြစ်ဆိုးကို မြင်ပြီး ဘာလုပ်ရမှန်း မသိအောင် ငြိမ်သက်သွားကြသည်။

“မင်းတို့ အားလုံးကို သတ်မယ်"

ချိုင်ယောင်က ပြင်းထန်တဲ့ နာကျင်မှုကို ကြိတ်ခံရင်း ပြေးတက်လာသည်။ အဲဒီနောက် လီဇီချီဆီ တိုက်ရိုက် ပြေးဝင်လာသည်။ သို့သော်လည်း

လီဇီချီနဲ့ သုံးမီတာ အကွာကို ရောက်တာနဲ့ လျှပ်စီးကြောင်းများ ပေါ်လာသည်။ ရွှတ်စ် ရွှတ်စ်

ဘုန်း

ချိုင်ယောင် ရိုက်ခတ်ခံရကာ လွင့်စင်ထွက်သွားသည်။ လောင်ကျွမ်းပြီး အနက်ရောင် ပြောင်းသွားသည်။

"အခွင့်အရေးပဲ"

လီဇီချီ အနားတစ်ဝိုက်မှာရှိတဲ့ လျှပ်စီးစက်လုံးများ မရှိတော့တာ ကျောင်းသား တစ်ယောက် မြင်လိုက်သည်။ ဒါကြောင့် ချက်ခြင်း ပြေးလာသည်။

သူက ညှာတာမှုကို မပြဘဲ လီဇီချီ လက်မောင်းကို ဓါးနဲ့ ခုတ်လိုက်သည်။

(မသန်မစွမ်းဖြစ်အောင် မင်းရဲ့ လက်တစ်ဖက်ကို အရင်ဖြတ်လိုက်မယ်(

လီဇီချီက ဘယ်လက်ကို ဆန့်ရင်း နောက်ဆုတ်သွားသည်။ လက်ဖဝါးနဲ့ ကျောင်းသားကို ချိန်ရွယ်ထားသည်။

"ဘာကြီးလဲ"

ကျောင်းသားလေး မျက်မှောင် ကြုတ်သွားသည်။

လေစွမ်းအားတွေ စုစည်းပြီး ဖောက်ထွင်းမြင်ရတဲ့ လေကျည်ဆန်တစ်ခု ဖြစ်ပေါ်လာသည်။ ကျယ်လောင်တဲ့ ပေါက်ကွဲသံနဲ့အတူ ဒုံးပျံကဲ့သို့ ပေါက်ကွဲ ထွက်ပြေးသွားသည်။

ဘုန်း

လေကျည်ဆန်က ကျောင်းသားရဲ့ ခေါင်းကို ဖောက်ထွက်ကာ ပုခုံးကို ဆက်တိုက် ထိမှန်ပြီး ပေါက်ကွဲထွက်သွားသည်။

သက်ရောက်မှုက လက်တစ်ခုလုံး တန်းကြေမွသွားပြီး သွေးနှင့် အသားများက အနီးအနားတစ်ဝိုက်ကို ပျံ့ကြဲသွားသည်။

“အား........”

ကျောင်းသားလေးသည် အော်ဟစ်က မြေပေါ်သို့ လဲကျသွားသည်။ သူ့အမူအရာက ဝေဒနာ ခံစားရပြီး မှိန်ဖျော့သွားသည်။

ရှုတ်စ်

အားပေးပြီး အော်ဟစ်လာကြတဲ့ ကျောင်းသားများလည်း တုန့်ဆိုင်းသွားသည်။

လီဇီချီက ညာဖက်လက်ဖဝါးကို မြှောက်ပြီး အမျိုးသမီး ကျောင်းသူ တစ်ဦးအား ချိန်ရွယ်လိုက်သည်။

အဲဒီကျောင်းသူလေးသည် ချက်ခြင်းပဲ သစ်ပင်နောက်သို့ ပြေးဝင်ကာ ကြောက်လန့်တကြား ပုန်းခိုနေသည်။

"ဒါက ဘာလဲ"

ဇန်ဂျန်ရန် ခေါင်းကျိန်းသလို ခံစားလိုက်ရသည်။ ဒီလို တိုက်ခိုက်မှုမျိုးကို တစ်ခါမှ မမြင်ဖူးပါ။ မီးလုံးတွေ၊ လျှပ်စီးလုံးတွေနှင့် လေကျည်ဆန်

တွေတောင် ပါသေးသည်။ အခြေခံအားဖြင့် လီဇီချီ အနားကို တစ်ယောက်မှ မကပ်နိုင်ကြပါ။

သူမရဲ့ ပြိုင်ဘက်တွေက တိုက်ခိုက်ရေး အတွေ့အကြုံရှိတဲ့ ကျောင်းသားအသစ်တွေ ဖြစ်ပါက သူမရဲ့ တိုက်ခိုက်မှုကြားတွင် တိုက်စစ် ဆင်နိုင်အုံးမည်။ သို့သော်လည်း ချောင်ဒင်က ကျောင်းသားများက အဲဒီလို မလုပ်ကြပါ။ သတ္တိတွေပျောက်ပြီး ကြောက်လန့်နေကြသည်။

"မသတ်ချင်ဘူးနော်။ ငါ့ကို အတင်းဖိအား မပေးနဲ့"

လီဇီချီကို လန့်ဖြတ်ပြီး လူတွေက စိုက်ကြည့်နေကြသည်။ နောက်ကျောမှာရှိတဲ့ သူမလက်ထဲတွင် လျှို့ဝှက်ဆန်းကြယ်တဲ့ နောက်ထပ် အပြာရောင် လျှပ်စီးကြောင်းတစ်ခုက တောက်ပနေသည်။

သူတို့အားလုံး တိတ်ဆိတ်နေကြသည်။ အဲဒီအချိန်တွင် သစ်ရွက်ခြောက်တွေကို နင်းချေလာတဲ့ အသံက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။

"အဖွဲ့ခေါင်းဆောင်၊ သူမ နောက်တစ်ကြိမ် ပြန်လာပြီ။ မြန်မြန်တားလိုက်ပါ"

လူတိုင်းလှည့်ကြည့်လိုက်လျှင် ခုနတုန်းက ထွက်သွားတဲ့ အင်ဘိုင်ဝူကို မြင်လိုက်ရသည်။ သူမက သစ်ကိုင်းတစ်ခုပေါ်တွင် ရပ်ပြီး လေးနဲ့ ပြင်းပြင်းထန်ထန် ပစ်ခတ်လိုက်သည်။

ရှွတ်စ်

မြှားတွေက ထိုးဖောက်ဝင်ရောက်လာသည်။ ပစ်မှတ်များကို မထိမှန်သော်လည်း ကျောင်းသားတွေကို ပုန်ခိုအောင်တော့

ဖိအားပေးနိုင်ခဲ့သည်။ ဒီအခိုက်အတန့်တွင် ချောင်ဒင်က ကျောင်းသားများသည် ဒီမိန်းကလေးက ပြေးဖို့ လုံးဝ မစီစဉ်ထားတာကို သဘော ပေါက်လိုက်သည်။ အဲဒီအစား အင်ဘိုင်ဝူရဲ့ လျှင်မြန်မှုကို အသုံးချကာ သူမကို လိုက်ဖမ်းတဲ့လူတွေအား တိုက်ခိုက်ရန် စီစဉ်ခဲ့ကြသည်။

"တောက်၊ လျှော့တွက်လိုက်မိပြီ"

ကျောင်းသားတွေသည် ဒေါသတကြီး တန်လှုပ်နေသည်။ ဒါပေမယ့် သူတို့ရဲ့ လူတွေက

အလဲလဲကွဲကွဲနဲ့ ဒဏ်ရာရနေသလို လီဇီချီ၊ လုချီဟွာနှင့် အင်ဘိုင်ဝူတို့ အနီးအနားတွင် လျှပ်စီး စက်လုံးများကို တွေ့နေရသည်။ သူတို့ စိတ်ဓါတ် တော်တော်ကျသွားသည်။ ဒါတွေနဲ့ဆို ဘယ်လိုတိုက်ခိုက်ရမှာလဲ။

အခန်း (၃၅၇) - အကြွင်းမဲ့ ယုံကြည်ခြင်း။

"ဆရာ ဒီမိန်းကလေးရဲ့ မြွားပစ်စွမ်းရည်က တော်တော်လေးကို အထင်ကြီးဖို့ကောင်းတယ်။ သူမကြောင့် လူသုံးယောက် ဒဏ်ရာ ရခဲ့ပြီ။ ဝူဖန်ကတော့ သေလား၊ ရှင်လားတောင် မသိရသေးပါဘူး"

ချင်ချင်က အင်ဘိုင်ဝူကို စိုက်ကြည့်ပြီး ပြောနေသည်။ သူ့ရဲ့ လေသံထဲတွင် ဒေါသတရားတွေနဲ့ ပြည့်နှက်နေသည်။ သို့သော်လည်း မျက်နှာပေါ်တွင် ဖုံးကွယ်ထားတဲ့ အကြောက်တရားကို မြင်နေရသည်။ ပါရမီရှင်တစ်ယောက်နဲ့ တိုက်ပြီးမှပဲ ဘယ်လောက် ကြောက်ဖို့ကောင်းလဲဆိုတာ သိလာရသည်။

သူတို့က အဆင့်တူတဲ့ ပြိုင်ဘက် အားလုံးကို ချေမှုန်းနိုင်သည်။

သူတို့ အရေအတွက် သာလွန်နေလို့ပါ။ ဒီလိုမှမဟုတ်ရင် ဒီမိန်းကလေးက လူတိုင်းကို

တစ်ယောက်တည်းနဲ့ သတ်ပစ်နိုင်သည်။ ဒါကို ချင်ချင် ယုံကြည်နေသည်။

ချင်ချင်ရဲ့ စကားကြောင့် ကျောင်းသားတွေ ပိုလို့တောင် စိတ်ဓါတ်ကျလာသည်။ အခုအခြေအနေက သိသာနေသည်။ ကံဆိုးတဲ့လူကတော့ ခေါင်းကို မြှားမှန်လိမ့်မည်။

“မင်းတို့က တိုက်ခိုက်အုံးမှာလား။ မတိုက်ခိုက်တော့ဘူးလား။ မတိုက်ခိုက်တော့ဘူး ဆိုရင်လည်း ငါတို့ ထွက်သွားတော့မယ်”

လုချီဟွာက မေးလိုက်သည်။ ဒီမှာနေရတာ ပျင်းဖို့ကောင်းလွန်းသည်။

လုချီဟွာက ပေါ့ပေါ့ပါးပါးပဲ မေးလိုက်ခြင်းဖြစ်သည်။ လှောင်ပြောင် အရှက်ခွဲရန် စိတ်ကူးမရှိပါ။ ဒါပေမယ့် ချောင်ဒင် ကျောင်းသားများရဲ့ နားထဲတွင် အနှိုင်းမဲ့ အရှက်ခွဲမှု တစ်ခုဖြစ်သွားသည်။

"သွားကြစို့"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ ဒီကျောင်းသားတွေမှာ တိုက်ပွဲဝင်စိတ် ပျောက်ဆုံးနေပြီ။ အခုတော့ ဘာမှ မခြိမ်းခြောက်နိုင်တော့ပါ။

"ခဏနေအုံး"

ဇန်ဂျူရန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူက ခြေလှမ်းအနည်းငယ်နဲ့ ကျော်တက်လာပြီး ဆွန်းမို လမ်းကြောင်းကို ပိတ်ရပ်လိုက်သည်။

"ဒီဆရာ၊ ပြိုင်ပွဲ စည်းမျဉ်းအရ ကျောင်းသားတွေနဲ့ တိုက်ခိုက်လို့ မရဘူး"

လီဇီချီက သူ့ကို သတိပေးလိုက်သည်။

"ဒါပေမယ့် ငါက တခြားနဲ့ တိုက်ခိုက်လို့ရတယ်"

ဇန်ဂျူရန်က ဆွန်းမိုကို ရက်စက်လိုတဲ့ အကြည့်နဲ့ စိုက်ကြည့်ပြီး ပြောလိုက်သည်။

ကျောင်းသား အများအပြား ထိခိုက်ဒဏ်ရာရပြီးနောက် အရန်အင်အားကို အသုံးပြုနိုင်သော်လည်း သူတို့ရဲ့ ခွန်အားက သိသိသာသာကို ကျဆင်းသွားလိမ့်မည်။ ချောင်ဒင်အကယ်ဒမီ အမြင့်ကို တက်လှမ်းမယ့် လမ်းကြောင်း ပျောက်သွားလိမ့်မည်။

အဆိုးဆုံးကတော့ ကျောင်းရဲ့ အဆင့်တောင် ကျဆင်းသွားနိုင်သည်။

ဒီဆရာလေးယောက်အတွက်တော့ ဒါက ရက်ဖို့အကောင်းဆုံး ဖြစ်နေသည်။ ဒါကြောင့်

ဇန်ဂျူရန်သည် မျက်နှာ ပြန်လိုချင်နေသည်။ ဆွန်းမိုကို ပြတ်ပြတ်သားသား အနိုင်ယူချင်သည်။

ဆွန်းမိုက ဇန်ဂျူရန်ရဲ့ ရည်ရွယ်ချက်ကို နားလည်ပြီး သူ့နှုတ်ခမ်း ကွေးသွားသည်။

"မင်းတို့ အားလုံး အတူတူ တက်လာချင်လား ဒါမှမဟုတ် တစ်ယောက်ခြင်း တက်လာချင်လား"

"တစ်ယောက်ခြင်းပဲ"

ဇန်ဂျူရန်သည် ပြောပြီးတာနဲ့ ဓါးဆွဲထုတ်ပြီး ဆန်းမို ဆီ ပြေးသွားသည်။ တကယ်တော့ လူတိုင်း

ဝင်ပြီး တိုက်ခိုက်ချင်ပေမယ့် ကျောင်းသားတွေ အရှေ့မှာ မျက်နှာ မပျက်ချင်ပါ။

ဆွန်းမိုက နတ်ဘုရား မျက်စိအာရုံကို အသုံးပြုပြီး ဇန်ဂျန်ရန်၏ အချက်အလက်ကို စစ်ဆေးလိုက်သည်။

အသက် ၂၁ နှစ် ၊

သွေးလောင်ကျွမ်းခြင်း အဆင့်(၅)၊ ဆန်းကြယ်ကမ္ဘာအဆင့် ရွှေမြွေခါးကျင့်စဉ်။ အသေးစား အောင်မြင်မှု။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ဇန်ဂျူရုန်၏ ထက်မြတဲ့ ဓါးက ရုတ်တရုတ် ထွက်လာသည်။ တိုက်ခိုက်မှုတိုင်းတွင် လေချွန်သံများ မြည်နေသည်။ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင် စကားပြောနေသလိုပါပဲ။

“ဆရာ၊ မင်းကို အားပေးနေတယ်”

“သူ့ကို သတ်”

“ချောင်ဒင်ကပဲ သေချာပေါက် နိုင်လိမ့်မယ်”

ကျောင်းသားတွေက အော်ဟစ်နေကြသည်။ ဇန်ဂျူရုန် အပေါ်မှာ သူတို့ရဲ့ နောက်ဆုံး ဂုဏ်သိက္ခာကို လောင်းကြေးထပ်ထားသည်။

ဒါကြောင့်လည်း အထူးသဖြင့် ကျယ်လောင်စွာ အားပေးနေကြသည်။

"ဆရာက ရန်သူအားလုံးကို အောင်နိုင်တယ်"

လုချီဟွာကလည်း အော်ဟစ်ပြီး အားပေးနေသည်။ သူတို့ အရှိန်အဟုန်ကို အရှုံးမပေးနိုင်ဘူး။ (ဟွန့်၊ မင်းတို့ဘက်မှာ လူဆယ်ကျော်လောက် အားပေးနေလည်း အရေးမကြီးဘူး။ နောက်ဆုံးတော့ ငါက အကျယ်ဆုံးနဲ့ စာကြောင်း ပိုထည့်ပြီး အားပေးမယ်။)

ဆွန်းမိုက နောက်ဆုတ်နေပြီး ကာကွယ်ရေးကို အာရုံစိုက်ထားသည်။ ဒါကို မြင်လိုက်မှဘဲ ဇန်ဂျူရန်

စိတ်ထဲ ဝမ်းသာပြီး သက်ပြင်းချလိုက်သည်။ ဒီတိုက်ပွဲကို အောင်နိုင်လိမ့်မည်။ အများအားဖြင့်တော့ ဆရာတွေသည် ကျောင်းသားတွေအရှေ့မှာ မျက်နှာရခြင်ကြသည်။ အနိုင်မတိုက်နိုင်ရင်တောင် သူတို့ဘက်ကစပြီးပဲ တိုက်ခိုက်ချင်သည်။ ဆွန်းမိုလိုမျိုး ခုခံဖို့အတွက် ရွေးချယ်တဲ့ ဆရာများသည် ယုံကြည်ချက် အားနည်းခြင်း၊ ခွန်အား မရှိခြင်း ဒါမှမဟုတ် ခုခံမှုမှာ ကျွမ်းကျင်လို့ ဖြစ်နိုင်သည်။

“ဟွန့်၊ ငါ့ရဲ့ ရွှေမြွေခါး ကျင့်စဉ်ရဲ့ အားသာချက်က တိုက်စစ် အစွမ်းထက်တာပဲ။ ဒီလိုသာ ခုခံနေ တိုက်ပွဲတစ်ဝက်လောက်ဆို မင်းရှုံးပြီ”

ဇန်ဂျူရန်က အေးစက်စွာ နှာခေါင်း တစ်ချက်ရှုံ့လိုက်သည်။ အဲဒီနောက်မှာတော့ အချိန်တန်ပြီလို့ စဉ်းစားပြီး အကောင်ဆုံးသော တိုက်ကွက်ရဲ့ အစွမ်းကို ထုတ်ပြဖို့ ဆုံးဖြတ်လိုက်သည်။

ဆွန်းမိုကို စောစော ချေမှုန်းနိုင်လေလေ သူ့ကို ပိုအထင်ကြီးလေလေ ဖြစ်မည်။

ဒါကြောင့် ဇန်ဂျူရန်ရဲ့ လက်ကောက်ဝတ်များ လှုပ်ရှားသွားကာ ဓါးထဲကို ဝိညာဉ်ချီ ထည့်သွင်းလိုက်သည်။ ရွှေမြွေ၏ ဝိညာဉ်လုယက်ခြင်း။

ရွှတ်စ်

ဇန်ဂျူရန်၏ ဓါးသည် ချက်ခြင်း ရှည်ထွက်လာကာ ရွှေမြွေတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားပြီး ဆန်းမိုလည်းချောင်းဆီ ထိုးဖောက်ဖို့ ပြေးဝင်လာသည်။

“ဘာ”

လုချီဟွာ အံ့အော တုန်လှုပ်သွားသည်။ ဒီတိုက်ခိုက်မှုက နည်းနည်း ထူးဆန်းနေသည်။

"ဒါက ဆရာဇန်ရဲ့ အကောင်းဆုံးတိုက်ကွက်ဖြစ်တဲ့ ရွှေမြွေလုယက်ခြင်း တိုက်ကွက်ပဲ"

"သူပဲ သေချာပေါက် အနိုင်ရမလိမ့်မယ်"

ဆရာဇန်က ဒီတိုက်ကွက်ကို အားကိုးပြီး ပြိုင်ပွဲဝင်ဆရာတစ်ယောက် ဖြစ်လာခြင်း ဖြစ်သည်။ ချောင်ဒင်က ကျောင်းသားများသည် စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြသည်။ ဆွန်းမို လည်ချောင်းဖောက်ပြီး သနားစရာ ပုံစံ မြင်နေရသလို လုပ်နေကြသည်။

တကယ်လို့ လူတစ်ယောက်က လျှင်မြန်စွာ တိုက်ခိုင်ချင်လျှင် မျက်လုံးနဲ့ လက်၏ ပူးပေါင်းလုပ်ဆောင်မှုကလည်း မြန်ဆန်ရမည်။

ဇန်ဂျူရန်၏ လှုပ်ရှားခြင်း ခံယူချက်သည် အရမ်းပြင်းထန်သည်။ သူတိုက်လိုက်တဲ့အချိန်တွင် ဆွန်းမို မလှုပ်ရှားတာကို မြင်လိုက်ရသည်။ အနိုင်ရမှာ သိလိုက်ရသဖြင့် စိတ်အေးလက်အေး ဖြစ်သွားသည်။

ဒီတိုက်ပွဲကို သေချာပေါက် အနိုင်ရတော့မည်။

နောက်ဆက်တွဲ တိုက်ခိုက်မှုလား။

အခြေခံအားဖြင့်တော စဉ်းစားစရာတောင် မလိုပါ။ ကျန်တာက အောင်ပွဲခံပြီး ကျောင်းသားတွေ

အားကိုးတဲ့ ပုံစံနဲ့ တီးတဲ့ လက်ခုပ်သံကို နားထောင်ဖို့ပဲ လိုအပ်တော့သည်။

ဒင်

ဓါးက ဆွန်းမို လည်ချောင်းနဲ့ ထိသွားသည်။ သို့သော်လည်း စူးရှတဲ့ အသံကိုသာ ကြားလိုက်ရသည်။ ဓါးက မှန်နဲ့ ထိမိသလို ဖြစ်နေသည်။

“ဘာ”

ဇန်ဂျူရန် ဆိုးဝါးစွာ အံ့အောတုန်လှုပ်နေသည်။ ရှင်းရှင်းလင်းလင်း မြင်ရတဲ့အချိန်တွင် ဆွန်းမိုရဲ့ လက်နက်က သူ့ဆီကို လျှင်မြန်စွာ ပြေးဝင်လာတာ

မြင်လိုက်ရသည်။ ဒီတိုက်ခိုက်မှုက ကောင်းကင်မှာ ပျံသန်းနေတဲ့ မသေမျိုးတစ်ယောက်ရဲ့ တိုက်ခိုက်မှုနဲ့ တူနေသည်။ ဇန်ဂျူရန် ရှောင်ဖို့ တွေးနေတုန်း ပုခုံးမှာ ပြင်းထန်တဲ့ နာကျင်မှုကို ခံစားလိုက်ရသည်။

ဖူး

ဇန်ဂျူရန်၏ ပုခုံးကို ဆွန်းမိုက သစ်သားဓါးနဲ့ ထိုးလိုက်သည်။ အဲဒီနောက် အားပိုထည့်ကာ ဘေးသို့ လွှဲပြီး ဇန်ဂျူရန်ကို ခုတ်ချလိုက်သည်။

ဇန်ဂျူရန် မြေပေါ်သို့ လဲကျသွားသည်။

"ဆရာ.............."

ချောင်ဒင်မှ ကျောင်းသားများသည် အရမ်းတုန်လှုပ်ပြီး သူတို့ထဲမှ တချို့က ချက်ခြင်း ပြေးထွက်သွားသည်။

"နည်းနည်းလေး အထင်ကြီးဖို့ မကောင်းလွန်းဘူးလား"

ချူရီ ကြောင်နေသည်။ (ဒါက တကယ်ပဲ လျှပ်တပြတ် အနိုင်ယူခဲ့တာလား)

"ရွှေ....ရွှေနဂါး ကျင့်စဉ်လား""

ဇန်ဂျူရန် ပုခုံးမှာ အပေါက်တစ်ခု ဖြစ်နေသည်။ ဒါက အရမ်းနာကျင်သော်လည်း သူဂရုမစိုက်နိုင်ပါ။ ဆွန်းမိုကို ကြည့်လိုက် ဆွန်းမိုလက်ထဲက

သစ်သားခါးကို ကြည့်လိုက်နဲ့ အရမ်းကို တုန်လှုပ်ခြောက်ခြားနေသည်။ ချူရီထက်စာရင် ဇန်ဂျူရန်က ကျင့်စဉ် အပေါ်ကို ပိုပြီး အာရုံစိုက်နေသည်။ ရွှေမြွေ ခါးကျင့်စဉ်ကို ဘယ်လိုနားလည်ပြီး တိုက်ခိုက်မှုက ပြင်းထန်နေရတာလဲ။ ဒီနယ်ပယ်ကို သူရောက်နေတာ ငါးနှစ် ဒါမှမဟုတ် ဆယ်နစ်လောက်ရှိမည်။ ဒါပေမယ့် သူ့ရဲ့ ကျွမ်းကျင်မှုက တစ်ဖက်သားထက်စာရင် ပိုနိမ့်ကျနေသေးသည်။ ဒါကိုတွေးရင်း သိမ်ငယ်စိတ်ဝင်လာကာ အားငယ်တဲ့ အမူအရာ ပေါ်လာသည်။

“ငါ့ဆရာကို အနိုင်ယူဖို့လား။ မင်းတို့တွေ အတွေးလွန်နေပြီ”

လီဇီချီက လှောင်ပြောင်လိုက်သည်။ ဒီကျောင်းသားတွေရဲ့ အားပေးသံကို နားထောင်ပြီး မကျေမနပ် ဖြစ်နေခဲ့သည်။

“အားနည်တဲ့ ကြွက်ပေါက်လေးပဲ”

အင်ဘိုင်ဝူရဲ့ မှတ်ချက်က လိုရင်းတိုရှင်း ရောက်သည်။ ချူရီက ဆွန်းမို ထပ်ပြီးတိုက်ခိုက်မှာကို စိုးရိမ်ပြီး ဇန်ဂျူရန် အရှေ့မှာ ပိတ်ရပ်နေသည်။ သို့သော်လည်း သူအတွေးလွန်နေတာ သိသာသည်။

ဆန်းမိုသာ သတ်ချင်ရင် ချူရီတောင် အသက်ရှင်ဖို့ အခွင့်အရေး မရှိပါ။

“မင်းက ရွှေမြွေခါးကျင့်စဉ်ကို သေးငယ်တဲ့ အောင်မြင်ခြင်း အဆင့်အထိ ရောက်နေပြီပဲ မဆိုးပါဘူး”

ဆွန်းမိုက ချီးကျူးလိုက်သည်။

“မင်းက ငါ့ကို စော်ကားနေတာလား”

ဇန်ဂျူရန်က ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။ (ဆယ်နှစ်လောက် လေ့ကျင့်ထားပေမယ့် မင်းထက်နှိမ့်ကျတယ်)

"မဟုတ်ဘူး။ ငါပြောချင်တာက နယ်ပယ်အဆင့်မြင့်တဲ့ ကျင့်စဉ်တစ်ခုကို ပြောင်းလိုက်ရင် မင်းက ကြီးကြီး ကျယ်ကျယ် အောင်မြင်နိုင်တယ်လို့ ပြောမလို့ပါ"

ဆွန်းမိုက 'သူတုတ်နဲ့ သူ့ကို ပြန်ရိုက်ခြင်း' အကွက်ကို အသုံးပြုခဲ့သည်။ ဒါက သူတော်စင်အဆင့် ကျင့်စဉ်ဖြစ်ပြီး သူ့ရဲ့ ကျင့်ကြံအားထုတ်မှု၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအဆင့်ကို ပေါင်းစပ်ထားသည်။ သဘာဝအတိုင်း အစွမ်းထက်လာသည်။ အတိအကျပြောရလျှင်

ဒီဓါးတိုက်ခိုက်မှုသည် ဓါးကျင့်စဉ်ကို အသုံးပြုခြင်း မဟုတ်ပါ။

ဇန်ဂျူရန် ကြောင်သွားသည်။ (မင်းက ငါ့ကို လမ်းညွှန်ပေးနေတာလား) သူက အရမ်းရယ်စရာကောင်းတယ်လို့ ထင်ပေမယ့် ခဏလောက်ကြာတော့ ကို့ကိုယ်ကို လှောင်ပြောင်တဲ့ အကြည့်တစ်ခု ပေါ်လာသည်။

(အဆင့်မြင့် ဓါးကျင့်စဉ်ကို ရနိုင်ရင် ဘာဖြစ်လို့ ဒါကို လေ့ကျင့်မှာလဲ)

ဆွန်းမိုက ဇန်ဂျူရန် ဘာတွေးနေလဲဆိုတာ ချက်ခြင်း ရိပ်မိသွားသည်။ ဒါကြောင့် သူက

'မကြိုးစားကြည့်ဘဲနဲ့ မဖြစ်နိုင်ဘူးဆိုတာ ဘယ်လိုသိတာလဲ။ မင်းက ဒီ ရွှေမြွေဓါးကျင့်စဉ်ကို အရမ်းကြိုးစားပြီးလေ့ကျင့်ရင် အဆင့်မြင့်တဲ့ ဓါးကျင့်စဉ်တွေနဲ့ ကွာခြားချက်ကို လျော့ချနိုင်မယ် ထင်နေတာလား။ ဒါဆို မင်းလုံးဝ မှားနေပြီ။"

(မင်းရဲ့ ဓါးက ဘယ်လောက် ထက်မြနေပါစေ သေနတ်ကိုတော့ ယှဉ်လို့ မရဘူး) (ထိပ်တန်းအဆင့် ကျင့်စဉ်တွေက တောင်တွေ ရွှေ့ပြီး ပင်လယ်တွေကို မှောက်ပစ်လိုက်လို့ ရတယ်။ သာမန် ကျင့်စဉ်တစ်ခု ဒီလိုမျိုး လုပ်နိုင်ပါ့မလား)

ဇန်ဂျူရန် မျက်မှောင်ကြုတ်ပြီး တွေးတော ဆင်ခြင်နေသည်။ သူတကယ်ပဲ အဲဒီလို တွေးခဲ့သည်။ သူ့ရဲ့ကြိုးစားအားထုတ်မှု အပေါ် ရွှေမြွေခါးကျင့်စဉ်ရဲ့ အားနည်းချက်များကို ပြုပြင်ချင်ခဲ့သည်။

"မင်းရဲ့ အရည်အချင်းတွေကို မဖြုန်းတီးပါနဲ့"

ဆွန်းမို ညာတာ ထောက်ထားမှုကို မပြခဲ့ပါ။ ဒါပေမယ့် သူမြင်တဲ့ အချက်အလက်အရတော့ ဒီဆရာရဲ့ နှလုံးသားက နတ်ဆိုး မဆန်ပါ။ ဒီလိုမှမဟုတ်ရင် ထိခိုက်ဒဏ်ရာရနေတဲ့ ကျောင်းသားတွေကို ဂရုစိုက်မှာ မဟုတ်ဘူး။

“ငါ့နာမည်က ဇန်ဂျူရန်ပါ မင်းရဲ့ အကြံဉာဏ်ကြောင့် ငါ့မှာ အကျိုးရှိတယ်"

ဇန်ဂျူရန်က လက်သီးဆုပ်ပြီး အရိုအသေ ပေးလိုက်သည်။ ဒီဆရာနဲ့ နှိုင်းယှဉ်ရင်တော့ သူက မရင့်ကျက်သေးပါ။ ဆွန်းမိုကို ကြည့်လိုက်ပါအုံး၊ သူ့နှလုံးသား ဘယ်လောက်ကျယ်လဲ။ ပြီးခဲ့တဲ့ ရန်ငြိုးကိုပင် ဂရုမစိုက်တော့ဘူး။ တကယ်လို့ အရင်က ခါးထိုးခံရပါက ဆွန်းမို အသတ်ခံရမယ် ဆိုတာ မေ့ထားလို့မရပါ။

“ဒါက မြတ်ဆရာတစ်ယောက်ရဲ့ စိတ်နေစိတ်ထားလား”

ဇန်ဂျူရန်က သူ့ကိုယ်သူ ရေရွတ်လိုက်သည်။

ဒင်

ဇန်ဂျူရန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၀၀/၁,၀၀၀)

"သူတပါးကို နှိမ်နင်းရန် အကျင့်သီလ သုံးတယ်ဆိုတာ ဒါလား"

စနစ်ဆီက သတိပေးချက်ကို ကြားလိုက်လျှင် ဆွန်းမိုက ချူရီကို လှည့်ကြည့်လိုက်သည်။

"မင်းတိုက်ချင်သေးလား"

ရွတ်စ်

ကျောင်းသားတွေ အကုန်လုံးက လှမ်းကြည့်လိုက်သည်။

အမှန်တိုင်ပြောရလျှင် ချူရီ မတိုက်ခိုက်ချင်တော့ပါ။ သို့သော်လည်း သူက အဖွဲ့ခေါင်းဆောင် ဖြစ်ပြီး’ ကျောင်းသားတွေ အရှေ့မှာ သူ့ရဲ့ဘောကြောင်ကာ နောက်ဆုတ်လိုက်လျှင် ဘဝတစ်လျှောက်လုံး ခေါင်း မော့လို့ ရမှာ မဟုတ်တော့ပါ။

“စကား အများကြီး ပြောနေလို့လည်း မထူးဘူး။ ခွန်အားနဲ့ပဲ အရာအားလုံးကို ဆုံးဖြတ်လိုက်ကြတာပေါ့”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခဏလေးအတွင်းမှာပဲ သူတို့နှစ်ယောက် တိုက်ခိုက်ကြတော့သည်။

ကောင်းကင်ကြီးက မှောင်နေပြီ။ ဆွန်းမိုက အချိန်မဆွဲတော့ဘဲ ကျင့်စဉ်ကို ထုတ်သုံးတော့သည်။ ရလဒ်အနေဖြင့် ချောင်ဒင်က ကျောင်းသားများသည် လှပတဲ့ တိုက်ခိုက်မှုများကို မြင်လိုက်ရသည်။ လှပတဲ့ ယန်၊

ရေနဂါးရဲ ဟိန်းဟောက်သံ ၊

ဆယ်ယ်ရှစ်လုံး အမိန့်။

ကြက်သွေးရောင် နှုတ်ခမ်း၊

ညမှာ ငိုတဲ့ ကျီးကန်း၊
ဆောင်းဦး အရိပ်။

ဆွန်းမိုရဲ့ တိုက်ခိုက်မှုများက အပြစ်ကင်းစင်ရုံသာမက ကြီးမားတဲ့ စွမ်းအားများကိုလည်း ပိုင်ဆိုင်ထားသည်။ အရမ်းခမ်းနားလွန်းသဖြင့် ကျောင်းသားတွေသည် ချူရီကို အားပေးဖို့တောင် မေ့နေသည်။ သူတို့မျက်လုံးထဲတွင် အထိန်းအကွပ်မရှိ ထိတ်လန့်မှုသာ ပြည့်နေသည်။ စက္ကန့် အနည်းငယ်ကြာလျှင် “တကယ် တတ်ချင်လိုက်တာ’ ဆိုတဲ့စကားများ သူတို့စိတ်ထဲတွင် ပေါ်လာသည်။

ဘုန်း ဘုန်း ဘုန်း

မဲမှောင်တဲ့ တောအုပ်ထဲတွင်........................

ဆွန်းမိုရဲ့ သစ်သားဓါးက ချူရီကို ထိလိုက်တိုင်း ချူရီခေါင်းထက်တွင် ရွှေရောင် စာမျက်နှာ တစ်ခုပြီး တစ်ခု ပေါ်လာသည်။

ဆက်တိုက် တိုက်ခိုက်ပြီးနောက် ဆွန်းမိုက သူ့ရဲ့ အကောင်းဆုံး တိုက်ကွက်ကို ထုတ်သုံးလိုက်သည်။

ရွှေကျောက်စိမ်း ခေါင်ရန်းပန်း

ချူရီရဲ့ အရှေ့တွင် တောက်ပတဲ့ ခေါင်းရန်းပန်းကြီး နှစ်ပွင့် ပွင့်လာသည်။ အဲဒီနောက်တော့ သူ့တစ်ကိုယ်လုံးကို ပန်းပွင့်က ဖုံးလွှမ်းသွားသည်။

ရင်ဘက် နာကျင်သွားပြီး နောက်ပြန်ဆုတ်လိုက်ရသည်။

ဆွန်းမိုက လက်ကို ဆွဲလိုက်ရင် ရွှေရောင်စာမျက်နှာတွေက စာအုပ်တစ်အုပ် အဖြစ်ပေါင်းစပ်သွားသည်။

ဒင်

“နိမ့်ကျကောင်းကင်အဆင့် ကျင့်စဉ် - ကောင်းကင်တောင် ဓါးသွား ဆယ်နှစ်ခုကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ သင်ယူချင်လား”

“သေချာတာပေါ့”

ဆွန်းမို စိတ်ထဲမထားပါ။

ဖောက်

စာအုပ်သည် ရွှေရောင် အလင်းတန်အဖြစ်သို့ ပြောင်းသွားပြီး ဆွန်းမိုစိတ်ထဲ ဝင်သွားသည်။

ဒင်

“ကောင်းကင်တောင် ဓါးသွား ဆယ်နှစ်ခုကို တတ်မြောက်သွားတဲ့ အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှု အဆင့် - အခြေခံ အဆင့်”

အခြေခံအဆင့် မဆိုးဘူးပဲ။ ပြောချင်တာက နောင်တချိန်တွင် ဆွန်းမိုက ဒီကျင့်ကြံခြင်း ကျင့်စဉ်ကို ထပ်တွေ့ပါက ချက်ခြင်းမှတ်မိကာ သိုင်းကွက် အနည်းငယ်ကိုတောင် ထုတ်သုံးနိုင်လိမ့်မည်။

“အမ်”

ဆွန်းမိုက ဖုံးကွယ်ထားတဲ့ အချက်ကို သတိထားလိုက်မိသည်။ (ငါက တခြားသူတွေကို လိုက်တိုက်ခိုက်ပြီး ကျင့်စဉ်များကို အမဲလိုက်နေရင် ကျင့်စဉ် ပေါင်းစုံကို နားလည်ကာ စွယ်စုံကျမ်းအဖြစ် သိမ်းဆည်းထားနိုင်မှာပဲ)

“ဒီကျင့်စဉ်တွေအားလုံးကို အခြေခံအဆင့်အထိပဲ နားလည်ရင် အသုံးမဝင်ဘူး”

စနစ်က ရှင်းပြသည်။

“အဲဒီလို မတွေးနဲ့။ ကျင့်ကြံခြင်း ကျင့်စဉ်တွေကို သိရင် အားသာချက်နဲ့ အားနည်းချက်တွေကို

သိလိမ့်မယ်။ အဲဒါဆို ပြန်တိုက်ခိုက်ဖို့အတွက် ပိုကောင်းတဲ့နည်းကို စဉ်းစားလို့ ရပြီ”

ဆွန်းမိုက ပြန်ချေပသည်။

“ကျေးဇူးပြုပြီး မင်း အသုံးပြုနေတဲ့ ကျင့်စဉ်က သူတော်စင်အဆင့် ကျင့်စဉ်လေ တခြားကျင့်စဉ်တွေကို ဒဏ်ပြန် တိုက်ခိုက်ချင်နေတာလား။ မင်း ဓါးနဲ့ ခုတ်လိုက်လေ အရာအားလုံး ပြီးနေပြီ”

စနစ် ပြောစရာ စကားမဲ့သွားသည်။ ပြီးတော့ သူက ဆက်ပြီး “ဒီအမှိုက် ကျင့်စဉ်တွေနဲ့ အချိန်မဖြုန်းပါနဲ့။

ပြောလိုက်အုံးမယ်။ သူတော်စင်အဆင့်အောက်က ကျင့်စဥ်တွေအာလုံး အမှိုက်တွေချည်းပဲ”

“စာအုပ်တစ်ထောင် ဖတ်ခြင်းက မိုင်တစ်ထောင် ခရီးသွားခြင်းကို မယှဉ်နိုင်ဘူး။ အဲဒါတွေကို သင်ယူတဲ့နေရာမှာလည်း ငါ့မှာ အားနည်းချက် မရှိဘူး”

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် ၊ ငါက အဲဒါတွေကို သင်ယူဖို့အတွက် အချိန်ဖြုန်းစရာ မလိုဘူး မဟုတ်လား။ ချက်ခြင်း သင်ယူနိုင်တယ်လေ”

အများဆုံးကတော့ ကျွမ်းကျင်မှု အဆင့်မြင့်တင်ရန်အတွက် အချိန်တံဆိပ် ဝယ်လိုက်ဖို့ပဲ လိုအပ်သည်။

ချောင်ဒင်က ကျောင်းသားများသည် ချူရီ ရှုံးတာကို မြင်လည်း မထူးဆန်းတော့ပါ။ အမှန်ကတော့ မရှုံးသ၍ ဒီရလဒ်ရလာမယ်ဆိုတာ လူတိုင်း သိနေသည်။ အံ့ဖွယ်တစ်ခု ဖြစ်လာဖို့ပဲ မျှော်လင့်နိုင်သည်။ ချူရီ သွေးတစ်ချက်အန်ထုတ်ကာ သွားနှစ်ချောင်း ကျွတ်ကျသွားသည်။ သို့သော်လည်း သူက ဇန်ဂျူရန်ထက် အတွေ့အကြုံ ပိုများသည်။

"မင်းက သွေးလောင်ကျွမ်းခြင်း အဆင့် ဘယ်လောက်လဲ"

"ခုနစ်"

ဆွန်းမိုက ချူရီရဲ့အတွေးကို ခန့်မှန်းမိသောကြောင့် အမှန်တိုင်း မဖြေလိုက်ပါ။

"ဘယ်လောက်"

ချူရီ ရဲ့ အသံပြောင်းသွားပြီး မယုံကြည်နိုင်တဲ့ပုံစံ ဖြစ်သွားသည်။ ချွန်ထက်တဲ့ သစ်သားချောင်းက ထိုးဖောက်ဝင်ရောက်သွားသလို ခံစားရသည်။

ဆွန်းမိုက သူ့ထက် တဆင့်မြင့်နေရင်တောင် အနည်းဆုံးတော့ အရှက်ကွဲရ သက်သာသေးသည်။

ဒါပေမယ့် ဆွန်းမိုအဆင့်က ထင်ထားတာထက် ပိုမြင့်နေတယ်လို့ ဘယ်သူက ထင်မှာလဲ။ ချူရီက 'မင်းနောက်နေတာပဲလို့ ပြောလိုက်ချင်ပေမယ့်' အကျိုးအကြောင်း စဉ်းစားကာ မြို့သိပ်လိုက်သည်။ အဲဒီနောက်မှာ စိတ်သက်သာရာ ရသွားသလို စိတ်လည်းပျက်သွားသည်။

သွေးလောင်ကျွမ်းခြင်း အဆင့်(၇)က လူတစ်ယောက်ကို ရှုံးနိမ့်ခဲ့သဖြင့် စိတ်သက်သာရာရပြီး အရှက်မကွဲတော့ပါ။ သို့သော်လည်း ဆွန်းမိုက ပါရမီရှင် ဖြစ်နေသဖြင့် စိတ်ပျက်သွားသည်။ ဆွန်းမို

အသက်ကြီလာတာနဲ့အမျှ သူတို့ကြားက ခွန်အား ကွာခြားချက်သည် ပိုကြီးမားလာလိမ့်မည်။

ဒင်

ချူရီ၏ လေးစားအထင်ကြီးမှု +၃၀။ မူလ(၃၀/၁၀၀)

ဆန်းမိုက အခြားဆရာ နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်သည်။ သူတို့သည် မျက်လုံးချင်းမဆုံအောင် ရှောင်ပြီး ခေါင်းလှည့်သွားသည်။ အခုအချိန်မှာတော့ ဆွန်းမိုက 'တိုက်ချင်သေးလား' မေးလိုက်မှာ အကြောက်ဆုံး

ဖြစ်သည်။ ဒါက တကယ် အနေရခက်ပြီး သေချင်စိတ် ပေါက်သွားနိုင်သည်။

ဆွန်းမိုတို့ အဖွဲ့ထွက်သွားသည်။

ချောင်ဒင်မှ ကျောင်းသားအဖွဲ့သည် ကြောင်တက်တက် ဖြစ်ပြီး ငေးကျန်ခဲ့သည်။

တောနက်ထဲမှာရှိတဲ့ ချောင်ဒင် ကျောင်းအဖွဲ့အတွက် စောင့်ကြည့်သူသည် သက်ပြင်းချလိုက်သည်။

“ချောင်ဒင်က ကျောင်းသားတွေ မပြောနဲ့ ဆရာတွေတောင် ယုံကြည်မှု ပျောက်နေပြီ။ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်သာ မဖြစ်လာခဲ့လျှင်

ဒီနှစ်မှာ သူတို့ရဲ့ အဆင့်ကျဆင်းသွားလိမ့်မည်။ ဒီဆွန်းမိုက တကယ် အစွမ်းထက်တာပဲ။

"အင်း၊ မင်းတို့အခုလုပ်သင့်တာက မင်းတို့ရဲ့ တပြည့်တွေကို အားပေးဖို့ဘဲ"

ဆရာလေးယောက်ရဲ့ လုပ်ဆောင်ချက်ကို စောင့်ကြည့်သူက မှတ်တမ်း တင်ထားသည်။ ဒီလေးယောက်သည် သူတို့တစ်ဘဝလုံးတွင် သူတော်စင်ဂိတ်မှာ အလုပ်လုပ်ဖို့အတွက် စဉ်းစားစရာတောင် မလိုတော့ပါ။ မှတ်တမ်းတင်နေတဲ့

စောင့်ကြည့်သူသည် ဆွန်းမိုတို့ ဦးတည်ရာကို လှမ်းကြည့်လိုက်သည်။

သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်က တကယ်ကို မိုက်မဲလွန်းသည်။ ဘာဖြစ်လို့ ဆွန်းမိုနောက်ကို လိုက်ဖို့ မရွေးချယ်ခဲ့တာလဲ။ ဒီလိုမျိုး ပွဲကောင်းတစ်ပွဲကို လက်လွတ်သွားရပြီ။

နောက်တစ်ခုက သူသည် ချောင်ဒင်နှင့် လက်တွဲခဲ့ရသဖြင့် ကံမကောင်းခဲ့ပါ။ တကယ်လို့ သူသာ ဆွန်းမိုအဖွဲ့ရဲ့ တာဝန်ခံ ဖြစ်ပါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့မျက်လုံးအတွက် အများကြီး မျက်စိပဒေသာ ဖြစ်မှာသေချာသည်။

ဒင်

ဗိုဇီ၏ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

တောထူတဲ့နေရာမှာ ပြေးလွှားနေတဲ့ ဆွန်းမိုသည် ချောင်ဒင်က ကျောင်းသားအားလုံးနီးပါး သဘောကျပြီး လေးစားအထင်ကြီးမှု အမှတ်များ ထောက်ပံ့နေသဖြင့် စောင့်ကြည့်သူတစ်ယောက်ရဲ့ အမှတ်ပါလာတာကို မသိလိုက်ပါ။

"အစ်ကို ရန်၊ မင်းရဲ မြွားပစ်စွမ်းရည်က အရမ်းကောင်းတာပဲ။ မင်းတကယ် ထိသွားလိမ့်မယ်လို့ ငါမထင်ထားမိဘူး။"

ကျန်ဂျန်က မတရားအူမြူးပြီး လက်ထဲက ခရုစုတ်ဌက်ကို ကြည့်လိုက်သည်။ သူတို့က လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ဖမ်းယူနိုင်ခဲ့သည်။ သူတို့ပြန်ရောက်ရင် သေချာပေါက် ဆုပေး ခံရလိမ့်မည်။

"ဟားဟား"

ရှန်ဂန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

“ဒါနဲ့ ပြောရရင် ငါတို့ထပ်ဖမ်းမိတဲ့ မှော်ခင်မျိုးစိတ်က သေသွားပြီး မဟုတ်လား” ကျန်ဂျန် စိုးရိမ်နေသည်။

တောနက်တဲ့ သစ်ပင်တစ်ခုရဲ့ နောက်ကွယ်မှာ လီဖန်သည် ထိတ်လန့်တကြား စိုးရိမ်နေသည်။

“မင်းက သူတို့နောက်ကို လိုက်ရမယ်။ ငါက ပြန်ပြီး သတင်းပို့လိုက်မယ်။ မင်းက လမ်းတလျှောက်မှာ အမှတ်အသားတွေ ထားခဲ့. ဒီလိုမှမဟုတ်ရင် ငါတို့ မင်းကို ရှာမတွေ့နိုင်ဘူးဆိုတာ သတိရပါ”

“အရမ်း စိတ်ညစ်ဖို့ကောင်းတာပဲ”

လီဖန်သည် ရှန်ယွန်ပေါင် ဆွဲခေါ်တာ မခံရလျှင် ပုန်းနေစရာ မလိုပါ။ ဒါပေမယ့် ဒီစကားကို ကြားလိုက်လျှင် သည်းမခံနိုင်တော့ဘဲ အသံထွက်လာသည်။

“ဘာ ပြန်ပြီး သတင်းပို့ရမယ် ဟုတ်လား”

“အမ်, ပြီးတော့ ဒီကို ပြန်လာရအုံးမယ်”

လီဖန်သည် စိုးရိမ်ပြီး သေချင်နေသည်။ ဒါက ရန်သူကို သူတို့ ရောက်နေကြောင်း သတိပေးတာ မဟုတ်ဘူးလား။ ဝမ်းနည်းစရာက အရမ်းနောက်ကျသွားပြီ။ ရှန်ဂန်နှင့် နောက်ထပ်

လေးယောက်သည် သူတို့နှစ်ယောက် ရှန်းရှင်းဆန်ခတ် ဖြစ်နေတာကို ကြားသွားသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေပဲ"

ရှန်ယွန်ပေါင်နှင့် လီဖန်တို့၏ ဝတ်စားဆင်ယင်မှု ပုံစံကို မြင်ပြီး ဟာကျို အကယ်ဒမီက ကျောင်းသားငါးယောက် ပြုံးနေသည်။ ဗဟိုပြည်နယ်အကယ်ဒမီမှ ကျောင်းသားများနှင့် ဆုံပါက ညှာတာစရာ မလိုဘူးလို့ သူတို့ဆရာက

မှာထားသည်။ သူတို့ကို တန်းပြီး ချေမှုန်းလိုက်ပါက အပြန်တွင် ဆုလဒ်တွေက စောင့်နေမည်။

"အထင်မလွဲကြနဲ့။ ငါတို့ ဖြတ်သန်းသွားတာ။ ဖြတ်သွားရုံပဲ"

လီဖန်က အတတ်နိုင်ဆုံး ပြုံးပြီး ပြန်ဖြေသည်။ တစ်ချိန်တည်းမှာပင် သူမက ရှန်ယွန်ပေါင်ကို ထွက်သွားရန် တွန်းထုတ်နေသည်။

"ဟားဟား၊ ဖြတ်သွားတာလား။ ဒီနေ့တော့ ငါတို့ကံက တကယ်ကောင်းနေတာပဲ"

ရွန်ဂန်၏ နှုတ်ခမ်းတွန့်ပြီး ကွေးသွားသည်။ သူက လေးတွင် ရုတ်တရုတ် မြှားတစ်ချောင်း တပ်ပြီး ရှန်ယွန်ပေါင်ကိုချိန်လိုက်သည်။ "မင်းတို့တွေက ဖြန်သန်းသွားတာပဲ ဖြစ်ဖြစ် မဖြတ်သန်းသွားတာပဲ ဖြစ်ဖြစ် တစ်ယောက်နဲ့ တစ်ယောက်ဆုံမှတော့ ထွက်သွားဖို့ မစဉ်းစားနဲ့"

ဒေါင်

ရှန်ယွန်ပေါင်က ပစ်လိုက်တဲ့ မြှားကို ရိုက်ထုတ်ပြီး ရွန်ဂန်ဆီ ပြေးသွားသည်။

"ငါတွေးနေသလိုပဲနော်"

“မင်းဘာလုပ်နေတာလဲ”

“ငါတို့နှစ်ယောက်က သူတို့ကို အနိုင်မယူနိုင်ဘူး”

လီဖန် လန့်ဖြန့်နေသည်။ ဒီလူတွေက ဟာကျုံကျောင်းက ကျောင်းသားတွေ ဖြစ်သဖြင့် အရမ်းသန်မာသည်။

“ငါတို့နှစ်ယောက် မလိုဘူး။ တစ်ယောက်ဆို လုံလောက်ပြီ”

ရှန်ယွန်ပေါင်၏ တိုက်ပွဲဝင်ချင်စိတ် မြင့်မားလာသည်။ အစကနေ အဆုံးအထိ လီဖန်ကို

တိုက်ခိုက်ရေး အင်အားရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် တစ်ခါမှ မစဉ်းစားခဲ့ပါ။

အခန်း (၃၅၈) - အုပ်စုလိုက် သေခြင်းတိုက်ပွဲ။

ရှန်ယွန်ပေါင်က ငါးယောက် တစ်ယောက် တိုက်ချင်နေသည်။ ဒါကို မြင်လိုက်တော့ လီဖန်

ခေါင်းကိုက်ချင်လာသည်။ ဒါက ရှုးမိုက်တဲ့ လုပ်ရပ်တစ်ခုပဲ ဖြစ်သည်။

“ငါ ကူညီပေးရမလား။ မလုပ်သင့်ဘူးလား”

ဒါကို သူမတွေးနေသော်လည်း လူက နောက်ဆုတ်သွားခဲ့သည်။ လီဖန် ဒဏ်ရာ မရခြင်ပါ။

နှစ်ဖက် အဖွဲ့တွေသည် ဆယ်မီတာလောက်သာ ဝေးကွာနေပြီး နှစ်ဖက်စလုံးက အရှိန်အဟုန်ဖြင့် ပြေးသွားနေကြသည်။ ဒါကြောင့် အသက်ရှူချိန် အနည်းငယ်အတွင်း တိုက်ခိုက်ကြတော့သည်။ ဟာကျုံကျောင်းမှ ကျောင်းသားတစ်ယောက်သည်

ရှန်ယွန်ပေါင်ရဲ့ မျက်လုံးကို ချိန်ပြီး ဓါးဖြင့် ထိုးသွင်းလိုက်သည်။

အခြားကျောင်းသားတစ်ယောက်က ဓါးရှည်ဖြင့် လက်မောင်းကို လှမ်းခုတ်သည်။

ရှန်ယွန်ပေါင်က လုံးဝဂရုမစိုက်ပါ။ သူက အော်ဟစ်ပြီး လုံကို ဝှေ့ယမ်းလိုက်သည်။

ဘုန်း ဘုန်း

လီဖန် ရှင်းရှင်းလင်းလင်း မမြင်ရသေးခင် လူနှစ်ယောက် လွင့်ထွက်သွားသည်။

"ဒါက မဖြစ်နိုင်ဘူး မဟုတ်လား"

လီဖန် အံ့အောသင့်သွားသည်။ ရှန်ယွန်ပေါင် သန်မာမှန်းသိပေမယ့် ဒီလောက် အတိုင်းအတာအထိ သန်မာမယ်လို့တော့ မထင်မှတ်ထားခဲ့ပါ။ ဒီအရာကြောင့် သူမရဲ့ နားလည်မှု အားလုံး ပြိုကျသွားသည်။

“မကြောက်နဲ့ ။ ငါတို့အားလုံး အတူတူ တိုက်ခိုက်ကြမယ်”

ရှန်ဂန်က အော်ဟစ်လိုက်သည်။

ရှန်ယွန်ပေါင်က တိုက်ပွဲဝင်တဲ့ ပုံစံ ဖြစ်နေပြီ။ သူ့ခန္ဓာကိုယ်ကနေ ချွန်ထက်တဲ့ ဓါးတစ်ခုလို ရက်စက်ကြမ်းကြုတ်တဲ့ အငွေ့အသက် စိမ့်ထွက်နေသည်။

"မြက်ခင်း မီးတောက် လှံ၊ ဖျက်ဆီးမရတဲ့ ငွေလှံ"

ဒိုင်း ဒိုင်း ဒိုင်း

ဟာကျုံကျောင်းမှ ကျောင်းသားငါးယောက်သည် ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်မှုကို မတားဆီး နိုင်ခဲ့ပါ။ လက်တုန့်ပြန်ဖို့ အသာထားလိုက်အုံး ကာကွယ်ဖို့ မနည်းကြိုးစားနေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအသစ်အဖွဲ့အတွက် ရွေးချယ်ထားတဲ့ လူများ ဖြစ်သဖြင့် ညှို့ဖျင်းတဲ့ သုံးသပ်ချက်နှင့် ကျင့်ကြံခြင်းအဆင့် အားမနည်းနိုင်ပါ။ ဒါကြောင့် ဒီမြင်ကွင်းကို မြင်လိုက်လျှင် သူတို့အားလုံး မျက်နှာ ပျက်သွားသည်။

အထူးသဖြင့် ရှန်ဂန် ဖြစ်သည်။ အခြေအနေမကောင်းတာ မြင်လိုက်လျှင် ရုတ်တရက် လှည့်ပြီး ထွက်ပြေးသည်။

ဒီတိုက်ပွဲက မနိုင်နိုင်ဘူးဆိုတာ သိသာနေသည်။ သူ့နာမည်တွေ၊ သိက္ခာတွေ ခရုစုတ်ဌက်တွေ ဘာတွေ ဂရုမစိုက်နိုင်တော့ပါ။

“အမ်၊ ယွန်ပေါင်၊ သူ ထွက်ပြေးချင်နေပြီ”

လီဖန်က အော်လိုက်သည်။

ရှန်ယွန်ပေါင်သည် ခါးကို လှည့်လိုက်သည်။ အဲဒီအရှိန်ကို ယူပြီး လှံလှမ်းပစ်လိုက်သည်။

ဟူး

ငွေလှံက လေးမှ ပစ်လွှတ်လိုက်တဲ့ မြှားတစ်ချောင်းလို ပြေးထွက်သွားသည်။ အရှိန်က

မြန်လွန်းသဖြင့် လေချွန်သံတွေတောင် မြည်နေပြီး ရွှန်ဂန်ရဲ့ ပေါင်ကို တန်းမှန်သွားသည်။

အား

ရွှန်ဂန် မြက်ခင်းပေါ်လဲကျပြီး နာကျင်စွာ အော်ဟာစ်နေသည်။

"အခွင့်အရေးပဲ"

ရှန်ယွန်ပေါင် လက်နက်မရှိတာ မြင်လိုက်လျှင် ကျန်ဂျိ ဝမ်းသာသွားသည်။ ရှန်ယွန်ပေါင် ခေါင်းကို ချိန်ပြီး ဓါးဖြင့် လှမ်းခုတ်လိုက်သည်။ သို့သော်လည်း

သံမဏိလက်သီး တစ်ခုက သူ့ရဲ့ အမြင်အာရုံထဲ ဝင်လာသည်။

ဘုန်း

ကျန်ဂျိ လေထဲ ကျွမ်းပစ်ထွက်သွားသည်။ နှာခေါင်းရိုးကျိုးသွားကာ သွေးစိမ်းတွေ စိမ့်ကျနေသည်။

ရှန်ယွန်ပေါင်ကတော့ သူ့ရဲ့နေရာမှာပဲ ရပ်နေပြီး ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်သည်။ အော်ဟစ် လူးလိမ့်နေတဲ့ ရွှန်ဂန်က လွဲလျှင် ဟာကျုံက ကျန်တဲ့ ကျောင်းသားလေးယောက်စလုံး မူးလဲသွားသည်။

“ဒါဒါ စောက်ဆန်းကြီး မဖြစ်လွန်းဘူးလား....”

လီဖန် အံ့အောသွားသည်။

လီဖန် အရမ်းအံ့အောနေသည်။

“သွားကြစို့”

ရှန်ယွန်ပေါင် ပုံစံက အရေးမပါတဲ့ အရာတစ်ခုကို လုပ်လိုက်သလို ဖြစ်နေသည်။ သူက လှံနှင့် ခရုစုတ်ဌက်ကို ကောက်ယူပြီး စခန်းဆီ ပြန်သွားသည်။

....

“ဒီ ပန်းငါးကြွင်းကို တကယ်ဖမ်းခဲ့တာလား”

ဇန်ဇီသည် သူ့လက်ထဲက ပန်းငါးကြွင်းကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။ မျက်နှာမှာ မယုံနိုင်မှုတွေနဲ့ ပြည့်နေသည်။

“ဒါနဲ့ဆို မင်းမေးတာ ငါးကြိမ်ရှိပြီ”

ထန်ထန်ယုထန်က မျက်လုံးပြူးပြီး ပြန်ဖြေသည်။

“မင်းကံက နည်းနည်း မကောင်းလွန်းဘူးလားကွာ”

ဇန်ဇီ စကားမပြောနိုင် ဖြစ်နေသည်။

"မှတ်မိသလောက်ဆိုရင် ဘာဖြစ်လို့ ငါက ရတ်တရတ် အိပ်ပျော်သွားရတာလဲ။ မင်းငါ့ကို ပေးတဲ့ မှိုမှာ ပြဿနာ ရှိလား"

"ငါလည်း စားတာပဲ"

ထန်ထန်ယုထန်က "တကယ်တမ်းတော့ မင်းအိပ်ပျော်နေတာပဲ ကောင်းတယ်။ အဲဒီလိုမှမဟုတ်ရင် တော်တော်ပျင်းဖို့ ကောင်းမှာ ပန်းငါးကြင်းကိုလည်း ဖမ်းနိုင်မှာ မဟုတ်ဘူး"

"ပြောချင်တာက ငါ့ရဲ့ အရေးပါမှုလည်း နည်းနည်းပါတယ်ပေါ့"

ဇန်ဇီ၏ မျက်လုံး အရောင်တောက်လာသည်။ သူက အနာဂတ်တွင် ဒီအောင်မြင်မှုနဲ့ ပက်သက်ပြီး ဘယ်လို ကြွားရင် ကောင်းမလဲဆိုတာ စဉ်းစားနေသည်။ ဒါကြောင့် သူ့ရဲ့ ခြေလှမ်းများသည် နွှေဦးကဲ့သို့ တက်ကြွနေသည်။

“မြန်မြန်ကြည့်ကြပော့။ ငါ ပန်းငါးကြင်း ဖမ်းလာခဲ့တယ်”

ဇန်ဇီက လှမ်းအော်လိုက်သည်။

“ဘာ”

“ဘယ်မှာလဲ”

"တကယ်လား၊ လိမ်တာလား"

လူတိုင်းက မျက်မှောင်ကြုတ်ပြီး ချက်ခြင်း ဝိုင်းကြည့်ကြသည်။ အမှန်တကယ်ကို ပန်းငါးကြင်းဖြစ်ကြောင်း အတည်ပြုပြီးနောက် အားလုံး သက်ပြင်းချလိုက်ကြသည်။

"လုပ်တာ ကောင်းတယ်"

ဖန်ယန်က ချီးကျူး လိုက်သည်။

"မင်းတို့ ဘယ်လို ဖမ်းခဲ့တာလဲ"

"ကံကောင်း သွားလို့ပါ"

ဇန်ဇီက ထန်ထန်ယုထန်ကို တချက်ခိုးကြည့်ပြီး အဲဒီစကား ပြောလိုက်သည်။ ထန်ထန်ယုထန်က ဖော်ထုတ်ရန် အမှုအရာ မရှိတာကြောင့် စိတ်အေးလက်အေးဖြစ်ကာ ချက်ခြင်း စပြီး ကြွားလုံး ထုတ်တော့သည်။ တခြားလူများ အထင်ကြီး လာစေရန် ဇာတ်လမ်းတွေတောင် ဖန်တီးပြီး ပြောလိုက်သေးသည်။

"အခုတော့ အမှတ်ပိုတွေနဲ့ တာဝန် ပြီးဆုံးသွားပြီ"

"အမှတ်ပို ဟုတ်လား"

ထန်ထန်ယုထန်ရဲ့ သွယ်ဝိုက်ပြောဆိုတဲ့ စကားကို ကြားကာ မေးလိုက်သည်။

"ရှန်ယွန်ပေါင်က ဟာကျုံကျောင်းကနေ ခရစ္စတယ်ဥက်တွေကို လုလာခဲ့တယ်။ စည်းမျဉ်းအရတော့ ငါးမှတ်ရတယ်လို့ တွက်လို့ရတယ်"

ကျန်ရန်ဇော်င်က ရှင်းပြလိုက်သည်။

"အို"

ထန်ထန်ယုထန်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

"ငါ့ဆရာ ရော"

"သူတို့ ပြန်မလာကြသေးဘူး"

အရမ်းနောက်ကျနေပြီ။ ဒါပေမယ့် ဆွန်းမိုနှင့် ကောင်မလေးသုံးယောက်သည် ပြန်မရောက်လာကြသေးပါ။ အားလုံး၏ နှလုံးသားထဲတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။

"သူတို့ ပြေးလာရင်း မတော်တဆများ ဖြစ်နေကြလား"

အထူးသဖြင့် ဖန်ယန် စိတ်ပူနေသည်။ ဆွန်းမိုက ကျောင်းသားတွေရဲ့ ဗဟိုချက် ဖြစ်နေသည်။ သူသာ

တစ်ခုခု ဖြစ်သွားခဲ့လျှင် လက်ရှိအဆင့်ကို ထိန်းသိမ်းဖို့ အသာထားလိုက်အုံး လက်ရှိအဆင့်ကတောင် ပြုတ်ကျသွားနိုင်သည်။

“သူတို့ကို ရှာဖို့ လူလွှတ်ကြမလား”

လျှောင်ရန်က အကြံပြုလိုက်သည်။

“ညဖက်တောကြီး မျက်မည်းထဲမှာ လျှောက်သွားနေရင် အန္တာရာယ် များတယ်"

ဖန်ယန်က ခေါင်းယမ်းလိုက်သည်။

"တကယ်လို့ တစ်ယောက်ယောက် သွားရှာရမယ်ဆိုရင် ငါတို့သုံးယောက်ပဲ ဖြစ်သင့်တယ်"

"ဒါဆိုလည်း ဘာကို စောင့်နေတာလဲ"

ကူရှုပ်ရှင်းက တိုက်တွန်းလိုက်သည်။

ဖန်ယန်က အဖွဲ့အား စီမံခန့်ခွဲတဲ့ ကိစ္စအား ကျန်ရန်ခေါင်ကို လွှဲပေးနေစဉ် ကင်းသမား ဖြစ်တဲ့ ရှီကွမ်ဆီမှ အသံထွက်လာသည်။

"ဆရာ ပြန်လာပြီ"

လူတစ်စု ချက်ခြင်း ပြေးထွက်သွားသည်။ ဆွန်းမိုက အဆင်ပြေနေပြီး ဒဏ်ရာလည်း မရပါ။ ဒါကို မြင်လိုက်မှပဲ သက်ပြင်း ချလိုက်နိုင်သည်။

“အမ်၊ ဒါက ပန်းငါးကြင်းပဲ”

လီဖန် ရုတ်တရက် အံ့အောသွားသည်။ လရောင်အောက်တွင် အင်ဘိုင်ဝူ လက်ထဲက ပန်းငါးကြင်းကို မြင်နေရသည်။

ထန်ထန်ယုထန် နှုတ်ခမ်းကွေးသွားသည်။ မျှော်လင့်ထားသလိုပဲ သူ့ဆရာက သူ့ကို စိတ်မပျက်စေခဲ့ပါ။

“မင်းတို့အားလုံးရဲ့ အမူအရာက သိပ်စိတ်လှုပ်ရှားတဲ့ ပုံစံလည်း မရှိဘူး။ တစ်ယောက်ယောက်က ဖမ်းတာ အောင်မြင်ခဲ့ပြီထင်တယ်”

လီဇီချီက မေးလိုက်သည်။

“ထန်ထန်ယုထန်နဲ့ ဇန်ဇီတို့က ငါးတစ်ကောင် ဖမ်းလာတယ်”

ဖန်ယန် သိချင်နေသည်။

“မင်းတို့ကရော ဘယ်လိုလဲ။ ငါးတစ်ကောင် ဖမ်းလာတယ်လို့ ငါ့ကို လာမပြောနဲ့နော်”

"ဒါက လုချီဟွာပါ"

လီဇီချီက လုချီဟွာကို အမှွန်းတင်လိုက်သည်။

"ကောင်းပြီလေ။ လူတိုင်း စောစော အနားယူကြတာပေါ့။ ငါတို့ မနက်ဖြန်ကျရင် အပြန်ခရီး စတင်မယ်"

ဆွန်းမိုက လူတိုင်းကို အိပ်ဖို့ ညွှန်ကြားလိုက်သည်။

"အို"

ကူရှုပ်ရှင်းက ရောက်လာပြီး လက်မထောင်ပြသည်။ လီဇီချီက လုချီဟွာကို အမှွန်းတင်ခဲ့ပေမယ့်

ဒီဗျူဟာကို ရေးဆွဲသူက ဆွန်းမိုပဲ ဖြစ်မယ်ဆိုတာ နာကျင်မှု တပ်မက်သူလေး သိနေသည်။

ဒီအကြောင်းကို ပြောရလျှင် ဆွန်းမိုရဲ့ တပြည့်အားလုံးက တော်တော်လေးကို အထင်ကြီးဖို့ကောင်းသည်။ ပန်းငါးကြင်းနှစ်ကောင်နှင့် ခရုစုတ်ငှက်တစ်ကောင် ဖမ်းနိုင်ခဲ့သည်။

....

မိုးလင်းလျှင် ကျောင်းသားတွေ နိုးလာကြသည်။ သူတို့က ပြန်ဖို့အတွက် မစောင့်နိုင်အောင် ဖြစ်နေကြသည်။

'ငါတို့ အမြန်နှုန်းအရဆိုရင် ထိပ်ဆုံး ငါးသင်းထဲ ဝင်နိုင်တယ်၊ မဟုတ်လား"

ကျန်ရုန်ဖောင်သည် ဒီအကြောင်းကို တွေးရင်း ကြည်နူးသွားသည်။ တကယ်လို့သာ သူတို့သည် ထိပ်ဆုံး ငါးသင်းထဲ ဝင်သွားရင် သေချာပေါက် နောက်တစ်ဆင့်ကို တက်နိုင်လိမ့်မည်။

ကျောင်းသားများသည် သူတို့ရဲ့ ပစ္စည်းများကို ထုတ်ပိုးပြီး အပြန်ခရီးကို စတင်လိုက်ကြသည်။ ဒါပေမယ့် နောက်ထပ် တစ်နာရီလောက် ကြာလျှင် လမ်းအပိတ်ခံလိုက်ရသည်။

"နောက်ဆုံးတော့ မင်းတို့ကို ငါတို့တွေ့ပြီ"

ဝေလု မျက်လုံးသည် ဒေါသကြောင့် မီးဝင်းဝင်းတောက်နေသည်။ သူက ဆွန်းမိုကို စိုက်ကြည့်နေသည်။ သူက ဝင်လာကတည်းက တစ်ချိန်လုံး ဆွန်းမိုတို့ကို လိုက်ရှာနေခဲ့သည်။

"ပန်းငါးကြင်း ပြန်ပေး"

"လူယုတ်မာတွေ"

"ငါလိုမသားတွေ..."

ဟာကျုံက ကျောင်းသားများသည် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများကို

စက်ဆုပ် ရွံရှာတဲ့ အကြည့်နဲ့ ကြည့်ပြီး အော်ဟစ် ဆဲဆိုနေကြသည်။

"အခြား အဖွဲ့ဆီက လုယူဖို့ ပြိုင်ပွဲစည်းမျဉ်းထဲမှာ ခွင့်ပြုပြီးသား "

"မင်းတို့ကောင်တွေက အမှိုက်တွေပဲ။ ပန်းငါးကြင်းကို မထိန်းထားနိုင်ပါဘူး"

"မင်းတို့ကောင်တွေက လူယုတ်မာတွေပဲ"

ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေလည်း တက်ကြွနေပြီး ဆက်ဆက်ထိမခံ ဖြစ်နေကြသည်။

"ဘာဖြစ်လို့ ပေါက်ကရ စကားတွေ ပြောနေမှာလဲ"

ဝေလုက ဓါးကို ဆွဲထုတ်ပြီး ပြောလိုက်သည်။

"တက်ကြ၊ သူတို့အားလုံးကို သတ်"

ချက်ခြင်းဆိုသလို အုပ်စု တိုက်ပွဲကြီး ဖြစ်ပေါ်လာသည်။

"ဆွန်းမိုကို ငါ့အတွက် ချန်ထား"

ဝေလု အော်ဟစ်လိုက်သည်။

"ဝမ်ရန်လင် မင်းက အုပ်စုတိုက်ပွဲကို ဦးဆောင်"

ဝေလု စကားပြောနေတဲ့အချိန်တွင် အုန်းသီးအရွယ် မီးလုံးကြီး တစ်လုံး ရုတ်တရက် ပေါက်ကွဲသွားသည်။

"ဘာကြီးလဲ"

ဝေလု အလိုလို ရှောင်လိုက်မိသည်။ အဲဒီနောက်မှ သူမှားသွားမှန်း သိလိုက်သည်။ မျှော်လင့်ထားသလိုပဲ အနောက်ဖက်ကနေ ကျောင်းသားတွေရဲ့ အော်ဟစ်သံများ ပေါ်လာသည်။

ဘုန်း

မီးလုံးကြီး ကျောင်းသားတစ်ယောက်ကို တိုက်ရိုက် ထိမှန်သွားသည်။ ပေါက်ကွဲထွက်ကာ ဝိညာဉ်တောင် လေထဲ အငွေ့ပျံသွားသည်။ တစ်ကိုယ်လုံးလည်း မည်းနက်နေသည်။

"အို"

လီဇီချီမှာ လူသတ်ဖို့ ရည်ရွယ်ချက် မရှိပါ။ ဒါကို မြင်ပြီးတော့ ခေါင်းငုံ့ကာ အန်နေသည်။

အခန်း (၃၅၉) - ရုတ်တရက် သတ်ဖြတ်မှုအောင်မြင်ခြင်း။

တကိုယ်လုံးမည်းနက်နေတဲ့ ကျောင်းသားသည် လုံး၀ မလှုပ်ရှားတော့ပါ။ ဘယ်လိုပဲ စဉ်းစားစဉ်းစား သူသေနေပြီ။

ဟာကျုံက ကျောင်းသားများသည် တုန်လှုပ်ခြောက်ခြားစွာ အော်ဟစ်ပြီးနောက် နေရာတစ်ခုလုံး တိတ်ဆိတ်သွားသည်။ သူတို့

ခြေလှမ်းတွေတောင် နှေးကွေးသွားသည်။ သူတို့ထဲက တစ်ယောက် သေမယ်လို့ ဘယ်သူမှ မထင်ထားခဲ့ပါ။

“ငါ ငါ က ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာ..... မဟုတ်ဘူး”

လီဇီချီ ကိုကြည့်လိုက်လျှင် ခံစားနေရတဲ့ ပုံပေါ်သည်။

“ဒါက သေခြင်း၊ ရှင်ခြင်း စာချုပ် ချုပ်ဆိုထားတဲ့ ပြိုင်ပွဲ တစ်ခုပဲ။ သိပ်ပြီး ခံစားနေစရာ မလိုဘူး”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

တန်ဖိုး ဖြတ်မရတဲ အကြံပြုချက် ပေါ်လာသည်။

ရွှေရောင် အလင်းတန်းတွေက လီဇီချီအပေါ် ဖြာကျသွားသည်။ ချက်ခြင်းဆိုသလို သူမရဲ့ စိတ်အခြေအနေ ပိုကောင်းလာသည်။

"အရမ်းတွေးမနေနဲ့။ မင်းက သူများကို မသတ်ရင်တောင် သူများက မင်းကို သတ်လိမ့်မယ်"

ကူရှူပ်ရှင်းက သတိပေးလိုက်သည်။

"တိုက်ပွဲ အတွက် ပြင်ဆင်ကြ"

ဝေလု လန့်ဖြန့်သွားပြီး ချက်ခြင်းဆိုသလို ဒေါသတကြီး အော်ဟစ်လိုက်သည်။

"မင်းတို့ အနာဂတ်အတွက် အားလုံး သတ်ပစ်"

ဘုန်း

ဝေလု ခန္တာကိုယ်ကနေ ရွှေရောင် အလင်းတန်းများ ဖြာထွက်လာသည်။ သူကလည်း တန်ဖိုးမဖြတ်မရတဲ့ အကြံပြုချက်ကို အသုံးပြုလိုက်သည်။

ကျောင်းသားများမှာ တွန်းအား ရသလို သတ်ချင်တဲ့ စိတ်တွေပေါ်လာပြီး ရက်စက်တဲ့ အရှိန်အဟုန်နဲ့ ချီတက်လာသည်။

“တိုက်ကြ”

ဖန်ယန်ကလည်း နောက်မဆုတ်ပါ။ သူက ဦးဆောင်ပြီး ဝေလုကို တိုက်ခိုက်လိုက်သည်။

ဆရာက ဆရာတွေအချင်းချင်း၊ ကျောင်းသားက ကျောင်းသားတွေအချင်းချင်း အသက်လု တိုက်ပွဲ စတင်လာသည်။

အမှောင်ထဲမှာ ပုန်းနေတဲ့ စောင့်ကြည့်သူကလဲ သူတို့ကို မတားပါ။ ဒါက နှစ်စဉ်နှစ်တိုင်း ပေါ်ပေါက်နေတဲ့ အရမ်းရင်းနှီးတဲ့ မြင်ကွင်း တစ်ခုပါ။

ကျောင်းသားတွေ သူရဲဘောကြောင်ပါက အရှုံးပေးရန် ရွေးချယ်လို့ရသည်။ ဒါပေမယ့် အဲဒီလို ပြုလုပ်လိုက်လျှင် စိတ်ဓါတ်ရေးရာနှင့်

ထက်မြတ်မှုသည် သိသိသာသာ ကျဆင်းသွားလိမ့်မည်။

“ငရဲကို သွားလိုက်”

ဝေလုက ဖန်ယန်ကို စိုက်ကြည့်ရင်း ဓါးသိုင်းကွက်ကို ထုတ်လိုက်သည်။

ရှူး

တခဏတာအတွင်း ထောင်သောင်းချီတဲ့ ဓါးအရိပ်တွေထွက်ပေါ်လာပြီး ဖန်ယန်ကို ချက်ခြင်း လွှမ်းခြုံသွားသည်။

“ဘာ”

ဖန်ယန် ဆိုးဆိုးဝါးဝါး တုန်လှုပ်သွားသည်။ သူ၏ မျက်လုံးများသည် အကန့်အသတ်ရောက်တဲ့ အထိ ပြူးကျယ်နေသည်။ ဘယ်ဟာက ဓါးကိုယ်ထည် အစစ်လဲဆိုတာ ရှာပြီး ပိတ်ဆို့ ချင်နေသည်။ သို့သော် နောက်ထပ် အခိုက်အတန့်တွင် “ အရိုးတစ်ထောင်အဖြတ်ခံရပြီး သတ်ခြင်းခံလိုက်ရသလို’ ပြင်းထန်နာကျင်တဲ့ ဝေဒနာသည် တကိုယ်လုံး ပျံ့နှံ့သွားသည်။

အား

ဖန်ယန် နာကျင်စွာ အော်လိုက်သည်။

ခါးအရိပ် ပျောက်ကွယ်သွားတာနဲ့ ခါးဒဏ်ရာ တစ်ကိုယ်လုံး ပြည့်နှက်နေတဲ့ ဖန်ယန်သာ ကျန်နေခဲ့သည်။ သွေးအလူးလူးနဲ့ မြေပေါ် လဲကျသွားသည်။ နာကျင်လွန်းလို့ တဆက်ဆက် တုန်နေသည်။

“ဘာ”

လျှောင်ရန် စိတ်နှလုံးထဲ အေးခဲသွားသလို ခံစားလိုက်ရသည်။ ဖန်ယန်ရဲ့ အစွမ်းကို သူသိသည်။ ဒါပေမယ့် ဖန်ယန်က ဝေလုကို ရုတ်တရက်

ရှုံးနိမ့်သွားခဲ့သည်။ ဒီလိုအခြေအနေမျိုးတွင် သူသေသွားဖို့တောင် များသည်။

“ဆရာ လျှောင် သတိထား”

ကူရှုပ်ရှင်း ကျယ်လောင်စွာ အော်ဟစ်ပြီး သတိပေးလိုက်သည်။

ဝမ်းနည်းစရာ ကောင်းတာက နောက်ကျသွားခဲ့သည်။

ဟာကျုံက ဆရာနှစ်ယောက် ပူးပေါင်းပြီး လျှောင်ရန်ရဲ့ လက်ကို ဖြတ်ပစ်လိုက်သည်။ မသတ်နိုင်လို့ မသတ်ခဲ့တာ မဟုတ်ပါ။ အဲဒီအစား

ဗဟိုပြည်နယ်အကယ်ဒမီကို အရှက်ကွဲစေချင်လို့ တမင်သက်သက် လုပ်ခဲ့ကြသည်။

"ဟွန့်"

ဝေလုက ဖန်ယန်ကို တစ်ချက်တောင် မကြည့်တော့ပါ။ အစက ဖန်ယန် ရှောင်တိမ်းသွားမယ်လို့ သူထင်ခဲ့သည်။ ဒါကြောင့် အကောင်ဆုံး လျှို့ဝှက်အကွက်ကို အသုံးပြုပြီး တန်း တိုက်ခိုက်ခဲ့သည်။

ရှူ

ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများသည် လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ သူတို့ပုံစံက ကြောင်တက်တက် ဖြစ်နေသည်။ တစ်ခုခု မှားသွားတာလား။ ဒီကိုလာရင်းနဲ့ ဆရာနှစ်ယောက်ကို ဆုံးရှုံးခဲ့ရပြီ။

"ဆရာဝေက မရှုံးနိုမ့် နိုင်ဘူးကွ"

"ဗဟိုပြည်နယ်အကယ်ဒမီကို သေတဲ့အထိ ဖျက်ဆီးကြ"

ဟာကျုံ အကယ်ဒမီက ကျောင်းသားများကတော့ စိတ်ဓါတ် အရမ်းမြင့်တက်နေပြီ။

“ဆွန်းမို ဒီကောင့်ကို ငါ့အတွက် ထားလိုက်”

ကူရှုပ်ရှင်း အော်ဟစ်လိုက်သည်။ သူမ လေသံက ပြင်းထန် လေးနက်နေသည်။

“သေခြင်း ရှင်းခြင်း တိုက်ပွဲ"

သူမရဲ့ စကားက ပြတ်သားပြီး ခိုင်မာလှသည်။

ဖန်ယန်က ဘာဖြစ်လို့ မရှောင်တာလဲ။

ဘာဖြစ်လို့လဲဆိုတော့ သူက အဖွဲ့ခေါင်းဆောင် ဖြစ်နေသည်။ ကျောင်းအဖွဲ့ တစ်ခုလုံးရဲ့ အလံတစ်ခု ဖြစ်နေသည်။ ဒါကြောင့် မရှောင်ခဲ့ပါ။

အခုအချိန်မှာတော့ ကူရှုပ်ရှင်းသည် ကြီးလေးတဲ့ တာဝန်ကို ထမ်းဆောင်ရတော့မည်။

"ငါ့သားကောင်ကို မလုနဲ့"

ကူရှုပ်ရှင်းက အရင်လှုပ်ရှားခဲ့သော်လည်း ဆွန်းမိုက လေဘုရင် နတ်ဘုရား ခြေလှမ်းကို အသုံးပြုလိုက်သည်။ ကူရှုပ်ရှင်း ဘေးနားက ဖြတ်သန်းသွားရင်း

"အဲဒီကောင်က ငါ့ရဲ့ ပစ်မှတ်ပဲ"

ဝေလုက သွေးလောင်ကျွမ်းခြင်း အဆင့် မှာ(၇) ရောက်နေကြောင်းကို ဆွန်းမိုက နတ်ဘုရားမျက်စိ

အာရုံဖြင့် သိနေသည်။ ကျူရှုပ်ရှင်းသော တိုက်ခိုက်ခဲ့မယ်ဆိုလျှင် သူမအတွက် ခက်ခဲတဲ့ တိုက်ပွဲတစ်ခု ဖြစ်လာလိမ့်မည်။ ဒီလိုအနေအထားတွင် သူမက အခြားလူနှစ်ယောက်ကို တိုက်ခိုက်နိုင်သည်။

ဝေလု၏ နှုတ်ခမ်းများ တွန့်ကွေးသွားသည်။ သူက ဓါးကို လက်တစ်ဖက်တည်းနဲ့ ဝှေ့ယမ်းပြီး တုန့်နှိုင်းမရတဲ့ ယုံကြည်မှုတွေနဲ့ ပြည့်နေသည်။

တော်ဝင် ဝေကလန်တွင် အရည်အချင်း အမြင့်ဆုံး လူငယ်တစ်ယောက် ဖြစ်တာနဲ့ အညီ

ကျင့်ကြံခြင်းအဆင့်နှင့် ကျင့်ကြံခြင်း အရင်းအမြစ်များသည် ရှယ်တူများကြားတွင် အကောင်းဆုံး ဖြစ်သည်။ ဟာကျိုး အကယ်ဒမီ၏ အနာဂတ် ကျောင်းအုပ်ကြီးလောင်း အဖြစ်သတ်မှတ်ကာ ပျိုးထောင်ခံ ခဲ့ရသည်။

ဗဟိုပြည်နယ် အကယ်ဒမီတွင် ပါဝင်တဲ့ ဆရာအသစ်များနဲ့ ရင်ဆိုင်ရတဲ့အခါ မနိုင်ရင် ဘယ်လိုမျက်နှာ ကျန်ခဲ့ရမလဲ။

မဟုတ်ဘူး။ အနိုင်ရရုံလောက်နဲ့ မရိုးရှင်းဘူး။ ချက်ခြင်း အနိုင်ပွဲသိမ်းဖို့ လိုအပ်သည်။

ဒင်

လျှပ်တပြက်ဓါးချက်ကို သစ်သားဓါးနဲ့ ပိတ်ဆို့ထားလိုက်သည်။

"ဘာ"

ဝေလု မျက်နှာပျက်သွားသည်။ "မင်းက သွေးလောင်ကျွမ်းခြင်း အဆင့်မှာလား (ရ)"

ဆွန်းမိုက ဝေလုရဲ့ တိုက်ခိုက်မှုများကို တားဆီးခဲ့သည်။ ဒါက ကျင့်ကြံခြင်းအဆင့် အရမ်းမြင့်မားပြီး သူ့ရဲ့ကျင့်ကြံခြင်း ကျင့်စဉ်ကလည်း ထိပ်တန်းအဆင့် ရှိတာ ညွှန်ပြနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကတော့ မေးခွန်းကို ပြန်ဖြေရန် ပျင်းရိနေသည်။ ဝေလုက သူတို့ရဲ့ အဖွဲ့ခေါင်းဆောင်ကို ချက်ခြင်း ဖျက်ဆီးခဲ့သည်။ ဒါကြောင့် ဒီမျက်နှာကို ပြန်ယူရလိမ့်မည်။ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးပဲ။

အနောက်ဖက် မြစ်က လမင်း။

ကျယ်ပြန့်သော ဆောင်းရာသီ။

နှောင်းပိုင်းရဲ့ ဆောင်းရာသီ။

စွဲမက်ဖွယ် အမှတ်တရ။

ကောင်းကင် သဲကွန်ရက်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြစ်ချောင်းပေါက် သဲရေ။

ဆွန်းမိုက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။ ကြီးကျယ်ခမ်းနားလှတဲ့ တိုက်ခိုက်မှုကြောင့် ဝေလုတိုက်စစ်များ ပျောက်သွားသည်။

"မင်းလေ့ကျင့် သင်ကြားခဲ့တဲ့ ကျင့်စဉ်က တကယ်ကို သူတော်စင်အဆင့် ကျင့်စဉ်ပဲ"

ဝေလုမျက်လုံးထဲတွင် စိတ်လှုပ်ရှားတဲ့ အမူအရာများ ပေါ်လာသည်။ ဒီလို ပြိုင်ဘက်မျိုးသည် ကြောက်ဖို့ကောင်းတဲ့ ပြိုင်ဘက်မျိုးဖြစ်သည်။

“ဒီကောင် တော်တော် အစွမ်းထက်တာပဲ”

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို အသုံးပြုကာ ဝေလုကို စိုက်ကြည့်လိုက်သည်။ ဒါက ရှေးဟောင်းလောကနတ်ကျင့်စဥ်အား ပထမဆုံးအကြိမ် ပိတ်ဆို့ခံရခြင်း ဖြစ်သည်။

ဝေလု အသက် ၂၃ နှစ်။

ကို့ကိုယ်ကို ယုံကြည်မှုရှိပြီး မာနကြီးကာ ကြမ်းတမ်းလှသည်။ လျှင်မြန်တဲ့ တိုက်ခိုက်မှုများကို ကျွမ်းကျင်သည်။

အားနည်းချက်များ အောက်ပိုင်းက မတည်မငြိမ် - ဖြစ်နေသည်။ သူက ညာဘက် အနောက်ဖက် တိုက်ခိုက်တဲ့ တိုက်ခိုက်မှုများကို ကာကွယ်ရာမှာ အားနည်းသည်။ သူ့မှာ အတွင်း အငုံစိတ်ရှိပြီး စွန့်စားရတာ ကြိုက်သည်။

ဆွန်းမိုက ဝေလု၏ အချက်အလက်များကို သူ့စိတ်ထဲတွင် မှတ်ထားလိုက်သည်။

ရှေ့ဟောင်းလောကနတ်ကျင့်စဉ်သည် သူတော်စင်အဆင့် ကျင့်စဉ်ဖြစ်သော်လည်း အခြားသူများရဲ့ ကျင့်စဉ်ကို ကူးယူဖို့သာ အဓိက

ရည်ရွယ်သည်။ ဒါကြောင့် သူ့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို သာမန်လို့ သတ်မှတ်နိုင်သည်။ သဏ္ဍာန်မဲ့မြင့်မြတ်စကြဝဠာ ကျင့်စဉ်ကတော့ သင်ကြားဖို့အတွက် ရည်ရွယ်သည်။ ဒါကြောင့် ခွန်အားကြီးမားတဲ့ ရန်သူနဲ့ ဆုံတွေ့တဲ့အခါ ဒီကျင့်ကြံခြင်းကျင့်စဉ်တွေက အားသာတယ်လို့ ပြောမရပါ။ ဒါကြောင့် တိုက်ပွဲဝင် ဗျူဟာများကို အသုံးပြုဖို့ လိုအပ်သည်။

ဆွန်းမိုက ဘယ်ဘက်ခြေထောက်ကို အားစိုက်ပြီး ဘေးဘက်သို့ အနည်းငယ် စောင်းလိုက်သည်။

သူ့ခန္ဓာကိုယ် တည်ငြိမ်စေရန် ပိုအားစိုက်ထုတ်ရသဖြင့် မြေပေါ်မှာ ခြေထောက်ရာကြီး ကျန်ခဲ့သည်။

"ဟားဟား၊ ဒီကောင်တော့ အမှားလုပ်ပြီ ကောင်းကင်ကြီးက ငါ့ဘက်မှာ ရှိနေတာပဲ"

ဝေလု အရမ်းဝမ်းသာသွားသည်။ ဆွန်းမိုရဲ့ကျင့်စဉ်က အရမ်းအစွမ်းထက်သည်။ ဆွန်းမိုသာ အမှားမလုပ်ခဲ့လျှင် တိုက်ပွဲက ကြာရှည်ပြီး ခက်ခဲလိမ့်မည်။ ဆွန်းမိုကို သတ်ဖို့အတွက် အချိန်အကြာကြီး တိုက်ခိုက်နေရပါက ဝေလုအတွက်

အရှက်ရဖို့ ကောင်းလိမ့်မည်။ ဒါကြောင့် တွေဝေခြင်း မရှိဘဲ ချက်ခြင်း တိုက်ခိုက်လိုက်သည်။

အကောင်းဆုံးသော စွမ်းရည်။ နှစ်တစ်ပျက် မီတာ။

ရွှစ်

ဝေလုက အရှေ့ကို ရုတ်တရုတ် တက်ရောက်လာပြီး လက်ထဲကဓါးနဲ့ ဆွန်းမိုကို လှမ်းခုတ်လိုက်သည်။ ငွေရောင်အလင်းတန်းတွေက တောက်ပလာကာ ကြယ်တံခွန်ကြီးတစ်ခု ပျံသန်းနေသလို ဖြစ်သွားသည်။

ဖူး

ဓါးက ဆွန်းမို ရင်ဘက်ကို ထိုးဖောက်သွားသည်။

တခြားသူတွေသာဆိုလျှင် အောင်မြင်မှုကို ခံစားဖို့အတွက် ပြုံးနေကြလိမ့်မည်။ သို့သော်လည်း ဝေလုသည် ဓါးထိုးဖောက်လိုက်တဲ့ ခံစားမှုက မှုမမှန်သဖြင့် မပြုံးနိုင်ခဲ့ပါ။ ဒါကြောင့် အာရုံခြောက်ပါးစလုံးကို အာရုံစိုက်လိုက်သည်။

“ညာဘက်”

ဝေလုက ဓါးကို ပြန်သိမ်းပြီး ညာဘက်သို့ တစ်ချက်ကြည့်လိုက်သည်။ မျှော်လင့်ထားသလိုပဲ

ဆွန်းမိုက အဲဒီနေရာတွင် ပေါ်လာပြီး သစ်သားဓါးနဲ့ တိုက်ခိုက်လိုက်သည်။

"နုံအလိုက်တဲ့ တိုက်ပွဲဝင် ဗျူဟာ.........."

ဝေလု လှောင်ပြောင်လိုက်သည်။ သို့သော်လည်း သူ့စကားမဆုံးခင် ဝမ်ရန်လင်၏ ထိတ်လန့်စွာ အော်ဟစ်တဲ့ အသံကို ကြားလိုက်ရသည်။

"သတိထား။ မင်းအနောက်မှာ......"

"ဘာ။ တကယ်ပဲ ကိုယ်ပွားတစ်ခုလား"

ဝေလု မတရား ထိတ်လန့်သွားသည်။ ကံမကောင်းစွာ အချိန်နှောင်းနေခဲ့ပြီ။

ဆွန်းမိုက သူ့တုတ်နဲ့သူ ပြန်ရိုက်ခြင်းကို အသုံးပြုကာ လျှပ်တပြက် မီတာ အကွက်ကို ထုတ်သုံးလိုက်သည်။ သစ်သားဓါးက ဝေလုရဲ့ ပေါင်ကြားထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။ သူမတ်တပ် မရပ်နိုင်တော့ပါ။ အဲဒီနောက်မှာ ဒုတိယ တိုက်ခိုက်မှု ဝင်ရောက်လာသည်။

ဒိုင်း

သစ်သားဓါးက ဝေလုရဲ့ ခေါင်းထဲသို့ ပြင်းထန်စွာ ထိုးဖောက်ဝင်ရောက်သွားသည်။ ဖရဲသီးတစ်လုံးလို ပေါက်ကွဲ ထွက်သွားသည်။

သွေးနီတွေ၊ ဦးနှောက် အနှစ်အဖြူရောင်တွေ ပျော့ပျော့နဲ့ အရာတွေ ထွက်ကျလာသည်။

ဘုန်း

အလောင်းက မြေပေါ် ပြုတ်ကျသွားသည်။

ဆွန်းမိုက သူ့ကို ချက်ခြင်းသတ်ပြီး အဆုံးသတ်လိုက်တာလား။

လူတွေအကုန်လုံး တိတ်ဆိတ်သွားသည်။ ဝေလု၏ ဦးခေါင်းမဲ့ အလောင်းက မြေပေါ်မှာ တဆက်ဆက် တုန်နေသေးသည်။ ဒါကိုကြည့်ရင်း ကျောင်းသားအုပ်စုနှစ်စုစလုံး ရပ်တန့်သွားသည်။

"ဆရာဝေ သေပြီလား"

"သူက သွေးလောင်ကျွမ်းခြင်း အဆင့် လေ။(၇) ဘယ်လိုအသတ်ခံရတာလဲ။

ကျောင်းသားအသစ်တန်းမှာ ဝင်ပြိုင်တဲ့ ဆရာများကြားတွင် ကျင့်ကြံခြင်း အဆင့် အမြင့်ဆုံးလို့ သတ်မှတ်နိုင်သည်။

"မဖြစ်နိုင်ဘူး။ ဆရာဝေ ရှုံးဖို့ဆိုတာ မဖြစ်နိုင်ဘူး"

ဟာကျုံမှ ကျောင်းသားများ စိတ်ဓါတ် ပြိုလဲသွားသည်။

အခန်း (၃၆၀) - အရောင်အသွေးစုံတဲ့ ပန်းငါးကြွင်းကို လိုချင်တာလား။ ဒါမှမဟုတ် ဒီလို အရောင်အသွေးမလှတဲ့ တစ်ခုကိုရော မလိုချင်ဘူးလား။

“ဝေလု............”

ဝမ်ရန်လင်၏ အသံမှာ ဝမ်းနည်းကြေကွဲဖို့ကောင်းသည်။ သူမရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာပေါ်တွင် မယုံကြည်နိုင်မှုများ ပေါ်နေသည်။ ဝေလု တကယ်ရှုံးသွားတာလား။

(သွေးလောင်ကျွမ်းခြင်း အဆင့် (၇)ဆိုတာ အတုကြီးလား)
(ဝေမျိုးနွယ်စုမျိုးဆက်များထဲမှာ ဂုဏ်သိက္ခာ အကြီးဆုံးဆို)
(ထိပ်သီးအဆင့်ကျောင်းထဲက တစ်ကျောင်းဖြစ်တဲ့ ဖြူနက်အကယ်ဒမီက ဘွဲ့ရတစ်ဦးဆို၊ မှားနေတာလား)
(မင်းက လူမသိသူမသိ လူတစ်ယောက်ကို တကယ်ပဲ ရှုံးခဲ့တာလား။ မင်း မနေ့ညကများ မိန်းမတစ်ယောက်နဲ့ ပျော်ပါးနေခဲ့တာလားကွာ။ မတရား ဟိုဟာတွေ လုပ်ပြီး အားကုန်ခဲ့တာလား။)
(ဒီလိုမှမဟုတ်ရင် ဘယ်လိုရှုံးမှာလဲ)

ဆွန်းမိုက လှည့်ကြည့်လိုက်လျှင် ဝမ်ရန်လင် ချက်ခြင်း ကျောချမ်းသွားကာ အလိုလို ထွက်ပြေးသွားသည်။ အစောပိုင်းတွင် သူတို့က အရမ်းအားသုံးကာ ဗဟိုပြည်နယ်အကယ်ဒမီကို ဖျက်ဆီးဖို့ ကြိုးစားခဲ့ကြသည်။ ဒါကြောင့် ဖန်ယန်က အပြင်းအထန် ဒဏ်ရာရပြီး လျှောင်ရန် လက်ပြတ်ခဲ့ရသည်။ နှစ်ဖက်စလုံးတွင် ဒေါသစိတ်က ငယ်ထိပ်ကို ရောက်နေပြီ။

ဆွန်းမိုက အမျိုးသမီးတွေကို မသတ်ပါ။ ဒါကြောင့် ဝမ်ရန်လင်ကို ပြေးခွင့် ပေးလိုက်သည်။ သူ့ရဲ့

အကြည့်က ဟာကျုံမှ တခြား ဆရာနှစ်ယောက်ဆီ ရောက်သွားသည်။

"အခုအချိန် မင်းဝန်ခံရင်တောင် ငါတို့က ညှာတာမှာ မဟုတ်ဘူး"

"ငါတို့ လုပ်ရပ်က လှပတဲ့ ပန်းတစ်ပွင့်ကို ဖျက်ဆီးသလိုများ ဖြစ်နေပြီလား"

ဆရာနှစ်ယောက်သည် ကူရှုပ်ရှင်းနဲ့ တိုက်ခိုက်ရင်း အရည်မရ အဖတ်မရ စကားတွေပြောကာ သူမကို စိတ်ပိုင်းဆိုင်ရာ ဖိအား ပေးဖို့ ကြိုးစားနေကြသည်။ သို့သော်လည်း ဆွန်းမိုက ဝေလုခေါင်းကို ဖောက်ခွဲလိုက်တာ မြင်လိုက်လျှင် ရုတ်တရက် ပါးရိုက်ခံလိုက်ရသလို ပါးစပ်ပိတ်သွားသည်။

နှစ်ယောက်သား ကြောက်လန့် တုန်လှုပ်နေကြသည်။
“သူက ဒီလိုပဲ ရုတ်တရက် အသတ်ခံလိုက်ရတာလား” ကူရှုပ်ရှင်း နှုတ်ခမ်းကွေးသွားသည်။ ဆွန်းမိုရဲ့ ကျင့်ကြံခြင်း အဆင့်ကို သိနေသောကြောင့် ဒီရလဒ်ကို မအံ့အောမိပါ။ ဆရာနှစ်ယောက် စိတ်ရှုပ်နေတဲ့ အချိန်တွင် သူမ အခွင့်အရေးယူပြီး တိုက်ခိုက်လိုက်သည်။
ရွှတ်စ် ရွှတ်စ်
သူမ ဓါးက သာမန်ဆန်သော်လည်း လှိုင်းထပြီး နေရာလွတ်တောင် ဂယက်ထသွားသည်။
သူတို့နှစ်ယောက် ရှောင်တိမ်းချင်သော်လည်း သူတို့ ခြေတွေလက်တွေကို ထိန်းချုပ် မရတော့တာ

သတိထားလိုက်မိသည်။ အဲဒီနောက်မှာတော့ ပုခုံးက ပြင်းထန်စွာ နာကျင်လာသည်။

ရှူး

ပြတ်သွားတဲ့ လက်မောင်းရင်းကနေ သွေးစိမ်းတွေ ပန်းထွက်ပြီး အရွက်တွေတောင် နီရဲသွားသည်။

"အား......."

ဆရာနှစ်ယောက်သည် နာကျင်စွာ အော်ပြီး အမြန်ပြန်ဆုတ်သွားသည်။ သို့သော်လည်း သူတို့သည် လမ်းကောင်းကောင်း မလျှောက်နိုင်ပဲ မြေပေါ် လဲကျသွားသည်။ ခေါင်းငုံ့ပြီး ကြည့်လိုက်လျှင် ဒူးခေါင်းက အက်ကွဲပြီး သွေးတွေ ထွက်ကျနေတာ မြင်လိုက်ရသည်။

“ပြိုင်ပွဲတစ်ခုမှာ လူသတ်တာက လက်ခံလို့ရတယ်။ ရှုံးတဲ့လူက မနာကျည်းသင့်ဘူး”
ကူရှုပ်ရှင်းက သူတို့နှစ်ယောက်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ “ဒါပေမယ့် အားနည်းတဲ့ ရန်သူကို အပျော်သဘောနဲ့ လှောင်ပြောင်တာမျိုး မလုပ်သင့်ပါ။ အထူးသဖြင့် ကျောင်းသားတွေ အရှေ့မှာ လှောင်တာက လွန်လွန်းတယ်”
လီဖန်က လီဇီချီအနား တိုးလာပြီး အသံတိုးတိုးလေးနဲ့ မေးလိုက်သည်။ ဒီလိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့ မြင်ကွင်းမျိုးကို သူတို့ ပထမဆုံး မြင်ဖူးခြင်း ဖြစ်သည်။
“ထန်ထန်ယုထန်၊ လုချီဟွာ ငါတို့ဆီက ဒဏ်ရာရတဲ့လူကို သွား ကုသပေးလိုက်”

စည်းကမ်းအရ ဆရာများသည် ကျောင်းသားတွေရဲ့ တိုက်ပွဲကို ဝင်ပြီး မစွက်ဖက်နိုင်ပါ။ ဒါကြောင့် ဟာကျုံက ကျောင်းသားများ မထွက်သွားခင် သူတို့ စိတ်လျှော့ချလို့ မရပါ။

အမှန်တော့ လီဇီချီသည် အဲဒီကျောင်းသားတွေရဲ့ တိုက်ပွဲဝင်စိတ်ကို ပိုတွက်ထားခြင်း ဖြစ်သည်။

ဆရာ လေးယောက်အနက် တစ်ဦးသေဆုံးကာ တစ်ဦး ထွက်ပြေးပြီး နှစ်ဦးက ဒဏ်ရာရ ကျန်ခဲ့သည်။ ပြီးတော့ သူတို့ရဲ့ အဓိက ဗဟိုချက်ဖြစ်တဲ့ ဝေလုက ဆွန်းမိုရဲ့ ဓါးချက်နဲ့ ကျရှုံးသွားသဖြင့် သူတို့ စိတ်ပျက် အားငယ် သွားကြသည်။

ကျောင်းသားများသည် ဒီအဖြစ်အပျက်ကြောင့် ထိတ်လန့်တုန်လှုပ်ကာ ထွက်မပြေးကြသေးပါ။

'အားလုံးပဲ၊ မြန်မြန်ပြေးပြီး သတ်ကြ"

ထန်ထန်ယုထန်က အော်ဟစ်လိုက်သည်။ အရှိန်အဟုန်ဖြင့် ရှေ့ကို ပြေးတက်သည်။

အခုအချိန်တွင် ဟာကျုံမှ ကျောင်းသားများသည် ခြသေ့် အလိုက်ခံရတဲ့ သိုးငယ်များလို ဖြစ်နေသည်။ တိုက်ခိုက်ချင်တဲ့ စိတ်မရှိဘဲ အရပ်လေးမျက်နှာကို ထွက်ပြေးကြသည်။

ကျောင်းသားတစ်ယောက်သည် ထိတ်လန့် တကြား ဆွန်းမိုဘက်သို့ ထွက်ပြေးလာသည်။ ဆွန်းမိုကို မြင်လိုက်လျှင် ပိုထိတ်လန့်ပြီး မျက်နှာပါ

ဖြူဖျော့သွားကာ ချက်ခြင်းရပ်တန့်လိုက်သည်။ ပြေးလာတဲ့ အရှိန်အဟုန်ကြောင့် မြေပေါ် ဟက်ထိုးလဲကျသွားသည်။

ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ကျောင်းသားသည် ငိုပါတော့သည်။

“ငါ့ကို မသတ်ပါနဲ့”

ကျောင်းသားသည် ကြောက်လန့်တကြား အော်ဟစ်ပြီး ဆွန်းမိုနဲ့ ဝေးအောင် လေးဘက်တွားပြီး ထွက်ပြေးသည်။ ဒီလူကြီးက သူ့ဆရာရဲ့ ခေါင်းကို သစ်သားဓါးနဲ့ ဖောက်ခွဲခဲ့သည်။

အဲဒီ သစ်သားဓါးမှာတောင် သွေးတွေ ရွှဲနေသေးသည်။

ဒင်

ထိတ်လန့် ကြောက်ရွံ့နေတဲ့ ကျောင်းသား၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနီး(၁၀၀/ ၁,၀၀၀)

“လေးစားအထင်ကြီးမှု အမှတ်က ဒီလိုလည်း ရတာပဲလား”

ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။

“မင်းရဲ့ ရန်သူတွေရဲ့ စိတ်ထဲမှာ ကြောက်လန့်နေရင်လည်း ဒါက မြတ်ဆရာတစ်ယောက်ရဲ့ အတွင်းပိုင်း အရည်အသွေး တစ်ခုပဲ”

စနစ်က ရှင်းပြသည်။

ဒင်

ဟာကျုံကျောင်းမှ ဆရာတွေနဲ့ ကျောင်းသားတွေ၏ လေးစားအထင်ကြီးမှု +၄,၀၂၀။
"အရမ်း မများလွန်းဘူးလား"
ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။
"သူတို့က ငါ့ကို ကြီးမြတ်တဲ့ နတ်ဆိုးဘုရင် တစ်ယောက်လို ဆက်ဆံနေတာလား"
"အင်း ၊ ဒီသနားစရာကောင်းတဲ့ ကလေးတွေရဲ့ စိတ်ထဲမှာ အရိပ်မည်းကြီးတော့ ကျန်ခဲ့မှာပဲ"
စနစ်က စိတ်မကောင်းစွာ သက်ပြင်းချရင်း ပြောလိုက်သည်။
ထန်ထန်ယုထန်က ဖန်ယန် ဆီပြေးသွားပြီး ကူရှုပ်ရှင်းက လျှောင်ရန်ကို သွေးတိတ်အောင် လုပ်ပေးနေသည်။

"သူ့ကို ကယ်ဖို့ မျှော်လင့်ချက် ရှိသေးလား"
ဆွန်းမို လျှောက်သွားလိုက်ကာ ဆေးပညာကို မသိသဖြင့် ဘေးကသာ ရပ်ကြည့်နေခဲ့သည်။
"မဖြစ်နိုင်တော့ဘူး။ သူက သွေးထွက်လွန်နေပြီ။ ပြီးတော့ အဲဒီဆရာရဲ့ ဓါးချက်က ဆရာဖန်ရဲ့ အသားကို ဖြတ်တောက်ရုံသာမက စွမ်းအင်လမ်းကြောင်း၊ နှလုံးနဲ့ အဆုတ်တွေကိုတောင် ထိခိုက်သွားခဲ့တယ်။ သူ အသက်ရှင်ရင်တောင် ဒီနေ့ကစပြီး ဒုက္ခိတ ဖြစ်သွားလိမ့်မယ်"
ထန်ထန်ယုထန်က ရှင်းပြသည်။
"ကောင်းပြီလေ၊ ဆရာလျှောင်ကို သွား ကူညီလိုက်အုံး"

ဆွန်းမိုက ဖန်ယန်ဘေးမှာ ငုတ်တုတ်ထိုင်ပြီး ညွှန်ကြားလိုက်သည်။
"ဆရာဆွန်း၊ သိပ်လည်း စိတ်မကောင်း မဖြစ်ပါနဲ့။ နောင်ကျရင် ကျင့်သားရသွားပါလိမ့်မယ်"
လျှောင်ရန်ကတော့ ပြတ်သွားတဲ့ ခြေတွေ လက်တွေကို အေးအေးဆေးဆေး ထိုင်ကြည့်နေသည်။ ပြိုင်ပွဲမှာ ကျော်ကြားချင်ရင်တော့ အန္တရာယ်တွေကိုလည်း ထုံးစံအတိုင်း လက်ခံနိုင်ရမည်။
"ဒီနှစ်မှာ ဗဟိုပြည်နယ် အကယ်ဒမီက အဆင့်တက်လိမ့်မယ်။ ဒါပေမယ့် လိဂ်ပြိုင်ပွဲတွေမှာ

အဆင့်တွေ တိုးလာတာနဲ့ အမျှ သေဆုံးနိုင်ခြေလည်း ပိုများလာတယ်”
လျှောင်ရန်ကတော့ ဖန်ယန်ကိုကြည့်ရင်း ကြေကွဲဝမ်းနည်းနေတဲ့ပုံစံ ဖြစ်နေသည်။
ဒါက သူတို့အတွက် တစ်ခုတည်းသော အခွင့်အရေးပဲ ဖြစ်သည်။ ဆွန်းမိုကတော့ လာမယ်နှစ်များအတွင်းတွင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကြယ်ပွင့် ဖြစ်လာပြီး ကျောင်းသားအဖွဲ့အား အောင်ပွဲများရအောင် ဦးဆောင်နိုင်ရမည်။
သူက ဆွန်းမိုကို တကယ်ပင် မနာလို ဖြစ်မိသည်။

စောင့်ကြည့်သူက ဒီမြင်ကွင်းကို ရိုးသားစွာ မှတ်တမ်းတင်ထားသည်။
အပြန် ခရီးကချောမွေ့ပြီး အတားအဆီး မရှိခဲ့ပါ။ ဒါပေမယ့် အခြားကျောင်းသားအဖွဲ့တွေကတော့ ဆွန်းမို ကျောပိုးလာတဲ့ အလောင်းကို မြင်ပြီး တိုက်ခိုက်ချင်တဲ့စိတ် တော်တော် အားနည်းသွားသည်။ ဒီလို လူတစ်ယောက်ကို ရန်မစချင်ပါ။
အကြမ်းအားဖြင့်တော့ ဆုံးမှတ်နှင့် ၂.၅ ကီလိုမီတာ အကွာတွင် ရှန်ယူ အကယ်ဒမီမှ ကျောင်းသားအဖွဲ့ စောင့်နေကြသည်။

သူတို့ရဲ့ ရည်ရွယ်ချက်က ပန်းငါးကြင်း ဖြစ်သည်။ တောင်ပေါ်သားများနဲ့ ဖွဲ့စည်းထားတဲ့ ကျောင်းသားများသည် မွေးရာပါ ရေကို မကြိုက်ပါ။ ဒါကြောင့် ပန်းငါးကြင်းကို ဖမ်းရန် ရေထဲသို့ မသွားခဲ့ကြပါ။ သူတို့က ဒီနေရာတွင် စခန်းချပြီး အခြားကျောင်းများမှ လုယူရန် စောင့်ဆိုင်းနေခဲ့ကြသည်။

တောင်ပေါ်သားများသည် အခြေခံအားဖြင့်တော့ တောင်ပေါ်တွင် နေထိုင်ကြတဲ့ လူများ ဖြစ်သည်။ ရှန်ယူသည် တောင်တန်း နက်နက်ကြီးထဲတွင် တည်ရှိတဲ့ ရှားရှားပါးပါး အကယ်ဒမီ တစ်ခု ဖြစ်သည်။

သူတို့က ထောင်ချောက်တွေ ဖန်တီးပြီး မြေသားကောင်များကို အမဲလိုက်တဲ့ နေရာမှာ ကျွမ်းကျင်သည်။
ဆွန်းမိုက ကျောင်းသားအဖွဲ့ကို ဦးဆောင်ပြီး အမဲလိုက်ဇုန်ထဲသို့ ဝင်လိုက်တာနဲ့ လုချီဟွာသည် အန္တာရာယ်ရှိတဲ့ အငွေ့အသက်ကို ရုတ်တရုတ် ခံစားလိုက်မိသည်။
"ဆရာ၊ အရှေ့မှာ တစ်ခုခု မှားနေတယ်လို့ ခံစားရတယ်"
လုချီဟွာ မျက်နှာပေါ်က တုန်လှုပ်ခြောက်ခြားမှုကို မြင်နိုင်သည်။

“လမ်းတွေ အကဲခတ်ရအောင် တစ်ယောက်ယောက်ကို လွှတ်လိုက်”
ကူရှုပ်ရှင်းက အကြံပြုသည်။
“ငါတို့ လမ်းရှောင်ပြီး သွားမယ်”
ဆွန်းမိုက ဒီလောက် အချိန်ကုန်မှာကို စိတ်မပူပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အမြန်နှုန်းကြောင့် သူတို့သည် သေချာပေါက် ထိပ်တန်း စာရင်းထဲသို့ ဝင်လိမ့်မည်။
တောကြီး မျက်မည်းထဲမှာ.............
“ဗဟိုပြည်နယ် အကယ်ဒမီက လူတွေ ရှောင်ပြီး သွားပြီ။ ငါတို့ ဘာလုပ်ကြမလဲ။ သူတို့ကိုပဲ လိုက်ဖမ်းကြမလား"

ပစ်မှတ်ကို စောင့်ကြည့်ဖို့ တာဝန်ယူထားတဲ့ ဂျီဂျန်ရွှန်က သူတို့ရဲ့ အဖွဲ့ခေါင်းဆောင် ချမ်ဖူးကို အသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

“မလိုဘူး. မဟုတ်လား။ ထောင်ချောက်ဆင်ထားတဲ့ နေရာက ထွက်သွားရင် ငါတို့ရဲ့ တိုက်ခိုက်ရေး အစွမ်း တစ်ဝက်လောက် လျှော့ကျသွားမယ်”

ကျုံဟီက စွန့်စားချင်စိတ် မရှိပါ။

“ဗဟိုပြည်နယ်အကယ်ဒမီက ပြန်လာတာ စောတယ်။ သူတို့တွေ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကို ဖမ်းမိတာပဲ ဖြစ်နိုင်တယ်”

ဂျီဂျန်ရွှန် မျက်လုံး အရောင်တောက်လာသည်။

“ပြီးတော့ ငါမှတ်မိတာ မမှားရင် သူတို့အဖွဲ့ကလည်း

အေ အမျိုးအစားနဲ့ သက်ဆိုင်ပြီး ငါတို့နဲ့ ပစ်မှတ် အတူတူပဲ"

"အဲဒီ ကျောင်းကို တိုက်တော့မှာလား။ သူတို့တွေ သားကောင် ဖမ်းမိလာတယ်လို့ ပြောချင်တာလား။ မင်းက သူတို့ကို အရမ်းအထင်ကြီးနေပြီ။ အများဆုံးက အသေအပျောက် များလွန်းလို့ မခံနိုင်ဘဲ ပြန်လာတာပဲ ဖြစ်နိုင်တယ်"

ကျုံဟီက လှောင်ပြောင်လိုက်သည်။

"သူတို့ရဲ့ အသေအပျောက်က ဘယ်လိုလဲ"

ချန်ဖူ မေးသည်။

"ဆရာတစ်ယောက် သေပြီး နောက်တစ်ယောက်က ဒဏ်ရာရထားတယ်။ ကျောင်းသားတစ်ယောက်မှတော့

မဆုံးရှုံးဘူး။ ကြည့်ရတာတော့ စိတ်ဓါတ် တော်တော်တက်ကြွနေတဲ့ပုံပဲ”
“ဟားဟား၊ မျှော်လင့်ထားသလိုပဲ၊ အသေအပျောက်တွေ ပေါ်လာပြီ”
ကျုံဟီက ကျေနပ်နေတဲ့ အမူအရာနဲ့ “ဟော့ ၊ ငါခန့်မှန်းထားသလို ဖြစ်လာပြီ”
“ခရီး စထွက်မယ်”
ချန်ဇူ ဆုံးဖြတ်လိုက်သည်။
“အုပ်စုခေါင်းဆောင်”
ကျုံဟီ မျက်မှောင်ကြုတ်သွားသည်။ အရင်တုန်းကတည်းက ရှန်ယူ အကယ်ဒမီသည် အဆင့်တက်ဖို့ မျှော်လင့်ချက် မရှိသလို အဆင့်ကို

ထိန်းထားဖို့ အတွက်လည်း စိုးရိမ်စရာ မလိုပါ။ ဒါကြောင် စွန့်စားစရာ မလိုပါ။

“ငါတို့က နှစ်တိုင်း ဒီလို လှည့်စားနေမယ်ဆိုရင် ကျန်တဲ့ လူတွေက အထင်သေးနေလိမ့်မယ်”

ချမ်ဖူမှာ နောက်ထပ် အစီအစဉ် ရှိသေးသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ပန်းငါးကြင်း ဖမ်းမိတယ် မမိတယ် ဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး သူတို့သည် တစ်ချိန်က မဟာကိုးပါး အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့သည်။

ရှန်ယူက ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ကို ဖျက်ဆီးလိုက်တာနဲ့ သူတို့အကြောင်းကို လူတိုင်းက ပြောဆိုနေကြမည်။

ဒါက တော်တော် အကျင့်မကောင်းရာ ရောက်ပေမယ့် ဗဟိုပြည်နယ် အကယ်ဒမီက အားနည်းတဲ့အတွက် သူတို့ကိုယ်သူတို့ပဲ အပြစ်တင်ရလိမ့်မည်။

နောက်ဆုံးအမှတ်နှင့် ၁.၅ ကီလိုမီတာ အကွာတွင် ရှန်ယူ ကျောင်းသားအဖွဲ့သည် ဗဟိုပြည်နယ် အကယ်ဒမီ ကျောင်းသားအဖွဲ့ကို လိုက်မီသွားသည်။

“မင်း ဘာလုပ်ချင်လို့လဲ”

ကူရှုပ်ရှင်းက ထအော်လိုက်သည်။

“မင်းတို့ ဖမ်းမိထားတဲ့ ပန်းငါးကြင်းကို ထုတ်ပေးလိုက်။ ဒါဆိုရင် မင်းတို့အားလုံးကို အသက်ရှင်ခွင့် ပေးမယ်”

ဂျီဂျန်ရှန် အော်ပြောပြီး တိုက်ခိုက်ဖို့ လက်ဝှေ့ယမ်းလိုက်သည်။

“တိုက်ပွဲအတွက် ပြင်ဆင်ကြ”

ရှန်ယူက ကျောင်းသားများသည် အော်ဟစ်ပြီး လေးမြွားနှစ်ဆယ်ကို ပစ်ခတ်ဖို့အတွက် အဆင့်သင့် လုပ်ထားကြသည်။

“မကြောက်ကြနဲ့”

ကျန်ရန်ဖေခင်က အော်ဟစ်ပြီး အရှေ့ဆုံးက ပိတ်ရပ်လိုက်သည်။

“သူတို့က ရှန်ယူက ကျောင်းသားတွေပဲ။ မြွားပစ်တော်တော်လေး ထူးချွန်တယ်”

သားရေ ဝတ်စုံဝတ်ထားတာ မြင်လိုက်လျှင် လီဇီချီက လူတိုင်းကို "တိုက်ပွဲစတာနဲ့ သူတို့ဆီကို ချက်ခြင်းပြေးပြီး အနီးကပ် သတ်ပစ်ကြ။ ဘိုင်ဝူက သူတို့ခေါင်းဆောင်ကို သတ်ဖို့ ကြိုးစားပါ"
အင်ဘိုင်ဝူက ခေါင်းညိတ်ပြပြီး လေးထုတ်လိုက်သည်။
ရွှတ်စ်
"ကောင်းလိုက်တဲ့ လေး"
လူအများက ချီးကျူးကြသည်။
"ဒီဆရာတွေ၊ မင်းတို့နှစ်ယောက်နဲ့ တိုက်ခိုက်ဖို့ ဆရာလေးယောက်ရှိတယ်။ မင်းတို့ မနိုင်နိုင်ပါဘူး။ ဘာဖြစ်လို့ စွန့်စားမှာလဲ"

ကျုံပဟီက စည်းရုံးသည်။ သူက တကယ်ကို မတိုက်ခိုက်ချင်ပါ။
“ကျုံပဟီ၊ မင်းက ရှန်ယူကို အရှက်ရအောင် လုပ်နေတာလား”
ဂျီဂျန်ရှန်က လှမ်းပြောသည်။ သူ့ရဲ့ အကြည့်တွေက ဗဟိုပြည်နယ် အကယ်ဒမီဘက်သို့ ရောက်သွားပြီး
“ပန်းငါးကြင်း ဘယ်သူ့လက်ထဲမှာလဲ ထုတ်ပေးပါ”
ဒီကောင်ရဲ့ မျက်လုံးများသည် တောထဲက ရက်စက်သည့် ဝံပုလွေ မျက်လုံးနဲ့ တူနေသည်။ အရမ်းထက်မြတ်လွန်းသဖြင့် လူတိုင်းကို ဖောက်မြင်နေရသလို ဖြစ်နေသည်။

ကျောင်းသားတွေသည် သည်းမခံနိုင်ဘဲ သူ့ရဲ့ အကြည့်ကို ရှောင်နေကြသည်။

“အို၊ ပန်းငါးကြင်းလား”

ထန်ထန်ယုထန်က ခေါင်းညိတ်ပြီး ရှီကွမ် အိတ်ထဲက ပန်းငါးကြင်းကို ထုတ်ယူလိုက်သည်။

“မင်းက ဒီလိုအရောင်တောက်တဲ့ ငါးကို လိုချင်တာလား”

ရှန်ယူကျောင်းမှာ ကျောင်းသားများသည် ပျော်ရွှင်သွားကြသည်။ သူတို့၏ သားကောင်ကို စောင့်တဲ့ ဗျူဟာက လက်တွေ့ အသုံးဝင်လာမယ်လို့ မထင်ထားခဲ့ပါ။

ချမ်ဖူ ထိတ်လန့်သွားသည်။ ဒါပေမယ့် အဲဒီနောက်မှာ မျက်မှောင် ကြုတ်သွားသည်။ ဗဟိုပြည်နယ် အကယ်ဒမီသည် ပန်းငါးကြင်းကို လျှင်မြန်စွာ ဖမ်းယူနိုင်ခဲ့သည်။ သူတို့မှာ စွမ်ရည်တချို့တော့ ရှိနိုင်သည်။

သို့သော်လည်း လေးမြွားကလည်း ထုတ်ပြီးသား ဖြစ်နေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် တိုက်ပွဲကတော့ တိုက်ခိုက်ရလိမ့်မည်။

ဂျီဂျန်ရှန် ပြန်ဖြေမလို့ လုပ်လိုက်တဲ့ အခါမှာ ရောဂါသည်က နောက်ထပ် ပန်းငါးကြင်း တစ်ကောင်ကို ထုတ်ယူနေတာ မြင်လိုက်ရသည်။

“ဒါမှမဟုတ် သိပ်အရောင်မတောက်တဲ့ ဒီငါးကို လိုချင်လား”

“တောက်၊ ပန်းငါးကြွင်းနှစ်ကောင်တောင်လား”

“သူတို့က ဗဟိုပြည်နယ် အကယ်ဒမီက မဟုတ်ဘူးလား။ တကယ်ကို အထင်ကြီးစရာကောင်းတာပဲ”

“ဒါပေမယ့် သူတို့က ဘယ်လိုပဲ တော်နေပါစေ၊ ငါတို့အတွက် ခြေနင်းကျောက်တုံး တစ်တုံးဖြစ်ရမယ်”

ရှန်ယူက ကျောင်းသားတချို့ ထိတ်လန့်သွားသည်။ တချို့က တုန်လှုပ် ခြောက်ခြားနေကြပြီး တချို့က

အကျိုးကျေးဇူး ကြီးကြီးမားမား ရလိုက်သလို ဝမ်းသာပီတိ ဖြစ်နေကြသည်။

"ယုထန်"

ချန်နူိ စကားမပြောနိုင် ဖြစ်သွားသည်။ "မင်းက သူတို့ကို ဒီလောက်အထိ စိတ်ဆွဖို့ လိုလို့လား။ ငါတို့ဆီက ပန်းငါးကြွင်းကို မလုဘဲ ငါတို့ကို မသတ်မှာ ကြောက်နေတာလား"

"ဘာကို ကြောက်နေတာလဲ။ သူတို့ လုပ်ရဲရင် သူတို့ကို အဆုံးသတ်ပေးလိုက်မယ်"

ကျန်ရန်ဖောင်ရဲ့ စိတ်ထဲတွင် မီးတောက်နေသည်။ အရမ်းဒေါသထွက်ပြီး တစ်ယောက်ယောက်ကို သတ်ချင်စိတ်ပေါက်နေသည်။

လီဇီချီ မျက်လုံး ပြူးသွားသည်။ ဒီမူမမှန်တဲ့ ရောဂါသည်က ဘာကိုစီစဉ်နေလဲ သူမ ခန့်မှန်းမိသော်လည်း သူ့ကို မတားခဲ့ပါ။ ရှန်ယူကလူတွေ အချောင်လုချင်နေရင်တော့ သွေးနဲ့ ပေးဆပ်ဖို့ အကောင်းဆုံး ပြင်ဆင်ထားသင့်သည်။

"မင်း လိုချင်လို့လား။ မင်းတို့ကို ပေးလိုက်မယ်"

ထန်ထန်ယုထန်က ဗရုတ်ကျပြီး ပန်းငါးကြင်းကို ပစ်ပေးလိုက်သည်။

ရွှတ်စ်

ပန်းငါးကြင်း လေထဲသို့ ပျံတက်သွားသည်။ နေမင်းကြီး ကလည်း တောက်ပနေသဖြင့်

အရောင်စုံတောက်နေတဲ့ ငါးသည် ကြည့်လို့ ပိုလှပလာသည်။
ရှန်ယူမှ ကျောင်းသားများသည် အလိုလို လိုက်ကြည့်မိကြသည်။
"ဘိုင်ဝူ"
ထန်ထန်ယုထန်က တိုးတိုးလေး အော်လိုက်သည်။
အသင့်ပြင်ထားသည့် အင်ဘိုင်ဝူသည် သူမ၏မြှားကို တိုက်ရိုက် ပစ်လိုက်သည်။
ရွှတ်စ်
မြှားကို ရန်သူ ကျောင်းသားခေါင်းဆောင်ဆီ တန်းပစ်လိုက်သည်။
"သတိထား"

ထန်ထန်ယုထန်က ငါးကြင်း ပစ်လိုက်တဲ့ အခိုက်အတန့်တွင် ချန်ဇူက အော်ဟစ်လိုက်သည်။ သို့သော် လေဘုရင်နတ်ဘုရား ကျင့်စဉ်ကို အသုံးပြုထားသဖြင့် မြွားတစ်စင်း သည် မြန်ဆန်လှသည်။ ပြီးတော့ တစ်ဝက်တစ်ပျက် မြွားဖြစ်သဖြင့် မမြင်နိုင်ပုံ ရသည်။

ဖူး

ချန်ဇူ၏ အသံထွက်လာတဲ့ အချိန်တွင် အဲဒီကျောင်းသားခေါင်းဆောင်၏ ဘယ်ဘက်ရင်အုံကို မြွားမှန်သွားသည်။ ရိုက်ခတ်မှုကြောင့် တစ်ကိုယ်လုံး နောက်ပြန်ဆုတ်သွားသည်။

“အစ်ကို လွန်”

ကျောင်းသားအားလုံး တော်တော်လေး လန့်ဖြတ်သွားသည်။ သူတို့ထဲက မျက်နှာတချို့တွင် ခေါင်းဆောင်၏ သွေးများဖြင့် ဖုံးလွှမ်းသွားသည်။ ထုံးစံအတိုင်း လန့်ဖြန့်နေကြသည်။
"သတိထား"
ချန်ဇီသည် အရမ်းစိုးရိမ်နေသည်။ (ရုတ်တရက် အတိုက်ခံရလျှင် ဘယ်လောက်တောင် ထိတ်လန့်နေမှာလဲ။ ငါတို့ ချက်ခြင်း လက်တုံ့ပြန်ရမယ်။ မင်းတို့အားလုံး နားမလည်ဘူးလား။)
ထုံးစံအတိုင်း ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများ မြွားအနည်းငယ်

အပစ်ခံလိုက်ရသည်။ သို့သော်လည်း ကျန်ရန်ဖောင်နှင့် ရှန်ယွန်ပေါင်က အလွယ်တကူ တားဆီးခဲ့သည်။ ရှန်ယူမှ ကျောင်းသားများသည် ထပ်တိုက်ခိုက်ချင်သော်လည်း အခွင့်အရေး မရှိတော့ပါ။

ဘာဖြစ်လို့လဲ ဆိုတော့ လီဇီချီက လုပ်ဆောင်ခဲ့ပြီ ဖြစ်သည်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

သူမက လျှပ်စီးကာကွယ်ခြင်း တက်တူး ငါးခုကို အဆက်မပြတ် ဆုတ်ဖြဲလိုက်သည်။ လက်သီးအရွယ်လောက်ရှိတဲ့ လျှပ်စီး စက်လုံး ၂၁ခု သည် သူမဘေးတွင် ချက်ခြင်း ပေါ်လာသည်။ သူမက

လက်ကို ဇော့ယမ်းလိုက်လျှင် ရှန်ယူ ကျောင်းသားအဖွဲ့ဆီ လျှပ်စီးများ ကျရောက် ပေါက်ကွဲသွားသည်။
“မြန်မြန် ရှောင်”
ချန်ဇူက အော်ဟစ်လိုက်သည်။
လျှပ်စီးစက်လုံးရဲ့ အရှိန်သည် အလွန်လျှင်မြန်လှသည်။ တခဏခြင်း ပေါက်ကွဲသွားသည်။
ဘုန်း ဘုန်း ဘုန်း
အပြာရောင် လျှပ်စီးများ ပေါက်ကွဲ ထွက်လာသည်။ မိုးကြိုး အပစ်ခံရတဲ့ ကျောင်းသားများသည် ဆီးတွေ၊

ဝမ်းတွေ မထိန်းချုပ်နိုင်တော့ပဲ ဘောင်းဘီတွေ စိုရွှဲသွားသည်။
အား အား
သနားစရာကောင်းတဲ့ အော်သံများက လေထဲ ပြည့်နှက်နေသည်။
လျှင်မြန်စွာ ထွက်ပြေးနိုင်တဲ့ ကျောင်းသား တချို့ကတော့ ဘေးနားသို့ ရောက်အောင် ရှောင်တိမ်းနိုင်ခဲ့သည်။ ဒါလည်း အသုံးမဝင်ပါ။ လျှပ်စီး စက်လုံးများက မီးလုံးများလို မဟုတ်ပါ။ လူ့ခန္ဓာကိုယ်က တည်ငြိမ် လျှပ်စီးများ ဆွဲဆောင်နေကြသဖြင့် အရင်းမြစ်က ကြီးထွားလာခဲ့သည်။

ဒါကြောင့် လျှင်မြန်စွာ ရှောင်တိမ်းနိုင်တဲ့ လူများလည်း မလွတ်မြောက်ခဲ့ပါ။ သူတို့လည်း ဓါတ်လိုက်ခံခဲ့ရသည်။ တစ်ခုတည်းသော ကွာခြားချက်က သူတို့ ဓါတ်လိုက်ခံရတဲ့ လျှပ်စီး ပမာဏ နည်းပါးတာပဲ ရှိသည်။ ဒါကြောင့် တန်းမသေပါ။

လျှပ်စီးလက်သံများ ပျောက်ကွယ်သွားတာနဲ့အမျှ မြင်ကွင်းက ပြန်ပြီး တိတ်ဆိတ်သွားသည်။

အင်ဘိုင်ဝူက လက်ထဲမှာ ကိုင်ထားတဲ့ လေးကို တစ်ချက်ကြည့်လိုက်သည်။ အဲဒီနောက် လေးကို ပြန်ချလိုက်သည်။

ရှန်ယူကျောင်းသားများတွင် မတ်တပ်ရပ်နေတဲ့ လူမရှိတော့ပါ။ အင်ဘိုင်ဝူက ဒဏ်ရာရတဲ့လူတွေကို မသတ်ချင်တော့ပါ။

"ဒါ...ဒါ.............."

ချန်ဇူ အံ့အောသင့်နေသည်။ ပါးစပ်က ပိတ်လိုက်ဖွင့်လိုက် ဖြစ်နေသည်။ သူ ဘာမှ ပြောမထွက် ဖြစ်နေသည်။

"အဖွဲ့က ဒီလိုပဲ ပျက်ဆီးသွားပြီလား"

ဂျီဂျန်ရှန် မျက်နှာဖြူဖျော့နေသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ပန်းငါးကြင်း ငါးကို လုယူဖို့ စိတ်ကူးယဉ်ချင်သေးတာလား။ တတိယအချီမှာ ကံကောင်းခဲ့မယ်ဆိုလျှင် ထိပ်ဆုံး ဆယ်သင်းထဲသို့

ဝင်နိုင်သေးသည်။ အခုတော့ သူတို့ရဲ့ ကျောင်းသားအဖွဲ့ လုံးဝကို ပျက်ဆီးသွားပြီ။

"အမှားတစ်ခုလား"

ကျိုပုဟီသည် မကြည့်ရဲတော့ဘဲ မျက်လုံး မှိတ်ထားသည်။

ဒီမိန်းကလေး ပတ်ပတ်လည်တွင်ရှိတဲ့ လျှပ်စီးကြောင်းများကြောင့် ကျောင်းသား ငါးဦးထက်မနည်း သေဆုံးခဲ့ရပြီ။

ဝေါ့

လီဇီချီသည် ခေါင်းငုံ့ပြီး ထပ်ကာထပ်ကာ အန်နေသည်။ သို့သော်လည်း စိတ်အားထက်သန် မှုကတော့ မကျသွားပါ။

“အကြီးဆုံး အစ်မကြီး”

လုချီဟွာက လီဇီချီရဲ့ ကျောကို ပုတ်ပြီး အဆင်ပြေအောင် ကူညီနေသည်။

ကျန်ရန်ဇောင်က တစ်ချက်ကြည့်လိုက်ပြီး ခေါင်းအကြိမ်ကြိမ် ခါလိုက်မိသည်။ “ငါ သူ့ကို စော်ကားဖို့ မဖြစ်နိုင်ဘူး။ သူမကို စော်ကားဖို့ မတတ်နိုင်ဘူး"

လီဇီချီ၏ ကိုယ်လက်လှုပ်ရှားရေး စွမ်းရည် အားနည်းပြီး တိုက်ခိုက်ရေး အစွမ်းကလည်း အရမ်းအားနည်းသည်။ ဒါပေမယ့် ရန်သူအများစုကတော့ သူမလက်ထဲတွင် သေဆုံးသွားခဲ့သည်။

"ဒီလျှပ်စီးတွေကို ထုတ်လွှင့်နိုင်တဲ့ မင်းရဲ့ တက်တူးက နည်းနည်းကြောက်ဖို့ မကောင်းလွန်းဘူးလား။"

ကျန်ရန်ဇောင် အနည်းငယ် စိုးရိမ်နေသည်။ လျှပ်စီးနဲ့ ရုတ်တရုတ် တိုက်ခိုက်လိုက်လျှင် မရှောင်နိုင်ခြေက ၈၀ကနေ ၉၀ ရာခိုင်နှုန်းလောက်ရှိသည်။

"ပြောရမယ်ဆိုရင် ဝိညာဉ်တက်တူး လေ့လာတဲ့ လူတစ်ယောက်အနေနဲ့ ဒီလိုမျိုး ဝိညာဉ်တက်တူးကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး"

"ဒါက ဆရာတီထွင်ထားတာ'

လီဇီချီက ရှင်းပြသည်။

ရွှတ်စ်

လူတိုင်းက ဆွန်းမိုကို လှည့်ကြည့်ပြီး လေးစားအထင်ကြီးမှု အမှတ်များ ထောက်ပံ့ပေးခဲ့သည်။ လီဇီချီက အရည်အချင်းကောင်းသော်လည်း ဆွန်းမိုကသာ စေ့စေ့စပ်စပ် လမ်းမညွှန်ပေးခဲ့လျှင် သူမက ဒီလောက် အတိုင်းအတာအထိ မလုပ်နိုင်ပါ။

“သူတို့ကို သတ်"

ချန်ဗူ ဒေါသပေါက်ကွဲနေသည်။ ကျောင်းသားတွေကို သတ်လို့ မရသဖြင့် ဒေါသတွေအား ဆွန်းမိုတို့ အပေါ် ပုံချလိုက်သည်။

ဒါကို စောင့်ကြည့်သူက ကြည့်မနေနိုင်တော့ပါ။

အခန်း (၃၆၁) - ဒုတိယအချီ ပြီးဆုံးခြင်း

ဝူရှ် ဝူရှ် ဝူရှ်

မြှားလေးစင်း ပစ်လွှတ်လိုက်သည်။

ကူရှုပ်ရှင်းသည် ဓါးဖြင့် ခုတ်ဖြတ်လိုက်သည်။ ဆွန်းမိုသည် သူ့နေရာကနေ ရှေ့ဆင့် နောက်ဆင့် ပျောက်ကွယ်သွားသည်။

"ဆွန်းမို၊ ငါ့အတွက် အဖွဲ့ခေါင်းဆောင် ဆရာကို ချန်ထားပေး"

ကူရှုပ်ရှင်းက သတိပေးလိုက်သည်။

"သူ့ကို ငါမတိုက်တော့ဘူး"

"ငါ မင်းကို ပေးလိုက်မယ်"

ဆွန်းမိုသည် ချန်ဇူ၏ အရှေ့တွင် ရုတ်တရက် ပေါ်လာသော်လည်း ကျုံ့ပြီး ဆီကို လျှပ်တပြက် ရောက်သွားသည်။

"အရမ်းမြန်တယ်"

ကူရှုပ်ရှင်း နီမြန်းနေကာ တုန်ယင်သွားပြီး မကျေနပ်တဲ့ အရိပ်အမြွက် ပေါ်လာသည်။ (ဒါက

ဘယ်လို လှုပ်ရှားမှု နည်းစနစ်လဲ။ ဘယ်လိုတောင် မြန်လွန်းနေ လိုက်တာ။ ဟွန့်၊ အိပ်ရာထဲမှာလည်း မင်းမြန်ဖို့ ငါမျှော်လင့်တယ်။ နှစ်ချက် သုံးချက်လောက်နဲ့ အဆုံးသတ်လို့ မရဘူးနော်)

"အရမ်းမြန်"

ဂျီဂျန်ရှန်၏ နှလုံးများ တဆက်ဆက် တုန်နေသည်။ သူတို့ ဘိုးဆင်ဘောင်ဆက်သည် တောင်ပေါ်ဒေသတွင် ကြီးပြင်းခဲ့ပြီး ငယ်ငယ်ကတည်းက အမဲလိုက်ခဲ့ကြသည်။ ဒါကြောင့် သူတို့၏ လေးပစ်မှုနှင့် မျက်လုံး အကြည့်များသည် အရမ်းထူးခြားသည်။ အမှောင်ထဲက

အရာတွေကိုတောင် မြင်နိုင်သည်။ ဒါပေမယ့် စောစောတုန်းကတော့ ဆွန်းမိုကို ခြေရာခံလို့ မရခဲ့ပါ။

ဘယ်လောက် မြန်လိုက်မလဲ။

“တကယ်ကို ဘဝင်မြင့်နေတယ်”

ချန်ဖူ ဒေါသထွက်လွန်းပြီး ပေါက်ကွဲချင်နေသည်။ (မင်းတို့က ငါ့ကို ဘယ်လို သဘောထားနေတာလဲ။ ကြီးမားတဲ့ အတွေ့အကြုံ အဟာန့်အတား မဖြစ်နိုင်ဘူးလား)

သူက ယောက်ျား ပီသပြီး အမျိုးသမီးများနဲ့ မတိုက်ခိုက်ချင်ပါ။ သို့သော်လည်း ဆွန်းမိုဆီ

ချိန်ရွယ်ထားတဲ့ မြွားကို ကူရှုပ်ရှင်းဘက်သို့ လှည့်လိုက်သည်။

ဝူရှ်

မြွားက လေထဲသို့ ထိုးဖောက်သွားသည်။

ကူရှုပ်ရှင်းက ဓါးကို ဝှေ့ယမ်းပြီး မြွားကို ခြောက်ပိုင်း ပိုင်းလိုက်သည်။ အဲဒီနောက် သူမက ချန်ဇူကို လျှင်မြန်စွာ တိုက်ခိုက်တော့သည်။

"ငါလိုး ဘာဖြစ်လို့ ငါ့ဆီ လာတာလဲ"

ကျုံ့ဟီ ငိုချင်စိတ် ပေါက်နေသည်။ သူ့အရှေ့တွင် ဆွန်းမိုက ရုတ်တရက် ပေါ်လာသဖြင့် လန့်ဖြန့်သွားသည်။ ဘာမှ မတတ်နိုင်တော့ပါ။

ကာကွယ်ဖို့အတွက် ဓါးကို ဆွဲထုတ်လိုက်ရသည်။ သို့သော်လည်း ကာကွယ်ဖို့သာ အဓိက အာရုံစိုက်ထားသည်။

“နှစ်ယောက် လေးယောက် တိုက်ခိုက်နေတာလား။ အရမ်း အန္တာရာယ်များလွန်းတယ်”

လီဖန်က အံကြိတ်ပြီး

“ငါတို့ သွားကူကြမလား”

“စိတ်မပူနဲ့ ။ ဒီကောင်တွေ သေသွားပြီ”

လီဇီချီက အရမ်းသွေးအေးနေသည်။

“အရမ်း အကောင်းမြင် မနေနဲ့”

ကျန်ရန်ဓောင်က သူမကို သတိပေးလိုက်သည်။

“ပစ်မှတ်က စုစုပေါင်း သုံးခုရှိတယ်။ ဆရာက မစဉ်းစားတတ်ဘူး ထင်နေတာလား။ ပထမဆုံး တိုက်ခိုက်လိုက်တဲ့ လူက အညံ့ဆုံး လူပဲ။ ပြောင်ချင်တာက တိုက်ပွဲ စပြီ ဆိုတာနဲ့ သူ့ကိုယ်သူ ကာကွယ်ဖို့ပဲ အာရုံစိုက်ထားလိမ့်မယ်”

လီဇီချီက “ မင်းတို့က ငါ့ဆရာရဲ့ တိုက်ခိုက်ရေးအစွမ်းကို အရင်က မြင်ဖူးတာပဲ။ ပြိုင်ဘက်က ပြန်တိုက်ရင် ခဏလောက် ထိန်းထားနိုင်အုံးမယ်။ ဒါပေမယ့် ကာကွယ်ဖို့ ဆိုရင်တော့..................”

"သူတို့ပဲ အပြတ်အသတ် ခံရလိမ့်မယ်"

အင်ဘိုင်ဝူက လက်ချိုးပြီး ပြောလိုက်သည်။

အင်ဘိုင်ဝူ မှတ်ချက် ဆုံးသွားတာနဲ့ ကျုံဟီသည် လွင့်ထွက်သွားပြီး သစ်ပင်နှင့် တိုက်မိကာ ခေါင်းမှ သွေးများ စီးကျနေသည်။

သူ့ရဲ့ ညာလက်နှင့် ဘယ်လက်က ပုံမှန်အတိုင်း မဟုတ်တော့ပါ။ ရင်ဘက် ချိုင့်ဝင်နေပြီး နံရိုး ကျိုးသွားမှန်း သိသာနေသည်။

"..............."

ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများသည် ဘာပြောရမှန်း မသိတော့ပါ။

ဆွန်းမိုကို အရမ်းအံ့အောသင့်အောင် ကောင်းမှန် သိခဲ့သော်လည်း ဒီအစွမ်းက နည်းနည်း မများလွန်းဘူးလား။

သူက တကယ် တစ်ယောက်တည်းပဲ နောက်တစ်ယောက် မရှိနိုင်တဲ့ လူမျိုး ဖြစ်သည်။

“ရုတ်တရုတ် အံ့အောနေစရာမလိုဘူး၊ အံ့မခန်းပဲ လို့ အော်လိုက်စမ်းပါ”

လုချီဟွာက လက်ခုပ်တီးရင်း ပြောသည်။

ရှန်ယူက ဆရာသုံးယောက်လည်း အံ့အော သင့်နေသည်။ ဒီကောင်က ဘယ်သူလဲ။ သွေးလောင်ကျွမ်းခြင်း အဆင့် (၄)မှာရှိနေတဲ့

ကျုံ့ပြဟီတောင် ချက်ခြင်း ရှုံးသွားတာလား။ ဒါက လိမ်စဉ်ကြီးလား။

ဒီလူက အသက်လိမ်ထားတဲ့ စီနီယာ တစ်ယောက်လား။

သို့သော်လည်း သူတို့မှာ အရမ်းအံ့အောသင့်နေဖို့ အချိန်မရှိပါ။ ဆွန်းမိုက ဆက်လက်ပြီး တိုက်ခိုက်လာသည်။

ဂျီဂျန်ရွန်သည် တစ်ယောက်နှင့် တစ်ယောက် နီးကပ်လာတဲ့အချိန်တွင် ကြောက်ရွံ့နေသည်။ ဒီကောင်က အရမ်းသန်မာသည်။ မျက်လုံးကြီး ပြူးကာ ဆွန်းမိုရဲ့ လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေသည်။

သို့သော်လည်း အားကုန်သုံးပြီး ခုခံခဲ့တာတောင် ဆွန်းမိုရဲ့ တိုက်ခိုက်မှုများကို မကာကွယ်နိုင်ခဲ့ပါ။

ဂျီဂျန်ရှန်သည် မုန်းတိုင်းမိတဲ့ လှေငယ်လေးလို ရှုံးသွပ်စွာ ခံစားနေရသည်။ အချိန်မရွေး သေနိုင်နေသည်။

ဘုန်း ဘုန်း ဘုန်း

ဆွန်းမိုက ဂျီဂျန်ရှန်ရဲ့ ခေါင်းကို အဆက်မပြတ် ရိုက်နေသဖြင့် ရွှေရောင် စာမျက်နှာများ ထွက်ပေါ်လာသည်။

(ဒီကောင်က ဆန်းကြွယ် ကောင်းကင်အဆင့် ဓါးကျင့်စဉ်ကို သိထားတာပဲ။ ဒါကြောင့်

အရမ်းဂုဏ်ယူနေပြီး တိုက်ပွဲ တိုက်ချင်နေတာ မဆန်းပါဘူး)

"ငါ.လို.."

ဂျီဂျန်ရှန် ငိုချင်စိတ်ပေါက်နေသည်။ အရမ်းလည်း နောင်တရနေသည်။ သူသာ ဒီလူတွေကို တိုက်ခိုက်ဖို့အတွက် ချန်ဇူကို မတိုက်တွန်းခဲ့ဘူးဆိုရင် ....။ ပြီးတော့ သူ့ရဲ့ ဆန်းကြယ်ကောင်းကင်အဆင့် ဓါးကျင့်စဥ်ကလည်း အတုကြီး များလား။

ဒီလိုမဟုတ်ရင် သူ့ရဲ့ တိုက်ခိုက်ရေးအစွမ်းက ဘာဖြစ်လို့ ပြိုင်ဘက်ထက် အများကြီးအားနည်းနေရမှာလဲ။

ဘုန်း

ဂျီးဂျန်ရှန် လွင့်ထွက်သွားသည်။

နောက်ဆုံးကျန်ခဲ့တဲ့ ဆရာသည် ခုန်ပြီး မီတာသုံးဆယ်ကျော်ကွာတဲ့ အထိ ဆုတ်သွားသည်။ သူ့လက်ထဲက လေးရှည်နဲ့ ဆွန်းမိုကို ချိန်ထားသည်။ သို့သော်လည်း ဆွန်းမို လှည့်ကြည့်လိုက်လျှင် ရန်မလိုပါဘူးဆိုတဲ့ အမူအရာ ပြကာ လေးကို ခပ်မြန်မြန် ပစ်ချလိုက်သည်။

"ခေါင်းဆောင် ချန်ဇူနဲ့ ကျောင်းသားတွေ ငါတောင်းပန်ပါတယ်။ ငါ မကြိုးစားတာ မဟုတ်ဘူး. တကယ်ကို မနိုင် နိုင်လို့ပါ"

ဆွန်းမိုက ပုခုံးတွန့်လိုက်ပြီး "သူတို့ကို သွားကူညီပေးလိုက်ပါ"

ထို့နောက်မှာတော့ အဲဒီဆရာသည် လွတ်ငြိမ်းချမ်းသာခွင့် ရသွားသလို ခံစားလိုက်မိသည်။

ချန်ဇူတစ်ယောက်ပဲ ကျန်တော့သည်။

"အရမ်းကြီး သတိထားမနေနဲ့။ ဆွန်းမိုက တိုက်ခိုက်မှာ မဟုတ်ဘူး။ မင်းရဲ့ ပြိုင်ဘက်က ငါပဲ"

ဒီစကားပြောပြီးနောက် ကူရှပ်ရှင်းသည် အနည်းငယ် ပိုအားထည့်လိုက်သည်။

ချန်ဇူက သူတို့ကို အတူတူ တိုက်ခိုက်ဖို့ ပြောလိုက်ချင်သည်။ သို့သော်လည်း ပါးစပ်က ပြောထွက်ဖို့အတွက် ယုံကြည်ချက် မရှိတော့ပါ။

"ရှပ်ရှင်း၊ မင်းက တိုက်ပွဲ အတွေ့အကြုံ နည်းနည်းလေး ရှိပါတယ်"

ဆွန်းမိုက နာကျင်မှု တပ်မက်သူလေးကို စောင့်ကြည့်ရင်း ပြောလိုက်သည်။ လှုပ်ရှားလိုက်တဲ့အခါ ခြေတံရှည်ရှည်လေးတွေနဲ့ အရမ်းဆွဲဆောင်မှု ရှိလွန်းသည်။

"အမ်"

ကူရှုပ်ရှင်းသည် ကျောင်းသား အားလုံးအရှေ့တွင် ဆွန်းမို ခေါ်သံကြားပြီး အာရုံပြောင်းသွားသည်။ ဒီရလဒ်ကြောင့် သူမ နာကျင်သွားသည်။ အဲဒီနောက် မတတ်နိုင်ဘဲ မျက်လုံး ပြူးသွားသည်။

"ဆွန်းမို၊ အခြေအနေလည်း သတိထားအုံး"

ကူရှုပ်ရှင်းက သတိပေးလိုက်သည်။

"အကြီးဆုံး အစ်မကြီး"

လုချီဟွာက လီဇီချီရဲ့ လက်မောင်းကို လှမ်းပုတ်လိုက်ပြီး

"သူတို့ကြားက ဆက်ဆံရေးက တမျိုးကြီးပဲနော်"

"မင်းခံစားချက် မှားနေပြီ"

လီဇီချီက ပြန်ပြောလိုက်ပေမယ့် စိတ်ထဲမှာ အရမ်းစိုးရိမ်နေသည်။

"ဆရာက နယ်ပယ် နှစ်ခုစလုံးမှာ အကောင်းဆုံး ဖြစ်ဖို့ ကြိုးစားနေတာလား"

ချန်ဇီသည် သေလုနီးပါး ပေါက်ကွဲနေသည်။ (မင်းတို့အချင်းချင်း တကယ်ပဲ ပရောပရီ လုပ်နေတာလား။ ဒီမှာ ငါမရှိတော့ဘူးလို့ ထင်နေတာလား။)

အဲဒီနောက်မှာတော့ ကူရှုပ်ရှင်းက ချန်ဇူရဲ့ ခေါင်းကို ကန်ထုတ်လိုက်သည်။

ဒါက အမှန်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မင်းက အရေးမပါဘူး။

....

ပြိုင်ပွဲ ဒုတိယအချီ ပြီးဆုံးမည့်နေရာသည် နှင်းစက်ဖြူ အဆောက်အဦးတွင် မဟုတ်ဘဲ ကျောက်စိမ်းလှိုင်း ရေကန်ဘေးတွင် ဖြစ်သည်။

ဒီနေရာက အမှောင်တိုက်ကြီး ပထမအထပ်တွင် လူသိများတဲ့ နေရာတစ်ခု ဖြစ်သည်။ သူတော်စင်ဂိတ်က ဒီနေရာကို နောက်ဆုံးနေရာအဖြစ် အတည်ပြုခဲ့ခြင်းသည် လှပတဲ့ ရှုခင်းကြောင့်လို့

ထင်ရသော်လည်း လိဂ်ပြိုင်ပွဲရဲ့ ပုံရိပ်ကို လူသိများစေခြင်းသောကြောင့် ဖြစ်သည်။

ဒုတိယအချီ ပြိုင်ပွဲတွင် အချင်းချင်း သေချာပေါက် သတ်ဖြတ်ကြလိမ့်မည်။ ဒါကြောင့် အသေအပျောက် မရှိဘူးဆိုတာ မဖြစ်နိုင်ပါ။

ကျန်ရစ်ခဲ့တဲ့ ကျောင်းသားအဖွဲ့တွေသာ နှင်းစက်ဖြူမြို့ကို ပြန်လာတာ မြင်လိုက်လျှင် သာမန်ပြည်သူတွေက ဘယ်လိုထင်ကြမလဲ။

ဒီအတွက်ကြောင့် လူသိများမှုကို ထည့်သွင်း မစဉ်းစားဘဲ နိုင်ငံသားများကြားတွင် ပုံရိပ်ကောင်း ချန်ထားနိုင်ဖို့သာ အာရုံစိုက်ထားခဲ့သည်။ သူတို့က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြီးကျယ်ခြင်ယောင်ဆောင်ပြီး နာမည်ကြီးကျောင်းရဲ့ ကျောင်းသားတစ်ယောက်ဆိုလျှင် ရိုက်သိမ်း လိမ့်မည်။

နောက်ထပ် တစ်ခုရှိသေးသည်။ ဆရာတွေနဲ့ ကျောင်းသားတွေ အားလုံး သန်မာရလိမ့်မည်။ သူတို့ရဲ့ ပျော့ညံ့တဲ့ ခြမ်းကို နိုင်ငံသားတွေမြင်ရင် စိတ်ပျက်သွားလိမ့်မည်။ ဒီလိုသာဖြစ်ခဲ့လျှင် သူတို့ရဲ့ လေးစားမှုလည်း ဆုံးရှုံးသွားနိုင်သည်။

....

ကျောက်စိမ်းလှိုင်း မျှော်စင်သည် နှစ်ရာပေါင်းများစွာ သက်တမ်းရှိတဲ့ အဆောက်အဦး

တစ်ခု ဖြစ်သည်။ အဲဒီအပေါ်တွင် ပန်းပု ပန်းတမော့များရှိပြီး အမှောင်တိုက်ကြီးက အမျိုးအစားမျိုး ဖြစ်သည်။

လူတချို့က တကယ်ရှိတယ် ပြောကြပြီး လူတချို့က စိတ်ကူးယဉ် ထုလုပ်ထားတယ်လို့ ပြောကြသည်။

ကျောင်းအသီးသီးက ကျောင်းအုပ်ဆရာကြီးများသည် ဒီကိစ္စအတွက် နှစ်ရက်ကြာအောင် ဆွေးနွေးခဲ့ကြသော်လည်း နောက်ပိုင်းတွင် စကားဝိုင်းက လမ်းကြောင်း ပြောင်းသွားသည်။ ဒီအခွင့်အရေးကို အသုံးချကာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပူပေါင်းဆောင်ရွက်မှု အမျိုးမျိုး ပြုလုပ်ရန် ဆွေးနွေးခဲ့ကြရင်း ကျောင်းသားများ ပြန်အလာကို စောင့်ဆိုင်းနေကြသည်။

စာသင်ခန်းစာများ ဖလှယ်ခြင်း။

အရင်းအမြစ်များ ကုန်သွယ်ခြင်း။

သို့သော်လည်း မာရှောင်မှ ကျောင်းသားများ ပြန်ရောက်လာလျှင် အပြန်အလှန် ဆွေးနွေးမှုလည်း ပြတ်တောက်သွားသည်။ မာရှန်မှ ကျောင်းအုပ်ကြီးက သူ့ရဲ့ကျောင်းသားများကို အေးအေးဆေးဆေး အားပေးနေတာကြည့်ရင်း ကျန်တဲ့ ကျောင်းအုပ်ကြီးများက မနာလို ဖြစ်နေကြသည်။

သူက အေးအေးဆေးဆေး လုပ်ပြဖို့ အခွင့်အရေး ရသွားသည်။

"ကျောင်းအုပ်ကြီးကျန်၊ မာရှောင်ကပဲ ဒီနှစ်ရဲ့ ပထမနေရာကို ထပ်ရအုံးမယ်"

မာဝေမှ ကျောင်းအုပ်ကြီးသည် အစပြုပြီး လှောင်ပြောင်ရယ်မောလိုက်သည်။

စွမ်းဆောင်ရည်အရ မာဝေသည် မာရှောင်ထက် အနည်းငယ် အားနည်းပါသည်။ ပြီးတော့ ကျောင်းအုပ်ကြီးဝေရဲ့ ပစ်မှတ်မှာ ပြိုင်ပွဲအကောင်းဆုံး ဖြစ်ချင်သောကြောင့် မာရှာင်နှင့် ကောင်းကင်သစ်ခွ

ကျောင်းအုပ်ကြီးတွေကြားက သဘောထားကွဲလွဲမှုကို အသုံးချခြင်နေသည်။

ကောင်းကင်သစ်ခွနှင့် မာရှောင်တို့သည် တစ်ယောက်နှင့်တစ်ယောက် ခက်ခက်ခဲခဲ တိုက်ခိုက်နေလျှင် မာဝေက ဘေးကနေ အမြတ်ထွက်လိမ့်မည်။

"မင်းက ဒါကို လူအိုကြီးဝေကို ပြောပြသင့်တယ်"

ကျောင်းအုပ်ကြီး ကျန်သည် ပထမနေရာကို လိုချင်သော်လည်း ဒီအကွက်ထဲတော့ မဝင်နိုင်ပါ။

"ဟွန့်၊ ကြောက်စရာကောင်းတဲ့ အဘိုးကြီးတွေပဲ။ အားလုံးက နှလုံးသား မည်းနက်နေတယ်"

သူတို့ကျောင်းကို အဆင့်ပိုတက်ခြင်သောကြောင့် ဒီလိုမျိုး စိတ်ကူးယဉ်နေကြခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ပိုအဆင့်မြင့်တဲ့ အဆင့်ကို တက်ချင်သောကြောင့် ဖြစ်သည်။ တစ်ယောက်ယောက်က ပြုတ်ကျရင် ကျန်တဲ့လူက အကျိုးအမြတ် ရလိမ့်မည်။

"ဘာပြောတာလဲ"

ကျောင်းအုပ်ကြီးဝေသည် ဒေါသတကြီး အော်ဟစ်လိုက်သည်။ တစ်ယောက်ယောက်က သူပြောတာကို ကြားလျှင် ချက်ခြင်း အော်ဟစ်လိုက်သည်။

"လူအိုကြီး ဝေက မာရှောင်ကို နှိမ်းနှင်းဖို့ ဟာကျုံပေါ်မှာပဲ မူတည်လိမ့်မယ်"

ကျောင်းအုပ်ကြီး ကျန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"ဟွန့်"

လူအိုကြီးဝေသည် မောက်မာစွာ နှာခေါင်း တစ်ချက်ရှုံ့လိုက်သည်။ (မင်းခဏစောင့်။ မင်းကို ဒီတစ်ကြိမ်မှာ မျက်လုံးပြူးအောင် လုပ်ပေးလိုက်မယ်။ ဝေလုက မင်းတို့ထက် ပိုကောင်းတယ်ဆိုတာ ပြပေးလိုက်မယ်)

"ဘယ်ကျောင်း အဖွဲ့က ဒုတိယဖြစ်လဲဆိုတာ သိချင်လိုက်တာ"

ကျောင်းအုပ်ကြီးတစ်ဦးက ပြောလိုက်သည်။

"ဒါက ကောင်းကင်သစ်ခွဖြစ်သင့်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က သန်မာလွန်းတယ်"

"အဲဒါက ဗဟိုပြည်နယ်အကယ်ဒမီ ဖြစ်နိုင်တယ်လို့ မင်းတို့ ထင်လား။ နောက်ဆုံးအချိန်မှာ သူတို့ရဲ့ စွမ်းဆောင်ရည်က မဆိုးဘူး"

"အဲဒါက ဖြစ်နိုင်တယ်"

ကျောင်းအုပ်ကြီးများသည် အချင်းချင်း ဆွေးနွေးနေကြသည်။

ကျောင်းအုပ်ကြီး ဝေသည် ဒီစကားကိုကြားတဲ့အခါ မကျေမနပ် ဖြစ်သွားသည်။

"ထားလိုက်ပါတော့ကွာ။ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ စွမ်းဆောင်ရည်ကြောင့် သူတို့က တစ်ခါတစ်လေ ဖက်ထုပ်တွေ ဖြစ်ကောင်းဖြစ်နိုင်တယ်"

"အမှန်ပဲ ဟာကျုံအကယ်ဒမီရဲ့ ဒီနှစ်စွမ်းဆောင်ရည်က တော်တော်လေး ကောင်းတာ်။ နောက်ထပ်အဖွဲ့က ဟာကျုံ အကယ်ဒမီပဲ ဖြစ်နိုင်တယ်"

တစ်ယောက်က လေးလေးစားစားနဲ့ ပြောလိုက်သည်။

ကျောင်းအုပ်ကြီးဝေက ရယ်မောပြီး "ငါတို့က ဒုတိယရမယ်လိုတော့ သေချာပေါက် မပြောနိုင်ဘူး။ ဒါပေမယ့် ငါတို့က ထိပ်တန်းငါးသင်းထဲတော့ သေချာပေါက် ဝင်နိုင်တယ်"

အဲဒီအချိန်မှာပင် ရှန်ယူနှင့် ဗဟိုပြည်နယ် အကယ်ဒမီက အဖွဲ့များသည် တိုက်ခိုက်ပြီးသွားပြီး ပန်းတိုင်နဲ့ ၄-လီ အကွာကို ရောက်လာခဲ့သည်။

"ဘာကြီးလဲ"

ကျောင်းအုပ်ကြီး ကျန်။

"သူတို့ အချင်းချင်း တိုက်ခိုက်နေတာ ဖြစ်မယ်"

ကျောင်းအုပ်ကြီးဝေက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။ သူတို့က ပြိုင်ပွဲကို နှစ်တော်တော်ကြာအောင် စောင့်ကြည့်ခဲ့သဖြင့် အခြေအနေ မျိုးစုံကို မြင်ဖူးသည်။

ရှန်ယူနှင့် ဗဟိုပြည်နယ်အကယ်ဒမီသည် ခွန်အားကို ထိန်းသိမ်းထားပြီး တာဝန်ကို အောင်မြင်အောင် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် ဖမ်းမိတဲ့ အဖွဲ့ဆီက လုယူဖို့ စဉ်းစားထားတဲ့ ပုံရသည်။

ဒါပေမယ့် အဖွဲ့နှစ်ဖွဲ့သည် နောက်ကျောကနေ ဓါးနဲ့ အထိုးခံရမှာကြောက်ပြီး အချင်းချင်း ပြန်တိုက်ခိုက်နေတာ ဖြစ်နိုင်သည်။

“ကျောင်းအုပ်ကြီးဝေ၊ မင်းစကားက လွန်သွားပြီ။ ရှန်ယူ ဒါမှမဟုတ် ဗဟိုပြည်နယ်အကယ်ဒမီက သူတို့ရဲ့ တာဝန်ကို ပြီးမြောက်ခဲ့ရင်ရော”

“ငါမှတ်မိတာ မမှားဘူးဆိုရင် ဒီအဖွဲ့နှစ်ဖွဲ့ရဲ့ ပစ်မှတ်က ပန်းငါးကြင်းပဲ။ သူတို့က ဝင်ပြိုင်တဲ့လူတွေ ဖြစ်နေရင်တောင် ပန်းငါးကြင်း ဖမ်းမိဖို့ ယုံကြည်ချက် မရှိတာ ဖြစ်နိုင်တယ်"

“ဗဟိုပြည်နယ် အကယ်ဒမီက ရှိနေတုန်းပဲလား”

ကျောင်းအုပ်ကြီးမာက အေးစက်စွာ နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ဟားဟား"

ကျောင်းအုပ်ကြီးဝေက ပန်းတိုင်ကို လှမ်းကြည့်လိုက်သည်။ တကယ်လို့ အဖွဲ့တစ်ဖွဲ့က တာဝန်ပြီးမြောက်ပြီး ပြန်ရောက်လာခဲ့လျှင် မီးရှူးမီးပန်းများ ပစ်လွှတ်ပြီး ဖောက်ခွဲလိမ့်မည်။

အခြားကျောင်းအုပ်ဆရာကြီးများက အချင်းချင်း ပြောဆိုနေကြပြီး ကျောင်းအုပ်ဝေရဲ့ ခွဲခြမ်းသုံးသပ်မှုက အဓိပ္ပါယ်ရှိတယ်လို့ ထင်နေကြသည်။ သူတို့ပြောနေတာက

ရေထဲမှာနေတဲ့ ပန်းငါးကြင်း အကြောင်း ဖြစ်သည်။ ဖမ်းရတာ တော်တော် ခက်သည်။

"မွန်းတည့်ခါနီးပြီ ထမင်းသွားစားရအောင်"

ကျောင်းအုပ်ကြီးဝေက လက်နှစ်ဖက်ကို နောက်ကျောပစ်ကာ စကားပြောနေပြီး ထွက်သွားရန် လုပ်နေတုန်း ပေါက်ကွဲသံကြီး နှစ်ခုပေါ်လာသည်။ အနီရောင် မီးတောက်များပါဝင်သည့် မီးလုံးနှစ်လုံးသည် ကောင်းကင်ပေါ်သို့ ထိုးတက်လာပြီး မီးရှူးမီးပန်းတစ်ခု ဖြစ်လာသည်။

ကျောင်းသားအဖွဲ့တစ်ဖွဲ့ကတော့ တာဝန်အောင်မြင်ပြီး ပြန်ရောက်လာခဲ့ပြီ။

ကျောင်းအုပ်ကြီးဝေရဲ့ မျက်နှာ ချက်ခြင်း ပျက်သွားသည်။ ပြောချင်တာက သူ့ရဲ့ သုံးသပ်ချက်သည် လုံးဝကို မှားယွင်းနေပြီ။ သူ့ကို ကြည့်နေတဲ့ ကျောင်းအုပ်ကြီးတချို့ကို မြင်လိုက်လျှင် မျက်နှာအမူအရာ ပိုကြမ်းတမ်းလာသည်။

ဒါက ရက်ဖို့ကောင်းလိုက်တာ။

ကျောင်းအုပ်ကြီးကျန်နှင့် ကျောင်းအုပ်ကြီးဝေတို့ရဲ့ မျက်နှာအမူအရာ မှိန်သွားသည်။ သူတို့ရဲ့ ကျောင်းများသည် ဒုတိယနေရာကို မရခဲ့ကြပါ။

ဖိတ်ခေါ်စရာမလိုဘဲ လူတိုင်းသည် ဘယ်ကျောင်းအဖွဲ့က ဒုတိယနေရာကို

သိမ်းပိုက်သွားလဲဆိုတာ သိချင်စိတ်နဲ့ ပန်းတိုင်ဆီကို လျှောက်သွားကြသည်။

မှတ်ချက်။ ။ ဖက်ထုပ်များသည် တရုတ်ယဉ်ကျေးမှုတွင် အရမ်းအရေးပါသည်။ တရုတ်နှစ်ကူး ဒါမှမဟုတ် မင်္ဂလာဆောင်တဲ့ နေ့တွေမှာ တကူးတက စားတတ်ကြသည်။

အခန်း (၃၆၂) - ဆုလဒ်တွေ ဖွင့်လှစ်ခြင်း

ကျောင်းအုပ်ကြီးများ ပန်းတိုင်နေရာသို့ ပြေးသွားလျှင် ရောက်လာတဲ့ ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ကို မြင်လိုက်ရသည်။

ကျောင်းသား အရေအတွက်က မလျော့သွားသော်လည်း ဆရာကတော့ သုံးယောက်ပဲရှိသည်။ တစ်ယောက်က လက်တွေ ပြတ်နေသဖြင့် သူတော်စင်ဂိတ်ရဲ့ ဆေးဝန်ထမ်းများက ထမ်းစင်ဖြင့် ခေါ်ဆောင်သွားသည်။

“မင်းတို့ ဖမ်းမိတဲ့ အမှောင်မျိုးစိတ်က ဘယ်မှာလဲ”

အစိက ဒိုင်လူကြီး တန်ရီမင်နှင့် ဒုတိယ ဒိုင်လူကြီး လေးယောက်ဖြင့် ဖွဲ့စည်းထားတဲ့ ဒိုင်လူကြီးအဖွဲ့က ဆွန်းမို ပြန်သယ်လာတဲ့ ရလဒ်နှင့် လုယူမှုများကို စစ်ဆေးရအုံးမည်။

လုယက်တာပဲဖြစ်ဖြစ်၊ သူတို့ကိုယ်တိုင် ဖမ်းတာပဲ ဖြစ်ဖြစ် အဆင်ပြေသည်။

“ရှန်ယူက အသေအပျောက်များပြီး ပြိုင်ပွဲကနေ ထွက်သွားဖို့များတယ်။ မင်းတို့က သူတို့ကို ကူညီဖို့အတွက် ဆေးအဖွဲ့ လွှတ်လိုက်သင့်တယ်”

ဆွန်းမိုက ဒါကို တကယ့် စိတ်ရင်းစေတနာနဲ့ ပြောလိုက်သည်။

"မင်း ဘာပြောလိုက်တာလဲ"

ရှန်ယူ ကျောင်းအုပ်ကြီးသည် သိသိသာသာ မျက်နှာပျက်သွားသည်။ သူတို့ကျောင်းကို အရှက်ခွဲတယ်လို့ ထင်နေသည်။

ဆွန်းမိုကတော့ ပုခုံးတွန့်ပြီး ဘာမှ ထပ်မပြောတော့ပါ။

"တခြားအဖွဲ့တွေအတွက် မင်း စိတ်ပူစရာ မလိုဘူး"

တန်ရီမင်က ဆွန်းမိုကို ကြည့်ပြီး "ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ပစ်မှတ်က 'အေ' အမျိုးအစားဖြစ်တဲ့ ပန်းငါးကြင်းပဲ။ ကျေးဇူးပြုပြီး ထုတ်ပြပေးပါ"

ဖောက်

ပန်းငါးကြင်းကို မြေပေါ်သို့ ပစ်ချလိုက်သည်။ အရောင်အသွေးစုံတဲ့ ကြေးခွံများသည် အခုအခါမှာ ခပ်မှိုင်းမှိုင်း ဖြစ်နေသည်။

ဒိုင်လူကြီးတွေက ချက်ခြင်း သွားပြီး စစ်ဆေးလိုက်သည်။

"ဒါက ပန်းငါးကြင်းပဲ။ အမှားအယွင်းမရှိဘူး"

"တော်တော် အံ့အောဖို့ကောင်းတာပဲ"

"ကြည့်ရတာတော့ အခြေအနေက မူမမှန်ဘူး။ ပုံစံကို ကြည့်ရတာတော့ သဘာဝရန်သူ အကိုက်ခံရပြီး သေခဲ့တဲ့ပုံပဲ။ ဗျိုင်း ကိုက်လို့သေတဲ့ ပန်းငါးကြင်းကို ကံကောင်းလို့ ကောက်ရတာပဲ ဖြစ်မယ်။

ဒိုင်လူကြီးများက ဗဟိုပြည်နယ်အကယ်ဒမီ အသုံးပြုခဲ့တဲ့ နည်းလမ်းကို သိချင်စိတ်နဲ့ ဆွေးနွေးနေကြသည်။

"ဟွန့်၊ ဒီကောင်တွေ ကံကောင်းလိုက်တာ"

ဒိုင်လူကြီးများရဲ့ အဆင့်သတ်မှတ်ချက်ကိုကြားပြီး ကျောင်းအုပ်ကြီးဝေ မျက်နှာ ညှိုးသွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီက သူတို့ကို နောက်တစ်ကြိမ် ဖိနှိပ်ပြီး ဒုတိယနေရာကို ယူသွားသည်။

ဒါက တကယ်ကို ဆိုးသည်။

“ငါမပြောဘူးလား။ ဖက်ထုပ်ကို ခဏခဏ စားသွားလို့ပါကွာ” (ဖက်ထုပ် - ကြက်ကန်း ဆန်အိုးတိုးဆိုတဲ့ မြန်မာစကားလို တရုတ်တွေရဲ့ အသုံးအနှုန်းပါ)

ကျောင်းအုပ်ကြီးဝေက လက်ခါပြီး ထွက်သွားသည်။

"အမှန်ပဲ၊ ငါတို့က ဖက်ထုပ်ကိုစားရုံသာမက နှစ်ခါတောင် စားခဲ့တယ်"

ကျောင်းအုပ်ကြီးဝေရဲ့ စကားကို ကြားလျှင် လီဇီချီက တမင်သက်သက် ကျယ်လောင်စွာ ပြောလိုက်သည်။

"ဘာ၊ နှစ်ခါ ဟုတ်လား"

ကျောင်းအုပ်ကြီးများအားလုံး ကြောင်တောင်တောင် ဖြစ်နေစဉ်

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းသားတစ်ဦးက မလိုအပ်ပဲ နောက်ထပ် ပန်းငါးကြင်းတစ်ကောင်ကို ထုတ်ယူလိုက်သည်။

“တစ်ကောင်ဆို လုံလောက်ပြီလေ။ ငါတို့ စားဖို့ ဒါကို သိမ်းထားလို့ မရဘူးလား”

ချန်ဇူက သက်ပြင်းရှိုက်ရင်း ပြောလိုက်သည်။ ဒါက အမှောင်မျိုးစိတ် တစ်ခုပါ။ စားလိုက်ရင် ခန္ဓာကိုယ်အတွက် အကျိုးရှိသည်။

“နောက်တစ်ကောင်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒိုင်လူကြီးတွေလည်း အံ့အောနေကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ကံကောင်းခဲ့တယ်ဆိုတာ ပိုသေချာလာသည်။ ဒါမှမဟုတ်ရင် ဒီလို အချိန်တိုလေးအတွင်းမှာ ပန်းငါးကြင်းနှစ်ကောင်ကို ဘယ်လိုလုပ် ဖမ်းမိမှာလဲ။

ဒါကို ကြည့်နေတဲ့ ကျောင်းအုပ်ကြီးတွေ အားလုံးလည်း အံ့အောသွားသည်။ ပြီးတော့ လှောင်ပြောင်တဲ့ အမူအရာနဲ့ ကျောင်းအုပ်ကြီးဝေကို လှမ်းကြည့်လိုက်သည်။

(သူတို့က ကံကောင်းတယ်လို့ မင်းပြောလိုက်တာနဲ့ ပန်းငါးကြွင်းနှစ်ကောင် ထုတ်ပြလိုက်တယ်။ ဒီလို မျက်နှာ ဖျက်ရိုက်တာမျိုးက ပြင်းထန်လွန်းပါတယ်ကွာ)

ကျောင်းအုပ်ကြီးဝေရဲ့ မျက်နှာသည် ပိုရုပ်ဆိုးလာသည်။

"စပျစ်ရည်နဲ့ ဖက်ထုပ်ဆို သသာဝ ကောင်းလေးတစ်ခုပဲ။ ဒါပေမယ့် ငါတို့က ငယ်သေးတယ် ဝိုင်မသောက်ဘူး။ အရံဟင်းပဲ ထပ်ထည့်လိုက်မယ်"

ကျန်ရန်ဇောင်က ရယ်မောပြီး ခရုစုတ်ဌက်ကို ပစ်ချလိုက်သည်။ အဲဒီနောက် တန်ရီမင်ကို မေးလိုက်သည်။

"အဓိကဒိုင်လူကြီး ငါးမှတ်ထပ်ထည့်လို့ရမလား"

"စစ်ဆေးလိုက်"

တန်ရီမင်က ကျန်ရန်ဇောင်အား ခရုစုတ်ဌက် ဘယ်လိုရလာလဲဆိုတာ မမေးခဲ့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် စောင့်ကြည့်သူမှာ အသေးစိတ် မှတ်တမ်းရှိသည်။

ကျောင်းအုပ်ကြီးတွေရဲ့ တည်ငြိမ်တဲ့ အမူအရာ ပျောက်သွားသည်။ ဗဟိုပြည်နယ်အကယ်ဒမီမှာ

အမျိုးမျိုးစိတ် သုံးခုစလုံးကို ဖမ်းဖို့ အချိန်မရှိနိုင်ပါ။ သူတို့က တိုက်ပွဲတစ်ခုကို အောင်နိုင်ခဲ့တာပဲ ဖြစ်လိမ့်မည်။

ဘယ်ကျောင်းရဲ့အဖွဲ့က ကံမကောင်းတဲ့ အရှုံးသမား ဖြစ်ခဲ့တာလဲ။

"မစိုးရိမ်ပါနဲ့။ မင်းရဲ့ ကျောင်းသားအဖွဲ့ဆီက မလုခဲ့ပါဘူး"

လီဇီချီက ကျောင်းအုပ်ကြီးဝေကို ကြည့်ပြီး ယဉ်ယဉ်ကျေးကျေး ပြောလိုက်သည်။

"တကယ်လား။ မင်းတို့ အဖွဲ့က ငါတို့အဖွဲ့ကို စိတ်ကြိုက် အနိုင်ယူနိုင်မယ် ထင်နေတာလား"

ကျောင်းအုပ်ကြီးဝေ ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

လီဇီချီတို့ အဖွဲ့က အချင်းချင်း အကြည့်ခြင်း ဖလှယ်ကာ ပြုံးလိုက်မိသည်။ (မင်းရဲ့ ကျောင်းသားအဖွဲ့ကို ဖြိုခွဲခဲ့တာ မင်းသိရင် ငိုမှာလား)

"ဘာတွေပြုံးနေကြတာလဲ"

ကျောင်းအုပ်ကြီးဝေသည် သူတို့ကို ကြည့်ပြီး စိတ်ထဲ နည်းနည်းထင့်သွားသည်။

"ငါ................"

ကူဂျန်ဂျီက ပြောချင်သော်လည်း လီဇီချီက တားလိုက်သည်။

"တောင်းပန်ပါတယ်။ ငါတို့ ရှုံးသွားတယ်"

လီဇီချီက တောင်းပန်လိုက်သည်။

"ဟွန့်"

ကျောင်းအုပ်ကြီးဝေက ပြန်မပြောတော့ပါ။

"ဆရာဆွန်း၊ လုယူထားတဲ့ အရာကို စစ်ဆေးပြီးပါပြီ။ ပြဿနာ မရှိဘူး။ မင်းတို့ရဲ့ ပြိုင်ဆိုင်မှု ပြီးသွားပြီ။ မင်းတို့အဖွဲ့ တန်းဖြုတ်ပြီး သွားနားလို့ ရပြီ"

တန်ရီမင်က ကြေငြာလိုက်သည်။

“သွားကြစို့။ ရေချိုးပြီး ထမင်းကောင်းကောင်း စာကြမယ်ဟေ့”

ဆွန်းမိုက ကျောင်းသားတွေကို လှမ်းခေါ်လိုက်သည်။

“ဗဟိုပြည်နယ်အကယ်ဒမီက ဒီနှစ် အတန်းတက်တော့မယ်”

“ဒီလူငယ်လေးက ဘယ်သူလဲ”

“သွားစုံစမ်းလိုက်”

ကျောင်းအုပ်ကြီးအချင်းချင်း စကားပြောနေတဲ့ အချိန်တွင် ဆွန်းမိုက ထွက်ခွာသွားသည်။ ကျောင်းအုပ်ကြီးတွေကလည်း ထွက်ခွာမလို လုပ်လိုက်တဲ့အချိန်မှာ စူးရှတဲ့ အော်သံကို ကြားလိုက်ရသည်။

"ကူကြပါအုံး။ အမြန်လာပြီး ကူညီပေးကြပါအုံး"

ဆွန်းမို လွှတ်ပေးခဲ့တဲ့ ရှန်ယူမှ ဆရာသည် လူတိုင်းကို ရှေးဦးသူနာပြုစုနည်းနဲ့ ကုသပေးပြီးနောက် အကူအညီတောင်းရန် အမြန်ပြေးလာခဲ့သည်။

“ဘာဖြစ်လို့လဲ”

ရှန်ယူမှ ကျောင်းအုပ်ကြီးသည် တည်ငြိမ်မှု ပျောက်ကွယ်သွားသည်။ ဒါပေမယ့် တန်ရီမင်က တားလိုက်သည်။

“ကျောင်းအုပ်ကြီး ငါတို့အဖွဲ့ အရှင်းခံလိုက်ရပြီ”

ဆရာက မြေပေါ်မှာ ဒူးထောက်နေသည်။ အရမ်း ရှက်နေသည်။

ကျောင်းအုပ်ကြီးတွေ အားလုံးလည်း အံ့အောနေကြသည်။ အစောပိုင်းတုန်းက

ဗဟိုပြည်နယ် အကယ်ဒမီနှင့် ရှန်ယူ အကယ်ဒမီတို့ တိုက်ခိုက်ကြတဲ့ အကြောင်းကို ကြားခဲ့ရသည်။

ရှန်ယူရဲ့ ကျောင်းအုပ်ကြီးက ဗဟိုပြည်နယ် အကယ်ဒမီ အဖွဲ့တွင် ဆရာနှစ်ယောက် ဆုံးရှုံးခဲ့တာကို မြင်ခဲ့သည်။ နှစ်ဖက်စလုံးက သင့်တော်တဲ့ အချိန်တွင် ရပ်တန့်ခဲ့တယ်လို့ သူက ထင်နေခဲ့သည်။ သူတို့အဖွဲ့ လုံး၀ ဖျက်ဆီး ခံရလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

တကယ်တော့ ရှန်ယူဘက်မှာ ဆရာတွေ အသေပျောက်က နှစ်ယောက်တောင် မကခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အမှိုက်”

ကျောင်းအုပ်ကြီးဝေက ခန့်လိုက်သည်။ တည်ငြိမ်ချင်ယောင် ဟန်ဆောင်ထားသော်လည်း လမ်းလျှောက်ချင်စိတ်တောင် မရှိဖြစ်နေသည်။ အကြောင်းကတော့ ဗဟိုပြည်နယ်အကယ်ဒမီက သူတို့ကိုထပ်ပြီး ကျော်တက်သွားပြန်သည်။ ဒါက ရက်စက် ကြမ်းကြုတ်လွန်းသည်။

(ဝေလု ပြန်ရောက်မှပဲ ကောင်းကောင်း ကြိမ်းမောင်းရမယ်)

ကျောင်းအုပ်ကြီးများသည် စိတ်ရှုပ်ထွေးတဲ့ အမူအရာနဲ့ ကျောက်စိမ်းလှိုင်း မျှော်စင်သို့ ပြန်သွားကြသည်။ ကျောင်းအုပ်ကြီး ကျန်နှင့် ကျောင်းအုပ်ကြီး ဝေတို့သည် ဒုတိယနေရာကို ဆုံးရှုံးခဲ့ရသဖြင့် စကားပြောချင်စိတ် မရှိကြတော့ပါ။

တစ်နာရီခန့်ကြာလျှင် မီးရှူးမီးပန်းတစ်ခု ပစ်လွှတ်လာပြန်သည်။

“တတိယအဖွဲ့ ပြန်ရောက်လာပြီ”

ကျောင်းအုပ်ကြီးများသည် ပန်းတိုင်နေရာသို့ နောက်တစ်ကြိမ် သွားကြပြန်သည်။ ရောက်လာတဲ့ အဖွဲ့က ဟာကျုံ ကျောင်းက ဖြစ်နေသည်။

“ဂုဏ်ပြုပါတယ်။ ကျောင်းအုပ်ကြီးဝေ”

ကျောင်းအုပ်ကြီးတွေက ဂုဏ်ပြုစကားများ ပြောဆိုကြသည်။

“တတိယနေရာပဲရှိပါတယ်။ ဂုဏ်ပြုဖို့ မထိုက်တန်ပါဘူး”

ကျောင်းအုပ်ကြီးဝေက စိတ်ဆိုးချင်ယောင် ဆောင်ပြီး

“ဒီကောင်တွေက ငါ့ကို တကယ် စိတ်ပျက်စေတာပဲ”

“ဒီကောင် ကြွေးပဲ။ ပြုံးနေတဲ့ မင်းမျက်နှာက ဂန္ဓမာပန်းလို ဖြစ်နေပြီ။ ဒါကို စိတ်ဆိုးတယ် ပြောချင်တုန်းလား”

ကျောင်းအုပ်ကြီးကျန်က မခန့်လေးစား ပြောလိုက်သည်။

“မင်းလည်း စောက်ကျင့် မကောင်းပါဘူး”

ကျောင်းအုပ်ကြီးဝေကလည်း ပြန်ဆဲသည်။

“ရန်လင်၊ လုပ်တာ ကောင်းတယ်”

ကျောင်းအုပ်ကြီးဝေက ဝမ်ရန်လင် ပုခုံးကိုပုတ်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

"မင်းက ဘာဖြစ်လို့ ဒီမှာ တစ်ယောက်တည်း ဖြစ်နေရတာလဲ။ ဝေလုနဲ့ တခြားနှစ်ယောက်ရော ဘယ်မှာလဲ"

"ကျောင်းအုပ်ကြီး၊ သူတို့ အရှင်းခံလိုက်ရပြီ။ အဖွဲ့တစ်ခုလုံး အရှင်းခံလိုက်ရပြီ"

ဝမ်ရန်လင်သည် စိတ်မထိန်းနိုင်တော့ဘဲ မြေပေါ်လဲကျသွားပြီး မျက်နှာအုပ်ကာ ငိုနေသည်။

"ဘာ"

ကျောင်းအုပ်ကြီးဝေသည် မိုးကြိုး အပစ်ခံရသလို ဖြစ်သွားသည်။ ကောင်းကောင်းတောင် မတ်တပ် မရပ်နိုင်တော့ပါ။

ကျောင်းအုပ်ကြီးဝေကို ဂုဏ်ပြုစကားပြောမလို့ ရောက်လာတဲ့ ကျောင်းအုပ်ကြီးတချို့သည် ဒီစကားကို ကြားလိုက်လျှင် ငြိမ်သက်သွားသည်။

ဖူး

ကျောင်းအုပ်ကြီးဝေသည် ဝမ်ရန်လင်ကို လက်ကနေ ဆွဲထူလိုက်သည်။

“ဘာဖြစ်ခဲ့တာလဲ။ ငါ့ကို မြန်မြန် ပြောပြစမ်း”

တင်းမာတဲ့ မျက်နှာထားနဲ့ ပြင်းထန်စွာ အော်ဟစ်လိုက်သည်။

"ဆွန်းမိုက ဝေလုကို သတ်လိုက်တယ်"

ဝမ်ရန်လင်က ငိုပြီးပြောသည်။

"ဘာ၊ ဝေလု သေပြီဟုတ်လား"

ကျောင်းအုပ်ကြီးဝေရဲ့ ရင်ဘက်တစ်ခုလုံး မြင့်လိုက် နိမ့်လိုက် ဖြစ်နေသည်။ သွေးကြောတွေတောင် ပေါက်ထွက်မလို ထင်ရသည်။ ပြီးတော့ သူ့အား ပိုဆိုးစေတဲ့ အချက်က ပတ်ဝန်းကျင်မှ လူများ လျှောင်ပြောင်နေလို့ ဖြစ်သည်။

"ဆွန်းမို ဟုတ်လား။ ဘယ်ကဆွန်းမိုလဲ"

ကျောင်းအုပ်ကြီးဝေ ဆက်မေးလိုက်သည်။

"ဘယ်ကဖြစ်ရမှာလဲ။ ဗဟိုပြည်နယ် အကယ်ဒမီကပဲ ဖြစ်မှာပေါ့"

ကျောင်းအုပ်ကြီး ကျန်က ခနဲ့တဲ့တဲ့ ဝင်ပြောလာသည်။

"လူအိုကြီး မင်းရဲ့အဖွဲ့က သူတို့ကို အထင်သေးသလို သွားလုပ်လို့ တဖွဲ့လုံး အမှိုက်လို အရှင်းခံလိုက်ရတာ ဖြစ်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါမှတ်မိတာ မမှားရင် ဝေလုက ဟာကျုံအကယ်ဒမီရဲ့ အနာဂတ်ကျောင်းအုပ်ကြီးလောင်းအဖြစ် ပျိုးထောင်ခံရတဲ့ လူပဲ"

"ဆွန်းမိုကို ပိုအလေးထားရတော့မယ် ထင်တယ်"

ကျောင်းအုပ်ကြီး အချင်းချင်း ဆွေးနွေးပြီး ရယ်မောနေကြသည်။ အဓိကအချက်ကတော့ လူအိုကြီးဝေသည် အမြဲတမ်းမောက်မာကာ တခြားသူကို နှိမ့်ချတတ်သည်။ ဒါကြောင့် ဒုက္ခရောက်နေတဲ့ သူ့ကို ကြည့်ပြီး လူတိုင်းစိတ်ချမ်းသာနေကြသည်။

“ဒါက မဖြစ်နိုင်ဘူး။ ဒီကိစ္စမှာ ပြဿနာ တစ်ခုခု ရှိရမယ်။ ဘယ်လိုလုပ် ဝေလုက သေသွားရတာလဲ။ သူက သွေးလောင်ကျွမ်းခြင်း အဆင့်(၇)လေ။ အဲဒါကို ဆွန်းမိုက ဘယ်လိုလုပ်သတ်နိုင်မှာလဲ”

ကျောင်းအုပ်ကြီးဝေက အော်ဟစ်လိုက်သည်။

“အဲဒီ အသက်လိမ်ထားတာပဲ ဖြစ်မယ်။ ဟုတ်တယ် ဒါပဲ ဖြစ်ရမယ်”

“ကျောင်းအုပ်ကြီးဝေ”

တန်ရှီမင် အသံက ရုတ်တရက် ပေါက်ကွဲထွက်လာသည်။

“မင်းမှာ အထောက်အထားမရှိရင် စကားကို ပေါ့ပေါ့ဆဆ မပြောပါနဲ့”

“ဝေလုက သွေးလောင်ကျွမ်းခြင်း အဆင့်(၇)လေ၊ ဒါက မလုံလောက်ဘူးလား”

ကျောင်းအုပ်ကြီးဝေက ဒေါသတကြီး ပြန်အော်သည်။

“ဆွန်းမိုကလည်း သွေးလောင်ကျွမ်းခြင်း အဆင့်(၈)မှာ ရှိနေရင် ဘယ်လိုလုပ်မလဲ”

တန်ရီမင်က မေးခွန်းထုတ်လိုက်သည်။

“အိပ်မက် မက်နေတာလား”

ဝေလုက ဒီအဆင့်ကို ရောက်ဖို့အတွက် အရင်းအမြစ်တွေ ဘယ်လောက်တောင် အသုံးပြုပြီး ကြိုးစားအားထုတ်ခဲ့ရတယ်ဆိုတာ မင်းသိလား။

ကျောင်းအုပ်ကြီးဝေက "ဆွန်းမိုကို သေသေချာချာ စစ်ဆေးပေးဖို့ တောင်းဆိုပါတယ်။ အသက်လိမ်ထားတာ ဖြစ်နိုင်တယ်"

"သွားမယ်။ ဆွန်းမိုကို ရှာပြီး မျက်နှာချင်းဆိုင် ရှင်းရမယ်"

ကျောင်းအုပ်ကြီးဝေက ဒေါသတကြီး ထွက်သွားသည်။ ဆွန်းမိုကို အခုချက်ခြင်း သတ်ချင်စိတ် ပေါက်နေသည်။

ကျောင်းအုပ်ကြီး ဝေကို အပြစ်မတင်နိုင်ပါ။ ဝေလုသေဆုံးသွားရင် ဟာကျုံအကယ်ဒမီရဲ့ နောက်တစ်ဆင့် တက်လှမ်းမယ့် အိပ်မက်လည်း ပျက်ဆီးသွားပြီး အဆင့်တောင် ကျသွားနိုင်သေးသည်။

....

ရေချိုးပြီးနောက် ဆွန်းမိုသည် စနစ်ရဲ့ အကြောင်းကြားချက်များကို နားထောင်ရင်း ထမင်းစားနေသည်။

ဒင်

“ အခြားကျောင်းက ဆရာတွေနဲ့ ကျောင်းသားတွေဆီကနေ အထင်ကြီးဖို့ကောင်းတဲ့ လေးစားအထင်ကြီးမှုအမှတ် တစ်ထောင်ကို တစ်ထိုင်တည်း ရလိုက်တဲ့အတွက် “အခြားကျောင်းက ရှိသေခြင်း’ တာဝန်ကို အောင်မြင်သွားတဲ့အတွက်

ဂုဏ်ပြုပါတယ်။ ဆုလဒ်က ငွေရောင် ရတနာသေတ္တာတစ်လုံး”

“ကျောင်းသားအဖွဲ့ကို ဒုတိယအချီတွင် ဒုတိယနေရာအား အံ့အောဖွယ်ရလဒ်ဖြင့် သိမ်းပိုက်နိုင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ကြေးရောင် ရတနာသေတ္တာ တစ်လုံး”

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်လိုက်ပြီး

“အားလုံးကို ဖွင့်လိုက်”

ရတနာသေတ္တာ နှစ်ခုစလုံး ပွင့်သွားသည်။ အချိန်တံဆိပ်တစ်ခုနဲ့ စာအုပ်တစ်အုပ်က ဆွန်းမို အရှေ့တွင် ပေါ်လော မျှောနေသည်။

ဒင်

“အမှောင်တိုက်ကြီးရဲ့ အပင်အမျိုးပေါင်း ၁၀၀ ပါဝင်တဲ့ ကြီးမားသော အပင်စွယ်စုံကျမ်း၏ အစိတ်အပိုင်းတစ်ခုကို ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်”

“လေ့လာမယ်”

ဆွန်းမို ပြောလိုက်တာနဲ့ စွမ်းရည်စာအုပ်သည် အလင်းအမှုန်တွေအဖြစ် ပြောင်းလဲသွားပြီး ဆွန်းမို နဖူးဆီ စိမ့်ဝင်သွားသည်။ အပင်ပေါင်း တစ်ရာ၏ သတင်းအချက်အလက်များသည် စိတ်ထဲ ချက်ခြင်း ပေါ်ပေါက်လာသည်။

ဆွန်းမိုကလည်း အဲဒါကို ချက်ခြင်း အလွတ်ကျက်လိုက်သည် ကျွမ်းကျင်မှုအဆင့်က မဟာအဆင့်အထိ တိုးတက်လာခဲ့သည်။

နောက်တစ်ခုက အချိန်တံဆပ်ဖြစ်သည်။ ဆွန်းမိုက စဉ်းစားပြီးနောက်

သဏ္ဌာန်မဲ့စကြ်ာဝဠာရဲ့ ကိုယ်ပွား နည်းစနစ်ကို အဆင့်မြှင့်တင်ရန် ဆုံးဖြတ်လိုက်သည်။ ကိုယ်ပွားတွေက တကယ်လည်း အသုံးဝင်သည်။

ဒင်

"ကိုယ်ပွားအရေအတွက်က လေးခုအထိ ဖြစ်သွားလို့ ဂုဏ်ပြုပါတယ်"

ဆွန်းမိုက ကျေနပ်စွာ ပြုံးလိုက်မိသည်။ နောက်တစ်ကြိမ် ထပ်ပြီး သန်မာလာတယ်လို့ ခံစားရသည်။ ဒီပြိုင်ပွဲအတွင်းတွင် ကောင်းကင်အဆင့်

ကျင့်စဉ်ကို ရရှိခဲ့သည်။ ကျွမ်းကျင်မှု တိုးမြှင့်ဖို့အတွက် အချိန်တံဆိပ် ဝယ်သင့်လား။

"အို ဟုတ်ပြီလေ။ စနစ် ငါ့မှာ လေးစားအထင်ကြီးမှုအမှတ် ဘယ်လောက် ရှိနေပြီလဲ"

ဆွန်းမိုက မေးလိုက်သည်။

"၅၂,၁၀၀"

"ဟမ်၊ ၅၀,၀၀၀ရှိနေပြီလား"

ဆွန်းမို ဝမ်းသာသွားသည်။ ခုဆိုရင် လုံးဝ အာရုံစိုက်ခြင်းကို ဝယ်နိုင်တော့မည်။

အခုဝယ်လိုက်ရမလား ဒါမှမဟုတ် ရေချိုး အမွှေးတိုင်တွေ ပူဇော်ပြီးမှ အကောင်အထည် ဖော်သင့်လား။

ဆွန်းမိုက ဆုံးဖြတ်ဖို့ စဉ်းစားနေရင်းနဲ့ မေပယ်တစ်ထောင် ဟိုတယ်ထဲသို့ ဝင်လာခဲ့သည်။ အဲဒီနောက် မျက်မှောင်ကြုတ်သွားမိသည်။ ခန်းမထဲတွင် လူတွေအများကြီး ရှိနေသည်။ အားလုံးက ကျောင်းအုပ်ကြီး အဆင့်ဖြစ်နေသည်။

“ဆွန်းမို ၊ မင်းဝန်မခံသေးဘူးလား”

ကျောင်းအုပ်ကြီးဝေ အော်ဟစ်သည်။

“မင်းက ဘယ်သူလဲ”

ဆွန်းမိုကလည်း ပြန်ပက်သည်။

“မင်း စကားပြောရင် သတိထားပါ။ မျက်နှာကို တံတွေးလာစင်မယ်”

အရမ်းကို တင်းမာတဲ့ လေထုဖြစ်နေသည်။ သို့သော်လည်း ဆွန်းမိုစကားပြောပြီးနဲ့ ကျောင်းအုပ်ကြီးတွေ ရယ်မောသွားကြသည်။ နောက်ဆုံးတော့ ဒီကောင်က ခေါင်းမာတဲ့လူမှန်း သိလိုက်ရသည်။ ကျောင်းအုပ်ကြီးဝေက

အဆင့်အတန်းကိုသုံးပြီး ဖိနှိပ်ဖို့ ကြိုးစားရင်တော့ မအောင်မြင်နိုင်ပါ။

“မိုက်ရိုင်းလိုက်တာ”

ကျောင်းအုပ်ကြီးဝေက ဒေါသတကြီး ဖြစ်နေသည်။ သူ့ခန္ဓာကိုယ်ကနေ မြတ်ဆရာအရှိန်အဝါ ပေါက်ကွဲထွက်လာသည်။ တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေဖြစ်သည်.

“ဒါက အရမ်းအနိုင်ကျင့်တာ မဟုတ်ဘူးလား”

ကျောင်းအုပ်ကြီးကျန်ရဲ့ ပါးစပ် တလှုပ်လှုပ်ဖြစ်သွားသည်။ လူအိုကြီးဝေက မျက်နှာ

တကယ်မလိုချင်တော့တာပဲ။ ဒါပေမယ့် ဆွန်းမိုက ဒူးမထောက်ဘဲ မတ်တပ်ရပ်နေတာကို လျှင်မြန်စွာ သတိထားလိုက်မိသည်။

"ဒါက မဖြစ်နိုင်ဘူး။"

ကျောင်းအုပ်ကြီးတွေ အားလုံး မျက်လုံးပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။ ဒီဆွန်းမိုက တစ်ခုခုပဲ။

အခန်း (၃၆၃) - မြင်းနက်တစ်ကောင် ဖြစ်လာလိမ့်မယ်။

နာမည်ကြီးကျောင်းများက ကျောင်းအုပ်ကြီးများသည် မတူညီကြသော်လည်း သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က အားမနည်းကြပါ။ ကြယ်ပွင့်အဆင့်ကလည်း အရမ်းကြီး မနိမ့်ကျနိုင်ပါ။ ဒီလိုမှမဟုတ်ရင် လူတွေကို ဘယ်လို စည်းရုံးမှာလဲ။

သူတို့မှာ အနည်းဆုံး မြတ်ဆရာအရှိန်အဝါ ဆယ့်ငါးခု မရှိရင် တော်တော်ရှက်ဖို့ ကောင်းနေမည်။

'တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေ' လိုမျိုး အပြစ်ပေးတဲ့ မြတ်ဆရာအရှိန်အဝါ မျိုးဖြစ်သည်။

ဘယ်ကျောင်းအုပ်ကြီးက ဒေါသစိတ်နဲ့ ပြေးပြီး ရိုက်နှက်တာ ရှိလို့လား။ အဲဒါက အဆင့်အတန်း နိမ့်လွန်းသည်။ အဲဒီအစား သူတို့အားလုံး ဗရုတ်ကျလာလျှင် ကျောင်းသား ဒါမှမဟုတ် ဆရာများကို ဒူးထောက်ခိုင်းထားလို့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကိုရောက်နေတဲ့ ကျောင်းအုပ်ဆရာကြီးများသည် ဆွန်းမို ပြန်ပြောတာကြားလိုက်လျှင် သူတော့ အခြေအနေဆိုးတော့မယ်ဆိုတာ သူတို့ သိနေသည်. ကျောင်းအုပ်ကြီးဝေက ဆွန်းမိုကို မြတ်ဆရာအရှိန်အဝါ တစ်ခုတည်းနဲ့ ဖိနှိပ်ထားလို့ရသည်။

(မင်းမှာ အကြောင်းပြချက်ရှိတာလား။ မင်းက ပြန်ပြောချင်တာလား။ စိတ်မကောင်းဘူး။ မင်းပါးစပ်တောင် ဖွင့်လို့ ရမှာမဟုတ်ဘူး)

သို့သော်လည်း ဆွန်းမိုသည် တောင်ထိပ်မှာ ပေါက်နေတဲ့ မြင့်မားသော ထင်းရှူးပင်တစ်ပင်လို မတ်တပ်ရပ်နေခဲ့သည်။

"အိုဘုရားရေ။ ငြိမ်းချမ်းစွာ အနားယူခြင်း အရှိန်အဝါမဟုတ်လား"

ကျောင်းအုပ်ကြီးတစ်ယောက်က မေးလိုက်သည်။

တခြားသူတွေကတော့ မပြောကြပါ။ ဒါပေမယ့် ဆွန်းမိုကို စောင့်ကြည့်နေတဲ့ သူတို့ရဲ့ မျက်လုံးထဲတွင် ဆွန်းမိုကို စိတ်ဝင်စားမှုများနဲ့ ပြည့်နှက်နေသည်။

ဒိုင်လူကြီးတစ်ယောက်အနေနဲ့ တန်ရီမင်လည်း လိုက်ပါလာခဲ့သည်။ သူ့ရဲ့ အဆင့်အတန်းအရ ပါရမီရှင် အများအပြားနဲ့ ဆုံခဲ့ဖူးသည်။ သို့သော် ဆွန်းမိုကလည်း အဲဒီ ပါရမီရှင်တွေကို မရှုံးနိုင်ပါ။

"ဗဟိုပြည်နယ် အကယ်ဒမီကတော့ ရတနာ တစ်ခု ကောက်ရလိုက်ပြီပဲ"

တန်ရီမင်ကတော့ ဆွန်းမိုကို အကဲခတ်နေသည်။ သူ့ရဲ့ များပြားလှတဲ့ အတွေ့အကြုံအရ ဒါက မြင်းနက်တစ်ကောင်ဆိုတာ သူပြောနိုင်သည်။

ဆွန်းမိုက ဒူး လုံးဝမထောက်ဘဲ ရပ်နေတာမြင်လိုက်တော့ ကျောင်းအုပ်ကြီးဝေ ပိုပြီး ရုပ်ပျက်သွားသည်။ ဒေါ်သထွက်ကာ ကို့ကိုယ်ကို ကျိန်ဆဲလိုက်သည်။ ဒီလူက 'တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေ' ကို နားလည်ထားတယ်ဆိုတာ ဘာဖြစ်လို့ မေ့နေရတာလဲ။

ဆွန်းမိုကို အကြောင်းပြချက် မရှိ နာမည်ကြီးအောင် လုပ်ပေးနေသလို ဖြစ်နေသည်။

ဒီအတွက်လည်း ကျောင်းအုပ်ကြီးဝေကို အပြစ်တင်လို့ မရပါ။ လူသားအားလုံးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗီဇအတိုင်းသာ ပြုမူ လှုပ်ရှားတတ်ကြသည်။ ရေငတ်တဲ့အခါ ရေသောက်ပြီး ဒေါသထွက်တဲ့ လူတွေကို ဆူပူကြိမ်းမောင်း တတ်ကြသည်။ ကျောင်းအုပ်ကြီးများ ဒေါသပေါက်ကွဲ ထွက်လာတဲ့အခါ သူတို့ရဲ့ ပထမဆုံး တုန့်ပြန်မှုသည် အရှိန်အဝါ ထုတ်လွှင့်ခြင်းပဲ ဖြစ်သည်

အရမ်းသန်မာလွန်းတဲ့ ဆွန်းမိုကိုသာ အပြစ်တင်ရလိမ့်မည်။

ဟိုတယ်ထဲတွင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ထောက်ပံ့ပို့ဆောင်ရေး အဖွဲ့လည်း ရှိနေသည်။

သူတို့က နာမည်ကြီးကျောင်း တစ်ကျောင်းက ကျောင်းအုပ်ကြီးနှင့် လူမြင်ကွင်းတွင် ထိပ်တိုက် ရင်ဆိုင်နေရသဖြင့် အနည်းငယ် စိုးရိမ်နေကြသည်။ ဒါပေမယ့် ဆွန်းမို ဘာမှမဖြစ်တာ မြင်လိုက်လျှင် သူတို့ အရမ်းအံ့အောသွားသည်။

အထူးသဖြင့် ကျန်ဟန်ဖူပဲ ဖြစ်သည်။ ပွဲကောင်းတစ်ခုကို စောင့်ကြည့်ရန် အဆင်သင့် လုပ်ထားခဲ့သော်လည်း တစ်ချက်တောင် မကြည့်ရသေးခင် မေးရိုးပြုတ်ကျလုမတတ် အံ့အောသင့်သွားသည်။

“ဆ.......ဆရာ..”

ကျန်ဟန်ဖူသည် မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီးဟနေသည်။ စိတ်ထဲတွင် အရမ်းမနာလိုဖြစ်နေပြီး မုန်းတီးမှုများနဲ့ ပြည့်နှက်နေသည်။

ငါ.........လို...........မ..

ဆွန်းမိုက ကံကောင်းခြင်း နတ်ဘုရားမရဲ့ ချစ်သူလား။ ဒီလိုမှမဟုတ်ရင် အေးချမ်းစွာ အနားယူခြင်း မြတ်ဆရာအရှိန်အဝါကို ဘယ်လို နားလည်မှာလဲ။

အိုဘုရားရေ။ ဒါက ကျန်ဟာန်ဖူ အိပ်မက်ထဲအထိတောင် လိုချင်ရတဲ့ အရှိန်အဝါ ဖြစ်သည်။

"ဘာဖြစ်လို့ ဟိုတယ်ထဲလာပြီး အရှုးထနေရတာလဲ"

ဆွန်းမို တော်တော်လေး မျက်မှောင် ကြုတ်သွားသည်။

ဆွန်းမိုက ဆရာတစ်ယောက်ဖြစ်သော်လည်း အကြောင်းပြချက်မရှိဘဲ အဆင့်အတန်းကို အသုံးပြုပြီး ဖိနှိပ်တတ်တဲ့ ဆရာများကို မုန်းတီးသည်။

တကယ်လို့ သူသာ တစ်ရက်စာဆရာ၊ တသက်သာ အဖေ မြတ်ဆရာအရှိန်အဝါကို နားမလည်ရင် အခုချိန် ဒူးထောက်နေရမည်။

"မင်းက ငတုံးလား"

ဆွန်းမိုက အော်ဟစ်လိုက်သည်။

"ဟားဟား။ တောခွေးနက်ကြီးဆွန်းကတော့ တခြားလူတွေကို ဘယ်လို ကိုက်နေလဲဆိုတာ ကြည့်ကြအုံး"

ဗဟိုပြည်နယ်အကယ်ဒမီက လူများကတော့ ဝမ်းသာပီတိ ဖြစ်နေကြသည်။ ကျောင်းအုပ်ကြီးဝေရဲ့

ဒေါသအရဆိုလျှင် ဒီနေ့သေချာပေါက် မသေမရှင် ဖြစ်သွားနိုင်သည်။

“မင်းက ဘယ်သူ့ကို တော်းလို့ ခေါ်တာလဲ”’

ကျောင်းအုပ်ကြီးဝေသည် အရမ်းဒေါသထွက်ပြီး ရင်ဘက်က ဖားဖိုတစ်ခုလို နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။

“အို၊ ငါပြောတဲ့တစ်ယောက်က မင်းဆိုတာ သေသေချာချာ ခန့်မှန်းမိတာပဲ”

ဆွန်းမိုက အေးအေးဆေးဆေး ပြန်ပြောသည်။

ဟာ

မေပယ်တစ်ထောင် ခန်းမတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ရယ်သံတချို့လည်း ရောထွေးနေသည်။ ကျောင်းအုပ်ကြီးတချို့ကတော့ စိတ်လှုပ်ရှားစွာ စောင့်ကြည့်ဖို့ ရောက်လာကြသည်။

ဆွန်းမိုက ငယ်ရွယ်ပြီး မောက်မာတတ်တယ်လို့ တွေးပြီး ကျောင်းအုပ်ကြီးဝေ ခေါင်းယမ်းလိုက်မိသည်။ သို့သော်လည်း ဆွန်းမိုနေရာမှာ သူလည်း အဲဒီလို အရည်အချင်းရှိနေလျှင် သူလည်း မောက်မာတဲ့ လူတစ်ယောက် ဖြစ်ကောင်းဖြစ်နေနိုင်သည်။

ဒါကိုတွေးရင်း ကျောင်းအုပ်ကြီးဝေကာ ဆွန်းမိုလည်း သွေးလောင်ကျွမ်းခြင်း အဆင့်(၇)မှာ ရှိနေနိုင်တယ်လို့ ခံစားမိသည်။

သာမန်လူတွေမှာ သူ့လို ယုံကြည်ချက်မျိုး မရှိနိုင်ပါ။

“အဓိကဒိုင်လူကြီး၊ အခုက ငါတို့ အနားယူချိန်လေ။ ဒီနေရာကို လာပြီး ရှုးကြောင်ကြောင် လုပ်နေတဲ့ လူတွေကြောင့် ငါ့ရဲ့ ကျောင်းသားတွေ စိတ်ဓါတ်ရေးရာ ဖိအားတွေ ခံစားနေရလိမ့်မယ်။ နောက်တစ်ဆင့် ကောင်းကောင်း

မလုပ်ဆောင်နိုင်ခဲ့ရင် ဘယ်သူက တာဝန်ယူပေးမှာလဲ”

ဆွန်းမိုက မေးခွန်းထုတ်လိုက်သည်။

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး စိတ်အေးအေး ထားပါ”

တန်ရီမင်က ဒီလိုလုပ်တာ မမှန်ဘူးဆိုတာ သိနေဖြင့် ကျောင်းအုပ်ကြီးဝေကို ဆက်ပြီးစောင့် မကြည့်နိုင်တော့ပါ။

“ဖိအား နည်းနည်းလေးတောင် မခံနိုင်ရင်လည်း ဘာဖြစ်လို့ ပြိုင်ပွဲ ဝင်ပြိုင်နေသေးတာလဲ။ အခု မင်း အိမ်ပြန်လို့ ရပြီ”

ကျောင်းအုပ်ကြီးဝေကေ ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

"ကောင်းပြီလေ။ မင်းဟိုတယ်ကို နေ့တိုင်းလာပြီး အောင်ဆဲမှ မထွက်ပြေးနဲ့"

အဲဒီစကားကို ပြောလိုက်ပြီးနောက် ဆွန်းမိုသည် စိတ်ရှုပ်တဲ့ ပုံစံနဲ့ ခေါင်းကုတ်လိုက်သည်။

"အို ငါမေ့သွားတယ်။ ဒုတိယအချီမှာ မင်းကျောင်းရဲ့ စွမ်းဆောင်မှုအရဆိုလျှင် ဒီ အဆင့်ကို ဆက်ထိန်းထားဖို့အတွက် ပြဿနာ မရှိနိုင်ဘူး။ ငါအချိန်ရရင် မာရှောင် အကယ်ဒမီကို စုံစမ်းရမယ်"

ဟားဟား

ကျောင်းအုပ်ကြီး အားလုံး ရယ်မောလိုက်ကြသည်။

“မင်း.........မင်း.........”

ကျောင်းအုပ်ကြီးဝေ မျက်နှာဖြူဖျော့သွားသည်။

“ဒီကကျောင်းအုပ်ကြီး ငါတို့ကို ကျေးဇူးတင်သင့်တယ်။ တကယ်လို့ ငါတို့ဆရာကသာ မညှာလိုက်ရင် မင်းတို့ကျောင်းက ဆရာတွေနဲ့ ကျောင်းသား တစ်ယောက်တောင် ကျန်တော့မှာ မဟုတ်ဘူး။ မင်းတို့ဟာကျုံ အကယ်ဒမီက အတန်းပြုတ်ကျသွားတဲ့ ပထမဆုံး ကျောင်းဖြစ်သွား လိမ့်မယ်”

လီဇီချီက ရှင်းပြသည်။

ရယ်နေတဲ့ ကျောင်းအုပ်ကြီးများသည် သူတို့ အမူအရာကို ထိန်းသိမ်းပြီး ဆွန်းမိုကို လေးလေးနက်နက် အကဲခတ်နေသည်။ အကြောင်းပြချက် ရှိနေသေးတုန်းလား။

ကျောင်းအုပ်ကြီးဝေသည် လူရှေ့သူရှေ့တွင် ဒီလောက်အထိ လှောင်ပြောင် အပြောခံလိုက်ရသဖြင့် ဘယ်လို သည်းခံနိုင်တော့မှာလဲ။ ချောင်းဆိုးပြီး ပါးစပ်က သွေးတွေထွက်ကျလာသည်။

ဖူး

ရင်ဘက်က အဝတ်အစားများ သွေးတွေ စိုသွားသည်။

"လူအိုကြီးဝေ"

"မင်း အဆင်ပြေရဲ့လား"

"စိတ်မဆိုးနဲ့၊ တချို့ကအောင်မြင်ပြီး တချို့က ကျရှုံးတယ်"

သူနဲ့ ရင်းနှီးတဲ့ကျောင်းအုပ်ကြီး အနည်းငယ်က အနားကို ရောက်လာပြီး သူ့ကို ဖေးမထားသည်။ သူတို့ မျက်နှာအမူအရာကတော့ စိတ်ပျက်နေတဲ့ ပုံစံ ဖြစ်နေသည်။

ကျောင်းအုပ်ကြီးဝေရဲ့ အခက်အခဲကို သူတို့နားလည်သည်။ သူတို့ကျောင်းက ပြိုင်ပွဲပြီးတာနဲ့ ဘွဲ့ကို လက်လွှတ်ရတော့မည်။ 'နာမည်ကြီးကျောင်း' ဆိုတဲ့ ဂုဏ်ပုဒ်က မခံယူနိုင်တော့ပါ။

ဒါက ဘယ်လောက်တောင် ပြင်းထန်တဲ့ ရိုက်ခတ်မှုလဲ။

သူတို့ ဂုဏ်သတင်းကို ထိခိုက်စေရုံသာမက တိုင်းပြည်ထဲမှာ ပေးလှူနေတဲ့ ဘဏ္ဍာငွေနဲ့ အဖွဲ့အစည်းအသီးသီးက လှူဒါန်းမှုတွေ ပျောက်ကွယ်

သွားလိမ့်မည်။ ဒါက သူတို့အတွက် ကြီးမားတဲ့ ငွေကြေးဆုံးရှုံးမှုကြီး ဖြစ်သည်။

အရေးအကြီးဆုံးအချက်ကတော့ ဘွဲ့မရှိတော့ရင် အထူးချွန်ဆုံး ကျောင်းသားများက ပညာသင်ကြားဖို့အတွက် နောက်ထပ် နာမည်ကြီးကျောင်း တစ်ကျောင်းကို ရွေးချယ်သွားကြလိမ့်မည်။ ဒီလိုဆိုးရွားတဲ့ သံသရာ ကျရောက်သွားလျှင် ပြန်လည် နလန်ထူလာဖို့ မဖြစ်နိုင်တော့ပါ။

ကျောင်းအုပ်ကြီးဝေသည် အဆင့်အတန်းကျသွားပါက ဘယ်လောက် ကြောက်ဖို့ကောင်းတယ်ဆိုတာ သတိထားမိသည်။ ဆွန်းမိုရဲ့အသက်ကို စစ်ဆေးပြီးရင် အရာအားလုံး ပြန်ပြီး အဖက်ဆည်နိုင်မည့် နည်းလမ်းများကို အသုံးပြုဖို့ တောင်းဆိုရမည်။

ရိုးရှင်းတဲ့ ကယ်ဆယ်ရေး အစီအစဉ်က တချို့ကို စဉ်းစားပြီးနောက် ကျောင်းအုပ်ကြီးဝေ စိတ်အေးသွားသည်.

"ဆရာဆွန်း၊ ငါ ရန်လင်ကို မေးကြည့်ပြီးပြီ။ မင်းနဲ့ ဝေလုကြားက တိုက်ပွဲမှာ မင်းချက်ခြင်း အနိုင်ရသွားတယ်ဆို။ ဘယ်လိုလုပ်ခဲ့တာလဲ ငါမေးလို့ ရမလား"

ကျောင်းအုပ်ကြီးဝေက မေးခွန်းထုတ်လိုက်သည်။ ဒါက ဆွန်းမိုကိစ္စမှာ တစ်ခုခုမှားနေပြီဆိုတာ သေချာတဲ့ အကြောင်းပြချက်ပဲဖြစ်သည်။

(ဝေလုက သွေးလောင်ကျွမ်းခြင်း အဆင့်(၇)မှာ ရှိနေသော်လည်း လွယ်လွယ်ကူကူ အနိုင်ယူခံလိုက်ရသည်။ ပြိုင်ပွဲမှာ ပါဝင်ဖို့အတွက်

အသက်မလိမ်ထားဘူးလို့ ရဲရဲတင်းတင်း ပြောရဲသေးလား)

ကျောင်းအုပ်ကြီးဝေရဲ့ အမြင်မှာတော့ ဆွန်းမိုက အသက် ၂၀ အရွယ် လူငယ်လေးတစ်ယောက်ရဲ့ အရေခွံကို ဝတ်ထားတဲ့ ဘီလူးအိုကြီး တစ်ယောက်သာ ဖြစ်လိမ့်မည်။

“သူက အားနည်းလွန်းတယ်။ အရမ်းရှင်းပါတယ်”

ဆွန်းမို ပုခုံးတွန့်ပြီး ပြန်ဖြေလိုက်သည်။

“အားနည်းတယ် ဟုတ်လား”

ကျောင်းအုပ်ကြီးဝေသည် အမြီးအနင်းခံလိုက်ရတဲ့ ခွေးအိုကြီးတစ်ကောင်လို ခုန်တက်သွားသည်။

"ဝေလုရဲ့ နောက်ခံကိုရော မင်းသိလား။ သူက ငါတို့ရဲ့ တော်ဝင် ဝေမျိုးနွယ်စုက အသိအမှတ်ပြုထားတဲ့ ပါရမီရှင်ဖြစ်ပြီး ကြယ် ခုနှစ်ပွင့် မြတ်ဆရာတစ်ယောက်ရဲ့ လမ်းညွှန်မှုကိုလည်း ရထားတယ်။ ကျင့်ကြံဖို့အတွက် မကုန်ခမ်းနိုင်တဲ့ အရင်းအမြစ်တွေ ထောက်ပံ့ပေးထားတယ်။ သူက ဆန်းကြယ် ကောင်းကင်အဆင့် ကျင့်စဉ်ကို ကျင့်ကြံထားတယ်။ သူက အသက် ၂၁နှစ်နဲ့

သွေးလောင်ကျွမ်းခြင်းအဆင့်(၇)ကို ရောက်အောင် စွမ်းဆောင်နိုင်တဲ့ ပြိုင်ဘက်ကင်း ပါရမီရှင်တစ်ယောက်ပဲ။ သူက အားနည်းတယ်လို့ မင်းပြောနေတာလား”

ကျောင်းအုပ်ကြီးတွေက ဆွန်းမိုရဲ့ ရှင်းပြချက်ကို နားထောင်ဖို့ သူ့ကို ကြည့်နေကြသည်။

“သူက တကယ်အားနည်းတယ်လေ။ ဒါတောင် ငါတို့ ပြောလို့ မရဘူးလား”

လုချီဟွာ နှုတ်ခမ်းထော်ပြီး ဝမ်းနည်းစွာ ရေရွတ်လိုက်သည်။

ကျောင်းသားတွေ အားလုံးကတော့ ဆွန်းမိုကို အံ့အားသင့်စွာ ကြည့်နေကြသည်။

(အိုဘုရားရေ။ ဆရာဆွန်းက အရမ်းသန်မာတာလား။) အဲဒီအချိန်တုန်းက ဝေလုရဲ့ ခေါင်းကို ဓါးနဲ့တစ်ချက်တည်း ထိုးဖောက်လိုက်တာ သူတို့ မြင်ခဲ့ရသည်။ လီဖန်ကတောင် အဲဒီကောင် တော်တော်လေး အားနည်းတယ်လို့ ထင်ခဲ့မိသည်။

ဒင်

ကျောင်းသားများ၏ လေးစားအထင်ကြီးမှု +၆,၁၀၂။

အကြောင်းကြားချက်ကို ကြားလိုက်ပြီးနောက် လူအိုကြီးကို ကျေးဇူးတင်လိုက်ရင် ကောင်းမလားဆိုတာ တွေးလိုက်မိသည်။ ဒီလိုမှမဟုတ်ခဲ့ရင် ကျောင်းသားတွေက ဓါးတစ်ချက်တည်းနဲ့ ခေါင်းပေါက်ကွဲအောင် တိုက်ခိုက်ခြင်းသည် ဘာကို ကိုယ်စားပြုလဲဆိုတာ နားမလည်ကြသေးပါ။

“ဆရာဆွန်း၊ မင်းရဲ့ အပြစ်ကင်းမှုကို သက်သေပြပြီး သူတော်စင်ဂိတ်ရဲ့ ပြိုင်ပွဲက

မှူတကြောင်း ပြသဖို့ မင်းက ဒိုင်လူကြီးတွေရဲ့ အစစ်အဆေးကို ခံယူနိုင်မယ်လို့ မျှော်လင့်ပါတယ်”

တန်ရီမင်က ပြောလိုက်သည်။

“သေချာတာပေါ့။ ဒါပေမယ့် ဆရာတွေအားလုံးကိုလည်း စစ်ဆေးစေချင်တယ်”

“ဆရာဆွန်း”

တန်ရီမင်က လှမ်းခေါ်လိုက်သည်။

“ငါ့ကို အကြောင်းပြချက် လာမပြောနဲ့။ ဘာဖြစ်လို့ ငါတစ်ယောက်တည်း အစစ်ဆေး ခံရမှာလဲ”

ဆွန်းမို လေသံက ခေါင်းမာလွန်းသည်။

“တကယ်တော့ စစ်ဆေးမှုကို လက်ခံနိုင်တယ်။ ဒါပေမယ့် စစ်ဆေးလို့ ပြဿနာမရှိရင် ဟာကျုံအကယ်ဒမီရဲ့ လိဂ်ပြိုင်ပွဲ ဝင်ပြိုင်ခွင့်ကို အနည်းဆုံး သုံးနှစ်ပိတ်ပင်ဖို့ တောင်းဆိုတယ်”

ရှူ

ဒီစကားကို ကြားလိုက်လျှင် ကျောင်းအုပ်ကြီးများ လေအေးတစ်ချက်ကို ရှိုက်လိုက်မိသည်။ ဒီဆွန်းမိုက ဟာကျုံ အကယ်ဒမီနဲ့ ရင်းမလို့ လုပ်နေသည်။ တကယ်လို့ ကျောင်းတစ်ကျောင်းသည် လိဂ်ပြိုင်ပွဲကို

သုံးနှစ်လောက် ဝင်မပြိုင်ခဲ့လျှင် သူတို့ ခွန်အားနှင့် ဂုဏ်သတင်းက သိသိသာသာ ကျဆင်းသွားလိမ့်မည်။ ပြန်တက်လာဖို့ဆိုတာ မလွယ်ကူနိုင်ပါ။

တန်ရီမင် မျက်မှောင်ကြုတ်သွားသည်။ ဒီလိုမျိုး အရာကို သူ မဆုံးဖြတ်နိုင်ပါ။

“ကျောင်းအုပ်ကြီးဝေ ၊ မင်းက ကျောင်းအုပ်ကြီးတစ်ယောက်ပါ။ လူတိုင်းက သူတို့ပြောတဲ့စကားအတွက် တာဝန်ယူသင့်တယ်ဆိုတာ မင်းလည်း သိပါတယ်။

မင်းက ငါ့ကို သံသယဝင်နေရင် တန်ဖိုးတစ်ခုတော့ ပြန်ပေးသင့်တယ်”

ဆွန်းမိုက ဒီစကားကို သူ့နှလုံးသား အောက်ခြေကနေ ပြောခဲ့ခြင်း ဖြစ်သည်။ ဒါကြောင့် တန်ဖိုး ဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်လာသည်။

ဝူရှ်

ရွှေရောင်အလင်းများ ဖြာထွက်လာသည်။

ဒါပေမယ့် ဒီလိုမျိုး မြတ်ဆရာအရှိန်အဝါက ကျောင်းအုပ်ကြီးများအတွက် မထူးဆန်းတော့ပါ။

သူတို့အံ့အောသင့်နေတာက ဆွန်းမိုရဲ့ ခံယူချက်နှင့် ရင့်ကျက်မှု ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် ဒီခေတ်မှာက ဆရာတစ်ယောက် မှားနေရင်တောင် မေခွန်းထုတ်မယ့်လူ ဒါမှမဟုတ် တောင်းပန်ခိုင်းမယ့် လူမရှိပါ။ အခြားအရာအားလုံးထက် ဆရာကို တော်တော်လေး လေးစားကြသည်။

“ဒါကအမှန်ပဲ။ ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတွေနဲ့ ကျောင်းသားတွေက အမှန်တရားနဲ့

ဆန့်ကျင်ပြီး ဘာမှမလုပ်ခဲ့ဘူး။ မင်းတို့ကောင်တွေ သံသယရှိနေရင် သက်သေထုတ်ပြပါ”

နောက်ဆုံးတော့ ကျန်ဟန်ဖူလည်း ထရပ်လာသည်။ အရင်ကျောင်းအုပ်ကြီးရဲ့ ကျေးဇူးတရားကို ခံစားခဲ့ရပြီး အခုလိုအချိန်မျိုးတွင် သူရဲဘောမကြောင်သင့်ပါ။ နောက်မဆုတ်ဘူးလို့ တွေးနေမိသည်။

ကျောင်းအုပ်ကြီးဝေကေ သူ့ရဲ့ စကားကြောင့် စိတ်အနှောက်အယှက် မဖြစ်သွားတာက စိတ်မကောင်းစရာပဲ။

"ကျောင်းအုပ်ကြီးဝေ ဒီကိစ္စကို ရှေ့ဆက်ချင်သေးတာလား"

တန်ရီမင်က မေးလိုက်သည်။ ပြိုင်ပွဲမစခင်က သူတော်စင်ဂိတ်သည် စစ်ဆေးမှု တချို့ ပြုလုပ်ခဲ့သည်။ စစ်ဆေးမှု အရမ်းအသေးစိတ်ခြင်း မရှိသော်လည်း လူတိုင်းရဲ့ အခြေခံ အချက်အလက်လောက်တော့ ယူထားနိုင်ခဲ့သည်။

ပြီးတော့ လှည့်စားမှုများကို တွေ့ရှိပါက ဆရာလုပ်ကိုင်ခွင့်ကို ရုတ်သိမ်းခံရမည်။ ဒီလိုမျိုး လုပ်ဖို့ ဘယ်သူက သတ္တိရှိမှာလဲ။

ဒါကို ကျောင်းအုပ်ကြီးဝေလည်း သတိထားမိသည်။ ဒါပေမယ့် ဝေလုကို ဆွန်းမိုက ဘယ်လို အနိုင်ယူခဲ့လဲဆိုတာ သူနားမလည်နိုင်အောင် ဖြစ်နေသည်။

မာရှန်၊ ဘိုင်တန်ဇီဝေနှင့် ဟွာလျှိုဖန်တို့လို ပါရမီရှင်တွေဆိုပါက သူလက်ခံမိလိမ့်မည်။ ဒါပေမယ့် ဒီဆွန်းမိုက ဘယ်နေရာက ပေါ်လာတာလဲ။

သူ့လို ပါရမီရှင် တစ်ယောက်က ဘာဖြစ်လို့ နည်းနည်းလေးတောင်ဂုဏ်သတင်း မရှိ ဖြစ်နေရတာလဲ။

ရှင်းရှင်းလင်းလင်းပဲ ကျောင်းအုပ်ကြီးဝေက ဒီအရှုံးကို လုံးဝ လက်မခံနိုင်ဖြစ်နေသည်။

ဂိမ်းကစားရင်း မူလတန်းကျောင်းသားရဲ့ အရိုက်ခံရသလိုမျိုး ဖြစ်နေသည်။ ဘယ်သူက လက်ခံနိုင်မှာလဲ။

ကျောင်းအုပ်ကြီးဝေ စိတ်ထဲမှာ ရှက်သွားပြီး အထောက်အထား သက်သေများကို သီးသန့်ရှာရန် စီစဉ်လိုက်သည်။ သို့သော်လည်း ကျောင်းအုပ်ကြီးတချို့ ဒီအခွင့်အရေးကို အသုံးချပြီး ပြဿနာ ဖန်တီးလိုက်သည်။

“ကျောင်းအုပ်ကြီးဝေ၊ မင်းက မြင့်မြတ်သလိုနဲ့ သူ့ကို ကန်ထုတ်ဖို့အတွက် ဒီနေရာအထ ိ ရောက်လာခဲ့ပြီးပဲ သူ့အပြစ်ကင်းကြောင်း သက်သေပြဖို့အတွက် အခွင့်အရေး ပေးသင့်တယ် မဟုတ်လား”

“ဒါအမှန်ပဲ။ မင်းက ကျောင်းအုပ်ကြီးတစ်ယောက် ဖြစ်နေတာနဲ့ပဲ အခြားလူတွေကို အနိုင်ကျင့်လို့ မရဘူး”

“ဟာကျို အကယ်ဒမီက မောက်မာလွန်းပါတယ်ကွာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတွေရှိရင် အုပ်စုတွေရှိမည်။ ပြိုင်ဆိုင်မှုတွေလဲရှိမည်။

ဒီစကားတွေကို ပြောနေကြတဲ့ ကျောင်းအုပ်ကြီးတချို့သည် ကျောင်းအုပ်ကြီးဝေရဲ့ စရိုက်ကို သည်းမခံနိုင်တဲ့လူ ဒါမှမဟုတ် သူတို့ ကျရှုံးခြင်းမှ တိုက်ရိုက် အကျိုးအမြတ်ရနိုင်တဲ့ လူတွေ ဖြစ်နိုင်သည်။

ဥပမာအားဖြင့်တော့ နာမည်ကြီးကျောင်း တချို့သည် အတန်းက ပြုတ်ကျဖို့အတွက် အန္တရာယ်ရှိသည်။ သို့သော်လည်း ဟာကျုံသာ

အဆင့်က ပြုတ်ကျသွားလျှင် သူတို့အတွက် အန္တရာယ် နည်းသွားနိုင်သည်။

ပုံမှန်အခြေအနေမှာတော့ ဟာကျုံသည် သူတို့ရဲ့ အဆင့်ကို သေချာပေါက် ထိန်းထားနိုင်လိမ့်မည်။

"အံ့အော စရာပဲ"

ကူရှုပ်ရှင်းသည် ကျောင်းအုပ်ကြီးဝေရဲ့ ဖိနှိပ်မှုအောက်တွင် အားနည်းချက်ကို မပြဘဲ ပေါ့ပေါ့ပါးပါး ပြန်တုန့်ပြန်နေတဲ့ ဆွန်းမိုကို ဘေးက စောင့်ကြည့်နေခဲ့သည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁၀၀ ၊ ကြည်ညို (၃,၈၁၀/ ၁၀,၀၀၀)

"အို ကူရှုပ်ရှင်း နင်ဘယ်လိုဖြစ်နေတာလဲ။ အနာဂတ် ခင်ပွန်းလောင်းကို လက်လျှော့လိုက်ပြီလား"

ကူရှုပ်ရှင်းက ပေါက်ကရ အတွေးတွေ ဆက်မတွေးဖို့ သူမကိုယ်သူမ သတိပေးနေသည်။ ဆွန်းမိုက အန်ရှီဝေရဲ့ ခင်ပွန်းလောင်း ဖြစ်သည်။

အခန်း (၃၆၄) - လုံးဝအောရုံစိုက်မှု မြတ်ဆရာအရှိန်အဝါကို ရရှိခြင်း

ကျောင်းအုပ်ကြီးဝေသည် ခက်ခဲတဲ့ အနေထားကို ရောက်ရှိနေသည်။

သူတို့က နာမည်ကြီးကျောင်းဆိုတဲ့ ဂုဏ်ပုဒ်ကို ဆုံးရှုံးသွားတာနဲ့ ဟာကျုံအကယ်ဒမီရဲ့ ဂုဏ်သတင်းက အရမ်းကျဆင်းသွားလိမ့်မည်။ ဆရာတွေလည်း အမဲလိုက်ခံရပြီး ထွက်သွားဖို့ များသည်။

ဒါက လက်တွေ့ ဖြစ်လာနိုင်သည်။ မြတ်ဆရာတစ်ယောက်သည် သူတို့

ဂုဏ်သိက္ခာမြင့်တက်ဖို့နဲ့ မြင့်မားတဲ့ လစာကို လိုချင်ကြသည်။

အချစ်ကို အားကိုးပြီး တောက်ပဖို့ဆိုတာ မဖြစ်နိုင်ပါ။

"မဟုတ်ဘူး။ ဟာကျုံ မကျရှုံးစေရဘူး"

နှစ်ပေါင်းများစွာ အတွေ့အကြုံများနဲ့ ကျောင်းအုပ်ကြီးဝေသည် အစီအစဉ်တစ်ခုကို တွေးလိုက်သည်။

သူ့ရဲ့တူလေး အသတ်ခံရလို့ နှလုံးသားထဲက နာကျင်နေပေမယ့် အခုအချိန်မှာ ဒါကို

အာရုံစိုက်နေလို့ မရပါ။ လက်ကျန်ပွဲမှာ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ဖို့ လိုအပ်သည်။

တချိန်တည်းမှာပဲ သူက ဆွန်းမိုကို စောင့်ကြည့်နေနိုင်သည်။ တကယ်လို ဒီအတိုင်းသာ ထူးချွန်ပြောင်မြောက်အောင် စွမ်းဆောင်နိုင်လျှင် သူက ပါရမီရှင်ဖြစ်ပြီး သူတို့က ရှားပါးတဲ့လူတစ်ယောက် ဖြစ်သည်။ ကောင်းကောင်း မလုပ်ပြနိုင်ဘူးဆိုရင်တော့ ကျောင်းအုပ်ကြီးဝေကော သေသေချာချာ စုံစမ်းစစ်ဆေးပေးဖို့ တောင်းဆိုမည်. သိပ်နောက်မကျသေးပါ။

အကြောင်းအရာတွေများစွာကို တွေးတောပြီးနောက် ကျောင်းအုပ်ကြီးဝေသည် လက်ကိုခါပြီး လှည့်ထွက်သွားသည်။

“ဟွန့် ပြိုင်ပွဲရဲ့ တတိယအချီမှာ မင်းတို့ကို ရှုံးရင် ဆင်ခြင်မပေးတော့ဘူး။ လိဂ်ပြိုင်ပွဲပြီးရင် ဒီအကြောင်းပြောမယ်”

“တောက် ဒီလူကြီးက တကယ် အရှက်မရှိတာပဲ”

ကျောင်းအုပ်ကြီးအနည်းငယ်ကတော့ ကျောင်းအုပ်ကြီးဝေက ရုတ်တရက် ထက်မြက်ပြီး ကိုင်တွယ်ဖို့ ခက်တယ်လို့ မထင်မှတ်ထားခဲ့ပါ။ သူတို့

ဦးနှောက်တွေ ဖျစ်ညှစ်ပြီး စဉ်းစားနေတုန်း ဆွန်းမိုက စကားစလိုက်သည်။

"နေပါအုံး"

ဆွန်းမိုက

"မင်းထွက်သွားလို့ ရတယ်လို့ ငါပြောလို့လား"

ဂူရှိ

လူတိုင်းရဲ့အကြည့်များက ဆွန်းမိုဆီ ရောက်သွားသည်။ ဒီကောင်က တကယ်ကို ခေါင်းမာတာပဲ။

ကျောင်းအုပ်ကြီး ဝေ ထွက်ခွာသွားသဖြင့် ကျန်ဟန်ဖူ သက်ပြင်းချနေတုန်း ရှိသေးသည်။ သို့သော် ဆွန်းမိုရဲ့ စကားများကြောင့် ရင် တထိတ်ထိတ် ပြန်ဖြစ်သွားသည်။

"ဆရာဆွန်း၊ ငါတို့ စကားနည်းနည်းလောက် ပြောကြမလား"

ကျန်ဟန်ဖူက စည်းရုံးလိုက်သည်။

ကျောင်းအုပ်ကြီးဝေသည် ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သည်။ သူ့ကို မကျူညီရင်တောင် မစော်ကားမိတာ ပိုကောင်းသည်။

"ဒုကျောင်းအုပ်ကြီး ကျန်၊ မင်းက ဒူးထောက်လေ့ရှိတာနဲ့ တခြားသူတွေလည်း ဒူးထောက်သင့်တယ်လို့ မင်းထင်နေတာလား"

ဆွန်းမိုက မေးလိုက်သည်။ သူ့ရဲ့ အသံက အကျယ်ကြီး မဟုတ်သော်လည်း ကျန်ဟန်ဖူအတွက်တော့ နေသာတဲ့ နေ့တစ်နေ့မှာ ကြားလိုက်ရတဲ့ တုန်လှုပ်ခြောက်ခြားဖို့ကောင်းတဲ့ မိုးခြိမ်းသံကြီး တစ်ခုလိုပဲ။

"သူက ကြယ်ငါးပွင့်မြတ်ဆရာ တစ်ယောက်ဖြစ်နေလဲ ဘာဖြစ်လဲ။ သူက

ကျောင်းအုပ်ကြီး တစ်ယောက် ဖြစ်နေရင်လဲ ဘာဖြစ်လဲ။ အဲဒါကြောင့် သူတပါးရဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် မဆင်မခြင် လုပ်ခွင့်ရှိလို့လား”

ဆွန်းမိုက ကျောင်းအုပ်ကြီး ဝေကို ကြည့်လိုက်သည်။

“ငါ့ကို တောင်းပန်ပါ။ ဒီလိုမှမဟုတ်ရင် ငါအသက်လိမ်တဲ့ ကိစ္စနဲ့ ပက်သက်ပြီး မင်းကျောင်းရဲ့ လိဂ်ပြိုင်ပွဲ ဝင်ခွင့်ကို လောင်းကြေးထပ်မယ်”

ကျောင်းအုပ်ကြီးဝေရဲ့ နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်လာပြီး နဖူးပေါ်က

သွေးကြောများလည်း ထောင်ထွက်လာသည်။ သူက ဝေနိုင်ငံထဲတွင် အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပြီး ဂုဏ်သတင်း ကျော်ဇော်ခြင်းနှင့် အဆင့်အတန်းရှိတာကို နှစ်သက်သည်။ ဒီလိုမျိုး ဆက်ဆံတာမျိုးကို တစ်ခါမှ မခံခဲ့ရဘူးပါ။

လုပ်လို့ မရဘူးဆိုတာ သိနေလို့ပါ။ ဒီလိုမှမဟုတ်ရင် ဆွန်းမိုကို မေးမေးပြီး ပါးရိုက်လိုက်မိမည်။

“ဒါအမှန်ပဲ။ ဆွန်းမိုက မြတ်ဆရာတစ်ယောက် မဟုတ်ရင်တောင် ဒီလိုမျိုးတော့ မဆက်ဆံသင့်ဘူး”

"သူက မြတ်ဆရာဖြစ်နေရင်လည်း ဒီလိုမျိုး မလုပ်သင့်ဘူး"

"တချို့ ကျောင်းအုပ်ကြီးတွေ ကတော့ ပညာရေးက အခြေခံအုတ်မြစ် ဖြစ်တယ်ဆိုတဲ့ စကားရဲ့ တကယ့်အဓိပ္ပါယ်ကို မေ့နေကြပြီ ထင်တယ်"

ကျောင်းအုပ်ကြီးတချို့က ကျောင်းအုပ်ကြီးဝေ အကြောင်းကို ရွှဲ့စောင်းပြီး ပြောနေကြသည်။

"မင်းတို့နဲ့ ဒီမှာ အချိန်ဖြုန်းနေဖို့ ငါ့မှာ အချိန်မရှိဘူး။ မြန်မြန် ဆုံးဖြတ်ချက် ချပါ"

တန်ရီမင်က တိုက်တွန်းလိုက်သည်။

“ကျောင်းအုပ်ကြီးဝေက သီးသန့်ရှိနေရင်တောင် တောင်းပန်နိုင်သေးတယ်။ ဒါပေမယ့် ဒီလောက် လူအများကြီး ရှိနေတဲ့ နေရာမှာတော့ မလုပ်နိုင်လောက်ဘူး။ ဒီလိုမှမဟုတ်ရင် မျက်နှာ ပျက်သွားလိမ့်မယ်။ ဆွန်းမိုရဲ့ ဉာဏ်ရည်အရဆိုလျှင် ဒါကို မစဉ်းစားဘဲ နေမှာမဟုတ်ဘူး။ သူဘာဖြစ် စဉ်းစားနေတာလဲ”

ကူရှုပ်ရှင်း သုံးသပ်နေသည်။

“သူ ပိုက်ဆံ လိုချင်လို့လား”

နာကျင်မှု တပ်မက်သူလေး စဉ်းစားနေတုန်းမှာ လီဇီချီက စကား စပြောလာသည်။

“ကျောင်းအုပ်ကြီးဝေ၊ ငါတို့ဆရာကို ပြန်တောင်းပန်မယ်ဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး သံယဝင်ပြီး အစွပ်အစွဲခံလိုက်ရတဲ့အတွက် စိတ်ဒဏ်ရာတော့ သေချာပေါက် ရသွားမှာပဲ။ အဲဒီအတွက် လျော်ကြေး နည်းနည်းတောင် မပေးဘူးလား”

လီဇီချီ ဒီလိုပြောလိုက်တဲ့အချိန်တွင် သူမရဲ့ အမူအရာက ဒေါသထွက်နေသော ငယ်ရွယ်တဲ့ မယားတစ်ယောက်လို ဖြစ်နေသည်။

ဒါက ဘာအမှိုက်လဲ။

ကျောင်းအုပ်ကြီးဝေက ဒါ မဖြစ်နိုင်ဘူးဆိုတာ ပြောလိုက်ချင်ပေမယ့် ကြယ်နှစ်လုံးကဲ့သို့ တောက်ပတဲ့ မျက်လုံးနဲ့ စောင့်ကြည့်နေသည့် ဆွန်းမိုရဲ့ မျက်လုံးကိုမြင်ပြီး ချက်ခြင်း သဘောပေါက်သွားသည်။

ဒါက ဆွန်းမိုရဲ့ စိတ်ကူးပဲ။ တကယ်လို့ သူက သဘောမတူလိုက်လျှင် ဆွန်းမိုက အရူးတစ်ယောက်လို ဆက်ပြီး တိုက်ခိုက်နေမည်။

(ဟားဟား။ ငါက အခု ခြိမ်းခြောက် ခံနေရတာလား)

ကျောင်းအုပ်ကြီးဝေသည် ဒေါသ ထွက်နေသော်လည်း ပြုံးလိုက်သည်။ အဲဒီခဏတွင် လက်ရှိ အခြေအနေအားဖြေရှင်းဖို့ အခြား အဖြေမရှိတာကို သိလိုက်ရသည်။

“ဇီချီ၊ စကားထပ်မပြောနဲ့တော့”

ကျန်ဟန်ဖူက မာန်မဲလိုက်သည်။

"ဒုကျောင်းအုပ်ကြီးကျန်၊ မင်းအနားသွားယူနေတာ ပိုကောင်းတယ်။ သူတို့က မင်းကို စော်ကားနေတာ မဟုတ်ဘူး"

ကျန်ဟန်ဖူက ကျောင်းဂုဏ်သတင်းကို ကာကွယ်ရန် ကြိုးစားခဲ့သည့် အချက်ကိုထောက်ကာ ယဉ်ယဉ်ကျေးကျေး ပြန်ပြောခဲ့သည်။ ဒီလိုမှမဟုတ်ရင် ကြမ်းတမ်းတမ်း ပြန်ပြောမိလိမ့်မည်။

"မင်း......"

ကျန်ဟန်ဖူသည် ဒေါသထွက်ကာ စိုးရိမ်နေသော်လည်း စိတ်ပျက်နေတာ အမှန်ပဲ ဖြစ်သည်။ အစက အဆုံးအထိ ကျောင်းအုပ်ကြီးဝေက သူ့ကို လုံး၀ ဂရုမစိုက်ပါ။

"ကျောင်းအုပ်ကြီးဝေ ၊ငါတို့ ထောက်ပံ့ရေး အဖွဲ့မှာတောင် အကြောင်းပြချက်မရှိဘဲ သံသယ ဝင်မိရင် ပြန်တောင်းပန်ရတယ်"

ကူရှုပ်ရှင်း ပြင်းထန်စွာပြောလိုက်သည်။

(လုပ်တာကောင်းတယ်။ နာကျင်မှု တပ်မက်သူလေး)

ဆွန်းမိုသည် စိတ်ထဲကနေ တိတ်တဆိတ် ပြုံးနေလိုက်သည်။ ကူရှုပ်ရှင်းက သူ့အကြံကို နားလည်သွားမှန် သူသိသည်။ ဒါက အမှန်ပဲ။ ကျောင်းအုပ်ကြီး ဝေဆီက ငွေညှစ်နေကြသည်။

ဟာကျုံရဲ့ ဂုဏ်သတင်းကို ထိခိုက်အောင်လား ဒါမှမဟုတ် သူတို့ အဆင့်ကျသွားအောင် တစ်ခုခု လုပ်ဖို့လား။

လျှော်ကြေးငွေယူတာက ပိုပြီး လက်တွေ့ကျသည်။

လီဇီချီက တခြားသူများကို အရမ်းနားလည် လွယ်နေသောကြောင့် ဆွန်းမို အရမ်းကျေနပ်နေသည်။ တကယ်တော့ ဆွန်းမိုက သူကိုယ်တိုင် ပိုက်ဆံတောင်းရမှာ ရှက်နေသည်။

"ဘယ်လောက်လဲ" ကျောင်းအုပ်ကြီးဝေက မေးလိုက်သည်။

"ငွေတုံး ဆယ်သန်း"

လီဇီချီက ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး"

ကျောင်းအုပ်ကြီးဝေ မျက်နှာမည်းသွားသည်။ ‘ဘာဖြစ်လို့ အဲဒီအစား မသေတာလဲ” ဆိုပြီး မေးလိုက်ချင်သည်။ သို့သော်လည်း လူအကြောင်း နောကြေနေတဲ့ လူတစ်ယောက်အနေနဲ့ တဖက်လူက ဈေးမြင့်နေမှန်း နားလည်သည်။ သူက ဈေးနှုန်းသက်သာအောင် တိုက်ပွဲ ဝင်လို့ရသေးသည်။

“ငွေတုံး သုံးသန်း”

ဆွန်းမိုက အမူအရာကို တိတ်တဆိတ် စောင့်ကြည့်နေတုန်း ကူရှပ်ရှင်း ဈေးဖွင့်လိုက်သည်။ ဒါကလည်း မနည်းဘူးလို့ သူမထင်သည်။

ကျောင်းအုပ်ကြီးဝေက ငြင်းချင်နေသည်။ ငွေအများကြီး မဟုတ်သော်လည်း ငွေသည် ဘယ်နေရာကမှ နှိုက်ထုတ်လို့ မရပါ။ ပြီးတော့ ဒီတစ်ကြိမ်တွင် သူ့အတွက် ကောင်းတဲ့ အရာတစ်ခုမှ မရှိပါ။ ဒါတောင် ပိုက်ဆံဖြုန်းနေရသေးလျှင် အရမ်း စိတ်မကောင်း ဖြစ်ရလိမ့်မည်။

“ကျောင်းအုပ်ကြီးဝေ ဒီငွေတွေက မများပါဘူး။ ငါတို့မိသားစု စားဝတ်နေရေးအတွက် သုံးမှာ မဟုတ်ဘူး။ ဒါက တရားဝင်မှုတစ်ခုပဲ။ မင်းဆက်ပြီး

တွေဝေနေမယ်ဆိုရင် ဗဟိုပြည်နယ်အကယ်ဒမီက အရှက်ကွဲခံမှာ မဟုတ်တော့ဘူး”

လီဇီချီက စည်းရုံးလိုက်သည်။

“ဟာကျုံရဲ့ ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ မင်းကသင်ခန်းစာ ပို့ချပြီး စကားနည်းနည်းလောက် ပြောလိုက်ရင် ဒီထက်တောင်ပိုပြီး ငွေရှာနိုင်တယ် မဟုတ်လား။”

ဒီစကားကို ကြားလိုက်လျှင် ကျောင်းအုပ်ကြီးဝေရဲ့ ပါးစပ်က ထွက်ကျလုနီးပါး စကားတွေ ပြန်မျိုချလိုက်သည်။ အဲဒါ အမှန်ပဲ။ ကိစ္စတွေက

သူ့အတွက် အရမ်းရှက်ဖို့ကောင်းနေပြီ။ ဒီလောက် စိတ်ရှုပ်ဖို့ကောင်းပြီးမှ လျှော်ကြေးငွေ တစ်သန်းလောက် လျှော့နိုင်ရင် ဘာလုပ်မှာလဲ။

လူတွေက သူ့ကို မျောက်တစ်ကောင်လို ဆက်ဆံနေကြသည်။ သူလည်း မြန်မြန် ထွက်သွားချင်နေပြီ။

"လူတစ်ယောက်ယောက်ကို လွှတ်ပြီး ငွေပို့ခိုင်းလိုက်မယ်။ ဒါပေမယ့် ဒါက လျှော်ကြေးငွေ မဟုတ်ဘူးဆိုတာ သိထားပါ။ မင်းတို့ကျောင်းသားတွေ

အနားယူနေတာကို နှောက်ယှက်မိတဲ့အတွက် ငါရဲ့ တောင်းပန်မှုပဲ”

ကျောင်းအုပ်ကြီးဝေက “ဒီကိစ္စ မပြီးသေးဘူး။ ပြိုင်ပွဲပြီးသွားတဲ့ အခါကျရင် သူတော်စင်ဂိတ်ကို တောင်းဆိုပြီး စေ့စေ့စပ်စပ် စစ်ဆေးခိုင်းမယ်။ မင်း လုပ်ဆောင်ချက်တွေက ဒီအတိုင်းပဲ ဆက်ပြီး ထူးချွန်နေဖို့ ငါမျှော်လင့်ပါတယ်”

ဒီစကား ပြောပြီးတဲ့နောက် ကျောင်းအုပ်ကြီးဝေ ထွက်ခွာသွားသည်။

“အဲဒီ ကျောင်းအုပ်ကြီး မဆိုးဘူး”

ဇန်ဇီသည် ကျောင်းအုပ်ကြီးဝေ ဆွဲဆောင်မှုရှိတယ်လို့ ထင်လိုက်မိသည်။

"ထားလိုက်ပါတော့။ သူက ရှက်ဖို့ကောင်းတဲ့ အခြေအနေက လွတ်မြောက်ဖို့အတွက် နည်းလမ်းရှာနေတာလား ။ ဒီငွေတွေက ဆရာနဲ့အပေးအယူလုပ်တဲ့ လျော်ကြေးပဲ"

ထန်ထန်ယုထန် မျက်လုံးပြူးသွားသည်။

"ဇီချီ မင်းလုပ်တာ တော်တော်လေး ကောင်းတယ်"

ကူရှုပ်ရှင်းက ချီးကျူးလိုက်သည်။ လီဇီချီက ငယ်ငယ်လေးနဲ့ စီးပွားရေး စကားပြောတတ်မယ်လို့ မထင်ထားခဲ့ပါ။

ကူရှုပ်ရှင်းသာ သူမနေရာမှာဆိုလျှင် လျော်ကြေးငွေနဲ့ ပက်သက်ပြီး ဆက်ငြင်းခုံနေမှာ သေချာသည်။ ဒါပေမယ့် လီဇီချီကတော့ အဲဒီလို မလုပ်ခဲ့ပါ။ ကျောင်းအုပ်ကြီးဝေအား ရှောင်ထွက်သွားရန် အကြောင်းပြချက် ပေးခဲ့သည်။

တော်ဝင်မျိုးနွယ်ဝင်တစ်ယောက်က ထင်ထားတဲ့အတိုင်းပဲ ဖြစ်သည်။

ကူရှုပ်ရှင်းသည် ဆွန်းမိုကို တကယ်ပဲ မနာလို ဖြစ်မိသည်။ လီဇီချီသည် ကြည့်လို့ ကောင်းရုံသာမက အလိုက်သိတတ်တဲ့ မန်နေဂျာလေး တစ်ယောက်လည်း ဖြစ်သည်။

"မင်းလုပ်တာ အရမ်းကောင်းတယ်"

တန်ရီမင်က ချီးကျူး စကားပြောပြီး ထွက်သွားသည်။

ကြည့်နေကြတဲ့ ကျောင်းအုပ်ကြီးများကလည်း ကျောင်းအုပ်ကြီးဝေ အရှုံးပေးသွားမယ်လို့ မထင်ထားခဲ့ကြပါ။ ကြီးမားတဲ့ ရုန်းရင်းဆန်ခတ်မှု

ဖြစ်ပြီးတဲ့နောက် ငွေတုံးသုံးသန်း လျှော်ကြေးပေးပြီး ပြီးသွားသည်။

ဒီဆွန်းမိုသည် ရိုးရှင်းတဲ့ ဇာတ်ကောင် တစ်ယောက်မဟုတ်ပါ။

"ဆရာဆွန်း။ မင်းက ငါတို့ ကောင်းကင်သစ်ခွ အကယ်ဒမီနဲ့ လက်တွဲချင်လား"

ကျောင်းအုပ်ကြီးကျန်က ပြုံးပြီး မေးလိုက်သည်။

ဒါကိုကြားတော့ ကျောင်းသားတွေ ချက်ခြင်း လန့်သွားသည်။

ဒီအခင်းအကျင်းကို မြင်လိုက်လျှင် ကျောင်းအုပ်ကြီး ကျန်သည် ဟာသအဖြစ်သာ ပြောခဲ့သော်လည်း စိတ်ဝင်စားသွားသည်။ ဆွန်းမိုကို ကျောင်းသားတွေက ချစ်ခင်နေကြသဖြင့် သူက အရည်အချင်း ရှိလိမ့်မည်။

"မင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီမှာ အရမ်းပျော်နေပါတယ်"

ဆွန်းမိုကပြောင်းဆိုလိုက်သည်။

ကူရှုပ်ရှင်းကတော့ တစ်ခစ်ခစ်နဲ့ ရယ်လိုက်သည်။ ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက်လို့ ပြောလို့ရသည်။ ကောင်းကင်သစ်ခွ အကယ်ဒမီကိုသွားပြီး ဆရာတစ်ယောက် သွားလုပ်ရမှာလား။

ကျောင်းအုပ်ကြီးတွေ ထွက်သွားကြသည်။ နောက်ထပ် ပြိုင်ပွဲမှာ ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ကို ရှောင်ဖို့ သူတို့ရဲ့ ကျောင်းသားများအား သတိပေးရန် ဆုံးဖြတ်လိုက်သည်။

....

အပြင်လူတွေ အကုန် ပြန်ထွက်သွားကြသည်။ ဆွန်းမိုက ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

“လာ၊ ထမင်းကောင်းကောင်းလေး သွားစားရအောင်။ တစ်ယောက်ယောက်က ငါတို့ကို ဒကာခံနေပြီ”

ဟားဟား

လူတိုင်း ရယ်လိုက်ကြသည်။ ဒါက ငွေတုံး သုံးသန်းလေ။ အဲဒါနဲ့ဆို ဟင်းကောင်းကောင်း ဘယ်လောက်တောင် မှာစားလို့ ရမလဲ။

တချိန်တည်းမှာပဲ ဆွန်းမိုရဲ့ ဂုဏ်သတင်းသည် အထွင့်အထိပ်သို့ နောက်တစ်ကြိမ် ထပ်ရောက်သွားပြန်သည်။

အရသာရှိတဲ့ နေ့လည်စာကို စားပြီးတဲ့နောက် ဆွန်းမိုက သူ့ရဲ့ အခန်းသို့ ပြန်လာခဲ့သည်။

"စနစ်၊ စနစ်ထဲက စတိုးဆိုင်ကို ဖွင့်လိုက်ပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ဝူရှီ

စျေးဆိုင်ရဲ့ စင်က ထွက်ပေါ်လာသည်။

စွမ်းရည် စာအုပ်များစွာ ခင်းကျင်းထားတဲ့ အပေါ်တန်းတွင် ရွှေရောင်အလင်းတန်းများနဲ့ တောက်ပနေသည်။

"လုံး၀ အာရုံစိုက်မှုကို ၀ယ်မယ်"

ဆွန်းမိုက ပိုက်ဆံကို ချွေတာပြီး သုံးစွဲနေရသလို ခံစားရသည်။

ဒင်

"ဈေးဝယ်တာ အောင်မြင်တယ်။ စွမ်းရည်စာအုပ်က မင်းရဲ့ သိုလှောင်ခန်းထဲကို ရောက်သွားပြီ"

ဆွန်းမို အဲဒီစာအုပ်ကို ထုတ်ယူပြီး ချေမွလိုက်သည်။

တောက်ပတဲ့ ရွှေရောင်အလင်းတန်းများသည် နွေရာသီ ပိုးစုန်းကြူးများလို ပျံ့လွင့်လာပြီး ဆွန်းမို နဖူးထဲသို့ ပျံသန်း ဝင်ရောက်သွားသည်။

လေးနက်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ အသိပညာများစွာသည် သူ့စိတ်ထဲတွင် ပေါ်လာသည်။

ဒင်

“လုံးဝအာရုံစိုက်မှု မြတ်ဆရာအရှိန်အဝါကို နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - အခြေခံအဆင့်”

“အဲဒါ အသုံးပြုလိုက်တာနဲ့ ပစ်မှတ်သည် တစ်နာရီလောက်အထိ အာရုံမပျံ့တော့ပါ။ သူတို့က လုံးဝကို အာရုံစိုက်နေတဲ့ အခြေအနေကို ဝင်ရောက်သွားပြီး သင်ယူနိုင်စွမ်းကလဲ သိသိသာသာ တိုးတက်လာလိမ့်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ဒီအရှိန်အဝါကို လေ့လာပြီးသွားတဲ့နောက်မှာ ကျောင်းသားတွေအတွက် ကြီးကျယ်တဲ့အရာတစ်ခု ဖြစ်တယ်ဆိုတာ သဘောပေါက်သွားသည်။ တကယ်လို့ လုံးဝအာရုံစိုက်ခြင်း အရှိန်အဝါကို သုံးစွဲလိုက်တာနဲ့ စာကျက်ရမှာကို မုန်းတဲ့ ကျောင်းသားတွေတောင် စာကို စေ့စေ့စပ်စပ် လေ့လာကြလိမ့်မည်။

တော်တဲ့ ကျောင်းသားများအတွက်လည်း အတူတူပဲ ဖြစ်သည်။

သင်ယူခြင်းဆိုတာ အရမ်းကြိုးစားရတဲ့ အလုပ်ဖြစ်ပြီး အချိန်ပေးကာ လုပ်ရတဲ့ အလုပ်ဖြစ်သည်။ သို့သော် လုံးဝအောရုံစိုက်ခြင်း အရှိန်အဝါကို သုံးလိုက်တာနဲ့ ပြီးပြည့်စုံစွာ ဖြည်ရှင်းနိုင်လိမ့်မည်။

ဆွန်းမို စိတ်မထိန်းနိုင်တော့ပါ။ လက်ကိုမြှောက်ပြီး သူ့ကိုယ်သူ အသုံးချလိုက်သည်။

ဝူရှ်

မြတ်ဆရာအရှိန်အဝါ ထွက်ပေါ်လာပြီးနောက် ဆွန်းမိုသည် လေ့လာဖို့အတွက်

စိတ်အားထက်သန်နေသည်။ ဒီခံစားချက်က တစ်ကိုယ်ရည် အာသာဖြေချင်စိတ် ပြင်းထန်နေတာနဲ့ တူသည်။ လုံးဝကို မထိန်းချုပ်ထားနိုင်ပါ။

ဆွန်းမိုသည် စာအုပ်တစ်အုပ်ကိုထုတ်ပြီး စဖတ်လိုက်သည်။ စိတ်ထဲက ပူပန်မှုတွေလည်း ပျောက်သွားကာ စိတ်ငြိမ်သွားသည်။

ဒီတစ်နာရီအတွင်းတွင် ဆွန်းမိုက တခြားအရာများကို တွေးခဲ့သော်လည်း ပြင်းပြတဲ့ လေ့လာခြင်စိတ်က ချက်ခြင်း ပြန်ထိန်းသွားသည်။

အကျိုးသက်ရောက်မှု ပျောက်ကွယ်သွားတာနဲ့ ဆွန်းမို အေးခဲသွားသည်။ ဒီအရှိန်အဝါက တော်တော်လေးကို ကြောက်ဖို့ကောင်းသည်။

"စနစ်က စတိုးဆိုင်ကို ဖွင့်လိုက်"

ဆွန်းမိုက နောက်ထပ် မြတ်ဆရာ အရှိန်အဝါများကို ကြည့်လိုက်သည်။

အခန်း (၃၆၅) - လမ်းညွှန်မှုကို လာရှာခြင်း။

ဆွန်းမိုက လွှတ်နေတဲ့ နေရာများကို တစ်ချက်ကြည့်လိုက်ပြီး နေရာအများစုမှာ ပစ္စည်းမျိုးစုံနဲ့ ပြည့်နေတာကို သတိထားလိုက်မိသည်။

သို့သော်လည်း သေသေချာချာ ကြည့်လိုက်လျှင် အမျိုးပေါင်း တစ်ရာကျော်သာ ရှိတယ်ဆိုတာ မြင်လိုက်ရသည်။ အများစုက သူ့မှာ ရှိပြီးသား ဖြစ်နေသည်။

"စနစ်၊ ငါ့ဆီမှာ လေးစားအထင်ကြီးမှု အမှတ်တွေသာ လုံလုံလောက်လောက် ရှိရင်

လိုချင်တာ မှန်သမျှ ဝယ်လို့ရတယ်လို့ မင်းမပြောဘူးလား”

ဆွန်းမို စိတ်ရှုပ်သွားသည်။

“မင်းရဲ့ ကြယ်အဆင့်က အရမ်းနိမ့်တော့ နောက်ထပ် ပစ္စည်းမျိုးကွဲတွေကို ဖွင့်လို့ မရသေးဘူး။ အဆင်မြင့်လာဖို့အတွက် မင်းကြိုးစားရလိမ့်မယ်။ မင်းရဲ့ ကြယ်ပွင့်အဆင့်မြင့်လေလေ၊ စတိုးဆိုင်ထဲမှာ ပစ္စည်းတွေ ပိုစုံလေလေပဲ”

ဆွန်းမို ပုခုံးတွန့်လိုက်သည်။ နွေရာဦးရာသီတွင် ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲကို ဖြေဆိုရန်

အချိန်လေးလသာ လိုတော့သည်။ အဲဒီအချိန်ဆို သူလည်း ဝင်ဖြေလို့ရပြီ။

သူတော်စင်ဂိတ်က ကြယ်အဆင့်စာမေးပွဲများကို ဆက်တိုက် ပြုလုပ်သည်။

ဥပမာအားဖြင့် တကယ်လို့ ဆွန်းမိုသာ မတ်လတွင် ကြယ်တစ်ပွင့် စာမေးပွဲကို အောင်မြင်ခဲ့ပါက ဧပြီလတွင် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဆက်တိုက် ဖြေဆိုနိုင်သည်။ ထပ်အောင်မြင်ပါက မေလတွင် ကြယ်သုံးပွင့် စာမေးပွဲကိုတောင် ဝင်ဖြေနိုင်သေးသည်။

အမှန်လည်း လူအများစုကတော့ ကြယ်ပွင့်စာမေးပွဲတွေကို ဆက်တိုက် မဖြေဆိုနိုင်ပါဘူး။ သူတို့ရဲ့ ပညာရေး စံနှုန်းက လိုအပ်ချက်ကို ပြည့်မီရင်တောင် သတ်မှတ်ထားတဲ့ မြတ်ဆရာအရှိန်အဝါအရေအတွက်ကို ပြည့်မီနေဖို့ လိုအပ်သည်။ မြတ်ဆရာအရှိန်အဝါတွေကလည်း နားလည်ဖို့ ခက်ခဲလွန်းသည်။

"တခြားလူတွေက အဖေကို အားကိုးပေမယ့် ငါက စနစ်ကို အားကိုးတယ်"

ဆွန်းမိုက ကို့ကိုယ်ကို လှောင်ပြောင်လိုက်သည်။

"ကို့ကိုယ်ကို မနှိမ့်ချပါနဲ့။ မင်းရဲ့ အရည်အချင်းနဲ့လည်း ဒီမြတ်ဆရာအရှိန်အဝါတွေကို အနေးနဲ့အမြန် နားလည်လာလိမ့်မယ်။ စနစ်က ပေးတဲ့ ဆုဆိုတာက အချိန်သက်သာစေတာပဲ ရှိတယ်"

စနစ်က "ငါတို့က ပိုင်ရှင်တွေကို ကြံ့သလို ရွေးချယ်တာ မဟုတ်ဘူး"

"မင်းတို့တွေ ဟုတ်လား"

ဆွန်းမိုက မျက်မှောင်ကြုတ်သွားသည်။

"အခြား စနစ်တွေ ရှိသေးလား"

"ဘာဖြစ်လို့ မခန့်မှန်းတာလဲ"

စနစ်က ပြန်ဖြေဖို့ ငြင်းဆန်သွားသည်။

မြတ်ဆရာအရှိန်အဝါကို အထွဋ်အထိပ် ပစ္စည်းအဖြစ် သတ်မှတ်ထားသည်။ သူတို့က အကန့်အသတ် ပစ္စည်းများ မဟုတ်သော်လည်း တစ်ကြိမ်လျှင် တစ်ခုသာ ပေါ်သည်။ ပိုင်ရှင်က တစ်ခုကို ဝယ်လိုက်မှ နောက်တစ်ခု ပေါ်လာသည်။

ဒီတစ်ကြိမ်မှာ လျှာစောင်းထက် အရှိန်အဝါ ပေါ်လာသည်။ လက်တွေ့ အသုံးဝင်တဲ့ အရှိန်အဝါ တစ်ခု ဖြစ်သည်။

ပုံမှန်အားဖြင့်တော့ လျှာစောင်းထက်တယ် ဆိုတာက ပါးစပ်အပေါက်ဆိုးတာကို ဖော်ပြတဲ့ စကားလည်း ဖြစ်သည်။ သို့သော်လည်း ပါးစပ်နဲ့ လူသတ်နိုင်စွမ်း မရှိပါ။

ရှေးယခင်ကတည်းက စကားလုံးအနည်းငယ်နဲ့ လူသတ်တဲ့ ကိစ္စ မရှိခဲ့ပါ။ အများဆုံးကတော့ ဝန်ကြီးချုပ် ကူချီလင်က ပါးစပ်စည်းမစောင့်တဲ့ ဝမ်လင်ကို သတ်ပစ်တဲ့ ကိစ္စပဲ ရှိသည်။

သို့သော်လည်း အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် မြတ်ဆရာတစ်ယောက်က လျှာစောင်းထက်

မြွတ်ဆရာအရှိန်အဝါကို နားလည်လိုက်တာနဲ့ သူတို့စကားများတွင် ကြီးမားတဲ့ လူသတ်နိုင်စွမ်းကို ပိုင်ဆိုင်လာကြသည်။ ပေါ့ပေါ့ပါးပါး ဆိုလျှင် သွေးချောင်းဆိုးပြီး အတွင်းဒဏ်ရာ ရသွားနိုင်သည်။ ပြင်းပြင်းထန်ထန်ဆိုလျှင်တော့ တစ်ဖက်လူက ပွဲချင်းပြီး သေဆုံးသွားနိုင်သည်။

“ ကီးဘုတ် စစ်သားတွေသာ ဒီမြွတ်ဆရာအရှိန်အဝါကို ပိုင်ဆိုင်ထားလျှင် သူတို့တွေက နတ်ဘုရားတွေနဲ့ မတူသွားဘူးလား။ လူတိုင်းသေဆိုတဲ့ စကားနဲ့ ပွဲပြတ်သွားပြီ”

ဆွန်းမိုက သဘောကျပြီး ရယ်နေသည်။

ဒါက အပြစ်ပေးတဲ့ အရှိန်အဝါ အမျိုးအစား တစ်မျိုး ဖြစ်သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ရုပ်ပိုင်းဆိုင်ရာ အပြစ်ဒဏ်များကို အများအားဖြင့် တွေ့ရလေ့ရှိသော်လည်း မြတ်ဆရာများက သူတို့ရဲ့ အဆင့်အတန်းများကို လေးစားသဖြင့် လှုပ်ရှားရန် ခဲယဉ်းသည်။ သို့သော်လည်း လျှာစောင်းထက် မြတ်ဆရာအရှိန်အဝါကို အသုံးပြုလိုက်လျှင် ကျောင်းသားများအား သူတို့ရဲ့ အမှားများကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြန်မှတ်မိစေခြင်းဖြင့် အေးဆေးဆေး ကြည့်နေလို့ရသည်။

ဆွန်းမိုက တန်ဖိုးကို ကြည့်လိုက်သည်။ လေးစားအထင်ကြီးမှုအမှတ် ငါးသောင်း ၊လျှော့စျေး မရှိပါ။

....

ပျားဘုရင်မ ဟိုတယ်သည် နှင်စက်ဖြူမြို့ရဲ့ ထိပ်တန်း ဇိမ်ခံ ဟော်တယ်များထဲက တစ်ခု ဖြစ်သည်။ အခုအချိန်မှာတော့ မာရှောင်က ဟိုတယ်တစ်ခုလုံးကို ဌားရမ်းထားသည်။

ချန်ယင်သည် အနောက်ဖက်မှာ ဘယ်သူမှမရှိတာကိုမြင်လိုက်လျှင် ဓမ္မကောင်းကင်လက်သီးကို စတင်ပြီး လေ့ကျင့်လိုက်သည်။ သို့သော်လည်း ညာဘက် ရင်အုံဘက်တွင် သည်းမခံနိုင်လောက်အောင် နာကျင်တဲ့ ဝေဒနာတစ်ခု ရုတ်တရုတ် ပေါ်လာသည်။ အသက်ရှူမဝလို တစ်ဝက်တစ်ပျက်နဲ့ ရပ်လိုက်ရသည်။

'ချန်ယင်၊ ချန်ယင်။ ဘယ်ငရဲ ရောက်နေတာလဲ။ လုပ်စရာ အလုပ်ရှိတယ်ကွ"

ချန်ယင်သည် မျက်စိတမှိတ်အတွင်းတွင် ပျောက်ပျောက်သွားတတ် သောကြောင့် ထောက်ပံ့ရေး အဖွဲ့ခေါင်းဆောင် ဆဲဆိုနေသည်။ တကယ်ကို စိတ်တိုဖို့ ကောင်းသည်။

"ငါ ဒီမှာ"

ချန်ယင်က လှမ်းအော်လိုက်သည်။

"ချန်ယင်၊ မင်းထောက်ပံ့ရေး အဖွဲ့မှာ မလုပ်ချင်တော့ဘူးဆိုလဲ ပြောလိုက်။ လုပ်ချင်တဲ့ လူတွေမှ အများကြီးပဲ"

ခေါင်းဆောင် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ ချန်ယင်၏ အလုပ်ပေါ်သဘောထားကို တကယ် မကြိုက်ပါ။

"ငါ မထွက်ဘူး။ မင်းတာဝန်ပေးထားတဲ့ အလုပ်တွေ အားလုံး လုပ်ပြီးပြီ"

ချန်ယင်က ရှင်းပြသည်။ စကား အရမ်းပြောလိုက်ရသဖြင့် ရင်ဘက်ကအောင့်ပြီး ပိုနာကျင်လာသည်။

"အဲဒါပြီးတာနဲ့ အနားယူလို့ရမယ်လို့ ထင်နေတာလား"

ခေါင်ဆောင် ဒေါသထွက်သွားသည်။

"ဒါဆိုလည်း ငါက မင်းကို တာဝန်တွေ ထပ်ပြီးပေးရင်လည်း မင်းလုပ်မှာလား"

ချန်ယင် တိတ်ဆိတ်သွားသည်။

"ချန်ယင် ၊ငါက မင်းကို ပစ်မှတ်ထားနေတယ်လို့ မထင်နဲ့။ ထောက်ပံ့ရေး အဖွဲ့မှာရှိနေမှ မြတ်ဆရာတွေနဲ့ ထိတွေ့ခွင့် ရလိမ့်မယ်။ သူတို့က ငါတို့ကို လမ်းညွှန်မှု အနည်းငယ်ပေးလိုက်ရုံနဲ့ ငါတို့အတွက် အများကြီး အကျိုးရှိတယ်။ ပြီးတော့ ငါတို့က အဓိက အဖွဲ့အတွက် ရွေးချယ် မခံရလို့ ပိုပြီး

အလုပ်ကြိုးစားသင့်တယ်” ခေါင်းဆောင်က သတိပေးလိုက်သည်။

သူတို့ရဲ့ အရည်အချင်းက မကြီးမားလို့ အလုပ်မကြိုးစားဘဲ ဘယ်လို တိုက်ပွဲဝင်မှာလဲ။ ထောက်ပံ့ရေးအဖွဲ့မှာ အခြားကျောင်းသားများသည် မြတ်ဆရာတစ်ယောက်က သဘောကျဖို့ မျှော်လင့်ပြီး အလုပ်ကြိုးစားကြသည်။

သို့သော်လည်း ချန်ယင်ကို အချိန်တိုင်းလိုလို ရှာလို့ မတွေ့ပါ။

“ချန်လီချီနဲ့ တခြားသူတွေရဲ့ အဝတ်အစားသွားယူပြီး လျှော်လိုက်။ ဟောင်းနွမ်းနေတဲ့ အဝတ်အစားတွေကို မသိမ်းနဲ့တော့။ ကျောင်းဝတ်စုံ အသစ်ထုတ်ဖို့အတွက် ဆရာဇောင်ဆီကို သွားလိုက်ပါ။ အဝတ်တွေ လျှော်ပြီးရင် သူတို့အခန်းထဲ လိုက်ထားပေးလိုက်”

“နားလည်ပြီ”

ချန်ယင် ခေါင်းငုံ့ပြီး ပြောလိုက်သည်။

“မြန်မြန်သွားလုပ်” ခေါင်းဆောင်က တိုက်တွန်းလိုက်သည်။ “မင်းခိုးပြီး လေ့ကျင့်နေတာ

ငါသိတယ်။ ဒါပေမယ့် မြတ်ဆရာတစ်ယောက်ရဲ့ လမ်းညွှန်မှုမပါဘဲ ဘယ်လိုလုပ် အောင်မြင်နိုင်မှာလဲ။ ဖြစ်နိုင်စာ စဉ်းစားပြီး ကိုယ့်အလုပ်ပဲ ကိုယ်လုပ်စမ်းပါ”

ခေါင်းဆောင်ထွက်သွားပြီးနောက် ချန်ယင်မျက်နှာ အနည်းငယ် ဖြူဖျော့နေသည်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ညာဘက်ရင်အုံက စူးပြီး နာကျင်နေသည်။ သူ့ရဲ့ ဒန်တယ်ကလဲ နေလို့ထိုင်လို့ မကောင်းပါ။။

“မြတ်ဆရာတစ်ယောက်ရဲ့ လမ်းညွှန်မှု ဟုတ်လား”

ချန်ယင်၏ပုံက အနည်းငယ် ဝမ်းနည်းတဲ့ပုံစံ ဖြစ်နေသည်။ အစားအသောက်ပို့တဲ့ အခွင့်အရေးကို အသုံးချပြီး ဆရာဝေအား မေးခွန်း အနည်းငယ် မေးလိုက်သည်။ ဆရာဝေက သူ့မေးခွန်းကို ပြန်ဖြေခဲ့ပေမယ့် ချန်ယင် သိပ်နားမလည်ပါ။ ထပ်မေးချင်သော်လည်း ငတုံးတစ်ယောက်လို့ မြင်မှာစိုးရိမ်ပြီး မမေးဖြစ်ခဲ့ပါ။ ပြီးတော့ ဆရာဝေကလည်း ထောက်ပံ့ရေးအဖွဲ့မှ ကျောင်းသားအတွက် အချိန်အများကြီး မဖြုန်းချင်ပါ။

"ငါတို့ ကျောင်းသားအသစ်အဖွဲ့ကတော့ တကယ်အံ့အောဖို့ကောင်းတယ်။ နောက်ထပ်လဲ ပထမနေ့ရာပဲ"

"အင်း၊ ငါတို့ကျောင်းက မြတ်ဆရာကြီးတွေနဲ့ နေ့တိုင်း သီးသန့် သင်ခန်းစာ ပို့ချပေးနေတယ်။ သူတို့ အံ့အောဖို့ကောင်းတာ မထူးဆန်းတော့ပါဘူး"

"အရမ်း မနာလိုဖြစ်လာပြီ"

ကျောင်းသားတချို့က ဆွေးနွေးနေကြသည်။ ချန်ယင်လည်း အဲဒီစကားကိုကြားပြီး စိတ်မထိန်းနိုင်ဘဲ မနာလိုတဲ့ အကြည့်ပေါ်လာသည်။

ညှော့ခန်းတံခါး ရုတ်တရုတ် ပွင့်သွားသည်။

ချန်ယင်က နံရံဘက်သို့ အမြန်ဆုတ်လိုက်သည်။ ခေါင်းငုံ့ကာ နှုတ်ဆက်လိုက်သည်။

"ဆရာဝေ"

ဝေဇူလီက ချန်ယင်ကို သိပ်ဂရုမစိုက်ပါ။ သူက ချန်လီချီရဲ့ ပုခုံးကို ပုတ်လိုက်ပြီး "မင်းရဲ့ လုပ်ဆောင်ချက် အရမ်းကောင်းတယ်။ အလုပ် ကောင်းကောင်း ကြိုးစားပါ။ ဒီနှစ် ကျောင်းသားအသစ်တွေကြားမှာ ထိပ်တန်း ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လာလိမ့်မယ်"

"ဆရာဝေရဲ့ ကြီးမြတ်တဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်"

"အဲဒီမပြောပါနဲ့။ မင်းက အရည်အချင်းရှိလို့ပါ"

ဝေဇူလီက မျက်နှာ မယူခဲ့ပါ။

"မင်းနားမလည်တာရှိရင် အချိန်မရွေး လာမေးလို့ရတယ်၊ ငါက အဲဒါတွေကို မဖြေရှင်းနိုင်ရင် ကူညီပြီး ကျောင်းအုပ်ကြီးကို မေးပေးမယ်"

"ကျေးဇူးတင်ပါတယ်။ ဆရာဝေ"

ချန်လီချီက အရမ်းလေးစားနေသည်။

"ကံကောင်းပါစေ၊ မာရှောင်ရဲ့အနာဂတ်က မင်းလက်ထဲမှာပဲ"

ဆရာဝေက ချန်လီချီကို ကြည့်ရင်း ပိုသဘောကျလာသည်။ သူက ခဏလောက် တွေဝေပြီးမှ ပြောလိုက်သည်။

"မင်းစိတ်ပြောင်းသွားရင် ငါ့ကို မင်းရဲ့ ဆရာအဖြစ် အချိန်မရွေး အသိအမှတ်ပြုလို့ရတယ်"

သူတို့ စကားပြောနေတဲ့ အသံကိုကြားပြီး ချန်ယင် မျက်နှာမည်းသွားသည်။ မြတ်ဆရာတစ်ယောက် ခန့်အပ်မှုကို ဘယ်အချိန်ကျမှ ရမှာလဲ။

ဆရာဝေက ချန်လီချီကို ပြန်လွှတ်လိုက်ပြီး ချန်ယင်ကို လှည့်တောင် မကြည့်ခဲ့ပါ။ အဲဒီနောက် အခန်းတံခါးပိတ်ပြီး အခန်းထဲ ပြန်ဝင်သွားသည်။

ချန်ယင်သည် သူ့ရင်ဘက် ဘာကြောင့် အောင့်နေလဲဆိုတာသိချင်လို့ မေးခွန်း အနည်းငယ် မေးချင်နေသည်။ ဒါပေမယ့် သူ့မှာ အဲဒီလို လုပ်ဖို့ အခွင့်အရေး လုံးဝ မရှိခဲ့ပါ။

အဲဒီနောက် ချင်ယင်သည် အဝတ်အစားတွေ ထည့်ထားတဲ့ စည်ကြီးတစ်ခုကို ထမ်းကာ စကြံန်ဘက်သို့ လှည့်လိုက်သည်။ ဒါပေမယ့်

ချန်လီချီက လက်ပိုက်ကာ နံရံကို မှီပြီး သူ့ကိုစောင့်နေတာ တွေ့လိုက်ရသည်။

"မင်း ဘာလိုချင်လို့လဲ"

ချန်ယင်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ကျွတ်၊ မင်းကိုယ်မင်း အရမ်းအထင်ကြီးနေပြီ။ ငါက တရားဝင် ဝင်ပြိုင်တဲ့လူပဲ အချိန်အရမ်းရှားနေတယ် ။ မင်းကို ဒုက္ခပေးဖို့ ငါ့မှာအချိန်မရှိဘူး"

ချန်လီချီက မျက်လုံးပြူးပြီး ပြန်ပြောသည်။

"ငါ့ အကျီ ညစ်ပတ်နေပြီ။ သွားလျှော်လိုက်ပါ။ သုံးကြိမ် မီးပူတိုက်ဖို့ မမေ့နဲ့နော်"

ဒီစကားပြောပြီးနောက် ချန်လီချီ အမြန်ထွက်သွားသည်။ တတိယအချီအကြောင်း ဆွေးနွေးဖို့ အစည်းအဝေး ရှိသည်။ ဒီတစ်ကြိမ်မှာတော့ မာရှောင်က ပထမနေရာယူဖို့ ဆုံးဖြတ်လိုက်သည်။

ချန်ယင် မျက်နှာ ပိုမှိုင်းသွားသည်။ အရှက်ခွဲခံရတာထက်စာရင် ဒီလို လျစ်လျူရှုသွားတာက ပိုပြီး ခံစားရခက်သည်။

ပြောချင်တာက သူက ချန်လီချီနဲ့ ရန်သူဖြစ်ဖို့ပင် မတန်သလို ဖြစ်သွားသည်။

အဲဒါအမှန်ပဲ။ သူက ဒီနေရာမှာ အဝတ်လျှော်နေတုန်း ချန်လီချီက ပထမနေရာအတွက် တိုက်ပွဲဝင်နေသည်။

"ဒီလို ကျောင်းသားဘဝက ငါ့ရဲ့ အချိန်ခုနှစ်နှစ်ကို ဖြုန်းလိုက်တာပဲ ရှိမယ်"

ချန်ယင် ဒါကို လက်မခံနိုင်ပါ။

ထောက်ပံ့ပိုဆောင်ရေးအဖွဲ့မှ ကျောင်းသားတချို့သည် အိမ်နောက်ဖေးဘက်သို့ ရောက်နေငံ့နေပြီး အဝတ်လျှော်နေကြသည်။

"မင်း ကြားပြီးပြီလား၊ ဗဟိုပြည်နယ်အကယ်ဒမီက ဟာကျုံနဲ့ ရှန်ယူကို ဖယ်ထုတ်ပြီး စံပြစွမ်းရည်နဲ့ ဒုတိယနေရာကို ရရှိသွားတယ်"

"ငါလည်းကြားတယ်။ သူတို့ဆရာက ဆွန်းမိုလို့ ခေါ်တယ်ထင်တာပဲ။ ဟာကျုံ ကျောင်းအုပ်ကြီးကိုတောင် ပိုးစိုးပက်စက် ပြန်ဆဲခဲ့တယ်ဆိုပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အမှန်ပဲလေ။ သူက သွေးလောင်ကျွမ်းခြင်း အဆင့်(၇)မှာရှိတဲ့ ဝေလုကို ချေမှုန်းပစ်လိုက်တယ်"

ကျောင်းသားတွေ ပြောနေကြတဲ့စကားကို ကြားပြီး ချန်ယင် နားရွက်ထောင်သွားသည်။ ဆွန်းမို ဟုတ်လား။ မနေ့တုန်းက သူ့ကို ကယ်ခဲ့သူ ဖြစ်နေမလား။ သူက တကယ်အံ့အောဖို့ ကောင်းတာလား။

(သူ့ကဆီက လမ်းညွှန်ချက် သွားတောင်းရမလား)

ချန်ယင် ဆင်ခြင် သုံးသပ်နေသည်။ သူ့ရဲ့ အမူအရာက တဖြည်းဖြည်း လေးနက်လာသည်။

တဖက်လူ ပြောခဲ့တဲ့ စကားကို သူမမေ့ပါ။ သူက ကောင်းကင်ဓမ္မလက်သီးကို စွန့်လွှတ်ခိုင်းသည် ဒါမှမဟုတ် ကျင့်ကြံခြင်းကျင့်စဉ်ကို ပြောင်းလဲခိုင်းသည်။ နှစ်ခုစလုံးက သူမလုပ်ချင်တဲ့ အရာဖြစ်နေသည်။

………………………………

အချိန်ကြာလာတာနဲ့အမျှ ကျောင်းသားအဖွဲ့တွေလည်း တဖြည်းဖြည်းနဲ့ ပြန်ရောက်လာပြီး သတင်းများကလည်း ပိုမို ပျံ့နှံ့လာသည်။ အဲဒီနောက်မှာ

ဗဟိုပြည်နယ်အကယ်ဒမီသည် မယုံနိုင်စရာ ကောင်းအောင်ကို အစွမ်းထက်ကြောင်း ကျန်တဲ့ကျောင်းတွေ သိရှိသွားသည်။

အခုဆိုရင် သူတို့ဖျက်ဆီးခဲ့တာ အဖွဲ့သုံးဖွဲ့ ရှိနေပြီ။ ချောင်ဒင်၊ ရှန်ယူနှင့် ဟာကျုံ ကျောင်းတို့ ဖြစ်သည်။ ပထမအဖွဲ့နှစ်ဖွဲ့သည် အလယ်အလတ်တန်းစား ဖြစ်သော်လည်း ဟာကျုံကတော့ ပထမနေရာအတွက် တိုက်ပွဲဝင်နိုင်သည့် အားကောင်းတဲ့အဖွဲ့ဖြစ်သည်။ ဒါတောင် သူတို့အဖွဲ့ကို ဖျက်ဆီးပစ်လိုက်သည။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီသတင်းကြောင့် ဆွန်းမို၊ လီဇီချီနှင့် ရှန်ယွန်ပေါင်တို့ရဲ့ ဂုဏ်သတင်း အရမ်းမြင့်မားလာသည်။

လေမရောက်တဲ့ တံတိုင်းဆိုတာ ဒီကမ္ဘာကြီးမှာ မရှိပါ။ ပြီးတော့ ဆွန်းမိုသည် အဲဒီအဖွဲ့တွေထဲက လူတစ်ယောက်ဆီကို လွှတ်ပေးခဲ့သည်။ အသက်ရှင် ကျန်ရစ်တဲ့သူတွေက သတင်းရဲ့ အရင်းအမြစ်ဖြစ်လာသည်။

ဒီနှစ်ရက်အတွင်း အခြားနာမည်ကြီးကျောင်းက ဒုကျောင်းအုပ်များသည် ရှန်ယွန်ပေါင်နှင့် လီဇီချီတို့ကို

ခေါင်းအမဲလိုက်ဖို့ လုပ်လာကြသည်။ သူတို့ အောင်မြင်မလားဆိုတာ အရင်ဆုံး စမ်းသပ်ကြည့်ချင်သည်။

ဗဟိုပြည်နယ်အကယ်ဒမီသည် မာရှောင်အတွက် ကြီးမားတဲ့ အတားအဆီး ဖြစ်လာသောကြောင့် ကျောင်းသားများသည် သူတို့အကြောင်းကို ပိုပြောဖြစ်လာကြသည်။ ဒါကြောင့်လည်း ချန်ယင်သည် ဒီသတင်းတွေကို ကြားနေရသည်။

သုံးရက်မြောက်နေ့တွင် အခွင့်အရေးရှာပြီး မေပယ်တစ်ထောင် ဟိုတယ်ဆီသို့ ပြေးသွားခဲ့သည်။

သို့သော်လည်း သူက အပေါက်ဝတွင်သာ ရပ်နေခဲ့ပြီး အနည်းငယ်ဆုံးရှုံးတဲ့ ခံစားချက်ကို ခံစားနေရသည်။

ဆွန်းမိုက အရမ်းနာမည်ကြီးတဲ့အတွက် သူနဲ့တွေ့ရဖို့ အရမ်းခက်သည်။ သို့သော်လည်း ချန်ယင် အနားယူပြီးတာနဲ့ ဒါကို မဖြုန်းတီးနိုင်တော့ပါ။ ဒါကြောင့် သူ့ကိုယ်သူ အားတင်းပြီး ဟိုတယ်ထဲသို့ ဝင်သွားခဲ့သည်။

ချန်ယင်သည် ဗဟိုပြည်နယ်အကယ်ဒမီ ယူနီဖောင်း ဝတ်ထားတဲ့ ကျောင်းသားငါးယောက်ကို

မြင်လိုက်ရသည်။ သူတို့ဆီသို့ ခပ်မြန်မြန်လျှောက်သွားသည်။

"တောင်းပန်ပါတယ်။ ဆရာဆွန်းမို ဘယ်အခန်းမှာ နေလဲဆိုတာ မေးလို့ရမလား"

"မင်း ဘာလုပ်ဖို့လဲ"

ချန်ယင်ကို အကဲခတ်ရင်း ရှီကွမ် မျက်ခုံးပင့်သွားသည်။

"ငါ.....ငါ..."

ချန်ယင် စကားပြောဖို့ ခက်နေသည်။

"မေးစရာ ရှိလို့လား။ သူ့ဂုဏ်သတင်းကြားတာနဲ့ ပြေးလာပြီး သူ့ရဲ လမ်းညွှန်မှုကိုတောင်းခံချင်လို့လား"

ကူဒင်ဂျိ ခနဲတဲ့တဲ့ ပြောလိုက်သည်။

"အဲဒီလိုဆိုရင်တော့ ပြန်သွားဖို့ အကြံပေးလိုက်မယ်။ ငါတို့အချင်းချင်း မျှဝေဖို့တောင် ဆရာ့မှာ အချိန်မလောက်ဘူး"

ရှီကွမ် နှုတ်ခမ်းကွေးသွားသည်။ ဖြစ်နိုင်လျှင် သူလည်း လမ်းညွှန်မှုကိုလိုချင်လို့ ဆရာဆွန်းနားတွင် နေ့တိုင်း ရှိနေချင်သည်။

"ဟော့၊ သူက ဒီကိုတောင်ရောက်နေပြီ။ ဒါက သူတကယ်ရိုးသားတယ်ဆိုတာ ပြသနေတာပဲ။ သူ့စိတ်ဓါတ်ကျသွားအောင် ပြောမနေနဲ့"

ကူဒင်ဂျိသည် ဒီလိုပြောလိုက်ပေမယ့် ဒီလူကြောင့် ဆရာဆွန်း အနားယူချိန်ကို မထိခိုက်စေချင်ပါ။

"ရှီကွမ်က ဆရာဆွန်းကို ဆရာတင်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ သူက စိတ်မကောင်းဖြစ်နေလို့ တခြားလူတွေကိုလည်း ဆရာဆွန်းရဲ့ လမ်းညွှန်မှု မရနိုင်ဘူး ထင်နေတယ်"

လုချီက ရှီကွမ်ရဲ့ အတွေးကို ထုတ်ပြောလိုက်သည်။

"ရှီကွမ် မင်းသာ တတိယအချီမှာ ကောင်းကောင်းလုပ်ပြနိုင်ရင် ဆရာဆွန်းက မင်းကိုခေါ်လိမ့်မယ်"

ကူဒင်ဂျိက နှစ်သိမ့်လိုက်သည်။

"ထားလိုက်စမ်းပါ။ မင်းလည်း အဲဒီအခွင့်အရေးကို လိုချင်နေတာ မဟုတ်ဘူးလား"

ရှီကွမ် မျက်လုံးပြူးသွားသည်။

ဒီစကားကို ကြားလိုက်လျှင် ချန်ယင် စိတ်ထဲ တုန်လှုပ်သွားသည်။ ပြီးတော့ သူတို့က ကျောင်းသားအသစ်အဖွဲ့ဝင်တွေပါ။

သူတို့လို ကျောင်းသားတွေက အလားအလာ ကောင်းကြပြီး ဒီလိုမျိုး ပါရမီရှင်များကို လိုချင်တဲ့ မြွတ်ဆရာတွေ ရှိသည်။ သူတို့က ဆရာတစ်ယောက်ကို လွယ်လွယ်ကူကူ ရွေးချယ်လို့ရသည်။ ဒါပေမယ့် သူတို့ထဲက လူအနည်းငယ်သည် ဆွန်းမိုကို ဆရာတင်ချင်နေပေမယ့် မလုပ်နိုင်ကြသေးပါ။

ပြောချင်တာက ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့်ဖြစ်ဖို့ အရမ်းခက်သည်။

"ကြည့်ရတာတော့ မနေ့တုန်းက အခွင့်အရေးကောင်း တစ်ခုကို လက်လွှတ်သွားသလိုပဲ"

ချန်ယင်သည် ချက်ခြင်းဆိုသလို နောင်တ အနည်းငယ် ရသွားသည်။

ဒင်

ချန်ယင်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး(၁၁၀/၁,၀၀၀)

"မင်း ဘယ်ကျောင်းကလဲ"

ကူဒင်ဂျိက ချန်ယင်ကို အကဲခတ်နေသည်။

ချန်ယင်သည် ပြန်ပြောရမှာ အရမ်းရှက်နေသည်။ ဆွန်းမိုဆီက လမ်းညွှန်ချက် တောင်းခံမှန်း သူ့ကျောင်းက လူတွေသိသွားရင် သူ့ကို ဝေဖန်ကြလိမ့်မည်။

"တောက် ရိုးသားမှု မရှိလိုက်တာ"

ရီကွမ် နှုတ်ခမ်းကွေးသွားသည်။

"ထားလိုက်ပါတော့။ ဆရာဆွန်းမှာ မင်းကိုလမ်းညွှန်ပေးဖို့ အချိန်မရှိဘူး"

ချန်ယင်က မထွက်သွားချင်ပါ။

"သူ့ကို ထားလိုက်စမ်းပါ"

ကူဒင်ဂျိသည် ထွက်သွားမလို့ လုပ်နေတုန်း လီဇီချီရဲ့ အသံကို ကြားလိုက်ရသည်။

"မင်းက ဘာလို့ သေချာနေ ရတာလဲ"

လီဇီချီ၊ လုချီဟွာနှင့် အင်ဘိုင်ဝူတို့သည် ဈေးဝယ်ထွက်နေရာက ပြန်လာပြီး ပစ္စည်းတွေ သယ်လာကြသည်။

“အကြီးဆုံး သိုင်းအစ်မကြီး”

ကူဒင်ဂျိနဲ့ တခြားသူတွေက လှမ်းအော်လိုက်သည်။

“ကျွတ်”

ရှီကွမ်သည် သူတို့ကို ကြည့်ပြီး ခေါင်းငုံ့ထားသည်။ (ပြိုင်ဘက်တွေ ထပ်တိုးလာတဲ့ပုံပဲ။)

ကူဒင်ဂျိ ရှင်းပြတာကို နားထောင်ပြီးနောက် လီဇီချီက ချန်ယင်ကို ကြည့်လိုက်သည်။

“အဲဒါ မင်းလား”

“ဆရာနဲ့ တွေ့ချင်ပါတယ်”

ချန်ယင်က ခါးကွေးပြီး "ဆရာဆွန်းမိုကပဲ ငါ့ရဲ့ ပြဿနာကို ဖြေရှင်း ပေးနိုင်မယ်"

"မင်း ဘယ်ကျောင်းကလဲ"

ချန်ယင်က ယဉ်ယဉ်ကျေးကျေး စကားပြောနေသော်လည်း လီချီဇီက အဲဒါတွေကို မယုံကြည်ပါ။ သို့သော်လည်း ဒါကဆရာရဲ့ ကျော်ကြားမှုကို အခြားကျောင်းတွေ အထိရောက်အောင် ဖြန့်ကျက်နိုင်မယ့် အခွင့်အရေးလို့ သူမ မြင်နေသည်။

ဆရာက ဒီပြဿနာကို ဖြေရှင်းပေးနိုင်ပါ့မလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ကျေးဇူးပြုပြီး ဆရာက အရာအားလုံးကို ဖြေရှင်းနိုင်ပါစေ)

လီဇီချီ စိတ်ထဲတွင် ဆွန်းမိုက အရမ်းလေ့လာတတ်တဲ့ လူဖြစ်ပြီး သူ မလုပ်နိုင်တာ ဘာမှ မရှိပါ။

ချန်ယင်သည် ဒီရင်ဘက်ပြားနေတဲ့ မိန်းကလေးအဆင့်အတန်းက မြင့်မားလှမှန်း သိနေသည်။ သူသည် ခဏလောက် တွေဝေနေပြီးမှ

"မာရှောင်"

"ငါနဲ့ လိုက်ခဲ့"

လီဇီချီက ညွှန်ကြားလိုက်သည်။

"အကြီးဆုံး သိုင်းအစ်မကြီး"

ရှီကွမ် မျက်နှာတွင် ခါးသီးတဲ့ အမူအရာ ပေါ်လာသည်။

"ဆရာဆွန်းရဲ့ လမ်းညွှန်မှုကို လိုချင်ပေမယ့် သူ့ကို မနှောက်ယှက်ရဲခဲ့ဘူး။ ဘာဖြစ်လို့ သူက ဒီလိုအခွင့်အရေး ရတာလဲ"

ရှီကွမ် စိတ်မကောင်း ဖြစ်နေသည်။

"သဘောထားကြီးတတ်အောင် သင်ယူအုံး"

လီဇီချီက အကြံပေးလိုက်သည်။

"အိုဘုရားရေ။ မာရှောင်က ကျောင်းသားက ဆရာဆွန်းရဲ့ လမ်းညွှန်မှုကို လာတောင်းခံတာလား"

ကူဒင်ဂျိ ထအော်သည်။

"ဘယ်သူမှ ဂရုမစိုက်တဲ့ အမှိုက်လည်း ဖြစ်နိုင်တာပဲ။ တကယ်လို့ သူသာ အရည်အချင်းရှိရင် မြတ်ဆရာတွေက သူ့ကို လမ်းညွှန်ပေးဖို့အတွက် တိုက်ပွဲဝင်လိမ့်မယ်"

ရှီကွမ်က ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

“ဒီမှာ စောဒက တက်နေမယ့်အစား အလုပ်ကြိုးစားပြီး ဆရာဆွန်းရဲ့ နှလုံးသား လှုပ်ရှားအောင် ကြိုးစားတာက ပိုမကောင်းဘူးလား”

အဲဒီအချိန်တွင် ငြိမ်သက်နေတဲ့ ချူဂျုန်က ရုတ်တရက် စကားထပြောလာသည်။

“အင်း ၊ ကျောင်းဝင်တုန်းက ဘာဖြစ်လို့ ဆရာဆွန်းနဲ့ မဆုံခဲ့ရတာလဲ”

ရှီကွမ် သက်ပြင်းချလိုက်သည်။ အဲဒီအချိန်က ဆွန်းမိုရဲ့ အရိပ်ကိုခိုလှုံဖို့ အလွယ်ဆုံး အချိန်ဖြစ်သည်။ အခုတော့ အရမ်းခက်တဲ့ အရာတစ်ခု ဖြစ်လာပြီ။

"မေ့လိုက်ပါတော့။ အဲဒီအချိန်မှာလည်း အလုပ်ဖြစ်မှာ မဟုတ်ဘူး"

ပိုင်ကွမ်ချီ နှုတ်ခမ်းကွေးသွားသည်။

"ငါသိခဲ့တာ တစ်ခုရှိတယ်.။ ကျောင်းသားစုဆောင်းရေး ပွဲတုန်းက ချင်ဖန်က ထူးချွန်တဲ့ကျောင်းသားညီအကို နှစ်ယောက်အတွက်နဲ့ ဆရာဆွန်းနဲ့ ပြိုင်ခဲ့ကြတယ်။ ချင်ဖန်ဆိုတာက ဂျိုရှားသင်ကြားရေး နန်းတော်က ထူးချွန်တဲ့ လူဖြစ်ပေမယ့် ဆရာဆွန်းပဲ အနိုင်ရခဲ့တယ်"

"ဒါပေမယ့် ညီအစ်ကိုနှစ်ယောက်က ထူးချွန်ပေမယ့် အကျင့်စရိုက်ပိုင်း အားနည်းလို့ ဆရာဆွန်းက ငြင်းလိုက်တယ်"

"ငါလည်း ဒီအကြောင်းကို ကြားဖူးတယ်။ ဆရာဆွန်းက ဘယ်သူကိုမှ လက်မခံခဲ့ဘူး"

လုချီ ခေါင်းညိတ်ထောက်ခံလိုက်သည်။

"မင်းတို့ရဲ့ ကံကြမ္မာကို လက်ခံလိုက်ပါ။ ဆရာဆွန်းရဲ့ တိုက်ရိုက်တပြည့်ဖြစ်ဖို့ အရမ်းခက်တယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချူဂျန် စကားပြောပြီးနောက် သူတို့အဖွဲ့ သက်ပြင်းချလိုက်သည်။

ဒင်

ကျောင်းသားများ၏ လေးစားအထင်ကြီးမှု အမှတ်များ +၃၂၁။

အခန်း (၃၆၆) - သူတော်စင်အဆင့် ကျင့်စဉ်။

ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီး။

မေပယ်တစ်ထောင်ဟိုတယ်၏ အနောက်ဖက် ခြံဝန်းထဲတွင် ချန်ယင်သည် ခမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကို ကစားပြကာ လက်နှစ်ဖက်ချပြီး ခေါင်းငုံ့ကာ ဆွန်းမိုရဲ့ သုံးသပ်ချက်ကို စောင့်ဆိုင်းနေသည်။

"မဆိုးပါဘူး"

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။ အလားအလာ အရမ်းမြင့်မားတဲ့ ပါရမီရှင်တစ်ယောက်သည် မျှော်လင့်ထားသလိုပဲ ဖြစ်နေသည်။

သူတော်စင်အဆင့် ကျင့်စဉ်ကို ကိုကိုယ်တိုင် လေ့လာကာ ဒီအဆင့်အထိ ရောက်အောင် လေ့ကျင့်ဖို့ဆိုတာ အမှန်တကယ်ကို မလွယ်ကူတဲ့ အလုပ်ပါ။

"ဆရာဆွန်းရဲ့ ချီးကျူးမှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ချန်ယင်သည် ကျေးဇူးတင်စကား ပြောနေပေမယ့် စိတ်ထဲမှာ ဘာမှ မခံစားရပါ။ ဒီချီးကျူးမှုက ယေဘုယျဆန်လွန်းသည်။ ဒီလိုမျိုး တောက်ပြောင်တဲ့

ချီးကျူးမှုကို မလိုချင်ဘဲ စိတ်ရင်းအမှန်နဲ့ လမ်းညွှန်မှုကိုပဲ လိုချင်သည်။

ဆွန်းမိုက ချန်ယင်၏ အတွေးများကို ထည့်မပြောခဲ့ပါ။ သူက ဆက်ပြီး 'ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးက လူတစ်ယောက်ရဲ့ ရပ်တည်ချက် ကိုယ်နေဟန် အမူအရာကို အလေးမထားဘဲ အဲဒီအစား အော်ရာ(အရောင်အဝါ လက္ခဏာ)ကို အာရုံစိုက်ထားသင့်တယ်။ ဒီနေရာမှာ မင်းရဲ့ ဝိညာဉ်ချီကို ဘယ်လိုလည်ပတ်ပြီး အသုံးပြုမလဲဆိုတာက အရေးကြီးတယ်။

တတိယအဆင့်အထိ လေ့ကျင့်ပြီးသွားတဲ့အချိန်မှာ လေ့ကျင့်မှုက လမ်းကြောင်းအမှန်ကနေ သွေဖယ်သွားပြီ”

ဒီစကားကို ကြားပြီးနောက် ချန်ယင်၏ စိတ်များ တုန်လှုပ်သွားသည်။ ပိုလေးစားတဲ့ အမူအရာ ချက်ခြင်း ဖြစ်လာသည်။ အဲဒါနဲ့အတူ သူ့မျက်လုံးထဲမှာ ထိတ်လန့်မှု အနည်းငယ်ကို မြင်နေရသည်။

ဆရာဆွန်းက သူတတိယအဆင့်အထိ လေ့ကျင့်ထားတယ်ဆိုတာလည်း သိနေတာလား။

တကယ်ကို အထင်ကြီးစရာပဲ။

ဒင်

ချန်ယင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၁၀/၁,၀၀၀)

“ခမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးက စိတ်ကူးယဉ်တာထက် တည်ငြိမ်မှုကို ဦးစားပေးတယ်။ ကျင့်ကြံခြင်း လမ်းညွှန်ချက်ကို မလိုက်နာမီ မင်းရဲ့စိတ်ကို တည်ငြိမ်အောင်လုပ်ရမယ်။ အာရုံထွေပြားနေလို့ မရဘူး”

နတ်ဘုရားမျက်စိ အာရုံမှာ ရရှိထားတဲ့ အချက်အလက်များအရ ဆွန်းမိုသည် ချန်ယင်၏

ယေဘုယျအခြေအနေကို သိရှိခဲ့သည်။ သူက လူငယ်တော်တော်များများနဲ့ အတူတူပဲ ဖြစ်သည်။ သူ့ရဲ့ ပင်ကိုယ်စရိုက်မှာ တက်ကြွပြီး အပျော်သဘော ရှိသည်။ လူတစ်ယောက်က ဘုန်းကြီးအိုကြီးတစ်ယောက်လို ကျင့်ကြံဖို့ဆိုတာ အခြေခံအားဖြင့်တော့ မဖြစ်နိုင်ပါ။ လူငယ်များသည် နတ်ဘုရား ကျင့်စဉ်များကို လျှင်မြန်စွာ ကျင့်ကြံပြီး ရန်သူတွေကို သတ်ပစ်ကာ ကမ္ဘာပေါ်တွင် ကျော်ကြားချင်ကြသည်။

"အဲဒီလိုလား"

ချန်ယင်သည် မျက်မှောင်ကြုတ်ကာ ဆက်ပြီးထိုးနေသည်။

“မင်းရဲ့ အရှိန်ကို လျှော့လိုက်”

ဆွန်းမိုက သတိပေးလိုက်သည်။

“နည်းနည်းလေး လျှော့လိုက်အုံး၊ ဟုတ်ပြီ ကိုယ်နေဟန်အစား ဝိညာဉ်ချီ စီးဆင်းမှုကို အာရုံစိုက်”

“ဝိညာဉ်ချီကို မကွဲသွားစေနဲ့။ မင်းရဲ့ ဒန်တယ် တစ်လျှောက်မှာ ဖြန့်ကျက်ဖို့ အစွမ်းကုန် ကြိုးစားပါ”

လူတွေမှာ ဒန်တယ် အများကြီးရှိသည်။ သူတို့က ခန္ဓာကိုယ် အနှံ့ပျံ့နေတဲ့ မြစ်တွေ ရေကန် တွေလို

ဖြစ်နေသည်။ ဝိညာဉ်ချီ ပင်မ လမ်းကြောင်းမှ စီးဆင်းနေပြီး သေးငယ်သော စွမ်းအင်လမ်းကြောင်း တချို့ကို အမြဲတမ်း စီးဆင်းနေမည်။

တခြား ကျင့်ကြံခြင်းကျင့်စဉ် တစ်ခုကို ကျင့်ကြံရင်တော့ အဆင်ပြေသည်။ ဒါပေမယ့် ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကို လေ့ကျင့်တဲ့ လူဖြစ်ပါက ဒီကျင့်စဉ်ရဲ့ အနှစ်သာရက ဝိညာဉ်ချီတွေကို ရန်သူတိုက်ခိုက်မယ့် စွမ်းအင်အဖြစ် ပြောင်းလဲရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တဖြည်းဖြည်း ချန်ယင်၏ မျက်မှောင် ပြေလျော့သွားပြီး မျက်နှာပေါ်တွင် ပျော်ရွှင်တဲ့ အမူအရာ ဖြစ်ပေါ်လာသည်။ ဆွန်းမိုရဲ့ လမ်းညွှန်ချက်ကို လိုက်နာပြီး ကျင့်ကြံတဲ့အချိန်တွင် နာကျင်မှုများ တော်တော် လျော့နည်းသွားသည်။ တိုက်ခိုက်ရေး စွမ်းအားမှာလည်း ပိုကြီးမားလာခဲ့သည်။

ဘုန်း ဘုန်း

ချန်ယင်သည် ကျားတစ်ကောင်လို အော်ဟစ်ပြီး တိုက်ခိုက်နေသည်။ သူ့ရဲ့ အော်ရာက အရင်ကထက် ပိုကြီးလာသည်။

"ဆရာက အံ့မခန်းပဲ"

အင်ဘိုင်ဝူက သက်ပြင်းချရင်း ပြောလိုက်သည်။

"ဒါက ပြောစရာလိုသေးလို့လား"

လုချီဟွာ အရမ်းဂုဏ်ယူနေသည်။

ချန်ယင်သည် အသစ်ပြုပြင်ထားတဲ့ နည်းလမ်းအတိုင်း လက်သီးတစ်လုံးပြီး တစ်လုံး

ထိုးနေသည်။ အရမ်းကိုတက်ကြွနေသည်။ တစ်ခါမှ မခံစားဖူးတဲ့ ခံစားချက်မျိုးပါ။

ဒီအချိန်မှာ ချန်ယင်က ဘာမဆို လုပ်နိုင်မယ်လို့ ခံစားနေရသည်။

(ဒါက မြတ်ဆရာတစ်ယောက်ရဲ့ တန်ဖိုးလား)

စိတ်လှုပ်ရှားပြီး ချန်ယင်သည် ဆွန်းမိုကို ကမန်းကတမ်း ကျေးဇူးတင်လိုက်သည်။ အခုတစ်ကြိမ်တွင် သူ့အမူအရာက ပိုရိုကျိုးနေသည်။ စိတ်ထဲမှာ မသန့်ရှင်းတဲ့အတွေး ဒါမှမဟုတ် မယုံသင်္ကာ အတွေးမျိုး မထားရဲတော့ပါ။

“ငါ့ကို ခပ်မြန်မြန် ကျေးဇူးတင်စရာ မလိုဘူး။ ဒီကျင့်ကြံခြင်း ကျင့်စဉ်မှာ ပြဿနာရှိနေတယ်ဆိုတာ ကြိုပြောပြီးသား။ အဲဒါကို ဆက်ပြီးလေ့ကျင့်နေရင် မင်း မသန်မစွမ်း ဖြစ်သွားလိမ့်မယ်”

ဆွန်းမိုက သတိပေးလိုက်သည်။

ချန်ယင် မျက်နှာ မှိုင်းသွားသည်။ အဲဒီနောက် အံ့ကြိတ်ပြီး သူ့သဘောထားကို ထုတ်ဖော်လိုက်သည်။

“လက်မလျှော့နိုင်ဘူး”

ဆွန်းမိုက နားလည်ကြောင်း အမူအရာ ပြသည်။ သူတော်စင်အဆင့်ကျင့်စဉ်ကို ရထားတဲ့သူက

အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမယ်ဆိုတောင် ကျင့်ကြံဖို့ပဲ ရွေးချယ်လိမ့်မည်။

“ဆရာ၊ ရဲတင်းပြီး တစ်ခုလောက် မေးလို့ရမလား။ အရင်ကတည်းက ဒီကျင့်စဉ်ကို မြင်ဖူးတာလား”

ချန်ယင် သိချင်နေသည်။

“ငါ ဒီလောက်ပဲ လုပ်နိုင်တယ်”

ဆွန်းမို ပြုံးလိုက်မိသည်။ သူကလှည့်ပြီး အဆောက်အဦးပေါ် ပြန်တက်သွားသည်။ အမှန်တကယ်တော့ သူလိုချင်ရင်

ရှေ့ဟောင်းလောကနတ်ကျင့်စဉ်ကို အသုံးပြုပြီး ယူထားနိုင်သည်။

ဆွန်းမို ထွက်သွားတာ မြင်လိုက်လျှင် ချန်ယင်သည် အတွေးထဲတွင် တိုက်ပွဲဝင်နေသည်။ ဒီအခွင့်အရေးကို လက်လွှတ်လိုက်တာနဲ့ ဆွန်းမိုကို နောက်တစ်ကြိမ် ပြန်ရှာလို့ မရတော့မှာ သူသိနေသည်။

ဒါပေမယ့် ကျင့်ကြံခြင်း ကျင့်စဉ်ကို ပြုပြင်မွန်းမံခွင့် ပေးသင့်လား။

အမှန်အတိုင်းပြောရလျှင် ဒါက သူတော်စင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခုပါ။ မရင်းနီးတဲ့လူကို ဖတ်ခွင့်ပေးရမှာလား။ ဘယ်သူက လုပ်ချင်မှာလဲ။ သူ့အဖေက ဖတ်ချင်တယ်ဆိုရင်တောင် ချန်ယင် နေ့တစ်ဝက်လောက် တွေဝေနေမိမည်။

ချန်ယင်ရဲ့ အမူအရာကို မြင်လိုက်တော့ အင်ဘိုင်ဝူ မကျေမနပ် ဖြစ်သွားသည်။

“ဒီလူက လူတိုင်းကို သူ့ရဲ့ စိတ်နဲ့ နှိုင်းနေတာပဲ။ ငါသာ ဆရာ့နေရာမှာဆို လုံးဝ လမ်းမညွှန်ပေးဘူး”

"ဆရာရဲ့နှလုံးသားက ကောင်းကင်ကြီးလောက်ကြီးမားတယ်။ လူငယ်တွေနဲ့ ဖက်ပြီး ရန်ဖြစ်နေမှာမဟုတ်ဘူး"

လီဇီချီက ဆွန်းမိုရဲ့ စိတ်နေသဘောထားကို အမှန်တကယ် သဘောကျသည်။

လူငယ်တစ်ယောက်မှာ အားနည်းချက်ရှိတယ်ဆိုတာ ပုံမှန်ပဲဖြစ်သည်။ သူ့ဆရာက ဒါကိုလိုက်ပြီး ရန်ဖြစ်နေရင် လူငယ်အဆင့်အထိ နိမ့်ကျသွားလိမ့်မည်။

ဒီစကားကို ကြားပြီးနောက် ချန်ယင်သည် ရှက်တဲ့ပုံစံဖြစ်သွားသည်။ အဲဒီနောက် အံကြိတ်ကာ ဆွန်းမိုနောက်သို့ ပြေးလိုက်သွားသည်။

“လေးစားရတဲ့ ဆရာဆွန်း၊ ကျွန်တော့်ရဲ့ ရဲတင်းမှုကို ခွင့်လွှတ်ပေးပါ။ ကျင့်ကြံခြင်း ကျင့်စဉ်ကို မွန်းမံပေးနိုင်မလား”

ချန်ယင်က မေးပြီးနောက် ဆွန်းမိုကို စိုက်ကြည့်နေသည်။ သူ့ရဲ့အကြည့်တွေက ကြောက်ရွံ့ထိတ်လန့်မှုနဲ့ ပြည့်နေသည်။

“ဆရာဆွန်း၊ မာရှောင် ကျောင်းက ကျောင်းသားတစ်ယောက် ရောက်လာပြီး မင်းကို လိုက်ရှာနေတယ်လို့ ကြားတယ်”

ကူရှုပ်ရှင်းသည် ကျောင်းသားတွေအချင်းချင်း စကားပြောနေတာကို ကြားရင် စိတ်ဝင်စားပြီး ဒီနေရာကို ရောက်လာခဲ့သည်။ ချန်ယင်ကို မြင်ပြီးနောက် ရုတ်တရုတ် သဘောပေါက်သွားသည်။ (ဒါက သူတော်စင်အဆင့်ကျင့်စဉ်ကို သိတဲ့ ကျောင်းသားပဲ)

"ငါ အာမ မခံနိုင်ဘူး" ဆွန်းမိုက ရိုးသားစွာ ပြောလိုက်သည်။

"ဒါပေမယ့် အစွမ်းကုန် ကြိုးစားပေးမယ်"

ဒီစကားကို ကြားလိုက်လျှင် ချန်ယင် ကျေးဇူးတင်ချင်လာသည်။

"ခဏနေအုံး"

ဆွန်းမိုက သူ့ကို တားလိုက်သည်။

"ရှင်းရှင်းလင်းလင်း ပြောထားမယ်။ မင်းရဲ့ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကို

ငါမြင်ပြီးရင် တခြားလူကိုလည်း ပြန်သင်ပေးနိုင်တယ်။ ဒါကို လက်မခံနိုင်ရင် ငါ့ကို ကြည့်ခွင့် မပေးနဲ့”

ဒါက စမ်းသပ်မှု တစ်ခုပါ။

ရိုးရိုးသားသား ပြောရလျှင် ဆွန်းမိုမှာ အခုလက်ရှိ သူတော်စင်အဆင့် ကျင့်စဉ် ခြောက်ခုရှိသည်။ ပြီးတော့ ရှေးဟောင်းလောကနတ် ကျင့်စဉ် ရှိနေသဖြင့် တိုက်ခိုက်လိုက်ရုံနဲ့ ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခုကို ရနိုင်သည်။

ဆွန်းမိုက တကယ်လည်း ဒီဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီး ကို အရမ်းလည်း မလိုချင်ပါ။

ချန်ယင် တိတ်ဆိတ်သွားသည်။

"အမ်၊ ဘာဖြစ်နေတာလဲ"

ကူရှုပ်ရှင်းသည် လီဇီချီအနားသွားပြီး လေသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

လီဇီချီက အကြောင်းအရာတွေကို ရှင်းပြလိုက်သည်။

ဆွန်းမိုက တိတ်တဆိတ် ရေတွက်နေသည်။ ချန်ယင် စဉ်းစားဖို့ သုံးမိနစ် အချိန်ပေးထားသည်။

ချန်ယင်သည် ကျောင်းတက်ပြီးကတည်းက ချန်လီချီ အနိုင်ကျင့်ခဲ့တာကို ကွက်ကွက်ကွင်းကွင်း မြင်နေသည်။ ချန်ယင် အကြောင်းအရာပေါင်း များစွာကို တွေးတောခဲ့သည်။ ဒီကမ္ဘာကြီးတွင် ခွန်အားက အရာအားလုံး ဖြစ်သည်။

သူ့ရဲ့ အရည်အချင်းအရသာဆိုရင် မြတ်ဆရာတစ်ယောက်ရဲ့ အလေးထားမှုကို လုံးဝ မရနိုင်ပါ။ ဒီအတိုင်းသာ ဆက်သွားနေလျှင် သူနဲ့

ချန်လီချီကြားက ကွာခြားချက်က ပိုတောင်ကြီးမားလာအုံးမည်။ နောက်ဆုံးတွင် သူ့မျက်နှာက ရှုံ့တောထဲ ငုံ့နေရမည်။

ဒါကို ဘယ်လို လူငယ်က သည်းခံနိုင်မှာလဲ။

"သူတော်စင်အဆင့် ကျင့်စဉ်ကို မွန်းမံမယ် ဟုတ်လား။ ဆွန်းမို နောက်နေတာလား"

ကူရှုပ်ရှင်း ဒါကို မယုံကြည်နိုင်ပါ။

"ဆရာက လုပ်မယ်လို့ ပြောရင် သေချာပေါက် လုပ်နိုင်တယ်။ ချန်ယင် အသုံးပြုတဲ့ကျင့်စဉ် နာမည်ကို

ပြောနိုင်မှတော့ ဒီကျင့်စဉ်ကို အရင်ကတည်းက မြင်ဖူးထားလို့ပဲ ဖြစ်မယ်”

လီဇီချီက သုံးသပ်လိုက်သည်။

“ဒါနဲ့ ပြောရရင် ဆွန်းမိုက သူတော်စင်အဆင့် ကျင့်စဉ်တွေကို ဘယ်ကနေသင်ခဲ့တာလဲ။ သူက ငါ့ကိုလည်း သင်ပေးနိုင်မလား”

ကူရှုပ်ရှင်း မနာလို ဖြစ်နေသည်။

“အဲဒီကိစ္စက ငါတို့ ဆရာကို သွားမေးသင့်တယ်။ သူက တစ်ကိုယ်ကောင်းဆန်မယ်လို့ ငါမထင်ဘူး”

လီဇီချီက ကူရှုပ်ရှင်းကို စစ်တမ်းကောက်နေခဲ့သည်။ သူမက ရင်ဘက် မကြီးပေမယ့် ခြေထောက်တွေက အရှမ်းရှည်ပြီး လှပသည်။ သူမက ဆရာရဲ့ အချိုလိုက်ပွဲလေး တစ်ပွဲ ဖြစ်သင့်သည်။

(အား၊ လီဇီချီ နင်ဘာတွေ တွေးနေတာလဲ)

(ဆရာက ဒီလို နာဘူးထတဲ့လူတွေနဲ့ မတူတာ သေချာတယ်)

ချန်ယင်သည် ဒီစကားကိုကြားလျှင် တုန်လှုပ်သွားသည်။

(ဒါအမှန်ပဲ။ ဆရာက ဒီကျင့်ကြံခြင်း ကျင့်စဉ်ကို သိပြီးသား ဖြစ်မှာပဲ။ ဒီကိစ္စက ငါ့ရဲ့ ရိုးသားမှုကို စမ်းသပ်နေတာပဲ ဖြစ်မယ်။ ငါတော်တော် အသုံးမကျတာပဲ။ ငါ့ကို စိတ်ပျက်လု နီးပါး ဖြစ်နေလောက်ပြီ)

ဒါကို စဉ်းစားပြီးနောက် ချန်ယင်သည် မြေပေါ်တွင် ဒူးထောက်ချလိုက်သည်။

"ဆရာဆွန်း၊ မင်းရဲ့ လမ်းညွှန်မှုကို ရိုးရိုးသားသား တောင်းဆိုပါတယ်။ ဒီကျင့်စဉ်ကို

ဘယ်လိုကိုင်တွယ်မလဲ ဆိုတာကတော့ မင်းရဲ့ ဆုံးဖြတ်ချက် အတိုင်းပါပဲ”

ချန်ယင်သည် ဒီစကားပြောပြီးတဲ့နောက် သူ့ရဲ့ ဝတ်ရုံထဲကနေ အိတ်သေးသေးလေးကို ထုတ်ယူလိုက်သည်။ အမည်မသိရတဲ့ သက်ရှိတစ်ကောင်ရဲ့ အရိုးကို ထုတ်ယူလိုက်သည်။ အဲဒါက တစ်မီတာရဲ့ သုံးပုံတစ်ပုံလောက်ရှိပြီး ထိုအပေါ်တွင် စာသေးသေးလေးတွေ အများကြီး ရေးထိုးထားသည်။

ချန်ယင်သည် လေးနက်တဲ့ အမူအရာနဲ့ အရိုးကို ကြည့်နေသည်။ ဒါက သူ့ဘဝမှာ ကိုးနှစ်တာလုံး ချစ်မြတ်နိုးခဲ့ရတဲ့ အရာဖြစ်သည်။

"ဘယ်လောက်တောင် စိတ်ပျက်ဖို့ ကောင်းလိုက်သလဲ"

အင်ဘိုင်ဂူသည် ချန်ယင်ရဲ့ အပြုအမူကို လက်မခံနိုင် ဖြစ်နေသည်။ အရိုးကိုတောင် ပွတ်သပ်နေလိုက်သေးသည်။

"အို၊ အရိုးထဲကနေ ကြောက်စရာကောင်းတဲ့ အော်ရာကို ခံစားရတယ်။ ရှေးခေတ် ရောမ သားရဲ အမျိုးအစား ဖြစ်နိုင်တယ်"

လုချီဟွာက သုံးသပ်လိုက်သည်။

ကူရှုပ်ရှင်းနဲ့ လီဇီချီကတော့ ဘာမှမပြောပါ။ သူတို့က ဒီအရိုးကို အကဲခတ်နေသည်။

"ဆရာ၊ ဒါကို ပျက်ဆီးနေတဲ့ ဘုံကျောင်းထဲကနေ မတော်တဆ တွေ့ခဲ့တာပါ"

ချန်ယင်က မိတ်ဆက်ပေးလိုက်သည်။

အဲဒီအချိန်တုန်းက ချန်ယင်သည် ပျက်ဆီးနေတဲ့ ဘုံကျောင်းထဲကို မိုးခိုဖို့အတွက် မတော်တဆ ဝင်ရောက်ခဲ့သည်။ မိုးခြိမ်းသံတစ်ခု ကြားလိုက်ရပြီး မိုးကြိုးက ဆင်းတုတော် တစ်ဆူကို ဖျက်ဆီးပစ်လိုက်သည်။ အဲဒီနောက် ဗုဒ္ဓ ရုပ်ပွားတော်ထဲကနေ ဒီအရိုးကိုတွေ့ခဲ့ရသည်။

"ငါ့နောက် လိုက်ခဲ့ပါ"

ဆွန်းမိုက သူ့အခန်းထဲသို့ ပြန်လာခဲ့သည်။ အခြေခံအားဖြင့်တော့ ချန်ယင်သည် ဇာစ်မြစ်ကို မိတ်ဆက်ပေးရန်တောင် မလိုအပ်ခဲ့ပါ။ ဘိုးဘေးအဆင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားမျက်စိအာရုံသည် အရိုးနဲ့ပက်သက်တဲ့ အရာအားလုံးကို ထုတ်ဖော်ပြသခဲ့သည်။

ရှေးဟောင်းခေတ်က ကြီးမားတဲ့ သတ္တဝါဖြစ်ကြတဲ့ ဂဠုန်ဠက် နှင့် တာတီ (ရှေ့ဟောင်း တရုတ်ရိုးရာ သက်ရှိ၊ အတောင်ပါပြီး ခေါင်းမှာ ဂျိုရှိတဲ့ သတ္တဝါကြီး) တို့၏ အရိုးထဲတွင် ရှေ့ဟောင်း စွမ်းအင်များ ပါရှိသည်။ အဲဒါထဲတွင် ပါဝင်တဲ့ ရှေ့ဟောင်း စွမ်းအင်သည် အရမ်းအားနည်း နေသော်လည်း ဝိညာဉ်သားရဲထိန်းချုပ်သူက ထူးခြားတဲ့ ကျင့်စဉ်တစ်ခုကို အသုံးပြုပြီး

ကြားခံပစ္စည်းတစ်ခုအနေနဲ့ အသုံးပြုကာ အရမ်းကြီးမားတဲ့ ဝိညာဉ်သားရဲတစ်ကောင်ကို ဆင့်ခေါ်နိုင်သည်။

ဒါကိုမြင်ပြီးနောက် ဆွန်းမိုရဲ့ နှုတ်ခမ်း တုန်လှုပ်သွားသည်။ သူက ဝိညာဉ်သားရဲ ထိန်းချုပ်မှုနယ်ပယ်တွင် ကျွမ်းကျင်မှုက မဟာအဆင့် ရောက်နေသဖြင့် သူ့အတွက် အောင်မြင်ဖို့ဆိုတာ ဖြစ်နိုင်သည်။ သို့သော်လည်း အရိုးကို ယူထားဖို့ စိတ်ကူးမရှိပါ။

သူ ရှေ့ဆက်ပြီး လေ့လာလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေရာတွင် မှတ်တမ်းတင်ထားတဲ့ စာများသည် တကယ်ပဲ ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးဖြစ်သည်။ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်တစ်ခုဖြစ်ပြီး ဒီကျင့်စဉ်က ဗောဓိဓမ္မဆီက ဆင်းသက်လာတယ်လို့ ဆိုကြသည်။ ဒါက အရမ်းကို ဖြောင့်မတ်တည်ကြည်ပြီး ကောင်းကင်နှင့် မြေကြီးကို တုန်လှုပ်နိုင်တဲ့ စွမ်းအားနဲ့ ပြည့်နှက်နေသည်။

မှတ်ချက် - ဒီကျင့်ကြံခြင်း မိတ္တူတွင် အမှားအယွင်း ရှိနေသည်။ အဲဒါကို ပြင်ချင်လား။

"တောက်၊ စနစ် မင်းက ဒါကိုလည်း လုပ်နိုင်တာပဲလား"

ဆွန်းမို အံ့အောသွားသည်။

"အဲဒါ ငါမဟုတ်ဘူး။ နတ်ဘုရားမျက်စိ အာရုံပဲ"

စနစ်က ပြန်ရှင်းပြသည်။။

"ဒီလို မျက်လုံးနည်းစနစ်က ဘိုးဘေအဆင့်ကို ရောက်တာနဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို အလိုလို ပြင်ပေးနိုင်တယ်။ အကောင်းဆုံးဖြစ်အောင် လုပ်ပေးနိုင်တယ်။ ပြဿနာတွေ့ရင်လည်း အကောင်းဆုံး ဖြေရှင်းချက်ကို ထုတ်ပေးနိုင်တယ်"

"ဒါပေမယ့် ဒါက သူတော်စင်အဆင့် ကျင့်စဉ်လေ"

ဆွန်းမို သက်ပြင်းခပ်လေးလေး ချလိုက်မိသည်။

"သူတော်စင်အဆင့်က အရမ်းသန်မာလို့လား"

စနစ်က ပြန်မေးသည်။ သူ့ရဲ့ လေသံထဲတွင် အထင်သေးတဲ့ အရိပ်အယောင်များ ပါဝင်နေသည်။

"ပြောပြပါ။ နတ်ဘုရားမျက်စိအာရုံ အတိအကျဆိုရင် ဘာလဲ"

ဆွန်းမိုက မျက်လုံးနည်းစနစ် တစ်ခုပဲဆိုတာ မယုံနိုင်ပါ။

"မောဟ ၊ ဒေါသ၊ လောဘကြောင့် အသိမဲ့စွာ စိတ်မလှုပ်ရှားပါနဲ့။ ဗုဒ္ဓဘာသာမှာ အတိတ်နှင့် အနာဂတ်ကို မြင်နိုင်တဲ့ ကောင်းကင်မျက်လုံးလို့ခေါ်တဲ့ အတတ်ပညာမျိုး ရှိတယ်။ နတ်ဘုရားမျက်စိအာရုံက ကျင့်စဉ်ရဲ့ အကောင်းဆုံး အခြေအနေကို မြင်အောင် ဖန်တီးပေးနိုင်တယ်. ဒါကို မယုံမရှိနဲ့"

စနစ်က ဗရုတ်ကျလိုက်သည်။ ထင်ထားသလိုပဲ ဆွန်းမိုက ကမ္ဘာကြီးကို မမြင်ဖူးသေးတဲ့ တောသား တစ်ယောက်ပါ။ (နောင်တစ်ချိန်မှာ ကျယ်ပြန့်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကမ္ဘာကြီးကိုမြင်ပြီး စကြ်ြဝဠာရဲ့ အနှစ်သာရ အစစ်အမှန်ကို နားလည်အောင် ကြိုးစားရတဲ့အခါ သေတဲ့အထိ ကြောက်လန့်နေမှာလား)

ဆွန်းမို တိတ်ဆိတ်သွားသည်။ နတ်ဘုရားမျက်စိအာရုံက ပိုအဆင့်မြင့်တဲ့ နယ်ပယ်တစ်ခုက ဖြစ်နိုင်တယ်လို့ ခံစားနေရသည်။

ယှဉ်ကြည့်လိုက်လျှင် သူတော်စင်အဆင့် ကျင့်စဉ်သည် အရမ်းအစွမ်းထက်သော်လည်း နတ်ဘုရားမျက်စိအာရုံက အလွယ်တကူ ပိုင်းခြားစိတ်ဖြာနိုင်ပြီး အကောင်းဆုံးဖြစ်အောင်

အကြံပြုချက် ထုတ်ပေးနိုင်သည်။ အနည်းဆုံးတော့ နတ်ဘုရားမျက်စိအာရုံသည် သူတော်စင်အဆင့် ကျင့်စဉ်ထက် ပိုမြင့်မားနေသည်။

"တော်သင့်ပြီ။ နတ်ဘုရားမျက်စိအာရုံရဲ့ မူလဇစ်မြစ်ကို မင်းစဉ်းစားစရာ မလိုဘူး။ သင့်တော်သလို သုံးစွဲဖို့ပဲ လိုအပ်တယ်"

စနစ်က နှစ်သိမ့်လိုက်သည်။

ချန်ယင်သည် အရမ်းစိုးရိမ်နေပြီး အသက်တောင် ရဲရဲ မရှူရဲပါ။ ဆွန်းမိုရဲ့ အဖြေက အဆိုးဖြစ်နေမှာကို တော်တော်လေး ကြောက်နေမိသည်။

အဲဒီလိုဖြစ်သွားလျှင် သူ့ရဲ့ကြိုးစားမှုက အလကား ဖြစ်သွားလိမ့်မည်။

"ရေးထားတဲ့ ကာရိုက်တာတွေက မမှားဘူး ဒါပမယ့် အစီအစဉ်ကတော့ မှားနေတယ်"

ဆွန်းမိုက ပြောလိုက်သည်။ ရေးခေတ်ရဲ့ ဦးဆောင်သူတစ်ယောက်က အခြားလူကို လိမ်လည် လှည့်ဖြားပြီး ဒါမှမဟုတ် အတင်းအကြပ် ဖိအားပေးကာ ရေးခိုင်းလို့ ဒါကို ရေးထားတာ ဖြစ်နိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ကွယ်က ရည်ရွယ်ချက်သည် တော်တော်လေး ဆိုးဝါးသည်။ လေ့ကျင့်တဲ့သူအတွက် အရမ်းကံဆိုးသွားနိုင်သည်။

အခန်း (၃၆၇) - ဆွန်းမိုရဲ့ လမ်းညွှန်မှု၊ ပြီးပြည့်စုံတဲ့ ပြောင်းလဲမှု။

ကံကောင်းသူတချို့ကတော့ အခြားသူ မရနိုင်တဲ့ အရာများကို အလွယ်တကူ ရတတ်ကြသည်။

ချန်ယင်က ဥပမာ တစ်ခုဖြစ်နေသည်။ သူတော်စင်အဆင့်ကျင့်စဉ်ကို ရရှိခဲ့တဲ့အတွက် အရမ်းကို ကံကောင်းသည်။ သို့သော်လည်း ကျင့်စဉ်ရဲ့ အကြောင်းအရာ တချို့က လွဲမှားနေသည်.

ဆက်လေ့ကျင့်ပါက နောက်ဆုံးတွင် သေဆုံးသွားနိုင်သည်။

"အစီအစဉ် မှားနေတာလား"

ချန်ယင် မျက်မှောင်ကြုတ်လိုက်သည်။

"ဒီကျင့်ကြံခြင်းကျင့်စဉ်ကို ရှေးဟောင်း ဘာသာစကားနဲ့ ရေးထားလို့ အခုခေတ်မှာ လူအနည်းငယ်ပဲ နားလည်နိုင်တော့တယ်။ ဒါကို လေ့လာဖို့အတွက် ရှေးဟောင်း ပြည်နယ်ကိုးခု ဘာသာစကားကို မင်းကိုယ်တိုင် လေ့လာထားရလိမ့်မယ်၊ မဟုတ်လား"

ဆွန်းမိုက မေးလိုက်သည်။

"ဟုတ်"

ဆွန်းမိုရဲ့ စကားကို ကြားပြီးနောက် ချန်ယင်ရဲ့ အမူအရာက ပိုလေးစားလာသည်။

"ဆရာက ရှေးဟောင်းဘာသာစကားကိုလည်း သိတာလား"

"ပေါက်ကရတွေ မပြောလို့ မရဘူးလား"

အင်ဘိုင်ဝူ မကျေမနပ် ဖြစ်နေသည်။

"ငါတို့ဆရာ မသိတာ ရှိသေးလို့လား"

ဆွန်းမိုက ရှေ့ဟောင်းဘာသာစကားကို ကျွမ်ကျင်အဆင့် ကျွမ်းကျင်သည်။ ရှေ့ဟောင်းကျမ်းစာများကို နားလည်ဖို့ လုံလောက်သည်။

“ငါ မလေးမစား လုပ်တာ မဟုတ်ပါဘူး”

ချန်ယင်က ကမန်းကတမ်း တောင်းပန် လိုက်သည်။

ကူရှုပ်ရှင်း စကားမပြောနိုင် ဖြစ်နေသည်။ သူမက ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ (ဒီလောက် အများကြီး တတ်နေမယ်လို့ ငါမထင်ထားခဲ့ဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီအကြောင်းကို ပြောရလျှင် မင်းက ဝိညာဉ်တက်တူး၊ ဝိညာဉ်သားရဲ ထိန်းချုပ်မှု၊ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာ တို့ကို ကောင်းကောင်း နားလည်တယ်။ ဒီဘာသာရပ်တွေနဲ့ ပက်သက်ပြီး မင်းရဲ့ အသိပညာအဆင့်အတန်းက တော်တော်လေး နက်ရှိုင်းတယ်။ အခုကျတော့ ရှေ့ဟောင်းဘာသာ စကား ဟုတ်လား)

ကူရှုပ်ရှင်း နားမလည်နိုင်အောင် ဖြစ်နေသည်။

ဆွန်းမိုအတွင်းထဲမှာ ကောင်းကင်တောင် တုန်လှုပ်စေမယ့် လျှို့ဝှက်ချက် ရှိရမည်။

"အရင်ကတည်းက လေ့လာပြီးဖြစ်နေလို့ ဒါကို ဖြေရှင်းရတာ လွယ်ပါတယ်။ ပထမအချက်အနေနဲ့ ဒုတိယအပိုင်း၊ ပဥ္စမအပိုင်းနဲ့ နဝမအပိုင်းတို့က နေရာမှားနေတယ်။ သူတို့ရဲ့ အစီအစဉ် နေရာကို ပြောင်းလိုက်ရုံပဲ"

ဆွန်းမိုက ရှင်းပြသည်။

ချန်ယန်သည် ကျင့်ကြံကျင့်စဉ်ကို အလွတ်ကျက်ထားသဖြင့် နောက်ပြန်တောင် ရွတ်ဆိုနိုင်သည်။ အရိုးကို စစ်ဆေးစရာ မလိုဘဲ ဆွန်းမို ပြောနေတဲ့ အပိုင်းကို သူသိသည်။

ဆွန်းမိုရဲ့ ပြုပြင်မွန်းမံမှုကို လိုက်နာပြီးနောက် 'ချန်တန်'၊ 'ချီဟာန်' နှင့် 'ဂျိရှန်' ဆုံမှတ်များတွင် ဝိညာဉ်ချီ စီးဆင်းမှု ကွာခြားသွားကြောင်း သတိထားလိုက်မိသည်။

"စုစုပေါင်း အမှားငါးခု ရှိတယ်။ မင်းက ဒီအပိုင်းတွေအတွက် အစီအစဉ်ကို ပြောင်းပြီး ကျင့်ကြံဖို့ပဲ လိုတယ်"

ဒီကျင့်စဉ်ကို ဘယ်သူရေးခဲ့လဲဆိုတာ ဆွန်းမို အရမ်းသိချင်နေသည်။

ရေးသားခဲ့တဲ့လူ လိမ်ချင်တဲ့သူသည် အရမ်းအစွမ်းထက်မယ်လို့ ထင်ရသည်။ အပိုင်း ၅ ပိုင်းနေရာချိန်းလိုက်တာနဲ့ ကျင့်စဉ်သည် အရမ်းကို မှန်ကန်သွားသည်။ ပြီးတော့ စကားလုံးတစ်လုံးမှ မလွဲသွားခဲ့ပါ။

သူ့ရဲ့ ရည်ရွယ်ချက်က လူတွေကို လှည့်စားဖို့အတွက် ဒီလောက်ဆိုလျှင် လုံလောက်နေပြီ။

"ဆရာဆွန်းရဲ့ လမ်းညွှန်မှုအတွက် အရမ်းကျေးဇူးတင်ပါတယ်"

ချန်ယင်၏ စံနှုန်းအရ ရရှိထားတဲ့ အကျိုးကျေးဇူး မရှိမှာကို သံသယဝင်နေသည်။ ဒါကြောင့် သူ့ဆီကနေ လေးစားအထင်ကြီးမှု အမှတ်များ မရခဲ့ပါ။

“လာ ၊ခြံအနောက်ဖက်ကိုသွားပြီး မင်းလက်သီးထိုးတဲ့ လုပ်ငန်းစဉ်ကို လုပ်ကြည့်လိုက်”

ဆွန်းမို ဦးဆောင်ပြီး ညှော့ခန်းထဲက ထွက်သွားသည်။

ကူရှုပ်ရှင်းနှင့် ကျန်တဲ့သူများသည် သူ့နောက်သို့ ကမန်းကတမ်း လိုက်သွားသည်။

ခြံနောက်ဖက်တွင်...............

ချန်ယင်က လက်သီးထိုးတဲ့ လုပ်ငန်းစဉ်ကို စတင်လိုက်သည်။

သူက ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးနဲ့ အရမ်းရင်းနှီးနေပြီ။ ဒါကြောင့် မှားယွင်းတဲ့ အစီအစဉ်ဖြစ်တဲ့ ဝိညာဉ်ချီ စီးဆင်းမှုငါးခုကို ပြောင်းလဲရတာ အရမ်း ရိုးရှင်းသည်။

ပြီးတော့ ချန်ယင်၏ အရည်ချင်းသည် အရမ်းမြင့်သည်။ ထိုးတဲ့ လုပ်ငန်းစဉ် မပြီးခင်မှာပဲ ဆွန်းမို မွန်းမံပေးလိုက်တဲ့ အကျိုးကျေးဇူးကို သူခံစားနေရပြီ။

ပထမအချက်ကတော့ ခန္ဓာကိုယ်မနာကျင်တော့ပါ။

ဒုတိယအချက်နေနဲ့ လက်သီးထိုးချက်တွေ ပိုပြီးအဆင်ပြေ ချောမွေ့လာသည်။ အရင်ကလည်း ချော့မွေ့တယ်ဆိုပေမယ့် အချို့နေရာများတွင်ထောက်နေသေးသည်။ အခုတော့ လက်သီးထိုးတဲ့လုပ်ငန်းစဉ်အတွင်းတွင် စိတ်နှလုံးကျေနပ်ရမည့်ခံစားမှုကို ခံစားနေရသည်။ ပူပြင်းတဲ့နွေရာသီမှာဘက်စကက်ဘော ကစားပြီးနောက် အေးမြတဲ့ဆိုဒါတစ်ဘူး သောက်လိုက်ရသလို

ဖြစ်နေသည်။ ကျေနပ်အားရမှုကို ဖော်မပြနိုင်အောင် ဖြစ်နေသည်။

နောက်ဆုံးတွင် ခွန်အားတိုးလာတဲ့ ခံစားမှုကို ရလာသည်။

ကျင့်ကြံခြင်း ကျင့်စဉ် အစွမ်းထက်ခြင်းနှင့် မထက်ခြင်းသည် ထုတ်လုပ်တဲ့ ပမာဏအပေါ် မူတည်သည်။ ဆွန်းမို ပြောတာ မှန်လို့လည်း တိုးတက်လာသည်။

ချန်ယင် လက်သီးလုပ်ငန်းစဉ် ပြီးဆုံးသွားပြီးနောက် အရမ်းစိတ်လှုပ်ရှားကာ တစ်ကိုယ်လုံး တုန်ယင်နေသည်။

မှန်တယ်။ ဒီခံစားချက်ပဲ။

ချန်လီချီ သူ့ဆီလာပြီး ပြဿနာရှာရင် မနိုင်ရင်တောင် ချန်လီချီလည်း ဒီအတိုင်း ပြန်မသွားနိုင်လောက်ဘူးလို့ သူယုံကြည်နေသည်။

ဒါကို စဉ်းစားပြီးနောက် ချန်ယင်သည် ဆွန်းမိုအရှေ့သို့ လျှင်မြန်စွာ ပြေးလာပြီး ဒူးထောက်ချလိုက်သည်။

"ချန်ယင်မှာ ဆရာကို ကျေးဇူးဆပ်ဖို့ ဘာမှမရှိပါဘူး"

ချန်ယင်သည် ပြင်းထန်စွာ အရိုအသေ သုံးကြိမ် ပေးလိုက်သည်။

ဒင်

ချန်ယင်၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို (၁,၂၁၀/၁၀,၀၀၀)

"ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ ဆွန်းမိုက သူတော်စင်အဆင့် ကျင့်စဉ်ကို အောင်မြင်အောင် ပြုပြင်မွမ်းမံခဲ့တာလား"

ကူရှုပ်ရှင်း အံ့အောသင့်နေသည်။ သာမန်သူတော်စင်တောင် ဒီလို ပြီးမြောက်အောင်လုပ်ဖို့ ခဲယဉ်းသည်။ ဆွန်းမိုမှာ ဘယ်လို ဦးနှောက်မျိုး ရှိနေတာလဲ။

အရမ်း အထင်ကြီးဖို့ ကောင်းနေပြီ မဟုတ်လား”

“ချန်ယင်၊ ဒီဓမ္မလက်သီးက ဖြောင့်မတ်ခြင်း လက်သီးဖြစ်တယ်။ မကောင်းမှုကို နှိမ်နှင်းတဲ့ လက်သီးပဲ။ မင်းက ဒါကို ကျွမ်းကျင်အောင် လေ့လာပြီးရင် မူလဖန်တီးသူရဲ့ ရည်ရွယ်ချက်ကို

မမေ့ပါနဲ့။ မှန်ကန်တဲ့ လမ်းစဉ်ကို လျစ်လျူမရှုမိပါစေနဲ့”

ဆွန်းမိုက

“မင်းက ဒါကို အသုံးပြုပြီး မကောင်းမှုကို ကျူးလွန်ရင် ငါက မင်းရဲ့ မှန်ကန်တဲ့လမ်းကို ပြပေးတဲ့လူအနေနဲ့ မင်းရဲ့ အရည်အချင်းကို ဖယ်ရှားပစ်မယ်”

“ငါ မလုပ်ရဲပါဘူး”

ချန်ယင်က နောက်တစ်ကြိမ် အရိုအသေ ပေးလိုက်သည်။

ဆွန်းမိုကိုလည်း ဘာမှ ထပ်မပြောတော့ပါ။ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်သည် ကျောင်းတစ်ကျောင်းရဲ့ အကောင်းဆုံး ကျင့်စဉ် ဖြစ်သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် သူ့ရဲ့ပါဝါက နူကလီးယား ထိပ်ဖူးတစ်ခုနှင့် တူညီသည်။ ချန်ယင်သာ ကျွမ်းကျင်ပြီး မကောင်းမှု ပြုလုပ်ပါက အရမ်းကို အန္တရာယ်များသွားပြီ။

လူသားတွေရဲ့ ဆန္ဒက အဆုံးမသတ်တာကို မေ့ထားလို့ မရပါ။ လွန်ကဲတဲ့ အစွမ်းကို ရပါက သူတို့ရဲ့ လောဘသည် အဆုံးမရှိဖြစ်လာတတ်သည်။

(ငါ မင်းကို တစ်ချက်တည်းနဲ့ အဆုံးသတ်ပေးနိုင်တယ်။ ငါ့က တရားစီရင်ဖို့ အရည်အချင်း မရှိရင် မင်းကငါ့ကို ဘာသဘာတရားနဲ့ လာပြောမှာလဲ။)

ဆွန်းမိုက ချန်ယင်ကို ဒီကျင့်စဉ်အား မှန်ကန်အောင် သင်ကြားပေးတဲ့လူဖြစ်လို့ လမ်းမမှားအောင် ထိန်းသိမ်းရမည့် လူလည်း ဖြစ်သည်။

ပြည်နယ်ကိုးခုတွင် ဆရာများသည် ကျွမ်းကျင်လာအောင် သင်ကြားပေးရုံသာမကပဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သမ္မာဓိရှိရှိ ကျင့်ကြံနေထိုင်တတ်အောင်နဲ့ လမ်းကြောင်းမှန် လျှောက်အောင်လည်း ကျောင်းသားများကို ညွှန်ကြား ပေးရသည်။

"မတ်တပ်ရပ်ပါ"

ဆွန်းမိုက ချန်ယင်ကို ထူပေးလိုက်သည်။ ယေဘုယျအားဖြင့်တော့ ဒီလူငယ်လေးသည် ကျေးဇူးအကြွေးကို ဘယ်လိုပြန်ဆပ်ရမလဲ သိတဲ့လူငယ် တစ်ယောက်ဖြစ်သည်။

"ဆရာရဲ့ ဆုံးမချက်ကို လေးလေးစားစား လိုက်နာပါ့မယ်"

ချန်ယင်က နောက်ထပ် သုံးကြိမ် အရိုအသေပေးပြီး မတ်တပ်ထရပ်လိုက်သည်။

"မင်းရဲ့ ဆွေမျိုးက မင်းကို ဆက်ပြီး အနိုင်ကျင့်နေမှာပဲ။ မင်းအရမ်းစိတ်ညစ်နေမယ် ဆိုတာလည်း ငါသိတယ်။ ဒါပေမယ့် အခုအချိန်က သူ့ကိုရှာပြီး ရန်ဖြစ်ရမယ့် အချိန်မဟုတ်သေးဘူး။ စိတ်ကို တည်ငြိမ်အောင်ထားပြီး ကျင့်ကြံဖို့ပဲ အာရုံစိုက်ထားသင့်တယ်"

ဆွန်းမိုသည် အသစ်တည်ဆောက်ထားတဲ့ ယုံကြည်ချက်ကြောင့် ချန်ယင်သည် ချန်လီချီအား

ရှာပြီး လက်စားမချေ စေချင်ပါ။ အမှန်တိုင်းပြောရလျှင် ဒီအချိန်မှာ ချန်လီချီကို အနိုင်မယူနိုင်သေးပါ။

"မင်းရဲ့ ညွှန်ကြားချက်ကို လိုက်နာပါ့မယ်"

ချန်ယင်သည် ပြန်ရောက်တာနဲ့ သူ့ကိုလိုက်ရှာပြီး လူအားလုံးအရှေ့မှာ အနိုင်ယူလိုက်ချင်သည်။ ပြီးတော့ သူ့ကို အထင်သေးခဲ့ကြတဲ့ မြတ်ဆရာအားလုံးကိုလည်း ပါရမီရှင်တစ်ယောက် ဖြစ်မှန်း သိစေချင်သည်။

သို့သော်လည်း ဆွန်းမို စကားကို နားထောင်ပြီး အားလုံးစွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။

"ငါလည်း ပြောသင့်တာပြောပြီးသွားပြီ၊ မင်းပြန်နိုင်ပြီ။ မင်းတာဝန်ကို ကျေပွန်အောင် လုပ်ပါ"

ဆွန်းမိုက စကားပြောပြီးတာနဲ့ လက်နောက်ပစ်ပြီး လှေကားပေါ်တက်သွားသည်။

ဒီလိုအချိန်မှာ မြတ်ဆရာတစ်ယောက်ရဲ့ စတိုင်မျိုး ရှိသင့်တယ်လို့ သူထင်သည်။ စိတ်မကောင်းစရာက သူ့ဝတ်ရုံ လွင့်နေအောင်

လေမတိုက်ပါ။ ဒီလိုမှမဟုတ်ရင် အရမ်းကို ကျက်သရေ ရှိနေလိမ့်မည်။

ချန်ယင်သည် လေးလေးနက်နက် ဦးညွှတ်လိုက်သည်။ ဆွန်းမို ပုံရိပ် ပျောက်သွားပြီးမှ ခါးပြန်မတ်လိုက်သည်။ အဲဒီနောက် မေပယ်တစ်ထောင်က ထွက်သွားသည်။

ဧည့်ခန်းထဲတွင် စနစ်ဆီက သတိပေးချက် ထွက်လာသည်။

ဒင်

“ကျောင်းသားတစ်ယောက်ကို ယုံကြည်မှုပြန်ရအောင် ကူညီပေးခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ပြီးတော့ သူ့ရဲ့လေးစားမှုကို ရရှိပြီး မင်းတို့နှစ်ယောက်ကြားက လေးစားအထင်ကြီးမှုဆက်သွယ်ချက်ကို ဖွင့်သွားတယ်။ ဆုလဒ် - ရွှေရောင်ရတနာ သေတ္တာတစ်လုံး”

“ဆွန်းမို၊ မင်းက ခမ္မကောင်းကင်တုန်လှုပ်ခြင်းလက်သီးကို အရင်ကတည်းက သိနေတာလား”

ကူရှုပ်ရှင်းက ရုတ်တရက် ရောက်လာပြီး သိချင်စိတ်နဲ့ မေးလိုက်သည်။

"ဘာလို့ မခန့်မှန်းကြည့်တာလဲ"

ဆွန်းမိုက လက်ကိုဆန့်ပြီး လုချီဟွာရဲ့ ခေါင်းကို ပုတ်လိုက်သည်။

"စနစ်၊ ရတနာသေတ္တာ ဖွင့်"

ရွှေရောင်အလင်းတန်း ဖျက်ကနဲ လင်းသွားပြီး အစိမ်းရင့်ရောင် ကြေးပြားများစွာ သူ့အရှေ့မှာ ပေါ်လာသည်။

ဒင်

"အချိန်တံဆိပ် ငါးခုရလို့ ဂုဏ်ပြုပါတယ်"

ရလဒ်က မဆိုးပါ။ ဆွန်းမို လေချွန်နေသည်။ ဘာအတွက် အသုံးပြုရင်ကောင်းမလဲဆိုတာ စဉ်းစားနေသည်။

ဓမ္မကောင်းကင်လက်သီးရဲ့ ကျွမ်းကျင်မှုကို မြှင့်တင်ဖို့ သုံးလိုက်ရမလား။

အခန်း (၃၆၈) - စနစ် မင်းက တကယ်ဆိုးတာပဲ။

ဆွန်းမိုက စားပွဲဘေးတွင် လက်ဖက်ရည်တစ်ငုံသောက်ပြီးနောက် သူပိုင်ဆိုင်ထားတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်များကိုပြန်စဉ်းစားနေသည်။

သဏ္ဍာန်မဲ့မြင်မြတ်စကြဝဠာကျင့်စဉ်နှင့် ရှေ့ဟောင်း လောကနတ် ကျင့်စဉ်သည် အရမ်းအစွမ်းထက်သော်လည်း သင်ကြားရေး အမျိုးအစားထဲတွင် ပါဝင်သည်။

လှုပ်ရှားမှု ကျင့်စဉ်အတွက် ဆွန်းမိုမှာ လေဘုရင်နတ်ဘုရားခြေလှမ်း ကျင့်စဉ်ရှိပြီး အရမ်းအထင်ကြီးဖို့ ကောင်းတယ်လို့ ယူဆနိုင်သည်။

လေးပစ်စွမ်းရည်အတွက် ဆွန်းမိုမှာ လေဘုရင်နတ်ဘုရားကျင့်စဉ်ကို ပိုင်ဆိုင်ထားသည်။ သူ့ရဲ့ အဝေးရောက် တိုက်ခိုက်မှု အရမ်းပြင်းထန်သည်။ သို့သော်လည်း အာရုံခြောက်ပါး မြင့်တင်ရုံကလွဲလျှင် တခြားဘာမှ မဟုတ်ပါ။ ပြီးတော့ တိုက်ပွဲအတွင်းတွင် ဆွန်းမို လေးသုံးတာလဲ အရမ်းရှားသည်။ ပြီးနောက် အနာဂတ်တွင်

လေးတစ်ချောင်း ကိုင်ပြီး တိုက်ပွဲဝင်မယ်လို့လဲ မတွေးထားပါ။

အခုအချိန်တွင် ဆွန်းမိုမှာ အနီးကပ် တိုက်ခိုက်မှုအတွက် ဖန်တီးထားတဲ့ အစွမ်းထက်ကျင့်စဉ်သာ ချို့တဲ့နေသည်။

ဒီ ဓမ္မကောင်းကင် တုန်လှုပ်ခြင်းလက်သီးသည် ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ဖြစ်ကာ စုစုပေါင်း အဆင့်ကိုးဆင့်ရှိသည်။ သူတို့က ကောင်းကင်နှင့် မြေကြီး တုန်လှုပ်စေပြီး ဝိညာဉ်များ၊

သရဲများနှင့် နတ်ဆိုးများကို ကြောက်ရွံ့သွားစေတဲ့ နတ်ဘုရား ကျင့်စဉ်တစ်ခု ဖြစ်သည်။

ဗောဓိဓမ္မကိုယ်တိုင်က ဒီကျင့်စဉ်ရဲ့ မူလဇစ်မြစ်လို့ ပြောကြသည်။ မကောင်းဆိုးဝါးများကို နှိမ်နင်းရန် နတ်ဆိုးများနှင့် ငရဲသားများကို သတ်ဖြတ်ရန် အလို့ငှာ ဒီကျင့်စဉ်ကို ဖန်တီးခဲ့သည်။ ဒါကြောင့် ဒီကျင့်စဉ်ရဲ့ အစွမ်းသည် အရမ်းကြီးမားသည်။

သို့သော်လည်း အခြား ပြဿနာ တစ်ခုရှိနေသည်။ ဒါရဲ့ တိုက်ခိုက်ရေးပုံစံမှာ လက်ဗလာနဲ့ ဖြစ်နေသည်။

ဗုဒ္ဓက ဂရုဏာ ပြသချင်သဖြင့် မည်သည့်လက်နက်ကိုမှ မသုံးခဲ့ပါ။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ဓါးနှင့် ဓါးပြားများသည် အဓိက လက်နက် ဖြစ်သည်။ လှံနှင့် ချိတ်များသည်လည်း ဆိုးဝါးတဲ့ ရွေးချယ်မှု မဟုတ်ပါ။ အမှန်အတိုင်းပြောရလျှင် လက်ဗလာနဲ့ တိုက်ခိုက်ပါက စတိုင်ဖက်က ကြည့်လျှင် အမှတ်နည်းသွားလိမ့်မည်။

လက်ဗလာနဲ့ တိုက်ခိုက်ရလောက်အောင် သွေးမအေးပါ။

မသေမျိုး (နတ်ဘုရား) ဇာတ်လမ်းတွေကို ကြည့်လိုက်အုံး ကမ္ဘာကြီးကို လက်ဗလာနဲ့ အုပ်စိုးတဲ့ ခေါင်းဆောင်ကြီးတွေကို တွေ့ဖူးလို့လား။ ရန်သူတွေတောင် လက်ဗလာနဲ့မဟုတ်ပါ။

"ထားလိုက်ပါတော့၊ ဒါက ဆန်းကြယ်သူတော်စင်အဆင့်ကျင့်စဉ် တစ်ခုပဲလေ။ ငါလေ့ကျင့်လိုက်ပါ့မယ်"

ဆွန်းမိုသည် နေ့တစ်ဝက်လောက် ဝေခွဲမရ ဖြစ်နေပြီး နောက်ဆုံးတွင် ကျင့်ကြံဖို့အတွက် ဆုံးဖြတ်လိုက်သည်။

ဗဟိုပြည်နယ်အကယ်ဒမီရဲ့ လက်ရှိ စွမ်းဆောင်ရည်အရေ နောက်ဆုံးအချိတွင် တိုက်ခိုက်ရဖို့အတွက် အခွင်းအရေးက ၈၀ကနေ ၉၀ ရာခိုင်နှုန်းလောက်ရှိသည်။ ဆွန်းမိုက သူ့ရဲ့ခွန်အားကို မတိုးမြှင့်ခဲ့ရင် အဖွဲ့ကို မကာကွယ်ပေးနိုင်မှာ စိုးရိမ်နေသည်။

ဘယ်လိုပဲပြောပြော ကောင်းကင်အောက်တွင် လူတွေ အများကြီးရှိပြီး အရည်အချင်းကလည်း ပြည့်လျှံနေကြသည်။

"စနစ်၊ ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကို အဆင့်မြှင့်တင်ဖို့ အချိန်တံဆိပ်တွေကို အသုံးပြုလိုက်ပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"လက်ဖွာလှချည်လား"

စနစ် အရမ်းအံ့အောသွားသည်။

"မင်းမှာ အခုဆိုရင် အချိန်တံဆိပ် ငါးခု ရှိတယ်နော်"

"ဟုတ်၊ လက်ဖွာတယ်"

ဆွန်းမိုရဲ့အတွေးက အရမ်းရိုးရှင်းသည်။ သူက ဒါကို မလေ့ကျင့်ချင်ရင် မလေ့ကျင့်နဲ့ ဒီလိုမှမဟုတ်ရင် ကွ ျမ်းကျင်မှု ညွှန်းကိန်းကို အမြင့်ဆုံးရောက်အောင် မြှင့်တင်ရမည်။ သာမန်ပဲဆိုလျှင် အဓိပ္ပါယ် မရှိပါ။

"မင်း သဘောပဲ"

စနစ်က စိတ်မဝင်စားပါ။

ရွှစ် ရွှစ် ရွှစ်

တောက်ပတဲ့ အစိမ်းရောင် အလင်းများသည် ဆွန်းမိုကို ဖုံးအုပ်သွားသည်။ ဒီလိုမျိုး ငါးကြိမ်ဆက်တိုက် ဖြစ်ပေါ်နေသည်။

ဆွန်းမိုက သူ့ရဲ့ခန္ဓာကိုယ်ထဲတွင် နောက်ထပ် ထူးဆန်း ဆန်းကြယ်တဲ့ အရာတစ်ခုရှိနေသလို ခံစားလိုက်ရသည်။ ကျေနပ်အားရနေသည်။ အရေးအကြီးဆုံးက လုံခြုံတယ်ဆိုတဲ့ ခံစားချက်ကို ရနေသည်။

အဲဒီနောက် ကြီးကျယ်ခမ်းနားတဲ့ စိတ်ကူးယဉ် မြင်ကွင်းတစ်ခု သူ့စိတ်ထဲမှာ ပေါ်လာသည်။ ဟိုမရောက်ဒီမရောက် အတွေးတွေ အားလုံး ပျောက်ကွယ်သွားပြီး သေးငယ်တဲ့ ခံစားချက်သာ ကျန်ခဲ့တော့သည်။

ရောမ တောင်တန်းကြီးပေါ် ဖြတ်ပျံနေတဲ့ ပိုစုန်းကြူးတစ်ကောင်နဲ့ တူနေသည်။ သူက အရေးမပါပါ။

ဆွန်းမိုသည် ရုတ်တရုတ် ထင်ယောင်ထင်မှား ဖြစ်သွားပြီး ပြုံးနေတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။

ဆွန်းမို တစ်ခါတည်း တုန်ယင်သွားသည်။ သူ့ကိုယ်ထဲက တစ်ခုခု တိုးထွက်လာသလို ခံစားရသည်။ အဲဒီနောက် တစ်ကိုယ်လုံး ငြိမ်ကျသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝမ်းနည်းခြင်းလည်းမရှိ၊ ပျော်ရွှင်ခြင်းလည် မရှိ၊ လိုချင်စိတ်လည်း မရှိ၊ တောင်းဆိုမှုလည်း မရှိ။

လက်ရှိတွင် ဆွန်းမိုသည် နတ္တိ အခြေအနေကို ရောက်ရှိနေသည်။

ဒင်

"ခမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် မဟာအဆင့်နှင့် ခြေတစ်လှမ်းအလို"

အများအားဖြင့် ဆွန်းမို ဒီလိုဆို ကျိန်ဆဲလိုက်မိမည်။

"ဒီအဖေက နှစ်၅၀လောက် ကြာခဲ့ပေမယ့် မဟာအဆင့်တောင် မရောက်သေးဘူးလား။ ဒီလောက်တောင် မထက်မြတ်ဘူးလား"

ဒါပေမယ့် အခုအချိန်တွင် သူ့နှလုံးသားက ငြိမ်သက်နေသည်။ မျက်နှာပေါ်မှာ အပြုံးတစ်ခုတောင် ရှိနေသေးသည်။

သူက ဒီလောကရှိ အရာရာတိုင်းကို ကြည့်ရှုပြီး အရမ်းလှပကာ သဟဇာတ ဖြစ်နေတယ်လို့ ခံစားရသည်။

ငါးမိနစ်လောက်ကြာတော့ ဆွန်းမိုသည် အဲဒီအခြေအနေက ထွက်ခွာလာသည်။ အဲဒီနောက် အတွေ့အကြုံကို ပြန်စဉ်းစားပြီး တုန်တုန်ယင်ယင် ဖြစ်နေကာ ဒေါသဖြစ်လာသည်။

"စနစ်၊ ဒီကျင့်ကြံခြင်း ကျင့်စဉ်က ဘာကြီးလဲ"

ဆွန်းမို အရမ်းတုန်လှုပ်နေပြီး ရှုးရှုးရှဲရှဲ ဖြစ်နေသည်။

အရင်က သူ့ကမ္ဘာမှာလည်း ရည်စားမရှိဘူး၊ တစ်ခုခု ထွက်ဖို့ကလည်း အရှယ်ရောက်တဲ့ ဗီဒီယိုတွေကို အားကိုးခဲ့ရသည်။ အခုတော့ တစ်ခုခုထွက်ပြီးတဲ့နောက် ခံစားနေရသလို ဖြစ်နေသည်။

အရမ်းသိသာသည်။ တစ်ကိုယ်ရည် အာသာဖြေခြင်းကို အလွန်အကျွံလုပ်ပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ စိတ်အခြေအနေလိုပါပဲ။

ပိုပြီးအနုပညာဆန်ဆန် ပြောရလျှင် တစ်ကိုယ်ရည်အာသာ မဖြေခင်က နတ်ဆိုးလို

ပွက်ပွက်ဆူနေပြီး လုပ်ပြီးတဲ့နောက် ဗုဒ္ဓကဲ့သို့ တည်ငြိမ်နေလိမ့်မည်။

"မင်းက ဘာပြောချင်တာလဲ။ ဘာကောင်လဲ။ ဒါက ဗုဒ္ဓအမျိုးအစား ကျင့်ကြံခြင်း ကျင့်စဉ် စစ်စစ်ပဲ။ လွန်ကဲစွာ ကျင့်ကြံလိုက်ရင် ဝိညာဉ်တွေနဲ့ သရဲတစ္ဆေတွေက မင်းအနားမှာ မရပ်တည်နိုင်တော့ဘူး။ မကောင်းတဲ့ လွှမ်းမိုးမှုအားလုံးကို ခံနိုင်ရည်ရှိပြီး မဖောက်ပြန်နိုင်တဲ့ ခန္ဓာကိုယ်တစ်ခုကို ဖန်တီးကာ သန့်ရှင်းတဲ့ စိတ်အခြေအနေကို ရောက်ရှိနိုင်တယ်"

စနစ်က ရှင်းပြသည်။

"ငါရှုးလို့ကတော့ မင်းကို.........မယ်ဆိုတာ ယုံလား။ စနစ် မင်းတော်တော်ဆိုးတယ်"

ဆွန်းမို ငိုချင်ပေမယ့် မျက်ရည် မထွက်ပါ။

"ဒီကျင့်ကြံခြင်း ကျင့်စဉ်ကို ကျွမ်းကျင်သွားရင် အဲဒီစိတ်အခြေအနေမှာပဲ ထာဝရ ရှိနေမှာလား။ ဘောပဲ။ ငါက လူပျိုစစ်စစ်ပဲ ရှိသေးတယ်။ မိန်းကလေးတွေနဲ့လည်း တစ်ခါမှ မအိပ်ဖူးသေးဘူး။ ဘုန်းကြီး မလုပ်ချင်ဘူး"

ဆွန်းမိုက လေယာဉ်မယ် ဝတ်စုံနဲ့ ဒါမှမဟုတ် အတွင်းခံ အဝတ်အစားလေးနဲ့ ယူဟာတာနို

အကြောင်းကို စဉ်းစားလိုက်သည်။ ပြီးသွားပြီ။ အနာဂတ်မှာ နောက်ထပ် ကြိုးစားလို့ မရတော့ဘူး။

"အနန္တမေတ္တာ၊ အေးချမ်းခြင်း စိတ်တည်ငြိမ်ခြင်း ၊ ဒါတွေကလည်း ကျေနပ်ဖို့ကောင်းတဲ့ ခံစားမှုမျိုးပါ။ အဲဒါတွေကလွဲရင် ကျေနပ်ဖို့ကောင်းတဲ့ ခံစားချက်မျိုး မရှိဘူး။ မင်းလည်း ပိုနေတဲ့ အရာကို ဖြတ်ထုတ်လိုက်လို့ ရတာပေါ့"

စနစ်က သူ့ကို လှောင်ပြောင်လိုက်သည်။

"မင်းပဲ ....လိုက်"

ဆွန်းမို လက်ခလယ် ထောင်ပြသည်။

“တော်ပြီ မနှောက်တော့ဘူး။ သူတော်စင်အဆင့် ကျင့်စဉ်တွေအားလုံးက ကန့်သတ်ချက်ကို ကျော်အောင် လေ့ကျင့်လိုက်ရင် အတွင်းကနေ အရောင်အဝါတစ်မျိုး ထွက်လာတတ်တယ်။ ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးကလည်း ခြွင်းချက် မဟုတ်ဘူး။ ဒီကျင့်စဉ်ရဲ့ သန့်ရှင်းတဲ့ အယူအဆက မင်းကို ယာယီလွှမ်းမိုးသွားတာပဲ”

စနစ်က ရှင်းပြသည်။

ပြတ်ပြတ်သားသား ပြောရလျှင် ပညာရှင်တစ်ယောက်ရဲ့ အော်ရာတစ်မျိုးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဓါးသူရဲကောင်းတွေ၊ ဓါးသွားသူတော်စင်နှင့် ကျော်ကြားတဲ့ဘုန်းကြီးတွေကို ကြည့်လိုက်လျှင် ဘာကြောင့် သန်မာတယ်လို့ ခံစားရတာလဲ။

သူတို့ရဲ့ အော်ရာက အစွမ်းထက်လို့ပဲ။

"အနာဂတ်မှာ တောင့်ခံနိုင်ပါ့မလား"

ဆွန်းမို အနည်းငယ် စိုးရိမ်သွားသည်။

"နှင်းစက်ဖြူမြို့မှာ ပြည့်တန်ဆာတွေ အများကြီးပဲ။ ဘာဖြစ်လို့ သွားမစမ်းကြည့်တာလဲ။ မင်းမှာ ပိုက်ဆံ မရှိတာ မဟုတ်ပါဘူးနော်"

စနစ်က ဆွန်းမိုကို အငြင်းသန်တဲ့ကောင်လို့ မြင်နေသည်။

ဆွန်မို အဲဒီအကြောင်းကို တွေးနေပေမယ့် အရမ်းကြီး စောင့်ထိန်းထားစရာ မလိုပါ။

“ထားလိုက်ပါ၊ ငါ ကို့ဘာသာကိုယ်ပဲ လုပ်လိုက်တော့မယ်”

“ငတုံး”

စနစ် အနည်းငယ် အထင်သေးသွားသည်။

....

ဒီနေ့မှာ ဆွန်းမိုက ကျောင်းသားတွေကို အများသုံး ရေချိုးခန်းသို့ ခေါ်သွားသည်။ အဲဒီနောက် ကျောင်းသားတွေကို အထွင့်အထိပ်အခြေအနေကို ပြန်ရောက်စေရန် ဆေးထုပ်ကြီးနှင့် ခရုပတ် ဝိညာဉ်စုဆောင်းခြင်း ဆေးထုပ်ကို အသုံးပြုလိုက်သည်။ အဲဒီနောက် တစ်ယောက်ခြင်းဆီကို နှိပ်ပေးလိုက်သည်။

ကောင်းကင်သစ်ခွ အကယ်ဒမီနှင့် ဝူမာ အကယ်ဒမီက ကျောင်းသားအဖွဲ့တွေ ပြန်ရောက်လာသည်။ အခုအချိန်မှာသာ မတော်တဆ

အဖြစ်အပျက်မျိုး မဖြစ်ခဲ့လျှင် အခုနှစ်အတွက် ချန်ပီယံ ဖြစ်လာလိမ့်မည်။

အခြားကျောင်းက ကျောင်းအုပ်ကြီးတွေကတော့ မနာလိုတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။ ဘာမှမတတ်နိုင်ပါ။

ဒုတိယအချီအတွက် ပထမကျောင်းသားအုပ်စုသည် သူတို့၏ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်များနဲ့ ပြန်ရောက်လာကြသည်။ နောက်သုံးရက်အကြာတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်မှီ ပြန်မရောက်တဲ့ ကျောင်းသားအဖွဲ့တွေကို ပြိုင်ပွဲက ဖယ်ထုတ်ပစ်မည်။

ငါးရက်ကြာလို့မှ ကျောင်းသားအဖွဲ့တွေ ပြန်မရောက်လာပါက တတိယအချီ ပါဝင်ခွင့် ဆုံးရှုံးမည်။

ဒါတွေအားလုံးက ဆွန်းမိုရဲ့ ဘာမှမဆိုင်ပါ။ နောက်ဆုံး သူ့ရဲ့ပန်းတိုင်က ချန်ပီယံ ဖြစ်ဖို့ပဲ ဖြစ်သည်။

ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားသစ်အဖွဲ့ ပြိုင်ပွဲပန်းဝင်သွားသော်လည်း

ကျန်ဟန်ဖူသည် အခြေအနေကို စောင့်ကြည့်ရအောင် ကျောက်စိမ်းလှိုင်း မျှော်စင်သို့ နေ့တိုင်းသွားသည်။

အရင်တုန်းကတော့ ကျောင်းအုပ်ကြီးတွေက သူ့ကို ဂရုမစိုက်ပါ။ ဒါပေမယ့် အခုတော့ လူတွေက သူတို့ဘက်က စပြီး နှုတ်ဆက်လာကြသည်။

ဒီလို လေးစားမှုသည် ဆွန်းမိုရဲ့ထူးချွန်တဲ့ စွမ်းဆောင်ရည်များကြောင့်ဆိုတာ ကျန်ဟန်ဖူ သိနေသည်။ ဒီအရာကြောင့် သူပျော်နေသလို ခံစားရလည်း ခက်နေသည်။

အထူးသဖြင့် ဆွန်းမိုနှင့် သူ့ကြားက လောင်းကြေးကို တွေးမိတဲ့ အခါတိုင်း ဖြစ်သည်။

"ကျောင်းသားသစ်အဖွဲ့ တကယ် ချန်ပီယံ ဖြစ်လာရင် သူက တကယ်ပဲ နှုတ်ထွက်ရမှာလား"

ကျန်ဟန်ဖူ ခေါင်းကိုက်လာသည်။

"မဟုတ်သေးဘူး။ မာရှောင်က အရမ်းသန်မာလွန်းတယ်။ ပထမနေရာကို သူတို့ပဲ သေချာပေါက် ရလိမ့်မယ်။ ပြီးတော့ ကောင်းကင်သစ်ခွနှင့် ဝူမာလည်း ရှိသေးတယ်။ ဒါကြောင့် ဆွန်းမို အနိုင်ရဖို့ မဖြစ်နိုင်ဘူး"

သို့သော်လည်း ဆွန်းမို ကျောင်းရောက်လာပြီးနောက် လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်များ အကြောင်းကို ပြန်စဉ်းစားလိုက်လျှင် စိတ်ထဲ လေးလံလာသည်။ အခုတလောတွင် အိပ်မပျော်ဘဲ ဝမ်းတောင် ချုပ်နေသည်။

………………………………………

ကြည်လင်လန်းဆန်းနေတဲ့ နေ့လည်ခင်းတွင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ လက်ရွေးစင်အသင်း ပြန်ရောက်လာသည်။

"တတိယနေရာ"

အဆင့်သတ်မှတ်ချက်ကို ကြားလိုက်လျှင် ဇူးတင်သည် စိတ်လှုပ်ရှားစွာ လက်ဝှေ့ယမ်းလိုက်သည်။

"တတိယပဲလား"

လျှိုမူဘိုင် မျက်မှောင်ကြုတ်နေသည်။ သူ့ရဲ့ ပစ်မှတ်က ပထမနေရာပါ။

"ဒါက လက်ခံလို့ ရပါတယ်"

အန်ရှီဝေ မျက်နှာတွင် ပင်ပန်းနွမ်းနယ်မှုများနဲ့ ပြည့်နေသည်။ အဆင့်သတ်မှတ်ချက်ကို ကြားပြီးမှ

သက်ပြင်းချ လိုက်နိုင်သည်။ သူတို့ လက်ရွေးစင်အသင်းရဲ့ အဆင့်သတ်မှတ်ချက် မြင့်မားနေသ၍ သူတို့ရဲ့ စုစုပေါင်း ရလဒ်သည် သိပ်မဆိုးနိုင်ပါ။

"ငါတို့ ကျောင်းသားအသစ်အဖွဲ့ရဲ့ အဆင့်က ဘယ်လောက်လဲဆိုတာ တွေးနေမိတယ်။ ငါတို့ကျောင်းရဲ့ အဆင့်ကို ဆွဲမချဖို့တော့ မျှော်လင့်တာပဲ"

ကူကွန်က တော်တော်လေး စိတ်ပူနေသည်။

"ကျောင်းသားအသစ်အဖွဲ့က ဆရာဆွန်းနဲ့အတူတူ ဆိုတော့ ရလဒ် မဆိုးနိုင်ဘူး"

ချိုင်တန်က ကူကွန် အရမ်းအဆိုးမြင်နေတယ်လို့ ထင်နေသည်။

"ချီ"

ကူကွန် နှုတ်ခမ်းတွန့်သွားသည်။ ပြန်ဖြေဖို့ စိတ်မဝင်စားတော့ပါ။

"ဒါက ဘာပြောချင်တာလဲ"

ချိုင်တန်က မေးခွန်းထုတ်လိုက်သည်။ ကူကွန်က အန်ရှီဝေရဲ့ တိုက်ရိုက်တပြည့် ဖြစ်နေသောကြောင့်

လူတိုင်းက ချိုင်တန်လို မဟုတ်ဘဲ လက်လျှော့ထားကြသည်။ သူ့စိတ်ထဲတွင် ဆွန်းမိုက အကောင်းဆုံး ဖြစ်သည်။

"ဘာပြောချင်တာလဲဆိုတာ မင်းသိသင့်တယ်"

ကူကွန်ကလည်း ပြတ်ပြတ်သားသား ပြောလိုက်သည်။

"တော်သင့်ပြီ"

အန်ရှီဝေက

“ကူကွန်၊ မင်းက ဆက်ပြီး ပေါက်ကရ ပြောနေမယ်ဆိုရင် ပြန်သွားပြီး နံရံမျက်နှာမူကာ ရပ်ခိုင်းထားလိုက်မယ်”

“ဆရာ၊ ကျွန်တော်က အမှန်တိုင်း ပြောတာပါ။ ကျောင်းသားအဖွဲ့က ပထမအချီမှာ ကံကောင်းသွားပြီး လူတိုင်းကလဲ သူတို့ကို လျှော့တွက်ခဲ့လို့ပါ။ ဒုတိယအချီမှာတော့ အားလုံးက ပိုပြီး ပြင်ဆင်ထားလိမ့်မယ်။ ဆရာဆွန်းက အနိုင်ရချင်လို့ ဖြစ်ညှစ်ပြီး လုပ်တာတောင် မဖြစ်နိုင်ဘူး။

ကူကွန်က ခွဲခြမ်းစိတ်ဖြာလိုက်သည်။

ထုံးစံအတိုင်း ဆွန်းမိုကို အရမ်းမကျေနပ်တာလဲ ပါသည်။ ဆွန်းမိုက သူ့ရဲ့ ဆရာမနဲ့ စေ့စပ်ထားသည်။ အဲဒါက ဆွန်းမိုရဲ့ မူလအပြစ်ပဲ။

"အလွတ်ကြီး မုန်းနေတာပဲ"

ချိုင်တန် ခေါင်းယမ်းလိုက်သည်။

"ဟဲဟဲ။ ဆရာဆွန်းက ကျောင်းသားသစ်အဖွဲ့ကို ဦးဆောင်ပြီး ပထမနေရာရရင် အိုး ပထမနေရာ မဖြစ်နိုင်ဘူးဆိုတော့ ထိပ်ဆုံး သုံးနေရာဆိုရင်ရော ဘယ်လိုလဲ။ မဟုတ်သေးဘူး။ ထိပ်ဆုံး ငါးနေရာပဲ

ထားလိုက်မယ်။ အဲဒီလိုသာဆိုရင် ငါက မင်းရဲ့ဖိနပ်ကို တစ်နှစ်ခွဲလောက် သန့်ရှင်းရေး လုပ်ပေးမယ်”

ကူကွန်က ခနဲ့တဲ့တဲ့နဲ့ ချိုင်တန်ကို ရန်စနေသည်။

“ဆရာဆွန်းက အဲဒါကို မလုပ်နိုင်ရင် မင်းကငါ့ဖိနပ်ကို တစ်နှစ်ခွဲ သန့်ရှင်းရေး ပြန်လုပ်ပေးရမယ်”

‘လျှော့ပြော”

ရှာရီက ကူကွန်ရဲ့ လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

အန်ရှီဝေ မျက်မှောင်ကြုတ်နေသည်။ သူမရဲ့ တိုက်ရိုက် တပြည့်များက ဆွန်းမိုကို ဒီလို မြင်နေမယ်လို့ မထင်ထားခဲ့ပါ။ ကူကွန်ကို သတိပေးမလို့ လုပ်လိုက်တဲ့အချိန်တွင် လျှိုမူဘိုင်က ပြောလိုက်သည်။

"ကူကွန်ရဲ့ သုံးသပ်ချက်က ပြဿနာ မရှိဘူး။ မာရှောင်ကျောင်းက မာရှန်၊ ကောင်းကင်သစ်ခွအကယ်ဒမီက ချူရွှန်ခုန် နဲ့ မာဝေအကယ်ဒမီက ဘိုင်တန်ဇီဝေ တို့က အရမ်းအားကောင်းတယ်"

လျှို့မူ့ဘိုင်သည် သူတော်စင် မဟုတ်ပါ။ သူက အန်ရှီဝေကိုကြိုက်သည် ဒီလိုမှမဟုတ်ရင် ဇဟိုပြည်နယ်အကယ်ဒမီကို လာပြီး သင်ကြားမှာ မဟုတ်ပါ။

ထုံးစံအတိုင်းပဲ သူ့စကားတွေက ဆွန်းမိုကို အသရေ ဖျက်တယ်လို့ မခံစားရပါ။ အမှန်တရားကလဲ အဲဒီလိုပဲ ဖြစ်နေသည်။

“ဒါဆို ဆရာဆွန်းက ထိပ်ဆုံးငါးနေရာထဲ မဝင်နိုင်ဘူးပေါ့”

“ဟားဟား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူကွန် အူမြူးလာသည်။ ချိုင်တန်ကို မျက်စိမှိတ်ပြလိုက်သည်။ (ဆရာလျှိုကတောင် ပြောနေပြီ မင်းစိတ်မပျက်သေးဘူးလား)

"သေချာတာပေါ့၊ ငါလောင်းကြေးကို လက်ခံတယ်"

ချိုင်တန်က အံ့ကြိတ်ပြီးပြောလိုက်သည်။

"ဝိုး။ ဒီလောက်အထိ စွန့်စားဖို့ လိုလို့လား။ သေချာပေါက်ရှုံးမယ့် လောင်းကြေးကို ဘာဖြစ်လို့ လက်ခံတာလဲ"

ကူကွန် တုန်လှုပ်သွားသည်။

“ငါရှုံးမယ်လို့ ဘယ်သူက ပြောလဲ”

ချိုင်တန်က ဒေါသတကြီးနဲ့

“ငါ ပြောလိုက်အုံးမယ်။ ဆရာဆွန်းက မဖြစ်နိုင်တာကို ဖြစ်နိုင်ခြေ ရှိအောင် ပြောင်းလဲပေးတဲ့လူတစ်ယောက်ပဲ”

တခြားကျောင်းသားတွေကတော့ ဘာမှ ဝင်မပြောကြပါ။ ကူကွန်နှင့် ချိုင်တန် ရန်ဖြစ်နေတာကို တိတ်တဆိတ် စောင့်ကြည့် နေကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ပါရမီရှင်များအနေနဲ့ သူတို့ရဲ့

စဉ်းစားဆင်ခြင်ဉာဏ်သည် ထုံးစံအတိုင်း အရမ်းအားကောင်းသည်။ ကူကွန်ရဲ့စကားများက မမှားပါ။

ဆရာဆွန်းသည် အရမ်းအားကောင်းသော်လည်း ဒီအဆင့်ကျောင်း ၁၀၈ကျောင်းရှိ ပါရမီရှင်စာရင်းတွင် သူက ထိပ်တန်း စာရင်းဝင် မဟုတ်သေးပါ။

ပြီးတော့ ကျောင်းသားအုပ်စု တစ်စုစီအတွက် ဆရာ လေးယောက်ပါဝင်သည်။ ဆွန်းမို ဘယ်လောက်ပဲ သန်မာနေပါစေ လူလေးယောက်ကို တပြိုင်နက်တည်း အနိုင်မယူနိုင်ပါ။

အုပ်စုအဖော်တွေက သူ့ကို မကူညီရင် သူဘာလုပ်နိုင်မှာလဲ”

“ကူကွန်၊ ပါးစပ်ပိတ်ထား”

အန်ရှီဝေ ဆူပူကြိမ်းမောင်း လိုက်သည်။ အဲဒီနောက် အားလုံးကို ဟိုတယ်ဆီ ပြန်ခေါ်သွားသည်။ ဒါပေမယ့် သူတို့ ဝေးဝေးမရောက်သေးခင် ဗဟိုပြည်နယ် အကယ်ဒမီ ပြန်ရောက်လာတဲ့ သတင်းကို ကြားပြီး ကျောင်းအုပ်ကြီးတွေ အမြန်ပြေးလာကြသည်။

"ရှီဝေ၊ ဂုဏ်ပြုပါတယ်။ ဒီတစ်ခါတော့ မင်းတို့ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ လုပ်ဆောင်ချက်က တကယ်ကောင်းတာပဲ"

"ကျောင်းအုပ်ကြီး အန်၊ ဂုဏ်ပြုပါတယ်။ မင်းတို့ အနေအထားက တည်ငြိမ်နေပြီ။ တတိယအချီမှာ မပြုတ်ကျသ၍ မင်းတို့ စီ အဆင့်ကို တက်လိမ့်မယ်"

"ဟုတ်တယ်၊ ဒုတိယနေရာက တကယ် အထင်ကြီးဖို့ ကောင်းတယ်"

ကျောင်းအုပ်ကြီး အဖွဲ့တစ်ဖွဲ့သည် မျက်နှာပေါ်တွင် အပြုံးများနဲ့ ရောက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှန်တိုင်းပြောရလျှင် ဝမ်းမထိန်းနိုင်တော့တဲ့ သက်ကြီး အမျိုးသားတွေတောင် အလှမယ်လေးတွေနဲ့ စကားပြောချင်ကြသည်။

“ကျောင်းအုပ်ကြီး ကျန်၊ ငါတို့က တတိယနေရာပါ။ ဒုတိယ နေရာမဟုတ်ဘူး”

လျှိုမူဘိုင် မျက်နှာမည်းနေပြီး ရန်လိုတဲ့ အကြည့်နဲ့ ကြည့်နေသည်။ ဒီကျောင်းအုပ်ကြီးကျန်က သူတို့ကို တမင်သက်သက် အရှက်ခွဲနေတယ်လို့ ခံစားရသည်။

“တတိယနေရာ ဟုတ်လား”

ကျောင်းအုပ်ကြီး ကျန် ပြန်စဉ်းစားနေသည်။ အဲဒီနောက် ဘေးဘယ်ညာကို တစ်ချက်ကြည့်ပြီး မသိစိတ်က မေးလိုက်သည်။

“လူအိုကြီး ဝမ်၊ ငါမှတ်မိတာ မမှားရင် ဗဟိုပြည်နယ်အကယ်ဒမီက ဒုတိယနေရာ မဟုတ်ဘူးလား”

အခန်း (၃၆၉) - ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို။ မရှုံးနိုင်တဲ့လူ။

"ဟုတ်တယ်လေ။ ဒုတိယနေရာပါ"

ကျောင်းအုပ်ကြီး ဝမ်ကလည်း သေချာစွာ ခေါင်းညိတ်လိုက်သည်။ ဒီလိုအဆင့်မြင့်တဲ့ အဆင့်မျိုးကို အမှတ်မမှားနိုင်ပါ။ ပြီးတော့

ဗဟိုပြည်နယ် အကယ်ဒမီက မြင်းနက်တစ်ကောင်လို ဖြစ်နေသည်။

လျှို့မှုဘိုင်သည် ဖြစ်နိုင်ခြေကို တွေးပြီး မျက်နှာမည်းသွားသည်။ ဒါကသာ အမှန်ဆိုလျှင် ဆွန်းမိုက ပဥ္စမနေရာပဲ ရနိုင်တယ်လို့ ပြောခဲ့တယ့်အတွက် သူ အရှက်ကွဲလိမ့်မည်။

အန်ရှီဝေ ကြောင်သွားသော်လည်း သိပ်မကြာခင် ပျော်ရွှင်တဲ့ အမူအရာ ဖြစ်လာသည်။

"ကျောင်းအုပ်ကြီးကျန်က ကျောင်းသားအသစ်အဖွဲ့ကို ပြောနေတာလား"

"ဟုတ်"

"ဟုတ်တယ်"

(ကျောင်းသားအသစ်အဖွဲ့အကြောင်း မပြောရင် မင်းတို့ရဲ့ လက်ရွေးစင်အသင်းအကြောင်း ပြောရမှာလား။ တတိယနေရာက မဆိုးပေမယ့် ဒုတိယနေရာလောက် မကောင်းဘူး)

"ကျောင်းအုပ်ကြီးအန်၊ ဂုဏ်ပြုပါတယ်။ လာမယ့်စာသင်နှစ်မှာ ဗဟိုပြည်နယ် အကယ်ဒမီက စီအဆင့်ကို ရောက်နေပြီ"

ကျောင်းအုပ်ကြီးဝေက ဂုဏ်ပြုစကား ပြောလိုက်သည်။

သာယာပြီး နားထောင်ကောင်းတဲ့ စကားကို ပြောလို့ စိတ်ဆိုးတဲ့သူ မရှိပါ။ ဒီလိုပြောလိုက်လျှင် ဗဟိုပြည်နယ်အကယ်ဒမီနှင့် သူ့ရဲ့ကြားက ဆက်ဆံရေး ပိုကောင်းလာမည်။ ဒါဆိုရင် အနာဂတ်မှာ ဖလှယ်ရေး အစီအစဉ်တွေ လုပ်ပါက ညှိနှိုင်းရတာ ပိုအဆင်ပြေလိမ့်မည်။

အန်ရှီဝေ မယုံကြည်နိုင်အောင် ဖြစ်နေသေးသည်။ ဒီပျော်ရွှင်မှုက အရမ်းကြီးမားလွန်းသည်။ သူမကို

ချီးကျူးတဲ့ ကျောင်းအုပ်ကြီးတွေက ပိုများလာသဖြင့် ဒီသတင်းက အမှားတော့ မဟုတ်နိုင်ပါ။

"ကျောင်းအုပ်ကြီး အန်၊ မင်းရဲ့ကျောင်းက ဆရာဆွန်းမိုက တောက်ပစွာ ဖျော်ဖြေခဲ့တာပဲ။ မဟာကိုးပါးထဲက ဘွဲ့ရတစ်ယောက် မဟုတ်တာ စိတ်မကောင်းစရာပဲ။ ဒီလိုမှမဟုတ်ရင် သူက ပိုတောင် နာမည်ကြီးလာအုံးမယ်"

ကျောင်းအုပ်ကြီးကျန်က သက်ပြင်းချရင်း ပြောလိုက်သည်။

ဒါက လွှမ်းမိုးမှုပါ။

ဥပမာ - တရုတ်စူပါလိဂ်က ကစားသမားတွေ ဘယ်လောက်ပဲ ကောင်းနေပါစေ ကမ္ဘာကျော် မဟုတ်ပါ။ ဒါပေမယ့် ပရီးမီးယားလိဂ်မှာ ရှိနေမယ်ဆိုရင်တော့ ကြီးမားတဲ့ အားသာချက်ကို ရပြီး အသင်းနဲ့ အံဝင်ဖြစ်အောင် လုပ်ဆောင်နိုင်မယ် ဆိုရင် ချက်ခြင်းထင်ပေါ်လာပြီး တန်ဖိုးကလဲ သိသိသာသာ တိုးတက်လာလိမ့်မည်။

“ကျောင်းအုပ်ကြီး ကျန်က သူ့ကို အရမ်းချီးကျူးနေတာပဲ။ ဆရာဆွန်းမှာ တိုးတက်ဖို့ လိုအပ်နေတဲ့ ကဏ္ဍတွေ အများကြီး ရှိသေးတယ်”

အန်ရှီဝေသည် နှိမ့်ချစွာ ပြန်ဖြေလိုက်သော်လည်း စိတ်ထဲတွင် အရမ်းကျေနပ်နေသည်။

သူမရဲ့ငယ်ချစ်လေးက နောက်ထပ်တစ်ကြိမ် အံ့အောသင့်စေခဲ့ ပြန်ပြီ။ သူမ အဖိုးရဲ့ သုံးသပ်ချက် တကယ်ကို တိကျလွန်းသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည်ညို (၃,၅၇၀/၁၀,၀၀၀)

"ကျောင်းသားအသစ်အဖွဲ့ကသာ ဒုတိယနေရာကို တကယ်ရမယ်ဆိုရင် ဒီနှစ်မှာ စီ အဆင့်ကို တကယ်တက်နိုင်လိမ့်မယ်"

ဇူတန် အရမ်းပျော်သွားသည်။ သူတို့ကျောင်း အဆင့်မြင့်လေ၊ ဘွဲ့ရတွေရဲ့ တန်ဖိုး မြင့်လေ ဖြစ်သည်။

"ကျောင်းအုပ်ကြီးတွေက ဂုဏ်ပြုစကား လာပြောကြတဲ့အတွက် မမှားနိုင်ဘူး"

ရှူတန်အီ အရမ်း စိတ်လှုပ်ရှားသွားသည်။

ကူကွန်ကတော့ မျက်နှာတော်တော် ပျက်နေသည်။

ရှာရီသည် ဒီမြင်ကွင်းကို မြင်ပြီး ဘာပြောရမှန်း မသိတော့ပါ။ (ဆွန်းမိုကို မလေးမစား မလုပ်ဖို့ ငါမပြောခဲ့ဘူးလား။ မင်းရဲ့သတ္တိကို ငါ မယုံနိုင်ဘူး။ အခုကိစ္စကြောင့် မင်းတော့ ဒုက္ခရောက်တော့မှာပဲ)

"ကူကွန်"

ချိုင်တန်က ခေါ်လိုက်သည်။

ကျောင်းသားတွေ အကုန်လုံးကလည်း ချက်ခြင်း လှည့်ကြည့်ကြသည်။ အစောပိုင်းတုန်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့နှစ်ယောက်ရဲ့ ငြင်းခုန်မှုကို အားလုံး ကြားနေရသည်။

“ငါ့ဖိနပ်ကို မင်းအတွက် ထားခဲ့မယ်”

ချိုင်တန်က ပြုံးရင်း ပြောလိုက်သည်။

*ဆရာဆွန်းက ငါ့ကို တကယ် စိတ်မပျက်စေဘူးပဲ)

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည်ညို (၁,၃၂၀/၁၀,၀၀၀)

“............”

ကူကွန် ပါးစပ် တလှုပ်လှုပ်ဖြစ်နေပြီး ဘာမှပြန်မပြောနိုင်ပါ။ ဒီလိုအခြေအနေမျိုးမှာ ကျောင်းသားအသစ်အဖွဲ့ရဲ့ လုပ်ဆောင်ချက်သည် အရမ်းကောင်းမွန်ကြောင်းကို အရှုံးတောင်သိသည်။ ဒီလိုမှမဟုတ်ရင် ကျောင်းအုပ်ကြီးတွေက လာပြီး နှုတ်ဆက်ကြမှာ မဟုတ်ပါ။

ဒီမြင်ကွင်းကို မြင်ပြီး ကျောင်းသားအားလုံး စိတ်လှုပ်ရှားသွားကြသည်။ ကူကွန်သည် ဆွန်းမို ရဲ့အမိပွဲါယ်ကို ဖွင့်ဆိုဖို့ ယုတ္တိဗေဒနည်းကို အသုံးပြုခဲ့သော်လည်း ကြီးမားတဲ့

အမှားဖြစ်သွားသည်။ ဆရာဆွန်းက ချိုင်တန် ပြောခဲ့သလိုပဲ မဖြစ်နိုင်တာကို ဖြစ်နိုင်အောင် လုပ်ပေးနိုင်တဲ့ လူတစ်ယောက်ပဲ။

"ရှီဝေ၊ ငါနေလို့ မကောင်းလို့ ဟိုတယ် အရင်ပြန်ပြီး နားတော့မယ်"

လျှို့မူဘိုင် မကြားချင်တော့ပါ။ ဗဟိုပြည်နယ်အကယ်ဒမီသည် အခုနှစ်တွင် 'စီ' အဆင့်ကို တက်ခွင့်ရနိုင်ခြေ များနေသောကြောင့် ကျောင်းအုပ်ကြီးများ လာလည်ကြမှန်း သူသိနေသည်။ ပြီးတော့ ခရက်ဒစ်အများစုက ဆွန်းမို လက်ထဲ

ရောက်နေသည်။ ဒီအရာက တော်တော်ကို မကျေနပ်စရာပဲ။

(ငါက အဓိက ဦးဆောင်တဲ့လူပါ)

လှျိုမူဘိုင် လက်သီးဆုပ်ထားသည်။ (စောင့်ကြည့်လိုက်၊ တတိယအချီမှာ ငါ့ရဲ့ လုပ်ဆောင်ချက်ကြောင့် မင်းတို့အားလုံး အံ့အောသင့်သွားစေရမယ်)

လှျိုမူဘိုင် ထွက်သွားတာကို ကြည့်ရင်း ရှုတန်အီ အနည်းငယ် စိတ်ပျက်သွားသည်။

“ဆရာလျှို့ရဲ့သုံးသပ်ချက်က မှားတဲ့ အချိန်လည်း ရှိတာပဲ”

ရှုတန်အီး၏ စိတ်ထဲတွင် ချင်လင်ကျောက်စိမ်းအမြွာထဲက တစ်ယောက်လို့ လူသိများတဲ့ လျှို့မူဘိုင်သည် ပြည့်စုံပြီး ဘာမဆို လုပ်ဆောင်နိုင်မယ်လို့ ထင်ထားခဲ့သည်။ ဒါပေမယ့် အခုတော့ သူတကကယ ် မှားသွားပြီ။

“ဆရာလျှို့ရဲ့ သုံးသပ်ချက်က မမှားဘူး။ ဆရာဆွန်းက အရမ်းသန်မာလို့ပဲ”

ဖန်ယန်က တရားမျှတစွာ ပြောဆိုလိုက်သည်။ သူတို့မှာရှိတဲ့ အကန့်အသတ်နဲ့ ရတဲ့ အချက်အလက်တွေအရ ကောက်ချက်ချမယ်ဆိုရင် ကျောင်းသားအသစ်အဖွဲ့က ဒုတိယနေရာ ရမယ်လို့ ဘယ်သူမှ မထင်ထားခဲ့ပါ။

ဘာဖြစ်လို့လဲဆိုတော့ ကျောင်းပေါင်း ၁၀၈ကျောင်းရဲ့ ဒုတိယ နေရာ ဖြစ်နေသည်။

နောက်ဆုံးအဆင့် အနည်းငယ်အတွင်းက ကျောင်းများနဲ့ တိုက်ခိုက်နိုင်သေးသည်။ သို့သော်လည်း ထိပ်တန်းကျောင်း

နှစ်ဆယ်ထဲမှာတော့ သူတို့ရဲ့ ကိုယ်စားလှယ် ဆရာအများစုသည် မဟာကိုးပါးမှ ဆရာများ ဖြစ်သည်။

....

ကျောင်းအုပ်ကြီး အားလုံးကို ကိုင်တွယ်ပြီးနောက် အန်ရှီဝေသည် မေပယ်တစ်ထောင်သို့ တန်းပြန်သွားသည်. သူမ ဝင်သွားတာနဲ့ သူ့ဌေးလဲ့ ချက်ခြင်း ရောက်လာသည်။

“ကျောင်းအုပ်ကြီး အန်၊ ပြန်ရောက်လာပြီလား။ ဂုဏ်ပြုပါတယ်။ မင်းရဲ့ လေးစားရတဲ့ကျောင်းက

ဒီနှစ်မှာ 'စီ' အဆင့်ကို သေချာပေါက် တက်နိုင်လိမ့်မယ်"

သူဌေးလဲ့ အရမ်းပျော်နေသည်။ ဇဟိုပြည်နယ်အကယ်ဒမီ ရလဒ်ကောင်းရတာနဲ့ တပြိုင်နက် သူဟိုတယ်ရဲ့ ကျော်ကြားမှုကလည်း သေချာပေါက် မြင့်တက်လာလိမ့်မည်။

"တတိယအချီ ရှိပါသေးတယ်"

အန်ရှီဝေ မပေါ့ဆ ရဲပါ။

"ကျောင်းအုပ်ကြီး အန်က နှိမ့်ချနေပြန်ပြီ"

သူဌေးလဲ့က ရင်းနှီးစွာပြုံးလိုက်သည်။

"လူတိုင်းက အလုပ်ကြိုးစားခဲ့ပြီးပြီ။ မင်းတို့တွေ ရေငတ်ပြေအောင် သစ်သီး ဖျော်ရည် ဖျော်ထားတယ်"

သူဌေးလဲ့က ကျောင်းသားများအတွက် သစ်သီးဖျော်ရည် တစ်ခွက်ဆီ ယူလာပေးရန် ဝန်ထမ်းများအား လက်ဟ့ယမ်းပြီး အချက်ပြလိုက်သည်။

"သူဌေးလဲ့က အရမ်းစဉ်းစားပေးတတ်တာပဲ"

အန်ရှီဝေက သူ့ကို ကျေးဇူးတင်စကား ပြောလိုက်သည်။ သို့သော်လည်း သူမ ကျောင်းရဲ့

လုပ်ဆောင်ချက် မကောင်းမွန်ရင် ဒီလိုဆက်ဆံခံရမည် မဟုတ်ကြောင်း သူမသိနေသည်။

ရေချိုးပြီးနောက် အန်ရှီဝေသည် လျှောင်ရန်ဆီ အရင်သွားလိုက်သည်။ ကျောင်းက လျှော်ကြေးငွေ အများကြီး ပေးပြီး လစဉ်လတိုင်း လစာပေးအုံးမည်။ နောင်တွင်လည်း ကောင်းမွန်တဲ့ ဘဝနဲ့ နေရမယ်လို့ ကျောင်းက အာမခံသည်။

လျှောင်ရန်၏ အနာဂတ် ကလေးများကိုလည်း ဗဟိုပြည်နယ် အကယ်ဒမီက အခမဲ့ သင်ကြားခွင့် ပေးမည်။

ပြောရကြေးဆိုလျှင်တော့ ဗဟိုပြည်နယ် အကယ်ဒမီသည် ဆွန်းမိုကြောင့်သာ ငွေအများကြီး ရနေခြင်းဖြစ်သည်။

ဆွန်းမိုကို ပိုင်ဆိုင်ရသဖြင့် အခြား အကျိုးကျေးဇူးများ ရနေကြောင်း သူမ သိနေသည်။

"တ…တကယ်တော့ ကျွန်တော်က ဘာမှမလုပ်ခဲ့ဘူး"

အန်ရှီဝေက ယဉ်ယဉ်ကျေးကျေး ပြောနေတဲ့အချိန်တွင် လျှောင်ရန်၏ မျက်နှာပေါ်မှာ ရှက်တဲ့ အမူအရာ ပေါ်နေသည်၊

"အမှန်အတိုင်းပြောရရင် အရာအားလုံးက ဆွန်းမိုကြောင့်ပဲ။ သူက ကျောင်းသားအသစ်အဖွဲ့ကို ဒီလိုအမြင့်ရောက်အောင် ဦးဆောင်ခဲ့တဲ့လူပဲ"

လျှောင်ရန်သည် ငယ်ရွယ်ပြီး မျက်နှာလိုချင်တဲ့သူ ဖြစ်သည်။ ဒါပေမယ့် သူ မလုပ်ခဲ့တဲ့ အရာတွေအတွက် အရေထူပြီး မတောင်းဆိုချင်ပါ။

"ပြိုင်ပွဲမှာ ဆရာလျှောင်ရဲ့ ဆန္ဒကကို အကြီးအမားဆုံး အကူအညီ ဖြစ်နေပြီ"

အန်ရှီဝေ စကားပြောကောင်းတာကြောင့် လျှောင်ရန်သည် နွေရာသီ လေဦးကဲ့သို့ သက်တောင့်သက်သာ ရှိပြီး လန်းဆန်းသွားသည်။

“ကျောင်းအုပ်ကြီးအန် ၊မျက်နှာပူပူနဲ့ ပြောရအုံးမယ်။ အရင်ကတော့ ဆရာဆွန်းကို မင်းနဲ့ မထိုက်တန်ဘူး ထင်ခဲ့တယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ဆွန်းမိုက ကြီးမြတ်တဲ့ ယောကျာ်းတစ်ယောက်လို့ ခံစားရတယ်”

“ဆွန်းမိုက ငါနဲ့ မထိုက်တန်ဘူးလို့ တစ်ခါမှ မခံစားရ ဖူးဘူး”

အန်ရှီဝေက ပြုံးရင်း ပြန်ဖြေလိုက်သည်။

"ဆရာလျှောင် ၊ မင်းသွားပြီး အနားယူသင့်တယ်"

....

အန်ရှီဝေသည် ညှော့ခန်းထဲမှ ထွက်လာပြီးနောက် သက်ပြင်းခပ်လေးလေး တစ်ချက် ရှိုက်လိုက်မိသည်။ (ဆွန်းမိုရဲ့ စွမ်းဆောင်ရည်က အကြွင်းမဲ့ ကောင်းနေတဲ့ပုံပဲ။ သူ့ကို လျှောင်ရန်က လုံးဝယုံကြည်နေတယ်)

အဲဒီနောက် အန်ရှီဝေသည် ကူရှုပ်ရှင်း၏ အခန်းသို့သွားလိုက်သည်။ ဆွန်းမိုရဲ့ကောင်းကြောင်း ထပ်ကြားရပြန်သည်။

နာကျင်မှု တပ်မက်သူလေးသည် အန်ရှီဝေကိုကိုးကွယ်ပြီး အစ်မကြီး တစ်ယောက်လို ဆက်ဆံသည်။ သူမနဲ့ စကားပြောတဲ့အခါ စိုးရိမ်စိတ် မရှိဘဲ စိတ်ထဲက ရှိတဲ့အတိုင်း ထုတ်ပြောတတ်သည်။

“ဆွန်းမိုက တကယ်ကို အထင်ကြီးဖို့ ကောင်းတယ်”

ကူရှူပ်ရှင်းက ပိုးစိုးပက်စက် သက်ပြင်းချလိုက်သည်။

"ဒါနဲ့ဆို မင်းပြောတာ ငါးကြိမ်ရှိပြီ"

ဆွန်းမိုအကြောင်းကို ပိုလို့တောင်သိချင်လာသဖြင့် အန်ရှီဝေသည် လက်ဖက်ရည်တစ်ငုံသောက်လိုက်သည်။

ကူရှူပ်ရှင်းဆိုတာက မရီဒန်အကာယ်ဒမီက ထိပ်တန်း ဘွဲ့ရတစ်ယောက် ဖြစ်သည်။ သူမသည် အရင်ကတည်းက ပါရမီရှင် များစွာကို မြင်ဖူးခဲ့ပြီး သူမရဲ့ သုံးသပ်ချက်ကလည်း အရမ်း

ကောင်းမွန်သည်။ သို့သော်လည်း ဆွန်းမိုကို အရမ်းအထင်ကြီးနေသည်။

"ငါးကြိမ်ပဲလား"

ကူရှူပ်ရှင်း နှုတ်ခမ်းကွေးသွားသည်။ အဲဒီနောက် သူမက

"ဆွန်းမိုက တကယ် အထင်ကြီးစရာပဲ"

"..............."

ကူရှူပ်ရှင်း စကားမပြောနိုင် ဖြစ်နေသည်။ (ဆွန်းမိုကို အရမ်းသဘောကျ နေတာလား)

အဲဒီနောက်မှာတော့ မေးခွန်းတစ်ခု စဉ်းစားလိုက်သည်။

“ဒါဆိုရင် လှျိုမှုဘိုင်နဲ့ ဆွန်းမိုကြားမှာ ဘယ်သူက ပိုပြီး အထင်ကြီးဖို့ကောင်းလဲ”

“အမ်”

“ဒီမေးခွန်းက ဖြေရခက်တယ်”

ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ပြီး ပြန်ဖြေသည်။

အန်ရှီဝေက သူမရဲ့အဖြေကို တိတ်တဆိတ် စောင့်ဆိုင်းနေသည်။ ကူရှုပ်ရှင်းလို လူမျိုးသည်

မတွေးဘဲ စကားမပြောတတ်တာကို သူမ သိနေသည်။ သူမ တစ်ခုခု ပြောပြီဆိုတာနဲ့ ယုတ္တိရှိရမည်။

"ဆရာ လျှို့အကြောင်းတော့ အများကြီး မသိဘူး။ မရိဒန်အကယ်ဒမီက ကျောင်းသူတစ်ယောက်အနေနဲ့ ဖန်ဝူဂျီအကြောင်း ကောင်းကောင်း သိတယ်"

ကူရှုပ်ရှင်းက ပြောလိုက်သည်။

"ဆက်ပြောပါအုံး"

ကူရှုပ်ရှင်းရဲ့ ဆိုလိုရင်းကို အန်ရှီဝေ နားလည်သည်။ ဖန်ဝူဂျီနှင့် လျှို့မူဘိုင်ကို ချင်လင်မြို့ရဲ့

ကျောက်စိမ်းအမွှာလို့ ခေါ်ကြသည်။ သူတို့ရဲ့ ခွန်အားနှင့် အရည်အချင်းက နှိုင်းယှဉ်နိုင်သည်။

"ဖန်ဝူဂျီရဲ့ သင်ကြားရေးစွမ်းရည် ဒါမှမဟုတ် ကိုယ်ပိုင်ခွန်အားက အရမ်းအထင်ကြီးဖို့ ကောင်းတယ်။ သူ့ရဲ့ သင်ယူမှု အရည်အချင်းကလဲ အရမ်းအံ့အောဖို့ကောင်းတယ်။ သူ့ရဲ့အလုံးစုံ အရည်ချင်းကို ခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် အရမ်းမြင့်မားပြီး တခြားလူ စိတ်ပျက် သွားစေနိုင်တယ်"

"ပါရမီရှင်တွေက ဒီလိုမျိုးပဲ။ သူတို့က တခြားလူတွေကို သိမ်ငယ်စိတ်ပေးနိုင်တယ်။ တခြားသူတွေကလည်း သူတို့ကို ကြည့်လိုက်ရင် မြင့်မားတဲ့တောင်ကြီး တစ်တောင်ကို ကြည့်နေသလိုမျိုး ခံစားနေရမယ်"

ကူရှုပ်ရှင်းသည် ကျောင်းသားဘဝတုန်းက ဖန်ဝူဂျီကို အရမ်းသဘောကျခဲ့သည်။ သို့သော်လည်း သူ့အပေါ်ကို ကိုးကွယ်တဲ့ခံစားချက်တော့ မဖြစ်ခဲ့ပါ။ အထူးသဖြင့် ဆရာဖြစ်လာပြီးတဲ့ နောက်ဖြစ်သည်။ သူ့ကို သဘောကျတဲ့ ခံစားချက်က ပိုပေါ့ပါးလာသည်။

ကူရှုပ်ရှင်းသည် ဖန်ဝူဂျီ လုပ်သမျှကို သူမလည်း လိုက်လုပ်နိုင်မယ်လို့ ခံစားရသည်။

အန်ရှီဝေသည် ကူရှုပ်ရှင်းကို ကြည့်ပြီး ကျေနပ်အားရစွာ ရယ်မောလိုက်သည်။ ဒီအချက်ကလည်း ကူရှုပ်ရှင်းကို အလေးစားဆုံး အချက်ဖြစ်သည်။ သူမက သူမကိုယ်သူမ တိုးတက်အောင် အမြဲကြိုးစားနေလိမ့်မည်။ သူမသည် အခြားသူများထက် နှိမ့်ကျနေသဖြင့် တစ်ခါတစ်လေ မောပန်းပြီး စိတ်ပျက်သွားတတ်တာက သဘာဝ

ဖြစ်သော်လည်း သူမ ပစ်မှတ်ထားတဲ့ အထွဋ်အထိပ်အထိ မရောက်သဉ် မရပ်တန့်တတ်ပါ။

"ပြီးတော့ ဆွန်းမိုကျတော့ သူ့ကို လုံးဝမြင်နိုင်ပြီလို့ ထင်တဲ့ အချိန်ကျရင် နောက်ထပ်အရည်အချင်း တစ်ခု ထုတ်ပြလိမ့်မယ်။ ဘာမဆို လုပ်နိုင်တဲ့ လူတစ်ယောက်နဲ့ တူတယ်။ သူ့ကို ဘယ်အရာမှ မတားဆီးနိုင်သလိုပဲ"

ကူရှပ်ရှင်းက ဆွန်းမိုနဲ့သူမရဲ့ အတွေ့အကြုံကို ပြန်ပြောပြသည်။

ဒီကောင်က အမြဲတမ်း ဆန်းသစ်တဲ့အမြင်ကို ပေးလိမ့်မည်။ ပြီးတော့ သူ့ရဲ့ တွေးခေါ်မှု လမ်းကြောင်းသည် အခြားသူများနှင့် လုံးဝ မတူဘဲ လမ်းအသစ်ကို ဖောက်သွားလိမ့်မည်။

ဆွန်းမို ရရှိခဲ့တဲ့ ပညာရေးနှင့် ကြီးပြင်းလာတဲ့ နောက်ခံ အခြေအနေသည် အလယ်ကမ္ဘာပြည်နယ်ကိုးခုနှင့် လုံးဝ ကွဲပြားနေသဖြင့် မထူးဆန်းတော့ပါ။

ဒါက အရှေ့တိုင်းနှင့် အနောက်တိုင်းက ကျောင်းသားတွေလိုပါပဲ။ ပြဿနာဖြေရှင်းတဲ့ ပုံစံနဲ့

ပက်သက်လာရင် တစ်ယောက်နဲ့ တစ်ယောက် မတူကြပါ။ အမှန်တကယ်လည်း နိုင်ငံခြားမှာ နှစ်အနည်းငယ် ပညာသင်ကြားလာတဲ့ ကျောင်းသားများသည် သူတို့ရဲ့ အမြင်များ ပြောင်းလဲသွားတာကို မြင်ရသည်။

"ဖန်ဝူဂျီက နောင်တစ်ချိန်မှာ ထူးချွန်ထက်မြတ်တဲ့ ဆရာတစ်ယောက် ဖြစ်လာမှာ ကျိန်းသေတယ်။ ဒါပေမယ့် ဆွန်းမိုမှာ တပြည့်တွေ ပိုများလိမ့်မယ်"

အဲဒီနောက် ကူရှုပ်ရှင်းသည် သူမရဲ့ စကားကို နိဂုံး ချုပ်လိုက်သည်။

"အမ်"

အန်ရှီဝေ မျက်ခုံးပင့်သွားသည်။

"ငါတို့ ဆရာတွေထဲမှာ သာမညသူတော်စင်ဒါမှမဟုတ် သူတော်စင် မဖြစ်ချင်တဲ့သူ ရှိလို့လား။ ဒါပေမယ့် ဆွန်းမိုမှာ အဲဒီစွဲလမ်းစိတ် မရှိဘူး။ သူက သာမန်ဆရာတစ်ယောက်အနေနဲ့ တပြည့်တွေကို သင်ပေးရတာ ကျေနပ်နေတဲ့ပုံပဲ"

ကူရှုပ်ရှင်း ကြောင်တောင်တောင် ဖြစ်သွားသည်။

ဒီနာကျင်မှု တပ်မက်သူလေးက တကယ်မှန်သည်။ ဆွန်းမိုသည် သူတော်စင်များရဲ့ကြီးမြတ်မှုကို

ငယ်စဉ်ကတည်းက ကြားခဲ့တဲ့သူ မဟုတ်ပါ။ ဒီလောကတွင် သူတော်စင်ဆိုတဲ့ စကားက ဘယ်အရာကို ကိုယ်စားပြုလဲဆိုတာ ကောင်းကောင်း မသိပါ။

သူ့စိတ်ထဲတွင် သူတော်စင်များသည် ကွန်ဖြူးရှပ်နှင့်သာ တူသည်။ သာမန် သူတော်စင်များကတော့ အတွေးအခေါ် ပညာရှင်များနဲ့ တူသည်။ (ဒီရှေ့ဟောင်းအတွေးအခေါ်ပညာရှင်) ကို

ဖတ်ဖူးတဲ့လူများက ရိုးရိုးသားသား ပြောရလျှင် တောက်ပမှုကို မလိုချင်တော့ပါ။

စိတ်လှုပ်ရှားဖို့ ကောင်းတဲ့ ဇာတ်ကောင်အကြောင်း ပြောရရင် ဇွန်ဇူ ဆိုတဲ့ နာမည်က ပွဲတင်သံ အထပ်ဆုံးဖြစ်သည်။ 'ကောင်းကင်နှင့် မြေကြီးကို ကြွံ့ကြွံ့ခံပြီး ပြည်သူတွေအတွက် ဘဝနဲ့ ကံကြမ္မာကို လုံခြုံအောင် လုပ်ဆောင်ရန်၊ ရှေ့ပညာရှိများရဲ့ ပျောက်ဆုံးသွားတဲ့ သွန်သင်ချက်များကို ပြန်လည် ဖော်ဆောင်ရန်၊ နောင်လာနောင်သားတွေအတွက်

ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် ဒီအကြောင်းတွေကို ဖတ်ရင်း သွေးတွေ ပွက်ပွက်ဆူလာနိုင်သည်။

အဲဒါက အကြောင်းအရာ သက်သက်ပဲ။

ရှေးခတ်မှာ ဧကရာဇ်ရဲ့ စာမေးပွဲကို အမှတ်တွေ အများကြီးနဲ့ အောင်မြင်အောင် သင်ယူပြီး တိုင်းပြည် တာဝန် ထမ်းဆောင်ဖို့ ၊ ပြည်သူတွေကို ကာကွယ်ပေးပြီး ကျတဲ့ တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်ဖို့။ ဒါပေမယ့် ဒီဖက်ခေတ်မှာတော့ လူတွေလေ့လာရတဲ့ အဓိက အကြောင်းပြချက်က အလုပ်ကောင်းကောင်း ရှာဖို့အတွက်ပဲ ဖြစ်သည်။

ခေတ်တွေ ပြောင်းသွားပြီ။

အခန်း (၃၇၀) - သူငယ်ချင်းဟောင်းနဲ့ ပြန်ဆုံခြင်း။

"ဆွန်းမိုက တခြားလူတွေနဲ့တကယ် နှိုင်းယှဉ်လို့မရဘူးလို့ ငါခံစားရတယ်"

ကူရှုပ်ရှင်းက ပြောလိုက်သည်။

လျှိုမူဘိုင်နှင့် ဆွန်းမိုတို့ကြား ချစ်သူရွေးချယ်ရပါက သူမသည် နောက်ဆုံးက တစ်ယောက်ကို ရွေးချယ်မိလိမ့်မည်။

အန်ရှီဝေ တိတ်ဆိတ်သွားသည်။ ငယ်ချစ်လေးအပေါ် သူမရဲ့နားလည်မှုက နည်းပါးလွန်းသည်။ သူမနှင့်မကြာခဏ နှလုံးသားခြင်း စကားပြောဖို့ လိုအပ်တဲ့ ပုံပဲ။ (ဒါပေမယ့် ငါက မိန်းကလေးလေ။ ဒီလို ကိစ္စမျိုးဆိုတာက ယောကျ်ားလေးဘက်က စသင့်တာ မဟုတ်ဘူးလား)

"ငါ့ရဲ့ ဆွဲဆောင်မှုက မလုံလောက်လို့ ဖြစ်မယ်"

အန်ရှီဝေသည် ရုတ်တရုတ် ယုံကြည်ချက် ကင်းမဲ့သွားသလို ခံစားရသည်။

....

ကူရှုပ်ရှင်း အခန်းထဲက ထွက်လာပြီးနောက် အန်ရှီဝေသည် ဆွန်းမိုကို လိုက်ရှာခဲ့သည်။

‘ကိစ္စရှိလို့လား”

ဆွန်းမိုက အခုလောလောဆယ်တွင် လီဇီချီနှင့် လုချီဟွာတို့အား ဝိညာဉ်သားရဲ ထိန်းချုပ်မှု အကြောင်းကို ဟောပြော ပို့ချနေသည်။

စိတ်ဝိညာဉ်ပုံသွင်းခြင်းသည် အနန္တစွမ်းအား မဟုတ်ပါ။ ဆွန်းမိုရဲ့လက်ရှိ ကျွမ်းကျင်မှုအဆင့်အရ သူသည် သတင်းအချက်အလက်များကို

ကျောင်းသားစိတ်ထဲသို့ မိနစ်သုံးဆယ်လောက် ထည့်သွင်းနိုင်သည်။

အသိပညာအမျိုးအစား အားလုံးသည် နှစ်ပေါင်း တစ်ထောင်ကျော်လောက် ဖွံ့ဖြိုးတိုးတက်လာပြီး ဘာသာရပ်တစ်ခု ဖြစ်လာခဲ့သည်။ နောက်ဆုံးတွင် သူတို့က ကျယ်ပြန့်တဲ့ အသိပညာ စနစ်တစ်ခု ဖြစ်လာခဲ့သည်။

ဆွန်းမို ပိုင်ဆိုင်ထားတဲ့အရာက မဟာအဆင့် ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းဖြစ်ပြီး အရာအားလုံးကို အလွတ်ကျက်မှတ်ရုံနဲ့ သင်ယူလို့ မရပါ။ ဆွန်းမိုက

ပတ်ဝန်းကျင်ရှိအရာများနဲ့ နှိုင်းယှဉ် ချိန်ဆပြီး လေ့လာထားသောကြောင့် အသိပညာသည် ကျယ်ပြန့်ပြီး လိုက်လျောညီထွေ ဖြစ်ကာ လွတ်လပ်စွာ အသုံးပြုနိုင်သည်။

ဥပမာ တစ်ခုပေးရလျှင် လူတစ်ယောက်က ဓါတုဗေဒ စာအုပ်ကို အလွတ်ကျက်ပြီး ဖော်မြူလာ အမျိုးမျိုးကို သင်ယူရင်း သေဆုံးသွားသည့် တိုင်အောင် ကျွမ်းကျင်မှုက အခြေခံ အဆင့်သာ ရှိသေးသည်။ ပြဿနာ အမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရင်း အသိပညာများ ထည့်သွင်း

အသုံးချခြင်း တွက်ချက်ခြင်းတို့ဖြင့် ပိုကျွမ်းကျင်လာနိုင်သည်။

ထုံးစံအတိုင်း ပြောပြောနေရင်းနဲ့ ဆွန်းမိုရဲ့ နားလည်မှုလည်း တိုးတက်လာသည်။

"ကျောင်းအုပ်ကြီး အန်"

လီဇီချီသည် အန်ရှီဝေကို နှုတ်ဆက်ရန် ကမန်းကတမ်း ထရပ်လိုက်သည်။

"မင်းတို့ ဆက်လုပ်ကြပါ"

အန်ရှီဝေက မိန်းကလေးနှစ်ယောက်ကို ခေါင်းညိတ်ပြလိုက်သည်။ အဲဒီနောက် ဆွန်းမိုဘက်သို့ ကြည့်ကာ

"ပြိုင်ပွဲရဲ့ ဒုတိယအချီမှာ မင်းရဲ့ လုပ်ဆောင်ချက်က အရမ်းထူးချွန်တယ်လို့ ကြားမိတယ်"

ဆွန်းမိုက ရိုးရိုးလေးပဲ အာရုံစိုက် နားထောင်နေသည်။

"အမ်"

ဆွန်းမိုရဲ့ တုန့်ပြန်မှုကိုကြည့်ပြီး လီဇီချီသည် မထိန်းနိုင်ဘဲ သူမနဖူးကိုသူမ ပြန်ရိုက်လိုက်မိသည်။

(ဆရာ၊ မင်းက တစ်ကိုယ်တည်း ဖြစ်ဖို့ မင်းအပြုအမူက လုံလောက်ပါတယ်။ သူမမေးတာကို မြန်မြန် ပြန်ဖြေလိုက်လေ။ မင်းက ဘာကို ဂရုစိုက်ပြီး နားထောင်နေတာလဲ)

“အမ်”

အန်ရှီဝေလည်း ဒါကို မမျှော်လင့်ထားပါ။ သူမ စီစဉ်ထားတဲ့ စကားတွေလည်း ပျောက်ကုန်သည်။ ကံကောင်းတာက ဆွန်းမိုရဲ့ လုပ်ဆောင်ချက်က

အရမ်းကောင်းမွန်နေသဖြင့် သူမမှာ အကြောင်းပြချက် အများကြီး ရှိနေသည်။

"ငါ မင်းကို ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ကျောင်းက 'စီ'အဆင့်တက်ဖို့ မျှော်လင့်ချက် ရှိနေပြီ"

"ဘာလို့ ငါ့ကို ကျေးဇူးတင်တာလဲ"

ဆွန်းမို အသံက တည်ငြိမ်နေသည်။

(အိုးနိုး၊ ငါစကားပြော မှားသွားပြီ)

အန်ရှီဝေသည် ကို့ကိုယ်ကို အပြစ်တင်လိုက်မိသည်။ ဆွန်းမိုက သူမနဲ့ စေ့စပ်ထားသဖြင့် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပိုင်ရှင်

တစ်ဝက်ဖြစ်သည်။ သူ့ကို ကျေးဇူးတင်စကား ပြောလိုက်ခြင်းက သူစိမ်းတစ်ယောက်ကို ဆက်ဆံနေသလို ဖြစ်နေသည်။

(ငါက ဒီလို အဓိပ္ပါယ်နဲ့ ပြောတာမဟုတ်ဘူး)

အန်ရှီဝေ ရှင်းပြချင်သော်လည်း ဆွန်းမိုက စကားပြန်ပြောနေပြီ။

“ငါက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဆရာတစ်ယောက်ပဲ။ ဒါက ငါလုပ်သင့်တဲ့ အရာပဲ”

ဆွန်းမိုရဲ့ တွေးခေါ်ပုံက အရမ်းရိုးရှင်းသည်။ (ဗဟိုပြည်နယ်အကယ်ဒမီမှ လစာရနေသောကြောင့်

ငါ့ရဲ့ တန်ဖိုးက လစာထက်ကျော်နေပါစေ အစွမ်းကုန် ကြိုးစားမည်။)

"အမ်'

အန်ရှီဝေ ကြောင်သွားသည်။ (ဒါက ဘာကိုဆိုလိုတာလဲ)။ ဒါပေမယ့် အဲဒီနောက်မှာတော့ သူမ အနည်းငယ် စိတ်ပျက်သွားသည်။ နောက်ဆုံးတော့ ဆွန်းမိုက သူမကို သူစိမ်းတစ်ယောက်လို့ သတ်မှတ်ထားသည်။

အနေရခက်စွာ စကားအနည်းငယ်ပြောပြီးနောက် အန်ရှီဝေ ထွက်သွားသည်။

သူမက စကြဲ်န်တွင်ရပ်ကာ တပြည့်တွေကို သင်ပေးနေတဲ့ ဆွန်းမိုရဲ့ အသံကို နားထောင်နေသည်။ အန်ရှီဝေသည် သူမနဲ့ စေ့စပ်ထားသူဖြစ်သောကြောင့် ဘယ်လောက်ပဲ အလုပ်များပါစေ ဆွန်းမိုကိုတော့ ပိုဂရုစိုက်သင့်တယ်လို့ ထင်သည်။

ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း စာချုပ်က အနည်းဆုံး ဆယ်မျိုးလောက်ရှိတယ်။ ဘယ်စာချုပ်ကိုပဲ သုံးပါစေ၊ အရေးအကြီးဆုံးကတော့ ဘေးကင်းဖို့ပဲ။ ဒါကို သတိထားပေးပါ။ သမိုင်းတစ်လျှောက်လုံးမှာ ဝိညာဉ်သားရဲ ထိန်းချုပ်သူတွေ ပေါ့ဆပြီး

အဖြစ်အပျက်များစွာ ဖြစ်ပေါ်ခဲ့ဖူးသည်။ ဝိညာဉ်သားရဲကို ကျွန်ပြုခိုင်းရမယ့်အစား သူတို့ရဲ့ အစာအဖြစ် အဆုံးသတ်ခဲ့ရသည်။

လုချီဟွာက ခေါင်းကုတ်နေပြီး စိတ်ပျက်အားငယ်နေတဲ့ ပုံစံ ဖြစ်နေသည်။ စာချုပ်တစ်ခု ဖန်တီးဖို့တောင် အရမ်းခက်သည်။ ရှေ့ဟောင်း ပြည်နယ်ကိုးခုရဲ့ ဘာသာစကားကို အသုံးပြုပြီး လုပ်ဆောင်ရမည် ဖြစ်သောကြောင့် ထုံးစံအတိုင်း သူမသည် တစ်ခုတောင် မမှတ်မိပါ။

ပြောချင်တာက ဝိညာဉ်သားရဲ ထိန်းချုပ်သူက ဘာကို ဆိုလိုတာလဲ။ ဝိညာဉ်သားရဲတွေနဲ့ ရိုးရိုးရှင်းရှင်းလေး ကစားရတာ မဟုတ်ဘူးလား။

"ဇီချီ"

ဆွန်းမိုက လီဇီချီ အာရုံပြောင်းသွားတာ သတိထားလိုက်မိသည်။

လီဇီချီတွေဝေနေသော်လည်း "ဆရာ၊ တတိယအချီကို ပြန်စဖို့ နှစ်ရက်ပဲ ကျန်တော့တယ်။ ကျောင်းအုပ်ကြီးနဲ့ လမ်းလျှောက်ပြီး အပန်းဖြေခရီး ထွက်သင့်တယ် ထင်တာပဲ"

"မလိုပါဘူး။ လမ်းလျှောက်ရင် ခြေထောက်တွေနာတယ်"

ဆွန်းမိုက တန်းငြင်းလိုက်သည်။

တစ်ကောင်တည်းသမားအနေနဲ့ အမျိုးသမီးများစွာနဲ့ လမ်းလျှောက်ဖူးသည်။ သူ့ရဲ့ မိဘတွေက ဘလိုင်းဒိတ် စီစဉ်ပေးသဖြင့် မိန်းကလေး အများကြီးနဲ့ လမ်းလျှောက်ခဲ့ဖူးသည်။

ကောင်မလေးနဲ့ လမ်းပေါ်မှာ ဟိုဟိုဒီဒီ လျှောက်သွားရင်း ထမင်းစားတယ်၊ ကောင်မလေးကို နှုတ်ခမ်းနီ လက်ဆောင် ဝယ်ပေးတယ်။ ဆွန်းမိုက

ချိန်းတွေ့မှု တော်တော်လေး အဆင်ပြေတယ်လို့ ခံစားရပေမယ့် နောက်ဆုံး သူအိမ်ပြန်ရောက်တဲ့ အချိန်တွင် စာတစ်စောင်ပဲရခဲ့သည်။ စာထဲမှာ ကောင်မလေးက သူတို့ မလိုက်ဖက်ဘူးဆိုတာပဲ ရေးထားသည်။

ဒီအတွေ့အကြုံကြောင့် နာနာကျည်းကျည်း ဖြစ်နေသည်။ ဒါကြောင့် တစ်ယောက်ယောက်က လမ်းပေါ်မှာ လျှောက်သွားဖို့ ပြောလာရင် အဆင်မပြေ ဖြစ်လာသည်။

အဲဒီအချိန်ကစပြီး ဆွန်းမို ဘလိုင်းဒိတ်ကို လုံးဝ ရပ်နားထားလိုက်သည်။ အချိန်ရရင် ဂိမ်းဆော့ ဒါမှမဟုတ် အောကား ကြည့်ရတာပဲ ပိုကြိုက်တော့သည်။

"..............."

လီဇီချီ စကားမပြောနိုင် ဖြစ်နေသည်။ (ဆရာ၊ စေ့စပ်ထားတာနဲ့ လက်ထပ်ဖို့ သေချာသွားပြီလို့ ထင်နေတာလား။ မင်းရဲ့ တဲ့တိုးဆန်တဲ့ လုပ်ရပ်ကြောင့် ဆရာအန် မကျေမနပ် ဖြစ်သွားနိုင်တယ်)

(နေပါအုံး၊ ဆရာက အန်ရှီဝေကို မကြိုက်လို့များ စေ့စပ်ပွဲ ပျက်အောင် လုပ်နေတာလား။ အဲဒါဆို ဆရာကြိုက်တဲ့ မိန်းမကို ယူလို့ရပြီ)

အန်ရှီဝေက မဆိုးပေမယ့် တကယ်လို့ လီဇီချီသာ သူမဆရာ အတွက်ဇနီး ရွေးပေးရလျှင် ပျော်ပျော်တတ်တဲ့လူကိုပဲ ရွေးပေးမိလိမ့်မည်။

ဒါပေမယ့် နောက်တစ်ခုက ဆရာသည် မိန်းကလေးတွေနဲ့ ဆက်ဆံတဲ့နေရာမှာ တော်တဲ့ပုံ မရှိဘူး။ သူမရဲ့ အစ်ကိုဝမ်းကွဲသည် ငယ်သေးသော်လည်း လက်အောက်ခံ

အမျိုးသမီးတွေနဲ့ အမျိုးမျိုး ကစားနေပြီ ဖြစ်သည်။ သူက ဘဝကို ပျော်ပျော်လေး ဖြတ်သန်းသည်။

သို့သော်လည်း သူမ အစ်ကိုဝမ်းကွဲရဲ့ ရုပ်ရည်မှာ သာမန်သာ ဖြစ်ပြီး သူမ ဆရာနဲ့ မယှဉ်နိုင်ပါ။ သူတို့ကို ကြည့်ရတာ ကမ္ဘာခြားနေသည်။

“ငါ့ အစ်ကိုဝမ်းကွဲကပဲ လူတွေကို ချော့တဲ့နေရာမှာ အရမ်း အတွေ့အကြုံများနေလို့လား”

လီဇီချီ သုံးသပ်နေသည်။ သူမရဲ့ အစ်ကိုဝမ်းကွဲက စကားလုံးလေးတွေနဲ့လမ်းကြောင်း ခင်းတတ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအခြေအနေကို ဆွန်းမိုသိရင်တောင် ခွဲခြမ်းစိတ်ဖြာဖို့ စိတ်မဝင်စားပါ။ ဘာဖြစ်လို့လဲဆိုတော့ လီဇီချီရဲ့ အစ်ကိုဝမ်းကွဲသည် ဝက်တစ်ကောင်လို ဖြစ်နေရင်တောင် သူ့အတွက် မိန်းမ မရှားပါ။

(မင်းမျိုးမင်းနွယ်တွေရဲ့ အဆင့်အတန်းက အတုအယောင်လို့ မင်းထင်နေတာလား)

ဒုတိယမျိုးဆက် တော်ဝင်ကလေးများသည် အရာရှိများ၏ သား၊ သမီးများနှင့် ယှဉ်လျှင် တဆင့်ပိုမြင့်သေးသည်။

....

ဆွန်းမို၏ တပြည့်ခြောက်ယောက်ထဲတွင် လီဇီချီက သင်ပေးရန် အခက်ဆုံးဖြစ်သည်။ ဘာကြောင့်ဆို သူမက အရာအားလုံးကိုသင်ယူနိုင်ပြီး ဘာသာအမျိုးမျိုးအတွက် ကိုယ်ပိုင်အယူအဆတောင် ရှိသည်။ သူမကို မေးခွန်းများတဲ့ မိန်းကလေးလို့တောင် သတ်မှတ်နိုင်သည်။

သို့သော်လည်း သူမသည် သင်ပေးဖို့ အကောင်းဆုံးဖြစ်နေသည်။ သူမသည် တိုက်ခိုက်ရေး

စွမ်းရည် အားနည်းတာကလွဲလျှင် ကျန်တဲ့အရာများကို လျှင်လျှင်မြန်မြန် သင်ယူနိုင်သည်။

ရှန်ယွန်ပေါင်က အကောင်းဆုံးဖြစ်သည်။ မြက်ခင်းမီးတောက် လေပြင်း လုံ့ကျင့်စဉ်ကလွဲလျှင် ကျန်တဲ့အရာများကို သင်ယူဖို့ စိတ်မဝင်စားပါ။

ထန်ထန်ယုထန်ကတော့ 'သိပ်မကြာခင်သေတော့မယ်ဆိုပြီး' ဆင်ခြေ ပေးလေ့ရှိသည်။ သူ့မှာ အချိန်ရှိသ၍ ဆေးပညာကို သုတေသနလုပ်ပြီး လေ့လာနေတတ်သည်။ ဒါကြောင့်လည်း ဆွန်းမိုက အပင်ဆိုင်ရာ ဗဟုသုတ အားလုံး မျှဝေပေးခဲ့သည်။

လုချီဟွာက ကစားရတာ ချစ်ပြီး သင်ယူရတာကိုလည်း နှစ်သက်သည်။ သို့သော်လည်း သူမရဲ့ အာရုံစိုက်နိုင်မှု အပိုင်းက အရမ်းအားနည်းသဖြင့် အာရုံမစိုက်နိုင်ပါ။ ကံကောင်းတာက သူမသည် အရမ်းအလုပ်ကြိုးစားတဲ့ လူ ဖြစ်နေသည်။ ပြီးတော့ လီဇီချီ နောက်လိုက်ပြီး မေးခွန်းများကို မကြာခဏ မေးတတ်လေ့ ရှိသည်။

အင်ဘိုင်ဝူကတော့ ဆင်းရဲလာခဲ့တဲ့အတွက် စိတ်ဒဏ်ရာများ ရှိသည်။ ဒါကြောင့် နောင်တစ်ချိန်တွင် ပိုက်ဆံ ရှာနိုင်မည့်

စွမ်းရည်များကိုသာ သင်ကြားဖို့ စိတ်အား ထက်သန်သည်။

ဆွန်းမိုက သူတော်စင်အဆင့် ကျင့်စဉ်များကို သင်ကြားပေးရတာ စိတ်ထဲ မထားသော်လည်း လေးပစ်ခြင်း နယ်ပယ်တွင် သူမက အရည်အချင်း ရှိနေသဖြင့် လေးပစ်ခြင်းအပေါ်ကို အာရုံစိုက်ရန် အကြံပြုထားသည်။

နောက်ဆုံးတစ်ယောက်ကတော့ ချန်လုံပဲ။ သူ့ရဲ့ ခန္ဓာကိုယ်ကြောင့် ကျင့်ကြံဖို့ အကြံမပေးခဲ့ပါ။

သို့သော်လည်း ချန်လုံသည် ဆွန်းမိုရဲ့ အမိန့်များကို လုံးဝ မလိုက်နာခဲ့ပါ။

ဆွန်းမိုရဲ့ ဝိညာဉ်တက်တူး ကျွမ်းကျင်မှု အရင်ကထက် အဆင့်ပိုမြင့်နေတယ်လို့ သတ်မှတ်နိုင်သည်။ သို့သော်လည်း ချန်လုံကိုယ်ပေါ်က ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးများနဲ့ ပက်သက်ပြီး ဘာမှမတတ်နိုင်သေးပါ။ ဆွန်းမိုရဲ့ ခန့်မှန်းချက်အရတော့ အဲဒါသည် ရှေ့ခေတ် ဝိညာဉ်တက်တူး ဒါမှမဟုတ်

ဝိညာဉ်တက်တူးမဟာသခင်က အထူးပြုလုပ်ထားတဲ့ ဝိညာဉ်တက်တူး ဖြစ်နိုင်သည်။

ကျောင်းသားများကို သင်ကြားပေးတဲ့နေရာတွင် နတ်ဘုရားမျက်စိအာရုံသည် အကောင်းဆုံး ကိရိယာ တစ်ခုဖြစ်တယ်ဆိုတာ သတိထားမိသည်။ အဲဒါနဲ့ဆို ကျောင်းသားရဲ့ အခြေအနေကို အချိန်မရွေး စောင့်ကြည့်နိုင်သည်။ သွေ့ဖယ်သွားတာနဲ့ တပြိုင်နက် ဆွန်းမိုက သူတို့ကို အချိန်မှီ ပြုပြင်ပေးနိုင်သည်။

....

"ဆွန်းမို၊ မင်းက ဆရာအားလုံးအတွက် တကယ့်စံနမူနာပဲ"

ဂျီမဲဂျဲက သူ့ကို လာရှာသည်။

"ဆရာဂျီ"

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။ သူမကို မတွေ့ရတာ ရက်တော်တော်ကြာနေပြီ။ သူမ မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်တဲ့ အရိပ်အယောင်များ ပေါ်နေသည်။ သူမရဲ့ အသံကလည်း အားနည်း ပုံဖြစ်နေသည်။

"မင်း ဒဏ်ရာရထားတာလား"

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို အသုံးပြုလိုက်သည်။

အချက်လက်များတွင် ဂျိမ်ဂျဲက လက်ဖဝါးနဲ့ အရိုက်ခံရပြီး နှလုံးနှင့် အဆုတ်များ ဒဏ်ရာရနေကြောင်း ဖော်ပြထားသည်။

“ငါ ဆရာဝန်နဲ့ စစ်ဆေးပြီးသားပါ။ ပြဿနာ မရှိပါဘူး။ သုံးရက်ကြာရင် ပြန်ကောင်းလာလိမ့်မယ်”

ဂျိမ်ဂျဲက အရေးပါတဲ့ ကိစ္စမဟုတ်သလို ဟန်ဆောင်ပြုံးလိုက်သည်။ ဒီလိုဖြစ်အောင် လုပ်ခဲ့တဲ့သူကလည်း ခေါင်းဖြတ်ခံရပြီး

သနားစရာကောင်းတဲ့ သေခြင်းနဲ့ ရင်ဆိုင်သွားပြီ ဖြစ်သည်။

သို့သော်လည်း သူမ စုဆောင်းဖို့အတွက် အရိုးတစ်ချောင်း ပြန်မယူနိုင်ခဲ့တာက စိတ်မကောင်းစရာပါ။

"ဆရာဂျိ၊ စိတ်မရှိဘူးဆိုရင် ၊ မင်းဒဏ်ရာ သက်သာလာအောင် ငါကူညီပေးနိုင်တယ်"

ဆရာဂျိသည် ပြိုင်ပွဲဝင်နေတဲ့ ဆရာတစ်ယောက် ဖြစ်သည်။ ဒါကြောင့်လည်း ဆွန်းမိုသည် သူမကို အကောင်းဆုံး အခြေအနေမှာရှိပြီး

ဗဟိုပြည်နယ်အကယ်ဒမီကို ရလဒ်ကောင်းအောင် ကူညီပေးရန် မျှော်လင့်သည်။

"ဆရာဆွန်း၊ ဖုံးကွယ်ထားတာ မဟုတ်ပါဘူး။ ဒီတစ်ခေါက် လာရှာတာက မင်းကို အကူအညီ တောင်းချင်လို့ပဲ။ ငါ့ကို နတ်ဘုရားလက်အသုံးပြုပြီး နှိပ်ပေးလို့ ရမလား"

ဂျိမဲဂျဲက ဝေ့ဝိုက်မနေဘဲ တိုက်ရိုက် မေးလိုက်သည်။

သိပ်မကြာခင် သူတို့နှစ်ယောက်သည် အခန်းထဲသို့ ရောက်သွားသည်။

ဂျိမဲဂျဲက ကုတင်ပေါ်သို့ ပေါ့ပေါ့ပါးပါး တက်လိုက်သည်။

ဂျိမဲဂျဲကို တစ်ချက် ကြည့်လိုက်ပြီး ဆွန်းမိုသည် ဂျင်းနီအစား သူကိုယ်တိုင် ဝင်နှိပ်လိုက်ချင်သည်။

သို့သော်လည်း သူအတွေးလွန်နေတာ သိသာသည်။ ဂျင်းနီပေါ်လာပြီးနောက် ဂျိမဲဂျဲကို တစ်ချက်ကြည့်ကာ တံတွေးထွေးထုတ်လိုက်သည်။ ဘေးဘက်သို့ ရှောင်ထွက်သွားကာ လက်ပိုက်ပြီး အကြည့်လွှဲနေသည်။

"………………"

ဂျိမဲဂျဲသည် တစ်ယောက်ယောက်ကို ရိုက်ချင်စိတ်ပေါက်နေသည်။

“ဒါဆိုလည်း ငါမင်းကို စော်ကားရတော့မယ်”

ဆွန်းမိုက လက်ချောင်းချိုးရင်း ပြောလိုက်သည်။ အဲဒီ ဂျိမဲဂျဲ ကိုယ်ပေါ် လက်တင်ကာ အားအနည်းငယ် စိုက်လိုက်သည်။

အမ်

ဂျိမဲဂျဲ ချက်ခြင်းကို ဖိမ်ကျသွားသည်။

သူမက ပိုင်ရှင်နှိပ်ပေးတာ ကြိုက်တဲ့ အမွေးပွ ကြောင်တစ်ကောင်လို မျက်လုံး မှိတ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခံစားရတာ အရမ်းကောင်းသဖြင့် ခြေထောက်တွေတောင် တုန်နေသည်။

"ဆရာဂျို ပက်လက်လှန်ပေးလို့ ရမလား"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ဂျိုမဲဂျဲက ခန္ဓာကိုယ်ကို လှန်လိုက်သည်။ အဲဒီနောက်ခြေတွေ လက်တွေကို ဆန့်ပြီး ကုတင်ပေါ်မှာ လှဲနေသည်။

သို့သော်လည်း ဆွန်းမိုရဲ့ မျက်လုံးများက သူ့မခန္ဓာကိုယ်ဆီ လျှောက်ရောက်မသွားပါ။

လက်ဖဝါးနဲ့ နှိပ်လို့ ခံစားရတဲ့ အထိအတွေ့များက သူ့ရဲ့ အကြည့်ကို ဆွဲဆောင်ထားသည်။

"ဆရာဂျီ၊ ဒီဒဏ်ရာနောက်ကွယ်က တိုက်ခိုက်မှုရဲ့စွမ်းအားက အရမ်းပြင်းထန်တယ်။ မင်းအရိုးနဲ့ စွမ်းအင် လမ်းကြောင်း ပျက်ဆီးသွားတယ်။ ဆယ်ရက်ကနေ တစ်လခွဲလောက် အနားမယူရင် အပြည့်အဝ ပြန်ကောင်းလာမှာ မဟုတ်ဘူး"

ဆွန်းမိုက သူမကို သတိပေးလိုက်သည်။

ဆွန်းမို၏ နတ်ဘုရားမျက်စိ အာရုံအောက်တွင် အာလုံးကို တိတိကျကျ သိနေရသည်။

“အဆင်ပြေပါတယ်”

ဂျိမဲဂျဲက ဒီလို ဒဏ်ရာမျိုး ရနေကြဖြစ်သည်။

“ဆရာဂျိ၊ မင်းဒဏ်ရာက အရမ်းပြင်းထန်တယ်”

ဆွန်းမိုက သူမကို နောက်တစ်ကြိမ် ထပ်သတိပေးလိုက်သည်။

ဂျိမဲဂျဲက မျက်လုံးဖွင့်လိုက်ပြီး

“အဆင်ပြေတယ်လို့ ငါပြောပြီးပြီလေ”

“အဆင်ပြေတယ်ဆိုတာ ဘာကိုပြောချင်တာလဲ”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး လေသံမာမာနဲ့ သတိပေးလိုက်သည်။

“အဓိက အောင်မြင်ခြင်းအဆင့်ထိ အောင်မြင်ထားတဲ့ သဲအဆိပ်ပါတဲ့ လက်ဖဝါးကြောင့် မင်းဒဏ်ရာ ရခဲ့တယ်။ အချိန်မှီ မကုသရင် ဖုံးကွယ်နေတဲ့ အတွင်းဒဏ်ရာတွေ ကျန်ခဲ့မယ်။ နောင်တစ်ချိန်ကျရင် မိုးရွာတာနဲ့ နာကျင်မှု ခံစားနေရမယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့ရဲ့ ပြိုင်ဘက်က သဲအဆိပ်လက်ဝါးကို အသုံးပြုခဲ့တယ်လို့တောင် ပြောလို့ရတယ်။ နတ်ဘုရားလက်က အထင်ကြီးစရာပဲ"

ဂျိမ်ဂျဲ အံ့အောနေသည်။ သဲအဆိပ်လက်ဝါးသည် ရှားပါးတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ဖြစ်ပြီး အဲဒီအကြောင်း ဆရာဝန် အနည်းငယ်သာ သိသည်။ ဆွန်းမိုက ချက်ခြင်း ဖော်ထုတ်နိုင်ခဲ့သည်။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၈၆၀/၁,၀၀၀)

အခန်း (၃၇၁) - နတ်ဘုရားလက်က တကယ် အံ့အောဖို့ကောင်းတာပဲ။

ပြိုင်ပွဲပြီးတဲ့နောက် ဂျီမဲဂျဲသည် ဆရာဝန်ဆီ သွားခဲ့သည်။ ဆရာဝန်က တစ်လခွဲလောက် အနားယူဖို့ ပြောပြီး ဒီကြားထဲတွင် တိုက်ပွဲ တိုက်လို့ မရကြောင်းပြောခဲ့သည်။ ဒီလိုမဟုတ်ပါက ဒဏ်ရာ ပိုဆိုးလာပြီး ဒဏ်ဖြစ်ကျန်ခဲ့မယ်လို့ ပြောသည်။

ဒါပေမယ့် ဂျီမဲဂျဲက ဘယ်လိုလုပ်နိုင်မှာလဲ။

သူမက အန်ရှီဝေရဲ့ ညာလက်ရုံးဖြစ်ပြီး ယုံကြည်စိတ်ချရတဲ့ အစ်မတစ်ယောက်လည်း

ဖြစ်သည်။ အန်ရှီဝေသည် ဗဟိုပြည်နယ်အကယ်ဒမီအတွက် အရမ်းအားစိုက်ထုတ်ပြီး ကြိုးစားနေတာ သူမသိနေသည်။ ဒါကြောင့်လည်း အန်ရှီဝေကို ကူညီချင်သည်။

တကယ်လို့ အန်ရှီဝေသာ ဒီအကြောင်းကို သိသွားခဲ့ရင် နောက်ဆုံးအချီ ပြိုင်ပွဲကို ပါခိုင်းမှာ မဟုတ်တော့ပါ။

“ဆရာဂျို၊ မင်းဘာတွေးလဲဆိုတာ ငါခန့်မှန်းလို့ရတယ်။ ဒါပေမယ့် ဒဏ်ရာနဲ့

ရောဂါကလည်း ဂရုစိုက်ဖို့ အရေးကြီးတယ်။ ဒီလိုမှမဟုတ်ရင် မင်းတစ်ဘဝလုံး နောင်တရနေလိမ့်မယ်”

ဆွန်းမိုက စိတ်ရင်းနဲ့ ပြောလိုက်သည်။

သူသည် အရင်ဘဝတုန်းကလည်း ဒဏ်ရာ အပြည့်အဝနဲ့ မသက်သာဘဲ ပြန်ကစားတဲ့ ဘောလုံးသမားတွေကို တွေ့ဖူးသည်။ သူတို့အားလုံး အဓိက ကစားသမားနေရာကို လက်မလွှတ်ချင်ကြပါ။ ဒါကြောင့်လည်း ဒဏ်ရာတွေ ထပ်ခါထပ်ခါရပြီး ငယ်ရွယ်တဲ့ဘဝမှာတင် အဆုံးသတ်သွားကြသည်။

နောက်ဆက်တွဲ ဆိုးကျိုးတွေရှိနေသဖြင့် လုံးဝ မပေါ့ဆသင့်ပါ။

"အဆိပ်သဲလက်ဝါးကြောင့် ဒဏ်ရာရတယ်ဆိုတာတောင် မင်းပြောနိုင်ရင် ကုသပေးနိုင်မလား"

ဂျိမ်ဂျဲက မေးလိုက်သည်။

"အနည်းငယ်တော့ ကုသပေးနိုင်တယ်"

ဆွန်းမိုသည် ဂျိမ်ဂျဲ၏ အရိုးနှင့် ကြွက်သား ထဲဝင်နေတဲ့ အဆိပ်ကို အရိုးအထိုင်ချခြင်းနှင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုကာ

ဖယ်ရှားပေးနိုင်သည်။ အဲဒါနဲ့ဆို အဆိပ်သဲလက်ဝါးရဲ့ နောက်ဆက်တွဲ ဆိုးကျိုးကို ဖယ်ရှားနိုင်သည်။

ပြီးတော့ လည်ပတ်ခြင်း နည်းစနစ်ကို အသုံးပြုပြီး စွမ်းအင်လမ်းကြောင်းကို ထပ်ဆောင်းပြုပြင်ပေးနိုင်သေးသည်။

“ဒါဆိုလည်း မင်းဘာကို စောင့်နေတာလဲ”

ဂျိမ်ဂျဲသည် မမျှော်လင့်ထားသဖြင့် ရုတ်တရက် အံ့အောသင့်နေသည်။

“..............”

ဆွန်းမို မလှုပ်ပါ။

"ဘာဖြစ်နေတာလဲ"

ဂျိမ်ဂျဲ စိုးရိမ် သွားပြီးနောက် သဘောပေါက်သွားသည်။ သူမရဲ့ ဒဏ်ရာအနေထားက ထူးခြားသည်။ ဆွန်းမိုက ကုသပေးမယ်ဆိုရင် အဝတ်စား ချွတ်ရလိမ့်မည်။

"............"

ဂျိမ်ဂျဲ မျက်မှောင်ကြုတ်သွားသည်။ သူမရဲ့ ယောကျ်ား အမှောင်တိုက်ကြီးမှာ သေပြီးကတည်းက သူမရဲ့ ခန္ဓာကိုယ်ကို ဘယ်သူမှ ကြည့်ခွင့် မပေးခဲ့ပါ။

"မင်း လိဂ်ပြိုင်ပွဲ ဆက်မပြိုင်နိုင်တော့ဘူးလို့ အန်ရှီဝေကို ငါပြောလိုက်မယ်"

ဆွန်းမို လှည့်ထွက်သွားသည်။

"မဟုတ်ဘူး"

ဂျိမ်ဂျဲ အမြန်ထရပ်ကာ ဆွန်းမိုရဲ့ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်သည်။

"ဒီနှစ်မှာ ဗဟိုပြည်နယ် အကယ်ဒမီက အဆင့်တက်ဖို့ အခွင့်အရေးများနေပြီ။ ဒီလိုဖြစ်ဖို့ အန်ရှီဝေ ဘယ်လောက်ကြာကြာ စောင့်ခဲ့ရလဲ မင်းမသိပါဘူး။ ငါ မကြိုးစားလို့ မရဘူး"

"မင်းဘဝကို ထပ်မလိုချင်တော့ဘူးလား"

ဆွန်းမို မျက်မှောင် တော်တော်ကြုတ်သွားသည်။

"မင်း ကုပေးနိုင်တယ် မဟုတ်လား"

ဂျိမဲဂျဲသည် သူမရဲ့ အနီရောင် နှုတ်ခမ်းကို ကိုက်ပြီး အဝတ်အစားကို ဆွဲချွတ်ချလိုက်သည်။

ဆွန်းမိုက ချက်ခြင်း ခေါင်းလှည့်လိုက်သော်လည်း အမြင်အာရုံ ကောင်းလွန်းသည်။ ဖြူဖွေးနေတဲ့ ယုန်လေး နှစ်ခု၊ ပန်းနုရောင်သန်းနေတဲ့ အကွဲကြောင်းလေး မျက်လုံးထဲ မြင်လိုက်သည်။

အရာအားလုံးက သူ့အတွက် ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရသည်။

အနည်းငယ်ရှက်နေတဲ့ ဂျိမဲဂျဲသည် ဆွန်းမိုရဲ့ တုန့်ပြန်မှုကို မြင်ပြီး ရယ်လိုက်မိသည်။ ဒါက အပြစ်ကင်းပြီး ရှက်တတ်တဲ့ ကောင်လေးပါ။

"ကောင်းပြီလေ။ အချိန်ဖြုန်းမနေနဲ့တော့။ မြန်မြန်လာပြီး ဆေးကုပေး"

ဂျိမဲဂျဲက ကုတင်ပေါ် ပြန်တက်သည်။

"ဒါမှမဟုတ် မင်းအချိန်ဆွဲနေတာလား။ နည်းနည်း ပိုကြည့်ချင်နေတာလား"

သူမကတောင် ဒီလိုပြောနေသဖြင့် ဆွန်းမိုက ဘာတတ်နိုင်မှာလဲ။

"ဒါဆိုလည်း မင်းကို အခွင့်အရေး ယူမယ်နော်"

ဒီလိုပြောပြီးတာနဲ့ ဆွန်းမိုသည် အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။

"အ"

ဂျိမ်ဂျဲ ရုတ်တရုတ် နာကျင်ပြီး မျက်ခုံးပူးကပ်သွားသည်။ လက်ညှိုးကို ကိုက်ထားပြီး နှာသီးဖျားက ချွေးများ ထွက်ကျနေသည်။

ဒါပေမယ့် ဆွန်းမိုကတော့ လုံးဝ သတိမထားမိပါ။ ရှေ့ဟောင်း အနှိပ်ပညာအပေါ်သာ အပြည့်အဝ အာရုံစိုက်ထားသည်။

ဆွန်းမိုရဲ့ အခြေအနေကို မြင်ပြီးနောက် ဂျိမဲဂျဲသည် ရှက်ရွံ့မှုနှင့် ကြောက်ရွံ့မှုများ သက်သာသွားသည်။ ဘာမှလုပ်စရာ မရှိသဖြင့် ဆွန်းမိုမျက်နှာကို တစိမ့်စိမ့် လေ့လာနေလိုက်သည်။

အသားအရေ အရမ်းချောမောသည်။ မျက်နှာက ကြည့်ကောင်းတယ်ဆိုပေမယ့် မျက်နှာတစ်ခုလုံးမှာ မျက်လုံးက အလှဆုံး အစိတ်အပိုင်း ဖြစ်သည်။

ညနက်နက် ကောင်းကင်ကြီးလို နက်မှောင်နေပြီး အရမ်း ဆွဲဆောင်မှု ရှိသည်။

နှုတ်ခမ်းတွေက အနည်းငယ် ဖြောင့်တန်းနေသည်။ တစ်ခါတစ်လေ အနည်းငယ် လှုပ်ပြီး စောင်းသွားတတ်သည်။ ဆေးကုသပေးနေတုန်း ပြဿနာတချို့ကြောင့် နည်းနည်း နေရထိုင်ရ ခက်သွားသည်။ သို့သော်လည်း သူ့အမူအရာက အစကနေ အဆုံးအထိ ထိန်းချုပ်ထားပြီး အရမ်းကို တည်ငြိမ်လွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ယေဘုယျအားဖြင့် လူတစ်ယောက်ကို နွေးထွေးပြီး စိတ်သက်သာရစေတဲ့ ယောကျ်ားတစ်ယောက် ဖြစ်သည်။

ဆွန်းမိုသာ ဆက်ဆံချင်လျှင် သူမ မငြင်းမိမှာကို ရတ်တရတ် သဘောပေါက်သွားသည်။ ဒီလိုမှမဟုတ်ရင် သူ့ကို လက်နဲ့ ထိခွင့်ပေးမှာ မဟုတ်ပါ။

တဖြည်းဖြည်းနဲ့ ဂျိမ်ဂျဲသည် ဆွန်းမိုကို ဆက်ပြီး မကြည့်နိုင်တော့ပါ။ အရမ်း ဇိမ်ရှိလွန်းသည်။

(အမ်၊ ဒါက ကောင်းကင်ဘုံလား)

ဂျိမ်ဂျဲသည် ကျောင်းသူဘဝကို ပြန်မြင်ယောင်လာပြီး ငယ်ရွယ်တဲ့ ခံစားချက်ကို နောက်တစ်ကြိမ် ပြန်ရလာသည်။ သူမသည် ပညာသင်ခဲ့ပြီး ချစ်မိသွားခဲ့သည်။ အတူတူ ဘွဲ့ရကာ အမှောင်တိုက်ကြီးမှာ သေသွားတဲ့အချိန်အထိ အလုပ်အတူတူ လုပ်ခဲ့သည်။

လှပတဲ့ အမှတ်တရများ ရုတ်တရက် ရပ်တန့်သွားသည်။

သစ်ပင်အထက်တွင် လတစ်ခြမ်းက ချိတ်ဆွဲကာ ငွေဖြူရောင် အလင်းကို ဖြန့်ကျက်ထားသည်။

ဂျိမ်ဂျဲ နိုးလာပြီး မျက်နှာကျက်ကို ကြည့်လိုက်သည်။ မွန်းလွဲပိုင်းက ဖြစ်စဉ်များ ပြန်သတိရလာသည်။

“တကယ်ပဲ တစ်နေကုန် အိပ်ပျော်သွားတာလား”

ဂျိမ်ဂျဲသည် ပြတင်းပေါက်မှ လှမ်းကြည့်ပြီး အံ့အောသင့်နေသည်။ အဲဒီနောက် အသက်ရှူသံ ကြားလိုက်ရသဖြင့် နားရွက် လှုပ်သွားသည်။ အသံလာရာကို အလိုလို ကြည့်လိုက်မိသည်။

ဆွန်းမိုက စားပွဲဘေးတွင် ထိုင်ကာ စာဖတ်နေသည်။

(သူမနေရာက ကြည့်တာတောင် တော်တော်ကြည့်ကောင်းသည်)

ဆွန်းမိုကို ဒီရှုထောင့်က ကြည့်လျှင် အရမ်းပြည့်စုံတာကို ဂျိမ်ဂျဲ သဘောပေါက်သွားသည်။ လက်တွေက စောင်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ဆွန်းမိုကို ကြည့်နေသည်။

ရင်ဘက်က မနာတော့ပါ။ အဲဒီအစား အတွင်းပိုင်းတွင် နွေးထွေးတဲ့ ခံစားမှုကို ရနေသည်။ အရမ်းကို သက်တောင့်သက်သာ ရှိလွန်းသည်။

(အရေပြား၊ သွေးနှင့် အမွေးတွေကို ဖယ်လိုက်လျှင် ဆွန်းမိုးရဲ့ ဦးခေါင်းခွံက တော်တော် ပြည့်စုံနေနိုင်တယ်။ အင်း၊ ဒါကို တကယ် စုဆောင်းချင်လိုက်တာ)

ဂျီမဲဂျဲ ရင်ခုန်နေသည်။

ဆွန်းမိုသည် အသားစား သတ္တဝါတစ်ကောင်ရဲ့ ပစ်မှတ်ထား ခံလိုက်ရသလို ရုတ်တရက် ကြက်သီး ထလာသည်။ အဲဒီနောက် ကုတင်ပေါ်က ဂျီမဲဂျဲဆီကို တစ်ချက်လှမ်းကြည့်လိုက်လျှင် သူ့ကို မျက်လုံးကြီး ပြူးပြီး ကြည့်နေတာ မြင်လိုက်ရသည်။

အာ၊ ပိုရှင်းအောင်ပြောရလျှင် သူ့ရဲ့ နဖူးကို အကဲခတ်နေသည်။ ဒီလိုမှမဟုတ်ဘဲ ပိုတိကျအောင် ပြောရလျှင် သူ့ရဲ့ ဦးခေါင်းခွံ။

“.................”

ဆွန်းမိုသည် အနည်းငယ် စကားမပြောနိုင် ဖြစ်သွားသည်။ (မင်းက ဓါတ်ခွဲခန်းထဲမှာ သိပ်ပွဲ ဇာတ်ကားထဲကလိုမျိုး ယောက်ျား စားတဲ့ ဒေါက်တာ ဟန်နာဘယ်လား။ ဒီလိုမှမဟုတ်ရင်လည်း အိန္ဒိယန်ခေါင်းကို ဖြတ်စားရတာ ကြိုက်တဲ့ အမေရိကန်လား)

"ငါ မင်းအတွက် ဆေးစာ ရေးခဲ့မယ်။ ဒါပေမယ့် ဒုတိယဆေးစာအတွက် ဆရာဝန်ဆီသွားဖို့ အကြံပေးချင်တယ်။ သွေးလည်ပတ်မှု မြှင့်တင်ဖို့နဲ့ သွေးတည်ငြိမ်မှုကို အာရုံစိုက်ထားသင့်တယ်"

ဆွန်းမိုက ဆေးစာတစ်စောင်ကို ဖော့ယမ်းပြပြီး စားပွဲပေါ် တင်လိုက်သည်။

"မင်းက ဆေးပညာကျွမ်းကျင်မှုကိုလည်း သိနေတာလား"

သိချင်စိတ်ကြောင့် ဂျိမဲဂျဲသည် အဝတ်အစား ဝတ်ကာ လမ်းလျှောက်လာသည်။

အခုတော့ သူမရဲ့ အမြင်ထဲတွင် ဆွန်းမိုက အရမ်းကောင်းတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေသည်။ တခြားလူတွေသာဆိုရင် သူမရဲ့ ကိုယ်ခန္ဓာကိုယ် ထပ်ကြည့်ရအောင် ဒဏ်ရာစစ်ဆေးတဲ့ အကြောင်းပြချက် သေချာပေါက် ပြနေကြလိမ့်မည်။

ဂျိမဲဂျဲသည် သူမရဲ့ ရုပ်ရည်နှင့် ပုံစံအတွက် အရမ်း ဂုဏ်ယူနေခဲ့သည်။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ကြည်ညို (၁,၃၆၀/၁၀,၀၀၀)

"မဟုတ်ပါဘူး။ မင်းဒဏ်ရာအတွက် အသုံးဝင်တဲ့ ဆေးဖက်ဝင် အပင်တချို့အကြောင်း သိလို့ပါ"

ဆွန်းမိုက ရှင်းပြသည်။

"ဒါပေမယ့် ကျွမ်းကျင်တဲ့ ဆရာဝန်ရဲ့ ဆေးစာက ပိုထိရောက်မယ်လို့ ငါထင်တယ်"

"ဒါလည်း အဆင်ပြေပါတယ်။ ဒါပဲ အသုံးပြုလိုက်မယ်"

ဂျိမ်ဂျဲသည် ဆွန်းမိုဘေးနားမှာ ရပ်ကာ သူ့မျက်လုံးကို တည့်တည့် စိုက်ကြည့်ပြီး စိတ်ရင်းနဲ့

“ကျေးဇူးတင်ပါတယ်”

“ဒါက ငါလုပ်သင့်တဲ့ အရာပဲ”

ဆွန်းမိုက ပြောင်းသည်။

“ဘာမှ မရှိတော့ရင် မင်း အရင်အနားယူလိုက် ငါထွက်သွားတော့မယ်”

“ခဏလောက် နေပါအုံး”

ဂျိမ်ဂျဲက ကျောခိုင်းပြီး အဝတ်အစားဟာကာ ရင်ဘက်ကို စစ်ဆေးလိုက်သည်။ သူမ နောက်ထပ် အနှိပ်ခံဖို့ လိုအပ် မလိုအပ် စစ်ဆေးလိုက်သည်။ သို့သော် ခေါင်းငုံ့ကြည့်လိုက်ပြီးနောက် သူမ အံ့အောသင့်သွားသည်။

သူမရင်ဘက်တွင် ခရမ်းရောင် အစင်းတစ်ခု ရှိခဲ့ဖူးသော်လည်း အခုအချိန်မှာ အမာရွတ် ပျောက်ကွယ်သွားရုံသာမက အသားအရေများပင် ပိုဖြူကာ တောက်ပနေသည်။ နို့ရေ ချိုးထားသလိုပဲ။

“ဘာကြီးလဲ”

ဂျိမဲဂျဲ အရမ်းအံ့အောသင့်နေသည်။ မိန်းမတစ်ယောက်အနေနဲ့ အသားအရေအကြောင်းကို ကောင်းကောင်း နားလည်သည်။ ဒဏ်ရာ မရခင်ကထက်ကို ပိုပြီး စိုပြည်နေသည်။

“အမာရွတ်ပျောက်ဖို့အတွက် အရေပြား ပျိုးထောင်ခြင်း နည်းစနစ်ကို အသုံးပြုခဲ့တယ်”

ဆွန်းမိုက ရှင်းပြသည်။

“အရေပြား ပျိုးထောင်ခြင်း နည်းစနစ် ဟုတ်လား”

ဂျိမဲဂျဲ သိချင်လာသည်။

"အဲဒါက ရှေ့ပေါင်း....အဲဒါက ရှေ့ပေါင်းနဂါး ဖမ်းယူခြင်း နည်းစနစ်ပဲ။ အရေးအကြောင်း ဖယ်ရှားဖို့နဲ့ အရေပြား အစိုဓါတ် ထိန်းသိမ်းဖို့အတွက် အဓိက အသုံးပြုတယ်၊ အဲဒါက လွဲရင် ဘာမှ အသုံးမကျပါဘူး"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ဖြေသည်။ ဂျိမဲဂျဲက ကုသတာ ပိုကြာပြီး သူမကို အပိုနှိပ်နေတယ်လို့ အထင်မှားမှာ စိုးရိမ်နေသည်။

"အသုံးမကျဘူး ဟုတ်လား"

ဂျိမဲဂျဲက ချက်ခြင်း ထအော်သည်။

"နောက်နေတာလား၊ ငါ့အမြင်မှာတော့ ကြွက်သားပြုပြင်ခြင်းနဲ့ အရိုးအထိုင်ချခြင်း နည်းစနစ်ထက်တောင် အများကြီး အသုံးဝင်သေးတယ်"

ဂျိမဲဂျဲရဲ့ မျက်လုံးတွေ တောက်ပနေသည်။

"အရေပြား ပျိုးထောင်ခြင်း နည်းစနစ်မှာ ကန့်သတ်ချက်တွေရှိသေးလား။ ထပ်ခါထပ်ခါ သုံးလို့ရလား"

"ကန့်သတ်ချက် မရှိဘူး"

ဆွန်းမို အနည်းငယ် စဉ်းစား ကြည့်လိုက်သည်။ တကယ်လည်း ကန့်သတ်ချက် မရှိပါ။

"ဆရာဆွန်း"

ဂျိမ်ဂျဲသည် ရုတ်တရုတ် ရှက်ရွံ့လာတဲ့ ပုံစံနဲ့ မျက်လုံး ပေကလတ်ပေကလတ် လှုပ်နေသည်။

"လိဂ်ပြိုင်ပွဲမှာ အရမ်း ပင်ပန်းတယ်။ ငါတော်တော် အညှောင်းမိနေပြီ မင်းလုပ်ပေးနိုင်..........."

အစကတော့ ဆွန်းမို သဘောမပေါက်ပါ။ ဒါပေမယ့် ဂျိမ်ဂျဲက သူမမျက်နှာကိုပွတ်သပ်နေတာ မြင်လိုက်မှပဲ သူမက မျက်နှာ အရေးကြောင်း ကုသမှု

ခံယူချင်တယ်ဆိုတာ ရုတ်တရက် သဘောပေါက်သွားသည်။

"ထိုင်ပါ"

"အင်း၊ အမျိုးသမီးတွေကတော့ အရိုးထဲကို အလှအပ ကြိုက်တာပဲ"

"ငါ မင်းကိုပဲ ဒုက္ခပေးရတော့မယ်"

ဂျိမဲဂျဲက ချက်ခြင်းထိုင်ချလိုက်သည်။ သူမ မစောင့်နိုင်တော့ပါ။

"မင်းရဲ့ အသားအရေက တကယ် ကြည့်ကောင်းပါတယ်"

ဆွန်းမိုက ဂျိမဲဂျဲကို ကြည့်ပြီး ကုသမှု မလိုအပ်ကြောင်း ပြောလိုက်သည်။

“ပေါက်ကရ ပြောနေတာတွေ ရပ်လိုက်တော့။ မြန်မြန်လေးလုပ်ပေးစမ်းပါ”

ဂျိမဲဂျဲ တိုက်တွန်းလိုက်သည်။ (အသက်ဆယ့်ရှစ်လောက် ပြန်ဖြစ်သွားချင်တယ်)

ဆွန်းမိုရဲ့ လက်တစ်ဖက်က ဂျိမဲဂျဲရဲ့ နဖူးပေါ် လက်သုံးချောင်း ဖိထားပြီး နောက်လက်တစ်ဖက်က ဂျိမဲဂျဲရဲ့ ဖြူဖွေးတဲ့ လည်ပင်းကို ဖိထားသည်။

အဲဒီနောက် အရေပြားပျိုးထောင်ထားတဲ့ နည်းစနစ်ကို စတင်အသုံးပြုလိုက်သည်။

သူ့ရဲ့ ကျွမ်းကျင်မှု အဆင့်က ကျွမ်းကျင်အဆင့်သာ ရှိသော်လည်း အကျိုးသက်ရောက်မှုက တော်တော်လေး ကောင်းမွန်နေသည်။

ငါးမိနစ်လောက်ကြာတော့ ဂျိမ်ဂျဲကသည် မှန်ရှေ့မှာ ရပ်လိုက်ပြီး ကြည့်လိုက်သည်။ အထူးသဖြင့် သူမရဲ့အသားအရည်က ပိုကောင်းလာတာကို သတိထားလိုက်မိသည်။ ဆက်ကျောက်သက် ပြန်ဖြစ်သွားသလိုပဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသားအရေတွေက တောက်ပပြီး နူးညံ့ကာ ကြည်နူးနေသည်။

"အံ့အောစရာ ကောင်းလွန်းတယ်။ နတ်ဘုရားလက်က မွှော်လင့်ထားသလိုပဲ"

ဂျိမ်ဂျဲ ချီးကျူးစိတ်အပြည့်နဲ့ ပြောလိုက်သည်။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို (၂,၃၆၀/၁၀,၀၀၀)

အကြောင်းကြားချက် ကြားပြီးနောက် (ငါ မင်းကို ပင်ပန်းတဲ့အထိ အကြာကြီး နှိပ်နယ်ပေးခဲ့တယ်။

အဆိပ်သဲလက်ဝါးရဲ့ အဆိပ်ကိုလည်း ကုသပေးခဲ့တယ်။ ဒါပေမယ့် မင်းက လေးစားအထင်ကြီးမှု အမှတ် ၅၀၀ ပဲ ပေးခဲ့တယ်။ ဒါပေမယ့် ငါးမိနစ်လောက် အလှပြုပြင်ပြီးတာနဲ့ မင်းက လေးစားအထင်ကြီးမှု အမှတ် ၁,၀၀၀ကို ပံ့ပိုးပေးခဲ့တယ်။ မင်းဦးနှောက် တစ်ခုခု မှားနေပြီလား။)

ဂျိမဲဂျဲသည် ဆွန်းမိုကို ကျေးဇူးတင်ပြီး လေးစားအထင်ကြီးမှု အမှတ် ပမာဏကို နှစ်ဆတိုးပြီး ပေးခဲ့သည်။

"ဆရာဆွန်း၊ ငါ့နှာခေါင်းကို တော်တော် မကျေနပ်ဘူး။ နည်းနည်းပိုပြီး ကြည့်ကောင်းအောင် လုပ်ပေးနိုင်မလား"

ဂျိမဲဂျဲက ကြည့်ပြီးရင်း ကြည့်နေသည်။ အမျိုးသမီးတိုင်းက သူတို့ရဲ့မျက်နှာက မပြည့်စုံဘူးလို့ ခံစားတတ်ကြသည်။

"တော်တော် ကောင်းတယ်လို့ ခံစားရတယ်"

ဆွန်းမို ထပ်မလုပ်ပေးချင်တော့ပါ။

"ဟင့်"

ဂျိမဲဂျဲ ကြောင်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဆွန်းမိုလည်း အံ့အောသင့်နေသည်။

" ဒါကို တကယ်ပြောနေတာ။ မင်းငါ့နှာခေါင်းကို တကယ် ကြည့်ကောင်းအောင် လုပ်ပေးပါ"

ဂျီမဲဂျဲ အံ့အောသင့်သွားသည်။

"..............."

ဆွန်းမိုက စကားမပြောနိုင် ဖြစ်နေသည်။ အရိုးအထိုင်ချခြင်း နည်းစနစ်နဲ့ လုပ်ပေးနိုင်တာ အမှန်ဖြစ်သည်။ နှာတံပင်မက ပါးရိုးကိုပါ ပိုမြင့်အောင် လုပ်ပေးနိုင်သည်။

ရှင်းရှင်းလင်းလင်းပြောရလျှင် ရှေ့ဟောင်းအနှိပ်ပညာ၏ အရိုးအထိုင်ချခြင်း နည်းစနစ်နှင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်သည် အလုပြင်ခွဲစိတ်မှုနှင့် ယှဉ်ပါက နတ်ဘုရား စွမ်းရည်တစ်ခုလို ဖြစ်နေသည်။

"အို ဘုရားရေ၊ မင်းရဲ့ နတ်ဘုရားလက်က အံ့အောစရာ ကောင်းလွန်းတယ်"

အာမေဒိတ်သံ ထွက်လာပြီးနောက် ဂျိမ်ဂျဲသည် ခေါင်းငုံ့ပြီး ကြည့်ကာ ရှက်ရွံ့တဲ့ အသံနဲ့ မေးလာသည်။

"ဒါကိုလည်း ပိုကြီးအောင် မလုပ်ပေးနိုင်ဘူးလား"

"စိတ်မကောင်းပါဘူး"

ဆွန်းမို နှုတ်ခမ်း တင်းတင်းစေ့ထားသည်။ (ငါလုပ်နိုင်ရင်တောင် မလုပ်ပေးဘူး)

"ဘာမှမရှိတော့ရင် ငါအရင် သွားနှင့်တော့မယ်"

"အို"

ဆွန်းမို ထွက်သွားပြီးနောက် ဂျီမဲဂျဲသည် သူမရဲ့ အဝတ်အစားကို ချွတ်ကာ ခန္ဓာကိုယ်ကို အသေးစိတ် ကြည့်လိုက်သည်။ သူမရဲ့ ရင်ဘက်ကို ကုသပေးထားသဖြင့် အခြားသော ခန္ဓာကိုယ် အစိတ်အပိုင်းများထက် ပိုလှနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိမ်ဂျဲသည် ဆွန်းမိုကို နောက်တစ်ကြိမ် ပြန်ခေါ်ချင်စိတ် ပေါက်နေသည်။ ပြီးတော့ တစ်ကိုယ်လုံး ကုသမှု ခံယူလိုက်ချင်သည်။

အခန်း (၃၇၂) - သေမင်းတမန်ရွေးချယ်မှု သုံးခုထဲက တစ်ခုကို ရွေးပါ။

လူတိုင်း အလှ ကြိုက်ကြသည်။

ဒီနေ့ခေတ်တွင် အမျိုးသမီး အများအပြားသည် အလှပြင် ခွဲစိတ်မှုကို အလှအပအတွက် လိုအပ်တဲ့ အစိတ်အပိုင်းတစ်ခုလို့ သတ်မှတ်ထားသည်။ သူတို့ကို ကန့်သတ်ထားတဲ့ တစ်ခုတည်းသော အရာက အိပ်ကပ်ထဲမှာ ငွေမလုံလောက်လို့ပဲ ဖြစ်သည်။

ဒါကြောင့် နှိပ်ပေးလိုက်ရုံနဲ့ ပိုတောက်ပကာ နူပျိုပြီး တင်းရင်းတဲ့ အသားအရေကို ရရှိခြင်းက အံ့အောဖို့ ကောင်းလွန်းသည်။

ရုတ်တရက် အံ့အောသွားပြီးတဲ့နောက် ဂျိမ်ဂျဲသည် ဆွန်းမိုကို ပြန်ခေါ်ကာ အလှအပ ကုသပေးခိုင်းခြင်တဲ့ စိတ်ကို ထိန်းထားခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုက ဗဟိုပြည်နယ် အကယ်ဒမီမှာပဲ ရှိနေလိမ့်မည်။ ဘယ်မှ မပြေးနိုင်ပါ။

သူမက အရာအားလုံးကို ဖြည်းဖြည်းခြင်း ပြင်လို့ရသည်။

ခင်မင်ရင်းနှီးမှုသည် ဂရုတစိုက် ထိန်းသိမ်းထားသင့်တဲ့ အရာ ဖြစ်သည်။ လိုချင်နေလို့ပဲ မရပါ ၊ ပေးတတ်ဖို့လည်း လိုအပ်သည်။ သို့သော်

စဉ်းစားပြီးတဲ့နောက် ဘာပေးရမလဲဆိုတာ စဉ်းစားလို့ မရဖြစ်နေသည်။

လက်ရှိပြသထားတဲ့ ဆွန်းမိုရဲ့အရည်ချင်းကြောင့် သုံးနှစ်အတွင်းမှာ သူက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာလိမ့်မည်။ ဒါကို သူမ ယုံကြည်သည်။ အဲဒီအချိန်ကျရင် ဆွန်းမိုက သူမနဲ့ တန်းတူ ရပ်တည်လာလိမ့်မည်။

ဂျိမ်ဂျဲသည် သူမရဲ့ သုံးသပ်ချက်အပေါ် ယုံကြည်ချက် ရှိနေသည်။

ဂျိမ်ဂျဲက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

(အင်း။ ဆွန်းမို မင်းက ဘာဖြစ်လို့ ဒီလောက် သန်မာနေရတာလဲ။ မင်းကို ကူညီချင်တာတောင် အားနည်းချက် ရှာမတွေ့ဘူး ဖြစ်နေတယ်)

"ဝူး။ အန်ရှီဝေကို တကယ် မနာလိုဘူးကွာ။ နောင်ကျရင် အသားရေ ထိန်းသိမ်းမှု နည်းစနစ်ကို ညတိုင်း ခံစားရတော့မယ်"

ဂျီမဲဂျဲသည် ခေါင်းငုံ့ပြီး စိတ်ဓါတ် အနည်းငယ်ကျနေသည်။

(နောက်တစ်ကြိမ် သူ့ကို ထပ်ပြီး ကုသခိုင်းဖို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ဗိုက်နာလိုက်ရမလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ရေနွေး နည်းနည်းလောက် ထပ်သောက်လိုက်ပါလို့ ပြောလိုက်ရင် ဘယ်လိုလုပ်ရမလဲ)

ဂျိမဲဂျဲရဲ့ အတွေးတွေ ဂယောက်ဂယက်ဖြစ်နေသည်။ အဲဒီအချိန်တွင် ဆွန်းမိုက အကြောင်းကြားချက်ကို ရလိုက်သည်။

ဒင်

"ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ဆီက အထင်ကြီးဖို့ ကောင်းလောက်အောင် လေးစားအထင်ကြီးမှု အမှတ်တွေရလိုက်လို့

ဂုဏ်ပြုပါတယ်။ မင်းနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တက်သွားပြီ။ ဆုလဒ် - ရွှေရောင် ရတနာ သေတ္တာ တစ်လုံး”

ဆွန်းမို လေချွန်လိုက်သည်။

သူအတွေးများနေသည်။ ယူရုံပိုက သူ့ကို လေးလေးနက်နက် အထင်ကြီးပေမယ့် သူတို့နှစ်ယောက် အလုပ်အတူတူ တွဲမလုပ်ခဲ့ရသဖြင့် ဆွန်းမိုနဲ့ ပက်သက်ပြီး နားလည်မှုက အကန့်အသတ်နဲ့သာ ရှိနေသည်။ သို့သော် ဂျိမဲဂျဲနဲ့က ကွဲပြားသည်။ ဆွန်းမို လုပ်ဆောင်ခဲ့တဲ့ အဓိက

အရာအားလုံးကို သူမ သိပြီး ဘယ်လောက် ထူးချွန်လဲဆိုတာလဲ သိသည်။ ဒါကြောင့်လည်း သူမက လေးစားအထင်ကြီးမှု အမှတ်များကို ထောက်ပံ့ခဲ့သည်။

"ဖွင့်မှာလား"

စနစ်က မေးလိုက်သည်။

"မင်းကငါ့အတွက် ခက်ခဲအောင် တမင် ရည်ရွယ်ပြီး လုပ်နေတာလား"

ဆွန်းမို မျက်လုံး ပြူးသွားသည်။ (သဘော်သီးကောင်မလေးက ငါ့အနားမှာမရှိလျှင်

ငါလို ကံဆိုးတဲ့ကောင်က ဘာဖြစ်လို့ ရတနာသေတ္တာကို ဖွင့်ရမှာလဲ။ ရတနာ သေတ္တာ ဆယ်လုံး ဆက်တိုက်ဖွင့်ရင်တောင် ကောင်းတဲ့အရာ တစ်ခုမှ ရမှာ မဟုတ်ဘူး)

"အခုတော့ ထားလိုက်စမ်းပါကွာ"

ဆွန်းမိုက အနာဂတ်မှာ ကျောင်းဆရာ ဆက်မလုပ်နိုင်တော့ရင်တောင် အလှုပြင်ဆိုင် ဖွင့်စားလို့ရတယ်လို့ တွေးနေမိသည်။ သူ့ရဲ့ အစွမ်းအစက ဘေးထွက်ဆိုးကျိုးမရှိဘဲ

လှသထက်လှအောင် လုပ်ပေးလို့ ရသည်။ သူက လူသား ပုံစံ မျက်နှာဖုံး လုပ်သမားနဲ့ တူနေသည်။

…………………

နောက်တစ်နေ့ မနက်စောစောတွင် ဗဟိုပြည်နယ် အကယ်ဒမီမှ ကျောင်းသားများ ဆက်တိုက် နိုးလာသည်။

ဇူတန်သည် ကျောဆန့်ကာ အပြင်းကျော ဆန့်လိုက်သည်။ တစ်ကိုယ်လုံး ကြီးမြတ်နေသလို ခံစားနေရသည်။

"ဆရာဆွန်းရဲ့ ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးက တကယ် အံ့အောစရာပဲ"

ဇူတန်သည် အောင်ပြောပြီး ကုတင်ဘေးက ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးကို ကြည့်လိုက်သည်။

အရွက်များပေါ်တွင် ဝိညာဉ်စုဆောင်းခြင်း တက်တူး ရေးဆွဲထားသောကြောင့် အသက်မသွင်းရင်တောင် အပင်က ဝိညာဉ်ချီ ဆက်တိုက် စုပ်ယူနေပြီး ဝိညာဉ်ချီ သိပ်သည်းတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်သည်။

ဒီလိုနေရာမှာ အိပ်ရတာက ဝိညာဉ်ချီ စမ်းချောင်းထဲမှာ လှဲနေရသလို ဖြစ်နေသည်။ အနည်းဆုံးတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကို ခံစားရသည်။

"ဒါအမှန်ပဲ"

ရှုတန်အီလည်း နိုးလာသည်။ သူက အဝတ်အစား မဝတ်ဘဲ ကြမ်းပြင်ပေါ် ခုန်ဆင်းသွားသည်။ ရေလောင်းတဲ့အိုးကို ယူပြီး ပန်းအိုးကို ရေလောင်းလိုက်သည်။ အရမ်းသတိထားပြီး လုပ်နေသည်။

“လိဂ်ပြိုင်ပွဲပြီးရင် ဆရာဆွန်းက ပန်းအိုး ပြန်ယူသွားမယ်လို့ မင်းထင်လား”

ဇူတန် အနည်းငယ် စိုးရိမ်သွားသည်။ သူက ပန်းအိုး တည်ရှိမှုနဲ့ ကျင့်သားရနေပြီ။ ပြန်မပေးချင်တော့ပါ။

“အမ်”

ရှုတန်အီ အံ့အောသွားသည်။

“အဲလို မဖြစ်နိုင်ပါဘူး။ ဆရာဆွန်းက သဘောထား မသေးပါဘူး”

“သဘောထား သေးမသေးဆိုတာက ပစ္စည်းနဲ့လည်း သက်ဆိုင်သေးတယ်။ ဒီပန်းအိုးကို

ရောင်းရင် အနည်းဆုံး ငွေတုံး တစ်သိန်းလောက် ရလိမ့်မယ်”

ဇူတန်သာ ဆွန်းမိုနေရာမှာဆိုရင် ဒီလိုပန်းအိုးကို ဘယ်သူမှ မပေးဘူးလို့ ခံစားနေရသည်။

“ ငတုံးမှဘဲ ငွေနဲ့ ရောင်းလိမ့်မယ်။ ဒီအပင်ကို ဝိညာဉ်ကျောက်တုံးနဲ လဲလို့ ရတယ်။ အနည်းဆုံး ငါးဆယ်လောက်တော့ တန်လိမ့်မယ်”

အရွက်ပေါ်မှာရှိတဲ့ ဝိညာဉ်စုဆောင်းခြင်း တက်တူးကို လေ့လာနေတဲ့ ဖန်ယန်က ပြောလိုက်သည်။ သူက ဝိညာဉ်တက်တူးကို

လေ့လာခဲ့ပြီး အပင်တစ်ပင်ပေါ်တွင် ဝိညာဉ်စုဆောင်းခြင်း တကက်တူးကို ရေးဆွဲနိုင်ဖို့အတွက် လိုအပ်တဲ့ အရည်အချင်းကို သိနေသည်။

လူတွေတော်တော် များများ တစ်ဘဝလုံး ကြိုးစားရင်တောင် ပန်းအိုးပေါ်မှာ ဝိညာဉ်စုဆောင်းခြင်း တကက်တူးကို ရေးဆွဲနိုင်မှာ မဟုတ်ပါ။ ဒီအဆင့်က အလုပ်ကြိုးစားရုံနဲ့ ရောက်နိုင်တဲ့ အဆင့်မဟုတ်ပါ။ အရမ်းကို ကောင်းမွန်တဲ့ အရည်အချင်း ရှိဖို့ လိုအပ်သည်။

"ဝိညာဉ်ကျောက်တုံး ၅ဂလား"

ဇူတန် သက်ပြင်းချလိုက်သည်။ ဒါက များပြားလှတဲ့ ပမာဏ ပါ။

"နောက်ထပ် ပိုရောင်းမယ် ဟုတ်လား။ ဒီလို ပန်းအိုးမျိုးကို ဈေးကွက်မှာ ငါတော့ တစ်ခါမှ မတွေ့ဖူးဘူး"

ရှူတန်အီက မေးခွန်းထုတ်လိုက်သည်။

"တကယ် မဟုတ်ဘူး။ ဒီပန်းအိုးရဲ့ တန်ဖိုးက သူ့ရဲ့ပတ်ပတ်လည်မှာ ဝိညာဉ်ချီ ထုထပ်တဲ့ ပတ်ဝန်းကျင် တစ်ခု ဖန်တီးနိုင်လို့ပဲ။

ဆင်းရဲသားတွေအတွက် အရေးမပါပေမယ့်လည်း ကျင့်ကြံတဲ့ လူတွေအတွက်တော့ ကျင့်ကြံခြင်း မြန်နှုန်းပေါ် သက်ရောက်မှု ရှိတယ်။ တချိန်တည်းမှာပဲ ချမ်းသာတဲ့ လူတွေက ဒီထက် အကျိုးသက်ရောက်မှု အားကောင်းတဲ့ ပစ္စည်းတွေကို ဝယ်နိုင်တယ်”

ဖန်ယန်က ရှင်းပြသည်။

ရှင်းရှင်းလင်းလင်းပြောရလျှင် ပန်းအိုးရဲ့ အကျိုးသက်ရောက်မှုက အရမ်း အားနည်းနေသဖြင့် လူတွေကို ဆွဲဆောင်ရန် မလုံလောက်သေးပါ။

အကျိုးသက်ရောက်မှုက သုံးဆ၊ ငါးဆ ဒါမှမဟုတ် ဆယ်ဆလောက် ပိုအားကောင်းရင် သူ့ရဲ့တန်ဖိုးက ကောင်းကင်ကြီးလောက် မြင့်တက်နေလိမ့်မည်။

“ဆရာဆွန်းက ဒီပန်းအိုးကို သူကိုယ်တိုင် ဆွဲထားတာလို့ ကြားတာပဲ။ သူက တကယ်ကို အံ့အောဖို့ကောင်းတယ်”

ရှုတန်အီ ချီးကျူးလိုက်သည်။

ဒင်

ရှုတန်အီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၁၅၀/၁,၀၀၀)

"ဒါအမှန်ပဲ။ ရတနာကို အိုးကို ကိုင်ထားရသလိုပဲ"

ဇူတန်သည် အရမ်း မနာလို ဖြစ်နေသည်။ သူ့မှာသာ ဒီလို အရည်အချင်းရှိရင် နေ့တိုင်း ပန်းအိုးမှာ ဝိညာဉ်တက်တူးဆွဲပြီး ဝိညာဉ်ကျောက် အများကြီး ရှာနေလိမ့်မည်။

"မင်း အတွေးလွန်နေပြီ။ ရှေး အရင်ကလည်း အပင်ပေါ်မှာ ဝိညာဉ် စုဆောင်းခြင်းတက်တူး ရေးဆွဲဖို့ ဘိုးဘေအဆင့် ဝိညာဉ်တက်တူးသခင်အချို့ တွေးခဲ့ကြမှာ သေချာတယ်"

ဖန်ယန်က ခေါင်းခါလိုက်ပြီး "ဒီအရာက ဆွဲရတာ ခက်လွန်းတယ်။ ကုန်ကျစရိတ်နဲ့ အကျိုးရလဒ်က အချိုး မမျှဘူး။ အချိန်ရရင် သူတို့ စာရွက်ပေါ်မှာပဲ တက်တူးဆွဲရတာ ပိုသဘောကျတယ်"

ဒီပန်းအိုးက ဆွန်းမိုနဲ့အတူတူ ရုတ်တရက် ပေါက်ဖွားလာတဲ့ အရာဖြစ်ပြီး ဖန်ယန် ပြောသလိုသာဆိုရင် သူ ဆက်မလုပ်ဖြစ်တော့ပါ။ ကုန်ကျစရိတ်နဲ့ အကျိုးသက်ရောက်မှု အချိုးက ဆိုးဝါးလွန်းသည်။

ချမ်းသာတဲ့ လူတွေက ဒီလို ပန်းအိုးမျိုးကို ပြသမှာ မဟုတ်ဘူး။

ဆွန်းမိုအတွက်တော့ ဘာနဲ့ တူသလဲဆို အိပ်ဖို့အတွက် လေဘုရင် ခန်းမကို သွားခဲ့ရင်ပဲ ဝိညာဉ်ချီက ပြည်နယ်ကိုးခုထက် သိပ်သည်းဆ ပိုထူထပ်နေသည်။ အခန်းအပြည့် ဝိညာဉ်စုဆောင်းခြင်း ပန်းအိုး ထည့်ထားရင်တောင် အဲဒါကို မယှဉ်နိုင်ပါ။

ဒါက အဖိုးတန်ရတနာမြေတစ်ခုနဲ့ တူသည်။ ဆွန်းမိုနှင့် သူ့တပြည့်များ အိပ်နေစဉ် စုဆောင်းနေတဲ့

ဝိညာဉ်ချီသည် ကျောင်းသားတစ်ယောက် တစ်နေ့တာ ကျင့်ကြံခြင်းမှ ရရှိတဲ့ ဝိညာဉ်ချီ ပမာဏထက် အများကြီး ပိုများနေသည်။

"ဒါပေမယ့် စိတ်ပူနေစရာ မလိုဘူး။ ဆရာဆွန်းက ဒီ ဝိညာဉ်စုဆောင်းခြင်းပန်းအိုးတွေကို ပြန်ယူမှာ မဟုတ်ဘူး။ ဒါကို လုပ်ရတာက သူ့အတွက် မခက်ဘူး"

ဆွန်းမိုရဲ့ ပုံဆွဲမှု နည်းစနစ်သည် ဒီကိစ္စကို ပြသဖို့အတွက် အရမ်းကောင်းမွန်သည်။

ဖန်ယန်သည် လူတွေရဲ့ စိတ်ဓါတ်နှင့် တန်ဖိုးကို သူ့ရဲ့ ရှုထောင့်ကနေ ပြောဆိုလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးလုပ်ဖို့အတွက် အသုံးပြုတဲ့အပင်သည် သာမန်ဖြစ်လွန်းသည်။ ဆွန်းမိုမှာ ဝိညာဉ်ကျောက်တုံးမရှားသဖြင့် ဒီအပင်တွေကို စိတ်ကြိုက်ပေးနိုင်သည်။

သို့သော်လည်း သူ့ရဲ့ စွမ်းရည်က တကယ်အံ့အောဖို့ ကောင်းလွန်းသည်။

ဖန်ယန် မနာလို ဖြစ်သွားသည်။

ဒင်

ဖန်ယန်၏ လေးစားအထင်ကြီးမှု +၁၀၀

ရင်းနှီး(၄၇၀/၁,၀၀၀)

သူ့အခန်းဖော်က ဆွန်းမိုကို ချီးကျူးနေတာ ကြားလိုက်လျှင် ကူကွန် စိတ်မကောင်း ဖြစ်နေသည်။

“ ထမင်း အရင်သွားစားနှင့်မယ်”

“ကူကွန်၊ ခဏနေအုံး”

ဇူတန်က လှမ်းအော်လိုက်သည်။

“ဘာကိစ္စလဲ”

ကူကွန်က တံခါးအဝမှာ ရပ်ပြီး ပြန်ပြောလိုက်သည်။

"ဝိညာဉ်စုဆောင်းခြင်း ပန်းအိုးတစ်အိုးအတွက် ဆရာဆွန်းဆီမှာ သွားမေးပေးလို့ ရမလား"

ဇူတန်က အကြံပြုလိုက်သည်။

"မလုပ်ဘူး"

ကူကွန်က ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

"ကူကြီး၊ မင်းကိုယ်မင်း မစဉ်းစားရင်တောင် ငါတို့အတွက်တော့ စဉ်းစားပါအုံး။ အခန်းတစ်ခန်းကို ကျောင်းသားလေးယောက် အိပ်ကြတယ်။ ငါတို့အခန်းမှာပဲ ပန်းအိုး သုံးလုံး ဖြစ်နေတယ်။

တခြားသူတွေနဲ့ယှဉ်ရင် ငါတို့က ဝိညာဉ်ချီ ပိုနည်းနေတယ်"

ဇူတန်က ဆုံးရှုံးနေသလို ခံစားနေရသည်။ ဒီအတွက် အကြောင်းပြချက်ကလည်း ကူကွန် ဖြစ်နေသည်။

"ဆွန်းမိုဆီမှာ နောက်တစ်ခု ထပ်မတောင်းနိုင်ဘူး"

ကူကွန်က ပါးစပ်တလှုပ်လှုပ်နဲ့ ပြောလိုက်သည်။ သူက ဇူတန်ထက် ပိုသန်မာနေတဲ့အတွက် ဂရုမစိုက်ပါ။

“ကူကွန် မင်းရဲ့ အပြောအဆိုကို ဂရုစိုက်ပါ။ အဲဒါ ဆရာဆွန်းပဲ”

ဖန်ယန်က သူ့ကို သတိပေးလိုက်သည်။ ကျောင်းသားခေါင်းဆောင် တစ်ယောက်အနေနဲ့ ကူကွန်ရဲ့ အပြုအမူကို ထိန်းသိမ်းဖို့အတွက် တာဝန်ရှိသည်။

တကယ်လို့ ဆွန်းမိုကို မကြိုက်လျှင် သူ့ဘာသာ တစ်ယောက်ထဲ ကျိန်းမောင်းတာ ဒါမှမဟုတ် ဆဲဆိုတာ ပြဿနာ မရှိပါ။ ဒါပေမယ့် အခြားသူ

အရှေ့မှာတော့ အခြေခံ လေးစားမှုကို ထိန်းသိမ်းထားရမည်။

"ထားလိုက်စမ်းပါ။ ဆွန်းမိုက ဒီမှာမရှိဘူး။ မင်းက သူ့ကို ဖားနေရင်တောင် အသုံးမဝင်ဘူး"

ကူကွန်သည် ဒီစကားကို ပြောပြီးနောက် တံခါး စောင့်ပိတ်ကာ ထွက်သွားသည်။

"အရူး။ သူ့ကိုယ်သူ အန်ရှီဝေရဲ့ တိုက်ရိုက်တပြည့်မို့လို့ အရမ်းကောင်းတယ် တွေးနေတာလား"

ဇူတန်က ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စကြဲန်မှာ ရပ်နေတဲ့ ကူကွန်လည်း အနည်းငယ် စိတ်ရှုပ်နေသည်။ (ငါပဲ မှားနေတာလား)

....

သုံးရက်ကြာပြီးနောက်....

လူအသစ်တန်းအတွက် တတိယအချီ ပြိုင်ပွဲကြီးက တရားဝင် စတင်လာသည်။

နှင်းစက်ဖြူ အဆောက်အဦးအရှေ့ ပရိသတ်ကွင်းပြင်ကြီးထဲမှာ........

“ချန်လုံ၊ မင်းဘာဖြစ်လို့ ရောက်လာတာလဲ”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ကျုံဟီ ဘယ်မှာလဲ"

ချန်လုံသည် လီဇီချီကို ကြည့်လိုက်သည်။ စကားပြောရတာ မကြိုက်တဲ့အတွက် မလိုအပ်ရင် စကားမပြောချင်ပါ။

"ဆရာ၊ ဒါက ကျွန်မ အကြံပါ"

ကျန်ရန်ဇောင်က မတ်တပ်ရပ်လိုက်ပြီး

"အရင်နှစ်ချီမှာ ကျုံဟီရဲ့ စွမ်းဆောင်ရည်က ညံ့လွန်းတယ်။ သူ့မှာ အနိုင်လိုချင်တဲ့ ရုန်းအား လုံးဝ

မရှိဘူး။ ဒါကြောင့် သူ့နေရာမှာ ချန်လုံကို ကျွန်တော် အစားထိုးလိုက်တယ်”

“ဒါနဲ့ပက်သက်ပြီး ကျုံဟီရဲ့အမြင်က ဘယ်လိုလဲ”

ဆွန်းမိုက ဒီအခြေအနေကို သိနေသည်။

အဖွဲ့မှာ ပြဿနာ တစ်ခုခု ကြုံလာတဲ့ ကျုံဟီက စိတ်ပျက်တဲ့ စကားကို အမြဲပြောတတ်သည်။ ဒါက အဖွဲ့အတွက် ကြီးမားတဲ့ ထိုးနှက်ချက် တစ်ခုပါ။ ပြီးတော့ အဖွဲ့ရဲ့ အင်အားကိုလည်း ယုတ်လျော့စေသည်။

ပြီးတော့ ကျုံဟီသည် ဒီရလဒ်ကြောင့် အဖိနှိပ်ခံရရင်လည်း မကောင်းပါ။

ဆွန်းမိုက ကျုံဟီ ယုံကြည်ချက်ရှိလာစေရန် ဖြည်းဖြည်းချင်း ပြောဖို့ လုပ်ထားသည်။

“ငါပြောပြီးပြီ။ သူသဘောတူတယ်”

ကျန်ရန်ဇောင် ပုခုံးတွန့်ပြီး ပြောလိုက်သည်။ သူ့ရဲ့ ပုံစံက အထင်သေးမှုတွေနဲ့ ပြည့်နေသည်။ ကျုံဟီသည် သူရဲဘောကြောင်သူသာ ဖြစ်သည်။ အရင်ကတည်းက ပြိုင်ပွဲ မဝင်တော့ဘူး

တွေးထားပေမယ့် သူ့ကိုယ်သူ ပြောဖို့ ရှက်လွန်းနေသည်။

"သူက မကန့်ကွက်ရင်လည်း ငါတို့ ဒီလိုပဲ လုပ်လိုက်မယ်"

အဲဒီစကား ပြောပြီးနောက် ဆွန်းမိုသည် ချန်လုံကို ကြည့်လိုက်သည်။

"လုပ်လို့ရလား"

"ပြဿနာ ရှိလား"

ချန်လုံရဲ့ အဓိပ္ပါယ်က ရှင်းလွန်းသည်။

"ဆရာနဲ့ ကျောင်းသား တော်တော် များများက ငါတို့ကို စောင့်ကြည့်နေကြတယ်"

ကွမ်ဒင်သည် အနည်းငယ် တုန်လှုပ်သွားသော်လည်း ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားနေသည်။ သူနှင့် ဝမ်ချောင်သည် ဖန်ယန်နှင့် လျှောင်ရန် နေရာမှာ အစားထိုး ဝင်လာခဲ့ကြသည်။

"ငါတို့က အခုတော့ ပထမနေရာအတွက် အားကောင်းတဲ့ ပြိုင်ဘက် ဖြစ်နေပြီ"

ဝမ်ချောင်သည် အော်ဟစ်လိုက်လုနီးပါး ဖြစ်နေသည်။

"ဇီချီ၊ အဖွဲ့အပြောင်းအလဲ ကိစ္စမှာမင်းလည်း ပါတယ် မဟုတ်လား"

ဆွန်းမိုက လေသံ တိုးတိုးလေးနဲ့ မေးလိုက်သည်။

"ဟီးဟီး"

လီဇီချီက လျှာထုတ်ပြီး ရယ်နေသည်။ ဒါက ဆွန်းမို ဦးဆောင်တဲ့ ပထမဆုံး တိုက်ပွဲဖြစ်ပြီး အောင်နိုင်ဖို့လည်း အခွင့်အရေး ရှိနေသည်။ ဒါကြောင့် ဆွဲချနိုင်တဲ့ အမှိုက်တစမှ မလိုချင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျေးဇူးတင်ဖို့ကောင်းတာက ကျုံပဟီကိုယ်တိုင် အစကတည်းက သူရဲဘောကြောင်နေသည်။ ဒီလိုမှမဟုတ်ရင် နှုတ်ထွက်သွားဖို့အတွက် လှည့်ကွက်တွေ လုပ်နေရအုံးမည်။

ထန်ထန်ယုထန်ကလည်း သူ့ရဲ့တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်နေသဖြင့် ကျုံပဟီတစ်ယောက် ဘာမှန်းမသိဘဲ ထွက်သွားရလိမ့်မည်။

ကလောင် ကလောင်

ခေါင်းလောင်းသံနှစ်ချက် မြည်လာပြီး အခိုက ဒိုင်လူကြီး တန်ရီမင်က စင်ပေါ်တက်လာသည်။

“တတိယအချီ ပြိုင်ပွဲက တရားဝင် စတင်တော့မှာ ဖြစ်သဖြင့် စည်းကမ်းချက်နဲ့ အကြောင်းအရာတွေကို ကြေငြာတော့မယ်။ တစ်ခါပဲ ပြောမယ်။ မမှတ်မိရင် ကံဆိုးတယ်လို့ပဲ သတ်မှတ်လိုက်”

တန်ရီမင် လေသံက ပြတ်သားပြီး လေးနက်တဲ့ အကြည့်နဲ့ တစ်ကွင်းလုံးကို ကြည့်လိုက်သည်။

“တတိယအချီမှာ အမှောင်တိုက်ကြီးရဲ့ လျှို့ဝှက်ရတနာတွေကို ရှာဖွေရမှာဖြစ်ပြီး

အချိန်ကန့်သတ်ချက်က ဆယ်ရက်။ မင်းတို့ရရှိတဲ့ လျှို့ဝှက်ရတနာ တန်ဖိုးအပေါ်မှာ မူတည်ပြီး အဆင့်သတ်မှတ်ပေးမယ်။ လျှို့ဝှက် ရတနာ တန်ဖိုး ပိုကြီးလေ၊ မင်းတို့ အဆင့်ပိုမြင့်လေပဲ”

“ပြီးတော့ မင်းတို့ ရှာမတွေ့ရင်လည်း အခြားကျောင်းသားအဖွဲ့ဆီကနေ လုယူခွင့်ရှိတယ်။ ဒါပေမယ့် ဆရာတွေက ကျောင်းသားတွေကို မတိုက်ခိုက်ရဘူးဆိုတာ သတိထားပါ။ ဒါပေမယ့် ကျောင်းသားက တိုက်ခိုက်လာရင်တော့ လက်တုန့်ပြန်ခွင့် ရှိတယ်”

“လျှို့ဝှက် ရတနာကိုတော့ ကျောင်းသားကပဲ သိမ်းထားရမယ်”

ဒီစကားကို ကြားလိုက်လျှင် လေထုက တင်းမာလာသည်။ မျှော်လင့်ထားသလိုပဲ သတ်ဖြတ်မှုက ထပ်ဖြစ်တော့မည်။ သို့သော်လည်း ဒါကို နားလည်ပေးလို့ရသည်။ ကျောင်းတစ်ကျောင်း အားကောင်းလား၊ အားနည်းလားဆိုတာ လက်တွေ့ တိုက်ခိုက်ကြည့်မှပဲ သိလိမ့်မည်။

“ပြီးတော့ ကျောင်းသားနဲ့ ဆရာတွေ အသက်အန္တရာယ်ကြုံလာရင် အရှုံးပေးခွင့် ရှိတယ်။

အရှုံးပေးတဲ့လူကို ဘယ်သူမှ တိုက်ခိုက်ခွင့် မရှိဘူး။ စည်းကမ်းချိုးဖောက်ရင် သူ့ရဲ့အခွင့်အရေးကို သိမ်းယူမှာဖြစ်ပြီး သူတော်စင်ဂိတ်က ကျင်းပတဲ့ ပြိုင်ပွဲ အားလုံးကို ဘယ်တော့မှ ယှဉ်ပြိုင်ခွင့် မရှိတော့ဘူး”

တန်ရီမင်က ယှဉ်ပြိုင်သူတချို့ကို ရည်ရွယ်ချက်ရှိရှိ သတ်လိုက်မှာ စိုးရိမ်ပြီး အပိုအားထည့်ကာ လေးလေးနက်နက် ပြောခဲ့သည်။

“ဟားဟား၊ ငါကတော့ တိုက်ခိုက်ရတာ ကြိုက်တယ်”

ကွမ်ဒင်သည် လက်သီး တင်းတင်း ဆုပ်ထားသော်လည်း လူများက သူ့ကို စိုက်ကြည့်နေသဖြင့် မျက်မှောင်ကြုတ်သွားသည်။

သူတို့ရဲ့ အပြင်အဆင်များအရ ကောင်းကင်သစ်ခွနှင့် ဝူမာက ဖြစ်နေသည်။

“ငါလို.....ငါတို့က အားလုံးရဲ့ ပစ်မှတ် ဖြစ်နေပြီလား”

ကွမ်ဒင် အံ့အောနေသည်။

“အရင်အချီမှာ ငါတို့က ဒုတိယနေရာကို ရခဲ့တယ်။ ဒါကို သူတို့က လက်မခံနိုင် ဖြစ်နေကြတာ”

ဝမ်ချောင် ပြုံးလိုက်သော်လည်း သူ့ရဲ့ အပြုံးက အနည်းငယ် တောင့်တင်းနေသည်။ အားကောင်းတဲ့ ကျောင်းနှစ်ကျောင်းက ဝိုင်းပြီး ပစ်မှတ်ထားလျှင် ပိုခက်ခဲလာတော့မည်။

"အမှောင်တိုက်ကြီးမှာ လျှို့ဝှက်ဆန်းကြယ်ပြီး မသိနိုင်တဲ့ နေရာတွေအပြင် လျှို့ဝှက်ဆန်းကြယ်ပြီး အစွမ်းရှိတဲ့ ပစ္စည်းတွေ အများကြီး ရှိတယ်။ ဒါပေမယ့် အချိန်ကုန်သက်သာပြီး စောင့်ကြည့်ရတာ လွယ်ဖို့အတွက် ဒိုင်လူကြီးတွေက နယ်မြေသုံးခု

ကန့်သတ်ထားတယ်။ မင်းတို့ ဒီနေရာမှာပဲ လေ့လာလို့ရမယ်”

တန်ရီမင်က စည်းကမ်းချက်များကို ဆက်ပြီး ပြောပြနေသည်။

လျှို့ဝှက်နယ်မြေများသည် သူတို့ကိုပေးထားတဲ့ နာမည်အတိုင်း လျှို့ဝှက်ဆန်းကြယ်ပြီး ခန့်မှန်းလို့မရနိုင်တဲ့ နေရာများ ဖြစ်နေသည်။ ဒါတွေသည် အခြေခံအားဖြင့် လူသားတွေ မဝင်ရသေးတဲ့ အသစ်စက်စက် နယ်မြေများ ဖြစ်ပြီး အန္တရာယ်အဆင့်လည်း အရမ်းမြင့်မားသည်။

"အေ အမျိုးအစား လှိုဂ်ဝှက်နယ်မြေက သူတော်စင်ဂိုတ်ရဲ့ လေ့လာရေးအဖွဲ့က ရှာတွေ့ထားတဲ့ လှိုဂ်ဝှက်နယ်မြေ အသစ်ပဲ။ လက်ရှိအချက်အလက်များအရ အန္တရာယ်အများဆုံးနဲ့ လှိုဂ်ဝှက်ရတနာ ရှာတွေ့နိုင်တဲ့ အခွင့်အရေး အများဆုံး ဖြစ်တယ်။ ပြီးတော့ နည်းနည်းလေး ပေါ့ဆသွားတာနဲ့ တစ်ဖွဲ့လုံး သေသွားနိုင်တယ်"

"ဘီ အဆင့် လှိုဂ်ဝှက်နယ်မြေကတော့ ရှာဖွေရေးအဆင့်နဲ့ အန္တရာယ်အဆင့် အလယ်အလတ်သာ ရှိတယ်။

အဖွဲ့ဝင်တချို့သေသွားနိုင်ပေမယ့် တစ်ဖွဲ့လုံးတော့ မသေနိုင်ဘူး”

“စီ အဆင့် လျှို့ဝှက်နယ်မြေကတော့ လုံးဝကို လေ့လာလုနီးပါးဖြစ်ပြီး အန္တရယ်လည်း အရမ်းနည်းတယ်။ အဆင့်နိမ့် လျှို့ဝှက် ရတနာ ရနိုင်ပေမယ့် အဆင့်မြင့်မားတဲ့လျှို့ဝှက် ရတနာကတော့ ရနိုင်ခြေ မရှိသလောက်ပဲ”

တန်ရီမင်က “ကျောင်းအသီးသီးက အဖွဲ့ခေါင်းဆောင်များ မြေပုံနဲ့ အချက်အလက်တွေ ယူဖို့ စင်ပေါ်ကို တက်လာကြပါ။ သူတော်စင်ဂိတ်က

မင်းတို့ကို နယ်မြေသုံးခုနဲ့ ပက်သက်တဲ့ သတင်းအချက်အလက်တွေ ပေးမယ်”

ကျန်ရန်ဖောင်က စင်ပေါ်တက်သွားပြီး ကျန်တဲ့သူများက အချင်းချင်း ဆွေးနွေးရင်း ကျန်နေခဲ့သည်။

“တွေဝေနေစရာ လိုလို့လား။ ငါတို့က အေ အဆင့် နယ်မြေကိုပဲ ရွေးရမယ်”

ဦးနှောက်မှာ ကြွက်သားတွေ ပြည့်နေတဲ့ ရှန်ယွန်ပေါင်က ချက်ခြင်း ထအော်သည်။ စိန်ခေါ်မှုတွေကို သဘောကျသည်။

အခက်အခဲဆုံးအဆင့်ကို စိန်ခေါ်ခြင်တဲ့ ကျောင်းသားတွေက ရှားပါလှသည်။ သို့သော် ဆွန်းမိုနှင့် ဆရာသုံးယောက်သည် အဲဒီလောက် စိတ်မရှည်ပါ။ လက်ရှိအခြေအနေကို သုံးသပ်ဖို့ လိုနေသည်။

“ငါတို့ လက်ရှိ ရလဒ်အတွေအရတော့ ငါတို့က ဘီအဆင့် လျှို့ဝှက်နယ်မြေကို သွားသင့်တယ်။ ငါတို့ အလယ်အလတ် ရတနာကို ရှာတွေ့နိုင်သ၍ အဆင့်တက်ဖို့ အခွင့်အရေးက ၉၀ ရာခိုင်နှုန်းလောက် ရှိတယ်။ အဲဒီနောက် ငါတို့ရဲ့ တိုက်ခိုက်ရေး အစွမ်းကို

ထိန်းသိမ်းထားပြီး အေ အဆင့် နယ်မြေက ပြန်လာတဲ့လူတွေကို တိုက်ခိုက်သင့်တယ်”

ကွမ်ဒင်က အကြံပေးသည်။

လီဇီချီသည် သူ့ကို တစ်ချက်ကြည့်လိုက်သည်။ ဒီဆရာမှာ တိရစ္ဆာန်တစ်ကောင်လို သန်မာတဲ့ ခန္ဓာကိုယ် ရှိပြီး ဓါးရှည်ကို ကိုင်ထားပေမယ့် ဦးနှောက်က သေးငယ်နေသည်။

“ငါတို့ လုပ်နိုင်တယ်”

ကူရှုပ်ရှင်းက သဘောတူသည်။

အေ အဆင့် လျှို့ဝှက်နယ်မြေများသည် ခက်ခဲလှသည်။ လျှို့ဝှက် ရတနာကို အောင်အောင်မြင်မြင်နဲ့ ရှာတွေခဲ့လျှင်တောင် အဖွဲ့ဝင်တချို့ ဆုံးရှုံးနိုင်ပြီး အသေအပြောက်လည်း များနိုင်သည်။ ဒါကြောင့် တခြားအုပ်စုကို စောင့်ဆိုင်းပြီး တိုက်ခိုက်သင့်သည်။

ဒီအစီအစဉ်က လောင်းကြေး အနည်းဆုံး ကစားနည်း ဖြစ်သည်။

အခန်း (၃၇၃) - လက်ငင်းချက်ခြင်း ဟောပြောခြင်း။ ဗဟိုပြည်နယ်အကယ်ဒမီက အမြင့်ဆုံးပဲ။

ဗဟိုပြည်နယ် အကယ်ဒမီတစ်ခုတည်း စဉ်းစားနေတာ မဟုတ်ပါ။ အကယ်ဒမီ တစ်ဝက် ဒါမှမဟုတ် ထက်ဝက်ကျော်လောက်သည် ဒီလို စွန့်စားမှုနဲ့ ကြုံတွေ့နေရသည်။

စိတ်အသက်သာဆုံး ဖြစ်နေတဲ့သူများက အောက်ခြေအဆင့်မှာရှိတဲ့ အကယ်ဒမီ ၂၀ ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ တခြား ရွေးချယ်စရာ မရှိပါ။ သူတို့သည် အေအဆင့် လျှို့ဝှက်နယ်မြေကိုပဲ ရွေးချယ်နိုင်သည်။ လောင်းကြေး မထပ်ပါက တန်းဆင်းရမယ့် အလားအလာ များနေသည်။

ဒါကြောင့် သတင်းအချက်အလက်ကို ရပြီးတာနဲ့ တန်းထွက်သွားကြသည်။

မာရှန်ကလည်း တန်းပြီး ထွက်ခွာသွားသည်။ သူတို့ လုံးဝ မတွေ့ဝေပါ။ အေအဆင့်

လှျို့ဝှက်နယ်မြေကို သွားပြီး ပထမနေရာကို ယူဖို့အတွက်သာ စိတ်ထဲရှိနေသည်။

"ဟေး၊ အလယ်ပိုင်းပြည်နယ် မကြောက်ပါနဲ့ ငါတို့နဲ့အတူ အေအေဆင့် လှျို့ဝှက် နယ်မြေကို လိုက်ခဲ့ပါ"

မာရှန်မှ ဆရာတစ်ယောက်ရဲ့ အော်သံ ရုတ်တရက် ထွက်လာသည်။

"ရှုလီ၊ ပြဿနာ မရှာနဲ့"

မာရှောင် အနည်းငယ် မျက်မှောင်ကြုတ်နေသည်။ လူတိုင်း ဝိုင်းကြည့်နေတဲ့ ဒီလို အခြေအနေမျိုးကို မကြိုက်ပါ။

မာရှန် ကျောင်းသားအုပ်စုရဲ့ စိတ်ဓါတ်ရေးရာက မြင့်မားနေသည်။ ဗဟိုပြည်နယ် ကျောင်းသားများကို ကြည့်နေကြတဲ့ သူတို့မျက်လုံးထဲတွင် ဂုဏ်ယူမှု၊ ယုံကြည်မှု နှင့် အထင်သေးတဲ့ အရိပ်အမြွက်များ ပြည့်နှက်နေသည်။

"ဆရာ၊ ပထမနေရာက ငါတို့အပိုင်ပဲ။ ငါတို့ဆီကနေ ဘယ်သူမှ မလုယူနိုင်ဘူး"

နန်ကုန်တာအိုက အသံကို တည်ငြိမ်နေသော်လည်း ခိုင်မာလှသည်။

"ဒီအဖွဲ့ကို လက်တစ်ဖက်တည်းနဲ့ ချေမှုန်းပစ်လိုက်လို့ ရတယ်"

"မင်းမှာ ဒီလိုလုပ်ဖို့ အခွင့်အရေးမရှိတာက သနားစရာပဲ"

ဝေရှုလီ၏ နှုတ်ခမ်း တွန့်သွားသည်။

"သူတို့ ဘီအဆင့် လျှို့ဝှက်နယ်မြေကို ရွေးပြီး တခြား ကျောင်းသားအဖွဲ့တွေကို လိုက်လံတိုက်ခိုက်လိမ့်မယ်"

ဝူးရှိ

လူတိုင်းရဲ့ အကြည့်က အလယ်ပိုင်းဇဟိုပြည်နယ် အကယ်ဒမီကျောင်းဘက်သို့ ရောက်လာသည်။ နောက်ဆုံး ဆွန်းမိုဆီ အကြည့်ရောက်သွားသည်။ ဆရာအားလုံးနဲ့ ကျောင်းသားတွေက သူ့ကို ကြည့်နေသောကြောင့် ဖြစ်သည်။

ပြောချင်တာက ဒီဆရာပေါက်စက အဖွဲ့ရဲ့ ကျောရိုး ဖြစ်နေသည်။

“ဒီကောင်တွေရဲ့ အကြည့်က ငါတို့ကို တကယ် အနိုင်ယူချင်နေတာပဲ”

ကူးဂျင်လန် ဝမ်းနည်းသွားသည်။

"စည်းမျဉ်းအရတော့ ငါတို့ အခု တိုက်ခိုက်လို့ မရသေးဘူး မဟုတ်လား"

ရှန်ယွန်ပေါင်က နန်ကုန်တာအိုကို စိုက်ကြည့်ပြီး နှုတ်ခမ်းသပ်လိုက်သည်။

"ကျန်ရန်ဇောင်၊ အင်ဘိုင်ဝူ သူတို့ကို အခုပဲ တိုက်ခိုက်လိုက်ရမလား"

အင်ဘိုင်ဝူကလည်း ကျောမှာပိုးထားတဲ့ လေးရှည်ကို ထုတ်ယူလိုက်သည်။

"ရပ်လိုက်"

လီဇီချီက သူတို့ကို တားလိုက်သည်။ အခုတိုက်ခိုက်လိုက်မယ်ဆိုရင် တခြားကျောင်းတွေ ပိုလွယ်သွားလိမ့်မည်။

ကောင်းကင်သစ်ခွနှင့် ဝူမာက ကျောင်းသားများသည် လျှင်မြန်စွာ ထွက်ခွာသွားကြသည်။

"သူတို့က ဘယ်လျှို့ဝှက် နယ်မြေကို ဦးတည်နေတယ်လို့ မင်းထင်လဲ"

လီဖန် သိချင်လာသည်။

"အေ အဆင့် လျှို့ဝှက်နယ်မြေပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက ပြန်ပြောသည်။

"ဘာကြောင့်လဲ"

ရှီကွမ်က မေးသည်။

"အမ်"

လုချီဟွာ ခေါင်းကုတ်သွားသည်။

"ဒါက ငါ့အထင်ပဲ"

"............."

လူတိုင်း စကားမပြောနိုင်အောင် ဖြစ်သွားသည်။
(မင်းရဲ့ အကြောင်းပြချက်က တကယ် ထူးခြားတယ်)

"ဒါက အေ အဆင့်ပါ"

လီဇီချီ ဖြတ်ပြောလိုက်သည်။

"လူတိုင်းမှာ ဘဝင်မြင့်တတ်တဲ့ စိတ်ရှိတယ်။ အဲဒီကျောင်းသားတွေရဲ့ အပြုအမူကို ကြည့်လိုက်ပါလား။ သူတို့ကို ကြည့်ရတာ မာနကြီးပြီး ရဲရင့်တယ်။ ပြောချင်တာက သူတို့ အေအဆင့်ကိုပဲ ရွေးချယ်လိမ့်မယ်"

"အမ်၊ အဲဒီလို ဖြစ်နိုင်တယ်"

လီဖန် ခေါင်းညိတ်လိုက်သည်။ တကယ်လို့ အေအဆင့်လျှို့ဝှက်နယ်မြေကို ရွေးချယ်ခဲ့မယ်

ဆိုရင်လည်း သူမ ဂုဏ်ယူနေမိမည်။ ဘာဖြစ်လို့လဲဆိုတော့ တခြားကျောင်းသားထက်စာရင် စွန့်စားရဲတဲ့ သတ္တိရှိနေသည်။ သို့သော် ဘီအဆင့်ကို ရွေးချယ်လိုက်ပါက ဒီလို သက်ရောက်မှု မရှိနိုင်ပါ။

ဝူမာက ကျောင်းသားများကတော့ ကွင်းပြင်ကနေ တိတ်တဆိတ် ထွက်သွားသည်။ ကောင်းကင်သစ်ခွက ထွက်သွားတဲ့အချိန်တွင် ဆွန်းမိုကို တစ်ချက်လှမ်းကြည့်ပြီး လက်မနှင့် လည်ပင်းအရှေ့ ကန်လန့်ဖြတ် မျဉ်းတစ်ကြောင်း ဆွဲပြလိုက်သည်။

"ဗဟိုပြည်နယ်၊ မင်းတို့ကို အေးအေးဆေးဆင့် လျှို့ဝှက်နယ်မြေမှာ စောင့်နေမယ်"

ဟာ

ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

အစောပိုင်းတုန်းက ဝေဖူလီရဲ့ စကားသည် ကဲ့ရဲ့တဲ့ စကားဖြစ်သော်လည်း ကောင်းကင်သစ်ခွက လှမ်းပြောလိုက်တဲ့ စကားသည် စိန်ခေါ်မှုလို့ ပြောနိုင်သည်။

"မင်းက စိတ်ဆိုးနေသေးတာလား"

လင်ပိုင်က ကျယ်လောင်စွာ ရယ်မောပြီး

“မနေ့တုန်းက ဆွန်းမိုနဲ့ အသေးအဖွဲ့ ပဋိပက္ခက အရေးမကြီးဘူး။ ဒါပေမယ့် မေပယ်တစ်ထောင် သူ့ငွေးက ဇဟိုပြည်နယ် အကယ်ဒမီကို ဆက်ဆံနေတဲ့ပုံစံကို သည်းမခံနိုင်ဘူး။ မာရှောင်က ပထမနေရာ မရရင်တောင် ဇဟိုပြည်နယ် အကယ်ဒမီကတော့ မဖြစ်နိုင်ဘူး”

ချူရီခုန်က ဂုဏ်ယူနေသည်။ သူက ဇဟိုပြည်နယ်အကယ်ဒမီကို ရှင်းပစ်လိုက်လျှင် သူ့ငွေးလီရဲ့ မျက်နှာ ဘယ်လို ဖြစ်သွားမလဲဆိုတာ သိချင်နေသည်။

....

“ဆရာဆွန်း၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့”

ကွမ်ဒင်က လျှင်မြန်စွာ ပြောလိုက်သည်။

“မင်းတို့လည်း စိတ်အေးအေးထား”

“သူတို့က လည်ချောင်းဖြတ်မဲ့ အမူအရာ လုပ်ပြနေတယ်။ ငါတို့ အခုချက်ခြင်း ပြေးရိုက်ရအောင်လို့ ငါပြောချင်တယ်”

ရှန်ယွန်ပေါင်က ဒေါသတကြီး ပြောဆိုနေသည်။

“ပါးစပ် ပိတ်ထား”

ကွမ်ဒင်က ကျိန်းမောင်းလိုက်သည်။

"မင်း ခေါင်းထဲမှာ ဘာမှ မရှိဘူးလား။ ဒါမှမဟုတ် ကြွက်သားတွေပဲ ပြည့်နေတာလား။ သူတို့က ငါတို့ကို အေအဆင့် လျှို့ဝှက်နယ်မြေထဲ ဝင်လာအောင် စိတ်ဆွနေတာ"

ကောင်းကင်သစ်ခွ အတွက် ဆိုးတဲ့ အရာတွေ ဖြစ်နိုင်ခြေရှိသော်လည်း အဆင့်နိမ့်ကျောင်းတွေထက်တော့ သာလွန်နေသည်။ သို့သော် အဆင့်နိမ့်ကျောင်းများသည် အေအဆင့်နယ်မြေထဲသို့

ရောက်သွားတာနဲ့ လူတိုင်းတွင် အန္တရာယ် အတူတူ ရှိနေသည်။

လီဇီချီ နှုတ်ခမ်းကွေးသွားပြီး သူမကိုယ်သူမ တွေးနေမိသည်။ (ဆရာကွမ်၊ မင်းထင်တာ မှန်တယ်။ ရှန်ယွန်ပေါင်ရဲ့ ခေါင်းထဲမှာ ကြွက်သားတွေနဲ့ ပြည့်နေတယ်)

"ဆရာကွမ်"

ကျန်ရန်ဖေါင်က တံခါးကို စိုက်ကြည့်ရင်း အေးစက်တဲ့ လေသံနဲ့

"ငါ သည်းမခံနိုင်ဘူး။ ငါတို့ အေအဆင့် လျှို့ဝှက်နယ်မြေထဲ သွားဖို့ အဆိုပြုပါတယ်"

"ငါလည်း အေအဆင့်ကို ရွေးတယ်"

"အေ အဆင့်"

ဗဟိုပြည်နယ်မှ ကျောင်းသားအားလုံး ထုတ်ပြောလာကြသည်။

"မင်းတို့က ငယ်တော့ သွေးဆူနေကြတာ"

ကွမ်ဒင်သည် သူ့စကား အလေးမရှိသဖြင့် အကူညီမဲ့နေသလို ခံစားနေရသည်။ သူ့ကို

ယုံကြည်လာအောင် မလုပ်နိုင်ခဲ့ပါ။ ဒါကြောင့် ဆွန်းမိုဘက်သို့ လှည့်ပြီး

"ဆရာဆွန်း၊ တစ်ခုခု ပြောပါအုံး"

"အမှန်တိုင်း ပြောရရင် အရင်နှစ်ချီမှာ မင်းတို့ရဲ့ လုပ်ဆောင်ချက်က မဆိုးပေမယ့် ငါအကျေနပ်ဆုံးက မင်းတို့ အခုပြသနေတဲ့ တိုက်ပွဲဝင်စိတ်ပဲ"

ဆွန်းမိုက ပြောလိုက်သည်။

"အမ်"

ကွမ်ဒင်နှင့် ဝမ်ချောင် တို့နှစ်ယောက်စလုံး ကြောင်သွားသည်။ (ဆရာဆွန်း၊ မင်း စကားပြော မှားနေပြီ)

ကူရှုပ်ရှင်း သက်ပြင်းချလိုက်သည်။ ဒီရလဒ် ထွက်လာမယ်ဆိုတာ သူမ ခန့်မှန်းပြီးသားပါ။ ဆွန်းမိုရဲ့မာနကြောင့် ဘီအဆင့်လျှို့ဝှက် နယ်မြေကို ဘယ်လိုမှ မသွားနိုင်ပါ။

“ဒါက အေအဆင့် လျှို့ဝှက်နယ်မြေဆိုလည်း ဘာဖြစ်လဲ။ ကောင်းကင်သစ်ခွ၊ ဝူမာနှင့် မာရှန်ကတောင် တွေဝေခြင်းမရှိဘဲ သွားရဲသေးရင်

ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီကလည်း ဘာဖြစ်လို့ မသွားရဲရမှာလဲ”

ဆွန်းမို လေသံက ပြတ်သားလှသည်။

နှင်းစက်ဖြူ အဆောက်အဦးအထဲမှာရှိတဲ့ ဆူညံသံတွေ အားလုံး တိတ်ဆိတ်သွားသည်။ ဆွန်းမို စကားကို ကြားလိုက်လျှင် ကျောင်းသားအားလုံး စိတ်ဝင်စားသွားသည်။

“အမ်၊ စိတ်ဝင်စားစရာပဲ”

တန်ရီမင် လှမ်းကြည့်လိုက်သည်။

“ဘာဖြစ်လို့ ငါတို့ ဒီကိုရောက်နေတာလဲ။ ခရီးသွားဖို့လား။ လူသစ်တန်း ပြိုင်ပွဲအတွက် အတွေ့အကြုံဆိုတာ ဘာလဲ။ ဟာသလုပ်မနေနဲ့။ ငါတို့ ဒီကိုရောက်နေရတဲ့ အကြောင်းအရင်းက ပထမနေရာအတွက် တိုက်ပွဲ ဝင်မလို့”

ဆွန်းမိုရဲ့ အသံက အရမ်းအားကောင်းပြီး အစွမ်းထက်လှသည်။

“ဘီအဆင့်ကို ရွေးချယ်တာက မင်းရဲ့ အရည်အချင်းကို သံသယဖြစ်လို့ပဲ”

"မင်းတို့အားလုံးက အသက် ၁၂ နှစ် ၁၃နှစ် လူငယ်လေးတွေပဲ ရှိသေးပြီး အသက်ရှင်ဖို့ အများကြီး ကျန်သေးတယ်။ တယယ်လို့ မင်းတို့ အခု လက်လျှော့လိုက်မယ်ဆိုရင် နောင်တစ်ချိန်မှာ ပိုကြီးမားတဲ့ အတားအဆီးနဲ့ တွေ့လာရင် ဘယ်လိုလုပ်မလဲ"

"အကောင်း၊ အဆိုးကို ချိန်ဆမှာလား။ အကျိုးအမြတ်ကို ကြည့်မှာလား"

"ထွက်ပြေးမလို့လား။ ငါဂရုမစိုက်ဘူး။ ပထမနေရာပဲ လိုချင်တယ်"

နောက်ဆုံးအပိုင်းတွင် ဆွန်းမို အောဲဟာစ်လိုက်သည်။

ဒါက သူ့ရင်ထဲက ခံစားချက်ပါ။ ဘဝတစ်သက်တာတွင် စာသင်မယ်၊ ဘွဲ့ရမယ်၊ အလုပ်ရှာမယ်၊ ပေါင်းသင်းဆက်ဆံမယ် နောက်ဆုံး အိမ်ထောင်ပြုလိုက်ရင်တောင် အခက်အခဲတွေက ဆက်ရှိနေအုံးမည်။

ဘယ်အဆင့်က လူတွေနဲ့ ပြိုင်မှာလဲ။

ဘဝမှာ အောင်နိုင်သူ ဖြစ်ချင်ရင် အိပ်ယာထဲမှာပဲ အိပ်ပြီး တွေးနေလို့ မရဘူး။ စဉ်ဆက်မပြတ် တိုက်ခိုက်ပြီး တိုက်ခိုက်နေဖို့ လိုအပ်သည်။

ဘုန်း

ဆွန်းမို ကိုယ်က ရွှေရောင် အလင်းတန်းများ ဖြာထွက်လာပြီး နှင်းစက်ဖြူ အဆောက်အဦး တစ်ဝက်လောက်အထိ လွှမ်းမိုးသွားသည်။

"တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက်"

"တောက်၊ နည်းနည်း မကြီးလွန်းဘူးလားကွာ"

"ဒီကောင် ဘယ်သူလဲ"

ဆရာတွေက ဆွန်းမိုကို အကဲခတ်ရင်း အချင်းချင်း ဆွေးနွေးနေကြသည်။

“ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမိုပဲ။ ဒီကောင် တကယ် သန်မာလွန်းတယ်”

ဆွန်းမိုက ကျောင်းသားများကို ကြည့်လိုက်သည်။ သူ့ရဲ့ လေသံက ဆွဲဆောင်မှု ရှိလွန်းသည်။

“မင်းက လူများများကို အနိုင်ယူနိုင်လေ မင်းဘဝက တောင်ထိပ်ကို ပိုရောက်နိုင်လေပဲ”

“မင်းက လူတိုင်းကို အနိုင်ယူပြီးတဲ့ အချိန်ကျရင် မင်းက တောင်ထိပ်မှာ ရပ်တည်နေလိမ့်မယ်။

အရမ်းသေးငယ်ပြီး အရေးမပါတဲ့ အခြားတောင်တွေကို ငုံ့ကြည့်နေလို့ရတယ်။ တခြား ဘယ်သူမှ မမြင်နိုင်တဲ့ မြင်ကွင်းကို ကြည့်ပြီး မင်းသဘာကျနေလိမ့်မယ်”

ကျောင်းသားတွေရဲ့ အသက်ရှူသံ ပိုပြင်းထန်လာသည်။ စိတ်လှုပ်ရှားကာ တက်ကြွလာသည်။ ဒါက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ရဲ့ လွှမ်းမိုးမှုသာမက သူတို့ အတွေးကြောင့်လည်း ဖြစ်သည်။

အနိုင်မလိုချင်တဲ့ လူငယ် ရှိလို့လား။

"လူတိုင်း"

ဆွန်းမိုရဲ့ အကြည့်က ကျောင်းသားတိုင်းဆီ ရောက်သွားသည်။

"ငါတို့ ဒီကိုလာရတဲ့ အကြောင်းအရင်းက ဘာလဲ"

"ပထမနေရာ"

ကျောင်းသား နှစ်ဆယ်က တညီတညွတ်ထဲ အော်ဟစ်ကြသည်။ အစီအစဉ် ဆွဲပြီးမှ လုပ်တတ်တဲ့ ထန်ထန်ယုထန်လို လူတောင် ဒီတစ်ကြိမ်မှာ ရှေးရိုးဆန်တဲ့ တိုက်ပွဲဗျူဟာကို ထည့်မစဉ်းစားတော့ပါ။

(ပထမနေရာ လိုချင်တယ်)

“ထွက်ခွာမယ်”

ဆွန်းမိုက အမိန့်ပေးလိုက်သည်။

ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့သည် အေအေဆင့် လျှို့ဝှက်နယ်မြေကို ထွက်ခွာသွားသည်။

“ပြီးသွားပြီ”

ကွမ်ဒင် မျက်နှာ ညှိုးသွားသည်။

“ငါလို...သူ့အမေ၊ ပထမနေရာကို လိုချင်တယ်”

ဝမ်ချောင်က ကျိန်ဆဲလိုက်သည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရသည်။

"ဆရာကူ၊ မင်းက ဆရာဆွန်းကို မစည်းရုံးတော့ဘူးလား"

ကွမ်ဒင် မချိပြုံး ပြုံးရင်း မေးလိုက်သည်။ ဆရာများအနေနဲ့ အရှိန်အဝါရဲ့ သက်ရောက်မှုက မကြီးမားပါ။ ပြောချင်တာက ဝမ်ချောင်သည် သူ့ထက် ရည်မှန်းချက် ကြီးသည်။

"ဘာဖြစ်လို့ သူ့ကို စည်းရုံးရမှာလဲ"

ကူရှုပ်ရှင်းက ပြုံးပြီး ပြန်မေးလိုက်သည်။

“တကယ်တော့ ငါလည်း အေးအေးဆင့် လျှို့ဝှက်နယ်မြေကို ရွေးချင်တယ်”

“ဒါက သန်မာတဲ့ ကျွမ်းကျင်သူတစ်ယောက်ရဲ့ စိတ်ဓါတ်ပဲလား”

ကွမ်ဒင် ရုတ်တရတ် သဘောပေါက်သွားသည်။ ဒါက သူနဲ့ ဆွန်းမိုလို ပါရမီရှင်များကြားက ကွာခြားချက် ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူလေးစားရတဲ့ မြတ်ဆရာတစ်ယောက်က သူ့ကို မခေါ်ခဲ့ပေမယ့် "မင်းက တည်ငြိမ်မှုကို အရမ်းလိုချင်လွန်းတယ်"

ဒါကြောင့် စွန့်စားချင်တဲ့စိတ် ကင်းမဲ့နေတယ်လို့ သတ်မှတ်နိုင်သည်။

ဆွန်းမိုက ကြီးကြီးမားမား လုပ်နိုင်တာ မထူးဆန်းတော့ပါ။ သူသာ အစကတည်းက ကြောက်နေရင် ဒီလို ထိပ်တန်း ပါရမီရှင်တွေရဲ့ ယုံကြည်မှုနှင့် လေးစားမှုကို မရနိုင်ပါ။

ဒင်

ကွမ်ဒင်၏ လေးစားအထင်ကြီးမှု +၅၀၀ ။ ရင်းနှီး (၆၁၀/၁,၀၀၀)

ဆွန်းမိုနဲ့ အဖွဲ့ ထွက်ခွာသွားသော်လည်း အနီးအနားမှာရှိတဲ့ ကျောင်းသားအုပ်စု ဆယ်ဖွဲ့ကျော်သည် စိတ်လှုပ်ရှားပြီး ကျန်ခဲ့သည်။

"ဆရာ၊ အေအဆင့် လျှို့ဝှက် နယ်မြေကို သွားရအောင်"

"တောက်၊ ငါတို့လည်း ပထမနေရာကို လိုချင်တယ်"

"တိုက်ပွဲမှာ မသေမချင်း အရှုံးမပေးဘူး။ ငါတို့ကို အနိုင်ယူလို့ မရဘူးဆိုတာ သူတို့ သိသွားစေရမယ်"

ကျောင်းသားများသည် ကေရာဇ်တစ်ယောက်ကို နန်းချနိုင်သလို အံ့အောတုန်လှုပ်ပြီး ရှူးသွပ်နေကြသည်။

"စိတ်အေးအေးထားကြပါ။ လူတိုင်း စိတ်အေးအေးထားကြပါ"

ဆရာတွေက ကျောင်းသားတွေကို နှစ်သိမ့်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေကြသော်လည်း အသုံးမဝင်ပါ။ ဒီကျောင်းသားများသည်

တန်ဖိုးဖြတ်မရတဲ့အကြံပြုချက်ရဲ့ လွှမ်းမိုးမှုကို ခံနေပြီး တိုက်ပွဲဝင်စိတ်နဲ့ ပြည့်နှက်နေသည်။

"ဘောပဲ ဆွန်းမို"

ဆရာများ ကူကယ်ရာမဲ့နေကြသည်။ သူတို့ရဲ့ မချိပြုံးများကြားတွင် ဆွန်းမိုကို မကျေနပ်စိတ်များ မြင်နေရသည်။

(ဆွန်းမို၊ မင်းလုပ်တာ ငါတို့ ပြီးသွားပြီ။ ကျောင်းသားတွေကို အားပေးတာက ကောင်းပါတယ်။ ဒါပေမယ့် ဘာဖြစ်လို့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို သုံးရတာလဲ)

အလယ်အလတ်အဆင့် ကျောင်းတွေအတွက် ဒါက မကောင်းပါ။ ဘယ်လိုပဲ ကြိုးစားပါစေ အဆင့်မတိုးနိုင်ပါ။ အမှားလုပ်မိပါက အဆင့်ကျသွားလိမ့်မည်။ ဒါကြောင့် တည်ငြိမ်မှုကိုပဲ လိုချင်သည်။ ဒါပေမယ့် ဆွန်းမိုရဲ့ အရှိန်အဝါ ပေါက်ကွဲထွက်လာပြီးနောက် ကျောင်းသားတွေ အားလုံး ရှုးသွပ်နေကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမို ပြောခဲ့တာက မမှားတာကို ဝန်ခံရမည်။

သန်မာတဲ့ လူတွေက သူတို့ရဲ့ လုပ်နိုင်စွမ်းအပေါ်ကိုပဲ အားကိုးနေလို့ မရပါ။ ဘယ်တော့မှ အရှုံးမပေးတတ်တဲ့ နှလုံးသားကို ပိုင်ဆိုင်ဖို့လဲ လိုအပ်သည်။ မာရှောင်ကို ကြည့်ပါလား။ ဒါက ချန်ပီယံတစ်ယောက်ရဲ့ စိတ်နေသဘောထားပဲ။

"ဟားဟား"

ဒီကျောင်းသားများသည် စိတ်ကြွဆေး သောက်ထားသလို အေးအေးဆင့် လျှို့ဝှက်နယ်မြေကို လေ့လာချင်စိတ် ပြင်းပြနေကြသည်။ အဲဒီ ပုံစံကို ကြည့်ပြီး တန်ရှီမင် ပြုံးလိုက်မိသည်။

"လူငယ်တွေမှာ မလုပ်နိုင်ရင် ဘယ်သူက လုပ်နိုင်မှာလဲ။ ဆွန်းမိုက တကယ်ကို သာမန်လူတစ်ယောက် မဟုတ်ဘူးပဲ" ဒင်

တန်ရီမင်၏ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

ဒီလောက် ကြီးကျယ်တဲ့ အရာကို ဖုံးကွယ်ထားဖို့ဆိုတာ မဖြစ်နိုင်ပါ။ ဒါကြောင့် နာရီဝက်လောက် ကြာပြီးတော့ ကျောင်းအုပ်ကြီးတွေ အားလုံး သိရှိသွားသည်။

“ဆွန်းမိုက ရှုးနေတာလား”

ကျန်ဟန်ဖူသည် လက်အောက်ငယ်သားရဲ့ အစီရင်ခံစာကို ဖတ်ပြီး ဆွန်းမိုတစ်ယောက် မတရား မဆင်မခြင် လုပ်တယ်လို့ ခံစားရသည်။ ဒီလိုအချိန်မျိုးမှာ ပထမနေရာ ရဖို့အတွက် ဘာဖြစ်လို့ ပြောနေရတာလဲ။ အဓိက တာဝန်က အဆင့်တိုးဖို့ပဲ။

“ကျောင်းအုပ်ကြီးကျန်၊ မင်းကျောင်းက ဆရာဆွန်းက တကယ်ကို အံ့အောစရာပဲ”

“လျှို့မှုဘိုင်ရဲ့ အလင်းက သူ့ကို ဖုံးနေတာပဲ ဖြစ်ရမယ်”

ကျောင်းအုပ်ကြီးများသည် ကျန်ဟန်ဖူနဲ့ စကားပြောရန် ရောက်လာသည်။

ကျန်ဟန်ဖူသည် အတွေ့အကြုံများသည်။ ဒီအခြေအနေကို သုံးသပ်ကြည့်ရလျှင် ကျောင်းအုပ်ကြီးများ ဒီဆိုးဝါးလှတဲ့ လှုံ့ဆော်မှုအကြောင်းကို သိနေသည်။ ဆွန်းမိုကို ခေါင်းဖြတ် အမဲလိုက်လို့ ရမလားဆိုတာ သိချင်နေသည်။

အခန်း (၃၇၄) - အရမ်းပြဖို့လိုလို့လား။

ကျန်ဟန်ဖူသည် အခုလောလောဆယ် စိတ်ရှုပ်ထွေးသည်။

ဗဟိုပြည်နယ်အကယ်ဒမီသည် နောက်တစ်ကြိမ် နာမည်ပြန်ကြီးလာပြီး သူ့ကိုလေးလေးစားစား ဆက်ဆံနေကြသည်။ သို့သော်လည်း ဒါက ဆွန်းမိုရဲ့ အားထုတ်မှုကြောင့် ဖြစ်နေသည်။

"ဆွန်းမိုကို မြန်မြန် အမဲလိုက်ကြပါ"

ကျန်ဟန်ဖူသည် အဲဒီအချိန်က ဆွန်းမိုနဲ့ ထိပ်တိုက် တွေ့ခဲ့မိသည့်အတွက် နောင်တရနေသည်။ ဒါပေမယ့် ဆွန်လျှောင် အကယ်ဒမီက လူမသိသူမသိ

ဘွဲ့ရတစ်ယောက်က ဒီလောက်ထူးချွန်မယ်လို့ ဘယ်သူက ထင်မှာလဲ။

(ပြောကြပါအုံး။ ငါက ရှုံးနေလို့လား)

ဆွန်းမိုသာ မဟာကိုးပါးထဲက ဘွဲ့ရတစ်ယောက် ဖြစ်နေရင် ကျန်ဟန်ဖူသည် သူ့ကို လုံးဝ လျှော့တွက်ခဲ့မှာ မဟုတ်ပါ။ သူ့အတွက် အကြီးအကျယ်ဆုံးနဲ့ အကြောက်ဆုံး ရန်သူအဖြစ် သဘောထားမိ လိမ့်မည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၄၁၀/၁,၀၀၀)

....

အေအဆင့် လျှို့ဝှက် နယ်မြေထဲမှာ.....

နှင်းစက်ဖြူမြို့ကနေ ရထားစီးသွားပါက တစ်ရက်ခွဲလောက် အချိန်ယူရလိမ့်မည်။ ဒါပေမယ့် ကျင့်ကြံသူတွေအတွက်တော့ ဒါက လုံးဝပြဿနာ မရှိပါ။

သူတို့ ခရီးအဝေးကြီးကို ခြေလျှင် ခရီးသွားနိုင်သည်။ ဒါက သူတို့ရဲ့ အခြေခံအကျဆုံး စွမ်းရည် တစ်ခုဖြစ်သည်။

ဒင်

“လေးစားအထင်ကြီးမှု အမှတ်ပေါင်း +၃,၁၀၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

အမှတ်တချို့ကို ကျောင်းသားတွေက ပံ့ပိုးပေးခဲ့ကြသည်။ သူတို့ဆီက ကြီးကြီးမားမား မဟုတ်သော်လည်း ဆွန်းမိုရဲ့ ဟောပြောချက်ကို ယုံကြည်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါက်သည်။

ဒင်

"ရှူတန်အီနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တိုးတက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ကံကြမ္မာ ရတနာသေတ္တာ တစ်လုံး။

ဆွန်းမို နှုတ်ခမ်း ကွေးသွားသည်။

အနီရောင် စာလုံးနဲ့ရေးထားတဲ့ 'ကံကြမ္မာ' ဆိုတဲ့ စာကို ကြည့်ပြီး တန်းဖွင့်လိုက်သည်။

ဒင်

"အမှောင်တိုက်ကြီးက မြေကြီးခဲတစ်ခု ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ"

"ငါလို...."

ဆွန်းမိုက သူကံဆိုးတဲ့ အကြောင်းကို သက်သေပြမိသွားသည်။

"ဆွန်းမို၊ မင်းဘယ်လိုထင်လဲ"

ကွမ်ဒင်က မေးလိုက်သည်။ စကားပြောပြီးနောက် ဆွန်းမို အာရုံ ပျံ့လွင့်နေတာ သတိထားလိုက်မိသည်။

"မင်း ဘာပြောလိုက်တာလဲ"

ဆွန်းမိုက ခေါင်းလှည့်ပြီး မေးလိုက်သည်။

"ငါပြောချင်တာ အပျက်အဆီးတွေအကြောင်း စိတ်ကူး ရှိလား"

ကွမ်ဒင် နောက်တစ်ခေါက် ထပ်ပြောလိုက်သည်။

အေအဆင့် လျှို့ဝှက်နယ်မြေထဲတွင် အပျက်အစီးများအောက်မှာ တည်ရှိနေတဲ့ ရဲတိုက် တစ်ခု ရှိသည်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲက ငလျှင်တစ်ခု လှုပ်သွားသဖြင့် တစ်ယောက်ယောက်က မတော်တဆ တွေ့ရှိခဲ့သည်။

"ငါတို့ ဒါကို သတိထားပြီး လေ့လာရမယ်"

ဆွန်းမိုက ဘာပြောနိုင်မှာလဲ။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲတွင် သူက သာမန်ကျောင်းဆရာ တစ်ယောက် ဖြစ်တုန်းပါ။ အပျက်အဆီးကို လေ့လာဖို့ အသာထားလိုက်အုံး တောထဲမှာတောင် စခန်းချတာမျိုး မလုပ်ခဲ့ဖူးပါ။

“.................”

ကွမ်ဒင်သည် ‘မင်းက တကယ် ယုံကြည်လို့ ရလား ။ မရလားဆိုပြီး’ တကယ်မေးလိုက်ချင်သည်။ စောစောက စိတ်အားထက်သန်စွာ ဟောပြောခဲ့တဲ့ မင်းပါးစပ်ကြီး ဘယ်ရောက်သွားပြီလဲ။

သို့သော် ကျောင်းသားများက ဆွန်းမိုအပေါ် လုံးဝ ယုံကြည်နေတာ မြင်လိုက်လျှင် ဆိတ်ဆိတ်နေဖို့ ဆုံးဖြတ်လိုက်သည်။

"သတင်းအချက်အလက်တွေ ဘယ်မှာလဲ။ တစ်ချက်လောက် ကြည့်ရအောင်"

ဆွန်းမိုသည် လီဇီချီဆီက သတင်းအချက်အလက်များကို ရယူလိုက်ကာ လက်နဲ့ဖွင့်ပြီး ကြည့်သည်။

ဝူးရှ်

ရွှေရောင်အလင်းတန်းပေါ်လာပြီး မီတာ ၁၀၀ လောက်လွှမ်းခြုံသွားသည်။

အပျက်အဆီးများအကြောင်း အသံတိုးတိုးလေးနဲ့ ဆွေးနွေးနေကြတဲ့ ကျောင်းသားများ၏ ဝိညာဉ်နှင့် စိတ်များ တုန်ခါသွားသည်။ အရင်ကထက် အများကြီး ခေါင်းရှင်းလာသလို ခံစားရသည်။

“ငါ့မှာ အခု ခါတ်ပုံ မှတ်ဉာဏ် ရှိနေပြီလို့ ခံစားရတယ်”

လီဖန်သည် ယုံကြည်မှု အပြည့်ဖြစ်နေသည်။

“စွယ်စုံကျမ်း အသိပညာလား”

ဝမ်ချောင်သည် ဆွန်းမိုကို စိုက်ကြည့်ရင်း အရမ်းအံ့အောသင့်နေသည်။ (တစ်ခုခု မှားလို့လား။ အချက်လက်တချို့ ရှာရုံနဲ့ မြတ်ဆရာ အရှိန်အဝါ သုံးစရာ လိုလို့လား)

(မင်း ကြွားနေတာလား။ သေချာပေါက် ဟုတ်တယ် မဟုတ်လား)

“...........”

ကွမ်ဒင်သည် စိတ်ထဲက ကျိန်ဆဲချင်လာသည်။ (ဒီလောက် ထူးချွန်ဖို့ လိုလို့လား။) ဒါပေမယ့်

နောက်တစ်ခုက ဒီမြွတ်ဆရာအရှိန်အဝါရဲ့ အတိုင်းအတာက ကျယ်ပြန့်လွန်းသည်။

ကြယ်ပွင့် အဆင့်တူတဲ့ မြွတ်ဆရာတွေမှာတောင် သူတို့ရဲ့ အစွမ်းသတ္တိက ကွာခြားမှု ရှိသည်။ ဘယ်သူက ပိုသန်မာလဲ ဆုံးဖြတ်ဖို့ အလွယ်ဆုံးနည်းက သူတို့ရဲ့မြွတ်ဆရာ အရှိန်အဝါ အကွာဝေးကို စစ်ဆေးလိုက်လို့ ရသည်။ အကွာအဝေး ပိုများတဲ့ မြွတ်ဆရာက ပိုသန်မာသည်။

ဒီမြွတ်ဆရာ အရှိန်အဝါကို တစ်ချက်ကြည့်လိုက်ရုံနဲ့ ဆွန်းမိုမှာ ကြယ်တစ်ပွင့်

မြတ်ဆရာတစ်ယောက်ရဲ့ ခွန်အား ရှိနေပြီဆိုတာ သိနိုင်သည်။

ကူရှုပ်ရှင်း နှုတ်ခမ်းကွေးသွားသည်။ သူမလည်း စွယ်စုံကျမ်း အသိပညာကို ပိုင်ဆိုင်သည်။ ဆွန်းမို ပေါ့ပေါ့ပါးပါး သုံးလိုက်တဲ့ အရှိန်အဝါရဲ့ အတိုင်းအတာကို မြင်လိုက်ပြီး ဆွန်းမို ခွန်အားက သူမရဲ့ ဘက်မဟုတ်ဘူးဆိုတာ နားလည်သွားသည်။

“ငါ သူ့ကို မနိုင်နိုင်ဘူး”

ကူရှုပ်ရှင်း သက်ပြင်းချလိုက်သည်။ သူမသည် နောင်တစ်ချိန်တွင် ဆွန်းမိုနဲ့ ထပ်မကာစားရန်

ဆုံးဖြတ်လိုက်သည်။ ဒီလိုမဟုတ်ပါက သူမရဲ့ စိတ်ဓါတ်သည် ဆိုးဝါးစွာ ကြေမွသွားနိုင်သည်။

"စုတ်တံနဲ့ စာရွက်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

သူ့ရဲ့ ဘေးနားကနေ လိုက်နေတဲ့ လီဇီချီက အိမ်အကူတစ်ယောက်လို စာရွက်နှင့် စုတ်တံ ထုတ်ပေးလိုက်သည်။ သူမရဲ့ အပြုအမူများက အရမ်း ရိုကျိုးလှသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကြောင့် အခြား ဆရာသုံးယောက်သည် မနာလို ဖြစ်သွားသည်။ (ငါတို့လည်း ဒီလိုမျိုး နာခံပြီး နာလည်မှုရှိတဲ့ တပြည့်တစ်ယောက် လိုချင်တယ်)

ဆွန်းမိုသည် မူလီမြက်ပုံ နှစ်ဆယ်ဆွဲပြီး လူတိုင်းအားပေးရန် လီဇီချီအား ခိုင်းလိုက်သည်။

"ပတ်ဝန်းကျင်ကို သတိထားပါ။ ဒီမြက်ကိုတွေ့ရင် ချက်ခြင်း သိမ်းလိုက်ပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ဒါက ဘာလဲ"

ကွမ်ဒင်သည် ဆွန်းမို ဘာလုပ်နေလဲဆိုတာ နားမလည်သဖြင့် မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဒါက မူလီ မြက်ပဲ"

ဆွန်းမိုက "အပျက်အဆီးတွေမှာ ကျင်လည်ကျက်စားနေတဲ့ အမှောင်သားရဲ အမျိုးအစားတွေရှိတယ်လို့ သတင်း အချက်အလက်မှာ မဖော်ပြထားဘူးလား"

ဒီမြွက်တွေကို အမှုန့်ဖြစ်အောင် လုပ်ပြီး ကိုယ်မှာ လိမ်းထားရင် အဲဒီသားရဲတွေရဲ့ တိုက်ခိုက်မှုကနေ ရှောင်နိုင်တယ်”

“ရက်စက်ကြမ်းကြုတ်တဲ့ သားရဲဖြစ်တဲ့ လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်ကိုလည်း သိတာလား”

ကွမ်ဒင်က သိချင်လာသည်။

ဒီလျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်သည် တစ်ဝက်တစ်ပျက် မတ်တပ်ရပ်တဲ့ ပုံစံနဲ့ လမ်းလျှောက်သွားတတ်ကြောင်း

သတင်းအချက်အလက်များမှာ ဖော်ပြထားသည်။ သူတို့ရဲ့ အရေပြားသည် မည်းနက်နေပြီး မျောက်ဝံများလို အမွေးထူကာ ဦးချိုလည်း ရှိသည်။ သို့သော်လည်း သတင်းအချက်အလက်တွင် မျိုးစိတ်ရဲ့နာမည်ကို မဖော်ပြထားပါ။

သူတော်စင်ဂိုဏ်းကပဲ မသိတာလား ဒါမှမဟုတ် ပြိုင်ပွဲ ပိုခက်ခဲလာအောင် တမင်သက်သက်ပဲ ဖုံးကွယ်ထားတာလား။

“ဒါက မျောက်ဝံ အမျိုးစားပဲ ဖြစ်လိမ့်မယ်”

ဆွန်းမိုက ရှင်းပြသည်။

သူလည်းမသိပေမယ့် သတင်းအချက်အလက်များတွင် ဖော်ပြထားတဲ့ အကြောင်းအရာများသည် အသေးစိတ်ကျလှသည်။ နတ်ဘုရားမျက်စိအာရုံကို သုံးပြီး ကြည့်ခဲ့သဖြင့် တချို့အချက်များကို ကောက်ချက် ချနိုင်ခဲ့သည်။

သူကောက်ချက်ချတဲ့အရာက သိပ်ပြီး အသေးစိတ်ကျပေမယ့် ဒီမျောက်ဝံကြီးရဲ့ နေထိုင်မှုဓလေ့စရိုက်ကို သူတွေ့ရှိခဲ့သည်။ ဒါဆို သူ့အတွက်လုံလောက်နေပြီ။

ဆွန်းမိုက အမှောင်တိုက်ကြီးမှာရှိတဲ့ အပင်မျိုးစိတ်ပေါင်း ၁၅ဂဂနှင့် ပက်သက်ပြီး အသေးစိတ် အချက်အလက်များကိုတောင် သိနေသည်။ ဒီတာဝန်အတွက် အခက်အခဲသက်သာစေမယ့် အပင်တစ်ပင်ကို ရှာတွေ့ဖို့ဆိုတာ သူ့အတွက် မခက်ပါ။

သူ့ရဲ့ အမြင်အရ ဧရာမ မျောက်ဝံများ၊ ဂေါ်ဇီလာများနှင့် လူသားများသည် အပြင်ပန်းပုံစံ ဆင်တူကြသည်။ မူလီမြက်သည် ဂေါ်ဇီလာများကို

ရွံ့ရှာပြီးထွက်ပြေးသွားစေနိုင်သလို မျောက်ဝံကြီးများ အပေါ်ကိုလည်း အလားတူ အကျိုးသက်ရောက်သည်။

ဘယ်လိုပဲပြောပြော ကြိုတင်ပြင်ဆင်မှု လုပ်ထားခြင်းက မမှားပါ။

“အမှောင် သက်ရှိများကို လေ့လာတဲ့ နေရာမှာလည်း ကျွမ်းကျင်တာလား”

ဝမ်ချောင်က စပ်စုလိုက်သည်။ ဒါက အမှောင်တိုက်ကြီးမှာနေတဲ့ တိရိစ္ဆာန်များကို သုတေသန ပြုလုပ်ရာတွင် အထူးပြုတဲ့ ဘာသာရပ် ဖြစ်သည်။

"မဟုတ်ဘူး"

ဆွန်းမို ခေါင်းယမ်းလိုက်သည်။ ဒီအကြောင်းကို သူ တကယ် မသိပါ။

"...................."

ကွမ်ဒင် ဆွံ့အနေသည်။ (ဒါဆိုလည်းမူလီမြက်ကို ရိတ်သိမ်းဖို့ လူတွေကို ဘာဖြစ်လို့ ခိုင်းနေသေးတာလဲ)

"ဒါပေမယ့် ငါက အမှောင်တိုက်ကြီးမှာရှိတဲ့ အပင်တွေအကြောင်း နားလည်တယ်"

ဆွန်းမိုက ဆက်ပြောသည်။

“ဟားဟား၊ ဆရာဆွန်းက မစဉ်းစားဘဲ စကား မပြောတတ်ဘူး”

ဝမ်ချောင်က ကွမ်ဒင်ရဲ့ ပုခုံးကို ပုတ်ပြီး

“ညီအစ်ကို၊ မင်းစိုးရိမ်တာကို ရပ်လိုက်သင့်ပြီ။”

တိုးတိုးလေး ပြောလိုက်သည်။

ဘယ်လိုပဲပြောပြော ဆွန်းမိုက အဖွဲ့ခေါင်းဆောင် ဖြစ်နေသဖြင့် သူ့မှာ တာဝန်ရှိသည်။

“ဆရာ”

ထန်ထန်ယုထန် ရောက်လာသည်။

"ဘာဖြစ်လို့လဲ"

ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။ ဒီရောဂါသည်ဘက်က စပြီး စကားပြောတာ အရမ်းရှားသည်။

"မူလီမြက်နဲ့ ပက်သက်တဲ့ အချက်အလက်တွေကို သိချင်ပါတယ်"

ထန်ထန်ယုထန်က အလေးအနက်ထားပြီး တောင်းဆိုလိုက်သည်။

ဒီလိုအရာတွေက အားနာစရာမလိုပါ။ ဆွန်းမိုကလည်း သူ့ကို အရာအားလုံး တန်းပြီး ပြောပြလိုက်သည်။

ထန်ထန်ယုထန်သည် နားထောင်နေရင်း မျက်ခုံးကွေးလာသည်။

“ဆရာ၊ ကျွန်တော် မေးစရာရှိတယ်”

ထန်ထန်ယုထန်သည် နားထောင်ပြီးနောက် တွေဝေသွားသော်လည်း လမ်းညွှန်ချက် တောင်းခံဖို့ ဆုံးဖြတ်လိုက်သည်။

တခြားကျောင်းသားတွေလည်း ဒီအကြောင်းကိုကြားတော့ ဗဟုသုတ တချို့ကို တိတ်တဆိတ် လေ့လာနိုင်အောင် တိုးဝှေ့ပြီး ရောက်လာကြသည်။

"ပြောပါ"

ရောဂါသည်က မေးခွန်းမေးလာမှာကို ခန့်မှန်းထားသဖြင့် ဆွန်းမို အရမ်းတည်ငြိမ်နေသည်။

"ဆရာ၊ မူလီမြက်လို အပင်မျိုးစိတ်တွေက သူတို့ရဲ့ ဆေးတန်ဖိုး အရမ်းနည်းလွန်းလို့ ဆေးဖက်ဝင်တဲ့အကြောင်း သုတေသန လုပ်တာ

အရမ်းရှားတယ်။ ဒါကြောင့်လည်း သူတို့နဲ့ ပက်သက်တဲ့ ဗဟုသုတကလည်း အကန့်အသတ်နဲ့ ရှိနေတယ်။ ဒီလို အချက်အလက်တွေကို ဘယ်ရှေ့ဟောင်း မှတ်တမ်း စာအုပ်ကနေ တွေ့ခဲ့တာလဲ”

ထန်ထန်ယုထန်က သိချင်နေသည်။

သူ့ရဲ့မျိုးနွယ်စုကြောင့် ထန်ထန်ယုထန်သည် ငယ်ငယ်ကတည်းက ဆေးဖက်ဝင်အပင်များနဲ့ ရင်းနှီးနေခဲ့သည်။ သူကလည်း ဖျားနေသဖြင့်

ဖတ်ခဲ့ဖူးတဲ့ ဆေးစာအုပ်တွေကလည်း မရေမတွက်နိုင်အောင် ရှိနေသည်။

ဆေးဖက်ဝင် အပင်များနဲ့ ပက်သက်တဲ့ စာအုပ်တွေကိုလည်း မရေမတွက်နိုင်အောင် ဖတ်ခဲ့ဖူးသည်။

ဒီနယ်ပယ်တွင် ထန်ထန်ယုထန်ရဲ့ အသိပညာသည် မြတ်ဆရာတချို့နှင့် နှိုင်းယှဉ်ရင်တောင် မနိမ့်ကျနိုင်ပါ။ ဒါပေမယ့် မှူလီမြက်အကြောင်း မိတ်ဆက်ထားတဲ့ စာအုပ်ကို ဘာဖြစ်လို့ တစ်ခါမှ မမြင်ဖူးခဲ့ရတာလဲ

“ဒါကို အမှောင်တိုက်ကြီး အပင်စွယ်စုံကျမ်း စာအုပ်ထဲမှာ မြင်ခဲ့တယ်”

ဆွန်းမိုက ပြတ်ပြတ်သားသား ပြောလိုက်သည်။

“ဒီလို စာအုပ် ရှိတာလား”

ထန်ထန်ယုထန် မျက်မှောင်ကြုတ်သွားသည်။ ပြန်စဉ်းစားကြည့်ပေမယ့် ဒီအကြောင်းကို လုံးဝ မသိပါ။

“ဘယ်ဆေးပင် ကျွမ်းကျင်သူက ပြုစုခဲ့တာလဲ”

“မပြောတတ်ဘူး။ ဒီစာအုပ်ကို ရှေ့ဟောင်း စာအုပ်ဆိုင်တစ်ခုမှာ အမှတ်တမဲ့ တွေ့မိခဲ့တာပဲ”

ဆွန်းမိုက ရှောင်တခင် အဖြေပေးလိုက်သည်။ ဒါကို စနစ်ဆီက ရတယ်လို့ ပြောလို့ မရပါ။

"ဟုတ်လား"

ထန်ထန်ယုထန် သံသယ မဝင်ပါ။ ဆွန်းမိုက မူလီမြက်အကြောင်း မိတ်ဆက်ပေးတဲ့အချိန်တွင် သူ့ပုံစံက အရမ်းရင်းနှီးနေတဲ့ ပုံစံဖြစ်နေပြီး သူ့စကားက ရှင်းရှင်းလင်းလင်းနဲ့ ယုတ္တိ ရှိနေသည်။ ဒီအသိပညာအားလုံးကို ရှေ့က လူကြီးတွေ စုစည်းထားခဲ့တာ ဖြစ်နိုင်သည်။

"သင်လေ့လာချင်ရင် ပြန်ရောက်တဲ့အခါကျမှ သင်ပေးမယ်"

ထန်ထန်ယုထန်သည် သူနဲ့ဆက်ဆံတဲ့အခါ အရမ်းမလေးစားမှန်း သိသော်လည်း သင်ချင်လာတဲ့အခါ ဆွန်းမိုက သူတပြည့်တွေအတွက် နှမျော လက်တွန့်နေမှာ မဟုတ်ပါ။

"ကျေးဇူးတင်ပါတယ် ဆရာ"

ထန်ထန်ယုထန်က ဦးညွှတ် အရိုအသေ ပေးလိုက်သည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၅၀ ။ ရင်းနှီး(၈၇၀/၁,၀၀၀)

"ဆရာဆွန်း အရမ်းသိတာပဲ"

"ဟုတ်တယ်။ စွယ်စုံကျမ်းနဲ့တူတယ်"

"ဆရာဆွန်းက ကျောင်းသားအဖွဲ့ကို ဦးဆောင်တာ အရမ်းကောင်းတယ်။ ဒီနှစ်မှာ ချန်ပီယံဆုကို ကျိန်းသေပေါက် ရလိမ့်မယ်"

ကျောင်းသားများက အရမ်းယုံကြည်နေကြပြီး လေးစားအထင်ကြီးမှုအမှတ်များ ထောက်ပံ့ခဲ့ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကွမ်ဒင်သည် အနည်းငယ် ကြောက်လန့်သွားပြီး သက်ပြင်းချလိုက်မိသည်။ (ကံကောင်းလိုက်တာ၊ ငါ အပြုအမူက မှန်ကန်ပြီး အဖွဲ့ခေါင်းဆောင် နေရာ မလုခဲ့မိတာပဲ။ ဒီလိုမှမဟုတ်ရင် အရှက်ကွဲနေရမယ်)

ဆွန်းမိုရဲ့ အရည်အချင်းအရ ဘယ်သူက သူ့ကို အနိုင်ယူနိုင်မှာလဲ။

သူ့လက်အောက်ခံ လုပ်တာပဲ ပိုကောင်းသည်။

ခရီးသွားနေရင် မူလီမြက်ကို ရိတ်သိမ်းနေတာကြောင့် အပျက်အဆီး နယ်မြေကိုထဲကို ရောက်တဲ့အချိန်တွင်

ကျောင်းသားအဖွဲ့ အနည်းငယ်က စောင့်နေကြတာကို မြင်လိုက်ရသည်။

အဲဒီကျောင်းသားအဖွဲ့များသည် အပျက်အစီးရဲ့ ဝင်ပေါက်မှာ စုရုံးနေကြပြီး မျက်နှာအမူအရာက လေးလံနေကြသည်။

“ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားအဖွဲ့ပဲ”

“သူတို့က ဘာဖြစ်လို့ အခုမှ ရောက်လာရတာလဲ”

ဒီနေရာမှာ ရောက်နေကြတဲ့ ကျောင်းသားတွေက လေသံတိုးတိုးလေးနဲ့ ဆွေးနွေးနေကြသည်။

"ဘာဖြစ်လို့ အဲဒီကျောင်းသားအဖွဲ့တွေက မဝင်ကြသေးတာလဲ"

လီဖန် စဉ်းစား မရ ဖြစ်နေသည်။

"သူတို့ သေချာပေါက် ကြိုးစားခဲ့ပြီးပြီ၊ ဝင်လို့ မရတာပဲ ဖြစ်လိမ့်မယ်"

လီဇီချီသည် ကျောက်တုံး တစ်တုံးကောက်ယူပြီး ရှန်ယွန်ပေါင်ဆီ ပေးလိုက်သည်။ တိုက်ခိုက်ရေး စွဲလမ်းသူက သဘောပေါက်ပြီး ချက်ခြင်းပဲ အထဲကို ပစ်သွင်းလိုက်သည်။

ဖောင်း

ကျောက်တုံးသည် ကြမ်းပြင်ပေါ်သို့ ကျပြီး ဒေါသတကြီး အသံထွက်ပေါ်လာသည်။

"ဆရာဝမ်၊ အရင်ကင်းထောက်ပေးဖို့အတွက် မင်းကိုပဲ ဒုက္ခပေးရတော့မယ်"

ဆွန်းမိုက လေသံတိုးတိုးလေးနဲ့

"ငါတို့ အစီအစဉ်အတိုင်း လုပ်ကြပါ။"

"သဘောပေါက်ပြီ"

ဝမ်ချောင် ခေါင်းညိတ်လိုက်သည်။ အဲဒီနောက် အပျက်အစီးတောထဲ ဝင်သွားသည်။ သူ့ရဲ့ လှုပ်ရှားမှု ကျင့်စဉ်က မဆိုးပါ။ သွက်လက်သည်။ အန်ရှီဝေက

ကင်းထောက်ဖို့အတွက် သေသေချာချာ ရွေးချယ်ထားခြင်း ဖြစ်သည်။

ကွမ်ဒင်ကတော့ တိုက်ခိုက်တဲ့နေရာမှာ ထူးချွန်သဖြင့် ဝမ်ချောင်ကို အားဖြည့်ပေးနိုင်သည်။

“ဆရာဆွန်း၊ ငါက သံကလစ်အကယ်ဒမီက ဆရာပါ”

အမျိုးသား ဆရာတစ်ယောက် လမ်းလျှောက်လာသည်။

“မျောက်ဝံကြီးနဲ့တူတဲ့ ရက်စက်တဲ့ အကောင်တွေရှိတယ်။ တစ်ဖွဲ့တည်း သွားတာက

အန္တရာယ် များလွန်းတယ်။ ငါတို့ မဟာမိတ်ဖွဲ့ကြမယ် ဘယ်လိုလဲ"

"ဆရာဆွန်း၊ မင်းနာမည်ကြားပြီး လေးစားနေတာ ကြာပြီ။ မင်းက ငါတို့အဖွဲ့နဲ့မဟာမိတ်ဖွဲ့ဖို့ စိတ်အားထက်သန်လားဆိုတာ မေးချင်တယ်"

နောက်ထပ် အမျိုးသမီး ဆရာတစ်ယောက်ကလည်း ရောက်လာပြီး မေးလိုက်သည်။ ဘာမှထပ်မပြောတော့ဘဲ ပြုံးပြီး ကြည့်နေသည်။

"ဘာဖြစ်လို့ မင်းတို့နှစ်ယောက် မဟာမိတ် မဖွဲ့တာလဲ"

ကူရှပ်ရှင်းက လှောင်ပြောင်လိုက်ပြီး စိတ်ထဲကလည်း အထင်သေးနေသည်။ တကယ်တော့ မင်းတို့က ပျားရည်ထောင်ချောက် လုပ်ချင်နေတာပဲ။ (မင်းတို့ ဆရာဆွန်းကို တော်တော် အထင်သေးနေပြီ)

"ဟီးဟီး"

ဆရာနှစ်ယောက်သည် အပြန်အလှန် ကြည့်လိုက်ကြပြီး ဘာမှတော့ မပြောပါ။ စကားလုံးမပါပေမယ့် အဓိပ္ပါယ်က ရှင်းနေသည်။

မဟာမိတ်ဖွဲ့ရင်တောင် ခိုင်မာတောင့်တင်းတဲ့ ကျောင်းကို ရှာကြလိမ့်မည်။ ဝန်ထုပ်ဝန်ပိုးနဲ့ ဘာဖြစ်လို့ မဟာမိတ်လုပ်ရမှာလဲ။

"ဆရာဆွန်း၊ ငါမင်းကို အရမ်းလေးစား....."

အမျိုးသမီး ဆရာမ စကားမဆုံးခင် ဖြတ်ပြောခံလိုက်ရသည်။

"တော်ပြီ၊ လုံလောက်ပြီ။ ငါတို့က မင်းတို့နဲ့ မဟာမိတ်ဖွဲ့မှာ မဟုတ်ဘူး"

ကူရှုပ်ရှင်း စိတ်မရှည်တော့ပါ။

"ငါမှတ်မိတာ မမှားရင် မင်းတို့ကျောင်းရဲ့အဆင့်က အောက်ဆုံးအဆင့်မှာပဲ မဟုတ်လား"

အခန်း (၃၇၅) - ပြိုင်ဘက်ကင်း မြှားပစ်စွမ်းရည်။

ကူရှုပ်ရှင်း စကားများသည် ချင်စုရဲ့ ပါးစပ်ကို တူနဲ့ ဖြတ်ထုလိုက်သလို ဖြစ်နေသည်။

"ငါ............"

ချင်စုသည် ကူရှုပ်ရှင်း မှတ်မိတာ မှားနေတယ်လို့ ပြောလိုက်ချင်သည်။ (ငါတို့က အောက်တန်းစားတွေ မဟုတ်ဘူး။ ငါတို့က အဆင့်ရှစ်ဆယ် ရှိတယ်။) ဒါပေမယ့် အဲဒီလို ပြောလိုက်ရင်လည်း အရှက်ခွဲဖို့ ဖိတ်ခေါ်သလို ဖြစ်သွားမည်။

ဗဟိုပြည်နယ် အကယ်ဒမီသည် ပထမအချီတွင် အဆင့်ငါးနှင့် ဒုတိယအချီတွင် အဆင့်(၂) ရထားသည်။ ဒါကြောင့် ချင်စုတို့၏ ကျောင်းသည် အဆင့်(၅၀) ရနေရင်တောင်

ဗဟိုပြည်နယ်အကယ်ဒမီ၏ အမြင်တွင် အောက်တန်းစား ဖြစ်နေနိုင်သည်။

"ငါအရမ်း ဂုဏ်ပြုလိုက်ပါတယ်"

ချင်စုက စကားပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

"ဟားဟား"

သံကလစ်ကျောင်းမှ အမျိုးသားဆရာသည် ဒီမြင်ကွင်းကို မြင်လိုက်ပြီးနောက် ယုံကြည်ချက် ရှိရှိ ပြုံးလိုက်သည်။

"ငါတို့က အဆင့် ၃၅...."

“တောင်းပန်ပါတယ်။ စိတ်မဝင်စားဘူး”

ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ပြီး ပြန်ဖြေလိုက်သည်။

“ကျေးဇူးပြုပြီး ဘေးဖယ်ပေးပါလား။ မင်းကြောင့် ငါအပျက်အစီးတွေကို ကြည့်လို့မရ ဖြစ်နေတယ်”

“အမ်”

အဲဒီဆရာရဲ့ မျက်နှာအမူရာ တင်းမာသွားသည်။ အဲဒီနောက် လက်ကို ခါပြီး ထွက်သွားသည်။ ပူပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ချက် မရှိပါ။

သူတို့စကားဝိုင်းသည် အသံမကျယ်ပေမယ့် အဝေးက တခြားဆရာတွေ အာရုံစိုက်နားထောင်နေရင် သေချာပေါက် ကြားနိုင်သည်။

သူတို့လည်း မဟာမိတ်ဖွဲ့ဖို့ ကြံစည်နေခဲ့ကြသည်။ ဒါပေမယ့် အခုတော့ သူတို့မျက်နှာပေါ်တွင် အရမ်းအံ့အောသင့်နေတဲ့ အမူအရာ ပေါ်နေသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက သူတို့ကိုယ် သူတို့ အရမ်းအထင်ကြီးနေတာလား"

"သူတို့က ချန်ပီယံဆုရဖို့ အလားအလာ ရှိနေပြီ။ မာနကြီးတာ နားလည်ပေးလို့ရတယ်"

"ချီ၊ ဒီမျောက်ဝံကြီးက သူတို့ ဘယ်ကျောင်းက လာလဲဆိုတာ ဂရုမစိုက်ဘူး"

ဆရာတချို့ကတော့ ဗဟိုပြည်နယ် အကယ်ဒီအဖွဲ့ကို မျောက်ဝံကြီး ဆွဲဖြဲလိုက်တာကလွဲလျှင် ဘာမှ မလိုချင်တော့ပါ။

"ဆရာရွှန်၊ မဟာမိတ် မဖွဲ့တာလည်း ကောင်းပါတယ်။ သူတို့နောက်ကနေ အသာလေး လိုက်ကောက် ကြတာပေါ့"

ယူဖန်မင်က လှောင်ပြောင်လိုက်သည်။

“ငါတို့ သံကလစ်က အဆင့် ၃၅ပါ။ ကံလေး နည်းနည်းကောင်းသွားရင် နောက်တစ်ဆင့်ကိုတောင် တက်သွားနိုင်တယ်”

....

“ကျောင်းသားအဖွဲ့က စုစုပေါင်း ငါးဖွဲ့ရှိတယ်။ အဲဒါတွေအနက် သံကလစ် အကယ်ဒမီက အမြင့်ဆုံးဖြစ်ပြီး ငါတို့အတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုပဲ”

ကွင်ဒင်က သုံးသပ်လိုက်သည်။ စကားပြောပြီးနောက် ဆွန်းမိုနှင့်ကူရှုပ်ရှင်းတို့သည် အေးအေးဆေးဆေး ဖြစ်နေတာ မြင်လိုက်ရသည်။ ဒါက လုံးဝ အရေးမကြီးသလိုပဲ။

“မင်းရဲ့ တုန့်ပြန်မှုက ဘာလဲ၊ မင်းလုံးဝ မကြောက်ဘူးလား”

ကွမ်ဒင် နားမလည်နိုင်အောင် ဖြစ်နေသည်။

“ဘာဖြစ်လို့ ကြောက်ရမှာလဲ”

ကူရှုပ်ရှင်းက ပြန်မေးလိုက်သည်။ အဲဒီနောက် သူမသည် ဆွန်းမိုကို ကြည့်ကာ “ငါ့မှာ တိုက်ပွဲ ဗျူဟာ

တစ်ခုရှိတယ်။ မင်းအဲဒါတွေကို ပြီးအောင် လုပ်ချင်လား”

“သိပ်မကောင်းဘူး မဟုတ်လား”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

“အို မင်းက ကြင်နာတတ်တာ သေချာလို့လား”

ကူရှုပ်ရှင်း မျက်လုံး ပြူးသွားသည်။ သူတို့က အခုပြိုင်ပွဲတစ်ခုရဲ့ အလယ်မှာရောက်နေပြီး ပြိုင်ဘက်ကို လျှော့ချဖို့အတွက် ဘာမဆို လုပ်နိုင်သည်။

“ဒါဆိုလည်း ကောင်းပြီလေ”

ဆွန်းမိုသည် အရင်က လူသတ်ခဲ့ဖူးသော်လည်း သူ့ဖက်ကစပြီး လှည့်စားဖို့ တစ်ခါမှ မစဉ်းစားဖူးပါ။

"ဒါဆိုလည်း လုပ်ကြတာပေါ့"

ကူရှုပ်ရှင်းက သူမရဲ့အစီအစဉ်ကို လေသံတိုးတိုးလေးနဲ့ ရှင်းပြလိုက်သည်။

"..............."

ကွမ်ဒင်သည် စကားမပြောနိုင် ဖြစ်နေသည်။ (မင်းတို့တွေ ပိုပြီး လေးလေးနက်နက် ထားနိုင်မလား။ သူတို့က နံပါတ် ၃၅လေ။ ဒါပေမယ့် ဘာဖြစ်လို့

မင်းတို့ရဲ့ မျက်လုံးထဲမှာ အစားအသောက် ပန်းကန်ပြား တစ်ခုပဲလား)

"ဒီတိုက်ပွဲ ဗျူဟာက မဆိုးဘူး။ ငါ့ကို သတ်ဖြတ်သူ လုပ်ခွင့်ပေး"

ဆွန်းမိုက အကြံပြုလေသည်။

"ငါကတော့ ထုံးစံအတိုင်း တစ်ယောက်ယူမယ်"

ကူရှုပ်ရှင်းက ကျောင်းသားတွေကို တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့ ခွန်အားက ငါ့ထက် မြင့်တယ်။ သူတို့ရဲ့လုံခြုံရေးအတွက် မင်း တာဝန်ယူလိုက်"

"မင်းရဲ့ လှုပ်ရှားမှု ကျင့်စဉ်က ငါ့လောက်မမြန်ဘူး။ ရောမ မျောက်ဝံကြီးသည် မထိန်းနိုင်လောက်ဘူး"

ဆွန်းမိုက "မူလီမြက် ရောမမျောက်ဝံများအပေါ် တွန်းလှန်နိုင်တဲ့ ဂုဏ်သတ္တိရှိတယ်ဆိုတာ ငါအတည်ပြုပေးနိုင်တယ်။ ဒါကြောင့် ငါ့အတွက် အန္တရာယ် မရှိဘူး"

"ငါ့ကို လုံးဝ ဂရုမစိုက်ပါလား"

ကွမ်ဒင် သက်ပြင်းချလိုက်သည်။ ခွန်အားမရှိရင် အခွင့်အာဏာ ရှိမှာ မဟုတ်ပါ။ (ဒါကို ဘာဖြစ်လို့

အရင်က မသိခဲ့ရတာလဲ။ ဒီအမျိုးသားနှင့် အမျိုးသမီးက တကယ်ကို မျက်နှာနှစ်ခုပဲ)

နာရီဝက်လောက်ကြာတော့ ဝမ်ချောင် ပြန်ရောက်လာသည်။

"ဘယ်လိုလဲ"

ကွမ်ဒင်က မေးလိုက်သည်။

"ဆရာဆွန်းက အမှန်တကယ်ကို အထင်ကြီးစရာပဲ"

ဝမ်ချောင် မျက်နှာပေါ်တွင် စိတ်လှုပ်ရှားတဲ့ အမူအရာ ဖြစ်နေသည်။ မူလီမြေက်ကို ခန္ဓာကိုယ်ပေါ်

လိမ်းကျံပြီးနောက် သူတို့ကို လိုက်ဖမ်းတဲ့ မျောက်ဝံကြီးက မျှော်မှန်းထားသလိုပဲ ထွက်သွားကြသည်။

သူတို့အတွက်တော့ လူသားတွေသည် အရသာရှိတဲ့ အစားအစာ တစ်ခုဖြစ်သည်။ သို့သော်လည်း မှုလီမြက်ကို လိမ်းလိုက်ပြီးနောက် သဲယှက်နေတဲ့ ကိတ်မုန့် တစ်ပိုင်းနဲ့ တူသွားသည်။ ပြီးတော့ ဝမ်းပျက် ဝမ်းလျှော ဖြစ်နိုင်သည်။ မတရားငယ်နေတဲ့ အကောင်ကလွဲလျှင် ဘယ်သူမှ စားမှာ မဟုတ်ပါ။

ဒင်

ဝမ်ချောင်၏ လေးစားအထင်ကြီးမှု +၃၀။ ရင်းနှီး (၁၈၀/၁,၀၀၀)

"ဒါဆိုရင် ငါတို့ရဲ့ တိုက်ပွဲ အစီအစဉ်ကို ကြေငြာဖို့ အချိန်ရောက်ပြီ"

"ဆရာကူနဲ့ ဆရာကွမ်က ကျောင်းသားနောက်ကို လိုက်ပါ။ မျောက်ဝံတွေ မတိုက်ခိုက်ခင် သတ်ပစ်ဖို့ သေသေချာချာ လုပ်ပါ။"

"ဆရာဝမ်၊ မင်းက ငါ့ဆီကနေ ကျော်လာတဲ့ အရာတွေကို တာဝန်ယူပါ။ ကျောင်းသားအဖွဲ့ဆီ

လာနေတဲ့ မျောက်ဝံတွေကို သတ်ပစ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပါ”

ဆရာ သုံးယောက်အတွက် တာဝန်များ စီစဉ်ပေးပြီးနောက် ဆွန်းမိုသည် ကျောင်းသားများကို တာဝန် စပေးသည်။

“မင်းတို့ အားလုံး နီးနီးကပ်ကပ် နေရမယ်။ ဆရာတစ်ယောက်ရဲ့ ညွှန်ကြားချက်မပါဘဲ ဘောင်ကျော်ပြီး မလုပ်ရဘူး”

“မင်းတို့ အားလုံး လူငါးယောက်ပါတဲ့အဖွဲ့ ဖွဲ့မယ်။ မင်းတို့ နီးနီးကပ်ကပ် နေရမယ်ဆိုတာ သတိရပါ”

"ရှန်ယွန်ပေါင်, ကျန်ရန်ဇောင် ။ ဘိုင်ဝူ ၊ ချူဂျန် မင်းတို့မှာ ပြင်းထန်တဲ့တိုက်ခိုက်ရေး စွမ်းရည်ရှိတယ်။ မင်းတို့တစ်ယောက်ခြင်းစီက အဖွဲ့တစ်ခုဆီမှာ နေရမယ်။ ဆရာတစ်ယောက်ရဲ့ ခံစစ်စည်းကို ကျော်လာတဲ့ မျောက်ဝံတွေကို တိုက်ခိုက်"

"ဆရာဆွန်း မင်က အရမ်းသတိကြီးတာပဲ"

ဆွန်းမိုရဲ့ စီစဉ်မှုက သူ့ကို ယုံကြည်မှု မရှိသလို ကွမ်ဒင် ခံစားနေရသည်။

"သတိဆိုတာ ပိုတယ် မရှိဘူး"

ဆွန်းမိုသည် ကွမ်ဒင်ကို အထင်မသေးပါ။ ဒါက ကိုယ်ရည်ကိုယ်သွေး ကွာခြားမှုကြောင့်ဆိုတာ သူနားလည်သည်။ တကယ်လို့ ဆွန်းမိုသာ တိုက်ပွဲထဲ ဝင်ပါ ပါက အရန်အစီအစဉ် အမြဲတမ်း ပြင်ဆင်ထားလိမ့်မည်။

"ကောင်းပြီဟေ့၊ ငါတို့ အခြေအနေကို ပြန်ထိန်းညှိဖို့ ဒီမှာပဲ အနားယူကြပါ။ ငါးမိနစ်အတွင်း ငါတို့ ထွက်ခွာမယ်"

ဆွန်းမိုသည် အိတ်ဆောင် နာရီကို ထုတ်ပြီး တစ်ချက်ကြည့်လိုက်သည်။

အခြားသော ကျောင်းသားအုပ်စုများသည် ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ရဲ့ လှုပ်ရှားမှုကို မြင်ပြီး အံ့အားသင့်နေကြသည်။

“ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ အခု သူတို့က လှုပ်ရှားဖို့အတွက် ပြင်ဆင်နေကြတာလား”

ရွှန်ယောင် အံ့အားနေသည်။

“သူတို့ ဘဝင်မြင့်လွန်းပါတယ်ကွာ။ ဒါပဲ သေချာပေါက် ဖြစ်လိမ့်မယ်”

"စောင့်ကြည့်နေလိုက်။ ဒီကြောက်ဖို့ကောင်းတဲ့ မျောက်ဝံတွေက တကယ်ဆရာက ဘယ်သူလဲဆိုတာ ပြလိမ့်မယ်"

တခြားကျောင်းက ဆရာများကတော့ အဆင်ပြေပြီး အများစုကတော့ ထိတ်လန့်နေကြသည်။ သို့သော်လည်း အရင်အရှက်ခွဲ ခံထားရတဲ့ သံကလစ်နှင့် ဖန်ဟွာမှ ဆရာများသည် ဗဟိုပြည်နယ်ကျောင်းသားအဖွဲ့ ပျက်ဆီးသွားတာကလွဲလျှင် ဘာမှ မလိုချင်ပါ။

သို့သော် အဲဒီနောက်ပိုင်းတွင် ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့နောက်သို့ လိုက်ရန် စီစဉ်နေကြပြီး ကျောင်းသားများကို စတင်ပြင်ဆင် ခိုင်းကြသည်။

ငါးမိနစ်ကြာပြီးနောက် ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့သည် အပျက်အစီးတံခါးအရှေ့တွင် စုရုံးနေကြသည်။

သူတို့ရဲ့ လှုပ်ရှားမှုကြောင့် ကျန်တဲ့ ကျောင်းများလည်း ချက်ခြင်း လှုပ်ရှားလာကြသည်။ ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့က မျောက်ဝံများရဲ့အာရုံကို ဆွဲဆောင်နေတဲ့အချိန်တွင်

နောက်ဆက်တွဲ အကျိုးအမြတ်ရအောင် စီစဉ်နေကြသည်။

ဆွန်းမိုအကြည့်က ပတ်ပတ်လည်ကို တစ်ချက်ဖြတ်သန်းသွားသည်။

ဆရာတွေက သူနဲ့ မျက်လုံးချင်း မဆုံအောင် ရှောင်နေကြသည်။ ဘယ်လိုပဲပြောပြော ဒီလိုလုပ်တာက အရှက်မဲ့လွန်းသည်။

နောက်ဆုံးတော့ ဆွန်းမိုသည် ရှန်ယောင်ကို တစ်ချက်ကြည့်လိုက်သည်။

ရွှန်ယောင်သည် အားနည်းတာကို ဝန်မခံခြင်တဲ့အတွက် ဆွန်းမိုကို ပြန်ကြည့်လိုက်သည်။ ခဏလောက်တွေဝေသွားသော်လည်း နောက်ဆုံးတွင် လမ်းလျှောက်လာသည်။ သူက

"ငါတို့နှစ်ဖွဲ့ အတူတူ တွဲလုပ်ပြီး ကျန်တဲ့ ကျောင်းသားအဖွဲ့တွေကို အရင်ဝင်ခိုင်းလိုက်မယ်။ မျောက်ဝံတွေရဲ့ အာရုံကို ဆွဲဆောင်ပြီး အမြှောက်ဆာတွေ ဖြစ်လာလိမ့်မယ်"

"ဒီအကြံက မဆိုးဘူး"

ကူရှုပ်ရှင်းက သူမရဲ့ လက်ချောင်းတွေကို ချိုးလိုက်သည်။

"မှန်တယ် မဟုတ်လား"

ရွှန်ယောင် ကျေနပ်စွာ ပြုံးလိုက်သည်။ (မင်းတို့ အရင်တုန်းကတော့ ငါ့ရဲ့ အသိဉာဏ်ကို နားမလည်ဘူး။ ဘယ်လိုလဲ အခုတော့ မင်းတို့တွေ ငါ့အရှေ့မှာ ဒူးထောက်ချင်နေပြီ မဟုတ်လား။)

"ဒါပေမယ့် ငါတို့ ဂရုမစိုက်ဘူး"

ကူရှုပ်ရှင်းက နှုတ်ခမ်းတွန့်ပြီး ပြောသည်။

ရွှန်ယောင် မျက်နှာ ပျက်သွားသည်။ သူက အလိုလို အော်လိုက်မိသည်။

"မင်း ဘာပြောချင်တာလဲ"

"တခြားကျောင်းတွေကို အမြှောက်စာ ဖြစ်အောင် လုပ်ချင်တာလား။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ပုံစံ မဟုတ်ဘူး"

ကူရှုပ်ရှင်းက ဖြောင့်မတ်တည်ကြည်စွာ ပြောလိုက်သည်။

အခြားကျောင်းမှ ဆရာများသည် ဒီစကားကို ကြားလိုက်လျှင် သူတို့အမူအရာက

တုန်လှုပ်ခြင်းများနဲ့ ပြည့်နေသည်။ ပြီးတော့ ရွှန်ယောက်ကို ကြည့်တဲ့ အကြည့်များတွင် ရန်လိုမှုနှင့် မုန်းတီးမှုများ ပါဝင်နေသည်။

“ငါလို....မင်းသဘောမတူလည်း ရတယ်။ ဘာဖြစ်လို့ အသံကျယ်ကြီး ပြောတာလဲ။ ငါ့အတွက် ပြဿနာ ဖန်တီးနေတာလား”

ရွှန်ယောင်သည် ကူရှုပ်ရှင်းကို စိုက်ကြည့်ရင်း ဒေါသထွက်နေသည်။

“ငါအရင်ကပြောဖူးပါတယ်။ ဆားနယ်တဲ့ ငါးနဲ့ မတွဲဘူးလို့”

ကူရှုပ်ရှင်းက ပုခုံးတွန့်ရင်း ပြန်ဖြေသည်။

ဆွန်းမို တိတ်တိတ်လေး ပြုံးလိုက်မိသည်။ ကူရှုပ်ရှင်းက ဒေါသမထွက် ထွက်အောင် ပြောနေမှန်း သူသိသည်။ ဒီလိုမှမဟုတ်ရင် ဒီလူက အရမ်းသတိကြီးပြီး သူတို့ရဲ့ နောက်ကိုသာ မလိုက်လာခဲ့လျှင် ကူရှုပ်ရှင်းရဲ့ တိုက်ပွဲ ဗျူဟာက အလကား ဖြစ်သွားလိမ့်မည်။

ရွှန်ယောင်က ဒေါသတကြီး ထွက်သွားသည်။ ဒီအမုန်းတရားကို သူသေချာပေါက် မှတ်ထားလိမ့်မည်။

“ဘိုင်ဝူ၊ လေဘုရင် နတ်ဘုရားလေး ခဏဌွားပါ”

ဆွန်းမိုက လေးကိုယူပြီး ပေါ့ပေါ့ပါးပါး လေးကြိုး ဆွဲလိုက်သည်။

“ဆရာဆွန်း၊ မင်းမြှားပစ်တာလည်း ကောင်းကောင်းသိနေတာလား”

ဝမ်ချောင် ရုတ်တရုတ် အံ့အောနေသည်။

“သိပ်မလေ့ကျင့်ဖြစ်ပါဘူး” ဆွန်းမိုက ရိုးရိုးသားသား ပြန်ဖြေလိုက်သည်။

“ကောင်းပြီဟေ့၊ ထွက်သွားရအောင်။ အားလုံး နီးနီးကပ်ကပ်နေပြီး ငါ့နောက်က လိုက်ခဲ့ကြ”

ဆွန်းမိုက ခုန်ပေါက် ပြေးလွှားသွားသည်။ ထို့နောက် သူခြေထောက်ကို အားပြုပြီး ခုနှစ်မီတာလောက် မြင့်တဲ့ အပျက်အစီး တံခါးပေါ်သို့ခုန်တက်လိုက်သည်။ ဘယ်ဘက်လက်နှင့် လေးကိုကိုင်ပြီး ညာဖက်လက်နဲ့ လေးကြိုး ဆွဲရင်း ခုန်ချသွားသည်။

သူ့လက်ချောင်းကနေ ဝိညာဉ်ချီတွေ ထွက်သွားပြီး တစ်ဝက်တစ်ပျက် ဖောက်မြင်ရတဲ့ မြှားတစ်ချောင်း ပေါ်လာသည်။

လေဘုရင်၏ အော်ဟောက်သံ

ရွှတ်စ်

မြွားက လေသံပေးပြီး လေထဲသို့ ပြေးထွက်သွားသည်။

ဘုန်း

မီတာ ငါးဆယ်အကွာက ချောင်ကျတဲ့ အခန်းတစ်ခန်းကို မြွားမှန်ပြီး အခိုးအငွေ့ အဖြစ် ပြောင်းလဲသွားသည်။

အမ်

မျောက်ဝံကြီးတစ်ကောင်က အူပြီး အတွင်းကနေ ပြေးထွက်လာသည်။ ရုတ်တရုတ် တုန်ခါပြီး ကျောက်တုံးများစွာ ပြုတ်ကျလာသည်။

“ငါ့ကောင်းကင်”

ကွမ်ဒင် အံ့အောသွားသည်။

(မင်းက မြွေးပစ် မလေ့ကျင့်ဖြစ်ဘူးလို့ တွေးနေတာ။)

ဝမ်ချောင် စကားမပြောနိုင် ဖြစ်နေသည်။ (ပြီးတော့ ဒီမြွားပစ်စွမ်းရည်က ဘယ်လိုကြီးလဲ။ ဘာဖြစ်လို့ ဒီလောက် အစွမ်းထက်ရတာလဲ)

“အားလုံး၊ သူ့နောက်ကို လိုက်”

ကူရှပ်ရှင်းက ညွှန်ကြားလိုက်သည်။

ဆွန်းမိုက လေးကို နောက်တစ်ကြိမ် ထပ်ဆွဲလိုက်သည်။

လေဘုရင်နတ်ဘုရားကျင့်စဉ်ကို အသုံးပြုပြီး ဝိညာဉ်ချီမြားကို ပစ်လွှတ်လိုက်သည်။ အပျက်အဆီးကို ထိမှန်ပြီး ပေါက်ကွဲထွက်သွားသည်။

ဘုန်း ဘုန်း ဘုန်း

အချိန်တစ်ခုကြာအောင် ကျောက်တုံးပေါက်ကွဲသံများ ပေါ်နေပြီး နေရာအနှံ့ကို ဖုန်မှုန့်များ ပျံ့လွင့်လာသည်။

ဟောင် ဟောင် ဟောင်

အပျက်အစီးတွေကြားမှာ လျှောက်သွားနေတဲ့ မျောက်ဝံတွေသည် ဒေါသတကြီး အော်ဟောက်နေကြသည်။ အနီးအနားမှာရှိတဲ့ မျောက်ဝံများသည် ဆွန်းမိုဆီကို ဒေါသတကြီး ပြေးလာကြသည်။

ဆွန်းမိုက လုံးဝမကြောက်ပါ။ မြှားမုန်တိုင်းနှင့် အဖြေပြန်ပေးလိုက်သည်။

ဖုတ် ဖောက်

ရောမ မျောက်ဝံတွေရဲ့ ရင်ဘက်ထဲသို့ မြှားတွေ ဖောက်ဝင်သွားသည်။

“ဝိုး ဆရာဆွန်းက အရမ်းမိုက်တာပဲ”

ကျောင်းသားတွေက ဒါကို ကြည့်ပြီး အရမ်းအံ့အောနေကြသည်။

ကူဒင်ဂျိသည် လက်ထဲက လေးရှည်ကို စိတ်ပျက်လက်ပျက် ကြည့်လိုက်မိသည်။ တကယ်ကို

လွှတ်ပစ်လိုက်ချင်သည်။ (လေးပစ်တဲ့ ပညာကို ဆယ်နှစ်လောက် လေ့ကျင့်ထားခဲ့ပေမယ့် ဆရာဆွန်း စံနှုန်းရဲ့ သုံးဆယ် ရာခိုင်နှုန်းတောင် မရှိသေးပါ)

(အင်း၊ ငါ့ကို ဘာပြောထားခဲ့တာလဲ)

ဆွန်းမိုသည် အရင်က လေးနဲ့ မတွေ့ထိခဲ့ဖူးသော်လည်း လေဘုရင် နတ်ဘုရားကျင့်စဉ်သည် သူတော်စင်အဆင့် လေးပစ်ကျင့်စဉ်တစ်ခု ဖြစ်သောကြောင့် အချိန်တံဆိပ် များစွာ အသုံးပြုပြီး မဟာအဆင့်အထိ ရောက်အောင် တစ်ခါတည်း အဆင့်မြင့်တင်ခဲ့သည်။

ဒီလိုမျိုးသာ တွက်ကြည့်မယ်ဆိုလျှင် ဆွန်းမိုက ဆယ်စုနှစ်အနည်းငယ်ကြာအောင် လေ့ကျင့်ထားတဲ့ စွမ်းရည်ကို အသုံးချနေခြင်း ဖြစ်သည်။

"ဆွန်းမို ငါတို့ ဗျူဟာကို မမေ့နဲ့"

ကူရှုပ်ရှင်း စကားမပြောနိုင် ဖြစ်နေသည်။ (သူတို့ကို ဒီလိုသာ ဆက်သတ်နေရင် မျောက်ဝံတွေ အားလုံးထွက်ပြေးသွားလိမ့်မယ်။ ဒါပေမယ့် ဆွန်းမိုရဲ့ လေးပစ်စွမ်းရည်ကလည်း သန်မာလွန်းသည်။

ဒင်

"လေးစားအထင်ကြီးမှုအမှတ် ၁,၈၉၀ ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

အပျက်အစီး အပြင်ဘက်မှာရှိတဲ့ ကျောင်းသားငါးယောက်သည် ဒီမြင်ကွင်းကို မြင်ပြီး ထိတ်လန့်သွားသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက တကယ်ကို အထင်ကြီးဖို့ ကောင်းတယ်။ အပျက်အစီးတွေကို ဖျက်ဆီးဖို့ တကယ်ကြံနေတာလား"

သူတို့ရဲ့သဘောထားက ရက်စက်လွန်းသည်။

"မင်းတို့ ဘာစောင့်နေတာလဲ။ သူတို့နောက်ကို လိုက်ကြ"

ရွှန်ယောင်က တိုက်တွန်းလိုက်သည်။

"မြန်မြန်၊ မြန်မြန်၊ မြန်မြန်"

အပြင်မှာရှိနေတဲ့ ကျောင်းသားအဖွဲ့ ငါးဖွဲ့ထဲက တစ်ဖွဲ့သည် ပြေးဝင်လာသည်။

အမှန်တော့ အခြားကျောင်းက ဆရာတွေသည် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ နည်းဗျူဟာကို ချိန်ဆနေကြသည်။ ဒါပေမယ် ဒီလိုလုပ်ခြင်းအားဖြင့် ရှေ့ဆုံးအုပ်စုသည် ဖိအား ကြီးကြီး ခံရလိမ့်မည်။

သူတို့ ခံယူချက်က အရမ်းပြင်းထန်ပြီး သူတို့ရှာမတွေ့ခင် သူတို့က ကြီးမားတဲ့ မျောက်ဝံကြီး ရှာတွေ့ဖို့ လိုအပ်သည်။ သူတို့က မျောက်ဝံကြီးရဲ့ အာရုံကို ဆွဲဆောင်ဖို့ ကြိုးစားနေသဖြင့် သူတို့ရဲ့ အစွမ်းအစက အရမ်းအားနည်းနေမှာ မဟုတ်ပါ။

ထုံးစံအတိုင်း သူတို့က အာရုံကို ဆွဲဆောင်ပြီး အနောက်ဖက်ကနေ ဝင်တိုက်ခိုက်ဖို့ လိုအပ်သည်။

တိရိစ္ဆာန်တွေမှာလည်း ဒေါသစိတ်တွေ ရှိနိုင်သည်။ ဥပမာပြောရလျှင် ဝက်ဝံတွေနှင့် ဝံပုလွေတွေ ဖြစ်သည်။ ဒီမျောက်ဝံကြီးများလည်း ခြွင်းချက်

မဟုတ်ပါ။ ဆွန်းမိုကို တိုက်ခိုက်ပြီး အပိုင်းပိုင်းခွဲလိုတဲ့ဆန္ဒနှင့် ဒေါသတကြီး လိုက်လာကြသည်။

သို့သော်လည်း ကျောင်းသားအုပ်စုအတွက် ပို ရှုပ်ထွေးပြီး ပိုဒုက္ခ များလာသည်။

ထိတ်လန့်တုန်လှုပ်ဖို့ကောင်းလောက်အောင် မျောက်ဝံ အရေအတွက် တိုးများလာသည်။ သူတို့အားလုံးက ဒီနေရာပဲ စုဝေးနေကြသည်။ အနည်းစုက ကျောင်းသားတွေဆီ ပြေးဝင်လာကြသည်။ ဉာဏ်ရည်နိမ့်ပါးသည့်

တိုင်အောင် လူငယ်များက အမဲလိုက်ဖို့ ပိုလွယ်တာ သူသိသည်။

“ဟီးဟီး၊ ဗဟိုပြည်နယ်အကယ်ဒမီတော့ ကံဆိုးတော့မယ်”

ရှန်ယောင် ဝမ်သာသွားသည်။ သူတို့သည် ကြီးမားအကောင်ကြီးရဲ့ နယ်မြေထဲသို့ ရောက်တော့မည်။

အခန်း (၃၇၆) - မျက်နှာနှစ်ခုနဲ့ အမျိုးသား၊ အမျိုးသမီး စုံတွဲ။

ဒီမျောက်ဝံကြီးရဲ့ တိုက်ခိုက်နိုင်စွမ်းက သာမန်သာဖြစ်သည်။ သို့သော်လည်း သူတို့က အရမ်းများပြားပြီး အရှိန်ကလည်း လျှင်မြန်လွန်းသည်။

ဒါကြောင့် မျောက်ဝံများသည် ကျောင်းသားများအတွက်တော့ အန္တရာယ်ရှိနေဆဲဖြစ်သည်။

တကယ်လို့ ကျောင်းသားများက ရှေ့ဟောင်းရဲတိုက်ထဲ မဝင်နိုင်ခဲ့လျှင် အဖိုးတန်အမှောင်လျှို့ဝှက်ရတနာများကို ရှာဖွေနိုင်တော့မှာ

မဟုတ်ပါ။ အဲဒီအခါကျရင် ဒီပြိုင်ပွဲအတွက် မျှော်လင့်ချက်ဆိုတာ မရှိနိုင်တော့ပါ။

ဒိုင်လူကြီးအဖွဲ့သည် တစ်ခုနှင့်တစ်ခု ဝေးကွာတဲ့ လျှို့ဝှက်နယ်မြေကို ရည်ရွယ်ချက်ရှိရှိ ပေးခဲ့သည်။ တကယ်လို့ သူတို့က အခြားလျှို့ဝှက် နယ်မြေကို ပြောင်းချင်ရင်တောင် နောက်ကျနေပြီ။

ရှန်ယောင်သည် ဒီနေရာကို စုံစမ်းရန် ဝင်ခဲ့ဖူးပြီး ကြီးမားတဲ့ မျောက်ဘုရင်ကြီးကို တွေ့ခဲ့ဖူးသည်။ အဲဒီလိုကြောင့်သာ မဟုတ်ရင် သူ့ရဲ့

ကျောင်းသားတွေကို ရှေ့ဟောင်းရဲတိုက်ဆီ ခေါ်သွားမှာ ကြာလှပြီ။

"ဆွန်းမို၊ မင်းတို့က ပူးပေါင်းလုပ်ချင်စိတ်မရှိရင် ငရဲကိုသာ သွားလိုက်တော့"

ရွှန်ယောင်က အေးစက်စက် ရယ်မောလိုက်သည်။ ဝမ်းနည်းစွာ ငိုကြွေးနေတဲ့ မြင်ကွင်းကို တကယ်မြင်ချင်လှပြီ။

ဆွန်းမိုနှင့် အခြားသူများရဲ့ ခွန်အားကြောင့် ရွှန်ယောင်၏ ရှုထောင့်မှ ကြည့်လျှင် သူတို့အဖွဲ့

ပျက်သုန်းသွားမှာ မဟုတ်ပါ။ သို့သော် တချို့ကတော့ သေပျောက်သွားလိမ့်မည်။

ဒီအခိုက်အတန့်ကို အမြင့်မှ ငုံ့ကြည့်နေပြီး ဆွန်းမိုက ဦးဆောင်ကာ မျောက်ဝံကြီးများကို အဆက်မပြတ် ပစ်ခတ်နေတာ မြင်တွေ့နေရသည်။

ဆွန်းမို ဘယ်လိုပဲ ရွှေ့လျားနေပါစေ အဖွဲ့နဲ့ ၃၅မီတာ အကွာကို အမြဲထိန်းသိမ်းထားတာ မြင်နေရသည်။ ပြောချင်တာက သူသည် လက်ရှိအခြေအနေကို ပေါ့ပေါ့ပါးပါး ကိုင်တွယ်နေသည်။

“ဆရာဆွန်းရဲ့ခံယူချက်က နည်းနည်းလေး ကြောက်ဖို့ မကောင်းဘူးလား”

ချူဂျန်က သက်ပြင်းချရင်း ပြောလိုက်သည်။

ဆွန်းမိုရဲ့ မြွေးတစ်ချောင်းက နံရံကို ပေါက်ကွဲသွားစေပြီး မျောက်ဝံများကို ဖောက်ထုတ်နေသည်။ အဲဒီနောက် ပေါက်ကွဲ သွားကြသည်။

“ဆရာဆွန်းက အရမ်းကြမ်းတမ်းတယ်လို့ ခံစားရတယ်”

ကျန်ရန်ဇောင်က ရက်ရက်စက်စက် သက်ပြင်းချရင်း ပြောလိုက်သည်။

ရောမ မျောက်ဝံများကို ဆွဲဆောင်နိုင်ရန် ဆွန်းမိုသည် အရှိန်မလျှော့ဘဲ အရှုးအမူး ဆက်လက် တိုက်ခိုက်နေသည်။ ဒါကြောင့် တစ်မိနစ်အတွင်းမှာ မျောက်ဝံသုံးဆယ်ကျော်သည် ဆွန်းမိုဆီ ပြေးဝင်လာသည်။ အမြန်ဆုံး မျောက်ဝံ ခုနှစ်ကောင်က ပြေးလာပြီး သူ့ကို တိုက်ခိုက်လိုက်သည်။

ဝေါင်း

မျောက်ဝံများသည် ခြေသဲ လက်သဲများနဲ့ ပုတ်ရိုက်ကြသည်။ သူတို့ရဲ့ လက်တွေက လေးလံနေပြီး သတ္တုပြားများလို ဖြစ်နေသည်။ တကယ်လို့ ဒီလက်တွေနဲ့သာ အရိုက်ခံလိုက်ရလျှင် ပြားချပ်သွားလိမ့်မည်။

စိတ်မကောင်းစရာက အဲဒီမျောက်ဝံများသည် ဆွန်းမို အနီးသို့ ရောက်လာတဲ့အခါတွင် သူက ရုတ်တရတ် လက်မောင်းကို လှုပ်ပြီး လေးကြိုးဆွဲကာ ပစ်ခတ်လိုက်သည်။

ဖုန်း

မြွားပစ်လွှတ်လိုက်တာနဲ့ လေးကြိုးသည် တုန်ခါပြီး ကျန်ခဲ့သည်။

လေဘုရင်၏ ဖရိုဖရဲ ပစ်ချက်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ဆွန်းမိုကို အလယ်ဗဟိုပြုပြီး တဝက်တပျက်မြင်ရတဲ့ မြွားများစွာက အရပ်မျက်နှာ အသီးသီးမှ ပြေးထွက်သွားသည်။ အဲဒီအချိန်တွင် ဆွန်းမိုသည် ပွင့်ဖူးနေတဲ့ နေကြာပန်းတစ်ခုနဲ့ တူနေသည်။

အကွာအဝေးကလည်း အရမ်းနီးကပ်နေသဖြင့် မြွားများက မလွဲပါ။ ဒါကြောင့် ရောမ မျောက်ဝံများသည် ကံဆိုးသွားသည်။

ဖုတ် ဖောက် ဖောက်

မြွားတွေက သူတို့ရဲ့ ခန္ဓာကိုယ်ထဲသို့ တန်းဝင်သွားသည်။ နာကျင်စွာ အော်ဟာစ်နေတဲ့ အသံကို ကြားနေရပြီး သွေးစိမ်းတွေကလည်း နေရာအနှံ့ ပျံ့နှံ့နေသည်။

ဖုန်း ဖုန်း

ကီလို တစ်ရာကျော် လောက်လေးတဲ့ ရောမ ခန္တာကိုယ်ကြီးများသည် မြေပေါ်သို့ တဖုန်းဖုန်း လဲကျပြီး ပတ်ဝန်းကျင်ကို ဖုန်မှုန့်များ ပျံ့နှံ့သွားသည်။

"တောက်။ သန်မာလှချည်လား"

"ဒီလေးပစ် စွမ်းရည်က အရမ်းမိုက်တယ်"

"အို ဝါး၊ ငါသင်ချင်လိုက်တာ"

ကျောင်းသားများ သဘောကျတဲ့စိတ်နဲ့ သက်ပြင်းချနေကြသည်။ လေးပစ်တဲ့ ပညာကို စိတ်မဝင်စားတဲ့ လူတွေတောင် ဆွန်းမိုဆီက အနည်းငယ် သင်ယူချင်စိတ် ဖြစ်နေသည်။

"အားလုံးသတိထားပါ. နောက်ထပ်မျောက်ဝံကြီးတွေ လာနေပြီ"

ဒုတိယ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ကူရှုပ်ရှင်းက တိုက်ပွဲကို ညွှန်ကြားလိုက်သည်။

"ဝမ်ချောင် အရှေ့တက်ပြီး ဒီမျောက်ဝံတွေကို တိုက်ထုတ်"

ဝမ်ချောင်သည် နှုတ်ခမ်း တုန်ယင်စွာ ပြေးထွက်သွားသည်။ ဖိအား အရမ်းကြီးမားတယ်လို့ ခံစားရသည်။ မျောက်ဝံကြီးများကို အဝေးမျှားခေါ်သွား ရတာက ပြဿနာ မရှိပါ။ သို့သော်

ဆွန်းမိုနဲ့ယှဉ်ကြည့်ရင် ကျက်သရေ ရှိအောင် မလုပ်နိုင်မှာ သေချာသည်။

နှိုင်းယှဉ်ကြည့်လိုက်ရင် တကယ်ရှက်ဖို့ ကောင်းနေသည်။

ဝမ်ချောင် သက်ပြင်းချလိုက်သည်။ ဒီလို အခြေအနေမျိုးကို လက်မခံချင်လည်း ကြုံနေရမည်။ ဒါကို ကျေနပ်နေသင့်သည်။

(ဒါပေမယ့် ဆွန်းမိုရဲ့ မြွားပစ်စွမ်းရည်က တကယ်ကို ကြီးမြတ်လွန်းပါတယ်။ ငါ့ရဲ့

အသက်မွေးဝမ်းကြောင်းကို လေးသမားတောင် ပြောင်းလုပ်ချင်စိတ် ပေါက်လာပြီ)

ဒင်

ဝမ်ချောင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၂၈၀/၁,၀၀၀)

“ဆရာကူ၊ အစီအစဉ်အေ”

ဆွန်းမိုက လှမ်းအော်လိုက်သည်။ သူက မျောက်ဝံကြီးများကို သတ်ရန် လှူပ်ရှားမှုကျင့်စဉ်ကို စတင် အသုံးပြုလိုက်သည်။

မျောက်ဝံကြီးများသည် မျောက်များနဲ့တူပြီး အုပ်စုကြီး တစ်စုဖွဲ့ကာ အတူတူ နေထိုင်ကြသည်။ ဒီလိုဆိုရင်တော့ သေချာပေါက် မျောက်ဝံ ဘုရင်ကြီး ရှိလိမ့်မည်။

ဆွန်းမိုသည် မျောက်ဝံကြီး အများအပြားကို သတ်မိထားသဖြင့် မူလီမြောက် လိမ်းရင်တောင် အကျိုးသက်ရောက်မှု မရှိမှာကို စိုးရိမ်နေသည်။

“နားလည်ပြီ”

ကူရှုပ်ရှင်းက နောက်လှည့်ကြည့်လိုက်သည်။ အခြေအနေကို စောင့်ကြည့်နေရင်း အချိန်ကို

တိတ်တဆိတ် ရေတွက်နေသည်။ သူမရဲ့ လက်ရှိအမြန်နှုန်းနဲ့ဆိုရင် အပျက်အစီးများဆီ ပြေးသွားရန် အချိန်သုံးမိနစ်လောက် လိုအပ်သည်။

ဝမ်ချောင်က မျောက်ဝံကြီး အားလုံးကို မျှားမခေါ်သွားနိုင်သဖြင့် တိုက်ပွဲ ပြင်းထန်လာသည်။ ကူရှုပ်ရှင်းနှင့် ကွမ်ဒင်တို့လည်း စတင်တိုက်ခိုက် လိုက်ကြသည်။

ရှန်ယွန်ပေါင် မျက်လုံးသည် တောက်ပပြီး မီးဝင်းဝင်းတောက်နေသည်။ တိုက်ပွဲဝင်ချင်စိတ်ကို

မထိန်းနိုင်ဘဲ “ဆရာ မျောက်ဝံတစ်ကောင်လောက် တိုက်ခွင့်ပြုပါ”

စိတ်ရင်းနဲ့ လှမ်းမေးလိုက်သည်။

“ပါးစပ် ပိတ်ထား”

ကူရှပ်ရှင်းက ဆူပူလိုက်သည်။

အဲဒီနောက်မှာတော့

အခြားကျောင်းသားအဖွဲ့သည် ဗဟိုပြည်နယ် အကယ်ဒမီအဖွဲ့ရဲ့ လုပ်ဆောင်ချက်ကိုမြင်ပြီး အလိုလို မှင်တက်နေကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီက ဒီလောက်အဆင့်မြင့်နေတာ မထူဆန်းတော့ပါ။

ဆရာလေးယောက်ရဲ့အကြောင်းကို ထူးပြီး မပြောတော့ပါ။ သူတို့ရဲ့ကျောင်းသားတွေတောင် အေးအေးဆေးဆေး ဖွဲ့စည်းမှုကို ကောင်းကောင်း ထိန်းသိမ်းထားသည်။

“ဘာဖြစ်နေတာလဲ။ သူတို့ မတိုက်ခိုက် ခံရဖူးဆိုတာ ငါမယုံဘူး”

ရွှန်ယောင် နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်နေသည်။

အဲဒီအခိုက်တန့်တွင် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားများသည် ဆွန်းမို တိုက်ခိုက်ခဲ့တဲ့ နေရာကို ဖြတ်ပြေးသွားသည်။ ရုတ်တရက်

အလောင်းကောင်တစ်ခု မတ်တပ်ထရပ်လာပြီး အနီးဆုံးမှာရှိတဲ့ အင်ဘိုင်ဝူဆီ ပြေးဝင်သွားသည်။

"အာ..."

တခြားကျောင်းသားတွေလည်း ဒါကိုမြင်ပြီး အော်ဟာစ်လိုက်ကြသည်။

သို့သော်လည်း အင်ဘိုင်ဝူက မျက်နှာတစ်ချက်တောင် မပျက်ပါ။ သူမက ဓါးကို ဆွဲထုတ်ပြီး အနီးကပ် တိုက်ပွဲဝင်ရန် ပြင်ဆင်လိုက်သည်။

"ငါ့ကို လုပ်ခွင့်ပေး"

ကျန်ရန်ဇေဝင်နှင့် ရှန်ယွန်ပေါင်က တပြိုင်နက် အော်ဟစ်လိုက်ကြသည်။ သို့သော်လည်း သနားစရာကောင်းလောက်အောင် မြန်ဆန်တဲ့အရှိန်နဲ့ တဝက်တပျက်ဖောက်မြင်ရတဲ့ မြွေးတစ်ချောင်းက ဖြတ်ပျံသွားသည်။

ရွှတ်စ်

ဖောက်

မြွေးက မျောက်ဝံကြီး ခေါင်းထဲကို ဖောက်ဝင်သွားသည်။

အင်ဘိုင်ဝူကလည်း စီးမျောပြီး မျောက်ဝံကြီးရဲ့ ခန္ဓာကိုယ်ကို ပိတ်ကန်လိုက်သည်။

ဘုန်း

မျောက်ဝံကြီးသည် လေထဲ လွင့်ထွက်သွားပြီး သေပြီးရင်း သေသွားသည်။

အားလုံး လှည့်ကြည့်လိုက်လျှင် မီတာ ၇၀အကွာက ဆွန်းမိုကို မြင်လိုက်ရသည်။ သူ့ရဲ့နောက်မှာလည်း မျောက်ဝံကြီး အကောင်ငါးဆယ်လောက် ရှိနေသည်။ အဲဒီလိုအခြေအနေမျိုးမှာ ကျောင်းသားကို

ကယ်တင်ဖို့အတွက် မြှားတစ်ချောင်း ပစ်နိုင်သေးသည်။ တွေးကြည့်ရုံနဲ့ လူတိုင်း ခေါင်းကျိန်းသွားသည်။

"..........."

ဒါကိုကြည့်နေတဲ့ နောက်က လူအားလုံးလည်း အံ့အောမှင်တက်နေကြသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေ ရူးနေတာလား။ သူတို့ဘက်ကစပြီး မျောက်ဝံတွေကို တိုက်ခိုက်ချင်နေတာလား။

ပြီးတော့ သူတို့အားလုံးက တိုက်ပွဲဝင်ဖို့ အခွင့်အရေး မရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

"သူတို့ကို မမြင်ချင်တဲ့ ခံစားချက်သည် အခြားကျောင်းသားတွေရဲ့ စိတ်ထဲမှာ ပေါ်လာသည်။”

"ပြီးသွားပြီ။ ငါတို့ရဲ့ စိတ်ဓါတ်ခွန်အား ကျဆင်းသွားပြီ"

ရှန်ယောင်က ဒီမြင်ကွင်းကို သတိထားမိပြီး ချက်ခြင်း အော်ဟစ်လိုက်သည်။

"ငါ့ကို ယုံပါ။ မင်းတို့တွေက သူတို့ထက် ပိုကောင်းအောင် လုပ်နိုင်တယ်"

ရွှတ်စ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် မြတ်ဆရာအရှိန်အဝါ ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင် တောက်ပသွားသည်။

တိုက်ပွဲ အရှိန် မြင့်လာတာနဲ့အမျှ ကျောင်းသားတွေရဲ့ ယုံကြည်ချက်က ပိုအားကောင်းလာသည်။

"ဟွန်း၊ မကြာခင် ရောမမျောက်ဝံဘုရင်ကြီးရဲ့ အသိုက်ကို ရောက်တော့မယ်။ အဲဒီအခါကျရင် သူတို့ဘာလုပ်မလဲဆိုတာ ကြည့်လိုက်အုံးမယ်"

ရှန်ယောင်က အေးစက်စွာ ရယ်မောလိုက်သည်။ အဲဒီနောက် သူက သူ့ရဲ့ကျောင်းသားများကို လေသံတိုးတိုးလေးနဲ့ "လူတိုင်း အာရုံစိုက်ထားပါ။ ဗဟိုပြည်နယ်အကယ်ဒမီအဖွဲ့က မျောက်ဝံကြီးရဲ့ အာရုံကို ဆွဲဆောင်နေတဲ့ အချိန်ကျရင် ငါတို့ ချက်ခြင်း ပြေးကြမယ်"

....

ဆွန်းမို ခြေထောက်နှင့် မျောက်ဝံကြီးရဲ့ ခေါင်းကို ကန်ပြီး ခုနှစ်မီတာလောက်ကို ခုန်ထွက်သွားသည်။ အဲဒီနောက် စိတ်ထဲတွင် အန္တရာယ်ရှိတဲ့ ခံစားချက် ပေါ်လာသည်။

လေဘုရင်နတ်ဘုရားကျင့်စဉ်ကို မဟာအဆင့်အထိ လေ့ကျင့်ထားသဖြင့် အာရုံခြောက်ပါးက ပိုထက်မြတ်လာသည်။ ဒါကြောင့်လည်း မျောက်ဝံဘုရင်ကြီးရဲ့ တည်ရှိမှုကို ချက်ခြင်းတွေ့သွားသည်။

"ဒီမှာပဲ"

ဆွန်းမိုသည် အချိန်ရောက်လာပြီ ဖြစ်သဖြင့် ချက်ခြင်းပဲ ဦးတည်ချက်ပြောင်းကာ သံကလစ် အကယ်ဒမီ ဘက်သို့ ဦးတည်ပြီး ပြေးသွားလိုက်သည်။

ဝေါင်း

ဒေါသတကြီး အော်ဟောက်သံတွေက တိမ်တိုက်များအထိတောင် ပဲ့တင်သံ ထပ်နေသည်။ အားကောင်းတဲ့ အသံလှိုင်းများကြောင့် လူတိုင်း၏ နားစည်ထဲက အမွေးများတောင် တုန်ခါသွားသည်။

"သူတို့လာနေပြီ"

ရှန်ယောင်က လေသံတိုးတိုးလေးနဲ့ အော်ဟစ်ပြီး

"မင်းတို့တွေ ပြင်ဆင်ထားကြ"

"ဆရာရှန်၊ ငါတို့တော့ ဒုက္ခရောက်ပြီ"

ဒူဖန်သည် ဆိုးရွားစွာ တုန်လှုပ်နေသည်။

"ဆွန်းမိုက ငါတို့ဆီ ပြေးလာနေတယ်"

"ဘာ"

ရှန်ယောင် အရမ်းအံ့အောသင့်သွားသည်။ လှည့်ကြည့်လိုက်လျှင် ရှူးသွပ်စွာ ပြေးလာနေတဲ့ ဆွန်းမိုကို မြင်လိုက်ရသည်။ သူ့နောက်မှာ မျောက်ဝံကြီး ၇၀ ကျော်က လိုက်ဖမ်းနေသည်။

"ဘောပဲ။ ဆွန်းမို၊ မင်းဘာလုပ်ချင်နေတာလဲ"

ရှန်ယောင်က ဒေါသတကြီး အော်ဟစ်သည်။

ဆွန်းမိုက သူ့ကို ဂရုမစိုက်ပါ။

အခြား ကျောင်းသားအဖွဲ့တွေလည်း ထိတ်လန့်တကြား ဖြစ်နေကြသည်။ ရပ်ပြီးပဲ ထွက်ပြေးရမလား ဒါမှမဟုတ် အရှိန်မြှင့်ပြီးပဲ ရှေ့ကို ပြေးရမလားဆိုတာ ဝေခွဲ မရဖြစ်နေကြသည်။

မျောက်ဝံကြီးတွေရဲ့ အသိုက်က မြေအောက်မှာ ရှိသည်။ ဒီအခိုက်အတန့်တွင် ကျောက်တုံးနှင့် မြေကြီးခဲများ တဝုန်းဝုန်း လွင့်စင်နေတဲ့ အသံကို

ကြားနေရသည်။ ငါးမီတာလောက် မြင့်တဲ့ မျောက်ဝံကြီးတစ်ကောင်က လေထဲသို့ ခုန်တက်လာသည်။ မြေကြီးပြန်ရောက်တဲ့အခါ လက်များကို အမှတ်တမဲ့ ဝှေ့ယမ်းပြီး အနီးအနားက အဆောက်အအုံတစ်ခုကို ဖြိုချလိုက်သည်။

ဝုန်း

အဆောက်အအုံ ပြိုကျသွားပြီး ပြိုကျလာတဲ့ ကျောက်တုံးများသည် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေဆီ လွင့်စင်လာသည်။ အဲဒီနောက်မှာ မျောက်ဝံဘုရင်ကြီး ပြေးတက်လာသည်။

ဆွန်းမိုက မြှားတွေ ပစ်လွှတ်လိုက်သည်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

မြှားတွေက မျောက်ဝံဘုရင်ကြီးဆီကို ကြယ်တွေ ကြွေကျသကဲ့သို့ ပြေးဝင်သွားသည်။

"ကွမ်ဒင်၊ အဖွဲ့ကို ခပ်ဝေးဝေးခေါ်သွား"

ကူရှုပ်ရှင်းက မျောက်ဝံဘုရင်ကြီးဆီ ပြေးသွားရင်း အော်လိုက်သည်။

"မင်းတို့တွေ ထွက်ပြေးကြ။ မြန်မြန်လေး"

ရွှန်ယောင်က အရမ်းပြတ်သားသည်။ သူက ထပ်ပြီးအနားမကပ်လာစေရန် ဆွန်းမိုကို တားဆီးလိုက်သည်။ ဒီလိုမှမဟုတ်ရင် ရွှန်ယောင်ရဲ့ ကျောင်းသားအဖွဲ့ ပြီးသွားလိမ့်မည်။

"ငါ့ကို လှည့်စားချင်တာလား။ အိပ်မက်တွေ ရပ်လိုက်တော့"

သူတို့ကြားတွင် ဆယ်နှစ်မီတာလောက် ကွာဝေးနေသေးသည်။ ရွှန်ယောင်က သူ့ရဲ့ လက်နက်ကို ထုတ်ပြီး ခုတ်ချလိုက်သည်။

ရွှတ်စ်

ရွှေရောင် ဝိညာဉ် ဓါးတစ်လက် ဖြာထွက်လာပြီး မြေပြင်ပေါ်မှာ လက်မအရွယ် အရာတစ်ခု ကျန်ခဲ့သည်။

ဆွန်းမိုက ဘေးတစ်စောင်း လျှပ်တစ်ပြတ် ကျွမ်းထိုးပြီး ရှောင်လိုက်သည်။

သူ့ရဲ့ အရှိန်ကလည်း တိုးမြှင့်လာသည်။ ရှန်ယောင်က ဆွန်းမိုအရှေ့မှာ ရုတ်တရုတ် ပေါ်လာပြီး ဓါးနဲ့ ထပ်တိုက်ခိုက်လိုက်သည်။

"ငရဲ သွားလိုက်"

ရွတ်စ်

ဓါးက ဆွန်းမို၏ ခန္ဓာကိုယ်ကို ဖြတ်သန်းသွားသော်လည်း သွေးမထွက်ပါ။ ဒါကြောင့် ရွှန်ယောင် မျက်နှာပျက်သွားသည်။

"အို မဟုတ်ဘူး......"

(ကိုယ်ပွားလား)

ရွှန်ယောင်ရဲ့ စိတ်ထဲမှာ ဒီအတွေးပေါ်လာတဲ့အချိန်တွင် နောက်ကျောက တစ်ချက် အကန်ခံလိုက်ရပြီး အရှေ့သို့ ခြေလှမ်းအနည်းငယ် ရောက်သွားသည်။

မျောက်ဝံကြီးများက ပြေးလာနေကြသည်။ သူတို့အမြင်အာရုံကို ရှန်ယောင်က ပိတ်ဆို့သွားသည်။ ဆွန်းမိုကို တိုက်ခိုက်ဖို့အတွက် နှောင့်နှေးသွားပြီ။

"ပြီးပါပြီကွာ"

ဆွန်းမိုက သူ့ရဲ့ ကျောင်းသားအဖွဲ့ဆီ မျောက်ဝံကြီးများကို ဦးဆောင်ခေါ်သွားတာကြည့်ပြီး ရှန်ယောင်သည် စိတ်ပျက်အားငယ်သွားသည်။ အဲဒီနောက် ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဆွန်းမို၊ မင်းရဲ့ ကျောင်းသားအဖွဲ့လည်း ဖြုတ်သန်းသွားဖို့ မစဉ်းစားနဲ့"

ကူရှုပ်ရှင်းနှင့် ဝမ်ချောင်တို့ကလည်း အဖွဲ့ကနေ ခွဲထွက်လာသဖြင့် ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအဖွဲ့ကို ကာကွယ်ရန်အတွက် ဆရာတစ်ယောက်သာ ကျန်တော့သည်။ အဲဒီအချိန်တွင် မျောက်ဝံကြီး နှစ်ဆယ်ကျော် ပေါ်လာကာ သူတို့ကို တိုက်ခိုက်နေကြသည်။ ဒီမျောက်ဝံကြီးများသည် အရေအတွက် မများသော်လည်း ကျောင်းသားတွေကိုတော့ ဒုက္ခကြီးကြီး ပေးနိုင်သည်။

"မင်းတို့မှာ အသေအပျောက် မရှိဘူးဆိုတာ ငါမယုံဘူး"

ရွှန်ယောင်သည် ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ ကံဆိုးဖို့ပဲ မျှော်လင့်နေသည်။ သို့သော်လည်း နောက်ပိုင်းတွင် ဖြစ်ပျက်လာတဲ့ အဖြစ်အပျက်များကြောင့် မျက်လုံးကြီးပြူးပြီး ပေါက်ကွဲ မတတ် ဖြစ်သွားသည်။

ဒီမျောက်ဝံကြီးများသည် ကျောင်းသားအဖွဲ့ အရမ်းနီးသွားတာနဲ့ ရုတ်တရက် ရပ်တန့်ပြီး အဝေးသို့

ထွက်ခွာသွားသည်။ ရှုံ့ချတဲ့ အကြည့်ကို သူတို့မျက်နှာပေါ်တွင် မြင်နေရသည်။

ဒီခံစားချက်က အရသာရှိရှိ စားခါနီးတွင် ပန်းကန်ပြားကို ငုံ့ကြည့်လိုက်တော့ ငါးပုပ်များ တွေ့လိုက်ရသလို ဖြစ်နေသည်။

မျောက်ဝံကြီးများသည် ငါးပုပ်များကို ဖော့ဝိုက်ပြီး ရှောင်ရှားကာ သံကလစ်ကျောင်းသားအဖွဲ့ဆီ အလျှင်စလို ပြေးလာကြသည်။

ဒီအခိုက်အတန့်တွင် ဆွန်းမိုက လေဘုရင်နတ်ဘုရား ခြေလှမ်းကို အသုံးပြုကာ

သံကလစ် ကျောင်းသားအဖွဲ့ကို ဖြတ်သန်းပြီး မျောက်ဝံကြီးများကို အပြည့်အဝ မျှားခေါ်လာခဲ့သည်။

"ငါလို.........."

သံကလစ်အကယ်ဒမီမှ ဆရာများသည် မျောက်ဝံကြီးများကို တိုက်ထုတ်ရန် အစွမ်းကုန်ကြိုးစားနေရသည်။

“မျောက်ဝံကြီးတွေက ဘာဖြစ်လို့ သူတို့ကို မတိုက်ခိုက်တာလဲ”

“ဘယ်သိမလဲ”

"တောက်၊ သူတို့က မဟာမိတ် မဖွဲ့ချင်တာ မထူးဆန်းတော့ပါဘူး။ သူတို့မှာ မျောက်ဝံကြီးတွေကို ရှောင်ဖို့ နည်းလမ်းရှိနေတာကိုး"

ဆရာတွေက တန်းပြီး ကျိန်ဆဲနေကြသည်။

ဗဟိုပြည်နယ် အကယ်ဒမီက အဆိပ်ပြင်းလွန်းသည်။ ကံကောင်းတာက သူတိုက တိုက်ပွဲမှာ မပါဝင်ရသေးသဖြင့် အခြေအနေကို မြင်တာနဲ့ နောက်ပြန်ဆုတ်နိုင်ခဲ့သည်။

"နောက်ဆုတ်။ နောက်ဆုတ်၊ နောက်ဆုတ်"

"ဒီနေရာက မြန်မြန်ထွက်သွား"

ချင်စုက သူမရဲ့ ကျောင်းသားတွေကို မြန်မြန်ထွက်သွားဖို့ လှမ်းအော်နေသည်။ ဒီတစ်ကြိမ်မှာတော့ သူတို့ရဲ့ ကံကြမ္မာကို ပြောင်းလဲနိုင်မယ့် အဖိုးတန်အမှောင်လျှို့ဝှက်ရတနာ မေ့ထားသင့်သည်။ သူတို့ရဲ့ အဆင့်ကို ဆက်ထိန်းသိမ်းထားနိုင်ဖို့ အကောင်းဆုံး ကြိုးစားရမည်။

ဆွန်းမို အရမ်းကျေနပ်နေသည်။ တိုက်ပွဲဗျူဟာတစ်ဝက်ကျော်လောက်တော့ အောင်မြင်နေပြီ။ အခုကျန်တဲ့ တစ်ခုတည်းသော ပြဿနာက

သူ့နောက်လိုက်နေတဲ့ မျောက်ဝံ ဘုရင်ကြီးကို ဘယ်လိုစွန့်ပစ်ထားခဲ့ရမလဲ ဆိုတာ ဖြစ်နေသည်။

အခန်း (၃၇၇) - ဖုံးကွယ်ထားတဲ့ လူချမ်းသာ။

ရွှတ်စ် ရွှတ်စ်

မျောက်ဝံဘုရင်ကြီးရဲ့ ခန္ဓာကိုယ်ကို မြှားနှစ်ချောင်း ပစ်လိုက်သည်။

ဝေါင်း

မျောက်ဝံဘုရင်ကြီးက ဒေါသတကြီး အော်ဟစ်လိုက်သည်။ ကျောက်တိုင်ကြီးများနဲ့တူတဲ့ သူ့ရဲ့ လက်များက ပြင်းထန်စွာ ဝှေ့ယမ်းသွားသည်။

“ငါကို ဂရုမစိုက်နဲ့ မင်းတို့ အရင်ထွက်သွားနှင့်ကြ”

ကူရှပ်ရှင်းက ဆွန်းမို ရောက်လာတာမြင်လိုက်လျှင် ကျောင်းသားတွေကို ကာကွယ်ဖို့အတွက် ပြောလိုက်သည်။

"ဒီကောင်ကြီးကို ထိန်းရတာ မလွယ်ဘူး"

ဆွန်းမို မထွက်သွားပါ။ ကျောင်းသားအဖွဲ့က အပေါက်ဝ အနီး ရောက်နေတာကို မြင်လိုက်သည်။ ဒါကြောင့် ကူရှပ်ရှင်းကို မူလီမြက် သုတ်လိမ်းရန် ပြောလိုက်သည်။

ကူရှပ်ရှင်းက သူ့ရဲ့ လမ်းညွှန်ချက်ကို လိုက်နာပေမယ့် မူလီမြက်ကို လိမ်းပြီးနောက်

မျောက်ဝံဘုရင်ကြီးကို မရှောင်နိုင်ရုံသာမက ပိုပြီး ဒေါသထွက်သွားတာကို မြင်လိုက်ရသည်။

ဝေါင်း

မျောက်ဝံဘုရင်ကြီး အော်ဟစ်ပြီး မြေပြင်ကို လက်သီးနဲ့ ထုချလိုက်သည်။

ဘုန်း

မြေတွေ လွင့်စင်ပြီး အက်ကွဲကြောင်းများ ပေါ်လာသည်။

ဆွန်းမိုက ရုတ်တရုတ် ကူရှုပ်ရှင်းကို တွန်းထုတ်လိုက်သည်။

"မင်း အရင်သွားနှင့်"

အမိန့် ဆယ်ရှစ်ခု။

ဖောင်း ဖောင်း ဖောင်း

သူက သစ်သားဓါးကို အကြိမ်ကြိမ်ဝှေ့ယမ်းပြီး မျောက်ဝံဘုရင်ကြီး ခန္ဓာကိုယ်ကို တိုက်ခိုက်လိုက်သည်။

"ကောင်းပြီလေ။ ဒါဆိုလည်း"

ဆွန်းမိုက သူမအတွက် ပြောနေမှန်း ကူရှုပ်ရှင်း သိသည်။ ဒါကြောင့် ငြင်းခုန်မနေတော့ပါ။

“မင်း သတိထားရမယ်”

ဆွန်းမိုက ကူရှုပ်ရှင်းနဲ့ဆယ်မီတာ အကွာကို ပြေးလာပြီး စောင့်နေလိုက်သည်။ မျောက်ဝံဘုရင်ကြီးက သူမနောက်သို့ မလိုက်တာ မြင်လိုက်လျှင် သူလည်း မတိုက်ခိုက်တော့ပါ။ အဲဒီအစား လှုပ်ရှားမှုကျင့်စဥ် (ကိုယ်ဖော့ ကျင့်စဥ်) သုံးပြီး ရှောင်တိမ်းဖို့ပဲ အာရုံစိုက်လိုက်သည်။

မျောက်ဝံဘုရင်ကြီးအတွက် ဆွန်းမိုက စိတ်အနှောက်အယှက်ပေးတဲ့ ယင်ကောင် တစ်ကောင်လို့ ခံစားနေရသည်။ သူ့ကို

ချေမှုန်းချင်ပေမယ့် မှီအောင် မလိုက်နိုင် ဖြစ်နေသည်။ ဒါကြောင့် ဒေါသတကြီး လှည့်ပတ်နေသည်။

"ဆွန်းမို၊ မင်းရူးနေပြီလား"

ရှုန်ယောင်သည် ဆွန်းမိုက မျောက်ဝံဘုရင်ကြီးကို မှူးခေါ်လာတာမြင်လိုက်လျှင် အရမ်းထိတ်လန့်ပြီး သေးထွက်ကျလုမတတ် ဖြစ်သွားသည်။ ဒီအတွက်လည်း အဖြေက မရှိ။ ကျောင်းသားအဖွဲ့ကိုသာ မြန်မြန် ပြန်ဆုတ်ခိုင်းနေရသည်။

“ငါ့နားမှာ ကျောင်းသားတွေ အများကြီး ရှိသေးတယ်”

“ဒါဆိုလည်း သူတို့ဘေးကင်းအောင် မျောက်ဝံကြီးရဲ့ တိုက်ခိုက်မှုကို လာတားဆီးသင့်တယ်။””

ဆွန်းမိုက ရှန်ယောင်ကို အတိအကျ ခြိမ်းခြောက်လိုက်သည်။

အမှန်တိုင်းပြောရလျှင် ရှန်ယောင်က တစ်ကိုယ်ကောင်းဆန်ပြီး ထွက်ပြေးသွားခဲ့ရင်တောင်

ဆွန်းမိုက မျောက်ဝံဘုရင်ကို ကျောင်းသားတွေအား တိုက်ခိုက်ခွင့် မပေးနိုင်ပါ။

ဆရာတစ်ယောက်အနေနဲ့ ဒါက အခြေခံအကျဆုံး အကျင့်သီလ ဖြစ်သည်။

ရွှန်ယောင် အရမ်းဒေါသထွက်ပြီး သွေးချောင်း ဆိုးလုနီးပါး ဖြစ်သွားသည်။ မျောက်ဝံဘုရင်ကြီးကို တားဆီးလိုက်တဲ့အခါ ဉာဏ်ရည် မနိမ့်တာကို သိလိုက်ရသည်။ ဆွန်းမိုကို အရမ်းမုန်းနေတဲ့ ပုံစံရှိသည်။ ဒါကြောင့်လည်း အခြားသူများကို

လျစ်လျူရှုထားပြီး ဆွန်းမိုကိုပဲ ဆက်ပြီး ပစ်မှတ်ထားနေသည်။

"ဟားဟား။ ဘယ်လိုပြောရမလဲ 'ဝင့်လိုက်တယ်'ပဲ ပြောရမယ်"

ရှန်ယောင် အူမြူးသွားသည်။

ဆွန်းမို မျက်လုံးမှေးလိုက်သည်။ (အရင်က ကစားခဲ့တဲ့ အကွက်ကို မေ့နေပြီလား)

ဆွန်းမို ခြေလှမ်းများ ရုတ်တရက် နှေးကွေးသွားသည်။

မျောက်ဝံဘုရင်ကြီးက ပြေးလာကာ ပြင်းပြင်းထန်ထန် ထုရိုက်လိုက်သည်။

ဘုန်း

ဆွန်းမိုခေါင်းက တစ်ခါတည်း ပေါက်ကွဲသွားသည်။

မျောက်ဝံ ဘုရင်ကြီး မှင်တက်သွားသည်။ (ဘာဖြစ်လို့ သွေးမရှိရတာလဲ။ ထားလိုက်တော့။ သူသေတာနဲ့လုံလောက်ပြီ) ကောင်းကင်ကို မော့ကြည့်ပြီး ကျေနပ်စွာ ရင်ဘက်ကိုလက်သီးနဲ့ ထုရိုက်နေသည်။

“ဘောပဲ။ နောက်ထပ် ကိုယ်ပွားတစ်ခုလား”

ရွှန်ယောင် ခေါင်းကျိန်းသွားသည်။ (သူ့ရဲ့ကျင့်ကြံခြင်း ကျင့်စဉ်က အတိအကျဆိုရင် ဘာလဲ။) ဒါပေမယ့် ထပ်ပြီး စိတ်မဝင်စားနိုင်တော့ပါ။ မျောက်ဝံဘုရင်ကြီးကို အမဲလိုက်ရန် လုပ်နေပြီး သူ့ရဲ့ အဖွဲ့ဆီ ပြေးသွားတာ မြင်လိုက်ရသည်။

(ဒီလူငယ်လေးတွေကို စားလိုက်ရရင်တော့ သေချာပေါက် အရသာရှိမှာပဲ)

"တားဆီးကြ"

ရွှန်ယောင်က အော်ဟစ်လိုက်သည်။

သံကလစ်အကယ်ဒမီက ဆရာများတွင် သူတို့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သိက္ခာများကတော့ ရှိနေဆဲဖြစ်သည်။ သူတို့ဘက်ကစပြီး မျောက်ဝံဘုရင်ကြီးကို တားဆီးကာ ကျောင်းသားများကို အရင်ဆုတ်ခွာခိုင်းလိုက်သည်။

"သံကလစ်တော့ အဆုံးသတ်သွားပြီ"

ဆုတ်ခွာနေတာ ခပ်လှမ်းလှမ်းရောက်နေပြီ ဖြစ်တဲ့ ချင်စုက ဒီမြင်ကွင်းကို မြင်ပြီး အရင်ကလောက် စိတ်မပျက်တော့ပါ။

အဆင့် ၃၀ ရှိတဲ့ သံကလစ် အကယ်ဒမီတောင် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေး မရှိဘဲ အရှုံးအမှု ခုခံနေရသည်။ ဒါကြောင့် သူမဘက်ကလည်း အရမ်းကြီး အပြစ်တင်နေဖို့ မလိုအပ်ပါ။

"နောက်နှစ်ကျမှပဲ ပိုကြိုးစားတော့မယ်"

ချင်စု လက်လျှော့လိုက်သည်။

"ဆရာဆွန်း၊ မင်းက အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ"

ကူရှုပ်ရှင်းက ညာလက်ဖဝါးကို ထောင်ထားရင်း ပြောလိုက်သည်။

ဆွန်းမိုကလည်း အဲဒီ လုပ်လိုက်သည်။

ဖြောင်း

သူတို့နှစ်ယောက် လက်ဖဝါးခြင်း ရိုက်ပြီး အောင်ပွဲခံလိုက်သည်။

....

လျှင်လှုပ်ခတ်မှုကြောင့် အပျက်အစီးများကြားတွင် အပေါက် သုံးခုပေါ်လာကြောင်း သတင်းအချက်အလက်မှာ ဖော်ပြထားသည်။ သူတို့ထဲက တစ်ခုက လူတွေကို သေသွားစေနိုင်သည်။ တကယ်လို့ မှန်ကန်တဲ့ အပေါက်ကိုသာ

ခုန်ချနိုင်ခဲ့လျှင် အောက်ဘက်သို့ ဦးတည်နေတဲ့ ပျက်စီးနေသည့် လှေကား မြင်ရမည်။

"အနီးအနားမှာ မျောက်ဝံကြီးတွေ မရှိတော့ဘူး"

လုချီဟွာက ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ကြည့်ရင်း ပြောလိုက်သည်။

"အောက်မှာ ဝိညာဉ်ချီ အရမ်းထူထပ်တဲ့ ပုံပဲ"

ကျန်ရန်ဇောင်သည် အသက်ရှူလိုက်ရင်း အောက်က ဝိညာဉ်ချီကို ခန့်မှန်းလိုက်မိသည်။

"တိရစ္ဆာန်တော်တော်များများမှာ နယ်မြေ အမူအကျင့် ရှိတယ်။ အဲဒီမျောက်ဝံကြီးတွေက ငါတို့

သူတို့နယ်မြေထဲ ဝင်သွားလို့သာ ငါတို့ကို တိုက်ခိုက်ခဲ့တာပဲ။"

ဝမ်ချောင်က ရှင်းပြလိုက်သည်။

"အောက်ကနေရာက ပိုတောင် အန္တရာယ် များနိုင်သေးတယ်"

ကူရှုပ်ရှင်းကလည်း လေးနက်တဲ့ အမူအရာ ဖြစ်နေသည်။

ဒီနေရာက မြောက်ဝံဘုရင်ကြီး အသိုက်နဲ့ အရမ်းနီးကပ်နေပြီး ဒီလိုမျိုး ဝိညာဉ်ချီ ထူထပ်တဲ့နေရာကို မြောက်ဝံဘုရင်ကြီး လက်ဝါးကြီး

အုပ်ထားသင့်သည်။ ဒါပေမယ့် ဒီနေရာမှာ မျောက်ဝံကြီးများကို မတွေ့ရပါ။

ဒါကြောင့် ဒီနေရာကို နောက်ထပ် ရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါများက လက်ဝါးကြီး အုပ်ထားနိုင်သည်။ အန္တရာယ် အရမ်းများလို့ မျောက်ဝံကြီးတွေ အနားမကပ်ရဲတာ ဖြစ်နိုင်သည်။

"ဒါက အန္တရာယ် ရှိရှိ မရှိရှိ ငါတို့ဆင်းရမှာပဲ"

ကွမ်ဒင်က "မီးထွန်းပြီး ငါ့နောက်က ကပ်လိုက်ကြပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကွမ်ဒင်သည် မျက်နှာလိုချင်နေသည်။ အစောပိုင်းတုန်းက တိုက်ပွဲတွင် သူက အများကြီး မပါဝင်ခဲ့ပါ။ ဒါကြောင့် အခုပဲ ဦးဆောင်ဖို့ အစပြုလိုက်သည်။ နောက်တစ်ခုက အရှေ့ဆုံးသည် အန္တရာယ် အများဆုံး ဖြစ်သည်။

ကျောင်းသားတွေက မီးတိုင်တွေကို မီး’ရှို့လိုက်ကြသည်။ လီဇီချီနဲ့တခြားသူတွေကတော့ လက်သီးအရွယ် ဝိညာဉ်စိန် ထုတ်ယူခဲ့ကြသည်။

အပြာရောင် အလင်းတန်းတစ်ခု ဖြာထွက်လာပြီး မီတာ သုံးဆယ်လောက် လင်းထိန်သွားသည်။

“ဒါ......ဒါက ဝိညာဉ် စိန်တွေလား”

ဝမ်ချောင် အံ့အောသင့်နေသည်။ ဘယ်ညာကို တစ်ချက်ကြည့်လိုက်ပြီး တံတွေး မျိုချလိုက်သည်။

ဝိညာဉ်စိန်များသည် ဝိညာဉ်ကျောက်တုံးများ ထက်တောင် ပိုတန်ဖိုး ရှိသေးသည်။ ပြီးတော့ ဝိညာဉ်စိန်များက အကန့်အသတ်နဲ့သာ ရှိသည်။ ဒါကြောင့်လည်း သူတို့ရဲ့ တန်ဖိုးက အရမ်းမြင့်မားသည်။

“မင်းတို့ အားလုံး ဘာလုပ်နေကြတာလဲ”

ကျန်ရန်ဇောင် အလိုလိုမေးလိုက်မိသည်။

"ဒါတွေကို မီးတိုင် အဖြစ် အသုံးပြုမယ်လို့ လာမပြောနဲ့နော်"

"ဟုတ်တယ်"

လီဇီချီ ရဲ့အဖြေက မျှော်လင့်ထားသလို ဖြစ်နေသည်။

"မီးတိုင်တွေက အရမ်းကြီးတယ်။ ပြီးတော့ သူတို့က အန္တရာယ် အရင်းအမြစ် ဖြစ်လာနိုင်တယ်။"

မီးတိုင်များ ကြာရှည်စွာ လောင်ကျွမ်းနိုင်စေရန် လူတွေက ဆီနှင့် အဆီအနှစ်များအပြင် အခြားလောင်ကျွမ်းနိုင်တဲ့ ပစ္စည်းတချို့ကို အ

သုံးပြုတတ်ကြသည်။ မီးထွန်းလိုက်ရင်လည်း မီးခိုးတွေ ထွက်လာတတ်သည်။

ကျယ်ဝန်းတဲ့ နေရာမှာတော့ အဆင်ပြေသည်။ သို့သော်လည်း မြေအောက်လို ကျဉ်းမြောင်းတဲ့ နေရာမှာတော့ မီးခိုးများက အဆိပ်အတောက် မဖြစ်နိုင်သော်လည်း စိတ်ကျဉ်းကြပ်စေသည်။

ပြီးတော့ အခုလက်ရှိတွင် မြေအောက် နန်းတော်ကို ရှာဖွေနေကြသည်။ မီးထွန်းထားပါက လွယ်လွယ်ကူကူ ပေါက်ကွဲနိုင်သည်။ ဒါကြောင့်

ကင်းထောက် အုပ်စုသည် ပင်မအဖွဲ့နဲ့ မီတာ ၂၀ အကွာတွင် ရှိနေရမည်။

ပြည်နယ်ကိုးခုမှ လူများသည် မြေအောက်တွင် မီးထွန်းပါက ဘာကြောင့် ပေါက်ကွဲလဲဆိုတာ မသိကြပါ။ သို့သော်လည်း နှစ်ထောင်ပေါင်းများစွာ အတွေ့အကြုံကြောင့် အမှားတော့ မဟုတ်နိုင်ပါ။

ခေတ်သစ်ကလာတဲ့ လူတစ်ယောက်အနေနဲ့ ဆွန်းမိုသည် အဖြေကို ကောင်းကောင်းသိနေသည်။ မြေအောက်လေက ကောင်းကောင်း မလည်ပတ်နိုင်သဖြင့် မီးလောင်လွယ်တဲ့ ဓါတ်ငွေ့တွေ

စုစည်းနေပြီး လုံလောက်တဲ့ သိပ်သည်းဆ ရောက်နေရင် အန္တရာယ် ရှိလာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဝိညာဉ်စိန်များရဲ့ အလင်းရောင်က မီးတိုင်များထက် ပိုတောက်ပသည်။ ခပ်လှမ်းလှမ်းက အဖွဲ့ကို မြင်နိုင်သည်။

"ဒီလောက်အထိ ကြီးကြီးကျယ်ကျယ် လုပ်ဖို့ လိုလို့လား"

ကျန်ရန်ဇောင် စကားမပြောနိုင် ဖြစ်နေသည်။

"တကယ်လို့များ ပြုတ်ကျသွားရင် ဘယ်လောက် တောင် အသည်းနာလိုက်ရမလဲ"

လီဖန်က တံတွေးတစ်ချက် မြိုချလိုက်သည်။ အဲဒီနောက် သူမက

"ငါက ဝိညာဉ်စိန်ကို တစ်ခါမှ မမြင်ဖူးဘူး။ အဲဒါကို ထိကြည့်ချင်လို့ ခဏလောက် ပေးကိုင်လို့ ရမလား"

လီဇီချီက လီဖန်ဆီ ပစ်ပေးလိုက်သည်။

"အာ"

လီဖန်က ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။ ဝိညာဉ်စိန်တွေ ပျက်စီးသွားမှာ သူမ အရမ်းကြောက်နေသည်။ ဘယ်လိုပဲပြောပြော သူမ မတတ်နိုင်ပါ။

“ငါတို့ ပြုတ်ကျသွားရင်လည်း အဲဒါကို မေ့ထားလိုက်ပါ”

လီဇီချီသည် ဝိညာဉ်ကျောက်တုံးများနဲ့ ပြည့်နှက်နေတဲ့ လေဘုရင်ခန်းမ အကြောင်းကို တွေးလိုက်မိသည်။ ဝိညာဉ်စိန်တွေ အများကြီး မဟုတ်ပေမယ့် အနည်းဆုံး တစ်သောင်း အထက်တော့ ရှိသည်။

ဒီအတွက်လည်း လေဘုရင်ကို တကယ် ကျေးဇူးတင်မိသည်။

အဲဒါက ရှေ့ဟောင်း ဒြပ်စင်ဘုရင်၊ လေဒြပ်စင်ရဲ့ သီးသန့် အဆီအနှစ်ဖြစ်သည်။ အကျဉ်းချခံရပြီးနောက် ဓါတ်ရောင်ခြည်များသည် လေဘုရင်ခန်းမ တစ်ခုလုံး ပြည့်နှက်နေပြီး ပုံဆောင်ခဲအဖြစ် ပြောင်းလဲကာ ဝိညာဉ်ကျောက်တုံးများ ဖြစ်လာခဲ့သည်။

လေဝိညာဉ် ချောက်ကြီးတွင် ဝိညာဉ်ချီ အရမ်းသိပ်သည်းပြီး မတည်မငြိမ် ဖြစ်ရခြင်းမှာ ဖရိုဖရဲ လေစီးကြောင်းများ ဖြစ်စေတဲ့ ဓါတ်ရောင်ခြည်များကြောင့် ဖြစ်သည်။

“ဘယ်လောက် လှလိုက်လဲ”

လီဖန်သည် ဝိညာဉ်စိန်ကို လီဇီချီအား ပြန်ပေးခါနီးတွင် လီဇီချီ အိတ်ကပ်ထဲက ဝိညာဉ်စိန် နောက်တစ်တုံး ထုတ်ယူလိုက်တာ မြင်လိုက်ရသည်။

လီဇီချီက ကျန်ရန်ဖောင်ကိုလည်း တစ်လုံး ကိုင်ထားစေချင်သည်။ မီးတိုင် ကိုင်ထားမယ့်အစား ဒါကို ကိုင်ထားပါက တိုက်ပွဲလည်း မြန်မြန်ဆန်ဆန် ဝင်ပြီး တိုက်ခိုက်နိုင်သည်။

"မင်းက သူတို့ကို ဝိညာဉ်စိန်တွေ ပေးခဲ့တာလား"

ကူရှုပ်ရှင်းက ဆွန်းမိုကို ကြည့်ပြီး လေသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

အဲဒီအတွက်လည်း အဖြေမရှိပါ။ ဝိညာဉ်စိန်ထုတ်ယူတဲ့ လူခြောက်ယောက်စလုံးသည် ဆွန်းမိုရဲ့ တပြည့်များ ဖြစ်နေသည်။ ဒီဝိညာဉ်စိန်တွေက ဆွန်းမိုနဲ့ မပက်သက်ကြောင်း တစ်ယောက်ယောက်က ပြောလာခဲ့လျှင် နာကျင်မှုတပ်မက်သူလေးက လုံးဝ မယုံကြည်ပါ။

“မဟုတ်ဘူး”

ဆွန်းမို ခေါင်းခါလိုက်သည်။ ဒီဝိညာဉ်စိန်တွေကို တပြည့်တွေက ကိုယ်တိုင် တူးဖော်ခဲ့ကြသည်။

ကပ်ကပ်သပ်သပ် ပြောရလျှင်တော့ လေဘုရင်ခန်းမက ဆွန်းမိုရဲ့ ပိုင်ဆိုင်မှု ဖြစ်သည်။ တံခါးရှစ်ခု တိမ်တိုက်လေးကြောင့် ဆွန်းမိုသည် ဝိညာဉ်ကျောက်တုံးများကို ရှောင်တခင် သွားယူနိုင်သည်။

ပြည်နယ်ကိုးခုနှင့် အမှောင်တိုက်ကြီး၏ ဥပဒေသများက ကွဲပြားသည်။ အခြားသူများက လုပ်နိုင်မှာ မဟုတ်ပါ။ ဝိညာဉ်ကျောက်တုံးလို ပစ္စည်းများကို ပြည်နယ်ကိုးခုထဲ ယူသွားလိုက်တာနဲ့

အတွင်းမှာပါရှိတဲ့ ဝိညာဉ်ချီတွေက လျှင်မြန်စွာ ပျောက်ကွယ်သွားလိမ့်မည်။

ကူရှုပ်ရှင်းက နှုတ်ခမ်းတွန့်ပြီး ဆွန်းမိုကို လက်နဲ့ ညင်သာစွာ ရိုက်လိုက်သည်။

"ဆရာကူ၊ ဒါက မင်းအတွက်"

လီဇီချီက ဒီလိုမျိုးကိစ္စများတွင် အရမ်းကို နားလည်တတ်သည်။ သူမက ဝိညာဉ်စိန်ကို ထုတ်ပြီး ကူရှုပ်ရှင်းအား တန်းပေးလိုက်သည်။ သူမဆရာက ကူရှုပ်ရှင်းဆီက လေးစားအထင်ကြီးမှုအမှတ် ပွံ့ပိုးနေခြင်းဖြစ်သည်။

"ကျေးဇူးပဲ။ ဒီလို လုပ်စရာ မလိုဘူး"

ကူရှုပ်ရှင်းက မယူပါ။ ဆရာတစ်ယောက်အနေနဲ့ ကျောင်းသားတစ်ယောက် ပိုင်ဆိုင်တဲ့ အရာတွေကို မယူပါ။

"ယူလိုက်ပါ။ ဒါက ဝိညာဉ်စိန်ပဲ"

ဆွန်းမိုက ဒီလို အသေးအဖွဲ့ ကိစ္စတွေနဲ့မငြင်းခုန်ချင်ပါ။

"ချီ မင်းပြောတာကို နားထောင်ကြည့်ပါအုံး။ ဘယ်လိုစကားကြီးလဲ"

ကူရှပ်ရှင်းက ဆွန်းမိုပြောတာ ကြားပြီး ဝိညာဉ်စိန်ပဲ လို့ အော်ဟစ်လိုက်သည်။

“မင်းယူမှာလား၊ မယူဘူးလား”

ဆွန်းမို မျက်ခုံးပင့်ပြီး မေးလိုက်သည်။

“ဟုတ်”

ကူရှပ်ရှင်းက ဝိညာဉ်စိန်ကို ယူလိုက်သည်။ “ လူသိမခံတဲ့လူချမ်းသာကတော့ ဝိညာဉ်ကျောက်တုံး ဝေမျှနေပြီ။ ဒါက မှန်ကန်ပြီး သင့်တော်တဲ့ အရာပါ။ ဘာဖြစ်လို့ မဟုတ်ရမှာလဲ”

အမှန်တိုင်းပြောရလျှင် ကူရှုပ်ရှင်းသည် ဝိညာဉ်စိန်ကို တစ်ခါမှ မမြင်ဖူးပါ။ သူမရဲ့ အချမ်းသာဆုံး အခြေအနေမှာတောင် ဝိညာဉ်ကျောက်တုံး ၁၂တုံးပဲ ပိုင်ဆိုင်ခဲ့ဖူးသည်။ စိန်ကိုကြည့်လေလေ မနာလိုချင်ဖြစ်လေလေ ဖြစ်နေသည်။

"ဟွန့်၊ တကယ်လိမ်တာပဲ။ မင်းပိုင်တာ မဟုတ်ဘူးလို့ မပြောခဲ့ဘူးလား"

ဆွန်းမိုက သူမကို လူစိမ်းတစ်ယောက်လို ဆက်ဆံနေတယ်လို့ ကူရှုပ်ရှင်း ခံစားနေရသည်။

ဝိညာဉ်စိန်သာ မဟုတ်ပါက ဒီလောက် ပေါ့ပေါ့ပါးပါး မဝေပေးနိုင်ပါ။

လီဇီချီ ဒီစကားကို ကြားပြီး ကူရှုပ်ရှင်းရဲ့ စိတ်ခံစားချက် အငွေ့အသက်ကို ခံစားလိုက်မိသည်။ အဲဒီနောက် သူမရဲ့ ဆရာကို ကြည့်လိုက်လျှင် ဘာဖြစ်နေမှန်း မသိတာကို မြင်လိုက်ရသည်။ တစ်နည်းပြောရလျှင် ကူရှုပ်ရှင်း ဒေါသထွက်နေမှန်းတောင် မသိပါ။

(အင်း။ ယောက်ျားလေးတစ်ယောက်အနေနဲ့ အထာမနပ်ဘဲ လိုက်လျောညီထွေ မနေနိုင်တာက

ကြောက်စရာ အကောင်းဆုံးပဲ။ ဆရာ အခုအချိန်အထိ မင်းက တစ်ကိုယ်တည်းသမား ဖြစ်နေတာ အကြောင်းပြချက် မလိုတော့ဘူး)

သူမက ဆရာရဲ့ တပြည့်တစ်ယောက်အနေနဲ့ ဆွန်းမိုရဲ့ လူမှုဆက်ဆံရေးကို ကူညီရန် တာဝန်ရှိတယ်လို့ ခံစားရသည်။ အဲဒါကြောင့် သူမသည် ကူရှုပ်ရှင်းဆီသွားကာ "ဆရာကူ၊ ငါ့ဆရာက အဲဒါက ဘာမှမဟုတ်ဘူးလို့ ပြောချင်တာ"

"မင်းက နာခံတတ်တဲ့လူပဲ"

ကူရှုပ်ရှင်းက လီဇီချီရဲ့ခေါင်းကို ပွတ်လိုက်ပြီး

"ဘယ်လိုလဲ။ ဘာဖြစ်လို့ ဆွန်းမိုကို ထားခဲ့ပြီးငါ့ကို ဆရာလို့ မခေါ်တာလဲ။ မင်းကိုငါက ငါ့သမီးလေးတစ်ယောက်လို ပျိုးထောင်ပေးမယ်"

"ဒါက ငါ့အတွက် တကယ် ဂုဏ်ယူစရာပဲ"

လီဇီချီက ချော့လိုက်သည်။

"ဟားဟား"

ကူရှုပ်ရှင်း ရယ်လိုက်သည်။ (လီဇီချီရဲ့ ခံစားချက်ဆိုင်ရာ အရည်အသွေးက

တကယ်မြင့်မားသည်။ ကြည့်လိုက်တာနဲ့ သူက ရယ်ရယ်မောမောနဲ့ စိတ်ချမ်းသာအောင် လုပ်ပေးမယ်ဆိုတာ သိသာနေသည်။)

ကျောင်းသားအဖွဲ့သည် လှေကားမှ ဆင်းလာပြီးနောက် လမ်းခွဲတစ်ခုကို မြင်လိုက်ရသည်။

"ဘယ်လမ်းကို သွားမှာလဲ"

ကွမ်ဒင်က မေးလိုက်သည်။

သူတော်စင်ဂိတ်သည် ဒီရဲ့တိုက်ကို လေ့လာခဲ့သော်လည်း သူတို့ ရှာဖွေမှု နေရာက မကျယ်ပြန့်ခဲ့ပါ။ အဲဒီနောက် မြေပုံဆွဲပြီး ကျောင်းအဖွဲ့

အသီးသီးကို ပေးခဲ့သည်။ ကောင်းမွန်တဲ့ ရတနာတွေကို ဘယ်နေရာမှာ ဖွက်ထားလည်းဆိုတာ သူတို့လည်း မသိပါ။

"ချီဟွာ"

ဆွန်းမိုက လုချီဟွာကို တစ်ချက်ကြည့်ပြီး

"မင်း လမ်းရွေးလိုက်ပါ"

"ခဏစောင့်"

လုချီဟွာ တုတ်ချောင်း တစ်ချောင်းကို ထုတ်လိုက်သည်။ သူမက မြေပေါ်သို့ ဒေါင်လိုက် ပစ်ချလိုက်သည်။

ဖောက်

တုတ်ချောင်းက မြေပေါ်သို့ ကျပြီး ၁ဂနာရီထောင့်ကို ညွှန်ပြနေသည်။

"ဟိုဘက်"

လုချီဟွာက ပြန်ဖြေသည်။

"ကောင်းပြီလေ။ ဘယ်လမ်းကို သွားကြမယ်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"............."

ကွမ်ဒင်သည် စကားပြောချင်လို့ ပါးစပ်တလှုပ်လှုပ်ဖြစ်နေသည်။ နောက်ဆုံးတော့ ဘာမှပြန်မပြောဘဲ ညွှန်ကြားချက်ကိုပဲ ရိုးရိုးရှင်းရှင်းလေး လိုက်နာလိုက်သည်။

မိနစ်လေးဆယ်ကျော် ခရီးထွက်ပြီးနောက် အခြားလမ်းက မှန်တယ်လို့ တွေးပြီး စိတ်မရှည်နိုင်အောင် ဖြစ်နေသည်။ ဒါပေမယ့်လည်း အသံတချို့ကို ရုတ်တရတ် ကြားလိုက်ရသည်။

အခန်း (၃၇၈) - ကျားဖြူအစောင့်ကို ငါအနိုင်ယူပြီးတာနဲ့ မင်းတို့အားလုံး သေချာပေါက်သေရမယ်။

ဆွန်းမိုတို့အဖွဲ့သည် တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ထားခြင်း မရှိဘဲ အမြန်လျှောက်သွားကြသည်။ အဲဒီနောက် ကြားရတဲ့ အသံက ကျယ်သထက်ကျယ်လာသည်။

"တစ်ယောက်ယောက် လာနေပြီ။ သတိထားကြ"

"ဒီမှာ လူတွေ အများကြီး ရှိနေတာပဲ။ ဘာဖြစ်လို့ သတိထားရမှာလဲ"

"ဘောပဲ။ ငါက ဘယ်ကျောင်းလဲ ဆိုတာ သိချင်လို့"

"ဘယ်ကျောင်းပဲ ဖြစ်ဖြစ် မျောက်ဝံကြီးနယ်မြေကို ဖြတ်သန်းပြီး ဒီကို ရောက်လာဖို့ဆိုတာ မလွယ်ဘူး"

ဆွေးနွေးနေတဲ့ အသံများ ပေါ်ထွက်နေသည်။

ဆွန်းမိုတို့အဖွဲ့သည် လှိုဏ်ခေါင်းထဲက ပြေးထွက်လာပြီး ရင်ပြင်သေးသေးလေးတစ်ခုကို ရောက်လာတာနဲ့ လူအများကြီး မြင်လိုက်ရသည်။

ကူရှုပ်ရှင်းက လူအရေအတွက်ကို လျှင်မြန်စွာ ရေတွက်လိုက်သည်။

"ဒီမှာ ကျောင်းသားအဖွဲ့လေးဖွဲ့ရှိတယ်။ အဲဒီက တစ်ဖွဲ့ အသေပျောက်ရှိတယ်"

ဆွန်းမိုရဲ့ အကြည့်များက ချူရူခုန်ဆီ တန်းရောက်သွားသည်။ ရန်သူများနဲ့ တွေ့ဆုံမယ့် လမ်းကြောင်းက ကျဉ်းမြောင်းမယ်လို့ မထင်ထားခဲ့ပါ။ ဒီနေရာတွင် ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့နဲ့ တကယ်ကို ဆုံးတွေ့နေရသည်။

"ဗဟိုပြည်နယ် အကယ်ဒမီကဟော့"

"စုစုပေါင်း လူနှစ်ဆယ့်လေးယောက်ရှိတယ်။ သူတို့မှာ အသေအပျောက်လည်း မရှိသလို ဒဏ်ရာရထားတဲ့ လူလည်း တစ်ယောက်မှ မရှိပါ။ ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ"

"တောက်၊ ပြိုင်ဆိုင်ရမယ့် ဖိအားက ပိုပြင်းထန်လာပြန်ပြီ"

အုပ်စုတချို့ကတော့ သတိကပ်ထားပြီး စိတ်ဓါတ်ကျတဲ့ ပုံဖြစ်နေသည်။ ဗဟိုပြည်နယ်အကယ်ဒမီကို လျှော့မတွက် ရဲတော့ပါ။

ကျောင်းက ကျဆင်းပြီး နာမည်ကြီး စာရင်းထဲက ထုတ်ပယ်ခံရဖို့လား။

နောက်နေတာ ရပ်လိုက်တော့။ ဗဟိုပြည်နယ် အကယ်ဒမီ ဒီနှစ်တွင် စီအဆင့် ကို တက်ရောက်နိုင်လိမ့်မည်။ တကယ်လို့ အခြေအနေများ ကောင်းသွားခဲ့လျှင် အတိတ်က ဂုဏ်ကျက်သရေကိုတောင် ပြန်ရသွားနိုင်သည်။

ဆွန်းမိုနဲ့ အဖွဲ့ကို တခြားကျောင်းသားအုပ်စုများက စောင့်ကြည့်နေကြသဖြင့် ဗဟိုပြည်နယ်

အကာယ်ဒမီနှင့် ကောင်းကင်သစ်ခွ အကာယ်ဒမီတို့ ထိပ်တိုက်တွေ့တော့မယ်ဆိုတာ မြင်နေရသည်။

သူတို့အဖွဲ့သည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ မုန်းတီးနေကြပြီး ပြိုင်ဘက်အဖွဲ့ကို ချေမှုန်းဖို့က လွဲလျှင် ဘာမှ မလိုချင်ပါ။

“ဆရာ သွားပြီးတာ့ အဆုံးသတ် ပေးလိုက်ရအောင်”

“ဆွန်းမို၊ စိတ်အေးအေးထား။ ရည်ရွယ်ချက်ကြီးကို ပြန်စဉ်းစားပါ”

ကွမ်ဒင်က ဆွန်းမိုကို ကမန်းကတမ်း စည်းရုံးနေသည်။ ဆွန်းမိုက အကျိုးအကြောင်း ဆင်ခြင်မှုကို ဆက်လက် ထိန်းထားနိုင်ပါစေလို့ ဆုတောင်းနေမိသည်။ ကွမ်ဒင်က အဖွဲ့ထဲတွင် ပြောပိုင်ခွင့် သိပ်မရှိပါ။

ဆွန်းမိုက တိုက်ခိုက်မယ်လို့ ကြေငြာလိုက်တာနဲ့ ကျောင်းသားအားလုံးက သူ့စကားကို သေချာပေါက် နားထောင်ကြလိမ့်မည်။

ကွမ်ဒင်သည် ညည်းတွားရင်း သူက အရမ်းသေးငယ်ပြီး စွမ်းအားမရှိသလို ရုတ်တရက်

ခံစားလာရသည်။ (ငါ သာမန်လူတစ်ယောက် ဖြစ်ဖို့ မွေးဖွားလာတာလား)

ကွမ်ဒင်က သူ့ကိုယ်သူ လှောင်ပြောင်လိုက်သည်။

"ဆရာဆွန်း၊ ပြန်တွေ့ကြပြန်ပြီ"

ချူရှုခုန်က ခနဲ့တဲ့တဲ့ ပြောလာသည်။

ဆွန်းမိုက သူ့ကို လုံးဝ လျစ်လျူ ရှုထားသည်။ အဲဒီအစား ရင်ပြင်ရဲ့ အလယ်ဗဟိုကို စိုက်ကြည့်နေသည်။ အဲဒီနေရာတွင် ကျောက်စိမ်းတုံးအဖြူနဲ့ လုပ်ထားတဲ့ ကျားရုပ်တုကို စိုက်ထူထားသည်။

"ဝိုး အရမ်းလှလိုက်တာ"

ကျောင်းသားတွေက ထအော်ကြသည်။

ဒီကျောက်စိမ်းတုံးဖြူ ကျားရုပ်တုသည် ဖြူစင်တဲ့ အလင်းရောင်ဖြင့် လင်းလက်နေသည်။ ပြည်သူ့ရင်ပြင်ကို လင်းထိန်စေတဲ့ လရောင်က သူ့အပေါ်ကို ဖြာကျနေသကဲ့သို့ ဖြစ်နေသည်။

"ရှီ့....ဒီရုပ်တုကို မဟာအဆင့် ပန်းပု ပညာရှင်က သေချာပေါက် ဖန်တီးထားတာပဲ "

ဝမ်ချောင်က ချီးကျူးလိုက်သည်။

ရုပ်တုသည် အရမ်းတောက်ပပြီး အသက်ဝင်လှသည်။ သူ့ရဲ့ပုံစံက တောင်ပေါ်က ဆင်းလာတဲ့ ကျားတစ်ကောင်နဲ့ တူနေသည်။ လေတိုက်ရင် နည်းနည်းလေး လှုပ်ခါ သွားသလိုပဲ။ မျက်လုံးများကလည်း အသိဉာဏ်နှင့် ပြည့်စုံနေသလို ထင်ရသည်။ ဘယ်ရှုထောင့်ကပဲ ကြည့်နေပါစေ ကျားဖြူက စိုက်ကြည့်နေတယ်လို့ ခံစားရသည်။

"ငါတို့ ဒါကို တူးယူပြီး ငါတို့အိမ် အဝင်ပေါက်မှာ ခင်းကျင်းပြသထားသင့်တယ်"

ဒီရုပ်တုက တန်ဖိုး အများကြီး တန်တယ်လို့ ကွမ်ဒင် ခံစားမိသည်။

“ဆရာ၊ ဒီရုပ်တုက အသက်ရှင်နေသေးတာလား”

လုချီဟွာက အသံနိမ့်ချပြီး မေးလိုက်သည်။

“အသက်ရှင်နေတယ် ဟုတ်လား”

လူတိုင်း အရမ်းအံ့အော့သင့်သွားသည်။

“အားလုံး သတိထားကြပါ”

ဆွန်းမိုက သတိပေးလိုက်သည်။ အဲဒီနောက် ပတ်ဝန်းကျင်ကို စူးစမ်း လေ့လာခဲ့သည်။

ပြည်သူ့ရင်ပြင် အရပ်လေးမျက်နှာတွင် တံခါးပေါက်လေးခုရှိသည်။ သူတို့အဖွဲ့က အရှေ့ဘက် တံခါးမှ ဝင်လာခဲ့သည်။

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုပြီး ကျားဖြူ ရုပ်တုအား လေ့လာခဲ့သည်။ သတင်းအချက်အလက် အမျိုးမျိုး ပေါ်လာသည်။

ကျောက်စိမ်း ကျားဖြူ အကာကွယ်။

"ရှေ့ခတ်အချိန်က ရင်ပြင်တွေနဲ့ နေအိမ်တွေကို ရုပ်တုထားပြီးအစောင်အကြပ် လုပ်ခိုင်းတတ်တယ်။ အိမ်ထဲသို့ ကျူးကျော် ဝင်ရောက်လာပါက ချက်ခြင်း

အသွင်ပြောင်းပြီး ကျူးကျော်သူကို တိုက်ခိုက်ကြလိမ့်မည်။

“ဒီလို အစောင့်အကြပ်တွေကို မဟာအဆင့် ဝိညာဉ် ထိန်းချုပ်သူတွေကပဲ လုပ်နိုင်တယ်။ ရုပ်တုထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ သားရဲ ဝိညာဉ်ကို ထည့်သွင်းရတယ်”

“ဒါပေမယ့် ဒီဝိညာဉ်ထိန်းချုပ်နည်းစနစ်က ရက်စက်ကြမ်းကြုတ်လွန်းပြီး ကောင်းကင်ရဲ့ ငြိမ်းချမ်းရေးကို ထိခိုက်စေသည်။ ဒါကို သူတော်စင်ဂိတ်က တားမြစ် နည်းပညာ တစ်ခုလို့

သတ်မှတ်ထားသည်။ သင်ကြားရန်၊ ဖြန့်ဝေရန်နှင့် လေ့လာရန် တားမြစ်ထားတယ်။ မနာခံတဲ့လူတွေက ပြစ်ဒဏ်အဖြစ် ပြည်နှင်ဒဏ် ပေးခံရလိမ့်မယ်”

ဆွန်းမို ဆက်ဖတ်လိုက်သည်။

“ကျားဖြူ အစောင့်အရှောက်။ တိုက်ပွဲ ကျွမ်းကျင်ပြီး အရမ်းလျှင်မြန်တဲ့အမြန်နှုန်း ရှိသည်။ သူက လေနှင့် လျှပ်စီးကြောင်းလိုမျိုး လျှင်မြန်ပြီး အနီးကပ် တိုက်ခိုက်တတ်တဲ့ သားရဲမျိုး ဖြစ်တယ်။ သတ်လိုက်ရင်လည်း အူတိုင် မပျက်ဆီးသ၍ ပြန်လည် ရှင်သန်လာနိုင်တယ်”

"ဇီ၊ အထင်ကြီးစရာပဲ"

ဆွန်းမို လျှာကိုက်လိုက်မိသည်။ ဒီအရာက အရမ်းအစွမ်းထက်တဲ့ ဝိညာဉ်သားရဲ မျိုးဖြစ်ပြီး "ငါ့မင်းကို မသတ်နိုင်ရင်တောင် သေအောင်လုပ်ပစ်မယ်"

သူ့ရဲ့ အားနည်းချက်မှာ အဝေးက တိုက်ခိုက်မှုပဲ ဖြစ်သည်။

"ဒီကောင်တွေက ငါတို့ကို အရှုံးလုပ်ဖို့ စောင့်ကြည့်နေတဲ့ ပုံပဲ"

အင်ဘိုင်ဝူ နှုတ်ခမ်း ကွေးသွားသည်။

"ဆရာဆွန်း။ ငါတို့ အခု ဘာလုပ်ကြမလဲ။ ဒီအတိုင်း ရပ်စောင့်နေလို့တော့ မရဘူးထင်တယ်နော်"

ဝမ်ချောင်က မေးသည်။

"လူတိုင်း၊ မလုပ်ချင်ရင် ငါအားမနာတော့ဘူးနော်"

ဆွန်းမိုက အခြားကျောင်းအဖွဲ့များဘက်သို့ လှည့်ပြီး လက်သီးကာ ပြောလိုက်သည်။

စွန့်စားသူများနှင့် စူးစမ်းသူများတွင် စာမရေးထားတဲ့ စည်းကမ်းချက်ရှိသည်။ အရင်ရောက်တဲ့လူက အရင်စမ်းသပ်ခွင့် ရှိသည်။

ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားအဖွဲ့သည် နောက်ဆုံးမှ ရောက်လာခဲ့သည်။ ဒီလိုအခြေအနေမျိုးမှာ ကျားဖြူအစောင့်ကို ဘယ်လိုဖြတ်ကျော်ရမလဲ သိရင်တောင် တခြားကျောင်းသားအဖွဲ့က အစွမ်းကုန် ကြိုးစားတာကို စောင့်ပေးရမည်။

ထုံးစံအတိုင်း ဗဟိုပြည်နယ်အကယ်ဒမီအဖွဲ့က ခွန်အား ကြီးမားတယ်လို့ ခံစားရပါက လူတိုင်းကို အနိုင်ကျင့်နိုင်သည်။ စည်းကမ်းများကို လျစ်လျူရှုပြီး တိုက်ရိုက် လုပ်ဆောင်နိုင်သည်။

သို့သော်လည်း အဲဒီလို လုပ်လိုက်လျှင် သူတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သွားစေနိုင်သည်။

"ဆရာဆွန်း။ ကျေးဇူးပြုပြီး"

"ကျေးဇူးပြုပြီး အားမနာပါနဲ့"

"ဆရာဆွန်းရဲ့ စွမ်းဆောင်ရည်ကို ကြည့်ရအောင်"

ကောင်းကင်သစ်ခွနှင့် အခြား အကယ်ဒမီသုံးခုမှ ခေါင်းဆောင်များက ပြောသည်။

သူတို့က ကျိုးနွံပြီး ဆွန်းမိုကို အရင်စမ်းသပ်ခွင့် ပေးတာ မဟုတ်ပါ။ သူတို့ကြိုးစားခဲ့ပြီးပါပြီ။ လုံးဝ မအောင်မြင်ခဲ့ပါ။ ဒါကြောင့် ဒီရုပ်တုရဲ့

လျှို့ဝှက်ချက်ကို မသိဘဲ မထွက်သွားနိုင် ဖြစ်နေကြသည်။

ပြီးတော့ ဒီလျှို့ဝှက်ချက်ကို စူးစမ်းလေ့လာပါက အန္တရာယ်နဲ့ ယှဉ်တွဲနေမှာ သေချာသည်။ ပထမဆုံး ကြိုးစားတဲ့လူက အမြောက်စာ ဖြစ်သွားလိမ့်မည်။ သူတို့ရဲ့ ကြိုးစားအားထုတ်မှုက တခြားသူအတွက်ပဲ အကျိုးရှိသွားလိမ့်မည်။

ဆွန်းမိုက ချူရှုခုန်ကို ကြည့်လိုက်ပြီး "အရင်သွားချင်လား။ အားမနာပါနဲ့"

ချူရှုခုန်က ကျားဖြူအစောင့်ကို တစ်ချက်ကြည့်လိုက်ပြီး ခြေနှစ်လှမ်းတိုးကာ လုပ်ဆောင်ဖို့ လုပ်လိုက်သည်။ သို့သော် လင်ပိုင်က တားသည်။

"မင်းဘာလုပ်နေတာလဲ"

လင်ပိုင်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ကျားဖြူအစောင့်ကို နှိမ်နင်းမယ်လေ"

ချူရှုခုန် အံ့အောသွားသည်။ (ဒါကို မင်းမေးဖို့တောင် လိုသေးလို့လား)

"ဗဟိုပြည်နယ်အကယ်ဒမီကို အရင်ပေးလုပ်လိုက်ပါ"

လင်ပိုင်က အကြံပေးသည်.

"ဆရာချူရှု၊ မင်းစောစောတုန်းကလည်း စမ်းကြည့်ပြီးပြီ။ ဒီကျားဖြူအစောင့်ကို ဘယ်လိုမြင်လဲ"

ဂေါင်ဇီဟွာက မေးသည်။

"ဒါက တော်တော်လေး အစွမ်းထက်တယ်။ ဒါပေမယ့် မြို့ယွင်းချက်ကို ရှာတွေ့သ၍ အဲဒါကို ဖြေရှင်းနိုင်လိမ့်မယ်"

ချို့ယူခုန်က ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဘာသာရပ်တွင် ထိတ်လန့်ဖို့ကောင်းအောင် အရည်အချင်း ရှိသဖြင့် အရမ်းယုံကြည်ချက် ရှိနေသည်။

"ဆွန်းမို လုပ်နိုင်မယ်လို့ ထင်လား"

ဂေါင်ဇီဟွာက ဆွန်းမိုကို တစ်ချက်ကြည့်ပြီး မေးသည်။

"ဟီး ဟီး"

ချူရှုခုန်၏ လေသံထဲတွင် အထင်သေးမှုများနဲ့ ပြည့်နေသည်။ သူစကားပြောတဲ့အချိန်တွင် အကြည့်က လူအုပ်ကြီး ဆီရောက်သွားသည်။

"အခြားဝိညာဉ်သားရဲ ထိန်းချုပ်သူက ကျားဖြူအစောင့်ရဲ့ လျှို့ဝှက်ချက်ကို မြင်အောင် အနည်းဆုံး သုံး၊ လေးကြိမ်လောက် ကြိုးစားရမယ်"

"ဒီလိုဆိုလည်း မင်းကဘာဖြစ်လို့ ဒီလောက် စိုးရိမ်နေတာလဲ။ ဗဟိုပြည်နယ်အကယ်ဒမီကိုပဲ လုပ်ခွင့်ပေးလိုက်။ ကျားဖြူအစောင့်က သတ်လိုက်ရင် စိတ်ဝင်စားဖို့ ကောင်းလာအုံးမယ်"

ဂေါင်ဇီဟွာက ချူရှုခုန်ရဲ့ သုံးသပ်ချက်ကို ယုံကြည်သည်။

"ထွီ၊ ငါက သူတို့ကို ပြိုင်ဘက်အဖြစ် တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ သူတို့ရဲ့ အရှေ့မှာပဲ ကျားဖြူအစောင့်ကို နှိမ်နင်းပြမယ်။ သူတို့ကို အခွင့်အရေး မပေးနိုင်ဘူး"

ချူရှုခုန်က နှုတ်ခမ်းကွေးလိုက်ပြီး

"ပြီးတော့ ကျားဖြူအစောင့်ကိုသတ်လိုက်လည်း ဘာဖြစ်လဲ။ ဒီအဖေက သူတို့ကို ပြန်သတ်လိုက်မယ်"

ကောင်းကင်သစ်ခွမှ ကျောင်းသားများသည် ဒီပြောဆိုမှုကို ကြားနေရသည်။ သူတို့က ချူရှုခုန်ကို

ကိုးကွယ်တဲ့ မျက်လုံးများနဲ့ ချက်ခြင်း လှမ်းကြည့်သည်။

အဲဒီနောက် ချူရှုခန်က ပြုံးရင်း ဆွန်းမိုဆီ လျှောက်သွားပြီး "ဆွန်းမို၊ ငါ့ကို အရင်လုပ်ခိုင်းမိလို့ မင်းနောင်တရနေမယ်နော်"

"ဟားဟား"

ဆွန်းမိုက လက်ကိုဆန့်တန်းပြီး ဖိတ်ခေါ်တဲ့ အမူအရာ လုပ်ပြလိုက်သည်။

"အစွမ်းကုန်ကြိုးစားပါ။ မင်းက ဒီဝိညာဉ်သားရဲကို ချေမှုန်းနိုင်ရင် ငါ့ရဲ့ အရှုံးလို့ပဲ သတ်မှတ်လိုက်မယ်"

“ဝိညာဉ်သားရဲ ဟုတ်လား။ အများစုကတော့ ဒါကို ဘယ်လို အသုံးပြုရမလဲတောင် မသိကြဘူး”

ချူရှုခုန်က လျောင်ပြောင်လိုက်သည်။ တစ်ချိန်တည်းမှာပင် မြောက်ဘက် တံခါးဆီသို့ ဦးတည်ပြီး သွားသည်။ ဆယ်မီတာအကွာကို ရောက်တာနဲ့ ကျားဖြူရုပ်တုက ရုတ်တရက် လင်းလက်လာသည်။ အဲဒီနောက် အဖြူရောင် အလင်းတန်းတစ်ခုကို ချူရှုခုန်ဆီ လျှပ်တပြတ် ပစ်လွှတ်လိုက်သည်။

ချူရှုခုန်က ခပ်မြန်မြန်လေး ရှောင်လိုက်သည်။

အဖြူရောင်အလင်းက မြေပေါ်ကျသွားသည်။ ကောင်းကင်ကြီး တုန်ခါနိုင်လောက်အောင် ဟိန်းဟောက်အသံနဲ့အတူ ကျားဖြူတစ်ကောင် ပုံစံပြောင်းသွားသည်။

ဝေါင်း

သားရဲ ရာပေါင်းများစွာတို့ရဲ့ ဘုရင်၊ သူ၏ ဟိန်းဟောက်သံက တောတောင်များတစ်လျှောက် ပဲ့တင်သံ ထပ်သွားသည်။

ကြီးမားတဲ့ အသံလှိုင်းက ရင်ပြင်ကို ချက်ခြင်း ဖုံးလွှမ်းသွားပြီး ဖုန်ထလာသည်။

လူတိုင်း နားကန်းတော့မလို ခံစားရသည်။

ချူရှုခုန်က သူရဲ့လက်ချောင်းများကို ဆုပ်ကိုင်လိုက်သည်။

ဖောက်

ညာလက်ရဲ့ လက်စွပ်ကွင်းသည် ရုတ်တရုတ် အနီရောင်အလင်း လင်းလက်သွားသည်။ ကြီးမားတဲ့ မြူခိုးများ ထွက်လာသည်။ ထိုမြူခိုးများ ပျောက်ကွယ်သွားပြီးနောက် မျောက်ဝံကြီးတစ်ကောင် ပေါ်လာသည်။

"အမ်၊ ဒီလူက ရောမမျောက်ဝံကြီးကို ဖမ်းမိပြီး သူ့ရဲ့သားရဲဝိဉာဉ် လုပ်ထားတာလား"

လူတိုင်း တုန်လှုပ်သွားသည်။

ကျားဖြူကြီးရဲ့ တိုက်ခိုက်မှုကို မျောက်ဝံကြီးက ခုန်ပျံ တားဆီးလိုက်သည်။

ဘုန်း

ရက်စက်ကြမ်းကြုတ်တဲ့ သားရဲနှစ်ကောင် တပြိုင်နက် ရင်ဆိုင်မိသွားသည်။

ဝုန်း

ကျားဖြူကြီးက လက်သည်းနဲ့ မျောက်ဝံကြီးကို တိုက်ခိုက်သည်။

ဘုန်း

မျောက်ဝံကြီး နောက်သို့ လန်ကျသွားသည်။ သို့သော်လည်း သိပ်မကြာခင် ပြန်ထလာပြီး ဆက်လက် တိုက်ပွဲဝင်နေသည်။

ချူရှူခုန်သည် စွမ်းအားကြီးတဲ့ မျောက်ဝံကြီးတစ်ကောင်ကို သတ်ပြီးနောက် ဒီဝိညာဉ်သားရဲကို ရရှိခဲ့သည်။ ချူရှူခုန်က မျောက်ဝံကြီးရဲ့ ဝိညာဉ်နှင့် သွေးစိမ်းများကို

အသုံးပြုခဲ့သည်။ ဒါကြောင့် အကြောက်တရားဆိုတာကို မသိပါ။ သူ့မှာ အသက်ရှင်ရတဲ့အကြောင်းပြချက် တစ်ခုသာရှိပြီး ချူရူခုန် မသေခင်အထိ တိုက်ပွဲဝင်သွားမည်။

ကျားဖြူအစောင့် ဥဇ်ရည် အရမ်းမြင့်သည်။ သူက မျောက်ဝံကြီးကို ရှောင်ရှားပြီး ချူရူခုန်ကို တိုက်ရိုက် တိုက်ခိုက်ချင်နေသည်။ သို့သော်လည်း မျောက်ဝံကြီးက အရမ်းအကြမ်းခံပြီး ဒဏ်ရာရနေသော်လည်း ကျားဖြူကြီးကို ဆက်လက်တားဆီးထားသည်။

ချူရှုခုန်သည် သူ့ရဲ့ စွမ်းရည်ကိုပြကာ ကျားဖြူအစောင့်ကို တတ်နိုင်သမျှ မြန်မြန် အဆုံးသတ်ချင်နေသည်။ ဒါကြောင့် လျှို့ဝှက်ကျင့်စဉ်ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်သည်။ လက်ချောင်းကို ကိုက်ဖောက်ပြီး ပါးစပ်နှင့် သွေးစုပ်ကာ သူ့ရဲ့လက်စွပ်ဆီ မှုတ်ထုတ်လိုက်သည်။

ဖူး

လက်စွပ်က အနီရောင် အလင်းတန်းများဖြင့် တလက်လက် တောက်ပနေသည်။ တချိန်တည်းမှာပင် မျောက်ဝံကြီးသည် ဒေါသတကြီး

အော်ပာစ်ကာ ခန္တာကိုယ်ကလည်း အနီရောင်တောက်လာကာ ပိုကြီးလာပြီး တိုက်ပွဲစွမ်းရည်လည်း တိုးတက်လာသည်။

ဒီလို လျှို့ဝှက်ကျင့်စဉ်ကို အသုံးပြုခြင်းသည် ဝိညာဉ်သားရဲကို ထိခိုက်စေပြီး သူ့ရဲ့ တိုက်ခိုက်ရေးအစွမ်းကို ထာဝရ တစ်ဆင့် လျော့ကျစေသည်။ သို့သော်လည်း ချူရှုခန်က ဒါကို စိတ်မဝင်စားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေရာမှာ မျောက်ဝံ အများကြီး ရှိနေသည်။ အများဆုံးက

ဒါကို စွန့်လွှတ်ပြီး အသစ်တစ်ကောင် ဖမ်းသွားလို့ရသည်။

"မျောက်ဝံဘုရင်ကြီးက ကောင်းမွန်တဲ့ စုဆောင်းမှုပဲ"

ချူရှုခုန် အနည်းငယ် စိတ်ရှုပ်သွားသည်။

"ဆရာဆွန်း၊ ဒီလူက တော်တော် အစွမ်းထက်တယ်"

ကူရှုပ်ရှင်း အနည်းငယ် စိုးရိမ်နေသည်။

"သူက ငါတို့အရှေ့မှာ ကျားဖြူအစောင့်ကို သိမ်းပိုက်နိုင်ရင် ဘာဖြစ်လာမှာလဲ"

ဝမ်ချောင်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

“အများကြီး မစဉ်းစားနဲ့။ သူလုပ်နိုင်မှာ မဟုတ်ဘူး”

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ ချူရှုခုန်က ရုပ်တုကို သိမ်းပိုက်နိုင်ရင်တောင် ဆွန်းမိုက သိမ်းပိုက်နိုင်ရန် ချူရှုခုန်ကို သတ်ပစ်နိုင်သေးသည်။

(အမေ့ှာင်တိုက်ကြီးရဲ့ ဘုရားသခင် ကောင်းချီးပေးပါ)

ဒီနေရာမှာ ခွန်အားက အရာအားလုံး ဖြစ်သည်။ မင်းလုံလောက်အောင် သန်မာနေသ၍

မင်းလုပ်ချင်တာ လုပ်နေလို့ ရသည်။ တစ်ယောက်ယောက်ကို သတ်လိုက်လို့ ထောင်ကျမှာလည်း စိုးရိမ်စရာ မလိုပါ။

ကျားဖြူအစောင့်သည် ရောမမျောက်ဝံကြီးကြောင့် ဒဏ်ရာရသွားသည်။ ဒဏ်ရာနေရာက ကျောက်စိမ်းတုံးများ ပြုတ်ကျနေတာကို မြင်နေရသည်။ နောက်ဆုံးတစ်မိနစ်တွင် အသည်းအသန် ရုန်းကန်ပြီးနောက် မျောက်ဝံကြီးရဲ့ ခေါင်းကို ပေါက်ကွဲအောင် လုပ်နိုင်ခဲ့သည်။ အဲဒီနောက် ချူရှုခုန်ဆီ ဦးတည်ပြီး လာသည်။

သို့သော်လည်း အနားကိုရောက်လာတဲ့အချိန်တွင် ထူထဲတဲ့ အမြှီးကြောင့် လွင့်ထွက်သွားပြီး ပြန်ပေါက်ကွဲသွားသည်။

ရှူ

ငါးမီတာရှည်တဲ့ မျောက်ချေးတစ်ကောင်က ချူရှူခုန်အရှေ့တွင် ကာကွယ်နေသည်။

"ဟားဟား၊ အဲဒီမျောက်ဝံကြီးက အဖွင့်ဟင်း သက်သက်ပဲ"

ချူရှူခုန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ အဲဒီနောက် ဒေါသစိတ်ဖြင့် ဆွန်းမိုကို

လှမ်းကြည့်လိုက်သည်။ (ဒီအဖေက အရမ်းသန်မာတယ်ဆိုတာ မင်းမြင်လား။ အရာအားလုံးက ငါ့ထိန်းချုပ်မှုအောက်မှပဲ ရှိတယ်)

(ငါ့ရဲ့ ကျားဖြူအစောင့်ကို လုချင်နေတာလား။ ပြန်သွားပြီး အိပ်နေလိုက်။ အိပ်မက်ထဲမှာ အရာအားလုံး ဖြစ်နိုင်တယ်)

"ထပ်ပြီး သည်းမခံနိုင်တော့ဘူး။ ဒီကောင်ကို သွားရိုက်ခိုင်းပါ။ ဒီကောင့်မျက်နှာကို ဖြတ်ရိုက်ချင်နေပြီ"

ကူရှုပ်ရှင်း အရမ်းဒေါသထွက်နေသည်။ အကျိုဲ လက်စကို လှန်ကာ တိုက်ပွဲဝင်မလို့ လုပ်လိုက်သည်။

"အရမ်းကြီး ဒေါသထွက်မနေနဲ့"

ဆွန်းမိုက ဖျောင်းဖြလိုက်သည်။ "ပွဲကောင်းလာဖို့ ရှိသေးတယ်"

မျောက်ချေးနဲ့ ကျားဖြူတို့ ထိပ်တိုက်ရင်ဆိုင်နေတာ သုံးမိနစ်လောက် ကြာနေသော်လည်း အနိုင်အရှုံး မဆုံးဖြတ်နိုင်သေးပါ။ ဒါကြောင့် ချူရှုခုန် မျက်နှာ အနည်းငယ် ပျက်သွားသည်။

ဒါက သူ့အဖေထားခဲ့တဲ့ ဝိညာဉ်သားရဲဖြစ်ပြီး သူ့ရဲ့ အဓိက တိုက်ခိုက်ရေး စွမ်းအားဖြစ်သည်။ ဒါကြောင့် တိုက်ခိုက်ရေးအစွမ်း မြှင့်တင်ဖို့ လျှို့ဝှက်ကျင့်စဉ်သုံးရန် ဝန်လေးနေသည်။

"အို၊ ဒါကို ဘယ်လောက်ကြာကြာ အချိန်ဆွဲဖို့ စိတ်ကူးနေတာလဲ။ မလုပ်နိုင်ရင်လည်း မြန်မြန် ပြန်လာတော့"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

"ငါလို.........."

ချူရှုခုန်က ဒီလိုဝေဖန်ကဲ့ရဲ့မှုကို သည်းမခံနိုင်တော့ပါ။ အနည်းငယ် တွေဝေသွားသော်လည်း နောက်ဆုံးတွင် လက်ချောင်းကိုကိုက်ပြီး သွေးမှုတ်ထုတ်လိုက်သည်။

"ဘောပဲ။ ကျားဖြူအစောင့်ကို နှိမ်နှင်းပြီးရင် မင်းတို့အားလုံး သေရမယ်"

အခန်း (၃၇၉) - စမ္မကောင်းကင် တုန်လှုပ်ခြင်း

လက်သီး၊ အံ့ဖွယ် အစွမ်းသတ္တိ။

ချူရှုခုန်ရဲ့ သွေးများက လက်စွပ်မှ ကျသွားတာနဲ့အမျှ ကျားဖြူအစောင့်နှင့် မျောက်ချေးတို့ရဲ့ တိုက်ပွဲသည် ပိုပြင်းထန်လာသည်။

မျောက်ချေးတစ်ကိုယ်လုံး အနီရောင်တွေ ဖုံးလွှမ်းနေသည်။ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ အနေအထားကို ရောက်နေပြီး အမြှီးများက သံမဏိ ကြာပွတ်တစ်ချောင်းလို ဖြစ်နေကာ ချွန်ထက်သော သွားများနဲ့ ကိုက်ဖြတ်နေသည်။

ကျားဖြူအစောင့် လွတ်မြောက်အောင် မရုန်းနိုင်တော့ပါ။ မျောက်ချေးကလည်း လည်ပင်းကို

ကိုက်ခဲနေသည်။ သို့သော်လည်း ဝိညာဉ်သားရဲများအတွက် ဒါက အရေးမကြီးပါ။

“ဆွန်းမို မင်းမြင်လား။ ငါဘယ်လောက် သန်မာလည်းဆိုတာ မင်းနားမလည်ပါဘူး”

ချူရှုခုန်က ခနဲ့တဲ့တဲ့ ပြောလာသည်။

“ဟုတ်တယ် ၊ ဟုတ်တယ်၊ ဟုတ်တယ် မင်းက အသန်မာဆုံးပဲ”

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ အမှန်အတိုင်းပြောရလျှင် ချူရှုခုန်ရဲ့ တိုက်ပွဲဗျူဟာကို အထင်သေးသည်။

ဆွန်းမိုက ဝိညာဉ်သားရဲထိန်းချုပ်ခြင်း ဘာသာရပ်ကို မဟာအဆင့်သို့ ရောက်ပြီးနောက် ဒီဘာသာရပ်ကို အာရုံစိုက်ပြီး လေ့လာခဲ့သည်။

သားရဲထိန်းချုပ်သူ ဒါမှမဟုတ် ဝိညာဉ်သားရဲ ထိန်းချုပ်သူ၏ အစွမ်းထက်မှုသည် သူ့ရဲ့ သားရဲအပေါ်မှာ သက်ဆိုင်သည်။ သူ့ရဲ့သားရဲ ကောင်းလေလေ သူတို့က ပိုကြောက်စရာ ကောင်းလေလေ ဖြစ်သည်။

ခေတ်မီ တိုးတက်လာတာနဲ့အမျှ ဝိညာဉ်သားရဲ ထိန်းချုပ်သူတချို့သည် သူတို့ရဲ့သားရဲအပေါ်မှာပဲ မှီခိုလို့ မရတာ သိလာသည်။

ရန်သူတွေက ဝိညာဉ်သားရဲကို ကျော်ဖြတ်ပြီး ဝိညာဉ်သားရဲ ထိန်းချုပ်သူကို သတ်လိုက်လျှင် ဝိညာဉ်သားရဲ၏ တိုက်ခိုက်မှုလည်း ရပ်တန့်သွားမည်။

ဝိညာဉ်သားရဲ ထိန်းချုပ်သူတချို့က ကိုယ်ပိုင်နည်းစနစ်ကို အသုံးပြုပြီး ဒေါသလောင်ကျွမ်းခြင်းကို အသုံးပြုလာသည်။ ဒါပေမယ့် အခြားသူများကတော့ ဒါကို

မကောင်တဲ့လုပ်ရပ်လို့ မြင်ကြသည်။ ဝိညာဉ်သားရဲ မွေးမြူခြင်းအပေါ် အပြည့်အဝ အာရုံမစိုက်တဲ့လူကို ဝိညာဉ်သားရဲ ထိန်းချုပ်သူလို့ မခေါ်သင့်ကြောင်း သူတို့က ပြောကြသည်။

အဲဒီနောက် ရိုးရာထိန်းချုပ်သူတချို့သည် ဝိညာဉ်သားရဲ ပိုဖမ်းကာ တာဝန်အမျိုးမျိုး ခွဲဝေပေးနိုင်ရန် ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ကြသည်။

အဓိက တိုက်ခိုက်သူ၊ နောက်ခံ အဓိကကာကွယ်သူ ၊တိုက်ခိုက်ရေးနဲ့ ကာကွယ်ရေး ချိန်ညှိပေးတဲ့ အကောင်ဆိုပြီး သတ်မှတ်ကြသည်။

ဝိညာဉ်သားရဲ ထိန်းချုပ်သူများသည် ပိုများတဲ့ သားရဲကို ဖမ်းချင်ပါက ပံ့ပိုးမှုအားကောင်းတဲ့ စိတ်စွမ်းအင်ကို လိုအပ်သည်။ သို့သော်လည်း သာမန်တိုက်ပွဲများတွင် စိတ်စွမ်းအင်က မလိုအပ်ပါ။

ချူရှုခုန်သည် တိုက်ပွဲအတွက် ဝိညာဉ်သားရဲကို အားကိုးနေရတဲ့ ရိုးရာဝိညာဉ်သားရဲ ထိန်းချုပ်သူသာ ဖြစ်သည်။ သို့သော်လည်း သူ့ရဲ့ အဖော်လို့

မသတ်မှတ်ဘဲ အလွယ်တကူ စွန့်ပစ်နိုင်တဲ့ အရာလို့ သတ်မှတ်ထားသဖြင့် အနည်းငယ် ကွဲပြားသည်။

ကို့ကိုယ်ကို ထိခိုက်နစ်နာစေတဲ့ တိုက်ပွဲနည်းစနစ်ကို အသုံးပြုခြင်းသည် မင်းကံကောင်းနေတာကိုပဲ သက်သေပြလို့ ရမည်။

ရွှတ်

လင်းယုန်ဌက်တစ်ကောင်ရဲ့စူးရှတဲ့ အော်ဟစ်သံ ရုတ်တရတ် ထွက်ပေါ်လာသည်။ ထို့နောက် အနီရောင် အရိပ်တစ်ခုလင်းလက်လာပြီး ကျားဖြူအစောင့်ရဲ့ ခေါင်းကို ထိုးစိုက်လိုက်သည်။

သိုးထိန်းခွေး အရွယ်လောက်ရှိတဲ့ ဆန်းကြယ်လှတဲ့ လင်းယုန်တစ်ကောင်ကို လူတိုင်း မြင်လိုက်ရသည်။ မျောက်ချေးရဲ့ ချုပ်နှောင်ခြင်း ခံထားရတဲ့ ကျားဖြူအစောင့်ရဲ့ ခေါင်းကို အခွင့်အရေးယူကာ လက်သည်းနဲ့ ထိုးဖောက်လိုက်သည်။

အခြားလူများ မတုံ့ပြန်နိုင်ခင် ချူရှုခုန်က အနားကို ရောက်သွားသည်။

ဖောက်

ကျားဖြူအစောင့် ကွဲကြေသွားပြီး ပိုးစုန်းကြူးလို အလင်းစက်များဖြစ်ကာ ရင်ပြင်တွင် ပျံ့ကြဲသွားသည်။

ချူရှုခုန်က ချက်ခြင်းအာရုံစိုက်ပြီး ကျားဖြူအစောင့်ရဲ့ အူတိုင်ကို တွေ့ဖို့ ကြိုးစားလိုက်သည်။ သူရလိုက်ရင် ကျားဖြူအစောင့်ကို ရသွားမည်။ သို့သော်လည်း ချက်ခြင်း အံ့အောသင့်သွားသည်။

ကျားဖြူအစောင့်ရဲ့ အူတိုင်ကို ခံစားလို့ မရဖြစ်နေသည်။

"ဘာဖြစ်လို့ ဒီလို ဖြစ်ရတာလဲ"

ချူရှုခုန် နားမလည်နိုင် ဖြစ်နေသည်။ အူတိုင်မရှိဘဲ ဝိညာဉ်သားရဲ ဘယ်လို ပေါ်လာမှာလဲ။ ကျောက်စိမ်းရုပ်တုပေါ်မှာများ ရှိနေမလား။

ချူရှုခုန်အတွက် အချိန်သိပ်မရှိတော့ပါ။

အသက်ရှူချိန်နှစ်ဆယ်လောက်တွင် ကျားဖြူရုပ်တုကနေ ပျံ့ကြဲနေတဲ့ ပိုးစုန်းကြူးများကို အလင်းတန်းနဲ့ လှမ်းပစ်လိုက်သည်။

ရွေးချယ်စရာမရှိတော့သဖြင့် ချူရှုခုန်သည် တွေ့ကရာ အလင်းစက်များကို ကျပန်း

လိုက်ဖမ်းနေသည်။ အဲဒီကြိုးစားမှုက မမှန်ခဲ့တာတော့ သနားစရာပါ။

အဲဒီနောက် ရုတ်တုကြီးကနေ အလင်းတန်းပေါ်လာပြီး ကျားဖြူကြီး မွေးဖွားလာပြန်သည်။

ဝေါင်း

ကြီးကြယ်ခမ်းနားတဲ့ ဟိန်းဟောက်သံ ပေါ်လာသည်။

ချူရှုခုန် မျက်နှာပျက်သွားပြီး အော်ခေါ်လိုက်သည်။

"ပြန်လာကြတော့"

ကျားဖြူကြီးရဲ့ အူတိုင် နေရာကို မသိလျှင် အကြိမ်တစ်ထောင်တိုက်ခိုက်ပြီး အနိုင်ယူလည်း အသုံးမဝင်ပါ။

ပရိတ်သတ်များကလည်း ရင်ပြင်ကလေးကနေ အလျှင်အမြန် ဆုတ်ခွာသွားသည်။ ကျားဖြူအစောင့်က သူတို့နောက်သို့ မလိုက်ဘဲ ပျောက်ကွယ်သွားသည်။

"ဒါက မင်းရဲ့ သန်မာတယ်ဆိုတဲ့ ပုံစံလား"

ဆွန်းမိုက သဘောကျတဲ့ အမူအရာနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူက ချူရှုခုန်ကို ကြည့်လိုက်ပြီး

"ဟုတ်မှာပါ။ ငါနားမလည်တာပဲ ဖြစ်လိမ့်မယ်"

ဝူး၅်

ချူရှုခုန်ရဲ့ မျက်နှာတစ်ခုလုံး မျောက်ဖင်နီရဲ့ ဖင်ကဲ့သို့ နီရဲသွားသည်။

အနေရခက်နေပြီး ဖော်ပြစရာ မလိုရလောက်အောင် အနေရခက်နေသည်။

ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့၏ အသွေးအသက်လည်း အုံ့မှိုင်းသွားသည်။ သူတို့က အများကြီး ကြွားဝါခဲ့ပြီး နောက်ဆုံးမှာ ရှုံးနိမ့်ခဲ့သည်။ ဒါက အရမ်းရှက်ဖို့ ကောင်းသည်။

အခြားကျောင်းအဖွဲ့ကတော့ ချူရှုခုန်ကို လှောင်ပြောင်ချင်စိတ် မရှိပါ။ အခုချိန်မှာ သူတို့ မျက်နှာတွင် စိတ်လှုပ်ရှားမှုနှင့် စိုးရိမ်မှု နှစ်ခုစလုံး မြင်နေရသည်။

ဒီကျားဖြူအစောင့်ကို လျှို့ဝှက် အမှောင်ရတနာလို့ ယူဆပြီး စိတ်လှုပ်ရှားနေကြသည်။ သူတို့သာ

ပြန်ယူသွားခဲ့မယ်ဆိုလျှင် အဆင့်ကောင်းကောင်း ရသွားလိမ့်မည်။ စိုးရိမ်စရာက ကောင်းကင်သစ်ခွတွင် အလုပ်လုပ်နေတဲ့ ချူရှုခုန်က မဟားကိုးပါးမှ ထူးချွန်တဲ့ ဘွဲ့ရတစ်ယောက် ဖြစ်နေသည်။ ဝိညာဉ်သားရဲ ထိန်းချုပ်သူလည်း ဖြစ်သေးသည်။ သူတောင် ဒီကိစ္စကို မကိုင်တွယ်နိုင်ရင် ကိုင်တွယ်နိုင်ခြေက နည်းလှသည်။

"ဒါဆိုလည်း ဝိညာဉ်သားရဲ သခင်ရေ၊ အခုတော့ ငါ့အလှည့်ရောက်ပြီလား"

ဆွန်းမိုက မေးလိုက်သည်။

လီဇီချီနှင့် ကူရှုပ်ရှင်းတို့ နှစ်ယောက်စလုံးသည် မထိန်းနိုင်ဘဲ ရယ်လိုက်မိသည်။ ဆွန်းမိုက တခြားလူကို လှျာနဲ့သတ်ဖို့ ကြိုးစားနေတာလား။

"ကျေးဇူးပြုပြီး သွားလုပ်ပါ"

ရိုးရှင်းတဲ့စကားကိုတောင် ချူရှုခုန် အံကြိတ်ပြီး ပြောလိုက်ရသည်။

"ဆရာဆွန်း ၊မင်းလုပ်နိုင်လား"

ကွမ်ဒင် စိတ်ပူနေသည်။

"စိတ်မပူနဲ့။ ငါတို့ဆရာ မဖြေရှင်းနိုင်တဲ့ ပြဿနာကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

လုချီဟွာက ယုံကြည်ချက်ရှိရှိနဲ့ လက်မထောင်ပြလိုက်သည်။

"အားလုံးကောင်းတယ်။ အားပေးဖို့ ပြင်ဆင်ထား"

"ဒါကဘာလဲ။ မင်းလှုပ်ရှားမှာ မဟုတ်ဘူးလား။ မြန်မြန် လှုပ်ရှားလေ"

ချူရှုခုန်က တိုက်တွန်းလိုက်သည်။

"မင်း မကြောင်ပါဘူးနော်၊ ဟုတ်တယ် မဟုတ်လား"

"မင်းက နာမည်ကြီးကျောင်းက ဆရာပဲ။ ဒီလို အကြံ့သမားလို့ မထင်ထားမိဘူး"

ဆွန်းမိုက ပြောလိုက်သည်။

"မင်းက ငါ့ကို စိတ်ဆွဖို့ ကြိုးစားနေတာလား။ ငါ့ကို အဆင်သင့် မဖြစ်ခင် လှုပ်ရှားစေချင်တာလား"

"အကြံ့သမား ဟုတ်လား"

"တောက်၊ ဒီစကားလုံးက နည်းနည်း စိတ်ဝင်စားဖို့တော့ ကောင်းသားပဲ"

"ဒါအမှန်ပဲ ဒီဆရာက အကြံ့အစည်ရှိလို့ ထုတ်မသုံးသေးတာပဲ ဖြစ်မယ်"

အနီးအနားမှာရှိတဲ့ ကျောင်းသားများက လှမ်းအော်ကြသည်။

ချူရှုခုန်သည် ဒီစကားကိုကြားပြီး အရမ်းဒေါသထွက်ကာ သွေးချောင်း ဆိုးလုမတတ် ဖြစ်သွားသည်။ ဆရာတစ်ယောက်အနေနဲ့ အရေးအကြီးဆုံးက ဘာလဲ။ စာရိတ္တနှင့် ကျင့်ဝတ်များကို သင်ကြား ပေးတာပဲ ဖြစ်သည်။ ကျောင်းသားများက သူ့ကို အကြံသမားလို့ ထင်သွားလျှင် ဒီကိစ္စက မကောင်းပါ။

သို့သော်လည်း မကြာခင် ဆွန်းမို ထွက်သွားသဖြင့် ကျောင်းသားများက ချူရှုခုန်ကို လျစ်လျူရှုလိုက်ကြသည်။

"ဆရာချူ၊ သူက ဒီကျားဖြူအစောင့်ကို နှိမ်နှင်းနိုင်မလား"

လင်းပိုင် စိတ်ပူနေသည်။

"စိတ်မပူပါနဲ့။ ငါတောင် မလုပ်နိုင်ရင် သူဆို ပိုတောင် မဖြစ်နိုင်သေး"

ချူရှုခုန် အရမ်းယုံကြည်နေသည်။ အဲဒီနောက် သူက ခပ်တိုးတိုးလေး ရယ်ကာ

"စိတ်မပူနဲ့တော့ သူသေသွားပြီ"

"ဟမ်"

ဂေါင်ဇီဟွာ ကြောင်သွားသည်။

"ကျားဖြူအစောင့်ရဲ့ တာဝန်က ဒီနေရာကို စောင့်ရှောက်ဖို့ပဲ။ ဒါကြောင့် ကျူးကျော်သူက မြို့တံခါးဆီ လျှောက်သွားလျှင် တားဆီးလိမ့်မယ်။ ဒါပေမယ့် ဆွန်းမိုက ရုတ်တုဆီ လျှောက်သွားနေတယ်။ ငါ့ကိုပြောစမ်းပါအုံး။ ကျားပါးစပ်ထဲ လမ်းလျှောက်သွားတဲ့ သိုးနဲ့မတူဘူးလား"

ချူရှုခုန်က ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

သို့သော်လည်း ခဏအကြာတွင် ရုပ်တုဆီက တုန့်ပြန်မှု မရှိဘူးဆိုတာ မြင်လိုက်ရသည်။

“ဟမ်”

ချူရှုခုန် အံ့အောသင့်နေသည်။ ဘာတွေဖြစ်နေတာလဲ။

ဆွန်းမိုက ကျားဖြူအစောင့်ကို အပစ်အခတ်ရုပ်ဆဲမှု တောင်းဆိုတဲ့ စိတ်စွမ်းအင် ထုတ်လွှင့်နေတာလား။ ဝိညာဉ်သားရဲ ထိန်းချုပ်သူ တစ်ယောက်အနေနဲ့ အခြေခံအချက်များ ဖြစ်သည်။

အမှောင်တိုက်ကြီးမှာ သရဲတွေ၊ တစ္ဆေတွေ၊ ကမ္ဘာကြီးက သက်ရှိပုံစံတွေနဲ့ ထူးဆန်းတဲ့ သက်ရှိပုံစံတွေ ရှိသည်။ သူတို့က လူသားနှင့် ဘာသာစကား မတူသဖြင့် ဆက်သွယ်ဖို့ မဖြစ်နိုင်ပါ။

သို့သော်လည်း ဝိညာဉ်သားရဲ ထိန်းချုပ်သူက ရိုးရှင်းတဲ့ ဆက်သွယ်မှု လုပ်နိုင်သည်။ စိတ်စွမ်းအင်က သူတို့ရဲ့ ဘာသာစကား ဖြစ်သည်။

ဆွန်းမို ခန့်မှန်းချက် မှန်သည်။ ဘိုးဘေးအဆင့် ဝိညာဉ်သားရဲ ထိန်းချုပ်သူက လုပ်ထားတဲ့ အရာဖြစ်သဖြင့် ကျားဖြူအစောင့်သည်

အဆင့်အရမ်းမြင့်မားပြီး ရိုးရှင်းတဲ့ ဝိညာဉ်ဉာဏ် ရှိနေသည်။

"ဒီနေရာက ထွက်သွားပါ လူသား။ မဟုတ်ရင် သေရမယ်"

ကျားဖြူအစောင့်က အော်သည်။

ဆွန်းမိုက စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ သို့သော်လည်း ကျားဖြူအစောင့်က ဒါကိုပဲ ထပ်ခါထပ်ခါ ပြောနေသည်။

"ဒီကောင်က ဝိညာဉ် ထိန်းချုပ်ထားတဲ့ ပုံပဲ"

ဂေါင်ဇီဟွာသည် အဖြေကို သိချင်သဖြင့် ချူရှုခုန်ကို ကြည့်လိုက်သည်။ အဲဒီနောက်တွင် သူ့ရဲ့ အဖော်က အရမ်းမနာလို ဖြစ်နေတာ သတိထားလိုက်မိသည်။

"ကျားဖြူအစောင့်နဲ့ ဆက်သွယ်နေတာလား။ ဒီအရာက မဟာအဆင့် ဝိညာဉ်သားရဲ ထိန်းချုပ်သူပဲ လုပ်နိုင်တာ မဟုတ်လား။ မဟုတ်ဘူး ဒီကောင့်အသက်က ဘယ်လောက်ရှိသေးလို့လဲ။ မဖြစ်နိုင်ပါဘူး"

ချူရှုခုန် စိတ်ထဲတွင် ဂယောင်ခြောက်ခြား ဖြစ်နေသည်။

ဘုန်း

ကျောက်စိမ်းရုပ်တုမှ အဖြူရောင် အလင်းတန်းပေါ်လာပြီး အစောင့်ပေါ်လာသည်။ သို့သော်လည်း ဆွန်းမိုကို ချက်ခြင်း မတိုက်ခိုက်ဘဲ နောက်ပြန်ဆုတ်ဖို့သာ ဟိန်းဟောက်နေသည်။

ဆွန်းမိုက သူ့ကို စည်းရုံးချင်ပေမယ့် ကျားဖြူအစောင့်ရဲ့ သည်းခံနိုင်စွမ်းက ကုန်သွားပြီ။ သူ့ကိုသတ်ဖို့ စတင် လုပ်ဆောင်လာသည်။

"တိုက်ပွဲက တစ်ခုတည်းသော နည်းလမ်းလား"

ဆွန်းမို အားကိုးရာမဲ့နေသည်။

တကယ်လို့ ကျားဖြူအစောင့်နှင့် ငြိမ်းချမ်းရေး လုပ်နိုင်လျှင် ဆွန်းမိုကို လမ်းပြပေးဖို့အတွက် အကူအညီ တောင်းနိုင်သည်။ သို့သော်လည်း သူ့အားသတ်ဖြတ်ပြီး အတင်းအကြပ် ကျွန်ခံခိုင်းပါက အရင်က မှတ်ဉာဏ်တွေ ပျောက်ကွယ် သွားလိမ့်မည်။ ဒါကလည်း ပုန်ကန်ခြင်းကို ကာကွယ်ရန်အတွက် ဖြစ်သည်။

တိုက်ပွဲတစ်ခု ဖြစ်ပွားလာသည်။

ဆွန်းမိုမှာ တိုက်ခိုက်တဲ့ကျင့်စဉ်မရှိသဖြင့် အစကတည်းက အားလုံးထုတ်သုံးလိုက်သည်။

ကျား

ဆွန်းမိုက ရက်စက်ကြမ်းကြုတ်စွာ အော်ဟစ်လိုက်သည်။

ဗုဒ္ဓ နှုတ်တော် တည်ငြိမ်နှလုံးသား။

ဝူး၅် ဝူး၅် ဝူး၅်

လေထဲတွင် ရွှေလှိုင်းများ ပေါ်လာပြီး ကျားဖြူအစောင့် ကိုယ်ပေါ်သို့ တင်းတင်းကျပ်ကျပ် ချည်နှောင်လိုက်သည်။

"အမ်"

ကျောင်းသားတစချို့ အံ့အောနေကြသည်။ ဒါက သူတို့ကို ရှုးသွပ်သွားစေသည်။ သူတို့ရဲ့ ခေါင်းကို တူနဲ့ရိုက်လိုက်သလို အရမ်းနာကျင်ရသည်။

ဆွန်းမိုက လက်သီးကို ပြင်းပြင်းထန်ထန် ထိုးနေသော်လည်း အရမ်း သိက္ခာ ရှိနေသည်။

ထာဝရ မှန်ကန်ခြင်း. မဟာဂရုဏာတော်

ဘုန်း ဘုန်း ဘုန်း

ပြင်းထန်တဲ့ လက်သီးချက်တွေက ကျားဖြူအစောင့်ကို အဆက်မပြတ် ထိမှန်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထိုးချက်တိုင်း ကျားဖြူကြီးရဲ့ ကိုယ်ထဲသို့ နစ်မြုပ်သွားသည်။

ဝူးရှ်

ကျားဖြူအစောင့်က ကျောခိုင်းပြီး ရွှေလှိုင်းတွေ လက်ကလွတ်မြောက်အောင် ကြိုးစားလိုက်သည်။

ရွှေလှိုင်းတွေက အနီးကပ်ကြည့်လိုက်လျှင် ရွှေရောင် မြွေလေးတွေနဲ့ တူနေသည်။

ဆွန်းမိုက ပြေးတက်လာပြီး လှမ်းကြည့်လိုက်သည်။

ဗုဒ္ဓရဲ့ အကြည့်။

ဝူးရှိ

ဆွန်းမို မျက်လုံးက ရွှေရောင် အလင်းတန်းနှစ်ခု ပေါ်ထွက်လာသည်။ အဲဒါက ကျားဖြူအစောင့်ရဲ့ ခေါင်းကို အတုံးလိုက် အခဲလိုက် ရိုက်ခွဲပစ်လိုက်သည်။

“ဘုရားရေ။ ဒါက ဘာကျင့်စဉ်ကြီးလဲ”

ကွမ်ဒင် အံ့အောပြီး ပါးစပ် အဟောင်းသား ဖြစ်နေသည်။ စကားလုံးတွေလည်း ထစ်နေသည်။

ဘယ်သူမှ ပြန်မဖြေကြပါ။ ဘာကြောင့်ဆို လူတိုင်းလည်း အံ့အော တုန်လှုပ်နေကြသည်။

ကျားဖြူအစောင့် ဘယ်လောက်အားကောင်းလဲဆိုတာ လူတိုင်း မြင်ဖူးထားကြသည်။ ချူရှုခုန်သည် သူ့ကိုသတ်ဖို့အတွက် ဝိညာဉ်သားရဲသုံးကောင် အသုံးပြုခဲ့ရသည်။ သို့သော် ဆွန်းမိုက သူ့ကို ဆက်တိုက် ဖိနှိပ်ထားခဲ့သည်။

"ဒီလို တိုက်ခိုက်ရေး အစွမ်းအရ အနည်းဆုံး ကောင်းကင်အဆင့် ကျင့်စဉ် ဖြစ်လိမ့်မယ်"

ဝမ်ချောင်က ခန့်မှန်းလိုက်သည်။

"ဆွန်းမို၊ မင်းက တခြားလူတွေရဲ့ စိတ်ဓါတ်ကို ရိုက်ချိုးဖို့ အသက်ရှင်နေတာလား"

ကူရှုပ်ရှင်း လုံးဝ အံ့အောသင့်နေသည်။ ဒီလက်သီး စနစ်ရဲ့ စွမ်းပကားက သူတော်စင်အဆင့်နဲ့ တူနေသည်။ ဒါကြောင့်လည်း ရှုံးနိမ့်တဲ့ ခံစားချက်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။

ဘဝတစ်လျှောက်လုံး သူ့ကို အမှီလိုက်နိုင်တော့မယ် မထင်ပါ။

"ဆရာက ကောင်းကောင်း ဖုံးကွယ်ထားတတ်တာပဲ။ အရင်က ဒီလောက် အံ့အောဖို့ကောင်းတဲ့ ကျင့်စဉ်ကို တစ်ခါမှ မပြဖူးဘူး"

ထန်ထန်ယုထန်က အော်လိုက်မိသည်။ ဆွန်းမိုက တကယ်ကို အကြံသမားပါ။

ဆွန်းမိုက လီဇီချီနှင့် အခြားနှစ်ယောက်ကို အရမ်းကောင်းမွန်စွာ ဆက်ဆံမှန်း ရောဂါသည် သိနေသည်။ သူမတို့သာ သင်ယူချင်ရင် သူက သင်ပေးလိမ့်မည်။ ဒါပေမယ့် သူတို့ရဲ့ လုပ်ဆောင်မှုတွေမှာ ဒီကျင့်ကြံခြင်း ကျင့်စဉ်ကို တစ်ခါမှ မတွေ့ခဲ့ဖူးပါ။

ရောဂါသည် ဒီကျင့်စဉ်ကို ဘယ်လို ခေါ်လဲမသိပေမယ့် ဆွန်းမိုက ဒီအဆင့်အထိ ကျွမ်းကျင်ဖို့အတွက် အများကြီး ကြိုးစားခဲ့ရလိမ့်မည်။

အခန်း (၃၈၀) - တောင်းပန်ပါတယ်။ အခုကစပြီး စစ်ပွဲတွင်း လုယက်မှုက ငါနဲ့ဆိုင်သွားပြီ။

ဆွန်းမိုက ကျားဖြူအစောင့်ကို ဖမ်းပြီး လက်သီးနဲ့ အဆက်မပြတ် ထိုးနေသည်။

ဘုန်း ဘုန်း ဘုန်း

ထိခိုက်မိတဲ့ အသံများ ထွက်ပေါ်နေသည်။

ကျားဖြူအစောင့်က လုံးဝ မတုန့်ပြန်နိုင်ပါ။ တဖက်သတ် နှိပ်စက်ခံနေရသည်။

ဒီမြင်ကွင်းကို ကြည့်ပြီး အခြားကျောင်းမှ ဆရာတွေနှင့် ကျောင်းသားများသည် မျက်ခွံ အဆက်မပြတ် တုန်နေကြသည်။ အရမ်း အံ့အောနေတာအပြင် တုန်လှုပ်နေကြသည်။

ရှေ့ဟောင်း ဆန်းကြယ်တဲ့ ဝိညာဉ်သားရဲကြီးက ဘယ်မှာလဲ။ ဘာလို့ လမ်းဘေးက ကြောင်တစ်ကောင်လို ထင်နေရတာလဲ။

ကြယ်လောင်စွာ အော်ညည်း နိုင်တာကလွဲလျှင် အားနည်းတဲ့ ပုံပဲ။

ဝေါင်း

ကျားဖြူအစောင့်ရဲ့အသံသည် ခြေထောက်ကျိုးသွားတာနဲ့ ခွေးတစ်ကောင်လို အသံပြောင်းသွားသည်။ နာကျင်မှုကြောင့် အော်ဟစ်နေသည်။

ကောင်းပြီလေ။

အခုတော့ သူ့ရဲ့ ကြီးစိုးတဲ့ အသံတောင် ပျောက်ကွယ်နေပြီ။

ဆွန်းမိုမှာ ဝမ်းနည်းတာလဲ မရှိသလို ဝမ်းသာတာလဲ မရှိပါ။ လုပ်ဆောင်ချက်တိုင်းနှင့် စိတ်နေစိတ်ထားသည် ဗုဒ္ဓ တစ်ပါးနဲ့ တူနေသည်။

ရှေ့ဟောင်း ဗုဒ္ဓ မီးအိမ်

ဘုန်း

အရင်က ကျားဖြူရုပ်တုကြီးရဲ့ အလင်းနဲ့ ရင်ပြင်တစ်ခုလုံး လင်းထိန်နေခဲ့သည်။ အခုတော့ ဆွန်းမိုရဲ့ တိုက်ခိုက်မှုကို ခံရပြီး လက်ကိုတောင် မမြင်ရတဲ့ လမိုက်ညလို ဖြစ်သွားပြီး အလင်းရောင် အားလုံး ပျောက်ကွယ်သွားသည်။

ဘုန်း ဘုန်း ဘုန်း

ကျားဖြူအစောင့်ကို ရိုက်နှက်နေတဲ့ အသံသာကြားနေရသည်။

တဖြည်းဖြည်းနှင့် ဆွန်းမိုခန္တာကိုယ်ကနေ အရောင်အဝါများ တောက်ပလာသည်။ မသိရင် ကမ်းဘေးနားက ဗုဒ္ဓတစ်ဆူလို ဖြစ်နေသည်။

ဒီအလင်းသည် မျှော်လင့်ချက်နဲ့တူပြီး မီးထဲ တိုးဝင်ချင်တဲ့ ပိုးဖလံလို လူများကို ဆွဲဆောင်ထားနိုင်သည်။

ကျားဖြူအစောင့်လည်း အတူတူပဲ ဖြစ်နေသည်။ သူ့ရဲ့အကြည့်က ဆွန်းမိုကို လုံးဝ ဆွဲဆောင်ထားသည်။ သူ့ရဲ့ အရိပ်အောက်ကို ခိုဝင်ပြီး သွန်သင်ချက်များကို နားထောင်ချင်နေသည်။

အဲဒီနောက် ဆွန်းမိုရဲ့ ဗုဒ္ဓလက်သီးချက်က သူ့ခေါင်းကို ထိမှန်သွားသည်။ နောက်တစ်ကြိမ် ကွဲသွားပြန်သည်။

ဘုန်း

အလင်းအစက်ပျောက်တွေ ဖြစ်သွားပြန်သည်။

ဝူး၅်

အလင်းက သေးငယ်သော ထောင့်တစ်ခုသို့ ပြန်သွားသည်။

သတိလက်လွတ်ဖြစ်နေတဲ့ လူများ ရုတ်တရုတ် အသိအာရုံ ပြန်ရပြီး ထိတ်လန့်သွားပြီး ပြင်းထန်တဲ့ အကြောက်တရားကို ခံစားနေရသည်။

တကယ်လို့ သူတို့သာ ဆွန်းမိုနှင့် ထိပ်တိုက် ရင်ဆိုင်ရမယ်ဆိုလျှင် အခုချိန်မှာ သူတို့ ချေမှုန်း ခံနေရလောက်ပြီ။

"ဒါက ဘာကျင့်စဉ်လဲ"

ဂေါင်ဇီဟွာသည် အံ့အားသင့်နေပြီး သိချင်စိတ်များ ပြည့်နှက်နေသည်။

"သူတော်စင်အဆင့်၊ သေချာတယ် ဒါ သူတော်စင်အဆင့်ပဲ"

လင်းပိုင်က ဆွန်းမိုကို စိုက်ကြည့်ပြီး ခေါင်းငုံ့သွားသည်။ ဆွန်းမို ဒီလောက် မာနကြီးတာ မထူးဆန်းတော့ပါ။ သူတော်စင်အဆင့် ကျင့်စဉ်ကိုလည်း ပိုင်ဆိုင်ထားသည်။ လင်းပိုင်ရဲ့ မျက်နှာအမူအရာက ရုပ်ဆိုးလာသည်။

မနာလိုစိတ်က လူတွေကို ရုပ်ဆိုးစေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေနဲ့တော့ အတွေးမတူပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ အရမ်းအံ့အောသင့် နေကြကာ အတွေးတစ်ခု ရှိသည်။

(ဒီလက်သီး ကျင့်စဉ်က အရမ်းအံ့အောဖို့ ကောင်းတာပဲ။ အဲဒါကို အရမ်းသင်ချင်တယ်)

ဝူး၍

ဆွန်းမို အရှေ့တွင် ကျားဖြူအစောင့် ပေါ်လာပြန်သည်။ ညာဖက်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ချေမှုန်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဘက်ကင်း ကျင့်စဉ် ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီး။

ဆွန်းမို ခန္ဓာကိုယ်က ဝိညာဉ်ချီထွက်လာပြီး ဗုဒ္ဓ ပုံရိပ်ယောင် ပေါ်လာသည်။ ကျားဖြူအစောင့်ကို ရွှေလက်တော်နဲ့ ရိုက်ချလိုက်သည်။

ဘုန်း

ကြီးစိုးပြီး ရက်စက်ပါတယ်ဆိုတဲ့ ကျားဖြူအစောင့်သည် အလင်းတန်း အဖြစ် ပြိုကွဲသွားသည်။

“အံ့မခန်းပဲ”

ရှန်ယွန်ပေါင် မျက်လုံးပြူးနေသည်။ ဆွန်းမိုနှင့် အရမ်းတိုက်ခိုက်ချင်နေပြီး လုံ့ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

အခုအချိန်မှာ ဗဟိုပြည်နယ် အကယ်ဒမီက အခြားကျောင်းသားများလည်း အံ့အော သင့်နေကြသည်။

ဆရာဆွန်းက တကယ် အစွမ်းထက်လွန်းသည်။

ဒင်

“ကျောင်းသားတွေဆီက လေးစားအထင်ကြီးမှု အမှတ် ၃,၁၂၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

"ဒီလူရဲ့ ကျင့်ကြံခြင်းနယ်ပယ်က အနည်းဆုံး အဆင့်ငါးမှာ ရှိနိုင်တယ် မဟုတ်လား"

ဂေါင်ဇီဟွာက ခန့်မှန်းလိုက်သည်။

"ငါ မသိဘူး"

လင်းပိုင် ခေါင်းခါလိုက်သည်။ သူတော်စင်အဆင့် ကျင့်စဉ်က အစွမ်းထက်လွန်းသဖြင့် သန်မာတဲ့ ပြိုင်ဘက်များနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည်။ ထို့ကြောင့် ဒီအချက်သည် မသေချာနိုင်ပါ။ ဆွန်းမို အရမ်းသန်မာတယ်ဆိုတာတော့ သူသိသည်။

"မလန့်ကြနဲ့၊ အရေးကြီးတဲ့ အချိန်က အခုမှစမှာ"

ချူရှုခုန်က ပြုံးပြီး ဆွန်းမိုကို စိုက်ကြည့်နေသည်။

“တကယ်လို့ သူသာ အူတိုင်ကို မဖမ်းနိုင်ခဲ့လျှင် အကြိမ် တစ်ထောင် သတ်လည်း အသုံးမဝင်ဘူး”

ဆွန်းမိုက ကျားဖြူအစောင့်ကို ချေမှုန်းလိုက်တဲ့ အချိန်တွင် နတ်ဘုရားမျက်စိအာရုံကို အသုံးပြုပြီး အလင်းတန်းများကို စောင့်ကြည့်နေခဲ့သည်။ သူ့အရှေ့မှာ အချက်အလက် မျိုးစုံ ပေါ်နေသည်။

မဟာအဆင့် ဝိညာဉ်သားရဲ ထိန်းချုပ်မှု ကျွမ်းကျင်မှုဖြင့် ဆွန်းမိုသည် အူတိုင် အလင်းတန်း

ခုနှစ်စက်ကို ရှာတွေ့ရန် အချိန်သုံးစက္ကန့်သာ လိုအပ်ခဲ့သည်။

ဆွန်းမိုက လက်ကို ဆန့်ထုတ်လိုက်သည်။

ဖောင့် ဖောင့် ဖောင့်

သူက အလင်းစက်များကို ဖမ်ပြီး ချက်ခြင်း ရွတ်ဆိုလိုက်သည်။ စိတ်စွမ်းအင်တွေ ထွက်လာပြီး အူတိုင်အလင်းစက်နဲ့ ချိတ်ဆက်လိုက်သည်။

စေ့စပ်ညှိနှိုင်းခြင်း မဟုတ်ဘဲ အရိုးရှင်းဆုံးနှင့် အရက်စက်ဆုံး ကျွန်ပြုခြင်း စာချုပ် ဖြစ်သည်။

ကျားဖြူအစောင့်သည် ဖြိုခွဲ ခံထားရသဖြင့် လက်တုန့်ပြန်နိုင်စွမ်းမှာ အားနည်းနေသည်။ ဆွန်းမိုရဲ့ ကျွန်မဖြစ်ခင် စက္ကန့် အနည်းငယ်သာ ရှန်းကန်နိုင်ခဲ့သည်။

ပြင်းထန်တဲ့ အရှိန်အဝါများလည်း ပျောက်ကွယ်သွားသည်။ လုချီဟွာ မျက်လုံးများ တောက်ပလာပြီး မနေနိုင်ဘဲ လက်ခုပ်တီး လိုက်သည်။

"ဆရာ အောင်မြင်သွားပြီ"

ဆွန်းမိုရဲ့ ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့နည်းစနစ်ကို မသိသော်လည်း ကျားဖြူအစောင့်ကို နှိမ်နှင်းခဲ့ကြောင်းကို အခြားကျောင်းက ဆရာများနှင့် ကျောင်းသားတွေ သိကြသည်။ ကွဲအက်သွားတဲ့ အလင်းတန်းသည် ကျားဖြူရုပ်တုဆီ မပြန်ဘဲ အားလုံးက ဆွန်းမို ညာလက်ဆီ ဝင်ရောက်သွားသည်။

ဝူး၇ှ် ဝူး၇ှ် ဝူး၇ှ်

ဆွန်းမိုက ညာလက်ကို ဖြန့်လိုက်လျှင် သစ်ကြားသီးအရွယ် တောက်ပတဲ့ ပုလဲတစ်လုံးကို

လူတိုင်း မြင်နေရသည်။ ကြည်လင်တဲ့ အဖြူရောင် အလင်းတန်းကို ထုတ်လွှင့်နေသည်။

ပုလဲထဲတွင် ကျားဖြူဖြူလေးတစ်ကောင်ရှိနေပြီး အသက်ဝင်လှသည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

ချူရှုခုန် အံ့အောသွားသည်။ ဒီကောင်က သူမလုပ်နိုင်တဲ့ အရာကို လုပ်ခဲ့တယ်။ (မဟုတ်ဘူး။ ကံကောင်းတာပဲ ဖြစ်မယ်။ ငါက သူ့ထက်ညံ့တယ်ဆိုတာ မဖြစ်နိုင်ဘူး)

အခြားကျောင်းက ဆရာတွေနှင့် ကျောင်းသားတွေလည်း မျက်နှာ ပျက်နေကြသည်။

သူတို့က ဒါကို အမှောင်လျှို့ဝှက်ရတနာလို့ သတ်မှတ်ထားခဲ့ကြသည်။

ဗဟိုပြည်နယ်အကယ်ဒမီက ရရှိသွားသဖြင့် ထိပ်တန်း ၁၀ ထဲဝင်ဖို့ ပြဿနာ မရှိတော့ပါ။

“ဒီအချီလည်း ငါတို့ ထပ်ရှုံးတော့မှာလား”

လင်းပိုင်က မျက်မှောင်ကြုတ်ရင်း တိုးတိုးလေးပြောလိုက်သည်။

“ဒီကျောင်းသားအဖွဲ့ကို သုတ်သင်ဖို့ နည်းလမ်းတစ်ခု စဉ်းစားရမယ်။ အမှောင်လျှို့ဝှက်ရတနာကို လုယူကြမယ်”

“ဒါအမှန်ပဲ”

ချူရှုခုန်က ဆွန်းမိုလက်ထဲက ပုလဲကို စိုက်ကြည့်ရင်း ကိုယ်တိုင်လုယူချင်စိတ် ပေါက်နေသည်။

ရက်စက်ကြမ်းကြုတ်တဲ့ သားရဲဝိညာဉ်ပါတဲ့ အဖိုးတန်ရတနာကို ဝိညာဉ်ပုလဲလို့ လူသိများသည်။ အရမ်း အဖိုးတန်သည်။

"ဇီချီ ယူလိုက်"

ဆွန်းမိုက လီဇီချီဆီ ပုလဲ ပစ်ပေးလိုက်သည်။

"ဂုဏ်ပြုပါတယ်"

ကျန်ရန်ဖေါင်က ချက်ခြင်းပဲ ဂုဏ်ပြုစကား ပြောလိုက်သည်။ သူ့အကြည့်ထဲတွင် မနာလိုမှု တချို့ရှိနေသည်။ တခြားကျောင်းသားတွေကလည်း အလားတူ ဂုဏ်ပြုစကား ပြောလိုက်သည်။

ပြိုင်ပွဲမှာ ကျောင်းများရဲ့ အဆင့်သတ်မှတ်ချက်ကို အမှောင်ရတနာရရှိမှု အပေါ် သတ်မှတ်ထားသည်။ သို့သော်လည်း ပြိုင်ပွဲပြီးတဲ့နောက်မှာ

သူတော်စင်ဂိတ်သို့ လွှဲပြောင်းပေးစရာ မလိုပဲ လျှို့ဝှက်ရတနာများကို ကျောင်းပိုင်အဖြစ် ပြန်ပေးလိမ့်မည်။

ကျားဖြူအစောင့်ကို အရမ်းအစွမ်းထက်တယ်လို့ မသတ်မှတ်နိုင်သော်လည်း အဆုံးမရှိ ပြန်လည်ရှင်သန်နိုင်စွမ်းက အနည်းငယ် အံ့အောဖို့ကောင်းနေသည်။ အနည်းဆုံးတော့ အားဖြည့်မှုတစ်ခုအနေနဲ့ အသုံးဝင်သည်။

"မဟုတ်ဘူး။ ငါမယူနိုင်ဘူး။ ဒါက အဖိုးတန်လွန်းတယ်"

လီဇီချီက ချက်ခြင်း ငြင်းလိုက်သည်။

"ဒါက အဖိုးတန်လို့လား" ဆွန်းမိုက ကျယ်လောင်စွာ ရယ်မောပြီး

"မင်းက သားရဲ ထိန်းချုပ်သူပါ။ မင်းသုံးလို့ရတယ်"

လီဇီချီ စိတ်ထဲတွင် သူမဆရာက သူမကို အလေးထားသဖြင့် ပျော်ရွှင်မှုများနဲ့ ပြည့်နေသည်။ သို့သော်လည်း ခဏလောက် တွေဝေသွားပြီးနောက် ဆက်လက် ငြင်းဆန်နေဆဲ ဖြစ်သည်။

"ဆရာ၊ ဒါကို ဘာဖြစ်လို့ ညီမလေး ချီဟွာ ဆီ မပေးတာလဲ"

သူမက အကြီးဆုံး အစ်မကြီး ဖြစ်နေသဖြင့် အငယ်တွေကို ဦးစားပေးသင့်သည်။

"အကြီးဆုံး အမကြီး ငါမယူဘူး"

လုချီဟွာက ငြင်းသည်။

"မင်းရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်က အားမကောင်းဘူး။ မင်းက ကျားဖြူကြီးကို စီးလိုက်ရင် အားနည်းချက်ကို ဖြည့်ဆည်းပေးနိုင်တယ်"

လုချီဟွာသည် အဲဒီစကားပြောပြီးနောက် သူမရဲ့ စကားကြောင့် လီဇီချီ ထိခိုက်သွားနိုင်တာကို

သတိထားလိုက်မိသည်။ ဒါကြောင့် စကား အမြန်ပြောင်းလိုက်သည်။

"အကြီးဆုံးအစ်မကြီး၊ မင်းရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်က ကြောက်စရာကောင်းတယ်လို့ ပြောတာ မဟုတ်ဘူး။ ဒါ.....ဒါက..."

လုချီဟွာသည် ဘယ်လိုလိမ်ရမလဲ မသိဘဲ ငိုင်သွားသည်။

"မင်းပြောတာကို ငါနားလည်တယ်"

လီဇီချီက လုချီဟွာ၏ ခေါင်းကိုပုတ်ရင်း ပြောလိုက်သည်။

"ချီဟွာ မှန်တယ်။ ငါပေးလိုက်တဲ့ အကြောင်းအရင်းက စီးစရာအနေနဲ့ အသုံးပြုစေချင်လို့"

ဆွန်းမိုက လုချီဟွာအတွက် တိုက်ခိုက်ရေး အစွမ်းပြင်းထန်တဲ့ အိမ်မွေး တိရစ္ဆာန် တစ်ကောင် ဖမ်းပေးဖို့ စိတ်ကူးနေခဲ့သည်။ သို့သော်လည်း ညီအစ်မနှစ်ယောက်ကြားက ဆက်ဆံရေးကို မြင်ပြီး ကျေနပ်သွားသည်။

ဆွန်းမိုသည် အရင် ဂိမ်းကစားတုန်းက အဖွဲ့တစ်ခုလုံး ဖျက်သိမ်းလိုက်ရတာ မြင်ဖူးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆုအမြင့်ဆုံးအနေနဲ့ ဓါးကြီး တစ်ချောင်းရှိတယ် ဆိုပါတော့ အဲဒီဓါးကြီး ပေါ်လာတဲ့အချိန်တွင် ညီအစ်ကိုလည်း မရှိတော့ပါ။ အဖွဲ့လည်း ပြိုကွဲသွားသည်။

ချူဂျန်သည် ဒီမြင်ကွင်းကို မြင်ပြီး အနည်းငယ် နောင်တရနေသည်။

(ကျောင်းသားစုဆောင်းရေးပွဲတုန်းက ဆွန်းမို အရိပ်အောက်ဝင်ဖို့ သဘောတူခဲ့ရမှာ။ အခုဆိုရင်ငါက သူ့ရဲ့ တပြည့်အကြီးဆုံး ဖြစ်နေပြီ)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချူဂျန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၄၁၀/၁,၀၀၀)

“အင်း၊ ဆရာက ဘာဖြစ်လို့ ငါ့ကို မခေါ်တာလဲ”

လုချီ စိတ်မကောင်း ဖြစ်နေသည်။

ရှီကွမ်ကတော့ ဆွန်းမိုက သူ့ကို တပြည့်အဖြစ် လက်ခံမလားဆိုပြီး ပါးစပ်က ထုတ်မေးမိမတတ် ဖြစ်သွားသည်။ သို့သော်လည်း ဒါကို ထိန်းချုပ်လိုက်သည်။ ဆွန်းမိုရဲ့ ရက်ရောမှုကြောင့် ဆွန်းမိုကို ဆရာအဖြစ် အသိအမှတ်ပြုတယ်လို့ အထင်မခံချင်ပါ။

"ဒါဆိုလည်း ငါလက်ခံလိုက်မယ်"

လီဇီချီက ဆွန်းမိုကို ဦးညွှတ် အရိုသေပေးပြီး စိတ်စွမ်းအင် သုံးကာ ကျားဖြူ ဝိညာဉ်သားရဲနဲ့ ဆက်သွယ်လိုက်သည်။

"ညီမျှခြင်း စာချုပ်မသုံးနဲ့ ကျွန်ပြုလိုက်"

ဆွန်းမိုက သူနှင့် ကျားဖြူကြားက စာချုပ်ကို ဖျက်သိမ်းလိုက်သည်။ ဒီလိုမှမဟုတ်ရင် လီဇီချီ ကျွန်ပြုလို့ မရဖြစ်သွားမည်။

"အမ်"

လီဇီချီက ဝိညာဉ်ပုလဲကို စိုက်ကြည့်ပြီး ဆွန်းမို ညွှန်ကြားတဲ့အတိုင်း စတင်လုပ်ဆောင်လိုက်သည်။

“ငါမှတ်မိတာ လီဇီချီက ဝိညာဉ်တက်တူးသခင် တစ်ယောက် မဟုတ်လား။ အပင်ဗေဒကိုလည်း သိတဲ့ပုံရတယ်”

ကျန်ရန်ဇောင်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

“ဒါပေမယ့် ဝိညာဉ်သားရဲ ထိန်းချုပ်သူလည်း ဖြစ်နေမယ်လို့ မထင်ထားဘူး”

ကျန်ရန်ဇောင်က ပါရမီရှင်တစ်ယောက်လို့ ကြွေးကြော်ထားပြီး ဒီအသုတ် ကျောင်းသားအသစ်များ ကြားတွင် ထိပ်တန်း ပါရမီရှင်လို့ ခံယူထားသည်။ သို့သော် အခုအချိန်တွင် အနည်းငယ် နိမ့်ကျတယ်လို့ ခံစားနေရသည်။

လီဇီချီရဲ့ တိုက်ခိုက်ရေးအစွမ်း နိမ့်ကျသော်လည်း အခြားနေရာများတွင် သူမက သူ့ကို အနိုင်ရနေသည်။ ဥပမာအားဖြင့် - အမိန့်ပေးနိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်း၊ စိတ်ဓါတ် နှင့် အရေးအကြီးဆုံးက သူမရဲ့ အသိပညာဖြစ်သည်။

"ဇီချီက အံ့အောစရာ ကောင်းတယ်"

လီဖန် မနာလို ဖြစ်နေသည်။

"ငါပြောချင်တာက ဆရာဆွန်းက အံ့မခန်းပဲ။ ဒါတွေ အားလုံးကို ဆရာဆွန်းက သင်ပေးထားတယ်ဆိုတာ မမေ့ပါနဲ့"

လုချီက ဆွန်းမိုကို အရမ်းလေးစားနေသည်။

ဆွန်းမိုကို ကြည့်ပါအုံး။ ဗဟုသုတ ကြွယ်ဝရုံသာမက တိုက်ပွဲ စွမ်းရည်မှာလဲ ပေါက်ကွဲအားကြီးမားတဲ့ အဆင့်တွင် ရှိသည်။

ဒီအရာအားလုံးကို ကမ္ဘာပေါ်မှာ ဘယ်လို သင်ယူခဲ့တာလဲ။

သာမန်လူတစ်ယောက်က တစ်ခုခုကို အောင်မြင်အောင် လုပ်နိုင်ရင် အံ့ဖို့ကောင်းတယ်လို့ သတ်မှတ်ကြလိမ့်မည်။ ဒါပေမယ့် သူက ကဏ္ဍပေါင်းစုံတွင် တော်နေသည်။

"ယှဉ်ဖို့ နည်းလမ်းမရှိဘူး။ နှိုင်းယှဉ်စရာကို မလိုဘူး"

ကွမ်ဒင်က သက်ပြင်းချရင်း ပြောလိုက်သည်။

"ဟီးဟီး"

ဆွန်းမိုသည် လေးစားအထင်ကြီးမှုအမှတ်လှိုင်းလုံးကြီး ထပ်ရလိုက်သဖြင့် တိတ်တဆိတ်ဝမ်းသာနေသည်။

"ငါတို့ ဘာလုပ်ကြမလဲ"

"ငါတို့ ဘာလုပ်နိုင်မှာလဲ။ အရှုံးသာ ပေးလိုက်။ လုယူဖို့က မဖြစ်နိုင်ဘူး"

"မနောက်ပါနဲ့။ ဆွန်းမိုကို ဘယ်သူက အနိုင်ယူနိုင်မှာလဲ"

ဆရာတွေက လက်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါပေမယ့် သူတို့ရဲ့အကြည့်က ချူရှူခုန်ဆီ

ရောက်သွားသည်။ (ငါတို့က အားနည်းလို့ သူရဲဘောကြောင်တယ်။ ကောင်းကင်သစ်ခွကတော့ သူရဲဘောမကြောင် ပါဘူးနော်)

ဂေါင်ဇီဟွာက ချူရှုခုန်နှင့် လင်းပိုင်တို့၏ မူမမှန်တဲ့ အကြည့်ကို မြင်ပြီး စည်းရုံးဖို့ အမြန်ကြိုးစားလိုက်သည်။

“လက်လျှော့လိုက်ပါ။ အန္တရာယ် များလွန်းတယ်”

“ငါ ဒါကို လက်မခံနိုင်ဘူး “

ချူရှုခုန်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်းမိုကို ထိန်းထားလိုက် ပြီးရင် ကျောင်းသားတွေကို သုတ်သင်ပြီး အမှောင်လျှို့ဝှက်ရတနာ လုယူဖို့ လုပ်ကြမယ်"

ပြိုင်ပွဲက ကျောင်းသားများရဲ့ အရည်အချင်းကို အဓိက စမ်းသပ်နေတာ ဖြစ်သဖြင့် ကျောင်းသားများက အမှောင်လျှို့ဝှက်ရတနာ ကိုင်ဆောင်ထားရမယ်လို့ စည်းကမ်းချက် ထုတ်ထားသည်။ ပြီးတော့ ကျောင်းသားက ဆရာကို မတိုက်ခိုက်ရင် ဆရာတွေဘက်ကနေ အရင်တိုက်ခိုက်လို့ မရပါ။

“ငါတို့ ကောင်းကင်သစ်ခွ အကာယ်ဒမီက ဂရုတစိုက် ရွေးချယ်ထားတဲ့ ထိပ်တန်းပါရမီရှင်တွေကို သူတို့က ဘယ်လို အနိုင်ယူနိုင်မှာလဲ”

ချူရှုခုန် ဒါကို မယုံကြည်ပါ။ အခုအချိန်မှာ ဆွန်းမို ခံစားနေရတာကို မြင်ချင်နေသည်။

ဝူး၍

ဝိညာဉ်ပုလဲလုံးမှ အဖြူရောင် အလင်းတောက်ပလာပြီး အဖြူရောင် ကျားတစ်ကောင် ပေါ်လာသည်။ ဒေါသတကြီး

ဟိန်းဟောက်နေသည်။ အစင်းကြောင်းများက အပြာနုရောင်ဖြစ်သဖြင့် အရမ်းလှလွန်းသည်။

"ဆရာ၊ အောင်မြင်သွားပြီ"

လီဇီချီရဲ့ အသံထွက်ပေါ်လာသည်။

ကျားဖြူက လမ်းလျှောက်လာသည်။ ကြောင်ကြီးတစ်ကောင်လိုမျိုး လီဇီချီရဲ့ ခြေထောက်ကို ပွတ်သပ်နေသည်။

"ကောင်းတယ်"

လီဇီချီက ဆောင့်ကြောင့်ထိုင်ပြီး ကြားကြီးရဲ့ လည်ပင်းကို ပွတ်သပ်လိုက်သည်။

အခန်း (၃၈၁) - အုပ်စုလိုက် ချေမှုန်းခြင်း ကျွမ်းကျင်သူ။

"ငါတို့ မလှုပ်ရှားခင် အခြားကျောင်းအဖွဲ့တွေ ထွက်သွားအောင် စောင့်ကြမလား"

လင်းပိုင်က မေးလိုက်သည်။

"ဘာကို ကြောက်နေတာလဲ။ တန်းလုပ်ကြမယ်။ ဒီကောင်တွေက ထမင်းသိုး ဟင်းသိုးလေးတွေပါ"

ချူရှုခုန်က အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။

"မဟုတ်ဘူး။ ငါသဘောမတူဘူး"

ဂေါင်ဇီဟွာက ကန့်ကွက်သည်။ အသေအပျောက်များ ပေါ်လာပြီး အခြားကျောင်းများက ပူးပေါင်း တိုက်ခိုက်လာလျှင် ဘယ်လိုလုပ်ကြမလဲ။

"ဆရာဆွန်း၊ ကောင်းကင်သစ်ခွကလူတွေ ပြဿနာ ရှာချင်တဲ့ ပုံပဲ"

ကူရှပ်ရှင်းက ချူရှုခုန်နှင့် လင်းပိုင်တို့ အမူအရာကို သတိထားလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပါရမီရှင်တစ်ယောက်အနေနဲ့ ကို့ကိုယ်ကို ယုံကြည်ဖို့က အရမ်းအရေးကြီးသည်။ ဆွန်းမိုက တကယ်ကို အထင်ကြီးစရာ ကောင်းပေမယ့် ချူူရှုခုန်နှင့် လင်းပိုင်က သူ့ကို သတ်ဖို့ အစီအစဉ် မရှိပါ။ သူ့ကို နှောင့်နှေးအောင် ထိန်းထားပြီး ဗဟိုပြည်နယ် အကယ်ဒမီ ပိုင်ဆိုင်တဲ့ အမှောင်လျှို့ဝှက်ရတနာကို သူတို့ကျောင်းသားတွေဆီမှ သိမ်းပိုက်နိုင်အောင် လုပ်ပေးမည်။

"ဆရာဆွန်း၊ မြန်မြန် ပြန်ဆုတ်ကြစို့"

ကွမ်ဒင် အကြံပေးသည်။

လုယူမှုတိုက်ပွဲကို တိုက်ခိုက်ရမှာလား။ သူတို့အဖွဲ့က အကြီးမားဆုံး အောင်နိုင်သူ ဖြစ်နေပြီ။ အခု သူတို့က ရင်ပြင်လေးကို ချန်ထားခဲ့ပြီး နောက်ထပ် လျှို့ဝှက်ရတနာကို ရှာဖွေသင့်သည်။

"ငါတို့ မထွက်သွားဘူး။ ငါတို့ အဲဒီကောင်တွေကို အဆုံးသတ်မယ်"

ကူရှပ်ရှင်းက ဆွန်းမိုကို ကြည့်ပြီး

"ဘယ်လိုလဲ"

"မင်း ရှူးနေတာလား"

ကွမ်ဒင် အံ့အောနေသည်။

“ကျောင်းသားတွေ တိုးတက်လာဖို့အတွက်၊ အလောင်းတွေ ၊ သွေးတွေနဲ့ အုတ်မြစ်ချရမယ်။ တကယ်လို့ မင်းက ကြီးမားတဲ့ ပြိုင်ဘက်ကို အနိုင်ယူပြီး ထူးထူးခြားခြား အောင်မြင်မှု မရခဲ့ရင် မင်းကိုယ်မင်း ထာဝရ အသိအမှတ်ပြုနိုင်မှာ မဟုတ်ဘူး”

ကူရှုပ်ရှင်းရဲ့ အသံက အေးစက်နေသည်။

“ဆရာဆွန်း၊ သူမကို မြန်မြန်တားပါအုံး”

ကွမ်ဒင်က တိုက်တွန်းနေသည်။

"ငါ့အမြင်က သူမနဲ့ အတူတူပဲ"

ဆွန်းမိုရဲ့ အမူအရာက လေးနက်နေသည်။ ဒီဆုံးဖြတ်ချက်ကို ချလိုက်ရင် အကျိုးဆက်ကိုလည်း ခံနိုင်ရည် ရှိရမယ်ဆိုတာ သူသိနေသည်။ ဒါပေမယ့် ဒါကို လုပ်ရမည်။

ကူရှုပ်ရှင်း ပြောတာ မှန်သည်။ ဇဟိုပြည်နယ် အကယ်ဒမီက မဟာကိုးပါးအဆင့်ကို ပြန်ရောက်လိုပါက အမျိုးမျိုးသော သတ်ဖြတ်ခြင်း ပြိုင်ပွဲကို ဝင်ပြိုင်ရလိမ့်မည်။

စီ အတန်းတွင် ၇၂ ကျောင်း၊ ဘီ အတန်းတွင် ၃၆ ကျောင်း၊ အေ အတန်းတွင် ၁၈ ကျောင်းသာ ရှိတယ်ဆိုတာ မေ့ထားလို့ မရပါ။

ကျောင်းအဆင့် မြင့်လာလေလေ၊ သူတို့က ပြည့်စုံအားကောင်းလေလေ ဖြစ်သည်။

တကယ်လို့ ဆွန်းမိုနှင့် အခြားသူများသည် ဒီအဆင့် ကျောင်းတစ်ကျောင်းကိုသာ အနိုင်မယူနိုင်ခဲ့လျှင် ဗဟိုပြည်နယ် အကယ်ဒမီသည် စီ အတန်းကို ရောက်သွားသော်လည်း ယာယီသာ ဖြစ်ပြီး ဒီ အဆင့်ကို ပြန်ကျလာလိမ့်မည်။

"မ...မင်းတို့တွေ"

ကွမ်ဒင်သည် ဘာပြောရမလဲ မသိတော့ပါ။ ဝမ်ချောင်ဆီကိုတောင်းပန်တဲ့ မျက်လုံးနဲ့သာ ကြည့်နိုင်တော့သည်။

"ဒါက အခွင့်အရေးကောင်းလို့ ထင်တယ်။ အခုဆိုရင် ဆရာဆွန်းက ကျားဖြူအစောင့်ကို ချေမှုန်းထားပြီး ငါတို့ရဲ့ စိတ်ဓါတ်က အရမ်းမြင့်မားနေတယ်။ ပြီးတော့ ကောင်းကင်သစ်ခွ အကယ်ဒမီက လက်ရှိအချိန်မှာ တုန်လှုပ်နေတယ်။ ဆရာတွေ စိတ်ဓါတ် ပြန်မြှင့်တင်ဖို့ သေချာပေါက်

အချိန်လိုအပ်တယ်။ ငါတို့က အခွင့်ကောင်းယူပြီး အခုပဲ တိုက်ခိုက်သင့်တယ်”

ဝမ်ချောင်က သုံးသပ်သည်။

“သုံးယောက်နဲ့ တစ်ယောက်ဖြစ်နေပြီ ဆရာကွမ်ရေ။ ရဲရဲရင့်ရင့် တိုက်ခိုက်လိုက်ကြစို့”

ဆွန်းမိုက ကွမ်ဒင်ရဲ့ ပုခုံးကို ပုတ်ရင်း ပြောလိုက်သည်။ အဲဒီနောက် ကျန်ရန်ဇောင်နှင့် ကျန်တဲ့ကျောင်းသားများကို လှည့်ကြည့်ပြီး

“ကဲ၊ မင်းတို့အားလုံးကို စမ်းသပ်ဖို့ အချိန်ရောက်လာပြီ။ ငါတို့က ချန်ပီယံ အရည်အချင်း

ရှိလား၊ မရှိဘူးလားဆိုတာကို ကောင်းကင်သစ်ခွ သွေးတွေနဲ့ သက်သေပြလိုက်ကြစို့”

ဆွန်းမိုက ပြောပြီးနောက် တန်ဖိုးဖြတ်မရတဲ့ အကြံဉာဏ်ပြုချက်ကို သုံးလိုက်သည်။ ဒီကျောင်းသားတွေ အပေါ်မှာ မျှော်လင့်ချက် အပြည့်ရှိသည်။

ရွှတ်စ်

ရွှေရောင် အရှိန်အဝါက တောက်ပနေသည်။ ဆွန်းမိုရဲ့ ခွန်အားအရဆိုလျှင် သူ့ရဲ့ အရှိန်အဝါက ရင်ပြင်တစ်ခုလုံးကို လွှမ်းခြုံသွားနိုင်သည်။ သို့သော်လည်း သူက ဒါကို ရည်ရွယ်ချက်ရှိရှိ

ထိန်းချုပ်ထားလိုက်သည်။ သူ့ရဲ့ ကျောင်းသားအဖွဲ့ ရှိတဲ့ နေရာမှာပဲ အသုံးပြုသည်။

အခြားကျောင်းက ဆရာတွေနှင့် ကျောင်းသားတွေသည် အရမ်းအံ့အောတဲ့ မျက်နှာတွေနဲ့ စောင့်ကြည့်နေသည်။ ဆွန်းမိုက ဘာလုပ်ဖို့ ကြိုးစားနေတာလဲ။

"ဘိုင်ဝူ၊ ကူဒင်ဂျီ မင်းတို့က မြှားမိုးရွာပြီး သူတို့ရဲ့ လှုပ်ရှားမှုကို ဖိနှိပ်ထားပါ။ ရန်ဇောင်၊ ယွန်ပေါင်၊ ချူဂျန် မင်းတို့ သုံးယောက်က ရှေ့ပြေးသွားပါ။ ကျန်တဲ့လူတွေ နောက်လိုက်။ သတ်............."

လီဇီချီက ပေါက်ကွဲ မီးတောက်တက်တူးဆယ်ခုကို ထုတ်ယူရင်း ပြောလိုက်သည်။ အဲဒီနောက် သွားဖြင့်ကိုက်ကာ ဆုတ်ဖြဲပြီး အသက်သွင်းလိုက်သည်။

ရှုတ်စ်

မီးတောက်များ ထွက်ပေါ်လာပြီး အုန်းသီးအရွယ်မီးလုံးအဖြစ် ပေါင်းစပ်သွားသည်။ အဲဒီနောက် လီဇီချီက ကောင်းကင်သစ်ခွ အကယ်ဒမီဘက်သို့ လက်ညှိုး ညွှန်ပြပြီး

“သတ်”

ကျန်ရန်ဇောင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူ့ရဲ့ ဓါးကွေး ဆွဲထုတ်ကာ သားကောင် ငေတ်မွတ်နေတဲ့ ဝံပုလွေတစ်ကောင်လို ပြေးသွားသည်။ သို့သော် ရှန်ယွန်ပေါင်က သူ့ထက် မြန်နေသေးသည်။

အဲဒီအခိုက်တန့်တွင် ကူဒင်ဂျန်က သူ့ရဲ့ လေးကို မြှောက်လိုက်သည်။ အင်ဘိုင်ဝူက ပထမဆုံး မြှားကို ပစ်လွှတ်လိုက်သည်။

လေဘုရင်၏ ဒေါသ

ဝူး၍ ဝူး၍ ဝူး၍

သံမဏိခေါင်း မိန်းကလေးက တစ်ကြိမ်သာ ပစ်သော်လည်း တစ်ဝက်တစ်ပျက် ဖောက်ထွင်းမြင်ရတဲ့ မြွေးပေါင်း တစ်ရာကျော် ထွက်သွားသည်။

"လူတိုင်း၊ ကောင်းကင်သစ်ခွရဲ့ ဂုဏ်ကျက်သရေ၊ ငါတို့ရဲ့ ဂုဏ်ကျက်သရေအတွက် သူတို့ကို ငါတို့က ဖျက်............."

ချူရှူခုန်က တိုက်ပွဲ မစခင် အဖွင့် အမှာစကား ပြောနေသည်။ သို့သော် စကားမဆုံးခင် အနှောက်အယှက် ခံလိုက်ရသည်။

"ဆရာ၊ မြန်မြန် ကြည့်အုံး"

ကျောင်းသားတွေက အော်ဟစ်နေကြသည်။ ချူရူခုန် လှည့်ကြည့်လိုက်လျှင် မီးလုံးကြီး ပေါက်ကွဲလာတာကို မြင်လိုက်ရသည်။

"ဘာ၊ ဇဟိုပြည်နယ် အကယ်ဒမီဘက်က တကယ်စပြီး တိုက်ခိုက်တာလား"

ချူရူခုန် မျက်နှာသည် အထိတ်တလန့် ဖြစ်နေသည်။ ပြီးတော့ မီးလုံးရဲ့ အရှိန်ကလည်း မြန်လှသည်။ ကျောင်းသားတွေရဲ့ အရည်အချင်းကြောင့် ရှောင်ဖို့ မဖြစ်နိုင်ပါ။ ဒါကြောင့်

လက်နက်ထုတ်ပြီး မီးလုံးကိုအလိုလို ခုတ်ချလိုက်ကြသည်။

ဘုန်း

မီးလုံးက ပေါက်ကွဲပြီး မရေမတွက်နိုင်တဲ့ မီးပွားများက ကျောင်းသားတွေရဲ့ ကိုယ်ကို စင်ကုန်သည်။

"အား........၊ အရမ်းနာတယ်"

"ငါ လို........၊ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေ ငါတို့ကို တကယ် တိုက်ခိုက်နေပြီ။ ကျားအသည်း စားထားတာလား"

"သူတို့ကို သတ်"

ကောင်းကင်သစ်ခွ အကယ်ဒမီက ကျောင်းသားများသည် အော်ဟစ်ကာ တိုက်ပွဲအတွက် ပြင်ဆင်ကြသည်။ သို့သော်လည်း မီးလုံးများက သူတို့ဆီကို တစ်လုံးပြီးတစ်လုံး ကျရောက်လာပြီး ပေါက်ကွဲနေသည်။

"အရမ်း မြန်လွန်းတယ်"

ချူရှုခုန်သည် ကြောက်လန့်ပြီး မျက်နှာ ဖြူဖျော့နေသည်။ မီးလုံး ထိမှန်သွားလျှင် ကျောင်းသာတချို့ ဒဏ်ရာ ပြင်းပြင်းထန်ထန်

ရသွားမှာကို သူသိနေသည်။ အဆိုးဆုံးဖြစ်လာလျှင် ကျောင်းသားတွေ သေသွားနိုင်သည်။ ဒါကြောင့် ပြိုင်ပွဲစည်းကမ်းဖောက်ပြီး ကျောင်းသားတွေကို ကယ်တင်ဖို့ လုပ်လိုက်သည်။ ဘာမှမလုပ်ရသေးခင် ဆွန်းမို သူ့အရှေ့တွင် ပေါ်လာသည်။

စွဲမက်ဖို့ကောင်းတဲ့ အမှတ်တရ။ ကောင်းကင်သဲကွန်ယက်၊ နွေဦး စမ်းရေ။

ဆွန်းမို၏ ဓါးနဲ့ တိုက်ခိုက်မှုကြောင့် ဆရာလေးယောက်သည် ကျောင်းသားတွေကို အားမဖြည့်ပေးနိုင်တော့ပါ။

"မြန်လိုက်တာ"

ချူရှုခုန်က တုန်လှုပ်နေသည်။ သူ့ရဲ့ ဝိညာဉ်သားရဲကို ဆင့်ခေါ်လိုက်သည်။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

အင်ဘိုင်ဝူက မြွားမိုး ရွာနေသည်။ သက်ရောက်မှု ဧရိယာ ကြီးမားလွန်းသဖြင့် ပြိုင်ဘက်များ ဒဏ်ရာ ရနေကြသည်။

ဖူး ဖုတ် ဖောက်

ကျောင်းသား သုံးပုံတစ်ပုံက မြွား မှန်သွားသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ အင်ဘိုင်ဝူ၏ မြွားများက အဖျက်စွမ်းအင် ပြင်းထန်လွန်းသည်။ မြွားကို ပိတ်ဆို့ရန်အတွက် ကျောင်းသားတချို့သည် သူတို့ရဲ့ လက်နက်ကို အသုံးပြုပြီး တားဆီးသော်လည်း လမ်းကြောင်း မပြောင်းနိုင်ခဲ့ပါ။

အဲဒီအချိန်မှာပဲ မီးလုံးက သူတို့အနားကျလာပြီး ပေါက်ကွဲသွာသည်။

ဝုန်း ဝုန်း ဝုန်း

ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့ အလယ်တွင် မီးလုံးတစ်လုံး ပေါက်ကွဲသွားသည်။ ကံဆိုးသူ

သုံးယောက်က တိုက်ရိုက် ထိမှန်သွားသည်။ ပေါက်ကွဲတဲ့ အရှိန်ကြောင့် လွင့်ထွက်သွားရုံသာမက သူတို့ ခန္ဓာကိုယ်ကိုလည်း မီးလောင်ကျွမ်းနေသည်။

မြေပေါ် ပြန်ကျတဲ့အချိန်တွင် ကျောင်းသားနှစ်ယောက်က မည်းနက်နေပြီး မီးခိုးတွေ အူထွက်နေသည်။ ကျန်တဲ့တစ်ယောက်ကတော့ မြေပေါ်မှာ လူးလိမ့်နေပြီး နာကျင်စွာ အော်ဟစ်နေသည်။

"ငါ့ကို ကယ်ပါ။ မြန်မြန် ကယ်ကြပါ"

ကျောင်းသားသည် နာကျင်စွာ အော်ဟစ်နေသည်။

ကူရှုပ်ရှင်း၊ ကွမ်ဒင်နှင့် ဝမ်ချောင်တို့လည်း အပြေးအလွှား ရောက်လာပြီး သူတို့အသီးသီးက ဆရာတစ်ယောက်ခြင်းဆီ ရင်ဆိုင်လိုက်သည်။

ဒီလို အရေးကြီးတဲ့ အခိုက်အတန့်မှာ ဘယ်သူမှ မထိန်ချန်ထားတော့ပါ။ ဒါကြောင့် ထိပ်တိုက်တွေ့တာနဲ့ ရှိသမျှ အကုန် ထုတ်သုံးတော့သည်။

ကူရှုပ်ရှင်းနှင့် ဆွန်းမိုတို့က အသာစီးရနေပြီး ကွမ်ဒင်က ပြိုင်ဘက်နဲ့ တန်းတူ တိုက်ခိုက်နေသည်။ ဝမ်ချောင်က အညံ့ဆုံးဖြစ်ပေမယ့် လည်သည်။

ပြိုင်ဘက် အနိုင်မယူနိုင်တာနဲ့ အချိန်ဆွဲဖို့အတွက် ကာကွယ်ဖို့ အာရုံစိုက်ထားလိုက်သည်။

ကျောင်းသားများကို ရှန်ယွန်ပေါင်က ဦးဆောင်နေသည်။

"ဘိုလီ"

ချူရှုခုန်က အော်ဟစ်လိုက်သည်။

"ဖိန်အာ၊ ဝမ်မင် မင်းတို့က ဘယ်ညာကို ကာကွယ်ကြ။ လီရှင်း သူတို့ မြွားသမားတွေကို ဖိနှိပ်ပါ"

ဘိုလီက ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့၏ ကျောင်းသားခေါင်းဆောင် ဖြစ်သည်။ သူ့နာမည်ကို အော်ခေါ်လိုက်တဲ့ ချူရှုခုန်၏ အဓိပ္ပါယ်ကို သိသည်။ ချူရှုခုန်က သူ့ကို ဆုံးဖြတ်ချက်ချပြီး အခြေအနေကို တည်ငြိမ်အောင် ထိန်းစေချင်နေသည်။

အကြောင်းပြန်ဖို့ အချိန်မရှိပါ။ အဲဒီအစား သူက တိုက်ရိုက်အော်ဟစ်ပြီး တိုက်ပွဲဗျူဟာကို အကောင်အထည် ဖော်လိုက်သည်။

အဲဒီအချိန်တွင် လန့်ဖြတ်ပြီး ပရမ်းပတာ ဖြစ်နေတာ တည်ငြိမ်သွားသည်။

တည်ငြိမ်တဲ့ ဘိုလီက လူတိုင်းကို ယုံကြည်မှု ပေးနိုင်သည်။ လီရှင်းက အင်ဘိုင်ဝူ လွှတ်လွှတ်လပ်လပ် မြှားပစ်ခွင့် မရအောင် လုပ်တော့သည်။

"အို၊ မင်းက စည်းကမ်းဖောက်တာပဲ။ ဆရာတွေက ကျောင်းသားတိုက်ပွဲကြား ဝင်စွက်ဖက်လို့ မရဘူး"

ဆွန်းမိုက လှောင်ပြောင်လိုက်သည်။

"ငါမင်းကို.........မယ်"

ချူရှုခုန်သည် လျှင်မြန်စွာ နောက်ဆုတ်သွားပြီး လျှာကိုက်လိုက်သည်။ အဲဒီနောက် လက်စွပ်ပေါ်သို့ သွေး မှုတ်ထုတ်လိုက်သည်။

ဆွန်းမိုသည် အရှေ့ကို အပြေးသွားချင်သော်လည်း စောင့်ကြည့်နေတဲ့ မျောက်ချီးက သူ့အမြီးနဲ့ ရိုက်ပြီး တားဆီးထားသည်။ လင်းယုန်တစ်ကောင်ကလည်း ဆွန်းမို ခေါင်းကိုတိုက်ခိုက်ချင်တဲ့စိတ်နဲ့ လေထဲက ထိုးဆင်းလာသည်။

ရှူး

အဲဒီနောက် တစ်ကိုယ်လုံး ခရမ်းရောင် မြူခိုး ဖုံးလွှမ်းနေတဲ့ မြွေတစ်ကောင်သည် ပြေးလာပြီး ဆွန်းမို ခြေထောက်ကို ကိုက်ဖို့ ကြိုးစားသည်။

ဆွန်းမိုက လင်းယုန် လက်သည်းနှင့် မျောက်ချီးရဲ့ အမြီးကို ရှောင်ခဲ့သည်။ ဒါပေမယ့် အဆိပ်ရှိတဲ့ မြွေရဲ့ အလစ်တိုက်ခိုက်မှုကို မရှောင်နိုင်ခဲ့ပါ။

မြွေက ဆွန်းမို ဘယ်ဘက် ခြေထောက်ကို ကိုက်ပြီး ချက်ခြင်းလွှတ်ကာ ပေါင်ပေါ်သို့ တက်လာသည်။ ဒါပေမယ့် ပေါင်တစ်ဝိုက်ကို မတိုက်ခိုက်ခဲ့ပါ။ အဲဒီအစား ကျည်ဆန် ပစ်လိုက်သလို ဆွန်းမို

မျက်နှာဆီ ပြေးဝင်ပြီး နောက်တစ်ချက် ကိုက်လိုက်သည်။

ဖောက်

ဆွန်းမို လည်ပင်းကို အကိုက်ခံလိုက်ရသည်။

“မင်းက စပြီး ကောင်းကင်သစ်ခွကို တိုက်ခိုက်ဖို့ သတ္တိရှိတာလား။ သေခြင်းတရားကို ရှာနေတာပဲ”

ချူရှုခုန် မျက်နှာပေါ်တွင် ရက်စက်တဲ့ အပြုံးပေါ်လာသည်။

(ငါပြောဖူးပါတယ်။ ဝိညာဉ်သားရဲ ထိန်းချုပ်သူရဲ့ ခွန်အားကို မင်းနားမလည်ပါဘူး။ အခု ဘယ်လိုလဲ။ ဆိုးဆိုး ဝါးဝါးတွေ ခံစားနေရပြီ မဟုတ်လား)

(ဟွန့်၊ သေခြင်းတရားကို ဖြေးဖြေးခြင်း စောင့်ဆိုင်းနေလိုက်)

ချူရှုခုန် စိတ်ထဲ အဲဒီအတွေးပေါ်လာတဲ့ အချိန်တွင် နှလုံးသားထဲမှာ ဒိတ်ကနဲ ဖြစ်သွားသည်။ ခြေထောက်ကနေ ဆံပင်ဖျား အထိ တုန်လှုပ်သွားသည်။

ဟူး

ခေါင်းအနောက်ဖက်က လေတိုးသံ ထွက်လာသည်။ ဝင်လာတဲ့ တိုက်ခိုက်မှုကို ရှောင်ဖို့ လုပ်လိုက်သော်လည်း အချိန်မမှီခဲ့ပါ။

ဟူး

ဆွန်းမိုရဲ့ သစ်သားဓါးက ချူရှုခုန်ရဲ့ ခေါင်းကို ထိမှန်သွားသည်။ ချူရှုခုန် မြေပေါ်လဲကျသွားသည်။

“အမ်”

ဆွန်းမိုသည် ပြိုင်ဘက်ခေါင်း မပေါက်ကွဲတဲ့အတွက် အံ့အောနေသည်။ ဒါကြောင့် နတ်ဘုရားမျက်စိ အာရုံကို အသက်သွင်းလိုက်သည်။

အချက်အလက်များအရ ဒီ အဆင့် ချပ်ဝတ်တန်ဆာ အလွှာက ချူရှုခုန်ရဲ့ အရေပြားကို ဖုံးအုပ်ထားကြောင်း ဖော်ပြနေသည်။

"အထင်ကြီးစရာပဲ"

ဆွန်းမို ချီးကျူးလိုက်သည်။ ဒါက ရှားပါးတဲ့ ဝိညာဉ်နည်းစနစ် တစ်ခု ဖြစ်သည်။ ဝိညာဉ်သားရဲ ဝိသေသကို ရရှိနိုင်ပြီး တိုက်ခိုက်ရေး အစွမ်းကိုလည်း မြှင့်တင်ပေးနိုင်သည်။

ကောင်းကင်သစ်ခွဲ၏ လူငယ်ခေါင်းဆောင်ဆရာတစ်ယောက်အနေနဲ့ ချူရှုခုန်မှာ အစွမ်းတချို့ရှိနေသည်။

"မင်း သေရမယ်"

ချူရှုခုန် အော်ဟစ်လိုက်သည်။ ဒီကောင်က ကိုယ်ပွားနည်းစနစ်ကို တကယ် သိတာလား။

နည်းနည်းတော့ ဒုက္ခရောက်သည်။

(အင်း၊ ကိစ္စမရှိဘူး။ တစ်ချက်တည်းနဲ့ မရလျှင် နှစ်ချက် သုံးချက် ခုတ်မယ်)

ဆွန်းမိုက လေဘုရင်နတ်ဘုရား ခြေလှမ်းကို အသုံးပြုပြီး သဏ္ဍာန်မဲ့ ကိုယ်ပွားကို အသုံးပြုခဲ့သည်။ ဝိညာဉ်သားရဲသုံးကောင်ရဲ့ တားဆီးမှုကို အလွယ်တကူ ကျော်လွှားပြီး ချူရှုခုန်ရဲ့ အနီးသို့ ရောက်သွားသည်။

ဝိညာဉ်သားရဲ ထိန်းချုပ်သူနဲ့ တိုက်ခိုက်တဲ့အခါ မှန်ကန်တဲ့ ရွေးချယ်မှုသည် သခင်ကို ဒေါသတကြီး မတိုက်ခိုက်ဘဲ သားရဲများကို တိုက်ခိုက်ရမည်။

ချူရှုခုန် သိသိသာသာ မျက်နှာပျက်သွားသည်။ သူ့ကိုယ်သူ ကာကွယ်ရန် သားရဲသုံးကောင်ကို အနားသို့ ချက်ခြင်း ပြန်ခေါ်လိုက်သည်။

တစ်ဖက်တွင် ရှန်ယွန်ပေါင်နှင့် ဘိုလီတို့ တိုက်ခိုက်နေကြသည်။

"ငွေလှံ၊ သွေးစမ်းကြည့်ဖို့ အချိန်ရောက်ပြီ"

ရှန်ယွန်ပေါင်ရဲ့ ငွေလှံ တုန်ယင်သွားသည်။ ပင်လယ်ထဲက ထွက်လာတဲ့နဂါးတစ်ကောင်လို ကြီးမားတဲ့စွမ်းအားနဲ့ ဘိုလီကို သတ်ဖြတ်ဖို့ ပြေးဝင်သွားသည်။

ဘုန်း

ဘိုလီသည် တားဆီးလိုက်သော်လည်း သေွးချောင်းဆိုးကာ နောက်သို့ လွင့်ထွက်သွားသည်။

“ဒီကောင်............”

မူလက ဘိုလီ၏ ခွန်အားသည် ရှန်ယွန်ပေါင်နှင့် တူသည်။ သို့သော် သူသည် ရှန်ယွန်ပေါင်က ရှိသမျှ ထုတ်သုံးမယ်လို့ မထင်ထားခဲ့ပါ။ ဘိုလီသည် ပထမဆုံး အကြိမ် ထိပ်တိုက် တွေ့ဆုံစဉ်တွင် ၃၀ ရာခိုင်နှုန်းကို အရမ်းအင်အားအဖြစ် ချန်ထားခဲ့သည်။ သို့သော်လည်း အဲဒီလို လုပ်လိုက်သဖြင့် ရှန်ယွန်ပေါင်

ခွန်အားကို မတားဆီးနိုင်ခဲ့ပါ။ ဒါကြောင့်လည်း ဆိုးကျိုး ကြီးကြီးမားမား ခံစားလိုက်ရသည်။

ပထမအကြိမ် ထိပ်တိုက်တွေ့ဆုံမှုတွင် အသာစီးရပြီးနောက် ရှန်ယွန်ပေါင်သည် အဆက်မပြတ် တိုက်ခိုက်ခဲ့သည်။

ပုလဲပန်း လုံမိုး။

ရွှတ်စ် ရွှတ်စ် ရွှတ်စ်

ပုလဲပန်းများသည် ရာနဲ့ချီပြီး ပွင့်လာသည်။

အချိန်တစ်ခုကြာအောင် ဘိုလီ၏ မျက်လုံးထဲတွင် လုံရိပ်များ ဖုံးလွှမ်းနေသည်။ သူ့ရဲ့

ကျောင်းသားအဖွဲ့ကို ညွှန်ကြားဖို့ စိတ်မပူနိုင်တော့ဘဲ အသက်ရှင်ဖို့အတွက်သာ လုံးလုံး အာရုံစိုက်ထားရသည်။

"ရှန်ယွန်ပေါင်၊ မင်းလုပ်နိုင်လား ၊ မလုပ်နိုင်ဘူးလား"

ကျန်ရန်ဇောင်က ညည်းတွားလိုက်သည်။ (အနည်းဆုံးတော့ ငါက အဖွဲ့ခေါင်းဆောင်လေ။ သူတို့ရဲ့ အဖွဲ့ခေါင်းဆောင်နဲ့ တိုက်ခွင့် မပေးဘူးလား)

"အရမ်းကောင်းတယ်"

ကျန်ရန်ဇော်ခင်နဲ့ တိုက်ခိုက်နေတဲ့ ဝမ်မင်သည် သူတို့ လျှော့တွက်နေတာ မြင်လိုက်ရသည်။ ဒါပေမယ့် စိတ်ဆိုးရုံသာမက တိတ်တဆိတ် ပျော်သွားသည်။ ကျန်ရန်ဇော်ခင် အလစ်တိုက်လိုက်သည်။

သို့သော် တိုက်ကွက်များ ဖလှယ်ပြီးတဲ့အချိန်တွင် သူ စိတ်ကူးယဉ်နေမှန်း သိလိုက်ရသည်။

ကျန်ရန်ဇော်ခင် အာရုံပျံ့နေရင်တောင် သူ အနိုင်မရနိုင်ပါ။

ရွှတ်စ် ရွှစ်

ကျန်ရန်ခေါင် လျှင်လျှင်မြန်မြန် တိုက်ခိုက်လိုက်သည်။ အေးစက်တဲ့ လေပြင်းတစ်ခု ပေါ်လာသည်။ ဝမ်မင်ရဲ့ဓါးကို ဘေးသို့ ရိုက်ထုတ်လိုက်ပြီး ဓါးကွေးနဲ့ လက်မောင်းကို ခုတ်ချလိုက်သည်။

ဟာ

လက်မောင်းပြတ်ထွက်ပြီး သွေးတွေ စီးကျလာသည်။

"အာ.........."

ဝမ်မင် နာကျင်စွာ အော်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြန်တည်ငြိမ်လာတဲ့ ကောင်းကင်သစ်ခွမှ ကျောင်းသားများသည် ဒီမြင်ကွင်းကို မြင်ပြီးနောက် ဘောင်းဘီထဲ သေးထွက်ကျချင်လာသည်။

အခန်း (၃၈၂) - အရှုံးပေးဖို့ ငြင်းဆန်တဲ့လူမှန်သမျှ သတ်ပစ်။

"အမ်၊ ဘာဖြစ်လို့ ရုတ်တရက် ထတိုက်ကြတာလဲ"

"ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတွေ အရမ်းရဲတင်းလွန်းတယ်။ သူတို့ဘက်စပြီး ကောင်းကင်သစ်ခွ အကယ်ဒမီကို တိုက်ခိုက်ခဲ့တယ်"

"ရက်စက်လွန်းတယ်။ သိသိသာသာကို ကြမ်းတမ်းလွန်းတယ်"

ဒီမြင်ကွင်းကို မြင်ပြီး အခြားကျောင်းက ကျောင်းသားအုပ်စုများ အရမ်း အံ့အောနေကြသည်။

သူတို့ရဲ့ အမြင်အရ ဗဟိုပြည်နယ်အကယ်ဒမီသည် ကျားဖြူအစောင့်ကို ရပြီးတာနဲ့ ချက်ခြင်း

ပြန်ဆုတ်ခွာသွားသင့်သည်။ ဒီလိုမှမဟုတ်ရင် ကောင်းကင်သစ်ခွဲရဲ့ လုယူခြင်း ခံရလိမ့်မည်။ ဒါပေမယ့် ဗဟိုပြည်နယ်အကယ်ဒမီက ကောင်းကင်သစ်ခွဲကို လုံးဝ ဂရုမစိုက်ဘူးဆိုတာ ဘယ်သူမှ မထင်ထားခဲ့ပါ။

ဒါက ချန်ပီယံတစ်ယောက်ရဲ့ အပြုအမူလား။

ဆရာတချို့ မျက်လုံး အရောင်တောက်လာသည်။ အပိုင်းအစတချို့ကို ကောက်ယူဖို့ စဉ်းစားနေသည်။

....

“ဒီကောင်”

လီဇီချီ နှုတ်ခမ်းတွန့်သွားသည်။ ကျန်ရန်ဖေါင်က ဉာဏ်ကစားရတာကို သိသိသာသာ ကြိုက်လွန်းသည်။ သူ့ရဲ့ ခွန်အားအရဆိုလျှင် ဝမ်မင်ကို တစ်ချက်တည်းနဲ့ သတ်နိုင်သည်။ အဲဒီအစား ဝမ်မင်ရဲ့ လက်တစ်ဖက် ဖြတ်ခဲ့သည်။

ဝမ်မင်၏ နာကျင်တဲ့ အော်သံနဲ့ ပြိုင်ဘက်ရဲ့ စိတ်ဓါတ်ခွန်အားကို ရိုက်ချိုးဖို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သည်။

အမှန်အတိုင်းပြောရလျှင် သေခြင်းရှင်ခြင်း ရင်ဆိုင်နေရတဲ့အချိန်မှာ နာကျင်စွာ

အော်လိုက်တဲ့အသံက ပိုလို့တောင် ဖိအားများစေသည်။

"ဒီလို လှည့်ကွက်အသေးလေးတွေ ကစားတဲ့နေရာမှာ ကျန်ရန်ဇောင်က အမြဲတမ်း စမတ်ကျလွန်းတယ်"

ကူရှပ်ရှင်းက သက်ပြင်းချရင်း ပြောလိုက်သည်။

ကျန်ရန်ဇောင်ကို ဘယ်လို အကဲဖြတ်ရမလဲ။ ကဏ္ဍပေါင်းစုံတွင် သူ့ရဲ့ စံနှုန်းက တော်တော် မြင့်သည်။ ဒါပေမယ့် ဒါကို ဘယ်နယ်ပယ်မှာမှ ထူးချွန်အောင် ကောင်းကောင်း မလုပ်ခဲ့ပါ။

ရှင်းရှင်းလင်းလင်း ပြောရလျှင် သူ့နှလုံးသားက မသန့်ရှင်းဘူးလို့ ပြောနိုင်သည်။

ဉ_ပမာ ရှန်ယွန်ပေါင်ဆိုလျှင် တိုက်ခိုက်ရေး အခြေအနေကို ရောက်သွားတာနဲ့ ပြိုင်ဘက်ကို အနိုင်ယူဖို့သာ တွေးနေလိမ့်မည်။ ကျန်တဲ့ အရာတွေကို ဂရုမစိုက်တော့ပါ။

အတိအကျပြောရလျှင် ရှန်ယွန်ပေါင်က ပြင်းထန်တဲ့ တိုက်ခိုက်ရေးအစွမ်းကို ပြသနိုင်ပြီး ကောင်းကင်သစ်ခွ အကယ်ဒမီကို ရင်သပ်ရှုမော ဖြစ်စေတဲ့ စိတ်နှလုံးမျိုး ပိုင်ဆိုင်ထားသည်။

"ဒီလို ပြောလို့တော့ မရဘူး။ ရန်ဇောင်က ယွန်ပေါင် မဟုတ်ဘူး။ မင်းရဲ့ တစ်ဖက်သတ် စိတ်ကူးထားတ အစီအစဉ်နဲ့ ကျောင်းသားကို ကြီးထွားခိုင်းလို့ မရဘူး။ အဲဒီအစား သူတို့ရဲ့ အလေ့အထနဲ့ ကိုယ်ညီတဲ့ လေ့ကျင့်ရေး အစီအစဉ်ကို ချမှတ်ပြီး သူတို့ကို ကြီးထွားစေသင့်တယ်"

ဆွန်းမိုက ငြင်းဆိုလိုက်သည်။

တိုက်ပွဲအတွင်းတွင် ရှန်ယွန်ပေါင်မှာ ထိတ်လန့် တုန်လှုပ်စရာ ကောင်းတဲ့ အရည်အချင်းရှိသည်။ သို့သော်လည်း သူ့ရဲ့ ပြည့်စုံတဲ့ စွမ်းအားနှင့်

အနာဂတ်အောင်မြင်မှုသည် ကျန်ရန်ဖောင်ထက် သေချာပေါက် ကျော်လွန်သွားမယ်လို့ ပြောလို့ မရပါ။

တကယ်တော့ ပြည်နယ်ကိုးခုမှာ ကိုယ်ခံစွမ်းအားက အမြင့်ဆုံး ဖြစ်သော်လည်း ကိုယ်ခံစွမ်းအားနှင့် ဖြေရှင်းလို့ မရတဲ့ ပြဿနာများ ကြုံလာတဲ့ အချိန်များလည်း ရှိသေးသည်။

"မင်းပြောချင်တာကို နားလည်တယ်"

ကူရှုပ်ရှင်း မချိပြုံး ပြုံးလိုက်သည်။ အဲဒီလို ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ရှန်ယွန်ပေါင်လို သိုင်းတာအို ကောင်းတဲ့ပါရမီရှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက်ကို မလိုချင်တဲ့လူ ရှိလို့လား။

ဆွန်းမိုက ဒီအကြောင်းအရာနဲ့ ပက်သက်ပြီး ထပ်မပြောတော့ပါ။

ဆရာတွေရဲ့ ကျောင်းသားတွေကို သင်ပေးတဲ့ပုံသည် ကိုယ်ရေးကိုယ်တာ ကိစ္စ ဖြစ်သည်။

ဒါပေမယ့် သူသေသေချာချာ သိတဲ့ အချက်တစ်ချက် ရှိသည်။ ကျောင်းသားအရည်အချင်းနဲ့ ကိုက်ညီအောင်

သင်ကြားပေးဖို့သည် ဆရာတစ်ယောက်ရဲ့ တာဝန်ဖြစ်သည်။

ဆရာတစ်ယောက်အနေနဲ့ ဆွန်းမိုသည်ကျောင်းသားတွေအတွက် အသင့်တော်ဆုံးစားမေးပွဲကိုသာ စစ်ချင်သည်။ သို့သော်လည်းအဲဒီလောက် အစီအစဉ် ရေးဆွဲရန် အချိန်မရှိပါ။

အမှတ်(၂) အထက်တန်းကျောင်းတွင် တစ်တန်းကိုလူငါးဆယ်နှုန်းနဲ့ အတန်းသုံးတန်းသင်ကြားခဲ့ရသည်။ သင်ခန်းစာ ပြင်ဆင်ခြင်း၊ အိမ်စာအမှတ်ပေးခြင်းတို့နဲ့ မနက်ကနေ ညအထိ

အလုပ်များနေခဲ့သည်။

ကျောင်းသားတစ်ယောက်အတွက် ပြီးပြည့်စုံတဲ့ အစီအစဉ် ရေးဆွဲဖို့ ဘယ်လို အချိန်ရှိမှာလဲ။

ဒါကြောင့် ကျောင်းသားတွေ အမှတ်ကောင်းကောင်း ရစေမယ့် နည်းလမ်းကိုသာ ဦးစားပေးပြီး ရွေးချယ်ခဲ့ရသည်။

ကျောင်းသားတွေ စလေ့လာဖို့အတွက် စိတ်ပူစရာ မလိုပါ။ သူတို့ကို သိသိသာသာ ပြင်းထန်တဲ့ မေးခွန်းပေးနိုင်သည်။ ဒါဆို သူတို့ကိုယ်သူတို့ ဘယ်လို လုပ်ရမလဲဆိုတာ သိလာလိမ့်မည်။

သို့သော်လည်း အချိန်အများစုကတော့ တာဝန်ခံဆရာက အဖြေပေးဖို့ လိုအပ်သည်။ ဘယ်လိုပဲပြောပြော ကျောင်းသားဦးရေသည် သူတို့လုပ်ပေးနိုင်တဲ့ ဘောင်အပြင်ဘက် ရောက်နေသည်။

တစ်ခါတည်းသော ပြဿနာက အားနည်းတဲ့ ကျောင်းသားတွေအတွက် ဖြစ်သည်။ သူတို့က သင်ကြားရေး အရှိန်အဟုန်ကို မလိုက်နိုင်ဘဲ စာကျက်ရန် မုန်းတီးလာကာ တဖြေးဖြေးနဲ့

လမ်းချော်သွားနိုင်သည်။ နောက်ဆုံးတွင် သင်ယူရန် စိတ်မပါတော့တာတောင် ဖြစ်နိုင်သည်။

တချို့ကတော့ အတန်းထဲမှာတောင် သဘောပေါက်သွားသည်။ သူတို့ ခဏလောက် ခက်ခဲပြီး အမှီလိုက်နိုင်သည်။ အားနည်းတဲ့ ကျောင်းသားအများစုကတော့ လက်လျှော့ဖို့ ရွေးချယ်သွားတတ်သည်။

ဆွန်းမိုက သူတို့ကို ကြည့်ပြီး ရင်ထဲက နာကျင်ရပေမယ့် ဘာမှ မတတ်နိုင်ခဲ့ပါ။ တစ်ရက်မှာ ၄၉ နာရီ မရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ချိန်တည်းမှာပင် ရှေးခတ်က ဆရာများသည် ကောင်းကင်နှင့် မြေကြီးကဲ့သို့ မြင့်မြတ်သည်။

ဆရာများသည် မိဘများနှင့် တူညီတဲ့ အဆင့်မှာ ရှိကြသည်။ ဘာဖြစ်လို့ ဒီလိုဖြစ် ရတာလဲ။ ကျောင်းသားတစ်ယောက်က ကိုယ်ပိုင်ဆရာတင်လိုက်တာနဲ့ အဲဒီဆရာက သူတို့ကို ကောင်းမွန်စွာ သင်ကြားပေးရန် တာဝန်ရှိသည်။

ကျောင်းသားတစ်ယောက်ကို သင်ပေးတဲ့ ရလဒ်နှင့် ကျောင်းသားတစ်ရာကျော်ကို သင်ပေးတဲ့ ရလဒ်သည် သိသိသာသာ ကွာခြားနေလိမ့်မည်။

ချီရှန်ကျား၊ လုချီ၊ ရှီကွမ်နှင့် ချိုင်တန်တို့က သူ့ကို ဆရာတင်ချင်နေမှန်း သူသိသည်။ ဘာဖြစ်လို့ လက်မခံတာလဲ။

ကောင်းကောင်း မသင်ပေးနိုင်တော့မှာ သူစိုးရိမ်နေသည်။

ပြည်နယ်ကိုးခုတွင် ဆရာဖြစ်ရခြင်းသည် အမှတ်(၂) အထက်တန်းကျောင်းမှာ ဆရာလုပ်ရတာနဲ့ ကွာခြားသည်။

အမှတ် (၂) အထက်တန်းကျောင်းတွင် ကျောင်းသားတစ်ယောက်က ကောလိပ်တက်ရန်

အရမ်းအချင်း မမှီပါက ဆရာကို ဆူပူကျိန်းမောင်းတဲ့လူ တော်တော်ရှားသည်။ ဒါပေမယ့် ပြည်နယ်ကိုးခုတွင်တော့ ဆွန်းမိုကို အသုံးမကျတဲ့လူလို့ တံဆိပ် အကပ် ခံရလိမ့်မည်။

ဆရာတစ်ယောက်က ကြယ်နှစ်ပွင့် မြတ်ဆရာ မဖြစ်ခင် တိမ်စိမ်းအဆင့် ဝင်တဲ့ ကျောင်းသားတစ်ယောက် ဘာကြောင့် လိုအပ်တာလဲ။ ပြီးတော့ ကြယ်သုံးပွင့်ကနေ ကြယ်လေးပွင့် တတ်ရန် ကျောင်းသားတစ်ယောက်က သူရဲကောင်းအဆင့်ထဲ ဝင်ဖို့ လိုအပ်သည်။

ဒါက မြတ်ဆရာရဲ့ သင်ကြားရေး စွမ်းရည်ကို စမ်းသပ်ချင်လို့ ဖြစ်သည်။

တကယ်လို့ အသက်သုံးဆယ် မတိုင်ခင် ဒဏ္ဍာရီ နယ်ပယ်ထဲသို့ ဝင်ရင်တောင် ဒါမှမဟုတ် အနာဂတ်တွင် အခြားသူများ မလုပ်နိုင်တဲ့ လုပ်ဆောင်ချက် တစ်ခု လုပ်ရင်တောင် တိမ်မြစ်မြဲအဆင့်ဝင်တဲ့ ကျောင်းသားတစ်ယောက်မှ မသင်ကြားနိုင်လျှင် ကြယ်နှစ်ပွင့် မြတ်ဆရာဘွဲ့ကို ရမှာ မဟုတ်ပါ။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့အခိက အလုပ်သည် ပညာတွေ ဖြန့်ဝေပေးဖို့ ဖြစ်သည်။

ဆွန်းမိုသည် ကျောင်းသားခြောက်ယောက်ကို ကျောင်းသား စုဆောင်းရေးပွဲမှာ ခေါ်ယူခဲ့သည်။ အဲဒီအချိန်သည် ချင်လင်မြို့သို့ ရောက်ခါစဖြစ်ပြီး ပြည်နယ်ကိုးခုရဲ့ ထုံးစမ်းအစဉ်အလာနှင့် မရင်းနှီးသေးပါ။ ပြီးတော့ တာဝန်အောင်မြင်အောင် သူတို့ကို လက်ခံခဲ့သည်။ ဒါပေမယ့် နောက်ပိုင်းမှာ ပိုသတိ ထားလာခဲ့သည်။

ဆွန်းမိုရဲ့ လက်ရှိ အယူအဆမှာ ကျောင်းသားတစ်ယောက်ကို တပြည့်အဖြစ် လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အစွမ်းကုန်ကြိုးစားပြီး ကျောင်းသားက တောက်ပြောင်လာကာ အောင်မြင်တဲ့လူတစ်ယောက် ဖြစ်လာစေရမည်။ အနည်းဆုံးတော့ သူတို့ရဲ့ အချိန်ကို မဖြုန်းတီးချင်ပါ။

"မင်းတို့တွေ စကားပြောနေတုန်းလား။ ဘယ်လောက် မထီမဲ့မြင် နိုင်လိုက်သလဲ"

ဆွန်းမိုနှင့် ကူရှုပ်ရှင်းသည် စကားပြောဖို့ အချိန်အားနေသေးတာ မြင်လိုက်လျှင် ချူရှုခုန်သည် အဆုတ်ပေါက်ကွဲလုမတတ် ဒေါသထွက်သွားသည်။ (ငါ့ကို တကယ် လျှော့တွက်နေတာလား)

ချူရှုခုန် ထပ်မတွေဝေတော့ပါ။ သူက ဓါးတစ်ချောင်း ထုတ်ပြီး လက်ကောက်ဝတ်ကို ဖြတ်လိုက်သည်။

ရှူး

သွေးစိမ်းများ ထွက်လာသော်လည်း မြေပေါ်သို့ မကျပါ။ အဲဒီအစား မမြင်နိုင်တဲ့လက်နဲ့

ထိန်းချုပ်ထားသကဲသို့ ထူးဆန်းတဲ့ တက်တူး ပုံစံ ပေါ်လာသည်။

ချူရှူခုန် တိတ်ဆိတ်သွားသည်။ သူ့ရဲ့အသန်မာဆုံး သားရဲကို ဆင့်ခေါ်ချင်နေသည်။ ဒါပမယ့် သူ့ကို ဆင့်ခေါ်လိုက်တိုင်း သွေးအဆီအနှစ်အများကြီး ဆုံးရှုံးရသည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ ဒီဝိညာဉ်သားရဲက သွေးအဆီအနှစ်ကို အစာအဖြစ် မှီခိုနေသည်။

ဆွန်းမိုသည် အရင်ကမ္ဘာတွင် ဂိမ်းဝါသနာအိုးဖြစ်သည်။ လက်ရှိ အခြေအနေကို ကြည့်လိုက်တာနဲ့ ချူရူခုန်က သူ့ရဲ့ အကောင်းဆုံးအကွက်ကို ထုတ်သုံးတော့မှာ သိနေသည်။ ဒါပေမယ့် ဆွန်းမိုကို သူက ဘယ်လိုနိုင်အောင် လုပ်မှာလဲ။

ဆွန်းမို မျက်လုံးက အာရုံ စိုက်လိုက်သည်။

ဗုဒ္ဓအကြည့်။

ရွှတ်စ်

ရွှေရောင်အလင်းတန်း နှစ်ခုက ချူရှူခုန် အရှေ့က သွေးရောင် တက်တူးကို တိုက်ရိုက် ဖျက်ဆီးလိုက်သည်။

"အသုံးမဝင်ဘူး။ ဖိတ်ခေါ် ပြီးသွားပြီ"

ချူရှူခုန်က တဝေါဝေါ ထရယ်သည်။

မြစ်ကို ဖြတ်သန်းခြင်း

ရွှတ်စ်

ဆွန်းမိုက ချူရှူခုန် အနောက်တွင် ချက်ခြင်း ပေါ်လာသည်။

ဆောင်းဦးအရိပ်။

အဲဒီအချိန်တွင် ချူရူခုန်ရဲ့ အမြင်ကို သစ်သားဓါးက ပိတ်ဆို့သွားသည်။ ဒီခံစားချက်က သစ်ရွက်ခြောက်တွေ ကြွေနေတဲ့ ပတ်ဝန်းကျင်မှာ ဆောင်းဦးမိုးရွာနေတာကို ကြည့်ရင်း မြစ်ကမ်းနံဘေးမှာ ရပ်နေရသလို ဖြစ်နေသည်။

များပြားလှတဲ့ သက်ရှိများသည် သေဆုံးခြင်းသို့ ဦးတည်နေကြသည်။

ဘုန်း

ချူရှုခုန် နောက်စေ့သို့ သစ်သားခါးနဲ့ ထိမှန်သွားသည်။ ဖရဲသီးတစ်လုံးကွဲသို့ ပေါက်ကွဲသွားသည်။

ဖုန်း

အလောင်းက မြေပေါ်သို့ လဲကျသွားသည်။

ဘုန်း

စောင့်ကြည့်နေကြတဲ့ မျောက်ချီး၊ လင်းယုန်နှင့် မြွေတို့သည် သူတို့ သခင်ကို ကယ်တင်ဖို့ ပြေးလာကြသည်။ သူတို့က ဆွန်းမိုကို တန်းပြီး တိုက်ခိုက်လိုက်သော်လည်း အဲဒါက ကိုယ်ပွား

ဖြစ်နေသည်။ တကယ်တော့ ဆွန်းမိုသည် အဲဒီနေရာကနေ ထွက်သွားတာ ကြာနေပြီ။

သူတို့ သခင်ကို ဆုံးရှုံးလိုက်ရသဖြင့် ဝိညာဉ်သားရဲများသည် အဲဒီနေရာမှာပင် မှင်တက်နေကြသည်။ အဲဒီနောက် သူတို့အားလုံး ထွက်ခွာသွားသည်။

"ဆရာက စွမ်းအားကြီးလိုက်တာ"

ရှီကွမ်နှင့် လုချီတို့သည် တိုးတိုးလေး အော်လိုက်ကြသည်။

တခြားကျောင်းသားတွေက ဘာမှမပြောကြပေမယ့် စိတ်ဓါတ် အရမ်း တက်ကြွလာသည်။

ဘယ်လိုပဲကြည့်ကြည့် ချူရှုခုန်သည် ကောင်းကင်သစ်ခွ အကယ်ဒမီရဲ့ အဖွဲ့ခေါင်းဆောင် ဖြစ်သည်။ ပြီးတော့ သူက မဟားကိုးပါးက ဘွဲ့ရတစ်ယောက် ဖြစ်သည်။ သို့သော်လည်း နောက်ဆုံးတွင် ဆရာဆွန်းရဲ့ အရှိန်အဟုန်နဲ့ ဖိနှိပ်မှုကို ခံရပြီး အဆုံးသတ်သွားခဲ့သည်။

ဆရာဆွန်းက တကယ်သန်မာသည်။

"အိုဘုရားရေ။ ဆွန်းမိုက တကယ် ကြမ်းတမ်းတာပဲ"

ကွမ်ဒင် မျက်လုံးမှေးသွားသည်။ ဆွန်းမိုက ဒုတိယအချီတွင် ဆရာတချို့ကို အနိုင်ယူခဲ့တဲ့အကြောင်း ကြားမိသည်။ သို့သော်လည်း မျက်မြင်တွေ့လိုက်မှ ဆွန်းမို ဘယ်လောက် သန်မာကြောင်း သိလိုက်ရသည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုသာ ရုတ်တရတ် မပေါ်လာခဲ့ရင် ကွမ်ဒင်သည် ဖန်ယန်တို့နဲ့ အတူ ဆရာအဖွဲ့တွင် ပါဝင်နေလိမ့်မည်။ သို့သော်လည်း

ဖန်ယန်၏ ပင်ကိုယ်စရိုက်ကြောင့် ကောင်းကင်အကယ်ဒမီကို စတင် တိုက်ခိုက်မည့် ဆုံးဖြတ်ချက်မျိုးကို ချမှာ မဟုတ်ပါ။ ဒါကို သူသိနေသည်။

မဟုတ်သေးဘူး။ ဖန်ယန်က ကောင်းကင်သစ်ခွ အကယ်ဒမီက ကျားဖြူအစောင့်ကို အနိုင်ယူတာပဲ စောင့်ကြည့်နေလိမ့်မည်။

ဆွန်းမိုရဲ့ လုပ်ဆောင်ချက်က သွေးဆူသော်လည်း ပျော်ဖို့ ကောင်းသည်။

ဒီခရီးမှာ အသတ်ခံရမှာလား။

ဝမ်ချောင်သည် ဆွန်းမိုကိုကြည့်ပြီး ရုတ်တရက် ကိုးကွယ်ချင်စိတ် ပေါက်လာသည်။

ဒင်

“လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၅,၁၂၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“ဆရာဆွန်း၊ မင်းက ငါ့ကို မျက်နှာသာပေးလို့ မရဘူးလား။ ရန်သူတွေကို မြန်မြန်သတ်လိုက်ရင် ငါတို့ ဘာလုပ်ရမှာလဲ”

ကူရှပ်ရှင်း မျက်လုံးပြူးနေသည်။ သူမက ငြီးတွားနေပုံရသော်လည်း သူမရဲ့ လေသံထဲတွင် လေးစားမှု၊ ချီးကျူးမှုများ ပါဝင်နေသည်။

....

"ချူရှ"

ဆွန်းမိုရဲ့တိုက်ခိုက်မှုကြောင့် ချူရှုခုန် ခေါင်းပေါက်ကွဲသွားတာ မြင်ပြီး လင်းပိုင်နှင့် ဆရာနှစ်ယောက်၏ နှလုံးသားများ ချက်ခြင်း အေးခဲသွားသည်။ ဒီဆွန်းမိုက တကယ် အစွမ်းထက်လှချည်လား။

သူတို့ရဲ့ကျောင်းသားတွေ ဘယ်လိုမှ ပိုမကောင်းလာနိုင်တော့ပါ။ တိုက်ပွဲဝင်ချင်တဲ့ စိတ်လည်း လျော့နည်းသွားပြီး အားလုံး ကြောက်လန့်နေကြသည်။

"ငါ....ငါ...."

လင်းပိုင်သည် ဒီလိုအခြေအနေမျိုးမှာ တစ်ယောက်ယောက်က ဦးဆောင်ပြီး အဖွဲ့ရဲ့စိတ်ဓါတ်ကို မြှင့်တင်ပေးသင့်မှန်း သိနေသည်။ သူ့နှုတ်ခမ်းတွေ လှုပ်သွားပြီး ဆွန်းမိုကို

လှမ်းကြည့်လိုက်တဲ့ အချိန်တွင် သူ့စကားလုံးတွေက လည်ချောင်းထဲ ပျောက်ကွယ်သွားသည်။

တကယ်ကို ဘာမှ မပြောရဲတော့ပါ။

(နောက်ထပ် သေရမယ့်လူ ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ)

ဆွန်းမိုသည် ချူရှုခုန်ကို အနိုင်ယူပြီးတဲ့နောက်မှာ ဆက်မလှုပ်ရှားတော့ပါ။ အဲဒီနေရာပဲ ရပ်နေရုံနဲ့ ကြီးမားတဲ့ ခြိမ်းခြောက်မှုနှင့် ဖိအားကို ပေးနေနိုင်သည်။ လင်းပိုင်နှင့် အခြားနှစ်ယောက်သည် ကာကွယ်ဖို့အတွက်သာ အာရုံစိုက်ထားတော့သည်။

ဆွန်းမိုရဲ့ အာရုံစိုက်ခြင်း ခံလိုက်ရတဲ့ ဘယ်သူမဆို အရင်ဆုံး သေသွားနိုင်တယ်လို့ ခံစားနေရသည်။

"မင်းရဲ့ သေခြင်းကို လက်ခံလိုက်ပါ"

ဝမ်ချောင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

(တောက်၊ ဆွန်းမိုကို ကြောက်နေရလို့ ပေါ့ကွာ။ ဒီလိုမှမဟုတ်ရင် မင်းလို ဆားနယ်ငါးကို ကြောက်နေရမှာလား)

ဂေါင်ဇီဟွာက စိတ်ထဲက ကျိန်ဆဲလိုက်သည်။

....

"သတ်၊ သတ်၊ သတ်"

ကျန်ရန်ဖေါင် အော်ဟစ်လိုက်သည်။

ရှန်ယွန်ပေါင်သည် ဘိုလီကို လွှင့်ထွက်သွားအောင် လုပ်ပြီးနောက် ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့ရဲ့ အလယ်ကို ပြေးသွားပြီး လှံကိုဝှေ့ယမ်းကာ ဖွဲ့စည်းပုံကို ဖြိုခွဲလိုက်သည်။

ဝူးရှ် ဝူးရှ် ဝူးရှ်

အင်ဘိုင်ဝူက မြွားခုနှစ်စင်းကို တစ်ချက်တည်း ပစ်လိုက်သည်။

သူမရဲ့ ပြိုင်ဘက်က မြွားလေးစင်းကို ရှောင်လိုက်သည်။ နောက်ဆုံးတော့ သူ့ရင်ဘက်ကို အခြားလူသုံးယောက်က ဓါးနဲ့ ထိုးသွင်းသွားသည်။

"အင်ဘိုင်ဝူ၊ ဘာမြွားပစ်နည်းလဲ"

အင်ဘိုင်ဝူ လေ့ကျင့်ထားတဲ့ လေးကျင့်စဉ်သည် အနည်းဆုံး ကောင်းကင်အဆင့် ရှိလိမ့်မည်။

"လျှို့ဝှက်ချက်"

အင်ဘိုင်ဝူကတော့ ထုံးစံအတိုင်း ထုတ်ပြောမှာ မဟုတ်ပါ။

"ဟွန့်၊ မင်းမပြောရင်တောင် မင်းဆရာ သင်ပေးထားမှန်း သိတယ်"

ကူဒင်ဂျီ နှုတ်ခမ်းကွေးသွားသည်။ အပျက်အဆီးထဲကို ဝင်တုန်းက ဆွန်းမို ပြသခဲ့တဲ့ ကြောက်စရာကောင်းတဲ့ လေးပစ် စွမ်းရည်ကို မမေ့သေးပါ။

(အင်း။ ဆွန်းမိုကို တကယ်ပဲ ကိုယ်ပိုင် ဆရာတင်ချင်တယ်။)

ကျောင်းသားတွေ တိုက်ခိုက်မှုကို မခံနိုင်မှာ ဆွန်းမို စိုးရိမ်နေခဲ့သည်။ ဒါပေမယ့် သိပ်မကြာခင် သူအတွေးလွန်နေမှန်း သိလိုက်ရသည်။

ကောင်းကင်သစ်ခွ အကယ်ဒမီသည် ရီနိုင်ငံတွင် တည်ရှိပြီး သူတို့ကျောင်းသားများကလည်း အဲဒီနိုင်ငံသားများ ဖြစ်သည်။ ရီနိုင်ငံနှင့် တန်နိုင်ငံသည် နယ်မြေခြင်း ထိစပ်နေသည်။ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားကာ နှစ်ရာနဲ့ချီပြီး စစ်ဖြစ်နေခဲ့သည်။

တကယ်လို့ တန်နိုင်ငံကဆိုလျှင် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများ ညှာတာကြအုံးမည်။

ဒါပေမယ့် ရီနိုင်ငံဆိုရင်တော့ တောင်းပန်ပါတယ်။ (ညှာတာမှုဆိုတာ ဘာလဲ)

“လူမခွဲပါနဲ့။ မင်းရဲ့အသင်းငယ်လေးတွေထဲမှာပဲ နေပြီးတိုက်ခိုက်ပါ”

“ကြံ့သလို မသတ်ပါနဲ့။ အားအနည်းဆုံးလူကို ရွေးပြီး သတ်ပါ”

“ရှန်ယွန်ပေါင် မင်းကိုပြောနေတာ။ သွားပြီးတော့ သူတို့ရဲ့ အညံ့ဆုံး ကျောင်းသားတွေကို သတ်ပစ်”

လီဇီချီက အနောက်မှာ ရပ်နေသည်။ တိုက်ပွဲ အဖြေက သတ်မှတ်ပြီးသား ဖြစ်နေသဖြင့် မီးလုံး မပစ်တော့ပါ။

လီဇီချီက တိုက်ပွဲကို ညွှန်ကြားနေပေမယ့် အရမ်းကို စိတ်အေးလက်အေး ဖြစ်နေသည်။ အဲဒီစကား ပြောပြီးနောက် ပြိုင်ဘက် ကျောင်းသားများသည် အရမ်းကို အဆင့်နိမ့်သလို ခံစားလာရသည်။ ဆန့်ကျင်ဘက်အနေနဲ့ အဲဒီကျောင်းသားများသည် သူ့ရဲဘောကြောင်ပြီး တိုက်ခိုက်ဖို့ ကြောက်လန့်နေကြသည်။ ထွက်တောင်

မပြေးနိုင်ကြပါ။ ဒီလိုလုပ်ခြင်းအားဖြင့် သူတို့ဘက်က ရုတ်ရုတ်သဲသဲဖြစ်ကာ ထပ်ပြီး မခြိမ်းခြောက်နိုင်တော့ပါ။

ဘယ်လိုပဲပြောပြော ကျောင်းသားအားလုံးသည် ကလေးများသာ ဖြစ်သေးသည်။ သူတို့ရဲ့ စိတ်ဓါတ်က ဘယ်လောက် ခိုင်မာမှာလဲ။

"နောက်ပြန်ဆုတ်၊ နောက်ဆုတ်၊ နောက်ဆုတ်"

လင်းပိုင်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ ဒါပေမယ့် ကူရှုပ်ရှင်းရဲ့ခါးက သူ့မျက်လုံးကို ထိမှန်သွားသည်။

"အား......"

လင်းပိုင် အော်ဟစ်နေသည်။ နောက်ထပ်အခိုက်အတန့်မှာ ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့လည်း ပြိုကွဲသွားသည်။ ကျောင်းသားများသည် အရပ်လေးမျက်နှာကို ကြောက်လန့်တကြား ထွက်ပြေးသွားသည်။

"ဆရာကူက ဒီလောက်ကြောင်နာတတ်မယ်လို့ မထင်ထားဘူး"

ဝမ်ချောင် ရုတ်တရုတ် အံ့အောနေသည်။ ကူရှုပ်ရှင်းရဲ့ စွမ်းရည်က လင်းပိုင်ကို သတ်ပစ်ဖို့အတွက် လုံလောက်သည်။

“သူ့အတွက် မျက်လုံး ဆုံးရှုံးရတာက သေတာထက် ပိုဆိုးပါတယ်”

ကူရှုပ်ရှင်းက သူမကိုယ်သူမ လျှောင်ပြောင်ပြီး ပြုံးလိုက်သည်။ သတ်ရမှာ မကြောက်ပေမယ့် ကျောင်းသားအတွေ အရှေ့မှာ မသတ်ချင်ပါ။ သူတို့က သူတို့ရဲ့ ဆရာလူသတ်နေတာ ဆက်မြင်လိုက်လျှင်

သူတို့ရဲ့ ဂုဏ်သိက္ခာက မသိစိတ်ထဲမှာ ဆုံးရှုံးသွားလိမ့်မည်။

"မလိုက်ကြနဲ့တော့'

ကူရှုပ်ရှင်းက လှမ်းအော်လိုက်သည်။ အဲဒီနောက် ဆွန်းမိုကို ကြည့်ပြီး

"မင်းလက်ထဲက ကိစ္စကို ငါတာဝန်ယူလို့ စိတ်မဆိုးဘူး မဟုတ်လား"

"မဆိုးပါဘူး"

ဆွန်းမိုက ခေါင်းယမ်းရင်း ပြန်ဖြေသည်။

ကျန်ရန်ခေါင်နှင့် ကျန်တဲ့လူများကလည်း ရပ်တန့်လိုက်ပြီး စတင်ကာ အောင်ပွဲ ခံလိုက်ကြသည်။

"ဗဟိုပြည်နယ်အကယ်ဒမီ အသက်ရှည်ပါစေ။ ငါတို့ နိုင်ပြီး.................."

"ကောင်းကင် သစ်ခွ အကယ်ဒမီက ဒီလောက်ပဲလား"

"ဘယ်လောက်တောင် ကျေနပ်ဖို့ကောင်းလဲ"

ကျောင်းသားများသည် စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြပြီး အပြန်အလှန် လက်ဝါးခြင်း

ရိုက်နေကြသည်။ ဒီတစ်ကြိမ်မှာတော့ ကို့ကိုယ်ကို ယုံကြည်မှု အပြည့်ရှိနေကြသည်။

ဖြောင်း ဖြောင်း

ဆွန်းမိုက လက်ခုပ်တီးလိုက်သည်။

"အားလုံးပဲ တိတ်တိတ်နေကြ"

ရှစ်

ကျောင်းသားများ ချက်ခြင်း တိတ်ဆိတ်သွားပြီး ဆွန်းမိုဆီ လှမ်းကြည့်လိုက်ကြသည်။

ဒီလို ဖြစ်နေသဖြင့် ကူရှုပ်ရှင်းနှင့် ကျန်တဲ့နှစ်ယောက် မနာလို ဖြစ်သွားသည်။

"ဆရာကူက ပြောစရာ ရှိတယ်"

ဆွန်းမို ညွှန်ပြလိုက်သည်။

ကူရှုပ်ရှင်း အရမ်းအံ့အောသွားသည်။ အဲဒီနောက်မှာတော့ အနည်းငယ် စိတ်လှုပ်ရှားသွားသည်။ ထင်ထားသလိုပဲ ဆွန်းမို တကယ် နားလည်မှု ရှိသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀။ ကြည်ညို (၄,၅၁၀/၁၀,၀၀၀)

အကြောင်းကြားချက်ကို ရပြီးနောက် ဆွန်းမိုသည် ဖိတ်ခေါ်တဲ့ အမူအရာ လုပ်ပြလိုက်သည်။

“ကျောင်းသားတွေ အရင်ဆုံး အုပ်စုလိုက်တိုက်ပွဲမှာ အနိုင်ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်”

ကူရှုပ်ရှင်းက အနည်းငယ် ပြုံးရင်း ပြောလိုက်သည်။ အဲဒီနောက် သူမက စိတ်ရင်းဖြင့်

“အကြိမ်ကြိမ် သတ်ဖြတ်ရခြင်းက အရမ်းရိုးရှင်းတဲ့ ကိစ္စပဲ။ ဒါပေမယ့် နောင်တစ်ချိန်မှာ သူများကို မသတ်ခင် ဘဝတစ်ခုရဲ့တန်ဖိုးကို မင်းတို့ စဉ်းစားနိုင်မယ်လို့ မျှော်လင့်ပါတယ်”

ကျောင်းသားအများစုက ကူရှပ်ရှင်းရဲ့စကားကို နားမလည်ပဲ အချင်းချင်း အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ သို့သော်လည်း လီဇီချီနှင့် ကျန်ရန်ဇောင်တို့ မျက်နှာပေါ်မှာတော့ တွေးတောနေတဲ့ အမူအရာ ဖြစ်နေသည်။ ထန်ထန်ယုထန်ကတော့ ခနဲ့တဲ့တဲ့ လုပ်နေသည်။

ဆွန်းမိုက ကူရှုပ်ရှင်းကို တအံ့တအော စိုက်ကြည့်နေသည်။ သူမက သူမရဲ့ပုံစံထက် ဆန်းကြယ်လွန်းသည်။

ကူရှုပ်ရှင်းက သူတော်စင်တစ်ယောက် မဟုတ်သဖြင့် လူသတ်တာကို မကန့်ကွက်ပါ။ သို့သော်လည်း တစ်ယောက်ယောက်ကို သတ်ခြင်းရဲ့ တကယ်အဓိပ္ပါယ်ကို ကျောင်းသားတွေ နားလည်ဖို့ မျှော်လင့်သည်။

ဆွန်းမိုသည် နိုင်ငံတချို့ရဲ့ ပညာရေးဆိုင်ရာ အစီရင်ခံစာကို မြင်ဖူးသည်။

မူလတန်း ကလေးအတွက် လအနည်းငယ်ကြာအောင် ဝက်ကလေးတွေ မွေးထားတဲ့ခြံလေး တစ်ခု လုပ်ထားသည်။ ဝက်ကလေးတွေ ကြီးလာတဲ့အနောက်...........

သူတို့ကို မသနားပဲ ဝက်သတ်ရုံသို ပို့လိုက်သည်။ ကလေးများကိုလည်း အသားကို ကိုယ်တိုင် စားစေခဲ့သည်။

ဒါက ဘာအဓိပ္ပါယ်လဲ။

လူတိုင်းသည် သူတို့အတွေ့အကြုံပေါ်မှာ မတူညီတဲ့ အတွေးအမြင်ရှိသည်။

"ဆရာကူရဲ့ စကားက ဉာဏ်အလင်းပွင့်စေတယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ကူရှုပ်ရှင်းသည် လှပတဲ့ မျက်လုံးနဲ့ ဆွန်းမိုကို အံ့အောသင့်စွာ စိုက်ကြည့်နေသည်။ သူမ ဒီစကားကို ပြောလိုက်တဲ့အချိန်တွင် ကျောင်းသားများက ကြောင်သူတော်လို့ ထင်မှာစိုးတဲ့အတွက် ပြင်ဆင်ထားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းသားတွေက ငယ်သေးသည်။ သူတို့၏ လောကပေါ်အမြင်၊

ရှုထောင့်နှင့် အယူဝါဒတို့ကို မပြုပြင်ရသေးသဖြင့် သူမစကားရဲ့ အဓိပ္ပါယ်ကို နားမလည် ကြသေးပါ။

ဆွန်းမို လက်ခုပ်တီးတာ မြင်လိုက်သဖြင့် ကျောင်းသားများကလည်း လက်ခုပ်တီးကြသည်။

ဆရာဆွန်း ထောက်ခံတဲ့ စကားက မှန်လိမ့်မည်။ ဒါကြောင့်လည်း ကျောင်းသားများသည် ဒီစကားကို လေးလေးနက်နက် စဉ်းစားလာကြသည်။

“ကောင်းပြီဟေ့။ တခြားကျောင်းအဖွဲ့တွေကို ညှိနှိုင်းဖို့ အချိန်ရောက်လာပြီ”

ကွမ်ဒင်က ပရိတ်သတ်များကို ကြည့်လိုက်သည်။

အခန်း (၃၈၃) - ဆရာဆွန်း၊ မင်းရဲ့သင်ကြားမှုကနေ အကျိုးအမြတ် ရလိုက်ပါတယ်။

"ငါတို့ ဘာလုပ်ကြမလဲ။ ထွက်ပြေးကြမလား"

အခြားဆရာများသည် ကောင်းကင်သစ်ခွနှင့် ဗဟိုပြည်နယ်အကယ်ဒမီ မတည့်တာကို မြင်ပြီးနောက်ပြန်ဆုတ်ဖို့ ချီတုံချတုံ ဖြစ်သွားသည်။ မျက်စိတစ်မှိတ်အတွင်းမှာပဲ ကောင်းကင်သစ်ခွ ပြိုကွဲသွားသည်။

ကျောင်းသားများကလည်း အရပ်ရပ်သို့ ထွက်ပြေးသွားကြသည်။

"တောက်၊ ကောင်းကင် သစ်ခွက သူတို့နာမည်ကြီးသလောက်လဲ မတော်ပါလား။ ဘာဖြစ်လို့ မြန်မြန် ဒူးထောက်ပြီး ရှုံးသွားရတာလဲ"

"ဗဟိုပြည်နယ်အကယ်ဒမီက တကယ်ကို သန်မာလွန်းတယ်"

"ဒီကျောင်းသားတွေရဲ့ စွမ်းဆောင်ရည်မျိုး မင်းမြင်ဖူးလား။ သူတို့က အံ့အောဖို့

ကောင်းလောက်အောင် သန်မာတယ်။ သူတို့ ကျောင်းက ဖျက်ဆီးလို့ မရလောက်ဘူး”

အနီးအနားမှာရှိတဲ့ ဆရာတွေအားလုံး မှင်တက်နေကြသည်။ ဌက်ကျားနှင့် ခုံးကောင်ကြားက တိုက်ပွဲကို အခွင့်အရေးယူမည့် တံငါသည်လို ထိုင်စောင့်နေခဲ့မိသည်။ ဗဟိုပြည်နယ် အကယ်ဒမီသည် ဌက်ကျားလည်း မဟုတ်သလို ခုံးကောင်လည်း မဟုတ်ပါ။ သူတက ငါးမန်းတွေ ဖြစ်နေသည်။ လက်ရှိအခြေအနေအရ တံငါသည်ကို သေတဲ့အထိ ကိုက်သတ်နိုင်သည်။

အမ်၊ ဒီကိစ္စမှာ တံငါသည် ဆယ်ယောက်ကျော် ရှိနေသည်။

ရွှစ်

ကျောင်းသားတွေကတော့ အရမ်းပြင်းထန်တဲ့ တိုက်ပွဲကို စောင့်မျှော်နေသည်။

"ဆရာဆွန်း၊ ငါတို့ကြားမှာ ဘာရန်ငြိုးမှ မရှိဘူး"

"အမှောင်လျှို့ဝှက်ရတနာကိုလည်း ငါတို့ မရထားဘူး။ ငါတို့ကို အနိုင်ယူရင်တောင် မင်းတို့ တစ်ခုမှ အကျိုးရှိမှာ မဟုတ်ဘူး။ မင်းရဲ့စွမ်းအင်ကို ဘာဖြစ်လို့ ဖြုန်းတီးမှာလဲ"

“ဆရာဆွန်း၊ မင်းကျောင်းရဲ့ လုပ်ဆောင်ချက်က တကယ်ကို အတုယူစရာပဲ”

ကျောင်းအနည်းငယ်က ဆရာများသည် ပြုံးရင်း ချီးကျူးနေကြသည်။

ဒီမြင်ကွင်းကို သူတို့ကျောင်းက ကျောင်းသားတွေကြည့်ပြီး တကယ်ရှက်ဖို့ ကောင်းတယ်လို့ ခံစားနေရသည်။ ဒါက မျက်နှာချိုသွေးနေတာ မဟုတ်လား။ သေချာပေါက် မျက်နှာချို သွေးနေတာပဲ။ ဘာဖြစ်လို့ သေခြင်းတိုက်ပွဲ မတိုက်ခိုက်တာလဲ။

“ဆရာဆွန်း၊ မင်းက ကျားဖြူအစောင့်ကို ရထားပြီးပြီ မင်းရဲ့အဆင့်က ငါတို့ထက် ပိုမြင့်လိမ့်မယ်။ မင်းက ဝူမာကို အနိုင်ယူနိုင်သ၍ သေချာပေါက် ချန်ပီယံ ဖြစ်လာမှာပါ”

ဆရာတစ်ယောက် ပြုံးရင်း ပြောလိုက်သည်။

“ငါတို့ ဒီနေရာမှာပဲ ကြိုတင်ပြီး ဂုဏ်ပြုထားမယ်”

“ဆရာဆွန်း၊ ဒါအမှန်ပဲ”

ကွမ်ဒင် စည်းရုံးလိုက်သည်။

သို့သော် ကွမ်ဒင်၏ စိတ်ထဲတွင် ကြည်နူးနေသည်။ (ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီကို

ဘယ်အချိန်ကစပြီး အထင်ကြီးနေကြတာလဲ။ ဒါက ထိပ်တန်း ကျောင်းတစ်ကျောင်းကို ဆက်ဆံတဲ့ ဆက်ဆံမှုမျိုး မဟုတ်ဘူးလား)

မာရှန်နှင့် ကောင်းကင်သစ်ခွသည် ဘာဖြစ်လို့ ဒီလောက်အထိ အဆင့်မြင့်နေရတာလဲ။

ဘာကြောင့်ဆို သူတို့၏ အစွမ်းအစဖြင့် တိုက်ပွဲ ဝင်ခဲ့သောကြောင့် ဖြစ်သည်။ လိဂ်ပြိုင်ပွဲကို နှစ်အနည်းငယ်ကြာအောင် ဝင်ပြိုင်ပြီးနောက် ဒီနာမည်ကြီးကျောင်း အနည်းငယ်သည် ဘယ်လောက် အစွမ်းထက်ကြောင်း လူတိုင်း

သိသွားသည်။ သာမန်ကျောင်းများက ပြိုင်ပွဲမှာ သူတို့နဲ့ဆုံတွေ့ရင် သေချာပေါက် ရှောင်သွားလိမ့်မည်။

ခေါင်းမာတဲ့ ဆွန်းမိုကပဲ သူတို့ကို ဖြတ်နင်းသွားလိမ့်မည်။

“ဗဟိုပြည်နယ် အကယ်ဒမီမှာ ကျောင်းအပ်ခဲ့မိတာ တကယ်ကောင်းတယ်”

လီဖန်သည် အရမ်းစိတ်လှုပ်ရှားပြီး မျက်ရည်ကျလာသည်။ အဲဒီအချိန်တုန်းက မရီဒန်အကယ်ဒမီနှင့် ဗဟိုပြည်နယ်အကယ်ဒမီ ဘယ်ကျောင်းတက်ရမလဲဆိုတာ အချိန်တော်တော်

ကြာအောင် မဆုံးဖြတ်နိုင် ဖြစ်နေသည်။ နောက်ဆုံးတွင် ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဆောင်ပုဒ်ကို သဘောကျသောကြောင့် ဗဟိုပြည်နယ် အကယ်ဒမီကို ရွေးချယ်ခဲ့သည်။

သန်မာတဲ့ စီ အဆင့်ကျောင်းကို မရွေးချယ်ဘဲ ဗဟိုပြည်နယ်အကယ်ဒမီကို ရွေးချယ်ခဲ့သဖြင့် သူမအဖေက ဆူပူ ကြိမ်းမောင်းခဲ့သည်။ နောက်နှစ်တွင် ဗဟိုပြည်နယ် အကယ်ဒမီက နာမည်ကြီးကျောင်းစာရင်းက ဖယ်ရှားခံရကာ သူမလည်း ဆုံးရှုံးရတော့မည်။

"ဟွန့်၊ ဘွဲ့ ဖယ်ရှားခံရမယ် ဟုတ်လား။ နောက်နှစ်ဆို စီ အဆင့် ကျောင်းဖြစ်လာတော့မယ်"

လီဖန်သည် ဆွန်းမိုကို အကြည့်စူးစူးနဲ့ ကြည့်လိုက်သည်။

(ဒါတွေအားလုံးက ဆရာဆွန်း သယ်ဆောင်လာတဲ့ အရာတွေပဲ မဟုတ်လား သူ့ရဲ့ တိုက်ရိုက်တပြည့် ဖြစ်ရမယ့် နည်းလမ်း စဉ်းစားရမယ်။)

ဆွန်းမိုက စိတ်အနှောက်အယှက် ဖြစ်သလို ခံစားရပြီး ပြတ်ပြတ်သားသား အော်ဟစ်လိုက်သည်။

"ပါးစပ် ပိတ်ထား"

ဝူးရှ်

ရင်ပြင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

"မင်းတို့ ထွက်သွားလို့ ရပြီ"

ဆွန်းမိုက လက်ဖွေ့ယမ်းရင်း ပြောလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် ဆရာများသည် ခွင့်လွှတ်ခံလိုက်ရသလို ခံစားရသည်။ သူတို့ရဲ့ ကျောင်းသားများကို ခေါ်ပြီး အမြန် ထွက်ပြေးသွားကြသည်။

ဆွန်းမိုကို စော်ကားဖို့ မဖြစ်နိုင်ပါ။

....

ရင်ပြင်မှာ သူတို့ လူတွေပဲ ကျန်ခဲ့တော့သည်။ ကျားဖြူရုပ်တုသည် ဝိညာဉ်သားရဲ ပျောက်ဆုံးသွားတာနဲ့ အမျှ တဖြည်းဖြည်း မှိန်လာသည်။

"ဆရာဆွန်း၊ ငါတို့ ဘာဆက်လုပ်ကြမလဲ"

အခုအချိန်မှာတော့ ဝမ်ချောင်သည် ဆွန်းမိုရဲ့ ဦးဆောင်မှုနောက်သို့ လိုက်နေသည်။

"ဆရာဆွန်း၊ ငါ့မှာ အဆိုတစ်ခု တင်သွင်းစရာ ရှိတယ်"

ကွမ်ဒင်က တံတွေးတစ်ချက် မြိုချလိုက်ပြီး

"ငါ စည်းကျော်ဖို့ မရည်ရွယ်ပါဘူး။ တင်ပြတာပဲ ရှိပါတယ်။ ငါ့စကားကို နားမထောင်ချင်လည်း ရပါတယ်"

ကွမ်ဒင် ဒီလောက်ယဉ်ကျေးနေတာ မြင်ပြီးနောက် ဆွန်းမိုသည်

"ဆရာကွမ်၊ ဒီလောက်အထိ အားနာနေစရာ မလိုဘူး"

(ဘယ်လိုမှ မလုပ်ရဲဘူး)

ကွမ်ဒင်က သူ့ကိုယ်သူ ခိုးပြောလိုက်သည်။

ဆွန်းမို၏ အရည်အချင်းနှင့် အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့အချက်အရ သူက အနာဂတ်တွင် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက် ဖြစ်လာလိမ့်မည်။

အဲဒီအချိန်တွင် ကွမ်ဒင်က သာမန် ဆရာတစ်ယောက်သာ ဖြစ်နေအုံးမည်။ တကယ်လို့သာသူက ဘယ်လို ချဉ်းကပ်ရမလဲ မသိဘဲ ဆွန်းမိုကို ခက်ခဲအောင်လုပ်ခဲ့ရင် ဘယ်လို ဖြစ်သွားမလဲ။

ဒါပေမယ့် ဆွန်းမိုနဲ့အတူတူ လိဂ်ပြိုင်ပွဲကို ပါဝင်ရခြင်းသည် သူတို့ကြားက ဆက်ဆံရေးကို တိုးမြှင့်နိုင်ရန် အခွင့်အရေးကောင်း ဖြစ်သည်။

အခွင့်အရေးကိုသာ ဆုပ်ကိုင်နိုင်ခဲ့မယ်ဆိုလျှင် ဆွန်းမိုရဲ့နောက်လိုက် ဖြစ်လာနိုင်သည်။

သူက နည်းနည်း အားနည်းတာတော့ အမှန်ပဲ။ ဒါပေမယ့် သစ္စာရှိပြီး ကျေးကျွန်တစ်ယောက် ဖြစ်လာဖို့ လုံလောက်သည်။

"ဆရာကွမ်"

ဝမ်ချောင်က ကွမ်ဒင်ကို လှမ်းဆွဲလိုက်သည်။ "ဘာတွေ ငေးနေတာလဲ"

"တောင်းပန်ပါတယ်။ စကားလုံးတွေ စီဖို့ ကြိုးစားနေလို့ပါ"

ကွမ်ဒင်က ပြုံးရင်း ပြောလိုက်သည်။

"ဆရာဆွန်း၊ ငါတို့က ကျားဖြူအစောင့်ကို ရထားပြီးပြီ။ စွန့်စားမှုတွေ ဆက်လုပ်စရာ မလိုတော့ဘူး။ ပြီးတော့ ဒီရှေ့ဟောင်းရဲတိုက်ကြီးက အန္တရာယ်များတယ်"

“ငါတို့ ဝင်ပေါက်ကို ပြန်သွားပြီးတော့ တခြားကျောင်းအဖွဲ့ဆီက လုယူဖို့ တိုက်ခိုက်သင့်တယ်”

အရင်တုန်းကတော့ ကွမ်ဒင်သည် ဒီလိုမျိုး မပြောရဲပါ။ တကယ်တမ်းပြောရလျှင် တခြားကျောင်းအဖွဲ့ကို တိုက်ခိုက်ခြင်းက အန္တရာယ်များသည်။ သို့သော် အခုအချိန်တွင် ကွမ်ဒင်သည် ယုံကြည်မှု အများကြီး တိုးနေသည်။

ကောင်းကင်သစ်ခွ အကယ်ဒမီတောင် ပြိုကျသွားပြီ။

"ဟီး ဟီး"

ကူရှုပ်ရှင်း တွေးလိုက်မိသည်။ (ဆွန်းမိုက ဘယ်လိုလူလဲဆိုတာ မသိသေးပါဘူး။ ပိုအားကောင်းပြီး ပိုစွန့်စားရတာမျိုးကို ကြိုက်တယ်။ အန္တရာယ်တွေ့လေ ပျော်ရွှင်လေပဲ)

"ဆရာကွမ်၊ သန်မာတယ်ဆိုတာ ဘာလဲ သိလား"

ဆွန်းမိုက ပြတ်ပြတ်သားသား မပြောင်းသော်လည်း သူ့လေသံက ဆွေးနွေးနေတဲ့ အသံမျိုး ဖြစ်သည်။

သူက ဆက်ပြီး

“သန်မာတဲ့လူတွေက စိန်ခေါ်မှုကြားကပဲ ကြီးထွားလာတယ်။ အခြားတစ်ဖက်မှာတော့ အားနည်းတဲ့လူတွေက လုံခြုံတာကို ကြိုက်ပြီး စွန့်စားလိုစိတ် မရှိဘူး။ မင်းရဲ့အဆိုပြုချက်မှာ ကုန်ကျစရိတ် အချိုးထက် အကျိုးအမြတ်အချိုးက ပိုမြင့်မားတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ငါတို့ရဲ့ ဗဟိုပြည်နယ် အကယ်ဒမီက အဲဒီလို လုပ်ဖို့ လိုလို့လား။ ဒီရဲတိုက်ကြီးထဲက အဖိုးအတန်ဆုံး အမှောင်လျှို့ဝှက် ရတနာကို ဘာဖြစ်လို့ မရှာရမှာလဲ”

ဆွန်းမိုက မေးသည်။

ကွမ်ဒင် အတွေးထဲ မျှောသွားသည်။ ဆွန်းမိုက သူ့ကို ဝေဖန်နေတာ မဟုတ်မှန်း သူသိသည်။ ဒီလိုမှမဟုတ်ရင် ဒီလို အသံမျိုး သုံးမှာ မဟုတ်ပါ။

ဆွန်းမိုက ကျောင်းသားတွေကို လှမ်းကြည့်ပြီး

"ယုံကြည်မှုဆိုတာ ခဏခဏ ပြောရုံနဲ့ ရတဲ့အရာမျိုး မဟုတ်ဘူး။ မရေမတွက်နိုင်တဲ့ အောင်ပွဲတွေကတဆင့် စုဆောင်းရတဲ့ အရာပဲ"

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်ပေါ်လာပြီး ကျောင်းသားတွေက ဆွန်းမိုစကားကို ခံစားသွားရသည်။

ဆွန်းမိုက ကွမ်ဒင်ကို လှမ်းကြည့်လိုက်သည်။

အသက် ၂၂နှစ်၊

သွေးလောင်ကျွမ်းခြင်း အဆင့်(၄)

ကြံ့ခိုင်မှု - ၂၇ ။ နွားတစ်ကောင်လို့သန်မာသည်။ ပြင်းထန်တဲ့တိုက်ခိုက်မှုများကို နှစ်သက်သည်။

ဉာဏ်ရည် - ၂၅ - ပျမ်းမျှ

သွက်လက်မှု - ၂၃ အတိုပဲ လှုပ်ရှားနိုင်သည်။

ခံနိုင်ရည် - ၂၈ - ပြေးလိုတော့ မသေနိုင်ဘူး။ မောပန်းပြီး မလဲကျနိုင်ပါ။

ဆန္ဒ - ၂၃ - နည်းနည်းအားနည်းသည်။

အလားအလာတန်ဖိုး - မြင့်မား။

မှတ်ချက် - ငယ်ငယ်ကတည်းက ကံမဆိုးခဲ့ပါ။ အရာအားလုံး အဆင်ပြေ ချောမွေ့လာသဖြင့် သူ့ရဲ့စိတ်ဆန္ဒက လုံလောက်အောင် မသန်မာခဲ့ပါ။ ဒါကြောင့် သူသည် အမြဲတမ်း ရှေးရိုးဆန်ဆန် တွေးတတ်သည်။ သူ့ရဲ့ စရိုက်ကို မပြောင်းလဲပါက သူ့ရဲ့အနာဂတ်သည် စိုးရိမ်ဖို့ ကောင်းနေပြီ။

မှတ်ချက် - အခုလောလောဆယ်တွင် သွေးလောင်ကျွမ်းခြင်း အဆင့်(၄)ကို ရောက်နေသည်။

အဆင့်တက်ရာမှာ တကြိမ် ကျရှုံးထားပြီး အနည်းငယ် အထိမခံဖြစ်နေသည်။

"ဆရာကွမ်၊ မင်းကို ခဏလောက် ထိလို့ရမလား"

ဆွန်းမိုက ပြုံးရင်း မေးလိုက်သည်။

ကွမ်ဒင် စိတ်လှုပ်ရှားလာသည်။ (သူက ငါ့ကို နတ်ဘုရားလက်နဲ့ ကူညီမှာလား) ခေါင်းမြန်မြန် ညိတ်လိုက်သည်။

"ဆရာဆွန်းကိုပဲ ဒုက္ခပေးရတော့မယ်"

ဆွန်းမိုက လက်ဆန့်ပြီး ကွမ်ဒင်ပုခုံးကို အားအနည်းငယ်စိုက် ဖိလိုက်သည်။

'အင့်"

ကွမ်ဒင်သည် ရုတ်တရက် အံ့ကြိတ်ကာ အော်ဟစ်လိုက်သည်။ နာကျင်မှုသည် တစ်ကိုယ်လုံး ပျံ့နှံ့လာပြီးနောက် ဇိမ်ကျလာသည်။

"အမ်၊ ဆရာဆွန်း၊ ဒီတစ်ကြိမ်အဆင့်တက်မှု ကျရှုံးသွားရင် ဘာဖြစ်လာမလဲ"

ဘုန်း

ဝိညာဉ်ချီ ပေါက်ကွဲထွက်လာပြီး ဂျင်းနီ ပေါ်လာသည်။

အလာ

ဂျင်းနီက အော်ဟစ်ပြီး ခါတိုင်းကဲသို့ ဗလပြနေသည်။ အဲဒီနောက် ကွမ်ဒင်ရဲ့ ခေါင်းကို လက်သီးနဲ့ ထိုးလိုက်သည်။

ဘုန်း

ကွမ်ဒင်သည် လက်သီးချက်ကြောင့် အံ့အောမှင်တက်နေသည်။

“…………….”

ဆွန်းမိုလည်း စကား မပြောနိုင် ဖြစ်နေသည်။ (ဂျင်းနီ၊ မင်းမှာ သူ့ကို မကျေနပ်ချက် ရှိလား)

ကွမ်ဒင် တော်တော် နာကျင်သွားသည်။ ဒါပေမယ့် သူလုံး၀ ဒေါသမထွက်ပါ။ အဲဒီအစား လေးလေးနက်နက် တွေးတော ဆင်ခြင်နေသည်။ ရှေ့ဟောင်း နဂါးဖမ်းတဲ့ လက်နဲ့ ဉာဏ်ရည်တိုးတက်လာအောင် ခေါင်းကို နှိပ်ပေးနေတာလား။

"ဆရာကွမ်၊ မင်းက အခက်အခဲကြုံလာရင် တည်ငြိမ်တဲ့အဖြေကိုပဲ အမြဲတမ်း စဉ်းစားတယ်။ တစ်နည်းအားဖြင့်တော့ အပေးအယူလုပ်တဲ့ လက္ခဏာပေါ့"

ဆွန်းမို စည်းရုံးနေသည်။

"အခု မင်း သွေးလောင်ကျွမ်းခြင်းအဆင့်ကို ရောက်နေသလိုပဲ။ အဆင့်တက်မှု ကျရှုံးပြီးတဲ့နောက် အကြောင်းပြချက် ရှာပြီး ဆက်မကြိုးစားတော့ဘူး"

ကွမ်ဒင်သည် ဆွန်းမိုရဲ့ စကားကို ကြားပြီးနောက် အတွေးထဲ မျောသွားပြန်သည်။

သူလည်း စဉ်းစားဖူးသည်။ ဒါပေမယ့် ကျရှုံးမှာ ကြောက်ပြီး တည်ငြိမ်တဲ့ လမ်းကြောင်းကိုပဲ လျှောက်လှမ်းချင်ခဲ့သည်။ အဲဒါကြောင့်လည်း မကြိုးစားခဲ့တော့ပါ။ ဒီလိုမဟုတ်ပါက

သွေးလောင်ကျွမ်းခြင်း အဆင့် (၅)ကို ရောက်နေပြီး လျှောင်ရန်ရဲ့ နေရာကို အစားထိုးပြီး စတုတ္ထမြောက် ပါဝင်တဲ့ လူဖြစ်လာလိမ့်မည်။

"ငါ့ရဲ့စရိုက်ကို ပြောင်းလဲရမှာ အမှန်ပဲ"

ကွမ်ဒင် တွေးတောနေသည်။

ဘုန်း

ဂျင်းနီက အနှိပ်ဖြင့် ကြွက်သားများကို နှိုးဆွပေးခဲ့သည်။ သူက သွေးကြောများကို ရှင်းလင်းပေးပြီးတဲ့နောက် များပြားလှတဲ့ ဝိညာဉ်ချီများ စီးဆင်းလာသည်။

ဆွန်းမို သတိပေးစရာမလိုဘဲ ကွမ်ဒင်က ချက်ခြင်းအဆင့်တက်ဖို့ ကြိုးစားသည်။

သုံးမိနစ်ကြာပြီးနောက် သွေးလောင်ကျွမ်းခြင်း အဆင့်(၅)ကို အောင်မြင်စွာ ရောက်သွားသည်။

"ဆရာဆွန်း ကျေးဇူးတင်ပါတယ်"

ကွမ်ဒင် ဝမ်းသာနေသည်။ အသက် ၂၂နှစ်လောက်နဲ့ သွေးလောင် ကျွမ်းခြင်း အဆင့် (၅)ကို ရောက်နေတာက အံ့အောဖို့ ကောင်းလှသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ကွမ်ဒင်၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည့်ညို (၁,၂၀၀/၁၀,၀၀၀)

“ဆရာကွမ်၊ ငါမနှိပ်လည်း မင်းကိုယ်မင်း ယုံကြည်မှုရှိရင် အဆင့်တက်ပါတယ်”

ဆွန်းမိုက မျက်နှာမယူခဲ့ပါ။

ကွမ်ဒင် အံ့အောသွားပြီးနောက် မျက်နှာအမူအရာ လေးနက်လာသည်။ သူက ဦးညွှတ် အရိုအသေပေးပြီး

“ဆရာဆွန်း၊ ကွမ်ဒင်က မင်းရဲ့ သင်ကြားမှုကနေ အကျိုးရခဲ့ပါတယ်”

ကွမ်ဒင်က စိတ်ရင်းနဲ့အရိုသေ ပေးလိုက်သည်။

ကျောင်းသားများသည် ဒီမြင်ကွင်းကို မြင်ပြီး ဆွန်းမိုအပေါ် သူတို့ရဲ့ ကြည့်ညိုလေးစားစိတ်များ ပိုတိုးလာသည်။ ဒီခေတ်တွင် ဆရာများသည် အများအားဖြင့် ရန်လိုပြီး မောက်မာတတ်ကြသည်။ ဒီလိုမျိုး လူငယ်ဆရာတစ်ယောက်ကို အသိအအမှတ် ပြုဖို့ဆိုတာ မဖြစ်နိုင်ပါ။

"ဆရာက အံ့မခန်းပဲ"

အင်ဘိုင်ဝူက ဆွန်းမိုကို သဘောကျမှု အပြည့်နဲ့ ကြည့်နေသည်။

"ဒါပေါ့"

လုချီဟွာက မျက်နှာကိုမော့ပြီး ဂုဏ်ယူနေသည်။ သို့သော်လည်း ဝိညာဉ်ချီ နဂါးပြောလိုက်တဲ့ အချိန်တွင် နားရွက်များ လှုပ်ခတ်သွားသည်။

"အံ့မခန်းပဲ၊ ဆရာ"

ထန်ထန်ယုထန်က ဆွန်းမိုကို အကဲခတ်နေသည်။ သူဘာတွေးနေမှန်း မသိရပါ။

"ဆရာဆွန်း၊ ငါ့ကိုလည်း တစ်ချက်လောက် ကြည့်ပေးလို့ ရမလား"

ဝမ်ချောင်က မေးသည်။

ကျောင်းသားတွေအရှေ့မှာ ဒီလိုမေးရတာက နည်းနည်းတော့ ရှက်ဖို့ကောင်းသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က လုပ်ဖော်ကိုင်ဖက်တွေပါ။ ဒါပေမယ့် ဆွန်းမိုဆိုလျှင် ဝမ်ချောင် သည်းခံနိုင်သည်။

“ဆရာဝမ်၊ နှိမ့်ချမနေပါနဲ့။ မင်းက မင်းရဲ့ကိုယ်ပိုင်အမြင်ရှိပြီး မင်းရဲ့ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်က ကောင်းပါတယ်။ ဒီအတိုင်းဆက်လုပ်သွားရင်လည်း အဆင်ပြေပါတယ်”

ဆွန်းမိုမှာ ဝမ်ချောင်အကြောင်း ဘာမှပြောစရာ မရှိပါ။

သူက လိဂ်ပြိုင်ပွဲအတွက် ရွေးချယ်ခံထားရသဖြင့် ထူးခြားတဲ့ စွမ်းဆောင်ရည်တွေ ရှိလိမ့်မည်။

"ဟားဟား"

ဝမ်ချောင် ပျော်ရွှင်သွားသည်။ ဆွန်းမိုစကားက ကောင်းမွန်နေသည်။ ဒါပေမယ့် အဲဒီနောက်မှာ အနည်းငယ် ဝမ်းနည်းသွားသည်။ (ဆွန်းမိုက ဒီလိုပြောလိုက်တော့ နတ်ဘုရားလက်ကို ခံစားဖို့ အခွင့်အရေး မရှိတော့ဘူးပေါ့)

"ကောင်းပြီဟေ့။ ပစ္စည်းတွေသယ်ပြီး သွားကြစို့"

ဆွန်းမို စကားမဆုံးသေးခင် လုချီဟွာက ကြောင်ကလေးတစ်ကောင်လို ရောက်လာသည်။ လက်သေးသေးလေးနဲ့ ဆွန်းမို အင်္ကျီ လက်စကို ဆွဲလိုက်သည်။

"ဆရာ၊ ဆရာ၊ ငါးသလဲထိုးလေးက နေရာကောင်းတစ်ခု ရှာတွေ့ထားတယ်"

လုချီဟွာ တင်ပြလိုက်သည်။

အခန်း (၃၈၄) - တန်ဖိုးဖြတ်မရတဲ့ အမှောင်လျှို့ဝှက် ရတနာ။

"လမ်းပြပါ။"

ဆွန်းမိုသည် နေရာကောင်းကို စောစောစီးစီး ရှာတွေ့မည်ဟု မထင်ထားခဲ့ပေ။ ငါးသလဲထိုးလေးက အနည်းငယ် အချိန်ယူရမည်ဟု တွေးထားခဲ့သည်။

ဝိညာဉ်ချီ နဂါးသည် အမှောင်တိုက်ကြီး၏ တတိယအထပ်၌ နေထိုင်ပြီး ဝိညာဉ်ချီ

ကြွယ်ဝတဲ့အသီးအနှံများကို ကြိုက်သော သက်ရှိပုံစံ ဖြစ်ပြီး ရှားပါးသည်။

သူတို့၏တိုက်ခိုက်အရေးအစွမ်းသည် သာမန်သာ ဖြစ်သော်လည်း ဝိညာဉ်ချီ အာရုံခံစားမှု ပြင်းထန်သောကြောင့် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် စာရင်း၌ အဆင့် ၃၆ ဖြစ်နေသည်။

ဝိညာဉ်ချီက ဘာလဲ။

အလယ်ကမ္ဘာ ဒေသခံများ ပိုသန်မာလာဖို့အတွက် အနှစ်သာရ ဖြစ်သည်။

ဝိညာဉ်ချီ နဂါးတွေ၏ အကြီးမားဆုံးသော လက္ခဏာရပ်သသည် သိပ်သည်းလှသော ဝိညာဉ်ချီ အာရုံခံနိုင်မှု ဖြစ်သည်။ ထိုအပြင် ဒီလက္ခဏာရပ်သည် သူတို့၏ အသက်သွေးကြော ဒါမှမဟုတ် အစွမ်းထက်လှသော လျှို့ဝှက်ရတနာဟု သတ်မှတ်နိုင်သည်။

"ငါတို့ ချမ်းသာတော့မှာလား"

အကြောင်းအရာတစ်ခုကို သင်ထားရမည်။ ဒါကြောင့် ဆွန်းမိုသည် ငါးသလဲထိုးလေး ရှာတွေ့သော နေရာကို စူးစမ်းလေ့လာဖို့အတွက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှေ့ပေါင်းရဲတိုက်မှ ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

(နေပါအုံး။ ငါ အလံတစ်ခု လွှင့်တင်ထားတာလား)

ဒင်

"မင်းရဲ့ အရည်အချင်းကို အသုံးချပြီး ဆရာတစ်ယောက်ဖြစ်တဲ့ ကွမ်ဒင်ကို ယုံကြည်လာအောင် လုပ်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကလည်း အမှတ် တစ်ထောင်

ကျော်သွားပြီ။ ဆုလဒ် အဖြစ် ငွေရောင် ရတနာ သေတ္တာတစ်လုံး”

“အကြောင်းကြားချက်က ရုတ်တရုတ် ပေါ်လာမှာ မဟုတ်ဘူးလား။ ကြောက်စရာကြီး”

ဆွန်းမိုသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီလမ်းသည် နံရံများကာထားပြီး မီးက နံရံတွေကို လင်းထိန်စေကာ အလင်းရောင်နှင့် အရိပ်များက ရွေ့လျားနေသည်။ ထိတ်လန့်စရာ ကောင်းသော ဇာတ်ကားထဲက ဇာတ်ဝင်ခန်းနှင့် တူနေသည်။

“ဆရာ၊ တစ်ခုခု ဖြစ်နေလို့လား”

လီဇီချီက အရမ်းအကဲဆတ်လွန်းသည်။

“ငါ အဆင်ပြေပါတယ်”

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်လိုက်ပြီး

“သေတ္တာ ဖွင့်လိုက်”

အဖြူရောင် အလင်းတန်းက ဖျပ်ခနဲ လင်းထိန်သွားပြီး အစိမ်းရောင် ဖြာထွက်နေသော စွမ်းရည် စာအုပ် တစ်အုပ် ပေါ်လာသည်။

“မိုက်တယ်”

ဆွန်းမို လေချွန်လိုက်သည်။

ဒင်

“အမှောင်တိုက်ကြီးမှာ ရှိတဲ့ အပင်မျိုးပေါင်းတစ်ရာရဲ့ ဗဟုသုတကို ရရှိတဲ့ အတွက် ဂုဏ်ပြုပါတယ်။ အခုချက်ခြင်း သင်ယူချင်လား”

စနစ်၏ အသံက ခံစားချက် ကင်းမဲ့နေပြီး အစောပိုင်းတုန်းက ဆွန်းမို စောဒက တက်ထားသည်ကို ရှင်းရှင်းလင်းလင်း မှတ်ထားပုံရသည်။

"ဆရာဆွန်း၊ မင်းကခေါင်းဆောင်လေ၊ အမိန့်ပေးဖို့ အလယ်မှာနေပါ။ ဘာဖြစ်လို့ ငါ့ကို အရှေ့က လမ်းမလျှောက်ခိုင်းတာလဲ"

ကွမ်ဒင်က အကြံပြုသည်။

သူသည် ယခုမှ အဆင့်တက်ထားသဖြင့် အရမ်းယုံကြည်မှုရှိနေပြီး တိုက်ပွဲဝင်စိတ် ပေါက်ကွဲထွက်နေသည်။ ကျောင်းသားအဖွဲ့တချို့ကို အနားကပ်လာစေချင်နေသည်။ သူတို့ အားလုံးကို လက်တစ်ဖက်တည်းနှင့် ချေမှုန်း ပစ်လိုက်နိုင်သည်ဟု ခံစားနေရသည်။

"အဆင်ပြေပါတယ်"

ဆွန်းမိုက ငြင်းလိုက်သည်။

လုချီဟွာသည် လမ်းကို ဦးဆောင်ရမည်ဖြစ်သောကြောင့် အရှေ့ဆုံးက သွားနေသည်။ ထို့ကြောင့် သူမကို ကာကွယ်ရန် ဆွန်းမိုသည် အနား၌ ရှိနေရမည်။

ကွမ်ဒင်က သူ့နေရာကို ယူဖို့လား။

တောင်းပန်ပါတယ်။ စိတ်ထဲ တွေးကြည့်လို့တောင် မရဘူး။

"အို"

ကွမ်ဒင်က သူ့၏ဓါးပြားကို ဆုပ်ကိုင်ထားရင်း အနည်းငယ် စိတ်ပျက်သွားသည်။ (အင်း၊ ငါ့ဓါးက သွေးသောက်ချင်နေပြီ။ ငါ့အတွက် ခေါင်းတစ်လုံးတောင် မရှိသေးဘူး)

"လေ့လာမယ်"

ဆွန်းမိုသည် လုံး၀ မတွေဝေပေ။ ဗဟုသုတ များများ ရှိနေခြင်းက အားနည်းချက် မဟုတ်ပေ။

စွမ်းရည်စာအုပ် ကြေမွ သွားပြီး အစိမ်းရောင် အလင်းတန်းများ ဆွန်းမို နဖူးထဲသို့ ၀င်သွားသည်။ စိတ်ထဲ၌ ပုံရိပ်များစွာ ပေါ်လာသည်။

“ရှန်ယွန်ပေါင်၊ ချန်လုံ ငါ့အရှေ့မှာ စောင့်ကြည့်ထား”

ဆွန်းမိုက ညွှန်ကြားလိုက်ပြီးနောက် သူတို့ကို သင်ယူပြီးတဲ့အချိန်၌ နက်နက်ရှိုင်းရှိုင်း မှတ်မိအောင် ကျက်မှတ်နေခဲ့သည်။

တစ်နာရီ ကြာသွားပြီးနောက်.............

“ဗဟုသုတကို မဟာအဆင့်ထိ ကျွမ်းကျင်လာတဲ့အတွက် ဂုဏ်ပြုပါတယ်”

အကြောင်းကြားချက်ကို ရပြီးနောက် ဆွန်းမို ကျေနပ်စွာ ပြုံးလိုက်မိသည်။

(ငါ ပိုသန်မာလာပြန်ပြီ။ ဒါပေမယ့် ဘဝင်မမြင့်ဘူး။ ဒါမှ ပြည့်စုံမယ်)

"ကျောင်းသားချီဟွာ၊ ဒီနေရာကို အရမ်းရင်းနှီးလား"

လုချီဟွာသည် လမ်းကြောင်းကို ဦးဆောင်နေပြီး တစ်ခါတစ်လေ ရပ်တန့်နေသည်ကို ဝမ်ချောင်မြင်နေရသည်။ အချိန်အများစုကတော့ ယုံကြည်စိတ်ချစွာ ချီတက်နေသည်။ ထိုအကြောင်းကို သူအရမ်း သိချင်နေသည်။

"မရင်းနှီးဘူး"

လုချီဟွာက ခေါင်းခါလိုက်သည်။

"ဒါဆို မင်း..............."

ဝမ်ချောင် ပိုမေးချင်သော်လည်း ကူရှူပ်ရှင်းသည် ချောင်းဟန့်ပြီး စကားဖြတ်ပြောလာသည်။

"အဟွတ် အဟွတ်၊ ဆရာဝမ်၊ ဒီအခြေခံ အဆောက်အဦးကို ဘယ်လိုထင်လဲ"

ကူရှူပ်ရှင်းသည် စကားလမ်းကြောင်း ပြောင်းရန် ကြိုးစားလိုက်သည်။

"အခြေခံအဆောင်အဦး လေ့လာတဲ့အကြောင်းကို မတတ်ဘူး"

ဝမ်ချောင်၏ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းက မညံ့ပေ။ ဆက်မေးရန် အဆင်မပြေတော့ချေ။ ထို့အပြင် ဒါသည် ကျောင်းသား၏ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက် ဖြစ်နေသည်။

နှစ်နာရီ ကြာပြီးနောက် လုချီဟွာကို ယုံကြည်သော ဆွန်းမိုပင် မနေနိုင်တော့ဘဲ မျက်မှောင်ကြုတ်လာသည်။

"ငါတို့ မရောက်သေးဘူးလား"

ဆွန်းမိုက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

လုချီဟွာသည် ဝိညာဉ်ချီ လှည့်ပတ်နေသော နဂါးနှင့် ချက်ခြင်း ဆက်သွယ်ပြီး ပြန်ဖြေသည်။

"ငါးသလဲထိုးလေးက ပြောတယ်။ လမ်းပျောက်သွားတယ်လို့ ထင်တယ်တဲ့"

"………."

ဒီစကားကို ကြားလိုက်လျှင် လူတိုင်း ပြောစရာ စကားမဲ့သွားသည်။

(မင်းက ဦးဆောင်ပြီး လမ်းပျောက်နေတာလား။ နောက်နေတာလား)

သူတို့သည် စိတ်ဆိုးနေရင်တောင် ဆွန်းမို၏ မျက်နှာကြောင့် ခံစားချက်ကို ထုတ်မပြရဲပါ။

"ငါ.... တောင်းပန်ပါတယ်"

လုချီဟွာက ခေါင်းငုံ့ပြီး လက်ချောင်းများနှင့် အဝတ်အစားကို လိမ်နေသည်။ အသုံးမကျသည့်အတွက် ကိုယ်ကိုယ်ကို မုန်းတီးနေသည်။

(ငါက တကယ်ကို အသုံးမကျဘူး။)

လုချီဟွာ မျက်ရည်စီးကျလာသည်။

"တောင်းပန်စရာ မလိုဘူး။ မင်းက အဖွဲ့အတွက် လုပ်တာပဲ"

ဆွန်းမိုက လုချီဟွာ၏ ခေါင်းကို ညင်သာစွာ ပုတ်ပြီး နှစ်သိမ့်လိုက်သည်။ ထိုနောက် နတ်ဘုရားမျက်စိ အာရုံကို ဖွင့်ပြီး ကြည့်လိုက်သော်လည်း မှုမမှန်မှုများကို သတိမထားမိပေ။

ရှေ့ဟောင်းရဲတိုက်၊ မသိရတဲ့မြေမျက်နှာသွင်ပြင်။

"ဆရာ"

လုချီဟွာက မနေနိုင်ဘဲ ဆွန်းမို၏ လက်မောင်းကို ဖက်လိုက်သည်။ သူမ၏ဆရာက အရမ်ကြွင်နာတတ်သည်။

"လမ်းရှာလို့ မရတာ မဆိုးဘူး။ ပြောချင်တာက ငါတို့ လျှို့ဝှက်အမှောင်ရတနာနဲ့ နီးလာပြီ။ ဘာကြောင့် လမ်းပျောက်ရတယ်ဆိုတဲ့ အချက်ကို ရှာနိုင်သ၍တော့ လမ်းတွေ့မှာပဲ"

လီဇီချီက ခွဲခြမ်း စိတ်ဖြာမှုတစ်ခု အနေနှင့်ရော လုချီဟွာအတွက်ပါ ကူပြောပေးရန် ကြိုးစားလိုက်သည်။

အမှောင်လျှို့ဝှက်ရတနာ အရမ်းအံ့အောစရာ ကောင်းလွန်း၍ ဝိညာဉ်ချီနဂါးပင် လမ်းပျောက်သွားခြင်း ဖြစ်လိမ့်မည်။

“ဒါအမှန်ပဲ”

ဆွန်းမိုက ခပ်လှမ်းလှမ်းကို လှမ်းကြည့်လိုက်သည်။

“အခုအချိန်ကစပြီး နီးနီးကပ်ကပ်နေဖို့ ကြိုးစားပါ။ ဘာပဲဖြစ်ဖြစ် အဖွဲ့ထဲကနေ မထွက်သွားနဲ့”

ဆွန်းမိုက ဒီစကားကိုပြောရင်း ရှန်ယွန်ပေါင်ကို စိုက်ကြည့်နေသည်။

"ဆရာဘာဖြစ်လို့ ငါ့ကို ကြည့်နေရတာလဲ"

တိုက်ခိုက်ရေးသမားက ခေါင်းကုတ်ရင်း ပြန်မေးသည်။

"ဟီးဟီး"

ထန်ထန်ယုထန် တွေးလိုက်မိသည်။ (ဒီကောင်ရဲ့ စိတ်မှာ ကြွက်သားတွေနဲ့ပြည့်နေတယ်)

ဆယ်မိနစ် ဒါမှမဟုတ် ဒီထက်ပိုကြာပြီးနောက် လူတိုင်းသည် ကိုယ်သွားသောလမ်းကို

မမြင်ရတောပေ။ ထို့အပြင် ကြီးမားသော မြူခိုးများက သူတို့ကို ဒီရေလှိုင်းကြီးကဲ့သို့ လွှမ်းခြုံသွားသည်။

မြူခိုးများ အရမ်းထူထပ်ပြီး ကိုယ့်လက်ကို ကိုယ်တောင် မမြင်ရတော့ပေ။

"သတိထားပါ။ သတိလက်လွတ် မလျှောက်ကြနဲ့"

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို နောက်တစ်ကြိမ် အသုံးပြုလိုက်သည်။

မြူတွေ၊ အန္တရာယ်မရှိ၊ ကြာချိန် မသေချာ။

အန္တရာယ် မရှိသည်ကို မြင်လိုက်ရသဖြင့် ဆွန်းမို သက်ပြင်းချလိုက်မိသည်။ ထိုနောက် လုချီဟွာကို

ဖမ်းရန် လက်လှမ်းလိုက်သည်။ ဘာမှ မဖမ်းမိ.....။ မျက်နှာ ပျက်သွားသည်။

လုချီဟွာက သူ့စကားကို အမြဲတမ်း နားထောင်တတ်သည်။ မသွားရန် ပြောထားလျှင် မသွားမှာ သေချာသည်။

ဒါပေမယ် ဘာဖြစ်လို့ မဖမ်းမိတာလဲ။

“လုချီဟွာ၊ ငါပြောတာ ကြားလား”

“စကားပြောအုံး”

“ဇီချီ၊ စကားပြန်ပြောအုံး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အကြိမ်အနည်းငယ်လောက် ဆက်တိုက်ခေါ်သော်လည်း တုန့်ပြန်မှု လုံးဝ မရှိကြောင်း သတိထားလိုက်မိသည်။ မြန်မြန်လှည့်ပြီး ပြန်ပြေးသည်။

ကျောင်းသားများ ရှိမည့်နေရာကို ဦးတည်လိုက်သည်။ မဆင်မခြင် ပြေးလာသဖြင့် တစ်ယောက်ယောက်နှင့် ဝင်တိုက်မိသင့်သည်။ သို့သော် ခြေလှမ်း ၃၀ ရောက်သည့်တိုင်အောင် တစ်ယောက်မှ မတွေ့ရပေ။

ဆွန်းမို၏ နှလုံးခုန်နှုန်း မြန်လာပြီး လျှင်မြန်စွာ မေးလိုက်သည်။

“စနစ်၊ ဘာဖြစ်နေတာလဲ”

စနစ်က မိထွေးတစ်ယောက်ကဲ့သို့ ဘာမှ ပြန်မဖြေပေ။

ဆွန်းမိုသည် အသက်ခပ်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး အာရုံတွေကို အသုံးမပြုခင် စိတ်တည်ငြိမ်သွားအောင် အရင်လုပ်လိုက်သည်။ သို့သော်လည်း ဘာကိုမျှ အာရုံခံ၍ မရ....

နှလုံးခုန်သံ ဒါမှမဟုတ် အသက်ရှူသံ ဘာမှမရှိပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြူခိုးများ လွှမ်းခြုံနေပြီး နေရာတိုင်း တိတ်ဆိတ်နေသည်။

ဆွန်းမိုသည် မိနစ်အနည်းငယ်ခန့် တွေဝေသွားသော်လည်း မထွက်သွားသေးပေ။ ထိုအစား တိတ်တဆိတ် ထိုင်ချလိုက်သည်။ အိတ်ဆောင်နာရီကို ထုတ်ပြီး မျက်နှာနှင့် နီးကပ်အောင်ထားလိုက်သော်လည်း အချိန်ကို ရှင်းရှင်းလင်းလင်း ကြည့်၍ မရပေ။

နေရာတိုင်းက မြူခိုးအဖြူများ ဖြစ်နေသည်။ နို့ထဲ ရောက်နေသလို ခံစားရသည်။

ဆွန်းမို တိတ်တဆိတ် ရေတွက်နေသည်။ စက္ကန့် ၁၂,၀၀၀လောက် ကြာတော့ မြူခိုးတွေ လွင့်စင်လာသည်။ ငါးမိနစ်ခန့်ကြာလျှင် လုံး၀ ပျောက်သွားသည်။

ဆွန်းမို ဟိုဟိုဒီဒီ လိုက်ရှာသည်။ အရင်တုန်းက နေရာနှင့် အတူတူဖြစ်နေသော်လည်း တစ်ယောက်မှ ရှာမတွေ့တော့ပေ။ ဆွန်းမိုက တစ်ချိန်လုံး တစ်ယောက်တည်း ဖြစ်နေသည်။

ဆွန်းမို လိုက်ရှာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှေ့ပေါင်းရဲတိုက်၊ အမျိုးအမည်မသိတဲ့ မြေမျက်နှာသွင်ပြင်။

ဆွန်းမို မျက်မှောင် ကြုတ်နေသည်။

စောစောတုန်းက အမျိုးအမည်မသိ ဆိုသော စကားလုံးကိုမြင်ခဲ့သည်။ စနစ်မသိသော နေရာသစ်တစ်ခုကို ရောက်နေသည်ဟု သူထင်ခဲ့သည်။ ဒီစကားလုံးသည် ပကတိ အဓိပ္ပါယ် သက်သက် မဟုတ်ဘူးဟု ထင်ရသည်။

ဆွန်းမိုသည် လေးလေးနက်နက် တွေးတောရင်း ကြမ်းပြင်ကို ရုတ်တရုတ် ထိုးချလိုက်သည်။

ဘုန်း

ကြမ်းပြင်သည် ပင့်ကူမျှင်ကဲ့သို့ အက်ကွဲသွားပြီး ကျောက်တုံးများ လွင့်စင်သွားသည်။

ကျောက်ပြား၊ ဖွဲ့စည်းပုံ - စကျင်ကျောက်။

နံရံတွင် အမှတ်အသားတစ်ခု လုပ်ပြီးနောက် ဆက်သွားသည်။

ရှေ့ဟောင်းရဲတိုက်၏ အထက် ၁၀၀မီတာ မြင့်သောနေရာသည် မြေသား ခေါင်မိုးဖြစ်သည်။ သက်ရှိများ၏ ခြေရာလက်ရာ လုံးဝ မရှိဘဲ ပတ်ဝန်းကျင်က ယိုယွင်း ပျက်စီးနေသည်။

စစ်ပွဲတစ်ခုကြောင့် ပျက်စီးခဲ့သော ပုံမပေါ်သော်လည်း ကာလကြာရှည်သော အချိန်မြစ်ကြီးတစ်လျှောက်၌ လူသူကင်းမဲ့နေသော နေရာတစ်ခု ဖြစ်ခဲ့ ပုံရသည်။

ဆွန်းမိုက ဒီနေရာကို လေ့လာရင်း တွေးတောနေသည်။

သူဘယ်ရောက်နေတာလဲ။ ကျန်တဲ့လူတွေ ဘာဖြစ်လို့ ရုတ်တရက် ပျောက်ကွယ်သွားတာလဲ။ သူတို့ကို ပို့ဆောင်ရေးနဲ့ အဝေးပို့လိုက်တာလား။

ဒါမှမဟုတ် သူက ထင်ယောင် ထင်မှား ဖြစ်နေတာလား။

တယ်လီပို့နှင့် အဝေးပို့တာ မဖြစ်နိုင်ပေ။ ဒါကို အောင်မြင်အောင် လုပ်ဖို့ဆိုလျှင် ကျင့်ကြံခြင်းကျင့်စဉ် မည်မျှ အစွမ်းထက်ရန် လိုသည်ဆိုသော အချက်ကို ဖယ်ထားလိုက်လျှင်ပင် အနည်းဆုံးတော့ ဝိညာဉ်ချီ လှိုင်းတွေ ထွက်လာရလိမ့်မည်။ သို့သော် ဘာကိုမှ အာရုံ မခံမိခဲ့ပေ။

ဒါဆို ဒါသည် ထင်ယောင်ထင်မှား ဖြစ်နေတာလား။

ထိုသို့ဆိုလျှင် နောက်ထပ် ပြဿနာတစ်ခုပင်။

ပုံရိပ်ယောင်က သူ့ကို ပစ်မှတ်ထားနေတာလား။ ဒါမှမဟုတ် ဒီနေရာမှာရှိတဲ့ သက်ရှိအကုန်လုံးကို ပစ်မှတ် ထားနေတာလား။

အရမ်းကောင်းတယ်။ ဒါတွေကို စစ်ဆေးဖို့ လိုအပ်တယ်။

ဆွန်းမို မတ်တပ်ရပ်ပြီး ဘေးက အိမ်တစ်အိမ်ထဲသို့ ဝင်သွားသည်။ လှည့်ပတ်ကြည့်ပြီး နတ်ဘုရားမျက်စိ အာရုံကိုအသုံးပြုခဲ့သော်လည်း မူမမှန်တာ တစ်ခုမှ

မမြင်ခဲ့ပေ။ ထို့နောက် တိမ်ပျံကလေးကို ဆွဲထုတ်ပြီး လက်ညှိုးကို လှီးလိုက်သည်။

သွေးစိမ်းတွေ စီးကျလာပြီး ဆွန်းမိုက မြေပေါ်မှာ စက်ဝိုင်းပုံစံ ဆွဲလိုက်သည်။

ဒါက ဆင့်ခေါ်မှု ပုံစံပင်။

ငါးမိနစ်ခန့်ကြာပြီးနောက် ဖွဲ့စည်းပုံလည်း ပြည့်စုံသွားသည်။ ဆွန်းမိုသည် အကုန်လုံးစစ်ဆေးပြီး တစ်ခုမှ လွဲချော်ခြင်း မရှိကြောင်း အတည်ပြုလိုက်သည်။ ထိုနောက် ရွှတ်ဆိုရင်း ပုံစံထဲသို့ ဝိညာဉ်ချီ ထည့်သွင်းလိုက်သည်။

သွေးရောင် မြူခိုးများ စိမ့်ထွက်လာသည်။ ဆယ်မိနစ်ခန့်ကြာလျှင် ပတ်ဝန်းကျင်တစ်ခုလုံး စူးစူးရှရှ အသံများနှင့်ပြည့်နှက်သွားသည်။

ဆွန်းမိုက မရပ်တန့်ပေ။ ဆက်ပြီး ဖွဲ့စည်းနေသည်။

ပိုးမွှားအမျိုးအစားအများကြီး ပေါ်လာပြီး အားလုံးက ဒီနေရာ၌ စုဝေးလာကြသည်။

သိပ်မကြာခင် ကြမ်းပြင်ကို ထူထပ်တဲ့ အလွှာတစ်ခု ဖုံးအုပ်သွားကာ ပိုးကောင်များသည်

ကော်ဇော တစ်ခုလို ဖြစ်နေသည်။ အရိုးတွေတောင် တုန်နေသည်။

"ဒီနေရာက ဘယ်မှာလဲဆိုတာ တစ်ယောက်ယောက် ပြောနိုင်မလား"

ဒီပိုးကောင်တွေက အသက်မရှိပေ။ သူတို့သည် ပိုးကောင်တွေ သေဆုံးပြီးနောက် ကျန်ခဲ့သော စိတ်စွမ်းအင်များ ဖြစ်သည်။ ဆွန်းမိုက သူတို့ကို ဆင့်ခေါ်ရန် ဝိညာဉ်သားရဲ ထိန်းချုပ်မှု ကျင့်စဉ်ကို အသုံးပြုခဲ့သည်။

"ဒါက ရှေ့ဟောင်း ရဲတိုက်ပဲ"

"အိမ်ပဲ"

"သေခြင်းရဲ့ နေရာ"

မရေမတွက်နိုင်သော အဖြေများသည် ဆွန်းမို၏စိတ်ထဲသို့ စီးဝင်လာသည်။

ဒီပိုးကောင်များသည် မတူညီသော အချိန်၌ အသက်ရှင်ခဲ့ကြပြီး မတူညီသော နေရာ၌ နေထိုင်ကြသည်။

"သေခြင်းနေရာ ဘာဖြစ်လို့လဲ"

ဆွန်းမိုက ပိုးကောင်များကို ရွေးပြီး အသေးစိတ် စမေးလိုက်သည်။ ရှေ့ဟောင်းရဲတိုက်တို့၊ အိမ်တို့ ဖြေသော ပိုးကောင်အားလုံးကို လွှတ်ပေးလိုက်သည်။

ဆွန်းမိုသည် ပုံရိပ်ယောင်များက ကျူးကျော်သောလူများကို ပစ်မှတ်ထားနေကြောင်း လျှင်မြန်စွာ သိသွားသည်။ ပိုးမွှားများသည် အရမ်းသေးငယ်ပြီး အရေးမပါသဖြင့် ပုံရိပ်ယောင်၏ ပစ်မှတ်ထဲ၌ မပါခဲ့ပါ။ အများအားဖြင့်တော့ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ခဲ့ကြပြီး

သူတို့ထဲမှ တချို့သည် လျှို့ဝှက် ရတနာ အနီး၌ နေထိုင်ခဲ့ကြသည်။

“အရိုးတွေ အများကြီးပဲ။ စားကောင်းမယ်ဟေ့”

“အနက်ရောင် အခြေခံအဆောက်အဦး”

“မင်း မကြာခင် သေတော့မယ်”

ပိုးမွှားတွေက အမျိုးမျိုး ပြန်ဖြေကြသည်။

“ငါ့ကို အဲဒီအခြေခံ အဆောက်အဦးဆီ ခေါ်သွားပေးပါ”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ယခုအချိန်၌ ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ပညာသည် ဘယ်လောက် အစွမ်းထက်ကြောင်း နက်နက်ရှိုင်းရှိုင်း ခံစား သိရှိသွားသည်။ သို့သော် ဝိညာဉ်သားရဲ ထိန်းချုပ်သူများသာ ဒီမြင်ကွင်းကို မြင်လိုက်လျှင် သူ့ကို သေတဲ့အထိ ဆဲဆိုနေကြမည်။

ဒီနည်းစနစ်ကို သင်ယူကြသော အကြောင်းသည် စွမ်းအားကြီးမားသော ဝိညာဉ်သားရဲကို ဆင့်ခေါ်နိုင်စေရန် ဖြစ်သည်။ သူတို့၏ တိုက်ခိုက်ရေးအစွမ်းလည်း တိုးမြှင့်လာအောင်

ဖြစ်သည်။ သို့သော်လည်း ဆွန်းမိုကတော့ လမ်းညွှန်ခိုင်းဖို့ အသုံးပြုခဲ့သည်။

အခန်း (၃၈၅) - ရှေ့ဟောင်း ဝိညာဉ်ထိန်းချုပ်ခြင်းနည်းစနစ် အသုံးပြုမှု။

အစောဆုံး ကာလများ၌ ဝိညာဉ်ထိန်းချုပ်ခြင်း နည်းပညာကို စိတ်ဝင်စားခဲ့ကြပြီး အမျိုးမျိုး အသုံးပြုခဲ့ကြသည်။

အရည်အချင်းရှိသော ဝိညာဉ် ထိန်းချုပ်သူများသည် စိတ်ဝင်စားစရာ ကောင်းသော အရုပ်တစ်ခု ကောက်ရသကဲ့သို့ ပြုမူပြီး

ဝိညာဉ်ထိန်းချုပ်ရေး နည်းစနစ် အသစ်များကို ဆက်လက် တီထွင်ခဲ့ကြသည်။

တစ္ဆေ၊ သရဲများကို ဆင့်ခေါ်ပြီး သရဲအိမ်ကြီး ဖန်တီးခြင်း။

လူသေ အရိုးများနှင့် ဝိညာဉ် အကြွင်းအကျန်ကို ဖလှယ်ခြင်း။

....

ထိုအချိန်၌ ထူးဆန်းသော ဝိညာဉ်ထိန်းချုပ်ခြင်း ဆိုင်ရာ နည်းစနစ်များ ထွက်ပေါ်ခဲ့သည်။ ထို့အနက်

တချို့ကို နောက်ပိုင်းတွင် တားမြစ် နည်းပညာစာရင်းထဲ ထည့်ခဲ့သည်။

လူသားများ အပါအဝင် သက်ရှိတိုင်းသည် စွမ်းအားများကို တောင်းတကြသည်။

စွမ်းအားများသည် အစားအစာ၊ ဗိုက်ပြည့်ခြင်းနှင့် မြင့်မားသော ကျင့်ကြံခြင်း နယ်ပယ်ကို ကိုယ်စားပြုသည်။ထို့ကြောင့် လှွမ်းမိုးချုပ်ကိုင်မလား၊ လွတ်လွတ်လပ်လပ်နေမလား ရွေးချယ်၍ ရသည်။

ဒီနေ့ခေတ်သစ်၌ တိုက်ပွဲ ဖြစ်ပွားတိုင်း လက်နက်နည်းပညာအသစ်တွေက အရှိန်အဟုန်နှင့်

ပေါ်ထွက်လာခဲ့သည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင်လည်း စစ်ပွဲများ ဖြစ်ပွားတိုင်း ကျင့်ကြံမှုကျင့်စဉ်အသစ်တွေက အရှိန်အဟုန်နှင့် ပေါ်ထွက်လာလိမ့်မည်။

ဒီနေရာမှာလည်း ဝိညာဉ်ထိန်းချုပ်ခြင်း နည်းပညာက ခြွင်းချက် မဟုတ်ပါ။

မျိုးဆက်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကျင့်ကြံသူများသည် ဝိညာဉ်ထိန်းချုပ်ခြင်း မန္တာန်များကို လေ့လာခြင်းမှ ရပ်တန့်သွားခဲ့သည်။

ပိုအားကောင်းသော ဝိညာဉ်သားရဲများကို မည်ကဲ့သို့ ဆင့်ခေါ်မလဲဆိုသည့် ဖက်သို့ အာရုံစိုက်လာကြသည်။

ဝိညာဉ်သားရဲ အားကောင်းလေ၊ ဝိညာဉ်ထိန်းချုပ်သူက အားကောင်းလေ ဖြစ်သည်။

သမိုင်းထဲမှာလည်း စွမ်းအားကြီးမားသည့် ဝိညာဉ်သားရဲကို ဆင့်ခေါ်သော ဝိညာဉ်ထိန်းချုပ်သူများ မရှားခဲ့ပါ။ သို့သော် ဝိညာဉ်သားရဲက ထိန်းချုပ်မှုမှ လွတ်မြောက်ပြီး တစ်မြို့လုံးကို သတ်ပစ်ခဲ့သော သာဓက များလည်းရှိခဲ့သည်။

ဝိညာဉ်ထိန်းချုပ်ခြင်း နည်းစနစ် အောင်မြင်ခဲ့သော နေ့ရက်များသည် ကုန်ဆုံးသွားခဲ့သည်မှာ တော်တော်ကြာနေပြီ။ ဒါသည် သတင်းအချက်အလက် အနည်းပညာကို သင်ယူပြီး ပရိုဂရမ်များကို လေ့လာရန် အားသန်နေသော အဆင့်နိမ့် ပရိုဂရမ်မာများနှင့် တူနေသည်။ ယခုလက်ရှိ ဝိညာဉ်ထိန်းချုပ်သူ လျှောက်သော လမ်းကြောင်းများ အားလုံးသည် အံ့အောဖို့ကောင်းသော ဝိညာဉ်သားရဲ ဆင်ခေါ်သည့် နည်းသာ ဖြစ်နေသည်။

ဆွန်းမို လုပ်ဆောင်ခဲ့သလို ပိုးကောင်များ၏ ဝိညာဉ်အကြွင်းအကျန်ကို ဆင့်ခေါ်ပြီး လမ်းညွှန်ခိုင်းသော ဖြစ်စဉ်မျိုးက ရှားပါးလှသည်။ ဒါသည် ရှေ့ခေတ်၌ အသုံးပြုသော နည်းတစ်မျိုး ဖြစ်သည်။

ဆွန်းမိုက ကျောင်းသားများကို ရှာဖွေရန် ပျံသန်းနေသော ပိုးကောင်းတချို့ကို ဖြန့်ကျက်ထားပြီး အနက်ရောင် အဆောက်အဦးသို့ ဦးတည်သွားလိုက်သည်။ နာရီဝက်ခန့်ကြာလျှင် ရလဒ်တစ်ခု ထွက်ပေါ်လာသည်။

"ဆရာကူ လား"

ဆွန်းမိုက ကူရှုပ်ရှင်းကို အကဲခတ်လိုက်သည်။ သူမက မထိခိုက်ထားသလို အခြေအနေကလည်း မဆိုးကြောင်း မြင်လိုက်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

"မင်း စောစောတုန်းက မြူခိုးတွေထဲမှာ ဘာကြုံခဲ့ရလဲ"

"ငါက မင်းတို့တွေကို လှမ်းအော်ခေါ်ပေမယ့် ဘယ်သူမှ ပြန်မဖြေဘူး။ မြူခိုးတွေ ပျောက်ကွယ်သွားတာနဲ့ မင်းတို့အားလုံးလည်း

အနားမှာ မရှိတော့ဘူးဆိုတာ ငါသိလိုက်ရတယ်။ ဒါကြောင့် စိုးရိမ်ပြီး လိုက်ရှာနေတာ”

ကူရှုပ်ရှင်းက လျှင်မြန်စွာ ပြေးလာပြီး ကြည်နူးစွာ ကြည့်နေသည်။

“ငါ့ကို ဘယ်လိုရှာတွေ့တာလဲ”

ဆွန်းမိုက လက်ကိုမြှောက်လိုက်သည်။ အလင်းရောင်ဖျော့ဖျော့လေး တောက်ပနေသော ပိုးကောင်တစ်ကောင်သည် ဆွန်းမို လက်ထံ ပျံသန်းလာသည်။

“ဝိညာဉ်ထိန်းချုပ်ခြင်း နည်းပညာလား”

ကူရှုပ်ရှင်းက အလန့်တကြား ထအော်သည်။

“ဆရာဆွန်း၊ မင်းကတကယ့် အံ့မခန်းပဲ”

“ဟီးဟီး”

ဆွန်းမိုက ငြင်းမနေတော့ပေ။

“ကျောင်းသားတွေကို မြန်မြန် လိုက်ရှာကြစို့”

“အင်း”

ကူရှုပ်ရှင်းက ဦးဆောင်လိုက်သည်။

ဆွန်းမိုသည် အရှေ့သို့ ခြေလှမ်း အနည်းငယ် လှမ်းလိုက်သော်လည်း အချို့ကိစ္စများက အနည်းငယ်

အနေရခက်စေသည်။ သို့သော်လည်း သတိထားပြီး စောင့်ကြည့်သော်လည်း မူမမှန်မှုကို သတိမထားမိပေ။

....

ကျားဖြူကို စီးနင်းထားသော လီဇီချီသည် နံရံတစ်ခု အရှေ့၌ ရပ်လိုက်သည်။

လီဇီချီသည် ဒီနေရာကို အရမ်း ရင်းနှီးနေမှန်း သတိထားလိုက်မိသည်။ သူမက ဒီနေရာကို တစ်ခေါက် ဖြတ်သန်းခဲ့ဖူးသော်လည်း

စောစောတုန်းက လုပ်ထားခဲ့သော အမှတ်အသားကို ရှာမတွေ့ ဖြစ်နေသည်။

“မင်း အရင်က ဖြတ်သွားဖူးတာလား”

ဆောင်ရာသီ၏ အေးခဲသော လေကဲ့သို့ အေးစက်သော အသံတစ်ခု ထွက်ပေါ်လာသည်။

“မင်းငါ့ကို လိမ်နေတာလား”

လီဇီချီက ဌက်ဖြူခါးနှင့် တစ်ဝက်တစ်ပျက် ထွင်းဖောက်မြင်နေရသော ဝိညာဉ်ကို ချိန်လိုက်သည်။ ဒါသည် ဝိညာဉ်ထိန်းချုပ်မှု နည်းပညာနှင့် အရိုးတစ်ခုမှ ဆင့်ခေါ်ထားခဲ့ခြင်း ဖြစ်သည်။။

"ငါသေသွားတာ တော်တော်ကြာနေပြီ။ ငါမှတ်မိတဲ့ အရာတွေကလည်း မရေမရာ ဖြစ်နေပြီ။ ငါ့ကို စဉ်းစားဖို့ အချိန်တစ်ခုတော့ ပေးရမယ်"

ဝိညာဉ်က ရှင်းပြသည်။

လီဇီချီသည် ဝိညာဉ်၏ ရှင်းပြချက်ကို ယုံကြည်သော ပုံစံနှင့် ခေါင်းကို အောက်ချလိုက်သည်။ သို့သော် လီဇီချီသည် သူမ အမှားလုပ်မိကြောင်း သိလိုက်သည်။

ဒီဝိညာဉ် ပြောတာမှန်သည်။ သူ သေသွားတာက တော်တော် ကြာနေခဲ့ပြီ ဝိညာဉ်ထိန်းချုပ်ခြင်း

နည်းစနစ်ကြောင့် အသက်ရှင်လာသော်လည်း မှတ်ဉာဏ်တွေက မပြည့်စုံတော့ပေ။ မသေခင်က မှတ်ဉာဏ်တွေပဲ ကျန်ခဲ့တော့သည်။

အသက်ရှင်ချင်၍သာ လိမ်နေခဲ့သည်။ အကြောင်းမူ သူက အသုံးမဝင်ကြောင်း အတည်ပြုပြီးလိုက်သည်နှင့် လီဇီချီက ဝိညာဉ်ထိန်းချုပ်ခြင်း နည်းပညာကို ဖယ်ရှားလိုက်လျှင် ပြန်သေသွားရလိမ့်မည်။

"ဒီကောင်လည်း စွန့်စားခန်း ထွက်လာတာဖြစ်မယ်။ နောက်ဆုံး ဒီဝက်ပါထဲ ပိတ်မိပြီး သေခဲ့တာပဲ ဖြစ်လိမ့်မယ်"

လီဇီချီက သုံးသပ်လိုက်သည်။ ဦးတည်ရာကို ပိုင်းခြားပြီး ကျားဖြူစီးကာ မြောက်ဘက်သို့ ဦးတည်ပြီး ဆက်ထွက်သွားသည်။

ဆယ်မိနစ်ခန့်ကြာပြီးနောက် ကျားဖြူနောက်၌ လွင့်မျောနေသော ဝိညာဉ်က ထအော်သည်။

"အဲဒီမှာ သက်ရှိလူသား အငွေ့အသက်၊ အနံ့ရတယ်၊ သူ့ကို စားလိုက်ရမလား"

ဝိညာဉ်က အော်ဟစ်ပြီး ဘေးနားက အဆောက်အဦး တစ်ခုဆီ ရုတ်တရက် လှည့်ဝင်သွားသည်။

လီဇီချီက သူ့ကိုမတားဘဲ ကျားဖြူကြီးစီးပြီး အနောက်က မှီအောင် လိုက်သွားသည်။

“လီဇီချီ၊ မင်းမကြောက်ရဘူး”

တောကြက်ဥလေးသည် သူ့ကိုယ်သူ အားပေးလိုက်သည်။

ထိုသို့ ရုတ်တရက် တွေ့ဆုံမှု၌ အဝေးသို့ ရှောင်ထွက်သွားချင်သော်လည်း သူမ၏

တိုက်ခိုက်ရေးအစွမ်းက နိမ့်ပါးသည်ဆိုတာ လူသိသွားလိမ့်မည်။ ထို့ကြောင့် သူမသည် ပြင်းထန်သော တိုက်ခိုက်မှု တစ်ခု လုပ်ချင်ယောင် ဆောင်လိုက်သည်။

ပျက်ဆီးနေသော ပြတင်းပေါက်မှတဆင့် ဝိညာဉ်သည် အခန်းထဲသို့ ပြေးဝင်သွားသည်။ စက္ကန့်အနည်းငယ်တွင်း၌ ထပ်အော်ပြန်သည်။

"သခင်မလေး။ ငါ့ကို ကယ်ပါ။ ငါမသေချင်ဘူး"

ဝိညာဉ်က ပြေးထွက်လာသည်။ သို့သော် အဝေးမရောက်ခင် ဓါးချီက လိုက်မီလာပြီး သူ့ကို နှစ်ခြမ်းခွဲလိုက်သည်။

ဝိညာဉ်က ဝိညာဉ်ပုံစံ ဖြစ်နေသည် အချက်ကိုပဲ ကျေးဇူးတင်ရမည်။ ထိုသို့ ထက်မြတ်သောဓါးများက သူ့ကို နာကျင်အောင် လုပ်နိုင်သော်လည်း သေအောင်တော့ မသတ်နိုင်ပေ။

"ဒါက ဆိုးတယ်။ သန်မာတဲ့ ရန်သူတစ်ယောက် ငါတွေ့ခဲ့တယ်"

လီဇီချီကို ကြည့်လိုက်လျှင် တည်ငြိမ်နေသော်လည်း စိတ်ထဲ၌ ကြက်ဟင်းခါးသီးသီးနေသည်။ တစ်ဖက်လူသည် ဝိညာဉ်ကိုတောင် မကြောက်ပေ။ ကြမ်းတမ်းသော လူတစ်ယောက်နှင့် တွေ့ရတော့မည့် ပုံပင်။

အရပ်မြင့်မြင့်နှင့် ကောင်လေးတစ်ယောက်သည် အခန်းထဲက ထွက်လာသည်။ လီဇီချီ၏ ပုံစံကို မြင်ပြီး မျက်လုံး အရောင်တောက်လာသည်။

ဒီကောင်မလေး အရမ်းလှတယ်။

ဒီနှစ် မာရှောင်၏ ထိပ်တန်းအလှလေးသည် အရမ်းလှသည်ဟု ခံစားခဲ့ရသော်လည်း ဒီမိန်းကလေးနှင့် ယှဉ်လိုက်လျှင် ရုပ်ဆိုးသွားသလို ခံစားရသည်။

“ဗဟိုပြည်နယ်အကယ်ဒမီလား”

ဂျိဝမ်ဒေါင်သည် လီဇီချီ၏ ရင်ဘက်က ကျောင်းတံဆိပ်ကို မြင်လိုက်သည်။ သူ၏ အကြည့်က စီးထားသော ကျားဖြူထံ ရောက်သွားသည်။

“အထင်ကြီးစရာပဲ”

ဂျိဝမ်ဒေါင်သည် ဆက်ပြောလိုက်သည်။

"ဒါဆို ကျောင်းသား ဂျိဝမ်ဒေါင်ပေါ့"

လီဇီချီသည် မျက်နှာကို မြင်လိုက်သည်နှင့် ချက်ခြင်း မှတ်မိသည်။ သူသည် မာရှောင် ကျောင်းသားအဖွဲ့၏ ဒုတိယခေါင်းဆောင် ဖြစ်ပြီး ဒုတိယမြောက် အသန်မာဆုံး ဖြစ်သည်။

လီဇီချီသည် ပြိုင်ပွဲ မစခင်ကတည်းက အချက်အလက်များကို စုဆောင်းခဲ့သည်။ ဒီလူသည် နန်ကုန်တာအိုက်ခဲ့သို့ အဖွဲ့တစ်ခုကို သူ့ဘာသာသူ တစ်ယောက်တည်း ချေမှုန်းနိုင်လိုက်အောင် သန်မာသော လူပင်။

ဗဟိုပြည်နယ် အကယ်ဒမီ၌ ရှန်ယွန်ပေါင်တစ်ယောက်ပဲ သူနှင့်တိုက်ခိုက်ရန် အရည်အချင်း ရှိသည်။ တခြားသူများက အလုပ်မဖြစ်နိုင်ပေ။

ဂျိဝမ်ဒေါင်က ပြုံးလိုက်ပြီး

"ကျောင်းသား၊ ဒဏ်ရာ မရချင်ရင် မင်းစီးထားတဲ့ ကျားဖြူကို လွှဲပေးတာ ပိုကောင်းမယ်"

ဒီပြိုင်ပွဲ၌ လက်နက်များအပြင် လျှို့ဝှက် ရတနာလိုမျိုး ဝိညာဉ်ပစ္စည်းတွေကို ယူလာခွင့် တားမြစ်ထားသည်။ ထိုအပြင် လီဇီချီ၏

အသက်အရွယ်အရ ဒီလို ဝိညာဉ်သားရဲကို ဆင့်ခေါ်နိုင်မည်ဟု မထင်ပေ။

ဗဟိုပြည်နယ် အကယ်ဒမီက ရှာတွေ့ပြီး သူမဘေးကင်းစေရန် ပေးထားခြင်းသာ ဖြစ်လိမ့်မည်။

ဝိညာဉ်ပစ္စည်းဆိုသည်မှာ ဝိညာဉ်ချီ ပါဝင်သော ပစ္စည်းများ၏ ယေဘုယျ နာမည် ဖြစ်သည်။ ဝိညာဉ်ပုလဲနှင့် ဌက်ဖြူခါး နှစ်ခုစလုံးကို ဝိညာဉ်ရေးရာ အသုံးအဆောင် ပစ္စည်းဟု သတ်မှတ်နိုင်သည်။

"ကျောင်းသားဂျိ၊ မင်းလိုချင်ရင် ငါ့လက်ထဲက ခါးရှည်ကို မေးကြည့်လိုက်"

လီဇီချီက တည်ငြိမ်စွာ ပြုံးလိုက်သည်။

“ငါ့အရှေ့မှာ လှုပ်ရှားဖို့ဆိုတာ အသုံးမဝင်ဘူးနော်”

ဂျိဝမ်ဒေါင်က စကားပြောပြီးသည်နှင့် သူ့၏ခြေထောက်ကို အားထည့်လိုက်သည်။ လီဇီချီထံ ရုတ်တရတ် ပြေးဝင်လာသည်။ သူ့ကဲ့သို့ သန်မာသော လူတစ်ယောက်သည် ဘာကိုမှ ဂရုစိုက်စရာ မလိုပေ။ သူကပဲ အရင်တိုက်ခိုက်မည်။

လီဇီချီက ဓါးကို ဝှေ့ယမ်းလိုက်သည်။

ဝူး၅် ဝူး၅် ဝူး၅်

ဌက်ဖြူသုံးကောင် ခါးက ထွက်သွားသည်။ ရေပေါ်၌ ယှက်ပြေးသွားသကဲ့သို့ ဂျိဝမ်ဒေါင်ထံ ပြေးဝင်သွားသည်။

"ခါးကောင်းပဲ"

ဂျိဝမ်ဒေါင် မျက်လုံးအရောင်တောက်သွားပြီး စိတ်ထဲ၌ တိုက်ခိုက်မှုကို ဂရုမစိုက်ပေ။ ခါးရှည်နှင့် ပြန်ခုတ်ချလိုက်သည်။

ဖောက် ဖောက် ဖောက်

ဌက်ဖြူသုံးကောင် ထိုးဖောက်ခံလိုက်ရသည်။

“ကျောင်းသား၊ ကျားဖြူပေါ်က မဆင်းဘူးဆိုတော့ မင်းက ပြေးဖို့ စဉ်းစားနေတာလား။ ဒီလိုမှမဟုတ်ရင် မင်းမှာ တိုက်ခိုက်ဖို့ အရည်အချင်း မရှိလို့လား”

ဂျိဝမ်ဒေါင်က လီဇီချီ၏ မျက်နှာကို စိုက်ကြည့်ရင်း မျက်နှာ အမူအရာကို အကဲခတ်နေသည်။

စိတ်မကောင်းစရာက လီဇီချီသည် စိတ်ပူနေသော်လည်း မျက်နှာ၌ မည်သည့်အမူအရာမှ မရှိပေ။

သူမ၏ သရုပ်ဆောင်မှုက အံ့မခန်းပင်။

“အကောင်းဆုံးတိုက်ကွက်၊ ဌက်တစ်ရာတောပြန်ခြင်း”

လီဇီချီသည် ဂုဏ်ယူဝံ့ကြွားစွာ အော်ဟစ်လိုက်ပြီး ဓါးရှည်ကို ဒေါသတကြီး ခုတ်ချလိုက်သည်။

ဂျိဝမ်ဒေါင် မပေါ့လျော့ရဲတော့ပေ။ ဒီဓါးရှည်သည် ဝိညာဉ်လက်နက်ဖြစ်နေကြောင်း သိသာနေသည်။ ထိုအပြင် သူမ ဆရာ၏ ယုံကြည်မှုကို ရပြီး ကျားဖြူစီးခွင့် ပေးထားခြင်းသည် ဒီမိန်းကလေးက အရမ်းသန်မာပြီး အားကိုးရသူ ဖြစ်ကြောင်း သိသာနေသည်။

"ဒါပေမယ့် သူမရဲ့ စိတ်အခြေအနေကို ဘာဖြစ်လို့ မခံစားရတာလဲ"

ဂျိဝမ်ဒေါင် အံ့အောသွားသည်။

သန်မာသော ကျောင်းသားအများစုသည် အကောင်းဆုံးတိုက်ကွက်ကို ထုတ်မသုံးခင် အထူးသဖြင့် သူတို့၏ စိတ်နေသဘောထား ပုံစံရှိကြသည်။ သူတို့ ကိုယ်ပေါ်က ဝိညာဉ်ချီသည် အရှိန်အဟုန်နှင့် ပေါ်ထွက်လာပြီး စိတ်နေသဘောထားက အပြင်းအထန်ဆုံး အချိန်ဖြစ်သည်။ သို့သော် ဒီမိန်းကလေးက အန္တရာယ်

ကင်းတဲ့ပုံပေါက်နေပြီး မသိလျှင် အိမ်နီးချင်း ညီမငယ်တစ်ယောက်နှင့် တူနေသည်။

သူမက 'မူလပြန်ခြင်း' အခြေအနေကို ရောက်နေပြီလား။

ဂျိဝမ်ဒေါင်က ခန့်မှန်းလိုက်ပြီး တားဆီးနိုင်အောင် ဓါးကို ဝှေ့ယမ်းလိုက်သည်။ ဓါးနှစ်ချောင်း ထိပ်တိုက်တွေ့တဲ့အချိန်၌ တစ်ခုခု လွဲချော်နေမှန်း သတိထားလိုက်မိသည်။ ဒါသည် အရမ်းအားနည်းနေပြီး အကောင်းဆုံးတိုက်ကွက် မဟုတ်သည်မှာ သေချာသည်။

"ဟန်ဆောင် တိုက်ခိုက်မှု"

ဒီစကားသည် ဂျိဝမ်ဒေါင်၏ စိတ်ထဲသို့ ချက်ခြင်း ဝင်လာသည်။ ထို့ကြောင့် တိုက်စစ်မှ ခုခံရေးပုံစံသို့ ပြောင်းလဲကာ အပြည့်အဝ ခုခံလိုက်သည်။

လီဇီချီ၏ ဘယ်လက်က ဂျိဝမ်ဒေါင်ကို ချိန်ထားသည်။

ပန်းသီးအရွယ် ဖောက်ထွင်းမြင်ရသော စက်လုံးတစ်ခုက လက်ဖဝါးရှေ့၌ ချက်ခြင်းပေါ်လာပြီး အမြှောက်ဆံတစ်ခုကဲ့သို့ ဂျိဝမ်ဒေါင်ထံ ပြေးထွက်သွားသည်။

လေလှိုင်းကျည်ဆန် ပေါက်ကွဲခြင်း။

ဘုန်း ဘုန်း ဘုန်း။

ဂျိဝမ်ဒေါင်သည် ရတ်တရတ် ထိမှန်ပြီး လွင့်ထွက်သွားသည်။ သို့သော် လေထဲ၌ပင် ကိုယ်နေဟန်ကို ထိန်းညှိလိုက်သည်။ ရတ်တရတ် သက်ရောက်မှုကြောင့် အဝေးသို့ ရောက်သွားသည်။

"အဟွတ် အဟွတ်၊ ဖူး"

ဂျိဝမ်ဒေါင် ပါးစပ်က သွေးများ အန်ကျလာပြီး လီဇီချီကို သတိကြီးစွာ စိုက်ကြည့်နေသည်။

"အင်း ဒါက ငါ့အတွက် အကောင်းဆုံး အခွင့်အရေးပဲ"

လီဇီချီ သက်ပြင်းချလိုက်သည်။ မာရှောင်၏ ဒုတိယခေါင်းဆောင်သည် မျှော်လင့်ထားသကဲ့သို့ ဖြစ်နေသည်။ ဒီလို အလစ်ချောင်း တိုက်ခိုက်မှုကိုပင် ရှောင်တိမ်းနိုင်စွမ်းရှိပြီး အမှန်တကယ် သန်မာလှသည်။

"သခင်မလေး၊ မင်းက အံ့အောစရာပဲ"

နောက်၌ လွင့်ပျံနေသော ဝိညာဉ်သည် ကျယ်လောင်စွာ အောင်ပွဲခံ အော်ဟစ်လိုက်သည်။

“ငါက ဆရာရဲ့ ပထမဆုံး တပြည့်ပဲ။ ငါလွဲလို့ မရဘူး။ ငါ့ကြောင့် ဆရာ အရှက်မရစေရဘူး”

လီဇီချီ၏ အကြည့်များသည် ဆုံးဖြတ်ချက် ခိုင်မာလာသည်။

“ကျောင်းသားဂျို၊ မဆိုးဘူး မဟုတ်လား”

လီဇီချီက ရည်ရွယ်ချက်ချက် ရှိရှိ စိန်ခေါ်လိုက်သည်။

လီဇီချီ၏ သဘောထားကြောင့် ဂျိုဝမ်ဒေါင် အေးခဲသွားသည်။

“ငါ ဘာလုပ်သင့်လဲ။ တိုက်ခိုက်သင့်လား။ နောက်ဆုတ်သင့်လား”

ဂျိဝမ်ဒေါင်၏ ထည့်သွင်းစဉ်းစားမှုက ဒီတိုက်ပွဲအတွက်သာ မဟုတ်ပေ။ သူအနိုင်ရလျှင်လည်း နာကျင်ရလိမ့်မည်။ နောက်ပိုင်း ပြိုင်ပွဲကို မည်ကဲ့သို့ ဆက်ပြိုင်ရမည်နည်း။

မာရှောင်သည် ဒီဝက်ံပါထဲ ရောက်နေခဲ့တာ ဆယ်နာရီခန့် ရှိနေပြီ။ ထိုအပြင် သူတို့သည် ဒီနေရာ၌ ဘယ်လောက်ကြာကြာ နေရမလဲ မသိပေ။ ထို့ကြောင့်

ဂျိဝမ်ဒေါင်သည် ကောင်းမွန်သော အနေအထားကို ထိန်းသိမ်းထားချင်သည်။

"ဒါကို ကြည့်ရတာတော့ လှျို့ဝှက်ရတနာ ယူမယ့် နည်းလမ်းကို မင်းကောင်းကောင်း မသိသေးပါဘူး"

လီဇီချီက အေးစက်စက် နှာခေါင်း တစ်ချက် ရှုံ့လိုက်ပြီး တိုက်ခိုင်ချင် ယောင်ဆောင်လိုက်သည်။

"နေပါအုံး၊ ငါတို့ ဘာဖြစ်လို့ အတူတူ အလုပ်မလုပ်ရတာလဲ"

ဂျိဝမ်ဒေါင်က အဆိုပြုသည်။

"ငါတို့ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်တာအပြင် အဓိက ရည်ရွယ်ချက်က လျှို့ဝှက်ရတနာ ရှာဖို့ပဲ"

....

"ကျွတ်၊ ကျွတ်၊ လီဇီချီက ဒီကျောင်းသားကို ကြောက်အောင် လုပ်နိုင်ခဲ့တာပဲ"

အမှောင်ထဲ၌ ပုန်းပြီး စောင့်ကြည့်နေသော ကူရှုပ်ရှင်းသည် အရမ်းအံ့အောသွားသည်။ လီဇီချီ၏ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည် ညှံ့ဖျင်းသော်လည်း ဦးနှောက်က ကောင်းလှသည်။

ဆွန်းမိုက အနည်းငယ် မျက်မှောင်ကြုတ်ပြီး ကူရှုပ်ရှင်းကို လှမ်းကြည့်လိုက်သည်။

“ဒီလို ကျောင်းသားတစ်ယောက်ရှိလို့ မင်းကို မနာလိုတော့ဘူး”

ကူရှုပ်ရှင်းက ယဉ်ကျေးစွာ ပြောလိုက်သည်။

“ကျေးဇူးတင်ပါတယ်။ ကျန်ရန်ဖောင်လည်း မဆိုးပါဘူး”

သူတို့နှစ်ယောက် မတိုက်ခိုက်ကြတောပေ။ ဒါကိုမြင်လိုက်လျှင် ဆွန်းမိုသည် လမ်းလျှောက်၍ ထွက်လာသည်။

သူသည် ဒီကိုရောက်နေသည်မှာ ကြာနေပြီ။ လီဇီချီ၏ စွမ်းရည်ကို မြင်ချင်သောကြောင့် အပြင်သို့ မထွက်လာခဲ့ပေ။

ဝူးရှိ

ဂျိဝမ်ဒေါင်၏ အကြည့်က ချက်ခြင်း ရောက်လာသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတွေဖြစ်နေမှန်း သိလိုက်လျှင် သတိပိုကြီးလာသည်။

“စိတ်မပူနဲ့။ ငါတို့မှာ မကောင်းတဲ့ စိတ်မရှိဘူး။ ကိုယ့်ဘာသာကိုယ်သွားဖို့က အန္တရာယ်များလွန်းတယ်။ ငါတို့နဲ့ လိုက်ခဲ့ပါလား”

ဆွန်းမိုက အကြံပေးသည်။ ဒါသည် ကျောင်းသား၏ လုံခြုံရေးအတွက်ပင်။

အခန်း (၃၈၆) - ဘာဖြစ်လို့ မင်းဆရာက အရမ်းငယ်နေရတာလဲ။

"ဆရာ ဟုတ်လား"

လီဇီချီသည် ဒီနေရာတွင် ဆွန်းမိုကို တွေ့ရလိမ့်မည်ဟု မထင်ထားခဲ့ပေ။ ကျားဖြူပေါ်မှ ချက်ခြင်း ခုန်ဆင်းပြီး ဆွန်းမို ဘေးနားသို့ ပြေးသွားကာ လက်မောင်းကို တန်းဖက်လိုက်သည်။

"ထူးချွန်တဲ့ လုပ်ဆောင်ချက်ပဲ"

ဆွန်းမိုက လီဇီချီ၏ခေါင်းကို ပုတ်ရင်း ချီးကျူးလိုက်သည်။

"ဟီးဟီး၊ ဆရာရဲ့ လမ်းညွှန်မှုကြောင့်ပါ။"

ဆွန်းမိုဆီက ချီးကျူးမှုကို ရရှိလိုက်သဖြင့် လီဇီချီ ဝမ်းသာသွားသည်။

ဂျိဝမ်ဒေါင်ကတော့ ဆွန်းမိုကို တအံ့တအော စစ်တမ်းကောက်နေသည်။ လီဇီချီကဲ့သို့ ကျောင်းသားကို မြတ်ဆရာတစ်ယောက်ကပဲ သင်ပေးနိုင်လိမ့်မည်ဟု သူထင်ခဲ့သည်။ ထို့အပြင် ဒီလူက အရမ်းငယ်လွန်းသည်။

"ဒီလူ့မှာ အထင်ကြီးဖို့ကောင်းတဲ့ နောက်ခံရှိနေတာပဲ ဖြစ်ရမယ်"

ဂျိဝမ်ဒေါင်က ခန့်မှန်းလိုက်သည်။

မြတ်ဆရာများနှင့် သိုင်းပညာရှင်များသည် ကွာခြားသည်။ မြတ်ဆရာတွေက ဆရာဝန်နှင့်တူသည်။ အသက်ကြီးသည်နှင့်အမျှ ဗဟုသုတ ပိုများ၍ မိုးကုတ်စက်ဝိုင်း ပိုကျယ်ပြန့်လေဖြစ်သည်။

ဒီမိန်းကလေးသည် ထိုလူဆီက ကြီးမားသော အရင်းအမြစ် လိုချင်လို့သာ ဖြစ်ရမည်။

သို့သော်လည်း ဂျိဝမ်ဒေါင်သည် လီဇီချီကို နောက်တစ်ကြိမ်ကြည့်ပြီး ရုတ်တရက် ခေါင်းယမ်းလိုက်မိသည်။

ဒီမိန်းကလေးသည် အရမ်းလှပြီး သူမ၏အပြုံးက ဖြူစင်ကာ ချစ်စရာ ကောင်းလွန်းသည်။ သူမကို တစ်ခုခု ကြံစည်ခဲ့ရင် မည်ကဲ့သို့လုပ်ရမည်နည်း။ (ငါ့အထင် သေချာပေါက် မှားပါစေ)

ဆွန်းမိုက ဝိညာဉ်ကို ကြည့်လိုက်ပြီး "ဒါကို ဝိညာဉ်ထိန်းချုပ်ခြင်း နည်းစနစ်နဲ့ ဆင့်ခေါ်ခဲ့တာလား"

သူ့မျက်စိရှေ့က အရာသည် ဝိညာဉ်အမျိုးအစား ဖြစ်ပြီး တစ်ဝက်တစ်ပျက် ဖောက်ထွင်း မြင်နေရသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းက လုံးဝ

မပျက်ဆီးသော်လည်း ခြေထောက်နေရာက တိမ်တိုက်ကဲ့သို့ ဖြစ်နေသည်။

မျက်နှာမှာတော့ အပျက်အဆီးများ ဖုံးလွှမ်းနေသည်။ တော်တော်ကြာနေပြီဟု ပြောနိုင်သည်။ အနက်ရောင် ဆံပင်အထက်မှာ အဝိုင်းတစ်ခု ဝတ်ဆင်ထားကာ သရုပ်ပျက် ဦးလေး တစ်ယောက်နှင့်ပင် တူသေးသည်။

ထိုအခိုက်အတန့်မှာ ဝိညာဉ်သည် အတတ်နိုင်ဆုံး ချိုသာစွာ ပြုံးပြနေသည်။

ဆွန်းမိုကလည်း ဝိညာဉ်ထိန်းချုပ်သူ ဖြစ်သည်။ သူထုတ်လွှင့်သော အငွေ့အသက်က ဝိညာဉ်တွေကို ကြောက်လန့်စေသည်။

သာမန်လူများတွင် ဝိညာဉ်လက်နက်မရှိပါက ဝိညာဉ်များကို သတ်ပစ်ရန် ခက်လိမ့်မည်။ သို့သော် ဝိညာဉ်ထိန်းချုပ်သူအတွက် အရမ်းရိုးရှင်းလွန်းသည်။

ထိုအပြင် ဝိညာဉ်ထိန်းချုပ်သူများသည် အများအားဖြင့် ဝိညာဉ်များကို ဖမ်းကာ ဝိညာဉ်သားရဲများကို အစာကျွေးလေ့ ရှိကြသည်။

"အင်း။ ပျက်စီးနေတဲ့ အရိုးတစ်ခုကနေ ဆင့်ခေါ်ထားတာ"

လီဇီချီက ရှင်းပြသည်။

"လုပ်တာ ကောင်းတယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။ တောကြက်ဥလေး၏ တိုက်ပွဲဗျူဟာသည် သူနှင့်အတူတူ ဖြစ်နေသည်။

"ဒါက ဆရာရဲ့ ကောင်းမွန်တဲ့ လမ်းညွှန်မှုကြောင့်ပါ"

လီဇီချီက ချိုသာစွာ ပြုံး၍ ပြန်ဖြေလိုက်သည်။ သူမ၏ဆရာအနားတွင်လည်း ပိုးကောင် အမျိုးအစား ဝိညာဉ်သားရဲတချို့ကို သူမ တွေ့ရှိခဲ့သည်။ မေးစရာ မလိုပေ။ ဒါတွသည် ဆရာကို လမ်းပြနေတာပဲ ဖြစ်လိမ့်မည်။

ဂျိဝမ်ဒေါင်သည် အမှန်တရားကို သူဘာသာသူ ရှာတွေ့ပြီး ရုတ်တရက် နှလုံးသားတစ်ခုလုံး တင်းကျပ်သွားသည်။

"ဘာ၊ ဒီလူငယ်ကို တကယ်ပဲ သူမရဲ့ ဆရာအဖြစ် သတ်မှတ်ထားတာလား"

ဂျိဝမ်ဒေါင်သည် လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။ လှပသော မိန်းကလေးသည် ခေါင်းအနည်းငယ်မော့၍ လူငယ်ကို စိုက်နေသည်ကို မြင်နေရသည်။ မျက်နှာပေါ်မှာ ချစ်စရာကောင်းသော အပြုံးတစ်ခု ရှိနေပြီး မျက်လုံးထဲမှာလည်း ကိုးကွယ် ဆည်းကပ်မှုနှင့် ပြည့်နေသည်။

ဘာကြောင့်မှန်း မသိသော်လည်း ဂျိဝမ်ဒေါင်၏ နှလုံးသားသည် ရုတ်တရက် ဝမ်းနည်းလာသည်။

တစ်ယောက်ယောက်က မဆင်မခြင် ကြိမ်လုံးနှင့် ရိုက်လိုက်သလို နာကျင်နေသည်။

ထိုနောက် ဂျိဝမ်ဒေါင်သည် ဒီလူငယ်ကို ရုတ်တရက် အရမ်းမုန်းတီးသွားသည်။

တစ်ခါတစ်လေမှာ အချစ်ဆိုတာက အကြည့်တစ်ချက်၊ အပြုံးတစ်ခု ဒါမှမဟုတ် ယဉ်ကျေးစွာ နှုတ်ဆက်ရုံနှင့် ရုတ်တရက် ပေါက်ဖွားလာနိုင်သည်။ ထိုအပြင် ရုန်းမထွက်နိုင်အောင် နစ်မြုပ်သွားတတ်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ဆွန်းမိုက မေးသည်။

“ငါ........ငါ..........”

ဝိညာဉ်မှာသာ အသက်ရှိပါက ခေါင်းမှာ ချွေးတွေနှင့် ပြည့်နေလိမ့်မည်။ သို့သော် မှတ်ဉာဏ်များ ပျောက်ဆုံးကုန်ပြီ ဖြစ်သဖြင့် ဘာမှ မမှတ်မိပေ။

“ဆရာ၊ သူက ဘာမှမသိဘူး”

လီဇီချီ နှုတ်ခမ်းကွေးသွားသည်။ “ငါလည်း မင်းတို့ကို ရှာတွေ့ပြီဆိုတော့ အခု သူ့ကို အသုံးမလိုတော့ဘူး”

ထိုစကားပြောပြီးနောက် လီဇီချီသည် ဝိညာဉ်ကို ပိုးကောင်တွေအတွက် အစာအဖြစ် ပြောင်းလဲပစ်ရန် လုပ်လိုက်သည်။

"မလုပ်ပါနဲ့။ ကျေးဇူးပြုပြီး........."

အသက်ကြီးသော ဝိညာဉ်က အော်ဟစ်၍ တောင်းပန်နေသည်။ တခါတည်း ဒူးထောက်ကာ အရိုအသေ ပေးနေသည်။

"ငါအသုံးဝင်သေးပါတယ်။ ငါလမ်းပြနိုင်တယ်။ သက်ရှိတွေရဲ့ အနံ့ကို အနံ့ခံနိုင်တယ်။ မင်းတို့ကို

ကြိုပြီး သတိပေးလို့ ရတယ်။ သူတို့ကိုတောင် ဖမ်းစားနိုင်သေးတယ်”

ဝိညာဉ်၏ မျက်နှာမှာ မျက်ရည်တွေ ပြည့်နေပြီး တောင်းပန်နေရှာသည်။

“ငါက မင်းရဲ့ လက်ပါးစေ လုပ်နိုင်ပါတယ်။ ဟုတ်တယ် ငါ့နာမည်က မာကွမ်ဇူ”

ဝိညာဉ်ဦးလေးက ဂုဏ်သိက္ခာ မရှိတဲ့ဘဲ ဆက်လက် အော်ဟစ်နေသည်။

“အရင်ထပါ”

လီဇီချီသည် ကြွင်နာတတ်သော မိန်းကလေးဖြစ်ပြီး ဒီလို မြင်ကွင်းမျိုးကို တောင့်မခံနိုင်ပေ။

"သခင်သာ အမိန့်ပေးရင် မာကွမ်ဖူက မနာခံဘဲ မနေရဲပါဘူး"

ဝိညာဉ်သည် လီဇီချီ အနားသို့ ပျံဝဲလာပြီး အမိန့်စောင့်နေသလို ရှိသေသော အမူအရာနှင့် ဦးညွှတ်နေသည်။

"ဆရာ၊ ဘာလုပ်ရမလဲ"

လီဇီချီက မေးလိုက်သည်။

"မင်းက ဆင့်ခေါ်ခဲ့တဲ့အတွက် မင်းပဲ ဆုံးဖြတ်ချက် ချသင့်တယ်"

ဆွန်းမိုသည် ဒါကို စိတ်ထဲမထားပေ။

"သခင်"

မာကွမ်ဇူသည် လီဇီချီကို အသနားခံသော အကြည့်နှင့် စိုက်ကြည့်နေသည်။ သူ့မှာသာ အမြီးရှိခဲ့ရင် လှုပ်ယမ်းနေလောက်ပြီ။

"ငါ့ကို သခင်လို့ မခေါ်နဲ့"

လီဇီချီသည် ဒီဝိညာဉ်၏ သခင် မဖြစ်ချင်ပေ။ သူမ ပညာသင်ဘက် ညီမလေး၏ ပထမဆုံး

ဝိညာဉ်သားရဲမှာ ဝိညာဉ်ချီ သားရဲပင်။ သူမထက်နိမ့်ကျရင်တောင် ပျက်ဆီးနေသော ဝိညာဉ်တော့ မဖြစ်ရပေ။

ထို့အပြင် စုတ်ပျက်နေသော ဒီဝိညာဉ်ကို စုတ်ပြတ်နေသော အရိုးတစ်ခုက ဆင့်ခေါ်ထားခဲ့သည်။ ထိုကြောင်းကို တွေးလိုက်မိတိုင်း ရှံ့စရာကောင်းလှ၏။

“ကောင်းပြီလေ။ အစ်မကြီး”

မာကွမ်ဇူက အရမ်းဉာဏ်ကောင်းသည်။ ဒီလိုသာမဟုတ်ရင် ပိုတိကျပြီး သူရဲ့ လက်တွေကျမှုက အရမ်းခိုင်မာသည်။

“ငါက မင်းရဲ့ အစ်မကြီး မဟုတ်ဘူး။ ထားလိုက်တော့ ၊ မင်းထွက်သွားလို့ ရပြီ”

လီဇီချီက မာကွမ်ဇူကို လျစ်လျူရှုထားရန် ဆုံးဖြတ်လိုက်သည်။

“အမကြီး ငါအသက်ရှင်နေရင်လည်း မင်းအတွက်ပဲ။ သေရင်တောင် မင်းရဲ့ တစ္ဆေပဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်လိမ့်မယ်။ ငါနောက်တစ်ကြိမ်သေရင်တောင် မင်းရဲ့ အပိုင်ပဲ”

မာကွယ်ဇူက ချစ်စရာကောင်းအောင် ပြုံးပြနေသည်။

(လီဇီချီကို ထားခဲ့ရမယ် ဟုတ်လား။)

(နောက်နေတာ ရပ်လိုက်ပါ။ အားနည်းပြီး သေးငယ်တဲ့ ဝိညာဉ်တွေအတွက် အခြား သန်မာတဲ့ ဝိညာဉ်ကောင်တွေက ဖမ်းပြီး စားသောက်ကြလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်လည်း အချိန်ကာလ မြစ်ထဲမှာ ပျောက်ကွယ် သွားလိမ့်မယ်။)

မည့်သို့ပင်ဆိုစေကာမူ တခြားငြင်းစရာအကြောင်း မရှိပေ။

“ရပြီ ရပြီ။ မင်းပါးစပ်ပိတ်ထားလိုက်တော့”

လီဇီချီသည် စိတ်မရှည်တော့ပေ။ “ဒီလိုမှမဟုတ်ရင် အခုချက်ခြင်း သေရမယ်”

မာကွမ်ဇူသည် ချက်ခြင်းပဲ ပါးစပ်ကို လက်နှင့်အုပ်လိုက်သည်။

ဆွန်းမိုက ဂျိဝမ်ဒေါင်ကို တစ်ချက်ကြည့်လိုက်ပြီး

“မင်းကရာ စဉ်းစားလို့ ပြီးပြီလား”

ဂျိဝမ်ဒေါင်သည် ထွက်သွားချင်နေသည်။ သို့သော် လီဇီချီကို ကြည့်လိုက်ပြီးနောက် ဆုံးဖြတ်ချက်က ယိမ်းယိုင်သွားသည်။

“ဒါဆိုလည်း မင်းကို ဒုက္ခပေးရတော့မယ်”

“အို”

ဂျိဝမ်ဒေါင်၏လေသံကို ကြားလိုက်လျှင် လီဇီချီ မျက်မှောင်ကြုတ်သွားသည်။

“ထားလိုက်ပါတော့”

ဆွန်းမိုက လီဇီချီကို တားလိုက်သည်။ သူသည် အသက်ကြီးရုံသာမက ဆရာတစ်ယောက်လည်း

ဖြစ်နေသေးသည်။ ထို့ကြောင့် ကလေးတစ်ယောက်၏ ခံစားချက်နှင့် လိုက်မပြိုင်ချင်ပေ။

ဂျိဝမ်ဒေါင်သည် နှုတ်ခမ်းကိုက်လိုက်ပြီး အနည်းငယ်တော့ နှောင်တရနေသည်။ ဒီဆရာက တော်တော်လေး ပြည့်ဝ လွန်းသည်။

"တောင်းပန်ပါတယ်"

ဂျိဝမ်ဒေါင်သည် ဆွန်းမို၏ ပင်ကိုယ်စရိုက်က သူ့ထက်သာလွန်ပြီး သူက သဘောထားသေးသော ပုံပေါက်နေသဖြင့် တောင်းပန်လိုက်သည်။ ထိုအပြင်

ဆွန်းမိုက သူ့ကို ကာကွယ်ပေးနိုင်အောင် ခရီးအတူတူ သွားရန် ဖိတ်ခေါ်ခဲ့သည်။

"ဒါမှ ပိုကောင်းသေးတယ်"

လီဇီချီ ကျေနပ်သွားသည်။

ဂျိဝမ်ဒေါင်သည် လီဇီချီ ဘေးသို့ မြန်မြန်လျှောက်သွားပြီး မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ သူ့ကိုယ်သူ စိတ်ထိန်းထားရမည်ဟု ပြောနေခဲ့သော်လည်း မနေနိုင်ဘဲ

"နာမည် ဘယ်လိုခေါ်လဲ"

"အို၊ နည်းနည်း နောက်ဆုတ်ပါ"

မာကွမ်ဇူက ချက်ခြင်း အော်ဟောက်ပြီး ဂျိဝမ်ဒေါင်ကို တားဆီးလိုက်သည်။ မာကွမ်ဇူသည် ပိုင်ရှင်ကို ကာကွယ်ပေးနေသော သစ္စာစောင့်သိသည့် ခွေးတစ်ကောင်ကဲ့သို့ ပြုမူနေသည်။

....

အချိန်တွေက ဖြည်းဖြည်းခြင်း ကုန်ဆုံးလာခဲ့ပြီး ဂျိဝမ်ဒေါင်က ပို၍ စိတ်ပူလာသည်။

ဆွန်းမိုဟုခေါ်သော ဒီဆရာသည် ဝိညာဉ်ထိန်းချုပ်သူ ဖြစ်နေသည်။ သူ၏

လုပ်ရပ်များက ခေါင်းမရှိသော ယင်ကောင်တစ်ကောင်ကဲ့သို့ မဟုတ်ဘဲ နောက်ကွယ်မှာ ရည်ရွယ်ချက် တစ်ခုခု ရှိနေသည်။

(ဆရာမာရှောင်၊ မင်းမြန်မြန် လှုပ်ရှားတော့ ဒီလိုမှမဟုတ်ရင် လျှို့ဝှက်ရတနာကို လက်လွှတ်ရတော့မယ်)

ဂျိဝမ်ဒေါင်သည် မည်မျှပဲ တုံးအနေပါစေ၊ ဒီပုံရိပ်ယောင် နယ်ပယ်ကို အဖိုးတန် အမှောင်လျှို့ဝှက်ရတနာတချို့က ဖန်တီးထားမှန်း သိနေသည်။

"ဆရာ၊ အလောင်းတစ်ခု ရှိတယ်"

လီဇီချီက လှမ်းအော်သည်။

"အင်"

ဆွန်းမိုသည် လမ်းလျှောက်သွားရင်း နတ်ဘုရားမျက်စိအာရုံကို အသုံးပြုလိုက်သည်။

ဘိုင်ကွမ်၊ ယောကျ်ား။ လွန်ခဲ့သော နှစ် ၅၀က သေဆုံးခဲ့သည်။ နတ်ဘုရားခွန်အား နယ်ပယ်။

လူတစ်ယောက် သေဆုံးခြင်းသည် အလင်းတစ်ခု ငြိမ်းသေသွားသလိုပင်။ ဒီနေရာမှာ ဘာမှ

မရှိတော့ပေ။ ဆွန်းမိုသည် အလောင်းရှိသော နေရာသို့ တစ်ချက်ကြည့်လိုက်သည်။

အဝတ်အစားများ ဆွေးမြေ့နေပြီး အိတ်ထဲမှာ ဆေးတချို့ ရှိသည်။ သို့သော် အားလုံးက ပျက်ဆီးနေပြီ။ တန်ဖိုး အရှိဆုံးအရာသည် ဓါးရှည် ဖြစ်သည်။

ချင်ရှီ၊ ဆန်းကြယ်အဆင့် ဝိညာဉ်လက်နက်။ မဟာသခင်တစ်ယောက်က ပြုလုပ်ခဲ့သည်။

မာကွမ်ဇူသည် ဆွန်းမိုကို အဓိပ္ပါယ်ရှိသော မျက်လုံးနှင့် တစ်ချက်ကြည့်လိုက်သည်။ ထိုနောက် လွင့်မျောသွားပြီး ခါးရှည်ကို သွားကောက်လိုက်သည်။

"ဆရာကူ၊ လိုချင်လား။ ဆန်းကြယ်အဆင့် ဝိညာဉ် လက်နက်ပဲ"

ဆွန်းမိုက မေးလိုက်သည်။

"ဆန်းကြယ်အဆင့် ဝိညာဉ်လက်နက် ဟုတ်လား"

ဂျိဝမ်ဒေါင် တစ်ချက် ရှုံ့လိုက်သည်။ ထိုနောက် မနာလိုစိတ်နှင့် တစ်ချက်ကြည့်လိုက်သည်။

လက်နက်များကို အဆင့်အမျိုးမျိုး ခွဲခြားနိုင်သည်။ ဝိညာဉ်အဆင့်၊ သူတော်စင်အဆင့် နှင့် နတ်ဘုရားအဆင့် အဆင့်တစ်ခုစီတိုင်းကို နိမ့်ကျ၊ ပျမ်းမျှ၊ သာလွန်နှင့် ဆန်းကြယ်ဆိုပြီး အဆင့်လေးဆင့် ထပ်ခွဲထားသည်။

ဆန်းကြယ်အဆင့် ဝိညာဉ်လက်နက်ကို အနည်းဆုံး ဝိညာဉ်ကျောက်တုံး နှစ်သိန်းနှင့် ရောင်းချနိုင်သည်။ ဒါကိုတပင် ဆွန်းမိုက လိုလိုလားလား ပေးအပ်နေသည်။ ဒါသည် နည်းနည်းနောနော ရက်ရောခြင်း မဟုတ်ပါလား။

ဆွန်းမိုက ကူရှုပ်ရှင်းကို ဖွန်ကြောင်နေတာပဲ ဖြစ်ရမည်။

ဂျိဝမ်ဒေါင်သည် ဒီအကြောင်းပြချက်မှလွဲပြီး ကျန်သည့် အရာများကို စဉ်းစား၍ မရပေ။ မည်သို့ပင်ဆိုစေကာမူ ဒီခါးသည် ချမ်းသာကြွယ်ဝမှုကို ကိုယ်စားပြုသည်။

ထုံးစံအတိုင်းဆိုပါက ခါးသည် လမ်းကြောင်းကို ဦးဆောင်သော ဆွန်းမို အပိုင်သာ ဖြစ်သည်။

“ဆရာဆွန်း၊ မင်းသိမ်းထားသင့်တယ်”

ကူရှုပ်ရှင် က ပြင်းလိုက်သည်။

ဆွန်းမိုက သူမကို အတင်းမတိုက်တွန်းပေ။ ထိုနောက် လီဇီချီထံ ပစ်ပေးလိုက်သည်။

“ဒါဆိုလည်း မင်းယူလိုက်”

“အင်း”

လီဇီချီက လက်ကိုင်ပုဝါထုတ်ကာ ခါးပေါ်က အညစ်အကြေးများကို သုတ်လိုက်သည်။ သူမတို့ ပြန်ရောက်လျှင် သူမ၏ ပညာသင်ဘက် ညီမလေး လုချီဟွာကို ပေးရမည်။

ဂျိဝမ်ဒေါင်သည် နောက်တစ်ကြိမ် အံ့အောသင့်သွား ပြန်သည်။ သို့သော် ထိုနောက်မှာ

မျက်ကွယ်နေရာတစ်ခုသို့ ရှာပြီး လေးသံတိုးတိုးလေးနှင့် "သူက တစ်ချက်ကြည့်ရုံနဲ့ ဆန်းကြယ် ဝိညာဉ်လက်နကလို ပြောနိုင်ပါ့မလား။ ဒီဓါးကို လုပ်ထားတဲ့ မဟာသခင် တစ်ယောက်ကပဲ ပြောနိုင်လိမ့်မယ်"

"ဘာပြောချင်တာလဲ"

လီဇီချီက ချက်ခြင်း ပြန်ပြီး မေးခွန်းထုတ်သည်။

ဂျိဝမ်ဒေါင် နှုတ်ခမ်းကွေးသွားသည်။ (ငါက မင်းကို သူ့ရဲ့ လှည့်စားမှု ခံရမှာ စိုးရိမ်နေတာ။)

သို့သော် ထိုစကားကို ထုတ်မပြောရဲပေ။ ဒါကြောင့် သူက

"သူ့ အဆင့်အတန်းနဲ့ အရည်အသွေးကို သေချာအောင် မဟာအဆင့် ပန်းပဲဆရာတစ်ယောက်ကို ရှာပြီး မေးသင့်တယ်"

"မလိုဘူး။ ငါ့ဆရာက ဆန်းကြယ်ဝိညာဉ်လက်နက်လို့ ပြောရင် ဒါက သေချာပေါက် ဆန်းကြယ်ဝိညာဉ်လက်နက်ပဲ"

လီဇီချီ၏လေသံက သံကိုပင် ဖြတ်တောက်နိုင်အောင် ပြတ်သားနေသည်။

ဒီစကားကို ကြားလိုက်ရလျှင် ဂျိဝမ်ဒေါင် အဆုတ်သည် ဒေါသကြောင့် ပေါက်ကွဲလုမတတ် ဖြစ်သွားသည်။ တကယ်ကို ဆူပူ ကြိမ်းမောင်းလိုက်ချင်သည်။

(မင်းက သူ့ရဲ့အကြည့်မှာ ကျရှုံးသွားပြီလား။ မင်းရဲ့ သုံးသပ်နိုင်စွမ်းက ခွေးစား သွားပြီလား)

"အမကြီးရဲ့ ဆရာကို စော်ကားခွင့် မပေးနိုင်ဘူး၊ သေတဲ့အထိ ကိုက်သတ်လိုက် ရမလား"

မာကွမ်ဇူက သစ္စာစောင့်သိမှုကို ချက်ခြင်းထုတ်ပြပြီး အံတကြိတ်ကြိတ် လုပ်နေသည်။

"သွားကြစို့"

ဆွန်းမိုသည် အရှေ့သို့ ခြေလှမ်းအနည်းငယ်သာ လှမ်းလိုက်ရ၏။ ထိုအချိန်တွင် မာကွမ်ဇူက ရုတ်တရက်ထအော်သည်။

"အမကြီး၊ ငါ သက်ရှိလူသား အနံ့ရတယ်။ လာနေပြီ။ သူလာနေပြီ"

မာကွမ်ဇူက အော်ဟစ်ပြီး လီဇီချီ နောက်မှာ ပြေးပုန်းသည်။

'............'

လီဇီချီ စကားမပြောနိုင် ဖြစ်သွားသည်။ (မင်းကငါ့အတွက် တိုက်ပွဲဝင်မယ်လို့ ထင်နေတာ)

ဆွန်းမိုက လှည့်ကြည့်လိုက်လျှင် မာရှောင်အကယ်ဒမီ ဝတ်စုံ ဝတ်ထားသော လူငယ်တစ်ယောက်ကို မြင်လိုက်ရသည်။ ထိုလူက ခုန်ပြီး သူတို့ လမ်းကြောင်း၏ အရှေ့ကို ရောက်လာသည်။

"ဆရာဇန်"

ဂျိဝမ်ဒေါင် ဝမ်းသာသွားပြီး ချက်ခြင်း ပြေးထွက်သွားသည်။

"ဝမ်ဒေါင်"

ဇန်ယန်ဖေါင်က စပြောလိုက်သည်။ စောစောတုန်းက ဒီအနီးအနားတွင် စကားပြောသံကြားလိုက်ရသည်။ ထို့ကြောင့် ပြေးလာခဲ့သည်။ သူ့ကျောင်းက ကျောင်းသားတစ်ယောက်ကို တွေ့ရလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"မင်း အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်"

ဂျိဝမ်ဒေါင်သည် ဇန်ယန်ဖေါင်အား သူသိသမျှ ဆွန်းမို အကြောင်းကို ပြောပြလိုက်သည်။

"အိုဟုတ်ပြီ၊ ဒီဓါးက ဆန်းကြယ် ဝိညာဉ်လက်နက်လို့ သူပြောခဲ့တယ်။ ရယ်စရာ ကောင်းလိုက်တာ။ ကြွားလုံးထုတ်နေတာပဲ ဖြစ်မယ်"

ဂျိဝမ်ဒေါင်သည် ဆွန်းမိုအကြောင်းကို ဖော်ထုတ်ရင်း လီဇီချီကို သူမဆရာက ကြွားတစ်ယောက်ဆိုတာ သိစေချင်နေသည်။

"ဆန်းကြယ် ဝိညာဉ်လက်နက် ဟုတ်လား"

ဇန်ယန်ဓောင်သည် ဆွန်းမို လက်ထဲက ဓါးကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် သူ့မျက်လုံးက အရောင်တောက်လာသည်။

“ခါးကောင်းပဲ”

“အမ်”

ဂျိဝမ်ဒေါင် ကြောင်သွားသည်။

“အနည်းဆုံးတော့ ပျမ်းမျှအဆင့်ပဲ”

ဇန်ယန်ဇောင်၏မျက်လုံးသည် မြတ်နိုးမှုဖြင့် အရောင်တဖိတ်ဖိတ်တောက်လာသည်။

အခန်း (၃၈၇) - ကြီးမားတဲ့ ဆုလဒ်၊ တာဝန်အသစ် ထုတ်ပြန်ခြင်း။

“မဖြစ်နိုင်ဘူး၊ ဟုတ်တယ်မလား”

ဂျိဝမ်ဒေါင်သည် ဆွန်းမိုကို ကြည့်လိုက်သည်။ (ဒီလူငယ်ဆရာရဲ့ သုံးသပ်ချက်က ဘယ်လောက်တောင် တိကျတာလဲ။)

ဆရာ ဇန်သည် ဓါးကို နှစ်သက်ပြီး ဓါးဖြင့် ပညာသင်ခဲ့မှန်း သူသိနေသည်။ ထိုကြောင့် သူ့စကားသည် မှန်ကန်ရန် ရှစ်ဆယ်မှ ကိုးဆယ် ရာခိုင်နှုန်းခန့် သေချာသည်။

သို့သော်လည်း ဂျိဝမ်ဒေါင်သည် ဆွန်းမိုက အထင်ကြီးဖို့ကောင်းတယ်ဆိုတာ ဝန်မခံချင်ပေ။ ထိုကြောင့် ရင်ဘက်ထဲမှ အောင့်၍ စိတ်ဓါတ်ကျလာသည်။

"ဆရာဆွန်း၊ ဒီဓါး ငါ့ကို ပေးမယ်လို့ တွေးနေမိတယ်"

ဇန်ယန်ဇောင်သည် အပြုံး၍ မေးလိုက်သည်။ ဆွန်းမိုက ဂျိဝမ်ဒေါင်ကို ကာကွယ်ပေးထားသဖြင့် အနိုင်မကျင့်ချင်ပေ။

ထုံးစံအတိုင်း ဇန်ယန်ဇောင်၏ စကားများသည် အရမ်းပါးနပ်လွန်းသည်။ ဆွန်းမိုကိုလည်း အရှက်မကွဲအောင် လုပ်ပေးခဲ့သည်။ ဒီလိုသာ မဟုတ်ခဲ့ရင် တစ်ခါတည်း ခြိမ်းခြောက်လိုက်မည်သာ...။

ဒီခါးရှည်က အမှောင်လျှို့ဝှက်ရတနာဆိုတာ မေ့ထား၍ မရပေ။ တန်ဖိုး မမြင့်သော်လည်း သိပ်တော့ မဆိုးပေ။

(ငါတို့ မာရှောင်အကယ်ဒမီက ချန်ပီယံဆုအတွက် အရည်အချင်း ပြည့်မမီခင် အမှောင်လျှို့ဝှက်ရတနာ သုံးခု ရှာဖွေရမယ်။)

"ဟားဟား"

ဆွန်းမိုက အနည်းငယ် ရယ်လိုက်ပြီး

"မင်းကိုယ်မင်း ဘယ်သူထင်နေလဲ"

"ကောင်းတယ်။ ဘယ်လောက်ကောင်းတဲ့ ငြင်းပယ်မှုလဲ"

ဂျိဝမ်ဒေါင် အရမ်းကြည့်နူးသွားသည်။ ဒီကိစ္စဖြင့် ဆရာဇန်က ဆွန်းမိုကို ချေမှုန်းရန် အကြောင်းပြချက် ရသွားပြီ။ ဒီနေရာတွင် ဗဟိုပြည်နယ် အကယ်ဒမီက ဆရာနှစ်ယောက်ရှိလည်း ဘာကို ဂရုစိုက်နေရမည်နည်း။

ဆရာဇန်က သွေးလောင်ကျွမ်းခြင်း အဆင့်(၆)ကို ရောက်နေပြီး ဖြူနက် အကယ်ဒမီက ပါရမီရှင် ဘွဲ့ရတစ်ယောက် ဖြစ်သည်။

ဇန်ယန်ဇောင်သည် ဒေါသမထွက်မေ။ တကယ်ဆို လွယ်လွယ်နှင့် မပြီးနိုင်မှန်း သူခန်မှန်းပြီးသားပင်။ တိုက်ပွဲအတွင်း လုယက်တာကို ဘယ်သူက လွယ်လွယ်နှင့် လက်လျှော့မည်နည်း။

"ဆရာဆွန်း၊ မင်းက မာရှောင်အကယ်ဒမီက ကျောင်းသားတစ်ယောက်ကို ကာကွယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ချန်ပီယံဆုနဲ့ ပက်သက်နေတာကြောင့် ငါမင်းကို စော်ကား ရလိမ့်မယ်"

ဇန်ယန်ခေါင်က အရမ်းတည်ငြိမ်နေသည်။ သူက ဆွန်းမိုနှင့် ကူရှုပ်ရှင်းကို ကြည့်လိုက်ပြီး

"မင်းတို့ အတူတူ တိုက်ခိုက်နိုင်တယ်"

"ဒီကောင် ဘဝင်မြင့်နေတယ်။ သူက အမကြီးရဲ့ ဆရာကို တကယ်စော်ကားနေတာပဲ။ ငါ သည်းမခံနိုင်တော့ဘူး။ သေအောင် ကိုက်သတ်လိုက်ရမလား"

ဝူး ဝူး

မာကွမ်ဇူက ဇန်ယန်ခေါင်ကို ကြည့်ပြီး ဒေါသတကြီး အော်ဟစ်နေသည်။

လီဇီချီ တစ်ချက် ကြည့်လိုက်သည်။ (ဟောင်ဖို့ ဒီရောက်နေတာလား။ ဇန်ယန်ဇောင်ဆီ မြန်မြန် ပြေးသွားပါတော့လား)

လီဇီချီ၏ အကြည့်ကို သတိထားမိပြီးနောက် မာကွမ်ဖူသည် ပို၍ပင် ဒေါသတကြီး အော်ဟာစ်နေသည်။ ထိန်းမရသော တောခွေးတစ်ကောင်နှင့် တူနေသည်။

ဆွန်းမိုက ကူရှုပ်ရှင်းကို လှည့်ကြည့်လိုက်သည်။ "မင်းလုပ်ချင်လား ဒါမှမဟုတ် ငါလုပ်လိုက်ရမလား"

"ဒီကောင်က မင်းကို မျက်နှာသာ မပေးဘူး။ မင်းကိုင်တွယ်လိုက်တာ အကောင်းဆုံးပဲ"

ကူရှုပ်ရှင်းက အေးစက်စက် ပြောလိုက်သည်။

"သေချာတာပေါ့"

ဆွန်းမိုက စိတ်ထဲမထားမေ။ သို့သော် ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်ပြီးနောက် ရုတ်တရက် လန့်သွားသည်။ အလိုလို နောက်ပြန်ဆုတ်ချင်သော်လည်း စိတ်ထိန်း၍ သစ်သားဓါးကို ဆွဲထုတ်ကာ ရှေ့တက်သွားသည်။

“ဆရာဆွန်း၊ သေခြင်း၊ ရှင်ခြင်းက ကံတရားပဲ။ ရှုံးသွားရင်လည်း မနာကျည်းပါနဲ့”

ဇန်ယန်ဖောင်က ဓါးရှည်ကို ဆွဲထုတ်ပြီး ဆွန်းမိုကို ညွှန်ပြရင်း ပြောလိုက်သည်။

ဒီစကားတွေကို ဆရာတွေ တိုက်ခိုက်တဲ့အခါ မကြာခဏ သုံးလေ့ ရှိသည်။ ပြောပြီးသည်နှင့် သေခြင်း၊ ရှင်ခြင်း တိုက်ပွဲက စတင်လိမ့်မည်။

“ဆရာဇန်၊ သေခြင်း၊ ရှင်ခြင်းက ကံတရားပဲ။ ရှုံးတဲ့အခါ နောင်တ မရပါနဲ့”

ဆွန်းမို ထိုအတိုင်း ပြန်ပြောလိုက်သည်။

နောက်အခိုက်အတန့်တွင် နှစ်ယောက်စလုံး တိုက်ခိုက်ကြတော့သည်။

ဘုန်း

သစ်သားဓါးနှင့် ထိမိပြီး ခပ်အုပ်အုပ် အသံတစ်ခု ထွက်ပေါ်လာသည်။

“အမ်”

သစ်သားဓါးကို ကြည့်ရင်း ဇန်ယန်ဇော် မျက်လုံး မှင်တက်သွားသည်။

(ဒီသစ်သားဓါးသည် အရမ်းလှပသည်။ သူ့ရဲ့ သဏ္ဍာန်နှင့် ပုံစံအရ မဟာအဆင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာကြီးတစ်ယောက်က လုပ်ထားတာ ဖြစ်နိုင်တယ်။)

ဇန်ယန်ဇောင်သည် ဓါးအမျိုးမျိုး စုဆောင်းရခြင်းကို နှစ်သက်သည်။ ဓါးများကိုလည်း အရမ်းစိတ်ဝင်စားသည်။

ဆွန်းမို လက်ထဲက စန္ဒကူးဓါးသည် လျှင်ပြည်နယ် မဟာအဆင့် ဆရာကြီးတစ်ဦးဆီမှ ဆင်းသက်လာသည်။ ထို ဆရာကြီးသည် ဒီဓါးကို သုံးနှစ်ကြာအောင် ဖန်တီးခဲ့သည်။ လက်နက်တစ်ခု အနေနှင့်သာမက အနုပညာ တစ်ခုပါ ဖြစ်သည်။

"ချီ၊ မင်းက တကယ်ပဲ ကောင်းကင်ဘုံရဲ့ ပစ္စည်းတွေကို ဖြုန်းတီးနေတယ်"

ဇန်ယန်ဇောင်သည် ဆွန်းမို၏ တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း သစ်သားဓါးကို သဘောကျနေသည်။ သို့သော်လည်း ဆွန်းမို သစ်သားဓါးနှင့် တိုက်ခိုက်မှုသည် လုပ်ရိုး လုပ်စဉ်အတိုင်း မဟုတ်ဘဲ လမ်းတဝက် အရောက်တွင် ရုတ်တရက် အရှိန်မြန်လာသည်။

"ဘာ"

ဇန်ယန်ဖေါင် ရှောင်ချင်သော်လည်း အချိန်မမှီတော့ပေ။

ဘုန်း

ဇန်ယန်ဖေါင်၏ ပုခုံးကို ထိမှန်သွားသည်။ ခံစစ်အနေထားကို ယူထားလို့သာ ဒီလိုမှမဟုတ်ခဲ့ရင် ပုခုံး ကြေမွ သွားလိမ့်မည်။

“သတ်ဖြတ်ခြင်းက သတ်ဖြတ်ခြင်းပဲ။ ကျေးဇူးပြုပြီး အာရုံမပျံ့ပါနဲ့”

ဆွန်းမို သတိပေးလိုက်သည်။

ဇန်ယန်ဖေါင် မျက်နှာသည် အရမ်းအံ့အောသင့်မှုတွေနှင့် ပြည့်နေသည်။ သူက သွေးလောင်ကျွမ်းခြင်း အဆင့်(၆)ကို ရောက်နေသော်လည်း ဆွန်းမို၏တိုက်ခိုက်မှုကို မရှောင်နိုင်ပေ။

ထို့ကြောင့် ဇန်ယန်ဖေါင်၏ စိတ်ထဲတွင် ကြောက်လန့်လာသည်။ သို့သော် နောက်ပိုင်းမှာ သူ့အမူအရာ ပျက်ယွင်း လာသည်။

ဆွန်းမို တိုက်ခိုက်တုန်းက သူ့ကို ညှာလိုက်မှန်း နားလည်လိုက်သည်။ ဒီလိုမှမဟုတ်ခဲ့ရင် သူ့ခေါင်း ပေါက်ကွဲ သွားနိုင်မှန်း နားလည်နေသည်။

"အမ်"

တိုက်ပွဲကို စောင့်ကြည့်နေသော ဂျိဝမ်ဒေါင် အဖွဲ့အောသင့်သွားသည်။

(ဒီဆွန်းမိုက ဆရာဇန်နဲ့တကယ်ပဲ လက်ရည်တူနေတာလား။)

(မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ အမြင်မှားနေတာပဲ ဖြစ်မယ်)

သို့သော် နောက်ထပ်အခိုက်တန့်မှာ ဇန်ယန်ဇောင်က ဆွန်းမိုကို ကျေးဇူးတင်ကြောင်း ပြောတဲ့စကားကို ကြားလိုက်ရသည်။

"ညှာတာခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဇန်ယန်ဇောင်သည် ဒီလို မလုပ်ချင်သော်လည်း ငတုံးတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် ကျေးဇူးတင်တဲ့အနေနှင့် ဦးညွှတ်လိုက်သည်။

ဒင်

ဇန်ယန်ဇောင်၏ လေးစားအထင်ကြီးမှု +၅၀။

"ဆရာဇန်က အားနာနေပြန်ပြီ"

ဆွန်းမိုသည် ဇန်ယန်ဖောင်ဆီက လေးစားအထင်ကြီးမှု အမှတ် ရမည်ဟု မထင်ထားခဲ့ပေ။ ဒီလူက အကျင့်မဆိုးကြောင်း တွေးလိုက်မိသည်။

အမှန်အတိုင်းအပြောရလျှင် ဆွန်းမို၏ လုပ်နိုင်စွမ်းအရ ဇန်ယန်ဖောင်၏ အချက်အလက် အားလုံးကို မြင်ပြီးသွားခဲ့ပြီ။

ပျမ်းမျှကောင်းကင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်ကို ကျင့်ကြံထားပြီး သွေးလောင်ကျွမ်းခြင်း အဆင့်(၆)ကို ရောက်နေသော လူတစ်ယောက်သည်

အခြားလူတွေအတွက် ကြောက်ဖို့ကောင်းတဲ့ ပြိုင်ဘက် ဖြစ်နိုင်သော်လည်း ဆွန်းမိုအတွက်တော့ မသန်မာသေးမေ။

(မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က ငါ့ထက်နိမ့်တယ်။ ကျင့်ကြံခြင်း ကျင့်စဉ်ကလဲ အားနည်းတယ်။ တိုက်ပွဲ ဉာဏ်ရည်ကလည်း အားနည်းတယ်။ မင်း ငါ့ကို ဘယ်လို အနိုင်ယူမှာလဲ။)

သို့သော်လည်း ဒီလို ပြောင်မြောက်သော ရန်သူနှင့် ရင်ဆိုင်ရခြင်းမှာ ရှားပါးလှ၏။ ထို့ကြောင့် ဆွန်းမိုသည် ချက်ခြင်း အနိုင်မယူဘဲ တိုက်ခိုက်ရေး

အတွေ့အကြုံရအောင် လေ့ကျင့်ရေး အဖော်အဖြစ် သဘောထားလိုက်သည်။

အားကြီးတဲ့ ရန်သူများနှင့် တိုက်ခိုက်ရာတွင် အတွေ့အကြုံ မရှိခြင်းသည် ဆွန်းမို၏ အားနည်းချက် ဖြစ်သည်။

ရှစ်

ဇန်ယန်ဇောင်သည် တိုက်ခိုက်မှုကို ရပ်ပြီး အနောက်ဖက် ဆယ်မီတာအကွာသို့ နောက်ဆုတ်သွားသည်။

"ဆရာဇန်၊ အစွမ်းကုန်တိုက်ပါ။ နောက်ထပ် ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး ဒူးထောက်အောင် လုပ်လိုက်ပါ"

ဂျိဝမ်ဒေါင် အော်ဟစ်လိုက်သည်။ အခုအချိန်မှာတော့ ဆွန်းမိုကို လျှော့မတွက်တော့ပေ။ ဇန်ယန်ဇောင်ကို ဒီလောက် အတိုင်းအတာအထိ တိုက်ခိုက်နိုင်ခဲ့သဖြင့် အခုအချိန် ရှုံးရင်ပင် ဂုဏ်ယူစရာ ဖြစ်နေခဲ့ပြီ။

ကျောင်းသား၏ အားပေးစကားကို ကြားလိုက်လျှင် ဇန်ယန်ဇောင် ပို၍

အနေရခက်သွားသည်။ စိတ်အခြေအနေ မကောင်းတော့ဘဲ မေးခွန်း မေးလိုက်သည်။

"ဆရာဆွန်း၊ ဘာဖြစ်နေတာလဲ"

"မင်းကို အရမ်းအထင်ကြီးနေတာ။ ဒါကြောင့် ငါ့ကိုယ်ငါ တိုးတက်ဖို့အတွက် ဒီအခွင့်အရေးကို အသုံးချခြင်တယ်"

ဆွန်းမိုက စိတ်ရင်းနှင့် ပြောလိုက်သည်။

"ဟား ဟား"

ဇန်ယန်ဇောင်သည် ကိုယ့်ကိုယ်ကို လှောင်ပြောင်ပြီး ရယ်လိုက်သည်။

"ငါရဲတင်းပြီး မေးခွန်းတစ်ခုလောက် မေးလို့ရမလား။ ဆရာဆွန်းရဲ့ လက်ရှိကျင့်ကြံခြင်းအဆင့်က ဘယ်လောက်လဲ"

"သွေးလောင်ကျွမ်းခြင်း အဆင့်(၇)"

ဆွန်းမိုက မဖုံးကွယ်ထားပါ။

"ဘာ"

ဂျိဝမ်ဒေါင် အံ့အောသွားသည်။ ကောင်းကင်အောက်မှာ အကြီးအကျယ်ဆုံး ဟာသကို ကြားလိုက်ရသလိုပင်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(တကယ်တော့ ဒီလူက ဆရာမာရှန်အဆင့် ပါရမီရှင်လား)

"မျှော်လင့်ထားသလိုပဲ"

ဇန်ယန်ဖောင် ခေါင်းစောင်းပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ထို့နောက် အသက်ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။ ဆွန်းမိုကို ပြန်ကြည့်သော သူ့အကြည့်တွေက ပြတ်သားနေသည်။

"ဆရာဆွန်း၊ ငါ့ရဲ့ အကောင်းဆုံးအကွက်ကို အသုံးပြုပြီး အနိုင် အရှုံး ဆုံးဖြတ်တော့မယ်။ မင်းစိတ်ပျော့နေရင် သေသွားနိုင်တယ်နော်"

"ဆရာ၊ စိတ်မလောပါနဲ့"

ဂျိဝမ်ဒေါင် အရမ်းလန့်ဖြန့်သွားသည်။ ဒါက ကျင့်ကြံခြင်းအဆင့် ကွာခြားရုံတင် မဟုတ်ပေ။

နှစ်ယောက်စလုံးသည် အကြမ်းအားဖြင့်တော့ အသက် ၂၀ ဝန်းကျင် ရှိကြသည်။ ဒီလို ငယ်ရွယ်စဉ်မှာ သွေးလောင်ကျွမ်းခြင်းအဆင့် (၇)မှာ ရှိနေခြင်းသည်

ဆွန်းမို၏ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုကို မီးမှောင်း ထိုးပြနေသည်။

သူတို့အသက်အရွယ်မှာ ကျင့်ကြံမှုအဆင့် တိုင်းက ဆက်ခဲလွန်းသည်။ ထို့ကြောင့် ဒီခြားနားမှုသည် ခွန်အား ကြီးမားသော ကွာခြားမှုကို ကိုယ်စားပြုနေသည်။ သေရမှာမကြောက်ရုံနှင့် ကျော်ပါးသွားနိုင်သော အရာမဟုတ်ပေ။

"ဆရာဇန်၊ မင်းသေလိမ့်မယ်"

ဆွန်းမိုက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

“ငါက ဒီလို ဝန်ခံပြီးထွက်သွားရင် ငါ့အတွက် သေတာနဲ့ ရှင်တာ ဘာကွာတော့မှာလဲ”

ဇန်ယန်ဖောင် မျက်လုံးထဲတွင် ဆုံးဖြတ်ချက် ပြတ်သားနေသည်။ သူက ဓါးနှင့် ဆွန်းမိုကို ချိန်လိုက်သည်။

“ဆရာဆွန်း၊ ဒါက ငါ့ရဲ့ ဓါးတာအို”

“ကောင်းပြီလေ”

ဆွန်းမို၏အကြည့်များသည် လေးနက်လာသည်။ အကောင်းဆုံးလုပ်ရမည်။ ဒီလိုအချိန်၌ ကရုဏာ

ပြလိုက်ရင် ပြိုင်ဘက်ကို စော်ကားသလို ဖြစ်သွားမည်။

အကွာအဝေးက ပိုနီးကပ်လာသည်။ သူတို့၏ အော်ရာများက မြင့်တက်လာသည်။

ရုတ်တရုတ် အားလုံး။

ဇန်ယန်ဇောင် လှုပ်ရှားလိုက်သည်။ သူ့၏ခါးရှည်သည် ညအခါ ကောင်းကင်မှ ကြယ်ကြွေလာသကဲ့သို့ ဒေါသတကြီး ပြေးဝင်လာသည်။ မီးတောက် တစ်ခုပုံစံနှင့် ဆွန်းမို နဖူးရှေ့မှာ ပေါ်လာသည်။

လျှပ်တပြက် ဝိညာဉ် အမျိုးမျိုး

ဆွန်းမိုက ကိုယ် မလှုပ်ရှားဘဲ ငြိမ်နေကာ လက်ကောက်ဝတ်ကို လှုပ်ရှားပြီး သစ်သားဓါးနှင့် အလျားလိုက် ကာကွယ်လိုက်သည်။

သူတုတ်နဲ့ သူ့ကို ပြန်ရိုက်ခြင်း။

ဖောင်း

ဇန်ယန်ဇောင် မျက်လုံး ပြာသွားသည်။ သူ့၏ဓါးက ကန်ထွက်သွားပြီး သစ်သားဓါးက သူ့ထဲ ထိုးဖောက်ဝင်ရောက်လာမှန်း မြင်လိုက်ရသည်။ ဒါသည် သူ၏ ကိုယ်ပိုင် ကျင့်စဉ်ပင်။

“ဘာ”

ဒီအတွေး စိတ်ထဲ ပေါ်လာတဲ့အချိန်.. မျက်ခုံးနှစ်ခုကြားက နာကျင်လာသည်။

ဘုန်း

ဇန်ယန်ဇောင် နောက်သို့ ပက်လက်လန်လဲကျသွားသည်။

“ဆရာ”

ဂျိဝမ်ဒေါင်က အလန့်တကြား အော်ဟစ်ပြီးပြေးသွားသည်။

“သဏ…..သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာကျင့်စဉ်လား”

ဖြူနက် အကယ်ဒမီက ကျောင်းသားတစ်ယောက်အနေနှင့် ဇန်ယန်ဇောင်သည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကို ဖလှယ်ရေးအစီအစဉ်ဖြင့် တကြိမ်ရောက်ခဲ့ဖူးသည်။ ကံကောင်းစွာပင် ဒီသူတော်စင်အဆင့် ကျင့်စဉ်ကို အရင်က မြင်ဖူးခဲ့သည်။ ဒါကလည်း သူ့ဘဝ၌ ပထမဆုံးအကြိမ် ရှုံးခဲ့ခြင်း ဖြစ်သည်။

ဒီနေ့ကတော့ သူ့၏ တတိယအကြိမ်ပင်။

ထားလိုက်ပါတော့ အရေးမကြီးတော့ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် သူသေရတော့မယ်။

ဇန်ယန်ဓောင်သည် ကောင်းကင်ကြီးကို စိုက်ကြည့်ရင်း မျက်လုံးက ဖြေးညှင်းစွာ ပိတ်သွားသည်။

သူနောင်တရသည်မှာ ငယ်ငယ်တုန်းက ‘သူ့တုတ်နဲ့သူကို ရိုက်ခြင်း’ စွမ်းရည်ကို မြင်ပြီးနောက် ချေဖျက်ဖို့အတွက် တစ်ကြိမ် ကြိုးစားခဲ့ဖူးသည်။ သို့သော် ဘာဖြစ်လို့ လမ်းတစ်ဝက်မှာ လက်လျှော့ခဲ့ရတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အဲဒါကို ဆက်ပြီး လေ့လာခဲ့မယ်ဆိုရင် အခုသေရမယ့်သူက ငါ့အစား ငါ့ပြိုင်ဘက် ဖြစ်နေလိမ့်မယ်)

စိတ်မကောင်းစရာက ဒီကမ္ဘာပေါ်၌ နောင်တဆိုတာ အသုံးမဝင်တော့ပေ။

သို့သော်လည်း ဆရာဆွန်း၏ တိုက်ခိုက်မှုသည် တကယ်ကို သင့်တော်လှသည်။

(မတရားသဖြင့် ရှုံးခဲ့တာ မဟုတ်ပါ)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇန်ယန်ဖောင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၅၀/၁,၀၀၀)

ဇန်ယန်ဖောင် မျက်လုံးမှိတ်သွားသည်။

"ဆရာဇန်"

ဂျိဝမ်ဒေါင် အော်ဟစ်လိုက်သည်။

ဆရာဇန်က ဒီအတိုင်း သေသွားတာလား။

မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ သူက ကျောင်းအုပ်ကြီးမာက ကျောင်းအုပ်ကြီးလောင်းအဖြစ် ပျိုးထောင်ခဲ့တဲ့လူပဲ။

သူက မာရှောင် အကယ်ဒမီ၏ အနာဂတ် မဏ္ဍတိုင်များထဲက တစ်ယောက်ပဲ။ ဘယ်လိုလုပ်ပြီး ဒီနေရာမှာ သေရတာလဲ။

ဇန်ယန်ဇောင်၏ အလောင်းကို စိုက်ကြည့်ရင်း ဆွန်းမိုသည် တိတ်ဆိတ်နေသည်။

"မရှုံးနိမ့်နိုင်ဘူး"

"အမြဲတမ်း အောင်မြင်သူ"

မာကွမ်ဇူက စိတ်အားထက်သန်စွာ အောင်ပွဲခံနေသည်။

"ပါးစပ်ပိတ်ထား"

လီဇီချီက အပြစ်တင်လိုက်သည်။ ထို့နောက် ဆွန်းမို ဆီပြေးသွားပြီး လက်ကို ဆုပ်ကိုင်လိုက်သည်။

"ဆရာ၊ တရားမျှတတဲ့ တိုက်ပွဲ တစ်ခုပါ။ သေခြင်း၊ ရှင်ခြင်းကို လူတစ်ယောက်ရဲ့ အရည်အချင်းနဲ့ဆုံးဖြတ်တယ်။ နောင်တရစရာ မရှိပါဘူး။ ပြီးတော့ ဆရာဇန်ကလည်း ဒီလိုလုပ်ဖို့ ဆန္ဒ ရှိခဲ့တယ်။ သူက သေသွားပေမယ့် နောင်တ မရခဲ့ပါဘူး"

"ဇီချီ၊ စောစောတုန်းက ငါညှာလိုက်သင့်တယ်လို့ မင်းထင်လား"

ဆွန်းမို မျက်မှောင် တော်တော်ကြုတ်နေသည်။ အခုအချိန်အထိ သူသတ်ခဲ့တဲ့လူတွေ အားလုံးက သူ့ရဲ့ ရန်သူတွေပါ။ ဒီဇန်ယန်ဇောင်က ပြိုင်ဘက် တစ်ယောက်ဖြစ်သော်လည်း သူ့သဘောထားက ဆွန်းမိုကို အနည်းငယ် သဘောကျစေခဲ့သည်။

"ဆရာ၊ ကိုယ့်ကိုယ်ကို အပြစ်တင်စရာ မလိုဘူးလို့ ထင်တာပဲ။ သေခြင်းနဲ့ ရှင်ခြင်းကို ကောင်းကင်ဘုံက ဆုံးဖြတ်ပေးတယ်။ အရှုံးသမားအတွက် နာကျင်နေစရာ မလိုပါဘူး။ ဒီစကားကို ပေါ့ပေါ့ဆဆ

ပြောခဲ့ကြတာ မဟုတ်ဘူး။ မင်းရဲ့ ခွန်အားကို မှျမှျတတ အနိုင်ယူခဲ့တာကို မမေ့ပါနဲ့”

လီဇီချီက နှစ်သိမ့်လိုက်သည်။

ဆွန်းမို ခေါင်းယမ်းလိုက်သည်။ အသက်တစ်ခု၏ တန်ဖိုးကို ပထမဆုံးအကြိမ် ခံစားမိခြင်းပင်။

ဒင်

“တာဝန် အသစ် ထုတ်ပြန်လိုက်တယ်။ အသက်တစ်ခုရဲ့ အလေးချိန်ကို နားလည်အောင် လုပ်ပါ။ အောင်မြင်သွားရင် လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာ သုံးလုံး ဆုချီးမြှင့်မယ်”

အချိန်တော်တော်ကြာအောင် တိတ်ဆိတ်နေခဲ့သော စနစ်က နောက်ဆုံးတွင် တာဝန်တစ်ခု ထုတ်ပြန်ခဲ့သည်။ ထိုအပြင် တာဝန်ကလည်း ဒသနဆိုင်ရာ ရည်ရွယ်ချက်များနှင့် ပြည့်နှက်နေသည်။

သို့သော်လည်း ကြီးမားသော ဆုလဒ်များကို မြင်လိုက်လျှင် ဒီတာဝန်က ဘယ်လောက် ခက်မလဲဆိုတာ ဆွန်းမို သိနေသည်။

ဒင်

“ဇန်ယန်ဖောင်၏ ခွင့်ပြုချက်ကို ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းတို့နှစ်ယောက်ကြားက လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးတက်လာတဲ့အတွက် ဆုလဒ်- ကြေးရောင် ရတနာ သေတ္တာ တစ်လုံး”

“မှတ်ချက်။ သေဆုံးသွားတဲ့သူသည် သေဆုံးခြင်းကို အကြွင်းမဲ့ လက်ခံပြီး သင့်ကို စိတ်မဆိုးတဲ့အတွက် ဆုကြေးကို အရည်အသွေး မြှင့်တင်ပြီး စိန်ရတနာ သေတ္တာ အဖြစ် တိုးမြှင့်လိုက်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြီးမားသော ရတနာသေတ္တာကြီးက တလက်လက်တောက်ပတဲ့ အလင်းတန်းများနှင့်အတူ ဆွန်းမို ရှေ့မှာ ပေါ်လာသည်။

"စိန်ရတနာ သေတ္တာ ဟုတ်လား"

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။

အခုဖွင့်သင့်လား ၊ မဖွင့်ရဘူးလား။

အခန်း (၃၈၈) - လျှို့ဝှက်ဆန်းကြယ် ရန်သူ၊ အစွမ်းထက်တဲ့ ဆွန်းမို။

"ဆရာ၊ ဘာတွေ တွေးနေတာလဲ"

လီဇီချီသည် ဆွန်းမိုကို ကြည့်နေသည်။ သူမမျက်လုံးထဲတွင် သဘောကျမှုများနှင့် ပြည့်နှက်နေသည်။

ဆရာက အရမ်းနူးညံ့လွန်းသည်။ အခြားတစ်ယောက်သာဆိုလျှင် အစွမ်းထက်တဲ့ ရန်သူကို သတ်ပြီး ပျော်ရွှင် တက်ကြွနေလိမ့်မည်။ 'ညှာတာ ရမလား' ဆိုတဲ့ အတွေးမျိုးကို စဉ်းစားမှာ မဟုတ်ပေ။

"အို ၊ ဘာမှမတွေးပါဘူး"

ဆွန်းမိုက ကိုယ့်ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။ သူ့လို ကံဆိုးသော လူတစ်ယောက်က ဘာဖြစ်လို့ ရတနာသေတ္တာကို ဖွင့်ရမည်နည်း။

သူ့မှာ အမည်းရောင် မြေကြီးခဲ မရှိလို့လား။

ဆွန်းမိုသည် အရမ်းဖွင့်ချင်နေသော်လည်း လက်ခုတ်ဖြတ်မိမှာ စိုးသောကြောင့် ထိန်းထားရသည်။

"အခုဘာလုပ်မှာလဲ။ မင်းဒီမှာ ကျန်ခဲ့မှာလား"

လီဇီချီသည် ဂျိဝမ်ဒေါင်ကို အကဲခတ်လိုက်သည်။

ဂျိဝမ်ဒေါင်သည် ဆရာတစ်ယောင် သေဆုံးသွားတဲ့အတွက် အနည်းငယ် ဝမ်းနည်းမိသော်လည်း နှလုံးသားတစ်ခုလုံး ကြေကွဲနေသည်ဟု ပြောခဲ့ရင် လိမ်ပြောတာပဲ ဖြစ်လိမ့်မည်။

ဘယ်လိုပဲပြောပြော သူတို့နှစ်ယောက်သည် အချိန်အများကြီး အတူတူ မကုန်ဆုံးခဲ့သလို ဆရာတပည့်လည်း မဟုတ်ပေ။

“အစ်မလေး။ မင်းက ဘာဖြစ်လို့ စိုးရိမ်နေတာလဲ။ အတူတူတိုက်ခိုက်ပြီး သတ်လိုက်ရအောင်”

မာကွမ်ဇူက နောက်တစ်ကြိမ် အော်ဟစ်နေပြန်သည်။

ဂျိဝမ်ဒေါင်သည် ဆွန်းမိုကို တစ်ချက်ပြန်ကြည့်ကာ စိတ်ထဲတွင် ရှုန်းကန်နေရသည်။ သူ့ကျောင်းမှ ဆရာတစ်ယောက် အသတ်ခံရသဖြင့် ဆွန်းမိုကို မုန်းတီးနေခဲ့သည်။ သို့သော် နောက်မှာ တစ်ယောက်တည်းကျန်နေခဲ့လျှင် ပြီးသွားလိမ့်မည်။

သူတို့အနားမှာ အချိန်တော်တော်ကြာအောင် အတူတူ ရှိနေခဲ့သဖြင့် ဆွန်းမိုက တကယ်ကို အံ့အောဖို့ကောင်းကြောင်း ဝန်ခံရလိမ့်မည်။

ဒီကပ်ဆိုးကြီးမှ လွတ်မြောက်ချင်လျှင် ဆွန်းမိုကိုပဲ အားကိုး ရလိမ့်မည်။

"ဟိုနေရာကနေ မင်းကို စောင့်နေမယ်။ ဆရာဇန် ပိုင်တဲ့ ပစ္စည်းတွေကို သေသေသပ်သပ်ဖြစ်အောင် လုပ်ပေးခဲ့ပါ"

ထိုစကားကို ပြောပြီးနောက် ဆွန်းမိုသည် လီဇီချီနှင့် ကူရှုပ်ရှင်းကို တစ်ချက်ကြည့်ကာ ထွက်ခွာသွားသည်။

တွေဝေနေသော ဂျိဝမ်ဒေါင်သည် ဒီစကားကို ကြားပြီးနောက် တခဏလောက် အံ့အောသွားသည်။

ထိုနောက် သူ့မျက်လုံးမှာ နွေးထွေးသွားသည်။ ဒီဆရာက တကယ်ကို ကြင်နာတတ်သည်။

ဝမ်ဒေါင်၏ သဘောထားက ကြောက်ဖို့ကောင်းသော်လည်း ဆွန်းမိုက လုံးဝ ဂရုမစိုက်ပေ။ သူ့ကိုပင် ထောက်ထားညှာတာပြီး စိတ်မဆိုးခဲ့ပေ။ သူက တကယ်ပဲ............

ဒင်

ဂျိဝမ်ဒေါင်၏ လေးစားအထင်ကြီးမှု +၁၅၀။ လေစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်သည်။ ရင်းနှီး (၁၅၀/၁,၀၀၀)

ဒီကြောင်းကြားချက်ကို ကြားလိုက်လျှင် ဆွန်းမို ပြုံးလိုက်မိသည်။ အနည်းဆုံးတော့ ဒီကောင်သည် ကျေးဇူးတရားကို သိတတ်သေးသည်။

“အစ်မကြီးရဲ့ ဆရာ တကယ်တော်တာပဲ။ သူ့လိုလူကို ဘာဖြစ်လို့ စိတ်ပူနေရတာလဲ။ နောင်မှာ အန္တရာယ် မရှိအောင် အမြစ်ကနေ ဖယ်ရှားဖို့ သူ့ကို သတ်လိုက်သင့်တယ်”

မာကွမ်ဇူက အတွေ့အကြုံ မျှဝေသော လူတစ်ယောက်လို ပြောနေသည်။

"မင်းပါးစပ် ပိတ်ထားတော့။ ဒီလိုမှမဟုတ်ရင် မင်းကို အမြစ်ကနေ ဖယ်ရှားလိုက်မယ်"

ဆွန်းမို မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

ဂျိဝမ်ဒေါင်က ဇန်ယန်ဇောင်၏ ကလေးဖြစ်နေရင်ပင် သူမသတ်ပေ။

မာကွမ်ဇူသည် ပါးစပ်ကို လက်နှစ်ဖက်နှင့် ချက်ခြင်း ပိတ်လိုက်သည်။ ထုံထိုင်းသော ခွေးတစ်ကောင်ကဲ့သို့ မြေပေါ်မှာ ခေါင်းငုံ့ပြီး ထိုင်နေသည်။ သို့သော် အော်ဟစ်လိုက် ပြန်သည်။

"သက်ရှိလူသား အနံ့ ရပြန်ပြီ"

မာကွမ်ဗူသည် ရန်သူ၏ ရန့်ကို ပြင်းပြင်းထန်ထန် ရှူရှိုက်ရင်း စိတ်လှုပ်ရှားစွာ ခေါင်းယမ်းလိုက်သည်။ (ဟားဟား။ မျှော်လင့်ထားသလိုပဲ၊ ငါက တကယ် အသုံးဝင်တာပဲ။ ဒါဆိုရင် အစ်မကြီးက ငါ့ကို သတ်တော့မှာ မဟုတ်ဘူး၊ မဟုတ်လား)

ဆွန်းမိုနှင့် လီဇီချီ တို့နှစ်ယောက်သည် ထို အခိုက်အတန့်တွင် သူ့ကိုကြည့်ပြီး အတွေးတစ်ခု ရှိသည်။ ဒါကို မာကွမ်ဗူ မသိပါ။

(မင်းက ကံဆိုးတတ်တဲ့ ဂျီတစ်ကောင်လား။ အနံ့မခံလို့ မရဘူးလား)

ဆွန်းမိုသည် တိုက်ခိုက်ရမှာ မကြောက်သော်လည်း ဒီလိုမျိုး ဆက်တိုက် တိုက်ခိုက်နေရပါက စိတ်ရှုပ်စရာ ကောင်းသည်။

ဆွန်းမိုက ဒီဝိညာဉ်ကို မှားယွင်းပြီး နာမည်ပေးခဲ့ခြင်း မဟုတ်ပေ။ မာကွမ်ဇူ ဟုခေါ်သော ဝိညာဉ်သည် သက်ရှိ၏အငွေ့အသက်ကို အရမ်း ထိလွယ်ရှလွယ် ဖြစ်နေသည်။

ဆွန်းမိုသည် လေဘုရင်နတ်ဘုရားကျင့်စဉ်ကို မဟာအဆင့် ရောက်ပြီးနောက် အာရုံခြောက်ပါး

ထက်မြတ်လာခဲ့သည်။ ဒါတောင်မှ ရန်သူရောက်လာမှန်း သတိမထားခဲ့မိပေ။

"ဒီမှာ"

မာကွမ်ဇူက လှမ်းအော်ပြီး နံရံကို ဖြတ်ပြေးသွားသည်။ ဒါမှ အန္တရာယ် ဖြစ်နိုင်ခြေကို လျှော့ချနိုင်လိမ့်မည်။

"ဆရာကူ၊ သွားကြစို့။ ဇီချီ၊ ဂျိဝမ်ဒေါင်ကို ခေါ်သွားပါ"

ဆွန်းမိုက လှမ်းအော်ပြီး အိမ်ခေါင်မိုးတစ်ခုအပေါ်သို့ ခုန်တက်သွားသည်။ ခပ်မြင့်မြင့် နေရာကနေ ဖိချလိုက်သည်။

ကူရှပ်ရှင်းနှင့် သူနှင့် ပေါင်းစပ်မှုသည် အခြေခံအားဖြင့် လူလေးယောက်ပါသော အဖွဲ့တစ်ခုကို ချေမှုန်းနိုင်သည်။

"ဆရာ"

လီဇီချီက လှမ်းအော်လိုက်သည်။ အချက်တစ်ချက်ကို တွေးမိကာ ကျားဖြူကို စီးနှင်း၍ ဂျိဝမ်ဒေါင်ဘက်သို့ ချက်ခြင်း ပြေးသွားသည်။ သူမက

ထိုလူကို ဆွဲတင်ပြီး ကျားဖြူကို ခေါင်မိုးပေါ် ခုန်တက်ခိုင်းကာ ဆွန်းမိုနောက်သို့ လိုက်သွားသည်။

"ငါ့အနားက မထွက်သွားနဲ့"

ဆွန်းမိုက ပြောလိုက်သည်။

ဒီနေရာက အရမ်း အန္တရာယ်များသော်လည်း လီဇီချီကိုတော့ မဆင်းခိုင်းရဲပါ။ သူက တိုက်ပွဲမစခင်အထိ လီဇီချီကို ဘေးနားမှာ ထားချင်သည်။

အမှန်ပင်။ ဆွန်းမိုသည် လီဇီချီအတွက် အန္တရာယ်အားလုံးကို ကာကွယ်ပေးနိုင်မည်ဟု ယုံကြည်ချက်ရှိနေသည်။

"သူတို့က အောက်မှာ"

ထိုစကား ပြောပြီးနောက် ဆွန်းမို ခုန်ဆင်းသွားသည်။ မြေပေါ်သို့ ရောက်သည်နှင့် ခြေထောက်ကို အားပြု၍ ထပ်ခုန်လိုက်သည်။

ဘုန်း

ဆွန်းမိုသည် မျက်နှာကျက်ကို ဖြတ်ကျော်ပြီး အခန်းထဲသို့ ရောက်သွားသည်။

ဝူးရှိ

ဓါးအရိပ်တစ်ခု အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်လာကာ အနည်းငယ် တုန်ခါသွားသည်။ ထိုနောက် ရုတ်တရုတ် အုံ့အောသင့်သွားသော အသံတစ်ခု ထွက်ပေါ်လာသည်။

“ဆရာဆွန်းလား”

ကူရှုပ်ရှင်းသည် ထိုကဲ့သို့ ပြောပြီးနောက် ခပ်မြန်မြန် သတိပေးလိုက်သည်။

“ယုထန်၊ အဆိပ်ဖြေဆေး မြန်မြန်ယူလာခဲ့”

“အဆင်ပြေပါတယ်။ မသေနိုင်ပါဘူး”

ထန်ထန်ယုထန် ကျယ်လောင်စွာ ရယ်မောလိုက်သည်။ အနီရောင်ဖျော့ဖျော့ အခိုးအငွေ့က အခန်းထဲမှာ စီးဆင်းနေသည်။ ဒါသည် အထူးဖော်စပ်ထားသော ဆေးလုံးက ထွက်လာတဲ့ မီးခိုးများ ဖြစ်သည်။ ဒါက ထင်ယောင်ထင်မှား ဖြစ်စေပြီး လူသတ်နိုင်စွမ်းကို လျှော့ကျစေသည်။

သူ့အရှေ့က ကူရှုပ်ရှင်းဖြစ်နေသည်ကို မြင်လိုက်လျှင် ဆွန်းမို၏ မျက်ဝန်းအိမ်က ကျုံ့သွားသည်။ (ဘာဖြစ်လို့ နောက်ထပ် နာကျင်မှု တပ်မက်သူ ဖြစ်နေရတာလဲ။ ဒါပေမယ့် အဲဒီနောက်မှာ

စိတ်မသက်မသာ ဖြစ်ရတဲ့ အရင်းအမြစ်ကို သိသွားသည်။

"ဟမ်၊ ဆရာကူ"

လီဇီချီသည် ကျားဖြူပေါ်က ခုန်ဆင်း၍ ညာလက်ဖြင့် ရန်သူကို ချိန်ရွယ်ကာ လေလှိုင်းကျည်ဆန်ကို ပစ်လွှတ်ရန် လုပ်လိုက်သည်။ ကူရှုပ်ရှင်းကို မြင်ရမည်ဟု မထင်ထားခဲ့ပေ။

"နောက်ပြန်ဆုတ်၊ သူမက ရန်သူပဲ"

ဆွန်းမိုသည် မျက်မှောင်ကြုတ်ပြီး ခေါင်းမိုပေါ်မှ ဖျက်ကနဲ ခုန်ဆင်းလာသော ကူရှူပ်ရှင်း အနားသို့ ပြန်ကပ်သွားသည်။

လီဇီချီက ဆွန်းမို စကားကို နားထောင်ပြီး တွေဝေခြင်းမရှိဘဲ နောက်ဆုတ်သွားသည်။

"ဆရာဆွန်း၊ ဘာလုပ်နေတာလဲ။ အမ်"

အခန်းထဲမှာရှိနေသော ကူရှူပ်ရှင်းသည် ဆွန်းမို ဘာဖြစ်နေမှန်း နားမလည်ပေ။ သို့သော် မျက်နှာကျက်မှ ခုန်ဆင်းလာတဲ့ တခြား ကူရှူပ်ရှင်းကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြင်ပြီး မျက်လုံးပြူး၍ ပါးစပ်ကြီး အဟောင်းသား ဖြစ်ကာ အရမ်းအံ့အောနေသည်။

"နောက်ထပ် ငါပေါ့"

ခဏလောက် ကြောင်တောင်တောင် ဖြစ်သွားပြီး ကူရှုပ်ရှင်း လှမ်းအော်သည်။

"ဆွန်းမို မြန်မြန်လာ။ သူမက အတုပဲ"

"တိတ်စမ်း၊ မင်းကမှ အတု"

ဆွန်းမိုက ပြန်အော်သည်။

ထန်ထန်ယုထန်သည် မျက်မှောင်ကြုတ်ပြီး သူ့၏အကြည့်က ကူရှုပ်ရှင်း နှစ်ယောက်ထံ ကူးလူးနေသည်။

ဆွန်းမို ဘေးနားမှာ ရပ်နေသော လီဇီချီသည် စိတ်ထဲမှာ အပြည့်အဝ တွေးတောနေသည်။ သူမ မှတ်မိသလောက် ဆွန်းမို၏ အပြုအမူများကို ပြန်စဉ်းစားနေသည်။

ကူရှုပ်ရှင်း မဆိုထားနှင့် သူမ၏ ဆရာက အစစ်အမှန် ဟုတ်မဟုတ် သေချာရန် လိုအပ်နေပြီ။

“ဆရာကူ၊ အဆင်မပြေတဲ့ နေရာရှိလား”

ဆွန်းမိုက ကူရှုပ်ရှင်းကို စိုးရိမ်နေသော မျက်နှာနှင့် ကြည့်ပြီး မေးလိုက်သည်။

“မရှိဘူး”

ကူရှုပ်ရှင်းသည် ခေါင်းခါပြီး ဆွန်းမိုကို ကြည့်လိုက်ကာ ရင်ထဲ ခံစားလိုက်ရသည်။

“ငါ့ကို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်”

“ဒါပေါ့ ငါမင်းကို ယုံတယ်။ ငါတို့က ဒီလမ်းကို အတူတူ လာခဲ့ကြတာပဲ။ မင်းက ကူရှုပ်ရှင်းပါ။ ငါ မမှားနိုင်ဘူး”

ဆွန်းမိုက အခိုင်အမာ ယုံကြည်နေသည်။

"ဆွန်....."

ကူရှုပ်ရှင်း ထပ်ပြောချင်သော်လည်း ခေါင်းနောက်ကို ရုတ်တရုတ် အရိုက်ခံလိုက်ရသည်။

ဘောင်း

ဆွန်းမို၏ ကိုယ်ပွားသည် သူမ၏ အနောက်မှ ပေါ်လာသည်။ တစ်ဖက်လူက လေတိုးသံကြားပြီး သတ်ပစ်လို့မရမှာ စိုးရိမ်၍ ရှိသမျှ ထုတ်သုံးခဲ့သည်။

ကူရှုပ်ရှင်း အရိုက်ခံလိုက်ရသဖြင့် လဲကျပြီး ခေါင်းက သွေးများ စီးကျလာသည်။

ဆွန်းမိုက ဖမ်းမိရန် ရှိသမျှ ထုတ်သုံးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြက်သွေးရောင် နှုတ်ခမ်း။ ဆောင်းဦး အရိပ်။

တစ်ချိန်တည်းမှာပင် သစ်သားဓါးနှင့် ခုတ်ရင်း ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဗုဒ္ဓ နှုတ်တော် တည်ငြိမ်တဲ့နှလုံးသား။

ဒီအသံသည် နွေဦး မိုးခြိမ်းသံကဲ့သို့ သာယာလှ၏။ ကူရှုပ်ရှင်းအတွက်က လုံး၀ တုန်လှုပ်သွားရုံသာမက ရွှေရောင် လှိုင်းများက သူမ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။

အသေးစိတ် ကြည့်လိုက်မည်ဆိုလျှင် ဒီရှွေလှိုင်းတွေက ရွှေမြွေလေး အများကြီးနှင့် တူကြောင်း ပြောနိုင်သည်။

ဖောက် ဖောက် ဖောက်

သစ်သားခါးက ကူရှုပ်ရှင်း၏ ခြေလက်လေးချောင်းကို ထိမှန်သွားပြီး အရိုးအက်ကွဲသော အသံများ ထွက်ပေါ်လာသည်။

ဘုန်း

ကူရှုပ်ရှင်းသည့် မြေပေါ်သို့ လဲကျပြီး ဖုန်မှုန့်များ လွင့်စင်သွားသည်။

"ဟမ်"

လီဇီချီသည် ရုတ်တရက် အံ့အောသင့်၍ အသံထွက်လာသည်။ (ဆရာ၊ မင်းဘာဖြစ်လို့ ဒီလောက် မြန်မြန် တိုက်ခိုက်ခဲ့တာလဲ။ လူမှားရင် ဘယ်လိုလုပ်မလဲ။)

လီဇီချီသည် နောက်ထပ် ကူရှုပ်ရှင်းကို လှမ်းကြည့်လိုက်သည်။ အမှန်အတိုင်းပြောရလျှင် ရုပ်ရည်၊ အရပ်အမောင်း၊ အဝတ်အစားသာမက ငင်းဣန္ဒြေနှင့် အကြည့်များပင် မကွာခြားပေ။

ယခုလောလောဆယ်တော့ အတုနှင့် အစစ် မခွဲခြားနိုင်သေး..................

"ဆရာ၊ မင်းက အရမ်းရက်စက်တယ်။ လူမှားမှန်း မသိခင် အတူတူနေခဲ့တာ မဟုတ်လား။ ရုတ်တရက် တိုက်ခိုက်တာတော့ အရမ်းရက်စက်လွန်းတယ်"

ထန်ထန်ယုထန်က နောက်ပြောင်လိုက်သည်။

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို သုံးပြီးကြည့်လိုက်လျှင် အရိုက်ခံရသော ကူရှုပ်ရှင်းသည် စိုစွတ်နေသော အဖုအထစ် ပုံစံဖြစ်နေသည်။

ကူရှူပ်ရှင်း။ အမျိုးအမည်မသိ သက်ရှိပုံစံ။

ဆွန်းမိုက နောက်တစ်ယောက်ကို လှည့်ကြည့်လိုက်သည်။

ကူရှူပ်ရှင်း၊ အသက် ၂၁နှစ်၊ မရီဒန် အကယ်ဒမီက ဘွဲ့ရ။

အထူးသဖြင့် သူမ နာကျင်မှုတပ်မက်သော အကြောင်းနှင့် ပက်သက်၍ အချက်အလက်များ ထူထပ်စွာ ပေါ်ထွက်နေသည်။ ဆွန်းမို စိတ်အေးလက်အေး ရှိနေသည်။

“ဆရာကူ၊ မစိုးရိမ်ပါနဲ့၊ ငါက တကယ့် အစစ်ပါ”

ဆွန်းမိုသည် ကူရှုပ်ရှင်းက ဆိုးဆိုးဝါးဝါး စိုက်ကြည့်နေတာ မြင်လိုက်လျှင် ရှင်းပြလိုက်သည်။

"ငါကမှ တကယ်လူပဲ။ မင်းက ငတုံး"

ပြင်းထန်စွာ ဒဏ်ရာရသွားသော ကူရှုပ်ရှင်း အော်ဟစ်လိုက်သည်။

"ဘာ........ဘာဖြစ်နေတာလဲ။ မင်းတို့က အမွှာတွေလား"

ဂျိဝမ်ဒေါင် အံ့အောနေသည်။ (ကမ္ဘာကြီးပေါ်မှာ ဘာတွေ မြင်နေရတာလဲ)

ထန်ထန်ယုထန် ဘေးမှာရှိသော ကူရှုပ်ရှင်းက ဘာစကားမှ မပြောပေ။

"တော်ပြီဟော့။ အော်နေတာ ရပ်လိုက်တော့။ အဲဒါကို မင်းမြင်လား။ ဒါကမှ ကူရှုပ်ရှင်း အစစ် လုပ်တဲ့ပုံပဲ။ အတု မင်းလုပ်တာ မမှန်ဘူး"

ဆွန်းမိုက နောက်လိုက်သည်။

ပြင်းထန်စွာ ဒဏ်ရာရနေသော ကူရှုပ်ရှင်းသည် အော်ဟစ်နေတာ ရပ်တန့်လိုက်သည်။ ထိုအစား သက်ပြင်းချပြီး သိချင်စိတ် ပြည့်နှက်နေသော မျက်နှာဖြင့် ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။

"ငါက အတုမှန်း ဘယ်အချိန်ကတည်းက သိနေတာလဲ"

ဆွန်းမိုက ဒါကို သတိမထားမိခဲ့လျှင် ဒီလို ပြတ်ပြတ်သားသား လုပ်ခဲ့မှာ မဟုတ်ပေ။

"တကယ့် ဆရာကူကို တွေ့လိုက်တဲ့ အချိန်မှာပဲ"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ဖြေသည်။

"မင်းကအတုလို့ အော်ဟစ် ပေါက်ကွဲပြီး ငါ့အနားကို ပြန်လာခဲ့တယ်။ မင်းက ငါ့ကို ယုံတယ်လို့ ပြောပေမယ့် အလစ်တိုက်ဖို့ ကြိုးစားနေခဲ့တာ မဟုတ်လား"

ကူရှုပ်ရှင်း အတုက မေးလိုက်သည်။

“ဟုတ်တယ်”

ဆွန်းမိုက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

“မင်း သတိမထားမိအောင် လီဇီချီကိုတောင် စွန့်စားခဲ့ရတယ်”

“ကောင်းပြီလေ။ ဒါဆိုဘာကြောင့် အစစ်နဲ့အတုကို ခွဲခြားပြီး သိခဲ့တာလဲ”

ကူရှုပ်ရှင်း အတုက သိချင်နေသည်။

“အကြောင်းအရင်း လေးချက်ရှိတယ်”

ဆွန်းမို လက်လေးချောင်း ထောင်ရင်း ပြန်ဖြေသည်။

"ဟမ်။ လေးချက် ဟုတ်လား။ မင်းငါ့ကို နောက်နေတာလား"

ကူရှပ်ရှင်း အတု မျက်နှာပျက်သွားသည်။ (ဒီအကွက်နဲ့ မရေမတွက်နိုင်တဲ့လူများကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီးပြီ။ ဘယ်လို လုပ်ပြီး ချို့ယွင်းချက်ရှိမှာလဲ)

"ပထမအချက်က ဆရာကူက အရမ်းထူးချွန်တယ်။ ဘယ်လောက် သတိကြီးပြီး

လေးနက်သလဲဆိုတော့ မာရှောင် ကျောင်းက ကျောင်းသားအဖွဲ့ရဲ့ အချက်အလက်ကို သေချာစွာ လေ့လာခဲ့တယ်။ ဒါပေမယ့်လည်း ဂျိဝမ်ဒေါင်ရဲ့ နာမည်ကို မသိစရာအကြောင်း မရှိဘူး။ မင်းကတော့ မသိဘူး”

ဆွန်းမိုက ရှင်းပြပြီး လီဇီချီကို ကြည့်လိုက်သည်။

လီဇီချီပင် ဂျိဝမ်ဒေါင်၏ နာမည်ကို သိသည်။

“ဆက်ပြောပါအုံး”

ကူရှုပ်ရှင်းအတုက ချို့ယွင်းချက် တစ်ခုဟု ဝန်ခံသွားသည်။

“ဆရာကူက အရမ်းမာနကြီးတဲ့ မိန်းမဖြစ်ပြီး ထူးချွန်ဖို့အတွက် အရမ်းစိတ်အား ထက်သန်တယ်။ သူမက ယောကျ်ားလေတွေထက် ပိုညံ့တယ်ဆိုတဲ့ အချက်ကို ဘယ်တော့မှ လက်မခံဘူး။ ဒါကြောင့် စောစောတုန်းက ဇန်ယန်ဇောင်နဲ့ အခြေအနေမှာ သူမသာ ဆိုရင် ကျိန်းသေပေါက် တိုက်ပွဲ ဝင်လိမ့်မယ်။ ဒါပေမယ့် မင်းကတော့ မလုပ်ခဲ့ဘူး”

“ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် မင်းရဲ့ အကြီးမားဆုံး ချို့ယွင်းချက်က မင်းမလှုပ်ရှားတာပဲ”

ဒါကလည်း ဆွန်းမိုစိတ်ထဲ မသက်မသာဖြစ်ရသော အချက်ဖြစ်သည်။

သူက ကူရှုပ်ရှင်းနှင့် အချိန်တော်တော် များများ အတူတူ ကုန်ဆုံးဖူးသည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးက ကောင်းသည်ဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် လွှမ်းမိုးပြီး တစ်ယောက်လုပ်သော နည်းအတိုင်း နောက်တစ်ယောက်က လုပ်တတ်လာသည်။

မိတ်ဆွေကောင်း တစ်တွဲ အတူတူ ထမင်းစားသလိုပင်။ သူတို့ထဲက တစ်ယောက်သည်

မကြာခဏ မစားတတ်သော ဟင်းကိုချက်ခြင်း ပြောင်းစားသလိုပင်။

အတွေးရိုးသောလူက ချက်ခြင်း သတိမထားမိသော်လည်း ဆွန်းမိုကတော့ မတူပေ။ သူက စေ့စပ်သေချာလွန်းသည်။ ထိုအချိန်တုန်းကတော့ ကူရှုပ်ရှင်း အတုလို့ မထင်ခဲ့ပေ။ တစ်ခုခုတော့ လွဲနေပြီဟု ခံစားမိခဲ့သည်။

"ရန်သူကို အနိုင်ယူဖို့ ငါက ဘာဖြစ်လို့ ကူညီရမှာလဲ"

ကူရှုပ်ရှင်း အတုက နှုတ်ခမ်းစူရင်း ပြောသည်။

အခြားတစ်ဖက်မှာတော့ ကူရှုပ်ရှင်းသည် ဒီရှင်းပြချက်ကို ကြားပြီး သူမရဲ့လှပသော ပါးသည် ရုတ်တရက် နီမြန်းလာသည်။

(ဒီလိုဆိုတော့ ဆရာဆွန်းရဲ့ နှလုံးသားထဲမှာ ငါက ဘယ်လိုလဲ)

“ဆရာကူ၊ ငါ့ဆရာရဲ့ အမြင်က မင်းပေါ် အရမ်းကောင်းနေတယ်။ သူက မင်းကို ကြိုက်နေတာလား”

ထန်ထန်ယုထန်က လေသံတိုးတိုးလေးနှင့် မေးလိုက်သည်။

ဒေါက်

ကူရှုပ်ရှင်းသည် ထန်ထန်ယုထန်ကို ခေါင်းခေါက်လိုက်သည်။

"ပေါက်ကရတွေ ပြောမနေနဲ့"

သို့သော်လည်း ကူရှုပ်ရှင်း နှလုံးသား အနည်းငယ် တုန်ခါသွားသည်။ ဆွန်းမိုက သူမထက် ပိုပြီး အံ့အောဖို့ကောင်းသော ပါရမီရှင်တစ်ယောက် ဖြစ်သည်။ သူ့စကားအရ သူမကို အသိအမှတ်ပြုကြောင်း သိသိသာသာ ဖော်ပြနေသည်။

“ဒါဆို တတိယအချက်က ဘာလဲ။ မှန်ကန်မှု ရှိမရှိ သိခွင့်ပေးပါ”

ကူရှုပ်ရှင်း အတုက တိုက်တွန်းလိုက်သည်။

“ဆရာကူရဲ့နှလုံးသားက အရမ်းနူးညံ့တယ်။ ငါက ဇန်ယန်ဇောင်ကို သတ်လိုက်တဲ့အချိန်တုန်းက စိတ်မကောင်းခဲ့ဘူး။ ဆရာကူရဲ့ စရိုက်အရ ငါ့ကို သေချာပေါက် နှစ်သိမ့် ပေးလိမ့်မယ်။ ဒါပေမယ့် မင်းကတော့ မလုပ်ပေးခဲ့ဘူး”

ဆွန်းမို နှုတ်ခမ်းတွန့်သွားသည်။

"ရှုး။ မင်းက ဇန်ယန်ဖောင်ကို သတ်လိုက်တာလား။ ဖြူနက် အကယ်ဒမီက တစ်ယောက်လေ"

ကူရှုပ်ရှင်း သက်ပြင်းချ လိုက်မိသည်။ သို့သော်လည်း ကူရှုပ်ရှင်း ထပ်ပြီး စိတ်မရှုပ်ချင်တော့ပေ။ ဆွန်းမိုက သွေးလောင်ကျွမ်းခြင်း အဆင့်(၇)ကို ရောက်နေပြီ။ မာရှန် နှင့် ဘိုင်တန်ဇီဝေကလွဲလျှင် ကျန်တဲ့ ဆရာများက သူနှင့်ဘက်မတူတော့ပေ။

"ဆရာကူ၊ ဒါက ပုံမှန်ပဲလေ"

လီဇီချီက ထပ်တူ ဂုဏ်ယူနေမိသည်။

“ လေးချက်မြောက်က ဘာလဲ”

ကူရှပ်ရင်းအတုက မေးလိုက်သည်။

“ဟား ဟား”

ဒါက ပြောပြလို့ မရသော အရာဖြစ်နေ၍ ဆွန်းမို ရယ်နေလိုက်သည်။

အဖြေမှာ စိတ်လှုပ်ရှားဖို့ကောင်းသော လုပ်ဆောင်ချက်ကို လုပ်ပြခဲ့သော်လည်း အတုဆီက လေးစားအထင်ကြီးမှု အမှတ် လုံး၀ မရခဲ့ပေ။

ဆွန်းမိုက မျက်နှာကျက်ကို ကျော်ပြီး တကယ့်ကူရှုပ်ရှင်းကို တွေ့လိုက်သော အချိန်မှာပဲ တုန့်ပြန်တော့သည်။ ဒါကြောင့်လည်း သူလုပ်ခဲ့သည်။

"အံ့အောစရာပဲ"

"အံ့အောစရာပဲ"

"တကယ်ကို အံ့အောဖို့ ကောင်းတယ်"

ကူရှုပ်ရှင်း အတုက ဆွန်းမိုကိုကြည့်ပြီး ရုတ်တရက် အံ့အောနေသည်။

"မင်းက တကယ်ကို ပြီးပြည့်စုံလွန်းတယ်။ မင်းရဲ့ ဉာဏ်ရည်နဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေပေါ်

တုန့်ပြန်မှုကို ငါတကယ် သဘောကျတယ်။ ငါက အတုမှန်း သိတဲ့အချိန်မှာတောင် မင်းက စိတ်မပူဘဲ ငါနဲ့ တွဲကစားပြီး ငါ့ကို အလစ်တိုက်ခိုက်ခဲ့တယ်”

“မင်း ဒီလိုလုပ်တာက ငါ့ကို အရှင်ဖမ်းပြီး စစ်ဆေးဖို့ မဟုတ်လား”

ဆွန်းမို ပြန်မဖြေခင် ကူရှူပ်ရှင်း အတုက ပြုံးလိုက်သည်။ “မဖြစ်နိုင်ဘူးလို့ စိတ်မကောင်းစွာနဲ့ ပြောရတော့မယ်”

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ဒါကို သူတွေးနေသည်။

ထိုအချိန်မှာပဲ ကူရှုပ်ရှင်းအတုဏ် ခေါင်းကဝုန်းကနဲ ပေါက်ကွဲသွားသည်။

ဦးနှောက် အရည်များနှင့် ဦခေါင်းခွံ အရိုးများက နေရာအနှံ့ ပြန့်ကျဲသွားသည်။

“လာခဲ့ပါ။ မင်းကိုစောင့်နေမယ်။ ဒီလို စိတ်ဝင်စားစရာ ကောင်းတဲ့ အရုပ်မျိုး မတွေ့ရတာ တော်တော် ကြာနေပြီ”

အသံတစ်သံက ဖြေးဖြေးလေး ပျောက်ကွယ်သွားသည်။

“ဆရာက အရမ်းအံ့အောဖို့ ကောင်းတာပဲ”

ဆွန်းမိုက လှို့ဝှက်ဆန်းကြယ် ရန်သူကို အောင်မြင်စွာ ချေမှုန်းလိုက်သည်ကို မြင်ပြီးနောက် လီဇီချီ၏ မျက်နှာလေးသည် သဘောကျမှုများနှင့် ပြည့်နှက်နေသည်။ သူမက စိတ်မနေနိုင်ဘဲ ဆွန်းမိုအနားသို့ ကပ်လာပြီး အနဲ့ ခိုးရှူလိုက်သည်။

"အင်း၊ ဆရာရဲ့ ကိုယ်နံ့ကလည်း မွှေးတယ်။ အောင်မြင်မှု ရနံ့ပဲ"

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ကြည်ညို (၁၆,၁၆၁/၁၀၀,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိဝမ်ဒေါင်သည် လီဇီချီ၏ အမူအရာကို မြင်ပြီး ရုတ်တရက် စိတ်ပျက်အားငယ်သွားသည်။ သို့သော် ဒီဆရာက အရမ်းသန်မာတယ် ဆိုတာတော့ ဝန်ခံရမည်။

သူသည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ သန်မာလွန်းသည်။

ဘာကြီးပဲ ဖြစ်နေပါစေ အမြဲတမ်း အေးဆေးတည်ငြိမ်သော အမူအရာ ရှိနေသည်။

ဒင်

ဂျိဝမ်ဒေါင်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၂၅၀/၁,၀၀၀)

"ဆရာကူ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဆွန်းမိုက လက်ဖဝါးယှဉ်ရင်း နှုတ်ဆက်လိုက်သည်။ ထိုနောက် ကူရှုပ်ရှင်းက သူ့ကို သတိထားပြီး စောင့်ကြည့်နေကြောင်း မြင်လိုက်ရသည်။

"မင်းက ဆွန်းမို အတုမဟုတ်ကြောင်း ဘယ်လို သက်သေပြမှာလဲ"

ကူရှပ်ရှင်းက မေးခွန်း ထုတ်လိုက်သည်။ (စောစောတုန်းက မင်းရဲ့ အကဲဖြတ်မှုကြောင့် ငါ အရမ်းထိသွားတယ်။ ဒါပေမယ့် စိတ်မကောင်းဘူး။ အဲဒါက အသုံးမဝင်ဘူး။ မင်းက တကယ့် အစစ်ဟုတ်မဟုတ် သေချာအောင်တော့ လုပ်ရမယ်။)

အခန်း (၃၈၉) - အနက်ရောင် ဘုရားကျောင်း၊ သေခြင်း နေရာ။

"အစ်မကြီး၊ မင်းဆရာကို ဘယ်လို သံသယ ဝင်ရဲတာလဲ။ သူမကို သတ်လိုက်ရမလား"

မာကွမ်ဇူသည် သစ္စာစောင့်သိတဲ့ ခွေးတစ်ကောင်လို အံ့တကြိတ်ကြိတ် လုပ်နေသည်။

"ပါးစပ် ပိတ်ထား"

လီဇီချီက ဆူပူလိုက်သည်။

မာကွမ်ဇူသည် ချက်ခြင်း ပါးစပ်ပိတ်ပြီး ဘေးနားမှာ ငြိမ်ငြိမ်လေး ထိုင်နေသည်။

"အလကား အနှိပ်ခံရဖို့ ကြိုးစားနေတာလား"

ဆွန်းမိုက မေးလိုက်သည်။

"သေလေ"

ကူရှပ်ရှင်းက မျက်လုံးပြူးပြီး ဓါးဆွဲထုတ်ကာ ခုတ်မလို့ ဟန်ဆောင်လိုက်သည်။ ဒါပေမယ့် ဒီအကြံက မဆိုးပါ။ သူမ ပျော်ရုံတင်မက တကယ့် အစစ် ဟုတ်မဟုတ်လည်း သိနိုင်သည်။

(မဟုတ်သေးဘူး။ ငါ့ရဲ့ အနာဂတ် ခင်ပွန်းလောင်းကို စိတ်မပျက်စေရဘူး။ ဆွန်းမိုကို ငါ့ခန္ဓာကိုယ် မပြတော့ဘူး)

"ဒါက အရမ်းထက်မြတ်တဲ့ မေးခွန်းပဲ"

ဆွန်းမိုသည် အတွေးထဲ မျောနေသည်။ သူ့ကိုယ်သူ သက်သေပြဖို့ နည်းလမ်း မရှိတာ အမှန်ပါ။

“ဒီအတုကို ဘယ်လိုလုပ်တယ် ထင်လဲ”

“ဒါက အစွမ်းထက်တဲ့ အမှောင်လျှို့ဝှက်ရတနာကြောင့် ဖြစ်မယ် ထင်တယ်”

ကူရှုပ်ရှင်းသည် အမှောင်တိုက်ကြီးတွင် သေတဲ့လူများကို ပြန်ရှင်စေရုံမှ တပါး အခြား ဘယ်အရာမဆို ဖြစ်နိုင်သဖြင့် ကူရှုပ်ရှင်း ထူးပြီး မအံ့အောတော့ပါ။

“ ဒီအတုက အရမ်းအံ့အောဖို့ ကောင်းတယ်။ သူတို့က ငါတို့ရဲ့ အမှတ်တရတွေနဲ့ အရည်အချင်း ရှိမယ်လို့ မင်းထင်လား။ တကယ်လို့ ဟုတ်နေရင် ဘယ်လို လုပ်ကြမလဲ”

ဒါကို ဆွန်းမိုက ဆွေးနွေး တင်ပြလိုက်သည်။

“ဆရာဆွန်း၊ အမှောင်တိုက်ကြီးက ကိစ္စတွေကို အလယ်ကမ္ဘာ ပြည်နယ် ကိုးခုက ဘုံအသိပညာနဲ့ သုံးသပ်လို့ မရဘူး”

ကူရှုပ်ရှင်း နှုတ်ခမ်း ကွေးသွားသည်။

“ပထမအထပ်ကိုပဲ ဥပမာ ကြည့်အုံး။ အဲဒီနေရာမှာ ထူးဆန်းပြီး နားမလည်နိုင်တဲ့ ဝိညာဉ်ဒီရေ ရှိတယ်။ တချို့နေရာတွေမှာ ဝိညာဉ်ချီက အရမ်းသိပ်သည်းပြီး တချို့နေရာတွေဆို ဝိညာဉ်ချီ လေဟာနယ်တွေ ဖြစ်နေကြတယ်”

“သူတို့ကို အရင်က မြင်ဖူးလား။ ကျင့်ကြံသူများသည် အဲဒီနေရာကို ရောက်သွားတာနဲ့ သူတို့ ကိုယ်တွင်း ကိုယ်ပြင် ဝိညာဉ်ချီ ဖိအား မညီမျှတဲ့ အခြေအနေကို ရောက်သွားမယ်။ ကျင့်ကြံသူတွေက

ဘောလုံးတစ်လုံးလို ဖောင်းပွလာပြီး ပေါက်ကွဲသွားလိမ့်မယ်”

ဆွန်းမိုသည် အဲဒီမြင်ကွင်းကို တွေးပြီး အလိုလို တုန်လှုပ် ခြောက်ခြား လာမိသည်။

အဲဒီ သေနည်းက သေချာပေါက် အရမ်းနာကျင်လိမ့်မည်။

“အမှောင်တိုက်ကြီးရဲ့ ဒုတိယအဆင့်မှာ ပထမအထပ်လိုမျိုး ဝိညာဉ်ချီဒီရေ အဆက်မပြတ် ပြောင်းနေရုံသာမကဘူး ကြောက်စရာ အကောင်းဆုံးက လူတစ်ယောက်က

အမျိုးမျိုးကြားပြီး အမျိုးမျိုး မြင်ယောင်နေတာပဲ။ ထင်ယောင်ထင်မှားဖြစ်တာ ကြာလေလေ နောက်ဆုံး ရူးသွားတဲ့ အထိ ဖြစ်သွားနိုင်တယ်”

“ဒါကြောင့် ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို မရောက်သေးရင် ဝင်ခွင့် မရှိဘူး။ သွေးလောင်ကျွမ်းခြင်း နယ်ပယ်တောင် အဲဒီမှာ တစ်ပတ်ကျော်လောက် မနေနိုင်ဘူး”

ကူရှုပ်ရှင်းက ရှင်းပြသည်။ မရီဒန်အကယ်ဒမီရဲ့ ထိပ်တန်းကျောင်းသား တစ်ယောက်အနေနဲ့ သွေးလောင်ကျွမ်းခြင်း နယ်ပယ်ကို ပထမအဆင့်ကို

ရောက်တာနဲ့ ကံကောင်းပြီး သူမကျောင်းက မြတ်ဆရာ အသိုင်းအဝိုင်းနဲ့ အမှောင်တိုက်ကြီးက ဒုတိယအဆင့်ကို ရောက်ခဲ့ဖူးသည်။

ဘယ်လို ဖြစ်လဲဆိုတော့ ဒါက ဒုတိယအကြိမ် ထပ်မဖြစ်ချင်တော့တဲ့ ခံစားမှုပဲ။ ဘာကြောင့်လဲဆိုတာ တစ်ယောက်ယောက်က အဲဒီကို ရောက်သွားလျှင် အကြောင်းပြချက်မရှိဘဲ စိတ်ဓါတ်ကျချင်သလို ခံစားရသည်။

"ဒါကို ငါသိတယ်"

ဆွန်းမိုက သူမှတ်မိတဲ့ အရာများကို ပြန်စဉ်းစားလိုက်သည်။

အမှောင်တိုက်ကြီးက ဘယ်လို လည်ပတ်နေလဲဆိုတာ ဘယ်သူမှ မသိပါ။ နေရာဒေသဆိုင်ရာ ဥပဒေသာ ရှိနေသဖြင့် တယ်လီပို့ တည်ဆောက်ဖို့ မဖြစ်နိုင်ပါ။ ဒုတိယအထပ်ကို သွားလိုပါက ပထမထပ် လမ်းကြောင်းကို အနည်းငယ် ဖြတ်သွားဖို့ လိုသည်။

မြင့်မားတဲ့လူက တက်သွားလိမ့်မည်။ ဒါက ထူးဆန်းတဲ့ ဥပဒေသ ပါ။ ပဉ္စမအဆင့်ကတော့

ဘဝအတွက် တားမြစ် နယ်မြေလို့တောင် ပြောနိုင်သည်။ တကယ်လို့ လူတစ်ယောက်သည် ဒဏ္ဍာရီ နယ်ပယ်သို့ မရောက်ဘဲ အဲဒီနေရာကို သွားလျှင် သေခြင်းတရားက စောင့်ဆိုင်းနေလိမ့်မည်။

"အခုတော့ မင်းက တကယ့် အစစ်လို့ ယုံကြည်လာပြီ"

ကူရှုပ်ရှင်း ပြုံးရင်း ပြောသည်။

"ဘာဖြစ်လို့လဲ"

ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။

"ဒါက လျှို့ဝှက်ချက်"

ကူရှုပ်ရှင်းက နှုတ်ခမ်းကို ကိုက်ကာ ဖွဖွလေး ပြုံးလိုက်သည်။ ဆွန်းမိုနဲ့ စကားပြောရင် သက်တောင့်သက်သာ ဖြစ်ပြီး စိတ်ချမ်းသာသည်။ တိတ်တဆိတ် နားလည်တဲ့ ခံစားချက် တစ်ခု ဖြစ်ပေါ်စေသည်။

သူတို့နှစ်ယောက်က ရင်ဘက်ခြင်းပေါင်းတဲ့ သူငယ်ချင်း ဖြစ်ဖို့ မွေးဖွားလာသလိုပင်။

"ဟီးဟီး"

ဆွန်းမိုကို ကြည့်ပြီး ထန်ထန်ယုထန်က ရယ်နေသည်။

"မင်း အဆင်ပြေရဲ့လား"

"နွားတစ်ကောင်ကိုတောင် သတ်နိုင်မယ်လို့ ခံစားရတယ်"

ရောဂါသည်က လက်ချောင်းကို ဆုပ်ကိုင်ရင်း ပဟေဠိ လုပ်နေသည်။

"ဆရာ၊ ဆရာကူ အတုရှိသလို ကျန်တဲ့ လူတွေလည်း ရှိနိုင်တယ်။ ငါက တကယ်အစစ်မှန်း မင်းက ဘယ်လိုသေချာတာလဲ"

"အတုက မင်းရဲ့ အနှစ်သာရ မကူးယူနိုင်ဘူးလို့ ငါထင်တယ်"

ဆွန်းမိုက နောက်လိုက်သည်။

"အမ်"

ထန်ထန်ယုထန် က ဒီလိုပြန်ဖြေမယ်လို့ မထင်ထားခဲ့ပါ။ ခဏလောက် ကြောင်သွားပြီး မနေနိုင်ဘဲ ပြုံးသွားသည်။

"ဒါကို ချီးကျူးတာပဲ လို့ သတ်မှတ်လိုက်မယ်"

"ယုထန်၊ ဆရာနဲ့ ငါက တကယ်အစစ်ဖြစ်မှန်း ဘယ်လိုသိတာလဲ"

လီဇီချီ သိချင်လာသည်။ ထန်ထန်ယုထန် အကြောင်းကို သူမ နားလည်ထားသလောက်ဆိုလျှင်

ဒီလူမှာ ဒီလို အရာတွေကို ခွဲခြားနိုင်တဲ့ နည်းလမ်း ရှိမှာ သေချာသည်။

"မသေချာဘူး"

ရောဂါသည် ငြင်းသည်။

ဖောက်

လီဇီချီက ရောဂါသည်ကို လက်သီး ပေါ့ပေါ့ပါးပါး ထိုးလိုက်သည်။

"မြန်မြန် ပြော"

"ပြိုင်ပွဲမစခင် အမှုန့် တစ်မျိုး ဖြန်းခဲ့တယ်။ ငါပဲ အနံ့ခံလို့ရတယ်"

ထန်ထန်ယုထန်က သူ့ရဲ့နှာခေါင်းကို ထိရင်း ပြောလိုက်သည်။

ဒီအရာ ဆေးပင်ပညာရှင်အတွက် အခြေခံကျတဲ့ အရာဖြစ်သည်။ အဲဒီအတုသည် ပုံစံနှင့် အပြင်အဆင် လုံး၀ တူသော်လည်း ထန်ထန်ယုထန်နဲ့ မထိတွေ့ခဲ့ပါ။ ဒါကြောင့် သူတို့တွင် ခြေရာခံတဲ့ အမှုန့် မရှိပါ။

"ဒါဆိုရင် စောစောတုန်းက ဘာဖြစ်လို့ မပြောတာလဲ"

ကူရှုပ်ရှင်းက စောဒက တက်လိုက်သည်။

"အခုလေထု အရမ်းကောင်းနေတယ်။ နောက်ထပ် ပေါ်တယ် တစ်ခုကို ဦးတည်ပြီး သွားသင့်တယ်။ အနှောက်အယှက်ပေးမိလို့ စိတ်မကောင်းပါဘူး"

ထန်ထန်ယုထန် အရမ်း စိတ်မကောင်း ဖြစ်နေသည်။

"ဘယ်လို ပေါက်ကရတွေ ပြောနေတာလဲ"

ကူရှုပ်ရှင်း မျက်နှာနီပြီး ဆူပူ ကြိမ်းမောင်းလိုက်သည်။ (အို ကျောင်းသားတစ်ယောက်ကတောင် ငါက ဆွန်းမိုနဲ့

နီးကပ်နေပြီလို့ ပြောနေတာပါလား။ မဖြစ်သေးဘူး။ ငါ့အနာဂတ် ခင်ပွန်းလောင်းကို စိတ်ပျက်စေလို့ မရဘူး)

သို့သော်လည်း ဆွန်းမိုရဲ့ အထောက်အထားကို ဖော်ထုတ်ပြီးတဲ့နောက် ကူရှုပ်ရှင်း နှလုံးသားထဲတွင် မျက်နိုးတဲ့ စိတ်များ ပေါ်လာသည်။

သူက တကယ်ကို ထူးထူးခြားခြား စွမ်းဆောင်နိုင်သည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀။ ကြည်ညို (၄,၅၀၀/၁၀,၀၀၀)

"ဆရာ၊ မင်းအနီးအနားမှာ ပိုးကောင်တွေ အများကြီးပဲ။ ဝိညာဉ်ထိန်းချုပ်တဲ့ နည်းပညာနဲ့ ခေါ်ထားတာလား။ ဒီဝိညာဉ်ကို လမ်းပြဖို့အတွက် သုံးအုံးမှာလား"

ထန်ထန်ယုထန်က မာကွမ်ဇူကို အကဲခတ်ရင်း မေးလိုက်သည်။

"ဘာကြည့်တာလဲ။ မင်းကို သေအောင် ကိုက်သတ်လိုက်မယ်"

မာကွမ်ဇူက အံကြိတ်ပြီး ပြန်ပြောသည်။

“ ဝိညာဉ်တွေကို ထိခိုက်စေတဲ့ ဆေးပညာဆိုင်ရာ ဖျော်ရည် ဖော်စပ်နည်း ငါသိတယ်။ စမ်းကြည့်ချင်လား”

မာကွမ်ဇူသည် ရောဂါသည်ကို ကြည့်ပြီး တုန်လှုပ်သွားသည်။ ထန်ထန်ယုထန်ကို ငရဲက လေးဘက်တွားပြီး တက်လာတဲ့ နတ်ဆိုးတစ်ကောင်လို ခံစားမိသည်။

“အို၊ ဟိုနေရာမှာ လှုပ်ရှားမှုတွေ ရှိတယ်။ သွားကြည့်လိုက်အုံးမယ်”

မာကွမ်ဇူက ချက်ခြင်း လွင့်မျောသွားသည်.

"မဆိုးဘူး"

ဆွန်းမိုက ထက်မြတ်တဲ့ ဒီလူငယ်လေးကို သဘောကျစွာ ကြည့်နေသည်။

"မင်းမှာ မြော်မြင်တတ်တဲ့ တခြား နည်းလမ်းတွေ ရှိသေးလား"

"မရှိဘူး"

ရောဂါသည် ခေါင်းခါလိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၀၀ ရင်းနှီး (၉၅၀/၁,၀၀၀)

"ကောင်းပြီလေ၊ တခြား ပြဿနာ မရှိတော့ရင် ငါတို့ သွားကြမယ်"

ဆွန်းမို ပုခုံးပေါ်က ပိုးကောင်တစ်ချို့ ခုန်ဆင်းပြီး လမ်းညွှန်နေကြသည်။

"ဟုတ်တယ်၊ ငါတို့ မြန်မြန် လုပ်ရမယ်"

ကူရှုပ်ရှင်း မျက်နှာက လေးနက တည်ကြည်သွားသည်။ အတုတွေက အခြားသူများကို အလစ်တိုက်ခိုက်နိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းက ဆွန်းမိုလိုမျိုး အတုကို မခွဲခြားနိုင်ပါ။

ဒီတစ်ကြိမ်တွင် မာကွမ်ဇူက အမှန်တကယ် လုပ်ဆောင်နိုင်ခဲ့သည်။ မှူမမှန်တာကို သတိထားမိတာနဲ့ ချက်ခြင်း သတင်းပို့သည်။

သို့သော်လည်း သူတို့သည် ကံကောင်းပြီး အနက်ရောင် ဘုရားကျောင်းကို ရောက်တဲ့အထိ အဆင်ပြေ ချောမွေ့နေခဲ့သည်။

“ဒါက အနက်ရောင် အဆောက်အဦးပဲ”

ပိုးကောင်တွေ သတင်းပို့သည်။

သူ့ရဲ့ ထုရွှန်က မီတာ ၁၀၀ကျော်လောက် မြင့်မားသည်။ သို့သော်လည်း ဆွန်းမိုက မြေအောက်မှာ ဖြစ်နေသဖြင့် လှည့်စားမှု တစ်ခုလို့ ထင်နေသည်။ မျက်နှာကျက်ရဲ့ အမြင့်သည် ဆယ်မီတာ ဒါမှမဟုတ် အနည်းငယ်သာ သာလိမ့်မည်။

“ဝင်ပြီး ရှာလိုက်”

ဆွန်းမိုက အမိန့်ပေးသည်။

ပိုးကောင်တွေ ဝိုင်းအုံလာသည်။

“မမလေး”

မာကွမ်ဇူသည် ငိုတော့မလို မျက်နှာနဲ့ တောင်းပန်ပြီး

"အထဲမှာ ကြောက်စရာကောင်းတဲ့ အငွေ့အသက်တွေကို ခံစားနေရတယ်။ ငါဝင်သွားရင် သေချာပေါက် သေလိမ့်မယ်"

"ထားလိုက်တော့၊ ငါ့ဘေးမှာပဲ နေ"

လီဇီချီက မာကွမ်ဇူကို အတင်းအကျပ် မလုပ်တော့ပါ။

"အားလုံးပဲ ၊ ဒီမှာနေခဲ့။ ငါဝင်ကြည့်လိုက်မယ်"

ဆွန်းမိုက ထုချွန်ကို ကြည့်လိုက်သည်။

သတိပေးချက်၊ အမည်မသိနယ်မြေ။ အရမ်းအန္တရာယ် များသည်။

အနီရောင် တံဆိပ်တစ်ခု ချက်ခြင်း ပေါ်လာသည်။

“မဟုတ်ဘူး”

ကူရှုပ်ရှင်းနှင့် လီဇီချီက တပြိုင်နက် ငြင်းကြသည်။

“အထဲမှာ အရမ်းအန္တရာယ် များတယ်။ ငါမင်းနဲ့ လိုက်ခဲ့မယ်။ ငါတို့ အချင်းချင်း ကူညီလို့ ရတာပေါ့”

ကူရှုပ်ရှင်း အကြံပြုသည်။ ဆွန်းမို သဘောတူသည် ဖြစ်စေ မတူသည်ဖြစ်စေ သူမ လိုက်သွားမည်။။

"ငါ............"

လီဇီချီလည်း လိုက်ချင်ပေမယ့် အကျိုးအကြောင်း ဆီလျှော်မှုအရ လိုက်သွားမယ်ဆိုလျှင် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်လိမ့်မည်။ ဒါကြောင့် သူမ မျက်လုံးများ နီရဲလာသည်။ အားနည်းလွန်းတဲ့ သူမကိုယ်သူမ မုန်းသည်။

"မင်းရဲ့ရည်ရွယ်ချက်ကို ငါနားလည်တယ်"

ဆွန်းမိုက လီဇီချီရဲ့ ခေါင်းကို ပုတ်လိုက်သည်။

"ယုထန်၊ မင်းရဲ့ အစ်မကြီးကို ကာကွယ်ပေးပါ"

မာကွမ်ဇူသည် လူတွေရဲ့ နည်းလမ်းနဲ့ ရင်းနှီးနေသည်။ အသုံးမဝင်တော့တဲ့ အခါ စွန့်ပစ်ခံရမှာကို သိနေသည်။ ဒါကြောင့် ထုချွန်ရဲ့ တံခါး အဝကို ကြည့်လိုက်သည်။ ကြီးမားတဲ့ တွေ့ရှိမှု ဖြစ်မယ်လို့ လုံးဝ မထင်ထားခဲ့ပါ။

“မမလေး၊ ငါ အနံ့ရပြန်ပြီ။ အထဲကနေ သက်ရှိရဲ့ အနံ့ကို ရတယ်”

မာကွမ်ဇူက အော်ဟစ်လိုက်သည်။

“သေချာပြီ။ ဒီကောင် ဂျင်းကောင်ပဲ”

ဆွန်းမို နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်သွားသည်။ တကယ်လို့ ဖန်ရှီကို ယုံကြည်တဲ့လူဖြစ်ပါက ယစ်ပူဇော်ဖို့အတွက် မာကွမ်ဇူကို သတ်မိလိမ့်မည်။

“ငါမြင်ရပြီ။ အဲဒီလူက ဒီကောင်နဲ့ အဝတ်အစား အတူတူ ဝတ်ထားတယ်”

မာကွမ်ဇူက သတင်းပို့သည်။

“ဘာ”

ဂျိဝမ်ဒေါင်ရဲ့ မျက်လုံး တောက်ပလာပြီး ချက်ခြင်းပဲ ထုချွန်ထဲသို့ ပြေးဝင်သွားသည်။ အဲဒီနောက် အော်ဟစ်လိုက်သည်။

"ဆရာဝေ၊ နန်ကုန်။ ဒါအရမ်းကောင်းတယ်။ နောက်ဆုံးတော့ မင်းတို့ကို ငါရှာတွေ့ပြီ"

ဆွန်းမိုနှင့် အခြားသုံးယောက်သည် အကြည့်ခြင်း ဖလှယ်ပြီး အနောက်ကက် ဝင်လိုက်သွားသည်။

"ဝမ်ဒေါင်လား"

ဝေဇူလီက ဆွန်းမိုနှင့် ကူရှုပ်ရှင်းကို လှမ်းကြည့်ပြီး သူ့ခါးကို တင်းတင်းကြပ်ကြပ် ဆုပ်လိုက်တဲ့ အချိန်မှာပဲ မေးလိုက်သည်။

"ဘာဖြစ်နေတာလဲ"

ဂျိဝမ်ဒေါင် အနေရခက်သွားသည်။ နှစ်ဖက်စလုံးက ပြိုင်ဘက်တွေ ဖြစ်ပေမယ့် သူတို့ရဲ့ ကာကွယ်ပေးမှုကြောင့် ဒီနေရာ အထိ ရောက်လာခဲ့သည်။ ဒါက သူ့ကို အရှက်ရစေသည်။

သို့သော်လည်း သူ့ဆရာရဲ့ အမေးကို ပြန်ဖြေရလိမ့်မည်။

“ ငါက ဆွန်း.... ဆရာဆွန်း ဒီမှာ”

ဆွန်းမိုကို လေးစားတာကြောင့် ဂျိဝမ်ဒေါင်သည် သူ့နာမည်ကို တိုက်ရိုက် မခေါ်ခဲ့ပါ။

ဝေဇူလီက ဂျိဝမ်ဒေါင် ရဲ့ ပုံစံကို မြင်ပြီး ပုခုံးပုတ်ကာ နှစ်သိမ့်လိုက်သည်။ “မင်းကိုယ်မင်း အပြစ်မတင်နေနဲ့။ ဒီနေရာက မင်းကိုယ်တိုင် စူးစမ်းလေ့လာလို့ ရတဲ့ နေရာမဟုတ်ဘူး။ သူတို့နောက်ကလိုက်ပြီး မင်းကို ကာကွယ်ဖို့အတွက် ရွေးချယ်တာက ထက်မြတ်တဲ့ ရွေးချယ်မှု တစ်ခုပဲ။ ဒီအတွက်လည်း ဆရာ အပြစ်မတင်ဘူး”

“ကျေးဇူးတင်ပါတယ်။ ဆရာ”

ဂျိဝမ်ဒေါင်က သက်ပြင်းချရင်း ပြန်ဖြေသည်။

“နန်ကုန်ကို ဂရုစိုက်ပါ”

သူ့ကို ညွှန်ကြားပြီးနောက် ဝေဇူလီက ဆွန်မိုနှင့် ကူရှုပ်ရှင်းတို့ကို မျက်နှာခြင်း ဆိုင်လိုက်သည်။

"မင်းက မာရှောင်က ကျောင်းသားတစ်ယောက်ကို ကာကွယ်ပေးထားလို့ ဒီတစ်ကြိမ်တော့ လွှတ်ပေးလိုက်မယ်။ သွားကြစို့"

"မင်း ဘာပြောတာလဲ"

ကူရှုပ်ရှင်းက ဒေါသတကြီး ရယ်မောလိုက်သည်။ ဒီကောင် အရမ်းဘဝင် မြင့်နေပြီ၊ သူ့ကိုယ်သူ သာလွန်တဲ့ အနေအထား လုပ်နေသည်။

"အမ်"

ဒီစကားကို ကြားလိုက်လျှင် ဂျိဝမ်ဒေါင် အရမ်းလန့်ဖြန့်သွားသည်။ ဆွန်းမိုရဲ့ အမူအရာကို လျှင်မြန်စွာ ကြည့်ပြီး သူ့ပါးစပ်ကို လက်နဲ့ အုပ်လိုက်မိသည်။ သူက ဝေဇူလီကို တိုးတိုးလေး ဖြောင်းဖျသည်။

"ဆရာ၊ သူ့ကို မနိုင်နိုင်ဘူး"

"တကယ်လား။ ငါက သွေးလောင်ကျွမ်းခြင်း အဆင့် ငါးကို ရောက်နေပြီ။ အနိုင်မရနိုင်ဘူး ဟုတ်လား"

ဝေဇူလီ အရမ်းယုံကြည်နေသည်။ အသက် ၂၁ နှစ် မတိုင်ခင် သွေးလောင်ကျွမ်းခြင်း အဆင့် ငါးကို

ရောက်ရှိခြင်းသည် အရမ်းတောက်ပတဲ့ အောင်မြင်မှု ဖြစ်သည်။

"မဟုတ်ဘူး။...ငါပြောနေတာ....."

ဂျိဝမ်ဒေါင်သည် အရမ်းစိုးရိမ်ပြီး စကားမပြောနိုင်ဖြစ်နေသည်။ 'မင်းက အနိုင်မရဘူးလို့ ငါပြောနေတာ' ပြောလိုက်လျှင် ဝေဇူလီက တစ်သက်လုံး အငြိုးထားလိမ့်မည်။

"ဘာပြောချင်နေတာလဲ။ နန်ကုန်ကိုပဲ ဂရုစိုက်လိုက်"

ဝေဇူလီသည် စိတ်မရှည်တော့ဘဲ ဆွန်းမိုနဲ့ တခြားသူကို ကြည့်ကာ

"ဘာလဲ၊ ထွက်မသွားချင်ဘူးလား။ နောက်တော့မှ ငါမညှာလို့ အဆိုးမဆိုနဲ့"

ဂျိဝမ်ဒေါင်သည် ဇန်ယန်ဇောင် သေသွားတဲ့ပုံကို ပြန်မြင်ယောင်လာမိသည်။ ဝေဇူလီရဲ့ အသက်အတွက် စဉ်းစားပြီး အခြားအရာတွေကို ဂရုမစိုက်တော့ဘဲ ဝေဇူလီ အရှေ့သို့ ချက်ခြင်း ထသွားလိုက်သည်။

"ဆရာ၊ ဆရာဆွန်းက ဆရာဇန်ကို ရိုက်ခဲ့တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိဝမ်ဒေါင် စိတ်ထဲတွင် တွေးနေမိသည်။ (ဆရာဝေ၊ ပိုပြီး ကျိုးနွံလို့ မရဘူးလား။ မင်းသန်မာတာ ငါသိတယ်။ ဒါပေမယ့် ဒီကမ္ဘာကြီးမှာ ပိုသန်မာတဲ့လူက အမြဲရှိနေတယ်)

"ဆရာဇန် ဟုတ်လား။ ဘယ်ကဆရာဇန်လဲ"

ဝေဇူလီ မျက်မှောင်ကြုတ်သွားပြီး ချက်ခြင်း မတုန့်ပြန်နိုင် ဖြစ်သွားသည်။ ဘယ်လိုပဲပြောပြော ဇန်ယန်ဇောင်က သွေးလောင်ကျွမ်းခြင်း အဆင့်(၆) ဖြစ်ပြီး အားကောင်းတဲ့ ကျွမ်းကျင်သူပါ။

ကျောင်းအကုန်လုံးတွင် ထိပ်တန်း ငါးယောက်ထဲ ပါနိုင်သည်။

"ဆရာ ဇန်ယန်ဇောင်"

ဂျိဝမ်ဒေါင်က ထပ်ပြောလိုက်သည်။ သူ့လေသံက ပိုလေးနက်လာသည်။

"ဘယ်သူ"

ဝေရှုလီက မယုံကြည်နိုင်တဲ့ မျက်နှာနဲ့ ဆွန်းမိုကို လှမ်းကြည့်လိုက်သည်။

"မင်းပြောနေတာက ဆရာဇန် အသတ်ခံလိုက်ရပြီလို့ ပြောနေတာလား"

အခန်း (၃၉၀) - မြတ်ဆရာ အရှိန်အဝါ၏ စွမ်းအားကို နောက်တစ်ကြိမ် ထုတ်ပြခြင်း။

"ဟုတ်"

ဂျိဝမ်ဒေါင်က ခပ်သွက်သွက်လေး ခေါင်းညိတ်ပြသည်။

"..............."

ဝေဇူလီက 'မင်းငါ့ကို နှောက်နေတာလား' ဟု မေးလုနီးပါး ဖြစ်သွားသည်။

ဇန်ယန်ဇောင်ဆိုတာ ဘယ်သူလဲ။

ဖြူနက် အကယ်ဒမီ၏ ပါရမီရှင် ဆရာတစ်ယောက် ဖြစ်ပြီး ကျောင်းအုပ်ဆရာကြီးက ငွေကြေး အမြောက်အများ ကုန်ကျခံကာ ကိုယ်တိုင် အမဲလိုက်ခဲ့ရသောလူ ဖြစ်သည်။

သူ့၏သင်ကြားရေး စွမ်းရည်ကို မေ့ထားလိုက်လျှင်ပင် ဇန်ယန်ဇောင်သည် ကျင့်ကြံမှု၌

အလွန် အရည်အချင်းရှိ၍ သွေးလောင်ကျွမ်းခြင်း အဆင့် (၆)ကို ရောက်နေပြီ။ ဒီအောင်မြင်မှုသည် မည်မျှ ကြောက်ဖို့ကောင်းလိုက်သနည်း။

(အခုတော့ မင်းပြောနေတာက သူ အသတ်ခံရပြီ ဟုတ်လား)

"ဒီလူက ဘာလှည့်ကွက်တွေ သုံးခဲ့တာလဲ"

ဝေဇူလီက ဆွန်းမိုကို စိုက်ကြည့်နေပြီး ယခုအခါ သူ့မျက်လုံးများထဲ၌ သတိများ ပြည့်နှက်နေသည်။ ဆွန်းမိုက ရည်မှန်းချက် ပြည့်အောင် လှည့်ကွက်

အမျိုးမျိုး သုံးတတ်သော အကြံသမား တစ်ယောက်ဟု ထင်နေခဲ့သည်။

ထိုသို့မဟုတ်ခဲ့လျှင် ဇန်ယန်ဖောင်က ရှုံးစရာ အကြောင်း မရှိပေ။

"လှည့်ကွက် မသုံးခဲ့ဘူး"

ဂျိဝမ်ဒေါင် ခေါင်းခါပြလိုက်သည်။

"ဆရာဇန်က သူနဲ့ မတိုက်ခိုက်ခင် ဒဏ်ရာ ရနေသေးလား"

ဝေဇူလီက ဖြစ်နိုင်ခြေ နောက်တစ်ခုကို တွေးလိုက်သည်။

“မဟုတ်ဘူး။ ဆရာဇန်က အကောင်းဆုံး အခြေအနေမှာ ရှိနေတယ်”

ဂျိဝမ်ဒေါင်က ဆက်ပြီး ခေါင်းယမ်းပြသည်။

“ဒါဆို နှစ်ယောက် တစ်ယောက် တိုက်ခိုက်ခဲ့ကြတာလား”

ဝေဇူလီသည် အဓိက အချက်ကို ရှာတွေ့သွားသလို ခံစားလိုက်ရသည်။ ဒီဆရာနှစ်ယောက်သည် ဗဟိုပြည်နယ် အကယ်ဒမီက ဈေးကြီးကြီး ပေးပြီး ငှားရမ်းထားသော အေအေဆင့်ကျောင်းက ဆရာတွေ ဖြစ်နိုင်သည်။

(ဘာဖြစ်လို့ မဟာကိုးပါးကျောင်းက လူတွေလို့ မခံစားရတာလဲ)

မဟာကိုးပါးက ဘွဲ့ရအားလုံးသည် အရမ်းဂရုစိုက်ခံရသော ပစ်မှတ်များ ဖြစ်သည်။ ထို့ကြောင့် ကျောင်းအုပ်ကြီးများသည် သူတို့၏ အချက်အလက်များကို စုဆောင်းခဲ့ကြသည်။

ဝေဇူလီ အရင်ကစစ်ဆေးခဲ့ဖူးသည်။ ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ နာမည်က သေချာပေါက် မပါ ပေ။

“အေ အဆင့် ကျောင်းတွေက တကယ် အစွမ်းထက်တာပဲ”

ဝေဇူလီသည် မခန့်လေးစားလုပ်သော အမူအရာကို ပြန်ရုတ်သိမ်းလိုက်သည်။

(နှစ်ယောက်တစ်ယောက် တိုက်ခိုက်ရင် မနိုင်ဘဲ ဖင်ကားသွားမယ်။ မဖြစ်ဘူး အဖြေရှာမှပဲ)

“မဟုတ်သေးဘူး ဆရာ၊ ဆရာဆွန်းက ဆရာဇန်နဲ့တစ်ယောက်ခြင်း တိုက်ခိုက်ခဲ့တယ်”

ဂျိဝမ်ဒေါင်၏ မျက်နှာ၌ ခါးသီးသော အပြုံးတစ်ခု ရှိနေသည်။

“အီးပေါက်နေတာ ရပ်လိုက်တော့”

ဝေဇူလီ သည်းမခံနိုင်တော့ပေ။

“မျက်လုံးပြူးပြီး ကြည့်စမ်း။ ဒီကောင့် ကိုယ်ပေါ်မှာ ဒဏ်ရာရှိလား။ သွေးလောင်ကျွမ်းခြင်း အဆင့်(၆)ကလူနဲ့ တိုက်ခိုက်ခဲ့တဲ့ လူတစ်ယောက်နဲ့ တူနေလို့လား။”

(ဒဏ်ရာ ပါးပါးလေး မပြောနဲ့ ခြစ်ရာတောင် မရှိဘူး။ မဟာကိုးပါးက ဘွဲ့ရဖြစ်တဲ့ ဇန်ယန်ဇောင်ကို လူမှားပြီး ပြောနေတာလား)

“နောင်ကျရင် မင်းပိုပြီး ဉာဏ်ကောင်းဖို့ လိုမယ်။ လူတွေပြောတိုင်း လိုက်ရုံမနေနဲ့။ အတည်မပြုခင် ကိုယ်တိုင် မြင်အောင်လုပ်”

ဝေဇူလီက ပို့ချနေသည်။

"ငါကိုယ်တိုင် မျက်စိနဲ့ တပ်အပ် မြင်ခဲ့တာ"

ဂျိဝမ်ဒေါင်သည် ဝေဇူလီကို အပြစ်မတင်ခဲ့ပေ။ ဒီကိစ္စက နားလည်နိုင်ရန် ခက်လွန်းသည်။ မျက်စိနှင့် တပ်အပ်မြင်ခဲ့သော်လည်း ယခုအချိန်အထိ ယုံကြည်ရန် ခက်နေသေးသည်။

"အမ်"

ဝေရှုလီသည်ပါးစပ် ဟ နေသော်လည်း ဘာအသံမှ မထွက်လာတော့ပေ။ သူက ဂျိဝမ်ဒေါင်ကို

စိုက်ကြည့်ပြီး “ မင်း မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ သေချာလား” ဟု မေးလိုက်သည်။

“ဆရာ၊ ကျွန်တော် မျက်စိနဲ့ တပ်အပ် မြင်ခဲ့တာ အမှန်ပဲ။ ဆရာဆွန်းက မှုမှုတတ သတ်ပစ်ခဲ့တာ”

ဂျိုဝမ်ဒေါင်က ထပ်လောင်းပြီး ပြောသည်။

“ဒါက ပြီးပြည့်စုံတဲ့ အောင်ပွဲတစ်ခုပဲ”

“..............”

ဝေဇူလီသည် ရုတ်တရက် အာခေါင် ခြောက်လာသည်။ လည်ချောင်း စိုစွတ်သွားအောင် ရေတစ်ငုံ သောက်ချင်လာသည်။ ထိုနောက် ဆွန်းမိုကို

တစ်ချက်ကြည့်ပြီး သူ့ဘေးနားက အထောက်အပံ့များကို ကြည့်လိုက်သည်။

လှပသော ဆရာမနှင့် ကျောင်းသားနှစ်ယောက်သည် သူ့ကို လှောင်ပြောင်သော အကြည့်နှင့် ကြည့်နေကြသည်။

ယခုတော့ အခြေအနေတွေက ကို့ရို့ကားရား ဖြစ်နေသည်။

ဝေဇူလီသည် ဒီ အဆင့် ကျောင်းတွေထဲက နံပါတ်တစ်ကျောင်း၌ အလုပ် လုပ်ကိုင်နေရသဖြင့် လူအများ၏ ပုခုံးအပေါ် ရောက်နေသလို ဘဝင်မြင့်ပြီး

မောက်မာနေခဲ့သည်။ ထို့အပြင် အရမ်းလည်း သန်မာပြီး ပထမနှစ်ချိန်၌ တိုက်ခိုက်ခဲ့ရသော်လည်း မရှုံးခဲ့ပေ။

ထို့ကြောင့် ဝေဇူလီသည် အတ္တကြီးကာ မောက်မာသည်ဟု ပြော၍ မရပေ။

(ငါ့ကို အပြစ်ပြောလို့တော့ မရဘူး။ မကြာခင် ထုတ်ပယ်ခံရတော့မယ့် ကျောင်းမှာ ဒီလိုအဆင့်ရှိတဲ့ ဆရာတစ်ယောက် ရှိနေမယ်လို့ ဘယ်သူက ထင်မှာလဲ)

(မင်းက အစွမ်းထက်ရင်လည်း ဘာဖြစ်လို့ အဆင့်မြင့်တဲ့ ကျောင်းမှာ ဝင်မလုပ်တာလဲ)

ဝေဖူလီသည် အာရုံက ပျံ့လွင့်နေသည်။

ထိုနောက်တွင် မနေ့ညက ညစာစားသည့်အချိန်၌ ဗဟိုပြည်နယ် အကယ်ဒမီ၏ ရလဒ် မဆိုးကြောင်း ကျောင်းအုပ်ကြီးမာ ပြောနေခဲ့ပုံကို ပြန်စဉ်းစားမိသွားသည်။

သို့သော်လည်း ထိုအချိန်၌ လူတိုင်းသည် စိတ်ဓါတ်တက်ကြွနေကြပြီး အခြားကျောင်းကို ဂရုမစိုက်ကြခဲ့ပေ။ မည်သို့ပဲဖြစ်ပါစေ

မည်သည့်ကျောင်းကမှ ခြိမ်းခြောက်မှုတစ်ခု မဖြစ်နိုင်ပေ။

"ဒီလူက သွေးလောင်ကျွမ်းခြင်း အဆင့် (၇)မှာလား"

ဝေဇူလီက လေသံတိုးတိုးလေး မေးလိုက်သည်။

"အင်း"

ဂျိဝမ်ဒေါင်က သေချာစွာ ခေါင်းညိတ်ပြလိုက်သည်။

"ငါလို....."

ဝေဇူလီသည် ကျိန်ဆဲလိုက်ပြီး လုံးဝအရှက်ကွဲသွားသလို ခံစားလိုက်ရသည်။ ဂုဏ်သိက္ခာရှိရှိ ချန်ထားခဲ့နိုင်အောင် စကားတစ်ခုခု ပြောချင်သော်လည်း ပြောစရာစကား ရှာမတွေ့ ဖြစ်နေသည်။

"အစ်မကြီး။ ဒီကောင် ကြောက်နေပြီ"

မာကွမ်ဇူ၏ အသံက အထင်သေးမှုများ ပြည့်နှက်နေသည်။

ဝေဇူလီသည် ပြန်ပက်ချင်သော်လည်း ဆွန်းမိုကို တွေ့ပြီး လျှာထုံကျင်သွားသည်။

“မင်းတိုက်ခိုက် ချင်သေးလား”

ဆွန်းမိုက မေးလိုက်သည်။

(မင်းခေါင်းပဲ တိုက်)

ဝေဇူလီသည် စိတ်ထဲက တိတ်တိတ်လေး ပြောလိုက်သည်။

နန်ကုန်တာအိုကို တစ်ချက်ကြည့်လိုက်သည်။ ဒီအရူးသည် ပတ်ဝန်းကျင်က ကိစ္စကို သတိမထားမိသော်လည်း ဂျိဝမ်ဒေါင်က သတိရှိနေဆဲဖြစ်သည်။

(ခဏနေအုံး။ အရာအားလုံး ဖြေရှင်းဖို့ အဖြေတစ်ခုတော့ စဉ်းစားရမယ်)

“ဆရာဆွန်း ဟုတ်တယ်နော်။ ဆရာတွေအနေနဲ့ တိုက်ခိုက်ရေးအစွမ်းက ဒုတိယပါ။ အရေးအကြီးဆုံးက ကျောင်းသားတွေကို မှန်ကန်တဲ့ လမ်းကြောင်းပေါ်ရောက်အောင် လမ်းပြပေးနိုင်ဖို့ပဲ”

“ငါတို့အရှေ့မှာ ရှိနေတဲ့ ကျောင်းသားက ငါတို့ မာရှောင်အကယ်ဒမီက ကျောင်းသားအသစ်အုပ်စုရဲ့ နံပါတ်တစ် လူငယ်ဖြစ်တဲ့ နန်ကုန်တာအိုပဲ။ ဒါပေမယ့် အစောပိုင်းတုန်းက ထုချွန် ပိရမစ်ထဲ ရှိနေစဉ်မှာ

ရှုံးနိမ့်ပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့တယ်။ သူ့စိတ်ကို နှိုးဆော်ပြီး ပုံမှန်အတိုင်း ပြန်ဖြစ်အောင် လုပ်ပေးကြမလား”

ဝေဇူလီသည် ဆွန်းမိုနှင့် လမ်းညွှန်ခြင်း စွမ်းရည် ယှဉ်ပြိုင်ချင်သကဲ့သို ဖြောင့်မတ်သော ပုံစံနှင့် ပြောလိုက်သည်။

ဆွန်းမိုသည် နန်ကုန်တာအိုကို ကြည့်လိုက်သည်။ သူ့ပုံစံက ပုံမှန် ဖြစ်နေသော်လည်း မြေပေါ်၌ ငေးငေးငိုင်ငိုင်ထိုင်နေ၍ အသိလွတ်သော အကြည့်နဲ့ ငေးကြည့်နေသည်။

“ဆရာဆွန်း၊ သူလှည့်စားတာ မခံနဲ့။ ဒီကျောင်းသားမှာ ပြဿနာ ရှိနေတာ သိသာတယ်”

ကူရှုပ်ရှင်းက သူ့ကို သတိပေးသည်။

“ဘာလဲ။ ဆရာဆွန်း မလုပ်နိုင်ဘူးလား”

ဝေဇူလီက အတင်းမေးသည်။

သို့သော်လည်း အဖြေကို သူသိပြီးသားပင်။ မာရှန်ပင် ဒီလို အခြေအနေအမျိုးနှင့် ကြုံလာခဲ့လျှင် ကူကယ်ရာမဲ့ ဖြစ်သွားလိမ့်မည်။ ဆွန်းမိုလည်း တတ်နိုင်မှာ မဟုတ်ပေ။

မြူခိုးများ ရှင်းလာပြီးနောက် လူတိုင်း ပျောက်ကုန်သည်။

သို့သော်လည်း မာရှန်ကို ချက်ခြင်း ပြန်တွေ့ခဲ့သဖြင့် ဝေဇူလီ၏ ကံက မဆိုးခဲ့ပေ။ ထိုနောက် မာရှန်၏ ဦးဆောင်မှုဖြင့် ဒီထုချွန် ပိရမစ်၏ အောက်ခြေသို့ ရောက်လာခဲ့ကြသည်။

ငါးထပ်မြောက်ကို ရောက်သောအချိန်၌ နန်ကုန်တာအိုကို တွေ့လိုက်ရသည်။ ထိုအချိန်၌ နံပါတ်တစ်ကျောင်းသားသည် ဝိညာဉ်

ဆုံးရှုံးသွားသောပုံနှင့် ငေးငိုင်နေသည်။ သူက မြေပြင်တွင် ဒူးထောက်လျှက် တုန်လှုပ်နေသည်။

မာရှန်သည် အကြံတချို့ကို စဉ်းစားခဲ့သော်လည်း ကုသ၍ မရခဲ့ပေ။ သူက ပိရမစ်ကို တိုက်ခိုက်နေစဉ် ဝေဇူလီအား နန်ကုန်ကို အဝေးသို့ ခေါ်သွားခိုင်းခဲ့သည်။

မာရှန်၏ အမြင်အရ အရာအားလုံးသည် အမှောင်လျှို့ဝှက်ရတနာကြောင့် ဖြစ်ပေါ်လာသည်။ ရတနာကို ရလိုက်သည်နှင့် ပြဿနာ အားလုံး ပြေလည်သွားလိမ့်မည်။

ဆွန်းမိုက နန်ကုန်တာအိုကို စိုက်ကြည့်နေသည်။

အသက် ၁၃နှစ်၊

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် (၉)။

ကြံ့ခိုင်မှု - ၉ - တုန့်နှိုင်းမရ။

ဉာဏ်ရည် - ၇- ဉာဏ်ရည်ထက်မြတ်သော လူငယ်တစ်ယောက် ဖြစ်သော်လည်း အခြားကိန်းကဏန်းများနှင့် ယှဉ်လျှင်အနည်းငယ်နိမ့်ကျသည်။

သွက်လက်မှု - ၉ - ရပ်နေပါက သစ်ပင်ကဲ့သို့ တည်ငြိမ်ပြီး လှုပ်ရှားပါက လေကဲ့သို့ လျှင်မြန်သည်။

ခံနိုင်ရည် - ၉ - ကြောက်စရာကောင်းသော ခံနိုင်ရည်။

ဆန္ဒ - ၀ - စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသည်။

အလားအလာတန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက်။ ။ ဘဝတွင် ပထမဆုံး အရှုံးကို ကြုံတွေ့ပြီး ဆက်လက် စိန်ခေါ်သော်လည်း မအောင်မြင်ခဲ့ပေ။ နောက်ဆုံး၌ စိတ်ဓါတ်ပြိုကွဲပြီး မိမိကိုယ်ကို သံသယထဲ နစ်မျောသွားသည်။

“အလားအလာ တန်ဖိုး အရမ်းမြင့်မားတဲ့ လူတစ်ယောက်လား”

ဆွန်းမိုက ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။ ဒီအချက်အလက်က ရိုးရိုးရှင်းရှင်း မဟုတ်သော်လည်း ဒီလို ပါရမီရှင်က အမှန်တကယ် စိတ်ဓါတ် ပြိုကွဲနေခဲ့ပါလား။ ဆွန်းမိုသည် အမှောင်ထု၏ ပုံရိပ်ယောင်ကို အရမ်းသိချင်လာသည်။

"ဆရာဆွန်း ဟုတ်လား။ ငါ့ရဲ့ ဖိတ်ခေါ်ချက်ကို မလုပ်နိုင်ရင် အမြဲတမ်း ငြင်းနေလို့ ရတယ်"

ဝေဇူလီ သက်ပြင်းချလိုက်မိသည်။ အားသာချက် ပြန်ရလာပြီဟု တွေးလိုက်သည်။

“ငါ အောင်မြင်အောင် လုပ်နိုင်ရင် ဘယ်လို လုပ်မလဲ”

ဆွန်းမိုက ဝေဇူလီကို ကြည့်ပြီး မေးလိုက်သည်။

“ဆရာတစ်ယောက်အနေနဲ့ ကျောင်းသားတစ်ယောက်ကို ကူညီရမယ့် တာဝန်ရှိတယ်။ မင်းရဲ့ သဘောထားကို ကြည့်ရတာ စိတ်မချမ်းသာဘူး။ ဘာဖြစ်လို့ အရင် စ မလုပ်တာလဲ”

“ငါ.......”

ဝေဇူလီက ပြောစရာစကားလုံး ရှာမရ ဖြစ်နေသည်။

"ဘာငါလဲ။ မလုပ်နိုင်ရင်လည်း တိုက်ရိုက်ဝန်ခံလိုက်"

ဆွန်းမို လေသံက လေးလံလာသည်။

ဝေဇူလီက အံ့ကြိတ် လိုက်သည်။

"မင်း အရက်က ကျောင်းသားထက် ပို အရေးကြီးတာလား"

ဆွန်းမို မေးခွန်းထုတ်လိုက်သည်။

"ဒီဆရာ၊ သူများကို အရှုးလုပ်နေတာ ရပ်လိုက်တော့။ ဒီနည်းလမ်းက သိသိသာသာ အဆင့်တန်း နိမ့်လွန်းတယ်။ အိုအမှန်ပဲ။ ငါတို့က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ဆိုင်နေကြတာ။ ငါတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ရင်တောင် ဒိုင်လူကြီးက ဘာမှပြောမှာ မဟုတ်ဘူး”

ကူရှုပ်ရှင်းက အေးစက်စက် ရယ်မောလိုက်သည်။

ဝေဇူလီက မချိပြုံး ပြုံးပြီး ခေါင်းငုံ့လိုက်သည်။

“တောင်းပန်ပါတယ်။ ငါရှုံးတာကို ဝန်ခံပါတယ်”

ဝေဇူလီသည် အရှက်မကွဲချင်သော်လည်း အသက်ရှင်ချင်သေးသည်။

ဆွန်းမိုသည် နန်ကုန် တာအိုထံ လျှောက်သွားပြီး အခ်ပ္ပါယ်ရှိတဲ့နှလုံးသား စကားနှင့် ပြောလိုက်သည်။

“ကျောင်းသား၊ အောင်မြင်ခြင်းနဲ့ ကျရှုံးခြင်းက ကျင့်ကြံခြင်း လမ်းကြောင်းမှာ ကြုံတွေ့နေကြ အရာပဲ ၊ သိပ်အလေးအနက် ထားနေစရာ မလိုဘူး။ မင်းက ငယ်သေးတယ်။ အနာဂတ်မှာ မင်းရဲ့ဂုဏ်သိက္ခာ ပြန်ရဖို့အတွက် လုံလောက်တဲ့ အချိန်တွေ ရှိသေးတယ်”

ရွှတ်စ်

မြတ်ဆရာ အရှိန်အဝါ ပေါ်ထွက်လာသည်။

သို့သော်လည်း နန်ကုန်တာအိုသည် တစုံတရာ တုန့်ပြန်ခြင်း မရှိဘဲ ထိုနေရာ၌ ငေးငေးငိုင်ငိုင် ထိုင်နေသေးသည်။

ဝေဇူလီသည် ဘေးသို့ ဆုတ်သွားပြီး လှောင်ပြောင်သောအမူအရာနှင့် ပြုံး၍ ကြည့်နေသည်။

(တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်လား။ တောင်းပန်ပါတယ်။ မာရှန်လည်း သုံးခဲ့ပြီးပြီ အသုံးမဝင်ဘူး)

ဆွန်းမိုသည် အသက်ခပ်ပြင်းပြင်း ရှူလိုက်သည်။ စိတ်ထဲမှ စိတ်ဓါတ်ခွန်အား ပေးသော ဇာတ်ကားများကို ပြန်စဉ်းစားလိုက်သည်။ ထိုနောက် 'တောက်နက်ထဲက မီးအိမ်'နှင့် 'ဆောငါးမန်းရဲ့တိုက်ခိုက်မှု' စသည့် ဇာတ်ကားများကို ပြန်စဉ်းစားနေခဲ့သည်။

ဆွန်းမို၏ စိတ်အခြေအနေက စတင်ပြီး တက်ကြွလာသည်။

ရှူ

ဆွန်းမို၏ ညာလက်တွင် နို့ဖြူရောင် အလင်းတန်း တစ်ခု တောက်ပနေသည်။ ထိုနောက် နန်ကုန်တာအိုကို လက်သီးနှင့် ထိုးလိုက်သည်။ သူ့မျက်နှာကို မထိခင် ရပ်တန့်သွားသည်။

ရွှစ်

လက်သီးမှ အလင်းသည် နန်ကုန်တာအို စိတ်ထဲ ဝင်သွားသည်။

....

“ငါက ငါ့ကိုယ်ပွားကိုတောင် အနိုင်မယူနိုင်ဘူး။ ဘာဖြစ်လို့ အသက်ရှင်နေတော့မှာလဲ”

"မဟုတ်သေးဘူး။ ငါကပဲ ကိုယ်ပွား ဖြစ်လိုက်သင့်တယ်"

"ငါ ဘယ်သူလဲ။ ဘယ်သွားရမှာလဲ။ ဘာလုပ်သင့်လဲ"

နန်ကုန်တာအို စိတ်ထဲ၌ အံ့မှိုင်းနေသော တိမ်မည်းများ ဖုံးလွှမ်းနေသကဲ့သို့ အပျက်သဘောဆောင်သော ခံစားချက်များ ဖုံးလွှမ်းနေသည်။

ရတ်တရတ် နေရောင်ခြည်တစ်ခုက ထူထပ်သော တိမ်လွှာများကို ထိုးဖောက်ပြီး ဝင်ရောက်လာသကဲ့သို့

နွေးထွေးသော အငွေ့အသက်တစ်ခုက သွေ့နှလုံးသားထဲ ဝင်ရောက်လာသည်။

နန်ကုန်တာအိုသည် အကျဉ်းချခံထားရသော်လည်း နှစ်ပေါင်းများစွာ အရှုံးမပေးဘဲ ပြေးလွှားနေသော လူတစ်ယောက်ကို မြင်လိုက်ရသည်။

အကောင်းဆုံး ဖြစ်နေစေရန် မရပ်မနားပြေးနေသော မြင်းတစ်ကောင်ကိုလည်း မြင်လိုက်ရသည်။

နန်ကုန်တာအို အသိပြန်ဝင်လာပြီး ပါးပြင်၌ မျက်ရည် စီးကျနေသည်ကို မြင်လိုက်ရသည်။

"ငါဘာလုပ်နေတာလဲ။ ဒီလို ရိုးရှင်းတဲ့ အခက်အခဲကိုတောင် သည်း မခံနိုင်ဘူးလား။ နန်ကုန်တာအို မင်းကိုယ်မင်း ပါရမီရှင်တစ်ယောက်လို့ ကြွေးကြော်နေတာလား။ နောက်ဆုံးတော့ မင်းက အရမ်းပျော့ညံ့တဲ့ လူတစ်ယောက်ပဲ"

ဘုန်း

နန်ကုန်တာအိုသည် ပျော့ညံ့သော သူ့ကိုယ်သူ မုန်းတီး၍ မြေကြီးကို လက်သီးနှင့် ထိုးလိုက်သည်။

ဝုန်း

"အမ်"

ဝေဇူလီက အံ့အောသင့်နေသည်။ (ဒါက မြတ်ဆရာ အရှိန်အဝါလား။ ဘာဖြစ်လို့ တစ်ခါမှ မမြင်ဖူးရတာလဲ)

(ဒါက ဆွန်းမို သူ့ဘာသာသူ နားလည်ထားတဲ့ အရှိန်အဝါ အသစ် ဖြစ်နေမလား)

(မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ ဆွန်းမိုက ဆရာအသစ်လေ။ ဒီလိုအတိုင်းအတာအထိ ဘယ်လိုလုပ် အောင်မြင်မှာလဲ။)

“လျှောက်လှမ်းရမယ့်လမ်းက အရှည်ကြီး ကျန်သေးတယ်။ အခုနေ လက်လျှော့လိုက်ရင် လှပတဲ့ ရှုခင်း အများကြီး လွတ်သွားလိမ့်မယ်”

ဆွန်းမိုက နန်ကုန်ကို အပြုံးကလေးနဲ့ ကြည့်နေရင်း ပြောလိုက်သည်။

နန်ကုန်တာအိုက ခေါင်းလှည့်ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

သူက ဉာဏ်ကောင်းသော လူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်

ကယ်တင်ခဲ့သောလူသည် ဆွန်းမို ဖြစ်ကြောင်း ချက်ခြင်း နားလည်သွားသည်။

"မင်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ် ဆရာ"

နန်ကုန်တာအိုသည် မြေပေါ်၌ ဒူးထောက်ပြီး ရိုရို သေသေ အရိုသေ သုံးကြိမ် ပေးလိုက်သည်။

ဒင်

နန်ကုန်တာအို၏ လေးစားအထင်ကြီးမှု +၁၀၀ ၊ ရင်းနှီး (၁၀၀/၁,၀၀၀)

"တောက်၊ သူက နန်ကုန်တာအိုရဲ့စိတ်ကို တကယ် နှိုးဆော်နိုင်ခဲ့တာလား"

ဝေဇူလီသည် တော်တော်လေး ရှော့ရသွားသည်။

"မင်းက ဥာဏ်အလင်းရတဲ့ လူတစ်ယောက်ပါ"

ဆွန်းမိုက နှိမ့်ချပြီး ပြောလိုက်သည်။ နတ်ဘုရားမျက်စိအာရုံကို အသုံးပြုလိုက်လျှင် ဆန္ဒက ၅ အထိ တိုးတက်လာကြောင်း မြင်လိုက်ရသည်။

နန်ကုန်တာအိုက မတ်တပ်ရပ်ပြီး အပေါ်ကို မော့ကြည့်လိုက်သည်။

“ဆရာ၊ မင်းက အရှေ့ဆက်သွားချင်လား။ ငါကတော့ ဆက်မသွားတာ ပိုကောင်းမယ်လို့ ထင်တယ်၊ ဒီအထဲက အခြေအနေက တော်တော်လေး ထူးဆန်းတယ်”

ထိုစကားပြောနေစဉ် နန်ကုန်တာအို၏စိတ်ထဲ၌ ကြောက်လန့်မှု ခံစားနေရသေးသည်။

“ဆရာကူ၊ မင်းက ဒီမှာ ကျန်နေခဲ့ပြီး ဇီချီနဲ့ ကျန်တဲ့လူတွေကို ဂရုစိုက်လိုက်ပါ။ ငါအရင် သွားကြည့်လိုက်မယ်”

ဆွန်းမိုက အကြံပြုသည်။

"မင်းက နန်ကုန်တာအိုကို ကယ်တင်လိုက်တဲ့အတွက် ငါတို့ အတူတူ တွဲလုပ်ရင် ဘာပြဿနာမှ မရှိဘူးလို့ ခံစားရတယ်"

ကူရှုပ်ရှင်းသည် အရမ်းစိတ်ဝင်စားနေသဖြင့် လက်မလွှတ်ချင်ပေ။

"ဒီလိုအခြေအနေမျိုးမှာ ကျောင်းသားရဲ့ ဆန္ဒတွေ ပေါက်ကွဲထွက်လာမယ်လို့ ငါထင်တယ်"

"ကောင်းပြီလေ"

ဆွန်းမိုက လက်ခံလိုက်သည်။

သူတို့လေးယောက်သည် လှေကားမှတဆင့် တက်သွားကြသည်။

"ဆရာဝေ၊ ငါတို့ ဘာလုပ်မှာလဲ"

ဂျိုဝမ်ဒေါင်သည် ဝေဇူလီကို စိတ်အားထက်သန်စွာ ကြည့်လိုက်သည်။

အခန်း (၃၉၁) - အမှောင် ပုံရိပ်ယောင်။

"နောက်ထပ် ဘာလုပ်နိုင်မှာလဲ။ နန်ကုန်တာအိုလို တူညီ လက္ခဏာမျိုး ခံစားချင်လို့လား"

ဝေရှုလီက မျက်လုံးကြီး ပြူးပြီး ကျိန်ဆဲလိုက်သည်။ (မင်းက ဝက်တစ်ကောင်လား။ နန်ကုန်တာအိုတောင် ရူးလုနီးပါး ဖြစ်နေပြီ။ မင်းကိုယ်မင်း သေအောင် လုပ်ချင်နေတာလား)

ဂျိဝမ်ဒေါင်၏ လည်ပင်း နောက်တွန့်သွားသည်။ ဆရာဝေက ကြောက်နေပုံရသည်။

အင်း

အရင်တုန်းကတော့ ဆရာဝေကို အရမ်းသဘောကျခဲ့သည်။ ယခုတော့ ရုတ်တရက် အရမ်းစိတ်ပျက်သွားသည်။ ထိုနောက် လှေကားပေါ်သို့ လှမ်းကြည့်လိုက်ရာ ဒုတိယအထပ်ကို ရောက်တော့မည့် ဆွန်းမို၏ နောက်ကျောကို မြင်လိုက်ရသည်။

“အဟွတ် အဟွတ်၊ ဒီနေရာက အရမ်းအန္တရာယ်များတယ်လို့ ဆရာမာရှန်က

ပြောခဲ့တယ်။ သူ့ကို အောက်ထပ်ကနေပဲ စောင့်နေတာ ပိုကောင်းမယ်”

ဝေဖူလီသည် မျက်နှာမပျက်ချင်၍ လိမ်လိုက်သည်။

“အို”

ဂျိဝမ်ဒေါင်သည် လက်မခံနိုင်ဘဲ တိတ်တိတ်လေး ရေရွတ်နေသည်။ ထိုအခိုက်အတန့်၌ ဝေခွဲရခက်နေသည်။ နောက်ဆုံးတွင် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဝေဖူလီကို တစ်ချက် ခိုးကြည့်ပြီး လှေကားဘက်သို့ တန်းပြေးသွားသည်။

"အမ်"

ဝေဖူလီ အံ့အောသွားသည်။

"မင်းဘာလုပ်နေတာလဲ"

ဂျိဝမ်ဒေါင်က မကြားချင်ယောင်ဆောင်လိုက်သည်။

ထိုသို့ အန္တရာယ်များသော အတွေ့အကြုံမျိုးကို လူအများစုက ဘဝတစ်သက်တာ၌ အကြိမ်အနည်းငယ်သာ ကြုံရလိမ့်မည်။ ထို့ကြောင့် လက်လွှတ် မခံချင်ပေ။ ထိုအပြင် အန္တရာယ်

ကြုံလာခဲ့လျှင် ဆရာဆွန်းက သူ့ကို ကယ်တင်မည်ဟု ယုံကြည်နေသည်။

ထိုသို့လုပ်ခြင်းသည် နည်းနည်းတော့ ရှက်စရာကောင်းသော်လည်း ဆွန်းမို၏ ခွန်အားနှင့် စရိုက်ကို ယုံကြည်သည်။

"မင်း ဘာဖြစ်လို့ ငါတို့နောက်က လိုက်နေတာလဲ"

လီဇီချီက ညည်းတွားလိုက်သည်။ သူမ ဆရာက အရမ်းတာဝန် ယူတတ်သည်။ နောက်ထပ်ကျောင်းသားတစ်ယောက် ရှိနေလျှင် တစ်ခုခု

မှားသွားခဲ့ပါက သူ့ကိုကာကွယ်ရန် ဆရာက စွမ်းအင်ပိုဖြုန်းတီး ရလိမ့်မည်။

"ဒါက ဘာလဲ"

ယခုတော့ ဂျိဝမ်ဒေါင်သည် သူ့အရှေ့၌ လူခုနှစ်ယောက် ရှိနေသဖြင့် အရမ်းအံ့အော တုန်လှုပ်သွားသည်။ ကူရှုပ်ရှင်းကလွဲလျှင် ကျန်တဲ့လူတွေက နှစ်ယောက် ဖြစ်နေသည်။ မသိလျှင် အမွှာတွေကို ကြည့်နေရသကဲ့သို့ ဖြစ်နေသည်။

ဆွန်းမို၊ အမည်မသိ သက်ရှိပုံစံ။

လီဇီချီ၊ အမည်မသိ သက်ရှိပုံစံ။

ထန်ထန်ယုထန်၊ အမည်မသိ သက်ရှိပုံစံ။

သတိပေးချက်။ ဒီအဆောက်အဦးသည် လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေပြီး ကြီးမားသော အန္တတ်သဘောဆောင် သည် သက်ရောက်မှုကို ဖန်တီးပေးသော အမှောင် စွမ်းအင် ရှိနေသည်။ ကျေးဇူးပြုပြီး မြန်မြန် ထွက်သွားပါ။

ဆွန်းမိုက အမှောင်ထုရဲ့ ပုံရိပ်ယောင်ကို ကြည့်နေသည်။ 'အမည်မသိ သက်ရှိ' ဟူသော စကားကလွဲ၍ ကျန်သော အချက်အလက်များ

မပေါ်လာပေ။ သို့သော် လီဇီချီနှင့် ထန်ထန်ယုထန်တို့၏ ပုံရိပ်ယောင်များကို ကြည့်လိုက်လျှင် တထပ်တည်း တူညီနေသည်။

"ယုထန်၊ မင်းသွားကြည့်ချင်လား"

ဆွန်းမို မေးလိုက်သည်။

"ငါ့ကိုယ်ငါ သတ်သေဖို့ စိတ်မဝင်စားဘူး"

ရောဂါသည်က ပုခုံးတွန့်ပြီး ငြင်းလိုက်သည်။

လီဇီချီက စမ်းသပ်ကြည့်ရန် စိတ်အားထက်သန်နေသည်။

"သတိထားပါ"

ဆွန်းမိုက သတိပေးသည်။

ဘာကြောင့်မှန်း မသိရဘဲ လီဇီချီ ပုံရိပ်ယောင်က လမ်းလျှောက်လာသည်။ သူမကလည်း အရမ်း စိတ်တက်ကြွနေသည်။

"မင်း အခုထွက်သွားရင် လွတ်မြောက်လိမ့်မယ်။ ဒီလိုမှမဟုတ်ရင် မင်းကို သတ်ပြီး တကယ့် လီဇီချီ နေရာကို အစားထိုးလိုက်မယ်"

ပုံရိပ်ယောင်၏ အသံက လီဇီချီ၏ အသံနှင့် တထပ်တည်း တူညီနေသည်။ အသံတုန်းပင် တူ၏။

လီဇီချီသည် အဓိပ္ပါယ် မရှိသော စကားတွေနှင့် အချိန်မဖြုန်းတော့ပေ။ သူမက ဝိညာဉ်တက်တူး စာရွက်တွေကို ထုတ်ပြီး ပါးစပ်မှာ တေ့လိုက်သည်။ ထိုနောက် လျင်မြန်စွာ ကိုက်ဖြဲပစ်လိုက်သည်။

ရှူ

သူမက လျှပ်စီးကာကွယ်ရေး တက်တူးကို အရင်းဦးဆုံး ဆုတ်ဖြဲပြီး သူမ ပတ်ပတ်လည်တွင် လျှပ်စီး စက်လုံး ခုနှစ်ခုကို ဖန်တီးလိုက်သည်။ ထိုနောက် ပုံရိပ်ယောင်ထံ လျှောက်သွားပြီး မီးလုံးကြီး တစ်ခုနှင့် လေလှိုင်းကျည်ဆန်ကို ထုတ်လိုက်သည်။

တစ်ဖက်တွင်လည်း ပုံရိပ်ယောင်က မှန်တစ်ချပ်ကွဲသို့ ဖြစ်နေသည်။ သူမက လီဇီချီ၏တိုက်ခိုက်မှု ပုံစံအစုံကို မိတ္တူ ကူးထားသည်။

ဒိုင်း

မီးလုံးကြီး တစ်လုံး ပေါက်ကွဲပြီး လီဇီချီ၏ လျှပ်စီး လမ်းကြောင်း တစ်ခုထဲသို့ ကျရောက်သွားသည်။ ထို့ကြောင့် မီးပွားများ ပေါက်ကွဲ ထွက်လာသည်။ ထိုနောက် လေလှိုင်း ကျည်ဆန်က ခေါင်းပေါ်မှ ဖြတ်သန်းသွားသည်။

“ငါလို.........”

ဂျိဝမ်ဒေါင်သည် တော်တော်လေး လန့်ဖြန့်သွားပြီး ခေါင်းကြိမ်းသွားသည်။ သူတို့ကို ဘယ်လို တိုက်ခိုက်ရမလဲ။

"တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းတယ်"

လီဇီချီ မျက်နှာက တည်ငြိမ်နေပြီး ဆက်ပြီး မတိုက်ခိုက်တော့ပါ။

နှစ်ယောက်သား တစ်ယောက်နဲ့တစ်ယောက် အသေးစိတ်ကြည့်နေကြသည်။

ငါးမိနစ်လောက်ကြာတဲ့ အထိ တစ်ယောက်မှ မလှုပ်ရှားကြသေးပါ။

"သူမ ဘာလုပ်နေတာလဲ"

ဂျိဝမ်ဒေါင်က အံ့အောနေသည်။

"စောင့်ကြည့်နေစမ်းပါ"

ထန်ထန်ယုထန်သည် မီတာနှစ်ဆယ် အကွာမှာရှိနေသော သူ့ပုံရိပ်ယောင်ကို စိုက်ကြည့်နေသည်။ လှုပ်ရှားမှု သေးသေးလေး လှုပ်ရှား ကြည့်နေသည်။

"အမ်၊ ဒီလိုမျိုး ရပ်နေတဲ့ အရာတွေကို သတိထားနိုင်တာလား"

ဂျိဝမ်ဒေါင် နားမလည်နိုင် ဖြစ်နေသည်။ ထိုနောက် လီဇီချီနဲ့ ထန်ထန်ယုထန်တို့သည် သူတို့အရှေ့က ရန်သူကို ဘယ်လို ကိုင်တွယ် ဖြေရှင်းရင် ကောင်းမလဲ ဆိုသည်ကို စဉ်းစားနေကြောင်း တွေ့လိုက်ရသည်။ စိတ်ရှုပ်ခြင်း ဒါမှမဟုတ် စိတ်မသက်သာသော လက္ခဏာများ မတွေ့ရပေ။

သူတို့၏ စွမ်းဆောင်ရည်က သူ့ထက်စာလျှင် အများကြီး ပိုကောင်းသည်။

ထို့ကြောင့် ဂျိဝမ်ဒေါင်သည် သိမ်ငယ်စိတ် စဝင်လာသည်။ သူက နန်ကုန်တာအိုထက် သာလွန်တယ်ဟု ထင်ခဲ့သည်။

(ဒါပေမယ့် မင်းထက်သာတဲ့ လူတွေက အမြဲတမ်း ရှိနေတယ်)

လီဇီချီ၏ လက်အနောက်ဖက်မှ ရုတ်တရုတ် အလင်းရောင် တောက်လာသည်။ ထိုအရာသည် မှော်ဆန်ပြီး လေးနက်သော ဝိညာဥ်တက်တူး တစ်ခု ဖြစ်သည်။

"လေဘုရင် ကာကွယ်ရေး"

ဘုန်း

ဝိညာဉ်ချီ ပျံ့လွင့်လာပြီး သုံးမီတာလောက်ရှည်သော ဘီလူးကြီး တစ်ကောင် ဖြစ်လာသည်။ သူ့၏ခန္ဓာကိုယ်ကို လေဒြပ်စင် ပုံဆောင်ခဲများနှင့် ဖွဲ့စည်းထားပြီး အသေးအစား လေဆင်နှာမောင်း အစီအစဉ်နှင့် ချိတ်ဆက်ထားသည်။

"............."

ဂျိဝမ်ဒေါင်သည် ကြောက်ရွံ့မှုကို အဆက်မပြတ်ခံစားနေရသည်။ ထိုသို့ဆိုလျှင် ဒီလီဇီချီသည် သူနှင့်တိုက်ခိုက်စဉ်က ခွန်အားအပြည့် သုံးခဲ့ခြင်း

မဟုတ်ပေ။ အကယ်၍ သူသာ သူမကို ဆက်ပြီး ပြဿနာရှာနေလျှင် သေနေလောက်ပြီ။

ဒီရောမ ဘီလူးကြီးကို အနိုင်ယူနိုင်မည့် နည်းလမ်း သူ မမြင်ပေ။

ပုံရိပ်ယောင်ကလည်း လေဘုရင် အကာအကွယ်ကို ဆင့်ခေါ်ထားသည်။ သူတို့ ပုံစံက လုံးဝကို တူညီနေသည်။

ရွှတ်စ်

အဖြူရောင် အလင်းတန်းတစ်ခု ပေါ်လာပြီး ကျားဖြူ ပေါ်လာသည်။ လီဇီချီက ကျားပေါ်ကို တက်ထိုင်ကာ ပုံရိပ်ယောင်ကို တိုက်ခိုက်လိုက်သည်။

ရွှစ်

ဠက်ဖြူကို ထုတ်လွှင့်လိုက်သည်။

ပုံရိပ်ယောင်ကလည်း သူမနှင့် တထပ်တည်း လှုပ်ရှားနေသည်။

"အမ်၊ လီဇီချီက တိုက်ခိုက်ချင်နေတာလား။ သူမရဲ့အားနည်းချက်ကို မသိဘူးလား"

ရောဂါသည် အံ့အောသင့်သွားသည်။ သို့သော် ထိုနောက်၌ အာရုံ စူးစိုက်လိုက်သည်။

ဆွန်းမိုနှင့်ကူရှုပ်ရှင်းတို့သည် သူတို့၏ နည်းဗျူဟာနှင့် လီဇီချီ လုပ်ဆောင်ချက်က တူညီနေသဖြင့် မျက်လုံး အရောင်တောက်နေသည်။

သူမတို့နှစ်ယောက် ထိပ်တိုက် တွေ့ဆုံခါနီး၌ လီဇီချီက ရုတ်တရက် လက်ဝှေ့ယမ်းပြီး ရွှေရောင် အရှိန်အဝါကို ထုတ်လွှင့်လိုက်သည်။

"ဘာ၊ မြတ်ဆရာ အရှိန်အဝါလား"

ကူရှူပ်ရှင်း လုံး၀ အံ့အောသွားသည်။ မထိန်းနိုင်ဘဲ မျက်လုံး ပွတ်သပ်လိုက်မိသည်။

ဂျိ၀မ်ဒေါင်လည်း အံ့အော မှင်တက်နေသည်။

ပုံရိပ်ယောင်ကလည်း မှတ်ဥာဏ်ကောင်းခြင်း အရှိန်အ၀ါကို ထုတ်လွှင့်လိုက်သည်။ ထိုနောက် တိုက်ခိုက်လိုက်လိုက်သဖြင့် ကျားပေါ်က လီဇီချီ ပြုတ်ကျသွားသည်။

ဖူး

ဓါးမြှောင်တစ်ချောင်းက ပုံရိပ်ယောင်၏ နှလုံးကို ထိမှန်သွားသည်။

သွေးမထွက်ပေ...

လီဇီချီ ပုံရိပ်ယောင်သည် ဖန်ခွက်တစ်ခု ကွဲကြေသလို အစိတ်စိတ်အမွှာမွှာဖြစ်ပြီး မြေပေါ်သို့ ပြိုကျသွားသည်။

ဟူ ဟူ ဟူ

လီဇီချီ နာကျင်နေသည်။ ထိုနောက် ဆွန်းမိုကို စိုက်ကြည့်ပြီး ချိုသာစွာပြုံး ပြလိုက်သည်။

(ဆရာ ၊ ငါလုပ်ခဲ့ပြီ။ ငါကြောင့် မင်း မျက်နှာ မပျက်စေရဘူး)

“အရမ်းကောင်းတယ်”

ဆွန်းမိုက ချီးကျူးလိုက်သည်။

"ဒီလိုနဲ့ ရန်သူ သေပြီပေါ့"

ဂျိဝမ်ဒေါင် ဦးနှောက်သည် မှိုတက်နေသလို ခံစားရသည်။ ဒါက လူသတ်သော အရှိန်အဝါလား။

လီဇီချီသည် မှတ်ဉာဏ်ကောင်းခြင်း အရှိန်အဝါကို အခုမှ နားလည်ထားသဖြင့် အကွာအဝေးက အရမ်းသေးငယ် နေသေးသည်။

"ဆရာဆွန်း၊ အဲဒါက မြတ်ဆရာအရှိန်အဝါ ဟုတ်တယ် မဟုတ်လား"

ကူရှုပ်ရှင်းက သိချင်နေသော မျက်နှာနှင့် ကြည့်လိုက်သည်။

"ဟုတ်တယ်"

ဆွန်းမိုက ကူရှုပ်ရှင်း ရှေ့၌ ဘာမှ မဖုံးကွယ်ထားပေ။

"မင်းသိနေတာ ကြာပြီလား"

ကူရှုပ်ရှင်းက လှုပ်ရှားလိုက်သည်။

"အမ်"

ဆွန်းမို ပြန်ဖြေသောအခါ နာကျင်မှု တပ်မက်သူလေး၏ လက်သီးသေးသေးလေးက ရင်ဘက်ကို ထိမှန်သွားသည်။ ထိုနောက် မလုံလောက်သေးဘူး ထင်ပြီး လက်မောင်းကို ထပ်ရိုက်လိုက်သည်။

"ဘာဖြစ်လို့ မင်းရဲ့ တပြည့်တွေက ဒီလောက် ထူးချွန်နေရတာလဲ။ ငါလည်း လိုချင်တယ်"

ကူရှပ်ရှင်းသည် မနာလိုစိတ်ကြောင့် စိုစွတ်လုနီးပါး အဲမှားသွားလို့ နှာရည်ကျလု နီးပါး ဖြစ်နေသည်။

မှတ်ဉာဏ်ကောင်းခြင်းကို အသက် ၁၂နှစ် အရွယ် ကလေးလေးက နားလည်နေတာလား။ သူမက ပါရမီရှင် မဟုတ်လား။

“ဇီချီ၊ မင်းကြိုးစားရမယ်။ မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ ရွေးချယ်ရင် ကြီးမားတဲ့ အောင်မြင်မှုတွေ ရမှာသေချာတယ်”

ကူရှုပ်ရှင်း စိတ်ရင်းနှင့် ချီးကျူးလိုက်သည်။ သမိုင်း၌ အသက် ၁၂နှစ်နှင့် အရှိန်အဝါကို နားလည်သော ဆရာတွေကို လက်ချောင်းဖြင့် ရေတွက်၍ရလောက်အောင် ရှားပါးသည်။

"ဟီးဟီး ၊ ဆရာသွန်သင်ပေးတဲ့ ကျေးဇူးပါ"

လီဇီချီက ပြုံးပျော်နေသည်။ သူမ၏ဆရာကြောင့်သာ ထိုသို့မဟုတ်လျှင် ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်မည် မဟုတ်ပေ။

"ကျေးဇူးပြုပြီး လွှတ်ပေးပါအုံး"

ဆွန်းမိုက ကူရှုပ်ရှင်း လက်မောင်းကို ပုတ်လိုက်သည်။ ပြောရမည်ဆိုလျှင် အတွေ့အာရုံက မကောင်းပေ။

(နာကျင်မှုတပ်မက်သူ၊ မင်းရဲ့ ရင်ဘက်က တကယ်ပဲ သေးလွန်းတယ်)

"ဒါက တကယ်ပဲ မြတ်ဆရာအရှိန်အဝါလား။ ရင်ဘက်သေးသေးလေးနဲ့ မိန်းကလေးက တကယ်ပဲ ဆရာတစ်ယောက် ဖြစ်နေပြီလား။ ဒါက လိမ်ဆင်ကြီး မဟုတ်ဘူးလား"

ဂျိဝမ်ဒေါင်က တိုးတိုးလေး ရေရွတ်နေသည်။ လက်မြှောက်ပြီး ကိုယ့်ပါးကိုယ် ပြန်ရိုက်လိုက်သည်။

ဖောင်း

"အား နာလိုက်တာ"

"ထင်ထားသလိုပဲ ထင်ယောင်ထင်မှား ဖြစ်နေတာ မဟုတ်ဘူးပဲ"

ဂျိဝမ်ဒေါင်သည် ရုတ်တရက် ဆရာတင်ချင်စိတ် ပေါက်လာသဖြင့် ဆွန်းမိုရှေ့၌ ဒူးထောက်လိုက်သည်။ အကြောင်းမှု သူ့ဘဝတစ်လျှောက်လုံး၌ သူ့ရည်မှန်းချက်သည် ဆရာတစ်ယောက် ဖြစ်ဖို့ပင်။

သို့သော်လည်း ဒီအလုပ်က ရိုးရိုးရှင်းရှင်း လေ့လာပြီး အလုပ်ကြိုးစားရုံနှင့် မရ.........

ကိုယ့်ကိုယ်ကို သင်ကြားခြင်း အရှိန်အဝါကို နားမလည်ပါက တစ်သက်လုံးကြိုးစားရင်ပင် အခွင့်အရေး မရှိပေ။

ဂျိဝမ်ဒေါင် ဒူးထောက်ခါနီး၌ ဆွန်းမို လေဘုရင်နတ်ဘုရား ခြေလှမ်းကျင့်စဉ်ကို ထုတ်သုံးလိုက်သည်။ လီဇီချီ အနားတွင် ဖျပ်ခနဲ ပေါ်လာသည်။

"မင်း ဒဏ်ရာရသွားပြီ မဟုတ်လား။ နောင်ကျရင် အရမ်း မစွန့်စားနဲ့"

ဆွန်းမိုက လီဇီချီ၏ ညာခြေထောက်ကို အနည်းငယ် မြှောက်လိုက်သည်။ စောစောတုန်းက ပုံရိပ်ယောင်ကို တိုက်ခိုက်ပြီး ပုံရိပ်ယောင်က ညာခြေထောက်ပေါ် ကျသွားသည်။

"အရမ်း မနာပါဘူး"

လီဇီချီက မထိန်းနိုင်ဘဲ ဆွန်းမို လက်မောင်းကို မှီလိုက်သည်။

အောင်နိုင်သ၍တော့ ဒဏ်ရာနည်းနည်းရတာ ဘာဖြစ်လဲ။

ထို့အပြင် သူမဆရာ၏ နတ်ဘုရားလက်နှင့်ဆိုလျှင် နောက်ထပ် အရိုးနည်းနည်း ကျိုးသွားလျှင်ပင် လျှင်မြန်စွာ ပြန်ကောင်းမွန်လာလိမ့်မည်။

ဆွန်းမိုက လီဇီချီကို အရိုးအထိုင်ချခြင်း နည်းစနစ်နှင့် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုကာ ကုသပေးလိုက်သည်။ သက်ရှင်သွေးနည်းစနစ်နှင့် သွေးခဲများကို ချေဖျက်လိုက်သည်။

“ဆရာ၊ ခုနတုန်းက ဘာဖြစ်သွားတာလဲ”

ဂျိဝမ်ဒေါင်က မေးလိုက်သည်။

ဖြေရှင်းချက် မရှိပေ။ ဒီနေရာ၌ ရှိနေသော အခြားလေးယောက်သည် အခွင့်အရေး ပေးပါ ဆိုသော မျက်နှာပေးနှင့် ဖြစ်နေကြသည်။ ရှင်းပါသည်။ သူတို့ ဘာဖြစ်နေမှန်း သိချင်နေကြသည်။ မမေးရင်လည်း ဆရာဆွန်းက သေသေချာချာ ရှင်းပြမည် မဟုတ်..........

“အဲဒီ အမှောင်ပုံရိပ်က လီဇီချီကို လုံးဝ ကူးယူနိုင်တယ်”

ဆွန်းမိုက စပြီး ရှင်းပြသည်။

“သူမက အဝေးရောက် တိုက်ခိုက်မှုကို ကျွမ်းကျင်တယ်။ တစ်ကြိမ် စမ်းသပ်ကြည့်ပြီးတဲ့နောက် တဖက်လူကလည်း သူ့လို လုပ်နိုင်တာ သိလိုက်ပြီး အစွမ်းကလည်း အတူတူ ဖြစ်နေတယ်။ ဒီလိုအခြေအနေမျိုးမှာ အနိုင်ယူဖို့ မလွယ်ဘူး။ ဒါကြောင့် လီဇီချီက အနီးကပ်တိုက်ခိုက်မှုကို ရွေးချယ်ခဲ့တယ်”

“ဒါပေမယ့် လီဇီချီရဲ့ အနီးကပ် တိုက်ခိုက်နိုင်အစွမ်းက အားနည်းတယ်”

“အမ်”

ဂျိဝမ်ဒေါင် နားမလည်ပေ။

“သူမ အနီးကပ်တိုက်ခိုက်မှုမှာ အားနည်းရင် ဘာဖြစ်လို့ ရွေးချယ်သေးတာလဲ”

“အမှောင်ပုံရိပ်ယောင်က ငါ့ကို အတိအကျ ကူးယူထားတာပဲ။ သူမရဲ့ အနီးကပ် တိုက်ခိုက်နိုင်စွမ်းကလည်း အားနည်းမှာ သေချာတယ်”

လီဇီချီ ပြန်တုန့်ပြန်သည်။

“ငါက တိုက်ကွက်တွေ အများကြီး လေ့လာခဲ့တယ်။ လုပ်ကြံတိုက်ခိုက်မှုနဲ့

အလစ်တိုက်ခိုက်မှု ထဲက တစ်ခုကိုသုံးလိုက်တယ်။ ငါအရင်လုပ်သ၍ ငါပဲ အနိုင်ရလိမ့်မယ်”

အမှန်တော့ စောစောတုန်းက အခြေအနေသည် အလွန်အန္တရာယ် များ၏။ လီဇီချီကသာ ပုံရိပ်ယောင်ကို ချက်ခြင်း မသတ်နိုင်ခဲ့လျှင် သူမ၏ နှလုံးကို ဖောက်ထွင်းသွားလိမ့်မည်။

လီဇီချီ၏တိုက်ပွဲ နည်းဗျူဟာသည် သူမ၏ ကိုယ်ပိုင် ချို့ယွင်းချက်များရှိသော ပုံရိပ်ယောင်ကို ယှဉ်ပြိုင်ရန် ဘယ်သူက ပိုကောင်းသလဲဟု ကြည့်သော ရှုထောင့် ဖြစ်သည်။

ဉာဏ်ရည်ထက်မြက်သော မိန်းကလေးတစ်ယောက် အနေဖြင့် သူမ၏ ကိုယ်ပိုင် အားနည်းချက်ကို ရှင်းရှင်း သိနေခဲ့သည်။ အစောပိုင်းတုန်းက တိုက်ခိုက်မှုများ အားလုံးသည် ပုံရိပ်ယောင်နှင့် ပက်သက်သော အချက်အလက်များကို စုဆောင်းရန် အတွက် ဖြစ်သည်။

"ဒီလိုဆိုရင် အမှောင် ပုံရိပ်ယောင်တွေကို သတ်ဖို့က အရမ်းလွယ်မနေဘူးလား"

ဂျိဝမ်ဒေါင်သည် နောက်ဆုံးတော့ သဘောပေါက်သွားသည်။ သူက ချက်ခြင်းကို ယုံကြည်မှု အပြည့်နှက်သွားသည်။

"မဟုတ်ဘူး။ ငါတို့က သတ်ရင် ပိုလွယ်တယ်"

ထန်ထန်ယုထန်က ရှင်းပြသည်။ "အမ်"

ဂျိဝမ်ဒေါင် အံ့အောသွားပြန်သည်။

"ဒီအဆောက်အဦးထဲမှာ အားနည်းတဲ့လူတွေက အမှောင်ပုံရိပ်ယောင်ကို အနိုင်ယူဖို့ ပိုလွယ်တယ်။ ဒါပေမယ့် ပုံရိပ်ယောင်တွေက ဆရာတွေရဲ့

ကိုယ်ပွားဆိုရင်တော့ အခြေအနေ တော်တော် ဆိုးသွားလိမ့်မယ်”

ထန်ထန်ယုထန်က ဆွန်းမိုကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

သူ့ဆရာက ကျင့်ကြံခြင်း ကျင့်စဉ် တော်တော် များများသိသည်။ ထို့ကြောင့် ပုံရိပ်ယောင်က သိနေနိုင်သည်။

“ဒီစကား ပြောတဲ့အချိန်မှာ မင်းက ငါ့တို့ဆရာ ဒုက္ခရောက်ရင် တကယ်ပျော်တယ်လို့ ဘာဖြစ်လို့ ငါခံစားရတာလဲ”

လီဇီချီက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

"မင်းက ငါ့ကို စောင်းဆဲနေတာလား"

ကူရှုပ်ရှင်းသည် ထန်ထန်ယုထန်ကို လန့်ဖြန့်စွာ ကြည့်လိုက်သည်။ ဒီလူငယ်သည် အရမ်းဉာဏ်ကောင်း လိမ္မာမည်ဟု မထင်ထားခဲ့ပေ။ စိတ်မကောင်းစရာသည် သူက နေမကောင်းသဖြင့် မကြာခင် သေတော့မည်။

"ဟီး ဟီး"

ဂျိဝမ်ဒေါင်သည် ရုတ်တရက် လှည့်ပြီး လှေကားမှ ပြန်ဆင်းချင်စိတ် ပေါက်လာသည်။

ဒီလိုလူတွေနှင်အတူတူ ဆက်နေနေရလျှင် ပြင်းပြင်းထန်ထန် စိတ်ထိခိုက်သွားနိုင်သည်။ သူ့ကိုယ်သူ အမှိုက်တစ ဟု ခံစားရသည်။

“ကောင်းပြီလေ။ ငါ့အလှည့်ပဲ”

ဆွန်းမိုက လမ်းလျှောက်သွားပြီး ပုံရိပ်ယောင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

အခန်း (၃၉၂) - မင်းမလုပ်နိုင်ရင် မမေးနဲ့။ ဒါက မြတ်ဆရာ အရှိန်အဝါ တစ်ခုပဲ။

အမှောင် ပုံရိပ်ယောင်သည် အရမ်းစိတ်ဝင်စားဖို့ကောင်းသည်။ ဆွန်းမို ထွက်လာသည်ကို မြင်လိုက်လျှင် သူလည်း ထွက်လာသည်။ ဆွန်းမိုနှင့် တိုက်ခိုက်ရန် သူ၏အဖော်များနှင့် လက်တွဲရန် ရည်ရွယ်ချက် မရှိ..........

ဆွန်းမိုက သစ်သားဓါးကို ဆွဲထုတ်ပြီး လျှပ်တပြက် ခုတ်ချလိုက်သည်။

ပုံရိပ်ယောင်ကလည်း အလားတူ ချက်ခြင်း လုပ်ဆောင်သည်။

နောက်ထပ် စက္ကန့်၌ ဆွန်းမိုသည် လေဘုရင် နတ်ဘုရား ခြေလှမ်းကို အသုံးပြုပြီး ပုံရိပ်ယောင်၏ ရှေ့၌ လေပြင်းတိုက်ခိုက်သလို ပေါ်လာသည်။ သူက သစ်သားဓါးနှင့် ပုံရိပ်ယောင် ခေါင်းကို ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ပုံရိပ်ယောင်က မရှောင်ပေ။ သူက ဆွန်းမိုခေါင်းကို အကွက်တူ ပြန်လည်တိုက်ခိုက်သည်။ ထိုသို့ တိုက်ခိုက်မှုကြောင့် နှစ်ဖက်စလုံး ပြင်းပြင်းထန်ထန် ဒဏ်ရာ ရသွားနိုင်သည်။

ပုံရိပ်ယောင်က ဆွန်းမိုကို မတုပပေ။ သူသာ ရှောင်တိမ်းလိုက်လျှင် အရင်ဆုံးတိုက်ခိုက်ရမည့် အခွင့်အရေး ဆုံးရှုံးပြီး ဆွန်းမိုကို လုံးဝ ရှုံးနိမ့်သွားနိုင်ကြောင်း နားလည်သည်။ ထို့ကြောင့် ဆွန်းမို တိုက်ကွက်ပြောင်းရန် တွန်းအားပေးချင်သည့်အတွက် ဒီလို တိုက်ပွဲ ဗျူဟာကို အသုံးပြုခဲ့သည်။

ရလဒ်အနေဖြင့် ဆွန်းမိုသည် တိုက်ခိုက်မှုမှ ခုခံမှုသို့ ပြောင်းလဲလိုက်ရသည်။

ချွင်

သစ်သားဓါးအချင်းချင်း တိုက်မိသွားသည်။ ထိုနောက် ပုံရိပ်ယောင်က အခွင့်အရေးကို ဆုပ်ကိုင်ပြီး တိုက်ခိုက်လာသည်။

အမိန့် ဆယ်ရှစ်ခု။

ဖောက် ဖောက် ဖောက်

သစ်သားဓါးနှင့်ဆက်တိုက် ခုတ်သည်။ ဓါးအရိပ်က ဆွန်းမို တကိုယ်လုံး လွှမ်းခြုံသွားသည်။

ဆွန်းမို မျက်ခုံး နည်းနည်း ပင့်သွားသည်။ ပုံရိပ်ယောင် တိုက်ခိုက်သော နေရာများက ခုခံရန် အရမ်းခက်သည်။ အစာစားခြင်းနှင့် စာရေးခြင်းကို

မကြာခဏ အသုံးပြုလေ့မရှိသော ဘယ်လက်ကို သုံးရသည်မှာ ခက်ခဲလွန်းသည်။

ခေါင်ရမ်းပန်း၊ သန်ခေါင်ယံည သီးချင်းကဗျာ။ ရွှေကျောက်စိမ်း ခေါင်ရမ်းပန်း။

ဆွန်းမိုက ဓါးသွားများ၏ တိုက်ခိုက်မှုကြား၌ နှလုံးသားကို လှုပ်ခတ်စေမည့် သီချင်းသံကို ကြားနေရသည်။ သူ့ရှေ့၌ ခေါင်ရမ်းပန်းများစွာ ပွင့်နေသည်။ လွန်ကဲမှုအလယ်၌ သေမင်း၏အငွေ့အသက်ကို ခံစားနေရသည်။

"ဒါဆိုဒါက ငါနဲ့တိုက်ခိုက်ရင် ရန်သူတွေ ကြုံတွေ့ရတဲ့ အတွေ့အကြုံပေါ့"

ဆွန်းမိုက သဏ္ဍာန်မဲ့ မြင့်မြတ် စကြဝဠာကို ထုတ်သုံးပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။ သူ့ရှေ့က ကမ္ဘာကြီးသည် ချက်ခြင်း နေ့းကွေးသွားသည်။

အနောက်ဖက် မြစ်က လ၊ ကျယ်ပြန့်တဲ့ ဆောင်းရာသီ။ နောင်းပိုင်း ရန့်။

ဆွန်းမိုသည် သတိတစ်ချက် လွတ်ပြီး ဘယ်ဘက် နံရိုး အထိုးခံလိုက်ရသည်။

“ဟော့ဟော့၊ မကူညီကြဘူးလား။ ဆရာဆွန်း အခြေအနေ မကောင်းတော့ဘူး ထင်တယ်”

ဂျိဝမ်ဒေါင် လှမ်းအော်သည်။ ဆွန်းမို အဖိအနှိပ် ခံနေရသည်။

ဆွန်းမိုနှင့် ပုံရိပ်ယောင်တို့သည် ကြည့်လိုက်လျှင် ပုံစံ တူနေကြသည်။ ဂျိဝမ်ဒေါင်က အစစ်ကို သိရခြင်းမှာ ဆွန်းမိုသည် အဖိအနှိပ်ခံနေရပြီး ခုခံနေရင်း အရိုက်ခံနေရသည်။

ဘယ်သူက ဘယ်လိုပဲ ကြည့်ပါစေ ဆွန်းမို ရှုံးနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာမှ ကြီးကျယ်တဲ့ ကိစ္စ မဟုတ်ဘူး"

လီဇီချီ နှုတ်ခမ်း လှုပ်ယမ်းသွားသည်။

"တိတ်တိတ်လေး စောင့်ကြည့်နေ"

ကူရှုပ်ရှင်း က ထောက်ပြသည်။

"ဆရာဆွန်း သင်ယူထားတဲ့ ကျင့်စဉ်တော်တော်များများက သူတော်စင်အဆင့်မှာ ရှိတယ်။ ပြီးတော့ တိုက်ခိုက်ရေး အတွေ့အကြုံ အရမ်းကြွယ်ဝတယ်။ ဒါက ကျောင်းသားတွေအတွက် ကြည့်ရှုလေ့လာနိုင်တဲ့ ရှားပါး အခွင့်အရေးပဲ။ မှတ်မိနေအောင် ကြိုးစားသင့်တယ်"

"အမ်"

ဂျိဝမ်ဒေါင် ကြောင်သွားသည်။ (ကျင့်စဉ်တွေ အများကြီး ဟုတ်လား။ ပြီးတော့ အားလုံးက သူတော်စင်အဆင့်တွေ ဟုတ်လား)

(ဘယ်သူ့ကို နောက်နေတာလဲ)

(သူတော်စင်အဆင့် ကျင့်စဉ်ကို ဂေါ်ဖီထုပ်လို့ ထင်နေတာလား။ ဂေါ်ဖီထုပ်တောင် ဆောင်းရာသီမှာပဲ ရနိုင်တယ်)

"မာရှောင်ကျောင်းရဲ့ ထူးချွန်တဲ့ ကျောင်းသားဆိုတာ ဒါလား"

ထန်ထန်ယုထန်က ရယ်မောရင်း လှောင်ပြောင်လိုက်သည်။

“ဒါဆိုရင်တော့ ဒီတစ်ခေါက် ပထမနေရာ သိမ်းပိုက်ဖို့အတွက် ပြဿနာ မရှိတော့ဘူး”

ဒီစကားကို ကြားလျှင် ဂျိဝမ်ဒေါင် ဒေါသထွက်သွားသည်။ ကူရှုပ်ရှင်း က

“ဆွန်းမို လေ့ကျင့်ခဲ့တဲ့ ကျင့်စဉ်တွေက သူတော်စင်အဆင့်မှာ ရှိတယ်။ ကြည့်ရှုလေ့လာခွင့်ကို မင်းတို့နှစ်ယောက် ဘာဖြစ်လို့ မဆုပ်ကိုင်တာလ”

“ကြည့်ပြီး လေ့လာပါ”

လီဖီချီ ရယ်မောလိုက်သည်။ "မင်းက ငတုံးလား။ ငါတို့က ဆရာရဲ့ တပြည့်တွေပဲ။ ဆရာက ငါတို့ကို တစ်ချိန်လုံး လေ့ကျင့်ပေးတယ်။ စောင့်ကြည့် လေ့လာစရာ လိုသေးလို့လား"

ဂျိဝမ်ဒေါင်သည် ရုတ်တရက် ကိုယ့်ပါးကို ရိုက်ချင်လာသည်။ (ဘာဖြစ်လို့ မေးမိတာလဲ။ ဒီပါးစပ်)

သို့သော်လည်း ထို့နောက်၌ အနည်းငယ် မနာလိုဖြစ်သွားသည်။ ဆွန်းမို လေ့ကျင့်ထားသော ကျင့်စဉ်များသည် သူတော်စင်အဆင့်၌ ရှိမရှိ သူ

မသိသော်လည်း ဒီတိုက်ကွက်များသည် အရမ်းကြီးကျယ်၍ ခမ်းနားရုံသာမက စွမ်းပကားကလည်း ကြီးလွန်းသည်။

ဒါကြောင့်လည်း ဇန်ယန်ဖောင် ပြတ်ပြတ်သားသား ရှုံးခဲ့တာ ဖြစ်လိမ့်မည်။

“အိုဟုတ်ပြီ။ ဆရာက သူ့ရဲ့ကျင့်ကြံခြင်း ကျင့်စဥ်တွေကို ငါတို့ကိုလည်း သင်ပေးတယ်”

လီဇီချီသည် ဆရာ၏ ရက်ရောမှုအကြောင်းကို တွေးပြီး မနေနိုင်ဘဲ လျှို့ဝှက်ချက်ကို ထုတ်ပြောချင်လာသည်။ သူမ၏ ဆရာက

ဘယ်လိုကြီးမြတ်သော ပုဂ္ဂိုလ်လဲဆိုသည်ကို တခြားသူများအား သိစေချင်သည်။

"ဟွန့်၊ ဒါက လိမ်ဆင်ကြီးပဲ ဖြစ်မယ်"

ဂျိဝမ်ဒေါင်က ဒါကို မယုံပါ။

သူတောင်စင်အဆင့် ကျင့်စဉ် ဟုတ်လား။

ဒီအရာတွေအားလုံးကို ယောကျ်ားလေးသာမက မိန်းကလေးတွေကိုလည်း လက်ဆင့်ကမ်းတယ် ဟုတ်လား။

မြတ်ဆရာတစ်ယောက်က သိခဲ့လျှပင် သူ၏ တိုက်ရိုက် တပြည့်များကို လွယ်လွယ်နှင့် သင်ပေးမည် မဟုတ်ပေ။

ဆရာသည် တပည့်တွေကို မသင်ပေးခင် သူတို့၏ စရိုက်နှင့် သစ္စာစောင့်သိမှုကို ဆယ်နှစ်ခန့် ဖော်ထုတ် စမ်းသပ် ကြအုံးမည်။

"မင်းတို့ အမြင်မှာတော့ သူတော်စင်အဆင့် ကျင့်စဉ်တွေက ရတနာတွေပဲ။ ဒါပေမယ့် ငါ့ဆရာအမြင်မှာတော့ တပြည့်တွေကို အချိန်မရွေး သင်ပေးလို့ရတဲ့ အသိပညာ အမျိုးအစားတစ်ခုပဲ။

လီဇီချီက ရှင်းပြသည်။

ဂျိဝမ်ဒေါင်သည် ပြန်ပြီး ချေပခြင်သော်လည်း လီဇီချီ၏ အကြည့်ထဲ၌ သဘောကျမှု တောင်းတမှုများကို မြင်လိုက်ရပြီး ဘယ်ဘက် ရင်အုံက ရုတ်တရက် နာကျင်လာသည်။

“ငါတစ်သက်လုံး ဒီမိန်းကလေးရဲ့ နှလုံးသားကို မရနိုင်တော့ဘူး ထင်ပါတယ်”

ဂျိဝမ်ဒေါင်က သက်ပြင်းချလိုက်မိသည်။ လီဇီချီ၏ အကြည့်သည် ဆွန်းမိုက ဆရာတစ်ယောက် ဆိုသည်ထက် အဓိပ္ပါယ် ပိုနေသည်။

"ပြန်စတိုက်ပြီ"

ထန်ထန်ယုထန်က ရုတ်တရက် ဖြတ်ပြောလိုက်သည်။

ရောဂါသည်၏ သုံးသပ်ချက် ပြီးဆုံးသောအခါ ဆွန်းမိုက သစ်သားခါးကို ဖွေ့ယမ်းပြီး ကြီးမားသော သတ်ဖြတ်ခြင်း ငွေ့အသက်ကို ထုတ်လွှင့်လိုက်သည်။ သူတို့သည် ပုံရိပ်ယောင်ကို တိုက်ခိုက်သော မိုးသက်မုန်တိုင်းကဲ့သို့ ဖြစ်နေသည်။

"ဘာ"

ဂျိဝမ်ဒေါင် အရမ်းအံ့အောနေသည်။ (ဘာကြီးလဲ။ ဘာဖြစ်လို့ အခြေအနေက လွယ်လွယ်ကူကူ ပြောင်းလဲသွားတာလဲ)

“မင်း နားမလည်သေးဘူးလား”

လီဇီချီ ရုတ်တရက် အံ့အောသွားသည်။

“ဘာကို နားလည်ရမှာလဲ”

ဂျိဝမ်ဒေါင်သည် အရမ်းရှက်ပြီး သေချင်စိတ်ပေါက်နေသည်။ သို့သော် တကယ် နားမလည်ပေ။

“ဆရာကို စောစောတုန်းက ဖိနှိပ်နိုင်တဲ့ အကြောင်းက ပုံရိပ်ယောင် အားကောင်းလို့ မဟုတ်ဘူး။ တမင်သက်သက် လုပ်နေလို့ပဲ”

ထန်ထန်ယုထန်က ရှင်းပြသည်။

“ ဒီလို ပုံရိပ်ယောင်ရဲ့ တိုက်ခိုက်မှုအစွမ်းက တကယ်လူအစစ်နဲ့ တူတယ်။ ပင်ကိုယ်လူရဲ့ တိုက်ပွဲဉာဏ်၊ အတွေ့အကြုံတွေကို အပြည့်အဝ နားလည်တယ်။ ဒါကြောင့် ဆရာက သူ့ရဲ့အားနည်းချက်ကို စမ်းကြည့်ချင်နေတယ်။

ဘယ်လိုပဲပြောပြော လူတွေ နားလည်မှုအနည်းဆုံးက သူ့တို့ကိုယ် သူတို့ပဲ”

“အမ်”

ဂျိဝမ်ဒေါင်သည် အရမ်းအံ့အောသင့်သွားပြီး အတွေးနက်သွားသည်။

“ဒါအမှန်ပဲ။ ဒီကမ္ဘာမှာ ဘယ်အခွင့်အရေးက အနည်းဆုံးလဲ”

“ကိုယ့်ကိုယ်ကို ပြန်တိုက်ခိုက်ရမယ့် အခွင့်အရေးပဲ။ လူများစွာ အမှောင်ပုံရိပ်ယောင်ကို ရန်သူလို သတ်မှတ်ကြလိမ့်မယ်။ ဒါပေမယ့်

ဆွန်းမိုကတော့ သူ့အားနည်းချက်ကို ရှာပေးတဲ့ လေ့ကျင့်ဖော် တစ်ယောက်လို့ သဘောထားခဲ့တယ်”

“ ဒါက ကြီးမြတ်တဲ့ လူတစ်ယောက်နဲ့ နိမ့်ကျတဲ့လူတစ်ယောက်ရဲ့ ရှုထောင့် ကွာခြားမှုလား”

ဂျိဝမ်ဒေါင် အံ့အောသင့်ပြီး အသံထွက်သွားသည်။

ဒင်

ဂျိဝမ်ဒေါင်၏ လေးစားအထင်ကြီးမှုအမှတ် +၅၀၀။ ရင်းနှီး (၇၅၀/၁,၀၀၀)

ဆွန်းမိုသည် ပုံရိပ်ယောင်၏ တိုက်ခိုက်မှုကို ခုခံကာကွယ်နေစဉ် တော်တော်လေး အဆင်မပြေ

ဖြစ်နေသည်။ အကြိမ်ပေါင်းများစွာလည်း ကျောကော့အောင် ခံလိုက်ရသည်။ သို့သော် နတ်ဘုရားမျက်စိအာရုံနှင့် ကူယူခြင်း အစွမ်းတို့ကြောင့် ပုံရိပ်ယောင်၏ တိုက်ခိုက်မှု တစ်ခုမျှ မလွဲချော်ခဲ့ပေ။

ပုံရိပ်ယောင်သည် တိုက်ခိုက်ပြီးခဲ့သော တူညီသည့် အကွက်များနှင့် ပြန်တိုက်လာသဖြင့် အဓိပ္ပါယ် မရှိတော့ပေ။ ထို့ကြောင့် ဆွန်းမိုက လက်တုန့်ပြန်ခဲ့သည်။

သူ တိုက်ခိုက်သော နေရာသည် ပုံရိပ်ယောင်၏ အားနည်းသော နေရာများ ဖြစ်နေသည်။ အစကတည်းက ပုံရိပ်ယောင်ထက် ပိုသန်မာသည့်အတွက် ကစားပွဲက မျက်စိတမှိတ်အတွင်း ပြောင်းလဲသွားသည်။

"ဒါက တကယ်ကို စိတ်လှုပ်ရှားစရာပဲ"

ကူရှုပ်ရှင်း ချီးကျူးသည်။ တစ်ချိန်တည်းမှာပင် ပုံရိပ်ယောင်အား သတ်လိုက်သည်ကို မြင်လိုက်သောအချိန်၌ အနည်းငယ် စိတ်ပျက်သွားသည်။

ဆွန်းမိုက စက္ကန့်တိုင်း၊ မိနစ်တိုင်း၌ တိုးတက်နေသည်။ ဒါသည် တော်တော်ကြီးမားသော ဖိအား ဖြစ်သည်။

ကမ္ဘာပေါ်မှာ အနာကျင်ရဆုံးက ဘာလဲ။

မင်း၏ပြိုင်ဘက်က ပါရမီရှင်တစ်ယောက် ဖြစ်ရုံသာမက မင်းထက်လည်း ကြိုးစားနေသည်။ ထိုသို့ဆိုလျှင် မည်ကဲ့သို့ အနိုင်ယူတော့မည်နည်း။

ဂျိဝမ်ဒေါင်က ဆွန်းမို၏ တိုက်ပွဲကို အာရုံစိုက်သင့်သည်ဟု သူ့ကိုယ်သူ ပြောနေခဲ့သည်။

သို့သော်လည်း လီဇီချီနှင့် ထန်ထန်ယုထန်တို့ကို ခိုးပြီး တစ်ချက်ကြည့်လိုက်မိသည်။

“မင်းတို့ကောင်တွေက ဒါကို အရင်ကတည်းက သိနေတာလား”

ကျောင်းသားနှစ်ယောက်က ပြန်မဖြေသော်လည်း အဖြေက သိသာနေသည်။

ဂျိဝမ်ဒေါင် စိတ်ထဲ၌ စိတ်ပျက်အားငယ် စိတ်များ ဝင်လာသည်။

တတိယအချီ ပြိုင်ပွဲမစခင် ဂျိဝမ်ဒေါင် ဂုဏ်ယူနေခဲ့ဖူးသည်။ သို့သော် ယခုအခါ၌ အလူးအလဲ ခံနေရသည်။

ဆွန်းမိုက ထိုသို့ အံ့အောဖွယ်ကောင်းသော ကျောင်းသားတွေ၏ လေးစားအထင်ကြီးမှုကို ရရှိအောင်လုပ်နိုင်ခဲ့သဖြင့် မည်မျှ အံ့အောဖွယ် ကောင်းနေမည်နည်း။

ဂျိဝမ်ဒေါင် ကို့ကိုယ်ကို လှောင်ပြောင်ပြီး ရယ်မောလိုက်မိသည်။

ဆွန်းမိုကို သူ့ဆရာတင်မယ် ဟုတ်လား။ ဒါပေမယ့် အခုအချိန်မှာ ဆွန်းမိုက သူ့ကို တပြည့်အဖြစ် လက်ခံမှာ မဟုတ်ပါ။

သူ့၏အရည်အချင်း အရမ်းအားနည်းသည်မှလွဲ၍ တခြားအကြောင်းပြချက်ကြောင့် မဟုတ်ပေ။

ဘုန်း

ဆွန်းမိုက ပုံရိပ်ယောင်၏ ခေါင်းကို ဓါးနှင့် ထိုးလိုက်သည်။

ပုံရိပ်ယောင်က လဲကျပြီး အလင်းစက် အဖြစ် ပြောင်းလဲကာ ပျောက်ကွယ်သွားသည်။

“ကောင်းပြီဟေ့၊ သွားကြစို့”

ဆွန်မိုးက လှေကားကို ဦးတည်လိုက်သည်။

“ထန်ထန်ယုထန်၊ မင်းကို အချိန်သုံးမိနစ် ပေးမယ်။ တိုက်ပွဲပြီးအောင် တိုက်ခဲ့ပါ”

“ဆရာ၊ ငါအရမ်းအားနည်းတယ်။ သေသွားလိမ့်မယ်”

ရောဂါသည် ညည်းညူနေသည်။

ဆွန်းမိုက သူ့ကို ဂရုမစိုက်ပေ။

လေးယောက်သား အပေါ်သို့ တက်သွားသည်။

ဂျိဝမ်ဒေါင်သည် ဆွန်းမိုကို အဆက်မပြတ် အကဲခတ်ပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။ နောက်ဆုံး၌ မနေနိုင်ဘဲ လီဇီချီကို တိုးတိုးလေး မေးလိုက်သည်။

"အဲဒီ ကျောင်းသားက တော်တော် နေမကောင်းတဲ့ ပုံပဲ။ ပုံရိပ်ယောင်ကို ဘယ်လို အနိုင်ယူမှာလဲ"

ဂျိဝမ်ဒေါင်သည် ဒီစကားသာ ပြောလိုက်ရသေးသည်။ အနောက်မှ ညည်းညူသံကို ကြားလိုက်ရသည်။

"အမှန်ပဲ။ ငါသေလုနီးပါပဲ"

"ဘာ"

ဂျိဝမ်ဒေါင် ရုတ်တရက် အံ့အောပြီး နောက်လှည့်ကြည့်လိုက်လျှင် လန့်သွားသည်။ ရောဂါသည်က သူ့အနောက်၌ မြင်လိုက်ရသည်။

အရမ်း မမြန်လွန်းဘူးလား။

တစ်ကိုယ်ရည် အာသာဖြေခြင်း တစ်ခေါက်လုပ်တာထက်ပင် ပိုမြန်သေးသည်။

"မင်းဘာလုပ်ခဲ့တာလဲ"

ဂျိဝမ်ဒေါင် အရမ်းသိချင်နေသည်။

"ဟီးဟီး"

ရောဂါသည်က ပြောစရာအကြောင်း မရှိပေ။

"ဒီလိုလူက ဆရာဆွန်းရဲ့ တပြည့်ဖြစ်ချင်တယ် ဟုတ်လား"

ဂျိဝမ်ဒေါင် ညည်းညူလိုက်သည်။ ရောဂါသည် ကောင်လေးက သူ့ကို အရမ်းထူးဆန်းသော ခံစားချက် ပေးစွမ်းပြီး တော်တော်လေး စိတ်မသက်မသာ ဖြစ်စေသည်။

နန်ကုန်တာအိုပင် သူနှင့်တိုက်ခိုက်လျှင် ရှုံးနိုင်သည်ဟု ခံစားနေရသည်။

ဒင်

"နန်ကုန်တာအိုရဲ့ လေးစားမှုတိုးလာတဲ့အတွက် ဂုဏ်ပြုပါတယ်။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကလည်း အဆင့်တစ်ခု တိုးတက်သွားသည်။ အခြားကျောင်းက ထိပ်တန်းကျောင်းသား ဖြစ်တဲ့အတွက် ဆုလဒ် - ငွေရောင် ရတနာ သေတ္တာတစ်လုံး"

ဆွန်းမိုသည် စနစ်ဆီက အကြောင်းကြားချက်ကို ရုတ်တရက် ကြားဖြတ်ပြီး ပြောလိုက်သည်။

"ရတနာသေတ္တာကို ဖွင့်"

အလင်းတန်းတွေ ပြန့်ကျဲပြီး စွမ်းရည်စာအုပ်တစ်အုပ် လေထဲ၌ လွှင့်မျောနေသည်။

ဒင်

“အမှောင်တိုက်ကြီးက အပင်မျိုးပေါင်းတစ်ရာအကြောင်း ဗဟုသုတကို ရရှိတယ်။ ကျွမ်းကျင်မှုအဆင့် အခြေခံ အဆင့်။ သင်ချင်လား ”

“လေ့လာပါ။”

ဆွန်းမို အသံက ပြတ်သားလှသည်။ ကျွမ်းကျင်မှုအဆင့်က အနည်းငယ် နိမ့်သော်လည်း ဒါကို

မြင့်တင်နိုင်သည်။ အနည်းငယ် ပိုသုံးလျှင်ပင် အချိန်တံဆိပ် နှစ်ခုပဲ ဖြစ်လိမ့်မည်။

ထိုနောက် ဆွန်းမိုသည် နောက်တစ်ကြိမ် ထပ်ပြီး သန်မာလာသည်ဟု ခံစားရသည်။

“ဇီချီက လပ်ကီးကောင်လေး ချီဟွာလောက် အံ့အောဖို့ မကောင်းဘူး”

ဆွန်းမို အော်ဟစ်လိုက်သည်။

တတိယအထပ်။

လေးထပ်

ငါးထပ်

....

ဆယ့်နှစ်ထပ် အထိရောက်လာခဲ့သည်။

အထပ်တိုင်း၌ ပုံရိပ်ယောင်များနှင့် ကြုံတွေ့ခဲ့ရသည်။ ပုံရိပ်ယောင်များ၏ တိုက်ခိုက်ရေး စွမ်းရည်သည် ပို၍ပို၍ မြင့်မားလာသည်။ ကိုင်တွယ်ရတာလဲ ပို၍ပို၍ ခက်လာသည်။

“မင်းတို့ သတိထားမိရဲ့လား။ ဒီပုံရိပ်ယောင်တွေက သင်ယူနိုင်တဲ့ပုံပဲ။ သူတို့ရဲ့ အလုံးစုံ စွမ်းရည်ကလည်း ပိုအားကောင်းလာတယ်”

ထန်ထန်ယုထန်က မနေနိုင်ဘဲ ရယ်လိုက်သည်။

“ဒီကောင်တွေ ငါ့ရဲ့ ချောင်းဆိုးခြင်း စည်းချက်တွေတောင် သင်ယူတယ်”

“အမ်။ မင်းချောင်းဆိုးတာတောင် စည်းချက်နဲ့လား”

ဂျိဝမ်ဒေါင် အံ့အောသွားသည်။

“အစွဲအလမ်းကြီးတဲ့ ရောဂါက တကယ်အံ့အောဖို့ကောင်းတယ်”

လီဇီချီ နှုတ်ခမ်း တုန်သွားသည်။ ဒါကို သူမ အရင်ကတည်းက သတိထားမိသည်။ ပြီးတော့ ဒီအသုံးအနှုန်းကို ဆွန်းမိုဆီက သင်ယူခဲ့သည်။

“ချောင်းဆိုတာက အစပိုင်းတော့ မကောင်းဘူးလို့ ခံစားရမယ်။ ဒါကြောင့် နာကျင်မှု တချို့သက်သာဖို့ ပျော်စရာ ရှာခဲ့တယ်”

ထန်ထန်ယုထန်၏ လေသံက အမှန်အတိုင်း ပြောနေပုံရသည်။

ဆွန်းမို၊ ကူရှုပ်ရှင်းနှင့် ထန်ထန်ယုထန်တို့သည် ဖိအား တစ်စုံတစ်ရာ မရှိဘဲ ပုံရိပ်ယောင်ကို

အနိုင်ယူခဲ့သည်။ လီဇီချီ၌ အခက်အခဲ တချို့ ရှိသော်လည်း ဆက်လက်ပြီး တိုက်ခိုက်နေခဲ့သည်။ သို့သော် အဆိုးဆုံးက ဂျိဝမ်ဒေါင် ဖြစ်နေသည်။

သူသည် ခုနစ်ထပ်မြောက်၌ မအောင်မြင်တော့ပေ။

နောက်ဆုံး၌ မနေနိုင်တော့ဘဲ ဆွန်းမိုထံ လျှောက်သွားကာ လေးနက်စွာ အရိုအသေ ပေးလိုက်သည်။

"ဆရာဆွန်း၊ ကျောင်းသား ဂျီဝမ်ဒေါင်က မင်းရဲ့လမ်းညွှန်မှုကို လိုချင်လို့ လေးနက်စွာ တောင်းခံပါတယ်"

ဆွန်းမိုအတွက် အခက်အခဲ မရှိသော်လည်း လမ်းညွှန်ချက် တစ်ခုသာ ပေးခဲ့သည်။

"မင်းရဲ့ တိုက်ပွဲပုံစံက အရမ်းမာကျောတယ်။ ကွဲပြားမှုလည်း ထပ်ထည့်ပါ"

"အမ်၊ ငါလုပ်ခဲ့တယ်"

ဂျီဝမ်ဒေါင် မျက်မှောင် ကြုတ်သွားသည်။ ဒီပြဿနာကို သူလည်း သတိထားမိသည်။

"မင်း သတိမထားမိဘူးလား။ မင်းက စိတ်တိုလွယ်တယ်။ မင်းစိတ်တိုလိုက်တာနဲ့ မင်းရဲ့ တိုက်ခိုက်မှုတွေက ပုံစံအပေါင်းထဲ ပြန်ရောက်သွားတယ်"

ရှင်းရှင်းလင်းလင်း ပြောရလျှင် သူက ဉာဏ် မမှီသလို ဖိအားဒဏ်လည်း မခံနိုင်ပေ။

"ဒါဆို ငါက ဘာလုပ်ရမှာလဲ"

ဂျိဝမ်ဒေါင်က နှိမ့်ချပြီး အကြံဉာဏ်တောင်းလိုက်သည်။

"အချိန်အတိုလေးအတွင်းမှာ ဒါကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ တိုက်ပွဲ များများတိုက်ပြီး အတွေ့အကြုံကို ဖြေးဖြေးခြင်း စုဆောင်း"

ကူရှုပ်ရှင်း ဖြတ်ပြောလိုက်သည်။

ဂျိဝမ်ဒေါင်သည် စိတ်ပျက်လက်ပျက် ငေးကြည့်နေသည်။ ဒီချို့ယွင်းချက်က တိုးတက်ရန် အခက်အခဲဆုံးဖြစ်ကြောင်း သူနားလည်နေသည်။

"စိတ်ဓါတ် မြှင့်ထားစမ်းပါကွာ။ အခုပဲ ဒီစိတ်အခြေအနေကို ခံစားကြည့်လိုက်"

ဆွန်းမိုက ဒီလိုပြောပြီး ဂျိဝမ်ဒေါင်၏ နဖူးကို လက်သီးနဲ့ ထိုးလိုက်သည်။

ဘုန်း

စိတ်ဝိညာဉ် ပုံသွင်းခြင်း။

နို့ဖြူရောင် အလင်းတန်းသည် ဂျိဝမ်ဒေါင်၏ နဖူးထဲမှ ဝင်သွားပြီး စိတ်ထဲ ဝင်ရောက်သွားသည်။ အသိပညာ၊ နားလည်မှုနှင့် များပြားလှသော အတွေ့အကြုံများသည် စိတ်ထဲ၌ ချက်ခြင်း ပေါ်လာပြီး တည်ငြိမ်သော စိတ်အခြေအနေသို့ ရောက်ရှိသွားသည်။

(ညာဏ် မရှိဘူးလား။ ကိစ္စမရှိဘူး။ ညာဏ်ဆိုတာ ဘာလဲ ပြောပြမယ်)

“သွားသတ်လိုက်”

ဆွန်းမိုက ဂျိဝမ်ဒေါင်ကို ပုခုံးမှ တွန်းလွှတ်လိုက်သည်။

ဂျိဝမ်ဒေါင်က ပုံရိပ်ယောင်ထံ ဦးတည်သွားလိုက်သည်။ စောစောတုန်းက ပုံရိပ်ယောင်ကို မြင်လျှင် ကိုင်တွယ် ဖြေရှင်းနိုင်မည့် နည်းလမ်း ရှာမတွေ့ပေ။ သို့သော် ဆွန်းမိုထံက တိုက်ပွဲညာဏ်နှင့် အတွေ့အကြုံကို ရရှိပြီးနောက်

ယခုအခါ၌ ပုံရိပ်ယောင်များသည် အမှားများဖြင့် ပြည့်နှက်နေသည်။

"သေစမ်း"

ဂျိဝမ်ဒေါင်က ရှိသမျှ အကုန်ထုတ်သုံးလိုက်သည်။

တစ်မိနစ်အတွင်း၌ ပုံရိပ်ယောင် ကြွေမွသွားသည်။

ကြည်နူးစရာပဲ။

တကယ်ကြည်နူးဖို့ ကောင်းလွန်းတယ်။

ဂျိဝမ်ဒေါင်သည် တော်တော် မောဟိုက်နေသည်။ ခေါင်းလှည့်ကာ ဆွန်းမိုကို ကြည့်လိုက်သည်။

"ဆရာဆွန်း၊ ကျွန်တော်နိုင်ပြီ"

"ဒါပေါ့"

လီဇီချီ တွေးနေမိသည်။ (မင်းရဲ့ အတွင်းပိုင်းက အခုဆိုရင် ဆရာဖြစ်နေပြီလေ။ ဆရာရဲ့ အတွေးကို အသုံးချပြီး တိုက်ပွဲဝင်နေသလိုပဲ။ မင်းမနိုင်ရင် မင်းက အမှိုက်ပဲ။)

"ဒါက ဘာနည်းပညာလဲ။"

ဂျိဝမ်ဒေါင်က ဆွန်းမိုကို ကြည့်ပြီး မေးနေသည်။ စိတ်ထဲ၌ ရှိသောအရာတွေကို လောဘကြီးစွာ အာရုံခံနေသည်။

“မင်းလုပ်နိုင်ရင် မမေးနဲ့။ ဒါက မြတ်ဆရာ အရှိန်အဝါ တစ်ခုပဲ”

ဆွန်းမိုက ရယ်မောပြီး ပြန်ဖြေသည်။

“မင်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်။ ဆရာဆွန်း”

ဂျိဝမ်ဒေါင်က နောက်တစ်ကြိမ် ဦးညွှတ်လိုက်သည်။ ယခုတော့သူသည် အရမ်းအစွမ်းထက်နေပြီး နန်ကုန်တာအိုကိုပင် အနိုင်ယူနိုင်မည်ဟု ခံစားနေရသည်။

ဒင်

ဂျိဝမ်ဒေါင်၏ လေးစားအထင်ကြီးမှု +၅၀၀။ ရှိသေ (၁,၂၅၀/၁၀,၀၀၀)

"ကောင်းတယ်။ နောက်ထပ် အတွေ့အကြုံလေး တစ်ခုပေါ့ ကလေး"

ဆွန်းမိုက ရိုးသားသော ချီရှန်ကျားအကြောင်း ပြန်တွေးလိုက်မိသည်။ မကြာသေးခင် ဘယ်လို ခံစားခဲ့ရလဲဆိုတာ စဉ်းစားပြီး အံ့အောနေလိမ့်မည်။ ရှေ့ဟောင်းရဲတိုက်မှ ထွက်ခွာပြီးသည့်အချိန်ဆိုလျှင် ဂျိဝမ်ဒေါင်ထံမှ လေးစားအထင်ကြီးမှု အမှတ် ၃၀၀၀ ကျော်သွားနိုင်သည်။

ကူရှုပ်ရှင်းက ဆွန်းမိုကို အကဲခတ်နေသည်။ သူမ၏ အကြည့်တွေက သံသယတွေနှင့် ပြည့်နေသည်။

“ဒီမြတ်ဆရာအရှိန်အဝါရဲ့ အကျိုးသက်ရောက်မှုက ဉာဏ်အလင်းပေးမှုနဲ့ နည်းနည်း ဆင်တူပေမယ့် အတိအကျတော့ မတူဘူး။ ဆွန်းမိုက ကျောင်းသားရဲ့ ဦးနှောက်ထဲကို အရာအားလုံး တိုက်ရိုက် ထည့်ပေးနိုင်သလိုပဲ”

ကူရှုပ်ရှင်း သုံးသပ်နေသည်။

ဆွန်းမိုက မြတ်ဆရာအရှိန်အဝါ အသစ်စက်စက်ကို တကယ် နားလည်ခဲ့တာလား။

ဒါသာ အမှန်ဆိုရင် တကယ် အံ့အောစရာပဲ။

"ကောင်းပြီဟော့။ ဆက်လျှောက်ကြစို့"

ဆွန်းမိုက လှေကားပေါ်တက်သွားသည်။

....

" လှေကားအောက်က အဲဒီကျောင်းသားက ဗဟိုပြည်နယ် အကယ်ဒမီက မဟုတ်လား။ ဒီမှာ ရှုံးနိမ့်သွားတာက တကယ် သနားစရာပဲ"

မာရှန် သက်ပြင်းချလိုက်မိသည်။ ထို အမှောင် လျှို့ဝှက်ရတနာကို ရခဲ့လျှင် ကျောင်းသားတွေ၏ အသိ ပြန်ရမလားဆိုတာ သူတွေးနေခဲ့သည်။ ထိုသို့မဟုတ်ခဲ့ပါက ပါရမီရှင်တစ်ယောက် ရှုံးသွပ်သွားလျှင် အရမ်းကြီးမားသော ဆုံးရှုံးမှု ဖြစ်သည်။

မာရှန်သည် လှေကားပေါ် တက်သွားသည်။ တစ်ချက်ကြည့်လိုက်လျှင် အောက်ထပ်နှင့် မတူသည်ကို တွေ့လိုက်သည်။ သူ့ရှေ့ တည့်တည့်၌ စကြံန် တစ်ခု ရှိနေသည်။

“ဒါက အမြင့်ဆုံးအထပ် ဖြစ်နိုင်တယ် မဟုတ်လား”

မာရှန်သည် စိတ်လှုပ်ရှားခြင်း ဒါမှမဟုတ် လန့်ဖြန့်ခြင်း မခံစားရပေ။ သူသည် အပေါ်ဆုံးအထပ်၌ တည်ငြိမ်စွာ လမ်းလျှောက်ပြီး စကြံန်အဆုံးအထိ လျှောက်သွားသည်။ ထိုနောက် အံ့အောသင့်သော အမှုအရာ ပေါ်လာသည်။

မာရှန်သည် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှု အမျိုးမျိုး ပြုလုပ်ခဲ့သည်။ သေဆုံးသွားသော မိသားစုဝင်များပင် ပုံရိပ်ယောင်အဖြစ် ပေါ်လာနိုင်သည်ဟု

တွေးထားသည်။ သို့သော်လည်း ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းသားတစ်ယောက် ဖြစ်နေလိမ့်မည်ဟု လုံးဝ မတွေ့ထားခဲ့မိ။

“ငါ့မျက်လုံးတွေပဲ အမြင်မှားနေတာလား”

မာရှန် ကိုယ့်ကိုယ်ကို သံသယ ဝင်လာသည်။

အခန်း (၃၉၃) - ဆရာဆွန်း တပြည့်တွေ အကုန်လုံးက မွန်းစတားတွေလား။

"တိုက် တိုက်"

စိတ်ဝိညာဉ် ပုံသွင်းခြင်း အကျိုးသက်ရောက်မှုနှင့်အတူ ဂျိဝမ်ဒေါင်သည် ဆွန်းမို၏ တိုက်ပွဲ အတွေ့အကြုံ ၊စိတ်ပိုင်းဆိုင်ရာ အခြေအနေ တို့ကို ရရှိခဲ့သည်။ သူက မယုံကြည်နိုင်လောက်အောင် ဖြစ်လာသည်။

သူ့ရှေ့၌ရှိသော ပုံရိပ်ယောင် အားလုံး ကြွေမွသွားသည်။

မာရှောင် ကျောင်းက ပါရမီရှင်တစ်ယောက်အနေနှင့် ဂျိဝမ်ဒေါင်၏ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းသည် အထူးကောင်းမွန်သည်။ သို့သော် အကုန်လုံး ထုတ်မသုံးစွဲနိုင်ခဲ့ပေ။

ဂျိဝမ်ဒေါင်သည် ထိုမျှဆိုးသော်လည်း ခေါင်းနှင့် ကိုယ်က တွဲဖက်မှု မရှိသလို ဖြစ်နေခဲ့သည်။ ယခုတော့ ဆွန်းမို၏ အတွင်းအူတိုင် အဖြစ်

ပြောင်းလဲသွားတဲ့အခါ သူ့၏ တိုက်ခိုက်ရေး အစွမ်းက ချက်ခြင်း ကြီးထွားလာသည်။

ဒီခံစားချက်က ကြည်နူးစရာ ကောင်းလှ၏။

"ဆယ်ယောက်တစ်ယောက် တိုက်ခိုက်ရင်တောင် အနိုင်ယူနိုင်မယ်လို့ ခံစားရတယ်"

သူ့၏ ပြိုင်ဘက်ကို အနိုင်ယူပြီးနောက် ဂျိဝမ်ဒေါင်သည် ခါးပေါ်လက်တင်ကာ လှည့်ပတ်ပြီး ကြည့်လိုက်သည်။ ထိုနောက် ဆွန်းမိုတို့ကို မစောင့်ဘဲ အပေါ်ထပ်သို့ တက်သွားသည်။

ယခုအချိန်၌ နောက်ထပ် ပြိုင်ဘက်တစ်ယောက်ကို တိုက်ခိုက်ရန် မစောင့်နိုင်အောင် ဖြစ်နေသည်။

ကူရှုပ်ရှင်းသည် ဂျိဝမ်ဒေါင် ဘာကြောင့် ဒီလောက် ကြီးကြီးမားမား ပြောင်းလဲသွားလဲ ဆိုသည်ကို သိချင်နေသည်။ သို့သော်လည်း ဆွန်းမို၏ လျှို့ဝှက်ချက်ဟု ယူဆ၍ မမေးဖြစ်ခဲ့ပေ။

ဆွန်းမိုသည် ဒါကို သတိထားလိုက်မိပြီး မနေနိုင်ဘဲ ပြုံးလိုက်မိသည်။

“ငါတို့မှာက အဲဒီလို ဆက်ဆံရေးမျိုး ရှိပြီးသားပါ။ မင်းပြောချင်တာရှိရင် လွတ်လွတ်လပ်လပ် ပြောလို့ရတယ်။”

ဆွန်းမိုက ကူရှုပ်ရှင်းကို သူငယ်ချင်းကောင်းတစ်ယောက်ဟု ခံစားရသည်။

“ဘာ....ဘာဆက်ဆံရေးလဲ”

ကူရှုပ်ရှင်း ရုတ်တရက် အံ့အောသွားပြီး သူမတို့နှစ်ယောက် အတူတူ ရေချိုးခဲ့သည့်ပုံကို မသိစိတ်က အလိုလို ပြန်တွေးမိသွားသည်။ ဆွန်းမိုသည် အရင်က သူမ၏တကိုယ်လုံးကို

မြင်ခဲ့ဖူး၏။ ထိလည်း ထိခဲ့ဖူး၏။ ထိုအရာကို အရမ်းရင်းနှီးသည်ဟု ယူဆနိုင်သည် မဟုတ်လား။

သူငယ်ချင်းထက် သာလွန်သော်လည်း ချစ်သူတော့ မဖြစ်သေးပေ။

"အမ်၊ ငါတို့က သူငယ်ချင်း မဟုတ်ဘူးလား"

ဆွန်းမို အံ့အားသင့်သွားသည်။ (ငါပဲအတွေးလွန်နေတာလား။ ကူရှုပ်ရှင်းက ဒါကို လုံးဝ ဂရုမစိုက်တာလား)

"..........."

အကြောင်းပြချက် တစ်ခုခုကြောင့် ကူရှုပ်ရှင်းသည် သူငယ်ချင်းဟူသော စကားကို ကြားပြီး မျက်မှောင်ကြုတ်သွားသည်။ စိတ်ထဲလည်း ချက်ခြင်း အနေရခက်သွားသည်။

(မင်းရဲ့ သူငယ်ချင်းကို ကိုယ်လုံးတီး ကြည့်ပြီး လိုက်ကိုင်တာပဲလား။ ခဏနေအုံး။ ကူရှုပ်ရှင်း၊ ဒီကိစ္စကို မြန်မြန်မေ့လိုက်တော့။ မင်းရဲ့အနာဂတ် ခင်ပွန်းလောင်းအတွက် မကျန်ပဲနေအုံးမယ်။ ဒါကို မင်းသိလား)

ဘုန်းကြီးတစ်ပါးက လှပသော အမျိုးသမီးတစ်ယောက်ကို ကျောပိုးပြီး မြစ်ကို ဖြတ်ကူးသည်နှင့် တူနေသည်။ ထိုနောက် ဘုန်းကြီးလေးက ဘုန်းကြီးကို ပြန်လှည့်ကြည့်ပြီး

"ယောကျ်ားနဲ့ မိန်းမ အဲဒီလောက် နီးနီးကပ်ကပ်နေတာ မသင့်တော်ဘူး မဟုတ်လား"ဟု မေးလိုက်သည်။

သို့သော်လည်း ဘုန်းကြီးက " ငါက သူမကို မြစ်ကိုဖြတ်ပြီး သယ်ပေးခဲ့တယ်။ ဒီအကြောင်းကိုလည်း မတွေးတော့ဘူး။ ဒါပေမယ့်

မင်းက သူမကို မသယ်ပေမယ့် မင်းရဲ့နှလုံးသားထဲမှာ သူမကို လက်မလွှတ်နိုင်ဘူး ဖြစ်နေတယ်။ ဒါက စွဲလမ်းမှု တစ်ခုပဲ”

ထိုအကြောင်းကို တွေးရင်း နာကျင်မှု တပ်မက်သူလေးသည် အသက်ခပ်ပြင်းပြင်း ရှူကာ သွားတွေ ပေါ်အောင် ပြုံးလိုက်သည်။

“ဟုတ်တယ်၊ ငါတို့က သူငယ်ချင်းတွေပဲ”

စကားပြောပြီးသည်နှင့် ဆွန်းမိုရင်ဘက်ကို ခပ်ပြင်းပြင်းလေး ထိုးလိုက်သည်။ ထိုနောက်

မြတ်ဆရာအရှိန်အဝါ အကြောင်းကို ထပ်မမေးဘဲ တိတ်ဆိတ်နေသည်။

"ဟဲဟဲ၊ ဒါက မြတ်ဆရာ အရှိန်အဝါ အသစ်စက်စက်ပဲ"

နာကျင်မှုတပ်မက်သူလေးက မသိသလို လုပ်နေသော်လည်း မေးရမှာ ရှက်နေမှန်းသိသဖြင့် ဆွန်းမိုက သူဘာသာသူ ပြောလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် တပည့်တွေအားလုံးလည်း ဒီအကြောင်းကို သိနေသဖြင့် ဖုံးကွယ်ထားစရာ မလိုတော့ပေ။

"ဒါက တကယ်လား"

ခိုင်လုံသော အဖြေကို ရပြီးနောက် ကူရှုပ်ရှင်း စိတ်ပျက်သွားသည်။

သူမတို့ကြား၌ ကွာခြားချက်က အရမ်းကြီးမားနေသည်။

ကြယ်ရှစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာစေရန် တင်းကျပ်သော လိုအပ်ချက်မှာ မြတ်ဆရာအရှိန်အဝါ အသစ်စက်စက်ကို နားလည်ရန် လိုအပ်သည်။

ဒါက ဘယ်လောက်တောင် ခက်ခဲလဲ။

ဥပမာအားဖြင့် ကြယ်ခုနှစ်ပွင့် မြတ်ဆရာ လီဝမ်ဂျင်သည် နှစ်ပေါင်း ကိုးရာတိုင်အောင် နေခဲ့ပြီး ငါးဆ ဘိုးဘေးအဖြစ် လူသိများသည်။

အကြောင်းမှု သူသည် မှော်ဆေးပညာ၊ လက်နက် ထုတ်လုပ်ခြင်းပညာ၊ ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း၊ ရုပ်သေးပညာနှင့် ဝိညာဉ်တက်တူး ဘာသာရပ်တို့၌ ဘိုးဘေးအဆင့် ရှိနေသောကြောင့် ဖြစ်သည်။ ပြည့်နယ်ကိုးခုစလုံးမှာလည်း တပြည့်တွေ မရေမတွက်နိုင်အောင် ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမျှ တောက်ပသော အောင်မြင်မှုကို ရထားသော်လည်း လီဝမ်ဂျင်သည် မြတ်ဆရာ အရှိန်အဝါအသစ်စက်စက်ကို နားမလည်သောကြောင့် ကြယ်ခုနှစ်ပွင့် မြတ်ဆရာ တစ်ယောက်အနေနဲ့သာ ဆက်ရှိနေသည်။

ဆွန်းမို အသက်ဘယ်လောက် ရှိပြီလဲ။

အသက် ၂၀သာ ရှိသေးသည်။

“ ဘယ်လောက်တောင် စုတ်ပျက်တဲ့ ကံတရားလဲ”

ကူရှုပ်ရှင်း အထိတ်တလန့် အော်ပြောပြီး ဆွန်းမို လည်ပင်းကို ညှစ်လိုက်သည်။

"ငါမထိန်းနိုင်တော့ဘူးနော်။ အရမ်း မနာလို ဖြစ်နေပြီ။ ငါ့ကို ဆယ်ကြိမ်နှိပ်ပေးရမယ်။ မဟုတ်ဘူး။ အကြိမ်နှစ်ဆယ်။ အဲဒီလို လုပ်မှပဲ မင်းကို ခွင့်လွှတ်ပေးနိုင်မယ်။ ဒီလိုမှမဟုတ်ရင် ငါတို့ သူငယ်ချင်း မဟုတ်တော့ဘူး"

ဒင်

ကူရှပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ လေးစား (၆,၅၀၀/၁၀,၀၀၀)

ဆွန်းမိုက နာကျင်မှုတပ်မက်သူလေးဆီက လေးစားအထင်ကြီးမှု အမှတ်တွေရလိုက်လျှင်

ပြုံးလိုက်မိသည်။ သူမ ရင်သားပိုကြီးလာစေရန် အနာဂတ်တွင် သူ့ကို လည်ပင်းညှစ်တာနဲ့ ရှေ့ဟောင်း အနှိပ်ပညာကို သုံးလိုက်ရင် ကောင်းမလား။ ထိတွေ့မှု ပိုကောင်းလာလိမ့်မည်။

"ငါဘာလုပ်သင့်လဲ။ သူတို့ လက်ထပ်ကြတော့မယ်။ အရေးပေါ် တုန့်ပြန်ဖို့လိုနေပြီ"

လီဇီချီသည် ဆွန်းမိုနှင့် ကူရှုပ်ရှင်းကို ကြည့်လိုက်သည်။ သူတို့နှစ်ယောက်ကြားက အခြေအနေသည် အရမ်းကောင်းနေသည်။ ဒါသည်

အိမ်ထောင်ရေး ကြီးကြီးမားမား ဖောက်ပြန်နေတဲ့ မြင်ကွင်းနှင့် အလွန်တူနေသည်။

ဒီလို မဖြစ်ရဘူး။ သူမပဲ အနစ်နာ ခံလိုက်မယ်။

"ဆရာ"

လီဇီချီက လှမ်းအော်ပြီး ကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်သည်။

"ခြေထောက်တွေ နာနေပြီ"

"မင်း စောစောတုန်းက ကန်ခဲ့လို့ နာတာ ဖြစ်မယ်"

ထန်ထန်ယုထန်က သူမဘေး၌ ဆောင့်ကြောင့် ထိုင်လိုက်သည်။

“ဒါက ကိစ္စသေးသေးလေးပါ။ မင်းအတွက် ဆေးတချို့ ပေးမယ်”

“မင်းခပ်ဝေးဝေး မနေနိုင်ဘူးလား”

လီဇီချီသည် အလဲထိုးခံရသကဲ့သို့ ခံစားရသည်။ ကံကောင်းသည်မှာ သူမ၏ ဆရာက စိတ်ပူပြီး ဒဏ်ရာများ စစ်ဆေးရန် အမြန်ရောက်လာသည်။

လီဇီချီသည် ဒီမြင်ကွင်းကို ကြည့်ပြီး သူမ၏ ဆရာကို မနှောက်ယှက်သင့်ဘူးဟု တွေးမိပြီး အရမ်း စိတ်လှုပ်ရှားသွားသည်။

တကယ်လို့ ယောကျ်ားတစ်ယောက်မှာ မိန်းမတွေ အများကြီး၊ မောင်းမမိဿံတွေ၊ ပွေ့ဖက်လို့ရတဲ့ မိတ်ဆွေ အများကြီးရှိမယ်ဆိုရင် ဘာဖြစ်လဲ။

သူတို့ အရေအတွက်များလေလေ သူမဆရာက တကယ်အံ့အောစရာ ကောင်းကြောင်း သက်သေပြလေလေပဲ ဖြစ်မည်။

(ဆရာ့အစား ဝမ်းသာနေသင့်တယ်)

လီဇီချီသည် ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

....

"ဆရာ၊ မြန်မြန်လာ"

အပေါ်ထပ်မှ ဂျိဝမ်ဒေါင်၏ အသံ ရုတ်တရက် ပေါ်လာသည်။

ဆွန်းမိုနဲ့အခြားသုံးယောက် ချက်ခြင်း လန့်ဖြန့်သွားသည်။

"ဆရာ၊ အဲဒီမှာ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတစ်ယောက်"

ဂျိဝမ်ဒေါင် အရှေ့ဘက်နံရံကို ညွှန်ပြလိုက်သည်။ ယောကျ်ားတစ်ယောက်သည် ခြေတွေ လက်တွေ ဆန့်ကာ ပက်လက် လှန်နေပြီး မျက်နှာကျက်ကို အသိမဲ့စွာ ငေးကြည့်နေသည်။

“ရှန်ယွန်ပေါင်လား”

ဆွန်းမိုက လျှင်မြန်စွာ ကျော်တက်သွားသည်။ တစ်ချိန်တည်းမှာပင် နတ်ဘုရားမျက်စိအာရုံ အသုံးပြုပြီး ရှန်ယွန်ပေါင်ကို လေ့လာလိုက်သည်။

သတိပေးချက်။ ဘယ်ဘက်ပေါင်၊ ဘယ်ဘက်ခါး၊ ဘယ်ဘက်ပုခုံးရိုးနဲ့ လက်ကောက်ဝတ် နှစ်ဖက်စလုံး

အရိုးကျိုးနေတဲ့ လက္ခဏာ တွေ့ရသည်။ ပြီးတော့ ကြွက်သားပေါင်းများစွာ ဒဏ်ရာရနေပြီး အတွင်းပိုင်း သွေးယိုမှု ရှိသည်။

ဆွန်းမိုက အချိန်မဆွဲတော့ပဲ ရှန်ယွန်ပေါင်အပေါ် လက်တင်လိုက်သည်။

ဘုန်း

ဝိညာဉ်ချီ ပျံ့လွင့်လာပြီး ဂျင်းနီ ပေါ်လာသည်။ ရှန်ယွန်ပေါင်၏ ကြောက်မက်ဖွယ်ရာ အတိဒုက္ခကို တစ်ချက်ကြည့်ပြီး ဗလပြကာ ကုသမှုကို စတင်လိုက်သည်။

အရိုးပေါ်က အက်ကွဲကြောင်းများကို ပြုပြင်ရန်အတွက် အရိုးအထိုင်ချခြင်းနည်းစနစ်ကို အသုံးပြုလိုက်သည်။ ကြွက်သားများကို ကုသရန်အတွက် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။ ထိုနောက် သွေးလည်ပတ်မှုကို မြှင့်တင်ရန်အတွက် မတည်ငြိမ်မှုတွေကို ဖယ်ရှားလိုက်သည်။

လုပ်ငန်းစဉ်တစ်ခုလုံး ဆယ်မိနစ်ခန့် ကြာသည်။

ဆွန်းမိုသည် လက်ကို ခါလိုက်သောအချိန်၌ ချွေးတော်တော် ထွက်နေသည်။

"ရှန်ယွန်ပေါင်က သူ့လမ်းကိုသူ တိုက်ခိုက်ပြီး တက်လာတယ် ထင်တယ်"

ထန်ထန်ယုထန် နှုတ်ခမ်းကွေးသွားပြီး တိုက်ခိုက်ရေးစွဲလမ်းသူ၏ ကိုယ်ကို လိမ်းပေးရန်အတွက် ဆေးပင်တချို့ကို ထုတ်ယူလိုက်သည်။

"တိုက်ပွဲ မဝင်ခင် စီစဉ်ထားမယ်လို့ မင်းထင်နေတာလား"

လီဇီချီက မေးလိုက်သည်။

"မဟုတ်ဘူး"

ရောဂါသည် ဒီစကားကိုကြားလိုက်လျှင် မနေနိုင်ဘဲ ပြုံးလိုက်မိသည်။ တကယ်တော့ ဒီလို အပြစ်မဲ့သောလူတွေနှင့် သူငယ်ချင်း ဖြစ်ရတာ တော်တော်လေး ကောင်းသည်။

ဂျိဝမ်ဒေါင်သည် ရှန်ယွန်ပေါင်၏ ကြောက်စရာကောင်းသော ဒဏ်ရာများကို မြင်လိုက်လျှင် သူလည်း နာလာသလို ခံစားရသည်။

"ဒဏ်ရာတွေ ဒီလောက်များနေတာတောင် ဘာဖြစ်လို့ မရပ်သေးတာလဲ"

ဂျိဝမ်ဒေါင် အံ့အောနေသည်။

သူလည်း တိုက်ခိုက်ပြီး တက်လာတာ ဖြစ်သဖြင့် ပုံရိပ်ယောင်တွေ ဘယ်လောက်တောင် အားကောင်းလဲဆိုတာ သိနေသည်။ ဆွန်းမို၏ အကူအညီသာမပါခဲ့လျှင် လဲကျသွားသည်မှာ ကြာနေပြီ။

ထန်ထန်ယုထန် ဟုတ်လား။

သူက ဆေးပစ္စည်းမျိုးစုံကို အသုံးပြုပြီး အဆိပ်နဲ့သတ်ခဲ့သည်။ အမှန်တကယ်တော့ ပုံရိပ်ယောင်တွေသည် ရောဂါသည်ဆီက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆေးဗဟုသုတ အားလုံးကို အတုယူထားသော်လည်း သူတို့၌ သုံးစရာ အဆိပ် မရှိပေ။

လီဇီချီကတော့ မတိုက်ခိုက်တော့ချေ။

(ငါက ပညာတတ် မိန်းကလေးလေ။ ကြမ်းတမ်းတဲ့ တိုက်ခိုက်မှုမျိုး မလုပ်ချင်ပါဘူး)

အမှန်အတိုင်း ပြောရလျှင် အရှုံးပေးသော ဆုံးဖြတ်ချက်ချခြင်းသည် ရင့်ကျက်မှုတစ်မျိုး ဖြစ်သည်။

လီဇီချီ၌ ရည်ရွယ်ချက်သည် ပြည်နယ်ကိုးခု၌ အကြီးဆုံး စာကြည့်တိုက် တည်ဆောက်ရန်

ဖြစ်သည်။ ဖတ်စရာစာအုပ်တွေ အမြဲရှိနေမှာ ဖြစ်သလို ကောင်းကင်ကြီး ဘယ်လောက်မြင့်ပြီး ကမ္ဘာကြီး ဘယ်လောက်ကြီးတယ်ဆိုတဲ့ အဖြေတွေကိုလည်း ရှာဖွေနိုင်သည်။ ဘယ်သူမှ မသိသော အဖြေတွေကိုလည်း ရှာဖွေနိုင်ရမည်။

တိုက်ပွဲ နတ်ဘုရားဖြစ်လာဖို့လား။

သူမ စိတ်မဝင်စားပါ။

"တကယ်လို့ "ရပ်ရမယ်' ဆိုတဲ့စကားလုံးကို သိနေရင် ရှန်ယွန်ပေါင် ဘယ်ဟုတ်တော့မှာလဲ"

လီဇီချီ ခံစားချက် ဖြစ်နေသည်။

ဂျိဝမ်ဒေါင်သည် ရှန်ယွန်ပေါင်ကို အံ့အောသင့်စွာကြည့်ရင်း သဘောကျနေသည်။ သူ့မှာသာ ဒီဒဏ်ရာ၏ သုံးပုံတစ်ပုံခန့် ရခဲ့လျှင် နောက်ပြန်ဆုတ်လိမ့်မည်။

"ရှန်ယွန်ပေါင်"

ဆွန်းမိုက အကြိမ်အနည်းငယ် ခေါ်သော်လည်း တုန့်ပြန်မှု မရှိပါ။

"ဒီကောင်လည်း နန်ကုန်လို အထိုးအနှက်ခံလိုက်ရပြီ"

ဒီစကားပြောပြီးနောက် ဂျိဝမ်ဒေါင် အံ့အောသင့်နေသည်။ ဒီရှန်ယွန်ပေါင်က နန်ကုန်ထက် ပို သန်မာနေသည် မဟုတ်ပါလား။ အကြောင်းမှု သူက ဒီနေရာအထိ ရောက်လာခဲ့ပြီးမှ စိတ်ဓါတ် ပြိုကွဲသွားသည်။

ဆွန်းမိုသည် အာရုံစိုက်ပြီး စိတ်ခံစားချက်များကို ထိန်းညှိလိုက်သည်။ ထိုနောက် ရှန်ယွန်ပေါင်၏ ခေါင်းထဲသို့ စိတ်ဝိညာဉ် ပုံသွင်းခြင်း ထည့်သွင်းလိုက်သည်။

ဘုန်း

ရှန်ယွန်ပေါင်၏ကိုယ်သည် တုန်သွားပြီး ပတ်ဝန်းကျင်ကို မှေး၍ ကြည့်လိုက်သည်။ ထိုနောက် သူမျက်လုံးများက ဆွန်းမိုထံ ရောက်သွားသည်။

“ဆရာလား”

ရှန်ယွန်ပေါင် ဖြည်းဖြည်းခြင်း အသိပြန်ဝင်လာသည်။

“အနားယူလိုက်ပါ”

ဆွန်းမိုက နှစ်သိမ့်သည်။

“ဟီးဟီး”

ရှန်ယွန်ပေါင် ကို့ကိုယ်ကို လှောင်ပြုံးပြုံးလိုက်သည်။ ထိုနောက် ကြိုးစားပြီး မတ်တပ်ထရပ်သည်။ အဝေး၌ ပြုတ်ကျနေသော လှံကို ကောက်ကိုင်လိုက်သည်။

“ငွေလှံလေး၊ ငါ့ကို စိတ်ပျက်သွားပြီလား။ ငါဘယ်လို လုပ်ရမလဲ”

ရှန်ယွန်ပေါင်က တိုးတိုးလေး ရေရွတ်လိုက်ပြီး ညာဖက်လက်သီးနှင့် ကိုယ့်မျက်နှာကိုကိုယ် ပြန်ထိုးလိုက်သည်။

ဘုန်း

ရှန်ယွန်ပေါင် တစ်ကိုယ်လုံး တုန်သွားပြီး အော်ဟစ်လိုက်သည်။

"ထွက်လာစမ်း၊ နောက်တစ်ကြိမ် ထပ်တိုက်ရအောင်"

ဝူရှ်

အမှောင်ပုံရိပ်ယောင် ပေါ်လာသည်။

"ဒီကောင် တကယ့် အရူးပဲ"

ဂျိဝမ်ဒေါင် ကြောင်သွားသည်။

"သူ့ကို ဘာဖြစ်လို့ မတားတာလဲ"

နန်ကုန်တာအို ပြန်သတိရလာပြီးနောက်မှာပင် ပုံရိပ်ယောင်ကို စိန်ခေါ်ရန် အပေါ်သို့ ချက်ခြင်း မတက်သေးပါ။ ရှန်ယွန်ပေါင်သည် အနည်းဆုံးတော့ မိနစ်အနည်းငယ်ခန့် အနားယူသင့်သည်။

"ဆရာဆွန်း၊ ဒီကျောင်းသားက အထင်ကြီးဖို့ ကောင်းလွန်းတယ်။ တကယ်လို့ မသေခဲ့ရင် ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုတွေ ရမှာသေချာတယ်"

ဒါက မနာလိုစရာပဲ။

"အမ်၊ သူက ဆရာဆွန်းရဲ့ တပြည့်ပဲလား"

ဂျိဝမ်ဒေါင်သည် မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေသည်။

"ရှန်ယွန်ပေါင်က ဒီနေရာကို သူ့ဘာသာသူ ရောက်လာသလိုပဲ။ မင်းဘယ်လိုထင်လဲ"

ထန်ထန်ယုထန်က စပ်စုလိုက်သည်။

"တိုက်ပွဲ အနံ့ရလို့ နေမှာပေါ့"

လီဇီချီက ခန့်မှန်းလိုက်သည်။

ဂျိဝမ်ဒေါင် လေ့ကားအောက်တုန်းက စိုးရိမ်စိတ်ကို မမေ့သေးပါ။ ဆွန်းမိုနှင့် တွေ့ခဲ့လို့သာ....။ ထိုသို့မဟုတ်ခဲ့လျှင် ဒီကိုလာဖြစ်မည် မဟုတ်ပေ။

တိုက်ပွဲ အာရုံ လုံးဝမရှိပါ။ ရှန်ယွန်ပေါင်သည် ဆွန်းမို၏ အစုတိုင်ကို လက်ခံပြီး ပုံရိပ်ယောင်ကို ချက်ခြင်း ချေမှုန်းလိုက်သည်။ ထိုနောက် ဆွန်းမို ပုံရိပ်ယောင်ဘက်သို့ လှည့်ပြီး ညွှန်ပြလိုက်သည်။

"ငါ့ဆီလာခဲ့"

"..............."

ဂျိဝမ်ဒေါင် စကားမပြောနိုင် ဖြစ်သွားသည်။ ဆရာဆွန်းက အရှူးတွေလည်း လက်ခံတာလား။ ဒီကောင် အရမ်းသန်မာသည်ဆိုတာ

လက်ခံသော်လည်း ဉာဏ်ရည်ကတော့ ပြဿနာရှိနေသည်။

"ဆရာဆွန်း၊ စောစောက ပြောခဲ့တဲ့ စကားတွေပြန်ရုတ်သိမ်းတယ်။ ဒီကောင် အသက်တောင် ၂၀ မကျော်ဘူးလို့ ထင်တယ်"

ကူရှုပ်ရှင်းသည် စကားပြန်ပြောင်းလိုက်သည်။

"၁၅နှစ်လောက်တော့ ဖြစ်နိုင်ပါတယ်"

ထန်ထန်ယုထန်က အပြုံသဘောတောင် မဆောင်ပါ။

ဆွန်းမိုက ရှန်ယွန်ပေါင်ကို သူ၏ ပုံရိပ်ယောင်နှင့် တိုက်ခွင့်မပေးခဲ့ပေ။ သူတို့ကို အနားယူခိုင်းပြီး ဆွန်းမိုနှင့် ကူရှုပ်ရှင်းသည် ပုံရိပ်ယောင်များကို အတူတကွ အနိုင်ယူခဲ့သည်။ ထိုနောက် သူတို့ တက်လာကြသည်။

"ဒါက အပေါ်ဆုံးအထပ် မဟုတ်လား"

သူတို့သည် ဘယ်ကိုရောက်မှန်းမသိသောလမ်းကို ကြည့်နေကြသည်။ လီဇီချီ စိတ်လှုပ်ရှားနေသည်။ တဖက်၌ ရှန်ယွန်ပေါင်က ပြေးထွက်သွားသည်။

....

လမ်း၏ အဆုံးမှာတော့ ခန်းမပိုင်း တစ်ခု ရှိနေသည်။ ကြမ်းပြင်၊ မျက်နှာကျက်နှင့် နံရံတွေအားလုံးသည် အဖြူရောင် သလင်းကျောက်နှင့် ပြုလုပ်ထားသည်။ ပုံအမျိုးမျိုးကိုလည်း ရေးချယ်ထားသည်။

ခန်းမအလယ်၌ လေထဲလွင့်မျောနေသော သစ်ကြားသီး အရွယ် ကျောက်မြတ်ရတနာ တစ်လုံး ရှိသည်။

မာရှန် ကြည့်လိုက်သည်။ သူ့၏ အကြည့်တွေက ကျောက်မြတ်ရတနာဘေးက ကောင်မလေးထံ ရောက်သွားသည်။

သူမသည် ဗဟိုပြည်နယ် အကယ်ဒမီက အဝတ်အစားကို ဝတ်ဆင်ထားပြီး ကြမ်းပြင်ပေါ်၌ထိုင်ကာ ပါးနှစ်ဖက်ကို လက်ထောက်ထားပြီး ပျင်းရိသော အမူအရာနှင့် ငိုက်နေသည်။ သူတို့ လမ်းလျှောက်လာသည်ကိုပင် သတိမထားမိပေ။

“သူမက ပုံရိပ်ယောင်တစ်ခုတော့ မဖြစ်နိုင်ဘူး မဟုတ်လား။ ဒါပေမယ့် သူက အရမ်းပေါ့ပါးနေတယ်”

မာရှန်က စကားမပြောသေးဘဲ သူ့စိတ်ထဲ၌ ပိုကြီးသော သံသယ တစ်ခုဝင်လာသည်။

သူက အရမ်းသန်မာနေပါပြီ။

သို့သော် ဒီကိုလာသောလမ်း၌ အနည်းငယ် ဒဏ်ရာရခဲ့သည်။ ထိုသို့ဆိုလျှင် ဒီကျောင်းသူလေးက တိုက်ပွဲ လုံးဝ မတိုက်ခဲ့ရဘူးလော။

အခန်း (၃၉၄) - လျှို့ဝှက် ရတနာကို သိမ်းပိုက်ခြင်း။

"အဟွတ် အဟွတ်"

မာရှန်သည် ဆရာတစ်ယောက်အနေနှင့် ဂုဏ်သိက္ခာ ရှိသင့်သည်ဟု ခံယူထားသည်။ သူ့ဘက်စ၍ စကားပြောခြင်းသည် အဆင့်အတန်းကို နိမ့်ကျစေနိုင်သည်။ ထို့ကြောင့် ကောင်မလေး၏ အာရုံကို ဖမ်းစားခြင်သောစိတ်နှင့် ချောင်းနှစ်ချက် ဟန့်လိုက်သည်။

"အမ်"

လုချီဟွာက မျက်လုံးဖွင့်ပြီး မော့ကြည့်သည်။

"..............."

မာရှန် စကားမပြောနိုင် ဖြစ်သွားသည်။ (ငါ ဒီမှာ ရောက်နေပြီပော့။ ဒီကောင်မလေးက တကယ်ပဲ ဆန့်ကျင်ဘက် အရပ်ကို ကြည့်နေတာလား။ ဘယ်လောက်တောင် အားနည်းလိုက်သလဲ။)

“အမ်၊ ရန်သူပဲ”

လုချီဟွာသည် နောက်ဆုံး၌ မာရှန်ကို တွေ့သွားသည်။ တုန်တုန်ယင်ယင် မတ်တပ်ရပ်လိုက်ပြီး ဓါးကို ဆွဲထုတ်လိုက်သည်။

“မကြောက်နဲ့။ ငါမင်းကို မတိုက်ဘူး”

မာရှန်က နှစ်သိမ့်လိုက်သည်။ ဆရာတွေကို ကန့်သတ်ထားသည့် စည်းမျဉ်း မရှိလျှင်ပင် ကျောင်းသားများကို တိုက်ခိုက်မည် မဟုတ်ဘူး။

“ဒါပေမယ့် ဒီရတနာကို ငါကာကွယ်နေတော့ မင်းနဲ့တိုက်ခိုက်ရလိမ့်မယ်။ ဒီရတနာက ငါ့ဆရာ အပိုင်ပဲ”

လုချီဟွာ၏ လေသံက လေးနက်နေသည်။ သူမ ခြေထောက်ရွှေ့ပြီး မာရှန်နှင့် အမှောင်ပုံရိပ်ယောင် ကျောက်မြတ်ရတနာကြား၌ ရပ်လိုက်သည်။ ရတနာကို အလွယ်တကူ ယူသွားခွင့် မပေးနိုင်ပေ။

"ငါ့ကို တားနိုင်မယ် ထင်နေတာလား"

မာရှုန်သည် ကောင်မလေး၏ ဆရာကို မနာလိုစိတ်နှင့် လှောင်ပြောင်လိုက်သည်။ သူမသည် သူမ၏ စွမ်းရည်ထက် သာလွန်သော ရန်သူကို ရင်ဆိုင်နေရသော်လည်း နောက်မတွန့်သွားပေ။ သူမ၏ ဆရာကို အရမ်းကိုးကွယ်နေသည်။

"မင်းကို မတားနိုင်ရင်တောင် အချိန်ဆွဲထားနိုင်တယ်"

လုချီဟွာက ခေါင်းလှည့်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သို့သော် ဒီနေရာ၌ ပြတင်းပေါက် မရှိပေ။

“သိပ်မကြာခင် ငါ့ဆရာ ရောက်လာလိမ့်မယ်လို့ ယုံကြည်တယ်”

“ဒါဆို မင်းရဲ့ ကိုယ်ပိုင် ဆရာလား”

မာရှန် သိချင်လာသည်။

“ဟုတ်တယ်”

လုချီဟွာက လေးလေးနက်နက် ခေါင်းညိတ်လိုက်သည်။

"အစကတည်းနေ အခုအချိန်အထိ ငါ့ ဒုက္ခကို ခံပေးတာ ဆရာတစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့် ဒီတစ်ခေါက် အမှောင်ပုံရိပ်ယောင် ဖြစ်စေတဲ့ ကျောက်မြတ်ရတနာကို ငါကာကွယ်ထားရမယ်"

"ဒီပစ္စည်းကို ဘယ်လိုခေါ်လဲ သိတာလား"

မာရှန် ရုတ်တရက် အံ့အောသွားသည်။

"ဟုတ်တယ်။ ငါ့ကို ပြောပြတယ်"

လုချီဟွာ လုံးဝသတိမထားမိဘဲ မာရှန်ကို တန်းပြီး ပြောပြလိုက်သည်။

"ဒါဆို ဒီပစ္စည်းက ကိုယ်ပိုင် အသိစိတ်ရှိတာပေါ့"

မာရှန်သည် သစ်ကြားသီးအရွယ်ရှိသော အမှောင်ပုံရိပ်ယောင် ကျောက်မြတ်ရတနာကို ကြည့်လိုက်သည်။ မျက်လုံးများက တောက်ပနေပြီး လိုချင် တပ်မက်စိတ်နှင့် ပြည့်နှက်နေသည်။ အသိရှိသော ကျောက်မြတ် ရတနာသည် တန်ဖိုး ဖြတ်၍ မရပေ။

သို့သော် ထိုနောက်မှာ မာရှန်သည် မျက်မှောင်ကြုတ်ပြီး လုချီဟွာကို စစ်တမ်းကောက်နေသည်။

ဒီမိန်းကလေး၏ ဇစ်မြစ်က ဘာလဲ။

"ငါ့ကို ပြောပြတယ်' လို့ ပြောတာ ဘာကို ပြောတာလဲ။

မာရှန်သည် လူသိရှင်ကြား အသိအမှတ်ပြုခံထားရသော ပါရမီရှင်တစ်ယောက် ဖြစ်ပြီး အရည်အချင်းလည်း ပြည့်လျှံနေသည့် သူဖြစ်သည်။ သို့သော်လည်း အမှောင်လျှို့ဝှက် ရတနာက သူကို မဆက်သွယ်ခဲ့ပါ။

ဒီမိန်းကလေးသည် အရမ်းတုံးအပြီး အန္တရာယ်ကင်းသော အိမ်မွေးကြောင်ကလေးနှင့် တူသည်။ သူမဆီ၌ ထူးထူးခြားခြား ဘာမှ မမြင်ရပါ။

"ငါရဲတင်းပြီး မေးခွန်းတစ်ခုလောက် မေးလို့ရမလား" မာရှန် မအောင့်နိုင်တော့ပါ။

"ဒီကို ဘယ်လိုရောက်လာတာလဲ"

"ငါလမ်းလျှောက်ပြီး တက်လာတာ"

လုချီဟွာ အရမ်းအံ့အောသွားသည်။ (ငါက ပျံလို့မရဘူးလေ)

"................."

တစ်ယောက်ယောက်က ထိုသို့ပြောလာလျှင် မာရှန်သည် တစ်ဖက်လူက စော်ကားသည်ဟု သတ်မှတ်လိုက်မည်။ ထိုနောက် ထိုလူကို

ရက်ရက်စက်စက် ရိုက်မိလိမ့်မည်။ သို့သော် ဒီကောင်မလေးများ မျက်လုံးကြီးများကို ကြည့်လိုက်လျှင် သူမ မလိမ်ကြောင်း သူသိနေသည်။

သို့သော် ဒီအဖြေကိုတော့..........

(ငါ လက်မခံနိုင်ဘူး)

"ဘာဖြစ်လို့ ဒဏ်ရာ မရတာလဲ"

မာရှန်သည် မေးခွန်းပုံစံ ပြောင်းလိုက်သည်။

လုချီဟွာ မျက်မှောင်ကြုတ်သွားသည်။

“ငါက အကြီးဆုံး အစ်မကြီးနဲ့မတူဘူး။ မြေပါ်မှာ ပြားပြားဝပ် လဲကျမှာ မဟုတ်ဘူး”

“ဘာကို ပြားပြားဝပ်လဲ”

မာရှန် နဖူးကို ပွတ်လိုက်သည်။

“မင်းကို ပုံရိပ်ယောင်တွေက တိုက်ခိုက်ဖို့ မကြိုးစားဘူးလား”

“ပုံရိပ်ယောင် ဟုတ်လား” လုချီဟွာ မျက်လုံး ပေကလတ် ပေကလတ် ဖြစ်သွားသည်။

“အဲဒါက ဘာလဲ”

(ဒီကောင်မလေးမှာ ထူးခြားမှု တစ်ခုခု ရှိရမယ်)

မာရှန် သုံးသပ်လိုက်သည်။ ထိုသို့မဟုတ်လျှင် အမှောင်ရတနာက သူမကို နှစ်သက်ပြီး ဦးစားပေး ဆက်ဆံမည် မဟုတ်ပေ။

“မင်းမှာ တခြား မေးခွန်းတွေ ရှိသေးလား”

လုချီဟွာက တိုးတိုးလေး မေးလိုက်သည်။

လုချီဟွာ၏ မျှော်လင့်ချက် မျက်လုံးများကို ကြည့်ပြီး မာရှန်၏ နှလုံးသား ပျော့ခွေသွားသည်။ အစာတောင်းနေသော ကြောင်ကလေး တစ်ကောင်နှင့် တူနေသည်။

(သူမကို ဘယ်လို ရိုက်နှက်ရမှာလဲ)

"ဟုတ်"

မာရှန် အလိုလို အဖြေပေးလိုက်မိသည်။

"အို ကောင်းတယ်"

လုချီဟွာသည် မအောင့်နိုင်ဘဲ လက်သေးသေးလေးကို ဝှေ့ယမ်းလိုက်သည်။ ထိုနောက် မေးခွန်းကို စောင့်မျှော်နေသော မျက်နှာလေးနှင့် ဖြစ်နေသည်။ သူမသာ မေးခွန်းတွေကို ဆက်ဖြေနေသ၍ ဆွန်းမို ရောက်လာသည်အထိ အချိန်ဆွဲထားနိုင်လိမ့်မည်။

"မင်းက မင်းဆရာကို အရမ်းယုံတာပဲလား"

မာရှန်သည် ဒီမိန်းကလေး၏ အတွေးကို နားလည်သည်။ "သူက ဒီကိုရောက်တာနဲ့ငါ့ကို အနိုင်ယူပြီး အမှောင်လျှို့ဝှက်ရတနာကို လုသွားနိုင်မယ်လို့ ထင်နေတာလား"

"ဟုတ်တယ်"

လုချီဟွာ သေချာစွာ ခေါင်းညိတ်ပြလိုက်သည်။

"ငါ့ဆရာက ဒီကမ္ဘာမှာ အထင်ကြီးဖို့ အကောင်းဆုံးပဲ"

"……………..."

လုချီဟွာ ပြောနေသောအချိန်၌ သူမ၏ မျက်ဝန်းထဲမှ ကိုးကွယ်တဲ့အကြည့်ကို ခံစားမိပြီး မာရှန်သည် ခေါင်းကြွေမွသွားသလို ခံစားရသည်။

“နောက်ထပ် မေးခွန်း ရှိသေးလား”

လုချီဟွာ မေးသည်။

“မရှိတော့ဘူး”

မာရှန်က ပြုံးလိုက်ပြီး

“ငါ့ရဲ့ မေးခွန်းတွေကို ဖြေပေးခဲ့တော့ မင်းကို တစ်နာရီ ပြန်စောင့်ပေးမယ်”

“တကယ်”

လုချီဟွာ၏ မျက်လုံးများက အရောက်တောက်လာသည်။ ထိုနောက် သူမက “ မင်းက တကယ့်လူကောင်းပဲ’ဟု ချီးကျူးလိုက်သည်။

“..............”

မာရှန် စကားမပြောနိုင်အောင် ဖြစ်သွားသည်။ (ငါ့ကိုချီးကျူးနေမှန်း ငါသိပေမယ့် ဘာဖြစ်လို့ စိတ်ပျက်သလို ခံစားနေရတာလဲ)

လုချီဟွာသည် နောက်တစ်ကြိမ် ပြန်ထိုင်လိုက်ပြီး လက်နှစ်ဖက်ကို ပိုက်ကာ ပြန်ငိုက်နေသည်။

“.............”

(မင်းစိတ်ထဲမှာ တခြားလူကို မစိုးရိမ်တော့ဘူးလား။ ဘာဖြစ်လို့ ဒီလောက်တောင် ယုံကြည်နေရတာလဲ) သိုလည်း လုချီဟွာဘေး၌ တင်ပလေခွေပြီး ထိုင်လိုက်သည်။

သူက လျှို့ဝှက်ရတနာကို လေ့လာနေသည်။ သို့သော်လည်း သူ့အကြည့်က မကြာခဏ လုချီဟွာ ဆီကို ရောက်သွားတတ်သည်။

....

ဆွန်းမိုနှင့် အခြားလေးယောက် ရောက်လာတဲ့အချိန်၌ လူငယ်တစ်ယောက်သည် ကျောင်းသူလေးတစ်ယောက်အား စိုက်ကြည့်နေသည်ကို မြင်လိုက်ရသည်။

"မင်းတို့ မာရှောင် အကယ်ဒမီက ကိုယ်ကျင့်တရားမကောင်းတဲ့ ဆရာတစ်ယောက်ကို ဘာဖြစ်လို့ ရွေးချယ်ထားတာလဲ"

ထန်ထန်ယုထန်က မေးလိုက်သည်။

"ဆရာမာက ကိုယ်ကျင့်တရား မပျက်ဘူး"

ဂျိဝမ်ဒေါင် မျက်နှာနီသွားသည်။ သို့သော်လည်း နောက်ပိုင်း၌ ဂုဏ်ယူသွားသည်။ (မင်းတို့မြင်လား။ ငါတို့ဆရာ မာရှန်က ဒီကို မြန်မြန် ရောက်လာတယ်.။ သူကတကယ့် အံ့မခန်းပဲ)

"ကိုယ်ကျင့်တရား မပျက်ဘူး ဟုတ်လား။ ဘာဖြစ်လို့ အမျိုးသမီး ကျောင်းသူကို စိုက်ကြည့်နေရတာလဲ"

ထန်ထန်ယုထန်သည် မာရှန်၌ ယုတ်မာသော အကြံ မရှိမှန်း သိသည်။ သို့သော် သူပျင်းနေသဖြင့် ဂျိဝမ်ဒေါင်ကို တမင်သက်သက် စနေသည်။

"ကြည့်လိုက် ဟုတ်တယ်။ သူမရဲ့ အရည်အချင်းကို ကြည့်ပြီး တပြည့်အဖြစ် လက်ခံမလို့ လုပ်နေတာပဲ ဖြစ်မယ်"

ဂျိဝမ်ဒေါင်က ဆင်ခြေ ရှာလိုက်သည်။

"ဆရာ"

လူတွေ စကားပြောနေသော အသံကို ကြားလျှင် လုချီဟွာသည် ခေါင်းထောင်ပြီး ကြည့်လိုက်သည်။ ဆွန်းမိုကို မြင်လိုက်ပြီးနောက် အူမြူးပြီး ခုန်ထလာကာ ဆွန်းမိုဆီ ခုန်ပေါက်၍ ပြေးလာသည်။

"ချီဟွာလား"

ကူရှုပ်ရှင်း အံ့အောသွားသည်။

"ဒီကို ဘယ်လို ရောက်လာတာလဲ"

"ငါ လမ်းလျှောက်ပြီး တက်လာတာ"

လုချီဟွာက ကူရှုပ်ရှင်းကို တအံ့တအော စိုက်ကြည့်ပြီး ပြန်ဖြေလိုက်သည်။ (ဘာဖြစ်လို့ ဒီမေးခွန်းပဲ ထပ်မေးနေရတာလဲ။ ငါမှ မပျံတတ်တာ)

"အကြီးဆုံးအစ်မ၊ ပညာသင်ဘက် မောင်လေးနှစ်ယောက်လဲ အတူတူ ပါလာတာကို"

လုချီဟွာက ချိုသာစွာ ပြုံးပြီး ပြောလိုက်သည်။ ထိုနောက် ရှန်ယွန်ပေါင်ကို စိုက်ကြည့်ပြီး စိုးရိမ်သွားသည်။

"မင်း ဒဏ်ရာရထားတာလား။ အခုအဆင်ပြေရဲ့လား"

ဂျိဝမ်ဒေါင်သည် လုချီဟွာကို ခိုးကြည့်ပြီး ဘယ်လောက် သန်မာလဲ ဆိုသည်ကို ခန့်မှန်းရန် ကြိုးစားနေသည်။ ဘယ်လိုပဲပြောပြော သူတို့တောင် တက်ရန် မလွယ်တဲ့အရာသည် ဒီကောင်မလေးအတွက် တော်တော်လေး

လွှယ်နေပုံရသည်။ သို့သော် ကောင်မလေး ပြောလိုက်သောစကားကို ကြားပြီး ချက်ခြင်း ထိတ်လန့်သွားသည်။

"ဘာ၊ သူက ဆရာဆွန်းရဲ့ တိုက်ရိုက် တပြည့်ပဲလား"

"မင်းမှာ သုံးသပ်နိုင်တဲ့ အရည်အချင်း ရှိလို့လား"

လီဇီချီက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"မဟုတ်ဘူး......ဒါက.."

ဂျိဝမ်ဒေါင် စကားထစ်နေသည်။ လုချီဟွာနှင့် ဆွန်းမိုတို့ကြားက ဆက်ဆံရေးကို အခေါ်အဝေါ်အရ

ထုံးစံအတိုင်း အကဲဖြတ်နိုင်သည်။ သို့သော် ကျိုးကြောင်း ဆီလျှော်မှုအရ လက်မခံနိုင် ဖြစ်နေသည်။

လီဇီချိ၊ ထန်ထန်ယုထန်၊ ရှန်ယွန်ပေါင်နှင့် နောက်ထပ် လုချီဟွာတို့သည် ဒီထုန္ချန် ပရိမစ်ကြီးထဲ၌ ပေါ်လာသည်။ ထိုအပြင် သူတို့အားလုံးသည် ဆွန်းမို၏တိုက်ရိုက် တပြည့်များ ဖြစ်နေကြသည်။

မများလွန်းဘူးလား။

ဂျိဝမ်ဒေါင်၏ အရည်အချင်းက မဆိုးပေ။ သူကိုယ်တိုင် စိတ်အားထက်သန်စွာ သုံးသပ်ပြီး

လီဇီချီနှင့် ထန်ထန်ယုထန်တို့ ဘယ်လောက် ထူးချွန်လဲဆိုတာ ကိုယ်တိုင် မြင်ခဲ့ရသည်။

ရှန်ယွန်ပေါင်က နန်ကုန်တာအိုကို အနိုင်ယူပြီး ထိပ်တန်းအဆင့် ရောက်လုနီးပါး ဖြစ်နေပြီ။ သူ အရမ်းအထင်ကြီးခဲ့သည်။ သို့သော် ရင်သားကြီးသော မိန်းကလေးက သူတို့နှစ်ယောက်စလုံးကို ကျော်သွားခဲ့ပြီ။

သူမ ဘယ်လောက်တောင် သန်မာနေမလဲ။

ထုံးစံအတိုင်း ကြောက်စရာ အကောင်းဆုံးအချက်သည် ဒီလေးယောက်စလုံးက ဆွန်းမို၏ တပြည့်များ ဖြစ်နေခြင်းပင်။

(သူ့ကို ဆရာမတင်မိတာ ကံကောင်းတယ်။ ဒီလိုမှမဟုတ်ရင် အငြင်းခံရလိမ့်မယ်)

ဂျိဝမ်ဒေါင်သည် အသက် ၁၂နှစ်လောက် နေထိုင်ခဲ့သော်လည်း ဒီနေ့က အထိခိုက်ဆုံး ဖြစ်သည်။

"ဝမ်ဒေါင်"

မာရှန်က လှမ်းအော်သည်။

ဂျိဝမ်ဒေါင်က ချက်ခြင်း ပြေးသွားပြီး ဦးညွှတ်နှုတ်ဆက်လိုက်သည်။

ထိုနောက် ဆွန်းမိုတို့အဖွဲ့နှင့် တွေ့ဆုံသောအချိန်ကစပြီး အရာအားလုံးကို အကျဉ်းချုပ်ပြောပြလိုက်သည်။

"ဇန်ယန်ဖောင် သေပြီလား"

ဆွန်းမိုကို အကဲခတ်ရင်း မာရှန် မျက်မှောင်ကြုတ်သွားသည်။

ဆွန်းမိုသည် နတ်ဘုရားမျက်စိ အာရုံကိုအသက်သွင်းလိုက်သည်။

မာရှန်၊

အသက် ၂၁ နှစ်၊

သွေးလောင်ကျွမ်းခြင်း အဆင့် (၇)။

ကြံ့ခိုင်မှု - ၂၉ - ခွန်အားက မင်းအဆင့် မဟုတ်ပေမယ့် လူများစွာကို အနိုင်ယူဖို့ လုံလောက်တယ်။

ဉာဏ်ရည် - ၂၇ - ပျမ်းမျှထက် သာလွန်သည်။

သွက်လက်မှု - ၃၀ - အရမ်းလျှင်မြန်သည်။

ခံနိုင်ရည် - ၃၀ - အရင်က ငရဲခန်း လေ့ကျင့်မှုကို ဖြတ်သန်းဖူးသည်။

ဆန္ဒ - ၂၉ - နက်ရှိုင်းတဲ့ သဘာဝကန်ကြီးလို တည်ငြိမ်သည်။

....

အလားအလာ တန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက် ။ အပြစ်အနာအဆာ မရှိဘဲ သူ့အရည်အချင်းက အရမ်းမြင့်မားသည်။ သူက ထူးခြားတဲ့ ပြိုင်ဘက်တစ်ယောက်။ သူ့ကို အလေးအနက်ထားပြီး ဆက်ဆံပါ။

ဒီစကားလုံးတွေကို အနီရောင်နှင့် ရေးထားသည်။ ထိုအချက်မှ စနစ်၏ အသိအမှတ်ပြုမှုကို တွေ့နိုင်သည်။

ဆွန်းမို နှုတ်ခမ်းကွေးသွားသည်။ အပြစ်အနာအဆာ မရှိသော ဆရာအသစ်ကို ပထမဆုံးအကြိမ် တွေ့ဖူးခြင်းပင်။ ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ကံအရမ်းကောင်းသော လုချီဟွာကလွဲလျှင် ကျန်တဲ့လူတိုင်းသည် ဒီနေရာသို့ ရောက်ရန် ခွန်အားကို အသုံးပြုခဲ့ရသည်။

"ဘာဖြစ်လို့လဲတော့ မသိဘူး။ မင်းရဲ့ အကြည့်ကို မကြိုက်ဘူး"

မာရှန်က ပြောသည်။

"မင်း ငါ့ကို မကြည့်လို့ မရဘူးလား"

"ဘာဆက်လုပ်မလို့လဲ။ ငါတို့ တိုက်ခိုက်ကြမလား"

ဆွန်းမိုက ကျောက်မြတ်ရတနာကို လှည့်ကြည့်လိုက်သည်။

အမှောင်ပုံရိပ်ယောင် ကျောက်မြတ်ရတနာက ကိုယ်ပိုင် အသိစိတ်ကို မွေးထုတ်ထားသည်။ သူက

စွမ်းအားနယ်ပယ်တစ်ခုကို ဖြန့်ထုတ်ထားပြီး နယ်ပယ်ထဲဝင်လာသော သက်ရှိပုံစံတိုင်းကို ပုံတူကူးယူပြီး ထိုသက်ရှိ၏ အမှတ်တရ၊ အသိပညာနှင့် ပင်ကိုယ်စရိုက်များ ပိုင်ဆိုင်သော ပုံရိပ်ယောင်ကို ထုတ်လွှင့်ပေးနိုင်သည်။

အရာရာတိုင်းကို တစ်ရာ ရာခိုင်နှုန်း ကိုယ်ပွားဟု ပြော၍ ရသည်။

မှတ်ချက်။ ။ ဒီလျှို့ဝှက်ရတနာသည် အမှောင်တိုက်ကြီးတွင် အရမ်းရှားပါးပြီး အဖိုးတန်တဲ့

တည်ရှိမှု တစ်ခု ဖြစ်သည်။ ရရှိပါက မရေမတွက်နိုင်တဲ့ အကျိုးကျေးဇူး ရလိမ့်မည်။

"ဥပမာ"

ဆွန်းမိုက မေးလိုက်သည်။

"ဥပမာ၊ ကျောင်းသားတချို့က ဗဟိုပြည်နယ် အကယ်ဒမီထဲက အမှောင်ပုံရိပ်ယောင် ဒိုဂျိုမှာ ပုံရိပ်ယောင်တွေကို ဖန်တီးပြီး ကျောင်းသားတွေက သူတို့ရဲ့ ပုံရိပ်ယောင်နဲ့ ပြန်တိုက်ခိုက်လို့ ရတယ်။ အဲဒီလို လေ့ကျင့်မှုက ကျောင်းသားတွေကို လျှင်လျှင်မြန်မြန် သန်မာ လာစေလိမ့်မယ်"

“ငါ့ရဲ့နောက်ဆုံးပြိုင်ဘက်က ဗဟိုပြည်နယ်အကယ်ဒမီက ဆရာတစ်ယောက်ဖြစ်နေမယ်လို့ မထင်ထားခဲ့ဘူး။ ဝေမာက ဘိုင်တန်ဇီဝေ လို့ ထင်ခဲ့တာ”

မာရှန်က ကို့ကိုယ်ကို လှောင်ပြောင်လိုက်သည်။

သူ့၏စကားကြောင့် ကူရှုပ်ရှင်းသည် ကို့ကိုယ်ကို ယုံကြည်မှု အားကောင်းမှန်း သိလိုက်ရသည်။ မာရှန်သည် ဘိုင်တန်ဇီဝေက လွှဲလျှင်ကျန်သောလူများကို ပြိုင်ဘက်အဖြစ်မသတ်မှတ်ထားမှန်း သိသာနေသည်။

ဆွန်းမိုက ပုခုံးတွန့်လိုက်သည်။

"မင်းရွေးချယ်နိုင်တယ်။ ငါတို့ အရင်တိုက်ခိုက်မလား။ ကျောက်မြတ်ရတနာကို အရင်တိုက်ခိုက်မလား"

မာရှန်က စိတ်မဝင်စားပေ။

ဆွန်းမို ပြန်မဖြေခင် လျှို့ဝှက်ဆန်းကြယ်တဲ့ အသံတစ်ခု ထွက်ပေါ်လာသည်။

"မင်းတို့က ဒီနေရာရဲ့ သခင်ကို နည်းနည်းလေးတောင် လေးစားမှု မရှိဘူး"

ရွှစ်

ခန်းမထဲ၌ အလင်းအားလုံး ရုတ်တရက် ပျောက်ကွယ်သွားသည်။

"အမ်"

ဂျိဝမ်ဒေါင် အလိုလို အော်လိုက်မိသည်။ ထိုနောက် သူကလွဲ၍ ဘယ်သူမှ အသံမထွက်သည်ကို သတိထားမိပြီး ရှက်သွားသည်။ တခြားသူတွေက သူ့ထက် အေးဆေးတည်ငြိမ်နေကြသည်။

"မင်းကြောင့် မာရှောင် တကယ်ပဲ မျက်နှာ ပျက်ရပြီ"

ဂျိဝမ်ဒေါင်သည် သူ့ကိုယ်သူ အပြစ်တင်ရင်း စိတ်ပျက်သွားသည်။ ထင်မှတ်ထားသည့်အတိုင်းပင် ဆွန်းမို၏ တပြည့်လေးယောက်ထက် နိမ့်ကျနေသည်။

“ဝမ်ဒေါင် ဘဝက အရှည်ကြီးပါ။ ဆုတ်ယုတ်မှု တစ်ခုအတွက်နဲ့ စိတ်မပျက်ပါနဲ့။ ဒီကနေ သင်ခန်းစာယူတတ်ဖို့က ပိုအရေးကြီးတယ်”

မာရှန်သည် အမှောင်ထုကို မောင်းထုတ်ရင်း ရွှေရောင် အရှိန်အဝါကို ထုတ်ဖော်လိုက်သည်။

ဒါသည် တန်ဖိုးဖြတ်မရသောအကြံပြုချက်ပင်။

ဂျိဝမ်ဒေါင်၏ စိတ်ဝိညာဉ် ရုတ်တရက် တုန်လှုပ်သွားသည်။

"ကောင်းတယ်"

ကူရှုပ်ရှင်း နှုတ်ခမ်းကွေးသွားသည်။

"လူတိုင်း ထိပ်တန်းအဆင့် ရောက်တယ်ဆိုတာက စီမံခန့်ခွဲတဲ့ ဆုလဒ်တွေပါ။ မင်းတို့ အားလုံးကို သီးသန့်ဂိမ်းတစ်ခုမှာ ပါဝင်ခွင့် ပေးမယ်"

ကျောက်မြတ်ရတနာ၏ အပြုအမူသည် သေခြင်း၊ ရှင်ခြင်းကို ထိန်းချုပ်နိုင်သော နတ်ဘုရားတစ်ပါးကဲ့သို့ လုပ်ဆောင်နေသည်။

အခန်း (၃၉၅) - တစ်ချက်တည်းနှင့် ပေါက်ကွဲခြင်း။

"ငါ... ငါ ပါလို့ရမလား"

ဂျိုဝမ်ဒေါင်သည် အရမ်းစိတ်လှုပ်ရှားနေပြီး စကားတောင် မပီတော့ပေ။

ဆွန်းမိုနှင့် မာရှန်ကို ဖယ်ထားလိုက်လျှင်ပင် ဒီကျောင်းသားများကို အနိုင်ရမည်ဟု အာမ မခံနိုင်ပေ။ သို့သော် ဆားနယ်ငါးလည်း အိပ်မက် မက်ခွင့် ရှိသည် မဟုတ်ပါလား။

သူ့ကံကြမ္မာက ဇယားကွက်အပြင်ရောက်သွားပြီး အမှောင်ပုံရိပ်ယောင် ကျောက်မြတ်ရတနာ၏ ရွေးချယ်မှုကို ခံရကာ ပိုင်ရှင် ဖြစ်လာခဲ့လျှင် မည်ကဲ့သို့ လုပ်မည်နည်း။

"မရဘူး"

ကျောက်ရတနာ၏ အသိစိတ်က ဂျိဝမ်ဒေါင်ကို မျက်နှာသာ မပေးပေ။

"မင်းက အရမ်းအားနည်းတယ်။ ငါ့ဂိမ်းမှာ ပါဝင်ခွင့်ပေးလိုက်ရင် ငါ့အတွက် အရှက်ရစရာ တစ်ခုပဲ။"

"ငါလို..........."

ဂျိဝမ်ဒေါင်သည် အရမ်းဒေါသထွက်ကာ သွေးချောင်း ဆိုးချင်လာသည်။ သို့သော် နှုတ်ခမ်း လှုပ်ရုံသာ လုပ်ခဲ့သည်။ အကျယ်ကြီး မဆဲရဲပေ။

"မြန်မြန် စလိုက်ကြစို့"

ရှန်ယွန်ပေါင်က တိုက်တွန်းလိုက်သည်။

"တောင်းပန်ပါတယ်။ မင်းလည်း ပါလို့ မရဘူး"

အသိစိတ်က အထင်သေးသော လေသံနှင့် ပြောလိုက်သည်။

"မင်းက တစ်ခါ ရှုံးပြီးသား။ ငါ့အမြင်မှာတော့ မင်းက အမှိုက်ပဲ။ ကျေးဇူးပြုပြီး ဝေးဝေးနေပါ"

ဒေါသစိတ်သည် ရှန်ယွန်ပေါင်၏ မျက်နှာတစ်ခုလုံး ဖုံးလွှမ်းသွားသည်။ သူက ငွေလုံကို လှမ်းကိုင်ပြီး ကျောက်မြတ်ရတနာကို လှမ်းထိုးလိုက်သည်။

ရှစ်

ဆွန်းမိုသည် ရှန်ယွန်ပေါင်ရှေ့၌ ဖျပ်ခနဲ ပေါ်လာပြီး လုံ့ကို ဖမ်းကိုင်လိုက်သည်။

"စိတ်လျှော့"

ဆွန်းမိုက တားမြစ်လိုက်သည်။

ထန်ထန်ယုထန်သည် ခေါင်းအနည်းငယ် ခါလိုက်သည်။ သူတို့၏ဆရာ တော်တော်လေး သနားစရာ ကောင်းနေသည်။ သူသာ မညှာတာခဲ့လျှင် အမြဲတမ်း တိုက်ပွဲဝင်ချင်နေသော ရှန်ယွန်ပေါင်ကို

အသုံးချပြီး ကျောက်မြတ်ရတနာကို စစ်ဆေးကြည့်၍ ရသည်။

"ငါ...ငါ မပါလို့ ရလား"

လုချီဟွာက လက်ကလေး မြှောက်ပြီး မေးလိုက်သည်။ သူမ ဘယ်လောက် သန်မာလဲဆိုတာ သူမ သိသည်။ သူမသာ ပြိုင်ပွဲထဲဝင်ပါခဲ့လျှင် တိုက်ပွဲ၌ မလုယူနိုင်ရုံသာမက သူမ ဒုက္ခမရောက်စေရန် ဆရာက ပူပန်နေရမည်။

ထို့ကြောင့် မလုပ်နိုင်သော အရာကို မလုပ်ဘဲ ဘေး၌ထိုင်ပြီး အားပေးနေသင့်သည်။

"သေချာတာပေါ့"

အသိစိတ်က "မင်းပါချင်ရင်တောင် ပါခွင့်မပေးနိုင်ဘူး"

အကြောင်းတစ်ခုခုကြောင့် ဒီနို့ကြီးသော မိန်းကလေး၏ အမှောင်ပုံရိပ်ယောင်ကို ဖန်တီး၍ မရခဲ့ပေ။

သူသည် နှစ်ပေါင်းရာနဲ့ချီပြီး တည်ရှိခဲ့သော ရတနာ တစ်ခု ဖြစ်ပြီး မရေမတွက်နိုင်သော သက်ရှိပုံစံများနှင့် ဝိညာဉ်များကို ကူးယူခဲ့ဖူးသည်။

ကူးယူလို့ မရသည့် တစ်ခုတည်းသော အရာမှာ လုချီဟွာ ဖြစ်နေသည်။

"ငါလည်း မပါတော့ဘူး"

လီဇီချီက ဦးညွတ်ရင်း ပြောလိုက်သည်။

"သခင်က ပညာရှိပဲ"

မာကွမ်ဇူက အားပေးလိုက်သည်။ ဒါသည် လီဇီချီ ဆင့်ခေါ်ထားသေည့် ဝိညာဉ်ဖြစ်ပြီး လီဇီချီ သေဆုံးသွားခဲ့လျှင် သူလည်း သေဆုံးသွားရ လိမ့်မည်။ ထို့ကြောင့် နေတိုင်း လီဇီချီသည် အိမ်၌ လုံလုံခြုံခြုံ နေထိုင်ရန်မှလွဲ၍ ဘာမှ မလိုချင်ပေ။

အားပေးပြီးနောက် ပါးစပ်ကို လျှင်မြန်စွာ ပိတ်လိုက်သည်။ မည်သူမှ ဂရုမစိုက်မိအောင် အကောင်းဆုံး ကြိုးစားလိုက်သည်။

ဒီကျောက်မြတ်ရတနာသည် ကြောက်စရာကောင်းသော အစွမ်းနှင့် ဖိအားကို ထုတ်လွှတ်နေသည်။ ကျောက်မြတ်ရတနာသည် သူ့ကို သတ်ချင်လျှင် အတွေးတစ်ခုသာ လိုလိမ့်မည်။

“ယုထန်၊ မင်း ဦးမညွတ်ဘူးလား”

လုချီဟွာ အနည်းငယ် စိုးရိမ်သွားသည်။ ကျောင်းသားတစ်ယောက်က ရတနာကို

ရယူနိုင်မည်ဟု သူမ မထင်ပေ။ ထိုအပြင် ဆရာရခဲ့လျှင် သူတို့အားလုံးကို မျှဝေပေးလိမ့်မည်။

"ငါက သိပ်အကြာကြီး နေရမှာ မဟုတ်တော့ဘူး။ ဒါကြောင့် ငါ့ဘဝကို ပိုပြီး ဆွဲဆောင်မှုရှိအောင် လုပ်ရမယ်"

ထန်ထန်ယုထန်က ဂယက်ထလိုက်သည်။ သူအသက်ရှည်ရန် ကျောက်မြတ်ရတနာကို အသုံးချနိုင်မလားဆိုပြီး တွေးနေသည်။

"မင်း စွန့်စားစရာ မလိုပါဘူး"

လီဇီချီသည် စည်းရုံးလိုက်သည်။ ဆွန်းမို၏ ရက်ရောမှုနှင့်ဆိုလျှင် ရတနာကို ရသည်နှင့် သူတစ်ယောက်တည်းအတွက် သိမ်းထားမည် မဟုတ်ပေ။

ရောဂါသည်ကတော့ ပုခုံးတွန့်လိုက်သည်။ စိတ်ထဲက ဆုံးဖြတ်ပြီးသား ဖြစ်နေသည်။ ဆွန်းမိုကို သိပ်အားမကိုးချင်ပေ။

"အရမ်းကောင်းတယ်။ ဒါဆို စလိုက်ကြတာပေါ့"

ကျောက်မြတ်ရတနာသည်အသံက လှောင်ပြောင်သံနှင့် တူသည်။ မိုးခြိမ်းသံကဲ့သို့

အသံတစ်ခု ပေါ်လာပြီး ဆွန်းမို၊ ကူရှုပ်ရှင်း၊ မာရှန်နှင့် ထန်ထန်ယုထန်တို့သည် အလင်းရောင်တစ်ခုအဖြစ်ပြောင်းကာ ခန်းမထဲမှ ပျောက်ကွယ်သွားသည်။

“အမ်၊ ဆရာ”

လုချီဟွာ လန့်ပြီး ထခုန်သည်။

“မင်းရဲ့ ဂိမ်းက အရမ်းဆွဲဆောင်မှုရှိမှာသေချာတယ်။ ငါတို့က သူတို့ကို ဘယ်လိုကြည့်ရမှာလဲ”

လုချီဟွာက ချော့မော့ပြီး မေးလိုက်သည်။ အမှန်ဆို ဆွန်းမို၏ လုခြုံရေးအတွက် စိတ်ပူနေသည်။

"ရင်ဘက်သေးသေးလေးနဲ့ မိန်းကလေး။ ငါ့အရှေ့မှာ မင်းရဲ့ လှည့်ကွက်သေးသေးလေးတွေကို သိမ်းထားစမ်းပါ"

အသိစိတ်က လျှောင်ပြောင်လိုက်သည်။

"ဒါပေမယ့် လူတွေက ဒါကို ကြည့်ရင် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာ အမှန်ပဲ။ မင်းတို့ဆရာတွေ ဘယ်လို ရုန်းကန်နေလဲဆိုတာ မင်းတို့ကို

မြင်စေချင်တယ်။ အဲဒီအခါကျရင် မင်းတို့အမှုအရာ ဘယ်လို ဖြစ်သွားမလဲဆိုတာ စောင့်ကြည့်အုံးမယ်”

“မင်းပဲ ရင်ဘက်သေးသေးလေး ရှိ။ မင်းတစ်မိသားစုလုံး ရင်ဘက်သေးသေးလေး”

လီဇီချီ စိတ်ဓါတ်ကျသွားသည်။

ရွှစ် ရွှစ်

လူလေးယောက်အတွက် အလင်းရောင်တောက်ပနေသော မျက်နှာပြင်လေးခု၌ ပြသထားသည်။ ဆွန်းမိုနှင့် ကျန်သည့်လူများကို

သီးခြားပြသထားသည်။ သူတို့တွေသည် မတူသော စကြဲ်နယ်လမ်းများ၌ လမ်းလျှောက်နေကြသည်။

ထန်ထန်ယုထန်က ရပ်တန့်လိုက်သည်။ သတိကြီးစွာထား၍ ဆေးခဲလုံးတစ်လုံးကို ထုတ်ပြီး လှမ်းပစ်လိုက်သည်။

ချီ

ဆေးအမှုန်အမွှားများသည် မမြင်နိုင်သော မီးခိုးများအဖြစ် ပြောင်းလဲပြီး နေရာတစ်ခုလုံး ပြည့်နှက်သွားသည်။ ပြီးမှသာ အရှေ့ကို ဆက်ပြီး လမ်းလျှောက်သွားသည်။

ဆွန်းမိုနှင့် မာရှန်တို့နှစ်ယောက် စလုံးသည် ယုံကြည်မှုအပြည့် ရှိနေသည်။ သူတို့ ပတ်ဝန်းကျင်ကို ခေါင်းလှည့်ပြီး စူးစမ်းလေ့လာကာ ခရီးတစ်ခုသွားနေသကဲ့သို့ အေးအေးဆေးဆေး လမ်းလျှောက်သွားသည်။

ကူရှုပ်ရှင်းက အရှေ့မသွားခင် စက္ကန့်အနည်းငယ် ရပ်တန့်လိုက်သည်။ သူမ၏ အကြည့်တွေက သတိနှင့် ပြည့်နေသည်။

....

စကြဲ့န်အဆုံး၌ စက်ဝိုင်းပုံစံ ကွင်းတစ်ခု ရှိသည်။ ဆွန်းမိုက ထိုအပေါ်သို့ လျှောက်သွားသည်နှင့် ကွင်းအလယ်၌ နောက်ထပ် ဆွန်းမို တစ်ယောက် ပေါ်လာသည်။

ဆွန်းမိုသည် မျက်မှောင်ကြုတ်ပြီး နတ်ဘုရားမျက်စိ အာရုံကို အသက်သွင်းလိုက်သည်။

အခြားတစ်ဖက်က ဆွန်းမိုသည် ဒေါသတကြီး ဖြစ်နေသည်။ သူ့ကို အမည်မသိသော သက်ရှိပုံစံတစ်မျိုး သတ်မှတ်ထားသည်။

…………………

"အမှောင်ထု ပုံရိပ်ယောင်ပဲ နောက်တစ်ကြိမ် လာပြန်ပြီလား။ အသစ်အဆန်းလေးတွေ လုပ်ပါအုံး"

ဂျိဝမ်ဒေါင်က ဒါသည် အရမ်းပျင်းစရာကောင်းသည်ဟု တွေးလိုက်သည်။

"တိတ်တိတ်လေးကြည့်"

လီဇီချီ က ဆူပူလိုက်သည်။

ထိုအခိုက်တန့်၌ သူတို့လေးယောက်သည် သူတို့နှင့်သက်ဆိုင်သော ပုံရိပ်ယောင်များနှင့် ရင်ဆိုင်တွေ့နေကြသည်။ အော်ဟစ်ပြီး စတင်တိုက်ခိုက်လိုက်သည်။

ဝေါင်း

ပုံရိပ်ယောင်များသည် ဒေါသတကြီး အော်ဟောက်လိုက်ကြသည်။ သူတို့၏ ဝိညာဉ်ချီများက ပေါက်ကွဲထွက်လာပြီး လုံးဝ ဖုံးလွှမ်းသွားသည်။ ထိုအပြင် သူတို့၏ အရေပြား၊ ဆံပင်နှင့် မျက်လုံးများက နီရဲလာသည်။

ဒေါသမီး တောက်လောင်နေသလိုပဲ။

ထိုနောက် ဒေါသကြီးသော အရိပ်အယောင် ထွက်လာသည်။

ဒိုင်း

ပုံရိပ်ယောင်များ၏ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် သူတို့လေးယောက် စလုံး လွှင့်ထွက်သွားသည်။ အထူးသဖြင့် ထန်ထန်ယုထန် ဖြစ်သည်။ သနားစရာ ကောင်းနေသည်။ သူသည် လေးယောက်ထဲ၌ အားအနည်းဆုံး ဖြစ်နေသည်။

....

ဘုန်း

ထန်ထန်ယုထန်သည် ကြမ်းပြင်ပေါ်သို့ လဲကျပြီး ချောင်းဆိုးကာ သွေးများ ထွက်ကျနေသည်။

“ရုတ်တရက် ဝင်လာမိလို့ နှောင်တရတယ်”

တစ်ကြိမ်တည်း တိုက်ခိုက်ခြင်း ဖြစ်သော်လည်း ပထမအချီ စမ်းသပ်မှုအပြီး၌ သူ၏ တိုက်ခိုက်ရေးအစွမ်းနှင့် ကျွမ်းကျင်မှုသည် အနည်းဆုံး ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

သို့သော် ဒေါသထွက်နေသော ပုံရိပ်ယောင်၏ ပုံစံကို ကြည့်ပြီး အနည်းငယ် မနာလို ဖြစ်သွားသည်။

“ငါသာ ကျန်းမာရင် အဲဒီလို ပုံစံလား။ ကောင်းတယ်”

ထန်ထန်ယုထန်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက် ဆေးလုံးသုံးလုံး ပစ်လွတ်လိုက်သည်။

စစ်တိုက်ရာ၌ နားမလည်နိုင်သော ဆေးပစ္စည်းများကို အသုံးပြုခြင်းသည် အမြဲတမ်း သူ၏ ဝှက်ဖဲ ဖြစ်နေခဲ့သည်။

....

ကြည့်နေသော သူများက အလင်းဖန်သားပြင်လေးခုကို လှည့်ပတ်ပြီး ကြည့်နေကြသည်။ သို့သော် သိပ်မကြာခင် ဆွန်းမိုနှင့်

မာရှန်တို့ကို ပြသထားသော ဖန်းသားပြင်ထံ ရောက်သွားသည်။

ထန်ထန်ယုထန်၏ မြင်ကွင်းက သနားစရာ ကောင်းလွန်းသည်။ ကူရှုပ်ရှင်းက ခုခံကာကွယ်ရန် ရွေးချယ်ထားသည်။ ဒေါသထွက်နေသော ပုံရိပ်ယောင်၏ အားနည်းချက်ကို စောင့်ကြည့်နေမှန်း သိသာသည်။

ဆွန်းမိုနှင့် မာရှန်တို့က မတူညီသော တိုက်ပွဲဝင် ပုံစံ နှစ်မျိုးနှင့် တိုက်ခိုက်နေကြသည်။

မာရှန်၏ လှုပ်ရှားမှုက ပေါ့ပါးပြီး ကျက်သရေရှိသည်။ သူက လျှင်မြန်မှုအားသာချက်ကို အသုံးချကာ ဒေါသထွက်နေသော ပုံရိပ်ယောင်ကို ဖိနှိပ်ထားသည်။ ဆွန်းမိုကတော့ ဒေါသထွက်နေသော ပုံရိပ်ယောင်ကို ထိပ်တိုက်ရင်ဆိုင်ပြီး သွေးသံရဲရဲ တိုက်ခိုက်နေသည်။

ဘုန်း ဘုန်း ဘုန်း

ဆွန်းမိုရဲ့ လက်သီးချက်များက အမြောက်နှင့်တူနေပြီး ဒေါသထွက်နေသော ဆွန်းမို ပုံရိပ်ယောင်ကို ရိုက်နှက်နေသည်။

"မင်းကိုယ်မင်း ပါဝါရိန်းဂျားလို့ ထင်နေတာလား။ ဒုတိယ ပုံစံ ပြောင်းနိုင်မယ်လို့ ထင်နေတာလား။ မင်းသာ အရည်အချင်းရှိရင် အခုချက်ခြင်းငါ့ကို ကူလီကူမာ လုပ်လေ"

ဆွန်းမိုက တိုးတိုးလေး ရေရွတ်လိုက်သည်။ အမှန်ဆို နှလုံးသားထဲ၌ မနာလိုစိတ် အနည်းငယ် ဖြစ်နေသည်။

အနီရောင် ဝိညာဉ်ချီ ဖုံးလွှမ်းထားသည့် ဒေါသထွက်နေသော ပုံရိပ်ယောင်ကိုကြည့်ပြီး စောက်ရမ်း မြူးကြွနေသည်။ ပြောရမည်ဆိုလျှင် သူ၏

အမူအရာက မဆိုးပေ။ မျက်ခုံးကြား၌ မိုးကြိုး ပုံစံများ ရှိနေသည်။

ထာဝရ အယူဝါဒ၊ မဟာ ကရုဏာ။

ဆွန်းမိုသည် ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးကို သုံးပြီး အားကုန် တိုက်ခိုက်လိုက်သည်။

"ဆရာဆွန်းက စောက်ရမ်းကြမ်းနေတာ မဟုတ်လား"

ဂျိဝမ်ဒေါင် အရမ်းအံ့အောနေသည်။ ကူရှုပ်ရှင်း၏ တိုက်ပွဲဗျူဟာက အမှန်ဆုံးဟု ထင်မိသည်။

"လှုလိုက်တဲ့ လက်သီးထိုးချက်"

ရှန်ယွန်ပေါင်သည် လက်ပိုက်ကာ အာရုံအပြည့်စိုက်ပြီး စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေသည်။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု + ၅၀၀၊ လေးစားမှု (၁,၂၀၀/၁၀,၀၀၀)

"သူက အရူးပဲ"

ဂျိဝမ်ဒေါင် နှုတ်ခမ်းတုန်သွားသည်။ ထို့နောက် လီဇီချီကို လှည့်ကြည့်လိုက်သည်။ ဒီမိန်းကလေးက အရမ်းဉာဏ်ကောင်းပြီး ဗဟုသုတလည်း

ကြွယ်ဝကြောင်း သူသိသည်။ ထို့ကြောင့် သူမ၏ အမြင်ကို မေးကြည့်ချင်သည်။

"ဆရာဆွန်း တိုက်ခိုက်မှုရဲ့ နောက်ကွယ်မှာ လေးနက်တဲ့ အဓိပ္ပါယ် ရှိလား"

နောက်ဆုံး၌ လီဇီချီက သူ့ကို လုံးဝ လျစ်လျူရှုထားသည်။ အသံမြှင့်ပြီး ထပ်မေးရန် ပြင်နေသော အချိန်၌ လီဇီချီနှင့် လုချီဟွာတို့သည် စိတ်လှုပ်ရှားစွာ ခုန်ပေါက်ပြီး တစ်ယောက်နှင့် တစ်ယောက် ဖက်လိုက်ကြသည်။

"ဆရာ အရမ်းတော်တာပဲ"

မိန်းကလေးနှစ်ယောက်၏ မျက်နှာနီနီလေးကို မြင်လိုက်ပြီး ဂျိဝမ်ဒေါင် အနည်းငယ် မနာလို ဖြစ်သွားသည်။ (ဒီချစ်စရာကောင်းတဲ့ အားပေးသူတွေကို ဘယ်အချိန်ကျမှ ရမှာလဲ)

"ဟုတ်၊ ရိုက်၊ မျက်နှာကို ထု"

မာကွမ်ဇူက ကြယ်လောင်စွာ အားပေးလိုက်သဖြင့် ဂျိဝမ်ဒေါင် လန့်ခုန်သွားသည်။

"အရမ်းကောင်းတယ်။ ဒီမှာ နောက်ထပ် အရှူးတစ်ကောင် ရှိသေးတာပဲ"

ဂျိဝမ်ဒေါင် နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်သွားသည်။ သို့သော် သူ၏အကြည့်က ဖန်သားပြင်ပေါ်ကို နောက်တစ်ကြိမ် ရောက်သွားသောအခါ စိတ်မဆိုးတော့ဘဲ သက်ပြင်းချလိုက်မိသည်။ ဆရာဆွန်း၏ ထိုးနှက်မှုက တကယ်ကို ရက်စက်ကြမ်းကြုတ်လွန်းသည်။

………………………………

ကွင်းထဲ၌ သတ်ဖြတ်ခြင်း အငွေ့အသက်များက ပြင်းထန်စွာ ပေါက်ကွဲနေသည်။

ဆွန်းမိုသည် ငယ်စဉ်ကပင် သတိကြီးသောလူ ဖြစ်သည်။ ကွန်ပျူတာ ဂိမ်းကစားသော အခါမှာလည်း အသက်အများကြီး ရှိနေရင်ပင် အရမ်း သတိထား၍ ကစားတတ်သည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုကို ရောက်လာသော အချိန်၌ သူတော်စင်အဆင့် ကျင့်စဉ် အများကြီးကို ပိုင်ဆိုင်ထားသည်။ သို့သော် ဆွန်းမိုသည် ဒီကမ္ဘာကြီးကို သိခွင့်ရသော အပုံစား ဌက်တစ်ကောင်ကဲ့သို့သာ ခံစားရသည်။ လုံခြုံသော နေရာ၌ အမြဲတမ်း နေထိုင်ခဲ့သည်။

မလိုအပ်ရင် စွန့်စားမှာ မဟုတ်။

ယခုတော့ ဒေါ်သထွက်နေသော ပုံရိပ်ယောင်၏ လွှမ်းမိုးမှုကို ခံနေရသည်။ ခံစားချက်များ တက်ကြွနေသည်။ ထို့အပြင် ခမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးကို သင်ပြီးကတည်းက ရှိသမျှ အကုန်ထုတ်သုံးပြီး စိတ်နှလုံးကျေနပ်အောင် မလုပ်ခဲ့ရသေးပေ။ မလုပ်ချင်တာ မဟုတ်ပေ။ ရန်သူများက ကြောက်ခမန်း လိလိ မဖြစ်ကြ၍သာ။

ဥပမာ ပြောရလျှင် ဇန်ယန်ဇောင်သည် သွေးလောင်ကျွမ်းခြင်း အဆင့် (၆) ဖြစ်သော်လည်း ဆွန်းမိုကို အလွယ်တကူ ရှုံးနိမ့်ခဲ့သည်။

ဒီနေ့၌ ရှိသမျှ အကုန်ထုတ်ပြီး တိုက်ခိုက်ရန် အခွင့်အရေး ရလာပြီ။

"ငါ့ တိုက်ခိုက်ရေးအစွမ်းရဲ့ အကန့်အသတ်ကို တိတိကျကျ သိခြင်တယ်။

ဆွန်းမိုသည် ဒေါသထွက်နေသော ပုံရိပ်ယောင်ကို စိုက်ကြည့်နေသည်။ သူတိုက်ခိုက်သောအခါ အများအားဖြင့် ရန်သူကို အကြံအစည်နှင့်

စောင့်ကြည့်တတ်သည်။ သူတို့ အသုံးပြုသော သိုင်းကွက်ပေါ် မူတည်၍ လက်တုန့်ပြန်မဲ့ တိုက်ကွက်ကို စဥ်စားပကာ တိုက်ခိုက်တတ်သည်။ ယခုတော့ စိတ်ထဲရှိသလို တန်းပြီး တိုက်ခိုက်နေခဲ့သည်။

ဘုန်း ဘောင်း

ဆွန်းမိုနှင့် ဒေါသထွက်နေသော ပုံရိပ်ယောင်တို့သည် သိုင်းကွက် ဖလှယ်ပြီး နှစ်ယောက်စလုံး ရင်ဘက် ထိမှန်သွားသည်။

ဆွန်းမိုသည် မီတာ နှစ်ဆယ်ခန့် လွင့်ထွက်သွားပြီး နံရံနှင့် ထိမှန်သွားသည်။ ထိုနောက် နံရံကို ကန်ပြီး အမြောက်က ပစ်လိုက်သကဲ့သို့ ပြေးထွက်လာသည်။

အကန့်အသတ်မရှိတဲ့ ဒုက္ခဆင်းရဲ ပင်လယ်။

ဆွန်းမိုကိုယ်ထဲမှ ဝိညာဉ်ချီများ ထွက်လာသည်။ အရမ်းကြီးမားသော ဗုဒ္ဓ ရုပ်ပွားတော် ပေါ်လာပြီး ဒေါသထွက်နေသော ပုံရိပ်ယောင်ကို စတင်ထိုးနှက်လိုက်သည်။

ဘုန်းဘုန်းဘုန်း

လက်သီးချက်က နေရာတိုင်းကို ပျံ့ကြဲသွားပြီး အမှုန့်အဖြစ်သို့ ပြောင်းလဲသွားသည်။

ဗုဒ္ဓ၏ ရွှတ်ဖတ်သံကို ရုတ်တရက် ကြားလိုက်ရသည်။ ဒါသည် လူတစ်ယောက်၏ စိတ်နှင့် ဝိညာဉ်ကို အလိုလို ငြိမ်သက်သွားစေသည်။

နှလုံးသား အေးငြိမ်းစေတဲ့ ဗုဒ္ဓသီချင်း။

ဒေါသထွက်နေသော ပုံရိပ်ယောင်သည် တုန်တက်၍ ကြောင်တောင်တောင် ဖြစ်သွားသည်။ ထို့နောက် ဆွန်းမို၏ ပြင်းထန်သော လက်သီးက သူ့ခေါင်းကို ထိမှန်သွားသည်။

ဆွန်းမိုက အော်ဟစ်လိုက်သည်။

ဘုန်း ဘုန်း ဘုန်း

ဖုန်း

ပုံရပ်ယောင်၏ခေါင်းသည် ဖရဲသီးကွဲသို့ ပေါက်ကွဲထွက်ကာ လုံး၀ ကြေမွသွားသည်။

ဦးနှောက်အနှစ် အဖြူရောင်နှင့် သွေးစိမ်းများ ထွက်လာသည်။

ဖောင်း

ဦးခေါင်းခွံက နံရံကို ထိမှန်ပြီး အပိုင်းခြောက်ပိုင်းကွဲထွက်သွားသည်။

ဆွန်းမို ရပ်တန့်လိုက်သည်။ အချိန်အတော်ကြာအောင် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေသည်။ လက်သီးကို အလိုလို ဖော့ယမ်းလိုက်သည်။

"တကယ်ကို ကျေနပ်စရာပဲ"

"ဒီအတိုင်း သေသွားတာလား"

ထိုနောက် ဂျိဝမ်ဒေါင်သည် ဆရာမာရှန်၏ ဖန်းသားပြင်ကို တစ်ချက်ကြည့်လိုက်သည်။

မာရှန်သည် အားသာချက်ရှိပြီး အထင်ကြီးစရာကောင်းနေသော်လည်း ဆွန်းမိုနှင့် ယှဉ်လိုက်ပါက အဆင့် တစ်ဆင့်နိမ့်နေမှန်း သိသာနေသည်.

ထို့အပြင် ဂျိဝမ်ဒေါင်သည် ဆွန်းမို၏သွေးဆူပြီး သောင်းကျန်းသော ပုံစံကို တကယ်သဘောကျသည်။ (မင်းဘယ်သူလဲဆိုတာ ငါမမေးဘူး။ မင်းကို ရန်စရင် မင်းခေါင်း ပေါက်ကွဲသွားစေရမယ်)

ဒင်

ဂျိဝမ်ဒေါင်၏ လေးစားအထင်ကြီးမှု +၅၀၀။ လေးစား (၂,၀၅၀/၁၀,၀၀၀)

ဝုန်း

ကွင်းထဲသို့ ဦးတည်လာခဲ့သော လမ်းကြောင်းတစ်ခုသာ ရှိခဲ့သည်။ ယခုတော့ အရှေ့ဘက် နံရံ မြှင့်တက်လာပြီး လမ်းကြောင်းတစ်ခု ပေါ်လာသည်။

"စွဲမက်ဖို့ ကောင်းတယ်။ အရမ်း စွဲမက်ဖို့ ကောင်းလွန်းတယ်။ ပထမအချီကို ပထမဆုံး ကျော်ဖြတ်တဲ့ လူတစ်ယောက်အနေနဲ့ မင်းကို အမှောင် ပရိမစ်ထဲက ထွက်ခွာနိုင်တဲ့ ရွေးချယ်ခွင့်ပေးမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသိစိတ်က ဆွန်းမိုကို ရွေးချယ်မှု အသစ်ပေးသည်။

အခန်း (၃၉၆) - ကာကွယ်ခြင်း ဆေးပညာ။

“မင်းပြောသလိုဆိုရင် ဆက်သွားရင် ငါကသေချာပေါက် သေမယ့်အတိုင်းပဲ”

ဆွန်းမိုက ပြန်မေးသည်။

ဘုန်း

ဝိညာဉ်ချီများသည် ဆွန်းမို၏ လက်မှ စိမ့်ထွက်လာပြီး ဂျင်းနီ ဖြစ်သွားသည်။ ထို့နောက်၌ ဂျင်းနီက ရှေ့ဟောင်း အနိပ်ပညာကို အသုံးပြုလိုက်သည်။

ဒေါသထွက်နေသော ပုံရိပ်ယောင်သည် အစွမ်းထက်လွန်းသည်။ အစောပိုင်းတုန်းက ပြင်းထန်သော တိုက်ပွဲအတွင်း၌ ဆွန်းမိုသည် အရိုးများစွာ ကျိုးခဲ့ပြီး ကြွက်သားတွေလည်း ယောင်ရမ်းခဲ့သည်။

ယခုအချိန်၌ ဆွန်းမိုသည် အသားကြိတ်စက်ထဲ ပစ်ချခံလိုက်ရသကဲ့သို့ သုံးကြိမ် တိုင်တိုင် ပြုပြင်ခြင်း ခံလိုက်ရသည်။ သို့သော် ဂျင်းနီ နှိပ်ပြီးသောအခါ အရင်ကထက် ပို၍ သက်တောင့်သက်သာ ရှိလာသည်။

"ဒါပေါ့ သေချာတယ်"

အသိစိတ်က "ငါမှတ်မိသလောက် အသိစိတ်ရလာတဲ့ အချိန်ကစပြီး နှစ်ပေါင်း ဘယ်လောက်ကြာပြီ ဆိုတာလဲ မမှတ်မိတော့ဘူး။ ဘယ်နှစ်ယောက် ကျူးကျော်ခဲ့လဲဆိုတာလဲ မမှတ်မိတော့ဘူး။ ဒါပေမယ့် တစ်ယောက်မှ အသက်မရှင်ခဲ့တာတော့ သေချာတယ်။ လွန်ခဲ့တဲ့ လအနည်းငယ်ကလည်း ကြယ် ၅ပွင့် မြတ်ဆရာတစ်ယောက် ဒီနေရာမှာ သေဆုံးခဲ့တယ်"

"ကြားရတာ တကယ် ကြောက်ဖို့ ကောင်းတာပဲ"

ဆွန်းမို လှည့်ပတ်ပြီး အချိန်ဆက်ဆွဲနေခဲ့သည်။

"ဒါပမယ့် လက်ဗလာနဲ့တော့ မပြန်ချင်ဘူး"

အသိစိတ်သည် အချိန်ဖြုန်းချင်စိတ် မရှိတော့ပေ။

"မင်း စွမ်းဆောင်ရည်ကို ငါစောင့်မျှော်နေမယ်"

ဂျင်းနီ၏အနှိပ်ကို ခံရပြီးနောက် ပြန်လည်ကောင်းမွန်လာသော အကျိုးသက်ရောက်မှုက မဆိုးပေ။ သို့သော် မလုံလောက်သေးချေ။ ဆွန်းမိုက ချစ်သူ ကာကွယ်ရေး ဆေးပုလင်းကို ထုတ်ယူလိုက်သည်။ သူက အဖုံးကို ဖွင့်ပြီး ပါးစပ်ထဲ လောင်းထည့်လိုက်လျှင် ပေါက်ကွဲသံကို ရုတ်တရုတ်

ကြားလိုက်ရပြီး အဖြူရောင် မြူခိုးတစ်ခု ပေါ်လာသည်။

မျက်စိတစ်မှိတ်အတွင်း၌ မြူခိုးများသည် အံ့အောစရာကောင်းသောပုံစံနှင့် အမျိုးသမီး တစ်ယောက် အဖြစ်သို့ ပြောင်းလဲသွားသည်။ သူမသည် လေထဲ လွင့်မျောနေပြီး အဖြူရောင် ဝတ်စုံ ဝတ်ဆင်ထားသည်။ ရုပ်ရည်အရ အသက် ၂၀ လောက်ရှိပြီး ဆွဲဆောင်မှုရှိကာ ရင့်ကျက်သော အမျိုးသမီးတစ်ယောက်၏ ခံစားချက်ကို ပေးစွမ်းသည်။

"................"

ထိုမိန်းမသည် အပြည့်အ၀ အကောင်အထည်ပေါ်လာသည်နှင့် ရုတ်တရက် လက်နှစ်ဖက်ကို ဆန့်ပြီး ဆွန်းမိုကို ပွေ့ဖက်လိုက်သည်။ ထို့နောက် ဆွန်းမိုကို ဆွဲကာ တွေဝေခြင်းမရှိပဲ နှုတ်ခမ်းခြင်း နမ်းလိုက်သည်။

"ဘုရားရေ။ ဘာအခိုပ္ပါယ်ကြီးလဲ"

ဂျိဝမ်ဒေါင် အံ့အော‌နေသည်။ ထိုမိန်းမကို မကြည့်သင့်မှန်း သိသော်လည်း အကြည့်လွှဲ၍

မရအောင် ဖြစ်နေသည်။ သူ့စိတ်ထဲ၌ ထိုသို့ ဇနီးမျိုး ရှာရမည်ဟု တွေးနေမိသည်။

"ဒီမိန်းမကို မုန်းတယ်"

လုချီဟွာက နှုတ်ခမ်းစူပြီး ပြောလိုက်သည်။

"သူမက မဖြူစင်ဘူး"

"ဒါက ဆေးရဲ့ အကျိုးသက်ရောက်မှုလား"

လီဇီချီ၏ ဆင်ခြင်တုံတရားက ပိုကြီးမားသည်။ သူမသည် စာအုပ်များစွာ ဖတ်ထားသော မိန်းကလေး တစ်ယောက် ဖြစ်သည်။ သို့သော် ထိုသို့

အကျိုးသက်ရောက်မှုရှိသော ဆေးအကြောင်းကို မဖတ်ဖူးပေ။

ဆရာက ဒါကို ဘယ်လိုရခဲ့တာလဲ။

(ဒါက သူကိုယ်တိုင် ဖော်စပ်ထားတဲ့ ဆေးများ ဖြစ်နေမလား။)

"နမ်းနေတာလား။ ဘာလို့နမ်းနေတာလဲ။ ဒုတိယအချီ မြန်မြန် တိုက်ပါတော့"

ရှန်ယွန်ပေါင်သည် စိုးရိမ်တကြီး အော်ဟစ်ကာ စောဒက တက်နေသည်။ ထိုသို့ နှုတ်ခမ်းနှစ်ခု ထိနေခြင်းက စစ်မြေပြင်၌ ရန်သူကို

သတ်ရခြင်းလောက် ဘယ်လိုလုပ်၍ ပျော်ဖို့ကောင်းမည်နည်း

ဆွန်းမိုက ငေးငိုင်ပြီး ကြည့်နေသည်။

ဒီချစ်သူကာကွယ်ခြင်း ဆေးရည်က ပါးစပ်ထဲ သောက်ရမှာ မဟုတ်ဘူးလား။ ဒါဆို ဘယ်လိုအသုံးပြုရမှာလဲ။

သိပ်မကြာခင် ဆွန်းမို အဖြေသိသွားသည်။

ဆေးဝါးဖြေရှင်းချက်အနေနှင့် အမျိုးသမီးသည် ဆွန်းမို၏ ပါးစပ်ကို နမ်းနေခဲ့သည်။

“ငါလို..............”

ဆွန်းမို၏ မသိစိတ်က ဒီချစ်သူကို အလိုလို အဝေး တွန်းထုတ်ချင်နေခဲ့သည်။ တဖက်လူက အရမ်းတက်ကြွနေသဖြင့် စိတ်မကောင်းစရာပင်....

ဘုန်း

ဆေးကို မျိုချပြီးနောက် ဆွန်းမို ပါးစပ်ထဲ၌ မွှေးပျံ့ သင်းကြိုင်လှသော ရနံ့တစ်ခုကို ရရှိသာမက ခန္ဓာကိုယ်ကလည်း အဖြူရောင် အလင်းများ တောက်ပလာသည်။ ထို့နောက်မှာတော့ ဒဏ်ရာတွေသည် မျက်လုံးဖြင့် မြင်ရသောနှုန်းနှင့် ပြန်လည်ကောင်းမွန်လာသည်။

"မိုက်တယ်"

ဆွန်းမိုဆီက ချီးကျူးစကားထွက်လာသည်။ စောစောတုန်းက အသက်ရှူလိုက်လျှင် ရင်ဘက်ထဲမှ နာကျင်သော ဝေဒနာကို ခံစားနေရသည်။ ယခုတော့ ခံစားရသော ဝေဒနာလည်း ပျောက်ကွယ်သွားသည်။ သူ့အခြေအနေက အရမ်းကောင်းနေပြီ။

အကျိုးသက်ရောက်မှုက မဆိုးပေ။

ဆွန်းမိုသည် ဒီဆေးကို တီထွင်သော ပညာရှင်သည် မုဒိန်းကောင် ဖြစ်နိုင်သည်ဟု ကောက်ချက် ချလိုက်သည်။

ဒီမြင်ကွင်းသည် တစ်မိနစ်ခန့် ကြာသွားသည်။ ပြီးသွားသောအခါ ဆွန်းမိုကို စွန့်လွှတ်၍ နောက်သို့ ပြန်လွင့်မျောသွားသည်။ ထိုနောက် လက်ခုပ်သံကွဲသို့ အသံထွက်လာပြီး မြူခိုးတစ်ခုလို လေထဲ၌ ပျောက်ကွယ်သွားသည်။

"မင်းရဲ့ အသက်စွမ်းအားတွေ ပိုအားကောင်းလာတယ်လို့ ခံစားမိတယ်။ ဒါက မင်းရဲ့ ဝှက်ဖဲလား"

အသိစိတ်က ဆွန်းမို၏ကုသရေး လုပ်ငန်းကို မနှောက်ယှက်ခဲ့ပေ။ အရမ်း ယုံကြည်မှု ရှိနေသည်။

“ဒါပေမယ့် ဒါက အသုံးမဝင်ဘူးလို့ မင်းကို ပြောပါရစေ။ မင်းရှေ့ဆက်သွားရင် မင်းအတွက် သေလမ်းပဲ ရှိတယ်”

သို့သော် အသိစိတ်၏ သတိပေးချက် မဆုံးခင် ဆွန်းမိုက လမ်းကြားထဲသို့ ဝင်သွားသည်။

ယခုတစ်ခါမှတော့ ဂျိဝမ်ဒေါင်သည် မာရှန်၏ တိုက်ပွဲကို မကြည့်တော့ပေ။ ထိုအစား ဆွန်းမို၏ ဖန်သားပြင်ကို သိချင်စိတ်အပြည့်နှင့် ကြည့်နေခဲ့သည်။

ထို့နောက် သူစိတ်ပျက်သွားသည်။

ဂျိဝမ်ဒေါင်သည် တော်တော်လေး မကျေမနပ်ဖြစ်နေသည်။ (ပိုပြီးဆန်းသစ်တဲ့ စိန်ခေါ်မှုတွေ မရှိတော့ဘူးလား)

တိုက်ပွဲစလျှင် ဆွန်းမိုသည် ပုံရိပ်ယောင်နှင့် အကြိမ်အနည်းငယ် ထိပ်တိုက် တိုက်ခိုက်ခဲ့ပြီး နောက်ပြန်ဆုတ်သွားသည်။ သူ့ကြားက အကွာအဝေးသည် တော်တော် ဝေးသွားသည်။ သူ၏ အကြည့်များက လေးလံနေသည်။

“အမ် ဘာဖြစ်နေတာလဲ”

ဂျိဝမ်ဒေါင် နားမလည်ဖြစ်နေသည်။ ဒီအမှောင်ပုံရိပ်ယောင်သည် ပထမအချိ ပုံရိပ်ယောင်ထက် သိသိသာသာ အားနည်းနေသည်။ သို့သော် ဆွန်းမိုသည် ဘာကြောင့် ထိုမျှ သတိထားနေရသနည်း။

ပုရိပ်ယောင်က သူ့အနောက်ကို မလိုက်ခဲ့ပေ။ ဆွန်းမိုကို အနားယူခွင့် ပေးထားသည်။

အနီးကပ်လေ့လာပြီးနောက် ဆွန်းမို နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြန်သည်။ သို့သော်

တစ်မိနစ်ခန့်ကြာပြီးနောက် နောက်တစ်ကြိမ် နောက်ဆုတ်သွားပြန်သည်။

"အတိအကျဆိုရင် ဘာတွေ ဖြစ်နေတာလဲ"

ဂျိဝမ်ဒေါင် ခေါင်းကုတ်နေသည်။ နားမလည်နိုင် ဖြစ်နေသည်။

"ငါတို့ဆရာရဲ့ တိုက်ခိုက်မှုက သူ့ကိုယ်သူ ရောင်ပြန်ဟပ်နေတယ်"

ရှန်ယွန်ပေါင်က ရှင်းပြသည်။

"အမ်"

ဂျိဝမ်ဒေါင် အနည်းငယ် အံ့အောသွားသည်။

"ပုံရိပ်ယောင်ကို တိုက်ခိုက်တာက ကို့ကိုယ်ကို ပြန်ရိုက်တာနဲ့ တူနေတယ်"

လီဇီချီက ရှင်းပြသည်။

သူမဆရာသည် ချွန်ထက်သောဓါးကို မသုံးဘဲ သစ်သားဓါးကိုသာ အသုံးပြုနေခဲ့သည်။ အခြေခံအားဖြင့်တော့ အသားကို မထိုးဖောက်ဘဲ ပတ်ပတ်လည်၌ သွေးများ ပျံ့နှံ့နေမည် မဟုတ်ပါ။ ထို့ကြောင့် ပရိတ်သတ်များက သိရှိရန် မလွယ်လှပေ။

သို့သော် အနီးကပ်ကြည့်လိုက်လျှင် ဆွန်းမို၏သစ်သားဓါးက ပုံရိပ်ယောင်ကို ထိမှန်သောအခါတိုင်း ဆွန်းမို၏တူညီသော အစိတ်အပိုင်း၌ ထိမှန်သည့် ခြစ်ရာများ ပေါ်ထွက်လာသည်ကို တွေ့ရှိနေရသည်။

ဆွန်းမိုက တတိယအကြိမ်မြောက် ပြန်တိုက်ခိုက်သည်။ ဒီတစ်ကြိမ်တော့ တော်တော်လေးကြာသည်။ ပုံရိပ်ယောင်ဆီက အချက်အလက်များကို ထပ်စုံစမ်းရန် ကြိုးစားနေမှန်း

သိသာသည်။ ဂျိဝမ်ဒေါင်သည် ကြည့်နေရင်း နောက်ဆုံးတော့ သဘောပေါက်သွားသည်။

"မင်းတို့ ဒီကိစ္စကို ဘယ်လိုထင်လဲ။ ဆရာဆွန်းက အများကြီး မတိုက်ခိုက်ဘဲ ပုံရိပ်ယောင်ကို ရုတ်တရက် လုပ်ကြံသတ်ဖြတ်လိုက်ရင် အဆင်ပြေမလား"

ဂျိဝမ်ဒေါင်သည် အဖြေတစ်ခု တွေးလိုက်သည်။ သို့သော် သူစကားပြောပြီးနောက် ရှုတ်ချသော အကြည့်နှစ်ခု ရောက်လာသည်။

"ဒီလို သန်မာတဲ့ ရန်သူကို ရုတ်တရက် သတ်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အချက်ကို

ဖယ်ထားလိုက်အုံး။ သူ့ဆီကနေ ဒဏ်ပြန်လာတဲ့ ပျက်စီးမှုကြောင့် ခန္ဓာကိုယ် အစစ်က အသက်ရှင်ပါ့မလားဆိုတဲ့ အချက်ကို ဘယ်သူသိမှာလဲ”

လီဇီချီသည် ဂျိဝမ်ဒေါင်က တော်တော်တုံးသည်ဟု ခံစားရသည်။ ဒီအချိန်၌ ပြန်စတင်ရန် နည်းလမ်း မရှိပါ။ အမှားလုပ်မိလျှင် အသက်ပေးဆပ် ရနိုင်သည်။

ဆွန်းမိုသည် ပုံရိပ်ယောင်ကို အဆက်မပြတ် တိုက်ခိုက်နေမှုအား ရပ်တန့်လိုက်သည်။ ထို့ကြောင့် ပုံရိပ်ယောင်ကလည်း ဆက်မတိုက်ခိုက်တော့ပေ။

"ဆရာမာလည်း ဒီအပိုင်းကို ရောက်လာပြီ"

လုချီဟွာ လေသံလေးနှင့် သတင်းပို့သည်။

ခဏလောက်ကြာလျှင် ကူရှုပ်ရှင်းလည်း ပထမအချီကို ကျော်ဖြတ်ခဲ့သည်။ ထန်ထန်ယုထန်အတွက်ကတော့ သူကဒေါသထွက်နေသော ပုံရိပ်ယောင်ကို အဆိပ်ခတ်ပြီး သတ်ခဲ့သည်မှာ တော်တော်ကြာနေပြီ။ သို့သော် သူ့ဒဏ်ရာကို ပြန်ကုသနေသဖြင့် နှောင့်နှေးနေခဲ့ရပြီး နောက်ဆုံးမှ ဒုတိယအချီကို ဝင်ရောက်ခဲ့သည်။

ထို့နောက် သူတို့အားလုံးသည် ဒုတိယအချီက ကိုင်တွယ်ရ ခက်ကြောင်း သိလိုက်ရသည်။

"မှားနေပြီ။ ဒါက ဒုတိယ အချီပဲလေ။ အသိစိတ်က ငါတို့ကို မျှော်လင့်ချက်မဲ့တဲ့ အခြေအနေ ပေးမှာ မဟုတ်ဘူး"

ဆွန်းမို တွေးလိုက်မိသည်။

သူသည် ဒဏ်ရာ ထိခိုက်မှုကို အတုအယောင်ဟု ထင်ခဲ့မိသည်။ သို့သော် စစ်ဆေးပြီးတဲ့နောက် ပျက်စီးမှုက အစစ်မှန်းဖြစ်နေကြောင်း

သိလိုက်ရသည်။ ထို့ကြောင့် ပုံရိပ်ယောင်ကို မသတ်ရဲတော့ပေ။

သူ့ကိုယ်သူသတ်သေသလို ဖြစ်သွားရင် ဘယ်လို လုပ်မလဲ။

....

ထန်ထန်ယုထန်၏ အဆိပ်ငွေ့သည် ပုံရိပ်ယောင်ထံ ဦးတည်ပြီး ဝင်သွားသည်။ ထို့နောက် ဒဏ်ပြန်သက်ရောက်မှု စတင်လာသည်။ ရောဂါသည် ချက်ခြင်း ချောင်းဆိုးကာ မျက်နှာ နီရဲလာသည်။

ယခုအချိန်၌ လုံး၀ အဆိပ်သင့်သော လက္ခဏာ ပြနေပြီ။

ထို့ကြောင့် အဆပ်ဖြေဆေးကို အမြန်သောက်လိုက်သည်။

လီဇီချီနှင့် လုချီဟွာတို့သည် ဖန်သားပြင်ကို စိုက်ကြည့်နေကြသည်။ ဂျိ၀မ်ဒေါင် စိတ်လှုပ်ရှား၍ အော်လိုက်သော အသံသည် ရုတ်တရက် ထွက်ပေါ်လာသည်။

“ဆရာမာက ဒုတိယအချီက အောင်မြင်သွားပြီ။”

လီဇီချီနှင့် ကျန်သည့်နှစ်ယောက်ကို ကျေနပ်အားရသော အမူအရာနှင့် စိုက်ကြည့်လိုက်သည်။

'မြင်လား'

(ဒါက ငါတို့ဆရာရဲ့ ခွန်အားပဲ။ ဒုတိယအချီမှာ သတ္တိရှိဖို့ လိုအပ်တယ်။ လူတစ်ယောက်က သူတို့ရဲ့အသက်ကို အလောင်းအစား မလုပ်ရဲရင် သတ္တိမရှိရင် ဒါကို ဖြတ်ကျော်နိုင်မှာ မဟုတ်ဘူး။)

"မင်း ဘယ်လိုထင်လဲ"

လီဇီချီက ဂျိဝမ်ဒေါင်ကို လျစ်လျူရှုလိုက်ပြီး လုချီဟွာကို ကြည့်လိုက်သည်။

"မသိဘူး။ ဒါပေမယ့် သူပြောတာက မှားနေတယ်လို့ ခံစားရတယ်"

လုချီဟွာက ခေါင်းခါပြီး ပြန်ဖြေသည်။ အကယ်၍ သူမသာဆိုလျှင် ပုံရိပ်ယောင်နှင့် သူငယ်ချင်းလုပ်ရန် ရွေးချယ်ပြီး ဖြတ်သန်းခွင့်ပေးဖို့ တောင်းဆိုလိုက်မည်။

....

"မျှော်လင့်ထားသလိုပဲ။ ငါထင်တာ မှန်နေပြီ"

မာရှန် တုန်လှုပ်ခြောက်ခြားနေသည်။ အကယ်၍ သူတို့ မျိုးနွယ်စု၏သခင်မက ပုံရိပ်ယောင် တစ်ခု မဟုတ်ခဲ့လျှင်၊ သူမဆီက လမ်းညွှန်မှုကို မရခဲ့လျှင် ဒီအချိန်၌ တော်တော်လေးကြာနေလိမ့်မည်။

"ပထမအချီကိုတော့ ဆွန်းမို ကျော်ဖြတ်နိုင်လိမ့်မယ်။ ဒါပေမယ့် ဒုတိယအချီကတော့ သူ့အတွက် စိန်ခေါ်မှုပဲ"

မာရှန် ထိုနေရာမှ ထွက်သွားသောအချိန်၌ ဆွန်းမိုကတော့ အလောင်းကောင် ဖြစ်တော့မည်ဟု ခံစားနေရသည်။

ဆွန်းမိုသည် ရှေ့ဟောင်းအနိပ်ပညာနှင့် ဒဏ်ရာများကို ကုသရန် ဂျင်းနီကို ထပ်ပြီး ဆင့်ခေါ်လိုက်သည်။ သို့သော် ဂျင်းနီကို ဆင့်ခေါ်ပြီးနောက် မလုပ်လိုက်ရပေ။

“အမ်”

ဆန်းမို မျက်မှောင်ကြုတ်လိုက်သည်။ ရုတ်တရက် စိတ်လှုပ်ရှားလာပြီး ထိမှန်သွားသည်။

အသိစိတ်က အရုပ်များနှင့် ဆက်မကစားချင်တော့ပေ။ ဒုတိယအချီအတွက် ကြာချိန်ကို နာရီဝက် ကန့်သတ်ထားသည်။ အကယ်၍

ယှဉ်ပြိုင်သူက ဖြတ်ကျော်နိုင်မည့် နည်းလမ်းကို ရှာမတွေ့ခဲ့လျှင် ပုံရိပ်ယောင်က စတင်ပြီး တိုက်ခိုက်လာလိမ့်မည်။

ဆွန်းမိုအတွက် အချိန်ကပြည့်သွားပြီ။ ထို့ကြောင့် ပုံရိပ်ယောင်၏ တိုက်ခိုက်မှု လွှမ်းမိုးလာသည်။

ဖောက်

ဆွန်းမို၏ သစ်သားဓါးက ပုံရိပ်ယောင်၏ လက်မောင်းကို ထိမှန်သွားသည်။ ပုံရိပ်ယောင်က မျက်တောင်ပင် မခတ်...။ ထိုအစား ဆွန်းမိုပဲ နာကျင်သွားသည်။

"ဆရာဆွန်းက အရမ်းအထင်ကြီးဖို့ကောင်းပေမယ့် နောက်ဆုံးတော့ ရပ်တန့်သွားပြီ"

ဂျိဝမ်ဒေါင်က သက်ပြင်းချရင်း ပြောလိုက်သည်။

"မင်းရဲ့ ကျီးကန်း ပါးစပ်ကို ပိတ်ထားစမ်း"

လီဇီချီက အော်ဟောက်လိုက်သည်။

လုချီဟွာ၏ လုပ်ရပ်က ပိုပြတ်သားသည်။ သူမက ဓါးမြှောင်ကို ဆွဲထုတ်ပြီး ဒီအရူးကျီးကန်းကို ဓါးဖြင့် ထိုးသတ်ရန် လုပ်လိုက်သည်။

"နားလည်မှု မလွဲပါနဲ့။ ဆရာဆွန်းကို စော်ကားချင်တဲ့ ရည်ရွယ်ချက် မရှိပါဘူး။ ဒါပေမယ့် အမှန်တရား ဒီလိုပဲ"

ဂျိဝမ်ဒေါင်က ကြောက်လန့်တကြား နောက်ခုန်ဆုတ်သွားသည်။

"မင်းပြောနေသေးတာလား"

လုချီဟွာက တိုက်ခိုက်ရန် လုပ်လိုက်သည်။

"အငြင်းပွားမနေနဲ့တော့ သူ့ကို တိုက်ခိုက်ချင်ရင်တောင် ဆရာက ပုံရိပ်ယောင်ကို

နိုင်တဲ့အထိ စောင့်ကြစို့။ အဲဒီအချိန်ကျရင် ဒီအရူးရဲ့ ဦးနှောက်ထဲကို တစ်ခုခု ဝင်လာလိမ့်မယ်”

လီဇီချီ၏ လေသံက အေးစက်နေသည်။

ပုံရိပ်ယောင်က စတင်ပြီး တိုက်ခိုက်လာတော့သည်။ သူ၏ အမြန်နှုန်းက အရမ်းလျှင်မြန်ပြီး ဆွန်းမိုနောက်သို့ အဆက်မပြတ် လိုက်နေသည်။ အခြေခံအားဖြင့် ဆွန်းမို၌ ရှောင်လွဲရန် နည်းလမ်း မရှိပေ။

သူ၏ တိုက်ခိုက်ရေးအစွမ်းက အစွမ်းမထက်သော်လည်း ဒဏ်ပြန်ထိခိုက်မှုက တော်တော်လေး စိတ်အနှောက်အယှက် ပေးနေသည်။

နောက်ဆုံး၌ ဆွန်းမိုသည် သည်းမခံနိုင်တော့ဘဲ ပုံရိပ်ယောင်၏ ခေါင်းကို ဓါးနှင့် ခုတ်လိုက်သည်။

ဘုန်း

ပုံရိပ်ယောင်၏ ခေါင်း ပေါက်ကွဲသွားသည်။ ဆွန်းမိုကိုယ်တိုင်လည်း မြေပေါ်သို့ တန်းပြီး ပြုတ်ကျသွားသည်။

“အား၊ ဆရာ”

လုချီဟွာ တော်တော်လေး တုန်လှုပ်သွားသည်။ သူမ၏ဆရာကို လိုက်ရှာချင်လာသည်။ သို့သော် သွားစရာ လမ်းက မရှိ.....။

"မလန့်နဲ့"

လီဇီချီက လုချီဟွာကို ဖမ်းဆုပ်လိုက်သည်။

"ဘာဖြစ်နေတာလဲ"

ဂျိဝမ်ဒေါင် နားမလည်ပေ။ ပုံရိပ်ယောင် သေဆုံးသွားသည်နှင့် ဆွန်းမို၏ မျက်နှာ၌ ဘာကြောင့် နာကျင်သော အမူအရာ ဖြစ်လာပြီး လဲကျသွားရသနည်း။

“အီး ဟီး ဟီး........ ဆရာ သေချာပေါက် အဆင်ပြေမှာပါနော်”

လုချီဟွာ အရမ်းစိုးရိမ်နေသော်လည်း သူမ၏ဆရာသည် ဒီအဆင့်ကို ဖြတ်ကျော်နိုင်မည်ဟု ခံစားနေရသည်။ ထိုသို့ ကွဲလွဲသော ခံစားချက်ကြောင့် အရမ်း စိတ်ဆင်းရဲနေရသည်။

“ငါ နားလည်ပြီ”

လီဇီချီ ရုတ်တရက် သဘောပေါက်သွားသည်။

“မင်း ဘာနားလည်တာလဲ”

လုချီဟွာသည် လီဇီချီ၏ လက်ကို အရှုံးအမှုံး ဆုပ်ကိုင်ပြီး အော်ဟစ်ရင်း မေးနေသည်။

ရှန်ယွန်ပေါင်က လေးနက်စွာ တွေးတောနေသည်။

အခန်း (၃၉၇) - ငါတကယ် နားမလည်ပေမယ့် အရမ်းအထင်ကြီးဖို့ကောင်းတယ်လို့ ခံစားရတယ်။

"ဒီအပိုင်းက လူတစ်ယောက်ရဲ့ စိတ်စွမ်းရည်ကို စမ်းသပ်တာပဲ"

လီဇီချီက ရှင်းပြသည်။

"ဒဏ်ပြန်တဲ့ ပျက်စီးမှုက ထင်ယောင်ထင်မှားပဲ ဖြစ်နိုင်တယ်။ မင်း တကယ် ဖြစ်နေတယ်လို့

ခံစားရလိမ့်မယ်။ အပြန်အလှန် အားဖြင့်လည်း တကယ်တည်ရှိနေသလို ဖြစ်နေလိမ့်မယ်”

“အမ်”

လုချီဟွာ၏ မျက်နှာ၌ စိတ်ရှုပ်သော အမူအရာ ပေါ်နေသည်။ သူမ တကယ် နားမလည်ပေ။

“ဒီအကြောင်းကို အရင်က စာအုပ်အနည်းငယ် ဖတ်ဖူးတယ်။ တကယ်တော့ စိတ်စွမ်းအင်၊ စွမ်းအားနဲ့ပက်သက်တဲ့ စာအုပ်တွေက သိသိသာသာ ရှားပါးလွန်းတယ်”

လီဇီချီက ပြောလိုက်သည်။

“ဆရာဆွန်း မသေဘူး”

ရှန်ယွန်ပေါင်က ရုတ်တရက် ထအော်လိုက်သည်။

ကောင်မလေးနှစ်ယောက်က ချက်ခြင်းပဲ လှမ်းကြည့်သည်။ ထင်တားသည့်အတိုင်း ဆွန်းမို ထိုင်နေသည်ကို မြင်လိုက်ရသည်။ သူ့မျက်နှာက ဝေဒနာ ခံစားရသကဲ့သို့ ဖြူဖျော့နေသည်။ ဘေးဒုက္ခကိုဖြတ်ကျော်နိုင်၍ ရွှင်လန်းနေသော အမူအရာလည်း ရှိနေသည်။

“မာရှန်မှာ အရင်ကတည်းက ဒီလိုမျိုး အလားတူတဲ့ အတွေ့အကြုံမျိုး ရှိလိမ့်မယ်။ ဒါကြောင့်

ဒီပွဲက သူ့အတွက် လုံးဝ မခက်တာပဲ၊ ဒါပေမယ့် မင်းက ဘယ်လိုလုပ် အောင်မြင်ခဲ့လဲဆိုတာ ငါအရမ်းသိချင်တယ်”

ဆွန်းမို၏ အမူအရာကြောင့် အသိစိတ်သည် အလိုလို သိချင်လာသည်။ ဒီအချိ၏ အထွတ်အထိပ်ကို ဖြတ်ကျော်ရန်အတွက် သူ့၏ကိုယ်ပိုင်ဉာဏ်နှင့် သုံးသပ်ချက်အပေါ် အားကိုးခဲ့ ပုံပေါ်သည်။

“မင်းက အမှောင်ပုံရိပ်ယောင် ကျောက်မြတ်ရတနာပဲ မဟုတ်လား။ မင်းရဲ့ အမိက

တိုက်ခိုက်မှုက စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုပဲ ဖြစ်နိုင်တယ်”

အမှတ်(၂) အထက်တန်းကျောင်း၌ ကျောင်းသားတွေကို သင်ကြားပေးခဲ့စဉ်က ကောင်းကောင်း နားလည်သဘောပေါက်စေရန် ဆွန်းမိုသည် စိတ်ပညာနှင့်သက်ပက်သော စာအုပ်တွေ အများကြီးဝယ်ခဲ့ပြီး စိတ်ပညာ စမ်းသပ်သော စာအုပ်အများကြီးကိုလည်း ဖတ်ခဲ့သည်။

“လူတွေက အရမ်းကြီး ကြောက်ရွံ့လာတဲ့အခါ ဒါမှမဟုတ် စိုးရိမ်ပူပန်လာတဲ့အခါ ခန္ဓာကိုယ်ကနေ

ဖိစီးမှု ထုတ်လုပ်ပေးတယ်။ ပမာပြောရရင် ခန္ဓာကိုယ်ထဲကနေ အန်ဒရီလင်းတွေ အများကြီး ထုတ်ပေးတယ်။ အရမ်းများရင် သွေးစီးဆင်းမှု မြန်လာပြီး ကိုယ်တွင်းအင်္ဂါကို ဝန်ပိုစေလို့ လူတောင် သေသွားနိုင်တယ်”

“ရှေးခေတ်ကနေ အခုအချိန်အထိ အကြောက်လွန်ပြီး သေသွားတဲ့လူတွေ တော်တော်များနေပြီ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစပိုင်းတုန်းက ဆွန်းမိုသည် ဒဏ်ပြန်ပျက်စီးမှု အစစ်အမှန်ဟု ထင်ခဲ့မိသည်။ ဒါကို ကုသရန်အတွက် ဂျင်းနီကိုပင် ဆင့်ခေါ်ခဲ့သည်။

ဂျင်းနီက လုံးဝ မလှုပ်ရှားခဲ့ပေ။

ဘာဖြစ်လို့ ဒီလို ဖြစ်ရတာလဲ။

အကြောင်းမှု ဆွန်းမို၌ လုံးဝ ဒဏ်ရာ မရှိသောကြောင့် ဖြစ်သည်။။။ ထို့ကြောင့် ဒီဒဏ်ရာများသည် စိတ်ပိုင်းဆိုင်ရာမှ ဖြစ်ပွားလာခြင်း ဖြစ်သည်။ ထင်ယောင်ထင်မှားဖြစ်စေသော အမျိုးအစားတစ်ခု ဖြစ်သည်။

မင်းမှာ ဒဏ်ရာမရှိဘူးလို့ လုံးဝ ယုံကြည်ရင် နာကျင်မှာ မဟုတ်ပေ။

သို့သော် ပုံရိပ်ယောင်ကို သတ်လိုက်သောအချိန်၌ ဆွန်းမိုသည် ခေါင်းတစ်ခုလုံး ပေါက်ကွဲမတတ် ပြင်းပြင်းထန်ထန် နာကျင် ခံစားခဲ့ရသည်။

ထိုခံစားချက်က သရဲကား ကြည့်တုန်းက လို ဖြစ်နေခဲ့သည်။ အတုယောင်ဟု သိထားသော်လည်း ကြောက်နေလိမ့်မည်။

ဆွန်းမို၏ စိတ်သည် လုံလောက်အောင် သန်မာနေသဖြင့် ကံကောင်းသွားသည်။ အစကနေ

အဆုံးအထိ သူ့၏သုံးသပ်ချက်ကို သံသယ မဝင်ခဲ့ပေ။ အရမ်းနာကျင်စွာ ခံစားခဲ့ရသော်လည်း အသက်ရှင်ရပ်တည်နိုင်ခဲ့သည်။

ထိုအချိန်တုန်းက သံသယ နည်းနည်းလေးဝင်သွားခဲ့လျှင် ချက်ခြင်းသေသွားလိမ့်မည်။

"အန်ဒရီလင်းဆိုတာ ဘာလဲ"

ဂျိဝမ်ဒေါင်သည် အရမ်းအံ့အားသင့်သော မျက်နှာဖြစ်နေသည်။ ထိုနောက် သဘောကျလာသည်။

ဆရာဆွန်းသည် တကယ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့သည်။

ထိုနောက်တွင် လေးစားအထင်ကြီးမှု အမှတ်များ ပွံ့ပိုးခဲ့သည်။

“ငါတကယ်နားမလည်ပေမယ့် ဆရာဆွန်းက အရမ်းအထင်ကြီးဖို့ ကောင်းတယ်လို့ ခံစားရတယ်”

ဆွန်းမိုကို ကြည့်သော လုချီဟွာ၏ အကြည့်များ၌ ကိုးကွယ်မှုများ ပြည့်နှက်နေသည်။

လီဇီချီကတော့ သူမဆရာသည် အသိပညာတွေအားလုံး သူမထံ ဝေငှပေးမည်ကို သိနေသဖြင့် အရမ်းတည်ငြိမ်နေခဲ့သည်။

ပြောရလျှင် ဆွန်းမိုကို သူမ၏ ကိုယ်ပိုင်ဆရာအဖြစ် တင်မြှောက်နိုင်ခဲ့ခြင်းသည် အမှန်တကယ်ကို ကံကောင်းလှသည်။ သူ့ကြောင့် ကောင်းကင်နှင့် မြေကြီးကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် မြင်နိုင်ပြီး ကမ္ဘာကြီး၏ လျှို့ဝှက်ချက်ကို ပိုနားလည်နိုင်ခဲ့သည်။

"ငါသဘောပေါက်ပြီ............ဒါကြောင့် လူတွေက အကြာကြီးလွန်ပြီး သေတာကိုး"

ကျောက်မြတ်ရတနာ အသိဉာဏ်၌ ဆင့်ခြင်နိုင်စွမ်းရှိသည်မှာ သေချာနေသည်။

"နောက်တစ်ဆင့် တက်လို့ ရမလား"

အသိစိတ်၏ စကားကြောင့် မာရှန်သည် သူ့ထက် ခြေတစ်လှမ်း ပိုမြန်နေကြောင်း ဆွန်းမို သိသွားသည်။

"ဟုတ်တယ်။ မင်းက ဒုတိယအချီကို ကျော်ဖြတ်နိုင်ခဲ့တယ်။ ငါကလည်း အသစ်အဆန်းကို သင်ယူနိုင်ခဲ့တဲ့အတွက် မင်းကို ဆုပေးမယ်။

လမ်းတစ်ဝက်မှာ ထွက်သွားဖို့ အခွင့်အရေး တစ်ခါ ရမယ်။”

အသိစိတ်က ပြုံးသောအသံနှင့် ပြောသည်။

“ဒီအခွင့်အရေးကိုတန်ဖိုးထားပါ။ အရင်က ဒီလောက် စေတနာ မကောင်းခဲ့ဖူးဘူး”

“ဒီအခွင့်အရေး တခြားလူကို ပေးလို့ရမလား”

ဆွန်းမိုသည် သေချာပေါက် အရှေ့ကို ဆက်သွားချင်နေသည်။

“မင်းပြောချင်တာက ဒီမိန်းမကို ဆိုလိုတာလား”

အသိစိတ်က သူ့ခန္ဓာမှန်းချက် မှန်သည်ဟု ထင်နေခဲ့သည်။ အမျိုးသားများကို အောက်ပိုင်းက ထိန်းချုပ်သော သတ္တဝါဟု ခေါ်ကြသည်။ အမျိုးသမီးအတွက်ဆိုလျှင် ခေါင်းတွေ အရည်ပျော်ပြီး သွေးတွေ ထွက်ကျလိမ့်မည်။ သူမတို့အတွက် အရာအားလုံး လုပ်ပေးနိုင်သည်။

“ဖြစ်နိုင်ရင် ဒီကောင်လေးကို ပေးချင်တယ်”

ဆွန်းမိုက ထန်ထန်ယုထန်အတွက် အာမခံတစ်ခု ပေးချင်သည်။ ရောဂါသည် သည် သေခြင်းတရားနဲ့ ရင်ဆိုင်တွေ့သောအခါ ရဲရင့်သလို

လုပ်တတ်သော်လည်း စိတ်ထဲ၌ အကြောက်ဆုံး ဖြစ်သည်။

ကူရှုပ်ရှင်းကရော။

သူမကို အရမ်းအထင်ကြီးသည်။ ဆွန်းမိုက သူမ ဖြတ်ကျော်နိုင်မည့် အခွင့်အရေး ၈၀ ရာခိုင်နှုန်းခန့် ရှိသည်ဟု ခံစားရသည်။

"ကောင်းပြီလေ"

အသိစိတ်က ဒါကို စိတ်မဝင်စားပေ။

"ကျေးဇူးပြုပြီး ဆက်လုပ်ပါ"

ထို့နောက် နံရံအနောက်၌ လမ်းကြောင်းတစ်ခု ပေါ်လာသည်။

လမ်းလျှောက်သွားပြီးနောက် ဆွန်းမိုသည် စက်ဝိုင်းပုံစံ ပလက်ဖောင်းတစ်ခုပေါ် ရောက်သွားသည်။ ထိုနောက် အမှုအရာ နည်းနည်းပြောင်းသွားသည်။

စင်ပေါ်၏ မြောက်ဖက်စွန်း၌ အသက် ၁၂နှစ်အရွယ်ကောင်လေးတစ်ယောက် ရပ်နေသည်။ ဒီကလေးသည် ဆွန်းမို ငယ်ငယ်တုန်းက ပုံစံမှန်း သိသာနေသည်။ ကြည့်လိုက်လျှင် ကလေးလေးက

သန့်ရှင်းပြီး လောကကြီး ညစ်ပတ်မှုကို မခံရသေးသော ပုံစံ ဖြစ်နေသည်။

သို့သော်လည်း ယခုအချိန်၌ ကလေး၏မျက်နှာပေါ်တွင် သတ်ဖြတ်ချင်စိတ်များ ပြည့်နှက်နေသည်။

"အကြိမ်တိုင်းမှာ ပုံရိပ်ယောင်နဲ့ပဲ တိုက်ခိုက်နေရတုန်းလား။ အခုတော့ ပိုဆန်းသစ်လာပြီ"

ဆွန်းမိုက တိုက်ခိုက်မှုကို ကာကွယ်လိုက်သည်။

ထိုကလေးလေးသည် အသက် ၁၂နှစ်သာ ရှိသော်လည်း တိုက်ခိုက်ရေး အစွမ်းက လက်ရှိ ဆွန်းမိုနှင့်အတူတူ ဖြစ်နေသည်။ ထိုအပြင် လှုပ်ရှားမှုက အရမ်းလျင်မြန်သည်။

ထုံးစံအတိုင်း ဆွန်းမိုကို ကျော်လွှားရန် မလုံလောက်သေးပေ။

နှစ်မိနစ်ခန့် ကြာလျှင် ပုံရိပ်ယောင်၏ ခေါင်းက ပေါက်ကွဲသွားသည်။ အလင်းအဖြစ် ပြောင်းလဲသွားသော်လည်း မှေးမှိန်သွားခြင်း မရှိပေ။ သူတို့ ပေါင်းစည်းပြီး ပုံစံ အသစ်တစ်ခု

ပြန်ဖြစ်လာသည်။ ပုံရိပ်ယောင် အသစ်သည် အသက် ၁၈နှစ် ဆွန်းမို ဖြစ်နေသည်။

"သတ်"

ပုံရိပ်ယောင်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

....

ဒုတိယအချီ၌ အချိန်ကန့်သတ်ချက် ကျော်လာသည်နှင့် ပုံရိပ်ယောင်က စတင်ပြီး တိုက်ခိုက်လာသည်။ ထန်ထန်ယုထန်သည် ချက်ခြင်းဆိုသလို အားနည်းသော အနေအထားသို့

ရောက်ရှိသွားသည်။ သူသည် ထွက်ပြေးရန် ဒါမှမဟုတ် ပြန်ဖိနှိပ်ရန် မဖြစ်နိုင်သောကြောင့် ချောင်းဆိုးရင်း သွေးပါလာသည်။

သေခြင်းတရားက တဖြေးဖြေးနှင့် နီးကပ်လာပြီး လည်ပင်းတစ်ဝိုက်တွင် ကြိုးကွင်းက ဖြည်းဖြည်းခြင်း တင်းကျပ်လာသလို ခံစားရသည်။ ခန္ဓာကိုယ်က အလိုလို တုန်ယင်လာသည်။

“ငါမသေချင်ဘူး။ မသေနိုင်ဘူး...........”

ဒါသည် သူ့စိတ်ထဲမှာရှိသည့် တစ်ခုတည်းသော အတွေးသာ.....။ စိတ်တည်ငြိမ်အောင်လုပ်ပြီး

ဗျူဟာကို တွေးသင့်မှန်းသိသော်လည်း စိတ်တွေက ဂယောက်ဂယက် ဖြစ်နေသည်။

“ထန်ထန်ယုထန်ရဲ့ စိတ်ဓါတ် ပြိုကွဲနေပြီ”

လုချီဟွာက လီဇီချီ၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

“ဟုတ်တယ်”

လီဇီချီ နှုတ်ခမ်း လှုပ်ယမ်းသွားသည်။ သူမသည် ထန်ထန်ယုထန်၏ ‘ အိုင်ါက သေတော့မယ်။ ငါ့အသက်ကို ဂရုမစိုက်နဲ့’ ဟူသော အပြုအမူမျိုးကို ရှုံမုန်းမိသည်။

ထိုကဲ့သို့ အတွေးများကြောင့် စည်းမျဉ်းကို ဆန့်ကျင်သော အပြုအမူမျိုး အများကြီး လုပ်ခဲ့သည်။ ဥပမာပြောရလျှင် ဆွန်းမိ၏ ဂုဏ်သိက္ခာကို အကြိမ်ပေါင်းများစွာ စိန်ခေါ်ပြီး အခြားသူများကို အပျော်အနေနှင့် အရုပ်တစ်ခုကဲ့သို့ သတ်မှတ်ပြီး ကစားလေ့ရှိသည်။

သို့သော် သေခြင်းတရားက အမှန်တကယ် ရောက်လာသောအခါ ထန်ထန်ယုထန်သည် ကံကြမ္မာကို အေးအေးဆေးဆေး လက်ခံနိုင်သော

အနေအထား၌ မရှိသည်ကို တွေ့လိုက်ရသည်။ အသက်ရှင်ချင်နေသည်။

ထန်ထန်ယုထန်သည် ပုံရိပ်ယောင်နှင့် တိုက်ခိုက်ခြင်းကို စွန့်လွှတ်လိုက်သည်။ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီး ထွက်ပေါက် လိုက်ရှာနေသည်။ တကယ်တော့ သူဝင်လာပြီး ပြန်ပိတ်သွားသော နံရံကိုပင် တိုက်ခိုက်ခဲ့သေးသည်။ ဒီနံရံပြိုကျပြီး ထွက်ပေါက်သို့ ဦးတည်သောလမ်း ပြန်ပေါ်လာမည်ဟု မျှော်လင့်နေသည်။

"ငါ လက်စားမချေရသေးဘူး။ ဒီရှုံ့ဖို့ ကောင်းတဲ့ အပေါင်းအဖော်တွေကို ပြန်မပေးဆပ်ခိုင်းရသေးဘူး ငါမသေနိုင်ဘူး"

ထန်ထန်ယုထန်သည် သူ၏ သူရဲသွေးကြောင်မှုအတွက် ဆင်ခြေရှာရင်း တိုးတိုးလေး ရေရွတ်နေသည်။

ဘုန်း

ပုံရိပ်ယောင်၏ လက်သီးက ထန်ထန်ယုထန်၏ နားဘေးနားက ကပ်ဖြတ်သွားပြီး နံရံကို ထိမှန်သွားသည်။ ပင့်ကူအိမ်ကွဲသို့

အက်ကွဲကြောင်းများ ပေါ်လာ၍ နံရံပေါက်ကွဲသွားသည်။

နံရံက ကွဲအက်ပြီး လွင့်စင်လာသော ကျောက်တုံး အစအနများသည် ရောဂါသည်၏ မျက်နှာကို ထိမှန်ပြီး အခြစ်ရာများ ကျန်ခဲ့ကာ သွေးများထွက်လာသည်။

ဖောက်

ထန်ထန်ယုထန်၏ ပုံရိပ်ယောင်သည် အလင်းအမှုန်အမွှားအဖြစ်သို့ ပြောင်းလဲကာ ပျောက်ကွယ်သွားသည်။

ဖုန်း

ထန်ထန်ယုထန်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီး နာကျင်စွာ အသက်ရှူနေသည်။

"ဘာဖြစ်လို့ ငါ့ကို လွှတ်ပေးလိုက်တာလဲ"

ထန်ထန်ယုထန် နားမလည်နိုင် ဖြစ်နေသည်။

"ဘာဖြစ်လို့လဲဆိုတာ မင်းရဲ့ဆရာ ဂိမ်းထဲက ထွက်သွားလို့ရမယ့် အခွင့်အရေးကို လက်လွှတ်လိုက်လို့ပေါ့"

အသိစိတ်က ရှင်းပြသည်။

ထန်ထန်ယုထန် ကြောင်နေသည်။ ထိုနောက် အသားထဲသို့ လက်သည်းများ ဖောက်ဝင်သည်အထိ လက်သီး တင်းတင်းဆုပ်ထားသည်။

"ဒီအခြေအနေမှာ ထွက်သွားချင်လား ဒါမှမဟုတ် စိန်ခေါ်မှုကို ဆက်လုပ်ချင်လား"

အသိစိတ်က မေးသည်။

ထန်ထန်ယုထန်သည် ဆက်ပြီး စိန်ခေါ်ချင်ခဲ့သည်။ သို့သော် စကားလုံးများက လည်ချောင်းထဲ၌ နစ်မြုပ်နေသည်။ ဘာမှ မပြောနိုင်ခဲ့ပေ။

"အင်း၊ မင်းမှာ ဒီလို ဆရာကောင်းတစ်ယောက်ရှိတာ ပျော်နေသင့်တယ်။ သူကသေတော့မှာဆိုတော့ တကယ် သနားစရာပဲ"

အသိစိတ်သည် စကားပြောပြီးသည်နှင့် ထန်ထန်ယုထန်ကို အမှောင်ထုထဲမှ တွန်းထုတ်လိုက်သည်။

ထန်ထန်ယုထန်သည် ပုရွတ်ဆိတ်တစ်ကောင်ကဲ့သို့ အရေးမပါလှပေ။ နင်းမယ် မနင်းဘူးဆိုသည်မှာ စိတ်အခြေအနေပေါ်၌ မူတည်သည်။

မျက်စိတစ်မှိတ်အတွင်း၌ ထန်ထန်ယုထန်သည် အမှောင်ထု၏အပြင်ဘက် လမ်းပေါ် ရောက်နေသည်ကို မြင်လိုက်ရသည်။ ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ကြည့်ပြီး စိတ်ပျက်စွာ အော်ဟစ်လိုက်သည်။

"ငါက တကယ့် အမှိုက်ပဲ"

ထန်ထန်ယုထန်သည် ဘယ်သူ့အပေါ်ကိုမှ အကြွေးတင်မခံတော့ဘူး ဟု အိပ်ရာထဲလှဲနေသော ရောဂါသည် မိခင်နား၌ ကတိပေးခဲ့သည်။ ယခုတော့ ဆွန်းမိုပေါ်ကို အကြွေးတင်သွားပြီ။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၁၀,၀၀၀။ ရှိသေ (၁၁,၂၀၀/၁၀၀,၀၀၀)။

....

ကူရှုပ်ရှင်းသည် ပုံရိပ်ယောင် အလောင်းဘေးနားမှာ ရပ်နေပြီး စိတ်ထဲ၌ ကြောက်လန့်နေသည်။ ဆံပင်တစ်ခုလုံး ချွေးများနှင့် စိုစွတ်နေပြီး မျက်နှာမှာ ကပ်နေသည်။

"အရမ်းကို စွဲမက်ဖို့ကောင်းတဲ့ စွမ်းဆောင်မှု တစ်ခုပဲ"

အသိစိတ်က ချီးကျူးလိုက်သည်။

"ကျွန်မရဲ့ စွမ်းဆောင်ရည်က စွဲမက်ဖွယ်ကောင်းတာကြောင့် တောင်းဆိုမှုလေး တစ်ခု လုပ်လို့ ရမလား"

ကူရှုပ်ရှင်းရဲ့အသံက နူးညံ့ ချိုသာလှသည်။

"ကျေးဇူးပြုပြီး ပြောပါ"

အသိစိတ်က နူးညံ့ ယဉ်ကျေးလှသည်။

"အဲဒီကျောင်းသားကို လွှတ်ပေးလို့ ရမလား။ ထုံးစံအတိုင်း မင်းစိတ်မဝင်စားရင် ဆွန်းမိုကိုလည်း ထားခဲ့လို့ ရတယ်"

ကူရှပ်ရှင်းက အကြံပြုသည်။

“မင်းတို့နှစ်ယောက်စလုံးက တကယ့်ဆရာကောင်းတွေပဲ”

အသိစိတ်သည် ခံစားချက်မဲ့စွာ သက်ပြင်းချလိုက်သည်။

“ဒါပေမယ့် မင်းအတွေးလွန်နေပြီ။ ဆွန်းမိုက ဒုတိယအချီကို ဖြတ်ကျော်ပြီးတာနဲ့ ရောဂါသည်ကလေးအတွက် ဒီဆုကို ပေးခဲ့ပြီးသား။ အခုမင်းမှာ ရွေးချယ်ခွင့် ရှိသေးတယ်။ နောက်တစ်ဆင့်တက်မှာလား ဒါမှမဟုတ် ထွက်သွားမလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မဖြစ်နိုင်ဘူး မဟုတ်လား”

ကူရှုပ်ရှင်းက မချိပြုံး ပြုံးလိုက်သည်။ (မင်းက ငါ့ကို တကြိမ်အနိုင်ယူပြီးပြီ။ မင်းကငါ့ကို ကျေးဇူးဆပ်ခွင့်တောင် မပေးတော့ဘူးလား)

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား (၇,၅၀၀/၁၀,၀၀၀)

“ဆက်သွားမယ်”

ကူရှုပ်ရှင်းက အရှုံးမပေးပေ။ သူသည် ဆွန်းမိုကို မှီအောင် လိုက်ရမည်။ အတူတူပူးပေါင်းပြီး မာရှန်ကို တိုက်ခိုက်ရအုံးမည်။

အသက်ကြီးလာသည့်တစ်နေ့ ဒီအမှတ်တရကို ပြန်စဉ်းစားသောအခါ အရမ်းအံ့အောဖို့ ကောင်းနေမှာ သေချာသည်။

....

ဆွန်းမိုသည် ရောဂါသည်ပေးလိုက်သော လေးစားအထင်ကြီးမှု အမှတ်များကို ရုတ်တရတ် ရရှိလိုက်သဖြင့် အံ့အော မှင်တက်သွားသည်။

တကယ်ပဲ ၁၀,၀၀၀လား။

ထိုနောက်မှာတော့ သတိတစ်ချက်လွတ်သွားသဖြင့် ပုံရိပ်ယောင်၏ တိုက်ခိုက်မှုသည် ဆွန်းမို၏ ခေါင်းကို ထိလုနီးပါး ဖြစ်သွားသည်။

ရွှစ် ရွှစ်

ဆွန်းမိုက နောက်ပြန်ဆုတ်ကာ တပြိုင်နက် ပက်လက်လှန်လိုက်ပြီး အစီအစဉ် ပြန်လုပ်လိုက်သည်။ ကာကွယ်ရေးကို အာရုံစိုက်ရန် ဆုံးဖြတ်လိုက်သည်။

ခါးကုန်းနေသော ဆွန်းမိုအိုကြီးသည် သွက်လက်မှုအရ နှေးကွေးသော်လည်း အရမ်းအတွေ့အကြုံများပြီး ဆွန်းမိုနှင့် လက်ရည်တူ တိုက်ခိုက်နေသည်။

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

ရှိသမျှ ထုတ်သုံးလိုက်သည်။

ဆွန်းမိုအိုကြီးကို သတ်နိုင်ခဲ့ရင်တောင် နောက်ထပ်တစ်ယောက် ပေါ်လာအုံးမှာလား။ နောက်ထပ် ပုံရိပ်ယောင် တစ်ယောက်နဲ့ တိုက်ခိုက်ရအုံးမှာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီဆွန်းမိုသည် ငါးယောက်မြောက် ပုံရိပ်ယောင် ဖြစ်သည်။ ဒီအရာကို ကြည့်ရင်း ထင်ယောင် ထင်မှား ဖြစ်ချင်လာသည်။

အကယ်၍ ထိုကဲ့သို့ တိုက်ပွဲများ အဆက်မပြတ် တိုက်ခိုက် နေရအုံးမည်ဆိုလျှင် ဆွန်းမိုကို သံမဏိနှင့် လုပ်ထားရင်တောင် မောပန်းနွမ်းနယ်နေမှာ သေချာသည်။

(ဒီအပိုင်းရဲ့ အဓိကအချက်မှာ အသက်အရွယ်မျိုးစုံ ပုံရိပ်ယောင်ကို သတ်ဖြတ်ရပြီး လိမ်လို့ မရပါ)

ဆွန်းမိုသည် ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားနေသည်။

"ဒီအတိုင်းသာ ဆက်တိုက်နေရင် ဘယ်တော့ ပြီးမှာလဲ"

ဂျိဝမ်ဒေါင်သည် စိုးရိမ်တကြီး ကြည့်နေသည်။ မာရှန်ကတော့ ရှစ်ခုမြောက် ပုံရိပ်ယောင် ဖြစ်သည်။ အဆုံးကို မမြင်ရသော တိုက်ပွဲမျိုးသည် အရမ်းစိတ်ပျက်ဖို့ ကောင်း၏။

"အဲဒီအစား ငါကတော့ အရမ်းကောင်းတဲ့ အခွင့်အရေးလို့ ထင်တယ်"

ရှန်ယွန်ပေါင် တော်တော်လေး မနာလို ဖြစ်နေသည်။ သူလည်း သူ၏ ပုံစံမျိုးစုံနှင့် တိုက်ခိုက်ချင်သည်။

မာရှန်သည် ဆွန်းမို မတူ ဆက်ပြီး မခုခံတော့ပေ။ ထိုအစား အလျင်မြန်ဆုံးနှုန်းနှင့် ပုံရိပ်ယောင်ကို သတ်ပစ်လိုက်သည်။ သူ့အမြင်အရ ပုံရိပ်ယောင်ကို ပိုမြင်လေလေ၊ သူ့ရဲ့တိုက်ခိုက်ရေး အတွေ့အကြုံ ပိုများလေလေ ပုံရိပ်ယောင်၏ ချို့ယွင်းချက်ကို ရှာရန် ပိုလွယ်လေလေ ဖြစ်သည်။

ထိုနောက် ဆယ်ယောက်မြောက် ပုံရိပ်ယောင်နှင့် တိုက်ခိုက်ပြီးသောအခါ မာရှန်သည် ရုတ်တရတ် သဘောပေါက်သွားသည်။ လက်ထဲက ဓါးကို မလှုပ်ရှားတောပေ။

အခန်း (၃၉၈) - မင်းက တကယ်ပဲ တွေးခေါ်မှုပညာရှင်လား။

ပုံရိပ်ယောင်၏ ဓါးရှည်သည် လျှပ်စီးလက်သကဲ့သို့ လျှင်မြန်လှသည်။ မာရှန်၏ နဖူးထံ

ပြေးဝင်သွားသည်။ သို့သော် အသားထဲသို့ မထိုးဖောက်ခင် ရပ်တန့်သွားသည်။

နီရဲနေသော သွေးတစ်စက် နှာခေါင်းအောက်သို့ စီးကျလာသည်။

“ဟားဟား၊ ငါထင်တဲ့အတိုင်းပဲ။ ခန့်မှန်းတာ မမှားဘူး”

မာရှန် မနေနိုင်ဘဲ ရယ်လိုက်သည်။

ထိုအခိုက်တန့်၌ ပြင်းထန်သော သာလွန်မှု ခံစားလိုက်ရသည်။

(မျှော်လင့်ထားသလိုပဲ။ ငါဟာ ပါရမီရှင်တစ်ယောက်ပဲ။ သုံးကြိမ်စလုံးကို မြန်မြန် ဖြတ်ကျော်နိုင်ခဲ့တယ်။ ဆွန်းမိုက ဒီအမှောင်လျှို့ဝှက်ရတနာအတွက် ငါနဲ့ တိုက်ခိုက်ချင်တာလား။ တုံးလိုက်တဲ့ စိတ်ကူး။ မင်းကို လက်တစ်ဖက်တည်းနဲ့တောင် ချေမှုန်းလိုက်လို့ ရတယ်)

မာရှန်က လှောင်ပြောင်လိုက်သည်။ သို့သော်လည်း ခေါင်းကို လျှင်မြန်စွာ ခါယမ်းလိုက်ပြီး မာနကြီးသော အတွေးကို ဖျောက်လိုက်သည်။

မာရှန်သည် လူသားတစ်ယောက် ဖြစ်သည်။ အခြားသူများထက် သန်မာနေပါက သဘာဝအတိုင်း ပျော်ရွှင်မိလိမ့်မည်။ သို့သော်လည်း မကြာမီ ငြိမ်သက်သွားပြီး နှိမ့်ချသော နှလုံးကို ထိန်းသိမ်းထားနိုင်ခဲ့သည်။

ပြိုင်ဘက် ရှိနေမှပဲ သင်ယူလို့ရသော အရာတွေ အမြဲတမ်း ရှိနေမည်။

"အရမ်းအထင်ကြီးဖို့ ကောင်းတယ်"

အသိစိတ်က ချီးကျူးလိုက်သည်။

"မင်းရဲ့ ပြင်ဆင်မှုက မပြည့်စုံသေးဘူးလို့ ပြောရမယ်"

မာရှန်က အားနည်းချက်ကို ထောက်ပြလိုက်သည်။

"ဒီအပိုင်းအတွက် ငါက ပုံရိပ်ယောင်တွေကို သတ်ပစ်ပြီး ကျော်ဖြတ်ရမယ်လို့ ထင်ခဲ့မိတယ်။ တကယ်က အဲဒီလို မဟုတ်ဘူး။ အဲဒီအတွေးနဲ့သာ လုပ်နေရင် ပင်ပန်းပြီး သေသွားနိုင်တယ်"

"ဒါဆိုရင် ဒီပွဲရဲ့အဓိက အကျဆုံးက ဘာလဲ။ ဒါက လူတစ်ယောက်ရဲ့သုံးသပ်နိုင်စွမ်းကို စပ်သပ်တဲ့ စမ်းသပ်မှုတစ်ခုလို့ ငါထင်တယ်။ ဂရုတစိုက်

စောင့်ကြည့်ပြီးတဲ့နောက် ပုံရိပ်ယောင်တွေက သူတို့ရဲ့ အကောင်းဆုံးတိုက်ကွက်ကို အသုံးပြုတဲ့အခါ ငါ့ရဲ့ အရေးကြီးတဲ့ နေရာကို အမြဲတမ်း ရှောင်နေတာ သတိထားလိုက်မိတယ်။ သူတို့ရဲ့ အကောင်းဆုံး စွမ်းရည်ကို အသုံးမပြုတဲ့အခါမှာ ငါ့ရဲ့ ရေးကြီးတဲ့ နေရာတွေကို ဦးတည်သွားနေတယ်။ ဒါပေမယ့် သာမန်တိုက်ခိုက်မှု တစ်ခုကြောင့်တော့ ငါသေမှာ မဟုတ်ဘူး”

“ဒီအချက်ကို ဖော်ထုတ်နိုင်တာနဲ့ အဖြေက ထင်ရှားနေပြီ”

မာရှန်၏ ရှင်းလင်းချက်ကို ကြားပြီးနောက် ဂျိဝမ်ဒေါင်သည် ရုတ်တရက် သဘောပေါက်သွားသည်။ ထိုနောက် စတင်ပြီး အားပေးလိုက်သည်။

မာရှန် မကြားနိုင်မှန်း သိသော်လည်း ဂျိဝမ်ဒေါင်ကတော့ တတ်နိုင်သမျှ ကျယ်လောင်စွာ အော်ဟစ်ပြီး အားပေးနေသည်။ ဒါသည် အလွန်ဂုဏ်ယူစရာ ကောင်းသည်ဟု ထင်သည်။ မာရှန်သည် မာရှောင် အကယ်ဒမီ၏ ဂုဏ်သိက္ခာကို ဆက်လက်ပြီး ထိန်းသိမ်းထားခဲ့သည်။

"ဘာတွေ ကျေနပ်နေတာလဲ။ ငါ့ဆရာလည်း ဒီပွဲကို အောင်မြင်သွားလိမ့်မယ်"

လုချီဟွာက နှုတ်ခမ်းတွန့်ပြီး ပြောလိုက်သည်။

"စတုတ္ထအချီ ဆက်ရအုံးမလား"

မာရုန်၏ မျက်နှာ၌ ယုံကြည်မှုများ ပြည့်နှက်နေသည်။ ဒီဂိမ်းကို အရမ်းကြိုက်သည်။

"စတုတ္ထအချီ မရှိဘူး"

အသိစိတ်က ပြန်တုန့်ပြန်လိုက်သည်။ ထို့နောက် သူက "နောက်ဆုံး ပြိုင်ကွင်းထဲ ဝင်ရတော့မှာလား'ဟု မေးလိုက်သည်။

"ဟုတ်တယ်။ သုံးကြိမ်တိုင်တိုင် ကျော်ဖြတ်ပြီးတဲ့နောက် မင်းက ငါ့ကို တိုက်ခိုက်ဖို့အတွက် အရည်အချင်း ပြည့်မီသွားပြီ။ ကျေးဇူးပြုပြီး အကောင်းဆုံး စွမ်းဆောင်ရည်ကို ပြပါ။ ငါ့ကို စိတ်မပျက်စေနဲ့"

အသိစိတ်၏အသံသည် မှိန်ဖျော့လာသည်နှင့်အမျှ မြင်ကွင်းသည် သားရဲများ၊ တိုက်ခိုက်ရေး ကျောက်တုံးများနှင့် ပြည့်နှက်နေသော ကွင်းပုံစံ ပြောင်းသွားသည်။

ဒီကျောက်တုံးများပေါ်၌ သွေးများ ၊ ခြစ်ရာများ ၊ အသားစများနှင့် ပြည့်နှက်နေသည်။ ဓါးကျိုးနှင့် အရိုးအကျိုးအပဲ့များလည်း ပြည့်နှက်နေသည်။

"အရမ်းကောင်းတဲ့ စင်မြင့်တစ်ခုပဲ"

မာရှန်သည် ပန်းဓါးနှင့် ခုတ်ချလိုက်သည်။

အသိစိတ်သည် လူသားပုံစံ အဖြစ် ပြောင်းလဲသွားသည်။ သူ့၌ အင်္ဂါရပ်များနှင့် လိင်အင်္ဂါများ မပါ ပေ။ သူက ရွှံ့နှင့်ပြုလုပ်ထားသော လူသားပုံစံနှင့်တူသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထိုနောက် ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်လာသည်။

"ဆရာ ကျွန်တော် အားပေးနေတယ်"

ဂျိဝမ်ဒေါင်က အားပေးနေသည်။

....

"အမ်၊ ငါ့ဆရာလည်း ရပ်သွားပြီ"

လုချီဟွာက စိတ်လှုပ်ရှားစွာ အော်လိုက်သည်။

ဆွန်းမို၏စံနှုန်းအရ ကြောင်တောင်တောင်ဖြစ်ပြီး ဒီအတိုင်း ရပ်နေမည် မဟုတ်ပေ။ ပြောချင်သည်မှာ အဓိက အချက်ကို ရှာတွေ့သွားခြင်း ဖြစ်နိုင်သည်။

“ဘာဖြစ်လဲ။ ဆရာမာထက်စာရင် ပိုနှေးသေးတယ်”

မည်သို့ပင်ဆိုစေကာမူ ဂျိဝမ်ဒေါင်သည် မာရှောင် အကယ်ဒမီမှ ကျောင်းသားတစ်ယောက် ဖြစ်သည်။ မာရှောင်အပေါ် ဘက်လိုက်မည်သာ.....။

ထုံးစံအတိုင်းတော့ ဒီစကားကို ကျယ်လောင်စွာ မပြောရဲပေ။ အကြောင်းမူ ဆွန်းမိုသည် ဒီအဆင့် အထိ

တက်လှမ်းနိုင်ခဲ့သဖြင့် သူ့စိတ်ထဲ၌ အရမ်းအထင်ကြီးနေသောကြောင့် ဖြစ်သည်။

"ဆရာမာထက် မိနစ်အနည်းငယ် နောက်ကျပြီးမှ ငါတို့ဆရာက ဒီပွဲကို စခဲ့တာ။ ဒါကိုမမေ့ပါနဲ့။ ပြောချင်တာ ငါ့ဆရာ ဒီပွဲကို ဖြတ်ကျော်တဲ့ အချိန်က ပိုမြန်တယ်"

လီဇီချီက ချက်ခြင်းပဲ တုန့်ပြန်သည်။

"................"

ဂျိဝမ်ဒေါင်သည် ပြောစရာ စကားမဲ့သွားသည်။ ဒါသည် အမှန်ပင်။

ကွင်းထဲ၌.........

ဆွန်းမိုသည် လက်ထဲမှ ဓါးကို သိမ်းလိုက်သည်။

"တတိယအချီကို ကျော်ဖြတ်နိုင်ခဲ့လို့ ဂုဏ်ပြုပါတယ်"

အသိစိတ်က ချီးကျူးလိုက်သည်။

"ဟီးဟီး"

ဆွန်းမို ပြုံးလိုက်မိသည်။ ဒီအချီက ဒုတိယအချီထက်ပင် ပိုလွယ်သေး၏။

ဘာဖြစ်လို့လဲ။

ဆွန်းမိုက သဏ္ဍာန်မဲ့မြင့်မြတ် စကြဝဠာ ကျင့်စဉ်ကို သိနေသည်။ သူသည် ကူးယူခြင်းကို သုံးလိုက်သည်နှင့် တကမ္ဘာလုံး နေးကွေးသွားသည်။ ထို့ကြောင့် သဲလွန်စများကို လျှင်မြန်စွာ တွေ့ရှိခဲ့သည်။

“မင်းက ငါနဲ့တိုက်ခိုက်ဖို့အတွက် အရည်အချင်း မှီသွားပြီ။ ဂုဏ်ပြုပါတယ်”

ဆွန်းမို၏ ရှေ့၌ နောက်ထပ် မျက်နှာမဲ့ ပုံရိပ်ယောင် တစ်ခု ပေါ်လာသည်။

“မင်းသာ ငါ့ကို အနိုင်ယူနိုင်ရင် ငါ့ကို ယူသွားလို့ ရတယ်။ ရှုံးရင်တော့ သေရမယ်။ ကောင်းပြီလေ။ ငါက

မင်းကို သဘောကျတဲ့ ဆုအနေနဲ့ မင်းအရင် တိုက်ခိုက်လို့ ရတယ်”

အသိစိတ်က ရက်ရောမှုကို ဖော်ပြလိုက်သည်။

ဆွန်းမိုက မလှုပ်ရှားပေ။

တစ်မိနစ် လုံးလုံးစောင့်ပြီးနောက် တိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိသော ဆွန်းမိုကို မြင်ပြီး အသိစိတ်သည် ကြောင်တောင်တောင် ဖြစ်သွားသည်။

“ဘာဖြစ်လို့လဲ”

“ဘာလို့ မခန့်မှန်းတာလဲ”

ဆွန်းမိုက လျှို့ဝှက်ပြီး ပြုံးလိုက်သည်။

"မာရှန်နဲ့ငါက တိုက်ခိုက်နေတယ်။ သူက မင်းထက် ခြေတစ်လှမ်းစောတယ်။ မင်းအတွက် ငါ့မှာ အချိန်အများကြီး မရှိဘူး"

အသိစိတ်က "တကယ်တော့ ငါရှုံးရမယ်ဆိုရင်တောင် မင်းဆီမှာ ရှုံးတာ ပိုကောင်းတယ်"

"အမ်"

ဆွန်းမို သိချင်လာသည်။

"ဘာဖြစ်လို့လဲဆိုတော့ မင်းက သူ့ထက် ပိုချောလို့ပဲ"

"ဒီစကားကတော့ တကယ်ချီးကျူးတာပဲ"

လီဇီချီက ပျော်ရွှင်စွာ ပြုံးလိုက်သည်။

"အတိအကျပဲ"

လုချီဟွာသည် အသိစိတ်က အလှတရားကို ခံစားသည့်နေရာ၌ မဆိုးကြောင်း တွေးလိုက်သည်။

"တောင်းပန်ပါတယ်။ ငါက ဆန့်ကျင်ဘက်လိင်ကိုပဲ စိတ်ဝင်စားတယ်"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ဖြေသည်။ ထိုအပြင် ဒီလူ၌ ကျား၊ မ တောင် မရှိပေ။ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အရေးမကြီးပေ။

ဆွန်းမိုက ဒါကို ရရှိပြီးနောက် ပုံရိပ်ယောင်ဖန်တီးသောအရည်အချင်း ရရှိတော့မည်။ မည်သူ ပုံစံမဆို ပြောင်းလဲနိုင်သော အကြွင်းမဲ့ စွမ်းအားရှင်ပစ္စည်းကို ရရှိသည်နှင့်တူညီသည်။

ဒီကမ္ဘာက အရေးကြီးသော ဇာတ်ကောင်တွေကို မဆိုထားနှင့် ဒရီဒီ ရုပ်ကြွဇာတ်လမ်းထဲက ဇာတ်ကောင်များကိုပင် အလိုရှိတိုင်း ဖန်တီး၍ရသည်။

“လိင်က အရေးကြီးလို့လား”

အသိစိတ်က မေးသည်။

“ထုံးစံပဲပေါ့။ မတူညီတဲ့ လိင်တွေ ပေါင်းစပ်မှ သူတို့ကြားထဲက ချစ်ခြင်းမေတ္တာက စစ်မှန်မှာပေါ့။

ဆွန်းမိုက အမှတ်တမဲ့ ပြောမိသွားသည်။

“.................”

အသိစိတ် တိတ်ဆိတ်သွားသည်။ ထိုစကားများသည် အကျိုးသက်ရောက်မှု ကြီးမားပြီး အချိန်တိုတိုလေးအတွင်း၌ လက်ခံနိုင်ခြင်း မရှိပေ။

သို့သော် သေသေချာချာ စဉ်းစားပြီးနောက် ဆွန်းမို၏ စကားများက အဓိပ္ပါယ် ရှိပုံရသည်။

နားထောင်နေသော ကျောင်းသားများသည် ဆွန်းမိုနှင့် အသိစိတ်တို့ စကားစမြည် ပြောနေသည်ကို ကြားပြီး အားလုံး အံ့အော မှင်တက်နေသည်။

"ကောင်းပြီလေ။ စကား ထပ်မပြောတော့ဘူး။ မင်းငါ့ကို တိုက်ခိုက်ပါ။ ငါ့ကိုနိုင်သွားရင် မင်းစကားတွေက အမှန်ပဲ"

အသိစိတ်က တိုက်တွန်းလိုက်သည်။

"လှည့်ကွက်တွေကို ရပ်လိုက်ပါတော့။ ဒီအချိမှာ ဘယ်လိုပဲ တိုက်ခိုက်ပါစေ ငါပဲ သေချာပေါက် သေလိမ့်မယ်"

ဆွန်းမို၏ မျက်နှာပေါ်၌ ကိုယ့်ကိုယ်ကို လှောင်ပြောင်သော အပြုံးတစ်ခု ရှိနေသည်။

"မင်းပြသထားတဲ့ ခွန်အားအရ ငါက မင်းကို ဘယ်လိုနိုင်အောင် တိုက်မှာလဲ"

"ဟားဟား။ တိုက်ပွဲ မစခင်ကတည်းက ရှုံးနိမ့်ကြောင်း ဝန်ခံတဲ့ ပထမဆုံး လူပဲ။ မင်းကို

သတ်ပစ်ဖို့တောင် ရုတ်တရုတ် ဝန်လေးလာပြီ။ ဒါပေမယ့် တောင်းပန်ပါတယ်။ မင်းသေရမယ်”

အသိစိတ်သည် နောက်ဆုံးတော့ မျက်နှာ အမှန်ကို ထုတ်ပြလိုက်သည်။

“ဘာဖြစ်လို့လဲ”

ဂျိဝမ်ဒေါင် တုန်လှုပ်နေသည်။

“အင်း၊ ငါထင်ထားသလိုပါပဲလား”

လီဇီချီ သက်ပြင်းချလိုက်သည်။ တကယ်ဆိုလျှင် သူမသည် ဒီအကြောင်းကို အရင်ကတည်းက စိတ်ပူနေခဲ့သည်။

ဒီလျှို့ဝှက်နယ်မြေသည် နှစ်ထောင်ပေါင်းများစွာ တည်ရှိနေခဲ့ပြီး အမှောင်တိုက်ကြီး၏ ပထမအဆင့်၌ ရှိနေသည်။ လူတချို့ ဒီကို အရင်ရောက်ဖူးကြလိမ့်မည်။ သူတို့အားလုံး၏ အဆုံးသတ်ကို ပြောစရာ မလိုတော့ချေ။ သူတို့အားလုံး သေသွားကြပြီ။

ဒီလူတွေထဲမှ တချို့သည် ဆရာ့ထက်ပင် သန်မာနေအုံးမည်။ မည်သို့ပင်ဆိုစေကာမူ သူမတို့ ဆရာသည် ငယ်ပြီး သွေးလောင်ကျွမ်းခြင်း အဆင့်ပဲ ရှိသေးသည်။

“မင်းက ငါ့အသိစိတ်ကို ဝါးမျိုချင်နေတာလား”

ဆွန်းမိုက ခန့်မှန်းလိုက်သည်။ တစ်ချိန်တည်းမှာပင် မေးလိုက်သည်။

“အမှန်ပဲ”

အသိစိတ်က ဖုံးကွယ်ထားရန် စိတ်ကူးမရှိပေ။ ဒါသည် ပုရွတ်ဆိတ်တွေလျှင် အမှန်တရားကို သိသွားလျှင်ပင် ဘာလုပ်နိုင်မည်နည်း။

ဆွန်းမို၏မျက်လုံးများသည် အရောင်တောက်လာသည်။ မျှော်လင့်ထားသည့်အတိုင်းပင်။ ဒီလူ့ဂိုက်ရတနာသည် ပိရမစ်ထဲက ထွက်သွားရန်

နည်းလမ်း မရှိပေ။ ကျူးကျော်လာသူများ၏ အသိစိတ်ကို ဝါးမြိုပြီး လောကကို နားလည် သဘောပေါက်နေခြင်းသာ ဖြစ်သည်။ ဒီလိုသာ တကယ်ဖြစ်ခဲ့လျှင် ဆွန်းမို အခြေအနေက အရမ်းဆိုးနေပြီ။

"ငါတစ်ခုလောက် မေးချင်တယ်။ ငါ့ရဲ့ ဆန္ဒအမှန်ကို မင်းဘယ်လို သိတာလဲ"

အသိစိတ်က သိချင်လာသည်။

"အရင်တုန်းက ကျောင်းသားကို လွှတ်ပေးဖို့ တောင်းဆိုတုန်းက မင်းလွယ်လွယ်ပဲ

သဘောတူခဲ့တယ်။ ဒါက မင်းသတ်တာကို မကြိုက်ဘူးလို့ ညွှန်ပြနေတယ်။ ဒီနေရာကို လျှို့ဝှက်ထားဖို့ အစီအစဉ်မရှိဘဲ မလျှို့ဝှက်ထားချင်ရင် ဘာဖြစ်လို့ ဒီဂိမ်းပွဲကို စီစဉ်မှာလဲ”

“အဆုံးမရှိ ပျင်းရိနေပြီး အပျင်းပြေချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာ မဟုတ်လား”

“တစ်ယောက်ယောက်ကို အထင်သေးခဲ့ရင်တောင် မင်းအတွက်ပြဿနာ မရှိဘူး မဟုတ်လား ”

ဆွန်းမိုက သုံးသပ်လိုက်သည်။

"နောက်ဆုံးအချက်ကို ပြင်မယ်။ အရေးပါတယ်"

အသိစိတ်က အလေးပေးပြီး ပြောလိုက်သည်။

"တွေးရတာ ကြိုက်တဲ့ လူတွေနဲ့ နေရတာ ကြိုက်တယ်။ မင်းတို့တွေက မြတ်ဆရာ မဟုတ်ရင် ငါသတ်ခဲ့တာ ကြာနေပြီ"

"မင်းက တကယ်ပဲ ဒဿန ပညာရှင် ဖြစ်နေမယ်လို့ မထင်ထားခဲ့ဘူး"

ဆွန်းမိုက မနေနိုင်ဘဲ ရယ်လိုက်သည်။

"ဒဿန ပညာရှင်ဆိုတာက ဘာပြောတာလဲ"

စိတ်ဝင်စားသွားသည်။

"ကြွက်သားတောင့်တင်းတဲ့ လိင်တူ ချစ်သူ ချစ်ပွဲဝင်နေတာကို ကြည့်ရတာ ကြိုက်တဲ့လူတွေကို ဒဿန ပညာရှင်လို့ ခေါ်တယ်"

"အမ်"

အသိစိတ်၌ မျက်နှာရှိခဲ့လျှင် တုန်လှုပ်ခြောက်ခြားသော အမူအရာ ဖြစ်နေလောက်သည်။

"အဟွတ် အဟွတ်၊ ဒဿနိကဗေဒက ပညာရေးဆိုင်ရာ စည်းကမ်းတစ်ခုပဲ။ အစာစားပြီး

ပျင်းတဲ့လူတွေက ဒါကိုလေ့လာတယ်။ အစားမဝတဲ့လူတွေက ဒဿနိကဗေဒကို မေ့ထားပြီး မဆာဖို့အတွက်ပဲ လုပ်တယ်။ လူသားတွေက စိတ်ကူးယဉ်ဆန်တယ် ဒါမှမဟုတ် စိတ်ကူးတည့်ရာ တွေးရတာကို ကြိုက်တယ်။ အဲဒီထဲက တချို့က လေးနက်ပြီး အမှန်တကယ် အသုံးပြုလို့ ရတဲ့ အရာတွေ ဖြစ်လာတယ်”

ဆွန်းမိုက ပေါက်တတ်ကရ ပြောလိုက်သည်။

“ဘာသဘောတရားကြီးလဲ”

အသိစိတ်က ဆက်မေးသည်။

"အရင်တုန်းက စကားတစ်ခွန်းကို ကြားဖူးလား"

ဆွန်းမိုက လက်ညှိုး ထောင်ပြပြီး

"လူတွေ စီစဉ်တဲ့အခါ နတ်ဘုရား တွေက ရယ်ကြတယ်"

အသိစိတ် တိတ်ဆိတ်သွားသည်။ အကြောင်းမှု သူက စိတ်ဝိညာဉ် အမျိုးအစား တစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။ အသိဉာဏ်များကို ဝါးမြိုပြီး စဉ်းစားရသည်ကို ကြိုက်နှစ်သက်လာခဲ့သည်။

ဆွန်းမို၏ စကားများက သူ့အပေါ် တော်တော်လေး သက်ရောက်မှု ရှိသွားသည်။

လီဇီချီကလွဲ၍ ကျန်သောလူများသည် စိတ်ရှုပ်သော အမူအရာ ဖြစ်နေကြသည်။

“ဘာတွေ ပြောနေကြတာလဲ”

ဂျိဝမ်ဒေါင်သည် ရှင်းရှင်းလင်းလင်း နားမလည်ပေ။

“ဒါဆိုရင် မေးခွန်း နည်းနည်းလောက် မေးလို့ ရမလား”

အသိစိတ်က တိတ်ဆိတ်မှုကို ချိုးဖျက်လိုက်သည်။

“ကျေးဇူးပြုပြီ”

ဆွန်းမိုက သဲလွန်စ မျိုးစုံဖြင့် ဒီလျှို့ဝှက်ရတနာကို တိုက်ခိုက်ရေးစွမ်းအားနှင့် အနိုင်မယူနိုင်မှန်း ဆုံးဖြတ်လိုက်သည်။ အနိုင်ယူဖို့အတွက် တစ်ခုတည်းသော နည်းလမ်းသည် တွေးကြည့်လျှင် သူ့အတွေးက မှန်နေပုံရသည်။

“ငါက ဘယ်သူလဲ”

“ဘယ်ကလာတာလဲ”

“ဘယ်သွားမလို့လဲ”

အသိစိတ်သည် ဒဿနိက မေးခွန်းသုံးခုကို လေးနက်သော လေသံနှင့် မေးလိုက်သည်။ ဘဝနှင့် သေခြင်းအကြောင်းကို ဆွေးနွေးသလို ဖြစ်နေသည်။

(အတည်ပြုပြီးပြီ။ ဒီကောင်က အခွံမာတဲ့ အကောင်ပဲ)

“ဘာလဲ ။ မင်းလည်း အဖြေမသိဘူးလား”

အသိစိတ်၏ အသံက စိတ်ပျက်မှုနှင့် ပြည့်နှက်နေသည်။ မျှော်လင့်ထားသည့်အတိုင်း ဒါကို မည်သူမှ မဖြေနိုင်ပေ။

“ဒီမေးခွန်းက လူတစ်ယောက်ခြင်း အပေါ်မူတည်ပြီး အဖြေက ကွဲပြားသွားလိမ့်မယ်။ ကမ္ဘာပေါ်မှာ တူညီတဲ့ အရွက်နှစ်ရွက် မရှိသလိုပဲ တူညီတဲ့ လူနှစ်ယောက်လည်း မရှိနိုင်ဘူး”

ဆွန်းမို လေသံက လေးနက်လာသည်။

“ဒါကြောင့် သူတို့မျက်လုံးနဲ့ မြင်နေတဲ့ ကမ္ဘာကြီးကလဲ သေချာပေါက် ကွဲပြားသွားလိမ့်မယ်”

အသိစိတ်သည် လေးလေးနက်နက် တွေးတောနေပြန်သည်။

ဆွန်းမိုသည် အရင်က ဘယ်လို ပြောပြော ရမလဲဆိုတာ လေ့လာခဲ့ဖူးသည်။ ပစ်မှတ်ကို လွှမ်းမိုးဖို့အတွက် အသုံးအနှုန်းနဲ့ လေသံကို အသုံးပြုနိုင်သည်။ ထိုအခိုက်အတန့်၌ လုပ်ဆောင်မှုအပေါ် အပြည့်အဝ အာရုံနှစ်ထားရမည်။

"ကမ္ဘာကြီးရဲ့ လျှို့ဝှက်ချက်၊ အဖြေတွေကို ပြောလိုက်တာနဲ့ မင်းချက်ခြင်း နားလည်မှာ မဟုတ်ဘူး။ အဲဒီအစား မင်းကိုယ်တိုင် ကမ္ဘာကြီးကို ကြည့်ရှု လေ့လာပြီး၊ မင်းနှလုံးသားနဲ့ ကိုယ်တိုင်ခံစားပြီး နားလည်ဖို့ လိုတယ်"

ဆွန်းမိုက

“ဒီမှာဆက်နေ နေရင် မင်းက အကျဉ်းသားတစ်ယောက်လိုပဲ။ မင်း ထာဝရ တည်ရှိနေရင်တောင် ကမ္ဘာကြီးရဲ့ အကြောင်းကို ဘယ်တော့မှ နားလည်လာမှာ မဟုတ်ဘူး”

“ကမ္ဘာကြီးက ကျယ်ပြန့်လွန်းပြီး လျှောက်သွားကြည့်သင့်တယ်”

ဆွန်းမိုသည် စကားဆုံးသွားသည်နှင့် ဒီလျို့ဝှက် ရတနာကို ကိုယ်ချင်းစာမိသွားသည်။ သူ့အမြင်အရ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်သည် ကမ္ဘာကြီးကို ကြည့်ရှုရန် တကယ်ပဲ ထွက်သွားသင့်သည်။

ကမ္ဘာကြီးထဲက အရာတွေကို ပိုမြင်လာလေလေ နှလုံးသား ပိုကြီးလာလေလေပင်။

အင်....

ဆွန်းမိုဓါ်ကိုယ်မှ ရွှေရောင်အလင်းများ ဖြာထွက်လာသည်။

အလင်းက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖြာဆင်းသွားသည်။

ထိုအခိုက်အတန့်၌ အမှောင်ထုဖြင့် ဖုံးလွှမ်းနေသော လှျို့ဝှက်ရတနာ၏ နှလုံးသားထဲကို ရွှေရောင်အလင်းတန်းများက ထိုးဖောက်ဝင်ရောက်သွား ပုံရသည်။ ကမ္ဘာကြီးကို ရင်ဖွင့်ပြီး ကြည့်လိုက်ပါ။

မှတ်ချက်။ ။ ဒဿန ပညာရှင် (အင်တာနက် ဘန်းစကား) လိင်တူ ချစ်သူ။

အခန်း (၃၉၉) - ထိတ်လန့် တုန်လှုပ်ဖို့ကောင်းအောင် ကြီးကြီးမားမား ရိုတ်သိမ်းမှု။

"မြတ်ဆရာအရှိန်အဝါလား"

ဂျိဝမ်ဒေါင်သည် ဆွန်းမို၏အခြေအနေကို မြင်ပြီး မာရှန်၏ အခြေအနေကို မသိစိတ်က အလိုလို လှမ်းကြည့်လိုက်မိသည်။

ဘာကြောင့်မှန်း မသိသော်လည်း တိုက်ပွဲစကတည်းက အမှောင်ထု ပုံရိပ်ယောင်

ဖိနှိပ်မှုကို အမြဲတမ်း ခံနေရသော မာရှန်ကို ကြည့်ပြီး ရုတ်တရုတ် စိတ်မဝင်စားတော့ပေ။ မာရှန် ရှုံးနိုင်သည်ဟု ထင်နေမိသည်။

"မိုက်တယ်"

"မိုက်တယ်"

လီဇီချီက တိုးတိုးလေး ရေရွတ်လိုက်ပြီး သူမ၏ အကြည့်များသည် လေးစား ကြည့်ညို မှုများနှင့် ပြည့်နှက်နေသည်။

အနိုင်ရဖို့အတွက် ကိုယ်ခံစွမ်းအားကို အသုံးပြုသည်ထက်စာလျှင် လီဇီချီသည် ဉာဏ်ပညာ

တိုက်ပွဲများကို ပိုနှစ်သက်သည်။ ထိုသို့ တိုက်ပွဲများ၌ ဖော်ပြ၍ မဆုံးနိုင်သော အလှတရား ရှိသည်ဟု ခံစားရသည်။

“ကမ္ဘာကြီးက ကျယ်ပြောလွန်းတယ်။ သွားကြည့်သင့်တယ်”

လီဇီချီသည် အဝေးကို ငေးကြည့်ရင်း ဒီစကားလုံးကို ထပ်ခါထပ်ခါ ရေရွတ်နေသည်။

“ဘယ်လောက်တောင် အပြောကောင်းလိုက်လဲ”

“ငါတို့လည်း အပြင်ထွက်ပြီး ကြည့်သင့်တယ်”

လုချီဟွာက လေးလေးနက်နက် ခေါင်းညိတ်လိုက်သည်။ သူမသာ သက်တောင့်သက်သာဖြစ်သော ဇုန်က မထွက်လာခဲ့လျှင် ဆွန်းမိုကဲ့သို့ ဆရာကောင်းတစ်ယောက် မည်သည့်အခါမှ ဆုံရမည် မဟုတ်တော့ပေ။

....

အသိစိတ်သည် လမ်းပျောက်နေသော ခရီးသွားတစ်ယောက်နှင့် တူနေသည်။

ဆွန်းမို စကာများ၏ သတ်ပြစ်နိုင်စွမ်းသည် သိသိသာသာ အားကောင်းနေသည်။ အထူးသဖြင့်နောက်ဆုံး စကားဖြစ်သည်။ ဒါသည် ခံစားချက်ကို မီးထပ်ရှို့ပြီး နောက်ထပ် မစောင့်ဆိုင်းချင်လောက်အောင် ဖြစ်သွားစေသည်။ ဒီနေရာမှ ချက်ခြင်း ထွက်သွားဖို့မှလွဲ၍ ဘာမှ မလိုချင်တော့ပေ။

ဆွန်းမိုက လိမ္မာပါးနပ်စွာ နှုတ်ဆိတ်နေသည်။ အသိစိတ်ကို သူ့ဘာသာသူ တွေးခွင့် ပေးထားသည်။

တကယ်တမ်းလည်း ဘာမှပြောစရာ မလိုတော့ပေ။ နှစ်ပေါင်း ထောင်နဲ့ချီပြီး

ဂူအောင်းနေခဲ့ရသော အသိစိတ်အနေနှင့် ပြင်ပကမ္ဘာသည် ဘယ်လိုပုံပဲဖြစ်ဖြစ် အိပ်မက်တစ်ခု ဖြစ်နေမည်မှာ သေချာသည်။

"မင်းနဲ့ စကားပြောရတာ အရမ်း အဓိပ္ပါယ် ရှိတယ်"

အသိစိတ်၏အသံသည် ကျေနပ်စွာ ထွက်ပေါ်လာသည်။

"မင်းလို ဥာဏ်ရည်ရှိတဲ့ မျိုးစိတ်နဲ့ စကားပြောရတာ ငါ့အတွက် ဂုဏ်ယူစရာပဲ"

ဆွန်းမိုက ပြန်ဖြေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကမ္ဘာကြီးကို ကြည့်ချင်စိတ် အရမ်းတောက်လောင် နေတာကြောင့် မင်းကို တောင်းပန်ပါတယ်။ မင်းခန္ဓာကိုယ်ကို ငါသိမ်းပိုက်ရလိမ့်မယ်"

သူ့၏ လေသံထဲ၌ စိတ်မကောင်းသော အငွေ့အသက်များ ပါဝင်နေသည်။

"ဒါပေမယ့် မစိုးရိမ်ပါနဲ့ ဒီကမ္ဘာကြီးကို ကောင်းကောင်းတန်ဖိုးထားပြီး မင်းကိုယ်ခန္ဓာကို ကောင်းကောင်း အသုံးချမယ်"

အသိစိတ် စကားပြောပြီးသည်နှင့် ပတ်ဝန်းကျင်က ပြောင်းလဲ သွားပြန်သည်။ စင်ကြီးသည် အမှောင်ထုကြီး အဖြစ် ရုတ်တရက် ပြောင်းလဲသွားသည်။

....

"ဆရာ"

အလင်းရောင် ပျောက်ကွယ်သွားသည်။ လီဇီချီ နှင့် ကျန်သည့် လူနှစ်ယောက်သည် အော်ဟစ်လိုက်ပြီး စိတ်ပူနေကြသည်။ သို့သော်လည်း အရာအားလုံးက နောက်ကျနေပြီ။

“အီးဟီးဟီး ၊ ငါတို့ ဘာလုပ်ကြမလဲ”

လုချီဟွာ ငိုချလိုက်သည်။

“လမ်းမြန်မြန်ရှာ”

လီဇီချီက အော်သည်။

“သေပြီ။ သေချာပေါက် သေပြီ”

ဂျိဝမ်ဒေါင်သည် ကြောက်ရွံ့တုန်လှုပ်နေသည်။ ဆရာဆွန်းက လျှို့ဝှက်ရတနာကို ရလိမ့်မည်ဟု ထင်ခဲ့သော်လည်း လူကိုသေနိုင်သော အရာမဟုတ်ဘူးဟု ထင်ထားခဲ့မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီတစ်ခါတော့ သူတို့အားလုံး သေရလိမ့်မည်။

....

ခန်းမကြီးထဲတွင် အားနည်းသော အလင်းရောင် အရင်းအမြစ်များ ကူးခပ်နေသည်ကို မြင်နေရသည်။ အနီးကပ်ကြည့်လိုက်လျှင် သမုဒ္ဒရာထဲက ရေခူများ ပျံသန်းနေသည်ကို မြင်ရမည်။

ဆွန်းမို ပေါ်လာသည်နှင့် သူတို့က ချက်ခြင်း ကူးခပ်လာသည်။

“ဘာလဲကွ။ မင်းရဲ့ အခွံမဖြစ်အောင် မင်းကိုအနိုင်ယူမယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ အောင်မြင်မည်ဟု သူထင်ခဲ့သည်။ နေ့တစ်ဝက်ခန့် ကြိုးစားပြီးနောက် သူသေရလိမ့်မည်ဟု မည်သူ ထင်မည်နည်း။

(မဟုတ်သေးဘူး။ သေခြင်းတရားကို ဒီအတိုင်း ထိုင်စောင့်နေလို့ မဖြစ်ဘူး။)

ဆွန်းမိုသည် သစ်သားဓါးကို ဝှေ့ယမ်းပြီး ရေခူကို ခုတ်ချလိုက်သည်။

သို့သော် ရေခူများသည် စိတ်စွမ်းအင်ကြောင့် ဖြစ်ပေါ်လာသော အရာများဖြစ်သဖြင့် အသုံးမဝင်ပေ။

သစ်သားဓါးက သူတို့၏ကိုယ်ကို ဖြတ်သန်းသွားပြီး အနည်းငယ်မျှ မထိခိုက်ခဲ့ပေ။

ဖောက် ဖောက် ဖောက်

ရေခူများသည် ဆွန်းမိုနှင့် ထိတွေ့ပြီး ခန္ဓာကိုယ်ထဲသို့ ချက်ခြင်း ဝင်ရောက်သွားသည်။

"အား..."

ဆွန်းမိုသည် နာကျင်စွာ အော်ဟာစ်နေသည်။ ကင်းမြီးကောက်များ၏အဆိပ်ပြင်းသော အမြီးနှင့် ဝိုင်းပြီး အကိုက်ခံရသလို ဖြစ်နေသည်။ ပြောပြ၍ မရအောင် နာကျင်နေသည်။ ထုံလည်း ထုံလာသည်။

ရေခူများ၏ အရှိန်က ပိုမြန်လာသည်။ အစုလိုက်အပြုံလိုက် ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားသည်။

ဆွန်းမို၏ အသိစိတ်ကို စတင်ပြီး ဝါးမျိုလာသည်။ မိုက်ကနဲ ဖြစ်ပြီး လဲကျသွားသည်။

“ဒီခန္ဓာကိုယ်က တကယ် ပြည့်စုံလွန်းတယ်”

အသိစိတ်၏အသံက ရွှင်လန်းစွာ ထွက်ပေါ်လာသည်။

“ဒီတစ်ခေါက် ငါ့ရဲ့ ရွေးချယ်မှုက တကယ် မှန်တယ်”

ဆွန်းမိုက ဓါးကို လှည့်ပြီး နာကျင်မှုနှင့် အသိကိုထိန်းချုပ်နိုင်အောင် ခေါင်းကို အနည်းငယ် လှီးလိုက်သည်။

"အရင်တုန်းက ဘာဖြစ်လို့ တခြားသူရဲ့ ကိုယ်ကို မသိမ်းတာလဲ"

"ကျောက်မြတ်ရတနာကို ထားခဲ့ရင် ငါ့ အသိစိတ်ရဲ့ အကာအကွယ် ဆုံးရှုံးသွားလိမ့်မယ်"

ဆွန်းမိုက သေတော့မည် ဖြစ်သဖြင့် အသိစိတ်က မဖုံးကွယ်ထားတော့ပေ။

လူသားများ၏ ခန္ဓာကိုယ်က အားနည်းလွန်းသည်။ မင်းသေလျှင် ငါလည်း သေမည်။ သို့သော် ဒီစကားကို ကြားပြီးနောက် အပြင်ဘက် လောကကြီးသည် တကယ်ကျယ်ပြောသည်ဟု ခံစားလိုက်မိသည်။ အနာဂတ်မှာ ငါသေသွားလျှင်ပင် ပိရမစ်ထဲမှာ ထာဝရ နေနေ ရတာထက်စာလျှင် ပိုကောင်းလိမ့်မည်။

"ငါ့ ခန္ဓာကိုယ်ကို ထားခဲ့။ ဒီလိုမှမဟုတ်ရင် ကို့ကိုယ်ကို သတ်သေလိုက်မယ်"

ဆွန်းမိုက အသက်ရှင်ဖို့အတွက် နောက်ဆုံး ခြိမ်းခြောက်မှုကို လုပ်ကြည့်သည်။

“ဟားဟား။ ငါက ဒီလုပ်ရပ်အတွက် မကာကွယ်ထားဘူးလို့ မင်းထင်နေတာလား။ မင်းကို သတ္တိရှိရှိ ပြောလိုက်မယ်။ မင်းမှာ ဒီလိုလုပ်ဖို့ အခွင့်အရေး မရှိတော့ဘူး”

အသိစိတ်က လျှောင်ပြောင်လိုက်သည်။

ဆွန်းမိုက သူ၏ သတ္တိကို သက်သေပြပြီး ဒီအကျပ်အတည်းက လွတ်မြောက်အောင် ကိုင်တွယ်ချင်နေသည်။ သို့သော် သူ့ခန္ဓာကိုယ်က မလှုပ်ရှားနိုင်ကြောင်း ထိတ်လန့်တကြား တွေ့လိုက်ရသည်။

"မင်းရဲ့ တုန့်ပြန်မှုက အရမ်းမြန်တယ်လို့ ပြောရမှာပဲ"

အသိစိတ်က သက်ပြင်းချရင်း ပြောလိုက်သည်။

"မင်းလို ပါရမီရှင်တစ်ယောက်ကို သတ်လိုက်ရတာက လူသားတွေအတွက် ဆုံးရှုံးမှု တစ်ခုဖြစ်မှာ သေချာတယ်"

(မဟုတ်ဘူး..........၊ ငါမသေချင်သေးဘူး။ မိန်းကလေးတွေနဲ့လည်း မအိပ်ဖူးသေးဘူး။ ဒီကမ္ဘာကြီးက စောက်ကျင့်မကောင်းဘူး။ ငါ့လို တစ်ကိုယ်တည်းသမားအပေါ် ရက်စက်တယ်။)

ဆွန်းမိုသည် စိတ်ထဲက ကျိန်ဆဲနေသည်။ ဦးနှောက်ကို ဖြစ်ညှစ် စဉ်းစားပြီး အဖြေတစ်ခုကို တွေးတောရန် ကြိုးစားနေသည်။

ခန္တာကိုယ်က မလှုပ်ရှားနိုင်...။ သူတော်စင်အဆင့် ကျင့်စဉ် အမျိုးပေါင်း ၁၀၀ ကျော်သိနေလျှင်ပင် အသုံးမဝင်....။ ဆွန်းမိုသည် ဝိညာဉ်ထိန်းချုပ်သူ ဖြစ်နေသဖြင့် ကံကောင်းသည်။

ဝိညာဉ်ထိန်းချုပ်သူများသည် စိတ်စွမ်းအင်ကို အားကိုးပြီး အသက်ရှင်ကြသည်။

"ကောင်းပြီလေ။ ဒီလို ဖြစ်လာမှတော့လည်း ငါတို့ အတူတူ သေကြတာပေါ့"

ဆွန်းမို ရှိသမျှ ထုတ်သုံးတော့သည်။

ဘုန်း

ဆွန်းမို ကိုယ်ထဲ၌ရှိသော ဝိညာဉ်ချီ အားလုံးသည် ဝိညာဉ်စာချုပ် အဖြစ်သို့ ပြောင်းလဲသွားသည်။ ချက်ခြင်းဆိုသလို စတင် လောင်ကျွမ်းလာသည်။

ဆွန်းမို၏ ကိုယ်ပေါ်၌ အနီရောင် တက်တူးများ ပြေးလွှားနေကြသည်။ စိတ်ထဲမှ ဖြာဟ္မဏ အော်သံ ထွက်လာသည်။

"ဝိညာဉ်စာချုပ် ဟုတ်လား။ မင်းကငါ့ကို ကျွန်ပြုချင်နေတာလား။ အသုံးမဝင်ဘူး။ မင်းရဲ့ စိတ်စွမ်းအင် အားနည်းလွန်းတယ်"

အသိစိတ်က ခေါင်းယမ်းလိုက်သည်။

(ဒါက တကယ့်ကို ပုရွတ်ဆိတ်တစ်ကောင်ရဲ့ ရုန်းကန်မှုပဲ။ အရမ်း ရယ်စရာကောင်းတယ်)

"ဟုတ်လား။ ဒါကရော ဘာလဲ"

ဆွန်းမိုက အသံမထွက်သော်လည်း မျက်လုံးများက အမူအရာ ပြနေသည်။

ဘုန်း

ဆွန်းမိုသည် အနီရောင်အလင်းများတောက်ပလာပြီး ခန်းမကြီးထဲမှ အမှောင်ထုကို မောင်းထုတ်ပြီး လင်းထိန်သွားစေသည်။

ဒါက သွေးရဲ့ အနှစ်သာရ။

ဒါက သူ့ရဲ့ အသက်စွမ်းအား။

“မင်းက တကယ်ပဲ မဟာအဆင့် ဝိညာဉ်ထိန်းချုပ်သူလား”

အသိစိတ် တုန်လှုပ်သွားသည်။

ဆွန်းမိုက ဝိညာဉ်ထိန်းချုပ်သူ ဖြစ်မှန်း သိသော်လည်း ဒီလောက် အစွမ်းထက်မည်ဟု မထင်ထားခဲ့....။ တကယ်ဆို ဆွန်းမိုသည် အသက်နှစ်ဆယ်ပဲ ရှိသေးသည် မဟုတ်လော။ ပါရမီရှင် ဝိညာဉ်ထိန်းချုပ်သူတစ်ယောက်ပင် မဟာအဆင့်ကို ရောက်ရှိရန် အနည်းဆုံး နှစ်ပေါင်း ဆယ်နဲ့ချီပြီး လိုအပ်သည်။

“ဒါပေမယ့် အသုံးမဝင်ဘူး။ အများဆုံးကတော့ နည်းနည်း ပိုအားစိုက်ဖို့ပဲ လိုမယ်”

အသိစိတ်က အေးစက်စက် ပြောသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မကြာခင် ၊ ငါဘယ်လောက် သန်မာလဲဆိုတာ မင်းသိရမယ်)

ရေခူထက်ဝက်ကျော် ပျံသန်းလာသည်။

ဖောက် ဖောက် ဖောက်

တောက်ပသော အလင်းရောင်များ ပေါ်လာသည်နှင့်အမျှ အဖြူရောင် နှင်းခဲများ နေရာအနှံ့ပေါ်လာသည်။ ခဏလေးအတွင်း၌ ပတ်ဝန်းကျင် တစ်ခုလုံး အေးခဲသွားသည်။ ဆွန်းမို၏ ကိုယ်ပတ်လည်မှ အနီရောင် အလင်းများ အားဖျော့ကာ ရေခဲထဲ၌ ချိတ်ပိတ်ခံလိုက်ရသည်။

"မဟုတ်သေးဘူး။ မလုံလောက်သေးဘူး"

ဆွန်းမို အံ့ကြိတ်လိုက်သည်။ ဦးနှောက်တစ်ခုလုံး တုန်ခါသွားပြီး အတွေးတစ်ခု ရုတ်တရုတ် ပေါ်လာသည်။ ထို့နောက် သူ့၏အတိတ်က အမှတ်တရများကို အရှူးအမူး ပြန်စဉ်းစားလိုက်သည်။

"အသုံးမဝင်ဘူး။ ရုန်းကန်နေတာကို ရပ်လိုက်ပြီး ငါ့ရဲ့ အခွံလုပ်လိုက်ပါ"

အသိစိတ်သည် စကားဆုံးသည်နှင့် ဆွန်းမိုထံမှ နို့ဖြူရောင် အရှိန်အဝါများကို တွေ့လိုက်ရသည်။

ရွှစ်

အရိုန်အဝါ၏ အကွာအဝေးက အရမ်းကျယ်ပြန့်လွန်းသည်။ အခင်းဖြစ်ပွားရာ နေရာတစ်ခုလုံးကို နှို့ဖြူရောင် အလင်းများက ဖုံးလွှမ်းသွားသည်။

ဦ

အသိစိတ်၏ အတွေး ရပ်တန့်သွားသည့်.

ဆွန်းမို၏ အံ့အောစရာကောင်းသော အမှတ်တရများကို မြင်နေရသည်။

မူလတန်းကျောင်းမှ တက္ကသိုလ်တက်သည့် လေးနှစ်အထိ။ ဆွန်းမို ငယ်ငယ်တုန်းက

မိန်းမတစ်ယောက်ကို ခိုးချစ်ပြီး အရမ်းချွေးထွက်လွန်နေသည်။

စစ်ပွဲများ၊ ရိုင်ဖယ်သေနတ်များ၊ သတ်ဖြတ်ခြင်းများ၊ ညှိုးနွမ်းနေသော ဘဝများ၊ ကြွေကွဲဖွယ်ငိုကြွေးသံများ။

မြို့ကြီးတစ်မြို့ ဖြစ်ခဲ့သော တောနက်ကြီး တစ်ခု။ အရောင်အမျိုးမျိုး ရှိသော လူသားများ။ လမ်းပေါ်၌ ဘီးပါတဲ့သေတ္တာများ၊ မြေအောက် ဘူတာထဲက အဖြူရောင် သတ္တုမြွေများ.......

ထို့နောက် မြင်ကွင်းသည် အဌားအိမ်လေး အဖြစ်ပြောင်းလဲသွားပြီး အဝတ်အစား မရှိသော မိန်းမတစ်ယောက် အော်နေသံများ.....။

မြင်ကွင်းသည် ထို့နောက် အမှိုက်ပုံထဲ ပစ်ထည့်ခံရသော တစ်ရှူး အဖြစ်ပြောင်းသွားသည်။ အသိစိတ် လုံးဝကို အံ့အော မှင်တက်နေသည်။

"ဒါက ဘာတွေလဲ"

ဝုန်း

ဆွန်းမိုကိုယ်မှ မီးတောက်သည် သူ့ကို ဗဟိုပြုပြီး လက်စွပ်ပုံစံ ကွင်းတစ်ခု ဖြစ်သွားသည်။ မီးတောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြတ်သန်းသွားသော နေရာတိုင်းမှ ရေခူများကို ဖုံးလွှမ်း သွားသည်။ သူတို့၏ ကိုယ်ပေါ်၌ အနီရောင် ကွင်းတစ်ခု ပေါ်လာသည်။

ဝိညာဉ် စာချုပ် ချုပ်ပြီးသွားပြီ။

ဖုန်း

ဆွန်းမိုသည် မြေပေါ် ထိုင်ချလိုက်ပြီး ပါးစပ်နှင့် အမောတကော အသက်ရှူနေသည်။ အရမ်းမောဟိုက်နေကာ စိတ်ထဲ၌ ကြောက်ရွံ့မှုများ ပြည့်နှက်နေသည်။

ဒီတစ်ကြိမ်တွင် သူသည် မဟာအဆင့် ဝိညာဉ် ထိန်းချုပ်သူ ဖြစ်နေပြီး စိတ်ဝိညာဉ်ပုံသွင်းခြင်း ရှိနေ၍သာ ထိုသို့ မဟုတ်ခဲ့လျှင် ပြီးသွားလိမ့်မည်။

ဝိညာဉ်သားရဲ ထိန်းချုပ်သူများသည် သားရဲတစ်ကောင်ကို ယဉ်ပါးအောင် လုပ်သောအချိန်၌ ဝိညာဉ်သားရဲ လက်တုန့်ပြန်မည်ကို အကြောက်ဆုံး ဖြစ်သည်။ တစ်ဖက်သားက နုံးညံ့သိမ်မွေ့နေသည်ဆိုလျှင် အောင်မြင်ရန် ပိုလွယ်သည်။

ဆွန်းမိုသည် စိတ်ဝိညာဉ် ပုံသွင်းခြင်းကို အသုံးပြုပြီး အသိစိတ်၏ စိတ်ထဲသို့ သူ၏ အမှတ်တရများစွာနှင့် ခံစားမှုများကို ထည့်ပေးလိုက်သည်။

တွေးခေါ်ရခြင်း နှစ်သက်သော အရာအတွက်ဒါသည် ကမ္ဘာအသစ်တစ်ခု၏ တံခါးပေါက်ဖြစ်သွားသည်။ ထို့ကြောင့် အရမ်းထိတ်လန့်တုန်လှုပ်ကာ စွဲလန်းသွားသည်။

ဒီအခွင့်အရေးကို အသုံးချပြီး ဝိညာဉ် စာချုပ်ကိုပြီးမြောက်အောင် လုပ်ခဲ့သည်။ အသိစိတ်ကိုအောင်မြင်စွာ ကျွန်ပြုနိုင်ခဲ့သည်။

"မင်း အစီအစဉ် ပျက်သွားလို့ တောင်းပန်ပါတယ်"

ဆွန်းမိုက လှောင်ပြောင်လိုက်သည်။ တိုးတက်မှုများက ဆိုးဆိုးဝါးဝါး ကြောက်လန့်စေသည်။

သို့သော် အသိစိတ်က ပြန်မဖြေပေ။

လေထဲလွင့်မျောနေသော ရေခူများက ဆွန်းမိုထံ ဆက်လက်၍ ရွေ့လျားနေပြီး ခန္ဓာကိုယ်ထဲ တိုးဝင်သွားသည်။ သို့သော် သူ၏ သွေးအနှစ်သာရ လျှင်မြန်စွာ ပြန်ကောင်းမွန်လာသည်။

ဆွန်းမို လက်သီး ဆုပ်လိုက်သည်။ သူ့ကိုယ်သူ ပိုသန်မာလာသည်ဟု ခံစားနေရသည်။

ဘုန်း

ဝိညာဉ်လှိုင်းလုံး ထွက်လာပြီး အနီးက ဖုန်များ လွင့်စင်သွားသည်။ ထို့နောက် မှော်ဆန်သော စွမ်းအင်တစ်ခု သူ့ကိုယ်ထဲက ထွက်ပေါ်လာသည်။ သူ့ကိုယ်ထဲမှာ လွတ်လွတ်လပ်လပ် ကူးခတ်နေသော မြွေငယ်လေး တစ်ကောင်ကဲ့သို့ပင်။

“ဒါက ....”

ဆွန်းမို မှင်တက်နေသည်။

“မင်းက ဘေးဒုက္ခကနေ အမြတ်ထွက်ပြီး နတ်ဘုရား ခွန်အား အဆင့်ကို ဖြတ်ကျော်သွားပြီ။ ဂုဏ်ပြုပါတယ်”

စနစ်က ဆွန်းမိုကို ချီးကျူးသည်။

“ဘာလို့ အခုမှ လာပြောနေရတာလဲ။ ငါသေခါနီးတုန်းက မင်းက ဘယ်ငရဲကို ရောက်နေတာလဲ”

စနစ်ဆီ၏အသံကို ကြားလိုက်လျှင် ဆွန်းမိုသည် ဒေါသ အချောင်းချောင်း ထွက်သွားသည်။

“ဒါက မင်းရဲ့ တိုက်ပွဲပဲ။ ငါ့မှာ ဝင်စွက်ဖက်စရာ အကြောင်းမရှိဘူး။ အများဆုံးကတော့ မင်းဘေးနားကနေပဲ အားပေးနိုင်မယ်။ မင်းကို အားပေးဖို့ တကယ်ပဲ လိုအပ်လို့လား။ မင်းတကယ် လိုအပ်ရင် နောက်တစ်ခါ ပိုအားပေးမယ်”

စနစ်က ပြန်ဖြေရှင်းသည်။

“ ထွက်သွား”

ဆွန်းမိုသည် လက်ခလယ် ထောင်ပြလိုက်သည်။

သို့သော် နတ်ဘုရား ခွန်အားအဆင့်ကို ရောက်သွားသဖြင့် စိတ်ထဲ၌ တော်တော်လေး ပျော်ရွှင်နေသည်။

ဒါသည် တော်တော်လေး အထင်ကြီးစရာကောင်း၏။

နတ်ဘုရား ခွန်အားနယ်ပယ်သည် သူ့နာမည် အတိုင်းပင် လူတစ်ယောက်၏ ကိုယ်ထဲမှ နတ်ဘုရား ခွန်အားကို ထုတ်ပေးမည်။ ခွန်အားက အသိပညာ ကန့်သတ်ချက်ကို ကျော်သွားသည့် အရမ်းကြီးမားသော ခွန်အားကို ရည်ညွှန်းသည်။

ဥပမာ ။ နတ်ဘုရားခွန်အားကြောင့် လူတစ်ယောက်သည် တောင်တွေကို ပြောင်းကာ ပင်လယ်များကို မှောက်ပစ်နိုင်ပြီး ကြယ်တွေကို ခူးဆွတ်နိုင်သည်။

“နတ်ဘုရား ခွန်အား အဆင့်ဆိုတာ ကျင့်ကြံမှုလမ်းကြောင်းမှာ အစပဲ ရှိသေးတယ်။ မင်း ကျေနပ်မနေသင့်ဘူး။ အဆင့်မြင့်လာလေလေ ပိုခက်လာလေလေပဲ”

စနစ်သည် ဆွန်းမိုက ဘဝမြင့်နေသည်ဟု ခံစားရပြီး သတိပေးလိုက်သည်။

ဆွန်းမိုက စနစ်ကို လျစ်လျူရှုထားပြီး ကိုယ်ထဲက အပြောင်းအလဲကို သေသေချာချာ ခံစားလိုက်သည်။ ဖော်ပြလို့မရသော ခံစားချက်ကို ရလိုက်သည်။ ခေတ်သစ်က ကွန်ပျူတာကဲ့သို့ပင်။ ဟက်ဒ်ဝဲလ်နှင့် ဆော့ဝဲလ်များက ဘယ်လိုပဲဖြစ်ဖြစ် ပိုအဆင့်မြင့်သော ခေတ်က ဖြစ်သည်။

နတ်ဘုရား ခွန်အားအဆင့်၌ စုစုပေါင်းကိုးဆင့် ရှိသည်။ အဆင့်တစ်ခုဆီတိုင်းက ကြီးမားသော နတ်ဘုရား ခွန်အားကို ထုတ်လုပ်ပေးသည်။ ထိုစွမ်းအားတွေက လူတစ်ယောက်၏ ခန္ဓာကိုယ်ကို

အပြည့်အဝ အဟာရ ဖြည့်ပေးကာ ပြည်ဝသော အနေအထားကို ရောက်ရှိစေသည်။ နောက်ဆုံးတွင် နတ်ဘုရားခွန်အားသည် အရေအတွက်မှ အရည်အသွေးအဖြစ်သို့ ကူးပြောင်းကာ ဘဝ၏ ကန့်သတ်ချက်များကို ကျော်ဖြတ်၍ သက်ရှည်နယ်ပယ်ကို ဝင်ရောက်စေသည်။

"နှစ်ပေါင်းရာနဲ့ချီပြီး အသက်ရှင်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

ဆွန်းမိုသည် ထိုအရာကို တောင်းတလာသည်။

အခန်း (၄၀၀) - ဆရာတင်ခြင်း။

သက်ရှည်နယ်ပယ်ကို ကျော်လွှားပြီးနောက် ကျင့်ကြံသူ၏ အိုမင်းမှုသည် လျှင်မြန်စွာ နှေးကွေးသွားမည်။ သို့သော် အမြဲတမ်းတော့ မငယ်နိုင်ပေ။ သက်ရှည်နယ်ပယ်သို့ စောစော ဝင်လေလေ သူတို့ရဲ့ ပျိုမြစ်မှုကို ကြာကြာ ထိန်းထားနိုင်လေလေ ဖြစ်သည်။

လူတိုင်းက အလှတရားကို နှစ်သက်ကြသည်။

ဆွန်းမိုလည်း ထုံးစံအတိုင်း ရှုံ့တွနေသော အဘိုးကြီး မဖြစ်ချင်ပေ။

ဒင်

“မင်းက စိတ်ဝိညာဉ်ပုံသွင်းခြင်းကို အသုံးပြုပြီး အမှောင်ထု ပုံရိပ်ယောင် ရတနာရဲ့ အသိစိတ်ကို ထိခိုက်စေတဲ့အတွက် ကျွမ်းကျင်မှုကို အဆင့်မြှင့်တင်ပေးလိုက်သည်။ အခုအခါ ခြေလှမ်းတစ်ဝက် မဟာအဆင့်ကို ရောက်ရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

စနစ်က ချီးကျူးလိုက်သည်။

“မင်းပေးတဲ့ ဆုက နည်းနည်းေတာ့ ကပ်စေးမနဲ့ဘူးလား။ ငါ့ကို မဟာအဆင့် တန်းပြီး မြှင့်ပေးလိုက်လို့ မရဘူးလား”

ဆွန်းမိုက ညည်းတွားလိုက်သည်။ နောက်ဆုံးတော့ ကောင်မလေးက အတူတူအိပ်ဖို့ ဂတိပေးထားသလို ဖြစ်နေသည်။ ဒါပေမယ့် ညရောက်တဲ့အခါ သူမက ဘေးမှာ အိပ်တာကလွဲလျှင် ဘာမှ လုပ်ခွင့်မပေးပါ။ သူမ အနားမှာ အိပ်ခွင့်ပေးတာနဲ့ ဒါက ဘာကွာတော့လို့တုန်း။

ဒါက သက်သက် ဗရုတ်ကျတာ။

"မရဘူး"

စနစ်က ပြတ်ပြတ်သားသား ငြင်းသည်။

"အရမ်းကောင်းတယ်။ စတိုးဆိုင်ဖွင့်လိုက်။ အချိန်တံဆိပ် ဝယ်မယ်"

ဆွန်းမိုမှာ အခုလက်ရှိတွင် လေးစားအထင်ကြီးမှု အမှတ်များ မရှားပါ။ အခုမတိုင်မီကလည်း ထန်ထန်ယုထန် တစ်ယောက်တည်းနဲ့တင် အမှတ် တစ်သောင်း လှူဒါန်းထားသည်။

"မင်းက ကိစ္စသေးသေးလေးတွေကိုတောင် အာဃာတထားတယ်။ စိတ်ထား မသေးလွန်းဘူးလား"

ဆွန်းမိုက ပိုပြီး သဘောထားသေးလာတယ်လို့ စနစ်က ထင်နေသည်။

"ပေါက်ကရ စကားတွေ ရပ်လိုက်တော့ ၊ မြန်မြန်လုပ်"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

အချိန်တံဆိပ်ကို ရတာနဲ့ အသုံးပြုလိုက်သည်။ စနစ်ဆီက ရင်းနှီးတဲ့ အသံကို ကြားလိုက်ရသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“စိတ်ဝိညာဉ်ပုံသွင်းခြင်းကို မဟာအဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆက်ကြိုးစားပါ”

ဆွန်းမိုက ပြုံးပြလိုက်သည်။

အရမ်းကောင်းသည်။ အခုတော့ ကျောက်မြတ်ရတနာရဲ့ အသိစိတ်ကို ကိုင်တွယ်ဖို့ အချိန်ရောက်လာပြီ။ ဒါပေမယ့် ဆွန်းမိုက အကြိမ်ကြိမ် လှမ်းအော်လိုက်သော်လည်း တုန့်ပြန်မှု မရခဲ့ပါ။

“အဲဒီကောင် ဘယ်ရောက်သွားပြီလဲ”

ဆွန်းမို မျက်မှောင်ကြုတ်ပြီး သေသေချာချာ အာရုံခံလိုက်သည်။ ဒါပေမယ့် တုန့်ပြန်မှု လုံးဝ မရှိပါ။

“မဖြစ်နိုင်ဘူး။ သေသွားလို့လား”

ဆွန်းမို နားမလည် ဖြစ်နေသည်။ ဒီနေရာကို တဝိုက်ကို လိုက်ရှာကြည့်လိုက်သည်။ နောက်ဆုံးတွင် သစ်ကြားသီးအရွယ် ကျောက်မြတ် ရတနာတစ်ခုကို တွေ့လိုက်ရသည်။

ကျောက်မြတ်ရတနာရဲ့ ကိုယ်ထည်သည် ငွေဖြူရောင် ဖြစ်နေသည်။ အသက်ရှူနေသကဲ့သို့ တချို့ အချိန်အပိုင်းအခြားတွင် လင်းလက်နေသည်။

ဆွန်းမို စစ်ဆေးနေသည်။

အမှောင်ထု ပုံရိပ်ယောင်ကို ထုတ်ပေးနိုင်တဲ့ ရတနာသည် ထိပ်တန်း ရတနာ ဖြစ်ပြီး အရမ်းရှားပါးသည်။ ရှားပါးလွန်းသဖြင့် လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ်စာရင်းတွင် မှတ်တမ်း မရှိပါ။

ဒီရတနာရဲ့ အကြီးဆုံး အကျိုးသက်ရောက်မှုက အမှောင်ပုံရိပ်ယောင် ဒိုဂျို(ခန်းမ) ဖန်တီးနိုင်တာပဲ ဖြစ်သည်။ လိုချင်တဲ့သက်ရှိပုံစံတိုင်းကို ပုံတူ ပွားနိုင်သည်။

ဒီရတနာ၏ စိတ်ကူးစိတ်သန်းသည် အကန့်အသတ် မရှိဘဲ ဘယ်လို ပုံစံမျိုးမဆို ကူးယူနိုင်သည်။ ကိုယ်ပွားများသည် ပစ်မှတ်ရဲ့ တိုက်ခိုက်ရေး အစွမ်းကိုလည်း ပိုင်ဆိုင်မည်။

နှစ်ထောင်ပေါင်းများစွာ ဒီရတနာသည် သက်ရှိများစွာကို သတ်ပစ်ခဲ့ပြီး အရမ်းအစွမ်းထက်တဲ့ လူတချို့ကို အသိစိတ်ထဲသို့ ဝါးမြိုခဲ့သည်။ ဆွန်းမို အဲဒါတွေကို ပုံရိပ်ယောင် ခန်းမထဲ ဆင့်ခေါ်နိုင်ပြီး လေ့ကျင့်ရေး အဖော်အဖြစ် အသုံးပြုနိုင်သည်။

မှတ်ချက်။ ။ ဒီရတနာရဲ့ အသိစိတ်သည် ပျက်ဆီးနေတဲ့ အခြေအနေမှာ ရှိသည်။ ထင်ယောင်ထင်မှားဖြစ်တဲ့ အခြေအနေကို ကျော်လွှားပြီးနောက် သူ့ရဲ့မူလ မှတ်ဉာဏ်ကို ပြန်ရကာ အသိပညာ၊ စတာတွေကို ပိုင်ဆိုင်နိုင်လိမ့်မည်။

"အသိစိတ်က တကယ်သေသွားတာလား"

ဆွန်းမို သက်ပြင်းချလိုက်သည်။ ဒါပေမယ့် ဒီရတနာ ကိုယ်တိုင်က မဆိုးပါ။

တကယ်လို့သူက ဗဟိုပြည်နယ်အကယ်ဒမီတွင် ပုံရိပ်ယောင် ခန်းမကို ဆောက်လုပ်ခဲ့ပါက ကျောင်းသားတွေသည် ပုံရိပ်ယောင်နဲ့တိုက်ခိုက်ပြီး သူတို့ အားနည်းချက်များကို လျှင်မြန်စွာ ကျော်လွှားနိုင်လိမ့်မည်။

ဝုန်း ဝုန်း

ရတနာရဲ့ ပုံရိပ်ယောင် မရှိတော့သဖြင့် အမှောင်ထု ပိရမစ်က ပြိုကျလာသည်။ အက်ကွဲကြောင်းများ နေရာအနှံ့ ပေါ်လာသည်။

ဆွန်းမို ချက်ခြင်းထပြီး သူ့တပြည့်တွေကို လိုက်ရှာသည်။

....

ရွှစ်

မာရှန်၏ ဓါးရှည်နှင့် ပုံရိပ်ယောင်ရဲ့ လည်ပင်းကို ဖြတ်လိုက်သည်။

"အခုတော့ သေသွားပြီ မဟုတ်လား"

မာရှန်သည် တော်တော်လေး လန့်နေသည်။ ရင်ဘက်ကို ဆုပ်ကိုင်ပြီး နောက်ပြန်ဆုတ်သွားသည်။

သူမသေပေမယ့် ဒဏ်ရာ ပြင်းထန်သွားသည်။

စိတ်မကောင်း စရာ၊ သူ့အတွေးတွေက အကောင်းမြင်လွန်းနေသည်။

စက္ကန့်အနည်းငယ်ကြာပြီးနောက် ကွင်းထဲမှာ ပုံရိပ်ယောင် အသစ်ပေါ်လာသည်။

“တိုက်ပွဲစပြီ”

ပုံရိပ်ယောင်က ပြောပြီးတာနဲ့ ဒေါသတကြီး တိုက်ခိုက်လိုက်သည်။

မာရှန် မျက်မှောင်ကြုတ်သွားသည်။ ဒီပုံရိပ်ယောင်ရဲ့ အားနည်းချက်ကို ရှာမတွေ့ခင် သူ့အသတ် ခံရမှာ သိနေသည်။

“ငါ ပေါ့လျှော့လွန်းတယ်”

မာရှန် နောင်တရနေသည်။ သူက အစွမ်းထက်တဲ့ လျှို့ဝှက်ရတနာကို ရချင်စိတ်နဲ့ ခေါင်းပူသွားခဲ့သည်။ သူ့ကိုယ်သူ ယုံကြည်မှုကြောင့် လက်ရှိ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရသည်။

ဘုန်း

မာရှန် လေထဲသို့ လွင့်ထွက်သွားသည်။

"မေ့လိုက်ပါတော့။ အစွမ်းထက်တဲ့ ရတနာတစ်ခု လက်ထဲမှာ သေရတာကပဲ။ နောင်တ ရမနေတော့ပါဘူး"

မာရှန်သည် ဆွန်းမိုနှင့် ကူရှပ်ရှင်းတို့ လျှို့ဝှက်ရတနာကို မရနိုင်ဘူးလို့ ယုံကြည်ထားပြီး စိတ်ပျက်အားငယ်နေသည်။ ဒါကြောင့် ဒီတိုက်ပွဲတွင် ရှုံးနိမ့်သွားပါက အမေ့ာင်တိုက်ကြီး ခရီးစဉ်တွင် ရှုံးနိမ့်သွားတယ်လို့ သတ်မှတ်နိုင်သည်။

"မဟုတ်ဘူး။ ငါအရှုံးမပေးနိုင်ဘူး။ ငါက မာရှန်ပဲ။ ငါက မြတ်ဆရာတစ်ယောက် ဖြစ်လာရအုံးမယ်။

သူတော်စင်တစ်ယောက်လည်း ဖြစ်ရမယ်။ ဒီမှာ မသေနိုင်ဘူး”

မာရှန် သူ့ကိုယ်သူ အားပေးလိုက်သည်။ စကားလုံးလောက်နဲ့ အသုံးမဝင်ဘူးထင်ပြီး စိတ်ဓါတ်ကို နှိုးဆော်ရန် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကိုပါ သုံးလိုက်သေးသည်။ ဒါနဲ့ မလုံလောက်သေးဘူး ယူဆကာ အပြည့်အဝ အာရုံစိုက်ခြင်းကိုပါ ထပ်သုံးလိုက်သည်။

မာရှန်မှာ တိုက်ပွဲဝင်စိတ် ပြန်သန်မာလာသည်။

ရွှစ် ရွှစ် ရွှစ်

မာရှန်သည် သူ့ရဲ့ အဆုံးအစွန်ဆုံးသော စွမ်းရည်ကို ထုတ်လွှင့်လိုက်သည်။ သူ့ရဲ့ခါးက ပုံရိပ်ယောင်ကို အပိုင်းပိုင်း ဖြတ်လိုက်သည်။

ဒီတစ်ကြိမ်တွင် မာရှန်သည် ပျော်ရွှင်မှုကို မခံစားရပါ။ အဲဒီ ပုံရိပ်ယောင် ပေါ်လာမှာ သိနေတဲ့ အတွက် ရတဲ့အချိန်ကို အနားယူဖို့ ကောင်းကောင်း အသုံးချလိုက်သည်။ ဒါပေမယ့် မိနစ် အနည်းငယ် စောင့်ပြီးလည်း ပုံရိပ်ယောင် မပေါ်လာပါ။

"အမ်၊ ဘာတွေ ဖြစ်နေတာလဲ"

မာရှန်၏ ဉာဏ်ရည်ကြောင့် အသိစိတ်ကို သတ်ပစ်လိုက်တယ်ဆိုတာ သူမယုံပါ။

အဲဒီအချိန်တွင် ကွင်းကြီးက ရတ်တရတ် ပြင်းထန်စွာ တုန်ခါလာသည်။ အဲဒီနောက်မှာတော့ ပျောက်ကွယ်သွားပြီး မူလပုံစံ ပြန်ဖြစ်သွားသည်။

စကြဲ်န်တစ်ခု မတ်တပ်ရပ်လျှက် ဖြစ်နေတာကို မာရှန် တွေ့လိုက်ရသည်။ ပိရမစ်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါနေသည်။

“ရတနာ အသိစိတ်ကို ဘယ်သူသတ်လိုက်တာလဲ”

မကြာခင် အဖြေက အလိုလို ပေါ်လာသည်။ သူနဲ့ မနီးမဝေးတွင် ကူရှုပ်ရှင်းကို မြင်လိုက်ရသည်။

"ဒါဆို ဆွန်းမိုလား"

ကူရှုပ်ရှင်းမျက်နှာသည် ပျော်ရွှင်နေတဲ့ ပုံစံ ဖြစ်နေသည်။ ဆွန်းမိုက ဒါကို အောင်မြင်အောင် လုပ်နိုင်မယ်လို့ မထင်ထားခဲ့ပါ။

ရတနာ အသိစိတ်ရဲ့ ခန္ဓာကိုယ်အစစ်နဲ့ စတင်တိုက်ခိုက်တဲ့အခါ အနိုင် မရနိုင်သဖြင့် စိတ်ပျက် အားငယ် နေခဲ့ရသည်။ ဒါပေမယ့် အဲဒီအချိန်မှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလှည့်အပြောင်း ဖြစ်လာမယ်လို့ တကယ် မထင်ထားခဲ့ပါ။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀။ လေးစား (၈,၀၀၀/၁၀,၀၀၀)

သူတို့နှစ်ယောက်စလုံး ဘာမှ မပြောကြပါ။ ပြိုကျနေသဖြင့် လှေကားထစ်က ပြေးဆင်းလာခဲ့ကြသည်။ သစ်သားနဲ့ ကျောက်တုံးတွေ ပြိုကျနေသည်။

အဲဒီအခိုက်အတန့်တွင် အမှောင်ထု ပိရမစ်နားမှာ ကျောင်းသားအဖွဲ့ များစွာ ရှိနေသည်။ အရင်တုန်းက မြူခိုး ရုတ်တရက် ထွက်လာသဖြင့် လူစုကွဲသွားခဲ့ကြသည်။

အခုအချိန်မှာ ရတနာက အသိစိတ် ပျောက်သွားသဖြင့် လူတိုင်းသည် အမှန်တိုင်း ပြန်မြင်နေရသည်။

ဝုန်း ဝုန်း

ပိရမစ်ကြီး ပြိုကျသွားသည်။

ဒါကိုမြင်လျှင် လူတိုင်းသည် မတိုင်ပင်ရဘဲနဲ့ ပြေးကြသည်။

ဘိုင်တန်ဇီဝေက ခြေထောက်ကျိုးနေတဲ့ မိန်းကလေးတစ်ယောက်ကို သယ်ပြီး ပြေးနေသည်။ ဒီမြင်ကွင်းကို မြင်လိုက်လျှင် မျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။ ဒါကို ဘယ်သူလုပ်တာလဲ။

မာရှန်လား။

လျှို့ဝှက် ရတနာကို သူ မြန်မြန်ဆန်ဆန်ပဲ ရခဲ့တာလား။

....

"ယုထန်"

ရှန်ယွန်ပေါင်သည် လုချီဟွာကို ဆွဲခေါ်လာပြီး မနီးမဝေးမှာ ခေါင်းငုံ့နေတဲ့ ရောဂါသည်ကို ကြည့်လိုက်သည်။ သူက ပိရမစ်ကို ကြည့်နေသည်။

"သွားခွင့်ပေး။ ဆရာကို သွားရှာခွင့်ပေး"

လုချီဟွာက ကျယ်လောင်စွာ အော်ငိုနေသည်။

"ချီဟွာ စိတ်အေးအေးထား"

လီဇီချီက အော်လိုက်သည်။

“အမှောင်ထု ပိရမစ်ပြိုကျသွားတယ်ဆိုတော့ လျှို့ဝှက်ရတနာက ဆရာ့လက်ထဲ ရောက်သွားတာ ဖြစ်နိုင်တယ်”

“ဒါပေမယ့် မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ”

လုချီဟွာက လီဇီချီ စကားကို ဖြတ်ပြောလိုက်သည်။

“သွားခွင့်ပေး။ ဆရာ့ကို လိုက်ရှာမယ်။ ငါးသလဲထိုးလေး။ သူတို့ကို ကိုက်”

“အခုဝင်သွားရင် မင်းသေချာပေါက် သေလိမ့်မယ်”

လီဇီချီလည်း ငိုနေသည်။ သူမလည်း အရမ်းစိတ်ပူနေသည်။ ဒါပေမယ် ပညာသင်ဘက် ညီမတွေနဲ့ မောင်တွေရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ရအုံးမည်။

အဲဒီအချိန်မှာ ပိရမစ်ရဲ့ ထိပ်ပိုင်းက ပြိုကျလာသည်။

ဘုန်း ဝုန်း

သစ်သား အပိုင်းအစကြီးတွေ လွင့်စင်လာကာ ဖုန်ထသွားသည်။

"ငွေကလေး။ မင်းဒီမှာလား။ ဆရာ့ကို မြန်မြန် ရှာ"

လုချီဟွာက အော်သည်။

ကူရှုပ်ရှင်းနှင့် မာရှန်တို့သည် အပြေးအလွှား ထွက်လာကြသည်။ အရူးတစ်ပိုင်း ဖြစ်နေတဲ့ လုချီဟွာကို မြင်လိုက်ရသည်။

"ဆွန်းမို မထွက်လာသေးဘူးလား"

ကူရှုပ်ရှင်း မျက်နှာ ပျက်သွားသည်။ သူမရဲ့ ခန့်မှန်းချက် မှားနေပြီလား။ အနည်းငယ် တွေဝေသွားသော်လည်း နောက်လှည့်ပြီး အမြန်ဆုံး ပြန်ပြေးသွားသည်။

"ဇီချီ၊ ရှန်ယွန်ပေါင်၊ ချီဟွာကို ဂရုစိုက်လိုက်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှူပ်ရှင်း အသံပျောက်သွားတာနဲ့ ကျယ်လောင်တဲ့ ပွဲတင်သံတစ်ခု ပေါ်လာသည်။ ခေါင်မိုး အက်ကွဲပြီး ပြုတ်ကျလာသည်။ ကျယ်လောင်တဲ့ အသံနဲ့အတူ လူတစ်ယောက် ပြေးထွက်လာသည်။ သူက ပြိုကျနေတဲ့ နံရံများကို ခုန်ကျော်ပြီး ခုနှစ်မီတာလောက် အမြင့်ကို ခုန်ဆင်းလာသည်။

အဲဒီနောက် လျှောချလိုက်သည်။

“ဆရာပဲ”

လီဇီချီ ဝမ်းသာမျက်ရည် ကျလာသည်။

“ဆရာဆွန်း”

ကူရှုပ်ရှင်းလည်း ပြေးသွားသည်။

“ဆရာ”

ကျောင်းသားတွေလည်း ပြေးလာသည်။

“အရင်သွားရအောင်”

ဆွန်းမိုက တိုက်တွန်းလိုက်သည်။ အခုမထွက်သွားရင် အခြားကျောင်းတွေက တိုက်ခိုက်ကြလိမ့်မည်။

“ဆရာဆွန်း ၊ ကျေးဇူးပြုပြီး နေပါအုံး”

မာရှန်က သူ့ကို တားလိုက်သည်။

“မင်း မေးစရာမလိုဘူး။ ဒီလျှို့ဝှက် ရတနာကို ငါရသွားပြီ”

ဆွန်းမိုက လိမ်ဖို့ စိတ်မဝင်စားပါ။ အခုအချိန်တွင် သူက နတ်ဘုရားခွန်အားအဆင့်ကို ရောက်နေပြီး ယုံကြည်မှုက ဇယားကွက်အပြင်ကိုတောင် ရောက်နေပြီ။ မာရှန်က ဘာကောင်လဲဆိုတာ မသိရင် အဝါရောင် မြစ်ထဲ မျှောလိုက်မည်။

ဒါကို လူတိုင်း ခန့်မှန်းပြီးသားပါ။ ဒါပေမယ့် တုန်လှုပ်နေကြသေးသည်။ ရုတ်တရက်ပဲ

လေးစားအထင်ကြီးမှု အမှတ် အများကြီး ရလိုက်သည်။

"ဆရာဆွန်း၊ မင်းအစိုးရိမ်လွန်နေပြီ။ ရလဒ်ကိုပဲ တိတိကျကျ သိချင်တယ်"

မာရှန်က မချိပြုံး ပြုံးရင်း မေးလိုက်သည်။ အဲဒီနောက် လက်သီးဆုပ်ပြီး

"ဂုဏ်ပြုပါတယ်။ ဆရာဆွန်း"

"ဆရာမာ မင်းက ဘယ်လိုလုပ်ပြီး အောင်မြင်ခဲ့လဲဆိုတော့ မေးချင်ရင် တောင်းပန်ပါတယ်။ စွန့်လွှတ်လိုက်ပါ"

ဆွန်းမို လုံးဝကို မပြောနိုင်ပါ။

"ဆရာဆွန်း၊ မင်းလုပ်ချင်တာ လုပ်လို့ ရပါပြီ"

မာရှန်က ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။ သူက ပြီးပြည့်စုံတဲ့ အခြေအနေမှာ ရှိနေရင်တောင် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတဲ့ လူတစ်ယောက်ကို အခွင့်အရေး မယူချင်ပါ။

သူ့အမြင်အရ ဆွန်းမိုသည် ပုံရိပ်ယောင်နဲ့ တိုက်ခိုက်ထားသဖြင့် သူ့ထက်တောင် ဒဏ်ရာ ပိုပြင်းထန်လိမ့်မည် ။ ဆွန်းမို လက်ရှိ ပေါ့ပေါ့ပါးပါး ဖြစ်နေမှုသည် ဟန်ဆောင်ထားတာပဲ ဖြစ်လိမ့်မည်။

ဂျိဝမ်ဒေါင်သည် အရင်နေရာမှာပဲ ရပ်နေပြီး မာရှန်ထွက်သွားတာကို ငေးကြည့်နေသည်။ အဲဒီနောက် ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ဆုံးဖြတ်ရခက်နေသည်။

(ဆွန်းမိုကို ငါ့ဆရာ တင်သင့်လား)

(ဒါပမယ့် ငါက မာရှောင်က ကျောင်းသားလေ)

"ဆရာ၊ လျှို့ဝှက်ရတနာက ဘယ်လိုမျိုးလဲ"

လုချီဟွာက ဆွန်းမို လက်မောင်းကို ပွေ့ဖက်လိုက်ပြီး သိချင်နေတဲ့ မျက်နှာ ဖြစ်နေသည်။

ဆွန်းမိုက ကျောက်မြတ်ရတနာကို လုချီပွာဆီ ပေါ့ပေါ့ပါးပါး လှမ်းပစ်ပေးလိုက်သည်။

ဒီမြင်ကွင်းကို မြင်လျှင် ဂျိဝမ်ဒေါင် မထိန်းနိုင်တော့ပါ။ တစ်ခါတည်း ဒူးထောက်ချပြီး အရိုအသေ ပေးလိုက်သည်။

“ဆရာဆွန်း၊ ဒီကျောင်းသားက မင်းဆီမှာ စိတ်ရင်းနဲ့ သင်ချင်ပါတယ်။ တပြည့် အဖြစ် လက်ခံပေးပါ”

ဂျိဝမ်ဒေါင်သည် စကားပြောပြီးတာနဲ့ သုံးကြိမ် အရိုအသေပေးလိုက်သည်။

ဒီအသံကိုကြားလျှင် မာရှန် ခြေလှမ်းများ ရပ်သွားပြီး စိတ်ဓါတ်ကျတဲ့ ပုံစံ ဖြစ်သွားသည်။

ဆရာတစ်ယောက်က အထင်ကြီးဖို့ ကောင်းလား ၊ မကောင်းလားဆိုတာကို သူ့ဆီမှာ သင်ချင်တဲ့ ကျောင်းသား ရှိ၊ မရှိနဲ့ ကြည့်ပြီး ဆုံးဖြတ်လိုက်သည်။

ဒီတိုက်ပွဲတွင် မာရှန် လုံး၀ ရှုံးနိမ့်ခဲ့သည်။ ဒါပေမယ့် သူ့မှာ အခွင့်အရေး ရှိသေးသည်။ လာမည့် နွေဦးပေါက်တွင် ကြယ်တစ်ပွင့် စာမေးပွဲကို ဆွန်းမို ဖြေမှာ သေချာသည်။

အဲဒီအချိန်ကျရင် ဆွန်းမိုကို ကျော်ပြီး အဆင့်တစ်ရအောင် ယူရမည်။

"အလို"

လျှို့ဝှက်ရတနာကြောင့် မဟုတ်ဘဲ လုချီဟွာ ရုတ်တရက် အံ့အောပြီး အသံထွက်သွားသည်။ ဂျိဝင်ဒေါင်ရဲ့ လုပ်ရပ်ကြောင့် ဖြစ်သည်။ သူက မာရှောင်အကယ်ဒမီက ကျောင်းသားတစ်ယောက် ဆိုတာ မေ့ထားလို့ မရပါ။

ဒီအရာက ဘယ်လောက်တောင် ဘုန်းတန်ခိုး ကြီးလိုက်သလဲ။

“ဒါက ဖြစ်သင့်ပါတယ်”

လီဇီချီကတော့ မအံ့အောပါ။ ဂျိဝမ်ဒေါင်သည် သူ့မဆရာနောက် လိုက်ခဲ့ပြီး ဘယ်လောက် သန်မာလဲဆိုတာ ကိုယ်တိုင် မြင်ခဲ့ရသည်။ တပြည့်ဖြစ်ရန် ကမန်းကတမ်း မတောင်းဆိုပါက သူ မျက်လုံး ကန်းနေလို့ပဲ ဖြစ်မည်။

“ဘာငိုင်နေတာလဲ။ မြန်မြန် လက်ခံလိုက်လေ။ ဒီသတင်းသာ ပျံ့နှံ့သွားရင် မင်းနာမည်က ဒီ အဆင့် ကျောင်းပေါင်း ၁၀၈ကျောင်းကို ပျံ့နှံ့သွားမှာ သေချာတယ်”

ကူရှူပ်ရှင်းက စည်းရုံးလိုက်သည်။

ဂျိဝမ်ဒေါင်ရဲ့ အရည်အချင်းက မဆိုးပါ။ ဆွန်းမိုရဲ့တပြည့်ဖြစ်ဖို့ အရည်အချင်း မှီသည်။

“ဝမ်ဒေါင် မင်းက မာရှောင်က ကျောင်းသားပါ”

ဆွန်းမိုက ပြောသည်။

ဂျိဝမ်ဒေါင် ချက်ခြင်း ရင်တုန်သွားသည်။ (ဆရာဆွန်းက ငါ့ကို မလိုချင်တာလား။)

ဒါကြောင့် အာမခံချက် ပိုရရန် ကမန်းကတမ်း အရိုအသေ ပေးလိုက်ပြီး

“ကျောင်းပြောင်းလို့ ရတယ်”

အခန်း (၄၀၁) - အောင်နိုင်သူ၏ ဘ၀။

ဂျိဝမ်ဒေါင်သည် မြေပေါ်မှာ ဒူးထောက်နေပြီး ဆွန်းမိုရဲ့အဖြေကို စောင့်နေသည်။

လီဇီချီက ဂျိဝမ်ဒေါင်ကို အမှန်တကယ် သဘောမကျလို့ ဟန့်တားချင်နေသည်။ ဒါပေမယ့် တပြည့်လက်ခံခြင်း ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်ပြီး ဆွန်းမိုကပဲ ဆုံးဖြတ်ချက် ချလို့ ရသည်။ ပြီးတော့ ဒီအရာက ဂျိဝမ်ဒေါင်၏ ဘ၀နဲ့လည်း

သက်ဆိုင်နေသည်။ ဒါကြောင့် မနှောက်ယှက်မိအောင် ထိန်းထားလိုက်သည်။

ဒါပေမယ့် လုချီဟွာကတော့ အများကြီး မတွေးပါ။ သူမက ဆွန်းမိုရဲ့ အင်္ကျီကို ဆွဲပြီး

“ဆရာ စောစောတုန်းက ဆရာနဲ့ ပုံရိပ်ယောင် တိုက်ခိုက်နေတဲ့ အချိန်မှာ အထင်သေးတဲ့စကားကို အကြိမ်ကြိမ်ပြောခဲ့တယ်”

ဂျိဝမ်ဒေါင် တုန်လှုပ်သွားသည်။ အခုအချိန်မှာ လုချီဟွာက သူ့ရဲ့ အကြံအစည်ကို ဖျက်ဆီးနေသဖြင့် တော်တော် မုန်းနေသည်။ ဒါပေမယ့်လည်း

မကျေမနပ်တဲ့ အမူအရာကို မပြရဲပါ။ အဲဒီအစား ပြုံးပြီး

"မင်းကို မလေးစားလို့ မဟုတ်ဘူး။ စိတ်ပူနေလို့ပါ"

ရှင်းပြသည်။

ဆွန်းမိုက ရှင်းပြန်ရန် မလိုကြောင်း လက်ဟန် အမူအရာ ပြလိုက်သည်။ အဲဒီနောက် သူက

"မင်းငါ့ကို ဆရာမတင်ခင် တစ်ခုလောက် မေးချင်တယ်။ မင်း ငါ့ကို ဘယ်လို မြင်လဲ"

"ဆရာ၊ မင်းက အရမ်းတော်တယ်"

ဂျိဝမ်ဒေါင် တွေဝေခြင်း မရှိဘဲ

"အရမ်းကြောက်ဖို့ကောင်းပြီး

ဆရာမာရှန်ထက်လည်း ပိုခွန်အားကြီးတယ်"

တန်းပြောလာသည်။

"ပြီးတော့ရော"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ဒီအဖြေကို မကြိုက်ပါ။ ဂျိဝမ်ဒေါင်သည် မာရှန်ကို ချနင်းခဲ့သည်။ အဲဒီလုပ်တာက သိပ်မကောင်းပါ။

မာရှန်သည် သူနဲ့ ယှဉ်ရင် ဘယ်လောက်ပဲ နိမ့်ကျပါစေ မာရှောင် ကျောင်းက ဆရာတစ်ယောက်

ဖြစ်နေသေးသည်။ (ကျောင်းသားတစ်ယောက် အနေနဲ့ အနည်းဆုံး အခြေခံ လေးစားမှုတော့ ရှိသင့်တယ်)

"အမ်...အ"

ဂျိဝမ်ဒေါင် စဉ်းစားလို့ မရတော့ပါ။ ဆွန်းမိုနဲ့အတူတူ ရှိတဲ့ အချိန်သည် တိုတောင်းလွန်းသည်။ (ခဏနေအုံး။ ဆရာဆွန်းက သူ့ကို ဆက်ပြီး ချီးကျူးစေချင်တာလား)

(အင်း၊ ငါက လူတွေကိုဖားတဲ့နေရာမှာ မတော်ဘူး)

"မင်းက သာမည သူတော်စင် ဖြစ်လာမယ်လို့ ငါထင်တယ်။ သာမည သူတော်စင်ရဲ့ လက်အောက်မှာ သင်ရခြင်းက ငါ့အတွက် ဂုဏ်ကျက်သရေပဲ"

ဂျိုဝမ်ဒေါင်က အသံတိုးပြီး ပြောသည်။

"ပေါက်ကရ"

လီဇီချီ နှုတ်ခမ်း ကွေးသွားသည်။

"ဝမ်ဒေါင်၊ ကိုယ်ပိုင်ဆရာတင်တာက မင်းအတွက် အရမ်းအရေးကြီးတယ်။ အဲဒီလောက် နိမ့်ချနေစရာ မလိုဘူး"

ဆွန်းမိုက လမ်းညွှန်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂျိဝမ်ဒေါင် ကြောင်သွားသည်။ ဘာပြောချင်တာလဲ။

(တစ်ယောက်ယောက် ကိုယ်ပိုင်ဆရာတင်တာက ပေါင်းစပ်ခြင်းနဲ့တူတယ်။ ဆရာဆွန်းကို ပေါက်တတ်ကရ မှတ်ချက်ပေးနေတာလား။ ငါ လက်ဆောင် မယူလာမိဘူး)

(အမ်၊ ငါ အရမ်းရိုင်းသွားပြီ)

(လက်ဆောင်ကောင်းကောင်း တစ်ခုပြင်ဖို့ စိတ်နှလုံးထဲမှာ မှတ်သားထားလိုက်မယ်)

“ဆရာ၊ ငါတို့ ပြန်ရောက်ရင် မင်းရဲ့တပြည့်အဖြစ်ခေါ်တဲ့အတွက် လက်ဆောင် လုပ်ပေးပါမယ်”

ဂျိုဝမ်ဒေါင် စကားမဆုံးခင် ဆွန်းမိုက ဖြတ်ပြောလိုက်သည်။

“မင်းက ငါပြောချင်တာကို နားမလည်သေးဘူးပဲ။ မင်းက ကိုယ်ပိုင်ဆရာတင်ဖို့ ဆရာကောင်းတစ်ယောက် ရှာနေရင် သူ့ဆီက အသိပညာ သင်ယူရုံသာမက သူ့နောက်ကိုလည်း အကြာကြီး လိုက်ရမယ်။ သူ့ရဲ့ အကျင့်စရိုက်နဲ့

နည်းလမ်းတွေကို မကြိုက်ရင် မင်းပဲ ဒုက္ခရောက်လိမ့်မယ်”

“ဒါက လက်ထပ်တာနဲ့တူတယ်။ နှစ်ဖက်စလုံး စရိုက်က မတူရင် လမ်းခွဲဖို့အတွက် အချိန်တစ်ခုပဲ လိုတယ်။ ကိုယ်ပိုင်ဆရာကို လက်ခံပြီးတာနဲ့ နာမည် မပျက်ဘဲ ထွက်သွားလို့ မရဘူး။ ပြီးတော့ ဆရာနဲ့ ကျောင်းသား ဆက်ဆံရေးမှာ အမည်းစက် ရှိတဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်”

ဆွန်းမိုက စိတ်ရင်းနဲ့ ပြောလိုက်သည်။

ဂျိဝမ်ဒေါင် တိတ်ဆိတ်သွားသည်။ သူက မတုံးပါ ဆွန်းမိုရဲ့ ဆိုလိုရင်းကို နားလည်သည်။

ဆွန်းမိုက သူမကြိုက်တာ တစ်ခုခု လုပ်ခိုင်းရင် ဘယ်လိုလုပ်မလဲ။

"ဒါက ငါနဲ့မှ မဟုတ်ဘူး။ တစ်ယောက်ယောက်ကို ဆရာတင်ဖို့ စဉ်းစားတာနဲ့ မင်းပထမဆုံးစဉ်းစား ရမှာက အရည်အချင်းနဲ့ အသိပညာမဟုတ်ဘူး။ အဲဒီအစား သူ့ရဲ့ စရိုက်ကို စဉ်းစားသင့်တယ်"

"အဲဒီလူကို ကိုးကွယ်ဖို့မလိုဘူး။ အနည်းဆုံးတော့ လေးစားရမယ်။ ဒီဆရာနောက်ကို လိုက်ရင်

ထွန်းလင်းတောက်ပတဲ့ လူတစ်ယောက်ဖြစ်လာရမယ်။ မင်းစိတ်လှုပ်ရှားပြီး ခေါင်းပူနေတဲ့အချိန်မှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို မချသင့်ဘူး”

ဆန်းမိုက စကားပြောနေရင်းနဲ့ ထန်ထန်ယုထန်ကို တစ်ချက်ကြည့်လိုက်သည်။

ရောဂါသည်ကို လက်ခံတုန်းက နည်းနည်းပေါ့ဆခဲ့သည်။

“မျှော်လင့်ထားသလိုပဲ။ ဆရာက ငါ့ကို စိတ်မပျက်စေခဲ့ဘူး”

လီဇီချီ ကျေနပ်သွားသည်။

လုချီဟွာက ဆွန်းမိုရဲ့ မျက်နှာကို တိတ်တိတ်လေး ခိုးကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။ သူမကိုယ် သူမ မထိန်းနိုင်းဘဲ သူ့ရဲ့ အင်္ကျီကို ဆွဲလိုက်မိသည်။

သူမသည် ဆွန်းမိုကို ကိုးကွယ်သောကြောင့်သာ ကိုယ်ပိုင် ဆရာ တင်ခဲ့သည်။

ဘုန်း ဘုန်း ဘုန်း

ဂျိဝမ်ဒေါင်က သုံးကြိမ်တိုင်တိုင် အရိုအသေ ပေးလိုက်သည်။

"လမ်းညွှန်မှုအတွက် အများကြီး ကျေးဇူးတင်ပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အငြင်းခံရသော်လည်း ဂျိဝမ်ဒေါင်သည် ဆရာတင်ရမည့် နည်းလမ်းအမှန်ကို ရှာတွေ့လိုက်မိသဖြင့် သိပ်စိတ်မပျက်မိပါ။

အရင်တုန်းကတော့ အစွမ်းထက်တဲ့ ကျွမ်းကျင်သူကိုသာ ဆရာတင်ချင်ခဲ့သည်။ အခုတော့ လမ်းကြောင်း အသစ်ရှိနေပြီ။ သူလိုချင်တဲ့ မြတ်ဆရာကလည်း သူလေးစားတဲ့ သူ ဖြစ်ရမည်။

ဒင်

ဂျိဝမ်ဒေါင်၏ လေးစားအထင်ကြီးမှု +၂,၀၀၀။ လေးစား (၅,၁၀၀/၁၀,၀၀၀)

"အရင်ထပေါ"

ဆွန်းမိုက ဂျိဝမ်ဒေါင်ကို ထူပေးလိုက်သည်။

"မင်းရဲ့အရည်အချင်းက မဆိုးဘူး။ အနာဂတ်မှာ မြတ်ဆရာတစ်ယောက်ကို ရှာတွေ့ပြီး သူ့ရဲ့ လမ်းညွှန်မှုနဲ့ အလုပ်ကြိုးစားရင် သေချာပေါက် အောင်မြင်မှု တချို့ ရလိမ့်မယ်"

"ကောင်းပြီ။ မင်းသွားပြီးတော့ မင်းရဲ့ ကျောင်းသားအဖွဲ့ကို ရှာလိုက်အုံး။ ပြိုင်ဆိုင်မှုက ရှိနေတုန်းပဲ။ ကောင်းကောင်း စွမ်းဆောင်နိုင်ဖို့ အကောင်းဆုံးကြိုးစားပါ"

ဂျိဝမ်ဒေါင်သည် ဦးညွှတ်ပြီး မာရှန်နောက် လိုက်သွားသည်။

ဒင်

“မင်း ဂျိဝမ်ဒေါင်ရဲ့ အသိအမှတ်ပြုမှုကို ရပြီး လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကလဲ တစ်ချက်တည်းနှင့် အမှတ် ၅,၀၀၀ ကျော်သွားသဖြင့် ဂုဏ်ပြုပါတယ်။ ပြီးတော့ အခြားကျောင်းက ကျောင်းသားတစ်ယောက်လည်း ဖြစ်တယ်။ ဒါကြောင့် မင်းကို ရွှေရောင် ရတနာ သေတ္တာ တစ်လုံး ချီးမြှင့်လိုက်တယ်”

စနစ်က ဆွန်းမိုကို ချီးကျူးလိုက်သည်။

တောက်ပတဲ့ ရွှေရောင် ရတနာသေတ္တာသည် ဆွန်းမို အရှေ့မှာ ပေါ်လာသည်။

နောက်ဆုံးတွင် ဆွန်းမိုရဲ့ စွမ်းဆောင်မှု အရမ်းစွဲမက်ဖို့ ကောင်းလွန်းသည်။ မာရှန်ကို လုံးဝချေမှုန်းပြီး အမှောင်ထုပုံရိပ်ယောင် လျှို့ဝှက် ရတနာကို ရခဲ့သည်။

ဂျိဝမ်ဒေါင်သည် ဆွန်းမို ဘယ်လောက် သန်မာလဲ မသိပါ။ ဒါပေမယ့် မာရှန်ရဲ့ ခွန်အားကို သိပြီး အခုနှစ်လိဂ်ပြိုင်ပွဲတွင် အသန်မာဆုံး ဆရာထဲက တစ်ယောက်ဖြစ်သည်။ သို့တိုင်အောင် မာရှန်သည်

ဆွန်းမိုကို ရှုံးနိမ့်ခဲ့သည်။ ဒါကြောင့် ဆွန်းမိုသည် ဂျိဝမ်ဒေါင်ရဲ့ ယုံကြည်မှုကို အပြည့်အဝ ရရှိပြီး လေးစားအထင်ကြီးမှု အမှတ်များကို ထောက်ပံ့ခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် လူတွေ အသိအမှတ်ပြုခံရတဲ့ အောင်မြင်မှုသည် ခက်ခဲတဲ့စံနှုန်းတစ်ခု ဖြစ်သည်။

အောင်မြင်မှုတွေ မရှိရင် အသက်ရှုရုံနဲ့တောင် အထင်မှားခံရနိုင်သည်။ ဒါပေမယ့် မင်းက ချန်ပီယံဆိုရင်တော့ မင်းက ဘုရင်ပဲ။

"အရင်သွားရအောင်"

ဆွန်းမိုက ပြောလိုက်သည်။ အဲဒီနောက် ညာဘက်မှာ ရှိတဲ့ လမ်းထဲသို့ ပြေးဝင်သွားသည်။

"ရှန်ယွန်ပေါင်က အရှေ့ကကြိုသွားပြီး ကင်းထောက်ပါ"

လီဇီချီက ညွှန်ကြားလိုက်သည်။ သူမက ကျားဖြူကြီးစီးပြီး လုချီဟွာအနားက ဖြတ်သွားရင်း ဆွဲတင်လိုက်သည်။

"ဆရာ ၊ငါတို့နဲ့အတူတူ ထိုင်မလား"

"အဟွတ် အဟွတ်"

ထန်ထန်ယုထန်က ရည်ရွယ်ချက်ရှိရှိ ချောင်းဆိုးလိုက်သည်။ (ငါက ရောဂါသည်ပါ။ ဘာဖြစ်လို့ ငါ့ကို ထိုင်ခွင့် မပေးတာလဲ)

လီဇီချီသည် ချောင်းဆိုးခြင်းရဲ့ အဓိပ္ပါယ်ကို နားလည်သော်လည်း မသိချင်ယောင် ဆောင်ထားခဲ့သည်။

"ပြေးရတဲ့ ခံစားချက်ကို ကြိုက်တယ်"

ဆွန်းမိုက ပြုံးပြီး " ငါ့နှာခေါင်းထဲကို တိုးဝင်လာတဲ့ လေနုအေးလေးတွေရဲ့ လွတ်လပ်တဲ့ ရနံ့ကို ကြိုက်တယ်"

အခုအချိန်မှာ သူ့ရဲ့ အခြေအနေက ထူးထူးခြားခြား ကောင်းမွန်နေသည်။ သူ့မှာ အကန့်အသတ် မရှိမောင်းနှင်နိုင်တဲ့ မှော်စွမ်းအားနဲ့ ပြည့်နှက်နေသလို ခံစားရသည်။

"ဆရာ သိပ်ကဗျာဆန်တာပဲ"

လုချီဟွာက ဆွန်းမိုကို စိုက်ကြည့်ရင်း သူမ မျက်လုံးလေးတွေက ကြယ်လေးတွေလို ဖြစ်နေသည်။

လီဇီချီက အသက်ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်သည်။ လေပြေရဲ့ လွတ်လပ်မှု ရနံ့သာမက ဆရာရဲ့ ရနံ့ကိုပါ လိုချင်နေသည်။

"အရှူးအမူး ပရိတ်သတ်လေး နှစ်ယောက်ပဲ"

ထန်ထန်ယုထန် နှတ်ခမ်းကွေးသွားသည်။ ဒါပေမယ့် ဆရာက သန်မာပြီး ချောမောကာ စာပေနဲ့ အနုပညာတွင် ကျွမ်းကျင်တာကိုတော့ လက်ခံရမည်။ ဒီလိုလူက ငယ်ရွယ်တဲ့ မိန်းကလေးအတွက် သတ်နိုင်စွမ်းအား ပြင်းထန်သည်။

ဒါကိုတွေးပြီး ရောဂါသည် ကူရှုပ်ရှင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

(ကောင်းပြီ။ ငါပြောတာကို ပြန်ပြင်မယ်။ ဆရာက အရွယ်ရောက်တဲ့ မိန်းမတွေအတွက်လည်း ဆွဲဆောင်မှု အရမ်းပြင်းထန်တယ်။)

အဲဒီအခိုက်အတန့်မှာ ကူရှုပ်ရှင်းသည် ဆွန်းမိုကို သဘောကျတဲ့ မျက်လုံးနဲ့ စိုက်ကြည့်နေသည်။

ဆွန်းမိုက ပြေးနေရင်းနဲ့လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

လုချီဟွာက ကိုယ်ကို ချက်ခြင်းပဲ မတ်ကာ ဆွန်းမိုဆီ ခေါင်းစောင်းပေးလိုက်သည်။ ပိုင်ရှင်ကို အသနားခံနေတဲ့ ကြောင်လေးနဲ့တူနေသည်။

"ငါ့ လပ်ကီးလေး၊ အခုတော့ မင်းအလှည့်ပဲ"

ဆွန်းမိုက ဆုတောင်းလိုက်သည်။ ရတနာသေတ္တာကို ဖွင့်မလို လုပ်နေတုန်းမှာ ဝမ်းနည်းတဲ့ အကြည့်နဲ့ကြည့်နေတဲ့ လီဇီချီကို မြင်လိုက်ရသည်။

"ဘာဖြစ်လို့ ငါ့ကို မပုတ်တာလဲ။ ငါ့ အသားအရည်က မနူးညံ့လို့လား။ ဒါမှမဟုတ် နာခံမှု မလုံလောက်လို့လား"

"အမ်"

ဆွန်းမို ခေါင်းကိုက်လာသည်။ အခု ဘာလုပ်ရမလဲ။

လီဇီချီကို ထိပြီး ရတနာ သေတ္တာကို ဖွင့်ခြင်းသည် ပညာရှိရာ မရောက်ပါ။ ဒါပေမယ့် လုချီဟွာ ခေါင်းကို ထပ်ပုတ်လို့ မရဘူး မဟုတ်လား။ ဒီလိုဆိုရင် အပြုအမူက ပုံမှန် မဟုတ်တာ ဖြစ်သွားမည်။

"ထားလိုက်ပါတော့။ နောက်မှပဲ ရတနာသေတ္တာကို ဖွင့်တော့မယ်"

ဆွန်းမို လက်လျှော့လိုက်သည်။ လီဇီချီဆီ လက်ဆန့်လိုက်သည်။

လီဇီချီ ချက်ခြင်း ဝမ်းသာပြီး ပြုံးသွားသည်။ အခုတော့ သူမကျေနပ်သွားသည်။

လူတိုင်းနဲ့ ငါးလီတာ အကွာအဝေးကို ရောက်လာတဲ့ ဆွန်းမိုသည် အချက်ပြမီးကို ထုတ်ပြီး ပစ်ဖောက်လိုက်သည်။

ဒိုင်း

အနီရောင် မီးတောက်တစ်ခုက ကောင်းကင်ပေါ် ပန်းပွင့်လေးတစ်ခုလို ပေါ်လာသည်။

“ကောင်းပြီပေါ့။ ဒီမှာပဲ အနားယူပြီး လူစုရအောင်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ အဲဒီနောက် လမ်းဘေးသို့ လျှောက်သွားပြီး အနားယူမလို့ လုပ်လိုက်သည်။

“ဆရာ”

ထန်ထန်ယုထန် ပြေးလာသည်။ အဲဒီနောက် ဆူးဆူးဝါးဝါးအော်ပြီ ဒူးထောက်လိုက်သည်။

“ဆရာ ၊ ကျွန်တော့် အသက်ကို ကယ်ပေးလို့ ကျေးဇူးတင်ပါတ**ယ်”**

ထန်ထန်ယုထန်သည် ကျေးဇူးအကြွေး တင်ရတာကို မကြိုက်ပါ။ ဒါပေမယ့် ဒီတစ်ကြိမ်တော့

အကြွေးတင်တာကို လက်ခံလိုက်သည်။ ဘာမှ မပြောပေမယ့် ကျေးဇူးပြန်ဆပ်နိုင်မယ့် အခွင့်အရေးကို သေချာပေါက် ရှာလိမ့်မည်။

"ယုထန်၊ ထစမ်းပါ။ ဒီလိုပြောနေတယ်ဆိုတော့ ငါ့ကို လူစိမ်းတစ်ယောက်လို့ သတ်မှတ်ထားတာလား"

ဆွန်းမို မရပ်တော့ပါ။ လမ်းဘက်ကို ဆက်ပြီး လမ်းလျှောက်သွားသည်။

" မင်းကို တပြည့်အဖြစ် ခေါ်တုန်းက မင်းဘယ်လိုပဲ တွေးနေတွေးနေ၊ အခုမင်းက ငါ့ရဲ့

တပြည့်ပဲ။ ဒါကြောင့် မင်းကို ကာကွယ်ဖို့ ငါ့မှာ တာဝန်ရှိတယ်”

ဆွန်းမိုစကားကို ကြားပြီး လူတွေကို မယုံကြည့်တတ်တော့သည့် ထန်ထန်ယုထန်ရဲ့ နှလုံးသား နွေးထွေးသွားသည်။

ဆွန်းမိုက ထန်ထန်ယုထန်ကို မထူပေးခဲ့ပါ။ ဒါက ဘယ်လောက် ရင်းနှီးတယ်ဆိုတာကို ပြသခဲ့သည်။ သူတို့ကြား ဒီလို ယဉ်ကျေးနေစရာ မလိုပါ။

ထန်ထန်ယုထန် ဘာမှ ထပ်မပြောတော့ပါ။ အရိုသေပေးပြီး မတ်တပ် ရပ်လိုက်သည်။

ဒင်

"ထန်ထန်ယုထန်ဆီက အသိအမှတ်ပြုမှုကို ရရှိခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်။ ဒါကြောင့် မြတ်ဆရာတံဆိပ်တစ်ခု ချီးမြှင့်တယ်"

ဆွန်းမို မျက်လုံး အရောင်တောက်လာသည်။ ဒါက သူရရှိတဲ့ တတိယမြောက် မြတ်ဆရာတံဆိပ်ဖြစ်သည်။ ဘယ်လိုသုံးလဲ မသိပေမယ့် ကောင်းတဲ့ တစ်ခုခုဆိုတာတော့ သိနေသည်။

လောလောဆယ် သိမ်းထားလိုက်မည်။

ဒင်

“မင်းရဲ့ တပြည့်ကို ကယ်တင်ပြီး တစ်ချိန်တည်းမှာပဲ လေးစားအထင်ကြီးမှု အမှတ်တစ်သောင်းကို ရရှိခဲ့တဘ်။ ဒါကြောင့် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်ခု ချီးမြှင့်သည်။

ရှီ

ဆွန်းမို စိတ်လိုလက်ရ လေချွန်လိုက်သည်။ ဒါက အရှမ်းရှားပါးတဲ့ ရတနာသေတ္တာ ဖြစ်သည်။ ပစ္စည်းကောင်းလေး တချို့တော့ ရနိုင်သည်။

(မြွတ်ဆရာ အရှိန်အဝါတစ်ခု ထပ်ရမလား)

ဆွန်းမို စိတ်လှုပ်ရှားနေသည်။

“ဆရာ ၊ ရေသောက်ပါအုံး”

လုချီဟွာက ရေအိတ်ကို လက်နှစ်ဖက်နဲ့ ပေးလိုက်သည်။

“အင်း”

ဆွန်းမိုက ရေအိတ်ကို လှမ်းယူလိုက်သည်။ လီဇီချီက ကျားဖြူကြီးစီးပြီး အနီးအနားကို ကင်းလှည့်နေသည်။ ဒါကို သတိထားလိုက်မိကာ

အဲဒီအခွင့်အရေးကို ယူပြီး လုချီဟွာ ခေါင်းကို ကမန်းကတမ်း ပုတ်လိုက်သည်။

စုစုပေါင်း ရှစ်ကြိမ် ပုတ်လိုက်သည်။

(ရှစ် ရှစ် ရှစ်၊ ချမ်းသာ၊ ချမ်းသာ၊ ချမ်းသာ၊ ထိပ်တန်းအဆင့် အရာတစ်ခု ဖွင့်ပေးပါ)

ဆွန်းမိုက ဆုတောင်းပြီး စနစ်ကို ညွှန်ကြားလိုက်သည်။

“ရတနာသေတ္တာဖွင့်ပါ။ ရွှေရောင်နော်”

ဒါက ဌားယူထားတဲ့ ကံပါ။ တကယ်တော့ ဆွန်းမိုသည် ကံဆိုးတဲ့သူ ဖြစ်သည်။ ဒီလို အယူသီးပြီး ကံတိုးမြှင့်အောင် လုပ်နေရသည်။

မှတ်ချက်။ ။ နံပါတ်(၈)သည် တရုတ်လို စည်းစိမ်နဲ့ စာလုံးပေါင်း တူသည်။

အခန်း (၄၀၂) - ဆုအသစ်၊ အသိပညာ အသစ် ရရှိခြင်း။

ဒင်

“၁၀ နှစ် အချိန်တံဆိပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

အကြောင်းကြားချက်ကို ကြားပြီးနောက် ရင်ထဲနာသွားသည်။ ဆွန်းမိုမျက်နှာ ချက်ခြင်း စိမ်းသွားပြီး အသက်ရှုမဝသလို ဖြစ်သွားသည်။

ဒါက လေးစားအထင်အကြီးမှုအမှတ် ထောင်ပေါင်းများစွာတန်တဲ့ စွမ်းရည် စာအုပ် ထွက်လာသင့်သည့် တောက် ရွှေရောင်ရတနာ သတ္တောဖြစ်သည်။ နောက်ဆုံးတော့ လေးစားအထင်ကြီးမှုအမှတ် တစ်ထောင်နဲ့ ဝယ်နိုင်တဲ့ အချိန်တံဆိပ်ပဲ ထွက်လာရသလား။

“ကံကြမ္မာက ငါ့ကို မျက်နှာမပေးတော့ဘူးလား”

ဆွန်းမိုသည် လက်နဲ့ ဘောင်းဘီကို သုတ်ပြီး ကံဆိုးမှုတွေကို သုတ်ပစ်လိုက်သည်။ ခုနတုန်းက တောကြက်ဥလေးကို ထိမိလို့ ဖြစ်နိုင်သည်။

ဒီလိုအခြေခြေနေမျိုးနဲ့ တွေ့လိုက်ရသဖြင့် ဆွန်းမိုသည် လျှို့ဝှက်ဆန်းကြယ်ရတနာ သေတ္တာကို မဖွင့်ရဲတော့ပါ။ သူ့မှာ နောက်ထပ် ရတနာသေတ္တာတွေ တန်းစီနေတာက ကံကောင်းသည်။ အဲဒီထဲက တစ်ခုသည် လီဗီချီ ပုံ့ပိုးထားတဲ့ ရတနာသေတ္တာ ဖြစ်သည်။

နောက်တစ်ခုက သူနဲ့ ဂျီမဲဂျဲကြားက လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့် တက်လာသဖြင့် ရရှိထားတဲ့ ရွှေရောင် ရတနာသေတ္တာ ဖြစ်သည်။

"နောက်တစ်ကြိမ် ကြိုးစား ကြည့်ရတာပေါ့"

ဆွန်းမိုသည် သဘော်သီးကောင်မလေးကို ပုတ်ပြီး စိတ်ထဲက အော်ဟစ်လိုက်သည်။

"ဖွင့်"

ဒီအချိန်မှာ အရေးကြီးဆုံးက လူတစ်ယောက်ရဲ့ ကံပဲ။ ကံဆိုးခြင်းမှ အရမ်း ကင်းဝေးစေခြင်နေသည်။

ရွှေရောင်တောက်ပနေတဲ့ ရတနာ သေတ္တာ ပျောက်ကွယ်သွားပြီးနောက် ပန်းရောင် တောက်ပနေတဲ့ အရာတစ်ခု ကျန်ခဲ့သည်။

“ကြည့်ရတာတော့ ကောင်းမယ့်ပုံပဲ”

ဆွန်းမိုရဲ့ စိတ်ဝိညာဉ် တုန်လှုပ်သွားသည်။ အောင်ပွဲ ခံချင်နေသည်။ ပန်းရောင်တောက်နေတဲ့ အရာကို တစ်ခါမှ မမြင်ဖူးပါ။ ပစ္စည်းကောင်းလေးဖြစ်ဖို့ ရှစ်ဆယ် ကနေ ကိုးဆယ် ရာခိုင်နှုန်းလောက် သေချာသည်။

ဒင်

"ချစ်သူကာကွယ်ခြင်း ဆေးညွှန်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ပြည့်စုံတယ်"

ဆွန်းမိုသည် စိတ်လှုပ်ရှားစွာ လက်ချောင်းတွေကို ဆုပ်ကိုင်လိုက်သည်။ အဲဒီနောက် သူ့လက်မောင်းကို ဖက်ထားတဲ့ လုချီဟွာအား အတင်းဖက်လိုက်သည်။

မတော်တရာ လုပ်ဖို့ ရည်ရွယ်ချက်မရှိပါ။ အရမ်း စိတ်လှုပ်ရှားပြီး စိတ်မထိန်းနိုင်ဘဲ ကျေးဇူးတင်ကြောင်း ပြလိုက်မိခြင်း ဖြစ်သည်။

လုချီဟွာရဲ့ ကံကောင်းစေတဲ့ ကံကြမ္မာသာ မရှိပါက မြေကြီးခဲနဲ့သာ ညားနေမည်။

"ဟီးဟီး"

လုချီဟွာက ချိုသာစွာ ပြုံးလိုက်သည်။ သူဆရာ ဘာပျော်နေမှန်း မသိပါ။ ဒါပေမယ့် ရပါသည်။ သူပျော်နေရင် သူမလည်း ပျော်သည်။

ဒီပစ္စည်းက လုံး၀ ထိပ်တန်း အဆင့် ဖြစ်သည်။

အရင်ကလည်း သုံးခဲ့ဖူးပြီး ပြန်လည် ထူထောင်ရေး စွမ်းရည်က အရမ်းကောင်းမွန်သည်။

ကောင်းပြီလေ။ ပြန်လည်ကောင်းမွန်တဲ့ အာနိသင်က အားနည်းရင်တောင် မင်းဆေးသောက်လိုက်တာနဲ့ မိန်မလှလေးတစ်ယောက် ပေါ်လာပြီး မင်းကို ဖက်ကာ သူ့ဘက်က စနမ်းလိမ့်မည်။ အဲဒါကိုက အံ့အောဖို့ကောင်းတဲ့ ဂုဏ်သတင်း ဖြစ်နေပြီ။

ဆွန်းမိုက ဆေးတစ်ထုပ်ကို ဝိညာဉ်ကျောက်တုံး တစ်ရာနဲ့ ဈေးကွက်မှာ ရောင်းချရင်တောင် ရောင်းလိုအားနှင့် ဝယ်လိုအား မျှမှာ မဟုတ်ပါ။

အကဲ်ဖ်အေ များအတွက် ဒီဆေးက အရမ်းဆွဲဆောင်အား ကောင်းနေမှာ သေချာသည်။ ဒဏ်ရာ မရရင်တောင် ညပိုင်းတွင် စိတ်အာသာဖြေရန် ပုလင်းကို ထုတ်ပြီး အမြဲသောက်နေလိမ့်မည်။

နောက် ဘာဖြစ်မလဲဆိုတော့ ပေါ်လာတဲ့ မိန်မလှလေးနဲ့ ပျော်ရွှင်စွာ တစ်ညတာ ကုန်ဆုံးလိမ့်မည်။

"ဆွန်းမို၊ မင်းအတွေးက အရမ်းအန္တရာယ်များတယ်"

စနစ်က သတိပေးသည်။

"ငါ့အတွက် သိမ်းထားမယ်"

ဆွန်းမိုက ညွှန်ကြားပြီးသွားတဲ့အခါ စနစ်ဆီက အကြောင်းကြားချက် ထပ်ပေါ်လာသည်။

"မှတ်ချက်။ ။ ဒီဆေးညွှန်းသည် အောက်ပိုင်းအတွက်သာ ဖြစ်သည်။ အပေါ်ပိုင်းကို ရယူကာ နှစ်ခုပေါင်းပြီးမှပဲ အသုံးပြုနိုင်မယ်။ အောက်ပိုင်း ဆေးညွှန်းကိုပဲ စိတ်စောပြီး အသုံးပြုပါက မမျှော်လင့်ထားတဲ့ အန္တရာယ်များ ဖြစ်လာလိမ့်မယ်"

ဆွန်းမို ခဏလောက် ကြောင်သွားသည်။ အဲဒီနောက်မှာ တစ်ယောက်ယောက်ကို ရိုက်ချင်စိတ် ပေါက်လာသည်။

"အားလုံးကို တစ်ခါတည်း ပေါင်းပြီး ပြောလို့ မရဘူးလား။ ငါပျော်နေပြီးမှ ငါရတဲ့ ဆေးညွှန်းက တစ်ဝက်ပဲလို့ ပြောနေတာလား။ ဗရုတ်ကျရတာ တော်တော် ကောင်းလား"

ဆွန်းမို စိတ်ထဲကနေ အော်ဆဲနေသည်။ သံကြိုးချည်ထားတဲ့ ခွေးတစ်ကောင်နဲ့တူနေသည်။

ဒါက သိသိသာသာကို ဒေါသထွက်ဖို့ ကောင်းလွန်းသည်။

အခုချက်ခြင်း ဆေးညွှန်းကို လိုချင်လာသည်။

"လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို ဖွင့်ချင်သေးလား"

စနစ်က ဆွန်းမိုရဲ့ ကျိန်ဆဲသံများကို မကြားချင်ယောင် ဆောင်ပြီး မေးလိုက်သည်။

"စတိုးဆိုင်မှာ ဒီဆေးညွှန်း ရောင်းလား"

ဆွန်းမိုက မေးသည်။

"မင်းမှာ ဆေးညွှန်း တစ်ဝက်တစ်ပျက် ရထားလို့ ပိတ်သိမ်းထားမှုကို ရုတ်သိမ်းပြီး ကျန်တဲ့ ဆေးညွှန်းတစ်ဝက် ပေါ်လာပြီ"

စနစ်က ရှင်းပြသည်။

ရွှစ်

စတိုးဆိုင်က ဆွန်းမိုရဲ့ အမြင်အာရုံထဲတွင် ပေါ်လာသည်။ အဲဒီနောက် အပေါ် ဒုတိယအထပ်မှာ ပိုးဇာပင် အခေါက်နဲ့ ပြုလုပ်ထားတဲ့ ပန်းရောင် ဆေးညွှန်းစာရွက်တစ်ခုကို မြင်လိုက်ရသည်။

ချစ်သူကာကွယ်ခြင်း ဆေးညွှန်းတစ်ဝက်အတွက် လေးစားအထင်ကြီးမှု အမှတ် တစ်သိန်း။

"ဘာဖြစ်လို့ ငရဲ မသွားတာလဲ"

ဆွန်းမိုသည် စနစ်ကို တကယ်ပဲ လက်ခလယ် ထောင်ပြချင်စိတ် ပေါ်လာသည်။ သူတတ်နိုင်ရင်တောင် ဒီဆေးညွှန်းအတွက် လေးစားအထင်ကြီးမှု အမှတ်ကို ဖြုန်းပစ်မှာ မဟုတ်ပါ။

"တစ်သိန်း ဟုတ်လား။ မြတ်ဆရာ အရှိန်အဝါ နစ်ခုတောင် ဝယ်လို့ရတယ်"

ဆွန်းမို သွားကျိန်းသွားသည်။ သူတကယ် ဆင်းရဲနေတယ်လို့ ခံစားရသည်။

"ဟုတ်ပါပြီ။ အသုံးဝင်တဲ့နေရာက မြတ်ဆရာ အရှိန်အဝါထက် ပိုကျယ်ပြန့်တယ်"

စနစ်က ရှင်းပြသည်။

ဆင်းရဲတဲ့ ဆေးဝါးပညာရှင်တစ်ယောက်က ဒီဆေးညွှန်းကို သင်ယူနိုင်ခဲ့လျှင် အရမ်းချမ်းသာပြီး အစွမ်းထက်တဲ့လူတစ်ယောက် ဖြစ်လာလိမ့်မည်။ ကျွန်တွေ၊ မောင်းမမိသံတွေနှင့် ကြီးမားပြီး

ဇိမ်ခံလို့ရတဲ့ အိမ်တစ်လုံး လိုချင်ရင်တောင် ပြဿနာ မရှိပါ။

"လုံလောက်ပြီ။ ဒီအကြောင်းကို မပြောတော့ဘူး။ ခရမ်းရောင် ရတနာသေတ္တာကို ဖွင့်လိုက်"

ဆွန်းမိုသည် လုချီဟွာရဲ့ ကံကောင်းမှုကို အားကိုးပြီး ကျန်တဲ့ ဆေးညွှန်းတစ်ဝက် ရဖို့ မျှော်လင့်နေသည်။

ခရမ်းရောင်အလင်းတန်း မှိန်သွားတာနဲ့ အရမ်းထူတဲ့စာအုပ် တစ်အုပ် ကျန်ခဲ့သည်။ အဲဒါက အစိမ်းရောင် အလင်းများ တောက်ပနေပြီး

ကမ္ဘာကြီးပေါ်မှာရှိတဲ့ သက်ရှိအရောင်အဝါတွေနဲ့ ပြည့်နှက်နေသည်။

"ဒါက အမှောင်တိုက်ကြီး အပင်တွေအကြောင်း လက်စွဲ သရုပ်ဖော် စာအုပ်လား"

ဆွန်းမို တံ့တွေးတစ်ချက် မြို့ချလိုက်သည်။

ဒင်

" အခြေခံအဆင့် အပင်စိုက်ပျိုးခြင်း နည်းစနစ်ကို ရရှိခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်"

စနစ်က ချီးကျူးလိုက်သည်။ စက်ရုပ်အသံလိုမျိုး ခံစားချက် မရှိပါ။

“..........”

ဆွန်းမိုသည် ဒါကို ထိပ်တန်း ပစ္စည်းလို့ သတ်မှတ်ရမလား မသိတော့ပါ။

ဘယ်လိုပဲပြောပြော သူ့ရည်ရွယ်ချက်က မြတ်ဆရာတစ်ယောက် ဖြစ်လာပြီး အခြားသူတွေကို ပညာဝေမျှပေးရန် ဖြစ်သည်။ လယ်သမား တစ်ယောင် မလုပ်ချင်ပဲ တစ်ကမ္ဘာလုံးမှာ တပြည့်တွေ မွေးချင်သည်။

ပြီးတော့ အခြေခံအဆင့် စိုက်ပျိုးရေး နည်းများသာ ဖြစ်သည်။

"မှတ်ချက်။ ။ ဒီစိုက်ပျိုးနည်းတွင် အပင်အမျိုးပေါင်း တစ်သိန်းကျော်ကို စိုက်ပျိုးတဲ့ နည်းတွေ ပါဝင်တယ်။ ဒါကို လေ့လာပြီးနောက် အပင်များ ထွက်နှုန်းတိုးဖို့ နည်းလမ်းမရှိသော်လည်း အနည်းဆုံးတော့ အပင်မသေဖို့ အာမခံနိုင်တယ်"

"ရိုးရိုးလေးပြောရရင် မင်း ဘယ်လိုအပင်ပဲ စိုက်ပါစေ ရှန်သန်နေလိမ့်မယ်"

အရင်က စိတ်ပျက်နေတဲ့ ဆွန်းမိုသည် ဒီစကားကို ကြားလိုက်လျှင် ဝမ်းသာသွားပြန်သည်။

အပင်အမျိုးပေါင်း တစ်သိန်း ဟုတ်လား။ ဒီအရေအတွက်က လုံး၀ ကြောက်ဖို့ ကောင်းသည်။

စကားအရဆို သူ့ဘာပဲ စိုက်ပျိုးပါစေ ဒီအပင်က ရှင်သန်နေမည်။

ဆွန်းမိုသည် အလယ်ကမ္ဘာပြည်နယ်ကိုးခုမှာ တစ်နှစ်နီးပါး နေထိုင်ခဲ့သည်။ ဘာမှမသိတဲ့ ခပ်တုံးတုံး လူတစ်ယောက် မဟုတ်တော့ပါ။

တချို့ ဆေးပင်များသည် အရမ်းရှားပြီး တောရိုင်းများမှာသာ စုဆောင်းနိုင်သဖြင့် အရမ်းဈေးကြီးသည်။ မြတ်ဆရာတချို့သည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအင်အားနဲ့ ပွားများအောင်လုပ်သော်လည်း အရမ်းခက်သည်။

ဘယ်လိုပဲပြောပြော လက်လှမ်းမမှီဘူးလို့ သတ်မှတ်နိုင်သည်။ ဒါကို ကျွမ်းကျင်တဲ့လူကလည်း အရမ်းရှားသည်။ ပြီးတော့ အပင်ကြီးထွားဖို့အတွက် လိုတဲ့အချိန်ကလည်း သိသိသာသာကို ကြာလွန်းသည်။ ဆိုးဝါး သံသရာ တစ်ခု ဖြစ်နေသည်။ ဒါကို လူငယ်တွေက မသင်ချင်ကြပါ။

ခေတ်သစ်မှာတောင် စိုက်ပျိုးရေး သိပ္ပံကို လျှောက်ထားတဲ့လူတွေ အရမ်းနည်းသည်။

အမှန်အတိုင်း ပြောရလျှင် ဒါက လူသားသဘာဝပါ။ လူတိုင်းက လူ့အဖွဲ့အစည်းရဲ့ မြင့်မားတဲ့နေရာမှာ နေချင်ပြီး မြင့်မားတဲ့ အလုပ်အကိုင်တွင် လစာ မြင့်မြင့်နဲ့ လုပ်ကိုင်ချင်ကြသည်။

လယ်ထွန်ပြီး နေလောင်ကာ အသားမဲတာထက်စာရင် ကီးဘုတ်လေး နှိပ်လိုက် ကော်ဖီလေးသောက်လိုက်နဲ့ အေးမြတဲ့ ရုံးခန်းအတွင်းမှာပဲ လူတိုင်း အလုပ်လုပ်ချင်ကြသည်။

“စိုက်ပျိုးရေးနည်းက အဆင့်အတန်း မြင့်တယ်လို့ မယူဆနိုင်ပေမယ့် မဟာအဆင့် စိုက်ပျိုးသူ ဖြစ်ဖို့ဆို နှစ်ပေါင်းဆယ်နဲ့ချီပြီး အတွေ့အကြုံ စုဆောင်းထားဖို့ လိုအပ်တယ်။ မျိုးစေ့တွေကို လယ်ထဲ ပစ်ချလိုက်ရုံနဲ့ သူ့ဘာသာသူ အပင်ပေါက်လာမှာ မဟုတ်ဘူး”

ဆွန်းမိုက ဒီဘာသာရပ်ရဲ့ အသိပညာကို အထင်သေးနေသဖြင့် စနစ်က ရှင်းပြလိုက်သည်။

“မင်းမပြောလဲ ငါသိတယ်”

ဆွန်းမိုသည် စိုက်ပျိုးရေး ပညာရှင် ယွမ်လုန်ပင်ကို အရမ်းအထင်ကြီးသည်။ သူသာ မရှိခဲ့လျှင်

လူတွေဘယ်လောက်တောင် ငတ်မွတ်နေကြမလဲ မသိပါ။

“ငါက ပညာရှင်ဖြစ်သွားလဲ မဆိုးပါဘူး”

ဆွန်းမိုက စိုက်ပျိုးရေး နည်းစနစ်ရဲ့ အကျိုးကျေးဇူးကို ဘယ်လို အမြင့်ဆုံးဖြစ်အောင် အသုံးချရမလဲဆိုပြီး စဉ်းစားနေသည်။

“အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာ ဘာသာရပ်ပေါင်း ဆယ်ဂဏန်းလောက် ရှိပြီး ဘာသာရပ်အားလုံးရဲ့ အသိပညာက အဆင့်အတန်း အတူတူလို့ သတ်မှတ်ထားပြီး အထင်သေးခြင်း၊

ရှုံ့ချခြင်း လုံးဝ မရှိဘူးလို့ ပြောကြပေမယ့် လက်တွေ့မှာတော့ အဲဒီလို မဟုတ်ပါ။ ဥပမာအားဖြင့် မှော်ဆေး ဘာသာရပ်သည် အထင်ရှားဆုံး ဘာသာရပ်ဖြစ်သည်။ မှော်ဆေးပညာ၏ အကျိုးကျေးဇူးနှင့် ကျော်ကြားမှုကို ကိုယ်စားပြုသောကြောင့် မရေမတွက်နိုင်တဲ့ လူများသည် မှော်ဆေးပညာရှင် ဖြစ်လာအောင် ဘာမဆို လုပ်ကြမည်။

စနစ်ရဲ့အသံက နာကျည်းမှုနဲ့ ပြည့်နေသည်။ အခုလက်ရှိ မြတ်ဆရာ ကမ္ဘာသည် မသန့်ရှင်းတော့ပါ။

လူတိုင်းက အကျိုးအမြတ်နောက်ကိုပဲ လိုက်နေကြသည်။

ကျော်ကြားမှုနည်းတဲ့ မှော်ဆေးပညာရှင်များတောင် သူတို့ဆီက သင်ယူလို့တဲ့ ကျောင်းသားအများကြီး ရှိမှာ မဟုတ်ပါ။ ဒါပေမယ့် မဟာအဆင့် စိုက်ပျိုးရေး ပညာရှင် ဖြစ်နေရင်တောင် သူတို့တံခါးကို လုံးဝ ပိတ်ထားရလိမ့်မည်။

“ဒါကို ပြောနေစရာ မလိုဘူး။ ငါက ဒီဘာသာရပ်ကို အထင်မသေးပါဘူး”

ဆွန်းမိုက ကိစ္စအများကြီး စဉ်းစားနေသည်။

စိုက်ပျိုးရေး ကျွမ်းကျင်သူက အရမ်းရှားပါးသည်။ ပြောချင်တာက စိုက်ပျိုးခြင်းသည် အရမ်းရှားပါး အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် ဖြစ်သည်။ အခုတော့ သူ့မှာ အပင်ပေါင်း တစ်သိန်းရဲ့ စိုက်ပျိုးနည်းကို ရရှိထားသဖြင့် ထူးထူးခြားခြား အားသာချက် ရှိနေသည်။

သူက ဘာအပင်ပဲ စိုက်စိုက် ကျိန်းသေပေါက် အောင်မြင်လိမ့်မည်။ ဒါက လုံးဝကို အစွမ်းထက်တဲ့ ကျွမ်းကျင်မှု ဖြစ်သည်။

"ကောင်းပြီးလေ။ အနာဂတ်ကျမှပဲ ပညာရှင်လုပ်တော့မယ်"

ဆွန်းမို ကျေနပ်သွားသည်။

တကယ်တော့ ဆွန်းမိုသည် ဘယ်လို စွမ်းရည်စာအုပ်ပဲရရ အကျိုးရှိတယ်လို့ ခံယူထားသည်။ အပင်အမျိုးပေါင်း တစ်သိန်း။ ဒီအထဲမှာ အရမ်းတန်ဖိုးကြီးတဲ့ အပင်အမျိုးအစား အနည်းဆုံးတော့ ၇ မျိုး ဒါမှမဟုတ် ၈ မျိုးတော့ ရှိသင့်သည်။

စိုက်ပျိုးနေသ၍ အကျိုးရှိလိမ့်မည်။

ဆွန်းမိုက ဗဟိုပြည်နယ် အကယ်ဒမီကို အဆင့်မြှင့်ဖို့ လိုအပ်တယ်လို့ ခံစားမိသည်။ လယ်သမားအများစုသည် အပင်မျိုးစေ့နှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသော်လည်း ဆေးပင် စိုက်ပျိုးတဲ့သူက အရမ်းရှားသည်။

ဆေးပင်များကို ဝယ်ပြီး ဆေးထုပ်ကြီး ရောင်းချထာထက်စာရင် ကိုယ်ပိုင်စိုက်ပျိုးပြီး ရောင်းချခြင်းက အကယ်ဒမီတစ်ခုအား နှစ်ပေါင်း တစ်ထောင်လောက် သာယာဝပြော စေနိုင်သည်။

ငွေအများကြီး ရရုံသာမက အခြေခံ အုတ်မြစ်ကိုလည်း ခိုင်မာ တောင့်တင်းစေမည်။

ချင်လင် တစ်ခုလုံးနှင့် ပတ်ဝန်းကျင် ခရိုင်များတွင် အဖိုးတန် အသီးအနှံများကို စိုက်ပျိုးမည်။ နောက်တွင် အဖိုးတန် အသီးအနှံများကို စိုက်ပျိုးရန်အတွက် ဗဟိုပြည်နယ်အကယ်ဒမီကို အားကိုးနေရပါက အကယ်ဒမီသည် အပင်ကြီးကြီး ဖြစ်လာပြီး မြေဆီလွှာလည်း ဖြစ်လာမည်။

"ခဏလောက် အနားယူအုံးမယ်။ ငါ့ကို နှစ်နာရီလောက် မနှောက်ယှက်နဲ့"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

အမှောင်ပုံရိပ်ယောင် ကျောက်မြတ်ရတနာကို ရရှိပြီးနောက် မျှော်လင့်ထားတဲ့ မတော်တဆမှုသာ ဖြစ်မလာခဲ့လျှင် သူတို့က တတိယအချီတွင် နံပါတ်တစ်ဖြစ်လာလိမ့်မည်။ ဒါကြောင့် ဆွန်းမိုမှာ အလုပ်ကြိုးစားစရာ အကြောင်း မရှိတော့ပါ။

ကျောင်းသားအားလုံးကို စုစည်းပြီး ဆုံမှတ်ကို ပြန်ဖို့ပဲ လိုတော့သည်။

လုချီဟွာ ထွက်သွားတာနဲ့ ဆွန်းမိုသည် စွမ်းရည်စာအုပ်ကို ထုတ်ကာ ချေမွလိုက်သည်။

ဖောက်

အစိမ်းရောင် အလင်းတန်းတစ်ခုသည် ဆွန်းမိုကို ဖုံးလွှမ်းသွားသည်။

ဒင်

"အခြေခံအဆင့် စိုက်ပျိုးရေး နည်းစနစ်ကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမိုသည် အချိန်ယူကာ အလွတ်ကျက်ဖို့ အစွမ်းကုန် ကြိုးစားလိုက်သည်။ လေးလေးနက်နက်လေး မှတ်မိချင်သည်။

....

ဆွန်းမို ပစ်လွှတ်လိုက်တဲ့ အချက်ပြမီးသည် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဆက်သွယ်တဲ့ နည်းလမ်းဖြစ်သည်။ ဒါကြောင့် အချက်ပြမီးကို မြင်လိုက်တာနဲ့ ကျောင်းသားများသည် အဲဒီနေရာသို့ လျှင်မြန်စွာ ရောက်လာကြသည်။

"ဆရာကူ"

ကွမ်ဒင် စိုးရိပ်တကြီး ရောက်လာသည်။

"မြန်မြန်သွားရအောင် ။ ပြိုကျနေတဲ့ ပိရမစ်တစ်ခုကို မြင်ခဲ့တယ်။ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်သာ မဖြစ်ခဲ့ရင် အဲဒီနေရာမှာ

လျှို့ဝှက်ရတနာ ရှိနိုင်တယ်။ သူများတွေကို သိမ်းပိုက်ခွင့် ပေးလို့ မဖြစ်ဘူး”

“မာရှောင် အကယ်ဒမီနဲ့တောင် ထိပ်တိုက်တွေ့ရင် တွေ့ရနိုင်တယ်။ ဒါကြောင့် ငါတို့က ခက်ခဲတဲ့ တိုက်ပွဲအတွက် ပြင်ဆင်ထားသင့်တယ်”

“ဆရာဆွန်း ဘယ်မှာလဲ။ သူက မင်းတို့နဲ့အတူတူ မဟုတ်ဘူးလား။ နိုင်ပွဲရဖို့ မြင့်မားတဲ့အခွင့်အရေးပဲ။ လူစုပြီး သွားရအောင်”

ကွမ်ဒင်သည် အဲဒီနေရာကိုသွားလျှင် ရှုံးနိမ့်နိုင်ခြေက ၈၀ ကနေ ၉၀ ရာခိုင်နှုန်း ရှိနေမှန်း

သိသော်လည်း သူက ကြိုးစားပြီး လောင်းကြေးထပ်ချင်နေသည်။ ပြီးတော့ သူ့တောင်းဆိုမှုက မများပါ။ မာရှောင် အကယ်ဒမီကို အချိန်ဆွဲပြီး ဆွန်းမို ရောက်လာအောင် စောင့်နိုင်ရင် ရပြီ။

"သွားစရာ မလိုတော့ဘူး"

ကူရှုပ်ရှင်းက ပြုံးရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

ကွမ်ဒင်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ မာရှောင်က သန်မာပေမယ့် နာမည်ကြီးရုံနဲ့တော့ ကြောက်တဲ့အထိ မဖြစ်သင့်ဘူး မဟုတ်လား။

"ဘာဖြစ်လို့လဲဆိုတော့ ငါတို့ကျောင်းက အမှောင်လျှို့ဝှက်ရတနာကို ရခဲ့လို့ပဲ။ မင်းစိုးရိမ်သင့်တာက လာလုမယ့် ကျောင်းတွေကို ကာကွယ်ဖို့ပဲ"

"................"

ကွမ်ဒင် အရမ်းအံ့အောသွားပြီး ဘာပြန်ပြောရမလဲ မသိ ဖြစ်နေသည်။ နောက်ဆုံးတော့ ပျော်ရွှင်မှု

ရောက်လာတာ အရမ်းမြန်နေသဖြင့် မတုန့်ပြန်နိုင်ဖြစ်နေသည်။

မိနစ်အနည်းငယ်ကြာတော့ ကွမ်ဒင်ရဲ့ မျက်နှာက ပျော်ရွှင်တဲ့ ပုံစံ ဖြစ်သွားသည်။

“မင်းတို့ ဒါကို ဘယ်လို ရခဲ့တာလဲ”

ကွမ်ဒင် သိချင်နေသည်။ အဲဒီ အမှောင်ထု ပိရမစ်ရဲ့တည်နေရာကိုတောင် မသိနိုင်တာ ကံကောင်းလို့ပဲ ဖြစ်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မှတ်ချက်။ ။ ယွမ်လုန်ပင် ၁၉၇၀ နှစ်များတွင် ပထမဆုံး စပါးမျိုးများကို တီထွင်ခဲ့တဲ့ တရုတ် စိုက်ပျိုးရေး ပညာရှင်။

အခန်း (၄၀၃) - ဆွန်းမိုက အသုံးမကျဘူး ဟုတ်လား။ ဇဟိုပြည်နယ် အကယ်ဒမီက ဆွန်းမိုကို ငါရှုံးခဲ့တယ်။

ဒီပုံစံကို ကြည့်ရတော့ အမှောင်ထု ပိရမစ်ကို ရှာမတွေ့တဲ့ လူတွေက ဖျော်ဖြေပွဲအတွက် လက်မှတ် မရတဲ့လူတွေနဲ့ တူသည်။ သူတို့က

အမှောင်လျှို့ဝှက်ရတနာကို ခိုးယူဖို့တောင် အခွင့်အရေး မရှိပါ။

"ဆရာဆွန်းက သူ့အားသူကိုးပြီး မာရှန်ကို အနိုင်ယူပြီး ရတနာကို ရယူခဲ့တယ်"

ကူရှူပ်ရှင်း ပုခုံးတွန့်ပြီး ပြောလိုက်သည်။ သူမ အဲဒီကစားပွဲထဲတွင် ပါဝင်ခဲ့သဖြင့် မာရှန်နှင့် ဆွန်းမို ဘယ်လောက် ထူးချွန်လဲဆိုတာ နားလည်ခဲ့သည်။

အရည်အချင်းရှိတဲ့ ဒီလူက အန်ရှီဝေနဲ့ ပက်သက်နေတာ စိတ်မကောင်းစရာပဲ။

"အမ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကွမ်ဒင် အရမ်းအံ့အောသွားပြီး ဖြစ်စဉ်ကို စဉ်းစားလို့ မရဖြစ်နေသည်။ ကူရှပ်ရှင်းရဲ့ စကားထဲတွင် မာရှန် ပါနေသည်။

မာရှန်က ဘယ်သူလဲ။

သူက လူသစ်တန်း ပြိုင်ပွဲတွင် ဆရာအားလုံးကြား၌ အသန်မာဆုံး ဆရာဖြစ်သည်။ အကန့်အသတ်မရှိတဲ့ အနာဂတ်ကို ပိုင်ဆိုင်ထားတဲ့ တက်သစ်စ ကြယ်ပွင့်ဖြစ်သည်။

“ဆွန်းမိုက မာရှန်ကို အနိုင်ယူခဲ့တာလား”

ကွမ်ဒင်ရဲ့ အသံက မယုံကြည်မှုများနဲ့ ပြည့်နေသည်။

အခုမှရောက်လာတဲ့ ကျောင်းသားများသည် ဒီသတင်းကို ကြားလိုက်လျှင် တုန်လှုပ်သွားသည်။

“ဆရာကွမ်၊ မင်းဘာပြောချင်တာလဲ။ ငါတို့ဆရာ လုပ်နိုင်တယ်ဆိုတာ မယုံတာလား”

လီဇီချီရဲ့ လေသံက မကျေနပ်မှုများနဲ့ ပြည့်နေသည်။

မာရှန် ဘာကောင် ဖြစ်နေလို့တုန်း။

ဒီနေ့ကစပြီး ဆွန်းမိုက အထူးချွန်ဆုံး ဆရာသစ်ပဲ။

"မဟုတ်ဘူး အဲဒါက..........."

ကွမ်ဒင် စကားထစ်နေပြီး ဆင်ခြေရှာမရဖြစ်နေသည်။ တကယ်တမ်း ပြောရလျှင် ဆွန်းမိုက ဒီလောက်အတိုင်းအတာအထိ သန်မာလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

"မင်းတို့ ဘာကို စောင့်နေတာလဲ။ မာရှောင်နဲ့ ဝေမာကျောင်းက ကျောင်းသားအဖွဲ့တွေကို ငါတွေ့ခဲ့တယ်။ သူတို့က ထိပ်တန်းလျှို့ဝှက်ရတနာ ရထားတာ ဖြစ်နိုင်တယ်။ ငါတို့ သူတို့ဆီက ရတနာ ပြန်လုကြမယ်"

ဝမ်ချောင်လည်း ရောက်လာသည်။ သူ့လေသံက ပြင်းထန်နေသည်။

"ငါတို့ ချန်ပီယံဖြစ်မယ် မဖြစ်ဘူးဆိုတာက အဲဒီကိစ္စအပေါ်မှာမူတည်နေတယ်"

"ဆရာဝမ်၊ အခုတော့ ထိုင်ပြီးအနားယူပါအုံး"

ကွမ်ဒင်က စကားဖြတ်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ။ ငါတို့ လက်လျှော့လိုက်ပြီလား"

ဝမ်ချောင်က သက်ပြင်းချရင်း မေးသည်။ လက်လျှော့လိုက်တာလည်း ကောင်းပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ပြိုက်ဘက်က မာရှောင်ကျောင်း

ဖြစ်နေသည်။ နှစ်ဖက်စလုံး အသေအပျောက် ရှိနိုင်သည်။ အဲဒီစား ခြေတစ်လှမ်းဆုတ်ပြီး အားနည်းတဲ့ ပြိုင်ဘက်ကို ရွေးချယ်နိုင်သည်။

"မဟုတ်ဘူး။ ငါတို့ ချန်ပီယံ ဖြစ်သွားပြီ"

ကွမ်ဒင်က ပြုံးရင်း ပြောလိုက်သည်။ အဲဒီနောက်မှာတော့ ထိုအကြောင်းကို တွေးရင်း ပြောလာကာ ကျယ်လောင်စွာ ရယ်လိုက်မိသည်။

"ပြိုင်ပွဲပြီးရင် ငါတို့က စီ အဆင့် ကျောင်းဖြစ်တော့မယ်"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကွမ်ဒင်၏ လေးစားအထင်ကြီးမှု အမှတ် +၂၀၀။ ရင်းနှီး (၁,၅၀၀/၁၀,၀၀၀)

"ဆရာဆွန်း ကြောင့်လား"

ဝမ်ချောင်က သိပ်မကြာခင် အဖြေကို ခန့်မှန်းလိုက်မိသည်။

....

ကျောင်းအသီးသီးတွင် အရေးပေါ် ဆက်သွယ်တဲ့ နည်းလမ်းများရှိသည်။ အရင်တုန်းကတော့ ပုံရိပ်ယောင် နယ်ပယ် တည်ရှိနေသဖြင့် လူတိုင်း မမြင်နိုင်ကြပါ။ ဒါပေမယ့် အခုတော့ ဆွန်းမိုက

အမှောင်ထုပုံရိပ်ယောင် ကျောက်မြတ်ရတနာကို သိမ်းယူလိုက်သဖြင့် ဒီရှေ့ဟောင်းရဲတိုက်ကို ဖုံးကွယ်ထားတဲ့ ပုံရိပ်ယောင် နယ်ပယ်လည်း ပျောက်ကွယ်သွားသည်။ ဒါကြောင့် လူတိုင်း လျှင်မြန်စွာ စုရုံးလာကြသည်။

လူတိုင်း စိတ်ထဲတွင် အရမ်းစိုးရိမ်ပူပန်နေကြသည်။ ဒီအရာများကို ကြည့်ခြင်းအားဖြင့် လျှို့ဝှက်ရတနာကို တစ်ယောက်ယောက် သိမ်းယူသွားတာ သိသာနေသည်။

ချန်လီချီ အမြန်ပြေးလာလျှင် သူ့ကျောင်းသားအဖွဲ့ အားလုံးနီးပါး ရောက်နေတာကို မြင်လိုက်ရသည်။ ဒါပေမယ့် ဆရာနှစ်ယောက် လိုနေသည်။

“ဘာဖြစ်နေတာလဲ”

ချန်လီချီသည် လေထုက တစ်ခုခုမှားနေပြီဆိုတာ သိလိုက်သည်။ အထူးသဖြင့် နန်ကုန်တာအို ဖြစ်သည်။ နည်းနည်းလေးတောင် ဟန်မဆောင်နိုင် ဖြစ်နေသည်။

“လီချီ၊ မင်းရောက်လာပြီလား”

ဝေဇူလီက စိုးရိမ်တကြီးမေးလိုက်သည်။ သူက ဆင်းရဲတဲ့ မိသားစုကလာပြီး အောက်ခြေက

တက်လာတဲ့ ဒီလူငယ်လေးကို အရမ်းတန်ဖိုးထားသည်။

"ဆရာ"

ချန်လီချီ ရောက်လာသည်။

"စောစောတုန်းက ပြေးလာရင်း ဗဟိုပြည်နယ်အကယ်ဒမီကို တွေ့ခဲ့တယ်။ သူတို့က တိုက်ပွဲအတွင်း ကောင်းကောင်း လုယက်ထားတဲ့ ပုံပဲ။ ငါတို့သွားပြီး အဆုံးသတ်သင့်တယ်"

“ငါတို့မာရှောင်ရဲ့ အဆင့်အတန်းအရ အမှောင်လျှို့ဝှက်ရတနာကိုမှ မရရင်လုံးဝကို အရှက်ရစေတယ်”

ချန်လီချီသည် ဗဟိုပြည်နယ်အကယ်ဒမီကို တိုက်ခိုက်ချင်သဖြင့် သူ့ရဲ့ အမြင်ကို စိတ်အားထက်သန်စွာ ပြောနေသည်။

တကယ်တော့ သူ့စကားတွေက အလိမ်အညာတွေပါ။

ချန်လီချီသည် ဗဟိုပြည်နယ်ကျောင်းသားအဖွဲ့ကို တွေ့ခဲ့သော်လည်း တိုက်ပွဲအတွင်း လုယက်နေတာကို

မမြင်ခဲ့ရပါ။ ဒီလိုပြောပြီး ဆွန်းမိုကို ချေမှုန်းရန်အတွက် မာရှန်ရဲ့ ခွန်အားကို အငှားယူချင်နေသည်။

ဆွန်းမိုက ဘယ်သူ့ကို အရှက်ခွဲခဲ့တာလဲ မေးချင်သည်။

ထုံးစံအတိုင်း ချန်လီချီက ဒီအတိုင်း ရပ်ကြည့်နေမှာ မဟုတ်ပါ။ ဆွန်းမိုရဲ့ တပြည့်တွေကို သူ့အရှေ့မှာသတ်ပြီး သူ့လို ပါရမီရှင်တစ်ယောက်အား စော်ကားမိတဲ့ အကျိုးဆက်ကို နားလည်အောင် လုပ်ပေးလိုက်မည်။

"ဗဟိုပြည်နယ် အကယ်ဒမီ ဟုတ်လား"

ဒီနာမည်ကို ကြားလိုက်လျှင် ဝေဇူလီ ခေါင်းကိုက်ပြီး အနေရခက်သလို့ ခံစားရသည်။ နောက်ဆုံးတော့ အမှောင်ထု ပိရမစ်ထဲမှာ ဖြစ်ပျက်တာကို အကြမ်းဖျင်းတော့ သိထားသည်။

"အမှန်ပဲ။ အရင်နှစ်ချီတုန်းကလည်း သူတို့ အဆင့်ငါးအတွင်း ဝင်ထားတယ်။ ငါတို့က သူတို့ကို သေချာပေါက် ချေမှုန်းပြီး ကျန်တဲ့ကျောင်းတွေကို ငါတို့ရဲ့ခွန်အား ပြရမယ်"

ချန်လီချီသည် ဝေဇူလီကို တိုက်တွန်းဖို့ အစွမ်းကုန် ကြိုးစားနေသည်။

"ဒါ......."

ဝေဇူလီက ပြန်မဖြေခင် မာရှန်ကို တစ်ချက်ကြည့်လိုက်သည်။

"ငါ အရင်စဉ်းစားကြည့်အုံးမယ်"

ချန်လီချီ မျက်မှောင်ကြုတ်သွားသည်။ သူသည် ငယ်ငယ်ကတည်းက အခြားလူရဲ့မျက်နှာကို ဖတ်တတ်အောင် ကြိုးစားခဲ့သည်။

ဆရာဝေသည် ထင်ပေါ်ရတာကို ကြိုက်တဲ့ လူဖြစ်သော်လည်း သူ့ရဲ့အကြံပြုချက်ကို အမှန်တကယ် ငြင်းပယ်ခဲ့သည်။ ပြောချင်တာက မထင်မှတ်ထားတဲ့ အခြေအနေတစ်ခုကို တွေ့ကြုံခဲ့ရလိမ့်မည်။

ချန်လီချီသည် အရမ်းဉာဏ်ကောင်းသဖြင့် မာရှန်ကို စည်းရုံးရန် မကြိုးစားတော့ပါ။ မာရှန် သဘောတူလိုက်လျှင် ဝေဇူလီ အရှက်ရသွားလိမ့်မည်။ ဒါကြောင့် ချန်လီချီသည် အခြားကျောင်းသားများကို စည်းရုံးဖို့ ကြိုးစားလိုက်သည်။

ကျောင်းသားတွေသာ သွားခဲ့လျှင် ဆရာတွေက နောက်ကနေ သေချာပေါက် လိုက်လာလိမ့်မည်။ အဲဒီအချိန်တွင် မီးစမွေးတဲ့ ဆွန်းမို သေချာပေါက် အရိုက်ခံရလိမ့်မည်။

“ဘာပဲဖြစ်ဖြစ် ငါတို့ ပုံရိပ်အရ ဗဟိုပြည်နယ်အကယ်ဒမီကို သွားပြီး သုတ်သင်ရမယ်”

ချန်လီချီက လေးအေးလေးနဲ့ ပြောလိုက်သည်။ မသိရင် သူ့စကားက ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့သည် ဘယ်သူမဆို အနိုင်ကျင့်လို့ရတဲ့ လူသစ်လေးတွေလို ဖြစ်နေသည်။

ကျောင်းသားများသည် အချင်းချင်း အကြည့်ခြင်း ဖလှယ်လိုက်သည်။ စိတ်ဝင်စားပြီး အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"သွားရအောင်၊ ငါလမ်းပြပေးမယ်"

ချန်လီချီက တိုက်တွန်းနေသည်။

"ဒီအကြောင်းတွေ ပြောနေတာ မရပ်တော့ဘူးလား။ မင်းတော်တော် စိတ်အနှောက်အယှက် ပေးတာပဲ"

ဂျိုဝမ်ဒေါင် မကျေမနပ် ဖြစ်သွားသည်။ ထူးထူးခြားခြား အရည်အချင်း ရှိသော်လည်း

အရမ်းဘဝင့်မြင့်တတ်တဲ့ ချန်လီချီကို အမြဲတမ်း မကြိုက်ပါ။

“ဝမ်ဒေါင်၊ ငါတို့ အဖွဲ့အတွက်ပဲ ဒါကို ပြောနေတာ”

ချန်လီချီသည် လက်ကို ဝှေ့ယမ်းပြီး အားကိုးရာမဲ့တဲ့ ပုံစံ လုပ်လိုက်သည်။ သူလုပ်လိုက်တဲ့ ပုံအရ ဂျိဝမ်ဒေါင်ကပဲ အဖွဲ့အတွက် မလုပ်ချင်သလို ဖြစ်သွားသည်။

“မင်း ဘာပြောချင်တာလဲ။ ငါက အဖွဲ့အကျိုးကို ထည့်မစဉ်းစားဘူးလို့ ပြောချင်တာလား”

ဂျိဝမ်ဒေါင်က ပြောလိုက်သည်။

"မဟုတ်ဘူး။ မဟုတ်ဘူး။ မင်းအထင်လွဲနေပြီ"

ချန်လီချီက အမြင်မှားမှုကို ဖြေရှင်းချင်တဲ့ ပုံစံ ချက်ခြင်း လုပ်လိုက်သည်။

"ဝမ်ဒေါင်၊ လီချီက နိုင်ချင်လို့လေ။ မင်းပုံစံ နည်းနည်းတော့ အိုဗာ ဖြစ်လွန်းတယ်"

"အမှန်ပဲ။ ငါတို့အားလုံး စကားကောင်းကောင်း ပြောရအောင်။ ကွဲလွဲနေတဲ့အသံတွေကို ရပ်လိုက်တော့"

"သူတို့ကို အနိုင်တိုက်နိုင်မယ်လို့ ခံစားရတယ်"

ကျောင်းသားတွေက နှစ်သိမ့်လိုက်ပေမယ့် သူတို့ချန်လီချီဘက်မှာ သိသိသာသာ ရှိနေသည်။

"ဟွန့်"

ချန်လီချီသည် စိတ်ထဲကနေ အေးစက်စက်ပြုံးလိုက်သည်။ ဂျိဝမ်ဒေါင်ရဲ့ ခွန်အားက ထိပ်ဆုံးသုံးယောက်ထဲ မရှိပါက ဟန်ဆောင်ရင်းနှီးတာတွေ အားလုံးကို ခွာချပစ်လိုက်မည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ။ ငါ့ကို ရှုံ့ချနေကြတာလား"

ဂျိဝမ်ဒေါ်သည် လူတော်တော်များများက သူ့ကိုပစ်မှတ်ထားနေတာ မြင်လိုက်ရပြီး ချန်လီချီရဲ့ မျက်နှာပေးကလဲ ရိုက်နှက်ချင်နေတဲ့ ပုံစံကို မြင်လိုက်လျှင် စိတ်ထဲက ထောင်းကနဲ ဒေါသထွက်သွားသည်။

"ငတုံးတစ်အုပ်ပဲ။ မင်းတို့ အကျိုးအတွက်ပဲ တားနေရတာ။ မင်းတို့ ဗဟိုပြည်နယ် အကယ်ဒမီကို ပြဿနာ ရှာချင်နေတာလား။ မင်းတို့အားလုံး အဲဒီနေရာမှာ သေသွားမှာပဲ စိုးရိမ်တယ်"

ဂျိဝမ်ဒေါင်သည် သတိပေါ့ဆပြီး အတွေးကို ထုတ်ပြောလိုက်မိသည်။ စကားပြောပြီးနောက် မျက်နှာ ပျက်သွားသည်။ ပေါ့ဆလွန်းတဲ့ ကို့ကိုယ်ကို အပြစ်တင်လိုက်မိသည်။

ထင်ထားသလိုပဲ ကျောင်းသားတွေ မကျေမနပ် ဖြစ်သွားပြီး ဒေါသတကြီး ပြန်တုန့်ပြန်လာကြသည်။

"ဂျိဝမ်ဒေါင် စကားကောင်းကောင်းပြော"

"မင်း ဗဟိုပြည်နယ်အကယ်ဒမီက တစ်ယောက်ယောက်ကို ရှုံးနိမ့်ခဲ့တာလား"

“မင်း ဒီလိုပြောနေလို့ မသိတဲ့လူတွေက မင်းကို ဇဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားလို့ ထင်သွားအုံးမယ်”

ဂျိဝမ်ဒေါင် ပါးစပ် တလှုပ်လှုပ် ဖြစ်သွားသည်။ ခြေထောက်ကို ဓါးနဲ့ အထိုးခံလိုက်ရသလိုမျိုး မခံမရပ်နိုင်အောင် ဖြစ်သွားသည်။ ဆရာဆွန်းက သူ့ရဲ့တောင်းဆိုမှုကို ငြင်းလိုက်လို့ပါ ဒီမှမဟုတ်ရင် ဇဟိုပြည်နယ် အကယ်ဒမီက ကျောင်းသား ဖြစ်လာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာသရိကိန်း)

ဝေဇူလီသည် ဂျိဝမ်ဒေါင်အား အခြားလူများက ရှုံ့ချနေတာကို မတားပါ။ ဒီကောင်က ဆွန်းမိုကို တိုက်ရိုက် တပြည့်အဖြစ် လက်ခံရန် ဒူးထောက် တောင်းဆိုခဲ့သည်။ အဲဒီအချိန်သူသည် ဒေါသကြောင့် သေလုနီးပါး ဖြစ်ခဲ့ရသည်။

ကျောင်းသားတစ်ယောက်က အခြားကျောင်းမှ ဆရာတစ်ယောက်အား ဆရာတင်သည့် ကိစ္စကို တရားဝင် တားမြစ်ထားခြင်း မရှိပါ။ ကျောင်းသားတွေကလည်း မလုပ်ကြပါ။ လုပ်ရင်တောင် သီးသန့် လုပ်ကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုလုပ်ခြင်းအားဖြင့် ကျောင်းသားရဲ့ လုပ်ရပ်က လက်ရှိကျောင်းမှာရှိတဲ့ ဆရာတွေက တန်ဖိုးမရှိသလို ကျန်တဲ့ လူတွေက မြင်သွားကြလိမ့်မည်။

ဂျိဝမ်ဒေါင်သည် အသက်၁၂နှစ်သာရှိသေးတဲ့ လူငယ် တစ်ယောက် ဖြစ်သည်။ သူက ကမ္ဘာကြီး အကြောင်းကို ကောင်းကောင်း မသိသေးပါ။ မာရှန်နှင့် ဝေဇူလီကို မရည်ရွယ်ဘဲ စော်ကားမိသွားသည်။

မာရှန်က သဘောထားကြီးလွန်းလို့ စိတ်ထဲမထားသော်လည်း ဝေဇူလီက မကျေမနပ်

ဖြစ်နေသည်။ ဂျိဝမ်ဒေါင် ကံမကောင်းခဲ့သော်လည်း သူ့ကို မမြင်ချင်တော့ပါ။

"ဝမ်ဒေါင် မင်းကြောက်ရင်လည်း ဒီမှာပဲ ကျန်ခဲ့"

ချန်လီချီက ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

"ဟုတ်ပြီလေ။ မင်းတို့ သွားကြပေါ့။ နောက်မှ အရိုက်ခံရပြီး ပြေးမလာကြနဲ့"

ဂျိဝမ်ဒေါင်သည် သူတို့ကို ထပ်စည်းရုံးဖို့ စိတ်မပါတော့ပါ။ (မင်းတို့ သေခြင်းတရား ရှာချင်တယ်ဆိုလဲ သွားကြပေါ့။ လီဇီချီက အနီးကပ် တိုက်ခိုက်မှုမှာ အသုံးမဝင်ပေမယ့် သူမရဲ့မီးဘောလုံး

နည်းစနစ်တွေ၊ လေလှိုင်း ကျည်ဆန်တွေ၊ လေဘုရင်ကာကွယ်ခြင်း နည်းစနစ်တွေ ရှိတယ်။ သူမတစ်ယောက်တည်းနဲ့တောင် မင်းတို့အားလုံးကို ပြာချလိုက်လို့ ရတယ်”

ပြီးတော့ ရှန်ယွန်ပေါင် သူက နန်ကုန်တာအိုထက်တောင် အထပ်အများကြီး ရောက်ခဲ့သေးသည်။ သူတစ်ယောက်တည်းနဲ့တောင် မင်းတို့ တစ်ဝက်လောက်ကို သတ်ပစ်နိုင်သည်။

ဒါပေမယ့် ကြောက်စရာ အကောင်းဆုံးက ထန်ထန်ယုထန်ပဲ။ အရမ်းနေမကောင်း ဖြစ်နေပေမယ့်

သူ အဆိပ်သုံးတဲ့ နည်းလမ်းက အရမ်းကြောက်ဖို့ကောင်းသည်။

အဆိပ်သခင် ဆိုတာက ကျင့်ကြံခြင်း ကမ္ဘာမှာ လူတွေ အရှုံမုန်းဆုံးဖြစ်သည်။

"မင်းက ငါတို့ မာရှောင် အကယ်ဒမီအတွက် တကယ် မျက်နှာ ပျက်စေတာပဲ"

ချန်လီချီက ကြိမ်းမောင်းလိုက်သည်။ အဲဒီနောက် နန်ကုန်တာအိုဘက် လှည့်လိုက်သည်။

"အဖွဲ့ခေါင်းဆောင် သွားရအောင်"

"အချိန်ကို အသုံးချပြီး အနားယူပါ။ ဘယ်သူမှ မသွားရဘူး"

နန်ကုန်တာအိုက ပြောလိုက်သည်။

"အမ်"

ကျောင်းသားအားလုံး ကြောင်သွားသည်။

"ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ကို ငါတို့ မနိုင်နိုင်ဘူး"

နန်ကုန်တာအိုသည် ဒီလိုပြောပြီးနောက် အနည်းငယ် ရှက်သလို ခံစားရသည်။ သို့သော်လည်း

သူပြောဖြစ်အောင် ပြောခဲ့သည်။ ဒီအခက်အခဲက ပိုကြိုးစားဖို့ တွန်းအား ဖြစ်စေသည်။

အမှောင်ထု ပိရမစ်ထဲက ထွက်လာပြီးနောက် မာရှန်သည် နန်ကုန်တာအိုရဲ့ အခြေအနေကို စစ်ဆေးကာ ရှန်ယွန်ပေါင် အကြောင်း ပြောခဲ့သည်။ ဒီကမ္ဘာကြီးမှာ ပိုတော်တဲ့ လူရှိတယ်ဆိုတာ နန်ကုန်တာအိုကို နားလည်စေချင်သည်။ ဘယ်တော့မှ အားမလျှော့ပဲ ကြိုးစားနေရမည်။

"အုပ်စုခေါင်းဆောင်။ မင်းဖျားနေတာလား"

ချန်လီချီ အရမ်းအံ့အောသွားသည်။

"တော်ပြီ။ ဒီအကြောင်း မပြင်းခုန်ကြနဲ့တော့။ ဒီတစ်ခါက် အမှောင်လျှို့ဝှက်ရတနာကို သူတို့ဆီ ရှုံးနိမ့်ခဲ့တယ်"

မာရှန်သည် နန်ကုန်တာအိုကို အရှက်မကွဲစေချင်ပါ။ ဒါကြောင့် သူပြောလိုက်သည်။

"အဲဒီအတွက် ငါအသုံးမကျခဲ့ဘူး။ ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမိုကို ရှုံးခဲ့တယ်"

မာရှန်က ကျောင်းသားတွေကို ကြည့်ပြီး လေးလေးနက်နက် ဦးညွှတ်လိုက်သည်။

"ဘာ"

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"ဆွန်းမို ဟုတ်လား။ ဒီလူ ဘယ်သူလဲ"

ကျောင်းသားတွေ အရမ်းအံ့အောသင့်နေပြီး သူတို့ မျက်နှာတွင် တုန်လှုပ်ခြောက်ခြားမှုနှင့် မယုံကြည်နိုင်မှုများ ပြည့်နှက်နေသည်။

မာရှန်သည် သူတို့အတွက် စံပြလို ဖြစ်နေသည်။ သူတို့ မှီအောင်လိုက်ဖို့ ကြိုးစားတဲ့ ပစ်မှတ်တစ်ခု ဖြစ်သည်။ အခုတော့ သူသည် အခြားကျောင်းက ဆရာတစ်ယောက်ကို ရှုံးနိမ့်ခဲ့ကြောင်း ဝန်ခံနေသည်။

ခဏာလောက်ကြာတော့ ကျောင်းသားတွေသည် သူတို့ အိုင်ဒေါကို ဆုံးရှုံးသွားသလို ခံစားနေရသည်။

“ငါလည်း လူပဲလေ။ ငါလည်း ရှုံးမှာပေါ့”

မာရှန်သည် စကားပြောနေရင်းနဲ့ အားလုံးကို ခြုံငုံကြည့်လိုက်သည်။

“ဒါပေမယ့် အရှုံးမှာ ရပ်တန့်နေမှာ မဟုတ်ဘူး။ ပြန်တက်ဖို့ ကြိုးစားပြီး အောင်မြင်အောင် လုပ်ရမယ်”

ကျောင်းသားတွေ ငြိမ်ကျသွားသည်။

“ဆရာဝေနဲ့ ဒီက ကျောင်းသားတွေ အားလုံးကို သက်သေထားတယ်။ နောက်နှစ် ကြယ်တစ်ပွင့်

မြတ်ဆရာ စာမေးပွဲမှာ ဆွန်းမိုကို အနိုင်မယူနိုင်ခဲ့ရင် မြတ်ဆရာ တစ်ယောက် မလုပ်တော့ဘူး”

မာရှန်က စိတ်ပိုင်းဖြတ်လိုက်သည်။

ဒီစကားကို ကြားတော့ အားလုံး ထိတ်လန့်သွားပြီး စည်းရုံးချင်ကြသည်။

“ဆရာ”

မာရှန်သည် လက်မြှောက်ပြပြီး ဆက်ပြောစရာ မလိုကြောင်း အမူအရာ ပြလိုက်သည်။

“အဲဒီ ဆွန်းမိုက တကယ် အထင်ကြီးဖို့ ကောင်းလား”

ချန်လီချီ လုံးဝကို အံ့အောသင့်နေသည်။ (အိပ်မက် မက်နေတာလား) သူက မာရှန်ကို ကိုးကွယ်ပြီး သူ့ပန်းတိုင်လို့ ခံယူထားသည်။ အခုတော့ မာရှန်ကို ပြန်ကြည့်ပြီး ရွံရှာမှုကို ခံစားရသည်။

"လူသစ်ပဲ"

ချန်လီချီ အထင်သေးသွားသည်။ ထင်ထားသလိုပဲ ရန်သူတွေကို ကိုယ်တိုင်ပဲ လက်စားချေတာ ပိုကောင်းသည်။ (ဆွန်းမို၊ မင်းခဏစောင့်။ မင်းပေးထားတဲ့ အမုန်းတရားကို ငါကိုယ်တိုင် လက်နဲ့ ၁၀ဆ ပြန်ပေးဆပ်မယ်။ ဒါက အနေးနဲ့ အမြန်ပဲ)

....

လမ်းတစ်ခုတွင် အင်ဘိုင်ဝူနှင့် ချန်လုံတို့ ပြေးလွှားနေကြသည်။ သူတို့နောက် ဟွာနန်က ကျောင်းသား ဆယ်ယောက်ကျော် လိုက်နေကြသည်။

“ခွေးမသားတွေ၊ မင်းတို့ကို သေချာပေါက် သတ်မယ်”

မြွားတစ်စင်းက မျက်နှာနားမှ ဖြတ်သွားသဖြင့် ကျိန်ဆဲလိုက်သည်။ အေးစက်တဲ့ ချွေးတွေလည်း ထွက်လာသည်။

“ပေါက်ကရ စကားတွေ ရပ်ပြီး မြန်မြန်ပြေး”

ဒေါသကြောင့် အံတကြိတ်ကြိတ် ဖြစ်နေတဲ့ အဖွဲ့ခေါင်းဆောင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ (မင်းတို့နှစ်ယောက် ငါတို့လက်ထဲက ပစ္စည်းကို တကယ် လုရဲတာလား။ မင်းတို့ကို သေချာပေါက် ရှစ်ပိုင်း ခွဲပစ်မယ်)

ထောင့်တစ်ခုကို ချိုးဝင်ပြီး အင်ဘိုင်ဝူနဲ့ ချန်လုံတို့ ရုတ်တရက် ရပ်တန့်သွားသည်။ သူတို့ အချင်းချင်း အကြည့်ဖလှယ်ပြီး ဟွာနန်က ကျောင်းသားတွေကို ပြန်ကြည့်နေသည်။

“တစ်ခုခုတော့ မှားနေပြီ”

ကောင်လေးတစ်ယောက် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီက တခြားကျောင်းသားတွေ ရောက်လာပြီလား"

"ဂရုမစိုက်ဘူး။ ငါတို့ လျှို့ဝှက်ရတနာကို အရင်ပြန်လုရမယ်"

အဖွဲ့ခေါင်းဆောင်သည် စိုးရိမ်စိတ်ကြောင့် ရှုးမတတ် ဖြစ်နေသည်။ သူတို့မှာလူပိုများတယ်လို့ ခံစားရပြီး ဘယ်လိုပဲဖြစ်ဖြစ် သူတို့ အနိုင်ယူနိုင်ဆဲပါ။

ပြီးတော့ ဒီနေရာမှာ ဆရာလေးယောက်လည်း ရှိနေသည်။

အခန်း (၄၀၄) - ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို၊ နတ်ဘုရားခွန်အား နယ်ပယ်၏ အဆင့် (၁)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ။

အင်ဘိုင်ဝူ ပစ်ခတ်ဖို့ လုပ်နေသည်။

ရွှစ်

မြွားပစ်ပြီးနောက် မြွားအစင်း ၃၀ သည် ဟွာနန် ကျောင်းသားအဖွဲ့ပေါ်သို့ တိုက်ရိုက်ကျသွားသည်။

ဒင် ဒင် ဒင်

ဟွာနန်မှ ကျောင်းသားများသည် မြွားကို ပိတ်ဆို့လိုက် ကြသည်။ ဘယ်သူမှ ဒဏ်ရာ မရသော်လည်း ပြေးနှုန်းက သိသိသာသာ နှေးကွေးသွားသည်။

"မင်းတို့ ဘာလုပ်ခဲ့ကြတာလဲ"

ရှီကွမ်က စပ်စုလိုက်သည်။

“ဒီလူတွေ အရမ်းဒေါသထွက်နေတယ်။ မင်းတို့ကို အပိုင်းတစ်ထောင်လောက် ပိုင်းချင်နေတဲ့ ပုံပဲ”

“ဘာဖြစ်လို့ ဒီလောက် အာရုံနှောက်နေတာလဲ။ အားလုံးကို သတ်လိုက်ရင် ကိစ္စပျက်နေပြီ”

ရှန်ယွန်ပေါင်က ဦးဆောင်ပြီး ဟွာနန်က ကျောင်းသားအဖွဲ့ကို စိန်ခေါ်လိုက်သည်။

“ဘာမှတော့ မဟုတ်ပါဘူး။ သူတို့ ယူလာတဲ့ ဓါးမြှောင်တစ်ချောင်းကို ငါတို့ လုလာတာပဲ ရှိတယ်”

အင်ဘိုင်ဝူက လေးသံအေးအေးလေးနဲ့ ပြောလိုက်သော်လည်း ကျန်တဲ့လူများသည် ဒါကို ကြားလိုက်လျှင် တစ်ချက် ရှိုက်လိုက်မိသည်။

"မင်းတို့ နှစ်ယောက်တည်းနဲ့လား"

လုချီက ထိတ်လန့်စွာ မေးလိုက်သည်။

ချန်လုံက စကားအများကြီး မပြောချင်ပါ။ အင်ဘိုင်ဝူကလည်း ဒီလို အဓိပ္ပါယ်မရှိတဲ့ မေးခွန်းကို မဖြေချင်ပါ။

"မင်းတို့တွေ တကယ်တော်တယ်ကွာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီက လက်မထောင်ပြသည်။ ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် အင်ဘိုင်ဝူနှင့် ချန်လုံတို့သည် နှစ်ယောက်တည်းနှင့် လူအများကြီး တိုက်ခိုက်ခဲ့ကြသည်။ ဒါက ကြမ်းတမ်းလွန်းသည်။

တကယ်တော့ အယောက်နှစ်ဆယ် နှစ်ယောက် တိုက်ခိုက်ခဲ့ကြသည်။ ဒါကြောင့်လည်း ဟွာနန်က အဖွဲ့ခေါင်းဆောင်သည် ဒေါသကြောင့် ရှူးလုနီးပါး ဖြစ်နေသည်။ ဒီဖြစ်ရပ်နဲ့ ပက်သက်ပြီး ပျံ့နှံ့သွားရင် တကယ် အရှက်ရစရာကြီးပါ။

"အေးအေးဆေးဆေး စကားပြောမနေနဲ့တော့။ ဒါတွေကို အရင်အဆုံးသတ်လိုက်"

လီဇီချီက ပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူး စာရွက်ကို ဆုတ်ဖြဲရင်း ပြောလိုက်သည်။

ရှန်ယွန်ပေါင်က တစ်ယောက်တည်းနဲ့ စိန်ခေါ်တာ မြင်လိုက်လျှင် ဟွာနန်က အဖွဲ့ခေါင်းဆောင်သည် အရမ်းဒေါသထွက်ပြီး မျက်လုံးတွေ ပြူးကျယ်နေသည်။ (မင်းတို့က ငါတို့ကို ရွံ့စေးနဲ့ လုပ်ထားတယ် ထင်နေတာလား)

"တက်၊ တက်၊ တက်"

ဟွာနန်ခေါင်းဆောင် အသံဆုံးသွားတာနဲ့ မီးလုံးကြီးတစ်ခု ပေါက်ကွဲထွက်လာသည်။

ပုံမှန် အချိန်တွေသာဆိုလျှင် သူ ရှောင်လိုက်မိလိမ့်မည်။ ရန်သူနဲ့ ရင်ဆိုင်တဲ့အခါ စိတ်ဓါတ် တက်ကြွမှုက အရေးကြီးသည်။ ခွန်အားပြပြီး အသာစီးရနိုင်ရန် ဓါးရှည်ထုတ်ပြီး မီးလုံးကို ခုတ်ချလိုက်သည်။

ဝုန်း

မီးလုံး နှစ်ခြမ်း ကွဲသွားသည်။ သက်ရောက်မှုက အရပ်ရပ်သို့ ပျံ့နှံ့သွားပြီး မီးပွားတွေ ဟွာနန်အဖွဲ့ခေါင်းဆောင် မျက်နှာကို စင်သွားသည်။

အဟွတ် အဟွတ်

အဖွဲ့ခေါင်းဆောင် မြေပေါ်မှာ လဲကျသွားသည်။ ဒဏ်ရာ မရခဲ့သော်လည်း ဦးခေါင်းနှင့် မျက်နှာမှာ ပြာများနဲ့ ပေကျံနေသည်။ စိတ်ဓါတ်လည်း တော်တော် ကျသွားသည်။

“မင်းတတ်နိုင်ရင် ဘာဖြစ်လို့ နောက်တစ်ကြိမ် ထပ်မကြိုးစားတာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ အော်ပြောသည်။

ဟွာနန်ခေါင်းဆောင် အံ့ကြိတ်ထားကာ ပေါက်ကွဲတတ်တဲ့ မီးလုံးကို ကြည့်ပြီး ရှောင်ဖို့ဆုံးဖြတ်လိုက်သည်။

တခြားကျောင်းသားတွေလည်း သူတို့ အဖွဲ့ခေါင်းဆောင်ရဲ့ ပုံစံကိုမြင်ပြီး မီးလုံးတွေကို မတားဆီးရဲတော့ပါ။ ဒီလိုလုပ်လိုက်သဖြင့် အဖွဲ့ရဲ့ ဖွဲ့စည်းပုံလည်း ပြိုကွဲသွားသည်။

ရှန်ယွန်ပေါင်က အခွင့်အရေး ယူပြီး ပြေးသွားသည်။

ပုလဲပန်း လုံမိုး

ရှီ ရှီ ရှီ

ငွေလုံသည် လေတိုးသံပေးပြီး ထောင်နဲ့ချီတဲ့ ပန်းပုံရိပ်များ ဖြစ်ပေါ်လာပြီး လူခြောက်ယောက်ဆီ တိုးဝင်သွားသည်။

ဘုန်း ဘုန်း ဘုန်း

သုံးယောက်သည် တန်းပြီး လွင့်ထွက်သွားသည်။

"ဘယ်လောက်တောင် သန်မာလိုက်သလဲ"

ဟွာနန်ခေါင်းဆောင်သည် လုံ့ချက်ကို ကာကွယ်လိုက်လျှင် ရိုက်ခတ်မှုကြောင့် လက်ထုံကျင်သွားသည်။ ပြင်းပြင်းထန်ထန် နာကျင်သွားပြီး လက်နက်ကိုတောင် မကိုင်ထားနိုင်တော့ပါ။

"မင်းက အဖွဲ့ခေါင်းဆောင်လား"

ရှန်ယွန်ပေါင်က ဟွာနန်အဖွဲ့ခေါင်းဆောင်ကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။ အဲဒီနောက် သူ့ရဲ့လုံ့သည် ပင်လယ်ထဲက ထွက်လာတဲ့ နဂါးနဲ့တူပြီး အဖွဲ့ခေါင်းဆောင် ခေါင်းဆီ ပြေးဝင်သွားသည်။

ဒန် ဒန် ဒန်

အဖွဲ့ခေါင်းဆောင်သည် သုံးကြိမ် ပိတ်ဆို့ပြီး ခြေလှမ်း ခုနှစ် လှမ်း နောက်ဆုတ်လိုက်ရသည်။ အချိန်မှီ မရှောင်နိုင်တဲ့ကျောင်းသားတစ်ယောက်ကို ကျောနဲ့တိုက်မိသွားသည်။

"အဖွဲ့ခေါင်းဆောင်၊ ကူညီပါရစေ"

ထိုကောင်လေးသည် ပြောနေရင်း အနောက်ကနေ အတိုက်ခံရပြီး သတိလစ်သွားသည်။

ခါးမြှောင် ကိုင်ဆောင်ထားတဲ့ ချန်လုံ၏ ပုံစံ တစ်ခုသည် ရန်သူအုပ်စုကို မွေနှောက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြတ်သွားတိုင်း လူများ လန့်ဖြန့်သွားကြသည်။ ဒီလိုမျိုး ဝရုန်းသုန်းကား တိုက်ပွဲသည် သူ့အရည်အချင်း ပြသရန် အသင့်တော်ဆုံး အခြေအနေ ဖြစ်နေသည်။

စိတ်ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ် ရောက်နေတဲ့ သူတစ်ယောက်အနေနဲ့ ချန်လုံသည် ကျောင်းသားတွေနဲ့ တစ်ယောက်ခြင်း တိုက်ခိုက်ရလျှင် အသာစီးရနေသည်။

ရှစ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွားတစ်စင်းသည် ကူဂျန်လန် ပုခုံးပေါ်က ဖြတ်သွားသဖြင့် တော်တော်လေး လန့်သွားသည်။

"ပိုသတိထားစမ်းပါ"

"စိတ်မပူနဲ့ မင်းမသေဘူး"

အင်ဘိုင်ဝူ၏ ပစ်ခတ် ဖိနှိပ်မှုကြောင့် ဟွာနန်ကျောင်းက ကျောင်းသားများ၏ လှုပ်ရှားမှု ထိန်းချုပ်ခံလိုက်ရသည်။ သူတို့ ဖွဲ့စည်းပုံကလည်း ဟန့်တားခံလိုက်ရပြီး ပြန်ပေါင်းစပ်ဖို့ နည်းလမ်း မရှိတော့ပါ။ ကိန်းဂဏာန်းများသည် သာလွန်မှုကိုသာ အားကိုးနေရသည်။

ကူဂျန်လန်သည် နောက်ထပ် ထပ်ဆဲချင်သော်လည်း ပါးစပ် အမြန်ပိတ်လိုက်သည်။ အင်ဘိုင်ဝူ၏ မြွားက ရှန်ယွန်ပေါင်နှင့် ချန်လုံတို့ အနားက ဖြတ်သန်း သွားတာကို မြင်လိုက်ရသည်။ သို့သော်လည်း သူတို့နှစ်ယောက်က ကြောက်လန့်တဲ့ လက္ခဏာ မပြကြပါ။ သူတို့ရဲ့သတ္တိက တကယ်ကို ထူးခြားလွန်းသည်။

ကူဂျန်လန်သည် လေးအရှည်ကိုကိုင်ပြီး အချိန်တော်တော်ကြာအောင် ချိန်ရွယ်ထားသော်လည်း တစ်ချက်မှ မပစ်ခဲ့ပါ။ သူ့ရဲ့

မြွားတွေက သူ့ရဲ့ အသင်းဖော်ကို မတော်တဆ မထိခိုက်မိဘူးလို့ သူမယုံကြည်ပါ။

“မင်းက တကယ် ထူးချွန်တဲ့ မြွားသမားပဲ”

ကူဂျန်လန်သည် အားကျမိသလို စိတ်လည်းပျက်သွားသည်။

သူ့အဖေက သူမြွားပစ်ထူးချွန်တယ် ပြောခဲ့ပေမယ့် အင်ဘိုင်ဝူနဲ့ယှဉ်လိုက်ပါက အမှိုက်တစ ကလွဲလျှင် ဘာမှ မဟုတ်ပါ။ အင်ဘိုင်ဝူသည် လေးပညာကို တစ်နှစ်ခွဲခန့်သာ အချိန်ယူပြီး သင်ကြားခဲ့ကြောင်း

သူသိနေသည်။ သူသည် ငယ်ငယ်ကတည်းက ဖခင်နဲ့အတူ အမဲလိုက် လေ့ကျင့်ခဲ့သည်။

အဲဒီအချိန်အတွင်းမှာ ဟွာနန်မှ ဆရာလေးယောက်သည် ဒီမြင်ကွင်းကို မြင်ပြီး လုံးဝ အံ့အောသင့်နေသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားအဖွဲ့နဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့အခါ သူတို့ ကျောင်းသားအဖွဲ့ ဘာဖြစ်လို့ ပြိုကွဲရတာလဲ။ ဗဟိုပြည်နယ် အကယ်ဒမီက အရမ်းသန်မာနေလို့လား။ ဒါမှမဟုတ် သူတို့က အားနည်းနေလို့လား။

"မကြောက်ကြနဲ့"

ဆရာတစ်ယောက် အော်ပြောလိုက်ပြီး ဟွာနန်ကျောင်းသားအဖွဲ့ ခေါင်းဆောင်ကို အင်ဘိုင်ဝူနှင့် ချန်လုံတို့ကို သတ်ပစ်ဖို့အတွက်လည်း အော်ပြောခဲ့သေးသည်။

"ပြန်ဆုတ် ပြန်ဆုတ် ပြန်ဆုတ်"

သူတို့ မပြေးရင် တစ်ဖွဲ့လုံး ပျက်သုန်းသွားလိမ့်မည်။

အခုအချိန်တွင် လူခုနှစ်ယောက်က မြေပေါ်မှာလဲနေပြီး နာကျင်စွာ အော်ဟစ်နေသည်။

ဒါကို ရှန်ယွန်ပေါင်နှင့် နဖူးမှာ အမှိုက်ဆိုတဲ့ စာရှိသည့် ကျောင်းသားက လုပ်ခဲ့ကြသည်။

“အထင်ကြီးစရာပဲ”

ကွမ်ဒင်သည် ရှန်ယွန်ပေါင်နှင့် ကျန်တဲ့သူများ၏ သရုပ်ပြမှုကို စောင့်ကြည့်နေခဲ့သည်။ အားကျပြီး မနာလို စိတ်လည်း ဖြစ်လာသည်။ ကျောင်းသားများကို ရွေးချယ်တဲ့ နေရာတွင် ဆွန်းမိုရဲ့ သုံးသပ်ချက်က တကယ်ကို ထူးချွန်လွန်းသည်။

“အမ်၊ ငါ့မှာ ယုံကြည်ချက် မရှိရင်တောင် ရွေးချယ်ခွင့် မရှိဘူး”

ဝမ်ချောင်က သက်ပြင်းချရင်း ပြောလိုက်သည်။ သူ့မှာ ထူးထူးခြားခြား ထူးချွန်တဲ့ ကျောင်းသားတချို့ကို ရှာဖွေရန် အရည်အချင်းရှိသော်လည်း စစ်မှန်တဲ့ အရည်အချင်း မရှိရင် ဒီကျောင်းသားများကို ဆွဲဆောင် နိုင်မှာ မဟုတ်ပါ။

နောက်ပြီးတော့ အဲဒီလို ကျောင်းသားများ ရှိခဲ့ရင်တောင် လက်မခံရဲပါ။ ကောင်းကောင်း မသင်ပေးနိုင်ရင် သူတို့ရဲ့ တိုးတက်မှု နှောင့်နှေးသွားမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ဝမ်ချောင်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး (၆၀၀/၁,၀၀၀)

"တော်ပြီဟေ့။ အားလုံး ရပ်လိုက်တော့"

ဆွန်းမိုက ကျောင်းသားများကို လှမ်းအော်လိုက်သည်။ အထူးသဖြင့် ရှန်ယွန်ပေါင်ကို အော်လိုက်သည်။ တိုက်ခိုက်တဲ့အခါ ဘယ်လို ထိန်းချုပ်ရမလဲဆိုတာ မသိဘဲ အခြားကျောင်းသားများ အလွယ်တကူ ဒဏ်ရာရစေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလောက် ပြင်းထန်နေဖို့ မလိုပါ။

တိုက်ပွဲသည် ရုတ်တရက် စတင်ပြီး ရုတ်တရက် ပြီးဆုံးသွားသည်။

နှစ်ဖက်စလုံးမှ လူများ စုဝေးသွားကြသည်။

အောင်နိုင်နေတဲ့ ဘက်ခြမ်းက ဗဟိုပြည်နယ် အကယ်ဒမီမှ ကျောင်းသားအဖွဲ့သည် အလျှင်စလို မထွက်သွားပါ။ ဟွာနန်က ကျောင်းသားတွေကတော့ မကျေမနပ် ဖြစ်နေကြသည်။ နောက်ဆုံးတွင် ဓါးမြှောင်လည်း ပြန်မလုနိုင်ခဲ့ပါ။

"ဆရာ၊ ဒါက ဝိညာဉ်လက်နက်လို့ ကြားမိတယ်"

အင်ဘိုင်ဝူက ဆွန်းမိုအား ခါးမြှောင်ကို လက်နှစ်ဖက်နဲ့ ပေးရင်း ပြောလိုက်သည်။

ဟွာနန်က ကျောင်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ လုယူချင်ပေမယ့် မလုပ်ရဲပါ။

"အဲဒါ ငါတို့ဟာပဲ"

ကောင်လေးတစ်ယောက်က လှမ်းပြောသည်။

"အမ်၊ ပြိုင်ပွဲ စည်းမျဉ်းက လုယူတာ မဟုတ်ဘူးလား"

လီဇီချီက မသိသလို ဟန်ဆောင်ပြီး မေးလိုက်သည်။

"အို၊ စောစောတုန်းက ဆရာဆွန်း မတားခဲ့ရင် မင်းတို့တစ်ဖွဲ့လုံး ပျက်သုန်းနေပြီ"

ရှီကွမ်က ရှုံ့ချပြီး ပြောလိုက်သည်။

ဟွာနန်က ကျောင်းသားအားလုံး၏ မျက်နှာများ အကြည်းတန်သွားသည်။

"မင်းနဲ့ ချန်လုံတို့နှစ်ယောက်ပဲ ဘယ်သူယှူမယ်ဆိုတာ ဆုံးဖြတ်ပါ"

ဆွန်းမိုက ခါးမြှောင်ကို တစ်ချက်တောင် မကြည့်ပါ။

ဒီစကားကိုကြားလျှင် ဟွာနန်ကကျောင်းသားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ (ဘာပြောချင်တာလဲ။ လက်နက်ကို အထင်သေးနေတာလား)

"ဒါက ဝိညာဉ်လက်နက်ပဲ"

အော်ပြောခဲ့တဲ့ ကောင်လေးက မကျေမနပ်နဲ့ ပြောသည်။

“ငါသိတယ်။ နာမည် ပျံ့သန်းနေတဲ့ ဝိစီလေး၊ သာလွန် ဝိညာဉ်လက်နက်။ အကြမ်းဖျင်းတော့ ဝိညာဉ်ကျောက်တုံး ရာနဲ့ချီပြီး ရောင်းနိုင်တယ်”

ဆွန်းမိုက ဂယက်ထလိုက်သည်။ သူက နတ်ဘုရားမျက်စိအာရုံနှင့် ကြည့်ထားသဖြင့် အချက်အလက်အားလုံးကို မြင်နေရသည်။

“အမ်’

ပြောခဲ့တဲ့ ကောင်လေးသည် ရင်ဘက်ကို လေးလံနဲ့တူနဲ့ အထုခံလိုက်ရသလို ခံစားနေရသည်။

နှလုံးသားတွေ နာကျင်လွန်းလို့ အသက်ရှူတောင် မဝချင်တော့ပါ။

တကယ်ပဲ သာလွန်ဝိညာဉ်လက်နက်လား။

ဘောပဲ။

ဒီလက်နက်က သူရှာတွေ့ထားတဲ့ အရာ ဖြစ်သည်။

အခြားကျောင်းသားများလည်း အလားတူ အမူအရာ ဖြစ်နေပြီး သည်းမခံနိုင်လောက်အောင် ဖြစ်နေသည်။

လက်ထဲက လက်နက်ကို တင်းတင်းကျပ်ကျပ် ကိုင်ထားရင်း ခံစားချက်တွေ လှုပ်ရှားလာသည်။

ဒါပေမယ့် ဗဟိုပြည်နယ် ကျောင်းသားတွေရဲ့ မျက်နှာပေါ်က

"ဟုတ်တယ်၊ မြန်မြန်တိုက်ခိုက်လိုက်" ဒီအမူအရာကို မြင်လိုက်လျှင် ဟွာနန်က ကျောင်းသားတွေသည် ရေအေးတစ်ပုံးနဲ့ လောင်းချလိုက်သလို ငြိမ်ကျသွားသည်။

နောက်တစ်ကြိမ် ထပ်တိုက်ခိုက်ရင် တစ်ဖက်ကသေမှ ပွဲပြီးလိမ့်မည်။

ပြီးတော့ ဒီဆရာဆွန်းက သူ့ကျောင်းသားတွေကို ထပ်တားဖို့ ကြွင်နာမှာ မဟုတ်တော့ပါ။

“ဒီဆရာ ၊ ငါ မိုက်မဲပြီး မေးခွန်းတစ်ခုလောက် မေးလို့ ရမလား။ မင်းက ရတနာ အကဲဖြတ်သူလား”

ဟွာနန်ဖက်က ဆရာတစ်ယောက်ဖြစ်တဲ့ ဝေဇီက မေးလိုက်သည်။ သူ့ကျောင်းသားတွေကိုလည်း အလိမ်မခံရဖို့ အမူအရာ ပြနေသည်။ တကယ်လို့ ဒီလက်နက်က သာလွန်ဝိညာဉ်အဆင့် လက်နက်ဖြစ်နေရင် အဲဒီ ဆရာက ကျောင်းသားတွေကို လွယ်လွယ်ကူကူ ပေးပါ့မလား။

ဘယ်လိုပဲဖြစ်ဖြစ် ဝေဇီသာဆိုလျှင် အဲဒီလို လုပ်ဖို့ တွေဝေနေမည်။

“မဟုတ်ဘူး”

ဆွန်းမိုက ခေါင်းခါ ပြလိုက်သည်။

အားလုံး သက်ပြင်းချလိုက်သည်။ အုတ်ခဲ တစ်လုံး သိမ်းရတာနဲ့ ကျောက်မြတ်ရတနာကို သိမ်းရတဲ့ ခံစားချက်သည် တော်တော်လေး ကွာခြားသည်။

ဓါးမြှောင်သာ အများကြီး တန်ဖိုးမရှိရင် လူတိုင်းရဲ့ စိတ်ထဲမှာ အများကြီး နာကျင်မှာ မဟုတ်ပါ။

“ငါ့ဆရာက ရတနာ အကဲဖြတ်သူ မဟုတ်ဘူး။ သူက သာလွန်ဝိဉာဉ်လက်နက်လို့ ပြောရင် အဲဒါပဲ ဖြစ်လိမ့်မယ်’

အင်ဘိုင်ဝူက ဆွန်းမိုကို သံသယ အကြည့်နဲ့ ကြည့်တာကို မကြိုက်ပါ။

"ဘာဖြစ်လို့ ဒီလောက်အထိ ရှင်းပြနေတာလဲ။ ဓါးမြှောင်က မင်းအပိုင်ပဲ"

လီဇီချီ နှုတ်ခမ်း ကွေးသွားသည်။ အတွေ့အကြုံ အကန့်အသတ်ရှိတဲ့ လူတွေနဲ့ စကားပြောရတာ အဆင်မပြေပါ။ ငြင်းခုန်ဖို့လည်း စိတ်မပါ ပါ။

အင်ဘိုင်ဝူ လက်ထဲက ဓါးမြှောင်ကို အားကျတဲ့စိတ်နဲ့ ကြည့်နေတဲ့ ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေရဲ့ အကြည့်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြည့်ပြီး အော်ပြောခဲ့တဲ့ကောင်လေး သဘောပေါက်သွားသည်။

ဒီအချက်ကြောင့် အရင်ကလည်း ဆွန်းမိုသည် ဒီကျောင်းသားအားလုံး အရှေ့တွင် ရတနာများကို မှန်ကန်စွာ ဖော်ထုတ်နိုင်ခဲ့ကြောင်း သဘောပေါက် သွားသည်။ ပြောချင်တာက ဆွန်းမိုရဲ့ သုံးသပ်ချက်ကို သူတို့ အရမ်းယုံကြည်သည်။

သူက အနည်းငယ် တုံးသဖြင့် ဒီသဲလွန်စများကို သတိမပြုမိနိုင်တာလို့ ခံစားလိုက်ရသည်။

"သွားကြစို့"

ဆွန်းမို လူတိုင်းကို အသိပေးလိုက်သည်။

"ခဏနေပါအုံး"

ဝေဇီက လှမ်းအော်သည်။

"ဆရာဆွန်း ၊ မင်းဆီက လမ်းညွှန်ချက်လေးများ မေးလို့ရမလား"

ကျောင်းသားတွေ ရှုံးခဲ့တယ်ဆိုပေမယ့် ဆရာတွေမဟုတ်ပါ။ ဆွန်းမိုသာ ဒီအတိုင်းထွက်သွားရင် ဝေဇီရဲ့ ဂုဏ်သတင်းကို အများကြီး ထိခိုက်သွားလိမ့်မည်။ ဒီခါးမြှောင်ကို

ပြန်မသိမ်းနိုင်ရင်တောင် ဒီတစ်ကြိမ်ကို သေချာပေါက် အနိုင်ယူရမည်။

ဆွန်းမိုက ခေါင်းအနည်းငယ်စောင်းပြီး

“သေချင်လို့လား”

ဝေဇီ မျက်မှောင်ကြုတ်သွားပြီး ‘အရမ်းဘဝမြင့်လွန်းတယ်။’

ဝေဇီက ဒီလူ မောက်မာတယ်လို့ ထင်မိသည်။ ဗဟိုပြည်နယ် အကယ်မီက ဆရာတွေနဲ့ ကျောင်းသားတွေ ရယ်မောနေတာကို မြင်လိုက်ရသည်။

သူတို့ရဲ့ အပြုံးများတွင် ယုံကြည်မှုနဲ့ ပြည့်နှက်နေခဲ့သည်။

"ဒီဆရာ၊ မင်းလက်လျှော့လိုက်တာ အကောင်းဆုံးပဲ"

ကူရှုပ်ရှင်းက နှစ်သိမ့်လိုက်သည်။

ဆွန်းမိုကို တိုက်ခိုက်ဖို့လား။

မင်းမှာ အသက်ဆယ်ချောင်းရှိရင်တောင် မလုံလောက်ဘူး။

"မင်းကြောက်နေလို့ မဟုတ်လား"

ဝေဇက ဆွန်းမိုကို ကြည့်ရင်း မေးလိုက်သည်။ အရင်ကတော့ ဒီလှပတဲ့ ဆရာမလေးကို ခိုးကြည့်ပြီး သူမ အနည်းငယ် အထင်ကြီးခဲ့ဖူးသည်။ အခုတော့ ရွံရှာ မိသည်။

"ဟွန့်၊ အမျိုးသမီးက အမျိုးသမီးပါပဲ။ ဒီဆွန်းမိုရဲ့ ခေါင်းကို ချေမွတာ စောင့်ကြည့်နေလိုက်။ မင်း ဘယ်လိုဖြစ်သွားမလဲဆိုတာ စောင့်ကြည့်နေမယ်"

"ဆရာဝေ၊ မင်းလုပ်နိုင်တယ်"

ကျောင်းသားများက စတင်အားပေပြီး ဝေဇီအပေါ် မျှော်လင့်ချက် ပုံအောထားသည်။

"အင်း ဒါဆိုလည်း"

ဆွန်းမိုက ပုခုံးတွန့်လိုက်ပြီး

"ငါ့မှာ အကြံတစ်ခုရှိတယ်။ မင်းတို့လေးယောက်စလုံး အတူတူ တက်လာခဲ့"

"ဘဝင်"

ဝေဇီ အော်ဟစ်လိုက်သည်။ အဲဒီနောက် သူက

"ဟွာနန် အကယ်ဒမီက ဝေဇီ၊ သွေးလောင်ကျွမ်းခြင်း အဆင့် (၅)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

သူက ဒီလိုပြောလိုက်ရင်း အမူအရာ မပြောင်းပေမယ့် စိတ်ထဲမှာ သာလွန်မှုနဲ့ ပြည့်နှက်နေသည်။ ဒီလို ကျင့်ကြံခြင်း အဆင့်က သူ့အတွက် ဂုဏ်ယူစရာ ဖြစ်သည်။

"အို။ သွေးလောင်ကျွမ်းခြင်းအဆင့် (၅)လား။ အရမ်းကြောက်ဖို့ ကောင်းတာပဲ"

လီဇီချီက ပါးစပ်ကို လက်နဲ့အုပ်လိုက်ပြီး ဝေဇီကို ကြောက်သလို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်၊ ကြောက်ရမှာပေါ့"

ဝေဇီက တစ်ချက်လှမ်းကြည့်လိုက်သည်၊ လှပတဲ့ ဆရာမလေး အခုဘယ်လိုပုံစံ ဖြစ်နေလဲဆိုတာ သိချင်နေသည်။

(သူမ အရမ်းတုန်လှုပ်နေရမှာ မဟုတ်လား)

ဝေဇီ နှုတ်ခမ်းထော်သွားသည်။ ဒါပေမယ့် အဲဒီအချိန်တွင် ဆွန်းမိုပြောလာတဲ့စကားကို ကြားပြီး သူ့ရဲ့ အမူအရာ တောင့်တင်းသွားသည်။

“ ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို၊ နတ်ဘုရားခွန်အားအဆင့် (၁)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ”

လူတိုင်း ရုတ်တရက် ငြိမ်ကျသွားသည်။

အခန်း (၄၀၅) - ချန်ပီယံလား။

“ဆရာဝေ၊ မင်းကိုအားပေးနေမယ်”

“သူ့ကို ဖျက်ဆီး ပစ်လိုက်”

“သူတို့ကို ရှင်းပစ်မယ်”

ဟွာနန် အကယ်ဒမီက ကျောင်းသားများသည် သွေးလောင်ကျွမ်းခြင်း အဆင့်(၅)မှာရှိတဲ့ ဝေဇီကို ယုံကြည်မှုအပြည့်နဲ့ အော်ဟစ် အားပေးနေကြသည်။ ဆရာအသစ်များထဲတွင် ဝေဇီသည် မာရှန်၊

ဘိုင်တန်ဇီဝေနှင့် ဆရာအနည်းငယ်ထက်သာ အနည်းငယ် အားနည်းသည်။ သူက လုံးဝကို ပထမတန်းမှာ ရှိနေသည်။

ခါးမြှောင်တစ်ချောင်း ဆုံးရှုံးသွားသဖြင့် ဟွာနန်အကယ်ဒမီက ကျောင်းသားများသည် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများကို အရမ်းမုန်းတီးနေပြီး သူတို့ သေသွားတာကလွဲလျှင် ဘာမှ မလိုချင်ပါ။ ဒါကြောင့် ကျယ်လောင်စွာ အော်ဟစ် အားပေးနေကြသည်။ ဒါပေမယ့် ဆွန်းမိုက ကျင့်ကြံခြင်းအဆင့်ကို ကြေငြာပြီးတာနဲ့ သူတို့

ပါးစပ်ထဲကို အချောင်းကြီး ထိုးထည့်လိုက်သကဲ့သို့ တိတ်ဆိတ်သွားသည်။ ဘာမှ အသံမထွက်နိုင်တော့ပါ။

နတ်ဘုရားခွန်အား အဆင့်လား။ (ငါတို့ နားကြားမှားတာလား)

ဒါက ဘယ်လို ဟာသကြီးလဲ။ ကျင့်ကြံခြင်းပဲ လုံး၀ အာရုံစိုက်ထားရင် ဒီနယ်ပယ်သို့ ရောက်ရှိရန် ပြဿနာ မရှိပါ။ ဒါပေမယ့် သူက ဆရာတစ်ယောက် ဖြစ်နေသည်။ အသိပညာတွေ စုဆောင်းဖို့နဲ့ သင်ကြားပို့ချမှုတွေ မလုပ်ရဘူးလား။

နားကြားမှားတာပဲ ဖြစ်မည်။

ဟုတ်တယ်။ သူတို့ နားကြားမှားတာ ။

ဟွာနန်အကယ်ဒမီက ကျောင်းသားများရဲ့ အမူအရာ တဖြေးဖြေး သက်သာလာသည်။ တစ်ယောက်နဲ့တစ်ယောက် ရယ်မောပြီး အားပေးလိုက်ကြသည်။ (အမှန်ပဲ။ ငါတို့နားကြားမှားတာ ဖြစ်မယ်)

ဝေဇီက ဆွန်းမိုကို မှုန်ကုတ်ကုတ် ကြည့်နေသည်။ အချိန်တော်တော်ကြာအောင် ဘယ်လို ပြန်ဖြေရမလဲ မသိပါ။ အရှိန်အဟုန်နဲ့ တိုက်ခိုက်လိုက်ရမလား။ နောက်နေတာ ရပ်လိုက်ပါ။ သူ မသေချင် သေးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြီးတော့ ရင်ဘက်ပြားတဲ့ မိန်းကလေးရဲ့

“ဝိုး။ သွေးလောင်ကျွမ်းခြင်း အဆင့်(၅)လား၊ ကြောက်ဖို့ကောင်းလိုက်တာ’ ဆိုတဲ့ စကားကလည်း သူ့ကို လှောင်ပြောင်နေသည်။

အခြားဆရာ သုံးယောက် သည် စစခြင်းမှာ တုန်လှုပ်သွားသည်။ အဲဒီနောက် စိတ်သက်သာ ရသွားသည်။ (ငါတို့တွေ မထွက်သွားမိတာ ကံကောင်းတယ်။ ဒီလိုမှမဟုတ်ရင် အရှက်ကွဲနေရမယ်)

ဆွန်းမိုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ကြေငြာချက်သည် ဟွာနန်အကယ်ဒမီဖက်က လူများကို အံ့အောသွားစေရုံသာမက ဗဟိုပြည်နယ် အကယ်ဒမီ ဘက်က လူများလည်း ကြောင်းတောင်တောင် ဖြစ်သွားပြီး အားမပေးနိုင် ဖြစ်သွားသည်။

(အခု ငါတို့ အရှေ့မှာ ရပ်နေတဲ့လူက အသက် နှစ်ဆယ် အရွယ် နတ်ဘုရားခွန်အား အဆင့် ကျွမ်းကျင်တဲ့ လူတစ်ယောက်လား။ အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူးနော်)

“ဆ....ဆရာဆွန်းလား။ ဒါ... ဒါ အမှန်လား။ အိုး.... တောင်းပန်ပါတယ်။ ဘာမှ မရည်ရွယ်ပါဘူး။ မင်းကို မယုံတာ မဟုတ်ဘူး......ဒါပေမယ့်............”

ကွမ်ဒင် လုံးဝလွတ်ထွက်သွားသည်။

ဂလု

ဝမ်ချောင် တံတွေးတစ်ချက် မြိုချလိုက်မိသည်။

“ဟုတ်တယ်။ နတ်ဘုရားခွန်အား နယ်ပယ်”

ဆွန်းမိုက ခေါင်းညိတ်ပြလိုက်သည်။

ဖောက်

ကူရှပ်ရှင်းက ခြေလှမ်းကို အရှိန်မြင့်ပြီး ဆွန်းမိုနောက်ကျောကို တံတောင်နဲ့ ထိုးလိုက်သည်။ (ဒီကောင်ကို ဘယ်လိုမှ အနိုင်ယူနိုင်မှာ မဟုတ်တော့ဘူး။ ဒီလိုမှမဟုတ်ရင် စိတ်ထိခိုက်သွားလိမ့်မယ်)

"ဆရာကူ"

ဆွန်းမိုက မချိပြုံး ပြုံးရင်း ပြန်ခေါ်လိုက်သည်။

"မင်းက အရမ်းထူးချွန်တာပဲ။ ငါတို့ မင်းနဲ့ ယှဉ်ပြီး ဘယ်လို အသက်ရှင်ရမှာလဲ"

ကူရှုပ်ရှင်း မျက်လုံးပြူးပြီး ပြောလိုက်သည်။ အဲဒီနောက် ဆွန်းမို ရင်ဘက် ခပ်ပါးပါးလေးကို ပုတ်လိုက်ပြီး စိတ်လိုလက်ရ ချီးကျူးလိုက်သည်။

"မင်းက တကယ်တော်တာပဲ"

သူမက စကားအနည်းငယ်သာ ပြောခဲ့သော်လည်း အဲဒီအထဲတွင် ယုံကြည်မှု၊ ကိုးကွယ်မှု၊ လေးစားမှု၊ အားကျမှုနှင့် အကူညီမဲ့ခြင်းများ ပါဝင်နေသည်။

သူမက ဒီလို ပါရမီရှင်တစ်ယောက်ကို အမှန်တကယ် မှီအောင် မလိုက်နိုင်ခဲ့ပါ။

“ဆရာကူ။ မင်းကိုယ်မင်း လျှော့တွက်နေပြီ။ ငါတို့က အဆုံးအစွန်အထိ မရောက်မခြင်း ငါတို့ ကန့်သတ်ချက်က ဘယ်လောက်လဲ မသိသေးဘူး။ ဘယ်သူမှလည်း သိမှာမဟုတ်ဘူး”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

“ငါက ကံပိုကောင်းပြီး မင်းထက် အရင် ဒီအဆင့်ကို ရောက်တာပဲ ရှိတယ်။ ငါ့နှလုံးသားထဲမှာ မင်းက အမြဲတမ်း အလေးအနက်ထားပြီး ဆက်ဆံဖို့ ထိုက်တန်တဲ့ ပြိုင်ဘက် တစ်ယောက်ပဲ”

ရှီ

ဆွန်းမိုဆီကနေ ရွှေရောင် အလင်းများ ဖြာထွက်လာသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ကူရှုပ်ရှင်း တစ်ကိုယ်လုံး တုန်သွားသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်လာဖို့ ဆိုလျှင် စိတ်ရင်း မှန်နေဖို့ လိုအပ်သည်။ ‘တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက်’ သည် ပြောတဲ့သူ၏ စကားများသည် ရွှေထက် လေးလံပြီး စိတ်ကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောက်စိမ်းလို ဖြူစင်နေရမည်။ ခံစားချက်တွေကလည်း ပြင်းထန်နေရမည်။

ဒါကို ဘယ်သူမှ ဟန်မဆောင်နိုင်ပါ။

မြတ်ဆရာသည် စိတ်ရင်းမပါဘဲ ဟန်ဆောင်နေပါက ဒီတန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်လုံးဝ ထွက်လာမှာ မဟုတ်ပါ။

"ဆရာဆွန်း"

ကူရှုပ်ရှင်း မျက်ဝန်းထဲတွင် မျက်ရည် ဝဲနေသည်။ ဆွန်းမို နှလုံးသားထဲတွင် ဒီလောက်အရေးပါနေမယ်လို့ မထင်ထားခဲ့ပါ။

အမှန်အတိုင်းပြောရလျှင် ဗဟိုပြည်နယ် အကယ်ဒမီကို သူမ စရောက်တုန်းက ဆွန်းမိုကို အထင်သေးခဲ့ဖူးသည်။ ဒါပေမယ့် နောက်ပိုင်းတွင် သူမ အထင်သေးခံရမှာ တဖြေးဖြေးနဲ့ စိုးရိမ်လာသည်။

ဘယ်လိုပဲပြောပြော ဆွန်းမိုမှာ နတ်ဘုရားလက်ရှိပြီး၊ ဘိုးဘေးအဆင့် ဝိညာဉ်တက်တူး သခင်တစ်ယောက်၊ ထူးချွန်တဲ့ တပြည့်များကိုလည်း သင်ပေးနေသည်။ သူက ကျောင်းသားအဖွဲ့ကို ဆက်တိုက် အောင်မြင်မှုရအောင် ကျောင်းပေါင်း ၁၀၇ကျောင်းကို

နှိမ်နင်းပြီး ချန်ပီယံဆုအတွက် ဖြောင့်တန်းစွာ လျှောက်လှမ်းနေသည်။

ကူရှုပ်ရှင်းသည် ငယ်စဉ်ကတည်းက အခြားသူများအမြင်တွင် ပါရမီရှင်တစ်ယောက် ဖြစ်ပြီး ထိပ်တန်းကျောင်းသားတစ်ယောက် ဖြစ်ခဲ့သော်လည်း ဆွန်းမိုကို လုံးဝ လိုက်မမှီခဲ့ပါ။ ဒါက စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု တော်တော်ကြီးမားခဲ့သည်။

မာရှန်ကို အနိုင်ယူပြီး ကျောက်မြတ်ရတနာ သိမ်းယူခဲ့ကြောင်း သိရှိပြီးနောက် ဆွန်းမိုကို ဂုဏ်ပြုချင်ခဲ့သည်။ ဒါပေမယ့် အရမ်းလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ပျက်စရာကောင်းတဲ့ ခံစားချက်ကို ခံစားနေရသည်။

(ငါက နံပါတ်တစ် ကူရှုပ်ရှင်း ထပ်မဟုတ်တော့ဘူး)

ဒါပေမယ့် ဆွန်းမို စကားကို ကြားပြီးနောက် ကူရှုပ်ရှင်းသည် ကိုယ့်ကိုယ်ကို ယုံကြည်မှု အနည်းငယ် ပြန်ရလာသည်။ (ဒီလိုဆိုတော့ ငါက သူ့ရဲ့ ပြိုင်ဘက် ဖြစ်နေတုန်းပဲ)

“ကို့ကိုယ်ကို နိမ့်ကျတယ်ထင်ပြီး စိတ်ပျက်တဲ့ မျက်နှာနဲ့ ကူရှုပ်ရှင်းထက် ယုံကြည်မှုအပြည့်နဲ့ မာနကြီးတဲ့ ကူရှုပ်ရှင်းကို ပိုသဘောကျတယ်”

ဆွန်းမိုက ပြုံးရင်း

“လာပါ ငါတို့ အတွက် အပြုံးလေးတစ်ခုလောက် ချွေလိုက်စမ်းပါ”

ဒီစကားကို ကြားလိုက်လျှင် ကူရှုပ်ရှင်းသည် မထိန်းနိုင်တော့ဘဲ ပါးစပ်ကို လက်နဲ့အုပ်ထားပေမယ့် မျက်လုံးထောင့်က အပြုံးရိပ် သန်းနေသည်။

ရုတ်တရုတ် မွေးရနံ့တစ်ခုက လေထုထဲ ပျံ့နှံ့လာသည်။ နွေဦးတွင် ပွင့်တဲ့ သစ်တော်ပန်း ရနံ့ကဲ့သို့ မွှေးကြိုင်သော်လည်း လွှမ်းမိုးမှု မရှိပါ။

“ငရဲကို သွားလိုက်”

ကူရှုပ်ရှင်းက လက်သီးနဲ့ ဆွန်းမို ဗိုက်ကို ခပ်ဖွဖွလေး ထိုးလိုက်သည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ လေးစား (၉,၀၀၀/၁၀,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆရာ၊ ဆရာတွေနဲ့ ကျောင်းသားတွေ အရှေ့မှာ အမျိုးသမီးတစ်ယောက်နဲ့ ပရောပရီ လုပ်နေတာ အဆင်မပြေဘူးနော်)

(အဓိကကတော့ မင်းမှာ စေ့စပ်ထားတဲ့ လူရှိတယ်)

(ဒီလျှို့ဝှက်ချက်ကို ငါကတော့ ပြောမှာမဟုတ်ဘူး။ ဒါပေမယ့် တခြားလူတွေကို အာမ မခံဘူး)

လီဇီချီ စိတ်ထဲတွင် အတွေးပေါင်းစုံ ဖြစ်နေသည်။ သူမက ပတ်ဝန်းကျင်ကို လျှင်မြန်စွာ တစ်ချက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြည့်လိုက်သည်။ (ဒီအခြေအနေကို ဘယ်လိုကယ်တင်ရမလဲ။ ဒါမှမဟုတ် လွှတ်ထားလိုက်ရမလား)

“ဆရာက အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ”

လုချီဟွာက ဆွန်းမိုကို ကြည့်နေသည်။ သူမ မျက်လုံးများထဲတွင် ကိုးကွယ်မှုများနဲ့ ပြည့်နှက်နေသည်။

သူမ ဆရာသည် ကျောင်းသားများကို လမ်းပြပေးတဲ့နေရာမှာ ကောင်းမွန်ရုံသာမက လုပ်ဖော်ကိုင်ဖက်များကိုလည်း နှစ်သိမ့်ပေးနိုင်သည်။

သူမ ဆရာက ဘယ်လောက် လွှမ်းမိုးမှု ရှိလဲ ကြည့်စမ်းပါအုံး။

“ဆရာကူက ဆရာ့ကို သေချာပေါက် ချစ်မိသွားလိမ့်မယ်လို့ ငါခံစားရတယ်”

အင်ဘိုင်ဝူက တိုးတိုးလေး ရေရွတ်လိုက်သည်။

“သေချာတယ်”

လုချီဟွာကလည်း ခေါင်းညိတ် ထောက်ခံသည်။

“ဒါက ဒီအချိန်မှာ ဆွေးနွေးစရာလား”

လီဇီချီသည် နဖူးကို ပွတ်ပြီး ခေါင်းကိုက်နေသည်။ လက်ရှိ မြင်ကွင်းက အရမ်းရှုပ်ထွေးနေပြီး ရင်းနှီးတဲ့ အငွေ့အသက်ကလည်း ပြည့်လျှံနေသည်။ ဆွန်းမိုက ကူရှုပ်ရှင်းကို နမ်းလိုက်ရင်တောင် ဒီမှာရှိနေတဲ့လူတွေက သင့်တော်တယ်လို့ ထင်နေကြမည်။

ကူရှုပ်ရှင်းရဲ့ ရှက်နေတဲ့ အကြည့်နဲ့ သူမ မျက်နှာ အမူအရာကြောင့် ဆွန်းမိုက မဟုတ်တာ လုပ်ရင်တောင် မငြင်းဘူးဆိုတာ သံသယ ဝင်စရာ မလိုပါ။

“ဆရာ၊ မင်းက တကယ်ပဲ နတ်ဘုရားခွန်အား အဆင့်မှာလား”

ရုတ်တရုတ် အသံတစ်ခုက ကူရှုပ်ရှင်းနှင့် ဆွန်းမိုတို့ကို ဝင်နှောက်ယှက်လာသည်။

“လုပ်တာကောင်းတယ်။ တိုက်ခိုက်ရေး စွဲလမ်းသူ”

လီဇီချီက ရှန်ယွန်ပေါင်ကို တိတ်တဆိတ် ချီးကျူးလိုက်သည်။

ရှန်ယွန်ပေါင်က ကျင့်ကြံဖို့နဲ့ တိုက်ခိုက်ဖို့သာ စိတ်ဝင်စားသည်။ ဆွန်းမိုနောက်ကို အမြဲတမ်း လိုက်နေတဲ့ ကျောင်းသားတစ်ယောက်အနေနဲ့

ဆွန်းမိုနဲ့ တွေ့တိုင်းမှာ ပိုပို သန်မာလာတယ်လို့ ခံစားရသည်။

ဒါက ထင်ယောင်ထင်မှား မဟုတ်ဘူး။ တကယ်ကို ဖြစ်နေခဲ့သည်။

"ဒါတွေအားလုံးက အမှောင်ထု ပုံရိပ်ယောင် ကျောက်မြတ်ရတနာ ကြောင့်ပါ။ အသိစိတ်က ငါ့ဝိညာဉ်ကိုသတ်ပြီး ငါ့ကို သိမ်းပိုက်ချင်ခဲ့တယ်။ နောက်ဆုံးမှာ ငါက မြတ်ဆရာ အရှိန်အဝါကို သုံးပြီး ပြန်သတ်ခဲ့တယ်"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ဖြေသည်။

ဒါကလည်း တကယ့်အမှန်ပါ။ ခန္တာကိုယ်ထဲသို့ စိမ့်ဝင်လာတဲ့ ရေခူများတွင် သန့်စင်တဲ့ စိတ်စွမ်းအင် အများအပြားပါဝင်သည်။ နောက်ဆုံး ကျောက်မြတ်ရတနာ အသိစိတ် ပျောက်ကွယ်သွားတဲ့ အချိန်တွင် သူ စုဆောင်းခဲ့သမျှက ဆွန်းမိုအတွက် အကျိုးရှိသွားသည်။

ထုံးစံအတိုင်း ဒီအရင်းအမြစ်က အရမ်းများသဖြင့် ဆွန်းမိုက လုံးဝ ကုန်အောင် မစုပ်ယူနိုင်ခဲ့ပါ။ ဒါကြောင့် ပိုနေတဲ့ စွမ်းအင်များသည် အလဟာသ ဖြစ်သွားခဲ့သည်။

"ဒါဆို ပိရမစ်ပြိုကျအောင် မင်းလုပ်တာပေါ့"

ဝေဇီ ရုတ်တရက် ရိပ်မိလာသည်။

"အမှန်ပဲ"

ဆွန်းမိုက ပြုံးလိုက်ပြီး "ဆရာ ဝေ တိုက်ချင်သေးလား"

"အမ်၊ ဘယ်လို"

ဝေဇီ မချိပြုံး ပြုံးလိုက်သည်။ စိတ်ပျက်လက်ပျက် အမူအရာ ဖြစ်နေသည်။

"ဆရာဆွန်းက သဘောထားကြီးပါတယ်။ ငါက မင်းကို မျက်စိမှိတ်ပြီး စော်ကားလိုက်မိတယ်"

အဲဒီအချိန်တွင် ဝေဇီသည် အရမ်းရှက်နေသည်။ ဆွန်းမိုအဖွဲ့က ထွက်သွားတော့မှာ ဖြစ်သဖြင့် စိတ်ဆွနေစရာ မလိုပါ။

အမှန်အတိုင်းပြောရလျှင် နတ်ဘုရားခွန်အား နယ်ပယ်မှာရှိတဲ့ ဆွန်းမိုက လူတိုင်းကို နှိပ်စက်နိုင်သည်။ ရန်သူတွေ ထွက်ပြေးဖို့တောင် စဉ်းစားချိန် မရနိုင်ပါ။

"ဆရာဝေ၊ အတည်ကြီး လုပ်နေပြန်ပြီ"

ဆွန်းမိုက စကားပြောပြီးတာနဲ့ သူ့ကျောင်းသားတွေကို ခေါ်ပြီး ထွက်ခွာသွားသည်။

ဝေဇီသည်လက်သီး တင်းတင်း ဆုပ်ထားမိသည်။ ဆွန်းမိုက ပွင့်လင်းပြီး နှိမ့်ချတဲ့ သဘောထားကြောင့် သူ့ကိုယ်သူ ပိုအရှက်ရစေသည်။ ဒါကမှ မြတ်ဆရာတစ်ယောက်ရဲ့ ပုံစံပဲ။

သူက သန်မာရုံသာမက အကျင့်စရိုက်တွင် အပြစ်အနာအဆာ မရှိပါ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝေဇီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ဖွင့်လိုက်သည်။ ရင်းနှီး (၅၀၀/၁,၀၀၀)

ဗဟိုပြည်နယ် အကယ်ဒမီအဖွဲ့က ကျောင်းသားများ ထွက်ခွာသွားလျှင် ဟွာနန် အကယ်ဒမီက ကျောင်းသားများသည် သူတို့နောက်ကျောကို ငေးကြည့်ရင်း ကျန်နေခဲ့သည်။ ဘာမှလည်း မပြောကြတော့ပါ။ စောစောတုန်းက ထွက်နေတဲ့ ဒေါသတွေလည်း ပျောက်ကွယ်သွားသည်။

မင်း ဂိမ်းကစားတဲ့အခါ လူသစ်တစ်ယောက်ကို ရှုံးခဲ့ရင် အရမ်း စိတ်ဆိုးနေနိုင်သည်။ ဒါပေမယ့် ချန်ပီယံကို ရှုံးခဲ့ရင်တော့ စိတ်ဆိုးမှာ မဟုတ်ပါ။ အဲဒီအစား 'ငါက ချန်ပီယံနဲ့ အကြိမ် သုံးရာလောက် တိုက်ခဲ့တဲ့ ကျွမ်းကျင်သူတစ်ယောက်လို့ ကြွေးကြော်နေလိမ့်မည်။' မင်းရဲ့ အပေါင်းအသင်းတွေကိုတောင် ကြွားနေနိုင်သေးသည်။

"ဒီလို ပုဂ္ဂိုလ်မျိုးနဲ့တစ်ခေတ်ထဲ အသက်ရှင်ရတာ ကြေကွဲဖို့ ကောင်းတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်က သက်ပြင်းချရင်း ပြောလိုက်သည်။

"ဆန့်ကျင်ဘက်အနေနဲ့တော့ ဒီလို ပါရမီရှင်တစ်ယောက်နဲ့ တစ်ခေတ်ထဲ နေထိုင်ရတာက ငါတို့အတွက် ဂုဏ်သိက္ခာ တစ်မျိုးပဲ"

ဆွန်းမို ပျောက်ကွယ်သွားသော်လည်း ဝေဇီက ငေးကြည့်နေဆဲ ဖြစ်သည်။

"ဖြစ်နိုင်တယ်။ ထူးခြားတဲ့ ခေတ်သစ်တစ်ခု ပေါ်ထွက်လာမှာကို ငါတို့ မြင်နိုင်တယ်"

....

ဒင်

လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း +၅,၀၀၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။

ရှေ့ဟောင်းရဲတိုက်က ထွက်ခွာပြီး မျောက်ဝံကြီးရဲ့ နေထိုင်ရာကို ရောက်လာလျှင် ဆွန်းမိုက အကြောင်းကြားချက်ကို ကြားလိုက်သည်။ လေးစားအထင်ကြီးမှု အမှတ် အများကြီး ရလိုက်သည်။

“ချီဟွာ၊ ဒီ မျောက်ဝံဘုရင်ကြီးကို ဖမ်းပြီး မင်းရဲ့ ဝိညာဉ်သားရဲ လုပ်မလား”

ဆွန်းမိုက မေးလိုက်သည်။ အခုအချိန်တွင် မျောက်ဝံဘုရင်ကြီးကို အနိုင်ယူနိုင်ပြီလို့ ယုံကြည်နေသည်။

“မလုပ်ဘူး”

လုချီဟွာက ခေါင်းယမ်းပြီး

“ရုပ်ဆိုးလွန်းတယ်”

ကွမ်ဒင်၏ အသံသည် ထိတ်လန့်ခြင်း တမ်းတခြင်းများနဲ့ ပြည့်နှက်နေသည်။ ချန်ပီယံ၊ နားထောင်လို့ ကောင်းလိုက်တာ။

"ဆရာကွမ်၊ ပိုပြီး ယုံကြည်မှု ရှိစမ်းပါ။ ငါတို့မှ ချန်ပီယံ မဖြစ်ရင် ဘယ်သူက ဖြစ်မှာလဲ"

ဝမ်ချောင်သည် သဘာဝအားဖြင့် ရှေးရိုးဆန်တဲ့သူ ဖြစ်သော်လည်း အခုအချိန်မှာ စိတ်ဓါတ် တက်ကြွနေသည်။ အများကြီး အားထုတ်ခဲ့ပြီးမှ ဒီချန်ပီယံဆုကို ရခဲ့သည်။ သုံးနှစ်လောက် ကြွားနေလို့ ရသည်။

ပြီးတော့ ဒါက ကြီးမားတဲ့ အောင်ပွဲတစ်ခုလည်း ဖြစ်သည်။ နောင်တစ်ချိန်တွင် အခြားကျောင်းများမှာ

အလုပ်ရှာရင်တောင် ကျောင်းအုပ်ကြီးတွေရဲ့ သဘောကျမှုကို ပိုရနိုင်သည်။

ဒါကိုတွေးရင် ဝမ်ချောင်သည် ဆွန်းမိုကို ကြည့်ပြီး အနည်းငယ် စိတ်ဓါတ် ကျသွားသည်။

ဆွန်းမိုရဲ့ ဦးဆောင်မှုအောက်တွင် ဇဟိုပြည်နယ်အကယ်ဒမီက ပိုမြင့်မားလာလိမ့်မည်။ စီ အဆင့်၊ ဘီ အဆင့်၊ အေ အဆင့်နှင့် မဟာကိုးပါး ကျောင်းလား......ဝမ်ချောင်သည် သူ့ရဲ့ ခွန်အားကြောင့် နောင်တစ်ချိန်တွင် ဇဟိုပြည်နယ်

အကယ်ဒမီမှာ အရေးမပါတဲ့လူတစ်ယောက် ဖြစ်လာနိုင်သည်။

....

နှင်းစက်ဖြူ အဆောက်အဦးရှေ့ ကြီးမားတဲ့ ရင်ပြင်ကြီးမှာ.......................

နောက်ဆုံး ပန်းတိုင်မျဉ်းကို ရေးဆွဲထားသည်။ ပထမဆုံး အဖွဲ့ ပြန်ရောက်လာတာနဲ့ ပစ်ခတ်ဖို့အတွက် ဖောက်ခွဲရေး ပစ္စည်းများကိုလည်း ပြင်ဆင်ထားသည်။

အဆောက်အဦးထဲမှာ ကျောင်းအုပ်ကြီး များစွာ ရှိနေသည်။

“အားလုံးပဲ ပြိုင်ပွဲ တစ်ရက်တည်းနဲ့ ပြီးသွားပြီ။ မင်းတို့က ဘာလို့ ဒီလောက်စောနေရတာလဲ။ မင်းတို့ သိပ်စိတ်မပူကြဘူးလား”

မဟာမိတ်အဖွဲ့ရဲ့ ဒုခေါင်းဆောင် လျှင်ဟုန်ဒါက အားလုံးကို လိုက်လျောညီထွေ ဖြစ်အောင် နောက်ပြောင်လိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ငါတို့မှာ ထွေထွေထူးထူး လုပ်စရာမှ မရှိတာ”

ကောင်းကင်သစ်ခွ အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးကျန်က ပြန်ပြောသည်။

ကျန်ဟန်ဖူသည် ဒီအသိုင်းအဝိုင်းထဲတွင် ပါဝင်ရန် အရည်အချင်း မရှိသော်လည်း ဗဟိုပြည်နယ် အကယ်ဒမီက ဒီနှစ် စွမ်းဆောင်ရည် ကောင်းနေသဖြင့် မျက်နှာ အများကြီး ရနေသည်။ ဒါကြောင့်မို့လည်း သူက ဒုကျောင်းအုပ်ကြီးအနေနဲ့ ကျောင်းအုပ်ကြီးများကြားထဲတွင် ထိုင်နေခွင့် ရနေသည်။

(ကျောင်းအုပ်ကြီးမာက စကားမပြောဘူး စိတ်ဖိစီးနေတဲ့ ပုံပဲ။ စိတ်အခြေအနေ

မကောင်းလို့လား။ ဒါပေမယ့် ငါလည်း သူ့နေရာမှာဆို အဲဒီလိုပဲ ဖြစ်နေလိမ့်မယ်။ ဘယ်လိုပဲပြောပြော မာရှောင်က နံပါတ်တစ် ကျောင်းပါ။ ချန်ပီယံ မဖြစ်လာခဲ့ရင် တော်တော် ရှက်ဖို့ ကောင်းနေလိမ့်မယ်)

ကျန်ဟန်ဖူက တိတ်တဆိတ် သုံးသပ်နေသည်။

သို့သော်လည်း မမျှော်လင့်ထားတဲ့ အဖြစ်အပျက်မျိုး မဖြစ်လာနိုင်ပါ။ မာရှန်က အစွမ်းထက်လွန်းသည်။

အခန်း (၄၀၆) - တောင်းပန်ပါတယ်။ ဆွန်းမိုအတွက်ဆို သူက လူသစ်တစ်ယောက်ပဲ။

ကျောင်းအုပ်ကြီး ကျန်က လျှင်ဟုန်ဒါနဲ့ ပေါ့ပေါ့ပါးပါး စကားပြောခွင့် ရနေတာ မြင်လိုက်လျှင် ကျန်ဟန်ဖူ မနာလို ဖြစ်လာသည်။ ဒီလိုမျိုး အခိက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုဂ္ဂိုလ်နဲ့ စကားပြောချင်သည်။ လျှင်ဟုန်ဒါရဲ့ စိတ်ထဲမှာ အထင်ကြီးစရာ ထားခဲ့နိုင်လျှင် အကောင်းဆုံး ဖြစ်လိမ့်မည်။

သူတော်စင်ဂိတ်က ကမ္ဘာပေါ်မှာရှိတဲ့ အကယ်ဒမီတွေကို လွှမ်းခြုံထားသည်။ သူတို့ရဲ့ အခွင့်အာဏာက အရမ်းကြီးမားပြီး ဂုဏ်သိက္ခာကလည်း အရမ်းမြင့်မားသည်။

ဒီ လျှင်ဟုန်ဒါသည် ဒုမဟာမိတ်ခေါင်းဆောင် ဖြစ်သော်လည်း ဒုကျောင်းအုပ်ကြီးတွေနဲ့ အဆင့်အတန်းအရမ်း ကွာခြားသည်။ ဖနောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ချက်စောင့်လိုက်လျှင် ဒီ-အဆင့်မှာရှိတဲ့ ကျောင်းတွေ အားလုံး တုန်လှုပ်သွားရမည်။

(ကောင်းကင်သစ်ခွ အကယ်ဒမီ ပျက်သုန်းသွားဖို့ တကယ် ဆုတောင်းတယ်)

ကျောင်းအုပ်ကြီး ကျန် ဟက်ဟက်ပက်ပက် ရယ်မောနေတာ မြင်လိုက်လျှင် ကျန်ဟန်ဖူ မျက်မှန်းကျိုးနေသည်။ ကောင်းကင်သစ်ခွ အဖွဲ့ ပြိုကွဲသွားတာကလွဲလျှင် ဘာမှ မလိုချင်ပါ။

သို့သော်လည်း ဒီမျှော်လင့်ချက်က လက်တွေ့မဆန်မှန်း သူသိနေသည်။

ကောင်းကင်သစ်ခွရဲ့ အခြေအနေက အကောင်းဆုံး ဖြစ်နေသည်။ သူတို့က ချန်ပီယံဖြစ်ဖို့ ခြေတစ်လှမ်းပဲ လိုတော့သည်။ တစ်သင်းလုံး ပျက်ဆီးသွားရင်တောင် ထိပ်တန်း အဆင့် တစ်ဆယ် ဝင်နေပြီ စီ-အဆင့် တက်ဖို့အတွက် စိုးရိမ်စရာကို မရှိပါ။

ဒါကြောင့်လည်း ကျောင်းအုပ်ကြီး ကျန်သည် စိတ်အေးလက်အေး ဖြစ်နေသည်။

"ဒုကျောင်းအုပ်ကြီးကျန် မင်းကျောင်းရဲ့ ရလဒ်အတွက် စိတ်မပူဘူးလား"

လျှင်ဟုန်ဒါက ကျန်ဟန်ဖူကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"အမ်"

လျှန်ဟုန်ဒါက ရုတ်တရုတ် စကားပြောလာလိမ့်မယ်လို့ ကျန်ဟန်ဖူ မထင်ထားခဲ့ပဲ ကြောင်သွားသည်။ လျှင်ဟုန်ဒါ ထပ်မေးတဲ့ အချိန်မှ ကမန်းကတမ်း ပြန်ဖြေဖြစ်သည်။

"ဟုတ်တယ်။ ငါစိတ်ပူနေတယ်။ ဒီနှစ် စီ-အဆင့်ကို တက်နိုင်ဖို့ မျှော်လင့်နေတယ်"

ကျန်ဟန်ဖူသည် စကားဆုံးတာနဲ့ အရမ်းမိုက်မဲတယ်လို့ ကို့ကိုယ်ကို အပြစ်တင်လိုက်သည်။ အဓိကပုဂ္ဂိုလ်က စကားစပြောလာတဲ့အချိန်မှာ ကြောင်နေရသလား။ အခုတော့ လျင်ဟုန်ဒါရဲ့ စိတ်ထဲမှာမကောင်းတဲ့ အမြင်ကျန်သွားပြီ။

“ဒုကျောင်းအုပ်ကြီး ကျန်က အစိုးရိမ်လွန်နေပြီ။ မင်း တန်ဖိုးထားရတဲ့ ကျောင်းကြောင့် မင်းစိတ်ချမ်းသာရပါလိမ့်မယ်”

ကျောင်းအုပ်ကြီးကျန်က ဝင်ပြောသည်။

ကျောင်းအုပ်ကြီး ကျန်သည် သူနဲ့ မျိုးရိုးတူတဲ့ ဒီလူကို ကြည့်ပြီး နှုတ်ခမ်းများ အလိုလို ကွေးသွားသည်။ ကျန်ဟန်ဖူရဲ့ အပြုအမူက ဗဟိုပြည်နယ်အကယ်ဒမီကို မျက်နှာပျက်စေသည်။

ဒါပေမယ့် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဟောင်းက ဒီလိုကောင်မျိုးကို ဘာကြောင့် ဒုကျောင်းအုပ်ခန့်ခဲ့လဲဆိုတာ နားလည်ပေးနိုင်သည်။ အဲဒီအစား ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက်ကို ခန့်ထားခဲ့လျှင် အန်ရှီဝေရဲ့ နေရာ မတည်မငြိမ် ဖြစ်သွားမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းရဲ့ နမိတ်ကောင်းတဲ့ စကားအတွက် ကျေးဇူးတင်ပါတယ်"

ကျန်ဟန်ဖူသည် ဒီစကား ပြောပြီးနောက် ထပ်ပြောလိုက်သည်။

"ကျွန်တော့် အမြင်တော့ မင်းတန်ဖိုးထားရတဲ့ကျောင်းက ဆရာတွေနဲ့ ကျောင်းသားတွေ အကုန်လုံးက အရမ်းထူးချွန်တယ်။ သူတို့ ဒီနှစ်ချန်ပီယံဖြစ်ဖို့ အလားအလာ အရမ်းကောင်းနေတယ်"

ကျောင်းအုပ်ကြီးကျန်သည်
ဒီစကားကြားပြီးနောက် ရယ်မောလိုက်သည်။

အခွင့်အရေး ရတုန်း ဖမ်းဆုပ်ထားရမည်။ ဒါက ကျန်ဟန်ဖူရဲ့ အယူအဆ ဖြစ်သည်။ ဒါကြောင့် လေတစ်ဝကြီး ရှူပြီး ဦးနှောက်ကို အလုပ်လုပ်လိုက်သည်။ သူက အဓိကပုဂ္ဂိုလ်များ၏ စိတ်ထဲတွင် သူနဲ့ ပက်သက်ပြီး အမြင်ကောင်းများ ချန်ထားခဲ့ခြင်သည်။ ဒါပေမယ့် သူဘာမှ မပြောရသေးခင် ဝန်ထမ်းက သတင်းပို့လာသည်။

"ဗဟိုပြည်နယ် ကျောင်းသား အဖွဲ့ ပြန်ရောက်လာပြီ"

အနီးအနားမှာရှိတဲ့ ကျောင်းအုပ်ကြီးတွေလည်း နာရွက်ထောင်ကုန်သည်။

"အမ်၊ နားလည်ပြီ"

လျှင်ဟုန်ဒါက ခေါင်းညိတ်လိုက်သည်။ အဲဒီနောက် လက်သီးဆုပ်ပြီး

"ကျောင်းအုပ်ကြီးများ၊ ပြင်ဆင်မှုတွေလုပ်စရာ ရှိသေးလို့ အရင်သွားနှင့်တော့မယ်"

ဒါကပြိုင်ပွဲရဲ့ နောက်ဆုံး အဆင့်ပါ။ ဒါကြောင့် လျင်ဟုန်ဒါသည် ဒီကျောင်းသားအုပ်စုမှာ ပါဝင်တဲ့ ဆရာတွေနှင့် ကျောင်းသားတွေကို ကိုယ်တိုင်ကိုယ်ကျ နှုတ်ဆက်အားပေးပြီး သူ့ရဲ့ တည်ရှိမှု အမှတ်ရအောင် လုပ်ရမည်။

"ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ ပြန်ရောက်လာတာ မြန်လှချည်လား။ ဒါက ချန်ပီယံကျောင်းရဲ့ အရှိန်ပဲ"

ကျောင်းအုပ်ကြီးတချို့ အံ့အောသင့် နေကြသည်။

“ထားလိုက်စမ်းပါ။ အဖွဲ့ပျက်လာတာလည်း ဖြစ်နိုင်တယ်”

ကျောင်းအုပ်ကြီးတချို့ကတော့ အခြားသူများ ကံဆိုးမှုအတွက် အူမြူးနေကြသည်။ ဘယ်လိုပဲပြောပြော ဒီပြိုင်ပွဲက အရမ်းခက်သည်။ အခုမတိုင်ခင်ကလည်း ကျောင်းသားအဖွဲ့ခုနှစ်ဖွဲ့သည် မတော်မဆ ဖြစ်ပြီး ပြန်လာကြသည်။ အခြေခံအားဖြင့်တော့ ဒီကျောင်းများသည် အဆင့်ကျဖို့ ဖြစ်နိုင်ခြေ များနေသည်။

ဂလု

ကျန်ဟန်ဖူ တံတွေးတစ်ချက် မြိုချလိုက်သည်။ အရမ်း စိတ်ပူပြီး နှလုံးတွေ ခုန်ပေါက်နေသည်။ သူတို့ ကျောင်းသားအဖွဲ့များ အမှားအယွင်း တစ်ခုခု ဖြစ်လာခဲ့ပြီလား။

ကျောင်းအုပ်ကြီး မာ မျက်မှောင်ကြုတ်သွားသည်။

"ကျောင်းအုပ်ကြီး မာ သွားကြည့်ရအောင်"

ကျောင်းအုပ်ကြီးကျန်က မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ဖိတ်ခေါ်လိုက်သည်။

တကယ်လို့များ ဗဟိုပြည်နယ် အကယ်ဒမီက ထိပ်တန်းအဆင့် လျှို့ဝှက်ရတနာ ရခဲ့လျှင်

ဆေးခါးကြီး မြို့ချနေတဲ့ ကျောင်းအုပ်ကြီး မာကို မြင်ရမည်။ ဒါပေမယ့် ဒါက မဖြစ်နိုင်ပါ။ ဗဟိုပြည်နယ် အကယ်ဒမီက ဘယ်လောက်ပဲ အားကောင်းနေပါစေ၊ ဆရာတိုင်းသည် မာရှန်ထက်တော့ မသန်မာနိုင်ပါ။

အရင်တုန်းက ပြိုင်ပွဲများတွင်လည်း ကျောင်းအချင်းချင်း တွေ့ဆုံခြင်း မရှိဘဲ အနိုင် ၊ အရှုံး ဆုံးဖြတ်တာ မရှိခဲ့ပါ။ ဒါပေမယ့် ဒီတစ်ခေါက်တွင် အားကောင်းတဲ့ ကျောင်း ဆယ်ခုကျော်က အေ-အဆင့် လျှို့ဝှက် နယ်မြေကို ရွေးချယ်ခဲ့သည်။ ပြောချင်တာက

သူတို့အချင်းချင်း ထိပ်တိုက်တွေ့ဖို့ အခွင့်အရေး ရှစ်ဆယ်ကနေ ကိုးဆယ် ရာခိုင်နှုန်းလောက် ရှိသည်။

ကျောင်းအုပ်ကြီး အားလုံး လမ်းလျှောက်လာကြသည်။ သူတို့က လှေကားထစ်ကနေ ၁၂ နာရီထောင့်ကို လှမ်းကြည့်လိုက်သည်။

သိပ်မကြာခင် ဗဟိုပြည်နယ် ကျောင်းသားအသစ်အဖွဲ့က သူတို့ မြင်ကွင်းထဲ ပေါ်လာသည်။

ဆရာလေးယောက်၊ ကျောင်းသားနှစ်ဆယ်။ အားလုံး ဒဏ်ရာ ကင်းစွာ ပြန်လာကြသည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ကျောင်းအုပ်ကြီးမာ နှလုံးခုန်နှုန်း မြန်လာသည်။

အသေအပျောက် မရှိဘဲ စောပြီး ပြန်လာသည်။ ဒါက ဗဟိုပြည်နယ် ကျောင်းသားအဖွဲ့ ချန်ပီယံ ဆုဆွတ်ခူးဖို့ ယုံကြည်ချက် ရှိကြောင်း ဖော်ပြနေသည်။

ကျောင်းအုပ်ကြီး မာသည် ဆွန်းမို အကြောင်းကို မသိသော်လည်း လူတို့ရဲ့ သဘောသဘာဝကို ခွဲခြမ်း

စိတ်ဖြာတတ်သည်။ စစ်မှန်တဲ့ ထိပ်တန်း လျှို့ဝှက် ရတနာကို မရခဲ့ပါက သေချာပေါက် စောစော ပြန်လာမှာ မဟုတ်ပါ။

ဘုန်း ဘုန်း ဘုန်း

လေထဲသို့ မီးရှူးမီးပန်းများ ၇၂ ချက် ပစ်လိုက်သည်။

ဒါက ပန်းတိုင်အမှတ်ကို ပထမဆုံး ပြန်ရောက်တဲ့ ပထမဆုံး ကျောင်းသားအဖွဲ့သာ ရရှိတဲ့ ဆက်ဆံမှုမျိုး ဖြစ်သည်။

ကျောင်းအုပ်ကြီးမာ မျက်နှာ ပျက်သွားသည်။ ဒီဘုန်းကျက်သရေသည် သူတို့ မာရှောင် အကယ်ဒမီ အတွက်သာ ဖြစ်သင့်သည်။ အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီက သိမ်းပိုက်သွားပြီ။

"ဟွန့်၊ မင်းတို့ရထားတဲ့ ရတနာက မာရှန် ရထားတဲ့ ရတနာထက် ပိုကောင်းမယ်ဆိုတာ ငါမယုံဘူး"

ကျောင်းအုပ်ကြီးမာ သည် မာရှန် အကြောင်းကို တွေးရင်း ပြုံးလိုက်မိသည်။ ဒီကလေးသည် အရင်ကတည်းက သူ့ကို စိတ်ပျက်အောင် တစ်ခါမှ မလုပ်ဖူးပါ။

"ဆရာဆွန်း၊ ရိတ်သိမ်းမှု အခြေအနေ ဘယ်လိုလဲ"

လျှန်ဟုန်ဒါသည် လိမ္မာပါးနပ်တဲ့အကဲခတ်သူ မဟုတ်သော်လည်း ဒီကျောင်းသားအဖွဲ့ကို မြင်လိုက်တာနဲ့ ဆွန်းမိုက သူတို့ခေါင်းဆောင်မှန်း တန်းသိလိုက်သည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် အခုအချိန်တွင် ဆွန်းမိုက အဓိက ဇာတ်ကောင်နေရာတွင် ရှိနေသည်။

"မဟာမိတ် ခေါင်းဆောင်"

ဆွန်းမို ပြန်နှုတ်ဆက်ပြီး ပြုံးပြလိုက်သည်။

"မဆိုးပါဘူး"

"ဟားဟား၊ မင်းရဲ့ အပြုံးကြောင့် မင်းတို့အဖွဲ့ ကောင်းကောင်း ရိုက်သိမ်း နိုင်ခဲ့တယ်လို့ ငါထင်တယ်"

လျှင်ဟုန်ဒါ ချီးကျူးလိုက်သည်။ မနေနိုင်ဘဲ စိတ်ထဲကနေ တိတ်တဆိတ် ကျေနပ်နေသည်။ ဆွန်းမိုရဲ့ ဆက်ဆံပုံက အခြား ဆရာအသစ်များနဲ့ မတူပါ။

အဲဒီဆရာအသစ်များသည် အထိန်းအချုပ်မရှိ စိတ်အားတက်ကြွနေကာ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘဲ ဖြစ်နေတတ်ကြသည်။ ဒါမှမဟုတ်

မှားမှာစိုးရိမ်ပြီး အရမ်းသတိထားကာ မပြောရဲ မဆိုရဲ ဖြစ်နေတတ်ကြသည်။

ဆွန်းမိုရဲ့ လုပ်ဆောင်မှုက အရမ်းကောင်းသည့် သူက စကားအနည်းငယ်သာ ပြောခဲ့သော်လည်း သူ့ရဲ့ အမူအရာ မှန်ကန်ပြီး ပိုပြောခြင်း ဒါမှမဟုတ် ဖားခြင်း မရှိခဲ့ပါ။

(ဒီဆွန်းမိုမှာ တောက်ပတဲ့ အနာဂတ် ရှိတယ်)

လျှင်ဟုန်ဒါသည် ဆွန်းမို ပုခုံးကို အလိုလို ပုတ်လိုက်မိသည်။

ကျန်ဟန်ဖူ ချက်ခြင်း မနာလို ဖြစ်လာသည်။ ဒီလို ရင်းနှီးတဲ့ အပြုအမူကို ဖော်ပြလိုက်သဖြင့် လျှင်ဟုန်ဒါ၏ စိတ်ထဲတွင် အရမ်းသဘောကျနေတာ ဖြစ်နိုင်သည်။

ဆွန်းမိုနှင့် လျှင်ဟုန်ဒါသည် တိတ်တဆိတ် စကားပြောနေသည်။ ဒါကို မြင်လိုက်လျှင် ကျောင်းအုပ်ကြီးများ လန့်ဖြန့်သွားသည်။ အထူးသဖြင့် အရည်အချင်း ရှိတဲ့ လူငယ်များသည် မာနကြီးမှာ သေချာသည်။ အတွေ့အကြုံရှိတဲ့ ခွေးများကတော့

ကိုက်တာနဲ့ ဒဏ်ရာရအောင် ကိုက်လိမ့်မည်။ နောက်ဆုံးတွင် သူတို့ သင်ယူတတ်လာ လိမ့်မည်။

အခြားနည်းနဲ့ ပြောရလျှင် ဆွန်းမိုက အရမ်းရင့်ကျက်နေပြီ။

ဆွန်းမိုက လျင်ဟုန်ဒါ မျက်နှာကို ကြည့်ပြီး တိတ်တဆိတ် တွေးနေသည်။ သူဘွဲ့ရပြီးနောက် ရက်စက်ကြမ်းကြုတ်တဲ့ အရင်ကမ္ဘာကြီးတွင် နှစ်ပေါင်းများစွာ ကြိုးစား ရုန်းကန်နေခဲ့ရသည်။

ဘေးမှာရပ်နေတဲ့ တန်ရှီမင်က လျင်ဟုန်ဒါနှင့် ဆွန်းမိုတို့ စကားပြောနေတာ မြင်ပြီး "ဒုမဟာမိတ်

ခေါင်းဆောင် ၊ ငါတို့မှာ လုပ်ထုံးလုပ်နည်းတွေ ဆက်လုပ်ဖို့ ကျန်သေးတယ်” ဆိုကာ အသံနှိမ့်ပြီး သတိပေးလိုက်သည်။

“အမ်၊ ငါမေ့သွားတယ်”

လျှင်ဟုန်ဒါက သူ့နဖူးကို ပွတ်လိုက်ပြီး “ဆရာဆွန်း၊ တောင်းပန်ပါတယ်။ မင်းရဲ့ အချိန်ကို နှောင့်နှေးစေခဲ့မိပြီ”

“ဆရာဆွန်းရေ၊ လုပ်ထုံးလုပ်နည်းတွေ အရ ငါတို့ရဲ့ အကဲဖြတ်အဖွဲ့က အကဲဖြတ်လို့ရအောင်

မင်းရဲ့ လျှို့ဝှက်ရတနာကို ထုတ်ဖော်ပြသဖို့ လိုအပ်တယ်”

တန်ရီမင် မိတ်ဆက်စကား ပြောလိုက်သည်။

ဒီရတနာ အကဲဖြတ်အဖွဲ့သည် ရှေ့ဟောင်း သုတေသန ပညာရှင်၊ သမိုင်း ပညာရှင်၊ လက်နက် အလှဆင်တဲ့ ပညာရှင် စတာတွေကို အရမ်းကျွမ်းကျင်တဲ့ ကြယ် ၅ ပွင့် မြတ်ဆရာ ဆယ်ယောက်နဲ့ ဖွဲ့စည်းထားသည်။ လျှို့ဝှက်ရတနာကို အကဲဖြတ်တာ မတတ်နိုင်ရင်တောင် သူတော်စင်ဂိတ်က

ပိုကျွမ်းကျင်တဲ့ မြတ်ဆရာတွေကိုတောင် ယာယီ ဖိတ်ခေါ်နိုင်သည်။ တရာမျှတမှု ရှိစေရမည်။

"ပုံမှန်အားဖြင့်တော့ မင်းရဲ့ ရတနာကို အာမခံမှုရအောင် ရတနာ အကဲဖြတ်ဆီကို မင်းရဲ့ ဆရာနှစ်ယောက် လိုက်ခွင့် ရှိတယ်"

သူတော်စင်ဂိတ်က အရမ်းသဘောထား ကြီးမားပြီး သူတို့ ရှာတွေခဲ့တဲ့ ရတနာတွကို မက်မောနေမှာ မဟုတ်ပါ။ ဒါပေမယ့် သူတို့တစ်ဖွဲ့တည်းသာ အကဲဖြတ်ရင် အတင်းအဖျင်းတွေကို ရှောင်ရှားဖို့ ခက်လှသည်။

ပြီးတော့ ကျောင်းသားအုပ်စုထဲကလည်း လွှတ်ဖို့ ရွေးချယ်နိုင်သည်။

"အဲဒါတွေ မလိုပါဘူး။ ရတနာ အကဲဖြတ် အဖွဲ့ကို ကျွန်တော်တို့ ယုံကြည်ပါတယ်"

ကျန်ဟန်ဖူက သူ့ရဲ့ ကြီးကျယ်ခမ်းနားမှုကို ပြသချင်စိတ်နဲ့ ဝင်ပြောလိုက်သည်။

နှစ်ဖက်စလုံး ကျိုးနွံမှုလည်း အဆင်ပြေမည့် ကိစ္စ ဖြစ်သည်။ ဒါပမယ့် အခုတော့ ကူရှုပ်ရှင်းက ရှေ့ထွက်လာသည်။

"ဒိုင်လူကြီးတန်၊ ငါနဲ့ ဆရာဆွန်းက ရတနာ အကဲဖြတ် အဖွဲ့နောက်ကို လိုက်သွားမယ်။ အဲဒီအခါကျရင် မင်းတို့ကို ဒုက္ခပေးရတော့မှာပဲ"

ကူရှုပ်ရှင်းက ဒီလိုပြောပြီး ကျန်ဟန်ဖူကို ကြည့်လိုက်သည်။

"ဒုကျောင်းအုပ်ကြီး ဒီကိစ္စကို ငါတို့ပဲ ဆုံးဖြတ်လိုက်တာ ပိုကောင်းမယ်"

ကျန်ဟန်ဖူ အမူအရာ တောင့်တင်းသွားပြီး မျက်နှာပျက်သွားသည်။ သေချင်စိတ်ပေါက်အောင် ရှက်သွားသည်။ အခုအချိန်မှတော့ ကူရှုပ်ရှင်းကို

လက်သီးထိုးပြီး သတ်ပစ်ဖို့ကလွဲလျှင် ဘာမှမလိုချင်ပါ။

အခုလောလောဆယ်က ဒုမဟာမိတ်ခေါင်းဆောင်အရှေ့မှာ ဖြစ်ပြီး သူ့စကားကို ဆရာအသစ်တစ်ယောက်က ငြင်းဆိုနေသည်။ ဘယ်လောက်တောင် ရှက်ဖို့ ကောင်းလိုက်သလဲ။

"ဆရာကူ ၊ မင်းဘာပြောချင်တာလဲ ။ သူတော်စင်ဂိတ်က မင်းတို့အဖွဲ့ရဲ့ လျှို့ဝှက်ရတနာဒီဇိုင်းကို ခိုးမယ် ထင်နေတာလား"

ကျန်ဟန်ဖူသည် ဒေါသကြောင့် ပါးစပ်မထိန်းနိုင်တော့ပါ။

"ရတနာ အကဲဖြတ်အဖွဲ့ထဲက မြတ်ဆရာတချို့က လိုချင်ရင် လိုချင်လိမ့်မယ်။ ဒါပေမယ့် အတူတူလုပ်နေတဲ့လူတွေ အများကြီး ရှိတယ်။ လိုချင်တောင် ဘယ်လို ယူနိုင်မှာလဲ"

ဒါပေမယ့် ကူရှုပ်ရှင်းစကား အိုဗာ ဖြစ်တယ်လို့ ကျောင်းအုပ်ကြီးများက မထင်ကြပါ။ လီဇီချီဆီကို တစ်ချက်ကြည့်လိုက်သည်။ ဒီကောင်မလေးက

ကျောင်းသားခေါင်းဆောင်နဲ့တူသည်။ ဒါဆိုရင် လျှို့ဝှက်ရတနာက သူမဆီမှာ ရှိနိုင်သည်။

"ဆွန်းမို အရမ်းယုံကြည်မှု ရှိနေတယ်။ သူရထားတဲ့ လျှို့ဝှက်ရတနာက အရမ်းအဖိုးတန်တဲ့ ပုံစံပဲ"

"အဲဒါက ဘာလဲသိချင်လာပြီ"

"ဒီနှစ် ဘယ်ကျောင်းက ချန်ပီယံ ဖြစ်မလဲဆိုတာ စိတ်ဝင်စားစရာ ဖြစ်လာပြီ"

ကျောင်းအုပ်ကြီးတွေက တိုးတိုးလေး ဆွေးနွေးနေကြသည်။

ကူရှုပ်ရှင်း ငြင်းခုန်ချင်ပေမယ့် ဆွန်းမိုက ရှေ့တက်လာပြီး ကျန်ဟန်ဖူနဲ့ မျက်နှာချင်း ဆိုင်လိုက်သည်။

"ဒု - ကျောင်းအုပ်ကြီးကျန်၊ ကျေးဇူးပြုပြီး ကိုယ်သိက္ခာနဲ့ ကိုယ်နေပါ"

ဒီအမှောင်ထု ပုံရိပ်ယောင် ကျောက်မြတ်ရတနာသည် သူ့ရဲ့ တိုက်ပွဲအတွင်း လုယက်မှု ဖြစ်သည်။ ဒါကြောင့် သူ ဝင်ပါရလိမ့်မည်။ ကူရှုပ်ရှင်းက သူ့အကျိုးအတွက် ပြောပေးနေခြင်း ဖြစ်သည်။

"ကိုယ် သိက္ခာနဲ့ ကိုယ်နေ ဟုတ်လား။ မင်းက လူကြီး လူကောင်းတစ်ယောက်ကို မင်းစိတ်နဲ့ နှိုင်းနေတာပဲ"

ကျန်ဟန်ဖူ မျက်နှာတွင် ဒေါသတွေနဲ့ ပြည့်နေသည်။

"ဆရာကျန်၊ ကျေးဇူးပြုပြီး မင်းရဲ့ အပြုအမူကို ဂရုစိုက်ပါ"

ဆွန်းမို လေသံပြောင်းသွားသည်။ ကျန်ဟန်ဖူလို လူမျိုးကို အမုန်းဆုံး ဖြစ်သည်။ ဘယ်လိုပြောရမလဲ။ ဆွေးမျိုးသားချင်းအစား အပြင်လူကို ကူညီနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းက တန်ရီမင်ကို ဖားချင်နေရင်လည်း ဘာဖြစ်လို့ ငါ့ရဲ့ လျှို့ဝှက်ရတနာကို လာအသုံးချနေရတာလဲ)

ကူရှုပ်ရှင်းသည် ဆွန်းမိုရဲ့ ကျယ်ပြန့်တဲ့ ကျောကို ကြည့်ပြီး ဖက်ထားချင်စိတ် ပေါက်နေသည်။ ဒီကောင် တကယ်ကို ယောကျ်ား ပီသလွန်းသည်။

ဒီမြင်ကွင်းကို မြင်ပြီး မျက်ခုံးလှုပ်သွားသည်။

*ဘာမှမမြင်သလို ဟန်ဆောင်ရမှာလား”

“ဒါက တခြားလူ လက်ဖက်နဲ့ မျက်နှာလုပ်နေတာ မဟုတ်ဘူးလား”

ကွမ်ဒင် လှောင်ပြောင်လိုက်သည်။

“ဆရာကျန်၊ မင်းလုပ်ရပ်က နည်းနည်းလွန်နေပြီ”

ဝမ်ချောင်က ပြောသည်။

ကျန်ဟန်ဖူကို ခေါ်ဝေါ်တဲ့ ပုံစံ ပြောင်းသွားမှန်း ကျောင်းအုပ်တချို့ သတိထားလိုက်မိသည်။ သူတို့က ကျန်ဟန်ဖူကို ဒုကျောင်းအုပ်ကြီး ကျန်ကနေ ဆရာကျန်လို့ ပြောင်းပြီး အသုံးပြုနေကြသည်။ ပြောချင်တာက ကျန်ဟန်ဖူကို ဒုကျောင်းအုပ်ကြီးအဖြစ် မသတ်မှတ်ကြတော့ပါ။

“မင်း.....မင်းတို့ ကောင်တွေ”

ကျုန်ဟန်ဖူ အရမ်းဒေါသထွက်ကာ နဖူးပေါ်တွင် အစိမ်းရောင် သွေးကြောများ ထောင်ထွက်နေသည်။ သွေးကြောများ ပေါက်ကွဲ မလိုတောင် ခံစားနေရသည်။

"ဆရာကျုန်၊ ဒီရတနာကြောင့် ဗဟိုပြည်နယ် အကယ်ဒမီ ပြန်လည် ထွန်းကားလာနိုင်ပြီး နောင် နှစ်ပေါင်း တစ်ထောင်လောက် တည်တံ့နေနိုင်တယ်။ အရမ်းသတိထားတယ်ဆိုတာလည်း မလွန်ဘူး"

ကူရှုပ်ရှင်းသည် ဉာဏ်ကောင်းတဲ့ မိန်းကလေး ဖြစ်သည်။ သူမနှင့် ဆွန်းမိုက ရတနာအကဲဖြတ် အဖွဲ့

အကြောင်းကို ရှင်းပြရင်း ကျန်ဟန်ဖူရဲ့ ပုံရိပ်ကို ဖျက်ဆီးလိုက်သည်။

ကျောင်းအုပ်ကြီးများကတော့ ကျန်ဟန်ဖူလို ကြွယ်နှစ်ပွင့် မြတ်ဆရာလောက်ကို ဂရုမစိုက်ပါ။ ကူရှူပ်ရှင်းရဲ့ စကားကို ကြားပြီးနောက် တုန်လှုပ်ခြောက်ခြားတဲ့ အမူအရာ ဖြစ်လာသည်။

ဒီမိန်းကလေး ပေါက်ကရ စကား ပြောနေတာလား။ ဒါမှမဟုတ် ဗဟိုပြည်နယ် အကယ်ဒမီက တကယ်ပဲ ကြီးမြတ်တဲ့ ရတနာကို ရခဲ့တာလား။

"ကျောင်းအုပ်ကြီး ကျန်၊ ဆက်ပြီး ငြင်းမနေပါနဲ့တော့။ ဒီရတနာက ဆရာဆွန်းတို့ အဖွဲ့ ယူပြီး ပြန်လာတဲ့အရာပဲ။ ဒါကြောင့် သူတို့မှာ ဆုံးဖြတ်ခွင့် ရှိတယ်'

လျင်ဟုန်ဒါက နှစ်သိမ့်လိုက်သည်။ အဲဒီနောက် ကူရှုပ်ရှင်းကို ဖော်ရွေတဲ့ အပြုံးနဲ့ ကြည့်လိုက်ပြီး

"မင်းတို့တွေက ပထမဆုံး ပြန်လာတဲ့ အဖွဲ့တွေပဲ။ လူတိုင်းရဲ့အမြင် ကျယ်ပြန့်သွားအောင် မင်းတို့ရဲ့ ရတနာကို မိတ်ဆက်လိုက်ပါအုံး"

“ဒါက ဘယ်လို အကျိုးသက်ရောက်မှု ရှိလဲတော့ မသိဘူး။ ဒါပေမယ့် အဲဒါက အေ-အဆင့် လျှို့ဝှက်နယ်မြေ တစ်ခုလုံးမှာ အဖိုးအတန်ဆုံး ရတနာ ဆိုတာတော့ ငါသိတယ်’

ရတနာ အကဲဖြတ်အဖွဲ့က ဒါကို စစ်ဆေးတဲ့အခါ အရာအားလုံး သိရှိသွားနိုင်သဖြင့် မဖုံးကွယ်ထားတော့ပါ။ ဒါကြောင့် သူတို့ကျောင်း ဂုဏ်သိက္ခာတက်လာအောင် အခုပဲ ဖော်ထုတ်လိုက်သည်။ ဗဟိုပြည်နယ် အကယ်ဒမီ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်တက်တော့မည့် အကြောင်းကို ဒီကကျောင်းအုပ်ကြီးများအား အသိပေးချင်သည်။

ရှုး

ကူရှုပ်ရှင်း ရဲ့စကားကို ကြားလိုက်လျှင် ကျောင်းအုပ်ကြီးများ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ဘယ်လောက်တောင် ကြွားဝါလိုက်သလဲ။ မာရှန်ကို လူသစ်လေးလို့ ထင်နေတာလား"

ကျန်ဟန်ဖူသည် ခေါင်းထဲမှာ ဒေါသများ ပြည့်နေသဖြင့် မတွေးဘဲ ပြောလိုက်မိသည်။

"ငါ့အတွက်တော့ ဆရာမာက ကြောက်ဖို့ကောင်းတဲ့ ပြိုင်ဘက်ပဲ။ ဒါပေမယ့် ဆရာဆွန်းအတွက်တော့............."

ကူရှုပ်ရှင်းက

"စိတ်မကောင်းဘူး။ မာရှန်က လူသစ်ပဲ"

ဟာ

ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ကျောင်းအုပ်ကြီးတွေရဲ့ အကြည့်က ကျောင်းအုပ်ကြီး မာဆီ ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း စကားရဲ့ အကျိုးဆက် ပြင်းထန်လွန်းသည်။ သေခြင်း၊ ရှင်ခြင်း တိုက်ပွဲတောင် ဖြစ်သွားနိုင်သည်။

အခန်း (၄၀၇) - မင်းတို့ကောင်တွေ ယုံသည် ဖြစ်စေ၊ မယုံသည်ဖြစ်စေ အဖြစ်မှန်ကိုတော့ လက်ခံရမှာပဲ။

မာရှန်ဆိုတာ ဘယ်သူလဲ။

မာရှန်သည် မာရှောင်ကျောင်းရဲ့ နံပါတ်တစ် ဆရာအသစ် ဖြစ်သည်။ သူ့ကျောင်းရဲ့ အထက်လူကြီးများက ငွေအမြောက်အများ ထုတ်သုံးရမယ်လို့ တညီတညွတ်ထဲ ဆုံးဖြတ်ခဲ့သည့် ပါရမီရှင် ဖြစ်သည်။

မာရှန်ဆိုတာက မာရှောင်ကျောင်းရဲ့ ကျောင်းအုပ်ကြီးလောင်းလို့ ပြောနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အခုတော့ ဒီလို ပါရမီရှင်ကို ဆွန်းမိုက ညွှတယ်လို့ ပြောနေတာလား)

အနီးအနားမှာရှိတဲ့ ကျောင်းအုပ်ကြီးများလည်း ရယ်ချင်စိတ် ပေါက်နေသည်။ ဒီဆရာမက တော်တော်လှပေမယ့် သူမရဲ့စကားတွေက ပေါက်ကရ ဖြစ်လွန်းသည်။

ကူရှုပ်ရှင်း၏ ပေါက်ကရ စကားတွေကို ကြားပြီး ကျောင်းအုပ်ကြီးမှာ မျက်ခုံး လှုပ်သွားသည်။ ဆဲချင်စိတ်ကို မထိန်းနိုင်အောင် ဖြစ်နေသည်။

ဒါပေမယ့် သူ့ရဲ့အဆင့်အတန်းအရ ခံစားချက်ကို ထိန်းသိမ်းနိုင်စွမ်းက အရမ်းကောင်းသည်။ ပြီးတော့ အတွေ့အကြုံလည်း အရမ်းများသည်။ သဲလွန်စ တချို့ကို သတိထားမိပြီး ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတွေနှင့် ကျောင်းသားတွေ၏ အပြောအဆိုကြောင့် စိတ်ထဲ မတင်မကျ ဖြစ်နေသည်။

ပြီးတော့ ပါးစပ်နဲ့စော်ကားခံရတဲ့သူက ကျန်ဟာန်ဖူ ဖြစ်သည်။ ဒီကောင် သေချာပေါက် လက်တုန့်ပြန်လိမ့်မည်။

မျှော်လင့်ထားသလိုပဲ ကျောင်းအုပ်ကြီးကျန် မပြောရသေးခင် ကျန်ဟန်ဖူက သူ့စိတ်သူ မထိန်းနိုင်တော့ပါ။ ကျောင်းအုပ်ကြီး ကျန်က စိတ်အနှောက်အယှက်မျှသာ ဖြစ်ပေမယ့် သူ့ကို ပွင့်ပွင့်လင်းလင်း စော်ကားနေသည်။

"မာရှန်က လူသစ်ဟုတ်လား။ ဆရာကူ၊ မင်းတကယ် ပြောရဲတာလား။ အရင်က သူနဲ့တိုက်ဖူးလို့လား။ ဆွန်းမိုက ကောင်းမွန်တဲ့ လျှို့ဝှက်ရတနာ တစ်ခု ရလိုက်ရုံနဲ့ ကမ္ဘာပေါ်မှာ ရှိတဲ့ လူတိုင်းကို အထင်သေးနိုင်ပြီလို့ မထင်လိုက်နဲ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဟန်ဖူသည် ဆွန်းမိုကို အရမ်းအထင်ကြီးပြီး သာမန်ထက် သာလွန်တဲ့ ရတနာ ရမယ်ဆိုတာ ဝန်ခံသည်။ ဒါပေမယ့် ဘဝင်မြင့်ဖို့အတွက်တော့ အကြောင်းပြချက် မဟုတ်ပါ။

ပြိုင်ပွဲ ရလဒ် ကောင်းမွန်စေရန်အတွက် ကျန်ဟန်ဖူသည် ကျောင်းအသီးသီးက ဝင်ပြိုင်တဲ့ ဆရာများရဲ့ အချက်အလက်ကို စုဆောင်းခဲ့သည်။ မာရှန်လည်း အဲဒီထဲက တစ်ယောက်ဖြစ်သည်။ သူ့အသန်မာဆုံး ပြိုင်ဘက်တစ်ယောက်လို လူတိုင်း လက်ခံထားရတဲ့လူ ဖြစ်သည်။

"ဆရာဆွန်းက နတ်ဘုရား ခွန်အား နယ်ပယ်ကို ရောက်နေပြီ"

ကူရှုပ်ရှင်းက ပြောလိုက်သည်။

"မာရှန်က သွေးလောင်ကျွမ်းခြင်း အဆင့် (၇)မှာ ရှိနေတယ် ဆိုတာရော သိရဲ့လား။ သူ့ရဲ့ ကျင့်ကြံမှုအဆင့်က အရမ်း အံ့........... အမ်၊ မင်းဘာပြောလိုက်တာလဲ"

ကျန်ဟုန်ဖူ တုန်လှုပ်သွားသည်။ ကူရှုပ်ရှင်းကို တအံ့တသြနဲ့ ကြည့်နေသည်။

အခြားကျောင်းက ကျောင်းအုပ်တွေ အားလုံးလည်း ကူရှုပ်ရှင်းကို တုန်လှုပ် အံ့အောစွာ ကြည့်နေကြသည်။ (နောက်နေတာ မဟုတ်လား။)

“ဆရာဆွန်းက နတ်ဘုရားခွန်အားအဆင့်မှာ ရှိတယ်’

ကူရှုပ်ရှင်းက ပြုံးပြီး ထပ်အတည်ပြု ပေးလိုက်သည်။

“...................”

ကျန်ဟန်ဖူ အရမ်းအံ့အော နေသည်။ ပါးစပ်ကြီး ဟပြီး သေခါနီး ငါးကြင်း တစ်ကောင်လို ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြောချင်တာတွေ အများကြီး ရှိပေမယ့် ဘာမှ မထွက်လာပါ။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

ကြည့်နေကြတဲ့ ကျောင်းအုပ်ကြီးများထဲက မလိုလားတဲ့ အသံ အာမေဋိတ်အသံ ထွက်သွားသည်။

"ဖြစ်နိုင်ခြေ တစ်ခုပဲ ရှိတယ်။ ဆရာဆွန်းက ကျင့်ကြံခြင်းကို လုံးဝ အာရုံစိုက်ထားတဲ့ ဆရာပဲ ဖြစ်မယ်"

ကျောင်းအုပ်ကြီးတွေက စကားနည်းနည်း လောက်ပြောလိုက်တာနဲ့ နားလည်ပြီးသားပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းတချို့တွင် အဆင့်ကောင်းကောင်း ရအောင် ဒီလိုဆရာမျိုးကို ဝင်ပြိုင်ခိုင်းကြသည်။

ဒီလိုဆရာများတွင် အရမ်းပြင်းထန်တဲ့ တိုက်ခိုက်ရေး စွမ်းရည် ရှိသော်လည်း အခြားသူများနှင့် ယှဉ်ပါက သင်ကြားရေးတွင် အရမ်းနိမ့်ကျသည်။ သူတို့ရဲ့အနာဂတ် လမ်းကြောင်းက သာမန်ပဲ ရှိသည်။

အမှန်ပဲ။ မြတ်ဆရာလောကမှာ ဒီလို ဆရာတွေ ရှိသည်။ သူတို့ ကိုယ်တိုင် သင်ကြားခြင်း အရှိန်အဝါကို နားလည်ပေမယ့် ဆရာလုပ်ရတာကို စိတ်မဝင်စားပါ။

"ကျောင်းအုပ်ကြီး ကျန်၊ ငါတို့ ဆရာဆွန်းရဲ့ ခွန်အားက မင်းနားလည်နိုင်တဲ့ အရာ မဟုတ်ဘူး"

ကူရှုပ်ရှင်းသည် ကျောင်းအုပ်ကြီး ကျန်ရဲ့ လေသံကို မကြိုက်ပါ။ သူ့ကိုယ်သူ အထင်ကြီးလွန်းသည်။

မာရှန်ကို ဆွန်းမိုက ဘာဖြစ်လို့ အနိုင်မယူနိုင်ရမှာလဲ။

"ကျောင်းအုပ်ကြီးကျန်၊ မင်းကျောင်းရဲ့ အဆင့်ကို စိတ်ပူနေတာ ပိုကောင်းမယ်"

ကွမ်ဒင်က သူ့ကို သတိပေးလိုက်သည်။

ဟားဟား

ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားများ စတင်ပြီး ရယ်မောလိုက်ကြသည်။ (ငါတို့ သူ့ရဲ့ ကျောင်းသားအဖွဲ့ကို ဖြိုခွဲလိုက်တာ သိရင် ဘယ်လိုတောင် ဖြစ်သွားမလဲ)

(အင်း၊ တကယ် ပြောလိုက်ချင်တယ်။ ဒါပေမယ့် အနည်းငယ် မယဉ်ကျေးသလို ဖြစ်သွားမလား။)

"မင်းတို့ ဘာရယ်ကြတာလဲ"

ကျောင်းအုပ်ကြီး ကျန် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ သူ့ရဲ့ အသံထဲတွင် မကျေနပ်မှုများ ပြည့်နေသည်။

"ကောင်းကင်သစ်ခွ ကျောင်းသားအဖွဲ့ ပြန်ရောက်တဲ့ အခါကျရင် မင်းသိလိမ့်မယ်"

ကူရှုပ်ရှင်းက ပြောပြီးတာနဲ့ ကျန်ဟာန်ဖူဘက် လှည့်လိုက်သည်။

"ဆွန်းမိုက မာရှန်ကို အမှောင်ထု ပိရမစ်ထဲမှာ မှျမှျတတ အနိုင်ယူပြီး အေ-အဆင့်

နယ်မြေတစ်ခုလုံးရဲ့ တန်ဖိုး အရှိဆုံးဖြစ်တဲ့ လျှို့ဝှက်ရတနာကို ရယူခဲ့တယ်”

“ဒီနှစ် ချန်ပီယံဆုက ငါတို့ အပိုင်လို့ သေချာပေါက် ပြောရဲတယ်’

ဒီစကားကို ပြောပြီးတာနဲ့ ကူရှုပ်ရှင်းသည် ပတ်ဝန်းကျင်မှာ ရှိတဲ့ ကျောင်းအုပ်ကြီးတွေကို တစ်ချက် ကြည့်လိုက်သည်။

(မင်းတို့ ယုံသည်ဖြစ်စေ၊ မယုံသည် ဖြစ်စေ၊ အမှန်တရားကိုတော့ လက်ခံရမှာပဲ)

“ကြောက်ဖို့ ကောင်းတယ်’

သူမက စကားလုံးကို လှပအောင် ပြောဆိုပြီးနောက် ကျောင်းသားတွေက အလိုလို အောင်ပွဲခံ အော်ဟစ်လိုက်သည်။ ဒီနေရာမှာရှိနေတဲ့ ကျောင်းအုပ်ကြီးတွေရဲ့ အမူအရာ အနေရခက်သွားပြီး စိတ်ဓါတ်ကျတဲ့ ပုံစံ ဖြစ်နေကြသည်။

သို့သော်လည်း အနေရအခက်ဆုံးက ကျန်ဟန်ဖူ ဖြစ်နေသည်။ သူက ဗဟိုပြည်နယ် အကယ်ဒမီက ဒုကျောင်းအုပ်ကြီးဖြစ်ပြီး သဘောတရားအရ ကူရှုပ်ရှင်းရဲ့ စကား မှန်ကန်နေခဲ့ရင် ဒီဂုဏ်ကျက်သရေရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နေရမည်။

အခုတော့ ဒီဂုဏ်ကျက်သရေ အားလုံးက သူနဲ့ မသက်ဆိုင်နေသလို ဖြစ်နေသည်။

“ကောင်းပြီဟော့၊ အေးအေးဆေးဆေး အနားယူရအောင်”

ဆွန်းမိုက ကူရှုပ်ရှင်းကို နှစ်သိမ့်လိုက်သည်။

“ကျောင်းအုပ်ကြီးမာ၊ မာရှန်က အရမ်းကို အထင်ကြီးဖို့ကောင်းတဲ့ ပြိုင်ဘက်ပါ။ အကျင့်စရိုက်လည်း အရမ်းကောင်းတယ်။ လေးစားထိုက်တဲ့ ပြိုင်ဘက်ပါ။ သူနဲ့ ထပ်တူကျဖို့ မျှော်လင့်ပါတယ်”

ဆွန်းမိုသည် စကားပြောပြီးတာနဲ့ တန်ရီမင်ကို ကြည့်လိုက်သည်။

"ဒါဆိုလည်း ပင်မဒိုင်လူကြီးကို ဒုက္ခပေးရတော့မယ်'

"ငါ့နောက် လိုက်ခဲ့ပါ"

အမြဲတမ်း မျက်နှာတည်ကြီးနဲ့ နေတတ်တဲ့ တန်ရီမင်သည် အခုအချိန်မှာ ပြုံးပြနေသည်။ ပြဿနာများကို ဒီလူငယ်ရဲ့ ကိုင်တွယ်ပုံက အရမ်းကောင်းမွန်သည်။ ကျောင်းအုပ်ကြီးမှာ စိတ်မထိန်းနိုင်ဘဲ အနေရခက်တဲ့ အခြေအနေက

လွတ်မြောက်အောင် လုပ်ပေးခဲ့သည်။ ပြီးတော့ မာရှန်ကို အမှန်တကယ် အနိုင်ယူခဲ့ကြောင်းလည်း သက်သေပြခဲ့သည်။

"ဒီနှစ်ရဲ့ မြင်းနက်က ဗဟိုပြည်နယ် အကယ်ဒမီ ဖြစ်လိမ့်မယ်လို့ မထင်ထားခဲ့ဘူး"

ဒင်

တန်ရီမင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနီး (၁၀၀/၁,၀၀၀)

ဒီကိစ္စက လျင်ဟုန်ဒါနဲ့ ဘာမှမဆိုင်ပေမယ့် သူတို့နောက်က လိုက်သွားခဲ့သည်။

မြင့်တက်လာနိုင်တဲ့ ဆွန်းမိုလို ဂျူနီယာနဲ့ ဆက်ဆံတာက အကျိုး မယုတ်ပါ။

“ဟိုတယ် ပြန်ပြီး အနားယူရအောင်”

လီဇီချီက ကျန်ဟာန်ဖူကို လျစ်လျူရှုပြီး ပြောလိုက်သည်။

ကျန်ဟာန်ဖူရဲ့ မျက်နှာသည် ဝက်သည်းခြေလို နီရဲတွတ်သွားသည်။ ဒေါသတကြီး ပြန်အော်လိုက်ချင်သော်လည်း လီဇီချီရဲ့ ပုံရိပ်ကို တွေးပြီး မလုပ်ရဲ တော့ပါ။ ဒါကြောင့် အခြားသူများကို ဒေါသ ဖော်ထုတ်လိုက်သည်။

"ဒါက ဘယ်လို အသုံးအနှုန်းတွေလဲ။ အောင်ပွဲမှာ မမောက်မာရသလို ရှုံးနိမ့်ရင်လည်း စိတ်ပျက်အားငယ်စရာ မရှိဘူး။ ဒီစကားကို မင်းတို့ အရင်က မကြားဖူးဘူးလား"

ကျန်ဟန်ဖူက အော်ဟောက်လိုက်သည်။

"ဒုကျောင်းအုပ်ကြီးကျန်၊ ငါတို့ကို ဆရာဆွန်းက လမ်းပြတာ ပိုကောင်းတယ်လို့ ထင်တယ်"

ကျန်ရန်ဇောင်က ပြန်ပြောသည်။

အဲဒီနောက်တော့ ကျောင်းသားတွေ အတူတူ ထွက်သွားကြသည်။

"ပြန်လာခဲ့.။ မင်းတို့အားလုံး အခုပြန်လာခဲ့"

ကျန်ဟန်ဖူ ဒေါသတကြီး အော်ဟစ်နေပေမယ့် ဘယ်သူမှ စောက်ဂရုမစိုက်ပါ။

"ကျွတ်ကျွတ်၊ မင်းက ဒုကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့တကယ် ကျရှုံးနေတာပဲ"

တစ်ယောက်ယောက်က သူ့ကို လှောင်ပြောင်လိုက်သည်။

ကျန်ဟန်ဖူ ထပ်ပြီး သည်းမခံနိုင်တော့ပါ။ အမြင်အာရုံတွေ မှောင်မဲလာပြီး သွေးတစ်လုပ် အန်ထွက်ကာ မေ့လဲသွားသည်။

သူ့ရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် အဆုံးသတ်သွားပြီဆိုတာ သူသိလိုက်သည်။ နောက်တစ်ချိန်တွင် ဗဟိုပြည်နယ် အကယ်ဒမီက ထွက်ခွာပြီး အခြားကျောင်း များတွင် အလုပ်လုပ်ကိုင်ချင်ပါက ဌားမည့်သူ မရှိတော့ပါ။

....

အကဲဖြတ်တဲ့ လုပ်ငန်းစဉ်သည် ရှစ်နာရီလောက် ကြာမြင့်ခဲ့သည်။

အရင်ကတော့ ရတနာ အကဲဖြတ်အဖွဲ့က မြတ်ဆရာများသည် ဆင်ခြေရှာပြီး သေချာပေါက်

အနားယူကြသည်။ ဒါပေမယ့် ဒီနေ့တော့ အားလုံး လုံး၀ အလုပ်ကြိုးစားနေပြီး အိမ်သာ သွားဖို့တောင် ၀န်လေးနေကြသည်။။

“အကဲဖြတ်ဖို့ ငါ့အလှည့်ရောက်နေပြီ မဟုတ်လား”

မြတ်ဆရာတစ်ယောက်က လူအုပ်ထဲမှ ဖြတ်လျှောက်သွားရင်း ပုံရိပ်ယောင် ရတနာကို လက်နဲ့ကိုင်လိုက်သည်။

“မင်းက မှော်ဆေးဠာနခွဲကလေ။ ဒါကို ဘယ်လို သိမှာလဲ”

သမိုင်းအထူးပြုတဲ့ မြတ်ဆရာသည် သူ့ကိုကြည့်ကာ လက်ထဲက ရတနာကို မလွှတ်ပေးဘဲ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသည်။ ဒီလျှို့ဝှက် ရတနာ တည်ရှိနေတာ အနည်းဆုံး နှစ်ပေါင်း တစ်သောင်းလောက် ရှိပြီ။ မျက်နှာပြင်ပေါ်မှာ ရှိနေတဲ့ စိတ်စွမ်းအင် အငွေ့အသက်များကိုလည်း ခံစားနေရသည်။

ဆရာ ဆွန်း၊ ဒီမှာ လပ်ကီး ဘာကာရီ မုန့်တချို့ ပါလာတယ်။ စားလိုက်ပါလား”

ကူရှုပ်ရှင်းသည် လက်ထဲက မုန့်ထုပ်ကို ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုကလည်း အားမနာ နေတော့ပါ။

ခဏကြာတော့ တန်ရီမင် ဝင်လာသည်။

"လူတိုင်းပဲ ၊ အကဲဖြတ်ရလဒ်က ဘယ်လိုလဲ"

တန်ရီမင်က မေးလိုက်သည်။

"ဒါက အရမ်းအစွမ်းထက်တဲ့ လျှို့ဝှက် ရတနာပါ။ အစစ်အမှန်နဲ့ ထပ်တူ တူတဲ့ ပုံရိပ်ယောင်ကို

ဖန်တီးနိုင်စွမ်းရှိတယ်ဆိုတာ လောလောဆယ်တော့ သိထားတယ်”

“ဒါက စိတ်စွမ်းအင် အမျိုးအစား လျှို့ဝှက်ရတနာ ဖြစ်ပြီးတော့ အရမ်းရှားပါးတယ်”

“ဒါကို ရှေ့ဟောင်း အင်ပါယာက မြတ်ဆရာ တစ်ယောက် ပိုင်ဆိုင်ခဲ့တာ ဖြစ်နိုင်တယ်”

ဒီနေရာမှာရှိတဲ့ မြတ်ဆရာများသည် သူတို့ အမြင်ကိုအသီးသီး ထုတ်ဖော် ပြောဆိုကြသည်။

“အားလုံးပဲ။ အကဲဖြတ်မှု ရလဒ်က ဘယ်လိုလဲ”

တန်ရီမင် အရေးတကြီး ထပ်မေးသည်။

ဒီနေရာမှာရှိတဲ့ မြတ်ဆရာများသည် အချင်းချင်း အကြည့်ခြင်း ဖလှယ်လိုက်ပြီး “ငါတို့ မသေချာသေးဘူး။ ဘာလို့ ရက်နည်းနည်းလောက် ထပ်မပေးတာလဲ”

တကယ်တော့ ဒီရတနာက ထူးထူးခြားခြား သန့်မာကြောင်း သူတို့ အတည်ပြုပြီးသွားပြီ။ ရလဒ်ကို သိပြီးသား ဖြစ်ပေမယ့် ထပ်ပြီး ထိကြည့်ချင်သေးသည်။ နောက်ပိုင်းမှ လေ့လာချင်ပါက ဆွန်းမိုဆီက ခွင့်ပြုချက် တောင်းနေရမည်။

တန်ရီမင်က လူပါးဖြစ်သည်။ ဒီလူတွေရဲ့ အမူအရာကို ကြည့်လိုက်ပြီး သူတို့ ဘာတွေးနေလဲ သိလိုက်သည်။ ဒါကြောင့် သူက “ဝေမာ ကျောင်းသားအဖွဲ့လည်း ပြန်ရောက်နေပြီ။ သူတို့ ရတနာကို အကဲဖြတ်ဖို့ မင်းတို့ကို လိုအပ်နေတယ်’

“ဆရာဝမ်၊ မင်းသွားလိုက်”

“ငါခြေထောက်နာနေတယ်.။ ဆရာလျိုကို ရွေးတာ ပိုကောင်းမယ်’

"ရတနာကို အခုချက်ခြင်း လွှတ်လိုက်။ လူတိုင်း နာရီဝက်လို့ သဘောတူပြီးသား။ မင်းက ဘာဖြစ်လို့ ဆက်ယူထားတာလဲ"

မြတ်ဆရာ ဆယ်ယောက် ငြင်းခုန်ကြတော့သည်။

"................"

တန်ရီမင် စကားမပြောနိုင် ဖြစ်သွားသည်။ အနည်းငယ် အနေရခက်သွားသည်။ ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့ကိုသာ တောင်းပန်နိုင်တော့သည်။ အခြေအနေက တော်တော်လေး သိသာနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ် အကယ်ဒမီအဖွဲ့က ရခဲ့တဲ့ ရတနာသည် ပြိုင်ဘက်မရှိ ထိပ်တန်းရတနာ ဖြစ်သည်။

ရတနာအကဲဖြတ်တဲ့ အဖွဲ့က မြတ်ဆရာများသည် အရင်းကတည်းက အရမ်းကောင်းမွန်တဲ့ ရတနာများကို မြင်ဖူးထားကြသည်။ အခုတော့ ကျောက်မြတ်ရတနာကို အကြာကြီး လေ့လာနေသည်။ ဒါရဲ့ တန်ဖိုးကို ဖော်ပြစရာတောင် မလိုတော့ပါ။

"လူတိုင်း၊ မင်းတို့ တာဝန်ကို မမေ့နဲ့"

တန်ရီမင်က စပြီး ဖိအားပေးလိုက်သည်။

မြတ်ဆရာ အချင်ချင်းအကြည့်ခြင်း ဖလှယ်ပြီး သက်ပြင်း ချလိုက်သည်။ နောင်တစိတ်နဲ့ မတ်တပ်ရပ်လိုက်ပြီး အခန်းထဲက မထွက်သွားခင် အားလုံးက ဆွန်းမိုနဲ့ စကားစမြည် ပြောနေကြသည်။

"အခွင့်အရေးရှိရင် ချောင်လူကို လာလည်ပါ"

ဆရာချောင်က ဆွန်းမိုရဲ့ ပုခုံးကို ပုတ်ပြီး ဖိတ်ခေါ်လိုက်သည်။

"ချောင်....ချောင်ဘာ"

ဆွန်းမိုက ရင်းနီးတဲ့စကားတစ်ခွန်းကို ရုတ်တရတ် ကြားလိုက်ရသဖြင့် ထိတ်လန့်သွားသည်။

"ချောင်လူ အကယ်ဒမီ"

ဆရာရှောင်သည် အခုလက်ရှိတွင် အဲဒီကျောင်းမှာ အလုပ်လုပ်နေသည်။ လက်နက်များကို အဓိကထားပြီး သုတေသန ပြုလုပ်နေတဲ့ သူလည်း ဖြစ်သည်။

'တကယ်လို့ အခွင့်အရေး ရရင် သေချာပေါက် ရောက်အောင် လာခဲ့မယ်"

ဆွန်းမိုက အနည်းငယ် ဦးညွှတ်ရင်း ပြန်ဖြေလိုက်သည်။

"ဂျူနီယာလေး။ လုပ်တာကောင်းတယ်"

"ဆက်ကြိုးစားပါ။ ညှိသည်အနေနဲ့ ယူဝေ အကယ်ဒမီကို လာလည်နိုင်တယ်"

"နောက်နှစ်နွေဦးမှာ မြန်မြန်ဆန်ဆန်နဲ့ ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်လာသင့်တယ်နော်"

ဒီမြတ်ဆရာများသည် ရတနာကြောင့် မဟုတ်ဘဲ ဆွန်းမိုနဲ့ အရမ်းရင်းနှီးတဲ့ ဆက်ဆံရေးကို တည်ဆောက် ချင်နေသည်။ သူတို့ လုပ်ရပ်များသည် ပါရမီရှင် အငယ်တစ်ယောက်ကို ကြည့်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက်ရဲ့ အမြင်သက်သက်သာ ဖြစ်သည်။

ဆွန်းမိုက တစ်ခုခု အောင်မြင်လာမယ် မျှော်လင့်ပြီး အားပေးခဲ့ကြသည်။

....

နှင်းစက်ဖြူ အဆောက်အဦးရှေ့ နောက်ဆုံး ပန်းတိုင် အမှတ်မှ,..................

“ဘိုင်တန်၊ ဒုတိယနေရာပဲ။ လုပ်တာကောင်းတယ်”

ကျောင်းအုပ်ကြီးဝေက ဟက်ဟက်ပက်ပက် ရယ်ပြီး ဘိုင်တန်ဇီဝေကို ပွေ့ဖက်လိုက်သည်။ ဒီရလဒ်အတွက် အရမ်းကျေနပ်နေသည်။

“ထင်ထားသလိုပဲ။ ပထမနေရာကို မာရှောင် အကယ်ဒမီက ယူသွားတာပဲ”

ဘိုင်တန်ဇီဝေက သက်ပြင်းချရင်း ပြောလိုက်သည်။

“အမ်၊ အဲဒါက မာရှောင် မဟုတ်ဘူး ဗဟိုပြည်နယ် အကယ်ဒမီပဲ”

ကျောင်းအုပ်ကြီးဝေ အမှန်ပြင်ပေးလိုက်သည်။

"ဘာ"

ဘိုင်တန်ဇီဝေ အံ့အောသွားရုံသာမက ကျန်တဲ့ ဆရာတွေနှင့် ကျောင်းသားတွေလည်း အံ့အောသွားကြသည်။ ဗဟိုပြည်နယ် အကယ်ဒမီ ဆိုပါလား၊ ဘာကြီးလဲ။

"မာရှန်ကော ဘယ်လိုလဲ"

ဘိုင်တန်ဇီဝေက မေးလိုက်သည်။

"သူ ပြန်မလာသေးဘူး'

ကျောင်းအုပ်ကြီး ပြုံးပြီး ပေါ့ပေါ့ပါးပါး စနောက်လိုက်သည်။ "အမှန်ပဲ ။ ဗဟိုပြည်နယ်

အကယ်ဒမီက ဆရာတွေနဲ့ ကျောင်းသားတွေက အရမ်းယုံကြည်ချက် အားကောင်းနေတယ်။ လူတိုင်းကလည်း ချန်ပီယံ ဖြစ်မယ်လို့ ထင်နေကြတယ်”

လူတိုင်း ချန်ပီယံ ဖြစ်ချင်ကြသည်။

ကျောင်းအုပ်ကြီးဝေကလည်း သူ့ကျောင်းက ချန်ပီယံ ဆုရဖို့ မျှော်လင့်နေသည်။

“အရင်ပြန်လာတဲ့ အဖွဲ့က ဗဟိုပြည်နယ် အကယ်ဒမီဆိုရင် အမှောင်ထု ပိရမစ်ထဲက ရတနာကို ကျိန်းသေပေါက် ရလာလိမ့်မယ်။ ဒီလိုသာ

တကယ်ဖြစ်ခဲ့ရင် သူတို့ပဲ ကျိန်းသေပေါက် ချန်ပီယံ ဖြစ်လိမ့်မယ်”

ဘိုင်တန်ဇီဝေရဲ့ အသံက အရမ်းသေချာနေပြီး နောင်တ အရိပ်အငွေ့လည်း ပါဝင်နေသည်။ အဲဒီအချိန်တွင် သူသည် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတဲ့ ကျောင်းသားနှစ်ယောက်ကို ပြုစုနေရပြီး ချန်ထားခဲ့လို့ မရဖြစ်နေသည်။ ဒီလိုမဟုတ်ခဲ့လျှင် ရတနာ လုရအောင် အခြားကျောင်းများနဲ့ တိုက်ခိုက်မည့် အခွင့်အရေးကို လက်လွတ်ခံမှာ မဟုတ်ပါ။

"အမ်"

ကျောင်းအုပ်ကြီးဝေ ပါးစပ် တလှုပ်လှုပ် ဖြစ်သွားသည်။ (ဒီလောက်တောင် သေချာလား)

"ပြီးတော့ ကောင်းကင်သစ်ခွ ကျောင်းသားအသစ်အဖွဲ့ ပျက်သုန်းသွားပြီ"

ဘိုင်တန်ဇီဝေက နောက်ထပ် သတင်းတစ်ခုကို ပြောလိုက်သည်။

အခြေအနေကို စောင့်ကြည့်နေတဲ့ ကျောင်းအုပ်ကြီးကျန်သည် ကျောင်းအုပ်ကြီးဝေကို ချီးကျူးဂုဏ်ပြုရအောင် အရှေ့သို့ တိုးလာသည်။

နောက်ဆုံးတွင် မမျှော်လင့်ဘဲ အဲဒီစကားကို ကြားပြီး အရမ်းစိတ်လှုပ်ရှားကာ မြေပေါ်သို့ လဲကျသွားသည်။

"မင်းပြောတာ တကယ်ပဲလား............"

ကျောင်းအုပ်ကြီးကျန်ရဲ့ မျက်နှာ ဖြူဖျော့နေပြီး မေးလိုက်သော်လည်း နှုတ်ခမ်းက တဆက်ဆက် တုန်နေသည်။ တကယ်တော့ စိတ်ထဲမှာ အဖြေရှိပြီးသားပါ။ ဘိုင်တန်ဇီဝေလိုလူက ဒီလိုအရာမျိုးကို ကိုယ်တိုင် မမြင်မခြင်း ပြောမှာ မဟုတ်ပါ။

အခန်း (၄၀၈ - က) - ကျော်ကြားမှု မြင့်တက်လာတဲ့ အချိန်။

"လုံး၀ မှန်တယ်"

ဘိုင်တန်ဇီဝေက ကျောင်းအုပ်ကြီး ကျန်ကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။ အနည်းငယ် တွေဝေသွားပြီး

“မင်းကျောင်းက အသေအပျောက်များလို့ မင်းစိတ်ကို အနည်းငယ် ပြင်ဆင်ထားဖို့ လိုတယ်”

သူတောင်စင်ဂိတ်က ကျင်းပတဲ့ ပြိုင်ပွဲတွင် အန္တရာယ်နဲ့ တွေကြုံနိုင်ခြေလည်း ရှိသည်။ ဒါကြောင့် ပြိုင်ပွဲ မစခင် ဆရာတွေနှင့် ကျောင်းသားများသည်သေခြင်း ရှင်ခြင်း စာချုပ်ကို ချုပ်ဆိုထားရသည်။

ဆရာ ဒါမှမဟုတ် ကျောင်းသားတစ်ယောက် သေဆုံးသွားပါက တာဝန်ယူစရာမလိုဘဲ လျော်ကြေးငွေတော့ ပေးရမည်။ အနည်းဆုံးတော့ သေဆုံးသူရဲ့ မိသားစုတွေအတွက် လုံလောက်အောင် ပေးရမည်။

သဘာဝအားဖြင့်လည်း ကျောင်းတွေသည် သူတို့ရဲ့ဂုဏ်သတင်းကြောင့် ဒီလိုကိစ္စတွေမှာ လက်တွန့်နေမှာ မဟုတ်ပါ။ ဒီလိုမှမဟုတ်ဘဲ နာမည်ပျက်သွားရင် ဘယ်သူ ကျောင်းတက်ချင်တော့မှာလဲ။

“ဒါကို ဘယ်သူလုပ်တာလဲ”

ကျောင်းအုပ်ကြီး ကျန်က ဘိုင်တန်ဇီဝေကို စိုက်ကြည့်ပြီး တုန်ယင်သော လေသံနဲ့ မေးလိုက်သည်။

“ဆရာဆွန်း”

ဘိုင်တန်ဇီဝေသည် စကားပြောပြီးနောက် ကျောင်းအုပ်ကြီး ကျန်က ဆွန်းမိုကို မသိမှာ စိုးရိမ်နေခဲ့သည်။ ဒါကြောင့် စကားထပ်ဖြည့်လိုက်သည်။

“ဗဟိုပြည်နယ်အကယ်ဒမီက ဆွန်းမို”

ဘယ်လိုပဲပြောပြော ဒီနှစ်မှာ ဆွန်း နာမည်နဲ့ ဆရာတွေ အများကြီး ရှိသည်။

ဖူး

ဒီစကားကို ကြားလျှင် ကျောင်းအုပ်ကြီး ကျန်သည် သွေးတစ်ချက် အန်ပြီး မူးလဲသွားသည်။

အရင်က မကျေမနပ်ဖြစ်နေတဲ့ ကျောင်းအုပ်ကြီး မာသည် ဒါကို မြင်လိုက်လျှင် ရုတ်တရက် ဝမ်းသာသွားသည်။ (ကျောင်းအုပ်ကြီး ကျန် ၊ မင်းကို ဘယ်သူက အမြဲတမ်း မျက်နှာတင်းမာပြီး ဘဝင်မြင့်ဖို့

ဘယ်သူ ပြောခဲ့လို့လဲ။ နောက်ဆုံးတော့ ဒုက္ခရောက်ပြီ မဟုတ်လား”

(မာရှောင်သည် ချန်ပီယံဆု ဆုံးရှုံးသွားသော်လည်း ကျောင်းသားအုပ်စုတော့ မပျက်သုန်းသွားခဲ့ပါ)

“ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို ၊ အရမ်းကြောက်ဖို့ ကောင်းတာပဲ”

ကြည့်နေကြတဲ့ ကျောင်းအုပ်ကြီးများ အားလုံး အရမ်းအံ့အောသင့်သွားသည်။

ပထမနှစ်ချီတွင် ဆွန်းမိုကံကောင်းတယ်လို့ သူတို့ ထင်နေခဲ့သည်။ အခုတော့ သံသယ ရှိစရာ

မလိုတော့ပါ။ အခုနှစ်ပြိုင်ပွဲတွင် အတောက်ပဆုံး မြင်းတစ်ကောင် ဖြစ်နေပြီ။

ပြိုင်ပွဲပြီးဆုံးတာနဲ့ အမှု ကျောင်းအဖွဲ့အသီးသီး ပြန်ရောက်လာကြသည်။ တချို့က ပျော်ရွှင်နေပြီး တချို့ က ဝမ်းနည်းနေကြသည်။

နောက်ဆုံး ရလဒ်ကို နောက်သုံးရက် အကြာတွင် ကြေညာမည်။

ချန်ပီယံဆုကတော့ ဗဟိုပြည်နယ် အကယ်ဒမီက ဖြစ်သည်။

အဆင့်ကို မြင်တိုင်း လူတိုင်း ထိတ်လန့်သွားသည်။ ဗဟိုပြည်နယ် အကယ်ဒမီ အဆင့်တက်တော့မယ်လို့ ခန့်မှန်းကြသည်။

တစ်ချိန်က မဟာကိုးပါး ဖြစ်ခဲ့တဲ့ အဲဒီကျောင်းသည် လက်ရှိအခြေအနေကို ပြောင်းပြန်လှန်ပစ်တော့မှာလား။

ဆွန်းမို နာမည်သည် လူမြင်ကွင်းတွင် ပထမဆုံး အကြိမ် ပေါ်လာခဲ့သည်။ ဘယ်လို့ပဲပြောပြော အသက်နှစ်ဆယ်နဲ့ နတ်ဘုရားခွန်အားနယ်ပယ် ကျွမ်းကျင်သူဆိုတာ တကယ်ကို ချဲ့ကား လွန်းသည်။

ဟိုတယ် ထဲမှာတော့ လီဇီချီ ဒေါသထွက်နေသည်။

"ဆရာရဲ့ ကျင့်ကြံမှုအဆင့်ကိုပဲ ဘာဖြစ်လို့ အာရုံစိုက်နေတာလဲ။ သိသာပါတယ်။ နတ်ဘုရားလက်ဆိုတာက ငါတို့ဆရာရဲ့ ဗုက်ဖဲပဲ"

လူတွေက ဒီလို အခြေခံအချက်ကို လျစ်လျူရှုထားပြီး ဘာမှမဟုတ်တဲ့ အချက်ကိုပဲ အာရုံစိုက်နေတယ်လို့ လီဇီချီ ခံစားနေရသည်။ သူမ ဆရာရဲ့ တန်ဖိုးကို လုံး၀ နားမလည်သေးပါ။

"ဒါအမှန်ပဲ။ ငါတို့ ဆရာက အရမ်းထူးချွန်ပေမယ့် ဒီလူတွေက ကျင့်ကြံခြင်းအဆင့်ကိုပဲ အာရုံစိုက်နေကြတယ်။ အတွေးတိမ်လွန်းတယ်"

လုချီဟွာက သဘောတူကြောင်း ထုတ်ဖော်ပြသလိုက်သည်။

"ဇီချီ၊ မင်း စျေးဝယ် ထွက်ချင်လား"

လုချီက တောကြက်ဥလေးကို လာရှာပြီး နေရထိုင်ရ ခက်နေတဲ့ အချိန်မှ သူမကို ဖိတ်ခေါ်လိုက်သည်။

"မသွားဘူး"

လီဇီချီက ပြန်ဖြေပြီးနောက် ဆွန်းမိုကို ရှာဖို့ ထွက်သွားသည်။ သူမ ဆရာနဲ့လမ်းလျှောက် ထွက်ဖို့ စီစဉ်နေသည်။

....

“နှင်းစက်ဖြူ အဆောက်အဦးကို မြင်နေရပြီ”

ရှုတန်အီက အော်ဟစ်လိုက်သည်။

ဗဟိုပြည်နယ် အကယ်ဒမီရဲ့ လက်ရွေးစင်ကျောင်းသားအဖွဲ့ အားလုံး ပြန်လာကြသည်။ ထိခိုက် ကျဆုံးမှု မရှိခဲ့ပါ။ ရှုတန်အီရဲ့ စကားကို ကြားပြီး

ခေါင်းမော့ကြည့်လိုက်လျှင် နှင်းစက်ဖြူ အဆောက်အဦးရဲ့ ခေါင်မိုးကို မြင်နေရသည်။

"ငါတို့ တတိယ နေရာ ဖြစ်နိုင်တယ် မဟုတ်လား"

ရှာရီ နောက်လှည့်ပြီး ကြည့်လိုက်သော်လည်း အခြားကျောင်းအဖွဲ့ရဲ့ အရိပ်အယောင်ကို မမြင်ရပါ။

"သေချာတယ်"

ကူကွန် အမူအရာက စိတ်အေးလက်အေး ဖြစ်နေသည်။

"အခုလောလောဆယ်တော့ ကျောင်းသားအသစ်အဖွဲ့ရဲ့ ရလဒ်ကောင်းပါစေလို့

ဆုတောင်းတယ်။ ငါတွက်ကြည့်ပြီးပြီ။ လက်ရှိ အဆင့်သတ်မှတ်ချက်အရ သူတို့ အဆင့် ၂၀ အတွင်း ဝင်သ၍ ငါတို့ စီ-အဆင့်ကို တက်နိုင်ပြီ”

“ဆရာဆွန်း ဦးဆောင်နေတာပဲ ပြဿနာ မရှိနိုင်ဘူး”

ဒူရှောင်က သုံးသပ်လိုက်သည်။

“သူတို့ကြောင့်နဲ့ မပျက်ဆီးတာ ပိုကောင်းမယ်”

ကူကွန်သည် ဆွန်းမိုကို မကြိုက်သော်လည်း ကျောင်းကိုတော့ စီ-အဆင့် တက်စေချင်သည်။

"စိတ်မပူနဲ့ ၊ မင်း ပျက်ဆီးသွားရင်တောင် ဆရာဆွန်းက ဘာမှဖြစ်မှာ မဟုတ်ဘူး"

ချိုင်တန်က လှောင်ပြောင်လိုက်သည်။

"ဘာပြောချင်တာလဲ"

ကူကွန် မကျေမနပ် ဖြစ်သွားသည်။

"ဟဲဟဲ၊ မင်းက လောင်းကစားလုပ်ချင်တာလား။ ဆရာဆွန်း ထိပ်ဆုံးအဆင့် ငါးဆင့် ဝင်မဝင် လောင်းကြေး ထပ်လိုက်ရအောင်'

ချိုင်တန်က လှောင်ပြောင်လိုက်သည်။ ဒီစကားကို ကြားလျှင် ကျန်တဲ့ကျောင်းသားတွေ ရယ်ကြသည်။

ချိုင်တန်နှင့် ကူကွန်သည် ဒုတိယအချီက လောင်းကြေးအကြောင်းကို ပြောနေကြသည်။

"မင်းနဲ့ ရန်ဖြစ်ဖို့ စိတ်မဝင်စားဘူး"

နောက်ဆုံးတွင် ကူကွန်သည် လောင်းကြေးကို လက်မခံရဲတော့ပါ။ ဘယ်လိုပဲပြောပြော ဆွန်းမိုက တကယ် အထင်ကြီးဖို့ ကောင်းသည်။

နှင်းစက်ဖြူ အဆောက်အဦးအရှေ့က ပြည်သူ့ရင်ပြင်မှာရှိတဲ့ ပန်းတိုင်းအမှတ်ကို ရောက်ရှိသွားသည်။

“ကျောင်းအုပ်ကြီးအန် ဂုဏ်ပြုပါတယ်။ မင်းတို့အဆင့် စီကို သေချာပေါက် တတ်တော့မယ်’

“တကယ်ကို အောင်ပွဲ လုပ်သင့်တယ်။ မင်းတို့ ဗဟိုပြည်နယ် အကယ်ဒမီ ဒီနှစ်မှာ အခြေအနေကို ပြောင်းနိုင်ခဲ့ပြီ”

“မင်းတို့ကျောင်းရဲ့ ဆရာဆွန်းက တကယ် အထင်ကြီးဖို့ ကောင်းတာပဲ”

အန်ရှီဝေတို့အဖွဲ့ ပြိုင်ပွဲ ပြီးဆုံးကြောင်း တန်ရီမင်က အတည်ပြုပြီးတာနဲ့

ကျောင်းအုပ်ကြီးများက ချက်ခြင်း စုဝေးလာပြီး ဂုဏ်ပြုစကားများ ပြောနေကြသည်။

ကျောင်းများအကြားတွင် ဆရာနှင့် ကျောင်းသား ဖလှယ်ရေး အစီအစဉ်များ ရှိသည်။ ဒီလိုလုပ်ခြင်းဖြင့် အခြားကျောင်းက သင်ယူနိုင်ပြီး မတူညီတဲ့ အတွေးအခေါ်နဲ့ အတွေ့အကြုံများ ပိုရနိုင်သည်။

ဗဟိုပြည်နယ် အကယ်ဒမီက ပျံသန်းတော့မှာ ထင်ရှားနေသည်။ ဒါကြောင့်လည်း လူတိုင်းက အမြင်ကောင်းကို ချန်ထားခဲ့နိုင်အောင် ကမန်းကတမ်း ရောက်လာကြသည်။

အန်ရှီဝေ စိတ်ထဲမှာ ပျော်ရွှင်မှုကို ခံစားခဲ့ရသော်လည်း သေချာပေါက် မပြောရဲသေးပါ။ ဒီကျောင်းအုပ်ကြီးများက စိတ်ချမ်းသာအောင် နှုတ်ဆက်နေကြရင်ရော။ ဒါကြောင့် ကျန်ဟန်ဖူကို လှမ်းရှာလိုက်သည်။ ဒါပေမယ့် သူ့ကို လုံးဝ မတွေ့ခဲ့ပါ။

တန်ရီမင်သည် အန်ရှီဝေရဲ့ ပုံစံကို မြင်ပြီး အလိုလို ပြုံးလိုက်မိသည်။

“မင်းရဲ့ကျောင်းက ကျောင်းသားအသစ်အဖွဲ့က လူသစ်တန်းပြိုင်ပွဲအတွက် ချန်ပီယံဆု ဆွတ်ခူးသွားပြီ”

“ချန်ပီယံ ဟုတ်လား”

အဲဒီနောက် အန်ရှီဝေရဲ့ မျက်လုံး တောက်ပလာပြီး နီရဲလာသည်။ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်နေသည်။ ဒီအခိုက်အတန့်ကို စောင့်မျှော်နေခဲ့ရတာ ကြာပြီ ဖြစ်သည်။

“တောင်းပန်ပါတယ်။ ခံစားချက် မထိန်းနိုင် ဖြစ်သွားလို့ပါ”

အန်ရှီဝေက တောင်းပန်လိုက်သည်။

"သွားပြီး အောင်ပွဲ ခံလိုက်ပါ"

တန်ရီမင်သည် ဒီအမျိုးသမီးလေးကို ကြည့်ပြီး စိတ်မကောင်း ဖြစ်သွားသည်။

ဆန်းကြယ်ကောင်းကင် အကယ်ဒမီ၏ ထိပ်တန်း ဘွဲ့ရတစ်ယောက်အနေနဲ့ သူမသည် သူမတို့မျိုးဆက်တွင် ထိပ်တန်း ပါရမီရှင်တစ်ယောက် ဖြစ်သည်။ သူမရဲ့ ဉာဏ်ရည်နှင့် အရည်အချင်းကြောင့် သင်ကြားမှုတွင် ကြီးကြီးမားမား အောင်မြင်နိုင်သည်။

ကျောင်းကို စီမံခန့်ခွဲရင်း အချိန်ဖြုန်းနေခဲ့တဲ့အတွက် စိတ်မကောင်းစရာပါ။

တန်ရီမင်ရဲ့ အမြင်အရ ကောင်းကင်ရတနာကို ဖြုန်းတီးနေတယ်လို့ ခံစားရသည်။

ကျောင်းအုပ်ဆရာကြီးများသည် အန်ရှီဝေနဲ့ တိတ်တဆိတ် စကား ပြောနေကြသည်။ ထုံးစံအတိုင်း ဆွန်းမို အကြောင်းမှာ လှည့်ပတ်နေသည်။ ဘယ်လိုပဲ ပြောပြော မာရှန်ကို အနိုင်ယူခဲ့တဲ့ မြင်းနက်တစ်ကောင် ဖြစ်သည်။ ချန်ပီယံ ဆုရအောင် ဗဟိုပြည်နယ် အကယ်ဒမီရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအသစ်အဖွဲ့ကို ဦးဆောင်ခဲ့သဖြင့် မျက်နှာသာပေးဖို့ ထိုက်တန်သည်။

အန်ရှီဝေသည် နားထောင်ရင်း စိတ်ထဲမှာ ကျေးဇူးတင်စိတ်နဲ့ ပြည့်နေသည်။

(ကျေးဇူးတင်ပါတယ် မိုမိုလေး)

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု အမှတ် +၁,၀၀၀။ လေးစား (၄,၂၀၂/၁၀,၀၀၀)

"ဆရာဆွန်းက တကယ်တော်တာပဲ"

ဆွန်းမိုအား ကျောင်းအုပ်ကြီးများက ချီးကျူးနေတာကို ကြားလိုက်လျှင် ရှာရီ သဘောကျစွာ သက်ပြင်းချလိုက်သည်။

"ကူကွန် မင်းကြားလား"

ချိုင်တန်က လှောင်ပြောင်လိုက်ပြီး စိတ်ထဲ ကျေနပ်သွားသည်။ ဆရာဆွန်းက ဘယ်တော့မှ စိတ်မပျက်စေခဲ့ပါ။

ဒင်

ချိုင်တန်၏ လေးစားအထင်ကြီးမှု အမှတ် +၅၀၀ လေးစား (၁,၃၅၀/၁၀,၀၀၀)

ကူကွန်သည် မကြားချင်ယောင်ဆောင်နေသော်လည်း စိတ်ထဲ ပျော်သွားသည်။ အဆင်မပြေတဲ့ စကားများ မပြောမိတာ ကံကောင်းသည်။ ဒီလိုမှမဟုတ်ရင် နောက်တစ်ကြိမ် အရှက်ကွဲနေအုံးမည်။

(ဒါပေမယ့် လက်ထပ်ပွဲကိုတော့ သဘောမတူသေးဘူး)

ကူကွန်သည် ပြည်နယ်ကိုးခုရှိ အထွဋ်အထိပ် သူရဲကောင်းနဲ့သာ သူ့ဆရာက ထိုက်တန်တယ်လို့ ထင်နေသည်။ ဆွန်းမို အကြောင်းကတော့ သူ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူရဲကောင်း အဆင့် ဝင်ပြီးမှပဲ ပြောတာ ပိုကောင်းမည်။

သူတော်စင်ဂိတ်တွင် သူရဲကောင်းအဆင့် နှစ်မျိုး ရှိသည်။

သူရဲကောင်းဆိုတာ လူသားများကြားက နဂါးနှင့် ဖီးနစ်လို့ သတ်မှတ်ကြသည်။ သူတို့က ကမ္ဘာပေါ်တွင် အထူးချွန်ဆုံး အရည်အချင်းကို ပိုင်ဆိုင်ထားပြီး ပါရမီရှင် တစ်သောင်းမှာ တစ်ယောက်ပဲ ဖြစ်နိုင်သည်။

သူရဲကောင်း အဆင့်ကို သူတော်စင်ဂိတ်က တစ်နှစ်လျှင် တစ်ကြိမ် ပြင်ဆင်သည်။

အကိုးအကားစံနှုန်းက တိုက်ခိုက်ရေး အစွမ်းကို အခြေခံပြီး အသက် ၂၅နှစ်နှင့် ၄၀ကြားက ထိပ်တန်း ပါရမီရှင်များသာ သတ်မှတ်ဖို့ အရည်အချင်း ပြည့်မီသည်။ အဆင့်သတ်မှတ်ခံရသူ အားလုံးကလည်း အရည်အချင်း ပြည့်လျှံနေတဲ့ လူတွေ ဖြစ်သည်။

ထုံးစံအတိုင်း မင်းမှာ လုံလောက်တဲ့ သန်မာမှုရှိလျှင် လိုအပ်ချက်များကို လျစ်လျူရှုပြီး အဆင့်ထဲကို တိုက်ရိုက်ဝင်နိုင်သည်။

ပြီးတော့ မြတ်ဆရာ သူရဲကောင်းအဆင့်ဆိုတာလည်း ရှိသေးသည်။ အဲဒါက မြတ်ဆရာတွေအတွက် ဖြစ်ပြီး တိုက်ခိုက်ရေး စွမ်းရည်မှာပဲ ကန့်သတ်မထားဘဲ သင်ကြားရေးစွမ်းရည်နှင့် အသိပညာနယ်ပယ် အသီးသီးမှာရှိတဲ့ အောင်မြင်မှုကို ထည့်သွင်း စဉ်းစားသည်။

ဆွန်းမိုက သူရဲကောင်းအဆင့်ကိုတောင် မဝင်နိုင်ခဲ့လျှင် သူ့ဆရာနဲ့ မထိုက်တန်ပါ။

"အထင်ကြီးစရာပဲ"

ဆွန်းမိုက ဒီလောက် အတိုင်းအတာအထိ အားကောင်းနေမယ်လို့ ဂျိမ်ဂျဲ မထင်ထားခဲ့ပါ။ ဆွန်းမိုကို လိုချင်လို့ ကျောင်းအုပ်ကြီးတချို့ တိုက်ရိုက်တောင်းဆိုနေတာ ကြားနေရသည်။ သူတို့က ဗဟိုပြည်နယ်အကယ်ဒမီကို ပိုက်ဆံ ဘယ်လောက် ပေးရမလဲဆိုပြီး တိုက်ရိုက်မေးနေသည်။

ကျောင်းတွေကြားမှာလည်း ဒီလို အရောင်း အဝယ် ရှိသည်။

ဥပမာပြောရလျှင် အရမ်းထူးချွန်တဲ့ ဆရာတစ်ယောက်ကို ပျိုးထောင်ပေးတဲ့ ကျောင်းတစ်ကျောင်း ရှိသည်။ ဒါမှမဟုတ် တစ်ချိန်တုန်းက အဲဒီ ဆရာကို ကျောင်းက ကြင်နာခဲ့ဖူးမည်။ ဒါပေမယ့် ကျောင်းရဲ့ စံနှုန်းက အဲဒီဆရာနဲ့ မယှဉ်နိုင်တော့ရင် လိုချင်တဲ့ အခြားကျောင်းကို တားမှာ မဟုတ်ပါ။ ဒါပေမယ့် လိုချင်တဲ့ကျောင်းက ပိုက်ဆံ အများကြီး ပေးရလိမ့်မည်။

ဒါကလည်း ကျောင်းကို အဲဒီဆရာ ကျေးဇူးပြန်ဆပ်တဲ့ ပုံစံလို့ သတ်မှတ်နိုင်သည်။ ပြောချင်တာက နှစ်ဖက်စလုံးက တစ်ဖက်နဲ့တစ်ဖက် အကြွေးမတင်တော့ဘဲ ချစ်ကြည်ရင်းနှီးစွာ ခွဲခွာနိုင်သည်။

ဒီလို အခြေအနေသည် ဘောလုံးလောက ဖြစ်နေတဲ့ ပြောင်းရွှေ့ကြေးနဲ့ တူသည်။

ကျောင်းသားများအတွက် မေးတာလည်း ကြားခဲ့ရသည်။

ရှန်ယွန်ပေါင်အကြောင်း တစ်ယောက်ယောက်က မေးနေတာကို ဂျိမ်ဂျဲ ကြားလိုက်ရသည်။

အန်ရှီဝေက ဒါကို မမုန်းတီးပဲ ဂုဏ်ယူနေသေးသည်။ ဒါက သူ့ကျောင်းရဲ့ ကျောင်းသားတွေသည် တခြားသူက လိုချင်လောက်အောင် သန်မာနေတယ်လို့ ညွှန်းပြနေသည်။

အမှန်အတိုင်းပြောရလျှင် ကျောင်းသားနဲ့ တိတ်တဆိတ် ဆက်သွယ်ပြီး ကမ်းလှမ်းမှုများ လုပ်တဲ့ ကျောင်းအုပ်ကြီးတချို့ကိုတော့ ရှံရှာမိသည်။

ဒီလူတွေက မြတ်ဆရာလောကအတွက် အညစ်အကြေးတွေပါ။

လျိုမူဘိုင်က ဘာမှမပြောတော့ဘဲ တန်းပြီး ထွက်ခွာသွားသည်။ အဲဒီ ကျောင်းအုပ်ကြီးတွေက ဆွန်းမိုကို ချီးကျူးနေတာ မကြားချင်တော့ပါ။

လျိုမူဘိုင်က ကျောင်းသားအဖွဲ့ကို သူဦးဆောင်လျှင်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်မယ်လို့ ခံစားနေရသည်။

အခန်း (၄၀၈ - ခ) - ကျော်ကြားမှု မြင့်တက်လာတဲ့ အချိန်။

....

ရထားလုံးတစ်ခု မေပယ်တစ်ထောင် ဟိုတယ် အပြင်ဘက်တွင် ရပ်တန့်လိုက်သည်။ အန်ရှီဝေ တို့အဖွဲ့ မဆင်းခင် ဆွန်းမိုကို အဘိုးကြီးတစ်ယောက်နဲ့အတူတူ ဟော်တယ်ထဲက ထွက်လာတာ တွေ့လိုက်ရသည်။

"ဒါက မာရှောင်ကျောင်းရဲ့ ကျောင်းအုပ်ကြီး မဟုတ်လား"

ဂျီမဲဂျဲက ရုတ်တရက် အံ့အောပြီး မေးလိုက်သည်။

အန်ရှီဝေ ချက်ခြင်း မျက်မှောင်ကြုတ်သွားသည်။ ရထားတံခါးကို ပြင်းပြင်းထန်ထန် တွန်းဖွင့်ပြီး ဆွန်းမိုဆီ လျှောက်သွားသည်။

"မိုမိုလေး "

အန်ရှီဝေက လှမ်းခေါ်လိုက်သည်။

"မင်္ဂလာနေ့လည်ခင်းပါ။ ကျောင်းအုပ်ကြီးမာ"

"အို ၊ ကျောင်းအုပ်ကြီး အန်ပါလား'

ကျောင်းအုပ်ကြီး ပြန်နှုတ်ဆက်သည်။ ဆွန်းမိုနဲ့ ခဏလောက် စကားစမြည်ပြောပြီး နှုတ်ဆက် လမ်းခွဲသွားသည်။

မာရုန်၏ တိုက်တွန်းချက်အရသာ ဆွန်းမိုကို ခေါင်းဖြတ် အမဲလိုက်ဖို့ ရောက်လာခဲ့သည်။ ဒီလိုမှမဟုတ်ရင် လုံး၀ လာဖြစ်မှာ မဟုတ်ပါ။ တကယ်တော့ သူသည် ဆွန်းမိုကို တော်တော်လေး မုန်းသည်။

ဆွန်းမိုက သူတို့ကျောင်း ချန်ပီယံဆုမရအောင် လုပ်ခဲ့တဲ့သူ ဖြစ်သည်။

"သူ ဒီမှာ ဘာလုပ်နေတာလဲ"

ဂျီမဲဂျဲက မေးလိုက်သည်။

"ငါ့ကို ခေါ်ဖို့"

ဆွန်းမို လိုရင်းတိုရှင်း ပြန်ဖြေသည်။

“မင်းထွက်သွားတော့မှာလား”

ဂျီမဲဂျဲသည် ဒါကိုမေးဖို့ အစီအစဉ် မရှိသော်လည်း အန်ရှီဝေက လှမ်းကြည့်နေသဖြင့် မေးဖို့ ဆုံးဖြတ်လိုက်သည်။ ဒါပေမယ့် သူမသည် အရမ်းသိချင်စိတ် ပေါက်လာသည်။ (ဆွန်းမိုက မင်းနဲ့စေ့စပ်ထားတာ မဟုတ်ဘူးလား။ သူက ဘယ်လိုလုပ်ပြီး ထွက်သွားမှာလဲ)

အန်ရှီဝေသည် အရင်က သူမရည်းစားကို ဂရုမစိုက်မိတာ သူမပဲ သိနေသည်။

(အနာဂတ်မှာ ပိုပြီး အာရုံစိုက်ဖို့ လိုနေပြီ)

“ငါမသွားဘူး။ မင်နိုင်ငံက ရာသီဥတုကို မကြိုက်ဘူး”

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ပြုံးလိုက်ရင်း

“ရလဒ်က ဘယ်လိုလဲ”

“ငါတို့ စီ-အဆင့်ကို တက်နိုင်ပြီ”

ဂျိမ်ဂျဲက ဆွန်းမိုကို လက်သီး ခပ်ဖွဖွလေး ထိုးလိုက်ပြီး

“ကောင်လေး၊ လုပ်တာ ကောင်းတယ်”

ဆွန်းမိုဆီက တုန့်ပြန်စကားကို ကြားပြီးမှပဲ အန်ရှီဝေသည် လည်ချောင်းဝကို ရောက်နေတဲ့ သွေးမ နှလုံးသား ပြန်ဆင်းပြီး ငြိမ်ကျသွားသည်။ အဲဒီနောက် ဆံပင်ကို လက်ညှိုးနဲ့ ကိုင်ရင်း ဆွန်းမိုကို ကြည့်လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ဆွန်းမို။ မင်းက ဒီလို ဖြစ်အောင် လုပ်ပေးခဲ့တဲ့ လူပဲ"

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား (၅,၂၀၂၀/၁၀,၀၀၀)

“ငါက လုပ်သင့်ဒါပဲ လုပ်ခဲ့တာ”

ဒီရလဒ်အတွက် ဆွန်းမို မာနမကြီးသွားပါ။

“မင်းတို့ ပင်ပန်းနေလောက်ပြီး ကျေးဇူးပြုပြီး သွားနားလိုက်ပါအုံး”

“ကျောင်းအုပ်ကြီး အန်”

“ဆရာ ဂျိ’

“မင်္ဂလာပါ ကျောင်းသားတို့’

လီဇီချီနဲ့ ကျန်တဲ့ကျောင်းသားများ ရောက်လာသည်။ အန်ရှီဝေနှင့် ဂျိမဲဂျဲတို့ကို မြင်လိုက်လျှင် ကမန်းကတမ်း နှုတ်ဆက်လိုက်သည်။

"လမ်းသွားလျှောက်ကြစို့"

ဆွန်းမိုက ပြောလိုက်သည်။

ဆွန်းမိုက ကျောင်းသားတွေကို ဦးဆောင်ပြီး အဝေးထွက်သွားတာကို ကြည့်နေပြီး ဂျိမဲဂျဲက ရုတ်တရုတ်

"ရှီဝေ၊ မင်း ဆွန်းမိုကို အနိုင်ယူရမယ်နော်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကျောင်းသားများအားလုံးသည် ထိပ်တန်းပါရမီရှင်များ ဖြစ်သည်။ အခုအနေအထားကို ကြည့်လိုက်လျှင် သူတို့၏ စိတ်ထဲတွင် ဆွန်းမိုက အရမ်းမြင့်မားတဲ့ နေရာတွင် ရှိနေသည်။ ဆွန်းမိုသာ ကျောင်းကထွက်ဖို့ ဆုံးဖြတ်လိုက်တာနဲ့ ဒီကျောင်းသားတွေလည်း သူ့နောက် လိုက်သွားဖို့ များသည်။

“ငါ နားလည်တယ်”

အန်ရှီဝေက မတုံးပါ။

“ကျောင်းအုပ်ကြီးအန် ၊ ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုပါတယ်”

သူ့ဒြေးလဲ့သည် ဒီသတင်းကို ကြားပြီး ဂန္ဓမာပန်းလို ကြီးမားတဲ့ အပြုံးနဲ့ ရောက်လာသည်။

ဒီတစ်ခေါက်တော့ သူ့မှာ တော်တော်အကျိုး ရှိသွားသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ချန်ပီယံဆုများထဲက တစ်ဆုကို ရခဲ့ပြီး ဟိုတယ်ရဲ့ ကျော်ကြားမှုကို မြှင့်တင်နိုင်ခဲ့သည်။ နောင်တစ်ချိန်တွင် ကျောင်းသား အဖွဲ့များသည် သူတို့ ကံကောင်းစေရန် မျှော်လင့်ချက် သေးသေးလေးကို

ပုံအောပြီး ငွေကြေး၃ဆ လောက်လည်း ပေးခြေကြလိမ့်မည်။

“ငါတို့ရဲ့ သဘောတူညီချက်အရ ၊ မင်းတို့ တည်းခိုခအားလုံး အခမဲ့ ဖြစ်သွားမယ်။ ငါ့ကို အားမနာပါနဲ့. မင်းတို့ ဆက်ပြီး အားနာနေရင် ငါ့မျက်နှာကို ဖျက်ရိုက်တာနဲ့ အတူတူပဲ ဖြစ်နေမယ်”

သူဌေးလဲ့ရဲ့ အပြုအမူက သူ့ရဲ့ ဘိုးဘေးကို စောင့်နေသကဲ့သို့ စိတ်အား ထက်သန်လှသည်။

လျှို့မှုဘိုင်သည် ပြတင်းပေါက်အနားတွင် ရပ်နေပြီး အရာအားလုံးကို တိုက်ဆိုင်စွာ မြင်လိုက်ရသည်။ သူ့အမူအရာ ပိုပြီး မှုန်ကုတ်ကုတ် ဖြစ်သွားသည်။

(ကိစ္စ မရှိဘူး။ နောက်နှစ်လ အကြာမှာ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ ရှိတယ်။ စာမေးပွဲမှာ ပထမအဆင့်ကို အောင်မြင်အောင် ယူရမယ်။ ပြီးတော့ ကြယ်သုံးပွင့်ကို တစ်ဆက်တည်းယူပြီး ငါ့ရဲ့ ကျော်ကြားမှုက တစ်ကမ္ဘာလုံးမှာ မြင့်တက်လာရမယ်)

နှစ်စဉ် မတ်လ၊ ဇွန်လ နှင့် စက်တင်ဘာလများတွင် ကြယ် ၁ ပွင့်၊ ကြယ် နှစ်ပွင့်၊ ကြယ် ၃ ပွင့် မြတ်ဆရာ အရည်အချင်းစစ် စာမေးပွဲများကို ကျင်းပသည်။ တဆက်တည်း အောင်မြင်မှပဲ ကြယ်သုံးပွင့် အဆင့်အထိ ဆက်တိုက် ဖြတ်ကျော်နိုင်လိမ့်မည်။

သုံးနှစ် တစ်ကြိမ် အင်ပါယာ စာမေးပွဲကို ဖြေဆိုပြီး ထိပ်တန်း ပညာရှင်တစ်ယောက် ဖြစ်အောင် ကြိုးစားရသလို ခက်ခဲလှသည်။ ဒါကို အောင်မြင်ဖို့လည်း အရမ်းခက်ခဲသည်။

ကြယ် ၁ ပွင့် မြတ်ဆရာ စာမေးပွဲက လွယ်နိုင်ပေမယ့် ကြယ် ၂ ပွင့်နှင့် ကြယ်သုံးပွင့် စာမေးပွဲတွေကတော့ အရမ်းခက်သည်။

ကြယ် ၂ပွင့် မြတ်ဆရာ စာမေးပွဲသည် ဆရာတစ်ယောက်ရဲ့ သင်ကြားပြသပေးတဲ့ စွမ်းရည်ကို စမ်းသပ်ထားသည်။ လူငယ် ဆရာအများစုက အခုမှ အလုပ်ဝင်ခဲ့သဖြင့် မကျော်ကြားသေးသလို၊ အတွေ့အကြုံကလည်း မရှိသောကြောင့် တိမ်စိမ်းအဆင့် ဝင်နိုင်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားကောင်းကို ဘယ်လိုလုပ် စုဆောင်းနိုင်မှာလဲ။ ပျိုးထောင်နိုင်မှာလဲ။

ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် အတွက်ကတော့ ထိုအဆင့်ကို မရောက်ခင် အနည်းဆုံး အသက် ၃၀ ဒါမှမဟုတ် လေးဆယ် ကျော်နေလိမ့်မည်။

တကယ်လို့ လူတစ်ယောက်က ကြယ်သုံးပွင့် အဆင့်သို့ တက်ရောက်လိုလျှင် ခက်ခဲတဲ့ အနေထားသုံးခုကို ဖြည့်ဆည်း ရလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပထမအချက် မြတ်ဆရာ အရှိန်အဝါ ကိုးခုထက် မနည်း နားလည်ရမည်။

ဒုတိယအချက်ကတော့အခြား အသက်မွေးဝမ်းကြောင်း ပညာသုံးခုတွင် ကျွမ်းကျင်အဆင့် ရှိရမည်။

တတိယအချက် နတ်ဘုရား ခွန်အားအဆင့်တွင် ရှိရမည်။

အခြေအနေ သုံးခုစလုံးအတွက် အဲဒီဆရာသည် အများကြီး အားထုတ်ပြီး အတွေ့အကြုံတွေ စုဆောင်းဖို့ လိုအပ်သည်။

အထူးသဖြင့် ပထမချက်အတွက် ဖြစ်သည်။ တကယ်လို့ လူတစ်ယောက်က အရည်အချင်း မလုံလောက်လျှင် အသက်တစ်ဝက်လောက် အသုံးချသော်လည်း မြတ်ဆရာ အရှိန်အဝါကိုးခုကို နားလည်ဖို့ မဖြစ်နိုင်ပါ။

“ရှီဝေ၊ ခဏစောင့်။ ပါရမီရှင်အစစ်က ဘယ်သူလဲ ၊ ဗဟိုပြည်နယ် အကယ်ဒမီကို မဟာကိုးပါးအဆင့် ရောက်အောင် ပြန်ပို့ပေးမှာက ဘယ်သူလဲဆိုတာ မင်းကို ငါပြမယ်”

လျှိုမူ့ဘိုင်သည် တိတ်တဆိတ် ဂတိပြုလိုက်ပြီး ပြတင်းပေါက် ပိတ်လိုက်သည်။

ကျန်ဟန်ဖူသည် လူများနဲ့ မတွေ့ဘဲ အခန်းထဲ ပုန်းအောင်း နေခဲ့သည်။ အခုအချိန် မတိုင်ခင်ကလည်း ဆွန်းမိုနဲ့ လောင်းကြေးထပ်ခဲ့သည်။ ဆွန်းမိုသာ ချန်ပီယံ ဖြစ်ခဲ့လျှင် သူနှုတ်ထွက်ပေးရတော့မည်။

ဒါပေမယ့် သူ ဘယ်လိုလုပ်ချင်မှာလဲ။

ကျောင်းအုပ်ကြီးများ အရှေ့တွင်လည်း မျက်နှာ ပျက်ခဲ့ပြီးပြီ နောင်တွင် အလုပ်ရှာဖို့လည်း မလွယ်တော့ပါ။ ဘယ်လိုပဲဖြစ်ဖြစ်

ဒုကျောင်းအုပ်ကြီးရာထူးကို စွန့်လွှတ်ရမှာ တွန့်ဆုတ်နေသည်။

"မဖြစ်ဘူး။ ဒီမှာဘဲ သေဖို့ ထိုင်စောင့်နေလို့ မဖြစ်ဘူး။ အဖြေတစ်ခု ရှာရမယ်။ ဆွန်းမို၊ မင်းသေမလား၊ ငါသေမလား။ မင်းကငါ့ကို ဗဟိုပြည်နယ် အကယ်ဒမီက ထွက်သွားစေချင်တာလား။ မဖြစ်နိုင်ဘူး"

ကျန်ဟန်ဖူသည် မင်းသား လီဇီရှင်းကို သွားရှာဖို့ ဆုံးဖြတ်လိုက်သည်။ လီဇီရှင်းသည် ဗဟိုပြည်နယ် အကယ်ဒမီကို မက်မောပြီး

လိုချင်နေသည်။ ဗဟိုပြည်နယ် အကယ်ဒမီက စီ-အဆင့်သို့ တက်သွားလျှင် လီဇီရှင်း ပိုလိုချင်လာမယ်လို့ ယုံကြည်နေသည်။

....

သုံးရက် ကြာပြီးတော့ ဒီ-အဆင့် ကျောင်းများ၏ လက်ရွေးစင်ပြိုင်ပွဲနဲ့ လူသစ်တန်း ပြိုင်ပွဲ ပြီးဆုံးသွားပြီ။ ရလဒ်များကိုလည်း ကြေငြာခဲ့သည်။

ဗဟိုပြည်နယ် အကယ်ဒမီ ချန်ပီယံ ဖြစ်ခဲ့သည်။

ဒီလို ရလဒ်ကောင်းခြင်းမှာ ကျောင်းသားအသစ်ဖွဲ့၏ လုပ်ဆောင်ချက်

အရမ်းထူးချွန်နေလို့ ဖြစ်သည်။ ပိုပြီး တိတိကျကျ ပြောရလျှင် ဆွန်းမိုက အစွမ်းထက်လွန်းပြီး မာရှောင်၊ ကောင်းကင်သစ်ခွနှင့် ဝေမာ အကယ်ဒမီတို့ကို တိုက်ရိုက်နှိမ်နင်းခဲ့လို့ ဖြစ်သည်။

ကျောင်းတစ်ခု၏ အကောင်းဆုံး အဆင့်သတ်မှတ်ချက်သည် လက်ရွေးစင်အသင်းနှင့် ကျောင်းသားအသစ်အသင်းတို့ ရလဒ် နှစ်ခုကို ပေါင်းခြင်း အပေါ်တွင် မူတည်သည်။

ချန်ပီယံဖြစ်ဖို့ အဓိက မျှော်လင့်ချက်ရှိတဲ့ ကျောင်းသုံးကျောင်းရှိခဲ့သည်။ လက်ရွေးစင်အသင်းရဲ့

ရလဒ်သည် တူညီနေခဲ့ကြသည်။ တကယ်တမ်းပြောရလျှင် သူတို့က အနည်းငယ်သာလွန်နေသေးသည်။ ဒါပေမယ့် ကျောင်းသားအသစ်များကို ယှဉ်ကြည့်တဲ့အခါကျတော့ တော်တော်လေး ကွာခြားသွားသည်။

အထူးသဖြင့် တတိယအချီတွင် ဖြစ်သည်။ ဆွန်းမိုက တန်ဖိုးအရှိဆုံး အမှောင်ထု ပုံရိပ်ယောင်ကျောက်မြတ်ရတနာကို ရခဲ့သော်လည်း ကျန်တဲ့ကျောင်းများက အကြွင်းအကျန်ကိုသာ ရခဲ့သည်။ ဘီ-

အဆင့် နယ်မြေက ရခဲ့တဲ့ ရတနာ များနဲ့တောင် မယှဉ်နိုင်ခဲ့ပါ။

မေပယ်တစ်ထောင် အပြင်ဘက်တွင် သူဌေးလဲ့က လူတိုင်းကို နှုတ်ဆက်နေသည်။

"ပြန်ကြစို့"

"အိမ်ပြန်ချိန်ရောက်ပြီ"

"ပြန်သွားပြီး ကျောင်းမှာရှိနေတဲ့ ဆရာတွေ ၊ ကျောင်းသားတွေနဲ့အတူ အောင်ပွဲ ခံလိုက်ရအောင်"

အန်ရှီဝေက အမိန့်ပေးလိုက်သည်။ အဲဒီနောက် နောက်လှည့်ပြီး ဟိုတယ်ကို နောက်ဆုံးအနေနဲ့

တစ်ချက်ကြည့်လိုက်သည်။ နောင်နှစ်ဆိုလျှင် ဒီကို ပြန်လာစရာ မလိုတော့ပါ။ သူတို့က စီ-အဆင့်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကြမည်။

"အဘိုး၊ ငါနဲ့ မိုမိုလေးက ဗဟိုပြည်နယ် အကယ်ဒမီကို မဟာကိုးပါး အဆင့်အထိ ပြန်ရောက်အောင် သေချာပေါက် ဦးဆောင်သွားမယ်"

အန်ရှိဝေက ဂတိပြုလိုက်သည်။

အခန်း (၄၀၉) - အောင်ပွဲခံပြီး ပြန်လာခြင်း။ အကယ်ဒမီ တုန်လှုပ်ခြင်း။

ဗဟိုပြည်နယ် အကယ်ဒမီသည် ဆောင်းဦးကာလတွင် ကြွေကျနေတဲ့ သစ်ရွက်ခြောက်များ၊ လေထဲက နှင်းအငွေ့အသက်လေးများနဲ့ ပြည့်နှက်နေသည်။ ဒါပေမယ့် ဒီနေ့မှာတော့ နှင်းများကျနေပြီး ကျောင်းဝန်း တစ်ခုလုံးသည် အဖြူရောင် ဂါဝန်ကို ဝတ်ဆင်ထားတဲ့ သတို့သမီး အသစ်နဲ့ တူနေသည်။

ရှာယွန်သည် တံခါးဖွင့်ပြီး ရုံးခန်းထဲသို့ ဝင်လာသည်။ သူမသည် လုပ်ဖော်ကိုင်ဖက်များ

စိတ်လှုပ်ရှားစွာ စကားပြောနေတာကို မြင်လိုက်ရသည်။

"လိဂ်ပြိုင်ပွဲ နှစ်ရပ်ပေါင်းပြီး ချန်ပီယံ ဖြစ်လာမယ်လို့ တကယ် မထင်ထားဘူး"

ဒူရှောင်က အရမ်း စိတ်လှုပ်ရှားနေသည်။ တကယ်လို့ ကျောင်းသာ စီ-အဆင့် မြင့်တက်သွားရင် သူ့အဆင့်အတန်းလည်း တိုးတက်လာမည်။ အနာဂတ်မှာ အလုပ်အသစ်ရှာတဲ့အချိန် အင်တာဗျူးတဲ့ အခါ သူ့ကိုယ်သူ ဂုဏ်ယူဝံ့ကြွားစွာ မိတ်ဆက်လို့ ရပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အရင်က ဗဟိုပြည်နယ်အကယ်ဒမီမှာ သင်ပေးခဲ့တယ်)

ဒါက ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီ ၅ဂဂထဲဝင်တဲ့ ကုမ္ပဏီရဲ့ တရားဝင် ဝန်ထမ်းတစ်ယောက်လို ဖြစ်နေသည်။ ဒီအခြေအနေ တစ်ခုတည်းနဲ့တင် မျက်နှာရပြီး အခြားသူများက မနာလို ဖြစ်နိုင်သည်။

"ဟုတ်တယ်၊ ဆရာဆွန်းက တကယ်သန်မာတယ်"

ကျုံးရှန်ရီသည် ခံစားချက် အပြည့်နဲ့ ပြောလိုက်သည်။

ဒီနှစ်များအတွင်းမှာ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းသားအသစ်အဖွဲ့သည် အကြိမ်ကြိမ် လွဲချော်ခဲ့သည် ။ ဒီနှစ်မှာလည်း အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဖန်ယန်နဲ့ အဓိက ခွန်အားဖြစ်တဲ့ လျှောင်ရန်တို့ နှစ်ယောက်စလုံး ပြိုလဲသွားသည်။

အဲဒီနှစ်ယောက်အပေါ်မှာ အန်ရှီဝေက အရမ်းမျှော်လင့်ထားခဲ့သည်။ နောက်ဆုံးမှာတော့ သူတို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ပုံရိပ်က အသုံးမဝင်တော့ဘဲ ဆွန်းမိုကိုပဲ အားကိုးခဲ့ရသည်။ သူက ခက်ခဲတဲ့ အကြပ်အတည်းကို ဖြေရှင်းဖို့

ပြင်းပြင်းထန်ထန် ကြိုးစားကာ ကျောင်းသားအသစ်တွေကို ဦးဆောင်ပြီး ချန်ပီယံဆုကို ရအောင်ယူခဲ့သည်။

"သူတို့က ဟွာကျုံ အကယ်ဒမီကို ဖြုတ်ထုတ်ပြီး ကောင်းကင်သစ်ခွ အကယ်ဒမီကိုလည်း သုတ်သင်ခဲ့ကာ မာရှောင် အကယ်ဒမီကိုတောင် ဖိနှိပ်ခဲ့တယ်။ ကျွတ်ကျွတ်၊ ဆရာဆွန်းရဲ့ စွမ်းဆောင်ချက်က မဟာကိုးပါးက ဘွဲ့ရတွေထက် ဘယ်လိုမှ မနိမ့်ကျဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂေါင်ချမ်က ဒီစကားပြောရင်း စိတ်ထဲမှာ အားကျနေသည်။ (ငါ့ရဲ့ မှတ်တမ်းထဲမှာ ဒီလို အထင်ကြီးဖို့ကောင်းတဲ့ မှတ်တမ်းမျိုး လိုချင်တယ်)

“ဆရာဆွန်းက ဒီအသုတ်ရဲ့ အကောင်းဆုံး မြင်းနက်ကလွဲရင် ဘာမှမဟုတ်ဘူး”

ရှာယွန်က တခစ်ခစ် ရယ်ပြီး ပြောလိုက်သည်။

ဘယ်လိုပဲဖြစ်ဖြစ် အန်ရှီဝေသည် ကျောင်းအုပ်ကြီး လုပ်လာတာ နှစ်အနည်းငယ် ကြာနေပြီ ဖြစ်သဖြင့် သတင်းဖြန့်ခြင်းရဲ့ အရေးကြီးပုံကို နက်နက်ရှိုင်းရှိုင်း နားလည်ခဲ့သည်။

ပြီးတော့ ကျောင်းသားအဖွဲ့ နှစ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်ကလည်း မဆိုးပါ။ ပထမအချီပြီးကတည်းက ကျောင်းကို သတင်းပြန်ပို့ဖို့အတွက် တစ်ယောက်ကို ခိုင်းခဲ့သည်။

အခုဆိုလျှင် ဗဟိုပြည်နယ် အကယ်ဒမီသည် ပျော်ရွှင်မှု ပင်လယ်ထဲ စီးမျောနေသည်။

ကျောင်းသားတစ်ယောက်က အထူးပြုကျောင်းကို သွားပြီး လေ့လာတာနဲ့တူနေသည်။ နောက်ဆုံးမှာ အဲဒီကျောင်းက အဆင့်မြင့်သွားပြီး တက္ကသိုလ်ဖြစ်လာခဲ့သည်။ အနာဂတ်တွင် အဲဒီကျောင်းသား၏

ကိုယ်ရေးရာဇဝင်ကလည်း ပိုတောက်ပလာပြီး သူ့ရဲ့ ပညာရေးလမ်းကြောင်းကို ကြွားလုံးထုတ်တဲ့အခါတွင် မျက်နှာပန်း လှနေမည်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ အရမ်းပျော်နေတာ သေချာသည်။ ဘာမှလုပ်စရာမလိုဘဲ အလိုလို အကျိုးအမြတ် ရတာလာတဲ့ ခံစားမှုမျိုး ဖြစ်သည်။

"ပြောရရင် ငါတို့ကျောင်းက စီ-အဆင့်ကို တက်သွားတာနဲ့ ကျောင်းက အကျိုးအမြတ်ရပြီး ဆက်ဆံမှုကလည်း ပိုကောင်းလာလိမ့်မယ်"

ပန်ရီက ကြွားဖြတ်ပြီး ဝင်ပြောသည်။

အသက်ကြီးနေသဖြင့် ကြယ်အဆင့်တိုးဖို့ မဖြစ်နိုင်တော့ပါ။ အချိန်များကို ရိုးရှင်းစွာ ဖြုန်းတီးနေပြီး အနားယူရန် အစီအစဉ် ချမှတ်နေခဲ့သည်။ အလုပ်ထဲက အကျိုးအမြတ် တိုးလာနိုင်သဖြင့် ဒါက မမျှော်လင့်ထားတဲ့ ပျော်ရွှင်မှု ဖြစ်သည်။

"အတိအကျပဲ"

ရှာယွန်သည် ပန်ရီကို ကြည့်ပြီး မလျောင်ဖြစ်တော့ပါ။

“ဒါပေမယ့် ပြိုင်ဆိုင်မှုနဲ့ ဖိအားကလည်း ပိုပြင်းထန်လာလိမ့်မယ်။ နောက်ဆုံးတော့ ငါတို့က စီ-အဆင့် အကယ်ဒမီ ဖြစ်နေပြီလေ”

“အမ်”

ပန်ရီ တွေဝေသွားသည်။ ခန္ဓာကိုယ်ကလည်း အလိုလို တုန်လာပြီး ဝမ်းနည်းလာသည်။

ကျောင်းတစ်ကျောင်း အဆင့်အတန်း တိုးတက်လာပါက မြတ်ဆရာတွေကို ဆွဲဆောင်နိုင်လာလိမ့်မည်။ ဒီနေရာမှာ အလုပ်လာရှာတဲ့လူတွေလည်း ပိုများလာလိမ့်မည်။

ကျောင်းကို စီ-အဆင့် တည်ငြိမ်ဖို့အတွက် အန်ရှီဝေကလည်း ပိုပြီး အရည်အချင်းရှိတဲ့ ဆရာတွေကို ခေါ်ယူလိမ့်မည်။ ဒါပေမယ့် ကျောင်းမှာက ဝန်ထမ်းဦးရေ အကန့်အသတ်နဲ့သာ လက်ခံနိုင်သည်။ အဲဒီလို ဖြစ်လာလျှင် အရည်အချင်းနိမ့်ကျတဲ့ ဆရာတွေက သေချာပေါက် ဖယ်ထုတ်ခံရလိမ့်မည်။

"အလုပ်အသစ် ရှာရတော့မယ်လို့ ဆိုလိုနေတာလား"

ပန်ရီသည် ရုတ်တရုတ် စကာမပြောနိုင်ဘဲ တိုးတိုးလေ ရေရွတ်နေသည်။ သူက အံဆွဲကို ဖွင့်လိုက်ပြီး အချိန်တော်တော်ကြာ အသုံးမပြုဖြစ်ခဲ့တဲ့ စာအုပ်(လက်နက်တပ်ဆင်ခြင်းဆိုင်ရာ မေးခွန်း ၁၀၀) ကို ထုတ်ယူလိုက်ပြီး စဖတ်နေသည်။

တကယ်လို့ အရင်တုန်းကဆိုရင်တော့ ဒီအလုပ်ဆုံးရှုံးသွားလျှင် နောင်တ အနည်းငယ် ရနိုင်ပေမယ့် နာကျင်ရမှာ မဟုတ်ပါ။ ဒါပေမယ့် အခုအချိန်မှာ တကယ် အလုပ်ဆုံးရှုံးသွားရင် စိတ်ထဲမှာ ကြီးကြီးမားမား နာကျင်ခံစားရလိမ့်မည်။

သူ့ရဲ့ အစွမ်းအစကြောင့် တစ်ဘဝလုံး တောင်းတနေရင်တောင် စီ-အဆင့်ကျောင်းမှာ အလုပ်ရဖို့ မဖြစ်နိုင်ပါ။

"ငါ့အသက်အရွယ်အရ စီ-အဆင့် ကျောင်းမှာ ဆရာတစ်ယောက် ဖြစ်လာမယ်လို့ မထင်ထားခဲ့ဘူး"

ပန်ရီသည် အနှစ် ၂၀ သက်တမ်းရှိတဲ့ နဲပောင်(ဝိုင်) နှင့် ဘဲကင်နှစ်ကောင်ကို ဈေးမှာဝယ်ပြီး အောင်ပွဲခံဖို့ ဆုံးဖြတ်လိုက်သည်။

"ဒါပေမယ့် အဲဒီ ဆရာဆွန်းက ချန်ပီယံဆုကို တကယ်ပဲ ယူနိုင်ခဲ့လို့ တကယ်ကို အထင်ကြီးစရာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပန်ရီ၏ လေးစားအထင်ကြီးမှု အမှတ် +၁၀၀။ ရင်းနှီး (၃၀၀/၁,၀၀၀)

အခုလက်ရှိတွင် အရမ်းစိတ်လှုပ်ရှားနေတဲ့ ဒူရှောင်က ပန်ရီ စကားကို ကြားလိုက်လျှင် ဖိအား ဝင်သွားသည်။

“ကျောင်းမှာရှိတဲ့ ဆရာတွေနဲ့ ကျောင်းသားတွေ အားလုံး အာရုံစိုက်နားထောင်ပါ။ ငါတို့ကျောင်းရဲ့ ပြိုင်ပွဲဝင်အဖွဲ့ ပြန်လာတော့မယ်။ မင်းတို့ အားရင် မင်းတို့အားလုံး အောင်ပွဲခံပြီး ပြန်လာတဲ့

သူ့ရဲကောင်းတွေကို ကြိုဆိုဖို့ ကျောင်းအပေါက်ဝကို သွားလို့ ရတယ်”

လင်ကျုံ အသံက ကျောင်းဝန်းတစ်ခုလုံးကို ရုတ်တရက် ပျံ့နှံ့သွားသည်။

သူက အမှောင်တိုက်ကြီးက တူးဖော်တွေ့ရှိထားတဲ့ အသိပညာနဲ့ ဖန်တီးထားတဲ့ ကိရိယာကို အသုံးပြုပြီး ပြောခဲ့သည်။ အဲဒီကိရိယာက တစ်ဆင့် သူ့အသံရဲ့ ပမာဏက တိုးတက်လာသည်။

လင်ကျုံက သုံးကြိမ်တိုင်တိုင် ပြောလိုက်ပြီးနောက် စကားမပြောဘဲ ရပ်လိုက်သည်။

"ဆရာရှာ၊ အတူတူ သွားချင်လား"

ဒူရှောင် လှမ်းအော်ပြောသည်။

"ငါလည်း လိုက်မယ်"

ကျုံရှန်ရီ စကားပြောလိုက်တဲ့ အချိန်တွင် ရုံးမှာ ရှိတဲ့လူတိုင်း မတ်တပ်ရပ်နေကြပြီ။

ကျင့်ကြံခြင်းကို အာရုံစိုက်ပြီး သက်ရှည်နယ်ပယ်ကို တိုက်နိုင်သမျှ မြန်မြန်ရောက်အောင် ဖြတ်သန်းချင်နေတဲ့ ရှောင်ဟိုတောင် မတ်တပ်ရပ်နေတာကို ရှာယွန် မြင်လိုက်ရသည်။

ဒီလိုကြိုးဆိုမှုက မဖြစ်မနေ လုပ်ရမည့် အရာ မဟုတ်ပါ။ ဒါပေမယ့် ရှောင်ဟိုတောင် လုပ်နေကတည်းက သူ့ရဲ့ စိတ်ထဲတွင် ကျောင်း ရပ်တည်ချက်က မြင့်မားလာတဲ့ သဘော ဖြစ်သည်။

“ထင်မှတ်ထားသလိုပဲ။ ရလဒ်က အရာအားလုံးပဲ”

ရှာယွန် နှုတ်ခမ်း လှုပ်ယမ်းသွားသည်။ အရင်တုန်းကဆိုလျှင် ရှောင်ဟိုသည် ဒီလို ကိစ္စတွေမှာ လုံးဝပါဝင်မှာ မဟုတ်ပါ။ သူက စုပေါင်း စပ်ပေါင်း ဂုဏ်သိက္ခာနဲ့ကျက်သရေကို ခံစားမှာ မဟုတ်ပါ။

လူတိုင်း ရုံးခန်းထဲက ထွက်လာပြီး စာသင်အဆောင်ထဲက ထွက်လာခဲ့ကြသည်။ ကျောင်းအဝင်ဝမှာ ရပ်နေတဲ့ ဆရာတွေနဲ့ ကျောင်းသား တော်တော်များများကို မြင်နေရသည်။ ခါတိုင်းဆို တွေ့ရခဲတဲ့ ကြယ်လေးပွင့် မြတ်ဆရာတွေတောင် ပေါ်လာသည်။

....

ကျောင်းအဝင်ပေါက်နဲ့ မီတာ ငါးရာဝေးတဲ့ နေရာတွင် ချီရှန်ကျားသည် စိုးရိမ်တကြီး မျက်နှာနဲ့ ခြေဖျားထောက်ပြီး အဝေးကို စိုက်ကြည့်နေသည်။

“ကြည့်မနေနဲ့ ၊ မကြာခင် သူတို့ ပြန်လာလိမ့်မယ်”

ကျန်ရှီ သမ်းဝေပြီး ပြောလိုက်သည်။

ဖောက်

ဝမ်ဟောင်က ကျန်ရှီ၏ ဇတ်ကျောကို ပုတ်လိုက်သည်။

“မင်းလို ငပျင်းတစ်ကောင်က ဆရာဆွန်းကို ကိုယ်ပိုင် ဆရာတင်ချင်နေတာလား”

“ဆရာဆွန်းရဲ့ တပြည့်ဖြစ်လာရင် မပျင်းတော့ဘူး။ နေတိုင်း ညနက်တဲ့အထိ ကျင့်ကြံပါ့မယ်”

ကျန်ရှီက သက်ပြင်းချရင်း ပြောလိုက်သည်။

“မေ့လိုက်စမ်းပါကွာ။ ချီရှန်ကျားဆိုရင် နေ့တိုင်း မနက်လေးနာရီထတယ်။ မင်းလုပ်နိုင်လို့လား”

ဝမ်ဟောင်က မျက်လုံးပြူးပြီး ပြောလိုက်သည်။

“အမ်”

ကျန်ရှီ ခေါင်းယမ်းသွားသည်။

အခုအချိန်မှာ ဆွန်းမိုက ချန်ပီယံဆုကို သိမ်းပိုက်ပြီး ကျောင်းကို ပြန်လာနေပြီ။ သူ့ကို ကိုယ်ပိုင် ဆရာတင်ချင်နေတာလား။

တွေးတောင် မတွေးရဲတော့ပါ။

အဲဒီနောက် ချီရွန်ကျားကို ခိုးကြည့်ပြီး မနာလိုစိတ်ကြောင့် တုန်ယင်သွားသည်။ ရိုးသားတဲ့ဒီကောင်သည် ဆွန်းမိုရဲ့ လမ်းညွှန်မှုကို ရပြီးကတည်းက တိုးတက်နှုန်း မြန်ဆန်ပြီး တိုက်ပွဲခန်းမတွင် မကြာခဏ နေလေ့ရှိသည်။

(အဲဒီတုန်းက မျက်စိကန်းနေလို့ ဆွန်းမိုရဲ့ အရည်အချင်းကို မမြင်ခဲ့တာပဲ ဖြစ်မယ်။ အဲဒီတုန်းက သူ့ကိုဖားပြီး သူ့ရဲ့ လမ်းညွှန်မှုကို တောင်းခံခဲ့ရင် ငါ့ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်အချင်းအရ ဗဟိုပြည်နယ် အကယ်ဒမီမှာ ကျော်ကြားနေလောက်ပြီ)

(ဒီလို ကျော်ကြားမှုကနေတစ်ဆင့် မိန်းကလေးတွေ ငါ့ကို ချစ်မိလာကြလိမ့်မယ်)

ယင်ကောင်လိုမျိုး တုံးအတဲ့ ချီရှန်ကျားတောင် မိန်းကလေးတွေဆီက အချစ်စာကို လက်ခံနေရသည်။

ဒင်

ကျန်ရှီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရင်းနှီး (၈၂/၁,၀၀၀)

....

ဆွန်းမို အနားယူချင်နေပေမယ့် စနစ်ဆီက အကြောင်းကြားချက်ကို အဆက်မပြတ် လက်ခံနေရသည်။

ဆက်တိုက် ဖြစ်ပွားနေပြီး တစ်နေ့တာကုန်ဆုံးတဲ့ အချိန်တွင် လေးစားအထင်ကြီးမှု အမှတ်ပေါင်း ငါးသောင်း ရလိုက်သည်။

ရထားလုံးက ကျောင်းအဝင်ဝ အပြင်ဘက်မှာ ရပ်တန့်သွားသည်။ ကျောင်းသားများသည် ရထားပေါ်က ဆင်းကာ တန်းစီလိုက်ကြသည်။

"ဆရာ၊ မင်းသွားပြီးတော့ အလံလွှင့်လိုက်"

ဒီတာဝန်သည် အရင်က ကျောင်းအုပ်ကြီးအတွက် ဖြစ်သော်လည်း အများဆုံးလုပ်ဆောင်ခဲ့တဲ့ ဆွန်းမိုကို လွှဲပေးလိုက်သည်။

ဒီစကားကို ကြားလျှင် လျိုမူဘိုင် မျက်ခုံးပင့်သွားသည်။

"မလုပ်ဘူး"

ဆွန်းမိုက ငြင်းလိုက်သည်။ လုပ်ငန်းစဉ်အရ အလံကို လွှင့်ထူပြီး ကျက်သရေ ခန်းမအထိ လမ်းလျှောက်သွားကာ အလံကို စိုက်ထူရမည်။

ဒီအစီအစဉ်က အမှန်တိုင်းတော့ ဆရာတွေနှင့် ကျောင်းသားတွေဆီက အသိအမှတ်ပြုမှု ရအောင် ဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဒါကို သိပ်ဂရုမစိုက်ပါ။

"ဘာမှားလို့လဲ"

အန်ရှီဝေက နောက်ပြောင်လိုက်သည်။

"မင်း မကြောက်တတ်ဘူး မဟုတ်လား"

"မင်း ဒီအခိုက်အတန့်ကို ရောက်ဖို့ စောင့်နေတာ တော်တော်ကြာနေပြီ မဟုတ်လား"

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

“မိုမိုလေး”

အန်ရှီဝေ စိတ်ထဲတွင် နွေးထွေးသွားသည်။ သူမသည် ဗဟိုပြည်နယ် ကျောင်းအုပ်ကြီး ဖြစ်လာကတည်းက ဒီအခိုက်အတန့်ကို မျှော်လင့်နေခဲ့သည်။ အဘိုးရဲ့ မျှော်လင့်ချက်ကို လက်မလျှော့ဘဲ အဘိုးကို မြင်စေချင်သည်။

“မင်းအတူတူ မလုပ်ဘူးလား”

ဆွန်းမိုက ခေါင်းခါလိုက်ကာ အန်ရှီဝေကို ကျောက တွန်းလွှတ်ပြီး

"မြန်မြန်သွားတော့၊ လူတိုင်းက စိုးရိမ်ပြီး စောင့်နေကြတယ်"

အန်ရှီဝေက ရှေ့သို့ ခြေလှမ်းအနည်းငယ် လှမ်းလိုက်ပြီး ခေါင်းလှည့်ကာ ဆွန်းမိုကို မျက်စောင်းထိုးလိုက်သည်။ ထပ်မငြင်းတော့ပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု အမှတ် +၂၀၀။ လေးစား (၅,၄၀၂/၁၀,၀၀၀)

"ဆရာ"

ဘေးမှာ ရပ်စောင့်နေတဲ့ လီချီဇီက အန်ရှီဝေ ထွက်သွားတာမြင်လျှင် ချက်ခြင်းရောက်လာသည်။ အဲဒီနောက် ချန်ပီယံအလံကို ဆွန်းမိုဆီ ပေးလိုက်သည်။

"မင်းပဲ အလံလွှင့်သင့်တယ်"

ဆွန်းမိုက လီဇီချီရဲ့ ဆံပင်ကို ပွတ်ပြီး ပြောလိုက်သည်။

"ထပ်ငြင်းမနေနဲ့တော့"

"ဆရာက အေ-အဆင့် ချန်ပီယံမှပဲ အလံလွှင့်လိမ့်မယ်"

လုချီဟွာသည် ဒီအလံက သူမဆရာနဲ့ မယှဉ်နိုင်ဘူးလို့ ထင်နေသည်။

အခုအချိန်တွင် ကျောင်းဝန်းထဲမှာ ကျောင်းသားများစွာ စုဝေးနေကြပြီ။

မီးရှူးမီးပန်းကို ပစ်လွှတ်ပြီးနောက် အန်ရှီဝေသည် အဖွဲ့ကို ဦးဆောင်ပြီး ကျက်သရေခန်းမသို့ စတင်ပို့ဆောင်လိုက်သည်။

သူမအနောက်တွင် ဖန်ယန်က တတိယအလံကို ကိုင်ပြီး လိုက်သွားသည်။

လက်ရွေးစင်ကျောင်းသားအုပ်စုက သူ့နောက်ကနေ လိုက်သွားသည်။

အရင်တုန်းကဆိုရင်တော့ တတိယဆုရတဲ့ ဂုဏ်ကျက်သရေပဲ၊ အရမ်းတုန်လှုပ်ဖို့ကောင်းပြီး ကျောင်းသားတွေ ပျော်ရွှင်မြူးတူးစွာ ကခုန်ဖို့ လုံလောက်သည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ သူတို့အနောက်တွင် ကျောင်းသားအသစ်အဖွဲ့ ချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်နဲ့ လိုက်လာသဖြင့် တတိယဆုက ခံစားချက် လောင်ကျွမ်းဖို့ မလုံလောက်တော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီသည် အလံကို ကိုင်ပြီး ကျောင်းထဲသို့ ဝင်လိုက်တာနဲ့ အဲဒီမှာရှိနေတဲ့ ကျောင်းသားလူငယ်တွေက ချက်ခြင်းဆိုသလို ကောင်းကင်ကြီးတောင် တုန်ယင်သွားနိုင်တဲ့ အသံနဲ့ အားပေးအော်ဟစ် လိုက်ကြသည်။

"ကျောင်းသားအသစ်အဖွဲ့က ဖျက်ဆီးလို့ မရဘူး"

ဒါက ပထမနှစ်များရဲ့ တောက်ပမှုနဲ့ ဂုဏ်ကျက်သရေ ဖြစ်သည်။

ပြင်ပ ပြိုင်ဘက်နဲ့တွေ့တဲ့အခါ သူတို့ အားလုံးသည် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေ

ဖြစ်သည်။ ဒါပေမယ့် ကျောင်းထဲမှာ ရင်းရင်းနှီးနှီး ပြိုင်ဆိုင်ကြတဲ့အခါ နှစ်မတူတဲ့ ကျောင်းသားတွေ ဖြစ်လာကြလိမ့်မည်။

လီဇီချီနှင့် အဖွဲ့သည် အခုအချိန်မှာ ကျော်ကြားနေပြီး သူတို့ရဲ့ ကျော်ကြားမှုက အထက်နှစ်များကို ကျော်လွန်သွားပြီ။

ဒါက ဘယ်လောက်တောင် အထာကျလိုက်သလဲ။

“ဗဟိုပြည်နယ် အကယ်ဒမီကို ဝင်ခွင့်ရခဲ့တာက တကယ်ကောင်းတယ်လို့ ရုတ်တရက် ခံစားရတယ်”

ကျောင်းဝန်းအတွင်းမှာ.........

လုချီသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ကျက်သရေ ခန်းမဆောင်သို့ လိုက်လာတဲ့ ကျောင်းသားများကို ကြည့်ကာ ခံစားချက် ဖြစ်နေသည်။

"ဟုတ်တယ်"

ရှီကွမ်သည် မျက်လုံးမှာ မျက်ရည်အနည်းငယ် စို့နေသည်။ ကျောင်းနဲ့ တစ်သားတည်း ဖြစ်နေသလို ခံစားနေရသည်။

"မင်းတို့တွေ ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ။ ကျန်ရန်ဖေါင် ဘယ်လောက်တည်ငြိမ်လဲ ကြည့်စမ်း"

ချူဂျန်က သူတို့ကို သတိပေးလိုက်သည်။ "အခုအချိန်မှာငါတို့က ချန်ပီယံတွေပဲ။ ခံစားချက်ကို နည်းနည်းလောက် မထိန်းထားနိုင်ဘူးလား"

ကျောင်းသားတွေ စိတ်ငြိမ်ဖို့ လုပ်နေတုန်း ရှိသေးသည်။ အမြဲတမ်း တိတ်ဆိတ်နေတဲ့ ကျန်ရန်ဖေါင်က ရုတ်တရက် ထအော်လိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီ အောင်မြင်ပါစေ"

"ဆရာဆွန်းမို အောင်မြင်ပါစေ"

ကျန်ရန်ဇောင်၏ အသံသည် အားမာန်နဲ့ ပြည့်နှက်နေသည်။ သူ့ရဲ့ အော်သံက ကျောင်းသားတွေရဲ့ ခံစားချက်ကို တစ်ခါတည်း ဆွဲခေါ်နိုင်ခဲ့သည်။

"ဗဟိုပြည်နယ် အကယ်ဒမီ အောင်မြင်ပါစေ"

"ဆရာဆွန်းမို အောင်မြင်ပါစေ"

တဖြေးဖြေးနဲ့ ဆွန်းမို နာမည်ကို အော်တဲ့ အသံက တခြားအားပေးနေတဲ့ အသံများကို ဖိနှိပ်လာသည်။ ဘာကြောင့်လဲဆိုတော့ ဆွန်းမိုက အုပ်စုကို ချန်ပီယံ

ဖြစ်အောင် ဦးဆောင်ခဲ့တဲ့ သူဖြစ်သည်။ ဆွန်းမိုသည် အရင်တုန်းကလည်း ကျောင်းသားတွေကို ကယ်တင်ခဲ့သည်. ကျောင်းတွင်းအနိုင်ကျင့်သူကို ထုတ်ပစ်ကာ ကျောင်းတွင်း လေထုကို သန့်စင်အောင် လုပ်ခဲ့သေးသည်။

ထုံးစံအတိုင်း အရေးအကြီးဆုံးက ဆွန်းမိုရဲ့ သင်ကြားနိုင်စွမ်း ဖြစ်သည်။ သူ့မှာ နတ်ဘုရားလက်ရှိသည်။ ဝိညာဉ်တက်တူး မဟာသခင်လည်း ဖြစ်ပြီး နတ်ဘုရားခွန်အား နယ်ပယ်ကို ရောက်နေပြီ။ ဒါကြောင့်လည်း ဆွန်းမိုရဲ့

ကျော်ကြားမှုသည် နောက်တစ်ဆင့်သို့ ချက်ခြင်း တက်သွားသည်။

"ဆရာလျို အရမ်းတော်တယ်'

"ဆရာလျို မရှုံးနိမ့်နိုင်ဘူး"

အရှေ့မှာရှိတဲ့ အထက်တန်းနှစ်များကလည်း လျိုမူဘိုင်ရဲ့ နာမည်ကို ကြွေးကြော်ကြသည်။ မိန်းကလေး ကျောင်းသူတွေက အများစု ဖြစ်သည်။

ဒီအားပေးတဲ့အသံကို ကြားပြီးနောက် လျိုမူဘိုင်သည် အများကြီး စိတ်သက်သာရာ ရသွားသည်။ ဒါပေမယ့် ဆွန်းမိုကို အားပေးတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသံတွေက ကျောင်းဝန်းတစ်ခုလုံး ပဲ့တင်သံထပ်နေသဖြင့် မကြာခင် မကျေမနပ် ဖြစ်သွားသည်။

ဆရာလျှိုဆိုတဲ့စကား မကြာခင် တိမ်မြုပ်သွားပြီး လုံးဝ ပျောက်ကွယ်သွားသည်။

....

“အခုပဲ ပြိုးနေရမလား။ လက်ပဲ ဖော့ယမ်းပြရမလား၊ ဒါမှမဟုတ် ရုပ်တည်ကြီးပဲ လုပ်နေရမလား “

ဆွန်းမို အနည်းငယ် ဝေခွဲရခက်နေသည်။

“အား ၊ ဘာလုပ်ရမလဲ မသိတော့ဘူး”

အခန်း (၄၁၀) - ထိပ်တန်းအဆင့် တာဝန်၏ ဆုလဒ်။

ကျက်သရေ ခန်းမသို့ သွားရာ လမ်းတလျှောက်တွင် ဆွန်းမို အမြင်အာရုံထဲသို့ ကိန်းဂဏာန်းများ ဝင်ရောက်နေသည်။

,၀၆၇

,၆၉၈

....

,၀၁၉

လေးစားအထင်ကြီးမှု အမှတ်များသည် ငါးသောင်း အနီးသို့ လျှင်မြန်စွာ တိုးတက်သွားသည်။

'အမြွတ်အစွန်းကို ကြည့်ရတာတော့ မကြာခင် ထက်မြတ်တဲ့လျှာကို ဝယ်နိုင်တော့မည်။'

ဆွန်းမို အရမ်းပျော်နေသည်။

ကျက်သရေခန်းမတွင် အလံကို စိုက်ထူပြီးနောက် အန်ရှီဝေသည် အခုအကြိမ် ပြိုင်ပွဲမှာပါဝင်ခဲ့တဲ့ ဆရာတွေနဲ့ ကျောင်းသားတွေ ခုနှစ်ရက် အနားယူမည့် အကြောင်းကို ကြေငြာလိုက်သည်။

အဲဒီနောက်မှာတော့ လူတိုင်းကို ပြန်လွှတ်လိုက်သည်။

ကျောင်းသားများသည် ဆွန်းမိုကို မနှောက်ယှက်ရဲကြသော်လည်း မြတ်ဆရာတွေကတော့ အဲဒီအတွက် စိတ်မပူကြပါ။ ဒါကြောင့် သူတို့အားလုံးသည် ဆွန်းမိုရဲ့ အောင်မြင်မှုများကို ချီးကျူးခဲ့ကြသည်။

ဆွန်းမိုသည် အရည်အချင်း ပြည့်လျှံနေတဲ့ လူတစ်ယောက်ဖြစ်ပြီး အနာဂတ်တွင် အဆင့်အတန်းမြင့်တဲ့ ဆရာတစ်ယောက် သေချာပေါက် ဖြစ်လာလိမ့်မည်။ ပြီးတော့ သူက အန်ရှိဝေနဲ့ စေ့စပ်ထားတဲ့ သူလည်း ဖြစ်ပြီး ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ပိုင်ရှင်တစ်ဝက်ဖြစ်လာဖို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခွင့်အရေး ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် အထိရှိသည်။

အကန့်အသတ် မရှိတဲ့ အနာဂတ်ကို ပိုင်ဆိုင်ထားတဲ့ ဒီတက်သစ်စ ကြယ်ပွင့်လေးနဲ့ ရင်းနှီးထားခြင်းသည် အကျိုးတော့ မယုတ်ပါ။

ဆွန်းမိုသည် မြတ်ဆရာများနဲ့ ဆက်ဆံရန် အချိန်နာရီဝက်လောက် ပေးလိုက်ရသည်။ အဲဒီနောက် အိမ်ကို ပြန်လာခဲ့သည်။

ကျန့်ချင်ဖန် ပေးထားတဲ့ အမှုထမ်း မိန်းကလေး ဒေါင်ဟီသည် ပြင်ဆင်ပြီး အိမ်အဝင်ပေါက် ကျောက်လမ်းပေါ်တွင် စောင့်နေသည်။

"ချန်ပီယံ ဖြစ်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမို လမ်းလျှောက်လာတာ မြင်လိုက်လျှင် ဒေါင်ဟီက တစ်ခါတည်း ဒူးထောက်လိုက်သည်။

အခုအချိန်မှာ သူမ တကယ် စိတ်လှုပ်ရှားနေသည်။ သူမရဲ့ ရွေးချယ်မှုက တကယ် မမှားခဲ့ပါ။ ဒီ-အဆင့် ကျောင်းပေါင်း ၁၀၈ ကျောင်းတွင် မရေမတွက်နိုင်အောင် သန်မာတဲ့ ကျောင်းများ

ရှိသည်။ ဒါပေမယ့် သူမရဲ့ သခင်က လူတိုင်းကို ဖိနှိပ်ပြီး ချန်ပီယံဖြစ်လာခဲ့သည်။ ဒါက ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းသလဲ။

(ရှာဟီ၊ မင်းမြင်လား။ မင်းရဲ့ ကံကြမ္မာကို ပြောင်းလဲမယ့် အခွင့်အရေး လွှတ်သွားပြီ”

ဒေါင်ဟီသည် ရှာဟီအကြောင်းတွေးရင်း သာလွန်မှုကို ခံစားရသလို အကြပ်အတည်းကိုလည်း ခံစားနေရသည်။ အခုအချိန်တွင် သူမက သခင်ရဲ့ တစ်ဦးတည်းသော အိမ်အကူ ဖြစ်နေသည်။ ဒီလို ဖြစ်နေတာကြောင့် အခွင့်အရေးကို ကောင်းကောင်း

အသုံးချပြီး သူ့ရဲ့ ယုံကြည်ရတဲ့ လက်ထောက်တစ်ယောက် ဖြစ်အောင် လုပ်ရမည်။

ဒေါင်ဟီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရင်းနှီး (၇၅၀/၁,၀၀၀)

“ထတော့။ နောက်ဆိုရင် ဒူးထောက်စရာ မလိုတော့ဘူး”

ဆွန်းမိုက ပေါ့ပေါ့ပါးပါးလေး ညွှန်ကြားလိုက်သည်။ ခေတ်သစ်က လူတစ်ယောက်အနေနဲ့ တခြားလူတစ်ယောက်က ဒူးထောက်ပြီး အရိုအသေ ပေးတာကို မကြိုက်ပါ။

ဒေါင်ဟီက လျှင်မြန်စွာ မတ်တပ် ရပ်လိုက်သည်။ သူမ ခါးကွေးပြီး ဆွန်းမိုအတွက် တံခါး ဖွင့်ပေးလိုက်သည်။

ပြောရလျှင် ဒေါင်ဟီသည် ကျန့်မျိုးနွယ်လို အဓိကမျိုးနွယ်စုကြီးက ပျိုးထောင်ခဲ့သဖြင့် ရုပ်ရည်နှင့် ပုံစံက အပြစ်အနာအဆာ ကင်းသည်။

ဒေါင်ဟီသည် အရုပ်ရှည်သော်လည်း ဆွန်းမို အရှေ့တွင် အမြဲတမ်း ခါးအနည်းငယ် ကွေးပြီး နေတတ်သည်။

ကလောက်

တံခါးပွင့်သွားသည်။

"သခင်၊ ကျွန်မ လက်ဖက်ရည်ဖျော်ပြီး ကိတ်မုန့်တွေ ပြင်ဆင်ထားတယ်"

ဒေါင်ဟီက လှပစွာ ပြုံးရင်း ပြောလိုက်သည်။

သူမက ဒီနေ့တွင် လိမ္မော်ရောင် အိမ်ဖော် ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဆံပင်ပုံစံနှင့် ဝတ်စားဆင်ယင်ပုံကို သေသေချာချာ ပြင်ဆင်ထားသဖြင့် အရမ်းချစ်ဖို့ ကောင်းနေသည်။ သူမ လှုပ်ရှားတဲ့ အချိန်တွင် ခါးသေးသေးလေးက ထင်ရှားနေသည်။

"အမ်"

ဆွန်းမိုသည် ဒေါင်ဟီကို ကြည့်ပြီး ရင်ခုန်ချင်လာသည်။ ခေတ်သစ်မှာဆိုရင်တော့ သူမနဲ့ စကားပြောဖို့ အရည်အချင်း မရှိပါ။

အများဆုံးကတော့ အွန်လိုင်းကနေ အိုင်ဒေါ ဝက်ဆိုဒ်ထဲဝင်ပြီး လှပတဲ့ အမျိုးသမီး ပုံများကို ရှာနိုင်သည်။

ဒီလိုမျိုး အမျိုးသမီးများသည် အများအားဖြင့် ချမ်းသာတဲ့ ဒုတိယ မျိုးဆက်များ၏ ရွက်လှေများ၊ ဇိမ်ခံ ပစ္စည်းတွေနဲ့ ဒါမှမဟုတ် အမျိုးသား

စူပါစတားတွေနဲ့ လိင် အရှုပ်တော်ပုံ ပက်သက်နေနိုင်သည်။

ဒါပေမယ့် ပြည်နယ်ကိုးခုမှာတော့ ဆွန်းမိုက သူမရဲ့ သခင် ဖြစ်နေသည်။

(အခုနေ သူမနဲ့အတူတူ အိပ်လိုက်ရင် ဘာတာဝန်မှ ယူစရာမလိုဘူး မဟုတ်လား။ ခဏနေအုံး၊ သူမ ပုံစံကို ကြည့်ရတာ ငါနဲ့ အတူတူအိပ်ချင်နေတာ သိသာတယ်)

ဆွန်းမိုရဲ့စိတ်သည် နတ်သားနှင့် နတ်ဆိုးကြားမှာ ကူးလူးနေသည်။

ဆွန်းမိုက လက်မြှောက်ပြီး သူ့မျက်နှာကို ပြန်ပုတ်လိုက်သည်။

"မင်း အရင်ထွက်သွားလို့ ရပြီ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ အခုအချိန်မှာ သူက သာမန်လူတစ်ယောက် မဟုတ်တော့ပါ။ မြတ်ဆရာ ဖြစ်ချင်နေတဲ့ လူတစ်ယောက် ဖြစ်နေပြီ။ အိမ်အကူတစ်ယောက်နဲ့ ဘယ်လိုလုပ် လွယ်လွယ်ကူကူ အိပ်နိုင်မှာလဲ။ အရမ်းနိမ့်ကျတယ် မဟုတ်လား။

တစ်ယောက်ယောက်နဲ့ အိပ်ချင်ရင်တောင် အနည်းဆုံးတော့ ချောမောလှပတဲ့ မြတ်ဆရာမလေး တစ်ယောက်တော့ ရွေးရမည်။

ဘာကြောင့်မှန်း မသိပေမယ့် ဆွန်းမို စိတ်ထဲမှာ အတွေးတစ်ခု ဝင်လာသည်။

"သခင်၊ ကျွန်မ အမှားလုပ်မိလို့လား"

အခုလောလောဆယ်တွင် ဆွန်းမို အရှေ့မှာ ဒူးထောက်ပြီး ဖိနပ်ချွတ်ပေးနေတဲ့ ဒေါင်ဟီက မျက်ရည်တွေနဲ့ မော့ကြည့်ပြီး မေးလိုက်သည်။

"မဟုတ်ဘူး၊ ငါက တိတ်ဆိတ်တဲ့ အချိန်လေး တစ်ချက် လိုချင်လို့ပါ ချင်ချင်"

ဆွန်းမိုသည် စကားဆုံးသွားတာနဲ့ ရယ်သံတစ်ခုကို ကြားလိုက်ရသည်။

"ချင်ချင်က ဘယ်သူလဲ"

ဆွန်းမို လှည့်ကြည့်လိုက်လျှင် ဝင်လာတဲ့ နာကျင်မှုတပ်မက်သူလေးကို မြင်လိုက်ရသည်။

အဲဒီနောက် သက်ပြင်းချလိုက်မိသည်။ စောစောတုန်းက သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဒေါင်ဟီနဲ့

အိပ်ဖို့ ဆုံးဖြတ်လိုက်လျှင် အခုအချိန်မှာ အနေရခက်နေမည်။

"မင်း တံခါးမပိတ်ထားဘူး"

ကူရှုပ်ရှင်းက ဒေါင်ဟီရဲ့ အကြည့်ကို သတိထားလိုက်မိသည်။ သူမ အနေရခက်စွာ ဆွန်းမိုကို ကြည့်လိုက်သည်။

"အသိမပေးဘဲ ဝင်လာလို့ တောင်းပန်ပါတယ်"

တကယ်တော့ ကူရှုပ်ရှင်းကိုလည်း အပြစ်တင်လို့ မရပါ။ ပြိုင်ပွဲတစ်လျှောက်မှာ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးသည် အရမ်းကောင်းလာခဲ့သည်။

ဒါကြောင့် သူမသည် ဆွန်းမိုနဲ့ သူငယ်ချင်းကောင်း ဖြစ်နေပြီလို့ ခံစားရသည်။ ဒါကြောင့်လည်း သူစိမ်းများကြားမှာထားတဲ့ ယဉ်ကျေးမှုကို ဂရုမစိုက်တော့ပါ။

"အနာဂတ်မှာ ဒီအိမ်ကို မင်းအိမ်လို့ သဘောထားနိုင်တယ်"

ဆွန်းမိုက ဒီလိုကိစ္စတွေအတွက် စိတ်ထဲမထားပါ။ ပြောရလျှင် သူ့မှာ လိင်တူ သူငယ်ချင်းတွေ အများကြီး ရှိပေမယ့် အရင်က မိန်းကလေးသူငယ်ချင်း

တစ်ယောက်မှ မရှိပါ။ ဒီကူရှုပ်ရှင်းက ပထမဆုံး ဖြစ်သည်။

"အမ်"

ဒေါင်ဟီ လန့်ဖြန့်သွားသည်။ (ဒီမိန်းမက ငါ့သခင်မ ဖြစ်လာမှာလား)

ကူရှုပ်ရှင်းသည် ဒီကိစ္စကို အများကြီး မစဉ်းစားထားပေမယ့် ဒေါင်ဟီဆီက အံ့အောတဲ့ အသံကို ကြားပြီး အတွေးချော်သွားသည်။

(ဆွန်းမိုက တစ်ခုခုကို အရိပ်အမြွက် ပြောနေတာလား။ မဟုတ်ဘူး။ နင်ဒီလို လုပ်လို့

မရဘူး။ နင့်မှာ စေ့စပ်ထားတဲ့သူ ရှိနေပြီ။ ပြီးတော့ သူမကလည်း ငါ အလေးစားရဆုံး အစ်မ တစ်ယောက်။ သူမ စိတ်ပျက်စေမယ့်အရာကို ငါမလုပ်နိုင်ဘူး။ ငါ့ရဲ့ အနာဂတ် ခင်ပွန်းလောင်းက အထင်သေးသွားလို့ မရဘူး)

ကူရှုပ်ရှင်း ခြေလှမ်းနှစ်လှမ်း နောက်ပြန်ဆုတ်သွားသည်။

“ငါ့မှာ လုပ်စရာ တစ်ခုခု ရှိသေးတယ်”

ကူရှုပ်ရှင်းက ဆင်ခြေရှာပြီး ထွက်သွားဖို့ လုပ်လိုက်သည်။

“မင်းတို့ ဘာတွေ မျက်စိမှိတ်ပြီး လျှောက်တွေးနေတာလဲ”

ဆွန်းမိုစကား မပြောနိုင် ဖြစ်သွားသည်။ အခြေအနေတွေက ဘယ်လိုတောင် အနေရခက်သွားတာလဲ။ ဆွန်းမိုက စိုးရိမ်သလို ဟန်ဆောင်ပြီး ပြောလိုက်သည်။

“ငါက မင်းကို သူငယ်ချင်းလို ဆက်ဆံတယ်။ မင်းက ငါနဲ့အိပ်ချင်နေတာလား”

“လူယုတ်မာ”

ကူရှုပ်ရှင်းသည် သူ့ကိုထိုးချင်ပေမယ့် စိတ်အေးသွားကာ အလိုလို ပြုံးလိုက်မိသည်။ ဆွန်းမိုနဲ့ အတူတူ ရှိနေရတဲ့ အချိန်တိုင်း ပျော်နေမိသည်။

....

တကယ်တော့ ကူရှုပ်ရှင်းသည် ဆွန်းမိုကို ရှာဖို့ လာတယ်ဆိုတာက သူမက ရေချိုးခန်းနှင့် အခန်းတစ်ခုကို ငှားပြီး တစ်နေကုန် ကောင်းကောင်း အနားယူချင်လို့ ဖြစ်သည်။ ပြီးတော့ သူ့အိမ်က အရမ်းကြီးသည်။

ကူရှုပ်ရှင်းသည် ဗဟိုပြည်နယ် အကယ်ဒမီမှာ အလုပ်လုပ်ဖို့ လာခဲ့သော်လည်း သူမမှာ ပိုက်ဆံအများကြီး မရှိပါ။ ဒါကြောင့် ကျောင်းကပေးတဲ့ အဆောင်မှာသာ နေခဲ့သည်။

အန်ရှီဝေသည် ကူရှုပ်ရှင်း နေထိုင်ရန် စီစဉ်ပေးခဲ့သော်လည်း ကူရှုပ်ရှင်းသည် မာနကြီးတဲ့သူဖြစ်သည်။ တစ်ခုခု အောင်မြင်အောင် မလုပ်နိုင်ဘဲနဲ့ အန်ရှီဝေဆီက ဘာအကျိုးအမြတ်မှ မလိုချင်ပါ။

ကူရှုပ်ရှင်းသည် မိတ်ဆွေများစွာ မရှိတဲ့ ဆွန်းမိုနဲ့မတူပါ။ သူမရဲ့ ပင်ကိုယ်စရိုက်က

ကောင်းမွန်ပြီး ဆက်ဆံရေးလည်း ကျယ်ပြန့်သည်။ အခုအချိန် သူမသာ အဆောင်ကို ပြန်လိုက်လျှင် ဆရာတော်တော် များများက သူမဆီကို သေချာပေါက် လာလည်လိမ့်မည်။

ဒါပေမယ့် သူမသည် ဒီနေ့မှာ တစ်ယောက်ကိုမှ ညွှေ့မခံချင်ပါ။

"တတိယအထပ်မှာရှိတဲ့ အခန်းတွေကို စိတ်ကြိုက်ရွေးနိုင်တယ်"

ဆွန်းမိုကတော့ တကယ် စိတ်ထဲမထားပါ။ ဘယ်လိုပဲဖြစ်ဖြစ် လီဇီချီနှင့် တခြားသူများသည်

ဒီနေရာတွင် မကြာခဏ နေလေ့ ရှိသည်။ ကူရှုပ်ရှင်း ထပ်ပိုလာလည်း ဘာမှ မထူးခြားပါ။

"ဒေါင်ဟီ၊ ဆရာကူကို ရေချိုးခန်းဆီ ခေါ်သွားပေးလို့ ရမလား"

"ဆရာကူ ၊ ကျေးဇူးပြုပြီး ငါနဲ့ လိုက်ခဲ့ပါ"

ဒေါင်ဟီက ဦးဆောင်ပြီး ထွက်သွားသည်။

"ကျေးဇူးတင်ပါတယ်။ မင်းရဲ့ ဂရုစိုက်မှုအတွက် နေ့လည်စာ တစ်နပ် ပြန်ကျွေးမယ်"

ကူရှုပ်ရှင်းက လက်ဝှေ့ယမ်းပြီး လှေကားထစ်ပေါ် တက်သွားသည်။

ဆွန်းမိုက လက်ဖက်ရည်ခွက်ကို ယူပြီး တစ်ငုံသောက်လိုက်သည်။ အဲဒီနောက် ပန်းခြံထဲကို သွားကာ ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။ ပြီးတော့ ဒီခရီးစဉ်က ရခဲ့တဲ့ အကျိုးအမြတ်များကို ရိတ်သိမ်းရန် စိတ်ကို ပြင်ဆင်လိုက်သည်။

"စနစ် ၊ အပြည့်အဝ အာရုံစိုက်ခြင်းကို မြှင့်တင်ဖို့ သိမ်းထားတဲ့ အချိန်တံဆိပ်ကို အသုံးပြုမယ်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

ရွှံ့ဖို့ကောင်းတဲ့ အစိမ်းရင့်ရောင်များက ဆွန်းမိုကို ဖုံးအုပ်သွားသည်။

“အရောင် ပြောင်းလို့ မရဘူးလား။ ငါ့ကို အရူးလုပ်နေသလို ခံစားရတယ်”

ဆွန်းမိုက ဒါကို လက်မခံနိုင်ပါ။

ဒင်

“အပြည့်အဝ အာရုံစိုက်ခြင်း မြတ်ဆရာ အရှိန်အဝါကို ကျွမ်းကျင်အဆင့်အထိ နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ အကျိုးသက်ရောက်မှုက ၂၄ နာရီ ကြာမြင့်ပြီး အကွာအဝေးက မီတာ ၅၀၀လောက် အထိ ရှိမယ်”

ဂရုတစိုက် နားထောင်ပြီးနောက် စနစ်ရဲ့ စက်ပိုင်းဆိုင်ရာအသံသည် အမှန်တကယ်ကို လှပတဲ့ အငွေ့အသက် ရှိနေသည်။

"ငါက ချန်ပီယံဆုကို ရခဲ့ပြီး မင်းထုတ်ပြန်ထားတဲ့ တာဝန်ကိုလည်း အောင်မြင်ခဲ့ပြီ။ အခုငါ့ကို ဆုလဒ် မပေးသေးဘူးလား"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

"အလျှင်မလိုနဲ့ ၊ မင်းပိုင်ရင် နောက်ဆုံးတော့ မင်းဆီ ရောက်လာလိမ့်မယ်"

စနစ်က နှစ်သိမ့်နေသည်။

"ငါ့ကို မြန်မြန်ပေးလိုက်တာ ပိုကောင်းမယ်"

ဆွန်းမိုက တာဝန်ရဲ့ ဆုလဒ်များသည် အရမ်းကောင်းမွန်ကြောင်းကို သတိရနေသည်။ အရမ်းကောင်းတဲ့ အရာများကို ရမှာသေချာနေသည်။

ပြီးတော့ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ရောက်ဖို့ အချိန်နှစ်လသာ လိုတော့သည်။ ဆွန်းမို မရှုံးနိမ့်ချင်ပါ။ ဒါကြောင့် အပြည့်အစုံဆုံး အနေအထားနဲ့ ပါဝင်ချင်နေသည်။

"လျှိုမူဘိုင်က သေလုနီးပါး ဒေါသထွက်နေမှာ သေချာပေါက်ပဲ။ ပြီးတော့ မာရှန်ကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာငါ့ကို ဖိနှိပ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားမှာ သေချာတယ်”

ဆွန်းမို ချမနင်းချင်ပါ။

ဒင်

“ကျန်ဟန်ဖူနဲ့ အလေလောင်းအစား အနိုင်ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ လူသစ်တန်း ပြိုင်ပွဲတွင် ချန်ပီယံ ဖြစ်အောင် လုပ်ပြီး တာဝန်ကို အောင်မြင်ခဲ့သည်။ ဆုလဒ် - လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်လုံး”

“မှတ်ချက် ။ ။ ကျောင်းသားသစ်အဖွဲ့ကို ချန်ပီယံဆုရအောင် ဦးဆောင်ခဲ့ရုံသာမက ရလဒ်ကောင်းများ ရအောင် လုပ်နိုင်ဆောင်ခဲ့တယ်။ ဒါကြောင့် လျှို့ဝှက်ဆန်းကြည်ရတနာ သေတ္တာကို ကန့်သတ်ဗားရှင် အဆင့်သို့ မြှင့်တင် နိုင်တယ် ။ လိုချင်တဲ့အမျိုးအစား တစ်ခုကို သတ်မှတ်ပြီး ရတနာသေတ္တာကို ဖွင့်နိုင်တယ်”

‘ဒါပေမယ့် ဖွင့်လို့ ရတဲ့အရာသည် မင်းရွေးချယ်ထားတဲ့ အမျိုးအစားထဲတွင် အကောင်းဆုံး အဆင့်နှင့် အရည်အသွေး မရှိတာကို

ကျေးဇူးပြုပြီး သတိထားပေးပါ။ ဒါကြောင့် လျှို့ဝှက်ဆန်းကြည် ရတနာသေတ္တာကို ကန့်သတ်ဗားရှင်း အဖြစ် အဆင့်မြှင့်တင်ရန် ရွေးချယ်နိုင်တယ်”

စနစ်က ဖော်ပြသည်။

“မင်း ဘာပြောချင်တာလဲ”

“ပုံမှန်အားဖြင့်တော့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာက လေးစားအထင်ကြီးမှုအမှတ် ထောင်းသောင်းနဲ့ ချီပြီး အဖိုးတန်တဲ့ အကောင်ဆုံးအဆင့် ပစ္စည်းရဖို့ အခွင့်အရေး ၉၀

ရာခိုင်နှုန်းလောက် ရှိတယ်။ ဒါပေမယ့် ကန့်သတ်ဗားရှင်းအဖြစ်သို့ အဆင့်မြှင့်တင်ပြီးရင် ရွေးချယ်ထားတဲ့ အမျိုးအစားထဲက ရနိုင်တယ်။ ဥပမာ - မြတ်ဆရာအရှိန်အဝါ၊ ဆေးညွှန်း၊ ကျင့်ကြံခြင်း ကျင့်စဉ်၊ စသဖြင့်ပေါ့။ ဒါပေမယ့် အရည်အသွေးမြင့်မားတဲ့ ပစ္စည်းပေါ်လာဖို့ကတော့ အခွင့်အရေး နည်းပါးတယ်”

စနစ်က ရှင်းပြသည်။

ဆွန်းမို နားလည်သွားသည်။ သာမန်အတိုင်း တိုက်ရိုက် ဖွင့်ပါက ဘယ်ပစ္စည်းမဆို ဖြစ်နိုင်ပြီး

အခြေခံအားဖြင့်တော့ ထိပ်တန်းအဆင့် ပစ္စည်းများ ဖြစ်နေမည်။ ဒါပေမယ့် ကန့်သတ်ဇာားရှင်းကို ရွေးချယ်လိုက်ပါက သူလိုချင်တဲ့ အမျိုးအစားကို ရွေးချယ်နိုင်ပေမယ့် ထိပ်တန်းအဆင့်ဖြစ်ဖို့ အခွင့်အရေး နည်းသွားမည်။

"ဒါက ကံတရားအပေါ်ပဲ မူတည်နေလိမ့်မယ်"

ဆွန်းမို ဝမ်းသာသွားသည်။ (ငါ့မှာ ကံကောင်းတဲ့ ကြယ်လေး ရှိနေတာပဲ ဘယ်သူ့ကို ကြောက်နေရမှာလဲ)

သူ့ရဲ့ ပထမဆုံးအတွေးသည် ဆေးညွှန်းကို ရွေးချယ်ဖို့ ဖြစ်နေသည်။ ချစ်သူကာကွယ်ရေး ဆေးကို လိုချင်နေသည်။ ဒါပေမယ့် သိပ်မကြာခင် အဲဒီအတွေးကို ပယ်ချလိုက်သည်။

ပြတ်ပြတ်ပြောရလျှင် ဆေးကို သောက်ရင် အသုံးဝင်သော်လည်း ဖော်စပ်ဖို့က ကရိကထ များသည်။ ကုန်ကျစရိတ်အချိုးကလည်း မြင့်မားနိုင်သည်။

“ကျင့်ကြံခြင်း ကျင့်စဉ်ကိုပဲ ရွေးချယ်သင့်လား”

ဆွန်းမို ဝေခွဲရခက်နေသည်။ သူတော်စင်အဆင့် ကျင့်စဉ်များနေလို့လည်း ညည်းတဲ့လူ ရှိမှာ မဟုတ်ပါ။ ဒါပေမယ့် သူတော်စင်အဆင့် ကျင့်စဉ်ပဲ ရလိမ့်မယ်လို့ မပြောထားပါ။ အမှန်တော့ ဆွန်းမိုရဲ့ လက်ရှိအမြင်အရ သူတော်စင်အဆင့် အောက်ကျင့်စဉ်တိုင်းသည် အမှိုက်တွေ ဖြစ်ပြီး ရှင်သန်ဖို့ စိတ်မပါ ပါ။

မြတ်ဆရာ အရှိန်အဝါ အမျိုးအစားကို သတ်မှတ်လိုက်လျှင်လည်း ရှုံးတယ်လို့ ထင်နေသည်။ ပြီးတော့ သာမန်လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ

ထဲကလည်း မြတ်ဆရာအရှိန်အဝါ အနည်းငယ် ရထားဖူးသည်။

"မြတ်ဆရာ အရှိန်အဝါကို ရွေးဖို့ အကြံပြုချင်တယ်။ လျှိုမူဘိုင်က တစ်နှစ်အတွင်း ကြယ်သုံးပွင့် အဆင့်အထိ တက်ဖို့ ပြင်ဆင်နေတယ်။ ဒီလို ဂုဏ်ကျက်သရေမျိုးလိုချင်ရင် အနည်းဆုံး မြတ်ဆရာ အရှိန်အဝါ ကိုးခု ပိုင်ထားရလိမ့်မယ်"

ဆွန်းမိုက မြတ်ဆရာတစ်ယောက် ဖြစ်တာကြောင့် သူ့မှာ မြတ်ဆရာအရှိန်အဝါ ပိုများရင် ပိုကောင်းတယ်လို့ စနစ်က ထင်နေသည်။

ဘယ်လိုပဲပြောပြော မြတ်ဆရာ အရှိန်အဝါက မြတ်ဆရာတွေရဲ့ အခြေခံ အုတ်မြစ်ဖြစ်သည်။

"ကောင်းပြီလေ။ ကန့်သတ်ဗားရှင်း အဖြစ် အဆင့်မြှင့်ပြီး မြတ်ဆရာ အရှိန်အဝါကို ရွေးမယ်"

ဆွန်းမို ဆုံးဖြတ်ချက် ချလိုက်သည်။

ကြီးမားတဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာသည် ရွှေခရမ်းရောင် အလင်းတန်းတွေနဲ့ ဆွန်းမို အရှေ့မှာ ပေါ်လာသည်။

ဆွန်းမို ချီးကျူးလို့ မဆုံးခင်မှာ စနစ်ဆီကနေ အသံတစ်ခု ထွက်ပေါ်လာသည်။

ဒင်

“ဗဟိုပြည်နယ် အကယ်ဒမီကို တစ်နှစ်အတွင်း စီ- အဆင့်တက်အောင် လုပ်ပေးခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - စိန်ရတနာ သေတ္တာ သုံးလုံး”

စိန်ရောင် တောက်ပနေတဲ့ ရတနာ သေတ္တာ သုံးလုံးသည် ဆွန်းမို အရှေ့မှာ ပေါ်လာသည်။

“ငါ့ရဲ့ ကံကောင်းစေတဲ့ ကြယ်လေး ဘယ်မှာလဲ။ ရတနာသေတ္တာတွေကို ဖွင့်ဖို့ လိုနေပြီ”

ဆွန်းမို စိတ်မရှည်တော့ပါ။

အခန်း (၄၁၁) - ပိုသန်မာလာပြန်ပြီ။ ဒါပေမယ့် ရှိသမျှလည်း ကုန်သွားပြီ။

ဆွန်းမိုသည် လုချီဟွာကို လိုက်ရှာဖို့ လုပ်လိုက်သည်။ ဒါပေမယ့် အိမ်က ထွက်လာပြီး နည်းနည်းပဲ လမ်းလျှောက်ရသေးသည် ဂျင်ဂို သစ်ပင်အောက်တွင် ထိုင်ငိုက်နေတဲ့ လုချီဟွာကို မြင်လိုက်ရသည်။ သူမက အခုလောလောဆယ်တွင် ငိုက်နေသည်။

"မင်းဘာလုပ်နေတာလဲ"

ဆွန်းမို ရုတ်တရုတ် အံ့အောသွားသည်။

လုချီဟွာသည် အသံကြားလိုက်ပြီး အံ့အောသင့်စွာ မတ်တပ် ရပ်လိုက်သည်။ "ဆရာ၊ ငါ...ငါ..."

"ဘာဖြစ်နေတာလဲ"

လုချီဟွာက အကြောင်းပြချက် မပြောပေမယ့် ရိပ်မိသွားသည်။

အန်ရှီဝေက ကျောင်းသားတွေကို ခုနှစ်ရက် အားလပ်ရက်ပေးခဲ့သည်။ ဒါပေမယ့် လုချီဟွာက ပျင်းလာပြီး အတူတူနေဖို့ လိုက်ရှာချင်သော်လည်း သူတစ်ပါး အနားယူနေတာကို အနှောက်အယှက်

ဖြစ်သွားမှာလဲ စိုးရိမ်ခဲ့သည်။ ဒါကြောင့် ဒီနေရာတွင် ထိုင်ပြီး ငိုက်နေခဲ့သည်။

"ငါနဲ့ လိုက်ခဲ့"

ဆွန်းမိုက လှည့်ပြီး အိမ်ထဲ ပြန်ဝင်ခဲ့သည်။

"နောင်ဆိုရင် မင်းဒီကိုလာရင် တန်းဝင်ခဲ့။ အပြင်မှာပဲ ထိုင်ပြီး တုံးအ မနေနဲ့"

"ဟီးဟီး"

လုချီဟွာ ထလာပြီး ပါးစပ်ထဲ ဝါးနေတဲ့ မြက်တွေကို ထွေးထုတ်လိုက်သည်။ အဲဒီနောက်

ဆွန်းမို လက်မောင်းကို ဖက်ပြီး ချိုသာစွာ ပြုံးလိုက်သည်။

"ဆရာက ငါ့အပေါ် အရမ်းကောင်းတာပဲ"

လုချီဟွာသည် အိမ်ထဲဝင်ကာ ဆွန်းမို၏ အပြင်ဘက် ဝတ်ရုံရှည်ကို ကူချွတ်ပေးလိုက်ပြီး အိမ်တွင်း ဖိနပ်အပါးလေး ပြောင်းဝတ်ဖို့လည်း စိတ်အားထက်သန်စွာ ကူညီပေးနေသည်။ သူမသည် အလုပ်အရမ်းများတဲ့ ပျားလေးတစ်ကောင်လို ဖြစ်နေသည်။

"ငါ့နောက် လိုက်ခဲ့"

ဆွန်းမိုက အိပ်ခန်းအစား အနောက်ဘက် ခြံဝန်းထဲသို့ သွားလိုက်သည်။ ဒေါင်ဟီနှင့် ကူရှုပ်ရှင်းတို့ အိမ်ထဲမှာ ရှိနေကြသည်။ ရတနာသေတ္တာကို ဘယ်သူမှ မမြင်စေချင်ပါ။ ဒါပေမယ့် အမျိုးသမီးကျောင်းသူကို အိပ်ခန်းထဲသို့ ခေါ်သွားရင်လည်း လုချီဟွာရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်။ ဒါကြောင့် အနောက်ဖက် ဥယျာဉ်ကိုသာ လာခဲ့လိုက်သည်။

“အို”

လုချီဟွာသည် ရိုကျိုးစွာ ဘေးနားက လိုက်သွားသည်။

ဆွန်းမိုက ခေါင်းကို ပုတ်လိုက်ပြီး စိတ်ထဲကနေ ပြောလိုက်သည်။

“စနစ်ရေ၊ သွေးပူသွားအောင် စိန်ရတနာသေတ္တာကို အရင်ဖွင့်လိုက်”

မျက်စိများ ကျိန်းသွားစေနိုင်တဲ့ အဖြူရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။ အဲဒီနောက် အစိမ်းရောင် အလင်းတန်းတစ်ခုက သူ့အရှေ့မှာ ဝဲပျံနေသည်။။။

"စွမ်းရည် စာအုပ်လား"

ဆွန်းမို မျက်လုံးများ တောက်ပလာသည်။

ဒင်

"ရိုးရာ ပန်းချီရဲ့ အခွဲတစ်ခုဖြစ်တဲ့ ရှုခင်း ရေးဆွဲတဲ့ နည်းစနစ်စာအုပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှု အဆင့် အခြေခံ။

စနစ်က ခံစားချက်မဲ့တဲ့ အသံနဲ့ ဂုဏ်ပြုသည်။

"ဘာဖြစ်လို့ ကြွက်သိုက်ထဲက စွမ်းရည်စာအုပ် ဖြစ်နေရတာလဲ"

ဆွန်းမိုသည် ဒီနေ့မှာ ကံကောင်းမှုအားလုံးကို အသုံးချမိထားမှာ စိုးရိမ်နေသည်။

စမ်းရည် စာအုပ်ကို ရတာက ကောင်းပေမယ့် ရှုခင်းပန်းချီက ဘာကြီးလဲ။

ဆွန်းမိုမှာ မဟာအဆင့် အနုပညာရှင်တစ်ယောက် ဖြစ်လာဖို့ အစီအစဉ် မရှိပါ။ (အနောက်ဘက်သို့ ခရီးသွားခြင်း)နှင့် လုချီဟွာ ပျောက်သွားတုန်းကလဲ ပုံတူ ပန်းချီ နည်းပညာကို ကောင်းကောင်း အသုံးချနိုင်ခဲ့သည်။

“တကယ်ပဲ အသုံးဝင်တာလား”

ဆွန်းမို သံသယ ဝင်နေသည်။

“ကျေးဇူးပြုပြီး၊ မင်းက ဆရာတစ်ယောက်ပါ။ တစ်ခါမှ မကြားဖူးတဲ့ စကားတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ။ ကျွမ်းကျင်မှု များစွာ ရှိခြင်းက မကောင်းတဲ့ အရာ မဟုတ်ဘူး”

စနစ်က သူ့ကို သတိပေးသည်။

“ငါက နေ့တိုင်း တံတားဘေးနားမှာ သွားထိုင်ပြီး ပန်းချီဆိုင်ဖွင့်ရင်တောင် လူတိုင်းက ပုံတူ ပန်းချီကားပဲ ဆွဲမှာ။ ရှုခင်း ပန်းချီကားကို ဝယ်တဲ့လူ မြင်ဖူးလို့လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် စွမ်းရည်အများကြီး ရှိခြင်းက မကောင်းတဲ့ အရာ မဟုတ်မှန်း သိနေသည်။ ဒီ စွမ်းရည်ကို အသုံးချဖို့အတွက် လုံလောက်တဲ့ နယ်ပယ် မရှိပါ။

(ရှုခင်းပန်းချီပညာကို သင်ယူခဲ့ရင်တောင် ငါ့အတွက် မော်ဒယ် လုပ်ပေးမယ့် မိန်းမလှလေး မရှိသေးဘူး)

(နေအုံး)

ဆွန်းမို သူ့အမှာကို သတိထားမိသွားသည်။ (ချင်လင်မှာ ပြည့်တန်ဆာတွေ အများကြီး ရှိတယ်။

ဒီလို ယုတ်ညံ့တဲ့ ပန်းချီကားကို ဘာဖြစ်လို့ လိုအပ်မှာလဲ။ ငါ့မှာ ပိုက်ဆံ ရှိနေသ၍ ငါလိုသလောက် အချစ်တွေကို ဝယ်နေလို့ ရတယ်)

“ငါ့ရဲ့ ဗီဇအရ အခု မင်းက ညစ်ပတ်တဲ့အရာတွေ တွေးနေတယ်လို့ ပြောနိုင်တယ်”

ဆွန်းမိုကလည်း အရမ်းညစ်ပတ်တယ်လို့ ခံစားရသည်။

“မျိုးပွားခြင်းဆိုတာ သက်ရှိအားလုံးရဲ့တာဝန်ပဲ။ စုံတွဲတွေကို ကလေးများများယူဖို့ တိုက်တွန်းတဲ့

နိုင်ငံကို မတွေ့ဖူးဘူးလား။ ဘယ်လိုလုပ်ပြီး အရှက်မရှိဖြစ်ရမှာလဲ”

ဆွန်းမိုက မျက်လုံးပြူးပြီး ပြန်ပြောသည်။

“မင်းနှလုံးသားက ညစ်ပတ်နေပြီ”

“.................”

စနစ်သည်သူ့ကို စိတ်ထဲကနေ အော်ဟစ်ပြီး ကျိန်ဆဲချင်နေသည်။

“ကောင်းပြီလေ။ လေ့လာလိုက်ရအောင်”

ဆွန်းမို တိုက်တွန်းလိုက်သည်။

ခဏာနေတော့ စွမ်းရည်စာအုပ်သည် အလင်းရောင် အဖြစ်သို့ ပြောင်းသွားပြီး ဆွန်းမို နဖူးဆီ တိုးဝင်သွားသည်။ ကျယ်ပြောလှတဲ့ မြေပြင်၊ တောင်တွေ၊ ရေကန်တွေနှင့် မြစ်တွေရဲ့ ပုံရိပ်တွေက စိတ်ထဲတွင် ချက်ခြင်း ပေါ်လာသည်။

ဆွန်းမိုသည် အလိုလို လက်ကို ဇွေ့ယမ်းလိုက်မိသည်။ ဒါတွေအားလုံးကို ကွက်ကွက်ကွင်းကွင်း မြင်ရအောင် ဆွဲနိုင်မယ်လို့ ထင်နေသည်။

ဒင်

"ရှုခင်းရေဆွဲခြင်း နည်းစနစ်ကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် အခြေခံ"

ဆွန်းမို တစ်ခုခု ထဆွဲချင်စိတ်ပေါက်နေသည်။ ဒါပေမယ့် စိတ်ထိန်းထားလိုက်သည်။

"ရတနာသေတ္တာတွေကို ဖွင့်ရအောင်။ စိတ်အဆင်သင့်ပဲ"

စက္ကန့်အနည်းငယ်ကြာတော့ ထူထပ်တဲ့စွမ်းရည်စာအုပ်တစ်အုပ် ပေါ်လာသည်။

"ကောင်းတယ်"

ဆွမ်းမို မနိုင်ဘဲ လက်ချောင်း ချိုးလိုက်မိသည်။ (ဒီအခိုက်အတန့်မှာ ချမ်းသာအောင် လုပ်ရမယ်)

ဒင်

"အလယ်အလတ်အဆင့် ဝိညာဉ်တက်တူး စွယ်စုံ အသိပညာကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ သင်ချင်လား"

"အခုမသင်ရင် နောင်နှစ်အထိ စောင့်နေရမှာလား"

"တောင်းပန်ပါတယ်။ အခြေခံအဆင့် ဝိညာဉ်တက်တူး စွယ်စုံ အသိပညာရဲ့ ကျွမ်းကျင်မှုက အခြေခံ အဆင့်မှာပဲ ရှိသေးတယ်။

ယာယီအားဖြင့်တော့ ဒီစွမ်းရည်စာအုပ်ကို လေ့လာလို့ မရသေးဘူး”

စနစ်က ပြန်ပြောသည်။

“.................”

ဆွန်းမိုတစ်ယောက် ဖျက်ရိုက်ခံလိုက်ရသလို ခံစားလိုက်ရသည်။

“ဘာသာရပ်အားလုံးမှာ ရိုးရှင်းတဲ့ အရာတွေကို လေ့လာပြီးမှ ခက်ခဲတဲ့ အရာတွေကို လေ့လာရမယ်။ ဒါက သင်္ချာနဲ့ တူတယ်။ အခြေခံ အပေါင်းအနှုတ်

၊အမြှောက်၊ အစား တို့ကို နားမလည်ပဲ ထပ်ကိန်းတွေကို ဘယ်လို နားလည်နိုင်မှာလဲ”

စနစ်က ရှင်းပြသည်။

“ပေါက်ကရစကား တော်လိုက်တော့။ ဒီစာအုပ်ကို ဘယ်လို လေ့လာရမလဲ”

ဆွန်းမိုက မေးလိုက်သည်။

“မင်းက အခြေခံ အသိပညာကို မဟာအဆင့်အထိ ရောက်အောင်လုပ်ရမယ်’

စနစ်က ရှင်းပြသည်။

ဆွန်းမိုသည် အချိန်တံဆိပ်ကို သုံးရမှာဖြစ်သဖြင့် ခေါင်းကိုက်ချင်သွားသည်။ ထားလိုက်တော့။ ပြိုင်ပွဲထဲမှာ အမှတ်အများကြီး ရခဲ့တာ ကံကောင်းသည်။ အနည်းငယ်လောက်တော့ ဖြုန်းနိုင်သေးသည်။

“အချိန်တံဆိပ် တစ်ခုဝယ်မယ်”

သိပ်မကြာခင် ဆွန်းမိုသည် အစိမ်းရောင် အလင်းနဲ့ လွှမ်းခြုံသွားသည်။ အခြေခံအဆင့် ဝိညာဉ်တက်တူး စွယ်စုံ အသိပညာကို မဟာအဆင့်အထိ မြှင့်တင်လိုက်သည်။

"အခု ဘာလုပ်ရင် ကောင်းမလဲ"

ဆွန်းမို ခေါင်းကုတ်လိုက်သည်။

"ဟုတ်ပြီ"

စနစ်ရဲ့ အသံ မေးမိုန်လာတာနဲ့အမျှ စွမ်းရည်စာအုပ်ကို အသုံးပြုလိုက်သည်။ များပြားလှတဲ့ အသိပညာများသည် ဆွန်းမို အာရုံကြောထဲသို့ ချက်ခြင်း ဝင်ရောက်လာသည်။ ဦးနှောက်ထဲသို့ အချက်အလက်များ တိုးဝင်လာခြင်းကြောင့် ခေါင်းကိုက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟုသုတ ပမာဏက ကြီးမားရုံသာမက နက်နဲလွန်းလှသည်။ ဒါကြောင်းလည်း နားလည်ဖို့ မလွယ်ကူခဲ့ပါ။

သာမန်အရည်အချင်းရှိတဲ့ ဝိညာဉ်တက်တူး သခင်တစ်ယောက်က အလယ်အလတ်အဆင့် ဝိညာဉ်တက်တူး အသိပညာကို ကျွမ်းကျင်ပြီး ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အတွက် အနည်းဆုံး အချိန် ခုနှစ်နှစ် ၊ ရှစ်နှစ်လောက် လေ့လာဖို့ လိုအပ်သည်။

ဆွန်းမိုသည် ရတနာသေတ္တာများကို ဆက်မဖွင့်တော့ပါ။ အဲဒီစား စွယ်စုံကျွမ်းအသိပညာ မြတ်ဆရာ အရှိန်အဝါကို အသုံးပြုပြီး ဒီအသိပညာများကို ချေဖျက်ဖို့ နားလည်ဖို့ ခက်ခဲစွာကြိုးစားပြီး စဉ်းစားနေလိုက်သည်။ အသိပညာအသစ် တစ်ခုလုံးကို စေ့စေ့စပ်စပ် လေ့လာနေလိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်တော့ စနစ်သည် ခံစားချက် များစွာနဲ့ သက်ပြင်းချလိုက်သည်။

အရင်တုန်းက စနစ်ကို ရရှိခဲ့တဲ့ ပိုင်ရှင်တွေ အားလုံးသည် စနစ်ဆီက အရာအားလုံး ရမယ်လို့ ထင်နေခဲ့ကြသည်။ အဲဒီနောက်မှာ ပျင်းလာကြပြီး ပင်ပန်းတဲ့အလုပ်တွေကို လုံး၀ စွန့်လွှတ်လိုက်ကြပြီး ဒီအရာတွေနဲ့သာ ပျော်မွေ့နေသည်။ နောက်ဆုံးတော့ လမ်းခရီးတစ်၀က်တွင် ပြိုလဲကျကုန်ပြီး အားလုံး သေကုန်ကြသည်။ စနစ်က ထုတ်ပေးတဲ့ အစပြုခြင်းအဆင့် တာ၀န်တွေကိုတောင် မကျော်ဖြတ်နိုင်တော့ပါ။ ဒဏ္ဍာရီ အဆင့် တာ၀န်တွေဆို ပြောစရာတောင် မလိုတော့ပါ။

ဒါပေမယ့် ဆွန်းမိုကတော့ ကွဲပြားသည်။ သူက စနစ်ကို ကွန်ပျူတာ တစ်ခုလို အမြဲတမ်း သဘောထားသည်။ (ငါက မင်းကို မှီခို အားထားပေမယ့် အခြေခံအုတ်မြစ်တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။ မင်းမရှိရင် အသက်ရှင်လို့ မရတော့လောက်အောင် မင်းက အရေးမကြီးဘူး)

ဒီလိုတွေးပြီးနောက် စနစ်သည် စိတ်ပျက်သလို ရုတ်တရတ် ခံစားလိုက်ရသည်။

ဆွန်းမိုက စကားမပြောသဖြင့် လုချီဟွာက မနှောက်ယှက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လုချီဟွာသည် သူမ ဆရာကို ငေးကြည့်နေရရုံနဲ့ ကျေနပ်သည်။

ဒါကြောင့် လုချီဟွာသည် ဆွန်းမို ဘေးနားတွင် ထိုင်ကာ မေးစေ့ကို လက်နှစ်ဖက်ထောက်ပြီး ငေးကြည့်နေသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရိုသေ (၂၂,၁၀၀/၁၀၀,၀၀၀)

ကူရှုပ်ရှင်းသည် ရေချိုးပြီးတာနဲ့ ဆွန်းမိုကို နှုတ်ဆက်ရင်း ကျေးဇူးတင်တဲ့ အကြောင်း ပြောမလို့ ပြန်လာခဲ့သည်။ ဒါပေမယ့် မျက်စိမှိတ်ပြီး တရားထိုင်နေတဲ့ ဆွန်းမိုကို မြင်ပြီး ထွက်သွားမလို့ ဆုံးဖြတ်လိုက်သည်။

(ဘာကြောင့်မှန်းမသိပေမယ့် ဆွန်းမို ပိုသန်မာလာတယ်လို့ ရုတ်တရက် ခံစားလိုက်ရတယ်)

ကူရှုပ်ရှင်းသည် အဖြေရှာမရတဲ့ မျက်လုံးနဲ့ ကြည့်နေသည်။ နက်နဲစွာ တွေးတောတဲ့အချိန်မှာ

အော်ရာတွေ ဖြာထွက်နေတဲ့ ဆွန်းမိုကို ကြည့်ရတာ စာသင်သား တစ်ယောက်နဲ့ တူနေသည်။

ငါးနာရီကြာသွားသည်။

ဒင်

"အလယ်အလတ်အဆင့် ဝိညာဉ်တက်တူး စွယ်စုံ အသိပညာကို ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့ ကြိုးစားအားထုတ်မှုကြောင့် ကျွမ်းကျင်မှုအဆင့်ကို တော်-အဆင့်အထိ မြှင့်တင်ပေးလိုက်သည်။ ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ"

ဆွန်းမိုသည် ကောင်းကင်ကို မော့ကြည့်လိုက်လျှင် ညနေစောင်းနေတာ မြင်လိုက်ရသည်။

"သေတ္တာ ဆက်ဖွင့်ပါ"

ဘေးနားမှာ ထိုင်နေတဲ့ လုချီဟွာကို မြင်လိုက်ရသည်။ သူမ ခေါင်းငိုက်စိုက်ကျနေပြီး လောလောဆယ် ငိုက်နေသည်။ အလိုလို ပြုံးလိုက်မိပြီး ဆံပင်ကို ညင်သာစွာ ပွတ်လိုက်သည်။

ဒင်

"အမှောင်တိုက်ကြီးက မြင့်မြတ်တဲ့ အပင်အကြောင်း စွယ်စုံကျမ်းကို ရခဲ့တဲ့အတွက်

ဂုဏ်ပြုပါတယ်။ မျိုးစိတ်ပေါင်း ၃၀၀၀ နဲ့ပက်သက်တဲ့ အချက်အလက်များ ပါဝင်တယ်။ ကျွမ်းကျင်မှုအဆင့် ကျွမ်းကျင်”

ဆွန်းမို စိတ်တည်ငြိမ်အောင် ထားချင်သော်လည်း အလိုလို ပြုံးနေမိသည်။

ဒီတစ်ခေါက်တွင် စွမ်းရည် စာအုပ်သာမက လက်တွေ့ ဆန်လွန်းသည်။ အရမ်းလည်း အကျိုးရှိသည်။

“ဒီနေ့က ဘာနေ့လဲ။ လုချီဟွာရဲ့ ကံတရားက အင်နဲ့အားနဲ့ ပေါက်ကွဲ ထွက်နေပါလား”

ဆွန်းမို မတ်တပ်ရပ်ပြီး လုချီဗွာကို ခေါ်လိုက်သည်။ "ထမင်း သွားစားရအောင်"

တန်ဖိုး အရှိဆုံး လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ ကန့်သတ် ဇာတ်ရှင်း ကျန်နေသေးသော်လည်း ဆွန်းမို မဖွင့်ရဲတော့ပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် အရမ်းကောင်းတဲ့ အရာတွေကို ရထားပြီးပြီ။ ဖြစ်နိုင်ခြေရဲ့ ဥပဒေသအရ နောက်တစ်ကြိမ် ဖွင့်လိုက်ရင် အမှိုက် ဖြစ်သွားနိုင်သည်။

အိမ်အကူ ဒေါင်ဟီသည် ဒုံမင်နှင့် စစ်တုရင်ပညာကို ကျွမ်းကျင်ပြီး စာအုပ်တွေ၊ ပန်းချီ၊ လက်ဖက်ရည်နှင့် ပန်းခင်းကျင်းတဲ့ ပညာတွေကိုလည်း တတ်မြောက်သည်။ တကယ်တော့ သူမသည် ယောကျ်ားတစ်ယောက်ကို ကောင်းကောင်း အလုပ်အကျွေးပြုဖို့တောင် ကျွမ်းကျင်သည်။ ဒါပေမယ့် သူမရဲ့ ဟင်းချက်တဲ့ စွမ်းရည်က အသာလွန်ဆုံး ဖြစ်သည်။

ဘယ်လိုပဲ ဖြစ်ဖြစ် ဒေါင်ဟီလို အိမ်အကူတစ်ယောက်ကို မီးဖိုချောင်ထဲ ပို့မှာ

မဟုတ်ပါ။ ဒါကြောင့် ဆွန်းမိုသည် လုချီဟွာကို ကျောင်းကန်တင်းသို့ ခေါ်သွားလိုက်သည်။

အဲဒီနောက် ကြေကွဲခြင်း မရှိ ရေကန်ဘေးမှာ လမ်းလျှောက်ရင် ရှုခင်းကို ခံစားနေသည်။

"ရတနာသေတ္တာကို ဖွင့်ရအောင်။ မြတ်ဆရာ အရိန်အဝါ အမျိုးအစား သတ်မှတ်ရအောင်"

ဆွန်းမိုသည် အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်သည်။ ရှားပါးတဲ့ မြတ်ဆရာ အရှိန်အဝါ ရဖို့ မျှော်လင့်နေသည်။

ခရမ်းရောင် အလင်းတန်းများကြားတွင် ကလစ်ဆိုတဲ့ အသံတစ်ခု ထွက်ပေါ်လာသည်။ အဲဒီနောက် ရွှေရောင်စာလုံး နှစ်လုံး ရေးထိုးထားတဲ့ စွမ်းရည် စာအုပ် ကျန်ခဲ့သည်။

"စံပြ ဆရာ ဟုတ်လား"

ဆွန်းမို မျက်လုံး ပေကလတ်ပေကလတ် ဖြစ်သွားသည်။ ဒီမြတ်ဆရာ အရှိန်ဝါရဲ့ နာမည်ကိုက ထည်ဝါလွန်းသည်။

" စံပြဆရာကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီ အရှိန်အဝါကို နားလည်ပြီးနောက် အသုံးပြုလိုက်တာနဲ့

သင့်ရဲ့ စွမ်းဆောင်ရည် တိုးတက်လာမယ်။ ကျောင်းသားရဲ့ စိတ်ထဲမှာ အလိုလို နီးစပ်လာပြီး မင်းကို စံပြ ပုဂ္ဂိုလ်တစ်ယောက်လို့ သတ်မှတ်လိမ့်မယ်”

“မင်းရဲ့ ထင်မြင်ယူဆချက် ခိုင်မာလာမယ်။ ဥပမာ ပြောရလျှင် စိတ်အားထက်သန်တဲ့ ကျောင်းသားတွေ စတူဒီယို ရောက်နေသလို ဖြစ်နေပြီး မင်းနဲ့ ဆက်ဆံတဲ့လူတွေက ပိုဖော်ရွေလာလိမ့်မယ်။ ကျောင်းသားတွေကို စာသင်တဲ့အခါ မင်းရဲ့အသံက ပိုခန့်ညားလာလိမ့်မယ်”

"ဆန္ဒအားနည်းတဲ့ လူတွေအတွက်ဆို သက်ရောက်မှုက ပိုအားကောင်းလာလိမ့်မယ်"

"ဘယ်လို အခြေအနေမှာပဲ ဖြစ်ဖြစ် စံပြဆရာကို နားလည်ပြီးနောက် မင်းအမူအရာနဲ့ ပုံရိပ်က အဆင့်မြှင့်တက်လာကာ ဘယ်အခြေအနေနဲ့ မဆို လိုက်ဖက်လိမ့်မယ်"

စနစ်က ရှင်းပြသည်။

"ပစ္စည်းကောင်းပဲ"

ဆွန်းမို မျက်ရည်ကျချင်လာသည်။ သူ့ရဲ့ အရည်အချင်း အားလုံး တစ်ပေါင်းပေးနိုင်တဲ့

နတ်ဘုရားစွမ်းရည် တစ်ခု မဟုတ်လား။ ဒီလိုနည်းနဲ့ လူမှုဆက်ဆံရေး စွမ်းရည်သည် အဆင့်တစ်အထိ ချက်ခြင်း တိုးတက်လာလိမ့်မည်။

လက်တွေ့အကျဆုံး အသုံးပြုမှုကို ပြောရလျှင် လမ်းပေါ်မှာ တွေ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ နံပါတ်ကို အောင်မြင်စွာ တောင်းခံလို့ ရသည်။ မအောင်မြင်ရင်တောင် ပါးအရိုက် မခံရနိုင်ပါ။

အခန်း (၄၁၂) - တာဝန်အသစ် ထုတ်ပြန်ခြင်း၊ အခိုင်မာဆုံး လျှို့ဝှက်ရတနာ။

တောက်ပတဲ့ လရောင်၏ အဖြူရောင် အလင်းတန်းများသည် မြေပေါ်သို့ ကျဆင်းနေသည်။

ဒင်

"စံပြဆရာကို ကျွမ်းကျင်မှုအဆင့် အခြေခံအနေနဲ့ ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ အသုံးပြုပါက ကြာချိန် မိနစ် ၃၀ ခံမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းကြားချက်ကို ကြားပြီးနောက် ဆွန်းမိုရဲ့ စိတ်ခံစားချက်များ တုန်လှုပ်သွားသည်။

အသုံးပြုလိုက်ပြီး သူ့ခေါင်းပေါ်တွင် မမြင်နိုင်တဲ့ လက်တစ်စုံက ပန်းပွင့်တွေ ကျဲချနေသလို ခံစားရသည်။

ရှစ်

ဒီ ပန်းပွင့်တွေအားလုံးသည် ကွက်ကွက်ကွင်းကွင်း မြင်နေရသလိုမျိုး တောက်ပနေသည်။ အဲဒါက နူးညံ့ပြီး တောက်ပသည်။ မွှေးရနံ့ကိုပင် သင်းပျံ့စေသည်။

"အမ်"

အခု လက်ရှိမှာ ရေကန်ကို ငေးကြည့်နေတဲ့ လုချီဟွာသည် ဆွန်းမိုကို လှည့်ကြည့်လာသည်။ ဘာကြောင့်မှန်း မသိပေမယ့် သူမဆရာသည် အရမ်းခံ့ညားပြီး ထက်မြတ်တယ်လို့ ရုတ်တရက် ခံစားရသည်။

"ဘာမှားလို့လဲ"

ဆွန်းမိုက ပြုံးရင်း မေးသည်။

လုချီဟွာ ရှက်ပြီး ခေါင်းငုံ့သွားသည်။ သူမ မျက်လုံးများက ကလယ်ကလယ် ဖြစ်နေပြီး

ထွက်ပြေးချင်တဲ့ ရှဉ့် တစ်ကောင်လို ဆွန်းမိုရဲ့ အကြည့်များကို ရှောင်ရှားနေသည်။

"ဘ....ဘာမှမဟုတ်"

(အာ၊ ဆရာ့ကို တစ်ချက်ကြည့်လိုက်ရင် ရင်ခုန်သံတွေ ဘာဖြစ်လို့ မြန်လာရတာလဲ။ အမ်၊ ဆရာအသံကလည်း ပိုနားထောင် ကောင်းလာသလိုပဲ)

(သူပြောတဲ့ စကားလုံးတစ်လုံးတောင် မလွဲချင်ဘူး)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ၏ လေးစားအထင်ကြီးမှု အမှတ် +၁၀၀၊ ရှိသေ (၂၂,၂၀၀/၁၀၀,၀၀၀)

“မမှန်နိုင်ဘူး။ စံပြဆရာရဲ့ အကျိုးသက်ရောက်မှုက ပြင်းထန်လှချည်လား”

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။ (ငါဘာမှမလုပ်ပါဘူး။ ဘာဖြစ်လို့ လုချီဟွာက လေးစားအထင်ကြီးမှု အမှတ်တွေကို ရုတ်တရက် ထောက်ပံ့လာရတာလဲ)

“မင်းအတွေးလွန်နေပြီ။ ဘာဖြစ်လို့လဲဆိုတော့ လုချီဟွာက မင်းအပေါ် လေးစားမှု

အပြည့်ရှိနေပြီးသားလေ။ ဒါကြောင့်လည်း မြတ်ဆရာ အရှိန်အဝါက သူမ အပေါ် သက်ရောက်မှု ပိုပြင်းထန်နေတာပဲ”

စနစ်က ရှင်းပြသည်။

“အို”

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်လိုက်သည်။

“အခုအချိန် ငါ့မှာ လေးစားအထင်ကြီးမှုအမှတ် ငါးသောင်းကျော် ရှိသင့်တယ် မဟုတ်လား”

“မင်းမှာ လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၆၁,၂၀၉ ရှိတယ်”

ဘာမဆို စိတ်ချမ်းသာစေမယ့် နံပါတ်တစ်ခုကို စနစ်က ထုတ်ပြောလာသည်။

ဒါက ချန်ပီယံဆု ဆွတ်ခူးခြင်းရဲ့ အကျိုးအမြတ်ပဲ။ ဆွန်းမိုက တိုက်ပွဲ အောင်မြင်မှု ပိုများလေလေ ကျောင်းသားတွေက သူ့ကို ပိုလေးစားပြီး ပိုရိုသေလာလေလေ ဖြစ်သည်။

ရီးယဲနဲ့ ဘာကာကို ချစ်တဲ့ ဘောလုံး ပရိတ်သတ် ဘာဖြစ်လို့ ဒီလောက်များနေရတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ သူတို့က ချန်ပီယံဆုတွေ အများကြီး ရထားတယ်လေ။

ဆွန်းမိုအတွက်လည်း အတူတူ ဖြစ်သည်။ သူ ပိုအောင်မြင်လေ ပရိတ်သတ် ပိုများလေ ဖြစ်သည်။

“စတိုးဆိုင် ဖွင့်ပါ”

အခုအချိန်မှာ ဆွန်းမို အရမ်းပျော်နေသည်။

သူ့မှာ မြတ်ဆရာ အရှိန်အဝါ ရှစ်ခုရှိနေပြီ။ တကယ်လို့သူသာ ထက်မြတ်တဲ့ လျှာကို ဝယ်လိုက်လျှင် မြတ်ဆရာ အရှိန်အဝါကိုးခု ရှိလာတော့မည်။

စတိုးဆိုင်က ဆွန်းမို အရှေ့တွင် ပေါ်လာသည်။ စင်ရဲ့ အလည်တည့်တည့်တွင် ရွှေရောင်တောက်နေတဲ့ ပစ္စည်း တစ်ခု ရှိနေသည်။

“အဲဒါက ဘာလဲ”

ဆွန်းမို မျက်မှောင်ကြုတ်လိုက်သည်။ ဒီအရာက အရမ်းတောက်ပပြီး မျက်စိ ပြာသွားစေသည်။

“ပုလဲရှာ နဂါး၊ ဒါက လျှို့ဝှက်ဆန်းကြယ်ပြီး အစွမ်းထက်တဲ့ သဘာဝ ရတနာတစ်ခု ဖြစ်သည်။ ဝိညာဉ်ချီ လမ်းကြောင်းတစ်ခုကို ညွှန်ပြပြီး

အဲဒီနေရာမှာရှိတဲ့ အဖိုးတန် ရတနာ တစ်ခုကို ညွှန်ပြပေးလိမ့်မယ်”

မှတ်ချက် ။ ။ အသုံးဝင်မှု အပိုင်းသည် အရမ်းကျယ်ပြန့်လွန်းသည်။

“ဥပမာတစ်ခု ပြောရလျှင် အခု သုံးလိုက်မယ်ဆိုလျှင် ချင်လင် ပတ်ပတ်လည် ၁၅၀ ကီလိုမီတာ အတွင်းမှာရှိတဲ့ တန်ဖိုးအရှိဆုံး ရတနာကို ညွှန်ပြပေးလိမ့်မယ်”

ဆွန်းမိုသည် မိတ်ဆက်ကို မြင်ပြီးနောက် မျက်လုံး အရောင်တောက်လာသည်။

အရင်တုန်းကတော့ ဒီ ပုလဲရှာနဂါးရဲ့ အသုံးဝင်မှုကို နားလည်ခြင်မှ နားလည်လိမ့်မည်။ ဒါပေမယ့် လိဂ်ပြိုင်ပွဲရဲ့ တတိယ အချီကို ကြုံတွေ့ပြီးနောက် ဒါက အမှောင်တိုက်ကြီး တစ်ခုလုံးတွင် အပြီးအပြည့်စုံဆုံး ရတနာ ရှာဖွေတဲ့ ရေဒါ ဖြစ်တယ်ဆိုတာ သူနားလည်နေပြီ။

ပုလဲရှာနဂါးသည် အရမ်းအစွမ်းထက်တဲ့ လျှို့ဝှက်ရတနာတစ်ခုနှင့် ညီမျှတယ်လို့ ပြောလို့ရသည်။

“ပစ္စည်းကောင်းလေးပဲ”

ဆွန်းမို မျက်ရည်ကျလုနီးပါး ဖြစ်ခဲ့သော်လည်း တန်ဖိုးမြင့်ပြီး ကြောင်သွားသည်။

ဒါက လေးစားအထင်ကြီးမှု အမှတ် ငါးသိန်းလား။

"မှတ်ချက်။ ။ ဒါက အချိန်အကန့်အသတ်နဲ့ ပစ္စည်း ဖြစ်တယ်။ ပိုင်ရှင်က ခက်ခဲမှု မြင့်မားတဲ့ တာဝန်ကို အောင်မြင်ပြီးနောက် နေ့တစ်ဝက် အတွင်းမှာဘဲ အခွင့်အရေး ရှိတယ်။ ပြီးတော့ ဒီကာလအတွင်းမှာ ဝယ်ရင် တစ်ဝက်ဈေးနဲ့ ဝယ်လို့ ရပါတယ်"

"ဒါက မြတ်ဆရာ အရှိန်အဝါ ဆယ်ခုနဲ့ ဘယ်လို ယှဉ်နိုင်မှာလဲ။ ဘယ်သူကရော တတ်နိုင်မှာလဲ"

ဆွန်းမို ညည်းတွားလိုက်သည်။ မြင်နေရပေမယ့် မစားနိုင်တာက သည်းခံရ ခက်လွန်းသည်။

“နဂါးဆိုတာက အလယ်ကမ္ဘာ ပြည်နည်ကိုးခုမှာ အသန်မာဆုံးနဲ့ လျှို့ဝှက် ဆန်းကြယ်ဆုံး မျိုးစိတ်ဖြစ်တယ်။ သူတို့က ရှားပါးမှု၊ တန်ဖိုးနှင့် ခွန်အားကို ကိုယ်စားပြုတယ်။ ဒါတွေကို ဒီကမ္ဘာကြီးရဲ့ တန်ဖိုး ဖြတ်မရတဲ့ လျှို့ဝှက်ရတနာတွေလို့ သတ်မှတ်ကြတယ်”

"ပုလဲရှာ နဂါး၊ သူ့နာမည်အတိုင်းပဲ တန်ဖိုးအရှိဆုံး လျှို့ဝှက်ရတနာကို ရှာဖွေရန် အသုံးပြုတဲ့ ကိရိယာ တစ်ခုပဲ"

စနစ်က ရှင်းပြသည်။ ပြီးတော့ မေးခွန်းတစ်ခုလည်း မေးလိုက်သည်။

"စဉ်းစားကြည့်၊ အမှောင်ထု ပုံရိပ်ယောင် ရတနာက လေးစားအထင်ကြီးမှုအမှတ် ငါးသိန်း တန်လား"

"တန်တယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ဒါက စဉ်းစားနေစရာတောင် မလိုပါ။

ဗဟိုပြည်နယ် အကယ်ဒမီတွင် အမှောင်ထု ပုံရိပ်ယောင်ခန်းမ တည်ဆောက်ပြီးတာနဲ့ ဒါက ဗဟိုပြည်နယ် အကယ်ဒမီတွင် ထင်ရှားတဲ့ အဆောက်အဦးတစ်ခု ဖြစ်လာမည်။ ကျောင်းကြီး ပြန်လည် ထွန်းကားဖို့အတွက်လည်း အခြေခံ အုတ်မြစ်တစ်ခု ဖြစ်လာလိမ့်မည်။

"အနာဂတ်မှာ မင်းက အမှောင်တိုက်ကြီးကို စွန့်စားခန်း ထွက်တဲ့အခါ ပျက်ဆီးနေတဲ့ နေရာတွေထဲ

ဝင်ပြီး တန်ဖိုးအရှိဆုံး လျှို့ဝှက်ရတနာကို တန်းရှာလို့ရတယ်။ ဒါကရော မထိုက်တန်ဘူးလား”

စနစ်ရဲ့ မေးခွန်းက စီးပွားရေးဆိုင်ရာ ငွေကြေးအတိုးနည်း စနစ်နဲ့ ဆင်တူနေသည်။

“တန်တယ်”

ဆွန်းမိုက စကားပြောပြီးတာနဲ့ မချိပြုံးပြုံးလိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် ငါ မတတ်နိုင်ဘူးလေ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မြတ်ဆရာတံဆိပ်တွေကို အပေါင်တင်ပြီး အကြွေးဝယ်လို့ ရတယ်။ ဒါပေမယ့် တစ်နှစ်အတွင်းတော့ အကြွေးကြေအောင် ဆပ်ရမယ်”

စနစ်က ရှင်းပြသည်။

ဆွန်းမို သဘောကျသွားသည်။

“ဒီလောက်ကောင်းတဲ့ ညှို့နိုင်စွမ်းမျိုး ရှိတာလား”

“မင်းက အရမ်းထက်မြတ်ပြီး မြတ်ဆရာတံဆိပ်ရအောင် လုပ်နိုင်ခဲ့တယ်။ ဒီလိုမှ မဟုတ်ရင် မင်းကို အကြွေးရောင်းမှာ မဟုတ်ဘူး”

စနစ်ရဲ့ အသံထဲတွင် သဘောကျတဲ့ အငွေ့အသက်များ ပါနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုရဲ့ လုပ်ဆောင်ချက်တွေက အရမ်းကောင်းမွန်သည်။

ထုံးစံအတိုင်း သူ ဆူပူကြိမ်းမောင်းတဲ့ အချိန်တွေက လွဲလို့ပေါ့။

“မြတ်ဆရာ တံဆိပ်က အတိအကျဆိုရင် ဘာလဲ”

ဆွန်းမို အရမ်း သိချင်လာသည်။ ဒီအရာက ရဖို့အတွက် တော်တော်လေး ခက်ပြီး

မြတ်ဆရာတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကို အောင်မြင်အောင် လုပ်နိုင်တဲ့ အချိန်မှပဲ ရသည်။

"ပိုင်ရှင်ရဲ့ အဆင့်က နိမ့်လွန်းတယ်။ ဒါကြောင့် ဒီအချက်အလက်ကို လောလောဆယ် သိမ်းထားမယ်"

စနစ်က ပြန်မဖြေပါ။

ဆွန်းမိုသည်ပါးစပ်က ထုတ်ဆဲချင်စိတ် ပေါက်လာပြီး ချက်ခြင်း ဆိုသလို ကြိုးချည်ခံထားရတဲ့ တောခွေး တစ်ကောင်လို ဖြစ်လာသည်။

“ဘယ်လိုပဲပြောပြော ကျောင်းသားအဖွဲ့အသစ်ကို ဦးဆောင်ပြီး ချန်ပီယံဆုရခဲ့တယ်။ ဒါက ကြီးကျယ် ခမ်းနားတဲ့ လုပ်ဆောင်ချက် တစ်ခု မဟုတ်ဘူးလား”

“မဟုတ်ဘူး။ အဆင့် အရမ်းနိမ့်သေးတယ်။ မင်းက အေ-အဆင့် ပြိုင်ပွဲမှာ ချန်ပီယံ ဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် တစ်နှစ်အတွင်း ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်လာရင် ဒါမှမဟုတ် မြတ်ဆရာတစ်ယောက်ကို ပျိုးထောင် ပေးခဲ့ရင် ဒါဆိုရင်တော့ မြတ်ဆရာတစ်ယောက်ရဲ့ လုပ်ဆောင်ချက်လို့ သတ်မှတ်မယ်”

စနစ်က ရှင်းပြသည်။

“မြတ်ဆရာ လုပ်ဆောင်ချက်လို့ သတ်မှတ်ထားတဲ့ အရာတွေက ကိုယ်ရေးရာဇဝင်မှာ မှတ်တမ်းတင်ထိုက်တဲ့ အရာတွေပဲ။ ကျယ်လောင်စွာ ကြွေးကြော်ပြီး ဂုဏ်ယူထိုက်တဲ့ အရာတွေပဲ”

ဆွန်းမို နှုတ်ခမ်း လှုပ်ယမ်းသွားပြီး

“အမှန်တိုင်းပြောရလျှင် ဒီအဆင့် ပြိုင်ပွဲမှာ ချန်ပီယံ ဖြစ်အောင်လုပ်တဲ့အရာက အလေးချိန် မရှိသေးဘူးလို့ ပြောချင်တာလား”

“တော်တယ်”

စနစ်က ရယ်ပြီး ပြန်ဖြေသည်။

"ဆက်ကြိုးစားပါ။ မင်းလျှောက်ရမယ့် လမ်းကြောင်း အရှည်ကြီး ကျန်သေးတယ်"

"မင်းရဲ့ အကဲဖြတ်မှု စံနှုန်းတွေကို ငါနားမလည်တော့ဘူး"

ဆွန်းမို ခေါင်းခါလိုက်သည်။ ခေါင်းခါနေသော်လည်း မြတ်ဆရာတံဆိပ်ရဖို့ ကျောင်းသားတွေကို သင်ပေးတဲ့ အတွေ့အကြုံများကို လိုသေးကြောင်း သူနားလည်သည်။ ဘယ်လိုပဲဖြစ်ဖြစ်

မြတ်ဆရာတွေရဲ့ အဓိက တာဝန်တွေက ကျောင်းသားတွေကို သင်ကြားပေးဖို့ပဲ။

"ပုလဲ ရှာနဂါးကို လိုချင်လား"

အဲဒီနောက် စနစ်က စိတ်ရင်းနဲ့ ထပ်မံပြီး

"အချိန် အကန့်အသတ်ရှိလို့ ဝယ်ဖို့ အကြံပေးချင်တယ်။ ဒီလိုမှမဟုတ်ရင် နောင် နှစ်အနည်းငယ်ကြာမှ ပြန်တွေ့ရလိမ့်မယ်"

"ဒါပေမယ့် လေးစားအထင်ကြီးမှု အမှတ် နှစ်သိန်းခွဲ သုံးရမှာလေ"

ဆွန်းမို သွားကိုက်ချင်လာသည်။ အတိတ်တုန်းက အိမ်ဝယ်ချင်တဲ့ သူ့ဆန္ဒကို ရုတ်တရက် ပြန်သတိရသွားသည်။ ဈေးနှုန်းတွေကို ကြည့်ပြီး လက်လျှော့ ခဲ့ရသည်။

တကယ်လို့ အဲဒီအိမ်သာ ဝယ်လိုက်လျှင် မြက်ရိုင်းတွေကို နေ့တိုင်း ထိုင်ကိုက်စားနေရမည်။

အဲဒီလို နေ့တွေက ခါးသည်းလွန်းသည်။

"အခု မင်းမှာ ရှိတာကို နှုတ်လိုက်ရင် အမှတ် ၁၉၈.၈၈၈ လောက် လိုသေးတယ်"

စနစ်က တွက်ပေးလိုက်သည်။

"ပြီးတော့ မင်းသာ တစ်နှစ်အတွင်း ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်လာခဲ့ရင် ပရိတ်သတ်တွေ အများကြီး ရပြီး လေးစားဖို့ကောင်းတဲ့ လုပ်ဆောင်ချက် တစ်ခု ဖြစ်လာလိမ့်မယ်။ အဲဒီအချိန်ကျရင် လေးစားအထင်ကြီးမှု အမှတ်ပေါင်း သန်းနဲ့ ချီပြီး ရလာလိမ့်မယ်"

"သန်းပေါင်းများစွာလား"

ဆွန်းမို မျက်လုံး အရောင်တောက်သွားသည်။ တကယ်လို့ သူသာ တကယ် အောင်မြင်ခဲ့ပြီး

အမှတ်များစွာ ရခဲ့လျှင် စတိုးဆိုင် တစ်ခုလုံး ဝယ်လိုက်ချင်သည်။

"ဒါဆိုလည်း ပိုင်ရှင်ရေ၊ မြတ်ဆရာ တံဆိပ်တွေကို အပေါင်ထားပြီး ပုလဲရှာနဂါးကို ဝယ်ချင်လား"

စနစ်က လေးနက်တဲ့ လေသံနဲ့မေးလိုက်သည်။

ဆွန်းမို အသက်ခပ်ပြင်းပြင်းလေး တစ်ချက်ရှူပြီး ပြန်ဖြေလိုက်သည်။

"ဟုတ်"

ဆွန်းမိုသည် စနစ်ရဲ့စကားကို မယုံကြည်ခဲ့သော်လည်း အတိတ်က

အတွေ့အကြုံတချို့ကို ပြန်ပြောင်းပြီး စဉ်းစားလိုက်မိသည်။ သူက ချေးငှားပြီး အိမ်မဝယ်ခဲ့ပါ။ တစ်နှစ်ခွဲကြာတဲ့အခါ အိမ်ငှားခများသည် အရှူးအမူး ခုန်တက်သွားသည်။ လုံးဝ မတတ်နိုင်လောက်အောင် ဖြစ်သွားသည်။

ပြီးတော့ စနစ်ကလည်း တကယ်ပြောခဲ့သည်။ ပုလဲရှာ နဂါးကို ရရှိခြင်းသည် ထိပ်တန်း လျှို့ဝှက်ရတနာ ရခြင်းနဲ့တူညီသည်။ အမှောင်ထု ပုံရိပ်ယောင်ရတနာနဲ့ ယှဉ်နိုင်နေသ၍တော့ သူ အမြတ်ထွက်လိမ့်မည်။

ဆွန်းမိုသည် သူသိထားတဲ့ အမှောင်တိုက်ကြီးမှာ အဆင့် ငါးဆင့် ရှိတဲ့အကြောင်းကို မမေ့သေးပါ။ အထပ်ပိုမြင့်လေ အန္တရာယ် ပိုများပြီး လက်လှမ်းမမှီအောင် ဖြစ်လာသည်။ အဲဒီနောက်မှာရှိတဲ့ အပျက်အဆီးထဲက လျှို့ဝှက်ရတနာများသည် ထုံးစံအတိုင်း ပိုပြီး တန်ဖိုးရှိလိမ့်မည်။

ဒင်

“မြတ်တံဆရာ တံဆိပ် သုံးခုကို အပေါင်အဖြစ် လက်ခံတယ်။ လေးစားအထင်ကြီးမှု အမှတ် ၆၀,၀၀၀

နှုတ်ယူထားပြီး ကျန်တဲ့အမှတ် ၁၉၈,၈၈၈ကို တစ်နှစ်အတွင်း ပြန်ဆပ်ရမယ်။ နောက်ဆုံးရက်ကို ကျော်သွားပါက မြတ်ဆရာ တံဆိပ်များကို ဖယ်ရှားပြီး မင်းကို သုတ်သင်မယ်”

ဆွန်းမို ပေကလတ်ပေကလတ် ဖြစ်သွားသည်။

“ငါ နားကြားမှားတာလား။ သုတ်သင် ခံရမယ် ဟုတ်လား”

“မဟုတ်ဘူး။ မင်းနားကြား မမှားဘူး”

စနစ်က အမှန်တရားပုံစံနဲ့ ပြောလိုက်သည်။

"မင်းရဲ့ အရင်ကမ္ဘာက လူတွေ အိမ်ချေးငွေကို ပြန်မဆပ်နိုင်ရင် ကိုယ့်ကိုယ်ကို သတ်မသေကြဘူးလား။ ဒါကြောင့် မင်းကိုယ်မင်း လုပ်ရ သက်သာအောင် ငါကိုယ်တိုင် လုပ်ပေးမယ်"

"ပြီးတော့ သုတ်သင်ရှင်းလင်းတယ် ဆိုတာက ကြားရတာ ကြောက်ဖို့ကောင်းပေမယ့် ကျန်တဲ့ အကြွေးတွေကို အချိန်မှီ ဆပ်နိုင်ရင် ဘာမှ မဖြစ်ဘူး"

"ငါက အချိန်မှီ ပြန်မဆပ်နိုင်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

ဆွန်းမိုက မေးလိုက်သည်။

“အသတ်ခံရမယ်”

ဒီစကားသည် တိုတိုနဲ့ ရှင်းလင်းလှသည်။

“စနစ်၊ မင်း ငါ့ကို ချောက်ချ နေတာလား”

ဆွန်းမိုဆဲဆိုလိုက်သည်။

“မင်းက စောက်သုံးမကျတဲ့ စနစ်၊ လူယုတ်မာ။ ယုံကြည်မှုကို အလွဲသုံးစား လုပ်တဲ့ကောင်

“ကို့ကိုယ်ကို ယုံကြည်မှု ဒီလောက်တောင် အားနည်းနေတာလား”

စနစ်က အေးစက်စွာ ရယ်မောပြီး ပြန်ပြောသည်။

"မင်းအတွက် ငါ့မှာတော့ မျှော်လင့်ချက်တွေ အကြီးကြီးထားပြီး ပြိုင်ဘက်ကင်း မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်တယ်လို့ တွေးထားတာ။ ဘယ်လောက်တောင် ဆုံးရှုံးလိုက်သလဲ"

'ထွီ'

ဆွန်းမို တံ့တွေးတစ်ချက် ထွေးလိုက်သည်။ ခံစားချက်တွေ မပျောက်သေးပါ။ လက်ခလှယ် ထောင်ပြလိုက်သည်။

“သတ္တိရှိရင် ငါ့အရှေ့ကို ထွက်လာစမ်း၊ ဒီအဖေက မင်းစက်ပစ္စည်း ဖြစ်နေရင်တောင် မဒိန်းကျင့်ပစ်မယ်”

“ငါက မင်းကို အားပေးရုံသက်သက်ပဲ”

စနစ်က အထင်လွဲပြီး စွပ်စွဲ ခံနေရတယ်လို့ ခံစားနေရသည်။

ဒင်

“တာဝန် အသစ်ထုတ်ပြန်တယ်။ တစ်နှစ်အတွင်းမှာ ကျန်တဲ့ အကြွေးကို ကျေအောင် ပြန်ဆပ်ပါ။ အကြွေးကြေသွားပါက ဆုကြေးပေးမယ်။ ကြာချိန်နည်းလေ ဆုလဒ် ပိုကောင်းလေ ဖြစ်မယ်”

ဒင်

"တာဝန်အသစ် ထုတ်ပြန်တယ်။ တစ်နှစ်အတွင်း မြတ်ဆရာ စာမေးပွဲကို ဆက်တိုက်အောင်မြင်အောင် လုပ်ပြီး ကြယ်သုံးပွင့် မြတ်ဆရာ ဖြစ်အောင်လုပ်ပါ။ လေးစားအထင်ကြီးဖို့ကောင်းတဲ့ စွမ်းဆောင်ရည်ကို ပြသပါ။ ဒီတာဝန်အောင်မြင်သွားရင် မင်းအတွက် ကြီးမားတဲ့ ဆုလဒ်အဖြစ် မြတ်ဆရာတံဆိပ်တစ်ခု ချီးမြှင့်မယ်"

"............."

“တကယ် အတည်ကြီးလား။ တာဝန်အသစ်တွေ ဘာတွေ လုပ်လိုက်သေးတာလား။ မင်းအမေတောင် မင်းကို မမှတ်မိအောင် ပြင်းပြင်းထန်ထန် ရိုက်ပစ်မယ်”

“ဆရာ၊ ဘာဖြစ်နေတာလဲ”

လုချီဟွာက ဆွန်းမို အင်္ကျီစကို ဆွဲပြီး အသံတိုးတိုးလေးနဲ့ မေးနေသည်။ စိုးရိမ်တဲ့မျက်နှာနဲ့ ဖြစ်နေသည်။ သူမဆရာက စိတ်ဆိုးနေတဲ့ ပုံပဲ။

“ဘာမှ မဟုတ်ဘူး”

ဆွန်းမိုက အားနာစွာ ပြုံးလိုက်သည်။ ကြည့်ရတာတော့ ဒီတစ်နှစ်လုံး အလုပ်ကြိုးစားရတော့မည်။ ဟောပြောပွဲ များများ လုပ်ရမည်။ (အင်း အကြွေးရှိနေတဲ့ ခံစားချက်ကို တကယ်ပဲ သည်းမခံနိုင်ဘူး)

“သွားကြစို့”

ဆွန်းမို မတ်တပ် ထရပ်လိုက်သည်။ သူက ရိုးသားတဲ့ လူတစ်ယောက်လို့ အလိုလို တွေးလိုက်မိသည်။ (လာမဲ့နှစ်မှာ ပိုကြိုးစားပြီး လေးစားအထင်ကြီးမှု အမှတ်တွေ ပိုရှာရမည်။)

အမှတ်တွေ ထုတ်ပေးတဲ့ ကျောင်းသားတွေကို သေချာပေါက် ဂရုစိုက်ရမည်။

သူ့လို ရိုးသားတဲ့လူက နည်းတာ စိတ်မကောင်းစရာပဲ။ ဒီလိုလူတွေ များနေရင် အကြွေးဆုံးမှာကို စိတ်ပူစရာ မလိုပါ။

"ဆရာဆွန်း"

ဆွန်းမို သိပ်ဝေးဝေး လမ်းမလျှောက် ရသေးခင် ဘေးနားတစ်နေရာကနေ ကျောင်းသား တစ်ယောက် ရုတ်တရက် ပြေးထွက်လာသည်။

“ဆရာဆွန်း၊ ကျောင်းသား ပိုင်ဝမ်လီက မင်းရဲ့ လမ်းညွှန်မှုကို စိတ်ရင်းအမှန်နဲ့တောင်းခံပါတယ်”

ပိုင်ဝမ်လီသည် ကျယ်လောင်စွာ အော်ပြောလိုက်ပြီး တိုက်ရိုက် အရိုအသေ သုံးကြိမ် ပေးလိုက်သည်။

ဆွန်းမိုကို ဆရာတင်ဖို့လား။

ပိုင်ဝမ်လီသည် သူ့ရဲ့ အကန့်အသတ်ကို သိနေတာကြောင့် မထိုက်တန်မှန်း သိနေသဖြင့် မလုပ်ရဲပါ။ ဘယ်လို သန်မာလာမလဲဆိုတာ သိချင်ရုံပဲ။

အခန်း (၄၁၃) - မင်းကို ရွေးချယ်စရာ နှစ်ခုပေးမယ်။

"အရင်ထပါ"

ဆွန်းမိုသည် သူ့အရှေ့က လူငယ်လေးကို ရင်းရင်းနှီးနှီး မှတ်မိသည်။

ရိုးအတဲ့ကောင်လေး တိုက်ပွဲခန်းမတွင် ပထမဆုံး ဝင်ပြိုင်တဲ့ အချိန်တုန်းက သူ့ကို ရှုံးခဲ့တဲ့ ကောင်လေး ဖြစ်သည်။ အဲဒီနောက်မှာတော့ ချီရွှန်ကျားကို ကျောင်းဆက်တက်ဖို့ ရွေးချယ်ခဲ့ပြီး သူ့ဘဝကို

ပြောင်းလဲသွားစေတဲ့ အဖြစ်အပျက် တစ်ခုလို့ သတ်မှတ်နိုင်သည်။

ဒုတိယအကြိမ်အဖြစ် သုံးလကြာပြီးနောက် တိုက်ပွဲ ခန်းမတွင် နောက်တစ်ကြိမ် ထပ်ပြီး ဆုံကြသေးသည်။ တွေးကြည့်ရင်တော့ သူတို့နှစ်ယောက်ကို ပြိုင်ဘက်တွေလို သတ်မှတ်နိုင်သည်။

အဲဒီအတွေအကြုံ နှစ်ခုကြောင့် ချီရွှန်ကျား ယုံကြည်ချက် တိုးလာခဲ့သည်။ ဒီအရာများသည်

သူဖြတ်သန်းခဲ့တဲ့ ဆယ်နှစ်အတွင်း အပျော်ဆုံးနဲ့ အတောက်ပဆုံး အမှတ်တရများ ဖြစ်သည်။

ဒါပေမယ့် ပိုင်ဝမ်လီအတွက်ကတော့ ပြန်ပြီး သတိမရချင်တဲ့ အိပ်မက်ဆိုးများ ဖြစ်ခဲ့သည်။ တိုက်ပွဲမခင်တုန်းက သူသည် ပထမတန်း ကျောင်းသား အမှတ်သတ်မှတ်ခံရပြီး ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ရဲ့ ဖိတ်ခေါ်မှုကိုတောင် ခံခဲ့ရဖူးသည်။ နှစ်ကြိမ်တိုင်တိုင် ရှုံးပြီးနောက် အကယ်ဒမီတွင် အပြောင်အပြောက်ဆုံး ဟာသတစ်ခု ဖြစ်လာခဲ့သည်။

ပထမအကြိမ် ရှုံးနိမ့်မှုက သတိပေါ့သွားလို့ လို့ သတ်မှတ်နိုင်သည်။ ဒုတိယအကြိမ် ရှုံးပြီးတော့ ပိုင်ဝမ်လီ၏ စိတ်ထဲတွင် မီးခဲ ပြာသေသွားသည်။ သူက တကယ်ပဲ ချီရွှန်ကျားရဲ့ ပြိုင်ဘက် မဟုတ်တော့ဘူးလို့ သိလိုက်ရသည်။

ဒါတွေအားလုံးရဲ့ အရင်းအမြစ်က ဆွန်းမို ဖြစ်နေသည်။

ပိုင်ဝမ်လီ မထပါ။ အဲဒီတောင် ကိုယ်နေဟန်က ပိုတောင် နှိမ့်ချသွားသည်။ ချီရွှန်ကျားသည် ဆွန်းမို

အိမ်ကို မကြာခဏသွားပြီး ဆွန်းမိုဆီက သီးသန့် လေ့ကျင့်မှု ရနေကြောင်း သူသိသည်။

ဒီအချက်က သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေး အရမ်းကောင်းတယ်လို့ ညွှန်ပြနေသည်။

ဆွန်းမိုနှင့် ချီရွှန်ကျား တို့ကြားက ဆက်ဆံရေးကြောင့် သူ့ကို ဝတ်ကျေတန်းကျေ လုပ်လိုက်နိုင်တယ်လို့ ပိုင်ဝမ်လီ ခံစားနေရသည်။ ဘယ်လိုပဲပြောပြော ချီရွှန်ကျားက ဆွန်းမို မျက်နှာရအောင် လုပ်ပေးခဲ့သည်။

"ထပါ"

ဆွန်းမို လေသံက လေးလံလာသည်။

“မင်းက ငယ်သေးတယ်။ ဒါကြောင့် မင်းစိတ်က အမေှာင်ထဲမှာ မရောက်စေနဲ့။ မင်းက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းသားမဟုတ်ရင်တောင် ငါတတ်နိုင်သလောက် မင်းကို လမ်းပြပေးမှာပဲ”

ဆွန်းမိုက နှစ်ဘ၀ အသက်ရှင်ခဲ့တဲ့ လူလို့ သတ်မှတ်နိုင်သည်။ ပိုင်ဝမ်လီ၏ အတွေးကို ခန့်မှန်းဖို့ လွယ်လှသည်။ ဆွန်းမိုဆီက လမ်းညွှန်မှုကို ရပြီး ချီရွှန်ကျားက အများကြီး တိုးတက်လာခဲ့သည်။

ဒါကြောင့် ဆွန်းမိုထံက လမ်းညွှန်မှု တောင်းခံပြီး ချီရွှန်ကျားကို ပြန်ပြီး အနိုင်ယူကာ သိက္ခာကို အဖတ်ဆယ်ချင်တဲ့ ဆန္ဒရှိနေသည်။

"ဆရာ"

ပိုင်ဝမ်လီ၏ လေသံက တုန်ယင်နေသည်။ မျက်နှာမှာ ထိတ်လန့်မှုတွေနဲ့ ပြည့်နှက်နေသည်။

"မထသေးရင်လည်း ဆက်ပြီး ဒူးထောက်နေလိုက်တော့"

ဆွန်းမို လှည့်ပြီး အဝေးသို့ လမ်းလျှောက်ထွက်သွားသည်။

"ဆရာ"

ပိုင်ဝမ်လီ ကြောင်သွားသည် ။ ကမန်းကတန်း ထရပ်ကာ ဆွန်းမိုနောက်ကို ပြေးလိုက်ဖို့ ခြေလှမ်း နှစ်လှမ်း လှမ်းလိုက်ပေမယ့် ဆွန်းမို စိတ်ဆိုးသွားမှာ စိုးရိမ်ပြီး ရပ်တန့်လိုက်သည်။ အဲဒီနောက် ဦးညွှတ်ပြီး ဆုံးဖြတ်ချက်ကို စောင့်နေတဲ့ ရာဇဝတ်သားလိုမျိုး စောင့်ဆိုင်းနေပြီး စိုးရိမ် ပူပန်မှုတွေနဲ့ ပြည့်နှက်နေသည်။

ဆွန်းမိုက ကြယ်မရှိတဲ့ ဆရာတစ်ယောက်အနေနဲ့ အလုပ်လုပ်တာ နှစ်ဝက်လောက်ပဲ ရှိပေမယ့်

အခုလက်ရှိမှာတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ အကျော်ကြားဆုံး ဆရာတစ်ယောက် ဖြစ်နေသည်။ ပြီးတော့ ချန်ပီယံဆုကို ဆွတ်ခူးလာသဖြင့် သူ့ရဲ့ ကျော်ကြားမှုက လျှိုမူဘိုင်ထက်တောင် မြင့်မားနေပြီ။

ပိုင်ဝမ်လီမှာ ဘယ်လို သတ္တိရှိမှာလဲ။

“တကယ်လို့ ငါမှတ်မိတာ မမှားရင် မင်းလေ့ကျင့်ထားတာက ရဟန္တာ ဆယ့်ရှစ်ပါး ကျင့်စဉ် မဟုတ်လား။ ငါ့အတွက် လက်သီး ထိုးပြစမ်းပါ”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“ဟု....ဟုတ်ကဲ့ ဆရာ”

ပိုင်ဝမ်လီက စကားပြောပြီးတာနဲ့ စတင်ပြီး လက်သီး ထိုးလိုက်သည်။ အရင်တုန်းကလည်း တခြား ဆရာတွေကို ပြသခဲ့ဖူးပေမယ့် ဒီလောက်အထိတော့ မစိုးရိမ်ဖူးပါ။

(ပြီးသွားပြီ)

(အဆုံးသတ်သွားပြီ)

နှစ်ကွက်လောက် လှုပ်ရှားပြီးတော့ ပိုင်ဝမ်လီရဲ့ အမူအရာသည် ဖရိုဖရဲ ဖြစ်လာသည်။ စိုးရိမ်မှု လွန်ကဲပြီး ခြေတွေလက်တွ တုန်လာသည်။ အရင်က ရင်းနှီးပြီးသား ဖြစ်တဲ့ သိုင်းကွက်တွေတောင်

အခုတော့ အဆင်မပြေ ဖြစ်နေပြီး အနည်းငယ် လွတ်ထွက်နေသည်။

"ပိုင်ဝမ်လီ"

ဆွန်းမိုက ဆူလိုက်သည်။

ဖောက်

ပိုင်ဝမ်လီ ခါးမတ်လိုက်ပြီး ထပ်မလှုပ်ရှားရဲတော့ပါ။

"ရဟန္တာ ၁၈-ပါး ကျင့်စဉ်ရဲ့ သဘောတရား အရ မင်းက ရဟန္တာ တစ်ယောက်လို ပြုမူသင့်တယ်။ မကောင်းဆိုးဝါးများကို သတ်ဖြတ်ရန်၊ နတ်ဆိုးများကို

သတ်ဖြတ်ရန်၊ နဂါးနဲ့ ကျားများကို ချေမှုန်းရန် ၊ ကမ္ဘာပေါ်မှာ မတရား မမျှတမှုများကို ကျိန်းသေပေါက် ပပျောက်အောင် မင်းခွန်အားနဲ့ လုပ်ဆောင်ရမယ်”

ဆွန်းမို လေသံက လေးနက်နေသည်။

“မင်းနှလုံးသားက မခိုင်မာဘူး။ ဒါကြောင့် မင်းလက်တွေ မတည်ငြိမ်ဘူး။ ဒီလိုပုံနဲ့ ရဟန္တာတစ်ပါးရဲ့ ဂုဏ်သိက္ခာနဲ့ အစွမ်းသတ္တိကို ဘယ်လိုပြသမှာလဲ”

“ငါ.......ငါ”

ပိုင်ဝမ်လီသည် ဆွန်းမိုနဲ့ မျက်လုံးချင်းဆုံအောင် မကြည့်ရဲတော့ပါ။

"ငါ့ကို ကြည့်"

ဆွန်းမို အော်လိုက်သည်။

ပိုင်ဝမ်လီသည် ခေါင်းမော့ပြီး ဆွန်းမိုကို ကြည့်လိုက်သည်။ ဆွန်းမို မျက်လုံးသည် ညအခါ ကောင်းကင်ပေါ်မှာ ရှိတဲ့ ကြယ်တွေလို တောက်ပနေပြီး နက်ရှိုင်းကာ စွဲဆောင်မှု ရှိလွန်းသည်။ ဖြေရှင်းမှု အငွေ့အသက်တွေနဲ့ ရှိနေသည်။

"ရဟန္တာ ဆယ့်ရှစ်ပါးကျင့်စဉ်ကို ကျွမ်းကျင်ချင်ရင် အာရုံလွင့်နေတဲ့ ညအတွေးတွေ အားလုံးကို ထိန်းချုပ်ပြီး မင်းကိုယ်မင်း စစ်မှန်တဲ့ ရဟန္တာ တစ်ပါးလို့ မှတ်ယူရမယ်"

"အနိုင်၊ အရှုံးက အရေးမကြီးဘူး။ မျက်နှာ ပျက်တာလဲ အရေးမကြီးဘူး။ အကောင်အထည်ဖော်တဲ့ လက်သီးချက်ကပဲ အရေးကြီးတယ်"

ဆွန်းမိုက စိတ်ရင်းနဲ့ ပြောလိုက်တာ ဖြစ်သဖြင့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမိုဆီကနေ ရွှေရောင် အလင်းတန်းများ ဖြာထွက်လာသည်။

ပတ်ဝန်းကျင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဒီနေ့တွင် ဆွန်းမိုဆီက လမ်းညွှန်မှုတောင်ခံချင်လို့ ရောက်လာတဲ့ ကျောင်းသားဆယ်ယောက်ကျော် ရှိသည်။ ဒီလူတွေအားလုံးက အမှောင်ထဲမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စောင့်ဆိုင်းနေကြတုန်း ပိုင်ဝမ်လီက ပထမဆုံး ပြေးထွက်လာတာ ဖြစ်သည်။

ပိုင်ဝမ်လီကို တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်၏ အလင်းရောင်များက ဖုံးလွှမ်းသွားပြီးနောက် စိတ်ဝိညာဉ် တုန်လှုပ်သွားကာ ရုတ်တရက် သဘောပေါက်တဲ့ အရိပ်အယောင်ကို ခံစားလိုက်ရသည်။ ဒီခံစားချက်သည် နှလုံးသားကို ရက်ပေါင်းများစွာ ဖုံးအုပ်ထားတဲ့ အရိပ်ဆိုးကြီးကို ရှင်းထုတ်ပေးတဲ့ နေရောင်ခြည်နဲ့တူသည်။

"မျှော်လင့်ထားတဲ့ အတိုင်းပဲ။ ငါက ငါ့ရဲ့ ကျင့်ကြံမှုကျင့်စဉ်ကို မကျွမ်းလို့ ရှုံးခဲ့တာပဲ"

ပိုင်ဝမ်လီ ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

"...................."

ဆွန်းမို တိတ်ဆိတ်သွားသည်။ တကယ်တော့ သူပြောချင်တဲ့ အရာက ဒီအကြောင်းပြချက် မဟုတ်ပါ။

နတ်ဘုရား မျက်စိ အာရုံကြောင့် ပိုင်ဝမ်လီရဲ့ အချက်အလက်များကို ရလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက် - ၁၆နှစ်၊

ခန္တာကိုယ် ပြုပြင်ခြင်း -အဆင့် (၇)။ ကျင့်ကြံမှုကျင့်စဉ် - ရဟန္တာ ဆယ့်ရှစ်ပါး။

ကြံ့ခိုင်မှု - ၉ - ရွယ်တူများကြားတွင် အထူးကောင်းမွန်သည်။

ဉာဏ်ရည် - ၅၀ ပျမ်းမျှ ၊ အသုံးပြုရန် လုံလောက်သည်။

သွက်လက်မှု - ၇ - အားသာချက် မဟုတ်သလို အားနည်းချက်လည်း မဟုတ်ပါ။

ဆန္ဒ - ၁ - သူ့ရဲ့ အထွင့်အထိပ် အမှတ်သည် ၈ - မှတ် ဖြစ်သည်။ အခုလောလောဆယ်တွင် ဆန္ဒ အားနည်းလာပြီး လမ်းပျောက်နေတဲ့ သိုးတစ်ကောင်နဲ့ တူသည်။

....

အလားအလာတန်ဖိုး - ပျမ်းမျှ။

မှတ်ချက်။ ။ ရှေ့ဆက်ဖို့အတွက် လမ်းပျောက်နေသည်။ ချီရွန်ကျားကြောင့် စိတ်ဓါတ် လုံးဝ ပြိုကွဲနေသည်။

မှတ်ချက် ။ လက်နက် ပြုလုပ်တဲ့ နေရာတွင် ထူးချွန်သော်လည်း အမှန်တကယ် စစ်ဆေးကြည့်ဖို့ လိုသေးသည်။

ဒီနှစ်အတွင်းတွင် ဆွန်းမိုသည် ကျောင်းသားများစွာနဲ့ တွေ့ကြုံခဲ့ရသည်။ ပြီးတော့ အရမ်းဉာဏ်ကောင်းပြီး အလုပ်လည်း ကြိုးစားသဖြင့် လူတွေကို ခွဲခြမ်း သုံးသပ်နိုင်စွမ်းက တော်တော်လေး ကောင်းမွန်သည်။ ဒါကြောင့် သူ့မှာ နတ်ဘုရားမျက်စိ အာရုံမရှိလျှင်တောင် ဘယ်အရာက ပိုင်ဝမ်လီရဲ့ ပြဿနာလဲဆိုတာ ဆုံးဖြတ်နိုင်သည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် သူ့အရည်အချင်းက သာမန်ပဲ ရှိသည်။

ပိုင်ဝမ်လီ ကျောင်းစ ရောက်ရောက်ခြင်းက စောစော ရင့်ကျက်တဲ့ လူတစ်ယောက် အဖြစ် သတ်မှတ်ခံခဲ့ရသည်။ သူက ထက်မြက်ပြီး အလုပ်ကြိုးစားသဖြင့် သူ့ရဲ့ သန်မာမှုက လျှင်မြန်စွာ တိုးတက်လာခဲ့သည်။ ဒါပေမယ့် တခြားကျောင်းသားတွေ ရင့်ကျက်လာတဲ့ အချိန်တွင် တဖြေးဖြေးနဲ့ သိမ်ငယ်စိတ် ဝင်လာခဲ့သည်။

ရိုးရိုးရှင်းရှင်း ပြောရလျှင် မာရသွန်ပြိုင်ပွဲနဲ့တူသည်။ ပိုင်ဝမ်လီက အခြားသူများထက် တာထွက်စောခဲ့ပြီး အရည်အချင်း ရှိတဲ့လူများက စတင်ပြီး ပြေးလာတဲ့အချိန်တွင် သူ့ကို လျှင်မြန်စွာ ကျော်တက်သွားသည်။

ဒါက အရည်အချင်းနဲ့ ဆိုင်တဲ့ ပြဿနာ ဖြစ်ပြီး အဖြေလည်း လုံးဝမရှိပါ။

ရိုးအတဲ့ ကောင်လေးက အရည်အချင်းညံ့ပေမယ့် အလုပ်ကြိုးစားသည်။ သူ့ရဲ့ လေ့ကျင့်ချိန်က ပိုင်ဝမ်လီထက် နှစ်ဆ ဖြစ်သည်။ ဆွန်းမိုက သူ့ရဲ့

ခန္ဓာကိုယ် တိုးတက်ကောင်းမွန်လာစေရန် ရှေ့ဟောင်း အနှိပ်ပညာကို အသုံးပြုကာ ဧရာမ ဆေးထုပ်ကြီးကို အသုံးပြုပြီး ဝိညာဉ်ချီ ထူထပ်တဲ့ လေဘုရင် ခန်းမတွင် ပျိုးထောင် ပေးခဲ့သဖြင့် ချီရွှန်ကျားသည် ပိုင်ဝမ်လီကို အနိုင်ယူနိုင်ခဲ့သည်။

ဒါတောင်မှ ရှန်ယွန်ပေါင်နဲ့ တိုက်ခိုက်ရင် ချီရွှန်ကျား လုံးဝ ကြေမွသွားလိမ့်မည်။ တကယ်တော့ သူက အင်ဘိုင်ဝူကိုတောင် မနိုင်နိုင်ပါ။

ရဟန္တာ ဆယ့်ရှစ်ပါး ကျင့်စဉ်မှာ တကယ် မြှင့်တင်ပေးနိုင်တဲ့ နေရာများရှိသည်။ ဒါပေမယ့်

အဲဒါကို ပိုင်ဝမ်လီအား နတ်ဘုရာ အဆင့်အထိ ရောက်အောင် လေ့ကျင့်ပေးလိုက်လျှင် ဘာဖြစ်လာမှာလဲ။

သူ့ရဲ့ အဆင့်က ဒီနေရာမှာပဲ အမြဲ ရှိနေလိမ့်မည်။

ဆွန်းမို စကားမပြောတော့တာ မြင်လိုက်လျှင် ပိုင်ဝမ်လီ မျက်နှာတွင် တုန်လှုပ်မှုများ ပေါ်လာပြန်သည်။

"ဆ...ဆရာ၊ ကျွန်တော် စကားပြော မှားသွားလို့လား"

ဆွန်းမိုက စကား လမ်းကြောင်း ပြောင်းလိုက်သည်။

"မင်းရဲ့ ရည်မှန်းချက်က ဘာလဲ"

ပိုင်ဝမ်လီက "တိုက်ပွဲ ခန်းမထဲ ဝင်ဖို့ပါ"

"အဲဒါက ပစ်မှတ် တစ်ခုပဲ"

ဆွန်းမိုက ခေါင်းယမ်းလိုက်သည်။

"ငါ....ငါ အဲဒါကို တစ်ခါမှ မတွေးဖူးဘူး"

ပိုင်ဝမ်လီ ခေါင်းငုံ့သွားသည်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ပန်းပဲ ဆရာလုပ်တဲ့

သူ့အဖေနောက် လိုက်ခဲ့သည်။ ဒါမေမယ့် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားစုဆောင်းမှုတွင် မမျှော်လင့်ဘဲ အောင်မြင်ခဲ့သည်။ ဒါကြောင့်လည်း ကျောင်းတက် ဖြစ်ခဲ့သည်။

"အို ဟုတ်ပြီ။ အရင်က ငါ့အဖေ ပြောဖူးတယ်။ 'မင်းသာ ကျင့်ကြံသူ ဖြစ်သွားရင် အနာဂတ်မှာ ကြမ်းတမ်းတဲ့ ဘဝကို လျှောက်လမ်းစရာ မလိုတော့ဘဲ ထမင်းကောင်းကောင်း စားနိုင်မယ်လို့ ပြောဖူးတယ်"

"ဒီလိုဆို ဒီနှစ်တွေအတွင်းမှာ မင်းက ရေစီးကြောင်း အတိုင်း မျောနေခဲ့တာပေါ့။ နေ့တိုင်း စားမယ်၊ ကျင့်ကြံမယ်၊ အိပ်မယ်။ အနာဂတ်မှာ ဘာဖြစ်ချင်လဲလို့ စဉ်းစားဖူးလား"

ဆွန်းမိုက ပြုံးပြီး နွေးထွေးတဲ့ အသံနဲ့ မေးလိုက်သည်။

"လာ၊ ဒီမှာလာထိုင်"

ဆွန်းမိုသည် ခြေလှမ်း အနည်းငယ် လျှောက်သွားပြီး ရေကန်ဘေးက မြေပေါ်မှာ ထိုင်ချလိုက်သည်။

ပိုင်ဝမ်လီ အနည်းငယ် ထိတ်လန့်သွားသည်။ အရင်က ဒီအကြောင်းကို တကယ်ပဲ တွေးခဲ့ဖူးသည်။ သူက အိမ်ကြီးကြီးမှာနေချင်ပြီး လှပတဲ့ ဇနီးတစ်ယောက်ကို လက်ထပ်ကာ သန်မာထွားကျိုင်းတဲ့ သား၊ သမီးတွေနဲ့ အသိုက်အမြုံဆောက်ပြီး နေချင်သည်။ ဒါပေမယ့် ဒါက စိတ်ကူး အကြမ်းဖြစ်ပြီး ဘယ်လို ထုတ်ပြောရမှာလဲ။

“ငါ မေးခွန်းပြောင်းလိုက်မယ်။ မင်းဘာလုပ်ရတာ ကြိုက်လဲ”

ဆွန်းမိုက ရင်ဘက်ခြင်း ဂျက်ပင်ထိုးတဲ့ စကားတွေ စပြောလာသည်။

အစောပိုင်းတုန်းက ပိုင်ဝမ်လီရဲ့ စိတ်အခြေအနေကို ပြုပြင်ပေးချင်သဖြင့် ကျိန်းမောင်းခဲ့သည်။ ဒါပေမယ့် အခုအချိန်မှာတော့ ဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်း မရှိဘူးဆိုတာ သူသိလိုက်ရသည်။

သူ့စိတ်ထဲမှာတော့ ပိုင်ဝမ်လီသည် ကျင့်ကြံမှုအပေါ် အနည်းငယ်သာ စွဲလမ်းသည်။

စွဲလမ်းမှုဆိုတာ ဘာလဲ။

ချီရှန်ကျားအတွက်ကတော့ လေ့ကျင့်လို့ သေလုမျောပါး ဖြစ်သွားလဲ စိတ်ထဲထားမှာ မဟုတ်ပါ။

"ကမ္ဘာ့အကောင်းဆုံးဓါး သွန်းလောင်းဖို့ပဲ"

ဒီတစ်ကြိမ်မှာတော့ ပိုင်ဝမ်လီ ပါးစပ်က ထွက်ကျလာသည်။ ငယ်ငယ်တုန်းက ပန်းပဲဆရာ ချန်၏ ဆိုင်ရှေ့မှာ မြင်ခဲ့တဲ့ ဝိညာဉ်ဓါး မွေးဖွားလာတဲ့ မြင်ကွင်းကို ပြန်သတိရသွားသည်။

အခုအချိန်အထိ အိပ်မက်ထဲမှာ အဲဒီမြင်ကွင်းကို မြင်နေတုန်းပဲ ဖြစ်သည်။

ပန်းပဲဆရာ ချန်သည် အဲဒီဝိညာဉ် ဓါးရှည်ကို လုပ်ပြီးနောက် သူ့ကျော်ကြားမှုလည်း မြင့်မားလာခဲ့သည်။

"ငါ့မှာ မင်းအတွက် အကြံပြုချက် နှစ်ခုရှိတယ်။ အရင်ဦးဆုံး မင်းက ပိုသန်မာချင်ရင် ရဟန္တာ ဆယ့်ရှစ်ပါး ကျင့်စဉ်ကို စွန့်လွှတ်ပြီး အဆင့်ပိုမြင့်တဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကို ပြောင်းကျင့်။ လက်ကျင့်စဉ်ဆိုရင် အကောင်းဆုံးပဲ"

ဆွန်းမို ပြောလိုက်သည်။ အမှန်တိုင်းပြောရလျှင် ပိုင်ဝမ်လီသည် လက်ဝါးကျင့်စဉ်နဲ့ မသင့်တော်ပါ။

ဒါကြောင့်လည်း သူ့ရဲ့ ခွန်အားကို အကန့်အသတ်အထိ ရောက်အောင် ထုတ်မပြနိုင်ခဲ့ပါ။

ပိုင်ဝမ်လီ ငြိမ်ကျသွားသည်။ ကျင့်ကြံခြင်း ကျင့်စဉ်အသစ်ကို ဘယ်လို ရှာမှာလဲ။ ပြီးတော့ ရဟန္တာ ဆယ့်ရှစ်ပါး ကျင့်စဉ်ကိုလေ့ကျင့်ခဲ့တာလဲ လေးနှစ်လောက် ရှိနေပြီ။ ဒီအတိုင်းပဲ ထားလိုက်လျှင် ဒီနှစ်အတွင်းမှာ ကြိုးစားခဲ့သမျှ အရာအားလုံး အလဟဿ ဖြစ်သွားမည်။

ပြောရလျှင် ပိုင်ဝမ်လီ ကံကောင်းသေးသည်။ ဘာဖြစ်လို့လဲဆိုတော့ အစပိုင်းတွင် လမ်းညွှန်ဖူးတဲ့

ကြယ်တစ်ပွင့် မြတ်ဆရာက ဒီလက်ဝါး ကျင့်စဉ်ကို ရွေးချယ်ရန် ပြောခဲ့လို့ ဖြစ်သည်။ ဒီစိတ်ကြိုက် ဓါးရှည် ကျင့်စဉ်ကို လေ့ကျင့်ဖို့ သေချာပေါက် ရွေးချယ်ခဲ့ မိလိမ့်မည်။ အဲဒီလို လုပ်ခဲ့လျှင် သူ့ရဲ့ ခွန်အားက အခုလက်ရှိရဲ့ တစ်ဝက်တောင် ရှိမှာ မဟုတ်ပါ။ အဲဒီလိုသာဆိုလျှင် သူက ကျောင်းကတောင် ထွက်သွားနေလောက်ပြီ။

"ဒုတိယ အနေနဲ့ကတော့ ကျင့်ကြံမှုကို ခဏနားလိုက်ပါ။ ဗဟိုပြည်နယ် အကယ်ဒမီမှာရှိတဲ့ လက်နက်ထုတ်လုပ်ရေးဌာနကို သွားပြီး သူတို့ဆီက

သင်ယူပါ။ ပစ္စည်း အနည်းငယ်လောက် ပုံဖော်ကြည့်လိုက်ပေါ့။ အဲဒါက မင်းအတွက် စိတ်ဝင်စားစရာ အသစ် ဖြစ်ကောင်း ဖြစ်လာလိမ့်မယ်”

ဆွန်းမိုက အကြံပေးလိုက်သည်။

“ဒါ....ဒါပေမယ့် ငါ့မှာ ပိုက်ဆံ မရှိဘူး”

ပိုင်ဝမ်လီ ပုံစံက ရှက်တဲ့ပုံစံ ဖြစ်သွားသည်။

ထုံးစံအတိုင်း အဲဒီထက် လေးနက်တဲ့ အကြောင်းပြချက် ရှိသေးသည်။ လက်မှုပညာဌာနမှ ကျောင်းသားအားလုံးသည် အလုပ်သင် အဖြစ်ကနေ စလုပ်ရသည်။ ပိုင်ဝမ်လီ ဘယ်လောက်ပဲ

အားနည်းနေပါစေ သူက ငါးနှစ်မြောက် ကျောင်းသား ဖြစ်နေပြီ။ ပထမနှစ်လူသစ်လေးတွေကို ရှုံးရင်း လုံးဝ မျက်နှာ ပျက်ရလိမ့်မည်။

"မင်းကို လှောင်ပြောင်တဲ့လူက နည်းနေသေးလို့လား"

ဆွန်းမိုက ပြန်မေးလိုက်သည်။ ပိုင်ဝမ်လီ ပုံစံကို ကြည့်လိုက်တာနဲ့ ဘာတွေးနေလဲဆို သိနေသည်။

"ငါ့အမှားကို သိပါပြီ"

ပိုင်ဝမ်လီ စိတ်ပျက်လက်ပျက်နဲ့ ကြည့်နေသည်။

“မနက်ဖြန်၊ ထောက်ပံ့ရေးဌာနကို သွားပြီးတော့ ငွေတုံး တစ်သောင်း ထုတ်ယူလိုက်ပါ”

ဆွန်းမိုက စီစဉ်ပေးလိုက်သည်။

“ပြီးတော့ မင်းကို အချိန်သုံးလ ပေးမယ်။ မင်းလုပ်ချင်တဲ့ ပန်းပဲ ပစ္စည်းတစ်ခု လုပ်နိုင်တယ်”

“အမ်”

ပိုင်ဝမ်လီ ကြောင်သွားသည်။ ဒါက ဘာပြောချင်တာလဲ။

“မင်းငါ့ကို ပိုက်ဆံ ပြန်ပေးစရာမလိုဘူး။ ဒါပေမယ့် သုံးလကြာရင်တော့ ပစ္စည်းတစ်ခု ထုတ်လုပ်ဖို့

လိုတယ်။ မင်း ပစ္စည်းက စုတ်ပြတ်သတ်နေရင်တောင် ငါ့ကို ပေးရမယ်”

ဆွန်းမိုက “မင်းလုပ်နိုင်မလား”

မေးလိုက်သည်။

“ဘ....ဘယ်လို လုပ်ရမလဲ”

ပိုင်ဝမ်လီ စကားထစ်နေသည်။ ဒါက ငွေတုံး တစ်သောင်းပါ။ သူ့မိသားစုအတွက် ဒါက ကောင်းကင်ကြီးလောက် ကြီးတဲ့ ငွေပမာဏပါ။ ဒါပေမယ့် စိတ်ထဲက ဓါးလုပ်ချင်တဲ့ အိပ်မက်သည်

ပြန်ရှင်သန်လာကာ နှလုံးသားထဲ မီးစတစ်ခု တောက်လောင်လာသည်။

"ပါးစပ်ပိတ်ထား။ ငါမေးတဲ့ အဖြေက လုပ်နိုင်မလား၊ မလုပ်နိုင်ဘူးလားပဲ ပြန်ဖြေ"

ဆွန်းမို အပိတ်မေးခွန်း မေးလိုက်သည်။

"ဟုတ်၊ ကျွန်တော် လုပ်မယ်။ မနက်ဖြန် ထောက်ပံ့ရေးဌာနကို သွားပြီး ပိုက်ဆံ ထုတ်လိုက်မယ်"

"မင်းမလုပ်ချင်ရင်လည်း ငါက မင်းကို ကောင်းကင်အဆင့် လက်သီး ကျင့်စဉ် ပေးမယ်"

ဆွန်းမိုက ထပ်လောင်း ပြောကြားလိုက်သည်။

အနီးအနားမှာရှိတဲ့ ကျောင်းသားများသည် ဒီစကားကို ကြားလိုက်လျှင် အလိုလို အသံထွက်သွားသည်။

"ကောင်းကင်အဆင့် ကျင့်စဉ် ဟုတ်လား။ ဒီကောင်တော့ တကယ် ထောသွားပြီ"

"စဉ်းစားစရာ လိုသေးလို့လား။ ငါသာဆို ကျင့်ကြံခြင်း ကျင့်စဉ်ပဲ သေချာပေါက် ရွေးမယ်"

“ငွေတုံး တစ်သောင်းကို ထားလိုက်အုံး ရွှေတုံးတစ်သောင်းတောင် ကောင်းကင်အဆင့် ကျင့်စဉ်အရှေ့မှာ ဘာမှမဟုတ်တော့ဘူး”

အဲဒီကျောင်းသားတွေက တိုးတိုးလေး ရေရွတ်နေကြသည်။ စောစောတုန်းက ဘာဖြစ်လို့ အလျှင်စလို မသွားခဲ့မိတာလဲ။ ဒါကို ချက်ခြင်း နောင်တရသွားသည်။

ဆရာဆွန်းနဲ့ ညှိနှိုင်းရတာ အရမ်းကောင်းသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေဆီက လေးစားအထင်ကြီးမှု အမှတ် +၅၀၀။

အခန်း (၄၁၄) - ဆွန်းမို၏ ဩဇာတိက္ကမ။

ဆောင်းရာသီ ဖြစ်နေသဖြင့် ကြေကွဲခြင်းမရှိရေကန်မှာ တိုက်ခတ်နေတဲ့ ညလေညှင်းများသည် အရမ်း အေးလှသည်။ ဒါပေမယ့်လည်း စိတ်ခံစားမှုကြောင့် ပိုင်ဝမ်လီကတော့ နဖူးကနေ ချွေးစီးကျနေသည်။

"ကောင်းကင် အဆင့်လား"

ဒီစကားလုံးကြောင့် ပိုင်ဝမ်လီ၏ နှလုံးသားသည် ပြင်းထန်စွာ ခုန်ပေါက်လာသည်။ ဒါပေမယ့်လည်း သိပ်မကြာခင် ငယ်ငယ်ကတည်းက ကမ္ဘာ့ အကောင်းဆုံး ဓါးလုပ်ချင်ခဲ့တဲ့ အိပ်မက်က စိတ်ထဲ ပေါ်လာပြန်သည်။

ဘာကြောင့်မှန်း မသိပေမယ့် ဒီအိပ်မက်က စိတ်ထဲမှာ ပေါင်းပင် တစ်ခုလို ဖြစ်နေခဲ့သည်။ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘေးကနေ တိတ်တဆိတ် စောင့်ကြည့်နေတဲ့ လုချီဟွာက ပိုင်ဝမ်လီကို တအံ့တဩ ကြည့်နေသည်။ (မင်း ဘာဖြစ်လို့ တွေဝေနေတာလဲ။ ငါ့လို မိုက်မဲတဲ့ မိန်းကလေးတောင်မှ ကောင်းကင်အဆင့် ကျင့်စဉ်ကို ရွေးချယ်သင့်မှန်း သိတယ်)

နောက်တစ်နည်းပြောရလျှင် ဆွန်းမို ပေးထားတဲ့ ရွေးချယ်မှုနှစ်ခုသည် တစ်ခုနှင့် တစ်ခု လုံးဝ မယှဉ်နိုင်ပါ။

ပိုင်ဝမ်လီက လိမ္မာ ပါးနပ်တဲ့ ပုံပေါက်ပေမယ့် တကယ်တမ်းတော့ ငတုံးလား။

ပိုင်ဝမ်လီ မျက်နှာတွင် ဝေခွဲရခက်တဲ့ အမူအရာ ပေါ်လာသည်။ ကြည့်ရတာ ရုပ်ဆိုးသဖြင့် မသိရင် သုံးလလောက် ဝမ်းချုပ်ထားတဲ့ ရုပ်ဖြစ်နေသည်။

"ဆရာ ၊ ဆရာ့ရဲ့ မျက်နှာသာပေးမှုအတွက် ကျေးဇူးတင်ပါတယ် ဆရာ။ ထောက်ပံ့ရေး ဌာနကို သွားချင်ပါတယ်"

သူစကားပြောပြီးတဲ့နောက် ရှူးသွပ် အတွေ့စိတ်က စိတ်ထဲတွင် မြည်ဟည်းနေသည်။ (ငါ ရှူးသွားတာပဲ ဖြစ်မယ်)

ဒါပေမယ့် ဘာကြောင့်လဲ မသိပေမယ့် စိတ်သက်သာရာ ရသွားသည်။

အမှန်အတိုင်းပြောရလျှင် ချီရွှန်ကျားကို နှစ်ကြိမ် ရှုံးပြီးတဲ့နောက် အိပ်မက်ထဲမှာတောင် ပြန်ပြီး လက်စားချေခြင်နေသည်။ ဒါပေမယ့် ဆွန်းမိုက ရွေးချယ်မှု နှစ်ခု ပေးပြီးတဲ့အခါ လက်စားချေခြင်တဲ့ စိတ်တွေ အများကြီး လျော့နည်းလာသည်။

ဓါးတစ်ချောင်း သွန်းလောင်းချင်တယ်။

ဓါးကို အခုချက်ခြင်းတောင် သွန်းလောင်း ချင်လာပြီ။

“အမ်၊ ဒီကောင် ရူးသွားတာလား”

ဒီမြင်ကွင်းကို မြင်လိုက်တော့ ချောင်းကြည့်နေတဲ့ ကျောင်းသားများ အံ့အောသွားသည်။ ပိုင်ဝမ်လီ ဘာလုပ်နေတာလဲ သူတို့လည်း မသိတော့ပါ။

ဆွန်းမိုရဲ့ လက်ရှိဂုဏ်သိက္ခာကြောင့် သူ့ပါးစပ်က ထွက်လိုက်တာနဲ့ ‘ကောင်းကင်အဆင့် ကျင့်စဉ်’ ကို ပေးမယ်လို့ ပြောတာနဲ့ သေချာပေါက် ပေးလိမ့်မည်။

ဒါပေမယ့်လည်း ပိုင်ဝမ်လီက တကယ် မလိုချင်ဘူးလား။

“ မျက်နှာသာ ပေးတာတစ်ခုပဲ မဟုတ်ဘူး အထောက်အကူပေးတာ”

ဆွန်းမိုက ပြောလိုက်သည်။

“လက်နက် သွန်းလောင်းတဲ့ နေရာမှာ အရည်ချင်းတချို့ ပြသနိုင်ရင် တစ်နှစ် ငွေတုံး ငါးသောင်း စပွန်ဆာ ပေးမယ်”

ဒုတ် ဒုတ်

ဒီ ငွေပမာဏကို ကြားပြီးနောက် ပိုင်ဝမ်လီ၏ ရင်ဘက်သည် မငြိမ်သက်နိုင်တော့ဘဲ ပြင်းထန်စွာ ခုန်ပေါက်လာသည်။

အမှန်အတိုင်း ပြောရလျှင် ပိုက်ဆံ ဘယ်ကရမလဲဆိုတာ စိတ်ပူနေခဲ့သည်။ နောက်ဆုံးတွင် လက်နက် သွန်းလောင်းခြင်းနှင့် မှော်ဆေးပညာသည် ငွေအများဆုံး ဖြုန်းတဲ့ အလုပ်အကိုင် နှစ်ခု ဖြစ်သည်။ ပြီးတော့ အခုမှ စတင်တဲ့လူများသည် စမ်းသပ်မှုတွေကျရှုံးပြီး ပစ္စည်း အများအပြားကို ဖြုန်းတီးမိမှာ သေချာသည်။

"ဝမ်လီ၊ အောင်မြင်မှုနဲ့ ကျရှုံးမှုက မင်းရဲ့ လုပ်ဆောင်ချက်ပေါ်မှာ မူတည်လိမ့်မယ်"

ဆွန်းမိုက ပြုံးပြီး လူငယ်ရဲ့ ပုခုံးကို ပုတ်လိုက်သည်။

"မင်းစိတ်ဝင်စားတဲ့ အလုပ်ကို ပြီးမြောက်အောင် လုပ်ခြင်းကလဲ မင်းဘဝကို တန်ဖိုး ရှိစေနိုင်တယ်။ လူအများလုပ်သလို လိုက်လုပ်ပြီး ကျင့်ကြံသူတစ်ယောက် ဖြစ်လာစရာ မလိုပါဘူး"

ဆွန်းမိုရဲ့ စကားများသည် နှလုံးသား အောက်ခြေက ထွက်လာခဲ့သည်။

လေ့လာခြင်းက ကိုယ့်ကိုယ်ကို တိုးတက်ဖို့ သွားတဲ့ လမ်းကြောင်းတစ်ခုဆိုတာ သူတို့ကိုယ်သူတို့ သိစေချင်သည်။ ဒုတိယအနေနဲ့ စာမေးပွဲမှာ အမှတ်များများ ရဖို့သာမကပဲ နောင်တစ်ချိန်တွင် ရွေးချယ်မှု ပိုများလာစေရန် ဖြစ်ရမည်။

ခေတ်သစ်က ကျောင်းသားများသည် တက္ကသိုလ် ဝင်ဖို့အတွက်သာ ဘာသာရပ်များကို လေ့လာခြင်းက စိတ်မကောင်းစရာပါ။ ကျောင်းတွေကလည်း ကျောင်းသားတွေ အမှတ်များများ ရဖို့အတွက် အစမ်း စာမေးပွဲတွေသာ အများကြီး လုပ်ခိုင်းလေ့ ရှိသည်။

ကျောင်းသားရဲ့ အနာဂတ်ကို ဂရုမစိုက်တော့ပါ။ ကျောင်းမှာ စာမေးပွဲ အောင်မြင်တဲ့နှုန်း မကျဆင်းသွားဖို့ အတွက်ပဲ အာရုံစိုက်နေကြသည်။

....

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမို ကိုယ်မှ ရွှေရောင်အလင်းတန်းများ ထွက်လာပြီး ပိုင်ဝမ်လီကို ဖုံးလွှမ်းသွားသည်။

ပိုင်ဝမ်လီသည် အစပိုင်းတွင် ထိတ်လန့်နေပြီး ဝမ်းနည်းခြင်းများသာ ပြည့်နှက်နေသည်။

ဘယ်လိုပဲပြောပြော တိုက်ပွဲခန်းမကို ဝင်နိုင်ခဲ့ပြီး အခြားသူများက မျှော်ကြည့်ရတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ခဲ့သည်။ သူက အရာအားလုံးကို စွန့်လွှတ်ပြီး ပန်းပဲဖို့အကြောင်း စလေ့လာရင် နောက်ကျမနေဘူးလား။

ဒါပေမယ့် ဆွန်းမိုရဲ့စကားကို ကြားပြီးနောက် သူ့ရဲ့ အမူအရာသည် ပြတ်သားသွားသည်။

"လေးစားရတဲ့ ဆရာ၊ ဒီကျောင်းသားက ဆရာရဲ့ လမ်းညွှန်မှုကနေ အကျိုးကျေးဇူး ရခဲ့ပါတယ်"

ပိုင်ဝမ်လီက အရိုအသေ ပေးလိုက်သည်။

"သွားတော့"

ဆွန်းမို ပြုံးလိုက်မိသည်။

"အချိန်ရှိရင်လည်း ကျင့်ကြံခြင်းကိုပဲ အာရုံစိုက်မနေနဲ့။ ကျောင်းအပြင်ကို လမ်းလျှောက်ထွက်ပြီး လောကကြီးကို ကြည့်ပြီး မင်းဘဝ အကြောင်း စဉ်းစားသင့်တယ်"

သင့်တော်တဲ့အချိန်တွင် စကားပြောတာကို ရပ်လိုက်သည်။ မတရား ပြောနေရင်လည်း ပိုင်ဝမ်လီ မှတ်မိမှာ မဟုတ်ပါ။ ဒီသဘောတရားက

နက်နဲတဲ့အတွက် ပိုင်ဝမ်လီ ကိုယ်တိုင် သဘောပေါက်ဖို့ လိုသည်။

ပိုင်ဝမ်လီက နောက်တစ်ကြိမ် အရိုအသေ ပေးပြီး ထွက်သွားသည်။ အဆောင်သို့ တန်းမပြန်ဘဲ ကျောင်းဝန်းအတွင်း လမ်းလျှောက်ဖို့ ရွေးချယ်ခဲ့သည်။ အဲဒီအချိန်တွင် အများကြီး တွေးဖြစ်ခဲ့သည်။

ငယ်ငယ်တုန်းက သူ့အဖေဆီက ပန်းပဲပညာသင်ယူတဲ့ အချိန်၊ ကျောင်းတက်ပြီး လေးနှစ်တာ..................

ပိုင်ဝမ်လီသည် အတိတ်က ရိုးရိုးရှင်းရှင်းနဲ့ ရှုပ်ယှက်ခတ်နေတယ်လို့ ခံစားရသည်။ ဒါပေမယ့် အခုအချိန်မှာ သူ့ရဲ့အနာဂတ် လမ်းကြောင်းကို သူမြင်နေရပြီ။

"ချီရွှန်ကျား မင်းကို ပြန်ပြီး အနိုင်ယူဖို့ အခွင့်အရေး မရှိတော့ဘူး ထင်တယ်"

ပိုင်ဝမ်လီ သက်ပြင်းချရင်း ပြောလိုက်သည်။

သူ သန်မာလာဖို့အတွက် ဆွန်းမိုကို တောင်းပန်ပြီး လမ်းပြခိုင်းခဲ့သည်။ အဲဒီနောက် ပြန်ပြီး လက်စားချေမှာ ဖြစ်သည်။ ဒါပေမယ့် အခုတော့

တကယ်ပဲ လက်နက်သွန်းလောင်းတဲ့ ပညာကို သင်ယူတော့မှာလား။

ဒါပေမယ့်လည်း ပိုင်ဝမ်လီသည် အနည်းငယ်မှ မကျေမနပ် မဖြစ်မိပါ။

"ဘဝက တကယ်ပဲ မှော်ဆန်တယ်"

ပိုင်ဝမ်လီသည် ခံစားချက်များစွာနဲ့ ပြည့်နှက်နေသည်။ ဆွန်းမိုက တကယ်ကို စိတ်ကူးယဉ်ဆန် လွန်းသည်။

တခြားဆရာတွေက ကျောင်းသားတွေ အခက်အခဲနဲ့ ကြုံလာရင် ဘယ်လို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံရမလဲဆိုတာပဲ လမ်းညွှန်ပေးလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ သူ့ကို အလုပ်အကိုင် ပြောင်းစေချင်သည်။ ဒီအကြံပြုချက်သည် ပြင်းထန်ရုံသာမက ဘဝကိုပါ အပြောင်းအလဲ ဖြစ်စေသည်။

ဒါပေမယ့်လည်း ဆွန်းမိုဆီက ပြန်လာပြီး သူ့အမှားများကြောင့် ဆွန်းမို အကျင့်ပျက်နေတယ်လို့ မထင်မိပါ။

ရဟန္တာ ဆယ့်ရှစ်ပါး၏ အနှစ်သာရနဲ့ ပက်သက်ပြီး သူ့ရဲ့ မှတ်ချက်များက သိသာလွန်းလှသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဆွန်းဆီကို စောစော သွားလည်ဖြစ်ခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲ"

ပိုင်ဝမ်လီသည် နှစ်ဝက်လောက် အချိန်ဖြုန်းခဲ့မိသဖြင့် နောင်တရ ရနေသည်။

ဒင်

ပိုင်ဝမ်လီ၏ လေးစားအထင်ကြီးမှု ၊ ရင်းနှီး (၈၀၀/၁,၀၀၀)

....

ကြေကွဲခြင်းမရှိ ရေကန်ဘေးတွင်..................

ပိုင်ဝမ်လီ ထွက်သွားတာနဲ့ အန်ရှီဝေနှင့် ဝမ်ဆုတို့ ဆွန်းမိုဆီ လျှောက်လာကြသည်။

"ဆရာဆွန်း"

အန်ရှီဝေက ပြုံးပြီး နှုတ်ဆက်လိုက်သည်။ အပြင်လူတစ်ယောက် ရှိနေသဖြင့် မိုမိုလေးလို့ ခေါ်ရမှာ ရှက်နေသည်။

"ဆရာဆွန်း"

ဝမ်ဆုကလည်း ခေါင်းညိတ်ပြီး နှုတ်ဆက်သည်။ ဆွန်းမိုကို လေ့လာရင်း သိချင်စိတ် ပြင်းပြနေသည်။

"မင်္ဂလာပါ၊ ဆရာဝမ်"

ဝမ်ဆုအပေါ် ဆွန်းမိုရဲ့အမြင် မဆိုးပါ။

"ဆရာဆွန်း၊ ငါ့မှာ မေးခွန်းတစ်ခု ရှိတယ်"

ဝမ်ဆုရဲ့ စရိုက်က ရှင်းလင်းပြီး တဲ့တိုးဆန်သည်။ ပြီးတော့ ဒါက ကျောင်းသားတစ်ယောက်နဲ့ ပက်သက်နေတာ မဟုတ်လို့ ရှင်းရှင်းလင်းလင်း နားလည် ရဖို့ လိုသည်။

"ဆရာဝမ်၊ ကျေးဇူးပြုပြီး ပြောပါ"

ဆွန်းမိုကတော့ စိတ်တည်ငြိမ်နေသည်။

အန်ရှီဝေက ဆွန်းမိုကို တစ်ချက်ကြည့်လိုက်လျှင် တကယ် ယုံကြည်ချက်ရှိပြီး သက်တောင့်သက်သာ

ဖြစ်နေတာ တွေ့လိုက်ရသည်။ ဝမ်ဆုရဲ့ စကားအရ ဆွန်းမိုကို စစ်ဆေး မေးမြန်းတော့မှာ သိသာနေသည်။

"အဲဒီကျောင်းသားကို လမ်းညွှန်မှုနဲ့ ပက်သက်ပြီး ပထမတစ်ဝက်မှာ အမှတ်အပြည့် ပေးနိုင်ပါတယ်။ ရဟန္တာ ဆယ့်ရှစ်ပါး ကျင့်စဉ်နဲ့ ပက်သက်ပြီး မင်းရဲ့ နားလည် သဘောပေါက်မှုက တကယ် မှန်ကန်ပါတယ်"

ဝမ်ဆု၏ လေသံက သဘောကျမှုနဲ့ ပြည့်နှက်နေသည်။ ဆွန်းမိုရဲ့ သင်ကြားမှု စံနှုန်းကို

ထပ်မံပြီး သက်သေပြခဲ့သည်။ အဲဒီနောက်မှာတော့ လေသံပြောင်းသွားပြီး

"ဘာဖြစ်လို့ ဒုတိယ အပိုင်းကို ထပ်ထည့်လိုက်ရတာလဲ"

"ဆရာဝမ်၊ ငါ့ရဲ့ စကားကြောင့် ကျောင်းသား ပိုင်ဝမ်လီရဲ့ တိုးတက်မှု နှောင့်နှေးသွားမှာ မင်းစိုးရိမ်နေတာလား"

ဆွန်းမိုက ပြုံးပြီး မေးလိုက်သည်။

"ဟုတ်တယ်"

ဝမ်ဆုက ခေါင်းညှိတ်ပြလိုက်သည်။

“မင်းတို့ရဲ့ စကားဝိုင်းကနေ သူက အရင်ကတည်းက ပန်းပဲ ပညာကို တစ်ခါမှ မလေ့လာဖူးတာ သေချာတယ်။ တကယ်လို့ သူသာ အောင်မြင်တဲ့ ရလဒ်ကို မရခဲ့ရင် သက်သက် အချိန်ဖြုန်းတာပဲ မဟုတ်လား”

ပိုင်ဝမ်လီကို ငယ်သေးတယ်လို့ သတ်မှတ်လို့ မရတော့ပါ။ သူ့အတွက် အလိုအပ်ဆုံး ထစ်ဆို့မှုကို ဖြတ်ကျော်ပြီး ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ် ဝင်ရောက်သွားဖို့ပဲ ဖြစ်သည်။

"ဆရာဝမ် သူ့ရဲ့ လက်ရှိအနေအထားအရ......အချိန်သုံးလ၊ နှစ်တစ်ဝက်လောက်ပေးပြီး နေ့တိုင်း စေ့စေ့စပ်စပ် ကျင့်ကြံရင်တောင် သူ့ရဲ့ ခွန်အားက အများကြီး တိုးတက်လာမှာ မဟုတ်ဘူး"

ဆွန်းမိုက သက်ပြင်းချရင်း ပြောလိုက်သည်။ နတ်ဘုရားမျက်စိ အာရုံအောက်တွင် ပိုင်ဝမ်လီရဲ့ အချက်အလက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

"သူက ကျင့်စဉ်ပြောင်းပြီး လေ့ကျင့်လို့ ရတာပဲ"

ဝမ်ဆုကလည်း ပိုင်ဝမ်လီရဲ့ အလားအလာကို ထုံးစံအတိုင်း မြင်နိုင်သည်။

"ပြီးတော့ရော။ ကျင့်ကြံမှု နှေးကွေးလာတိုင်း တခြားကျင့်စဉ်ကို ပြောင်းနေရမှာလား"

ဆွန်းမိုက ပြန်မေးသည်။

ဝမ်ဆု ငြိမ်ကျသွားသည်။ ပြီးတော့ ပိုင်ဝမ်လီနဲ့ ကိုက်ညီတဲ့ ကျင့်စဉ်က အများကြီးမရှိပါ။ သူ့ရဲ့ အရည်အချင်းကလည်း အဆင့်မြင့်မားတဲ့ကျင့်စဉ်ကို လေ့ကျင့်ဖို့ မလုံလောက်သေးပါ။

“ဆရာဝမ်၊ ပိုင်ဝမ်လီရဲ့ အကန့်အသတ်က နတ်ဘုရား ခွန်အားအဆင့်ဆိုတာ ငါတို့အားလုံး သဘောပေါက်ပါတယ်”

ဆွန်းမို စကားပြောပြီးနောက် အန်ရှိဝေသည် သူမရဲ့ ငယ်ချစ်လေးကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။ သူမ၏ သုံးသပ်ချက်နဲ့ အတူတူ ဖြစ်နေသည်။

မိုမိုလေးရဲ့ သုံးသပ်ချက်က ဒီလောက် မြင့်မားမယ်လို့ မထင်ထားခဲ့ပါ။

အန်ရှီဝေ အနည်းငယ် သိချင်လာသည်။ ဆွန်းမို ဆွန်လျှောင် အကယ်ဒမီမှာ နေတုန်းက ဘာတွေ လေ့လာခဲ့တာလဲ။

"ရှားပါးတဲ့အခွင့်အရေး တချို့နဲ့ ကြုံရင်တော့ သက်ရှည်နယ်ပယ် ဝင်ရောက် သွားလိမ့်မယ်"

ဝမ်ဆု ခေါင်းယမ်းလိုက်သည်။

"မင်းရဲ့ သုံးသပ်ချက်က မမှားဘူးဆိုတာ ငါဝန်ခံတယ်။ ဒါပေမယ့် ဘဝက မျှော်လင့်ချက်တွေနဲ့ ပြည့်နှက်နေသင့်တယ်။ မင်းရဲ့ အနာဂတ်

မှောင်မိုက်နေမယ်လို့ ဆုံးဖြတ်ထားရင် အလုပ်မကြိုးစားဖို့ ဆုံးဖြတ်တော့မှာလား”

ဝမ်ဆုသည် ပိုင်ဝမ်လီရဲ့ အလားအလာကို မြင်သော်လည်း ကျင့်ကြံခြင်းအား လက်လျှော့ရန် စည်းရုံးပြီး ပန်းပဲ ပညာသင်ခိုင်းခြင်းက အလုပ်မဟုတ်ဘူးလို့ တွေးနေမိသည်။

“ငါလည်းပဲ အဲဒီလို တွေးပါတယ်။ ဒါပေမယ့် မင်းရဲ့ ကြိုးစားအားထုတ်မှုမှာ မှားယွင်းတဲ့ နယ်ပယ်ဖြစ်နေရင် ပိုဒုက္ခမရောက်ဘူးလား”

ဆွန်းမိုက အဝေးကို ငေးကြည့်ရင်း ပြောလိုက်သည်။

“ဒါကြောင့်ပဲ ငါက သူ့ကို ပန်းပဲပညာမှာ စမ်းကြည့်ခိုင်းလိုက်တယ်။ မျှော်လင့်ချက် အသစ်တွေ မွေးဖွားလာမလားဆိုပြီးတော့ ပေါ့လေ”

ဝမ်ဆု စကားထပ်မပြောတော့ပါ။ လေးလေးနက်နက် စဉ်းစား ဆင်ခြင်နေသည်။

ဆွန်းမိုရဲ့စကားကို ချေပဖို့ကလည်း စကားလုံး မရှိပါ။

ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာကြီးမှာ လမ်းလွဲသွားရတဲ့သူတွေ အများကြီး ရှိသည်။ တကယ်တော့ တချို့ဆိုရင် တစ်သက်လုံးသာ အချိန်ကုန်သွားတယ် သူတို့ရဲ့ လမ်းကြောင်းကို ရှာမတွေ့ခဲ့ကြပါ။

"တစ်နှစ် စိတ်ချမ်းသာချင်ရင် အပင်စိုက်၊ ဆယ်နှစ် စိတ်ချမ်းသာချင်ရင် သစ်ပင်စိုက်၊ အနှစ်တစ်ရာ စိတ်ချမ်းသာချင်ရင်တော့ လူတွေကို အသိပညာဖြန့်ဝေပေးပြီး အရည်အချင်း တိုးတက်အောင် လုပ်ပေးဖို့ပဲ"

ဆွန်းမိုက ပြောလိုက်သည်.

ဒီစကားကို ကြားလိုက်လျှင် အန်ရှီဝေနှင့် ဝမ်ဆုတို့နှစ်ယောက်စလုံး စိတ်ဝိညာဉ် တုန်လှုပ်သွားသည်။ ထပ်ပြီး အားစိုက် နားထောင်နေတဲ့ အမူအရာ ဖြစ်နေကြသည်။

" သူတစ်ပါးကို ပျိုးထောင်တဲ့အခါ၊ မင်းရဲ့ အမြင်ကို ဝေးဝေးထားပြီး ရေရှည်စဉ်းစားတာက အကောင်းဆုံးပဲ"

ဆွန်းမိုက သက်ပြင်းချရင်း ပြောလိုက်သည်။

"အခြားသူတွေကို လမ်းညွှန်ပေးရတာက လွယ်တဲ့အရာ မဟုတ်ဘူး။ ဆရာတစ်ယောက်က ပြောလိုက်ဖို့ လွယ်တယ်။ ဒါပေမယ့် ကျောင်းသားတစ်ယောက်ရဲ့ ဘဝတစ်ခုလုံးကို လွှမ်းမိုးသွားနိုင်တယ်"

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမိုက ဒါကို ထုတ်ဖော်ဖို့ ဆန္ဒ မရှိသော်လည်း ဒီမြတ်ဆရာ အရှိန်အဝါသည် လူတစ်ယောက်ရဲ့

ခံစားချက်နှင့် ဆန္ဒအပေါ် မူတည်ပြီး အလိုလို ထွက်ပေါ်လာတတ်သည်။

"ဆရာဆွန်းရဲ့ စကားက တကယ် မှန်ပါတယ်။ ငါတို့ရဲ့ စကားက ကျောင်းသားတစ်ယောက်ရဲ့ ဘဝကို လွှမ်းမိုးနိုင်စွမ်း ရှိတယ်။ မြတ်ဆရာတွေရဲ့ နာမည်ကို မနှိမ်ချမိအောင် ငါတို့ရဲ့ တာဝန်ကို လေးလေးနက်နက် မှတ်သားထားရမယ်"

ဝမ်ဆုက လေးလေးနက်နက် ချီးကျူးလိုက်သည်။

ဆွန်းမိုရဲ့ စကားများသည် တန်ဖိုး ရှိလှသည်။ သင်ကြားရေး သဘောတရားနဲ့လည်း ကိုက်ညီသည်။

ကျောင်းသားတစ်ယောက်သည် သင့်ကို ယုံကြည်သဖြင့် သင့်ဆီက ပညာရေးကို စိတ်ရင်းအမှန်နဲ့ ရှာဖွေကြသည်။ ဒါကြောင့်လည်း သူတို့ကို လမ်းပြပေးနိုင်ဖို့ ၁၀၀ ရာခိုင်နှုန်းလောက် အားထုတ်သင့်သည်။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၅၀၀ ။ ရင်းနှီး (၆၅၀/၁,၀၀၀)

"ဆရာဆွန်း ငါက တော်တော် စိတ်အနှောက်အယှက် ပေးတဲ့လူပဲ"

ဝမ်ဆုက တောင်းပန်လိုက်သည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသဖြင့် ဆွန်းမိုက ပိုင်ဝမ်လီအတွက် တကယ်တွေးနေမှန်း သက်သေပြပြီးသား ဖြစ်သွားသည်။

“ဆရာဝမ်က အတည်ကြီး လုပ်နေပြန်ပြီ”

ဆွန်းမိုက ဝမ်ဆုကို ကမန်းကတမ်း တားလိုက်သည်။ ဒီကိစ္စသည် မြတ်ဆရာကြားက ဆွေးနွေးမှု ဖြစ်ပြီး တောင်းပန်ဖို့ မလိုအပ်ပါ။ သို့သော်လည်း ဝမ်ဆုက အမှန်တကယ်ကို

လေးစားအထင်ကြီးမှု အမှတ် ၅၀၀ ကို တိုက်ရိုက် ထောက်ပံ့ခဲ့သည်။

ဝမ်ဆု ပြုံးလိုက်သည်။ ဆွန်းမိုသည် အရမ်း အရည်အချင်းရှိသော်လည်း နှိမ့်ချတတ်တဲ့ ဒီလူငယ်လေးကို ဝမ်ဆု တော်တော်လေး သဘောကျမိသည်။ ကျောင်းအုပ်ကြီးဟောင်းရဲ့ ဆုံးဖြတ်ချက် တကယ်ကောင်းမွန်သည်။

"ကျောင်းအုပ်ကြီး အန်၊ မင်းရဲ့ နည်းလမ်းအတိုင်း ကျန်ဟန်ဖူကို ကိုင်တွယ်လိုက်မယ်"

ဝမ်ဆုက သဘောတူလိုက်သည်။

အန်ရှီဝေ မျက်နှာပေါ်တွင် ပျော်ရွှင်တဲ့ အမူအရာ ချက်ခြင်း ပေါ်လာသည်။ ချန်ပီယံဖြစ်တဲ့ အရှိန်အဟုန်ကို ယူပြီး ကျန်ဟန်ဖူကို အလုပ်ထုတ်ရန် ဝမ်ဆုအား လိုက်ရှာခဲ့သည်။

ထုံးစံအတိုင်း ဒီကိစ္စက ဝမ်ဆုရဲ့ ထောက်ခံမှုကို လိုအပ်သည်။ အဲဒါကြောင့် သူနဲ့ ညှိနှိုင်းဖို့ လာခဲ့သည်။ ဆွန်းမိုက ပိုင်ဝမ်လီကို လမ်းညွှန်နေတဲ့ အချိန်မှာပဲ အချိန်မှန် နေရာမှန် ရောက်ခဲ့လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆွန်းမိုက တကယ်ကို ကံကောင်းစေတဲ့ ကြယ်လေးပဲ)

အန်ရှီဝေသည် ခံစားချက်များနဲ့ သက်ပြင်းချလိုက်သည်။ တကယ်လို့ သူမသာ ဝမ်ဆုနဲ့ လမ်းလျှောက်ပြီး ဒီကိစ္စကို မကြုံခဲ့ရင် ဝမ်ဆုဘက်က သဘောမတူဖို့ ဖြစ်နိုင်ခြေ များသည်။ ပြီးတော့ မိုမိုလေးရဲ့ စကားနဲ့ စွမ်းဆောင်ရည်တွေက သိသိသာသာ အားကောင်းလွန်းသည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား (၆,၅၀၂/၁၀,၀၀၀)

"ဆရာဆွန်း၊ ငါမင်းကို ဂုဏ်မပြုရသေးဘူး"

ဝမ်ဆုက ပြုံးပြီး ကြည့်နေသည်။ သူ့အကြည့်တွေက သဘောကျမှုနဲ့ ပြည့်နှက်နေသည်။

"ကျောင်းကို ချန်ပီယံ ဖြစ်အောင် ကူညီပေးခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒါက တကယ်ကို ခမ်းနားကြီးကျယ်တဲ့ အရာပဲ"

"ဆရာဝမ်က ငါ့ကို အရမ်းချီးကျူးနေပြီ။ အားလုံး အတူတကွ ပူပေါင်းပြီး ကြိုးစားလို့ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ဂုဏ်မဖော်ရဲပါ။

အခန်း (၄၁၅) - ဆွန်းမိုကို ချစ်မိသွားပြီလား။

သမတ်ရိုးကျ နှုတ်ဆက် စကားများ အပြန်အလှန် နှုတ်ဆက်ပြီးနောက် ဝမ်ဆုသည် ကျေနပ်တဲ့ အပြုံးနဲ့ ထွက်ခွာသွားသည်။

သူသည် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သဖြင့် အများအားဖြင့် အလုပ်ရှုပ်နေတတ်သည်။ အန်ရှီဝေရဲ့ စီမံခန့်ခွဲမှုက အရည်အချင်း မပြည့်မှီမှန်း သိနေပြီး သူမရဲ့ ခေါင်းဆောင်မှုအောက်မှာ ဗဟိုပြည်နယ် အကယ်ဒမီ ကျဆင်းပြီး စာရင်းထဲက ထုတ်ပယ်ခံရမှာ စိုးရိမ်လို့သာ စီမံခန့်ခွဲခွင့် အာဏာကို ရယူထားခဲ့သည်။

"အခုတော့ ငါလုပ်ချင်တဲ့ အရာတွေကို အာရုံစိုက်နိုင်ပြီ"

ဆွန်းမိုရဲ့ ကူညီပံ့ပိုးနဲ့ဆို အန်ရှီဝေသည် ကျောင်းရဲ့ ကိစ္စရပ်များကို မလွှဲမှား နိုင်တော့ဘူးလို့ ဝမ်ဆု ခံစားရသည်။ ပြီးတော့ အခုအခါမှာ ကျောင်းက စီ-အဆင့်ကို ရောက်လာပြီ။ သူတို့နှစ်ယောက် ကောင်းကောင်း မလုပ်နိုင်ရင်တောင် ကြားခံ အဖြစ် အချိန်တစ်နှစ် ရသေးသည်။

"နောက်နှစ်မှာ ဘီ အဆင့်တက်ဖို့တော့ မမျှော်လင့်ပါဘူး။ ဒါပေမယ့် အနည်းဆုံးတော့ ဒီ-အဆင့်ကို ပြန်ကျသွားလို့ မဖြစ်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝမ်ဆု ဆုတောင်းလိုက်သည်။ (ပြီးတော့ ကျောင်းအုပ်ကြီးက မနိုးထသေးဘူးလား)

....

"ဆရာ၊ ငါအဆောင်ကို အရင်ပြန်နှင့်မယ်"

လုချီဟွာက ဆွန်းမိုနှင့် အန်ရှီဝေတို့ကြားက စကားဝိုင်းကို မနှောက်ယှက်ဘဲ ဥာဏ်ကောင်းသွားသည်။ ဒါပေမယ့် ဆွန်းမို ပြန်ပြောသည်။

"ဒီည အိမ်ယာမှာ လာအိပ်ပါ"

ဆွန်းမိုက အကြံပြုလိုက်သည်။ လူတချို့နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်မြင့်တက်ထားသည်။ နောက်ပိုင်းတွင် စနစ်ဆီက ဆုတောင်းရအုံးမည်။

သူ့ရဲ့ ကံကောင်းစေတဲ့ အဆောင်လေး မရှိဘဲ ဘယ်လိုလုပ် ဖွင့်ရမှာလဲ။

"ဟုတ်"

လုချီဟွာက ဆွန်းမိုရဲ့ စကားများကို ဘယ်တုန်းကမှ မငြင်းခဲ့ဖူးပါ။

"................."

လုချီဟွာက ပျော်ပြီး ထခုန်လိုက်သဖြင့် သူမရဲ့ သဘော်သီးလို ရင်သားများ လှုပ်ခါ ...

လှိုင်းထနေသည်။ ဒါကို မြင်ပြီး အန်ရှီဝေတစ်ယောက် စကားမပြောနိုင် ဖြစ်သွားသည်။

(မင်းတို့နှစ်ယောက် အပြစ်ကင်းတယ်ဆိုတာ ငါသိပေမယ့် မင်းတို့ရဲ့ စကားကို တခြားသူ ကြားသွားရင် အထင်လွဲသွားအုံးမယ်)

“ငါက အမှောင်ထုပုံရိပ်ယောင် ခန်းမကို တတ်နိုင်သမျှ မြန်မြန်ဆောက်ချင်တယ်”

ဆွန်းမိုက လိုရင်းကို တန်းပြောလိုက်သည်။

“ငါတို့ အဲဒီလို လုပ်မလို့လား။ အဲဒါက တိုက်ပွဲအတွင်းက မင်းရလာတဲ့ အရာပဲ”

အန်ရှီဝေ သက်ပြင်းချလိုက်သည်။ သူမသည် အလုပ်အကြောင်း မပြောချင်ပါ။ ဒါပေမယ့် ဆွန်းမိုမှာ ကိုယ်ရေးကိုယ်တာ အကြောင်းတွေ ပြောဖို့ ရည်ရွယ်ချက် မရှိတာ သိသာနေသည်။

“ဒီကမ္ဘာမှာ ငါက တစ်ကောင်ကြွက်ပဲ။ ဗဟိုပြည်နယ် အကယ်ဒမီမှာ မဆောက်ရင် ဘယ်မှာ ဆောက်ရမှာလဲ”

ဆွန်းမို နှုတ်ခမ်း တွန့်သွားသည်။

သူက ချမ်းသာပြီး အမှောင်ထုပုံရိပ်ယောင်ခန်းမ တည်ဆောက်မလို့ မြေတစ်ကွက် ဝယ်နိုင်သည်။ ဒါပေမယ့် ဘယ်လို အသုံးချမလဲ။ ပုံရိပ်ယောင်ရတနာရဲ့ အကြီးအမားဆုံး တန်ဖိုးက ကျောင်းသားတွေကို ခွန်အားမြှင့်တင်ပေးဖို့ပဲ ဖြစ်သည်။ ဒါကြောင့် ကျောင်းကပဲ အကောင်းဆုံး နေရာ ဖြစ်သည်။

ဆွန်းမို စကားကို ကြားလျှင် အန်ရှီဝေက ကမန်းကတမ်း ဖြတ်ပြောလိုက်သည်။

"ဒီကမ္ဘာမှာ မင်းအတွက် ငါရှိသေးတယ်'

စကားပြောပြီးတဲ့နောက် အန်ရှီဝေ ရှက်သွားသည်။ သူမရဲ့စကားကို ဝန်ခံတာလို့ သတ်မှတ် သွားမလား။

သူမက ပွင့်လင်းလွန်းတယ်လို့ ခံစားလိုက်ရသည်။

အန်ရှီဝေ သဘောထား ကွဲလွဲနေသော်လည်း ဆွန်းမိုက ဒါကို လုံးဝ သတိမထားခဲ့မိပါ။ သူက ပုံရိပ်ယောင်ခန်းမကို အမြန်ဆုံး ပြီးစီးပြီး ကျောင်းသားတွေကိုသာ ပျိုးထောင်ချင်နေသည်။

ကြယ် ၂ ပွင့် မြတ်ဆရာ စာမေးပွဲအတွက် တိမ်စိမ်းအဆင့် ဝင်တဲ့ တပြည့် တစ်ယောက်ရှိဖို့ လိုအပ်နေသည်။

ဆွန်းမိုက ရှန်ယွန်ပေါင်ကို အဓိက တိုက်ခိုက်ရေးသမားအဖြစ် ရည်ရွယ်ထားပြီး အင်ဘိုင်ဝူကို အရန်အဖြစ် စီစဉ်ထားသည်။ အမှန်တော့ ချန်လုံရဲ့ ကျင့်ကြံမှု အဆင့်ကြောင့် တိမ်စိမ်းအဆင့်ဝင်ဖို့ လုံလောက်အောင် အားကောင်းသည်။ ဒါပေမယ့် ဆွန်းမိုက သူ့ ကိုယ်ခန္ဓာအတွက် စိုးရိမ်ပြီး မတိုက်ခိုက်စေချင်ပါ။

"ငါ သုတေသန လုပ်ပြီးပြီ။ တိုက်ပွဲခန်းမရဲ့ သုံးပုံ နှစ်ပုံလောက် နေရာ လိုအပ်တယ်။ ကျောင်းမှာ သင့်တော်တဲ့နေရာ ရှိလား"

ဆွန်းမိုက မေးသည်။

ဆွန်းမိုရဲ့ သဘောထားကို မြင်ပြီး အန်ရှီဝေတစ်ယောက် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ ဒါပေမယ့် စိတ်ကိုပြင်လိုက်ပြီး အလုပ်လုပ်တဲ့ စိတ်အခြေအနေကို အာရုံစိုက်လိုက်သည်။

“လေ့ကျင့်ရေး ခန်းမဘေးမှာ ဆိုရင်ကော ဘယ်လိုလဲ။ အဲဒီနေရာက ကျယ်ပြီး လူလည်းများတယ်။ အမှောင်ထုပုံရိပ်ယောင်ခန်းမကို

နေ့တိုင်း မြင်နေရပြီး သူတို့ရဲ့ စိတ်ကို လှုံ့ဆော်ပေးနိုင်တယ်”

ဒီလောက် ကောင်းမွန်တဲ့ အဆောက်အဦးကို လူတိုင်း အသုံးပြုခွင့်ရမှာ မဟုတ်တာ သေချာသည်။ ရလဒ်တွေကောင်းပြီး အရည်အချင်း ပြည့်မှီဖို့ လိုအပ်မည်။

“ငါ့အတွေးနဲ့ ထပ်တူပဲ။ အခြားသူများ ဝင်လို့ မရအောင် တားမြစ်ပေးပြီး အမြန်ဆုံး စီစဉ်နိုင်အောင် မြေပုံ ထုတ်ပေးပါလား။ အမှောင်ထုပုံရိပ်ယောင် ခန်းမ တည်ဆောက်တာကို လျှို့ဝှက်ထားရမယ်”

ဆွန်းမိုက အကြံပေးသည်။

"မမြန်လွန်းဘူးလား"

အန်ရှီဝေ တွေဝေသွားသည်။ အမှောင်ထု ပုံရိပ်ယောင်ရတနာက တန်ဖိုး ရှိလွန်းသည်။ မြန်ဆန်စွာ ပျက်ဆီးသွားပါက နှမြောတဲ့စိတ်နဲ့ သေသွားနိုင်သည်။

"အလျှင်လိုတာ မဟုတ်ဘူး"

ဆွန်းမိုက

"ငါသုတေသန လုပ်ပြီးသား ၊ အမှောင်ထု ပုံရိပ်ယောင်ခန်းမ တည်ဆောက်ဖို့ ကာယ လုပ်သား

မလိုဘူး။ ငါတို့မှာ ဝိညာဉ်ကျောက်တုံး အလုံအလောက် ရှိသ၍ ငါတို့ ဆောက်နိုင်တယ်”

“အဆောက်အဦးဆောက်မယ် ဟုတ်လား”

တုန်လှုပ်မှုကြောင့် အန်ရှီဝေ နှုတ်ခမ်းသည် အို-ပုံစံ ဖြစ်သွားသည်။

“ဟုတ်တယ်”

ဒါက နတ်ဘုရားမျက်စိ အာရုံက ပေးထားတဲ့အဖြေ ဖြစ်သည်။

စကားပြောနေရင်းနဲ့ အန်ရှီဝေရဲ့ နှုတ်ခမ်းကို ကြည့်လိုက်မိသည်။ ဆွန်းမိုတစ်ယောက်

ဌက်ပျောသီးကို ပါးစပ်ထဲ ထိုးထည့်ချင်စိတ် ပေါက်လာသည် ဒီလိုမှမဟုတ်ရင် ဆုံးရှုံးသွားလိမ့်မည်။

"ဘယ်လောက် မှော်ဆန်လိုက် သလဲ"

အန်ရှီဝေသည် ရုတ်တရက် အံ့အောပြီး အသံထွက်သွားသည်။ အဲဒီနောက် ဆွန်းမို ဘယ်လို သိလဲဆိုပြီး မေးချင်လာသည်။

ဆန်းကြယ်ကောင်ကင် အကယ်ဒမီရဲ့ နှစ်တစ်ထောင်မှာ တစ်ယောက်တွေ့ရတဲ့ ပါရမီရှင် ဖြစ်ပြီး ဗဟိုပြည်နယ် အကယ်ဒမီ ကျောင်းအုပ်ကြီးရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြေး ဖြစ်သဖြင့် အန်ရှိဝေသည် ဆယ်နှစ်သားကလေး အရွယ်ကတည်းက စာအုပ်များစွာ ဖတ်ခဲ့ပြီး အရမ်း လေ့လာခဲ့သည်။

သူမဖတ်ဖို့ အရည်အချင်း မမှီတဲ့ စာအုပ်တွေ အများကြီးလည်း တွေးခဲ့ဖူးသည်။ ဒါပေမယ့် သူမ ဖတ်ဖူးတဲ့စာအုပ်ထဲတွင် အမှောင်ထုပုံရိပ်ယောင် ရတနာနဲ့ ဆင်တူတဲ့ ရတနာတစ်ခုမှ မှတ်တမ်းမတင်ထားပါ။

ဒီကိစ္စမှာ ဆွန်းမိုက ဒါကို ဘယ်လိုသိတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သူမထက် စာအုပ်ပိုဖတ်မယ်လို့ အန်ရှီဝေ မထင်ပါ။

ဒါပေမယ့်လည်း အရမ်းသိချင်တဲ့စိတ်ကို ချုပ်ထိန်းကာ မမေးတော့ပါ။

"နေရောင်အောက်က အရာအားလုံးကို ပြောပြတတ်တဲ့ မိုမိုလေး မဟုတ်တော့ဘူး"

အန်ရှီဝေသည် ခံစားချက်များစွာနဲ့ သက်ပြင်းချလိုက်သည်။

"ဒါဆို အဲဒီအတိုင်းပဲ ထားလိုက်ကြတာပေါ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲအတွက် တည်နေရာသည် ကွမ်လင်မှာ ဖြစ်သည်။ ဆွန်းမိုမှာ တံခါးရှစ်ခု တိမ်တိုက်လေး ရှိသဖြင့် နေတစ်ဝက်အတွင်း အဲဒီနေရာကို ရောက်နိုင်သော်လည်း ပတ်ဝန်းကျင်ကို အကျွမ်းတဝင် ရှိစေရန်နှင့် စမ်းသပ်ကွင်းကို ကြည့်ရန် တစ်ပတ်လောက် ကြိုပြီး သွားရမည်။ ပြိုင်ဘက်များရဲ့ အချက်အလက်ကို စုဆောင်းရအုံးမည်။ ဘယ်အရာမှ လက်လွတ်ခံလို့ မဖြစ်ပါ။

ဆွန်းမိုက ဒီလိုမျိုး ရိုးရှင်းတဲ့ လူဖြစ်သည်။ ဘာပဲလုပ်လုပ် စိတ်အပြည့်နဲ့ အစွမ်းကုန် ကြိုးစားလေ့ ရှိသည်။

"ခဏလေး။ ဝိညာဉ်ကျောက်တုံးတွေ အတွက်ကရော...."

အန်ရှီဝေမှာ မေးစရာ ရှိသေးသည်။ ဗဟိုပြည်နယ် အကယ်ဒမီမှာ ဝိညာဉ်ကျောက်တုံး တချို့ ရှိကောင်း ရှိနိုင်သော်လည်း ဒါက မလုံလောက်သေးဘူးလို့ သူမ ထင်သည်။ ပြီးတော့ ဝိညာဉ်ကျောက်တုံးများကို

တိုက်ခိုက်ရေး အရင်းအမြစ်လို့ သတ်မှတ်ထားသဖြင့် ဝယ်ဖို့ မလွယ်ကူပါ"

"အို၊ မင်း စိတ်မပူနဲ့။ ငါကြည့်ကျက်ပြီး လုပ်လိုက်မယ်"

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုရဲ့ ဥပဒေသသည် အမှောင်တိုက်ကြီးနဲ့ ကွဲပြားသည်။ ဝိညာဉ်ကျောက်တုံးများကို ယူလာခဲ့လျှင် အထဲမှာရှိတဲ့ ဝိညာဉ်ချီများ လျှင်မြန်စွာ ပျောက်ကွယ်သွားလိမ့်မည်။ ဒါကြောင့် သိမ်းထားဖို့ အထူးကိရိယာများ လိုအပ်ပြီး အရမ်း ကရိကထ နိုင်သည်။

ဒါပေမယ့် ဆွန်းမိုကတော့ ဒါမျိုး လုပ်ဖို့ မလိုအပ်ပါ။ သူက တယ်လီပို့ တံခါးကို တိုက်ရိုက်အသုံးပြုပြီး ဝိညာဉ်ကျောက်တုံးကို အလိုရှိသလောက် သယ်ယူနိုင်သည်။ ကာယ အလုပ်သမားအတွက်တော့ ရှန်ယွန်ပေါင် ရှိသည်။

ထုံးစံအတိုင်း ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ အန်ရှီဝေကို လိမ်ထားလို့ မရပါ။ ပြီးတော့ သူ့ရဲ့လျှို့ဝှက်ချက်ကို ဖုံးကွယ်ရန် အန်ရှီဝေရဲ့ အကူအညီလည်း လိုသေးသည်။

"ငါ နားလည်ပြီ"

အန်ရှီဝေ ခေါင်းညိတ်လိုက်သည်။

“လှျို့ဝှက်ချက်ကို ကာကွယ်ဖို့အတွက် ငါတာဝန်ယူလိုက်မယ်။ အမှောင်ထု ပုံရိပ်ယောင် ခန်းမ တည်ဆောက်နေတဲ့ အချိန်မှာ မလိုအပ်ရင် ငါကိုယ်တိုင်တောင် မပေါ်လာဘူး”

ဆွန်းမို အရမ်းကျေနပ်ပြီး ပြုံးလိုက်သည်။ အန်ရှီဝေက အရမ်းထက်မြတ်ပြီး သွေးဆောင်စရာတောင် မလိုပါ။

တရားဝင် အလုပ်ကိစ္စအကြောင်း ပြောပြီးတာနဲ့ ဆွန်းမို ထွက်သွားသည်။ အန်ရှီဝေနဲ့ စကားပြောပြီး လမ်းလျှောက်မယ့် ပုံမရှိ ဖြစ်နေသည်။

လရောင်အောက်တွင် ဆွန်းမိုရဲ့ နောက်ကျောသည် တောင့်တင်းပြီး ခန့်ညားလှသည်။ တစ်နည်းအားဖြင့် ကို့ကိုယ်ကို ယုံကြည်မှုနှင့် သန်မာမှု အငွေ့အသက်တွေ ပြည့်နှက်နေသည်။ သူမနဲ့ စကားပြောတဲ့အခါ ရှက်တတ်တဲ့ ကလေးလေး မဟုတ်တော့ပါ။

"မင်းက ငါ့အပေါ် အရမ်းအေးစက်ပေမယ့် မင်းရဲ့ လက်ရှိ ပုံစံကို သဘောကျမိလို့ ငါ့ကိုယ်ငါ အံ့အောမိတယ်"

အန်ရှီဝေသည် ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်မိသည်။

"ပြီးတော့ မင်းလုပ်ပေးခဲ့တဲ့ အရာအားလုံးအတွက်လည်း ကျေးဇူးတင်ပါတယ်။ ငါသေချာပေါက် ပြန်ဆပ်မယ်"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ လေးစား (၇,၅၀၂/၁၀,၀၀၀)

....

ဆွန်းမို ထွက်သွားပြီး သိပ်မကြာခင် စနစ်ဆီက အကြောင်းကြားချက် ကြားလိုက်ရသည်။ လေးစားအထင်ကြီးမှုအမှတ် တစ်ထောင်က အန်ရှီဝေသည် ကျေးဇူးတရားသိတတ်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်း သက်သေပြနေသည်။

အိမ်ကို ပြန်ရောက်ပြီးနောက် အခုလက်ရှိတွင် ချည်ထည် အင်္ကျီ ဝတ်ဆင်ထားပြီး ဧည့်ခန်းထဲက ကုလားထိုင်ပေါ်မှာ ထိုင်ကာ သစ်သီးတစ်လုံး စားနေတဲ့ ကူရှုပ်ရှင်းကို မြင်လိုက်ရသည်။

"မြန်လှချည်လား။ မင်း အစ်မရှီဝေနဲ့ လမ်းလျှောက် မထွက်ဘူးလား"

ကူရှုပ်ရှင်းသည် လုချီဟွာ ပြန်လာတဲ့ အချိန်တုန်းက ဆွန်းမို အကြောင်းကို မေးခဲ့သည်။ ဒါကြောင့်လည်း ဆွန်းမိုက အန်ရှီဝေနဲ့အတူတူ ရှိနေကြောင်း သူမ သိနေခဲ့သည်။ ဒါပေမယ့် ဆွန်းမို

ပြန်လာတာ မြန်လွန်းသည်။ ဆွန်းမိုက ဘယ်လိုဖြစ်ပြီး မြန်မြန် ပြန်လာရတာလဲ။

“ဆွန်းမို၊ မင်းက မိန်းမတွေနဲ့ ဘယ်လို စကားပြောရမလဲ မသိဘူးလို့ ငါ့ကို လာမပြောနဲ့နော်”

ဆွန်းမို အမူအရာတောင့်တင်း သွားသည်။ တကယ်လည်း သူမသိပါ။

“အမ်၊ မင်းဒီအတိုင်း ဆက်လုပ်နေလို့ မရဘူး”

ကူရှုပ်ရှင်း သက်ပြင်းချလိုက်သည်။

“သာမန် မိန်းကလေးတွေကတော့ မင်းရဲ့ ထူးချွန်မှုကြောင့် မင်းနောက်လိုက်ဖို့ သေချာပေါက်

စဉ်းစားကြလိမ့်မယ်။ အစ်မ ရှီဝေက မင်းထက် ပိုထူးချွန်တယ်။ ပြီးတော့ သူမကို လိုက်နေတဲ့ လူတချို့က မင်းထက်တောင် ပိုထူးချွန်နေသေးတယ်။ မင်း တကယ်ကို ပိုကြိုးစားသင့်တယ်”

ဆွန်းမိုက ဂယက်ရိုက်သွားသည်။

“ဘယ်လို ပိုကြိုးစားရမှာလဲ”

“ဘာဖြစ်လို့ သူမကို လက်တွေ မပေးဘဲ စကားချိုချိုလေးတွေ မပြောတာလဲ။ အခွင့်အရေးရရင် သူမကို ချစ်တဲ့ပုံစံ လုပ်ပြလေ”

ကူရှုပ်ရှင်းက ရှင်းပြသည်။

ဆွန်းမိုက ကူရှုပ်ရှင်းကို ကြည့်လိုက်ပြီး သူမရဲ့ ဝိညာဉ်ကလည်း ခေတ်သစ်က လာခဲ့တာလားလို့ စဉ်းစားနေသည်။

"မင်း ငါ့ကို ယုံလိုက်စမ်းပါ။ ငါ့ကို လိုက်တဲ့ ကောင်တွေအားလုံး အဲဒီအတိုင်း လုပ်တာပဲ"

ကူရှုပ်ရှင်းက ကြွားလိုက်သည်။

"သူတို့ထဲက ဘယ်သူ အောင်မြင်သွားလဲ"

ဆွန်းမိုက လိုရင်း တန်းမေးလိုက်သည်။

"အမ်"

တကယ်လို့ ကူရှုပ်ရှင်းသာ ခေတ်သစ်က အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့လျှင် လူများနဲ့ စကားပြောနည်း ကောင်းကောင်းမသိတဲ့ ဆွန်းမိုကို အကျယ်ကြီး အော်ဆဲနေလိမ့်မည်။

(မင်းရဲ့ အီးကျူအဆင့်က မှော်ဆန်တယ်၊ ထာဝရ ဒါမှမဟုတ် မီးဘောလုံး စာလုံးပေါင်းဖို့ လောက်ပဲ သိလား)

သို့သော်လည်း သူမက ရှင်းရှင်းလင်းလင်း ပြောဖို့ လိုအပ်နေသည်။

"သူတို့မအောင်မြင်ခဲ့ဘူး။ ငါက ကူရှုပ်ရှင်းပဲ၊ အဲဒီလောက် အညှာလွယ်တဲ့ မိန်းမလို့ ထင်နေတာလား"

ဆွန်းမိုက သူမကို ယောကျ်ားတွေ အလွယ်တကူ လိုက်လို့ရတဲ့ မိန်းမတစ်ယောက်လို့ မမြင်စေချင်ပါ။

"ဟားဟား"

ဆွန်းမိုက ကူရှုပ်ရှင်းရဲ့ ပင်ကိုယ်စရိုက်ကို ရုတ်တရက် တွေးမိပြီး ရယ်လိုက်သည်။ ပုံမှန်လမ်းကြောင်းနဲ့ သူမကို လိုက်လျှင် သေချာပေါက် ကျရှုံးလိမ့်မည်။ တကယ်တော့ သူမကို

မအောင်မြင်ခင် လိုအပ်ပါက ဆူပူကြိမ်းမောင်းသင့်ပါက ကြိမ်းမောင်း ရလိမ့်မည်။

"ဘာရယ်တာလဲ"

ကူရှုပ်ရှင်းက ဆွန်းမိုကို တအံ့တအော စိုက်ကြည့်နေသည်။

"မင်း မျက်လုံးထဲမှာ မဟုတ်တဲ့ အတွေးတွေ မြင်နေရတယ်။ မဟုတ်တာ တစ်ခုခု တွေးနေတဲ့ပုံပဲ"

ဖောက်

ဆွန်းမိုက သူ့ရဲ့ အပြင်ဘက်ဝတ်ရုံကို ချွတ်ပြီး ကူရှုပ်ရှင်း မျက်နှာပေါ်ကို လှမ်းပစ်လိုက်သည်။

ကူရှုပ်ရှင်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။ အဲဒီနောက် လက်ထဲက ပန်းသီးနဲ့ ဆွန်းမိုကို ပစ်ပေါက်လိုက်သည်။ ဒီကောင်က ရယ်မောပြီး လှေကားပေါ် ပြေးတက်သွားသည်။

"မင်းရဲ့ သံပြားပုံ ရင်သားနဲ့လား။ မင်းပြချင်ရင်တောင် ငါမကြည့်ဘူး"

ဆွန်းမို အသံက အပေါ်ကနေ ထွက်လာသည်။

"မင်းပဲ သံပြား။ မင်းတစ်မိသားစုလုံး သံပြား"

ကူရှုပ်ရှင်း ပါးစပ် တလှုပ်လှုပ် ဖြစ်သွားသည်။ (ငါ့ ရင်ဘက်က လီဇီချီထက် အများကြီး ပိုကြီးတယ်)

ဒါပေမယ့် အဲဒီနောက်မှာတော့ ကူရှုပ်ရှင်း မျက်နှာပျက်သွားသည်။

သူမသည် လီဇီချီထက် ရှစ်နှစ်လောက် အသက်ပိုကြီးသည်။ အပျိုဖော်ဝင်ကာစ သူမရင်ဘက်က ပုံမှန်သာ ဖြစ်သည်။

အဲဒီနောက်မှာ အဲဒါတွေကို တွေးပြီး သူမရဲ့ရင်ဘက် အရွယ်အစားက လုပ်ဖော်ကိုင်ဖက်တွေနဲ့ ယှဉ်လို့မရဘူးဆိုတာ သိလိုက်ရသည်။

"ဟွန့် မင်းက ငါ့ကို တကယ် အထင်သေးနေတာလား။ ငါမထွက်သွားဘူး။ ဒီမှာဘဲ နေပြီး စားလိုက်အုံးမယ်။ မင်းရဲ့ အနှိပ်တောင် ခံလိုက်အုံးမယ်"

ကူရှုပ်ရှင်း တိုးတိုးလေး ရေရွတ်လိုက်သည်။ ဘာကြောင့်မှန်းမသိပေမယ့် ဆွန်းမိုက သူမရဲ့ ရင်ဘက်အကြောင်းပြောပြီး သံပြားလို့ ပြောလိုက်တဲ့ အချိန်က အနည်းငယ် စိတ်လှုပ်ရှားခဲ့သည်။

(ဆွန်းမိုကို ချစ်မိသွားတလား။ မဖြစ်နိုင်ပါဘူး)

(မဟုတ်ဘူး.။ ဒီအတွေးကို မြန်မြန် မောင်းထုတ်ပစ်ရမယ်။ ကူရှုပ်ရှင်း မင်းရဲ့အနာဂတ် ခင်ပွန်းလောင်း စိတ်ပျက်သွားလို့ မရဘူး)

ဒါကို စဉ်းစားပြီးနောက် ကူရှုပ်ရှင်းသည် ဆွန်းမိုရဲ့ အကျီကို ကမန်းကတမ်း လွှင့်ပစ်လိုက်သည်။

သို့သော်လည်း မိနစ် အနည်းငယ်နေပြီးနောက် ပြန်ကောက်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် လွှင့်ပစ်တာက မယဉ်ကျေးရာ ရောက်သည်။ ဒါပေမယ့် ကုလားထိုင်ပေါ်မှာ ချိတ်တဲ့ အခါ

ဦးနှောက်က ဘာမှားသွားမှန်းမသိပါ။ ခေါင်းငုံ့ပြီး အနံ့ခံလိုက်မိသည်။

"အမ်"

(ယောက်ျားတစ်ယောက်ရဲ့ အဝတ်အစားမှာ အနံ့တချို့ ရှိတယ်လို့ ပြောကြတာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ အနံ့မရှိရတာလဲ။ ဒါဆိုရင် ယောက်ျာလေးတွေက လိုက်ဖို့အတွက် လှည့်ကွက် သုံးဆယ့်ခြောက်ခုနဲ့ မာယာတွေလား)

(ဟွန့်၊ ငါသုံးလိုက်တဲ့ ငွေတုံး ငါးတုံးက ဘာမှ မဟုတ်သလိုပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းသည် ဆွန်းမိုရဲ့ အဝတ်အစားကို ချကာ တရားထိုင်ဖို့အတွက် အခန်းထဲ ပြန်မလို့ ခေါင်းမော့လိုက်လျှင် လှေကားပေါ်မှာ လက်ဖက်ရည်ခွက်ကိုင်ပြီး တုန်လှုပ်ခြောက်ခြားတဲ့ မျက်နှာနဲ့ ရပ်နေတဲ့ ဆွန်းမိုကို မြင်လိုက်ရသည်။

အခန်း (၄၁၆) - မြတ်ဆရာတစ်ယောက်ရဲ့ ခင်မင်ရင်းနှီးမှု။

ရွှစ်

ကူရှုပ်ရှင်း မျက်နှာ ရုတ်တရက် နီရဲသွားသည်။ အနီကွက်များက လည်ပင်းအထိ ပျံ့နှံ့သွားပြီး ပုဇွန်ထုတ်ကြီးနဲ့ တူနေသည်။

(တကယ် သေလိုက်ချင်တာပဲ)

ကူရှုပ်ရှင်းသည် စိတ်ထဲက ငိုကြွေးနေသည်။

အခုအချိန်မှာတော့ ကူရှုပ်ရှင်း ရှက်ရွံ့ပြီး ထူပူနေကာ ခံစားချက် မျိုးစုံ ရောထွေးနေသည်။

ရင်ခုန်နှုန်းလည်း မြန်နေသည်။ တစ်ကိုယ်လုံးပူလာပြီး ပါးစပ်နှင့် လျှာတွေလည်း ခြောက်သွေ့လာသည်။

"ဘာမှ မတွေ့လိုက်ဘူး"

ဆွန်မိုက မျက်စိမှိတ်ပြီး လှည့်ထွက်သွားသည်။

"အဲဒီနေရာမှာ ရပ်နေ"

ကူရှုပ်ရှင်း လှမ်းအော်သည်။ သူမက လှေကားဆီကို လျှပ်စီးလျှက်သလို ပြေးသွားသည်။ ခွေးရူးတစ်ကောင်နဲ့တောင် တူနေသည်။

ဘုန်း

ဆွန်းမို အခန်းတံခါး မပိတ်ခင်မှာ ကူရှပ်ရှင်းက ခြေထောက် တစ်ချောင်း ထိုးခံလိုက်သည်။ သူမက ဆွန်းမိုအကျီကို ဆွဲပြီး ညာဘက်ခြေထောက်နဲ့ တံခါးကို ကန်ဖွင့်လိုက်သည်။

ဘုန်း

ဆွန်းမိုက ကူရှပ်ရှင်းကို အတင်း ပြန်တွန်းထုတ်သည်။ တည်ငြိမ်စွာ မရပ်နိုင်ဘဲ မြေပေါ် လဲကျသွားကာ ပြုတ်ကျတဲ့ အရှိန်ကြောင့် နောက်စေ့နဲ့ကြမ်းပြင် ထိသွားသည်။

“မင်းမှာ အော်ခွင့် မရှိဘူး”

ကူရှုပ်ရှင်းက ဆွန်းမို ကိုယ်ပေါ်တက်ပြီး လည်ပင်းညှစ်ထားသည်။

“မဟုတ်လို့ကတော့ မင်းကို သတ်မယ်”

“ဒ....ဒီနေ့ လေတွေတိုက်ပြီး အရမ်းဆူညံနေတယ်”

ဆွန်းမိုက ရယ်ရင်း ပြောသည်။

အမှန်တိုင်းပြောရလျှင် စောနတုန်းက မြင်ကွင်းကြောင့် ဆွန်းမို လန့်သွားသည်။ ကူရှုပ်ရှင်း မျက်ဝန်းထဲတွင် လူသတ်ချင်တဲ့

အရိပ်အယောင်ရှိသော်လည်း အရမ်းကြီး လည်ပင်းမညှစ်မိအောင် ထိန်းထားနိုင်သေးသည်။

"မင်းကို သေတဲ့အထိ ရိုက်မယ်ဆိုတာ မင်းယုံလား"

ကူရှုပ်ရှင်းသည် ဆွန်းမိုခေါင်းကို ထုချင်တဲ့ ပုံစံနဲ့ လက်ဝှေ့ယမ်း လိုက်သည်။

"ငါယုံတယ်"

ဆွန်းမိုက ကမန်းကတမ်း ခေါင်းညိတ်ပြသည်။

"မင်းမှာ ဒါကို ထုတ်ပြောခွင့် မရှိဘူး"

ကူရှုပ်ရှင်းက ခြိမ်းခြောက်သည်။

“ငါက ဘာမှမတွေ့တာ မင်းဘာပြောနေတာလဲ”

ဆွန်းမို တစ်ယောက် ကူကယ်ရာမဲ့ ဖြစ်နေသည်။ ဒီအချိန်မှာ သူလိမ်တာကို သိမှန်း သိနေပေမယ့်လည်း ဆက်လိမ်နေသေးသည်။

“.........”

ကူရှုပ်ရှင်းက ဒီကိစ္စ အန်ရှီဝေကို လုံးဝ ပြန်ပြောလို့ မရဘူးလို့ ပြောလိုက်ချင်သည်။ ဒါကို တွေးပြီး မသက်မသာ ဖြစ်သွားသည်။

“အို”

ဆွန်းမို ဆီက အသံထွက်လာသည်။

"ငါ.....ငါက မင်းအကျီ ညစ်ပတ်နေလားဆိုပြီး စစ်ဆေးကြည့်တာ ဟုတ်ပြီလား။ ငါက အခုဒီမှာနေနေပေမယ့် ဘာမှမပေးနိုင်ဘူး။ ဒါပေမယ့် မင်းကလည်း ပိုက်ဆံ မရှားဘူး။ အဲဒါကြောင့် မင်းအကျီ ညစ်ပတ်နေရင် မင်းအတွက် လျှော်ပေးပြီး ကျေးဇူးပြန်ဆပ်မလို့ ဟုတ်ပြီလား"

စကားဆုံးတာနဲ့ ကူရှုပ်ရှင်းသည် သူမရဲ့ ညဏ်ပညာကို ချီးကျူးလိုက်သည်။

(ဒီအကြောင်းပြချက်က အရမ်း ယုတ္တိရှိတယ်။ ငါတောင် ယုံတယ်။)

"ငါသိပြီ။ ဒါပေမယ့် ငါ့အပေါ်က အရင်ဆင်းပေးလို့ ရမလား"

ဆွန်းမို ထပ်ပြီး တောင့်မခံနိုင်တော့ပါ။

"မရဘူး။ မင်းက ဒီကိစ္စကို ထုတ်မပြောဘူးလို့ ဂတိပေးရမယ်။ အမ်............."

သူမ စကားပြောနေရင်း မျက်နှာပျက်သွားသည်။ သူမရဲ့သံပြား အထိခံလိုက်ရသည်။ ဆွန်းမို

ခန္တာကိုယ်ပေါ်ကနေ ကမန်းကတမ်း လှိမ့်ချလိုက်သည်။

(ယောက်ျားတွေက အမှန်ပဲ)

ဆွန်းမိုက ချက်ခြင်း ထထိုင်လိုက်ပြီး အင်္ကျီကို သပ်ရပ်အောင် လုပ်လိုက်သည်။

(မျှော်လင့်ထားသလိုပဲ။ လူများသည် အမှန်တကယ်ကို သန်မာတဲ့ သက်ရှိများ ဖြစ်နေတယ်)

လေထုက အနေရခက်နေသည်။ ဆွန်းမိုက တင်းမာမှုကို ပြေလျော့ချင်တာနဲ့ ပြုံးပြီး

"မင်း ဘာဖြစ်လို့ ဒီလောက်ကျွမ်းကျင်နေရတာလဲ. အရင်တုန်းက ဒီလိုမျိုး မကြာခဏ လုပ်နေလို့လား"

ဒီစကားကို ကြားလိုက်လျှင် ကူရှုပ်ရှင်းသည် အမဲလိုက်တဲ့ ကျားသစ်တစ်ကောင်လို ဖြစ်သွားသည်။

"မင်းကို သတ်မယ်"

ကူရှုပ်ရှင်း အရမ်းကြမ်းတမ်းနေသည်။ (ရှက်လိုက်တာ အသက်ကို မရှင်ချင်တော့ဘူး။)

"မင်း ဘာတွေ အရှူးထနေတာလဲ"

ဒီတစ်ကြိမ်ဆွန်းမိုသည် မျက်နှာ ခြစ်မိသွားသဖြင့် ဒေါသ ထွက်သွားသည်။ ခုတော့ သွေးထွက်ပြီး အမာရွတ်ကျန်ခဲ့တော့မည်။

"မင်းငါ့ကို စော်ကားတယ်"

ကူရှုပ်ရှင်းက ပြန်အော်သည်။

"ဘာ"

ဆွန်းမို မှားသွားပြီလို့ ခံစားလိုက်ရသည်။

"ငါ....ငါက မင်းရဲ့အင်္ကျီကို နမ်းလိုက်ရုံဘဲ.........ဒါပေမယ့် ရည်ရွယ်ချက် ရှိရှိ လုပ်ခဲ့တာ မဟုတ်ဘူး။ အမ် ဒီလိုပြောရင်

မင်းယုံမှာမဟုတ်ဘူး။ မင်း အကျီဘက်က အရမ်းလှုပ်ရှားခဲ့တာ”

ကူရှုပ်ရှင်း ပြောနေရင်းနဲ့ စကားတွေ ပျောက်လာပြီး အရမ်းရှက်ကာ သေချင်စိတ် ပေါက်လာသည်။

“ငါယုံတယ်”

ဆွန်းမိုက ကမန်းကတမ်း ခေါင်းညိတ်ပြသည်။

ကူရှုပ်ရှင်းသည် ငိုတော့မလို ဖြစ်နေပြီး အချိန်မရွေး မျက်ရည် ကျလာနိုင်သည်။ မြတ်ဆရာတစ်ယောက် ဖြစ်ချင်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိန်းကလေးတစ်ယောက်အနေနဲ့ ဒီနေ့ ကူရှုပ်ရှင်းရဲ့ အပြုအမူသည် သူမ သမိုင်းတွင် အမဲစက် ဖြစ်လာတော့မည်။

တခြား ယောက်ျားလေး မြင်သွားရင်တောင် တော်သေးသည်။ ဒါပေမယ့် ဆွန်းမိုကတော့ မတူပါ။ ဆွန်းမိုက အန်ရှီဝေရဲ့ခင်ပွန်းလောင်းပါ။

(ဒါကို ဘယ်လို လုပ်ရမလဲ)

အရေးအကြီးဆုံးအချက်က ကူရှုပ်ရှင်းသည် အန်ရှီဝေကို အရမ်းကိုးကွယ်နေသည်။ ဆွန်းမိုက အန်ရှီဝေအား ဒီအဖြစ်အပျက်ကို ပြန်ပြောလိုက်မှာ

သူမ တကယ်ပဲ စိုးရိမ်နေသည်။ အန်ရှီဝေက သူမကို ရွံ့ရှာသွားနိုင်သည်။

တကယ်တော့ နောက်တစ်ချက် ရှိသေးတယ်ဆိုတာ ကူရှုပ်ရှင်း သဘောမပေါက်သေးပါ။

ဆွန်းမိုနဲ့ ဆက်ဆံနေရင်း သူက ဘယ်လောက် ထူးချွန်လဲဆိုတာ ကူရှုပ်ရှင်း သိရှိခဲ့သည်။ သူ့ရဲ့အဆင့်အတန်းက ကျန်တဲ့ ဆရာအသစ်တွေနဲ့ နှိုင်းယှဉ်လိုက်လျှင် အဆင့်အတန်း မြင့်မားနေသည်။

မသိလိုက်ဘဲ ဆွန်းမိုကို စိတ်ဝင်စားနေမိသည်။

ဒီအခြေအနေက သူမ စိတ်ဝင်စားနေတဲ့ ကောင်လေးအား သူမရဲ့ ရုပ်ဆိုးတဲ့ ပုံစံကို မတော်တဆ ပြလိုက်မိတဲ့ မိန်းကလေးနဲ့ တူနေသည်။ ကူရှုပ်ရှင်းသည် အနည်းငယ် ဒေါသထွက်နေသော်လည်း ရှက်တဲ့စိတ်က ပိုများနေသည်။ ဆွန်မိုးက သူမကို ရှုံ့မုန်းသွားပြီး သူငယ်ချင်း မဖြစ်တော့မှာကို ကြောက်နေသည်။

"အမ်၊ ဒါပေမယ့် ငါမင်းကို မစော်ကား မိပါဘူး"

ဆွန်းမို ကြောင်သွားသည်။ အဲဒီနောက် အဖြစ်အပျက်တွေကို ပြန်စဉ်းစားပြီး နဖူး ပြန်ပုတ်လိုက်သည်။

"မင်းဘယ်လောက်ကျွမ်းတယ်လို့ ငါပြောတာက မင်း တံခါး ကန်ဖွင့်လိုက်တဲ့အကွက်ကို ပြောနေတာ။ ငါလည်း အရမ်းပျင်းတတ်တော့ ဒါမျိုးလည်း လုပ်တတ်တယ်လေ"

ကူရှုပ်ရှင်းသည် ဆွန်းမိုကို သံသယ မျက်လုံးများနဲ့ စောင့်ကြည့်နေသည်။

"မင်း မယုံလည်း လည်ပင်းညှစ်သတ်လိုက်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက လက်တွေဆန့်ပြီး ကြမ်းပြင်ပေါ် မှောက်ပေးလိုက်သည်။

(အီး၊ ကြမ်းပြင်က အရမ်းအေးတာပဲ။ နောက်ကျမှပဲ ပါရှန်ကော်ဇော ဝယ်ရအုံးမယ်)

ကူရှပ်ရှင်းသည် မတ်တပ်ထပြီး ကုတင်ပေါ် ထိုင်လိုက်သည်။ အဲဒီနောက် စောင်ခြုံလိုက်သည်။ ခဏနေတော့ ငိုရှိုက်နေတဲ့အသံကို ဆွန်းမို ကြားလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘောပဲ။ ကျေးဇူးပြုပြီး မငိုပါနဲ့။ အခုက သန်းခေါင်ကျော်နေပြီ။ တခြားသူတွေကြားရင် မင်းကိုငါက တစ်ခုခုလုပ်တယ် ထင်နေအုံးမယ်)

ဆွန်းမို လှည့်ပြီး တံခါးကို လှမ်းကြည့်လိုက်သည်။

ကံကောင်းထောက်မစွာ တံခါးက တင်းတင်းကျပ်ကျပ် ပိတ်ထားသည်။ တစ်ယောက်ယောက် ရုတ်တရုတ် ဝင်လာမှာ စိုးရိမ်စရာတော့ မရှိဘူး။

ဒါပေမယ့် ဒီအခြေအနေကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရမည်။ ကူရှပ်ရှင်းကို ဒီမှာ ဆက်ငိုခိုင်းနေလို့ မဖြစ်ဘူး။

"ရှပ်ရှင်း"

ဆွန်းမိုက ချစ်ခင်ရင်းနှီးတဲ့ အသံဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး

"သူငယ်ချင်းဆိုတာ ဘာလဲ သိလား"

စောင်အောက်က လှုပ်ရှားမှု မရှိသော်လည်း ငိုရှိုက်သံများက လျော့ကျသွားသည်။

“သူငယ်ချင်းဆိုတာက စကားတွေပြောဖို့ ဒါမှမဟုတ် တစ်ယောက်ရဲ့ ကောင်းကျိုးကို တစ်ယောက်က လေးစားပြီး စိတ်ခြင်း တိုက်ဆိုင်ရုံသာမက အရေးအကြီးဆုံးကတော့ တစ်ယောက်ရဲ့ အားနည်းချက်ကို တစ်ယောက်က သည်းခံနိုင်ဖို့ပဲ”

“ဒီကမ္ဘာကြီးမှာ လူတွေ သန်းပေါင်းများစွာ ရှိတယ်။ ဒါပေမယ့် လူတစ်ယောက်က သူ့ဘဝမှာ စကားပြောခဲ့ဖူးတဲ့လူကို တွက်လိုက်လျှင် အများဆုံးမှ ထောင်ဂဏန်းလောက်ပဲ ရှိမယ်။ ကိုယ်နဲ့

နက်နက်ရှိုင်းရှိုင်း ရင်းနှီးတဲ့လူက အဲဒီထက်တောင် ပိုနည်းအုံးမယ်”

“ဒါကြောင့် ငါတို့ သူငယ်ချင်း ဖြစ်လာတာက ကံတရားလို့ ပြောလို့ရတယ်။ ဒီဆက်ဆံရေးကို ငါ အရမ်းတန်ဖိုးထားတယ်”

ဆွန်းမိုက ရယ်လိုက်ပြီး

“ဒါမှမဟုတ် မင်းကငါ့ကို သူငယ်ချင်းလို့ တစ်ခါမှ မသတ်မှတ်ခဲ့ဘူးလား”

“ငါတို့က သူငယ်ချင်းတွေပဲ”

ကူရှုပ်ရှင်း အသံက စောင်အောက်ကနေ ပြန်ထွက်လာသည်။

"ငါတို့တွေက အရင်ဘဝပေါင်း ငါးရာ တွေ့ခဲ့ဖူးလို့ ဒီဘဝမှာလာဆုံ ရတာပဲ"

ဆွန်းမို လေသံက နူးညံ့နေသည်။

"ကူရှုပ်ရှင်း မင်းနဲ့သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ လှပတဲ့ကမ္ဘာကြီးနဲ့ အတူတူပေါ့"

ရွှစ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်လာသည်။

ရှစ်

စောင်အောက်မှာ ရှက်နေတဲ့ ကူရှုပ်ရှင်းသည် ဒီစကားကို ကြားလိုက်လျှင် ရုတ်တရက် စိတ်ငြိမ်သွားသည်။

ဒါ့အပြင် မြတ်ဆရာအရှိန်အဝါကလည်း လွှမ်းမိုးသွားသည်။ ကူရှုပ်ရှင်း ရင်ခုန်သံမြန်လာပြီး ပိုတောင် တုန်လှုပ်သွားသည်။

“မင်း.....မင်းဘာတွေ လုပ်နေတာလဲ)

(မသိရင် ငါ့ကို ဖွင့်ပြောနေတယ်လို့ ထင်သွားနိုင်တယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာပဲပြောပြော ငါက တကယ်ကောင်းနေတာလား)

(‘ဒါပေမယ့် ငါတို့ အရင်ဘဝပေါင်း ၅၀၀ တွေ့ခဲ့ရလို့ ဒီဘဝမှာ ပြန်ဆုံကြတယ်’ ဆိုတဲ့စကားလေးက တကယ်ကို မိုက်တယ်)

ကူရှုပ်ရှင်း ရယ်လိုက်သည်။ ဆွန်းမိုရဲ့ အရင်အချင်းကို တကယ် သဘောကျသည်။ ဒီလိုလှပတဲ့ စကားလုံးမျိုးကို ပေါ့ပေါ့ပါးပါးလေး ပြောထွက်နိုင်သည်။

ကူရှုပ်ရှင်းသည် သူမ သတိမထားလိုက်မိဘဲ နှုတ်ခမ်းများက ပြုံးနေပြီး စိတ်ထဲမှာ ပျားရည်သောက်လိုက်ရသလို ချိုမြိန်နေသည်။

(ဒီနေ့ကစပြီး ငါတို့က အကောင်းဆုံး သူငယ်ချင်းတွေပဲ)

ကူရှုပ်ရှင်း ဆုံးဖြတ်လိုက်သည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ထွက်လာသဖြင့် ဆွန်းမိုရဲ့ စကားတွေက နှလုံးသားထဲက လာတယ်လို့ သတ်မှတ်နိုင်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅,၀၀၀၊ ရှိသေ (၁၂,၅၀၀/၁၀၀,၀၀၀)

"ဘောပဲ"

စနစ်ဆီက အကြောင်းကြားချက် ကြားလိုက်လျှင် ဆွန်းမို လန့်ဖြန့်သွားသည်။ နာကျင်မှု တပ်မက်သူလေးဆီက ထွက်လာတဲ့ လေးစားအထင်ကြီးမှုအမှတ်က ဒီလောက်များလား။ (ငါသာ အခု သူမနဲ့ အိပ်ချင်တယ်ဆိုရင် မရုန်းကန်လောက်ဘူး ထင်တာပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမိုရဲ့စံနှုန်းအရ သူမကို ဆက်စည်းရုံးမဲ့ စကား ရှာမတွေ့ ဖြစ်နေသည်။ ကူရှုပ်ရှင်းကလည်း စကားမပြောတော့ပါ။ ဒါကြောင့် အခန်းရဲ့ လေထုသည် တိတ်ဆိတ်သွားသည်။

....

လုချီဟွာနှင့် ဒေါင်ဟီတို့ တံခါးအဝနား နားရွက်ကပ်ပြီး နားထောင်နေကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် စောစောတုန်းက ဆူညံသံများသည် လုချီဟွာနှင့် ဒေါင်ဟီတို့ မကြားစရာအကြောင်း မရှိပါ။

"လှုပ်ရှားမှု မရှိတော့ဘူး"

လုချီဟွာ မျက်တောင် ပေကလတ် ပေကလတ် ဖြစ်နေသည်။

"ဆရာကူ အသတ်ခံလိုက်ရပြီလား"

ဒေါင်ဟီက လုချီဟွာကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"မဟုတ်ဘူး။ သူမ မသေနိုင်ဘူး။ ဆရာက အရမ်းကြွင်နာတတ်တယ်။ ဆရာကူကို သတ်မှာမဟုတ်ဘူး"

လုချီဟွာက လေသံနဲ့ ပြန်ရှင်းပြသည်။

ဒေါင်ဟီ ဆွံ့အသွားသည်။ (မင်းညာဏ်ရည် ဘယ်လောက်တောင်လဲ။ ငါခပ်ပေါ့ပေါ့ ပြောတဲ့စကားကို တကယ်ယုံနေတာလား)

ဆွန်းမိုက ကူရှုပ်ရှင်းကို မသတ်ဘူးဆိုတာ ဒေါင်ဟီလည်း သိနေသည်။ လုချီဟွာကို တံခါးဖွင့်စေရုံ သက်သက်ပါ။ ဒီလိုမှမဟုတ်ခဲ့ရင် အထဲက ဖော်ပြလို့မရတဲ့ အသံတွေထွက်လာလျှင် တကယ် အနေရခက်ကုန်မည်။

လုချီဟွာက ဆွန်းမိုရဲ့ တိုက်ရိုက် တပြည့်ဖြစ်ပြီး အရမ်းရိုးသားတဲ့လူ ဖြစ်သည်။ ဒါကြောင့် သူမ

တံခါးဖွင့်ပြီး အခန်းထဲက လေထုကို ဖျက်ဆီးလိုက်ရင်တောင် သူမအတွက် ဘာမှ ဖြစ်လာမှာ မဟုတ်ပါ။ ဒါပေမယ့် သူမကတော့ အိမ်အကူ တစ်ယောက်သာ ဖြစ်သည်။ သူမသာ အမှားတစ်ခုခု လုပ်မိရင် သခင်က သေချာပေါက် မောင်းထုတ်လိမ့်မည်။

“ကောင်းပြီလေ။ အခုလည်း ဘာမှမဖြစ်တော့ဘူးဆိုတော့ ငါတို့လည်း ပြန်ကြရအောင်”

လုချီဟွာ ပြန်အိပ်ဖို့ လုပ်လိုက်သည်။

"အမ်၊ မင်းနားမထောင်တော့ဘူးလား"

ဒေါင်ဟီ အနည်းငယ် တုန့်ဆိုင်းနေသည်။ လုချီဟွာ ထွက်သွားလျှင် အပြစ်ကို မျှဝေပြီး ခံမယ့်သူ မရှိတော့ သူမလည်း မနေရဲတော့ပါ။ ဒါပေမယ့် ခိုးနားထောင်ချင်သေးသည်။

"ဘာနားထောင်စရာ လိုသေးလို့လဲ။ ဆရာနှစ်ယောက် ဆွေးနွေးနေတဲ့ ပညာရေးအကြောင်းကို ငါတို့ နားမလည်နိုင်ဘူး"

ဒီနေရာအထိ စကားပြောပြီး လုချီဟွာ၏ ပုံစံက ခါးသီးတဲ့ အမူအရာ ဖြစ်သွားသည်။(ဘာဖြစ်လို့ ငါက ဒီလောက်အထိ တုံးရတာလဲ)

"အမ်၊ ပညာရေးဆိုင်ရာပြဿနာ ဟုတ်လား"

ဒေါင်ဟီ ကြောင်သွားသည်။ (မင်းရဲ့ တွေးခေါ်မှုက ဘယ်လိုကြီးလဲ။ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်က အိပ်ခန်းတစ်ခုထဲမှာ နှစ်ယောက်တည်း ပညာရေး ပြဿနာ ဆွေးနွေးနေတာ မြင်ဖူးလို့လား။)

ဒေါင်ဟီရဲ့ အကြည့်သည် လုချီဟွာရဲ့ ရင်ဘက်ဆီ အမှတ်တမဲ့ ရောက်သွားသည်။ (မင်းတစ်ကိုယ်လုံးမှာ ရှိတဲ့ အဟာရတွေက လမ်းကြောင်းလွဲသွားတာလား။ အရင်တုန်းက ရင်ဘက်ကြီးတဲ့ မိန်းကလေးတွေက ဦးနှောက် မကြီးဘူးလို့ စကားပုံရှိတယ်။ အဲဒီစကားပုံအတွက် အကြောင်းပြချက် တစ်ခု ရသွားသလိုပဲ)

“ငါသွားတော့မယ်”

အိပ်ခန်းထဲက အသံတစ်ခု ထွက်လာသည်။

ရွှစ်

ဒေါင်ဟီသည် ယုန်တစ်ကောင်လို ပြေးထွက်သွားသည်။ တံခါးအဝမှာ လုချီဟွာတစ်ယောက်တည်း ကျန်ခဲ့သည်။

အခန်း (၄၁၇) - ရတနာသေတ္တာ ဖွင့်ပြီး ဆုတွေ ရယူခြင်း။

ကလောက်

တံခါးပွင့်သွားသည်။ တခါးဖွင့်လိုက်တာနဲ့ ကူရှပ်ရှင်းသည် တံခါးအဝမှာရပ်နေတဲ့ လုချီဟွာကို မြင်ပြီး အနေရခက်ကာ ရှက်သွားသည်။ ကြိုးစားပြီး စကားပြောလိုက်သည်။

"အဟွတ် အဟွတ်၊ မင်းရဲ့ ဆရာနဲ့ ပညာရေးအကြောင်း ဆွေးနွေးနေတာလေ"

ကူရှုပ်ရှင်းက ရှင်းပြသည်။

"ငါသိတယ်"

လုချီဟွာသည် သူမရဲ့ ကြီးမားတဲ့ မျက်လုံးကြီးများကို ပိတ်လိုက်ဖွင့်လိုက်လုပ်ပြီး ကြည့်နေသည်။ (ဒီလိုမှမဟုတ်ရင် မင်းတို့ ဘာလုပ်ကြမှာလဲ)

"ချီဟွာ ဝင်လာခဲ့"

ဆွန်းမိုက လုချီဟွာကို ခေါ်ပြီး ရတနာသေတ္တာကို ဖွင့်မလို့ လုပ်လိုက်သည်။ ကူရှုပ်ရှင်းကလည်း အနေရခက်ပြီး တံခါးနဲ့ ဝေးရာဆီ လျှောက်သွားချင်သည်။

လုချီဟွာက အခန်းထဲသို့ ဝင်ပြီး တံခါး ပိတ်လိုက်တာ မြင်လိုက်လျှင် ကူရှုပ်ရှင်းရဲ့ ထွက်သွားချင်စိတ်သည် ရုတ်တရက် ပျောက်သွားသည်။

(ခိုးနားထောင် ရမလား။ ဒါမှမဟုတ် ရှောင်ပေးရမလား)

ကူရှုပ်ရှင်း ဝေခွဲရခက်နေသည်။

တစ်ဖက်မှာတော့ စကြဲန်ထောင့်မှာ ပုန်းနေတဲ့ ဒေါင်ဟီသည် အခြေအနေကို တိတ်တဆိတ် စောင့်ကြည့်နေသည်။

"အမ်။ ဆရာ ၊ မင်းမျက်နှာ............"

ဆွန်းမို မျက်နှာပေါ်က ခြစ်ရာနှစ်ခုကို မြင်လိုက်ပြီး လုချီဟွာ အံ့အောသွားသည်။

"အို၊ ငါမျက်နှာသစ်ရင်းနဲ့ မတော်တဆ ခြစ်မိသွားတာ"

ဆွန်းမိုက တည်ငြိမ်တဲ့ ဟန်ဆောင်ပြီး ရှင်းပြသည်။ အဲဒီနောက် ခြစ်ရာကို လည်ညှိုးနဲ့ ဖိကာ အသားရေလှပခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။

အပူရှိန်ကို ခံစားရသည်။ မိနစ်အနည်းငယ်ကြာတော့ ဆွန်းမို လက်ညှိုး ဖယ်လိုက်လျှင် လုချီဟွာက အံ့အော်စွာ ထအော်သည်။

“အမ်၊ ခြစ်ရာတွေ မရှိတော့ဘူး”

လုချီဟွာက ချက်ခြင်းဆိုသလို ဆွန်းမိုအရှေ့ ရောက်သွားပြီး မျက်နှာကို လက်နဲ့ ထိကြည့်သည်။

အဲဒီနောက် သူမ မျက်နှာတွင် အားကျတဲ့ အမူအရာ ပေါ်လာသည်။

"ရှေ့ဟောင်းအနှိပ်ပညာက တကယ် မှော်ဆန်တာပဲ"

မိန်းကလေးတွေ အလေးအပေးဆုံးက ထုံးစံအတိုင်း အသွင်အပြင် ဖြစ်သည်။ လူတိုင်းက နေ့တိုင်းလေ့ကျင့်ပြီး မကြာခဏလည်း လေ့ကျင့်ရသည်။ ဒါကြောင့် ခန္ဓာကိုယ်မှာ အမာရွတ် ဒါမှမဟုတ် ဒဏ်ရာ အနည်းငယ် မရှိတဲ့လူရှိလို့လား။

စိတ်မဝင်စားဘူးပြောရင် လိမ်တာပဲ ဖြစ်မည်။

"ဆရာ......."

လုချီဟွာက ချွဲ့နွဲ့ပြီး ခေါ်လိုက်သည်။

"အမ်"

ဆွန်းမိုသည် စနစ်ဆီက အကြောင်းကြားချက်ကို နားထောင်နေသည်။

ဒင်

"ဝမ်ဆုနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးတက်လာလို့ ဂုဏ်ပြုပါတယ်။ ဆုလဒ် - ကြေးရောင် ရတနာသေတ္တာ တစ်လုံး။"

"မှတ်ချက် ။ ။ ဝမ်ဆုသည် ကြယ်လေးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်သဖြင့် ရတနာသေတ္တာကို အဆင့်မြှင့်တင်ပြီး ငွေရောင် ဖြစ်သွားတယ်"

အခုတော့ ဆွန်းမိုသည် စနစ်ရဲ့စံနှုန်းကို အကြမ်းဖျင်း သဘောပေါက်လာသည်။ သူ့ရဲ့ အထက်လူကြီး၊ အဓိကပုဂ္ဂိုလ်တွေ၊ ကျော်ကြားတဲ့လူများနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တိုးတက်လာပါက

ရတနာသေတ္တာရဲ့ အရည်အသွေး ပိုကောင်းလာလိမ့်မည်။

တကယ်လို့ ပစ်မှတ်က သာမန်ကျောင်းသား ဖြစ်ခဲ့ပါက စနစ်ကသူ့ကို အခြေခံအားဖြင့် ကံကြမ္မာ ရတနာသေတ္တာကိုပဲ ပေးလိမ့်မည်။

"ဆရာ၊ အရင်တုန်းက သူတစ်ပါး တိုက်ခိုက်လို့ ရတဲ့ အမာရွတ်တစ်ခုရှိတယ်။ ဆရာ အနှိပ်ပညာသုံးပြီး ဖယ်ရှားပေးလို့ မရဘူးလား"

လုချီဟွာက ကြည်လင်တဲ့ မျက်လုံးကြီးများနဲ့ ဆွန်းမိုကို စိုက်ကြည့်ပြီး မေးလိုက်သည်။ သူမပုံစံက

အစာတောင်းနေတဲ့ ကြောင်လေးတစ်ကောင်နဲ့ တူနေသည့်.

"အမာရွတ်ကို တခြားသူတွေ မြင်နိုင်လား"

ဆွန်းမိုက မကူညီချင်တာ မဟုတ်ပါ။ အမာရွတ်က ထိလွယ်ရှလွယ်တဲ့ နေရာမှာ ရှိနေသည်။

"အို"

လုချီဟွာ ထပ်ပြီး မတောင်းဆိုတော့ပါ။ နှုတ်ခမ်းကို ကိုက်ကာ ခေါင်းငုံ့ထားသည်။ ငိုချင်လာသည်။ (မျှော်လင့်ထားသလိုပဲ။ ဆရာ့ကို ထပ်ပြီး ဒုက္ခပေးခဲ့တယ်)

"အေး၊ ဒါက ကိစ္စသေးသေးလေးပါ"

ဆွန်းမိုက ပြောပြီးနောက် တခြားလူများ ကြားသွားလျှင် နားလည်မှု လွဲသွားနိုင်တယ်လို့ ခံစားလိုက်ရသည်။ သေချာပေါက် ဝရုန်းသုန်းကား ဖြစ်သွားလိမ့်မည်။

"ဟဲဟဲ၊ ဆရာက အကောင်းဆုံးပဲဆိုတာ သိပါတယ်"

လုချီဟွာက ပြုံးရင်း ပြန်ဖြေသည်။

"ခဏနေအုံး....."

ဒီအခြေအနေက နည်းနည်း မသင့်တော်ဘူးလို့ ထင်လာသည်။ ဒါကြောင့် နောက်ထပ် မျက်မြင်သက်သေ တစ်ယောက်တော့ ထားရမည်။ ဒီလိုမှမဟုတ်ဘဲ တခြားလူတစ်ယောက် မြင်သွားရင် မြစ်ဝါမြစ်ထဲ ခုန်ချပြီး ဆေးကြောရင်တောင် သူ့ ဂုဏ်သိက္ခာကို သန့်ရှင်း စင်ကြယ်အောင် ဆေးကြောနိုင်မှာ မဟုတ်တော့ပါ။

အဲဒီအချိန်တွင် တံခါးပွင့်လာသည်။

"အမ်၊ ငါ့ရဲ့ လက်ကိုင်ပုဝါ ကျန်ခဲ့လို့"

ကူရှုပ်ရှင်းက ရုတ်တရက် အကြောင်းပြချက် တစ်ခု ပေးလိုက်သည်။ လုချီဟွာကို ကြည့်တဲ့ သူမ အကြည့်တွေက အေးစက်နေသည်။

(ခုနတုန်းက အပြင်မှာရှိနေတုန်းက ငါနားကြားမှားတယ်လို့ ထင်မိပေမယ့် မဟုတ်ဘူး မဟုတ်လား)

ဒါကြောင့် နာကျင်မှု တပ်မက်သူလေးသည် ဆွန်းမိုကို ဒေါသတကြီး ကြည့်လိုက်သည်။

"ဆရာဆွန်း၊ မင်းအပြစ်ကင်းတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် လုချီဟွာက

ရိုးသားလွန်းတော့ ဒီလိုမျိုး အပြန်အလှန် ဆက်ဆံမှုကို ဂရုစိုက်သင့်တယ်။ ဒီကိစ္စတွေသာ ပြန့်သွားရင် မင်းဂုဏ်သိက္ခာအတွက် မကောင်းဘူး”

ကူရှုပ်ရှင်းက စိတ်အားထက်သန်စွာ စည်းရုံးလိုက်သည်။

“မင်းအကြောင်းတွေးနေတုန်း မင်းဝင်လာတာပဲ”

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။

“နေပါအုံး ၊ မင်းမထွက်သွားဘူး မဟုတ်လား”

“အမ်”

ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဒါက ကိစ္စသေးသေးလေးပါ။ စိတ်ထဲ ထားမနေနဲ့။ ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက် ဘာလုပ်နေကြတာလဲ"

"ဆရာရဲ့ နတ်ဘုရားလက်က အမာရွတ် ဖယ်ရှားနိုင်တယ်"

လုချီဟွာက စိတ်လှုပ်ရှားစွာ ကြွားလိုက်သည်။

"အမ်၊ ဒါက တကယ်လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း တုန်လှုပ်သွားသည်။ အဲဒီနောက် စိတ်လှုပ်ရှားလာသည်။

ဒါကြောင့် ဆွန်းမို နောက်တစ်ကြိမ် အလုပ်ရှုပ်သွားသည်။

"ငါ့ အရင်ဘဝတုန်းက အနှိပ်သမား ဖြစ်ခဲ့တယ် ထင်တယ်။ ဒူးခေါင်းကို မြွားမှန်ပြီး ဆရာ ဖြစ်လာတာလား"

ဆွန်းမိုက ကို့ကိုယ်ကို လှောင်ပြောင်ပြီး ရယ်လိုက်သည်။

"မင်းက အရင်ဘဝက လင်ငယ်လေးပဲ ဖြစ်မှာ"

စနစ်က ပြောသည်။

"ပေါက်ကရစကားတွေ တော်တော့။ မြန်မြန် ဆုထုတ်ပေး"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

ဒင်

"ကူရှုပ်ရှင်းနဲ့ လေးစားအထင်ကြီးမှုဆက်သွယ်ချက် တိုးတက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမိုက ကံကောင်းလာစေရန် ကံကောင်းစေတဲ့ ကြယ်လေးကို ထိဖို့ လုပ်နေတဲ့အချိန်မှာ စနစ်ဆီက အကြောင်းကြားချက် ထွက်လာသည်။

“လွန်ခဲ့တဲ့ လအနည်းငယ်က တာဝန်တစ်ခု ထုတ်ပြန်ခဲ့တယ်။ ကူရှုပ်ရှင်းကို တစ်နှစ်အတွင်း သင်ကြားရေး စွမ်းရည်အရအနိုင်ယူပြီး စိတ်နှလုံး အကြွင်းမဲ့ အညံ့ခံလာအောင် ကြိုးစားပါ။ တာဝန်ကို အောင်မြင်ခဲ့ပါက ဆုလဒ် ငွေရောင် ရတနာသေတ္တာတစ်လုံး။ တချိန်တည်းမှာပဲ ဒီတာဝန်က အဆင့်မြင့်တင်ထားတဲ့ ဗားရှင်းတစ်ခု

ဖြစ်လို့ ဆုလဒ်က လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်လုံး ဖြစ်လိမ့်မယ်”

“မှတ်ချက်။ မင်း ပိုကြိုးစားပြီး တာဝန်ကိုပြီးအောင်လုပ်ဖို့ တိုက်တွန်းချင်ပါတယ်။ မအောင်မြင်ပါက ပြစ်ဒဏ် ကျခံရမယ်။ စနစ်ကမင်းအတွက် ပြစ်ဒဏ်ကို ကျပန်း စီစဉ်ပေးမယ်”

“သတိပေးချက် - တာဝန်သက်တမ်းကုန်ဆုံးချိန်သည် မကြာမီ ရောက်ရှိလာတော့မယ်။ ကျေးဇူးပြုပြီး အလုပ်ကြိုးစားပါ”

စနစ်ရဲ့ စကားများကို ကြားပြီးနောက် ဆွန်းမို မပျော်နိုင်အောင်ဖြစ်သွားသည်။

"သူမနဲ့ ငါက လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အမှတ် တစ်သောင်းကို ကျော်ပြီး ရှိသေ အဆင့်ကို ရောက်သွားပြီ။ ဒါတောင် မရသေးဘူးလား"

"ဒါက သူမ စိတ်ထဲ နှလုံးသားထဲက လက်ခံလာပြီလား"

စနစ်က ပြန်မေးသည်.

“အခုချက်ခြင်း ထွက်လာခဲ့ မင်းရဲ့ ခွေးခေါင်းကို ရိုက်မခွဲဘူးလို့ အာမခံတယ်”

ဆွန်းမို ဒေါသထွက်လာသည်။

“မင်းက လူသားရောဆန်သေးရဲ့လား”

“တောင်းပန်ပါတယ်။ ဇီဝဗေဒအရ ငါက လူသားမဟုတ်ဘူး”

စနစ်က ပြန်ပြောသည်။

ဆွန်းမိုသည် စိတ်ထဲကနေ လက်ခလယ် ထောင်ပြလိုက်သည်။

"စနစ် ပြောချင်တဲ့ အဓိပ္ပါယ်က "သူမက မင်းကို စိတ်ထဲနှလုံးသားထဲ လက်ခံလာပြီး သူမက နိမ့်ကျတယ်လို့ ဝန်ခံလာကာ မင်းကို ကိုးကွယ်ချင်စိတ်ပေါက်လာ ရမယ်။ ရိုးရိုးရှင်းရှင်း ပြောရရင် သူမက မင်းရဲ့ အရှူးအမူး ပရိတ်သတ် ဖြစ်လာရမယ်"

စနစ်က ရှင်းပြသည်။

"ငါက ဆရာတစ်ယောက်။ ကျော်ကြားတဲ့ မော်ဒယ် တစ်ယောက် မဟုတ်ဘူး။ ဘာဖြစ်လို့ ပရိတ်သတ်တွေ လိုရမှာလဲ"

ဆွန်းမို ဆွံ့အနေသည်။

“ဒါက ငါ ဆင်ခြင်သုံးသပ်နိုင်တဲ့ နယ်ပယ်ထဲမှာ မရှိတော့ဘူး။ ဘာပဲဖြစ်ဖြစ် အလုပ်ကြိုးစားပါ”

ဆွန်းမိုက ကုတင်ပေါ်တွင် လဲလျောင်းနေတဲ့ ကူရှုပ်ရှင်းကို ကြည့်လိုက်သည်။ သူမကို နှိပ်နေတဲ့လက်ကို အလိုလို အားပိုထည့်လိုက်မိသည်။ (ဒါက မင်းအမှားပဲ)

“အေး။ အရမ်းကောင်းတယ်။ ဒီလောက်အားက အမှန်ပဲ။ ဘယ်ဘက်လေး ပိုနှိပ်ပေး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းဆီက အိမ်မွေးကြောင်တစ်ကောင်လို ညည်းတဲ့အသံက ရုတ်တရုတ် ထွက်ပေါ်လာသည်။

ဖောင်း

ဆွန်းမိုက ကူရှုပ်ရှင်းကိုယ်ကို ဖြောင်းကနဲ မြည်အောင် ရိုက်ချလိုက်သည်။ (တကယ် ညည်းနေတာလား။ ငါမနှိပ်တော့ဘူး)

"အမ်"

ကူရှုပ်ရှင်းဆီက အသံထွက်လာသည်။ အဲဒီနောက်မှာ သူမ ကမန်းကတမ်း တောင်းပန်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တောင်းပန်ပါတယ်။ ငါ အရမ်း စိတ်လှုပ်ရှားသွားလို့ပါ။ ကျေးဇူးပြုပြီး ဆက်နှိပ်ပေးပါ။ ထပ်မအော်တော့ဘူး"

(ဘယ်လိုပဲပြောပြော၊ ငါက ယောကျာ်းလေးနဲ့ တစ်ခါမှ မထိတွေ့ဖူးတဲ့ အပျိုလေးတစ်ယောက်ပါ။ ဒီလို တုန့်ပြန်မှုက ပုံမှန်ပဲ မဟုတ်ဘူးလား။)

"..........."

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။ ဖြောင်းကနဲ မြည်အောင် ရိုက်လိုက်ခြင်းကို

ကူရှုပ်ရှင်းက အနိုပ်ရဲ့ တစ်စိတ်တစ်ပိုင်း ထင်နေမှန်း ဆွန်းမို သိနေသည်။

"ပြီးသွားပြီ"

ဆွန်းမိုက ထပြီး လက်ဆေးဖို့ ထွက်သွားသည်။

"အမ်၊ ငါ့ကို စိတ်ဆိုးသွားတာလား"

ဆွန်းမိုမျက်နှာ အနည်းငယ် ဆိုးဝါးနေတာကို မြင်လိုက်ရသည်။ အဲဒီနောက်မှာတော့ သူမကိုယ်သူမ အပြစ်တင်လိုက်မိသည်။ (ဟုတ်တာပဲ။ ငါတို့က သူငယ်ချင်းတွေ ဆိုပေမယ့် ငါက သူ့ကို အခွင့်အရေး ယူတာ များနေပြီ။ ဒါက သိပ်မကောင်းဘူး"

"ငါ့ကို ရှေးဟောင်း နဂါးဖမ်းတဲ့လက် ဘာဖြစ်လို့ မသင်ပေးတာလဲ။ နောက်ကျရင် ပြန်နှိပ်ပေးမယ်လေ"

ကူရှုပ်ရှင်းက တိုးတိုးလေး ပြောလိုက်သည်။

ဆွန်းမိုက ကူရှုပ်ရှင်းကို တစ်ချက်ကြည့်လိုက်သည်။

"အမ်၊ အထင်မလွဲနဲ့။ မင်းရဲ့ ရှေးဟောင်းနဂါး ဖမ်းတဲ့လက်ကို ခိုးသင်ချင်တာ မဟုတ်ဘူး။ ဒီအတိုင်း ပေါ့ပေါ့ပါးပါးလေးပဲ ပြောလိုက်တာ။ မကြားချင်ယောင် ဆောင်လိုက်ရုံဘဲ"

ကူရှုပ်ရှင်း သူမကို အထင်လွဲသွားမှာ စိုးရိမ်ပြီး ကမန်းကတမ်း ရှင်းပြသည်။

ဒီလို ကျင့်ကြံခြင်း ကျင့်စဉ်ကို မိသားစုထဲမှာတောင် ယောကျ်ားလေး မဟုတ်တဲ့ မိန်းကလေးများကို လက်ဆင့်ကမ်းမှာ မဟုတ်ပါ။ သူမ ပြောတဲ့စကားက သူမကိုယ်သူမ အလျှောင်ခံဖို့ ၊ အရှက်ခွဲခံဖို့ ဖိတ်ခေါ်သလို ဖြစ်သွားမည်။

"သေချာတာပေါ့"

ဆွန်းမိုက သဘောတူလိုက်သည်။

"ငါက ဟာသအနေနဲ့ ပြောလိုက်တာပဲ ရှိတယ်။ အားနာပြီး သဘောတူစရာ မလိုပါဘူး။ ငါတို့က အရင်းနီးဆုံး သူငယ်ချင်း ဖြစ်နေသေးတယ်လေ"

ကူရှုပ်ရှင်းက အနေရခက်စွာ၊ အားနာစွာ ရှင်းပြသည်။ ဒါပေမယ့် ဆွန်းမိုရဲ့ စကားကို ကြားတော့ ကြောင်သွားသည့်.

"အမ်၊ မင်းဘာပြောလိုက်တာလဲ"

"သေချာတယ်လို့ ပြောလိုက်တာ"

ဆွန်းမို ပြုံးရင်း ပြန်ဖြေသည်။ ဒါက ကောင်းမွန်တဲ့ အစီအစဉ်ပါ။ အရင်ဆုံး ဒီအလှလေး နှိပ်ပေးတာကို

ခံရမည်။ ဒါပေမယ့် တစ်လကို ဘယ်နှစ်ကြိမ် နှိပ်ပေးရမယ်ဆိုပြီး တိတိကျကျ စာချုပ်ချုပ်ထားဖို့ ဆုံးဖြတ်လိုက်သည်။

ဒုတိယအချက်အနေနဲ့ကတော့ ကူရှုပ်ရှင်းက ဆရာတစ်ယောက်ပါ။ ရှေ့ဟောင်းအနှိပ်ပညာကို သင်ပြီးရင် သူမက သူမရဲ့ တပြည့်တွေကို ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ မြှင့်တင်ပေးနိုင်သည်။

"ဟဲဟဲ, ဒီဟာသက ရယ်ဖို့ မကောင်းဘူးနော်"

ကူရှုပ်ရှင်းရဲ့ အပြုံးက အနည်းငယ် တောင့်တင်းနေသည်။ (မြန်မြန်ပြောစမ်း၊ မင်းငါ့ကို နောက်နေတာ မဟုတ်လား)

အမှန်တိုင်းပြောရလျှင် ကူရှုပ်ရှင်း အနည်းငယ် ကြောက်နေသည်။

"ငါနောက်နေတာ မဟုတ်ဘူး။ မင်းကို သင်ပေးနိုင်တယ်။ ဒါပေမယ့် တောင်းဆိုချက်တွေတော့ ရှိတယ်"

ဆွန်းမိုက ကူရှုပ်ရှင်း မျက်လုံးကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မရဘူး။ ငါမလေ့လာဘူး။ ဒါကမျိုးနွယ်စုရဲ့ အမွေခံ ကျင့်စဉ် ဖြစ်ရမယ်။ ငါ .....ငါ..."

ကူရှုပ်ရှင်း စကားထစ်နေသည်။ ဇနီးဖြစ်နေရင်တောင် လေ့လာဖို့ အရည်အချင်း မမှီဘူးလို့ ပြောပြချင်သည်။

"အသိပညာနဲ့ ဗဟုသုတဆိုတာက များများ ဖြန့်ဝေပေးရမယ်"

ဆွန်မိုကတော့ ဒီအတိုင်းပဲ ဖြစ်သည်။ တစ်ယောက်နဲ့တစ်ယောက် ရင်းနီးနေသ၍ သင်ကြားပေးမည်။ သူမက တော်တော်လေး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းတဲ့သူငယ်ချင်းကောင်း တစ်ယောက်လို့လဲ ထင်သည်။

တခြားဆရာတွေဆိုရင်တော့ သူ့သေချာပေါက် ငြင်းလိမ့်မည်။

ကူရှုပ်ရှင်းရဲ့ အမူအရာသည် လေးနက်လာသည်။ ဆွန်းမိုကိုကြည့်ပြီး လေသံ ခပ်လေးလေးနဲ့

“ငါ့ကို မယားငယ်လုပ်ဖို့ ကြံနေရင် မရဘူးနော်။ ပထမအချက် မင်းကို မကြိုက်ဘူး။ ဒုတိယအချက်က အစ်မ ရှီဝေရဲ့ မိသားစုကို ငါမဖျက်ဆီးဘူး”

စကားပြောပြီးတာနဲ့ ကူရှူပ်ရှင်းသည် သူမက တော်တော် ပြင်းထန်သွားပြီး မမှန်ဘူးလို့ ခံစားလိုက်ရသည်။ ဒါကြောင့် အနည်းငယ် ပြင်လိုက်ပြီး

"တကယ်တော့ မင်းကို မကြိုက်တာမဟုတ်ဘူး။ နည်းနည်းလေးတော့ သဘောကျတယ်။ နည်းနည်းလေးဆိုမှ နည်းနည်းလေးပဲ"

နာကျင်မှု တပ်မက်သူလေးက စကားပြောနေရင်းနဲ့ လက်ညှိုးနဲ့ လက်မကို ကပ်ပြီး သေးငယ်တဲ့ ပုံစံ လုပ်ပြလိုက်သည်။

"ဟုတ်တယ်၊ နည်းနည်းလေးပဲ"

ဆွန်းမို အံကြိတ်လိုက်သည်။ ဒီအကြောင်းကို ဆက်မပြောချင်တော့ပါ။

"မသင်ချင်လည်း အဆင်ပြေတယ်"

ဟူး

ဆွန်းမိုရဲ့စကားကို ကြားပြီးမှ ကူရှုပ်ရှင်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ စိတ်ပိန်သွားသည်။ (ဆွန်းမိုကို အရမ်းယုံပြီး ဖိအားတွေ ပေးမိသလို ဖြစ်သွားပြီလား)

ကူရှင်ရှင်းသည် အစဉ်အလာကို တန်ဖိုးထားတဲ့ မိန်းကလေး တစ်ယောက်ဖြစ်သည်။ ရှေ့ဟောင်းအနှိပ်ပညာသည် သူတော်စင်အဆင့် ကျင့်စဉ် ဖြစ်သည်။ သူမသာ သင်ယူခဲ့လျှင် မထင်မှတ်ထားလောက်အောင် ကြီးမားတဲ့ အကျိုးကျေးဇူးတွေကို ရလိမ့်မည်။ ဒါကို ဘယ်လို ပြန်ပေးဆပ်ရမလဲ။

ဆွန်းမိုက သူမကို အချစ်ဆုံးသူငယ်ချင်းအဖြစ် သတ်မှတ်ပြီး သင်ပေးချင်နေသည်။ ဒီအခြေအနေမျိုးတွင် သူမက ရင်းနှီးမှုကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ဖိုးထားပြီး ဆက်ဆံရေးကို တန်းတူညီမျှဖြစ်စေရန် အခွင့်အရေး မယူသင့်ပါ။

"ငါ .....ငါ အရင်သွားနှင့်တော့မယ်"

ကူရှုပ်ရှင်း ထွက်သွားသည်။

"ဆရာကူက အရမ်း စည်းကမ်းကြီးတာပဲ"

လုချီဟွာက ချီးကျူးလိုက်သည်။ (သူတော်စင်အဆင့် ကျင့်စဉ်နဲ့ ထိပ်တိုက်တွေ့နေရတာတောင် စိတ်နှလုံးကို ရအောင် ထိန်းချုပ်နိုင်ခဲ့တယ်။ ဆရာကူက အရမ်းအထင်ကြီးဖို့ကောင်းတယ်)

တံခါးအပြင်ဘက်တွင် ကူရှုပ်ရှင်းသည် နံရံကို ကျောမှီပြီး လက်တစ်ဖက်က ရင်ဘက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

"အီဟီဟီ၊ ကူရှုပ်ရှင်း၊ အသုံးမကျတဲ့ မိန်းမ။ ဘာဖြစ်လို့ ဒီလောက်အထိ တောင့်ခံနေရတာလဲ။ ဒါက သူတော်စင်အဆင့် ကျင့်စဉ် တစ်ခုလေ။ ဒါကို လေ့လာပြီးရင် မင်းဘဝ တစ်ခုလုံး အကျိုးရှိသွားလိမ့်မယ်"

ကူရှုပ်ရှင်းသည် စိတ်ထဲမှာ ပြင်းထန်စွာ နာကျင်နေသည်။ (ဒါ့အပြင် ဆွန်းမိုက ငါ့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုအကြောင်းတွေ ပြောမှာလား။ ဆွန်းမိုရေ နောက်တစ်ကြိမ်ကျရင် မင်းနဲ့သေချာပေါက် အိပ်တော့မယ်)

“အင်း၊ ငါ့အပြစ်ပဲ။ ငါ့အပြစ်ပဲ”

(ဘာတွေ တွေးနေတာလဲ။ အနာဂတ် ခင်ပွန်းလောင်း အထင်သေးသွားလို့ မရဘူး)

ကူရှုပ်ရှင်း သူမ အခန်းသို့ ပြန်လာခဲ့သည်။ ဒါပေမယ့် ဆွန်းမိုအပေါ် သူမရဲ့ အမြင်က အရင်ကထက် ပိုကောင်းလာသည်။ ဆွန်းမိုက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရက်ရောပြီး အထင်ကြီးဖို့ကောင်းတဲ့ လူတစ်ယောက်ဆိုတာ သေချာသည်။

တကယ်လို့ အခြေအနေသာ ပြောင်းပြန်ဖြစ်ပြီး ကျင့်စဉ် ပိုင်ဆိုင်တဲ့လူက သူမသာ ဖြစ်နေရင် သူတစ်ပါးကို လုံးဝ သင်ပေးမှာ မဟုတ်ပါ။

(ဘာပဲဖြစ်ဖြစ် ၊ ဆွန်းမိုမှာ ကျင့်ကြံခြင်း ကျင့်စဉ် ဘယ်လောက်တောင် ရှိနေတာလဲ)

(ကြည့်ရတာတော့ ခြောက်ခုလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီကောင် ဘယ်နေရာကနေ သင်လာခဲ့တာလဲ။ ဒါက သူနဲ့ မျက်နှာချင်းဆိုင်လိုက်ရင် မနာလိုစိတ်နဲ့ စိတ်ဖောက်ပြန် လာနိုင်တယ်)

တကယ်တော့ ဆွန်းမိုလည်း အဆုံးသတ်က ဒီလို ဖြစ်လာမယ်လို့ မထင်ထားခဲ့ပါ။

ကျင့်ကြံသူများအတွက် ကျင့်စဉ်များသည် ဇိမ်ခံကားတစ်ခုနဲ့တူသည်။ တတ်နိုင်သ၍ မဝယ်ချင်တဲ့လူ ရှိလို့လား။

ဒါတောင် ကူရှုပ်ရှင်းက တကယ်ပဲ ငြင်းခဲ့တာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည်နယ်ကိုးခုကို ရောက်လာပြီးနောက် ဆွန်းမို ပထမဆုံး သဘောကျခဲ့တဲ့ ဆရာတစ်ယောက် ဖြစ်သည်။

နာကျင်မှုတပ်မက်သူလေး လုပ်ခဲ့သည့် လုပ်ရပ်ကြောင့် တကယ် အံ့အောသင့်ခဲ့ရသည်။

"ဆရာ၊ ကျွန်မက ရှေ့ဟောင်း နဂါးဖမ်းတဲ့လက်ကို သေချာပေါက် ကောင်းကောင်း သင်ပါ့မယ်"

လုချီဟွာက သူမကိုယ်သူမ အပြစ်တင်လိုက်သည်။ သူမက လုံလောက်အောင် မကျွမ်းကျင်လို့ သူမဆရာ ကောင်းကောင်းအနှိပ်ခံဖို့ နည်းလမ်း မရှိဖြစ်နေသည်။

ဆွန်းမိုက လုချီဟွာရဲ့ ခေါင်းကို ပုတ်လိုက်ပြီး ရတနာသေတ္တာကို စဖွင့်လိုက်သည်။ အခု သူ့မှာ ရတနာသေတ္တာ နှစ်လုံးရှိသည်။ အနည်းဆုံးတော့ ပစ္စည်းကောင်းလေးတစ်ခုတော့ ရသင့်သည်။

ဒင်

"အချိန်တံဆိပ် တစ်ခုရခဲ့လို့ ဂုဏ်ပြုပါတယ်"

ဆွန်းမို နှုတ်ခမ်းတွေ တလှုပ်လှုပ် ဖြစ်သွားသည်။ ကြယ်လေးပွင့် မြတ်ဆရာဖြစ်တဲ့ ဝမ်ဆုရဲ့ အဆင့်အတန်းက သူ့ကံကို တကယ်တိုးတက်စေတဲ့ ပုံပဲ။ ထိပ်တန်း ပစ္စည်းတစ်ခုတော့ ရသင့်သည်။

"နောက်တစ်လုံး"

ကလစ်ဆိုတဲ့ အသံပေါ်လာသည်။ အလင်းရောင်မှိန်သွားပြီး တော်တော်လေး ပျက်ဆီးနေတဲ့ လိပ်ခွံတစ်ခုကို မြင်လိုက်ရသည်။ အကြမ်းအားဖြင့်တော့ ဒယ်အိုးစောက် အရွယ်လောက်ရှိသည်။

ဒင်

"ပျက်ဆီးနေတဲ့ လျှို့ဝှက်ဆန်းကြယ် လိပ်ခွံကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမိုက တအံ့တအောနဲ့ စိုက်ကြည့်နေသည်။

"ဘယ်နေရာမှာ သုံးရတာလဲ"

"လိပ်ခွံ ခုနှစ်ခု စုဆောင်းပြီးရင် သိလာလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်လည်း မင်းဉာဏ်ရည်လေးနဲ့ အဖြေရှာလို့ ရတယ်"

စနစ်က ရှင်းပြသည်။

"မင်းခေါင်းနဲ့ပဲ ပုံဖော်ကြည့်"

ဆွန်းမိုက စနစ်ကို ပြေးကိုက်ချင်လာသည်။ ဒီလိုကိစ္စတွေက တော်တော်လေး စိတ်အနှောက်အယှက် ဖြစ်ရသည်။ အခုတော့ သူ့မှာ အပိုင်းပိုင်းကွဲနေတဲ့ မြေပုံလေးခု ကိစ္စ ရှိနေပြီး

နောက်ဆုံးတစ်ပိုင်းက မရသေးပါ။ ရတနာသေတ္တာက ထုတ်ရုံကလွဲလျှင် ဘာမှ လုပ်စရာ မရှိပါ။

....

ဗဟိုပြည်နယ် အကယ်ဒမီတွင် ပျော်ရွှင်နေသလောက် ဒီနေရာမှာတော့ တော်တော်လေး ကွဲပြားသည်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကစပြီး မရီဒန်အကယ်ဒမီရဲ့ လေထုသည် မုန်တိုင်းတစ်ခုလို အရမ်း ပြင်းထန်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စီ-အဆင့် လိဂ်ပြိုင်ပွဲတွေရဲ့ ရလဒ် ထွက်လာပြီ။ သူတို့ကျောင်းက ဘီ-အဆင့်တက်ဖို့ မအောင်မြင်ခဲ့ပါ။

ကျောင်းအုပ်ကြီးချောင်က ဘီ-အဆင့် တက်ဖို့အတွက် ရန်ပုံငွေတွေ အများကြီးသုံးပြီး ကြိုးပမ်း အားထုတ်ခဲ့သည်။ ယူရိုပိုနှင့် သူ့ရဲ့မြတ်ဆရာ အသိုင်းအဝိုင်းလိုမျိုး ကြယ်လေးပွင့် မြတ်ဆရာများကို ငှားခဲ့သေးသည်။ နောက်ဆုံးတော့လည်း ထိရောက်မှုက အရမ်း အားနည်းခဲ့သည်။

“ဒီကျောင်းသားတွေ ဘာလုပ်နေကြတာလဲ။ သူတို့ရဲ့ လုပ်ဆောင်ချက်က အမှိုက်နဲ့တူတယ်”

ကျောင်းအုပ်ကြီး ရုံးခန်းထဲမှာ................

ကျောင်းအုပ်ကြီးချောင်က ပန်းအိုးတွေကို ရိုက်ခွဲနေသည်။ ဒါ့အပြင် ယူရုံပိုရဲ့ လုပ်ဆောင်ချက်က ချီးကျူးထိုက်သော်လည်း မလုံလောက်သေးပါ။

(ဘီ အဆင့်ကို တက်ချင်တယ်။ မင်းတို့တွေ ရအောင် မလုပ်နိုင်ဘူး။ အမှိုက်တွေပဲ)

တကယ်တော့ ကျောင်းအုပ်ကြီးချောင်ရဲ့ အရင် အစီအစဉ်သည် သုံးနှစ် အချိန်ယူပြီး ဘီ-အဆင့်ကို တက်ရောက်ဖို့ ဖြစ်သည်။ ဒါပေမယ့်လည်း ဗဟိုပြည်နယ် အကယ်ဒမီက စီ-အဆင့်ကို

အောင်မြင်အောင် တက်လှမ်းနိုင်ခဲ့သဖြင့် အစီအစဉ်အတိုင်း လုပ်လို့ မရတော့ပါ။

“သူတို့က သုံးကြိမ်စလုံးပေါင်းပြီး ချန်ပီယံ ဖြစ်လာခဲ့တယ်”

ဒါကိုတွေးပြီး ကျောင်းအုပ်ကြီးချောင်သည် ဒေါသထွက်ကာ အသည်းတွေ နာနေသည်။ အရင်တုန်းကတော့ မရီဒန်အကယ်ဒမီသည် ဗဟိုပြည်နယ် အကယ်ဒမီကို ဖိနှိပ်ထားပြီး ထိပ်က သွားနေသည်။ အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီက သူတို့ကို တစ်ခါတည်းနဲ့ လိုက်မှီလာခဲ့သည်။

လာမည့်နှစ် ကျောင်းသားစုဆောင်းရေးပွဲတွင် မရီဒန် အကယ်ဒမီသည် ကျောင်းသားအသစ်တွေကို သာလွန်တဲ့ အဆင့်အတန်းနဲ့ ဆွဲဆောင်လို့ မရတော့ပါ. အချိန်ကြာလာတာနဲ့ ဒါက ဆိုးရွားတဲ့ သံသရာကို ဖြစ်လာစေလိမ့်မည်။

"မဟုတ်သေးဘူး။ ဗဟိုပြည်နယ်အကယ်ဒမီကို ငါ့ခေါင်းပေါ် တက်ခွင့် လုံးဝပေးလို့ မရဘူး"

ချောင်ရှန်၏ စိတ်ထဲတွင် စိုးရိမ်မှုများနှင့် ပြည့်နှက်နေသည်။ သူက ရုံးခန်းထဲတွင် ထိုင်ကာ

ဗဟိုပြည်နယ် အကယ်ဒမီနဲ့ ပက်သက်တဲ့ အချက်အလက်များကို ကြည့်နေသည်။

သတင်းထဲတွင် ဆွန်းမိုနာမည်က အဆက်မပြတ် ပေါ်နေသည်။

ဆွန်းမိုသာမရှိရင် ဗဟိုပြည်နယ် အကယ်ဒမီက ချန်ပီယံဆု မရဘူးလို့တောင် ပြောနိုင်သည်။ စီ-အဆင့် တက်ဖို့တောင် ပြဿနာ ရှိသည်။

"ဆွန်းမိုလား"

ချောင်ရှန် တိုးတိုလေး ရေရွတ်ပြီး နောင်တကြီးစွာ ရလိုက်သည်။ (အဲဒီတုန်းက သူ့ကိုရအောင် ခေါ်ခဲ့ရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လောက် ကောင်းလိုက်မလဲ။ ငါ ထပ်ပြီး စမ်းကြည့်သင့်လား)

“ဟုတ်တယ်။ သူ့ကို နောက်တစ်ကြိမ် ခေါ်ဖို့ ကြိုးစားရမယ်”

အခန်း (၄၁၈) - ဧရာမ အမှတ် ထုတ်ပေးစက်။

မိုးလင်းတာနဲ့ ဆွန်းမို နိုးလာသည်။ ပြတင်းကို လှမ်းကြည့်ပြီးနောက် ပြန်အိပ်မလို့ လုပ်လိုက်သည်။ ဒါပေမယ့် အိပ်လို့ မရတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပင်ပန်းတဲ့ဘဝကို ဦးဆောင်ဖို့ မွေးဖွားလာတာလားကွာ"

ဆွန်းမိုက ကို့ကိုယ်ကို လှောင်ပြောင်ပြီး ရယ်မောလိုက်သည်။

ပြတင်းပေါက် အပြင်ဘက်က ကျေးငှက်လေးတွေရဲ့ တေးဆိုသံကို ပီပီသသ ကြားနေရသည်။ ပိုးကောင်တချို့ ဖမ်းမိပြီး မနက်စာ စားနေတာ သိသာလှသည်။

သူသည် ဒီကမ္ဘာကြီးတွင် ဂိမ်းကစားခြင်း ဒါမှမဟုတ် ရုပ်ရှင်များ မကြည့်နိုင်သော်လည်း သူ၏ လက်ရှိဘဝ အရည်အသွေးမှာ တကယ် မဆိုးလှပါ။

ခေတ်သစ်မှာ ဆိုလျှင် တစ်သက်လုံး အလုပ်လုပ်ရင်တောင် ဒီလောက် ကြီးမားတဲ့ အိမ်တစ်လုံးကို ဝယ်နိုင်မှာ မဟုတ်ပါ။ အိမ်ပြန်ရောက်တဲ့ အခါတိုင်း အိမ်ဖော်တွေ ရှိနေမယ်ဆိုတဲ့ အချက်ကို ထည့်ပြောစရာတောင် မလိုပါ။

ဆွန်းမို အရမ်း ကြွင်နာနေလို့ပဲ။ နည်းနည်းလေး ရက်စက်တတ်မယ်ဆိုလျှင် ဒေါင်ဟီသည် သူ့ အိပ်ရာပေါ် ရောက်နေလောက်ပြီ။

တကယ်လည်း ပဒေသရာဇ်စနစ်က အထွတ်အထိပ်ကို ရောက်နေတဲ့ခေတ် ဖြစ်သည်။ ပြည်နယ်ကိုးခုတွင် ဆွန်းမိုက အိမ်အကူ တစ်ယောက်နဲ့ အိပ်ပါက အကျင့်ပျက်တယ်လို့ မသတ်မှတ်ဘဲ အိမ်အကူအား အထူး မျက်နှာသာပေးတယ်လို့ လူတိုင်းက ထင်ကြမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ ဒေါင်ဟီမှာ ကိုယ်ဝန်ရှိပြီး သားတစ်ယောက် ရှိခဲ့မယ်ဆိုလျှင် အစေခံ လုပ်နေရတဲ့ အခြေအနေကို တွန်းလှန်နိုင်လိမ့်မည်။

ဒေါင်ဟီအတွက်တော့ ဘဝတစ်ခုလုံး ပေးရန် ပန်းတိုင်က ဒါပဲဖြစ်သည်။ ယေဘုယျအားဖြင့်တော့ လူတစ်ယောက်ရဲ့ ဇနီးမယား ဖြစ်လာဖို့ အိပ်မက် မမက်ရဲပါ။ မယားငယ် ဖြစ်တာနဲ့တင် လုံလောက်နေပြီ။

“ပဒေသရာဇ် စနစ်က အမှိုက်ပဲ”

ဆွန်းမိုက ပိုးဆိုးပက်စက် အပြစ်တင်ပြောဆိုလိုက်သည်။ အဲဒီနောက် အေးအေးလူလူ ကစားရန် ပြည့်တန်ဆာ အိမ်ကို သွားရင်ကောင်းမလား စဉ်းစားနေသည်။ သူသည် ချင်လင်ကို ရောက်နေခဲ့တာ တစ်နှစ်ခွဲလောက် ရှိနေပြီ။ ဒီနေရာက ကျော်ကြားတဲ့ ပြည့်တန်ဆာများနဲ့ ကိုယ်လုပ်တော်များ ပြည့်နှက်နေသော်လည်း သူကတော့ တစ်ခါမှ မကြုံရသေးပါ။

(တကယ်ပဲ၊ ငါ့ဌက်ပျောသီးက ဘယ်နေရာမှာ သုံးမှာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်ပြီးတော့ ဒီလိုကိစ္စမှာ ဦးဆောင်တဲ့လူ ရှိသင့်သည်။ သူသာ တစ်ယောက်တည်းသွားလျှင် ဂျင်းထည့် ခံရလိမ့်မည်။

ဆွန်းမိုသည် ဒီအကြောင်းတွေးရင်း သူ့မှာ ယောကျ်ားလေး သူငယ်ချင်းတောင် မရှိဘူးဆိုတာ သိလိုက်ရသည်။ မဟုတ်ဘူး။ ကျန့်ချင်ဖန်ကို သူငယ်ချင်းလို့ သတ်မှတ်နိုင်သည်။ ဒါပေမယ့် ကျင့်ချင်ဖန်၏ အဆင့်အတန်းအရ ပြည့်တန်ဆာ အိမ်ကို ပေါ်တင်သွားလို့ ဘယ်လို ရမှာလဲ။

နောက်ပြီးတော့ သူ့အသက်အရွယ်အရ စိတ်ကြွဆေးသောက်ပြီး အိပ်ရာပေါ်မှာ သေသွားရင် ဘာတွေ ဖြစ်လာမလဲ။

နောက် သူငယ်ချင်းတစ်ယောက်က ယူရုံပို ရှိသေးသည်။ ဒါပေမယ့် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်အနေနဲ့ ဒီလို ကိစ္စတွေ လုပ်မှာ မဟုတ်ပါ။

"ဟုတ်တယ်။ ငယ်တုန်းသွားတာ ပိုကောင်းမယ်။ နောင်တစ်ချိန် နာမည်ကြီးလာမှ ဘယ်လို သတ္တိနဲ့ လုပ်ရမှာလဲ"

ဆွန်းမို အာရုံပျံ့သွားပြီး ပိုအိပ်မရ ဖြစ်သွားသည်။

ဒီအတွက်လည်း အဖြေက မရှိပါ။ အခုအချိန်မှာ သူက နတ်ဘုရားခွန်အား နယ်ပယ်ကို ရောက်နေပြီ။ သူ့ခန္ဓာကိုယ်က မြင်းတစ်ကောင်လို သန်မာနေသည်။ စောင်အောက်က သူ့ခန္ဓာကိုယ် အောက်ပိုင်းကို ကြည့်လိုက်လျှင် ဝေရက်တောင်လို ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ အရာတစ်ခုကို မြင်နေရသည်။ မနက်ခင်း တစ်ကြောင်းပဲ။

အဲဒီနောက် ဆွန်းမိုသည် အိပ်ရာပေါ်က ထလိုက်သည်။ ပိုနေတဲ့ အားတွေကို စွန့်ထုတ်ဖို့

အိမ်သာ သွားရန် လုပ်လိုက်သည်။ နောက်ဆုံးတော့လည်း ညှော်ခန်းထဲတွင် ထိုင်နေတဲ့ ချီရှန်ကျားကို တွေ့လိုက်ရသည်။

ဆွန်းမို ရောက်လာတာ မြင်လိုက်လျှင် ရိုးအတဲ့ ကောင်လေးက အမြန်ထပြီး နှုတ်ဆက်သည်။

“မင်္ဂလာပါ ဆရာ”

ရိုးအတဲ့ကောင်လေးသည် အရမ်းလေးစားတဲ့ ပုံစံ ဖြစ်နေသည်။

သူက မနက်တိုင်း တယ်လီပို့ တံခါးကနေတဆင့် လေဘုရင် ခန်းမကို သွားလေ့ရှိသည်။ ဒီနေ့တော့

ဆွန်းမို ပြန်ရောက်နေတဲ့အတွက် နှုတ်ဆက်ဖို့ စောင့်နေခဲ့သည်။

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို အသက်သွင်းပြီး ချီရွှန်ကျား ကိုယ်ကို စစ်ဆေးလိုက်သည်။

ရိုးအတဲ့ ကောင်လေးက အများကြီး တိုးတက်လာပေမယ့် သူ့ရဲ့ အချက်အလက်တွေကတော့ ဆိုးရွား နေသေးသည်။ ဒီလို ကျင့်ကြံမှု အရင်းအမြစ်နဲ့ဆို ဗဟိုပြည်နယ်

အကယ်ဒမီမှာ ရှိတဲ့ ဘယ်သူမဆို ထူးချွန်တဲ့လူ ဖြစ်နိုင်သည်။

"ဒီလောက် အတိုင်းအတာအထိ အလုပ်ကြိုးစားတာက လုံလောက်နေပြီ။ ယဉ်ကျေးမှု အတန်းတွေကိုလည်း နောက်ကျရင် သွားတက်အုံး"

ဆွန်းမိုက လမ်းညွှန်ပေးလိုက်သည်။

မှော်ဆေးပညာနှင့် ပန်းပဲ လေ့လာတဲ့ ကျောင်းသားများကလွဲလျှင် ဗဟိုပြည်နယ် အကယ်ဒမီလိုမျိုး ကျောင်းပေါင်း ရာဂဏန်းလောက်သည် ယဉ်ကျေးမှု သင်တန်းများကို

ဖွင့်လှစ်ထားသည်။ အဲဒါက ကျွမ်းကျင်ဖို့ မလိုပေမယ့် အနည်းဆုံးတော့ နားလည်ထားရမည်။

"ငါ နားလည်ပြီ"

ချီရှန်ကျားသည် ထိုအတန်းများကို မကြိုက်သော်လည်း ဆွန်းမိုက ပြောလာလျှင် လိုက်လုပ်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုက သူ့ကို ဒုက္ခမပေးနိုင်ပါ။

"ခန္ဓာကိုယ် သန်မာလာအောင် လေ့ကျင့်သလို ဉာဏ်ရည်လည်း ထက်မြက်လာအောင် လေ့ကျင့်ရမယ်။ အနာဂတ်မှာ မင်းရဲ့

ဉာဏ်ရည်ကြောင့် ဒဏ္ဍာရီ နယ်ပယ်မှာပဲ အဆုံးမသတ်စေချင်ဘူး”

ဆွန်းမိုက ချီရှန်ကျားကို ယဉ်ကျေးမှု သန်တန်းတွေ မတတ်ထားလို့ အနာဂတ်မှာ လူတော မတိုးတာမျိုး မဖြစ်စေချင်ပါ။

ဆွန်းမို ပြောသမျှ စကားတိုင်းကို အစွမ်းကုန် မှတ်မိအောင် ချီရှန်ကျားသည် ကြိုးစားပြီး နားထောင်နေခဲ့သည်။

"ကောင်းပြီလေ။ အိမ်နောက်ဖေးကို သွားပြီး ငါ့ကို အရင်စောင့်နေလိုက်။ မင်းကို ကျင့်စဉ် တစ်ခု သင်ပေးမယ်"

ဆွန်းမိုက လုချီဟွာကိုလည်း ခေါ်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်ကို သင်ပေးတာနဲ့ နှစ်ယောက်ကို သင်ပေးတာ ဘာမှ မထူးခြားပါ။

နေမင်းကြီး တဖြေးဖြေး မြင့်တက်လာပြီး ရွှေရောင်များ ဖြာကျလာသည်။

ဆွန်းမိုက ကျောင်းသားနှစ်ယောက်ရဲ့ အခြေအနေကို မြှင့်တင်ရန်အတွက် စွယ်စုံကျမ်း

အသိပညာကို အသုံးပြုလိုက်သည်။ အဲဒီနောက်မှာ လေးနက်တည်ကြည်တဲ့ မျက်နှာနဲ့ ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးကို အနေးကစား ပြလိုက်သည်။

ဗုဒ္ဓအား ကပ်လှူတဲ့ ပန်း။

ရှေး ဗုဒ္ဓ ဆီမီးခွက်။

....

သူတောင်စင်အဆင့် ကျင့်စဉ်ဆိုတာ ဘာလဲ။

ပြောချင်တာ အကွက်တိုင်းတွင် အစွမ်းထက်တဲ့ အငွေ့အသက်ရှိနေသည်။ ဒီသရုပ်ပြမှုကိုလည်း

ဆွန်းမိုလိုမျိုး ပါရမီရှင်က သရုပ်ပြနေခဲ့သည်။ ဒါကြောင့်လည်း ဓမ္မက ပြန်လည် ထွန်းကားလာပြီး လက်သီးတစ်ချက်က တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားနိုင်သည်။

အတွေ့အကြုံ သိပ်မရှိတဲ့ ချီရွှန်ကျားလို ကျောင်းသားမျိုးကို အသာထားလိုက်အုံး ကျင့်ကြံမှုနဲ့ ပက်သက်ပြီး လုံးဝ မသိတဲ့ ဒေါင်ဟီပင် တော်တော်လေး တုန်လှုပ်သွားသည်။

ဆွန်းမို သရုပ်ဖော်နေတုန်း ဒေါင်ဟီ၏ ခြေထောက်များ တုန်ယင်လာသည်။ သူမ

ကြောက်ရွံ့လာပြီး ဆွန်းမိုကို ဒူးထောက်ကိုးကွယ်ဖို့ တစ်ခုခုက တွန်းအားပေးလာသည်။

ဒါက မြွတ်စွာဘုရားက နတ်ဆိုးတွေအား နှိမ်နှင်းနေတဲ့ ပုံကို မြင်နေရတာနဲ့ တူနေသည်။

ဒေါင်ဟီသည် ဆွန်းမို အရှေ့မှာ ရပ်လိုက်တာနဲ့ ပြင်းထန်တဲ့ လေပြင်းများအလယ် ရောက်နေသလို ခံစားလိုက်ရသည်။ သူမက သေးငယ်ပြီး သနားစရာ ကောင်းကာ အချိန်မရွေး မီးငြိမ်းသွားနိုင်သည်။

မကျင့်ကြံထားတဲ့ သာမန်လူတွေက ဒီလိုထူးခြားတဲ့ အော်ရာမျိုးကို ခံနိုင်ရည် မရှိပါ။

“လေးလေးနက်နက် ကြည့်”

အနေး ပြကွက် တစ်ကြိမ် ပြုလုပ်ပြီးနောက် ဆွန်းမိုက ပုံမှန် အမြန်နှုန်းနဲ့ ဒုတိယအကျော့ကို စတင်လိုက်သည်။ ဒီတစ်ကြိမ်တော့ သူ့ရဲ့ အော်ရာက ပို ပြင်းထန်လာသည်။

သူ့ရဲ့ လက်သီး ထိုးချက်တွေကနေ ဖြစ်ပေါ်လာတဲ့ လေပြင်းတွေက အရမ်းပြင်းထန်လာသည်။ ဒေါင်ဟီ တောင့်မခံနိုင်တော့ပါ။ မြေပြင်ပေါ်သို့ နာကျင်စွာ ထိုင်ချလိုက်ရသည်။ သူမ ယူလာတဲ့ လက်ဖက်ရည်တွေလည်း မှောက်ကျကုန်သည်။

လုချီဟွာက သူမကို ကူညီဖို့ အမြန်ပြေးသွားသည်။

“ငါ လေ့ကျင့်နေတုန်း အနားကပ်မလာတာ ပိုကောင်းမယ်”

ဆွန်းမို ညွှန်ကြားလိုက်သည်။

“ဒီ ကျွန် မှားပါတယ်။ သခင်က တပြည့်တွေကို လမ်းပြပေးနေတဲ့ အချိန်မှာ မကြည့်သင့်ပါဘူး”

မတ်တပ်ရပ်မလို လုပ်နေတဲ့ ဒေါင်ဟီသည် ကမန်းကတမ်း ဒူးထောက်ချလိုက်သည်။ သူ့မျက်နှာတွင် ကြေကွဲနေတဲ့ အမူအရာကို မြင်နေရသည်။

“ဒီကျွန်က ကိုယ့်အမှားကို သိပါပြီ။ သခင် ကျေးဇူးပြုပြီး အပြစ်ပေးပါ”

“မင်း ဘာအမှားမှ မလုပ်ထားဘူး။ အရင်ထွက်သွားပါ”

ဆွန်းမိုက လက်ကို ဝှေ့ယမ်းရင်း ပြောလိုက်သည်။

ဒေါင်ဟီ ပြန်ထွက်သွားတာ မြင်ပြီး ကူရှုပ်ရှင်း ပြုံးလိုက်မိသည်။

“မင်း နှလုံးသားက ကြီးကျယ်လွန်းတယ်။ မင်းရဲ့ ကျင့်ကြံမှု ကျင့်စဉ်ကို တိတ်တိတ်လေး ခိုးသင်သွားမှာ မကြောက်ဘူးလား”

ကျူရှုပ်ရှင်း အရမ်း သိချင်နေသည်။ (ဒါက သူတော်စင်အဆင့် ကျင့်စဉ်လေ။ ဘယ်လောက် တန်ဖိုး ရှိလဲ မသိဘူးလား)

“သူမမှာ ကျင့်ကြံဖို့ အရည်အချင်း မရှိဘူး”

ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုပြီး ဒေါင်ဟီကို စစ်ဆေးခဲ့ပြီးပြီ။ သူမရဲ့ အရည်အချင်း လုံလောက်ပါက ကာကွယ်ရေး သိုင်းကွက် အနည်းငယ်ကို သင်ပေးဖို့ စဉ်းစားခဲ့ဖူးသည်။

“ပြီးတော့ သူမ သင်ချင်ရင်လည်း ကိစ္စမရှိဘူး”

ဆွန်းမိုက 'အိမ်တွင်း သန့်ရှင်းရေးဆိုတဲ့ ' စကားပုံကို ရုတ်တရက် သတိရသွားသည်။ အနာဂတ်မှာ ဒီလိုလုပ်ဖို့ အခွင့်အရေး ရှိလာမလား။

" မင်းက ပြည့်ဝလွန်းတယ်။ စောစောတုန်းက သူမမြင်ခဲ့တဲ့ ကျင့်စဉ်က ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ် ဖြစ်မှန်းသိရင် ဒေါင်ဟီ လန့်ဖြန့်ပြီး သေသွားလိမ့်မယ်"

ကူရှုပ်ရှင်းသည် စိတ်ထဲမှာ ခံစားချက်ပေါင်းများစွာနဲ့ ရယ်မောလိုက်သည်။ သူတော်စင်အဆင့်ကျင့်စဉ် အများကြီးကို

တတ်မြောက်ထားသဖြင့် သူ အလိုရှိတဲ့ အတိုင်း လုပ်နိုင်သည်။ တခြားသူတွေ ခိုးသင်လည်း စိတ်ထဲမထားပါ။

အခုအချိန်တွင် မနေ့ညမှာ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်အား ဆွန်းမိုက တကယ်သင်ပေးဖို့ ပြောခဲ့မှန်း ကူရှုပ်ရှင်း ယုံကြည်သွားသည်။

သူမက ဒေါင်ဟီ မဟုတ်ပါ။ သူမရဲ့ အရည်အချင်းက အရမ်းမြင့်မားသည်။ ဆွန်းမိုက သူ့တပြည့်များကို ဓမ္မကောင်းကင်တုန်လှုပ်ခြင်းရဲ့

အရေးကြီးတဲ့ အချက်များကို ရှင်းပြနေတုန်း သူမက တစ်ချက်ကြည့်လိုက်ရုံနဲ့ အများကြီး နားလည်နေပြီ။

ဒါပေမယ့် ဆွန်းမိုက သူမအရှေ့မှာ ဖုံးကွယ်ထားဖို့ ရည်ရွယ်ထားတဲ့ ပုံမရှိပါ။

"ငါ သင်သွားမှာကို မစိုးရိမ်ဘူးလား"

ကူရှုပ်ရှင်း သေလုနီးပါး သိချင်နေသည်။

"ငါတို့က သူငယ်ချင်းကောင်းတွေ မဟုတ်ဘူးလား"

ဆွန်းမိုက ဗရုတ်ကျလိုက်သည်။ ဒီဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးကို အလွယ်တကူ

ရခဲ့သောကြောင့် စိတ်ထဲ သိပ်မထားပါ။ တကယ်လို့ သဏ္ဌာန်မဲ့မြင့်မြတ် စကြ်ြာဝဠာ ကျင့်စဉ်နှင့် ရှေ့ဟောင်းလောကနတ် ကျင့်စဉ်တို့ ဆိုပါက ကူရှုပ်ရှင်းကို သေချာပေါက် ကြည့်ခွင့် မပေးနိုင်ပါ။

"သူငယ်ချင်းကောင်း ဟုတ်လား။ ဒီစကား နှစ်ခွန်းက ရွှေတစ်ထောင်တန်တယ်လို့ ခံစားရတယ်"

ကူရှုပ်ရှင်း မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါမြင်ပြီးပြီလေ။ ဒါကို ရှောင်ဖို့ကြိုးစားရင် ငါဟန်ဆောင်တာပဲ ဖြစ်လိမ့်မယ်"

"မင်းစိတ်ဝင်စားရင် သင်ပေါ့"

ဆွန်းမိုက ပုခုံးတွန့်ရင်း ပြန်ဖြေသည်။

"ဒါပေမယ့် မင်းကို သတိမပေးဘူးလို့ အပြစ်မတင်နဲ့။ မင်း ဓါးပညာကို သင်ယူဖို့အတွက် အသင့်တော်ဆုံးဖြစ်ပြီး အနီးကပ်တိုက်ခိုက်တဲ့ လက်သီး၊ ခြေထောက် ကန်ချက်တွေနဲ့ ပက်သက်ပြီး လေ့ကျင့်ရင် အောင်မြင်မှု အများကြီး ရမှာ မဟုတ်ဘူး"

ရိုးရိုးလေးပြောရလျှင် ကူရှုပ်ရှင်းက အားနည်းတဲ့ မိန်းကလေးဖြစ်ပြီး လက်သီးနှင့် ကန်ချက်များအတွက် ခွန်အား မလုံလောက်ပါ။ ဘယ်လောက်ပဲစားစား

တင့်ကားတော့ မဖြစ်လာနိုင်ပါ။ စမ္မကောင်းကင် တုန်လှုပ်ခြင်းကျင့်စဉ်ကို စွမ်းအားအပြည့် ထုတ်လွှင့်နိုင်မှာ မဟုတ်ပါ။

"မင်းက တခြားသူတွေကို သင်ကြားပေးရတာ တကယ်ကြိုက်တာပဲ"

ကူရှုပ်ရှင်း မျက်လုံး ပြူးပြီး

"ငါ့အားနည်းချက်ကို ငါသိတယ်"

ကူရှုပ်ရှင်းသည် နောက်ပြောင်လိုက်သော်လည်း နှလုံးသား အောက်ခြေကနေ ဆွန်းမိုကို သဘောကျသွားသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ရှိသေ (၁၃,၅၀၀/၁၀၀,၀၀၀)

"နာကျင်မှုတပ်မက်သူလေးကို ကျင့်စဉ် ကြည့်ခွင့်ပေးရုံနဲ့ လေးစားအထင်ကြီးမှု အမှတ် ၁,၀၀၀ ရလိုက်တယ်။ အမြတ်ထွက်ပြီ"

ဆွန်းမို အူမြူးသွားသည်။

သူတို့နှစ်ယောက် စကားပြောနေတုန်း ချီရွှန်ကျား ထိတ်လန့်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါ.......ဒါက တကယ်ပဲ ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်လား)

(ဘုရားရေ။ ငါ တကယ်ပဲ ကံကောင်းပြီး ဒီလောက်စွမ်းအားကြီးတဲ့ ကျင့်ကြံမှုကျင့်စဉ်ကို သင်ခဲ့ရတာလား)

(အိပ်မက် မက်နေတာလား)

ဖုန်း

ရိုးအတဲ့ ကောင်လေးသည် ဆွန်းမို အရှေ့မှာ တစ်ခါတည်း ဒူးထောက်လိုက်သည်။ အဲဒီနောက် ပြင်းထန်စွာ အရိုအသေ ပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုလုပ်တာကလွဲလျှင် အရမ်းစိတ်လှုပ်ရှားပြီး ကျေးဇူးတင်တဲ့ အကြောင်းကို ဘယ်လိုဖော်ပြရမလဲ မသိတော့ပါ။

(ဆရာဆွန်းက ငါ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်)

ဒင်

ချိုရှန်ကျား၏ လေးစားအထင်ကြီးမှု အမှတ် +၁၀,၀၀၀။ ရှိသေ (၂၅,၉၀၀/၁၀၀,၀၀၀)

ဆွန်းမိုသည် ချီရွန်ကျား ဆီက ရလာတဲ့ လေးစားအထင်ကြီးမှု အမှတ်များကြောင့် ဆွန်းမို အရမ်း ထိတ်လန့်သွားသည်။

(လူတစ်ယောက်ကို ဘယ်လောက်တောင် ယုံကြည် ရတာလဲ။ ကူရှုပ်ရှင်း စကားက မှားနိုင်တယ်လို့ သံသယ မရှိဘူးလား)

(မင်းရဲ့ ဥာဏ်ရည်နဲ့ဆို ရွေးချယ်ခံရတဲ့သူ တစ်ယောက် ဖြစ်လာမှာ ကြောက်မိတယ်။ ကလေးမဟုတ်တာနဲ့ မင်းလက်ခံမှာပဲ။ ဒါက တကယ် ကြောက်ဖို့ကောင်းတယ်။)

"ထတော့"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"မင်းက ဒူးထောက်ဖို့ဘဲ သိတာလား။ မင်းကို ကြည့်လိုက်ရင် ဘယ်လိုပုံစံ ဖြစ်နေတယ် ထင်လဲ"

ဆွန်းမိုသည် ရိုးအတဲ့ကောင်လေးကို ကြိမ်းမောင်းလိုက်သော်လည်း ချီရွှန်ကျား နဖူးက ရောင်ရမ်းပြီး သွေးထွက်နေတာ မြင်လိုက်လျှင် စိတ်ထဲကတော်တော်လေး သဘောကျသွားသည်။

အနည်းဆုံးတော့ ရိုးအတဲ့ ကောင်လေးက ကျေးဇူးတင်ဖို့ သိသေးသည်။

“ဆရာ၊ ကျွန်တော်က ဘ....ဘယ်လိုလုပ်ပြီး ထိုက်တန်မှာလဲ”

ချီရှန်ကျားသည် ပြောရင်းနဲ့ ငိုလာပြီး မျက်ရည်ကျလာသည်။

(ကျွန်တော်က တော်တော် ညံ့တယ်။ ဆရာက ဘာဖြစ်လို့ ဒီလောက် ကောင်းရတာလဲ)

သူသည် အံ့အောသင့်နေတဲ့ကြားက ဆွန်းမိုရဲ့ မျှော်လင့်ချက်အတိုင်း လိုက်မှီအောင် မလုပ်နိုင်မှာလဲ စိုးရိမ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက သူတော်စင်အဆင့်ကျင့်စဉ် တစ်ခုလေ။ (ငါ့လို ဆားနယ် ငါးက ဘယ်လိုလုပ်ပြီး အရည်အချင်း မှီမှာလဲ)

"ပါးစပ် ပိတ်ထား"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ကြိမ်းမောင်းလိုက်သည်။

"ကိုယ့်ကိုယ်ကိုတောင် အထင်သေးနေရင် တခြားသူက မင်းကို ဘယ်လိုမြင်မှာလဲ"

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။ မြတ်ဆရာ အရှိန်အဝါရဲ့

အလင်းရောင်ကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး လင်းထိန်သွားသည်။

"................"

ကူရှုပ်ရှင်း စကားမပြောနိုင် ဖြစ်သွားသည်။ (တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို အခွင့်အရေး ရတိုင်း သုံးနေတော့မှာလား) အဲဒီနောက် ဆွန်းမိုပြောခဲ့တဲ့ အရင်ဘဝပေါင်း ငါးရာ တွေ့ခဲ့လို့ အခုဘဝမှာ ပြန်ဆုံကြတယ်ဆိုတဲ့ စကားကို ပြန်သတိ ရသွားသည်။

ဆွန်းမိုက နေ့တိုင်း ရွှေစကားတွေ ပြောနေသဖြင့် သူသည် တကယ်ကို မနာလိုချင်စိတ် ပေါက်လာသည်။ ဒါပေမယ့် ကူရှုပ်ရှင်းသည် ချီရွန်ကျားကို ပြောခဲ့တဲ့စကားက တယယ်မှန်တယ်လို့ အထူး ဝန်ခံသည်။

သူတစ်ပါးအရှေ့မှာ မရပ်တည်ခင် ကျောရိုးကို အရင်ကြီးထွားအောင် လုပ်ရမည်။

ရိုးအတဲ့လူက ချက်ခြင်း ခေါင်းညိတ်လိုက်သည်။

"ရင်ကိုကော့ပြီး ခေါင်းထောင် ထားစမ်းပါ။ မျက်လုံးဖွင့်ပြီး ငါ့ကိုကြည့်"

ဆွန်းမိုက အော်လိုက်သည်။

"အခုအချိန်မှာ၊ မင်းက တိုက်ပွဲခန်းမမှာ နှစ်ကြိမ်တိုင်တိုင် အောင်ပွဲခံပြီး အဲဒီနေရာမှာ ခြောက်လကြာအောင် နေခဲ့တဲ့လူပဲ။ အခြားသူတွေ အမြင်မှာ မင်းက မနာလိုစရာကောင်းတဲ့ ပစ်မှတ် ဖြစ်နေပြီ။ မင်းကိုယ်မင်း နည်းနည်းလေး ပိုယုံကြည်လို့ မရဘူးလား"

"ဒါတွေ အားလုံးက ဆရာ့ကျေးဇူးကြောင့်ပါ။ ဆရာသာ သေသေချာချာ လမ်းညွှန်မပေးခဲ့ရင် ကျွန်တော် ဒီလို အောင်မြင်လာမှာ မဟုတ်ဘူး"

ချီရွှန်ကျား လန့်ဖြန့်သွားသည်။

"ပါးစပ် ပိတ်ထား"

ဆွန်းမိုမှာ ဒေါသထွက်ဖို့ကလွဲလျှင် ရွေးချယ်စရာ မရှိတော့ပါ။ ဒီလို ပျော့ညံ့တဲ့ ကိုယ်ရည်ကိုယ်သွေး ရှိတဲ့လူကို တွေ့ဖို့ဆိုရင် တော်တော်လေး ရှာရမည်။

"တကယ်လို့ မင်းသာ မင်းဘဝကို လောင်းကြေးထပ်ပြီး နေ့တိုင်း သွေးတွေ ချွေးတွေ အများကြီး ထွက်အောင် မကြိုးစားခဲ့ရင် ဒီလို အောင်မြင်မှုမျိုး ရလာမှာ မဟုတ်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းရဲ့ ချွေးနဲ့သွေးတွေကတော့ မင်းရဲ့ ပုံစံကို ကြည့်ပြီး ငိုနေမှာ သေချာတယ်”

ရှစ်

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

မှတ်ချက် ။ ။ ရွေးချယ်ခံရသူ - လှည်းကျိုး ထမ်းခိုင်းတာကို ဆိုလိုသည်။ (ကိုယ်ဝန်ရှိတဲ့ မိန်းကလေးက လင်ကောင်ဖော်ခြင်း။)

အခန်း (၄၁၉) - မြတ်ဆရာတစ်ယောက်၏ တန်ဖိုး။

ရွှေရောင် အလင်းတန်းများသည် ပိုးစုန်းကြူးများလို တောက်ပနေပြီး အနောက်ဘက် ဥယျာဉ် တစ်ခုလုံး လင်းထိန်သွားသည်။ မိုးလင်းပြီး နေရောင်ကလည်း ထွက်နေသဖြင့် အရမ်း စိတ်လှုပ်ရှားဖို့ ကောင်းနေသည်။

“....................”

ကူရှုပ်ရှင်း ဆွံ့အနေသည်။ (မင်းကြွားလုံးထုတ်နေတာလား။ သေချာပေါက် ကြွားလုံး ထုတ်နေတာပဲ။ မဟာသခင်ကြီး ဆွန်းရေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက လုံလောက်နေပါပြီ။ ကျေးဇူးပြုပြီး မင်းရဲ့ နတ်ဘုရား နည်းစနစ်ကို ရုတ်သိမ်းလိုက်ပါတော့)

(တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက်ကို ဘယ်လို ထုတ်ရမလဲဆိုတာ ငါလည်း သိတယ်။ ရှုံးပြနေတာကို ရပ်လိုက်တော့)

အမှန်တိုင်းပြောရလျှင် ကူရှုပ်ရှင်း အနည်းငယ် မနာလို ဖြစ်နေသည်။ သူမလည်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို နားလည်ထားသော်လည်း သူမရဲ့ အကွာအဝေးက အဲဒီလောက်အထိ မကြီးမားပါ။

ကူရှုပ်ရှင်သည် ဒါကို နားလည်တဲ့အတွက် ဆွန်းမိုလောက် ကျွမ်းကျင်ဖို့ဆိုလျှင် ဘယ်လောက်ခက်လဲဆိုတာ သိနေသည်။

“ဒီမှာ ဆက်နေမယ်ဆိုရင် ငါက ရုပ်ဆိုးတဲ့ မိန်းမတစ်ယောက် ဖြစ်သွားလိမ့်မယ်။ ဘယ်လိုပဲပြောပြော မနာလိုစိတ်က ငါ့အမူအရာကို ဖောက်ပြန်စေတယ်”

ကူရှုပ်ရှင်း နှုတ်ခမ်း ကွေးသွားသည်။

မြတ်ဆရာအရှိန်အဝါရဲ့ သက်ရောက်မှု အောက်တွင် ချီရွှန်ကျား၏ စိတ်ဝိညာဉ်

တောင့်တင်းသွားသည်။ သူက ခါးမတ်လိုက်ပြီး ကို့ကိုယ်ကို ယုံကြည်မှုရှိတဲ့ ပုံစံ ဖြစ်သွားသည်။ ဒါပေမယ့် သူ့မျက်နှာပုံစံက အားနည်းနေပြီး အတင်းကြီး ယုံကြည်မှု တည်ဆောက်ထားမှန်း သိသာနေသည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ချီရှန်ကျားသည် မွေးကတည်းက ဘာမဆို ခေါင်းညိတ်ခဲ့တဲ့ လူဖြစ်သည်။ သူက အစာကွင်းဆက်၏ အနိမ့်ဆုံးအဆင့်တွင် မွေးဖွားခဲ့ပြီး သူ့ရဲဘောကြောင်တဲ့ လေထုထဲမှာ ကြီးပြင်းခဲ့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတစ်ပါးနဲ့ ရန်ငြိုးဖွဲ့ပြီး ပဋိပက္ခ ဖြစ်လာမှာကို အမြဲတမ်း စိုးရိမ်နေခဲ့သည်။ ဒါကြောင့်လည်း ငြင်းခုန်ဖို့ တစ်ခါမှ မတွေးခဲ့ဘဲ စကားများတာနဲ့ အရင်ဆုံး တောင်းပန်ခဲ့သူ ဖြစ်သည်။

ရိုးအတဲ့ ကောင်လေးသည် မိန်းမက လိမ်နေတာ သိရင်တောင် အော်ဟောက်ရဲမဲ့ လူမျိုး မဟုတ်ပါ။ အဲဒီအစား တစ်ယောက်တည်း ကြိတ်ငိုနေမဲ့ လူမျိုး ဖြစ်သည်။

"တစ်သက်လုံး အပျိုကြီး ဖြစ်သွားရင်တောင် ဒီလိုကောင်မျိုးကို ဘယ်တော့မှ လက်မထပ်ဘူး"

ကူရှုပ်ရှင်းသည် အမျိုးသမီးတစ်ယောက် အနေနဲ့ သုံးသပ်ပြီး ပြောလိုက်သည်။

"မင်း ဆက်ပြီးလေ့ကျင့်နေပါ။ ငါ့ရဲ့ ဟောပြောချက်ကိုလည်း နားထောင်ပါ"

ဆွန်းမိုက စကားတွေနဲ့အချိန် ထပ်မဖြုန်းချင်တော့ပါ။ လူတစ်ယောက်၏ ပင်ကိုယ်စရိုက်ကို ပြောင်းလဲဖို့က အရမ်းခက်သည်။ ဒါကို တစ်ရက်တည်းနဲ့ လုပ်လို့ မရတာ သေချာသည်။ ချီရွန်ကျားသည် အောင်ပွဲတွေပိုရပြီး အောင်မြင်မှုများ

ပိုရလာတဲ့ အခါကျမှ ယုံကြည်မှုကို သဘာဝအတိုင်း တည်ဆောက်နိုင်လိမ့်မည်။

"အင်း"

ချီရှန်ကျား လေးလေးနက်နက် ခေါင်းညိတ်လိုက်သည်။ ဒီကျင့်စဉ်ကိုလည်း ကောင်းကောင်း လေ့ကျင့်မယ်လို့ စိတ်ထဲက ဂတိပေးလိုက်သည်။ သူ့ရဲ့ဆရာ သချာပေါက် မျက်နှာ မပျက်စေရပါ။

(ပြီးတော့ ဆရာရဲ့ဂရုဏာသည် တောင်ကြီးကဲ့သို့ ကြီးမား လေးလံလှတယ်။ ဒီကျေးဇူးကို ဘယ်လိုလုပ်ပြီး ပြန်ဆပ်ရမှာလဲ)

ချီရွှန်ကျားသည် ဆွန်းမိုကို ဆရာတင်မလို့ စိတ်ကူးယဉ်ခဲ့ဖူးသော်လည်း အခုအချိန်မှာ မလုပ်ရဲတော့ပါ။ ဒီလောက် ကြီးမားတဲ့ အကျိုးကျေးဇူးတွေကို သူ ခံစားရနေပြီ။ ဒါတောင် အသိမှတ်ပြုချင်သေးရင် သနားလို့ လက်ပေးကိုင်တာကို နှို့ပါနှိုက်ချင်တ့ဲ လူလို ဖြစ်သွားမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက်က ဆရာတင်ပြီးတာနဲ့ သူ ဒါမှမဟုတ် သူမက အရာအားလုံးကို မျှဝေပြီး ခွဲဝေပေးလိမ့်မည်။ ပြီးတော့ ကျောင်းသားကလည်း ဆရာရဲ့ အရင်းအမြစ်ပေါ်မှာ မှီခိုရလိမ့်မည်။ ဆရာရဲ့ သား၊ သမီး တစ်ဝက်လို့ သတ်မှတ်တဲ့ တိုက်ရိုက်တပြည့်ကလည်း ကျော်ကြားလာအောင် လုပ်ပြီး ဆရာကို ကူညီပေးရမည်။

ချီရှန်ကျားသည် ဒါနဲ့ မထိုက်တန်သလို ခံစားရသည်။

နာရီဝက်လောက်ကြာပြီးတော့ ဘာမှ စိတ်ဝင်စားစရာ မရှိတော့သဖြင့် ကူရှုပ်ရှင်းသည် ငေးငေးငိုင်ငိုင် ဖြစ်လာသည်။ ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကို ဆွန်းမို တစ်ကြိမ် သင်ပေးပြီးကတည်းက အနှစ်သာရများကို သဘောပေါက်သွားပြီး တစ်ခုတည်းသော လိုအပ်ချက်မှာ ကိုယ်တိုင်နားလည်အောင် လုပ်ဖို့ပဲ ကျန်တော့သည်။

ချီရွှန်ကျားသည် ကြိုးစားနေသော်လည်း မျက်နှာပေါ်တွင် တုံးအတဲ့ အကြည့်များပေါ်နေပြီး

အမှားများ လုပ်နေသည်။ လုချီဟွာကတော့ မကြာခဏ စိတ်ရှုပ်လာသည်။ အခုလောလောဆယ်တွင် သူမသည် ခြံထဲက ခြေထောက်ခြောက်ချောင်းပါတဲ့ ပိုးမွှားကောင်လေးတွေကို လိုက်ကြည့်နေပြီး ဖမ်းချင်တဲ့ပုံစံ ဖြစ်နေသည်။

တစ်နာရီလောက်ကြာတော့ ဆွန်းမိုသည် ထိုင်ခုံပေါ်မှာ ထိုင်လိုက်သည်။

"ဆရာ၊ တစ်ခုခု သောက်ပါလား"

လုချီဟွာက လက်ဖက်ရည်တစ်ခွက် ကမ်းပေးလိုက်သည်။

“ရတယ်”

ဆွန်းမိုက အသံတိုးတိုးလေးနဲ့ ပြန်ဖြေလိုက်ပြီး စိတ်ခံစားချက် မကောင်း ဖြစ်နေသည်။

ချီရှန်ကျားသည် ခန္ဓာကိုယ်ကို တည့်မတ်အောင် လုပ်လိုက်ပြီး ကြွက်သားများကို တောင့်လိုက်ကာ ခေါင်းငုံ့ပြီး ကြွေးကြော်မလို လုပ်လိုက်သည်။

ဆွန်းမိုသည် ရိုးအတဲ့ ကောင်လေးကို ကြည့်ပြီး ဒေါသထွက်နေသည်။ (မင်းကို ပြောနေတာလဲ

တော်တော်ကြာနေပြီ။ ငါပြောခဲ့သမျှကို တစ်ဆယ်ရာခိုင်နှုန်းတောင် နားမလည်သေးဘူး။ မင်း တုံးအမှန်း ငါသိတယ်။ ဒီလောက်အထိ တုံးအမယ်လို့ မထင်ထားဘူး။ မင်းရဲ့ အလားအလာ တန်ဖိုး အရမ်းနိမ့်နေတာလဲ မဆန်းတော့ဘူး။ စနစ်ရဲ့ အကဲဖြတ်မှုက အမြဲတမ်း ရိုးသားတယ်)

သင်ပေးနေတဲ့ အချိန်တွင် လူတစ်ယောက်ရဲ့ ဉာဏ်ရည် နိမ့်လား ၊ မြင့်လားဆိုတာ ကြည့်ရှုနိုင်သည်။ ကူရှုပ်ရှင်းကို ကြည့်လိုက်အုံး သူပြောပြီးတာနဲ့ သဘောပေါက်သွားပြီ။

“ထိရောက်မှု ကွာခြားချက်ကတော့ အံ့မခန်းပဲ”

တစ်ခုခုကို အကြိမ်ကြိမ် လုပ်ရတာလောက် စိတ်ပျက်ဖို့ကောင်းတာ မရှိပါ။ ဒါပေမယ့် ဒေါသထွက်လို့ မရပါ ဒီလိုမှမဟုတ်ရင် ကျောင်းသားရဲ့ ကို့ကိုယ်ကို ယုံကြည်မှု ပျက်ပြားသွားလိမ့်မည်။

ဒါကြောင့် ဆွန်းမိုသည် စိတ်ငြိမ်အောင် ထိန်းနေရသည်။ အဲဒီနောက် ချီရွန်ကျားဆီကို လျှောက်သွားလိုက်သည်။

ခမ္မကောင်းကင်တုန်လုပ်ခြင်း လက်သီးနဲ့ ပက်သက်တဲ့ အနှစ်သာရများကို စိတ်ထဲမှာ

တွေးနေလိုက်သည်။ သူ့ရဲ့ အတွေ့အကြုံလည်း ပါဝင်သည်။ အခုအချိန်တွင် သူ့ရဲ့ ညာလက်မှာ နို့ဖြူရောင် အလင်းတန်းများ တောက်ပနေသည်။

ဆွန်းမိုက ရုတ်တရုတ် လက်သီးထိုးလိုက်သည်။

ဘုန်း

ချီရွှန်ကျား မျက်နှာနားတွင် လက်သီးရပ်သွားပြီး နဖူးထဲသို့ အလင်းတန်းများ တိုးဝင်သွားသည်။

ဝုန်း

ချီရွှန်ကျား စိတ်ထဲတွင် များပြားလှတဲ့ သတင်းအချက်အလက်များက

ပေါက်ကွဲထွက်လာသည်။ ချီရွှန်ကျား မျက်နှာက နာကျင်တဲ့ ပုံစံ ဖြစ်သွားပြီး ဖြူဖျော့သွားကာ ခေါင်းလဲ နည်းနည်း မူးနေသည်။

"................"

ဆွန်းမို အရမ့်အံ့အော သင့်နေသည်။ အဲဒီနောက် ဘာဖြစ်နေလဲ နားလည်ပြီး မျက်နှာ ညှိုးသွားသည်။

ချီရွှန်ကျားရဲ့ ဦးနှောက် အစွမ်းကြောင့် စိတ်ထဲထည့်ပေးလိုက်တဲ့ အချက်အလက်တွေကို အများကြီး လက်မခံနိုင်ဘူး ဖြစ်နေသည်။

ဝိညာဉ်ပုံသွင်းခြင်းက ဆရာတစ်ယောက်ရဲ့ အသိပညာနဲ့ အတွေ့အကြုံများကို ကျောင်းသား စိတ်ထဲ ထည့်ပေးနိုင်သည်။ ဒါပေမယ့် ကျောင်းသားက ဒါကို တောင့်မခံနိုင်ရင် ဦးနှောက်မှာ ဝန်ပိပြီး လောင်ကျွမ်းသွားလိမ့်မည်။

အရင်တုန်းကတော့ ဆွန်းမိုသည် လီဇီချီ၊ လုချီဟွာနှင့် အင်ဘိုင်ဝူတို့ အပေါ်ကို စိတ်ဝိညာဉ်ပုံသွင်းခြင်းအား မိုက်မိုက်မဲမဲ အသုံးပြုခဲ့ဖူးသည်။ ဒါပေမယ့် သူတို့ သုံးယောက်စလုံး အဆင်ပြေခဲ့သည်။ ဒါပေမယ့်လည်း ဆွန်းမိုသည်

ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်းအပေါ် မူတည်ပြီး အသိပညာနှင့် အချက်အလက် ပမာဏကို တွက်ချက်ပြီး ထည့်ပေးသင့်တယ်ဆိုတာ မေ့သွားခဲ့သည်။

“ဆ…ဆရာ၊ ဒီခံစားချက်ကို အရမ်းကြိုက်တယ်”

ချီရွှန်ကျားက သဘောကျစွာ ပြုံးနေသည်။

ခေါင်းကိုက်ပြီး အနည်းငယ် မူးနေသော်လည်း ဦးနှောက်ထဲတွင် ဗဟုသုတ အများကြီး ရှိနေတဲ့ ခံစားချက်က တကယ် ကြည်နူးဖို့ ကောင်းသည်။ ဒီအချိန်မှာ ရိုးအတဲ့ ကောင်လေးသည် သူဟာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကောင်းကင်အောက်မှာ ပညာအရှိဆုံးလို့ ခံစားနေရသည်။

"ဒီနေ့တော့ လေ့ကျင့်တာကို ရပ်လိုက်ပြီး ပြန်အနားယူလိုက်ပါ။ ငါပေးလိုက်တဲ့ အသိပညာကို ကောင်းကောင်း ချေဖျက်သင့်တယ်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

အမှန်အတိုင်းပြောရလျှင် ထူးထူးခြားခြား အခြေအနေ မဟုတ်ပါက စိတ်ဝိညာဉ် ပုံသွင်းခြင်းကို တကယ် မသုံးချင်ပါ။

တစ်ခုခုကို အလွန်အကျွံ သုံးစွဲမိပါက အကျင့်ပါသွားပြီး နောက်ဆုံးတွင် ဗီဇ တစ်ခုလို ဖြစ်လာတတ်သည်။ ဆွန်းမိုက အကြိမ်တိုင်း ပျင်းရိပြီး စိတ်ဝိညာဉ် ပုံသွင်းခြင်းပဲ အသုံးပြုနေပါက နောက်ပိုင်း သင်ခန်းစာတွေကို ဘယ်လို လုပ်ရမလဲ။

ဆရာတစ်ယောက်သည် စင်ပေါ်တက်ပြီး သင်ခန်းစာ ပို့ချတဲ့အခါ သူတို့၏ ပြောဟန်ဆိုဟန်နှင့် အမူအရာများ၊ ကျောင်းသားနဲ့ အပြန်အလှန်ဆက်သွယ်မှုသည် တစ်မူကွဲပြားတဲ့ သူတို့ရဲ့ သင်ကြားမှု ပုံစံ ဖြစ်လာလိမ့်မည်။

အခြားအချက်တစ်ခုလည်း ရှိသေးသည်။ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆိုခြင်းကသာ စိတ်ခံစားမှုများကို ဖန်တီးပေးနိုင်သည်။

ချီရွှန်ကျားသည် အရိုအသေ ပေးပြီးနောက် အနောက်ဖက် ဥယျာဉ်ကနေ ထွက်ခွာသွားသည်။

"ဆွန်းမို၊ ငါ့ကို ရိုးရိုးသားသား ပြောပြ။ သူ့ရဲ့ ဘယ်အပိုင်းကို သဘောကျတာလဲ"

ကူရှုပ်ရှင်းက ပန်းသီးကို တစ်ကိုက်ကိုက်ရင်း မေးလိုက်သည်။ သူမ အရမ်းသိချင်နေသည်။

ချီရှန်ကျားသည် အရမ်းတုံးအသည်။ အမှန်တိုင်းပြောရလျှင် ချီရှန်ကျားရဲ့ အဖေသည် သူတော်စင် ဖြစ်နေရင်တောင် သူ့အဖေက လမ်းပြချင်မှာ မဟုတ်ပါ။

ဆွန်းမိုသည် အနည်းငယ် စဉ်းစားပြီးနောက် "ကံကြမ္မာ"

"ဒီချီရှန်ကျား တကယ် ကံကောင်းတာပဲ။ မင်းရဲ့ 'ကံကြမ္မာ' က သူ့အတွက် ကောင်းကင်ဘုံ အခွင့်အရေးပဲ။ ကျွတ်ကျွတ် သူတော်စင်အဆင့် ကျင့်စဉ်က သူ့ဘဝတစ်ခုလုံးကို ပြောင်းလဲ

သွားစေနိုင်တယ်။ တကယ်တမ်းပြောရလျှင် သူတို့ မျိုးနွယ်စု တစ်စုလုံးရဲ့ ကံကြမ္မာကို ပြောင်းလဲသွားစေနိုင်တယ်”

ကူရှုပ်ရှင်းက ပိုးဆိုးပက်စက် သက်ပြင်းချလိုက်သည်။

....

ချီရွှန်ကျား အိမ်ထဲက ထွက်လာသည်။ ခပ်ဝေးဝေး လမ်းလျှောက်ပြီးနောက် တောင့်မခံနိုင်တော့ပါ။ မျက်လုံးထဲက မျက်ရည် စီးကျလာပြီး မျက်နှာတစ်ခုလုံး မျက်ရည်တွေနဲ့ ဖုံးလွှမ်း လာသည်။

ဒီအရာက သူနဲ့ ဘယ်လို ထိုက်တန်မှာလဲ။ ဆရာဆွန်းက သူ့အပေါ် အများကြီး ငဲ့ညှာပြီး ဂရုစိုက်ပေးခဲ့သည်။

ဆရာဆွန်းမိုကြောင့်သာ မဟုတ်ပါက သူ့လို အမှိုက်သည် ကျောင်းကထွက်ပြီး ရွာပြန်ကာ မြေပိုင်ရှင်အတွက် ကာယ လုပ်သားလုပ်နေရပြီ ဖြစ်သည်။

သူ့ဘဝက အဲဒီလိုပဲ အဆုံးသတ်သွားလိမ့်မည်။

ချီရွန်ကျားသည် ငယ်ငယ်ကတည်းက ဒီလိုလူတွေ အများကြီး တွေ့ဖူးသည်။

ဒီလူတွေသည် တစ်လကို ကြေးရာဂဏာန်းလောက်နဲ့ ပျော်ရွှင်နေကြပြီး သူတို့ရဲ့လစာကိုလည်း သူဌေးက ရံဖန်ရံခါ အကြောင်းအမျိုးမျိုး ပြပြီး နှုတ်ယူကြသေးသည်။ အိမ်ထောင်ပြုတဲ့ အရွယ်ရောက်လာရင်လည်း တင်တောင်းမယ့် လက်ဆောင် တန်ဖိုးကို မတတ်နိုင်သောကြောင့် အိပ်မပျော်တဲ့အထိ စိတ်ပူနေတတ်ကြသည်။

နောက်ဆုံး အိမ်ထောင်ကျပြီး ကလေးမွေးရင်လည်း သူတို့ ဇနီးနဲ့သားသမီးတွေသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သက်တောင့်သက်သာ ဖြစ်တဲ့ ဘဝကို မဖြတ်သန်းရပါ။ သူတို့က မြေပိုင်ရှင်ကို အဆက်မပြတ် ဖားယားနေရပြီး အလုပ်ထုတ်ခံရမှာ ကြောက်တဲ့စိတ်နဲ့ အဆက်မပြတ် အလုပ်ကြိုးစားနေရသည်။ အမှန်တကယ်လည်း အလုပ်ထုတ်ခံခဲ့ရရင် သူတို့လို အားနည်းတဲ့လူတွေက ကြာကြာ အသက်မရှင်နိုင်ကြပါ။

တခြားသူအကြောင်း အသာထားအုံး ချီရွှန်ကျားရဲ့ ဘိုးဘေးများက သာဓကေ ဖြစ်သည်။ မျက်နှာပေါ် အရေးကြောင်း ပြည့်နေတဲ့ သူ့အဖေက အရည်အချင်း

ရှိအောင် ကြိုးစားဖို့ အမြဲပြောသည်။ သူတစ်ပါးဆီမှာ အလုပ်သမား မလုပ်ရတာ အကောင်းဆုံး ဖြစ်သည်။

ချီရှန်ကျားသည် ဗဟိုပြည်နယ်အကယ်ဒမီတွင် ဝင်ခွင့် စာမေးပွဲကို အောင်မြင်ပြီးနောက် သူ့အဖေ ခံစားနေရတဲ့ ဂုဏ်ယူမှုကို ဘယ်တော့မှ မမေ့နိုင်ပါ။

အဖေဖြစ်သူက တခြား ရွာသားတွေ အရှေ့မှာ ခေါင်းထောင်နိုင်တာ ပထမဆုံး ဖြစ်သည်။

အသက်ရှင်လာတဲ့ ဆယ်နှစ်ကျော်အတွင်းမှာ သူ့အဖေ ဒီလောက်ပျော်နေတာကို ပထမဆုံး အကြိမ် မြင်ဖူးခြင်း ဖြစ်သည်။

လွန်ခဲ့တဲ့ နှစ်ဝက်က ကျောင်းထွက်ရဖို့ အလားအလာများနေပြီး စိတ်ထဲမှာ ရှုပ်ယှက်ခတ်ကာ ကိုယ့်ကိုယ်ကို သတ်သေဖို့အထိတောင် ချီရွှန်ကျား စဉ်းစားခဲ့ဖူးသည်။ ကာယအလုပ်သမား လုပ်ရမှာကို မကြောက်သော်လည်း သူ့အဖေ စိတ်ပျက် အားငယ်သွားမဲ့ မျက်နှာကို မကြည့်ရဲလို့ ဖြစ်သည်။

ဆရာဆွန်းရဲ့ လက်တစ်စုံက သူ့ကို ကူညီခဲ့သည်။ အရမ်းကို စိတ်ပျက်အားငယ်နေတဲ့ အချိန်မှာ ဆွန်းမိုက သူ့ဘဝကို ကယ်တင်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီရှန်ကျားသည် သူတော်စင်အဆင့် ကျင့်စဉ်ကို သင်ယူပြီးပါက သူ့အရည်အချင်းက မလိုက်နိုင်ရင်တောင် အတော်အတန် ကောင်းမွန်တဲ့ ဘဝတစ်ခု နေထိုင်သွားနိုင်သည်။

ဖုန်း

ချီရှန်ကျားသည် အိမ်ဘက်သို့ လှည့်ပြီး ဒူးထောက်ကာ အရိုအသေ ၁၈ကြိမ် ပေးလိုက်သည်။

(ဒီကျင့်စဉ်ကို မဖြစ်မနေ ကျွမ်းကျင်ရမယ်။ သေသွားရင်တောင် ဆရာဆွန်း မျက်နှာ မပျက်စေရဘူး)

ရိုးအတဲ့ လူသည် မျက်ရည်တွေ သုတ်လိုက်ပြီး မျက်လုံးများက ဆုံးဖြတ်ချက်တွေ ခိုင်မာနေသည်။

ဒင်

"ချီရွှန်ကျားရဲ့ ဘဝကို ပြောင်းလဲစေပြီး ဘဝရည်မှန်းချက်ကို ပြန်ရှာတွေ့ကာ ပိုကြိုးစားဖို့ တွန်းအား ပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ မြတ်ဆရာ တံဆိပ်တစ်ခု"

စနစ်ဆီက ဂုဏ်ပြုတဲ့အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ဆွန်းမို အရှေ့တွင် မြတ်ဆရာတံဆိပ် တစ်ခု ပေါ်လာသည်။

“အမ်”

ဆွန်းမို ကြောင်သွားသည်။ ဒါက မမျှော်လင့်ထားတဲ့ ပျော်ရွှင်မှုပါ။

“ဒါက မြတ်ဆရာတွေ တည်ရှိနေရတဲ့ အကြောင်းတရားပဲ။ ကျောင်းသားတွေ လမ်းပျောက်ပြီး ရပ်တန့်နေတဲ့အချိန်မှာ သူတို့ ဆက်သွားနိုင်အောင် လမ်းကြောင်းတစ်ခု

ဖန်တီးပေးရတာပဲ။ ဆွန်းမို ကျေးဇူးပြုပြီး ဆက်ကြိုးစားပါ”

စနစ်က ဆွန်းမိုကို အားပေးလိုက်သည်။

ချီရှန်ကျားကို အမှိုက်ဖြစ်နေလို့ဆိုပြီး ဆွန်းမိုက မစွန့်ပစ်ခဲ့ပါ။ ဒါက စနစ်ကို အရမ်းကျေနပ်စေသည်။ ဒါက မြတ်ဆရာတစ်ယောက်မှာ ရှိတဲ့ စိတ်ဓါတ်နဲ့ ပင်ကိုယ်စရိုက် ဖြစ်သည်။

အရင်တုန်းက ပိုင်ရှင်များသည် နတ်ဘုရားမျက်စိ အာရုံကို အားကိုးပြီး အလားအလာ တန်ဖိုးမြင့်တဲ့ ကျောင်းသားများကိုသာ လမ်းညွှန်ကြသည်။ သူတို့က

သိသိသာသာ လက်တွေ့ဆန်ပြီး အကျိုးအမြတ် အတွက်ပဲ လမ်းညွှန်ပေးခဲ့ကြသည်။

ဒင်

"ချီရှန်ကျားနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် သိသိသာသာ တိုးတက်လာတဲ့ အတွက် အထူးဆုအနေနဲ့ ရွှေရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမိုက ပြုံးပြီး လုချီဟွာခေါင်းကို ပုတ်လိုက်သည်။

"ဖွင့်"

ကလစ်ဆိုတဲ့အသံနဲ့အတူ ရတနာသေတ္တာသည် အလင်းရောင် တဖျတ်ဖျတ် တောက်လာသည်။

အနီမြန်းတဲ့ အရောင်တောက်နေတဲ့ စွမ်းရည်စာအုပ်တစ်ခု ကျန်ခဲ့သည်။

“နောက်ဆုံးတော့ အစိမ်းရောင် မဟုတ်တော့ဘူး”

ဆွန်းမို နှုတ်ခမ်း လှုပ်သွားသည်။ ပစ္စည်းတစ်ခုက အစိမ်းရောင်တောက်နေရင် သဘာဝ ဒါမှမဟုတ် အပင်များနဲ့ စပ်ဆက်နေတာကို သူသိပြီးသားပါ။

ဒင်

"အမှောင်မျိုးစိတ် ကြောက်မက်ဖွယ်ရာ သားရဲများ၏ စွယ်စုံကျမ်း တစ်စိတ်တစ်ပိုင်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ သားရဲ အမျိုးအစား ၁ဝဝရဲ့ အချက်အလက်တွေ ပါတယ်။ ကျွမ်းကျင်မှု အဆင့် အခြေခံ အဆင့်"

"ငါ သွားအိပ်လိုက် အုံးမယ်"

ဆွန်းမိုသည် အခန်းထဲ ပြန်သွားသည်။

"လေ့လာမယ်"

ရွှစ်

ကျွမ်းကျင်မှု စာအုပ်က အနီရောင် အလင်းတန်းအဖြစ် ပြောင်းလဲသွားပြီး ဆွန်းမိုနဖူးထဲ တိုးဝင်သွားတာနဲ့အမျှ သူ့ တစ်ကိုယ်လုံး နီရဲတောက်ပလာသည်။

"တောက်၊ အရင်တုန်းက အစိမ်းရောင်၊ အခုတော့ အနီရောင်၊ နောင်များ အဝါရောင်ဖြစ်သွားလို့ကတော့ ငါတော့ လူသား ပုံစံ မီးပွိုင့်နဲ့တူနေတော့မှာပဲ"

ဆွန်းမိုက လျှောင်ပြောင်လိုက်သည်။ အဲဒီနောက် ရက်စက်ကြမ်းကြုတ်တဲ့ သားရဲအကြောင်း

အသိပညာအသစ်က သူ့အာရုံကို ဆွဲဆောင်သွားသည်။

ကြောက်ဖို့ကောင်းတယ်၊ ရက်စက်ကြမ်းကြုတ်တယ်၊ သန်မာတယ်။

ရှေးပဝေသဏီ အော်ရာတွေက သူ့မျက်နှာကို ရိုက်ခတ်သွားသည်။

ဆွန်းမိုက သူ့ရဲ့ အနေအထားကို မြှင့်တင်ရန်အတွက် စွယ်စုံကျမ်း အသိပညာကို ကို့ကိုယ်ကို သွန်းလောင်းလိုက်သည်။ ထို့နောက်မှာ

ကျွမ်းကျင်မှုအဆင့်ကို နောက်တစ်ဆင့် မြှင့်ရန်အတွက် အလွတ်ကျက်နေသည်။

....

အဆောင်ထဲမှာ လိုဒီသည် ဝက်ထမင်းပေါင်း ထည့်ထားတဲ့ ထမင်းဘူးကို ကျစ်ကျစ်ဆုပ်ထားပြီး တုန်ယင်နေသည်။ ဆွန်းမိုကို သွားရှာသင့်လား ၊ မသွားသင့်ဘူလား ဆိုတာ တွေဝေနေသည်။

လက်ရှိဆွန်းမိုက သူနဲ့အဆောင်နေဖက် အရင်ဆွန်းမို မဟုတ်တော့ပါ။ လက်ရှိ ဆွန်းမိုက

လူ့အသိုင်းအဝိုင်းရဲ့ မြင့်မားတဲ့ အဆင့်မှာ ရောက်နေပြီး မျှော်ကြည့်နေရတဲ့သူ ဖြစ်နေပြီ။

အခန်း (၄၂၀) - လုပ်ဖော်ကိုင်ဖက် လမ်းညွှန်ချက် တောင်းခံခြင်း။

လိုဒီရဲ့ ခံစားချက်သည် ဆောင်းရာသီမှာ ခြောက်သွေ့နေတဲ့ စပျစ်နွယ်ပင်နဲ့ တူနေသည်။ ဒေါသလုံးဝမရှိဘဲ မှုန်ကုတ်ကုတ် ဖြစ်နေသည်။

ဗဟိုပြည်နယ်အကယ်ဒမီသည် စီ-အဆင့်သို့ တက်သွားပြီ။ ပျော်ရွှင်ရသလို ကြီးမားတဲ့ ဖိအားလည်း ဝင်နေသည်။ တဟုန်ထိုး ကြီးမားလာတဲ့ လှိုင်းလုံးကြီးအောက် နစ်မြုပ်ချင်နေပြီ။

လိုဒီသည် သူ့အခြေအနေကို သူ ရှင်းရှင်းလင်းလင်း သိသည်။ သူ့ရဲ့ ခွန်အားနဲ့ အရည်အချင်းက သာမန်ပဲ ရှိသည်။ ဆရာအသစ်တစ်ယောက်အနေနဲ့ ကျောင်းမှာ

အလုပ်ဝင်ချင်သည်။ ဒါပေမယ့် ကျောင်းက အဆင့်တက်လာပြီးနောက် အစမ်းဆရာတွေရဲ့ လိုအပ်ချက် တင်းကျပ်လာတော့မည်။ ဆရာတစ်ယောက်အနေနဲ့ ကျောင်းမှာ အလုပ်လုပ်ချင်တဲ့ သူ့မျှော်လင့်ချက်တွေက မှုန်ဝါးဝါး ဖြစ်လာပြီ။

ဟူး

လိုဒီ သက်ပြင်းချလိုက်သည်။ ဝက်ပေါင်ခြောက်ကို ထမ်းပြီး ဆွန်းမိုကို ရှာဖို့ ထွက်လာသည်။ အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ

ကြိုးစား ကြည့်ရမည်။ သူ့ အနာဂတ်က စိုးရိမ်ဖို့ကောင်းနေပြီ။

"အင်း ၊ အရင်တုန်းက ဆွန်းမိုနဲ့ ဆက်ဆံရေးကောင်းအောင် လုပ်ခဲ့မိရင် ဘယ်လောက်ကောင်းမလဲ"

ဒါကိုတွေးပြီး လိုဒီ စိတ်ထဲမှာ နောင်တရနေသည်။

အအေးဒဏ်ကို အံတုကာ လိုဒီသည် အိမ်ရာဘက်သို့ ထွက်လာခဲ့သည်။ ခမ်းနားပြီးထည်ဝါတဲ့ အဆောက်အဦးနဲ့

ငြိမ်းချမ်းတဲ့လေထုကို မြင်ပြီး လိုဒီ ပိုစိတ်ဓါတ်ကျသွားသည်။

သူတို့သည် တူညီတဲ့အသုတ်က ဆရာအသစ်များဖြစ်သော်လည်း ဘာဖြစ်လို့ ဆွန်းမိုထက် ပိုညံ့နေရတာလဲ။

(ဆွန်းမို၊ မင်းက မဟားကိုးထဲက ဘွဲ့ရတစ်ယောက်လို့ ပြောလျှင် ငါ့ရဲ့ နိမ့်ကျမှုကို ဝန်ခံမိမှာပဲ။ ဒါပေမယ့် သူက သာမန်ကျောင်းက ဘွဲ့ရတစ်ယောက်ဆိုတာ ရှင်းလင်းနေတယ်)

လိုဒီသည် ခြံတံခါးအရှေ့တွင် ရပ်နေသည်။ သူက တံခါးမခေါက်ဘဲ အထဲကို ချောင်းကြည့်ဖို့ လုပ်လိုက်သည်။

ကလောက်

တံခါးက ရုတ်တရက် ပွင့်လာသည်။

လှပတဲ့ မိန်းကလေးတစ်ယောက် လမ်းလျှောက်ထွက်လာသည်။ သူမရဲ့ အသွင်အပြင်က ပြေပြစ်ပြီး လှပတဲ့ မျက်နှာလေး ရှိသည်။ သူမရဲ့ ပေါ့ပေါ့ပါးပါး အပြုအမူတွေက မျိုးနွယ်စုကြီး တစ်ခုရဲ့ အငွေ့အသက်တွေကို ထင်ရှားစေသည်။

"ဘယ်သူ့ကို ရှာနေတာလဲ"

ဒေါင်ဟီက မေးလိုက်သည်။

ဒီလူက အိမ်ထဲကို စိုးရိမ်တကြီး ကြည့်နေသည်။ ဒါကြောင့် ဒီလူသည် လူကောင်းလား ၊ လူဆိုးလားဆိုတာကို ရှင်းရှင်းလင်းလင်း သိအောင် မေးလိုက်သည်။

ဘယ်လိုပဲဖြစ်နေပါစေ သူ့သခင် ရှိနေသည်။ ဒီလူက ဆွန်းမိုကို လန့်အောင် လုပ်လိုက်လျှင် သခင်က ထွက်လာပြီး ဒီကောင်ကို ဘောင်းဘီထဲ သေးထွက်ကျအောင် ရိုက်လိမ့်မည်။

"ငါ...ငါ့နာမည်က လိုဒီပါ။ ငါက ဆွန်းမို.....ဆရာဆွန်းရဲ့ လုပ်ဖော်ကိုင်ဖက်ပါ။ တစ်ချိန်တုန်းက အဆောင်မှာ အတူတူ နေခဲ့ကြတယ်။ သူချန်ပီယံဆု ရခဲ့တယ်ကြားလို့ လာဂုဏ်ပြုတာ"

လိုဒီ စကားအနည်းငယ် ထစ်သွားသည်။ ဒီလို ချောမောလှပတဲ့ မိန်းမတစ်ယောက်နဲ့ တစ်ခါမှ စကားမပြောဖူးပါ။ ဒါကြောင့် စိတ်လှုပ်ရှားနေမိသည်။

"တောက် ၊ မလာခင် အကျီ လျှော်ထားသင့်တယ်"

လိုဒီသည် တိတ်တိတ်လေး ဒေါသထွက်နေသည်။ အဲဒီနောက်မှာ စိတ်ပူသွားသည်။ ဆွန်းမိုက သူ့ကို

ငြင်းလိုက်ရင်ကော။ အမှန်တော့ ဆွန်းမိုနဲ့ သူငယ်ချင်းလို့ ပြောလိုက်ချင်သော်လည်း အဲဒီလို မလုပ်ရဲခဲ့ပါ။

ဆွန်းမိုဘက်က ထပ်တူ ခံစားချက်မရှိရင် ဘယ်လို လုပ်မလဲ။

"ခဏစောင့်။ သခင်ကို သွားပြောလိုက်အုံးမယ်"

အိမ်အကူ တစ်ယောက်အနေနဲ့ ဒေါင်ဟီမှာ ဆွန်းမိုအစား ဆုံးဖြတ်ချက် ချခွင့် မရှိပါ။ သတင်းပို့ခြင်းက သူမအလုပ်ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

"သ..သခင်လား"

လိုဒီ အရမ်းအံ့အောသွားသည်။ သူမကို ဆွန်းမိုရဲ့ သူငယ်ချင်း ဒါမှမဟုတ် အမျိုးလို့ ထင်ထားခဲ့သည်။ တကယ်ပဲ အိမ်အကူ ဖြစ်နေမယ်လို့ မထင်ထားခဲ့ပါ။

ဒါပေမယ့် သူမက အရမ်းလှသည်။ ဘာဖြစ်လို့ အိမ်ဖော် ဖြစ်နေရတာလဲ။

လိုဒီသည် စိတ်ထဲမှာ ရင်နာစွာ ငိုကြွေးနေသည်။ အခုမှ ပေါက်လာတဲ့ အချစ်မျိုးစေ့လေးက ကြီးမားတဲ့ ခြေဖဝါးအောက် ရောက်သွားပြီ။

"ချမ်းသာတာ စောက်ရမ်းမိုက်တယ်"

လိုဒီ သက်ပြင်းချလိုက်သည်။ သူသည် ကိုယ်ဟန်အနေအထားကို တည့်မတ်အောင် ထိန်းလိုက်သည်။ သူ့အမူအရာက အရမ်းကြီး မနှိမ့်ချတော့ပါ။ သူငယ်ချင်းများကြားတွင် လူနေမှု အဆင့်အတန်းက ဘယ်လောက်ပဲ နိမ့်ကျနေပါစေ အစမ်းခန့် ဆရာတစ်ယောက် ဖြစ်နေဆဲပါ။ အနည်းဆုံးတော့ အိမ်ဖော်အရှေ့မှာ နှိမ့်ချနေစရာ မလိုပါ။

မိနစ် အနည်းငယ်ကြာတော့ ဒေါ်ဟီ ပြန်ထွက်လာသည်။

လိုဒီသည် ခါးကွေးလုနီးပါး ဖြစ်နေသည်။ မျက်နှာကလည်း အစွမ်းကုန်ပြုံးထားသည်။

ဒီအတွက်လည်း အဖြေကမရှိပါ။ သူက ဒီကို အကူအညီတောင်းဖို့ လာခြင်းဖြစ်ပြီး မောက်မာနေလို့ မရပါ။ တဖက်လူက အိမ်အကူဖြစ်ပေမယ့် ဆွန်းမိုရဲ့ အိမ်ဖော်ပါ။ ဒါကြောင့်လည်း အကြောင်းအရာများက ကွဲပြားသွားသည်။

အဲဒီနောက် ဒေါင်ဟီက လမ်းကို ဦးဆောင်သွားသည်။

တံခါးကို ကျော်ပြီး အတိုင်းအတာတစ်ခုအထိ လမ်းလျှောက်ပြီးနောက် လိုဒီသည် ညှော်ခန်းတစ်ခုအထဲသို့ ရောက်လာသည်။ ဆွန်းမိုက အရမ်းချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်နဲ့ စကားပြောနေတာ မြင်လိုက်ရသည်။

“ဂျီမဲဂျဲပဲ”

လိုဒီရဲ့ စိတ်ဝိညာဉ် တောင့်တင်းသွားသည်။ အလိုလို အကောင်းဆုံး အပြုအမူကို လုပ်လိုက်မိသည်။ ဒါက ကျောင်းအုပ်ကြီးအန်ရဲ့ အခင်ဆုံး သူငယ်ချင်းကောင်းဖြစ်ပြီး ကျောင်းမှာရှိတဲ့

ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်သည်။ သူမသာ သူ့ကို သဘောကျသွားခဲ့လျှင် ကျောင်းမှာ ဆရာတစ်ယောက်အနေနဲ့ အလုပ်ဝင်နိုင်ပြီး အတော်လေး ကောင်းမွန်တဲ့ အနာဂတ်ကို ပိုင်ဆိုင်ရလိမ့်မည်။

"ဆရာလို"

ဆွန်းမိုက မတ်တပ်ရပ်ပြီး နှုတ်ဆက်လိုက်သည်။

"ဒေါင်ဟီရေ၊ လက်ဖက်ရည် တစ်ခွက်လောက် လုပ်ပေးပါအုံး"

"မလုပ်ပါနဲ့ ၊ မခံယူရဲပါဘူး။ ဆရာဆွန်း၊ လိုဒီလို့ ခေါ်တာ ပိုကောင်းမယ်"

လိုဒီက ကမန်းကတမ်း ပြောလိုက်သည်။ သူက နှိမ့်ချခြင်တာ မဟုတ်သော်လည်း ဒါက မြတ်ဆရာလောကတွင် ပြောစရာမလိုတဲ့ စည်းကမ်း တစ်ခု ဖြစ်သည်။

ကျောင်းမှာ တရားဝင် အလုပ်မဝင်ရသေးတဲ့ အစမ်းခန့် ဆရာများသည် သူတို့ အချင်းချင်း နှုတ်ဆက်တဲ့အခါ ရှီ (ဆရာစာလုံး အတိုကောက်) စကားကို ထည့်သုံးနိုင်သည်။ ဒါပေမယ့် တရားဝင်

ဆရာတွေနဲ့တော့ မတူပါ။ သူတို့ကြတော့ ဆရာ (လားရှိ) ဆိုတဲ့ စကားလုံးနဲ့ တရားဝင်ဆရာများကို လေးစားမှုအပြည့်နဲ့ ခေါ်ကြသည်။

နောက်ဆုံးတွင် အစမ်းခန့် ဆရာတစ်ဝက်လောက်က အလုပ် မဝင်နိုင် ဖြစ်ကြမည်။

"ဆရာလို"

ဂျိမဲဂျဲကလည်း မတ်တပ်ထပြီး ခေါင်းညိတ် ပြလိုက်သည်။

"ဆရာဂျိ"

လိုဒီက ကမန်းကတမ်း အရိုအသေပေးလိုက်သည်။ ဂျိမ်ဂျဲက သူ့ကို မတ်တပ်ရပ်ပြီး လက်ခံနေတာလား။ ဒီကို အရမ်းမျက်နှာသာပေးတယ်လို့ ခံစားလာရသည်။ ဒါပေမယ့် ဒါက ဆွန်းမိုကြောင့်ဆိုတာ သိနေသည်။

"ထိုင်"

ဆွန်းမိုသည် ချင်လင်ကို စရောက်တုန်းက အခြားလူသုံးယောက်နဲ့အတူတူ တစ်ခန်းတည်း နေခဲ့သည်။ ယွမ်ဖန်က ထွက်သွားပြီ။ လိုဒီက ဝက်ထမင်းပေါင်း ချက်ပြုတ်နေတုန်းပဲ ထင်သည်။

ဆွန်းမိုက

"ဆရာကျန်းက ဘယ်မှာလဲ"

"သူ နှုတ်ထွက်သွားတာ ကြာနေပြီ"

လိုဒီက သက်ပြင်းချရင်း ပြောလိုက်သည်။

ကျန်းရှန်သည် ဆွန်းမိုနဲ့ ပဋိပက္ခ သေးသေးလေး ဖြစ်ဖူးသည်။ သူ အလုပ်ကြိုးစားပြီး ဆွန်းမိုထက် သာလွန်အောင် လုပ်ချင်သော်လည်း အချိန်ကြာလာတာနဲ့ အမျှ ကွာဟမှုက ကြီးမားလာသည်။ ဒါကို ဘယ်သူထင်မှာလဲ။ အထူးသဖြင့် ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆိုင်ရာ

ဆေးပညာအတန်းကို တက်ရောက်ပြီးတဲ့နောက်မှာ ပြိုကျသွားခဲ့သည်။ အဲဒီနောက် လုံး၀ တောင့်မခံနိုင်တော့ဘဲ ဗဟိုပြည်နယ် အကယ်ဒမီက နှုတ်ထွက်သွားသည်။

"အို"

ဆွန်းမိုက ဒီလို အသေးအဖွဲ့ ဇာတ်ရုပ်ကို စကား အဖြစ်မေးလိုက်ခြင်းသာ ဖြစ်သည်။ သူ့ရဲ့ လက်ရှိ ပြိုင်ဘက်တွေက လျိုမူဘိုင်နှင့် မာရှန်တို့လို နာမည်ကြီး ဆရာများဖြစ်သည်။

"နောက်နှစ်လကြာရင် ကြယ်တစ်ပွင့် စာမေးပွဲ ဖြေဖို့ သွားမှာ မဟုတ်လား။ အောင်မြင်ပါစေလို့ ကြိုဆုတောင်းထားပေးမယ်"

လိုဒီက ပြုံးပြီး ပြောလိုက်သည်။ ဒေါင်ဟီက လက်ဖက်ရည် ယူလာတာ မြင်လျှင် ချက်ခြင်းထပြီး ယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ပြုံးရင်း ပြန်ဖြေသည်။

“ဆရာလိုရော သွားမှာလား။ ငါ့ကို ဆွန်းရှီ ဒါမှမဟုတ် ဆွန်းမိုလို့ ခေါ်လို့ ရပါတယ်။ ဆရာဆွန်းလို့ ခေါ်စရာ မလိုပါဘူး”

“ငါလည်း တွေဝေနေတယ်။ ဆုံးဖြတ်ချက် ချနိုင်အောင် ကူညီပေးပါအုံး”

ထိုအရာက လိုဒီ ဒီကိုလာရတဲ့ အဓိက အကြောင်းအရင်း ဖြစ်သည်။ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို တိုးမြှင့်တာ အပြင် ဆွန်းမိုကို ရှာရတဲ့ အကြောင်းအရင်းက ဆွန်းမိုကို သူ့ရဲ့

လက်ရှိအခြေအနေနဲ့ ပက်သက်ပြီး တိုင်ပင်ကာ အကြံဉာဏ်တောင်းချင်လို့ ဖြစ်သည်။

ဆွန်းမိုမှာ နတ်ဘုရားလက်ရှိသည်။ ဒါကို လိုဒီ စမ်းသပ်ကြည့်ချင်နေတာ ကြာနေပြီ။

"ဒီကိစ္စနဲ့ ပက်သက်ပြီး မြတ်ဆရာတွေနဲ့ မတိုင်ပင်သင့်ဘူးလား"

ဆွန်းမို မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဟီးဟီး"

လိုဒီက မချိပြုံး ပြုံးလိုက်ပြီး ဂျိမဲဂျဲကို တစ်ချက်ကြည့်ကာ ခေါင်းငုံ့လိုက်သည်။ (ငါလည်း

လိုချင်ပါတယ်။ ဒါပေမယ့် သူတို့အရှေ့မှာ ငါက ဖောက်ထွင်းမြင်ရတဲ့ လူတစ်ယောက်ပဲ။ သူတို့လို ပုဂ္ဂိုလ်တွေနဲ့ ဘယ်လို ရင်းနှီးမှာလဲ။)

(ဒါပေမယ့် မင်းကတော့ ကျောင်းက ယောကျ်ားလေး အားလုံးရဲ့ အိပ်မက်ချစ်သူဖြစ်တဲ့ ဂျိမ်ဂျဲနဲ့ ပေါ့ပေါ့ပါးပါးလေး စကားပြောနေနိုင်တယ်။ ပုံစံကို ကြည့်ရတာတော့ မင်းတို့နှစ်ယောက်ကြား ဆက်ဆံရေးက တော်တော်လေး ကောင်းတဲ့ပုံပဲ။ ယောကျ်ားလေး ဘယ်နှစ်ယောက်လောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မနာလိုစိတ်နဲ့ သေသွားနိုင်တယ်ဆိုတာ တွေးကြည့်ဖူးလား)

"ဆရာဂျိ၊ မင်းရဲ့ အမြင်ကို ဘာဖြစ်လို့ မဝေမျှတာလဲ"

ဆွန်းမိုက ငြင်းလိုက်သည်။ အမှန်တော့ သူနဲ့ လိုဒီသည် အသက်အရွယ်ခြင်း တူရုံသာမက လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်နေတာက တစ်ချက်၊ ပြီးတော့ ဂျိမဲဂျဲ အရှေ့မှာ ဖြစ်နေသဖြင့် သူမကို မျက်နှာသာ ပေးရလိမ့်မည်။

"ဆရာလို၊ မင်းက အစမ်းခန့် ဆရာတွေကြားမှာ ဘယ်အဆင့် ရှိတယ်လို့ ထင်လဲ"

ဂျိမ်ဂျဲက မငြင်းပါ။

တစ်ချိန်တည်းမှာပင် သူမရဲ့ စိတ်ထဲမှာ ဆွန်းမိုအပေါ် ပိုပြီး အမြင်ကောင်းလာသည်။ ဒါက တခြားလူတွေကို ထည့်စဉ်းစားတဲ့ လူမျိုးပါ။

လိုဒီက သူ့ဆီကနေ လမ်းညွှန်ချက် တောင်းခံဖို့ လာခဲ့ခြင်း ဖြစ်သည်။

ဂျိမ်ဂျဲသည် အရည်အချင်းရှိပြီး အဆင့်အတန်း မြင့်မားကာ လှပတဲ့အတွက် သူမကို လိုက်နေတဲ့

ယောက်ျားများစွာရှိသည်။ အဲဒီလူတွေက သူတို့ရဲ့ ထက်မြက်မှုကို ပြသနိုင်မယ့် အခွင့်အရေးမျိုးကို ဘယ်တော့မှ လက်လွှတ်မခံပါ။

အဲဒီလူများသည် လိုဒီ၏ မေးခွန်းကို ကြားပါက သူတို့က ဘယ်လောက်ထူးချွန်လဲဆိုတာ ပြသဖို့ အာမခံပြီး ရှင်းရှင်းလင်းလင်းပြောဆိုကာ ဂျိမ်ဂျဲရဲ့ အမြင်တွင် အထင်ကြီးအောင် လုပ်ကြလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ အဲဒီလို မလုပ်ခဲ့ပါ။

ဒင်

ဂျိမ်ဂျဲဆီက လေးစားအထင်ကြီးမှု အမှတ် +၃၀။ လေးစား (၃,၃၆၀/၁၀,၀၀၀)

ဆွန်းမိုက ဂျိမ်ဂျဲကို တအံ့တအော စိုက်ကြည့်နေသည်။ (ဘာဖြစ်လို့ လေးစားအထင်ကြီးမှု အမှတ်တွေ ပေးရတာလဲ။ လိုဒီဆီက ဝက်ထမင်းပေါင်း စားချင်လို့လား)

“သာမန်ထက်တော့ ကျော်မယ် ထင်တယ်”

လိုဒီက မချိုပြုံး ပြုံးရင်း ပြန်ဖြေသည်။

“မင်းကိုယ်မင်း ရှင်းရှင်းလင်းလင်း သိနေတဲ့အတွက် မင်းဘာလုပ်ချင်လဲအပေါ်

မူတည်နေပြီ။ ကျောင်းမှာ အလုပ်ဝင်နိုင်ခြေ တိုးချင်တယ်ဆိုရင်တော့ အတွေ့အကြုံ စုဆောင်းဖို့ တိုက်ပွဲဝင်ပါ။ အတွေ့အကြုံတိုးဖို့အတွက် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကိုလည်း ဝင်ဖြေသင့်တယ်။ မင်းရဲ့ အနာဂတ်ကို ယုံကြည်ပြီး ကျောင်းမှာ ကျိန်းသေပေါက် အလုပ်ဝင်နိုင်မယ်လို့ ယုံကြည်ရင် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်မဖြေဘဲ တစ်နှစ် ၊ နှစ်နှစ်လောက် စောင့်နေလို့ ရတယ်”

ဂျိမဲဂျဲက သူမရဲ့ အတွေ့အကြုံကို ပြောပြသည်။

ဆွန်းမိုကလည်း ဒါကိုတွေးနေခဲ့သည်။ အမှန်အတိုင်းပြောရလျှင် လိုဒီက ကောင်းမွန်တဲ့ စွမ်းဆောင်ရည်ကို မပြသနိုင်ခဲ့လျှင် ဗဟိုပြည်နယ် အကယ်ဒမီက ထွက်သွားရဖို့ အလားအလာ များနေပြီ။

ဒါပေမယ့် သူသာ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေလျှင် ရှုံးနိမ့်မှု အန္တရာယ်ကို ထိပ်တိုက်ရင်ဆိုင် ရလိမ့်မည်။

မြတ်ဆရာလောကတွင် ထုတ်မပြောတဲ့ စည်းကမ်းတစ်ခု ရှိသည်။ ‘ဘီ’ အဆင့် ဒါမှမဟုတ် အဲဒီထက် မြင့်တဲ့ကျောင်းများသည် ဘွဲ့ရပြီး နှစ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နှစ်အတွင်း တစ်ကြိမ်တည်း ကြိုးစားရုံနဲ့ ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲကို အောင်မြင်တဲ့ ဆရာများကိုသာ အလုပ်ဌားသည်။

တစ်နည်းပြောရလျှင် တစ်ကြိမ် ကျရှုံးထားပါက ဒုတိယအကြိမ်တွင် အမှတ်အပြည့်ရရင်တောင် အသိအမှတ် မပြုတော့ဘူးလို့ ပြောနိုင်သည်။

လိုဒီ ဝေခွဲရခက်နေသည်။ မဟာကိုးပါးမှာ စာမသင်ချင်တဲ့ မြတ်ဆရာ ရှိလို့လား။ သူတို့မှာ အခွင့်အရေး အရမ်းနည်းမှန်း သိနေရင်တောင် စိတ်ကူးယဉ်နေကြမည်။ ဒါမေပယ့် သူတို့က

ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲမှာ တစ်ကြိမ်ကျရှုံးခဲ့မယ် ဆိုရင် မျှော်လင့်ချက် လုံးဝချုပ်ငြိမ်းသွားလိမ့်မည်။

"ဆရာလို၊ စာမေးပွဲအောင်မြင်တဲ့နှုန်းကမင်းရထားတဲ့ အချက်အလက်တွေနဲ့ မကွာခြားဘူး။ ပြည်နယ်တစ်ခုစီအတွက် လူသုံးရာပဲ သတ်မှတ်ထားတယ်"

ဂျိမဲဂျဲက သူ့ကို သတိပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတော်စင်ဂိတ်သည် မြတ်ဆရာများ၏ အရည်အသွေးနှင့် အရေအတွက်ကို ထိန်းချုပ်ရန် ဒီစည်းကမ်းကို ချမှတ်ထားခဲ့သည်။

နှစ်စဉ်နှစ်တိုင်း စာမေးပွဲမှာ လူဘယ်လောက်ပဲ ဝင်ဖြေပါစေ ထိပ်ဆုံး အယောက် သုံးရာပဲ စာမေးပွဲ အောင်လိမ့်မည်။

လိုဒီ ချက်ခြင်း ပြာသွားကာ အနာဂတ် မှုန်ဝါးသွားသလို ခံစားရသည်။

အခြေခံအားဖြင့်တော့ ဒီစည်းမျဉ်းကြောင့် ဆရာတွေ အများကြီး စာမေးပွဲ ကျသွားလိမ့်မည်။

လိုဒီရဲ့ ပြိုင်ဘက်များသည် တစ်သုတ်ထဲက ဆရာအသစ်များ မဟုတ်တော့ပါ။ အရင်အကြိမ်ကြိမ် ကြိုးစားပြီး ကျရှုံးထားတဲ့ လူဟောင်းတွေလည်း ရှိလိမ့်မည်။

ထုံးစံအတိုင်း စာမေးပွဲကို ငါးကြိမ်ဖြေလို့မှ မအောင်မြင်ရင် စာမေးပွဲဖြေဆိုခွင့်ကို သူတို့ဆီက ရုတ်သိမ်းလိမ့်မည်။

လိုဒီသည် ဆွန်းမိုကို ငုံ့ကြည့်လိုက်လျှင် တည်ငြိမ်နေတာကို မြင်လိုက်ရသည်။ ထိတ်လန့်ခြင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါမှမဟုတ် စိတ်မသက်သာတဲ့ ပုံစံ မရှိပါ။ (အင်း၊ ဒါက ပါရမီရှင်တွေရဲ့ ခံစားမှု ပုံစံဖြစ်ရမယ်)

"ဆရာဆွန်း၊ မင်းကို မေးစရာ ရှိတယ်။ ကျေးဇူးပြုပြီး နတ်ဘုရားလက်ကို သုံးပေးပါလား။ ငါ့အနာဂတ်ကို ဘယ်လိုတိုးတက်အောင် လုပ်ရမလဲဆိုတာ သိချင်တယ်"

လိုဒီက မတ်တပ်ရပ်ပြီး လေးလေးနက်နက် အရိုအသေ ပေးလိုက်သည်။

"ဆရာလို အရမ်းလေးနက်နေပြီ။ ဘာမှ ပြဿနာ မရှိဘူး"

ဆွန်းမိုက တောင်းဆိုချက်ကို မငြင်းလိုက်ပါ။ သူက လမ်းလျှောက်လာပြီး ညာလက်ကို လိုဒီရဲ့ ပုခုံးပေါ်ကို လက်တင်လိုက်သည်။ တကယ်တော့ လိုဒီကို ထိစရာမလိုပါ။ သူက လိုဒီ၏ အချက်အလက်များကို နတ်ဘုရားမျက်စိအာရုံက တဆင့် မြင်နေရသည်။

လိုဒီ ၊ အသက် ၂၀ နှစ်။

သွေးလောင်ကျွမ်းခြင်း ဒုတိယအဆင့်။

ကြွံခိုင်မှု - ၂၃ - ငယ်ငယ်ကတည်းက ဝက်သားကို ခုတ်ထစ်နေခဲ့ရလို့ အပေါ်ပိုင်းကြွံခိုင်မှုက တော်တော် သန်မာသည်။

ဉာဏ်ရည်။ ၂၄ - မရှူးပါဘူး။ အခြားသူများဆီက အလွယ်တကူ အမြတ်ထုတ်လို့ရသည်။

သွက်လက်မှု - ၂၅ - သာမန်ပဲ။ ထပ်လေ့ကျင့်လို့ ရသေးသည်။

ခံနိုင်ရည် - ၂၅ - တစ်ရေးမှ မအိပ်ဘဲ ငါးရက်ဆက်တိုက် ဝက်စွပ်ပြုတ် ချက်ပြုတ်နိုင်သည်။

ဆန္ဒ - ၂၁ - စိတ်ပျက်လက်ပျက်ဖြစ်နေပြီ။ အနာဂတ် လမ်းကြောင်း ပျောက်နေသလို ခံစားနေရသည်။

အလားအလာ တန်ဖိုး - ပျမ်းမျှအထက်။

မှတ်ချက်။ ။ သူ့ရဲ့ ဝက်ထမင်းပေါင်းက တော်တော်လေး စားကောင်းတယ်။

ဆွန်းမို အနည်းငယ် အံ့အောသွားသည်။ လိုဒီရဲ့ အလားအလာက မထင်မှတ်ဘဲ မဆိုးပါ။ ဒါပေမယ့် ဒီအလားအလာက ဆရာတစ်ယောက်အနေနဲ့ ရည်ညွှန်းတာလား။ ဒါမှမဟုတ် ဝက်မွေးမြူရေး သမား တစ်ယောက်အနေနဲ့ ရည်ညွှန်းတာလား။

အခန်း (၄၂၁) - ဇိမ်ခံ အိမ်ကြီးမှာ နေထိုင်ပြီး နာမည်ကြီး လက်ဖက်ရည် အရသာကို ခံစားနေတဲ့ ဆွန်းမိုလိုမျိုး နေနိုင်ရမယ်။

ဆွန်းမိုရဲ့ အကြည့်က ဘေးနားက ဟင်းခွက်ဆီ ရောက်သွားသည်။ ဒါကို မြင်လိုက်လျှင် လိုဒီတစ်ယောက် ချက်ခြင်း စိတ်ဓါတ်ကျသွားသည်။

(နောက်ဆုံး ငါ့ရဲ့ အားသာချက်ကို ပြဖို့ အခွင့်အရေး ရှိပါ့အုံးမလား။ ငါက ပညာတတ်တစ်ယောက်အနေနဲ့ မထူးချွန်ပေမယ့် ဝက်ထမင်းပေါင်းနဲ့ ပက်သက်လာရင်တော့။ တောင်းပန်ပါတယ် ကျန်တဲ့လူတွေကို အချိန်မရွေး အမှိုက်လို့ ပြောလို့ရတယ်)

"ဆရာဆွန်း၊ ဒါက ငါချက်ထားတဲ့ ဝက်သားပေါင်းပါ။ ပုံစံလည်း ဆန်းသစ်ရုံသာမက အဆီကိုလည်း ထိန်းညှိထားတဲ့ ငါကိုယ်တိုင် တီထွင်ထားတဲ့ ဟင်းချက်နည်း အသစ်ပါ။ အစားစားရင်းနဲ့ အဆီရစ်မှာကို စိတ်ပူစရာ မလိုဘူး"

လိုဒီက ပြုံးပြီး မိတ်ဆက်ပေးသည်။ သူက ဟင်းအိုးကို ဖွင့်လိုက်တာနဲ့ မွှေးရနံ့တစ်ခု သင်းပျံ့လာသည်။

ဂျိမဲဂျဲတစ်ယောက် မနေနိုင်ဘဲ အနံ့ခံလိုက်မိသည်။

အနံ့လေးက အရမ်းကောင်းတာပဲ။

ဒါပေမယ့် ပိုအံ့အောဖို့ကောင်းတာက အနူးထိန်းထားတာပဲ ဖြစ်သည်။ အသားနဲ့အဆီတွေက ပျော့လည်း မပျော့သလို မာလည်း မမာပါ။ အရိုးထဲက ချဉ်ဆီကို ထုတ်ယူထားပြီး အသားထဲ ပေါင်းစပ်ထားသဖြင့် တစ်မူ ထူးခြားကာ အရသာကို တိုးပွားစေသည်။

“...............”

ဆွန်းမိုက လိုဒီကို အကဲခတ်နေသည်။ (မင်းအရင်ဘဝတုန်းက စားဖိုမှူးကောင်းတစ်ယောက်

ဖြစ်ခဲ့ရမယ်။ အဲဒီနောက် ဒူးခေါင်းကို မြှားမှန်ပြီး ဆရာတစ်ယောက် ဖြစ်လာတာလား)

"ဆရာဂျို ၊ အရသာ မြည်းကြည့်အုံးမလား"

လိုဒီက

" အများအားဖြင့်တော့ လူတွေက ဝ မှာကြောက်ပြီး အများကြီး မစားရဘူး။ ဒါပေမယ့် ငါ့ရဲ့ ဝက်ထမင်းပေါင်းက ဘယ်လောက်စားစား ဘာမှ မဖြစ်ဘူး။ အဲဒီအတွက်လည်း စိတ်ပူနေစရာ မလိုဘူး"

ဂျိုမဲဂျဲက ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ငြင်းလိုက်သည်။ (ဆွန်းမိုရဲ့ အရှေ့မှာ

ဝက်သားတုံးကြီးကို ဘယ်လို ကိုက်မှာလဲ။ ဒါက ငါ့ရဲ့ ပုံရိပ်ကို ထိခိုက်သွားမှာပေါ့)

"ဆရာလို"

ဆွန်းမိုက လိုဒီရဲ့ မာနကို မထိခိုက်အောင် ဘယ်လိုပြောရင်ကောင်းမလဲ စဉ်းစားနေသည်။

လိုဒီက ချက်ခြင်း မတ်တပ်ရပ်လိုက်ပြီး လမ်းညွှန်မှုကို တောင်းခံတဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

“မင်းရဲ့ အရည်အချင်းက မဆိုးဘူး။ မြတ်ဆရာတစ်ယောက်ရဲ့ လမ်းကြောင်းပေါ်မှာ မင်းကြိုးစားနေသ၍ အောင်မြင်လာလိမ့်မယ်”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

“ဆရာဆွန်း၊ ငါက ဘယ်လိုလူလဲဆိုတာ ငါသိတယ်”

လိုဒီက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

“ဆရာလို၊ မင်းရဲ့ အကန့်အသတ်ထိ ရောက်အောင် အလုပ်ကြိုးစားဖူးလား”

ဆွန်းမိုက မေးလိုက်သည်။

လိုဒီ ငြိမ်ကျသွားသည်။ သူ့အဖေ ဖျားနေတဲ့ နေ့ရက်တွေကို ပြန်သတိရသွားသည်။ မိသားစုရဲ့ စီးပွားရေး ကိစ္စတွေကို တာဝန်ယူခဲ့ရသည်။ အဲဒီအချိန် တုန်းက ငါးရက်ဆက်တိုက် မအိပ်ပဲ ဝက်သားဟင်းများကို ချက်ပြုတ်နေခဲ့ရသည်။

ထိုအချိန်တုန်းက သူ့ရဲ့ ကျွမ်းကျင်မှုလည်း တိုးတက်လာခဲ့သည်။ သူ့ဘာသာသူ လုပ်နိုင်စွမ်း ရှိလာသည်။

“ဝက်သားစွပ်ပြုတ် ချက်မဲ့အချိန်တွေကို မင်းကိုယ်မင်း တိုးတက်ဖို့အတွက်ပဲ အသုံးချပါ”

ဆွန်းမိုက လိုဒီပုခုံးကို ပုတ်ပြီး ပြောလိုက်သည်။

"နောက်ဆို မင်းကကျောင်းဆရာပဲ။ ကိုယ့်အရည်အချင်းကို ကိုယ် အထင်မသေးပါနဲ့"

လိုဒီ ငြိမ်ကျသွားသည်။

"ဆရာလို၊ လှည့်ကွက်တွေနဲ့ မရိုးသားတဲ့အကျင့်တွေကို မေ့လိုက်ပါ။ အဲဒါတွေက အသုံးမဝင်ဘူး။ ကျောင်းမှာ ဆက်နေနိုင်ဖို့က မင်းရဲ့ အရည်အချင်းပေါ်ပဲ မူတည်လိမ့်မယ်"

ဂျိမ်ဂျဲရဲ့ စကားများသည် ပြင်းထန်သော်လည်း အမှန်တရား ဖြစ်နေသည်။

"ဆရာဂျိရဲ့ သင်ကြားမှုကနေ အကျိုးအမြတ် ရလိုက်ပါတယ်"

လိုဒီက အမြန်ထပြီး အရိုအသေ ပေးလိုက်သည်။ ဆွန်းမိုကြောင့်သာ ဒီအရာများကို ပြောနေမှန်း သိသည်။

"အခု ဘယ်မြတ်ဆရာနောက်ကို လိုက်နေတာလဲ"

ဂျိမဲဂျဲက မေးလိုက်သည်။

"ဆရာကျုံ၊ ကျုံရှန်ရီ"

ဒီနာမည်ကို ထုတ်ပြောတဲ့အချိန်တွင် လိုဒီ မျက်နှာ ညှိုးသွားသည်။ အဲဒီမြတ်ဆရာက ဆွန်းမိုနဲ့ တရုံးထဲ

တွဲလုပ်တဲ့ ဆွန်းမိုရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ဖြစ်သည်။

ဂျိမ်ဂျဲက ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်သည်။ ဒါပေမယ့် လိုဒီကတော့ စိတ်လှုပ်ရှားလာသည်။

ဒါက ဘယ်လောက်တောင် အရေးပါတဲ့ ပုဂ္ဂိုလ်လဲ။ သူတို့က တစ်ချက်လောက်ပဲ မျက်နှာပြဖို့ လိုသည်။ ဂျိမ်ဂျဲက ဆရာကျုံအား သူ့အကြောင်းကို သီးသန့်ပြောပေးလိမ့်မည်။

ဗဟိုပြည်နယ်အကယ်ဒမီမှာရှိတဲ့ ဂျိမ်ဂျဲရဲ့ အဆင့်အတန်းကြောင့် ကျုံရှန်ရီ သေချာပေါက်

မျက်နှာသာ ပေးရလိမ့်မည်။ နောင်ဆိုရင် လိုဒီက အခွင့်အရေး ပိုရလာနိုင်သည်။

အနည်းဆုံးတော့ ပိုအားစိုက်ထုတ်ကာ အတွေ့အကြုံများ စုဆောင်းလိုက်လျှင် ဝက်ထမင်းပေါင်း ချက်စရာ မလိုဘဲ ကျုံ့ရှုန်ရီ၏ မှတ်ချက်ကောင်းကို ရနိုင်လိမ့်မည်။

ဒီစကားဝိုင်းသည် ပျော်ရွှင်စရာ မှတ်ချက်နဲ့ ပြီးဆုံးခဲ့သည်။

လိုဒီသည် အိမ်က ထွက်လာပြီးနောက် စိတ်ထဲတွင် ဌက်တစ်ကောင် ဖက်ထားသလိုမျိုး အူမြူးနေသည်။

သီချင်း ဆိုချင်စိတ်တောင် ပေါက်နေသည်။ ဆွန်းမိုနဲ့ စကားပြောရတာ တော်တော်လွယ်သည်။

ဒင်

လိုဒီ၏ လေးစားအထင်ကြီးမှု အမှတ် +၁၀၀၊ ရင်းနှီး (၄၃၀/၁,၀၀၀)

"ဒီလိုသာဆိုရင် အနာဂတ်မှာ ဇိမ်ခံ အိမ်ကြီးကို ဝယ်ပြီး အိမ်အကူတွေနဲ့ တခြားသူတွေထက် သာတဲ့ ဘဝကို ဖြတ်သန်းနိုင်တော့မယ်"

လိုဒီသည် အားရဝမ်းသာစွာ လက်သီးဆုပ်ထားသည်။ (ငါ နာမည်ကြီးလာတဲ့

တစ်နေ့ကျရင် ဂျိမ်ဂျဲလို လှတဲ့ မြတ်ဆရာမတွေနဲ့ ပျော်ပျော်ကြီး စကားပြောပစ်မယ်)

အိမ်ထဲတွင်...................

ဆွန်းမိုက ဂျိမ်ဂျဲကို တစ်ချက်ကြည့်လိုက်ပြီး

"ဘာပြဿနာမှ မရှိပါဘူးနော်"

"ငါက ဆရာကျုံကို လိုဒီကို အခွင့်အရေး တချို့ ပေးဖို့ ပြောလိုက်ရုံပါပဲ"

ဂျိမ်ဂျဲက သူမ လက်အောက်တွင် အစမ်းခန့်ဆရာများ မထားတော့ပါ။ ဒါပေမယ့် သူမလည်း အရင်က အဲဒီအဆင့်ကို ဖြတ်ကျော်ခဲ့ဖူးလို့

အစမ်းခန့် ဆရာတစ်ယောက်ရဲ့ ဘဝက မလွယ်ကူမှန်း သိနေသည်။ ကြမ်းတမ်းတဲ့ လမ်းပြဆရာနှင့် တွေ့လျှင် နှိပ်စက်ညှဉ်းပန်း ခံရုံပဲ ရှိသည်။ နေ့စဉ် ပင်ပန်းရုံသာမက ဆူပူ ကြိမ်းမောင်းခြင်းကိုလည်း ခံနေရမည်။ အရေးအကြီးဆုံးက ဘာအတွေ့အကြုံမှ မရတာပဲ ဖြစ်သည်။

“ဒါက လုပ်ဖို့ မလိုတဲ့ လှုပ်ရှားမှုတစ်ခုပါပဲ။ မင်းရဲ့ လက်ရှိကျော်ကြားမှုနဲ့ဆိုရင် ဆရာကျုံကို တစ်ခုခု ပြောလိုက်တာနဲ့ ပျော်ပျော်ကြီး လိုဒီကို ဂရုစိုက်ပေးလိမ့်မယ်”

ဂျိမ်ဂျဲက ပြုံးပြီး ပြောလိုက်သည်။

ဆွန်းမိုက အရမ်းကြီးမြတ်တဲ့ အနာဂတ်ကို ပိုင်ဆိုင်ထားသည်။ ဒါကြောင့် ကျုံးရှန်ရီလိုလူက ဒီအခွင့်အရေးကို သေချာပေါက် ဆုပ်ကိုင်လိမ့်မည်။

"ကျေးဇူးတင်ပါတယ် ဆရာဂျိ"

ဆွန်းမိုက လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်ပြီး

"အနာဂတ်မှာ မင်းလိုချင်တာ တစ်ခုခုရှိရင် ငါ့ကို အားမနာနဲ့ လွတ်လွတ်လပ်လပ် ပြောလို့ရတယ်"

“မင်းက ကျေးဇူးတင်ကြောင်းကိုပဲ တခမ်းတနားလုပ်ပြီး ပြောနေတော့မှာလား။ ငါ့ကို နှိပ်ပေးလို့ ရတာပဲ”

ဂျိမဲဂျဲက သူမ မျက်နှာကို ထိပြီးပြောလိုက်သည်

“ငါ အသားအရေလှပတဲ့ နည်းစနစ်ကို လိုချင်တယ်။ မကြာခင်က အလုပ်တွေ အရမ်းများပြီး ငါ့မျက်နှာမှာ အမဲစက်တွေ ထွက်လာတယ်လို့ ထင်နေတယ်”

“ကောင်းပြီလေ”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ဂျီမဲဂျဲကို နှိပ်ပေးရတာက ပျော်ရွှင်မှုတစ်ခုလို့ ပြောလို့ရသည်။

ဂျီမဲဂျဲ မျက်လုံး အရောင်တောက်လာသည်။

"အခု ဘာလုပ်ကြမှာလဲ"

"သွားကြတာပေါ့"

ဂျီမဲဂျဲ မစောင့်နိုင်တော့ပါ။ ဆွန်းမိုလက်ကိုဆွဲပြီး အပေါ်ထပ်သို့ တက်သွားသည်။

ဆွန်းမိုရဲ့ လက်ချောင်းအရိုးက မဆိုးဘူး။ ရှည်တယ်၊ သွယ်လျတယ်၊ သန်မာပြီး ပြီးပြည့်စုံတဲ့ အခိုးတွေ ရှိတယ်၊ သင့်တော်တဲ့ တောင့်တင်းမှုလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှိသည်။ သူတို့ထဲက တစ်ခုလောက် စုဆောင်းထားနိုင်ရင် ကောင်းမည်။

ဒါပေမယ့် အဆင်ပြေပါသည်။ ဒီလက်ချောင်း အရိုးလေးတွေနဲ့ အနှိပ်ခံရမယ့် အကြောင်းကို စဉ်းစားပြီး ရတ်တရတ် စိတ်လှုပ်ရှားလာသည်။

ဒင်

ဂျိမ်ဂျဲ၏ လေးစားအထင်ကြီးမှု အမှတ် +၁၀၀၊ ရင်းနှီး (၃,၄၆၀/၁၀,၀၀၀)

“အမ်”

ဆွန်းမို ကြောင်သွားသည်။ ဂျိမ်ဂျဲဆီက ထွက်လာတဲ့ လေးစားအထင်ကြီးမှု အမှတ်ကြောင့် မဟုတ်ဘဲ ဒီလှပတဲ့ ဆရာမလေးက သူ့လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလို့ ဖြစ်သည်။ ပြီးတော့ သူမက အဲဒါတွေကို စွဲလန်း သဘောကျနေတဲ့ ပုံရသည်။

နောက်ထပ် အခိုက်အတန့်တွင် ဆွန်းမို အနည်းငယ် တုန်လှုပ်သွားသည်။

ဂျိမ်ဂျဲက အရိုးစုဆောင်းရတာကို ဝါသနာပါတဲ့ မိန်းမတစ်ယောက်ဆိုတာ သူ မမေ့သေးပါ။

"သူမက ငါ့လက်ချောင်းကို လှီးဖြတ်ပြီး ဖော်မလင်စိမ်ဖို့ စဉ်းစားနေတာလား"

ဂျီမဲဂျဲက သူ့ကို ချစ်မိနေပြီလို့ တွေးရလောက်အောင် ဆွန်းမိုက ဘဝင်ကောင်းမဟုတ်ပါ။

ရှေ့ဟောင်း အနှိပ်ပညာကို လျှင်မြန်စွာ စတင်လိုက်သည်။

အခန်းတံခါး အပြင်ဘက်တွင် ဒေါင်ဟီက သစ်သားတံခါးကို မှီပြီး အထဲက အသံတွေကို

နားထောင်နေသည်။ သူမ မျက်နှာပေါ်တွင် အရမ်းအံ့အောသင့်နေတဲ့ အမူအရာ ဖြစ်နေသည်။

"သခင်က အရမ်းအံ့အောဖို့ ကောင်းတာပဲ။ ဂျိမ်ဂျဲလို မိန်းမတစ်ယောက်ကို ကျအောင် လုပ်နိုင်မယ်လို့ မထင်ထားမိဘူး။ ငါ့ကို ဂရုမစိုက်တာလဲ မထူးဆန်းတော့ပါဘူး"

ဒေါင်ဟီ နှလုံးသားထဲတွင် စိတ်ပျက်ခြင်းများနဲ့ ပြည့်နှက်နေသည်။

ဒေါင်ဟီသည် ဆွန်းမို၏ အိမ်ဖော်ဖြစ်လာတာ ရက်အနည်းငယ်သာ ရှိသေးသည်။ ဂျိမ်ဂျဲ

အရမ်းကျော်ကြားတာကို သိနေသည်။ သူမက လှပပြီး သန်မာသဖြင့် ဗဟိုပြည်နယ် အကယ်ဒမီ၏ အမှတ်သင်္ကေတများထဲက တစ်ယောက် ဖြစ်သည်။ ဒါကြောင့်လည်း ဒေါင်ဟီက သူမအကြောင်း ကောလဟာလများကို ကြားနေရသည်။

"အင်၊ ဂျိမ်ဂျဲက အရိုးစုဆောင်းရတာကို ကြိုက်တယ်လို့ ကြားဖူးတယ်။ သူ့အပေါ် ရှိတဲ့ အချစ်ကြောင့်တော့ ငါသခင်ကို သတ်ပြီး အရိုးစုဆောင်းတာတော့ မလုပ်လောက်ပါဘူးနော်"

ဒေါင်ဟီ စပြီး စိတ်ပူလာသည်။

....

အားလပ်ရက်က အရမ်းကောင်းသည်။ ဒါပေမယ့် ဘယ်အရာက အကောင်းဆုံးလဲ။

ပိုက်ဆံအများကြီး ရှိပြီး ကြိုက်တာဝယ်၊ ကစားချင်တာ ကစားနိုင်ရမည်။ ပိုက်ဆံအတွက် လုံးဝ စိတ်ပူနေစရာ မလိုဖို့တော့ လိုအပ်မည်။

အခုအချိန်တွင် ဆွန်းမိုမှာ ဝင်ငွေ အရင်းအမြစ် အနည်းငယ် ရှိသည်။

လေဘုရင်၏ ဝိညာဉ်ကျောက်တုံးများသည် တိုက်ပွဲရဲ့ အရင်းအမြစ်များ ဖြစ်သည်။ အဲဒါတွေကို

မရောင်းချင်သဖြင့် ငွေသားအဖြစ် ပြောင်းလဲလို့ မရပါ။ ဒါပေမယ့် ဆွန်းမိုသည် အန်ရှိဝေဆီမှာ ရင်းနှီးမြှုပ်နှံထားသည်။

ရောမဆေးထုပ်ကြီး အလုပ်ရုံကလည်း စတင်လည်ပတ်နေပြီ။ ဝယ်လိုအားကလည်း ရောင်းလိုအားထက် များပြားနေသည်။ ဆွန်းမိုသည် လစဉ် ငွေတုံး သိန်းထောင်ပေါင်း များစွာ ရနိုင်သည်။

အလုပ်ရုံ တိုးချဲ့ပြီးတာနဲ့ ပမာဏက ပိုများလာအုံးမည်။ ဒါပေမယ့် ဆွန်းမိုက အဲဒီပိုက်ဆံကို မယူခဲ့ပါ။ သူက အန်ရှိဝေကို တိုးမြှင့်ပြီး

ရင်းနှီးမြှုပ်နှံခွင့် ပေးထားသည်။ သူက စျေးကွက်ကို လျှင်မြန်စွာ သိမ်းပိုက်ပြီး ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဩဇာကို ချဲ့ထွင် ချင်နေသည်။

ပိုက်ဆံလား

ဆွန်းမိုမှာ မရှားပါ။ ဘယ်အရည်အချင်း ချို့တဲ့လို့လဲ။ ရောမ ဆေးထုပ်ကြီးရဲ့ ရောင်းအားတိုးလာတာနဲ့ အမျှ လူတိုင်းသိလာတဲ့ အတိုင်းအတာ တစ်ခုအထိ ရောက်လာလျှင် ကျောင်းတက်ဖို့ အရွယ်ရောက်တဲ့ ကျောင်းသားတွေက ကျောင်းကိုစဉ်းစားတဲ့အခါ

ဗဟိုပြည်နယ် အကယ်ဒမီကို အရင်ဆုံး စဉ်းစားကြလိမ့်မည်။

ဒါက ဆွန်းမိုရဲ့ နောက်ဆုံး ပန်းတိုင်ပါ။

ကျောင်းသားတွေက ဘာဖြစ်လို့ ကျောင်းတက်ချင်ကြတာလဲ။

လက်တွေ့ဆန်တဲ့ တိုးတက်မှုကို ရနိုင်လို့ပဲ။ ဗဟိုပြည်နယ်အကယ်ဒမီ၏ လက်ရှိ ဘဏ္ဍာရေးအခြေအနေက ဂုဏ်သတင်းကြီးမားတဲ့ ကြယ်အဆင့်မြင့်တဲ့ မြတ်ဆရာများကို အမဲလိုက်လို့ မရသေးပါ။ ဒါကြောင့် ဆွန်းမိုသည်

ကျောင်းသားများကို အကျိုးအမြတ် မက်လုံးပေး ဆွဲဆောင်ရမည်။

လတိုင်း ကျောင်းသားများကို ဧရာမ ဆေးထုပ်ကြီးတစ်ထုပ် အခမဲ့ ထုတ်ပေးမည်။ ထူးချွန်ရလဒ်များနဲ့ ထိပ်တန်းကျောင်းသား အနည်းစုကိုတော့ ပိုပေးမည်။ ဒါက သေချာပေါက် ကြီးမားတဲ့ ဆွဲဆောင်မှု တစ်ခု ဖြစ်လာလိမ့်မည်။

ဒါ့အပြင် ကျောင်းဘဏ္ဍာတိုက်ထဲမှာ ဆွန်းမိုပိုင်ဆိုင်တဲ့ ငွေတုံး နှစ်သန်း ရှိသေးသည်။ တစ်ခုက တာအိုဝါဒ ဌက်ဖြူကို သတ်ပြီး ရထားခြင်း

ဖြစ်ပြီး နောက်တစ်ခုက ပြည်နယ် ဘုရင်ခံက ဇောင်ကလန်ရဲ့ ပိုင်ဆိုင်မှုကို သိမ်းပြီးနောက် ပေးထားတဲ့ငွေများ ဖြစ်သည်။

ဆွန်းမိုတစ်ယောက် ချင်လင်ရှိ ထိပ်တန်း ပြည့်တန်ဆာများနဲ့ ပျော်ပါးဖို့အတွက် ဒီငွေတွေက လုံလောက်သည်။ ဒါပေမယ့် ဆွန်းမိုက အဲဒီလို မလုပ်ခဲ့ပါ။ အဲဒီအစား သူတိုးတက်လာအောင် အရင်ကျောင်းအုပ်ကြီးဟောင်းရဲ့ စာကြည့်တိုက်ကို သွားခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လိုပဲဖြစ်ဖြစ် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲဖြေဖို့က နှစ်လပဲ လိုတော့သည်။

တစ်ယောက်တည်း စာဖတ်ရတဲ့ အချိန်တွေက ပျော်ဖို့ ကောင်းသည်။ တစ်ခုတည်းသော ပြဿနာက နှစ်မီတာကျော်မြင့်တဲ့ စောင့်ရှောက်သူ စစ်သား ဖြစ်သည်။ စောင့်ရှောက်သူစစ်သားက အမြဲတစေ ခိုးကြောင်ခိုးဝက် ချောင်းကြည့်နေတတ်သည်။

....

နှစ်သစ်နဲ့နီးလာသဖြင့် ချီစီယန်သည် ကျောင်းကနေ အိမ်ကို စောပြန်လာခဲ့သည်။

ဒုတိယနေ့တွင် ပေါ့ပါးတဲ့အကျႌကို ဝတ်ပြီး ဓါးကို ယူကာ မြင်းစီးပြီး မသေမျိုးအင်းသို့ တန်းသွားလိုက်သည်။

သူ့ကို ကြိုဆိုပွဲ ကျင်းပဖို့ စောင့်နေတဲ့ သူငယ်ချင်းကောင်းတွေ အများကြီး ရှိသည်။

“အစ်ကို ချီ၊ မင်းနောက်ကျတယ်”

“အစ်ကိုချီ၊ ငါတို့ မဆုံတာ တစ်နှစ်လောက် ရှိပြီ။ မင်းအသွင်အပြင်က အရင်ကထက် ပိုကြည့်ကောင်းလာတယ်”

“အစ်ကိုချီ၊ မြန်မြန်လာခဲ့တော့”

အရေးသာရှိလှတဲ့ ဟင်းလျာတွေကို မြန်မြန်ဆန်ဆန်မှာပြီး ဝိုင်ကို ထုတ်ယူလိုက်သည်။ ဗိုက်ဝတဲ့အထိ သောက်ကြတော့သည်။

ချီစီယန်က အစပြုပြီး ဖိတ်ခေါ်သင့်တဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည်။ သူ့အမေက မဟာတန် ဧကရာဇ်ရဲ့ အစ်မကြီးဖြစ်ပြီး တော်ဝင်မိသားစုထဲမှာ တခြားမင်းသားများထက် သူ့အမေရဲ့ သြဇာက ပိုကြီးပြီး အဆင့်အတန်း မြင့်မားသည်။

စားသောက်လို့ ပြီးခါနီးတွင်

ချီစီယန်က ကျောင်းနဲ့ ပက်သက်တဲ့ ကိစ္စအသေးလေး စပြောလာတာနဲ့ တစ်ယောက်က စကားလိုက်သည်။

“အစ်ကိုချီ၊ ငါတို့မင်းသမီးလေးက မင်းတို့ နေရာမှာ တည်နေတယ်လို့ ငါကြားတယ်။ ဘာဖြစ်လို့ သူမကို မခေါ်လာတာလဲ။ ဖြူစင်ပြီး ပြေပြစ်တဲ့ မင်းသမီလေးနဲ့ တွေ့ခွင့် ပေးသင့်တယ်”

မျက်နှာ ဝိုင်းဝိုင်းနဲ့ လူငယ်တစ်ယောက်က ဒီလိုပြောပြီးနောက် ချီစီယန်ဘေးမှာ ထိုင်နေတဲ့

ဘိုင်ဇီယူ မျက်နှာပျက်သွားသည်။ သူ ထအော်လိုက်သည်။

"ဘင်ရွှမ်ရှန်၊ မင်းသောက်တာများ နေပြီလား"

ဘိုင်ဇီယူက ချီစီယန်ရဲ့ အမူအရာကို တစ်ချက်ခိုးကြည့်ပြီး ပြောလိုက်သည်။ သူ့ သူငယ်ချင်းက သူ့ရဲ့ ဝမ်းကွဲကို ဘယ်လောက် တုန်နေအောင် ချစ်လဲဆိုတာ သူကောင်းကောင်း သိသည်။

ဘင်ရွှမ်ရှန်က ချီစီယန်အား သူ့ညီမ ခေါ်ထုတ်ဖို့ ပြောတဲ့အချိန်တွင် သူ့လေသံက နာမည်ကြီး

ပြည့်တန်ဆာတစ်ယောက်ကို ရွေးနေတဲ့ ပုံစံဖြစ်သည်။ သိမ်ဖျင်း လွန်းသည်။

အခန်း (၄၂၂) - အေးစက်တဲ့ ဆောင်းတွင်းထဲက စာကြည့်တိုက်။

ချီစီယန်သည် တန်နိုင်ငံ အကြီးဆုံး မင်းသမီးကြီး၏ အချစ်ဆုံး သားဖြစ်ပြီး သူ့

အလားအလာမှာလဲ အကန့်အသတ် မရှိပါ။ ဒါကြောင့် အရာရှိကြီးများနဲ့ မှူးမတ်အများအပြားက သူတို့နဲ့ ရင်းနီးရင်း နည်းလမ်းပေါင်းစုံနဲ့ တွေးတောကြံဆလေ့ ရှိသည်။

ချီစီယန်၏ အဆင့်အတန်းက အရမ်းသိက္ခာရှိပြီး အဆင့်မြင့် အရာရှိကြီးများ၏ သားသမီးအများစုက သူနဲ့ နီးစပ်ခွင့် မရှိပါ။ ဒါပမယ့် ချီစီယန်မှာ သူ့သူငယ်ချင်းတွေရှိသည်။

ဘင်ရွှမ်ရှန်သည် ချင်လင် အစောင့်အရှောက် ဗိုလ်ချုပ်ကြီးရဲ့ သားဖြစ်ပြီး ဘိုင်ဇီယူက

အလားတူဖြစ်သည်။ သူတို့နှစ်ယောက်စလုံးက စစ်တပ်နဲ့ ဆက်နွယ်နေသည်။ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက တော်တော်လေး အဆင်ပြေတာ မို့လို့ ဒီတစ်ခေါက် ချီစီယန် ကြိုဆိုပွဲအား ခေါ်လာခဲ့သည်။

ဒုန်း

ချီစီယန်က ဝိုင်ခွက်ကို စားပွဲပေါ်သို့ စောင့်ချလိုက်ပြီး ဘင်ရွှမ်ရှန်ကို အပြုံးမပျက် ကြည့်လိုက်သည်။ သူ့ရဲ့ ဝမ်းကွဲလေးက အဖိုးတန်ဆုံး ရတနာဖြစ်ပြီး သူမကို အရှက်ခွဲတဲ့ ဘယ်သူမဆို သေရမည်။

"မင်းသားလေး။ အထင်မလွဲနဲ့။ ငါပြောတာက တခြား အဓိပ္ပါယ် မရှိဘူး"

ဘင်ရွှမ်ရှန်သည် အရမ်းအနေရခက်သွားပြီး ခပ်မြန်မြန် ရှင်းပြလိုကသည်။

"ငါတို့ မင်းသမီးလေးက အရမ်းလှပြီး သန့်စင်ကာ ပြေပြစ်တယ် ကြားမိလို့ပါ။ ပြီးတော့ သူမက ဓါတ်ပုံမှတ်ဉာဏ်လည်း ပိုင်ဆိုင်ထားတယ်ဆို။ ဒါကြောင့် သူမကို တွေ့ဖူးချင်လို့ပါ"

"စီယန်၊ သူက ချင်လင်အစောက်ရှောက် ဗိုလ်ချုပ်ကြီးရဲ့သား"

ဘိုင်ဇီယူက ချီစီယန်ရဲ့နား အနားကို ကပ်သွားပြီး တိုးတိုးလေး ပြောလိုက်သည်။

"မင်းလည်း ကြားပါတယ်။ သူက မင်းသမီးလေး ဇီချီကို သဘောကျနေတာလေ"

"ဟွန့်"

ချီစီယန် မျက်နှာ အနည်းငယ် ပြေလျော့သွားသည်။

"သွား၊ လီဒါဂျီးယားကို ဒီခေါ်လိုက်။ မင်းသားလေး အပန်းဖြေသွားအောင် တစ်ယောက်ယောက်က သီချင်း ဆိုပြဖို့ လိုနေပြီ"

ဘိုင်ဇီယူက ညွှန်ကြားလိုက်သည်။

မသေမျိုး အရက်သမားအင်းသည် ပြည့်တန်ဆာအိမ် မဟုတ်သော်လည်း ဘိုင်ဇီယူသည် ဗိုလ်ချုပ်ကြီးရဲ့သားဖြစ်သည်။ ဒါကြောင့် သူတို့ အရက်သောက်နေတဲ့ နေရာမှာ နာမည်ကြီး ပြည့်တန်ဆာ တစ်ယောက် ခေါ်ဖို့ဆိုတာ သူ့အတွက် ရိုးရှင်းလွန်းသည်။

ဒါကို ပြီးမြောက်အောင် လုပ်ဖို့ ပိုက်ဆံအများကြီး သုံးစရာတောင် မလိုဘူး။ ‘ဘိုင်ဇီယူ’ဆိုတဲ့ နာမည်တစ်လုံးနဲ့တင် လုံလောက်နေပြီ။

ချီစီယန်က ဒေါသထွက်နေသဖြင့် ဘိုင်ဇီယူအပြင် သူနဲ့ပိုရင်းနီးတဲ့ လူတချို့ကလွဲလျှင် ကျန်တဲ့ လူများက ဆောင်းတွင် ပုစဉ်းရင်ကွဲလိုမျိုး တိတ်ဆိတ်သွားသည်။

ရှုခင်းနှင့် နန်းတွင်း ကိစ္စများအကြောင်းကို ပြောပြီး လူငယ်တွေရဲ့ စကားဝိုင်းသည် လီဇီချီဆီ နောက်တစ်ခေါက် ရောက်လာပြန်သည်။

“ရှမ်ရှန်၊ ငါတို့ မင်းသမီးလေးက ဆရာတစ်ယောက်ကို အသိအမှတ်ပြုလိုက်ပြီလို့ ကြားတယ်။ ဒါအမှန်လား”

ဘိုင်ဇီယူသည် သူမအား စိတ်မဝင်စားဘူး ထင်ရပေမယ့် သူမကို လက်ထပ်ချင်စိတ်နဲ့ တစ်ပိုင်းသေနေသည်။ ဒီလိုလုပ်နိုင်ရင် သူ့တစ်ဘဝလုံး ရပ်တည်နိုင်တဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ဘုန်းကျက်သရေကို တစ်ချက်တည်းနဲ့ ရနိုင်သည်။

ပြီးတော့ လီဇီချီကလည်း အရမ်းလှသည်။ သူမလိုမျိုး လှပတဲ့ အလှလေးကိုလည်း ပိုင်ဆိုင်ခွင့်ရခြင်းသည် တစ်သက်စာ ကောင်းချီး ဆယ်ပါးနဲ့ ပြည့်စုံနေလိမ့်မည်။

“ဒီအကြောင်း မပြောနဲ့တော့”

ချီစီယန်ရဲ့မျက်နှာ မည်းမှောင်နေပြီး ဒီကိစ္စကို မပြောချင်ပါ။ သူ့ဝမ်းကွဲက ချင်လင်ကို ဘာဖြစ်လို့ လာတာလဲ။ အပျင်းပြေချင်ရုံ သက်သက်သာမက သာမညသူတော်စင် တစ်ပါးရဲ့ လက်အောက်တွင် သင်ကြားဖို့ တောင်းဆိုခဲ့သော်လည်း အငြင်းခံလိုက်ရလို့ ဖြစ်သည်။

"သာမည သူတော်စင်ဆိုလည်း ဘာဖြစ်လဲ။ ငါစိတ်မကြည်ရင် သူတို့ကျောင်းကို မီးရှို့ ပစ်လိုက်မယ်"

တကယ်တော့ ဒါက အတွေးသက်သက်ပါ။ သာမည သူတော်စင်များသည် တကယ်အံ့အောဖို့ကောင်းသည်။ ဒီလိုမှမဟုတ်ရင် ဦးလေးဖြစ်သူ ဘုရင်ရာထူးနဲ့လူကို ဘယ်လို ပယ်ချမှာလဲ။

“အဲဒါကို ငါလည်းကြားတယ်။ ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတစ်ယောက်တဲ့”

တစ်ယောက်က ဝင်ပြောလာသည်။

“ဗဟိုပြည်နယ် အကယ်ဒမီက အရင်ကျောင်းအုပ်ကြီးအနန် နိုးပြီလား”

ချီစီယန် ရုတ်တရုတ် အံ့အောသွားသည်။ သာမည သူတော်စင်ဖြစ်တဲ့ ကျောင်းအုပ်ကြီး အနန်ကလွဲလျှင် ကျန်တဲ့ မြတ်ဆရာများက သူ့ရဲ့ဝမ်းကွဲကို သင်ကြားပေးဖို့ မထိုက်တန်ပါ။

ဘယ်လိုပဲပြောပြော ဗဟိုပြည်နယ် အကယ်ဒမီက ကျဆင်းနေပြီ။ သူတို့ ဂုဏ်သိက္ခာနှင့် ခွန်အားက အရင်ကနဲ့ဘာမှ မဆိုင်တော့ပါ။

"မနိုးသေးဘူး"

ဘိုင်ဇီယူ မျက်မှောင်ကြုတ်သွားသည်.

"မင်း တကယ် မသိဘူးလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကောလဟာလများသည် မကြာခင်ကပဲ သူတို့အသိုင်းအဝိုင်းထဲကို တောမီးလို ပျံ့နှံ့လာခဲ့သည်။ မင်းသမီး၏ဆရာသည် ဘုန်းကြီး ဆရာတစ်ယောက် မဟုတ်ရုံသာမက မြတ်ဆရာတစ်ယောက်တောင် မဟုတ်ပါ။

လီဇီချီရဲ့ အဆင့်အတန်းအရ မင်းမျိုးနွယ်များနှင့် မှူးမတ်များ ၊ အထူးသဖြင့် အမျိုးသားများ အရမ်းအာရုံစိုက်ထားတဲ့ ကိစ္စဖြစ်သည်။ သူတို့သည် သူမနဲ့ တွေ့ဆုံချင်ပြီး သူမရဲ့ မျက်နှာသာပေးမှုကို လိုချင်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတချို့ဆို ဒုက္ခရောက်နေတဲ့ မိန်းကလေးကို သူ့ရဲကောင်းဆန်ဆန် ဝင်ကယ်ဖို့ လျှို့ဝှက်ပြီး စီစဉ်နေကြသည်။

မြတ်ဆရာတစ်ယောက်တောင် မဟုတ်တဲ့ လူတစ်ယောက်ကို ဆရာတင်ခြင်းသည် အရမ်းရှက်ဖို့ကောင်းတယ်လို့ လူတွေက ယူဆကြသော်လည်း လီဇီချီက လက်မခံပါ။ ဆန့်ကျင်ဘက်အနေနဲ့ ဒါဟာ သူမရဲ့ ကံကောင်းခြင်းလို့ ခံစားရပြီး ဖုံးကွယ်ထားဖို့ မကြိုးစားပါ။

နှစ်ဝက်လောက်ကြာလာလျှင် လူတချို့က သဲလွန်စများကို သတိထားမိ လာကြလိမ့်မည်။ ဒါပေမယ့်လည်း သူတို့ မသေချာရဲပါ။ လီဇီချီရဲ့ အဆင့်အတန်းကြောင့် ကြယ်ငါးပွင့် မြတ်ဆရာတောင် မဟုတ်ဘဲ ကြယ်တစ်ပွင့်မှ မရှိတဲ့ ဆရာတစ်ယောက်ကို အသိအမှတ် ပြုဖို့ဆိုတာ မဖြစ်နိုင်ပါ။

"မင်းနောက်နေတာလား"

ချီစီယန်က ဝိုင်တစ်ငုံ သောက်လိုက်သည်။

“ငါ့ဝမ်းကွဲ ဆရာတင်တာကို ငါ့မိသားစုက မသိဘူးလား”

“အဲဒါကြောင့်ပေါ့ ၊ မင်းသမီးလေး လှည့်စားခံရမှာကိုပဲ စိုးရိမ်တယ်။ ဘယ်လိုပဲပြောပြော သူမက အပြစ်ကင်းတယ်လေ”

ဘိုင်ဇီယူက သက်ပြင်းချရင်း ပြောလိုက်သည်။

ချီစီယန်က မျက်မှောင်ကြုတ်ပြီး ဝိုင်ထပ်သောက်လိုက်ကာ “အဲဒီဆရာ နာမည်က ဘာလဲ” အသံနက်ကြီးနဲ့ မေးလိုက်သည်။

“ဆွန်းမို”

ဘိုင်ဇီယူက နာမည် ထုတ်ပြောလိုက်သည်။

ဖောက်

ချီစီယန်က ဝိုင်ခွက်ကို ရိုက်ချိုးလိုက်သည်။

"လာ၊ ဗဟိုပြည်နယ် အကယ်ဒမီကို သွားရအောင်။ ဆွန်းမိုက ငါ့ဝမ်းကွဲကို လှည့်စားဖို့ သတ္တိရှိရင် သူတို့တစ်မိသားစုလုံးကို ငါသတ်မယ်"

ဝုန်း

အဲဒီ အုပ်စုသည် အင်းထဲကနေ ခမ်းနားသော ပုံစံနဲ့ထွက်လာကြသည်။

ဒါကိုကြားတော့ မသေမျိုး အရက်သမားအင်း သူဌေးက ပြုံးရွှင်တဲ့ မျက်နှာနဲ့ သူတို့နောက်ကို လိုက်လာခဲ့သည်။

"မင်းသားလေး ၊ ဘာဖြစ်လို့ ဒီလောက် မြန်မြန် ပြန်သွားတာလဲ။ အစားအသောက်ကို မကြိုက်လို့လား"

ချီစီယန်က စိတ်မရှည်စွာ လက်ဝှေ့ယမ်းပြပြီး နှင်တံနဲ့ မြင်းကို ရိုက်ကာ မောင်းထွက်သွားသည်။

သူ့ရဲ့အစေခံက ချက်ခြင်းပဲ ငွေတုံး တစ်ထောင်တန်တဲ့ စာရွက်ကို သူဌေးဆီ ပေးလိုက်သည်။

ချီစီယန်က ရက်ရောတဲ့လူဖြစ်သည်။ ဘိုင်ဇီယူနဲ့ ကျန်တဲ့လူတွေက သူ့ကို ကြိုဆိုပွဲ လုပ်ပေးမယ့် သူကပဲ ထုတ်ရှင်းခဲ့သည်။

....

ဒီနေ့ ရာသီဥတုက သာယာသည်။ ဆောင်းရာသီရဲ့ နေရောင်ခြည်က အရမ်းနွေးထွေးပြီး နှလုံးသားကို ကြည်လင်စေသည်။

အိမ်ယာ၏ မြောက်ဘက်တွင် ကိုယ်ပိုင်စာကြည့်တိုက်ရှိသည်။

အန်ရှီဝေက တံခါး တွန်းဖွင့်ပြီး နားထောင်လိုက်သည်။ အဲဒီ သစ်သားလက်ရန်းကို လက်နဲ့ဖွဖွလေးကိုင်ပြီး ဒုတိယအထပ်ရောက်အောင် တက်သွားသည်။ အဲဒီနောက် ဆွန်းမိုကို မြင်လိုက်ရသည်။

သူမရဲ့ ငယ်ချစ်လေးက စာအုပ်စင်ကို မှီပြီး စာဖတ်နေသည်။

မနီးမဝေးမှာရှိတဲ့ ပြတင်းပေါက်ကို ဖွင့်ပြီး နေရောင်ခြည်က ဖြာကျနေသည်။ လေထဲက အမှုန်အမွှားတွေကိုတောင် မြင်နေရသည်။

အန်ရှီဝေသည် တိတ်ဆိတ်ငြိမ်သက်နေတဲ့ မြင်ကွင်းကို မဖျက်ခြင်တဲ့စိတ် ရုတ်တရတ် ပေါ်လာသည်။ သူမက ဘေးမှာ တိတ်တဆိတ် ရပ်ပြီး ဆွန်းမိုရဲ့ မျက်နှာ၊ မျက်ခုံး၊ နှာတံ နဲ့နှုတ်ခမ်းတွေကို ကြည့်ပြီး.....................

သူက တကယ်ချောတဲ့ ယောကျ်ားပဲ။ သူငြိမ်သက်နေတဲ့အခါ ဉာဏ်ပညာ ပြည့်စုံတဲ့ လေထုကို ဖန်တီးပေးနိုင်သည်။

"အမြဲတမ်း ရုတ်တရက် အံ့အောစရာတွေကို ဖန်တီးပေးတဲ့လူပဲ"

အန်ရှီဝေသည် ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီးနောက် စိတ်ပျက်သွားသည်။ ဆွန်းမိုနဲ့ သူမကြားက ဆက်ဆံရေးကို တိုးတက်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ။ အမြဲတမ်း အလိုက်ခံနေရတဲ့ မိန်းမတစ်ယောက်အနေနဲ့ အန်ရှီဝေသည်

သူမဘက်ကစပြီး စကား မပြောခဲ့ဘူးပါ။ ဒါကြောင့် ဆုံးရှုံးနေရသလို ခံစားရသည်။

"အင်း ၊ ပထမအကြိမ်ဆိုတာ အမြဲတမ်း ရှိနေမှာပဲ။ ဘာဖြစ်လို့ ဒီနေ့ မစရမှာလဲ"

အန်ရှီဝေသည် အသက်ခပ်ပြင်းပြင်းလေး တစ်ချက်ရှူပြီး လမ်းလျှောက်ထွက်လာသည်။ ဆွန်းမိုကို ခေါ်မလို့ လုပ်တဲ့အချိန်မှာ "ထန်' ဆိုတဲ့အသံကို ကြားလိုက်ရသည်။

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်လျှင် ခေါင်းတစ်လုံး ဖြည်းညှင်းစွာ လိမ့်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရပ် နှစ်မီတာရှည်တဲ့ စောင့်ရှောက်သူကြီးက ခေါင်းကို လေးဘက်ထောက်ပြီး ကြည့်နေသည်။

“......................”

ဆွန်းမို စကားမပြောနိုင်အောင် ဖြစ်သွားသည်။

(မင်းနဲ့စတွေ့တုန်းက ထုတ်လွှင့်တဲ့ စွမ်းအားနဲ့ ကြီးစိုးမှုတွေ ဘယ်မှာလဲ။ မင်းက ခေါင်းပြုတ်ထွက်နေတဲ့ အရူးပဲ။ အရင်တုန်းက ငါခံစားခဲ့ရတဲ့ အံ့အောမှုကို ငါ့ဆီ ပြန်ပေး)

တစ်ချက်ပြီးတစ်ချက် ခေါင်းကို လိုက်စမ်းပြီးနောက် ကောက်ယူပြီး ကလောက်ဆိုတဲ့

အသံမြည်တဲ့အထိ ဖိနှိပ်လိုက်သည်။ ထို့နောက် ခါးကိုဆန့်ကာ ခြေလှမ်းကျဲကြီးများနဲ့ ထွက်ခွာသွားသည်။

“ဒါကို ဗဟိုပြည်နယ် အကယ်ဒမီရဲ့ စောင့်ရှောက်သူလို့ သတ်မှတ်ရမှာလား”

ဆွန်းမို သိချင်လာသည်။

“ဖြစ်နိုင်တယ်”

အန်ရှီဝေ အသံက အရမ်းနူးညံ့နေသည်။ စောင့်ရှောက်သူရဲ့ ဒီဘက်အခြမ်းကို ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။

အရင်တုန်းကတော့ ဒီစောင့်ရှောက်သူက လူစိမ်းကို အမုန်းဆုံး ဖြစ်ပြီး စာကြည့်တိုက် ရောက်လာတဲ့လူတွေ တစ်ခါမှ မမြင်ရပါ။ ဒါက မတော်တဆပဲလား ဒါမှမဟုတ် ဆွန်းမိုကြောင့်လားဆိုတာ သူမလည်း မသိတော့ပါ။

"ကိစ္စ ရှိလို့လား"

ဆွန်းမိုက စာအုပ်ပြန်တင်ရင်း မေးလိုက်သည်။

"ငါက မြေပြင်ကို စည်းတားပြီး မဆိုင်တဲ့လူတွေ မလာဖို့ တားမြစ်ထားတယ်။ အခုဆိုရင် ပုံရိပ်ယောင် ခန်းမကို အချိန်မရွေး ဆောက်လို့ ရပြီ"

အန်ရှီဝေသည် ဆွန်းမိုရဲ့ အလုပ်သဘော ဆန်လွန်းတဲ့ အပြုအမူကို မကြိုက်ပါ။

"ကောင်းပြီလေ.၊ ဒါဆိုလည်း နေ့လည်ကျမှ လုပ်ကြတာပေါ့"

ဆွန်းမိုသည် ရှန်ယွန်ပေါင်နှင့် ရိုးအတဲ့ ကောင်လေးကို အလုပ်ကြမ်းသမားအဖြစ် ခိုင်းဖို့ စီစဉ်ထားသည်။

"မြတ်ဆရာစာမေးပွဲအတွက် ပြင်ဆင်မှုက ဘယ်လိုလဲ"

အန်ရှီဝေက လျှောက်လာရင်း မေးလိုက်သည်။

"အဆင်ပြေပြေနေတုန်းပဲ"

ခေတ်မီ လူ့အဖွဲ့အစည်းတွင် ဆယ်နှစ်ကျော်ကြာအောင် စာမေးပွဲပြီး စာမေးပွဲ ဖြေဆိုခဲ့သည်။ ဒါသည် ပြည်နယ်ကိုးခုက စာမေးပွဲနှင့် ကွာခြားသော်လည်း သူ့အတွက် စိတ်ဖိအား တစ်စုံတစ်ရာ မရှိခဲ့ပါ။

"မင်း မြတ်ဆရာအရှိန်အဝါ ခြောက်ခုကိုလည်း ဆုပ်ကိုင်ထားပြီး မင်းတပြည့်နှစ်ယောက် ဖြစ်တဲ့ ရှန်ယွန်ပေါင်နဲ့ အင်ဘိုင်ဝူတို့ကလည်း မဆိုးပါဘူး။ သူတို့က တိမ်စိမ်းအဆင့် ဝင်ဖို့ အခွင့်အရေး ရှိတယ်။

ဒါကြောင့် လာမယ့်နှစ်မှာ ကြယ်နှစ်ပွင့် အဆင့် တက်နိုင်လိမ့်မယ်”

အန်ရှီဝေက အကြံပေးသည်။

“လျိုမူဘိုင်က ကြယ်သုံးပွင့်အထိ တက်လှမ်းဖို့ ပြင်ဆင်နေတာ မဟုတ်လား”

ဆွန်းမိုက မေးလိုက်သည်။ အရှိန်အဝါ ၈ ခုကို ဆုပ်ကိုင်ထားသော်လည်း အဲဒါတွေကို ထုတ်ဖော်ဖို့ စိတ်မပါ ပါ။

“အမှန်ပဲ။ လျိုမူဘိုင်က အရမ်း အရည်အချင်း ရှိတယ်။ ပြီးတော့ သူက နှစ်နှစ်ကြာအောင်

အောင့်ထားတယ်။ မြတ်ဆရာ အရှိန်အဝါ လုံလောက်ဖို့ စောင့်နေတာ”

အန်ရှီဝေသည် လျှိုမှုဘိုင် အရမ်း အရည်အချင်း ရှိတယ်လို့ ပြောလိုက်တဲ့ အချိန်တွင် ဆွန်းမိုကို ခိုးကြည့်လိုက်သည်။ အဲဒီနောက် သူမကိုယ်သူမ လျှောင်ပြုံးလိုက်သည်။

သူမက ဂရုစိုက်လွန်းနေပြီ။ ဆွန်းမိုရဲ့ ပွင့်လင်းမှုမျိုးနဲ့ဆို ဒီလိုမျိုး အသေးအမွှား ကိစ္စလေးတွေကို ဘယ်လို စိတ်ပူမှာလဲ။

“သူက မင်းကို ဖွန်ကြောင်နေတာလား”

ဆွန်းမိုသည် ဒီမေးခွန်းကို မေးလိုက်ပြီးမှ အရမ်းမိုက်မဲတယ်လို့ ခံစားလိုက်ရသည်။ လျှိုမှုဘိုင်တွင် ဒီလိုအတွေးမျိုး မရှိပါက မဟာကိုးပါး ကျောင်းတစ်ခုခုမှာ သွားသင်နေတာ ကြာလှပြီ။ ဘာဖြစ်လို့ ဗဟိုပြည်နယ် အကယ်ဒမီမှာ နှစ်အနည်းငယ်ကြာအောင် နေမှာလဲ။

အန်ရှီဝေ အရမ်းနေရခက်သွားသည်။ ပြီးတော့ သူမ အရှေ့မှာ ရပ်နေတဲ့လူက သူမရဲ့ခင်ပွန်းလောင်း ဖြစ်သည်။

ဆွန်းမိုက ပုခုံးတွန့်ပြီး စာအုပ် ဆက်ရှာနေသည်။

"ဆွန်းမို သူ့ကို ဘာဂတိမှ မပေးဖူးဘူး။ ဒါက သူ့ရဲ့ တစ်ဖက်သတ် ခံစားချက်တွေပဲ"

အန်ရှီဝေသည် ဆွန်းမိုရဲ့ လျစ်လျူရှုထားတဲ့ အမူအရာကို မြင်ပြီး နှလုံးသားထဲ နာကျင်ကာ တင်းကျပ်လာသည်။ အမြန်ဆုံး ရှင်းပြလိုက်သည်။

"ကိစ္စ မရှိပါဘူး"

လျှို့မှုဘိုင်သာ ဒါကို ကြားလိုက်လျှင် ဒေါသပေါက်ကွဲပြီး သေသွားနိုင်တယ်လို့ ဆွန်းမို တွေးလိုက်မိသည်။ ကြေကွဲပြီး အရက်ထဲ ခေါင်းနှစ်နေမလား မသိပါ။

လျိုမူဘိုင်သည် အံ့အောဖို့ကောင်းနေသော်လည်း သူမကို လိုက်နေရသေးသဖြင့် သူမရဲ့ဆွဲဆောင်မှုက တကယ်ကို ကြီးမားလွန်းသည်။

ဆွန်းမို ထွက်သွားတာကို မြင်လိုက်လျှင် စကားထပ်ပြောချင်စိတ် မရှိတော့မှာ အန်ရှီဝေ စိုးရိမ်သွားသည်။ အနောက်ကနေ လျှင်မြန်စွာလိုက်သွားပြီး ဆွန်းမို လက်မောင်းကို ကိုင်လိုက်သည်။

"မိုမိုလေး။ ငါ့ကို ယုံပါ။ ငါက မင်းရဲ့ ဇနီးလောင်းပါ။ ဒီပုံရိပ်နဲ့ အထောက်အထားကို မင်းအတွက် တာဝန်ယူမယ်"

အန်ရှီဝေသည် ဆွန်းမို မျက်လုံးကို ကြည့်ကာ လေးနက်တဲ့ လေသံနဲ့ ပြောလိုက်သည်။

"တကယ်တော့ ဒီလို လုပ်စရာ မလိုပါဘူး"

ဆွန်းမိုက လက်ကို ဖယ်လိုက်သည်။ သူက ခေတ်မှီ လူ့အဖွဲ့အစည်းက လာသဖြင့် တစ်ယောက်ယောက်နဲ့ လက်ထပ်ခြင်းအပေါ်မှာ သဘာဝအတိုင်း

အတားအဆီး တစ်ခုရှိနေသည်။ နားလည်ပေးနိုင်သည်။

အန်ရှီဝေက ဆွန်းမိုရဲ့ အပြုအမူကို နားမလည်သဖြင့် ဒေါသထွက်နေတယ်လို့ ထင်သွားခဲ့သည်။ စိတ်တွေထူပူပြီး ဘာလုပ်ရမလဲ မသိတော့ပါ။ အံကြိတ်ပြီး ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည် ။ အဲဒီနောက် နှုတ်ခမ်းခြင်း နမ်းလိုက်သည်။

"အမ်"

ဆွန်းမို ရုတ်တရုတ် အံ့အောပြီး အလိုလို နောက်ဆုတ်သွားမိသည်။

သူတို့ရဲ့ အကြည့်များက ဆုံသွားကာ စာကြည့်တိုက် နောက်တစ်ကြိမ် ပြန်ပြီး တိတ်ဆိတ်သွားသည်။

အန်ရှီဝေသည် ခေါင်းငုံ့ပြီး အကြည့်လွှဲလိုက်သည်။ သူမရဲ့ လှပတဲ့ မျက်နှာလေးသည် ဆေးဆိုးထားသလို နီရဲနေပြီး သူမရင်ဘက်ပေါ်က ယုန်ကလေးတွေကလည်း လျှင်မြန်စွာ ခုန်ပေါက်နေသည်။

"အဲ့,......ဒါ......က ငါ့ရဲ့ ပထမဆုံး အနမ်းပဲ"

အန်ရှီဝေသည် ဒီစကား ပြောပြီးနောက် ရှက်သွားကာ မျက်နှာခြင်း မဆိုင်ရဲအောင် ဖြစ်သွားသည်။

ဆွန်းမိုကလည်း လူပျိုစစ်စစ် တစ်ယောက် ဖြစ်သည်။ မကြာခင် မှော်ဆရာအဖြစ် ရာထူးတိုးခံရတော့မည့် လူငယ်လေး တစ်ယောက်အနေနဲ့ ဗီဒီယို ကြည့်တဲ့ အတွေ့အကြုံသာ ရှိသည်။ (မှတ်ချက်။ မှော်ဆရာ အသက် ၃၀ အထိ တစ်ခါမှ မဘာဘူးတဲ့လူ)

“အန်ရှီဝေရဲ့ အမူအရာနဲ့ သူမရဲ့ အဆင်မပြေတဲ့ အနမ်းပေးပုံကိုကြည့်ရတာ သူမအတွက် ပထမဆုံးဖြစ်နိုင်တယ်”

အကြောင်းတစ်ခုခုကြောင့် ဆွန်းမို အနည်းငယ် ပျော်သွားသည်။

အခန်း (၄၂၃) - တစ်ရက်စာဆရာ၊ တစ်သက်တာအဖေ၊ လူတိုင်း ဒူးထောက်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးသားများသည် လှပတဲ့ မိန်းကလေးတွေကို တောင့်မခံနိုင်ကြပါ။

နွေရာသီမှာ အသားကပ်ခြေအိတ်၊ စကတ်အတိုနဲ့ ဒေါက်မြင့်ဖိနပ် လှလှလေး စီးထားတဲ့ မိန်းမလှလေးတစ်ယောက်ကို မြင်လျှင် ယောကျ်ားလေး ဆယ်ယောက်မှာ ကိုးယောက်က ခိုးကြည့်လိမ့်မည်။ ကျန်တဲ့ တစ်ယောက်က မလုပ်ရဲလို့ဘဲ ဖြစ်မည်။

ဒါက သက်ရှိသတ္တဝါများ၏ မျိုးပွားခြင်းဆိုင်ရာ ဗီဇ ဖြစ်သည်။ ရှက်စရာအကြောင်း မရှိပါ။

ယောက်ျားလေးတွေသည် ဖွန်ကြောင်ရင်း ရန်ဖြစ်တတ်ကြသည်။

ဘာဖြစ်လို့များ မိန်းမတွေကို လိုက်နေရတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ အလှတရားသည် ရှားပါးတဲ့ အရင်းအမြစ် ဖြစ်သည်။ မိန်းမတွေက ပိုလှလေ ယောကျာ်းတွေက သူမတို့ကို လက်ထပ်ဖို့ ပိုတောင်းတလေဖြစ်ပြီး သူတို့ ပေးရတဲ့ တန်ဖိုးကလည်း ပိုကြီးလာသည်။ ဒါက ဘယ်တော့မှ မပြောင်းလဲတဲ့ ဥပဒေသ ဖြစ်သည်။

အန်ရှီဝေသည် အရမ်းလှပြီး ပုံရိပ်ကလည်း ကြီးမြတ်သည်။ ပြီးတော့ အရမ်းအရည်အချင်းရှိပြီး ဆန်းကြယ်ကောင်းကင် အကယ်ဒမီ၏ ထိပ်တန်း ဘွဲ့ရတစ်ယောက် ဖြစ်သည်။ သူမသည် ရာစုနှစ်တစ်ခုရဲ့ ပါရမီရှင် ဖြစ်ပြီး ကျောင်း၏ ထိပ်တန်း အလှလေးတစ်ယောက် အဖြစ် သတ်မှတ်ခံခဲ့ရသည်။ အခုတော့ ချင်လင်တစ်ခုလုံးတွင် ကျော်ကြားတဲ့ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သလို ဗဟိုပြည်နယ် အကယ်ဒမီ၏ ကျောင်းအုပ်ကြီးလည်း ဖြစ်နေသည်။

ဒီလိုမျိုး အပြုသဘောဆောင်တဲ့ အချက်အလက် စရိုက်ပေါင်းများစွာ ပေါင်းထည့်လိုက်လျှင် အမျိုးသားအများစုသည် အန်ရှီဝေ အရှေ့မှာ နိမ့်ကျသလို ခံစားရမည်။ သူတို့ကိုယ်သူတို့ စိတ်ကျေနပ်အောင် ခိုးကြည့်ရုံအပြင် ပေါ်တင် ဖွင့်ပြောရဲခြင်း မရှိပါ။

လျှိုမူဘိုင်လို ပါရမီရှင်တောင် တစ်ကြိမ်တည်း ကြယ်သုံးပွင့် ရရှိတဲ့ ဂုဏ်သိက္ခာကို ဆုပ်ကိုင်ထားပြီးမှ အန်ရှီဝေကို တရားဝင် ဖွင့်ပြောရဲလိမ့်မည်။

အခုအချိန်မှာတော့ အန်ရှီဝေ ဘက်ကစပြီး ဆွန်းမိုကို နမ်းနေပြီ။ မျက်နှာမှာလည်း ရှက်တက်တက် အမူအရာနဲ့ ပြည့်နှက်နေပြီး အချစ်နဲ့ ထိတွေ့လိုက်ရတဲ့ လူလို ဖြစ်နေသည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုသည် စိတ်ထဲမှာ တုန်လှုပ်ခြောက်ခြားနေသည်။ အဲဒီနောက် သာလွန်ထူးကဲတဲ့ ခံစားချက်က နှလုံးသားထဲ ပြည့်နှက်လာသည်။

အခြားနည်းလည်း မရှိပါ။ ဆွန်းမိုလို သာမန်လူ မပြောနဲ့ သူတော်စင်တစ်ပါးတောင် ခံစားမှု ခြောက်ခု ၊ ခုနှစ်ခု လောက်တော့ ရှိနေလိမ့်မည်။

"တကယ်လို့ ငါသာ အန်ရှီဝေနဲ့ နမ်းနေတဲ့ပုံကို အွန်လိုင်းပေါ်တင်လိုက်ရင် အချဉ်ပေါက်သွားတဲ့ လူတွေ အများကြီးရှိမှာ သေချာတယ်။ မဟုတ်ဘူး။ ချက်ခြင်းပဲ ပေါက်ကွဲသွားပြီး ကွန်ယက်တစ်လျှောက် လေးဘက်ထောက် ထွက်လာကာ ငါ့ကို လာထိုးလိမ့်မယ်"

ဆွန်းမိုသည် စိတ်ထဲတွင် ဂယောက်ဂယက်ဖြစ်နေသည်။ ထို့နောက် သူ့ကိုယ်သူ ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။

"မညံ့ဘူး. အရမ်းမညံ့ဘူး"

ဆွန်းမိုသည် ကြိမ်ဆဲပြီးနောက် အန်ရှိဝေကို တအံ့တအာနဲ့ ကြည့်လိုက်သည်။ ရုတ်တရက် သဘောပေါက်သွားသည်။ (ပထမဆုံး အနမ်းမှာ ရှုံးသွပ်သွားတာပဲ)

ဒါတွေ ဖြစ်ပျက်နေတုန်း အန်ရှိဝေက ခိုးကြည့်နေသည်။ သူတို့ရဲ့ အကြည့်များက

တုန်ယင်နေကြသည်။ အန်ရှီဝေက ကြောက်လန့်တကြား ထွက်ပြေးချင်နေတဲ့ ယုန်လေးတစ်ကောင်လို ကြည့်နေသည်။

“ဆွန်းမိုရဲ့ ကြောင် အအ ဖြစ်သွားတဲ့ အမူအရာကို ကြည့်ပြီး သုံးသပ်ရလျှင် သူ့အတွက် ပထမဆုံး ဖြစ်နိုင်တယ်”

ဒီလို အသေးစိတ် အချက်များကို သတိပြုလိုက်ပြီးနောက် အန်ရှီဝေ အလိုလို သက်ပြင်းချလိုက်မိသည်။ နှုတ်ခမ်းမှာလည်း အပြုံး ရိပ်သန်းသွားသည်။ အနည်းဆုံးတော့ ဆွန်းမို

ဖြူစင်နေသေးသည်။ (သူက ငါ့ကို ကြိုက်နေသေးလို့ပေါ့။ ဒီလိုမှမဟုတ်ရင် သူ့လောက် ချောပြီး ထက်မြက်တဲ့ လူက ရည်စားမရှိစရာ အကြောင်း မရှိဘူး)

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား (၇,၆၀၂/၁၀,၀၀၀)

ဆွန်းမို အံ့အောသွားသည်။ (ငါဘာမှ မလုပ်ခဲ့ပါဘူး။ လေးစားအထင်ကြီးမှု အမှတ်တွေ

ဘာဖြစ်လို့ ထောက်ပံ့ပေးတာလဲ။ အန်ရှီဝေက ငါ့ကို တကယ် ကြိုက်နေတာလား)

ဒီလို ရင်းနှီးမှုလေးကြောင့် နှစ်ယောက် စလုံး ဘာပြောရမှန်း မသိခဲ့ကြပါ။ အဆင်မပြေတဲ့ အငွေ့အသက်များကြားတွင် နွေးထွေးတဲ့ အရိပ်အမြွက်လေး ထွက်လာသည်။

“ ဒီလို မလုပ်နိုင်ဘူး။ ငါက ယောကျာ်းလေး။ ငါ လက်နှေးနေလို့ မရဘူး”

ဆွန်းမိုက သူ့ကိုယ်သူ အားပေးပြီး အဆင်မပြေတဲ့ အငွေ့အသက်ကို ဖြတ်တောက်ဖို့ တစ်ခုခု

ပြောခါနီးတွင် ပြင်းထန်တဲ့ ပြုတ်ကျသံကို ကြားလိုက်သည်။

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်လျှင် စောင့်ရှောက်သူရဲ့ ခေါင်းသည် ဖရဲသီးတစ်လုံးလို လိမ့်ထွက်လာတာ မြင်လိုက်ရသည်။ အဲဒီနောက် စာအုပ်စင်နောက်သို့ ရောက်သွားသည်။

စက္ကန့် အနည်းငယ်ကြာတော့ စောင့်ရှောက်သူရဲ့ ခန္ဓာကိုယ်ကို နောက်တစ်ကြိမ် မြင်လိုက်ရသည်။ အဲဒါကြီးက လိုက်စမ်းနေသည်။ အန်ရှီဝေနှင့်

ဆွန်းမိုတို့သည် သူတို့ကို ချောင်းကြည့်နေမယ်လို့ မထင်ထားခဲ့ပါ။

“..................”

ဆွန်းမို ချွေးပြန်နေသည်။ ဘာ စောင့်ရှောက်သူလဲ။ အရူးတစ်ယောက်ဆိုတာ သိသာနေသည်။

“ငါ......ငါ အရင်သွားနှင့်တော့မယ်”

အန်ရှီဝေ မျက်နှာ နီရဲနေသည်။ ဆွန်းမိုကို သူမ ဘယ်လို စနမ်းခဲ့တာ တွေးရင်း ဒါကို စောင့်ရှောက်သူက အစအဆုံး ချောင်းကြည့်နေတာ

သိလိုက်ရပြီး ရှက်လွန်းလို့ မျက်နှာ နီရဲနေသည်။ ထပ်မနေရဲတော့ဘဲ အမြန်လှည့်ထွက်သွားသည်။

စောင့်ရှောက်သူက လေးဘက်ထောက်တဲ့ ပုံစံနဲ့ လေးဘက်ထောက်ပြီး သူ့ခေါင်းကို လိုက်ရှာနေသည်။ ခေါင်းကို တွေ့တာနဲ့ ပြန်ဖိထည့်လိုက်ပြီး ခါးကိုမတ်ကာ ခြေလှမ်းကျဲကြီးနဲ့ ထွက်သွားပြန်သည်။

“မင်း အထင်ကြီးဖို့ ကောင်းတဲ့ အမှုအရာလုပ်တာနဲ့ စောနတုန်းက ပုံစံကို မေ့သွားမယ် ထင်နေတာလား”

ဆွန်းမိုက ပြောလိုက်သည်။

ဒေါက်

စောင့်ရှောက်သူသည် တစ်ချက် တန့်သွားသော်လည်း ဆက်လျှောက်သွားပြီးနောက် စာအုပ်စင်နောက်မှာ ပျောက်ကွယ်သွားသည်။

ဒါတွေ ဖြစ်ပျက်ပြီး ဆွန်းမို စာဆက်ဖတ်ဖို့ စိတ်မပါတော့ပါ။ အနားယူရန် အိမ်သို့ ပြန်လာပြီး အမှောင်ထု ပုံရိပ်ယောင် ကျောက်မြတ်ရတနာကို လေ့လာမည်။ ဒီလို အဖိုးတန်တဲ့ ရတနာကို မဆုံးရှုံးချင်ပါ။

ချမ်းအေးတဲ့ ဆောင်းရာသီမှာ ကြည့်စရာ ရှုခင်းများ သိပ်မရှိသဖြင့် ဆွန်းမို လမ်းလျှောက်တာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းမြန်နေသည်။ အိမ်နားသို့ ရောက်လာတဲ့အခါ ကျောက်လမ်းပေါ်မှာ စုဝေးနေကြတဲ့ ယောကျ်ားလေး နှင့် မိန်းကလေး ဆယ်ယောက်ကျော်ကို မြင်လိုက်ရသည်။ အသက်ကလေးတွေကတော့ ၁၅နှစ် ၊ ၁၆နှစ် ခန့်သာ ရှိသေးသည်။ အသက်အကြီးဆုံးက ၁၈ နှစ်ထက် မပိုပါ။

ဝူးရှ

ဆွန်းမိုကို မြင်လိုက်လျှင် ချီစီယန်တို့ အဖွဲ့ရဲ့ အကြည့်များ ရောက်လာသည်။

ဆွန်းမိုက အရမ်း တည်ငြိမ်နေသည်။ ဒါပေမယ့် ဒီအိမ်ကြီးက အရင်ကျောင်းအုပ်ကြီးနဲ့ သက်ဆိုင်ပြီး မြေပြင်အနေအထားကလည်း အရမ်းကောင်းမွန်သဖြင့် ဒီလူတွေက သူ့ကို လာရှာမှန်း သိနေသည်။ အခြားလူတွေရဲ့ အိမ်က နည်းနည်းလှမ်းသည်။

နှာတံကြီးတဲ့ ကောင်လေး လမ်းလျှောက်လာပြီး ဆွန်းမိုကို မောက်မာစွာနဲ့

“မင်းက ဆွန်းမိုလား”

“မင်း စကားကို သတိထားပါ။ ဆရာဆွန်းလို့ ခေါ်”

ဆွန်းမိုက သတိပေးလိုက်သည်။

"ကျွတ်၊ ဆရာဆွန်းဟုတ်လား။ မင်းမှာ ကြယ်ရှိလို့လား"

နှာတံကြီးတဲ့ ကောင်လေးက ဆွန်းမို ရင်ဘက်ကို မခန့်လေးစားတဲ့ အမူအရာနဲ့ ကြည့်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူမှာ ကြယ်တစ်ပွင့်မှ မရှိပါ။

"ကြယ်တစ်ပွင့်တောင် မရှိသေးတဲ့ လူက ဆရာလို့ ခေါ်ခိုင်းနေတာလား။ ဒီကောင် မျက်နှာ ဘယ်လောက်ထူလဲ"

"ဘာဟာသလဲ"

"ဆရာဆွန်း၊ ဆရာဆွန်း၊ ကျေနပ်ပြီလား"

လူငယ်တချို့က လှောင်ပြောင်လိုက်သည်။

ချီစီယန်သည် မင်းသားငယ်ဖြစ်ပြီး ဂုဏ်သိက္ခာရှိတဲ့ အဆင့်အတန်း တစ်ခု ရှိသည်။ ထိပ်တန်း မင်းမျိုးမင်းနွယ်များသာလျှင် သူနဲ့ နီးစပ်နိုင်သည်။ သူ ငယ်ငယ်လေး ကတည်းက သာလွန်မြင့်မြတ်တဲ့ ရာထူးကို ခံယူထားခဲ့သည်။

ဒါကြောင့် ဆွန်းမိုကို ဆရာတစ်ယောက်အနေနဲ့ စဉ်းစားကြည့်လို့ကို မရပါ။ ပြီးတော့ သူ့ရဲ့ ကိုယ်ပိုင်ကျူရှင်ဆရာများ အားလုံးမှာ ကြယ်တွေရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် ကြယ်တစ်ပွင့် တည်းနဲ့တောင် မလုံလောက်ပါ။

ကျောင်းအားလုံးနီးပါးတွင် သူတို့ရင်ဘက်မှာ ဆရာတွေရဲ့ ကြယ်အဆင့်အတန်းကို ဖော်ပြတဲ့ အလှဆင်မှု တပ်ဆင် ပေးကြသည်။ ဘာဖြစ်လို့လဲဆိုတာ ဒါက ဂုဏ်သိက္ခာနဲ့ သန်မာမှုရဲ့ အမှတ်သင်္ကေတ ဖြစ်သည်။

ဆွန်းမို ရင်ဘက် အရှေ့မှာ ကြယ်တစ်ခုမှ မရှိပါ။ ပြောချင်တာက ဆွန်းမိုသည် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်တောင် မဟုတ်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလူငယ်တွေက ချီစီယန်အတွက် ကူညီပြီး ဆွန်းမိုကို လှောင်ပြောင်နေကြသည်။ ဖြစ်ကြောင်းအစုံကို သူတို့ သိထားသည်။

မင်းသမီလေး လီဇီချီက သူ့ကို အမှန်တကယ် ဆရာတင်ထားခဲ့သည်။

ဆွန်းမို ဘယ်လို ကျော်ကြားနေလဲဆိုလျှင် တောကြက်ဥလေးက သူ့ရဲ့ ပထမဆုံး တပြည့်ဖြစ်နေသဖြင့် ကျောင်းမှာ အနည်းငယ် နာမည်ကောင်း ရနေတယ်လို့ သတ်မှတ်ထားသည်။

ချီစီယန်သည် အရမ်းဒေါသထွက်ပြီး ဆွန်းမိုကို သင်ခန်းစာပေးရန် လူတိုင်းကို အကူညီ တောင်းခဲ့သည်။

"ငါ မင်းတို့ကို နောက်ဆုံးအကြိမ် သတိပေးမယ်။ ပါးစပ်ပိတ်ထား"

ဆွန်းမိုမျက်နှာ မည်းမှောင်နေသည်။ ငယ်ရွယ်တဲ့ ကလေးတွေက လက်ညှိုးထိုးပြီး လာပြောတာကို ဘယ်သူက ကျေနပ်မှာလဲ။

"ဘာလဲ။ မင်းစိတ်တိုနေတာလား"

နှာတံကြီးတဲ့ လူငယ်သည် လက်ညှိုးနဲ့ ဆွန်းမို ရင်ဘက်ကို ထိဖို့ ကြိုးစားလိုက်ပြီး

“မင်းက မင်းသမီးကို လှည့်စားရဲရင် ဒီနေ့လိုမျိုး ရောက်လာမယ်ဆိုတာလဲ မျှော်လင့်ထားသင့်တယ်”

ဖောက်

နှာတံကြီးတဲ့ လူငယ်ရဲ့ လက်ညှိုးက သူ့ရင်ဘက်ကို မထိခင် ဆွန်းမိုက လက်ကို ရုတ်တရတ် ဆန့်ထုတ်ပြီး လက်ချောင်းကို ဖမ်းလိုက်သည်။ အဲဒီနောက် ခပ်ကြမ်းကြမ်း ဆွဲလိမ်လိုက်သည်။

ကချောက်

အရိုးကျိုးတဲ့အသံက ပြတ်သားစွာ ထွက်ပေါ်လာသည်။

“အာ.”

နှာတံကြီးတဲ့လူငယ်သည် နာကျင်ပြီး အော်ဟစ်လိုက်သည်။ အဲဒီနောက် ဆွန်းမိုက ဒူးကွေးကို ကန်ပြီး ဒူးထောက်ခိုင်းလိုက်သည်။

“သူ့ကိုလွှတ်လိုက်”

"ဘယ်လို သတ္တိနဲ့ လူတစ်ယောက်ကို ရိုက်ရဲရတာလဲ။ မင်းကို အလုပ်ထုတ်ဖို့ အန်ရှီဝေကို ပြောလိုက်မယ်ဆိုတာ ယုံလား"

"လာကြည့်ကြပါအုံး။ ဆရာတစ်ယောက်က လူတွေကို ရိုက်နှက်နေတယ်။ ဒီမှာ ဥပဒေ မရှိတော့ဘူးလား"

အုပ်စုထဲက လူငယ်တွေက စတင်ပြီး အော်ဟစ်ကြတော့သည်။ အထူးသဖြင့် ဘင်ရွှမ်ရှန်၏ အမူအရာနဲ့ လေသံက အရမ်းရွံရှာဖို့ကောင်းအောင် ဖြစ်နေသည်။

ဆွန်းမို မျက်မှောင်တော်တော် ကြုတ်သွားသည်။ အဲဒီနောက် ဒီလူငယ်လေးကို စစ်ဆေးရန် နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုလိုက်သည်။ ခြွင်းချက်မရှိ အားလုံးက မြင့်မြတ်တဲ့ အဆင့်အတန်းက ဖြစ်နေကြသည်။

အချက်အလက်တွေကို သုံးသပ်ပြီးနောက် ဒီလူတွေက သူတို့ကျောင်းရဲ့ ကျောင်းတွင်း အနိုင်ကျင့်သူလို့ မယူဆတော့ပါ။ ဒီလူငယ်တွေက အရာရာနဲ့ လိုက်လျောညီထွေ မဖြစ်တဲ့ ကလေးတွေပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့မိသားစုရဲ့

နောက်ခံ အသိုင်းအဝိုင်းကြောင့် သူတို့ကို ဘယ်သူမှ မစော်ကားရဲပါ။

“ဘာလဲ။ ငါ့ကို ရိုက်ချင်လို့လား။ လာလေ”

ဘင်ရွှမ်ရှန်က ညာလက်သီး ဆုပ်ပြီး ပြောနေသည်။

“မင်း သတ္တိရှိရင် လုပ်လိုက်လေ။ အကြောင်းပြချက်မရှိဘဲ ကျောင်းသားတွေကို ရိုက်တဲ့အတွက် အန်ရှီဝေနဲ့ သူတော်စင်ဂိတ်ကို တိုင်မယ်။ မင်းရဲ့ ဆရာလုပ်ခွင့်ကို မင်းလက်ထဲက ရုတ်သိမ်းသွားမှာကို စောင့်နေလိုက်”

"လက်မနှေးနေနဲ့။ သူ့ကို ရိုက်လိုက်"

တစ်ယောက်ယောက် လှော်ပြောင်လိုက်သည်။ ဒါပေမယ့် ငယ်ရွယ်တဲ့ ဆရာဆီက ရွှေရောင် အရှိန်အဝါများ ထွက်ပေါ်လာတဲ့အခါ အဲဒီလူငယ်လေးရဲ့ စကားလည်း အဆုံးသတ်သွားသည်။

ဝူးရှ်

အရှိန်အဝါရဲ့ အလင်းရောင်က အရပ်ရပ်သို့ ဖြာထွက်သွားသည်။ ဝိုင်းနေကြတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေရဲ့ ခြေထောက်သည် သူတို့ကိုယ်၏ ခိုင်းစေမှုကို မလိုက်နာတော့ပါ။

ဖုန်း ဖုတ်

မှုန်းမတ်တွေရဲ့ ဒုတိယ မျိုးဆက်များ အားလုံးသည် ခြွင်းချက်မရှိ ဒူးထောက်ကျ သွားသည်။ အားကပြင်းထန်သဖြင့် ဒူးတောင် ကြွေလုမတတ် ဖြစ်သွားသည်။

“ဘာကြီးလဲ”

“တစ်ရက်စာအဖေ၊ တစ်သက်တာဆရာ မဟုတ်လား”

သူတို့ မျက်နှာပျက်သွားသည်။ ဒီလူက ဒီလောက်အဆင့်ရှိတဲ့ မြတ်ဆရာအရှိန်အဝါကို ဘယ်လို နားလည်နေတာလဲ။ ဒီဟာက လူအိုကြီးတွေပဲ နားလည်နိုင်တဲ့ ငြိမ်းချမ်းစွာ အနားယူခြင်းအရှိန်အဝါ မဟုတ်ဘူးလား။

“ငါ လို.....”

ဘိုင်ဇီယူရဲ့ အဆုတ်များသည် ဒေါသကြောင့် ပေါက်ကွဲလု ဖြစ်နေပြီး ကျိန်ဆဲချင်နေသည်။ ဒါပေမယ့် အသံတစ်ချက်တောင် မထွက်နိုင်ပါ။

ပြန်ထချင်ပေမယ့် တောင်ကြီးတစ်ခုက ဖိထားသလို ခံစားနေရသည်။ လုံးဝကို မလှုပ်နိုင်ပါ။

"မင်းတို့ မိဘတွေက လူတွေနဲ့ ဘယ်လို ဆက်ဆံရမလဲ မသင်ပေးခဲ့တော့ ငါကပဲ သူတို့ကိုယ်စား သင်ပေးလိုက်မယ်"

ဆွန်းမိုက စကားပြောပြီးတာနဲ့ ချီစီယန်ကို လှမ်းကြည့်လိုက်သည်။

ချီစီယန်သည် မြေပေါ်မှာ ဒူးထောက်နေပြီး အံ့အောစွာကြည့်နေသည်။ ဆွန်းမိုရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစွမ်းထက်မှုကြောင့် အနည်းငယ် အံ့အောမိနေသည်။

သူ့ရဲ့ ဝမ်းကွဲက ဆွန်းမိုဆိုတဲ့ လူတစ်ယောက်ကို ဆရာတင်ထားတာ ကြားမိပြီး ဗဟိုပြည်နယ် အကယ်ဒမီသို့ ရောက်လာခဲ့သည်။ ချီစီယန်သည် ဒေါသထွက်ကာ လူသတ်ချင်စိတ် ပေါက်နေသည်။ သူ့ ညီမလေး ညစ်ပတ်သွားပြီလို့ ခံစားရသည်။

(မင်းက ကြယ်မရှိတဲ့ ဆရာတစ်ယောက်ပဲ။ မင်းက ဘယ်သူမို့လို့ ငါ့ဝမ်းကွဲကို သင်ပေးမှာလဲ။ မင်းက သူမရဲ့ အရည်အချင်းကို လုံးဝ ဖြုန်းတီးနေတာပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ နေအိမ်ကို ရှာတွေ့ပြီးနောက် စောင့်ဆိုင်းနေတဲ့အချိန်အတွင်း ချီစီယန်သည် ဒီဆရာနဲ့ ကျောင်းသားဆက်ဆံရေးကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲဆိုတာ စဉ်းစားနေခဲ့သည်။ အနှုတ်သဘောဆောင်တဲ့ လွှမ်းမိုးမှုကို အနိမ့်ဆုံး အဆင့်အထိရောက်အောင် ဘယ်လို နှိမ့်ချရမလဲဆိုတာ စဉ်းစားလာခဲ့သည်။

လူတစ်ယောက်က ဘယ်လိုပဲဖြစ်နေပါစေ ဆရာပြောင်းခြင်းက ဂုဏ်သိက္ခာကို အရမ်းထိခိုက်စေနိုင်သည်။

ချီစီယန်က ဒီလူတွေကို ဆွန်းမိုအား လှောင်ပြောင်ပြီး ပြဿနာ ရှာခိုင်းလိုက်သည်။ ဆွန်းမို ဘယ်လို ကိုင်တွယ်မလဲဆိုတာ သိချင်နေသည်။ အစီအစဉ်တစ်ခု မစခင် ဆွန်းမိုရဲ့ ပင်ကိုယ် စရိုက်ကို သိချင်သည်။ ဒါပေမယ့်လည်း ဆွန်းမိုက မာယူရဲ့ လက်ချောင်းကို ချိုးပြီး သူတို့တစ်ဖွဲ့လုံးကို တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေ သုံးပြီး ဒူးထောက်ခိုင်းထားလိမ့်မယ်လို့ မထင်ထားခဲ့မိပါ။

ဒီအပြုအမူက အရမ်း ခံ့ညားလွန်းသည်။

ဆွန်းမိုက ဘေးနားကို လျှောက်သွားပြီး ခုံတန်းတစ်ခု အပေါ်မှာ ထိုင်လိုက်သည်။

“ကောင်းပြီ။ မင်းတို့တွေ အခု စကားပြောလို့ ရပြီ”

ဆွန်းမိုက သူတို့ စကားပြောလို့ မရအောင်လုပ်ထားတဲ့ ကန့်သတ်မှု ပယ်ဖျက်ပေးလိုက်သည်။ ဒါပေမယ့် သူတို့အဖွဲ့သည် ခန္ဓာကိုယ်များ မလှုပ်ရှားနိုင်သေးပဲ။ ဆက်ပြီး ဒူးထောက်နေကြသည်။

“ငါ လို မ..သာ”

ဘင်ရွှမ်ရှန်သည် ချက်ခြင်း အော်ဆဲပြီး ဒေါသတကြီး စိုက်ကြည့်နေသည်။ ဆွန်းမိုကို သေတဲ့ထိ ကိုက်ချင်နေသည်။

ဆွန်းမိုက တည်တည်ငြိမ်ငြိမ်နဲ့ ညာလက်ကို မြှောက်ပြီး ညွှန်ပြလိုက်သည်။

ဖောက်

သတိလစ်ခြင်းနှင့် အသုံးမကျခြင်း။

အခန်း (၄၂၄) - လီဇီချီ၏ ပုံရိပ်။

ဆွန်းမို လက်ချောင်းကနေ သေးငယ်တဲ့အလင်းတန်း တစ်ခု ထွက်လာသည်။ ရွှေရောင်မြွားတစ်ခု အဖြစ် ဖွဲ့စည်းသွားပြီး ဘင်ရွှမ်ရှန်၏ နဖူးထဲ တိုးဝင်သွားသည်။

ဖောက်

ဘင်ရွှမ်ရှန်၏ ခေါင်းသည် အနောက်တစ်ချက် ယိုင်သွားပြီး အရင် အနေအထားကို ပြန်ရောက်တဲ့အခါ မျက်လုံးတွေက ကြောင်တောင်တောင် ဖြစ်နေပြီး အသိစိတ် မရှိတော့ပါ။

အဲဒီနောက် ခေါင်းက ဘယ်၊ ညာ ယမ်းနေပြီး ပါးစပ်က ထွက်ကျတဲ့ တံတွေးတွေက အဝတ်အစားပေါ် စီးကျပြီး စိုရွှဲနေသည်။

ဆွန်းမိုကို ဒေါသထွက်ပြီး ဆဲဆိုချင်နေတဲ့ ကျောင်းသားများသည် ဘင်ရွှမ်ရှန် အရူးတစ်ယောက်လို ပြောင်းလဲသွားတာ မြင်လိုက်ရသောအခါ ချွန်ထက်တဲ့ ငွေအပ်တစ်ချောင်းက ဆီးခုံကို ထိုးဖောက်သွားသလို ကြောက်လန့်သွားကြသည်။ ဖင်ကျုံ့ထားပြီး ပါးစပ်က အလိုလို ပိတ်သွားသည်။

ဆွန်းမို ဒေါ်သထွက်မှာ ကြောက်ပြီး အသက်တောင် ရဲရဲ မရှူရဲတော့ပါ။

"ငါလို"

ဘိုင်ဇီယူက ကျိန်ဆဲလိုက်သည်။

"မင်း ဘာဖြစ်ချင်တာလဲ"

ဆွန်းမိုက ချက်ခြင်း လှမ်းကြည့်ပြီး မေးသည်။

"အမ်၊ နားကြားမှားတာ။ ငါ....ငါ ဘာမှ မလုပ်ဘူး"

ဘိုင်ဇီယူရဲ့ ဦးနှောက် တုန့်ပြန်မှုထက် ပါးစပ်ရဲ့ တုန့်ပြန်မှုက ပိုမြန်နေသည်။ ရှင်းပြပြီးသွားတဲ့

အချိန်မှာ သူ့ကိုယ်သူ သူရဲဘောကြောင်သလို ခံစားသွားရသည်။

ဆွန်းမိုက ဒါကို မြင်ပြီး အနည်းငယ် ရယ်ချင်စိတ်ပေါက်လာသည်။ (အသက်ရှင်ချင်စိတ် တကယ် ပြင်းထန်တာပဲ)

"သူတို့ ငါ့ကို မလှောင်လောက်ပါဘူးနော်"

ဘိုင်ဇီယူ စိတ်ထဲ မငြိမ်မသက် ဖြစ်ပြီး မျက်မှာပျက်မှာ ကြောက်နေသည်။ ဒါပေမယ့် သူ့အတွေးလွန်နေသည်။ ဒီအချိန်မှာ လူတိုင်းက

ကို့ကိုယ်ကိုတောင် မကူညီနိုင် ဖြစ်နေကြသည်။ သူတို့အားလုံးကို ဆွန်းမိုက ဖိနှိပ်ထားသည်။

"ငါလို ...သတိလစ်ခြင်းနှင့် အသုံးမကျခြင်းကို သုံးစရာလား"

ကျောင်းသားအားလုံးသည် ဆွန်းမိုကို ကြည့်ပြီး ခေါင်းကျိုန်းနေသည်။ ဆရာအသစ်တစ်ယောက်လို့ မပြောဘူးလား။ ကြယ်တစ်ပွင့်တောင် မရှိဘူးဆို။

ဒါပေမယ့် ငါ.လို.. လို အရာတွေက ပြောင်းလဲပြီး မြတ်ဆရာတစ်ယောက်တောင် နှစ်ပေါင်း ဆယ်နဲ့ချီမှ နားလည်မယ့် တစ်ရက်စာဆရာ၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်သက်တာအဖေကို အရင်ထုတ်သုံးသည်။ အဲဒီနောက် ညံ့ဖျင်းတဲ့ ကျောင်းသားများစွာကို ပြုပြင်ပေးမှ နားလည်မယ့် သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အဝါကို သုံးတာလား......................

(တောက်၊ မင်းက နတ်ဆိုးလား)

ဒီလူငယ်များရဲ့ မုန်းတီးပြီး စိတ်ပျက်တဲ့ အကြည့်သည် နှာတံကြီးကြီး လူငယ်လေးဆီ ရောက်သွားသည်။ ဒီကောင်က ဆွန်းမိုကို ပြဿနာ ရှာဖို့ ပထမဆုံး စိတ်ကူးပေါ်လာတဲ့ လူဖြစ်သည်။

"ငါတို့ အခု စကားကောင်းကောင်း ပြောလို့ ရပြီလား"

ဆွန်းမိုက မေးသည်။

တစ်ယောက်မှ မတုန့်ပြန်ပါ။ အမှန်အတိုင်းပြောရလျှင် မှူးမတ်တွေရဲ့ဒုတိယ မျိုးဆက်ဖြစ်တဲ့ ဒီလူငယ်လေးတွေသည် မှုမှုတတ တိုက်ပွဲ ဝင်ရတာကို မကြောက်ပါ။ ဒုက္ခရောက်မှာကိုလည်း မကြောက်ပါ။ ဒါပေမယ့် မျက်နှာပျက်မှာကိုတော့ ကြောက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိနစ်အနည်းငယ်အတွင်းမှာ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အဝါကြောင့် အရှုံးတစ်ယောက် ဖြစ်သွားနိုင်သည်။ ကြည့်ရတာ တော်တော် သနားဖို့ကောင်းပြီး ရှက်ဖို့လည်းကောင်းသည်။

ဘင်ရွှမ်ရှန် လှည့်ပတ်သွားနေပြီး လဲကျသွားသည်။ အဲဒီနောက် ပြန်ပြီး ကုန်းရုန်းထသည်။ နာကျင်တာလည်း မသိပါ။ ဒါကိုမြင်လိုက်လျှင် ကျောင်းသားတွေ ပိုလန့်သွားကြသည်။

အရှုံးဖြစ်ရမှာထက်စာရင် သေချင်တယ်။

"တစ်ယောက်မှ ပြန်မဖြေဘူးလား။ ကြည့်ရတာ မင်းတို့က စကားကောင်းကောင်း မပြောချင်ဘူး ထင်တယ်"

ဘိုင်ဇီယူကို ကြည့်ရင်း ဆွန်းမို နှုတ်ခမ်း ကွေးလိုက်သည်။ ညာလက်ကို မြှောက်ပြီး လက်ကို ဆန့်လိုက်သည်။

"ဘာလို့ ငါ့ပဲ ထပ်ဖြစ်ရတာလဲ"

ဘိုင်ဇီယူသည် စိတ်ထဲက အော်ဟစ်နေသည်။ ဒါပေမယ့် အရမ်းပြင်းထန်တဲ့ အသက်ရှင်စိတ်ကြောင့် ချက်ခြင်း ပြုံးလိုက်ပြီး

"ငါလုပ်မယ်။ ငါပြောချင်တယ်"

ဒီစကားကို ပြောပြီးနောက် ဘိုင်ဇီယူသည် ခေါင်းကို မြေကြီးထဲသာ ထိုးထည့်ထားချင်တော့သည်။

"ကြည့်စမ်း။ မင်းက အရမ်းယဉ်ကျေးတာပဲ။ မင်းအမေသာ ဒါကို မြင်ရင် အရမ်းစိတ်ချမ်းသာသွားလိမ့်မယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။

(မင်းခေါင်းပဲ စိတ်ချမ်းသာလိုက်။ မင်းက စောက်ကျင့်ယုတ်ပြီး ကြောက်ဖို့ကောင်းတဲ့ ဆရာပဲ)

ဘိုင်ဇီယူ တစ်ယောက်တည်း တွေးနေတာ မဟုတ်ပါ။ ကျန်တဲ့လူတွေလည်း သူတို့စိတ်ထဲက တွေးနေကြသည်။ ဒါပေမယ့် သူတို့မျက်နှာ အပြုံးမရှိရင်တောင် အနည်းဆုံးတော့ လေးစားမှု ရှိနေကြသည်။

"ကောင်းပြီလေ။ ဘာဖြစ်နေတာလဲဆိုတာ ပြောကြပေါ့"

ဆွန်းမိုမှာ အကြမ်းဖြင်း ခန့်မှန်းထားတာတော့ ရှိသည်။

"ဆရာဆွန်း၊ ငါတို့ကို အရင်ထခွင့် ပေးပါလား"

ချီစီယန်က ပြောလိုက်သည်။ ဒီအဖွဲ့ရဲ့ အဓိက လူတစ်ယောက်အနေနဲ့ ဒုက္ခ ရောက်တဲ့အခါ တာဝန်ယူရမည်။ ပြီးတော့ ဒီလူတွေကလည်း သူ့ကို ထောက်ပံ့ပေးချင်လို့ ဒီကို ရောက်နေကြသည်။

"မလိုဘူး။ ဒီလိုပြောရတာ တော်တော်လေး အဆင်ပြေပါတယ်"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

"ဒါပေမယ့် ငါ မလုပ်ဘူး"

ဘိုင်ဇီယူသည် လေးဘက်တွားချင်သော်လည်း တစ်ရက်စာဆရာ ၊ တစ်သက်တာအဖေရဲ့ စွမ်းအားက ကြီးမားလွန်းသည်။

တကယ်တော့ ကျောင်းသားတွေဘက်မှ အရမ်းမလွန်လာခဲ့လျှင် သူလည်း ဒီမြတ်ဆရာ အရှိန်အဝါကို သုံးမှာ မဟုတ်ပါ။ ဘယ်လိုပဲပြောပြော မြတ်ဆရာများသည် သူတို့ရဲ့ စိတ်ဓါတ်နှင့် အရည်အချင်းနဲ့သာ လူတွေကို သိမ်းသွင်းခြင်း ဖြစ်ပြီး အရှိန်အဝါကြောင့် မဟုတ်ပါ။

ဆွန်းမိုက ဘိုင်ဇီယူကို လှမ်းကြည့်ပြီး

“ကန့်ကွက်စရာရှိလား”

(ဘာလို့ ငါပဲ ဖြစ်ရတာလဲ။ ငါတို့မှာ ရန်ငြိုး ရှိလို့လား)

ဘိုင်ဇီယူ ငိုချင်စိတ် ပေါက်လာသည်။ (အခြားတစ်ယောက်ယောက်ကို မေးလို့ မရဘူးလား။) ဒါပေမယ့် သူ ပြန်မပြောရဲပါ။ နောက်ထပ် ပြုံးလိုက်ပြီး

“မရှိပါဘူး”

“ဒါပေမယ့် မင်းအပြုံးက မင်းငိုတာထက် ပိုကြည့်ရဆိုးတယ်”

ဆွန်းမို စိတ်ရှုပ်သွားသည်။

"မဟုတ်ဘူး။ ငါဗိုက် ရစ်နေလို့ပါ။ မနေ့က အစားမှားပြီး ကောင်းကောင်းနေမကောင်းလို့"

ဘိုင်ဇီယူသည် ချက်ခြင်းဆိုသလို အကြောင်းပြချက် တစ်ခု ရှာတွေ့သွားသည်။ ဒါပေမယ့် ဆွန်းမိုက သူ့ကို ကြည့်နေတာ မြင်လိုက်လျှင် စိုးရိမ်ပြီး မျက်ရည်တောင် ကျလုနီးပါ ဖြစ်သွားသည်။

"ဒီလိုမျိုး နေရတာလည်း တကယ် ကောင်းပါတယ်။ ဒီကျောက်တုံးတွေကလည်း မဆိုးဘူး။ ဒူးထောက်တဲ့အချိန်မှာ နှိပ်ပေးတဲ့

အာနိသင်ရှိတယ်။ တစ်နေ့လုံးတောင် ဒူးထောက်ချင်လာပြီ”

ဘိုင်ဇီယူသည် အဲဒီလို ပြောပြီး မျက်နှာနီရဲကာ သူ့အဖော်တွေကို မျက်နှာ မကြည့်ရဲအောင် ဖြစ်သွားသည်။ ဒီနေ့ကစပြီး သူ့မျက်နှာက တစ်ပြားတစ်ချက်တောင် မတန်တော့ပါ။

“တနေကုန်တော့ ဒူးမထောက်ပါနဲ့ကွာ။ မင်းဒူးခေါင်းတွေ ယောင်လာလိမ့်မယ်”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

ဘိုင်ဇီယူ အရမ်းဒေါသထွက်ပြီး လူသတ်ချင်စိတ် ပေါက်လာသည်။ (ဒီကောင့်ကို ဆွန်းမိုလို့ ခေါ်ပုံရတယ်။ ခွေးနက်ကြီးလို့လည်း ထင်ရှားတယ်။ နှလုံးသား လုံး၀ မည်းနက်နေတဲ့ကောင်ပဲ)

ဘိုင်ဇီယူသည် အရူးမဟုတ်ပါ။ ဒီခွေးနက်က သူ့ကို ကစားနေမှန်း သိသည်။

ဒီလို အသေးအမွှား ပြဿနာကြောင့် ချီစီယန်သည် ဆွန်းမိုက ကြယ်မရှိတဲ့ ဆရာဖြစ်သော်လည်း အရမ်းယုံကြည်မှုရှိပြီး ခေါင်းမာတဲ့ စရိုက်ရှိကြောင်း သိလိုက်ရသည်။

လက်ရှိအနေအထားကို သုံးသပ်ကြည့်ရတာတော့၊ ဆွန်းမိုကို အခွင့်အာဏာသုံးပြီး ဖိအားပေးလို့ မရပါ။ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် စိတ်ခံစားမှုအပေါ် လိုက်ပြီး လုပ်မယ့်လူပဲ။

"ဆရာဆွန်း။ ငါ့ရဲ့ ဝမ်းကွဲ လီဇီချီကြောင့် လာလည်တာ"

ချီစီယန်၏ လေသံသည် သာလွန်ကောင်းမွန်မှု မရှိသော်လည်း အုပ်ထိန်းသူတစ်ယောက်ရဲ့ စွမ်းရည်ရှိနေသည်။

"ထပြီး စကားပြောပါ"

ဆွန်းမိုက ချီစီယန်ရဲ့ ဒူးထောက်ခြင်းကို ရပ်တန့်လိုက်သည်။ ချီစီယန်သည် ငယ်သော်လည်း လီဇီချီ၏ အုပ်ထိန်းသူအဖြစ် စကားပြောနေသဖြင့် မိသားစုက လာလည်တယ်လို့ သတ်မှတ်လိုက်သည်။ ဒါကြောင့် ဆွန်းမိုက လေးစားမှု အနည်းငယ် ပြလိုက်သည်။

ချီစီယန် အံ့အောသွားသည်။ ဒီဆွန်းမိုကို ကြည့်ရတာ သူ့စည်းမျဉ်းနဲ့သူ နေတဲ့ပုံပဲ။

“ မင်းက ဆရာနဲ့ကျောင်းသား ဆက်ဆံရေးကို ဖယ်ရှားဖို့ စ စဉ်းစားနေတာလား”

ဆွန်းမိုက မေးလိုက်သည်။

ဒါက အရမ်းသိသာသည်။ ဆရာနှင့်ကျောင်းသားကြားက ဆက်ဆံရေးကို မေ့ထားလိုက်အုံး။ မိသားစုကြားက ဆက်ဆံရေးတောင် အဆင်ပြေဖို့ မလွယ်ပါ. အားလုံး သဟဇာတ မဖြစ်နိုင်ပါ။ မဖြေရှင်းနိုင်သဖြင့် သဘောထား ကွဲလွဲမှုများ တိုးလာပြီး ပြဿနာ မဖြေရှင်းလို့မရတဲ့ သာဓကများလည်း ရှိသည်။ ဒါကြောင့် ကျောင်းသားကို နှင်ထုတ်လိုက်ရတဲ့ လုပ်ရပ်များလည်း ရှိသည်။

ဒါက ကျောင်းသားနှင့် ဆရာ နှစ်ယောက်စလုံးကို ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သည်။ ဒါပေမယ့် နှိုင်းယှဉ်ကြည့်လိုက်လျှင် ကျောင်းသားဘက်က နောင်တစ်ချိန်တွင် ဆရာတင်ဖို့ အရမ်းခက်ခဲသွားသဖြင့် သူ့ဘက်က ပိုအန္တရာယ် များသွားသည်။

သဘော်ပေါ်က ခုန်ဆင်းတဲ့ စိတ်ပျော့တဲ့ လူမျိုးကို ဘယ်သူမှ မကြိုက်ပါ။

ချီစီယန်သည် ဆွန်းမိုတို့၏ ဆရာနဲ့ ကျောင်းသားဆက်ဆံရေးကို သတင်းမပြန့်ခင်

တားဆီးချင်နေသည်။ ဒီနည်းဖြင့် ဆွန်းမိုက အရည်အချင်း မပြည့်မီဘဲ လီဇီချီရဲ့ ပင်ကိုယ်အရည်အချင်းကို ဖြုန်းတီးမိမှာ စိုးရိမ်လို့ ဆိုပြီး အခိုင်အမာ ထွက်ဆိုနိုင်မည်။

"အဲဒါနဲ့ ပက်သက်ပြီး ဆရာဆွန်းကို အကူအညီ တောင်းချင်လို့ပါ"

ချီစီယန်က အရိုအသေ ပေးပြီး ပြောလိုက်သည်။

"ဒီကိစ္စတွေ ပြီးသွားရင် ဆရာဆွန်းကို လုံလောက်တဲ့ လျော်ကြေးပေးပါ့မယ်"

အစပိုင်းတွင် ဆွန်းမိုသည် ဒီဒုတိယမျိုးဆက်ကို တော်တော်လေး စိတ်ပျက်မိသွားသည်။ ဒါပေမယ့် လီဇီချီအတွက် ဒီလောက်အထိတောင် စဉ်းစားနေတာကို မြင်ပြီး စိတ်မဆိုးတော့ပါ။

သူမကို အရမ်းချစ်တဲ့ ဝမ်းကွဲတစ်ယောက်ရှိတာက လီဇီချီအတွက် ကောင်းချီး တစ်ခုပါ။

“ဆရာဆွန်း ဒီအပေါ်မှာ မင်းအတွေးရှိရင် တိုးတောင်းလို့ ရပါတယ်”

ချီစီယန်က ကြီးမားတဲ့ စျေးနှုန်းကို ပေးဆောင်ရန် အသင့် ဖြစ်နေသည်။

ဆွန်းမိုက မတွေဝေဘဲ ပြုံးပြီး

"တောင်းပန်ပါတယ်။ ငါ ဂတိ မပေးနိုင်ဘူး။ ဇီချီ စိတ်ပျက်သွားလိမ့်မယ်"

ချီစီယန် စိတ်ပူလာသည်။

"ဇီချီရဲ့ ပုံရိပ်ကို မင်းသိလား"

"ငါ အကြမ်းဖြင်းတော့ ခန့်မှန်းမိပါတယ်"

ဆွန်းမို မငြင်းခဲ့ပါ။

"ငါ့ဝမ်းကွဲက တန်-အင်ပါယာရဲ့ မင်းသမီးပဲ။ ဆရာဆွန်း၊ မင်းကို အရှက်ခွဲခြင်တဲ့ ဆန္ဒမရှိပါဘူး။

ဒါပေမယ့် မင်းရဲ့ အဆင့်အတန်းက ငါ့ရဲ့ဝမ်းကွဲနဲ့ သင့်တော်လို့လား”

ချီစီယန်က မေးသည်။

“ငါပဲ”

ဆွန်းမိုရဲ့ အဖြေက တိုပြီးကျစ်လစ်သော်လည်း ယုံကြည်ချက် ခိုင်မာသည်။

“အရှက်မရှိ ကြွေား”

“ဒီလိုမျိုးမောက်မာတဲ့ စကားပြောဖို့ ဘယ်သူက သတ္တိပေးတာလဲ”

“တန်-အင်ပါယာရဲ့ မင်းသမီးဆိုတဲ့ စကားလုံးနောက်ကွယ်က အဓိပ္ပါယ်ကို မင်းသိလား”

ဘိုင်ဇီယူနဲ့ အဖွဲ့သည် ချက်ခြင်း ထအော်သည်။ ဆွန်းမို၏ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အဝါကို ကြောက်ရွံ့သော်လည်း စိတ်ထဲက ဒေါသကို မထိန်းနိုင်တော့ပါ။

တန်-အင်ပါယာရဲ့ နယ်မြေသည် အကန့်အသတ်မရှိ ကျယ်ပြန့်ပြီး နိုင်ငံသား ဆယ်သန်းကျော်နဲ့ စစ်သည် တစ်သန်းကျော် ရှိသည်။ သူတို့က

ဗဟိုပြည်နယ်တွင် အခိုင်အမာဆုံးနှင့် အချမ်းသာဆုံး နိုင်ငံ ဖြစ်သည်။

လီဇီချီသည် တန်-ဧကရာဇ်၏ အချစ်ဆုံး သမီး ဖြစ်သည်။ သူမ စမွေးတုန်းကဆိုလျှင် တန်-ဧကရာဇ် နယ်မြေသုံးခု အပိုင်စား ပေးခဲ့သည်။

ဒါက ဘိုးဘွားတွေရဲ့စည်းမျဉ်းနဲ့ မကိုက်ညီပါ။ ဝန်ကြီးချုပ်က သူ့ကို ဆန့်ကျင်ဖို့ စည်းရုံးပေမယ့် တန်-ဧကရာဇ်က သူ့ကို ရာထူးထုတ်ပယ်ပြီး တရားရုံးရဲ့ လီ ၃၀၀၀ အနီးသို့ မလာဖို့ အမိန့်ထုတ်ခဲ့သည်။

အပ်နှင်းတဲ့ နယ်မြေကို ငါးခုအထိတောင် တိုးလိုက်သည်။

နှစ်ပေါင်းများစွာ ကြာလာတဲ့အထိတိုင် လီဇီချီ ရရှိတဲ့ လက်ဆောင်များသည် ရပ်တန့်သွားခြင်း မရှိပါ။ သူမ အသက် ၁၂ နှစ်အရွယ်တွင် သူမ ဆရာတင်ဖို့အတွက် သာမည သူတော်စင် တစ်ပါးကို ကိုယ်တိုင်ကိုယ်ကျ သွားပြီး အကူအညီ တောင်းခဲ့သည်။

ဒါက အိမ်ရှေ့မင်းသားပင် မရတဲ့ ချစ်မြတ်နိုးမှု တစ်ခု ဖြစ်သည်။

ဆွန်းမိုရဲ့ အဖြေသည် ကမ္ဘာပေါ်မှာ အလှဆုံး ၊ အချမ်းသာဆုံးနှင့် အမြင့်မြတ်ဆုံး အမျိုးသမီးတစ်ယောက်ကို သူနဲ့ လိုက်ဖက်တယ်လို့ ပြောတဲ့ ညစ်ပတ်နံဆော်တဲ့ သူတောင်းစား တစ်ယောက်နဲ့ တူနေသည်။

ဒါက နေ့ခင်း အိပ်မက်ထဲမှာတောင် မဖြစ်နိုင်ဘူး။

"ဆရာဆွန်း..................."

ချီစီယန်က မျက်မှောင်ကြုတ်ပြီး ခေါ်လိုက်သည်။

"ဘာမှ ထပ်ပြောစရာ မလိုတော့ဘူး"

ဆွန်းမိုက ချီစီယန်ရဲ့ မျက်လုံးကို တည့်တည့်စိုက်ကြည့်ပြီး လေးနက်တဲ့လေသံနဲ့ စကား ဖြတ်ပြောလိုက်သည်။

"ဇီချီက ငါ့ကို ယုံကြည်ပြီး သဘောကျတယ်။ ဒါကြောင့် သူမရဲ့ ဆရာအဖြစ်တင်မြှောက်ခဲ့တယ်။ ငါသာ ယုံကြည်ချက် မရှိရင် သူမရဲ့သုံးသပ်ချက်ကို အရှက်ခွဲသလို ဖြစ်သွားမှာပေါ့"

"ယုံကြည်မှုဆိုတာ ခွန်အားနဲ့ မဆိုင်ဘူး။ သူမကို မြှင့်တင်ပေးနိုင်ရမယ်"

ချီစီယန်က ပြန်ငြင်းသည်။

ဆွန်းမိုက ပြန်မငြင်းနေတော့ပဲ ပြုံးလိုက်သည်။ သူက လီဇီချီအတွက် အသင့်တော်ဆုံးဆရာ မဟုတ်ရင်တောင် အဆိုးဆုံးဆရာ မဟုတ်တာတော့ သေချာသည်။

"ဇီချီ....."

ချီစီယန်သည် ပိုပြောချင်သော်လည်း စကားဖြတ်ပြောခံလိုက်ရသည်။

"ဇီချီက ငါ့ဆီကနေ ထွက်သွားချင်ရင် ငါမတားဘူး။ သူမ ဘာအမှားမှလည်း မလုပ်ခဲ့တာကြောင့် ဝန်ခံပြီး အချုပ်အနှောင်

ဖြည့်ပေးလိုက်မယ်။ ဒါကို စိုးရိမ်စရာ မလိုဘူး။ ဒါပေမယ့် ဇီချီက ဘာမှမပြောရင် မင်း ပါးစပ်ပိတ်ထားဖို့ တောင်းဆိုချင်တယ်”

ဆွန်းမို လေသံက လေးနက်လာသည်။

“မင်း အသံကတော့ အရမ်းမိုက်ပါတယ်။ မင်းက သူမကို ထိန်းထားပြီး အရင်းအနှီး လိုချင်နေတာ မဟုတ်လား။ မင်းက တခြားလူတွေထက် သာလွန်ကောင်းမွန်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ဖို့ သူမကို အားကိုးချင်နေတာ မဟုတ်လား”

ဆွန်းမိုကြောင့် လက်ချောင်းကျိုးသွားတဲ့ မာယူက ဆွန်းမိုကို ဒေါသတကြီး အော်ဟစ်သည်။

"ငါက ဗဟိုပြည်နယ် အကယ်ဒမီမှာ အလုပ်ဝင်တာ လပိုင်းပဲ ရှိသေးတယ်။ ဒါပေမယ့် ငါက ကျောင်းသားအသစ်အုပ်စုကို ဦးဆောင်ပြီး သူတော်စင်ဂိတ်ရဲ့ 'ဒီ'အဆင့် ပြိုင်ပွဲမှာ ပထမဆုကို သိမ်းပိုက်နိုင်ခဲ့တယ်။ ဒီလိုအောင်မြင်မှုနဲ့ သာယာတဲ့ ဘဝတစ်ခု မရှိနိုင်ဘူးလို့ ထင်နေတာလား"

ဆွန်းမိုက မေးလိုက်သည်။

အားလုံး စကားမပြောနိုင်ဘဲ ဆွန်းမိုကို တအံ့တအော ငေးကြည့်နေကြသည်။ လူသစ်တန်းပြိုင်ပွဲရဲ့ ပထမနေရာလား။ သူကြွားနေတာပဲ ဖြစ်မယ် မဟုတ်လား။

သူတို့က ကျောင်းသားတွေ ဖြစ်ပြီး ပထမနေရာဆိုတဲ့ အဓိပ္ပါယ်ကို ကောင်းကောင်းသိသည်။ ပြောချင်တာက ဆွန်းမိုသည် ဝင်ပြိုင်ကြတဲ့ ဒီ-အဆင့် ကျောင်းပေါင်း ၁၀၈ ကျောင်းက ဆရာတွေထဲမှာ ထပ်ဆုံးက ရပ်တည်နေတယ်လို့ ဆိုလိုချင်နေသည်။

“ဒါက အမှန်မဟုတ်နိုင်ဘူး မဟုတ်လား”

ဘိုင်ဇီယူ အလိုလို ပြန်ပြောလိုက်မိသည်။

“ဒီလူ သန်မာနေတာလား”

အခန်း (၄၂၅) - နတ်ဘုရားလက်ရဲ့ အစွမ်းသတ္တိကို နောက်တစ်ကြိမ် ပြသခြင်း။

"ငါ မယုံဘူး"

လက်ချောင်းကျိုးနေတဲ့ မာယူက ရုတ်တရုတ် ထအော်သည်။

(ဒီဆရာက ဒီလောက် အံ့အောဖို့ ကောင်းနေရင် ရာထူး ဖြုတ်ချခံရနီး ဗဟိုပြည်နယ် အကယ်ဒမီကို ဘာလို့ ရောက်လာတာလဲ။)

(သူ အေ-အဆင့် ဒါမှမဟုတ် မဟာကိုးပါး ကျောင်းတွေမှာ အလုပ်သွားလုပ်နေမှာပေါ့)

လူတွေက ပိုမြင့်တဲ့ ဦးတည်မှုနောက်ကိုပဲ လိုက်ကြသည်။ အဆင့်နိမ့်တဲ့အဆင့်ကို ပြန်ဆင်းတဲ့ စံပြ လူသားများ မရှိပါ။

"သက်သေလိုချင်လို့လား"

ဆွန်းမိုက နှုတ်ခမ်း ကွေးလိုက်ပြီ။

"ချန်ပီယံ အလံက ကျက်သရေ ခန်းမထဲမှာ ရှိတယ်။ အချိန်မရွေး သွားကြည့်လို့ ရတယ်"

ဆွန်းမိုရဲ့ နူးညံ့သိမ်မွေ့ပြီး ယုံကြည်ချက်ရှိတဲ့ အပြုံးကို မြင်ပြီး မြေပေါ်မှာ ဒူးထောက်နေတဲ့ မိန်းမပျိုလေး တချို့သည် နှလုံးသား တလက်လက် ခုန်လာသည်။

ဘယ်လိုယောကျာ်း မျိုးက ချစ်ဖို့ကောင်းတာလဲ။

ယုံကြည်ချက်ရှိပြီး ထက်မြတ်ကာ အောင်မြင်အောင် ဆောင်ကျဉ်းပေးနိုင်တဲ့ ယောကျ်ားမျိုး ဖြစ်သည်။

ဆွန်းမိုမှာ ဒီအချက်တွေ အကုန်လုံးရှိပြီး တော်တော်လေးလည်း ကြည့်ကောင်းသည်။ ဒါက မိန်းကလေးတွေ ပစ်ကျသွားဖို့ လုံလောက်သည်။

ချီစီယန် ငြိမ်ကျသွားသည်။ သူတို့နှစ်ယောက်စလုံးက ငယ်ပေမယ့် မာယူလောက် စိတ်မြန်ပြီး ဦးနှောက် မမဲ့ပါ။ ဆွန်းမို မလိမ်ဖို့ အခွင့်အလမ်းများတယ်ဆိုတာ သူသိနေသည်။

ဒီလိုမျိုး အကြောင်းတွေက စုံစမ်းရတာ လွယ်ကူသည်။

အလယ်ကမ္ဘာပြည်နယ်ကိုးခုသည် ရှေ့ဟောင်း တရုတ်ပြည်နဲ့တူသည်။ ဖုန်းတွေ၊ မိုဘိုင်းဖုန်းတွေနဲ့ စက်ဘီးတောင် မရှိပါ။ ဒါကြောင့် သတင်းပျံ့နှံ့မှုက အရမ်းနှေးကွေးသည်။

ပြီးတော့ ပြိုင်ပွဲ ပြီးသွားတာ တစ်ပတ်ပဲ ရှိသေးသည်။ ဒီသတင်းက ချင်လင် တစ်ခုလုံးကို ပျံ့နှံ့ဖို့အတွက် အချိန်တစ်လလောက်တော့ လိုသည်။

"ဆရာဆွန်း၊ ဒါက အမှန်ဆိုရင်တောင် မင်းသမီးလေးနဲ့ မထိုက်တန်သေးဘူး။ ဇကေရာဇ်က

ဒီကိစ္စကို သိသွားပြီး ခေါင်းဖြတ်ခံရမယ့်အစား အခုပဲ ဒီကိစ္စကို အေးအေးဆေးဆေး မဆွေးနွေးချင်ဘူးလား”

မိန်းမပျိုလေးတစ်ယောက်က စိတ်ရင်းအသံလေးနဲ့ စည်းရုံးလိုက်သည်။

အမှန်တိုင်း ပြောရလျှင် ကြယ် ၇ ပွင့် မြတ်ဆရာတစ်ယောက်ကို အသိအမှတ် ပြုပြီး ပညာကောင်းကောင်း သင်နိုင်တဲ့ သူတို့ကလေးက မြတ်ဆရာတောင် မဟုတ်တဲ့ ကြယ်တစ်ပွင့်မှ မရှိသေးတဲ့ဆရာတစ်ယောက်ကို ဆရာတင်လိုက်တာ မြင်လျှင် ဘယ်မိဘက သဘောတူမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းက တောက်ပတဲ့ အနာဂတ် ရှိတယ်လို့ ပြောလို့ ရတယ်။ အနာဂတ်မှာ သူတော်စင် ဖြစ်လာတယ်လို့ ပြောလို့ရတယ်)

ဘယ်လိုပဲပြောပြော ဂတိတွေက တန်ဖိုး မရှိဆုံး အရာတွေပဲ။

ဆွန်းမိုသည် အဲဒီ မိန်းကလေးကို လှမ်းကြည့်လိုက်သည်။

သူမ မျက်နှာလေးတွင် မိတ်ကပ် ပါးပါးလေး လိမ်းထားသည်။

ကူရှန်၊ အသက် ၁၆နှစ်၊

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့် (၆)၊

အဆင့်တက်ဖို့ ကြိုးစားတာ နှစ်ကြိမ် ကျရှုံးထားသည်။ လက်ရှိအဆင့်တွင် ထစ်ဆို့နေသည်။

အလားအလာ တန်ဖိုး - မြင့်မား။

မှတ်ချက်။ ဒီမိန်းကလေးသည် နောက်ခံ အသိုင်းအဝိုင်း တောင့်တင်းသဖြင့် မိဘများက သူမအပေါ်မှာ မျှော်လင့်ချက် သိပ်မထားပါ။ သူတို့အတွက် သူမပျော်နေရင် အဆင်ပြေသည်။ ဒါကြောင့် ကျင့်ကြံမှုအပေါ်တွင် အားစိုက်ခြင်း မရှိဘဲ မကြာခဏ လက်လျှော့ တတ်သည်။

မင်းရဲ့ အရည်အချင်းကို ဖြုန်းတီးနေတာလား။

မှတ်ချက်။ ။ နှစ်ကြိမ် ကျရှုံးရတဲ့ အကြောင်းမှာ အောင်မြင်ချင်တဲ့စိတ် သန္နိဋ္ဌာန် မခိုင်လို့ ဖြစ်သည်။ အောင်မြင်ရင်ကောင်းမယ်လို့ မတွေးပေမယ့် မအောင်မြင်လည်း အရေးမကြီးပါ။

ဆွန်းမိုသည် ကူရွန်၏ အချက်အလက်များကို မြင်ပြီး မနေနိုင်ဘဲ ခေါင်းယမ်းလိုက်မိသည်။ သူမရဲ့အရည်ချင်းကို တကယ် ဖြုန်းတီးနေသည်။

ပိုပြီး ပွင့်ပွင့်လင်းလင်း ပြောရလျှင် ချမ်းသာတဲ့ မိသားစုက မွေးဖွားလာပြီး သာမန်

မိန်းကလေးတစ်ယောက်အနေနဲ့ နေထိုင်ရင်တောင် အခြားလူတွေ မခံစားနိုင်တဲ့ စည်းစိမ်ချမ်းသာကို ခံစားဖို့ မွေးဖွားလာတဲ့သူ ဖြစ်သည်။ သူမအတွက် အားစိုက်ထုတ် စရာတောင် မလိုပါ။

ကူရှန်သည် ဆွန်းမို စိုက်ကြည့်တာ ခံရပြီး အနည်းငယ် ရှက်သွားသည်။ မျက်နှာနီလာကာ မနေနိုင်ဘဲ ခေါင်းငုံ့လိုက်မိသည်။

“ဘာ….ဘာကြည့်နေတာလဲ”

လူငယ်တစ်ယောက်က စိတ်တိုလာသည်။ ကူရှန်က သူ ကြိတ်ကြိုက်နေရတဲ့လူ ဖြစ်သည်။

"မင်းမှာ အရမ်းကောင်းတဲ့ အရည်အချင်း ရှိတယ်။ မင်းသာ နည်းနည်းလေး ပိုကြိုးစားလိုက်ရင် စိတ်ဝိညာဉ် ပြုပြင်ခြင်း နယ်ပယ်ကို ရောက်နေပြီ"

ဆွန်းမိုက ပြောလိုက်သည်။

"ဟားဟား၊ ကူရွန်က အရည်အချင်း ကောင်းတယ် ဟုတ်လား။ မင်း ကန်းနေတာပဲ ဖြစ်မယ်"

မာယူ မထိန်းနိုင်ဘဲ ရယ်လိုက်မိသည်။ သူတို့နှစ်ယောက် သူငယ်ချင်း ဖြစ်နေတာ နှစ်တော်တော် ကြာနေပြီ။ တစ်ယောက်

အရည်အချင်းကို တစ်ယောက် ကောင်းကောင်း သိသည်။

ဆွန်းမိုက မာယူကို ဂရုမစိုက်ဘဲ ကူရှန်ဆီ လျှောက်သွားသည်။ သူမကိုဆွဲထူပြီး ပုခုံးပေါ် လက်တင်ထားလိုက်သည်။

“ဟေ”

လူငယ်လေး စိုးရိမ်လာသည်။

“လွှတ်စမ်း”

ကူရှန်က အရာရှိတစ်ယောက်ရဲ့ သမီးပါ။ ဆွန်းမိုရဲ့ အပြုအမူက လွန်ကဲပြီး သူမရဲ့ပုခုံးကို မဆင်မခြင် ထိနေတဲ့အတွက် လုံး၀ မသင့်တော်ပါ။

“တိတ်တိတ်နေစမ်း”

ချီစီယန်က အသံနှိမ့်ပြီး အော်လိုက်သည်။ သူက ထက်မြတ်သဖြင့် ပတ်၀န်းကျင်မှ ၀ိညာဉ်ချီများ ပိုသိပ်သည်းလာတာကို ခံစားမိသည်။

ဒီအခိုက်အတန့်မှာ ကျယ်လောင်တဲ့အသံတစ်သံ ပေါ်လာပြီး ကူရှန်ကိုယ်မှ ၀ိညာဉ်ချီများ ပေါက်ကွဲ

ထွက်လာသည်။ ပတ်ဝန်းကျင်မှာရှိတဲ့ ဝိညာဉ်ချီများက သူမကိုယ်ထဲသို့ တိုးဝင်လာကြသည်။

ကူရွန် ခေါင်းပေါ်မှာ ဝိညာဉ်ချီ လေဆင်နှာမောင်းပေါ်လာသည်။

"ဒါ...............ဒါ......."

အားလုံး အံ့အောသွားသည်။ (ဘာကြီးလဲ။ သူမက ဘာဖြစ်လို့ ဒီလိုမျိုးအဆင့် တက်ရတာလဲ။ ပြီးတော့ ဝိညာဉ်ချီ သိပ်သည်းမှုက အရမ်များပြီး အလင်းမှုန်တွေတောင် ဖြစ်နေပြီ)

"တက်"

ဆွန်းမို အသံက ပေါက်ကွဲ ထွက်လာသည်။

စိတ်လှုပ်ရှားမှုကြားမှာ ပိတ်မိနေတဲ့ ကူရွှန်သည် ဒီအသံကို ကြားမှ အသိပြန်ဝင်လာသည်။

"အသက် ခပ်ပြင်းပြင်းရှူပြီး အတွေးရှင်းလိုက်ပါ။ အဆင့်တက်ဖို့အတွက် အာရုံစိုက်"

ဆွန်းမိုက လျှင်မြန်စွာ ပြောလိုက်သည်။

"အဆင့်တက်တာ့မှာလား"

ကူရွှန် အံ့အောနေသည်။ တခြားကျောင်းသားတွေက ဒီအကြောင်းကို ကြားလျှင် သူတို့ ပိုတိုးတက်ဖို့အတွက် ကြိုးစားမှာ

သေချာသည်။ ဒါပေမယ့် ကူရွန်မှာ အဲဒီလို အတွေးမရှိပါ။ ကျင့်ကြံခြင်းအဆင့်မြင့်လည်း သူမ ဘ၀အပေါ်မှာ အများကြီး သက်ရောက်မှု မရှိပါ။

"မင်းက ပတ်ဝန်းကျင်က လူတွေနဲ့ မတူဘူး။ မင်းက ပါရမီရှင် တစ်ယောက်ပဲ။ အဆင့်တက်ဖို့ လုပ်ပြီး မြင့်မားတဲ့ နယ်ပယ်ရောက်အောင် ကြိုးစားပါ။ ဒါမှ မင်းဖြစ်ချင်တဲ့ ဘ၀ကို ဦးဆောင်နိုင်လိမ့်မယ်"

ဆွန်းမို အသံက ပေါက်ကွဲ ထွက်လာသည်။

"ငါ ဖြစ်ချင်တဲ့ဘ၀လား"

ကူရှန် မျက်လုံးအရောင် တောက်လာသည်။ မိန်းကလေးတစ်ယောက်အနေနဲ့ သူမ ဖြစ်ချင်တဲ့ဘဝကို တစ်ခါမှ စိတ်မကူးခဲ့ဖူးပါ။ ဒါပေမယ့် ဌက်လှောင်အိမ်လို အိမ်ထဲမှာ မနေချင်ပါ။ သူမ ပျံသန်းသွားချင်သည်။

"အားအကုန်ထုတ်ပြီး ဝိညာဉ်ချီတွေကို စုတ်ယူလိုက်"

ဆွန်းမို လက်များက ကူရှန် ကိုယ်ပေါ်က သွေးကြောစုံမှတ်များကို နှိပ်လိုက်သည်။

“ဒါက မင်းအတွက် နောက်ဆုံး အခွင့်အရေးပဲ။ ကျရှုံးသွားရင် အနာဂတ်မှာ မျှော်လင့်ချက် မရှိတော့ဘူး။ အတွေးတွေ အားလုံးရှင်းပြီး ဝိညာဉ်ချီ စုတ်ယူလိုက်ပါ”

ဆွန်းမိုက ကူရွန် ဘာမှန်းမသိ ကြောက်နေတာကို သိသည်။

ကူရွန် ချက်ခြင်း စိုးရိမ်လာသည်။ ဆွန်းမို အကြံပေးတဲ့အတိုင်း ဝိညာဉ်ချီကို အရှူးအမူး စုပ်ယူလိုက်သည်။

ဝိညာဉ်ချီ ပုံ့လွင့်လာတဲ့နှုန်းသည် နောက်တစ်ဆင့် တက်သွားသည်။

ချီစီယန်နှင့် ကျန်တဲ့လူများ မျက်နှာ ပျက်သွားသည်။ ကျောင်းသား တစ်ယောက် အရည်အချင်း ရှိမရှိကို သူတို့ အဆင့်တက်ရန် ကြိုးစားတဲ့အခါ စုပ်ယူတဲ့ ဝိညာဉ်ချီ ပမာဏကို ကြည့်ပြီး ဆုံးဖြတ်နိုင်သည်။

အများအားဖြင့် ဝိညာဉ်ချီ စုပ်ယူမှု ပိုများလေ အရည်အချင်း ပိုများလေ ဖြစ်သည်။

"ကူရွှန်က နည်းနည်း အံ့အောစရာပဲ"

ဘိုင်ဇီယူ အရမ်းအံ့အောနေသည်။

"သူက အရမ်းအံ့အောဖို့ ကောင်းတယ်"

ချီစီယူက စကားပြင်ပေးလိုက်သည်။

နှစ်မိနစ်လောက် ကြာပြီးတော့ ကူရွှန် ကိုယ်ပေါ်က ဝိညာဉ်ချီများပေါက်ကွဲ ထွက်လာကာ အဆင့်တက်မှုလည်း ပြီးဆုံးသွားသည်။

ကူရွှန်က ခေါင်းငုံ့ပြီး သူမကိုယ်သူမ ကြည့်လိုက်သည်။ အဲဒီနောက် ဆွန်းမိုဘက်သို့ လှည့်ပြီး "ငါ...ငါ အဆင့်တက်သွားပြီလား"

"ဂုဏ်ပြုပါတယ်"

ဆွန်းမိုက တိုးတိုးလေး ရယ်မောပြီး ပြောလိုက်သည်။

ကူရှန် ခဏလောက် ကြောင်သွားပြီး ဝမ်းသာအားရ ဖြစ်သွားသည်။ သို့သော်လည်း တွေဝေသွားတဲ့ အငွေ့အသက် ပေါ်လာသည်။ ထို့နောက် ချီစီယန်ကို တစ်ချက်ကြည့်လိုက်ပြီး ဆွန်းမိုကို အရိုအသေ ပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ်။ ဆရာဆွန်း”

ကူရှန်သည် ကျင့်ကြံခြင်းအပေါ်မှာ အများကြီး အားမစိုက်သော်လည်း အဆင့်တက်တာကို မကြိုက်ဘူးလို့ မဆိုလိုပါ။

အဆင့် ပိုမြင့်လာလျှင် ခန္ဓာကိုယ်က ပိုသန်မာလာပြီး ဖျားနာမှုလည်း နည်းသွားမည်။

"မင်းရဲ့ အရည်အချင်းက အရမ်းကောင်းတယ်။ မင်း မိသားစုကလည်း မင်းလိုချင်တဲ့ အရင်းအမြစ်ကို ထောက်ပံ့ပေးနိုင်တယ်။ မင်း မကျင့်ကြံရင်တော့ သနားစရာပဲ"

ဆွန်းမိုက အကြံပေးလိုက်သည်။

“ငါ....ငါ့အဖေက ဘဝကို ဘေးကင်းကင်း ဖြတ်သန်းပြီး ငါ့အမေလို ဇနီးကောင်း တစ်ယောက် ဖြစ်အောင် နေထိုင်ဖို့ မျှော်လင့်ထားတယ်”

ကူရှန်က ရှင်းပြသည်။

မိဘ တချို့ကတော့ အဲဒီလိုပဲ။ သား၊ သမီးများရဲ့ ဘဝကို ကြီးကျယ်တဲ့ အရာတွေ လုပ်ခိုင်းမယ့် အစား ဘေးကင်း လုံခြုံပြီး အေးချမ်းတဲ့ဘဝမှာ နေထိုင်ဖို့ မျှော်လင့်ကြသည်။

“မင်းကိုယ်မင်း ဆုံးဖြတ်လို့ ရတယ်”

ဆွန်းမိုက မိသားစုရေးကို ဝင်စွက်ဖက်မှာ မဟုတ်ပါ။

ကူရှန်သည် စက္ကန့် အနည်းငယ်လောက် ငြိမ်ကျသွားသည်။ ဒါပေမယ့် ဆွန်းမိုကို မကြည့်ဘဲ

"ငါ့ရဲ့ ကျင့်ကြံမှုအဆင့်က တကယ်မြင့်သွားရင် ငါဖြစ်ချင်တဲ့ဘဝကို ဦးဆောင်နိုင်ပါ့မလား"

"ဒီအတိုင်း မှတ်ထားလိုက်ပေါ့။ မင်းကျင့်ကြံမှုအဆင့် မြင့်လာတဲ့အခါ မင်းမှာ စွမ်းအားတွေရှိလာပြီး ရွေးချယ်စရာလည်း ပိုများလာလိမ့်မယ်"

ဆွန်းမိုက

"အနည်းဆုံးတော့ မင်းအဖေက စားသောက်စရိတ် မပေးရင်တောင် မင်းကိုယ်မင်း ထောက်ပံ့နိုင်လိမ့်မယ်။ ပြီးတော့ မင်းဖြစ်ချင်တဲ့ အရာတွေရှိရင် လက်မလျှော့ဘဲ အားထုတ်နိုင်တဲ့ အရည်အချင်း ရှိလာလိမ့်မယ်"

"ငါဖြစ်ချင်တဲ့ အရာလား။ တွန်းလှန်နိုင်စွမ်းလား"

ကူရွှန်သည် အဲဒီစကားများကို အကြိမ်ကြိမ် ပြန်ရွတ်ရင်း မျက်လုံးများ တဖြည်းဖြည်း တောက်ပလာသည်။

သူမက နေ့တိုင်း ကြုံလာသမျှ အရာတိုင်းကို အလိုက်သင့် စီးမျော နေခဲ့သည်။ ဒါပေမယ့် အခုအချိန်မှာတော့ ဆွန်းမိုရဲ့ စကားလုံးတွေက သူမ နားထဲတွင် မနက်ခင်း ခေါင်းလောင်းလို ဒါမှမဟုတ် ညနေခင်းဗုံသံလို မြည်ဟီးနေသည်။ ပန်းတိုင် တစ်ခုကို ရုတ်တရက် မြင်လိုက်ရသည်။

ငြိမ်းချမ်းတဲ့ ဘဝကနေ နောက်ထပ် ဦးတည်ရာတစ်ခုသို့ ပြောင်းလဲသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရွှန် အရိုအသေ ပေးလိုက်သည်။ ဒီတစ်ခေါက်တော့ သူမက ၉၀ ဒီဂရီ နီးပါး ကွေးညွတ် လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ် ဆရာဆွန်း၊ မင်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်"

ဒင်

ကူရွှန်၏ လေးစားအထင်ကြီးမှု +၁၀၀။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်သည်။ ရင်းနှီး (၁၀၀/၁,၀၀၀)

ဆွန်းမို စိတ်သက်သာရာ ရသွားသည်။ ကျေးဇူးတရားဆိုတာ ဘာလဲ သိတတ်တဲ့ မိန်းကလေး တစ်ယောက်ပါ။ သူမကို ကူညီဖို့ အစွမ်းကုန် မကြိုးစားခဲ့သလို သင်ပေးဖို့လည်း ဆန္ဒမရှိခဲ့ပါ။

ချီစီယန်နှင့်အဖွဲ့သည် ဒါကို မြင်ပြီး ဘယ်လို တုန့်ပြန် ရမလဲ မသိတော့ပါ။

"ကူရှန်၊ ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် ဘယ်လောက်မှာလဲ"

ဘိုင်ဇီယူက သိချင်လာသည်။

"အဆင့် (၆)၊ အို အခုတော့ အဆင့်(၇) ဖြစ်မယ်"

ကူရွှန်က ပြောလိုက်လျှင် အေးစက်တဲ့ သက်ပြင်းချသံများ ပေါ်လာသည်။ (သူမ ခန္တာကိုယ် ပြုပြင်ခြင်း အဆင့်(၇)လား။ ငါတို့ အနီးအနားမှာ ပါရမီရှင်တစ်ယောက် ရှိနေတာကို ငါတို့ မသိလိုက်ဘူး။)

ကူရွှန်ကို ကြိတ်ချစ်နေတဲ့ လူငယ်သည် အရမ်းအံ့အောသွားပြီး နိမ့်ကျသလို ခံစားသွားရသည်။

“ကူရွှန်၊ ဒီတစ်နှစ်လုံး မင်းရဲ့အရည်အချင်းကို အလကား ဖြုန်းတီးခဲ့တာပဲ”

ချီစီယန်က သက်ပြင်းချရင်း ပြောလိုက်သည်။

“ဒါက ဘာနည်းစနစ်လဲ။ နည်းနည်းလေး နှိပ်ပေးရုံနဲ့ ဘာဖြစ်လို့ အဆင့်တက်သွားအောင် လုပ်နိုင်တာလဲ”

မာယူသည် တပ်မက်တဲ့ စိတ်ကို မထိန်းနိုင်ပဲ လှမ်းအော်လိုက်မိသည်။ သူသည် ဗိုလ်ချုပ်တစ်ဦး၏ သားဖြစ်သဖြင့် စစ်ရေးအောင်မြင်မှုကို လိုချင်ပါက စစ်မြေပြင်တွင် သိုင်းပညာအစွမ်းနဲ့ သတ်ဖြတ်နိုင်စွမ်း မြင့်နေဖို့ လိုအပ်သည်။

“ဘာဖြစ်လို့ မခန့်မှန်းကြည့်တာလဲ”

ဆွန်းမိုသည် သူတို့ စိတ်ထဲတွင် မရိုးမယွဖြစ်အောင် လုပ်ထားဖို့ ဆုံးဖြတ်လိုက်သည်။

"ဆရာ................"

ကူရွှန်မှာ မေးခွန်း ရှိနေသေးသည်။

"ငါသိတယ်။ မင်းမှာ အရည်အချင်းကောင်း ရှိပေမယ့် အဆင့်တက်တာ ဘာဖြစ်လို့ နှစ်ခါကျရှုံးခဲ့တာလဲ မေးချင်နေတာ မဟုတ်လား။"

ဆွန်းမိုရဲ့ သုံးသပ်နိုင်စွမ်းနဲ့ဆိုလျှင် ဒီအရာကို ခန့်မှန်းဖို့က လွယ်လှသည်။

"အမ်။ နှစ်ခါ ကျရှုံးခဲ့တာလား"

“သူ ကူရှန်အကြောင်း ပြောနေတာလား”

“ဒါက ဖြစ်နိုင်တယ်။ ဒါပေမယ့် သူက ဘယ်လိုသိတာလဲ”

“သူ့အရိပ်အမြွတ် ကြားထားတာပဲ ဖြစ်မယ်။ သူမကို ထိလိုက်ရုံနဲ့ ကျင့်ကြံခြင်းအဆင့်ကို သိနိုင်ပါ့မလား”

ဒုတိယ မျိုးဆက်များက ဆွန်းမိုကို သံသယနဲ့ အကဲခတ်ပြီး အချင်းချင်း တိုးတိုးလေး ဆွေးနွေးနေကြသည်။ ဒီကောင် တော်တော် ထူးဆန်းသည်။

"အမ်"

ကူရှန် ကြောင်သွားပြီး စိတ်ထဲမှာ အံ့အောခြင်းများနဲ့ ပြည့်နှက်နေသည်။ (ဆရာဆွန်းက ငါဘာမေးချင်လဲဆိုတာကို သိရုံသာမက အဆင့်တက်မှု နှစ်ကြိမ် ကျရှုံးတာကိုတောင် သိနေတာလား။ နတ်ဘုရားများ ဖြစ်နေမလား)

အခန်း (၄၂၆) - အသက်အတွက် လမ်းညွှန်မှု၊ လူတိုင်း အံ့အောသင့်ခြင်း။

လူတိုင်းက သံသယနဲ့ မေးခွန်းထုတ်ခြင်တဲ့ အကြည့်ကို မြင်လိုက်လျှင် ဆွန်းမို တည်ငြိမ်စွာ ပြုံးလိုက်သည်။ ဒီလို မိုက်ရိုင်းတဲ့ ကောင်တွေကို ဘယ်တော့မှ မဖြေပေးပါ။

ဒါပေမယ့် ဒီလူတွေက တကယ် မောက်မာလို့ ရသည်။ သူတို့ကို ပြသနာရှာချင်ရင် သူတို့မိသားစုနောက်ခံထက် ပိုအံ့အောဖို့ကောင်းတဲ့ အသိုင်းအဝိုင်းကို ကြိုရှာထားဖို့ လိုသည်။

ဒါကလည်း ဆွန်းမို သန်မာတဲ့ အချက်ဖြစ်သည်။ အခြားဆရာ အသစ်များဆိုလျှင် ဒီနေ့မှာ ဘာလုပ်ရမလဲမသိဘဲ အရှက်ကွဲသွားလိမ့်မည်။

"ပြောစမ်းပါအုံး။ ကူရွန်က ဘာဖြစ်လို့ နှစ်ကြိမ် ကျရှုံးခဲ့တာလဲ"

မာယူ သိချင်လာသည်။ အများအားဖြင့် အရမ်းအရည်အချင်း မြင့်မားတဲ့လူများသည် သူတို့ရဲ့ ကျင့်ကြံခြင်းတွင် အဆင်ပြေ ချောမွေ့နေတတ်သည်။ တစ်ခါတစ်လေ မှားနိုင်သော်လည်း တစ်ကြိမ်သာ ဖြစ်သင့်သည်။

“မင်းက ဘာဖြစ်လို့ ကျင့်ကြံတာလဲ”

ဆွန်းမိုက မေးလိုက်သည်။

“လူတစ်ယောက်က သူ့ရဲ့ ကန့်သတ်ချက်တွေကို ချိုးဖြတ်ပြီး ပိုမြင့်တဲ့ ထိပ်ဆုံးအထိ အဆက်မပြတ် တက်ရောက်ဖို့ပဲ”

ဘိုင်ဇီယူက ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်သည်။ (ငါ့ကို ဒီလောက်တောင် မသိနားမလည်ဘဲ အသုံးမကျဘူး ထင်နေတာလား။ ဒါကို မသိတဲ့လူ ရှိလို့လား။)

"မှန်တယ်။ ဒါပေမယ့် အဲဒါနဲ့ မလုံလောက်သေးဘူး"

ဆွန်းမိုက ရှင်းပြသည်။

"ကျင့်ကြံမှုဆိုတာက ခန္ဓာကိုယ်ကို တိုးတက်လာအောင် လုပ်ရုံသာမက ပိုပြီးအရေးကြီးတာက ဆန္ဒတွေကလည်း ပြင်းပြနေဖို့ လိုတယ်။ ပြင်းပြတဲ့ ဆန္ဒကသာ စစ်မှန်တဲ့ ခွန်အား ဖြစ်တယ်"

“မင်းပြောတဲ့စကားကို အခြေခံပြီး ပြောရရင် မကျင့်ကြံတဲ့လူတွေက ပြင်းပြတဲ့ ဆန္ဒရှိရုံနဲ့ သန်မာတဲ့လူ ဖြစ်လာလို့လား”

မာယူက လျောင်ပြုံး ပြုံးလိုက်သည်။ ဒါက မှားယွင်းမှု တစ်ခုဆိုတာ ထင်ရှားနေသည်။

ချီစီယန် နှင့် ဘိုင်ဇီယူက အတွေးထဲ နှစ်မြုပ်သွားပြီး ကျန်တဲ့ လူတွေက အနည်းငယ် ထိတ်လန့်သွားကာ ဆွန်းမိုစကားရဲ့တကယ့် အဓိပ္ပါယ်ကို သူတို့ နားမလည်ကြပါ။

“အများအားဖြင့် ခန္ဓာကိုယ်နဲ့ စိတ်ဆန္ဒက တစ်ခုနဲ့ တစ်ခု အားဖြည့်ပေးနေတယ်။ ဒါပေမယ့် ခြွင်းချက်ဆိုတာ ရှိတယ်။ စိတ်ဆန္ဒကို တောက်လောင်လာဖို့အတွက် ကျင့်ကြံရုံသာမက နွေရာသီနှင့် ဆောင်းရာသီ တစ်လျှောက်လုံးမှာ ကြိုးကြိုးစားစား လေ့လာနေဖို့ လိုတယ်”

ဆွန်းမိုက ရှင်းပြသည်။

“သူတော်စင် စာသင်သားတွေ၊ သူတော်စင် အနုပညာရှင်တွေ နဲ့ နန်းတော်ထဲမှာရှိတဲ့ ဝန်ကြီးချုပ်တွေက သူတို့ရဲ့ ခန္ဓာကိုယ်က

အားနည်းကောင်း နည်းမယ် ဒါပေမယ့် သူတို့ရဲ့ စိတ်ဆန္ဒကတော့ အရမ်းအားကောင်းနေလိမ့်မယ်”

“နားမလည်ဘူး”

မာယူက ခေါင်းယမ်းပြီး ပြန်ပြောသည်။

“ဒီထက် ရှင်းအောင် ပြောရရင် လူတချို့ကို ရုပ်ပိုင်းဆိုင်ရာ အရ အနိုင်ယူနိုင်လိမ့်မယ်။ ဒါပေမယ့် သူတို့ကို စိတ်ပိုင်းဆိုင်ရာ အရတော့ အနိုင်မယူနိုင်ဘူး။ ဘယ်နှစ်ကြိမ်ပဲ လဲကျပါစေ သူတို့ ပြန်ထ လိမ့်မယ်”

ဆွန်းမိုက ရှင်းပြတဲ့ နည်းလမ်းကို ပြောင်းလိုက်သည်။

"ဒါဆို ဒါပေါ့"

မာယူ အရမ်း နားလည်သွားပြီ။ သူ့အဖေက သူ့သခင်ကို ကယ်ဖို့အတွက် မြောက်ဘက်သို့ စစ်သား ၈၀၀ ဦးဆောင်ပြီး သွားတဲ့အကြောင်းကို ပြန်သတိရသွားသည်။ အဲဒီနောက် သူ့ခန္ဓာကိုယ်တွင် ဒဏ်ရာ ၁၂၆ ခု ရခဲ့သော်လည်း အဆက်မပြတ် တိုက်ပွဲဝင်ခဲ့သည်။

အဲဒီတိုက်ပွဲတွင် သူ့အဖေသည် တရားသူကြီး ယန်အန်၏ မြင့်မြတ်တဲ့ဆုတံဆိပ်ကို ရရှိခဲ့သည်။ ဇန်မျိုးနွယ်စုကလည်း မင်းမျိုးမင်းနွယ်

အသိုင်းအဝိုင်းထဲသို့ ဝင်နိုင်ခဲ့ကာ သာမန်မျိုးနွယ်စုကနေ ချမ်းသာ ကြွယ်ဝတဲ့ မျိုးနွယ်စု ဖြစ်လာခဲ့ရသည်။

သူ့အဖေ မကြာခဏ ပြောတဲ့ စကားတစ်ခွန်းကတော့

"မင်း သေလို့ရတယ်။ ဒါပေမယ့် မင်းသေရင်တောင် မတ်မတ် ရပ်နေရမယ်"

ဇန်မာယူက သူ့အဖေသည်ဒဏ်ရာရပြီး ဦးနှောက် ထိခိုက်သွားတယ်လို့ တွေးနေခဲ့မိသည်။ ဒီလိုမှမဟုတ်ရင် သေပြီးတာနဲ့ဘယ်သူက မတ်မတ်

ရပ်နေနိုင်အုံးမှာလဲ။ အခုတော့ သူ့အဖေကို ရုတ်တရက် အနည်းငယ် နားလည်လာသည်။

"ကူရွှန်၊ မင်းရဲ့ အကြီးမားဆုံးပြဿနာက ရေနစ်ရင်း အသက်ရှင်သန်မှုကို ရှာဖွေသလို ပြင်းပြတဲ့ ဆန္ဒ မရှိဘူး။ မင်းမှာ ခိုင်မာတဲ့ ပြတ်သားမှု မရှိဘူး"

ဆွန်းမိုက ကူရွှန်ကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ကျင့်ကြံခြင်းဆိုတာက မိမိကိုယ်မိမိထက် သာလွန်အောင် ဖြတ်သန်းခြင်းပဲ။ ဒါက လက်ရှိ မိမိကို

အနိုင်ယူပြီး ပိုမြင့်မားတဲ့ အဆင့်ကို တက်ရောက်ခြင်းပဲ”

“မင်းကတော့။ ကံကြမ္မာကို စွန့်လွှတ်ပြီး အလုပ်မကြိုးစားခဲ့ဖူးဘူး။ အသက်ရှင်ဖို့အတွက် မင်းရဲ့အရည်အချင်းအပေါ်ကိုပဲ အားကိုးရမယ်”

“ကျင့်ကြံခြင်းဆိုတာက တောင်တက်တာနဲ့ တူတယ်။ လူတိုင်းကတော့ သူတို့ ဘာမြင်လဲဆိုပြီး ပြောကြမယ်။ အထွဋ်အထိပ်ကို မင်းမြင်နိုင်တဲ့ မြင်ကွင်းကသာ မင်းကိုယ်ပိုင်ပဲ”

“ကူရွန်၊ ဟိုနားက ရှုခင်းကို သွားကြည့်လိုက်”

ဆရာတစ်ယောက်အနေနဲ့ ဆွန်းမိုသည် ပါရမီရှင်ကျောင်းသားတွေက သူတို့ အရည်အချင်းကို ဖြုန်းတီးနေတာ အမုန်းဆုံး ဖြစ်သည်။ ဒါကြောင့်လည်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်သည် နှလုံးသားထဲကနေ အလိုလို ထွက်လာသည်။

ရှီ

ဆွန်းမို ခန္ဓာကိုယ်ပေါ်မှ ရွှေရောင် အလင်းတန်းများ ထင်းထိန်လာပြီး လူတိုင်းဆီ လွှမ်းခြုံသွားသည်။

မှုးမတ်တွေရဲ့ဒုတိယ မျိုးဆက်များသည် စိတ်အားထက်သန်လာကာ သူတို့၏ နှလုံးသားထဲတွင် လှုံ့ဆော်မှုများနဲ့ ပြည့်လာသည်။ သူတို့ ငရဲလေ့ကျင့်ခန်းကိုတောင် ချက်ခြင်း စပြီး လေ့ကျင့်ချင်လာသည်။

"ငါပိုင်တဲ့ ရှုခင်းလား"

ကူရွှန် တိုးတိုးလေး ရေရွတ်ပြီး မျက်လုံး အရောင်တောက်လာသည်။

"ဆရာဆွန်း၊ မင်းရဲ့ သင်ကြားမှုကနေ အကျိုးအမြတ် ရလိုက်ပါတယ်"

ချီစီယန်က အနည်းငယ် ဦးညွှတ်လိုက်သည်။ ဆွန်းမိုရဲ့စကားများက သူ့ကို စိတ်အားထက်သန်စေပြီး စိတ်ပိုင်းဆိုင်ရာ အခြေအနေကို မြှင့်တင်ပေးခဲ့သည်။

"ဆရာဆွန်း၊ မင်းရဲ့ သင်ကြားမှုကနေ အကျိုးအမြတ် ရလိုက်ပါတယ်"

ကူရှန်က ကျေးဇူးတင်ကြောင်းကို လျှင်မြန်စွာပြောပြီး လေးစားအထင်ကြီးမှုအမှတ် ၁၀၀ကို ထောက်ပံ့ခဲ့သည်။

ဆွန်းမို ပြောတဲ့စကားက အဓိပ္ပါယ် ရှိသလိုလို ဘိုင်ဇီယူ ခံစားမိသည်။ ဒါပေမယ့် ကျေးဇူးတင်ကြောင်း မဖော်ပြခဲ့ပါ။

"ဆရာဆွန်း၊ ငါ့ကိုလည်း လမ်းညွှန်ပေးနိုင်မလား"

မာယူ အော်နေတာ ရပ်တန့်သွားသည်။ ဆွန်းမိုကြောင့် ကျိုးသွားတဲ့ လက်ချောင်းကိုတောင် သတိမထားမိတော့ပါ။ ဆွန်းမိုကို မျှော်လင့်ချက်ကြီးစွာ စိုက်ကြည့်နေသည်။ ဒါက ဗိုလ်ချုပ်သားတစ်ယောက် ဖြစ်ခြင်းရဲ့ အကျိုးကျေးဇူး ဖြစ်သည်။ စိတ်နေသဘောထားက မြန်ဆန်လှသည်။

ဆွန်းမိုက မာယူဘေးနားသို့ လျှောက်သွားပြီး သူ့ကိုယ်ကို လက်နဲ့ ဖိလိုက်သည်။ တစ်ချိန်တည်းမှာပင် နတ်ဘုရားမျက်စိအာရုံကို အသက်သွင်းလိုက်သည်။

ဇန်မာယူ၊ အသက် ၁၇နှစ်၊

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၉)။ လောလောဆယ် ထစ်ဆို့နေသည်။

ကြံ့ခိုင်မှု - ၉ ကန့်သတ်ချက်နဲ့ နီးကပ်နေပြီ။ အရမ်းအရမ်း သတ္တိရှိသည်။

ဉာဏ်ရည် - ၅ - သာမန်။

သွက်လက်မှု - ၇ - လျှင်မြန်တဲ့ခြေထောက်တစ်စုံနဲ့ ကမ္ဘာအနှံ့ ခရီးသွားနိုင်သည်။

ခံနိုင်ရည် - ၇ - မြင့်မြတ်တဲ့ လူရဲ့သားတစ်ယောက်ဖြစ်ပြီး စည်းစိမ် ချမ်းသာ သော်လည်း သူ့ရဲ့ ကိုယ်ခန္ဓာက တောက်လောင်နေပြီး ခံနိုင်ရည် မဆိုးပါ။

ဆန္ဒ - ၅ - အရင်က ဆန္ဒ မပြေင်းပြဖူးပါ။ ပွင့်ပွင့် လင်းလင်းပြောရလျှင် အေးချမ်းပြီး သာယာတဲ့ ဘဝမှာ နေထိုင်ခဲ့သည်။

....

အလားလာတန်ဖိုး - ပျမ်းမျှထက် အနည်းငယ် မြင့်မား။

မှတ်ချက်။ ။ ရည်မှန်းချက် ကြီးမားသော်လည်း သန်မာမှု အားနည်းသည်။

မှတ်ချက်။ ။ သာလွန်ကောင်းကင်အဆင့် ကျင့်စဉ်ဖြစ်တဲ့ ယန်ဝိညာဉ် ဓါးသွား ခြောက်ခု ကျင့်စဉ်ကို ကျင့်ကြံထားသဖြင့် ခန္ဓာကိုယ်မှာ ဒဏ်ရာရနေသည်။ ဒီအတိုင်းဆက်သွားလျှင် ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားမည်။

ဒီအချက်အလက်ကို မြင်လိုက်လျှင် ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

“ဘာ....ဘာဖြစ်လို့လဲ”

ဇန်မာယူ စိတ်မအေးနိုင်တော့ပါ။ ဆွန်းမို၏ အမူအရာ မူမမှန်တော့ပါ။

“မင်း ကျင့်ကြံထားတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်က ကောင်းလွန်းတယ်”

ဆွန်းမိုက ဒါကို ဇဝေဇဝါ ဖြစ်အောင်ကြိုးစားနေသည်။ ဘယ်လိုပဲ ပြောပြော

အဆင်မြင့်တဲ့ ကျင့်စဉ်ကို လူများက လိုချင်တောင်းတကြသည်။

“အမ်”

ဇန်မာယူ အံ့အောသွားပြီး နှလုံးခုန်နှုန်း မြန်လာသည်။ အခြားသူများကို အလိုလို ကြည့်လိုက်မိသည်။ သူက ယန်ဝိညာဉ်ဓါးသွား ခြောက်ခုကို လေ့ကျင်နေသော်လည်း ဒါက မျိုးနွယ်စုရဲ့ လျှို့ဝှက်ချက် ဖြစ်သည်။ အမာခံ မျိုးဆက်တွေကလွဲလျှင် အပြင်လူများ လုံးဝ မသိပါ။

အဲဒီအတွက်လည်း အဖြေမရှိပါ။ သိုင်းမျိုးနွယ်စုက လူတစ်ယောက်အနေနဲ့ သန်မာသောကျင့်ကြံခြင်း ကျင့်စဉ်သည် သူတို့မျိုးနွယ်စု တည်ထောင်ဖို့အတွက် အခြေခံ အုတ်မြစ် ဖြစ်သည်။ ဒါကြောင့် လျှို့ဝှက်ထားရမည်။

ယန်ဝိညာဉ် ဓါးသွားခြောက်ခု ကျင့်စဉ်သည် သာလွန်ကောင်းကင်အဆင့်ကျင့်စဉ် ဖြစ်သည်။ ဒါကို လေလံတင်ပြီး ရောင်းချလိုက်ပါက အင်အားကြီးနိုင်ငံ အသီးသီးက အရေးပါတဲ့လူများသည် ဒီအတွက် ပြင်းထန်စွာ တိုက်ခိုက် ကြလိမ့်မည်။ ဒါကြောင့်

ဇန်မျိုးနွယ်စုသည် နိမ့်ကျကောင်းကင်အဆင့် ကျင့်စဉ်လို့ပဲ အမြဲပြောခဲ့သည်။

“အမ်၊ မင်းရဲ့ သုံးသပ်ချက်က တကယ်မဆိုးဘူး။ အစ်ကိုဇန် မျိုးနွယ်စုရဲ့ကျင့်စဉ် တကယ်ကောင်းတယ်”

လူငယ်တစ်ယောက်က ချီးကျူးလိုက်သည်။

“ဒါက သုံးသပ်ချက် မဟုတ်ဘူး။ မာယူက သူ့ရဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို ထုတ်မပြခဲ့ဘူး”

ဘိုင်ဇီယူက ဆွန်းမို လက်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ ထိလိုက်ရုံနဲ့ သိနိုင်တာလား။

(မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ ငါစိတ်လွတ်နေတာပဲ ဖြစ်မယ်။ တခြားသူရဲ့ကျင့်ကြံခြင်း ကျင့်စဉ်ကို ဘယ်လို သိနိုင်မှာလဲ)

"ဒါက အရေးမကြီးဘူး မဟုတ်လား။ ကျင့်စဉ်တစ်ခုက အဆင့်ပိုမြင့်လေ ပိုကောင်းလေ မဟုတ်ဘူးလား။ ဘာလို့ မကောင်းသလို အသံက ဖြစ်နေရတာလဲ"

ကူရွှန်ကို ကြိတ်ချစ်နေတဲ့ လူငယ်က သံသယ ဝင်နေသည်။

"ဟီး ဟီး"

ဇန်မာယူ အနေရခက်စွာ ပြုံးလိုက်သည်။ သူ အစိုးရိမ် လွန်နေတာပဲ။ ဒီဆရာက သူ့ကို လှည့်စားနေတာပဲ ဖြစ်မည်။

“ငါ ထပ်ပြောမယ့် စကားကို မင်းမကြိုက်လောက်ဘူး။ ယုံတာ ၊ မယုံတာက မင်းအပေါ်မှာပဲ မူတည်တယ်”

ဆွန်းမိုက ဒီစကားကို ကြိုတင်ကာကွယ်မှုအနေနဲ့ ပြောလိုက်သည်။

“မင်းရဲ့ ကိုယ်ခန္ဓာက ပျမ်းမျှလို့ သတ်မှတ်နိုင်ပြီး ကူရှန်လောက် မကောင်းဘူး။ ဒါပေမယ့်

မင်းလေ့ကျင့်တဲ့ ကျင့်စဉ်က သူမထက် အများကြီး သာနေတယ်။ ဒါက ဘာကိုဆိုလိုလဲ”

“ ဒီကျင့်ကြံမှုကျင့်စဉ်ကို လည်ပတ်တဲ့အချိန်မှာ မင်းတစ်ကိုယ်လုံးဆီ ရောက်သွားအောင် မလုပ်နိုင်ဘူး”

“လေ့ကျင့်ခန်း လုပ်တဲ့အခါ၊ မင်းရဲ့ ဝိညာဉ်ချီတွေက ၁၅ မိနစ်အတွင်း ကုန်သွားပြီး မင်းသက်လုံကို မထိန်းထားနိုင်ဘူးလို့ ခံစားမိလား”

လူတိုင်းက ဆွန်းမိုရဲ့စကားကို ကြားပြီး ဇန်မာယူအား အံ့အောတဲ့ မျက်လုံးနဲ့ ကြည့်လိုက်ကြသည်။

သူတို့အားလုံးက သူငယ်ချင်ကောင်းတွေ ဖြစ်သဖြင့် အချင်းချင်း တိုက်ခိုက်ဖူးသည်။ ဒါကြောင့် ဇန်မာယူရဲ့ အားနည်းချက်ကို လူတိုင်း သိနေသည်။ ပျော့ညံ့တဲ့လူလို့တောင် နောက်နေကြသေးသည်။

ဆွန်းမိုက ဒါကိုတောင် ပြောနိုင်မယ်လို့ သူတို့ မထင်ထားကြပါ။

"ငါ......ငါက ပြည့်တန်ဆာတွေဆီ ခဏခဏ သွားလည်လို့ ခန္ဓာကိုယ် ထိခိုက်သွားတာ။ အဟာရ နည်းနည်းလောက် ဖြည့်လိုက်ရင် အဆင်ပြေသွားလိမ့်မယ်"

ဇန်မာယူက ငြင်းလိုက်သည်။

အဲဒီအတွက်လည်း မတတ်နိုင်ပါ။ သူ အရည်အချင်းမရှိဘူး ဆိုတာက ဝန်ခံဖို့အတွက် ကြီးမားလွန်းသည်။

"ကျင့်ကြံခြင်း ကျင့်စဉ် ကောင်းတယ်ဆိုပေမယ့် လူတိုင်း ကျင့်ကြံနိုင်တာ မဟုတ်ဘူး"

ဆွန်းမိုက အကြံပေးလိုက်သည်။

“မင်းလေ့ကျင့်ထားတာက ယန်ခြေါက်.......”

ဒီစကားကို ကြားလိုက်လျှင် ဇန်မာယူသည် ကင်းမြီးကောက် အကိုက်ခံရသလို ဖြစ်သွားသည်။ ခါးမတ်သွားပြီး ဆွန်းမိုကို မျက်လုံးကြီးပြူးကာ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေသည်။

(ငါလေ့ကျင့်တဲ့ ကျင့်စဉ်ကို တကယ်သိနေတာလား)

ဆွန်းမိုကို ကြည့်ရတာတော့ အဓိပ္ပါယ် မရှိတဲ့ စကားတွေကို ဆက်မပြောချင်တဲ့ ပုံပဲ။ ဒီလိုဆိုလျှင်

ဆွန်းမို ဒီကျင့်စဥ်ရဲ့ အဆင့်အတန်းကို တကယ်သိနေတာပဲ။

ထို့နောက် ဇန်မာယူ၏ အတွေးမှာ (မပြောပါနဲ့။ ဆက်မပြောပါနဲ့)

"တခြား ကျင့်ကြံခြင်း ကျင့်စဥ် ဆိုရင်တော့ အဆင်ပြေတယ်။ အများဆုံး ဖြစ်လာမယ့်အရာက မင်းကျွမ်းကျင် ပိုင်နိုင်ခြင်း မရှိတာဘဲ ဖြစ်လိမ့်မယ်။ ဒါပေမယ့် ဒီကျင့်စဥ်နဲ့တော့ ကွဲပြားတယ်။ ဒါက ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ၊ ရက်စက်တဲ့ ရိုက်ချက်တွေ နဲ့ ကြီးမားတဲ့ ပျက်ဆီးမှုတွေကို

ဖြစ်စေနိုင်တယ်။ အဲဒါကို အသုံးပြုဖို့ကလည်း ဝိညာဉ်ချီ အများကြီး တောင့်ခံထားနိုင်ဖို့ လိုအပ်တယ်။ ဒါပေမယ့် မင်းရဲ့ ဝိညာဉ်ချီက မလုံလောက်ဘူး။ ဒါဆိုရင် ဘာဖြစ်လာမလဲ။ မင်းရဲ့ ချီနဲ့သွေးတွေ ကုန်ဆုံးသွားလိမ့်မယ်။ အချိန်ကြာလာတာနဲ့အမျှ မင်းခန္ဓာကိုယ်က ဆုတ်ယုတ်လာလိမ့်မယ်”

ဆွန်းမိုက ပိန်ပိန်ပါးပါး ဖြစ်နေတဲ့ ဇန်မာယူကို ကြည့်လိုက်ပြီး

“ပြီးခဲ့တဲ့ တစ်နှစ်အတွင်းမှာ ပိန်လာတယ် မဟုတ်လား”

“တကယ်ကြီးလား။ ဒီအကြောင်းကိုတောင် သိနေတာလား”

“အကြောင်းအရင်းက သူ့ရဲ့ ကျင့်စဉ်ကြောင့်ပေါ့။ ငါက သူ အရပ်ပိုမြင့်လာလို့ လို့ ထင်နေတာ”

“ဒါဆို မင်းက အထင်ကြီးဖို့ကောင်းပြီး အသုံးမကျတာ မဟုတ်ဘူးပဲ”

ဒုတိယမျိုးဆက်များက တိုးတိုးလေး ရေရွတ်လိုက်ပြီး ဆွန်းမိုကို အသိအမှတ်ပြုတဲ့ ပုံစံ ဖြစ်လာသည်။ တစ်ကြိမ်သာ မှန်ရင်တော့

အရှုံးကံကောင်းလို့ လို့ ပြောနိုင်ပြီး အကြိမ်ကြိမ် မှန်နေသဖြင့် စွမ်းရည် တချို့ ရှိတယ် ပြောလို့ရသည်။

"အကြံသမား။ မင်းက အထင်ကြီးစရာ ကောင်းပေမယ့် တကယ် အသုံးမကျဘူး"

ဇန်မာယူက ကျိန်ဆဲလိုက်သည်။

"လေ့ကျင့်တာကို ရပ်လိုက်ပါ။ ဒီလိုမှမဟုတ်ရင် ပြင်းထန်မှုအပေါ် မူတည်ပြီး အသက်နှစ်ဆယ်တောင် မကျော်ဘူး ဖြစ်သွားမယ်"

ဆွန်းမိုက စည်းရုံးလိုက်သည်။

ဇန်မာယူ ငြိမ်ကျသွားသည်။ (ငါက တိုက်ရိုက်မျိုးဆက်လေ။ ဒါကို မလေ့ကျင့်လို့ မသန်မာရင် ငါတို့ မျိုးနွယ်စုကို ဘယ်လို အမွေဆက်ခံမလဲ။ မျိုးနွယ်စုရဲ့ဘုန်းတန်ခိုးနဲ့ စည်းစိမ်ဥစ္စာတွေကို ဘယ်လို ထိန်းသိမ်းမလဲ)

“အို ဟုတ်ပြီ ဒါကလည်း မင်း ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၉) ကို မအောင်မြင်တဲ့ အကြောင်းပဲ”

ဆွန်းမိုက ထပ်ပြောလိုက်သည်။

ဇန်မာယူကတော့ မတုန်လှုပ်တော့ပါ။ ဆွန်းမိုရဲ့ ခန့်မှန်းမှု အားလုံးက မှန်နေခဲ့ပြီ။ ဒါပေမယ့် ဘိုင်ဇီယူက အံ့အောသင့်နေသည်။ ဇန်မာယူကို ကြည့်ပြီး မေးလိုက်သည်။

"အဆင့်ကိုးလား. တကယ်လား"

"အမှန်ပဲ"

ဇန်မာယူ ပြန်ဖြေတဲ့လေသံက မကောင်းလှပါ။ စိတ်ဝိညာဉ် ပြုပြင်ခြင်းနယ်ပယ်ကို ရောက်ပြီးမှ အခြားသူများကို အသိပေးဖို့ လုပ်ထားသော်လည်း ဆွန်းမိုက မမျှော်လင့်ဘဲ ဖော်ထုတ်လိုက်သည်။

ဂလု

ဘိုင်ဇီယူသည် တံတွေးတစ်ချက် မြိုချလိုက်ပြီး ဆွန်းမိုကို လှမ်းကြည့်လိုက်သည်။

အခြား ဒုတိယ မျိုးဆက်များကလည်း ဆွန်းမိုကို အကဲခတ်နေပြီး လမ်းညွှန်မှုကို တောင်းခံချင်နေကြသည်။

ပို မသန်မာချင်တဲ့လူ ရှိလို့လား။

“မင်းတို့ထဲမှာ တချို့က အရည်အချင်းကောင်းတယ်။ တချို့ကတော့ မကောင်းဘူး။ မင်းတို့ မိသားစုရဲ့ နောက်ခံ

အသိုင်းအဝိုင်းနဲ့ အရင်းအမြစ်တွေကြောင့် တော်တော်မြင့်မားတဲ့နယ်ပယ် အထိ ရောက်နိုင်တယ်”

ဆွန်းမို အတွေးက ရိုးရှင်းသည်။ သွားပြီး ကျင့်ကြံနေလိုက်။ မင်းတို့ရဲ့ အချိန်ကို ကျင့်ကြံတဲ့နေရာမှာ အသုံးချလိုက်။ ဒုက္ခရောက်မှာကို စိုးရိမ် စရာမလိုဘူး။

ဒါပေမယ့် ကောင်းကင်ကြီးက မမျှတပါ။ အင်ဘိုင်ဝူသာ ချီစီယန် မိသားစု ဒါမှမဟုတ် ဇန်မာယူရဲ့ မိသားစုတွင် မွေးဖွားလာပါက သူမ

အရည်အချင်းနဲ့ မိသားစုဆီက ရတဲ့ အရင်းအမြစ်ကို ပေါင်းလိုက်လျှင် အရမ်းမြင့်မားတဲ့ အဆင့်အတန်း တစ်ခု အထိ ရောက်သွားလိမ့်မည်။

အင်ဘိုင်ဝူအတွက် မဟာကိုးပါးကျောင်း ဝင်ရောက်ဖို့ဆိုတာ စဉ်းစားစရာတောင် မလိုပါ။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ အချက်အလက်များကို သိလိုက်တာနဲ့ သေချာပေါက် ချည်းကပ်လာလိမ့်မည်။

တကယ်တော့ ပါရမီရှင်များကြားမှာလည်း အနည်းငယ် ကွာခြားသည်။

“စီယန်၊ လီယုံက ပြီးခဲ့တဲ့ တစ်နှစ်က အရှိန်အဟုန်နဲ့ ခုန်ပျံပြီး တိုးတက်လာတယ်လို့ ငါကြားတယ်။ အခုသူ့ကို အနိုင်ယူနိုင်ပါ့ အုံးမလား”

ဘိုင်ဇီယူက တိုးတိုးလေး မေးလိုက်သည်။

အခန်း (၄၂၇) - စိတ်ရင်းနဲ့လက်ခံ သွားခြင်း။

ချင်လင်၏ ရှုခင်းသည် အရမ်းကောင်းမွန်ပြီး ပတ်ဝန်းကျင်ကလည်း နေထိုင်ဖို့ သင့်တော်သည်။

အခြေတကျ နေထိုင်ဖို့အတွက် ပြီးပြည့်စုံတဲ့မြို့ ဖြစ်သည်။

အရာရှိများနှင့် မှူးမတ် အများစုသည် ဒီနေရာကိုလာပြီး သူတို့၏ အငြိမ်းစားဘဝကို အရိုးထုတ်ကြသည်။ ဒီအထဲမှာ တန်အင်ပါယာ၏ အကြီးဆုံး မင်းသမီး လီလင်းနှင့် တန် ဧကရာဇ်၏ တစ်ဝမ်းကွဲ မင်းသား လီဇီရှင်းတို့က အာဏာအကြီးဆုံး ဖြစ်သည်။

အရင်ခေတ်တွေကတည်းက မိသားစုနောက်ခံနဲ့ ပက်သက်ပြီး အဆင့်အတန်းတွေ သတ်မှတ်ပေးခဲ့သည်။

ဒါကြောင့် လီလင်း၏ တိုက်ရိုက်သား ချီစီယန်နှင့် လီဇီရှင်း၏ တိုက်ရိုက်သား လီယုံတို့သည် ဒုတိယ မျိုးဆက်ထဲတွင် အဆင့်အတန်း အမြင့်ဆုံး အဖွဲ့ဝင် နှစ်ယောက် ဖြစ်နေကြသည်။

လီလင်းနဲ့ လီဇီရှင်းသည် ဆွေးမျိုးတွေလို့ သတ်မှတ်လို့ရသည်။ ဒါပေမယ့် သူတို့သည် လူမြင်ကွင်းတွင် ကောင်းမွန်တဲ့ ဆက်ဆံရေး

ရှိသော်လည်း နောက်ကွယ်တွင် ကြိတ်ပြိုင်ဆိုင်တဲ့ ဆက်ဆံရေးမျိုး ဖြစ်သည်။

ဂူတစ်ဂူထဲမှာ ကျားနှစ်ကောင် မအောင်းသလိုပေါ့။ ဒါ့အပြင် လီဇီရှင်းက ချင်လင်ကို သူ့နယ်မြေလို့ အမြဲတမ်း သတ်မှတ်ထားသည်။ လီလင်း ရောက်လာပြီး အကျိုးအမြတ် တစိတ်တပိုင်းကို ရယူလိုက်သဖြင့် ဘယ်လိုလုပ်ပြီး ကျေနပ်နိုင်မှာလဲ။

မျိုးနွယ်စုကြားက ရန်လိုမှုသည် ထုံးစံအတိုင်း မျိုးဆက်သစ်များထံ သက်ရောက်မှု ရှိနေခဲ့သည်။

ချီစီယန်နှင့် လီယုံတို့သည် ပြိုင်ဘက်များ ဖြစ်နေကြသည်။ သူတို့တစ်ယောက်ခြင်းစီမှာလဲ သူတို့နဲ့အဆင်ပြေတဲ့ နောက်လိုက် အုပ်စုများ ရှိကြသည်။ ဒါကြောင့် အသိုင်းအဝိုင်းနှစ်ခု ဖြစ်လာခဲ့သည်။

အထိအခိုက် ပွန်းပဲ့တဲ့အထိ တိုက်ခိုက်မှုမျိုး မရှိသော်လည်း အသေးစား ပြိုင်ဆိုင်မှုလေးတွေကတော့ ဘယ်တော့မှ မဆုံးအောင် ရှိနေခဲ့သည်။

ချီစီယန်နှင့် လီယုံတို့သည် သက်တူရွယ်တူများဖြစ်ပြီး နှစ်ယောက်စလုံး နာမည်ကြီးကျောင်းတစ်ခုတည်းတွင် တက်နေကြသည်။ ဒါကြောင့်လည်း တစ်ဖက်ကိုတစ်ဖက် နင်းချင်နေကြသည်။ ကျောင်းပိတ်ရက် ပြန်လာတဲ့ နှစ်စဉ်နှစ်တိုင်း အကြောင်းအမျိုးမျိုးရှာပြီး ရန်ဖြစ်ကြသည်။

အရင်တုန်းကတော့ နှစ်ယောက်စလုံး အဆင့်ခြင်း အတူတူ ဖြစ်ကြသည်။ ဒါပေမယ့် လွန်ခဲ့တဲ့ ၂ နှစ်အတွင်း လီယုံက အရှိန်အဟုန်နဲ့

တိုးတက်လာခဲ့သည်။ ဒါကြောင့် ချီစီယန် ဆက်တိုက်ရှုံးနိမ့်နေခဲ့ရသည်။

ဘိုင်ဇီယူရဲ့စကားကို ကြားပြီး ချီစီယန်မျက်နှာပျက်သွားသည်။ တော်ဝင် မိသားစုဝင်တစ်ယောက်ဖြစ်နေသဖြင့် ချီစီယန်သည် သူ့မျက်နှာကို အသက်ထက် တန်ဖိုးထားသည်။

ချီစီယန်သည် လေးလေးနက်နက် စဉ်းစားပြီး ကူရွှန်ကို တစ်ချက်ကြည့်လိုက်သည်။ မာယူက အနည်းငယ် သွေးဆောင်ခံနေရသည်။ ဒါပေမယ့် ဒီအတွေးကို စွန့်လွှတ်လိုက်သည်။

"ငါ ဒီကိုလာပြီး သူ့ကို ရှာတဲ့အကြောင်းက ငါ့ဝမ်းကွဲအတွက် သူနဲ့ ဆရာ တပြည့်ဆက်ဆံရေးကို ဖျက်ဆီး ပစ်ဖို့ပဲ။ သူ့ဆီက လမ်းညွှန်ချက်ကို ဘယ်လိုတောင်းမှာလဲ"

ချီစီယန်က ကို့ကိုယ်ကို လှောင်ပြုံးလိုက်သည်။ သူက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ကျောင်းသားတစ်ယောက် ဖြစ်သည်။ သူ့အရည်အချင်းက မဆိုးသလို အဆင့်အတန်းကလည်း မနိမ့်ပါ။ ကြယ်သုံးပွင့် မြွတ်ဆရာတစ်ယောက်ဆီက လမ်းညွှန်ချက်

တောင်းဖို့ဆိုတာ ခက်ခဲတဲ့ အရာမဟုတ်ပါ။ (ကြယ်တစ်ပွင့်မှ မရှိတဲ့လူတစ်ယောက် အရှေ့မှာ မတ်တပ်ရပ်နေစရာ လိုလို့လား။)

"မင်း အဆိပ်မိနေပြီ"

ဆွန်းမိုက ချီစီယန်ကို ကြည့်ပြီး ရုတ်တရက် ပြောလိုက်သည်။

"မင်း ဘာပြောတယ်"

ဘိုင်ဇီယူ ကြောင်သွားပြီး ချီစီယန်ဆီ လှမ်းကြည့်လိုက်သည်။

"စီယန် အဆိပ်သင့်နေပြီလား"

"ဘာတွေ ဖြစ်နေတာလဲ"

"ဘယ်သူလုပ်တာလဲ။ အဲဒီလူကို သတ်ပစ်မယ်"

"ငါ့ အစ်ကိုချီကို ဘယ်သူက သတ္တိရှိလို့ ရန်စတာလဲ. ဒီကောင် သေချင်နေတာပဲ ဖြစ်မယ်"

ဒုတိယ မျိုးဆက်များသည် ချက်ခြင်း ဒေါသပေါက်ကွဲသွားပြီး အဆိပ်ခပ်ခဲ့သူကို သတ်ပစ်မယ်လို့ စိုးရိမ်တကြီး တောင်းဆိုနေကြသည်။

"ဒါက ဘာပြောချင်တာလဲ။ အာရုံစိုက်မှု လိုချင်လို့လား"

ဆွန်းမိုကိုကြည့်ရင်း ချီစီယန် မျက်မှောင်ကြုတ်သွားသည်။

"ငါက မင်းသားပါ။ ဘယ်သူက ငါ့ကို အဆိပ်ခတ်ရဲမှာလဲ။ သူတို့ မျိုးနွယ်စု တစ်ခုလုံး ကွပ်မျက်ခံချင်နေလို့လား"

"လွန်ခဲ့တဲ့တစ်နှစ်ကစပြီး မင်းရဲ့ ညာဘက် ရင်ဘက်က တစ်ခါတစ်လေ နာကျင်လာမယ်။ ဝိညာဉ်ချီ လည်ပတ်တိုင်း နာကျင်တဲ့အကြိမ် အရေအတွက်က တိုးလာလိမ့်မယ်"

ဒီလူက လီဇီချီရဲ့ အစ်ကို ဝမ်းကွဲမဟုတ်ဘဲ တောကြက်ဥလေးကို ဂရုမစိုက်တဲ့လူဆို ပစ်ထားလိုက်မည်။

ချီစီယန် မျက်နှာပျက်သွားပြီး ရင်ဘက်ကို အလိုလို ဖိလိုက်မိသည်။ ဆွန်းမို ပြောတာက မှန်နေသည်။

"လွန်ခဲ့တဲ့ သုံးလလောက်က စပြီး ရင်ဘက်အောင့်တဲ့ အချိန်ကြာလာမယ်။ တစ်ပတ်ကို တစ်ကြိမ် ပေါ်လာမယ်။ အများစုကတော့ ညဘက်ပေါ့"

ဆွန်းမိုက ချီစီယန်ကို ကြည့်လိုက်သည်။

အသက် ၁၇ နှစ်၊

စိတ်ဝိညာဉ် ပြုပြင်ခြင်း အဆင့်၊ သွေးကြော ၃၆ခု ဖွင့်ထားပြီး။

ကြံ့ခိုင်မှု - ၁၅ - ကြွက်သားတောင့်တင်းတဲ့လူ ဖြစ်သော်လည်း ဖွဲ့စည်းပုံ အခြေခံ မရှိပါ။ တံဆိပ်ကပ်ရမယ်ဆိုလျှင် ခပ်ညံ့ညံ့ ပညာရှင် တစ်ယောက်ပဲ။

ဉာဏ်ရည် - ၁၄ - စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည် အနည်းငယ် မြင့်မားသော်လည်း နိုင်ငံရေးထဲပါဝင်ဖို့ မထောက်ခံပါ။ အားပြိုင်တဲ့တရားရုံးနဲ့ ရှောင်ပြီး

အေးချမ်းတဲ့ မင်းသားဘဝကို ဖြတ်သန်းချင်သည်။ ဒီလိုမှမဟုတ်ရင် ဘယ်လိုသေသွားမှန်းတောင် သိလိုက်မှာ မဟုတ်ပါ။

သွက်လက်မှု ၁၈ - နူးညံ့သိမ်မွေ့တဲ့ စာသင်သားတစ်ယောက်ကဲ့သို့ ပြေပြစ်သည်။ မင်းရဲ့ တုန့်နှိုင်းမရတဲ့ မိသားစု နောက်ခံနှင့် မင်းရဲ့ ရုပ်ရည်က ချောမောတယ်လို့ ပြောလို့ရပြီး မိန်းကလေးတွေကို ဖမ်းစားနိုင်တဲ့ သခင်လေးပဲ လုပ်နေလိုက်ပါ။

ခံနိုင်ရည် - ၁၅ - ချမ်းသာပြီး မြင့်မြတ်တဲ့ မိသားစုက ဆင်းသက်လာသော်လည်း

ကောင်းကောင်းတောင့်ခံပြီး ကျင့်ကြံမှုကို ကြိုးစားခဲ့သည်။

ဆန္ဒ - ၁၃ - ကြီးမားတဲ့ ကိစ္စတွေနဲ့ မကြုံဖူးသေးလို့ နည်းနည်းတော့ အားနည်းသည်။

....

အလားအလာတန်ဖိုး - မြင့်မားထက် အနည်းငယ် မြင့်မားသည်။

မှတ်ချက် ။ ။ စာသင်သားဆိုင်ရာ စိတ်သဘောထားရှိသော်လည်း ကြွက်သားတောင့်တင်းတဲ့ အမျိုးသားတစ်ယောက်ရဲ့

လမ်းကြောင်းပေါ် လျှောက်လမ်းဖို့ တောင်းဆိုပါ။ အခြေခံကျကျ ဖြစ်မယ့် အလားအလာ ရှိနေသည်။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲက ရခဲ့တဲ့ ခရမ်းရောင်မီးခိုး အဆိပ်သည် သူ့ရဲ့ အရွတ်နှင့် အရိုးတွေအထိ ရောက်နေပြီ။ အချိန်မီ ကုသမှု မခံယူရင် မသေနိုင်သော်လည်း ချိနဲ့သွားနိုင်သည်။ အဲဒီနောက် ကျင့်ကြံမှုတွင် နောက်ထပ် အောင်မြင်မှုများ ရဖို့ မဖြစ်နိုင်တော့ပါ။

ဆွန်းမိုသည် ခရမ်းရောင် မီးခိုးအကြောင်းကို မကြားဖူးပါ။ ဒါပေမယ့် နတ်ဘုရားမျက်စိအာရုံက

ဘိုးဘေးအဆင့်ကို ရောက်နေသဖြင့် အရမ်းအစွမ်းထက်ကာ အသေးစိတ် အချက်အလက်များကို ထုတ်ပေးခဲ့သည်။

ရှားပါးတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်တစ်ခု ဖြစ်သည်။ ဒါက အဆင့်မမြင့်သော်လည်း ဆန်းကြယ် မြေကြီးအဆင့် ကျင့်စဉ် ဖြစ်သည်။ ကျင့်စဉ်ရဲ့ တိုက်ခိုက်ရေး အစွမ်းက မမြင့်သော်လည်း ရက်စက်လွန်းလှသည်။

ဒီကျင့်စဉ်ကို အသုံးပြုတဲ့အခါ လက်ဝါးထဲတွင် အလွယ်တကူ မတွေ့နိုင်တဲ့ အဆိပ်ကို

သယ်ဆောင်ထားသည်။ ရန်သူနဲ့ ထိမိတဲ့ အခါ အဆိပ်သည် ရန်သူရဲ့ ရိုးတွင်း ခြင်ဆီထဲအထိ တဖြည်းဖြည်း စိမ့်ဝင်သွားသည်။

သူတို့က မသေနိုင်ပေမယ့် ချိနဲ့ သွားလိမ့်မည်။

ဆွန်းမိုက ရောဂါလက္ခဏာများကို မှန်ကန်စွာ သိရှိနေသောကြောင့် ချီစီယန် မျက်နှာသည် ဆိုးဝါးစွာ ပျက်သွားသည်။ ဒါ....ဒါက နည်းနည်းတော့ အံ့အောဖို့ ကောင်းလွန်းသည်။

ဆွန်းမိုက လက်ကိုမြှောက်လိုက်သည်။

ချီစီယန်သည် ဆွန်းမိုနဲ့ မဆက်ဆံချင်သော်လည်း အဆိပ်ခပ်တဲ့လူကို ရှာမတွေ့မှာ စိုးရိမ်ပြီး အံကြိတ်ကာ ဆွန်းမိုဆီ လျှောက်သွားသည်။

ဆွန်းမိုက ချီစီယန် ရင်ဘက်ကိုနှိပ်ကာ သက်ရှင်သွေးနည်းစနစ်ကို အသက်သွင်းလိုက်သည်။

အဟွတ် အဟွတ်

ချက်ခြင်းဆိုသလို ချီစီယန် အဆက်မပြတ်ချောင်းဆိုးလာသည်။ မခံမရပ်နိုင်အောင်ဖြစ်လာသည်။ အနည်းငယ်ချောင်းဆိုးပြီး

ခရမ်းရောင်ရှိတဲ့ သွေးတွေက ပါးစပ်ထဲက ထွက်ကျလာသည်။

“အစ်ကိုချီ”

“မင်းသားလေး”

“မင်းဘာလုပ်နေတာလဲ။ ချက်ခြင်းရပ်”

ဒုတိယ မျိုးဆက်များသည် ထိတ်လန့်တုန်လှုပ်ကာ ဒေါသစိတ်နဲ့ ပိတ်မိနေခဲ့သည်။ အများစုက မြေပေါ် ဒူးထောက်နေရလို့ပါ။ ဒီလိုမှမဟုတ်ရင် နည်းနည်းလေး ကြည့်ကောင်းမည်။

“တိတ်တိတ်နေပါ”

ချီစီယန်က အော်ဟာစ်ပြီး မြေပေါ်က သွေးတွေကို ကြည့်လိုက်ကာ အတွေးနက်သွားသည်။

ဆွန်းမိုကသူ့ကို ဒုက္ခပေးစရာ အကြောင်းမရှိပါ။ ဒါ့အပြင် လီဇီချီကြောင့်သာ မဟုတ်ရင် ဒီကိစ္စကို ထုတ်ပြောမှာ မဟုတ်ပါ။ သူ့ကို လုပ်ကြံရဲတဲ့လူကလည်း အရမ်းကြီးမားတဲ့ နောက်ခံ ရှိနိုင်သည်။

ဆွန်းမိုက သာမန် ဆရာတစ်ယောက်ပါ။ သူ့လို အင်အားကြီးမားတဲ့ ရန်သူကို စော်ကားစရာ မရှိပါ။

"ငါ ဘာအဆိပ်မိတာလဲ"

ချီစီယန်က မေးလိုက်သည်။ သူ့ရဲ့ အပြုအမူက အရင်ကထက်စာရင် အများကြီး ပျော့ပြောင်းလာသည်။

"ခရမ်းရောင် မီးခိုး"

ဆွန်းမိုက ရှင်းပြရင်း ချီစီယန်ကို တိတ်တဆိတ် ချီးကျူးလိုက်သည်။ ဒါက အထက်တန်း မျိုးနွယ်တွေ တွေးခေါ်သင့်တဲ့ ပုံစံပဲ။ ဘိုင်ဇီယူတို့က မရင့်ကျက်မှန်း သိသာသည်။

"ဆရာဆွန်းရဲ့ စကားကြောင့် ငါတိုက်ခိုက်နေတုန်းမှာ ကြံ့စည်ခံရတာ ဖြစ်နိုင်တယ်။ အချိန် တိတိကျကျ သိလား"

ချီစီယန် လမ်းညွှန်ချက်ကို နှိမ့်ချစွာ တောင်းခံလိုက်သည်။ နာမည်ကြီးကျောင်းက ကျောင်းသားတစ်ယောက်အနေနဲ့ ပြိုင်ပွဲများနှင့် အဆက်မပြတ် လေ့ကျင့်မှုများ လုပ်နေခဲ့သည်။ လွန်ခဲ့တဲ့နှစ် နှစ်ကျော်က ဆိုလျှင် ချီစီယန်သည် အနည်းဆုံး လူ ၃၀ ဒါမှမဟုတ် ဒီထက်များတဲ့

လူတွေနဲ့တိုက်ခိုက်ခဲ့သည်။ ဒါပေမယ့် သူ့မှာ အကြမ်းဖြင်း ခန့်မှန်းထားတာတော့ ရှိသည်။

ချီစီယန်သည် မေးလိုက်ပြီးမှ မိုက်မဲတဲ့အတွက် သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။ ဆွန်းမိုက လွန်ခဲ့တဲ့ တစ်နှစ်ကျော်က အဆိပ်မိတဲ့ အကြောင်း ပြောခဲ့ပြီးပြီ။ ဒါကိုက အရမ်းအံ့အောဖို့ ကောင်းနေပြီ။ အချိန်တိတိကျကျ တောင်းခြင်းက ပိုခက်ခဲသည်။

"ပြီးခဲ့တဲ့နှစ်၊ နွေရာသီ၊ ဇွန်လရဲ့ လဝက်လောက်ပဲ"

ဆွန်းမိုက ပြောလိုက်သည်။

"အမ်"

ဘိုင်ဇီယူ ကြောင်သွားသည်။ (ဒါကို တကယ်သိနိုင်တာလား။ အကြမ်းဖြင်း ခန့်မှန်းတာ မဟုတ်ဘူးလား)

ချီစီယန် ခန္ဓာကိုယ် တုန်သွားပြီး တစ်ခုခု ခန်မှန်းမိတဲ့ အမူအရာ ဖြစ်သွားသည်။ အဲဒီအချိန်တွင် လီယုံနဲ့တိုက်ခိုက်ပြီး ရှုံးနိမ့်ခဲ့သည်။

အဲဒီ ပွဲကစလို့ သူ၏ တိုးတက်မှုနှုန်းက နှေးကွေးလာခဲ့သည်။ စည်းစိမ်ဥစ္စာနှင့် တောက်ပမှု ပကာသနလို့ သူတို့နှစ်ယောက်စလုံး လက်ခံထားသည်။ ခွန်အားကသာ အရာရာ ဖြစ်သည်။

ဒါကြောင့် အရည်အချင်းကို မဖြုန်းတီးပဲ ကြိုးကြိုးစားစား အားထုတ်ခဲ့သည်။

ဒီကိစ္စအတွက် အချိန်တော်တော်ကြာအောင် စိတ်ပျက်နေခဲ့သည်။ ထစ်ဆို့ခြင်း အခြေအနေရောက်ပြီလို့ တွေးခဲ့သည်။ အခုတော့ ဒီအရာတွေကို ကြည့်ခြင်းအားဖြင့် လူယုတ်မာ လီယုံက လက်လှမ်းမမီတဲ့ အကွက် သုံးခဲ့တာ ဖြစ်နိုင်သည်။

"မ..အ...လ..။ ငါ့အချိန် နှစ် နှစ်နီးပါး ဖြုန်းတီးသွားပြီ"

ချီစီယန်ရဲ့မျက်နှာ တော်တော် ဆိုးနေသည်။ ဒေါသထွက်ပြီး လက်တွေ တုန်နေသည်။ သူက ကျင့်ကြံမှုရဲ့ အဓိက အရွယ်ရောက်နေတာ လူတိုင်းသိသည်။ ဒါပေမယ့် အဆိပ်သင့်ပြီး တိုးတက်မှု နှေးကွေးခဲ့ရသည်။

ဆွန်းမိုကြောင့်သာ မဟုတ်ရင် အမှောင်ထဲ စမ်းတဝါးဝါး လျှောက်နေရအုံးမည်။ ဒါကိုတွေးပြီး ချီစီယန်သည် ဦးညွှတ်ကာ အရိုအသေ ပေးလိုက်သည်။

"ဆရာဆွန်း၊ မင်းရဲ့စေတနာနဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်"

ဒင်

ချီစီယန်၏ လေးစားအထင်ကြီးမှု အမှတ် +၂၀၀။ ရင်းနှီး (၂၀၀/၁,၀၀၀)

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ဒီလေးစားအထင်ကြီးမှု အမှတ်ကို လက်ခံနိုင်သည်။

"ဆရာဆွန်း၊ ငါ့မှာ ဂရုစိုက်စရာတွေ ရှိသေးလို့ အရင်ပြန်တော့မယ်"

ချီစီယန် အမြန်ပြန်ချင်နေပြီ။ ဒီကိစ္စကို သူ့အမေအား ပြောပြီး ကုသပေးဖို့ လူတစ်ယောက် မြန်မြန် ရှာရမည်။ ဒါကို အချိန်ဆွဲနေလို့ မရပါ။

"စီယန်"

ဘိုင်ဇီယူက "မင်းရဲ့ ရောဂါ လက္ခဏာကိုတောင် ပြောပြနိုင်သေးရင် သူကုပေးနိုင်လောက်တယ် မဟုတ်လား"

ချီစီယန်သည် အစိုးရိမ်လွန်ပြီး စိတ်လောသွားသည်။ ဒီစကားကို ကြားတော့ ဆွန်းမိုဘက် လှည့်ကြည့်လိုက်သည်။

"ရေရှည် လုပ်ငန်းစဉ်ဖြစ်ပြီး သုံးလလောက် အချိန်ယူရမယ်"

ဆွန်းမိုက လိမ်လိုက်သည်။ ရေးဟောင်းအနှိပ်ပညာက အရမ်းအစွမ်းထက်သဖြင့် သုံး၊ လေးကြိမ်လောက် နှိပ်ပေးရုံနဲ့ ချီစီယန် ကိုယ်ထဲက အဆိပ်တွေ အားလုံး ဖယ်ရှားပေးနိုင်သည်။ ကုသမှု အရမ်းလွယ်နေရင် ဘယ်သူမဆို ကုသနိုင်တဲ့ အခြေအနေလို့ ချီစီယန်က အထင်သေးသွားမည်။

ဘယ်လိုပဲပြောပြော အသက်ကယ်တဲ့ အကြွေးကို အဖျားကုပေးတာထက်တော့ ပိုကျေးဇူးတင်ရမည်။

တကယ်တော့ အချိန်ပိုဆွဲရတာက ချီစီယန် ပြဿနာ မရှာဘဲ ဆွန်းမိုအကြောင်းကို ပိုသိအောင် လေ့လာနိုင်ဖို့ ဖြစ်သည်။

ချီစီယန်က သူ့အကြောင်းပိုသိရင် သူ့အပေါ် အမြင်ပြောင်းသွားလိမ့်မယ်လို့ ဆွန်းမို ယုံကြည်နေသည်။

ဒီစကားကို ကြားတော့ ချီစီယန် သက်ပြင်းချလိုက်သည်။ သူ့ရဲ့ အပြုအမူကလည်း ပိုလေးစားလာသည်။

"ဆရာဆွန်း၊ ကူသပေးနိုင်မလား။ နောက်တစ်ခေါက်ကျရင် အဖေ့ကို ခေါ်ပြီး လာပါ့မယ်"

"ကျေးဇူးဆိုတာကို မေ့လိုက်စမ်းပါ။ မင်းက ဇီချီရဲ့ ဝမ်းကွဲပဲ။ မင်းကိုကူညီတာက လုပ်သင့်တဲ့ အရာတစ်ခုပဲ"

ဆွန်းမိုသည် ချီစီယန်ရဲ့ စကားပြောကောင်းမှုကို တွေးလိုက်မိသည်။ အိမ်ထောင်ဦးစီးဖြစ်တဲ့

သူ့အဖေကို ခေါ်လာမည်။ ဒါက ဆွန်းမိုကို ဘယ်လောက်တန်ဖိုးထားလဲဆိုတာ ပြသရာရောက်ပြီး ကျေးဇူးတင်တဲ့ လက်ဆောင်ကို ပေးသွားလိမ့်မည်။

ဒီလို လုပ်ပုံလုပ်နည်းက တော်တော် ပြေပြစ်သည်။

ချီးမြှောက်ခြင်း လက်ဆောင်ကို တိုက်ရိုက်ပေးခြင်းက ရိုင်းစိုင်းလွန်းသည်။ ပြီးတော့ တစ်ဖက်လူက လက်ဆောင်လိုချင်လို့ ကူညီနေသလို ဖြစ်သွားပြီး အနေရခက်သွားမည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆရာတွေသည် မျက်နှာကို အရမ်းတန်ဖိုးထားသည်။

“ဒါဆိုလည်း ဆရာဆွန်းကို ဒုက္ခပေးရတော့မယ်”

ချီစီယန်သည် ကျေးဇူးတင်ကြောင်း ပြောပြီးနောက်

“ဘာဆေးပင်တွေ ပြင်ဆင်ထားရမလဲ။ ငါ တတ်နိုင်သလောက် ပြင်ထားလိုက်မယ်”

“မလိုပါဘူး”

ဆွန်းမိုက တိုးတိုးလေး ရယ်လိုက်သည်။

ချီစီယန်သည် ဒီစကားကို ကြားရင် သူ့ရဲ့ အပြုံးက တောင့်တင်းသွားသည်။ သူထင်တာက (မင်း ငါနဲ့ကစားနေတာတော့ မဟုတ်ပါဘူးနော်)

"ဆေးပင် မပါဘဲ ဘယ်လိုကုမှာလဲ။ ငါလို..........ဒါက ဘာကြီးလဲ"

ဘိုင်ဇီယူ သံသယ ဝင်သွားသည်။ ဒါပေမယ့် သူ့မေးခွန်း မဆုံးခင်မှာ ဆွန်းမိုဆီက ဝိညာဉ်ချီ စိမ့်ထွက်လာပြီး ဗလာတောင့်တင်းတဲ့ ဂျင်းနီပေါ်လာသည်။

ခရမ်းရောင် ခေါင်းပေါင်း ပေါင်းထားပြီး အင်္ကျီ လက်ပြတ်ဝတ်ထားသည်။ အမူအရာက မိန်းမတစ်ယောက်လို နူးညံ့နေသည်။

ဂျင်းနီက လက်နှစ်ဖက်ကို မြှောက်ပြီး ဗလညှစ်ပြနေသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းက ဗလများနဲ့ တောင့်တင်းနေပြီး သံလွင်ဆီ လိမ်းထားသလို တောက်ပြောင်နေသည်။

"ဘာကြီးလဲ"

ချီစီယန် အလိုလို နောက်ဆုတ်သွားသည်။ အဲဒီနောက် ဂျင်းနီက အလာလာ အော်ပြီး သူ့ဆီ ခုန်ဝင်လာသည်။

ဂျင်းနီက ချီစီယန်ကို လက်နှစ်ဖက်နဲ့ စ နှိပ်လိုက်သည်။

ချီစီယန် စအို ကြုတ်သွားပြီး အလိုလို အော်လိုက်မိသည်။

"အား...ထွက်သွား....."

အခန်း(၄၂၈) - ဗဟိုပြည်နယ် အကယ်ဒမီ၏ နံပါတ်တစ် ပုဂ္ဂိုလ်။

ဂျင်းနီသည် ကြွက်သားများနှင့် ဖုဖောင်းထွက်နေပြီး ကြည့်လိုက်လျှင် မခန့်လေးစား မလုပ်သင့်တဲ့သူလို ခံစားရသည်။

ဘိုင်ဇီယူသည် သူတို့ရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ နှိုင်းယှဉ်ပြီး အနိုင်မယူနိုင်သလို ခံစားရသည်။ ဒါပေမယ့် ဒီပြဿနာက သူစဉ်းစားဖို့ မလိုသေးကြောင်း သတိထားလိုက်မိသည်။ ဘာဖြစ်လို့လဲဆိုတော့ သူက

ဒူးထောက်တဲ့နေရာကနေ ပြန်တောင် မတ်တပ်မရပ်နိုင်သေးပါ။

"အစ်ကိုချီကို လွှတ်လိုက်"

ချီစီယန် တစ်ခုခု ဖြစ်သွားပါက အကြီးဆုံးမင်းသမီး ခွင့်လွှတ်မှာ မဟုတ်ပါ။ သူမသားကို ထိခိုက်လိုက်တာနဲ့ ဖွင့်ပေါက်ပွင့်အောင် လာဆော်မည့် နောက်လိုက်များစွာ ရှိသည်။

"မဟုတ်ဘူး............"

ချီစီယန်က ထပ်အော်သည်။

ဘိုင်ဇီယူ စိုးရိမ်နေသည်။ အစ်ကိုချီ ပြင်းထန်စွာ နာကျင်နေတာကို မြင်လိုက်လျှင် ရပ်တန့်သွားအောင် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ ဒါပေမယ့် နောက်ထပ် အခိုက်တန့်တွင် ချီစီယန် ဆီက တားမြစ်တဲ့ အသံကို ကြားလိုက်ရသည်။

သူ့ရဲ့ အသံက သံနှုန်းမြင့်နေတာ သတိထားလိုက်မိသည်။ ချီစီယန်ရဲ့ အသံ လုံးဝ တက်ကြွနေတာကို ဘိုင်ဇီယူ သိလိုက်သည်။ ဒါ့အပြင် လွမ်းမိုးချုပ်ကိုင်ချင်မှုနှင့် စိုးရိမ်နေတဲ့ အရိပ်အမြွက် ပါနေသည်။ ဒီခံစားချက်က သူအနိုင်ခံနေတာကို

တားမြစ်တဲ့ ဘယ်သူမဆို သတ်ပစ်ချင်သလို ဖြစ်နေသည်။

ဘိုင်ဇီယူ ကြောင်သွားသည်။

ချီစီယန်က မျက်လုံးမှိတ်ထားပြီး မှိန်းနေတဲ့ အမူအရာ ဖြစ်နေပြီး ပျော်ရွှင်နေတဲ့ အငွေ့အသက်လည်း မြင်နေရသည့်။ ဒီလို စွမ်းရည်မျိုးက ဟွာချင် ရေကူးကန်မှာ နှစ်သုံးဆယ်လောက် လုပ်ခဲ့တဲ့ ဝန်ထမ်းဟောင်းကြီးမှာတောင် မရှိနိုင်ပါ။

ချီစီယန်ရဲ့ အရေပြားကနေ ခရမ်းရောင်အရည်များ စိမ့်ထွက်လာပြီး ပုတ်အတ်အတ် အနံ့က လေထုထဲ ပျံ့နှံ့လာသည်။

"ဒါက......"

ဘိုင်ဇီယူ ရုတ်တရက် အံ့အောလာသည်။

"အဆိပ်"

ဆွန်းမိုက ရိုးရိုးရှင်းရှင်းပဲ ပြန်ဖြေလိုက်သည်။

တစ်မိနစ်လောက်ကြာတော့ အနှိပ်လည်း ပြီးဆုံးသွားပြီး ဂျင်းနီလည်း ပျောက်ကွယ်သွားသည်။

“အမ်၊ ဘာဖြစ်လို့ ပျောက်သွားတာလဲ။ နောက်ထပ် တစ်နာရီ ထပ်နေလေ”

ချီစီယန်သည် ဂျင်းနီ ပျောက်ကွယ်သွားတာ မြင်လိုက်လျှင် အရမ်း စိတ်ပျက်သွားကာ စိုးရိမ်တကြီး အော်လိုက်သည်။

“မထွက်သွားနဲ့။ ငါပိုပေးမယ်”

“မင်း ဘာတွေ လျှောက်ပြောနေတာလဲ”

ဆွန်းမို လုံးဝ စကားမဲ့နေသည်။ (ဒီနေရာကို ဘာလို့ ထင်နေတာလဲ)

“ဆရာဆွန်း၊ ဒါက ဘာကျင့်စဉ်လဲ”

ချီစီယန်က လေးလေးစားစား မေးလိုက်သည်။ မနေနိုင်ဘဲ ခန္ဓာကိုယ်ကို အနည်းငယ် လည့်ပတ်ကြည့်လိုက်သည်။ လအနည်းငယ်ကြာအောင် ညစ်ပတ်နေပြီး ခေါင်းကနေ ခြေဆုံးအထိ ရေချိုးလိုက်သလို အညစ်အကြေးအားလုံး ဖယ်ရှားလိုက်သလို အရမ်းခံစားလို့ ကောင်းနေသည်။

“ရှေ့ဟောင်း နဂါး ဖမ်းယူခြင်းလက်”

ဆွန်းမိုက “မင်းကိုယ်ထဲမှာရှိတဲ့ အဆိပ်တွေက တစ်ကြိမ် နှစ်ကြိမ်တည်းနဲ့ သန့်ရှင်းသွားနိုင်တဲ့

အရာမဟုတ်ဘူး။ ပြီးတော့ သွေးမြူတွေကြောင့် မင်းကိုယ်ထဲက အနှစ်သာရတချို့ မလွဲမသွေ ဆုံးရှုံးရလိမ့်မယ်။ ဒါကြောင့် ပြန်သွားရင် အဟာရဖြစ်အောင် များများစားပါ”

ချီစီယန်ရဲ့ အမူအရာသည် လေးနက်လာပြီး တလေးတစား အရိုအသေ ပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ် ဆရာဆွန်း”

ဒင်

ချီစီယန်၏ လေးစားအထင်ကြီးမှု အမှတ် +၃၀၀၊ ရင်းနှီး (၅၀၀/၁,၀၀၀)

ဆွန်းမိုက အရိုအသေ ပေးမှုကို သက်တောင့်သက်သာ လက်ခံလိုက်သည်။

ချီစီယန်လည်း စကားစမြည် ဘယ်လို ဆက်ပြောရမလည်း မသိတော့ပါ။ ဒီနေ့ ဒီကို ရောက်လာရတဲ့ အကြောင်းအရင်းမှာ ဆွန်းမိုနဲ့ သူ့ဝမ်းကွဲကြားက ဆရာနဲ့တပြည့် ဆက်ဆံရေးကို ဖြတ်တောက်ချင်လို့ ဖြစ်သည်။ အခုတော့ သူ့ကို ဆွန်းမိုက ကယ်တင်ပေးလိုက်သည်။ ချီစီယန်ရဲ့ စရိုက်ကြောင့် ဒီပေါင်းစည်းမှုကို ဖျက်ဆီးဖို့ မဖြစ်နိုင်တော့ပါ။

“ငါ.....ငါတို့ကို အရင်ထခွင့် ပေးလို့ရမလား”

ဘိုင်ဇီယူက တိတ်ဆိတ်မှုကို ဖြိုခွင်းပြီး စကားစလိုက်သည်။

ဆွန်းမိုနှင့် ချီစီယန်တို့ နှစ်ယောက်စလုံး လှည့်ကြည့်လိုက်သည်။

“အမ်”

ဘိုင်ဇီယူက အနေရခက်စွာ ပြုံးလိုက်သည်။

“ငါ....ငါ ဒူးခေါင်းတွေ နာနေလို့ပါ”

ဆွန်းမိုက မြတ်ဆရာ အရှိန်အဝါကို ဖယ်ရှားပေးလိုက်သည်။ ဘိုင်ဇီယူနဲ့ ကျန်တဲ့လူများသည် မတ်တပ်ထရပ်လာပြီး ဘာလုပ်ရမယ်ဆိုတာ မသိကြသေးပါ။ အားလုံးက ချီစီယန်ကို လှမ်းကြည့်ပြီး သူဘာပြောမလဲဆိုတာ စောင့်နေလိုက်သည်။

“ဆရာဆွန်း၊ ဆရာ အသိအမှတ်ပြုတဲ့ ကိစ္စက ကြီးမားလွန်းတယ်။ ငါက မင်းကိုယုံရင်တောင် ငါ့အမေက လက်ခံမှာ မဟုတ်ဘူး။ ဒါကြောင့် ကြိုပြင်ထားတာ ပိုကောင်းမယ်”

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမိုက ချီစီယန်ကို အလင်းရောင် အသစ်နဲ့ မြင်လိုက်သည်။ သူက ချီစီယန်ကို လမ်းညွှန်မှု မပေးခဲ့သော်လည်း အခုတော့ သူ စိတ်ပြောင်းသွားပြီ။

"ခွန်အားနောက်ကို ဆက်မလိုက်ပါနဲ့။ မင်းရဲ့ အရည်အချင်းအရ ပေါ့ပါး သွက်လက်မှုကို အာရုံစိုက်ပြီး လျှင်မြန်တဲ့ တိုက်ခိုက်မှုတွေကို ရှာဖွေသင့်တယ်"

ဆွန်းမိုက သူ့ကို ညွှန်ပြလိုက်သည်။

"ဒါ......."

ချီစီယန် အံ့အောသွားပြီး ဆွန်းမိုကို တအံ့တအော ကြည့်နေသည်။ (မင်းကို ဘယ်လို ပြောရမလဲ။ ငါက တုတ်ခိုင် သန်မာချင်တဲ့ အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးဘူး။)

လူတိုင်းသည် ကိုယ့်ကိုယ်ကို အလိုမကျတဲ့စိတ် အနည်းနဲ့ အများရှိသည်။ ဒါကြောင့်လည်း ချီစီယန်သည် ပိန်ပါးတဲ့ ဘက်တွင် အမြဲရှိခဲ့သည်။ ရန်သူကို လက်သီးတစ်ချက်တည်းနဲ့ ချေမှုန်းဖို့ စိတ်အားထက်သန် နေခဲ့သည်။ သူရွေးချယ်ထားတဲ့

ကျင့်ကြံမှု ပုံစံအားလုံးသည် ခွန်အားပုံစံများသာ ဖြစ်နေသည်။

ဒီအချိန်တွင် ဇန်မာယူက တုန်လှုပ်နေတဲ့ ပုံစံနဲ့ ဘေးမှာ ရပ်နေသည်။

“ငါ့ အရည်အချင်းက မကောင်းဘူးလား”

ဇန်မာယူက ကို့ကိုယ်ကို သံသယ ဝင်နေသည်။ သူ့မှာ ထူးခြားတဲ့ အရည်အချင်းရှိပြီး သူ့သားက သူများထက် ပိုအောင်မြင်နိုင်တယ်လို့ သူ့အဖေ အမြဲပြောနေတာကိုလည်း မမေ့ပါ။

ဒါပေမယ့် ဆွန်းမိုက သူ့အရည်အချင်းကို သာမန်ပဲလို့ ဘာဖြစ်လို့ ပြောတာလဲ။

ဇန်မာယူသည် ဒါကို မယုံချင်သော်လည်း ဒီတစ်လျှောက်တွင် ဆွန်းမိုရဲ့ လမ်းညွှန်မှုက ခြွင်းချက်မရှိ ဖြစ်နေသည်။ သင်ကြားရေး စွမ်းရည်များကိုပြသခဲ့ပြီး ဆွန်းမိုက မယုံကြည်နိုင်လောက်အောင်ကို ဖြစ်နေသည်။

“ငါပြန်သွားပြီး အဖေ့ကို မေးကြည့်တာ ပိုကောင်းမယ်”

ဇန်မာယူက စိတ်မကောင်းစွာ သက်ပြင်းချလိုက်သည်။

“ဟေ့”

ဆွန်းမို ဇန်မာယူဆီ လျှောက်လာသည်။

“မင်းလက်ပေး”

“အမ်”

ဇန်မာယူ လက်ကို အနောက်သို့ အလိုလို ထားလိုက်မိသည်။ နောက်တစ်ကြိမ် ထပ်နာအောင် လုပ်အုံးမလို့လား။ (ငါ့ရဲ့လက်ချောင်း

နောက်တစ်ချောင်းကို ချိုးမလို့ မတွေးရဘူးနော်။ ဒီတစ်ခေါက် မင်းကို မစော်ကားမိပါဘူး)

"မင်းလက် ပေးစမ်းပါ"

ဆွန်းမို ထပ်ပြောလိုက်သည်။

ဒါကြောင့် ဇန်မာယူသည် လက်ထုတ်ပေးလိုက်သည်။ အဲဒီနောက် ဆွန်းမိုသည် ကျိုးနေတဲ့ လက်ချောင်းကို ဆုပ်ကိုင်ပြီး အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။

"သူ ဘာလုပ်နေတာလဲ"

ကူရွှန်ကို ကြိတ်ချစ်နေတဲ့ကောင်လေး အံ့အောနေသည်။

“အရိုးကို ခံစားကြည့်နေတာလား”

ကူရွှန် ခန့်မှန်းလိုက်သည်။

“သူက ဆရာမဟုတ်ဘူးလား။ သူက စိတ်ဖတ်တာနဲ့ ဗေဒင်ဟောတာကို အချိန်ပိုင်း လုပ်တာလား”

ဘိုင်ဇီယူသည် ဒီလိုပြောပြီးနောက် ဒါက ဖြစ်နိုင်ခြေ ရှိတယ်လို့ တွေးလိုက်မိသည်။ ဒီလိုမှမဟုတ်ရင် ဒီလောက်အများကြီးကို မှန်အောင်

ဘယ်လို ခန့်မှန်းနိုင်မှာလဲ။ အရမ်းကောင်းတယ်။ သူ့ကံကြမ္မာကိုလည်း ဟောပေးသင့်သည်။

မဟာအဆင့် အရိုးအထိုင်ချခြင်း နည်းစနစ်ရဲ့ အာနိသင်က ပြင်းထန်လွန်းသည်။ တစ်မိနစ်လောက် ကြာတာနဲ့ ဆွန်းမိုက ဇန်မာယူရဲ့ လက်ချောင်းကို ပြန်လွှတ်ပေးပြီး အိမ်ထဲ ဝင်သွားသည်။

"အမ်၊ ပြီးပြီလား"

ဘိုင်ဇီယူ ရုတ်တရက် အံ့အောသွားသည်။

"ဘာဖြစ်လို့ အဖြေမပြောသွားတာလဲ"

"သူ မပြောနိုင်လားမှ မသိတာ"

တစ်ယောက်က ခန့်မှန်းလိုက်သည်။

"အမ်၊ ငါ့လက်ချောင်း ကောင်းနေပြီ"

ဝူးရှ်

ရုတ်တရုတ် အံ့အောပြီး အားလုံး လှည့်ကြည့်လိုက်ကြသည်။

"စောစောတုန်းက ဆွန်းမို ချိုးခဲ့တဲ့ လက်ချောင်း အကြောင်း ပြောနေတာလား"

ကူရွန်က မေးလိုက်သည်။

“မဖြစ်နိုင်ဘူး။ အကြောနဲ့ အရိုးတွေက ဒဏ်ရာရရင် ပြန်ကောင်းဖို့အတွက် ရက်၁၀၀ လောက် ကြာတယ်။ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ဘယ်လောက်ကောင်းနေပါစေ ဒီလောက် မြန်မြန်တော့ မပျောက်နိုင်ဘူး”

ဘိုင်ဇီယူက သံသယစိတ်နဲ့ ခေါင်းခါလိုက်သည်။ (ထိလိုက်ရုံနဲ့ အရိုးကို အထိုင်ချနိုင်ပါ့မလား။ ကျိုးနေတဲ့ အရိုးကို ပြန်ဆက်ပေးနိုင်ပါ့မလား)

ဇန်မာယူက ဘာမှမပြောတော့ဘဲ ဘယ်လက်ကို မြှောက်ပြလိုက်သည်။

လက်ချောင်းကျိုးပါက အများအားဖြင့် ကွေးမယ်၊ ရောင်ရမ်းပြီး နာကျင်တတ်သည်။ ဒါပေမယ့် အခုတော့ နီရဲနေတာကလွဲလျှင် အခြားမူမမှန်မှု မရှိပါ။

“မြင်လား”

ဇန်မာယူက အံ့အောသင့်နေတဲ့ မျက်နှာနဲ့ လက်ချောင်း ကွေးပြလိုက်သည်။

“ဒါက အံ့အောဖို့ ကောင်းလွန်းတယ်”

အားလုံး တိတ်ဆိတ်သွားသည်။ ဒီဆရာဆွန်းက မရိုးရှင်းပါ။

“ငါ ဘယ်မှာလဲ”

တုန်လှုပ်ခြောက်ခြားတဲ့ အသံတစ်ခု ထွက်ပေါ်လာသဖြင့် အားလုံး လှည့်ကြည့်လိုက်ကြသည်။ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အဝါ ပျောက်သွားပြီး ပုံမှန်အတိုင်း ပြန်ဖြစ်နေတဲ့ ဘင်ရွှမ်ရှန်ကို မြင်လိုက်ရသည်။ ဒါပေမယ့် ဘေးထွက်ဆိုးကျိုးကြောင့် အနည်းငယ် ငိုင်နေသေးသည်။

"ငါ ဘာလုပ်နေတာလဲ"

ဘင်ရွှမ်ရှန်၏ အမြင်အာရုံသည် တဖြေးဖြေးနဲ့ အသိပြန်ဝင်လာသည်။

“ဘယ်မှာလဲ ငါ့ရဲ့မယားငယ်’

ဘင်ရွှမ်ရှန်ရဲ့ ရှုးသွပ်တဲ့ အခြေအနေကို ကြည့်ပြီး အားလုံး ထိတ်လန့်နေကြသည်။ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း ပိုင်ဆိုင်ထားတဲ့ မြတ်ဆရာတွေကို မစော်ကားမိဖို့ ကျိန်ဆိုလိုက်ကြသည်။

“ဇီယူ၊ ဆွန်းမိုအကြောင်းကို သွားစုံစမ်းလိုက်”

ချီစီယန်က “ အရက်တစ်ရာ ရန့်ပြခန်းကို သွားပြီး အရက်သောက်ရင်းနဲ့ စောင့်နေရအောင်”

....

ညနေစောင်းမှာ အရက်သောက်ပွဲ မပြီးခင် ဘိုင်ဇီယူ ပြန်ရောက်လာသည်။

“ဘယ်လိုလဲ”

ဇန်မာယူက မစောင့်နိုင်ဘဲ မေးလိုက်သည်။

“ဗဟိုပြည်နယ် အကယ်ဒမီမှာ အကျော်ကြားဆုံး ဆရာက ဘယ်သူလဲ သိလား”

ဘိုင်ဇီယူက အားလုံးကို သည်းထိတ်ရင်ဖိုဖြစ်အောင် လုပ်နေသည်။

"လျှိုမူဘိုင်လား"

ကူရှန်က ချင်လင်၏ ကျောက်စိမ်းအမြွာအကြောင်းကို ကြားဖူးသည်။

"ထပ် ခန့်မှန်းကြည့်"

ဘိုင်ဇီယူ ခေါင်းယမ်းပြီး ပြောလိုက်သည်။

"ဂျိမဲဂျဲ"

ဇန်မာယူက တံတွေးတစ်ချက် မြိုချပြီး ပြောလိုက်သည်။ သူက ဂျိမဲဂျဲကို တွေ့ရအောင် ဗဟိုပြည်နယ် အကယ်ဒမီထဲသို့ ခိုးသွားဖူးသည်။

တစ်လခွဲလောက်ကြာအောင် အထိုင်ချပြီး စောင့်ကြည့်ခဲ့ဖူးသည်။

သူမရဲ့ ဂုဏ်သတင်းက တကယ် မှန်ကန်သည်။ သူမရဲ့ ရုပ်ရည်နှင့် အသွင်အပြင်က တကယ်ကို ရှုးသွပ်လောက်သည်။ အထူးသဖြင့် သူမရဲ့ ကျော့ရှင်းတဲ့ တင်ပါးကြီးတွေ ဖြစ်သည်။ ယောကျ်ားတွေကို တစ်နှစ်ပတ်လုံး အိပ်ယာပေါ်က မဆင်းချင်အောင် ညို့နိုင်လွန်းသည်။

"မဟုတ်ဘူး"

ဘိုင်ဇီယူသည် ယောက်ျားတိုင်း နားလည်နိုင်မယ့် အပြုံးကို မြင်တော့ ပြုံးလိုက်မိသည်။

"ဆွန်းမိုတော့ မဖြစ်နိုင်ပါဘူးနော်"

ချီစီယန်က မေးလိုက်သည်။

"ဆွန်းမိုပဲ"

ဘိုင်ဇီယူက ဝိုင်တစ်ငုံ သောက်လိုက်ပြီး

"သူက ကျောင်းသားစုဆောင်းရေး ပွဲမှာ ဂျိရှားသင်ကြားရေး နန်းတော်က ချင်ဖန်ကို အနိုင်ယူပြီး ကျောင်းသား ငါးယောက် စုဆောင်းကာ တရားဝင် ဆရာဖြစ်ဖို့ အခွင့်အရေး ရခဲ့တယ်။

နောက်ပြီး သူ့ရဲ့ ပထမဆုံး ဟောပြောပွဲက ပြီးပြည့်စုံတဲ့ ဟောပြောပွဲ ဖြစ်ပြီး လူတွေအများကြီးလည်း တက်ရောက်ခဲ့တယ်”

“အဲဒီချိန်ကစပြီး ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းက တက်ရောက်တဲ့လူတွေ ပြည့်လျှံနေတယ်။ နှစ်နာရီလောက် စောမသွားရင် ထိုင်ခုံ မရနိုင်ဘူး”

“ဒါက နည်းနည်း ပုံကြီးချဲ့တာ မဟုတ်ဘူးလား”

ဇန်မာယူ မယုံပါ။ မြတ်ဆရာတစ်ယောက်ရဲ့ ပုံရိပ်တောင် ဒီလောက် မကြီးမားပါ။

"ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းဆိုတာ ဘာလဲ။ ဘာဖြစ်လို့ အရင်က မကြားဖူးရတာလဲ"

ကူရှန် စောက်ရမ်း လမ်းပျောက်နေသည်။

"အဲဒါက ဆွန်းမို ဖန်တီးထားတဲ့ ဘာသာရပ်။ ကျောင်းသားတွေအတွက် အရမ်းအကူအညီ ဖြစ်တယ် ပြောကြတယ်။ အရေးအကြီးဆုံးကတော့ ဆွန်းမိုမှာ နတ်ဘုရားလက် ရှိတယ်"

ဘိုင်ဇီယူသည် ဆွန်းမိုအကြောင်းကို စုံစမ်းတဲ့ အခါ ကျောင်းသားတွေက လေးစားတဲ့ အမူအရာနဲ့ ပြောတဲ့ အကြောင်းကို ပြန်စဉ်းစားမိသွားသည်။

ပြောချင်တာက ကျောင်းတွင် ဆွန်းမိုရဲ့ အဆင့်အတန်းက မြင့်မားပြီး ကျောင်းသားများ အမြင်မှာလည်း အရမ်းကောင်းမွန်နေသည်။

"နတ်ဘုရားလက် ဟုတ်လား"

ဇန်မာယူ နှလုံးခုန်သံ မြန်လာသည်။

"ဟုတ်တယ်။ ကျောင်းသားတစ်ယောက် နယ်ပယ်၊ အခြေအနေ၊ တိုးတက်မှုရဲ့ အခြေခံ အုတ်မြစ် ဒါတွေကို ထိလိုက်ရုံနဲ့ သိနိုင်တယ်။ ဒါကြောင့်လည်း နတ်ဘုရားလက်လို့ ခေါ်ကြတာ။ အခန်းဖော်

ပစ္စည်းခိုးတဲ့ အကြောင်းကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်”

ဆွန်းမိုမှာ အံ့အောစရာကောင်းတဲ့ ဓာတ်လမ်းအများကြီး ရှိသည်။ ဘိုင်ဇီယူက ဒါကို ကြုံတဲ့လူမေးတာနဲ့ သိလာခဲ့ရသည်။

“ဒါက တကယ်လား”

တည်ငြိမ်တဲ့ ပုံစံရှိတဲ့ ချီစီယန်တောင် ရုတ်တရက် အံ့အောသွားသည်။

“ဘာပဲဖြစ်ဖြစ်၊ ဒါက ဗဟိုပြည်နယ် အကယ်ဒမီမှာရှိတဲ့ ကျောင်းသားတွေ အားလုံး

ပြောနေကြတာပဲ။ အို ဟုတ်ပြီ။ ဆွန်းမိုရဲ့ ပင်ကိုယ်စရိုက်ကလည်း အရမ်းကောင်းတယ်။ စားကြွင်းစားကျန် သယ်ပို့ရတဲ့ မိန်းကလေးအတွက် ဗဟိုပြည်နယ် အကယ်ဒမီက ထောက်ပံ့ရေးဌာနမှူးကို ဖြုတ်ချခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ အတောက်ပဆုံး အောင်မြင်မှုကတော့ ကျောင်းသားအသစ်အဖွဲ့ကို ဦးဆောင်ပြီးချန်ပီယံ နေရာယူခဲ့တာပဲ”

ဘိုင်ဇီယူသည် ပြောနေရင်းနဲ့ ဆွန်းမိုကို ပိုသဘောကျလာသည်။ ဒီလူမှာ အားနည်းချက် လုံးဝ မရှိပါ။

“အိုဟုတ်ပြီ၊ ဗဟိုပြည်နယ် အကယ်ဒမီက အဆင့်တက်လာပြီး အခုဆိုရင် ‘စီ’ အဆင့် နာမည်ကြီး ကျောင်းဖြစ်နေပြီ”

“ဒါဆိုရင် သူတို့က မရီဒန်အကယ်ဒမီနဲ့တန်းတူ မဟုတ်လား”

လူငယ်တစ်ယောက်သည် မရီဒန် အကယ်ဒမီက ကျောင်းသားတစ်ယောက် ဖြစ်နေသဖြင့် မကျေမနပ် ဖြစ်သွားသည်။ ဒီလိုဆိုလျှင် ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားတွေနဲ့ တွေ့တဲ့အခါ သူက သာလွန်တဲ့ ခံစားချက် ပြလို့ မရတော့ပါ။

"နောက်ထပ် ဘာအတင်းအဖျင်းတွေ ရှိသေးလဲ"

ကူရွန်က သိချင်စိတ်ပြည့်နေတဲ့ မျက်လုံးတွေနဲ့ မေးလိုက်သည်။ ဆွန်းမိုနဲ့ပက်သက်တဲ့ အချက်အလက် အားလုံးကို သူမ သိချင်သည်။

"ကူရွန်၊ သူ့ကို ချစ်မိသွားတာတော့ မဟုတ်ပါဘူးနော်"

ကူရွန်ကို ကြိတ်ချစ်နေတဲ့ လူငယ်လေးက ရယ်မောသံနဲ့ စနောက်လိုက်သည်။

"မင်းအတွက် ဘာဖြစ်လို့လဲ"

ကူရွန်က မျက်လုံးပြူးပြီး ဘိုင်ဇီယူကို လောလိုက်သည်။

“မြန်မြန်ပြော”

“ဟဲဟဲ၊ ဒါကတော့ မင်းတို့ လုံးဝ မထင်မှတ်ထားတဲ့ အရာပဲ။ ဆွန်းမိုမှာ စေ့စပ်ထားတဲ့ လူရှိနေပြီ”

ဘိုင်ဇီယူလည်း ဒီသတင်းကို ပထမဆုံး ကြားလိုက်တဲ့အချိန်တွင် လုံးဝကို အံ့အောသွားခဲ့ရသည်။

"သူ့မှာ စေ့စပ်ထားတဲ့လူရှိတာ ဘာဖြစ်လဲ။ ငါဆို ငယ်ငယ်ကတည်းက အိမ်ထောင်ရေးကိစ္စ စီစဉ်ထားတယ်"

ဇန်မာယူသည် ဘိုင်ဇီယူက ဒီကိစ္စနဲ့ပက်သက်ပြီး သက်သက် စိတ်ရှုပ်အောင် လုပ်နေတယ်လို့ ထင်နေသည်။

"ဖြတ်မပြောနဲ့"

ကူရွှန်က ဘိုင်ဇီယူကို မြန်မြန်ပြောဖို့ တိုက်တွန်းလိုက်သည်။

"အဲဒါက အန်ရှီဝေပဲ"

ဘိုင်ဇီယူ ပြောပြီးတာနဲ့ တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။ ဆွန်းမို အကြောင်းကို ဂရုမစိုက်ဘဲ အရက်သောက်ရင်း ကစားနေတဲ့ လူငယ်တချို့လည်း ရပ်တန့်သွားကာ ဘိုင်ဇီယူကို တအံ့တသြ ကြည့်နေသည်။

"မင်း ပေါက်ကရ ပြောနေတာ မဟုတ်လား"

ချီစီယန် သူ့ကို မယုံတော့ပါ။

အခန်း (၄၂၉) - ဆုလဒ် လှိုင်းတစ်ခု။

တကယ်လို့ လူစိမ်းတစ်ယောက်က ချင်လင်မှ တစ်ယောက်ယောက်ကို ဒီမြို့မှာ ကျော်ကြားတဲ့လူ ဘယ်သူရှိလဲလို့ မေးရင် အရင်ဆုံး ပြောတဲ့ နာမည်က အန်ရှီဝေပဲ သေချာပေါက် ဖြစ်လိမ့်မည်။

သုံးနှစ်သား ကလေးတစ်ယောက်ကို မေးလျှင်ရင်တောင် အရွယ်ရောက်တာနဲ့ အန်ရှီဝေကို ဇနီးတစ်ယောက် အဖြစ် လက်ထပ်မယ်လို့ ပြောလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေ၏ ပင်ကိုယ် အရည်အချင်း၊ ရုပ်ရည်၊ အောင်မြင်မှုနှင့် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဆိုတဲ့အချက်ကို ထပ်ပေါင်းလိုက်လျှင် သူမက ပြီးပြည့်စုံဆုံး မိန်းမ တစ်ယောက် ဖြစ်လာခဲ့သည်။

သားရှိတဲ့ မိသားစုတွေက အန်ရှီဝေလို ချွေးမမျိုးကို အလိုချင်ဆုံး ဖြစ်သည်။ သမီးရှိတဲ့ မိသားစုကလည်း သူတို့သမီးကို အန်ရှီဝေလိုမျိုး ထူးချွန်စေချင်ကြသည်။

အတိုချုပ်ပြောရလျှင် အန်ရှီဝေသည် ထူးထူးခြားခြား ထူးချွန်ပြီး မြင်လိုက်တာနဲ့ သဘောကျကာ မနာလိုဖြစ်နိုင်လောက်တဲ့ ဘေးအိမ်က ကလေးလိုမျိုး ဖြစ်နေသည်။

ဘိုင်ဇီယူက ဗဟိုပြည်နယ် အကယ်ဒမီတွင် အကျော်ကြားဆုံး ဆရာအကြောင်းကို မေးတုန်းက အန်ရှီဝေလို့ ဘာဖြစ်လို့ မဖြေတာလဲ။ သူမက ဒီအဆင့်ကို ကျော်သွားတဲ့ အမျိုးအစား ဖြစ်သွားပြီ။

"လျှိုမူဘိုင်တောင် အန်ရှီဝေနဲ့ မလိုက်ဖက်ဖူးလို့ ခံစားရတယ်။ ဘာဖြစ်လို့ ဆွန်းမို ဖြစ်နေရတာလဲ"

ဇန်မာယူ နားမလည်နိုင် ဖြစ်နေသည်။ ရုတ်တရုတ် မျက်နှာညှိုးသွားပြီး မနာလို ဖြစ်သွားသည်။

ဒါက လူသိများ ထင်ရှားတဲ့ အမျိုးသမီးတစ်ယောက်က လက်ထပ်တော့မယ်လို့ ရုတ်တရုတ် ကြေငြာလိုက်တာကို မြင်ရပြီး သာမန်လူတွေထက်သာတဲ့ အခွန်ထမ်း ကော်လံဖြူဝတ် လူတန်းစားတွေရဲ့ ခံစားချက်ပါ။ ကွာဟမှုကို ဘယ်သူက လက်ခံနိုင်မှာလဲ။

“အဲဒါက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးဟောင်း ဆုံးဖြတ်ထားတဲ့ အိမ်ထောင်ရေးတစ်ခုလို့ ပြောကြတာပဲ”

ဘိုင်ဇီယူက ပုခုံးတွန့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

“သူ တကယ် ကံကောင်းတာပဲ”

ဒီအုပ်စုလည်း တိတ်ဆိတ်သွားသည်။ အထူးသဖြင့် ဆွန်းမိုအကြောင်း စိတ်မဝင်စားဘဲ ဝိုင်ထိုင်သောက်နေတဲ့ လူငယ်တွေ ဖြစ်သည်။ သူတို့

လိုချင်တဲ့ အဖိုးတန်ရတနာ တစ်ခုက အလဟသ ဖြစ်သွားသလို ခံစားနေရသည်။

"အိုဟုတ်ပြီ။ ဧောင်မျိုးနွယ်စုရဲ့ ပစ္စည်းတွေ အသိမ်းခံလိုက်ရတဲ့ အကြောင်း ကြားလိုက်မိတယ် မဟုတ်လား။ ဘယ်သူ လုပ်ခဲ့တာလဲ သိလား"

ဘိုင်ဇီယူက နောက်ထပ် ကိစ္စတစ်ခုကို ပြောလာပြန်သည်။

"ဘယ်သူလဲ။ ဆွန်းမိုတော့ ထပ်မဟုတ်တော့ပါဘူးနော်"

လူငယ်တွေ ပါးစပ် တလှုပ်လှုပ် ဖြစ်သွားသည်။

“သူပဲ”

ဘိုင်ဇီယူက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

“အကြောင်းကတော့ ဓောင်မျိုးနွယ်ရဲ့ မျိုးဆက်တစ်ယောက် ကျောင်းမှာ ကျောင်းတွင်း အနိုင်ကျင့်လို့ပဲ။ ဆွန်းမိုက သည်းမခံနိုင်ဘဲ သင်ခန်းစာ ပေးလိုက်တယ်။ ဒါပေမယ့် အဲဒီကောင်လေးက ဆွန်းမိုကို ပြန်ပြီး သင်ခန်းစာ ပေးရမယ့်အစား သူ့အတွက် အခက်အခဲ ဖြစ်အောင် လုပ်ခဲ့တယ်။ အကြိမ်အနည်းငယ်လောက် လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားပြီး မအောင်မြင်တာနဲ့

ဒေါသတကြီးဖြစ်ပြီး ဆွန်းမိုရဲ့ တပြည့်တစ်ယောက်ကို ပြန်ပေးဆွဲသွားတယ်”

“ဆွန်းမိုက သူ့တပြည့်ကို နေ့တစ်ဝက်အတွင်း ပြန်ရှာဖွေနိုင်တာက အရမ်း အံ့အောဖို့ ကောင်းတယ်။ လူကုန်ကူးမှုနဲ့ ပက်သက်တဲ့ ဇောင်ကလန်ရဲ့ သက်သက်မှုကို ဖော်ထုတ်ခဲ့တယ်”

“လူကုန်ကူးတဲ့ ကောင်တွေ တကယ် သေသင့်တယ်”

“ကျွတ်ကျွတ်၊ အဲဒီ ဆွန်းမိုက တကယ် ခေါင်းမာတာပဲ။ ဇောင်မျိုးနွယ်ကို စော်ကားဖို့တောင် သတ္တိရှိတယ်”

ဇန်မာယူသည် ဆွန်းမိုကို သဘောကျသွားသည်။

ဇောင်မျိုးနွယ်သည် ချင်လင်ရဲ့ အချမ်းသာဆုံး ထိပ်ဆန်း ၁၀ ယောက် စာရင်းဝင်တဲ့ မျိုးနွယ်စု ဖြစ်ပြီး လီဇီရှင်းကို ကျောထောက်နောက်ခံ ပြုထားသည်။ ဒါတောင် ဆွန်းမိုက လက်တုံ့ပြန်ရဲသေးသည်။

အများအားဖြင့် ကျောင်းမှာ အသစ်ဌားထားတဲ့ ဆရာများသည် သူတို့ မစော်ကားနိုင်တဲ့ ကျောင်းတွင်း

အနိုင်ကျင့်သူကို မသိချင်ယောင်ဆောင်ထားတတ်ကြသည်။

"ဟဲဟဲ။ မင်းလက်ညှိုးကို ဘယ်သူ ချိုးခဲ့တာလဲ"

ကူရွန်က စနောက်လိုက်သည်။

"အမ်"

ဇန်မာယူသည် ပြောစရာ စကားမရှိ ဖြစ်သွားပြီး လက်ချောင်းက ရုတ်တရုတ် နာလာသလို ခံစားလိုက်ရသည်။

"လောလောဆယ်တော့ သူနဲ့ မရှုပ်နဲ့အုံး"

ချီစီယန်က သတိပေးပြီး မတ်တပ်ရပ်လိုက်သည်။

"ငါ အရင်ပြန်နှင့်တော့မယ်"

"ငါတို့က အဆင်ပြေတယ်။ ဘင်ရွှမ်ရှန်က ဒါကို မလွှတ်ထားမှာပဲ စိုးရိမ်တယ်"

ဘိုင်ဇီယူ စိတ်ပူသွားသည်။ ဒုတိယမျိုးဆက် အားလုံးသည် သတ္တိမရှိကြပါ။ အများအားဖြင့်တော့ သူတို့သည် အခြားသူများကိုသာ အနိုင်ကျင့်တတ်ပြီး အခြားသူများက သူတို့ကို အနိုင်ကျင့်လာရင် ခွင့်မလွှတ်တတ်ကြပါ။

"သူ့ကို သွားသတိပေးလိုက်"

ဒီအရာတွေ ပေါက်ကွဲပြီး အဆုံးတွင် သူ့ရဲ့ဝမ်းကွဲ ထိခိုက်သွားမှာ ချီစီယန် စိုးရိမ်နေသည်။ ပြီးတော့ ဆွန်းမိုအပေါ်ကို ထားတဲ့သူရဲ့ သဘောထားကလည်း မဆိုးပါ။ ဆွန်းမိုကို မထိခိုက်စေချင်ပါ။

"ဘာလို့ သတိပေးရမှာလဲ။ ဆရာဆွန်းက အရမ်း အရည်အချင်း ရှိတယ်လို့ ခံစားရတယ်။ ဘင်ရွှမ်ရှန်က ဆွန်းမိုကို သွားရှုပ်ရင်း ဘယ်လို အသက်ထွက်သွားမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး"

ကူရှန်သည် ဆွန်းမိုကို ပိုးဆိုးပက်စက် မတရား အထင်ကြီးနေသည်။

ချီစီယန်က လက်ဖွေ့ယမ်းပြပြီး ထွက်သွားသည်။ ကျော်ကြားတဲ့ ဆရာဝန်တစ်ယောက် ရှာပြီး ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို အရင်ဖယ်ရှားချင်နေသည်။

....

ဇန်မာယူသည် အိမ်ပြန်ရောက်တာနဲ့ ဖခင်ဖြစ်သူကို နှုတ်ဆက်ရန် သိုင်းခန်းမသို့ သွားလိုက်သည်။

"ဘာဖြစ်လို့ နောက်ကျနေတာလဲ။ မင်းဘယ်တွေ သွားနေတာလဲ"

ဇန်ယုံသည် စိမ်းကားတဲ့ ပုံနဲ့ အင်္ကျီလက်စကို လှန်လိုက်သည်။

"မင်းသားလေး ဒီနေ့ ပြန်လာတယ်။ ငါတို့ ညီအစ်ကိုတွေက သူ့ကို ကြိုဆိုပွဲ လုပ်ပေးနေတာလေ"

ဇန်မာယူက ပြုံးပြီး ရှင်းပြလိုက်သည်။

"အို"

ချီစီယန်နဲ့ လိုက်သွားတယ် ကြားလိုက်လျှင် ဇန်ယုံရဲ့ အမူအရာ နည်းနည်း ပိုကောင်းလာသည်။

"အကြံ့သမားလေး။ မင်းအမေကို သွားနှုတ်ဆက်လိုက်အုံး"

ဇန်မာယူက ပေကပ်ကပ် လုပ်နေပြီး မထွက်သွားပါ။

"ကိစ္စရှိလို့လား"

သူ့သားက ပေကပ်ကပ် လုပ်နေတာ မြင်လိုက်လျှင် ဇန်ယုံ ဒေါသထွက်သွားသည်။ "မင်းက စစ်တပ်ထဲက ကလေးပဲ။ စကားပြောတဲ့ အချိန်မှာ မင်းအမူအရာက ဘာဖြစ်လို့ ရိုင်းနေတာလဲ"

"အဖေ"

ဇန်မာယူက အံ့ကြိတ်ပြီး "ငါ့ အရည်အချင်းက ဘယ်လိုလဲ" ဆိုပြီး မေးလိုက်သည်။

"ဘာဖြစ်လို့ ရုတ်တရုတ် ထမေးတာလဲ"

ဇန်ယုံ မျက်မှောင်ကြုတ်သွားသည်။ " မင်းရှုံးလာလို့လား။ အဲဒါလည်း မဖြစ်နိုင်ဘူး။ ပွန်းရာပွဲ့ရာ မရှိဘူး။ မင်းရဲ့ ယန်ဝိညာဉ်ဓါးသွားခြောက်ခု ကလည်း တိုးတက်နေတာပဲ။ မင်းနဲ့သက်တူ ရွယ်တူထဲမှာဆို လူတချို့ပဲ မင်းထက် သန်မာလိမ့်မယ်။ သူတို့ကို စိန်ခေါ်ရတဲ့ အထိ မင်းတုံးအနေပြီလား"

“ငါ့ရဲ့ အရည်အချင်းက သာမန်လို့ ဆရာတစ်ယောက်က ပြောလိုက်တယ်”

ဇန်မာယူက နှုတ်ခမ်းထော်ပြီး ပြောသည်။

ဇန်ယုံ မျက်လုံး ပင့်လိုက်သည်။ “ဒါဆို”

“အဖေ၊ ဘာဖြစ်လို့ စိတ်မဆိုးတာလဲ”

ဇန်မာယူ သိချင်လာသည်။ ဖခင် ဖြစ်သူက အရမ်းတင်းကြပ်သော်လည်း သူ့ရှေ့တွင် အရမ်းချီးမွမ်း တတ်သည်။ တစ်ယောက်ယောက်က သူ့မကောင်းကြောင်းပြောတာနဲ့ သူ့အဖေက

အဲဒီလူကို ချက်ခြင်း ရန်ရှာလိမ့်မည်။ ဒါပေမယ့် ဘာဖြစ်လို့ ဒီချိန် တုန့်ပြန်မှု မပြတာလဲ။

“ ပြီးတော့ ဘာဖြစ်သွားလဲလို့ ငါမေးနေတယ်လေ”

ဇန်ယုံက ဇန်မာယူကို ရိုက်ချင်တဲ့ ပုံနဲ့ ကြည့်ပြီးပြောလိုက်သည်။

“ပြီးတော့ သူပြောတာက ငါ့အရည်အချင်းက သာမန်ပဲ. ယန်ဝိညာဉ်ဓါးသွား ခြောက်ခုကတော့ အရမ်းကောင်းတယ်လို့ ပြောတယ်။ ငါ့အတွက်တော့ မသင့်တော်ဘူးတဲ့”

ဇန်မာယူ စကားမဆုံးခင် ဇန်ယုံက ဖြတ်ပြောလာသည်။

"စောက်သုံး မကျတဲ့ကောင်။ ငါတို့ မျိုးနွယ်ရဲ့ အဖိုးတန်တဲ့ကျင့်စဉ်အကြောင်း တခြားသူကို ပြောစရာလား"

ဇန်ယုံသည် သားဖြစ်သူကို ပါးရိုက်ဖို့ လက်မြှောက်လိုက်သည်။

" ငါတို့ မျိုးနွယ်စုရဲ့ အခြေခံ အုတ်မြစ်ကို အခြားသူ မပြောရဘူးလို့ မင်းကို ဘယ်နှစ်ခါပြောရမလဲ "

"အဖေ၊ ကျွန်တော် မပြောဘူး။ သူက ငါ့ကို ထိလိုက်တာနဲ့ ဒါကို သိသွားတယ်"

ဇန်မာယူ မနာလို မုန်းထားဖြစ်နေသည်။

"ထိတယ် ဟုတ်လား။ မင်းအဖေကို သုံးနှစ်အရွယ် ကလေး ထင်နေတာလား။ လိမ်ဖို့ လွယ်တယ် ထင်နေတလား"

ဇန်ယုံသည် ဆူပူကြိမ်းမောင်းပြီး ဇန်မာယူကို ရိုက်ချလိုက်သည်။

"အဲဒါ အမှန်ပဲ။ မင်းသားလေးနဲ့ ကျန်တဲ့လူတွေ သက်သေ လုပ်ပေးနိုင်တယ်"

ဇန်မာယူက ခေါင်းခါလိုက်ပြီး

"ပြီးတော့ ငါ့ခေါင်း တစ်ခုခု ဖြစ်သွားရင်တောင် ယန်ဝိညာဉ်ဓါးသွားခြောက်ခုအကြောင်း သူ့ကို မပြောဘူး"

ဇန်ယုံ ငြိမ်ကျသွားပြီး "အဲဒီ မြွတ်ဆရာက ဘာပြောသေးလဲ"

"ဒီအတိုင်း ဆက်လေ့ကျင့်နေရင် အသက်နှစ်ဆယ် မကျော်ဘူးတဲ့"

ဒီစကားကို ကြားတော့ ဇန်ယုံ ထိတ်လန့်သွားသည်။

ဇန်မာယူ မတုံးပါ။ သူ့အဖေရဲ့ တုန့်ပြန်မှုကို မြင်လိုက်တော့ နည်းနည်း အံ့အောသင့်နေသည်။

"အဖေ၊ သူပြောတာ မှန်နေတာလား"

ဇန်ယုံသည် သားဖြစ်သူကို ဘယ်လို ပြန်ဖြေရှင်းရမလဲမသိဘဲ ငြိမ်ဘဲ ငြိမ်ကျသွားသည်။ ဒါပေမယ့် နှုတ်ဆိတ်နေမှုကလည်း ဇန်မာယူအတွက် အဖြေတစ်ခု ပေးသလို ဖြစ်နေသည်။

"ငါ့ အရည်အချင်းက တကယ်ဆိုးနေတာလား"

ဇန်မာယူ စိတ်ပျက်သွားသည်။

“မဟုတ်ဘူး။ ငါ့မျက်လုံးထဲမှာ မင်းက အကြီးမြတ်ဆုံးပဲ”

ဇန်ယုံက နှစ်သိမ့်လိုက်သည်။ “အခြားသူတွေရဲ့ အကဲဖြတ်မှုတွေကို ဂရုမစိုက်ပါနဲ့”

“ဘာဖြစ်လို့ ထည့်မတွက်ရမှာလဲ”

ဇန်မာယူ သက်ပြင်းချလိုက်သည်။

“အဲဒီ မြတ်ဆရာကို ဘယ်လိုခေါ်လဲ။ ဒီ ဖြစ်ခဲ့သမျှကို အသေးစိတ် ပြောစမ်း”

ဇန်ယုံက တိုက်တွန်းလိုက်သည်။

"သူက မြတ်ဆရာမဟုတ်ဘူး။ သာမန် ဆရာပဲ"

ဇန်မာယူက ပြင်ပေးလိုက်သည်။

"ဘာ"

ဇန်ယုံ အံ့အောသွားသည်။ ပြောချင်တာက ဒီလူသည် မြတ်ဆရာဘွဲ့တောင် မရသေးပါ။ ဒါပေမယ့်လည်း ဘာဖြစ်လို့ ဒီလို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်တာလဲ။

သူကတော့ သူ့သားလေး ကံကောင်းပြီး ကြယ်ပွင့် အဆင့်မြင့်တဲ့ မြတ်ဆရာဆီက လမ်းညွှန်မှု ရခဲ့တယ် ထင်နေသည်။

"ဒီထက်မက မယုံနိုင်စရာကောင်းတဲ့ တစ်ခု ပြောပြမယ်။ သူက မင်းသမီးလေး လီဇီချီရဲ့ ဆရာပဲ"

ဇန်မာယူ နှုတ်ဆိတ်သွားသည်။

"နေပါအုံး"

ဇန်ယုံ နဖူးကို ပွတ်လိုက်သည်။

"ငါ့ကို ခဏလောက် ရှင်းပြပါအုံး"

နာရီဝက်လောက် ကြာတဲ့အထိ ဇန်မာယုံက သူ့အဖေကို ဒီဖြစ်ပျက်သမျှကို ပြန်ပြောပြလိုက်သည်။

“နတ်ဘုရားလက်…၊ စေ့စပ်ထားတဲ့ သူ့၊ မင်းသမီးရဲ့ ဆရာ”

ဇန်ယုံသည် တိုးတိုးလေး ရေရွတ်ရင် မျက်မှောင်ပိုကြုတ်လာသည်။

“ဖေဖေ၊ ကျွန်တော်က ယန်ဝိညာဉ်ဓါးသွားခြောက်ခုကိုပဲ ဆက်လေ့ကျင့်ရမလား”

ဇန်မာယူ မဆုံးဖြတ်နိုင် ဖြစ်နေသည်။ ကြီးကျယ်ခမ်းနားတဲ့ ဘဝကို ပျော်ချင်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မသေချင်သေးပါ။

"မလေ့ကျောင်နဲ့တော့"

ဇန်ယုံက သက်ပြင်းချပြီး ပြောလိုက်သည်။

"မင်း အမေကို သွားနှုတ်ဆက်လိုက်အုံး။ ငါအေးအေးဆေးဆေး စဉ်းစားဖို့ အချိန်လိုတယ်"

မကြာခင်မှာပဲ ဇန်ယုံသည် သိုင်းခန်းမထဲမှာ တစ်ယောက်တည်း ကျန်ခဲ့သည်။

"မာယူက ငါ့ရဲ့ တိုက်ရိုက်သားပဲ။ သူမသေ ရဘူး။ ဒါပေမယ့် သူက မသန်မာရင် မိသားစုကို ဘယ်လို ကာကွယ်မှာလဲ"

ဇန်ယုံ တုန်လှုပ်နေသည်။ လက်ရှိအလုပ်တွေကို ဖြေရှင်းပြီး ဆွန်းမိုနဲ့ မြန်မြန်သွားတွေ့ရမည်။ ဒီဆရာမှာ သူ့သားရဲ့ အလားလာကို လှုံ့ဆော်ပေးနိုင်တဲ့ နည်းလမ်း တစ်ခုခုတော့ ရှိရမည်။

ဒါပေမယ့်လည်း အကြီးဆုံးမင်းသမီးက မင်းသမီးလေး လီဇီချီနဲ့ ပက်သက်ပြီး ခေါင်းမဖြတ်ဖို့ မျှော်လင့်ရမှာပဲ။ ဒီလိုမှမဟုတ်ရင် သနားဖို့ ကောင်းသွားမည်။ သူ့လို ဆရာတစ်ယောက်မှာ အရည်အချင်း ရှိမှာသေချာသည်။

ဒင်

ဇန်ယုံ၏ လေးစားအထင်ကြီးမှု အမှတ် +၁၀၀။ ရင်းနှီး (၁၀၀/၁,၀၀၀)

....

ဆွန်းမိုသည် အိပ်ယာပေါ်တွင် လှဲကာ ဝိညာဉ်တက်တူးလက်စွဲ စာအုပ် ဖတ်နေရင်း ဇန်ယုံ နာမည်ကို ရုတ်တရက် ကြားလိုက်ရသည်။ ဇန်မာယူရဲ့ ဆွေမျိုးဖြစ်နိုင်သည်။ ဒါပေမယ့် ဒီနေ့မှာ လေးစားအထင်ကြီးမှု အမှတ် အများကြီးရနေသဖြင့် သိပ် သတိမထားလိုက်ပါ။

နေ့လည်ခင်းတွင် အန်ရှီဝေ သတ်မှတ်ပေးထားတဲ့ နေရာသို့သွားလိုက်သည်။ အမှောင်ထုပုံရိပ်ယောင် ရတနာကို မြေထဲ မြုပ်လိုက်ပြီး ဝိညာဉ်ချီဖြင့် နှိုးဆော်လိုက်သည်။

ထိန်းချုပ်စရာမလိုပါ။ အမှောင်ထု ပုံရိပ်ယောင် ခန်းမက အပင်ကြီးတစ်ခုလို ကြီးထွားလာလိမ့်မည်။

အမှောင်လျှို့ဝှက်ရတနာများသည် လျှို့ဝှက်ဆန်းကြယ်ပြီး အံ့အောဖို့ကောင်းတယ်လို့ ပြောရမည်။

ဒင်

" ချီစီယန်၊ ကူရှန်၊ ဇန်မာယူ ၊ ဇန်ယုံနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးတက်လာသဖြင့် ဂုဏ်ယူပါတယ်။ မင်းကို ကံကြမ္မာ ရတနာသေတ္တာလေးလုံး ဆုပေးမယ်"

"ပြီးတော့ ဒါတွေကို ကြေးရောင် ရတနာသေတ္တာအတွေအဖြစ် အဆင့် မြှင့်တင်လို့ ရတယ်။ မင်းလုပ်ချင်လား"

စနစ်ရဲ့ စက်ရုပ်သံက ထွက်လာသည်။

"အဆင့်မြှင့်လိုက်ပါ"

ဆွန်းမို ပြောပြီးတာနဲ့ ကြေးရောင်ရတနာသေတ္တာ တစ်ခုသည် ဆွန်းမို အရှေ့တွင် ပေါ်လာသည်။

"ဖွင့်"

ဒါက အဆင့်နိမ့်ရတနာ သေတ္တာ ဖြစ်သဖြင့် ဆွန်မိုသည် ကံကောင်းတဲ့ ကြယ်ပွင့်လေးဆီက အကူအညီ မယူချင်တော့ပါ။

စက္ကန့်အနည်းငယ်ကြာလျှင် ဆွန်းမို အရှေ့တွင် အချိန်တံဆိပ် တစ်ခု ပေါ်လာသည်။

"သုံးမယ်။ တစ်ရက်စာဆရာ၊ တစ်သက်တာ အဖေကို အဆင့်မြှင့်တင်လိုက်ပါ"

ဆွန်းမို ချက်ခြင်း အသုံးပြုလိုက်သည်။ ဒီအရှိန်အဝါရဲ့ သက်ရောက်မှုသည် အံ့မခန်း ဖြစ်သည်။ ဒါကို ကျွမ်းကျင်မှု ညွှန်းကိန်းမြှင့်တာက မှန်ကန်တဲ့ ရွေးချယ်မှုဆိုတာ သေချာသည်။

ဒင်

“တစ်ရက်စာဆရာ တစ်သက်သာအဖေကို မဟာအဆင့်အထိ တိုးတက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ အသုံးပြုနိုင်တဲ့ အကွာအဝေးသည် မီတာ ၁၀၀၀ အထိ သက်ရောက်မယ်။ အကျိုးသက်ရောက်မှုကို တစ်ရက်

ထိန်းထားနိုင်တယ်။ ကျေးဇူးပြုပြီး အလုပ်ဆက်ကြိုးစားပါ”

“မှတ်ချက်။ ။ အကျိုးသက်ရောက်မှု အောက်တွင် ကျောင်းသားတွေ ဒူးထောက်နေမည်။ အကျိုးသက်ရောက်မှုကို မဖယ်ရှားပါက သူတို့ ဆက်ပြီး ဒူးထောက်နေလိမ့်မည်”

“မီတာ တစ်ထောင် ဟုတ်လား။ တကယ်ကြီးလှချည်လား”

ဆွန်မို ပျော်သွားသည်။

ဒင်

“ရှန်ယွန်ပေါင်နှင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးတက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။

ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး။ ပိုင်ဝမ်လီနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က တစ်ထောင်ကျော်သွားပါပြီ။

ဆုလဒ် - ကြေးရောင် ရတနာ သေတ္တာ တစ်လုံး”

စနစ်ဆက်ပြီး ဂုဏ်ပြုနေသည်။

“အားလုံးဖွင့်လိုက်”

ဆွန်းမိုက သူ့ကံကို စမ်းကြည့်ချင်နေသည်။ တစ်သက်လုံးတော့ ကံမဆိုးနိုင်ဘူး မဟုတ်လား။

ဒင်

"အနက်ရောင် မြေကြီးခဲ တစ်ခု ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မအလ"

ဆွန်းမို အရမ်းစိတ်းဆိုးပြီး သွေးအန် ထွက်ချင်လာသည်။ ကြေးရောင်ရတနာသေတ္တာက မြေကြီးခဲ ဟုတ်လား။ ဒီလောက်တောင် ကံဆိုးရလား။ ငွေရောင် ရတနာသေတ္တာကို မဖွင့်ချင်တော့ပါ။

ဒါပေမယ့် နောင်တဆိုတာ နောင်မှ ရသည်။ "အားလုံး" လို့ ပြောခဲ့မိပြီ။

ရတနာသေတ္တာကို ဖွင့်ပြီးနောက် ရုတ်တရုတ် တောက်ပလာသည်။

ဒင်

"အပိုင်းပိုင်း ကွဲနေတဲ့မြေပုံရဲ့ ငါးပုံတစ်ပုံကို ရလိုက်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

ဒီစကားကို ကြားလိုက်တော့ ဆွန်းမို ရင်ခုန်သွားသည်။ မြေပုံတစ်ခုလုံး လုံး၀ ပြည့်စုံသွားပြီ မဟုတ်ပါလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုတစ်ယောက် ရုတ်တရုတ် စိတ်လှုပ်ရှားလာသည်။

အခန်း (၄၃၀) - အမှောင် မြေပုံ။ ရတနာ ခုနှစ်ပါး။

လရောင်သည် အခန်းထဲသို့ ရောက်နေကာ ငွေရောင် လင်းလက်တောက်ပနေသည်။

ဆွန်းမိုသည် ကုတင်ပေါ်တွင် ထိုင်ကာ သူ့အရှေ့က ဟောင်းနွမ်းနေတဲ့ မြေပုံငါးခုကို ကြည့်နေသည်။

အရေးကြောင်းတွေက မှုန်ဝါးနေပြီး သေသေချာချာ ကြည့်မရဖြစ်နေသည်။

"ဟောင်းနွမ်းနေတဲ့ မြေပုံ ငါးခုစလုံးကို စုဆောင်းပြီးတဲ့အတွက် ဂုဏ်ပြုပါတယ်။ အမှောင်မြေပုံအဖြစ် ပေါင်းစပ်ချင်လား"

စနစ်ဆီက အကြောင်းကြားချက်ကို ရလျှင် ဆွန်းမို သက်ပြင်းချလိုက်သည်။ ပုံစံတူပွားတဲ့ အပိုင်းတွေကို အပြောခံရမှာ ကြောက်နေခဲ့သည်။ ဒါဆိုရင်တော့ ဝမ်းနည်း နေရမည်။

ကံဆိုးတတ်တဲ့ လူတစ်ယောက်အတွက် ပိုးဆိုးတာ မရှိဘဲ အဆိုးဆုံးသာ ရှိသည်။

လုံး၀ မပျောက်ကွယ်သွားတာကိုပဲ ကျေးဇူးတင်ရမည်။

"ပေါင်းစပ်မယ်"

ဆွန်းမို ပြောလိုက်တာနဲ့ မြေပုံငါးခုသည် အစိမ်းရောင်တောက်ပလာပြီး ရုတ်တရက် လွင့်မျောလာသည်။ ဒီနောက် ပေါင်းစပ်ပြီး တောက်ပတဲ့ အလင်းရောင်တစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"ငါလို..."

ဆွန်းမို မျက်လုံး ကြိမ်းသွားပြီး ခေါင်းအမြန်လှည့်လိုက်ရသည်။ ဒီအလင်းရောင်က ဝရိန်တို့ရင် ထွက်လာတဲ့ အလင်းရောင်နဲ့တောင် နှိုင်းယှဉ်နိုင်သည်။ တကယ်ကို မျက်စိပြာသွားသည်။

မျက်လုံးတင်မက အရေပြားတွေတောင် ပူလောင်သလို ခံစားလိုက်ရသည်။ တစ်စက္ကန့်လောက်သာကြာပြီး လျှင်မြန်စွာ ပျောက်ကွယ်သွားတာပဲ ကျေးဇူးတင်ရမည်။

ဒင်

“ဂုဏ်ပြုပါတယ်။ အမှောင်မြေပုံ - ဂရင်းဟာက် သစ်တောကို လက်ခံရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“ဂရင်းဟာက် သစ်တောက အမှောင်တိုက်ကြီးမှာ ရှိတယ်။ ပြည်နယ်ကိုးခုကလူတွေ လုံးဝ မတူးဖော်ရသေးတဲ့ ပါကင် အပျိုစင်နယ်မြေပဲ။ ဒါကြောင့် အဲဒီနေရာက ရတနာတွေနဲ့ ပြည့်နှက်နေတယ်”

“ရဲရင့်တဲ့လူငယ်လေး၊ မင်းပိုင်တဲ့ စည်းစိမ်တွေကို သွားတူးဖော်စမ်းပါ”

စနစ်ရဲ့ဂုဏ်ပြုသံက ခံစားချက် ကင်းမဲ့နေပြီး စာကြည့်ဖတ်နေတာနဲ့ တူသည်။

မြေပုံသည် အလင်းရောင် ပျောက်သွားတာနဲ့ ကုတင်ပေါ် ပြုတ်ကျလာသည်။

"ဒါပဲလား"

ဆွန်းမို ကြောင်သွားသည်။

"နောက်ထပ်ဘာလိုချင်လို့လဲ"

စနစ်လည်း အံ့အောနေသည်။

“နိဒါန်းက မရိုးရှင်းလွန်းဘူးလား။ ဘာဖြစ်လို့ ဂရင်းဟာက် သစ်တောလို့ ခေါ်တာလဲ။ အမှောင်တိုက်ကြီး ဘယ်နေရာမှာ ရှိတာလဲ”

ဆွန်းမိုက ထပ်မေးလိုက်သည်။

“ပိုင်ရှင်၊ ငါကမင်းကို လုံးဝကြီးကျယ်တဲ့ မြတ်ဆရာတစ်ယောက် ဖြစ်လာအောင် ထောက်ပံ့ပေးတဲ့ စနစ်တစ်ခုပဲ။ ကလေးထိန်း မဟုတ်ဘူး။ ကျေးဇူးပြုပြီး မင်းရဲ့ကိုယ်ပိုင် အရည်အချင်းကို အားကိုးပါ ငါ့အကူအညီ မျှော်လင့်မနေနဲ့”

စနစ်က ဝေဖန်လိုက်သည်။

"......"

ဆွန်းမို အော်ဆဲလုနီးပါး ဖြစ်သွားသည်။

"ငါကြားဖူးတာတော့ လူတချို့က မိဘကြောင့် အသက်ရှင်နိုင်တာဆိုပဲ။ ကျေးဇူးပြုပြီး ဒီလို လူမဖြစ်အောင် နေစမ်းပါ။ တော်တော် ရှက်လွန်းလို့ပါ"

စနစ်က အကြံပေးသည်။

"မြန်မြန် ဒူးထောက်ပြီး ထွက်သွား..............."

စနစ်နဲ့စကား မပြောချင်တော့ပါ။ ရိုက်ချင်စိတ်ပေါက်နေသည်။

ဂရင်းဟက်ဆိုတဲ့ နာမည်က သစ်တောနဲ့ဆက်စပ်နေနိုင်သည်။ ဘယ်နေရာမှာလဲတော့ မသိပါ။

ဆွန်းမိုသည် နတ်ဘုရားမျက်စိ အာရုံကိုအသုံးပြုပြီး မြေပုံကို ကြည့်လိုက်သည်။

"အမှောင်တိုက်ကြီးရဲ့ နယ်မြေတစ်ခုကိုမှတ်တမ်းတင်ထားတဲ့ မြေပုံတစ်ခု။ အမည်မသိသားရဲရဲ့ အရေပြား။ ထူးခြားတဲ့ဆေးအသုံးပြုထားသဖြင့် ရေစိုပြီး ပျက်ဆီးမှာကို

စိုးရိမ်စရာမလိုပါ။ ဒါပေမယ့် မီးကြောက်သည်။ ကျေးဇူးပြုပြီး ဂရုစိုက်ပါ”

အချက်အလက်က ရိုးရှင်းပြီး မရှိသလိုပဲ။

“ကံဆိုးတဲ့လူက ချမ်းသာဖို့ မလွယ်ဘူးဆိုတာ ငါသိတယ်”

ဆွန်းမို စိတ်ပျက်သွားသည်။

မြေပုံသည် အလျားတစ်မီတာခန့်နှင့် အနံ တစ်မီတာခွဲလောက် ရှိသည်။ ထိပ်တန်းသားရေ အကျီမျိုးလို ထိတွေ့လို့ အရမ်းကောင်းသည်။

တံဆိပ်ကပ်ထားတဲ့ အကြောင်းအရာများတွင် လမ်းကြောင်းအမျိုးမျိုး၊ မွန်းစတားများနှင့် မြေပြင်အနေအထားများ ပါဝင်သည်။ ရေအရင်းအမြစ်ကိုတောင် တိတိကျကျ ထည့်ဆွဲထားသည်။ ကွဲပြားတဲ့ နေရာတွင် ရတနာသေတ္တာ ခုနှစ်မျိုး ရှိသည်။

ထိုအထဲမှာ စိန်ပုံစံ တစ်ခု၊ ရွှေချောင်းတစ်ချောင်း၊ ကြေးသုံးခုနှင့် အနက်သံ နှစ်ခု ပါရှိသည်။

“ရတနာသေတ္တာတွေက အဲဒီမှာ ရတနာ ရှိတာကို ကိုယ်စားပြုတယ်။ အရောင်တွေက ရတနာရဲ့ တန်ဖိုးကို ကိုယ်စားပြုလား”

ဆွန်းမိုက မေးလိုက်သည်။

စနစ်က အဖက်မလုပ်ပါ။

ဆွန်းမိုသည် ရတနာမြေပုံကိုကြည့်ပြီး ပျော်ရွှင်မှုတချို့ကို ခံစားရသော်လည်း အများစုကတော့ အကူညီ မဲ့နေဆဲပါ။

ဆွန်းမိုသည် အစိတ်စိတ် အပိုင်းပိုင်း ဖြစ်နေတဲ့ ရတနာမြေပုံကို တစ်နှစ်ရဲ့ နှစ်ဝက်ကြီးများတောင်

အချိန်ပေးခဲ့ရသည်။ သူသည် ပထဝီဝင်ကို မလေ့လာဖူးသောကြောင့် စစ်တပ်သုံးမြေပုံကို မကြည့်တတ်ဖြစ်နေသည်။ လောင်တီကျူ လက်တီကျူနှင့် မွန်းစတားတွေရဲ့ နေရာကိုတောင် အမှတ်အသား ပေးထားသည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဂရင်းဟက်သစ်တော ဘယ်မှာရှိလည်းဆို မသိပါ။

ပြောချင်တာက အဲဒီမှာ ထူးခြားတဲ့ ရတနာ ရှိရင်တောင် သွားယူလို့ မရပါ။

“ဘယ်လို ထောင်ချောက်ကြီးလဲ”

ဆွန်းမိုသည် သက်ပြင်းချပြီး မြေပုံကို သိမ်းလိုက်သည်။ လှဲကာ အိပ်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် အိပ်မရ ဖြစ်နေသဖြင့် ကျောင်းအုပ်ကြီးရဲ့ ကိုယ်ပိုင် စာကြည့်တိုက်သို့ သွားလိုက်သည်။

“ဦးဆောင်ပေမယ့် အရာတချို့နဲ့ တွေ့ပါစေ”

ဆွန်းမို ဆုတောင်းနေသည်။

....

လီဇီချီသည် အများအားဖြင့် ဗဟိုပြည်နယ်အကယ်ဒမီက အဆောင်တွင် မနေပါ။ မလုံခြုံတာက အကြောင်းပြချက်တစ်ခု ဖြစ်ပြီး

အိမ်မပြန်ရင် သူမအဒေါ် သတိထားမိသွားမှာ ကြောက်နေသည်။

ဆွန်းမိုမှာ အရမ်း အရည်အချင်းရှိမှန်း သူမက သိသော်လည်း သူမအဒေါ်က မသိပါ။ ဆရာ့မှာလည်း ကြယ်တစ်ပွင့်တောင် မရှိသေးပါ။ ဒါကြောင့် မလိုလားတဲ့ ပြဿနာတွေကို ရှောင်ရှားနိုင်အောင် အဒေါ်ဆီက ဖုံးကွယ်ထားဖို့ လိုသည်။

အစောင့်တွေကိုတော့ ဒီသတင်း မပေါက်ကြားအောင် အမိန့်ပေးထားခဲ့သည်။ သူတို့ထဲက တစ်ယောက်ယောက်က ဒီကိစ္စကို

ပေါ့ပေါ့ဆဆ ပြောထွက်ခဲ့လျှင် ကြီးမားတဲ့ အပြစ်ဒဏ်ကို ပေးမည်။ ကြယ်တစ်ပွင့် စာမေးပွဲ ပြီးသွားရင် သူမစိတ်ပူစရာ မလိုတော့ပါ။

ဆွန်းမိုရဲ့အရည်အချင်းကြောင့် မြတ်ဆရာတစ်ယောက် ဖြစ်လာမှာ သေချာသည်။

"ဆရာဆွန်းသာ တစ်နှစ်ထဲနဲ့ကြယ်သုံးပွင့် တက်နိုင်ရင်တော့"

လီဇီချီက သူမအဒေါ်ကို နှုတ်ဆက်မလို့ လုပ်နေတဲ့ အချိန်တွင် အချိန်တော်တော်ကြာအောင်

မကြားခဲ့ရတဲ့ ခင်မင်ရင်းနှီးတဲ့ အသံကို ကြားလိုက်ရသည်။

“ဝမ်းကွဲ ညီမ”

ချီစီယန်က ဝမ်းသာအားရ ပြေးလာသည်။

“ဝမ်းကွဲလား”

လီဇီချီ ကြောင်သွားသည်။ အဲဒီနောက် အပြစ်ကင်းတဲ့ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ “ပြန်လာပြီလား။ မနှစ်တုန်းက မင်းရဲ့ လေ့လာမှုက ဘယ်လိုလဲ”

"ငါ့ရဲ့ ရလဒ်ကို မမေးရင် ငါတို့ မောင်နှမကောင်းတွေ ဖြစ်နေအုံးမယ်နော်"

ချီစီယန် မျက်နှာညှိုးသွားသည်။

လီဇီချီ ပါးစပ်အုပ်ပြီး ပြုံးလိုက်သည်။ သူမ ဝမ်းကွဲရဲ့ အရည်အချင်းက အရမ်းကောင်းတယ်ဆိုတာ သူမ သိသည်။ မိသားစု နောက်ခံကို အားမကိုးဘဲ ကိုယ်ပိုင်အရည်အချင်းနဲ့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကို ဝင်နိုင်ခဲ့သည်။

"အဒေါ်ကို အရင်သွားနှုတ်ဆက်ပြီးမှ တစ်ညလုံး စကားပြောကြတာပေါ့"

မွေးချင်းများထဲတွင် လီဇီချီနှင့် ချီစီယန်တို့က ရင်းနီးတဲ့ ဆက်ဆံရေးရှိသည်။

သိပ်မကြာခင် သူတို့နှစ်ယောက်သည် အနောက်ဖက် ခြံဝန်းထဲမှာ ထိုင်နေကြသည်။ ချီစီယန်သည် ဂျင်ပြည်နယ်က အထူးပြု သေဒထွက်ကုန်တွေကို စားပွဲပေါ်တင်ထားသည်။

"စားကြည့်စမ်းပါ။ ဒါတွေက ဆုဂျင် မုန့်တိုက်က အခုနှစ်မှထွက်တဲ့ မုန့်အသစ်တွေပဲ။ သူတို့ စားဖိုမှူးတွေနဲ့ ကိုယ်တိုင်လုပ်တာ"

ချီစီယန်က လီဇီချီ စိတ်ချမ်းသာအောင် အကောင်းဆုံး လုပ်ပေးနေသည်။

"ကျေးဇူးတင်ပါတယ် ဝမ်းကွဲအစ်ကို"

လီဇီချီက ချိုသာစွာ ပြုံးလိုက်သည်။

နှစ်ယောက်သား လက်ဖက်ရည်သောက်ရင်းနဲ့ စကားပြောနေသဖြင့် လေထုက အရမ်းသာယာနေသည်။ ခဏကြာတော့ ချီစီယန်က တုံ့ဆိုင်းသွားပြီး မေးခွန်းတစ်ခု မေးလိုက်သည်။

"ညီမ ဆွန်းမိုနဲ့က ဘယ်လိုလဲ"

သာယာတဲ့လေထုသည် ရုတ်တရုတ် နွေခေါင်ခေါင်ကို ရောက်သွားသည်။ ဒါပေမယ့် ချီစီယန် စကားပြောပြီးတာနဲ့ အေးစက်တဲ့လေ ဖြတ်သန်းသွားသလို အေးစက်သွားသည်။

"ဆရာ့ကို သွားရှာတာလား"

လီဇီချီက ရုတ်တရုတ် ထအော်လိုက်ပြီး အမူအရာကလည်း အေးစက်သွားသည်။ သူမ၏ ဝမ်းကွဲက သူမအတွက် အစိုးရိမ်လွန်ပြီး ဆရာနှင့် တပြည့် ဆက်ဆံရေးကို တားဆီးဖို့ ဆွန်းမိုနဲ့ သေချာပေါက် သွားတွေ့လိမ့်မည်။

"ငါ....."

ဝမ်းကွဲရဲ့ စိတ်လှုပ်ရှားတဲ့ ပုံစံကိုတွေ့ပြီး သူမ နှလုံးသားထဲက ဆွန်းမိုရဲ့လွမ်းမိုးမှုကို လျှော့တွက်လိုက်မိကြောင်း ချီစီယန် သိလိုက်ရသည်။

"အစ်ကို ဝမ်းကွဲ၊ မင်း ရှုံးခဲ့တယ် မဟုတ်လား"

လီဇီချီသည် ထိတ်လန့်နေရာမှ တည်ငြိမ်သွားပြီး မနေနိုင်ဘဲ ပြုံးလိုက်မိသည်။

"ဘာဖြစ်လို့ ဒီလို ပြောတာလဲ"

ချီစီယန် မျက်လုံး ပြူးသွားသည်။ (မင်းနှလုံးသားထဲမှာ ငါက ဆရာဆွန်းထက် နိမ့်ကျနေတာလား)

"ဆရာက အရမ်း အံ့အောဖို့ကောင်းတယ်"

ဒီလိုပြောလိုက်တဲ့အချိန်တွင် လီဇီချီ မျက်ဝန်းထဲမှာ သဘောကျမှုများနဲ့ ပြည့်နေသည်။ ဒီစကားကို ကြားလိုက်လျှင် ချီစီယန် စိတ်အနှောက်အယှက် ဖြစ်သွားသည်။

"မင်း သူ့ကို အရမ်း အထင်ကြီးနေပြီ"

ချီစီယန်က နှုတ်ခမ်းထော်ပြီး ပြောသည်။

"ဘာပဲဖြစ်ဖြစ်၊ ငါ့စိတ်ထဲမှာတော့ ဒီကမ္ဘာပေါ်မှာ ဆရာက အံ့အောဖို့ အကောင်းဆုံးပဲ"

လီဇီချီ နှုတ်ခမ်းစူပြီး ဝုန်းဒိုင်းကျဲနေသည်။

" ဦးလေးကို ထားလိုက်အုံး ငါ့အမေတောင် သဘောမတူလောက်ဘူး။ ဒါကြောင့် အခုချက်ခြင်း သတိထားဖို့ လိုမယ်။ ပေါက်ကြားသွားတာနဲ့ သူ့အတွက် အန္တာရာယ် ဖြစ်လိမ့်မယ်"

ချီစီယန်က သူ့ဝမ်းကွဲကို စည်းရုံးလိုက်သည်။

ဒီသတင်းပေါက်ကြားသွားတာနဲ့ သူ့ဦးလေးက အပျက်သဘောဆောင်တဲ့ လွှမ်းမိုးမှုနဲ့ ဒီနေရာလေးကို

ထိန်းချုပ်လိမ့်မည်။ ဆွန်းမိုကို ဒီကမ္ဘာပေါ်က ပျောက်သွားအောင် သေချာပေါက် လုပ်လိမ့်မည်။

"ငါသိတယ်။ ဒါပေမယ့် မင်းလျှို့ဝှက်ထားပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

လီဇီချီက ချီစီယန်ကို ကြည့်လိုက်ပြီး

"အစ်ကိုဝမ်းကွဲ၊ ဒီကိစ္စကိုအဒေါ်ဆီ မပြောပဲနဲ့ နှစ်ဝက်လောက် ဖုံးကွယ်ထားပေးနိုင်မလား"

"နှစ်ဝက်က ဘာလုပ်ဖို့လဲ"

ချီစီယန် စကားမပြောနိုင် ဖြစ်နေသည်။

"သူက တစ်နှစ်ခွဲအတွင်းမှာ ကြယ်ခုနစ်ပွင့် မြတ်ဆရာ ဖြစ်လာမှာလား"

သူ့ဦးလေးရဲ့ စိတ်ထဲတွင် လီဇီချီဆရာက အနည်းဆုံး ကြယ်ခုနှစ်ပွင့် မြတ်ဆရာ ဖြစ်ရမည်။

"ကြယ်ခုနှစ်ပွင့်က အရမ်းခက်ခဲပြီး အချိန်လိုတယ်။ ဒါပေမယ့် ကြယ်နှစ်ပွင့်လောက်ကတော့ ပြဿနာ မရှိဘူး"

လီဇီချီက ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်သည်။

"ကြယ်နှစ်ပွင့် ဟုတ်လား"

ချီစီယန် အံ့အောသင့်ပြီး လီဇီချီကို တအံ့တအော ကြည့်လိုက်မိသည်။

"မင်းသူ့ကို အရမ်း မယုံလွန်းဘူးလား။ ငါ သူ့အကြောင်းကို သိတယ်။ အဲဒီလူက ကြယ်တစ်ပွင့် မြတ်ဆရာတောင် မဟုတ်သေးဘူး"

"သူက လာမယ့်နွေဦးမှာ ဖြစ်လာလိမ့်မယ်။ နောက်သုံးလဆို ကြယ်နှစ်ပွင့် မြတ်ဆရာဘွဲ့ကို သိမ်းလိမ့်မယ်"

လီဇီချီ အခိုင်အမာ ယုံကြည်နေသည်။

“အခု ဆရာ့ကို ထိန်းထားတဲ့ တစ်ခုတည်းသော အရာက အချိန်ပဲ။ ဒါကြောင့် လျှို့ဝှက်ထားဖို့ တောင်းဆိုနေရတာ။ ဆရာက လာမယ့်ဆောင်းဦးမှာ ကြယ်သုံးပွင့် မြတ်ဆရာ သေချာပေါက် ဖြစ်လာလိမ့်မယ်”

“မင်း ကြွားလုံးက တဖြည်းဖြည်းနဲ့ ပိုဆိုးလာပြီ”

ချီစီယန်က ကျွတ်ကျက် လုပ်လိုက်သည်။ ဆွန်းမိုသာ ကြယ်သုံးပွင့် မြတ်ဆရာ ဖြစ်လာလျှင် ကြယ်နှစ်ပွင့်မှ ကြယ်သုံးပွင့် ခုန်ပျံကျော်လွှားပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တက်လာလို့ မင်းသားကောင်စီ ခန်းမရဲ့ ဂုဏ်ထူးဆောင် ဧည့်သည် ဖြစ်လာလိမ့်မည်။

ရှင်းရှင်းလေး ပြောရလျှင် ကြယ်သုံးပွင့် မြတ်ဆရာ စာမေးပွဲက ခက်ခဲလွန်းသဖြင့် ဒီဘွဲ့က အရမ်းအဖိုးထိုက်တန်သည်။

"ငါ မကြွားဘူး။ ဆရာက မြတ်ဆရာအရှိန်အဝါ ခုနှစ်ခုကို နားလည်နေပြီ။ ပြီးတော့ သူက နတ်ဘုရား ခွန်အားနယ်ပယ်ကို ရောက်နေပြီ။ ကြယ်သုံးပွင့် မြတ်ဆရာစာမေးပွဲ ဝင်နိုင်ဖို့ နောက်ထပ် အရှိန်အဝါ နှစ်ခုပဲ လိုတော့တယ်"

လီဇီချီ အရမ်းယုံကြည်နေသည်။

စံပြဆရာကို ဆွန်းမိုသုံးတာ လီဇီချီ မမြင်ဖူးသေးလို့ ကြောက်ဖို့ကောင်းလောက်အောင် မြတ်ဆရာ အရှိန်အဝါ ရှစ်ခုဖြစ်နေတာကို သူမ မသိသေးပါ။

“ဘာ”

ချီစီယန်က သူ နားကြားမှားတယ်လို့ ထင်နေသည်။

“မင်း ဘာပြောလိုက်တာလဲ”

လီဇီချီက နောက်တစ်ကြိမ် ထပ်ပြောသည်။

"မဖြစ်နိုင်ဘူး"

ချီစီယန် ကျယ်လောင်စွာ အော်ဟစ်ပြီး ခုန်ပေါက် ခုန်ထလိုက်သည်။ သူ့အသံက ထွားကျိုင်းတဲ့ကောင်ကြီးက ဖင်ထဲကို စတီးချောင်းနဲ့ ထိုးထည့်လိုက်သလို စူးရှ နေသည်။

"ဘာဖြစ်လို့ မဖြစ်နိုင် ရမှာလဲ"

လီဇီချီသည် ဝမ်းကွဲက ဆွန်းမိုကို သံသယဝင်နေတာကို မကြိုက်ဘဲ မျက်မှောင်ကြုတ်သွားသည်။

"ဆွန်းမိုက အသက်၂၀ပဲ ရှိသေးတယ်။ ဒါကို မြတ်ဆရာ အရှိန်အဝါ ခုနှစ်ခု နားလည်နေပြီလို့ ပြောတာလား"

ချီစီယန်က ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး

"မြတ်ဆရာ အရှိန်အဝါတွေကို ဈေးထဲမှာ လွယ်လွယ် ဝယ်လို့ရတဲ့ ဂေါ်ဖီထုပ်လို့ ထင်နေတာလား။ သူတော်စင်ဂိတ်က တရားဝင် ထုတ်ပြန်ထားတဲ့ အချက်အလက်အရ မြတ်ဆရာတစ်ယောက်က မြတ်ဆရာ အရှိန်အဝါ တစ်ခုကို နားလည်ဖို့အတွက် အချိန်နှစ် နှစ်လိုတယ်။

ခက်ခဲမှု ပိုမြင့်လာတာ သိသာတယ်။ ရှားပါးတဲ့ အရှိန်အဝါဆို သုံးနှစ် ဒါမှမဟုတ် ဒီထက် ပိုကြာနိုင်တယ်”

“ဆရာက ပါရမီရှင်ပဲ”

လီဇီချီက ပြန်ချေပသည်။

“ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကို ပြည်နယ်ကိုးခုမှာ ထိပ်တန်းကျောင်းလို့ သတ်မှတ်ထားတယ် ဟုတ်တယ်ဟုတ်။ ကျောင်းမှာတောင် ဒီလို အံ့အောဖို့ကောင်းတဲ့ ဆရာတစ်ယောက်ပဲ တွေ့ဖူးတယ်။ အဲဒါ ဘယ်သူလဲ

သိလား။ ကျောင်းအုပ်ကြီးလောင်းတွေထဲက တစ်ယောက်ပဲ။ ဒီလို အသိအမှတ်ပြုမှုကို ရဖို့ သူက ဘယ်လောက်တောင် အံ့အောဖို့ ကောင်းနေရမှာလဲ”

ချီစီယန်ရဲ့ လေသံက လေးနက်လာသည်။

“ငါ့ကို အခုချက်ခြင်း ပြောစမ်း။ ဆွန်းမိုမှာ အဲဒီလို စံနှုန်းတွေ ရှိလို့လား”

“ဒါက ဆရာဆွန်း၊ သူ့နာမည်ကို နောက်တစ်ကြိမ် ထပ်ခေါ်ရင် မင်းကို အပြစ်ပေးရလိမ့်မယ်”

လီဇီချီ ဒေါသထွက်သွားသည်။

"ကောင်းပြီ။ ကောင်းပြီ။ သူ့ကို ဆရာဆွန်းလို့ ခေါ်မယ်"

ချီစီယန်က အလျော့ပေးလိုက်သည်။

"ဇီချီ၊ ဒီကမ္ဘာမှာ ပါရမီရှင်တွေ ရှိတယ်ဆိုတာ ငါ လက်ခံပါတယ်။ ဒါပေမယ့်လည်း သူက တုနှိုင်းမရတဲ့ ပါရမီရှင်တော့ မဟုတ်သေးဘူး. ဒါကြောင့် တစ်နှစ်တည်းမှာ ကြယ်သုံးပွင့် တက်လာဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"ပြီးတော့ ကျွမ်းကျင်အဆင့် အခြား အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်

သုံးခု.........ဒါက အလွယ်တကူနဲ့ ပျိုးထောင်လို့ရတဲ့ အရာမဟုတ်ဘူး။ အရမ်းကြိုးစားအားထုတ်ပြီး သင်ယူဖို့ လိုအပ်တယ်။ ဆွန်းမိုက အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ ဒီဘာသာရပ် သုံးခုရဲ့စာအုပ်ကို ကုန်အောင် ဖတ်ဖို့တောင် မဖြစ်နိုင်ဘူး"

လီဇီချီ ကတော့ ဆွန်းမိုရဲ့ လှည့်စားခြင်း ခံနေရပြီလို့ ချီစီယန် ထင်နေသည်။

"ဒါကြောင့်လည်း ဆရာဆွန်းက တုနှိုင်းမရတဲ့ ပါရမီရှင်လို့ ပြောတာပေါ့"

လီဇီချီက ပြန်တုန့်ပြန်သည်။

“ကောင်းပြီလေ။ နတ်ဘုရားခွန်အား နယ်ပယ်ကိစ္စကို ဘယ်လို ရှင်းပြမလဲ။ ဘုရားရေ ငါလည်း ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်ခံရတယ် မဟုတ်လား။ ဒါပေမယ့် ငါနေ့တိုင်း ကျင့်ကြံတာတောင် စိတ်ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်မှာ သွေးကြော ၃၀ပဲ ဖွင့်လှစ်ထားသေးတယ်။ သွေးလောင်ကျွမ်းခြင်းအဆင့်ရဲ့ တံခါးကိုတောင် မထိမိသေးဘူး။ ဒါပေမယ့် အသက် ၂၀ ပဲရှိသေးတဲ့ ဆွန်းမိုက နတ်ဘုရား ခွန်းအား နယ်ပယ် ရောက်နေပြီလို့ မင်းပြောနေတာလား”

ချီစီယန်က ပန်းသီးတစ်လုံးကို ကောက်ယူပြီး တစ်ကိုက် ကိုက်စားလိုက်သည်။

“ကျင့်ကြံခြင်းကို အသီးတစ်လုံး စားနေရတယ်လို့ ထင်နေတာလား။ တကိုက်စားလိုက်ရုံနဲ့ အရသာ ရှိဖို့ဆိုတာ မဖြစ်နိုင်ဘူး”

“အမှန်တိုင်းပြောရရင် ဆရာဆွန်းနဲ့ မင်းကို နှိုင်းတာက သူ့ကို အရှက်ခွဲတယ်လို့ ခံစားရတယ်”

လီဇီချီက ဟက်ဟက်ပက်ပက် ရယ်မောပြီး ပြောလိုက်သည်။

“မင်းနဲ့ စကားစစ်ထိုးဖို့ ငါစိတ်မဝင်စားဘူး”

ချီစီယန်သည် သူ့ရဲ့ ဝမ်းကွဲကို ဘယ်လို စည်းရုံးရမလဲဆိုတာ စဉ်းစားနေသည်။

"ငါလည်း မင်းနဲ့ ငြင်းမနေတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာဆွန်းက နတ်ဘုရားခွန်အား နယ်ပယ်မှာ ရှိနေတယ်။ ငါကိုယ်တိုင် မျက်စိနဲ့တပ်အပ် မြင်ခဲ့တာ။ သူက 'ဒီ'အဆင့် ပြိုင်ပွဲမှာတောင် ထိပ်ဆုံးက ရပ်တည်နေတာ"

လီဇီချီက အရမ်းတည်ငြိမ်နေသည်။ (ဆရာက ဘယ်လောက်ကောင်းလဲဆိုတာ မင်းတို့ကောင်တွေ မသိသေးပါဘူး။ ဒါကြောင့် မင်းတို့နဲ့ မငြင်းတော့ဘူး)

“အပှတ် အပှတ်”

ချီစီယန် နင်ပြီး ချောင်းဆိုးသွားသည်။ ပန်းသီးတစ်တုံးကို ပြန်ထွေးထုတ်ပြီး လီဇီချီကို တအံ့တအောစိုက်ကြည့်နေသည်။

“မြင်ခဲ့တာလား”

“အမှန်ပဲ။ မင်းကို လိမ်စရာ အကြောင်း မရှိဘူး”

လီဇီချီသည် ဒီအကြောင်းအရာကို ဆက်မပြောချင်တော့ပါ။

“မင်းကို တစ်ခုပဲ မေးချင်တယ်။ ဖုံးကွယ်ထားဖို့ ကူညီမှာလား”

"တစ်နှစ်အတွင်း ကြယ်သုံးပွင့်အထိ တက်လာရင် ဒါကို မေ့ထားလိုက်မယ်။ တောင်းဆိုတာ မများပါဘူး။ နွေဦးမှာ ကြယ်တစ်ပွင့် စာမေးပွဲနဲ့ နွေရာသီမှာ ကြယ်နှစ်ပွင့် စာမေးပွဲကို ဆက်တိုက် အောင်မြင်ရင် ဒါကို လျှို့ဝှက်ထားနိုင်အောင် ငါကူညီမယ်"

ချီစီယန်က လီဇီချီကို လေးနက်စွာ ကြည့်ပြီး ပြောလိုက်သည်။

"တကယ်လို့ သူမလုပ်နိုင်ရင်တော့ ငါ့အတွက် မဟုတ်တော့ဘူး"

"ကောင်းပြီလေ"

လီဇီချီကပြုံးပြီး မုန့်အပိုင်းအစတစ်ခုကို အေးအေးဆေးဆေး ကိုက်စားလိုက်သည်။

"မင်းကို ပြောလိုက်မယ်။ မင်းပဲ သေချာပေါက် ရှုံးလိမ့်မယ်"

"ဇီချီ၊ ဘဝင်မြင့်တာ ကောင်းတဲ့ အကျင့်မဟုတ်ဘူး"

ချီစီယန်က အကြီးတစ်ယောက်အနေနဲ့ ပြောလိုက်သည်။

"ဆရာက မြတ်ဆရာ စာမေးပွဲအတွက် ဘာပြဿနာမှ မရှိဘူး။ တင်းကျပ်တဲ့ လိုအပ်ချက်

အားလုံး ပြည့်နေပြီ။ ကျွန်တာက သူ့တပြည့်တွေ တိမ်စိမ်း အဆင့် ဝင်မှာလား မဝင်ဘူးလားဘဲ ဆိုင်တော့တယ်။ မင်းကို ပြောလိုက်မယ် ကိတ်မုန့် တစ်ဖဲ့ စားသလောက်ပဲ ရှိတယ်”

လီဇီချီက အရမ်းယုံကြည်နေသည်။

“မင်းကို အားကိုးပြီးတော့လား”

ချီစီယန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

“ဒါက ငါ့အတွက်တော့ နည်းနည်းလေး လှည့်စားသလို ဖြစ်နိုင်ပေမယ့် ငါ့ရဲ့ မောင်လေး၊ ညီမလေးတွေအတွက်တော့ ပြဿနာ မရှိဘူး”

လီဇီချီက ချီစီယန်ကို အကဲခတ်ရင်း ပြောလိုက်သည်။

“ အစ်ကိုဝမ်းကွဲ မင်းကို ထိုးနှက်ဖို့ ကြိုးစားတာ မဟုတ်ဘူး။ သူတို့ကို အချိန်တစ်နှစ်ပေးလိုက်သေချာပေါက် မင်းကို အနိုင်ယူနိုင်လိမ့်မယ်”

“ ဆရာဆွန်းမှာ တခြား တပြည့်တွေ ရှိသေးတာလား”

ချီစီယန်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဒါပေါ့။ ကျောင်းသားတော်တော်များများက ဆရာ့ကို ဆရာတင်ချင်နေကြတယ်။ ဒါပေမယ့် သူက လက်မခံတော့ဘူး"

အကြီးဆုံး တပြည့်ကြီးအနေနဲ့ လီဇီချီက ဆွန်းမိုရဲ့ အရည်အချင်းနဲ့ အစွမ်းကို ပထမဆုံး တွေ့ခဲ့တဲ့ သူဖြစ်သည်။ ဒါကြောင့် သူမရဲ့ သုံးသပ်ချက်အတွက်လည်း အရမ်းဂုဏ်ယူမိသည်။

"တဲ့တိုး မေးလိုက်လို့ ခွင့်လွှတ်ပါ။ သူက မင်းကို ဘာသင်ပေးခဲ့လဲ"

ချီစီယန်က နှုတ်ခမ်းထော်ပြီး ပြောလိုက်သည်။

"ဇီချီ၊ ငါတို့ တိုက်ခိုက်ကြည့်ကြမလား"

"ငါ ကိုယ်လက် လှုပ်ရှားမှုစွမ်းရည် အားနည်းတယ်ဆိုတာ သိနေတာတောင် တိုက်ခိုက်ချင်နေတုန်းလား"

လီဇီချီ ဒေါသထွက်သွားပြီး သစ်သီးတစ်လုံးကို ယူကာ ရိုက်ခွဲလိုက်သည်။

"ဒါဆို၊ မင်းဘာမှ မလေ့လာခဲ့ရဘူးပေါ့"

ချီစီယန် မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ ဒီဆရာနဲ့တပြည့် ဆက်ဆံရေးကို ရှင်းပြစ်ဖို့ အကြောင်းပြချက် ရှိလာတဲ့ပုံပဲ။

"မင်းကို စိတ်ပျက် စေမိလို့ တောင်းပန်ပါတယ်။ အများကြီး သင်ခဲ့ပြီးပြီ"

လီဇီချီ အရမ်း ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်သည်။

"ဘယ်လို...."

လီဇီချီဆီက ရွှေရောင် အရှိန်အဝါ ရုတ်တရုတ် ထွက်ပေါ်လာသဖြင့် ချီစီယန် မေးခွန်းက

တစ်ဝက်တစ်ပျက်နဲ့ အဆုံးသတ်သွားသည်။ ဉ_ယျာဉ် တစ်ဝက်နီးပါး ဖြာထွက်နေသည်။

“ငါ လို....”

ချီစီယန် အံ့အောပြီး လွတ်ခနဲ ဆဲလိုက်မိသည်။

အခန်း (၄၃၁) - ဆွန်းမိုနဲ့ တွေ့ခွင့်ရခြင်းက တကယ့် ကံကြမ္မာကောင်းပဲ။

"မြတ်ဆရာ အရှိန်အဝါလား။ လုံးဝပဲ။ ဒါပေမယ့် ဘာဖြစ်လို့ မင်းက ဒီလောက် ကျွမ်းကျင်နေရတာလဲ"

ချီစီယန် ဦးနှောက် အရည်ပျော်သွားသည်။ ပိုက်ဆံအိတ် ခိုးယူရုံသာမက လက်ခလှယ် ထောင်ပြပြီး ဆင်းရဲသားလို့ ဆဲနေတဲ့ မျောက်တစ်ကောင်ကို ကြည့်နေရသလို ဖြစ်နေသည်။

ဒါက မယုံနိုင်လောက်အောင်ပဲ။

"ဘာဖြစ်လို့ မသိရမှာလဲ"

လီဇီချီက တည်ငြိမ်စွာ ပြုံးလိုက်ပြီး မျက်ခုံးကို ရည်ရွယ်ချက်ရှိရှိ ပင့်လိုက်သည်။

"အသက် ဘယ်လောက် ရှိပြီလဲ"

ချီစီယန် မှုန်ဝါးဝါး ဖြစ်သွားသည်။ သူ့ဝမ်းကွဲက အသက် ၁၃နှစ်ပဲ ရှိသေးလို့ ကျောင်းတက်ရုံပဲ ရှိသေးသည်။ ဒါတောင် မြတ်ဆရာ အရှိန်အဝါကို နားလည်သွားပြီလား။

(တောင်းပန်ပါတယ်။ ကိုယ်တိုင် မတွေ့ရရင် ယုံမိမှာ မဟုတ်ပါ။ ဒီကြောင်းကို

သူငယ်ချင်းတွေကိုလည်း မကြွားရဲပါ။ ဒါက မယုံကြည်စရာ ကောင်းလွန်းတယ်)

“ ၁၃ နှစ်”

လီဇီချီက စပျစ်သီး သေးသေးလေး တစ်လုံးကို စားလိုက်သည်။ တော်တော်ချဉ်လို့ အသံတောင် ထွက်သွားသည်။

“ဒါက ဘာအဓိပ္ပါယ်လဲ သိလား။ ငါတို့ ကျောင်းအုပ်ကြီးကို ပြောလိုက်မယ်ဆိုရင် မင်းကို ခေါ်ဖို့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကနေ ချက်ခြင်း ပြေးလာလိမ့်မယ်”

ချီစီယန်သည် တုန်လှုပ်သွားပြီး အားကျခြင်းများနဲ့ ပြည့်နှက်နေသည်။

"ဟီးဟီး"

လီဇီချီက ဒါကို ထုံးစံအတိုင်း သိပေမယ့် ဘယ်မှ မသွားပါ။ သူမ ဆရာအနားတွင်သာ ထာဝရ နေချင်သည်။

"ဒီ မြတ်ဆရာ အရှိန်အဝါကို ဘယ်တုန်းက နားလည်ခဲ့တာလဲ"

ချီစီယန် မျက်လုံးတွေ အရောင်တောက်ပလာပြီး မေးလိုက်သည်။ လီဇီချီကို ကောင်းကင်ပေါ်တက်ခြင်း

အကယ်ဒမီသို့ ခေါ်ဆောင်ရန် သူ့အတွေးက ခိုင်မာနေသည်။

သူ့ဝမ်းကွဲက အရမ်းမာနကြီးပြီး တန်နိုင်ငံက မင်းသမီးလေးဆိုတဲ့ အဆင့်အတန်းနဲ့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကို မဝင်ချင်တာ သူသိနေသည်။ ဒါပေမယ့် အခုတော့ အဆင်ပြေသွားပြီ။ ဒီအသက်အရွယ်မှာ မြတ်ဆရာ အရှိန်အဝါကို နားလည်ရုံနဲ့ ကျောင်းအုပ်ကြီးတွေက သူမကို လုဖို့အတွက် အချင်းချင်း တိုက်ခိုက်ကြလိမ့်မည်။

"လွှန်ခဲ့တဲ့ လေးလလောက်က"

လီဇီချီသည် လေးဘက်ချောက်ကမ်းပါးတွင် ရှိတဲ့ ညကို ပြန်သတိရသွားသည်။ သူမဆရာ ပြောတဲ့ စကားတိုင်းကို ပြန်သတိရသွားသည်။

"ဒါက ဘာလဲ"

ချီစီယန် သိချင်နေသည်။

"မှတ်ဉာဏ်ကောင်းခြင်း"

လီဇီချီ စကားပြောပြီးနောက် ချီစီယန် လေအေး တစ်ချက် ရှိုက်လိုက်မိသည်။ သူမသည် စာကြည့်ခန်းထဲသို့ ပြေးသွားပြီး စာအုပ်တစ်အုပ်ကို

ပေါ့ပေါ့ပါးပါးလေး ဖွင့်ဖတ်လိုက်သည်။ ဆယ်မျက်နှာလောက်ကို ခပ်မြန်မြန် ဖတ်လိုက်ပြီး စာအုပ်ပိတ်ကာ ပြန်ရွတ်လိုက်သည်။

စကားလုံး တစ်လုံးတောင်မမှားပဲ အထစ်အငေါ့မရှိ ရွတ်ဆိုနိုင်ခဲ့သည်။

"ဒါက အထင်ကြီးဖို့ ကောင်းလွန်းတယ်"

ချီစီယန်က သူ့ဝမ်းကွဲကို စိုက်ကြည့်ရင်း သက်ပြင်းချလိုက်သည်။ သူ့ရဲ့ အကြည့်တွေက ပူလောင်လာသည်။

“ဝမ်းကွဲညီမ မင်းက ကျောင်းသားတိုင်း အိပ်မက်မက်ရတဲ့ မြတ်ဆရာတစ်ယောက် ဖြစ်လာလိမ့်မယ်”

“မင်းရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်”

လီဇီချီက အပြုံးနဲ့ ပြန်တုန့်ပြန်လိုက်သည်။

ဒါကိုလည်း သဘာဝကျကျ သိနေသည်။

မြတ်ဆရာ အရှိန်အဝါကို နားလည်ဖို့က ကံတရားအပေါ်ပဲ မှုတည်တာ မဟုတ်ပါ။ လိုက်နာရမည့် စည်းကမ်းတွေ ရှိသည်။ မြတ်ဆရာ အများစုက မြတ်ဆရာ အရှိန်အဝါကို ပိုအသုံးပြုလေ

ပိုကျွမ်းကျင်လာလေ ဖြစ်သည်။ ပြီးတော့ ကျောင်းသားများအပေါ် နားလည်မှုကလည်း ပိုတိုးလာသည်။

စွယ်စုံကျမ်း အသိပညာသည် အရမ်းအသုံးများတဲ့ အရိုန်အဝါ ဖြစ်သည်။

ဘာဖြစ်လို့လဲ။

မြတ်ဆရာတစ်ယောက် ဖြစ်နေသ၍ အာရုံစိုက်လေ့လာရတဲ့ အခြေအနေတွေကို ကြုံတွေ့ရမှာပဲ။ ဒါပေမယ့် ဓါတ်ပုံမှတ်ဉာဏ် ရှိဖို့က ခက်ခဲလွန်းသည်။ လူတစ်သောင်းတွင်

တစ်ယောက်မရှိနိုင်လို့ 'မှတ်ဉာဏ်ကောင်းခြင်း' အရှိန်အဝါက အရမ်း ရှားပါးသည်။

ကြယ် ၇ ပွင့် မြတ်ဆရာတစ်ဝက်လောက်က ဒီအရှိန်အဝါကို နားမလည်ကြပါ။ ဒါပေမယ့် လီဇီချီကတော့ အသက် ၁၃ နှစ်နဲ့ အောင်မြင်ခဲ့ပြီ။

"မဟုတ်ဘူး။ မင်းရဲ့ အရည်အချင်းတွေ ဖြုန်းတီးနေတာကို ငါ ခွင့်မပြုနိုင်ဘူး။ ငါ့ရဲ့ ကျောင်းအုပ်ကြီးဆီ မြန်မြန် အကြောင်းကြားရမယ်"

ချီစီယန်သည် တုန်လှုပ်ခြောက်ခြားစွာ မတ်တပ်ရပ်ပြီး ဉယျာဉ်ထဲက ထွက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာ တစ်ယောက် ဖြစ်ချင်လျှင် မဖြစ်မနေ ဖြတ်ကျော်ရမယ့် အတားအဆီး တစ်ခုရှိသည်။ အဲဒါက ကိုယ်တိုင် သင်ကြားခြင်း အရှိန်အဝါကို နားလည်ရမည်။

ကျယ်ကျယ်ပြန့်ပြန့် လေ့လာရမည်။

ထက်မြတ်နေရမည်။

ဒါ့အပြင် တခြား လူတွေကိုလည်း ပညာ ဖြန့်ဝေချင်တဲ့စိတ် ထက်သန်တဲ့ အရိပ်အယောင် ရှိရမည်။

ဒီတွေ့ရှိချက်များကို သူတော်စင်ဂိတ်က အကျဉ်းချုံး ဖော်ပြထားသည်။ သို့သော်လည်း တွေ့ရှိချက်က တွေ့ရှိချက်ပဲ ဖြစ်သည်။ ဒါကို အတိကျ လိုက်နာပါကလည်း ကိုယ်တိုင် သင်ကြားခြင်း အရှိန်အဝါကို နားလည်မယ်လို့ မဆိုလိုပါ။

ကိုယ်တိုင် သင်ကြားခြင်း အရှိန်အဝါကို နားလည်ရုံနဲ့ ဆရာတစ်ယောက် ဖြစ်ဖို့ မလုံလောက်သေးပါ။ နောက်ထက် မြတ်ဆရာ အရှိန်အဝါ တစ်ခုကို အလိုလို နားလည် သဘောပေါက်ရမည်။ ဘွဲ့ရပြီး နှစ်နှစ်အတွင်း

မလုပ်နိုင်ရင် မျှော်လင့်ချက် မရှိဘူးလို့ သတ်မှတ်ရမည်။

"ကလေးဘဝကတည်းက လူတစ်ယောက်ရဲ့ အနာဂတ်ကို သိနိုင်တယ်' စကားပုံလိုပဲ ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ဖို့တောင် ခက်ခက်ခဲခဲ ကြိုးစားနေရရင် အနာဂတ် အောင်မြင်မှု အကန့်အသတ် ရှိမှာ သေချာသည်။

တစ်ဖက်ကလည်း ကိုယ်တိုင် သင်ကြားခြင်း အရှိန်အဝါကို လွယ်လွယ်ကူကူ နားလည်ရင် ရမီရှင် တစ်ယောက်လို့ အဓိပ္ပါယ် ရသည်။

လီဇီချီကတော့ ပါရမီရှင်ကြားက ပါရမီရှင် ပါ။

“မင်းရဲ့ အရည်အချင်းတွေကို အလဟာသ ဖြုန်းတီးခွင့် မပေးနိုင်ဘူး”

ချီစီယန် ဆုံးဖြတ်ချက် ချလိုက်သည်။

“ဘယ်နှစ်ခါ ပြောရမှာလဲ။ ငါမထွက်သွားဘူး”

လီဇီချီ စိတ်ဆိုးသွားသည်။

"မင်းရဲ့ ဆရာကြောင့်လား"

ချီစီယန်က ပြန်မေးသည်။

"ဟုတ်တယ်"

လီဇီချီက သေချာစွာ ခေါင်းညိတ်လိုက်သည်။ ဗဟိုပြည်နယ် အကယ်ဒမီက ထွက်ခွာသွားမှာ မဟုတ်သော်လည်း သူမဆရာ သွားလေရာ နောက်သို့ လိုက်သွားမည်။

"ပြောလိုက်အုံးမယ်။ ဒါက ငါ့ဆရာရဲ့ ရွှေစကားပဲ။ သူ့ရဲ့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကြောင့် အလင်းအသစ်တစ်ခုကို မြင်ခဲ့ရပြီး လူတိုင်းအမြင်မှာ

ပါရမီရှင်တစ်ယောက် ဖြစ်လာခဲ့တာပဲ။ သူကြောင့်သာမဟုတ်ရင် တစ်သက်လုံး ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်နိုင်ပါ့မလား ဆိုတာ ဘယ်သူက သိမှာလဲ”

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရှိသေ (၁၇,၁၆၁/၁၀၀,၀၀၀)

ချီစီယန် ငြိမ်ကျသွားသည်။ ဒါကို ခန့်မှန်းပြီးသား ဖြစ်ပေမယ့် ဝမ်းကွဲက ကိုယ်တိုင်

ပြောတာ ကြားပြီး တုန်လှုပ်သွားကာ လက်မခံနိုင် ဖြစ်နေသေးသည်။

"တိုက်ဆိုင်တာ မဖြစ်နိုင်ဘူးလား"

"သူတော်စင်အဆင့် ကျင့်စဉ်ကိုတောင် ငါသိတယ်"

လီဇီချီ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်ပြီး

"အဲဒါလည်း ဆရာက သင်ပေးထားတာပဲ"

"အမ်"

ချီစီယန် အသံက တုံးမြင့်သွားသည်။ (ငါ နားကြားမှားတာပဲ ဖြစ်မှာပါ။ လူမိုက်တောင် သူတော်စင်အဆင့် ကျင့်စဉ်ကို တခြားသူဆီ မလွဲပေးဘူး။ ရယ်စရာကောင်းလိုက်တာ ၊ သူတော်စင်အဆင့်ကျင့်စဉ်က စျေးမပေါဘူး)

“သူက ငါ့ကို သုံးခုတောင် သင်ပေးတယ်”

လီဇီချီသည် သူမရဲ့ လှပတဲ့ လက်သုံးချောင်းကို သူမ ဝမ်းကွဲရှေ့မှာ ထောင်ပြလိုက်သည်။

“မဖြစ်နိုင်ဘူး”

ချီစီယန် အော်ဟစ်လိုက်သည်။

"ဆရာ.....ဆရာဆွန်းက မင်းကို သဘောကျတယ်ဆိုရင်တောင် သူတော်စင်အဆင့် ကျင့်စဉ် သုံးခုကို ဘယ်လိုရခဲ့တာလဲ"

"မင်းက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီကနော်"

လီဇီချီက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဟုတ်တယ်"

ချီစီယန်က ခေါင်းညိတ်လိုက်သည်။

“မင်းတို့ကျောင်းရဲ့ အကောင်းဆုံး ကျင့်စဉ်က သဏ္ဌာန်မဲ့ မြင့်မြတ်စကြ်ာဝဠာ ကျင့်စဉ် မဟုတ်လား”

လီဇီချီက ခန့်မှန်းရခက်တဲ့ အပြုံးကို ပြုံးလိုက်သည်။

“ဒီအကြောင်းကို မသိတဲ့လူ ပြည်နယ်ကိုးခုမှ ရှိသေးလို့လား”

ချီစီယန် မျက်နှာမှာ ယုံကြည်မှုနဲ့ ပြည့်နှက်နေသည်။ ပြည်နယ်ကိုးခုရှိ နံပါတ်တစ် ကျောင်းတစ်ခုအနေနဲ့ သဏ္ဌာန်မဲ့မြင့်မြတ်

စကြဝဠာကျင့်စဉ်သည် မျိုးဆက်တိုင်းတွင် ကျောင်းအုပ်ကြီးတိုင်း တတ်မြောက်ထားရမည့် သူတော်စင်အဆင့်ကျင့်စဉ် ဖြစ်သည်။ ဒါကို ကမ္ဘာပေါ်မှာ ရှိတဲ့လူတိုင်း သိသည်။

လီဇီချီ မျက်နှာပေါ်တွင် အပြုံးတုတစ်ခု ပေါ်လာသည်။

“မင်း ဘာရယ်နေတာလဲ”

ချီစီယန် မျက်မှောင်ကြုတ်သွားပြီး ဝမ်းကွဲညီမက တစ်ခုခု ဖုံးကွယ်ထားတယ်လို့ ခံစားနေရသည်။

“ဘာမှ မဟုတ်ပါဘူး”

လီဇီချီက စနောက်လိုက်သည်။

"မင်းသိလား"

"မင်းရဲ့ စကားက ဘောင်ကျော်နေပြီ။ ငါတို့ကျောင်းရဲ့ ထိပ်တန်း ပါရမီရှင်တွေတောင် ဒါကို သင်ယူဖို့ အရည်အချင်း မမှီဘူး။ ကျောင်းအတွက် ကြီးကြီးမားမား အကျိုးပြုပြီး သစ္စာရှိတဲ့သူတွေပဲ ကျောင်းအုပ်ကြီး စေတနာရှိမှ သင်ယူဖို့ အခွင့်အရေး ရှိတယ်"

ချီစီယန်က သက်ပြင်းချရင်း ပြောလိုက်သည်။ တစ်ဘဝလုံး သင်ယူခွင့်ရမှာ မဟုတ်တော့ပါ။

လီဇီချီက မတ်တပ်ရပ်လိုက်ပြီး ချီစီယန် နံဘေးကို လျှောက်သွားကာ ပုခုံးကို နှစ်သိမ့်တဲ့ အမူအရာနဲ့ ပုတ်လိုက်သည်။

"မင်းက ငါ့ကို သနားနေတယ်လို့ ဘာဖြစ်လို့ ခံစားနေရတာလဲ"

ချီစီယန် သံသယ ဝင်လာသည်။

"ဟုတ်တယ်။ မင်းကို သနားမိတယ်"

နောက်ထပ် စကားတစ်ခုကိုတော့ စိတ်ထဲက ဖြည့်ပြောလိုက်သည်။ (ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ကျောင်းရဲ့ အကောင်းဆုံး ကျင့်စဉ်ကို

ငါသိနေတယ်။ သူတောင်စင်အဆင့် ကျင့်စဉ် ဖြစ်တဲ့ သဏ္ဍာန်မဲ့မြင့်မြတ် စကြြ်ဝဠာကျင့်စဉ်ကို မင်းတစ်သက်လုံး သင်ခွင့် မရှိတာကိုလဲ ငါသိတယ်။ ဒီအဓိပ္ပါယ်က ငါလုပ်ချင်တာ လုပ်လို့ရတယ်)

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရှိသေ (၁၇,၆၆၁/၁၀၀,၀၀၀)

ချီစီယန် အနည်းငယ် မဲ့ရွဲ့သွားသည်။ ထိန်းမနိုင်သိမ်းမရ သိချင်စိတ်များ ပြည့်နှက်နေပြီး လီဇီချီကို

“သူက မင်းကို သူတော်စင်အဆင့် ကျင့်စဉ်တွေ တကယ်ပဲ သင်ပေးတာလား”

“ငါ့ ဂျူနီယာ ညီမလေးတွေတောင် သင်ထားကြတယ်။ မင်း သူတို့နဲ့ သွားတိုက်ခိုက်လို့ ရတယ်”

လီဇီချီက ပုခုံးတွန့်ရင်း ပြောလိုက်သည်။

ရှူး

ချီစီယန် လေအေးတစ်ချက် ရှိုက်လိုက်ပြီး မရေမရာ အလိုလို ညည်းလိုက်မိသည်။

“ သူက အရူးလား”

"ရန်ပွဲတောင်းနေတာလား"

လီဇီချီက ချီစီယန်ကို လက်သီးနဲ့ ထုလိုက်သည်။ (မင်းဆက်ပြီး ပေါက်ကရ ပြောနေရင် မင်းရင်ဘက်ကို လက်သီးနဲ့ထိုးလို့ အပြစ်မတင်နဲ့"

" ပြောရရင် ငါ့ရဲ့ ပညာသင်ဘက် ညီမလေးက လေးပညာမှာ အရည်အချင်းရှိလို့ သူမက ငါ့ထက် ကျင့်စဉ်တစ်ခု ပိုသာပြီး လေဘုရင် နတ်ဘုရားကျင့်စဉ်ကို လေ့ကျင့်ထားတယ်"

လီဇီချီက နောက်ထပ် စပျစ်သီး တစ်လုံးကို ယူပြီး စိတ်ဓါတ်ကျတဲ့ ပုံစံနဲ့ ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

“ငါ တတယ်ကို အားနည်းလွန်းတယ်။ ဒီလို အစွမ်းထက်တဲ့ ကျင့်စဉ်ကို သင်ယူထားတာတောင် တခြားလူတွေကို အနိုင်မယူနိုင်သေးဘူး”

“ဒါက ကောင်းကင်ဘုံရဲ့ ပစ္စည်းတွေကို တကယ် ဖြုန်းတီးနေတာပဲ”

ချီစီယန် နောင်တရနေသည်။

ဖောက်

စပျစ်သီးတစ်လုံးက သူ့ခေါင်းကို လာမှန်သည်။ လှည့်ကြည့်လိုက်လျှင် ဝမ်းကွဲညီမက ဒေါသတကြီး စိုက်ကြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းကိုယ်တိုင်ပဲ ပြောတာလေ။ ငါ့ကို ဘာဖြစ်လို့ လာရိုက်နေတာလဲ)

ချီစီယန် မှားသွားတယ်ဆိုတာ သိလိုက်သည်။

"ဝမ်ကွဲ၊ ညီမ ငါမှားသွားတယ်"

ချီစီယန်က လျှင်မြန်စွာ တောင်းပန်လိုက်သည်။ အာရုံလည်း ပျံ့သွားသည်။ ဒီအခိုက်တန့်မှာ ဆွန်းမိုကို ဆရာတင်ချင်နေသည်။

ဒင်

ထိုအခိုက်အတန့်တွင် ချီစီယန်သည် ဖွင့်မပြောသော်လည်း ဆွန်းမိုရဲ့ ရက်ရောမှုကြောင့်

အံ့အောသွားသည်။ သူ့ကိုယ်သူ ရိုးရိုးသားသား ပြန်မေးကြည့်လျှင် သူတော်စင်အဆင့် ကျင့်စဉ်ကို ထားလိုက်အုံး အချိန်တော်တော်ကြာအောင် ဖွန်ကြောင်နေတဲ့ ကျောင်းသူလေး တစ်ယောက်ကိုတောင် ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်ကို သင်ပေးပါ့မလား ဆိုတာ ပြန်မေးကြည့် ရလိမ့်မည်။

"အစ်ကိုဝမ်းကွဲ၊ ဒါကို ကျေးဇူးပြုပြီး ဖုံးကွယ်ထားပေးပါ။ ဆရာက တကယ်တော်ပါတယ်။

သူက အချိန် တစ်နှစ်ပဲ လိုတယ်။ သူ့နာမည်က မြတ်ဆရာလောကကို လွှမ်းခြုံသွားလိမ့်မယ်”

လီဇီချီက တောင်းပန်နေသည်။

(မင်းက ငါ့ဆရာ ဘယ်လောက်ထူးချွန်လဲဆိုတာ နားမလည်ပါဘူး။ အချိန်က အရာအားလုံးကို သက်သေပြသွားလိမ့်မယ်။ နောက်ပြီးတော့ အကြာကြီးလည်း စောင့်နေစရာ မလိုဘူး။ တစ်နှစ်ဆိုရင် လုံလောက်ပြီ)

ချီစီယန်သည် သူ့ဝမ်းကွဲ၏ မျက်လုံးမှာ ပြင်းထန်တဲ့ ကိုးကွယ်မှုကို မြင်လိုက်ရသည်။

မိန်းကလေးတစ်ယောက်ရဲ့ ယုံကြည်မှုနှင့် ကိုးကွယ်မှုကို ရအောင် လုပ်ထားနိုင်တဲ့အတွက် မင်းက ယောကျ်ားတစ်ယောက်အနေနဲ့ ဒီဘဝမှာ နောင်တ မရှိသင့်တော့ဘူး။

"ကောင်းပြီလေ"

ချီစီယန်က သဘောတူလိုက်သည်။

"အစ်ကိုဝမ်းကွဲက ငါ့အပေါ် အမြဲကောင်းတယ်ဆိုတာ သိပါတယ်"

လီဇီချီက အပြုံးချိုချိုလေးနဲ့ ပြောလိုက်သည်။ သူမ စပျစ်သီးကို အခွံခွာပြီး ချီစီယန်ကို ပေးလိုက်သည်။

"ဒီမှာ မင်းအတွက် ဆုပဲ"

ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲဖြေဆိုရမည့်ရက် နီးလာသဖြင့် ဆွန်းမိုကို စိတ်အနှောက်အယှက်ဖြစ်ပြီး စွမ်းဆောင်ရည် မထိခိုက်စေချင်ပါ။

"ဟီးဟီး"

ချီစီယန်က စပျစ်သီးကို စားလိုက်သည် အရမ်းချိုတယ်လို့ ခံစားလိုက်ရသည်။

"ကောင်းပြီလေ။ ဒီနေ့ ဘာဖြစ်ခဲ့တာလဲ။ ဘာဖြစ်လို့ ငါ့ကို မပြောပြတာလဲ"

လီဇီချီ မျက်တောင် ပေကလတ်ပေကလတ် လုပ်ပြီး ပြောလိုက်သည်။ သူမဆရာသည် ဝမ်းကွဲနဲ့ ချမ်းသာကြွယ်ဝတဲ့ ဒုတိယ မျိုးဆက်များကို ဆွဲဆောင်ရန် သူ့ရဲ့ထူးချွန်မှုကို အသုံးပြုခဲ့နိုင်သည်။ ဒါကို တွေးလိုက်ရုံနဲ့ အရမ်းကျေနပ်သည်။

(ကိုယ်တိုင် မကြည့်လိုက်ရလို့ စိတ်မကောင်းလိုက်တာ)

ချီစီယန်က အရာအားလုံးကို ရိုးရိုးသားသား ပြန်ပြောပြလိုက်သည်။

သတိလစ်ခြင်းနှင့် အသုံးမကျခြင်း နဲ့ ဘင်ရွှမ်ရှန်ကို သင်ခန်းစာပေးတာ ကြားပြီး ကူရွှန်ကို အဆင့်တက်အောင် လုပ်ပေးကာ ဘဝရည်မှန်းချက် ပြန်တည်ဆောက်ပေးတဲ့ အကြောင်းကို ကြားလိုက်လျှင် လီဇီချီ တက်ကြွလာသည်။

"ထင်ထားသလိုပဲ ငါ့ဆရာက အရမ်းတော်တယ်"

လီဇီချီက ဝမ်းသာအားရ ပြောလိုက်သည်။ ဒါပေမယ့် ဆွန်းမိုက ချီစီယန်ကို ပြောတဲ့ အကြောင်း ကြားပြီး မျက်နှာပျက်သွားသည်။

"နာမည်ကြီးတဲ့ ဒေါက်တာချိုင်ကို ရှာပြီးပြီလား"

လီဇီချီက သတိပေးတဲ့အသံနဲ့ မေးလိုက်သည်။ ဒေါက်တာ ချိုင်က ချင်လင်တွင် အရမ်းကျော်ကြားသည်။ သူက မင်းသမီး မိသားစုရဲ့ အတိုင်ပင်ခံ ဆရာဝန် တစ်ယောက်ပါ။

"မလုပ်ရသေးဘူး"

အချိန်ကလည်း နှောင်းနေပြီး လီဇီချီ ပြန်အလာကို စောင့်နေသဖြင့် ချီစီယန်သည် ဒေါက်တာချိုင်ကို ရှာပြီး မစစ်ဆေးရသေးပါ။

"သေချင်နေတာလား"

လီဇီချီက ဝမ်းကွဲအစ်ကိုကို အပြစ်တင်လိုက်ကာ စိတ်လည်း ပူနေသည်။

"ငါ့ဆရာရဲ့ နတ်ဘုရားလက်က မမှားဘူး။ မင်းမှာ ပြဿနာရှိတယ်လို့ ပြောရင် တကယ် ရှိလို့ပဲ။ အချိန်ဆွဲမနေနဲ့။ အခုသွားလိုက်။ မြန်မြန်သွား။ ဒေါက်တာချိုင်ကို ရှာပြီး စစ်ဆေးခိုင်းလိုက်"

လေးနာရီ ကြာပြီးနောက် ဒေါက်တာချိုင်က ရောဂါရှာဖွေမှုကို အဆုံးသတ်လိုက်ပြီး လေးနက်တဲ့ အမူအရာနဲ့

"မင်းသားလေး တကယ်ပဲ အဆိပ်သင့်နေပြီ။ သေသေချာချာ မစစ်ဆေးရင် ဒီကိစ္စကို ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး"

"ပျောက်အောင် ကုပေးနိုင်လား"

ချီစီယန် ဆက်မေးလိုက်သည်။

ဒေါက်တာချိုင် တိတ်ဆိတ်သွားသည်။

"ဒါဆိုလည်း ကုသနိုင်လား ၊ မနိုင်ဘူးလား။ ဒီအဖြေတော့ ငါ့ကိုပြော"

ချီစီယန် စိတ်တိုလာသည်။

"မင်းသားလေး ၊ မင်းရဲ့ လက္ခဏာမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး။ ဒါကြောင့် ဘယ်ဆေးပေးရမလဲ နားမလည်ခင် ရောဂါကို တိတိကျကျ ရှာဖွေဖို့ စမ်းသပ်မှုလုပ်တဲ့ အချိန်တချို့တော့ လိုတယ်"

ဒေါက်တော့ချိုင်က မျက်စိပျက် မျက်နှာပျက်နဲ့ ရှင်းပြသည်။

"ဒါဆိုရင် မင်းမှာ အဖြေမရှိဘူးပေါ့"

ချီစီယန် စကားပြောနေရင်းနဲ့ အဆိပ်ထုတ်ပေးနေတုန်းက ဆန်းမိုရဲ့ ပေါ့ပေါ့ပါးပါး ဖြစ်နေတဲ့ အမူအရာကို ပြန်စဉ်းစားလိုက်မိသည်။

ဆွန်းမိုနဲ့ တွေ့လိုက်တာ ကံကောင်းတဲ့ပုံပဲ။ ဒီလိုမှမဟုတ်ရင် မသန်မစွမ်းဖြစ်သွားရင်တောင် သိလိုက်မှာ မဟုတ်ဘူး။

ချီစီယန် နှလုံးသားထဲတွင် အခိုက်အတန့် တစ်ခုလောက် ကြောက်ရွံ့သွားပြီးနောက် ပျော်ရွှင်သွားသည်။

ဒင်

ချီစီယန်၏ လေးစားအထင်ကြီးမှု +၅၀၀၊ လေးစား (၁,၅၀၀/၁၀,၀၀၀)

အခန်း (၄၃၂) - ဝိညာဉ်တက်တူး မဟာခင်ဘွဲ့ ရရှိခြင်း။

ချီစီယန် အိမ်ကို ပြန်ရောက်လာတဲ့အချိန်အထိ တစ်ချိန်လုံး ထိတ်လန့်နေခဲ့သည်။

ဆွန်းမိုကို မယုံကြည်ဖို့ ရွေးချယ်နိုင်ပေမယ့် ဒေါက်တာချိုင်ကိုတော့ မယုံကြည်လို့ မရပါ။ သူမွေးကတည်းက အခုအချိန်ထိ ဖျားနာတိုင်း ဒေါက်တာချိုင်က ကုသပေးခဲ့သည်။

ချီစီယန်က ဒီဆရာဝန် ဘယ်လောက်အထိ အထင်ကြီးဖို့ ကောင်းလဲဆိုတာ သိသည်။ ဒါပေမယ့် အခုအချိန်မှာ ဒေါက်တာချိုင်က သူ့ဘာ အဆိပ်သင့်လဲဆိုတာ မဖော်ထုတ်နိုင်ခဲ့ပါ။

ဒီအချက်ကို ကြည့်ပြီး ဆွန်းမိုက ဘယ်လောက် အထင်ကြီးဖို့ ကောင်းလဲဆိုတာ ခန့်မှန်းလို့ရသည်။

"နယ်ပယ်တိုင်းမှာ ကိုယ်ပိုင် အရည်အချင်းတွေ ရှိတယ်။ ဒေါက်တာချိုင်က ဖျားနာမှုတွေကို ကုသပြီး လူတွေကို ကယ်တင်တဲ့လူ ဖြစ်ပေမယ့် အဆိပ် သုတေသန ပြုနေတဲ့သူ မဟုတ်ဘူး"

လီဇီချီ တရားမျှတတဲ့ စကားပြောလိုက်သည်။

"မတူဘူး"

ချီစီယန်က ခေါင်းခါလိုက်သည်။

"မင်းရဲ့ စကားအရဆိုရင် ဆရာဆွန်းက အဆိပ်ပညာရှင် မဟုတ်ပေမယ့် ငါ့ခန္ဓာကိုယ်ကို

ထိလိုက်တာနဲ့ အဆိပ်မိနေတာ သိနိုင်တယ်။ ဒါက မှော် မဆန်လွန်းဘူးလား”

“ဒေါက်တာချိုင်နဲ့ ငါ့ ဆရာကို ဘယ်လိုလုပ် နှိုင်းယှဉ်နိုင်မှာလဲ”

လီဇီချီက ရှုံ့ချ ပြီး ပြောလိုက်သည်။

“..............”

ချက်ခြင်း ချီစီယန် တစ်ယောက် ဆွံ့အသွားသည်။ (မင်းရဲ့ ဆရာကို ကိုးကွယ်တာ သိပေမယ့် ဒီလောက် အတိုင်းအတာထိတော့ ကိုးကွယ်မယ် မထင်ထားဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒေါက်တာချိုင်သည် ချင်လင်မှာရှိတဲ့ ထိပ်တန်းဆရာဝန်အနည်းငယ်ထဲက တစ်ယောက်ဖြစ်သော်လည်း ဝမ်းကွဲညီမရဲ့ လေသံထဲတွင် ဆွန်းမိုခေါင်းက ဆံပင်တစ်ချောင်းကိုတောင် ယှဉ်လို့မရပါ။

(အစောပိုင်းတုန်းက မင်းပြောတဲ့ တရားမျှတတဲ့စကားမှာ ဆွန်းမို မပါဘူးလား။ ဆွန်းမို ပါလိုက်တာနဲ့ ဒေါက်တာချိုင်က အမှိုက်တစ ဖြစ်သွားပြီလား)

"အစ်ကိုဝမ်းကွဲ၊ ငါ့ဆရာနဲ့ စောစောတွေ့ပြီး အဆိပ်မိတာ စောစောသလိုက်ရတာ

ကံကောင်းတယ်။ နှစ်နှစ်လောက် နောက်ကျခဲ့မယ်ဆိုရင် မင်းလဲနေလောက်ပြီ”

လီဇီချီ အနည်းငယ် တုန်လှုပ်ခြောက်ခြား သွားသည်။ ဒီလီယုံက ရက်စက် ယုတ်မာလွန်းသည်။

“ဟုတ်တယ်”

ချီစီယန်လည်း နောင်တရနေသည်။ (ငါ့ အရည်အချင်းအရ လီယုံရဲ့ ယုတ်မာမှု မခံလိုက်ရရင် ဒီတစ်နှစ်အတွင်းမှာ ဘယ်လောက် တိုးတက်လာမလဲ။)

"အို ဟုတ်ပြီ၊ မင်း ဆရာအကြောင်း ထပ်ပြောပါအုံး။ အထူးသဖြင့် သူတော်စင်အဆင့် ကျင့်စဉ်တွေ အကြောင်းပေါ့"

ချီစီယန်သည် အရမ်းသိချင်နေပြီး ထပ်မေးလိုက်သည်။

"အဲဒါက နောက်မှပေါ့"

လီဇီချီက ချိုသာစွာ ပြုံးကပြီး ကောင်းမွန်တဲ့ အမှတ်တရများထဲတွင် နစ်မြောနေသည်။

"................"

ချီစီယန်သည် သူမရဲ့ အမူအရာကို ကြည့်ပြီး အနည်းငယ် မနာလိုဖြစ်သွားသည်။ ဆွန်းမိုဆိုတဲ့ နာမည်ကို ပြောလိုက်လျှင် သူမက အလိုလို ပျော်တတ်နေပြီ။

ဒါက ငယ်ငယ်ရွယ်ရွယ်နဲ့ ချစ်မိသွားတဲ့ ပုံပဲ။

သိပ်မကြာခင် ချီစီယန်သည် ဆွန်းမိုက အမှန်တကယ် ထူးချွန်နေသဖြင့် သိပ်ဂရုမစိုက်တော့ပါ။ သူ့ဝမ်းကွဲရဲ့ ချဲ့ကား ပြောဆိုမှုတွေကို လျစ်လျူရှုလိုက်ရင်တောင် ဆွန်းမိုသည် ကြောက်ဖို့ကောင်းလောက်အောင်

အတိုင်းအတာ တစ်ခုလောက်အထိတော့ ထူးချွန်နေဆဲ ဖြစ်သည်။

သူသာ ဆွန်းမိုနေရာမှာဆိုရင် အစပိုင်းမှာ ဒီလို အားနည်းတဲ့ အနေအထားမှာ ရှိနေမလားလို့ ကိုယ့်ကိုယ်ကို မေးလိုက်မိသည်။ နောက်တစ်နှစ်မှာ တရားဝင် ဆရာဖြစ်လာရင် မဆိုးပါ။ ဒါပေမယ့် ဆွန်းမိုကတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ အကျော်ကြားဆုံး ဆရာဖြစ်နေပြီ။

"အရမ်း အထင်ကြီးစရာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကလွဲလျှင် စိတ်ထဲက တုန်လှုပ်မှုကို ဖော်ပြနိုင်တဲ့ စကားလုံး မရှိပါ။

ဒင်

ချီစီယန်၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး (၁,၇၀၀/၁၀,၀၀၀)

တစ်ညလောက် စကားပြောပြီးနောက် ချီစီယန်သည် ဆွန်းမိုအကြောင်းကို ပိုသိလာခဲ့သည်။ ဒီနေ့မှာ သူကိုယ်တိုင် မြင်တွေ့ခဲ့တာမှန်သမျှကို သူ့ရဲ့ ဝမ်းကွဲအတွက် ဖုံးကွယ်ထားဖို့ ဆုံးဖြတ်လိုက်သည်။

“အမေသာ သိသွားရင် ငါ့ကို သတ်လိမ့်မယ်”

ချီစီယန်က မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

“ကျေးဇူးအများကြီးတင်ပါတယ်။ ဝမ်းကွဲအစ်ကို”

လီဇီချီက မုန့်တစ်ခြမ်းကို ယူကာ ချီစီယန် ပါးစပ်ထဲ ခွံ့ကျွေးလိုက်သည်။

“အနည်းဆုံးတော့ မင်းကို ကိတ်မုန့်နည်းနည်း ထပ်ကျွေးမယ်”

“ဒါပေမယ့် ငါ့မှာ တောင်စားရာ တစ်ချက်တော့ ရှိတယ်။ ဆရာဆွန်းက စာမေးပွဲ မအောင်ခဲ့ရင်တော့ အမေကို ချက်ခြင်းပြောမယ်”

ဒီအတွက်လည်း ချီစီယန်မှာ အဖြေမရှိပါ။ ဆွန်မိုကို သူတော်တော်ယုံကြည်နေပေမယ့် ဝမ်းကွဲရဲ့ ဆရာတစ်ယောက်အနေနဲ့ကတော့ သူမရဲ့ဘဝ တစ်ခုလုံးနဲ့ သက်ဆိုင်နေသည်။ ဒီကိစ္စက ခြွင်းချက် မရှိ အရေးကြီးသည်။

"တစ်နှစ်အတွင်း ကြယ်သုံးပွင့်တိုးဖို့လား။ ဒါကို လုပ်နိုင်ရင် ငါတို့ ကျောင်းအုပ်ကြီးက သူ့ကို လုဖို့ ဗဟိုပြည်နယ် အကယ်ဒမီကို ချက်ခြင်း ပြေးလာလိမ့်မယ်"

ချီစီယန်က မဲ့ပြီး ပြောလိုက်သည်။

....

ဆွန်းမိုသည် အရင်ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်တစာကြည့်တိုက်ထဲတွင် ဂရင်းဟာက် သစ်တောနဲ့ ပက်သက်တဲ့ အချက်အလက်များကို ရှာဖွေနေခဲ့သည်။ ဒါပေမယ့် သူရှာနေတုန်းမှာ လေးစားအထင်ကြီးမှု အမှတ်များ ဆက်တိုက် ရနေခဲ့သည်။

ဒင်

“ချီစီယန်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တက်သွားလို့ ဂုဏ်ပြုပါတယ်။

တစ်ရက်တည်းနဲ့ အမှတ်တစ်ထောင် ကျော်သွားလို့ အထူးဆု - ငွေရောင် ရတနာ သေတ္တာ တစ်လုံး”

ဒင်

“ချိုင်တန်နှင့် ဝေဇီရဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တက်သွားလို့ ဂုဏ်ပြုပါတယ်။ ကြေးရောင် ရတနာသေတ္တာ နှစ်လုံးကို နှစ်ခု တစ်ခုပေါင်းပြီး ငွေရောင် ရတနာသေတ္တာ အဖြစ် အဆင့်မြှင့်တင်ချင်လား”

“လုပ်မယ်”

ဆွန်းမိုသည် ငွေရောင် ရတနာသေတ္တာ နှစ်လုံးကို သိမ်းပြီး အိမ်ပြန်လာခဲ့သည်။ ရေအမြန်ချိုးပြီးနောက် ဂါဝရပြုဖို့ ညှော်ခန်းထဲမှာ ထိုင်စောင့်နေတဲ့ လီဇီချီကို မြင်လိုက်သည်။

အရသာရှိတဲ့ မနက်စာတောင် ယူလာခဲ့သေးသည်။

"ဆရာ၊ ဆရာကြိုက်တတ်တဲ့ ဖက်ထုပ်ကျော် ဝယ်လာခဲ့တယ်"

လုချီဟွာက ပန်းကန်နဲ့ တူကို ဆွန်းမို အရှေ့ချပေးလိုက်သည်။

ဒေါင်ဟီကတော့ မကျေနပ်တဲ့မျက်နှာနဲ့ ဘေးက ရပ်ကြည့်နေသည်။ သူမအလုပ် အလုခံလိုက်ရသလို ခံစားနေရသည်။

ဆွန်းမိုက လုချီဟွာခေါင်းကို ပုတ်လိုက်သည်။

လုချီဟွာက မျက်လုံးလေးမှိတ်ပြီး ပိုင်ရှင်ပွတ်တာကို ခံနေတဲ့ ကြောင်ကလေးနဲ့ တူနေသည်။ သူမက ပျော်ရွှင်တဲ့ အမူအရာ ဖြစ်နေသည်။

ဆရာရဲ့ လက်တွေက အရမ်းကြီးမားသည်။ သူမ အပုတ်ခံရတဲ့ အချိန်တွင် တော်တော်လေး လုံခြုံသလို ခံစားရသည်။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၅၀၊ ရှိသေ (၂၂,၁၅၀/၁၀၀,၀၀၀)

"............"

ဆွန်းမို ဆွံ့အသွားသည်။

လုချီဟွာနှင့် ရိုးအတဲ့ ကောင်လေးသည် သူ့အတွက် အမှတ်ထုတ်ပေးတဲ့ စက်လို ဖြစ်နေသည်။

သူတို့က အချိန်မရွေး အမှတ်တွေ ထောက်ပံ့ပေးနေလိမ့်မည်။ ဒီအတိုင်းသာ ဆက်သွားပါက သူတို့နဲ့လေးစားအထင်ကြီးမှု ဆက်သွယ်ချက်သည် ကိုးကွယ်ခြင်း အဆင့်ကို ရောက်သွားတော့မည်။

"ကောင်းပြီလေ. စနစ် လေးစားအထင်ကြီးမှု ဆက်သွယ်ချက်က ကိုးကွယ်အဆင့်ကို ရောက်သွားရင် ဘာတွေ ဖြစ်လာမှာလဲ"

ဆွန်းမို အတွေးတစ်ခု ရုတ်တရက် ရလိုက်သည်။

"ပိုင်ရှင် အဆင့်နိမ့်တယ်။ အဖြေကို သိမ်ထားအုံးမယ်"

စနစ်ရဲ့အသံက ရေခဲလို အေးစက်နေသည်။

ဆွန်းမိုက ပုခုံးတွန့်လိုက်ပြီး ဒီမေးခွန်းကို စိတ်ထဲ မထားတော့ပါ။

"ဒါဆိုလည်း ရတနာသေတ္တာ ဖွင့်လိုက်တော့"

သုံးစက္ကန့်ကြာသွားသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ အချိန်တံဆိပ် ငါးခု ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

(ကြည့်စမ်းပါအုံး၊ ကံကောင်းခြင်း နတ်သမီးလေးက လုပ်နိုင်တယ်)

(အချိန်တံဆိပ် ငါးခုတောင်)

“ဘေးမှာထိုင်၊ အတူတူ စားရအောင်”

ဆွန်းမိုက လုချီဟွာ ထိုင်ဖို့အတွက် နေရာရွှေ့ပေးလိုက်သည်။ သူက ဆန်ပြုတ်သောက်ရင်း နောက်ထပ် ရတနာသေတ္တာ တစ်လုံး ထပ်ဖွင့်ဖို့ ပြောလိုက်သည်။

ကလစ်ဆိုတဲ့ အသံပေါ်လာပြီး ပြိုးပြိုးပျက်ပျက်နဲ့ ငွေရောင် အလင်းတန်းများ ပျောက်ကွယ်သွားလျှင် ထူထဲတဲ့ စာအုပ်တစ်ခု ပေါ်လာသည်။ စွယ်စုံကျမ်းနှစ်ခု ပေါင်းသလောက် ထူထပ်သည်။

“’စွမ်းရည် စာအုပ်”

ဆွန်းမိုတစ်ယောက် အရမ်းပျော်ပြီး မျက်လုံးတွေ အရောက်တောက်လာသည်။ သူက

‘ငါ့ရဲ့ သဘော်သီး မိန်းကလေးရဲ့ ကံကြမ္မာက ကမ္ဘာမှာ နံပါတ်တစ်’ ပဲလို့ အော်လိုက်ချင်သည်။

ဒင်

"အဆင့်မြင့်အဆင့် ဝိညာဉ်တက်တူး စွယ်စုံကျမ်းရဲ့ တစ်စိတ်တစ်ပိုင်းကို ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်၊ ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်"

ဆွန်းမိုသည် အူလှိုက်သဲလှိုက် အောင်ပွဲခံနေသည်။

"ဒီကျွမ်းကျင်မှု စာအုပ်ကို သင်ချင်ရင် မင်းက အလယ်အလတ် ဝိညာဉ်တက်တူး စွယ်စုံကျမ်းကို မဟာအဆင့်အထိ အရင်မြှင့်တင် ရလိမ့်မယ်"

စနစ်က သူ့ကို သတိပေးလိုက်သည်။

"မနက်စာ စားပြီးတာနဲ့ အခန်းထဲပြန်ပြီး တရားထိုင်မယ်။ အရေးကြီးတဲ့ ကိစ္စမရှိရင် ငါ့ကို မနှောက်ယှက်နဲ့"

အိပ်ခန်းထဲရောက်တာနဲ့ အချိန်တံဆိပ်ကို စိတ်လောစွာ အသုံးပြုလိုက်သည်။ ဒါကြောင့် သူ့ကို အစိမ်းရောင်များ ဖုံးလွှမ်းသွားသည်။

စနစ်ဆီက အကြောင်းကြားချက်တွေ ဆက်တိုက်ထွက်ပေါ်နေသည်။ သူ့ရဲ့ ကျွမ်းကျင်မှုအဆင့်က ကျွမ်းကျင်အဆင့်အထိ တိုးတက်သွားသည်။ ဆွန်းမို

စိတ်ထဲသို့ သတင်းအချက်အလက် များစွာ စီးဝင်လာသည်။

သူက စွယ်စုံကျမ်း အသိပညာ အရှိန်အဝါကို ကို့ကိုယ်ကို အသုံးပြုပြီး စိတ်ထဲမှာ နက်ရှိုင်းစွာ မှတ်မိအောင် အလွတ်ကျက်နေခဲ့သည်။ အားလုံးကို ရသွားတဲ့ အချိန်တွင် နေ့ခင်းဘက်ပဲ ရှိသေးသည်။

ဒီနောက်မှာတော့ သူရထားတဲ့ စွမ်းရည်စာအုပ်ကို လေ့လာလိုက်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲအတွက် အခြား အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်တစ်ခုကို ကျွမ်းကျင်ရမည်။

ဆွန်းမိုသည် ဒီအရာများကို မဖြုန်းတီးပဲ အာမခံ နှစ်ထပ်လောက် လိုချင်နေသည်။ ဒါကြောင့် ဝိညာဉ်တက်တူး ဗဟုသုတတွေအတွက် ကျန်တဲ့ အချိန်တံဆိပ် အားလုံးကို အသုံးပြုလိုက်သည်။

ဒင်

"အဆင့်မြင့် ဝိညာဉ်တက်တူး စွယ်စုံကျမ်းကို နားလည်တဲ့ အဆင့်က ဘိုးဘေးအဆင့် အထိ တိုးတက်သွားပြီ"

"စနစ်ရဲ့ အကဲဖြတ်မှုအရ ဝိညာဉ်တက်တူး မဟာသခင် ဘွဲ့ကိုရရှိတယ်"

မထင်မှတ်ထားတဲ့ အဖြစ်အပျက် တစ်ခုပါ။

"ဝိညာဉ်တက်တူး မဟာသခင် ဟုတ်လား"

(တကယ်ပဲ ဘွဲ့တစ်ခု ရခဲ့တာလား) ဒါကြောင့် ဆွန်းမို အရမ်းပျော်သွားပေမယ့် ပဟေဠိ ဖြစ်နေတုန်းပါ။

"ဝိညာဉ်တက်တူး ဘိုးဘွား မဟုတ်ဘူးလား"

"မင်းက အဆင့်မြင့် ဝိညာဉ်တက်တူး စွယ်စုံကျမ်းကို ဘိုးဘေးအဆင့် အထိ ကျွမ်းကျင်နေပြီ။ သင်္ချာကို ဥပမာအနေနဲ့ ပြောပြမယ်။ အထက်တန်းကျောင်းသား သင်္ချာ ဘာသာရပ်ကို ကျွမ်းကျင်ပေမယ့် မေးခွန်း မထုတ်နိုင်သလိုပဲ။ ဒါပေမယ့် တက္ကသိုလ် အဆင့်ကျွမ်းကျင်သွားရင်တော့ ပြဿနာ မရှိတော့ဘူး။ မင်းလုံးဝ ကျွမ်းကျင်မှပဲ ဘိုးဘေး ဖြစ်လာလိမ့်မယ်"

စနစ်က ရှင်းပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြတ်ပြတ်သားသား ပြောရလျှင် ဝိညာဉ်တကဲ့တူးနယ်ပယ်တွင် အဆင့်မြင့်တဲ့ ဗဟုသုတတွေ ရှိနေပြီး ကျွမ်းကျင်မှုဘဲ ဘိုးဘေးအဆင့် ဘွဲ့ကိုရလိမ့်မည်။

ဘိုးဘေးဆိုတာ ဘာလဲ။

သူတို့က ကိုယ်ပိုင် ဂိုဏ်းတွေ စတင်ထူထောင်နိုင်ပြီ။ ဒါကလည်း မြတ်ဆရာများသည် ဒီနယ်ပယ်တွင် အထူးအောင်မြင်နေတယ်လို့ ညွှန်ပြနေသည်။

ဝိညာဉ်တက်တူးလေ့လာရာတွင် ဝိညာဉ်တက်တူး အသစ်ကို ဖန်တီးနိုင်စွမ်း ရှိနေပြီး ဒီအကြောင်းအရာနဲ့ ပက်သက်လို့ လူတိုင်း နားလည်နိုင်တဲ့ သီအိုရီ အသစ်တွေ ဖော်ထုတ်နိုင်နေပြီ။

ဘိုးဘေးများက ဖီးနစ်အမွေးနဲ့ ကီရင်းရဲ့ ဦးချိုလို ရှားပါးသည်။

“ဒါဆို ဒီလိုပေါ့”

ဆွန်းမို နားလည်သွားသည်။

“မဟာအဆင့်ထက် မြင့်ချင်ရင်တော့ အရမ်းခက်ခဲတယ်လို့ သတိပေးပါရစေ။ အချိန်တံဆိပ်တွေပဲ အားကိုးလို့ မရတော့ဘူး”

စနစ်၏လေးသံက လေးနက်နေသည်။

“ငါသိတယ်”

ဆွန်းမိုက ဆရာတစ်ယောက် ဖြစ်သဖြင့် ဒီကိစ္စနဲ့ ပက်သက်ရင် ကောင်းကောင်း နားလည်သည်။

ဘာသာရပ် အားလုံးမှာ အမြင့်ရောက်လေ လူပိုနည်းလာလေ ဖြစ်သည်။ ခက်ခဲလွန်းလို့ အများအားဖြင့် တစ်ယောက်တည်း

အထီးကျန်နေတတ်သည်။ အိုင်းစတိုင်းက ဥပမာ တစ်ခုပဲ။ ရူပဗေဒဘာသာရဲ့ အထွဋ်အထိပ်မှာ တစ်ယောက်တည်း ရပ်တည်နေခဲ့သည်။ သူနဲ့အတူ ရပ်တည်နိုင်တဲ့လူ မရှိသေးပါ။

"ဒါနဲ့ ပြောရရင် ချင်လင်မှာ ဝိညာဉ်တက်တူးနဲ့ ပက်သက်ရင် ငါ့ရဲ့အဆင့်က ဘယ်လောက်လဲ"

ဆွန်းမိုက စပ်စုလိုက်သည်။

"ချင်လင်မှာ အဆင့် (၁၀)၊ ဗဟိုပြည်နယ်မှာ အဆင့် (၂၁)၊ ချန်နန်မှာ အဆင့် (၆၆)"

စနစ်က တွက်ချက်မှု တစ်ချို့ လုပ်ပြီး အဖြေပေးလိုက်သည်။

"ငါ့အဆင့်က နောက်မှာပဲ ရှိနေတုန်းလား"

ဆွန်းမို မျက်နှာ ပုတ်သိုးသွားသည်။

"ဒါက ငါမျှော်လင့်ထားတာထက် အများကြီး နိမ့်တယ်။ ချင်လင်မှာတောင် ထိပ်ဆုံးဆယ်ယောက်ရဲ့ နောက်ဆုံး အဆင့်ပဲ ရှိသေးတယ်"

"မင်း ကျေနပ်လိုက်။ ချင်လင်က ချန်နန်ရဲ့ အဓိကမြို့ဖြစ်ပြီး မဟာသခင် အများကြီးက

ဒီမှာနေကြတယ်။ ထပ်တန်း ဆယ်ယောက်ထဲ ရပ်တည်နိုင်တာ မဆိုးဘူး”

စနစ်က ဆက်ပြီးပြောလိုက်သည်။ “ဝိညာဉ်တက်တူးလေ့လာတာ နှစ်ဝက်လောက်ပဲ ရှိသေးတယ်ဆိုတာ မမေ့ပါနဲ့။ အဘိုးကြီးတစ်ချို့ဆို ဒီအရာကို လေ့လာနေတာ ဆယ်စုနှစ်ပေါင်းများစွာ ကြာနေပြီ”

စနစ်က ထုံးစံအတိုင်း မဖော်ပြထားတဲ့ အရာ တစ်ခုရှိသေးသည်။ ဒါက ဝိညာဉ်တက်တူးနယ်ပယ်တွင် ဆွန်းမိုရဲ့ အရည်အချင်း

ဖြစ်သည်။ ထိုလူတွေကို လိုက်မှီဖို့ အချိန်တစ်ခုပဲ လိုအပ်သည်။

"ကောင်းပြီလေ။ ဒီလိုဆိုတော့လဲ။ အသက် သုံးဆယ်အောက်မှာ ငါ့ရဲ့ အရည်အချင်းက ဘယ်လိုလဲ"

ဆွန်းမိုက မေးခွန်း ပြောင်းလိုက်သည်။

"..............."

စနစ်က ပြန်မတုန့်ပြန်ပဲ ရိုက်ချင်စိတ် ပေါက်နေသည်။

"ဘာဖြစ်လို့လဲ။ တွက်ချက်လို့ မရတော့ဘူးလား"

ဆွန်းမိုက လှောင်ပြောင်လိုက်သည်။

"အနန္တ စွမ်းအား ရှိတယ်ဆို"

"ချင်လင်မှာ နံပါတ်တစ်"

စနစ်ရဲ့အသံက တွန့်ဆုတ်မှုများနဲ့ ပြည့်နေသည်။

"ဗဟိုပြည်နယ်မှာရော"

ဆွန်းမိုက ထပ်မေးသည်။

"နံပါတ် တစ်"

အခုအချိန်မှာတော့ စနစ်သည် မရိုက်ချင်တော့ပါ။ သတ်ပစ်ခြင်နေသည်။

"ချန်နန်မှာရော ဘယ်လိုလဲ"

ဆွန်းမိုမျက်လုံး ပေကလတ်ပေကလတ် လုပ်ပြီး ထပ်မေးသည်။

"ပြီးအုံးမှာလား"

စနစ် သည်းမခံနိုင်တော့ဘဲ အသံထွက်လာသည်။

"ဟားဟား"

အခုတော့ ဆွန်းမို ပျော်ရွှင်နေသည်။ သူ့အတွေး ရှင်းလင်းနေသည်။

....

ဒုတိယနေ့ မနက်တွင် ဆွန်းမိုသည် အမှောင်ထု ပုံရိပ်ယောင်ခန်းမကို ကြည့်ရှုရန် သွားလိုက်သည်။ ခြေရင်းက ကြီးထွားနေပြီး ပေဝက်လောက် မြင့်သည်။ နတ်ဘုရားမျက်စိအာရုံနဲ့ ကြည့်လိုက်လျှင် တိုးတက်မှု အရမ်းကောင်းမွန်တယ်လို့ အချက်အလက်က ပြနေသည်။ ဒါကြောင့် ဆွန်းမို အတွက် အရမ်းထူးဆန်းနေသည်။ သစ်ပင်တစ်ပင် စိုက်နေရသလို ခံစားနေရသည်။

အမှောင်လျှို့ဝှက်ရတနာသည် မျှော်လင့်ထားသလို ဆန်းကြယ်ပြီး လေးနက်လွန်းသည်။

မွန်းလွဲပိုင်းတွင် ကျန့်ချင်ဖန်ဆီ သွားလည်ဖို့ စီစဉ်ထားသည်။ ဒါပေမယ့် လမ်းမှာအေးအေးလူလူ လမ်းလျှောက်နေတုန်း ကူရှုပ်ရှင်း ရုတ်တရက် သူ့ကို လာရှာသည်။

"လျိုမူဘိုင်က ဒီနေ့ ချန်နန်သွားပြီ။ ချက်ခြင်းထွက်ဖို့ အကြံပေးချင်တယ်"

ကူရှုပ်ရှင်းက တိုက်တွန်းလိုက်သည်။

အခန်း(၄၃၃) - မြင်းချောတစ်ကောင်၊ ပိုက်ဆံတွေအများကြီးနဲ့ ချန်နန်သွားမယ်။

မြတ်ဆရာတစ်ယောက်သည်

မြတ်ဆရာလောကတွင် ခြေကုတ်ယူပြီး

ကောင်းကောင်းနေထိုင်လိုပါက ပါရမီရှင် အရည်အချင်း ရှိရုံသာမက သူတို့ရဲ့ ကျော်ကြားမှု တိုးတက်ဖို့အတွက် လူမှုအသိုင်းအဝိုင်း ကြီးမားဖို့ လိုအပ်သည်။

အခုမှ စတင်ကြိုးစားပြီး ငယ်ရွယ်ကာ အတွေ့အကြုံမရှိတဲ့ လူများအတွက် အဓိက ပိုဂ္ဂိုလ်ကြီးများက ကူညီပေးခဲ့လျှင် အနည်းငယ်သာ လမ်းလွှဲလိမ့်မည်။ ပြီးတော့ တစ်သုတ်ထဲအတူတူ စာမေးပွဲ အောင်လာတဲ့လူများနဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်လာနိုင်သည်။

သက်တူရွယ်တူများကြား ဆက်ဆံရေးက ပိုနီးစပ်တယ်လို့ သတ်မှတ်လို့ ရသည်။

လူတိုင်းက မြတ်ဆရာလောကကို ဝင်တိုးနေသောကြောင့် ဘယ်အချိန်တွင် အခက်အခဲကြုံမယ်ဆိုတာ မသိနိုင်ပေ။ သူငယ်ချင်း ပိုများလာပါက သူတို့တွင် ရွေးချယ်စရာ ပိုများလာမည်။

ကူရှပ်ရှင်က ချန်နန်ကို စောစောသွားဖို့ စီစဉ်ထားသည်။ စမ်းသပ်ကွင်းနှင့် မြေမျက်နှာ သွင်ပြင်ကို လေ့လာဖို့အပြင် လူတစ်ချို့နဲ့လည်း

ရင်းနှီးချင်သည်။ အခွင့်အရေးသာ ရလျှင် တစ်ချို့ ဇာတ်ကောင်တွေဆီ သွားလည်လို့ ရသည်။

ဘာပဲပြောပြော အရင်က လူအဖွဲ့အစည်းတွင် ကျင်လည်ခဲ့တဲ့ လူတစ်ယောက်အနေနဲ့ ဒီလောက်တော့ မနုံအပါ။ ကူရှုပ်ရှင်းကို နှစ်ရက်အတွင်း ထွက်ခွာမယ်လို့ ဂတိပေးလိုက်သည်။

သူ့မှာ ဖြေရှင်းရမယ့် ကိုယ်ပိုင်ပြဿနာ ရှိသေးသည်။

....

"ဘာဖြစ်လို့ ရောက်လာတာလဲ"

ဆွန်းမို လာလည်တာ ကြားလိုက်တာနဲ့ ကျန့်ချင်ဖန်သည် စာကြည့်ခန်းသို့ ချက်ခြင်း ပြေးလာသည်။

"ငါက ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲဖြေဖို့ ချန်နန်ကို သွားရမယ်။ အနည်းဆုံး သုံးလအတွင်း ပြန်မရောက်နိုင်ဘူး။ ဒါကြောင့် ဦးလေးကျန့်ကို သက်ရှင်သွေးနည်းစနစ်နဲ့ ကုသပေးဖို့ လာခဲ့တာ"

ဆွန်းမိုက ရှင်းပြသည်။

"မင်းကို ဒုက္ခပေးမိပြီ"

ကျန့်ချင်ဖန် စိတ်လှုပ်ရှားသွားသည်။

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၂၀၀။ လေးစား (၂,၀၀၀/၁၀၀,၀၀၀)

"ဦးလေးကျန့်၊ ငါ့ကို ဒီလိုပြောနေတယ်ဆိုတော့ လူစိမ်းတစ်ယောက်လို ဆက်ဆံနေတာလား"

အကြောင်းကြားချက်ကို ကြားပြီးနောက် ဒီကို လာရတာ အလဟဿ မဖြစ်ဘူးဆိုတာ ဆွန်းမို သိလိုက်သည်။ ကျန့်ချင်ဖန်သည် တကယ်ကို ကျေးဇူးသိတတ်တဲ့ သူဖြစ်သည်။ ကျန့်ချင်ဖန်ကို သူ့ရဲ့အဆင့်အတန်းကြောင့် မဟုတ်ဘဲ ရိုးသားပြီး

ကူညီတတ်တဲ့ အဘိုးအိုတစ်ယောက်ဖြစ်လို့ ကူညီပေးချင်သည်။

"ဟားဟား"

ကျန့်ချင်ဖန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ဒီအကြောင်းကို ဆက်ပြောနေမယ့် အစား စိတ်ထဲမှာပဲ ကျေးဇူးတရားကို မှတ်သားထားလိုက်သည်။ ဒါကြောင့် ဆွန်းမိုကို ကျေးဇူးတင်မနေတော့ဘဲ သစ်သားသေတ္တာကို တန်းထုတ်ပေးလိုက်သည်။

“ဒီနှစ် လူသစ်တန်း ပြိုင်ပွဲမှာ ချန်ပီယံ ဆုရလို့ ဂုဏ်ပြုပါတယ်။ ဗဟိုပြည်နယ် အကယ်ဒမီကို ဦးဆောင်ပြီး ‘စီ’ အဆင့်ရောက်အောင် ဦးဆောင်ခဲ့တာပဲ”

ကျန့်ချင်ဖန်က ဆွန်းမိုကို သဘောကျစွာ ကြည့်နေသည်။

သူက ဆွန်းမိုအတွက် အရမ်းစိုးရိမ်ပြီး လိဂ်ပြိုင်ပွဲရဲ့ သတင်းတွေ သိရအောင် သူ့လူတွေကို လွှတ်ထားခဲ့သည်။ ဒါနဲ့ ပက်သက်တဲ့ အရာအားလုံးကို သိပြီး ဆွန်မိုရဲ့ ဂုဏ်ကျက်သရေကို ကိုယ်တိုင်

ကိုယ်ကျ အားမပေးခဲ့ရတဲ့အတွက် အရမ်းစိတ်မကောင်း ဖြစ်မိသည်။

ဒီလူငယ်လေးက အရမ်းတော်သည်။ စိတ်မကောင်းစရာက သူက အိမ်ထောင်ရေး စီစဉ်ပြီးသား ဖြစ်နေသည်။ ဒီလိုမှမဟုတ်ရင် ကျန့်ချင်ဖန်က သူ့မြေးလေးနဲ့ ဆွန်းမိုကို စီစဉ်ပေးလိုက်ပြီ။ ဒီလို ယောကျ်ားမျိုးနဲ့ လက်ထက်ရတဲ့ အမျိုးသမီးတိုင်းဟာ ကြမ္မာကောင်းတဲ့ဘဝကို ကျိန်းသေပေါက် ရလိမ့်မည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက အားနာမနေတော့ဘဲ သစ်သားသေတ္တာကို တည်တည်ငြိမ်ငြိမ်နဲ့ ယူလိုက်သည်။

“ဒါက အဖိုးတန်ရတနာ မဟုတ်ဘူး။ တောင်ဘက်ကန်က ပုလဲပဲ။ ဒါက အနံ့ပျော့ပျော့လေး ထုတ်ပေးပြီး မင်းနဲ့အတူတူ ဆောင်ထားရင် ပိုးကောင် ဒါမှမဟုတ် မြွေတွေက မနှောက်ယှက်တော့ဘူး။ စိတ်ကို လန်းဆန်းစေပြီး စိတ်အခြေအနေကိုလည်း အကောင်းဆုံး အနေအထားမှာ ထိန်းသိမ်းပေးလိမ့်မယ်”

ကျန့်ချင်ဖန်သည် လမ်းဘေးဆိုင်က သစ်သီးကို မိတ်ဆက်ပေးသလို ပေါ့ပေါ့ပါးပါးပဲ မိတ်ဆက်ပေးနေသည်။ ဒါပေမယ့် ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံနဲ့ ပုလဲကို ကြည့်လိုက်လျှင် ဒီလက်ဆောင်က ဘယ်လို အဖိုးတန်လဲဆိုတာ ချက်ခြင်း နားလည်သွားသည်။

ဒီပုလဲသည် လျှို့ဝှက်ရတနာ မဟုတ်သော်လည်း ပြည်နယ်ကိုးခုတွင် အရမ်းရှားပါးသည်။ ဒါကို တောင်ဘက်ကန်မှ ရရှိပြီး အရေအတွက်ကလည်း

အကန့်အသတ်နဲ့ ရှိသည်။ ဒါကြောင့် ဒီပုလဲများကို တော်ဝင် ဂုဏ်သိက္ခာ အနေနဲ့ အသုံးပြုကြသည်။

ဒါကြောင့် တော်ဝင်မျိုးနွယ်ကလွဲလျှင် ကျန်တဲ့ လူများက ဒီပစ္စည်းကို သုံးဖို့ အရည်အချင်း မမှီပါ။ ပိုက်ဆံရှိရင်တောင် ဝယ်လို့ မရပေ။ တကယ်လို့ လုပ်ပိုင်ခွင့် အာဏာကို ကျော်ပြီး လုပ်ပါက ခေါင်းဖြတ် သတ်ခံရမည်။

ကျန့်ချင်ဖန်၏ ဒီပုလဲကို အရင်ဧကရာဇ်က ပေးအပ်ထားခဲ့သည်။ တောင်ဘက်ကန်ပုလဲကြားတွင် ထိပ်တန်း အရည်အသွေးရှိတဲ့ပုလဲ တစ်လုံး ဖြစ်သည်။

"ဒါက တော်ဝင် ဂုဏ်သိက္ခာ မဟုတ်လား" ဆွန်းမိုက ငြင်းပြီး သေတ္တာ ပြန်ချလိုက်သည်။

"ဒါက တန်ဖိုးကြီးလွန်းတယ်"

"မင်းနဲ့ငါ စတွေ့ကတည်းက သူငယ်ချင်းဟောင်းတွေလို့ ခံစားရတယ်။ ငါတို့ အသက်အရွယ် ကွာခြားပေမယ့် သူငယ်ချင်းကောင်းတွေပါ။ ဒီလိုဆက်ပြောနေရင် မင်းကို အထင်သေးမိလိမ့်မယ်"

ကျန့်ချင်ဖန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ကောင်းပြီလေ"

ဆွန်းမိုသည် မတတ်နိုင်ဘဲ ပစ္စည်းကို ယူလိုက်ရသည်။

"တကယ်တမ်း တွက်ကြည့်ရင် ငါ့ဘက်က အမြတ်ထွက်ခဲ့တာပါ။ မင်းက သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုပြီး ငါ့ရဲ့အဆိပ်အတောက်တွေကို ဖယ်ထုတ်ပေးလို့ နေ့တိုင်းစားကောင်းပြီး ကောင်းကောင်း အိပ်နိုင်တယ်။ သုံး၊ လေးနှစ်လောက် ထပ်နေရဖို့ အတွက်ကတော့ ပြဿနာ မရှိဘူး"

ကျန့်ချင်ဖန်က အကျယ်ကြီး ထရယ်ပြီး ပြောလိုက်သည်။ အမုန်းနဲ့ ကျေးဇူးတရားကို မမှတ်မိတဲ့လူ ရှိလို့လား။

အကြီးတန်း အရာရှိလုပ်ခဲ့တဲ့ ကျန့်ချင်ဖန်လို လူတစ်ယောက်အနေနဲ့ မမြင်ဖူးတဲ့ ရှားပါးအရာတွေက ဘာတွေလဲ။ အရာဝတ္ထုက ဘယ်လောက်ပဲ အရေးကြီးပါစေ လူသား၏ အရည်အချင်း ထက်တော့ ပိုအရေးမကြီးပါ။

"မင်းကိုယ်ထဲမှာ ရှိတဲ့ အဆိပ်တွေက သွေးကြောနဲ့ ခြင်ဆီမှာ အထိုင်ကျနေလို့ လုံးဝထုတ်ပစ်ဖို့

အရမ်းခက်တယ်။ နောက်မှ ဆေးစာ ရေးပေးမယ်။ ဆေးကိုတော့ အချိန်မှန်မှန် စားဖို့ မမေ့နဲ့နော်။ သက်ရှင်သွေးနည်းစနစ်နဲ့တွဲသုံးရင် တစ်နှစ်ဒါမှမဟုတ် နှစ်နှစ်အတွင်းမှာ လုံး၀ ပြန်ကောင်းလာလိမ့်မယ်။ အဲဒီအခါကျရင် အဆိပ် လုံး၀ မရှိတော့ဘူး”

ဆွန်းမိုက အချိန်ပိုပြောလိုက်သည်။ မမျှော်လင့်ထားတဲ့ အဖြစ်အပျက် ဖြစ်လာလျှင် ပြင်ဆင်လို့ ရအောင် ပြောလိုက်သည်။

ဒါပေမယ့်လည်း ကျန့်ချင်ဖန်ကတော့ အံ့အောသင့်နေသည်။

“တစ်နှစ်၊ နှစ်နှစ် ဟုတ်လား။ မြန်တာပေါ့”

ကျန့်ချင်ဖန် စိတ်လှုပ်ရှားသွားသည်။

“အမ်”

ဆွန်းမိုက သေချာစွာ ခေါင်းညိတ်ပြလိုက်သည်။

“မင်းနဲ့ တွေ့ခဲ့တာ တကယ်ကံကောင်းတာပဲ”

ကျန့်ချင်ဖန်သည် ဆွန်းမိုကို အကဲခတ်လိုက်သည်။

"နောက်ထပ် နှစ်အနည်းငယ် ကြာတဲ့အထိ၊ မင်းရဲ့ ကျော်ကြားတဲ့ပန်းချီကားကို တွေ့ရအုံးမှာပေါ့။ အင်း မင်း အရမ်းအလုပ်ရှုပ်နေမှန်း ငါသိလို့ပေါ့ ဒီလိုမှမဟုတ်ရင် ငါ့အတွက် နောက်ထပ် ပန်းချီကားတစ်ချပ် ထပ် ဆွဲခိုင်းချင်တယ်"

ဆွန်းမိုက ခပ်ပါးပါးလေးပဲ ပြုံးနေပြီး ပြန်မဖြေခဲ့ပါ။

"အို ဟုတ်ပြီ။ ဆေးပညာကိုလည်း နားလည်တာလား"

ကျန့်ချင်ဖန် ရုတ်တရုတ် တွေးလိုက်မိသည်။ ဆွန်းမိုက ဘယ်လိုဆေးစာ ရေးရမလဲ တကယ် သိနေတာလား။

"မသိပါဘူး။ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင်ပဲ အဆိပ်တွေကို ချေဖျက်နိုင်တဲ့အမှောင်တိုက်ကြီးက ဆေးပင်တစ်ချို့အကြောင်း သိလာခဲ့တယ်"

ဆွန်းမိုက ရှင်းပြသည်။

....

ဆွန်းမိုက ကျန့်ချင်ဖန်ကို နာရီဝက်ကြာအောင် နှိပ်ပေးလိုက်သည်။ ဒါပေမယ့်လည်း ကျန့်ချင်ဖန်က

ဘယ်လိုပဲဖြစ်ဖြစ် ထမင်းစားပြီးမှ ပြန်ဖို့ ပြောနေသည်။ ဒီအတွက်လည်း မတတ်နိုင်ခဲ့ပါ။ ဒါကြောင့် နေ့လည်စာ စားပြီးမှပဲ ပြန်လာခဲ့သည်။

"ရှာဟီ၊ အခု နောင်တရနေပြီလား"

လက်ဖက်ရည်ခွက် သိမ်းဖို့လာတဲ့ ရှာဟီကို မြင်လျှင် ကျန့်ချင်ဖန်က မေးလိုက်သည်။

"ဒီကျွန် နောင်တမရဘူး"

ရှာဟီသည် ဒီလိုပြောလိုက်ပေမယ့် နှလုံးသားထဲမှာ ဘယ်လောက်အထိတောင် မချိဖြစ်နေမှန်း သူမပဲသိသည်။

ဆွန်းမိုက ဒီလောက် ထူးချွန်လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

ဒေါင်ဟီသည် အခုတော့ ဆွန်းမိုရဲ့ နောက်လိုက်ဖြစ်နေတာ တွေးလိုက်မိလျှင် ဆွန်းမိုကို ကြယ်တစ်ပွင့်စာမေးပွဲ ကျစေချင်တဲ့စိတ် ရုတ်တရက် ပေါ်ပေါက်လာသည်။

"အချိန်ရရင် ဒေါင်ဟီဆီ သွားလည်ရမယ်"

ရှာဟီက ဒီလိုလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

....

ဆွန်းမိုက သူ့တပြည့်ခြောက်ယောက်ကို ဆင့်ခေါ်လိုက်သည်။ အာရုံစိုက်ပြီး ကျင့်ကြံဖို့နဲ့ ပြဿနာ မရှာဖို့ ညွှန်ကြားသည်။ ထို့နောက် ထွက်ခွာခွင့် လျှောက်ထားရန် အန်ရှီဝေကို သွားရှာသည်။

“မင်း နံပါတ်တစ် ရပါစေလို့ ငါဆုတောင်းတယ်”

ဆွန်းမိုနဲ့ သုံးလလောက် ဝေးရမှာတွေးလိုက်ပြီး အန်ရှီဝေသည် နှလုံးသားထဲ အနည်းငယ် နာကျင်သွားသည်။

“ကျေးဇူးတင်ပါတယ်”

ဆွန်းမို လှည့်ထွက်သွားသည်။

ဆွန်းမိုက စကာလုံးငါးလုံးတောင် ပိုမပြောဘဲ အဝေးသို့ ထွက်သွာတာမြင်လျှင် အန်ရှီဝေ စိုးရိမ်လာပြီး

"ခဏနေအုံး..."

"နောက်ထပ် ရှိသေးလို့လား"

ဆွန်းမို ကြောင်သွားသည်။

"မျ....မျက်လုံးမှိတ်ထား"

အန်ရှီဝေက ဆွန်းမို မျက်လုံးကို မကြည့်ရဲပေ။ သူမက အသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။

"ဘာဖြစ်လို့"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"မျက်စိ အရင်မှိတ်ထားလို့ ငါပြောနေတယ်လေ'

အန်ရှီဝေက တည်ငြိမ်တဲ့ ဟန်ဆောင်ပြီး ပြောလိုက်သည်။

ဆွန်းမိုလည်း ပုခုံးတွန့်ပြီး မျက်လုံး မှိတ်လိုက်သည်။ အကြမ်းအားဖြင့်တော့ စက္ကန့်လောက်ကြာတဲ့ အချိန်တွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်ဘက်ပါးပြင်က နွေးထွေးတဲ့ အထိအတွေ့ကို ခံစားလိုက်ရသည်။

(ဘာကြီးလဲ)

ဆွန်းမိုသည် မျက်နှာကို အလိုလို ထိလိုက်မိသည်။ မျက်လုံးဖွင့်ကြည့်လိုက်လျှင် အန်ရှီဝေရဲ့ လှပတဲ့ မျက်နှာလေး နီရဲနေတာကို ရုတ်တရက် တွေ့လိုက်ရသည်။ သူက လျှင်မြန်စွာ နောက်ဆုတ်သွားသည်။

“ငတုံး၊ သူမက မင်းကို နမ်းလိုက်တာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ် ဆွံ့အနေသည်။ (အထီးကျန်ခွေးတစ်ကောင်က မျှော်လင့်ထားသလိုပဲ။ နမ်းလို့ နမ်းမှန်းတောင် မသိဘူး)

ဆွန်းမို တိတ်ဆိတ်သွားသည်။

အန်ရှီဝေလည်း ဘာပြောရမလဲ မသိ ဖြစ်နေသည်။ ဒါကြောင့် ရုံးတွင်းရှိ လေထုက အေးခဲသွားသည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

"ငမိုက်"

အန်ရှီဝေ ရုတ်တရက် စိတ်ပျက်သွားသည်။ တကယ်တော့ ဆွန်းမိုက သူမကို ဖက်လာခဲ့ရင်တောင် သူမက စိတ်ထဲမှာ ကြိုတင်ပြင်ဆင်ထားခဲ့သည်။ ဒါပေမယ့် နောက်ဆုံးတော့ ဘာမှမဖြစ်ခဲ့ပါ။

“မင်းရဲ့ ခွန်အားကြောင့် တစ်ယောက်တည်းသမား ဖြစ်နေတာ မဟုတ်လား”

စနစ်တောင် ထပ်ပြီး သည်းမခံနိုင်တော့ပါ။ မျှော်လင့်ထားသလိုပဲ ဆွန်းမို ကံကြမ္မာက ထာဝရ တစ်ယောက်တည်း စိတ်အာသာဖြေရမယ့် ဇာတာ ဖြစ်မည်။

တကယ်လို့ ဆွန်းမိုလို ရုပ်ရည်၊ အရည်အချင်းနှင့် နတ်ဘုရားလက်သာ တခြားသူမှာ ရှိလျှင် ဂျိမ်ဂျဲရဲ့ ဖင်မှာ အီးဆိုတဲ့ စာလုံးကို ဆယ်လုံးလောက် ရေးပြီးသား ဖြစ်နေပြီ။

"မိုမိုလေး"

ဆွန်းမို လမ်းလျှောက်ထွက်သွားလို့ သိပ်ဝေးဝေး မရောက်ခင် အန်ရှီဝေ ပြေးလိုက်လာသည်။

"ဒီနာမည်ကဒ်ကို ယူသွား။ တစ်ခုခု ဖြစ်လာရင် ဒီဦးလေးကိုသွားရှာ"

အစောပိုင်းတုန်းက ဆွန်းမိုကို နမ်းလိုက်သဖြင့် စိတ်ခံစားချက်တွေ ရှုပ်ထွေးနေပြီး အရေးကြီးတာကို မေ့သွားခဲ့သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ကဒ်ပေါ်မှာ ရေးထားတဲ့ စာလုံးကို ကြည့်လိုက်သည်။ ဒီစာလုံးများကို အရင်ကတည်းက ရေးထားမှန်း သိသာနေသည်။ ဒါကြောင့် အနည်းငယ် စိတ်လှုပ်ရှားသွားသည်။

ငယ်ချစ်သူလေးက သူ့ကို ဂရုစိုက်သေးသည်။

အန်ရှီဝေသည် အခက်အခဲ အများကြီး ကြုံခဲ့သော်လည်း ဒီကျောင်းအုပ်ကြီး ဟောင်းတွေကို တစ်ခါမှ အကူအညီမတောင်းခဲ့တာ မမေ့သင့်ပါ။ ဒါပေမယ့် ဆွန်းမိုရဲ့အကျိုးကို ကြည့်ပြီး သူမအဖိုး၏ လူမှုရေး အဆက်အသွယ်များကို ရေးသားထားခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် မျက်နှာသာပေးမှုက တစ်ချိန်မှာ ပျောက်ကွယ်သွားမည်။

"မင်းက ခေါင်းမာပြီး အလျော့မပေးတတ်တဲ့ စရိုက်ရှိတာ ငါသိတယ်။ ဒါပေမယ့် အခုတော့

မင်းအပြင်သွားရင် ကြိုးစားပြီးသည်းခံဖို့ မမေ့ပါနဲ့။ မင်းဘေးကင်းအောင်သာ ပြန်လာခဲ့။ မင်းနဲ့အတူ လိုက်ပြီး အရာအားလုံးကို တရာမျှတအောင် လုပ်ပေးမယ်'

အန်ရှီဝေက သူ့ကို နှစ်သိမ့်နေသည်။ ဆွန်းမို အရှေ့သို့ လျှောက်သွားပြီး သူ့ အဝတ်အစားများကို သပ်သပ် ရပ်ရပ်ဖြစ်အောင် လုပ်ပေးလိုက်သည်။

ဆွန်းမိုသည် အချိန်တော်တော်ကြာအောင် မှင်တက်နေသည်။ ကြည့်လိုက်လျှင်

ဇနီးသည်တစ်ယောက်က ခင်ပွန်းရဲ့အဝတ်အစားကို ပြင်ပေးပြီး တတွတ်တွတ် မှာနေတာနဲ့တူနေသည်။

အရင်ကမ္ဘာမှာ အထီးကျန် ခွေးတစ်ကောင်အနေနဲ့ အဆုံးသတ်ခဲ့ရတာ စိတ်မကောင်းစရာပဲ။

“ဘာတွေးနေတာလဲ။ ငါပြောသမျှ မှတ်မိလား”

အန်ရှီဝေက ညည်းတွားလိုက်သည်။

“ဟုတ်”

ဆွန်းမိုက ခပ်ပါးပါးလေးပြုံးပြီး

"ငါ့ကို စော်ကားရဲတဲ့ လူတိုင်းရဲ့ ခေါင်းကို ရိုက်ခွဲပြီး ဗဟိုပြည်နယ် အကယ်ဒမီက လူတွေက အသန်မာဆုံးဆိုတာ သူတို့ကို ပြလိုက်မယ်"

"မင်း..............."

အန်ရှီဝေ ရုတ်တရုတ် ရယ်မောလိုက်သည်။ (မိုမိုလေးတောင် ကြီးလာပြီပဲ။ ဟာသ လုပ်ရမှန်းတောင် သိနေပြီ)

....

နေသာတဲ့ မနက်ခင်းတွင် ဆွန်းမိုသည် မြင်းချောတစ်ကောင်ကို စီးကာ ခရီးထွက်လာခဲ့သည်။

သူ့အဖွဲ့ထဲမှာ ကူရှုပ်ရှင်း၊ ဂေါင်ပန် နှင့် ကျန်းလန် တို့အပြင် လွန်ခဲ့တဲ့တစ်နှစ်က အလုပ်ဝင်ခဲ့တဲ့ ကွမ်ဒင်နဲ့ ဝမ်ချောင်တို့လည်း ပါဝင်သည်။

"ဆရာဆွန်း၊ ငါတို့ လာနေတာကို မင်းမတွေးဘူး မဟုတ်လား"

ဝမ်ချောင် မျက်နှာက ကွမ်ဒင်လောက် မထူပါ။ သူက လမ်းတလျှောက်တွင် တုန်လှုပ်ပြီး အနေရခက်နေသည်။

"ဘာဖြစ်လို့ ဒီလို ခံစားနေတာလဲ။ အတူတူ ခရီးသွားရင်း တစ်ယောက်နဲ့ တစ်ယောက် ဂရုစိုက်လို့ ရတာပေါ့"

ဆွန်းမိုက တစ်ခုခုကို ရုတ်တရက် တွေးလိုက်မိပြီး ငွေကလေးနဲ့ ခရီးသွားမယ့် အစီအစဉ်ကို စွန့်လွှတ်လိုက်သည်။ သူက ပြည်နယ်ကိုးခုကို ရောက်ခဲ့တာ တစ်နှစ်ခွဲလောက် ရှိနေသော်လည်း ချင်လင်ကခွာပြီး ဘယ်မှ မသွားဖူးသေးပါ။

သူက ဒီအခွင့်အရေးကို တန်ဖိုးထားပြီး ပြည်နယ်ကိုးခု၏ ဒေသ အခြေအနေနှင့်

ခလှေ့ထိုးတမ်းများကို ကောင်းကောင်းလေး ကြည့်ရှုနိုင်မည်။

သူတို့ ခရီးထွက်လာရင်း ပတ်ဝန်းကျင်မှ ရှုခင်းတွေက ဆွန်းမို စိတ်ကူးနဲ့ ထပ်တူကျနေသည်။ ရှုခင်းတွေက ရှေ့ဟောင်းလေထုနဲ့ ပြည့်နှက်နေသည်။ ဆံပင်ကို ကျောက်စိမ်း ဆံထိုး ထိုးထားပြီး ရှေးခေတ်အဝတ်အစား ဝတ်ထားတဲ့ ဇနီးသည်တွေကို တွေ့ရသည်။ မျိုးနွယ်စု အသီးသီးက လူငယ်လေးတွေကိုလည်း တွေ့ရသည်။ အိတ်ကြီး အိတ်ငယ်တွေနဲ့ မြို့တော်ကို စာမေးပွဲဖြေဖို့

ခရီးထွက်လာတဲ့ စာသင်သားတွေကိုလည်း တွေ့ရသည်။

မြင်းရထားများက နေရာတိုင်းတွင် ရှိနေပြီး ခရီးသွားများကိုလည်း နေရာအနှံ့ မြင်နေရသည်။ အထူးသဖြင့် မြင်းစခန်းတွေနှင့် ကူးတို့ဆိပ်များမှာ ဖြစ်သည်။ အဲဒီမှာ လူတွေ အများကြီး ရှိနေသည်။

"ဒီက လမ်းဘေးဆိုင်တွေက လုံခြုံရဲ့လား"

လမ်းဘေး မြက်ခင်းပြင်တွင် လက်ဖက်ဆိုင်တစ်ဆိုင် ဖွင့်ထားတာ ဆွန်းမို

တွေ့လိုက်ရသည်။ သူ့ငွေးက နှစ်လိုဖွယ်ကောင်းပြီး ဖြတ်သွားတဲ့လူတိုင်းကို ရံဖန်ရံခါ ပြုံးပြနေတတ်သည်။

“သူတို့က ဘေးကင်းပါတယ်။ သောက်စရာတွေကတော့ မသန့်ဘူး”

အမြဲတမ်း နှုတ်ဆိတ်နေတတ်တဲ့ ကျန်းလန် မထင်မှတ်ဘဲ ပြန်ဖြေသည်။

“ဒီမှာ မူးယစ်ဆေး ရှိလား”

ဆွန်းမိုက လက်ဖက်တစ်ချို့နှင့် အစားအသောက်ကို မှာလိုက်သည်။

“စားပွဲထိုး၊ ဝိုင်လည်း ချကွာ”

ဒါပေမယ့် လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုး မရှိသောကြောင့် ဒီအတွေးကို စွန့်လွှတ်လိုက်သည်။

“မှူးယစ်ဆေးဆိုတာ ဘာလဲ”

ကွမ်ဒင်က စပ်စုလိုက်သည်။

“အသံကို နားထောင်ရတာတော့ ကောင်းတဲ့အရာ မဟုတ်နိုင်ဘူး”

“ဒါက လက်နက် သိုင်းပညာရှင်တွေ(ဂျပန်ကားက ကိမုချီ) ညစ်ညမ်းတဲ့ ကမ္ဘာကို ဖြတ်သန်းသွားတိုင်း သူတို့ ပြင်ဆင်ထားတဲ့ အရာပေါ့”

ဆွန်းမို အကျယ်ကြီး ရယ်ပြီး ပြောလိုက်သည်။ သူက မြင်းကို ခပ်ကြွမ်းကြွမ်းလေး ရိုက်လိုက်ပြီး

"သွားကြစို့၊ မိုးမချုပ်ခင် ဂျိတ်ရစ်မြို့ကို ရောက်ဖို့ အကောင်းဆုံး ကြိုးစားပါ။ အဲဒီကို ရောက်တဲ့အခါ လူတိုင်းကို စပျစ်ဝိုင်တိုက်မယ်"

"ဆရာဆွန်း မြင်းပြိုင်စီးဖို့ သတ္တိရှိလား"

ကူရှုပ်ရှင်းက မြင်းရဲ့ကျောကို ခြေထောက်နဲ့ တင်းတင်းကုတ်ပြီး မှီအောင် လိုက်သွားသည်။

အခန်း (၄၃၄) - ကောင်းကင်ပေါ်တက်ခြင်း

အကယ်ဒမီ။ အစိမ်းရောင် မီးခိုးအူတိုင်။

ဇွန်လအတွင်းမှာ ချင်လင်၏ ဂုဏ်ကျက်သရေသည် မိုးလေးတဖွဲဖွဲကျပြီး မရေမတွက်နိုင်တဲ့ စာသင်သားများနဲ့ ဒီမြို့သည်သာယာတဲ့ မြို့တမြို့ ဖြစ်လာခဲ့သည်။

အရာရှိများ၊ ချမ်းသာတဲ့လူများနှင့် မှူးမတ်များသည် ဒီနေရာတွင် နေပါက ချင်လင်ရဲ့ ကျက်သရေက သူတို့အပေါ် လွှမ်းမိုးတယ်လို့ ခံစားမိပြီး ဒီနေရာတွင် ရေရှည်နေချင်စိတ် ရှိကြသည်။

ဂန်လင်ကတော့ မတူပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟွာလျင် တောင်ကြားတွင် တည်ရှိသောကြောင့် ဒီနေရာရဲ့ စီပွားရေးက အရမ်းစည်ကားသည်။ ဒီနေရာတွင် ဈေးသည်များ၊ ဈေးရောင်းသမားများ၊ ချမ်းသာတဲ့ ကုန်သည်များနှင့် ရေပေါ်မှာ ကူးခတ်နေတဲ့ လှေအများအပြားကို မြင်တွေ့နေရသည်။ လှေတွေက ပြန်ထွက်မခွာခင် ကုန်ပစ္စည်းအသစ်များကို ပြန်လည် တင်ဆောင်နေကြသည်။

အဝင်အထွက်တိုင်းတွင် ငွေကြေးစီးဆင်းမှုက အများကြီး ဖြစ်နေသည်။

"ဂန်လင်မှာက ကာယ လုပ်အား စိုက်ထုတ်ဖို့ စိတ်အားထက်သန်နေသ၍ စာမတတ်ရင်တောင် ကောင်းကောင်းသုံးဖို့ ငွေရနိုင်တယ်"

ကူရှပ်ရှင်းက ပန်းသစ်တော် သကြားလုံးကို ဝါးရင်း အရှေ့မှာရှိတဲ့ မြစ်ကို စိုက်ကြည့်ကာ မိတ်ဆက်ပေးသည်။

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။

ဒီနေရာသည် ကူလီ ဂိတ်ဖြစ်သည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ အိတ်ကြီးများကို ထမ်းနေကာ အပေါ်ပိုင်း ဗလာကျင်းနေတဲ့

ကူးလီများကို မြင်နေရသည်။ သူတို့ ကိုယ်ပေါ်မှာ ချွေးများက မိုးရွာသလို စီးကျနေသည်။

စည်ကားတဲ့ ပတ်ဝန်းကျင်နှင့် များပြားလှတဲ့ လူအုပ်ကြီးထဲတွင် အိမ်ပြောင်းဖို့ ကြိုးစားနေတဲ့ ပုရွတ်ဆိတ် တစ်ကောင်နဲ့ တူနေသည်။

အလုပ်သမားခေါင်းဆောင်က ပျင်းတဲ့ လူများကို မြန်မြန် လှုပ်ရှားဖို့ ကျယ်လောင်စွာ အော်ဟစ်နေသည်။

ကြာပွတ် မကိုင်ထားဘဲ လက်ပဲ ရှိသည်။ လက်ထဲမှာတော့ မှင်စွန်းနေတဲ့ စုတ်တံနှင့် စာအုပ်သာ

ရှိသည်။ ဒီပစ္စည်းတွေက ကြာပွတ်ထက်တောင် ပိုစွမ်းသေးသည်။

ကူလီများသည် သူတို့ သယ်ယူတဲ့ အိတ်အရေအတွက်ပေါ် မူတည်ပြီး ငွေရလိမ့်မည်။ ၅၀ ကီလိုဂရမ်လေးတဲ့ အိတ်ငါးလုံးကို သယ်ပါက ကြေးနီတစ်ပြား ရမည်။

အလုပ်သမားခေါင်းဆောင်က သူတို့နာမည်ကို မှတ်ပြီးတာနဲ့ ကြေးပြား တစ်ပြား ထုတ်ပေးသည်။

"ဘာမှားလို့လဲ"

ဆွန်းမို အသုံးအနှုန်းတွင် တစ်ခုခု မှားနေကြောင်း ကူရှုပ်ရှင်း သတိထားမိသွားသည်။

"မျှော်လင့်ထားသလိုပဲ။ ဘယ်ခေတ်မှာဘဲ ဖြစ်ဖြစ် အသက်ရှင်ဖို့ တော်တော် ခက်တာပဲ"

ဆွန်းမိုက စိတ်မကောင်းစွာ သက်ပြင်းချရင်း ပြောလိုက်သည်။

"ဒီလိုပြောကြေးဆိုရင်၊ မွေးကတည်းက ရွှေဇွန်းကိုက်ပြီး မွေးလာတဲ့ လူတွေကလွဲလို့ ဒုက္ခမရှိတာ ရှိလို့လား။ ငါတို့တောင်

ဆရာမဖြစ်လာခင် ညနက်တဲ့အထိ လေ့လာပြီး ကြိုးကြိုးစားစား ကျင့်ကြံခဲ့ရသေးတာပဲ”

ဆွန်းမိုသည် ဂန်လင် သို့ ရောက်ပြီးနောက် ကူရှုပ်ရှင်းနဲ့အတူတူ လူကြိုက်များတဲ့ နေရာအားလုံးကို သုံးရက်ဆက်တိုက် လျှောက်လည်ခဲ့သည်။ ဒီနောက်မှာတော့ ဆွန်းမိုသည် ခေတ်ဟောင်းရဲ့ အငွေ့အသက်ကို အနည်းငယ် ခံစားလိုက်သည်။

"ကလောင်သခင် တစ်ယောက်အနေနဲ့ ပါးစပ်ကနေ ကဗျာ ရတုတွေ ရကန်တွေ အလိုလို မထွက်ကျလာသေးတာ စိတ်မကောင်းစရာဘဲ"

ဆွန်းမို နောင်တရနေသည်။

သူတို့နှစ်ယောက် ဟိုတယ်ကို ပြန်ရောက်တော့ ညနေစောင်းနေပြီ။ တစ်နေကုန် ကျင်းပခဲ့တဲ့ ဂေါင်ပန်သည် လေကောင်းလေသန့် ရှူရအောင် အပြင်ထွက်လာခဲ့သည်။

"မင်းတို့နှစ်ယောက်ကို တကယ် မနာလို ဖြစ်မိတယ်။ နေ့တိုင်း အပြင်ထွက်ပြီး အပန်းဖြေနိုင်သေးတယ်"

ဝေါင်ပန်က ဆက်ပြီး ချီးကျူးလိုက်သည်။

"ဒါက ပါရမီရှင်ဆိုတာ ဘာလဲဆိုတာပဲ ဖြစ်မယ်။ မင်းတို့ သာမန်ကာ လျှံကာ လေ့လာတာက ကျန်တဲ့ လူတွေ ဖြစ်တဲ့ ငါတို့တွေ တစ်လလောက် လေ့လာတာနဲ့ ညီမျှတယ်"

"ဆရာဝေါင်၊ ဒီဟာသက မရယ်ရဘူးနော်"

ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဟားဟား ၊ အိမ်သာ သွားလိုက်အုံးမယ်"

ဂေါင်ပန်မျက်နှာတွင် အားကျတဲ့ အမူအရာ ဖြစ်နေသော်လည်း အေးအေးဆေးဆေး အနားယူမှာ မဟုတ်ပေ။ ဆွန်းမိုနဲ့ ကူရှုပ်ရှင်းတို့ အနားယူနေတဲ့ အချိန်မှာ သူက အချိန်ကို အသုံးချပြီး ပင်ပင်ပန်းပန်း ကြိုးစားရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီတစ်ကြိမ်တော့ ဒီလူနှစ်ယောက်ကို ကျော်တက်ပြီး ငါ့ခွန်အားကို သေချာပေါက် သက်သေပြရမယ်)

ဂေါင်ပန်သည် အိမ်သာသို့ သွားပြီးနောက် ဟိုတယ်တွင် နေ့လည်စာအတွက် ပြန်ကိတ်နှစ်လုံး ဝယ်ပြီး အခန်းသို့ ပြန်လာခဲ့သည်။ ညစာ မစားဖို့ ဆုံးဖြတ်ပြီး မှော်ဆေးပညာကို ဆက်လေ့လာနေလိုက်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲမှာ အခြား အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခုကို ကျွမ်းကျင်ဖို့

လိုအပ်ပြီး ထိုအတွက် ရေးဖြေ စာမေးပွဲ ဖြေရမည်။ ဂေါင်ပန်ကတော့ အမှတ်အပြည့်ရဖို့ ရည်ရွယ်ထားသည်။

ကူရှုပ်ရှင်းသည် အခန်းထဲသို့ ပြန်ရောက်တာနဲ့ တရားစထိုင်တော့သည်။ သူမလည်း လက်မလျှော့ပါ။

ဆွန်းမိုကတော့ ပြတင်းကနေ မြို့ရဲ့ ညရှုခင်းကို ငေးကြည့်ရင်း ငေးငိုင်နေသည်။

အိမ်ကို လွမ်းသည်။ တကယ်လို့ အရင်ကမ္ဘာက သူ့ဌာနရမ်းထားတဲ့ အခန်းမှာသာ ရှိနေလျှင်

ခေါက်ဆွဲခြောက် စားလိုက်၊ ကုတ်သောက်လိုက်နဲ့ ဂိမ်းကို ရှုးသွပ်စွာ ကစားနေလိမ့်မည်။

မအိပ်ခင် အောကားကြည့်ပြီး အဲဒီထဲက မိန်းကလေးတွေကို မှန်းကာ တစ်ကြောင်းလောက်တော့ သွားလိမ့်မည်။

ဘယ်လောက်တောင် သာယာ လိုက်မလဲ။

“ဆရာဆွန်း၊ ဆရာဆွန်း”

တစ်ယောက်ယောက်က လှမ်းခေါ်တဲ့ အသံကို ကြားလိုက်ရသည်။ အောက်ကို ငုံ့ကြည့်လိုက်လျှင်

ကွမ်ဒင်နှင့် ဝမ်ချောင်တို့ အခုမှ ပြန်လာတာ တွေ့လိုက်သည်။

"ဆရာဆွန်း၊ ငါတို့ ငန်းကင်တစ်ကောင်နဲ့ စာသင်သား အနီရောင်(တရုတ် ရှေ့ဟောင်း အရက်) ဝယ်ခဲ့တယ်။ ငါတို့နဲ့အတူတူ လာသောက်ပါလား"

ကွမ်ဒင်က လက်ထဲမှာ ကိုင်ထားတဲ့ အစားသောက်ကို ဝှေ့ယမ်းပြီး လှမ်းပြောသည်။

"လာမယ်"

ဆွန်းမို ပြုံးပြီး ပြန်ဖြေသည်။ လုပ်ဖော်ကိုင်ဖက်များနဲ့ အတူတူ

သောက်စားခြင်းသည် ဆက်ဆံရေးတည်ဆောက်တဲ့ နည်းလမ်းကောင်း တစ်ခုပါ။ မနေ့ကလည်း ဖိတ်သေးသည်။ ဆက်ငြင်းနေရင် သိပ်မကောင်းတော့ပါ။

"ငါတို့နဲ့ သောက်ဖို့ ဆရာကူကိုပါ ခေါ်လိုက်ရအောင်"

ဝမ်ချောင်က ထပ်ပြောသည်။ သူက ကူရှုပ်ရှင်းကို ကြိုက်နေပေမယ့် သူနဲ့မထိုက်တန်ဘူးဆိုတာ သိနေတဲ့အတွက် ဖွင့်မပြောခဲ့ပါ။ သူမကို နည်းနည်း ပိုမြင်နေရင်တောင် အဆင်ပြေသည်။

သိပ်မကြာခင်ခင် ကွမ်ဒင်၊ ဝမ်ချောင် နှင့် ကျန်းလန်တို့သည် ဆွန်းမို အခန်းထဲတွင် ထိုင်နေကြသည်။

"ဆရာကူကို မေးခဲ့ပေမယ့် သူမက အခုလက်ရှိ ကျင့်ကြံနေတယ်"

ကွမ်ဒင် ပုခုံးတွန့်ပြီး ပြောလိုက်သည်။

"ဆရာကူ တရားထိုင်နေတုန်းလား"

ဆွန်းမိုက တိုးတိုးလေး ရေရွတ်လိုက်သည်။

"ကျောင်းသားကောင်းတွေရဲ့ အကျင့်ပဲ ထင်ပါတယ်"

"စားကြစို့"

ဝမ်ချောင်က ငန်းသားတစ်ပိုင်း ဖြဲပြီး ကျန်းလန်ကို ပေးလိုက်သည်။ သူမ လာမယ်လို့ မထင်ထားခဲ့ပါ။ တကယ်ပဲ သူတို့ကို မျက်နှာသာ ပေးခဲ့သည်။

ဒီနေရာကို လာတဲ့လမ်းတလျှောက်တွင် မဟာကိုးပါး ကျောင်းကိုးကျောင်းထဲက တခုဖြစ်တဲ့ မရီဝိညာဉ်အကယ်ဒမီမှ ဘွဲ့ရဖြစ်သည့် ဒီမိန်းကလေးသည် အချိန်တိုင်း

တိတ်ဆိတ်နေတတ်ပြီး အခြားသူများကို သူမဖက်ကစပြီး စကားပြောခြင်း မရှိခဲ့ပါ။

(တကယ်တော့ အနီးကပ်ကြည့်လိုက်လျှင် သူမက တော်တော်လှတာပဲ။ ဒါပေမယ့် မျက်နှာပေါ်က တက်တူးကြီးက ရုပ်ဖျက်နေတယ်)

ဝမ်ချောင်သည် စိတ်ထဲကနေ ကျန်းလန်ကို အမှတ်တချို့ ပေးလိုက်သည်။ ဒါပေမယ့် မရီဝိညာဉ် အကယ်ဒမီက ကျောင်းသားအားလုံးသည် မျက်နှာပေါ်တွင် တက်တူးထိုးတဲ့ အလေ့အထ ရှိကြသည်။

"ကျေးဇူးတင်ပါတယ်"

ကျန်းလန်က အသားကို လက်ခံလိုက်သည်။ အနည်းငယ် ကိုက်လိုက်ပြီးနောက် သူမက မေးလိုက်သည်။

"မင်းတို့နှစ်ယောက်က မြတ်ဆရာ ချန်၊ ချန်ဝေကို အရိုသေပေးဖို့ သွားခဲ့ကြတာလား ၊ အခြေအနေ ဘယ်လိုလဲ"

"အင်း၊ ပြောမနေနဲ့တော့။ နောက်တစ်ရက် အပြင် ထပ်ထွက်ရမယ် ထင်တယ်"

ကွမ်ဒင်က သက်ပြင်းချရင်း ပြောလိုက်သည်။

“မင်း အဲဒီကို သွားရပ်နေတာ လေးရက် ရှိနေပြီ မဟုတ်လား။ ဒီလောက် ရိုးသားမှု ပမာဏက မလုံလောက်သေးဘူးလား”

ကျန်းလန် အံ့အောသင့်သွားသည်။ သူမကတော့ ဒီရောက်တဲ့ ပထမနေ့မှာပဲ ရှုခင်းတွေကို လျှောက်ကြည့်ခဲ့သေးသည်။ ဒါပေမယ့် ကွမ်ဒင်၊ ဝမ်ချောင်နှင့် ဂေါင်ပန်တို့ကတော့ ဒီလို မလုပ်ခဲ့ပါ။ သူတို့က ချန်ဝေဆီ တန်းသွားခဲ့ကြသည်။

"ငါတို့က သေးငယ်ပြီး အသုံးမဝင်တဲ့ ပုဇွန်ဆိတ်လေးတွေပါ။ ရိုးသားမှုလောက်နဲ့ ဘာလုပ်လို့ ရမှာလဲ"

ကွမ်ဒင်က သူ့ကိုယ်သူ လှောင်ပြောင်ပြီး ပြောလိုက်သည်။

ချန်ဝေသည် ကြယ်ဖြပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး အရမ်းကျော်ကြားသည်။ လက်ရှိတွင် ဂန်လင်မှာ နေထိုင်နေပြီး ဒီတစ်ခေါက် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ အဓိက စစ်ဆေးသူ ဖြစ်သည်။ ဒါကြောင့်

ဘယ်လိုပဲဖြစ်ဖြစ် ဖြေဆိုမယ့် သူများက သူ့ဆီ သွားလည်ကာ အရိုအသေ ပေးသင့်သည်။

အရင်ခေတ်တုန်းက အရာရှိတစ်ယောက် ဖြစ်လာတာနဲ့ တူသည်။ ရာထူးရပြီးတာနဲ့ ပထမဆုံး လုပ်ရမည့် အရာက သူတို့ ရပ်ကွက်ထဲမှာရှိတဲ့ အဆင့်မြင့် အရာရှိတွေဆီ သွားလည်ရမည်။ အဲဒီနောက် မြို့တော်ကို သွားပြီး ဝန်ကြီးချုပ်နှင့် အခြား အာဏာရှိသူတွေကို ဂါဝရ ပြုရမည်။

တဖက်လူက မင်းကိုတွေ့ချင်သည်ဖြစ်စေ၊ မတွေ့ချင်သည် ဖြစ်စေ သူတို့ဆီတော့ ရောက်အောင်

သွားရမည်။ ဒါက ကျင့်ဝတ်ရဲ့ မေးခွန်းတစ်ခုလို ဖြစ်နေခဲ့သည်။

"မနက်ဖြန်ကျရင်တော့ သူနဲ့ တွေ့ရမယ်လို့ ခံစားရတယ်"

ဝမ်ချောင်က ဝိုင်တစ်ငုံသောက်ရင်း ပြောလိုက်သည်။

"ဆရာဆွန်း၊ ငါစကားများလို့ အပြစ်မတင်နဲ့။ နောက်ပိုင်း မြတ်ဆရာ လောကမှာ ကျင်လည်မယ်ဆိုလျှင် အဓိကဇတ်ကောင်တွေရဲ့ မျက်နှာသာပေးမှု လိုလိမ့်မယ်"

ကွမ်ဒင်က သတိပေးလိုက်သည်။

"ငါနဲ့ဆရာကွမ်တို့လို လူမျိုးအတွက်တော့ အကျိုးမရှိဘူး။ ငါတို့က မြတ်ဆရာချန်ဆီ သွားမလည်ရင်တောင် အဆင်ပြေတယ်။ ဒါပေမယ့် မင်းအတွက်ကတော့ ကွာခြားတယ်။ မင်းရဲ့ အရည်အချင်းအရ ဒီစာမေးပွဲ ပြီးရင် သေချာပေါက် ကျော်ကြားလာမှာ။ ဒီလိုထင်ရှားတဲ့ ဇာတ်ကောင်တွေရဲ့ မျက်လုံးထဲ ဝင်သွားလိမ့်မယ်။ အနည်းဆုံးတော့ အိမ်ပြန်ရောက်တဲ့အခါ မင်းဆီက

အလည်အပတ်ကတ်ကို မတွေ့ရင် နည်းနည်း အဆင်မပြေ ဖြစ်သွားနိုင်တယ်”

ဝမ်ချောင်က စိတ်အားထက်သန်စွာနဲ့ အဓိပ္ပါယ်ရှိတဲ့ အကြံများ ပေးနေသည်။

တကယ်လို့ အဓိက ဇာတ်ကောင်တချို့က မင်းကို မျက်မုန်းကျိုးပြီး တိုက်ရိုက် မဆန့်ကျင်ဘဲ နောက်ကွယ်ကနေ အမိန့်တစ်ခုခု ပေးလိုက်တာနဲ့ ဘဝတစ်ခုလုံး ပျက်ဆီးသွားလိမ့်မည်။

“ကျေးဇူးတင်ပါတယ်၊ ဆရာဝမ်”

ဆွန်းမိုက ဝမ်ချောင် စကားကို လက်ခံလိုက်သည်။

ဒီအကြောင်းကို သူအကုန်သိသည်။ သူ့ရဲ့ အရင်ကမ္ဘာတွင်လည်း အရမ်းရေပန်းစားတဲ့ ပုံပြင်တစ်ပုဒ် ရှိခဲ့ပြီး စကားတစ်ခွန်းကလည်း ဆွန်းမိုကို တော်တော်လေး တုန်လှုပ်သွားစေခဲ့သည်။ ဒါက

"အာဏာပိုင်တွေက အခွင့်ထူးခံပဲ"

အာဏာ ဆုပ်ကိုင်ထားတဲ့ သူတွေက သူတို့ စိတ်တိုင်းကျ သာမန်လူတွေရဲ့ ဘဝကို ဖျက်ဆီးနိုင်သည်။

"တစ်ခေါက်လောက် ရောက်အောင်သွားပြီး အလည်အပတ် ကဒ်လေး ပေးလိုက်ရုံပါပဲ"

ကွမ်ဒင်က စည်းရုံးလိုက်သည်။

ပြီးနောက် လေးယောက်သား စားသောက်ပြီး လူစု ခွဲလိုက်ကြသည်။ နောက်နေ့မနက်တွင် ကွမ်ဒင်၊ ဝမ်ချောင်တို့သည် ဆွန်းမိုနှင့် ကျန်တဲ့များကို ချန်အိမ်တော် သွားဖို့အတွက် ဧည့်ခန်းထဲတွင် စောင့်နေလိုက်ကြသည်။

"မင်းရဲ့ အလည်အပတ်ကဒ် ပြင်ဆင်ပြီးသွားပြီလား။ ကဒ်အတွက် သုံးတဲ့ပစ္စည်းက

ဈေးကြီးစရာ မလိုဘူး။ ဒါပေမယ့် သာမန်ကာလျှံကာလည်း ဖြစ်လို့ မရဘူး။ အဓိကတော့ မင်းရဲ့စာတွေက လှနေဖို့ လိုတယ်”

ကွမ်ဒင်က သူ့ရဲ့ အတွေ့အကြုံကို ပြန်ပြောပြသည်။

“ဒီမှာ အလည်အပတ်ကဒ် အထူးပြု လုပ်ပေးတဲ့ နေရာ ရှိလား”

ဆွန်းမိုကတော့ အားထုတ်ဖို့အတွက် စိတ်မပါပေ။

“ငါ မင်းအတွက် ကူလုပ်ပေးထားတယ်”

ကူရှပ်ရှင်းက အလည်အပတ်ကဒ် နှစ်ခုကို ထုတ်ပြရင်း ပြောလိုက်သည်။

“ကြည့်ပါအုံး။ တော်တော်လေး အဆင်ပြေတယ် မဟုတ်လား”

“ကြည့်စရာ မလိုပါဘူး။ မင်းလုပ်တဲ့ အရာတွေက စိတ်ချ ရပါတယ်”

ဆွန်းမိုက ပြုံးပြီး

“ကျေးဇူးတင်ပါတယ်”

“ဘာဖြစ်လို့ ကျေးဇူးတင်နေတာလဲ။ ငါ့ကို ဆုအဖြစ် နှိပ်ပေးလေ”

ကူရှုပ်ရှင်းသည် ကမ်းခြေမှာ လကို ပထမဆုံး မြင်ခဲ့ရတဲ့ လူတစ်ယောက်လို ဖြစ်နေသည်။ ဒီရက်ပိုင်းအတွင်းတွင် ဆွန်းမိုရဲ့ နတ်ဘုရားလက်ကို ခံစားပြီး သူမရဲ့ အခြေအနေ အရမ်းကောင်းမွန်လာခဲ့သည်။ အဆင့်တက်တော့မယ့် အရိပ်အယောင်တောင် ပြနေပြီ။

ဂေါင်ပန်က လွဲလျှင် လူတိုင်း ထွက်လာကြသည်။

ချန်အိမ်တော်သည် ဂန်ယွမ်း လမ်ပေါ်တွင် တည်ရှိပြီး မြေနေရာ အကျယ်ကြီး ဖြစ်သည်။ တံခါးအဝတွင် ရက်စက်ကြမ်းကြုတ်တဲ့ ပုံစံနဲ့

အသက်ဝင်လှတဲ့ ကျောက်ခြသေ့်ကြီး နှစ်ခု ရှိသည်။ အဲဒီနောက် ကနေ ခြေလှမ်း ၁၈ လှမ်းအကွာမှာ ဝင်ပေါက်ရှိသည်။ သူတို့ကို ကြည့်ရတာ အရမ်းကြောက်ဖို့ ကောင်းသည်။

ဆွန်းမိုတို့ ငါးယောက်အဖွဲ့ ရောက်တဲ့အခါ တံခါးအဝတွင် လူငယ်ပေါင်းများစွာ စောင့်ဆိုင်းနေကြပြီ။ အကြမ်းဖျင်း တွက်ကြည့်လိုက်တော့ လူတစ်ရာ နီးပါးလောက် ရှိနေသည်။

အဲဒီက လူများကလည်း ဆွန်းမိုတို့ အဖွဲ့ကို မြင်လိုက်လျှင် ချက်ခြင်း အကဲခတ်ကြသည်။ ဘယ်လိုပဲပြောပြော ချန်ဝေဆီ အလည်အပတ်လာကြတဲ့ လူအားလုံးသည် စာမေးပွဲ ဖြေမယ့် သူများ ဖြစ်သည်။ ပြိုင်ဘက်တွေလို့ သတ်မှတ်နိုင်သည်။

ဒါပေမယ့်လည်း သိပ်မကြာခင် ဆွန်းမိုတို့ အဖွဲ့ကို အာရုံ မစိုက်တော့ပါ။ နာမည်ကြီး တစ်ယောက်မှ မပါတဲ့အဖွဲ့ပဲ။

ကွမ်ဒင်က တံခါး ခေါက်လိုက်လျှင် လူလတ်ပိုင်း အမျိုးသားတစ်ယောက်က မောက်မာတဲ့ အမူအရာနဲ့ ထွက်လာသည်။

"ဦးလေးကျန်၊ မင်းကို ဒုက္ခပေးရ အုံးမယ်"

ကွမ်ဒင်က တောင်းပန်တဲ့ အပြုံး ပြုံးပြလိုက်သည်။

ကွမ်ဒင်က လည်ပတ်တဲ့ကဒ် ခြောက်ခု ပေးလိုက်တာကို ဆွန်းမို သတိထားလိုက်မိသည်။ သူက ကြောင်သွားသည်။ ဒါပေမယ့် သိပ်မကြာခင်မှာဘဲ ဘာတွေဖြစ်နေလဲဆိုတာ

နားလည်သွားသည်။ ကျန်တဲ့ တစ်အိတ်ထဲမှာ ဘဏ်လက်မှတ် ရှိနေသည်။

"အင်း၊ ငွေတုံး တစ်ရာတော့ ကုန်သွားပြီ"

ကွမ်ဒင် အားကိုးရာမဲ့နေသည်။ ငွေကို ကြိုးစားရှာဖွေခဲ့ရပြီး အခုအသုံးပြုလိုက်သော်လည်း အကျိုးသက်ရောက်မှု ရှိမရှိ မသိရသေးပါ။

"ငါတို့ ပြန်ရောက်ရင် ပြန်ပေးမယ်"

ဆွန်းမိုက ခပ်တိုးတိုးလေး ပြောလိုက်သည်။ ဒီနေရာမှာ လူများနေသဖြင့် ကွမ်ဒင်ကို ပိုက်ဆံထုတ်ပေးရင် သိပ်မကောင်းပါ။

"ဆရာဆွန်း၊ ငါ့ကို လူစိမ်းတစ်ယောက်လို သတ်မှတ်နေတာလား။ ငါဖြစ်နေတာက ငွေတုံးတစ်ရာ သုံးနေတာတောင် မြတ်ဆရာချန် ကိုမပြောနဲ့ တံခါးစောင့်ရဲ့ အပြုံးကိုတောင် မမြင်ရလို့ဘဲ"

ကွမ်ဒင်က သက်ပြင်းချရင်း ပြောလိုက်သည်။

သူတို့ကဒ်ကို အောက်ဆုံးမှာ ထားစေချင်သောကြောင့် ပိုက်ဆံ သုံးခဲ့ရသည်။ ဒါကလည်း ပြောလို့ မရတဲ့ စည်းကမ်းတစ်ခု ဖြစ်သည်။

ကဒ်ပြားက အောက်ခြေရောက်လေ ဒီညွှန့်သည်က စောလေ ဖြစ်သည်။

ပိုင်ရှင်က မြင်လိုက်လျှင် ထုံစံအတိုင်း စိတ်ချမ်းသာပြီး သူ့အပေါ်ထားတဲ့ လေးစားမှုကို နားလည်လိမ့်မည်။

"ငါတို့ ဘာဆက်လုပ်ကြမှာလဲ"

ကျန်းလန်က သိချင်နေသည်။ သူမက လီမျိုးနွယ်စုက ဖြစ်ပြီး ဒီက စည်းမျဉ်းတွေကို မသိပါ။

"စောင့်ကြတာပေါ့"

ဝမ်ချောင်က ပြောလိုက်သည်။

"အခုအချိန်မှာ စကားမပြောတာ အကောင်းဆုံးပဲ။ မျက်နှာကို ပြုံးထားကြပါ"

"မင်းတို့ ဗဟိုပြည်နယ်က လူတွေကလည်း စည်းကမ်း များလိုက်တာကွာ"

ကျန်းလန် မဲ့ရွဲ့သွားသည်။

ပြီးတော့ သူတို့ကို လေးစားတဲ့ မျက်နှာပေး လုပ်ခိုင်းထားသေးသည်။

အစတုန်းကတော့ အဆင်ပြေနေသေးသည်။ ဒါပေမယ့် နာရီဝက်ကြာတဲ့အခါ ဆွန်းမို

ပျင်းလာသည်။ အဓိကတော့ ဖိတ်ခေါ်ခံရဖို့ စောင့်နေရတာက တော်တော် ပျင်းဖို့ ကောင်းသည်။

"ဆရာကူ"

ဆွန်းမို လှမ်းခေါ်ပြီး ထွက်သွားမလို့ လုပ်လိုက်သည်။ ဒါပေမယ့် အဲဒီအချိန်တွင် လူအုပ်ကြီးက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လှည့်ကြည့်လိုက်လျှင် မိန်းကလေး၊ ယောကျ်ားလေးတစ်အုပ်ကို လူငယ်တစ်ယောက် ဦးဆောင်လာတာ မြင်လိုက်ရသည်။ လူငယ်က အများအရှေ့တွင် ရပ်လိုက်ပြီး

"ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ဘွဲ့ရ ဂူချင်ယန်က မြတ်ဆရာချန်နဲ့ တွေ့ခွင့်တောင်းပါတယ်"

ဂူချင်ယန်က သူ့နာမည်ကို ပုံမှန်အတိုင်းသာ အော်ပြီး မိတ်ဆက်လိုက်သည်။ အသံက မကျယ်သလို တံခါးလည်း မခေါက်ပါ။ ဒါပေမယ့် တံခါးစောင့်က မြှားအပစ်ခံရတဲ့ ယုန်တစ်ကောင်လို ပြေးထွက်လာကာ လိုက်ဖက်စွာ ပြုံးနေခဲ့သည်။

"ဒါက လိမ်စဉ် ကြီးလား"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

ရှူး

ကွမ်ဒင် တော်တော်လေး လန့်ဖြန့်သွားသည်။ ဆရာဆွန်း ဘယ်လောက် သတ္တိကောင်းလဲဆိုတာ သတိရသွားသည်။ ဒါကို တခြားသူတွေ ကြားသွားလျှင် သေချာပေါက် ပြဿနာ တက်လိမ့်မည်။

"ဆရာဂူ၊ ကျေးဇူးပြုပြီး ငါနဲ့ လိုက်ခဲ့ပါ"

တံခါး ပွင့်လာပြီး တံခါးစောင့်က ဂူချင်ယန်တို့အဖွဲ့ကို ခေါ်သွားသည်။

"အမ်၊ သူ့လို တံခါးစောင့်က ဆုံးဖြတ်ချက် ချနိုင်တာလား။ သူ့ သခင်ဆီ အကြောင်းကြားဖို့

မလိုဘူးလား။ ငါတို့တုန်းက ဘာဖြစ်လို့ ဝင်ခွင့် မပေးတာလဲ”

ကျန်းလန် ရုတ်တရက် အံ့အားသွားသည်။

“ကျေးဇူးပြုပြီး။ အဲဒီလူငယ်က ဂူချင်ယန်လေ။ သူနဲ့ နှိုင်းစရာလား”

ဘေးမှာရှိနေတဲ့ လူငယ်တစ်ယောက်က ရယ်မောပြီး ပြောလိုက်သည်။

အခန်း(၄၃၅) - ငါ့အရည်အချင်းကိုပဲ အားကိုးပြီး အသက်ရှင်တယ်။

"မင်း ဘာပြောချင်တာလဲ"

ကျန်းလန်က မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်လိုက်သည်။

လူငယ်လေးရဲ့ လေးသံက မဖော်ရွေသလို ကျန်းလန်ကို လျှောင်ပြောင်ဖို့ မရည်ရွယ်ပေ။ လက်ရှိအခြေအနေနဲ့ ပက်သက်ပြီးတော့ သူလည်း မကျေနပ်ပါ။ ဒီနေရာမှာ နှစ်ရက်လောက်

စောင့်ခဲ့သော်လည်း မြတ်ဆရာ ချန်ရဲ့ ဆံပင်တစ်မျှင်တောင် မတွေ့ရသေးပါ။ ဒါပေမယ့် ဂူချင်ယန် ရောက်လာပြီးတော့ ချက်ခြင်း ဝင်နိုင်သဖြင့် ဒီလူငယ်လေး အရမ်း မကျေမနပ် ဖြစ်နေသည်။

အထင်သေး ခံရသည်။

တခါးစောင့်က ဂူချင်ယန်ကိုတော့ ဝင်ခွင့်ပြုသည်။ ဒါက ဘာကို ပြောချင်တာလဲ။

ပြောချင်တာက သူ့ရဲ့ သခင်က မညွှန်ကြားရင်တောင် ဂူချင်ယန်လို

ဇာတ်ကောင်မျိုးကို သူ့သခင်က တွေ့ချင်မှန်း တံခါးစောင့် သိသည်။

ဆက်ဆံမှု သိသိသာသာ ကွာခြားနေသည်။

ကျန်းလန်နှင့် ပက်သက်လို့ လူငယ်က သူ့အမှားကို သိသည်။ ခါတိုင်းလိုမျိုး အချိန်မှာသာဆိုလျှင် သူတောင်းပန်လိမ့်မည်။ ဒါပေမယ့်ဒီနေ့မှာတော့ မဖြစ်နိုင်ပါ။ ဒီနေရာမှာ အကြမ်းအားဖြင့် စာမေးပွဲ ဖြေဆိုသူ တစ်ရာ လောက်ရှိနေသည်။ အခုသာ တောင်းပန်လိုက်လျှင် သူ့ကို သူရဲဘောကြောင်တယ်လို့ ထင်သွားနိုင်သည်။

“မင်း ထင်ချင်သလို ထင်လို့ရတယ်လို့ ပြောတာ”

လူငယ်က စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်တုန့်ပြန်သည်။

လူအများစုက မျက်နှာလိုချင်ကြသည်။ အထူးသဖြင့် ဒီလို နေပူပူအာက်မှာဆိုရင် ပြဿနာ အဖြစ်လွယ်သည်။ တကယ်လည်း ကြီးကြီးမားမား ကိစ္စ မရှိပါ။ နှစ်ဦးနှစ်ဖက် ထိပ်တိုက် တွေ့လို့သာ ရန်ဖြစ်ကြတာ ဖြစ်သည်။

ကလောက်

ကျန်းလန်က သူမရဲ့ခါးကွေးကို တန်းပြီး ဆွဲထုတ်လိုက်သည်။ တောက်ပတဲ့

နေရာင်အောက်တွင် ခါးအဖျားက တလက်လက် တောက်ပနေသည်။

“မင်း ဘာလုပ်တာလဲ။ တိုက်ခိုက်ချင်တာလား”

လူငယ်လေးက ဝေလူ ဖြစ်ပြီး သူနဲ့ ဆက်ဆံရေးကောင်းမွန်တဲ့ အဖော်တွေနဲ့အတူတူ လာခဲ့သည်။ အခုလည်း သူတို့ ဒီမှာ ရှိနေကြသည်။ ဒါကို မြင်လျှင် ချက်ခြင်းပြေးလာကြသည်။ သူတို့ သူငယ်ချင်းနဲ့ အရှေ့တိုးရင်လည်း အတူတူ နောက်ဆုတ်ရင်လည်း အတူတူ ဆိုတာ သိသာနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အားလုံး စိတ်အေးအေးထားပါ”

ကွမ်ဒင်က အော်ပြောလိုက်သည်။

“ဆရာကျန်၊ ဒါက ကိစ္စသေးသေးလေးပါ။ စိတ်ထဲ မထားပါနဲ့”

“စိတ်လျှော့ဆိုတာ ဘာပြောချင်တာလဲ. တိုက်ချင်လည်း တိုက်လိုက်ကြတာပေါ့”

ကူရှုပ်ရှင်းလည်း နာရီဝက်ကျော်အောင် စောင့်ဆိုင်းနေရသဖြင့် ဒေါသထွက်နေသည်။ ဒီလူငယ်လည်း မကျေနပ်သလို သူမလည်း

မကျေနပ်ပါ။ အခုလောလောဆယ် ဒေါသကို ထွက်ပေါက်ပေးဖို့ တစ်ယောက်ယောက် လိုနေပြီ။

"ဆရာကူ၊ ဝရုန်းသုန်းကား ဖြစ်အောင် မလုပ်ပါနဲ့"

ကွမ်ဒင် အားကိုးရာမဲ့နေသည်။ (မင်းတို့က ပါရမီရှင်တွေ ဖြစ်လို့ အကြောက်တရားကို မသိပေမယ့် ငါကတော့ မရဘူး။ တိုက်ပွဲ တကယ် စရင် ငါဝင်ပါရမှာလား။ မပါရဘူးလား။ မပါရင်လည်း ဘယ်လို မျက်နှာ ပြရမှာလဲ။)

(ဒါပေမယ့် ငါ ဝင်ပါလိုက်ရင် ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် ဒဏ်ရာရဖို့ သေချာတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒါဆိုရင် စာမေးပွဲကို ထိခိုက်သွားမှာ မဟုတ်ဘူးလား)

"ဆရာဆွန်း၊ သူတို့ကိုတားဖို့ တစ်ခုခု ပြောပါအုံး"

ကွမ်ဒင်က ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

ဆွန်းမိုက ဒီနေရာတွင် အုပ်စုလိုက် ရန်ပွဲဖြစ်မယ်လို့ မထင်မှတ်ပေ။ တစ်နည်းနည်းနဲ့ ခံစားချက်လွတ်နေသည်။ ဒီလိုမျိုး ရန်ပွဲတွေကို နောက်ဆုံးပါခဲ့တဲ့ အချိန်က အလယ်တန်းကျောင်းသား ဘဝကပဲ ဖြစ်လိမ့်မည်။

"မင်းက ငါတို့ကို ဒေါသမထွက်ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် မင်းရဲ့ လေသံက မောက်မာလွန်းတယ်။ ငါတို့ကို တောင်းပန်လိုက်ရင် ဒီကိစ္စ ပြေလည်သွားလိမ့်မယ်"

ဆွန်းမိုက ပြောလိုက်သည်။

သူက ဒီဆရာ အဖွဲ့ရဲ့ခေါင်းဆောင်လို့ သတ်မှတ်လို့ ရသည်။ တစ်ခုခု ဖြစ်လာပြီးဆိုတာနဲ့ ထုံးစံအတိုင်း ရှေ့ထွက်ပြီး တာဝန်ယူရမည်။

"ငါ့ကို တောင်းပန်စေချင်တာလား"

ဝေလူက လှောင်ပြောင်လိုက်ပြီး ခါးမှာ ချိတ်ထားတဲ့ဓါးကို ပုတ်ကာ

"ငါ့ ဓါးကို အရင်မေးကြည့်လိုက်"

ပတ်ဝန်းကျင်မှ လူတွေကလည်း အခြေအနေက စောင့်ကြည့်ဖို့ ဝိုင်းအုံလာကြသည်။

"အမ်၊ မြတ်ဆရာချန်"

ဆွန်းမိုက ရုတ်တရက် လှည့်ပြီး ဘယ်ဘက်ကို ကြည့်လိုက်သည်။ သူ့ အမူအရာကလည်း လေးစားတဲ့ အမူအရာ ဖြစ်နေသည်။

ဝေလူတို့အုပ်စုက အစောပိုင်းတွင် ဆွန်းမိုကို စောင့်ကြည့်နေကြသည်။ ဒါပေမယ့် ဒါကို မြင်လိုက်တာနဲ့ သူတို့ရဲ့ အမူအရာကို ခပ်မြန်မြန် ပြင်ဆင်ပြီး နှုတ်ဆက်ဖို့ တံခါးအဝဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဆရာဆွန်း၊ ဒီနေရာက ချန်အိမ်တော်ရဲ့ အပြင်ဘက်။ ငါတို့ တိုက်ခိုက်လို့ မရဘူး....."

ဝမ်ချောင်က ဆွန်းမို ခေါင်းမာတာကို သိနေသည်။ ဝမ်းနည်းဖို့ကောင်းတာက သူ့စကားမဆုံးခင် ဆွန်းမိုက လှုပ်ရှားလိုက်ပြီ။

ရွှစ်

ဆွန်းမို ပြေးထွက်သွားသည်။

“အို မဟုတ်ဘူး”

ဝေလူ အရမ်းညာဏ်ကောင်းသည်။ တခါးဘက်သို့ လှည့်ကြည့်လိုက်တာနဲ့ တံခါးဖွင့်သံ မကြားရမှန်း သတိထားလိုက်မိပြီး စိတ်ထဲက ကျိန်ဆဲလိုက်သည်။

ချန်ဝေ၏ အဆင့်အတန်းအရ သူထွက်လာလျှင် ဘေးတံခါးက မထွက်ဘဲ တံခါးမကြီးကပဲ ထွက်လိမ့်မည်။

ဖောက်

ဝေလူသည် မသိစိတ်က ဓါးကို လှမ်းခုတ်လိုက်သော်လည်း သူ့ရဲ့လက်ကို အဖမ်းခံရပြီး လက်ဝါး ရိုက်ချက်ကြောင့် လန့်ထွက်သွားသည်။

"နောက်ကျသွားပြီ"

ဆွန်းမိုက ဒီအခိုက်အတန့်တွင် ဝေလူ လက်ထဲက ဓါးကို လုပြီး လည်ပင်းတင်ထားသည်။ ဓါးက ဓါးအိမ်ထဲက အပြည့်အဝ မထွက်သေးပါ။

မြန်လိုက်တာ။

ဒါကို မြင်လိုက်လျှင် ပရိတ်သတ်အားလုံး အံ့အောသင့်သွားသည်။ ဒီကလူ တစ်ဝက်လောက်သည် သူတို့ကို ဆွန်းမိုသာ အလစ်တိုက်ခိုက်ခဲ့ပါက မကိုင်တွယ်နိုင်ဘူးဆိုတာ တိတ်တဆိတ် နားလည်သွားသည်။

စာမေးပွဲမှာ ဆွန်းမိုနဲ့ တွေ့ခဲ့ရင် ကျိန်းသေပေါက် ရှုံးမယ်ဆိုတာ ညွှန်ပြနေသည်။

"သူက သွေးလောင်ကျွမ်းခြင်း အဆင့် (၆) ဒါမှမဟုတ် အဆင့် (၇) ဖြစ်နိုင်တယ်"

"သူက လှုပ်ရှားမှု ကျင့်စဉ် ကျွမ်းကျင်သူ ဖြစ်နိုင်တယ်"

(မှတ်ချက်။ လှုပ်ရှားမှု ကျင့်စဉ်နေရာမှာ ကိုယ်ဖော့ပညာလို့ ပြောင်းလဲ သုံးစွဲသွားမည်။)

ကျန်းလန်သည် အပြုံးကို မထိန်းထားနိုင်တော့ပါ။ တောခွေးနက်ကြီး ဆွန်းဆိုတဲ့ နာမည်အတိုင်း သူ့နှလုံးသားက 'ကောက်ကျစ်တယ်'။

"မင်....."

ကူရှုပ်ရှင်းက အရမ်းလှသည်။ ရင်သားက အနည်းငယ် သေးသော်လည်း ရှည်လျားတဲ့ခြေတစ်စုံ

ရှိသည်။ ဒီလို အလုတရားကြောင့်လည်း ဝေလူသည် ဆွန်းမိုကို သတ်ချင်ခဲ့သည်။

"အင်း"

ဝမ်ချောင် သက်ပြင်းချလိုက်သည်။

"ဝန်ခံပါတယ်။ ဆရာဆွန်းကို စော်ကားနိုင်တဲ့လူ တစ်ခါမှ မတွေ့ဖူးသေးဘူး။ သူ့နောက်လိုက်ရတာ ကျေနပ်စရာပဲ"

ကွမ်ဒင်သည် ခံစားချက်များစွာနဲ့ သက်ပြင်းချလိုက်သည်။ ဆွန်းမို နောက်ကိုသာ

ဆက်လိုက်နေရင် သူ့ခေါင်းငုံ့နေစရာ မလိုပေ။ ဘယ်လောက် ကျေနပ်ဖို့ ကောင်းလိုက်သလဲ။

"မင်းရဲ့ပိုင်ရှင်က သူ့ကို တောင်းပန်စေချင်ရင် မင်းရဲ့ ထင်မြင်ချက်ကို တောင်းခံရမယ်လို့ ပြောတယ်"

ဆွန်းမိုက ဝေလူ လည်ပင်းပေါ်တွင် ခါးတင်ထားပြီး ခါးနဲ့ စကားပြောနေသလို လုပ်နေသည်။

"မင်း ဘယ်လိုထင်လဲ"

(မင်း ငါ့ကို လှောင်နေတာလား။ သေချာပေါက် လှောင်နေတာ မဟုတ်လား)

ဝေလူ့ရဲ့ အဆုတ်များသည် ဒေါသကြောင့် ပေါက်ကွဲလုမတတ် ဖြစ်နေပြီ၊ အထူးသဖြင့် ပတ်ဝန်းကျင်က လူတွေရဲ့ ရယ်မောသံကို ကြားလိုက်ရတဲ့ အချိန်တွင် ဖြစ်သည်။ အရှက်ကွဲစရာ မကျန်တော့ပါ။

"ဒီကဆရာ။ မင်းရဲ့ခါးနဲ့ ဘယ်လို စကားပြောရမှာလဲ"

ဆွန်းမိုက ပုခုံးတွန့်ပြီး မေးလိုက်သည်။

"ဒီအခြေအနေမှာ မင်းဦးနှောက် တစ်ခုခု မှားနေတယ် ထင်တယ်။ မင်းသွားပြီး ကုသသင့်တယ်။

အရမ်းနောက်ကျသွားရင် မင်းနောင်တ ရနေရလိမ့်မယ်”

“မင်းပဲ နောက်ကျနေလိုက်၊ မင်း တစ်မိသားစုလုံး........”

ခါးသွားနဲ့ လည်ပင်းပေါက်ကို တိုက်တင်လိုက်တာကြောင့် ဝေလူသည် စကားတောင် အဆုံးမသတ်နိုင် ဖြစ်သွားသည်။ ခါးရဲ့ အေးစက်တဲ့ အထိအတွေ့ကို ခံစားရပြီး ဆံပင် အနည်းငယ်လည်း ပြတ်ကျသွားသည်။ သေးတောင် ထွက်ကျမလို ဖြစ်သွားသည်။

“ဟားဟား”

ပရိတ်သတ်များက ကျယ်လောင်စွာ ရယ်မောနေကြသည်။

“ငါနဲ့ တိုက်ခိုက်ချင်လို့လား။ ကိစ္စမရှိဘူး။ ဒါပေမယ့် ငါ့လုပ်ဖော်ကိုင်ဖက်ကို အရင်တောင်းပန်ရမယ်”

ဆွန်းမို လေသံက ပြင်းထန်လာသည်။

“တောင်းပန်ပါတယ်။ ငါမှားသွားတယ်”

ဝေလူသည် ကျန်းလန်ကို စကားပြောပြီးနောက် ဆွန်းမို ဘက်သို့လှည့်ကာ

"အခုအဆင်ပြေပြီ မဟုတ်လား"

ရှစ်

ဆွန်းမိုက လက်ကို လှုပ်ရှားပြီး ခါးအသွားကို လှည့်ပေးလိုက်သည်။

ဝေလူက ခါးစောင်းကို ကိုင်လိုက်ပြီး

"လျံမြို့က ဝေလူ၊ ငါ့ကို လမ်းညွှန်ပေးအုံး"

"ဆရာဆွန်း၊ ဒီတိုက်ပွဲက ငါ့တိုက်ပွဲပဲ"

ကျန်းလန် အရှေ့ထွက်လာပြီး ဘာမှ မလုပ်ရသေးခင် အပြစ်တင်ရှုံ့ချတဲ့ အသံနဲ့ ခွာသံများ ထွက်လာသည်။

“မင်းတို့ ဘာလုပ်နေကြတာလဲ”

ချန်ဇီတုန်က ဇက်ကြိုးဆွဲပြီး တံခါးအရှေ့မှာ မြင်းကို ရပ်လိုက်သည်။

“ဆရာချန်”

လူတစ်စုက ကမန်းကတမ်း အရိုအသေ ပေးလိုက်သည်။

မတ်စေ့မျက်နှာနဲ့ ဒီလူသည် ချန်ဝေ၏ ဒုတိယသားကြီး ဖြစ်ပြီး ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက်လည်း ဖြစ်သည်။ သူက လက်ရှိတွင် သူတော်စင်ဂိတ်မှာ အလုပ်ဝင်နေပြီး ထူးထူးခြားခြား သန်မာသည်။ ပြီးတော့ စားမေးပွဲ စစ်ဆေးတဲ့သူ တစ်ယောက်လည်း ဖြစ်သည်။

"မင်းတို့က ငယ်သေးလို့ သွေးဆူနေကြတာလား။ ဒီနေရာကို ဘယ်လိုထင်နေတာလဲ"

ချန်ဇီတုန်က အပြစ်တင် ရှုံ့ချလိုက်သည်။

"ဆရာချန်၊ ငါတို့ အမှားတွေကို သိပါပြီ"

ဝေလူတို့ အုပ်စုသည် လျှင်မြန်စွာ အရိုအသေပေးပြီး ခေါင်းငုံ့ကာ တောင်းပန်လိုက်ကြသည်။

ဗဟိုပြည်နယ် အကယ်ဒမီ ဘက်ကလည်း ကွမ်ဒင်နှင့် ဝမ်ချောင်တို့က တောင်းပန်ခဲ့ကြသည်။ ကူရှုပ်ရှင်းက ခေါင်းငုံ့ထားသော်လည်း အမှား မဝန်ခံပါ။ ဆွန်းမိုနှင့် ကျန်းလန်ကတော့ ခေါင်းတောင် မငုံ့ပါ။

ချန်ဇီတုန်၏ မျက်လုံး အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ဒီလို မယဉ်ကျေးတဲ့

ဆွန်းမိုနှင့် ကျန်းလန် တို့ကို မဆူခဲ့သော်လည်း မကျေနပ်တာ သေချာသည်။

"မင်းတို့ အမှားသိပြီး ပြင်နိုင်တာ ကောင်းပါတယ်"

ချန်ဇီတုန်သည် ပြောပြီးတာနဲ့ မြင်းပေါ်က ဆင်းကာ အိမ်ထဲဝင်သွားသည်။ မြင်းထားဖို့အတွက် တင်းကုပ် တစ်ခုရှိသည်။ တံခါးက ပွင့်လာပြီး သက်လတ်ပိုင်း တံခါးစောင့်က ချန်ဇီတုန်ကို လေးစားစွာ ကြိုဆိုလိုက်သည်။

"တံခါးစောင့် ၊ မင်းဘာလုပ်နေတာလဲ။ ခြံဝန်းအပြင်ဘက်မှာ ပဋိပက္ခ ဖြစ်နေတယ်။ သူတို့ကို

ဘယ်လို ဆူပူကြိမ်းမောင်း ရမလဲတောင် မသိဘူးလား”

ချန်ဇီတုန် အရမ်းဒေါသထွက်နေသည်။

(ငါတို့ ချန်မျိုးနွယ်ကို အဓိက မျိုးနွယ်စုလို့ သတ်မှတ်နိုင်တယ်။ ဘယ်လိုပဲပြောပြော ငါတို့ အိမ်အပြင်ဘက်မှာ လူငယ်တွေ ရန်ဖြစ်နေကြတယ်ဆိုရင် အခြားသူတွေက ဘယ်လို ထင်သွားမလဲ။ ငါတို့ ချန်မျိုးနွယ်ရဲ့ဂုဏ်သိက္ခာက ဘယ်မှာလဲ)

“ဒီကျွန်က အမှားသိပါပြီ”

တံခါးစောင့်က ကမန်းကတမ်း ဒူးထောက်ပြီး တောင်းပန်လိုက်သည်။

"မင်းကို လစာ တစ်လခွဲစာ ဖြတ်မယ်။ ဒီလိုမျိုး ထပ်ဖြစ်ရင် တံခါးဝမှာသွားပြီး ဒူးထောက်နေရမယ်"

ချန်ဇီတုန်က သူ့အိမ်က လူတွေကို အရမ်းစည်းကမ်း တင်းကျပ်သည်။ အထူးသဖြင့်တော့ သိပ်မကြာသေးပါ။ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကြောင့် အကျင့်သီလနဲ့ ပြည့်စုံတဲ့ မြတ်ဆရာ အများအပြားက ဂန်လင်ကို ရောက်နေကြသည်။ ဒါကြောင့် ချန်ဇီတုန်သည် သူ့မျိုးနွယ်မှာ

ဘာအစွန်းအထင်းမှ မဖြစ်စေချင်ပေ။ ဒီလိုမှမဟုတ်ရင် အခြားသူများက လက်အောက် ငယ်သားများကို ကောင်းကောင်း မအုပ်ချုပ်နိုင်ဘူးလို့ ထင်သွားကြမည်။

"မျိုးနွယ်စု ခေါင်းဆောင်၊ ဂူချင်ယန်က ဒီရောက်နေတယ်"

ချန်ဇီတုန် အပြင်ဘက် အင်္ကျီကို ချွတ်ပြီးနောက် အိမ်အကူတစ်ယောက် ရောက်လာပြီး တိုးတိုးလေး ပြောလိုက်သည်။

"သိပြီ"

ချန်ဇီတုန်က မတ်တပ်ရပ်ပြီး ညှော့ခန်းဆီ လျှောက်သွားသည်။

“မျိုးနွယ်စု ခေါင်းဆောင်၊ ဒီဆရာတွေကို အရင် ပြန်ခိုင်းထားရမလား”

တံခါးစောင့်က မေးလိုက်သည်။

သာမန်အချိန်တွေသာဆိုလျှင် ချန်ဇီတုန်က သူတို့ကို ပြန်ခိုင်းလိမ့်မည်။ ဒါပေမယ့် ဒီနေ့တော့ မဟုတ်ပါ။

“သူတို့ ဆက်ပြီး စောင့်နေပါစေ”

စာမေးပွဲဖြေဆိုသူ၏ နှလုံးသားထဲတွင် ချန်မျိုးနွယ်ကို အမှန်တကယ် လေးစားပါက ဒီနေရာတွင် ပြဿနာမရှာဘဲ ငြိမ်ငြိမ်လေး စောင့်နေလိမ့်မည်။

"သူတို့က စည်းမျဉ်းကို တကယ် နားမလည်ကြဘူး"

ချန်ဇီတုန် ခေါင်းယမ်းလိုက်သည်။ ဒီမျိုးဆက်သည် အရင်မျိုးဆက်ထက်တောင် ဆိုးဝါးနေသေးသည်။

....

နှစ်ဖက် အုပ်စု လူကွဲသွားသည်။

"ဆရာချန်က ဘာဖြစ်လို့ မြင်သွားရတာလဲ"

ဝေလူ အရမ်းစိတ်ဓါတ်ကျပြီး သွေးအန်ချင်နေသည်။ ဒီတစ်ကြိမ်တော့ ဆွန်းမို လက်ထဲမှာ ကြီးကြီးမားမား ဆုံးရှုံးသွားပြီ။

တခြားသူတွေ မျက်နှာမှာလည်း စိုးရိမ်တဲ့ပုံစံ ဖြစ်နေကြသည်။ စာမေးပွဲမှာ ချန်ဇီတုန်က ပိုခက်ခဲအောင် လုပ်လာဖို့ များမှာလား၊ မများဘူးဆိုတာ မသိနိုင်လို့ စိုးရိမ်နေကြသည်။

"ဆရာဆွန်း၊ မင်းက တကယ် ခေါင်းမာတာပဲ"

ကူရှုပ်ရှင်းက ပိတ်ထားတဲ့ တံခါးကို ကြည့်ပြီး မနေနိုင်ဘဲ စလိုက်သည်။

"မင်း ခေါင်းငုံ့တဲ့ အကျင့်မွေးလိုက်အုံး ဘာမှ မဆုံးရှုံးသွားဘူး။ ဒီလောက် ခေါင်းမာဖို့ ဘယ်သူက ပြောထားလို့လဲ။ ချန်ဇီတုန်က မင်းကို မှတ်ထားမှာ မကြောက်ဘူးလား"

"ငါ အဆင်ပြေတယ်"

ဆွန်းမိုက မဲ့လိုက်ပြီး

"ကောင်းပြီလေ။ ငါက ငါ့အရည်အချင်းကိုပဲ အားကိုးပြီး အသက်ရှင်တယ်"

ဆွန်းမိုက ပြောလိုက်သည်။ တက္ကသိုလ်တက်တုန်းကလဲ ဒေါသကြီးတဲ့ ဆရာတွေကို တွေ့ဖူးသည်။

အမှားလေး နည်းနည်း လုပ်လိုက်တာနဲ့ ဒီဆရာတွေက ပြင်းပြင်းထန်ထန် လေထန်ဝေဖန်ကြတော့သည်။

ချန်ဇီတုန် ဘာကြောင့် ဒေါသထွက်သွားလဲဆိုတာ ဆွန်းမို နားလည်သည်။ မျိုးနွယ်စုကြီးများသည် ထုံးစံအတိုင်း မျက်နှာလိုချင်ကြသည်။ (သူတို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အိမ်အပြင်ဘက်မှာ ရန်ဖြစ်နေတာက သူတို့ကို ဂရုမစိုက်သလို မဖြစ်ဘူးလား)

"မင်းတို့ ဗဟိုပြည်နယ်က လူတွေက စည်းကမ်းတွေ အများကြီးပဲ"

ကျန်းလန် မဲ့ရွဲ့ပြီး ပြောလိုက်သည်။

" ဂူချင်ယန်က အရမ်းနာမည်ကြီးလား"

ဆွန်းမိုက စပ်စုလိုက်သည်။

"သူက ဒီနှစ် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ နံပါတ်တစ် ဘွဲ့ရ ကျောင်းအုပ်ကြီးလောင်းလို့ သတ်မှတ်ခံရတဲ့လူ။

သင်္ဘာနက်မဲ့ မြင့်မြတ်စကြဝဠာကို လေ့ကျင့်ဖို့ အရည်အချင်း ရှိပြီး မြတ်ဆရာ သူ့ရဲကောင်းအဆင့်မှာ နံပါတ်တစ်ရဖို့ ရေပန်းစားနေတယ်။ ငါ့ကိုပြောစမ်းပါအုံး သူက နာမည် မကြီးဘူးလား"

ဝမ်ချောင်က ဂုဏ်ပုဒ် တချို့ကို ဖော်ပြီး သေလောက်အောင် ကြောက်ရွံ့နေသည်။

"မင်းက သူ့ရဲ့ ဘုန်းတော်ဘွဲ့ အကုန်လုံးကြားချင်ရင် ပြည့်စုံအောင် ပြောဖို့ အချိန် ငါးမိနစ်လောက် လိုလိမ့်မယ်'

ပြီးနောက် ကွမ်ဒင်က ထပ်ပြီး

"သူက အထင်ကြီးဖို့ ကောင်းလား၊ မကောင်းဘူးလား"

"အထင်ကြီးစရာပဲ၊ အထင်ကြီးစရာပဲ…… .ဒါပေမယ့် ဆွန်းမိုလောက်တော့ မချောဘူး"

ကူရှုပ်ရှင်း တခစ်ခစ် ရယ်ပြီး ပြောလိုက်သည်။

"ဒါ အမှန်ပဲ"

ကျန်းလန်က ခေါင်းညိတ် ထောက်ခံသည်။ ဂူချင်ယန်က ရုပ်မဆိုးသလို အနည်းငယ် ကြည့်ကောင်းတယ်လို့တောင် ပြောနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဒါက သာမန်လူနဲ့ ယှဉ်လို့ပါ။ ဆွန်းမိုနဲ့ကတော့ နှိုင်းယှဉ်စရာ အကြောင်းကို မရှိပါ။

ခုနတုန်းက ဆွန်းမို လုပ်ခဲ့တဲ့အပြုအမူက တကယ်ကို အထာကျလွန်းသည်။ အဖွဲ့ခေါင်းဆောင်တစ်ယောက်မှာ ရှိသင့်တဲ့ စိတ်ဓါတ်ကို ပြသခဲ့သည်။

ဒင်

ကျန်းလန်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး (၃၅၀/၁,၀၀၀)

"........"

ကွမ်ဒင် စကားမပြောနိုင် ဖြစ်သွားသည်။ မျှော်လင့်ထားသလိုပဲ မိန်းမတွေက အလှကြိုက်တဲ့ သက်ရှိတွေ ဖြစ်နေသည်။ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းကသာ တကယ် ဆွဲဆောင်မှု ရှိတယ်ဆိုတာ လုံး၀ နားမလည်ကြပေ။

ကွမ်ဒင်သည် မနေနိုင်ဘဲ ဆွန်းမိုကို တစ်ချက် ကြည့်လိုက်သည်။ အဲဒီနောက် အတွေးကို ချက်ခြင်း ပြန်ရုတ်သိမ်းလိုက်သည်။ အဲဒီအတွက်လည်း အဖြေမရှိပါ။ အရည်အချင်းခြင်း နှိုင်းယှဉ်ရင်လည်း ဆွန်းမိုက ဘယ်လိုမှ မနှိမ့်ကျနိုင်ပါ။

"မင်းတို့ထဲက ဘယ်သူ ပြန်ချင်လဲ"

ဆွန်းမို ထပ်မစောင့်ချင်တော့ပါ။

ကွမ်ဒင်က အရမ်းထိတ်လန့်ပြီး ကမန်းကတမ်း တားလိုက်သည်။

"ငါတို့ အခု ပြန်သွားလို့ မရဘူး ဒါဆိုရင် သေချာပေါက် ပြဿနာ ဖြစ်သွားလိမ့်မယ်"

အခန်း(၄၃၆) - မင်းတို့ကောင်တွေက လူတချို့ရဲ့မာနကို ဘယ်တော့မှ နားလည်မှာမဟုတ်ဘူး။

ချန်အိမ်တော်၏ အပြင်ဘက်တွင် အစောပိုင်းတုန်းက ချန်ဇီတုန်၏ သတိပေးချက်ကြောင့် ဆရာအယောက်တစ်ရာ နီးပါးသည် စကားမပြောကြတော့ပါ။ သူတို့ အားလုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ စောင့်ဆိုင်းနေကြသည်။

ဆောင်းလေအေးက တိုက်ခတ်နေသဖြင့် အနည်းငယ် အေးနေသည်။

"ဘာဖြစ်လို့ ဒုက္ခ ဖြစ်ရမှာလဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ပြန်မေးလိုက်သည်။

"ဆရာဆွန်း၊ ဒီအထိ ရောက်လာပြီးမှတော့ နေ့တစ်ဝက်လောက် အထိတော့ အနည်းဆုံး စောင့်သင့်တယ်။ မြတ်ဆရာချုန်က မင်းရဲ့ ကဒ်ကို တွေ့လိုက်တဲ့ အချိန်မှာ မင်းမရှိတော့ရင် ဘယ်လို

လုပ်မလဲ။ ဒီကို လာလည်မယ့်အစား လုံးဝ မလာတာက ပိုကောင်းလိမ့်မယ်”

ကွမ်ဒင်က စိတ်အားထက်သန်စွာ စည်းရုံးလိုက်သည်။

“ဒီလုပ်ရပ်ကို စော်ကားတယ်လို့ ယူဆတာလား”

ဆွန်းမို နားမလည် ဖြစ်သွားသည်။

ကွမ်ဒင်သည် ဒါက ပုံမှန်သဘောတရား ဖြစ်နေသဖြင့် ဘယ်လို ရှင်းပြရမလဲ မသိဖြစ်နေသည်။ လူတချို့ကတော့ မြတ်ဆရာချန်နဲ့ တွေ့ဖို့

မဖြစ်နိုင်မှန်းသိသော်လည်း ညနေအထိ စောင့်ချင်နေကြဆဲ ဖြစ်သည်။

မင်းစောင့်ဆိုင်းတဲ့အချိန်က မြတ်ဆရာချန်ကို လေးစားတဲ့ အတိုင်းအတာလေ။

"ရိုးရိုးသားသား ပြောရရင် ဗဟိုပြည်နယ်ကလူတွေက စည်းကမ်း များလွန်းတယ်"

အခုတော့ ကျန်းလန်လည်း စိတ်မရှည်တော့ပါ။

"သွားစို့၊ မြန်မြန်သွားကြရအောင်"

ဝေလူက ဆွန်းမိုတို့ဘက်ကို စောင့်ကြည့်နေခဲ့သည်။ ဒီစကား ကြားလိုက်လျှင် ချက်ခြင်းဆိုသလို

“မထွက်သွားတဲ့ လူက ခွေးပဲ” လှမ်းပြောလိုက်သည်။

“ဆရာဝေ တစ်ခုလောက်မေးလို့ ရမလား။ တစ်ယောက်ယောက်က မြတ်ဆရာ ဖြစ်ချင်ရင် မြတ်ဆရာချန်ရဲ့ သဘောကျမှု လိုလား ဒါမှမဟုတ် အရည်အချင်းပေါ် မူတည်လား”

ဆွန်းမိုက မေးလိုက်သည်။

"ထိုးစံအတိုင်းပေါ့၊ လူတစ်ယောက်ရဲ့ အရည်အချင်းပေါ်ပဲ မူတည်တယ်"

ဝေလူ၏ မျက်နှာပေါ်တွင် အရည်အချင်းဆိုတဲ့ အမူအရာကို ပြနေသော်လည်း စိတ်ထဲမှာတော့ မြတ်ဆရာချန် ဆင့်ခေါ်မည့် အချိန်ကို မျှော်လင့်နေသည်။ တစ်ခါက်လောက် တွေ့လိုက်ရပြီး မြတ်ဆရာချန်၏ သဘောကျမှုကို ရခဲ့လျှင် သူ့အရည်အချင်းကို ကြီးကြီးမားမား အသုံးချနိုင်လိမ့်မည်။ ဒါမှမဟုတ်ရင်လည်း နောင်တစ်ချိန်တွင် အခွင့်အရေး ပိုများလာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဓိက ဇာတ်ကောင်များ၏ အရင်းအမြစ်သည် သာမန်လူ စိတ်ကူးယဉ်နိုင်တဲ့ အရာမဟုတ်ပါ။ မြတ်ဆရာချန်သာ နည်းနည်းလေး လမ်းပြဖို့ ဆန္ဒရှိသ၍ သူ့ရဲ့အနာဂတ်လမ်းမှာ လမ်းချော်သွားမယ့် အန္တရာယ် နည်းသွားမည်။

“မျှတပြီး ချမ်းသာကာ လှပတဲ့ ဇနီးမယားတစ်ယောက်ကို ရခဲ့ပါက အလုပ်ကြိုးစားရတဲ့ အချိန် အနှစ်နှစ်ဆယ်လောက် သက်သာ သွားမယ်” ဒီစကားကို ဘာကြောင့် ပြောခဲ့တာလဲ။

သဘောတရားကတော့ အတူတူ ပါပဲ။ မင်းရဲ့ ချမ်းသာပြီး လှပတဲ့ ဇနီးမယားရဲ့ အရင်းအမြစ်က ပြိုင်ဘက် တော်တော်များများကို ဖြတ်ကျော်သွားစေနိုင်သည်။

"အပြောတော့ ကောင်းတယ်။ ဒီလို အခြေအနေမျိုးမှာ မင်းရဲ့ အချိန်ကို ခွန်အားမြှင့်တင်ဖို့ ဘာဖြစ်လို့ အသုံးမချတာလဲ။ ဘာဖြစ်လို့ ဒီမှာဘဲ တစ်နေကုန် အချိန်ဖြုန်းနေတာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"အမ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝေလူ ကြောင်သွားပြီး ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်လာဖို့ ယုံကြည်ချက် ရှိတယ်လို့ ပြန်ပြောလိုက်ချင်သည်။ ဒါပေမယ့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် မပြောဖြစ်တော့ပါ။

မအောင်ခဲ့လျှင် ဟာသတစ်ပုဒ် သေချာပေါက် ဖြစ်လာလိမ့်မည်။

မြတ်ဆရာစာမေးပွဲမှာ ရလဒ် ထွက်လာတိုင်း အောင်မြင်မယ်လို့ ပြောလို့ မရပေ။ လူဦးရေ ကန့်သတ်ချက် ရှိသည်။

ဆရာများ၏ အရည်အသွေးနှင့် အရေအတွက်ကို ထိန်းသိမ်းရန် အတွက် သူတော်စင်ဂိုဏ်းက တစ်နှစ်လျှင် လူ ၃၀၀ သာ ကြွယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို အအောင်ပေးဖို့ စည်းကမ်းသတ်မှတ်ထားသည်။ ဒါပေမယ့် တစ်နှစ်ကို စာမေးပွဲ ဝင်ဖြေတဲ့လူ ဘယ်လောက်ရှိလဲ။

သောင်းနဲ့ချီပြီး ရှိသည်။

ဝေလူ စာမေးပွဲကို ဖြေဖို့ ဒုတိယ အကြိမ် ရောက်လာခဲ့သည်။ သူနဲ့ ပြိုင်ဘက်များမှာ

အရင်တစ်သုတ်ထဲက လူတွေရှိသလို လူသစ်များလည်း ရှိသည်။

“မင်းက အောင်မြင်မယ်လို့တောင် ရဲရဲ မပြောနိုင်ဘူး ဒါတောင် အရည်အချင်း အကြောင်းပြောဖို့ သတ္တိ ရှိတုန်းလား။ ဟွန့် မင်းက မြတ်ဆရာချန်ကို ဘောစုပ်ချင်တဲ့ ငဖား တစ်ကောင်မှန်း သိသာတယ်”

ဆွန်းမိုက လှောင်ပြောင်လိုက်သည်။

"ဘယ်သူ ဘယ်လို ကြွားလုံးထုတ်နေမှန်း မသိဘူးလား။ မင်းက တစ်ကြိမ်တည်းနဲ့ အောင်မြင်ပါ့မလား"

ဝေလူရှက်သွားပြီး ဆွန်းမိုကို ပြန်လှောင်လိုက်သည်။

"ဒါပေါ့"

ကွမ်ဒင်သည် ဒီစကားကို ကြားလိုက်လျှင် လန့်ဖြန့်ပြီး ထခုန်သွားသည်။ သူက ဆွန်းမိုကို စကားပြောတဲ့အခါ လွှတ်မပြောဖို့ အမြဲတမ်း

သတိပေးချင်နေသည်။ ဒါပေမယ့် သူပြောခါနီးတွင် ဝမ်ချောင်က သူ့ကို တားလိုက်သည်။

“လွှတ်ထား လိုက်ပါ”

ဝမ်ချောင်က စည်းရုံးလိုက်သည်။

“ပါရမီရှင်တစ်ယောက်ကို မင်းရဲ့ ပေတံနဲ့ ဘယ်တော့မှ မတိုင်းနဲ့။ ဆရာဆွန်းမို မြတ်ဆရာ စာမေးပွဲကို သေချာပေါက် အောင်မြင်ပြီး အရည်အချင်းပြည့်မှီသွားမှာ သေချာတယ်”

ကွမ်ဒင် ခေါင်းလှည့်ပြီး ကူရှုပ်ရှင်းနှင့် ကျန်းလန်တို့ နှစ်ယောက်စလုံး၏ မျက်နှာ အမူအရာကို

ကြည့်လိုက်လျှင် ယုံကြည်ချက် အပြည့်ရှိနေတာကို တွေ့လိုက်ရသည်။ ဒီမြင်ကွင်းကို မြင်ပြီးနောက် သူ့ကိုယ်သူ အသုံးမကျသလို ခံစားသွားရသည်။

"ဒါကြောင့်လည်း လူတွေကြားမှာ ဖီးနစ် နဲ့ နဂါးလို့ ပြောကြတာလား"

ကွမ်ဒင် သက်ပြင်းချလိုက်သည်။

အမှန်တိုင်းပြောရလျှင် သူက အတွေ့အကြုံ ရချင်ရုံသက်သက်နဲ့ ဒီကို လာခဲ့သည်။ စာမေးပွဲ အောင်ဖို့တော့ စိတ်ကူးထဲမှာပဲ စိတ်ကူးယဉ်ခဲ့သည်။

ဆွန်းမို၏ စိတ်ပိုင်းဖြတ်မှုများနဲ့ ပြည့်နှက်နေတဲ့ အဖြေကို ကြားလိုက်လျှင် အနီးအနားမှာ ရှိတဲ့ စာမေးပွဲ ဖြေဆိုသူများက ဆွန်းမိုကို ကြည့်ပြီး အတင်းပြောနေကြသည်။

သူက ဘယ်သူလဲ။

ဘယ်လောက်တောင် ရဲတင်းလိုက်သလဲ။

“ဒါဆို လောင်းကြေးထပ်ဖို့ သတ္တိရှိလား။ ဒီတစ်ကြိမ် မအောင်မြင်ရင် မြတ်ဆရာတစ်ယောက်ရဲ့ အလုပ်ကို စွန့်လွှတ်လိုက်ပါ”

ဝေလူက ကြေးတင်လိုက်သည်။

"ရတယ်လေ"

ဆွန်းမိုက ဝေလူကို စိုက်ကြည့်ရင်း ပြန်ဖြေသည်။

"ဒီတစ်ကြိမ်မှာ စာမေးပွဲ မအောင်မြင်သွားခဲ့ရင် မင်းကရော မြတ်ဆရာ မလုပ်တော့ဘူးလား"

ဝေလူ တုံ့ဆိုင်းသွားသည်. ဆွန်းမို တကယ် အောင်မြင်သွားမှာကို ကြောက်နေသည်။

"ချီ၊ ကို့ကိုယ်ကို ယုံကြည်မှုတောင် မရှိဘဲနဲ့ ဘာဖြစ်လို့ ငါ့အချိန်ကို လာဖြုန်းနေတာလဲ"

ဆွန်းမိုက အင်္ကျီလက်စကို ခါပြီး ပြောလိုက်သည်။

"နောက်ဆုတ်စမ်း"

ဆွန်းမိုရဲ့ လုပ်ရပ်ကြောင့် ဝေလူ ဒေါသထွက်သွားသည်။ ဆွန်းမိုဆီကို ခြေလှမ်းကျဲကြီးများနဲ့ လျှောက်လာပြီး

"ရတယ်။ ဒါဆိုလည်း လောင်းကြေးထပ်လိုက်ကြတာပေါ့။ အတည်ပြုဖို့ လက်ဝါးခြင်းရိုက်ကြမယ်"

ဆွန်မို လက်မြှောက်လိုက်သည်။

ဖြောင်း ဖြောင်း ဖြောင်း

လက်ဖဝါး သုံးကြိမ် ရိုက်လိုက်သည်။

"ဒီမှာ ရှိတဲ့လူတိုင်း ကျေးဇူးပြုပြီး ငါတို့အတွက် သက်သေ လုပ်ပေးကြပါ"

ဝေလူက သူ့ရဲ့ လက်များနဲ့ ဆွန်းမိုကို ပြန်လှည့်လို့မရတဲ့ လမ်းကြောင်းပေါ်ကို တွန်းပို့လိုက်ပြီလို့ အနီးအနားမှာ ရှိနေကြတဲ့ ဆရာတွေက ပြောချင်နေကြသည်။ မျက်မြင်သက်သေများကြောင့် ဆွန်းမိုမှာ လောင်းကြေးကို မဝန်ခံဘဲ ငြင်းဆန်ဖို့ နည်းလမ်း မရှိတော့ပါ။

"ဝေလူ၊ မင်းတော့ ဒုက္ခကြီးကြီး ရောက်ပြီ"

ကူရှုပ်ရှင်းက နောက်ပြောင်လိုက်သည်။ ဝေလူရဲ့ ကံဆိုးမှုအတွက် ပျော်ရွှင်နေတဲ့ အပြုံးကို သူမ မျက်နှာပေါ်တွင် မြင်နေရသည်။

"ဟွန့်"

လှပတဲ့အမျိုးသမီးရဲ့ အထင်သေးတဲ့ အကြည့်ကို မြင်လိုက်လျှင် ဆွန်းမိုရဲ့ချစ်သူဖြစ်မယ်လို့ ဝေလူ ခန့်မှန်းလိုက်သည်။ သူက အထီးကျန်ခွေး ဖြစ်နေတဲ့ အကြောင်းကို တွေးမိပြီး ဝမ်းနည်းသွားသည်။

"အကျင့်ပျက်နေတဲ့အတွဲ၊ စောင့်ကြည့်နေလိုက်စမ်းပါ၊ ဒီအဖေက သေချာပေါက် အနိုင်ယူပြမယ်"

ဝေလူ ဒေါသစိတ်ကို မျိုသိပ်လိုက်သည်။ (အောင်စာရင်း ကြေညာပြီးမှပဲ ပြင်းပြင်းထန်ထန် ရှုံ့ချပြမယ်)

တံခါးပွင့်တဲ့ အသံမြည်လာပြီး သက်လတ်ပိုင်း လူကြီး တစ်ယောက် လမ်းလျှောက်ထွက်လာသည်။ သူ့ရဲ့ ဝတ်ပုံစားပုံအရ ချန်အိမ်တော် ဘဏ္ဍာထိန်းမှန်း သိသာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပွဲကောင်း ကြည့်နေတဲ့ လူများသည် သူတို့ရဲ့ အမူအရာများကို ချက်ခြင်း ပြန်ပြင်လိုက်သည်။ စိတ်ထဲတွင် စိတ်လှုပ်ရှားနေတဲ့ ခံစားချက်များ ပေါ်လာသည်။ မြတ်ဆရာ ချန်ဝေက ဖြေဆိုသူ တချို့ကို တွေ့ဖို့ စီစဉ်ထားလိမ့်မည်။

ဘယ်သူက ဒီလောက် ကံကောင်းမှာလဲ။

ချန်ဝေက အလုပ်ရှုပ်နေပြီး လူတိုင်းနဲ့ မတွေ့နိုင်ဘူးဆိုတာ လူတိုင်း နားလည်သည်။ ဒါကြောင့် ခါးမြှောင် ဆွဲထုတ်ထားသလိုမျိုး

ဖြေဆိုသူများ ကြားမှာ တင်းမာနေသည်။ သူတို့ တခြားသူတွေကို ရန်သူလို ဆက်ဆံနေကြသည်။

ဝေလူလည်း အကြံသမား တစ်ယောက် ဖြစ်သည်။ ဒါကိုမြင်လိုက်လျှင် ချက်ခြင်း ချောက်တွန်းလိုက်သည်။

"မင်းတို့ ပြန်ကြမှာ မဟုတ်လား။ အခု ဘာဖြစ်လို့ မပြန်ကြသေးတာလဲ"

ဝေလူ လှောင်တဲ့ အကြည့်နဲ့ ကြည့်နေသည်။ (ဘဏ္ဍာထိန်း အရှေ့မှာ ဘာဖြစ်လို့ ပြန်ဖို့ မကြိုးစားတာလဲ။ ချက်ခြင်းဆိုသလို ချန်အိမ်တော်ရဲ့

စာရင်းမှာ နာမည်ပျက် ဝင်သွားမယ်ဆိုတာ အာမခံတယ်။)

ဆွန်းမို ဘဏ္ဍာထိန်းကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်သည်။

"တကယ်လို့ မင်းက ဖင်ကုန်းပြီး ဒီမှာနေတာ တစ်ရက်၊ သုံးရက် ဒါမှမဟုတ် တစ်ပတ်လောက်အထိ စောင့်မယ်ဆိုရင်တော့ အစိက ဇတ်ကောင်ရဲ့ သဘောကျမှုကို ရကောင်းရမှာပေါ့လေ။ ဒါပေမယ့် လူတိုင်းက မင်းနဲ့အတူတူပဲလို့ မထင်လိုက်နဲ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တချို့လူတွေက ခါးရိုးရှိပြီး တစ်သက်လုံး ခါးမတ်နေတယ်ကွ”

ဒီနေရာမှာ ဘဏ္ဍာထိန်းရှိနေလည်း ဆွန်းမိုက အသံမလျှော့ပါ။ သူ့စကားကို တခြားသူ ကြားမှာလည်း မကြောက်ပါ။

ရှစ်

ဆွန်းမိုစကားကို ကြားလျှင် လူတိုင်းက လှည့်ပြီး အံ့အောနေကြသည်။

“ဒီကောင် ရူးသွားပြီလား။ ချန်အိမ်တော် အရှေ့မှာ ဒီလို ပြောနေရင် မြွတ်ဆရာ လောကမှာ အသက်မရှင်ချင်တော့ဘူးလား”

“ဒီလူက တကယ့် သံမဏိ ခေါင်းပဲ”

လူအုပ်က အချင်းချင်း တိုးတိုးလေး ပြောနေသည်။

“ဟွန့် စကားကို စောက်ကြီးစောက်ကျယ် ပြောနေပြီး မင်းကရော ဒီရောက်နေတာ မဟုတ်ဘူးလား”

ဝေလူက မဲ့ရွဲ့ပြီး ပြောလိုက်သည်။

“မြွတ်ဆရာချန်ကို လေးစားလို့ အလည်အပတ်ကဒ် ပေးခဲ့ပြီးပြီ။ မြွတ်ဆရာလောကကို ပံ့ပိုးကူညီမှုအတွက် သူ့ကို ချီးကျူးဖို့ပဲ ရှိတယ်။ တခြား ရည်ရွယ်ချက် မရှိဘူး။ ဒါပေမယ့် မင်းကရော။ မင်းတို့အားလုံး သူ့ဆီက သဘောကျမှုကို လိုချင်လို့ ဒီကို လာခဲ့တာ မဟုတ်လား။ မင်းတို့ ရည်ရွယ်ချက်ကိုက မှားနေပြီ”

ဆွန်းမိုက ပေါက်ကွဲမှု အသေးစားလေး လွှတ်ထုတ်လိုက်သည်။

“ငါက တစ်နေ့ကုန် စောင့်နေမယ်။ ဒါကလည်း ရိုးသားမှုပဲ.......”

ဝေလူ မျက်နှာ ပျက်သွားသည်။ ဆွန်းမိုက ပိုးဇာပင်ကို ညွှန်ပြပြီး ကျိုင်းကောင်ကို ကျိန်ဆဲနေသည်။ ဘုန်းကြီးကို ညွှန်ပြပြီး ထိပ်ပြောင်တယ်ဆိုပြီး ဝေဖန်တဲ့ မြည်းတစ်ကောင်ပဲ။ ဝေလူက ပါးစပ်ဟပြီး ငြင်းဖို့ လုပ်လိုက်သော်လည်း ဆွန်းမိုက စကားဖြတ်ပြောလိုက်သည်။

“ဒါကို ငြင်းဖို့ ကြိုးစားမနေနဲ့။ အလည်အပတ်ကဒ်တစ်ခုပေးပြီး မြတ်ဆရာချန်ရဲ့

အိမ်ရှေ့မှာ နာရီဝက်လောက် စောင့်တာနဲ့ ရိုးသားမှုကို ဖော်ပြဖို့အတွက် လုံလောက်နေပါပြီ ကွာ။ မင်းတို့ကောင်တွေ ကတော့။ မင်းတို့အားလုံးကို ဒီမှာ ရက်ကြာကြာ စောင့်ခဲ့ကြပြီး ပြီ၊ ဒါပေမယ့် ဂန်လင်မှာနေတဲ့ သာမန်ပြည်သူတွေက ဒါကို ကြည့်ပြီး မြင့်မြတ်တဲ့ ချန်အိမ်တော်ကို လာရောက်လည်ပတ်ဖို့အတွက် မထိုက်တန်ဘူးလို့ ခံစားသွားရမယ်”

ဆွန်းမို ပြောပြီးနောက် ဘဏ္ဍာထိန်း ချက်ခြင်း မျက်နှာ ပျက်သွားသည်။ ဆွန်းမို စကား

မပြောတဲ့အချိန်တွင် ဘဏ္ဍာထိန်းက ကမန်းကတမ်း လျှောက်သွားသည်.

လမ်းသွားလမ်းလာ တချို့က ဒီမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေသဖြင့် စောင့်ကြည့်နေကြသည်။ တကယ်လို့ ဒီစကားသာ ပျံ့နှံ့သွားရင် ချိန်အိမ်တော်ရဲ့ ဂုဏ်သတင်း ကြီးကြီးမားမား ထိခိုက်သွားနိုင်သည်။

"မြတ်ဆရာချန်က အသက်ကြီးနေပြီ။ စာမေးပွဲမဖြေခင် သူ့ကို မနှောက်ယှက်သင့်ဘူး။ သူ့ကို လုံလောက်တဲ့အနားယူချိန် ပေးမယ့်အစား

ဘာဖြစ်လို့ ဒီမှာ ရက်တော်တော်ကြာအောင် စောင့်နေရတာလဲ။ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ”

ဆွန်းမိုရဲ့ ဆူပူကြိမ်းမောင်း သံကို ကြားလိုက်လျှင် ကူရှုပ်ရှင်းနဲ့ ကျန်းလန်တို့သည် အကြည့်ခြင်း ဖလှယ်ပြီး ပြုံးလိုက်မိကြသည်။

(စနေပြီ။ စနေပြီ)

ဆွန်းမိုက နတ်ဘုရားလက်ထဲက လွှတ်လာတဲ့ ခွေးရိုင်းတစ်ကောင်လို လူတွေကို ကိုက်ဖို့ လုပ်နေပြီ။ ဒီအခင်းအကျင်းက ဒီလို ဖြစ်နေသဖြင့် ဒီလို ဖြစ်လာမယ်ဆိုတာ ခန့်မှန်းပြီးသားပါ။

"ဟွန့်၊ တောခွေးနက်ကြီးဆွန်းဆိုတဲ့ ဂုဏ်သတင်းက အမှားကြီးလို့ ထင်နေတာလား"

ဝေလူကလွဲလျှင် ကျန်တဲ့လူများ မြင်နိုင်တဲ့ ဘဏ္ဍာထိန်းရဲ့ အမူအရာကို ကူရှုပ်ရှင်း သတိထားလိုက်မိသည်။ တကယ်ကို အကျယ်ကြီး အော်ရယ်လိုက်ချင်သည်။

ဆွန်းမိုက ခန္ဓီစ ကောင်းတဲ့လူ မဟုတ်သလို တစ်နာရီ နီးပါးလည်း စောင့်ခဲ့ပြီးပြီ။ သူအဆင်ပြေနေတုန်းမှာ ဂူချန်ယန်က ရောက်လာပြီး

တန်းဝင်သွားလျှင် သူ့ခံစားချက်က ဘယ်လိုဖြစ်သွားမလဲ။

ဒီလို ခွဲခြားဆက်ဆံမှုကို ခံရပြီး ဆွန်းမို စိတ်မဆိုးမှသာလျှင် ထူးဆန်းနေလိမ့်မည်။

"ဒီဆရာ................"

ဘဏ္ဍာထိန်းက ဆွန်းမို စကားကို ဖြတ်ပြောချင်နေသည်။

"ဒီမှာ ရှိတဲ့လူတိုင်းက ထက်မြတ်တဲ့ လူတွေပါ။ မင်းတို့ အတွေးရှင်းသွားဖို့အတွက် ငါတောင် မလိုဘူး။ စကားတစ်ခွန်းပဲ ပြောလိုက်မယ်။ မင်းမှာ

အရည်အချင်းရှိရင် မိုးကောင်းကင်အောက်မှာ ကြိုက်တဲ့ နေရာသွားလို့ ရတယ်။ မင်းမှာ အရည်အချင်း မရှိရင်တော့ မင်းက တခြားလူ အိမ်ရှေ့မှာ စောင့်တဲ့ ခွေးတစ်ကောင်ပဲ”

“ဂူချင်ယန်ကိုကြည့်လိုက်၊ စောင့်စရာ မလိုဘူး တန်းဝင်သွားနိုင်တယ်။ ဘာဖြစ်လို့ ဒီလို ဖြစ်တာလဲ။ သူ့ အရည်အချင်းကြောင့်ပဲ။ တကယ်တော့ မင်းတို့ ဒီမှာ တစ်ပတ်လုံး ရပ်နေရင်တောင် မြတ်ဆရာချန်နဲ့ တွေ့ရဖို့ဆိုတာ

အခြေခံအားဖြင့်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒါကို မင်းတို့ နားလည်ပါတယ်"

"ငါတို့အားလုံး ဆရာတွေဖြစ်ကြပြီး ငါတို့ရဲ့ တာဝန်က တခြားသူကို လမ်းညွှန်ပေးပြီး ပညာသင်ကြားပေးဖို့ပဲ။ ကမ္ဘာပတ်ပြီး ကျောင်းသားတွေကိုပဲ လိုက်ရှာသင့်တယ်။ လူတိုင်းက ဆရာဖြစ်လာတဲ့ မူလ ရည်ရွယ်ချက်ကို မမေ့သင့်ဘူး"

"မင်းတို့ရဲ့ မူလရည်ရွယ်ချက်က အိမ်အပြင်မှာ စောင့်နေတဲ့ ခွေးတစ်ကောင် ဖြစ်ဖို့လား။ အရိုး ပစ်ကျွေးလာတာကို မျှော်လင့်နေတာလား"

ဆွန်းမိုရဲ့ထုထည်က မြင့်သထက် မြင့်လာသည်။ နောက်ဆုံးတော့ ဝေလူကို လှည့်ကြည့်လိုက်ပြီး

"ခုနတုန်းက ဘာပြောလိုက်လဲ။ မသွားတဲ့လူ ခွေး ဆိုလား"

ဆွန်းမိုက လျောင်ပြောင် ရယ်မောပြီး လှည့်ထွက်သွားသည်။ သူ့အသံက အားမာန်နှင့် ယုံကြည်မှု ပြည့်နှက်နေပြီး ချန်အိမ်တော် အပြင်မှာ စောင့်နေတဲ့ ဆရာတွေရဲ့နားဆီ ချက်ခြင်း ပျံ့နှံ့သွားသည်။

"လူတချို့ရဲ့ မာနကို မင်းတို့ ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး"

ရှစ်

တန်ဖိုး ဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမိုဆီက ရွှေရောင် အလင်းတန်း ဖြာထွက်လာပြီး လူတိုင်းကို လွှမ်းမိုးသွားကာ သူတို့ရဲ့ စိတ်ဝိညာဉ်များ တောင့်တင်းသွားသည်။

"ပြောတာကောင်းတယ်"

အနီးအနားမှာ ရှိနေတဲ့လူများက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ကူရှုပ်ရှင်းသည် ဆွန်းမိုကို ကြည့်ပြီး မျက်လုံးများ အရောင်တောက်နေသည်။ ဒါမှ အရိုးထဲအထိ မာနကြီးတဲ့ တကယ့်ယောကျ်ား။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၃၀၀၊ ရှိသေ (၁၃,၈၀၀/၁၀၀,၀၀၀)

ကျန်းလန်သည် ရုတ်တရက် လက်ခုပ်တီးပြီး ဆွန်းမိုကို လက်ထပ် ချင်စိတ်ပေါက်လာသည်။

ဂန်နန်မှာဆိုရင်တော့ ဘာကြီးပဲ ဖြစ်နေပါစေ သူမ ယောကျ်ားအဖြစ် ဖမ်းယူလိုက်မည်။

"တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်"

ဘဏ္ဍာထိန်းသည် ဆွန်းမိုကို မုန်းတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။ ကြယ် ဖပွင့် မြတ်ဆရာတစ်ယောက်၏ ဘဏ္ဍာထိန်း ဖြစ်နေသဖြင့် အတွေ့အကြုံတော်တော်လေး များသည်။ ဒါကြောင့် ဒီနေ့မှာ ဆွန်းမို ပြောခဲ့တဲ့ စကားတွေက ချန်အိမ်တော်ကို ဘယ်လောက်တောင်

အနှုတ်သဘော သက်ရောက်သွားမယ်ဆိုတာ နားလည်နေသည်။

"သွားကြစို့"

"ငါလည်း ထပ်မစောင့်တော့ဘူး။ ဒီဆရာ ပြောတာ မှန်တယ်။ ငါတို့က ငါတို့ရဲ့အရည်အချင်းနဲ့ စွမ်းဆောင်ရည်အပေါ် အားကိုးသင့်တယ်"

"မင်းမှာ အရည်အချင်း ရှိရင် မိုးကောင်းကင်အောက်မှာ ကြိုက်တဲ့ နေရာသွားလို့ ရတယ်။ မင်းမှာ အရည်အချင်း မရှိရင်တော့ တစ်ခြားသူ တံခါးရှေ့မှာ စောင့်တဲ့ ခွေးတစ်ကောင်ပဲ။

ဒီစကားလုံးတွေ အရမ်းမိုက်တယ်။ ငါက ဂူချင်ယန်လို ဖြစ်လာတဲ့တစ်နေ့ ဘယ်သွားသွား ငါက တန်ဖိုးရှိတဲ့ညွှဲ့သည် ဖြစ်လာလိမ့်မယ်”

ချန်အိမ်တော် အပြင်ဘက်မှာ စောင့်နေကြတဲ့ ဖြေဆိုသူတွေက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် လွှမ်းမိုးမှုနှင့် ဂူချင်ယန် တိုက်ရိုက် ဝင်သွားတာကို မကျေနပ်တဲ့ အချက်တွေကြောင့် ပြန်ထွက်သွားကြသည်။

ဒီအခင်းအကျင်းကို မြင်လိုက်လျှင် ဘဏ္ဍာထိန်းရဲ့ မျက်နှာ အမူအရာ တော်တော် ရုပ်ဆိုးသွားသည်။ သူက ဆွန်းမိုကို ကြည့်လိုက်ပြီး

“မင်း နာမည် ဘယ်လိုခေါ်လဲ”

ဘဏ္ဍာထိန်းရဲ့ လေသံက ရင်းနှီးမှု မရှိပေ။ ဆွန်းမိုကတော့ သိပ်ဂရုမစိုက်ပါ။

“ချင်လင်က ဆွန်းမို”

ဒီစကားတွင် အားမာန်တွေနဲ့ ပြည့်နှက်နေသည်။ အားကောင်းပြီး ပွဲတင်သံ ထပ်နေသည်။

အခန်း(၄၃၇) - နာမည်ကြီးလာတဲ့ ဆွန်းမို။

ချန်အိမ်တော်၏ အပြင်ဘက်တွင် စာမေးပွဲ ဖြေဆိုသော အယောက် ၁၀၀ လောက် စောင့်နေခြင်းကို ချန်မျိုးနွယ်က အရမ်းဂုဏ်ယူသည်။

ဒါက ဘာလဲ။

ဒါက အဆင့်အတန်း၊ ဒါက ဂုဏ်ကျက်သရေ ဖြစ်သည်။ ပြောချင်တာက ချန်မျိုးနွယ်၏

ဂုဏ်ကျက်သရေသည် ဂန်လင်တွင် နံပါတ် တစ်ဖြစ်သည်။

'သစ်ပင်က သစ်ခေါက်အတွက် အသက်ရှင်တယ်' ဒီ စကားပုံလိုပဲ လူတွေကလည်း သူတို့မျက်နှာအတွက် အသက်ရှင်ကြသည်။ လူတိုင်းက သူတို့ကို အထင်ကြီးလာအောင် မင်္ဂလာပွဲတွေနဲ့ အသုဘတွေကို တတ်နိုင်သမျှ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်တတ်ကြသည်။ တခြားသူတွေ အထင်သေးခံရမှာ ကြောက်လို့ မဟုတ်လား။

မျက်နှာကြောင့် မဟုတ်လား။

ချန်အိမ်တော် အပြင်ဘက်မှာ လာစောင့်နေကြတဲ့ စာမေးပွဲဖြေဆိုသူ ပိုများလေ ချန်မျိုးနွယ်ရဲ့ မျက်နှာ ပိုကြီးလေ ဖြစ်သည်။ ဒါပေမယ့် အခုတော့ သူတို့အားလုံး တကယ်ပဲ ပြန်သွားကြပြီ။

"မင်းမှာ အရည်အချင်းရှိရင် မိုးကောင်းကင်အောက် ကြိုက်တဲ့ နေရာ သွားလို့ရတယ်။ မင်းမှာ အရည်အချင်း မရှိရင်တော့ မင်းက တခြားသူ အိမ်ရှေ့မှာ စောင့်တဲ့ ခွေးတစ်ကောင်ပဲ"

ဆွန်းမိုရဲ့ ဒီစကားက ထက်ရှ လွန်းသည်။ ပြီးတော့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်နဲ့ အကျိုးသက်ရောက်မှု အလေးချိန်စီးလာတာနဲ့ အတူ ဖြေဆိုသူများသည် ကျန်မနေရဲတော့ပါ။

တကယ်တော့ ဖြေဆိုသူတွေရဲ့ နှလုံးသားသည် မှန်တစ်ချပ်လိုပဲ။ လူတိုင်းက တူညီတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့ကြပြီး တစ်ယောက်နဲ့ တစ်ယောက် လျှောင်ပြောင်ခြင်း မရှိပါ။ သူတို့ အမှန်တကယ် ရိုးသားမှုကို ပြဖို့အတွက်ပဲ လာခဲ့ရင်တောင် ဆွန်းမိုနဲ့အတူတူပဲ ဖြစ်သင့်သည်။ သူတို့ရဲ့

အလည်အပတ် ကဒ်ကို ပေးပြီး ထွက်သွားသင့်သည်။

"ချင်လင်က ဆွန်းမို၊ ဒီကောင်တော့ အခု နာမည်ကြီးသွားမှာ သေချာတယ်"

"ဝေလူ ကတော့ သနားဖို့ ကောင်းနေပြီ။ သူက ဆွန်းမိုတောက်ပမှုကို မြှင့်တင်ပေးဖို့အတွက် သတ္တုပြား တစ်ခု ဖြစ်သွားပြီ။ ဆွန်းမိုသာ ဒီစာမေးပွဲအောင်မြင်သွားရင် ဝေလူတော့ တစ်သက်လုံး ခေါင်းထောင်နိုင်တော့မှာ မဟုတ်ဘူး"

"တကယ်တော့ သူက ငယ်ရွယ်ပြီး စိတ်အားထက်သန်တယ်။ ဆုံးရှုံးမှုတွေ ကြုံလာမှပဲ လူ့လောကမှာ အသက်မွေးဝမ်းကြောင်း လုပ်ရတာ မလွယ်ဘူးဆိုတာ သိလာလိမ့်မယ်"

ထွက်ခွာသွားကြတဲ့ ဆရာတွေ အားလုံး ဆွေးနွေးနေကြသည်။ ပထမ တစ်ကြိမ် ဖြေဆိုသူများကတော့ ဆွန်းမိုရဲ့ လွှမ်းမိုးမှုကို မနာလို ဖြစ်နေကြသည်။ ဒါပေမယ့် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဖြေဆိုသူတွေကတော့ ခွေးအိုကြီး

အကိုက်ခံရသလို ဖြစ်နေသည်။ သူတို့က အပေးအယူ လုပ်တတ်နေကြပြီ။

သူတို့ရဲ့ အမြင်ကတော့ လူတစ်ယောက်ရဲ့ ဘဝဟာ ခါးကွေးပြီး အပေးအယူလုပ်ရတဲ့ ဖြစ်စဉ်တစ်ခုပဲ ဖြစ်သည်။ မကြာခဏ လုပ်တာနဲ့အမျှ အလေ့အကျင့် ဖြစ်လာခဲ့ကြသည်။

အသက်ရှင်နေတဲ့အချိန်မှာ ခါးမတ်ရတာက ပင်ပန်းလွန်းသည်။

ဘဏ္ဍာထိန်းသည် အိမ်ရှေ့ နေရာလွတ်ကို ကြည့်ပြီး အိမ်ကြီးကို လက်ညှိုးထိုးကာ

ပြောဆိုနေကြတဲ့ သာမန်ပြည်သူတွေကို ကြည့်ကာ မျက်နှာပေါ်တွင် ရှက်ကိုးရှက်ကန်း အရိပ်အယောင်ပေါ်လာပြီး မျက်နှာ မည်းမှောင်နေသည်။

"ဆွန်းမို၊ ဒီကိစ္စ မပြီးသေးဘူး"

ဘဏ္ဍာထိန်းသည် နောက်လှည့်ကာ သခင်ကြီးဆီ သတင်းပို့ရန် လုပ်လိုက်သည်။ အိမ်ထဲ မဝင်ရသေးခင် ချန်ဇီတုန်က ဂူချင်ယန်ကို လိုက်ပို့တာ မြင်လိုက်ရသည်။

“တူလေး အလုပ်ကြိုးစားရမယ်။ ဒီအသုတ်ထဲမှာ နံပါတ်တစ် နေရာကို သိမ်းပိုက်နိုင်တဲ့ သန်မာတဲ့ လူသစ်အများကြီး ပါတယ်”

ချန်ဇီတုန်က ပြုံးပြီး ဂူချင်ယန်ကို အကြီးတစ်ယောက်လို အမူအရာနဲ့ ပြောနေသည်။ နောက်ဆုံးတော့ အပြင်ထွက်လာလျှင် လူရှင်းနေတဲ့ နေရာကို မြင်ပြီး လုံးဝ အံ့အောသွားသည်။

“ငါ့မျက်လုံးများ မှားနေပြီလား”

ချန်ဇီတုန်သည် မသိစိတ်ကြောင့် မျက်လုံးကို ပွတ်လိုက်မိသည်။ ဒီမှာ တစ်ယောက်မှ မရှိတာ သိလိုက်ပြီးနောက် မျက်မှောင်ကြုတ်လာသည်။

"ဦးလေး ချန်၊ အပြင်အထိ လိုက်ပို့စရာ မလိုပါဘူး"

ဂူချင်ယန်က နှုတ်ဆက်စကား ပြောလိုက်သည်။ တကယ်တော့ သူတို့နှစ်ယောက်ကြားမှာ မိသားစုဆန်တဲ့ ဆက်ဆံရေးမျိုး မရှိပေမယ့် ချန်ဇီတုန်က တူလေးလို့ ပြောလာတဲ့အတွက် ဂူချင်ယန်က ဒါကို မငြင်းရဲပါ။

ဂူချင်ယန် ထွက်ခွာသွားပြီးနောက် ချန်ဇီတုန်ရဲ့ အမူအရာ မည်းမှောင်လာသည်။

“ဘာဖြစ်တာလဲ”

“ဒါက ဆွန်းမိုပဲ”

ဘဏ္ဍာထိန်းက တင်ပြလိုက်သည်။ အပိုစာသားတွေ မထည့်ဘဲ ပိုအသေးစိတ်ကျတဲ့ အကြောင်းအရာတွေ မပြောရသေးတာတောင် ချန်ဇီတုန်သည် ဒေါသကြောင့် တုန်တုန်ယင်ယင် ဖြစ်နေပြီ။

"ဒီကောင် သေသင့်တယ်။ သူကျော်ကြားဖို့အတွက် ငါတို့ ချန်အိမ်တော်ကို အသုံးပြုရဲလား။ ဒီလို အကြံသမားကို မြတ်ဆရာ ဖြစ်ခွင့် လုံးဝ ပေးလို့မရဘူး"

ချန်ဇီတုန်က ဆဲဆိုပြီး သူ့အဖေဆီ သတင်းပို့ဖို့ ပြန်ဝင်သွားသည်။

မြတ်ဆရာလောကမှာ ဂုဏ်သိက္ခာကို ပျိုးထောင်ရတဲ့နည်းလမ်း တစ်ခုသာ ရှိသည်။

ဒါက ဘာကို ပြောချင်တာလဲ။ ဒါက ကျော်ကြားမှုကို ပျိုးထောင်ခြင်း ဖြစ်သည်။

အမှန်တကယ်လည်း မြတ်ဆရာ အလုပ်အကိုင်က ခွန်အားတစ်ခုကိုပဲ ရိုးရိုးရှင်းရှင်း ကြည့်လို့မရဘဲ ကျော်ကြားမှုအပေါ်လည်း မူတည်သည်။ ကျော်ကြားမှု ကြီးမားလေလေ ၊ သူတို့အတွက် ပိုအဆင်ပြေလေလေ ဖြစ်သည်။

(အခြားသူတွေ ချန်အိမ်တော်ရဲ့ အပြင်ဘက်မှာ စောင့်နေပေမယ့် မင်းက ထူးခြားနေလို့လား။ မင်းရဲ့ ထက်မြတ်တဲ့ အပြောအဆိုနဲ့ လူကြားမှာ ထင်ပေါ်ချင်တိုင်း လူတိုင်းကို အဝေး မောင်းထုတ်တယ် ဟုတ်လား)

"အဖေ၊ ဒီကောင်က အကြံသမားဖြစ်ပြီး လက်တွေ့ဆန်လွန်းတယ်။ သူ့မှာ စာမေးပွဲအောင်ဖို့ အရည်အချင်းရှိရင်တောင် မြတ်ဆရာ တစ်ယောက် ဖြစ်ခွင့် မပေးသင့်ဘူး"

ချန်ဇီတုန်က အဆိုပြုသည်။

"ဇီတုန်၊ ဘာက ပိုအရေးကြီးလဲ။ ငါတို့ ချန်မျိုးနွယ်ရဲ့ ဂုဏ်သတင်းလား ဒါမှမဟုတ် တက်သစ်စ ကြယ်ပွင့်ကို ပျိုးထောင်ဖို့လား"

ချန်ဝေသည် သူ့သားဆီက စကားကို ကြားပြီး စိတ်အနှောက်အယှက် မဖြစ်ပေ။ အဲဒီအစား

လက်ဖက်ရည်သောက်ပြီး မေးခွန်းတစ်ခုပဲ မေးလိုက်သည်။

"ထုံးစံအတိုင်း ငါတို့ ချန်မျိုးနွယ်ရဲ့ နာမည်က ပိုအရေးကြီးတယ်"

ချန်ဇီတုန်ရဲ့ လေသံအရ ဒါက မဖြစ်မနေ လုပ်ရမယ့် အခွင့်အရေးလို ဖြစ်နေသည်။ သူ့အဖိုးက ကြယ် ၇ ပွင် မြတ်ဆရာ၊ သူ့အဖေက ကြယ် ၆ ပွင့် မြတ်ဆရာ၊ သူက ကြယ်သုံးပွင့် မြတ်ဆရာ၊ သူ့ညီက ကြယ်နှစ်ပွင့် မြတ်ဆရာ၊ ဒါ့အပြင် မျိုးနွယ်စုရဲ့ သားသမီးတွေထဲမှာ အခုလက်ရှိ ကျောင်းများမှာ

ပညာသင်ကြားနေတဲ့ တချို့လူငယ်တွေရဲ့ အရည်အချင်းက မြတ်ဆရာ ဖြစ်လာဖို့ အရည်အချင်း မှီနေပြီ။

ချန်မျိုးနွယ်ကို မြတ်ဆရာ မျိုးနွယ်လို့တောင် ပြောလို့ရသည်။ သူတို့က ဂန်လင်၏ ထိပ်တန်း မျိုးနွယ်စုများထဲက တစ်ခု ဖြစ်သည်။

“ဇီတုန်၊ မင်း အချက်တစ်ချက်ကို မှတ်မိဖို့ မျှော်လင့်တယ်။ ပထမနေရာက မြတ်ဆရာဖြစ်ပြီး ငါတို့ ချန်မျိုးနွယ်က ဒုတိယပါ။ ငါတို့ မျိုးနွယ်စုရဲ့

စည်းမျဉ်းက လူများတွေကို အသိပညာပေးဖို့နဲ့ ထိပ်တန်း ပါရမီရှင်တွေကို ပျိုးထောင်ဖို့ပဲ”

သူ့သားက လက်ရှိမျိုးနွယ်စုရဲ့ ခေါင်းဆောင် ဖြစ်နေသဖြင့် တင်းတင်းကျပ်ကျပ် ပြောလို့ မရတာကို သူနားလည်သည်။ ဒါပေမယ့် သူ့ရဲ့ လေသံထဲတွင် စိတ်ပျက်တဲ့ အချက်တချို့လည်း ရှိနေသေးသည်။

သူ့သားက စာမသင်တော့ဘဲ သူတော်စင်ဂိတ်မှာ အလုပ်သွားလုပ်ကတည်းက လမ်းကြောင်း နည်းနည်းလွဲနေပြီ။

"ဒါဆိုလည်း စည်းကမ်းမလိုက်နာတဲ့ ဒီအကြံသမားကို ကောင်းကောင်း ဆုံးမရမယ်"

ချန်ဇီတုန် သည်းမခံနိုင်တော့ပါ။

"သူ့မှာ အကြံအစည်ရှိပြီး ဒီလိုအတွေးရှိတာ ဘယ်လို သိတာလဲ"

ချန်ဝေက ပြန်မေးသည်။

"တကယ်လို့ သူက ငါတို့ ချန်အိမ်တော်ကို မလည်ပတ်ချင်တော့ဘူး ဆိုရင်လည်း ဒီအတိုင်းပဲ အေးအေးဆေးဆေးလေး ထွက်သွားလို့ရတယ်။ ဘာဖြစ်လို့ လူတိုင်းကို ပြန်ခိုင်းတာလဲ"

ချန်ဇီတုန် အရမ်းပေါက်ကွဲနေသည်။

"အဖေ၊ သူဘာပြောခဲ့လဲ သိလား။ သူပြောတာက 'မင်းမှာ အရည်အချင်းရှိရင် မိုးကောင်းကင်မှာ ကြိုက်တဲ့နေရာကို သွားလို့ရတယ်။ မင်းမှာ အရည်အချင်း မရှိရင်တော့ မင်းက သူတစ်ပါး အိမ်ရှေ့မှာ စောင့်တဲ့ ခွေးတစ်ကောင်ပဲ ' တဲ့ ငါတို့ ချန်မျိုးနွယ်က သူတို့အားလုံးကို ခွေးတွေလို ဆက်ဆံသလို မဖြစ်သွားဘူးလား"

"ဒီစကားသာ ပျံ့သွားရင် ငါတို့ ချန်မျိုးနွယ်ကို လူတွေက ဘယ်လို မြင်ကြမလဲ"

"ပြီးတော့ ဘာလဲ 'လူတချို့ရဲ့ မာနကို မင်းတို့ ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး' ဆိုတာကလဲ ပါသေးတယ်။ ဘာကို ပြောချင်တာလဲ။ ငါတို့ ချန်မျိုးနွယ်ကပဲ သူတို့ကို အရှက်ခွဲပြီး အနိုင်ကျင့်တယ်လို့ ပြောချင်တာလား"

" လူငယ်တစ်ယောက် ပထမဆုံး သင်ယူရမှာက တခြားသူတွေကို လေးစားတတ်ဖို့လို့ ကျွန်တော်ထင်တယ်။ ဒီကောင်က စည်းကမ်းတွေကို လိုက်နာတတ်အောင် သင်ယူသင့်တယ်"

ချန်ဇီတုန်က သူ့မျိုးနွယ်ကို ဂန်လင်မှာ နံပါတ်တစ် ဖြစ်စေချင်သည်။ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲက ချန်မျိုးနွယ်ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးဖို့အတွက် အခွင့်အလမ်း ကောင်း ဖြစ်သည်။

စာမေးပွဲ မဖြေခင် ချန်အိမ်တော်ရဲ့ အပြင်ဘက်မှာ ဖြေဆိုသူ တစ်ရာလောက် သူ့အဖေဆီကို နေ့တိုင်း လာလည်စေချင်သည်။ ဂန်လင်မှာရှိတဲ့ လမ်းသွားလမ်းလာတွေက ဒါကို မြင်နိုင်မည်။

ဒါက ဘယ်လောက်တောင် တောက်ပလိုက်သလဲ။

ဒါပေမယ့် အရာအားလုံးက ဆွန်းမိုရဲ့ စကားတစ်ခွန်းတည်းနဲ့ ပျက်ဆီးသွားပြီ။ တစ်ယောက်ယောက်က သူတို့ကို ဘယ်လောက်ပဲ လေးစားနေပါစေ ခွေးဆိုတဲ့ တံဆိပ် အကပ်ခံရမှာကြောက်ပြီး အနားတောင် လာရဲမှာ မဟုတ်တော့ပေ။

ဒါက ဆွန်းမိုကို မုန်းတီးရတဲ့ အကြီးအမားဆုံး အကြောင်းအရင်း ဖြစ်သည်။ သူက အကြံအစည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ချန်မျိုးနွယ်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာပဲဖြစ်ဖြစ် ချန်ဝေက ကြယ် ၆ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်နေတုန်းပါ။ သူ့သားရဲ့ ရည်ရွယ်ချက်ကို ချက်ခြင်း နားလည်သည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် နဂါးတစ်ကောင်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ ပုရွတ်ဆိတ် တစ်ကောင်နဲ့တူပြီး နဂါးကို ထိခိုက်နစ်နာစေသည်။ ဒီ ပုရွတ်ဆိတ်မှာ ရည်ရွယ်ချက် ရှိရှိ၊ မရှိရှိ အပြစ်ပေးခံရမည်။

ဒီလိုမှပဲ ကျန်တဲ့ ပုရွတ်ဆိတ်နဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သားရဲများက နဂါးကို ဆက်ပြီး လေးစားကြလိမ့်မည်။

"ကောင်းပြီလေ။ မင်းက အဲဒီလိုထင်နေရင်လဲ မင်းလုပ်ချင်တာကို ဆက်လုပ်ပေါ့"

ချန်ဝေက လက်ဝှေ့ယမ်းပြီး ပြောလိုက်သည်။ ထပ်ပြောချင်စိတ် မရှိတော့ပါ။

သူ့သားက တကယ် အရည်အချင်းရှိပြီး အောင်မြင်မှု အများကြီး ရခဲ့သည်။ ဒါပေမယ့် သူအမြင့်တက်ရာ လမ်းကြောင်းက

ချောမွေ့လွန်းသည်။ ဒါကြောင့်လည်း အတ္တတွေ ဖောင်းကားလာပြီး မောက်မာလာသည်။

ဒါပေမယ့် လူသားတွေမှာ အတ္တ ဖောင်းကားတဲ့ အချိန် မရှိဘူးလား။ သူ့ရဲ့စရိုက်ကို အချိန်မှီ ပြင်နိုင်ရင်တော့ ကောင်းလိမ့်မည်။

"ဆွန်းမို အတွက်ပဲ စိတ်မကောင်း ဖြစ်မိတယ်"

ချန်ဝေက သက်ပြင်းချလိုက်သည်။ သူ့သားကသာ ဆွန်းမိုကို ချောက်ရဲ့ အောက်ခြေအထိ ပြုတ်ကျစေခဲ့ရင် ဆွန်းမိုကို ကူညီဖို့ တိတ်တဆိတ် လက်ဥ္ဖားရန် ဆုံးဖြတ်လိုက်သည်။

“လူတချို့ရဲ့ မာနကို မင်းတို့ ဘယ်တော့မှ နားမလည်ဘူး’ ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ဒီလူငယ်ကို ပျိုးထောင်ဖို့ ထိုက်တန်သည်။

“အဖေ၊ ကျွန်တော် အရင်သွားနှင့်တော့မယ်”

ချန်ဇီတုန်သည် ဒီမြတ်ဆရာ စာမေးပွဲအတွက် စာစစ်သူ ဖြစ်နေသဖြင့် အရမ်း အလုပ်ရှုပ်သည်။

“သွားပါ”

ချန်ဝေသည် လက်ဖက်ရည်သောက်ပြီး ဂူချင်ယန် အကြောင်းကို နောက်တစ်ကြိမ် တွေးလိုက်မိသည်။ ဒီလူငယ်က တကယ် သူရဲကောင်းပဲ။ ဒီလို

ကျောင်းသားကောင်းမှာ ဆရာတစ်ယောက် ရှိနေတာက ဝမ်းနည်းစရာပဲ။ ဒါကို တကယ်ပဲ မနာလို ဖြစ်မိသည်။

တကယ်တော့ ဂူချင်ယန်ကို တွေ့မိတဲ့အတွက် သူ့မှာ အပြစ်ရှိမှန်း ချန်ဝေသိသည်။

မာနကြီးပြီး ဂုဏ်ယူမှုများ ပြည့်နေတဲ့ ဖြေဆိုသူများက ဒီလို ခွဲခြားဆက်ဆံမှုကို ဘယ်လို မြင်ချင်ကြမှာလဲ။

ချန်ဝေက အခြေအနေကို ကုစားဖို့ ကြိုးစားခဲ့သေးသည်။ ဂူချင်ယန်ကို တွေ့ပြီးတဲ့နောက်

အစောဆုံး ရောက်လာတဲ့ ဖြေဆိုသူ အယောက် နှစ်ဆယ်ကို ချက်ခြင်းခေါ်ရန် ဘဏ္ဍာထိန်းကို ခိုင်းခဲ့သည်။ ဒါပေမယ့် လူတိုင်းပြန်သွားလိမ့်မယ်လို့ မထင်ထားခဲ့ပေ။

"ချင်လင်က ဆွန်းမို ဟုတ်လား"

ချန်ဝေက ကျယ်လောင်စွာ ရယ်လိုက်ပြီး

"ဗဟိုပြည်နယ် အကယ်ဒမီက ဆရာတစ်ယောက် မဟုတ်လား"

....

မနက်ခင်း ဒူ ဟိုတယ် မှာ..................

လျှိုမူဘိုင်သည် အနောက်ဘက် ခြံဝန်းမှာ ထိုင်ပြီး စာပြန်နွေးနေသည်။ ထို့နောက် သူနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက် လမ်းလျှောက်လာသည်။

"မူဘိုင်၊ မင်းလေ ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမိုဆိုတဲ့ လူတစ်ယောက်ကို သိလား"

လျှိုမူဘိုင် မျက်မှောင်ကြုတ်သွားသည်။ ဒီနာမည်ကို ကြားလိုက်တိုင်း အဆင်မပြေသလို ခံစားရသည်။ ဒါပေမယ့် ခေါင်းညိတ်ပြလိုက်သည်။

"သူက အကြံသမားလား"

သူ့ သူငယ်ချင်းက စပ်စုလာသည်။

"သူက အရမ်းရိုးသားတဲ့ လူမှန် တစ်ယောက်ပါ"

လျိုမူဘိုင်သည် 'ဒီ' အဆင့် လိဂ်ပြိုင်ပွဲတွင် ဆွန်းမိုက သူ့ထက်သာလွန်ပြီး အန်ရှီဝေကြောင့် မကြိုက်သော်လည်း နာမည်ဖျက်ဖို့အတွက်တော့ စိတ်မဝင်စားပါ။

"သူက အရမ်း အထင်ကြီးဖို့ကောင်းလား'

သူငယ်ချင်းက ထပ်မေးလာသည်။

လျိုမူဘိုင် ခေါင်းညိ့ုတ်ပြလိုက်သည်။

"ငါသိနေတယ်။ ချန်အိမ်တော် အပြင်ဘက်မှာ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ရဲရဲဝံ့ဝံ့

ထုတ်ပြရဲတဲ့ လူပဲကို။ မူဘိုင်၊ သူနဲ့ ရင်းနှီးအောင် ငါနဲ့ မိတ်ဆက်ပေးလို့ ရမလား”

သူငယ်ချင်းက တောင်းဆိုလာသည်။

လျိုမူဘိုင် မျက်မှောင်ကြုတ်သွားသည်။

“တောင်းပန်ပါတယ်။ သူနဲ့ မရင်းနှီးဘူး”

“ဒီလို စိတ်ဝင်စားစရာ ကောင်းတဲ့လူနဲ့ တကယ်ပဲ မရင်းနှီးဘူးလား”

သူ့သူငယ်ချင်းက စပြီး ဆွန်းမို အကြောင်းကို လျှင်မြန်စွာ ပြောပြသည်။ သူ့ရဲ့ လေသံထဲတွင် လေးစားမှုများ ပါနေသည်။

အမှန်တိုင်းပြောရလျှင် သူ့မှာသာ ရွေးချယ်မှုတစ်ခုရှိလျှင် ချန်အိမ်တော် အပြင်ဘက်မှာ တစ်နေကုန် ထိုင်စောင့် နေမိလိမ့်မည်။

ဒီလုပ်ရပ်က နည်းနည်းတော့ အရိုင်းဆန်လွန်းသည်။

ဆွန်းမိုသည် နှလုံးသားထဲက စကားလုံးများကို ထုတ်ဖော်ခဲ့သည်။ ဒီလိုမျိုးလူက အနည်းငယ်သာ ရှိနိုင်သည်။ လူတိုင်းက သူတို့ရဲ့ စွမ်းရည်နှင့် အရည်အချင်းကိုပဲ အခြေခံပြီး စကားပြောချင်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျို့မှူဘိုင်သည် ဒီစကားကို ကြားပြီးနောက် အချိန်တစ်ခုကြာအောင် ထိတ်လန့်သွားသည်။ ခဏအကြာတွင် သူသာ ဆွန်းမို နေရာမှာဆိုလျှင် ဘာလုပ်မှာလဲလို့ သူ့ကယ်သူ မေးလိုက်တဲ့အခါ ချန်ဝေဆီ လာလည်ပတ်ရတဲ့ အတွက် မကျေနပ်တဲ့အကြောင်းကို ထုတ်မပြောရဲပါ။ လှုံ့ဆော်ဖို့ ဆိုတာ ဝေလာဝေး။

ဒင်

လျို့မှူဘိုင်၏ လေးစားအထင်ကြီးမှု +၃၀၊ မှူလ(၉၀/၁၀၀)

....

"ဆွန်းမို၊ မင်းက ချင်လင်မှာရှိတဲ့ ချမ်းသာတဲ့ ဖောင်မျိုးနွယ်ကို ဆက်ဆံကတည်းက မင်း ခေါင်းမာတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ဒီကို ရောက်နေပြီလေ မင်းခေါင်းက နည်းနည်း မမာလွန်းဘူးလား"

ညစာစားနေရင်း ဂေါင်ပန်သည် ဆွန်းမိုကို အလန့်တကြား ကြည့်နေသည်။

"ကြယ် ၆ ပွင့် မြတ်ဆရာကိုတောင် မျက်နှာနင်းရဲတာလား"

“ငါ မနင်းပါဘူး”

ဆွန်းမိုရဲ့ လုပ်ရပ်များက ဝေလူကိုပဲ ပစ်မှတ်ထားခဲ့သည်။

“မလိမ်နဲ့။ အဲဒီတုန်းက အိမ်ရှေ့မှာစောင့်တဲ့ ခွေးတစ်ကောင်လို့ လူတိုင်းကို ဘာဖြစ်လို့ ပြောခဲ့တာလဲ။ ဒီနှစ်ရက်အတွင်းမှာ ချန်အိမ်တော်ကို လာလည်တဲ့ ဆရာ တစ်ယောက်မှ မရှိတော့ဘူး”

ဒီကိစ္စက ဟိုတယ်မှာ နေ့တိုင်း တရားထိုင်နေတဲ့ ဂေါင်ပန်လို လူတောင် အကြီးအကျယ် တုန်လှုပ်သွားစေသည်။

“ဆရာဆွန်း၊ ဒီတစ်ခါတော့ မင်းတကယ် နာမည်ကြီးလာပြီ”

ဝမ်ချောင်က သက်ပြင်းချရင်း ပြောလိုက်သည်။ “ဒါပေမယ့် မင်းရဲ့ သန်မာမှုကြောင့်တော့ မဟုတ်ဘူး ခေါင်းမာမှုကြောင့်ပဲ။ မင်းနဲ့ ဝေလူကြားက လောင်းကြေးလည်း နေရာတိုင်းကို ပျံ့နှံ့သွားပြီ”

ဆွန်းမို အရမ်းအံ့အောနေသည်။ ဒီလိုမျိုး ဖြစ်လာမယ်လို့ မထင်ထားခဲ့ပါ။ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်လိုက်တော့လည်း ဒါက ပုံမှန်ပဲ ဖြစ်သည်။

ဒီလောကမှာ အကျင့်စာရိတ္တကို အလေးထားတဲ့ အလုပ်အကိုင် နှစ်ခု ရှိသည်။ တစ်ခုက ဆရာဝန်၊ နောက်တစ်ခု ဆရာ ဖြစ်သည်။ သူတို့ရဲ့ အကျင့်စာရိတ္တမကောင်းရင် ဘယ်လောက်ပဲ အရည်အချင်း ရှိနေပါစေ တခြားသူတွေက ရှုံ့ချ ကြလိမ့်မည်။

ဆွန်းမိုကတော့ နောင်တ မရပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူလုပ်တာက မမှားပါ။

“ဆရာဆွန်း၊ မင်း ပိုသတိထားရလိမ့်မယ်။ ဘယ်လိုပဲပြောပြော ချန်မျိုးနွယ်မှာ စာစစ်သူ နှစ်ယောက် ရှိတယ်။ စာမေးပွဲ ဖြေမယ့်နေရာကလည်း

သူတို့ နယ်မြေပဲ။ မင်းအတွက် ခက်ခဲအောင်လုပ်ခဲ့ရင် မင်းပဲ ကြီးကြီးမားမား ဆုံးရှုံးရလိမ့်မယ်”

ကွမ်ဒင်က လေသံနိမ့်ပြီး သတိပေးသည်.

ဆွန်းမိုက ပုခုံးတွန့်လိုက်သည်။

ပထမတစ်ကြိမ် ကြယ်တစ်ပွင့်မြတ်ဆရာစာမေးပွဲကတော့ ဒီအငွေ့အသက်အောက်တွင် စတင်ခဲ့ရပြီ။

အခန်း (၄၃၈) - ဆွန်းမိုရဲ့ ပွဲဦးထွက်။

ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲအတွက် စာရင်းသွင်းတဲ့သူ များလွန်းတာကြောင့် လိုအပ်တဲ့အလုပ်ပမာဏနဲ့ စာမေးပွဲ ဖြေဆိုရန် အခက်အခဲက ကြီးမားလွန်းသည်။ ဒါကြောင့် သူတော်စင်ဂိတ်သည် ဗဟိုအုပ်ချုပ်ရေးကို အသုံးပြုပြီး မတ်လတိုင်းတွင် ပြည်နယ်တစ်ခုစီမှာ ကိုယ်ပိုင် စာမေးပွဲ ပြုလုပ်ဖို့ ခွင့်ပေးခဲ့သည်။

ပုံမှန်အားဖြင့်တော့ စားမေးပွဲမှာ မေးမည့် အကြောင်းအရာများကို သူတော်စင်ဂိတ်မှ ဆုံးဖြတ်သည်။ တရားမျှတမှု ရှိအောင် ဖြစ်သည်။

သူတော်စင်ဂိတ်က ဖြေဆိုသူများအတွက် ဖြေချင်တဲ့ ပြည်နယ်ကို ရွေးချယ်နိုင်တယ်လို့ ခွင့်ပြုခဲ့သည်။ ပါရမီရှင် တချို့ကတော့ နေရာတူတူ တခြားသူတွေနဲ့ ယှဉ်ပြိုင်ရတာ သဘောကျသည်။

ပြောရလျှင်တော့ ပြည်နယ်တစ်ခုစီတိုင်းက လူ ၃၀၀ပဲ စာမေးပွဲအောင်မယ်ဆိုတာ မတရားပါ။ ပါရမီရှင်တချို့က ပြည်နယ်တစ်ခုသို့သွားခဲ့လျှင်

သူတို့ရောက်သွားတဲ့ ပြည်နယ်က ဖြေဆိုသူ ၃၈၈ထဲက တချို့ သေချာပေါက် ဖယ်ရှား ခံရလိမ့်မည်။

ဖြေဆိုသူ တချို့က ကန့်ကွက်ခဲ့ကြသော်လည်း အသုံးမဝင်ခဲ့ပါ။ သူတော်စင်ဂိတ်ရဲ့ တုန့်ပြန်ချက်က "မင်း အရွေးမခံရရင် မင်းက လုံလောက်အောင် မသန်မာသေးလို့ပဲ"

မတ်လအတွင်းတွင် ဂန်လင်ရဲ့ လေထုသည် ကြေးနီး ဒင်္ဂါး ရန့် ပြည့်နှက်နေသည်။

ကျော်ကြားတဲ့ ပြည့်တန်ဆာ အိမ်များကလည်း ဆောင်းတွင်း အနွေးထည်များကို ချွတ်ပြီး

ကျောက်စိမ်းနဲ့ တူတဲ့ လက်များ၊ လည်ပင်းများ ပေါ်အောင် ဖော်ထားကြသည်။ သူတို့က ပြည့်တန်ဆာအိမ်ရဲ့ ပြတင်းပေါက်က ချောင်းကာ ချမ်းသာတဲ့ လူတစ်ယောက်ကို တွေ့တာနဲ့ ဖြားယောင်းဖို့ ပရောပရီ လုပ်ကြသည်။ ဆရာပုံပေါက်တဲ့ လူငယ်ကိုတွေ့တာနဲ့ သူမတို့ အပြုံးသည် ပိုကျယ်လာသည်။

တကယ်လို့များ အဲဒီလူငယ်များက သူမတို့ကို ချစ်မိသွားရင် နိမ့်ကျတဲ့ အလုပ်အကိုင်ကို စွန့်လွှတ်ပြီး သခင်မလေး ဖြစ်လာနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခွင်းအလမ်းနည်းပေမယ့် ဆားနယ်ငါးမှာလည်း အိပ်မက် ရှိသည်။

ပြည့်တန်ဆာ တချို့ဆိုလျှင် သားကောင်ကို စောင့်နိုင်ရန် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ ဖြေဆိုသူ နေရာကိုတောင် ကြိုစုံစမ်းထားသည်။

ဂန်လင်၏ အကြီးဆုံးနှင့် အကောင်းဆုံး ကျောင်းမှာ ဂန်နန် အကယ်ဒမီ ဖြစ်သည်။ အဲဒါက စီ-အဆင့် ကျောင်းဖြစ်ပြီး ဆရာနှင့် ကျောင်းသား ငါးသောင်းကျော်လောက် ဆံ့တဲ့ နေရာကျယ်ကြီးကို သိမ်းပိုက်ထားသည်။ ဒါကြောင့် ဒီနေရာသည် စာမေးပွဲ

လုပ်ဖို့အတွက် အကောင်းဆုံးနေရာဆိုတာ သေချာသည်။

မနက်ခင်း စောစောစီးစီးတွင် ဆွန်းမိုတို့အဖွဲ့သည် ရထားလုံးစီးပြီး မြို့တော် တောင်ပိုင်းမှာရှိတဲ့ ဂန်နန် အကယ်ဒမီကို ဦးတည်ပြီး သွားနေသည်။

"ဘာဖြစ်လို့ ငါတို့က တစ်ဖွဲ့ထဲ မဖြစ်ဘဲ လူကွဲသွားရတာလဲ"

ကွမ်ဒင် သက်ပြင်းချလိုက်သည်။ တကယ်လို့သူသာ ဆွန်းမိုနဲ့အတူတူဆိုလျှင် ဆွန်းမိုက သူ့ကို ကူညီပေးနိုင်သေးသည်။

ဖြေဆိုသူက များလွန်းသဖြင့် စာစစ်သူများက ကောင်းကင်ဘုံ ဆယ်ပါး အစီအရင်ကို လုပ်ပြီး အဖွဲ့ ခွဲထုတ်လိုက်သည်။ အုပ်စု တစ်ခုစီတိုင်းတွင် လူငါးရာ ပါသည်။

ဆွန်းမိုက ရှန်အုပ်စုတွင် ပါဝင်ပြီး သူ့နံပါတ်က ၃၂၁ ဖြစ်သည်။

"ထားလိုက်တော့။ ဆရာဆွန်းနဲ့ တစ်ဖွဲ့တည်း မကျတာကိုပဲ ပျော်ရမယ်။ ဒီလိုမဟုတ်ရင် သူ့ရဲ့ လုပ်ဆောင်ချက်ကြောင့် စိတ်ထိခိုက်သွားနိုင်တယ်"

ဝမ်ချောင်က လှောင်ပြောင်လိုက်သည်။

အရင်ကလည်း အလားတူ အဖြစ်အပျက်တွေ ရှိပြီးသားပါ။ ဖြေဆိုသူ တချို့က အရမ်းထူးချွန်လို့ တခြား ဖြေဆိုသူတချို့ဆိုလျှင် တိုက်ရိုက် စိတ်ပျက် အားငယ်ကာ စိတ်ထိခိုက်သွားကြပြီး စာမေးပွဲကို လက်လျှော့သွားကြသည်။

ဂန်နန် အကယ်ဒမီကို မရောက်ခင် လမ်းသုံးလမ်းကို ဖြတ်ကျော်ရအုံးမည်။ ဒါပေမယ့် အဲဒီနေရာမှာ အသွားအလာတွေက များနေပြီး လမ်းသွားလမ်းလာသူ အမျိုးမျိုးနှင့် ပွဲကြည့်ရန် ရောက်နေတဲ့လူများလည်း ရှိသည်။ ဒါကြောင့်

ဒီနေရာက လူပြည့်ကျပ်နေပြီး ရေတစ်စက်တောင် မစီးနိုင် ဖြစ်နေသည်။

ချမ်းသာတဲ့ မျိုးနွယ်စုက သခင်မလေးများနှင့်အတူ သူတို့ရဲ့ ဇိမ်ခံ ရထားလုံးများက လမ်းဘေးတွေမှာ ရပ်ထားကြသည်။ တစ်ခါတစ်လေ ပြတင်းပေါက် လိုက်ကာကို ဟပြီး လှပတဲ့ မျက်နှာလေးတွေ ပေါ်လာတတ်ကြသည်။

"မင်းကို ပြောလိုက်မယ်။ မင်းရဲ့လူပျိုဘဝကို စွန့်လွှတ်ချင်ရင် ဒီအချိန်က အကောင်းဆုံးပဲ။ မင်းသာ

ထူးထူးခြားခြား စွမ်းဆောင်နိုင်သ၍ မင်းတံခါးကို လာခေါက်တဲ့ မိန်းမတွေ သေချာပေါက် ရှိလိမ့်မယ်”

ဝမ်ချောင် အရမ်း စိတ်လှုပ်ရှားနေသည်။ ချမ်းသာတဲ့ အဓိက မျိုးနွယ်စုက မိန်းကလေးတွေကို စလိုက်ဖို့ သတ္တိမရှိပေ။ အိပ်ရာဝင်ပြီးမှ အိမ်ထောင်မပြုရလို့ အရမ်းဒုက္ခများ ခဲ့ရသည်။ ဒါကြောင့် ပြည့်တန်ဆာ အိမ်တွေကိုမှာ အိပ်ခဲ့ရသည်။

“ငါတို့ ပိုက်ဆံ တော်တော် သုံးရမှာ မဟုတ်လား”

ကွမ်ဒင်က တံတွေးတစ်ချက် မျိုပြီး ပြောလိုက်သည်။

"ဒါတော့အမှန်ပဲ။ ဂန်လင်က ပြည့်တန်ဆာတွေက ငါတို့ ချင်လင်က ပြည့်တန်ဆာတွေနဲ့ မတူဘူး။ မင်းရဲ့ အရည်အချင်းထက် ပိုက်ဆံ ပိုကြိုက်တယ်"

ဝမ်ချောင်က ခေါင်းညိတ်လိုက်ပြီး

"ငါတို့မှာသာ မြတ်ဆရာအဆင့်အတန်းရှိရင် ပေးရတဲ့ ပိုက်ဆံက ပုံမှန်ထက် ပိုနည်းလိမ့်မယ်"

ဝမ်ချောင်သည် ပြောပြီးနောက် ဆွန်းမိုဘက်သို့ လှည့်ကြည့်ကာ ရုတ်တရက် မနာလိုစိတ် ဖြစ်သွားသည်။

“အရည်အချင်းရှိပြီး ဆရာဆွန်းလို ချောတဲ့လူတွေကတော့ သူတို့နဲ့ အတူတူ အိပ်ပြီး ပိုက်ဆံတောင် ပြန်တောင်းလို့ ရတယ်”

“ဟားဟား”

ကွမ်ဒင်က ရယ်လိုက်ပေမယ့် ဒီလိုကိစ္စမျိုး တကယ်ရှိတယ်ဆိုတာ သူသိသည်။ ပြည့်တန်ဆာကို မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ချူစားတဲ့ကောင်တွေလည်း ရှိသည်။ ဥပမာ - နန်းတွင်းသူထဲမှာ နာမည်ကြီး လေဒီ ဒီဂျူရဲ့

ပိုက်ဆံအားလုံးကို ချူစားတဲ့ကောင်က လှည့်စားသွားသည်။

ဆွန်းမိုက ရယ်နေလိုက်သည်။ ကွမ်ဒင်နဲ့ ဝမ်ချောင်က သူ့ကို စနေမှန်းသိသည်။ ကျောင်းဆရာတစ်ယောက်အနေနဲ့ ပြည့်တန်ဆာ အိမ်ကို သွားလည်တာ ပြဿနာ မဟုတ်ပေမယ့် စာမေးပွဲ ကာလမှာတော့ သူတို့ ဦးစားပေးက မှားနေပြီ။

"ငါတို့ရောက်ပြီ ဆင်းရအောင်"

ဂေါင်ပန်က ရထားလုံးပေါ်က အရင်ဆင်းသွားသည်။ သူက လမ်းဘေးမှာ ရပ်ပြီး အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်သည်။

ဆွန်းမိုက လက်သီးဆုပ်ထားသည်။

အပြင်က ရထားလုံးများကို ကျောင်းဝန်းအတွင်း လုံးဝ ဝင်ခွင့် မပေးထားပါ။ ဒါကြောင့် ဖြေဆိုသူ အားလုံးသည် ဒီနေရာမှာ ဆင်းကြရသည်။ ဒါကြောင့်လည်း ဒီနေရာက လူပြည့်ကျပ်နေသည်။

ရှူး

ကွမ်ဒင်က လေအေးတစ်ချက် ရှိုက်လိုက်သည်။ လေးနက်တဲ့ လေထုကြောင့် ဖိအား များလာသည်။

ဝမ်ချောင်လည်း ထိုနည်းလည်းကောင်း ဖြစ်နေသည်။

ကျောင်းဝန်းအတွင်းရှိ ပင်မလမ်းနဲ့ လမ်းဘေးတွင် ကျောင်းသားများ နေရာတိုင်း ရှိနေကြသည်။ ဖြေဆိုသူများကို နေရာမှန်ရောက်အောင် လမ်းညွှန်ဆိုင်းပုဒ်များ ကိုင်ထားကြသည်။

"ဆွန်းမို ငါသွားမယ့်နေရာက ၃၀၆ ပဲ အရင်သွားနှင့်တော့မယ်"

ကူရှုပ်ရှင်းက ဆွန်းမိုရင်ဘက်ကို လက်သီးသေးသေးလေးနဲ့ ခပ်ဖွဖွ ထုလိုက်ပြီး

“ကံကောင်းပါစေလို့ ဆုတောင်းခဲ့မယ်”

“ကံကောင်းပါစေ”

ဆွန်းမိုကလည်း ပြုံးပြီး ပြန်ဖြေလိုက်သည်။

ဒါကိုမြင်တော့ ကွမ်ဒင် အနည်းငယ် မနာလို ဖြစ်သွားသည်။ ကူရှုပ်ရှင်းက ဆွန်းမိုကို ဆရာဆွန်းလို့ မခေါ်ဘဲ နာမည်ကို တိုက်ရိုက်ခေါ်ခဲ့သည်။ ဒါက သူတို့ ဘယ်လောက် ရင်းနှီးလဲဆိုတာ ပြသနေသည်။

အစောပိုင်းတုန်းကတော့ ကွမ်ဒင်သည် ပြည့်တန်ဆာတွေနဲ့ အိပ်မည့် အကြောင်းကို အဓိပ္ပါယ်မရှိပြောနေခဲ့သည်။ သူက အရှုံးသမားပဲ။ ဆွန်းမိုကို ကြည့်လိုက်အုံး။ သူသာ ကြိုးစားရင် ကူရှုပ်ရှင်းနဲ့တောင် အိပ်လို့ရသည်။

ကူရှုပ်ရှင်းသည် မရီဒန် အကယ်ဒမီက ထိပ်တန်းဘွဲ့ရဖြစ်သည်။ လှပပြီး အရည်အချင်းလည်း ရှိသည်။ စာမေးပွဲပြီးရင် သူက မြတ်ဆရာအလှလေး ဂုဏ်သိက္ခာနဲ့ ညီသွားပြီး မိန်းမလှလေး စာရင်းထဲတောင် ဝင်သွားမည်။

မိန်းမလှလေး စာရင်းအကြောင်းပြောရင် အန်ရှီဝေလည်း ပါသည်။

ဆွန်းမို ပန်းကန်ထဲတွင် အရသာရှိတဲ့ အသားတုံးတွေ ရှိနေပြီ။

ဒါကို တွေးမိပြီး ကွမ်ဒင် သက်ပြင်းချလိုက်သည်။ အခုတစ်ကြိမ်က ဆွန်းမိုရဲ့ပထမဆုံး ကြိုးစားမှု ဖြစ်ပြီး စာမေးပွဲအောင်ဖို့ကလည်း ၈၀ ကနေ ၉၀ ရာနိုင်နှုန်းအထိ အခွင့်အရေး ရှိသည်။ သူကတော့ အိပ်မက် မမက်တာပဲ အကောင်းဆုံးဖြစ်မည်။

အတွေ့အကြုံစုဆောင်းဖို့ပဲ အာရုံစိုက်ပြီး နောက်နှစ်မှပဲ စာမေးပွဲအောင်ဖို့ ကြိုးစားရမည်။

"ဆရာကွမ်၊ ဘာဖြစ်နေတာလဲ"

ဝမ်ချောင်က ကွမ်ဒင်ကို အနည်းငယ် တွန်းလိုက်သည်။

"ဆရာဆွန်းကမင်းကို ခေါ်နေတယ်"

"အမ်၊ တောင်းပန်ပါတယ်"

ကွမ်ဒင် မျက်နှာပေါ်တွင် ရှက်ရွံ့တဲ့ အကြည့်တစ်ခု ပေါ်လာသည်။

"ဆရာကွမ်၊ တဲ့တိုးပြောလို့ ငါ့ကို အပြစ်မတင်နဲ့။ အခုအချိန်မှာ မင်းရဲ့ အတွေးက မှားနေပြီ။ အတွေ့အကြုံ စုဆောင်းဖို့ပဲ မစဉ်းစားနဲ့ တစ်ကြိမ်တည်းနဲ့ ဖြတ်ကျော်နိုင်အောင် လုပ်ပါ"

ဆွန်းမိုက ကွမ်ဒင်ကို ကြည့်ပြီး စိတ်အားထန်သန်စွာ

"ဘဝက တိုတယ်။ ကျော်ကြားချင်ရင် စောစော အောင်မြင်အောင် လုပ်"

ရှုး

ဆွန်းမို ဆီကနေ ရွှေရောင် အလင်းဖြာထွက်လာသည်။

တန်ဖိုး ဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမို၊ ကွမ်ဒင်နှင့် ဝမ်ချောင်တို့သည် လိဂ်ပြိုင်ပွဲကို အတူတူ ဖြတ်သန်းခဲ့ကြသဖြင့် သူတို့အချင်းချင်းရဲ့ ဆက်ဆံရေးက တော်တော်လေး အဆင်ပြေသည်။ ဒါကြောင့် စာမေးပွဲ ဝင်ဖြေတဲ့အခါ မှားတဲ့အတွေးနှင့် စိတ်ပိုင်းဆိုင်ရာ အခြေနေများ

မရှိစေချင်ပါ။ ဒီလိုမှမဟုတ်ရင် ကျရှုံးနိုင်ခြေများသွားမည်။

ကွမ်ဒင် အမူအရာပြောင်းသွားပြီ ရှက်သွားသည်။

(အမှန်ပဲ။ စာမေးပွဲကစတော့မယ်။ ဘာဖြစ်လို့ ဒီလိုမဆီမဆိုင်တဲ့ အကြောင်းတွေကို တွေးနေရတာလဲ။ ပြီးတော့ တစ်ခါတည်း စာမေးပွဲ အောင်ဖို့ မစဉ်းစားခဲ့ဘူး။ ငါ့ စိတ်ဓါတ်ကလည်း ပျော့ညံ့လိုက်တာ)

(ဆွန်းမို ပြောတာ မှန်တယ်။ ကျော်ကြားချင်ရင် စောစောစီးစီး အောင်မြင်အောင် လုပ်ရမယ်)

ကြွယ်တစ်ပွင့် မြတ်ဆရာ ဖြစ်လာလျှင် သူ့အနာဂတ်က ပြောင်းလဲသွားလိမ့်မည်။ အနည်းဆုံးတော့ ကျောင်းထုတ်ခံရမည့် အန္တရာယ် နည်းသွားလိမ့်မယ်။

“ဆရာကွမ်၊ ဆရာဝမ်၊ ငါက မလုပ်ချင်ရင် မလုပ်ဘူး လုပ်ရင်တော့အကောင်းဆုံး ဖြစ်အောင် လုပ်မှာပဲ။ ဒီလောက်ပဲပြောမယ်။ မင်းတို့နှစ်ယောက် ကံကောင်းပါစေ”

ဆွန်းမိုက လက်သီးဆုပ် အရိုအသေပေးပြီး လှည့်ထွက်သွားသည်။

"ဆရာဆွန်း။ မင်းရဲ့ လမ်းညွှန်မှုကနေ အကျိုးရလိုက်ပါတယ်"

ကွမ်ဒင်က ဦးညွှတ်ပြီး လေးစားမှုကို ပြလိုက်သည်။

ဒင်

ကွမ်ဒင်၏ လေးစားအထင်ကြီးမှု +၂၀၀။ ရင်းနှီး(၁,၆၀၀/၁၀,၀၀၀)

တစ်ဖက်တွင်လည်း ဝမ်ချောင်ကလည်း ဦးညွှတ်လိုက်သည်။ တစ်ခါတည်းနဲ့ ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ချက် မရှိပါ။ ဒါပေမယ့်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ရဲ့ လှုံ့ဆော်မှုကြောင့် စိတ်ပိုင်းဆိုင်ရာ အများကြီး တိုးတက်လာသည်။

ဒါကို ဂေါင်ပန် မြင်လိုက်တော့ မဲ့လိုက်မိသည်။ ဆွန်းမိုက တကယ်ကောင်းတဲ့ လူတစ်ယောက်ပဲ။ ဒီလို အမှိုက်နှစ်ခုအပေါ်မှာတောင် ဂရုစိုက်နေသေးတာလား။

ကျန်းလန်ကတော့ ဘာမှမပြောပါ။ ခြေလှမ်းကို အရှိန်မြင့်ပြီး ဆွန်းမိုကို မှီအောင် လိုက်လိုက်သည်။ သူတို့နှစ်ယောက်စလုံးက ရွှန်အဖွဲ့က ဖြစ်သည်။

ကူရှပ်ရှင်းသည် ခြေလှမ်းအနည်းငယ် လှမ်းလိုက်ပြီးနောက် ဆွန်းမိုဆီက ရွှေရောင် အလင်းဖြာထွက်လာတာကို ရုတ်တရုတ် သတိထားလိုက်မိသည်။ အဲဒီနောက် အတွေးထဲ နစ်မျောသွားသည်။

"ဒါက ဆွန်းမိုနဲ့ ငါ့ကြားက ကွာခြားချက်လား"

နာကျင်မှု တပ်မက်သူလေးသည် ကွမ်ဒင်နှင့် ဝမ်ချောင်တို့၏ အတွေးကို သတိထားခဲ့မိသည်။ ဒါပေမယ့် သူတို့ရဲ့ အတွေးကို လမ်းကြောင်း တည့်သွားအောင် လုပ်ပေးဖို့ ဘယ်တော့မှ

မစဉ်းစားခဲ့မိပါ။ ဘယ်လိုပဲပြောပြော သူတို့ကျသွားရင်လည်း သူမ ဘာမှမဖြစ်ပါ။

ဆွန်းမိုကတော့ သူတို့ကို စိတ်ရင်းနဲ့ စည်းရုံးနေသည်။ ဒါကြောင့်လည်း တန်ဖိုးဖြတ်မရတဲ့အကြံပြုချက် ထွက်လာခဲ့သည်။ ဒါကြောင့် ကွမ်ဒင်နှင့် ဝမ်ချောင်တို့နှစ်ယောက်စလုံးကို တစ်ခါတည်း အောင်မြင်ဖို့ တကယ်မျှော်လင့်နေတယ်ဆိုတာ သံသယ ရှိစရာမလိုပေ။

မူလကတော့ လေထုသည် အရမ်းသက်ဝင်လှုပ်ရှားနေသည်။ ဒါပေမယ့် အခုတော့ လူတိုင်း မှင်တက်သွားသည်။ ချက်ခြင်း ငြိမ်ကျသွားပြီး ဆွန်းမိုကို စိုက်ကြည့်နေကြသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ဆွန်းမိုရဲ့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်က မဟာအဆင့်တွင် ရှိနေသည်။ မြတ်ဆရာအရှိန်အဝါသည် မီတာ တစ်ထောင် ကျော်သွားပြီ။ အနည်းဆုံးတော့ ဖြေဆိုသူ နှစ်ထောင်ကျော်ကို လွှမ်းမိုးသွားသည်။

“တောက်၊ မြတ်ဆရာအရှိန်အဝါ တစ်ခုက အကွာဝေး ဒီလောက်အထိ ကြီးလို့လား”

“ ဒါအရမ်းကြီး မကြီးဘူးလား”

“ငါလို.....ဘယ်သူ ဒီလောက် ပျင်းနေတာလဲ။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ဒီလိုနေရာမှာ တကယ်ပဲ ထုတ်သုံးတာလား။ အခုထွက်လာခဲ့ မင်းကို သေတဲ့အထိ မရိုက်ဘူးလို့ အာမခံတယ်”

ဖြေဆိုသူများက ဆွေးနွေးနေကြသည်။ သူတို့ထဲတွင် ခံပြင်းနေတဲ့သူ အများအပြားလည်း ရှိနေသည်။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကြောင့် လူတိုင်းရဲ့စိတ်အခြေအနေ တိုးတက်လာခဲ့သည်။ ကွမ်ဒင်လို တွေဝေနေပြီး ကို့ကိုယ်ကို ယုံကြည်ချက်မရှိတဲ့လူများလည်း စိတ်အခြေအနေ တိုးတက်ကောင်းမွန်လာသည်။

ကို့ကိုယ်ကို ယုံကြည်ချက် ရှိတဲ့လူတွေကတော့ ဆွန်းမို၏ အဓိပ္ပါယ်မဲ့တဲ့ လုပ်ရပ်ကြောင့် ဒေါသထွက်နေသည်။ ကွမ်ဒင်လိုမျိုး လူမျိုးတွေက အစပိုင်းတွင် ခြိမ်းခြောက်မှု မဟုတ်သော်လည်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကြောင့် အားတက်ပြီး

အစွမ်းကုန် ကြိုးစားကြတော့မည်။ ဒီလိုဆိုရင် စာမေးပွဲက ပြိုင်ဆိုင်မှု ပြင်းထန်လာလိမ့်မည်။

ကွမ်ဒင်နှင့် အခြေအနေတူနေတဲ့ ဖြေဆိုသူများသည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ ပါးစပ်က ထုတ်မပြောကြသော်လည်း အားလုံးက လက်ဖျော့ယမ်း ပြကြသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၈၁၂ မှတ် ရလို့ ဂုဏ်ပြုပါတယ်"

ဆွန်းမို စကားမပြောနိုင် ဖြစ်နေသည်။ တကယ်ပဲ လေးစားအထင်ကြီးဖို့ ကောင်းနေလို့လား။ ရုတ်တရုတ် အံ့အောနေသည်။

ထို့နောက် ရထားလုံး တစ်လုံးသည် ကြီးမားတဲ့ ဂိတ်ပေါက်ကို ဖြတ်သွားသည်။

ဖြေဆိုသူများက ကမန်းကတမ်း ဘေးဖယ်ပေးလိုက်ကြသည်။ ရထားလုံးက ရိုးရိုးရှင်းရှင်း အလှဆင်ထားပေမယ့် ဘယ်သူမှ သာမန်ကာလျှံကာ ပြန်မပြောရဲပါ။ စာမေးပွဲကာလအတွင်းတွင် ဂန်နန် အကယ်ဒမီကို

ရထားလုံး စီးပြီး မဝင်ရဘူးဆိုတာ လူတိုင်း သိနေသည်။

"ဘောပဲ ၊ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ထုတ်သုံးတဲ့ကောင်က အကြံသမားပဲ ဖြစ်ရမယ်"

"ဒါအမှန်ပဲ။ အဝေးကလာနေတဲ့ စာစစ်သူတွေကို မြင်ပြီး တမင်သက်သက် လုပ်တာပဲ ဖြစ်မယ်"

"ဒါပေမယ့် သူ့မှာ ဒီလို လုပ်ဖို့ စွမ်းရည်ရှိတယ်။ သူ့ရဲ့ မြတ်ဆရာအရှိန်အဝါ အကွာအဝေးကို ကြည့်လိုက်ပါအုံး"

“ဘာဖြစ်လို့ သက်ပြင်းချနေတာလဲ။ သူက ငါးကြိမ်မြောက် ကြိုးစားဖို့ ရောက်လာတဲ့ ဝါရင့်ဖြေဆိုသူတောင် ဖြစ်ချင် ဖြစ်နိုင်တယ်။ ပြီးတော့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ဆိုတာက မြတ်ဆရာတိုင်းနီးပါးသိတဲ့ အရှိန်အဝါပဲ။ မသိတဲ့လူ ရှိလို့လား”

ဖြေဆိုသူများ အော်ဟစ်နေကြသည်။ ဆွန်းမိုက ငါးကြိမ်မြောက် ဖြေဆိုသူ ဖြစ်နိုင်တယ်လို့ တစ်ယောက်က ပြောလိုက်တဲ့အချိန်တွင် ကျယ်လောင်စွာ ရယ်မောလိုက်ကြသည်။

ရထားလုံးထဲမှာ ရှိတဲ့ စာစစ်သူကတော့ အနည်းငယ် ပြုံးနေသည်။

"ငါတို့ မလုပ်ချင်ရင် မလုပ်နဲ့ လုပ်ရင်တော့ အစွမ်းကုန်ကြိုးစားရမှာပဲ" ဒီစကားက အရမ်းကောင်းတယ်။ ဒါက ထက်မြက်တဲ့ လူငယ်တစ်ယောက်ပဲ။

အဓိက စာစစ်သူက ဒီဝါကျကို အသံတိုးတိုးလေးနဲ့ ထပ်ခါတလဲလဲ ရေရွတ်နေသည်။

ပြောတဲ့လူက ဘွဲ့ရခါစ လူငယ်တစ်ယောက်ဆိုတာ သေချာသည်။ ဖြေဆိုသူ အသစ်မှာ နုံအတဲ့အတွေး ရှိလိမ့်မည်။

တစ်ခါနှစ်ခါ ကျရှုံးဖူးတဲ့ ဖြေဆိုသူဟောင်းတွေက ဘယ်လိုပုံစံလဲ။ သူတို့နှလုံးသားထဲမှာ ကြောက်လန့်မှုတွေ ပြည့်နေတာ ကြာနေပြီ။

“ဆရာဆွန်း၊ ဒီမှာ”

ကျန်းလန်က ၂၀၈ စာသင်ခန်းကို ရှာတွေ့ပြီး ဆွန်းမိုကို ခေါ်လိုက်သည်။

သူတို့နှစ်ယောက်ကို နောက်ကျတယ်လို့ မယူဆနိုင်ပါ။ ဒါပေမယ့် စာသင်ခန်းထဲသို့ ဝင်သွားလျှင် အခန်းတစ်ဝက်လောက် လူပြည့်နေတာ မြင်လိုက်ရသည်။ အကြမ်အားဖြင့်တော့ ဖြေဆိုသူ နှစ်ရာလောက် ရှိမည်။

ရွှစ်

လူတိုင်း လှည့်ကြည့်လာသည်။

ထုံးစံအတိုင်း ကျန်းလန်ကို ပထမဆုံး ကြည့်ကြသည်။ ဘာဖြစ်လို့လဲဆိုတာ မျက်နှာပေါ်က တက်တူးသည် ထင်ရှားနေသည်။ ဒီတစ်ခါတော့

ဆွန်းမိုက အရေးမပါတဲ့ ကောင်လေးတစ်ယောက် ဖြစ်သွားပြီ။

အခန်း(၄၃၉) - စာစစ်သူ ငါးယောက်အဖွဲ့၊ ကျရှုံးသူ သတ်မှတ်ခြင်း။

"ဒီနှစ်ယောက်က ပြိုင်ဘက်ကောင်းတွေပဲ"

ဖြေဆိုသူ တချို့ မျက်မှောင်ကြုတ်သွားသည်။ တစ်ယောက်ယောက်ကို လူတိုင်းက ဝိုင်းကြည့်လိုက်လျှင် သူတို့ရဲ့ အမူအရာက သဘာဝမကျဘဲ ကြောက်ရွံ့ ထိတ်လန့်သွားတတ်ကြသည်။ ဒါပေမယ့် ဒီလူငယ်နဲ့ အမျိုးသမီးလေးက ကြောက်ဖို့ကောင်းလောက်အောင် တည်ငြိမ်နေသည်။ လုပ်ရပ်တိုင်းမှာ ယုံကြည်ချက် အပြည့်ရှိနေသည်။

"မင်း အထင်လွဲခံရမှာ မကြောက်ရင် ငါ့ဘေးမှာထိုင်လို့ရတယ်"

ကျန်းလန်က စကားပြီးတဲ့နောက် အနီးမှာရှိတဲ့ ကုလားထိုင်တစ်ခုမှာ ထိုင်လိုက်သည်။

အလယ်ကမ္ဘာပြည်နယ်ကိုးခုတွင် ယူပြည်နယ်ရဲ့ နန်ယူကို တောင်ဘက် အကျဆုံးလို့ သတ်မှတ်နိုင်သည်။ ထိုနေရာတွင် မျိုးနွယ်စု များစွာရှိပြီး သူတို့က ဂူအဆိပ်၊ စုန်းအတတ်၊ ဝိညာဉ်ဆေးနှင့် သားရဲထိန်းကြောင်းတဲ့ ဗဟုသုတ များစွာရှိသည်။

မရီဝိညာဉ် အကယ်ဒမီက ယူပြည်နယ်တွင် အကျော်ကြားဆုံး အကယ်ဒမီ ဖြစ်သည်။

ဒီနေ့စာမေးပွဲအတွက် ဖြေဆိုသူများကို ကျောင်းဝတ်စုံ ဝတ်ရမယ်လို့ မသတ်မှတ်ခဲ့ပေ။ ဝတ်စားဆင်ယင်မှုက သင့်တော်ပြီး ဟိုပေါ်ဒီပေါ် မဖြစ်သ၍ အဆင်ပြေသည်။ ဒါကြောင့် ကျန်းလန်သည် နန်ယူ၏ သွင်ပြင်လက္ခဏာကို အပြည့်အဝ ပုံဖော်နိုင်တဲ့ဝတ်စုံကို ရွေးချယ်ခဲ့သည်။

အသားကို ပိုးထည်ဖြင့် ပြုလုပ်ထားပြီး ငွေပန်းပွင့်များ တပ်ဆင်ထားသည်။ ဒါတွေ အကုန်လုံးအပြင် သူမရဲ့ မျက်နှာပေါ်က တက်တူးတွေနဲ့ ထပ်ပေါင်းလိုက်လျှင် သူမက နန်ယူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်ဆိုတာ ရှင်းရှင်းလင်းလင်း သိသာနေသည်။

ဒေသဆိုင်ရာ လူမျိုးရေး ခွဲခြားဆက်ဆံမှုသည် ဒီခေတ်ကြီးမှာ ဘာမှ မဖြစ်ပါ။

ဗဟိုပြည်နယ်မှ လူတွေက တောင်ပိုင်းက လူရိုင်းတွေနဲ့ အတူတူထိုင်ဖို့ အသာထားလိုက်အုံး နောက်ကျောကနေ ပိုးကောင် ဘယ်လိုထဲ့ပြီး ကျိန်စာတိုက်မလဲဆိုတာဘဲ ခံစားနေရသည်။

“မင်းငါ့ကို စော်ကားနေတာလား”

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

ကျန်းလန်က ဘာမှပြန်မဖြေပေမယ့် ဆွန်းမို ဘေးမှာထိုင်တာ မြင်လိုက်လျှင် မျက်နှာပေါ်မှာ အပြုံးတစ်ခုပေါ်လာသည်။

ဒင်

ကျန်းလန်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၄၂၀/၁,၀၀၀)

စာသင်ခန်းမှာရှိတဲ့ ဖြေဆိုသူများသည် မတူညီတဲ့ အမူအရာ ဖြစ်နေကြသည်။ တချို့က မျက်စိမှိတ်ပြီး တရားထိုင်နေကြသည်။ တချို့က အခြားသူများကို ခိုးပြီး လေ့လာနေကြသည်။ တချို့ကတော့ သူတို့ရဲ့

ဘာသာရပ်များကို အမှန်တကယ် ပြန်သုံးသပ်နေကြသည်။

ထုံးစံအတိုင်း နောက်ဆုံးအမျိုးအစားသည် အထာကျတဲ့ ပုံစံကို သရုပ်ဆောင်ထားကြသည်။ ဒီလိုမှမဟုတ်ရင် အောက်ခြေအဆင့်မှာ ရှိတယ်ဆိုပြီး အထင်သေး ခံရလိမ့်မည်။ ပြီးတော့ ဒီအချိန်တွင်းမှာ ခေါင်းထဲကို ဘယ်လောက် ထည့်သွင်းနိုင်မှာလဲ။

ရုတ်တရတ် အခန်းထဲသို့ ခေါင်းတစ်လုံးက ချောင်းကြည့်လာသည်။ စာသင်ခန်းထဲက

အခြေအနေကို အကဲခတ်ပြီး အတွင်း တံခါးဘောင်ကို မှီလိုက်သည်။

"ပိုမီလိုလေး မြန်မြန်လာ။ နေရာ ရှာတွေ့ပြီ"

ဒီကောင်က တော်တော်ချောပြီး စာသင်ခန်းထဲက ကောင်မလေးတွေက သူ့ကို အကြိမ်ပေါင်းများစွာ အမှတ်တမဲ့ ငေးကြည့်နေသည်။

"မိုဖေး၊ ဒီလိုပြောတာ ဒါနဲ့ဆို သုံးကြိမ် ရှိနေပြီနော်"

ကောင်မလေးတစ်ယောက်က ညည်းတွားလိုက်သော်လည်း သူမ အသံထဲတွင် ချစ်ခြင်း တရားများနဲ့ ပြည့်နှက်နေသည်။

"ငါ လုံးဝ မမှားဘူး" မိုဖေးက အတည်ပေါက် ပြောလိုက်သည်။

"ဒီအခန်းထဲ မဝင်ခင် အခန်းနံပါတ် စစ်ဆေးခဲ့ပြီးပြီ"

သိပ်မကြာခင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်သည် လက်ချင်း ချိတ်ပြီး အခန်းထဲသို့ ဝင်လာသည်။ စာသင်ခန်းတစ်ဝိုက်ကို

ကြည့်ပြီး စိတ်လှုပ်ရှားစွာ လက်ဝါးခြင်း ရိုက်လိုက်သည်။

"နောက်ဆုံးတော့ နေရာမှန် ရှာတွေ့ပြီဟ'

အဲဒီနောက် တစ်ယောက်လက်ချောင်းထဲ တစ်ယောက်လက်ချောင်း ထိုးထည့်ပြီး လက်ချင်း ကိုင်လိုက်သည်။

"................"

ဒီမြင်ကွင်းကို မြင်ပြီး အားလုံး တိတ်ဆိတ်သွားသည်။ အထူးသဖြင့် ယောက်ျားလေးများဖြစ်သည်။ ဒေါ်သအရမ်းထွက်ပြီး

ရိုက်ချင်စိတ် ပေါက်နေသည်။ (မင်းတို့ရဲ့ အချစ်ကို လူကြားထဲ ပြစရာ လိုလို့လား။)

"ဘယ်မှာ ထိုင်ကြမလဲ"

မိုဖေးက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး နေရာတစ်ခုကို လက်ညှိုး ထိုးပြသည်။

"အဲဒီမှာ ဘယ်လိုလဲ။ မင်းရဲ့ တောက်ပမှုကို ထိခိုက်စေမယ့် မိန်းကလေး မရှိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မင်းဘယ်နေရာမှာဘဲ ထိုင်နေပါစေ ငါ့စိတ်ထဲမှာတော့ မင်းက အမြဲတမ်း အလှဆုံးပဲ"

"မကောင်းပါဘူး။ မိတ်ဆွေ ဖွဲ့ချင်တယ်"

ပိုမီလိုလေးက ခေါင်းခါပြီး ပြန်ပြောသည်။

"ဒီမှာဆို ဘယ်လိုလဲ"

မိုဖေးက ဗလတောင့်တဲ့ ကောင်ကို လှမ်းကြည့်လိုက်သည်။

"ဒီကောင်က လုံခြုံမှု ပေးနိုင်တယ်လို့ ခံစားရတယ်။ အဆောက်အဦး ပြိုကျရင်တောင် ငါတို့အတွက် အပျက်အဆီး တချို့ကို ကာကွယ်ပေးနိုင်တယ်"

ဗလတောင့်တဲ့လူသည် မိုဖေးကို စူးစူးရှရှ စိုက်ကြည့်ပြီး အော်ဟစ်ချင်လာသည်။ (မင်းကို

သေအောင် ရိုက်မယ်ဆိုတာ ယုံလား) ဒါပေမယ့် ပိုမီလိုလေးက အရမ်းလှတာမြင်တော့ စိတ်လျှော့လိုက်သည်။

"သေချာတာပေါ့"

ပိုမီလိုလေးက ကျော်တက်သွားပြီး ထိုင်လိုက်သည်။

ဗလတောင့်တဲ့လူက ချက်ခြင်း ခါးမတ်လိုက်ပြီး ပိုမီလိုလေးနဲ့ စကားစမြည်ပြောဖို့ စောင့်နေသည်။ ဒါပေမယ့် ဒီစုံတွဲက ထိုင်လိုက်တာနဲ့ တစ်ယောက်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက် တန်းဖက်ပြီး တီတီတာတာ လုပ်နေကြသည်။

ချစ်စရာကောင်းတဲ့ ချိုး၄က် အမူအရာလေးတွေ လုပ်နေကြသဖြင့် မြွားနတ်မောင်ကိုတောင် ပြေးရိုက်ချင်လာသည်။

ဗလတောင့်တဲ့လူ အံ့အောနေသည်။ (ငါနဲ့ မိတ်ဆွေ ဖြစ်ချင်တယ် ထင်နေတာ)

သူက ဒီမိန်းမလှလေးနဲ့ စကားစမြည်ပြောဖို့ တောင်းတခဲ့သည်။ ဒါပေမယ့် နောက်ဆုံးမှာတော့

ဒီစုံတွဲက ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိသလို လူသိရှင်ကြား အချစ်နလန် ထနေကြသည်။

"လူသိရှင်ကြား ရှနေထနေတဲ့ဟာတွေ စောစောသေသင့်တယ်"

ဗလတောင့်တဲ့ လူသည် ရေရွတ်လိုက်ပြီးနောက် သည်းမခံနိုင်တော့ဘဲ ထထွက်သွားသည်။

သိပ်မကြာခင် ဒီစုံတွဲ အနီးအနားမှာရှိတဲ့ ဖြေဆိုသူတွေလည်း နေရာ ပြောင်းသွားသည်။ သူတို့ အချစ်လေထုက ချိုမြိန်လွန်းသဖြင့် ပတ်ဝန်းကျင် လေထုမှာ ပျားရည်တွေနဲ့ ပြည့်နေသည်။

ပုံမှန်လူတွေသာဆိုလျှင် ဒီလိုအခြေအနေကို သတိထားပြီး ထိန်းချုပ်ထားကြလိမ့်မည်။ ဒါပေမယ့် ဒီစုံတွဲကတော့ ဂရုမစိုက်ဘဲ သူတို့ လုပ်စရာ ရှိတာကို လုပ်နေကြသည်။

ဆွန်းမိုက တစ်ချက်ကြည့်ပြီး အကြည့်လွှဲလိုက်သည်။

ဒင်

"တာဝန်သုံးခု ထုတ်ပြန်သည်။ အရင်ဆုံး ဝေလူနဲ့ လောင်းကြေးကို အနိုင်ရအောင် လုပ်ပါ။ ဆုလဒ် - ကြေးရောင် ရတနာသေတ္တာ"

"ဒုတိယ။ လျှိုမှုဘိုင်ကို အနိုင်ယူပြီး အဆင့်သတ်မှတ်ချက်ကို သူ့ထက်သာအောင် လုပ်ပါ။ ဆုလဒ် - စိန်သေတ္တာ တစ်လုံး"

"တတိယ။ ကျေးဇူးပြုပြီး ဂူချင်ယန်ကို အနိုင်ယူပြီး အဆင့်သတ်မှတ်ချက် သူ့ထက်သာအောင် လုပ်ပါ။ ဆုလဒ် _ စိန်သေတ္တာ တစ်လုံး"

"တာဝန်သုံးခု စလုံး ပြီးမြောက်သွားရင် လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်လုံး အထူးဆု ချီးမြှင့်မယ်။ ကျေးဇူးပြုပြီး အလုပ်ကြိုးစားပါ"

စနစ်က တာဝန်သုံးခုကို တစ်ခါတည်း ထုပ်ပေးသည်။ ဒါမျိုးက မကြုံဖူးပါ။

"......................"

ဆွန်းမို အကျယ်ကြီး အော်ဆဲချင်လာသည်။ ဆုရလဒ်တွေအပြင် ပြိုင်ဘက်ကို ကြည့်လိုက်တာနဲ့ ဒီတာဝန်က ပုံမှန်ထက် ပိုခက်ခဲတယ်ဆိုတာ သိသာနေသည်။

"မင်းအသက်ရှင်နေရင် အိပ်မက်တွေနဲ့ ရှင်သန်သင့်တယ်။ ကျေးဇူးပြုပြီး အလုပ်ကြိုးစားပါ"

စနစ်က သူ့ကို အားပေးလိုက်သည်။

“နှလုံးသား အဟာရကို မဖတ်ဖူးဘူး ထင်နေလား”

ဆွန်းမို မဲ့လိုက်ပေမယ့် စ ရယ်လိုက်သည်။

“ပြောရလျှင် လျှို့မူ့ဘိုင်သာ ဒါကို ကြားလိုက်လျှင် ဒေါသထွက်မှာသေချာတယ်။ သူက ဂူချင်ယန်ထက် နိမ့်ကျတယ်လို့ မင်းပြောချင်တာလား”

“ဒါက အမှန်ပဲ”

စနစ်က မလွဲသာမရှောင်သာလို့ အမှန်တရား ထုတ်ပြောရတဲ့လေသံနဲ့ ပြန်ဖြေသည်။

“ဒါကို မင်းဘယ်လို ဆုံးဖြတ်တာလဲ”

ဆွန်းမိုက စပ်စုလိုက်သည်။

"ဒါကို သူတို့ အချက်အလက်တွေအရ ငါသုံးသပ်တာ။ သူတို့ရဲ့ စိတ်ဓါတ်၊ ဆန္ဒနဲ့ အလားအလာတွေကို ညီမျှခြင်း ချပြီး သုံးသပ်တာပဲ။ မင်းနဲ့ လျိုမူဘိုင်က ဘက်ညီပေမယ့် ဂူချင်ယန်ထက်တော့ မဆိုစလောက်လေး နိမ့်ကျတယ်"

စနစ်က ရှင်းပြသည်။

"ငါက အရမ်းအထင်ကြီးနေတာ။ ဒါတောင် လျိုမူဘိုင်နဲ့ အဆင့်တူပဲလား"

ဆွန်းမို အံ့အောသွားသည်။

"ဟုတ်တယ်"

စနစ်ရဲ့လေသံက သံကို ဖြတ်တောက်လို့ ရလောက်အောင် ပြတ်သားနေသည်။

"မင်းရဲ့တွက်ချက်မှုမှာ ပြဿနာ ရှိနေတာလား"

စနစ်ကို သံသယဝင်သွားသည်။

"ကျေးဇူးပြုပြီး စနစ်ကို မကောင်းတဲ့အမြင်နဲ့ မသုံးသပ်ပါနဲ့။ ငါက အနန္တစွမ်းအားရှိတယ်"

မာနလွန်ကဲတဲ့ စနစ်ပဲ။

ဆွန်းမို ဒါကို ထပ်မဆွေးနွေးချင်တော့ပါ။ နောက်ဆုံးတွင် စာသင်ခန်းထဲ ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။ လှည့်ကြည့်လိုက်လျှင် ဂူချင်ယန် ဝင်လာကို မြင်လိုက်ရသည်။ ခဏလောက် မတ်တပ်ရပ်ပြီး လမ်းလျှောက်လာကာ ထိုင်ခုံတစ်ခုမှာ ထိုင်လိုက်သည်။

"ဘုရားရေ။ ဂူချင်ယန်က ရှန် အဖွဲ့ထဲမှာလား"

"မဟုတ်ဘူး။ သူနဲ့ တစ်ဖွဲ့တည်း မနေချင်ဘူး။ ဘယ်လို ကံတရားကြီးလဲ"

“သူ အခန်းမှားဝင်တာလားလို့ သွားမေးလိုက်ရမလား”

စာသင်ခန်းထဲမှာရှိတဲ့ လေထုက ချက်ခြင်းဆိုသလို လေးလံလာသည်။ ဒီအတွက်လည်း အဖြေမရှိပါ။ ပါရမီရှင်တစ်ယောက်နဲ့ အတူတူ စာမေးပွဲ ဖြေရတဲ့ ဖိအားက အရမ်းကြီးမားသည်။

အားနည်းတဲ့ ကျောင်းသားတွေ စာမေးပွဲ အခန်းထဲမှာ ညည်းတွားနေသလိုပါပဲ။ ခေါင်းကုတ်နေတဲ့ ကျောင်းသားတွေကို မြင်လိုက်လျှင် ယုံကြည်မှု အားကောင်းလာလိမ့်မည်။ ဒါပေမယ့်

ထိပ်တန်းကျောင်းသားကတော့ မင်းစာရွက်တစ်ဝက် ဖြေလို့ မပြီးခင် သူက ပြီးသွားလိမ့်မည်။ ဒီလို အကျိုးသက်ရောက်မှုသည် နဂိုကတည်းက ယုံကြည်အားနည်းတဲ့လူတွေကို စိတ်ဓါတ် ကျသွားစေနိုင်သည်။

“အမှန်ပဲ။ နတ်ဆိုးတစ်ကောင် ဟောပြောသလို ရုတ်တရက် ပေါ်လာတာပဲ”

ဆွန်းမိုကတော့ ဝမ်းသာနေသည်။ ဒါကို စိတ်ထဲ မထားပါ။

“ဝိုး၊ ဒါက ဂူချင်ယန်ပေါ့။ သူက သဏ္ဌာန်မဲ့ မြင့်မြတ် စကြ်ဝဠာကို သင်ထားတယ် ကြားတယ်။ ပြီးတော့ ဒါကို လေ့လာခြင်းအားဖြင့် သူက ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်လာဖို့ အရည်အချင်း မှီတာပေါ့နော်”

ပိုမီလိုလေးက ရုတ်တရတ် ထပြောသည်။

“ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလဲ”

မိုဖေးကလည်း ကြွေကျတဲ့လူတစ်ယောက် လုပ်လိုက်သည်။

"သူ့လက်မှတ် လိုချင်တယ်"

ပိုမီလိုလေးက မိုဖေးလက်ကိုဆွဲပြီး နှုတ်ခမ်းစူကာ ပြောလိုက်သည်။

"ဒါက သွားမေးဖို့ ပြဿနာ ရှိတယ်။ ငါက သူ့နေရာကနေ လက်မှတ်ထိုးပေးမယ် ဘယ်လိုလဲ"

မိုဖေးက အကြံပြုသည်။

ဒီစကားကို ကြားလိုက်လျှင် စာသင်ခန်းထဲက လူတစ်ဝက်လောက်သည် မိုဖေးရဲ့ ကံဆိုးမိုးမှောင်ကျမှုအတွက် ဝမ်းသာနေသည်။ (မင်းရဲ့ လက်မှတ်က

ဂူချင်ယန် လက်မှတ်နဲ့ ယှဉ်နိုင်မယ်လို့ ထင်နေတာလား)

"ကွဲကြ၊ ကွဲကြ"

ဗလတောင့်တဲ့လူက စိတ်ထဲကနေ ကျယ်လောင်စွာ အော်ဟစ်နေသည်။ မိုဖေးတို့ သေချာပေါက် စကားများမယ်လို့ သူထင်နေသည်။

"ကောင်းပြီလေ။ ငါ့လက်ဖဝါးပေါ်မှာ လက်မှတ်ထိုးပေး"

ပိုမီလိုလေးက လှပတဲ့ လက်ကို ဆန့်ထုတ်လိုက်သည်။

လူအုပ်ကြီးရဲ့ အံ့အားသင့်နေတဲ့ အကြည့်အောက်တွင် မိုဖေးက သူမ လက်ဖဝါးပေါ်တွင် လက်မှတ်ထိုးပေးလိုက်သည်။ အဲဒီနောက် ပိုမီလိုလေးက သူမလက်ဖဝါးကို သူမရင်ဘက်ပေါ် တင်ထားလိုက်သည်။

"ငါခံစားလို့ ရတယ်။ ဒါက ကံကောင်းခြင်းပဲ။ ဒါက မင်းရဲ့ ကောင်းချီးပဲ။ ဒီတစ်ခေါက် ကျိန်းသေပေါက် အောင်မြင်လိမ့်မယ်"

ပိုမီလိုလေးက စကားပြောပြီးတာနဲ့ ရုတ်တရက် မတ်တပ် ထရပ်ပြီး မိုဖေးကို အနမ်းပေးလိုက်သည်။

သူတို့နှစ်ယောက် တီတီတာတာ ပြန်လုပ်ရင်း ပွေ့ဖက်နေပြီး လူတိုင်းရဲ့တည်ရှိမှုကို မေ့ထားကြသည်။ အစကနေ အဆုံးအထိ ပတ်ဝန်းကျင်က လူတွေကို တစ်ချက်တောင် လှည့်မကြည့်ပါ။

ဖူး

ဗလေတောင့်တဲ့လူသည် ချောင်းဆိုးပြီး သွေးအန်ထွက်တော့မလို ဖြစ်သွားသည်။ လူမြင်ကွင်းမှာ ချစ်ပြနေတာက တော်တော်လေး အဆိပ်ပြင်းသည်။

ဒင်

"တာဝန်အသစ်တစ်ခု ထုတ်ပြန်သည်။ ကျေးဇူးပြုပြီး ဒီစာမေးပွဲမှာ ထိပ်ဆုံး ၁ဂယောက်ထဲ ဝင်အောင် လုပ်ပါ။ အဆင့်မြင့်လေ ဆုလဒ် ပိုကောင်းလေပဲ"

"မှတ်ချက်။ ရလဒ် ထိပ်ဆုံး ငါးဆယ်ထဲ မဝင်ရင် ပြစ်ဒဏ်အနေနဲ့ သုတ်သင်မယ်"

စနစ်ရဲ့ အသံက ရုတ်တရုတ် ထွက်ပေါ်လာသဖြင့် ဆွန်းမို တုန်လှုပ်သွားသည်။

"ဘာ၊ သုတ်သင်မယ် ဟုတ်လား"

ဆွန်းမိုက နားကြားမှားတယ်လို့ အတည်ပြုချင်နေသည်။

“မင်းကို အချိန်တိုင်း ပြုစုပျိုးထောင်ပေးခဲ့တာပဲ။ ထိပ်ဆုံး ငါးဆယ်ထဲမှ မဝင်ရင် သေသင့်တယ်”

စနစ်၏ အကျိုးအကြောင်းက ဆီလျှော်ပြီး ခံစားချက် ကင်းမဲ့တဲ့ လေသံနဲ့ ရှင်းပြသည်။

တကယ်လို့ ပိုင်ရှင်က အမှိုက်ဖြစ်ခဲ့ရင် လွှင့်ပစ်လိုက်ရုံပဲ ရှိသည်။

ဖြေဆိုသူတွေ ပိုများလာသည်။ သိပ်မကြာခင် လူ ၅၀၀ဆန့် အခန်းကြီး ပြည့်သွားသည်။

ထို့နောက် ခေါင်းလောင်းသံ ကျယ်လောင်စွာ ပေါ်လာသည်။

ဆွန်းမိုက အိတ်ဆောင် နာရီကို တစ်ချက် ထုတ်ကြည့်လိုက်သည်။ မနက် ရှစ်နာရီ တိတိ ရှိနေပြီ။ အသံတစ်ခု ကြားလိုက်သဖြင့် ခေါင်းထောင်ပြီး လှမ်းကြည့်လိုက်သည်။ ခေါင်းလောင်းသံ မြည်တာနဲ့ လူငါးယောက်ပါတဲ့ စာစစ်သူ အဖွဲ့က ဝင်လာသည်။

တစ်စက္ကန့်မစောသလို နောက်လည်း မကျပါ။

ဆွန်းမိုအပါအဝင် ဖြေဆိုသူ အားလုံးက စာစစ်သူကို ကြည့်လိုက်ကြသည်။

ယောက်ျား သုံးယောက်နှင့် အမျိုးသမီး သုံးယောက် ဖြစ်ပြီး သူတို့အားလုံးက အနက်ရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားကြသည်။ ဘယ်ဘက် လက်မောင်းကို ချည်နှောင်ထားပြီး ရင်ဘက်ပေါ်တွင် သူတော်စင်ဂိတ်ရဲ့ တံဆိပ်များကို မြင်နေရသည်။ ကြယ်အဆောင်အယောင်တော့ မရှိပါ။

ဒါပေမယ့်လည်း ဖြေဆိုသူများက စာစစ်သူများကို မခန့်လေးစား မလုပ်ရဲပေ။ လွန်ခဲ့တဲ့ နှစ် နှစ်အရ စာစစ်သူများသည် အနည်းဆုံး ကြယ်နှစ်ပွင့် မြတ်ဆရာများ ဖြစ်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြေဆိုသူများကို ဖိအား မဖြစ်စေချင်သောကြောင့် သူတို့ရဲ့ ဝတ်ရုံမှာ ကြယ်အဆောင်အယောင်များကို မတပ်ဆင်ထားကြပါ။

မသိရတဲ့သူက ပိုကြောက်ဖို့ကောင်းသည်။

ဆွန်းမိုသည် လေးလံလားတဲ့ လေထုကို သိသိသာသာ ခံစားမိသည်။ သူက စာစစ်သူများကို နတ်ဘုရားမျက်စိအာရုံ သုံးပြီး လှမ်းကြည့်ဖို့ လုပ်လိုက်သော်လည်း နောက်ဆုံးတွင် လက်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီလို လုပ်လိုက်လျှင် ကျန်တဲ့လူတွေအတွက် မတရားသလို ခံစားရသည်။

“ငါ့ရဲ့ တကယ့်ခွန်းအားနဲ့ပဲ အနိုင်ယူမယ်”

ဆွန်းမိုက မနကြီးတဲ့ လူတစ်ယောက် ဖြစ်သည်။

လူလတ်ပိုင်း အမျိုးသားက စင်ပေါ် တက်ကာ ညွှန်ကြားချက် တစ်ခု ပေးလိုက်သည်။

“အချိန်ကျပြီ တံခါး ပိတ်လိုက်ပါ။ နောက်ကျတဲ့လူတွေက အရှုံးပဲ”

သူ့လေသံက ပြင်းထန်ပြီး ပြတ်သားကာ ခံစားချက် မရှိပေ။

စာစစ်သူတိုင်းတွင် ဖြေဆိုသူရဲ့ အမည်စာရင်းများ ရှိသည်။ နောက်ကျပြီးမှ ရောက်လာတဲ့လူများကို

အမည်စာရင်းက တန်းပြီး ထုတ်ပစ်မယ်လို့ ဆိုလိုသည်။ ဒါကို တန်းကျတယ်လို့ သတ်မှတ်နိုင်သည်။

"ငါက ဒီအခန်းရဲ့အဓိက စာစစ်သူပဲ။ နောက်တစ်ခုက ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ ပထမအကြိမ်မှာ မင်းတို့ရဲ့ မြတ်ဆရာ အရှိန်အဝါကို စစ်ဆေးမယ်"

အဓိက စစ်ဆေးသူမှာ လူလတ်ပိုင်း အမျိုးသားကြီး ဖြစ်သည်။ သူ့ကိုယ်သူ မိတ်မဆက်ဘဲ လိုရင်းကို တန်းသွားလိုက်သည်။

"နာမည်ခေါ်တဲ့ ဖြေဆိုသူ စင်ပေါ်တက်လာပြီး မြွတ်ဆရာအရှိန်အဝါကို ပြသရမယ်။ အနည်းဆုံး သုံးခု ထုတ်ပြရမယ်။ အရှိန်အဝါကလည်း ဒီတစ်ခန်းလုံးကို ဖုံးအုပ်တဲ့အထိ ကြီးမားနေရမယ်။ မလုပ်နိုင်ရင် ကျတယ်လို့ သတ်မှတ်မယ်"

အဓိက စာစစ်သူ ပြောလိုက်ပြီးနောက် အခန်းထဲတွင် တုန်လှုပ်ခြောက်ခြားတဲ့ အသံများ ထွက်ပေါ်လာသည်။ ဖြေဆိုသူ တချို့ဆိုလျှင် မျက်နှာပျက်သွားသည်။ သူတို့မှာ အရှိန်အဝါ သုံးခု ရှိသော်လည်း အကွာအဝေးက မလုံလောက်ပေ။

“အဓိက စာစစ်သူ၊ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ မြတ်ဆရာ အရှိန်အဝါ သုံးခုရှိတာနဲ့ လုံလောက်ပြီ မဟုတ်ဘူးလား”

တစ်ယောက်က မေးလိုက်သည်။

အခန်း(၄၄၀) - မမျှော်လင့်ထားတဲ့ ဖယ်ရှားခြင်း။

“တိတ်ကြပါ”

အခိုက စာစစ်သူက စာသင်ခန်းထဲမှာ ငြိမ်သက်သွားအောင် အော်ဟစ်လိုက်သည်။ ပြီးနောက် မေးခွန်းမေးတဲ့ ဖြေဆိုသူကို ကြည့်လိုက်သည်။

"တစ်ယောက်ယောက် မေးခွန်းမေးချင်ရင် လက်မြှောက်ပါ။ ဒီတစ်ခါတော့ အပြစ်ကို ခွင့်လွှတ်ပေးလိုက်မယ်။ ဒါပေမယ့် နောက်တစ်ကြိမ်ဆိုရင်တော့ ဒီစာမေးပွဲ ဝင်ဖြေတဲ့ အခွင့်အရေးကို ရုတ်သိမ်းပစ်မယ်"

“ပြီးတော့ မင်းတို့အချင်းချင်း စကားပြောနေတာကိုလဲ ရပ်လိုက်ပါ”

ဂလု

သနားဖို့ကောင်းတဲ့ ဖြေဆိုသူတွေ ခြေထောက်ပျော့ခွေ ကျသွားသည်။

“မြတ်ဆရာ စာမေးပွဲအတွက် စံနှုန်းကို သူတော်စင်ဂိတ်က သတ်မှတ် ပေးထားပြီးသား။ ငါ့မှာ မြတ်ဆရာ အရှိန်အဝါ ရှိတယ်လို့ တစ်ယောက်ယောက်က ပြောတာနဲ့ ယုံရမှာလား”

အခိုက စာစစ်သူရဲ့ လေသံက ပြင်းထန်လာပြီး ရုတ်တရုတ် ဖိအားတိုးလာသည်။ စာသင်ခန်းတစ်ခုလုံး မုန်တိုင်း တိုက်ခတ်သွားသလို ဖြစ်သွားသည်။

ဖြေဆိုသူများ ငြိမ်ကျသွားသည်။ စိတ်ပျက်အားငယ်နေတဲ့ မျက်နှာပေါင်းများစွာ ပေါ်လာသည်။

ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲတွင် အစမ်းခန့်ဆရာများ ဝင်ဖြေတာ အရမ်းရှားလှသည်။ မြတ်ဆရာ အရှိန်အဝါ သုံးခုနှင့် နောက်ထပ်

အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် တစ်ခုကို ဖြည့်ဆည်းရန် ခက်လှသည်။

ခက်ခဲတဲ့ အခြေအနေကို ကြုံတွေ့ရင်တောင် သူတို့ရဲ့နားလည်နိုင်စွမ်းနဲ့ ကျွမ်းကျင်မှုသည် နက်ရှိုင်းမှာ မဟုတ်ပေ။ ဒါကြောင့် ဘွဲ့ရပြီးတဲ့ ဆရာပေါက်စများသည် နှစ်နှစ်၊ သုံးနှစ်လောက် စောင့်ဆိုင်းပြီး ကို့ကိုယ်ကို ယုံကြည်ချက် ရှိမှ ဝင်ဖြေတတ်ကြသည်။ တကယ်တော့ လူတိုင်းမှာ အခွင့်အရေး ငါးကြိမ်ပဲ ရှိသည်။

ဒါပေမယ့်လည်း အခွင့်ရေးသမား ဒါမှမဟုတ် ကို့ကိုယ်ကို ယုံကြည်ချက် လွန်ကဲနေတဲ့ ဖြေဆိုသူ တချို့ကတော့ အမြဲတမ်း ရှိသည်။ အောင်ဖို့ အခွင့်အရေး ရှိတယ်လို့ ခံစားကြသည်။ ဒါကြောင့် ခက်ခဲတဲ့ အခြေအနေကို ကြုံတွေ့တာနဲ့ ချက်ခြင်းကို ရောက်လာကြသည်။

သူတို့မှာ အခြားအလုပ်အကိုင်တစ်ခု ဒါမှမဟုတ် တိုက်ခိုက်ရေးအစွမ်း စစ်တဲ့အချိန်ကြမှပဲ ရှုံးမယ်လို့ ထင်နေကြသည်။ ဒါပေမယ့် သူတို့ရဲ့ အပြင်းထန်ဆုံး

အိပ်မက်ကတော့ ပထမတစ်ကျော့မှာ ဖယ်ထုတ်ခံရမယ်လို့ ဘယ်တော့မှ မထင်ထားကြပါ။

“နာမည် အခေါ်ခံရတဲ့လူတွေက ချက်ခြင်း တန်းစီပြီး စင်ပေါ်တက်ကြပါ။ အရှိန်အဝါ ထုတ်ပြဖို့ စက္ကန့် ၂၀ ရမယ်။ မလုပ်နိုင်တဲ့လူကို ဖယ်ရှားမယ်။ အောင်မြင်သွားတဲ့လူတွေက အခန်းထဲကထွက်ပြီး နေ့ခင်း ရေးဖြေစာမေးပွဲအတွက် ကြိုပြင်ထားနိုင်တယ်”

အိက စာစစ်သူက ကြေငြာလိုက်သည်။

ရှူး

စက္ကန့် ၂၀ဆိုတဲ့ တိုးတောင်းတဲ့ ကြာချိန်ကိုကြားပြီး ဖြေဆိုသူ အများစုသည် တုန်လှုပ်နေတဲ့ အမူအရာ ဖြစ်သွားကြသည်။ လေးအေးတစ်ချက် ရှိုက်လိုက်ကြသည်။

"တစ်ခုခုမှားနေပြီ စက္ကန့် နှစ်ဆယ်မှာ ငါတို့ ဘာလုပ်နိုင်မှာလဲ"

ဖြေဆိုသူ တစ်ယောက်က အလိုလို ညည်းတွားလိုက်သည်။ ဆရာတွေ အများစုက မြတ်ဆရာအရှိန်အဝါကို ထုတ်မသုံးခင် ကို့ကိုယ်ကို ပြင်ဆင်ဖို့ အချိန်အနည်းငယ် လိုအပ်သည်။

မအောင်မြင်ခင် မုန်ကန်တဲ့ ခံစားချက်ကို ရှာဖွေနိုင်ဖို့ လိုအပ်သည်။

ဒီတစ်ခါမှာ အကွာအဝေး သတ်မှတ်ချက်မှီတဲ့ ဆရာတွေတောင် တုန်လှုပ်သွားသည်။ စက္ကန့် နှစ်ဆယ်က နည်းလွန်းသည်။

"အခုပြောတဲ့ ဖြေဆိုသူကို ဖယ်ထုတ်လိုက်ပြီ"

အဓိက စာစစ်သူက နောက်ဆုံးမှ ရေလျှင် တတိယတန်းတွင် ထိုင်နေတဲ့ ဖြေဆိုသူကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။

ရွှစ်

ဖြေဆိုသူ မျက်နှာ ပျက်သွားသည်။

"အပြာရောင် ဝတ်ထားတဲ့ကောင် မင်းခေါင်းငုံ့နေရင်တောင် အသုံးမဝင်ဘူး။ မင်းရဲ့ ပါဝင်ခွင့်ကို ဖယ်ရှားလိုက်ပြီ။ အခန်းထဲက အခုချက်ခြင်း ထွက်သွား"

အဓိက စာစစ်သူ ထပ်အော်လိုက်သည်။

(ငါ မဟုတ်တာ ကံကောင်းတယ်)

ဘေးနားက ဖြေဆိုသူများသည် သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် ငါဘာမှ မလုပ်ခဲ့ဘူးလေ"

အပြာရောင် ဝတ်ထားတဲ့လူသည် အခုအချိန်မှာ ဒေါသထွက်ပြီး တုန်လှုပ်နေသည်။ မျက်လုံးထဲက မျက်ရည်တွေ ကျလာသည်။

"အခုချက်ခြင်း ထွက်သွား ဒီလိုမှမဟုတ်ရင် နောက်တစ်နှစ် ပါဝင်ခွင့်တောင် ရုတ်သိမ်းလိုက်မယ်"

အဓိက စာစစ်သူ ကြိမ်းမောင်းလိုက်သည်။

ဒီလိုပြောပြီးနောက် အပြာရောင်ဝတ် ဖြေဆိုသူ တော်တော် ရုပ်ပျက်သွားသည်။ နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်လာပေမယ့် ဘာမှ မပြောရဲတော့ပါ။ မတ်တပ်ရပ်ပြီး အခန်းထဲက အမြန်ထွက်သွားသည်။

"မင်းတို့ အားလုံးကို အခု အခွင့်အရေးပေးမယ်။ ဒီအဆင့်ကို ကျော်ဖြတ်ဖို့ မျှော်လင့်ချက် မရှိဘူးထင်ရင် အခုပဲ စာသင်ခန်းထဲက ထွက်သွားလို့ ရတယ်။ နောက်နှစ် ပြန်လာဖြေလို့ ရတယ်။ မင်းတို့ရဲ့ ကြိုးစားမှုကို ပျက်ပြယ်သွားတယ်လို့ သတ်မှတ်ပေးမယ်။ ပြောချင်တာက နောက်နှစ်မှ ဝင်ပြိုင်လဲ မင်းတို့ရဲ့ ကြိုးစားမှု ပထမဆုံးလို့ သတ်မှတ်ပေးမယ်"

အဓိက စစ်ဆေးသူ ထပ်ပြောပြန်သည်။

သူပြောပြီးတာနဲ့ အခန်းတစ်ခုလုံး အသံတစ်ချက်တောင် မထွက်ဘဲ တိတ်ဆိတ်သွားသည်။ ကံဆိုးသွားတဲ့ အပြာရောင်ဝတ်ရုံဝတ်သူကို ဥပမာ ယူပြီး စာစစ်သူရဲ့ အခွင့်အာဏာကို ဘယ်သူမှ မစမ်းသပ်ရဲတော့ပါ။

ဒါပေမယ့်လည်း ဒီအခိုက်အတန့်တွင် လူတချို့ရဲ့ မျက်နှာပေါ်မှာ ပျော်ရွှင်မှုများ ပေါ်လာပြီးနောက် တွေဝေတဲ့ အမူအရာလည်း ပေါ်လာသည်။

"ကောင်းပြီလေ။ မင်းတို့ကို စက္ကန့်သုံးဆယ် အချိန်ပေးမယ်။ အခန်းထဲက မထွက်သွားသေးရင် ဆက်ဖြေဖို့ သဘောတူတယ် သတ်မှတ်မယ်"

အဓိက စာစစ်သူ ပြောပြီးတာနဲ့ အိတ်ဆောင်နာရီကို ထုတ်ပြီး အချိန်စမှတ်နေသည်။

ဖြေဆိုသူတစ်ချို့ အမဲလိုက်ခံရတဲ့ ယုန်ကလေးတွေလို ချက်ခြင်း ထပြေးကြသည်။ ဖင်တကြွကြွ ဖြစ်နေတဲ့ လူတချို့လည်း ရှိနေသေးသည်။ သူတို့က လှည့်ပတ်ကြည့်ပြီး သူများတွေ ဘာလုပ်မလဲ သိချင်နေသည်။

"မင်းတို့ရဲ့ ဘယ်၊ ညာကို လှည့်ကြည့်ခွင့် မပေးဘူး"

အမိက စာစစ်သူက ကြိမ်းမောင်းပြီးနောက် အချိန်ဆက်တွက်နေသည်။

...

......

....

ရေတွက်သံကို နားထောင်ပြီးနောက် လူတချို့သည် ဖိအားဒဏ်ကို မခံနိုင်ဘဲ ရုတ်တရက် မတ်တပ်ထရပ်ပြီး အခန်းထဲက ထွက်သွားကြသည်။

သူတို့လုပ်ရပ်က ရှက်စရာကောင်းနေမှန်း သိနေသဖြင့် အားလုံးက ခေါင်းငုံ့ပြီး လျှင်မြန်စွာ ထွက်သွားကြသည့်.။

စာစစ်သူ အမျိုးသမီး တစ်ယောက်က အခန်းအပေါက်ဝတွင် တံခါးကို ကိုင်ပြီး ရပ်စောင့်နေသည်။ သူမက ရေတွက်မှုပြီးတာနဲ့ တံခါးပိတ်မှာ သိသာနေသည်။

ဒီအခင်းအကျင်းကို မြင်ပြီးနောက် နောက်ထပ် ဖြေဆိုသူ ဆယ်ယောက်လောက်သည်

တွေ့ဝေနေသည်။ အဲဒီနောက် မတ်တပ်ထရပ်ကာ အရှိန်အဟုန်နဲ့ ပြေးထွက်သွားကြသည်။

"စက္ကန့် သုံးဆယ် ပြည့်ပြီ။ ထပ်မေးမယ်။ ထွက်သွားချင်တဲ့လူ ရှိသေးလား။ အေး ရှိတယ်ဆိုရင် အခုချက်ခြင်း ထွက်သွားပါ။ ဒီလိုမှမဟုတ်ရင်လည်း အေးအေးဆေးဆေးထိုင်ပြီး စာမေးပွဲအတွက် ပြင်ဆင်ပါ"

အဓိကစာစစ်သူ အသံကျယ်ကြီးနဲ့ အော်မေးလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမိုက တစ်ခုခု မှားနေသလို ခံစားလိုက်ရသည်။ ထွက်သွားတဲ့ ဖြေဆိုသူများက လှည့်စားခံရတာ ဖြစ်နိုင်သည်။ ဘာကြောင့်လဲဆိုတော့ စာစစ်သူရဲ့ သဘောထားအရ ဖြေဆိုသူများ၏ အကျိုးကို ထည့်စဉ်းစားမယ့် ပုံမျိုး မရှိပေ။

နောက်ထပ်ဆရာ နှစ်ယောက်က တွေဝေနေသည်။ မတ်တပ်ရပ်လိုက်သော်လည်း ခဏအကြာတွင် ပြန်ထိုင်လိုက်သည်။

"မင်းတို့က ထွက်သွားမှာလား။ မသွားဘူးလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဓိက စစ်ဆေးသူ အောင်ဟစ်လိုက်သည်။

“မင်းမှာ ယုံကြည်ချက် မရှိရင် အခုထွက်သွားလိုက်ပါ။ မင်းဘဝမှာ ကြိုးစားခွင့် ငါးကြိမ်ပဲ ရှိတယ်။ တစ်ကြိမ်စာကို လွယ်လွယ်နဲ့ မဖြုန်းနဲ့”

နောက်ဆုံးတော့ ဖြေဆိုသူ မျက်နှာပေါ်တွင် ပြတ်သားတဲ့ အမူအရာ ပေါ်လာသည်။ တစ်ယောက်က ထိုင်နေပြီး တစ်ယောက်က အခန်းထဲက ထွက်သွားသည်။

ဂျိန်း

အခန်းတံခါး ပိတ်သွားသည်။

ထွက်သွားတဲ့ ဖြေဆိုသူများသည် တံခါးအဝမှာ ရပ်ပြီး မနေနိုင်ဘဲ ပြန်လှည့်ကြည့်ကြသည်။ စိတ်သက်သာရာ ရသွားသလို လေတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူ့ကိုယ်သူ ဖြေသိမ့်ပြီး

“ငါက ငယ်ပါသေးတယ်။ နောက်နှစ်မှ ထပ်ကြိုးစားလည်း သိပ်နောက်မကျသေးပါဘူး”

“အဓိက စစ်ဆေးသူက အရမ်းကြောက်ဖို့ ကောင်းတယ်”

“ဒီနေ့ လူတော်တော် များများ ဖယ်ထုတ်ခံရလိမ့်မယ်”

“နောက်နှစ် ထပ်လာတဲ့ အချိန်ကျရင် ဒီလိုမျိုး တင်းကျပ်တဲ့ စာစစ်သူနဲ့ မဆုံဖို့ မျှော်လင့်တယ်”

“အ၊ ဒီမှာမနေတာပဲ ကောင်းပါတယ်။ ဒီလိုမှမဟုတ်ရင် စာစစ်သူတွေက မောင်းထုတ်နေအုံးမယ်”

ထွက်ခွာသွားတဲ့ ဖြေဆိုသူများသည် တုန်လှုပ်နေကြသည်။ သိပ်မကြာခင် တခြားသော

ဖြေဆိုသူများလည်း အခြားအခန်းတွေက ထွက်လာကြသဖြင့် နိမ့်ကျတယ်လို့ မခံစားရတော့ပေ။

လူ ၅၀၀ဆန့်တဲ့ အခန်းထဲတွင် လူ ၇၀ လွတ်နေပြီ။

"ပထမ အကျော့ကို ဖြတ်ကျော်နိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ထွက်သွားတဲ့ လူတွေက ဒီနှစ် စာမေးပွဲ ကျတယ်"

အဓိက စာစစ်သူရဲ့ အသံက ဂုဏ်ပြုတဲ့ အငွေ့အသက်မပါဘဲ လေးနက်နေသည်။ တကယ်လည်း သူ့စကားကြောင့် အခန်းထဲက ဖြေဆိုသူများ ကြောက်လန့်သွားကြသည်။

“တောက် ၊ ဘာကြီးလဲ”

“ဒါက စာမေးပွဲရဲ့ တကယ့် အကြောင်းအရာပဲ ထင်တယ်”

“ပြီးသွားပြီ။ ထွက်သွားတဲ့လူတွေ လုံး၀ ပြီးသွားပြီ”

ဖြေဆိုသူများသည် ခါးမတ်မတ် ထိုင်လိုက်ပြီး အသံတစ်ချက်တောင် မထွက်ရဲတော့ပါ။ ဒါပေမယ့် သူတို့ ခံစားချက်များစွာနဲ့ တုန်လှုပ်နေကြသည်။ အထူးသဖြင့် ထွက်သွားချင်သော်လည်း တွေဝေနေတဲ့ ဖြေဆိုသူတွေ ဖြစ်သည်။ ဘေးကပ်ဆိုးကြီးက လွတ်မြောက်သွားသလို ပျော်ရွှင်သွားကြသည်။

"ဒါဆို ဒီလိုပေါ့"

ဆွန်းမို ရုတ်တရက် သဘောပေါက်သွားသည်။ သူက ထူးဆန်းတယ်လို့ ခံစားရတာ မဆန်းပေ။ ဒါက ပထမအကျော့ရဲ့ အကြောင်းအရာပေါ့။ ပြည်နယ်ကိုးခုက မြတ်ဆရာစာမေးပွဲက တကယ်ပဲ ခက်ခဲလွန်းသည်။

"သူတော်စင်ဂိတ်ရဲ့ စာစစ်သူတွေက လိမ်နေတယ်လို့ ထင်နေတာလား"

"သူတော်စင်ဂိတ်က မင်းတို့ရဲ့ သင်ကြားရေး စွမ်းရည်ကိုပဲ စမ်းသပ်မယ်လို့ ဘယ်သူပြောလဲ။

စိတ်ဆန္ဒနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ချက်မှုတွေကလည်း ငါတို့ စစ်ဆေးတဲ့ ကဏ္ဍတွေပဲ”

“ကိုယ့်ကိုယ်ကိုတောင် ယုံကြည်မှု မရှိရင် ကျောင်းသားတွေကို ဘယ်လို သင်ပေးမလဲ”

အဓိက စစ်ဆေးသူက နှုတ်အတားအဆီးကို လျှော့ချပြီး ဟောပြောပို့ချလိုက်သည်။

ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲသည် ဆရာတွေအတွက် ပညာရေးဆိုင်ရာ အတွေ့အကြုံ တစ်ခု ဖြစ်သည်။

အခန်းထဲရှိ ဖြေဆိုသူများက ကမန်းကတမ်းထကာ ဦးညွတ်လိုက်ကြသည်။

"မင်းရဲ့ဆုံးမမှုကနေ ငါတို့ အကျိုး ရှိလိုက်ပါတယ်"

အရင်က ထွက်သွားဖို့ လုပ်နေတဲ့ စကြဲ်န်မှာရှိတဲ့ ဖြေဆိုသူများသည် ဒီစကားကို ကြားပြီးနောက် ကြောင်သွားသည်။ သူတို့သည် ဒီနေရာမှာပင် မှင်တက်နေပြီး နှလုံးသားများ အေးခဲသွားသည်။ ခန္ဓာကိုယ်ကလည်း အေးစက်တဲ့ ချွေးများထွက်လာပြီး စိုရွှဲကုန်သည်။

(အလိမ်ခံရတာလား)

(ဒါက စာမေးပွဲရဲ့ အစိတ်အပိုင်း တစ်ခုလား။)

လူတချို့က စစ်ဆေးသူကိုမေးဖို့ ချက်ခြင်း ပြေးသွားချင်စိတ် ပေါက်လာသည်။ ဒါပေမယ့် စာစစ်သူရဲ့နောက်ဆုံးအပိုင်းကို ကြားလိုက်ပြီး အခန်းထဲကို ဝင်ရမှာ ရှက်သွားသည်။

ပုံမှန် ဉာဏ်ရည်ဉာဏ်သွေးရှိတဲ့ ဆရာတိုင်းသည် သေသေချာချာ တွေးကြည့်တာနဲ့ ဒီပြဿနာရဲ့ အဖြေကို ရှာတွေ့နိုင်သည်။ စာမေးပွဲဖြေဖို့ ခေါင်းလောင်းသံက မြည်ခဲ့ပြီးပြီ။ ဒါကို စာစစ်သူတွေက ဘယ်လိုလုပ်ပြီး ထွက်ခိုင်းမှာလဲ။

ကျန်တဲ့သူတွေတွက် မတရားဘူးမဟုတ်လား။

အဓိကစာစစ်သူက ကြောက်ရွံ့စေရန် ပြင်းထန်တဲ့လေသံနဲ့ တမင်တကာ ပြောဆိုခဲ့သည်။ သူတို့အားလုံးသည် ဖယ်ရှားခံရမယ့် အကြောင်းကို လျစ်လျူ ရှုထားခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ထွက်သွားခြင်းသည် လက်လျှော့ခြင်းသာ ဖြစ်သည်။ ဒါက သူတို့ စာမေးပွဲကျတာပဲ။

အခန်းထဲသို့ ဝင်ပြီး စာစစ်သူကို မမေးရဲတဲ့အကြောင်းလည်း ရှိသေးသည်။

ဝရန်းသုန်းကား ဖြစ်သွားပါက ဖြေဆိုသူများကို နှောက်ယှက်တဲ့အမှုနဲ့ နှောက်နှစ် ဖြေဆိုမှုကို အပိတ်ခံရနိုင်သည်။

သူတော်စင်ဂိတ်က ဒီလိုမျိုး ကျိန်းသေပေါက် လုပ်လိမ့်မည်။

"မင်းက ထွက်သွားပြီးသား ကျန်တဲ့လူတွေကို မနှောက်ယှက်နဲ့"

စာစစ်သူ တစ်ဦးက စကြံ်န်တွင်ပေါ်လာပြီး အပြင်မှာရှိနေတဲ့ လူတွေကို လှမ်းအော်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှူငါးရာဆန့် စာသင်ခန်းအတွင်းတွင် အစကနေ အဆုံးအထိ ဂူချင်ယန် တစ်ချက်တောင် မလှုပ်ပါ။

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး၏ ကြီးကြီးမားမား ပျိုးထောင်ခြင်းကို ခံရတဲ့လူတစ်ယောက်အနေနဲ့ သူတော်စင်ဂိတ်နဲ့ ပက်သက်တဲ့ သတင်းအချက်အလက် အများကြီး ရနိုင်သည်။

ဥပမာအားဖြင့် သူတော်စင်ဂိတ်မှာ မြတ်ဆရာစာမေးပွဲနဲ့ ပက်သက်ပြီး အငြင်းပွားနေတဲ့ အဖွဲ့နှစ်ဖွဲ့ရှိသည်။

အစွန်းရောက်တဲ့ မြတ်ဆရာ အဖွဲ့က ဘုန်းကျက်သရေကို တန်ဖိုးထားသည်။ စာမေးပွဲရဲ့ ခက်ခဲမှုအဆင့်ကို မြှင့်တင်ပြီး လူများများကို ဖယ်ထုတ်ချင်သည်။ ထိပ်တန်း ပါရမီရှင်များကိုသာ မြတ်ဆရာ ဖြစ်လာစေချင်သည်။

ရှေးရိုးစွဲ မြတ်ဆရာကြီးများ အဖွဲ့ကတော့ လူတွေရဲ့ နောက်ခံကို မကြည့်ဘဲ လူတိုင်းကို ပညာဖြန့်ဝေ ပေးသင့်တယ်လို့ ယူဆသည်။ အစမ်းခန့်ဆရာ အများစုကို မြတ်ဆရာဖြစ်လာအောင် ခက်ခဲမှုအဆင့်ကို လျှော့ချသင့်တယ်လို့

ယူဆကြသည်။ ဒါက ပိုမြင့်မားတဲ့ အထွဋ်အထိပ်အထိ တက်ရောက်အောင် သူတို့ကို ပိုကြိုးစားဖို့ တွန်းအား ဖြစ်စေနိုင်သည်။

စာမေးပွဲ ခက်ခဲမှုအဆင့် တိုးတက်လာပါက လာမည့်နှစ်တွင် ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်လာဖို့ အရည်အချင်းမီတဲ့ ဆရာတွေ အများကြီးကို လက်လွှတ်လိုက်ရမည်။

အခုနှစ် မတိုင်မီအထိတော့ ရှေးရိုးစွဲအဖွဲ့သည် အမြဲတမ်း အားသာခဲ့သည်။ ဒါကြောင့် အရင်နှစ်တွေက အစမ်းခန့်ဆရာများသည်

စိတ်အေးလက်အေးနဲ့ ပျော်စရာ တစ်ခုလို သတ်မှတ်ခဲ့သည်။ သူတို့အတွက် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်ကူလွန်းသည်။

ဒီလိုလုပ်ခြင်းဖြင့် ကြယ်အဆင့်နိမ့်တဲ့ မြတ်ဆရာ အရေအတွက် တိုးလာသော်လည်း အရည်အချင်းက နိမ့်ကျသွားသည်။

ဒါ့အပြင် အခြားတစ်ချက်လည်း ရှိသေးသည်။ တကယ်လို့ စာမေးပွဲက လွယ်ကူပြီး အောင်ချက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြင့်မားပါက ဘွဲ့ရလူငယ်အများအပြား လာကြိုးစား ကြလိမ့်မည်။

ပါဝင်သူ များလာလေ၊ သူတော်စင်ဂိတ်က အရင်းအမြစ်အတွက် ဝန်ပိလေ ဖြစ်သည်။ နောက်ဆုံးတော့ စာမေးပွဲ ဖြေဆိုသူများအတွက် ပိုကြီးမားတဲ့ နေရာလိုအပ်သည်။

ဒါပေမယ့် ဒီနှစ်တော့ အစွန်းရောက်အဖွဲ့က အားသာထားပြီး အခက်ခဲအဆင့်ကို တိုးမြှင့်အောင် စာမေးပွဲ အကြောင်းအရာများကို ပြင်ဆင်ထားခဲ့သည်။

"ဒီနှစ် ဖယ်ထုတ်ခံရတဲ့ လူတွေ အများကြီး ရှိလိမ့်မယ်။ ဒါ့အပြင် လာမယ့် နှစ်အနည်းငယ်အတွင်းမှာလဲ ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်ချင်ရင်တောင် မလွယ်တော့ဘူး"

ဂူချင်ယန်သည် ဒီမေးခွန်းကို စီမံခန့်ခွဲသူ တစ်ယောက်အနေနဲ့ တွေးတော ဆင်ခြင်နေသည်။ ဒီစာမေးပွဲက ခက်ခဲတဲ့ အဆင့်တိုးလာရင်တောင် သူ့အရည်အချင်းနဲ့ဆို သိပ်အလေးထားစရာ မလိုပါ။

(ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းတို့ကောင်တွေ ဘယ်လောက်ပဲ အထင်ကြီးဖို့ ကောင်းနေပါစေ ငါ့ထက်တော့ ပိုအထင်ကြီးဖို့ ကောင်းမှာ မဟုတ်ဘူး။ ငါက နံပါတ်တစ်ယူဖို့ လာခဲ့တာ)

အခြားသော စာစစ်သူများသည် လူခွဲကာ ဖြေဆိုသူများရဲ့ အပြုအမူကို စောင့်ကြည့်နေကြသည်။ အဲဒီနောက် ဖြေဆိုသူများရဲ့ နာမည်စာရင်းတွင် ရမှတ်ပေးထားလိုက်သည်။

မြတ်ဆရာတစ်ယောက်အနေနဲ့ သူတို့ရဲ့ မှတ်ဉာဏ်များသည် ထုံးစံအတိုင်း ထူးချွန်သည်။

ဒါကြောင့် မှတ်ပုံတင်ဖောင်များကို တွေ့ပြီးတာနဲ့ ဖြေဆိုသူတွေရဲ့ နာမည်ကို မမေးသော်လည်း နံပါတ်များကိုတော့ သိနေပြီ။

"အခုတော့ ဒုတိယအကျော့ စာမေးပွဲ စတော့မယ်။ နာမည် အခေါ်ခံရတဲ့လူတွေက တန်းစီပြီး ထွက်လာကြပါ။ ဇောင်ချန်"

အဓိက စစ်ဆေးသူက လှမ်းခေါ်သည်။

"အမ်"

ဇောင်ချန်က တအံ့တအောနဲ့ မတ်တပ် ထရပ်လိုက်သည်။

“ငါ့နံပါတ်က ၁၂၈ လေ”

“ငါတို့ နံပါတ် တစ်က စမယ်လို့ ပြောထားလို့လား”

အဓိက စစ်ဆေးသူက မေးခွန်းထုတ်လိုက်သည်။

“စာမေးပွဲ မဖြေချင်ဘူးဆိုရင်လည်း ထွက်သွားလိုက်ပါ”

အခန်း(၄၄၁) - ဆယ်မှတ်အပြည့်၊ ပြီးပြည့်စုံခြင်း။

"အင်း ၊ငါဖြေမယ်၊ ဖြေမယ်၊ ဖြေမယ်"

ဖောင်ချန် တိုးတိုးလေး ရေရွတ်ပြီး ကမန်းကတန်း ပြေးလာသည်။

နံပါတ်တစ်ရထားတဲ့ ဖြေဆိုသူက အရမ်းစိတ်လှုပ်ရှားနေခဲ့သော်လည်း အခုတော့ ပိုပြီး စိတ်အေးသွားသည်။ ဒါပေမယ့် ကျန်တဲ့လူတွေကတော့ စိုးရိမ်နေကြပြီ။

နံပါတ်ကို ကျပန်းခေါ်သဖြင့် ဘယ်အချိန်တွင် သူတို့ အလှည့်ကို ရောက်မယ်ဆိုတာ မသိနိုင်ပေ။ ပြင်ဆင်ဖို့ အချိန်မရှိတော့ပါ။

"ဒီစာမေးပွဲက နည်းနည်း စိတ်ဝင်စားဖို့ ကောင်းလာပြီ"

ဆွန်းမိုက ရေရွတ်လိုက်သည်။

ဒီလိုမျိုး စစ်ဆေးမှုသည် လူတစ်ဦး၏ ကြံ့ခိုင်မှုကို စမ်းသပ်ခြင်းသာ မဟုတ်ဘဲ လူတစ်ယောက်၏ စိတ်ခွန်အားနှင့် ဖိအား ခံနိုင်ရည် တို့လည်း ပါဝင်သည်။

အခိက စာစစ်သူက ဖြေဆိုသူများကို ပိုဖိအား များလာအောင် အရာအာလုံးကို ဖိအားပေးခဲ့သည်။ သူတို့ ဘယ်လောက် အတိုင်းအတာအထိ သွားမလဲဆိုတာ သိချင်နေသည်။

ဒီကိစ္စသည် ကျောင်းသားတချို့ ဘယ်လိုဖြစ်လဲဆိုတာနဲ့ တူနေသည်။ သူတို့က စားကောင်းကောင်း ကျက်သော်လည်း စာမေးပွဲ ဖိအားတွင် ပိတ်မိပြီး အမှတ်ကောင်းကောင်း မရ ဖြစ်နေကြသည်။

“အခု..ခု စလို့ရပြီလား”

ဇောင်ချန်က တိုးတိုးလေး မေးလိုက်သည်။

"မင်းတက်လာတဲ့ အချိန်ကတည်းက စလို့ ရနေပြီ။ မင်းက အခု စာမေးပွဲ အချိန်ကိုဖြုန်းတီးနေတာပဲ"

အဓိက စစ်ဆေးသူရဲ့ စကားကို ကြားလိုက်လျှင် ဇောင်ချန်သည် အကြောက်လွန်ပြီး သွေးအန်ထွက်လုနီးပါး ဖြစ်သွားသည်။ မျက်နှာ ဖြူဖျော့တဲ့ အမူအရာနဲ့ မြတ်ဆရာအရှိန်အဝါကို လျှင်မြန်စွာ ထုတ်လွှင့်လိုက်သည်။

စွယ်စုံကျမ်း အသိပညာ။

လုံး၀ အာရုံစိုက်မှု။

"ငါ့မှာ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အဝါလည်း ရှိသေးတယ်"

ဇောင်ချန်က အဓိက စစ်ဆေးသူကို လှမ်းကြည့်ပြီး ပြောလိုက်သည်။ သူ့အဓိပ္ပါယ်က ရှင်းနေသည်။ (ဘယ်သူ့ကို ပစ်မှတ်ထားရမှာလဲ၊ အခြားဖြေဆိုသူကို ပစ်မှတ်ထားရမှာလား။)

"ငါ့ကို အသုံးပြုလိုက်ပါ"

စာစစ်တဲ့ အမျိုးသမီးတစ်ယောက်က ပြောလိုက်သည်။

လူတော်တော်များများ ချက်ခြင်းပဲ လှမ်းကြည့်လိုက်ကြသည်။ စာစစ်သူများထဲတွင် အမျိုးသမီး နှစ်ယောက်သာ ပါဝင်ပြီး တစ်ယောက်က အသက်နှစ်ဆယ်ထက်တောင် အနည်းငယ် ငယ်နေတဲ့ ပုံပေါက်သည်။ ဒါပေမယ့် သူမကို ကြည့်ရတာ ရိုးရှင်းလွန်းသည်။ သူမကို လူအုပ်ကြီးထဲမှာ ထားလိုက်လျှင် သတိထားမိမှာတောင် မဟုတ်ပေ။

စကားပြောလာတဲ့သူက အသက် သုံးဆယ် ကျော်နေပြီး ထူးခြားတဲ့ အပြုအမူ ရှိသည်။ သူမက ပိုနီ ပန်းလေးတစ်ပွင့်လို အဲဒီနေရာမှာ ရပ်နေခဲ့သည်။

သူမက သာမန် ဆရာဝတ်စုံကို ဝတ်ဆင်ထားသော်လည်း သူမ၏ဂုဏ်သိက္ခာ ရှိတဲ့ အသွင်အပြင်နဲ့ ချောမောလှပတဲ့ လှုပ်ရှားမှုများက အရမ်းအားကောင်းလှသည်။

ဒါက ကြီးမြတ်တဲ့ မျိုးနွယ်စုက အထက်တန်းစား မိန်းမ တစ်ယောက် ဖြစ်မှာသေချာသည်။

ဖြေဆိုသူများသည် သူမကို ကြည့်လိုက်တာနဲ့ မိခင်တစ်ယောက်ကို ကြည့်နေရသလိုမျိုး လေးစားကြည်ညို နေကြသည်။ အမျိုးသားစာစစ်သူ

တချို့ကလဲ ဆန့်ကျင်ဘက် လိုင်အဖွဲ့ဝင်ကို ငေးကြည့်ရင်း ခိုးပြီး အကဲခတ်နေကြသည်။

"အမ်"

ဇောင်ချန် ရုတ်တရက် အံ့အောသွားသည်။

သတိလစ်ခြင်းနဲ့ အသုံးမကျခြင်း အရှိန်အဝါကို ထိမှန်သွားရင် မျက်လုံးတွေ အသက်မဲ့သွားပြီး သရေတွေ စီးကျလာလိမ့်မည်။ အရူးတွေလို စိတ်တွေ လွတ်လာလိမ့်မည်။

“ဆရာမိုင် က မင်းကို လုပ်ခိုင်းနေတယ်လေ။ မင်းအချိန်ဆက်ဆွဲနေရင် မင်းကို မအောင်မြင်ဘူးလို့ သတ်မှတ်လိုက်မယ်”

စာစစ်သူတစ်ယောက်က အပြစ်တင်လိုက်သည်။

“အို”

ဖောင်ချန်သည် လက်နှစ်ဖက်ဆုပ်လိုက်ပြီး ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးကို ဦးညွှတ်လိုက်သည်။

“တောင်းပန်ပါတယ်”

ဒီလို ပြောပြီးနောက် သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အဝါကို ပစ်လွှတ်လိုက်သည်။

ဖောက်

ရွှေရောင်အလင်းတန်းများက စုစည်းကာ မိုင်ရာဇီရင်ဘက်သို့ ပြေးဝင်သွားသည်။ ဒါပေမယ့်လည်း ချက်ခြင်းဆိုသလို သူမက ညာလက်နဲ့ ခံယူလိုက်သည်။

“အို”

ဇောင်ချန် မျက်နှာ ပြာသွားသည်။ ပြောချင်တာက အရှိန်အဝါ မအောင်မြင်ခဲ့ပါ။

"အရှိန်အဝါရဲ့ သက်ရောက်မှု အားကောင်းတယ်။ သူ့ကို ခြောက်မှတ်ပေးတယ်။ အောင်မြင်သွားတယ်လို့ သတ်မှတ်မယ်"

မိုင်ရာဇီက သုံးသပ်လိုက်သည်။

သူတော်စင်ဂိတ်၏ စာမေးပွဲတွင် စုစုပေါင်း ရမှတ်မှာ ဆယ်မှတ်ဖြစ်ပြီး အောင်မှတ်က ၆ မှတ် ဖြစ်သည်။

ဒါကို ကြားမှပဲ ဇောင်ချန်သည် လေတစ်ချက် မှုတ်ထုတ်နိုင်တော့သည်။ လျှင်မြန်စွာ ဦးညွှတ်လိုက်ပြီး "ကျေးဇူးတယ်ပါတယ်၊ ဆရာမိုင်"

"အောင်မြင်တယ်။ အခုထွက်သွားလို့ ရပြီ"

အဓိက စစ်ဆေးသူသည် ပြောပြီးနောက် နောက်လူကို လက်ညှိုးထိုးလိုက်သည်။

"ဝမ်မန်"

ဇောင်ချန်သည် အကြာကြီး မနေရဲတော့ပါ။ ခန်းမကြီးထဲက အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူလိုက်ကာ ထွက်လာသည်။ တကယ်ကို သေလုနီးပါး ကြောက်သွားသည်။

ဝမ်မန်ကတော့ ကံမကောင်း ခဲ့ပါ။ ဘာကြောင့်မှန်း မသိပေမယ့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို

သုံးကြိမ်တိုင်တိုင် မအောင်မြင်ဘဲ ဖြစ်နေသည်။ ကြည့်ရတာတော့ အရမ်းစိတ်လှုပ်ရှားနေလို့လား ဒါမှမဟုတ် ယုံကြည်ချက် မရှိလို့လား မသိပေ။

"အချန်ပြည့်ပြီ။ ဖယ်ရှား"

အဓိက စာစစ်သူက စုတ်တံကို ကိုင်ပြီး စာရင်းထဲတွင် ဝမ်မန်ရဲ့ နာမည်ကို ခြစ်လိုက်သည်။

ဝမ်မန် စိတ်ပျက်သွားသည်။ အဓိက စာစစ်သူကို နောက်ထပ် အခွင့်အရေးပေးဖို့ တောင်းဆို ချင်နေသည်။ ဘယ်လိုပဲပြောပြော တစ်နှစ်လုံး

ကြိုးစားသမျှကို စက္ကန့်နှစ်ဆယ်နဲ့ ဆုံးဖြတ်ခြင်းသည် မတရားဘူးလို့ ခံစားရသည်။

"မင်း စာမေးပွဲ အခန်းထဲက အခုချက်ခြင်း မထွက်သွားရင် မြတ်ဆရာစာမေးပွဲကို နောက်ထပ် သုံးနှစ်မဖြေဖို့ ငါတားမြစ်လိုက်မယ်"

အဝိကစစ်ဆေးသူ ပြောပြီးတာနဲ့ တပြိုင်နက် ဝမ်မန်သည် အခန်းထဲမှာ မနေရဲတော့ဘဲ အမြန်ပြေးထွက်သွားသည်။

စာမေးပွဲက အရမ်းမြန်သည်။ အခန်းထဲကလေထုသည် အရမ်းပြင်းထန်နေပြီး

ဖိအားနဲ့ ပြည့်နှက်နေသည်။ ကောင်းကင်မှာ တိမ်မည်းတွေ ဖုံးအုပ်နေပြီး မကြာခင် မိုးကြိုးပစ်ချတော့မလို ဖြစ်နေသည်။

ဖြေဆိုသူ တစ်ယောက်အတွက် စက္ကန့် ၂၀သာ အချိန်ရသည်.။ သူတို့ ကျော်ဖြတ်နိုင်ရင် ကျော်ဖြတ် ဒီလိုမှမဟုတ်ရင် ဖယ်ရှားခံရသည်။ ရလဒ်တွေက မြန်မြန်ဆန်ဆန် ထွက်ပေါ်နေသဖြင့် ဒီမြင်ကွင်းက တကယ့်ကို ထိတ်လန့်ဖို့ ကောင်းနေသည်။

မိုဖေးနှင့် ပိုမီလိုလို့ ခေါ်တဲ့ စုံတွဲကတော့ အောင်မြင်စွာ ဖြတ်ကျော်သွားနိုင်တာကို ဆွန်းမို မြင်လိုက်ရသည်။

"ဆွန်းရှီ"

အဓိက စစ်ဆေးသူက လှမ်းခေါ်လိုက်သည်။

"နောက်ဆုံးတော ငါ့အလှည့် ရောက်လာပြီ"

နဖူးမှာ မွေးရာပါ အမှတ်အသားပါတဲ့ လူငယ်က အားတက်သရောက် တက်သွားသည်။ မြတ်ဆရာ အရှိန်အဝါ သုံးခုကို တပြိုင်နက် ထုတ်ပြီးနောက် စစ်ဆေးသူကို မေးခွန်း ထပ်မေးလိုက်သည်။

“နောက်ထပ် နည်းနည်း ထပ်ထုတ်ပြရင် အမှတ်ပိုပေးအုံးမှာလား”

ဆွန်းရှီက ဆန္ဒ ပြင်းပြစွာ မေးလိုက်သည်။

“နောက်ထပ် အမှတ်တော့ ထပ်ရမှာ မဟုတ်ဘူး။ ဒါပေမယ့် မင်းနာမည်ကို မှတ်စုထပ်မှတ်ပေးမယ်”

အဓိက စစ်ဆေးသူက ရှင်းပြသည်.

ဆွန်းရှီက မျက်ခုံးပင့်လိုက်ပြီးတာနဲ့ နောက်ထပ် မြတ်ဆရာ အရိုန်အဝါ သုံးခုကို ထပ်သုံးလိုက်သည်။ သုံးခုအနက် နှစ်ခုမှာ သတိလစ်ခြင်းနှင့်

အသုံးမကျခြင်း၊ အလွဲသုံးစား ကျောင်းသား အရှိန်အဝါ ဖြစ်ပြီး မိုင်ရာဇီဆီကို တိုက်ရိုက် ပစ်ခတ်လိုက်သည်။

ဟာ

ရုန်းရင်း ဆန်ခတ် ဖြစ်ကုန်သည်။ ဒီဖြေဆိုသူက အရမ်းသန်မာသည်။

"လူမိုက်"

အဓိက စစ်ဆေးသူက အာမေဒိတ် မထွက်ဘဲ ကဲ့ရဲ့လိုက်သည်။

"ဟွန့်၊ မင်းလုပ်လို့ရတယ် ပြောလို့ ငါလုပ်တာလေ"

ဆွန်းရှီ ခေါင်းကုတ်ပြီး မကျေမနပ် ပြောလိုက်သည်။

"မင်းလုပ်နိုင်တယ်လို့ ငါပြောခဲ့တယ်။ ဒါပေမယ့် မင်းရဲ့ ဂုဏ်သိက္ခာက ဘယ်မှာလဲ"

အဓိက စစ်ဆေးသူက မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။

"ဆရာတန် ၊ ထားလိုက်ပါ"

မိုင်ရာဇီက ပြောလိုက်သည်။

"ဒီကိစ္စက သေးသေးလေးပါ"

"ထွက်သွားတော့"

တန်နင်လို့ ခေါ်တဲ့ အဓိက စစ်ဆေးသူက မောင်းထုတ်လိုက်သည်။ ဒီဆွန်းရှီကို မကြိုက်ပါ။ (မင်းရဲ့ အရည်အချင်းကို ပြဖို့ စိတ်အားထက်သန်တာကို ငါနားလည်တယ်။ ဒါပေမယ့် မိုင်ရာဇီအပေါ်ကို လေးစားမှု မပြတာက မင်းစရိုက် မကောင်းတာကို ပြနေတာပဲ)

သူက စင်ပေါ်ကို အရင်ဆုံးတက်ပြီး မသိလို့ဆိုရင် ထားလိုက်အုံး။ သူ့အရှေ့မှာ လုပ်သွားတဲ့လူ ၅၀ ကျော်လောက် ရှိသည်။

ပစ်မှတ်ကို ပစ်ခတ်ရတဲ့ အရှိန်အဝါကို အသုံးပြုရမည့် ဖြေဆိုသူ အားလုံးသည် မိုင်ရာဇီကို အရင် အရိုအသေ ပေးကြသည်။

“သူက ငါ့အရည်အချင်းကို မနာလို ဖြစ်နေတာပဲ”

ဆွန်းရှီက တိုးတိုးလေး ပြောလိုက်သည်။ သူ့အသံက မကျယ်ပေမယ့် စာစစ်သူတွေရဲ့ စံနှုန်း အရ သူပြောတာကို ကြားလိုက်သည်။ တန်နင် မျက်ခုံးလှုပ်သွားပြီး ဆက်ပြောရမှာ ပျင်းလာသည်။ ဒီလိုမျိုး အသရေ ဖျက်မှုလောက်နဲ့တော့ ဖြေဆိုသူကို အပြစ်တင် မနေတော့ပေ။

"ဒီကောင်တော့ သေချာပေါက် သွားပြီ"

"မင်းရဲ့စိတ်ပိုင်းဆိုင်ရာ အရည်အသွေးအရ ဒါကို မလုပ်နိုင်ဘူး"

"ဒါပေမယ့် သူက အရမ်းသန်မာတဲ့ ပုံပဲ။ မြတ်ဆရာအရှိန်အဝါ ခြောက်ခု နားလည်ထားတယ်"

ဆွန်းရှီ၏ ထူးချွန်တဲ့ အရည်အချင်းကြောင့် ဖြေဆိုသူအားလုံး အံ့အောသင့်သွားသည်။ သူ့ကို ကြည့်ရတာလည်း ၂၂ ဒါမှမဟုတ် ၂၃ လောက်ပဲ ရှိသေးသည်။ ကြောက်ဖို့ကောင်းလောက်အောင် ငယ်သေးသည်။

မျက်လုံးမှိတ်ထားတဲ့ ဂူချင်ယန်တောင် မနေနိုင်ဘဲ ဆွန်းရှီကို ကြည့်လိုက်မိသည်။

"နောက်တစ်ယောက်၊ ကျန်းလန်"

တန်နင်က ဆက်ခေါ်လိုက်သည်။

ကျန်းလန် တက်သွားသည်။ စက္ကန့် ၂၀ အတွင်းမှာပဲ မြတ်ဆရာ အရှိန်အဝါ လေးခု ထုတ်လွှင့်လိုက်သည်။ ဒီမိန်းကလေးရဲ့ စရိုက်က တဲ့တိုးဆန်ပြီး အခြားသူကို ရယ်ပြခြင်း ဒါမှမဟုတ် ချော့မော့ ပြောဆိုခြင်း မလုပ်ပါ။ ဒါပေမယ့်

မြွတ်ဆရာများနဲ့တွေ့တဲ့ အခါမှာတော့ လေးစားမှု ပြခဲ့သည်။

တန်နင် အရမ်းကျေနပ်ပြီး ကိုးမှတ်ပေးလိုက်သည်။ စာစစ်သူများသည် အရမ်းသန်မာပြီး အတွေ့အကြုံကောင်းတွေ ရှိတဲ့အတွက် သုံးသပ်ချက်က ကောင်းမွန်သည်။ ဖြေဆိုသူများ၏ မြွတ်ဆရာအရှိန်အဝါ စံနှုန်းများကို သက်ရောက်မှု ဘယ်လောက်ပြင်းထန်လဲဆိုတာ မြင်ရုံနဲ့ အကဲဖြတ်နိုင်သည်။

ဆွန်းရှီက အစပြုခဲ့ပြီးနောက် အခုအချိန်မှာ ကောင်းမွန်တဲ့ စွမ်းဆောင်ရည်ကို မှတ်သားထားမယ်လို့ ကြွေးကြော်ပြီးနောက် အာလုံးသည် သူတို့ရဲ့စွမ်းဆောင်ရည် အားလုံးကို ထုတ်ဖော်ပြသလာကြသည်။

တန်နင်က သူတို့ကို မတားဘဲ မြတ်ဆရာအရှိန်အဝါတွေကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ခွင့် ပေးထားသည်။

ဒါက ပထမဆုံး အကြိမ် ဖြေဆိုသူများ ဖြစ်ကြသော်လည်း မြတ်ဆရာ အရှိန်အဝါ များစွာ

ပေါက်ကွဲထွက်နေသည်။ နှိုင်းယှဉ်ကြည့်ရုံနဲ့ သူတို့နဲ့ အခြားသူများကြားက ကွာဟချက်ကို သိနိုင်သည်။

ပိုပြီး ဂရုတစိုက်ရှိတဲ့ ဖြေဆိုသူ တချို့သည် အခြားဖြေဆိုသူများ၏ အမူအရာနှင့် အပြုအမူကို စတင်လေ့လာပြီး သူတို့ရဲ့ မြတ်ဆရာ အရှိန်အဝါ ဘယ်လောက်အထိ အားကောင်းနိုင်ကြောင်း တွေးနေကြသည်။

“ဂူချင်ယန်”

ပုံမှန်အားဖြင့်တော့ တန်နင်သည် သူတို့ကိုနာမည်ခေါ်ပြီး ဖြေဆိုသူများကို

စစ်ဆေးကြည့်ဖို့ စိတ်မဝင်စားပါ။ ဒါပေမယ့် ဒီအမည်ကို ခေါ်ပြီးနောက် ပတ်ပတ်လည်လှမ်းကြည့်ပြီး သူ့ရဲ့ အကြည့်က ဂူချင်ယန် ဆီ ရောက်သွားသည်။

အခြားစာစစ်သူများလည်း ခွင်းချက် မရှိပေ။

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ဘွဲ့ရတစ်ယောက်အနေနဲ့ ဂူချင်ယန်သည် ဒီလို ဆက်ဆံမှုမျိုးနဲ့ ထိုက်တန်သည်။

လူတွေက ဝိုင်းကြည့်နေကြပေမယ့် ပန်းခြံထဲမှာ လမ်းလျှောက်နေသလို အေးအေးလူလူနဲ့ စင်ပေါ်ကို လှမ်းတက်လိုက်သည်။

စာစစ်သူ ငါးယောက်ကို အရိုအသေ ပေးပြီး ခန္ဓာကိုယ်က မြတ်ဆရာ အရှိန်အဝါ လေးခု ပေါက်ကွဲထွက်လာသည်။ အဲဒီနောက် အရှိန်အဝါနှစ်ခုကို မိုင်ရာဇီအား ပစ်မှတ်ထားပြီး ပစ်လွှတ်လိုက်သည်။

ဒါက ကျွမ်းကျင်မှု ပြည့်ဝတဲ့ လုပ်ဆောင်မှု ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အရမ်းကောင်းတယ်"

တန်နင်က မနေနိုင်ဘဲ ချီးကျူးလိုက်သည်။ အခြားသူများက မြတ်ဆရာ အရှိန်အဝါရဲ့အကောင်းဆုံး အနေအထားကို ကျယ်ပြန့်မှု အားနည်းမှာစိုးပြီး ဂရုတစိုက်နဲ့ အစွမ်းကုန် ကြိုးစားခဲ့ရသည်။ ဒါပေမယ့် ဂူချင်ယန်ကတော့ မတူပါ။

သူ့ရဲ့ မြတ်ဆရာ အရှိန်အဝါများသည် အခန်းတစ်ခုလုံးကို ကောင်းစွာ ဖုံးအုပ်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထိန်းချုပ်မှုကလည်း တကယ်အံ့အောဖို့ ကောင်းသည်။

"အောင်မြင်"

တန်နင်သည် ဒီစကားကို ပြောပြီးနောက် ဂူချင်ယန်ရဲ့နာမည်နောက်တွင် ဆယ်မှတ် ပေးလိုက်သည်။ ပြီးပြည့်စုံဆိုတဲ့ မှတ်စုလည်း ထည့်လိုက်သည်။

(ဒီနှစ် ကောင်းကင် အကယ်ဒမီရဲ့ ထိပ်တန်း ဘွဲ့ရက မျှော်လင့်ထားသလိုပဲ အံ့အောစရာ ပေးနိုင်တယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြီးနောက် နောက်ထပ် ဆရာ ခြောက်ယောက် အလှည့်ကျသည်။ သူတို့ရဲ့စွမ်းဆောင်ရည်က မဆိုးပေမယ့် ဂူချင်ယန်နဲ့ ယှဉ်ရင်တော့ တော်တော်ကွာခြားသည်။

တန်နင် မနေနိုင်ဘဲ နှုတ်ခမ်းထော်လိုက်သည်။ ဂူချင်ယန် ပြသခဲ့တဲ့ မြတ်ဆရာအရှိန်အဝါကို ကြည့်ပြီးတော့ ကြီးကြီးကျယ်ကျယ် စားသောက်ရသလိုမျိုး ပျော်ရွှင်ခဲ့ရသည်။ ကျန်တဲ့လူတွေကို ကြည့်ရတာတော့ ဖယောင်းဝါးနေရသလိုဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တခြား ပါရမီရှင်တွေ ရှိတော့မှာ မဟုတ်ဘူး”

တန်နင်သည် နာမည် စာရင်းကို ကြည့်ပြီး မနေနိုင်ဘဲ မျက်မှောင်ကြုတ်သွားသည်။

“ဆွန်းမို”

အခန်းထဲတွင် ဖြေဆိုသူ ၃၀၀ကျော်ရှိသေးသည်။ သူတို့က စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ထိန်းညှိကာ သူတို့ အလှည့်အတွက် စောင့်ဆိုင်းနေကြသည်။ ဒါပေမယ့်လည်း ဒီနာမည်ကို ကြားလိုက်လျှင် ချက်ခြင်း လှည့်ကြည့်ကြသည်။

ဆွန်းမိုက ထပြီး စင်ပေါ်သို့ လမ်းလျှောက်သွားသည်။

"ဒါက 'တံခါးရှေ့က ခွေးတစ်ကောင်လိုပဲ' ဆိုတဲ့ ဆွန်းမိုလား"

"ကျွတ်၊ နာမည်ကြီးချင်တဲ့ အကြံသမားပဲ"

"ဒီလို မပြောနဲ့သူ့မှာ တကယ့် အရည်အချင်း ရှိချင် ရှိနေမှာ"

ဖြေဆိုသူတွေက ဆွန်းမိုမှာ ခေါင်းသုံးလုံး လက်ခြောက်ချောင်း တကယ် ရှိမရှိ သိချင်နေကြသည်။

ချန်မျိုးနွယ်သည် ဂန်လင် မှာရှိတဲ့ ကျော်ကြားတဲ့ မျိုးနွယ်စု အနည်းငယ်ထဲက တစ်ခုဖြစ်ပြီး ချန်ဝေသည် ကျော်ကြားတဲ့ ကြယ် ၆ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သည်။ ဆွန်းမိုက သူ့အိမ်ရှေ့မှာ ဒီလောက်ကြီးမားတဲ့ ဝရုန်းသုန်းကား လုပ်ခဲ့တာမို့ လူတိုင်း သိနေကြတာ မဆန်းပေ။

ပြီးတော့ ဆွန်းမိုက

“မင်းမှာ တကယ် အရည်အချင်းရှိရင် မိုးကောင်းကင်အောက် ကြိုက်တဲ့နေရာ သွားလို့ရတယ် ။ အရည်အချင်းမရှိရင်တော့ သူများ

တံခါးအဝ ရှေ့မှာ စောင့်နေတဲ့ ခွေးတစ်ကောင်ပဲ’ လို့ ပြောခဲ့သေးသည်။ ဒီလိုင်းရဲ့ ရိုက်ချက်က ပြင်းထန်လွန်းသည်။ ချန်မျိုးနွယ်ကို စော်ကားဖို့ ရည်ရွယ်ချက် မရှိသော်လည်း မြတ်ဆရာအားလုံးသည် မျက်နှာကို အရမ်းတန်ဖိုးထားသည်။

ဒါကြောင့် ဆွန်းမို ပြန်လာတဲ့ နေ့ကစပြီး ချန်အိမ်တော်ကို လာလည်ပတ်တဲ့ လူတွေ မရှိတော့ပါ။ ဘယ်သူကမှ ခွေးတံဆိပ် အကပ် မခံချင်ကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စင်ပေါ်တက်လာပြီးနောက် ရွှေရောင်အလင်းတန်းက သူ့ကိုယ်ကနေ ချက်ခြင်း တောက်ပလာသည်။

စံပြဆရာ။

ဒါကိုမြင်လိုက်တော့ တန်နင်သည် မျက်ခုံး အလိုလိုပင့်သွားသည်။ (ဆရာလုပ်တာ ဘယ်နှစ်ရက် ရှိသေးလို့လဲ။ ဒီလောက်အဆင့်ရှိတဲ့ မြတ်ဆရာ အရှိန်အဝါကို နားလည်ဖို့ မင်းမှာ စိတ်ဓါတ်နဲ့ တာဝန်ယူချင်စိတ် ဘယ်လောက်တောင် ရှိနေလို့လဲ)

ဒီအရှိန်အဝါက စွယ်စုံကျမ်းအသိပညာလောက် မြင်ရတာ မများပါ။ ယေဘုယျအားဖြင့်တော့ မြတ်ဆရာလောကတွင် ဒီအရှိန်အဝါကိုနားလည်ဖို့အတွက် အနည်းဆုံး ငါးနှစ် ဒါမှမဟုတ် ဒီထက်ပို အချိန်ယူရမည်။

အခန်း(၄၄၂) - ကျယ်လောင်တဲ့ လျှပ်တပြတ်လက်ချောင်း။ ဘယ်လိုလုပ်လဲ သင်ပေးပါ။

မြတ်ဆရာများသည် ကြယ်ပွင့် အဆင့်မြင့်လာတာနဲ့အမျှ နားလည်နိုင်စွမ်းလည်း ကြီးမားလာပြီး ဆန္ဒအားက အားကောင်းလာသည်။ အခြားမြတ်ဆရာ၏ အရှိန်အဝါကို ခုခံနိုင်စွမ်းလည်း သန်မာလာသည်။

ရိုးရှင်းအောင် ပြောရလျှင် စိတ်ပိုင်းဆိုင်ရာ အထိမဖိနှိမ့်နိုင်တော့ပေ။

ဒါကြောင့်လည်း စာစစ်သူများက အခြေအနေကောင်းမွန်နေကြတာ ဖြစ်သည်။ ဆွန်းမိုသည် မြင်ရတွေ့ရတာ နည်းတဲ့ စံပြဆရာကို နားလည်ထားသဖြင့် အမှန်တကယ်ကို အံ့အောမိသည်။ သို့သော်လည်း ဖြေဆိုသူများက တောင့်မခံနိုင်ကြပါ။

ထိုအချိန်တွင် ဆွန်းမိုသည် ထူးခြားတဲ့ ခံယူချက်နှင့် ကြည်ညိုလေးစားဖို့ ကောင်းတဲ့ စိတ်နေစိတ်ထား၊ အပြုအမူတို့ကို ပိုင်ဆိုင်ထားတယ်လို့ မြင်နေကြသည်။ ဆွန်းမိုရဲ့

သင်ကြားမှုကို စောင့်မျှော်ရင်း တစ်ခန်းလုံး တိတ်ဆိတ်နေကြသည်။

"မဆိုးဘူး"

ပစ်မှတ်အဖြစ် အမြဲတမ်း လုပ်ပေးခဲ့တဲ့ မိုင်ရာဇီလည်း ချီးကျူးလိုက်သည်။

ဆွန်းမိုက အခန်းထဲသို့ တစ်ချက်ကြည့်လိုက်သည်။ စာသင်တဲ့အချိန်တွင် ဒီအရှိန်အဝါကို အသုံးချဖို့ အခွင့်အရေး မရခဲ့သဖြင့် ဒီလောက်အထိ အကျိုးသက်ရောက်မှု ရှိမယ်လို့ မထင်ထားခဲ့ပါ။

ထုတ်လွှင့်လိုက်တာနဲ့ ကျောင်းသားတွေရဲ့ အာရုံစိုက်မှုက တိုးတက်လာမည်။ သင်ကြားချက်ကို နားထောင်ခြင်းက အရမ်းအဖိုးတန်တဲ့ အခွင့်အရေးလို့ ထင်ကြစေသည်။ ဒါကြောင့် စိတ်မပျက်ကြတော့ပေ။

"မင်း ဆက်လုပ်လို့ ရတယ်"

တန်နင်က အမူအရာ ပြလိုက်သည်။

တန်နင်ရဲ့စကားဆုံးသွားတာနဲ့ ဆွန်းမို ခန္ဓာကိုယ်ကနေ ရွှေရောင်ခြည် နှစ်စင်း ရုတ်တရတ် ပေါ်ထွက်လာသည်။

စွယ်စုံကျမ်း အသိပညာ။

လုံး၀ အာရုံစိုက်ခြင်း။

ဒါတွေက အရမ်းအသုံးများသော်လည်း ဆွန်းမိုက ဂူချင်ယန် နဲ့တူအောင် လိုက်လုပ်နေတဲ့ နောက်ကွယ်က ရည်ရွယ်ချက်ကို တန်နင် မြင်နေသည်။ သူ့ရဲ့ မြတ်ဆရာ အရှိန်အ၀ါက အခန်းတစ်ခုလုံးကို လုံး၀ ဖုံးလွှမ်းထားသည်။

ပိုလည်းမပိုဘူး၊ နည်းလည်း မနည်းဘူး။

စာမေးပွဲစကတည်းက ဂူချင်ယန်နှင့် ဆွန်းမိုသာ ဒီလိုမျိုး လုပ်နိုင်သေးသည်။

"ဒီဆွန်းမိုက နည်းနည်း အံ့အောစရာကောင်းတာပဲ"

တန်နင် တိတ်တဆိတ် ချီးကျူးလိုက်သည်။

ဖြေဆိုသူများလည်း အတွေးများစွာ တွေးမိနေကြသည်။ ဒါပေမယ့်လည်း စံပြဆရာရဲ့ လွှမ်းမိုးမှုကို ခံနေရသဖြင့် တစ်ခန်းလုံး ဘယ်သူမှ စကားမပြောဘဲ တိတ်ဆိတ်နေသည်။

"ချင်လင်ရဲ့ 'တံခါးရှေ့မှာ စောင့်တဲ့ ခွေးတစ်ကောင်လိုပဲ' ဆိုတဲ့ ဆွန်းမိုက

မျှော်လင့်ထားသလိုပဲ။ နောက်ထပ် မြတ်ဆရာအရှိန်အဝါတွေကို သိသေးလား”

စာစစ်သူ လူငယ်တစ်ယောက်က ရုတ်တရက် ထမေးလိုက်သည်။

ဆွန်းမိုက အနည်းငယ် မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်လိုက်သည်။ ဒီစာစစ်သူက ခွေးဆိုတဲ့ နေရာကို အလေးပေး ပြောခဲ့ပြီး ကဲ့ရဲ့ချင်တဲ့ အငွေ့အသက်လည်း ပါနေသည်။

တန်နင်က ဆုတိုင်ကို တစ်ချက်ကြည့်လိုက်သည်။ ချန်ဝေ ဒုကျောင်းအုပ်ကြီးလုပ်တဲ့ ဂန်လင်

အကယ်ဒမီက ဘွဲ့ရတစ်ယောက် ဖြစ်သည်။ ဒါကြောင့် ဆုတိုင်သည် ချန်ဝေ၏ တိုက်ရိုက် တပြည့် မဟုတ်သော်လည်း ချန်ဝေထံမှ လမ်းညွှန်မှုကို ရခဲ့တဲ့ ကျောင်းသားတွေက တစ်ယောက်လို့ ပြောလို့ ရသည်။

ဆုတိုင်သည် ဆွန်းမိုရဲ့ အရည်အချင်းကို စမ်းသပ်ရင်း ချန်အိမ်တော် အရှေ့မှာ မိုက်ရိုင်းတဲ့စကားတွေကို ဘာအခွင့်အရေးရှိလို့ ပြောခဲ့လဲ သိချင်နေသည်။

“ကျေးဇူးပြုပြီး ဆက်လုပ်ပါ”

ဆုတိုင်က ဖိတ်ခေါ်တဲ့ အမူအရာ လုပ်ပြလိုက်သည်။

တန်နင်သည် မျက်မှောင်ကြုတ်ရာမှ ဖြေလျော့လိုက်သည်။ ဆွန်းမိုရဲ့ တုန့်ပြန်မှုကို မစောင့်ဘဲ ဆုတိုင်က 'ကျေးဇူးပြုပြီး ဆက်လုပ်ပါလို့ ' ပြောလိုက်သည်။ ဆွန်းမိုသာ မြတ်ဆရာအရှိန်အဝါ သုံးခုထဲသာ နားလည်ရင် အရှက်ကွဲတော့မည်။

တန်နင်လည်း ဒါကို မတားလိုက်ပေ။

ဆွန်းမိုက ဆုတိုင်ရဲ့ လက်တုန့်ပြန်မှုကို လွယ်လွယ်ကူကူနဲ့ ဖြတ်ကျော်နိုင်ခဲ့ရင်

သူ့အရည်အချင်းကို သက်သေပြပြီးသား ဖြစ်သွားမည်။ ဒါပေမယ့် သူ အရှုက်ကွဲသွားရင်တော့ သင်ခန်းစာတစ်ခုလို့ မှတ်ယူရလိမ့်မည်။ စကားလုံးတချို့က သာမန်ကာလျှံကာ ပြောလို့မရမှန်း သူသိသွားလိမ့်မည်။

"မင်းကို စော်ကားမိလို့ တောင်းပန်ပါတယ်"

ဆွန်းမိုက ပြောပြီးတာနဲ့ သူ့ခန္ဓာကိုယ်ကနေ ရွှေရောင် အရှိန်အဝါ တစ်ခု ဖြာထွက်လာပြီး ဆုတိုင်ကို ဖြတ်ကျော်သွားသည်။

ဆုတိုင် မတုန့်ပြန်နိုင်ခင်မှာပင် သူ့ကိုယ်ပေါ်မှာ ရွှေကြိုးတစ်ခု ပေါ်လာပြီး ချည်နှောင်သွားသည်။ ချက်ခြင်း အားနည်းသွားပြီး ဒီရေလှိုင်းတွေကြားမှာ နစ်မြုပ်သလို ခံစားလိုက်ရသည်။

“................”

ဆွန်းမိုကိုကြည့်ရင်း ဆုတိုင် မျက်လုံးပြူးပြီး ကျွတ်ကျလုမတတ် ဖြစ်နေသည်။ သူ့အမူအရာက စိတ်ရှုပ်ထွေးပြီး စိတ်အနှောက်အယှက်ဖြစ်နေသည်။ (ဒါက ဘာအရှိန်အဝါလဲ။ ဆိုးလိုက်တာ။ မဖြစ်နိုင်ဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါက ကြယ် ၂ပွင့် မြတ်ဆရာလေ။ ဆွန်းမိုရဲ့ အရှိန်အဝါကို ခံနိုင်ရမှာပေါ့)

ဒီနောက် ဆုတိုင်ရဲ့ အမူအရာသည် အရမ်းအံ့အောသင့်နေတဲ့ အမူအရာ ဖြစ်သွားသည်။

တစ်ခုခုပြောချင်လို့ ပါးစပ် ဖွင့်လိုက်သော်လည်း အသံတစ်ချက်တောင် မထွက်နိုင်ပေ။ အထိတ်အလန့်ဆုံးကတော့ သူ့မှာရှိတဲ့ ဝိညာဉ်ချီတွေ လုံးဝ မစုစည်းနိုင်တဲ့ အချက် ဖြစ်သည်။

သေခြင်းတရားရဲ့ ပြင်းထန်တဲ့ ခံစားချက်က ဆုတိုင်ဆီ ရောက်လာသဖြင့် တုန်ယင်လာသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုက လူများသည် ဝိညာဉ်ချီနဲ့ အတူယှဉ်တွဲပြီး တည်ရှိနေခဲ့တာ ကြာမြင့်လှပြီး သူတို့ခွန်အားရဲ့ အခြေခံ အုတ်မြစ်လည်း ဖြစ်သည်။ ဆုတိုင်သည် ကာယစွမ်းရည် ရုတ်တရက် ဆုံးရှုံးသွားတဲ့ လက်ဝှေ့သမားတစ်ယောက်လို ဖြတ်သန်းခဲ့တဲ့နှစ် ၂၀ အတွင်း ဝိညာဉ်ချီ တည်ရှိမှုကို မခံစားနိုင်တာ ပထမဆုံး အကြိမ်ဖြစ်သည်။ လွင်ပြင်ကျယ်ကြီးထဲမှာ မင်းမူနေတဲ့ ခြသေ့်တစ်ကောင်က ချွန်ထက်တဲ့ ခြေသည်းလက်သည်းတွေကို ရုတ်တရက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆုံးရှုံးသွားသလို ဖြစ်နေသည်။ ထိတ်လန့်ကြောက်ရွံ့မှုကိုပဲ ခံစားနေရသည်။

စာစစ်သူတွေလည်း အရမ်းအံ့အောသင့်နေကြသည်။ တောခွေးနက်ကြီး ဆွန်းရဲ့မြတ်ဆရာအရှိန်အဝါက စာစစ်သူကိုတောင် တိုက်ခိုက် နိုင်နေပြီ။ (ဘုရားရေ။ သူက စာစစ်သူတွေနဲ့တောင် ယှဉ်နိုင်တာလား)

စံပြဆရာ အရှိန်အဝါ လွှမ်းမိုးမှု ခံထားရလို့သာ အချင်းချင်း စကား မပြောကြခြင်း ဖြစ်သည်။

"အလွဲသုံးစား ကျောင်းသား လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုင်ရာဇီက ဆွန်းမိုကို ပထမဆုံးအကြိမ် အလေးအအနက်ထားပြီး အကဲခတ်လိုက်သည်။

ဒီအချိန်အဝါက မြတ်ဆရာတွေကို အထူးပစ်မှတ်ထားပြီး ဒဏ်ခတ်တဲ့ အပြစ်ပေးခြင်း အချိန်အဝါတစ်မျိုး ဖြစ်သည်။ အပြစ်ပေးခြင်း အချိန်အဝါလို့လည်း ခေါ်ကြသည်။

အလွဲသုံးစား ကျောင်းသား အချိန်အဝါ အသုံးပြုခံလိုက်ရတဲ့ မြတ်ဆရာများသည် ဝိညာဉ်ချီကို ခဏတာလောက် အသုံးမပြုနိုင်ကြပေ။ ကျင့်ကြံခြင်း ကျင့်စဉ်နှင့် မြတ်ဆရာအချိန်အဝါတော့ မပါပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် သူတို့သည် စကားမပြောနိုင်ဘဲ စိတ်ထဲက ဗဟုသုတများ မေ့သွားကာ ကျောင်းသားများကိုလည်း မသင်ကြားနိုင်တော့ပါ။

ဒီအရှိန်အဝါသည် စံပြဆရာထက် ပိုခက်ခဲတယ်လို့ ပြောနိုင်သည်။

ဘာဖြစ်လို့လဲ။

ဆရာတစ်ယောက်၏ ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်း၊ တည်ငြိမ်ခြင်း အဓိပ္ပါယ်နှင့် အယူဝါဒများကို နားလည်တာနဲ့ စံပြဆရာ အရှိန်အဝါကို နားလည်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စံပြဆရာက လူတစ်ယောက်၏ စိတ်နေစိတ်ထားသာ အဓိက လိုအပ်သည်။

အလွဲသုံးစားကျောင်းသား အရှိန်အဝါကတော့ ကွာခြားသည်။ သူတို့ အလုပ်အကိုင်ပေါ်မှာ အကြွင်းမဲ့ ယုံကြည်ပြီး သန်မာတဲ့ မြတ်ဆရာတစ်ယောက် ဖြစ်ဖို့ လိုသည်။

ကျောင်းသားများကို အမှားအယွင်းမရှိဘဲ အဆက်မပြတ် သင်ကြားပေးပြီး အခြား မြတ်ဆရာများ၏ အမှားကို ညွှန်ပြတဲ့ အတွေ့အကြုံ ရှိမှသာ နားလည်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ဘယ်လောက်တောင် ခက်လဲ။

တခြားမြတ်ဆရာတစ်ယောက်ကို အလွဲသုံးစားကျောင်းသား မြတ်ဆရာအရှိန်အဝါ အသုံးပြုတာလား။ လူမြင်ကွင်းမှာ ဒီလိုလုပ်တာက အရမ်း ရက်စက်တဲ့ လုပ်ရပ်ပါ။

မင်းမှားနေရင်ကော။

မင်းမမှားရင်တောင် မြတ်ဆရာတော်တော်များများက ဒီလို မလုပ်ပါ။ လူတစ်ယောက်ရဲ့ အနာဂတ်ကို အဆင်မပြေ ဖြစ်သွားတဲ့အထိ အဆုံးအစွန်းထိ မသွားသင့်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တဖက်လူက ရန်သူမဟုတ်ခဲ့ရင် မြတ်ဆရာများသည် အမှားတွေ့ရင်တောင် နှုတ်ဆိတ်နေတတ်ကြသည်။

ဒီလိုမျိုးဖြစ်ဖို့ကလဲ အခွင့်အရေး မများပါ။ သေချာတာကတော့ သူတို့မှာ လက်လွတ်စပယ် ထုတ်ပြောဖို့ ယုံကြည်ချက် မရှိကြပေ။

ဒါကြောင့်လည်း အလွဲသုံးစားကျောင်းသား အရှိန်အဝါကို ကြယ် လေးပွင့်နှင့် အထက်ရှိတဲ့ မြတ်ဆရာများသာ နားလည်နိုင်တဲ့ အရာ ဖြစ်သည်။ ဒီအဆင့်ရောက်မှပဲ အမှားလုပ်မိတဲ့ မြတ်ဆရာတွေကို လမ်းညွှန်ပေးနိုင်မည်။

တဖက်သားက မကျေနပ်ရင်တောင် သည်းခံနိုင်ကြသည်။

ဒါပေမယ့် ဆွန်းမိုက နားလည်လိမ့်မယ်လို့ မထင်ထားခဲ့မိပါ။

"မင်းက တကယ်ပဲ အသက် ၂၀ လား"

တန်နင်သည် မေးလုနီးပါး ဖြစ်နေသည်။ အမှန်တိုင်းပြောရလျှင် ဒီအရိုန်အဝါကို သူလည်း နားမလည်သေးပါ။

တခြားဆရာကို ဝေဖန်ရတာ ကောင်းပေမယ့်လည်း သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ

အရည်အသွေး (အီးကျူ) မနိမ့်ကျဘူးဆိုရင် ဘယ်သူက လက်လွတ်စပယ် ပြောမှာလဲ။

“ငါလုပ်လိုက်တော့မယ်”

မိုင်ရာဇီက ဆွန်းမိုကို ခေါင်းညိတ်ပြပြီးနောက် သူမဆီက ငွေရောင် အရှိန်အဝါတစ်ခု ဖြာထွက်လာသည်။ ဆုတိုင်နှင့် ထိတွေ့ပြီးနောက် သူ့အပေါ်မှာ ရှိတဲ့ အလွဲသုံးစား ကျောင်းသား အရှိန်အဝါရဲ့ သက်ရောက်မှု ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင် ဖြေဆိုသူတွေ အပေါ်သက်ရောက်နေတဲ့ စံပြဆရာရဲ့ လွှမ်းမိုးမှုလည်း

ပျောက်ကွယ်သွားသည်။ ဒီလိုမှမဟုတ်ဘဲ ဒီအတိုင်းသာ ဆက်ဖြစ်နေရင် သူတို့ရဲ့ စွမ်းဆောင်ရည် ထိခိုက်သွား နိုင်သည်။

ဆွန်းမိုက ဂုဏ်သိက္ခာရှိတဲ့ ဒီအမျိုးသမီးကို လေးစားအထင်ကြီးပြီး ပြန်ပြုံးပြလိုက်သည်။ သူမရဲ့ ခွန်အားနဲ့အဆင့်အတန်းအရ အလင်းရောင်ကို မထုတ်လွှင့်ခင် ဆွန်းမိုရဲ့ ထင်မြင်ချက်ကို မေးစရာ မလိုပါ။ ဒါပေမယ့် သူမကတော့ လေးစားမှုကို ပြတဲ့ အနေနဲ့ မေးခဲ့သည်။

"ဒါပေမယ့် နွေဦးလေပြေကို အသုံးပြုမှုက အရမ်းကောင်းတာပဲ"

ဆွန်းမိုက ဒီကမ္ဘာကြီးကို အခုမှရောက်လာတဲ့ အတွေ့အကြုံမရှိတဲ့လူ တစ်ယောက် မဟုတ်တော့ပါ။ အခုဆိုလျှင် သူက မြတ်ဆရာလောကရဲ့ အထွေထွေ ဗဟုသုတ အနည်းငယ်ကို နားလည်နေပြီ။ ဒီမြတ်ဆရာ အရှိန်အဝါကို မိုးထဲက နွေဦးလေပြေလို့ ခေါ်ကြသည်။ ဒါက အကျိုးပြုခြင်းဖြစ်စေ၊ အပြစ်ဒဏ်ပေးခြင်း ဖြစ်စေ အမျိုးအစား မခွဲခြားဘဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာအရှိန်အဝါရဲ့ အကျိုးသက်ရောက်မှု အားလုံးကို ဖယ်ရှားပေးနိုင်သည်။

ဒါက အရှိန်အဝါကိုတွေကို နားလည်တာနဲ့ ထပ်တူထပ်မျှ ခက်ခဲသည်။ အရှိန်အဝါရဲ့ အကျိုးသက်ရောက်မှုများကို ဖယ်ရှားလိုပါက အဲဒီ အရှိန်အဝါတွေကို အရင်ဦးဆုံး နားလည်ရန် လိုအပ်သည်။ ပြောချင်တာ မိုးထဲက နွေဦးလေပြေကို နားလည်တဲ့သူက အနည်းဆုံး မြတ်ဆရာ အရှိန်အဝါ အခုနှစ်ဆယ် နားလည်ရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာလောကတွင် ဒါက ကြောက်စရာကောင်းတဲ့ ကိန်းဂဏန်း တစ်ခု ဖြစ်သည်။

ဆုတိုင်သည် အသိပြန်ဝင်လာပြီး မျက်နှာ ပုတ်သိုးနေသည်။ စာစစ်သူတစ်ယောက်အနေနဲ့ အပြစ်ဒဏ်ခံရခြင်းမှာ ရှက်စရာ ကောင်းနေသည်။

ဒီသတင်း မပေါက်ကြားသွားရင်တောင် ဆရာမိုင်နှင့် ဆရာတန်တို့နှစ်ယောက်စလုံး မြင်ဖူးကြသည်။ ဒါက သူ့ပုံရိပ်အတွက် ကြီးမားတဲ့ ထိုးနှက်ချက် ဖြစ်သည်။

“အလွဲသုံးစား ကျောင်းသား အရှိန်အဝါလား။ မဆိုးပါဘူး။ တကယ် မဆိုးဘူး”

ဆုတိုင်သည် ပေါက်ကွဲနေသော်လည်း သူ့ရဲ့ အခြေအနေကြောင့် မဆင်မခြင် မလုပ်နိုင် ဖြစ်နေသည်။ ဒါကြောင့် ဒီတစ်ခုပဲ ထပ်ပြောလိုက်နိုင်သည်။

“ထပ်ရှိသေးလား။ ထပ်ပြစမ်းပါအုံး”

“ငါအဆင်ပြေတယ်။ သတ္တိရှိရင် ထပ်ထိုးလိုက်’ ပြောနေသလို ဖြစ်နေသည်။

မိုင်ရာဇီ မျက်မှောင်ကြုတ်သွားပြီး သူ့ကို တားလိုက်သည်။

“ဆရာဆု၊ အမှတ်ပေးလိုက်တော့”

ကိစ္စကို အရှည်အရှည် ဖြစ်အောင်မလုပ်ဖို့ ဆုတိုင်ကို သတိပေးလိုက်သည်။ ဒါ့အပြင် ဆွန်းမိုက နောက်ထပ် မြွတ်ဆရာအရှိန်အဝါတွေကို ထပ်သိနေအုံးမယ်ဆိုတာ သေချာပေါက် ခံစားမိသည်။ ဒီအတိုင်းသာ ဆက်သွားနေရင် ဆုတိုင်ပဲ အခြေအနေ ဆိုးဝါးသွားမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမ ခြေတစ်လှမ်း နောက်ကျသွားတာ စိတ်မကောင်းစရာပါ။

ဆွန်းမိုကလည်း သူ့ကို ဆက်ဆံသလို ပြန်တုံ့ပြန်မယ့် လူမျိုး ဖြစ်သည်။ တကယ်လို့ တစ်ယောက်ယောက်က အတင်းအကျပ် ပြဿနာ ရှာလာလျှင် မတောင်းပန်နိုင်ပါ။ အဲဒီအစား ခေါင်းကို သံတူနဲ့ ထုချေလိုက်မည်။

ဒါက စာစစ်သူဆိုလည်း ဘာဖြစ်လဲ။

သားကောင် အကြီးကြီးပဲပေါ့။

ဆုတိုင်ရဲ့ စိန်ခေါ်မှုကို ကြားလိုက်လျှင် တစ်ချက်မဲ့လိုက်သည်။

“မင်း ဆန္ဒအတိုင်းပဲ”

ဆွန်းမို၏ လေသံက အေးဆေးလှသည်။ ထို့နောက် လက်ချောင်းကနေ ကျယ်လောင်တဲ့ အသံထွက်လာသည်။

ဖောက်

ကြည့်လင် ပြတ်သားတဲ့ အသံများကြားတွင် ဆွန်းမို လက်ချောင်းကနေ ရွှေရောင် အလင်းတန်းများ ဖြာထွက်လာသည်။ အလင်းရောင် အချင်းချင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုက်ခတ်ပြီး မီးပွားဖြစ်လာကာ ညနေခင်းတွင် တောက်ပတဲ့ ပိုးစုန်းကြူးလို ဖြစ်လာသည်။ ပြီးနောက် မြွားပုံစံ တစ်ခု အဖြစ်ပေါင်းစပ်သွားသည်။

တွေ့ဝေခြင်းမရှိဘဲ ဆုတိုင် နဖူးဆီ လှမ်းပစ်လိုက်သည်။

ဆုတိုင်က ခံစားချက်မကောင်းလို့ အလိုလို ရှောင်ဖို့ ကြိုးစားလိုက်သည်။ ဒါပေမယ့်လည်း မြွားရဲ့ အရှိန်က မြန်လွန်းသည်။

ဝူးရှ်

မြွားက လေထဲသို့ ဖြတ်သန်းပြီး ဆုတိုင်နဖူးကို ထိမှန်သွားသည်။

ဖောက်

ဆုတိုင် ခေါင်းလန်သွားကာ ပြန်တည့်လာလျှင် မျက်လုံးက အသိကင်းမဲ့နေပြီး ပါးစပ်ရွဲ့စောင်းကာ ရှုးသွပ်တဲ့ အနေအထား ရောက်နေပြီ။

'သတိလစ်ခြင်းနှင့်အသုံးမကျခြင်း' ပြည့်စုံတဲ့ ထိချက်။

ဟာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်း တုန်လှုပ်ခြောက်ခြား သွားသည်။ မျက်နှာပေါင်းသုံးရာက ဆွန်းမိုကို တအံ့တအော ကြည့်နေကြသည်။ (အရမ်းခေါင်းမာလှချည်လား။ စာစစ်သူကို ဘယ်လိုတောင် အရှက်ခွဲရဲတာလဲ)

“ဒီကောင်ခေါင်း တစ်ခုခု မှားနေတာလား”

“သူက သူ့ကိုယ်သူ အရမ်းအထင်ကြီးပြီး အရည်အချင်းရှိလို့လဲ ကမ္ဘာပေါ်က တခြားလူတွေကို အထင်သေးနေတာပဲ”

“ဒါပေမယ့် သူ့ရဲ့ အရှိန်အဝါက အရမ်းအံ့အောဖို့ ကောင်းတယ်”

ဖြေဆိုသူများက တိုးတိုးလေး ရေရွတ်နေကြသည်။

မြတ်ဆရာအရှိန်အဝါ အားလုံး အကျိုးသက်ရောက်မှု ရှိတာ မဟုတ်ဘဲ ပစ်လွှတ်တဲ့ အရည်အချင်းနဲ့ လက်ခံသူရဲ့ အရည်အချင်း အပေါ်မူတည်ပြီး ကွာခြားသည်။

မိုင်ရာဇီကိုပဲ ဥပမာ ကြည့်ပါ။ ဆွန်းမိုရဲ့ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း မြတ်ဆရာအရှိန်အဝါက မဟာအဆင့်မှာ ရှိနေသော်လည်း သူမကိုတော့ ရှုံးသွပ်သူအဖြစ်

ပြောင်းနိုင်မှာ မဟုတ်ပေ။ ခေတ္တခဏ အာရုံပျက်သွားအောင်တောင် မလုပ်နိုင်ပါ။

“ငါလို...”

တန်နင်သည် ဆုတိုင်၏ ဘောင်ကျော်မှုနှင့် ဆွန်းမိုရဲ့ မသိနားမလည်မှုအတွက် သည်းမခံနိုင်တော့ဘဲ စိတ်ထဲ ကျိန်ဆဲလိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် ညိနေရင်လည်း အထာ ထားသင့်သည်။ ဒီအတိုင်းအတာအထိ တွန်းအားပေးစရာ လိုလို့လား။

"ရပြီ လုံလောက်ပြီ။ မင်းအောင်သွားပြီ။ အခုထွက်သွားပြီး နေ့ခင်းဘက် စာမေးပွဲအတွက် ပြင်ဆင်နိုင်ပြီ"

မိုင်ရာဇီက ဒီစကား ပြောပြီးတာနဲ့ ဘယ်ဘက်ခြေကို တစ်ချက်စောင့်ပြီး မိုးထဲက နွေဦးလေပြေကို ထုတ်လွှင့်လိုက်သည်။ ဒီလိုမှမဟုတ်ဘဲ ဆုတိုင်သာ အရှုံးတစ်ယောက်လို ဆက်လုပ်နေပါက မျက်နှာ လုံး၀ ပျက်သွားလိမ့်မည်။

"တာ့တာ"

ဆွန်းမို ထွက်သွားသည်။

"မင်း………"

အသိပြန်ဝင်လာတာနဲ့ ဆုတိုင်သည် လုံးဝ ဒေါသထွက်နေပြီ။ ဆွန်းမိုနောက်ကို လိုက်သွားသည်။

"ဆရာဆု"

မိုင်ရာဇီက ပြောလိုက်သည်။ သူမ အသံက မကျယ်သော်လည်း ဆုတိုင် နားထဲတွင် ကျယ်လောင်တဲ့ ခေါင်းလောင်းသံကြီးလို ဖြစ်နေသည်။ ဒေါသထွက်ပြီး ထိန်းချုပ်မှု လွတ်နေရာက အသိပြန်ဝင်လာသည်။

"ဆရာ မိုင်၊ အမှားကို နားလည်ပါပြီ"

ဆုတိုင်သည် ဒေါသကို မျိုသိပ်ကာ တောင်းပန်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဇတ်ကောင်က သူစော်ကားလို့ ရတဲ့ သူမျိုး မဟုတ်ပါ။ ဒီလိုမှမဟုတ်ရင် ဒီကိစ္စက အဆုံးမရှိ ဖြစ်သွားမည်။

(ဆွန်းမိုလား။ မင်းစောင့်နေလိုက်)

အခန်း(၄၄၃) - ဆောင်းတွင်းမှာ ပွင့်တဲ့ပန်း၊ မိုင်ဇီယူ။

"မင်း ဘယ်လိုထင်လဲ"

တန်နင်က မိုင်ရာဇီကို တိုးတိုးလေး မေးလိုက်သည်။

"မဆိုးပါဘူး။ သူ ရသင့်တယ်"

သူမ၏ ကြွယ်ဝလှတဲ့ အတွေ့အကြုံကြောင့် ဆွန်းမို ဘယ်လောက် ထူးချွန်တယ်ဆိုတာ ပြောနိုင်သည်။

လူမြင်ကွင်းမှာ ဖြစ်နေလို့ စကားကို ထိန်းပြီး ပြောနေသော်လည်း ဆွန်းမိုက ဒီမြတ်ဆရာ စာမေးပွဲတွင် ထိပ်ဆုံးဆယ်ယောက်အတွက် တိုက်ခိုက်ခွင့် ရှိတယ်လို့ အမှန်တကယ် ထင်နေသည်။

တန်နင် ခေါင်းညိ့ှတ်လိုက်ပြီး နောက်ထပ် ဖြေဆိုသူတစ်ယောက်ကို ထပ်ခေါ်လိုက်သည်။

"တုန်တုန်"

ဆွန်းမိုက စာမေးပွဲအောင်ဖို့ အခွင့်အလမ်းများနေတာ တန်နင်လည်း သိနေသည်။ ဒီလိုမေးလိုက်တဲ့ အကြောင်းအရင်းက ဆွန်းမိုကို

ကိုယ်ရေးကိုယ်တာ ခံစားချက်နဲ့ ရောပြီး ရမှတ်တွေ နှိမ့်မပေးဖို့ ဆုတိုင်ကို သတိပေးလိုက်တာပဲ ဖြစ်သည်။

ဆုတိုင်သည် ဒေါသကို မျိုသိပ်ကာ ဆွန်းမိုကို အမှတ်အပြည့်ပေးလိုက်သည်။ ဒါပေမယ့် ဆွန်းမို နာမည်၏ အနောက်တွင် ကို့ကိုယ်ကို အထင်ကြီးပြီး တခြားသူတွေကို မထီလေးစား လုပ်ကြောင်း မှတ်ချက် ထည့်လိုက်သည်။

ဆွန်းမိုသည် အခန်းအပြင်သို့ ရောက်တာနဲ့ ဖြေဆိုသူ အများအပြား လျှင်မြန်စွာ ထွက်လာနေကြတာကို တွေ့လိုက်ရသည်။

ဒီအချိန်တွင် အနားယူမယ် ဒါမှမဟုတ် ပြန်ပြီး စာနွေးဖို့ အချိန်ယူနေကြသည်။

ဦးနောက် မထိခိုက်ထားတဲ့ ဖြေဆိုသူဆိုလျှင် ဒီနှစ်စာမေးပွဲက အရင်နှစ် စာမေးပွဲတွေထက် ပိုခက်တာကို ပြောနိုင်သည်။ ရေးဖြေ စာမေးပွဲဆိုလျှင် ပိုတောင် ခက်အုံးမည်။

ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့သည် စာမေးပွဲပြီးရင် စာကြည့်တိုက်မှာ တွေ့ဆုံရန် ချိန်းထားပြီး ထမင်းအတူတူ စားဖို့ ပြောထားသည်။

"သူမ မပြီးသေးဘူးလား"

ဆွန်းမိုက အရင်ရောက်နေသည်။ မိနစ်အနည်းငယ် ကြာအောင် စောင့်သော်လည်း ကူရှုပ်ရှင်း မရောက်လာသေးသဖြင့် ဒီနေရာမှာပဲ စောင့်မနေချင်တော့ပါ။ ကျောင်းဝန်းထဲမှာပဲ လမ်းပတ်လျှောက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဂန်နန် အကယ်ဒမီ၏ အဆောက်အဦးများကို လေ့လာပြီး သင်ယူလို့ရတာ ရှိမရှိ လေ့လာတဲ့ ခရီးတစ်ခုလို့ သတ်မှတ်လိုက်သည်။

ဂန်လင်သည် စီးပွားရေးမြို့တစ်မြို့ ဖြစ်လို့ ဂန်နန် အကယ်ဒမီမှာ ပိုမိုခိုင်မာတဲ့ စီးပွားရေး

အသွင်ဆောင်လာသည်။ ဆွန်းမိုသည် ထင်သာမြင်သာ ရှိတဲ့နေရာတွင် ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ် ဆယ်ခုကျော်ကို မြင်တွေ့ခဲ့ရပြီး နှစ်ပေါင်း ၁၀၀ လောက် သက်တမ်းရှိတဲ့ ဆိုင်းဘုတ်တွေကိုလည်း တွေ့ခဲ့ရသည်။

ဆွန်းမိုကတော့ ဂန်နန် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးက စီပွားရေးသမား ဖြစ်မလာတာ အရမ်းနှမြောဖို့ကောင်းတယ်လို့ ထင်နေသည်။ ဒီနဖူးစည်းက ကြေငြာများသည် ဂန်နန် အကယ်ဒမီရဲ့နှစ်စဉ် အသုံးစရိတ်ကို ကာမိစေသည်။

သူတို့မှာ ပိုက်ဆံရှိလို့ ကျောင်းရဲ့ အခြေခံအဆောက်အဦးတွေကလည်း အရမ်းကောင်းသည်။

အခုအချိန်က ဆောင်းနှောင်းပိုင်း နွေဦးရာသီ ဖြစ်သော်လည်း ပန်းတွေက လှပစွာ ပွင့်နေဆဲ ဖြစ်သည်။ ဒါတွေအားလုံးက အမှောင်တိုက်ကြီးက ဘယ်ဆောင်လာပြီး အဆင်းလှတဲ့ပန်းတွေ ဖြစ်ကာ အေးမြတဲ့ ဆောင်းရာသီမှာသာ ပွင့်နိုင်သည်။

ဆွန်းမိုက ပန်းခင်းကြားတွင် လမ်းလျှောက်နေသည်။ ခြေထောက်တစ်စုံကို ရုတ်တရက်တွေ့လို့ ရပ်တန့်လိုက်သည်။

မနီးမဝေးမှာရှိတဲ့ ပန်းခင်းတစ်ခု ဘေးတွင် အသက် ၁၇၊ ၁၈ကြားလောက် ရှိမည့် မိန်းကလေးတစ်ယောက် ထိုင်နေသည်။ သူမက ဂေါ်ပြားအသေးလေးကိုကိုင်ကာ မြေကြီးကို ဆွနေသည်။

ဆောင်းရာသီ ဖြစ်သော်လည်း မိန်းကလေး၏ နဖူးတွင် ချွေးစများနဲ့ စိုနေသည်။

ဆွန်းမိုက စင်တစ်ခု ဘေးတွင် ထိုင်လိုက်သည်။ မိန်းကလေးကို နောက်ကျောက ကြည့်နေရသော်လည်း ကြည့်လို့ တော်တော် ကောင်းနေသည်။ အဲမှားလို့ လှနေသည်။ သူမကို ကြည့်ရတာ ပူလောင်ခြင်း မရှိသော်လည်း ပိန်သွယ်သွယ် အမြီးရှည်တဲ့ ငါးတစ်ကောင်နဲ့ တူနေသည်။ ပူးပေါင်း လုပ်ဆောင်လိုစိတ် ဖြစ်ပေါ်စေသည်။

ခါးအထိရှည်တဲ့ ဆံပင်များကြောင့် သူမသည် နှင်းဆီပန်းလို တည်ငြိမ်ပြီး ကျက်သရေရှိတဲ့ အငွေ့အသက် ဖြစ်ပေါ်နေသည်။

"သူမက ဘယ်လိုပုံစံလဲ သိချင်လိုက်တာ"

ဆွန်းမိုသည် ရုတ်တရက် သိချင်စိတ်ပေါက်လာသည်။

ဆယ်မိနစ် ဒါမှမဟုတ် ဒီထက် ပိုကြာတဲ့ အချိန်တွင် ကောင်မလေးသည် သူမလုပ်ဆောင်နေတာ ပြီးသွားသည်။ မတ်တပ်ထရပ်ကာ ချွေးသုတ်လိုက်ပြီး

အပြုံးချိုချိုလေးနဲ့ မြေဆီလွှာ နည်းသွားတဲ့ အပင်ကို ကြည့်လိုက်သည်။

ဆွန်းမိုကတော့ သူမ မျက်နှာကို လှမ်းကြည့်နေခဲ့သည်။ သူမ လှတာ မလှတာ အသာထားလိုက်အုံး သူမရဲ့ အပြုံးလေးကတင် မိုးရွာပြီးနောက် ပေါ်လာတဲ့ သက်တံ့တစ်ခုလို ဖြစ်နေသည်။

ဆွန်းမိုရဲ့ စိတ်အခြေအနေ ချက်ခြင်း ပိုကောင်းလာသည်။ စာအုပ်ဆိုင်မှာ စာအုပ် ကောင်းကောင်း ဖတ်လိုက်ရသလို ဒါမှမဟုတ်

အချိုပွဲဆိုင်မှာ အရသာရှိတဲ့ ကိတ်မုန့်တစ်လုံးကို စားလိုက်ရတာနဲ့ တူသည်။

ကောင်မလေးသည် အနည်းငယ် ညှိုးနွမ်းနေတဲ့ ပိုနီအပင်ကိုတွေ့ပြီး ရေလောင်းလိုက်သည်။ ဒါပေမယ့် အထိုင်အထလုပ်နေစဉ် ဆွန်းမိုရှိရာ တစ်ချက် လှမ်းကြည့်ပြီး တစ်ကိုယ်လုံး တုန်သွားသည်။

သူမက ကြောက်လန့်နေတဲ့ အဝါရောင် ခွေးပေါက်လေးတစ်ကောင်နဲ့ တူနေသည်။

ဆွန်းမိုလည်း အနည်းငယ် နေရခက်သွားပြီး သူမကို နှုတ်ဆက်လိုက်သည်။

“ဟယ်လို”

ကောင်မလေးက ခေါင်းညိတ်ပြပြီး သစ်သားရေပုံးလေးကို ကောက်ယူကာ ထွက်သွားဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ခြေလှမ်း အနည်းငယ် လှမ်းပြီးနောက် ညှိုးနွမ်းနေတဲ့ အနက်ရောင် ပိုနီပင်ကို နောက်တစ်ကြိမ် လှည့်ကြည့်လိုက်သည်။ ထို့နောက် တုံ့ဆိုင်းသွားပြီး ပြန်ရောက်လာသည်။

ဒီတစ်ခါကတော့ ကောင်မလေး လုပ်တာ တော်တော် မြန်နေသည်။

“ငါက ဘာဖြစ်လို့ အကျင့်မကောင်းတဲ့လူလို့ ခံစားနေရတာလဲ”

ဆွန်းမိုက ကို့ကိုယ်ကို လျှောင်ပြုံးပြုံးပြီး အခြားနေရာကို ထွက်သွားဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ကောင်မလေးက ရုတ်တရက် တုန်ယင်လာပြီး မြေပေါ်သို့ လဲကျသွားသည်။

“ဘာဖြစ်တာလဲ”

ဆွန်းမို မျက်မှောင်ကြုတ်သွားပြီး လှမ်းသွားလိုက်သည်။

နတ်ဘုရားမျက်စိအာရုံကို အသုံးပြုလိုက်သည်။

မိုင်ဇီယူ အသက် ၁၈ နှစ်။

နတ်ဘုရား ခွန်အား နယ်ပယ်။

မိန်းကလေးရဲ့ ကျင့်ကြံခြင်းအဆင့်ကို မြင်ပြီး ဆွန်းမို မျက်လုံးပြူးသွားသည်။ ခဏလောက်နေတော့ သူ အကြည့်မှားနေတယ် ထင်သွားသည်။ ၁၈ နှစ်ပဲ ရှိသေးတဲ့ မိန်းကလေးက နတ်ဘုရား ခွန်အားနယ်ပယ် ရှိပါ့မလား။ ဒါဆိုရင်တော့ ပါရမီရှင်ကြီးက ပါရမီရှင်ပဲ။

ကြံ့ခိုင်မှု - ၁၅ - နူးညံ့ပြီး အားနည်းကာ ဖျားနာနေသည်။ ပန်းပင်တွေကို ဂရုစိုက်ဖို့လောက်ပဲ သန်မာသည်။

ဉာဏ်ရည် - ၃၈ - ဖြူစင်တဲ့နှလုံးသား ရှိပြီး လှပတဲ့ စရိုက် ရှိသည်။ လှတယ်, ဉာဏ်ကောင်းတယ်၊ ကိစ္စ တော်တော်များများကို နားလည်တယ်။

သွက်လက်မှု - ၁၃ - လေတိုက်ရင်တောင် လဲကျသွားနိုင်လို့ ကျက်သရေ ရှိရှိလေး လမ်းလျှောက်ပါ။

ခံနိုင်ရည် - ၁၂ - အမြဲတမ်း မောပန်းနေမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆန္ဒ - ၄၀ - နတ်ဘုရား ခွန်အားနယ်ပယ်ကို ရောက်နေလို့ စိတ်ဝိညာဉ်က ခြွင်းချက် မရှိ သန့်မာသည်။

....

အလားအလာ တန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက်။ ။ ဖျားနာနေသဖြင့် အလားအလာအားလုံးကို မထုတ်ပြနိုင်သေးပါ။ ဒါတောင် လူများစွာကို လွှမ်းမိုးအောင် ပွဲခံနိုင်သေးသည်။

“မင်းမှာ ဘာရောဂါ ရှိနေလဲ။ ဆေးရှိလား။ ကုသနည်း သိလား”

ဆွန်းမိုက ကောင်မလေးကို ထူပေးပြီး မေးခွန်း သုံးခု ဆက်တိုက် မေးလိုက်သည်။

ဒီမိန်းကလေးရဲ့ ခန္ဓာကိုယ်က ထန်ထန်ယုထန်ထက်တောင် ပိုဆိုးနေသေးသည်။ ဒါကြောင့်လည်း ဆွန်းမိုက သူမကို မဆင်မခြင် မကုသ ပေးရဲပါ။

“ငါ...ငါ့မှာ ဆေးရှိတယ်”

ကောင်မလေးက ဆွန်းမိုရင်ခွင်ကို မှီပြီး လက်ထောက်ထားရသည်။ ရှက်လွန်းလို့ မျက်နှာ နီလာသည်။ အဲဒီနောက် ပုလဲရောင် လည်ပင်းအထိ နီလာသည်။

"ပန်းထိုး အိတ်ထဲမှာလား"

ဆွန်းမိုက မိန်းကလေး ခါးတွင် ချိတ်ထားတဲ့ ပန်းထိုး အိတ်လေးကို တွေ့လိုက်သည်။

"အင်း"

ကောင်မလေးရဲ့ အမူအရာကို ကြည့်ရတာ အရမ်းနာကျင်နေတဲ့ ပုံရသည်။ ဒါပေမယ့် သူမက

တောင့်ခံထားပြီး မငိုခဲ့ပေ။ ဘာဖြစ်လို့လည်းဆိုတော့ ဒါက မိန်းမတစ်ယောက်ရဲ့ အသွင်အပြင်ကြောင့် ဖြစ်သည်။

ဆွန်းမိုက ပန်းထိုးအိတ်ကို အမြန်ဖွင့်ပြီး ကြွေပုလင်းလေးကို ထုတ်လိုက်သည်။

ဆွန်းမို မမေးရသေးခင် မိန်းကလေးက

"နှစ်လုံး"

ဖုတ်

ဆွန်းမိုက အဖုံးကို ဖွင့်လိုက်လိုက်လျှင် ပြင်းထန်တဲ့ မွှေးရနံ့တစ်ခု သူ့နှာခေါင်းဆီသို့ချက်ခြင်း ပျံ့နှံ့လာကာ

လန်းဆန်းသွားသည်။ ဆေးတွေကို မျိုချခြင်စိတ် ပေါက်လာသည်။

ဒါပေမယ့် နောက်ထပ် အံ့အောစရာ တစ်ခု ဖြစ်လာသည်။ သင်းပျံ့လာတဲ့ မွှေးရနံ့က ပျောက်မပျယ်သွားပါ။ အဲဒီအစား ကြာဖြူးပန်းပုံစံ ပေါင်းစပ်သွားပြီး လေတိုက်နေလို့ အရွက်တွေ လှုပ်ခတ်နေသည်။

ဆွန်းမိုသည် မှော်ဆေးပညာရှင် မဟုတ်သော်လည်း ဒီဆေးတွေက အရမ်းအဖိုးတန်မယ်ဆိုတာ သိနေသည်။

အချိန်ဆွဲမနေရဲတော့ပဲ ကောင်မလေးကို အမြန်တိုက်လိုက်သည်။

"အဟွတ့်၊ အဟွတ်၊ အဟွတ်၊ အဟွတ်"

မိုင်ဇီယူက ချောင်းဆိုးနေသော်လည်း ပိုကောင်းတဲ့ လက္ခဏာ မပြလာသေးပါ။ သူမ ပါးစပ်က သွေးတွေ ထွက်ကျလာပြီး ဆွန်းမို အကျႌတွေ ပေကုန်သည်။

"ငါ…ငါ တောင်းပန်ပါတယ်"

မိုင်ဇီယူ အနည်းငယ် စိတ်မကောင်း ဖြစ်သွားသည်။

"မင်းက ဒီလို အခြေအနေ ဖြစ်နေတာတောင် ဘာဖြစ်လို့ တောင်းပန်နေသေးတာလဲ"

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။

"ဘာရောဂါလဲ သိလား"

နတ်ဘုရားမျက်စိအားရုံတွင် မိုင်ဇီယူ၏ ရောဂါနဲ့ ပက်သက်လို့ ဘာအချက်အလက်မှ မတွေ့ပါ။ ဒါကြောင့်လည်း ဆွန်းမို အံ့အောသင့်နေသည်။ နတ်ဘုရားမျက်စိအာရုံသည် ဘိုးဘေးအဆင့်သို့ ရောက်နေပြီ။ သူ့သာ အချက်အလက်ကို မရနိုင်ရင်

သူမ ရောဂါက အရမ်းရှားပါးပြီး ခန့်မှန်းရခက်နိုင်သည်။

"အဟွတ်၊ အဟွတ်"

မိုင်ဇီယူ ခေါင်းခါလိုက်သည်။ ပြောခွင့်မရှိတာ မဟုတ်ဘဲ ဘယ်လို ပြောပြရမလဲဆို စကားလုံး မရှိဖြစ်နေသည်။ သူမရဲ့ ဝေဒနာက ထူးဆန်းလွန်းသည်။

ဆွန်းမိုက သူမကနေ တစ်ဆင့် ဘာမှ မသိနိုင်မှန်းသိလိုက်သည်။ သူကိုယ်တိုင်ပဲ စစ်ဆေးတော့မည်။

"ဒါဆိုလည်း မင်းကိုစော်ကား မိအုံးမယ်"

ဒီလို ပြောပြီးတာနဲ့ ဆွန်းမိုသည် မိုင်ယူဇီရဲ့ ညာဘက်ကျောကို ဘယ်ဘက် လက်နဲ့နှိပ်ပြီး စစ်ဆေးလိုက်သည်။

ဆွန်းမိုသည်ရှေ့ဟောင်း အနှိပ်ပညာကို မဆင်မခြင် မသုံးရဲပါ။ မိုင်ဇီယူရဲ့ အချက်အလက်တွေက ထူးဆန်းလွန်းသည်။ သူမက နတ်ဘုရားခွန်အား နယ်ပယ်ကို ရောက်နေသော်လည်း သူမရဲ့တချို့ အချက်အလက်တွေက စိတ်ဝိညာဉ် ပြုပြင်ခြင်း နယ်ပယ်မှာသာ ရှိသေးပြီး ရှန်ယွန်ပေါင်ကိုတောင် မယှဉ်နိုင်ပါ။

သူမရဲ့ ဝိညာဉ်ချီနှင့် သွေးတွေက ဆိုးရွားစွာ ကုန်ဆုံးနေသည်။ ကြွက်သား ကျုံ့နေပြီး ခွန်အားလည်း အားနည်းနေကာ နှလုံးလည်း အားနည်းနေသည်။

ဆွန်းမို ပိုစစ်ဆေးလေ ပိုအံ့အောလေ ဖြစ်နေသည်။ ဒီကောင်မလေးက ဒီကမ္ဘာပေါ်မှာ ဘယ်လို အသက်ရှင်ခဲ့တာလဲ။ သူမက ဒီဆေးတွေကိုပဲ အားကိုးပြီး အသက်ရှင်ခဲ့တာလား။

မိုင်ဇီယူသည် ငယ်စဉ်ကတည်းက ယောကျ်ားလေးတွေနဲ့ တစ်ခါမှ လက်ပွန်းတတီး

မနေခဲ့ဖူးသဖြင့် ရှက်သလို အနေရခက်နေသလို ခံစားနေရသည်။ သွေးထွက်နေသလို မျက်နှာက နီရဲနေသည်။

“မလုပ်နဲ့။ ငါ့ကို မထိနဲ့”

မိန်းကလေးက ဆွန်းမိုကို အဝေး တွန်းထုတ်ချင်နေသည်။

ဆွန်းမိုက ဘာမှမပြောတော့ပါ။ လျှင်မြန်စွာ သုံးသပ်ပြီးနောက် သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်သည်။

ချီနှင့် သွေးဆိုတာက လူသားအသက်ရဲ့ အခြေခံ အုတ်မြစ် ဖြစ်သည်။ ဒါတွေ ပိုသန်မာလာလေ အသက်ဓါတ်က ပိုသန်မာလေ ဖြစ်သည်။

ဆွန်းမိုက ညာလက်ကိုအားထည့်ပြီး မိုင်ဇီယူရဲ့ လည်ပင်းကို နှိပ်လိုက်သည်။

"အမ်"

မိုင်ဇီယူ ရုတ်တရုတ် အံ့အောပြီး လည်ပင်းအောက်က အဟိုက်ကို အလိုလို ဖုံးလိုက်မိသည်။ ဒါပေမယ့် လျှင်မြန်စွာ ငြိမ်ကျသွားသည်။ ဆွန်းမို လက်ချောင်းနဲ့ ထိလိုက်တဲ့

အစိတ်အပိုင်းတိုင်းသည် ခံစားလို့ အရမ်းကောင်းလွန်းသည်။

ရောဂါ ကြွလာတဲ့အခါ ခံစားရတဲ့စူးစူးရှရှ နာကျင်မှုသည် အတော်လေး လျော့နည်းသွားသည်။

"ဂျင်းနီ၊ အခုထွက်လာတော့"

ဆွန်းမိုရဲ့ အနှိပ်နည်းစနစ်က အရမ်းကောင်းသော်လည်း လက်ရှိ အနေအထားအရ နှိပ်ပေးဖို့ အဆင်မပြေဖြစ်နေသည်။ ဒါကြောင့် ဝိညာဉ်ချီကို လက်ထဲ တွန်းထုတ်လိုက်သည်။

ဂျင်းနီ ဖြစ်သွားသည်။

"အမ်...."

မိုင်ဇီယူ၏ ကြီးမားလှပတဲ့ မျက်လုံးများသည် ချက်ခြင်း ပြူးကျယ်သွားသည်။ (ဒါက ဘာလဲ)

ဆွန်းမိုလည်း အံ့အောသွားသည်။ အမြင့်ဆုံးဆန္ဒ ရှိသလိုနဲ့ မျှော်လင့်ထားသလိုပဲ။ ရှေ့ဟောင်း အနှိပ်ပညာကို ခံစားနေရတာတောင် ကျိုးကြောင်း ဆီလျှော်မှုကို ထိန်းသိမ်းထားနိုင်သေးသည်။ ဂျိမ်ဂျဲတောင် ခဏလောက် အသိလွတ်သွားသေးသည်.

အများအားဖြင့် မိန်းမတွေကို သဘောမကျတတ်တဲ့ ဂျင်းနီသည် ဒီတစ်ခါကျတော့ မုန်းတီးမှုကို မပြခဲ့ပါ။ ဒီအစား မိုင်ဇီယူကို အပြင်းအထန် နှိပ်ပေးနေတော့သည်။

ဒီတစ်ကြိမ် ကုသမှုက ၁၅ မိနစ်လောက် ကြာသွားသည်။ ပြီးသွားတဲ့အခါ ဆွန်းမိုက သူမကို စင်ဘေးနား တွဲခေါ်လာခဲ့သည်။

ဟူး

ဆွန်းမို အနည်းငယ် ပင်ပန်းသွားသည်။ ဝိညာဉ်ချီကို အလွန်အကျွံ သုံးစွဲခဲ့ရသည်။

"ငါ တောင်းပန်ပါတယ်"

မိုင်ဇီယူက တောင်းပန်ပြီး အားနာနေသည်။ ကြင်နာတတ်တဲ့ဒီလူငယ်လေးက ဖြေဆိုသူ ဖြစ်မည်။ တကယ်လို့များ သူမကို ကူညီပြီး ခွန်အားကုန်သွားပါက နေ့ခင်းပိုင်း စာမေးပွဲကျသွားနိုင်သည်။ သူမ အပြစ်ပဲ။

ဆွန်းမိုသည် မိုင်ဇီယူ၏ ဆိုလိုရင်းကို နားမလည်ခင်က အံ့အောသွားသည်။ ချက်ခြင်း ဆိုသလို သူမကို အထင်ကြီးသွားသည်။ ဒါက

တခြားသူအတွက် ဘယ်လို တွေးပေးရမလဲဆိုတာ သိတဲ့ မိန်းကလေးပဲ။

"စိတ်မပူနဲ့။ အမှတ်အပြည့်ရဖို့အတွက် အားစိုက်စရာတောင် မလိုဘူး"

ဆွန်းမိုသည် နောက်လိုက်ပြီး မိုင်ဇီယူက သူ့ကို လှောင်တော့မယ်လို့ တွေးလိုက်မိသည်။ ဒါပေမယ့် သူမက အမူအရာ မပြောင်းဘဲ သူ့မျက်လုံးကိုသာ စိုက်ကြည့်နေသည်။

"ဟီးဟီး"

ဆွန်းမို ရှက်တရတ် ရှက်သွားသည်။ ဘယ်လိုပဲပြောပြော ဒီကြွားလုံးက နည်းနည်းကြီးလွန်းသည်။ သူရှင်းပြတော့မည့် အချိန်မှာ မိုင်ဇီယူဆီက စကားသံ ထွက်လာသည်။

"မင်းကို ယုံတယ်"

ကောင်မလေးက လေးနက်စွာ ခေါင်းညိတ်လိုက်သည်။ ဆွန်းမို လုပ်နိုင်မယ်လို့ သူမ တကယ်ယုံသည်။

(မင်း အပြစ်ကင်းလွန်းရင် မီးခိုးရောင် ဝံပုလွေကြီးက မင်းကို လှည့်စားသွားတော့မယ်)

ဆွန်းမို ဆွံ့အနေသည်။

"နေအုံး"

မိနစ်အနည်းငယ်ကြာတော့ ဆွန်းမို ပြေးသွားကာ မိုင်ဇီယူ လက်ထဲသို့ ရေနွေး တစ်ခွက်ပေးလိုက်သည်။

"နည်းနည်းလောက် ယူပြီ နှုတ်ခမ်း စွတ်လိုက်ပါ"

မိုင်ဇီယူသည် သူတစ်ပါးရဲ့ ပစ္စည်းကို ဘယ်တော့မှ မဆင်မခြင် မသုံးပါ။ လူစိမ်းတွေရဲ့ ပစ္စည်းက ယုံကြည်စရာ မရှိပါ။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ 'အင်း' လို့ တိုးတိုးလေးပြောပြီး ခွက်ကို

လက်နှစ်ဖက်နဲ့ယူလိုက်သည်။ နှုတ်ခမ်း စိုရုံ သောက်လိုက်သည်။

"မင်းရဲ့ အခြေအနေက အရမ်းပြင်းထန်တယ်။ လေအေး မထိသင့်ဘူး"

ဆွန်းမိုက အကြံပေးလိုက်သည်။

"ငါသိတယ်"

မိုင်ဇီယူက ပြုံးပြီး ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။

"ဒီမြင်ကွင်းကို မကြည့်ရရင် ကျန်တဲ့ ငါ့ရဲ့ နေ့ရက်တွေက အဓိပ္ပါယ် မရှိတော့ဘူး"

ဆွန်းမိုလည်း ဘယ်လို ဆက်ပြောရမလဲ မသိဖြစ်သွားသည်။ ဒီမိန်းကလေးက နေမကောင်းသောကြောင့် အရောင်သွေးစုံတဲ့ ပန်းတွေကို ကြည့်ရတာ အဓိပ္ပါယ် မရှိဘူးလို့ မပြောရက်ပေ။

ဒီလိုမှမဟုတ် စိတ်သဘောထား ပွင့်လင်းတဲ့ အမျိုးအစားလား။

"မင်းရဲ့စိတ်ဆန္ဒ အမှတ်က အပြည့်ဖြစ်နေတာ မဆန်းတော့ပါဘူး"

ဆွန်းမို ရေရွတ်လိုက်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

မိုင်ဇီယူက ဆွန်းမိုကို ရုတ်တရက် လှည့်ကြည့်ပြီး လခြမ်းကွေးလို ပြုံးလိုက်သည်။ သူ့နှလုံးသားထဲ သန့်စင်တဲ့ စိမ့်စမ်းရေ ဖြတ်စီးဆင်းသွားသလို ဖြစ်သွားသည်။

အခန်း(၄၄၄) - မြင်မြင်ခြင်းပဲ ဘဝက လှပသွားတယ်။

“ဆွန်းမို”

ဆွန်းမိုက အတတ်နိုင်ဆုံး ကြိုးစားပြီး ဒီမိန်းကလေးနဲ့ အကွာအဝေး တစ်ခု ဖြစ်အောင် နေခဲ့သည်။ ဒီလိုမှမဟုတ်ရင် သူ့ကို မဖွယ်မရာ လုပ်ဖို့ ကြိုးစားနေတဲ့လူလို့ ထင်သွားနိုင်သည်။

ရှေ့ဟောင်း အနှိပ်ပညာကို သုံးတဲ့အခါတွင်လည်း ကိုယ်ပိုင်နေရာလို့ သတ်မှတ်လို့ ရတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို ထိတွေ့ရမည်။

မိုင်ဇီယူသည် ဒီနာမည်ကို ထပ်ခါတလဲလဲ တိုးတိုးလေး ရေရွတ်လိုက်သည်။ ဒီနောက် မတ်တပ်ထကာ ဆွန်းမိုကို အလေးအနက် အရိုအသေ ပေးလိုက်သည်။

"ဆွန်းမို၊ ကျေးဇူးတင်ပါတယ်"

ဒင်

မိုင်ဇီယူ၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် - (၁၀၀/၁,၀၀၀)

“မင်းက ယဉ်ကျေးလွန်းနေပြီ။ ငါ့ဘက်က အားလေးနည်းနည်းပဲ စိုက်ထုတ်ခဲ့ရတာပါ”

ဆွန်းမိုသည် နတ်ဘုရားမျက်စိအာရုံနဲ့ ဒီကောင်မလေး ရောဂါကို မဖော်ထုတ်နိုင်သောကြောင့် တွေဝေသွားသည်။ ဒါကြောင့် အသေးစိတ် ပိုမေးချင်နေသည်။ ဒါပေမယ့်လည်း ဒါက ကိုယ်ပိုင် သတင်းအချက်လက်လို့ ယူဆသောကြောင့် မိန်းကလေးက သူ့ကို မပြောပြဖို့ များသည်။

မိုင်ဇီယူက ဆွန်းမို တိတ်ဆိတ်သွားတာကို သတိထားမိသည်.။ သူ့အတွေးကိုလည်း ချက်ခြင်း ခန့်မှန်းလိုက်မိသည်။

"တောင်းပန်ပါတယ်။ ဘာရောဂါ ဖြစ်နေလဲ မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အရမ်းတော့ ဒုက္ခပေးတယ်"

ကောင်မလေးသည် ဖြူစင်တဲ့ စိတ်ဓါတ်ရှိသည်။ ဒါကြောင့် သူမသာ သိလျှင် ဆွန်းမိုကို ကျေးဇူးအကြွေး တင်ထားသောကြောင့် သေချာပေါက် ပြောပြလိမ့်မည်။

"မင်း မကြားချင်တဲ့ အကြောင်းကို ပြောရအုံးမယ်။ မင်း အိပ်ယာထဲမှာပဲ ပိုအနားယူသင့်တယ်"

ဆွန်းမိုက အကြံပေးလိုက်သည်။ မိုင်ဇီယူ ခန္ဓာကိုယ်က နောက်တစ်လှမ်း လှမ်းလိုက်လျှင် သူမကို ဝန်ထုတ်ဝန်ပိုး ဖြစ်စေလိမ့်မည်။

" ဒီလိုဆိုရင်တော့ ငါ ကို့ကိုယ်ကို သတ်သေသွားနိုင်တယ်"

မိုင်ဇီယူက အပြုံးမပျက် ပြုံးနေရင်း ပြောလိုက်သည်။ အသက်ရှူသံတွေ တည်ငြိမ်သွားပြီးနောက် မတ်တပ်ထကာ ဂေါ်ပြားကို

ယူပြီး ညှိုးနေတဲ့ ပိုနီပင်ကို ရေလောင်းပေးပြီး မြေကြီးတွေကို ဆွပေးနေသည်.

ဆွန်းမိုက သူမနောက်ကနေ လိုက်သွားသည်။ တစ်ချက်ကြည့်လိုက်ပြီး တစ်ခုခု ပြောချင်နေသော်လည်း တွေဝေနေသည်။

"မျှော်လင့်ချက် မရှိတော့ဘူးလို့ ပြောချင်တာလား"

ဆွန်းမိုရဲ့အတွေးကို မိုင်ဇီယူ ခန့်မှန်းမိသည်။

"ဟုတ်တယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ သူ့ရဲ့ အပင်စိုက်ခြင်း နည်းစနစ်က မဟာအဆင့်အထိ ရောက်နေသဖြင့် နတ်ဘုရားမျက်စိအာရုံကို အသုံးမပြုရင်တောင် ပိုနီပင်ရဲ့ ပင်မအမြစ်ကို ပိုးတွယ်ပြီး စားသွားပြီဆိုတာ သိနေသည်။ ဒီအပင်က မြေဆီလွှာဆီက အဟာရကို မစုပ်ယူနိုင်တော့ဘဲ မကြာခင် သေသွားလိမ့်မည်။

"ဒါပေမယ့် အံ့ဖွယ် တစ်ခုခု ဖြစ်သွားရင်ဘယ်လို လုပ်မလဲ"

မိုင်ဇီယူက ပြန်မေးသည်။ ဂေါ်ပြားလေးကို အင်အား အလွန်အကျွံ အသုံးပြုရင် အမြစ်တွေ ထိသွားမှာကြောက်လို့ ပိုနီပင် အောက်ခြေက မြေကြီးတချို့ကို ဖြည်းညှင်းစွာ ဖယ်ပြီး ပေါင်းသင်နေသည်။

"တကယ်လို့ နည်းနည်းလေးတောင် အားစိုက်ထုတ်ချင်စိတ် မရှိတော့ရင် အံ့ဖွယ် ဖြစ်လာဖို့ အခွင့်အရေးလည်း ရှိတော့မှာ မဟုတ်ဘူး"

ဆွန်းမို တိတ်ဆိတ်သွားသည်။

အမှန်အတိုင်းပြောရလျှင် ဒီမိုင်ဇီယူက နည်းနည်းလေး အစွဲအလမ်း ကြီးတယ်လို့ ခံစားရသည်။ အပင်တစ်ပင်သေရင် နောက်တစ်ပင် ဝယ်စိုက်လို့ ရသည်။ ကွန်ပျူတာ ဟာဒ့်ဒစ် ပျက်သွားရင်လည်း အဲဒီ အစိတ်အပိုင်းကို အစားထိုးသင့်သည်။ ပြုပြင်ဖို့ ဘာကြောင့် စဉ်းစားနေမှာလဲ။

သူမ နှစ်ပေါင်းများစွာ ပြုစုစောင့်ရှောက်ခဲ့တယ့် အပင်ဆိုလည်း သံယောဇဉ် ရှိလို့ ဆိုပြီး ပြောလို့ ရသေးသည်။ ဒီလို ရှုခင်းမှာရှိတဲ့ သာမန်

အပင်လေးတစ်ပင်တွင် မိုင်ဇီယူက ဖျားနေတဲ့ ခန္ဓာကိုယ်နဲ့ အားစိုက်ထုတ်နေတာ တကယ်ကို မတန်ပါ။

ဒါပေမယ့် ဆွန်းမိုက မိုင်ဇီယူရဲ့ ရွေးချယ်မှုကို လေးစားသည်။

"အမေကလည်း ဒီလို အကြိမ်ကြိမ် ပြောဖူးပါတယ်။ တကယ်လည်း တချို့ အရာတွေက ကြိုးစားဖို့ မထိုက်တန်ဘူး။ ဒါပေမယ့် စွန့်လွှတ်လိုက်ရင်တော့ တကယ် သနားဖို့ ကောင်းသွားမယ်"

မိုင်ဇီယူက ပိုနီပင်ကို ကြည့်ရင်း အရွက်တွေကို နူးညံ့စွာ ထိတွေ့လိုက်သည်။

"လူတိုင်းက ဘယ်လို နေချင်လည်းဆိုတာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့် ရှိတယ်"

ဆွန်းမို ပြုံးရင်း ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

မိုင်ဇီယူလည်း ပြုံးသွားသည်။ ဒီဆွန်းမိုက အရမ်းစိတ်ဝင်စားဖို့ ကောင်းပြီး ကြင်နာတတ်သည်။ တခြား အမျိုးသားတွေသာဆိုလျှင် အပင်အစား သူမ ခန္ဓာကိုယ်ကို ဂရုစိုက်ဖို့ စည်းရုံးပြီး

အပင်တစ်ပင်အတွက် အားစိုက်ထုတ်ရတာ မတန်ဘူးလို့ သူမကို ပြောလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ မလုပ်ခဲ့ပါ။

“အပင်စိုက်ပျိုးနည်းကို သိလား”

မိုင်ဇီယူက သိချင်လာသည်။ သူမ မေးပြီးနောက် ဆွန်းမိုဆီကနေ ရွှေရောင်အလင်းများ ဖြာထွက်လာတာ သူမ မြင်လိုက်ရသည်။

တန်ဖိုး ဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်လာသည်။

“မင်းရဲ့ အရည်အချင်းကို ကြွားနေတာလား”

မိုင်ဇီယူက ဆွန်းမိုကို ခေါင်းစောင်းပြီး ကြည့်လိုက်သည်။ သူမရဲ့ အနက်ရောင် ဆံပင်တွေက ရေတံခွန်လို စီးကျလာပြီး ပုခုံးပေါ်မှာ တွဲလောင်း ကျနေသည်။

ဆွန်းမိုလည်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာမယ်လို့ မထင်ထားခဲ့ပေ။ သူ့ရှင်းပြ မလို လုပ်လိုက်တဲ့အခါ မိုင်ဇီယူက ချိုသာစွာ ပြုံးနေပြီး တမင်သက်သက် နောက်နေမှန်း သိလိုက်သည်။

"ဟုတ်တယ်။ ယောကျ်ားလေးတွေက လှတဲ့ မိန်းကလေး ရှေ့မှာမျက်နှာရဖို့ သူ့ရဲ့ထက်မြတ်မှုကို ထုံးစံအတိုင်း ပြချင်ကြတယ်"

ဆွန်းမိုက ပြန်ဖြေလိုက်သည်။

ရှစ်

မိုင်ဇီယူ မျက်နှာ နီရဲလာပြန်သည်။ ဆွန်းမိုကို ထပ်မကြည့်ရဲတော့ပဲ ကမန်းကတမ်း ခေါင်းငုံ့လိုက်သည်။

"အမ်"

ဆွန်းမိုလည်း အနေရခက်သွားသည်။ သူ့စကားက နည်းနည်းလေး ဖွန်ကြောင်သလို ဖြစ်သွားသည်။ ဒါပေမယ့်လည်း သူ့ကို အပြစ်တင်လို့ မရပါ။

ဒီမိန်းကလေးက နူးညံ့လှပြီး အမူအရာကလည်း ပြေပြစ်လှသည်။ သူမသည် အနည်းငယ် ပိန်ပြီး အသားအရည်က နည်းနည်းဖြူဖျော့နေသော်လည်း သူမရဲ့ အလှတရားက ကူရှုပ်ရှင်းနဲ့ ယှဉ်နိုင်သည်။ ဒါပေမယ့် ယောကျ်ားလေးတွေက သူမကို ကြည့်လိုက်လျှင် ကူရှုပ်ရှင်းလို ခံစားရမှာ မဟုတ်ပါ။ ဒီမိန်းကလေးရဲ့ လှပတဲ့ ပုံစံကို မေ့ထားပြီး

စိတ်ထဲနှလုံးသားထဲကနေ ကာကွယ်ပေးချင်စိတ် ပေါက်လာကြမည်။

အနည်းဆုံးတော့ ဆွန်းမိုက ကူရှူပ်ရှင်းကို ကြည့်လိုက်လျှင် ရင်ခုန်သံ ခံစားရသည်။ ဒါပေမယ့် ဒီမိန်းကလေးကို ကြည့်လိုက်တဲ့အခါ ဒီလို မခံစားရပါ။

ဆွန်းမိုက ထွက်သွားသင့်တာ သိသော်လည်း မထွက်သွားချင်သေးပါ။ ဒါကြောင့် ပြောရမယ့် အကြောင်းအရာများကို စဉ်းစားနေသည်။

"စိုက်ပျိုးရေးနဲ့ ပက်သက်ရင်တော့ အနည်းငယ် နားလည်တယ်"

“အို၊ ဘာဖြစ်လို့ ဒီဘာသာရပ်ကို စူးစမ်းတာလဲ”

မိုင်ဇီယူ သိချင်လာသည်။

အမှန်အတိုင်းပြောရလျှင် ဒါက အရမ်းသေးငယ်တဲ့ ဘာသာရပ်ပါ။ မဟာအဆင့် အထိ ကျွမ်းကျင်သွားရင်တောင် တန်ဖိုး မရှိသေးပါ။

ဒါကြောင့်လည်း ပိုကောင်းတဲ့ ရွေးချယ်မှုရှိလျှင် အပင်စိုက်ပျိုးတဲ့ဘာသာရပ်ကို ဘယ်သူမှ မရွေးကြပါ။

“ဝါသနာ”

ဆွန်းမို တည်ငြိမ်တဲ့ ဟန်ဆောင်ပြီး ပြောလိုက်သည်။ ရတနာသေတ္တာထဲက စွမ်းရည်စာအုပ်ရလို့ လို့ ပြောလို့မဖြစ်ပါ။

ဒီစကားကို ကြားတော့ မိုင်ဇီယူ မျက်လုံးများ တောက်ပလာသည်။ ဒီနေရာမှာ ဝါသနာတူတဲ့ လူတစ်ယောက်နဲ့ ဆုံရမယ်လို့ တကယ်မထင်ထားခဲ့ပါ။

"ငါ့ကို ကြည့်ခွင့်ပေး"

ဆွန်းမိုက စောင့်ကြောင့် ထိုင်ချလိုက်သည်။ ပိုနီ အပင်ရဲ့အမြစ်ကို အရင်ဆုံး စစ်ဆေးလိုက်သည်။

ပိုးကောင်များကို မတွေ့သော်လည်း ပိုးပေါက်သေးသေးလေးတွေကိုတော့ တွေ့နေရသည်

"ကျေးဇူးပြုပြီး ဝေါ်ပြား ပေးပါအုံး"

မိုင်ဇီယူက ဝေါ်ပြားပေးလိုက်လျှင် သူမလက်ချောင်းက ဆွန်းမို လက်ချောင်းများနဲ့ မတော်မဆ ထိမိသွားကာ နောက်တစ်ကြိမ် ရင်ခုန်လာသည်။ ပြီးနောက်တော့ ဆွန်းမိုက ဒီလို အသေးအမွှား ကိစ္စလေးတွေကို စိတ်မဝင်စားဘူးဆိုတာ သိလိုက်ရသည်။ သူက ပိုနီ

အပင်ကို စစ်ဆေးပြီး မြေကြီးကို အပြင်းအထန် တူးနေသည်။

ဒီလေးနက်နေတဲ့ မျက်နှာက အချိန်နဲ့အမျှ ကြည့်ကောင်းနေသည်။

ဒါကြောင့် မိုင်ဇီယူသည် မနေနိုင်ဘဲ ဆွန်းမိုကို တိတ်တိတ်လေး အကဲခတ်နေလိုက်သည်။

“မြေဆီလွှာမှာ အဟာရ အရမ်းနည်းနေတယ်။ ဓါတ်မြေသြဇာ အသုံးပြုထားတယ် ဆိုပေမယ့် ဒါက မကျူညီတဲ့ ပိုးကောင်အများကြီးကို ပွားစေတယ်။

ပိုးကောင်တွေကြောင့် အမြစ်က တော်တော်လေး ပျက်စီးသွားပြီ။”

ဆွန်းမိုက ရှင်းပြသည်။

“ကယ်လို့ ရအုံးမလား”

မိုင်ဇီယူ ရုတ်တရက် စိုးရိမ်လာသည်။

“အခွင့်အလမ်းကတော့ အရမ်းနည်းတယ်”

ဆွန်းမိုက စကားပြောပြီးတာနဲ့ အပင်ထိပ်မှာ လက်တင်လိုက်သည်။

ရှစ်

ဆွန်းမို လက်ကနေ အစိမ်းရောင် အလင်းတန်းတစ်ခု တောက်ပလာသည်။ အလင်းရောင်က အပင်ထဲကို ဝင်လာတာနဲ့အမျှ အရင်က ညှိုးနွမ်းနေတဲ့ အပင်သည် ပြန်လန်းဆန်းလာသည်။

"အမ်၊ ဒါက ဘာလဲ"

မိုင်ဇီယူ အံ့အောသွားသည်။ ဆွန်းမိုရဲ့ စိုက်ပျိုးနည်းက ပုံမှန်လိုပဲ ထွန်ယက်မယ်၊ တံစည်းဖြတ်မယ်၊ ပျိုးထောင်မယ်လို့ ထင်နေခဲ့သည်။ ဒီလိုပုံစံဆိုတာကတော့ မမျှော်လင့်ထားမိပါ။

ဒါပေမယ့်လည်း သက်ရောက်မှုကတော့ အံ့အောဖို့ကောင်းလွန်းသည်။

မိုင်ဇီယူသည် အသံတိုးတိုးလေးတွေ ကြားနေရသည်။ ဒါက ပိုးကောင်တွေ မသခင် ရှန်းကန်နေကြတာ ဖြစ်သည်။

ဆွန်းမို အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်သည်။ နဖူးကလည်း ချွေးထွက်လာသည်။

ဒါက အပင်တစ်ပင် ကယ်တင်ခြင်းသာ ဖြစ်သော်လည်း အသက်သွေးကြော

လည်ပတ်တဲ့စနစ်ကို ပြန်တည်ဆောက်ပေးခဲ့ရလို့ ဝိညာဉ်ချီပမာဏ အများကြီး သုံးစွဲလိုက်ရသည်။

ဒါပေမယ့်လည်း စိုက်ပျိုးရေး နည်းစနစ်ကို ပထမဆုံးအကြိမ် အသုံးပြုရခြင်းသည် ပျော်ဖို့ကောင်းနေသည်။ အရမ်းအစွမ်းထက်လို့လည်း အံ့အောနေမိသည်။

"မင်းအတွက် ခက်သွားပြီ"

မိုင်ဇီယူက လက်ကိုင်ပုဝါ ထုတ်ပြီး ဆွန်းမိုကို လှမ်းပေးသည်။

"ထားလိုက်တော့ ငါက ညစ်ပတ်နေပြီ"

ဆွန်းမိုက လက်မခံဘဲ မတ်တပ် ရပ်လိုက်သည်။

"ငါ အခုသွားမှ ရတော့မယ်။ ငါ့အဖော် ငါ့ကို စောင့်နေလောက်ပြီ"

ဒီမှာ အချိန်တော်တော်ကုန်ခဲ့ပြီ။ ကူရှုပ်ရှင်းရဲ့ သန်မာမှုကြောင့် အပြင်ရောက်နေလောက်ပြီ။

"အင်း"

မိုင်ဇီယူလည်း မတ်တပ် ထရပ်လိုက်သည်။

ဆွန်းမိုက လက်ဝှေ့ယမ်း ပြခဲ့သည်။ ဆယ်မီတာလောက် လမ်းလျှောက်ပြီးနောက် ကောင်မလေးဆီကနေ အပြစ်ရှိတဲ့အသံနဲ့

တောင်းပန်လိုက်တဲ့အသံကို ကြားလိုက်ရသည်။ သူမက အပင်ကို ကယ်တင်ချင်စိတ်တဲ့ ဆွန်းမိုရဲ့စွမ်းအင်တွေကို ဖြုန်းတီးခဲ့ပြီ။ ဒါကြောင့် စာမေးပွဲမှာ သူ့ရဲ့စွမ်းဆောင်ရည် ကျိန်းသေပေါက် ထိခိုက်လိမ့်မည်။

“တောင်းပန်ပါတယ်။ ငါက မသိတတ်ဘူး”

ဆွန်းမို လှည့်ကြည့်လိုက်လျှင် ၉၀ ဒီဂရီ ဦးညွတ်ထားတဲ့ ကောင်မလေးကို မြင်လိုက်ရသည်။ လေပြင်းတိုက်နေသဖြင့် စကတ်တွေလည်း လွင့်နေသည်။

"စိတ်ထဲမထားနဲ့။ ငါက ကျေနပ်လို့ လုပ်ခဲ့တာ"

ဆွန်းမိုက ပြုံးလိုက်ပြီး

"မြင်မြင်ခြင်းပဲ ဘဝက လှသွားတယ်။ ဆောင်ဦးလေပြေကို စွန့်ခွာတဲ့ ပန်းချီကားကို ဘာဖြစ်လို့ လွမ်းနေတာမှာလဲ..........."

ဆွန်းမိုသည် တစ်ဝက်တစ်ပျက်နဲ့ ရုတ်တရက် ပါးစပ်ပိတ်လိုက်သည်။ သူ့ရဲ့ မူလရည်ရွယ်ချက်က မိုင်ဇီယူနဲ့ သိခွင့်ရခဲ့တာ ဝမ်းသာကြောင်း ဖော်ပြခြင်းလို့ ဖြစ်သည်။ ဒါပေမယ့် တစ်ဝက်တစ်ပျက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရွတ်ဆိုအပြီးမှာ အချစ်ကဗျာ တစ်ပုဒ်ဆိုတာ သတိရလိုက်သည်။

ခေတ်သစ် ကမ္ဘာမှာသာ ဒီကဗျာကို ရွတ်ပြရင် ပုံမှန်ပဲ ဖြစ်သည်။ ဒါပေမယ့် အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာ ကွဲပြားသွားသည်။

ဒီခေတ်မှာ ဒီကဗျာ မရှိပါ။

ဒီထက်ပိုပြီး စိတ်ရှုပ်ဖို့ကောင်းတာက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာခဲ့သည်။

(ဘုရားရေ၊ ငါ့ကို သနားပါအုံး)

ဆွန်းမိုမှာ တကယ်ကို တခြားရည်ရွယ်ချက် မရှိပါ။ ဒီမိန်းကလေးက မဆိုးဘူးလို့ ခံစားမိရုံပဲ ရှိသည်။ အထက်တန်းကျောင်း စာကြည့်တိုက်ထဲမှာ ညီမလေးတစ်ယောက်နဲ့ တစ်ခါတစ်လေ ဆုံမိသလိုပဲ။ သူမနဲ့ ရင်းနှီးချင်စိတ်ဖြစ်ပြီး သူမနဲ့တွေ့ခွင့် ရခဲ့တာ ကံကောင်းတယ်လို့ ခံစားမိရုံ သက်သက်ပါ။

ဆွန်းမို စာကြောင်းနှစ်ကြောင်းသာ ရွတ်ဆိုမယ်လို့ မိုင်ဇီယူ မထင်ထားခဲ့ပါ။ ဒါ့အပြင် သူမရဲ့ အရည်အချင်းကြောင့် ကဗျာရဲ့ ရည်ရွယ်ချက်ကို ချက်ခြင်း နားလည်လိုက်သည်။

ကဗျာရဲ့နောက်အပိုင်းကို စောင့်မျှော်နေတဲ့ အချိန်မှာပဲ ဆွန်းမိုဆီက မြတ်ဆရာအရှိန်အဝါ ရောက်လာသည်.

ကောင်မလေးက မျက်လုံးကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပြီး ဆွန်းမိုကို တအံ့တအော စိုက်ကြည့်နေသည်။ သူမရဲ့ ဖြူဖွေးနေတဲ့ လက်နဲ့ ပါးစပ်ကို အလိုလို အုပ်ထားသည်။

ဒီအခိုက်အတန့်မှာ မိုင်ဇီယူရဲ့ နှလုံးသား ဖရိုဖရဲ ဖြစ်သွားသည်။

(အခုမှ တွေ့တာကို ဘာဖြစ်လို့ ဖွင့်ပြောတာလဲ)

မိုင်ဇီယူက သူငြင်းချင်ပေမယ့် ဒီလူရဲ့ အသွင်အပြင်နဲ့ နူးညံ့တဲ့ အချက်ကို မကြိုက်တာ မရှိခဲ့ပေ။

ဒါပေမယ်လည်း မိုင်ဇီယူက နှလုံးသားဖြူစင်တဲ့ မိန်းကလေး ဖြစ်သည်။ ဆွန်းမို အနေရခက်တဲ့ မျက်နှာကို မြင်လိုက်မှပဲ သူမ အတွေးလွန်နေမှန်း သိသွားသည်။ သူက ခံစားချက်ကို ဖော်ပြဖို့ ကဗျာ ရွတ်ပြနေတာပဲ။

ဒါပေမယ် ဒီကဗျာက တကယ်ကောင်းသည်။

"မြင်မြင်ခြင်းပဲ ဘဝက လှသွားတယ်။ ဘာဖြစ်လို့ ဆောင်းဦးလေပြေကို စွန့်ခွာသွားတဲ့ ပန်းချီကား လွမ်းနေတော့မှာလဲ..."

မိုင်ဇီယူက ရေရွတ်ရင်း မျက်နှာပေါ်မှာ အပြုံးတစ်ခု ပေါ်လာသည်။ ကဗျာရဲ့ ဒုတိယ အပိုင်းကို အရမ်းသိချင်နေသည်။ အရမ်း စွဲမက်ဖို့ကောင်းတယ် မဟုတ်လား။

ဒါပေမယ့်လည်း အဆုံးတွင် ဆွန်းမိုရဲ့ 'ကျေးဇူးပြုပြီး နားလည်မှု မလွဲပါနဲ့' ဆိုတဲ့ စကားပဲ

ကြားလိုက်ရသည်။ ပြီးနောက် ဆွန်းမို လှည့်ပြေးသွားသည်။

ဆွန်းမိုရဲ့ အရှိန်က အရမ်းမြန်လွန်းသည်။ ခဏကြာတော့ လမ်းအဆုံးမှာ ဆွန်းမိုပုံရိပ် ပျောက်ကွယ်သွားသည်။

ဘာကြောင့်မှန်းမသိပေမယ့် မိုင်ဇီယူ ရုတ်တရက် စိတ်ပျက်သွားသည်။

“တကယ်တော့ ဆွန်းမိုဆိုတဲ့ နာမည်ကို မကြိုက်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုင်ဇီယူက ပန်းခင်းဘေးတွင် ဆောင့်ကြောင့် ထိုင်ချလိုက်ပြီး ပိုနီပင်လေးကို ဆက်ပြီး ပြုစုနေလိုက်သည်။

ဒင်

မိုင်ဇီယူ၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး(၃၀၀/၁,၀၀၀)

....

သင်ကြားရေးအဆောက်အဦး၏ အောက်ဖက်တွင် ကူရှုပ်ရှင်း ရင်ဘက်အရှေ့မှာ လက်ပိုက်ပြီး

ရပ်စောင့်နေသည်။ စောင့်နေရတာ နာရီဝက်နီးပါး ကြာနေသဖြင့် ခြေတစ်ဆောင့်ဆောင့် ဖြစ်နေသည်။

(ဆွန်းမို မင်းက မိန်းကလေးတစ်ယောက်ကို စောင့်ခိုင်းထားတာက အရမ်းရိုင်းတယ်ဆိုတာ မသိဘူးလား)

ဒါ့အပြင် နာကျင်မှုတပ်မက်သူလေးက အရမ်းလှသဖြင့် ဖြေဆိုသူ အနည်းငယ်က သူမကို စိုက်ကြည့်နေကြသည်။ သူတို့ မျက်လုံးတွေက သူမ ရင်ဘက်နှင့် တင်ပါးဆီမှာ တဝဲလည်လည် ဖြစ်နေသည်။

သူမ တင်းပါးကို စိုက်ကြည့်နေတဲ့အချိန်အထိ အဆင်ပြေနေတုန်းပါ။ ဒါကို ကူရှပ်ရှင်း သည်းခံနိုင်သေးသည်။ ဒါပေမယ့် သူမရဲ့ရင်ဘက်သေးသေးလေးကို စိုက်ကြည့်နေတာ သတိထားမိလိုက်တဲ့အချိန် သံပြားအဖွဲ့ဝင် အမျိုးသမီးက သည်းမခံနိုင်တော့ပါ။

"မင်းတို့တွေ ကြည့်နေတုန်းလား။ ဒီအဖွားကြီးက မင်းတို့ မျက်လုံးကို ဖောက်ထုတ်ပြီး တက်နင်းမယ်ဆိုတာ ယုံလား"

ကူရှပ်ရှင်းက ဖြေဆိုသူ တချို့ကို အော်ဟောက်လိုက်သည်။

“မင်းကို ဘယ်သူက ဒေါသထွက်အောင် လုပ်တာလဲ”

ဆွန်းမိုက ဒေါသထွက်ပြီး မားမားမတ်မတ် ရပ်တဲ့ အမူအရာနဲ့ ပြောလိုက်သည်။

“သူတို့ကို သွားရိုက်လိုက်မယ်”

“မင်းကိုပဲ ရိုက်ချင်တာ”

ကူရှပ်ရှင်းက ပြောပြီးတာနဲ့ ဆွန်းမို လည်ပင်းကို လှမ်းဖမ်းလိုက်သည်။

“ ဒီမှာ ရပ်နေတော့ တိရစ္ဆာန်ရုံထဲက ဂေါ်ဇီလာ တစ်ကောင်လို ငါ့ကို စိုက်ကြည့်နေတာ ဘယ်လောက်ကြာပြီလဲ သိလား”

“မင်းတို့ အလယ်ကမ္ဘာက လူတွေက ဂေါ်ဇီလာလည်း သိတာလား”

ဆွန်းမို အရမ်းအံ့အောသွားသည်။

“တောက် ။ မင်း စောက်ရမ်း ချစ်နေရင် လူမြင်ကွင်းမှာ လာမချစ်နဲ့ အိမ်ပြန်ချစ်”

“ဒီပေါက်ကရတွေကို ထပ်မမြင်ချင်တော့ဘူး”

“ဒီကောင့်ကို ရိုက်လိုက် ကြမလား”

ကူရှုပ်ရှင်းနဲ့ ဆွန်းမိုတို့ ပရောပရီ လုပ်နေတာ မြင်လိုက်လျှင် ဖြေဆိုသူ တချို့သည် ရိုက်ချင်စိတ်ပေါက်လာသည်။

အခန်း(၄၄၅) - ဝိညာဉ်တက်တူး ရေးဖြေစာမေးပွဲ။ ငရဲလောက် ခက်ခဲမှု။

"စောစောတုန်းက ဘယ်သွားနေတာလဲ"

ကူရှုပ်ရှင်းက သာမန်ကာ လျှံကာ မေးလိုက်သည်။

ပုံမှန်အားဖြင့်တော့ စာမေးပွဲဖြေပြီးတဲ့အခါ ဖြေနိုင်လားဆိုပြီး အချင်းချင်းမေးတတ်ကြသည်။ ဒါပေမယ့် ဆွန်းမိုက သေချာပေါက် ကျော်ဖြတ်နိုင်မယ်လို့ ကူရှုပ်ရှင်းက ယုံကြည်နေသည်။

"ငါ ဟိုနားဒီနား လမ်းလျှောက်ထွက်နေတာ"

မိန်းကလေးတစ်ယောက်ကို ကယ်ခဲ့ပေမယ့် ဆွန်းမိုက ကြွားရတာကို မကြိုက်ပါ။

"ဘာဖြစ်လို့ မယုံတာလဲ"

ကူရှုပ်ရှင်းက အသက် တစ်ချက်ရှူလိုက်ပြီး ဆွန်းမိုအနားကို သွားကာ အနံ့ခံကြည့်လိုက်သည်။

"မိန်းကလေးတစ်ယောက်ကို အရှုးလုပ်ခဲ့တာလား"

ဆွန်းမို တော်တော်လေး လန့်သွားသည်။ လက်မောင်း အနံ့ကို ခံလိုက်မိသည်။

ကောင်းမလေးဆီက အမွှေးအနံ့များ ပါလာသေးတာလား။

"အမ်။ မင်းက တကယ်ပဲ ကောင်မလေးနဲ့ လျှောက်လည်နေတာလား"

အရင်တုန်းကတော့ ကူရှုပ်ရှင်း နောက်ပြောင်နေပေမယ့် ဆွန်းမို အမူအရာကို မြင်သွားပြီး တော်တော်လေး တုန်လှုပ်သွားသည်။

"..............."

ဆွန်းမိုလည်း စကားမပြောနိုင် ဖြစ်နေသည်။ အမျိုးသမီးတိုင်းက နတ်ဆိုးတွေလားဆိုပြီး တကယ်

မေးလိုက်ချင်သည်။ မွေးရာပါ ထောက်လှမ်းရေးတွေလား မသိပါ။ ဆွန်းမိုက ဖြေရှင်းဖို့ အမြန် ကြိုးစားလိုက်သည်။

"တော်ပြီ။ ရပြီ။ မင်းကို နောက်နေတာ"

ကူရှုပ်ရှင်းက ရယ်လိုက်သည်။

"ကြောက်နေလိုက်တာများ ကြည့်စမ်း။ စိတ်မပူနဲ့ အစ်မ ရှီဝေကို ပြန်မပြောဘူး။ တခုခုစားပြီး စာမေးပွဲအတွက် ပြင်ဆင်ရအောင်။ ဒီနှစ် စာမေးပွဲက အရမ်းခက်မယ်ဆိုတာ ပြောနိုင်တယ်"

ရိုးရှင်းတဲ့ နေ့လည်စာကို စားပြီးနောက် ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့သည် စာမေးပွဲ မဖြေခင် အနားယူမည့် နေရာကို ရှားဖွေလိုက်ကြသည်။

ရေဖြေစာမေးပွဲက ဘာသာရပ်အပေါ်မူတည်ပြီး စာရင်းသွင်း ရသည်။

ဆွန်းမိုက ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဘာသာရပ်မှာ မဟာအဆင့် ရှိသော်လည်း သိပ်အသုံးမပြုသဖြင့် စာရင်းမပေးခဲ့ပါ။ ဒီအစား ဝိညာဉ်တက်တူး ဘာသာရပ်ကို စာရင်းသွင်းလိုက်သည်။

ဝိညာဉ်တက်တူး ဘာသာရပ်က မှော်ဆေးပညာနှင့် လက်နက်ပန်းပဲ ဘာသာရပ် နောက်လိုက်တဲ့ အဓိက ဘာသာ ရပ်ဖြစ်သည်။ ဒါကြောင့် ဒီနေရာတွင် ရင်းနှီးတဲ့ ဖြေဆိုသူများနဲ့ တွေ့ဆုံနိုင်ခြေများသည်။

“မြင်လား။ အဲဒီကောင်က ဆွန်းမိုပဲ”

“တံခါးအရှေ့ စောင့်နေတဲ့ခွေးလို့ ပြောခဲ့တဲ့ ဆွန်းမိုလား”

“ဟုတ်တယ်။ အဲဒါ သူပဲ”

ဖြေဆိုသူ တချို့က သူတို့ဘာသာ သူတို့ ညည်းနေကြသည့်. ဒါပေမယ့် ဂူချင်ယန် ဝင်လာတာနဲ့ အာရုံ အားလုံးက သူ့ဆီ ရောက်သွားသည်။

နေ့ခင်း ၂ နာရီတွင် ခေါင်းလောင်းသံ မြည်လာသည်။ တန်နင်နဲ့စာစစ်သူ နှစ်ယောက်သည် အတန်းထဲ မဝင်ခင်က ဆွန်းမိုကို မတွေ့ခဲ့ကြပါ။

လှပတဲ့ လူလတ်ပိုင်း အမျိုးသမီးကို မတွေ့ရသဖြင့် ဆွန်းမို အနည်းငယ် စိတ်မကောင်း ဖြစ်သွားသည်။ တကယ်လည်း စားမေးပွဲတစ်လျှောက်တွင်

ဒီမျက်နှာတင်းတင်းနဲ့ စာစစ်သူနဲ့ ဘယ်သူက ဖြေချင်မှာလဲ။

“ဖြေဆိုတဲ့သူတွေက ဟိုဘက် ဒီဘက် လှည့်ကြည့်ခွင့် မရှိဘူး။ ခိုးချတာ တွေ့ရင် မြတ်ဆရာစာမေးပွဲ ဖြေခွင့်ကို ထာဝရ ပိတ်ပင်မယ်”

တန်နင်က ကြေညာလိုက်သည်။

“အချိန် သုံးနာရီ”

တန်နင် စကားဆုံးသွားတာနဲ့ကျန်တဲ့ စာစစ်သူ နှစ်ယောက်က မေးခွန်းများကို စတင်ပြီး ဝေပေးသည်။

အရင်ကတည်းက တုန်တုန်ယင်ယင် ဖြစ်နေကြတဲ့ ဖြေဆိုသူ တချို့သည် မေးခွန်းကို ရတာနဲ့ ရုတ်တရက် ထငိုကြသည်။

"အို ဘုရားရေ။ ထူလိုက်တာ"

ရှေ့ဆုံးတန်းမှာ ထိုင်နေတဲ့ ဖြေဆိုသူတစ်ယောက် ဆိုလျှင် ဆယ်ရွက်တွဲထားတဲ့ မေးခွန်းကို မြင်လိုက်တာနဲ့ တပြိုင်နက် ကြေကွဲသွားသည်။

"တိတ်စမ်း။ ပေါက်ကရ အသံထွက်နေတဲ့ကောင်တွေကို အခန်းထဲက မောင်းထုတ်မယ်"

တန်နင်က အော်ဟောက်လိုက်သည်။

စာမေးပွဲအခန်း တစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဒီနောက် တင်းမာတဲ့ လေထုက လွှမ်းခြုံထားသည်။ အရမ်းလေးလံပြီး ကြောက်စရာကောင်းနေသည်။

ဖြေဆိုသူတိုင်းက ကြောက်စရာကောင်းတဲ့ ရန်သူနဲ့ ရင်ဆိုင်နေရသလို လုပ်နေကြသည်။ လူတိုင်း မေးခွန်းကို တွေ့တာနဲ့ ခါးသီးစွာ ခေါင်းငုံ့ထားကြသည်။

ဂူချင်ယန်က မေးခွန်းစာရွက်ရတာနဲ့ သာမန်ကာ လျှံကာ လှန်ကြည့်လိုက်ပြီးနောက် ပြုံးလိုက်သည်။

(အရမ်းကောင်းတယ်။ ထင်သလောက် မခက်ပါဘူး။) ဒါပေမယ့် ခုနှစ်ရှက်မြောက်ကို ရောက်သွားတဲ့အချိန် ရုတ်တရက် မျက်မှောင်ကြုတ်သွားသည်။

ဒီနေရာကစပြီး မေးခွန်းရဲ့ခက်ခဲမှုက နောက်တစ်ဆင့် တက်သွားသည်။

ဒီနှစ် သူတော်စင်ဂိတ်ရဲ့ စာမေးပွဲက စိတ်ကူးထားတဲ့ အတိုင်း ဖြစ်နေသည်။ လူတော်တော်များများ ဖယ်ထုတ်ခံရမှာ သေချာနေပြီ။

“ဒါပေမယ့် အမှတ်ပြည့် မရရင်တောင် နံပါတ်တစ် ဖြစ်နေအုံးမှာပဲ”

ဂူချင်ယန်က ယုံကြည်ချက်ရှိရှိနဲ့ ပြုံးလိုက်သည်။

(ဘယ်သူမှ ငါ့ထက် အမှတ်မများစေရဘူး။ ဒီလိုမျိုး တွေးလို့ မဖြစ်ဘူး။ အကောင်ဆုံးကြိုးစားပြီး အမှတ်ပြည့် ရအောင် ဖြေရမယ်)

ဆွန်းမိုက အလယ်တန်းမှာ ထိုင်နေသည်။ မေးခွန်းစာရွက်ကို ရပြီးနောက်မှာ လှန်ကြည့်ဖို့တောင် စိတ်မဝင်စားခဲ့ပါ။ မေးခွန်းများကို တန်းပြီး ဖြေနေလိုက်သည်။

သူ့ရဲ့လေ့လာမှုက ဝိညာဉ်တက်တူးတွင် မဟာအဆင့် ရောက်နေပြီ။ ဒါ့အပြင်

ကျောင်းသားများကို ပိုမိုကောင်းမွန်အောင် ဟောပြောပို့ချနိုင်ရန် စာကြည့်တိုက်ကိုသွားကာ သက်ဆိုင်ရာ စာအုပ်များကို မကြာခဏ ဖတ်လေ့ရှိသည်။ တကယ်တော့ အရင်ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင် စာကြည့်တိုက်ထဲမှာတောင် ဝိညာဉ်တကာ်တူး စာအုပ်များကို ဖတ်ခဲ့သည်။

ဆွန်းမိုသည် အရင်ကတည်းက ဝိညာဉ်တက်တူးကို ရိုးရှင်းအောင် အမျိုးမျိုးရေးဆွဲပြီး ဝိညာဉ်တက်တူး ဒီဇိုင်းပလိတ်ပြားနဲ့ ဝိညာဉ်တက်တူး

အသစ်သုံးခုကို ဖန်တီးခဲ့သည်။ အခုအချိန်တွင် ဝိညာဉ်တက်တူး လေ့လာတဲ့ နယ်ပယ်မှာ သူဆုပ်ကိုင်ထားတဲ့ ဗဟုသုတက အခြေခံ အသိပညာကိုတောင် ကျော်လွန်သွားပြီး ကိုယ်ပိုင် သဘောပေါက်မှု အဆင့်တောင် ရောက်နေပြီ။

ဒါကြောင့်လည်း ဆွန်းမိုက အရမ်းယုံကြည်ချက် အားကောင်းနေပြီး မေးခွန်းများကို ပေါ့ပေါ့ပါးပါးလေးပဲ ဖြေနေသည်။

ဆွန်းမိုကတော့ သတိမထားမိပေမယ့် တန်နင်က သူ့ကို ကြည့်ပြီး မျက်မှောင်ကြုတ်နေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီဆွန်းမိုက ယုံကြည်မှု လွန်ကဲနေတဲ့ပုံပဲ”

တန်နင် ဘာပြောရမလဲ မသိတော့ပါ။ မနက်ခင်းတုန်းက ဆွန်းမိုရဲ့ စွမ်းဆောင်ရည်က အရမ်းကောင်းခဲ့သည်. ဒါကြောင့် သူ့ကို ပိုအာရုံစိုက်ဖို့ ဆုံးဖြတ်ထားသည်။ အခုတော့ ဆွန်းမိုက မေးခွန်းတောင် မဖတ်ဘဲ တန်းဖြေနေတာကို မြင်လိုက်ရသည်။

(တကယ်ပဲ ယုံကြည်ချက် အားကောင်းနေတာလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂူချင်ယန်တောင် ဒီလိုမျိုး လောဘတကြီး မဖြေရဲပါ။

လူအများစုက မေးခွန်း မဖြေခင် ဘာကြောင့် ကြိုကြည့်ကြတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်ချင်လို့ ဖြစ်သည်။ မေးခွန်းအရေအတွက်ကို ကြည့်ပြီး မေးခွန်းတစ်ခုစီရဲ့ ကြာချိန်ကို ခန့်မှန်းလို့ရသည်။ မေးခွန်းတစ်ခုကို မဖြေနိုင်ရင် အရင်ဆုံး ရတဲ့မေးခွန်းတွေကို ဦးစားပေးပြီး ဖြေကြမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီနေ့ စစ်ဆေးတဲ့ခေါင်းစဉ်က ဒီလိုလုပ်ဖို့ တကယ်လိုနေသည်။

သူတော်စင်ဂိတ်သည် အောင်ချက်ကို ထိန်းချင်သောကြောင့် မေးခွန်းများက ခက်ခဲပြီး ရှုပ်ထွေးလှသည်။

ဝိညာဥ်တက်တူး ကျွမ်းကျင်တဲ့ မြတ်ဆရာများတောင် မေးခွန်းတစ်ခုလုံးကိုဖြေလို့ အချိန်မပိုနိုင်ပါ။ သာမန်ကာလျှံကာ အမှားတွေကို စစ်ဆေးနိုင်မှာ မဟုတ်ပေ။

ဒါကြောင့် စာမေးပွဲဖြေခြင်းသည် လူတစ်ယောက်၏ အရည်အချင်းသာမက ဗျူဟာလည်း လိုအပ်သည်။

မေးခွန်းအားလုံးကို ဖြေဖို့ ကြိုးစားရင် အားလုံးကို အချောသတ်ဖို့ အချိန်မရှိ ဖြစ်သွားနိုင်သည်။

မေးခွန်းစာရွက်ဝေပြီးတာနဲ့ စာမေးပွဲက စတင်ခဲ့သည်။ စုတ်တံနဲ့ ရေးတဲ့ အသံများ၊ အသက်ရှူသံများ အတိုင်းသား ကြားနေရသည်။

တန်နင်က ဟိုဟိုဒီဒီ လမ်းလျှောက်ရင်း ဖြေဆိုသူများကို စောင့်ကြည့်နေခဲ့သည်။ သူက

နယ်မြေကို ကင်းလှည့်နေတဲ့ ခြသေ့်ကြီး တစ်ကောင်နဲ့ တူနေသည်။

အချိန်ကြာလာတာနဲ့ ဖြေဆိုတဲ့နှုန်းလည်း နှေးလာသည်။ စိုးရိမ်နေကြတဲ့ မျက်နှာတွေလည်း တဖြေးဖြေး ပိုများလာသည်။

"ဘယ်လောက်တောင် ခက်တာလဲ"

တန်နင်က သက်ပြင်းချလိုက်ပြီး ဒီဖြေဆိုသူတွေ အတွက် စိတ်မကောင်း ဖြစ်နေသည်။

ဒီမေးခွန်းတွေက လျှို့ဝှက်ထားဖို့ အမိန့် ရောက်လာသဖြင့် သူလည်း အခုမှ မြင်ဖူးသည်။

အမှန်တိုင်းပြောရလျှင် ဒီကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို သူဝင်ဖြေရင်တောင် အမှတ် ၇၀ လောက်ပဲ ရနိုင်တယ်လို့ ခန့်မှန်းထားသည်။

ဂူချင်ယန် အနားသို့ ရောက်လျှင် တန်နင် ခဏရပ်လိုက်သည်။ ဂူချင်ယန်ရဲ့ အဖြေကိုကြည့်ပြီး သဘောကျသွားသည်။

ထိုင်တဲ့ ကိုယ်နေဟန်ကလည်း လှပသည်။ အမူအရာကလည်း အရမ်းတည်ငြိမ်ပြီး လက်ရေးလှ ရေးသားမှုလည်း လေးစားစရာ လေထုကို

ဖန်တီးပေးနိုင်သည်။ အရေးအကြီးဆုံးအချက် ဖြစ်တဲ့ အမြန်နှုန်းက လုံး၀ မကျသွားပါ။

"ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီမှ ထိပ်တန်းဘွဲ့ရကတော့ မျှော်လင့်ထားသလိုပဲ"

ဒီနောက် တန်နင်သည် ဆွန်းမို အနားကို လျှောက်သွားသည်။ ခေါင်းငုံ့ကြည့်လိုက်ပြီးနောက် အံ့အောသင့်သွားသည်။

(အမ်၊ ဒါက ခုနှစ်ရွက်မြောက် စာရွက်လား။ ဂူချင်ယန်ထက်တောင် ပိုမြန်နေသေးတာလား။ နေပါအုံး။ ငါဘာတွေ တွေးနေတာလဲ။ သူက

မေးခွန်းတွေကို ရွေးပြီး ဖြေခဲ့တာပဲ ဖြစ်မယ်။ ဂူချင်ယန်ကတော့ အကုန်လုံး ဖြေမှာပဲ။)

တန်နင်သည် အနီးကပ်ကြည့်ပြီးနောက် အလိုလို မျက်မှောင်ကြုတ်သွားသည်။ ဆွန်းမို၏ ဖြေဆိုနှုန်းက နှေးကွေးခြင်း မရှိပေ။ ခုနှစ်ရွက်မြောက် မေးခွန်းတွေက ခက်ခဲမှု မြင့်တက်လာသည်။ ဒါပေမယ့် ဆွန်းမိုက ဖြေဆိုနှုန်းကို ဆက်ထိန်းထား နိုင်သေးသည်။ သူက ပါရမီရှင်များ ဖြစ်နေမလား။

သိပ်မကြာခင် ဆွန်းမိုက စဉ်းစားခြင်း မရှိကြောင်း သတိထားမိပြီး ဒီအတွေးကို ပယ်ချလိုက်သည်။ မေးခွန်းကို မြင်တာနဲ့ အဖြေချရေးနေသည်။

လက်လျှော့မှန်း သိသာနေသည်။

"အမ်၊ ကြည့်ရတာ ငါ့သုံးသပ်ချက်လွဲသွားတဲ့ ပုံပဲ"

တန်နင် ခေါင်းခါလိုက်သည်။

တကယ်တော့ တန်နင် ဒီလိုတွေးတာကို အပြစ်တင်လို့ မရပါ။ ဆတိုးခြင်း ၊ ကိန်းခွဲခြင်း ဆိုတဲ့ သင်္ချာမေးခွန်းများကို မဖြေခင် စိတ်ထဲက တွက်ဖို့ အချိန်အနည်းငယ်တော့ အချိန်ယူရသေးသည်။

ဒါပေမယ့် ဆွန်းမိုကတော့ ဒီလို မလုပ်ပါ။

မဟာအဆင့် သူ့ရဲ့ဗဟုသုတနဲ့ အရည်အချင်းများကြောင့် လက်တွေ့ချဖြေရာတွင် အားစိုက်ထုတ်စရာတောင် မလိုပေ။

ဆွန်းမိုက မေးခွန်းကို မြင်လိုက်တာနဲ့ အဖြေကို သိနေပြီ။ ဒီအတွက်လည်း အဖြေမရှိပါ။ ဘယ်လိုပဲပြောပြော သူ့ခေါင်းထဲမှာ သိမ်းဆည်းထားတဲ့ ဝိညာဉ်တက်တူး ဆိုင်ရာ ဗဟုသုတတွေက အရမ်းများနေသည်။

အခုအချိန် ဆွန်းမိုက မူလတန်းကျောင်းသားကို အနိုင်ကျင့်နေတဲ့ ပရိုဖက်ရှင်နယ် လက်ဝှေ့သမားနဲ့ တူသည်။ ဒါ့အပြင် မူလတန်း ကျောင်းသားကလေးကလည်း မသန်မစွမ်း ဖြစ်နေသေးသည်။

သိပ်မကြာခင် နောက်ဆုံးမေးခွန်းကို ရောက်လာသည်။ စုတ်တံ အနည်းငယ် ရပ်တန့်သွားသည်။

တန်နင် ပြန်ရောက်လာသည်။ ဆွန်းမိုက နောက်ဆုံးမေးခွန်းမှာ ရောက်နေတာ မြင်လိုက်ရင် စိတ်မကောင်းဖြစ်စွာ ခေါင်းယမ်းလိုက်မိသည်။

(အရင်မေးခွန်းတွေတောင် မပြီးသေးတာ အလေးချိန်များတဲ့ နောက်ဆုံးမေးခွန်းကို ဘာဖြစ်လို့ ကြည့်နေတာလဲ။ အချိန်ဖြုန်းနေတာပဲ။ အပိုထပ်ဆောင်း အမှတ်တွေ ရမယ်လို့ ထင်နေတာ မဟုတ်လား)

(ဒီဆွန်းမိုကတော့ သေချာပေါက် ဖယ်ထုတ်ခံရတော့မှာပဲ။ ဒီနေ့ကစပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာလောကမှာ ဟာသ တစ်ပုဒ် ဖြစ်လာတော့မယ်)

တန်နင် မဲ့သွားသည်။ ကျန်တဲ့ဖြေဆိုသူတွေက စာမေးပွဲကျလို့ အဆင်ပြေတယ်။ ဒါပေမယ့် ဆွန်းမိုကတော့ မတူဘူး။ 'တံခါးရှေ့မှာ စောင့်ခွေးလိုပဲလို့ ' မင်းကိုဘယ်သူက ပြောခိုင်းလို့လဲ။

အရည်အချင်းမရှိဘဲ အထင်ကြီးခံချင်ရင်တော့ အဆုံးသတ်က ဒီလိုပဲ ဖြစ်လာမည်။

တန်နင်က နောက်တစ်ကြိမ် ပတ်လိုက်ပြီး ဂူချင်ယန် အနားကို မနေနိုင်ဘဲ သွားလိုက်သည်။

ဒီလိုမျိုး ထိပ်တန်းဖြေဆိုသူကို ကြည့်ရတာက ပျော်ရွှင်မှု တစ်မျိုးပါ။

“ကောင်းတယ်”

တန်နင်က စွဲမက်ဖွယ်ကောင်းတဲ့ အစိတ်အပိုင်းကိုတွေ့ပြီး ဝမ်းသာအားရ ဖြစ်သွားသည်။

“ခေါင်းဆောင်စာစစ်သူ တန်”

တခြားလူငယ် စာစစ်သူက ခေါ်လိုက်သည်။

“ဘာဖြစ်လို့လဲ”

တန်နင် စိတ်ထဲ တောင့်တင်းသွားသည်။ အကြည့်တွေက လေးလံလာပြီး အခန်းထဲကို လှည့်ပတ်ကြည့်လိုက်သည်။ တစ်ယောက်ယောက် ခိုးချလို့လား။

"ဆွန်းမိုက လက်ထောင်ထားတယ်။ စာမေးပွဲ အခန်းထဲက ကြိုထွက်ချင်နေတဲ့ ပုံပဲ"

စာစစ်သူ လူငယ် အသံနိမ့်ပြီး ပြောလိုက်သည်။

အသံက တိုးပေမယ့် ဘေးနားက ဖြေဆိုသူတွေ ကြားလိုက်သည်။ ဒါကြောင့် သူတို့ရဲ့ အကြည့်သည် ဆွန်းမိုဆီ ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီကောင် လက်လျှော့လိုက်တာပဲ ဖြစ်မယ်။ ဟုတ်တယ်ဟုတ်။ ဒီလိုမှမဟုတ်ရင် အဖြေစာရွက်ကို ဘာကြောင့် ကြိုအပ်မှာလဲ။)

(မျှော်လင့်ချက် မရှိဘူးဆိုတာ သဘောပေါက်သွားလို့ ဖြစ်မယ်။)

ဒါပေမယ့် ဒီနှစ် မေးခွန်းက တကယ်ခက်သည်။

စာမေးပွဲအောင်ဖို့ မျှော်လင့်ချက်ရှိတဲ့ ဖြေဆိုသူတချို့က ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ဆက်ဖြေနေကြသည်။

ဂူချင်ယန်က မျက်မှောင်ကြုတ်သွားသော်လည်း ခေါင်းတော့ မထောင်ပါ။

"သေချာလား"

တန်နင်က မေးလိုက်သည်။ အမှန်တိုင်းပြောရလျှင် ဆွန်းမို ဒီထက်ပိုပြီး အားစိုက်ထုတ်ဖို့ သူမျှော်လင့်ခဲ့သည်။

"ဟုတ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ မေးခွန်းတွေ ဖြေပြီးသွားပြီလေ။ ဘာဖြစ်လို့ ဆက်နေရအုံးမှာလဲ။ ဒါတွေကို ထပ်စစ်ဆေးဖို့လား။

ကျေးဇူးပဲ။ ဒီမေးခွန်းတွေက ရိုးရှင်းလွန်းသည်။ အနည်းငယ်မှားရင်တောင် သေချာပေါက် စာမေးပွဲ အောင်သေးသည်။

"အခု ထွက်သွားလို့ ရပြီ"

တန်နင်က စကားပြောပြီးတာနဲ့ အိတ်ဆောင်နာရီကို တစ်ချက် ထုတ်ကြည့်လိုက်သည်။ စာမေးပွဲ ပြီးဖို့ တစ်နာရီ ကျန်သေးသည်။

ဆွန်းမိုက သူ့ပစ္စည်းတွေကို သိမ်းပြီး အခန်းထဲက ထွက်လာခဲ့သည်။ ဒီတစ်ကြိမ် ကျသွားပြီလို့ ခံစားရတဲ့

ဖြေဆိုသူ တချို့ကလည်း လက်ထောင်ကြသည်။ စာရွက်တွေကို ပေးလိုက်သည်။

သူတို့က ကြိုထွက်ဖို့အတွက် ရှက်နေကြသည်။ ဒါပေမယ့် ဆွန်းမိုက ဦးဆောင်လိုက်တော့ အဆင်ပြေသွားသည်။

"မြန်မြန်ထွက်၊ တိတ်တိတ်လေးသွား။ ကျန်တဲ့ ဖြေဆိုသူတွေကို အနှောက်အယှက် မဖြစ်စေနဲ့"

တန်နင်က ညွှန်ကြားလိုက်သည်။

ဝုန်း

စုစုပေါင်း ဖြေဆိုသူ ခုနှစ်ယောက် မတ်တပ် ရပ်လိုက်သည်။ သူတို့ထွက်လာလျှင် ဆွန်းမိုက အချိန်ယူကာ အေးအေးဆေးဆေး လမ်းလျှောက်သွားနေတာ မြင်လိုက်ရသည်။ ဒါကြောင့် မှီအောင်လျှင်မြန်စွာ လိုက်သွားလိုက်သည်။

"ဆွန်းမို၊ မင်းရဲ့ စောင့်နေတဲ့ခွေး ဆိုတဲ့ စကားက အထာကျတယ်"

"စိတ်ခါတ် မကျနဲ့။ နောက်တစ်ခေါက် ပြန်လာပြီး ပိုကြိုးစား ကြတာပေါ့။ စာကြည့်တိုက်ထဲမှာပဲ နေ့တိုင်းနေမယ်။ နောက်နှစ် အမှတ်ပြည့်ရမှာပါကွာ"

“................”

ဆွန်းမို တစ်ယောက် အချိန်တော်တော်ကြာအောင် ဘယ်လို ပြန်တုံ့ပြန်ရမလဲ မသိဖြစ်နေသည်။

(သူတို့ကို ပြောလိုက်ရင် ငါ့ကို ရိုက်မှာလား)

အခန်း(၄၄၆) - အမှတ်ပြည့် အဖြေလွှာများ။

ဂူချင်ယန်ကတော့ အရှိန်အဟုန်နဲ့ ဖြေနေပြီး အပြင်ကမ္ဘာက အာရုံပျံ့လွင့်နိုင်တဲ့ အသံများကို လုံးဝ လျစ်လျူ ရှုထားသည်။

ကျော်ကြားမှုက ကောင်ကောင်းဆိုးဆိုး၊ အခုအချိန်မှာတော့ ဆွန်းမိုတစ်ယောက် နာမည်ကြီးနေသည်။ အနည်ဆုံးတော့ 'တံခါးရှေ့မှာစောင့်တဲ့ ခွေး' လို့ သိကြသည်။

ဒါပေမယ့် ဂူချင်ယန် အတွက်တော့ ဘာမှမဖြစ်ပါ။

(မင်းဘယ်လောက်ပဲ နာမည်ကြီးနေပါစေ။ ငါ့ထက်တော့ ပိုပြီး နာမည် မကြီးနိုင်ဘူး)

ဂူချင်ယန်သည် သူ့ကျောင်းက မြတ်ဆရာဖြစ်နေတဲ့ အကြီးတန်း ပါရမီရှင်တွေနဲ့သာ လိုက်ယှဉ်သည်။ ဆွန်းမိုကိုတော့ ပြိုင်ဘက်အဖြစ် တစ်စက္ကန့်တောင် မတွေးဖူးပါ။

ဘာဖြစ်လို့လဲဆိုတော့ ဆွန်းမိုက မထိုက်တန်ပါ။

"အမှတ်ပြည့်။ အမှတ်ပြည့်ရမှ ဖြစ်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂူချင်ယန်သည် သူ့ကန့်သတ်ချက်ကို သူစိန်ခေါ်ပြီး ရှိသမျှ ထုတ်သုံးနေသည်။

ဒင် ဒင် ဒင်

ခေါင်းလောင်းသံကို ကြားမှ စုတ်တံကို အောက်ချလိုက်သည်။ ဒီနောက် သပ်ရပ်တဲ့အဖြေလွှာကို ကြည့်ပြီး အားရကျေနပ်စွာ ပြုံးလိုက်သည်။

(အားလုံးကို တကယ် ဖြေနိုင်ခဲ့တာပဲ)

(ဒါတောင် ငါ အလားအလာ အကုန်လုံး ထုတ်မသုံးရသေးဘူး)

"စုတ်တံကို ချထားပြီး စာမေးပွဲအခန်းထဲက စနစ်တကျ ထွက်ကြပါ။ စကားပြောခွင့် မရှိ၊ ဘယ်သူမှ မကျန်ခဲ့ရဘူး"

တန်နင်က သတိပေးလိုက်သည်။

ဖြေဆိုသူ တချို့ကတော့ ဝမ်းချုပ်တဲ့ မျက်နှာနှင့် ဖော်ပြလို့ မရတဲ့အကြည့်များ ဖြစ်နေကြသည်။

(နောက်ထပ် နာရီဝက်လောက် အချိန်မပေးနိုင်ဘူးလား။) ဒါပေမယ့် ကျန်တဲ့လူတွေကတော့ စိတ်သက်သာရသွားတဲ့

အမူအရာ ဖြစ်နေကြသည်။ (နောက်ဆုံးတော့ ဒီဒုက္ခက လွတ်ပြီ ကျွတ်ပြီ)

"နောင်တစ်ချိန်ကျရင် အမှတ်အပြည့်ရတဲ့ အဖြေလွှာကို ကြိုပေးပါ့မယ်"

ဂူချင်ယန်က အင်္ကျီလက်စကို ဖြန့်ပြီး အင်္ကျီတွန့်နေတဲ့ နေရာများကို သပ်သပ်ရပ်ရပ် ပြန်လုပ်လိုက်ကာ အေးအေးဆေးဆေး လမ်းလျှောက်ထွက်သွားသည်။ သူဖြတ်သွားတဲ့ နေရာတိုင်းကို ဖြေဆိုသူများက လမ်းဖယ် ပေးလိုက်ကြသည်။

တန်နင်ရဲ့ အကြည့်က ဂူချင်ယန်နောက် ပါသွားပြီး အလိုလို ပြုံးလိုက်မိသည်။ ဒါက ထိပ်တန်း ဖြေဆိုသူ တစ်ယောက်ကို မြင်မှ ပြုံးမိတဲ့ အပြုံးဖြစ်သည်။

သူ့မျက်လုံးထဲမှာ သဘောကျမှုနှင့် အားပေးမှုတွေ မြင်နေရသည်။

ဒါကို ဖြေဆိုသူတွေက မြင်လိုက်လျှင် မြတ်ဆရာ တစ်ယောက်ဖြစ်လာတာတောင် ဒီလို အလေးပေး ဆက်ဆံမှုမျိုး မရနိုင်ဘူးဆိုပြီး တော်တော်လေး မနာလို ဖြစ်သွားကြသည်။ စာစစ်သူတွေ့ဖက်က

ဂူချင်ယန်ကို စပြီး စကားမပြောသော်လည်း ဂူချင်ယန်သာ ပြောခဲ့လျှင် သူတို့ ငြင်းမှာ မဟုတ်ပေ။

....

ရုံးအဆောက်အဦးသည် အခုတော့ အဖြေလွှာ အမှတ်ပေးတဲ့ နေရာ ဖြစ်လာသည်။ ဝိညာဉ်တက်တူး ရေးဖြေ စာမေးပွဲကို အမှတ်ပေးဖို့အတွက် လူ ၃၀၉ယောက်က တာဝန်ယူပြီး သူတို့အားလုံးသည် ဝိညာဉ်တက်တူးဘာသာရပ်ကို အထူးပြုတဲ့ မြတ်ဆရာတော ြ ဖြစ်သည်။ ဒါမှလည်း

အမှတ်ပေးမှုက အမှားအယွင်း မရှိတာကို အာမခံနိုင်မည်။

"ဒီနှစ်တော့ သူတော်စင်ဂိတ်က ဖြေဆိုသူ ဘယ်နှစ်ယောက် ဖယ်ရှားဖို့ စီစဉ်ထားတာလဲကွာ"

အသက်ကြီးနေတဲ့ မြတ်ဆရာတစ်ယောက်က သက်ပြင်းချရင်း ပြောလိုက်သည်။ သူ့အယူအဆကတော့ ပညာရေး နောက်ခံရှိတဲ့ လူတိုင်း ကြယ်တစ်ပွင့် ဖြစ်လာပြီး လူတွေကို ပိုတွန်းအားပေးစေချင်သည်။ ဒါကြောင့်သူက ဒီလို တင်းကြပ်တဲ့ စာမေးပွဲကို သဘောမကျပါ။

“ဒီ နည်းလမ်းက မှန်တယ်လို့ ထင်တာပဲ။ အရင်တုန်းကတော့ အရည်အသွေးနိမ့် ဆရာအသစ်တော်တော်များများ ကြွယ်တစ်ပွင့် မြတ်ဆရာဘွဲ့ကို ယူနိုင်ခဲ့တယ်”

ဆုတိုင်က မဲ့ပြီး ပြောလိုက်သည်။

မြတ်ဆရာ အရေအတွက်နည်းလေ ဘယ်လောက်အဖိုးတန်တဲ့ မြတ်ဆရာဖြစ်တယ်ဆိုတာကို လူတိုင်းသိလေ ဖြစ်မည်။

သူတော်စင်ဂိတ်က စာမေးပွဲကို နယ်မြေများစွာ ခွဲထားသည်။ ဖယ်ထုတ်ခံရတဲ့တစ်ယောက်က

အိမ်ကိုချက်ခြင်း ပြန်သွားလို့ ရသည်။ ဒါကြောင့် မနက်ဖြန် မနက်မှာ အောင်စာရင်း ထုတ်ပြန်ရမည်။ ဒီလိုမှမဟုတ်ရင် မနက်ဖြန် စာမေးပွဲကို ထိခိုက်နိုင်သည်။

အဖြေလွှာ အမှတ်ပေးခြင်းသည် ထပ်ခါထပ်ခါ လုပ်နေရသဖြင့် အရမ်းပျင်းဖို့ ကောင်းသည်။ ဒါပေမယ့် မြတ်ဆရာများသည် စွယ်စုံကျမ်းအသိပညာကို အသုံးပြုထားပြီး သူတို့ကိုယ်သူတို့ အထွင်ရှုအထိပ်

အခြေအနေရောက်အောင် ထိန်းထားကြသည်။ ဒါကြောင့် အမှားလုပ်မိမှာ စိုးရိမ်စရာ မလိုတော့ပါ။

"ငါတော့ အခုအချိန်ထိ အဖြေလွှာ ၁၆ စုံ စစ်ဆေးပြီးသွားပြီ တစ်ယောက်မှ မအောင်သေးဘူး။ ချီ၊ ဒီလောက် အဆင့်နိမ့်နေတာ ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲ ဝင်ဖြေဖို့ သတ္တိရှိသေးတာလား"

ဆုတိုင်က အမှတ် လေးဆယ်ပဲ ရတဲ့အဖြေလွှာကို အထင်သေးတဲ့ အကြည့်နဲ့ကြည့်ပြီး လွှင့်ပစ်လိုက်သည်။ (ဒီနေ့ခေတ် လူသစ်လေးတွေက ကို့ကိုယ်ကို အရမ်းပြည့်နေတယ် ထင်နေတယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပြီးခဲ့တဲ့နှစ် စာမေးပွဲဆိုရင်တော့ တစ်ဝက်ကျော် အောင်နိုင်တယ်"

တန်နင်က တရားမျှတတဲ့ စကားကို ပြောလိုက်သည်။

"အမ်"

အသက်ကြီးတဲ့ မြတ်ဆရာက သက်ပြင်းချလိုက်သည်။ ဒါက ကံတရားပဲ။ စာမေးပွဲ အချိန်မှားပြီး ကံမကောင်းတဲ့ ကို့ကိုယ်ကိုပဲ အပြစ်တင်ရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းတို့ထဲက တစ်ယောက်ယောက် ဂူချင်ယန်ရဲ့ အဖြေလွှာကို အမှတ်ခြစ်ပြီးပြီလား"

ဆုတိုင်သည် အမှိုက်တွေ အများကြီး မြင်နေရသဖြင့် သူ့မျက်လုံးကို သန့်စင်ရန် အရည်အသွေး မြင့်တဲ့ အဖြေလွှာကို လိုချင်နေသည်။ ဒုတိယ အချက်အနေနဲ့ကတော့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရ၏ အရည်အချင်းကို သူကိုယ်တိုင် မြင်ချင်နေသည်။

လူတိုင်း ခေါင်းခါလိုက်သည်။ နောက်ထပ်တစ်နာရီကြာသွားတော့ ဆုတိုင်ဆီက အသံထွက်လာသည်။

"ငါအမှတ်ပေးနေတဲ့ ဒီအဖြေလွှာက ဂူချင်ယန်ဟာဆိုတာ ကြိုပြီး မှတ်ချက်ပေးနိုင်တယ်"

အဖြေလွှာခြောက်ရွက်အထိ အမှတ်ပေးလာသော်လည်း အဖြေတစ်ခုမှ မမှားသဖြင့် ဆုတိုင် စိတ်လှုပ်ရှားနေသည်။ ဒါ့အပြင် အရေးအသားကလည်း လှပပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက်ရဲ့ ခံ့ညားထည်ဝါမှုကို ခံစားရသည်။

"ငါကြည့်ရအောင်"

"ငါလည်း သဘောကျပါရစေအုံး"

"အလျှင်မလိုပါနဲ့"

စာစစ်သူများသည် လက်ထဲက အဖြေလွှာကို ဘေးချလိုက်ပြီး ဆုတိုင် အနီးတစ်ဝိုက်မှာ စိတ်လှုပ်ရှားစွာ ဝိုင်းအုံနေကြသည်။

အသက်ကြီးတဲ့ မြတ်ဆရာတွေလည်း သွားချင်ပေမယ့် လက်ထဲက အဖြေလွှာကို ကြည့်ပြီး

လက်လျှော့လိုက်သည်။ (ဘယ်သူသိမှာလဲ။ ငါ့လက်ထဲက အဖြေလွှာကလည်း ဂူချင်ယန်ဟာ ဖြစ်ချင် ဖြစ်နေမှာ)

“ဆရာဆု၊ ငါ့က ဖတ်ပြီး အကဲဖြတ်ပေးရမလား”

မြတ်ဆရာတစ်ယောက်က မတိုးတတိုး မရဲတရဲနဲ့ မေးလိုက်သည်။

“ဟီးဟီး”

ဆုတိုင်က ပြန်မဖြေဘဲ စိတ်ထဲ မခန့်လေးစား လုပ်နေသည်။ (ရယ်စရာကောင်းလိုက်တာ။ ငါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငတုံး မဟုတ်ဘူး။ မင်းအတွက် ဘာဖြစ်လို့ အခွင့်အရေးကို စွန့်လွှတ်လိုက်ရမှာလဲ)

ပါရမီရှင်တစ်ယောက်ရဲ့ အဖြေလွှာကို အမှတ်ပေးရတာက အခွင့်အလမ်း တစ်ခု ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် ဆုတိုင်သည် ကို့ကိုယ်ကို ယုံကြည်ချက် အပြည့်ရှိသော်လည်း သူ့အလားအလာက ဂူချင်ယန်ထက် သာလွန်မယ်လို့ မထင်ရဲပါ။ ဂူချင်ယန်သည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ အနာဂတ် ကျောင်းအုပ်ကြီး ဖြစ်လာသည်ဖြစ်စေ၊ မဖြစ်လာသည်ဖြစ်စေ

သူ့ထက်တော့ ပိုအထင်ကြီးဖို့ ကောင်းနေလိမ့်မည်။ ဒါ့ကြောင့် ဆုတိုင်သည် သူနဲ့ဆက်သွယ်ခွင့်ရမည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ။

"မြန်မြန် အမှတ်ပေးလိုက်"

တစ်ယောက်က လောလိုက်သည်။

ဆုတိုင်က အဖြေတွေကို အလွတ်ကျက်ထားတာ တော်တော် ကြာနေပြီ။ ဒါ့ကြောင့် စာကြောင်းတွေကို တစ်ချက်ကြည့်လိုက်ရုံနဲ့ ရလဒ် မြန်မြန် ထုတ်ပေးနိုင်သည်။

" ပထမ အရွက် အားလုံးမှန်"

"ရှစ်ခု မြှောက် စာရွက် အားလုံးမှန်"

"ကိုး ရွက်မြှောက် အားလုံး မှန်နေသေးတယ်"

ဆုတိုင် အူမြူးလာသည်။

"လူတိုင်းကို တောင်းပန်ပါတယ်။ ဒီနှစ်ရဲ့ ပထမရမယ့် အမှတ်ပြည့် အဖြေလွှာက ငါ့လက်ထဲမှာပေါ်လာပြီ။"

ဆယ်ရွက်မြှောက် မေးခွန်းလွှာသည် ဆွေးနွေးမှုပုံစံ မေးခွန်းများ ပြည့်နှက်နေသည်။

အမှတ်အပြည့်ရရန် အခက်ခဲဆုံး အကြောင်းအရာလည်း ဖြစ်သည်။ ဒါကြောင့်

လူတစ်ယောက်ရဲ့ အဓိက အချက်မှာ သီအိုရီနဲ့သက်ဆိုင်တဲ့ ဥပမာများ ပေးနေသ၍ အမှန်ရနိုင်သည်။

“မင်းတို့ကောင်တွေ၊ ဒီလောက် လှတဲ့အဖြေတွေကို ငါတော့ အမှတ်အပြည့် မပေးလို့ မရတော့ဘူး”

ဆုတိုင် အံ့အောနေသည်။

လူတိုင်းက အဖြေလွှာကို ဖတ်ပြီး သဘောကျစွာ ခေါင်းညိတ်နေသည်။ တကယ်လည်း ရွေးချယ်စရာ မရှိပါ။ ဒါပေမယ့် လူလတ်ပိုင်း အမျိုးသားကြီး

လက်ထဲသို့ အဖြေလွှာ ရောက်သွားတဲ့ အခါ မျက်မှောင်ကြုတ်သွားသည်။

"ဒါပေမယ့် နောက်ဆုံးမေးခွန်းအတွက်တော့ ဒီအဖြေလွှာက တစ်ခုခု လွဲနေသလိုပဲ"

လူလတ်ပိုင်း ဆရာပြောပြီးနောက် ကျန်တဲ့ သူတွေ ပြန်မဖြေခင် ဆုတိုင်က လှမ်းအော်သည်။

"တစ်ခုခု လွဲနေတာဟုတ်လား"

ဆုတိုင်က ချက်ခြင်းငြင်းလိုက်ပြီး

"ဂူချင်ယန်က ဝိညာဉ်တက်တူး ဖွံ့ဖြိုး တိုးတက်မှုနဲ့ အသုံးပြုမှုကို ခန့်မှန်းထားတယ်လေ။ ဒါတောင် မလုံလောက်သေးဘူးလား"

နောက်ဆုံးမေးခွန်းအတွက် စံအဖြေ မရှိပါ။ ဒီမေးခွန်းတွင် ဖြေဆိုသူအား အနာဂတ်တွင် ဝိညာဉ်တက်တူး နယ်ပယ်က ကမ္ဘာပေါ် လွှမ်းမိုးမှုအကြောင်းကို မေးထားသည်။

"ဆရာတန်၊ မင်း ဒီကိုလာပြီး အကဲဖြတ်သင့်တယ်"

ဆုတိုင်က အဖြေလွှာကိုယူပြီး တန်နင်ဆီ ပေးလိုက်သည်။

“ဟီး ဟီး”

လူလတ်ပိုင်း မြွတ်ဆရာသည် ဆုတိုင်၏ သဘောထားကို မကျေမနပ် ဖြစ်နေသော်လည်း စောစောတုန်းက သူပြောခဲ့တဲ့စကားထဲတွင် မရိုးသားတဲ့စိတ် မပါတာကို သူသိသည်။ ဒီမေးခွန်းအတွက် ဂူချင်ယန်ရဲ့ အဖြေက တော်တော်လေး ကောင်းနေပေမယ့် သူက တစ်ခုခု လွဲနေတယ်လို့ ပြောနေခဲ့သည်။ တကယ်လို့

ဒီသတင်းသာ ပျံ့နှံ့သွားပါက မလိုလားအပ်တဲ့ ပြဿနာ တချို့ ဖြစ်လာနိုင်သည်။

ဂူချင်ယန်ကတော့ ဒီကိစ္စအတွက် ဒေါသထွက်လောက်အောင် သဘောထား သေးနေမှာ မဟုတ်ပေမယ့် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက တခြားဆရာတွေနဲ့ ကျောင်းသားတွေက ဘယ်လိုတွေးကြမလဲဆိုတာ ဘယ်သူသိမလဲ။

“ဆရာဘိုင်၊ ဘာလွဲနေတယ်လို့ ထင်တာလဲ”

တန်နင်လည်း ဖတ်လိုက်ပြီးနောက် တစ်ခုခုလွဲနေသလို ခံစားလိုက်ရသည်။ ဒါပေမယ့် ဘာလဲဆိုတာ တိတိကျကျ မပြောနိုင် ဖြစ်နေသည်။

"ငါ မသိဘူး။ ဒါပေမယ့် ဂူချင်ယန်ရဲ့ ကျော်ကြားမှုအရဆို ပိုကောင်းတဲ့ အဖြေ ဖြစ်သင့်တယ်လို့ ငါထင်တယ်"

လူလတ်ပိုင်း မြတ်ဆရာက ရိုးသားစွာ ပြောလိုက်သည်။

"ချီ"

ဆုတိုင် မဲ့သွားသည်။ (ဆရာဘိုင်ရဲ့ ကြီးမားတဲ့ မျက်လုံးကြီးနဲ့ ထူထဲတဲ့ မျက်ခုံးတွေက တကယ်ပဲ အတွေးတိမ်မယ်လို့ မထင်ထားဘူး)

"ကောင်းပြီ။ တော်သင့်ပြီ။ ကျန်တဲ့အဖြေလွှာတွေကို အမှတ်ပေးဖို့ အချိန်ကို ကောင်းကောင်း အသုံးချပါ"

တန်နင်က တိုက်တွန်းလိုက်သည်။

ဒီအမှတ်ပြည့်တဲ့ အဖြေလွှာကို မြင်လိုက်ရသဖြင့် လူတိုင်း ရေခဲစိမ်ကိုလာကို သုံးရက်လောက်

သောက်လိုက်ရသလို ဖြစ်သွားသည်။ သူတို့ ကျေနပ်လွန်းလို့ စိတ်တွေ အေးချမ်းသွားသည်။

"လူတိုင်းပဲ စိတ်မကောင်းပါဘူး။ ဒီနှစ်ရဲ့ ပထမဆုကို ယူလိုက်တော့မယ်"

ဆုတိုင် အရမ်းပျော်နေသည်။

"ဆရာဆု၊ ဂုဏ်ပြုပါတယ်"

"မင်း တစ်နှစ်လုံး ကံကောင်းလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ဂူချင်ယန်က မင်းကို ထမင်းဖိတ်ကျွေးမှာပဲ မဟုတ်လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတွေ ရယ်နေကြသည်။ မြတ်ဆရာလောကတွင် ဆိုရိုးစကားတစ်ခု ရှိသည်။ အမှတ်ပြည့်ရတဲ့ အဖြေလွှာကို စစ်ဆေးရတဲ့ လူက တစ်နှစ်လုံး ကံကောင်းတတ်သည်။

"ကျေးဇူးတင်ပါတယ်"

ဆုတိုင်ထိုင်ပြီး အလုပ်ကို အာရုံစိုက်ဖို့ လုပ်လိုက်တဲ့ အချိန်မှာပဲ အသက်ကြီးတဲ့ မြတ်ဆရာတစ်ယောက် ထအော်လိုက်တဲ့ အသံကို ရုတ်တရတ် ကြားလိုက်ရသည်။

"ကောင်းလှချည်လား"

ဆုတိုင် မျက်ခုံးပင့်သွားသည်။ ဒီနောက် သူက ပြုံးပြီး

"ဆရာကျန်း၊ ငါ့ကို ချီးကျူးနေတာလား"

ကျန်းမိုင် သည် အရမ်းအံ့အားသင့်တဲ့ မျက်နှာနဲ့ ခေါင်းမော့လာသည်။

"အမ်"

ဆုတိုင် မျက်မှောင်ကြုတ်သွားသည်။ (မင်း မကျေနပ်လို့ ငါ့ကို စိတ်အနှောက်အယှက် ဖြစ်အောင် လုပ်နေတာလား)

"အားလုံး မြန်မြန်လာကြည့်ကြ။ ငါ့မှာလည်း အဖြေလွှာတစ်ခု ရှိတယ်။ ဒါကမှ တကယ့် ဂူချင်ယန် ဖြစ်နိုင်တယ်"

ကျန်းမိုင်က စိတ်လှုပ်ရှားစွာ အော်လိုက်သည်။

"အာ၊ နောက်ထပ် အမှတ်ပြည့်ရတဲ့ အဖြေလွှာ တစ်ခုလား"

"ဒါက အမှန်ပဲလား"

"ဂူချင်ယန် နှစ်ယောက် ဖြစ်နေတာလား"

မြတ်ဆရာများ အချင်းချင်း အကြည့် ဖလှယ်လိုက်သည်။ ဂူချင်ယန် နှစ်ယောက်ရှိဖို့ဆိုတာ

ထုံးစံအတိုင်း မဖြစ်နိုင်ပါ။ ဒါဆို ဘယ်သူ့ အဖြေလွှာ ဖြစ်မလဲ။

"မဖြစ်နိုင်ဘူး"

ဆုတိုင်က သံသယ ဝင်လာသည်။

"ဆရာကျန်း မှားနေတာလား။ ဒီနှစ်ရဲ့ မေးခွန်းတွေက အရမ်းခက်တယ်"

ဆုတိုင်က သူ့ရဲ့ အဖြေလွှာအကြောင်းကို နေ့တစ်ဝက်လောက် ကြွားလုံး ထုတ်ခဲ့သည်။ ထိုအဖြေလွှာသည် ဂူချင်ယန်နဲ့ မသက်ဆိုင်ပါက အနေရ ခက်တော့မည်။ ဒါ့အပြင် ဂူချင်ယန်နဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆက်ဆံရေး တည်ဆောက်နိုင်တဲ့ အခွင့်အရေးလည်း ဆုံးရှုံးသွားမည်။

“ဆရာဆု၊ မင်းကို စုတ်တံပေးမယ်။ မင်းအမှတ်ပေးရင် ဘယ်လိုလဲ”

ကျန်းမိုင်လည်း စိတ်ဆိုးနေသည်။ (ငါ့ရဲ့ ကျွမ်းကျင်မှုကို ဘယ်လို သံသယဝင်ရဲတာလဲ)

စောစောတုန်းက လူတိုင်း ဘာပြောနေကြလဲဆိုတာ ကျန်းမိုင်တစ်ယောက် သတိမထားမိခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတာ နောက်ဆုံးမေးခွန်းစာရွက်သည် ရိုးရှင်းပြီး

လှပလွန်းသည်။ အထူးသဖြင့် နောက်ဆုံးမေးခွန်း ဖြစ်သည်။ အဖြေကတွေးစရာဖြစ်ပြီး လူတိုင်း မိုးကုတ်စက်ဝိုင်းကို ကျယ်ပြန့်စေနိုင်သည်။ ပတ်ဝန်းကျင်က အသံတွေကို မေ့သွားတဲ့အထိ သူ ယစ်မူးသွားသည်။

ဆုတိုင်က အဖြေလွှာကို မယူခဲ့ပေမယ့် ဆရာဘိုင်က ယူပြီး အမြန်စစ်လိုက်သည်။ ဖတ်ပြီးတာနဲ့ အလိုလို အသံထွက်လာသည်။

“လှတယ်။ တကယ်လှတယ်။ ဒါကမှ ဂူချင်ယန်ရဲ့ အဖြေလွှာ ဖြစ်နိုင်တယ်”

ဆရာဘိုင်က အရမ်းချီးကျူးနေသည်။

မြတ်ဆရာ အားလုံးလည်း ဝိုင်းအုံလာပြီး ဂရုတစိုက် စစ်ဆေးကြသည်။

တန်နင် မျက်မှောင်ကြုတ်ပြီး ခေါင်းယမ်းလိုက်သည်။ စာမေးပွဲ တာဝန်ခံအနေနဲ့ ဂူချင်ယန်ရဲ့ အရေးအသားကို ကိုယ်တိုင် မြင်ဖူးသည်။ ဒါကြောင့် ဂူချင်ယန် အဖြေလွှာလို့ ပြောထားတဲ့ စာရွက်ကမှ ဂူချင်ယန် အဖြေလွှာဆိုတာ သေချာသည်။

“အမှတ်အပြည့်ရတဲ့ အဖြေလွှာ နှစ်စုံ ရှိနေတာလား”

တန်နင် အံ့အောနေသည်။ ဝိညာဉ်တက်တူး စာမေးပွဲတွင် စာရင်းသွင်းထားတဲ့ အရည်အချင်းရှိသည့် လူသစ်အားလုံးကို သူသိသည်။ ဒါပေမယ့် သူတို့လည်း အမှတ်အပြည့် ရဖို့ မဖြစ်နိုင်ပါ။

“မြင်းနက်တစ်ကောင် ရှိနေပြီလား”

တန်နင် မတ်တပ်ရပ်လိုက်တဲ့ အခါ မြတ်ဆရာများက ကျယ်လောင်စွာ အော်လိုက်တဲ့ အသံကို ကြားလိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရေးတာ တကယ်ကောင်းတယ်”

“အရမ်းကောင်းတယ်။ အရမ်း အရမ်းကောင်းတယ်”

“သူရေးထားတာက စတိုင် မကျသလိုပဲ”

“ပေါက်ကရတွေ ရပ်လိုက်တော့။ ငါတို့ လက်ရေးလှသမားတွေ မဟုတ်ဘူး။ မြတ်ဆရာတွေ။

မြတ်ဆရာများသည် ပါရမီရှင် အသစ်တစ်ယောက်ကို ရှာတွေ့ထားသဖြင့် စိတ်လှုပ်ရှားနေကြသည်။

"ဆရာတန်၊ နောက်ဆုံး အဓိကမေးခွန်းအတွက် အဖြေကို မြန်မြန်လာကြည့်ပါအုံး။ အရင်အဖြေက တစ်ခုခုလွဲနေပါတယ်လို့ ကျွန်တော် မပြောခဲ့ဘူးလား။ ဒီဖြေမှာရော ဘာချို့တဲ့လို့လဲ ကြည့်ပါအုံး"

ဆရာဘိုင်က ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

"ငါ့ခေါင်းကိုတောင် ချလောင်းရဲတယ်။ ဒါပဲ ဂူချင်ယန်ရဲ့ အဖြေလွှာ အစစ်ဖြစ်နိုင်တယ်"

တန်နင် တုန်လှုပ်သွားပြီး သိချင်လာသည်။ အဖြေလွှာကို ကြည့်ဖို့ အမြန်ပြေးလာသည်။

"ငါ့ကို ကြည့်ခွင့်ပေး"

တန်နင်သည် အရင်က ပြုံးနေသော်လည်း စာကို မြင်လိုက်တာနဲ့ မျက်နှာ အမူအရာ ပြောင်းသွားသည်။ (ဘုရားရေ၊ ဒီ စာရေးဟန်ကို ဘာဖြစ်လို့ ဒီလောက် ရင်းနှီးနေရတာလဲ)

အခန်း(၄၄၇) - ဆွန်းမိုဆိုတဲ့ စာလုံးနှစ်လုံးက စွဲမက်ဖို့ကောင်းပြီး ရိုက်ချက် ပြင်းတယ်။

မြတ်ဆရာ ဘိုင်ရဲ့ မူလရည်ရွယ်ချက်က တန်နင်ကို အဓိကနဲ့နောက်ဆုံး မေးခွန်းကို ကြည့်စေချင်လို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်သည်။ ဒါပေမယ့် တန်နင်က ပထမစာရွက်ကနေ စကြည့်မယ်လို့ မထင်ထားခဲ့ပါ။

(ဘာလုပ်ဖို့ ကြိုးစားနေတာလဲ)

ဆရာဘိုင် နားမလည် ဖြစ်နေသည်။

ကျန်းမိုင် စိတ်ဓါတ် ကျသွားသည်။

"ဆရာတန်၊ ငါမှားစရာ အကြောင်း မရှိဘူး။ နောက်ပြီးတော့ စာရေးတာကို ကြည့်လိုက်ရင် ရေစီးနေသလို ချောမွေ့လွန်းတယ်။ ဂူချင်ယန်က မေးခွန်း ဖြေတဲ့အခါ တစ်ချက်တောင် မတွေဝေဘဲ တစ်ခါတည်း တန်းဖြေခဲ့တယ်ဆိုတာ ညွှန်ပြနေတယ်။

ဘာပြောချင်တာလဲ သိလား။ အရမ်းယုံကြည်မှု အားကောင်းနေတာ”

မြတ်ဆရာတွေ အားလုံးလည်း ဖြေဆိုသူရဲ့ စုတ်တံ အသုံးပြုပုံကို ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ကြသည်။ ဒါကြောင့် အဖြေများကို တစ်ခါတည်းနဲ့ ရေးထားရင် ရေးထား ဒါမှမဟုတ် ခဏပဲ ရပ်ထားတယ်လို့ ပြောနိုင်သည်။

မှင်လမ်းကြောင်းက အတုလုပ်လို့ မရပါ။

တန်နင်က ပြန်မတုန့်ပြန်ပါ။ ဒီအစား မေးခွန်းတစ်ခုစီတိုင်းကို အသေးစိတ်ကြည့်ပြီး အမှားလိုက်ရှာနေသည်။

ဆွန်းမို မလုပ်နိုင်ဘူးဆိုပြီး သက်သေပြချင်တာ မဟုတ်ပေ။ အဲဒီအစား ဒီလောက် ထိတ်လန့်ဖို့ကောင်းတဲ့ ပါရမီရှင် တစ်ယောက် ရှိ မရှိ သိချင်နေသည်။

(ငရဲလို ခက်ခဲနေတဲ့ စာမေးပွဲကို နှစ်နာရီအတွင်းပြီးသွားတယ်။ မင်းက နတ်ဆိုးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်နှစ်ပွင့် မြတ်ဆရာတွေတောင် ဒါကို မလုပ်နိုင်ဘူး)

ကွက်လပ်ဖြည့် အကုန်မှန်။

သုံးသပ်ချက် မေးခွန်း အကုန်မှန်။

နှိုင်းယှဥ်ခြင်း မေးခွန်း အကုန်မှန်။

....

တန်နင်ပိုမြင်လာတာနဲ့အမျှ သူ့မျက်နှာမှာ တုန်လှုပ်မှုက ပိုနက်ရှိုင်းလာသည်။ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်နေနဲ့ အတွေ့အကြုံ တော်တော်လေး ကြွယ်ဝသည်။ အဖြေရဲ့

အရည်အသွေးနှင့် အရေးအသားကိုကြည့်ရုံဖြင့် ဆွန်းမိုဖြစ်နိုင်တယ်ဆိုတာ ကောက်ချက် ချမိသည်။

တန်နင်က ဝိညာဉ်တက်တူးဘာသာရပ်ကို အထူးပြုတဲ့ မြတ်ဆရာ တစ်ယောက်ဖြစ်သည်။

“မြစ်ထဲက နောက်ရေလှိုင်းက အရင်လှိုင်းကို မှီလာတာပဲ”

တန်နင် သက်ပြင်းချလိုက်သည်။ အရှေ့က အဖြေတွေကို ဖတ်ရုံနဲ့ ဆွန်းမိုရဲ့ ဝိညာဉ်တက်တူးဘာသာကို နားလည်မှုက ဂူချင်ယန်ထက် ပိုနက်ရှိုင်းတယ်ဆိုတာ သူသိသည်။

"ငါ မမှားဘူး။ မှန်လား"

ကျန်းမိုင် ဝမ်းသာသွားသည်။

"နောက်ဆုံးမေးခွန်းကို မြန်မြန်ကြည့်သင့်တယ်။ အဲဒါက အနှစ်ပဲ"

"ဘယ်လောက်တောင် ကောင်းနေလို့လဲ"

ဆုတိုင်က မထိလေးစား လုပ်ခံရသလို ခံစားနေရသည်။ လည်ပင်းဆန့်ပြီး ကျော်ကြည့်လိုက်သည်။ ဒါပေမယ့် နှစ်ချက်လောက်ကြည့်ပြီးနောက် မျက်နှာ အရောင်ဖျော့သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆုတိုင်သည် ငယ်ငယ်ကတည်းက နာမည်ကြီးခဲ့သည်။ သူက နည်းနည်းလေး မောက်မာပြီး မာနကြီးပေမယ့် သူ့မှာ အရည်အချင်း ရှိသည်။ ဆွန်းမိုရဲ့ အဖြေကို မြင်ပြီး စိတ်ပူလာကာ တွန့်ဆုတ်နေတဲ့ အငွေ့အသက်ပေါ်လာသည်။

အရမ်း ထူးချွန်လွန်းသည်။ မဟုတ်သေးဘူး။ အဖြေတွေက မကြုံစဖူးလို့ ပြောရမည်။

မြတ်ဆရာအားလုံး စုဝေးနေကြပြီး ကိုယ့်ရဲ့ အဖြေလွှာတွေကိုတောင် မစစ်ကြတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့အဖြေကြောင့် စိတ်လှုပ်ရှားမှုတွေ တောက်လောင်လာပြီး ဆွေးနွေးနေကြသည်။

နောက်ဆုံးမေးခွန်းက ဝိညာဉ်တက်တူးရဲ့ အနာဂတ်ကို ဘယ်လိုထင်လဲ မေးခဲ့သည်။

ကျောင်းသား အားလုံးနီးပါးက တိုက်ခိုက်ရေး အသုံးပြုဖို့က အရေးကြီးတယ်လို့ ဖြေကြသည်။ ဂူချင်ယန်လည်း ခြွင်းချက် မဟုတ်ပေ။

ထုံးစံအတိုင်း ဂူချင်ယန်၏ မိုးကုတ်စက်ဝိုင်းနှင့် အရည်အချင်းများကြောင့် သူ့ရဲ့အဖြေက ကျန်တဲ့လူတွေထက် ရေရှည် အမြင်တွေ ပါသည်။

ဒါဆို ဆွန်းမိုကကော။

သူဖြေထားတာက နေ့စဉ်ဘဝ ဝိညာဉ်တက်တူးရဲ့ အသုံးပြုမှု အကြောင်းပါ။

ဝိညာဉ်တက်တူးကို ဖန်တီးပြီးကတည်းက တိုက်ခိုက်ရေးမှာ ကူညီဖို့ဆိုတာ သိထားကြသည်။ ဝိညာဉ်တက်တူးသခင်တွေ လျှောက်နေကြတဲ့ လမ်းကြောင်းကလည်း ပိုအားကောင်းလာပြီး တိုက်ပွဲကို ထိန်းချုပ်ကာ အနိုင်ရဖို့ ဖြစ်သည်။

ဒါပေမယ့် နေ့စဉ်ဘဝမှာ ဝိညာဉ်တက်တူးကို အသုံးပြုဖို့ ဘယ်သူမှ မတွေးခဲ့ဖူးပါ။

ဆွန်းမိုရဲ့ အဖြေကို ကြည့်ပါအုံး။

သတ္တုပုံးတစ်ခုရဲ့ အောက်ခြေမှာ ရေငွေ့တွေ ဖြစ်စေမယ့် ဝိညာဉ်တက်တူး ဒီဇိုင်းကို ရေးထိုးပြီး ရေစီးကြောင်း ဖြစ်ပေါ်စေမည်။ ဒီလို လုပ်ခြင်းဖြင့် အဝတ်တွေကို လက်နဲ့ လျှော်စရာ မလိုတော့ပေ။ ညစ်ပတ်နေတဲ့ အဝတ်အစားများကို ပုံးထဲ တန်းပစ်လိုက်လို့ ရသည်။

ဒါ့အပြင် အရွက်သုံးရွက်ပါတဲ့ ပုံသဏ္ဍာန်နဲ့ အရွက်ကို ထိန်းထားတဲ့ ပစ္စည်းတစ်ခုကို ဒီဇိုင်းထုတ်ထားသည်။ ၎င်းတွင် ဝိညာဉ်တက်တူး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရေထိုးပြီးပါက အရွက်များသည် အလိုလို လည်လာပြီး လေထွက်လာမည်။ ပူပြင်းတဲ့ နွေရာသီတွင် အပူသက်သာပြီး လူတွေ စိတ်နှလုံးကို အေးချမ်းစေမည်။

....

အခြေခံအားဖြင့်တော့ နောက်ထပ် ဖတ်စရာတောင် မလိုအပ်ပေ။ ဒီဝိညာဉ်တက်တူး နှစ်မျိုးရဲ့ အသုံးချမှုသည် ကမ္ဘာတစ်ခုလုံးကို တော်လှန်ဖို့ လုံလောက်နေပြီ။

ဒီနေရာမှာရှိနေတဲ့ မြတ်ဆရာများသည် အခြားသူတွေရဲ့ လေးစားမှုကို ခံနေရသော်လည်း တကယ့်ကမ္ဘာနဲ့ ဝေးကွာနေတယ်လို့ မဆိုလိုပါ။

အဝတ်လျှော်တာမျိုးကို ကိုယ်တိုင် မလုပ်ဖူးရင်တောင် သူတစ်ပါး လုပ်တာကို မြင်ဖူးကြသည်။

မြတ်ဆရာများ၏ ဉာဏ်ရည်ကြောင့် သူတို့သည် သေသေချာချာ တွေးတောရန် လိုအပ်ပြီး ဒီသဘောတရားကို အသုံးပြုလို့ ရတဲ့ နည်းလမ်းအများကြီး ရှိသေးတယ်ဆိုတာ သူတို့

သိမြင်နိုင်ကြသည်။ ဒီလိုမျိုး ဝိညာဉ်တက်တူးကို ဒီဇိုင်းဆွဲပြီး အသုံးချလို့ ရတဲ့အထိ ရောက်ကြောင်း သက်သေပြနိုင်တာနဲ့ လူတွေ ဘယ်လောက်တောင် သက်သာ သွားမလဲ။

တန်နင်သည် သူ့ရဲ့ အလုပ်အကိုင်ကြောင့် ပိုပြီး နက်ရှိုင်းစွာ တွေးတောမိသည်။ ဒီလို ဝိညာဉ်တက်တူး ဒီဇိုင်းကို ရောင်းစားလိုက်ရင် ဘယ်လောက်တောင် ချမ်းသာသွားမလဲ။

အိမ်ထောင်စုတိုင်းမှာ အဝတ်လျှော်ရတာကို မေ့ထားလို့ မရပါ။ ဆင်းရဲတဲ့ လူတွေက

မတတ်နိုင်ရင်တောင် အနည်းငယ် အဆင်ပြေတဲ့ လူတွေက ဒါကို မဖြစ်မနေ ဝယ်ကြမည်။

ဒါ့အပြင် ပြည်နယ်ကိုးခုက တော်ဝင်မျိုးနွယ်တွေရဲ့ နန်းတော်များတွင် အဝတ်လျှော်တဲ့ အခန်းများ ရှိကြသည်။ တကယ်တော့ ချမ်းသာတဲ့ မျိုးနွယ်စုမှာလည်း ရှိသည်။

ထိုနေရာတွေက ဘာအတွက်လဲ။

ထုံးစံအတိုင်း အဝတ်လျှော်ဖို့ပေါ့။

အဲဒီမှာ ဝန်ထမ်းတွေက ခဏခဏ အဝတ်လျှော်ရသည်။ ဆွန်းမိုရဲ့စိတ်ကူးကြောင့် လူတော်တော်များများ အလုပ်ပြုတ်သွားနိုင်သည်။

ချမ်းသာတဲ့ မျိုးနွယ်တွေက ငွေဘယ်လောက်တောင် သုံးကြမလဲ။

စိတ်ကူးတောင် မယဉ်ရဲတော့ပါ။

ဒီလိုပဲ လေမှုတ်တဲ့ ကိရိယာအတွက် မြေပြင်အသုံးဝင်မှုက သိသာလွန်းသည်။ နွေရာသီဆိုရင် ချမ်းသာတဲ့လူတွေက အပူဒဏ်ကို ဘယ်လို ရှောင်ကြလဲ သိလား။ သူတို့အိမ်မှာ ရေခဲတွေ

ထည့်တာအပြင် တခြားနည်းလမ်းက အချိန်တိုင်း အိမ်အကူ တစ်ယောက်ကို ယပ်ခတ် ခိုင်းထားလိမ့်မည်။

ဒီနေရာမှာရှိနေတဲ့ မြွတ်ဆရာတွေအားလုံး စကားသံ တိတ်သွားသည်။ သူတို့ အတွေးနက်နေကြသည်။ ဆုတိုင်ပင် ဒီကိရိယာနှစ်ခုရဲ့ လက်တွေ့ကျမှုက ဘယ်လောက် ခိုင်မာသလဲဆိုတာ နားလည်သည်။

"ပါရမီရှင်၊ တကယ့် ပါရမီရှင်ရဲ့ အယူအဆပဲ"

တန်နင် ထိန်းချုပ်မှု လွတ်ပြီး ထအော်လိုက်သည်။

လူတိုင်း ခေါင်းညိတ်ကြသည်။

ဆုတိုင်သည်ပါးစပ်ဟပြီး ငြင်းချင်ပေမယ့် အကြောင်းပြချက် ရှာမတွေ့ ဖြစ်နေသည်။

"ဆရာကျန်း၊ ဂုဏ်ပြုပါတယ်"

ဆုတိုင် မျက်နှာမှာတော့ စိတ်ဓါတ်ကျတဲ့ ပုံစံ ဖြစ်နေသည်။ ဂူချင်ယန်နဲ့ အဆက်အသွယ် လုပ်ဖို့ ပြင်ဆင်ထားတဲ့ မျှော်လင့်ချက် အားလုံး ပျက်ဆီးသွားပြီ။

"ဟားဟား"

ကျန်းမိုင်သည် မုတ်ဆိတ်မွေးတွေကို ပွတ်ပြီး ချီးကျူးလိုက်သည်။

“ဂူချင်ယန်ကတော့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရဆိုတဲ့ နာမည်အတိုင်းပဲ။ သူ့ရဲ့ အရည်အချင်းက လူတိုင်း သူတို့ရဲ့ ညံ့ဖျင်းမှုတွေကို လိုလိုလားလား လက်ခံသွားစေနိုင်တယ်”

“ဟုတ်တယ်။ တခြား အဖြေလွှာလည်း မဆိုးပေမယ့် သူတို့နှစ်ယောက်ရဲ့ စံနှုန်းကို

နှိုင်းယှဉ်လိုက်လျှင် ပထမတစ်ခုက နည်းနည်း ညံ့တယ်”

“သနားစရာ ကောင်းလိုက်တာ။ အရင်နှစ်ကဆိုရင် ပထမဖြစ်မှာသေချာတယ်”

“ဘယ်သူ့အဖြေလွှာလဲဆိုတာ တွေးမိလား”

မြတ်ဆရာများသည် ဆွေးနွေးနေကြပြီး ဆုတိုင် အမှတ်ခြစ်ထားတဲ့ ဖြေဆိုသူအား သနားနေကြသည်။ ပြီးနောက် ကျန်းမိုင် အမှတ်ခြစ်ထားတဲ့ ဖြေဆိုသူကို ချီးမွမ်းနေကြသည်။ သူတို့သည် ဂူချင်ယန်၏

စွမ်းဆောင်နိုင်မှုအတွက် အပြည့်အဝ ချီးကျူးနေကြသည်။

ထိုအချိန်တွင် တန်နင်သည် လူတိုင်းကို မချီးကျူးကြဖို့ ပြောချင်နေသည်။ ဒီအဖြေလွှာက ဂူချင်ယန် အဖြေလွှာမဖြစ်နိုင်ပါ။ ဒါပေမယ့် သူ ဘယ်လိုပြောရမလဲ မသိဖြစ်နေသည်။

ထုတ်ဖော်လိုက်ရင် အရိုက်ခံရနိုင်သည်။

“အားလုံးပဲ။ အားလုံးပဲ။ ငါ့စကားကို ကျေးဇူးပြုပြီး နားထောင်ပေးပါ။ ဒီနောက်ဆုံးမေးခွန်းရဲ့ အကြောင်းအရာက လုံးဝ ပေါက်ကြားလို့ မရဘူး”

ကျန်းမိုင်ရဲ့ အမူအရာ လေးနက်သွားပြီး အားလုံးကို တင်းတင်းကျပ်ကျပ် ပြောလိုက်သည်။

လူတိုင်း ကြောင်သွားပြီးနောက် ခေါင်းညိတ်လိုက်ကြသည်။

“အတိအကျပဲ”

“ဆရာကျန်း ၊ မင်းအတွေးလွန်နေပြီ။ ငါတို့အားလုံးက သူခိုးတွေ မဟုတ်ဘူး မြတ်ဆရာတွေ”

“ဂူချင်ယန်ရဲ့ အယူအဆ အောင်မြင်တာနဲ့ တပြိုင်နက် သူ ငွေဘယ်လောက်ရမလဲတောင် မသိနိုင်ဘူး”

မြတ်ဆရာတွေက ဒါကို လျှို့ဝှက်ထားဖို့ အလှ်ျင်အမြန် အာမခံလိုက်သည်။ အဲဒီနောက်မှာတော့ မနာလိုတဲ့ အမူအရာ ဖြစ်လာကြသည်။ ဂူချင်ယန်က ဒီဝိညာဉ်တက်တူး ဒီဇိုင်းနှစ်ခုကို တကယ် ဆွဲနိုင်ခဲ့ပါက သူ့ဘဏ္ဍာတိုက် ပြည့်တဲ့အထိ ငွေတွေ စီးဝင်လာလိမ့်မည်။

ငွေဆိုတဲ့အရာကို ပိုမလိုချင်တဲ့သူ ရှိလို့လား။

ဒါပေမယ့်လည်း ဒီခေတ်က လူများသည် သီလ သမာဓိ ပညာ ရှိကြသေးသည်။ သူတို့က ပိုက်ဆံလိုချင်ပေမယ့် တခြားသူ ဖန်တီးထားတဲ့

စိတ်ကူးကို ခိုးယူရလောက်အောင် အောက်တန်း မကျသေးပါ။

ဒီလို ကိစ္စရှိနေတာကြောင့် ဒီအဖြေလွှာကို မထုတ်ဝေသင့်ဘူး။ မဟုတ်လား။

ဆရာဘိုင်က မျက်မှောင်ကြုတ်သွားသည်။

ပြီးခဲ့တဲ့နှစ်များ၏ ဥပမာများအရ အမှတ်အပြည့်ရတဲ့ အဖြေလွှာပေါ်လာလျှင် ထိုအဖြေလွှာများကို ပြသပေးထားသည်။ ဒါက သူတော်စင်ဂိတ်ရဲ့ အမှတ်ပေးစနစ်သည် မျှတပြီး လိမ်ညာမှုကင်းကြောင်း သက်သေပြတာ လည်းဖြစ်ပြီး

အတွင်းလူကို သံသယရှိစရာ မလိုတော့ပေ။ တချိန်တည်းမှာပဲ ဖြေဆိုသူ၏ ဂုဏ်ကျက်သရေကို ချီးမြှောက်အားပေးခြင်းလည်း ဖြစ်သည်။

စဉ်းစားကြည့်ရုံနဲ့ တစ်နေ့တည်းနဲ့ နာမည်ကြီးလာနိုင်သည်။ လူတစ်ယောက်ရဲ့ အနာဂတ်ကို ဘယ်လောက်တောင် လွှမ်းမိုးမှု ရှိသွားမလဲ။

"ဒါက သေချာတယ်"

ကျန်းမိုင် ခေါင်းညိတ်လိုက်သည်။ ဖြေဆိုသူများက သဘောတရားကို မခိုးယူဘူးလို့တော့ အာမ မခံနိုင်ပေ။

“စိတ်မကောင်းစရာပဲ။ ဒါက အရမ်းဂုဏ်ယူဖို့ကောင်းတဲ့ အရာပဲ”

လူပေါင်းများစွာ သက်ပြင်းချလိုက်သည်။

“ဘာတွေ စိတ်မကောင်းစရာ ရှိလို့လဲ။ ဂူချင်ယန်ရဲ့ ကျော်ကြားမှုက အားနည်းနေသေးလို့လား”

ကျန်းမိုင်က မထိန်းနိုင်ဘဲ ရယ်ချလိုက်သည်။

လူတိုင်း ရယ်မောလိုက်ကြသည်။ လေထုက ရုတ်တရုတ်ကို ပေါ့ပါးသွားသည်။ တန်နင်၏ မျက်နှာပေါ်မှာသာလျှင် ခါးသီးတဲ့ အမူအရာ ရှိနေသည်။

"အမ်၊ ဆရာတန် ဘာဖြစ်နေတာလဲ။ ဗိုက်နာနေလို့လား"

ဆုတိုင် စိတ်ပူသွားသည်။

"............"

တန်နင်က တကယ်ဗိုက်နာနေတယ်လို့ ပြောလိုက်ချင်သည်။

"ဟုတ်ပြီ။ ရလဒ် ထွက်လာပြီဆိုတော့ အမှတ်ပြည့် ရတဲ့လူက ဘယ်သူလဲလို့ သိရအောင် နာမည်တံဆိပ်တွေ ဘာဖြစ်လို့ မကပ်ကြတာလဲ"

ကျန်းမိုင်က နှုတ်ခမ်းမွေးကို ပွတ်ရင်း ပြောလိုက်သည်။

“အမှန်အတိုင်း ပြောရရင် ဒီလူကလည်း အရည်အချင်း ရှိတဲ့ လူတစ်ယောက်ပဲ”

“ကြည့်ကြတာပေါ့ကွာ”

မြတ်ဆရာ အားလုံး တန်နင်ကို လှမ်းကြည့်လိုက်သည်။ သူက အဓိက စာစစ်သူဖြစ်သောကြောင့် သူပဲ ဆုံဖြတ်ချက် ချရမည်။

စည်းကမ်းအရတော့ အဖြေလွှာတွေ အားလုံး အမှတ်ခြစ်ပြီးမှသာလျှင် စည်းတံဆိပ်တွေကို ဖြုတ်ခွင့် ရှိသည်။ သို့သော်လည်း အမှတ်အပြည့်ရတဲ့ အဖြေလွှာတွေအတွက်တော့ ခြွင်းချက် ရှိသည်။

"ဆရာတန်"

ဆုတိုင်က အလေးအနက် တောင်းဆိုလိုက်သည်။ သူ အမှတ်ခြစ်ထားတဲ့ အဖြေလွှာ ပိုင်ရှင်ကို သိချင်နေသည်။

တန်နင် ခေါင်းကိုက်လာသည်။ သူတို့မျက်နှာပေါ်က မျှော်လင့်နေတဲ့

အရိပ်အယောင်ကို တွေ့လိုက်တော့ သူ့ကိုယ်သူ စိတ်ထိန်းပြီး လက်ဖွေ့ယမ်းလိုက်သည်။

“မင်းတို့ကောင်တွေ”

“ဆရာဆု၊ ကျေးဇူးပြုပြီး ဂုဏ်ယူလိုက်ပါ။ ဘယ်လိုပဲပြောပြော မင်းလည်း အမှတ်အပြည့်ရတဲ့ အဖြေလွှာတစ်ခုကို အမှတ်ခြစ်ခဲ့တာပဲ”

ကျန်းမိုင် ထက်မြတ်တဲ့ သဘောထားကို ထုတ်ပြပြီး အကြံပြုလိုက်သည်။

ဂူချင်ယန်ရဲ့ အဖြေလွှာကို တကယ် ရလိုက်တဲ့ ကျန်းမိုင်ရဲ့ ကံကောင်းမှုကို တွေးပြီး ပြုံးလိုက်မိသည်။

ဒါပေမယ့် သူ့လက်ထဲက စာရွက်ပိုင်ရှင်ကလည်း အမှတ်အပြည့်ရအောင် လုပ်နိုင်ခဲ့သည်။ ဒီဖြေဆိုသူရဲ့ အရည်အချင်းကလည်း မဆိုးနိုင်ပါ။ ဆုတိုင်သည် ဒီ အငယ်တန်းလေးနဲ့ အသိအကျွမ်း ဖြစ်အောင်လုပ်ဖို့ စိတ်ပါနေသည်။

တရားမျှတမှုရှိစေရန်အတွက် ပေးပို့လာတဲ့ အဖြေလွှာအားလုံးတွင် နာမည်ကို စည်းတံဆိပ် ကပ်ထားသည်။

ဆုတိုင်က စာရွက်ထောင့်ကို ဆွဲလိုက်သည်။

ဗျိ

စည်းတံဆိပ် အနည်းငယ်ကွာလာပြီး ‘ဂူ’ဆိုတဲ့ စာလုံးလေး ပေါ်လာသည်။

“အမ်၊ ဒီကျောင်းသားရဲ့ မျိုးရိုးနာမည်ကလဲ ဂူ ပဲလား”

ကျန်းမိုင်က စပ်စုလိုက်သည်။

“ကြည့်ရတာတော့ ဂူမျိုးနွယ်က မျိုးဆက်တွေမှာ ပါရမီရှင် အများကြီး မွေးထုတ်တာတဲ့ ပုံပဲ”

တန်နင်သည် ကျန်းမိုင်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီလောက် တွေးခေါ်မှုအားနည်းမယ် မထင်ထားခဲ့မိဘူး၊

ဆုတိုင်က အားအနည်းငယ်သုံးပြီး ကျန်တဲ့နေရာကို ခွာထုတ်လိုက်သည်။ ပြီးနောက် ကြောင်အနေသည်။ (ငါ အမြင်မှားနေတာလား)

“ဘယ်သူလဲဆိုတာ တစ်ချက်ကြည့်ရအောင်။ အမ်”

ကျန်းမိုင်သည် ခေါင်းငုံ့ကြည့်ပြီး အသံထွက်လာသည်။ ရောမ နဂါးကြီးတစ်ကောင်က မြေပေါ်ဆင်းလာပြီး ယုန်လေးတစ်ကောင်ကို မုဒိန်းကျင့်နေတာ မြင်လိုက်သလိုမျိုး တုန်လှုပ်ချောက်ခြားတဲ့ အကြည့် ဖြစ်နေသည်။

"ဂူ....ဂူ"

ကျန်းမိုင်သည် ပါးစပ်တလှုပ်လှုပ် ဖြစ်နေသော်လည်း စကားကို အဆုံးမသတ်နိုင် ဖြစ်နေသည်။

တခြားသော မြတ်ဆရာတွေလည်း အရမ်းအံ့အောသင့်ပြီး တိတ်ဆိတ်နေကြသည်။ ဒီစာရွက်က ဘာဖြစ်လို့ ဂူချင်ယန် ဖြစ်နေရတာလဲ။ ဒါဆိုရင် တခြားအဖြေလွှာက.......................

သူတို့အားလုံးသည် ကျန်းမိုင် လက်ထဲက အဖြေလွှာကို မတိုင်ပင်ရဘဲနဲ့ အတူတူ ကြည့်လိုက်မိကြသည်။

တန်နင်သည် နဖူးကို ဆုပ်နယ်လိုက်သည်။ (ထင်ထားသလိုပဲ)

ဆုတိုင်သည် ဂူချင်ယန် စာရွက်ကို ရဖို့ တော်တော်လေး မျှော်လင့်ခဲ့သည်။ သဘောတရားအရ ပြောလျှင် သူလိုချင်တာ ရလိုက်သဖြင့် ဆုတိုင် ပျော်နေသင့်သည်။ ဒါပေမယ့် ဘယ်လို အမူအရာ ထုတ်ပြရမလဲ မသိအောင် ဖြစ်နေသည်။

ဒီစာရွက်သည် အမှတ်အပြည့်ရသော်လည်း အကောင်းဆုံး စာရွက်တော့ မဟုတ်ပါ။

လူတော်တွေ အတွက်တော့ မဆိုးဘူး ဖြစ်နိုင်သည်။ ဒါပေမယ့် ဂူချင်ယန်အတွက်တော့ ရှက်စရာကောင်းနေသည်။

“ဆ.....ဆရာကျန်း၊ တံဆိပ် ခွာကြည့်လိုက်ပါလား”

ဆရာဘိုင်က တိုက်တွန်းလိုက်သည်။

ကျန်းမိုင် လက်တွေ တုန်နေသည်။ နည်းနည်း အနေရခက်သလို ဖြစ်နေသည်။ ဘယ်လိုပဲပြောပြော ဂူချင်ယန် အဖြေလွှာဆိုပြီး ကြွားဝါခဲ့မိသည်။

အခုတော့ ဒီလို ဖြစ်နေသဖြင့် သူမျက်လုံး ကန်းနေသလို ဖြစ်နေပြီ။

"လုပ်ခွင့်ပေးပါ"

ဒါကိုမြင်တော့ တန်နင်က စာရွက်ကို ယူပြီး စည်းတံဆိပ်ကို ခွာထုတ်လိုက်သည်။ စွဲမက်ဖို့ကောင်းပြီး စိတ်အားထက်သန်တဲ့ ပုံစံနဲ့ ရေးထားတဲ့ စာလုံး နှစ်လုံး ပေါ်လာသည်။

ဆွန်းမို။

ပင်ကိုယ်စွမ်းရည်ရဲ့ အငွေ့အသက်က ချက်ခြင်း ပေါ်လာသည်။

အခန်း(၄၄၈) - လူတစ်ယောက်ကို ရိုက်ချင်ရင် မျက်နှာသာ ရိုက်။

တစ်ရုံးလုံး တိတ်ဆိတ်သွားသည်။ အဖြေလွှာများကို အမှတ်ခြစ်ပေးရန် တာဝန်ရှိတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာ ၄၆ ယောက်စလုံး စိတ်ရှုပ်ထွေးတဲ့ အကြည့်နဲ့ စာရွက်ကို ငေးကြည့်နေကြသည်။

အခုမတိုင်ခင်က ဆွန်းမိုကို တစ်ယောက်မှ မသိကြပါ။ ဒါပေမယ့် အခုတော့ သူ့နာမည်ကို သေချာပေါက် ကြားဖူးကြသည်။

တကယ်လည်း ကြယ် ၆ ပွင့် မြတ်ဆရာ အိမ်ရှေ့မှာ ပါးစပ် သရမ်းရဲတဲ့လူ တော်တော်ရှားသည်။ မဟုတ်သေးဘူး ပိုပြီးတိတိကျကျ ပြောရလျှင် တစ်ယောက်မှ မရှိသေးပါ။

အရေးအကြီးဆုံးအချက်က ဆွန်းမိုသည် စကားကို ချက်ကျလက်ကျ ပြောတတ်သည်။

‘မင်းမှာ အရည်အချင်းမရှိရင် မင်းက တခြားသူအိမ်ရှေ့စောင့်တဲ့ ခွေးတစ်ကောင်ပဲ” ဆိုတဲ့စကားသည် ဆွန်းမိုရဲ့ လက်ရှိ သဘော်တ ဖြစ်သည်။ ဒီစကားကြောင့်လည်း ချန်အိမ်တော်ရဲ့ အလည်အပတ် တံခါးပိတ်သွားခဲ့သည်။

ချန်မျိုးနွယ်က တံခါးမပိတ်ရင်တောင် လာရောက် လည်ပတ်မည့်သူ တစ်ယောက်မှ ရှိတော့မှာ

မဟုတ်ပေ။ ဒါက အရှက်မကွဲအောင် အရေးပေါ် ကာကွယ်လိုက်တာပဲ ဖြစ်သည်။

တချိန်က ချန်မျိုးနွယ်ဆီ လာရောက်လည်ပတ်သူများခဲ့သော်လည်း ဆွန်းမိုရဲ့ စကားတစ်ခွန်းကြောင့် ချန်အိမ်တော်ရဲ့ အပြင်ဘက်သည် လုံးဝ တိတ်ဆိတ်သွားခဲ့သည်။

ဆွန်းမိုက ဒါကို မရည်ရွယ်ပေမယ့် ချန်အိမ်တော်ကို နင်းပြီး နာမည်ကြီးလာတာလို့ ပြောနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ကောင်းလား၊ ဆိုးလား ဆိုတာ မြွတ်ဆရာ စာမေးပွဲအတွင်း ဆွန်းမိုရဲ့စွမ်းဆောင်ရည် အပေါ် မူတည်နေသည်။ မအောင်မြင်ပါက ဒါမှမဟုတ် ရလဒ်မကောင်းခဲ့ပါက လူတိုင်း အပြစ်တင်ရှုံ့ချ ကြလိမ့်မည်။ သူက ကျော်ကြားလာဖို့ ကောက်ကျစ်တဲ့ နည်းလမ်းကို သုံးခဲ့တယ်လို့ လူတွေက ပြောကြလိမ့်မည်။

ဒါပေမယ့် ရလဒ်တွေ ထူးချွန်သွားလျှင် ကံဆိုးသူက ချန်အိမ်တော် ဖြစ်သွားမည်။ သူတို့ ဂုဏ်သတင်း ကြီးကြီးမားမား ထိခိုက်သွားမည်။

အခုအခြေအနေကို ကြည့်ရတာတော့ ချန်မျိုးနွယ် အခြေအနေ ဆိုးနေပြီ။

"သူက တကယ်ပဲ အမှတ်ပြည့် ရခဲ့တာလား"

ဆရာဘိုင် မျက်နှာပေါ်တွင် ထိတ်လန့်တဲ့ အကြည့်များ ပေါ်လာသည်။ ဒါပေမယ့် သိပ်မကြာခင် စိတ်အေးသွားသည်။

သူက ချန်မျိုးနွယ် ဒါမှမဟုတ် ဆွန်းမိုနဲ့ ပက်သက်ခြင်း မရှိပါ။ ဆွန်းမို အဖြေအတွက် စိတ်ရှင်းရှင်း ချီးကျူးနိုင်သည်။ ခွင်းချက်ဖြစ်တဲ့

မြွတ်ဆရာအနည်းငယ်လည်း ဒီအတိုင်း ဖြစ်နေကြသည်။

ကျန်းမိုင်ကတော့ လက်တုန်နေသည်။ ဒီအဖြေလွှာကို သူ အမှတ်ပေးခဲ့သည်။ ချန်မျိုးနွယ်ရဲ့ ဒေါသထဲ သူပါသွားရင်ကော။

(စောစောတုန်းကလဲ ကြွားလုံးတွေ ထုတ်ခဲ့မိတယ်။ အခုကိစ္စတွေ ဖြစ်လာတော့ ဘာပြောရမလဲ မသိတော့ဘူး)

အရင်နှစ်တွေကတော့ အမှတ်အပြည့်ရတဲ့ အဖြေလွှာကို စစ်ဆေးမိပါက ကံကောင်းတဲ့

ဂုဏ်ကျက်သရေလို့ ယူဆကြပြီး ဖြေဆိုသူကလည်း ဆုလဒ်တွေ အများကြီး ရကြသည်။ ဒါပေမယ့် ဒီနှစ်မှာတော့ အာလူး ပူပူဆိုတာ ထင်ရှားနေသည်။

ဒါက တကယ်ပဲ ဒုက္ခပေးလွန်းတယ်။

ဆုတိုင်သည် မျက်လုံးအတင်းပွတ်ပြီး စာရွက်ကို တစ်ခေါက် ပြန်ကြည့်သည်။

အားကြိုးမာန်တက်နဲ့ ရေးထားတဲ့ ဆွန်းမိုဆိုတဲ့ စာလုံး နှစ်လုံးသည် စာရွက်ပေါ်က ခုန်ထွက်လာပြီး သူ့ကို ထိုးသတ်တော့မလို့ ထင်နေသည်။

“ဘာဖြစ်လို့ ဆွန်းမိုလဲ”

စစ်ဆေးတဲ့ အချိန်ကို ပြန်တွေးရင်း ဒေါသပေါက်ကွဲလာသည်။ ဒီအတွက်လည်း အဖြေမရှိပါ။ နောက်ဆုံးတော့ သူက ဆွန်းမိုရဲ့ အလွဲသုံးစားကျောင်းသား၊ သတိလစ်ခြင်းနှင့် အသုံးမကျခြင်း တို့နဲ့ အပစ်ခံခဲ့ရသည်။ ဒါက သူ့အတွက်တော့ တော်တော်ကြီးတဲ့ အရှက်ကွဲမှု ဖြစ်သည်။

အိပ်မက်ထဲမှာတောင် ဆွန်းမို စာမေးပွဲကျဖို့ကလွဲလို့ ဘာမှ မလိုချင်ပါ။

ဆွန်းမိုသာ နာမည်ကြီးလာပါက သူ့ရဲ့ အတိတ်ကို တူးဆွကြလိမ့်မည်။ လူတိုင်းက သူ့ရဲ့အဆင့်ကူးပြောင်းခြင်းဖြစ်တဲ့ အရေးကြီးသည့် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို သေချာပေါက် အာရုံ စိုက်လာကြလိမ့်မည်။

ဒါဆိုရင် ဆွန်းမို ကျော်ကြားမှုအတွက် သူက ခြေနင်းတုံး တစ်တုံး ဖြစ်လာလိမ့်မည်။

"ဒီလိုမျိုးတွေ မဖြစ်ရဘူး"

ဆုတိုင် စိတ်ထဲမှာ ကြိတ်ငိုနေသည်။ စာရွက်ကိုယူပြီး အမှားထပ်ရှာပြန်သည်။ ဒါပေမယ့်

သူစိတ်ပျက်အားငယ်သွားအောင် အမှားလုံးဝ ရှာမရခဲ့ပေ။

ပိုဖတ်ဖတ်လေလေ စိတ်ထဲမှာ မနာလိုစိတ် ပိုပြင်းထန်လာလေလေ ဖြစ်နေသည်။ အခုအချိန်မှာတော့ မငြိမ်းနိုင်တဲ့ တောမီးလို ဖြစ်နေပြီ။

ဂူချင်ယန်၏ အဖြေကို တစ်ချက်ကြည့်လိုက်ရင်လည်း အထင်ကြီးဖို့ ကောင်းသည်။ မှတ်ချက်ပေးတဲ့အဆင့်မှာ သိသိသာသာ ကွာခြားသွားသည်။ တိုက်ပွဲအတွင်း ဝိညာဉ်တက်တူး အထွင့်အထိပ် အသုံးပြုမှုအကြောင်း

ဆွေးနွေးခဲ့သည်။ ဒါပေမယ့်လည်း ဒါက ရှိပြီးသားကို မွန်းမံခြင်းသာ ဖြစ်သည်။

ဆွန်းမိုရဲ့ အဖြေကတော့ အသစ်စက်စက် နယ်ပယ် တစ်ခု ပေါ်လာစေသည်။

ဆွန်းမိုက ဝိညာဉ်တက်တူးသခင်တွေ အားလုံးအတွက် ကမ္ဘာအသစ်တစ်ခု ဖွင့်ပေးခဲ့တယ်လို့တောင် ပြောလို့ရသည်။ ဝိညာဉ်တက်တူး နေ့စဉ်ဘဝတွင် ရှုထောင့် ပေါင်းစုံက အသုံးပြုလို့ရကြောင်း ဆွေးနွေးထားသည်။

ဒါက မကြုံစဖူး တမူထူးတဲ့ အယူအဆပါ။

ဆုတိုင်သည် ဆွန်းမိုကို သေတဲ့အထိ မုန်းတီးနေပြီး ဂူချင်ယန်ဖက် ဘက်လိုက်ချင်ရင်တောင် ဆွန်းမို အဖြေထက် ဂူချင်ယန် အဖြေက ပိုကောင်းတယ်လို့ မပြောရဲပေ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်လိုက်ရင် သူ့ဂုဏ်သိက္ခာက မြတ်ဆရာလောကတွင် နှစ်ပေါင်းတစ်သောင်းကြာအောင် ပုတ်သိုးသွားပြီး မြတ်ဆရာလောကမှာ အရှက်ရစရာ တစ်ခု ဖြစ်လာလိမ့်မည်။

“ဆက်ပြီး အမှတ်ပေးကြပါ”

တန်နင် ခံစားရတဲ့ တုန်လှုပ်မှုသည် ကျန်တဲ့ လူတွေထက်တောင် သာလွန်နေသေးသည်။ ဆွန်းမိုက စီးဆင်းနေတဲ့ ရေလို မေးခွန်းတွေကို တုန့်ဆိုင်းခြင်း မရှိ ဖြေဆိုနေတာ မျက်မြင်တွေ့ခဲ့သည်။ ဒါ့အပြင် ဆွန်းမိုက ဂူချင်ယန်ထက်တောင် တစ်နာရီ စောပြီး စာရွက်အပ်ခဲ့သည်။

ဒါက ဘာကို ဆိုလိုတာလဲ။

ဆွန်းမိုသည် ဂူချင်ယန်ကို ဖြိုခွဲရုံသာမက တစ်ချိန်တည်းမှာပဲ မြတ်ဆရာပေါင်းများစွာကို ဖြိုခွဲခဲ့သည်။

"သူ့လက်ရေး ဒီလောက် မလှတာ စိတ်မကောင်းစရာပဲ"

ကျန်းမိုင်က စိတ်မကောင်းချင် ဟန်ဆောင်ပြီး ပြောလိုက်သည်။ နောက်ဆုံးတော့ ဆွန်းမိုရဲ့ အားနည်းချက်ကို ရှာတွေ့သွားပြီ။

"ဆရာကျန်း၊ အဓိပ္ပါယ် မရှိတာ တော်လိုက်တော့။ ဆွန်းမိုသာ လက်ရေးလှနေရင် ကျန်တဲ့လူတွေ ဘယ်လို အသက်ရှင်မှာလဲ"

တန်နင်က ခေါင်းခါပြီး မနေနိုင်ဘဲ ရယ်လိုက်မိသည်။

"ကောင်းပြီ။ အားလုံးပဲ ၊ ကျန်တဲ့စာရွက်တွေကို အမှတ်ပေးဖို့ အာရုံစိုက်လိုက်ရအောင်"

ဒင်

တန်နင်၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်လိုက်ပြီ။ ရင်းနှီး (၁၀၀/၁,၀၀၀)

မြတ်ဆရာများသည် လူစုကွဲသွားသော်လည်း ဆွေးနွေးမှုကို မရပ်တန့်နိုင်ခဲ့ပေ။ စကားဝိုင်းထဲမှာ ဆွန်းမိုအကြောင်းက လွှမ်းမိုးလွှမ်းနေသည်။ ပြီးတော့

နောက်ဆုံး အဖြေကလည်း မိုးကုတ်စက်ဝိုင်းကို မိုးကြိုး ပစ်လိုက်သလို ကျယ်ပြန့်သွားစေသည်။

ထိုအချိန်မှာ စနောက်ပြီး ရယ်မောနေတဲ့ အသံတစ်ခု ရုတ်တရုတ် ထွက်ပေါ်လာသည်။

“တစ်ခုခု ဖြစ်ခဲ့လို့လား၊ ဘာဖြစ်လို့ မင်းတို့ အားလုံး ထိတ်လန့်နေကြတယ်လို့ ငါထင်နေတာလဲ”

ချန်ဇီတုန်က တံခါးဖွင့်ပြီး ဝင်လာသည်။

“အမှတ်အကုန် ပေးပြီးပြီလား”

သူ့နောက်မှာ မြတ်ဆရာလေးယောက် ပါလာသည်။ သူတို့ထဲက တစ်ယောက်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သက်လတ်ပိုင်း ကျက်သရေရှိတဲ့အမျိုးသမီး မိုင်ရာဇီ ဖြစ်သည်။ သူတို့ ကင်းလှည့်အဖွဲ့တွင် တာဝန် နှစ်ခုရှိသည်။ ဦးစားပေး အမှတ်ခြစ်တဲ့ မြတ်ဆရာတွေ မလိမ်အောင်နဲ့ သတ်မှတ်လုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာ တချို့ကို ဖြေရှင်းပေးရန် ဖြစ်သည်။

ရွှစ်

လူတိုင်းရဲ့ အကြည့်က ချန်ဇီတုန် ဆီ ရောက်သွားသည်။ အခြားသူရဲ့ ကံဆိုးမှုကို ကြည်နူးတဲ့ အကြည့်များ ပေါ်လာသည်။

“ဘာမှားနေလို့လဲ”

ချန်ဇီတုန် မျက်မှောင်ကြုတ်သွားသည်။

“အမှတ်ပြည့်တဲ့ အဖြေလွှာတွေ ရှိတယ်”

မြတ်ဆရာတစ်ယောက်က ပြန်ဖြေသည်။

ချန်ဇီတုန် မျက်မှောင်ကြုတ်သွားသည်။

ချန်ဇီတုန် မျက်နှာပေါ်တွင် ကျေနပ်အားရတဲ့ အမူအရာ ပေါ်လာသည်။ သူက ဆုတိုင်ဘေးနားသို့ လျှောက်သွားပြီး ဆုတိုင်ကိုင်ထားတဲ့ စာရွက်ကို ယူလိုက်သည်။ ပြီးတော့ ပြုံးပြီး

"ဒီစာရွက်လား။ ကြည့်ရအောင်"

ချန်ဇီတုန်က စာရွက်ကိုယူပြီး အဖြေများကို ဖတ်လိုက်သည်။ ဆုတိုင် ပေးထားတဲ့ အနီရောင်အဝိုင်းများ မတွေ့သဖြင့် ဂူချင်ယန်အား ချီးကျူးလိုက်သည်။

"အရမ်းကောင်းတယ်။ အရမ်းကောင်းတယ်"

အလယ်ကမ္ဘာပြည်နယ်ကိုးခုတွင် စာရွက်များကို အမှတ်ခြစ်ရာတွင် ဆရာများက အနီရောင် မှင်အသုံးပြုပြီး ဝိုင်းပြသည်။ အနီရောင် မှင်မရှိပါက အားလုံးမှန်တယ်လို့ ဆိုလိုသည်။

“ဆရာချန်၊ ဒါက ဂူချင်ယန် စာရွက် မဟုတ်ဘူး”

ဆုတိုင်သည် ချန်ဇီတုန်က အဖြေများကို ချီးမွမ်းနေတာ ကြားလိုက်လျှင် ကမန်းကတမ်း သတိပေးလိုက်သည်။

အသစ်ရောက်လာတဲ့ မြတ်ဆရာတွေရဲ့ အမူအရာသည် ထူးဆန်းသွားသည်။

“ဂူချင်ယန် မဟုတ်ဘူးလား”

ချန်ဇီတုန် မျက်မှောင်ကြုတ်သွားသည်။ အဖြေအားလုံး ဖတ်ခဲ့ပြီးပြီ အမှား မရှိခဲ့ပေ။

“အမှတ်အပြည့်ရတဲ့ အဖြေလွှာ မဟုတ်ဘူးလား”

ချန့်ဇီတုန် ကြောင်တောင်တောင် ဖြစ်သွားသည်။

(ဒါက အမှတ်အပြည်ရတဲ့ အဖြေလွှာပဲလေ၊ ငါချီးကျူးနေတာ ဘာဖြစ်လို့လဲ)

"နောက်ထပ် အမှတ်အပြည့်ရတာ ဘယ်သူလဲ"

မိုင်ရာဇီက မေးလိုက်သည်။ တန်နင် လက်ထဲက စာရွက်မှာ စည်းတံဆိပ် ပျက်နေတာကို မြင်လိုက်ရသည်။ ပုံမှန်အားဖြင့် အမှတ်အပြည့်ရတဲ့ စာရွက်တွေမှသာ စည်းတံဆိပ် ပျက်နေရမည်။

"ဂူချင်ယန်"

တန်နင်က ချောင်းဆိုးပြီး ပြောလိုက်သည်။

"အိုး ၊ အမှတ်အပြည့်ရတဲ့အဖြေလွှာက နှစ်စုံ ရှိနေတာလား။ ကြည့်ရတာတော့ ငါတို့ ဝိညာဉ်တက်တူး ကမ္ဘာမှာ ပါရမီရှင်တွေ မွေးဖွားလာပြီ ထင်တယ်၊ ဟားဟား......."

ချန်ဇီတုန် ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ခေါင်းလှည့်ပြီး ပါရမီရှင် နာမည်ကို ကြည့်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် သူ့အမြင်အာရုံထဲသို့ နာမည်တစ်ခု ဝင်လာတဲ့ အချိန်မှာတော့ အံ့အောသင့်တဲ့ အကြည့်ပေါ်လာပြီး မှင်တက်သွားသည်။ ရယ်နေတဲ့အသံကလည်း

လည်ချောင်းထဲကို သတ္တုတုံးတစ်တုံး ပစ်ထည့်လိုက်သလို့ တိကနဲ ရပ်သွားသည်။

ထို့နောက် မျက်နှာပေါ်တွင် မနှစ်သက်တဲ့ အကြည့်ပေါ်လာပြီး လက်တွေ တုန်လာကာ အတင်းထိန်းထားရသလို ဖြစ်နေသည်။

“သူ ဒေါသထွက်နေတာလား။ သေချာပေါက် ဒေါသထွက်နေတာပဲ”

ကျန်းမိုင်သည် စိတ်ထဲက ကြိတ်ငိုကျွေးနေသည်။ ချန်မျိုးနွယ်က သူ့ကို ခက်ခဲအောင် မလုပ်ဖို့ မျှော်လင့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာချန် ဘာဖြစ်နေတာလဲ"

ကင်းလှည့်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေ စိုးရိမ်လာသည်။

ချန်ဇီတုန် ပါးစပ် ပိတ်လိုက် ဖွင့်လိုက်လုပ်နေပြီး စကားမပြောနိုင် ဖြစ်နေသည်။ ရုံးခန်းထဲကို ဝင်လာတုန်းက အခန်းထဲက မြတ်ဆရာတွေ ဘာဖြစ်လို့ စိုက်ကြည့်နေလည်းဆိုတာ နောက်ဆုံးတော့ နားလည်သွားပြီ။

(အဆိုးဆုံးကတော့ ဒီအဖြေလွှာကို ချီးကျူးနေခဲ့မိသည်)

ဒီအချိန်မှာ ချန်ဇီတုန်သည် ကိုယ့်ပါး ကိုယ်ရိုက်လိုက်သလို ခံစားရသည်။

မိုင်ရာဇီ လမ်းလျှောက်လာပြီး နာမည်ကို ကြည့်လိုက်သည်။

"ဆွန်းမိုလား"

သိပ်မကြာခင် ငယ်ရွယ်ပြီး ချောမောတဲ့ ဖြေဆိုသူ ပုံရိပ် စိတ်ထဲ ပေါ်လာသည်။ (ဒါဆို အဲဒီကောင်လေးရဲ့ အဖြေလွှာပေါ့)

ချန်ဇီတုန်သည် သူ့စိတ်ကိုယ်သူ ငြိမ်အောင် ထိန်းလိုက်ပြီး အဖြေတွေကို စတင်စစ်ဆေးရန် နောက်ဆုံး စာရွက်ကို လှန်လိုက်သည်။

အမှတ်အပြည့်ရတဲ့ စာရွက်ကို အမှတ်ခြစ်တဲ့ မြတ်ဆရာတွေက သေချာပေါက် ဂရုစိုက်ပြီး စစ်ဆေးကြလိမ့်မည်။ ဒါကြောင့် အစောပိုင်း စာရွက်တွေ အမှားမရှိမှာ သေချာသည်။ ချန်ဇီတုန်သည် ဒါတွေကို စစ်ဆေးနေရင်းနဲ့ အချိန်မဖြုန်းတော့ပါ။ အမှားတစ်ခု

ရှာတွေ့ခြင်ရင်တော့ ဆွေးနွေးပြီး မှတ်ချက်ပေးတဲ့ မေးခွန်းတွေမှာပဲ ရှာရမည်။

ဒါပေမယ့် သူ ဖတ်လေလေ စိတ်ပျက်အားငယ်လာလေလေ ဖြစ်နေသည်။

အဖြေတွေက ကောင်းလှချည်လား။

သူ့ရဲ့သဘောတရားက ရှင်းလင်းပြီး လိုက်နာဖို့ လွယ်ကူသည်။ သူတော်စင်ဂိတ်က ထုတ်ပေးတဲ့ စံပြအဖြေတွေထက်တောင် ပိုကောင်းနေသေးသည်။

ချန်ဇီတုန်သည် နာမည်ကို နောက်တစ်ကြိမ် စစ်ဆေးရန် ပထမစာမျက်နှာကို ပြန်လှန်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှန်တိုင်းပြောရလျှင် ဖြေဆိုသူရဲ့ အဖြေလွှာမှန်း သိနေလို့ပါ ဒီလိုမှမဟုတ်ရင် ဝိညာဉ်တက်တူး မဟာသခင် တစ်ယောက်က ရေးထားတယ်လို့ ထင်မိမည်။

တန်နင်သည် ချန်ဇီတုန်၏ အတွေးများကို ခန့်မှန်းမိကာ ခေါင်းယမ်းလိုက်မိသည်။ (ဆရာချန်၊ မင်းရဲ့ အစီအစဉ်တွေကို မေ့လိုက်တော့)

ဆွန်းမိုရဲ့အဖြေကို ဘယ်သူပဲစစ်စစ် အမှားရှာတွေ့မှာ မဟုတ်ပေ။

ရုံးခန်းတွင်းမှာရှိတဲ့ အငွေ့အသက်က အနေရခက်လာသည်။

နှစ်မိနစ်လောက်ကြာတော့ ချန်ဇီတုန်သည် စိတ်ပျက်လက်ပျက်နဲ့ အဖြေလွှာကို မိုင်ရာဇီဆီ ပေးလိုက်သည်။

"နည်းနည်း ပင်ပန်းနေလို့ ပြန်ပြီး အနားယူတော့မယ်"

"ဆရာချန်၊ ခဏနေအုံး"

တန်နင်က ပြောလိုက်သည်။

"ဘာမှားလို့လဲ"

ချန်ဇီတုန် ကြောင်သွားသည်။ သူက ချန်အိမ်တော်ရဲ့ ဂုဏ်သတင်းကို စိတ်ပူနေတာလား။

"စည်းကမ်းအရတော့ အမှတ်ပြည့်ရတဲ့ အဖြေလွှာကို အောင်စာရင်းနဲ့အတူတူ ပြရမယ်။ ဒါပေမယ့် ဆွန်းမို ဖန်တီးထားတဲ့ အယူအဆက ကြီးမားပြီး အကျိုးအမြတ်တွေ အများကြီး ပါနေတော့ သူ့စာရွက်ကို ထုတ်ပြလို့ ဖြစ်ပါ့မလား"

တန်နင်သည် ဆွန်းမိုအတွက် စဉ်းစားပြီး ဒါကို အကြံပြုလိုက်သည်။ ဖန်တီးမှု အယူအဆကို တခြားသူများ ခိုးသွားမှာ စိုးရိမ်နေသည်။

ချန်ဇီတုန်ရဲ့ စိတ်ဝိညာဉ် တောင့်တင်းသွားသည်။ ဆွန်းမိုကို ပြဿနာ ရှာချင်သဖြင့်

"စည်းကမ်းက စည်းကမ်းပဲ။ ငါတို့ ခြွင်းချက် မရှိရဘူး" ဖြောင့်မတ်သလို ပြောလိုက်သည်။

တန်နင်က ခေါင်းညိတ်ပြီး စကားမပြောတော့ပါ။ ဒါပေမယ့် မိုင်ရာဇီက ပြန်တုန့်ပြန်သည်။

"ဒါပေမယ့် ခေတ်မမှီတော့တဲ့ စည်းကမ်းတွေကို လိုက်နာစရာ မလိုပါဘူး။ ဒီအဖြေလွှာရဲ့ နောက်ဆုံးစာရွက်ကို လူသိရှင်ကြား မဖော်ပြနဲ့"

မိုင်ရာဇီ အမူအရာက လေးနက်နေသည်။

“ဆရာမိုင်၊ အဖြေလွှာကို လူသိရှင်ကြားမပြရင် လူထုက ဘယ်လိုယုံမှာလဲ”

ချန်ဇီတုန် သည်းမခံနိုင်တော့ပါ။

“ပြီးတော့ ဆွန်းမိုကလည်း ကျောင်ကြားဖို့အတွက် ဒီအခွင့်အရေးကို သေချာပေါက် လက်လွှတ်မခံလောက်ဘူး”

ကျန်တဲ့ မြတ်ဆရာတွေကတော့ လိမ္မာပါးနပ်စွာ နှုတ်ဆိတ်နေကြသည်။ တကယ်တော့ သူတို့ထဲက တချို့ဆို ခေါင်းငုံ့ပြီး အမှတ်ခြစ်နေကြသည်။ အဓိက ဇာတ်ကောင်တွေရဲ့ ငြင်းခုန်မှုကို မကြည့်ရဲပါ။

"ဘယ်လိုပဲဖြစ်ဖြစ်၊ ဆွန်းမိုက အယူအဆကို ဖန်တီးခဲ့ပေမယ့်လည်း သူ့ တစ်ဘဝလုံးတကယ် လိုအပ်တဲ့ ဝိညာဉ်တက်တူးကို ဒီဇိုင်းထုတ်နိုင်မှာ မဟုတ်ဘူး"

ချန်ဇီတုန်ရဲ့ စကားကို မြတ်ဆရာများစွာက သဘောတူကြသည်။

ဒီမှာရှိတဲ့လူတိုင်းက ပရိဖက်ရှင်နယ်တွေ ဖြစ်ကြသည်။ ဒါကို သေသေချာချာ စဉ်းစားကြည့်လိုက်လျှင် သဘောတရားထဲက ခက်ခဲတဲ့ အချက်တွေကိုနားလည်လာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဥပမာ ဝိညာဉ်တက်တူး အဝတ်လျှော်စက်အတွက် လည်ပတ်တဲ့ စွမ်းအင်ကို အာမခံနိုင်မလား။ သာမန် အိမ်ထောင်စုက လူတစ်ယောက် အဝတ်လျှော်ချင်တဲ့အခါ ဝိညာဉ်ချီ ထည့်ဖို့အတွက် ကျင့်ကြံသူတစ်ယောက်ကို ဘယ်က သွားရှာမလဲ။

ဝိညာဉ် ကျောက်တုံး အသုံးပြုဖို့လား။

ပြည်နယ်ကိုးခုကို ဝိညာဉ်ကျောက်တုံး ယူလာတာနဲ့ တပြိုင်နက် အတွင်းမှာရှိတဲ့ ဝိညာဉ်ချီတွေ လျှင်မြန်စွာ ပျောက်ကွယ်သွားနိုင်လို့ မဖြစ်နိုင်ပေ။

“ဆရာမိုင်၊ ငါက ဆွန်းမိုရဲ့ ဂုဏ်သိက္ခာကို ယုံကြည်တယ်။ ဒီလိုအဖြေကိုတောင် ဖြေခဲ့လို့ တခြားသူတွေ မြင်သွားမှာ ဒါမှမဟုတ် အတုယူသွားမှာကို စိတ်ထဲ မထားလောက်ဘူး”

ချန်ဇီတုန်က လှည့်ကွက်သုံးလိုက်သည်။ ဆွန်းမိုကို ချီးကျူးသလိုနဲ့ အကျိုးပျက်အောင် လုပ်လိုက်သည်။

မိုင်ရာဇီ ထပ်ပြောနေလဲ အသုံးမဝင်သဖြင့် ထပ်မပြောတော့ပါ။ ချန်ဇီတုန်၏ ဩဇာ အာဏာနဲ့ဆို ဒီလိုလျှို့ဝှက်ချက်ကို လူသိရှင်ကြား ဖော်ထုတ်ဖို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆိုတာ လက်ဖဝါး မှောက်လိုက်သလို လွယ်ကူလှသည်။

အမှတ်ခြစ်တဲ့ ခက်ခဲသော အလုပ်သည် တိုတောင်းတဲ့ အချိန်အတွင်းမှာ ပြီးဆုံးသွားသည်။ ရလဒ်တွေကို ဇယားရေးဆွဲပြီး မနက် ၈ နာရီမှာ ထုတ်ပြန်မည်။

....

မိုးလင်းတော့ ဆွန်းမိုသည် ကူရှုပ်ရှင်း လာနှိုးသဖြင့် နိုးလာသည်။

“ငါတို့ အောင်စာရင်း သွားကြည့်ရအောင်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နာကျင်မှုတပ်မက်သူလေးရဲ့ အပြုံးက ပန်းတစ်ပွင့်လို ပွင့်လန်းလာသည်။

တချိန်တည်းမှာပဲ ဂူချင်ယန်လည်း နိုးလာသည်။ တရားထိုင်၊ မနက်စာ စားပြီးနောက် အကယ်ဒမီကို ထွက်လာလိုက်သည်။

"အမှတ်အပြည့် ရရမယ်"

ဂူချင်ယန်က မျှော်လင့်ချက်တွေနဲ့ ချီတက်လာသည်။ (အဆင့်သတ်မှတ်ချက်လား။ ကျေးဇူးပြုပြီး ငါပဲ နံပါတ်တစ် ဖြစ်မှာ သေချာတယ်)

အခန်း(၄၄၉) - နောက်နှစ် အတူတူ ပြန်ဖြေဖို့ သဘောတူထားပေမယ့် မင်းက ပထမနေရာကို တိတ်တိတ်လေး ယူခဲ့တာလား။

မနက် ၈ နာရီ မထိုးသေးပေမယ့် ထောင်နဲ့ချီတဲ့ လူတွေ ရောက်နေကြပြီ။ သူတို့တွေက အစာစားဖို့စောင့်နေတဲ့ တောဘဲလေးတွေလို လည်ပင်းဆန့်ပြီး ဟိုကြည့်ဒီကြည့် လုပ်နေကြသည်။

"ဒီနှစ် စာမေးပွဲမှာ ဘယ်နှစ်ယောက် အမှတ်ပြည့် ရမယ်လို့ ထင်လဲ"

"မေးခွန်းက ဒီလောက်ခက်နေတာ ၊ လူလက်တစ်ဆုပ်စာလောက်ပဲ ရမယ်ထင်တယ်။ ငါးယောက်လောက်ပေါ့"

"ကျွန်တော်သာ စာမွေးပွဲအောင်ရင် သုံးနှစ် အသားမစားတော့ပါဘူး။ မှတ်ချက်။ ဝက်၊ နွားနဲ့ သိုးများကို အသားအဖြစ် သတ်မှတ်ပြီး ပင်လယ်စာများကိုတော့ ထည့်သွင်းမစဉ်းစားပါဘူးရား"

ဖြေဆိုသူများသည် ဆုတောင်းတဲ့လူက ဆုတောင်း ဒါမှမဟုတ် အချင်းချင်း စကားပြောတဲ့လူက စကားပြော လုပ်နေကြသည်။ သူတို့ အမူအရာအများသည် ထိတ်လန့်တုန်လှုပ်မှုများနဲ့ ပြည့်နှက်နေပြီး အပုံသင်စ ၄ှက်ကလေးတွေနဲ့ တူနေသည်။

ကွင်းပြင်ထဲတွင် သစ်သားဖြင့် ပြုလုပ်ထားတဲ့ ကြေငြာဘုတ်များ ရှိသည်။ စာမေးပွဲအောင်တဲ့ အမည်စာရင်းကို ဒီ အပေါ်မှာ ကပ်ထားမည်။

သိပ်မကြာခင် စာစစ်သူ ဆယ်ယောက်လောက် ရောက်လာကြသည်။ လေးယောက်တစ်ဖွဲ့ အဖွဲ့ဖွဲ့ထားပြီး လက်ထဲတွင် ကော်နဲ့ စာရွက်များ ကိုင်ထားကြသည်။ စာရွက်ပေါ်တွင် စာမေးပွဲအောင်တဲ့ လူနာမည်များ ပါသည်။ သူတို့ ကြေငြာဘုတ်နားတွင် စောင့်နေကြသည်။

နံနက် ၈ နာရီထိုးတာနဲ့ ခေါင်းလောင်းသံ ပေါ်လာသည်။ စာစစ်သူများက လှုပ်ရှားကြပြီး ဖြေဆိုသူများက ရုတ်တရတ် တိတ်ဆိတ်သွားသည်။

ဘာသာရပ် အမည်တွေကို အရင်ကပ်လိုက်သည်။

ဖြေဆိုသူတွေကြား ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သူတို့နဲ့ သက်ဆိုင်တဲ့ ကြေငြာဘုတ်ဆီ လျှင်မြန်စွာ လမ်းလျှောက်သွားကြသည်။

စာစစ်သူများသည် စုတ်တံကိုအသုံးပြုပြီး ကြေငြာဘုတ်ပေါ်တွင် ကော်သုတ် နေကြသည်။ ပြီးနောက် နာမည်စာရင်းကို ကပ်လိုက်ကြသည်။

အစီအစဉ်အရ အောက်ဆုံးအဆင့်ကနေ ထိပ်ဆုံးအဆင့်အထိ ကူးထည့်မည် ဖြစ်သည်။ ဒါကြောင့် စာစစ်သူ နောက်ဆုံးမှ ထည့်တဲ့လူသည် အမှတ်အများဆုံးနှင့် အကောင်းဆုံး ဖြစ်သည်။

“မတိုးကြနဲ့။ မတိုးကြနဲ့”

“ငါအောင်တယ်ကွ။ ဟုတ်ပြီ၊ အရမ်းကောင်းတယ်။ ငါအောင်သွားပြီ..........”

“တောက်၊ ငါတော့ သွားပြီ”

စာမေးပွဲဖြေဆိုသူတွေရဲ့ အပြုအမူတွေက အရမ်းစိတ်ဝင်စားဖို့ ကောင်းနေသည်။ အသုံးအနှုန်း ပေါင်းစုံ၊ ဆဲနည်းပေါင်းစုံ ကြားနေရသည်။

သူတို့ စွမ်းဆောင်ရည် နည်းတယ်ဆိုတာ သိနေတဲ့ လူတွေက နာမည် မတွေ့တာနဲ့

စိတ်ပျက်သွားကြသည်။ သူတို့ အစွမ်းကုန် ကြိုးစားတာတောင် အလယ်အလတ်အဆင့် မရနိုင်ပါ။

ဒါပေမယ့် သူတို့ မထွက်သွားကြသေးပါ။ ဆက်စောင့်ကြည့်နေပြီး နောက်ဆုံး မျှော်လင့်ချက်ကို ထိန်းသိမ်းထားသည်။

စာမေးပွဲအောင်တဲ့ လူတွေကတော့ စောက်ရမ်းပျော်နေကြပြီး ကျန်တဲ့ နာမည်များကို ဆက်လက် စောင့်ကြည့်နေကြသည်။ နောက်တစ်ဖွဲ့ကတော့ အောင်မြင်တဲ့လူတွေနဲ့ ဆက်ကျင်ဘက်ပါ။

"မြန်မြန်ကြည့်စမ်း၊ အဆင့် ၁၀ နေရာပဲ"

တစ်ယောက်က လှမ်းအော်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ချက်ခြင်း တိတ်ဆိတ်သွားသည်။

ထိပ်ဆုံး ဆယ်ယောက်ရဲ့ နာမည်ကိုတော့ စာရွက်အနီတစ်ရွက်မှာ သီးခြား ရေးထားသည်။ ဒါက သူတို့အတွက် ချီးမြှောက်မှု တစ်ခု ဖြစ်သလို ထိပ်တန်း ဆယ်ယောက်အတွင်း မဝင်နိုင်တဲ့ ဖြေဆိုသူတွေ အတွက်လည်း တွန်းအားတစ်ခု ဖြစ်သည်။

"ဂူချင်ယန် နာမည်ကို ငါတို့မတွေ့ရသေးဘူး"

"ဒီလိုပြောတယ်ဆိုတော့ ဂူချင်ယန်ကို လျှော့တွက်နေတာလား။ သူက အကောင်းဆုံးပဲဆိုတာ သေချာတယ်"

"ဟုတ်တယ်။ အမှတ်ပြည့် ရလား၊ မရဘူးလားဆိုတာပဲ စောင့်ကြည့်ရမယ်"

ဖြေဆိုသူတွေက ဆွေးနွေးနေကြသည်။ ဒီနောက်တော့ သေချာပါတယ်ဆိုတဲ့ အမူအရာ ဖြစ်လာကြသည်။ ဘာဖြစ်လို့လဲဆိုတော့ ဂူချင်ယန် နာမည်ပေါ်လာတာနဲ့ သူ့အနောက်မှ အမှတ်ပြည့်ဆိုတဲ့ မှတ်ချက်ပါလာသည်။

“ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရကတော့ သူ့ဂုဏ်သတင်း အတိုင်းပဲ”

ဖြေဆိုသူများက သက်ပြင်းချလိုက်သော်လည်း စာစစ်သူများက ဂူချင်ယန် နာမည် ပြီးသွားလည်း မရပ်တန့်ပဲ ဆက်ပြီး ကူးထည့်နေတာကို တွေ့လိုက်ရသည်။ နောက်ထပ် စာရွက်အနီ တစ်ရွက် ထပ်ထုတ်လိုက်သည်။

“ဘာလဲကွ။ နောက်ထပ် အမှတ်ပြည့် ရတဲ့လူ ရှိသေးလို့လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကြည့်ရတော့ ဂူချင်ယန်တော့ နံပါတ် တစ် နေရာအတွက် အတိုက်အခိုက် ခံနေရပြီ"

"ဂူချင်ယန်ထက် ပိုအားကောင်းတဲ့ ဖြေဆိုသူ ရှိတယ်လို့ မကြားမိပါဘူး"

ဖြေဆိုသူတွေရဲ့ မျက်နှာများပေါ်တွင် အံ့အောသင့်မှုများကို မြင်နေရသည်။ သူတို့ မျက်လုံးတွေ ပြူးထားပြီး ဂူချင်ယန်နဲ့ ယှဉ်နိုင်တဲ့လူက ဘယ်သူလဲဆိုတာ သိချင်နေကြသည်။

ထိုအခိုက်အတန့်တွင် ပွဲတင်သံ ထပ်အောင် အော်လိုက်တဲ့ အသံတစ်ခုကို ကြားလိုက်ရသည်။

“ဟုတ်ပြီကွ။ အမှတ်ပြည့် ရတယ်ကွ။ ငါက အသန်မာဆုံးပဲ ဟားဟား။ ငါဖြေတဲ့ ဘာသာရပ်မှာတော့ အမှတ်ပြည့် ရတဲ့လူ ငါတစ်ယောက်ပဲ ရှိတယ်။ စောက်ရမ်း ပျော်တယ်ကွ”

ဖြေဆိုသူများ လှည့်ကြည့်လိုက်လျှင် နဖူးမှာ မွေးရာပါ အမှတ်အသားပါတဲ့ လူငယ်တစ်ယောက်က ပျော်ရွှင်စွာ အော်ဟစ်နေသည်။ သူ့ကို ဝိုင်းကြည့်နေတဲ့ လူတွေကိုလည်း လျစ်လျူ ရှုထားသည်။ သူ့ရဲ့ အပြုအမူကို မြင်လိုက်လျှင် လူတိုင်း ဝမ်းနည်းသွားသည်။

"ဒီကောင်က ဆွန်းရှီပဲ။ ငါနဲ့ တစ်ခန်းထဲ အတူတူဖြေခဲ့တာ။ ပထမအကြိမ် စာမေးပွဲမှာ စာစစ်သူရဲ့ကြိမ်းမောင်းမှုတောင် ခံလိုက်ရသေးတယ်"

တစ်ယောက်က မိတ်ဆက်ပေးလိုက်သည်။

ဒီကြေငြာဘုတ်က ပန်းပဲ ဘာသာရပ်အတွက်ဖြစ်သည်။ ဒါကြောင့် ဝိညာဉ်တက်တူး ဘာသာရပ်က လူတွေသည် တစ်ချက်ပဲ ကြည့်ပြီး ဂရုမစိုက်တော့ပါ။ ခေါင်းပြန်လှည့်လိုက်တော့ စာစစ်သူတွေ ထွက်သွားကြပြီ။ ဂူချင်ယန် နာမည်ဘေးတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်ထပ် နာမည်တစ်ခု ထပ်ထည့်ထားတာ မြင်လိုက်ရသည်။

ဆွန်းမို (အမှတ်ပြည့်)

“ဆွန်းမိုလား။ ခွေးစကားပြောတဲ့ ဆွန်းမိုလား”

ဘယ်သူမှ ပြန်မဖြေပါ။ ကွင်းထဲက အမှတ်ပြည့်ဆိုတဲ့ စာလုံးကို ငေးကြည့်နေကြသည်။ (ဘုရားရေ၊ ဒီဆွန်းမိုက သန်မာတာလား)

ထို့နောက် သူတို့မျက်လုံးများသည် ဆွန်းမိုရဲ့ အဖြေလွှာဆီ ရောက်သွားသည်။ ဝေဖန်ချင်တဲ့ မျက်လုံးတွေနဲ့ စဖတ်ကြသည်။

ဒါပေမယ့် များများဖတ်လေ စိတ်ဓါတ်ကျလေလေ ဖြစ်လာသည်။

ဘာဖြစ်လို့လဲဆိုတော့ မရှုးသ၍ ဆွန်းမိုနဲ့ သူတို့ရဲ့ ကွာခြားချက်ကို မြင်နိုင်သည်။

....

"နည်းနည်းလောက် မြန်မြန် လျှောက်လို့ မရဘူးလား"

ကူရှုပ်ရှင်းက တိုက်တွန်းလိုက်သည်။

“ဘယ်လိုပဲဖြစ်ဖြစ် အောင်စာရင်းက မပြောင်းပါဘူး။ ငါလမ်းလျှောက်တာ နှေးနှေး၊ မြန်မြန် ဘာကွာလို့လဲ”

ဝမ်ချောင်က ပြန်ပြောသည်။ ဒါပေမယ့် သူ့မျက်နှာပေါ်မှာ စိုးရိမ်မှုတွေကို မြင်နေရသည်။

“ချီ၊ မနေ့ညက အိပ်နေတုန်း တစ်ယောက်ယောက် ငိုသံ ကြားမိသလိုပဲ”

ကွမ်ဒင်က စနောက်လိုက်သည်။

သိပ်မကြာခင် ကွင်းထဲသို့ ရောက်သွားသည်။ အဲဒီနောက် လမ်းခွဲလိုက်ပြီး ကိုယ်နဲ့သက်ဆိုင်တဲ့ ကြေပြောဘုတ်ဆီ သွားလိုက်သည်။

"တောက်၊ ဆွန်းမိုကွာ။ နောက်နှစ်အတူတူ ပြန်ဖြေမယ်လို့ ပြောထားပြီးမှ ဘာဖြစ်လို့ နံပါတ်တစ်ကို တိတ်တိတ်လေး ယူသွားရတာလား။ လူသားရော ဆန်သေးရဲ့လား"

ကျောင်းသားတစ်ယောက်က တုန်လှုပ် ခြောက်ခြားစွာ ငိုကြွေးနေသည်။

"မင်းက ဆွန်းမိုနဲ့ အရမ်းရင်းနှီးလား"

တစ်ယောက်က စပ်စုလိုက်သည်။

"အမ်"

ငိုနေတဲ့လူ ကြောင်သွားသည်။ အံ့ကြိတ်ကာ ခေါင်းညိတ်လိုက်သည်။

"အဆင်ပြေနေတုန်းပဲ"

စာမေးပွဲအခန်းထဲကနေ ဆွန်းမို ထွက်ပြီးနောက် လိုက်ထွက်ခဲ့တဲ့ လူဖြစ်သည်။ စာမေးပွဲအခန်းထဲက ထွက်ပြီးနောက် ဆွန်းမိုကို စိတ်ဓါတ် မကျဖို့တောင် အားပေးခဲ့သေးသည်။ ဆွန်းမို အမှတ်ပြည့် ရမယ်လို့ မထင်ထားမိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တရားမျှတမှုရော ရှိသေးရဲ့လား”

“မင်းတို့ လုပ်ဖော်ကိုင်ဖက်လား။ ဒါမှမဟုတ် ကျောင်းနေဖက်တွေလား”

စပ်စုစိန် ဆရာက မေးလိုက်သည်။

(နည်းနည်းလေး ကြွားချင်လို့ ပါးစပ်ထဲ ထွက်သလို ပြောခဲ့တာလေ။ မေးခွန်းထုတ်နေစရာ လိုလို့လား)

ငိုနေတဲ့သူသည် ဘယ်လိုဖြေရင် ကောင်းမလဲဆိုတာ ခေါင်းပူအောင် စဉ်းစားနေတုန်း အနောက်ဖက်ကနေ အသံတစ်ခု ကြားလိုက်ရသည်။

"တောင်းပန်ပါတယ်။ လမ်းနည်းနည်းလောက်ဖယ်ပေးကြပါလား"

"အို"

ဖြေဆိုသူသည် ဘေးက ဖြတ်လျှောက်တဲ့လူကို မြင်ပြီး လုံးဝ အံ့အောသွားသည်။

"မြန်မြန်ပြောပြ"

စပ်စုစိန်က တိုက်တွန်းလိုက်သည်။

"ငါ.....ငါ ဗိုက်နာလာပြီ"

ငိုနေတဲ့လူက ဗိုက်ကို ဖိပြီး အော်ညည်းနေလိုက်သည်။ ရယ်စရာကောင်းလိုက်တာ၊ သူပြောတဲ့လူက ဒီကို ရောက်နေပြီ။ ဆက်ပြီး ကြွားနေရင် ကိုယ့်ဒုက္ခကိုယ် ရှာနေတာနဲ့ အတူတူပဲ ဖြစ်နေမည်။

ဒါပေမယ့်လည်း လူအုပ်က ငိုနေတဲ့လူဆီ အာရုံ ရောက်နေသဖြင့် ဆွန်းမိုကို သတိမထားမိကြပါ။

ဒါပေမယ့် သိပ်မကြာခင် ပတ်ဝန်းကျင်က အကြည့်တွေ ဆွန်းမိုဆီ ရောက်လာသည်။ သိချင်ပြီး မနာလိုတဲ့ စိတ်တွေ ဖြစ်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှတ်အပြည့်၊ အရမ်းအထင်ကြီးဖို့ကောင်းတဲ့ ရလဒ်ပါ။

ဒီအကြောင်းကို ထာဝရ ကြွားနေလို့ ရသည်။ ဒါ့အပြင် ရလဒ်ကောင်းနေသဖြင့် ကျောင်းဆရာအနေနဲ့ မဟာကိုးပါး ကျောင်းတွေမှာ အလုပ်ရဖို့ မသေချာသော်လည်း 'အေ'အဆင့်ကျောင်းကို သွားချင်ပါက ပြဿနာ မရှိပေ။

ဆွန်းမိုက ထိပ်ဆုံးမှာ သူ့နာမည်ကို မြင်သော်လည်း အခြားလူနဲ့အတူတူ ဖြစ်နေသဖြင့် မပျော်နိုင် ဖြစ်နေသည်။

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရသည် တကယ်ကို အရည်အချင်းတချို့ ရှိသည်။

"ဝိုး၊ အမှတ်ပြည့်ပဲ"

ကူရှုပ်ရှင်း၏အသံ ရုတ်တရုတ် ထွက်လာသည်။ ဒီနောက် ဆွန်းမို လည်ပင်းကို လှမ်းဖက်လိုက်ပြီး

"မနာလို ဖြစ်လို့ သေတော့မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀။ ရှိသေ (၁၄,၃၀၀/၁၀၀,၀၀၀)

ကူရှုပ်ရှင်း စိတ်ထဲမှာ ဆွန်းမိုကို အကန့်အသတ်မရှိ အထင်ကြီးနေပြီ။ ဒီနှစ်ရဲ့ ရေးဖြေစာမေးပွဲသည် အနှစ်နှစ်ဆယ်အတွင်းမှာ အခက်ဆုံးဖြစ်သည်။ ဒါတောင် ဆွန်းမိုက အမှတ်အပြည့် ရအောင် လုပ်ခဲ့သည်။

(ဒီလောက်တောင် ပါရမီရှင်ဆန်ဖို့ လိုလို့လား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါတို့ အသေကောင်တွေ ဘယ်လို အသက်ရှင်ရတော့မှာလဲ)

“.........”

ပတ်ဝန်းကျင်က မျက်လုံးများသည် မကြည်တဲ့ အမူအရာနဲ့ ဝိုင်းကြည့်နေကြသည်။ ကူရှူပ်ရှင်းက ဆွန်းမိုကို စနောက်နေသော်လည်း အခုချိန်မှာ လူတိုင်းက ဆွန်းမိုကို သေစေချင်နေပြီ။

(မင်း အမှတ်အပြည့်ရပြီး နံပါတ် တစ် ဖြစ်နေပြီလေ။ ဒါတောင် လူမြင်ကွင်းမှာ

လာချစ်ပြနေတာလား။ မင်းမှာ ကိုယ်ကျင့်တရားရော ရှိသေးရဲ့လား)

(အရေးအကြီးဆုံးက မင်းကောင်မလေး တကယ်လှတာပဲ။ ဘုရားရေ၊ ရှည်လျားတဲ့ ခြေတံလေးတွေကို ကြည့်ပါအုံး။ သူမအတွက်ဆို ငရဲ အဆုံးထိတောင် လိုက်နိုင်တယ်)

"ထိပ်ဆုံး ဆယ်ယောက် ဝင်လား"

ဆွန်းမိုက မေးလိုက်သည်။ ကူရှုပ်ရှင် စာမေးပွဲ ကျမည့်အကြောင်းတော့ တစ်ခါမှ မစဉ်းစားဖူးပါ။

"ထိပ်ဆုံး ၃ ယောက် ဝင်နိုင်လားလို့ မေးသင့်တယ်"

ကူရှုပ်ရှင်း ဆွန်းမိုကို လွှတ်ပေးလိုက်ပြီး သူမ မေးစေ့လေးကို မော့ကာ ဂုဏ်ယူတဲ့ အမူအရာ လုပ်ပြလိုက်သည်။

"ဂုဏ်ပြုပါတယ်"

ဆွန်းမိုက ရယ်ရင်း ပြောလိုက်သည်။

"သွားရအောင်၊ နေ့လည်စာ ဝယ်ကျွေးမယ်။ အရသာရှိတဲ့ ဟင်းတွေနဲ့ အောင်ပွဲ ခံကြမယ်"

"ဒါသေချာလား။ မင်းကိုသတ်မိမယ်နော်"

ကူရှုပ်ရှင်းက နှုတ်ခမ်းကိုက်ပြီး ပြောလိုက်သည်။ ပတ္တမြားရောင် နှုတ်ခမ်းနှင့် ဖြူဖွေး ပြောင်လက်နေတဲ့ သွားများကြောင့် ဆွန်းမိုတစ်ယောက် သူမကို နှုတ်ခမ်းခြင်း နမ်းချင်စိတ်ပေါက်လာသည်။

ကွမ်ဒင်နှင့် ဝမ်ချောင်လည်း ရောက်လာသည်။ ကွမ်ဒင် မျက်နှာပေါ်တွင် စိတ်ပျက်တဲ့ အမူအရာ ဖြစ်နေသည်။ ဒါကိုကြည့်ခြင်းအားဖြင့် သူစာမေးပွဲ ကျခဲ့တဲ့ ပုံရသည်။

“နောက်မှ ကြိုးစားမယ်”

“အင်း”

ကွမ်ဒင်က သက်ပြင်းချပြီး

"ဆရာဆွန်းက ဘယ်လိုလဲ" မေးလိုက်သည်။

"အ.......အမှတ်ပြည့်"

ဝမ်ချောင် ကျော်တက်လိုက်သည်။ အစက အနည်းငယ် ပျော်နေသော်လည်း ဆွန်းမို အဆင့်ကို မြင်ပြီးနောက် လုံးဝ အံ့အောသင့်သွားသည်။ ဆွန်းမို၏ရလဒ်က သေချာပေါက် ကောင်းမယ်ဆိုတာ ခန့်မှန်းပြီးသားပါ။ ဒါပေမယ့် ဆွန်းမို အမှတ်ပြည့်ရတာ မြင်တော့ တုန်လှုပ်နေသေးသည်။

(ဒီလောက် နတ်ဆိုး ဆန်စရာလားကွာ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းက အရမ်းထူးချွန်နေတော့ ငါက သိမ်ငယ်သလို ခံစားရတယ်၊ ဟုတ်ပြီလား)

“အမှတ်ပြည့်လား။ ဘာအမှတ်ပြည့်လဲ”

ကွမ်ဒင် စိတ်ထဲတွင် ဒီလိုမတွေးထားသဖြင့် ကြောင်သွားသည်။ ဝမ်ချောင် ပြတဲ့ နေရာကို လှမ်းကြည့်လိုက်သည်။ ဆွန်းမို နာမည်ကို မြင်လိုက်ရင် တံတွေး တစ်ချက် မျိုချလိုက်ကာ ညည်းမလိုတောင် ဖြစ်သွားသည်။

ဒင်

ကွမ်ဒင်၏ လေးစားအထင်ကြီးမှု +၅၀၀။ လေးစား(၂,၁၀၀/၁၀,၀၀၀)

အရမ်းအထင်ကြီးတာကလွဲလို့ စိတ်ထဲ ဗလာကျင်းနေသည်။ မဟုတ်သေးဘူး။ သေချာပေါက် ဆွန်းမို ခြေထောက်ကို တင်းတင်း ဖက်ထားရမည်။

သူ့အဖေက ရဲအရာရှိတစ်ယောက်ဖြစ်ပြီး ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့တာ ရှိသည်။ သာမန်လူတစ်ယောက် ဖြစ်နိုင်ပေမယ့် ဆင်ခြင်ဉာဏ် မနည်းရဘူးလို့ ဆုံးမခဲ့သည်။ မှန်ကန်တဲ့လူနောက်ကို လိုက်နိုင်သ၍ အမြိုက် ဖြစ်နေရင်တောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစားအသောက်နဲ့ အဝတ်အစားအတွက် တစ်သက်လုံး စိတ်ပူနေစရာမလိုပေ။

“ဆွန်းမို နောက်ကို လိုက်ရမယ်”

ကွမ်ဒင်မှာလည်း ရည်မှန်းချက်ရှိပြီး သူ့ဘိုးဘေးတွေကို ဘုန်းကျက်သရေ တောက်ပစေချင်ခဲ့သည်။ ဒါပေမယ့် အောင်စာရင်း ရလဒ် ထွက်လာပြီးနောက် စိတ်ပိုင်းဆိုင်ရာ ကြီးကြီးမားမား ထိုးနှက် ခံလိုက်ရပြီး လက်တွေ့ အရှိတရားကို နားလည်သွားသည်။

ထို့နောက် ဆွန်းမို အဖွဲ့ထွက်ခွာသွားသော်လည်း အောင်စာရင်း လာကြည့်တဲ့လူ များလာသည်။

ဂေါင်ပန်နှင့်ကျန်းလန် တို့လည်း လူအုပ်ထဲမှာ ရပ်နေကြသည်။ ဆွန်းမိုကို အနိုင်ရဖို့ မျှော်လင့်ချက် မရှိတော့သဖြင့် သက်ပြင်းချနေကြသည်။

"ဂူချင်ယန် ဒီမှာဟေ့"

ဘယ်သူက အော်လိုက်လဲ မသိပေမယ့် အရင်က ဆူညံနေတဲ့ ပတ်ဝန်းကျင်သည် ချက်ခြင်း တိတ်ဆိတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရဖြစ်တဲ့ ဂူချင်ယန်ကို ဂန္တဝင်ဇတ်ကောင်လို့ လူတိုင်း သိကြသည်။

လူတိုင်းက အာရုံစိုက်နေသော်လည်း ဂူချင်ယန်သည် အမူအရာ မပြောင်းသွားပါ။ သူက ကြေငြာဘုတ်ရှေ့ကို သွားပြီး ထိပ်ဆုံးကို ချက်ခြင်း မော့ကြည့်လိုက်သည်။

ဒါက သူ့ရဲ့ ယုံကြည်မှုပဲ။

ပြီးနောက် ရယ်မောလိုက်သည်။

(အရမ်းကောင်းတယ်။ အမှတ်ပြည့်ပဲ)

ဂူချင်ယန်၏ မျက်နှာအမူအရာ မပြောင်းသော်လည်း စိတ်ထဲတွင် ရင်ခုန် ပျော်ရွှင်နေသည်။ (ငါ့ရဲ့ ကန့်သတ်ချက်တွေထက်တောင် ကျော်လွန်ပြီး ပိုမြင့်တဲ့ အဆင့်ထိတောင် အောင်မြင်ခဲ့တယ်)

(ဒါဆိုလည်း သွားသောက်ပြီး ပွဲခံမယ်)

ဂူချင်ယန် လှည့်ထွက်ဖို့ လုပ်လိုက်သည်။ တခြားလူတွေရဲ့ရလဒ်ကို ကြည့်ဖို့လား။ စိတ်မပါဘူး။ လိုလည်း မလိုအပ်ဘူး။ ဒါပေမယ့် သူ့ရဲ့ အဖြေလွှာကို

ရောက်တဲ့အချိန်မှာ ကြောင်သွားသည်။ အဖြေလွှာက တစ်စုံအစား နှစ်စုံ တွေ့လိုက်ရသည်။

ဂူချင်ယန် အံ့အောသွားသည်။ အကြည့်တွေ နေရာပြောင်းပြီး နောက်ထပ် ဖြေဆိုသူရဲ့နာမည်ကို သိချင်လာသည်။ ဒီနောက်မှာတော့ ဆွန်းမို နာမည်အပြင် အမှတ်အပြည့်ဆိုတဲ့ မှတ်ချက်ကို မြင်လိုက်ရသည်။

ကချောက်

ဘယ်ဘက် လက်ညှိုးကို အားထည့်ပြီး ချိုးလိုက်သည်။

နာကျင်မှုအစား အရုက်တရားနှင့် မကျေနပ်မှုကိုသာ ခံစားရသည်။

"ငါက ဆွန်းမိုကို မယှဉ်နိုင်ဘူးလား"

ဝန်မခံချင်သော်လည်း နှစ်နာရီအတွင်း ဆွန်းမိုက ပြီးသွားသဖြင့် သဘောတရားအရ သူက နိမ့်ကျနေတယ်ဆိုတာ ပြနေသည်။

ဟူး

ဂူချင်ယန်သည် အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး နှလုံးသားထဲက စိတ်ရှုပ်ထွေးမှုတွေကို

မျိုသိပ်လိုက်သည်။ အရေ့တိုးပြီး ဆွန်းမို အဖြေလွှာကို ဖတ်လိုက်သည်။

“ဘာလုပ်နေတာလဲ။ အမှားရှာဖို့ ကြိုးစားနေတာလား”

“ရှူး”

“ဒါ အချိန်ဖြုန်းတာပဲ။ အမှတ်ခြစ်တဲ့ မြတ်ဆရာတွေက ဘယ်လို မှားမှာလဲ”

ဖြေဆိုသူများက ရေရွတ်နေကြသည်။

ဂူချင်ယန်သည် သဘာ၀အရ လူတွေထင်သလို သဘောထား မသေးပါ။ အမှားရှာတာ မဟုတ်ဘဲ ဆွန်းမိုရဲ့ စံနှုန်းကို သိချင်နေသည်။

သုံးမိနစ်လောက်ကြာတော့ ဓါးဆွဲထုတ်ပြီး ကြေငြာဘုတ်ကို ရုတ်တရက် ခုတ်ချလိုက်သည်။

အခန်း(၄၅၀) - တတိယအဆင့် အစ။

"ဘာလဲကွ"

ဂူချင်ယန်က ရုတ်တရုတ်ဓါးနဲ့ ခုတ်လိုက်သဖြင့် လူတိုင်း လန့်ဖြန့်သွားသည်။ အထူးသဖြင့် သူ ဓါးကိုင်လိုက်တဲ့ အချိန်တွင် အော်ရာ ပြောင်းသွားပြီး စူးရှရှ ဓါးတစ်ချောင်းလို ဖြစ်သွားသည်။

ဒီအချက်ကနေ ဂူချင်ယန်ရဲ့ တိုက်ခိုက်ရေး စွမ်းရည် တော်တော်မြင့်မားဆိုတာ ဖော်ပြနေသည်။

ထစ် ထစ်

ဓါးချီက လေသံပေးပြီး ကြေငြာဘုတ်ပေါ်တွင် လက်မအရွယ် နက်ရှိုင်းတဲ့ ဓါးခြစ်ရာ နှစ်ခု ချန်ထားခဲ့သည်။

အားလုံး လှမ်းကြည့်လိုက်လျှင် ဂူချင်ယန် နာမည်နောက်က အမှတ်ပြည့်ဆိုတဲ့ မှတ်ချက် မရှိတော့ပေ။

"ဘာပြောချင်တာလဲ"

"သူက ဆွန်းမိုထက် ညံ့တယ်လို့ ဆိုလိုတာလား"

"ဒါမှမဟုတ် ဆွန်းမိုနဲ့အတူတူ ပထမနေရာကို ခွဲယူရတဲ့အတွက် မကျေနပ်တာလား"

အနီးအနားမှာရှိတဲ့ ဖြေဆိုသူတွေ တိုးတိုးလေး ပြောနေကြသည်။

ဂူချင်ယန်က ခေါင်းပြန်သိမ်းလိုက်သည်။ မာနကြောင့် ဘယ်သူကိုမှ ပြန်မရှင်းပြတော့ဘဲ

လျစ်လျူ ရှုထားလိုက်သည်။ ဒါပေမယ့် ပတ်ဝန်းကျင်ကလူတွေ ပြောနေတာကြားပြီး မျက်မှောင်ကြုတ်သွားပြီး ရှင်းပြဖို့ ဆုံးဖြတ်လိုက်သည်။ ဒီလိုမှမဟုတ်ရင် သူ့လုပ်ရပ်ကို နားလည်မှု လွဲတော့မှာ သေချာသည်။

“နောက်ဆုံးမေးခွန်းမှာ ဆွန်းမိုရဲ့ဖြေဆိုမှုက အရမ်းကောင်းတယ်။ ငါတို့နှစ်ယောက်ရဲ့ အဖြေကို နှိုင်းယှဉ်ပြီးတဲ့နောက် ငါက အမှတ်ပြည့် ရဖို့ မထိုက်တန်ဘူးလို့ ခံစားရတယ်”

ဂူချင်ယန်က ပြောပြီးနောက် လှည့်ထွက်သွားသည်။

"ဒါဆို ဒီလိုလား"

လူတိုင်း ရုတ်တရုတ် သဘောပေါက်သွားကြသော်လည်း ဖြေဆိုသူ တချို့က နာမလည်ကြသေးပါ။

"ဒါပေမယ့် ဘာဖြစ်လို့လဲ။ အဖြေနှစ်ခုစလုံးက အရမ်းပြည့်စုံတယ်လို့ ထင်တယ်"

"ဂူချင်ယန်ရဲ့အတွက်ကြောင့် ဖြစ်နေမလား"

"ပါရမီရှင်တစ်ယောက်က သူတို့ကိုယ်သူတို့ တခြားသူတွေထက် နိမ့်ကျတာကို လက်မခံနိုင်ကြဘူး"

ဂူချင်ယန်က သူ့နာမည်နောက်က မှတ်ချက်ဆိုတဲ့ စာကို ဘာရည်ရွယ်ချက်နဲ့ ဖျက်ပစ်ခဲ့လဲဆိုတာ ဆွေးနွေးနေကြသည်။

"ရှင်းနေတာပဲ။ ဂူချင်ယန်ရဲ့အဖြေက ဝိညာဉ်တက်တူးကို တိုက်ခိုက်ရေးမှာ လွန်ကဲတဲ့အသုံးပြုမှု အကြောင်းကို ဆွေးနွေးထားတယ်။ မြတ်ဆရာတချို့က ဒီလိုမျိုး

အဖြေကို တွေးတောနိုင်သော်လည်း ဆွန်းမိုကတော့ ဘယ်သူမှ မစဉ်းစားဖူးတဲ့ အသက်စက်စက် အယူအဆ တစ်ခုပဲ။ ငါသာ ရွေးရမယ်ဆိုရင် ဆွန်းမိုကိုပဲ အမှတ်အပြည့်ပေးမယ်”

ဆွန်းရှီက ဂူချင်ယန်ရဲ့ ရလဒ်ကို သိချင်လို့ ဒီနေရာ လာခဲ့သည်။ နောက်ဆုံးတော့ ဂူချင်ယန်က ကြေငြာဘုတ်ကို ခါးနဲ့ခြစ်နေတာ အမှတ်မထင် မြင်လိုက်ရသည်။ ဒါကြောင့် ဆွန်းရှီသည် ဂူချင်ယန်ကို မနေနိုင်ဘဲ ချီးကျူးလိုက်မိသည်။

“ဒီကောင်ရဲ့ အပြုအမူက တော်တော် အထင်ကြီးဖို့ကောင်းတယ်။ ငါမျှော်လင့်ထားတဲ့ ပြိုင်ဘက်တစ်ယောက် လိုမျိုးပဲ”

ကျန်တဲ့ ဖြေဆိုသူတွေ မျက်မှောင်ကြုတ်သွားသည်။ (ဒီကောင် တော်တော် ဘဝင်မြင့်နေတာပဲ)

“ဘာလဲ။ မင်း နားမလည်ဘူးလား။ ရိုးရိုးလေး ပြောပြမယ်။ ဂူချင်ယန်က အရင်ရှိပြီးသား လမ်းအတိုင်းပဲ လျှောက်လှမ်းတာ။ လမ်းတော့ နည်းနည်း ပိုရှည်တာပေါ့ကွာ။ ဒီအဖြေမှာ အရှေ့က

ကျွမ်းကျင်သူတွေရဲ့ အသိပညာပေါ် အခြေခံထားတယ်။ ဒါပေမယ့် ဆွန်းမိုရဲ့ အဖြေကတော့ ဝိညာဉ်တက်တူးသခင် အားလုံးအတွက် အတွေးအမြင် အသစ်ကို လမ်းဖွင့်ပေးခဲ့တယ်”

“ရှိပြီးသား လမ်းဟောင်းကို ချဲ့ထွင်းရတာထက် လမ်းအသစ်ဖောက်ရတာက ပိုခက်တယ်”

ဆွန်းရှီက ခေါင်းခါရင်း ပြောလိုက်သည်။ သူက သူ့ရဲ့ ဒုတိယမြောက် အလုပ်အဖြစ် ဝိညာဉ်တက်တူး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာသာရပ်ကို လေ့လာဖို့ ပြင်ဆင်နေသည်။ အခုတော့ စွန့်လွှတ်ဖို့ ပြင်ဆင်နေပြီ။

လာမယ့် ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းရာနဲ့ချီအောင် ဆွန်းမိုရဲ့ တောက်ပမှုအောက်မှာ ဝိညာဉ်တက်တူးကို လေ့လာနေရမည်။

လေ့လာခဲ့ရင်တောင် ဒီနယ်ပယ်မှာ အကောင်းဆုံး ဖြစ်ဖို့ နည်းလမ်း မရှိပါ။ ဒါကြောင့် မသင်တော့ပါ။

ဒင်

ဆွန်းရှီ၏ လေးစားအထင်ကြီးမှု +၂၀၊ မူလ(၂၀/၁၀၀)

....

ကွင်းထဲမှာ လူတွေ ဖြတ်သန်းသွားလာနေကြသည်။ ဖြေဆိုသူ တချို့က ပျော်ရွှင်အူမြူးနေကြပြီး တချို့ကတော့ ဝမ်းနည်းစွာ ငိုကြွေးနေကြသည်။ အထူးသဖြင့် ငါးကြိမ်မြောက် ကြိုးစားဖို့ လာခဲ့တဲ့ လူတွေ ဖြစ်သည်။ သူတို့မျက်နှာမှာ စိတ်ပျက်အားငယ်မှုနဲ့ ပြည့်နှက်နေသည်။

ဒီနှစ် စာမေးပွဲက ဒီလောက်ခက်မယ်လို့ ဘယ်သူက ထင်ခဲ့လို့လဲ။

လျှိုမှုဘိုင်က ကြေကြေပြာဘုတ်ရှေ့တွင် မကျေနပ်တဲ့ မျက်နှာနဲ့ ရပ်ကြည့်နေသည်။ သူ့ရလဒ်က ဖန်ဝူဂျိနဲ့ အတူတူ ဖြစ်သည်။ နှစ်ယောက်စလုံးက ဒုတိယနေရာ ခွဲဝေပြီး ယူခဲ့ရသည်။ ဒီအောင်မြင်မှုက အရမ်းကောင်းပေမယ့် အမှတ်ပြည့်တော့ မရခဲ့ပါ။

သူတို့အထက်မှာ တန်တန်ဆိုတဲ့လူ တစ်ယောက် ရှိသေးသည်။

“ဘာလဲကွ။ ဒီကောင် အမှတ်ပြည့်ရတာလား”

လျိုမူဘိုင် တော်တော်လေး စိတ်ဓါတ်ကျနေသည်။ ဒါပေမယ့် အဆင်ပြေသေးသည်။ တတိယအဆင့်မှာ အနိုင် ၊ အရှုံးဆုံးဖြတ်ဖို့ အရေးကြီးသည်။ သူက လူတိုင်းကို အနိုင်ယူပြီး သေချာပေါက် ဖိနှိပ်ရမည်။

ဒါကိုတွေးပြီး လျိုမူဘိုင်သည် ဝိညာဉ်တက်တူး ဘာသာရပ်အတွက် ကြေငြာတဲ့ ဘုတ်ဘက်သို့ လျှောက်သွားသည်။ သူက ဂူချင်ယန်ရဲ့ အဆင့်ကို သိချင်နေသည်။

ဂူချင်ယန်ကမှ သူ့ရဲ့ အဓိက ပြိုင်ဘက် ဖြစ်သည်။

အပေါ်ဆုံးကို တန်းကြည့်လိုက်သည်။ မျှော်လင့်ထားတဲ့တိုင်း ဂူချင်ယန် နာမည် ရှိနေသည်။

“အမ်၊ ဘာဖြစ်လို့ အမှတ်ပြည့်ရတဲ့လူ ထပ်ရှိနေသေးတာလဲ”

လျှို့မူဘိုင်သည် ပိုစိတ်ဓါတ် ကျသွားသော်လည်း အဖြေရှာမရ ဖြစ်နေသည်။ (ဂူချင်ယန် နာမည်နောက်က မှတ်ချက်ကို ဘယ်သူ ဖျက်သွားတာလဲ။ ဒါကို ဘယ်သူလုပ်တာလဲ)

(ဒါက အတင်းရဲလွန်းတယ်)

ဒီနောက် လျိုမူဘိုင်သည် ဘေးက နာမည်ကို သတိထားလိုက်မိသည်။ ဒါက ဆွန်းမိုလား။ အမှတ်ပြည့်လား.......။

"ငါပဲ အမြင့်မှားတာလား"

လျိုမူဘိုင် မျက်လုံးကို ပွတ်လိုက်သည်။ ထို့နောက် ခံစားရတဲ့ စိတ်ဓါတ်ကျမှုက ဆယ်ဆလောက် ပြင်းထန်လာသည်။

ဒီအချက်က ဒုတိယနေရာ ရတာထက်တောင် နှလုံးသားကို ပိုနာကျင်စေသည်။ ဒီနှစ် စာမေးပွဲက အရမ်းခက်တယ်ဆိုတဲ့ အချက်ကို မေ့ထားလို့ မရပါ။

ဆွန်းမိုရဲ့ အဖြေစံနှုန်းက ကြယ်သုံးပွင့်မြတ်ဆရာအဆင့်နား ကပ်နေပြီလို့ ဖော်ပြနေသည်။

"ဂူချင်ယန် နာမည်ဘေးက မှတ်ချက်က ဘာဖြစ်လို့ ပျက်နေတာလဲ။ ဒါကို ဆွန်းမို လုပ်ခဲ့တာလား"

"မဟုတ်ဘူး။ ဂူချင်ယန် ကိုယ်တိုင်လုပ်သွားတာ။ သူက ဆွန်းမိုထက် နိမ့်ကျတယ်လို့ ပြောသွားတယ်"

လျိုမူဘိုင်သည် အနီးမှာရှိတဲ့ ဖြေဆိုသူတစ်ယောက်ရဲ့ စကားကို ကြားလိုက်လျှင် တော်တော်လေး မျက်မှောင်ကြုတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သူ့ထက် သာလွန်တယ်လို့ ဂူချင်ယန်က ယုံကြည်နေတာလား။

ဒါက ဟာသ တစ်ခုလား။

(ဂူချင်ယန်၊ ငါက မင်းကို ကြောက်စရာကောင်းတဲ့ ပြိုင်ဘက်လို့ တွေးနေခဲ့တာ။ မင်းကတော့ ဆွန်းမိုကိုတောင် အနိုင်မယူနိုင်တဲ့ အမှိုက်ပဲ)

....

ဆွန်းမိုသည် ဟိုတယ်ကို ပြန်တဲ့ လမ်းတွင် ဂူချင်ယန်ထံက လေးစားအထင်ကြီးမှုအမှတ်ကို လက်ခံရရှိကြောင်း အကြောင်းကြားမှု

လက်ခံရရှိခဲ့သည်။ ဒီရာကြောင့် အံ့အောသင့်ခဲ့သော်လည်း မကြာခင် မေ့သွားသည်။

ဘာဖြစ်လို့လဲဆိုတော့ တတိယအဆင့် စတော့မည်။

ဒီတစ်ကြိမ်တွင် ဖြေဆိုသူများရဲ့ သင်ကြားရေး စွမ်းရည်ကို စမ်းသပ်မှာဖြစ်ပြီး ဖြေဆိုသူတိုင်းက တစ်နာရီ ဟောပြော ပို့ချရမည်။ ကျောင်းသားများကိုလည်း အဖွဲ့သုံးဖွဲ့ ခွဲပေးထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာစစ်သူက သုံးယောက်၊ ဂန်နန် အကယ်ဒမီက ကျောင်းသားအသစ် ငါးဆယ်။ ပထမတန်းက ကျောင်းသားအသစ်ငါးဆယ် ပါဝင်သည်။

ဘာဖြစ်လို့ လူသစ်တွေကို အသုံးပြုတာလဲ။

လူသစ်များသည် ကျောင်းရောက်လာတာ မကြာသေးသဖြင့် အတွေ့အကြုံ သိပ်မရှိသေးသလို စိတ်ကြိုက် ပုံမသွင်း ရသေးပါ။

ဒီနည်းလမ်းဖြင့် ဖြေဆိုသူများ၏ ဟောပြောမှုကို သူတို့ ယုံကြည်ခြင်း ရှိ မရှိ လွယ်လွယ်နဲ့ မြင်နိုင်သည်။

အတန်းကြီးကျောင်းသားတွေ အနေနဲ့ မြတ်ဆရာတွေ ဟောပြောမှုကို နားထောင်ထားလို့ မလာချင်ကြပါ။ မကောင်းဘူးလို့ မဆိုလိုပေ။ ဒီအစား ဖြေဆိုသူတွေ၏ ပုံစံ၊ သင်ကြားရေး နည်းလမ်းနှင့် အသံကိုတောင် သူတို့ မကြိုက်ကြပါ။

မိမိနဲ့သင့်တော်တဲ့ မြတ်ဆရာတစ်ယောက်ကို ရှာဖွေတာက ထုံးစံအတိုင်း အကောင်းဆုံး ဖြစ်သည်။

အတန်ကြီးကျောင်းသားတွေအတွက် သင့်တော်တဲ့ ဆရာကောင်းကို ရှာမတွေ့ပါက

သူတို့အတွက် အနာဂတ် မရှိဘူးလို့တောင် ပြောလို့ရသည်။

ဒါ့အပြင် ကင်းလှည့် ကျောင်းသား တစ်ထောင်နှင့် ကင်းလှည့်စစ်ဆေးသူ တစ်ရာ လည်းရှိသေးသည်။ ဒီလူတွေကတော့ စာသင်ခန်းထဲ ဝင်ပြီး လှေ့လာနိုင်သည်။ ဖြေဆိုသူ ဟောပြောမှု ကောင်းတယ်လို့ ထင်ပါက ဝင်ထိုင်နိုင်ပြီး မကြိုက်ရင်လည်း ချက်ခြင်း ထွက်သွားပြီး နောက်တစ်တန်း ရှာလို့ရသည်။

ဒီလိုမျိုး နားထောင်တဲ့ ကျောင်းသားတွေမှာ ထူးချွန်၊ သာမန် နှင့် ဖယ်ထုတ် ဆိုပြီး မဲသုံးခု ပေးထားသည်။

ကျောင်းသားများသည် သူတို့၏ သုံးသပ်ချက်အပေါ် မူတည်ပြီး ဆရာတွေကို စိတ်ကြိုက် မဲပေးလို့ရသည်။

ဆရာတစ်ယောက်က အောင်မြင်ဖို့အတွက် ထူးချွန် မဲ ၈၀ ရယူရမည်။

………………..

ဆွန်းမိုရဲ့ ကံကြမ္မာက ဘယ်တော့မှ မကောင်းခဲ့ပေ။ ဒီတစ်ခေါက် ဟောပြောပွဲက ဒုတိယနေ့ရဲ့ ညနေ ၆ နာရီ ဖြစ်သည်။

ဒီအချိန်မှာ ကျောင်းသား တော်တော်များများ ဗိုက်ဆာနေကြပြီ။ တစ်နေကုန် ဟောပြောပွဲကို နားထောင် ထားသဖြင့် စွမ်းအင်တွေလည်း ကုန်ခမ်းနေပြီး ကျိန်းသေပေါက် ပင်ပန်းနွမ်းနယ် နေမည်။

လူတွေက ပင်ပန်းလာတဲ့အခါ စိတ်မရှည်တော့ဘဲ ဒေါသ ထွက်လွယ်လာတတ်သည်။

တစ်နေ့ကုန် ရုပ်ရှင်ကြည့်ပြီး စိတ်ပင်ပန်းနေတဲ့ချိန် ရုပ်ရှင် တစ်ကား ထပ်ကြည့်လျှင် သာမန်အရည်အသွေး ဖြစ်နေရင်တောင် အမိုက်လို့ ခံစားရမည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဒီကျောင်းသားတွေရဲ့ စိတ်လှုပ်ရှားမှုကို မီးမွေးချင်ရင် မနက်ပိုင်းထက် ပို အားစိုက်ထုတ်ရမည်။

"ဆရာဆွန်း၊ မင်းကတော့ နတ်ဘုရား ဖြစ်မယ့်ကံပဲ"

ကွမ်ဒင်က သက်ပြင်းချရင်း ပြောလိုက်သည်။ သူရေးဖြေမှာ ကျခဲ့သဖြင့် စာမေးပွဲ ထပ်ဖြေစရာ မလိုတော့ပါ။

"ငါ မင်းကို ထောက်ခံနေမယ်"

ဆွန်းမိုက ကူရှုပ်ရှင်းကို အားပေးလိုက်သည်။ သူမရဲ့ အတန်းချိန်က မနက် ၁၀ နာရီဆိုတော့ တော်တော်လေး မဆိုးပါ။

"ငါ့ သတင်းကောင်းကို စောင့်နေ"

နာကျင်မှု တပ်မက်သူလေးက စာမေးပွဲဖြေဖို့ လျှောက်သွားရင်း သူမရဲ့ ခံ့ညားတဲ့ အမူအရာကို ဖော်ပြသွားသည်။

"ဆရာကူ၊ မင်းရဲ့ လှပတဲ့ မျက်နှာလေးနဲ့တင် ထူးချွန် မဲ ၃၀ လောက် ရနိုင်တယ်"

ဝမ်ချောင် မာနလို ဖြစ်လာသည်။

ကွမ်ဒင်ကတော့ ဘာမှပြန်မပြောပါ။ ဒီအစား ဆွန်းမိုကို ကြည့်လိုက်သည်။

သင်ကြားရေးမှာ လှတဲ့ ဆရာမတွေက ယောကျ်ားလေး ကျောင်းသားတွေကို

အမြဲဆွဲဆောင်နိုင်တယ်ဆိုတာ သံသယ ဖြစ်စရာ မလိုပါ။ ချောတဲ့ ဆရာတွေကလည်း အမျိုးသမီး ကျောင်းသူတွေကို ဆွဲဆောင် နိုင်သည်။

"ဒီနှစ်တော့ မလုပ်တော့ဘူး ထင်တယ်"

ဝမ်ချောင်က သက်ပြင်းချရင်း ပြောလိုက်သည်။

ပုံမှန်ဆိုရင်တော့ ထူးချွန်မဲ ၅၀ကို ရတာနဲ့ စာမေးပွဲ အောင်သည်။ ဒါပေမယ့် ဒီနှစ်မှာတော့ မဲလိုအပ်ချက်က ၈၀ အထိ တိုးလာသည်။ ဒါက နားထောင်တဲ့ ကျောင်းသား ၁၀၃ယောက်၏ ၈၀ ရာခိုင်နှုန်း အထင်ကြီးဖို့ လိုအပ်နေသည်။

တစ်နာရီကျော် ကြာပြီးနောက် ကူရှပ်ရှင်း ပြန်ရောက်လာသည်။

"ဘယ်လိုလဲ"

ဆွန်းမိုက ပြုံးပြီး မေးလိုက်သည်။

"ငါအောင်မယ် ထင်တယ်"

ကူရှပ်ရှင်း လက်မထောင်ပြလိုက်သည်။ တကယ်တော့ သူမလည်း မသိပါ။ ငါးရက်ကြာလို့ ဖြေဆိုသူတွေ အားလုံး ဖြေပြီးမှ ရလဒ်က ထွက်လာမည်။

အချိန်က တရွေ့ရွေ့နဲ့ ညနေစောင်းလာသည်။

ဆောင်းညကတော့ မညှာတာပဲ ညနေ ၆ နာရီမှာပင် မှောင်နေပြီ။

“သွားတော့။ သူတော်စင်တံဆိပ်ကိုယူပြီး ဂူချင်ယန်ကို အနိုင်ယူခဲ့”

ကူရှုပ်ရှင်းက သူမရဲ့ လက်သီးသေးသေးလေးတွေကို ဖော့ယမ်းပြီး ဆွန်းမိုကို အားပေးလိုက်သည်။

သူမအသံက မတိုးသဖြင့် အနီးအနားက လူများကြားသွားပြီး အားလုံးလှည့်ကြည့် ကြသည်။

“ဒါက ဘယ်သူလဲ။ မောက်မာ လှချည်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းက အရမ်းရင့်သီးတယ်လို့ လူအများကို ယူဆသွားသည်။

သူတော်စင်တံဆိပ် ဆိုတာက ဒီနေရာမှာ ရှိတဲ့ လူတိုင်း၏ ထူးချွန်မဲနှင့် စာသင်ခန်းထဲမှာ ရှိတဲ့ ထိုင်ခုံအရေအတွက်ထက် နှစ်ဆ ရမှာသာ ရရှိနိုင်သည်။ အခြေခံအားဖြင့်တော့ မဖြစ်နိုင်တဲ့ အရာတစ်ခုပါ။

သမိုင်းတလျှောက်လုံးမှာ ဒီလို အောင်မြင်မှုကို ဘယ်သူမှ မရဖူးခဲ့ပါ။

ဘာဖြစ်လို့လဲဆိုတော့ ဖြေဆိုသူများသည် ဘယ်လောက်ပဲ ထူးချွန်နေပါစေ သူတို့သည် ဆရာအသစ်များသာ ဖြစ်နေသေးသည်။ အတွေ့အကြုံက နုပြီး အရင်အချင်းက မလုံလောက်သေးပါ။

"ဒါက ဆွန်းမိုပဲ"

ဆွန်းမိုကို လူအများက သိနေကြသည်။ ပြီးတော့ ရေးဖြေစာမေးပွဲ ရလဒ်ကလည်း ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားပြီး လျောင်ပြောင်နေတဲ့ အသံတွေလည်း ပျောက်ကွယ်သွားပြီ။

အခန်း ၃၀၁တွင်....................

ကျောင်းသားများသည် တစ်နေ့လုံး ဟောပြောမှုကို နားထောင်နေရသည်။ အားလုံး ပင်ပန်းနေကြပြီး အိမ်သာ ခဏလောက် သွားတဲ့လူနဲ့ ဒါမှမဟုတ် ငိုက်ပြီး ခုံပေါ် ခေါင်းပြုတ်ကျတဲ့ လူနဲ့ ဖြစ်နေကြပြီ။

"နောက်ထပ် ဟောပြောပွဲ တစ်ခုပြီးရင် အစား သွားစားလို့ ရပြီ"

ကျန်းမိုင်က အပြင်းကျောဆန့်ရင်း ပြောလိုက်သည်။ အဲဒီနောက် ဝုစ်ဘယ်ရီ

လက်ဖက်ရည် ထည့်ထားတဲ့ ပုလင်းကို ယူပြီး တစ်ငုံသောက်လိုက်သည်။

"နောက်တစ်ယောက်က ဘယ်သူလဲ"

တန်နင်က ဖြေဆိုသူများ မှတ်တမ်းကို ရေးနေရင်း သာမန်ကာလျှံကာ မေးလိုက်သည်။

ဆုတိုင်က နာမည်စာရင်းကို ကြည့်လိုက်ပြီးနောက် မကျေနပ်တဲ့ အရိပ်အယောင် ပေါ်လာသည်။

"ဆွန်းမိုပဲ"

ဖူး

ကျန်းမိုင် လက်ဖက်ရည်ကို ထွေးထုတ်လိုက်မိသည်။

(ငါ့ကံတရားက ဘာဖြစ်နေတာလဲ)

ကျန်းမိုင် စိတ်ဓါတ် ကျသွားသည်။ အခုအချိန်မှာတော့ ဆွန်းမိုနဲ့ လုံးဝ အဆက်အစပ် မဖြစ်ချင်တော့ပါ။ ဒီနာက် ဆုတိုင်ကို မရေမရာ တစ်ချက်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

ဆွန်းမိုက အမှတ်ပြည့် ရပြီးတဲ့နောက် နာမည်ကြီးလာခဲ့သည်။ ဒါကြောင့် ဆွန်းမို မြတ်ဆရာအရှိန်အဝါ ထုတ်လွှင့်တဲ့

အဖြစ်အပျက်ကလည်း ဆုတိုင် မျက်နှာကို အိုးမည်း သုတ်သွားသည်။

ဆွန်းမိုရဲ့ သရုပ်ပြမှုမှာ အားနည်းချက် တချို့ ရှိနေသ၍ ဆုတိုင်ရဲ့ ထူးချွန်မဲကို မရနိုင်ဘူးလို့ ကျန်းမိုင် ခံစားမိသည်။

သူ့မဲကရော............

သူသာ ဆွန်းမိုကို ထူးချွန်မဲပေးလိုက်ရင် ချန်မျိုးနွယ်ကို စော်ကားသလို ဖြစ်သွားနိုင်တယ် မဟုတ်လား။ ဆွန်းမို၏ စွမ်းဆောင်ရည်က သာမန်သာဖြစ်ပြီး သာမန်မဲသာ ပေးရလျှင်တော့

ဝန်ထုပ်ဝန်ပိုး မဖြစ်နိုင်တော့ဘူးလို့ မျှော်လင့်နေသည်။

"အမ်"

ကျန်းမိုင် သေးထွက်ချင်သလို ဖြစ်လာသည်။

တန်နင်က စာစစ်သူနှစ်ယောက်၏ ခံစားချက်ကို သတိထားမိပြီး သက်ပြင်းချလိုက်သည်။ ဆွန်းမိုက တကယ် ကံဆိုးလွန်းသည်။ သူသာ သရုပ်ပြမှု ကောင်းကောင်း မလုပ်နိုင်ခဲ့လျှင် ဒီနှစ်ယောက်ဆီက သာမန်မဲပဲ ရလိမ့်မည်။

ဆွန်းမိုသည် တတိယအထပ်သို့ ရောက်ပြီးနောက် မနေနိုင်ဘဲ အိတ်ဆောင် နာရီကို ထုတ်ကြည့်လိုက်သည်။ အဲဒီနောက် စာသင်ခန်းထဲ မဝင်ခင် ခေါင်းလောင်းသံကို စောင့်ချင်သောကြောင့် ခြေလှမ်းများကို နှေးလိုက်သည်။ သို့သော်လည်း စနစ်ဆီက အကြောင်းကြားချက် အရင်ထွက်လာသည်။

ဒင်

“ရေးဖြေ စာမေးပွဲမှာ အမှတ်ပြည့် ရခဲ့လို့ ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး”

“မင်းရဲ့ အရည်ချင်းက ဂူချင်ယန်ကို နိမ့်ကျတယ်ဆိုတဲ့ ခံစားချက်ကို ဝင်စေပြီး အရှက်ရစေတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - အနက်ရောင် ရတနာသေတ္တာတစ်လုံး”

အခန်း(၄၅၁) - ဆွန်းမိုရဲ ကြီးကျယ်ခမ်းနားတဲ့ သရုပ်ပြမှု။

"အားလုံးဖွင့်"

ဆွန်းမိုသည် အခုအချိန်မှာ ခါးလို ထက်မြက်နေသည်။ တစ်ခုခု ဖြစ်လိုက်လျှင်

သဘာဝအတိုင်း ပျော်ဖို့ ကောင်းလိမ့်မည်။ အဆင်မပြေရင်တော့ ကံဆိုးမှုတွေကို အရင်အသုံးပြုလိုက်လို့ သူ့ဟောပြောမှုမှာ ပိုကံကောင်းလာနိုင်သည်။

ရတနာသေတ္တာ နှစ်လုံးကို ရှေ့ဆင့်နောက်ဆင့် ဖွင့်လိုက်သည်။ အလင်းရောင် ပျောက်သွားတာနဲ့ မြေကြီးခဲတစ်ခုနှင့် ဆယ်နှစ် အချိန်တံဆိပ် တစ်ခု ပေါ်လာသည်။

"မဆိုးပါဘူး"

ဆွန်းမိုက ဆက်ပြုံးနေပေမယ့် စိတ်ထဲမှာ ကျိန်ဆဲနေသည်။ အနားမှာ သဘော်သီးကောင်မလေးမရှိဘဲ ရတနာသေတ္တာကို ဆက်ဖွင့်နေရင် သူခွေးဖြစ်သွားလိမ့်မည်။

"စံပြဆရာကို အဆင့်မြှင့်ဖို့ အသုံးပြုလိုက်"

ဆွန်းမို ညွှန်ကြားလိုက်သည်။

အချိန်တံဆိပ် ပျောက်သွားသည်။ အဲဒီနောက် ဆွန်းမိုစိတ်ထဲသို့ ဗဟုသုတ များစွာ စီးဝင်လာပြီး အမြစ်တည်လာသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“စံပြဆရာကို ကျွမ်းကျင်အဆင့်အထိ ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ထုတ်သုံးပါက ဆွဲဆောင်မှုအား ပိုကောင်းလာမယ်။ အကျိုးသက်ရောက်မှု ကြာချိန် ဖြနာရီ”

“မှတ်ချက်၊ ဒီအရှိန်အဝါကို ထုတ်သုံးပြီးတာနဲ့ မင်းပြသတဲ့ ခံစားမှု အမျိုးမျိုးအပေါ်မူတည်ပြီး ပျံ့နှံ့မှု ပိုမြင့်သွားမယ်။ ဥပမာ - ပြုံးပြရင် ရင်းနှီးလွယ်တဲ့ပုံ ပေါက်လာမယ်၊ မင်းဒေါသထွက်နေရင် ပိုပြီးသည်းခံနိုင်တဲ့ ပုံပေါက်လာမယ်”

စနစ်ရဲ့ရှင်းပြမှုကို ကြားပြီး ဆွန်းမိုနှူတ်ခမ်းတွင် အပြုံးတစ်ခု ပေါ်လာသည်။ သူ့ရဲ့ ဆွဲဆောင်မှုက တိုးတက်လာသဖြင့် အခုအချိန် ဘလိုင်းဒိတ်ရင် ပိုအောင်မြင်နေမလား။

ဆွန်းမိုက လေချွန်ပြီး အောင်ပွဲခံခြင်သော်လည်း ပတ်ဝန်းကျင်ကို ကြည့်ပြီး စိတ်ထိန်းလိုက်သည်။

ဒီလို အချိန်မျိုးမှာ တည်ငြိမ်ပြီး အထင်ကြီးဖို့ကောင်းတဲ့ ပုံရိပ်ကို ထိန်းသိမ်းထားရမည်။

ဆွန်းမိုက စာသင်ခန်း ၃၀၁ရဲ့ အပေါက်ဝကို ရောက်နေပြီ။ သူ့ဆန္ဒအရ စံပြဆရာကို ထုတ်သုံးရန် ဝိညာဉ်ချီ စီးဆင်းလိုက်သည်။

ရွှစ်

ရွှေရောင် အလင်းတန်းများ မထွက်ပေါ်လာသော်လည်း သူ့ခေါင်းပေါ်မှာ မမြင်ရတဲ့ လက်တစ်စုံက ‘ပန်းပွင့်များ’ ဖြန့်ကျဲနေသည်။

ဆွန်းမိုကို ပန်းပွင့်များနဲ့ ဖုံးအုပ်ထားသည်။

ရွှစ်

ဆွန်းမို ကိုယ်ကနေ ငွေဖြူရောင် အလင်းတန်းများ တောက်ပလာကာ စိတ်ကြည်လင် လန်းဆန်းစေတဲ့ ရနံ့တောင် ထုတ်ပေးနေသည်။

ဒါက ပန်းပွင့်ရဲ့ ရနံ့ပါ။

တချို့လူတွေက ပန်းရနံ့ကို မကြိုက်ပေမယ့် အနံ့ရနေတာနဲ့ စိတ်ကြည်လင်ပြီး လန်းဆန်းနေမည်။

ဒင် ဒင် ဒင်

ဟောပြောပွဲ စတဲ့ ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

ဆွန်းမိုက ခြေလှမ်းအရှိန်မြှင့်လိုက်ပေမယ့် အလျင်လိုတဲ့ပုံ မပေါ်အောင် ထိန်းထားလိုက်သည်။ အဲဒီအစား သူက မိုးသက်လေပြင်းကျပြီး မိုးကြိုးပစ်ရင်တောင် မယိုင်လဲတဲ့ ပုံစံ အငွေ့သက်ကို ထုတ်ဖော်ပြီး လမ်းလျှောက်လာသည်။

ဆွန်းမိုက ဒီလို လမ်းလျှောက်တတ်ဖို့အတွက် အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့သည်။

ကျောင်းသားများသည် အနည်းအကျဉ်း စိတ်လေကြသည်။ ခေါင်းလောင်းသံကြားတဲ့အခါ

စာသင်ခန်း အပေါက်ဝကို လှမ်းကြည့်ရင်း ပျင်းရိနေကြသည်။

ထို့နောက် လူငယ်ချောချောလေး တစ်ယောက် လမ်းလျှောက်ဝင်လာတာ မြင်လျှင် ကျောင်းသားများသည် အလိုလို ခါးမတ်ပြီး ပြင်ပြင်ဆင်ဆင် ထိုက်လိုက်ကြသည်။

လူငယ်လေးရဲ့ တည်ငြိမ်ပြီး လွှမ်းမိုးမှုရှိတဲ့ ခြေလှမ်းများအပြင် သူ့ရဲ့စွမ်းအင်နှင့် စိတ်ဝိညာဉ်ကလည်း လွှမ်းမိုးထားသည်။

ဆွန်းမိုက စင်ပေါ်တက်ပြီး အတန်းဘက်သို့ မျက်နှာမူလိုက်တဲ့ အချိန်တွင် ခေါင်းလောင်းသံလည်း ပြီးသွားပြီ။

တစ်စက္ကန့်မှ မနောက်ကျသလို တစ်စက္ကန့်မှလည်း မစောခဲ့ပါ။

“အရင်ကတည်းက လေ့ကျင့်ထားတာ ဖြစ်နိုင်တယ်”

ကျန်းမိုင် ခေါင်းအလိုလို ညိတ်လိုက်မိသည်။ ဒီတစ်ချက်တည်းကနေ ဆွန်းမို လုံလောက်အောင် ပြင်ဆင်ထားတယ်ဆိုတာ သက်သေပြနေသည်။

ဒါ့အပြင် ဒီလူငယ်လေးအပေါ် သူ့ရဲ့ မြင်မြင်ချင်း အမြင်က အရမ်းကောင်းမွန်သည်။

စကားတစ်ကြောင်းတည်းနဲ့ လုံလောက်အောင် ပြောရမယ်ဆိုလျှင် ဆွန်းမိုရဲ့ ရုပ်ရည်နှင့် အော်ရာက မြတ်ဆရာတစ်ယောက်ရဲ့ သန္ဓေတည် ပုံစံလို့တောင် ပြောလို့ရသည်။ ဆရာမဖြစ်ချင်ဘူးဆိုရင်တောင် မရပါ။

“တောက် စံပြဆရာ အရှိန်အဝါလား”

ဆိုတိုင် မဲ့သွားသည်။ ဆွန်းမိုက ခွန်အား ပြသမှုမှာ အသာစီး ရနေပြီ။ မြင်မြင်ချင်း

အထင်ကြီးဖို့ကောင်းအောင် စံပြဆရာကို အသုံးပြုထားသဖြင့် ချက်ခြင်းဆိုသလို ထူးချွန်မဲ ၁၀ မဲ ရနေလောက်ပြီ။

“အမ်”

တန်နင် အနည်းငယ် မျက်မှောင်ကြုတ်ပြီး စဉ်းစားမရ ဖြစ်နေသည်။ သူက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် အတွေ့အကြုံ များသည်။ ပြီးတော့ ဆွန်းမို စံပြဆရာ အရှိ်န်အဝါကို သရုပ်ပြတာလဲ မြင်ဖူးထားသည်။ ဒါကြောင့် ဒီတစ်ကြိမ် အသုံးပြုတဲ့ အရှိန်အဝါက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်ကထက် ငါးဆလောက် ပိုအကျိုးသက်ရောက်နေတာကို ချက်ခြင်း ခံစားမိသည်။

(ဒီတိုးတက်မှုနှုန်းက နည်းနည်း မြန်မနေဘူးလား။ ဟုတ်မယ်။ အဲဒီတုန်းက သူ့ရဲ့ ခွန်အားကို အရန်သိမ်းထားတာ ဖြစ်မယ်)

တန်နင် အကြောင်းပြချက် ရှာလိုက်သည်။

အခုအချိန်မှာ ဆွန်းမိုရဲ့ အဖွင့် လုပ်ငန်းစဉ်ကတော့ ပြီးသွားပြီ။ ဟောပြောပွဲ တရားဝင် စတင်လိုက်သည်။

“အခု ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာကို ပြောပြသွားမယ်။ ဒါက ကျွန်တော်ကိုယ်တိုင် သုတေသနလုပ်ပြီး တွေ့ရှိထားတဲ့ ဘာသာရပ် အသစ်စက်စက်ပါ။ အဓိက အချက်ကတော့ ကျောင်းသားတွေက သူတို့ ကိုယ်ခန္ဓာကို ကောင်းကောင်းနားလည်ပြီး ကိုယ့်ဘာသာကိုယ် လေ့ကျင့်ရေး အစီအစဉ် ရေးဆွဲနိုင်အောင်ပါ။ ဒါမှ မင်းတို့အားလုံး ခန္ဓာကိုယ်ကို အကောင်းဆုံး ထိန်းသိမ်း ထားနိုင်လိမ့်မယ်”

ဆွန်းမို ပြောပြီးတာနဲ့ လူအုပ်ကြားတွင် ဝရုန်းသုန်းကား ဖြစ်သွားသည်။

"သူ သုတေသန လုပ်ပြီး ထွက်ပေါ်လာတဲ့ ဘာသာရပ်လား။ မြတ်ဆရာ စာမေးပွဲအတွင်းမှာ ဒီအကြောင်း ဟောပြောချင်တာလား။ ဒီကောင် ရူးသွားပြီလား"

"ယုံကြည်မှု လွန်ကဲနေတာ မဟုတ်ဘူးလား"

"ဒါပေမယ့် တော်တော်လေးတော့ စိတ်ဝင်စားဖို့ ကောင်းလာပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားများ ချက်ခြင်းပဲ ဆွေးနွေးနေကြသည်။ ကျောင်းတက်ခါစ ကျောင်းသားလေးတွေကတော့ အဆင်ပြေနေသေးသည်။ အရာရာကို သိချင်နေကြသည်။ ဒါပေမယ့် ဝိညာဉ်တက်တူး ဘာသာရပ်ကို အထူးပြုထားတဲ့ ထိပ်တန်းကျောင်းသားတွေကတော့ အလစ်အငိုက်မိပြီး လွတ်ထွက်သွားသည်။

(ဒီအကြောင်းကို လုံး၀ နားမလည်တာ ဘယ်လိုမဲပေးရမလဲ)

ဆွန်းမိုက ဒီမြင်ကွင်းကို ခန့်မှန်းထားပြီးသားပါ။ ဒါကြောင့် မထိတ်လန့်ဘဲ ခြေထောက်တစ်ချက် စောင့်လိုက်သည်။

ဖုန်း

ရှစ်

ရွှေရောင် အရှိန်အဝါက ပေါက်ကွဲထွက်လာပြီး တစ်ခန်းလုံး လွှမ်းခြုံသွားသည်။

ရှစ်

ကျောင်းသားတွေရဲ့ စိတ်ဝိညာဉ် ချက်ခြင်း တောင့်တင်းသွားသည်။

"ဒါက စွယ်စုံကျမ်း အသိပညာ"

ကျောင်းသားတစ်ယောက်က အော်လိုက်သည်။

ဒီနေ့ ဟောပြောပွဲတွင် ကျောင်းသားတွေက မြတ်ဆရာအရှိန်အဝါကို အရှိန်ပေါင်းများစွာ မြင့်ဖူးကြသည်။ ဒါပေမယ့်လည်း ဒီအသုံးပြုခဲ့ကြတဲ့ စွယ်စုံကျမ်း အသိပညာ အရှိန်အဝါများ၏ အကျိုးသက်ရောက်မှုသည် ဆွန်းမိုလောက် အထင်ကြီးဖို့ မကောင်းခဲ့ပေ။

အရင်တုန်းက ပင်ပန်းနေတဲ့ ကျောင်းသားများသည် ကျွဲနီ အားဖြည့် အချိုရည်

သောက်လိုက်ရသလို ဖြစ်သွားသည်။ ရုတ်တရတ် စိတ်အားထက်သန်လာပြီး နိုးကြားလာသည်။ စိတ်ပိုင်းဆိုင်ရာ အခြေအနေတွေလည်း အများကြီး ပိုကောင်းလာသည်။

(နောက်ထပ် ဟောပြောပွဲ ဆယ်ခုတောင် ထပ်တက်လို့ ရသေးတယ်)

"........"

ဆွန်းမိုရဲ့ စွယ်စုံကျမ်းအသိပညာက မဟာအဆင့်မှာရှိပြီး အကျိုးသက်ရောက်မှုက

သုံးရက်ကြာသည်။ ဒါက တန်နင်၏ အရှိန်အဝါနဲ့ တူညီနေပြီ။

"ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာရဲ့ ပထမ သင်ခန်းစာက မိမိခန္ဓာကိုယ်အကြောင်းကို သိရှိစေပြီး ကိုယ့်ဘာသာကိုယ် လေ့ကျင့်ရေး အစီစဉ်ကို ရေးဆွဲနိုင်စေရန် ရည်ရွယ်တယ်"

ဆွန်းမိုက ဟောပြောမှုကို စတင်ခဲ့ပြီး အကြောင်းအရာတွေကို ရှင်းပြတဲ့အချိန်မှာ ရိုးရှင်းတဲ့စကားလုံးတွေကိုပဲ အသုံးပြုခဲ့သည်။

"အဓိက စစ်ဆေးသူ တန်၊ သူက ဘာဖြစ်လို့ ဒီလောက်ပေါ့ပေါ့ပါးပါး ဖြစ်နေရတာလဲ"

ဆုတိုင်က "ဒီကောင်ရဲ့ မောက်မာမှုက မြတ်ဆရာ စာမေးပွဲကို စော်ကားလိုက်တာပဲ။ သူ့ဟောပြောမှုကို ချက်ခြင်း ရပ်သင့်တယ်"

"ဆရာဆု၊ ကျေးဇူးပြုပြီး တိတ်တိတ်ဆိတ်ဆိတ် နေပေးပါ"

တန်နင်က အလေးအနက် ပြောလိုက်သည်။

"စကားလုံး အနည်းငယ်နဲ့ လူတစ်ယောက် အနာဂတ်ကို ဆုံးဖြတ်တာက ရိုင်းစိုင်းလွန်းတယ်။

ဆွန်းမိုကို တားချင်ရင်တောင် သူဘာလုပ်နေလဲဆိုတာ အရင်ကြည့်ရမယ်”

ဆုတိုင် မကျေမနပ် ဖြစ်သွားသည်။ သူက ကျန်းမိုင်ကို စိုက်ကြည့်ပြီး မဟာမိတ် ရှာလိုက်သည်။ နောက်ဆုံးတော့ တကယ်ကို စိတ်ဝင်တစား နားထောင်နေတာ တွေ့လိုက်ရသည်။

ဒီမြင်ကွင်းကို မြင်ပြီး ဆုတိုင်သည် ဒေါသကြောင့် အဆုတ်ပေါက်ကွဲ မတတ် ဖြစ်သွားသည်။

"ဆရာဆု၊ အပြုအမူကို ပုံမှန်အတိုင်းထိန်းပြီး ဆွန်းမိုရဲ့ ဟောပြောချက်ကို ဘက်မလိုက်ဘဲ နားထောင်ပါ"

တန်နင်က စည်းရုံးလိုက်သည်။

ဆွန်းမိုက ဟောပြောတာ အရမ်းကျွမ်းကျင်သည်။ ကျောင်းသားများကို ထူးချွန်မဲပေးဖို့ မပြောဘဲ ဟောပြောမှုကို နားထောင်ပြီးမှ အကဲဖြတ်ရန် ပြောလိုက်သည်။

ဆွန်းမိုက လူ့ခန္ဓာကိုယ်နဲ့ ဒဏ်ရာလိုမျိုး ကိစ္စများကို အကျယ်ချဲ့ပြီး ကျောင်းသားများရဲ့ စိတ်ဝင်စားမှုကို လှုံ့ဆော်နေသည်။

မကျန်းမာချင်တဲ့ ကျင့်ကြံသူ ရှိလို့လား။ သင့်တော်တဲ့ ကျင့်စဉ်ကို မလိုချင်တဲ့ ကျင့်ကြံသူ ရှိလို့လား။

ဆွန်းမိုက သူပြောပြောမည့် အကြောင်းအရာကို အချိန်တော်တော်ကြာအောင် စဉ်းစားနေခဲ့ပြီး ယုံကြည်ချက်ရှိရှိ ပွင့်ပွင့်လင်းလင်း ပြောဆိုနေခဲ့သည်။

သူ့ရဲ့ မဟာအဆင့် ဝိညဉ်တက်တူးသခင် အသိပညာများအရ ဝိညာဉ်တက်တူးအကြောင်းကို သင်ပြပေးနိုင်သည်။ ဒါပေမယ့် သူ့အနေနဲ့ ထူးခြားတဲ့ဂုဏ်ပုဒ်ကို လိုချင်ရင် ခက်ခဲနေသေးသည်။ ဒါကြောင့် ကျင့်ကြံခြင်း ဆေးပညာကို ဟောပြောဖို့ ရွေးချယ်ခဲ့သည်။

ဒါက သူ့ကို မာနကြီးတဲ့ ပုံပေါက်စေသော်လည်း အကျိုးသက်ရောက်မှုက ကောင်းလိမ့်မည်။ အနည်းဆုံးတော့ အကျိုးခံစားရတဲ့ ကျောင်းသားက သူ့ကို ထူးချွန်မဲ ပေးလိမ့်မည်။

အခုတော့ စာသင်ခန်း တစ်ခုလုံး တိတ်ဆိတ်နေသည်။

တန်နင် လှည့်ပတ်ကြည့်လိုက်လျှင် ကျောင်းသားများအားလုံး အရမ်းအာရုံစိုက်ပြီး နားထောင်နေတာ တွေ့လိုက်သည်။

ဆွန်းမိုရဲ့ ဟောပြောမှုပုံစံကလည်း လိုရင်းတိုရှင်းနဲ့ စိတ်ဝင်စားဖို့ ကောင်းသည်။

“သူ့ရဲ့ စင်ထိန်းနိုင်စွမ်းက မဆိုးဘူး”

ကျန်းမိုင် အံ့အောသင့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"သူ့ရဲ့ စံနှုန်းက ဆရာအသစ်တစ်ယောက်ရဲ့ အောင်မြင်မှုလို့တောင် မထင်ရဘူး"

ကျန်းမိုင်ရဲ့ သုံးသပ်ချက် အရမ်းကောင်းမွန်ကြောင်း ဝန်ခံရမည်။ ဆွန်းမိုသည် အမှတ်၂ အထက်တန်းကျောင်းမှာ စာသင်ခဲ့တဲ့ အချိန်ကိုပါ ထည့်တွက်လိုက်လျှင် စာသင်ခဲ့တာ ဆယ်နှစ်ရှိနေပြီ။

"သူသာ ဆက်ဖွံ့ဖြိုးလာရင် လူသိများ ထင်ရှားတဲ့ ဆရာတစ်ယောက် ဖြစ်လာလိမ့်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ ချောတဲ့အသွင်အပြင်ကို မြင်လိုက်ပြီး တန်နင်သည် သူ့ကျောင်းဆီ ခေါ်သွားချင်စိတ် ဖြစ်လာသည်။ ဒီလိုဆရာက ဒီနှစ်မှာ မအောင်ခဲ့ရင်တောင် မြတ်ဆရာလောကမှာ အောင်မြင်မှုတချို့ သေချာပေါက် ရနိုင်သည်။

(မဟုတ်ဘူး။ ငါဘာတွေ တွေးနေတာလဲ. ဒီလိုလူက စာမေးပွဲကို ဘယ်လိုကျနိုင်မှာလဲ)

(အင်း၊ ငါတို့ရဲ့ စာစစ်သူနဲ့ ကျောင်းသားတွေ ကန်းမနေဘူး ဆိုရင်တော့)

ကင်းလှည့်နေတဲ့ကျောင်းသားများသည် ဖြေဆိုသူတိုင်းကို မြင်ရအောင် ကျောင်းသားများကို အယောက်နှစ်ဆယ်စီ ခွဲပြီး သင်ကြားရေး အဆင့်တစ်ခုစီကို ဦးတည်ပြီး သွားနေကြသည်။

အခုအချိန်တွင် ဆွန်းမိုစာသင်ခန်းနဲ့ မနီးမဝေးမှာ ကင်းလှည့်နေတဲ့ ကျောင်းသား အယောက်နှစ်ဆယ် ရှိသည်။

ရေးဖြေ စာမေးပွဲတွင် လူတော်တော်များများကို ဖယ်ထုတ်ထားသဖြင့် ဗဟုသုတ ကြွယ်တဲ့ ထိပ်တန်း ဖြေဆိုသူများသာ ကျန်တော့သည်။ လက်တွေ့

သင်ကြားမှုကတော့ မတူညီတဲ့ ကစားပွဲ တစ်ခု ဖြစ်လာပြီ။

သင်ယူမှု အားကောင်းတိုင်း ပြန်သင်တဲ့နေရာတွင် ကောင်းမယ်လို့ မဆိုလိုပါ။ ဒါ့အပြင် စင်ပေါ်မှာရပ်ပြီး လူတိုင်းရဲ့ မျက်စိရှေ့မှာ ဟောပြောရမည်။

ဖြေဆိုသူတချို့ကတော့ စိုးရိမ်မှု ခံစားရသည်။ သူတို့ ကန့်သတ်ချက် ကျော်လွန်နေတဲ့ အချက်ကို ဖယ်ထားလိုက်အုံး လုပ်ရိုးလုပ်စဉ်အတိုင်း ဟောပြောပွဲကို ပုံမှန်အတိုင်း အပြီးသတ်နိုင်ရင်တောင် မဆိုးဘူးလို့ ပြောရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကင်းလှည့်တဲ့ ကျောင်းသားအားလုံးသည် ဂန်နန်အကယ်ဒမီက ထိပ်တန်းကျောင်းသားတွေ ဖြစ်ပြီး သူတို့ရဲ့ သုံးသပ်ချက်က တော်တော်မြင့်မားသည်။ ဆရာအသစ်များရဲ့ ဟောပြောပွဲကို အခြေခံအားဖြင့်တော့ ရပ်ပြီး နားထောင်ချင်စိတ် မရှိကြပေ။

ဒါက စာသင်ခန်း ၃၀၁ကို မရောက်သေးလို့ ဖြစ်သည်။

"သူဘာတွေ ပြောနေတာလဲ"

ကျောင်းသားတစ်ယောက်က စကားအနည်းငယ်ကို နားထောင်ပြီး ဘာသာရပ်ကို စဉ်းစား မရဖြစ်နေသည်။

“လူ့ခန္ဓာကိုယ်နဲ့ ကျင့်ကြံခြင်းကြားက ဆက်နွှယ်မှုတွေကို ဟောနေတာပဲ”’ “ရှူး၊ ခဏလောက် တိတ်တိတ်နေကြ”

ကင်းလှည့်နေတဲ့ ကျောင်းသားများသည် အချင်းချင်း တိုးတိုးလေး ပြောဆိုနေကြသည်။ ဘယ်သူမှ မထွက်သွားကြပါ။ ပထမတစ်ချက်ကတော့ ဆွန်းမိုရဲ့စံပြဆရာ အရှိန်အဝါရဲ့ လွှမ်းမိုးမှုကို ခံနေရပြီး

ဒုတိယအချက်ကတော့ ဂရုတစိုက် နားထောင်နေကြတဲ့ ကျောင်းသားများရဲ့ တိတ်ဆိတ်ခြင်း လွှမ်းမိုးမှုကို ခံနေရသည်။

ထိပ်တန်းကျောင်းသားအားလုံးသည် တော်တော်လေး အတွေ့အကြုံ ရှိကြသည်။ ဒါကိုမြင်လျှင် ချောတဲ့ ဒီဆရာက သူရဲ့ ဟောပြောမှုကို ကောင်းကောင်း လုပ်ဆောင်နေတယ်ဆိုတာ သိလိုက်သည်။

“ကောင်းပြီ။ ငါတို့ရတဲ့ အချိန်က အကန့်အသတ်ရှိတော့ ဒီထက်ပိုပြီး အကျယ်ချဲ့လို့

မရတော့ဘူး။ နောက်ထပ် အမေး၊ အဖြေ ကဏ္ဍကို သွားလိုက်ကြစို့။ မင်းတို့မေးတဲ့ မေးခွန်းအားလုံးကို ဖြေပေးမယ်။ ဒါပေမယ့် ခေါင်းစဉ်တွေကတော့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာ ၊ ဝိညာဉ်တက်တူး၊ ဝိညာဉ်သားရဲ ထိန်းချုပ်မှု နဲ့ အပင်ဗေဒ ဘာသာရပ်မှာပဲ ကန့်သတ်ထားတယ်”

ဆွန်းမို စကားပြောပြီးနောက် ကျောင်းသားတွေ မတုန့်ပြန်ခင်မှာပဲ ကင်းလှည့်နေတဲ့ ကျောင်းသားတွေဆီက အသံထွက်လာသည်။

“တောက်၊ ယုံကြည်ချက် ပြင်းလှချည်လား”

ပုံမှန်ဟောပြောပွဲတွေမှာတောင် ဆရာတွေက အမေးအဖြေ အပိုင်းကို သူတို့ဘက်က စပြီး မထည့်တတ်ကြပါ။ ဘာဖြစ်လို့လဲ ဆိုတော့ မေးလာသမျှ မေးခွန်းတိုင်းကို မဖြေနိုင်လျှင် အရှက်ကွဲ ရလိမ့်မည်။

“ဒီဆရာနာမည်ကို တစ်ယောက်ယောက် သိလား”

တစ်ယောက်က မေးလိုက်ပေမယ့် ဘယ်သူမှ ပြန်မဖြေပါ။

စာသင်ခန်းထဲက ကျောင်းသားများနှင့် အပြင်မှာ ကင်းလှည့်နေတဲ့ ကျောင်းသားများသည် ဒီနေရာမှာဘဲ

တစ်ချိန်လုံးရှိနေပြီး ပြင်ပ ကမ္ဘာနဲ့ အဆက်အသွယ် ပျက်နေသည်။

ဒါကြောင့် ကျောင်းသားများသည် နာမည်ကြီးတဲ့ ဖြေဆိုသူရဲ့ လွှမ်းမိုးမှုကို ခံရမယ်လို့ အာမခံလို့ မရပါ။

ကျော်ကြားတဲ့ ဂုဏ်သတင်းကို အားကိုးပြီး ဂူချင်ယန်လို ဖြေဆိုသူများရဲ့ လွှမ်းမိုးမှုအတွက် ကတော့ စိတ်ပူစရာမလိုပါ။ မိမိကိုယ်ကို မိတ်ဆက်ရာမှာလဲ ဖြေဆိုသူများသည် သူတို့၏ အမည်၊ အခြား အသက်မွေးဝမ်းကြောင်း

အလုပ်အကိုင်၊ ဘွဲ့ရခဲ့တဲ့ ကျောင်းနှင့် လက်ရှိလုပ်ကိုင်နေတဲ့ ကျောင်းကို ပြောခွင့် မရှိပါ။

"ဟားဟား။ ဆွန်းမိုကတော့ ကိုယ့်သေတွင်း ကိုယ်တူးနေပြီ"

ဆိုတိုင် ပျော်သွားသည်။ (ဒီတစ်ကြိမ်တော့ မင်းကို ထူးချွန်မဲ မပေးတော့ရင် မင်းအဆုံးသတ်ပြီ မဟုတ်လား)

အခန်း(၄၅၂ - က) - ခန့်ချောကြီး။

တန်နင်သည် အိတ်ဆောင်နာရီကိုတစ်ချက်ထုတ်ကြည့်လိုက်သည်။ အရမ်းကောင်းတယ်။ အချိန် ၁၅မိနစ် ကုန်သွားပြီ။

တခြားဖြေဆိုသူများသာ ဖြစ်ပါက တန်နင်သည် သူတို့ရဲ့ ၁၅ မိနစ် အမှတ်အသားကို သတိထားမိမှာ မဟုတ်ပေ။ ဒါပေမယ့် ဆွန်းမိုကတော့ တွက်ချက်ထားမယ်ဆိုတာ သေချာသည်။

"သူက တကယ်ပဲ အမေးအဖြေ အခန်းကဏ္ဍကို ၄၅ မိနစ် အချိန်ယူမှာလား။ ကြည့်ရတာတော့ သူ့ကိုယ်သူ အရမ်းယုံကြည်ချက် ရှိတဲ့ပုံပဲ"

တန်နင်က ဆွန်းမိုရဲ့စွမ်းဆောင်ရည်ကို ရုတ်တရုတ် မျှော်လင့်မိသည်။

"တိတ်တိတ်နေ၊ တိတ်တိတ်လေး နေကြပါ"

ကင်းလှည့်နေတဲ့ ကျောင်းသားအဖွဲ့ ခေါင်းဆောင်က

“ဟောပြောပွဲ နားထောင်နေတဲ့လူကို အနှောက်အယှက် မဖြစ်စေနဲ့”’

စကြံ်နှ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသဖြင့် အခန်းထဲက ကျောင်းသားများသည် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဒါပေမယ့်လည်း ကျောင်းအုပ်ကြီးက ကြိုပြောထားပြီးသား ဖြစ်သဖြင့် ကင်းလှည့်နေတဲ့ ကျောင်းသားများကို တွေ့တဲ့အခါ မအံ့အောသွားကြပါ။

“ဒီအကြောင်းအရာတွေနဲ့ ပက်သက်ပြီး မေးချင်တဲ့ လူရှိရင် လက်ထောင်ထားကြပါ”

ဆွန်းမို အော်ဟစ်ပြီး ပြောလိုက်သည်။

ကျောင်းသားအသစ်လေးတွေက ရှက်ပြီး မလုပ်ရဲ ဖြစ်နေကြသော်လည်း ထိပ်တန်းကျောင်းသားတွေက လက်ထောင်နေကြပါပြီ။ သူတို့ အသက်အရွယ်အရ ဘာသာတချို့မှာ ရှိတဲ့ မေးခွန်းက မနည်းပါ။

ခဏလောက်ကြာတော့ ထိပ်တန်း ကျောင်းသား နှစ်ဆယ်ကျော် လက်ထောင်ထားကြပြီ။ (ငါက

မေးခွန်းပဲ မေးတာနော်။ ဖြေဆိုသူက မဖြေနိုင်ရင် သွေးအရူက် သူခွဲတာပဲ ငါနဲ့ဘာမှမဆိုင်ဘူး)

ဆွန်းမိုက ပေါ့ပေါ့ပါးပါးလေး ပြုံးနေသည်။ ထိပ်တန်းကျောင်းသားတွေရဲ့ မေးခွန်းကို စောင့်ဆိုင်းနေတဲ့ ပုံစံဖြစ်နေသော်လည်း သူက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုပြီး သူတို့ရဲ့ အချက်အလက်များကို ကြည့်ရှုနေသည်။

"ဒီကကျောင်းသား။ မင်းမေးခွန်း မေးပါ"

ဆွန်းမိုက အရပ်ပုတဲ့ ကျောင်းသားတစ်ယောက်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

“အခုလက်ရှိ ကျင့်ကြံမှုမှာ ထစ်ဆို့နေတယ်။ ဒါကို ကျော်ဖြတ်ဖို့ နည်းလမ်း မရှိဘူးဖြစ်နေတယ်။ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး”

ချူရောင်က မတ်တပ်ရပ်ပြီး မေးလိုက်သည်။

ဖူး

မေးခွန်းကို ကြားလိုက်လျှင် ဆုတိုင် မရယ်ဘဲ မနေနိုင်တော့ပါ။ ဒီတစ်ကြိမ်တော့ ဆွန်းမို ကျိန်းသေပေါက် သေပြီ။ တကယ်တော့ သူက ကျောက်တုံးကို မြေ့ှာက်ပြီး သူ့ခြေထောက်ပေါ် ပြန်ပစ်ချနေတာပဲ။

"အမ်"

ကျန်းမိုင် ခေါင်းခါလိုက်သည်။ ဒီလိုမျိုး ယေဘုယျမေးခွန်းက ဖြေရတာ အခက်ဆုံးပဲ။

ဆွန်းမို မပြောနဲ့ ဒီကျောင်းသားရဲ့ ကိုယ်ပိုင်ဆရာတောင် အသေးစိတ်လေ့လာပြီး စစ်ဆေးမှပဲ ပြဿနာရဲ့ အရင်းအမြစ်ကို ရှာတွေ့လိမ့်မည်။

ဒါ့အပြင် ချက်ခြင်း အကျိုးသက်ရောက်မှု မရှိပါက ဆွန်းမိုရဲ့ အဖြေကို ကျောင်းသားတွေ လက်ခံမှာ မဟုတ်ပေ။

ဆွန်းမိုက စင်ပေါ်မှ ဆင်းပြီး ချူရောင်ဆီ လျှောက်သွားသည်။

"မင်းကိုယ်ကို စစ်ကြည့်မယ်။ မစိုးရိမ်နဲ့"

ဆွန်းမိုက စကားပြောနေရင်း ညာလက်ကို ချူရှောင် ပုခုံးပေါ် တင်ပြီး ညှစ်လိုက်သည်။ တစ်ချိန်တည်းမှာပင် နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုပြီး အသေးစိတ် အချက်အလက်များကို ရယူနေသည်။

ချူရောင်၊ အသက် ၁၆နှစ်၊

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့်(၉)။ လေအရိပ် ကျင့်စဉ်ကို ကျင့်ကြံထားသည်။

ကြံ့ခိုင်မှု - ၉ - အစွမ်းထက်တဲ့ လေသားရဲ တစ်ကောင်လို ကြွက်သားတွေကို မြှင့်တင်နိုင်သည်.

ဉာဏ်ရည် - ၆ - လက်ခံလို့ရသည်။

သွက်လက်မှု - ၅ - ခြေတိုတို တစ်စုံနဲ့ မျက်စိမှိတ်ပြီး လျှောက်မပြေးပါနဲ့။

ခံနိုင်ရည် - ၉ - အဆိပ်ပြီး ၊ မမောမပန်း မချင်း တိုက်ပွဲ ဝင်ခိုင်းလို့ ရသည်။

ဆန္ဒ - ၉ - ဒေါသတစ်ထောင်လောက်တောင်မဖြို့ဘူး။

....

အလားအလာတန်ဖိုး - မြင့်မား။

မှတ်ချက်။ ။ ခွန်အား အမျိုးအစား သူရဲကောင်းဖြစ်သော်လည်း သွက်လက်မှု လမ်းစဉ်ကို လျှောက်လမ်းနေပြီး သူ့ရဲ့ အရည်အချင်းကို ဖြုန်းတီးနေသည်။ ဒါပေမယ့် ကံကောင်းစွာနဲ့ အချိန်မှီသေးသည်။ ဒီလိုမှမဟုတ်ရင် ချိန့်သူတစ်ယောက်နဲ့ ဘာမှမကွာတော့ပါ။

“..................”

ဆွန်းမို ဆွံ့အနေသည်။ (စွမ်းရည်လမ်းကြောင်း မှားယွင်းတဲ့ ရွေးချယ်မှုပေါ့)

လူသစ်လေးက ဆွန်းမို ဘာလုပ်မလဲဆိုတာ သိချင်စိတ်နဲ့ စိုက်ကြည့်နေသည်။ ထိပ်တန်းကျောင်းသားများသည်လည်း အရင် မြတ်ဆရာများကို ဒီလိုမျိုး မေးခွန်းတွေပဲ မေးခဲ့သည်။ ဒါပေမယ့် လုံလောက်တဲ့ အဖြေ ပြန်မရခဲ့ကြပါ။

ဒါ့အပြင် မြတ်ဆရာကြီးများကို မေးခွင့်ရခြင်းက တန်ဖိုးရှိလှသည်။ ဒါကြောင့်

ထိပ်တန်းကျောင်းသားများသည် အကုန်လုံး လေ့လာချင်ကြသည်။ တစ်ခုပဲမေးရလျှင် သူတို့မေးခွန်းအတွက် တိကျတဲ့ အဖြေကိုပဲ လိုချင်သည်။

“သူ့ရဲ့ အမူအရာက မဆိုးဘူး။ သင်ကြားမှုစွမ်းရည်က လက်ခံလို့ ရပေမယ့် အမေးအဖြေ အပိုင်းကို ထည့်လိုက်တာက တခြားသူတွေ သတ်ဖို့အတွက် အားနည်းချက် ထုတ်ပေးလိုက်တာပဲ”

ထိပ်တန်းကျောင်းသားတချို့က သက်ပြင်း ချနေကြသည်။ ဆွန်းမိုအတွက် ထူးချွန်မဲကို ပေးခဲ့ချင်သော်လည်း အခုပုံစံအတိုင်းဆို မဖြစ်နိုင်တော့ပေ။

“လေအရိပ် ကျင့်စဉ်ကို ကျင့်ကြံဖို့ ဘယ်သူ ပြောတာလဲ”

ဆွန်းမိုက မေးလိုက်သည်။

အရင်က သိပ်စိတ်မပါတဲ့ ချူရောင်သည် ဒီစကားကို ကြားလိုက်လျှင် တောင့်တင်းသွားသည်။

ဆွန်းမိုကို အလိုလိုကြည့်လိုက်မိပြီး မျက်လုံး ပြူးနေသည်။

"ဘယ်လို သိတာလဲ"

ဆွန်းမိုကို အရင်ကမတွေ့ဖူးခဲ့တာ သေချာသည်။ ဒါဆိုလျှင် ဆွန်းမိုက သူလေ့ကျင့်တဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို ဘယ်လိုသိတာလဲ။

ဆွန်းမိုက ပြုံးနေခဲ့ပြီး မရှင်းပြဘဲ လျှို့ဝှက်ဆန်းကြယ်မှုကို ထိန်းထားသည်။ ဒီလိုလုပ်မှပဲ ကျောင်းသားတွေ ပိုအာရုံစိုက်လာမည်။

ထင်တဲ့အတိုင်းပဲ ထိပ်တန်းကျောင်းသားတွေရဲ့ သိချင်စိတ်များ နိုးကြားလာသည်။

“ကျင့်ကြံခြင်း ကျင့်စဉ်က တစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်လို့ မဆင်မခြင် မလုပ်သင့်ဘူး။ ဥပမာ မင်းက လျှင်မြန်ပြီး ကြော့ရှင်းတဲ့ ပုံစံကို နှစ်သက်လို့ သွက်လက်မှုအခြေခံတဲ့ အမျိုးအစားကို ရွေးချယ်တယ်။ ဒါပေမယ့် သွက်လက်မှုအပိုင်းမှာ မင်းရဲ့ အားသာချက် မရှိဘူး။ ဒါကိုလေ့လာတာက အချိန်ဖြုန်းသလိုပဲ၊ ရိတ်သိမ်းနိုင်မှုကလည်း နည်းနည်းလေးပဲ ဖြစ်မယ်”

ဆွန်းမိုက ရှင်းပြသည်။

“ငါ့မှာ မြန်နှုန်းနဲ့ ပက်သက်ပြီး အားသာချက်မရှိဘူးဆိုတာ ဘယ်လို သေချာနေတာလဲ”

ချူရောင် ပြန်ပြောသည်။ ဆွန်းမိုက သူ့ရဲ့ ကျင့်စဉ် ရွေးချယ်မှုအပေါ် မေးခွန်းထုတ်နေသဖြင့် မကျေမနပ် ဖြစ်နေသည်။

“မင်း တစ်ဆင့်တက်ဖို့ လိုအပ်တဲ့အချိန်က ကြာသထက် ကြာလာလိမ့်မယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ နှစ်ဝက်က စလို့ပေါ့။ စိတ်ဝိညာဉ် ပြုပြင်ခြင်း

နယ်ပယ်ကို ဝင်ရောက်ဖို့အတွက် မင်းမှာ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၉)ကို ဖြတ်ကျော်နိုင်မယ့် နည်းလမ်း လုံးဝ မရှိသေးဘူး။ ဒါက အကောင်းဆုံး သက်သေပဲ”

ဆွန်းမိုက ဖြေသည်။

“ဒါက အဖြေတစ်ခုလို့ သတ်မှတ်လို့ ရလို့လား။ ကျင့်ကြံမှုမှာ ပိုမြင့်လာလေ ပိုခက်ခဲလာတယ်ဆိုတာ ဘယ်သူက မသိလို့လဲ”

ချူရောင်က မဲ့ရွဲ့ပြီး ပြန်ဖြေသည်။

“မင်းမှားနေပြီ။ ဒီစကားလုံးကို အသုံးပြုဖို့ဆိုရင် အမေးခံရသူက သွေးလောင်ကျွမ်းခြင်းအဆင့် ဒါမှမဟုတ် ပိုမြင့်တဲ့ အဆင့်မှာ ရှိနေမှပဲ ဒီအယူအဆက မှန်မယ်”

ဆွန်းမို စကားပြောနေရင်း အတန်းထဲက ကျောင်းသားတွေကို တစ်ချက်ကြည့်လိုက်သည်။

“မင်းရဲ့ အရည်အချင်းအရ ခွန်အားအမျိုးအစား ကျင့်စဉ်ကို ကျင်ကြံခဲ့မယ်ဆိုရင် စိတ်ဝိညာဉ်ပြုပြင်ခြင်း အဆင့်ကို ရောက်နေတာ ကြာပြီ”

"မင်းတင်မကဘူး။ ကျောင်းသားအများစုလည်း အရည်အချင်းက မဆိုးရင် စိတ်ဝိညာဉ် ပြုပြင်ခြင်းအဆင့်ကို ဝင်နိုင်နေပြီ"

သူ့ရဲ့ အရည်အချင်းက မဆိုးဘူးလို့ ဆွန်းမိုက ချီးကျူးလိုက်သဖြင့် ချူရောင် ငြိမ်ကျသွားသည်။ ဒါပေမယ့် တကယ် မယုံသေးပါ။

"ချူရောင်၊ ငါခန့်မှန်းတာ မမှားရင် မင်းကျောင်းစဝင်တဲ့ ပထမ နှစ်နှစ်မှာ မင်းရဲ့ တိုးတက်နှုန်းက နတ်ဘုရား အရှိန်လောက် ဖြစ်နေမယ်။ မြတ်ဆရာတချို့ကလည်း မင်းကို

စုဆောင်းဖို့ ကြိုးစားလိမ့်မယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ကစပြီး မြတ်ဆရာတွေက ဒီလို မလုပ်တော့ဘူး။ ဘာဖြစ်လို့လဲ သိလား”

ဆွန်းမိုက ချူရောင် မျက်လုံးကို ကြည့်လိုက်ပြီး

“ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ကျင့်ကြံနှုန်းကို အခြေခံပြီး မင်းကို ပါရမီရှင် တစ်ယောက် မဟုတ်ဘူးလို့ ဆုံးဖြတ်လိုက်လို့ပဲ”

ဆွန်းမိုရဲ့ စကားတွေက တိကျနေသောကြောင့် ချူရောင် အံ့အောသင့်နေသည်။ သူ ကျောင်းကို စရောက်တုန်းက သူ့ကျင့်ကြံနှုန်းသည်

ဒဏ္ဍာရီဇာတ်ကောင်လို့တောင် သတ်မှတ်ခံခဲ့ရသည်။ ဒါပေမယ့် အခုအချိန်မှာတော့ သူ့ရဲ့ သန်မာမှုက မဆိုးပေမယ့် ထူးချွန်မှုက မလုံလောက်တော့ပါ။

“အမှန်အတိုင်း ပြောရရင် မင်းရဲ့အရည်အချင်းက အရမ်းကောင်းတယ်။ မင်းက မှားယွင်းတဲ့ ကျင့်ကြံမှု အမျိုးအစားကို ကျင့်ကြံနေလို့ပဲ”

ဆွန်းမိုက ချူရောင် ပုခုံးကို ပုတ်ပြီး ပြောလိုက်သည်။

“မင်းရဲ့ အတွေးကို ငါနားလည်တယ်။ ငါတို့က ယောကျ်ားတွေပဲ။ ငါတို့ထဲမှာ အထာမကျချင်တဲ့လူ

ရှိလို့လား။ ဒါမှလည်း မိန်းကလေးတွေရဲ့ အာရုံကို ဖမ်းစားနိုင်မှာပေါ့”

ချူရောင် မျက်နှာ နီသွားသည်။ ရှက်ပြီး ခေါင်းငုံ့သွားသည်။ ဒီအချိန်က အထာကျချင်သောကြောင့် လေအရိပ် ကျင့်စဉ်ကို ရွေးချယ်ခဲ့သည်။

အထာကျပြီး ခပ်မိုက်မိုက် ပုံစံ ဖြစ်လာသ၍ မိန်းကလေးတွေက သူကို သေချာပေါက် သဘောကျလိမ့်မယ်လို့ ထင်မိသည်။

“မဖြစ်နိုင်ဘူး မဟုတ်လား။ ဒီလိုလည်း အလုပ်ဖြစ်တာလား”

ထိပ်တန်း ကျောင်းသားတွေ အရမ်း အံ့အောသင့်နေသည်။

“ဖြေဆိုသူ၊ ကျင့်ကြံခြင်းကို ပြောင်းလဲခြင်းက ကျောင်းသားတစ်ယောက်ရဲ့ ဘဝကို အကျိုးသက်ရောက်သွားနိုင်တဲ့ အဓိကကကိစ္စကြီးပဲ။ မင်းဆီက စကားအနည်းငယ်ကို အခြေခံပြီး သူ့ကို စွန့်စားခိုင်းနေတာ မဟုတ်ဘူးလား”

ဆုတိုင်က ပြောလိုက်သည်။ ဒါက စာစစ်သူ တစ်ယောက်ရဲ့ အခွင့်အာဏာ ဖြစ်သည်။ အချိန်မရွေး မေးခွန်း မေးခွင့်ရှိသည်။

“မင်းရဲ့ ခွဲခြမ်းစိတ်ဖြာမှုက တိကျတယ်လို့ ခံစားရပေမယ့် မင်းရဲ့ အဖြေတွေက စိတ်ပညာ ရှုထောင့်ဘက်ကနေ ကျောင်းသားရဲ့ နှလုံးသားကို သိမ်းသွင်းနေတာပဲ”

ကျန်းမိုင်က ပြောလိုက်သည်။ ဆွန်းမိုကို ရန်လို မုန်းတီးလို့ မဟုတ်ဘဲ မြတ်ဆရာတစ်ယောက်ရဲ့

ရှုထောင့်ကနေ သူ့ရဲ့ သုံးသပ်မှုကို အခြေခံပြီး ရိုးသားတဲ့ စကားကို ပြောခဲ့သည်။

"ကျောင်းသား ကျင့်ကြံနေတဲ့ ကျင့်စဉ်က မမှားဘဲ ထစ်ဆို့မှုဘဲ ဖြစ်နေတာဆိုရင် ဘယ်လိုလုပ်မလဲ။ မင်းရဲ့စကားကြောင့် သူ့ရဲ့ အလားအလာ ထိခိုက်သွားရင် ဘယ်လိုလုပ်မလဲ"

ကျန်းမိုင်က ချူရောင်ရဲ့ အနာဂတ်ကို စိတ်ပူပြီး ပြောနေသည်။

"အရမ်းကောင်းတယ်။ စာစစ်သူ နှစ်ယောက်က ဒီလို မေးခွန်းတွေ မေးနေပြီ။ မင်းဘယ်လို ပြန်ဖြေမလဲ"

တန်နင်က ဆွန်းမိုကို စိုက်ကြည့်ရင်း စွမ်းဆောင်ရည် တချို့ကို မျှော်လင့်နေသည်။ ပါရမီရှင်ဆိုတာ ဘာလဲ။ အတားအဆီး အားလုံးကို ကျော်ဖြတ်ပြီး နောက်ဆုံးမှ အောင်ပွဲခံတဲ့လူပဲ။

ဆွန်းမိုရဲ့အဖြေကို ကြားပြီး ကျောင်းသားများက မဆိုးဘူး ထင်ခဲ့ကြသော်လည်း စာစစ်သူ

နှစ်ယောက်ရဲ့ စကားကိုကြားပြီး ဆွန်းမိုကို သံသယ မျက်လုံးများနဲ့ ကြည့်လာကြသည်။

"ဒီအဖြေကို ကြည့်ရတာတော့ မင်းတို့တွေ ဒုက္ခ ရောက်ချင်ပြီ ထင်တယ်"

ဆွန်းမိုက မျက်နှာ မပျက်သွားပေ။

"ကျောင်းသား၊ မင်းလေ့ကျင့်တဲ့ ကျင့်ကြံမှု ကျင့်စဉ်က မင်းနဲ့ မသင့်တော်လို့ မင်းရဲ့ ကိုယ်ထဲမှာရှိတဲ့ ကြွက်သားတချို့ အလုပ်မလုပ်နိုင် တော့ဘူး။ ဒါကြောင့် မင်းခွန်အား မတိုးလာတာ၊ အခုပဲ မင်းကို လမ်းညွှန်ပေးလိုက်မယ်"

ဆွန်းမိုက ပြောလိုက်ပြီးနောက် ခြေလှမ်းသုံးလှမ်းနောက်ဆုတ်ကာ လက်ပိုက်ထားလိုက်သည်။

(မင်းက သူပိတ်မိနေတဲ့ ခွန်အားကို ဖော်ထုတ်ပေးမယ် ထင်နေတာ။ ခြေလှမ်း သုံးလှမ်း နောက်ပြန်ဆုတ်သွားတယ်ဆိုတော့ ဘာကို ဆိုလိုတာလဲ။ အထာကျအောင် သရုပ်ဆောင်နေတာလား)

အခန်း(၄၅၂ - ခ) - ခန့်ချောကြီး။

ကျောင်းသားများက တအံ့တအော ကြည့်နေကြသည်။ ထိုအချိန်တွင် ဆွန်းမိုကိုယ်ကနေ ဝိညာဉ်ချီများ ထွက်လာသည်။

ဘုန်း

ဝိညာဉ်ချီတွေက လျှင်မြန်စွာ ပေါင်းစပ်သွားပြီး ဂျင်းနီ ပုံစံ ပေါ်လာသည်။

ဟာ.......................

ဂျင်းနီကိုမြင်တော့ အနီးမှာရှိတဲ့ ကျောင်းသားများ တုန်လှုပ်နေကြသည်။ ကျောင်းသားတွေသည် မတ်တပ်ရပ်ပြီး ဗလတောင့်တောင့်နဲ့ အခြောက်အငွေ့အသက် ထွက်နေတဲ့ ဂျင်းနီအနားကနေ အလိုလို ရှောင်ထွက်သွားကြသည်။

"ဟင့်"

ဂျင်းနီက ဗလညှစ်ပြနေပြီး ချူရောင်ရဲ့ ဗိုက်ကို လက်သီးနဲ့ ထိုးလိုက်သည်။

"အို"

ချူရောင် ဝေခွဲရခက်နေပြီး နာကျင်တဲ့ ခံစားချက်က လျှင်မြန်စွာ ပျောက်သွားပြီး ကြည့်နူးဖို့ကောင်းတဲ့ ခံစားချက် ပေါက်ဖွားလာကာ အလိုလို ညည်းလိုက်မိသည်။

"အို"

ဂျင်းနီသည် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုပြီး ချူရှောင်ကို လှုံ့ဆော်နေသည်။

အပြင်မှာရှိတဲ့ စကြံ့န်အပေါ်အဝင် စာသင်ခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဘာဖြစ်လို့လဲ မျက်စိရှေ့မှာ ဖြစ်နေတဲ့ မြင်ကွင်းက ထိတ်လန့်စရာကောင်းပြီး ထူးဆန်းနေသည်။

ဗလတောင့်တဲ့ ကောင်က ဘာဖြစ်လို့ ရုတ်တရက် ပေါ်လာရတာလဲ။

“ဒ........ဒါ......”

ကျန်းမိုင် အရမ်းအံ့အောပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ပါးစပ်ထဲက သွားပိုးစားနေတဲ့ သွားများကိုတောင် မြင်နေရသည်။

“ကောင်းကင်အဆင့် ကျင့်ကြံခြင်း ကျင့်စဉ်လား”

ဆုတိုင် မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ စိတ်ထဲမှာလည်း အရမ်ပြင်းထန်တဲ့ မနာလိုစိတ်ဖြစ်နေသည်။

အလယ်ကမ္ဘာပြည်နယ်ကိုးခုတွင် ကျင့်ကြံခြင်းကျင့်စဉ်က ထွက်လာတဲ့ အစွမ်းသတ္တိကို ကြည့်ပြီး ကျင့်စဉ်က ဘာအဆင့်လဲဆိုတာ သုံးသပ်ကြသည်။ ပိုလျို့ဝှက်ဆန်းကြယ်ပြီး ပိုကြီးကျယ်ခမ်းနားပါက အဆင့်ပိုမြင့်လို့ပဲ ဖြစ်သည်။

ထူးဆန်းတဲ့ အဝတ်အစားနဲ့ ဗလတောင့်တဲ့ အမျိုးသားတစ်ယောက် ဖြစ်ပေါ်စေတဲ့ ကျင့်စဉ်သည် ဘယ်လိုမှ အဆင့်မနိမ့် နိုင်ပါ။

ဂျင်းနီ ကိုယ်တိုင် လုပ်နေသဖြင့် အကျိုးသက်ရောက်မှုက အံ့မခန်း ဖြစ်နေသည်။ တစ်မိနစ်အတွင်းမှာပဲ ချူရောင် ကိုယ်ထဲကနေ ဝိညာဉ်ချီ ပေါက်ကွဲ ထွက်လာသည်။ ကျယ်လောင်တဲ့ အသံနဲ့အတူ သူ့ခေါင်းပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်း တစ်ခုပေါ်လာသည်။

"ဘုရားရေ။ သူ တကယ်ပဲ အဆင့်တက်ပြီး အောင်မြင်တော့မှာလား"

လူသစ်လေးများသည် အံ့အောနေပြီး မျက်လုံးပြူးနေကြသည်။ တကယ်လည်း ဒီလို မြင်ကွင်းမျိုးက အရမ်းရှားသည်။

ဆွန်းမိုက ချူရောင်ကို ကာကွယ်ပေးထားသဖြင့် ဘယ်လို မတော်တဆမှုမှ မဖြစ်နိုင်ပေ။ ရှေ့ဟောင်းအနိုပ်ပညာ ယူဆောင်လာတဲ့ သာယာမှုမှာ နစ်မျှောနေပြီး အသိစိတ် မဝင်ခင်မှာပဲ အဆင့်တက်တာ အောင်မြင်သွားသည်။

“ကောင်းပြီ။ ထထ”

ဆွန်းမိုက အားထည့်ပြီး ချူရောင် ပုခုံးကို ပုတ်လိုက်သည်။

“ငါ ငါဘယ်သူလဲ”

ချူရောင် မျက်စိကို ပိတ်လိုက် ဖွင့်လိုက်လုပ်ပြီး ပတ်ဝန်းကျင်ကို ကြောင်တောင်တောင် လိုက်ကြည့်နေသည်။

“ငါ ဘယ်မှာလဲ”

“မင်းအဆင့်တက်သွားလို့ ဂုဏ်ပြုပါတယ်”

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

“ငါ အဆင့်တက်သွားတာလား”

ချူရောင် လန့်ပြီး ထခုန်သည်။ ထို့နောက် မသိစိတ်ကနေ ’မဖြစ်နိုင်ဘူး’ ဆိုပြီး အော်လိုက်မိသည်။

“ငါက ခန္ဓာကိုယ် ပြုပြင်ခြင်းအဆင့် (၉)မှာ ပိတ်မိနေတာ နှစ်ဝက်လောက် ရှိနေပြီ။ ဘယ်လိုလုပ်ပြီး အဆင့်တက်န,…………….”

ချူရောင်သည် သူ့ကိုယ်က မလိမ်သဖြင့် စကား ဆက်မပြောနိုင် ဖြစ်သွားသည်။ အခုတော့ သူက

မြင်းတစ်ကောင်လို သန်မာနေသည်။ သံ့ရဲ့ ဆဲလ် တစ်ခုစီတိုင်းက တက်ကြွနေပြီး အားအင်တွေနဲ့ ပြည့်လျှံနေကာ ခန္ဓာကိုယ်ကလည်း တောက်ပနေသည်။

"ရုတ်တရက်ကြီး ဘယ်လို အဆင့်တက်သွားတာလဲ"

ချူရောင် ကြောင်နေသည်။ အရမ်းစိတ်လှုပ်ရှားကာ အသံတွေပါ တုန်နေသည်။

တစ်နှစ်ခွဲလောက် ခံစားခဲ့ရတဲ့ စိတ်ရှုပ်ထွေးနေတာ၊ စိုးရိမ်နေတာ၊ ကို့ကိုယ်ကို

သံသယဝင်တာ စတဲ့ အပျက်သဘောဆောင်တဲ့ ခံစားချက်တွေသည် လေထဲက မီးခိုးငွေ့လို ပျောက်ကွယ်သွားသည်။ ဒါတွေအစား မတရား ပျော်ရွှင်တဲ့ ခံစားချက်သာ ကျန်နေခဲ့သည်။

"ငါအဆင့်တက်သွားပြီ၊ ဟားဟား။ ငါက စိတ်ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်မှာကွ။ အခုနောက်ဆုံးတော့ ပိုမြင့်တဲ့နယ်ပယ်ကို တက်လှမ်းနိုင်ခဲ့ပြီကွ"

နောက်ဆုံးတွင် ချူရောင်သည် သူ့ကိုယ်သူ မထိန်းချုပ်နိုင်တော့ဘဲ လက်သီးဆုပ်ကာ ကြွေးကြော်နေသည်။

"အား............"

ကြွေးကြော်သံက စိတ်ဝိညာဉ်ရဲ့ အနက်ရှိုင်းဆုံး နေရာကန ပေါ်ထွက်လာသည်။ နှစ်ဝက်လောက် ပိတ်မိနေတဲ့ ထစ်ဆို့မှုကို ကျော်ဖြတ်ပြီး အဆင့်တက်သွားပြီ။

ဆွန်းမိုလည်း ပြုံးပြီး ပီတိ ဖြစ်နေသည်။ ဆရာတစ်ယောက်အနေနဲ့ ဒီလို ကြည်နူးဖို့ကောင်းတဲ့

မြင်ကွင်းကို ကြည့်ချင်သည်။ သူတို့ ကျောင်းသားတွေ ကြီးပြင်းလာတဲ့ မြင်ကွင်း။

ဒင်

“ဆရာတစ်ယောက် ဖြစ်ရခြင်း အနှစ်သာရရဲ့ တစ်စိတ်တစ်ပိုင်းကို နားလည်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ရွှေရောင် ရတနာ သေတ္တာ တစ်လုံး”

စနစ်ဆီကနေ ဂုဏ်ပြုတဲ့အသံ ပေါ်ထွက်လာသည်။

ဆွန်းမို ကြောင်သွားသည်။ ဒီလိုလည်း ရှိတာလား။

ချူရောင် နှစ်ခါတောင် ကြွေးကြော်နေခဲ့သည်။ ပြီးနောက် ဆွန်းမိုကို ၉၀ ဒီဂရီ ခါးကွေးပြီး အရိုအသေ ပေးလိုက်သည်။

"ဆရာ၊ ဆရာ့ရဲ့ အကူအညီအတွက် ကျေးဇူးတင်ပါတယ်"

ချူရောင်သည် ငတုံးတစ်ယောက် မဟုတ်ပါ။ ဆွန်းမိုရဲ့ ကြိုးစားအားထုတ်မှုကြောင့်သာ အဆင့်တက်နိုင်ခဲ့တာကို သိသည်။ ဒါကြောင့်လည်း လျှင်မြန်စွာ ကျေးဇူးတင် အရိုအသေ ပေးလိုက်သည်။

ဒင်

ချူရောင်၏ လေးစားအထင်ကြီးမှု +၁၀၀။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် ဖွင့်လိုက်ပြီ။ ရင်းနှီး(၁၀၀/၁,၀၀၀)

"မင်း ခွန်အားအမျိုးအစား ကျင့်စဉ်ကို တကယ်ပြောင်းသင့်တယ်"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

"ငါလည်း အရင်တုန်းက မင်းနဲ့အတူတူပဲ။ တိုက်ခိုက်ရေး ခွန်အားကို ဘာကြီးလဲပေါ့။ ကြည့်ကောင်းပြီး အထာကျတာက ထာဝရ

တည်ရှိတယ်ပေါ့ကွာ။ ဒါပေမယ့် နောက်ဆုံးတော့..........”

ဆွန်းမိုက ရည်ရွယ်ချက်ရှိရှိ ရပ်ထားလိုက်သည်။

စိတ်ဝင်တစား ရှူးသွပ်စွာနားထောင်နေတဲ့ ကျောင်းသားများသည် အားမလို အားမရ ဖြစ်သွားသည်။ သူတို့ထဲက တစ်ယောက်က မေးလိုက်သည်။

“နောက်ဆုံးမှာ ဘာဖြစ်သွားလဲ”

“အို၊ နောက်တစ်ခေါက်မှပေါ့ကွာ”

ဆွန်းမို ပုခုံးတွန့်လိုက်သည်။

"ဆရာ၊ မင်းက အကျင့်မကောင်းဘူး"

"ပြောပြပါ။ တကယ် သိချင်လို့ပါ"

"ဆရာ၊ ဒီဗလတောင့်တဲ့ ကောင်က ဘယ်သူလဲ"

ကျောင်းသားတွေဆီက မေးခွန်းတွေ အဆက်မပြတ် ထွက်လာသည်။ ဒါက အတန်းအစီအစဉ်ကို အနှောက်အယှက် ဖြစ်စေသည်။ ဒါတောင်မှ အငွေ့အသက် အရမ်းကောင်းမွန်နေသည်။

ကျန်းမိုင်သည် တန်နင်ကို တစ်ချက်ကြည့်လိုက်သည်။ မျက်နှာပေါ်မှာ

တုန်လှုပ်မှုများ ရှိနေသည်။ ဘာပြောရမလဲ မသိတော့ပေ။

ကချောက်

ဆုတိုင် မျက်နှာသည် တိမ်မည်း ဖုံးနေသလို မည်းမှောင်နေသည်။ ဒေါသထွက်ပြီး တင်းတင်းဆုပ်ထားတဲ့ လက်ထဲက စုတ်တံလည်း ကျိုးသွားသည်။

"စိတ်ဝင်စားစရာပဲ"

တန်နင်က ရေရွတ်လိုက်သည်။ ဆွန်းမိုအမည်ကို အကဲဖြတ်မှု မှတ်တမ်းထဲတွင် မှတ်ချက် ရေးလိုက်သည်။

"ကောင်းပြီ။ တိတ်တိတ်လေး နေပေးကြပါ။ နောက်တစ်ယောက် ဘယ်သူမေးမှာလဲ"

ဆွန်းမို အသံမှိန်သွားတာနဲ့အမျှ အတန်းထဲမှာ ရှိတဲ့ ကျောင်းသားများ အားလုံးသည် လက်နှစ်ဖက် ထောင်ထားကြသည်။ လေထဲမှာ လက်တွေ ပျံ့ဝံနေပြီး ကြည့်လိုက်လျှင် တောအုပ်ထဲက သစ်ပင်တွေလို ဖြစ်နေသည်။

"ဒီကျောင်းသူလေး။ မင်း မေးခွန်းမေးပါ"

ဆွန်းမိုက ပုံမှန် ပုံရိပ်သာရှိတဲ့ ကျောင်းသူလေးတစ်ယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။

စကြံ့န်မှာ ကင်းလှည့်နေတဲ့ နောက်ထပ် ကျောင်းသား အုပ်စု နှစ်စုသည် ဆူဆူညံညံ အသံတွေကြောင့် သတိပေးသလို ဖြစ်သွားသည်။

"ဟိုမှာ ဘာဖြစ်နေတာလဲ။ ဘာတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဖြေဆိုသူက သာမန် အဆင့်ထက်တောင် နိမ့်ကျနေလို့ ကျောင်းသားတွေက လှောင်နေကြတာလား”

“မြန်မြန် သွားကြည့်ရအောင်”

ကင်းလှည့်နေတဲ့ ကျောင်းသားများသည် အခန်း ၃၀၁မှာ စုရုံးလာကြသည်။

လူတွေက ဒီလိုမျိုး ပွဲစည်တာကို ကြိုက်ကြသည်။

စာစစ်သူအဖွဲ့ရဲ့ ဦးဆောင်သူဖြစ်တဲ့ မိုင်ရာဇီ တို့အဖွဲ့လည်း ဖြတ်သန်းတဲ့ အချိန်နှင့် တိုက်ဆိုင်နေသဖြင့် ဒီအခြေအနေကို မြင်လိုက်သည်။

"ဆရာမိုင်၊ ငါတို့ သွားကြည့်ကြမလား"

စာစစ်သူတစ်ယောက်က အဆိုပြုသည်။

"ကောင်းပြီလေ"

မိုင်ရာဇီ ခေါင်းညိတ်လိုက်သည်။ သူမ အခန်းထဲသို့ လှမ်းကြည့်ပြီးနောက် မျက်လုံး အရောက်တောက်လာသည်။ တကယ်ပဲ ဆွန်းမိုလား။ စာသင်ခန်းထဲက အငွေ့အသက်အရတော့ သူ့ဟောပြောမှု တကယ်ကောင်းမွန်နေတဲ့ ပုံပဲ။

"ဆရာ၊ ကျွန်မ မေးချင်တာက အနာဂတ်မှာ အောင်မြင်မှုတွေ ရနိုင်ပါ့မလား"

နင်းဂျူက လေသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

ဟာ

နင်းဂျူရဲ့ စကားကြောင့် စာသင်ခန်းနှင့် စကြ်ံန်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဒါက ဘယ်လို မေးခွန်းလဲ။

ဖြေဆိုသူ ဆွန်းမို မပြောနဲ့ သာမည သူတော်စင်တွေတောင် မင်းရဲ့ အနာဂတ် အောင်မြင်မှုအကြောင်းကို သိမှာ မဟုတ်ဘူး။ ဘယ်လို့ပဲပြောပြော ဘယ်သူက အနာဂတ်ကို ဟောကိန်း ထုတ်နိုင်လို့လဲ။

"မေးခွန်းကောင်းပဲ"

ဆုတိုင် ဝမ်းသာပြီး စိတ်လှုပ်ရှားကာ မျက်ရည်ကျလုနီးပါး ဖြစ်လာသည်။ ဒီလိုမျိုး ဒဿန မေးခွန်းမျိုးက ဖြေဖို့ အခက်ဆုံးဖြစ်သည်။ ဆွန်းမို ဘာပဲဖြေဖြေ သူ့မှာ ထောက်ဖို့ မေးခွန်း တစ်ရာလောက်ရှိသည်။

"ဘာအဖြေလိုချင်လဲ"

ဆွန်းမိုက ပြန်မေးလိုက်သည်။ မိန်းကလေး၏ မျက်လုံးကို စိုက်ကြည့်လိုက်တော့ မျှော်လင့်ချက် ကင်းမဲ့နေတာ မြင်လိုက်ရသည်။ မျှော်လင့်ချက်

ပျောက်ဆုံး နေသလိုပဲ။ ဒါက ဆွန်းမို နှလုံးသားကို တော်တော်လေး နာကျင်သွားစေသည်။

အခန်း(၄၅၃) - ကောင်းကင်ဘုံ လမ်းပြမှု။

ဆွန်းမိုရဲ့ အဖြေကို ကြားလိုက်လျှင် နင်းဂျူဆိုတဲ့ မိန်းကလေး ကြောင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သိနေရင် ဘာဖြစ်လို့ မေးမှာလဲ)

ထုံးစံအတိုင်း နင်းဂျူ ဒါကို ပြန်မပြောရဲပါ။ ဒါကြောင့် ခေါင်းငုံ့ပြီး ငြိမ်ကျသွားသည်။ သူမကို ကြည့်ရတာ အထီးကျန်နေတဲ့ ပန်းလေး တစ်ပွင့်လိုပဲ။

ဆွန်းမိုက ကောင်မလေးကို ကြည့်ပြီး အချက်အလက်ကို စစ်ဆေးလိုက်သည်။

နင်းဂျူ အသက် ၁၅ နှစ်။

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် (၆)။

ကြံ့ခိုင်မှု - ၇ _ အရင်ကတည်းက အလုပ်တွေ အများကြီး လုပ်ပြီး အများကြီး ခံစားခဲ့ရသည်။ ငါ့လက်တွေ ရှိနေသ၍ ငါအသက် ဆက်ရှင်နိုင်တယ်။

ဉာဏ်ရည် - ၅ - ပုံမှန်။ ဒါပေမယ့်လည်း သင်ယူချင်စိတ် ရှိသည်။

သွက်လက်မှု - ၅ - လက်ခံနိုင်ရုံ။

ခံနိုင်ရည် - ၈ - ဆင်းရဲ ဒုက္ခ အားလုံးကို ခံနိုင်ရည် ရှိပြီး ကြိုးစားရမှာ မကြောက်ပါ။

ဆန္ဒ - ၃ - တန်ဖိုးသည် ၈ ဖြစ်သင့်သော်လည်း လက်ရှိတွင် ကျဆင်းနေသည်။။

....

အလားအလာတန်ဖိုး - ပျမ်းမျှ။

မှတ်ချက်။ ။ မကြာခင်က အမေဆုံးသွားသဖြင့် စိတ်ပျက်ပြီး ကို့ကိုယ်ကို သံသယ ဝင်နေသည်။

ဒီအခိုက်အတန့်တွင် ကင်းလှည့်းတဲ့ ကျောင်းသားများ၊ အခန်းထဲက ကျောင်းသားများ၊ စာစစ်သူများ အပါအဝင် လူ ၂၀၀ နီးပါးလောက်က ဆွန်းမိုကို စိုက်ကြည့်နေကြသည်။ သုံးသပ်ခန့်မှန်းတဲ့ အငွေ့အသက်တွေ ပါဝင်နေပြီး တချို့က သိချင်နေကြသည်။ တချို့က ပွဲကောင်း

စောင့်ကြည့်ချင်ကြသည်။ ဒါပေမယ့် ဆွန်းမိုကတော့ မတုန်လှုပ်ပါ။ သူ့မျက်လုံးထဲတွင် ပိန်းသေးသေး ကောင်မလေး တစ်ယောက်ပဲ ရှိနေသည်။

“ ၁၅နှစ်ဆိုတာ လူငယ်တွေအတွက် အရွယ်ကောင်းပဲ။ ဆယ်ကျော်သက် လူငယ်တွေက ပြုံးရယ်နေသင့်ပြီး အပူအပင်ကင်းကင်းနဲ့ ဘဝကို ဖြတ်သန်းသင့်တယ်”

ဆွန်းမိုက ပြောလိုက်သည်။

တစ်ခန်းလုံး တိတ်ဆိတ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နင်းဂျူက ဒီစကားကို ကြားလိုက်လျှင် ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

လူငယ်ရဲ့ အကောင်းဆုံး အရွယ်ဟုတ်လား။

ရယ်မောမယ် ဟုတ်လား။

အပူအပင် ကင်းကင်း ဖြတ်သန်းမယ် ဟုတ်လား။

(ငါတော့ ပင်ပန်းတာပဲ ခံစားမိတယ်)

နင်းဂျူသည် ဆင်းရဲတဲ့ မိသားစုတွင် မွေးဖွားပြီး မွေးဖွားတဲ့အချိန်ကစပြီး အခုအချိန်အထိ သူမရဲ့ မှတ်ဉာဏ်ထဲတွင် ဆာလောင်မှု၊ နိမ့်ကျမှုနှင့် ပင်ပန်းတာပဲ ရှိသည်။

နင်းဂျူသည် ဗိုက်ဝအောင် အလုပ်တွေ အများကြီး လုပ်ခဲ့ဖူးသည်။

သူမ အမေနောက်သို့ လိုက်ပြီး တခြားမိသားစုတွေ ဆီမှာ ညနက်တဲ့အထိ အဝတ်တွေ လျှော်ခဲ့ဖူးသည်။ ညနက်တဲ့အထိ အမှိုက်တွေ စွန့်ပစ်ကာ အိပ်ယာပေါ်ကို အားတင်းပြီး လေးဘက်တွား တက်ခဲ့ဖူးသည်။ အရမ်းပင်ပန်းလို့ တခြား သူများ မလုပ်ခြင်တဲ့ အလုပ်အတွက် နင်းဂျူတို့သည် တိုက်ပွဲဝင်ခဲ့ရရုံသာမက တခြားသူများ

မလုပ်ချင်တဲ့အတွက် ကောင်းချီးတစ်ခုလို့ တွေးခဲ့ဖူးသည်။ ဒီလိုလုပ်မှဘဲ ပိုက်ဆံ ရှာနိုင်မည်။

နင်းဂျူက သူမဘဝသည် အမြဲဒီလိုပဲ ဖြစ်နေမယ်လို့ တွေးခဲ့ဖူးသည်။ ဒါပေမယ့်လည်း သူမ အသက် ၁၃နှစ်တွင် သူမ အမေက သူမလက်ကို ဆွဲကာ ကြီးမားတဲ့ ခြံဝန်းကြီး အရှေ့သို့ခေါ်သွားသည်။

ဒီနေရာက အရမ်း ဇိမ်ကျကျ ခံစားလို့ရတဲ့ အိမ်တော်ကြီး တစ်ခုဖြစ်ပြီး သူမ တစ်သက်လုံး ကြိုးစားရင်တောင် မတတ်နိုင်တဲ့ နေရာ ဖြစ်သည်။

ထိုနေရာသည် မြတ်ဆရာတစ်ယောက်ရဲ့ အိမ်ဖြစ်ကြောင်း နင်းဂျူ သိလိုက်ရသည်။ နောက်ဆုံးတော့ မြတ်ဆရာက နင်းဂျူရဲ့ အရည်အချင်းကို စစ်ဆေးပြီး ဂန်နန် အကယ်ဒမီ မှာတက်ဖို့ အကြံပေးလိုက်သည်။ သူမအမေရဲ့ အဆက်မပြတ် တောင်းဆိုမှုကြောင့်လည်း ပါသည်။

ဒီအသံကို နားထောင်လိုက်လျှင် ရိုးရှင်းတယ်လို့ ထင်ရပေမယ့် ဒီအခွင့်အရေးကို ရဖို့အတွက် သူမရဲ့ အမေက အိမ်အရှေ့မှာ အကြိမ်တစ်ထောင်လောက်

အရိုအသေ ပေးခဲ့ရသည်။ ဘယ်တုန်းကမှ သူမကို ပြန်မပြောခဲ့ပါ။

ကျောင်းလခ အရမ်းဈေးကြီးလို့ နင်းဂျူက ကျောင်းမတက်ချင်ပါ။

ဒါပေမယ့်လည်း သူမအမေက သူမလို ပင်ပန်းဆင်းရဲပြီး တစ်ဘဝလုံး ရုန်းကန်ရင်း အဆုံးသတ် မသွားစေချင်ဘူးလို့ နင်းဂျူကို အမြဲပြောခဲ့သည်။ သူမ ကြိုးကြိုးစားစား လေ့လာတာပဲ ပိုကောင်းမည်။ သူမ အနည်းငယ်သာ

သင်နိုင်ခဲ့လည်း အနာဂတ်မှာ နွေးနွေးထွေးထွေးနဲ့ ဗိုက်ပြည့်အောင် စားနိုင်လိမ့်မည်။

နင်းဂျူလည်း နာခံခဲ့သည်။ ဒါပေမယ့် ကျောင်းတက်ရတဲ့ ရည်ရွယ်ချက်က သူမအတွက် မဟုတ်ပေ။ သူမအမေကို ကောင်းမွန်တဲ့ ဘဝတစ်ခုမှာ ထားချင်လို့ ဖြစ်သည်။

ဒါပေမယ့် အခုတော့ အမေဆုံးသွားပြီ။

နင်းဂျူသည် အလုပ် အလွန်အကျွံလုပ်လို့ သူ့အမေ ဆုံးသွားတယ်ဆိုတာ သိခဲ့ရသည်။

ဒီအချိန်တွင် သူမက သူမအမေကို သတ်လိုက်တယ်လို့ ခံစားနေရသည်။ သူမမှာ အရည်အချင်း မရှိတာ သိသာနေတာပဲ ဘာဖြစ်လို့ အမေကို စောစောမပြောခဲ့တာလဲ။

ကျောင်းထွက်လိုက်ရင် အမေ သေမှာ မဟုတ်ပါ။

ဆွန်းမိုသည် အခန်းထဲက ငယ်ရွယ်နုပျိုနေတဲ့ ကျောင်းသားတွေရဲ့ မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

"ဒါပေမယ့်လည်း မင်းတို့ နရောင်အောက်မှာ မင်းတို့ရဲ့ အကောင်ဆုံး အချိန်ကို ပျော်ပျော်ရွှင်ရွှင်နဲ့

ဖြတ်ကျော်နိုင်ဖို့ နောက်ကွယ်ကနေ မင်းတို့အားလုံးအတွက် လေနဲ့မိုးကို ကာကွယ်ပေးထားတဲ့ လက်တစ်စုံကို မင်းတို့ မမေ့ဖို့ ငါ မျှော်လင့်တယ်”

ကျောင်းသားတွေ ငြိမ်ကျသွားသည်။ ဆွန်းမိုက သူတို့မိဘအကြောင်း ပြောနေတာ သူတို့ သိသည်။

“မင်းအမေက ဘာဖြစ်လို့ ကျောင်းပို့လိုက်တယ်လို့ မင်းထင်လဲ”

ဆွန်းမိုက နင်းဂျူကို ကြည့်ပြီး မေးလိုက်သည်။ ပြန်မပြောခင် သူက ဆက်ပြီး မေးလိုက်သည်။

"ဘိုးဘေးတွေ ဘုန်းကျက်သရေ တိုးဖို့လား။ မင်းကို အားကိုးပြီး သူမက ပိုကောင်းတဲ့ ဘဝမှာ နေချင်လို့လား။ ဒါမှမဟုတ် မင်းကို ဝန်ထုပ်ဝန်ပိုးလို့ မြင်ပြီး စွန့်ပစ်ချင်လို့လား"

"ငါ့အမေက ငါ့ကို ဝန်ထုပ်ဝန်ပိုးလို့ ဘယ်တော့မှ မတွေးဘူး"

ဆွန်းမိုရဲ့ စကားကို နားထောင်ပြီး နင်းဂျူသည် သူမအမေကို စော်ကားနေသလို ခံစားရကာ တန်းပြီး ပြန်အော်သည်။

"ငါ့အမေက ငါ့ကို ပိုကောင်းတဲ့ ဘဝမှာ နေစေချင်လို့ ဒီလိုလုပ်ခဲ့တာ။ ငါ နောက်တစ်ခေါက် မငတ်တော့အောင်"

ဖောက် ဖောက်

နင်းဂျူ မျက်လုံးထဲကနေ မျက်ရည် စီးကျလာသည်။

"သူမရဲ့ ဆန္ဒကို မင်းသိနေတာပဲ။ ဘာဖြစ်လို့ သူမရဲ့ မျှော်လင့်ချက်ကို နှိမ့်ချနေသေးတာလဲ"

ဆွန်းမို စိတ်မဆိုးပါ။ အမှန်အတိုင်းပြောရလျှင် နင်းဂျူရဲ့ တုန့်ပြန်မှုကို မြင်ပြီး တကယ်

ကျေနပ်သွားသည်။ အနည်းဆုံးတော့ သူမ အမေရဲ့ကြိုးစားမှု အလဟာသ မဖြစ်သွားပေ။

“ဘာ....ဘာလို့လဲ ဆိုတော့ ငါ့မှာ အရည်အချင်း မရှိဘူး”

နင်းဂျူက မျက်နှာကို လက်နဲ့ အုပ်ပြီး ပြောနေသည်။

“ဒါက ငါ့အတွက် မဖြစ်နိုင်ဘူးဆိုတာ သိသာနေတာပဲ။ ကျောင်းဆက်နေပြီး စာသင်တာက ပိုက်ဆံ ဖြုန်းရုံ သက်သက်ပဲ။ ငါ့အတွက် အနာဂတ် မရှိဘူး”

"ဟင်း............"

ကျန်းမိုင် သက်ပြင်းချလိုက်သည်။ နှစ်တွေတော်တော်ကြာအောင် ဒီလိုမျိုး ကျောင်းသားတွေကို မြင်ဖူးသည်။ နောက်ဆုံးတော့လည်း သူတို့အားလုံးသည် သာမန်သာ ဖြစ်သည်။

"ဟုတ်တယ်။ မင်းမှာ အရည်အချင်း မရှိဘူး"

ဆွန်းမို ပြတ်ပြတ်သားသား ပြောလိုက်သည်။

သူ့စကားသံကြောင့် ကျောင်းသားတွေ တုန်လှုပ်သွားကြသည်။ တချို့က မကျေနပ်ကြပါ။

အမှန်တရားဆိုပေမယ့် ဒီလိုမျိုး အသံကျယ်ကျယ်နဲ့ ပြောတာက ရက်စက်လွန်းသည်။

"မင်းအရည်အချင်း မရှိဘူးဆိုတာက မင်းမကြိုးစားချင်တဲ့ အကြောင်းပြချက် မဟုတ်ဘူးလား"

ဆွန်းမိုက အပြစ်တင်လိုက်သည်။

"ကို့ကိုယ်ကို အပြစ်တင်ရင်းနဲ့ မင်းအမေရဲ့ မျှော်လင့်ချက်တွေကို မေ့လိုက်ပေါ့။ ဒီကမ္ဘာမှာ မင်းကိုဘယ်သူက မွေးခဲ့တာလဲ။ မင်းနဲ့

ဆယ့်ငါးနှစ်ကြာအောင် အတူတူခံစားခဲ့တဲ့ မင်းအမေထက် ဘယ်သူ ပိုနားလည်လဲ"

"မင်း အရည်အချင်းက ဘယ်လိုလဲဆိုတာ သူမ သိပေမယ့် မင်းကျောင်းတက်နိုင်အောင် မရေမတွက်နိုင်တဲ့ ဒုက္ခတွေကို ခါးစည်း ခံတုန်းပဲ။ ဘာဖြစ်လို့လဲ သိလား"

နင်းဂျူ အံ့အောစွာ ခေါင်းထောင်လာသည်။ သူမက ဆွန်းမိုကို ကြည့်ပြီး

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူမက မင်းကို နည်းနည်းလေးပဲ ပိုကောင်းရင်တောင် ပိုကောင်းတဲ့ ဘဝမှာ နေစေချင်တယ်"

"ဒီကမ္ဘာမှာ မင်းသင်ထားတဲ့ အရာက ဘယ်သူမှ ခိုးသွားလို့ မရဘူး။ မင်းရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပြီး မင်းရဲ့ အကောင်းဆုံးပုံစံအဖြစ် ကြီးပြင်းလာခွင့် ပေးလိမ့်မယ်"

"သေသေချာချာ စဉ်းစား။ အခုထွက်သွားရင်တောင် တခြားသူအဝတ်တွေ လျှော်ရအုံးမှာလား။ ညဘက်အထိ အမှိုက်တွေ

ပစ်ရအုံးမှာလား။ အသက်ရှင်ဖို့ အလုပ်လုပ်ရရင်တောင် ပိုကောင်းတဲ့ အလုပ်ကို ရှာနိုင်နေပြီ”

နင်းဂျူ တွေးကြည့်လိုက်တော့ ဒါက အမှန် ဖြစ်နေသည်။ အခု သူမတွင် စွမ်းရည်တချို့ ရှိနေပြီ။ ပိုကောင်းတဲ့ အလုပ်တစ်ခုကို ရှာပြီး ငွေပိုရှာနိုင်နေပြီ။

“မင်းက နောက်ထပ် နှစ်အနည်းငယ်လောက်နေပြီး ပိုလေ့လာလိုက်ရင် အခုထက် ပိုကောင်းတဲ့ အလုပ်ကို ရှာနိုင်အုံးမှာပဲ”

ဆွန်းမိုက နင်းဂျူကို ကြည့်ပြီး အဓိပ္ပါယ်ရှိတဲ့ စကားတွေ ပြောနေခဲ့သည်။

"ဒါကလည်း မင်းအမေရဲ့ မူလ ရည်ရွယ်ချက်ပဲ"

"အမေ........................."

နင်းဂျူ တိတ်တိတ်လေး ငိုနေရှာသည်။

ကျောင်းသားတွေ ငြိမ်ကျသွားသည်။ အထူးသဖြင့် ဆင်းရဲတဲ့မိသားစုမှ လာကြတဲ့ ကလေး တွေဖြစ်သည်။ အရမ်း စိတ်လှုပ်ရှားနေကြသည်။

"မင်းလက်ကို ဆန့်လိုက်"

ဒီနောက် ဆွန်းမိုက သူမ လက်ကိုကိုင်ပြီး လက်ဖဝါး လှန်လိုက်သည်။

“ဒါတွေကို ကြည့်။ သူတို့ကမင်းကို ဘယ်တော့မှ မလိမ်ဘူး”

ပတ်ဝန်းကျင်မှာ ရှိတဲ့ ကျောင်းသားတွေလည်း လည်ပင်း ဆန့်ထားကြသည်။ ဒီမိန်းကလေးရဲ့ လက်ဖဝါးမှာ အသားမာတွေနဲ့ ပြည့်နေပြီး ဒဏ်ရာ အမျိုးမျိုးလည်း ရှိနေသည်။

“မင်းအရည်အချင်းက မလုပ်နိုင်ရင် မင်းပိုကြိုးစားပေါ့”

"ဒီကမ္ဘာမှာ ရှားပါးတဲ့ လူနည်းစုကပဲ အထွဋ်အထိပ်မှာ ရပ်တည်နိုင်တယ်။ မင်းက သူတို့လို ဖြစ်စရာမလိုတောင် တစ်ဝက်လောက် တတ်နိုင်ရင်တောင် လုံလောက်ပြီ"

"ထုံးစံအတိုင်းတော့။ မင်းက တောင်ထိပ်ကို ပစ်မှတ်ထားဖို့ ငါမျှော်လင့်နေတုန်းပဲ။ တကယ်တော့ အိပ်မက်မရှိဘဲ ဖြတ်သန်းနေတဲ့လူက ဆားနယ်ငါးနဲ့ ဘာမှမထူးဘူး"

ဆွန်းမိုက တိုးတိုးလေး ပြောလိုက်ပေမယ့် သူ့အသံက စာသင်ခန်းထဲကနေ စင်္ကြံန်အထိ ပျံ့နှံ့သွားသည့်.။

ရွှစ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဆွန်းမိုကိုယ်ကနေ ရွှေရောင် အလင်းတန်းတစ်ခု ဖြာထွက်လာကာ အလင်းတွေက သိပ်သည်းနေပြီး ညအချိန် ကောင်းကင်မှ ပျံ့ဝဲနေတဲ့ ပိုးစုန်းကြူးတွေလို ဖြစ်နေသည်။

“ဆရာ”

နင်းဂျူသည် စိတ်ခံစားချက်ကို ထိန်းသိမ်းနိုင်စွမ်း မရှိတော့ပေ။ ဆွန်းမိုကို ဖက်ထားပြီး ရင်ဘက်ထဲမှာ ခေါင်းနှစ်ထားသည်။

“မင်းအတွက် ခက်ခဲတော့မှာဘဲ”

ဆွန်းမိုက ကောင်မလေးကိုဖက်ထားပြီး ခေါင်းကို ညင်သာစွာ ပွတ်ပေးနေသည်။

“မင်းအမေက မင်းလက်တွေကို မြင်ရင် သေချာပေါက် ကျေနပ်နေလိမ့်မယ်။ ငါ့သမီး

အမြဲတမ်းကြိုးစားနေပြီ၊ ငါ့ရဲ့ အားစိုက်ထုတ်မှုက အလကား မဖြစ်ခဲ့ဘူး” ဆိုပြီးပေါ့၊

ဖောက်ဖောက်

နှင်းဂျူရဲ့ မျက်ရည်တွေက ဆွန်းမို အဝတ်အစားတွေကို စိုကုန်သည်။

“ပြောတာ တကယ် ကောင်းတယ်”

စကြိုန်မှာရှိတဲ့ စာစစ်သူတွေက သက်ပြင်းချပြီး မနေနိုင်တော့ဘဲ လက်ခုပ်တီးကာ ဂုဏ်ပြုလိုက်ကြသည်။

မိုင်ရာဇီက ခေါင်းညိတ်ပြီး ဆွန်းမိုကို သဘောကျတဲ့ အကြည့်တွေနဲ့ ကြည့်နေသည်။ မြတ်ဆရာတစ်ယောက်အနေနဲ့ ကျောင်းသားတွေရဲ့ လေ့လာရေးကို လမ်းညွှန်ပေးရုံသာမက အမှောင်ထဲမှာ လမ်းပျောက်နေတဲ့ ကျောင်းသားတွေကိုလည်း အလင်းရောင်ဆီ ခေါ်ပေးရမည်။

ကျောင်းသားတွေက ငယ်ရွယ်သဖြင့် စိတ်ရှုပ်ထွေးပြီး လမ်းပျောက်မှုက မဖြစ်မနေ ရှိနိုင်သည်။ ဒါကြောင့် အရှေ့ဆက်သွားလို့ရအောင်

လမ်းကြောင်း အမှန်ပေါ်တင်ပေးခြင်းက ဆရာတွေရဲ့ တာဝန် ဖြစ်သည်။

“အရင်တုန်းက ပြောနေကျစကား တစ်ခုရှိခဲ့တယ်။ မင်းနားထောင်ချင်လား”

ဆွန်းမိုက နင်းဂျူရဲ့ ကျောကို ပွတ်ရင်း မေးလိုက်သည်။

နင်းဂျူက ခေါင်းမော့ပြီး ဆွန်းမို မျက်လုံးကို ကြည့်လိုက်သည်။

“ဟုတ်”

“ဘဝဆိုတာက လက်ရှိမှာဘဲ ရှုပ်ထွေးမနေနဲ့။ ကဗျာနဲ့ အဝေးကနယ်မြေတွေက ငါတို့ကို စောင့်နေကြတယ်”

ဆွန်းမိုက ဆက်ပြီး

“မွေးတုန်းကတော့ လက်ဗလာနဲ့ပေါ့။ ဒါပေမယ့် သမုဒ္ဒရာလည်း ရှာနိုင်တယ်”

“ကလေး၊ မင်းအမေက မင်းကိုလက်မလျှော့ဘဲ အနစ်နာခံခဲ့တယ်။ ပိုအရေးကြီးတာက မင်းဘဝကို မနှိမ့်ချနဲ့။ မင်းက သေချာပေါက် ဝေးလံတဲ့ နယ်မြေကို

ရှာတွေ့ပြီး မင်းအမေရဲ့ ဝိညာဉ်ကို နှစ်သိမ့်ပေးနိုင်လိမ့်မယ်”

ရှစ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာပြန်သည်။

အလင်းတန်းတွေ လူတိုင်းဆီ ဖြာကျနေသည်။ ဆောင်းရာသီ နေရောင်လို နူးညံ့ပြီး လူတွေရဲ့ နှလုံးသားကို နွေးထွေး သွားစေသည်။

“ဆူညံသံတွေ ၊ တီးတိုးသံတွေ မရှိတော့ပါ။ တစ်ကမ္ဘာလုံးက ရွှေရောင်နယ်မြေထဲ နစ်မြုပ်နေပြီး

ဒီမှာ ရိတ်သိမ်းမှုတွေ၊ ရယ်မောသံတွေနဲ့ ကောင်းကင်ပေါ်က ငှက်တွေရဲ့တေးဆိုသံပဲ ရှိတော့တယ်”

အချိန်တော်တော် ကြာသွားသည်။

တန်နင်သည် ဆွန်းမိုပြောခဲ့တဲ့ စကားများကို ပြန်ရေရွတ်လိုက်ကာ စတင်ပြီး လက်ခုပ်တီးလိုက်သည်။ အဲဒီ အခိုက်တန့်မှာ မေ့နေပြီဖြစ်တဲ့ အိပ်မက်တွေ ပြန်မြင်ယောင်လာသည်။

ဖြောင်း

ဖြောင်း ဖြောင်း

ဖြောင်း ဖြောင်း ဖြောင်း

လက်ခုပ်သြဘာသံတွေက တဖြည်းဖြည်းနဲ့ ကျယ်လောင်လာပြီးနောက် နွေရာသီထဲက မိုးကြိုးမုန်တိုင်းလို ကျယ်လောင်လာသည်။ အသံက အစပိုင်းတွင် သုံးထပ်မြောက်မှာဘဲ ရှိနေပြီး အဆောက်အဦး တစ်ခုလုံးကို တဖြေးဖြေးနဲ့ ပျံ့နှံ့သွားသည်။

“နှစ်ပေါင်း ဆယ်နဲ့ချီပြီး ကြာသွားရင် ငါတို့မြတ်ဆရာလောကမှာ နောက်ထပ် သာမညသူတော်စင်တစ်ပါး ပေါ်ထွက်လာတော့မယ်’

မိုင်ရာဇီက ညင်သာစွာ လက်ခုပ်တီးနေပြီး ပြတင်းပေါက်ကနေ ဆွန်းမိုကို သဘောကျစွာ ကြည့်နေသည်။

“အင်း........အခုတော့ ချန်မျိုးနွယ် ဒုက္ခရောက်ပြီ”

ကျန်းမိုင်သည် သက်ပြင်းချပြီး ချန်မျိုးနွယ်အတွက် စုစုပေါင်း သုံးမိနစ်လောက် ငိုကြွေးပေးလိုက်သည်။

ဆုတိုင် တစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်နေကာ ဘာပြောရမလဲ မသိဖြစ်နေရှာသည်။ သူ့ရဲ့ အရိုင်းဆုံး အိပ်မက်တွေထဲမှာတောင် ဒီလို တိုးတက်မှုမျိုးကို မျှော်လင့်မိမှာ မဟုတ်ပေ။ (ဘယ်လို ပြန်ဖြေမှာလဲ)

ဆွန်းမိုကိုသာ ရဲရဲတင်းတင်း မေးခွန်းထုတ်လိုက်လျှင် အသုံးမကျတဲ့ မြတ်ဆရာဘွဲ့က သူ့ခေါင်းပေါ် အလိုလို ရောက်လာမည်။ သူ့ဂုဏ်သိက္ခာကို တစ်ဘဝလုံး သန့်စင်အောင် လုပ်နိုင်မှာ မဟုတ်တော့ပေ။

"ငါ.လို.."

ဆုတိုင် တော်တော်လေး စိတ်ဓါတ် ကျသွားသည်။ ဒေါသထွက်ပြီးနောက် ပိုတောင် စိတ်ဓါတ်ကျလိုက် ၊ စိတ်ပျက်လိုက် ဖြစ်နေသည်။ နောက်ဆုံးတော့ ခံစားချက် အားလုံးသည် မနာလိုမှုအဖြစ် ပြောင်းလဲသွားသည်။

ဆရာတစ်ယောက်အနေနဲ့ ကျောင်းသားတွေကို လမ်းပြပေးတဲ့ အလင်းရောင် တစ်ခု ဖြစ်ချင်သည်။ ကျောင်းသားတွေက သူ့ကို ကိုးကွယ်တဲ့ အကြည့်နဲ့ ကြည့်စေချင်သည်။ ဒါပေမယ့် ရှုံ့ဖို့ကောင်းတဲ့

ဒီဆွန်းမိုက သူ့အရှေ့မှာ တဆင့်ပြီး တဆင့် အောင်မြင်နေသည်။

"ဒီဆရာ နာမည်က ဘာလဲ။ တစ်ယောက်ယောက် သိကြလား"

"ဒီစကားနှစ်ခွန်းမှာ သူပြောသွားတာ အရမ်းကောင်းတယ်။ ကဗျာနဲ့ ဝေးလံတဲ့ နယ်မြေရှိတယ်။ ရိုးရှင်းတယ် ထင်ရပေမယ့် သဘောတရားက အရမ်းနက်ရှိုင်းတယ်"

"ငါ ဘာလုပ်သင့်လဲ။ ရုတ်တရက် ကျောင်းပြောင်းချင်စိတ် ပေါက်လာတယ်။

ဒီဆရာနောက် လိုက်တဲ့လူတွေက ကောင်းချီးရမှာ သေချာတယ်”

ကျောင်းသားတွေ ဆွေးနွေးနေကြသည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ရဲ့သက်ရောက်မှု ပျောက်ကွယ်သွားသော်လည်း စိတ်လှုပ်ရှားကာ ခံစားချက်ထဲက ရုန်းမထွက် နိုင်ကြသေးပါ။

ဆွန်းမို ကျရှုံးဖို့ မဖြစ်နိုင်တော့ဘူးဆိုတာ တန်နင် သိသည်။ နောက်တစ်ချက်က ဘယ်အဆင့်အထိ တက်လှမ်းမလဲဆိုတာပဲ စောင့်ကြည့်ရမည်။

စံချိန်အသစ်   ဖန်တီးပြီး ထူးချွန်မဲတွေ ရနိုင်မလား။
သူတော်စင် တံဆိပ် ရနိုင်မလား။

အခန်း(၄၅၄) မတရားကောင်းတဲ့ လမ်းညွှန်မှု။

“အရင်တုန်းကတော့ စိတ်ဝိညာဉ်ပုံသွင်းခြင်းကို သုံးပြီး စိတ်ကူးယဉ်ဇာတ်လမ်းထဲက ဇာတ်ဝင်ခန်း တချို့ကို သူမစိတ်ထဲ ထည့်ပေးမလို့ စီစဉ်ထားတာ အခုကြည့်ရတာတော့ မလိုအပ်တော့ဘူး ထင်တယ်”

ဆွန်းမို သက်ပြင်းချလိုက်သည်။ လူငယ်တွေက တကယ် ဖြူစင်တယ်လို့ မနေနိုင်ဘဲ ပြောလိုက်မိသည်။ အယုံလွယ်ကြသည်။

ထုံးစံအတိုင်း စောစောတုန်းက ဆွန်းမို ပြောခဲ့တဲ့ စကားလုံးတိုင်းသည် သူ့နှလုံးသား အောက်ခြေက ထွက်လာခဲ့သည်။ ကောင်မလေးက သူ့ဘဝ လမ်းကြောင်းကို ရှာတွေ့နိုင်ဖို့ မျှော်လင့်မိသည်။

နှလုံးသားအဟာရလို စာပေမျိုးက တစ်ခါတစ်လေ ဖတ်ရင် တော်တော်ကောင်းသည်။ ဒါပေမယ့် အမြဲမပျက် ဖတ်နေရင်တော့ အတုယောင်တွေလို့ ထင်ရလိမ့်မည်။

ဆွန်းမိုလည်း အရင်တုန်းက ဒီလို ဖြစ်သည်။ ဘဝမှာ စိတ်လှုပ်ရှားစရာ ထပ်မရှိတော့ဘူးလို့

ခံစားခဲ့ရသည်။ အဲဒီအချိန်မှာ သူ့စိတ်ကိုသူထိန်း၊ ဒါမှမဟုတ် လမ်လျှောက်ထွက်လိုက်သည်။

ဘဝဆိုတာ ခွေးအိုကြီးလိုပါပဲ။ ဘယ်သူမှ ရှောင်လွှဲလို့ မရပါ။ အကိုက်မခံချင်ရင်တော့ ပြင်းပြင်းထန်ထန်ပြန်ထပြီး နှလုံးသားနဲ့ ထိပ်တိုက် ရင်ဆိုင်ရမည်။

စကြံ့န်တွင် ခြေလှမ်းသံများ ဆူဆူညံညံ ပေါ်ထွက်လာသည်။

ရှန်းရင်းဆန်ခတ် ဖြစ်တဲ့ အသံကို ကြားပြီး ကင်းလှည့်နေတဲ့ ကျောင်းသားများ ပိုပို

ရောက်လာကြသည်။ အခုချိန်မှာ စာသင်ခန်း အပြင်ဘက်က စကြံ့န်သည် လူပြည့်သထက် ပြည့်လာသည်။

"မင်းက အသက် ၁၅နှစ်ပဲ ရှိသေးတယ်။ မင်းဘဝက အခုမှ စမှာ။ မင်းမှာ အရည်အချင်း မရှိဘူးဆိုတာ ဘယ်လိုသိလဲ။ ဘယ်လိုပဲဖြစ်ဖြစ် အလုပ်ကြိုးစားပြီး ဆင်းရဲ ပင်ပန်းခံနိုင်တာလဲ အရည်အချင်းတစ်ခုပဲ"

ဆွန်းမိုက လက်ကိုဆန့်ပြီး နင်းဂျူခေါင်းအား ကြောင်လေးတစ်ကောင်ကို ပွတ်သတ်သလို ပုတ်လိုက်သည်။

"ပင်ပန်းဆင်းရဲ ခံနိုင်တာလဲ အရည်အချင်း တစ်မျိုးပဲ"

နင်းဂျူမျက်လုံး အရောင်တောက်လာသည်။ ဒီစကားကို သူမဘဝမှာ ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်သည်။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ မှန်တယ်ဆိုတာ သိလိုက်ရသည်။ လူများစွာက ပင်ပန်းဆင်းရဲမှုကို မခံနိုင်ကြပါ။

“ကျေးဇူးတင်ပါတယ်။ ဆရာ”

နင်းဂျူက အရိုအသေ ပေးလိုက်သည်။ သူမ စိတ်ထဲက အနှောင်အထုံးလည်း ပြေလျော့သွားသည်။ သူ့အမေ ကောင်းကင်ဘုံကနေ စိတ်မပျက်စေဖို့အတွက် စာဆက်ကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။

ဒင်

နင်းဂျူ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား (၁,၀၀၀/၁၀,၀၀၀)

အကြောင်းကြားချက်ကို ကြားတော့ ဆွန်းမို အနည်းငယ် အံ့အောသွားသည်။ ဒီမိန်းကလေးပေးတဲ့ လေးစားအထင်ကြီးမှုအမှတ်သည် များလွန်းသည်။ ဒီအချက်အလက်များကြောင့် သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားလိုက်ရသည်။ သူ့စကားတွေက စိတ်ရင်းဆိုပေမယ့် ဘယ်လောက်အထိ ထိရောက်မယ်ဆိုတာ သူမသိပေ။

“ဆွန်းမို ၊ ဆရာတစ်ယောက်အနေနဲ့ တာအို လွှဲပြောင်းပေးပြီး ပညာပေးရမယ်၊ ကျောင်းသားတွေရဲ့ စိတ်နှလုံးကို နားလည်ပြီး

သံသယတွေ ဖြေဖျောက်ပေးရမယ်။ အခုချိန်မှာတော့ မင်းက တတိယအဆင့်အထိ အောင်မြင်နေပြီ။ ဒီလိုအဆင့်အထိ ရောက်ဖို့တောင် တော်တော်လေး ရှားတယ်”

စနစ်က သက်ပြင်းချလိုက်သည်။ တခြားသူတွေ သံသယ ဖြေဖျောက်ပေးချင်ရင် ကိုယ့်စိတ်အခြေအနေက အရမ်းမြင့်မားနေဖို့ လိုအပ်သည်။

ဆွန်းမို အတွေးထဲ နစ်သွားသည်။ ခေတ်သစ်ပညာရေးသည် စွမ်းဆောင်ရည်နဲ့ပဲ

သက်ဆိုင်နေသည်။ ဒါက လွဲလျှင် ခေတ်သစ်ကျောင်းများသည် ကျောင်းသားတွေ ရင်ဆိုင်ကြုံတွေ့ရနိုင်တဲ့ အခြေအနေများကို ဂရုမစိုက်ပါ။ ကျောင်းသားက ကျောင်းဝန်းထဲမှ ပြဿနာ မရှာသ၍ ကျောင်းသားကောင်းလို့ ယူဆသည်။

ဆွန်းမိုသည် နင်းဂျူကို ရှေ့ဟောင်း အနှိပ်ပညာနဲ့ ကူညီဖို့ စီစဉ်နေတဲ့ အချိန်မှာပဲ ဘာလုပ်ပေးသင့်လဲ စဉ်းစားနေခဲ့သည်။ ဘယ်လိုပဲပြောပြော သူမသည်

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်(၆)ရဲ့ အထွဋ်အထိပ်ကို ရောက်နေသည်။ အဆင့်တက်ဖို့ အရမ်းလွယ်သည်။

ဒါပေမယ့်လည်း ဆွန်းမို ဘာမှမလုပ်ရသေးခင် နင်းဂျူ၏ ခန္ဓာကိုယ်ကနေ ဝိညာဉ်ချီတွေ ဖြာထွက်လာပြီး အဆင့်တက်တဲ့ လုပ်ငန်းစဉ် ရုတ်တရက် စတင်လာသည်။

သိပ်မကြာခင် သူမခေါင်းပေါ်မှာ ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်လာပြီး သူမကိုယ်ထဲသို့ ဝိညာဉ်ချီများ စိမ့်ဝင်သွားသည်။

"မဖြစ်နိုင်ဘူး။ မဟုတ်လား။ နောက်တစ်ယောက် အဆင့်တက်သွားပြန်ပြီလား"

"တောက်၊ ဒီဖြေဆိုသူက ဘယ်လောက်တောင် အံ့အောဖို့ကောင်းတာလဲ"

"စောက်ရမ်း အထင်ကြီးဖို့ ကောင်းတယ်"

ကျောင်းသားများသည် အားကျစိတ်နဲ့ သဘာကျစွာ သက်ပြင်းချလိုက်သည်။ ကျင့်ကြံသူများအတွက်တော့ အဆင့်တက်ခြင်းသည် အလှပဆုံး ဝေါဟာရ ဖြစ်သည်။

စာစစ်သူများက အကြောင်းအရင်းကို အကြမ်းဖျင်း ခန့်မှန်းမိသည်။ ဒီမိန်းကလေး အဆင့်(၆)ရဲ့ အထွင့်အထိပ်ကို ရောက်နေသော်လည်း စိတ်ပိုင်းဆိုင်ရာ ပြဿနာကြောင့် ထစ်ဆို့ အခြေအနေတွင် ပိတ်မိနေခဲ့သည်။ ဆွန်းမိုရဲ့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကြောင့် နှလုံးသားထဲက တိမ်မည်းများ ကင်းစင်ပြီး စိတ်အခြေအနေ မြင့်တက်လာကာ အဆင့်တက်နိုင်ခဲ့သည်။

တစ်မိနစ်လောက်ကြာတော့ နင်းဂျူ အောင်မြင်စွာ အဆင့်တက်သွားသည်။ ဆွန်းမိုကို အရမ်းကျေးဇူးတင်ပြီး အကြိမ်ကြိမ် အရိုအသေပေးနေသည်။

"နောင် မင်းစိတ်ဓါတ်ကျလာရင် ငါ့ကို ချင်လင်မှာ လာရှာလို့ ရတယ်"

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

နင်းဂျူကလည်း ချိုသာစွာ ပြုံးပြရာသည်။ သာမန်ထက် ရုပ်ရည်သန့်ပြန့်တဲ့ ဒီမိန်းကလေးသည်

မိုးရွာပြီးနောက် ဖြာကျလာတဲ့ နံနက်ခင်း နေရောင်နဲ့ တူသည်။

သာမန်သာဖြစ်ပေမယ့် တိုးတက်ကြီးပွားဖို့အတွက် ကြိုးစား အားထုတ်ရှာသည်။

ဆွန်းမိုသည် လက်ဖွေ့ယမ်းပြီး နင်းဂျူကို ထိုင်ခုံမှာ ပြန်ထိုင်နိုင်ကြောင်း ညွှန်ပြလိုက်သည်။ တချိန်တည်းမှာပဲ နတ်ဘုရား မျက်စိအာရုံနဲ့ ကြည့်လိုက်သည်။

သူမရဲ့ဆန္ဒသည် ၃ ကနေ ၉ အထိ တိုးတက်လာသည်။ အရင်ကထက် ပိုများနေသည်။

သူမရဲ့ အလားအလာ တန်ဖိုးကလည်း အမှန်တကယ် တိုးတက်လာပြီး အခုဆိုလျှင် ပျမ်းမျှထက် အနည်းငယ် သာနေပြီ။

"အလားအလာတန်ဖိုး မြင့်တက်နိုင်တာလား"

ဆွန်းမို ရုတ်တရက် အံ့အောနေသည်။

"စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကို အလားအလာရဲ့ ပုံစံတစ်မျိုးလို့ ယူဆလို့ ရတယ်။ ဘောလုံးသမား တချို့ဆို အနိုင် ဒါမှမဟုတ် အရှုံးကို ဆုံးဖြတ်တော့မယ့် အချိန်မှာ သေနိုင်လောက်တဲ့ ညှစ်ထုတ်မှုမျိုး လုပ်နိုင်ကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒါက သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အချင်း ကြောင့်ပဲ”

စနစ်က ရှင်းပြသည်။

“ဒါဆို ဒီလိုပေါ့”

ဆွန်းမို နားလည်သွားသည်။

ဒင်

“နင်းဂျူကို နှလုံးသားရဲ့ အရိပ်မဲထဲကနေ ရုန်းထွက်နိုင်အောင် ကူညီပေးခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်။ အလုပ်ကြိုးစားခြင်းရဲ့ တန်ဖိုးကို

သူမထပ်ပြီး သိသွားပြီ။ ဒီနေရာမှာပဲ မြတ်ဆရာတံဆိပ်တစ်ခုကို ချီးမြှင့်လိုက်တယ်”

“ကျောင်းသားတစ်ယောက်ရဲ့ အနာဂတ်ကို ပြောင်းလဲကာ လေးစားအထင်ကြီးမှု အမှတ်အများကြီးကို တစ်ကြိမ်တည်း ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - စိန်ရတနာ သေတ္တာတစ်လုံး”

ဆွန်းမို ဆုများကို ကြားပြီးနောက် အကျယ်ကြီးအော်ကာ အောင်ပွဲ ခံလိုက်ချင်သည်။ ဒါက ကောင်းလွန်းမနေဘူးလား။ အထူးသဖြင့်

မြတ်ဆရာတံဆိပ် ဖြစ်သည်။ ဘာအတွက် သုံးမှန်း မသိသော်လည်း ပစ္စည်းကောင်းလေး တစ်ခုဆိုတာ သေချာသည်။

ဒီအချိန်တွင် စကြော်နမှာ ကင်းလှည့်နေတဲ့ ကျောင်းသားများသည် အခန်းထဲသို့ လျှင်မြန်စွာ ဝင်လာကာ ထိုင်ဖို့ ထိုင်ခုံ ရှာနေကြသည်။

ဒါကိုမြင်လိုက်တော့ ဆုတိုင် မျက်ခုံးလှုပ်သွားသည်။ ဒီကင်းလှည့်နေတဲ့ ကျောင်းသားများသည် ဆွန်းမိုရဲ့ ဟောပြောမှုကို သဘောကျပြီး သူတို့ရဲ့ ကင်းလှည့်တဲ့ ခရီးစဉ်ကို

ဒီနေရာမှာ အဆုံးသတ်လိုက်ကြောင်း ဒီမြင်ကွင်းက ဖော်ပြနေသည်။

"အိုဘုရားရေ၊ အခု လူ ၃၀၀ နီးပါး ရှိနေပြီ"

ကျန်းမိုင်က အကြမ်းဖျင်း တွက်ကြည့်လိုက်သည်။ လူ ၅၀၀ဆန့်တဲ့ ဟောခန်းက အခုဆို သုံးပုံ နှစ်ပုံ ပြည့်နေပြီ။ ဒါ့အပြင် စကြံ်န်မှာ ကင်းလှည့်ကျောင်းသား တစ်ရာလောက် ကျန်သေးသည်။

ဝိညာဉ်ချီ အတက်အကျကို ခံစားမိပြီးနောက် ပြေးလာကြသည်။

"အမေး၊ အဖြေ အပိုင်းက ဆက်ရှိနေသေးတယ်"

ဆွန်းမို စကားမဆုံးခင် လက်ပေါင်း ၃၀၀ နီးပါးက လေထဲ ရောက်နေပြီ။ ကျောင်းသားတွေ အားလုံးက ဆွန်းမိုကို ဆာလောင်နေတဲ့ ဝံပုလွေလို ကြည့်နေကြသည်။ သူတို့ အရွေးခံရဖို့ကလွဲလျှင် ဘာမှ မလိုချင်ပါ။

အမေး၊ အဖြေ အပိုင်း စတင်ခဲ့တုန်းက လူတိုင်း အထင်သေးခဲ့ မိသည်။ ဒါပေမယ့် အခုတော့ လူတိုင်း အခွင့်အရေးကို ဆာလောင်နေကြသည်။

"ဒီကျောင်းသား"

ဆွန်းမိုက ညွှန်ပြလိုက်သည်။

အင်း

အရွေးမခံရတဲ့ ကျောင်းသားတွေက စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။

"ကျွန်တော် ….န…နာမည်က ဒင်လူပါ"

ပါးစပ် အနည်းငယ်ရွဲ့နေတဲ့ ကျောင်းသား မတ်တပ်ထလာသည်။ သူက ထိပ်တန်းကျောင်းသားတွေထဲက တစ်ယောက်ဖြစ်သော်လည်း မျက်လုံးပေါင်းများစွာ ဝိုင်းကြည့် ခံရတာမျိုး အရမ်းရှားသည်။ ဒါကြောင့် စိတ်လှုပ်ရှားနေသည်။

“စိတ်လှုပ်ရှားနေစရာ မလိုပါဘူး”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

“ဘာမေးစရာ ရှိလဲ”

“ငါ........ငါရုပ်ချောချင်တယ်”

ဒင်လူသည် စကားပြောပြီးတဲ့နောက် မိုက်မဲတဲ့ ကို့ကိုယ်ကို အပြစ်တင်လိုက်သည်။ စိတ်ထဲက စကားကို ဘာကြောင့် ထုတ်ပြောလိုက်ရတာလဲ။

“ဟားဟား။ ဒီမေးခွန်းက တကယ့် စိန်ခေါ်မှုကြီးပဲ”

"ဒီအတွက် အဖြေမရှိဘူးလို့ ငါထင်တယ် ။ နောက်ဆုံးတော့ ဒီရုပ်ရည်က မင်းမိဘ ပေးခဲ့တာပဲ။ မင်းရဲ့ ကံကြမ္မာကို ဝန်ခံလိုက်ပါ"

"ရုပ်ဖျက်ထားချင်တာလား"

"ဒါကမတူဘူး။ ရုပ်ဖျက်တာနဲ့ ချောချင်တာ မတူဘူး မဟုတ်လား"

ကျောင်းသားများ တက်ကြွစွာ ဆွေးနွေး နေကြသည်။ အငွေ့အသက်က လုံးဝကို သက်တောင့်သက်သာ ဖြစ်နေသည်။ ဒီမေးခွန်းအတွက် အဖြေမရှိရင်တောင် ဆွန်းမိုကို

အပြစ်တင်မည့်လူရှိမှာ မဟုတ်ပေ။ ဘယ်လိုပဲဖြစ်ဖြစ် တကာယ်လည်း အဖြေမရှိပါ။

"ငါ....ငါမှားပြောလိုက်တာ။ ငါမေးချင်တာက ချောလာဖို့အတွက် မဟုတ်ဘူး။ ငါအဆင့်တက်ချင်လို့ပါ"

ဒင်လူ ကမန်းကတမ်း ဖြေရှင်းရှာသည်။ သူ့ပါးစပ်က အနည်းငယ် ရွဲ့နေတဲ့အတွက် စကားက အနည်းငယ် မပီ ဖြစ်နေသည်။ ဒါကြောင့် ကို့ကိုယ်ကို ယုံကြည်မှု သိပ်မရှိဘဲ လူကြားထဲနေရတာ မကြိုက်ပါ။

အမှန်တိုင်း ပြောရလျှင် သူလက်မြှောက်တုန်းက ဆွန်းမိုက သူ့ကို ရွေးမယ်လို့ မထင်ထားခဲ့ပါ။

“မင်းအဆင့်တက်ချင်တာလား။ မင်းရဲ့ လက်ရှိလေ့ကျင့်ရေး အချိန်ကို နှစ်နာရီ ထပ်တိုးလိုက်ပါ”

ဆွန်းမိုက ဒင်လူဘေးနားသို့ လျှောက်သွားပြီး ပုခုံးကို ကိုင်လိုက်သည်။

“မင်း အရမ်းပျင်းတာပဲ”

ဆွန်းမိုက ဒီလိုပြောလိုက်တာနဲ့ ဒင်လူမျက်နှာသည် ဝက်အသည်းလို နီရဲလာသည်။

"ငါ....ငါမပျင်းဘူး"

ဒင်လူ ရှင်းပြသည်။ သူရှင်းရှင်းလင်းလင်း ဖြစ်အောင် ပြောရမည်။ ဒီလိုမှမဟုတ်ပါက ငပျင်း ဆိုပြီး အမြဲတမ်း အခေါ်ခံနေရမည်။

"မင်း အရမ်းကြိုးစားတယ်ဆိုတာ ငါသိတယ်"

ဆွန်းမိုက ဒင်လူ ပုခုံးကို ညင်သာစွာ နှိပ်လိုက်သည်။

“မင်း လေ့လာတာအပြင် လေ့ကျင့်မှုမှာပဲ အချိန်ကုန်နေတယ်။ မနက် ၅ နာရီ နေ့တိုင်းထတယ်။ ကျောင်းစတက်ကတည်းက တစ်ရက်မှ မပျက်သေးဘူး။ ညတိုင်း ညစာစားပြီးရင် ဆက်ပြီး ကျင့်ကြံနေသေးတယ်။ မင်းက တကယ်ကို ကြိုးစားတယ်လို့ ပြောလို့ရတယ်”

ဒင်လူသည် တစ္ဆေ တစ်ကောင်ကို တွေ့သလို ဆွန်းမိုကို မျက်လုံးကြီး ပြူးကြည့်ကာ တုန်ယင်နေသည်။

“ဒ.....ဒါကို ဘယ်လိုသိတာလဲ”

ပြီးခဲ့တဲ့ သုံးနှစ်အတွင်း ဆောင်းရာသီဖြစ်စေ၊ နွေရာသီဖြစ်စေ နေ့တိုင်း မပျက်မကွက် ကျင့်ကြံခဲ့သည်။ တစ်ရက်မှ မပျက်ခဲ့ပေ။ ဒါက သူ ဂုဏ်အယူဆုံး အရာပဲ။

"အမ်၊ တကယ် မှန်နေတာလား။ မျက်လုံးမှိတ်ပြီး လျှောက်ပြောနေတာ မဟုတ်ဘူးလား"

"ဒါက ချဲ့ကားပြီး ပြောနေတာ မဟုတ်လား။ ဒီဖြေဆိုသူက ဗေဒင် ဟောနေတာလား"

"သူ့လက်....ငါနားလည်ပြီ။ သူ့လက်ပဲ ဖြစ်ရမယ်။ . ကြည့်အုံး၊ ဒင်လူကို ကိုင်နေတယ်"

အခုချိန်တွင် ကျောင်းသားတွေရဲ့စိတ်ထဲမှာ သိချင်စိတ်နဲ့ ပြည့်နှက်နေသည်။ အမှန်တရားကို ထုတ်ဖော်ဖို့ အရမ်းစိတ်ဝင်စားနေကြသည်။

တန်နင် လိုမျိုး ကြယ်လေးပွင့်မြတ်ဆရာတစ်ယောက်တောင် သိချင်စိတ်နဲ့ ပြည့်နှက်နေသည်။

“ငါက ထိတွေ့မှုကနေ ဒါကို အာရုံခံနိုင်တယ်”

ဆွန်းမိုက ပြုံးပြီး လက်တွေကို ပြလိုက်သည်။

လက်ချောင်းတွေက ရှည်လျား ပြေပြစ်ပြီး လက်ဖဝါး ကျယ်ပြန့်သည်။ သူတို့က

ကြည့်ကောင်းရုံသာမက လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်သည်။

"အမ်"

အခန်းထဲက လူတွေ အားလုံး အံ့အောသင့်နေကြသည်။ (ထိလိုက်ရုံနဲ့ တကယ်ပဲ အာရုံခံနိုင်လား)

"မင်းရဲ့ လှံ့လ ဝိရိယက လူတော်တော်များများထက် ကျော်လွန်နေပြီ။ ဒါပေမယ့် မင်းအတွက်တော့ မလုံလောက်သေးဘူး။

မင်းအလားအလာကို အကန့်အသတ်ရောက်တဲ့အထိ မတူးဖော်ရသေးဘူး”

ဆွန်းမိုက အခန်းထဲမှ ကျောင်းသားအားလုံးကို တစ်ချက်ကြည့်လိုက်သည်။

“ဒါက ငါပြောပြောခဲ့တဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာရဲ့ အရေးပါမှုပဲ။ အဲဒါကို ကျွမ်းကျင်သွားရင်၊ မင်းအတွက် မင်းဘာသာ ကိုယ်ပိုင်လေ့ကျင့်ရေး အစီအစဉ်ကို စိတ်ကြိုက် ပြင်ဆင်နိုင်လိမ့်မယ်”

“ဒင်လူ၊ မင်းက သန်မာတဲ့ လူတစ်ယောက်ပဲ။ မင်းတို့အသုတ်ရဲ့ ထိပ်ဆုံး သုံးယောက်ထဲ

ဝင်သင့်တယ်။ တကယ်တော့ မင်းက ထိပ်ဆုံးမှာ ရပ်တည်ဖို့ အလားအလာတောင် ရှိသေးတယ်”

ဆွန်းမိုက အားပေးလိုက်သည်။

“ငါတို့အသုတ်ရဲ့ ပထမလား”

ဒီစကားကို ကြားပြီးနောက် ဒင်လူ နှလုံးသား ပြင်းထန်စွာ ခုန်ပေါက်လာသည်။ အရင်က ဒီလိုမျိုး မျှော်လင့်ချက် ကြီးကြီးမားမား မထားရဲဘူး။

“မင်းက ပါးစပ်ရွဲ့စောင်းနေလို့ မင်းမှာ သူငယ်ချင်း အများကြီး မရှိဘူးဆိုတာ ငါသိတယ်။ လူစုလူဝေးနဲ့ နေရာတာ မကြိုက်မှန်းလည်း ငါသိတယ်။ ဒါကြောင့်

လက်ရှိအောင်မြင်မှုတွေကို ရဖို့ လေ့ကျင့်တဲ့ နေရာမှာဘဲ မင်းရဲ့ အချိန်အားလုံးကို အသုံးချခဲ့တယ်။ ဒုက္ခကြားက အမြတ်လို့တောင် ပြောလို့ ရသေးတယ်”

ဆွန်းမိုက ဒင်လူရဲ့ နာကျင်မှုကို နားလည်သည်။ ရုပ်ဆိုးတဲ့ လူတွေက ရိုးရိုးရှင်းရှင်း နေဖို့တောင် အခွင့်အရေး မရှိရှာပါ။

“ဆရာ”

ဆွန်းမိုက သူ့ကို နားလည်ပေးနိုင်တယ်လို့ ဒင်လူက ခံစားရသည်။

ဒင်

ဒင်လူ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၃၀၀/၁,၀၀၀)

အလွယ်တကူ စိတ်လှုပ်ရှားတတ်တဲ့ လူငယ်တစ်ယောက်ပါ။ ဒါကြောင့် အစောပိုင်း ဆွန်းမို သင်ကြား ပြသတုန်းက လေးစားအထင်ကြီးမှု အမှတ်တွေ ပံ့ပိုးပေးခဲ့ပြီး လေးစားအထင်ကြီးမှု ဆက်သွယ်ချက်ကို ဖွင့်ပေးခဲ့သည်။

"ကောင်းပြီလေ။ မင်းအဆင့်တက်အောင် ငါ့ရဲ့ လျှို့ဝှက်ကျင့်စဉ်ကို အခုအသုံးပြုလိုက်မယ်။ စိတ်မပူနဲ့ ဘေးထွက်ဆိုးကျိုး မရှိဘူး"

ဆွန်းမိုက ရှေ့ပေါင်း အနှိပ်ပညာကို ထုတ်သုံးလိုက်သည်။

ဂျင်းနီ နောက်တစ်ကြိမ် ပြန်ပေါ်လာသည်။ သွေးရဲ့အသွင်အပြင်ကြောင့်း ကျောင်းသားတွေ တုန်လှုပ်ပြီး အော်ဟစ်နေကြသေးသည်။

တစ်မိနစ်လောက်ကြာပြီးနောက် ဒင်လူ ခေါင်းပေါ်တွင် ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ပေါ်လာသည်။ အဆင့်တက်မှု တကယ် အောင်မြင်သွားသည်။

"ငါ.......ငါတကယ်ပဲ အဆင့်တက်သွားပြီလား"

အနိုပ်ခံရုံနဲ့ အဆင့်တက်သွားသဖြင့် အရမ်း အံ့အောသင့်နေသည်။ ဒါက မှော်ဆန်လွန်းသည်။

တခြားကျောင်းသားတွေလည်း အရမ်း အံ့အောနေကြသည်။ ဒီနောက်မှာတော့ သူတို့နှလုံးသားထဲတွင် ကြောက်လန့်မှုနှင့် လေးစားမှု တချို့ ပေါ်လာသည်။ ဒီအတွက်လည်း အဖြေမရှိပါ။ ဘယ်လိုပဲဖြစ်ဖြစ် လျှို့ဝှက်ဆန်းကြယ်မှုအကြောင်း မသိရင် လူတွေရဲ့ စိတ်ထဲမှာ ခံစားချက်များ အလိုလို ဖြစ်ပေါ်လာတတ်သည်။

“ဒါက အမှောင်ကျင့်စဉ်များ ဖြစ်နေမလား”

ကျန်းမိုင်က ခန့်မှန်း လိုက်သည်။

“ကျေးဇူးတင်ပါတယ်။ ဆရာ”

ဒင်လူက ၉၀ ဒီဂရီ ဦးညွတ်ပြီး လေးစားစွာ အရိုအသေ ပေးလိုက်သည်။

ကျောင်းသားတွေကလည်း ဆွန်းမိုကို ချီးကျူးနေကြသည်။ ဒါက ဆွန်းမိုကို ထောက်ခံလိုက်တာပဲ။

ဆွန်းမို ဒင်လူကို ကြည့်ပြီး ရယ်လိုက်သည်။ သူက စနောက်တဲ့ လေသံနဲ့

“မင်း ရုပ်မချောချင်ဘူးလား။ ငါ့မှာ နည်းလမ်းရှိတယ်။ စမ်းကြည့်ချင်လား”

ရွှစ်

ဆွန်းမို စကားကြောင့် စာသင်ခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ရာနဲ့ချီတဲ့ အကြည့်တွေက ဆွန်းမိုဆီ ရောက်လာသည်။

(ဒါက ဟာသလား။ ငါပဲ နားကြားမှားတာလား)

အခန်း(၄၅၅) ပြိုင်စံရှား။

ချန်ဇီတုန်ရဲ့ ကင်းလှည့် စစ်ဆေးသူအဖွဲ့က ဒုတိယအထပ်သို့ တက်လာခဲ့သည်။

“အထက်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေတာပဲ အရမ်းကောင်းတယ်။ ဂူချင်ယန်က အံ့အောသင့်ဖို့

ကောင်းလောက်အောင် ဖျော်ဖြေပြီး လူအုပ်ကြီး တစ်ခုလုံးကို သဘောကျစေခဲ့တာပဲ ဖြစ်မယ်”

ဘိုယူက ဂယက်ထလိုက်သည်။ တတိယအထပ်က လက်ခုပ်သံတွေ ကျယ်လွန်းလို့ ဒုတိယအထပ်ရဲ့ မျက်နှာကျက်တောင် တုန်နေသည်။

“အားလုံးပဲ။ ဂူချင်ယန်နဲ့ တတိယအထပ်မှာ အတူတူ ဖြေနေရတဲ့ ဖြေဆိုသူတွေအတွက် ဝမ်းနည်းခြင်းအထိတ်မှတ် လုပ်ဖို့ သုံးမိနစ်လောက် ငြိမ်သက်နေလိုက်ရအောင်”

"ဂူချင်ယန်နဲ့ တစ်ချိန်တည်း အတူတူ ဖြေနေရတဲ့ ဖြေဆိုသူတွေ ညည်းတွားနေလောက်ပြီ"

ချန်ဇီတုန်က ဟာသလုပ်လုက်သည်။

"ဟုတ်တယ်"

ဘိုယူက ခေါင်းညိတ်လိုက်သည်။

တကယ်လို့ ဖြေဆိုသူတွေသာ အချိန်မတူခဲ့ပါက သူတို့ရဲ့ စွမ်းရည် မဆိုးသေးသ၍ အခန်းထဲကနေ ထူးချွန်မဲတချို့နှင့် ကင်းလှည့်တဲ့ ကျောင်းသားတွေဆီကနေ ထူးချွန်မဲတချို့ ရလို့ စာမေးပွဲ အောင်သွားနိုင်သည်။

ဒါပေမယ့် ဂူချင်ယန်နဲ့သာ တချိန်တည်း ဖြေရလျှင် ကင်းလှည့်ကျောင်းသားတွေကို ဂူချင်ယန်က ဆွဲဆောင်သွားဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် ဖြစ်နိုင်ခြေ ရှိသည်။ ကင်းလှည့်ကျောင်းသား အများစုက သူ့ကို မဲပေးလိုက်လျှင် ကျန်တဲ့သူတွေက မဲနည်းနည်းပဲ ရလိမ့်မည်။ ဒါကြောင့် ပြိုင်ဆိုင်မှု ပိုကွေ့ခြားသွားလိမ့်မည်။

"အဲဒီအတွက်လည်း အဖြေမရှိဘူး။ ကံတရားအတိုင်းပဲပေါ့"

တခြား စာစစ်သူများလည်း ထောက်ခံကြသည်။

ချန်ဇီတုန်တို့ ငါးယောက် အုပ်စုသည် တတိယအထပ်သို့ တက်သွားပြီးနောက် စကြံန်တွင် စုဝေးနေတဲ့ လူများကြောင့် အံ့အောသွားသည်။ ရေတစ်စက်တောင် စိမ့်မဝင်နိုင်လောက်အောင် ပြည့်ကျပ်နေသည်။

‘ဘုရားရေ။ သူက မထူးချွန်လွန်းဘူးလား”

ဘိုယူ အံ့အောသွားသည်။

“ဂူချင်ယန်က အရမ်းအထင်ကြီးဖို့ ကောင်းတယ်ဆိုတာ ငါသိနေတယ်။ ဒါပေမယ့် ထိပ်တန်းအဆင့်တောင် ကျော်သွားပြီ မဟုတ်လား”

"ဂူချင်ယန် ဒီအဆင့်မှာဆိုတာ သေချာလား"

စာစစ်သူတစ်ယောက်က မေးလိုက်သည်။

"ဟားဟား၊ ဘာပြောချင်တာလဲ။ ဂူချင်ယန်ကလွဲလို့ ဒီလိုမျိုး ရှန်းရှင်းဆန်ခတ်ကို ဘယ်သူက လုပ်နိုင်မှာလဲ"

ဘိုယူက ပြောလိုက်တဲ့ ကြယ်နှစ်ပွင့်မြတ်ဆရာကို တစ်ချက်ကြည့်လိုက်သည်။ (မင်းမှာ ဒီလို သုံးသပ်ခွင့်တောင် မရှိဘူး။ မင်းက အသက် ၂၅ နှစ် ရောက်နေတာတောင် ကြယ်နှစ်ပွင့်ပဲ ရှိသေးတယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်နှစ်ပွင့် မြတ်ဆရာသည် တစ်ချက်မဲ့သွားပြီး စိတ်ထဲမှာ မကျေမနပ် ဖြစ်သွားသည်။ ဒါပမယ့်လည်း ကြယ်သုံးပွင့် မြတ်ဆရာဖြစ်တဲ့ ဘိုယူအား ပြန်မပြောရဲပါ။ အရှိန်ကို မသိမသာ နှေးလိုက်ပြီး အုပ်စုနောက်မှာ ကျန်ခဲ့သည်။

ချန်ဇီတုန်က ဘာမှမပြောပေမယ့် အရမ်းပျော်နေသည်။ (ဆွန်းမိုက ရေးဖြေ စာမေးပွဲမှာ အမှတ်ပြည့် တကယ်ရခဲ့တယ် ဟုတ်လား။ ဘယ်လောက် ရယ်စရာကောင်းလိုက်သလဲ)

(မင်း ဘယ်လောက်ပဲ အထင်ကြီးဖို့ ကောင်းနေပါစေ၊ ငါ့လက်ထဲက ပြေးမလွတ်ပါဘူး)

ဆွန်းမိုရဲ့ အချိန်က ဘာဖြစ်လို့ ဆိုးနေရတာလဲ။ ဘာဖြစ်လို့ ကံဆိုးပြီး ဂူချင်ယန်နဲ့ ဆုံရတာလဲ။ ဒါတွေအားလုံးက သူ့အဖေရဲ့ အခွင့်အာဏာကို သုံးပြီး ချန်ဇီတုန် စီစဉ်ခဲ့သည်။

သူတော်စင်ဂိတ်ရဲ့ စာမေးပွဲက တရားမျှတတယ် ဆိုပေမယ့် လူတွေ ရှိနေသ၍ အမှောင်ဘက်ခြမ်းက ရှိနေအုံးမည်။ အလင်းရှိရင် အမှောင်ရှိမည်။

ထုံးစံအတိုင်း သူတော်စင်ဂိတ်က ရလဒ် ပြုပြင်တာမျိုးတော့ ခွင့်မပြုပါ။ ဒါပေမယ့် ဖြေဆိုသူတချို့ရဲ့ အချိန်များ စီစဉ်တဲ့ အသေးစား လှည့်ကွက်မျိုးတော့ ကစားလို့ ရသေးသည်။

တစ်ခါတစ်လေ ဖြေဆိုသူ တချို့ရဲ့ ကံကို မျိုးနွယ်တွေရဲ့ အရိပ်က လွှမ်းမိုးသွားသည်။

ဒါပေမယ့် ဒါနဲ့ ပက်သက်ပြီး ဘာမှ မလုပ်နိုင်ကြပါ။ သူတော်စင်ဂိတ်က ကြီးမားတဲ့ အဖွဲ့အစည်းကြီး ဖြစ်ပြီး အတွင်းထဲမှာလည်း ရှုပ်ထွေးတဲ့ ပက်သက်မှုများ ရှိသည်။ အဲဒီအထဲမှာ တော်ဝင်

မိသားစုတွေ၊ မျိုးနွယ်စုကြီးတွေနဲ့ သူတော်စင်ဂိုတ်ရဲ့ အထက်တန်း မျိုးနွယ်တွေတောင် ပါသေးသည်။ ဘာပဲဖြစ်ဖြစ် ကြိုးဆွဲတဲ့ကိစ္စကတော့ ရှိနေအုံးမည်။

ကလေးတစ်ယောက်က ကျော်ကြားလာဖို့အတွက် ကောလိပ်သွားတက်တာနဲ့ တူသည်။ ဒါပေမယ့် ရလဒ်တွေက တကယ်ကော ကောင်းပါ့မလား။ အမေရိကန် ထိပ်တန်းကျောင်းတချို့မှာလည်း အရှုပ်တော်ပုံနဲ့ ပက်သက်တဲ့ ကောလဟာလများ ရှိသည်။

"ဒီနေရာမှာ လူတွေ အများကြီး ပြည့်လျှံနေတယ်။ ငါတို့ ဖြတ်သွားလို့ မရဘူး"

စာစစ်သူတွေ ခေါင်းကိုက်သွားသည်။ လူတွေက အရမ်းများလွန်းသည်။

"ဂူချင်ယန်က သူ့ရဲ့ ပထမဆုံး မြတ်ဆရာ စာမေးပွဲမှာ ပို့ချမှု အမှတ်တရ တန်ဖိုးတွေ အများကြီး ရှိတယ်။ သွားမကြည့်ဖြစ်ရင် ငါတို့ ရှုံးတာပေါ့"

ဘိုယူက ဂူချင်ယန်ရဲ့ အောင်မြင်မှုကို မျက်မြင်သက်သေအနေနဲ့ သွားကြည့်ချင်နေသည်။

နောင်တွင် လက်တွဲ လုပ်ရဖို့ ရှိလာပါက စကားပြောရတာ ပိုအဆင်ပြေလာမည်။

"သွားကြည့်ရအောင်"

ချန်ဇီတုန်က ပြုံးလိုက်သည်။ ဟောပြောပွဲ အချိန်ကလည်း ကုန်တော့မည်။ သူကျစေချင်တဲ့ ဆွန်းမိုရဲ့ စိတ်ပျက်အားငယ်နေတဲ့ အမူအရာကို ကိုယ်တိုင် ကြည့်ချင်နေသည်။

"သေချာပေါက် ကြည့်ကောင်းမယ်"

ချန်ဇီတုန်က မြင်ကွင်းကို တွေးရင်း ကြည့်နှူးနေသည်။

ကင်းလှည့် စာစစ်သူများကလည်း ဒီအခန်းတွင် လက်ရှိ ပို့ချနေတဲ့ ဖြေဆိုသူကို ကြည့်ချင်နေကြသည်။ ဒါက ဆွေးနွေးမှု ဖြစ်သော်လည်း အဓိက စာစစ်သူက ထုံးစံအတိုင်း ဆုံးဖြတ်ချက် ချတဲ့သူ ဖြစ်သည်။ ဒါကြောင့် ကြယ်နှစ်ပွင့် မြတ်ဆရာ ဝူရှန်သည် နောက်လိုက်တစ်ယောက်သာ ဖြစ်နေသည်။ အမှီအခိုကင်းကင်းနဲ့ မဲပေးနိုင်သော်လည်း အီးကျူ မနိမ့်သ၍ အဓိက စာစစ်သူ မျက်နှာပျက်အောင် မဲမပေးရဲပေ။

ဒါကြောင့် အမိက စစ်ဆေးသူ၏ ဆန္ဒမဲနောက် လိုက်ရမည်။

ထုံးစံအတိုင်း မဲမှာသူ့နာမည် မပါပေမယ့် သာမန်ကာလျှံကာ မပေးရဲပါ။ မဲမှာ တခြားအမှတ်အသား မရှိဘူးဆိုတာ ဘယ်သူက သိမှာလဲ။

“အင်း ၊ အဲဒီတုန်းက ဆရာမိုင် အဖွဲ့ထဲကို ဘာဖြစ်လို့ မဝင်မိတာလဲကွာ”

ဝူရှန် အရမ်း စိတ်ပျက်နေသည်။ ဆရာမိုင်သည် ချောမောလှပရုံသာမက ချစ်စရာကောင်းပြီး

သဘောထားကြီးသည်။ သူမရဲ့အပြုအမူကလည်း ထိပ်တန်း အဆင့်ဖြစ်ပြီး သူတို့ကြားမှာ ဘာမှမဖြစ်လာနိုင်ရင်တောင် သူမပြောတာကို ရိုးရိုးလေး နားထောင်နေရုံနဲ့ စိတ်ချမ်းသာဖို့ ကောင်းနေသည်။

"မေ့လိုက်တော့။ ဟောပြောပွဲလည်း ပြီးတော့မယ်။ ခဏလောက် တောင့်ခံထားလိုက်စမ်းပါ"

ဝူရှန်သည် ဂူချင်ယန်၏ ဟောပြောပို့ချမှုကို နားထောင် ချင်နေသည်။ ဂူချင်ယန်က

အရမ်းနာမည်ကြီးသည်။ ဒါပေမယ့် သူ့အကြည့်သည် အနီးအနားက အခန်းတစ်ခုကို သာမန်ကာ လျှံကာ ကြည့်ပြီး အံ့အောသင့်ကာ မှင်တက်သွားသည်။

“ဆရာဝူ၊ ဘာလုပ်နေတာလဲ မြန်မြန်လာ”

ဘိုယူက တိုက်တွန်းနေသည်။

“ဂူ.....ဂူချင်ယန်”

ဝူရှန် စကားထစ်နေသည်။ ထို့နောက် ကင်းလှည့် ကျောင်းသားတွေ စုဝေးနေတဲ့ စာသင်ခန်းကို အလိုလို လှမ်းကြည့်လိုက်မိသည်။

"ဟုတ်တယ်။ အရှေ့က စာသင်ခန်းက ဂူချင်ယန် ဟောပြောနေတဲ့ နေရာပဲ"

ဘိုယူ မျက်မှောင် ကြုတ်သွားသည်။ ဒါကို သံသယ ရှိစရာလိုသေးလို့လား။

"မ....မဟုတ်ဘူး"

ဒီအချိန်မှာ ဝူရှန် တစ်ယောက် ဘာပြောရမှန်း မသိတော့ပေ။ ဘေးနားက စာသင်ခန်းကို ကြည့်လိုက်ပြန်သည်။ ဒီမှာ ဂူချင်ယန်ကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ဒီလိုလျှင် အရှေ့က စာသင်ခန်းမှာ ဘယ်သူရှိနေတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရထက် ဘယ်သူက ပိုပြီး အထင်ကြီးဖို့ ကောင်းနေတာလဲ။

မဖြစ်နိုင်ဘူး။ မဟုတ်လား။

"မဟုတ်ဘူးဆိုတာ ဘာပြောချင်တာလဲ"

ချန်ဇီတုန် မျက်မှောင်ကြုတ်သွားသည်။ ဒီလူလိုမျိုး တည်ငြိမ်မှု မရှိတဲ့ မြတ်ဆရာတွေကို မကြိုက်ပါ။

"ဒါက ဂူချင်ယန်"

ဝူရှန်က အခြားစာသင်ခန်း တစ်ခုကို လက်ညှိုး ထိုးပြလိုက်သည်။

“သူက ဟိုမှာ”

“ဟားဟား၊ ဆရာဝူရဲ့ လမ်းညွှန်မှု အာရုံ သိပ်မကောင်းဘူးပဲ။ မင်းညွှန်ပြတဲ့ နေရာမှားနေပြီ”

စာစစ်သူက စနောက်လိုက်သည်။ ဒါပေမယ့် တစ်ဝက်တစ်ပျက်မှာ ဆက်မပြောနိုင်တော့ပါ။ ဝူရှန်က စာသင်ခန်းထဲသို့ လှမ်းကြည့်လိုက်လျှင် ဂူချင်ယန်က လေးနက်တဲ့ အမူအရာနဲ့ စင်ပေါ်မှာ ရပ်နေတာ မြင်လိုက်ရသည်။

“တောက် ၊ ဘာဖြစ်ကုန်တာလဲ”

စာစစ်သူ ကြောင်သွားသည်။

“ဘာမှားနေလို့လဲ”

လူတိုင်း တစ်ချက် ကြည့်လိုက်သည်။ အဲဒီနောက် သူတို့ရဲ့ အမူအရာ လေးလံသွားပြီး မှင်တက်နေကြသည်။

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ”

ဘိုယူ အံ့အောသင့်နေသည်။ မျက်လုံးကို အတင်း ပွတ်လိုက်သည်။

"ဘာဖြစ်လို့ ဂူချင်ယန်က ဒီရောက်နေရတာလဲ"

လူတိုင်း တိတ်ဆိတ်သွားသည်။ (မင်းက ငါ့ကို မေးရင် ငါက ဘယ်သူ့ကို ပြန်မေးရမှာလဲ)

ချန်ဇီတုန် မျက်နှာ လုံးဝ မည်းမှောင်နေသည်။ တစ်ချက်ကြည့်လိုက်လျှင် ဂူချင်ယန်ရဲ့ စာသင်ခန်းထဲမှာ လူ ၁၅၀လောက် ရှိနေတာ တွေ့လိုက်ရသည်။ ဒီကိန်းဂဏန်းက မဆိုးပါ။ ဒါပေမယ့် ဂူချင်ယန်ရဲ့ ကျော်ကြားမှုနဲ့စာရင်တော့ နည်းနည်းလေး နည်းနေသည်။

"ဒါဆိုရင် ဟိုစာသင်ခန်းထဲမှာ ဟောပြောပွဲ လုပ်နေတဲ့လူက ဘယ်သူဖြစ်မလဲ"

ဘိုယူက မေးခွန်းထုတ်လိုက်သည်။

ဘယ်သူမှ ပြန်မဖြေကြသော်လည်း အားလုံးခြေလှမ်းကို အရှိန်မြှင့်ပြီး လျှောက်သွားကြသည်။ ဒီအခိုက်အတန့်တွင် သူတို့ နှလုံးသားထဲမှာ သိချင်စိတ်များနဲ့ ပြည့်နှက်နေသည်။

ပုံမှန်အားဖြင့်တော့ ချန်ဇီတုန်က စည်းကမ်းတင်းကျပ်တဲ့ မြတ်ဆရာတစ်ယောက်လို ပြုမူတတ်သည်။ ဒါပေမယ့် ဒီအချိန်မှာတော့

သူ့အရှေ့မှာရှိတဲ့ ကျောင်းသားတွေကို တွန်းဖယ်ပြီး ဖြတ်လျှောက်သွားသည်။

(ဆွန်းမိုတော့ မဖြစ်သင့်ဘူးနော်။ ငါ့အရမ်း စိတ်ပူနေပြီ။ ဂူချင်ယန်ကို ဘယ်လိုလုပ်ပြီး အနိုင်ယူနိုင်မှာလဲ။ အဲဒါက မဟာကိုးပါးထဲက ထိပ်တန်း ဘွဲ့ရတချို့ပဲ ဖြစ်နိုင်တယ်)

ချန်ဇီတုန်က သူ့ကိုယ်သူ ဖြေသိမ့်နေသည်။ ထို့နောက် ခေါင်းမော့ပြီး ကြည့်လိုက်တဲ့အခါမှာတော့ လုံးဝကို အံ့အားသင့်သွားသည်။

ဆွန်းမိုက ကျောင်းသူလေး တစ်ယောက်အနားတွင် ရပ်ပြီး စကားပြောနေသည်။ စာသင်ခန်းထဲက အကြည့်တွေအားလုံးကလည်း သူ့ဆီ ရောက်နေသည်။

ကျောင်းအတွေ့အကြုံ မရှိတဲ့ လယ်သမားတစ်ယောက်တောင် စာသင်ခန်းထဲက လက်ရှိအခြေအနေသည် အရမ်း ကောင်းမွန်နေတယ်လို့ ပြောနိုင်သည်။ လူတိုင်း မျက်နှာတွင် သိချင်စိတ်နဲ့ အပြုံးတစ်ခု ရှိနေသည်။

ဒါတင်မကသေးဘဲ စကြဲန်မှာရှိတဲ့ ကျောင်းသားတွေတောင် ဆွန်းမိုကို အာရုံစိုက်ပြီး ကြည့်နေကြသည်။

"ဘုရားရေ၊ လက်တွေ့ လုပ်ပြနေတာလား"

ဝူရှန် အံ့အောသင့်နေသည်။

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ဘိုယူ အရမ်းအံ့အောသင့်နေသည်။ (အိပ်မက် မက်နေတာလား။) သူက စာစစ်သူ လုပ်လာတာ ငါးနှစ်ရှိနေပြီ ဒီလိုမျိုး မြင်ကွင်းမျိုးကို တစ်ခါမှ မမြင်ဖူးသေးပါ။

....

ဒင်လူမျက်နှာကို လက်နှစ်ဖက်နဲ့ နှိပ်ပေးနေတဲ့ ဆွန်းမိုကို လူတိုင်း ကြည့်နေကြသည်။

“မင်းရဲ့ စွမ်းဆောင်ရည်က အရမ်းကောင်းနေရင်တောင် မင်းဘယ်ရောက်နေတာလဲ မေ့နေပြီလား”

တန်နင်သည် စကားမပြောနိုင် ဖြစ်နေသည်။ ဆွန်းမိုကို ကစားနေတာ ရပ်ပြီး စာမေးပွဲကို အာရုံစိုက်ဖို့ သတိပေးချင်နေသည်။ ဒါပေမယ့် သူက အဓိက စာစစ်သူ ဖြစ်နေလို့ ဘာမှမပြောနိုင်ပေ။

"သူ့အတွက် ဖောင်းကားနေပြီ။ သေချာပေါက် ဘဝင်မြင့်နေပြီ"

ဆုတိုင်က အေးစက်စက် ရယ်မောလိုက်သည်။ သေဖို့ သင်္ချိုင်းတူးတယ်ဆိုတာ ဒါမျိုးပဲ။ အတိအကျပဲ။

ဆွန်းမိုကလည်း လူတချို့က သူ့ကို အမဲဖျက်ဖို့ စောင့်နေတယ်ဆိုတာ သိသည်။ (တောင်းပန်ပါတယ်။ မင်းတို့တွေ စိတ်ပျက်သွားလိမ့်မယ်)

ဆွန်းမို မျက်နှာတွင် လေးလံတဲ့ အမူအရာဖြစ်နေပေမယ့်လည်း အမှန်တကယ်တော့ တော်တော်လေး စိတ်အေးလက်အေး ဖြစ်နေသည်။

တကယ်လို့ သူက လေးနက်ပြီး အတည်ပေါက် လုပ်နေတဲ့အမူအရာ မပြပါက တခြားသူတွေက အစွမ်းကုန် ကြိုးစားနေတယ်ဆိုတာ ဘယ်လို ယုံမှာလဲ။ ကျောင်းသားက ကျေးဇူးတင်ပြီး သိတတ်မှုရအောင် ဘယ်လိုလုပ်ရမလဲ။

အမှတ်အတိုင်းပြောရလျှင်တော့ ဒင်လူအတွက် မျက်နှာခွဲစိတ်ပေးရတာက အရမ်းကိုအားထုတ် ရသည်။

ကလေးဘဝတုန်းက ဖျားနာခဲ့လို့ ပါးစပ် ရွဲ့သွားခဲ့သည်။ အချိန်မီ ှ မကုသခဲ့ရသဖြင့်

ပါးစပ်နားက ကြွက်သားတွေ ပျက်ဆီးပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရသည်။

အခုအချိန်မှာတော့ ဆွန်းမိုသည် လည်ပတ်ခြင်း နည်းစနစ်ကို အသုံးပြုပြီး ဒင်လူရဲ့ သွေးကြောများကို မူရင်း ပုံစံအတိုင်း ပြန်ဖြစ်အောင် လုပ်ပေးနေသည်။ ဒီနောက် ကြွက်သား ပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။ နောက်ဆုံးအဆင့်အတွက် အသားရေလှပခြင်း နည်းစနစ်ကို အသုံးပြုပြီး ပြင်ပအရေပြားမှာရှိတဲ့ အရေးကြောင်းများကို ဖယ်ပေးလိုက်သည်။

ငါးမိနစ်လောက်ကြာတော့ လက်တွေကို ဖယ်လိုက်သည်။ တစ်ခန်းလုံး တုန်လှုပ်ခြောက်ခြားစွာ အော်ဟစ်လိုက်သဖြင့် ကောင်းကင်ကြီး ပြိုကျလာမှာတောင် စိုးရိမ်ရသည်။

ဝိုး

သူတို့ရဲ့ဖြူစင်တဲ့ ခံစားချက်များ ပေါက်ကွဲထွက်လာသည်။

မှော်ဆန်းလွန်းတဲ့ အရာတစ်ခုကို တွေ့လိုက်ရသဖြင့် စိတ်လှုပ်ရှားနေကြသည်။

ဆွန်းမိုက မဖြစ်နိုင်ဘူးလို့ သတ်မှတ်ထားတဲ့ အရာတစ်ခုကို အောင်မြင်အောင် လုပ်ခဲ့တာ တွေ့တော့ အံ့အော မှင်တက်နေကြသည်။

ဆွန်းမို အောင်မြင်သွားသဖြင့် ရွှံ့စောင်းနေတဲ့ ဒင်လူ ပါးစပ်သည် မူလပုံစံအတိုင်း ပြန်ဖြစ်သွားသည်။ ဒါ့အပြင် သူက အမှန်တကယ် ချောမောနေသည်။

“ငါ......ငါတကယ် ချောလာတာလား”

ဒင်လူ တကိုယ်လုံးတုန်ယင်နေသည်။ ဉာဏ်ရည် ထက်မြတ်တဲ့ကလေးတစ်ယောက် ဖြစ်သဖြင့် ပတ်ဝန်းကျင်က ကျောင်းသားတွေရဲ့ အမူအရာကို

ကြည့်ပြီး ဘာဖြစ်နေတယ်ဆိုတာ ခန့်မှန်းနိုင်သည်။ ဒါပေမယ့် တကယ် မယုံရဲသေးပါ။

“မှန်ဘယ်သူမှာ ရှိလဲ”

ဆွန်းမိုက မေးလိုက်သည်။

“ငါ့မှာရှိတယ်”

ကောင်မလေးတစ်ယောက်က လက်ဖဝါးအရွယ် မှန်တစ်ချပ် ထုတ်ပေးသည်။ အနောက်နိုင်ငံက သွင်းလာတဲ့ မှန်တွေက ကြေးမှုံတွေထက် ဈေးပိုကြီးသည်။ ရောင်ပြန်မှုကလည်း ပိုရှင်းလင်းသည်။

ဒင်လူ ပါးစပ်ရွဲ့တဲ့ အချိန်ကစပြီး မှန်ကြည့်ဖြစ်တာ အရမ်းရှားသည်။ ကြည့်ကောင်းခဲ့တဲ့ အချိန်ကို ပြန်သတိ မရချင်တော့ပါ။ ဒါပေမယ့် အခုတော့ မှတ်ဉာဏ်တွေထဲက လူငယ်လေး ပြန်ရောက်နေပြီ။

ခဏလောက်ကြာတော့ ဒင်လူ မျက်ရည်စီးကျလာသည်။

ဖုန်း

ဒင်လူသည် ဆွန်းမိုအရှေ့မှာတစ်ခါထဲ ဒူးထောက်ပြီး အရိုအသေ ပေးလိုက်သည်။

“ဆရာ၊ ငါဒင်လူ။ ဆရာရဲ့ ကြီးမားတဲ့ မဟာဂရုဏာကို တစ်သက်လုံး မမေ့ပါဘူး”

ဘုန်း ဘုန်း ဘုန်း

ဒင်လူသည် အချိန်ဖြုန်း မနေတော့ပါ။ နဖူးပွန်းတဲ့အထိ အရိုအသေ ဆယ်ခါ ပေးလိုက်သည်။

ဒင်

ဒင်လူ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ရင်းနှီး (၁,၃၀၀/၁၀,၀၀၀)

"ထပါ။ ငါ့ဘက်က နည်းနည်းလေးပဲ အားထုတ်ခဲ့ရတာပါ။ မင်းစိတ်ထဲ ထားနေစရာ မလိုပါဘူး"

ဆွန်းမိုက ဒင်လူကို ထူပေးလိုက်သည်။ ဆွန်းမိုက နှိမ့်ချတာ မဟုတ်ပေမယ့် သူလုပ်ခဲ့တာက သိပ်လည်း အားစိုက်ထုတ်စရာ မလိုခဲ့ပေ။

"ဆရာက အံ့မခန်းပဲ"

ဘယ်သူက အော်လိုက်မှန်မသိပေမယ့် ဒီအော်သံက တိတ်ဆိတ်မှုကို ချိုးဖျက်ပစ်လိုက်သည်။ ဒီနောက် ကောင်းကင်ကြီး လန့်ဖြန့်သွားနိုင်တဲ့

လက်ခုပ်သံများ ထွက်လာသည်။ ကျောင်းသား အားလုံး လက်ခုပ်တီးနေပြီး စိတ်လှုပ်ရှားစွာ ပြောဆို ဆွေးနွေး နေကြသည်။

မျက်နှာခွဲစိတ်တာမျိုးက ဒီကလူတွေအတွက် မှော်ဆန်လွန်းပြီး သူတို့ ပြန်သွားရင်တောင် သုံးနှစ်သုံးမိုး ကြွားလို့ရတဲ့ အဖြစ်အပျက် ဖြစ်သည်။

"အခုလေထုက အရမ်းကောင်းနေပြီ။ ဆွန်းမို စံချိန် ချိုးသွားမှာတောင် ကြောက်မိတယ်"

ဘိုယူသည် အလိုလို ပြောလိုက်မိသော်လည်း ချန်ဇီတုန် အမူအရာကို တစ်ချက်စောင်းကြည့်ပြီး

ပါးစပ်ကို လျှင်မြန်စွာ ပိတ်လိုက်သည်။ ချန်ဇီတုန် မျက်နှာ တော်တော်လေး ရှုပ်ပျက်နေသည်။ တစ်ယောက်ယောက်က ပါးစပ်ထဲ အညစ်အကြေး ထည့်ထားသလို ၊ တစ်လလောက် ဝမ်းချုပ်နေတဲ့ မျက်နှာမျိုး ဖြစ်နေသည်။

အခန်း(၄၅၆) - ကြီးကြယ်ခမ်းနားပြီး အံ့အောဖို့ကောင်းတဲ့ ပြပွဲ။

"ဆရာ၊ မင်းက အမှောင်လျှို့ဝှက်ကျင့်စဉ် တစ်ခုခုကို ကျင့်ကြံထားတာလား"

ကျောင်းသားတစ်ယောက်က သိချင်စိတ်ကို မထိန်းနိုင်ဘဲ မေးလိုက်သည်။ ငါးမိနစ်လောက် နှိပ်ပေးရုံနဲ့ ကျောင်းသားတစ်ယောက်ရဲ့ ရုပ်ရည်က ပြန်လည် ကောင်းမွန်လာသည်။ ဒါက အံ့အောဖို့ ကောင်းလွန်းနေသည်။

"လျှို့ဝှက်ချက်"

ဆွန်းမိုက လျှို့ဝှက်ဆန်းကြယ်မှုကို ထိန်းသိမ်းထားပြီး ထုတ်မပြောခဲ့ပါ။ ဒါမှလည်း သိချင်စိတ် ပြည့်နှက်နေမည်။ ဒါမှ ဆွန်းမိုရဲ့ ဂုဏ်သတင်းကလည်း ဒီထက်မက ပျံ့နှံ့လာလိမ့်မည်။

“ အံ့အောဖို့ ကောင်းလွန်းတယ်”

ကျန်းမိုင် စိတ်လှုပ်ရှားစွာ လက်ခုပ် တီးလိုက်သည်။ ထူးချွန်မဲပေးဖို့လည်း ဆုံးဖြတ်လိုက်သည်။ ချန်မျိုးနွယ်ကို စော်ကားမိသလို ဖြစ်သွားမှာ စိုးရိမ်သော်လည်း အဆုံးတွင် မြတ်ဆရာတစ်ယောက်၏ ဂုဏ်သိက္ခာအပေါ်

သစ္စာရှိဖို့ ဆုံးဖြတ်လိုက်သည်။ မိမိအသိစိတ်ကို ဆန့်ကျင်ပြီး မလုပ်ချင်တော့ပါ။

“ချန်မျိုးနွယ်တော့ ဒုက္ခရောက်ပြီ”

တန်နင် အနည်းငယ် ဝှံကြွသွားသည်။ ဆွန်းမိုသည် အရမ်းသန်မာပြီး ချန်မျိုးနွယ်ရဲ့ ယုတ်မာတဲ့ လှည့်ကွက်များကို အတင်းအကြပ် တော်လှန်ခဲ့သည်။ ဒီလိုမှမဟုတ်ရင် ဆွန်းမို ဒုက္ခ ရောက်လိမ့်မည်။

သူက ရာစုနှစ်တစ်ခုရဲ့ ပါရမီရှင်ပဲ။ ဒီလိုလူမှပဲ မြတ်ဆရာလောကရဲ့ နောက်ကွယ်က

စည်းမျဉ်းတွေနှင့် အကျင့်ဆိုးများကို ချိုးဖြတ်နိုင်လိမ့်မည်။

"အတန်းချိန်က ပြီးခါနီးပြီ။ ဒါကြောင့် နောက်ထပ် မေးခွန်းတစ်ခု ဖြေပေးမယ်။ မေးခွန်းမေးချင်တဲ့လူတွေက လက်ထောင်ကြပါ"

ဆွန်းမို စကားပြောပြီးတာနဲ့ လက်များစွာ လေထဲ ရောက်နေကြပြီ။

ကင်းလှည့်တဲ့ ကျောင်းသားတချို့လည်း အခန်းထဲကို လျှင်မြန်စွာ ဝင်လာကြသည်။ လူများပြီး

ထိုင်ခုံကနည်းနေသဖြင့် တချို့ဆို အချင်းများနေကြသည်။

ဒါကိုမြင်လိုက်တော့ ချန်ဇီတုန် မျက်နှာ တော်တော်လေး ပျက်နေသည်။

အခုချိန်ဆိုရင် အခန်းထဲမှာ လူ လေးရာလောက် ပြည့်နေပြီ။

"မျက်နှာ အလှပြင် ခွဲစိတ်မှုလား"

ခြေတစ်လှမ်းစောပြီး သူ့ထက်အရင် ရောက်နေကြတဲ့ စာစစ်သူများ ထံမှာ ဆွန်းမိုလုပ်ခဲ့တဲ့

အရာများကို ဝှရှန် သိလိုက်ရသည်။ တော်တော်လေး ထိတ်လန့်သွားသည်။

အခြားစာစစ်သူများရဲ့ ပြောစကားကလည်း အတူတူပဲ ဖြစ်နေသည်။

"ဆရာချန်၊ ဒါက လေးကြိမ်မြောက်"

ဘိုယူက သူတို့နှစ်ယောက်ထဲသာ ကြားနိုင်တဲ့ လေသံနဲ့ သတိပေးလိုက်သည်။ ဒီလို ပြောလိုက်ပေမယ့်လည်း ယုံကြည်မှု သိပ်မရှိပါ။

ဆွန်းမိုက တတိယ အဆင့်မှာ စံချိန်ချိုးဖို့ သေချာနေပြီ။ ဒါကြောင့် စတုတ္ထအဆင့်မှာ ဆိုးဆိုးဝါးဝါး ကျရှုံးဖို့တာ မဖြစ်နိုင်ပါ။

(ချန်မျိုးနွယ်က ဒီဆေးခါးကြီးကို သောက်ဖို့ပဲ ရှိတော့တယ်)

ဘိုယူသည် ဆွန်းမိုကို ကြည့်ပြီး မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ချန်ဇီတုန်သည် အရမ်းစိတ်ပျက်ပြီး သွေးအန်ချင်နေပြီ။ ဆွန်းမို ဒုက္ခရောက်ရန် သူ့ရဲ့ အာဏာကို အသုံးပြုပြီး ဆွန်းမိုရဲ့ စာမေးပွဲအချိန်ကို

အဆိုးဆုံး ဖြစ်နိုင်ခြေများတဲ့ အချိန်ဖြစ်အောင် စီစဉ်ခဲ့သည်။ ဒါ့အပြင် သေချာစေရန် ဂူချင်ယန်နဲ့ အချိန်တိုက်အောင် နှစ်ထပ်ကွမ်း စီစဉ်ခဲ့သည်။

ဘယ်လိုပဲပြောပြော ဂူချင်ယန်၏ စံနှုန်းအရဆို ဒီစာမေးပွဲကို မအောင်နိုင်စရာအကြောင်း မရှိပေ။ သို့သော်လည်း ဂူချင်ယန်က ဆွန်းမိုကို အနိုင်မယူနိုင်သဖြင့် သူ့အစီအစဉ်က ကျူရှုံးနေသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှန်အတိုင်းပြောရလျှင် ဂူချင်ယန် မပြောနဲ့ သူ့ထက်သာလွန်တဲ့ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်တောင် မဖြစ်နိုင်ပေ။

မြတ်ဆရာဆရာတွေရဲ့ ဟောပြောချက်က ကောင်းတယ်ဆိုပေမယ့် ချက်ခြင်းလက်ငင်း အကျိုးသက်ရောက်မှု ရှိပါ့မလား။

အခုအချိန်မှာ ဆွန်းမိုက ကျောင်းသားတွေရဲ့ ပြဿနာကို တစ်ထိုင်တည်း ဖြေရှင်းပေးပြီး အဆင့်တစ်ဆင့် တက်အောင်တောင် ကူညီပေးခဲ့သေးသည်။

ဒီမြင်ကွင်းက အရမ်း အံ့အောဖို့ကောင်းပြီး မကျော်ဖြတ်နိုင်ပေ။

လူတွေအားလုံးက တစ်ကိုယ်ကောင်း ဆန်ကြသည်။ မေးခွန်းမေးဖို့ အခွင့်ရေး ရှိသေးရင် လက်မထောင်ချင်တဲ့ လူရှိလို့လား။ ဆွန်းမိုသာ ရွေးချယ်ခဲ့ရင် ဘာဖြစ်လာမလဲ။

"ခဏစောင့်အုံး။ မေးစရာရှိတယ်။ မင်းရဲ့ လျှို့ဝှက်ကျင့်စဉ်က ကျောင်းသားတွေအပေါ်ကို အပျက်သဘောဆောင်တဲ့ လွှမ်းမိုးမှု မရှိဘူးဆိုတာ သေချာလား။ အခုချိန်မှာ အဆင်ပြေပေမယ့်

နောင်တစ်ချိန်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ဘယ်သူသိမလဲ”

ဆုတိုင်က မေးခွန်းထုတ်လိုက်သည်။

“အသက်ဓါတ်တွေ လျော့နည်း လာမလား”

စိတ်လှုပ်ရှားနေကြတဲ့ ကျောင်းသားတွေ အနည်းငယ် ငြိမ်ကြသွားသည်။ အို၊ ဒီလို အံ့အောဖို့ ကောင်းပြီး နတ်ဘုရားဆန်တဲ့ စွမ်းရည်က တကယ်ပဲ အသက်ဓါတ်ကို လျှော့နည်းသွားစေမလား။

တိုးတက်အောင် ကူညီပေးနိုင်တဲ့ မှော်ဆေးပြားများသည် အကျိုးအာနိသင်က

ရေတိုတွင် သိသာထင်ရှားသော်လည်း ရေရှည်တွင် ကောင်းကျိုးထက် ဆိုးကျိုးက ပိုများလာသည်။

"ကျောင်းသားတွေ၊ တကယ်ပဲ မင်းတို့ကို ဒီမေးခွန်း မေးစေချင်တာ။ ဒါပေမယ့် အခုချိန်အထိ ဘယ်သူမှ မမေးကြသေးဘူး။ ဒါက ငါ့ကို အရမ်းစိတ်ပျက်စေတယ်"

ဆွန်းမိုက သက်ပြင်းချရင်း ပြောလိုက်သည်။

"ဆွန်းမိုကို သံသယဝင်နေတဲ့ ကျောင်းသားတွေ ရုတ်တရက် အံ့အောသင့်ကုန်သည်။ ဒါကဘာလဲ။

"ဒါက မင်းတို့နဲ့ မြတ်ဆရာကြားက ခြားနားချက်ပဲ။ တိုးတက်မှုကိုပဲ မကြည့်နဲ့။ နောက်ကွယ်က ဇစ်မြစ်ကိုလည်း ကြည့်ရမယ်"

ဆွန်းမို

"နောက် ဒီလိုမျိုးကိစ္စနဲ့ ကြုံလာရင် အဲဒီလို အရင်စဉ်းစားဖို့ မျှော်လင့်တယ်"

ကျောင်းသားတွေ လေးစားတဲ့ အမူအရာ ဖြစ်လာကြသည်။

"သင်ကြားမှုကနေ အကျိုးရှိခဲ့ပါတယ်'

"မအလ"

ဆုတိုင် သေချင်စိတ် ပေါက်သွားသည်။ ဒီကောင်က အကြံသမားပဲ။ ဒါက အကျပ်အတည်းဖြစ်သော်လည်း သူက ဒီအခွင့်အရေးကို အသုံးချပြီး ကျောင်းသားတွေဆီက လေးစားအထင်ကြီးမှုရအောင် လုပ်သွားသေးသည်။ တော်တော်လေး ဒေါသထွက်ဖို့ ကောင်းသည်။ နှစ်ပေါက်တစ်ပေါက် ရိုက်ရုံနဲ့ အသုံးမဝင်ပါ။ သန်မာမှုက အရေးပါသည်။ ဒါကြောင့် ဆုတိုင်က နောက်တစ်ကြိမ် ထပ်မေးသည်။

"မင်းရဲ့ လျှို့ဝှက်ကျင့်စဉ်မှာ ပြဿနာ မရှိဘူးဆိုတာ သက်သေပြပါ"

ဆုတိုင်က အခိုင်အမာ တောင်းဆိုသည်။

"ကောင်းပြီလေ"

ဆွန်းမို ပြုံးလိုက်သည်။ ဒီလူတွေ ဒုက္ခပေးမယ်ဆိုတာ ကြိုတွေးပြီးသားပါ။ ချန်မျိုးနွယ်ကို စော်ကားပြီးမှတော့ ပြဿနာ လာရှာတယ်ဆိုတာ ပုံမှန်ပါပဲ။

လူတိုင်းရဲ့ အကြည့်အောက်တွင် ဆွန်းမိုက သံသယ အဝင်ခံရလို့ စိတ်ဆိုးတဲ့ ပုံမရှိပေ။ သူက တည်တည်ငြိမ်ငြိမ်နဲ့ တန်နင်ဆီ လျှောက်သွားသည်။

"အဓိက စစ်ဆေးသူ၊ ခွင့်ပြုပါအုံး"

ဆွန်းမိုက လက်ဆန့်လိုက်သည်။

"ရပါတယ်"

တန်နင် မတ်တပ်ရပ်လိုက်သည်။

ဆွန်းမိုက တန်နင်ရဲ့ ပုခုံးကို နှိပ်ပြီး

"ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်နဲ့ စမ်းကြည့်ကြတာပေါ့။ ပြီးတော့ သူ့ရဲ့ သုံးသပ်ချက်ကို မင်းတို့နားထောင် ကြည့်ကြလေ။ ဒါဆိုရင်တော့ မင်းတို့ ယုံနိုင်တယ် မဟုတ်လား"

ဒီမြင်ကွင်းကို မြင်လိုက်တော့ ဆုတိုင် အနေရခက်သွားသည်။ ကျန်းမိုင်ကတော့ ဆွန်းမိုရဲ့သတ္တိကို တိတ်တဆိတ် ချီးကျူးလိုက်သည်။ အခုဆိုရင် ဆွန်းမိုရဲ့ဂုဏ်သိက္ခာက တန်နင်နဲ့ ချိတ်ဆက်ထားသည်။ အားလုံးက သူ့စကားတစ်ခွန်းနဲ့ ပွဲဆူ သွားနိုင်သည်။ တကယ်လို့ ဆွန်းမိုက တန်နင်ကို

အပြည့်အဝ ဆွဲဆောင်နိုင်မယ်လို့ မယုံကြည်ခဲ့လျှင် ဒီလို လုပ်ရပ်မျိုး လုပ်မှာ မဟုတ်ပေ။

တကယ်လည်း ဆွန်းမိုမှာ ယုံကြည်မှု ရှိသည်။ ဒီနေ့ ရွေးချယ်ခဲ့ကြတဲ့ ကျောင်းသားတွေကလည်း သူတို့ လက်ရှိရောက်နေတဲ့ ကျင့်ကြံခြင်းအဆင့်မှာ အထွဋ်အထိပ်ကို ရောက်နေကြပြီး ဒါကို နတ်ဘုရားမျက်စိ အာရုံသုံးပြီး ရွေးချယ်ခဲ့သည်။ ဆွန်းမိုဆီက အနှိပ်မခံရလျှင်တောင် လာမည့် ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ အဆင့်တက်နိုင်သည်။

နင်းဂျူကတော့ သူ့ရဲ့ အကူအညီမပါရင် အဆင့်တက်ဖို့ တော်တော်လေး ကြာနိုင်သည်။

"ဆွန်းမိုက အရမ်းသတ္တိရှိတဲ့ ကောင်ပဲ"

"အမှန်ပဲ။ ဆရာတန်က ဆရာအသစ်များအပေါ်မှာ တင်းကြပ်တယ်လို့ လူသိများတယ်။ သူနဲ့ စကားကောင်းကောင်း ပြောရဖို့တောင် ခက်တယ်"

"သူ ဘယ်လို လျှို့ဝှက်ကျင့်စဉ် သုံးလဲဆိုတာ ငါသိချင်တယ်"

စကြံ်နမှာ ကင်းလှည့်နေတဲ့ ကျောင်းသားများသည် အချင်းချင်း ဆွေးနွေးနေကြသည်။ ဒီအတွက်လည်း

မတတ်နိုင်ပါ။ ဆွန်းမိုရဲ့ မြင်ကွင်းက အရမ်းစိတ်ဝင်စားဖို့ ကောင်းနေသည်။

မိုင်ရာဇီ ထွက်သွားသည်။ တခြားဖြေဆိုသူတွေကိုလည်း အခွင့်အရေး ပေးဖို့လိုသည်။

တန်နင်က ကြယ်လေးပွင့်မြတ်ဆရာ ဖြစ်လို့ ဒီလို အခြေအနေမှာ သူ့ရဲ့ဂုဏ်သိက္ခာကို ထုံးစံအတိုင်း ထိန်းသိမ်းလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုရဲ့လက်က သူ့ကို ထိလိုက်တာနဲ့ တစ်ခုခု မှားနေပြီလို့ ခံစားလိုက်ရသည်။ နည်းနည်းနာတယ်၊ နာတယ် ၊

ထုံကျင်တယ်၊ ဒါပေမယ့်လည်း ဖော်ပြလို့ မရတဲ့ ခံစားမှုတစ်ခုလည်း ဖြစ်ပေါ်လာသည်။

ညည်းလိုက်မိသည်။

ဘုန်း ဘုန်း ဘုန်း

ဝိညာဉ်ချီတွေက သူ့ဆီကို သဲသဲမဲမဲ စီးဆင်းလာသည်။ ဝိညာဉ်ချီ လေဆင်နှာမောင်းကြီး ပေါ်လာကာ အိပ်စက်နေတဲ့ ကြွက်သားများ နိုးထလာသည်။

ဂျင်းနီ ဖြစ်ပေါ်လာပြီး ဆွန်းမိုအစား လုံးဝ တာဝန်ယူလိုက်သည်။

"အမ်၊ ငါက အဆင့်မတက်နိုင်သေးဘူး မဟုတ်လား"

တန်နင် အံ့အောသွားသည်။ သူက သက်ရှည်နယ်ပယ်ရဲ့ ဒုတိယအဆင့်မှာ ပိတ်မိနေတာ တော်တော်ကြာနေပြီ။ အရည်အချင်း မကောင်းလို့ မဟုတ်ပါ။ မြတ်ဆရာတစ်ယောက်အနေနဲ့ အလုပ်တွေ အရမ်းများနေသည်။ ကျင့်ကြံခြင်းအပေါ် အပြည့်အဝ အာရုံ မစိုက်နိုင်ပေ။

ဒါပေမယ့်လည်း အခုတော့ ကာလကြာရှည်စွာ စောင့်စားရတဲ့ အဆင့်တက်မည့် လက္ခဏာ ပေါ်လာပြီ။

တန်နင်က ပြတ်သားတဲ့ လူဖြစ်သည်။ အတွေးအားလုံး ရှင်းထုတ်လိုက်ပြီး အခွင့်အရေးအရယူကာ သက်ရှည်နယ်ပယ် တတိယအဆင့်ကို တက်ရောက်ဖို့ အားထုတ်လိုက်သည်။ ဒါပေမယ့် မလုပ်နိုင်ပါ။ ဗလတောင့်တဲ့ ဂျင်နီရဲ့အနှိပ်က အရမ်းကောင်းမွန်သည်။

ဒါကို ဘယ်လိုဖော်ပြရမလဲ။

ပထမဆုံးအကြိမ် တစ်ကိုယ်ရည်အာသာဖြေတဲ့ ခံစားမှုလိုပဲ။

ဘုန်း

တန်နင်ရဲ့ ဆဲလ်တွေကနေ ဝိညာဉ်ချီ ပေါက်ကွဲထွက်လာပြီး ပတ်ဝန်းကျင်က ဝိညာဉ်ချီတွေကို အရူးအမူး စုပ်ယူနေသည်။

ဝုန်း ဝုန်း

ဒါက သက်ရှည်နယ်ပယ်မှာရှိတဲ့ မြတ်ဆရာတစ်ယောက်ရဲ့ အဆင့်တက်မှု ဖြစ်သည်။

မြင်ကွင်းက ကြီးမားလွန်းသည်။ များပြားလှတဲ့ ဝိညာဉ်ချီတွေက အခန်းထဲသို့ စီးဝင်လာသည်။ လှိုင်းလုံးတွေလို ဖြစ်နေသည်။ ကျောင်းသားအားလုံးရဲ့ ဆံပင်နှင့် အဝတ်အစားတွေက တဖျပ်ဖျပ် ခတ်နေသည်။

စားပွဲနှင့် ပြတင်းပေါက်တွေ တုန်ခါနေသည်။ စာရွက်နဲ့ မှတ်စုတွေ တဖျပ်ဖျပ် ခတ်နေသည်။

ဝိညာဉ်ချီတွေက သိပ်သည်းလွန်းလို့ မှိတ်တုတ်မှိတ်တုတ် အလင်းစက်တွေတောင် ပေါ်နေသည်။ ဒီညနေခင်းသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှို့ဝှက်ဆန်းကြယ်ပြီး တောက်ပလွန်းကာ ကြည့်လို့အရမ်းလှနေသည်။

တတိယအထပ်တွင် ကင်းလှည့် စာစစ်သူများပိုများလာသည်။ အခြား စာသင်ခန်းထဲက ကျောင်းသားတွေ စိတ်မငြိမ်တော့ဘဲ ခေါင်းကုတ်နေကြသည်။ အတန်းကိုလည်း စိတ်မပါတော့ပါ။ ဘာတွေဖြစ်နေလဲဆိုတာ သွားကြည့်ချင်နေသည်။

အတန်းထဲမှာ သူမျှော်လင့်ထားတဲ့ လူဦးရေ မပြည့်ပေမယ့် ဂူချင်ယန် မျက်နှာ မပျက်ပေ။

အတန်းကိုပဲ အာရုံစိုက်ပြီး စာသင်နေခဲ့သည်။ နောက်ဆုံးတော့ ထပ်ပြီး သည်းမခံနိုင်တော့ပါ။

ကျောင်းသား တစ်ရာပဲ ကျန်ပြီး အားလုံးလည်း အာရုံပျံ့နေကြသည်။ သက်ရှည်နယ်ပယ် ကျွမ်းကျင်သူရဲ့ အဆင့်တက်မှုသည် ဝရုန်းသုန်းကား ဖြစ်ကာ ကြီးမားလွန်းသည်။

နောက်ဆုံးတော့ ဂူချင်ယန်လည်း မျက်မှောင်ကြုတ်လာသည်။ အခုလိုအချိန်မျိုးမှာ အရေးကြီး ဇတ်ရုပ်မျိုးကို ဘယ်လိုလူ လုပ်လဲဆိုတာ သံသယ ဝင်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မဟုတ်သေးဘူး။ ဖြေဆိုသူတစ်ယောက်ယောက်က ထစ်ဆို့မှုကို ဖြတ်ကျော်ပြီး အဆင့်တက်အောင် ကူညီပေးနေတာလား)

အကြောင်းအရာတချို့ကြောင့် ဂူချင်ယန်သည် ဆွန်းမိုကို တွေးလိုက်မိသည်။

တန်နင်သည် ငါးမိနစ်လောက် ဝိညာဉ်ချီတွေ စုပ်ယူပြီး ဘေးကင်းကင်းနဲ့ အဆင့်တက်သွားသည်။

“ဆရာတန်၊ ဂုဏ်ပြုပါတယ်”

ကျန်းမိုင်က ဂုဏ်ပြုစကား ပြောဖို့ ထလာသည်။ တစ်ချိန်တည်းမှာပဲ အားကျမှုကို မဖုံးကွယ်ထားနိုင်ပေ။ မြတ်ဆရာတွေက အလုပ်အရမ်းများသဖြင့် ကျင့်ကြံချိန် နည်းပါးသည်။ ဒါကြောင့် အဆင့်ပိုမြင့်လေလေ အဆင့်တက်တာ နှေးလာလေလေ ဖြစ်သည်။

ဒီတစ်ကြိမ်မှာတော့ တန်နင်သည် တကယ်ကောင်းမွန်တဲ့ အဆုံးသတ်ကို ရခဲ့သည်။

“ငါ စာမေးပွဲ လုပ်နေတုန်း။ ဂုဏ်ပြုစကားကို နောက်မှ ပြောကြရအောင်”

တန်နင်က ဆုတိုင် ဂုဏ်ပြုစကား ပြောဖို့ လုပ်နေတာကို တားလိုက်ပြီးနောက် ဆွန်းမိုဘက်သို့ လှည့်ကြည့်လိုက်ပြီး

“ငါကလည်း ကျေးဇူးတင်သင့်တယ်။ ဒါပေမယ့် အချိန်မှန် မဖြစ်သေးဘူး”

ထို့နောက် တန်နင်သည် စင်ပေါ်ကနေ ကျောင်းသားတွေ ဘက်သို့ မျက်နှာ မူလိုက်သည်။

“ငါ တန်နင်က၊ ကြယ်လေးပွင့်မြတ်ဆရာ ဒီစာမေးပွဲမှာ အဓိက စာစစ်သူပါ။ သူ့ရဲ့ လျှို့ဝှက်ကျင့်စဉ်က ခန္ဓာကိုယ်ပေါ်မှာ

အပျက်သဘောဆောင်တဲ့ လွှမ်းမိုးမှု မရှိဘူးဆိုတာ အာမခံနိုင်ပါတယ်။ ငါ့ရဲ့ သုံးသပ်ချက်အရတော့ ဒါက အံ့အောဖို့ကောင်းတဲ့ အနှိပ်နည်းစနစ်ပဲ”

တန်နင် စကားပြောပြီးနောက် အခန်းတစ်ခုလုံး ခဏလောက် တိတ်ဆိတ်သွားသည်။ ဒီနောက် လက်ခုပ်သံတွေ ဟိန်းထွက်လာသည်။ မတ်တပ်ရပ်ပြီး လက်ခုပ်တီးတဲ့ ကျောင်းသားတွေ ပိုပို များလာသည်။ မျက်စိတစ်မှိတ်အတွင်း ထိုင်ခုံပေါ်မှာ ထိုင်နေတဲ့လူတွေ မရှိတော့ပေ။

စကြ်ာန်မှာရှိတဲ့ ကင်းလှည့်ကျောင်းသားများတောင် အရမ်းအံ့အောပြီး သဘောကျနေကြသည်။ သူတို့လည်း လက်ခုပ် တီးနေကြသည်.

ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက် အာမခံမှုထက် ပိုခိုင်မာတဲ့ အထောက်အထား ရှိပါအုံးမလား။

ရှိခဲ့ရင်တောင် ယုံနေအုံးမှာပဲ။ ဒါက ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ကို အဆင့်တင်ပေးခဲ့တာ ဖြစ်သည်။

ဆုတိုင်သည် စိတ်အားထက်သန်စွာ အားပေးနေတဲ့ မြင်ကွင်းကို ကြည့်ပြီး အနေရခက်နေသည်။ စိတ်ထဲတွင်လည်း မနာလိုသလို သဘောကျတဲ့ အငွေ့အသက်တွေလည်း ရှိနေသည်။ ဒီဆွန်းမိုက တကယ် ထူးချွန်လွန်းသည်။

ဆွန်းမို ပြုံးပြီး လမ်းလျှောက်လာသည်။ အဲဒီနောက် အောက်ကို ငုံ့ကြည့်ပြီး ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ငါ့ရဲ့ သင်ခန်းစာပြီးသွားပါပြီ။ မင်းတို့ အလားအလာကောင်းတွေပိုင်ဆိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဆွန်းမိုက ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

လက်ခုပ်သံတွေက အနောက်မှာ ကျန်နေခဲ့သည်။

အတန်းပြီးဆုံးကြောင်း ခေါင်းလောင်းသံမြည်လာသော်လည်း လက်ခုပ်သံကို မကျော်နိုင်ခဲ့ပါ။ ဒါကြောင့် ဘယ်သူမှ မကြားလိုက်မိပေ။

ဒင်

“လေစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၆,၁၃၀ ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆွန်းမို အခန်းထဲက ထွက်လာတာနဲ့ စနစ်ဆီက အကြောင်းကြားချက်ကို ရလိုက်သည်။ စကြိန်တွင် လူပြည့်နေတာလည်း သူမြင်လိုက်ရသည် ။ ဒီကျောင်းသားတွေက ဆွန်းမိုကို မြင်လိုက်တာနဲ့ သူလမ်းလျှောက်ဖို့အတွက် လမ်းဖယ်ပေးလိုက်ကြသည်။

“ကျေးဇူးတင်ပါတယ်”

ဆွန်းမို ခေါင်းညိတ်လိုက်ပြီး မျက်လုံးထောင့်ကနေ လူအုပ်ထဲမှာ ရပ်နေတဲ့ ချန်ဇီတုန်ကို တွေ့လိုက်သည်။ ဖော်ပြနေစရာတောင် မလိုပါဘူး။ သေလုနီးပါး ဒေါသထွက်နေရှာသည်။

အခန်း(၄၅၇) - စံချိန်ချိုးခြင်း။ တံဆိပ်ကြီး

"တကယ်ပဲ ဆွန်းမိုလား"

အခန်းထဲက လမ်းလျှောက်ထွက်လာတဲ့ ဂူချင်ယန်သည် ထွက်သွားတဲ့ ဆွန်းမိုနောက်ကျောကို မြင်လိုက်ကာ ချက်ခြင်း ဝေခွဲရ ခက်သွားသည်။ သူသည် ငယ်စဉ်ကတည်းက အခြားသူများ အမြင်တွင် မယှဉ်နိုင်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူက အာရုံစိုက်မှုရဲ့ ဗဟိုချက် ဖြစ်ခဲ့သည်။

ဒါပေမယ့် ဒီနေ့တော့ လျစ်လျူရှုခံရတဲ့ အရသာကို ဂူချင်ယန် သိသွားသည်။

စကြ်ံနိပေါ်တွင် လူပေါင်း တစ်ထောင် စုဝေးနေကြပြီး အချင်းချင်း တိုးဝှေ့နေကြသည်။ သူတို့က ဆွန်းမိုကို သဘောကျစွာ ငေးကြည့်ပြီး ကျန်ခဲ့သည်။ တစ်ဖက်မှာတော့ သူက မသက်ဆိုင်သူတစ်ယောက်လို လမ်းသွားလမ်းလာ တစ်ယောက်လို ဖြန်သန်းသွားရသည်။

"ဟားဟား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂူချင်ယန်ရဲ့နှုတ်ခမ်းကွေးလာပြီး ကို့ကိုယ်ကို လှောင်ရယ်လိုက်သည်။

(စာမေးပွဲ လာဖြေရတဲ့ အကြောင်းက ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာရုံတင်မက မှတ်တမ်းတွေ ချိုးဖျက်ပြီး တောက်ပတဲ့ သမိုင်းတစ်ခုကို ဖန်တီးချင်ခဲ့တယ်)

အခုတော့ ရေးဖြေစာမေးပွဲမှာလည်း အဖိနှိပ်ခံခဲ့ရပြီး လက်တွေ့ သင်ကြားရေးမှာလည်း.....................

ဟူး (လေတစ်ချက် မှုတ်ထုတ်လိုက်သည်။)

ဂူချင်ယန်သည် အနည်းငယ်ကြာအောင် အသက်ခပ်ပြင်းပြင်းလေး ရှူပြီး သူ့အမူအရာက တည်ငြိမ်သွားပြီးနောက် လှည့်ထွက်သွားသည်။ ဒီတစ်ကြိမ်တော့ ငါရှုံးတယ်။ နောက်တစ်ကြိမ်ရောက်ရင် အနိုင်ယူရမည်။

(ဆွန်းမို၊ နောက်သုံးလကြာရင် ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို ဖြေဆိုဖို့ မျှော်လင့်ပါတယ်)

....

“ကောင်းပြီဟေ့၊ တိတ်တိတ်နေကြ၊ တိတ်တိတ်နေကြ”

တန်နင်က လူတွေကို တားဖို့ ကြိုးစားပေမယ့် အသုံးမဝင် ဖြစ်နေသည်။ ကျောင်းသားအားလုံး အချင်းချင်း စိတ်လှုပ်ရှားစွာ ဆွေးနွေးနေကြသည်။ ဘယ်လိုပဲပြောပြော ဒီသင်ခန်းစာက ထူးခြားလွန်းသည်။ ထူ့ချွန်တဲ့ ကျောင်းသားများသာမက ဂန်နန် အကယ်ဒမီမှာ နှစ်အနည်းငယ်ကြာအောင် နေခဲ့တဲ့ ကျောင်းသားတွေတောင် ဒီလိုလူမျိုးကို တစ်ခါမှ မမြင်ဖူးပါ။

"အင်း၊ နောင်ကျရင် ဒီလို စိတ်ဝင်စားစရာကောင်းတဲ့ အတန်းမျိုး ထပ်ရှိတော့မှာ မဟုတ်ဘူး"

"အမှန်ပဲ။ ရာစုနှစ်တစ်ခုမှာ ဒီလိုဆရာမျိုး တစ်ယောက်ပဲ ရှိနိုင်တယ်။ အဲဒီဆရာရဲ့ ကျောင်းက ကျောင်းသားတွေကို တကယ်ပဲ မနာလို ဖြစ်မိတယ်။ သူ့ရဲ့ အတန်းကို ကြိုက်တဲ့အချိန် သွားတက်လို့ရတယ်"

"ငါတို့က အဆင်ပြေသေးတယ်။ ငါတို့ ပုံမှန်သင်ကြားရေးကို တွေ့ကြုံဖူးသေးတယ်။ ဒါပေမယ့် ကျောင်းသားအသစ်တွေ

အတွက်ကတော့........။ သူနဲ့ အတန်းတက်ပြီးမှ ကျောင်းစတက်ရမှာ။ နောင်တစ်ချိန်မှာ အတန်းတက်ရင် ပျင်းစရာကောင်းတယ်ဆိုပြီး ခံစားနေရတော့မှာပဲ”

ထူးချွန်တဲ့ ကျောင်းသားများက အချင်းချင်း ဆွေးနွေးနေကြသည်။

“တော်သင့်ပြီ။ တိတ်စမ်း”

ထိန်းနိုင်သိမ်မရ ဖြစ်နေတဲ့ မြင်ကွင်းကို မြင်ပြီး တန်နင် မျက်နှာ မည်းမှောင်သွားသည်။ သူတို့အသံကို

တားနိုင်အောင် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကိုတောင် သုံးလိုက်ရသည်။

“စာမေးပွဲက မပြီးသေးဘူး။ မင်းတို့ ဒီဆရာရဲ့ အတန်းကို သဘောကျရင် လုပ်ရပ်နဲ့သက်သေ ပြကြ”

လမ်းလျှောက်လာတဲ့ တန်နင်က သစ်သား သေတ္တာ ပုံးလေးကို ဆွဲထုတ်လိုက်သည်။

“အခုပဲ မင်းတို့ရဲ့ မဲတွေကို သစ်သားသေတ္တာထဲ ထည့်လို့ ရပြီ”

ကျောင်းသားတွေ ချက်ခြင်း ပြေးလာကြသည်။

“ကြားမဖြတ်နဲ့တန်းစီ”

တန်နင် ဆွံ့အသွားသည်။ တကယ်ကို ဝရုန်းသုန်းကား ဖြစ်နေသည်။

"ကြည့်ရတာတော့ ဆွန်းမိုအပေါ်ကို ဆရာတန်က အမြင်တော်တော် ကောင်းတဲ့ပုံပဲ"

ကျန်းမိုင်သည် ခံစားချက်တွေ ပြည့်လျှံနေသည်။ တန်နင်က 'အတန်းပြီးပြီ၊ မဲပေးရမည့် အချိန် ' လို့ပဲ ပြောလို့ရသည်။ ဒါပေမယ့် အခုတော့ စကားတွေပိုပြောနေသည်။

ဆွန်းမိုကို သဘောကျကြောင်း ပြခဲ့သည်။

"ထူးချွန်မဲလား ဒါမှမဟုတ် ပုံမှန်မဲပဲ ပေးရမလား"

ဆုတိုင် အတွေးထဲမှာ ရုန်းကန်နေရသည်။ ပယ်မဲကတော့ လုံးဝထည့်လို့ မဖြစ်ပေ။ အဲဒီလို မဲပေးလိုက်လျှင် သူ အရှက်ကွဲသွားလိမ့်မည်။

"မေ့လိုက်တော့။ ဒီတစ်ကြိမ်တော့ ထားလိုက်တော့မယ်"

ဆုတိုင်က သက်ပြင်းချပြီး ထူးချွန်မဲပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဒီလို စိတ်ဝင်စားဖို့ကောင်းတဲ့ အတန်းမျိုးက အရမ်းရှားတယ်။ ထူးချွန်မဲ လာပေးကြပါ"

ဒင်လူက မဲပေးပြီးနောက် စင်ပေါ်မှာ ရပ်ပြီး အော်ဟာစ်လိုက်သည်။ အခုတော့သူက ဆွန်းမို ပရိတ်သတ်ဖြစ်နေပြီး မဲပေးရန်အတွက် တောင်းဆိုနေသည်။

“ဒါအမှန်ပဲ။ ဒီလို ဆရာတစ်ယောက်ရဲ့ အရည်အချင်း အလဟာသ မဖြစ်ရအောင် အားလုံးပဲ ထူးချွန် မဲပေးကြပါ”

“သာမန်မဲပေးတဲ့လူတွေက သေချာပေါက် မျက်စိကန်းနေလို့ပဲ”

“ဘာရပ်လုပ်နေတာလဲ။ မြန်မြန် မဲပေးလေ”

ကျောင်းသားတချို့က ဒင်လူရဲ့ လုပ်ရပ်ကို မြင်လိုက်လျှင် သတ္တိမွေးပြီး ဆွန်းမိုကို စတင်ထောက်ခံလာကြသည်။ စာသင်ချိန်အတွင်းမှာ ဆွန်းမို ခေါ်ဆောင်သွားတဲ့ပုံကို သဘောကျပြီး သင်ခန်းစာကို အကြွင်းမဲ့ ကြိုက်နေကြသည်။ ဒါကြောင့် ရလဒ်ကောင်းများ ရစေချင်နေသည်။

ဒီမြင်ကွင်းကို မြင်လိုက်တော့ ချန်ဇီတုန် လှည့်ထွက်သွားသည်။ ဒီမှာသာ ဆက်ရှိနေရင် ဒေါသကြောင့် သွေးကြော ပေါက်ထွက်ကုန် တော့မည်။

"အမ်၊ ဆရာချန်၊ မဲမပေးဘူးလား"

ဝူရှန် အံ့အောသွားသည်။

ရွှစ်

ကင်းလှည့် စစ်ဆေးသူ အနည်းငယ်က တအံ့တအော ငေးကြည့်နေကြသည်။ (ဘုရားရေ၊ တကယ်ပဲ ပြောလိုက်တာလား။ သူတို့ကြားမှာ ရန်စ ရှိတယ်ဆိုတာ မသိဘူးလား)

"အိုး၊ မင်းမဲမပေးရင် ငါသွားတော့မယ်"

ဒီစကား ပြောပြီးနောက် ဝူရှန်က အခန်းထဲသို့ ဝင်သွားပြီး ကျောင်းသားတွေ နောက်မှာ တန်းစီနေသည်။

ကင်းလှည့်စစ်ဆေးသူတချို့ မျက်နှာမည်းသွားပြီး ဝူရှန်ကို အသားလှီးချင်စိတ် ပေါက်လာသည်။ (မင်းမှာ အဆိုးမြင်တဲ့ အီးကျူ ရှိနေတာလား။ အခုဘာလုပ်ဖို့ မျှော်လင့်နေတာလဲ)

တွေဝေသွားပြီးနောက် မဲပေးဖို့ ဆုံးဖြတ်လိုက်သည်။

ဒီအတွက် အဖြေမရှိပါ။ သူတို့က ချန်မျိုးနွယ်ကို မစော်ကားချင်သော်လည်း စာစစ်သူတွေက တရားမျှတပြီး ဘုန်းကျက်သရေရှိတဲ့ မြတ်ဆရာများ ဖြစ်သည်။

တကယ်လို့ ဒီလို စွမ်းဆောင်ရည်မျိုး ပြသခဲ့တဲ့ ဆွန်းမိုသာ ထူးချွန်မဲကို မရခဲ့လျှင် သူတို့တွေ ဘယ်လို ဖြစ်ကုန်မလဲ။

သူ့ဘေးက ကင်းလှည့်စစ်ဆေးသူတွေ ထွက်ခွာသွားတာ မြင်လိုက်လျှင် ချန်ဇီတုန် အမူအရာ

ငြိမ်သက်သွားသည်။ ကို့ကိုယ်ကို လှောင်ပြုံး ပြုံးကာ အခန်းထဲ ဝင်သွားသည်။

"ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်အနေနဲ့ သဘောထားမကြီးရင် တကယ်ရှက်ဖို့ ကောင်းသွားလိမ့်မယ်"

ချန်ဇီတုန်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ဒါပေမယ့် ဆွန်းမိုကို လွှတ်ပေးဖို့ အစီအစဉ် မရှိပေ။ (ဒီတစ်ခေါက်မှာ ငါရှုံးသွားတယ်။ နောက်တစ်ကြိမ်ကျရင် မင်းကို

မြွတ်ဆရာတစ်ယောက်အနေနဲ့ တရာမျှမျှတတ အနိုင်ယူမယ်)

"အင်း၊ ဂူချင်ယန်က သနားဖို့ ကောင်းတာပဲ။ ဂူချင်ယန် ဘယ်လောက်တောင် ကံဆိုးသလဲ. ဆွန်းမိုလို ပါရမီရှင် မြင်းနက်တစ်ကောင်နဲ့ ဘာဖြစ်လို့ တွေ့ရတာလဲ"

မဲဆန္ဒရှင်အရေအတွက်အရ မဲဘယ်လိုပဲပေးပေး ဆွန်းမို စံချိန်ချိုးသွားလိမ့်မည်။

တန်နင်သည် လူအရေအတွက် တိတ်တဆိတ် ရေတွက်နေသော်လည်း မှတ်တမ်းကျိုးသေပေါက်

စံချိန်ချိုးမှာ ဖြစ်လို့ နောက်ဆုံးအထိ ရေးရမှာ ပျင်းလာသည်။ အခုချိန်မှာ ဆွန်းမိုက တံဆိပ်ကြီး (သူတော်စင်တံဆိပ်) ရနိုင်မလားပဲ သိချင်နေသည်။

ဟောပြောခန်းမထဲမှာရှိတဲ့ ထိုင်ခုံအရေအတွက်ထက် နှစ်ဆ ရလျှင် တံဆိပ်ကြီးကို ရနိုင်သည်။ ဆွန်းမိုအနေနဲ့ ထူးချွန်မဲ ၈၀၀ လိုအပ်သည်။

ဆုတိုင်သည် မဲပေးပြီးနောက် အားမရှိတော့သလို ထိုင်ခုံမှာ ထိုင်ချလိုက်သည်။ အမှန်အတိုင်းပြောရလျှင် တော်တော်လေး မနာလို ဖြစ်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူကိုယ်တိုင်က ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဒီလိုမျိုး ရုတ်ရုတ်သဲသဲ ဖြစ်တာ တစ်ခါမှမကြုံဖူးသေးပါ။ ရုတ်တရုတ် သိမ်ငယ်စိတ်ဝင်လာပြီး စိတ်ပျက်သွားသည်။

....

ဆွန်းမိုက သင်ကြားရေး အဆောက်အဦးက ထွက်လာလျှင် အဝေးကြီး မလျှောက်လိုက်ရဘဲ ကူရှုပ်ရှင်းက သူ့ဆီ ရောက်လာသည်။

"ဘာဖြစ်လို့ ဒီလောက် မြန်မြန် ရောက်လာတာလဲ"

နာကျင်မှု တပ်မက်သူလေး မကျေမနပ်ဖြစ်သွားသည်။

"မင်း ငါ့ကို စောင့်နေတာလား"

ဆွန်းမို ရုတ်တရတ် အံ့အောသွားသည်။ ကောင်းကင်ကြီး မည်းမှောင်နေပြီ။

"ဘာ၊ ငါလုပ်လို့ မရဘူးလား"

ကူရှုပ်ရှင်းရဲ့ လှပတဲ့မျက်ခုံးများ တွန့်သွားသည်။

"ဟားဟား။ ခံစားရတယ်ကွာ"

ဆွန်းမိုသည် ကူရှုပ်ရှင်းကို ကြည့်ပြီး နှလုံးသား အောက်ခြေကနေ ခံစားလိုက်ရသည်။

"ချင်လင်ကို ရောက်ပြီးနောက်မှာ အရင်းနီးဆုံး သူငယ်ချင်း တစ်ယောက် ရတာပဲ။ လာလာ၊ ငါမင်းကို ကျွေး......."

ဆွန်းမိုက 'ထမင်းကျွေးမယ်' ဆိုပြီး စကားကို ဆုံးအောင် မပြောလိုက်ပါ။ ကူရှုပ်ရှင်းက သူ့ပေါင်အောက်ကို ပြင်းပြင်းထန်ထန် ကန်လိုက်သည်။

"တစ်ကိုယ်ကောင်းဆန်တဲ့ကောင်၊ ဘယ်သူက မင်းသူငယ်ချင်းလို့ ပြောနေလို့လဲ"

ကူရှုပ်ရှင်းသည် ဒီလို ပြောပြီးနောက် ထွက်သွားသည်။ အရင်းနီးဆုံး သူငယ်ချင်းလို့ ကြားပြီး ရုတ်တရုတ် စိတ်ဆိုးသွားသည်။

"အီး၊ ဘာဖြစ်လို့ ဒီလောက် ပြင်းအောင် ကန်ရတာလဲ။ ဒီလောက် အားရှိပြီဆိုတော့ ထမင်း တစ်နပ်ပဲ စားသင့်တယ်"

ဆွန်းမိုက လေးအေးတစ်ချက် ရှိုက်လိုက်ပြီး ပေါင်အောက်ပိုင်းကို ပွတ်လိုက်သည်။ ထို့နောက်

ကူရှုပ်ရှင်းအနောက်သို့ လှျင်မြန်စွာ လိုက်သွားသည်။ ကူရှုပ်ရှင်း ရှက်နေသည်။ ဘယ်လိုပဲပြောပြော ပြည်နယ်ကိုးခုက လူများသည် သူတို့ ခံစားချက်ကို ဖော်ပြရာတွင် ပိုပြီးလျှို့ဝှက်ကြသည်။

"မရဘူး၊ မင်းကျွေးရမယ်။ မင်းမွဲတဲ့အထိ ငါစားမယ်"

ကူရှုပ်ရှင်းက နှုတ်ခမ်းစူပြီး ပြောသည်။

စကားအနည်းငယ် အပြန်အလှန်ပြောပြီးနောက် ကူရှုပ်ရှင်းသည် အရေးကြီးတဲ့ အလုပ်ကိစ္စကို ပြန်သတိရသွားသည်။

"အင်း ၊ သင်ကြားရေး အဆောက်အဦးထဲမှာ ဘယ်လိုလဲ။ အုံကြွမှုကြီး အကြီးကြီး ဖြစ်သွားတယ်။ လူတွေက မရပ်မနား လက်ခုပ်တီးနေကြတယ်။ မင်းက အဲဒီလို ဖြစ်အောင် လုပ်တဲ့သူလား"

ဆွန်းမို ပုခုံးတွန့်ပြလိုက်သည်။

"တကယ်ပဲ မင်းကို။ အင်း။ ဒီစာမေးပွဲအတွက် စက္ကန့် သုံးဆယ် ဝမ်းနည်းလိုက်မယ်"

ကူရှုပ်ရှင်း ခေါင်းခါလိုက်သည်။ သူမ ခန့်မှန်းပြီးသားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုအတန်းရဲ့ အကျိုးသက်ရောက်မှုကို အရင်ကတည်းက

မြင်ဖူးသည်။ ‘စိတ်အားထက်သန်’ တယ်ဆိုတဲ့ စကားနဲ့ ဖော်ပြဖို့ မလုံလောက်ပါ။

“စက္ကန့် သုံးဆယ်ပဲလား”

ဆွန်းမိုက စနောက်လိုက်သည်။

“အမှန်ပဲ၊ ကူရှုပ်ရှင်းရဲ့သနားစရာ စက္ကန့်သုံးဆယ်ကို ရတာ မင်း ဂုဏ်ယူသင့်တယ်”

ကူရှုပ်ရှင်းက ခေါင်းမော့ပြီး တံတောင်နဲ့ တွတ်လိုက်သည်။

“ဘာဖြစ်ပြန်ပြီလဲ”

ဆွန်းမို စိတ်ရှုပ်သွားသည်။

"ဘာမှမဟုတ်ဘူး။ မင်းကို ရိုက်ချင်လာလို့"

ကူရှုပ်ရှင်း ထပ်လုပ်သည်။

" ငါက ဒီနှစ်စာမေးပွဲမှာ ပထမရတဲ့ လူကို အနိုင်ကျင့်တဲ့ ပထမဆုံး တစ်ယောက်ပဲ ဖြစ်မယ်။ တွေးကြည့်ရုံနဲ့တင် အရမ်းခံစားရတယ်။ မဟုတ်ဘူး။ မလုံလောက်သေးဘူး။ ခေါင်းငုံ့ ထပ်ပြီး ရိုက်ရမယ်"

ကူရှုပ်ရှင်းက လုပ်မယ် တကဲကဲ ဖြစ်နေပြီး ဆွန်းမိုလည်း ပြောစရာ စကားမရှိဖြစ်နေသည်။ သူလည်း ပြောသလို တကယ်ခံစားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ခေါင်းငုံ့ပြီး မင်းပါးနှစ်ဖက်ကို အာဘွားပေးမယ်ဆိုတာ ယုံလား)

ဆွန်းမိုနှင့် ကူရှပ်ရှင်းတို့သည် တစ်ယောက်နဲ့တစ်ယောက် အရှမ်းရင်းနှီးစွာ ပြုမူနေတာကို အထူးသဖြင့် သင်ကြားရေးအဆောက်အဦးထဲက ထွက်လာတဲ့ ဖြေဆိုသူများ မြင်လိုက်လျှင် ဆဲချင်စိတ်ကို မထိန်းနိုင် ဖြစ်နေကြသည်။

"မုန်းဖို့ကောင်းတဲ့ စုံတွဲ"

ဒီစုံတွဲက ကျဖို့များနေတဲ့သူတို့နဲ့ မတူဘဲ စာမေးပွဲအောင်ခဲ့တာ သိသာနေသည်။

ဒါပေမယ့် ဒီတစ်ကြိမ်မှာ ဘာမှားလို့လဲ။ ကင်းလှည့် ကျောင်းသားတွေ ဘယ်ရောက်သွားတာလဲ။ သူတို့ထဲက တစ်ယောက်တောင် ဘာဖြစ်လို့ ရှာမတွေ့တာလဲ။

အမှန်တိုင်းပြောရလျှင် ဒီဖြေဆိုသူတွေရဲ့ ရလဒ်က မတရားပါ။ ဆွန်းမိုကြောင့် အားလုံး ကျသွားနိုင်သည်။

....

မိုင်ဇီယူက နေ့လည်စာ ထမင်းဗူးကိုယူလာပြီး သီးသန့် ရုံးခန်း တံခါးကို ခေါက်လိုက်သည်။

"ဝင်ခဲ့"

မိုင်ရာဇီက ပြန်ဖြေသည်။ သမီးဖြစ်နေတာ မြင်တော့ နည်းနည်း လေးနက်သွားသည်။

"ငါက အလုပ်များနေတော့ မင်းကို ဂရုမစိုက်မိဘူး ဖြစ်နေတယ်။ ဘယ်လိုလဲ ဂန်လင်မှာ အသားကျနေပြီလား"

ကြယ် (၆)ပွင့်မြတ်ဆရာနဲ့ အဓိကစာစစ်သူ ဆယ်ယောက်ထဲက တစ်ယောက်အနေဖြင့် အလုပ်တာဝန်တွေ အရမ်းများပြားသည်။

“တော်တော်လေး အဆင်ပြေပါတယ်”

အမှန်တိုင်းပြောရလျှင် မိုင်ဇီယူ ဒီမြို့ကို သဘောမကျပါ။ ဒီနေရာမှာ စီးပွားရေးများပြီး လူထူထပ်ကာ ဆူညံလွန်းသည်။ သူက အေးအေးဆေးဆေး နေရတဲ့မြို့ကို နှစ်သက်သည်။

ဒါပေမယ့် သူမအမေ စိတ်မပူအောင် အဖြူရောင် မုသားကို သုံးလိုက်သည်။

"ဒါဆို ကောင်းတာပေါ့"

မိုင်ရာဇီ သက်ပြင်းချလိုက်သည်။

"အမေ၊ ထမင်းစားပြီးမှ အလုပ်လုပ်ပါလား"

သူမ အမေ စားပွဲမှာ အလုပ်လုပ်နေတာ မြင်လိုက်လျှင် နှလုံးသားထဲက နာကျင်သွားသည်။

"ကောင်းပြီလေ၊ လက်စသတ်လိုက်မယ်"

မိုင်ရာဇီသည် သူမသမီးကို အလုပ်ပြန်မလုပ်ခင် တစ်ချက်ကြည့်ပြီး သေသေချာချာလေး အကဲခတ်လိုက်သည်။ သူမ အံ့အောသွားသည်။

"အမ်၊ မင်း အခု နည်းနည်းကြည့်ကောင်းနေပါလား"

သူမသမီးလေးရဲ့ ဖြူဖျော့ဖျော့ ပိန်ပါးပါး မျက်နှာလေးက အနည်းငယ် တောက်ပနေသည်။

"အမ်"

မိုင်ဇီယူ ခေါင်းငုံ့သွားပြီး ဆွန်းမိုအကြောင်းကို အလိုလို တွေးမိသွားသည်။ နှုတ်ခမ်းလေးကွေးပြီး အပြုံးရိပ်သန်းသွားသည်။

(သူက စာမေးပွဲမှာ ဘယ်လို ဖြစ်နေမလဲ သိချင်လိုက်တာ)

ဆွန်းမို၏ရလဒ်ကို သိချင်လို့ ဆွန်းမိုကို လိုက်ရှာချင်သော်လည်း သူက အေးအေးဆေးဆေး နေရတာကို ကြိုက်ပြီး တခြားသူတွေနဲ့ စကားပြောရတာ အဆင်မပြေတဲ့ လူဖြစ်သည်။ ဒါကြောင့်လည်း နှောင့်နှေးခဲ့ရသည်။

"အမေ။ ငါ မဲစာရင်း ရေမယ်"

မိုင်ဇီယူက သွားဖို့ လုပ်လိုက်သည်။

"မသွားချင်ရင် မသွားနဲ့လေ"

မိုင်ရာဇီသည် သူမ သမီးကို အခြားသူတွေနဲ့ ပိုဆက်ဆံစေချင်ပြီး အထီးမကျန်စေဖို့

မျှော်လင့်ခဲ့သည်။ ဒါကြောင့်လည်း မဲရေတွက်တဲ့နေရာမှာ ပါခိုင်းထားသည်။ ဒါပေမယ့်လည်း ဒီအလုပ်က ဘယ်လောက်တောင် ပျင်းဖို့ကောင်းလဲဆိုတာ တွေးမိပြီး စိတ်ထဲ နာကျင်သွားသည်။

“အဆင်ပြေတယ်”

အတိတ်တုန်းကလည်း မိုင်ဇီယူသည် လူများလို့ဆိုပြီး မသွားခဲ့ပါ။ ဒါပေမယ့် ဒီနေ့တော့ သွားချင်နေသည်။ ဆွန်းမို၏မဲပုံးကို ကြည့်ချင်နေသည်.

(တတိယအဆင့် စာမေးပွဲကို အောင်မှာပါနော်)

အခန်း(၄၅၈) - ဒါက လူသားတွေ လုပ်နိုင်လို့လား။

“အမေ၊ ဂရုစိုက်ပြီး အနားယူလိုက်အုံး။ ကို့ကိုယ်ကို မပင်ပန်းစေနဲ့”

မိုင်ဇီယူသည် သူမ အမေကို အနှောက်အယှက်မပေးတော့ဘဲ ထမင်းဗူးထားခဲ့ကာ တံခါးပိတ်ပြီး ထွက်သွားပြီးနောက် မဲပုံးထားတဲ့ အခန်းကို လျှောက်သွားသည်.

ရုံးအဆောက်အဦးထဲတွင် အလင်းရောင်ကောင်းကောင်းရသည်။

ဖြေဆိုသူများက အနားယူနေသော်လည်း စာစစ်သူများကတော့ အလုပ်စလုပ်နေရသည်။

တန်နင်နှင့်အခြား စာစစ်သူနှစ်ယောက် အပြန်အလှန် ကြီးကြပ် နေခဲ့ကြသည်။ မဲစာရွက်ထည့်ထားတဲ့ သစ်သားသေတ္တာကလေးများကို ချိတ်ပိတ်ပြီးနောက် မဲစာရင်း ရေတွက်တဲ့ အခန်းသို့ ချက်ခြင်း ပို့ခဲ့ကြသည်။ အဲဒီနောက် သေတ္တာတွေ အားလုံးစုစည်းပြီး

ကြယ်တစ်ပွင့် မြတ်ဆရာများက ရလဒ်များကို စတင်ရေတွက်ကြသည်။

ဒီအလုပ်က ရိုးရှင်းပေမယ့် တော်တော်လေးပျင်းဖို့ကောင်းသည်။

ဘယ်သူက အရွေးခံရပြီး ဘယ်သူက ဖယ်ထုတ်ခံရမလဲဆိုတာ တစ်ခုပဲ စိတ်ဝင်စားဖို့ကောင်းသည်။

"ဆရာမိုင်၊ မင်္ဂလာ ညနေခင်းပါ"

"မင်း နေကောင်းရဲ့လား"

"ဆရာမိုင်၊ မစောင့်နိုင်ရင် ကို့ကိုယ်ကို တွန်းအားမပေးပါနဲ့"

မိုင်ဇီယူက အမှတ်(၂) မဲရေတွက်တဲ့ အခန်းထဲသို့ ဝင်လိုက်လျှင် စာစစ်သူများက ပြုံးပြီး နှုတ်ဆက်ကြသည်။ မိုင်ဇီယူရဲ့ အမေက ကြယ် ၆ပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်သည်။ ဒီဆင့်အတန်းက မြတ်ဆရာလောကတွင် လွှမ်းမိုးမှုရှိတဲ့ မြတ်ဆရာတစ်ယောက်လို့ သတ်မှတ်ကြသည်။

ဒီလို ခေါင်းစဉ်ကြောင့်လည်း မိုင်ဇီယူကို လူသစ်များက ပံ့ပိုးကြသည်။ အခွင့်အရေး

ပေးကြသည်။ ဒါ့အပြင် ဒီနှစ်များတလျှောက်တွင် မိုင်ဇီယူရဲ့ လမ်းညွှန်ချက်များကြောင့် လူငယ်ဆရာများ လမ်းလွဲမှု နည်းလာကြသည်။

မိုင်ဇီယူသည် ခန္ဓာကိုယ် အားနည်းသော်လည်း တော်တော်လေး သိမ်မွေ့တဲ့ စရိုက်ရှိပြီး အထင်ကြီးဖို့ကောင်းတဲ့ စိတ်ထားမျိုးရှိတဲ့ မိန်းကလေး ဖြစ်သည်။ ဒါကြောင့်လည်း လူအများက သူမကို သဘောကျကြသည်။

မိုင်ဇီယူသည် သူတို့အားလုံးကို ပြန်နှုတ်ဆက်ပြီး သူမ မျက်နှာလေးတွင် အနည်းငယ် စိတ်လှုပ်ရှားနေတဲ့အငွေ့အသက် ပေါ်လာသည်။

"မင် ဒီမှာထိုင်လို့ရတယ်"

မိုင်ဇီယူက လူစိမ်းတွေကို ကြောက်တတ်မှန်း တန်နင်က သိနေသဖြင့် ထောင့်တစ်နေရာမှာ သူမ ထိုင်ဖို့အတွက် စီစဉ်ပေးလိုက်သည်။ ဒီက အဖွဲ့ဝင်တွေ အားလုံးကလည်း မိန်းကလေးတွေပါ။

မဲစတင် ရေတွက်နေသည်။

အုပ်စုတစ်စုစီတွင် ကြယ်တစ်ပွင့် မြတ်ဆရာငါးယောက်ရှိကာ နှစ်ယောက်ကို တစ်တွဲ ၊ အတွဲနှစ်ခုလဲလှယ်ပြီး ဒုတိယတစ်ခေါက် ပြန်စစ်ကြသည်။ ဒီနောက် အဖွဲ့ခေါင်းဆောင်က မှန်ကန်ကြောင်း နောက်ဆုံး အတည်ပြုပေးရသည်။

တစ်နာရီက လျှင်မြန်စွာ ကုန်ဆုံးသွားသည်။

"အရမ်းကြောက်ဖို့ မကောင်းဘူးလား"

အဖွဲ့ခေါင်းဆောင်ဘိုင်တောင်သည် မဲစာရင်းတွေ မှတ်တမ်းတင်ပြီးနောက် ၅၇ယောက်မှာ

ခြောက်ယောက်ပဲ အောင်တာကို တွေ့လိုက်ရကာ လေအေးတစ်ချက် ရှိုက်လိုက် မိသည်။

“သေချာတယ်။ ဒီနှစ်မှာ ထူးချွန်မဲ ၈၀ ရမှ အောင်မယ်ဆိုတော့ ခက်လွန်းတယ်”

စောစောတုန်ကလည်း လူ ၁၂ ယောက်သည် ထူးချွန်မဲ ၆၀ ကျော်ရသော်လည်း ၈၀ မပြည့်တာကို တွေ့ခဲ့သည်။ မနှစ်က စာမေးပွဲမှာသာဆိုလျှင် အားလုံးအောင်နေပြီ။

“ဒီရလဒ်လည်း အတူတူပဲ။ ဖယ်ရှားနှုန်းက ကြောက်ခမန်းလိလိ မြင့်တက်နေပြီ”

"ငါတို့ဘက်မှာလည်း အတူတူပါပဲကွာ"

"ဒါပေမယ့် ဒီနှစ်မှာ အောင်မြင်ခဲ့တဲ့ မြတ်ဆရာတွေက အလုံးစုံ အရည်အချင်း တော်တော်လေးမြင့်မယ်"

မြတ်ဆရာအချင်းချင်း စကားပြောဆိုနေကြသည်။

တန်နင်သည် စည်းကမ်းတင်းကျပ်သော်လည်း စကားပြောတာကို မတားမြစ်ခဲ့ပါ။ မဲရေတွက်ရတာက အရမ်းပျင်းဖို့ ကောင်းသည်။ အပျင်းပြေဖို့အတွက် စကားပြောတာလည်း မဆိုးပေ။

“မနှစ်က စာမေးပွဲအောင်ခဲ့လို့ နတ်ဘုရားတွေကို ကျေးဇူးတင်တယ်”

တစ်ယောက်က ဟာသအဖြစ် ပြောလိုက်သော်လည်း တကယ်ကျေးဇူးတင်နေတဲ့ အသံပေါက်နေသည်။ မဲရေတွက်တဲ့ အခန်းထဲမှာရှိတဲ့ မြတ်ဆရာတွေ အားလုံး ရယ်လိုက်ကြသည်။

လူတိုင်းက ကြယ်တစ်ပွင့်မြတ်ဆရာများ ဖြစ်ကြပြီး ဒီစာမေးပွဲတွင် သူတို့ရဲ့တာဝန်က အလုပ်ကြမ်းနှင့် အထွေအထွေ အလုပ်သာ ဖြစ်သည်။ ဒါပေမယ့် သူတို့အရည်ချင်းနဲ့ ရလဒ်တွေ

အရမ်းဆိုးနေရင်တော့ သူတော်စင်ဂိတ်က ရွေးချယ်မှာ မဟုတ်ပါ။

ဘာပဲပြောပြော ဒီအလုပ်ကို အခွင့်အလမ်းနှင့် ပျိုးထောင်ဖို့အတွက်လို့ သတ်မှတ်ထားရမည်။

ဒါကြောင့် ကြယ်တစ်ပွင့် မြတ်ဆရာတွေရဲ့ စံနှုန်းက မဆိုးလှပါ။ ဒါတောင် ဒီနှစ်စာမေးပွဲကို မအောင်နိုင်သေးပါ။

သုံးနာရီ ကျော်လာပြီ၊ အချိန်ကလည်း သန်းခေါင်းယံ နီးလာပြီ။

အခုအချိန်မှာတော့ မြတ်ဆရာများသည် စကားပြောဖို့ စိတ်မပါတော့ဘဲ အလုပ်ကို ထပ်ခါထပ်ခါ လုပ်နေကြသည်။

ကလောက်

တံခါးတွန်းဖွင့်ပြီး အန်တီကြီး သုံးယောက်က တွန်းလှည်လေး တွန်းကာ ဝင်လာသည်။ တွန်းလှည်းပေါ်တွင် သစ်သား စည်ကြီး နှစ်လုံး ရှိသည်။

ညစာ လာပို့တာ ဖြစ်ပြီး ဒါက အရမ်းသိသာသည်။ တာအိုဂျိ မုန့်ဆိုင်က ဂျုံဆန်ပြုတ် နှစ်မျိုးနှင့် မုန့်အမျိုးအစား သုံးမျိုးပါသည်။

“ခဏလောက် နားပြီး လာစားကြပါအုံး”

တန်နင်က ပြောလိုက်သည်.

ဟူး

မဲစာရင်းရေတွက်တဲ့ အခန်းထဲက လေထု ချက်ခြင်း ပြေလျော့သွားသည်။ မြတ်ဆရာတွေက ခေါင်းတွေချိုး ၊ ပုခုံးတွေလှုပ် လုပ်ကာ

စုရုံးလာကြသည်။ ဒီအချိန်မှာပဲ ဘိုင်တောင်က ထ အော်လိုက်သည်။

"အိုး၊ ဒါက ဂူချင်ယန်ရဲ့ မဲပုံး"

လျှို့ဝှက်ထားရန် ဖြေဆိုသူရဲ့ နာမည်ကို သစ်သားအဖုံး နောက်ကျောမှာ ကပ်ထားသည်။ ဒါကြောင့် သေတ္တာပုံးကို မဖွင့်ခင် ဘယ်သူမှ မသိကြပါ။

ဒါကိုကြားလျှင် ညစာလှည်းဆီ လမ်းလျှောက်သွားနေတဲ့ လူများ ချက်ခြင်း ပြန်လှည့်လာသည်။

"သူက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရ မဟုတ်လား။ စံချိန်ချိုး ဖြတ်မလားဆိုတာ မြန်မြန်ကြည့်ကြစို့"

"ဒုတိယအဆင့် ရေးဖြေစာမေးပွဲမှာ အမှတ်ပြည့် ရတာကို မှတ်မိတယ်။ တကယ် အံ့အားစရာပဲ"

"ကျေးဇူးပြုပြီး ဒါက အရမ်းအံ့အားဖို့ကောင်းတယ်၊ နှစ်ပေါင်းတစ်ထောင်အတွင်းမှာ ရှားရှားပါးပါး ပါရမီရှင်ပဲ"

“ ဘာ နှစ်တစ်ထောင်လဲ။ မင်းကြွားတဲ့ အရည်အချင်းက မလုံလောက်သေးဘူး။ နောက် အပိုစာသား ထည့်လိုက်အုံး”

မြွတ်ဆရာတစ်ယောက်က စောင်းမြောင်းပြီး အော်ဟစ်လိုက်သည်။ အကြောင်းမှာ သူတို့နှစ်ယောက်ထဲမှ တစ်ယောက်သည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ဖြစ်ပြီး ကျန်တစ်ယောက်က ဂျိရှား သင်ကြားရေးနန်းတော်က ဖြစ်သည်။ သဘာဝ ရန်သူတွေလို့ ပြောလို့ရသည်။

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ဒီတိုက်ကြီးမှာ နံပါတ်တစ် နာမည်ကြီးကျောင်း ဖြစ်သည်။ အဲဒီကျောင်းက ကျောင်းသားတွေနှင့် ဆရာတွေအားလုံးက ဒီလို မှတ်ယူ ထားကြသည်။ 'အေ'အဆင့်အောက်က ကျောင်းတွေက ဒါနဲ့ပက်သက်ပြီး မကျေနပ်ပေမယ့် သူတို့မှာ ပြောခွင့် မရှိပါ။ အခြား ကျောင်းကြီး ရှစ်ကျောင်းကလည်း ဒါကို လက်မခံကြပါ။ ရန်မဖြစ်ကြသော်လည်း ပါးစပ်ခြင်း ထိပ်တိုက်တွေ့လာလျှင် ဘယ်သူမှ အလျှော့မပေးကြပါ။

လူများလွန်းတာကြောင့် မိုင်ဇီယူသည် သဘောမကျဘဲ ဘေးမှာ ပုန်းချင်နေသည်။ ဒါပေမယ့် သူမမှာ အလုပ်ရှိသေးလို့ ရှောင်ပြေးလို့ မရသေးပါ။ မဲအရေအတွက် မြန်မြန် ရေပြီးအောင် အရှိန်မြှင့် လုပ်ဖို့သာ တတ်နိုင်သည်။

မဲ ၆၀။

မဲ ၈၀။

“သူ အောင်”

တစ်ယောက်က ပြောလိုက်သည်။

“ကျေးဇူးပြုပြီး၊ ဒါက အောက်ခြေပဲ ရှိသေးတယ်”

ကောင်းကင်ပေါ်တက်ခြင် အကယ်ဒမီမှ ဆရာကတော့ ဂုဏ်ယူစွာ ပြုံးနေသည်။ ဂူချင်ယန်ဆိုတာ စံချိန်ချိုးမှာလား မချိုးဘူးလားပဲ စောင့်ရမည့် သူဖြစ်သည်။

"၁၀၃မဲ"

မိုင်ဇီယူသည်၊ မဲပုံးထဲ လက်စမ်းလိုက်ကာ လက်ပြန်ထုတ်လိုက်ပြီး

"မရှိတော့ဘူး"

"ဘာ"

ဘိုင်တောင် ကြောင်သွားသည်။ နားကြားမှားတယ်လို့ပဲ ထင်နေသည်။

တခြားမြတ်ဆရာတွေကလည်း မယုံသလို အမူအရာနဲ့ မိုင်ဇီယူကို လှမ်းကြည့်နေသည်။ (ဒါက မမှားလောက်ပါဘူးနော်။)

မိုင်ဇီယူသည် သတိမထားမိဘဲ လည်ပင်းကျုံ့သွားသည်။ ဒါပေမယ့် သူမက "မဲတွေ မရှိတော့ဘူး" လို့ သေချာစွာ ပြောနေသေးသည်။

"မဖြစ်နိုင်ဘူး"

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက မြတ်ဆရာသည် သူ့ဇနီးသစ္စာဖောက်ကာ အိပ်ယာပေါ် ထပ်ရက် တွေ့သလို အော်ဟစ်နေသည်။

"မရှိတော့ဘူးဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ။ ဂူချင်ယန်က စံချိန်ချိုးမဲ့ လူပဲ။ ဘာဖြစ်လို့ ၁၀၃ပဲ ရှိရမှာလဲ"

ထိုမြတ်ဆရာသည် လက်ကိုဆန့်ပြီး သေတ္တာကို ထိဖို့ လုပ်လိုက်သည်။ မိုင်ဇီယူက တားလိုက်သည်။

"ဒါက စည်းကမ်းနဲ့ ဆန့်ကျင်နေပြီ"

မိုင်ဇီယူက သူ့ကို သတိပေးလိုက်သည်။

သစ်သားသေတ္တာကလေးကို ကြည့်ပြီး အားလုံးတိုးတိုးလေး တိုင်ပင်နေကြသည်။

"လုပ်ခွင့်ပေးပါ"

ဘိုင်တောင် အထဲကို လက်ထည့်ပြီး ပတ်ပတ်လည် စစ်ဆေးလိုက်သည်။ အဲဒီနောက် အံ့အောသင့်တဲ့ အမူအရာ ဖြစ်သွားသည်။

"တကယ် မရှိတော့ဘူးဟ"

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ ကင်းလှည့် ကျောင်းသားမဲတွေ ဘယ်မှာလဲ"

"ကင်းလှည့် စစ်ဆေးသူတွေလည်း ရှိသေးတယ်။ ဘယ်လိုပဲ စဉ်းစားစဉ်းစား ၁၀၃ ပဲ ရှိဖို့ဆိုတာ မဖြစ်နိုင်ဘူး။"

"ဘာကြီးလဲကွာ"

မြတ်ဆရာတွေ နားမလည်နိုင် ဖြစ်နေကြသည်။ ကောင်းကင်ပေါက်တက်ခြင်းအကယ်ဒမီက ထိပ်တန်းဘွဲ့ရတစ်ယောက်ဆိုတဲ့ ဂုဏ်သတင်းက အလကားအလှဆင်ထားတာ မဟုတ်ပါ။ ကြီးမားတဲ့ ခွန်အားကို ကိုယ်စားပြုသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘွဲ့ရလူသစ်များကြားတွင် လူငါးယောက်လောက်သာ သူနဲ့ယှဉ်နိုင်သည်။ ဒါပေမယ့် အနိုင်တော့ မယူနိုင်ပါ။

"မဲခိုးတာပဲ။ တစ်ယောက်ယောက် မဲခိုးတာပဲ ဖြစ်မယ်"

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ကောင်သည် အပြစ်တစ်ခု တွေ့သလို အော်ဟစ်နေသည်။

"တော်သင့်ပြီ။ ပါးစပ် ပိတ်စမ်း"

တန်နင်သည် အစကတည်းက ကြည့်နေခဲ့သည်။ ဒါကို မြင်တော့ သည်းမခံနိုင်တော့ပါ။ ဒီလူကို ဒီအတိုင်း ဆက်လုပ်ခွင့် ပေးထားလျှင် သူတော်စင်ဂိတ်ရဲ့ ဂုဏ်သိက္ခာကို ဘယ်လို ထိန်းသိမ်းနိုင်တော့မလဲ။

ဒီစကားကိုကြားလျှင် အဲဒီလူ ချက်ခြင်းရိပ်မိပြီး ချွေးစေးတွေ ထွက်လာသည်။ ဒီစကားသာ ပျံ့နှံ့သွားရင် အပယ်ခံရလိမ့်မည်။

"မဲပေးပြီးကတည်းက ချိတ်ပိတ်ပြီး ဒီကိုယူလာတယ်။ အဲဒီတစ်ချိန်လုံးမှာ မျက်လုံး

ဆယ်လုံးကျော်က စောင့်ကြည့်နေတယ်။ ဘယ်အချိန်မှာ ခိုးသွားတာလဲ”

တန်နင်က လျှောက်လာပြီး သစ်သားပုံးကို ရိုက်ခွဲလိုက်သည်။

ဝုန်း

စာပွဲပေါ်မှာ အစိတ်စိတ်အမွှာအမွှာ ကွဲသွားသည်။ မဲတစ်ခုတောင် မကျန်တော့တာ ရှင်းနေသည်။

မဲရေတွက်တဲ့ အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ သူတို့စိတ်ထဲမှာ ရှိနေတဲ့ တစ်ခုတည်းသော အတွေးက ဂူချင်ယန် ကျရှုံးသွားပြီ။

အန်တီကြီးတွေက အားလုံးကို လာစားဖို့ ခေါ်ချင်နေသည်။ ဒါပေမယ့်လည်း ဒီမြင်ကွင်းကို မြင်ပြီးနောက် စကားမပြောရဲကြပေ။ သူတို့ တဲခါးဆီကိုသာ ပြန်ဆုတ်သွားသည်။

"ထူးချွန်မဲ ၉၇မဲ"

ဘိုင်တောင်က မှတ်တမ်းတင်လိုက်သည်။ အခုလက်ရှိတော့ မဲ ၁၀၃ မဲကို သိမ်းပိုက်နိုင်ခြင်းက အရမ်းကောင်းတဲ့ ရလဒ် ဖြစ်သည်။ ဒါပေမယ့် ဒီအရေအတွက်သည် ဂူချင်ယန် နာမည်နဲ့တွဲရန် လက်တွေ့ မကျပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကင်းလှည့်ကျောင်းသားတွေနှင့် ကင်းလှည့်စစ်ဆေးသူတွေရဲ့ မဲက ဘယ်မှာလဲ။

စားပြီးကြပြီလား။

လူတိုင်း နည်းနည်းတော့ အဖွဲ့ကွဲ ချင်သလိုလိုဖြစ်သွားသည်။ ညစာစားပြီးနောက် ဘိုင်တောင်တို့ အဖွဲ့ကို တစ်ချက်တစ်ချက် လှည့်ကြည့်ပြီး အလုပ်ဆက်လုပ်နေကြသည်။

တတိယအဆင့်တွင် မဲအရေအတွက်ကို မကြေငြာလို့ ကံကောင်းသည်၊ ဖြေဆိုသူတွေက အောင်လား၊ ကျလားပဲ သိရမည်။

ဒီလိုမှမဟုတ်ရင်တော့ ဂူချင်ယန် တစ်ယောက် အရှက်ဗျန်းဗျန်း ကွဲလိမ့်မည်။

"ဒီကို ထပ်မကြည့်နဲ့တော့"

မိုင်ဇီယူ စိတ်ဆိုးပြီး နောက်ထပ် သစ်သာသေတ္တာ တစ်ခုကို ထပ်ဖွင့်လိုက်သည်။ အတွင်းထဲမှာ မဲတွေ ပြည့်ကျပ်နေပြီး တချို့က လျှံကြလာသည်။

"…………..."

သူတို့ ငါးယောက်စလုံး မျက်လုံး ပိတ်လိုက်ဖွင့်လိုက် ဖြစ်ကုန်သည်။ မဲက

များလွန်းသည်။ သေတ္တာ အဖုံးအထိရောက်အောင်ကို ပြည့်ကျပ်နေသည်။

"ဒီအခြေနေက ဘာလဲ"

လီရောင်း တံတွေးတစ်ချက် မြိုချလိုက်သည်။ မဲတွေ အများကြီး ရေတွက်ပြီးနောက် အတွေ့အကြုံ တော်တော်ရှိနေပြီလို့ သူမ ထင်ခဲ့သည်။ အများဆုံး သေတ္တာက မဲ ၃၀၀ ပဲ ရှိခဲ့သည်။ ဒါကလည်း သူမ သေတ္တာ ဖွင့်ခဲ့တဲ့ တလျှောက်မှာ အများဆုံး မဲပုံးဖြစ်သည်.

"အဓိက.........အဓိက စာစစ်သူတန်"

ဘိုင်တောင်က လှမ်းအော်သည်။

"ဘာဖြစ်လို့လဲ"

တန်နင် လျှောက်သွားလိုက်သည်။ တစ်ချက်ကြည့်ပြီးနောက် ဘာဖြစ်လဲဆိုတာ သိလိုက်ပြီ။ ဆွန်းမိုရဲ့ မဲပုံးဆိုတာ သိသာနေသည်။

"စိတ်ရှုပ်ခံမနေနဲ့၊ မဲပဲ ရေတွက်လိုက်"

"စလိုက်ကြစို့။ ဖြေဆိုသူ ဆွန်းမို"

ဘိုင်တောင် ပြောပြီးနောက် မိုင်ဇီယူ မျက်လုံး အရောင်တောက်လာသည်။ တောက်ပတဲ့ အပြုံးလေးနဲ့ လူငယ်လား။

"လုပ်ခွင့်ပေးပါ"

မိုင်ဇီယူက သေတ္တာကိုယူကာ မဲကို စတင်ကောက်ယူလိုက်သည်။

လိုက်စမ်းနေစရာတောင် မလိုပါ။ ဘယ်လိုပဲ နှိုက်နှိုက် မဲပါလာသည်။

ဘိုင်တောင်နှင့် တန်နင်တို့ရဲ့စကားဝိုင်းက ကျန်တဲ့ မြတ်ဆရာတွေရဲ့အာရုံကို ဆွဲဆောင်သွားသည်။ မိုင်ဇီယူ မဲ ၃၀၀ ထုတ်ယူပြီးတဲ့အခါမှာတော့ စိတ်မထိန်းနိုင်တော့ဘဲ လျှောက်လာကြသည်။

"ဘုရားရေ၊ မဲ ၄၀၀ ရှိနေပြီ"

"ထပ်ရှိသေးတဲ့ ပုံပဲ"

"ငါ..လို...အခု ၅၀၀ ရှိနေပြီ။ ဘာလဲကွ။ ဒီဆွန်းမိုက ဘယ်သူလဲ"

"ဒါက 'တံခါးရှေ့က ခွေးတစ်ကောင်' ဆွန်းမိုလား"

မြတ်ဆရာများသည် အံ့အောသင့်နေတဲ့ မျက်နှာနဲ့ အချင်းချင်းဆွေးနွေးနေကြသည်။ ဒီနေ့မှာ မဲ ၅၀၀က စံချိန်တင်ထားသည်။ ဒါ့အပြင် ကင်းလှည့်ကျောင်းသားတွေကလည်း မဲပေးခဲ့ကြသဖြင့် ဦးနှောက်ရှိတဲ့လူဆို

သူ့ရဲ့ပြောပြောမှုကို သဘောကျမှန်း သိနေပြီ။ သာမန်မဲ ဒါမှမဟုတ် ပယ်မဲ ပေးဖို့ မဖြစ်နိုင်ပေ။

"ကြည့်၊ ကြည့်။ အခုဆို ၆၀၀ ရှိနေပြီ"

"၇၀၀......၊ ဟာ ၈၀၀တောင် ရောက်တော့မယ်"

"မအလ..၊ မဲ ၉၀၀၊ ဒါကလူသားပဲလား။ ကင်းလှည့်ကျောင်းသားက စုစုပေါင်း ဘယ်နှစ်ယောက် ရှိလို့လဲ။ အားလုံးကို ဆွဲယူခဲ့တာလား"

"ဒီဆွန်းမိုက မဟာကိုးပါးက ဘွဲ့ရလား။ ဘာဖြစ်လို့ ဒီလောက် သန်မာနေတာလဲ"

မိုင်ဇီယူရဲ့ သွယ်လျနေတဲ့ လက်ချောင်းများက ၁,၀၀၀ မြောက် မဲကို ဆွဲထုတ်လိုက်သည်။ ကမ္ဘာပေါ်မှာ မယုံနိုင်စရာ အကောင်းဆုံး အရာတစ်ခုကို တွေ့လိုက်ရသလို အားလုံး တိတ်ဆိတ်သွားသည်။

အခန်း(၄၅၉) - နာမည်ပြောင် အသစ်ရခြင်း။

စာသင်ခန်းတစ်ခုစီမှာ လူဘယ်နှစ်ယောက် ရှိလဲ။

စာစစ်သူ သုံးယောက်၊ ကျောင်းသားအသစ် ၅၀နှင့် ထူးချွန်ကျောင်းသား ၅၀ ရှိသည်။ နောက်ပြီး

ကင်းလှည့်ကျောင်းသား တစ်ထောင်နှင့် ကင်းလှည့်စစ်ဆေးသူ ၃၀၀ ရှိမည်။

သီအိုရီအရတော့ ဖြေဆိုသူသည် အများဆုံး ၁,၄၀၃ မဲ ရနိုင်သည်။ ဒါပေမယ့် ဒါက သီအိုရီပဲ ဖြစ်သည်။ လက်တွေ့တော့ ဒီလိုလုပ်ဖို့ မဖြစ်နိုင်ပါ။

ဂန်နန် သင်ကြားရေး အဆောက်အဦးက ဘယ်လောက်ကြီးလဲ။

စုစုပေါင်း ခြောက်ထပ်ရှိပြီး စာမေးပွဲလုပ်တဲ့ အခန်းပေါင်း ၁၀၀ ရှိသည်။ ပြောချင်တာက ဖြေဆိုသူ ၁၀၀ တပြိုင်နက် ဖြေဆိုနေကြသည်။

ထို တစ်နာရီအတွင်းတွင် ကင်းလှည့်စစ်ဆေးသူနှင့် ကျောင်းသားများက လှည့်ပတ် စစ်ဆေးနေကြသည်။ ဖြေဆိုသူအားလုံးဆီတောင် ရောက်နိုင်မှာ မဟုတ်ပေ။ ဒါကြောင့် နေရာတစ်ခုလုံး လွှမ်းခြုံသွားနိုင်အောင် ကင်းလှည့်ကျောင်းသားများနဲ့ စာစစ်သူများကို အုပ်စုငယ်လေးတွေ ခွဲကာ မတူညီတဲ့ နေရာကနေ စတင်ပြီး ကင်းလှည့်ခိုင်းခဲ့သည်။

ဒီလို အခြေအနေမှာတောင် သူတို့အားလုံးကို ဆွန်းမိုက သူ့စာသင်ခန်းတွင် စုဝေးနိုင်မယ်လို့ မထင်ခဲ့ကြပေ။

သူ့အတန်းက ဘယ်လောက်တောင် ထူးချွန်နေလို့ ကင်းလှည့် စာစစ်သူတွေနဲ့ ကျောင်းသားတွေကို ဆွဲဆောင်နိုင်ရတာလဲ။

ဒီအကြောင်းအရင်းကိုတော့ တန်နင် သိသည်။

အတန်းတစ်ခုကို ပုံမှန်သင်ကြားပါက မြတ်ဆရာရဲ့ အတန်းက ဘယ်လောက်ပဲ ကောင်းမွန်နေပါစေ ကျောင်းသားတွေရဲ့ကြီးမားတဲ့ လက်ခုပ်သံလောက်တော့ မဆွဲဆောင်နိုင်ပေ။

ဒါ့အပြင် ဆွန်းမိုက ကျောင်းသား သုံးယောက်နှင့် ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ကို

အဆင့်တက်အောင်ကူညီပေးခဲ့ပြီး အဆောက်အဦး တစ်ခုလုံးကို တုန်လှုပ်သွားအောင် ရုတ်ရုတ်သဲသဲ ဖြစ်အောင် လုပ်နိုင်ခဲ့သည်။

လူသားများသည် သိချင်စိတ် ပြင်းပြတဲ့ သက်ရှိများ ဖြစ်သည်။ ဒါကြောင့် ကျင့်ကြံသူတစ်ယောက်က အဆင့်တက်ဖို့ ကြိုးစားနေလျှင် သေချာပေါက် သွားကြည့်ကြလိမ့်မည်။

ဒါကြောင့် ဆွန်းမိုက ဒီလိုရလဒ် ရတယ်ဆိုတာ ပုံမှန်ပဲ ဖြစ်သည်။

“၁,၀၆၂ မဲ”

မိုင်ဇီယူသည် ပုံးထဲ လက်ထည့်ပြီး ပတ်ပတ်လည် လိုက်စမ်းသည်။ ဒီတစ်ခါက်တော့ မဲရှာမတွေ့တော့ပေ။

“မရှိတော့ဘူး”

အခုအချိန်မှာ မဲရေတွက်တဲ့ အခန်းထဲမှာရှိတဲ့ မြွတ်ဆရာများအားလုံး ဒီမှာ လာစုနေကြသည်။ သူတို့က စကားတစ်ခွန်းမှ မပြောဘဲ မိုင်ဇီယူကို စိုက်ကြည့်ပြီး အရမ်းစိတ်လှုပ်ရှားနေကြသည်။ သူတို့သည် လည်ကွင်းမှာ ကြိုးကွင်းစွပ်ပြီး

အသတ်ခံရဖို့ စောင့်နေတဲ့ အကျည်းသားများနဲ့ တူနေသည်။

မိုင်ဇီယူက 'မရှိတော့ဘူး' ပြောလိုက်မှပဲ ကွပ်မျက်သူက အပြစ်မရှိကြောင်း ကြေငြာပြီး လည်ပင်းမှာ ချည်ထားတဲ့ ကြိုးဖြေပေးခံလိုက်ရသလို စိတ်သက်သာရာ ရသွားသည်။ သူတို့ အမူအရာတွေလည်း ပြေလျော့သွားသည်။

"မအေလ၊ နောက်ဆုံးတော့ ပြီးသွားပြီ"

လီရောင်းသည် မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း စိတ်မထိန်းနိုင်ဘဲ ဆဲလိုက်မိသည်။

လက်တွေ တုန်ယင်နေသည်။ စာအုပ်ထဲမှာတော့ တစ်နောက်မှာ ဂဏန်း သုံးလုံး ရှိနေသည်။

“ဟီး ၊ မဲက ၁၄၀၀ အထိ ရောက်မယ်ထင်နေတာ”

မြတ်ဆရာတစ်ယောက်က ပြောလိုက်ပြီး သူ့စကားက ဟာသမြောက်တယ် ထင်နေသော်လည်း ဘယ်သူမှ သူနဲ့ မပူပေါင်းတာ တွေ့လိုက်ရသည်။ အားလုံးက လီရောင်းရဲ့စာအုပ်ကို ကြည့်နေကြသည်။

အရမ်းအံ့အောသင့်ပြီး လူတိုင်း စကားလုံး ပျောက်နေကြသည်။ ဘာလုပ်ရမလဲမသိဘဲ တအံ့တအော ငေးကြည့်နေကြသည်။

ဒါပေမယ့် လီရောင်း စကားပြောပြီးတဲ့ အခါမှာတော့ တိတ်ဆိတ်တဲ့ လေထု လုံးပြိုကွဲသွားသည်။

"ဘုရားရေ၊ မဲတစ်ထောင် ကျော်ဟုတ်လား။ ဒီစံချိန်က မကြုံစဖူးဘဲ. ကျော်ဖို့မဖြစ်နိုင်တော့ဘူး"

"ဆရာဝမ်၊ မင်းက သမိုင်းကြောင်း ကောင်းတယ်။ အရင်က ဒီလို ရလဒ်မျိုး မြင်ဖူးလား"

"သူ့ကို မေးနေစရာတောင် မလိုဘူး။ ခြေဖနောက် သုံးပြီး စဉ်းစားရင်တောင် ဘယ်သူမှမရှိဖူးဘူးဆိုတာ ငါသေသေချာချာ သိတယ်"

မြတ်ဆရာများ ဆူညံစွာ ဆွေးနွေးနေကြသည်။ သူတို့တွေ အရမ်းအံ့အောသင့်နေကြတယ်၊ ရုတ်တရုတ် အံ့အောတယ်၊ သဘောကျတယ် ဒီလို အမူအရာတွေ ဖြစ်နေကြသည်။ သူတော်စင်ဂိတ်ရဲ့ မှတ်တမ်းထဲမှာ သူ့ကိုသေချာပေါက် မှတ်တမ်းတင်ထား လိမ့်မည်။

မနာလို ဖြစ်ဖို့လား။

မရှိသလောက်ပဲ။

ဒါက အတန်းထဲမှာ အမှတ်အကောင်းဆုံးရတဲ့ ထူးချွန် ကျောင်းသား ဖြစ်စဉ်နဲ့တူသည်။ ကြိုးစားပြီး

လိုက်လုပ်ရင် ဒီလူကို ကျော်တက်နိုင်မယ်လို့ ထင်နေသည်။ ဒါပေမယ့် ဆယ်ကြိမ်လောက် ကြိုးစားလည်း မကျော်တက်နိုင်ခဲ့ပါ။ အိုင်စတိုင်းကိုတော့ မနာလို မဖြစ်မှာ သေချာသည်။

ဆွန်းမိုက အဲဒီလို ဖြစ်နေသည်။ သူ့ရဲ့ ရလဒ်က တောက်ပလွန်းတာကြောင့် ဒီရလဒ်ကို ဖုံးကွယ်ထားနိုင်ဖို့ ကြယ်သုံးပွင့် မြတ်ဆရာတောင် အာမခံရဲမှာ မဟုတ်ပေ။

တစ်ယောက်တည်း အတုမရှိ ထူးချွန်မှုမျိုး ဖြစ်သည်။

"ထူးချွန်မဲ ဘယ်လောက်ရှိတယ်ဆိုတာ မြန်မြန်တွက်ကြည့်ပါအုံး"

တစ်ယောက်က မအောင့်နိုင်ဘဲ တိုက်တွန်းလိုက်သည်။

လီရောင်းက အဖြေကို သိပြီးသားဖြစ်သော်လည်း ရလဒ်က ကြောက်ဖို့ ကောင်းနေလို့ မယုံနိုင်အောင် ဖြစ်နေသည်။

"၁.....၁,၀၆၁ ထူးချွန်မဲ ၊ သာမန်မဲ တစ်မဲ"

လီရောင်းမှာ အံ့အောလွန်းလို့ အသံတွေ တုန်ပြီး လျှာလိမ့်နေကာ ရှင်းရှင်လင်းလင်း ဖြစ်အောင် မပြောနိုင်ပေ။

တစ်ခန်းလုံး ငြိမ်ကျသွားသည်။

ခုနှစ်စက္ကန့် ၊ ရှစ်စက္ကန့်လောက်ကြတော့ ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ကြီးမားစွာ ပွက်လောရိုက်ကုန်သည်။

“မဲ တစ်ထောင်ကျော်လား။ ငါကိုယ်တိုင် မြင်တာ မဟုတ်ရင် ယုံမိမှာ မဟုတ်ဘူး”

"အမှန်ပဲ။ တစ်ယောက်ယောက်ကသာ ဒီလောက် မဲအများကြီး ရတယ်လို့ ငါ့ကိုလာပြောရင် အရူးလာလုပ်တယ်ဆိုပြီး ခေါင်းရိုက်ခွဲ မိလိမ့်မယ်"

"ဒါက ကြောက်ဖို့ကောင်းလွန်းတယ်။ သူက လူရော ဟုတ်ရဲ့လား"

မြတ်ဆရာတွေ တွတ်ထိုးနေကြသည်။ အခန်းထဲမှာ အသံတွေနဲ့ ပြည့်နှက်နေသည်။

"ဖလမသ ရဲ့ သာမန်မဲလား။ ဒီမဲကို ဘယ်ကောင်ပေးတာလဲ။ ကန်းနေတာလား"

“ဟားဟား၊ ကောင်းတယ်။ အနည်းဆုံးတော့ ဆွန်းမိုလည်း မပြည့်စုံဘူးဆိုတာ သက်သေပေါ့”

“ဒါက ပန်းတွေကြားက အစိမ်းရောင် အရိပ်အမြွက်ပဲ။ အရမ်းကောင်းတယ်လို့ပဲ ပြောချင်တယ်”

မြတ်ဆရာတွေက စနောက်လိုက်ပြီး အငွေ့အသက်က ပိုသက်တောင့်သက်သာ ဖြစ်လာသည်။

“ကျောင်းသားက မဲမှားထည့်တာလဲ ဖြစ်နိုင်တယ်”

မိုင်ဇီယူက မျက်မှောင်ကြုတ်ပြီး ကျယ်လောင်စွာ အော်ပြောလိုက်သည်။ ဆွန်းမို မပြည့်စုံဘူးဆိုတာ သူမ မကြားချင်ပါ။

အားလုံး ကြောင်သွားသည်။ အဲဒီနောက် ခေါင်းယမ်းပြီးနောက် ရယ်သံတွေ ပေါက်ကွဲထွက်လာသည်။ ကျောင်းသား မဲမှားပေးဖို့ ဖြစ်နိုင်ခြေ များတယ်ဆိုတာ သူတို့တွေ သိသည်။ ဒါပေမယ့်လည်း မဲက တစ်ထောင်ကျော်နေသဖြင့် ဒီလိုမျိုး အမှားက ဘာမှ ထူးထူးခြားခြား ဖြစ်လာမှာ မဟုတ်ပေ။

"လူတစ်ထောင်မှာ သူတစ်ယောက်ထဲကပဲ သာမန်မဲပေးတာ သိသွားရင် သူဖီလ်ငုတ်သွားမယ် ထင်တယ်"

လီရောင်းက စနောက်လိုက်သည်။

"ဟားဟား ၊ တစ်မဲ ဆွန်းလို့ ခေါ်ဖို့ အကြံပေးတယ်"

အဓိကစာစစ်သူလည်း ဝင်လာသည်။ ဒီနာမည်ပြောင်ကြောင့် လူတိုင်း ရယ်လိုက်မိကြသည်။

အမှန်အတိုင်းပြောရလျှင် ဒီကိစ္စက တစ်သက်လုံး ကြွားနေလို့ ရသည်။ အထူးသဖြင့် အနာဂတ်မှာ ဆွန်းမိုရဲ့ဂုဏ်သတင်း ပိုကြီးမားလာတဲ့ အချိန်မှာပေါ့။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါနဲ့ပက်သက်ပြီး ကြွားလိုက်ရလျှင် တော်တော်လေး စိတ်လှုပ်ရှားဖို့ ကောင်းမည်။

တကယ်လို့ ဆွန်းမိုသာ သာမည သူတော်စင် တစ်ပါး ဖြစ်လာခဲ့လျှင် 'သူ စာမေးပွဲဖြေတုန်းက မဲရေတွက်ပေးခဲ့ရပြီး တစ်မဲဆွန်း ဆိုတဲ့ နာမည်ပြောင် ငါ့ကြောင့် ဖြစ်လာတယ်ဆိုတာ မင်းသိလား' ဆိုပြီး ပြောလို့ ရသည်။

ဒီလိုသာ ပြောလိုက်လျှင် မျက်နှာအများကြီး ရလိမ့်မည်။

"လူခွဲပြီး မဲတွေ ဆက်ရေတွက်ကြတော့"

အချိန်လည်း တော်တော်နှောင်းနေပြီ ဖြစ်လို့ တန်နင်က မြန်မြန်ဆန်ဆန်လုပ်ဖို့ တိုက်တွန်းလိုက်သည်။ အရေးကြီးတဲ့ချိန် မပြီးဘဲ မဖြစ်ချင်ပါ။

"ဒီမဲပုံးထဲမှာ မဲစာရွက်တွေ ဒီလောက် အများကြီး ထည့်လို့ရတယ်ဆိုတာ ငါမသိခဲ့ဘူး"

လီရောင်း စိတ်ဒုက္ခ ရောက်နေသည်။

"ကင်းလှည့်ကျောင်းသား တစ်ထောင်ပဲ စီစဥ်ခဲ့လို့ သူတော်စင်ဂိတ်ကို ကျေးဇူးတင်ရမယ်။ ဒီလိုမှမဟုတ်ရင် မဲပုံး မလောက်မှာသေချာတယ်"

ဘိုင်တောင် ရယ်ပြီး ပြောလိုက်သည်။ အဲဒီလိုသာဆိုလျှင် သူတော်စင်ဂိတ်က ဟားစရာ ဖြစ်လာမည်။

“ဒီဆွန်းမိုက တကယ်သန်မာ တာပဲ”

လီရောင်းသည် ခံစားချက်ကို မထိန်းနိုင်တော့ဘဲ ရှုတ်တရှုတ်လှည့်ပြီး လှမ်းမေးလိုက်သည်။

“ဆရာဝမ်၊ သမိုင်းထဲမှာ သူတော်စင်ဂိတ်က ပေးတဲ့ ဆုတံဆိပ်ကြီး ရခဲ့တဲ့လူ ဘယ်နှစ်ယောက် ရှိလဲ”

“ခြောက်ယောက်”

မျိုးရိုးနာမည် ဝမ်ပါတဲ့ မြတ်ဆရာက ဒီလို ပြောလိုက်ပြီးနောက် ခေါင်းခါလိုက်သည်။

"ဒါပေမယ့် ဆွန်းမိုလို ရလဒ်နဲ့အောင်ခဲ့တဲ့ လူတစ်ယောက်မှ မရှိဘူး"

မဲ ၈၀၀ ရရင်ကို ဆုတံဆိပ်ကြီး ရနေပြီ။ ဒါပေမယ့် ဆွန်းမိုမှာတော့ နောက်ထပ် မဲ ၂၀၀ ကျော် ရှိနေသေးသည်။

"နောက်ဆိုရင် တံဆိပ်ကြီးကို ရဖို့အတွက် မဲ တစ်ထောင် လိုတယ်ဆိုပြီး ဖြစ်တော့မယ် ထင်တယ်"

တစ်ယောက်က ခန့်မှန်းလိုက်သည်။

"ဒီလိုတော့ ဖြစ်မှာ မဟုတ်ဘူး။ ဒီမှတ်တမ်းက ကြောက်ဖို့ ကောင်းလွန်းတယ်။ လာမယ့် ရာစုနှစ်အထိ ဒါကို ဘယ်သူမှ ချိုးဖျက်နိုင်မှာ မဟုတ်ဘူး"

ဆရာဝမ်က သမိုင်းကြောင်းကို ကောင်းကောင်း နားလည်တဲ့လူဖြစ်လို့ ဒီရလဒ်က ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းတယ်ဆိုတာ သိနေသည်။

ဒင်

"ဝမ်ထန်၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး(၃၀၀/၁,၀၀၀)

“စကားပြောတာ ရပ်ပြီး အလုပ်မြန်မြန် လုပ်ကြ”

တန်နင်က တိုက်တွန်းလိုက်သည်။

အားလုံးက ကိုယ့်နေရာကိုယ် ပြန်သွားကြသည်။ ဒါပေမယ့် ရုတ်တရုတ် စိတ်အေးသွားတဲ့ အချိန်မှာ ဆီးသွားချင်စိတ်ကို မထိန်းနိုင်တော့ပါ။ အားလုံး အိမ်သာဆီ ပြေးသွားကြသည်။

“ဒီဆွန်းမိုပဲ ဖြစ်မယ် ဟုတ်တယ်မလား။ ဆွန်းမိုပဲ ဖြစ်မှာပါ။ သူက အရမ်းအံ့အောဖို့ ကောင်းမှန်း ငါသိတယ်”

မိုင်ဇီယူက မဲလာရေတွက်မိတာ အကောင်းဆုံး ဆုံးဖြတ်ချက်လို့ ရုတ်တရက် ခံစားမိသွားသည်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ဒီဆုံးဖြတ်ချက်ကို အလျှင်အမြန် ငြင်းဆိုလိုက်သည်။ အကောင်းဆုံး ဖြတ်ချက်က အဲဒီနေ့ နေ့လည်ခင်းမှာ အပင်တွေကို ပေါင်းသင်ခဲ့တာပဲ ဖြစ်လိမ့်မည်။

ဒင်

မိုင်ဇီယူ၏ လေးစားအထင်ကြီးမှု +၃၀၀၊ ရင်းနှီး(၆၀၀/၁,၀၀၀)

တန်နင်က ထိုင်ခုံပေါ် ထိုင်ပြီး အတွေးထဲ နစ်မျောနေသည့်.

စတုတ္ထအဆင့် စာမေးပွဲက ရိုးရှင်းလွန်းသည်။ ဆွန်းမိုသာ ခေါင်းကောင်းပြီး ပေါက်ကရ မပြောသ၍ ထိုအဆင့်ကို သေချာပေါက် ကျော်ဖြတ်နိုင်လိမ့်မည်။ အဲဒီအဆင့်က သာလွန်မှု ဒါမှမဟုတ် နှိမ့်ကျမှု မရှိပါ။

ဒါကြောင့် ဂူချင်ယန်မှာ ကစားပွဲကို အလှည့်အပြောင်းလုပ်ဖို့ အခွင့်အရေး မရှိတော့ပေ။

ဒီနှစ် စာမေးပွဲမှာ ဆွန်းမိုက ပထမဖြစ်လာဖို့ သေချာနေပြီ။ ဒါ့အပြင် ဒါက လွန်လွန်ကျူးကျူးလွမ်းမိုးမှု တစ်ခုပဲ။

"အင်း၊ သနားဖို့ကောင်းတဲ့ ဂူချင်ယန်ပဲ"

တန်နင်သည် ဒီဖြေဆိုသူအတွက် စိတ်မကောင်း ဖြစ်သွားသည်။

....

ဆွန်းမိုနှင့် ကူရှုပ်ရှင်းသည် ညစာ စားပြီးနောက် ဟိုတယ်သို့ ပြန်လာကြသည်။ နောက်နေ့

မနက်ပိုင်းတွင် အောင်စာရင်း ထွက်ပြီး နေ့ခင်းပိုင်းမှာ စတုတ္ထအဆင့် စာမေးပွဲ ဖြေရမည်။

ကွမ်ဒင်နှင့် ဝမ်ချောင်သည် စာမေးပွဲ ဖြေဖို့ ဆုံးဖြတ်ခဲ့ကြပေမယ့် စာမေးပွဲ အောင်ဖို့တော့ မျှော်လင့်ချက် မရှိပေ။

အရင်လိုသာဆိုလျှင် ပြန်သွားကြပြီ ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဟိုတယ်မှာ နေရတာက ပိုက်ဆံကုန်သည်။ ဒီအတွက်ကျောင်းက ထောက်ပံ့ကြေးပေးပေမယ့် ထပ်နေမယ့် နှစ်ရက်ကိုတော့ သူတို့ အိတ်ထဲက စိုက်ရမည်။

ဒါပေမယ့် ဆွန်းမိုနဲ့အတူတူ ပြင်ချင်တဲ့အတွက် နှစ်ယောက်စလုံး ဆက်နေဖို့ ဆုံးဖြတ်ခဲ့ကြသည်။

ဆွန်းမိုသည် ကုတင်ပေါ်ထိုင်ပြီး ရတနာသေတ္တာနှစ်လုံးကို ကြည့်နေသည်။ စိတ်မထိန်းနိုင်တော့ဘဲ ပြတင်းပေါက်ကနေ လှမ်းအော်လိုက်သည်။

"ငွေကလေး"

"ညနက်သန်းခေါင်မှာ ဘယ်ကောင် အသံကျယ်ကြီးနဲ့ အော်နေတာလဲ။ လူမှုရေး နားမလည်ဘူးလား။ ငါအရမ်းလန့်လို့ နှလုံးတုန်နေပြီနော်"

ယောကျ်ားလေးတစ်ယောက်က ကြမ်းတမ်းစွာ ပြန်အော်သည်။

(တောက်၊ ရင်ထဲ ဒူးရင်းသီးတွေ သီးနေတာနော်၊ ပန်းပွင့်နေတာ မဟုတ်ဘူး)

ခဏလောက်ကြာတော့ ငွေကလေး အခန်းထဲသို့ ပျံသန်းပြီး ဝင်လာသည်။

"ကျောင်းကိုပြန်ချင်တယ်။ တယ်လီပို့တံခါး တစ်ခု လုပ်ပေး"

ဆွန်းမိုက ပြောလိုက်သည်။

ငွေကလေး အသက်တစ်ချက်ရှူလိုက်ပြီး ခန္ဓာကိုယ်က ချည်လုံးကဲ့သို့ ဖောင်းတက်လာကာ တိမ်တိုက်ကလေးတစ်ခု ခွဲထွက်လာသည်။

တိမ်တိုက်ကလေးက ငွေရောင်အလင်းတွေနဲ့ တောက်ပနေသည်။ ကြမ်းပြင်ပေါ်သို့ ဆင်းသက်ပြီးနောက် ငွေရောင်တောက်ပတဲ့ တယ်လီပို့ တံခါး အဖြစ်ပြောင်းလဲသွားသည်။

“ငါ့ အိမ်ခန်းထဲကို ဆက်သွယ်ပေး”

ဒီစကားပြောပြီးနောက် ဆွန်းမိုက တယ်လီပို့ တံခါးကို ဖြတ်သန်းသွားသည်။ နောက်တစ်စက္ကန့်တွင်

ဗဟိုပြည်နယ်အကယ်ဒမီမှာရှိတဲ့ သူ့အိမ်မှာ ပေါ်လာသည်။

ဆွန်းမိုက ဒေါင်ဟီနဲ့ မတွေ့ချင်ပါ။ ဒါကြောင့် ညှော့ခန်းဆီ တိတ်တိတ်လေး လမ်းလျှောက်လာသည်. သူထက်သွားပြီးကတည်းက လုချီဟွာက အဲဒီနေရာမှာပဲ အိပ်သည်။

ဒင်

“မင်းရဲ့ ထူးချွန်တဲ့အဆင့်ကြောင့် မြတ်ဆရာတွေရဲ့ အသိအမှတ်ပြုမှုကို ရပြီး ‘တစ်မဲဆွန်း’ ဆိုတဲ့ နာမည်ပြောင်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

စနစ်ဆီကအသံ ရုတ်တရုတ် ထွက်လာသဖြင့် သတိထားပြီ လျှောက်နေတဲ့ ဆွန်းမို တော်တော်လေး လန့်သွားသည်။

"ဘာလဲကွာ"

ဆွန်းမို ကျိန်ဆဲလိုက်သည်။

"တစ်မဲဆွန်းက ဘာလဲ။ ကြားရတာနဲ့တင် ရယ်စရာကောင်းနေပြီ"

"ဒါက သူတို့ပေးတဲ့ နာမည်ပဲ။ ငါနဲ့ဘာမှမဆိုင်ဘူး"

စနစ်က ပြန်ဝေဖန်သည်။

“ဆုက ဘယ်မှာလဲ”

ဆွန်းမိုက ဒါကို ဂရုမစိုက်ပါ။ ဘာပဲဖြစ်ဖြစ် “တံခါးရှေ့က ခွေး’ ထက်စာရင် ပိုကောင်းသေးသည်။

“စိတ်မကောင်းဘူး ဟီးဟီး။ ဘာဆုမှ မရှိသေးဘူး”

စနစ်ရဲ့ အသံက ကြည်လင်ပြတ်သားနေသည်။

“ထွက်လာခဲ့ ၊ မင်းကို မသတ်ဘူးလို့ အာမခံတယ်”

ဆွန်းမိုသည် ဒေါသကြောင့် ရှူးလုနီးပါး ဖြစ်နေသည်။ စနစ်ရဲ့ ဂုဏ်ပြုစကားဆိုတာက သူ့ကို လှောင်ဖို့ သက်သက်ပဲဆိုတာ သူနားလည်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဟားဟား။ ကောင်းသောညပါကွာ”

စနစ်က ကျယ်လောင်စွာ ရယ်မောပြီး ပျောက်ကွယ်သွားသည်။

ဆွန်းမိုက အသက်ခပ်ပြင်းပြင်းလေး ရှူထုတ်လိုက်။ ရှူသွင်းလိုက် လုပ်နေသည်။ ခဏကြာတော့ စိတ်အနှောက်အယှက် ဖြစ်နေမှုတွေ တည်ငြိမ်သွားသည်။ (ထားလိုက်တော့။ ငါက သဘောထားပြည့်ဝတဲ့ မြတ်ဆရာတစ်ယောက်ဖြစ်နေလို့ မင်းနဲ့ ဖက်ပြီး ရန်မဖြစ်တော့ဘူး)

(သေတ္တာဖွင့်ဖို့က ပိုအရေးကြီးတယ်)

“ဒါပေမယ့် ညနက် အချိန်မတော်ကြီးမှ မိန်းကလေးတစ်ယောက်ရဲ့ တံခါးကို ခေါက်နေတာ မကောင်းဘူး ထင်တယ်”

ဆွန်းမိုက လုချီဟွာ အိပ်နေတဲ့ အခန်းတံခါး အရှေ့ကို ရောက်မှ ရုတ်တရက် စဉ်းစားမိသွားသည်။

အခန်း(၄၆၀) - အမြင့်ဆုံးအဆင့် ဆုလဒ်။

ဆွန်းမိုက တံခါးခေါက်တော့မည့် သူ့လက်ကို ပြန်သိမ်းလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဆရာတစ်ယောက်ပါ။ ဒီနေရာက သူ့အိမ်ဖြစ်ပြီး ညနက်ကာ ဘယ်သူမှ မရှိသော်လည်း ဆွန်းမိုက သိက္ခာရှိရှိ ကျင့်ကြံသင့်တယ်လို့ ခံစားရသည်။

"ဒါ့အပြင်၊ သေတ္တာဖွင့်ဖို့ အတွက် လုချီဟွာ အိပ်နေတာကို အနှောက်ယှက်ပေးတာက တစ်ကိုယ်ကောင်း ဆန်လွန်းတယ်"

ဆွန်းမို ထွက်သွားဖို့လုပ်တဲ့ အချိန်မှာ တံခါးက ရုတ်တရုတ် ပွင့်လာသည်။

"ဆရာ"

တံခါးနောက်တွင် ရပ်နေတဲ့ လုချီဟွာက အိပ်ငိုက်နေတဲ့ မျက်လုံးကို လက်တစ်ဖက်နဲ့ ပွတ်နေသည်။ အဲဒီနောက် ဆွန်းမိုကို

ထင်ယောင်ထင်မှား မြင်နေတာ မဟုတ်ဘူးဆိုတာ သိလိုက်လျှင် ခုန်ပေါက်ပြီး ပြေးဖက်လိုက်သည်။

"ဆရာ"

လုချီဟွာက နွေရာသီမှာ ပွင့်တဲ့ လန်းဆန်းသော ပန်းပွင့်လို တောက်ပစွာ ပြုံးလိုက်ပြီး ဆွန်းမိုကို အော်ခေါ်လိုက်သည်။

"အို"

ဆွန်းမို အနေရခက်သွားသော်လည်း ဒီနေရာမှာ မနေသင့်လို့

"လာ၊ အခန်းထဲမှာ စကားပြောရအောင်"

"နားလည်ပြီ"

လုချီဟွာက ဆွန်းမိုကို လွတ်ပေးလိုက်ပြီး အခန်းထဲဝင်ခွင့် ပေးလိုက်သည်။ ဒီနောက် သူမက တံခါးကို မပိတ်ခင် အနီးအနားမှာ လူရှိမရှိ စစ်ဆေးလိုက်သည်။

လီဇီချီက သူမ ဒီမှာအိပ်ရင် ဒေါင်ဟီကို သတိထားရမယ်လို့ မှာထားသည်။ ဘယ်လိုပဲဖြစ်ဖြစ် အသေတပ်ဆင်ထားတဲ့ တယ်လီပို့တံခါးက ပျောက်ကွယ်သွားမှာ မဟုတ်ပေ။ ဒေါင်ဟီက ဆွန်းမိုရဲ့ ခွင့်ပြုချက် မရှိဘဲ တယ်လီပို့တံခါးကို မသုံးနိုင်ပေမယ့်

ဒါကို တွေ့သွားလျှင် လျှို့ဝှက်ချက် ပေါက်ကြားတယ်လို့ ယူဆနိုင်သည်။

လုချီဟွာ ဒီမှာ နေနေရတဲ့အကြောင်းပြချက်က ပထမတစ်ချက်မှာ လေဘုရင်ခန်းမကို သွားဖို့ အဆင်ပြေအောင်ဖြစ်ပြီး ဒုတိယအချက်က ဒေါင်ဟီကို စောင့်ကြည့်ဖို့ ဖြစ်သည်။

အခန်းရဲ့အတွင်းပိုင်း အပြင်အဆင်က မိန်းကလေးတစ်ယောက်ရဲ့ အခန်းပုံစံ လုံးဝ ပြောင်းသွားတာ မြင်လိုက်လျှင် ဆွန်းမို မဲ့ပြုံး ပြုံးလိုက်မိသည်။ တွန့်ကြေနေတဲ့ အိပ်ရာခင်း၊

ကုတင်ဘေးမှာ သပ်သပ်ရပ်ရပ် ခေါက်စီထားတဲ့ အဝတ်အစားတွေ ရှိနေသည်။ ဒီလို ပြောရတာ ရှက်ဖို့ ကောင်းပေမယ့် မိန်းမလေး အခန်းထဲကို တစ်ခါမှ မဝင်ခဲ့ဖူးပေ။

ဒါက ဆွန်းမိုအတွက် ပထမဆုံးအကြိမ် ဖြစ်ပြီးတော့

သူ့တပြည့်မရဲ့ အခန်းဖြစ်နေသည်။

“ငါ အပြစ်ရှိလိုက်တာ”

ဆွန်းမိုက ဘာမှမဟုတ်ဘူးလို့ ပြောတော့မယ့်အချိန်မှာ လုချီဟွာက သူ့ကို နောက်ကနေ ပွေ့ဖက်လိုက်သည်။

“ ဆရာ၊ မင်းကို အရမ်းလွမ်းနေတာ”

လုချီဟွာက ဆွန်းမို ခန္ဓာကိုယ်ကို မှီထားသဖြင့် သူ့ကိုယ်ရဲ့ အနွေးဓါတ်ကို ရနေသည်။ သူမက မျက်လုံးမှိတ်ထားပြီး ကြည်နူးနေသည်။

ကြောင်တစ်ကောင်က ရက်တော်တော်ကြာအောင် အလုပ်ကိစ္စနဲ့

အပြင်ထွက်သွားတဲ့ သခင်ကို နောက်ဆုံးမှာ ပြန်တွေ့လိုက်ရသလို ဖြစ်နေသည်။

"ဆရာ ပြန်လာတယ်လို့ အိပ်မက် မက်နေတာ။ တကယ်ရောက်လာမယ်လို့ မထင်ထားဘူး။ ဟီးဟီး ၊ ဒါ တကယ်ကောင်းတယ်"

ဆွန်းမိုကို ဖက်ထားတဲ့ လက်တွေက ပိုအားများလာသည်။

"ငါ့ကို အရင်လွှတ်ပါအုံး"

ဆွန်းမိုက ချောင်းဟန့်ပြီး ပြောလိုက်သည်။

"ဆရာ၊ ငါ့ကို မကြိုက်တော့လို့လား"

လုချီဟွာက ဆွန်းမိုကို မလွှတ်ပေးဘဲ တိုးတိုးလေး မေးလိုက်သည်။

"အဲဒီလို မဟုတ်ဘူး"

ဆွန်းမို ကြောင်သွားသည်။ ဘာဖြစ်လို့ ဒီလို ပြောတာလဲ။

"ဒါဆို ဘာဖြစ်လို့ ခေါင်း မပုတ်တော့တာလဲ"

လုချီဟွာ မေးပြီးမှ ရုတ်တရက် သဘောပေါက်သွားသည်။

"အို ငါမေ့သွားလို့။ အနေအထိုင်က မူမမှန်ဘူး"

လုချီဟွာ မလွတ်ပေးဘဲ ဆွန်းမို အရှေ့ကို စိတ်လှုပ်ရှားစွာ ပတ်လာလိုက်သည်။

"ချီဟွာ၊ ငါ့ကို အရင်လွတ်"

လုချီဟွာက သူ့ကို တင်းတင်း ကျပ်ကျပ် ဖက်ထားသဖြင့် ဆွန်းမို ဒုက္ခရောက်နေသည်။

"ဆရာ"

လုချီဟွာက ဆွန်းမိုကို မော့ကြည့်ပြီး ငိုချင်လာသည်။

(အမှား တစ်ခုခု လုပ်မိလို့လား။ ဟုတ်မယ်။ ငါလုပ်မိလို့ပဲ ဖြစ်မယ်။ ဒီလိုမှဟုတ်ရင် ဆရာက ငါ့ကို ညနက်သန်းခေါင် ဘာဖြစ်လို့ လာရှာမှာလဲ)

ဒါကိုတွေးမိလျှင် လုချီဟွာက ဆွန်းမိုကို အမြန်လွှတ်ပေးပြီး ဒူးထောက်ချလိုက်သည်။

“ဒီတပည့်ကမိုက်ပါတယ်။ ဆရာ၊ အပြစ်ပေးပါ”

“မင်းက ဘာမှ အမှားမလုပ်မိဘူး။ ငါ ပြန်လာတာက.........”

ဆွန်းမို ဆက်ပြောလို့ မရဖြစ်နေသည်။ ‘လုချီဟွာ၊ ငါကမင်းရဲ့ အံ့အောစရာကောင်းတဲ့ ကံကို

ချေး၌ားပြီး ရတနာသေတ္တာ ဖွင့်ချင်လို့ ပြန်လာတယ်’ ဆိုပြီး ပြောလို့ကလည်း မဖြစ်ပေ။ ဒါကြောင့် သူက

“မင်းနေရတာ အဆင်မပြေမှာ စိုးလို့ ပြန်လာကြည့်တာ”

ဆွန်းမိုက လုချီဟွာ လက်ကို ဆွဲပြီး ထူပေးလိုက်သည်။

“ဟီးဟီး။ ဆရာက ငါတို့ကို စိတ်ပူနေမယ်ဆိုတာ သိပါတယ်”

လုချီဟွာက ဆွန်းမိုကို စိုက်ကြည့်ပြီး ပြေးဖက်လိုက်ပြန်သည်။ ဒီနောက်

မျက်လုံးကြီးများကို ဖွင့်လိုက်ပိတ်လိုက် လုပ်ပြီး မျှော်လင့်ချက် ကြီးစွာ ကြည့်နေသည်။

(ဘာဖြစ်လို့ ခေါင်းကို မပွတ်သေးတာလဲ)

လုချီဟွာလို နုံအတဲ့ မိန်းကလေးကပဲ ဆွန်းမိုရဲ့ အလိမ်အညာတွေကို ယုံလိမ့်မည်။ ဆရာတွေက သူတို့ တပြည့်တွေကို ဘယ်လောက်ပဲ စိတ်ပူနေပါစေ ညနက်သန်းခေါင်တော့ တံခါးလာခေါက်မှာ မဟုတ်ပေ။

ဆွန်းမိုက လုချီဟွာခေါင်းကို ပုတ်လိုက်သည်။

“စနစ်၊ ရတနာသေတ္တာတွေကို မြန်မြန်ဖွင့်။ ရွှေရောင် ရတနာသေတ္တာကနေ အရင်စလိုက်”

ဆွန်းမိုက လောလိုက်သည်။

လုချီဟွာ အားရကျေနပ်သွားသည်။ (ဒီခံစားချက်က အရမ်းနူးညံ့တယ်။ အမှန်ပဲ။ အိပ်မက်မက်နေတာ မဟုတ်ဘူး)

ရွှေရောင်အလင်းတန်း မပျောက်ကွယ်သဖြင့် ဆွန်းမို အနည်းငယ် ကြောင်တောင်တောင် ဖြစ်နေပြီးနောက် အလင်းရောင် မပျောက်တာ မဟုတ်ဘူးဆိုတာ သူသိလိုက်သည်။ ရလိုက်တဲ့

ပစ္စည်းက ရွှေရောင် တောက်နေကာ မျက်လုံးကျိန်းလုမတတ် ဖြစ်နေသည်။

အသီးက သစ်ကြားသီး အရွယ်လောက်ရှိသည်။ ထိုအပေါ်တွင် ကမ္ဘာမြေပုံစံ ထူးထူးခြားခြား ပုံသဏ္ဍာန်များစွာ ခပ်နှိတ်ထားသည်။

သူတို့က စကားလုံးတချို့ ဒါမှမဟုတ် လေးစားဖို့ကောင်းတဲ့ ဇာတ်ရပ်တွေနဲ့ တူနေသည်။ အရမ်းထူးဆန်းပြီး လျှို့ဝှက်ဆန်းကြယ်နေသည်။ ဆွန်းမိုသည် တစ်ချက်ကြည့်ပြီးနောက် အကြည့်မလွှဲနိုင်အောင် ဖြစ်နေသည်။

ဒင်

"နတ်ဘုရားခွန်အား သစ်သီးတစ်လုံးကို ရခဲ့လို့ ဂုဏ်ပြုပါတယ်။ ဒီအသီးက အမှောင်တိုက်ကြီးမှာတောင် ရှားပါးတယ်။ အသီးထဲမှာ အစွမ်းထက်တဲ့ စွမ်းအင်များ ပါဝင်ပြီး ဒါကို စားလိုက်တာနဲ့ စွမ်းအင်တွေက နတ်ဘုရားခွန်အားအဖြစ် ပြောင်းလဲပြီး ခန္ဓာကိုယ်ကို အားဖြည့်ပေးလိမ့်မယ်။ ဒါကြောင့်လည်း နတ်ဘုရားခွန်အား သစ်သီးလို့ ခေါ်ကြတယ်"

"ဒီအသီးက နတ်ဘုရားခွန်အားနယ်ပယ်က လူတွေကို အဆင့်တက်အောင် ကူညီပေးနိုင်တယ်။ ဒါပေမယ့် ထပ်ခါထပ်ခါ စားရင်တော့ အကျိုးသက်ရောက်မှု အားနည်းသွားလိမ့်မယ်"

"သတိပေးချက်။ နတ်ဘုရားခွန်အား နယ်ပယ် ဒါမှမဟုတ် ဒီထက် အဆင့်မြင့်တဲ့ နယ်ပယ်က လူတွေပဲ ဒီအသီးကို စားနိုင်တယ်။ နတ်ဘုရား ခွန်အားအဆင့်က အောက်ကလူတွေ စားရင်တော့ ဦးနှောက်နဲ့ အာရုံကြောတွေ ပျက်ဆီးသွားလိမ့်မယ်။

ရှူးရင်ရှူး ဒါမှမဟုတ်ရင်တော့ လေဖြတ်သွားနိုင်သည်။ ပိုပြင်းထန်ရင်တော့ တန်းပြီး ပျက်ဆီး သွားလိမ့်မယ်”

“ ‘ပျက်ဆီး’ တယ်ဆိုတဲ့ အဓိပ္ပါယ်ကို နားလည်လား။ သေခြင်းနဲ့ တူပြီး အသက်တစ်ရှိုက်စာ အချိန်မှာဘဲ တန်းပြီး အသက် ပျောက်ကွယ်သွားလိမ့်မယ်”

ဆွန်းမိုသည် စနစ်က အသီးအကြောင်း မိတ်ဆက်ပေးတာ ရုတ်တရုတ် ကြားလိုက်ရသောအခါ ဒေါသကြောင့် သွေးအန်လုမတတ် ဖြစ်သွားသည်။

"မင်း ဘာပြောချင်တာလဲ။ ငါ့ကို အထင်သေးနေတာလား။ ဒီလောက် ရှင်းပြနေစရာမလိုဘူး။ ငါနားလည်တယ်"

ဆွန်းမို မျက်လုံးပြူးပြီး ပြန်အော်သည်။

"မင်းဆက်ပြီး နောက်နေရင် မင်းကို ဒီနေရာမှာဘဲ သတ်ပစ်မယ် ယုံလား"

"................."

တုန့်ပြန်မှုကြောင့် စနစ် အံ့အောသင့်နေသည်။ (နောက်တာလေးကို ဒီလောက်ကြီး ဖြစ်စရာ

လိုလို့လား။) ဒါ့အပြင်ဆွန်းမိုမှာ တော်တော်အပေါက်ဆိုးတဲ့ပါးစပ် ရှိသည်။

တောခွေးနက်ကြီးဆွန်းဆိုတဲ့ နာမည်ပြောင်ကမမှားပေ။

“တော်ပြီ။ ပေါက်ကရ စကားတွေ တော်လိုက်တော့။ နောက်တစ်ခု မြန်မြန်ဖွင့်”

ဆွန်းမိုက လုချီဟွာခေါင်းကို ပုတ်ပြီး တိုက်တွန်းလိုက်သည်။

စိန်ရောင်အလင်း ပျောက်သွားပြီးနောက် စွမ်းရည်စာအုပ်တစ်အုပ် ကျန်ခဲ့သည်။ အနီးတစ်ဝိုက်တွင်

အနက်ရောင် တိမ်တိုက်များ ပျံ့ဝဲနေပြီး အရိုင်းဆန်တဲ့ အငွေ့အသက်ကို ထုတ်လွှင့်နေသည်။

ဒင်

"လက်ရေးလှ တစ်စိတ်တစ်ပိုင်း စွမ်းရည် စာအုပ်ကို ရရှိလို့ ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် မဟာအဆင့်"

အမျိုးသမီးတစ်ယောက်ရဲ့ အခန်းထဲမှာ လေချွန်တာက မသင့်တော်လို့ပါ။ ဒီလိုမှ မဟုတ်ရင် ပျော်ရွှင်မှုကို တကယ်ဖော်ထုတ်လိုက်ချင်သည်။

ဆွန်းမိုက အမြဲတမ်း လက်ရေးလှ ရေးတတ်ချင်ခဲ့သည်။ အချိန်တော်တော်ကြာအောင် လေ့ကျင့်ခဲ့သော်လည်း လက်ခံနိုင်တဲ့ အဆင့်တစ်ခုအထိ မရောက်ခဲ့ပေ။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရေးလှဆိုတာက အချိန်တော်တော်ကြာအောင် အချိန်ပေးပြီး လေ့ကျင်ဖို့ လိုအပ်သည်။

သူ့အိပ်မက်က ဒီလိုနည်းနဲ့ အကောင်အထည် ပေါ်လာမယ်လို့ မထင်ထားခဲ့မိပေ။

"မဟာအဆင့်.....ဒါက ရှေးခတ်က ဝမ်ရှီဇီ လိုမျိုး လက်ရေးလှသခင်ထက် မညံ့ဘူးလို့ ပြောနိုင်တယ် မဟုတ်လား"

ဆွန်းမို တိတ်တိတ်လေး ပျော်နေသည်။ လုချီဟွာနဲ့ ရတနာသေတ္တာများကို မကြာခဏဖွင့်ရတာ တကယ်မဆိုးပေ။

"သွား၊ အနားယူတော့။ ငါပြန်တော့မယ်"

နှုတ်ဆက်ပြီးနောက် ဆွန်းမိုသည် တယ်လီပို့ တံခါးကတစ်ဆင့် ဂန်လင်မြို့မှ ဟိုတယ်ဆီ ချက်ခြင်း

ပြန်သွားသည်။ အဲဒီနောက် စွမ်းရည်စာအုပ်ကို ထုတ်ကာ ကြွေးကြော်ပြီး ချေမွလိုက်သည်။

ဟူး

စွမ်းရည်စာအုပ်က လေထဲတွင် ကခုန်နေပြီး မရေမတွက်နိုင်တဲ့ အနက်ရောင် စာလုံးအဖြစ် ပြိုကွဲသွားကာ သူ့ဦးနောက်ထဲသို့ ပြေးဝင်သွားသည်။

ဆွန်းမိုအတွက် ကမ္ဘာကြီးသည် စာရွက်တစ်ခုဖြစ်သွားပြီး သူ့ကိုယ်သူ စုတ်တံလို့ မြင်ယောင်လာကာ သူက မမြင်နိုင်တဲ့ စုတ်တံနဲ့

တောင်တွေ၊ မြစ်တွေနှင့် မြေကြီးတွေကို ရေးဆွဲလိုက်သည်။

ခဏလောက်ကြာတော့ စနစ်ဆီက အကြောင်းကြားချက် မြည်လာသည်။

ဒင်

“ဂုဏ်ပြုပါတယ်။ မင်း လက်ရေးလှရေးနည်း တစ်စိတ်တစ်ပိုင်းကို တတ်မြောက်သွားပါပြီ။ ကျွမ်းကျင်အဆင့် - မဟာအဆင့်”

ဒင်

“လက်ရေးလှဆရာ ဘွဲ့ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆွန်းမို ပီတိ ဖြစ်နေသည်။

“လက်ရေးလှဆရာနဲ့ အနုပညာရှင်။ လက်ရေးလှရော ၊ အနုပညာရော နှစ်ခုစလုံးမှာ ကျွမ်းကျင်သူ ဖြစ်နေပြီ မဟုတ်လား”

“သိက္ခာရှိရှိ နေပါ။ နှိမ့်ချပြီး ကြိုးစားအားထုတ်ခြင်းက တိုးတက်မှုကို ဖြစ်စေတယ်”

စနစ်က အကြံပေးလိုက်သည်။

“ဒါပေါ့”

ဆွန်းမိုက လက်မထောင်ပြလိုက်သည်။

‘ကောင်းပြီဟော့၊ မင်းမြန်မြန် သွားတော့၊ လက်ရေးလှ လေ့ကျင့်လိုက်အုံးမယ်”

ဆွန်းမိုက မအိပ်ဖို့ ဆုံးဖြတ်လိုက်ပြီးနောက် မှင်နှင့် စုတ်တံ၊ စာရွက်များကို ထုတ်ယူပြီး စတင်လေ့ကျင့်နေသည်။

တစ်ညလုံး လေ့ကျင့်နေခဲ့သည်။

မနက်ခင်းတွင် အရှေ့အရပ်က နေထွက်လာပြီး ပူနွေးတဲ့ နေရောင်ခြည်က ဖြာကျလာသည်။

ဒေါက် ဒေါက်

ကူရှုပ်ရှင်းက ဆွန်းမို အခန်းတံခါးကို ခေါက်နေသည်။

"နိုးပြီလား။ ငါတို့ မနက်စာအတူတူ စားရအောင်"

"ကောင်းပြီလေ"

ဆွန်းမိုက ပြန်ဖြေသည်။ ခဏကြာတော့ တံခါးဖွင့်ပေးလိုက်သည်။

ကူရှုပ်ရှင်းက ဆွန်းမိုကို ကောင်းကောင်း အိပ်ပျော်လားဆိုပြီး မေးဖို့ လုပ်လိုက်သည်။ ဒါပေမယ့်

ဆွန်းမိုရဲ့ အဝတ်အစားတွေ၊ လက်တွေနှင့် မျက်နှာတွေမှာ မှင်စက်တွေ မြင်ပြီး တော်တော်လေး တုန်လှုပ်သွားသည်။

"မင်း ဘာလုပ်နေတာလဲ"

ဆွန်းမိုက လျှို့ဝှက်ပြီး ဆုတောင်းခြင်း ထုံးတမ်းဓလေ့ လုပ်နေတာလား။ ဆွန်းမိုက အမှတ်ပြည့်ရအောင် ဒါကို အားကိုးခဲ့တာလား။

အခန်းတစ်လုံးမှာ စာရွက်တွေပျံ့ကြဲနေပြီး ကြမ်းပြင်တစ်ခုလုံး နီးပါး ဖုံးအုပ်နေသည်။ ဒါတွေ အားလုံးမှာလည်း စာလုံးကြီးတွေနဲ့ ပြည့်နေသည်။

"လက်ရေးလှ လေ့ကျင့်နေတာ"

ဆွန်းမို ရိုးရိုးရှင်းရှင်း ပြောလိုက်သည်။

"စောင့်ပါအုံး။ ဒီတစ်စုံပြီးရင် ငါတို့ သွားစားကြမယ်လေ"

"မင်း တစ်ညလုံးလေ့ကျင့်နေတာလား"

ဆွန်းမို ခေါင်းညိတ်ပြတာ မြင်လိုက်လျှင် ကူရှုပ်ရှင်း ဆူပူလိုက်သည်။ "မင်း ရူးနေလား။ စတုတ္ထအဆင့် စာမေးပွဲက နေ့လည်ဆို စတော့မယ်။ ဒါကို တစ်ညလုံး မအိပ်ဘူး ဟုတ်လား။ ဖယ်ထုတ်ခံချင်နေတာလား"

"အဆင်ပြေပါတယ်။ ငါက ငယ်သေးတယ်။ တစ်ည၊ နှစ်ညလောက် မအိပ်လို့ ဘာမှမဖြစ်ဘူး"

ဆွန်းမိုက တက္ကသိုလ်တက်ခဲ့တဲ့ နေရက်တွေကို ပြန်စဉ်းစား မိသွားသည်။ အင်တာနက်ဆိုင်မှာ တစ်ညလုံး ဂိမ်းဆော့ပြီး နောက်နေ့ မနက်မှ ပန်ကိတ် တစ်လုံး စားနေကြပါ။ ဒါက ပျော်ဖို့ ကောင်းတဲ့ ဘဝတစ်ခု ဖြစ်ခဲ့သည်။

"မင်းရှူးနေလား။ ဒါပေမယ့်.......မင်းရေးတာ မဆိုးဘူး.."

ကူရှုပ်ရှင်းသည် ခေါင်းငုံ့ကာ စာရွက်များကို ကြည့်လိုက်တော့ မျက်လုံး အရောင်တောက်လာသည်။ ကြီးမြတ်တဲ့ လက်ရေးလှ ဆရာတစ်ယောက်ရဲ့ အငွေ့အသက် ရှိနေသည်။ ဆွန်းမိုက လက်ရေးလှဆရာဆိုတာ သူမ မသိခဲ့ပေ။

ခဏနေအုံး။ အကြောင်းအရာတွေက ပိုကောင်းနေသေးတယ်။

ကူရှုပ်ရှင်းက ခါးကုန်းပြီး စာရွက်တစ်ရွက်ကို ကောက်ယူကာ တိုးတိုးလေး ဖတ်လိုက်သည်။

“ ဒီညတော့ ဘယ်မှာ မူးပြီ ငါနိုးခဲ့တာလဲ။ ပြင်းထန်တဲ့ လေပြင်းနဲ့ မိုးသောက် လခြမ်းကို ရင်ဆိုင်နေတဲ့ မိုးမခအပင်နဲ့အတူ ကမ်းနားမှာ ရှိခဲ့တယ်။ တောက်၊ မင်းက ရာသီဥတု ဖောက်ပြန်လာလို့ ဝမ်းနည်းနေတယ်ဆိုပြီး ငါ့ကိုလာမပြောနဲ့နော်။ ဒီကဗျာနဲ့ မိန်းကလေး တော်တော်များများကို လှည့်စားနေတာ မဟုတ်လား”

ကူရှူပ်ရှင်းက စနောက်လိုက်ပြီး နောက်တစ်ရွက်ကို ကောက်ယူလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မြစ်သည် အရှေ့ဘက်ကိုစီးပြီး လှိုင်းလုံးကြီးများသည် အတိတ်က သူ့ရဲကောင်းတွေကို သယ်ဆောင်ခဲ့တယ်။ ဒီလှိုင်းလုံးတွေက ရဲရင့်မှုအတွက် မျဉ်းတစ်ကြောင်း၊ နောက်လှိုင်းက ဘယ်မှာလဲ"

ကူရှုပ်ရှင်းက ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ချပြီး စာရွက်တွေကို စဖတ်နေတော့သည်။

အခန်း(၄၆၁) - ချန်အိမ်တော်မှာ 'တံခါးရှေ့က ခွေးတစ်ကောင်လို့' ပြောတဲ့ ဆွန်းမို။

စာရွက်တွေ ကြမ်းပြင်တစ်ခုလုံး ရှုပ်ပွနေပြီး စကားလုံးတွေနဲ့ ပြည့်နေသည်။

လူအများစုက လက်ရေးလှလေ့ကျင့်တဲ့အခါ လွတ်လွတ်လပ်လပ် ရေးတတ်ကြပြီး သူတို့ ရင်းနှီးတဲ့ အရာတွေကို ရေးတတ်ကြသည်။ အများအားဖြင့် ကဗျာတွေ ရေးကြသည်။ အမှန်တိုင်းပြောရလျှင် ကလေးတွေတောင် ထန်ကဗျာ သုံးပုဒ်ကို အလွတ်ကျက်မှတ်ကြသည်။

အဲဒီအချိန်က တရုတ်ပြည်ရဲ့ ရှေ့ဟောင်းကဗျာများ၏ ဘုန်းကျက်သရေ အထွန်းတောက်ဆုံး အချိန်ဖြစ်သည်။

ကူရှပ်ရှင်းသည် ကြမ်းပြင်ပေါ်မှ ကမ်းပါးအနီးသို့ တမ်းတခြင်း (ရှေ့ဟောင်းကဗျာ) များကို ဆက်လက်ရှာဖွေနေသော်လည်း နောက်ထပ် ကဗျာတစ်ပုဒ်ကို အမှတ်တမဲ့ ဖတ်မိပြီး စိတ်ဝင်စားသွားသည်။

ဝိုင်ကောင်းကောင်း သောက်နေရသလို ကျက်သရေတွေနဲ့ ပြည့်နှက်နေသည်။

နာကျင်မှု တပ်မက်သူလေးသည် စာရွက်များကို အလိုလို လိုက်ကောက်နေမိသည်။ ဆွန်းမို ရေးထားတဲ့ ကဗျာ အပိုင်းအစများကို ဂရိုက်တစိုက်နဲ့ အစီအစဉ်တကျ ဖြစ်အောင် ပြန်စီနေသည်.။

ဆွန်းမိုသည် ဒီမြင်ကွင်းကို မမြင်ခင်အထိ လက်ရေးလှရေးခြင်းတွင် ပျော်ရွှင်စွာ နစ်မြုပ်နေသည်။ အဲဒီနောက် အရမ်းတုန်လှုပ်သွားကာ လျှင်မြန်စွာ ပြေးသွားပြီး ကူရှုပ်ရှင်းလက်ထဲက စာရွက်များကို လုယူလိုက်သည်။

“ဘာလုပ်တာလဲ”

ကူရှုပ်ရှင်း ဒေါသထွက်သွားပြီး ဆွန်းမိုကို ပြန်အော်လိုက်သည်။

“ဒါတွေကို မကြည့်နဲ့ ဒါတွေက ကြည့်ဖို့ မထိုက်တန်ပါဘူး”

ဆွန်းမိုက ကျယ်လောင်စွာ ရယ်ပြီး ပြောလိုက်သည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ပဒေသရာဇ်ခေတ်က အထွဋ်အထိပ်သို့ ရောက်နေပြီး ကဗျာ ရေစီးကြောင်းကလည်း အဲဒီအတိုင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်နေသည်။ ဒါပေမယ့် ဒီနေရာမှာ ရှေ့ဟောင်းတရုတ်ခေတ်ကလို လှပတဲ့ လက်ရာများ မရှိပါ။ လီဘိုင်နှင့် ဆူရှီ လိုမျိုး (ရှေ့ခေတ်တရုတ်ပြည်၏ ကျော်ကြားတဲ့ ကဗျာ ဆရာကြီးများ) ဘယ်လို အရည်အချင်း ရှိနိုင်မှာလဲ။

သူတို့ရဲ့ ကဗျာများသည် ပြည်နယ်ကိုးခုရဲ့ ဇာတိ ကဗျာများကို ဖိနှိပ်ထားနိုင်သည်။

တကယ်လို့ ဒီကဗျာများသာ ပျံ့နှံ့သွားရင် မုန်တိုင်း တိုက်သလိုမျိုး အလယ်ကမ္ဘာတစ်ခုလုံးကို ဆွန်းမိုရဲ့ နာမည်က ပျံ့နှံ့သွားမည်။

ဆရာတစ်ယောက်အနေနဲ့ သူ့ဂုဏ်သတင်းကို အများကြီး အကျိုးပြုနိုင်သည်။ ဒါပေမယ့် ဒီလို ဂုဏ်သတင်းမျိုးကို မတောင်းဆိုချင်ပါ။

သူက ခိုးကူးတာ မဟုတ်ပေမယ့် လိပ်ပြာ မလုံပါ။

အမှန်တိုင်းပြောရလျှင် နာမည်မကြီးချင်တဲ့ လူရှိလို့လား။

ဆွန်းမိုသည် အနောက်ဖက်သို့ ခရီးသွားခြင်းကို တစ်ဝက် ရေးပြီး တစ်လအတွင်း သူ့ဂုဏ်သတင်းက ချင်လင်ကနေ အစပြုပြီး မုန်တိုင်းတိုက်သလို ကမ္ဘာတစ်ခုလုံးကို ပျံ့နှံ့သွားသည်။ ဇာတ်လမ်းကိုသာ

ပြီးအောင် ရေးလိုက်လျှင် မျိုးဆက်သစ် စာရေးဆရာကြီး ဖြစ်လာလိမ့်မည်။

ဒါပေမယ့်လည်း ဆွန်းမို အဲဒီလို မလုပ်ခဲ့ပေ။ ကျန့်ချင်ဖန်က အကြိမ်ပေါင်းများစွာ တောင်းဆိုခဲ့သော်လည်း အချိန်မရှိဘူး အကြောင်းပြပြီး ငြင်းဆန်ခဲ့သည်။

ဆွန်းမိုမှာ တကယ် အချိန်မရှိဘူးလား။

ဇာတ်လမ်းနဲ့ အရမ်းရင်းနီးနေတဲ့ ဆွန်းမိုအတွက် အကြောင်းအရာကို ချရေးဖို့ဘဲ လိုအပ်သည်။ ဒါပေမယ့် သူက ကိုယ်ကျင့်တရား ရှိတဲ့လူ ဖြစ်သည်။

“မထိုက်တန်ဘူး ဟုတ်လား”

ကူရှုပ်ရှင်းသည် ဆွန်းမိုကို သံသယစိတ်နဲ့ ကြည့်လိုက်ပြီး သူမဖတ်ခဲ့တဲ့ စာများကို ပြန်စဉ်းစားလိုက်သည်။

“မင်းနှိမ့်ချနေတာလား။ ဒါမှမဟုတ် ငါက မင်းလက်ရာကို ချီးကျူးလိုက်ရင် စော်ကားတယ်လို့ ထင်နေတာလား”

“အိုး”

ဆွန်းမိုက စိတ်လှုပ်ရှားပြီး စကားမှားသွားတယ်ဆိုတာ သဘောပေါက်သွားသည်။

“ဒါက မထိုက်တန်တာတော့ မဟုတ်ဘူး။ ငါကူးထားတာ”

“ဘယ်ကလဲ”

ကူရှုပ်ရှင်က မေးသည်။

“ရှေ့ပေါင်း စာအုပ်”

ဆွန်းမိုက တာဝန်မယူဘဲ ငြင်းဆန်လိုက်သည်။

“ငါက ယုံလိုက်မယ် ဟက်ဟက်။ ဆွန်းမို မင်းက တကယ်အကျင့်မကောင်းတဲ့လူပဲ”

ကူရှုပ်ရှင်းက ဆွန်းမိုကို မျက်လုံးပြူးကြည့်ပြီး ကျန်တဲ့ စာရွက်များကို ဆက်သိမ်းနေသည်။

အနုပညာကို သဘောကျတဲ့ မိန်းမပျိုလေး တစ်ယောက်ပါ။ ပြည်နယ်ကိုးခုမှာရှိတဲ့ ကဗျာ အားလုံးကို ဖတ်ဖူးတယ် မပြောရဲသော်လည်း ၇၀ ရာခိုင်နှုန်းကျော်လောက်တော့ သေချာပေါက် ဖတ်ဖူးသည်။ ဒါ့အပြင် ဒီလိုမျိုး ကြီးမြတ်တဲ့ လက်ရာများက တိမ်မြုပ်နေဖို့ မဖြစ်နိုင်ပါ။

ဒါပေမယ့် ကူရှပ်ရှင်းသည် ဒီလိုစာမျိုးကို တစ်ခါမှ မမြင်ဖူးပါ။

"အဆင်ပြေပါတယ်။ အလုပ်ရှုပ်ခံမနေနဲ့"

ဆွန်းမိုက စာရွက်အားလုံးကိုယူပြီး ဖျက်ဆီးပစ်ဖို့ လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။

"ရှေ့ဟောင်းစာအုပ် နာမည်က ဘာလဲ။ ဘယ်မှာလဲ။ ငါ့ကို ခဏငှားနိုင်မလား"

ကူရှပ်ရှင်း ဆက်တိုက်မေးလိုက်သည်။

'အမ်"

ဆွန်းမို ဆွံ့အနေသည်.

“ငါတို့က အရင်းနီးဆုံး သူငယ်ချင်းလို့ မနေ့ကပဲ မင်းပြောခဲ့တယ် မဟုတ်လား”

ကူရှုပ်ရှင်းရဲ့စကားများက ထက်မြတ်လွန်းသည်။ ဆွန်းမို ဆွံ့အပြီး တုန့်ဆိုင်းနေတာ မြင်လိုက်လျှင် သူမခန့်မှန်းတာ မှန်သွားမှန်း သိလိုက်သည်။ ဒီကဗျာတွေကို ဆွန်းမို ရေးစပ်ထားတာပဲ ဖြစ်မည်။

ဒီလိုမှမဟုတ်ရင် ဒီလောက်ရက်ရောတဲ့လူက သူမကို ဘယ်လိုငြင်းမှာလဲ။ ရှေ့ဟောင်း ကဗျာစာအုပ်က ဘယ်လောက် အရေးကြီးလို့လဲ။

သူမ အရှေ့မှာ တပြည့်တွေကိုတောင် ခမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီး သင်ပေးခဲ့တာပဲ။

အဲဒါက ကဗျာတွေထက် အများကြီး အဖိုးတန်သည်။

ဆွန်းမို ခေါင်းကုတ်နေသည်။ ထက်မြတ်တဲ့လူတွေနဲ့ စကားပြောရတာ တကယ် ဒုက္ခရောက်သည်။ သူလိမ်ခဲ့မယ်ဆိုရင် အရင် လိမ်တာကို ဖုံးဖို့အတွက် နောက်တစ်ခု

ထပ်လိမ်ရမည်။ ဒါဆိုရင် အားနည်းချက်တွေ ပိုများလာမည်။

"အခုမှ နားလည်တော့တယ်။ မင်းက မင်းနာမည်ကို ကမ္ဘာမှာ မုန်တိုင်းထန်ချင်တဲ့ ကဗျာဆရာတစ်ယောက် မဟုတ်ဘူးဘဲ"

ကူရှုပ်ရှင်းက အရေးကြီးတဲ့ အချက်ကို ရှာတွေ့သွားပြီလို့ ထင်နေသည်။ အလယ်ကမ္ဘာပြည်နည်ကိုးခုတွင် ကဗျာဆရာများသည် မြတ်ဆရာလိုမျိုး အလေးစား မခံရပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် တစ်ဖက်တွင်လည်း မြတ်ဆရာတချို့က ကဗျာဆရာများကို ဖျော်ဖြေရေးလုပ်တဲ့ နှိမ့်ကျတဲ့ အလုပ် (အဖြူရောင် အနုပညာရှင်)လို့ မြင်ကြသည်။ ဘယ်နေရာမှာ ကဗျာနဲ့ သီချင်းက အကျော်ကြားဆုံး ဖြစ်မလဲ။

ပြည့်တန်ဆာအိမ်ပဲ ဖြစ်မည်။ သူတို့က ဖောက်သည်တွေကို ဆွဲဆောင်ဖို့ ကြိုးစားတဲ့အခါ သူမတို့ တန်ဖိုးကို မြှင့်တင်ရန် ပြည့်တန်ဆာတွေ အသုံးပြုကြသည်။

ဆွန်းမို ဘာပြောနိုင် အုံးမှာလဲ။

ပြုံးနေဖို့ပဲ ရှိတော့သည်။

"မြစ်ကြီးက အရှေ့ဘက်သို့ စီးဆင်းပြီး အတိတ်က သူရဲကောင်း အားလုံးကို ဖယ်ရှားသည်။ အဲဒီစာကြောင်းနောက်မှာ ဘာလဲ။

ကူရှုပ်ရှင်က စိတ်ဝင်တစား မေးသည်။

"နောက်ဖက်က အတိတ်စခန်း၊ သူတို့ပြောတဲ့ ရန်သူသုံးနိုင်ငံကို ခေါင်တွေက အပြင်းအထန်တိုက်တဲ့ တပ်နီတော်"

ဆွန်းမိုလည်း ဖုံးကွယ်မနေတော့ပါ။

ကူရှုပ်ရှင်းက ‘ဇောင်’ က ဘယ်သူလဲဆိုတာ မသိပေမယ့် ကဗျာရဲ့ အငွေ့အသက်ကိုကြည့်ပြီး သုံးသပ်ရရင်တော့ အံ့အောဖို့ကောင်းတဲ့ မြတ်ဆရာဖြစ်နိုင်တယ်”

“အမ်”

ဆွန်းမိုသည် စိတ်မလုံတလုံနဲ့ ကူရှုပ်ရှင်း လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ ဆွဲခေါ်သွားသည်။

“တော်ပြီဟော့၊ သွားစားရအောင်”

"ခဏာနေပါအုံး။ ချန်အိမ်တော်မှာ ပြောခဲ့တဲ့ 'တံခါးရှေ့မှာ စောင့်တဲ့ခွေးတစ်ကောင်လို့' သူတို့ပြောတာကို မင်းဘယ်လိုထင်လဲ"

ဆွန်းမို ပြန်မဖြေခင် ကူရှပ်ရှင်း ရယ်လိုက်သည်။ အမှန်အတိုင်း ပြောရလျှင် ဒီနာမည်ပြောင်က ဆွန်းမိုကို လှောင်ဖို့အတွက် အသုံးပြုခဲ့ကြသည်။ ဒါပေမယ့် တတိယအဆင့် စာမေးပွဲ ပြီးကတည်းက ဘယ်သူက သံသယ ရှိနေအုံးမှာလဲ။

"ဘယ်လို ရယ်ရဲတာလဲ"

ဆွန်းမိုက လက်ကိုဆန့်ထုတ်ပြီး နှုတ်ခမ်းရဲရဲလေး ဆူနေတဲ့ ကူရှုပ်ရှင်း မျက်နှာကို ပွတ်လိုက်သည်။

"အမ်"

ဆွန်းမို ဒီလောက် လက်ရဲဇာတ်ရဲ နိုင်မယ် မထင်ထားလို့ နာကျင်မှု တပ်မက်သူလေး ကြောင်သွားသည်။ ယောကျ်ားလေးနဲ့ မိန်းကလေး အပြန်အလှန် ဆက်ဆံခြင်းက သူမအတွက် ထွေထွေထူးထူး မဟုတ်သော်လည်း မျက်နှာကိုင်တာကတော့ အရမ်းရင်းနီးတဲ့ လုပ်ရပ် ဖြစ်သွားပြီ။

ဗီဇအေရ နာကျင်မှု တပ်မက်သူလေးသည် ဆွန်းမိုရဲ့လက်ကို ပုတ်ထုတ်လိုက်သည်။

ဖောင်း

ဆွန်းမိုရဲ့လက် အရိုက်ခံလိုက်ရသည်။

သူလျှင်မြန်စွာ မတောင်းပန်ရသေးခင် အံ့အောသွားသည်။

'တောင်းပန်ပါတယ်"

သူလုပ်တာ တော်တော်လေး လွန်သွားသည်။ ခေတ်မီ လူ့အဖွဲ့အစည်းမှာတောင် ဒီလိုလုပ်ခဲ့လျှင် မိန်းကလေးက ရိုက်နှက်လိမ့်မည်။

ကူရှုပ်ရှင်း မျက်နှာအနည်းငယ် နီနေသည်။ ဆွန်းမိုလက်ကို ရိုက်ပြီးနောက် အနည်းငယ် နောင်တရသွားသည်။

ဆွန်းမိုလက်နဲ့ထိနေတဲ့အချိန်တွင် အနေရခက်နေသော်လည်း စိတ်လှုပ်ရှားမှုက ပိုသည်။

အမှန်တိုင်းပြောရလျှင် ဒီခံစားချက်က မဆိုးပေ။

ဆွန်းမို တောင်းပန်တာကိုကြားလိုက်လျှင် ကူရှုပ်ရှင်းက ရပါတယ်လို့ ပြောလိုက်ချင်သည်။ ဒါပေမယ့် ဒီလို လုပ်လိုက်ရင် သူ့ရဲ့ ကိုယ်ပိုင်ပုံရိပ် ကျသွားမယ်ဆိုတာ တွေးလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(နေအုံး၊ ငါ့ဘာတွေ တွေးနေတာလဲ. ငါ့ရဲ့ အနာဂတ်ခင်ပွန်းလောင်း စိတ်ပျက်သွားလို့ မရဘူး။ ငါ့ရဲ့ ဖြူစင်မှုကို ထိန်းထားရမယ်) ကူရှပ်ရှင်းက ဘေးဘက်သို့ ခြေလှမ်းအနည်းငယ် လျှောက်လိုက်သည်။

(အင်း၊ ဒီအကွာအဝေးလောက်ဆို အဆင်ပြေမယ် ထင်တယ်။ ဝေးနေမလား။ ဆွန်းမိုက သူ့ကို မုန်းသွားတယ်လို့ ထင်နေမလား)

နာကျင်မှု တပ်မက်သူ တွေဝေသွားပြီး ခြေလှမ်း တစ်လှမ်း ပြန်တိုးလာသည်။

"……"

ဆွန်းမို ဆွံ့အနေသည်။ (မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ။ ဖျော်ဖြေမှုကျင့်စဉ် တစ်မျိုးလား)

ကူရှုပ်ရှင်းသည် စားပွဲအောက်မှာ စာရွက်တစ်ရွက်ကို မြင်လိုက်သဖြင့် ဆွန်းမိုရဲ့ အပြုအမူကို သတိမထားမိပေ။ ကောက်ယူလိုက်သည်။

"ငါ့အိမ်ရှေ့မှာ သစ်ပင်နှစ်ပင် ရှိတယ်။ တစ်ပင်က ရက်စွဲ သစ်ပင်။ နောက်တစ်ပင်ကလဲ ရက်စွဲ သစ်ပင်"

ကူရှုပ်ရှင်းသည် ဖတ်ပြီးနောက် စိတ်ရှုပ်သွားသည်။ ဆွန်းမိုကို ကြည့်ပြီး

"လက်ရေးက ကောင်းပါတယ်။ ဒါပမယ့် အကြောင်းအရာက ဘာကြီးလဲ"

"တော်တော်လေး ကောင်းပါတယ်"

ဆွန်းမိုက ဟက်ဟက်ပက်ပက် ရယ်ရင်း ပြန်ပြောသည်.

"ငရဲမှာ သွားကောင်း"

ကူရှုပ်ရှင်းက မျက်လုံးပြူးပြီး စာရွက်ကို ဘောလုံးလို လုံးချေလိုက်သည်။

"အရင်ကဗျာတွေနဲ့စာရင် ဒါက အမိုက်ပဲ။ ဖင်သုတ်လို့တောင် မရဘူး"

"လုခွန် ကြားရင်တော့ မင်းကို လာရိုက်တော့မှာပဲ"

ဆွန်းမိုက ဒီကိစ္စနဲ့ ပက်သက်ပြီး စကားမများချင်ပါ။

"လုခွန်က ဘယ်သူလဲ"

ကူရှုပ်ရှင်းက သိချင်စိတ်နဲ့ မေးလိုက်သည်။

"ကြီးမြတ်တဲ့ ကိုးကားချက်တွေကို ဖန်တီးခဲ့တဲ့ လူတစ်ယောက်ပါ။ သူက အကျော်ကြားဆုံးထဲက တစ်ယောက်ပဲ။ ငါ ပြောဖူးတဲ့ လုခွန်က"

ဆွန်းမိုက စာရွက်အားလုံးကို ဖျက်ဆီး ပစ်လိုက်သည်။

"ဒါက ဘာအမှိုက်လဲ"

ကူရှုပ်ရှင်း မျက်မှောင် ကြုတ်သွားသည်။

....

ကွမ်ဒင်သည် အိပ်ယာထပြီး ရေချိုးခါနီးတွင် ဆွန်းမို ထွက်လာတာကို ရုတ်တရက် မြင်လိုက်သည်။ သူက နှုတ်ဆက်ဖို့ လုပ်နေတုန်း အနောက်ကနေ ကူရှုပ်ရှင်း ထွက်လာတာကို မြင်လိုက်သည်။

"ဘုရားရေ"

ကွမ်ဒင် အရမ်းအံ့အောနေသည်။ ဒီအခြေအနေက ဘာလဲ။ ကူရှုပ်ရှင်းက ဆွန်းမို အခန်းထဲကနေ မနက်အစောကြီး ဘာဖြစ်လို့ ထွက်လာတာလဲ။ သူတို့နှစ်ယောက်ကြားမှာ ဘာမှ မဖြစ်ခဲ့ရင်တောင် အခြေအနေကတော့ တော်တော်လေး ရင်းနီးနေတဲ့ ပုံပဲ”

ဒီနောက် ဆွန်းမိုကို စပြီး မနာလို ဖြစ်လာသည်။

သူက ဆွန်းမိုကို မနက်စာအတူတူ စားဖို့ ဖိတ်ခေါ်ချင်ပေမယ့် လက်လျှော့လိုက်သည်။

ဒါကြောင့် လမ်းဘေးမှာ ခေါက်ဆွဲ တစ်ပန်းကန် ကိုယ်တိုင်သွား မှာလိုက်သည်။

"စာပွဲထိုး ကြယ်သွန်ဖြူ နှစ်လုံးယူခဲ့"

ကွမ်ဒင်က ခေါက်ဆွဲကြော် ပန်းကန်ကိုလှမ်းယူလိုက်တဲ့ အချိန်တွင် ဘေးမှာထိုင်ချလိုက်တဲ့ အဘိုးကြီးတစ်ယောက်ကို မြင်လိုက်သည်။ ပြီးတော့ သူက

"အမဲသား တစ်ပန်းကန်နဲ့ သတ်သတ်လွတ် တို့ဟူး တစ်ပန်းကန် ထည့်"

"မင်းကရော"

ကွမ်ဒင် ကြောင်သွားသည်။ ဒီအဘိုးကြီးက လမ်းဘေးတွင်စားသောက်နေတဲ့ လူနဲ့မတူဘဲ အထက်တန်း အဝတ်အစားများကို ဝတ်ဆင်ထားသည်။

"ငါက နွေဦးပန်း အကယ်ဒမီက ဒုကျောင်းအုပ်ကြီးပါ။ မင်းဆီကို ရုတ်တရုတ်လာပြီး အနှောက်အယှက်ပေးရတာက မင်းဆီကနေ စုံစမ်းစရာလေး ရှိလို့"

လူအိုကြီးက ပြုံးပြီး လူတွေ လက်ခံချင်လာအောင် ပြောလိုက်သည်။ ဒါပေမယ့် အဲဒီအစား သူ့မျက်လုံးက သေးငယ်လို့ ကောက်ကျစ်တဲ့ ပုံပေါက်နေသည်။

ဒီစကားကို ကြားလိုက်လျှင် ကွမ်ဒင်က လျှင်မြန်စွာ ထပြီး အရိုအသေ ပေးလိုက်သည်။

နွေဦးပန်း အကယ်ဒမီက ‘ဘီ’ အဆင့် ကျောင်းဖြစ်ပြီး လူသိများသည်။ သူတို့ရဲ့ ဒုကျောင်းအုပ်ကြီး ဆိုပါက အနည်းဆုံး ကြယ် ၅ ပွင့် မြတ်ဆရာဖြစ်လိမ့်မည်။

“ထိုင်ပြီး စကားပြောကြတာပေါ့”

အဘိုးအိုက လက်ဇော့ယမ်းပြီး ကွမ်ဒင်ကို အရမ်းအားမနာရန် အမူအရာ ပြလိုက်သည်။

ကွမ်ဒင်က ထိုင်လိုက်သော်လည်း တင်ပါးတစ်ဝက်သာ ထိုင်ခုံပေါ်ရှိသည်။ အမဲသားခေါက်ဆွဲလည်း မစားရဲပေ။ ထို့နောက် သူ့ရဲ့ အံ့မခန်း ပုံရိပ်ကို ပြသနိုင်ရန် ပါးစပ်ခိုးသုတ်ပြီး သွားကြားကို လျှာနဲ့ထိုးပြီး ရှင်းနေသည်။

“မင်းဆီကနေ မြတ်ဆရာဆွန်းမိုရဲ့ ဂုဏ်သတင်း အကြောင်း မေးလို့ ရမလား”

အဘိုးအိုက ပြုံးပြီး မေးလိုက်သည်။

ကွမ်ဒင် ဒါကို ခန့်မှန်းပြီးသားပါ။ ဘယ်လိုပဲပြောပြော နွေဦးပန်း အကယ်ဒမီက ဒုကျောင်းအုပ်ဆရာကြီးသည် သူ့လိုမျိုး အရေးမပါတဲ့လူကို စိတ်မဝင်စားနိုင်ပါ။

"နတ်ဘုရားလက်"

"ဘာ"

အဘိုးကြီး ကြောင်သွားသည်။

"ဆရာဆွန်းမှာ နတ်ဘုရားလက်ဆိုတဲ့ ဂုဏ်ပုဒ် ရှိတယ်။ အရင်တုန်းကတော့ လျိုမူဘိုင်က မရီဒန် အကယ်ဒမီက ဖန်ဝူဂျီ နဲ့အတူတူ ချင်လင်မြို့ရဲ့

ကျောက်စိမ်းအမွှာဆိုပြီး ကျော်ကြားတယ်။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အကျော်ကြားဆုံးပေါ့။ ဒါပေမယ့် အခုတော့ ဆရာဆွန်းက ငါတို့ကျောင်းရဲ့ အကျော်ကြားဆုံး ဆရာပဲ”

“သူ့အလုပ်ဝင်ပြီး ဟောပြောပွဲ စလုပ်ကတည်းက သူ့ရဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းက အချိန်တိုင်း လူပြည့်နေတယ်။ နှစ်နာရီလောက် ကြိုမသွားရင် နေရာ မရဘူး”

“ပြီးတော့ ဒီနှစ် လိဂ်ပြိုင်ပွဲမှာလဲ လူသစ်တန်း ပြိုင်ပွဲ ပထမနေရာရဖို့အတွက် ဦးဆောင်ခဲ့ပြီး

ငါတို့ကျောင်းကို ‘စီ’ အဆင့်ကျောင်း ဖြစ်လာအောင်ကူညီပေးခဲ့တယ်”

ကွမ်ဒင်က သာသာလေး ပိုပြောပြီး ဆွန်းမိုကို ပိုတောက်ပလာစေချင်သည်။ ဒါပေမယ့် ဆွန်းမိုရဲ့အောင်မြင်မှုများက လုံလောက်နေသဖြင့် ဒီလို လုပ်ဖို့မလိုကြောင်း ရုတ်တရုတ် သဘောပေါက်သွားသည်။

အဘိုးကြီးကတော့ မုတ်ဆိတ်ကို ပွတ်သပ်နေပြီး တည်ငြိမ်တဲ့ အမူအရာနဲ့ ရှိနေသည်။ ဒါပေမယ့် နားထောင်လာလေလေ မျက်နှာမှာ အံ့အောသင့်နေတဲ့

အရိပ်အယောင်က ပိုများလာလေ ဖြစ်ပြီး နောက်ဆုံးတော့ လုံးဝကို အံ့အောသင့်နေသည်။

"မင်းလိမ်နေတာ မဟုတ်လား။ နတ်ဘုရားလက် ဟုတ်လား။ ဒါက ဘာကို ကိုယ်စားပြုလဲ သိလား။ နှစ်နာရီ ကြိုးသွားပြီး ထိုင်ခုံ ဦးရတယ် ဟုတ်လား။ သူက ကြယ်သုံးပွင့် မြတ်ဆရာလို့ မင်းထင်နေလား"

အဘိုးကြီးသည် ခွန်းတုန့်ပြန်ဖို့ စကားလုံးတွေက လည်ချောင်းဝ ရောက်လာသော်လည်း အသံမထွက်နိုင် ဖြစ်နေသည်။ သူက ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်နေသဖြင့် လူအများကြီးနဲ့

ဆုံဖူးသည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ ကွမ်ဒင် လိမ်ပြောနေတာ မဟုတ်မှန်း သိနေသည်။

"ဆွန်းမိုက ငါ့ခန့်မှန်းထားတာထက် ကျော်လွန်ပြီး အံ့အောဖို့ ကောင်းနေပြီ"

အဘိုးကြီးသည် အံ့အောသွားသော်လည်း နောက်ဆုံးတွင် ပီတိ ဖြစ်နေသည်။ ဆွန်းမိုကို အမဲလိုက်ဖို့ ဘယ်စျေးပေးရင် ကောင်းမလဲ စဉ်းစားနေခဲ့တာ အခုတော့ ရှိသမျှ ပုံအောရတော့မှာ သေချာနေပြီ။

အခန်း(၄၆၂) - အရှုံးအမူး ခေါင်းဖြတ်အမဲလိုက်ခြင်း။

ကွမ်ဒင်သည် အဖိုးကြီးရဲ့ အမူအရာကို မြင်ပြီး ဆွန်းမိုရဲ့ ကံကောင်းမှုအတွက် အားကျနေသည်။ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးကတောင် သူ့ကို သဘောကျနေသည်။ ဒီလိုမျိုး အဖြစ်အပျက်က နှစ်စဉ်စာမေးပွဲတိုင်းမှာ ဖြစ်နေကြပါ။

အရည်အချင်းရှိတဲ့လူဆိုတာက ဘယ်အချိန်ပဲဖြစ်ဖြစ် အရေးကြီးတဲ့ အရင်းအမြစ်တစ်ခု ဖြစ်သည်။ ဒါကြောင့်လည်း ကျောင်းအသီးသီးက စာမေးပွဲကို စောင့်ကြည့်ရန် လူလွှတ်ထားသည်။ ထူးခြားတဲ့ ဖြေဆိုသူများကို ရှာတွေ့လျှင် သူတို့က ဖိတ်ခေါ်မှု လုပ်ကြသည်။

ကြယ်တစ်ပွင့် ဘွဲ့ရခါစ မြတ်ဆရာတစ်ယောက်ကို အမဲလိုက်ရတာက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ထက် အများကြီး သက်သာသည်။

တကယ်တော့ ဒီလိုမျိုး လုပ်ခြင်းသည် အနည်းငယ်တော့ စွန့်စားရာရောက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဖြေဆိုသူက အနာဂတ်တွင် အောင်မြင်မှု ကြီးကြီးမားမား ရမယ်လို့ အာမ မခံနိုင်ပါ။

ဒီအရာတွေအားလုံးက ဦးဆောင် ရှာဖွေသူရဲ့ သုံးသပ်ချက်နှင့် ရဲရင့်အပေါ် မူတည်သည်.

"စားကောင်းပါစေ"

အဘိုးကြီးက ယဉ်ကျေးစွာ ပြောပြီး မတ်တပ်ထရပ်လိုက်သည်။

အမှန်တော့ သူက သတိကြီးတဲ့ လူတစ်ယောက်ရဲ့ သဘာဝအတိုင်း လာမေးခြင်း ဖြစ်သည်။ ဒီလိုမှမဟုတ်ရင် သူ ဆွန်းမိုဆီကို တိုက်ရိုက် ချည်းကပ် လိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုရဲ့ ရေးဖြေစာမေးပွဲနှင့် လက်တွေ့ဟောပြောမှုရလဒ်က ချဲ့ကားလွန်းနေပြီ။ မယုံကြည်နိုင်လောက်အောင်ကို ကောင်းမွန်နေသည်။

တတိယအဆင့် စာမေးပွဲကို စောင့်ကြည့်နေကြတဲ့ ကျောင်းသားနှင့် ဆရာတွေ အများကြီးရှိသည်။ ရလဒ်နဲ့ ပက်သက်ပြီးတော့ လျှို့ဝှက်ထားဖို့

ကြယ်တစ်ပွင့်မြတ်ဆရာများကို သူတော်စင်ဂိတ်က အမိန့်မပေးထားပေ။ ဒါကြောင့် ဩဇာကြီးတဲ့ လူများက တတိယအဆင့် ရလဒ်များကို သိနေကြပြီ။

ဆွန်းမိုရဲ့ အလုံးစုံ အရည်အချင်းကြောင့် ခေါင်းဖြတ်အမဲလိုက်ဖို့အတွက် အထိုက်တန်ဆုံး ဖြေဆိုသူ ဖြစ်နေသည်။

“ဒုကျောင်းအုပ်ကြီး၊ ခဏနေပါအုံး”

ကွမ်ဒင်က ထပြီးအော်လိုက်သည်။

“ဘာဖြစ်လို့လဲ”

လူအိုကြီး မျက်မှောင် ကြုတ်သွားသည်။ ဒီလူငယ်လေးက သူ့အတွက် ထောက်ခံပေးခိုင်းမလို့လား။ ဒါဆိုရင်တော့ တောင်းပန်တယ်ပဲ ပြောနိုင်မည်။ နွေဦးပန်း အကယ်ဒမီက သူ့လို သာမန်လူတစ်ယောက်ကို မလိုချင်ပါ။

"ဆရာဆွန်းကို အမဲလိုက်ဖို့ စဉ်းစားနေတာ မဟုတ်လား။ နွားရှေ့ထွန်ကျူးပြီး ပြောသလို ဖြစ်နေရင် ခွင့်လွှတ်ပါ။ မင်း မလုပ်နိုင်လောက်ဘူး"

ကွမ်ဒင် ပြုံးပြီး နှစ်သိမ့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

အဘိုးကြီး မကျေမနပ် ဖြစ်သွားသည်။

"ငါတို့ 'ဘီ'အဆင့် ကျောင်းက ဆွန်းမိုအတွက် မလုံလောက်ဘူးလား"

ပြည်နယ်ကိုးခုတွင် အေ-အဆင့် ကျောင်း ၁၈ကျောင်းနှင့် ဘီ-အဆင့်ကျောင်း ၃၆ ကျောင်းရှိသည်။ လူငယ်ဆရာအများစုအတွက်ကတော့ ဘီ-အဆင့်ကျောင်းသည် သူတို့ဘဝရဲ့ အထွဋ်အထိပ်လို့တောင် ပြောလို့ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပါရမီရှင်ကြားထဲက ပါရမီရှင်တွေသာ အေအဆင့်ကျောင်းကို ဝင်ရောက်နိုင်လိမ့်မည်။ မဟာကိုးကျောင်းတွေကတော့ သူတို့အတွက် အေ နှင့် ဘီ အဆင့်ကျောင်းတွေကနေ အမဲလိုက်လိမ့်မည်။ စီ နှင့် ဒီအဆင့် ကျောင်းလား.......။

စိတ်မကောင်းဘူး။ အဲဒီမှာ ကြည့်ဖို့တောင် အချိန်ဖြုန်းတယ်လို့ ထင်ကြသည်။

ဒါက သာလွန်တဲ့ ခံစားမှုပဲ။

"အမ်၊ အဲဒီလို ပြောတာမဟုတ်ဘူး။ ဆရာဆွန်း ထွက်သွားမှာ မဟုတ်ဘူးလို့ ပြောချင်တာ"

ကွမ်ဒင် လန့်သွားပြီး ခပ်မြန်မြန် ရှင်းပြလိုက်သည်။

"ဟားဟား။ ငါပေးမယ့် ကမ်းလှမ်းမှုကို သိလို့လား"

အဘိုးကြီးက "နွေဦးပန်း အကယ်ဒမီက အရမ်းရက်ရောပါတယ်"

"ရက်ရောရင်တောင် အသုံးမဝင်ဘူး"

ကွမ်ဒင် တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဘာပြောချင်တာလဲ"

အဘိုးကြီးဆီမှာ ဒေါသထွက်တဲ့ အရိပ်ယောင် ပေါ်လာသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို မိသားစုနဲ့ သက်ဆိုင်နေလို့လား"

"ဒီတစ်ခါတော့ မှန်သွားပြီ။ ဗဟိုပြည်နယ် အကယ်ဒမီ တစ်ဝက်ကို ဆရာဆွန်း ပိုင်တယ်လို့ ပြောလို့ရတယ်"

ကွမ်ဒင် ရယ်မောပြီး ပြောလိုက်သည်။ သူ သွားဖြဲနေရင် ဒါမှမဟုတ် ခေါင်းငုံ့ပြီး အောက်ကျခံလည်း ဒီ ဩဇာလွှမ်းမိုးတဲ့ လူကြီးဆီက

သဘောကျမှုကို မရနိုင်မှန်း သူသိသည်။ ဒါကြောင့် ကျောရိုး မတ်ထားလိုက်သည်။

"ဘာ"

ဒုကျောင်းအုပ်ကြီး အံ့အောသင့်သွားသည်။

"ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီက ကျောင်းအုပ်ကြီး အန်ကိုသိတယ် မဟုတ်လား"

ကွမ်ဒင်က ပြုံးပြီး မေးလိုက်သည်။

"ဖြူမဲ အကယ်ဒမီကလား"

အဘိုးကြီးက မေးလိုက်သည်။ ဒီနာမည်ကို တော်တော်လေး ရင်းနှီးသည်။

"အမှန်ပဲ။ မိန်းမလှလေးအဆင့် ၇ လေ"

ကွမ်ဒင်က အနည်းငယ် ဝံ့ကြွားစွာ ပြုံးလိုက်သည်။

"ဆရာဆွန်းက သူမရဲ့ ခင်ပွန်းလောင်းပါ"

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

အဘိုးကြီးက အသက်တစ်ရာကျော်နေပြီ ဖြစ်သဖြင့် အခြေအနေအမျိုးမျိုးကို ကြုံဖူးပြီး ဒေါသ အရမ်းထွက်နေရင်တောင် စိတ်ငြိမ်ငြိမ်

ထားနိုင်သေးသည်။ ဒါပေမယ့် ခုတော့ အံ့အောသင့်နေဆဲပါ။

နွေဦးပန်း အကယ်ဒမီက ကျောင်းအုပ်ကြီးသည် အခွင့်အရေးမရှိမှန်း သိသော်လည်း အန်ရှိဝေအတွက် ခရီးအဝေးကို သွားပြီး ဖိတ်ခေါ်ခဲ့ဖူးသည်။ ဒီလိုမျိုး အံ့အောဖို့ကောင်းတဲ့ ပါရမီရှင် ဖြစ်သည်။

သူမက လှပြီး အရည်အချင်းရှိတဲ့ အမျိုးသမီး ဖြစ်လို့ တခြားသူများက စွန်းထင်အောင် မလုပ်ရဲကြပေ။ သူမမှာ ခင်ပွန်းလောင်း ရှိနေပြီဆိုတာ ဘယ်လို့ ဖြစ်နိုင်မှာလဲ။

ဒီ ဆွန်းမိုကဘာလဲ။ သူ့မှာ ဌက်ပျောသီး ကြီးကြီး ရှိလို့လား။

အရမ်းကို အံ့အောသင့်နေသည်။ ဆွန်းမိုက ဒီစာမေးပွဲမှာ ထူးထူးခြားခြား လုပ်ပြခဲ့သော်လည်း ဆွန်လျှောင် အကယ်ဒမီက ဘွဲ့ရပါ အန်ရှီဝေနဲ့ မလိုက်ဖက်ဘူးလို့ ဒုကျောင်းကြီး တွေးနေသည်။

“မိဘတွေ စီစဉ်ခဲ့တာပဲ ဖြစ်မယ် ဟုတ်တယ် မလား။ အန်ရှီ…၊ ကျောင်းအုပ်ကြီးအန်က ဒါကို လုံးဝ သဘောမတူဘူး မဟုတ်လား”

အဘိုးကြီး ခန့်မှန်းလိုက်သည်။

“ဒါ အရင်ကျောင်းအုပ်ကြီး ဆုံးဖြတ်ထားခဲ့တဲ့ အိမ်ထောင်ရေးဆိုတာ အမှန်ပဲ။ ဒါပေမယ့် ကျောင်းအုပ်ကြီးအန်ကလဲ ဒါကို မကန့်ကွက်ဘူး။ ဆရာဆွန်းက အခုဆိုရင် ငါတို့ကျောင်းရဲ့ ထောက်ပံ့ရေး ဌာနမှူး ဖြစ်နေပြီ”

ကွမ်ဒင်က ပြောလိုက်သည်။

“ဘယ်သူ၊ ဆွန်းမိုလား။ အန်ရှီဝေ ရူးနေပြီလား”

အဘိုးကြီး ဆွံ့အနေသည်။ ထောင်ပံ့ရေးဌာနမှူးဆိုတာက ကျောင်းတစ်ကျောင်းတွင် အရေးပါဆုံး ရာထူး

ငါးခုထဲက တစ်ခုဖြစ်ပြီး အာဏာရှိတဲ့ ဌာနများထဲက တစ်ခုဖြစ်သည်။ အန်ရှီဝေက အသက်နှစ်ဆယ်ပဲ ရှိသေးတဲ့လူငယ်တစ်ယောက်ကို ဒီရာထူး တကယ်ပဲ ပေးခဲ့တာလား။ အနှစ် တစ်ထောင်ကျော် သမိုင်းကြောင်းရှိတဲ့ ကျောင်းကြီးကို ဖျက်ဆီးပစ်ဖို့ တွေးနေတာလား။

"ကျောင်းအုပ်ကြီးအန် မရူးပါဘူး။ သူမက အရမ်းကို ပညာရှိပါတယ်။ ဆရာဆွန်း ဌာနမှူးတာဝန်ယူပြီးကတည်းက ငါတို့ကျောင်းကို အခွင့်အရေးကောင်းတွေ အများကြီး လုပ်ပေးခဲ့ပြီးပြီ။

ဒီနှစ်ကျောင်းသားသစ် စုဆောင်းရေးပွဲမှာ ကျောင်းသားအသစ်အများကြီး ဆွဲဆောင်နိုင်မယ်လို့ ငါယုံကြည်တယ်”

ကွမ်ဒင် အရမ်းဂုဏ်ယူမိသွားပြီး လေသံက သာလွန်မှုတွေ ပါလာသည်။

(ငါက အခုဆိုရင် ‘စီ’အဆင့် ကျောင်းက ဆရာတစ်ယောက် ဖြစ်နေပြီ။ ပြီးတော့ ဒီနှစ်ကုန်ကြရင် ထိပ်ဆုံးငါးကျောင်းထဲဝင်ပြီး ‘ဘီ’ အဆင့်တောင် ဖြစ်လာနိုင်သေးတယ်။ အဲဒါဆိုရင် ငါက ‘ဘီ’အဆင့်ကျောင်းက ဆရာတစ်ယောက်

ဖြစ်ပြီ။ ဒီလူအိုကြီးကို ဘာဖြစ်လို့ မျက်နှာချိုသွေးနေရမှာလဲ”

ဒါကိုတွေးရင် ပိုယုံကြည်လာသည်။

အဘိုးကြီး တော်တော်လေး မျက်မှောင်ကြုတ်သွားသည်။ ဒီအံ့အောစရာကောင်းတဲ့ သတင်းက သူ့အစီအစဉ်ကို အနှောက်အယှက်ပေးနေပြီ။ ဒါပေမယ့် လက်မလျှော့ချင်သေးပါ။

“မင်းနာမည် မေးလို့ ရမလား”

“ကွမ်ဒင်”

ကွမ်ဒင်က ထိုင်ကာ ကြက်သွန်ဖြူခွာပြီး ခေါက်ဆွဲ စစားလိုက်သည်။

"ဆရာကွမ်၊ ငါ့မှာအဆိုပြုချက် တစ်ခုရှိတယ်။ မင်းက ဆရာဆွန်းကို ငါတို့ကျောင်းရောက်အောင် ခေါ်လာနိုင်ရင် ငါတို့ဘက်က ဆရာကွမ်ကို ပျိုးထောင်ဖို့ ဆန္ဒရှိပြီး သက်သေပြဖို့လည်း အခွင့်အရေးပေးမယ်"

အဘိုးကြီးက တောက်ပစွာပြုံးပြီး ပြန်ထိုင်လိုက်သည်။

ရှင်းရှင်းလင်းလင်း မပြောပေမယ့် သူ့စကားရဲ့ အဓိပ္ပါယ်က သိသာနေသည်။ ဆွန်းမိုကို ခေါ်လာနိုင်ရင် မင်းကို အလုပ်ခန့်မည်။

ဒီစကားကို ကြားတော့ ကွမ်ဒင် စိတ်လှုပ်ရှားသွားကာ ရင်ခုန်လာသည်။ ဒါက ‘ဘီ’အဆင့်ကျောင်းနဲ့လက်တွဲနိုင်မယ့် အခွင့်အရေး ကောင်းပါ။

သူ့ရဲ့အရည်အချင်းအရ ဒီလိုအခွင့်အရေးကို လက်လွှတ်လိုက်လျှင် နောက်ထပ် ဆယ်နှစ်ကျော်ကြာပြီး ကြယ်သုံးပွင့်

မြတ်ဆရာဖြစ်လာပြီးမှ နောက်တစ်ကြိမ် အခွင့်အရေး ရလိမ့်မည်။

ကွမ်ဒင် အရမ်းစိတ်လှုပ်ရှားနေတဲ့ အမူအရာကို ကြည့်ပြီး လူအိုကြီး ပိုယုံကြည်လာသည်။ သူ့လို ငယ်ရွယ်တဲ့ ဆရာတစ်ယောက်အတွက်တော့ ဘီ-အဆင့် နာမည်ကြီးကျောင်းက ဆွဲဆောင်မှု အားကောင်းလွန်းသည်။

ဒါပေမယ့် တစ်မိနစ်လောက်ကြာတော့ ကွမ်ဒင် တည်ငြိမ်သွားပြီး ခေါက်ဆွဲ စစားလိုက်သည်။

"ဆရာကွမ် ၊ ဒါကို ဘယ်လိုထင်လဲ"

အဘိုးကြီးက မေးလိုက်သည်။

“ဒီကျောင်းအုပ်ကြီး၊ မင်းငါ့ကို ကွမ်ဒင်လို့ပဲ ခေါ်သင့်တယ်လို့ ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က မြတ်ဆရာဘွဲ့တောင် မရသေးဘူး။ ဒီဘွဲ့နဲ့မသင့်တော်ပါဘူး”

ကွမ်ဒင်က ပြောလိုက်သည်။

မြတ်ဆရာများသာလျှင် ဒီအခေါ်အဝေါ်နဲ့ တစ်ယောက်ကို တစ်ယောက် ပြောဆိုကြလိမ့်မည်။

အဘိုးကြီးက ဒီလိုပုံစံနဲ့ပြောနေတာက ယဉ်ကျေးလွန်းလို့ မဟုတ်ဘဲ ဆွန်းမို

မျက်နှာကြောင့်ပါ။ ဆွန်းမို ကိစ္စသာမရှိရင် သူနဲ့တောင် စကားပြောဖို့ ထိုင်မှာ မဟုတ်ပေ။

မြတ်ဆရာတွေက အရမ်းအလုပ်ရှုပ်သည်။

“အမ်”

အဘိုးကြီး မျက်မှောင်ကြုတ်သွားသည်။ ကွမ်ဒင် သဘောထားပြောင်းသွားတာ ခံစားမိသည်။

“ငါ့တန်ဖိုးကိုငါ ကောင်းကောင်းသိတယ်။ ငါလည်း သိက္ခာရှိတဲ့လူတစ်ယောက်ပဲ။ နွေဦးပန်းအကယ်ဒမီကို ဝင်ချင်ရင်တောင် ဆရာဆွန်းရဲ့ ချိတ်ဆက်မှုကို

အားမကိုးဘဲ ငါ့ရဲ့အရည်အချင်းကိုပဲ အားကိုးသွားမယ်”

ကွမ်ဒင်က ခေါက်ဆွဲစားရင်း ရှင်းပြလိုက်သည်။ ပြီးနောက် ကြက်သွန်ဖြူ တစ်မွှာကို ပါးစပ်ထဲ ထည့်လိုက်သည်။

အရင်တုန်းကဆိုရင်တော့ ဒီလို အရေးကြီးတဲ့ပုဂ္ဂိုလ်နဲ့ တွေ့ရမယ်ဆိုရင် တစ်လလောက်ကြိုတင်ပြီး အစပ်စားတာကို ရှောင်လိုက်မည်။ ပါးစပ်ထဲက အနံ့ကို သူတစ်ပါး မခံနိုင်လျှင် အရေးကြီးတဲ့ ပုဂ္ဂိုလ်

စိတ်ပျက်သွားလိမ့်မည်။ ဒါပေမယ့် ခုတော့ ဂရုမစိုက်တော့ပေ။

အရည်အချင်းရှိရင် ဘာပဲလုပ်လုပ် လေးစားကြလိမ့်မည်။ ဒီလိုမှမဟုတ်ရင် အောက်ကျို့ခံပြီး ပေါင်းရင်တောင် မော်ကြည့်ရတဲ့ ခွေးထက်တောင် ပိုဆိုးနေလိမ့်မည်။

“သေချာလား။ ဒါက မင်းတစ်ဘဝလုံးမှာ ဘီ-အဆင့်ကျောင်းနဲ့ လက်တွဲနိုင်မယ့် တစ်ခုတည်းသော အခွင့်အရေးနော်”

အဘိုးကြီးရဲ့ လေသံက လေးနက်လာသည်။

"ဟားဟား၊ အရင်တုန်းက ဆရာဆွန်း ပြောခဲ့တာကို မှတ်မိသေးတယ်။ ဘယ်တော့မှ အရှုံးမပေးနဲ့။ မင်းရဲ့အလားအလာကို လျှော့မတွက်နဲ့။ သူလည်း အဲဒီလို တွေးပြီး အလုပ်လုပ်တယ်"

ကွမ်ဒင်က ပန်းကန်ကို ကောက်ယူပြီး ကျန်တဲ့ ဟင်းရည်တွေကို မော့သောက်လိုက်သည်။

"ဒုကျောင်းအုပ်ကြီး နောက်တစ်ခေါက်မှ တွေ့မယ်"

ပြောပြီးနောက် ကွမ်ဒင် မတ်တပ်ရပ်လိုက်သည်။

"စားပွဲထိုး၊ ပိုက်ဆံ စားပွဲပေါ်မှာထားခဲ့တယ်"

ကွမ်ဒင် ထွက်သွားသည်။

"ဆာ၊ ခဏစောင့်ပါအုံး။ ဒီလူကြီးမင်းက ပေးချေပြီးပါပြီ"

စားပွဲထိုးက နောက်ကနေလိုက်ပြီး ပိုက်ဆံ လိုက်ပေးသည်။

"ငါ့မှာ ပိုက်ဆံရှိတယ်။ ဘာဖြစ်လို့ သူတစ်ပါးက ငါ့အတွက်ပေးရမှာလဲ"

ကွမ်ဒင် လမ်းဆက်မလျှောက်တော့ဘဲ ရပ်လိုက်သည်။ သူက ဂန်နန်အကယ်ဒမီကို သွားပြီး

အောင်စာရင်း ကြည့်ဖို့ စီစဉ်ခဲ့သည်။ ဒါပေမယ့် အခုတော့ စိတ်ပြောင်းသွားပြီ။

ခရီးဆောင်အိတ်ကို ထုတ်ပိုးပြီး ချင်လင်သို့ ပြန်သွားသည်။ နောက်ဆုံးတော့ ကျင့်ကြံခြင်းဖြင့်သာ ကိုယ်ပိုင် ရပ်တည်မှုကို တည်ထောင်နိုင်လိမ့်မည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုကို မနာလိုဖို့ဆိုတာ မဖြစ်နိုင်ပေ။ ဒီကျောင်းအုပ်ကြီးက ဝင်ဖို့ မထိုက်တန်တဲ့လူကိုတောင် အခွင့်အရေးပေးပြီး စည်းရုံးခိုင်းနေတာ ကြည့်ပါလား။

ဆွန်မိုးအတွက်ဆိုလျှင်ကော ဒုကျောင်းအုပ်ကြီးက ဘယ်လို ကမ်းလှမ်းချက် လုပ်မှာလဲ။

သူ့စိတ်ကူးထက်ကျော်လွန်တဲ့ ကမ်းလှမ်းမှု တစ်ခုဆိုတာ သေချာသည်။

ဟူး

ကွမ်ဒင် သက်ပြင်းရှည်ကြီးချပြီး လက်သီး ဆုပ်လိုက်သည်။

"တစ်နေ့ကျရင် ဆွန်းမိုလိုမျိုး အရှုံးအမှုး အမဲလိုက်ခံရတဲ့ မြတ်ဆရာတစ်ယောက် ဖြစ်ရမယ်"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကွမ်ဒင်၏ လေးစားအထင်ကြီးမှု +၃၀၀၊ ရင်းနှီး(၃,၅၀၀/၁၀,၀၀၀)

"မိုက်လိုက်တာ"

အဘိုးအိုရဲ့ အစေခံက ကွမ်ဒင်ရဲ့ အပြုအမူကို မြင်လိုက်လျှင် ချက်ခြင်း ဒေါသထွက်ပြီး ဝေဖန်လိုက်သည်။ ဒါပေမယ့်လည်း အဘိုးအိုက လက်မြှောက်ပြီး တားလိုက်သည်။

"ဆရာကွမ်၊ မင်းသာ ငါ့ကို စတွေ့ကတည်းက ဒီလို သဘောထားပြခဲ့ရင် ပိုအထင်ကြီးမိမှာပဲ။ မင်းရဲ့ စွမ်းဆောင်ရည်ကို နောက်နှစ်မှာ မျှော်နေမယ်"

ဒီ စကားပြောပြီးနောက် အဘိုးအိုသည်မနေနိုင်ဘဲ ပြုံးလိုက်သည်။ အခုလက်ရှိမှာ ကွမ်ဒင်က ဆရာကောင်းတစ်ယောက်ရဲ့ အငွေ့အသက်နှင့် အမူအရာကို ပြသနေသည်။

"သခင်။ ငါတို့ ဘာလုပ်ကြမလဲ"

အစေခံက မေးလိုက်သည်။

"ဆွန်းမိုအကြောင်း ပိုသိချင်လာပြီ"

အဘိုးအိုက ကွမ်ဒင် နောက်ကျောကို ငေးကြည့်နေသည်။ ဒီလူငယ်ရဲ့ စိတ်ဓါတ် ပြောင်းလဲမှုက ဆွန်းမိုကြောင့်ဆိုတာ သူသိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကမှ မြတ်ဆရာကောင်းတစ်ယောက် ဖြစ်သည်။ သူတို့က လူတွေကို သင်ပေးရုံသာမက သူတို့ရဲ့ အပြုအမူနှင့် လုပ်ဆောင်ချက်က သူတို့၏ ပတ်ဝန်းကျင်ကိုပါ လွှမ်းမိုးနိုင်သည်။

....

"ဂေါင်ပန်နဲ့ ကျန်းလန်တို့ ဘယ်လိုလဲ"

ဆွန်းမို သိချင်လာသည်။

"ဂေါင်ပန်အကြောင်းတော့ သေသေချာချာ မသိဘူး။ ဒါပေမယ့် ကျန်းလန်ကတော့ ပြဿနာမရှိဘူး"

ကူရှူပ်ရှင်း ဒီလိုပြောပြီးတာနဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေတဲ့ လူတစ်ယောက်က ခပ်မြန်မြန် လျှောက်လာတာကို မြင်လိုက်ရသည်။

"ဆရာဆွန်း ကျေးဇူးပြုပြီး စောင့်ပါအုံး"

လူလတ်ပိုင်း အမျိုးသားသည် ဆွန်းမိုခီ တည့်တည့် လျှောက်လာပြီး ညွှတ်ထောက် လုပ်မနေဘဲ တန်းပြောလိုက်သည်။

"ငါက ယွန်ဘို အကယ်ဒမီက သင်ကြားရေးဌာန အကြီးအကဲပါ။ မင်းရဲ့ အရည်အချင်းကို လေးစားလို့ ကျောင်းမှာ အလုပ်လုပ်ဖို့ ဖိတ်ခေါ်ချင်တယ်"

ကူရှုပ်ရှင်း မျက်လုံး အရောင်တောက်လာသည်။ ဒါက စာမေးပွဲကာလအတွင်း ခေါင်းဖြတ် အမဲလိုက်တယ်ဆိုတဲ့ ကောလဟာလလား။ ဒါက ပါရမီရှင်တွေပဲ ရမယ့် အလေးပေးမှု မဟုတ်ဘူးလား။

ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့တွေက မြတ်ဆရာဖြစ်လို့ မျက်နှာကို တန်ဖိုးထားကြသည်။ အကျိုးအမြတ်နှင့် စေ့စပ်ညှိနှိုင်းခြင်းဆိုတဲ့ အကြွမ်းဆန်တဲ့ကိစ္စများကို တစ်ခါတည်း ပြောရုံနဲ့မပြီးပါ။

"ဆရာကူကလည်း ငါတို့ကို ဂုဏ်ပြုပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဒီနောက် လူလတ်ပိုင်းအမျိုးသားက ကူရှုပ်ရှင်းကို လှမ်းကြည့်ပြီး ပြောလိုက်သည်။ ဒီကောင်မလေးလည်း အရမ်းအံ့အောဖို့ ကောင်းသည်။ ဆွန်းမိုလောက် မထူးချွန်ပေမယ့် ထိပ်တန်း အရည်အချင်းရှိသည်။

"အို ၊ ငါရောလား"

ကူရှုပ်ရှင်းက ပြုံးပြီး မေးလိုက်သည်။

"ဆရာကူ နောက်နေတာပဲဖြစ်မယ်။ မင်းရဲ့ အရည်အချင်းကိုလည်း ငါတို့ အရမ်းတန်ဖိုးထားပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူလတ်ပိုင်း အမျိုးသားက ချီးကျူးလိုက်သော်လည်း မျက်လုံးကတော့ ဆွန်းမိုဆီက မခွာပေ။ ဒါက အဓိက ပစ်မှတ်ပါ။

အခန်း(၄၆၃) အဆင့်များ ကြေငြာခြင်း။

“စိတ်မကောင်းပါဘူး။ အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ အရမ်းပျော်နေပြီး ထွက်သွားဖို့ အစီအစဉ် မရှိသေးဘူး”

ဆွန်းမိုက ငြင်းလိုက်သည်။ ကျောင်းမှာ ဂုဏ်သတင်းနှင့် စွမ်းဆောင်ရည် တော်တော်လေး စုဆောင်းပြီး သူ့နာမည် တည်ဆောက်ဖို့ မလွယ်ခဲ့ပါ။ ဒါကို အလုပ်ပြောင်းခိုင်းဖို့ တွေးနေသည်။ မလွန်လွန်းဘူးလား။

"ဆရာဆွန်း၊ မြန်မြန် မငြင်းပါနဲ့။ ငါတို့အခြေအနေကို အရင်နားထောင် ကြည့်ပါအုံး"

လူလတ်ပိုင်း အမျိုးသားသည် ဆွန်းမိုအဖြေကို ကြားလျှင် အနည်းငယ် မကျေမနပ် ဖြစ်သွားသည်။ (ငါတို့ ကမ်းလှမ်းမယ့် အနေအထားကို ဘာဖြစ်လို့ မမေးတာလဲ။ ငါတို့ ယွန်ဘို အကယ်ဒမီကို အထင်သေးနေတာလား)

"မလိုပါဘူး"

ဆွန်းမိုက ထပ်ငြင်းလိုက်သည်။ ဒီကောင် စကားကြောရှည်ပြီး အလုပ်ပြောင်းဖို့အတွက်

ပြောနေတာကို နားမထောင်ချင်တော့ပါ။ ဒါက တံထွေးနဲ့ အချိန်ကုန်တာပဲ အဖက်တင်ပြီး အဓိပ္ပါယ်လည်း မရှိပေ။

ဆွန်းမိုက လူလတ်ပိုင်းအမျိုးသားကို ပြုံးပြပြီး ခြေလှမ်း အရှိန်တင်လိုက်ကာ ကူရှုပ်ရှင်းကို မေးလိုက်သည်။

"လျိုမူဘိုင်ရဲ့ရလဒ်ကို သိလား"

"သေသေချာချာ မသိပေမယ့် ရလဒ် အရမ်းကောင်းမှာပါ"

ကူရှပ်ရှင်းရဲ့ အဆက်အသွယ်က ဆွန်းမိုထက် ပိုကျယ်ပြန့်သည်။ မရီဒန်အကယ်ဒမီက ထိပ်တန်းဘွဲ့ရ အလှလေး တစ်ယောက်အနေနဲ့ သူမကို လိုက်နေတဲ့လူတွေ အများကြီး ရှိသည်။

အရင်တုန်းကလိုမျိုး ဆိုရင်တော့ ကျောက်စိမ်းအမွှာထဲကတစ်ယောက်ဖြစ်တဲ့ ဒီလူရဲ့ ရလဒ်ကို အရင်ကြည့်မိလိမ့်မည်။ ဒါပေမယ့် အခုတော့ စိတ်မဝင်စားတော့ပါ။

(မင်းဘယ်လောက်ပဲ အံ့အောစရာ ကောင်းနေပါစေ။ ဆွန်းမိုလောက်တော့ အံ့အောဖို့

ကောင်းမှာ မဟုတ်ဘူး။ ဒီနှစ်ရဲ့ ပထမလူကို အာရုံမစိုက်ဘဲ ဘာဖြစ်လို့ လျို့မူဘိုင်ကို ကြည့်ရမှာလဲ။ ငါဦးနှောက်ကောင်းတယ်။ လျို့မူဘိုင်ရဲ့ အမာခံ ပရိတ်သတ်ဆိုရင်တောင် ဒီအချိန်မှာတော့ ဆွန်းမိုရဲ့ အမာခံ ပရိတ်သတ် အဖြစ်ပဲ ဘက်ပြောင်းလိုက်တော့မယ်။ ဘယ်လိုပဲပြောပြော လျို့မူဘိုင်လို ထူးချွန်ထက်မြက်တဲ့လူ ဆယ်ယောက်ပေါင်းရင်တောင် ဆွန်းမို တစ်ယောက်ကို မယှဉ်နိုင်ဘူး)

လူလတ်ပိုင်း အမျိုးသားသည် ဆွန်းမိုက ပြတ်ပြတ်သားသား ငြင်းမယ်လို့ မထင်ထားခဲ့ပါ။ ဒါကြောင့် မျက်နှာပျက်ပြီး စိတ်လွတ်သွားသည်။ ဒါပေမယ့်လည်း ဒီရလဒ်ကို လက်မခံနိုင်တာကြောင့် သူတို့နှစ်ယောက်နောက်သို့ အမြန်လိုက်သွားသည်။

“ဆရာဆွန်း၊ ဆရာဆွန်း၊ ကျေးဇူးပြုပြီး စောင့်ပါအုံး”

လူလတ်ပိုင်း အမျိုးသား ကမန်းကတမ်း ပြောလိုက်သည်။

“ငါတို့က အရမ်းရိုးသားပြီး မင်းကို ဒီနှစ်ခေါင်းဆောင် ရာထူးနဲ့ ကမ်လှမ်းချင်ပါတယ်။ တစ်ချိန်တည်းမှာ သုံးနှစ်ဆက်တိုက် မင်းရဲ့ ထူးချွန်းမှုအပေါ် မူတည်ပြီး အုပ်ချုပ်ရေး အဖွဲ့ထဲမှာ ထည့်ပေးမယ်။ ငွေကြေး စုဆောင်းဖို့ အခွင့်အလမ်း တချို့လည်း ရှိမယ်”

လူလတ်ပိုင်း အမျိုးသားက ဒီလို ပြောတဲ့အခါ မောက်မာတဲ့ အရိပ်အမြွတ် ပေါ်လာသည်.

ကူရှုပ်ရှင်း တစ်ချက်ကြည့်လိုက်သည်။

အမှန်တိုင်းပြောရလျှင် ဒီကမ်းလှမ်းချက်က သာမန် ကြယ်တစ်ပွင့် မြတ်ဆရာတွေအတွက် အရမ်းကောင်းမွန်သည်။ နောက်တစ်ချက်က မြတ်ဆရာအများစုသည် တခြားသူအတွက် အလုပ်လုပ်ပေးရင်း ဘဝကို ဖြုတ်သန်းကြသည်။ ရန်ပုံငွေ တစ်စိတ်တစ်ပိုင်း ပေးဖို့ အသာထားလိုက်အုံး အုပ်ချုပ်ရေးအဖွဲ့ထဲရောက်အောင် တက်လှမ်းဖို့တောင် သူတို့အတွက် တော်တော်လေး ခက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဒါက ဆွန်းမိုအတွက်တော့ မလုံလောက်ပါ။

ဒီလူပြောတဲ့အထိမှာ အပဟာတစ်ခု ရှိသည်။ သူ့စကားထဲမှာ အုပ်ချုပ်ရေးအဖွဲ့ထဲမှာ ဆွန်းမိုရရှိမည့် ရာထူးနှင့် ရန်ပုံငွေ ဘယ်လောက်ပေးမယ်ဆိုတာ မပါခဲ့ပေ။ ကြည့်ကောင်းအောင် ပြောပေမယ့် လက်တွေ့မှာ ဒီလောက် မကောင်းနိုင်ဘူးဆိုတာ သိသာနေသည်။

လူလတ်ပိုင်း အမျိုးသားသည် အဲဒီစကားပြောပြီးနောက် ဆွန်းမိုရဲ့ အဖြေကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စောင့်ရင်း ဂန်နန် အကယ်ဒမီရှေ့မှာရှိတဲ့ ကျောက်ခြသေ့်ကြီးကို လှမ်းကြည့်လိုက်သည်။

(ဘယ်လိုလဲ ဒီလို ကြီးကျယ်တဲ့ ကမ်းလှမ်းမှုကို မြန်မြန်ဆန်ဆန်ငြင်းမိလို့ နောင်တ ရနေပြီမဟုတ်လား။ အင်း၊ ဒီကောင်သာ အရမ်းမတော်နေရင် သူသဘောတူတဲ့ အချိန်မှာ ငြင်းလိုက်ချင်တယ်)

လူလတ်ပိုင်း အမျိုးသားက တော်တော်လေး မကျေမနပ် ဖြစ်နေသည်။ (ယွန်ဘို အကယ်ဒမီကို ရောက်လို့ကတော့ သင်ကြားရေးဌာနက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြီးအကဲတစ်ယောက်အနေနဲ့ စည်းကမ်းတွေကို သေသေချာချာ သင်ပေးလိုက်အုံးမယ်)

"ဟားဟား"

ဆွန်းမိုက ရယ်လိုက်ပြီး ဒီလူကို ဖယ်ထုတ်ချင်လို့ ခြေလှမ်းကို အရှိန်တင်ပြီး လျှောက်လိုက်သည်။ ဒီလူမျက်နှာပေါ်က မောက်မာမှုကို ကြည့်ပြီး စိတ်ထဲ နေရ အဆင်မပြေပါ။

ဆွန်းမိုက ပလိပ်ရောဂါကို ရှောင်သလိုမျိုး လျှင်မြန်စွာ ထွက်ခွာသွားတာ မြင်လိုက်လျှင် လူလတ်ပိုင်းအမျိုးသား အရမ်းအံ့အောသွားသည်။

(ဘာတွေ ဖြစ်နေတာလဲ။ ငါပြောတာပဲ မရှင်းလို့လား)

လူလတ်ပိုင်း အမျိုးသားက ခြေလှမ်းရပ်ပြီး အေးစက်တဲ့ အမူအရာနဲ့ လှမ်းမေးလိုက်သည်။

"ဆရာဆွန်း၊ ဒါက ဘာသဘောလဲ။ ငါတို့ ယွန်ဘို အကယ်ဒမီက ဒီလောက်ကြီးမားတဲ့ ကမ်းလှမ်းမှုလုပ်နေပြီ ဘာဖြစ်လို့ ဒီလို အပြုအမူ လုပ်နေသေးတာလဲ"

ဖြေဆိုသူအများအပြားက ကျောင်းရှေ့မှာ စုဝေးနေကြပြီ။ ဒီလို အငြင်းပွားမှု သေးသေးလေးကို မြင်လိုက်လျှင် အားလုံး လှမ်းကြည့်လိုက်ကြသည်။

"ကြီးမားတဲ့ ကမ်းလှမ်းမှု ဟုတ်လား။ ငါတော့ မင်းရဲ့ မောက်မာမှုပဲ မြင်ရတယ်"

ဆွန်းမိုက ပြုံးပြီ လူလတ်ပိုင်း အမျိုးသားကို လှည့်ကြည့်လိုက်သည်။

"ငါက အရမ်းအရည်အချင်းရှိတဲ့ လူတစ်ယောက် မဟုတ်ပေမယ့်၊ ဂုဏ်သိက္ခာမဲ့တဲ့ အလုပ်တော့ မလုပ်ဘူး"

ရွှစ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ဖြာထွက်လာသည်။

ရွှေရောင် အလင်းတန်း ဖြာထွက်လာပြီး ကျောင်းအရှေ့က ရင်ပြင်လေး တစ်ခုလုံးနီးပါး ဖုံးလွှမ်းသွားသည်။

“မြတ်ဆရာ အရှိန်အဝါလား။ ဘယ်သူ ထုတ်တာလဲ။ အကွာအဝေးက ကြီးလိုက်တာ”

“ဘာဖြစ်တာလဲ”

"ကြည့်အုံး။ ဟိုမှာ ဆွန်းမို၊ တံခါးရှေ့က ခွေးတစ်ကောင် ဆွန်းမို။

ဖြေဆိုသူများက စကားတွတ်ထိုးပြီး စုရုံးလာကြသည်။

လူလတ်ပိုင်း အမျိုးသားသည် ဆွန်းမိုသဘောထားကြောင့်မဟုတ်ဘဲ ဒီစကားသာ ပျံ့နှံ့သွားရင် ယွန်ဘို အကယ်ဒမီရဲ့ ဂုဏ်သတင်း ထိခိုက်သွားမှာ စိုးရိမ်ပြီး မျက်နှာ မည်းမှောင်နေသည်။ ဒီရလဒ်ကြောင့် လူလိုက်ရှာဖို့ အရမ်းခက်သွားမည်။

ဒီအခြေအနေကို ပြောင်းကိုပြောင်းရမယ်။

ဒီနောက် လူလတ်ပိုင်း အမျိုးသားသည် ကူရှပ်ရှင်းကို ကြည့်လိုက်သည်။

"ဆရာကူ၊ ငါတို့ ယွန်ဘို အကယ်ဒမီက အလားတူ ကမ်းလှမ်းမှု လုပ်ဖို့ ဆန္ဒ ရှိပါတယ်"

"ဆရာဆွန်း ပြောတာ မကြားဘူးလား"

ကူရှပ်ရှင်း တော်တော်လေး မျက်မှောင်ကြုတ်သွားသည်။ အေးစက်တဲ့ လေသံနှင့်

"ဆွန်းမိုကို ထိုးနှက်ဖို့အတွက် ငါ့ကို အသုံးချ ချင်နေတာလား။ ဘာမှ မဖြစ်လာဘူး"

"ပြီးတော့ ငါ့ကို အထင်သေးနေတာလား။ မင်းရဲ့ အံ့အောဖွယ်ဆိုတဲ့ ကမ်းလှမ်းချက်ကို ကြားပြီး အလုပ်ပြောင်းမယ်လို့ ထင်နေတာလား။ မင်းကို စိတ်ပျက်စေမိလို့ တောင်းပန်ပါတယ်"

"ငါ့ကို မင်းတို့ ယွန်ဘို အကယ်ဒမီရဲ့ ဒုကျောင်းအုပ် လုပ်ခွင့် ပေးရင်တောင် ဂရုမစိုက်ဘူး"

နာကျင်မှု တပ်မက်သူလေးက ဒီလို ပြောပြီး လှည့်ထွက်သွားသည်။ သူမက မျက်နှာတင်းနေပေမယ့် စိတ်ထဲမှာတော့ ပီတိ ဖြစ်နေသည်။

(လူတစ်ယောက်ကို ပါးပစ်နဲ့တိုက်ခိုက်ရတာ အရမ်းမိုက်တယ်။ အို ငါကတကယ်ပဲ ပါးစပ်ကြမ်းတဲ့လူ ဖြစ်ချင်နေပြီလား)

ဒီအကြောင်းကို တွေးရင်း ခေါင်းစောင်းကာ ဆွန်းမိုကို တစ်ချက်ခိုးကြည့်လိုက်သည်။

“ဟော့လူတွေ..........”

လူလတ်ပိုင်းအမျိုးသားသည် ဒေါသ အရမ်းထွက်ပြီး ဆန်ခါစက်လို တစ်ကိုယ်လုံး တုန်နေသည်။

“သိက္ခာ မရှိရင် မလုပ်ဘူး ဟုတ်လား”

လူအုပ်ထဲမှာ ရှိတဲ့ မာရှန်သည် ဆွန်းမို နောက်ကျောကိုကြည့်ပြီး မနေနိုင်ဘဲ သဘောကျစွာ လက်ခုပ် တီးလိုက်သည်။

"ပြောတာ ကောင်းတယ်"

ဒီကိစ္စတွင် လူလတ်ပိုင်းအမျိုးသားက ကို့ကိုယ်ကို ယုံကြည်ချက် လွန်ကဲပြီး မောက်မာတဲ့အတွက် မှားသွားသည်။ ဆွန်းမိုကို သူက ကောင်းမွန်တဲ့ ကမ်းလှမ်းချက်လုပ်လျှင် ဆွန်းမိုက သွားဖွဲပြပြီး သူ့အဆိုပြုချက်ကို လက်ခံမယ်လို့ တွေးထားသည်။

ဒါပေမယ့် တကယ့် လက်တွေ့မှာတော့ ဆွန်းမိုသာမက ကူရှုပ်ရှင်းတောင် ဂရုမစိုက်ပေ။

လူတချို့ရဲ့တန်ဖိုးကို ငွေနဲ့ တိုင်းတာလို့ မရပေ။ ငွေကြေးနှင့် ပိုကောင်းတဲ့ အလားအလာကို ရွေးချင်ပါက မရီဒန် အကယ်ဒမီမှာပဲ ဆက်နေလိုက်မည်။ ဘာပဲပြောပြော သူတက်ခဲ့တဲ့ ကျောင်းဖြစ်သည်။

အမှန်တိုင်းပြောရလျှင် ကူရှုပ်ရှင်းက သူမ စံထားတဲ့လူနောက်သို့ လိုက်ခဲ့သည်။ သူမက အန်ရှီဝေကို သဘောကျပြီး မဟာကိုးပါအဆင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါမှမဟုတ် ပြည်နယ်ကိုးခုရဲ့ အထွဋ်အထိပ်အဆင့်သို့ ပြန်ရောက်အောင် ကူညီပေးချင်သည်။

ချီးကျူးပြီးနောက် မာရှန် စိတ်ပျက်သွားသည်။

ထပ်ရှုံးပြန်ပြီ။

ဆွန်းမိုကို အနိုင်ယူဖို့အတွက် လင်ပြည်နယ်ကနေ မရင်းနီးတဲ့ ဂန်လင်ပြည်နယ်အထိ ခရီးအဝေးကြီး ဖြတ်သန်းကာ မြတ်ဆရာစာမေးပွဲ လာဖြေခဲ့သည်။ ဒါပေမယ့်လည်း သူရှုံးနေသေးသည်။

ဒီတစ်ကြိမ်တော့ မာရှန်သည် သူ့အရှုံးကို လက်ခံသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကို တကယ် အနိုင်မယူနိုင်ပါ။

(ငါက အခုဘာဆက်လုပ်ရမလဲ။ ငါ့ဂုဏ်ကို ဆက်ထိန်းပြီး ဆရာတစ်ယောက် မလုပ်ရတော့ဘူးလား)

မာရှန်သည် ကျောင်းနဲ့ မနီးမဝေးမှာရှိတဲ့ လမ်းဘေးက အထစ်မှာထိုင်ပြီး လမ်းသွားလမ်းလာတွေကို ငေးကြည့်နေပြီး စိတ်သောက ရောက်နေတဲ့ ပုံဖြစ်သေသည်။ အနီးကပ်ကြည့်လိုက်လျှင် ကျောက်ရုပ်တစ်ခုလိုမျိုး ဖြစ်နေသည်။

....

ကူရှုပ်ရှင်းက ကျောင်းဝန်းအတွင်းသို့ ဝင်လာပြီးနောက် မနေနိုင်ဘဲ တစ်ချက်လှည့်ကြည့်လိုက်သည်။

“မင်းက ဒီလူကို မကျေနပ်ဘူးဆိုတာ ငါသိတယ်။ ဒါပေမယ့် မြတ်ဆရာ အရှိန်အဝါ သုံးဖို့ လိုလို့လား။ မင်းက သူ့ကို တကယ်ပဲ ဒုက္ခပေးခဲ့တာလား”

နာကျင်မှု တပ်မက်သူလေး ဆွံ့အနေသည်။ (မြတ်ဆရာ အရှိန်အဝါကို ကြုံသလို လျှောက်ထုတ်နေတဲ့ အလေ့အကျင့်ကို ပြင်ပါအုံး)

"ငါလည်း မလုပ်ချင်ဘူး"

ဆွန်းမို အားကိုးရာ မဲ့နေသည်။

တန်ဖိုးဖြတ်မရတဲ့အကြံပြုချက်က သူ့ဘာသာသူ အသက်ဝင်လာသည်။ စိတ်နှလုံးထက်မြတ်ပြီး အရမ်းသြဇာညောင်းတဲ့ မြတ်ဆရာများသည် အနီးအနားမှာရှိတဲ့ လူတွေနဲ့ စကားပြောတိုင်း

မြတ်ဆရာအရှိန်အဝါ အလိုလို အသက်ဝင်လာတတ်သည်။

ဆွန်းမိုကလည်း ဒါကို မစဉ်းစားဘဲ ပြောခဲ့ပြီး မြတ်ဆရာအရှိန်အဝါ ထုတ်လွှင့်ဖို့ မမျှော်လင့်ပေ။

“ငရဲပဲ ယုံလိုက်”

ကူရှုပ်ရှင်းက မျက်လုံးပြူးပြီး ပြန်အော်သည်။ သူတော်စင်တွေကလွဲလျှင် သာမန်ကာလျှံကာ စကားပြောတာနဲ့ ဘယ်သူကမြတ်ဆရာ အရှိန်အဝါ ထုတ်လွှင့်လို့လဲ။ ဆွန်းမိုက မျက်နှာနှစ်ဖက်နဲ့ သေချာပေါက် တမင်တကာလုပ်နေတာပဲ ဖြစ်မည်။

ဒါကိုကြည့်ခြင်းအားဖြင့် ဆွန်းမို့က ဒီနေ့စာမေးပွဲပြီးရင် လုံးဝ နာမည်ကြီးလာပြီး သူ့ကို ခေါင်းဖြတ်အမဲလိုက်မယ့် နာမည်ကြီးကျောင်း ခေါင်းဆောင်တွေ အများကြီး ရှိလိမ့်မည်။ ဒီလိုပြသပြီးတာနဲ့ သူ့တန်ဖိုးက အနည်းဆုံး သုံးပုံ တစ်ပုံ တိုးလာလိမ့်မည်။

"မင်းက တကယ့် အကြံသမားပဲ"

ကူရှုပ်ရှင်း ပိုပြီး သတိထားသင့်တယ်လို့ တွေးလိုက်မိသည်။ ဒီလိုမှမဟုတ်ရင် သူ့ကို ကူညီနေရင်းနဲ့ လှည့်စားခံနေရအုံးမည်။

....

လက်တွေ့ ဟောပြောမှုရဲ့ အောင်စာရင်းကို ထုံးစံအတိုင်း ကြေငြာဘုတ်မှာ ကပ်ထားသည်။

ဖြေဆိုသူတွေရဲ့ အဆင့်နဲ့ အမည်များကို ဖော်ပြထားပြီး ထူးချွန်မဲအရေအတွက်နှင့် သာမန်မဲ အရေအတွက်ကို ဖော်ပြထားသည်။ ပယ်မဲတော့ မပါဝင်ပေ။

အဆင့်များကိုတော့ ထူးချွန်မဲ အများဆုံးကနေ အနည်းအထိ အခြေခံပြီး စီထားသည်။ ထူးချွန်မဲ အရေအတွက် တူနေရင်တော့ သာမန်မဲ

အရေအတွက်ကို တွက်ချက်ပြီး နှိုင်းယှဉ်သည်။ အကယ်၍ သာမန်မဲလည်း တူညီနေပါက အဆင့်အတူတူ ရမည်။

နံနက် ၉နာရီတွင် ကြော်ငြာဘုတ်အရှေ့မှာ လူတစ်ထောင်ကျော်လောက် စုဝေးနေပြီ။ အောင်စာရင်း လာစစ်ဆေးတဲ့ စာစစ်သူများအပြင် နာမည်ကြီး ကျောင်းက ကျောင်းခေါင်းဆောင် တချို့လည်း လာစောင့်ကြည့်နေကြသည်။ အမည်စာရင်းကို တွေ့လိုက်လျှင် ရုတ်တရက် အရမ်းအံ့အောသင့်သွားသည်။

"ဘုရားရေ၊ ဒီရလဒ်က ဘာလဲ"

"ထူးချွန်မဲ တစ်ထောင်ကျော်လား။ မဲရေတွက်တာပဲ မှားနေတာလား"

"မဲရေတွက်တဲ့လူအားလုံးက မြတ်ဆရာတွေပဲ အကြိမ်ကြိမ်လည်း ရေတွက်ကြတယ်။ သေချာပေါက် မမှားနိုင်ဘူး။ ဒါကြောင့် ဒီအရေအတွက်နဲ့ ပက်သက်ပြီး ပြဿနာ မရှိနိုင်ဘူး"

"ကြောက်စရာကြီး။ စံချိန်ချိုးသွားပြီ မဟုတ်လား"

ဖြေဆိုသူများက အရမ်းအံ့အောသင့်နေကြတဲ့ အမူအရာနဲ့ ဆွေးနွေးနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အရမ်းကောင်းတယ်။ ငါအောင်ပြီကွ..................”

ဖြေဆိုသူတစ်ယောက် စိတ်လှုပ်ရှားကာ အော်ဟစ်နေပြီး လက်ဝှေ့ယမ်းနေသည်။

အတိတ်ကဆိုရင် အဲဒီဖြေဆိုသူကို အားကျတဲ့စိတ်တွေနဲ့ ဝိုင်းကြည့်နေကြမည်။ ဒါပေမယ့် ဒီနေ့မှာတော့ ဒီလို မဖြစ်ခဲ့ပါ။

ထူးချွန်မဲ ၁,၀၆၁ မဲ၊ သာမန်မဲ ၁ မဲ။

ဘယ်လောက်တောင် ကြောက်ဖို့ကောင်းတဲ့ အရေအတွက်လဲ။

ဒုတိယနေရာကို ကြည့်လိုက်လျှင် သိသာနေသည်။

တုန်တုန် ထူးချွန်မဲ ၅၂၁ မဲ။ သာမန်မဲ ၃၇ မဲ။ အရင်တုန်းကဆိုရင်တော့ သူမက သေချာပေါက် ထိပ်ဆုံး ဖြစ်လိမ့်မည်။အခုတော့ ပထမနေရာနဲ့ နှစ်ဆ ကွာနေသည်။

"မအလ၊ မဲ ၈၀ တော်သေးတာပေါ့"

ဖြေဆိုသူတစ်ယောက်သည် ကြေငြာဘုတ်တွင် သူ့နာမည်ကိုတွေ့ပြီးနောက် အမြန်ပြန်ပြေး ထွက်လာသည်။ အဲဒီနောက် တုန်လှုပ်ခြောက်ခြားစွာ အော်ဟစ်လိုက်သည်။ ဘုရားကို ကျေးဇူးတင်ပြီး လက်ခုပ်ချီကာ ဆုတောင်းနေသည်။

သူ့သူငယ်ချင်းများကလည်း ချက်ခြင်း ဂုဏ်ပြုကြသည်။

"အင်း၊ ညနေ ၅နာရီ အဆိုင်း ကျသွားလို့ သိပ်ကံမကောင်းဘူး။ ဒီလိုမှမဟုတ်ရင် ဆယ်မဲလောက် ပိုရနိုင်သေးတယ်"

ဒီစကားကို ကြားလိုက်လျှင် ဘေးနားက ဖြေဆိုသူတစ်ယောက်က စိတ်မထိန်းနိုင်ဘဲ အော်ဟစ်လိုက်သည်။

"မင်း ဒူးထောက်ပြီး ကံကောင်းခြင်း နတ်သမီးကို အရိုအသေ ပေးနေသင့်တယ်။ ငါတို့ကတော့ ညနေ ၆ နာရီအဆိုင်းကို ကျလို့ မအောင်နိုင်တော့ဘူး"

"ဘာပြောချင်တာလဲ"

အအော်ခံလိုက်ရတဲ့ ဖြေဆိုသူ အံ့အောသင့်နေသည်။ သူ့ဘေးနားမှာရှိတဲ့ တစ်ယောက်က ရှင်းပြသည်။

"သူတို့ တကယ် ကံမကောင်းခဲ့ဘူး။ ပထမနေရာရတဲ့ ဆွန်းမိုနဲ့အတူ တစ်ချိန်တည်း ဖြေခဲ့ရတယ်"

အခန်း(၄၆၄) - ဒီဆွန်းမိုက တကယ်ပဲ ကြောက်ဖို့ ကောင်းတာလား။

"သူတို့ တစ်ချိန်တည်း ဖြေခဲ့ရတယ် ပြောနေတော့။ ဆွန်းမိုက တော်တော်လေး လွှမ်းမိုးနိုင်လို့လား"

တစ်ယောက်ကတော့ ပုံကြီးချဲ့လွန်းတယ်ဆိုပြီး သံသယဝင် နေသည်။

"ထိပ်ဆုံးဆယ်ယောက်ကို ကြည့်လိုက်"

ဒီနောက် လူတိုင်း ကြောင်ြောဘုတ်ကို နောက်တစ်ကြိမ် ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဘာပြဿနာမှ မရှိပါဘူး"

"သည်းထိတ်ရင်ဖို ဖြစ်အောင်မလုပ်ဘဲ တန်းပြောလို့ မရဘူးလား"

ဖြေဆိုသူတွေက တိုက်တွန်းလိုက်သည်။

"ဂူချင်ယန် နာမည် ပျောက်နေတာကို သတိမထားမိဘူးလား၊ ငါပြောလိုက်မယ်။ သူနဲ့ ဆွန်းမို ၊ နှစ်ယောက်စလုံးက ညနေ ၆ အဆိုင်းမှာ ဖြေခဲ့ကြတာ"

ဒီစကားပြောနေတဲ့ လူက ဂူချင်ယန်ရဲ့ အမာခံ ပရိတ်သတ်ဖြစ်ပြီး မတရားဘူးလို့ ထင်နေသည်။

ဒီစကားကို ကြားလိုက်လျှင် လူတိုင်း အံ့အောသွားသည်။ ဒါအမှန်ပဲ။ ဂူချင်ယန်က ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်း ဘွဲ့ရပါ။ ထိပ်ဆုံး ၁၀ယောက်ထဲ မပါနိုင်တာက

သူ့အတွက် ရှက်စရာပါ။ ဒါကြောင့် လိုက်ကြည့်လိုက်လျှင် နောက်ဆုံးစာမျက်နှာရဲ့ တစ်ဝက်လောက်မှာ သူ့နာမည်ကို တွေ့လိုက်ရသည်။

ဂူချင်ယန် ၊ ထူးချွန်မဲ ၉၄ မဲ။

ဒီနံပါတ်သည် သာမန်ဖြေဆိုသူအတွက် အရမ်းကောင်းမွန်ပါသည်။ ဒါပေမယ့် ဂူချင်ယန်နဲ့ တွဲလိုက်ရင်တော့ ကစားပွဲက ထွက်သွားရတယ်ဆိုတာ သိသာနေသည်။

"ဒါက လက်တွေ့ ဟောပြောမှုမှာ ဆွန်းမိုရဲ့ လွှမ်းမိုးမှုပဲ။ သူက ကင်းလှည့်ကျောင်းသား အားလုံးနဲ့ စာစစ်သူတွေကို အောင်မြင်စွာ ဆွဲဆောင်ခဲ့တယ်"

"ငါ တကယ် ကံကောင်းတာပဲ ။ သူနဲ့သာ အတူတူ ဖြေလိုက်ရရင် ကျသွားလိမ့်မယ်"

"ငါတို့ စိတ်ဆိုးသင့်တယ် မထင်ဘူးလား"

ညနေ ၆ နာရီမှာ ဖြေဆိုခဲ့ရတဲ့ ဖြေဆိုသူက မေးလိုက်သည်။ အရမ်းသနားစရာကောင်းလွန်းလို့ သွေးတောင် အန်ချင်သွားသည်။ သူတို့

မလုပ်နိုင်တာကလဲ တစ်ချက်ဖြစ်ပြီး ဆွန်းမိုရဲ့ မတရားလွှမ်းမိုးမှုကလည်း ရင်ဆိုင်ဖို့ ခက်လွန်းသည်။

“နတ်ဘုရားတွေကို ကျေးဇူးတင်ပါတယ်”

ညနေ ၅ နာရီမှာ ဖြေခဲ့ရတဲ့ ဖြေဆိုသူသည် တော်တော်လေးကို လန့်နေသည်။

“ဒီဆွန်းမိုက အရမ်းကြောက်ဖို့ ကောင်းတာပဲ”

ဒင်

ဇန်လောင်း၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး (၁၅၀/၁,၀၀၀)

....

ဆွန်းမိုသည် သူ့အရှေ့က လူတွေကို မတိုးဝှေ့တော့ပါ။ လူအုပ်ကြီး အပြင်ဘက်ကနေပဲ ခြေဖျားထောက်ပြီး တစ်ချက်ကြည့်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ပထမနေရာမှာ ရှိနေပြီး သူ့အရှေ့ကခေါင်းတွေ မကွယ်နေပါ။

"ဟားဟား။ အဆင့် ၁၀ကြီး ဂုဏ်ပြုပါတယ်"

ဆွန်းမိုက ကူရှုပ်ရှင်းကို ဂုဏ်ပြုလိုက်သည်။ သူမကို ထိပ်ဆုံး အဆင့် ၁၀ထဲ ဝင်မယ်လို့ မထင်ထားခဲ့မိပါ။ ဒါက အံ့အောစရာပဲ။

“မင်းနဲ့ စကားမပြောချင်ဘူး”

ကူရှုပ်ရှင်းက ဒီလို ရလဒ်ရမည်လို့ ယုံကြည်ပြီးသားပါ။ အမှန်ပဲ သူမ ပျော်နေရမယ်။ ဒါပေမယ့်လည်း ဆွန်းမိုရဲ့ ထူးထူးခြားခြား ရလဒ်ကို မြင်ပြီး အရမ်းစိတ်ရှုပ်ထွေးသွားသည်။

(ငါတို့အားလုံး သက်တူ ရွယ်တူတွေပါ။ မင်းက ဘာဖြစ်လို့ ဒီလောက် ထူးချွန်နေရတာလဲ။ မေ့လိုက်တော့၊ နှိုင်းယှဉ်တာကို ရပ်ရမယ်။ ဒီလိုမှမဟုတ်ရင် အရေးကြောင်းတွေ စောထွက်နေအုံးမယ်)

ဒင်

ကူရှပ်ရှင်း၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရှိသေ (၁၆,၈၀၀/၁၀၀,၀၀၀)

"သွားကြစို့"

ဆွန်းမို ပြောလိုက်သည်။ ဒါပေမယ့်လည်း သူတို့နှစ်ယောက် သိပ်ဝေးဝေး ရောက်အောင် မသွားလိုက်ရဘဲ တစ်ခေါင်းလုံး ဖြူနေတဲ့ အဘိုးကြီးက တားလိုက်သည်။

“ဆရာဆွန်း၊ ငါ့မျိုးရိုးနာမည်က ဘိုင်၊ငါ့နာမည်က ဇိုပါ။ ငါက ကောင်းမြတ်ခြင်း အကယ်ဒမီက ဒုကျောင်းအုပ်ကြီးပါ”

အဘိုးကြီးက အရမ်းအားနဲနေတဲ့ ပုံရသည်။

“မင်းတို့ စိတ်အနှောက်အယှက်ဖြစ်ရင်ခွင့်လွှတ်ပါ”

“တွေ့ရတာ ဝမ်းသာပါတယ်”

ဒီလူကြီးရဲ့ စိတ်ထား မဆိုးသဖြင့် သူကလည်း မရိုင်းချင်ပေ။ ဒါပေမယ့် ဘိုင်ဇိုဆိုတဲ့ နာမည်က တကယ်ရယ်ဖို့ ကောင်းနေသည်။

“ဆင်းရဲတဲ့ မိသားစုမှာ ကြီးလာလို့ စားဖို့တောင် မတတ်နိုင်ခဲ့ဘူး။ တောထဲက မှိုရိုင်းတွေကို စားပြီး ကြီးလာရလို့ ငါ့အမေက ဒီနာမည်ပေးခဲ့တာ”

ဘိုင်ဇိုက ရှင်းပြသည်။

“တကယ် ချီးကျူးဖို့ကောင်းတဲ့ အမေတစ်ယောက်ပဲ”

ဆွန်းမိုရဲ့ လေသံမှာ အရမ်းလေးစားတဲ့ အငွေ့အသက် ပါနေသည်။

“ဆွန်းမို၊ ကောင်းမြတ်ခြင်း အကယ်ဒမီက ‘စီ’ အဆင့်မှာ ထိပ်ဆုံး ငါးကျောင်းထဲ ပါတယ်။ ‘စီ’အဆင့်

လိဂ်ပြိုင်ကနေပြီး မကြာခင် အဆင့်တက်နိုင်တော့မယ်။

ကူရှုပ်ရှင်းက ဆွန်းမို မကောင်းတဲ့ အပြုအမူ လုပ်လိုက်မှာ စိုးရိမ်ပြီး အမြန် သတိပေးလိုက်သည်။

ဒီလိုမျိုး ကျောင်းများသည် အခြား စီ-အဆင့်ကျောင်းများထက် သာလွန်သည်။ ဒါပေမယ့်လည်း ဘီအဆင့်မှာ မရပ်တည်နိုင်သဖြင့် ဓါတ်လှေကားလို ဆင်းလိုက် တက်လိုက် ဖြစ်နေသည်။

ကောင်းမြတ်ခြင်းအကယ်ဒမီရဲ့ အဆင့်သတ်မှတ်ချက်က တကယ်တော့ အဆင်မပြေလှပါ။ သူတို့သည် ကျော်ကြားတဲ့ ကြယ်ပွင့်အဆင်မြင့်တဲ့ မြတ်ဆရာများကို အမဲလိုက်ဖို့ မဖြစ်နိုင်ပေ။ နောက်ဆုံးတော့ ကြယ်ပွင့်အဆင့်မြင့်တဲ့ ထဲကနေ သတ်မှတ်ချက်နိမ့်တဲ့ မြတ်ဆရာများကို ငွေကြေးပုံအောပြီး ခေါ်ခဲ့ရသည်။

ကောင်းမြတ်ခြင်း အကယ်ဒမီသည် အစပိုင်းတွင် ခေါ်ယူ နိုင်ခဲ့သော်လည်း ရေရှည် မထိန်းထားနိုင်ခဲ့ပေ။ အဲဒီမြတ်ဆရာများကို

ရေရှည်ထိန်းထားဖို့ ငွေကြေးတော်တော် ကုန်ကျသည်။ ဒါကြောင့် ကျောင်းအုပ်ကြီးက အစီအစဉ်ပြောင်းပြီး မြတ်ဆရာ စာမေးပွဲကနေ ထူးချွန်တဲ့ လူသစ်များကို ရှာဖွေ စုဆောင်းတော့သည်။

ဒီလိုနဲ့ သူတို့သည် အရိုန်အဟုန်ပြင်းတဲ့ အဖွဲ့တစ်ဖွဲ့ ဖွဲ့နိုင်ခဲ့သည်။

ဒီလူများ အားလုံးသည် ငယ်ရွယ်ပြီး ကြယ်ပွင့်အဆင်မမြင့်သော်လည်း ပြင်းထန်တဲ့ မောင်းနှင်အားရှိပြီး သင်ယူလိုစိတ် ပြင်းပြကာ တိုးတက်ဖို့အတွက်လည်း နာရီပေါင်းများစွာ

အလုပ်လုပ်ကြသည်။ အစစအရာအရာ ကောင်းမွန်းတဲ့ အရည်အချင်းများကြောင့် ရလဒ် တချို့ ထွက်လာသည်။

တစ်ခုတည်းသာ ပြဿနာကတော့ လုံလောက်အောင် မတည်ငြိမ်ကြသေးပါ။

"တကယ်လို့ ဆွန်းမိုကိုသာ ခေါ်နိုင်ခဲ့ရင် ဆယ်နှစ်အတွင်း မဟုတ်သေးဘူး၊ ငါးနှစ်အတွင်းမှာ သူက ကောင်းမြတ်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်းဆရာတစ်ယောက် သေချာပေါက် ဖြစ်လာလိမ့်မယ်။ ငယ်ရွယ်တဲ့ ဆရာတွေကို အဓိက

ဗဟိုပြုပြီး ကောင်းမြတ်ခြင်း အကယ်ဒမီက ဘီအဆင့်မှာ တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်လိမ့်မယ်”

ဘိုင်ဇိုက တစ်ချိန်လုံး ပြုံးနေသည်။ ကျောင်းတစ်ကျောင်းရဲ့ ခွန်အားက ဆရာတွေအပေါ်မှာ မူတည်သည်။ ဒါကြောင့်လည်း ဆွန်းမိုရဲ့ သန်မာမှုကို ကြည့်ပြီး လေးစားနေသည်။

“ဆရာဆွန်း၊ လောကဝတ်တွေ ပြောပြီး အချိန်မဖြုန်းတော့ပါဘူး။ ဒီနေ့လာရတဲ့ အကြောင်းအရင်းက ဆရာဆွန်းကို ကောင်းမြတ်ခြင်း

ကျောင်းဆီ ဖိတ်ခေါ်ချင်လို့ပါ။ လိုချင်တဲ့ အခြေအနေကို ပွင့်ပွင့်လင်းလင်း ပြောလို့ ရပါတယ်”

ဘိုင်ဇိုက ပြန်ပြုံးလိုက်ပြီး လေးနက်တဲ့ လေသံနှင့်

“ဘာပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးဖို့ ငါတို့ဘက်က အစွမ်းကုန် ကြိုးစားပေးမယ်”

ဒီစကားကို ကြားလိုက်လျှင် ကူရှုပ်ရှင်း အံ့အောသွားသည်။ (ကောင်းမြတ်ခြင်း အကယ်ဒမီက ရက်ရောလှချည်လား။ သူတို့ရဲ့ စိတ်ရင်းကို တော်တော်လေး ပြသနေတာပဲ)

ဘိုင်ဇိုသည် ဒုကျောင်းအုပ်ကြီး ဖြစ်သော်လည်း ဆွန်းမိုကို လူမြင်ကွင်းမှာ အမဲလိုက်နေသည်။ ဒါကြောင့် မလိမ်ရဲဘူးဆိုတာ သေချာသည်။ ဒီလိုမှမဟုတ်ရင် ကောင်းမြတ်ခြင်း ကျောင်းရဲ့ ဂုဏ်ကျက်သရေ ထိခိုက်သွားလိမ့်မည်။

မြတ်ဆရာလောကတွင် ကျောင်းရဲ့ အဆင့်အတန်းက ပိုမြင့်လေလေ သူတို့ရဲ့ ဂုဏ်သိက္ခာက ပိုတန်ဖိုး ထားလေလေ ဖြစ်သည်။

“ဒီကျောင်းအုပ်ကြီး ဘိုင်၊ မင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဗဟိုပြည်နယ် အကယ်ဒမီကနေ ထွက်သွားဖို့ ဆန္ဒ မရှိသေးဘူး”

ဆွန်းမိုသည် ဘိုင်ဇို၏ ကြင်နာမှုနှင့် ရိုးသားမှုကို ခံစားမိသည်။ ဒါကြောင့်လည်း သူ့လေသံက အရမ်းရင်းနီးပြီး လေးစားမှုနဲ့ ပြည့်နေသည်။ ဆွန်းမိုစတိုင်က မင်းလေးစားရင် ငါပြန်လေးစားမယ်။ အဲဒီလို ဖြစ်နေသည်။

“အိုး၊ မင်းမှာ အခက်ခဲ တစ်ခုခု ရှိလို့လား။ စိတ်မရှိရင် ကျေးဇူးပြုပြီး ပြောပါလား။ ငါတို့

ကောင်းမြတ်ခြင်း အကယ်ဒမီက ကူညီပေးဖို့ ဆန္ဒရှိပါတယ်”

ဘိုင်ဇိုသည် ဆွန်းမိုက ဗဟိုပြည်နယ် အကယ်ဒမီမှာ အကြွေးတင်နေလို့ မထွက်ခွာနိုင်ဘူး ထင်နေသည်။ ဒါပေမယ့်လည်း အဆင်ပြေသည်။ ကောင်းမြတ်ခြင်း အကယ်ဒမီက ဒါကို ကူညီပေးနိုင်သည်။

“ဆွန်းမို ၊ သူတို့က တကယ်စိတ်ရင်းနော်”

ဒီတစ်ခါတော့ ကူရှုပ်ရှင်းက ဘိုင်ဇိုဘက် ပါသွားသည်။

"တောင်းပန်ပါတယ်"

ဆွန်းမိုက နောက်တစ်ကြိမ် ထပ်တောင်းပန်လိုက်သည်။

"ရတယ်.။ ရတယ်။ ဒါပေမယ့် ဆရာဆွန်းဘက်က ပိုပြီး စဉ်းစားပေးဖို့ မျှော်လင့်ပါတယ်။ ကောင်မြွတ်ခြင်း အကယ်ဒမီ ငါတို့ဆီမှာ လာလုပ်ဖို့ တကယ် မျှော်လင့်တယ်။ နောက်နှစ် ၂၀ ကျရင် မင်းက ငါတို့ကျောင်းရဲ့ အဓိက မဏ္ဍိုင် ဖြစ်လာလိမ့်မယ်လို့ ငါထင်တယ်"

ဘိုင်ဇိုက အရည်အချင်းရှိတဲ့ လူသစ်တွေအများကြီးကို အမဲလိုက်ခဲ့ပြီးပြီ အတွေ့အကြုံလည်း အရမ်းများနေပြီ။ ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ရုံနဲ့ ဘယ်အကွက်ရွှေ့ရမလဲဆိုတာ သူသိသည်။

ဆွန်းမိုက အပြစ်ရှိသလို ခံစားရပြီး သူ့ကို အားနာလာစေနိုင်တဲ့ ပုံနဲ့ ချည်းကပ်လိုက်သည်။ ဒါဆိုလျှင် ဆွန်းမိုက သူတို့ငါးစာကို လာဟက်လိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း ဘိုင်ဇို မလိမ်ခဲ့ပါ။ ဆွန်းမိုကို လာမည့် နှစ် ၂၀ တွင် ကျောင်းရဲ့အဓိက မဏ္ဍိုင်တိုင် ဖြစ်လာအောင် ပျိုးထောင်ချင်သည်။ ရလဒ်ကို ကြည့်လိုက်အုံး နှစ် ၃၀မှာ တစ်ခေါက်လောက် ဖြစ်နိုင်တဲ့ ရလဒ်မျိုးဘဲ။

ကောင်းမြတ်ခြင်း အကယ်ဒမီသည် စီအဆင့်ရဲ့ ထိပ်ဆုံးကျောင်း ငါးကျောင်းထဲက ဖြစ်သောကြောင့် သူတို့ရဲ့ မျက်နှာကို အရမ်းတန်ဖိုးထားသည်။ အများအားဖြင့်တော့ အမဲလိုက်ခြင်းကို သီးသန့်တွေ့ဆုံပြီးသာ လုပ်လေ့ ရှိသည်။

ဒီလိုနည်းနဲ့ဆိုလျှင် အငြင်းခံလိုက်ရလျှင်တောင် အနေမခက်တော့ပေ။

ဒါပေမယ့် ဆွန်းမိုကိုတော့ မစောင့်နိုင်ပါ။ ဆွန်းမိုလို ထူးချွန် ထက်မြက်တဲ့လူမျိုး တခြားကျောင်းတွေကလည်း လုကြလိမ့်မည်။

သူ့အမဲလိုက်လို့ မအောင်မြင်ရင်တောင် ကောင်းမွန်တဲ့ အမြင်တစ်ခုတော့ ချန်ထားခဲ့နိုင်မည်။

ဆွန်းမိုနှင့် ဘိုင်ဇို စကားပြောတဲ့အချိန်တွင် အသံကို တမင်သက်သက် တိုးပြီ မပြောခဲ့ပါ။ မြတ်ဆရာအားလုံးသည် အကြား အာရုံ

ကောင်းမွန်သည်။ သူတို့ အနီးအနားမှာရှိတဲ့ ဖြေဆိုသူတချို့သည် စကားပြောနေတာကို ကြားပြီး အရမ်းအံ့အောသင့်နေကြသည်။

ဆွန်းမိုက စာမေးပွဲ တစ်ခုတည်းနဲ့ ကျော်ကြားလာခဲ့ပြီ။

သူတို့ လမ်းလျှောက်နေတာ ချက်ခြင်း ရပ်ပြီး ကြည့်လိုက်လျှင် ဆွန်းမိုက လူတစ်ယောက်နဲ့ စကားပြောနေတာကို မြင်လိုက်ရသည်။ ဘိုင်ဇိုကို မြင်လိုက်လျှင် ဆရာတချို့နှင့် ကောင်းမြတ်ခြင်း

အကယ်ဒမီက ဘွဲ့ရတချို့သည် ချက်ခြင်းပြေးလားပြီး နှုတ်ဆက်ကြသည်။

"မင်း မြင်လား။ အဲဒါ ဆွန်းမိုပဲ"

"ငါ,,,လို ဒီကောင် အရမ်းချောလှချည်လား။ အရပ်လည်း ရှည်တယ်"

"ကျန်တဲ့လူတွေက ဘယ်လို အသက်ရှင်ရမလဲ။ သူက တော်တော်လေး အရည်အချင်းရှိပြီး ချောလည်း ချောနေသေးတယ်"

"ဆွန်းမို ဘေးက အမျိုးသမီးက ဘယ်သူလဲ။ ဟွန်နဲ့ တော်တော်လေးတော့ မိုက်တယ်ကွ။

တစ်ချက်ကြည့်လိုက်တာနဲ့ သူ့ဟာဆိုတာ သိသာပါတယ်ကွာ”

ဖြေဆိုသူတွေ အချင်းချင်း စကားပြောနေကြသည်။ အမျိုးသမီးတချို့က စာမေးပွဲကို မကျေနပ်သလို ကူရှုပ်ရှင်းကိုလည်း မနာလို ဖြစ်ပြီး ပါးစပ်ဖွာလာကြသည်။

“လူအိုကြီး ဘိုင်။ မင်းကို အားမနာတာတော့ မဟုတ်ဘူး။ မြတ်ဆရာလောကရဲ့ ဖုံးကွယ်ထားတဲ့ စည်းမျဉ်းကို လိုက်နာပြီး စာမေးပွဲပြီးမှ

အမဲလိုက်သင့်တယ်။ ဘာဖြစ်လို့ အခုလှူပ်ရှားနေတာလဲ”

အဘိုးအို တစ်ယောက်က စနောက်လိုက်ပြီး ဆွန်းမိုကို နှုတ်ဆက်လိုက်သည်။

“ငါက လေပြင်းအကယ်ဒမီက ဒုကျောင်းအုပ်ကြီး ချန်မူပါ။ ဟားဟား ငါ့မျိုးရိုးနာမည်က ချန်ဆိုပေမယ့် ဂန်လင်မြို့က ချန်မျိုးနွယ်နဲ့ဘာမှမဆိုင်ဘူးနော်”

“ဒုကျောင်းအုပ်ကြီး ချန်”

ဆွန်းမို ပြုံးပြီး နှုတ်ဆက်လိုက်သည်။ ဒုကျောင်းအုပ်ကြီးဆီက လေးစားအထင်ကြီးမှုကို ခံစားမိသည်။

“ပြောရအုံးမယ်။ မင်းပြောခဲ့တဲ့ ‘အရည်အချင်းမရှိရင် တံခါးရှေ့မှာ စောင့်တဲ့ခွေးတစ်ကောင်လိုပဲ’ ဆိုတဲ့ စကားက တကယ်ကောင်းတယ်။ လူငယ်တချို့က အခွင့်အရေးယူပြီး ကိုယ်ကျိုး ရှာလာကြတယ်။ သူတို့က လေ့လာမှုအပေါ် အာရုံစိုက်ထုတ်မှု မရှိသလောက်ပဲ”

ချန်မူက အနည်းငယ် စိတ်မကောင်းတဲ့ ခံစားချက်နဲ့ ဆွန်းမို ပုခုံးကို ပုတ်လိုက်သည်။

ဆွန်းမို အနည်းငယ် အနေရခက်သွားသည်။ ဒီချီးမွမ်းမှုက ပွင့်လင်းလွန်းသည်။

“လေပြင်းအကယ်ဒမီက ပုံမှန်အဆင့်သတ်မှတ်ချက် အဆင့် ၁၀ထဲ ဝင်တယ်။ ဆွန်းမို မင်းတော့ နာမည်ကြီးနေပြီ”

ကူရှုပ်ရှင်းက တိုးတိုးလေး ပြောသည်။

"လူအိုကြီး ချန်၊ မင်းတို့ကျောင်းရဲ့ ဝိညာဉ်တက်တူး ဌာနက မကောင်းပါဘူး။ ဆရာဆွန်းလို လုံးတီး ကျောက်စိမ်းကို မဖြုန်းတီးပါနဲ့"

ဘိုင်ဇိုက စိတ်ထဲကနေ ခိုးပြီး လှောင်လိုက်သည်။ (စည်းမျဉ်းတွေသာ လိုက်နာနေရင် ဆွန်းမိုက သူတစ်ပါးနောက် ပါသွားပြီ။ ချန်မူက ဥပမာ ကောင်းပဲ)

"ငါတို့က အဲဒီနယ်ပယ်မှာမကောင်းလို့ ဒီထက်ပိုမြင့်အောင် ပို့ဆောင်ပေးနိုင်တဲ့ ဆရာဆွန်းဆီ လာတာပေါ့"

ချန်မူ ဒါကိုပြောပြီး ဆွန်းမို ပုခုံးကို ပုတ်လိုက်သည်။

“ငါတို့ လေပြင်း အကယ်ဒမီရဲ့ အနာဂတ်က မင်းအပေါ်မူတည်နေပြီ”

သူတို့နှစ်ယောက်သည် လူ့အဖွဲ့အစည်းမှာ အတွေ့အကြုံအရမ်းများပြီး သူတို့ မမြင်ဖူးတဲ့ အရာမရှိတော့ပေ။

ချန်မူက ဆွန်းမိုကို အဆက်မပြတ် စည်းရုံးနေသည်။

“ဒီကျောင်းသား မခံယူရဲပါဘူး”

ဆွန်းမိုက ကျိုးနွံစွာ ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် ဒုကျောင်းအုပ်ကြီးသာမက ကြယ် ၅ ပွင့် မြတ်ဆရာတွေလည်း ဖြစ်ကြသည်။ ဒါကြောင့်လည်း ဆွန်းမိုက သူ့ကိုယ်သူ ကျောင်းသားလို့ ပြောင်းလဲ သုံးစွဲခြင်းက မမှားပေ။ အခြားတစ်ဖက်တွင်လည်း ရိုကျိုးပြီး ယဉ်ကျေးတဲ့ ပုံစံဖြစ်သွားသည်။

“သူတို့ရဲ့ စကားလုံး ရွေးချယ်မှုကို ကြည့်ပါအုံး။ ဒုကျောင်းအုပ်ကြီး ရာထူးယူထားတာ မဆန်းတော့ပါဘူး”

ကူရှုပ်ရှင်းသည် အရင်က တွေ့ခဲ့ဖူးတဲ့ ယွန်ဘို အကယ်ဒမီက လူလတ်ပိုင်း အမျိုးသားကြီး အကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။ လူတွေကြားထဲမှာ ကွာဟမှုက ဘာဖြစ်လို့ ဒီလောက် ကြီးနေရတာလဲ။

ဒီမြင်ကွင်းကို အနီးအနားက ဖြေဆိုသူတွေ မြင်ပြီး မနာလို ဖြစ်နေကြသည်။

စီ-အဆင့်ကို အရမ်းဆိုးဝါးတယ်လို့ ထင်ရသော်လည်း အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် နိုင်ငံပေါင်း ၁၀၀ ကျော်ရှိပြီး

မရေတွက်နိုင်လောက်အောင် ဇရိယာမီတာ သန်းပေါင်း များစွာကျယ်ပြန့်သည်။ အဲဒီထဲမှာမှ စီအဆင့် နာမည်ကြီးကျောင်းက ၇၂ ကျောင်းပဲ ရှိသည်.

ဘီအဆင့်နှင့် အေ အဆင့် ကျောင်းများသည် သူတို့ကိုယ်သူတို့ ရေးပါတယ်ထင်ပြီး နောက်ခံ ကောင်းလွန်းသောကြောင့် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ အမဲလာလိုက်တာ တော်တော် ရှားသည်။ သူတို့က နာမည်ကြီးပြီးသား ကြယ်ပွင့်မြင့်တဲ့ မြတ်ဆရာများကိုသာ အမဲလိုက်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုအချိန်တွင် စီအဆင့်ရှိတဲ့ နာမည်ကြီးကျောင်းက ဒုကျောင်းအုပ် နှစ်ယောက်သည် ဆွန်းမိုကို အမဲလိုက်ဖို့အတွက် ရောက်နေကြသည်။ တော်တော်လေးကို အသိအမှတ်ပြုပြီး ဂုဏ်ယူဖို့ကောင်းသည်။

တခြားနာမည်ကြီး ကျောင်းတချို့က အကြီးအကဲများနှင့် ဌာနဆိုင်ရာ အကြီးအကဲ တချို့သည် အောင်စာရင်း ရလဒ်ကို ကြည့်ရန်အတွက် ရောက်လာကြသည်။ ဒီမြင်ကွင်းကို မြင်လိုက်တော့ အားလုံး စိတ်ရှုပ်သွားသည်။

"ငါတို့ ထွက်သွားသင့်လား ၊ မသင့်ဘူးလား"

သူတို့ကျောင်းရဲ့ အဆင့်သတ်မှတ်ချက်က နိမ့်ကျပြီး သူတို့ အဆင့်တန်းက နိမ့်ကျသဖြင့် ကောင်းမြတ်ခြင်း အကယ်ဒမီနှင့် လေပြင်း အကယ်ဒမီကို မယှဉ်နိုင်ပေ။ သူတို့သာ ဆွန်းမိုကို အမဲသွားလိုက်ပါက မအောင်မြင်နိုင်ဘဲ ကိုယ့်အရှက်ကို သွားခွဲသလို ဖြစ်နေမည်။ ဒါပေမယ့် သူတို့ မသွားလို့ တခြားလူ အမဲလိုက်သွားရင်ရော။

"အင်း၊ ဆွန်းမို မင်းက ဘာဖြစ်လို့ ဒီလောက် ထူးချွန် နေရတာလဲ"

အကြီးအကဲ တချို့က မကျေမနပ်နဲ့ သက်ပြင်းချပြီး ခေါင်းငိုက်စိုက်ချကာ
လမ်းလျှောက်ထွက်လာကြသည်။ အနည်းဆုံးတော့ သူတို့ကို သိအောင် လုပ်ရမည်။

ဒီအချိန်မှာပဲ ကျောင်းသားတစ်ယောက် ပြေးလာသည်။

"ဘယ်သူလဲ"

ကူရှုပ်ရှင်း ရုတ်တရုတ် လန့်ဖြန့်သွားပြီး ဆွန်းမို အရှေ့ကနေ ကာပေးဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ဆွန်းမိုက သူမထက် ပိုမြန်နေသည်။ ရှေ့သို့

ခြေတစ်လှမ်းတိုးပြီး ကာပေးထားသည်။ ခိုင်မာတဲ့အတားအဆီး တစ်ခုလို ဖြစ်နေသည်။

ဆွန်းမိုရဲ့ ကျယ်ပြန့်တဲ့ ကျောပြင်ကို ကြည့်ပြီး နာကျင်မှုတပ်မက်သူလေး လုံခြုံမှုကို ချက်ခြင်း ခံစားလိုက်ရသည်။ တစ်စက္ကန့်လောက်ကြာတော့ ကျောကိုမှီပြီး ဖက်ထားချင်စိတ် ပေါက်လာသည်။

အခန်း(၄၆၅) - ဒူးထောက် အရိုသေသုံးကြိမ် ပေးပြီး ချက်ခြင် လက်ငင်း ဆရာတင်ခြင်း။

ကျောင်းကြေငြာဘုတ်အနီးတွင်...........

ဆွန်းမိုက ကူရှပ်ရှင်း အရှေ့မှာ ရပ်နေပြီး စိုးရိမ်နေတဲ့ လူငယ်လေးကို ကြည့်လိုက်သည်။ ရုတ်တရက် ကို့ကိုယ်ကို လျှောင်ပြုံး ပြုံးလိုက်မိသည်။

(ငါတော့ အစိုးရိမ်လွန်နေပြီ။ ဒါက အလယ်ကမ္ဘာ ပြည်နယ်ကိုးခုဆိုပေမယ့် ဒီနေရာမှာတော့ ကြမ်းတမ်းတဲ့ အဖြစ်အပျက် မဖြစ်လာနိုင်ဘူး မဟုတ်လား)

ဆွန်းမိုက တရုတ်နိုင်ငံတွင် အနှစ်နှစ်ဆယ်ကျော်နေလာခဲ့သည်။ ကျောင်းများ၊ ဆေးရုံများနှင့် မူကြိုကျောင်းရှေ့တွင် ခုတ်ထစ်မှုအကြောင်း များစွာ ကြားခဲ့ရသည်။ ဒါကြောင့်လည်း စိုးရိမ်တကြီး မျက်နှာနဲ့ ပြေးလာတဲ့ ကျောင်းသားကို မြင်လိုက်လျှင် ကူရှုပ်ရှင်းအား အလိုလို ကာကွယ်ပေးလိုက်မိသည်။

ပြည်နယ်ကိုးခုမှ အသက်မပြည့်သေးတဲ့ လူငယ်တွေကို ကာကွယ်ပေးတဲ့ ဥပဒေ မရှိသေးဘူး မဟုတ်လား။

ဆွန်းမိုသည် အဲဒီလူငယ်က သူ့အရှေ့ရောက်ပြီး ဒူးထောက်လာတဲ့အချိန်အထိ သူ့အတွေးထဲ နစ်မြုပ်နေသေးသည်။ အဲဒီနောက် လူငယ်လေးက အရိုအသေ သုံးကြိမ် ပေးလိုက်သည်။

ဘိုင်ဇိုနှင့် ချန်မူတို့ အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ သူ ဘာလုပ်နေတာလဲ။ ဆရာတင်တာလား။

"ဘာဖြစ်လို့လဲ"

ဆွန်းမိုက လူငယ်လေးကို ဆွဲထူပေးလိုက်သည်။

"ဒါတွေအားလုံး ငါ့အမှားပါ။ ဆရာ့ကို ထိခိုက်စေခဲ့ပြီ"

လူငယ်က ဝမ်းနည်းပူဆွေးကာ မျက်ရည်ကျပြီး ထဖို့ ငြင်းဆန်နေသည်။

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ခဏလောက် အံ့အောသွားပြီးနောက် အကြောင်းအရင်းကို ခန့်မှန်းလိုက်မိသည်။

"အရင်ထပါ။ ငါတို့ စကားကောင်းကောင်း ပြောကြတာပေါ့"

လူငယ်လေးက အရမ်း ဝမ်းနည်းပြီး ငိုကြွေးနေသည်။ ရင်ဘက်တစ်ခုလုံးမှာလည်း အပြစ်ရှိတဲ့စိတ်နဲ့ ပြည့်နှက်နေသည်။

သူက ဇောင်ချီစန် လို့ခေါ်ပြီး ဂန်နန် အကယ်ဒမီက ကျောင်းသားအသစ် တစ်ယောက်ပါ။ သူက ကံကောင်းပြီး ရွေးချယ်ခံရကာ ဖြေဆိုသူများကို အကဲဖြတ်တဲ့ တာဝန် အပေးခံခဲ့ရသည်။

ဇောင်ချီစန်သည် အလုပ်ကို အရမ်းတန်းဖိုးထားပြီး အတန်းတိုင်းကိုလည်း အလေးထားခဲ့သည်။ ဆွန်းမိုရဲ့ အတန်းမှာတော့ အရမ်း စိတ်လှုပ်ရှားနေခဲ့သည်။

ဆွန်းမိုက သင်ကြားရေးကို မတရားကောင်းအောင် လုပ်နိုင်ခဲ့သည်။ ကျောင်းတက်တာ တစ်နှစ်နီးပါး ရှိနေပြီ ဖြစ်သဖြင့် ဇောင်ချီစန်သည် အရင်ကတည်းက မြတ်ဆရာတွေရဲ့ အတန်းတချို့ကို တက်ခဲ့ဖူးသည်။ သင်ကြားရေးမှာ အရမ်းကောင်းပါတယ်ဆိုတဲ့ ကြယ်သုံးပွင့် မြတ်ဆရာတချို့ရဲ့ အတန်းကိုတောင် တက်ခဲ့ဖူးသည်။ အဲဒီ မြတ်ဆရာတွေကို တော်တယ်လို့လည်း ထင်ခဲ့ဖူးသည်။ ဒါပေမယ့်လည်း ဆွန်းမို အတန်းကို တက်ခဲ့ပြီးနောက် ပိုတော်တဲ့တစ်ယောက်က အမြဲရှိနေတယ်ဆိုတာ သိလိုက်ရသည်။

ဆွန်းမိုက ကြယ်သုံးပွင့် မြတ်ဆရာတွေကိုတောင် အနိုင်ယူနိုင်သည်။

အဲဒီအချိန်တုန်းက ဖောင်ချီစန်သည် အရမ်းစိတ်လှုပ်ရှားပြီး ကျောင်းပြောင်းဖို့တောင် စိတ်ကူးခဲ့ဖူးသည်။ ဒါကြောင့်လည်း စိတ်ထဲမှာ အတွေးတွေ ဂယောက်ဂယက် ဖြစ်နေခဲ့သည်။ ဒါ့အပြင် လူတွေအများကြီး ဆွေးနွေးနေလို့ ဆူညံကာ မဲပေးတဲ့အခါ အာရုံပျံ့ပြီး မဲမှားပေးခဲ့မိသည်။

သူက ထူးချွန်မဲကို ရွေးချယ်ခဲ့သော်လည်း အဲဒီစား သာမန်မဲသာ ထည့်ခဲ့မိသည်။

ဇော်ချီစန်သည် အနည်းငယ် စိတ်ငြိမ်တဲ့အချိန်မှာ အုပ်ချုပ်ရေး အဆောက်အဦးသို့သွားပြီး စာစစ်သူတွေကို ရှာကာ မဲမှားပေးခဲ့မိတဲ့ အကြောင်း ပြောခဲ့သည်။ ဒါပေမယ့်လည်း အရင်းနီးဆုံး သူငယ်ချင်းတွေက ဆွန်းမို အတန်းမှာ ရုတ်ရုတ်သဲသဲတောင် ဖြစ်ခဲ့သဖြင့် အောင်ဖို့ဆိုတာ ပြဿနာ မဟုတ်ဘူးလို့ နှစ်သိမ့်ခဲ့သည်။

ထိုအချိန်ရောက်မှဘဲ ဇော်ချီစန်လည်း စိတ်အေးသွားသည်။ ဆွန်းမို အောင်မယ်လို့

မျှော်လင့်ပြီး အောင်စာရင်း ကြည့်ရအောင် အစောကြီး လာခဲ့သည်။

၇၉မဲသာ ဖြစ်နေရင် ကို့ကိုယ်ကို အပြစ်ပေးမိလိမ့်မည်။ ဆွန်းမိုရဲ့ အရည်အချင်းက နှစ်တစ်ရာမှာ တစ်ကြိမ်သာ ဖြစ်တဲ့အထိ ထူးချွန်မယ်လို့ မထင်ထားခဲ့မိပါ။

၁,၀၆၁မဲ ၁ မဲ။

ဒီရလဒ်က တံဆိပ်ကြီးထက်တောင် ပိုကြောက်ဖို့ ကောင်းသေးသည်။ ဖောင်ချီစန်က ဒီလိုမျိုး ရလဒ်သည် သူတော်စင်ဂိတ်က ကြီးမှူးသည့်

ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲမှာ နှစ်တစ်ရာအတွင်း တစ်ခါမှ မပေါ်ဖူးသေးတဲ့ ကိန်းဂဏာန်းလို့ စာစစ်သူ အချင်းချင်း ပြောတာ ကြားခဲ့ရသည်။ ကြီးမြတ်တဲ့ ရပ်တည်မှု တစ်ခု ဖြစ်ဖို့တောင် လုံလောက်သည်။

ထိုအချိန်မှာ ဇောင်ချီစန် အရမ်းလန့်သွားပြီး နံရံနဲ့ ခေါင်း ပိတ်တိုက်ပစ်ချင်စိတ် ပေါ်လာသည်။ မေးစရာတောင် မလိုပါ။ အဲဒီ သာမန်မဲတစ်ခုက သူပေးခဲ့တဲ့ မဲဆိုတာ သေချာသည်။

"ငါသာ မမှားခဲ့ရင် ပြီးပြည့်စုံတဲ့ မှတ်တမ်း တစ်ခု ဖြစ်လိမ့်မယ်"

ဇောင်ချီစန်သည် ဒီမှတ်တမ်းကို ဖျက်ဆီးခဲ့တဲ့ အပြစ်သားတစ်ယောက်လို ခံစားနေရသည်။

ဒီနေရာမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ အခင်းပွားရာနေရာသို့ စစ်ဆေးရန် စာစစ်သူ တချို့ ရောက်လာသည်။ ဇန်ချီစန်ရဲ့ စကားကို ကြားပြီးနောက် မနေနိုင်ဘဲ အရမ်းအံ့အောသင့်ကုန်သည်။

"ငါက သာမန်မဲပေးတဲ့ကောင်ကို ကန်းနေတဲ့ကောင်လို့ တွေးနေတာ။ ဒီလိုဆိုတော့ မဲမှားပေးတာပေါ့"

"အင်း၊ တကယ်ကို စိတ်ပျက်ဖို့ ကောင်းတယ်။ ပြီးပြည့်စုံတဲ့ မှတ်တမ်းတစ်ခုက အလဟသ ဖြစ်သွားပြီ"

"ဆွန်းမိုက သတ်လိုက်မယ်လို့ ထင်လား"

ဖြေဆိုသူအချင်းချင်း တိုးတိုးလေး ပြောနေကြသည်။ ဆွန်းမို ဒေါသတကြီး ပေါက်ကွဲလိမ့်မယ်လို့ သူတို့ ထင်နေကြသည်။

ဘာဖြစ်လို့လဲဆိုတော့ ရလဒ်က ပြန်မပြောင်းနိုင်တော့ပေ။

"ထပါ။ အဲဒီအစား ငါက ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး ဇောင်ချီစန်ကို အတင်းဆွဲထူလိုက်သည်။

"အမ်"

ဇောင်ချီစန်ကို မကျေမနပ်နဲ့ စိုက်ကြည့်နေတဲ့ ကူရှုပ်ရှင်း ကြောင်သွားသည်။ နောက်ဆုံးတော့ အနှစ် ၁ဂဂမှာတောင် ရခဲလှတဲ့ ဆွန်းမိုရဲ့ ပြီးပြည့်စုံတဲ့

မှတ်တမ်းကို ဖျက်ဆီး ပစ်ခဲ့သည်။ ဒါပေမယ့် ဆွန်းမို စကားကို ကြားလိုက်တော့ အံ့အောသွားသည်။

(မင်းက သဘောထား အရမ်းပြည့်ဝတဲ့လူလား။ ငါက ဇောင်ချီစန်ကို သတ်လိုက်ရင်တောင် ခြေထောက်နှစ်ချောင်းကို ရိုက်ချိုးပြီး ပြောင်းပြန်ချိန်ထားမယ်လို့ ထင်နေတာ)

“သာမန်မဲတစ်မဲက ငါ့ကို မပြည့်စုံသေးဘူး၊ တိုးတက်ဖို့ လိုသေးတဲ့နေရာ ရှိသေးတယ်ဆိုတာကို အမြဲတမ်း သတိပေးနေမှာပေါ့ကွာ”

ဆွန်းမိုက ပြုံးလိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“သာမန်မဲသာ မရှိရင် ငါဘဝင် မြင့်နေနိုင်တယ်”

“ဆရာ”

ဇောင်ချီစန် မျက်လုံးတွေ ပိတ်လိုက်ဖွင့်လိုက်ဖြစ်နေသည်။ ဆွန်းမိုစကားကို ကြားလိုက်လျှင်နောင်တရတဲ့ စိတ်က ပျောက်မသွားတဲ့ အပြင်ပိုပြင်းထန်လာသည်။ (ဒါတွေ အားလုံး ငါ့ရဲ့အမှားပဲ။ ဒီလိုဆရာကောင်းတစ်ယောက်ရဲ့ ပြီးပြည့်စုံတဲ့မှတ်တမ်း ငါ့ကြောင့် ပျက်ဆီးရတယ်)

"တော်ပြီပေါ့။ ယောကျ်ားကောင်း တစ်ယောက်ဆိုတာ လွယ်လွယ်နဲ့ မျက်ရည် မကျရဘူး။ မငိုနဲ့တော့"

ဆွန်းမိုက သူ့လက်နဲ့ ဇောင်ချီစန်ရဲ့ မျက်ရည်ကို သုတ်ပေးလိုက်ပြီး ပုခုံးကို အားထည့်ကာ ပုတ်လိုက်သည်။

"ဒီသင်ခန်းစာကို မင်းမှတ်မိနေလိမ့်မယ်လို့ မျှော်လင့်မိတယ်။ ဘဝဆိုတာ မဲပေးတာနဲ့ တူတယ်။ ပြန်ပြင်လို့ မရဘူး။ ဒါကြောင့် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချတဲ့အခါ ပိုစဉ်းစားရမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝူရှိ

ဆွန်းမိုကိုယ်ကနေ ရွှေရောင် အလင်းတန်းများ ဖြာထွက်လာသည်။ အဲဒီနောက် အလင်းတွေ ပြန်နှံ့ကျဲသွားသည်။

ဟာ

ဒီမြင်ကွင်းကို မြင်လိုက်တော့ ပတ်ဝန်းကျင်မှာ စောင့်ကြည့်နေကြတဲ့ လူတွေ ရုတ်တရက် အံ့အောသွားသည်။

"တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက်"

"ဒီလို လုပ်မှ ရမှာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါပေမယ့် သူပြောတာ ကောင်းတယ်"

ဆွန်းမိုကို ပထမဆုံး အကြိမ်မြင်ဖူးတဲ့ ဖြေဆိုသူတွေက ယုံကြည်သွားကြသည်။ ကျောင်းသားတစ်ယောက်ရဲ့ အမှားကြောင့် သူ့စံချိန်မှတ်တမ်း ပျက်ဆီးသွားတာတောင် စိတ်မဆိုးပေ။ အဲဒီအစား ကျောင်းသားကို နှစ်သိမ့်ပြီး ဆုံးမနေသေးသည်။ သူ့စိတ်ဓါတ်က အရမ်းကောင်းလွန်းသည်။

ဒီမြတ်ဆရာအရှိန်အဝါရဲ့ အချင်းဝက်က မီတာ ၁,၀၀၀လောက်အထိ ဖြာထွက်နေသည်။ တကယ်

ကြောက်ဖို့ကောင်းလောက်အောင်ကို သန်မာလွန်းသည်။

"အံ့အောစရာပဲ"

ဘိုင်ဇို သဘောကျမှုအပြည့်နဲ့ စိုက်ကြည့်ပြီး လက်ခုပ်တီးနေသည်။ ချန်မူကို တစ်ချက်ခိုးကြည့်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

(မင်းဘာပဲ ကမ်းလှမ်းကမ်းလှမ်း။ မင်းထက် သုံးဆ ပိုပေးမယ်။ ဆွန်းမိုကို မရရအောင် လုယူရမယ်)

"သွားပါပြီကွာ။ အမဲလိုက်ဖို့ ပိုပို ခက်လာပြီ"

ချန်မူ ပြုံးနေပေမယ့် စိတ်ထဲက ကြိတ်ကျိန်ဆဲနေသည်။ ဆွန်းမိုရဲ့ စွမ်းဆောင်ရည်ကြောင့် စီအဆင့် ကျောင်းတွေ တိုက်ပွဲဝင်သွားဖို့ ရှိနေပြီ။

"ထပ်လုပ်ပြန်ပြီ"

ကူရှပ်ရှင်း မျက်လုံးကြီး ပြူးပြီး ဆွန်းမိုကို တံတောင်နဲ့ တွတ်လိုက်မိသည်။ (မြတ်ဆရာအရှိန်အဝါသုံးတာကို ရပ်ဖို့ ပြောထားပြီးသားလေ)

"ဆရာ"

မတ်တပ်ရပ်နေတဲ့ ဖောင်ချီစန်ရင်ထဲ အရမ်းထိသွားသည်။ ဆရာဆွန်းက တကယ်ကောင်းသည်။ နောက်တစ်ကြိမ် ဒူးထောက်လိုက်ပြန်သည်။

"ဆရာ၊ ကျောင်းပြောင်းချင်ပါတယ်။ မင်းရဲ့ တောင်ပံအောက်မှာ ပညာသင်ကြားချင်ပါတယ်"

ဖောင်ချီစန်သည် ပြောပြီးတာနဲ့ စတင်ပြီး အရိုအသေ ပေးလိုက်သည်။ အဲဒီနောက် မြေကြီးပေါ်မှာ ပြားပြားဝပ်နေပြီး လုံးဝ မလှုပ်တော့ပေ။

ဖြေဆိုသူ အများအပြားသည် ဆွန်းမိုကို စတင်ပြီး မနာလို ဖြစ်လာကြသည်။ သူတို့က ဆရာတွေ ဖြစ်သဖြင့် အလိုချင်ဆုံးက ပျိုးထောင်ပေးဖို့အတွက် အရည်အချင်းရှိတဲ့ ကျောင်းသားများကို လိုချင်သည်။

"ကလေး၊ ငါစောစောတုန်းက ဘာပြောခဲ့လဲ။ ဘဝမှာ အရေးကြီးတဲ့ ကိစ္စတွေနဲ့ ကြုံလာရင် ပိုတွေးသင့်တယ်"

ဒီတစ်ကြိမ်တော့ ဆွန်းမို မထူပေးတော့ပါ။ အဲဒီအစား သူ့ကို ကြည့်ပြီး ပြောနေတဲ့ စကားတွေက ပိုပြင်းထန်လာသည်။

"မြတ်ဆရာ အရှိန်အဝါ လွှမ်းမိုးမှုအောက်မှာပဲ ဒီဆုံးဖြတ်ချက်ကို ချလိုက်တယ်"

"မင်းကို မေးပါရစေအုံး။ ငါ့ဆီက ဘာသင်ချင်တာလဲ။ ငါဘာထူးချွန်လဲ မင်းသိလား။ ငါရဲ့စရိုက်ကိုရော သိလား"

"ငါ စိတ်ထားယုတ်မာပြီး လူတွေကို ရိုက်ရတာ ကြိုက်တဲ့လူဆိုရင် မင်းဘယ်လိုလုပ်မလဲ။ အဲဒီအခါကျရင် ဘာလုပ်မလဲ။ ငါ့ကို ဆရာတင်ပြီးရင်တော့ တစ်သက်လုံး သည်းခံနေရတော့မယ်"

ဇောင်ချီစန်သည် ဆွန်းမို ဆက်တိုက်မေးနေတဲ့ မေးခွန်းများကြောင့် အံ့အောသင့်သွားသည်။ စိုးရိမ် ထိတ်လန့်ပြီး မျက်နှာ ညှိုးသွားသည်။

ဆွန်းမိုရဲ့ မေးခွန်းတချို့ကို နားထောင်ပြီးနောက် တစ်ခုမှ ပြန်မဖြေနိုင်တာကို သူသတိထားလိုက်မိသည်။

"မင်းက ငယ်သေးတော့ သိပ်မတွေးဘူး။ ငါ့အတန်းကို တက်ပြီး ငါ့ကို လေးစားမယ်၊ မင်း ဆရာတင်ချင်လာမယ်။ လျှောက်ကြည့်ပြီး

နားထောင်ကြည့်ပါအုံး။ မြတ်ဆရာတချို့က ငါ့ထက်တောင် စာသင်တာ ပိုကောင်းတယ်”

ဆွန်းမိုရဲ့ တင်းမာတဲ့လေသံက ရပ်တန့်သွားပြီး အဲဒီအစား နူးညံ့လာသည်။

“ပြီးတော့ မင်းမိဘတွေနဲ့ အဝေးသွားပြီး ပညာသင်ကြားရင် မင်းမိဘတွေ တတ်နိုင်ပါ့မလား။ မင်းမိသားစုက ဒီကုန်ကျစရိတ်ကို ထောက်ပံ့ပေးနိုင်ပါ့မလား။ ပြီးတော့ အဲဒီလို ဒုက္ခတွေကို မင်းခံနိုင်ရည် ရှိပါ့မလား”

ဇောင်ချီစန် ရေခဲတုံးထဲ လုံး၀ နှစ်မြုပ်သွားသည်။ စိတ်အား ထက်သန်မှုတွေလည်း လျှင်မြန်စွာ ပျောက်သွားသည်။ ဒါအမှန်ပဲ။ သေသေချာချာ တွေးကြည့်လိုက်တော့ ဒါက တကယ့် ဒုက္ခပဲ။

"နည်းနည်းလေး ထပ်စောင့်လိုက်ပါအုံး။ နောက်ထပ် နှစ် နှစ်အထိ မင်းက ငါ့ကို ဆရာတင်ချင်သေးရင် မင်းကို ခေါ်သွားမယ်"

ဆွန်းမိုက ဇောင်ချီစန်ကို ထုပေးလိုက်သည်။ နတ်ဘုရားမျက်စိအာရုံ သုံးပြီး ကျောင်းသားကို

တစ်ချက်လောက် ကြည့်မည့် အတွေးကို ပယ်ချလိုက်သည်။

ဆန္ဒကင်းမဲ့နေတဲ့ သူတော်စင်မဟုတ်ပေ။ ကြည့်လိုက်လို့ ဖောင်ချီစန်ရဲ့ အလားအလာတန်ဖိုး အရမ်းမြင့်နေပါက စိတ်မထိန်းနိုင်ဘဲ ခေါ်မိသွားမှာ စိုးရိမ်နေသည်။

“ဆရာ့ ၊ သင်ကြားမှုကနေ အကျိုးအမြတ် ရလိုက်ပါတယ်”

ဇောင်ချီစန်သည် စိတ်တည်ငြိမ်တဲ့အမူအရာနဲ့ ဆွန်းမိုကို အရိုအသေ ပေးပြီး နှုတ်ဆက်လိုက်သည်။ ဆွန်းမိုရဲ့စကားကြောင့် ပိုရင့်ကျက်လာခဲ့သည်။

ဒင်

ဇောင်ချီစန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၉၀၀/၁,၀၀၀)

ဇောင်ချီစန် ထွက်သွားပေမယ့် ဆွန်းမိုကို အကဲခတ်လို့ရအောင် ဖြေဆိုသူများ စုရုံးလာသည်။

"ဆရာဆွန်း၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ မြတ်ဆရာတစ်ယောက် ဖြစ်ရခြင်းရဲ့ တကယ့် အနှစ်သာရကို နားလည်မယ်လို့ မထင်ထားမိဘူး"

ချန်မူက ဒါကို ပြောပြီး လှည့်ပတ်ကြည့်လိုက်သည်။

"ကျောင်းသားတွေရဲ့ အရည်အချင်းကို ပြုးထောင်ပေးရုံသာမက သူတို့ လမ်းမှားမလျှောက်မိအောင် အလင်းရောင်ပေးဖို့ကလည်း ပိုအရေးကြီးတယ်"

ဖြေဆိုသူများက သင်ကြားမှုကနေ အကျိုးရှိကြောင်း ပြသရန် လျှင်မြန်စွာ ဦးညွှတ်လိုက်သည်။ ဒီလိုမျိုး ကြီးမြတ်တဲ့ပုဂ္ဂိုလ်မျိုးကို စော်ကားဖို့ မဖြစ်နိုင်ပေ။

ဘိုင်ဇိုက ဆွန်းမိုရဲ့ စွမ်းဆောင်ရည်ကို ပိုသဘောကျသွားသည်။

ကျောင်းသားတစ်ယောက်က လူမြင်ကွင်းမှာ ဆရာတင်ပြီး အသိအမှတ်ပြုဖို့ တောင်းဆိုတာကြောင့် ဆွန်မို ဂုဏ်ယူမဆုံး ဖြစ်နေသင့်သည်။ အဲဒီအစား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအတွက် ခွဲခြမ်းစိတ်ဖြာပြပြီး သူ့ရွေးချယ်မှုကို ပြန်သုံးသပ်စေခဲ့သည်။

ကျောင်းသားဘက်က တွေးပေးခြင်းသည် ဆရာကောင်းတစ်ယောက်ရဲ့ အခြေခံ အရည်အချင်း ဖြစ်သည်။

ဒင်

ဘိုင်ဇို၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၃၅၀/၁,၀၀၀)

"ဆရာဆွန်း၊ ငါက သိမ်းငှက်ပျံ အကယ်ဒမီက သင်ကြားရေးမှူးပါ"

လူလတ်ပိုင်း အမျိုးသား၏ စကားမဆုံးခင် ဖြတ်ပြောခံလိုက်ရသည်။

လူခုနှစ်ယောက်က ပြုံးရွှင်သော မျက်နှာထားနဲ့ လမ်းလျှောက်လာပြီး ဆွန်းမိုကို နှုတ်ဆက်လိုက်သည်။

"မအေလ၊ ပြိုင်ဘက်တွေ အများကြီးပဲ"

ချန်မူ ကြာပွတ်ကို ထုတ်ယူပြီး ဒီလူတွေကို အဝေးမောင်းထုတ်ချင်စိတ်ပေါက်လာပြီး မှုန်ကုပ်ကုပ် ဖြစ်နေသည်။

ဖြေဆိုသူရဲ့ မျက်လုံးများက မနာလိုစိတ်ကြောင့် နီရဲနေ၏။

"ငါက နာမည်တူတာပဲလို့ အမြဲတွေးထားပေမယ့် တကယ့် ဆွန်းမို ဖြစ်နေမယ်လို့ မထင်ထားခဲ့မိဘူး"

ပြီးခဲ့တဲ့နှစ်က ဆွန်လျောင် အကယ်ဒမီကနေ ဘွဲ့ရခဲ့တဲ့ ဖြေဆိုသူသည် ဆွန်းမိုကို တအံ့တအော ကြည့်နေသည်။

"မင်းတို့က တစ်သုတ်ထဲ မဟုတ်လား။ သွားနှုတ်ဆက်ရအောင်"

ဆွန်းမိုလို လူနဲ့ သိရင် အကျိုးကျေးဇူးအများကြီး ရှိသည်။

ဆွန်လျောင်အကယ်ဒမီမှာ အလုပ်ဝင်ခဲ့တာ တစ်နှစ်ကြာနေပြီး အကြိမ်အနည်းငယ်လောက် အကိုက်ခံရကာ ဘဝကြီးက ဘယ်လောက်ခက်ခဲတယ်ဆိုတာ သိနေသည်။ သူ့အဖော်ရဲ့ စကားကို ကြားပြီးနောက် စိတ်တက်ကြွကာ ကျော်တက်သွားလိုက်သည်။ ဒါပေမယ့် ဆွန်းမို အနီးတဝိုက်က ကျောင်းခေါင်းဆောင်များကို မြင်ပြီးနောက် စိတ်မတည်ငြိမ်နိုင်တော့ပေ။

“ထားလိုက်ပါတော့”

ဆွန်လျောင် ဘွဲ့ရ ခေါင်းခါသွားသည်။

"သူနဲ့ ကောင်းကောင်း မသိဘူး"

သူတို့ တကယ် မရင်းနှီးခဲ့ပါ။ ကျောင်းတွင် ဒီဘွဲ့ရက ထိပ်တန်း အဆင့် ၂၀ ဝင်ပြီး အရေးကြီးတဲ့ လူတစ်ယောက် ဖြစ်သည်။ ဆွန်းမိုကရော။ လူမသိသူမသိ ကောင်လေးတစ်ယောက်ပါ။

ဘွဲ့ရက သူ့ကို သိရတဲ့အကြောင်းက သူ ရုပ်ချောလို့ ဖြစ်သည်။ သူတို့အဖွဲ့ထဲက အလှဆုံး မိန်းကလေးသည် ဆွန်းမိုကို လိုက်ကြိုက်ခဲ့သည်။ ဒါပေမယ့် သူငြင်းခဲ့သည်။

ဆွန်းမိုက ဖြူမဲ အကယ်ဒမီမှာ စေ့စပ်ထားတဲ့ လူရှိတယ်လို့ ပြန်ပြောခဲ့သည်။ ဒါပေမယ့် ဘယ်သူမှ အလေးအနက် မထားခဲ့ပေ။

တကယ်လို့ သူအပြောအမှန်ဖြစ်ရင်လည်း နောက်ဆုံးမှာ အဆုံးသတ်သွားလိမ့်မည်။ ဖြူမဲ အကယ်ဒမီဆိုတာက အလားအလာကောင်းတဲ့ ကျောင်းသားများကိုသာ လက်ခံသည်.။ ဆွန်းမိုက ဆွန်လျောင် အကယ်ဒမီက ကျောင်းသားတစ်ယောက် ဖြစ်သဖြင့် သူမနဲ့ မလိုက်ဖက်ပေ။

"ဒီလူက ဘယ်လိုများ ကောင်းကင်နဲ့ မြေကြီး ရတနာတွေကို စားခဲ့တာလဲ။ တစ်နှစ်အတွင်းမှာ ဘာလို့ ဒီလောက် အံ့အောစရာ ကောင်းလာတာလဲ"

ဆွန်လျောင်ဘွဲ့ရသည် ဒါကို နားမလည်နိုင် ဖြစ်နေသည်။ ဘယ်လိုပဲပြောပြော ဘွဲ့ရ စားမေးပွဲမှာ ဆွန်းမိုက ထိပ်ဆုံး ၁၀၀ အတွင်းတောင် မဝင်ခဲ့ပေ။ ဒီအကြောင်းကို ပိုသိအောင် ကြိုးစားသင့်လား။ ဆွန်းမိုက ဘာဖြစ်လို့ ဒီလောက် ကြီးကြီးမားမား ပြောင်းလဲသွားရတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုက စားမေးပွဲတစ်ခုတည်းနဲ့ နာမည်ကြီးလာခဲ့ပြီ။ ဒါကို ကျောင်းအုပ်ကြီး ကြားလျှင် ဝမ်းသာသွားလိမ့်မည်။

အခန်း(၄၆၆) - စတုတ္ထအဆင့် အမေးအဖြေ စတင်ခြင်း။

ခေါင်းဖြတ် အမဲလိုက်ခြင်းသည် လူမြင်ကွင်းမှာ မလုပ်သင့်ပါ။ ဒါ့အပြင် ပြိုင်ဘက် အများကြီးဖြစ်နေသောကြောင့် ချန်မူနှင့် ကျန်တဲ့သူတွေသည်

အတွေးတွေသာ မျှဝေခဲ့ရသည်။ ဆွန်းမိုနှင့် ဒီတိုင်း ထွေရာလေးပါး ပြောပြီးနောက် ထွက်ခွာသွားကြသည်။

"ရိုးသားပါ။ မင်း ကျောင်းက ထွက်သွားဖို့ အစီအစဉ် ရှိနေပြီလား"

ဆွန်းမိုကို အမဲလိုက်တဲ့ လူတွေထဲမှာ တစ်ယောက်က ဘီအဆင့် ကျောင်းရဲ့ တစ်နှစ်တာ အကြီးကပဲပါ။ ဒါက တော်တော်လေး အံ့အောဖို့ကောင်းသည်။

"စိတ်မဝင်စားဘူး"

ဆွန်းမိုက ရိုးရိုးသား ပြန်ဖြေလိုက်သည်။

“ဒါဆို ကောင်းတယ်”

ဒီအဖြေကို ကြားလိုက်ရသဖြင့် ကူရှုပ်ရှင်း ကျေနပ်သွားသည်။ အဲဒီနောက် အိတ်ကပ်ထဲက ပန်တော်ပွင့် သကြားလုံး တစ်လုံးကို ထုတ်ကာ ဆွန်းမိုကို ပေးလိုက်သည်။

“ဒါကတော့ သိပ်မရိုးသားဘူးနော်”

ဆွန်းမိုက လှမ်းမယူပါ။

“ငါ့အတွက် အခွံခွာပေးသင့်တယ်”

ဖောက်

ကူရှုပ်ရှင်းက ဆွန်းမိုကို တံတောင်ဆစ်နဲ့ တွတ်လိုက်သည်။ အဲဒီနောက် အခွံခွာပြီး ပန်းနို့ရောင် သကြားလုံးကို ဆွန်းမိုးပါးစပ်ထဲ ခွံကျွေးလိုက်သည်။

“ဒီတစ်ကြိမ်ပဲ၊ နောက်ဆို ဒီလိုမျိုး အရေးပေးမှုကို စဉ်းတောင် မစဉ်းစားနဲ့”

ကူရှုပ်ရှင်းက သတိပေးလိုက်သည်။

“...............”

ဆွန်းမို ကြောင်သွားသည်။ သူက ဟာသလုပ်ရုံပါ၊ ကူရှုပ်ရှင်းက တကယ်လုပ်လိမ့်မယ်လို့ မထင်ထားပေ။

ဒါ့အပြင် အရမ်းရင်းနှီးတဲ့ အပြုအမူဖြစ်ပြီး သူ့နှုတ်ခမ်းနဲ့ ကူရှပ်ရှင်းလက်ချောင်း ထိတွေ့သွားတဲ့ အထိအတွေ့တောင် ပြန်စဉ်းစားမိသွားသည်။

"ဆွန်းမို၊ မင်းက တကယ် အံ့အောစရာပဲ"

ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာပြီး ဆွန်းမို ပုခုံးကို လက်တစ်ခုက လာပုတ်သည်။

ဆွန်းမို လှည့်ကြည့်လိုက်လျှင် နဖူးမှာ မွေးရာပါအမှတ်နဲ့ လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ ဒါပေမယ့် ဒီလူငယ်က ယုံကြည်မှု အရမ်းရှိနေသည်။ အများအားဖြင့်တော့ လူတွေက

အမှတ်ကို ဖုံးကွယ်ဖို့ နည်းလမ်း ရှာတတ်ကြသည်။ ဒါပေမယ့် ဒီလူငယ်ကတော့ မလုပ်ခဲ့ပါ။ အဲဒီအစား ဆံပင်ဖြီးပြီး ပိုတောင် ဖော်ထားသေးသည်။

"ငါ့ကို ဆွန်းရှီလို့ ခေါ်တယ်"

လူငယ်က ရင်းရင်းနှီးနှီး လက်ကိုင်ပြီး ပြောသည်. ဒါပေမယ့် ဒီလုပ်ရပ်က ကောင်းတဲ့အမူအကျင့် မဟုတ်တာ သူသိသဖြင့် စကားတစ်ဝက်လောက်မှာ လက်ပြန်ရုတ်သွားသည်။

"ဒီနှစ် မြတ်ဆရာစာမေးပွဲမှာ ငါက ထူးထူးခြားခြား ရပ်တည်နိုင်မယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမယ့်

အံ့အောစရာကောင်းတဲ့ လူအနည်းငယ်နဲ့ ဆုံမယ်လို့ မထင်ထားမိဘူး။ အထူးသဖြင့် မင်းပေါ့၊ မင်းကို လက်ခံဖို့ကလွဲပြီး ရွေးချယ်စရာ မရှိအောင် လုပ်ခဲ့တယ်”

ဆွန်းရှီက ဆွန်းမိုကို လေးစားစွာ စိုက်ကြည့်နေသည်။ ဒါပေမယ့် ထူးချွန်တဲ့ ခံစားချက်က ပိုများနေသည်။

“ကျေးဇူးတင်ပါတယ်”

ဆွန်းမိုက ပြုံးပြီး ပြန်ပြောလိုက်သည်။ သူ ဆွန်းရှီကို သိသည်။ ပထမအဆင့် စာမေးပွဲတုန်းက တန်နင်တောင် ရှုံးချခဲ့ဖူးသည်။

"ဒါပေမယ့် ငါက မင်းကို သေချာပေါက် အနိုင်ယူမယ်"

ဆွန်းရှီက ဝံ့ကြွားစွာ ပြုံးလိုက်သည်။

"အလားအလာကောင်းတဲ့ လူတစ်ယောက်ကို ရှာတွေ့ထားတယ်။ သူက ဉာဏ်ရည်မထက်မြတ်ပေမယ့် အရည်အချင်းက တကယ်ကောင်းတယ်။ ဒါကြောင့် ငါက ငါ့တပြည့်ကို

ခေါ်ဆောင်ပြီး အခုနှစ် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေတော့မယ်။ သေချာပေါက် အောင်လိမ့်မယ်”

“တကယ် အရည်အချင်း ကောင်းတယ် ဟုတ်လား။ ငါ မင်းကိုပြောလိုက်မယ်။ ဆွန်းမိုမှာ တိုက်ရိုက်တပြည့် ခြောက်ယောက် ရှိတယ်”

ကူရှုပ်ရှင်းသည် ဆွန်းရှီရဲ့ အပြုအမူကို သဘောမကျပါ။

အလယ်ကမ္ဘာပြည်နယ်ကိုးခုက လူများသည် ရှေးခေတ် တရုတ်ပြည်က တရုတ်လူမျိုးများနဲ့

တူသည်။ သူတို့က သီးသန့်ဆန်ပြီး ကျိုးကျိုးနွံနွံ စကားပြောတတ်သော်လည်း ဆွန်းရှီက သွေ့ဖယ်နေသည်။

"ဟုတ်လား။ ဒါဆို သေချာပေါက် လာရမယ်။ ငါတို့ တပြည့်တွေ တိုက်ခိုက်ကြပါစေ"

ဆွန်းရှီက နာကျင်မှု တပ်မက်သူလေးရဲ့ လျှောင်ပြောင်စကားကို ဂရုမစိုက်ဘဲ ဆွန်းမိုကို စိတ်လှုပ်ရှားစွာ စိန်ခေါ်လိုက်သည်။

"ငါသွားတော့မယ်။ အမေးဖြေ စာမေးပွဲက နေ့လည် စမှာဆိုတော့ ပြန်ပြီး ပြင်ဆင်ရအုံးမယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စတုတ္ထအဆင့် မြတ်ဆရာစာမေးပွဲသည် အမေးအဖြေ ဖြစ်သည်။ အဓိက စာစစ်သူ ခုနှစ်ယောက်က ဖြေဆိုသူတွေကို သူတို့ ဘဝ၊ အနာဂတ်နဲ့ သက်ဆိုင်တဲ့ မေးခွန်းတချို့ မေးလိမ့်မည်။ အင်တာဗျူးနဲ့ဆင်သည်။ ဒါကြောင့် တစ်ယောက်ယောက်က ခေါင်းကောင်းနေသ၍ သေချာပေါက် အောင်မြင်လိမ့်မည်။

ပြောချင်တာက တတိယအဆင့် စာမေးပွဲ အောင်မြင်တဲ့ သူတွေက ကြယ်တစ်ပွင့် မြတ်ဆရာ ဘွဲ့တစ်ဝက် ခေါင်းပေါ် တင်ထားပြီ။

ဆွန်းရှီက ခမ်းလှမ်းလှမ်း ရောက်ပြီးမှ တစ်ခုခု သတိရသလို ပြန်လှည့်ပြီး အော်လိုက်သည်။

"ဆွန်းမို၊ ဖွန်ကြောင်တာတွေ ရပ်လိုက်တော့။ လူတစ်ယောက်ရဲ့အသက်က နှစ်၁၀၀ ပဲရှိတယ်။ အမျိုးသမီးတွေအတွက် အချိန်မဖြုန်းနဲ့။ မအောင့်နိုင်ရင်လည်း ပြည့်တန်ဆာ အိမ်သွား ဖြေရှင်းလိုက်"

"ငါပြောတာ ယုံစမ်းပါ။ ဆက်ဆံမှု တစ်ခုဆိုတာ ကို့ကိုယ်ကို ဖြေးဖြေးခြင်း သတ်သေတာနဲ့အတူတူပဲ"

ဆွန်းရှီသည် လေသံသာမက အမူအရာကလည်း လေးနက်နေသည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်တောင် ဖြာထွက်လာသေးသည်။ ရွှေရောင်အလင်းတန်းကြီးတစ်ခု ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားသည်။

"ဒါက ဘာပြောချင်တာလဲ"

ကူရှုပ်ရှင်း ပြန်အော်သည်။ ဆွန်းရှီက ဆွန်းမိုကို အကြံပေးရင်း သူမကို စိုက်ကြည့်နေသည်။ အဓိပ္ပါယ်က သိသာနေသည်။

ဒါကို အနီးအနားမှာရှိတဲ့ အမျိုးသမီးတွေလည်း ကြားပြီး သူမတို့လည်း စိတ်ဆိုးနေကြသည်။

သူ့ရဲ့ စကားတွေက မိန်းမတွေအတွက်တော့ မြွေဆိုး တွန်သံနဲ့ တူနေသည်။

"မင်းမြင်လား။ မိန်းမတွေ ဘယ်လောက်တောင် ဒုက္ခပေးလဲ တွေ့လား"

ဆွန်းရှီက ပုခုံးတွန့်ပြီး ထွက်သွားသည်။ လုံးဝ သူကမ္ဘာကြီးနဲ့ သူနေထိုင်နေသည်။

....

ဆွန်းမိုနှင့် ကူရှုပ်ရှင်းလည်း ထွက်သွားကြသည်။ သူတို့ရဲ့ အမေးအဖြေအချိန်က နေ့ခင်းဘက် ဖြစ်သည်။ ဒါကြောင့် ပြင်ဆင်ဖို့အတွက် ပြန်သွားကြသည်။ အနည်းဆုံးတော့ ရေမိုးချိုးပြီး အဝတ်အစား လဲရမည်။

သူတို့ စိတ်နေစိတ်ထားနှင့် အပြုအမူအရ မကောင်းတဲ့ အထင်အမြင်ကို ရှောင်ချင်သည်။

လျိုမူဘိုင်သည် လမ်ဘေးက ထင်းရှူးပင်အောက်တွင် ရပ်နေပြီး သူ့မျက်နှာအမူက ဆိုးဝါးနေသည်။ ဆွန်းမိုက မြင်းနက်တစ်ကောင်လို

အံ့အောစရာ အရှိန်အဝါနဲ့ ထွက်ပေါ်လာမယ်လို့ ဘယ်သူက ထင်မှာလဲ။

ဂူချင်ယန်ပင် ရုပ်ပေါက် အဖိခံလိုက်ရသည်။ သူကိုယ်တိုင်က ဆွန်းမိုနဲ့ ဆန့်ကျင်ဘက် ပြုမူဖို့ အခွင့်အရေးတောင် မရှိလိုက်ပါ။

လျှိုမူဘိုင်ရဲ့ စွမ်းဆောင်ရည် မလုံလောက်လို့လား။

မဟုတ်ပါဘူး။ လက်တွေ့ဟောပြောပွဲမှာ ထူးချွန်မဲ ၅၀၀ ရပြီး အဆင့် ၅ မှာ ရပ်တည်နေခဲ့သည်။ ဒါပေမယ့် ထိပ်ဆုံး ဆယ်ယောက်လုံး ပေါင်းလိုက်ရင်တောင် ဆွန်းမို ပြိုင်ဘက် မဖြစ်သေးပါ။

ဆွန်းမို ရလဒ်က မတရား ထူးဆန်းပြီး အကြည့်အားလုံးကို ဆွဲဆောင်ထားသည်။

အရင်တုန်းကတော့ ဘိုင်ဇိုလို ပုဂ္ဂိုလ်မျိုးတွေက အမဲလိုက်တဲ့ နေရာမှာ ဇီဇာကြောင်ပြီး ပစ်မှတ်တွေလည်း မတူကြပါ။ ဒါပေမယ့် ဒီနှစ်မှာတော့ သူတို့အားလုံးက ဆွန်းမိုဆီပဲ သွားကြသည်။ ဆွန်းမိုကို ရလိုက်တာနဲ့ နောက်ထပ်ဆယ်နှစ်မှာ ထိပ်တန်း ဆရာတစ်ယောက်ကို ရလာမည်။

ပါရမီရှင်နဲ့ တစ်ခေတ်တည်း မွေးဖွားရတာ ဘယ်လောက် ဝမ်းနည်းဖို့ကောင်းလဲ။

....

ဆွန်းမိုက ဟိုတယ်ကို ပြန်ရောက်ပြီး အခန်းထဲသို့ ဝင်မလို့ လုပ်လိုက်တဲ့အချိန်တွင် အဘိုးအို တစ်ယောက်က တားလိုက်သည်။

“ဆရာဆွန်း၊ ငါက နွေးဦးပန်း အကယ်ဒမီက ဒုကျောင်းအုပ်ကြီးပါ”

အဘိုးအိုသည် ကွမ်ဒင်နဲ့တွေ့တုန်းကလို မောက်မာတဲ့ အပြုအမူ မလုပ်ဘဲ နှိမ့်ချတဲ့ သဘောထားနဲ့ ပြုံးပြီး စကားပြောလိုက်သည်။

“ငါ့ကို လိုက်ဖမ်းချင်ရင်တော့ တောင်းပန်ပါတယ်ပဲ ပြောနိုင်တယ်”

အဲဒီစကား ပြောပြီး အပေါ်ထက်သို့ တက်သွားသည်။

အဘိုးအို ကြောင်သွားသည်။ ဒီဆွန်းမိုက အရမ်းရိုင်းသည်။ ဒါပေမယ့် သူတန်ဖိုးကို စျေးတင်တဲ့ ကြီးစားမှုတစ်ခု ဖြစ်နိုင်သည်။ အဘိုးအိုက

ဘာမှမပြောဘဲ ဆွန်းမိုက သူ့စကားကို နောင်တရဖို့ စောင့်နေသည်။ သို့သော်လည်း ဆွန်းမို အရှိန်မလျှော့ဘဲ နောက်ဆုံးမှာ လေ့ကားထစ်ကနေ ပျောက်သွားသည်။

"အမ်"

အဘိုးအို ကြောင်သွားသည်။ ဆွန်းမို အကြံအဖန်လုပ်ဖို့ ကြိုးစားနေတာ မဟုတ်ဘူးလား။

"တကယ် မိုက်ရိုင်းတာပဲ"

အစေခံက တော်တော်လေး ဒေါသထွက်နေသည်။

အဘိုးအိုက အစေခံကို ဘာမမှပြောဘဲ တချက်တည်းခုန်ပြီး တတိယအဆင့်သို့ ခုန်တက်လိုက်သည်။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး ခဏနေပါအုံး။ ငါက နွေဦးပန်း အကယ်ဒမီက ဒုကျောင်းအုပ်ကြီးပါ"

အဘိုးအိုက နွေဦးပန်းဆိုတဲ့စကားကို အလေးပေးပြီး ပြောလိုက်သည်။ ဆွန်းမိုက သူ့ကျောင်းရဲ့ အဆင့်အတန်းကို မသိမှာ စိုးရိမ်နေသည်။

“ငါသိတယ်။ ဘီအဆင့် နာမည်ကြီး ကျောင်း တစ်ကျောင်း”

ဆွန်းမို အနည်းငယ် စိတ်မရှည်တော့ပါ။ ဒီအဘိုးကြီးရဲ့ သဘောထားက ဘိုင်ဇိုနဲ့ ကျန်တဲ့ သူတွေလောက် မကောင်းပါ။

“ဟားဟား”

အဘိုးအိုက ရယ်နေသော်လည်း ဆွန်းမိုလေသံက မလေးစားတဲ့ အငွေ့အသက်ကို မြင်နေလို့ သူ့မျက်လုံးထဲ မကျေနပ်တဲ့ အရိပ်အယောင် ပေါ်နေသည်။

"ဆရာဆွန်း၊ ငါမှတ်မိတာ မမှားရင် ဗဟိုပြည်နယ် အကယ်ဒမီက စီ-အဆင့်ကျောင်း ဟုတ်တယ် မဟုတ်လား။ ဒီနှစ်မှ စီအဆင့်ကို တက်ခဲ့တာ မဟုတ်လား"

အစေခံက ချက်ခြင်း ရောက်လာပြီး အော်ပြောလိုက်သည်။

"ပါးစပ် ပိတ်ထား။ အောက်ဆင်း"

အဘိုးအိုက ဆူပူလိုက်ပြီး ဆွန်းမိုကို လှည့်ကြည့်လိုက်သည်။

“ဒီလူဆိုးက ဘာမှမသိတတ်ဘူး။ ဆရာဆွန်းကျေးဇူးပြုပြီး စိတ်ထဲ မထားပါနဲ့”

အဘိုးအိုက တောင်းပန်လိုက်သော်လည်း သူ့ရဲ့တောင်းပန်မှု စိတ်ရင်း လုံးဝမရှိပေ။ စိတ်ရင်းသာမှန်ခဲ့ရင် အစေခံ စ ပြောကတည်းက ချက်ခြင်းပိတ်ခိုင်းပြီး အပြစ်တင်တာ လုပ်နိုင်သည်။

“ဟားဟား။ အမှန်တိုင်း ပြောရလျှင် တုန်လှုပ်သွားမိတယ်။ မင်း အစေခံရဲ့ လေသံကို နားထောင်ပြီး မင်းကို မဟာကိုးပါးက ဒုကျောင်းအုပ်ကြီးလို့ ထင်နေတာ”

ဆွန်းမိုက တုန်လှုပ်နေတဲ့ပုံ သရုပ်ဆောင်လိုက်သည်။

"ငါက သေးငယ်တဲ့ ဇာတ်ရုပ်လေးဆိုတော့ အမြင်သိပ်မကျယ်ဘူး။ ဒါကြောင့် ငါ့မေးခွန်းကို ခွင့်လွှတ်ပေးပါ။ အေ အဆင့်ကျောင်းရဲ့ ဒုကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ ယုံကြည်မှု လွန်ကဲပြီး အရမ်းမာနကြီးလို့ ရလား"

ခိခိ

ကူရှုပ်ရှင်း မထိန်းနိုင်တော့ပဲ ရယ်လိုက်မိသည်။ တောခွေးနက်ကြီးဆွန်းသည် ကြိုးက လွှတ်လာတဲ့

တောခွေး တစ်ကောင်လိုပဲ။ ဒီအဘိုးကြီးကလည်း ဒါနဲ့ပဲ တန်သည်။

ဒီအဘိုကြီး ဘယ်လောက်ပဲ ဒေါသထိန်းနိုင်ပါစေ၊ ဒီလို လျှောင်ပြောင်မှုကို ကြားပြီး ထပ်သည်းခံနိုင်မှာ မဟုတ်တော့ပါ။

“ဆရာဆွန်း, ငါက စိတ်ရင်းနဲ့လာခဲ့တယ်။ မင်းငါ့ကို ဒီလို မဆက်ဆံသင့်ဘူး မဟုတ်လား”

“တောင်းပန်ပါတယ်။ မင်းရဲ့ မောက်မှုကိုပဲ မြင်နေရတယ်”

ဆွန်းမိုက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

“မောက်မာတယ် ဟုတ်လား။ မနက်ကတည်းက မင်းကို အမဲလိုက်ဖို့ ဒီမှာ စောင့်နေတာ”

အဘိုးအိုက “မင်းကို စေတနာထားတဲ့ ပထမဆုံး နာမည်ကြီး ကျောင်းတစ်ကျောင်းကို အခြေခံလေးစားမှုတော့ ပြသင့်တယ် မဟုတ်လား”

“တောင်းပန်ပါတယ်။ မင်း ပထမ မဟုတ်တော့ဘူး။ ကောင်းမြတ်ခြင်း အကယ်ဒမီ ဒုကျောင်းအုပ်ကြီး ဘိုင်က ပထမဆုံးပဲ”

ဆွန်းမို ပြန်ပက်လိုက်သည်။

ကူရှပ်ရှင်း မဲ့ရွဲ့လိုက်သည်။ တချို့ လူများက စကားပြောရာတွင် ယဉ်ကျေးတဲ့အပြုအမူကို ဝတ်ဆင်ထားသော်လည်း အရိုးထဲမှာ နက်ရှိုင်းစွာ ရှိနေတဲ့မောက်မာမှုကို မျက်လုံးကနေ အရောင်ပြန်ဟပ် နေသည်။

ဒီအဘိုးကြီးလည်း အဲဒီလို ဖြစ်နေသည်။

ကွမ်ဒင်လည်း ဒါကို ခံစားမိပြီး သူ့မာနကို ပြန်ရသွားခဲ့သည်။

အဘိုးအို ကြောင်သွားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

“ကောင်းမြတ်ခြင်း အကယ်ဒမီ ဟုတ်လား။ သူတို့က စီအဆင့် ကျောင်းလေးပါကွာ။ ဒီလိုဆိုရင်လည်း ငါက စကားပြောတဲ့ ပုံပြောင်းလိုက်မယ်။ ငါတို့ ဘီအဆင့် ကျောင်းက မင်းကို ပထမဆုံး ဖိတ်ခေါ်တာ မဟုတ်လား”

“မင်းကို စိတ်ပျက်မိစေလို့ တောင်းပန်ပါတယ်။ ဒါပေမယ့် ဒီတစ်ခေါက်လည်းမင်းက ဒုတိယနေရာမှာဘဲ ရပ်တည်နေသေးတယ်”

ဆွန်းမိုက ပုခုံးတွန့်ပြီး ပြန်ပြောသည်။

“ကောင်းပြီလေ။ နေ့ခင်းပိုင် အမေးအဖြေ စာမေးပွဲရှိသေးတော့ ငါ့ရဲ့ အချိန်ကို မဖြုန်းပါနဲ့။ သွားတော့မယ်”

ဆွန်းမိုက အဲဒီ စကားပြောပြီးနောက် ခြေလှမ်းခပ်သွက်သွက်နဲ့ သူ့အခန်းထဲ ဝင်သွားသည်။

ကူရှုပ်ရှင်းလည်း ထွက်သွားသည်။

အဘိုးကြီးက စကြံ့န်တွင် ရပ်ပြီး စောက်ရမ်း လမ်းပျောက်နေသည်။ (ဒီနေ့ခေတ် လူငယ်တွေက အရမ်းမောက်မာတာလား။ ငါက ကြယ် ၅ ပွင့်

မြတ်ဆရာဖြစ်နေ တုန်းပဲလေ။ ဘာဖြစ်လို့ ငါ့ကို ဒီလို သဘောထား နေရတာလဲ။)

အဘိုးအိုသည် ရာထူးမြင့်မားသဖြင့် အခြားသူများ၏ လေစားမှုနှင့် အပြုံးကိုသာ ခကြာခဏ ရလေ့ရှိသည်။ ကူရှုပ်ရှင်းနှင့် ဆွန်းမိုတို့လို သူ့ကို လုံးဝ လျစ်လျူ ရှုထားတဲ့ လူငယ်တွေနဲ့ မတွေ့ခဲ့တာ နှစ်တော်တော်ကြာနေပြီ။

"ဟားဟား။ စိတ်ဝင်စားစရာပဲ။ မင်းဆက်ပြီး သွေးအေးသလို လုပ်နိုင်မလား ကြည့်ကြသေးတာပေါ့"

အဘိုးအို မျက်နှာမည်းမှောင်သွားပြီး ဆွန်းမိုကို စုဆောင်းရန် လက်လျှော့လိုက်သည်။

“သွားရအောင်”

ဆွန်းမို အခန်းဘက်သို့ စောင်းပြီး တံတွေး ထွေးလိုက်သည်။ ဆွန်းမိုဆိုတဲ့ ကောင်က သူ့အတွက် ဘာကကောင်းလဲဆိုတာ တကယ်မသိပေ။

……………………………

ပုံမှန် ရေချိုးပြီး နေ့လည်စာ စားပြီးနောက် ကူရှုပ်ရှင်းနှင့် ဆွန်းမိုတို့သည် နေ့ခင်းဘက်

အမေးအဖြေ စာမေးပွဲမှာ ပါဝင်ရန် ဂန်နန် အကယ်ဒမီသို့ ရောက်လာခဲ့ကြသည်။

ဂေါင်ပန်က မဲ ၈၀ ရခဲ့ပြီး ပုံမှန်ဆိုလျှင် တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် နေတတ်တဲ့ ကျန်းလန်က မဲ ၁၀၀ကျော် ရခဲ့သည်။

ဆွန်းမိုကို မြင်ပြီးနောက် ဂေါင်ပန်ရဲ့ အပြုအမူသည် အရင်ကထက် ပိုကောင်းလာသည်။ သူ့လိုလူကို ရှုံးတာက ရှက်စရာ မဟုတ်ပေ။ သူဘက်ကတောင်စပြီး ဆွန်းမိုကို နှုတ်ဆက်လိုက်သည်။

ဂေါင်ပန်တောင် ချေမှု ခံလိုက်ရသည်။

စာသင်ဆောင် စကြံ့န်တစ်လျှောက်မှာ လူတော်တော် များနေပြီ။ အားလုံးက တိတ်ဆိတ်နေကြပြီး တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ရင်း ခေါင်းညိတ် နှုတ်ဆက်ကြသည်။

ဘာဖြစ်လို့ဆိုတော့ သူတို့က တစ်သုတ်ထဲဖြစ်ပြီး ဒါက အရိုးအရှင်းဆုံး ဆက်သွယ်မှုလည်း ဖြစ်သည်။

"နောက်တစ်ယောက်၊ ဆွန်းမို"

ဝန်ထမ်းက လှမ်းအော်လိုက်လျှင် စကြံ့န်တစ်လျှောက်လုံး အကြည့်တွေက တဖျတ်ဖျတ် တောက်လာသည်။

"ကံကောင်းပါစေ"

ဂေါင်ပန်က လက်သီးဆုပ်ယမ်းပြပြီး ကျန်းလန်က ပြုံးပြသည်။ ကူရှုပ်ရှင်းကတော့ ဆွန်းမိုရင်ဘက်ကို လက်သီးနဲ့ ခပ်ဖွဖွလေး ထိုးလိုက်သည်။

ဆွန်းမိုက အေးအေးဆေးဆေး လက်ပြန်ပြပြီး အဝတ်အစားကို သပ်ရပ်အောင်လုပ်ပြီး အမေးအဖြေ အခန်းထဲသို့ ဝင်သွားသည်။

"သူ့မှာ ကျနိုင်ခြေ ရှိတယ် ထင်လား"

ဖြေဆိုသူတစ်ယောက်က ရုတ်တရက် ထမေးလိုက်သည်။

"အဲဒါ မဖြစ်နိုင်ဘူး။ ဒီနေရာက ဂန္ထဝင်မြတ်ဆရာတစ်ယောက် မွေးဖွားရာနေရာ ဖြစ်လာလိမ့်မယ်"

မိုဖေးက သူ့ကောင်မလေးကို ဖက်ရင်း ပိတ်ထားတဲ့ ရုံးတံခါးကို ကြည့်ပြီး ပြောလိုက်သည်။

အခန်း(၄၆၇) - သေချာပေါက် အောင်တယ်။

အခန်းက မကြီးပေမယ့် အခန်းထဲမှာ မြတ်ဆရာခုနှစ်ယောက် ထိုင်နေသည်။

ဒါက စာမေးပွဲရဲ့ နောက်ဆုံးပိုင်းဖြစ်ပြီး များသောအားဖြင့် ဒီအပိုင်းမှာ ကျတဲ့လူ မရှိတတ်ပေ။ ဒါကြောင့်လည်း အဓိက စစ်ဆေးသူအားလုံးသည်

ဘယ်လောက် အလေးအနက်ထားကြောင်း ပြသရန် မြတ်ဆရာ ဝတ်ရုံရှည်များကို ဝတ်ဆင်ထားကြသည်။ တစ်ချိန်တည်းမှာပင် သူတို့ရဲ့ ခွန်အားကို သက်သေပြထားသည်။

ဒါက သူတော်စင်ဂိတ်က ပေးအပ်ထားတဲ့ ရွှေရောင် ဝတ်ရုံရှည် ဖြစ်သည်။ "ဆရာ'ဆိုတဲ့ စာလုံးကို ဘယ်ဘက်ရင်အုံတွင် ရေထိုးထားပြီး စကားလုံးထိပ်တွင် ရွှေရောင်ကြယ် ခြောက်လုံးပါရှိကာ စာစစ်သူရဲ့ ကြယ်အဆင့်အတန်းကို ကိုယ်စားပြုသည်။

ဆွန်းမိုသည် ဝင်လာပြီးနောက် လျှင်မြန်စွာ လှည့်ပတ်ကြည့်လိုက်ပြီး မတတ်နိုင်ဘဲ အနည်းငယ် အံ့အောသင့်သွားသည်။

“အားလုံးက ကြယ် ၆ ပွင့်တွေလား”

ဒီအခင်းအကျင်းက အရမ်း အားကောင်းပြီး တောက်ပလွန်းသည်။ အခုလက်ရှိ ဗဟိုပြည်နယ် အကယ်ဒမီ တစ်ခုလုံးတွင် ကြယ် ၆ ပွင့် မြတ်ဆရာ သုံးယောက်သာ ရှိသည်။ ဒါ့အပြင် သူတို့အားလုံးက သုတေသန လုပ်နေကြသဖြင့် သင်ကြားခြင်းကို ရပ်တန့်ထားသည်။

ချန်ဝေသည် ဂန်လင်က ဖြစ်ပြီး သူ့နယ်မြေဖြစ်သဖြင့် ဗဟို ခုံရုံး သတ်မှတ်ပေးထားသည်။ မိုင်ရာဇီက ညာဘက်တွင် ထိုင်နေသည်။

ဆွန်းမိုက ကျန်တဲ့ စာစစ်သူ ငါးယောက်ကို တစ်ချက်ကြည့်လိုက်သည်။ တစ်ယောက်ကိုမှ မသိပေမယ့် ငယ်တော့ မငယ်ကြတော့ပါ။ သူတို့ မျက်နှာပေါ်မှာ အရေးကြောင်းကို မြင်နေရသည်။

ဂုဏ်သိက္ခာရှိတဲ့ အပြုအမူနဲ့ မိုင်ရာဇီသည် သူတို့ကြားမှာ ထိုင်နေပေမယ့် အရမ်းထင်ရှားနေသည်။

အခန်းအလယ်မှာ ကုလားထိုင် တစ်လုံးရှိသည်။ ဆွန်းမိုက တည်ငြိမ်စွာ လျှောက်လာပြီး ထိုင်ချလိုက်သည်။

ကြယ် ၆ ပွင့် မြတ်ဆရာများက စိတ်ဝင်စားတဲ့အကြည့်နဲ့ ကြည့်ပြီး အကဲခတ်နေကြသည်။ ဘယ်လိုပဲပြောပြော သူလုပ်ခဲ့တဲ့ ရလဒ်က နှစ် ၁၀၀တွင်းမှာ

တစ်ယောက်မှ မလုပ်နိုင်ခဲ့ပါ။ ပထမဆုံး လုပ်နိုင်ခဲ့တဲ့ လူလည်း ဖြစ်သည်။

သူတော်စင်ဂိတ်၏ သမိုင်းမှတ်တမ်းထဲ ထည့်သွင်းဖို့ လုံလောက်နေပြီ။

"သူ့ရဲ့ ခံနိုင်ရည် မဆိုးဘူး"

ဝမ်ဆောင်း ခေါင်းညိတ်ကာ မုတ်ဆိတ်မွေးကို ညာလက်နဲ့ ပွတ်နေသည်။

ဆွန်းမိုအရှေ့တွင် ထူးချွန်တဲ့ အဖြေဆိုသူအများအပြား အမေးအဖြေကို ဖြေဆိုခဲ့ကြသည်။ ဒါပေမယ့် ကြယ် ၆ ပွင့် မြတ်ဆရာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခုနှစ်ယောက်ကို တွေ့လိုက်လျှင် အနည်းငယ်တော့ ထိတ်လန့်သွားကြသည်။

ကြယ်ပွင့် မြတ်ဆရာများသည် ဘုန်းတန်ခိုးကြီးရုံသာမက ကြောက်ဖို့ကောင်းတဲ့ခွန်အားနဲ့ အတွေ့အကြုံလည်း ရှိသည်။ အထင်ကြီးဖို့ ကောင်းတဲ့ စိတ်နေသဘောထားမျိုး ပျိုးထောင်ထားသည်။ သာမန်လူတွေက သူတို့ကို မြင်တာနဲ့ ကြောက်ရွံ့ထိတ်လန့်မှုကို ခံစားရပြီး စကား ကောင်းကောင်း မပြောနိုင်တဲ့အထိ ဖြစ်တတ်သည်။

သူတို့ရဲ့ တစ်ခုတည်းသော ဗီဇမှာ ဒူးထောက် အရှိအသေပေးပြီး သူသင်ပေးတာ နားထောင်မည်။

"ကြည့်ရတာတော့ မဆိုးဘူး"

ဝူပိုင်လင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ သူမရဲ့အသံက အသက် ၁၇၊ ၁၈ မိန်းမပျိုလေးလို သာယာနေသည်။ မသိရင် တောထဲမှာ တေးဆိုငှက်က တေးဆိုနေတယ်လို့ ထင်ကြမည်။

ဆွန်းမိုသည် အခုအချိန်မှာ အာရုံစိုက်သင့်တာ သိသော်လည်း မနေနိုင်ဘဲ ဝူပိုင်လင်ကို

တစ်ချက်ကြည့်လိုက်မိသည်။ သူမရဲ့ ရယ်မောသံက တကယ် ရင်ခုန်စေသည်။

အမှန်အတိုင်း ပြောရလျှင် ဆွန်းမိုသည် ပျော်သင့်လား မပျော်သင့်ဘူးလား ဆိုတာတောင် မသိတော့ပေ။ ဒီကျင့်ကြံခြင်းကျင့်စဉ်ကို အလွန်အကျွံ လေ့ကျင့်ပါက ဆန္ဒတွေ ကင်းမဲ့ပြီး ရဟန်းတစ်ယောက်လို ပြောင်းလဲသွားစေသည်။

ပိတ်မိနေတဲ့ လူတစ်ယောက်အနေနဲ့ သူက ဂိမ်းတွေနဲ့ အေ့ာကားများကို ဆုံးရှုံးခဲ့ရသည်။ အခုတော့ တစ်ကိုယ်ရည်အာသာဖြေဖို့တောင်

စိတ်မရှိတော့သဖြင့် ဘဝက ဘာအဓိပ္ပါယ်လဲဆိုတာ မသိတော့ပေ။

"ဆရာဝူ၊ သူ့ကို အနိုင်မကျင့်ပါနဲ့"

မိုင်ရာဇီက သတိပေးလိုက်သည်။

"ဟားဟား။ ဘာဖြစ်လို့လဲ။ ငါတို့ရဲ့ အေးစက်ပြီး မြတ်မြတ်တဲ့ ဆရာမိုင်ကလည်း ပါရမီရှင်အပေါ် သဘောကျမှု တိုးလာလို့လား"

ဝူပိုင်လင်က စနောက်လိုက်သည်။

ကျန်တဲ့ မြတ်ဆရာတွေကတော့ ဝူပိုင်လင်ရဲ့ မသင့်တော်တဲ့ အပြုအမူများကို ခေါင်းထဲ

မထည့်ကြပါ။ ဗဟိုမြေပြန့်လွင်ပြင်က လူများသည် ကျင့်ဝတ် သိက္ခာပိုင်းကို အရမ်းဂရုစိုက်ကြပြီး အမျိုးသမီးနှင့် အမျိုးသားများသည် တစ်ယောက်အသားနှင့် တစ်ယောက် မထိကြပါ။ ဒါပေမယ့် ဝူပိုင်လင်ကတော့ တောင်တန်းဒေသက လူနည်းစု လူမျိုးခြားက ဆင်းသက်လာသည်။ အချစ်ရေး ဆက်ဆံမှုမှာ ပွင့်လင်းမြင်သာပြီး အထိန်းအကွတ် မရှိကြပါ။

ဝူပိုင်လင်တို့ လူမျိုးစုတွင် မင်္ဂလာပွဲ၌ သတိုးသားများကို အမျိုးသမီးများက လုယူတဲ့

ခလေ့တောင် ရှိတယ်လို့ ပြောကြသည်။ ယောကျ်ားတစ်ယောက်ကို သဘောကျပါက လုယူနိုင်သည်။

မိုင်ရာဇီ ဘာမှမပြောတော့ပါ။

"ဒါပမယ့် ရာစုနှစ်တစ်ခုမှာ တစ်ယောက်တွေ့ဖို့တောင် ခက်ခဲတဲ့ ပါရမီရှင်တစ်ယောက်ကို ငါလက်မလျှော့နိုင်ဘူး"

ဝူပိုင်လင် အဲဒီပြောလိုက်ပြီး ဆွန်းမိုဘက်သို့ လှမ်းကြည့်ကာ

“ချာတိတ်၊ မင်း ငါတို့ မရီဝိညာဉ်အကယ်ဒမီမှာ အလုပ်လုပ်ဖို့ စိတ်ဝင်စားလား”

မရီဝိညာဉ် အကယ်ဒမီသည် မဟာကိုးပါး ကျောင်းကိုးကျောင်းထဲက တစ်ခုဖြစ်ပြီး လူမျိုးခြားမျိုးနွယ်စုတွေ အားလုံးတက်ကြတဲ့ ကျောင်းဖြစ်သည်။ သူတို့အားလုံးကလည်း မရီဝိညာဉ် အကယ်ဒမီမှာ တက်ရတာကို ဂုဏ်ယူကြသည်။

“မင်းရဲ့ ကြီးကျယ် ခမ်းနားတဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အိမ်နဲ့ အရမ်းဝေးတယ်”

ဆွန်းမိုက သက်ပြင်းချပြီး ပြန်ပြောသည်။

ဆွန်းမိုသည် ဝူပိုင်လင် လည်ပင်းက တက်တူး၊ နားရွက်မှာရှိတဲ့ နားဆွဲများက လက်ကောက်ဝတ်ထက် ပိုကြီးတာ မြင်လိုက်လျှင် ဒီကြယ် ၆ ပွင့် မြတ်ဆရာသည် မရီဝိညာဉ် အကယ်ဒမီက လာမှန်း သိလိုက်သည်။

ဒါက တောင်ပိုင်း ယူပြည်နယ်က ရိုးရာဝတ်စုံ ဖြစ်သည့်. ကျန်းလန်လည်း အဲဒီပုံစံအတိုင်း ဝတ်ဆင်ထားသည်။

"ဟွန့်၊ မင်း မရိုးသားဘူး။ မသွားချင်ရင်လည်း ဒဲ့ပြောပါ။ ဘာဖြစ်လို့ အိမ်မံနဲ့ အရမ်းဝေးတယ်လို့ ပြောရတာလဲ"

ဝူပိုင်လင်ရဲ့ အမူအရာ ချက်ခြင်း ပြောင်းသွားပြီး အပြစ်တင်တဲ့ လေသံက ပြင်းထန်လာသည်။

လူတိုင်းရဲ့ အကြည့်က ဆွန်းမိုဆီ ရောက်နေသည်။ သူ့အဖြေကို စောင့်နေကြသည်။ တကယ်လို့ မကောင်းတဲ့ တုန့်ပြန်မှုကို ပြပါက စရိုက်မကောင်းဘူးလို့ တံဆိပ် အတပ် ခံရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ကြယ် ၆ ပွင့် မြတ်ဆရာများ၏ အမေးအဖြေကို ကျိုးကြောင်းဆီလျော်မှုနဲ့ အကဲဖြတ်လို့ မရဘူးဆိုတာ နောက်ဆုံးတော့ ဆွန်းမို သဘောပေါက်သွားသည်။ တစ်ယောက်ကမေးပြီး နောက်တစ်ယောက် ဖြေတဲ့ပုံစံမျိုး မဟုတ်ပါ။ ဖြေဆိုသူ၏ စရိုက်၊ ကိုယ်ရည်ကိုယ်သွေး, အလေ့အကျင့် , အပြုအမူနှင့် အလေ့အထများကို ပေါ့ပေါ့ပါးပါး စကားပြောရင်း စမ်းသပ်မည်။

ဝူပိုင်လင် ဖိအားပေးနေသော်လည်း ဆွန်းမိုက မကြောက်လန့်ပဲ ပြုံးနေခဲ့သည်။

"ငါ့မှာ ငါနဲ့ သက်တူရွယ်တူ အမျိုးသမီး လုပ်ဖော်ကိုင်ဖက် တစ်ယောက်ရှိတယ်။ သူမက မရီဝိညာဉ် အကယ်ဒမီကပဲ ကျောင်းပြီးခဲ့တာ။ တောင်ပိုင်း ယူပြည်နယ်မှ အမျိုးသမီးတွေက လွတ်လပ်ပြီး ချစ်ခြင်းမေတ္တာကို လိုက်စားတဲ့နေရာမှာ ရဲတင်းပြီး စိတ်အားထက်သန်တယ်လို့ အမြဲကြားနေရတယ်။ ငါ့ရုပ်ရည်နဲ့လည်း ကောင်မလေး တချို့ကို သဘောကျအောင် လုပ်နိုင်မယ်လို့ ငါထင်ခဲ့တယ်။ ဒါပေမယ့် မဖြစ်ခဲ့ဘူး။ အဲဒီအမျိုးသမီး လုပ်ဖော်ကိုင်ဖက်နဲ့ ကြောက်ဖို့ ကောင်းလောက်အောင် စိမ်းကားခဲ့တယ်။ သူမက

ငါ့ကို ဖယ်ထုတ်ဖို့အတွက် အဆိပ်ရှိတဲ့ ပိုးကောင်တွေ၊ မြွေတွေကိုတောင် အသုံးပြုပြီး ကိုက်ခိုင်းခဲ့တယ်။ သူမက ငါ့ကို ကျိန်စာတိုက်ဖို့ ပြုစားခြင်း အရုပ်တွေကိုတောင် သုံးခဲ့လား မသိပါဘူး”

ဆွန်းမို စကားတွေက နားထဲသို့ တန်းရောက်သွားသည်။

“အဲဒီတော့ ဘာဖြစ်သွားလဲ”

ဝူပိုင်လင် အရမ်းစိတ်ဝင်စားနေပုံရသည်။

“ပြီးတော့ ငါ့ကို သတိပေးခဲ့တယ်။ ငါက သူမနဲ့ မလိုက်ဖက်ဘူးလို့ ပြောခဲ့တယ်။ မရီဝိညာဉ်

အကယ်ဒမီက မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ခြင်ရင် ဆယ်နှစ်ဆယ်မိုး စောင့်ဖို့ ပြောခဲ့တယ်”

ဆွန်းမိုက ဘာမှမတတ်နိုင်တဲ့ အမူအရာ သရုပ်ဆောင်ပြီး ပုခုံးတွန့်ပြလိုက်သည်။

“ဟားဟား။ ဒါအမှန်ပဲ။ ဒါက ငါတို့ မရီဝိညာဉ် အကယ်ဒမီက အမျိုးကောင်းသမီးတွေရဲ့ စတိုင်ပဲ”

ဝူပိုင်လင်သည် လက်ခုပ်တီးကာ ရယ်နေသည်။ အရင်လောက်လဲ မလေးနက်တော့ပေ။

ဒင်

ဝူပိုင်လင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၁၀/၁,၀၀၀)

မိုင်ရာဇီ ပြုံးလိုက်မိသည်။ ဆွန်းမိုတော့ ဒီတစ်ဆင့်ကို အောင်မြင်သွားပြီလို့ ပြောလို့ရသည်။

တစ်ချိန်လုံး တိတ်ဆိတ်နေတဲ့ ချန်ဝေ မျက်ခုံး မပင့်ဘဲ မနေနိုင်ချေ။ ဒီဆွန်းမိုက တကယ့် အကြံသမားပါ။ သူရှင်းပြလိုက်လျှင် သူ့ထောင်ချောက်ထဲ ရောက်သွားလိမ့်မည်။

ဒါပေမယ့်လည်း သူ့ရဲ့တုန့်ပြန်မှုက မရီဝိညာဉ် အကယ်ဒမီက အမျိုးသမီးကို ချီးကျူးပြီး

ဝူပိုင်လင်အား ရုတ်တရက် အံ့အောသင့်စေကာ နှစ်သိမ့်ခဲ့သည်။

ဗဟိုမြေပြန့်လွင်ပြင် ဒေသတွင် ယူပြည်နယ်က အမျိုးသမီးများကို လွတ်လွတ်လပ်လပ် စည်းမဲ့ကမ်းမဲ့ နှုတ်ဆက်ပြီး လက်ဆွဲကာ အလွယ်တကူ အိပ်လို့ရတယ်လို့ မြင်ကြသည်။ ဘာပဲပြောပြော သူတို့မှာ နာမည်ကောင်း မရှိပေ။ ဒါပေမယ့် ဆွန်းမိုကတော့ လမ်းကြောင်းပြောင်းပြန် လျှောက်သွားသည်။

စဉ်းစားကြည့်လေ။ ကြီးကြယ်ခမ်းနားလှတဲ့ ပါရမီရှင်တစ်ယောက်က မရီဝိညာဉ်အကယ်ဒမီက အမျိုးသမီးတစ်ယောက်ကို ပိုးပန်းတာ အငြင်းခံရခြင်းနဲ့ အဆုံးသတ်သွားသည်။ ဒီလိုဆိုလျှင် မရီဝိညာဉ် အကယ်ဒမီရဲ့ ဂုဏ်သတင်းက အများကြီး တိုးတက်လာမည်။

ဝူပိုင်လင်က အဲဒီအတွက် ပျော်နေတာ မဆန်းပေ။

"မင်း အရှက်မရှိတဲ့ ကောင်ပဲ"

ဝမ်ဆောင်က ဆွန်းမိုကို ကြည့်ပြီး ဒေါသထွက်နေတဲ့ပုံ ဖြစ်နေသော်လည်း တကယ်က ဆွန်းမိုကို အရမ်းသဘောကျနေသည်။

ခေတ်ပေါင်းကို ဖက်တွယ်ထားပြီး လိုက်လျှောညီထွေ မဖြစ်တော့တဲ့ ဆရာများထက်စာရင် ဒီလိုမျိုး လိုက်လျောညီထွေရှိတဲ့ လူသစ်တွေက ပိုကောင်းသည်။ ဒီလိုလူမျိုးနဲ့ပဲ လက်တွဲပြီး အလုပ်လုပ်ချင်သည်။

ဆွန်းမိုက ပြုံးပြီး သူ့ရဲ့ အပြုအမူကို ဆက်ထိန်းသိမ်းထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာ ခုနှစ်ယောက်လုံးရဲ့ မျက်လုံးတွေ အရောင်တောက်နေသည်။ သူက လူသိများထင်ရှားတဲ့ မြတ်ဆရာတစ်ယောက် ဖြစ်ဖို့ အလားအလာ ရှိသည်။

ဝူပိုင်လင်က စမ်းသပ်ဖို့ ပြောခဲ့ပေမယ့် အခုတော့ ဆွန်းမိုကို မရီဝိညာဉ် အကယ်ဒမီသို့ တကယ် ဖိတ်ခေါ်ချင်နေသည်။

(နောက်ပြီးတော့ ငါ့မြေးလေးမှာ ရည်းစားမရှိသေးဘူး)

ဆွန်းမိုသည် မနက်တိုင်း မျက်နှာသစ်ရင်း သွားတိုက်တဲ့အခါ မှန်ကိုကြည့်ပြီး

မိနစ်အနည်းငယ်ကြာအောင် ကြည့်အကောင်းဆုံး ရှုထောင့်နှင့် အပြုံးပုံစံကို လေ့ကျင့်နေကြ ဖြစ်သည်။

ခေတ်သစ်ကမ္ဘာတွင် မျက်ဆရာအရှိန်အဝါ မရှိဘဲ ဆရာတစ်ယောက် ကျက်သရေသည် သူတို့၏ ရုပ်ရည်နှင့် သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးပေါ်မှာ မှီခိုနေသည်။ အဲဒီတုန်းက ဆွန်းမိုလည်း စိတ်မအေးနိုင် ဖြစ်ခဲ့ရသည်။

အခုတော့ ဆွန်းမိုသည် ကြည့်ကောင်းပြီး သူတော်စင်အဆင့် ကျင့်စဉ်အများကြီးကိုလည်း လေ့ကျင့်ထားသည်။ သူ့မှာ ဝိညာဉ်ကျောက်တုံးတွေ

ပြည့်နေတဲ့ နတ်ဘုရားခန်းမ တစ်ခုတောင် ရှိသေးသည်။ ပိုက်ဆံအများကြီး ချမ်းသာတယ်လို့ မပြောနိုင်ပေမယ့် ချင်လင်မြို့က နာမည်ကြီး ထိပ်တန်း ပြည့်တန်ဆာ တစ်ယောက်ကို တစ်လလောက် စာချုပ် ချုပ်ထားဖို့ ပြဿနာ မရှိပါ။

ငွေကြေး၊ ရုပ်ရည်၊ အရည်အချင်းနှင့် စွမ်းအား တချို့ကြောင့် ဆွန်းမိုမှာ ယုံကြည်ချက် မရှိရင်သာ ထူဆန်းနေလိမ့်မည်။

ယောကျ်ားတစ်ယောက်မှာ ယုံကြည်မှုရှိလာတာနဲ့ သူတို့ရဲ့ စကားပြောပုံ၊ အမူအရာတွေက တမူထူးခြားပြီး ဆွဲဆောင်မှု ရှိလာလိမ့်မည်။

"ဆရာဆွန်း၊ ဖြူမဲ အကယ်ဒမီကို လာချင်လား"

ဝမ်ဆောင်က

"ဒါက အမေးအဖြေအပိုင်းမဟုတ်ဘူး။ စိတ်ရင်းနဲ့ ဖိတ်ခေါ်တာ"

ဆွန်းမိုက ချက်ခြင်း ထရပ်ပြီး ကျေးဇူးတင်ကြောင်း ဦးညွှတ်ပြလိုက်သည်။

"မင်းရဲ့ ကြီးကျယ်ခမ်းနားတဲ့ ကြွင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဗဟိုပြည်နယ် အကယ်ဒမီက တော်တော်ကောင်းတယ်လို့ ခံစားရတယ်။ ငါ့ ကျောင်းသားတွေရဲ့ တိုးတက်မှုကလည်း မဆိုးဘူး။ အခုလောလောဆယ်တော့ အလုပ်ပြောင်းဖို့ အစီအစဉ် မရှိသေးဘူး"

ဒီအဘိုးကြီးပေါ် သူ့ရဲ့ အထင်မြင်မဆိုးပါ။ သူ့ရဲ့အဆင်အတန်းအရ ဆွန်းမိုကို ဆရာဆွန်းလို့

ပြောစရာမလိုပေ။ ဒီလိုလုပ်တာက လေးစားမှုသက်သက်ပါ။

"မင်းရဲ့ တပြည့်တွေကိုလည်း အတူတူ ခေါ်လာလို့ရတယ်။ မင်းလိုအပ်တာ တစ်ခုခု ရှိရင်လည်း ငါကသေချာပေါက် ဂရုစိုက်ပေးမယ်"

ဝမ်ဆောင်က ပြင်းထန်စွာ ဖိတ်ခေါ်လိုက်သည်။

"ဆရာဝမ်၊ မင်းဘောင်ကျော်သွားပြီ"

ချန်ဝေက ပြုံးပြီး ပြောလိုက်သည်။

“ငါတို့ ဂန်လင် နယ်မြေထဲမှာ အမဲလိုက်နေတယ်ဆိုတော့ ငါ့ကို မျက်နှာသာ မပေးတာလား”

“ဒီကောင် ဘာလုပ်ခဲ့လဲဆိုတာ မေ့သွားပြီလား”

ဝမ်ဆောင် လေသံက ကျီစားတဲ့ လေသံဖြစ်နေသည်။

“မင်း သူ့ကို ခေါ်ချင်ရင်တောင် နည်းလမ်း မရှိဘူး”

လူတိုင်း ရယ်လိုက်ကြသည်။ ဝမ်ဆောင်က ဆွန်းမိုနဲ့ ချန်မျိုးနွယ်ကြားက ပဋိပက္ခကို ရည်ညွှန်းနေမှန်း လူတိုင်း သိသည်။

ဒီအတွက်ကြောင့်လည်း 'အိမ်ရှေ့က ခွေးတစ်ကောင်' ဆိုပြီး နာမည်ပြောင် ရခဲ့သည်။

"ငါ ချန်ဝေ၊ အဲဒီလောက် မသေးသိမ်ဘူး"

ချန်ဝေက ဆွန်းမိုကို ကြည့်လိုက်ပြီး "ဆရာဆွန်း၊ ငါတို့ ဂန်လင်မှာ စာသင်ချင်လား"

"ဆရာချန်၊ မင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပြတ်ပြတ်သားသား ငြင်းလိုက်သည်။ သူက နတ်ဘုရားမျက်စိအာရုံသုံးပြီး တကယ်စိတ်ရင်းနဲ့ ဖိတ်တာ ဟုတ်၊ မဟုတ်

စစ်ကြည့်ချင်နေသည်။ ဒါပေမယ့်လည်း နောက်ဆုံးမှာတော့ ထိုအတွေးကို စွန့်လွှတ်လိုက်သည်။

သူက စာမေးပွဲ ဖြေနေတုန်းပါ။ နတ်ဘုရားမျက်စိ အာရုံ သုံးတာက လှည့်စားတယ်လို့ သူခံစားရသည်။

ချန်ဝေသည် ဩဇာကြီးတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်သီးသန့် ပုံစံရှိသည်။ ဆွန်းမို တစ်ခါက် ငြင်းလိုက်တာနဲ့ စကားဆက်မပြောတော့ပါ။

ကျန်တဲ့ မြွတ်ဆရာတချို့လည်း မေးခွန်းအနည်းငယ် မေးလိုက်သည်။ ဒါပေမယ့်

သူတို့မေးတဲ့ မေးခွန်းက တခြားဖြေဆိုသူတွေကို မေးတဲ့ မေးခွန်းနဲ့ မတူပါ။ ဆွန်မိုကို စိတ်ဝင်စားမှု ပိုပြင်းထန်လာသည်။

မိုင်ရာဇီက တိတ်တဆိတ် စောင့်ကြည့်နေပြီး စိတ်လှုပ်ရှားနေသည်။ ပါရမီရှင်တွေက အထူးအရေးပေးမှု အမြဲတမ်း ခံရတတ်သည်။

ကျန်တဲ့ဖြေဆိုသူတွေက အမှား လုပ်မိမှာ ကြောက်ကြသည်။ ဒါပေမယ့် ဆွန်းမိုနဲ့ကျတော့ အမဲလိုက်ပြိုင်ပွဲ ဖြစ်လာသည်။ ဆွန်းမိုသာ အလုပ်ပြောင်းချင်တဲ့ ရည်ရွယ်ချက်ကို ပြသခဲ့လျှင်

ဒီအရေးပါတဲ့ ပုဂ္ဂိုလ်တွေက သူ့အတွက် တိုက်ပွဲဝင်မယ်လို့ မိုင်ရာဇီ ယုံကြည်နေသည်။

မြတ်ဆရာတွေ အားလုံးထဲမှာ တပြည့်အများကြီး လိုချင်တဲ့လူ မရှိလို့လား။

ဆွန်းမိုရဲ့ ဆရာမဖြစ်ရင်တောင် သူ့ကို ပြုစုပျိုးထောင် ပေးရလဲ မဆိုးပါ။ သူက ကျေးဇူး အကြွေးကို သေချာပေါက် ပြန်ဆပ်ပြီး မျက်နှာသာ ပေးလိမ့်မည်။

ဝမ်ဆောင်က အိတ်ဆောင် နာရီကို ထုတ်ကြည့်ပြီး အကြံပြုလိုက်သည်။

“လုံလောက်ပြီ ထင်တယ်။ ငါတို့ ဒီမှာပဲ အဆုံးသတ်လိုက်ကြမလား”

“နေအုံး”

ဝူပိုင်လင်က မိုင်ရာဇီကို လှမ်းကြည့်လိုက်သည်။

“ဆရာမိုင် မေးစရာရှိလို့လား”

“ဟုတ်တယ်”

မိုင်ရာဇီက ဆွန်းမိုကို လေးလေးနက်နက် ကြည့်လိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဆွန်း၊ ဘာကြောင့် မြတ်ဆရာ ဖြစ်ချင်တာလဲ"

ဒီမေးခွန်းက နည်းနည်း ထက်ရှလွန်းသည်။ အားလုံးက ဆွန်းမိုကို လှမ်းကြည့်လိုက်ကြသည်။

ဒင်

" လက်တွေ့ဟောပြောပွဲမှာ စံချိန်ချိုးဖျက်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး"

အခန်း(၄၆၈) - လူတစ်ယောက်ရဲ့ ကနဦး ရည်ရွယ်ချက်ကို မမေ့ဘဲ အောင်မြင်မှု ရရှိခြင်း။

တစ်ခန်းလုံး ချက်ခြင်း တိတ်ဆိတ်သွားသည်။

ဆွန်းမိုလည်း စနစ်ဆီက အကြောင်းကြားချက်ကို လုံးဝ သတိမထားမိပါ။ ဘာဖြစ်လို့လဲဆိုတော့ လေးလေးနက်နက် တွေးတောနေသည်။

သူ ဆရာဖြစ်ချင်တဲ့ မူလရည်ရွယ်ချက်က ဘာလဲ။

ဒီမေးခွန်းကို အရင်ကလည်း စဉ်းစားဖူးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူက အလယ်တန်းကျောင်းတက်သည်။ ပြီးတော့ အထက်တန်းကျောင်းတက်သည်။ အဲဒီ ရေစီးကြောင်းအတိုင်းပဲ တက္ကသိုလ် တက်ခဲ့သည်။

သူတို့ မိသားစုက ရွာမှာ နေထိုင်သဖြင့် ပညာရေးကန့်သတ်များရှိနေပြီး ဘယ်ကျောင်းကို လျှောက်ထားသင့်လဲဆိုပြီး လမ်းညွှန်မပေးနိုင်ဘဲ ရမှတ်ကိုသာ အခြေခံပြီး ရွေးချယ်ခဲ့သည်။ ဒီအလုပ်ကို ကြိုက်လား မကြိုက်လားလဲ မစဉ်းစားခဲ့ဖူးပါ။

ဒါကြောင့် ဆွန်းမိုသည် သာမန်တက္ကသိုလ် တစ်ခုကို တက်ပြီးနောက် ဆရာဖြစ်လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုပ်စလုပ်တဲ့ အချိန်မှာ အရာအားလုံးနဲ့ စိမ်းနေပြီး အထူးသဖြင့် မောပန်းသလို ခံစားရသည်။ တကယ်ကို အလုပ်ထွက်ပြီး ကမ္ဘာအနှံ့ ခရီးသွားလိုက်ချင်သည်။ ဒါပေမယ့် စုဆောင်းထားတာ မရှိလို့ ခရီးသွားရင် ငတ်ပြီး သေမှာ စိုးရိမ်ခဲ့သည်။

ဒါကြောင့်လည်း အလုပ်ပဲ ကြိုးစားခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် သူ့အတန်းက အဆင့်ပိုမြင့်ရင် ဘောနပ်ပိုရတတ်သည်။

အလုပ်ချိန် တိုးတလာတာနဲ့အမျှ ဆွန်းမိုသည့် ကျောင်းသားတွေနဲ့ ပိုထိတွေ့ လာရသည်။

ငယ်ရွယ်ရွယ်နဲ့ လိင်ဆက်ဆံတဲ့ ကျောင်းသားတွေ၊ ခေါင်းမိုးပေါ်က ခုန်ချပြီး သတ်သေသွားတဲ့ ကျောင်းသားတွေ၊ နေ့စဉ် ကျောင်းပြေးတဲ့ကျောင်းသားတွေ၊ အိမ်က ငွေကြေးခက်ခဲလို့ ကျောင်းထွက်သွားရတဲ့ ကျောင်းသားတွေ..............

ဆွန်းမို အဲဒီကျောင်းသားတွေအတွက် တကယ် စဉ်းစားခဲ့သည်။ သူတို့ကို ကူညီချင်ပေမယ့် သူ့ခွန်အားက နည်းလွန်းသည်။

....

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအချိန်မှာ ကျန်ဇီရဲ့ ကျော်ကြားသည့် ကောင်းကင်နှင့် မြေကြီး သိရှိသြတ္တပစိတ်ကို ရွတ်ပြသင့်သည်။ ဘာပဲပြောပြော အဲဒါက နှစ်ပေါင်းတစ်ထောင် အမွေဆက်ခံလာတဲ့ အရာဖြစ်သည်။ ဒီလိုအခြေအနေမှာ ရွတ်ပြလိုက်လျှင် တော်တော်လေး အထာကျသွားမည်။

ဒါပေမယ့် အဲဒါကို ပြောဖို့ လုံးဝမတွေးခဲ့ပါ။ ပြုံးပြီး ပြောလိုက်သည်။

“ငါ့မှာ ကြီးကျယ်တဲ့ ဆန္ဒတွေ မရှိပါဘူး။ တတ်နိုင်သလောက်လေးပဲ လုပ်ချင်တယ်။

ကျောင်းသားတွေက သူတို့ဘဝကို ရှင်းရှင်းလင်းလင်း နားလည်ပြီး တန်ဖိုးကြီးတဲ့ ဘဝမှာ နေထိုင်တတ်စေချင်တယ်။ သူတို့ဘာသာ သူတို့သက်သေပြပြီး ဂုဏ်ယူနိုင်အောင် ထောက်ပံ့ချင်တယ်။ သူတို့ သံသယဝင်လာတဲ့ အခါမှာ ကူညီပြီး ဆွေးနွေးပေးချင်တယ်။ သူတို့တွေ ဆယ်နှစ်လောက် ဖြတ်သန်းပြီးတဲ့အခါ အတိတ်ကို ပြန်လှည့်ကြည့်ရင် နောင်တမရှိဖို့ ငါမျှော်လင့်တယ်”

ဆွန်းမိုက ပြတင်းပေါက်ဘက်သို့ လှမ်းငေးလိုက်သည်။ ကောင်းကင် ပြာပြာကြီးမှာ

တိမ်ဖြူတွေ လွင့်မျှောနေပြီး ခိုဖြူတစ်ကောင်က ဖြတ်ပျံသွားသည်။

"ဒီဘဝကို မစွန့်လွှတ်ရလည်း အဆင်ပြေတယ်"

ဆွန်းမိုက နောက်ဆုံးမှတ်ချက်ကို ပြောပြီးတာနဲ့ သူ့ကိုယ်ကနေ ရွှေရောင် အလင်းတန်းများ ဖြာထွက်လာသည်။ အဲဒီနောက် အလင်းတန်းက အခန်းတစ်ခုလုံးကို ပျံ့ကြဲသွားသည်။

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဒါပေမယ့် အခန်းကတော့ အရင်လို တိတ်ဆိတ်နေသေးသည်။

ကြယ် ၆ ပွင့်မြတ်ဆရာ ခုနှစ်ယောက်စလုံးသည် တစ်ယောက်မှ စကားမပြောကြပေ။ ဆွန်းမိုကိုပဲ တိတ်တိတ်လေး ကြည့်နေကြသည်။ သူတို့ အရမ်းကျေနပ်ကာ ရုတ်တရက် အံ့အောနေကြသည်။ နောက်ဆုံးတော့ ပိုဆိုးပက်စက် သဘောကျတဲ့အဆင့်သို့ ရောက်သွားသည်။

ဒီမေးခွန်းက ကျယ်ပြန့်လွန်းသဖြင့် လူတွေက အဖြေတစ်ခု ဒါမှမဟုတ် စကားလုံးများကို

အလွတ်ပြောတတ်ကြသည်။ ဥပမာ ကျောင်းသားတွေ အတွက်လို့ ဒါမှမဟုတ် သူတော်စင်ဖြစ်ဖို့လို့ ပြောကြသည်။ ဒါပေမယ့် ဆွန်းမိုကတော့ အဲဒီလို မလုပ်ခဲ့ပါ။

ရိုးရှင်းပြီး ရှုပ်ထွေးမှု မရှိတဲ့သူ့ခံစားချက် အမှန်ကို ထုတ်ပြခဲ့သည်။

"အရမ်းကောင်းတယ်"

ဝမ်ဆောင် ရုတ်တရုတ် ကျယ်လောင်စွာ ထအော်သည်။ လက်ခုပ်လည်း တီးနေသည်။ မျက်နှာမှာ အပြုံးတွေ ပြည့်နေသည်။

ကျန်တဲ့ မြွတ်ဆရာတွေကလည်း အပြုံးမပျက် လက်ခုပ်တီးနေကြသည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသဖြင့် ဆွန်းမိုကို ဘယ်သူမှ သံသယ မဝင်ကြပါ။

မိုင်ရာဇီသည် ဆွန်းမိုကိုကြည့်ပြီး စိတ်ထဲမှာ ခံစားချက်တွေ ပြည့်နှက်နေသည်။ ဒီကောင်လေးက ကိုယ့်စိတ်ကူးနဲ့ တွေးခေါ်ရတာ ကြိုက်သည်။ မြွတ်ဆရာများသည် သူတို့ဘဝ တစ်လျှောက်လုံး ဒီအကြောင်းပြချက်ကို နားမလည်ကြပါ။

လူငယ်အများစုသည် သူတော်စင် ဖြစ်ချင်ကြသော်လည်း သူတို့မသိတဲ့အရာက သူတော်စင် ဖြစ်ဖို့အတွက် ကျင့်ကြံခြင်းအဆင့်မြင့်မားစရာ မလိုသလို သန်မာစရာလည်း မလိုပါ။ အရေးအကြီးဆုံးအချက်မှာ သူတို့က အတွေးအခေါ်ဆိုင်ရာ ဘီလူးကြီး ဖြစ်ဖို့လိုသည်။

ဒီအခိုက်အတန့်တွင် ဆွန်းမိုက ရောမ ပုခုံးပေါ်မှာ ရပ်နေတဲ့ အရိပ်အယောင်ပြခဲ့သည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် +၅၁၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဒင်

"ကြယ် ၆ ပွင့် မြတ်ဆရာ ခုနှစ်ယောက်ဆီကနေ လေးစားအထင်ကြီးမှုအမှတ် တထိုင်တည်းနဲ့ ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ ငွေရောင်ရတနာ သေတ္တာ တစ်လုံး"

စနစ်ဆီကနေ ဂုဏ်ပြုစကားများ ထွက်ပေါ်လာသည်။

"ကောင်းပြီ။ ဆရာဆွန်း၊ ငါတို့ မေးခွန်းတွေ မေးပြီးသွားပြီ။ အခုထွက်သွားလို့ ရပြီ"

ချန်ဝေက ပြုံးပြီး ထရပ်လိုက်သည်။

ဒီမြင်ကွင်းကို မြင်လိုက်တော့ အားလုံး အနည်းငယ် အံ့အောသွားသည်။ ဒီကောင်က ဘယ်လောက်တင်းကြပ်လဲဆိုတာ သူတို့အားလုံး သိနေသည်။ အငယ်တန်းတွေထဲမှာ ဒီလောက်လေးစားမှု ပြတဲ့လူ မရှိသလောက်ပါ။ ဒါကြောင့် ဆွန်းမိုထွက်သွားဖို့ လုပ်တာ မြင်လိုက်ရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မတ်တပ်ရပ်လိုက်ခြင်းသည် အရမ်းလေးစားတဲ့ လက္ခဏာ တစ်ရပ် ဖြစ်သည်။

ဆွန်းမိုသည် ထရပ်ကာ အနည်းငယ် အရိုအသေပေးပြီး ထွက်သွားသည်။

အစကနေ အဆုံးအထိ မောက်မာမှု လုံးဝ မရှိခဲ့ပါ။

....

"တော်တော်ကြာနေပြီ ဘာဖြစ်လို့ မထွက်လာသေးတာလဲ"

ကူရှုပ်ရှင်း အနည်းငယ် စိုးရိမ်နေသည်။ ဆွန်းမိုရဲ့ အမေးအဖြေအပိုင်းက တခြားလူတွေထက် ဆယ်မိနစ်ပိုကြာနေပြီ။

"သူ မလုပ်နိုင်တာတော့ မဟုတ်ပါဘူးနော်"

ဖြေဆိုသူတစ်ယောက် ခနဲ့မှန်းလိုက်သည်။

"အိပ်မက် မက်နေတာ ရပ်လိုက်စမ်း။ ရေးဖြေစာမေးပွဲ အမှတ်ပြည့်ရပြီး လက်တွေ့ ဟောပြောမှုမှာ စံချိန်ချိုးခဲ့တဲ့ ဆွန်းမိုလို ပါရမီရှင်က အဓိကစာစစ်သူတွေရဲ့ အသေးစိတ်မေးခွန်းကို သေချာပေါက် ဖြေနိုင်မှာ သေချာတယ်"

မိုဖေး မဲ့ရွဲ့ပြီး ပြန်ပြောလိုက်သည်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံးက ဆွန်းမိုနဲ့ အဆက်အသွယ်ထူထောင်ဖို့ ဖြစ်နိုင်သည်။ ဒီစာမေးပွဲပြီးရင် အဓိက စာစစ်သူတွေက ဆွန်းမိုနဲ့ထပ်တွေ့ဖို့ အခွင့်အရေး မရှိတော့ပါ။

အဲဒီအချိန်တွင် အခန်းထဲကနေ လက်ခုပ်သံများ ကျယ်လောင်စွာ ပေါ်လာသည်။ ဝမ်ဆောင် ပြောလိုက်တဲ့ ‘အရမ်းကောင်းတယ်’ ဆိုတဲ့ စကားသည် စကြဲန်တစ်ဝက်နီးပါးက လူတွေ ကြားလိုက်ရသည်။

ကူရှုပ်ရှင်း အသက်ခပ်ပြင်းပြင်းလေး တစ်ချက် မှုတ်ထုတ်လိုက်သည်။ ဆွန်းမို ရလဒ်က ထွက်နေပြီ။

တံခါးဖွင့်ပြီး ဆွန်းမို ထွက်လာသည်။ ကူရှုပ်ရှင်းနှင့် အကြည့်ခြင်း ဖလှယ်ပြီး ထွက်သွားကြသည်။ သူတော်စင်ဂိတ်က ဝန်ထမ်းတွေ မဟုတ်ပါက ဒီနေရာတွင် အတွေ့အကြုံ မဖလှယ်ရဘူးလို့ အမိန့်ထုတ်ထားသည်။

"နောက်တစ်ယောက်၊ ဆွန်းရှီ"

ဝန်ထမ်းက လှမ်းအော်သည်။

“ဟားဟား၊ နောက်ဆုံးတော့ ငါ့အလှည့်ပဲ။ စောင့်ကြည့်လိုက်စမ်းပါ။ ဒဏ္ဍာရီတစ်ခု မွေးဖွားလာတာကို မင်းတို့တွေ တွေ့ရမယ်။

ဆွန်းရှီက ယုံကြည်ချက် အားကောင်းနေသည်။ ဆံပင်တွေကို သပ်ရပ်အောင် လုပ်လိုက်သည်။ အထူးသဖြင့် အမှတ်ကို ထင်ရှားအောင် လုပ်လိုက်သည်။ အဲဒီနောက် အခန်းထဲသို့ ဝင်သွားသည်။

မိုင်ဇီယူသည် သစ်သား ပုံးလေးတစ်ခုနှင့် ဂေါ်ပြားကို ကိုင်ကာ ဒုတိယအဆင့် အောင်စာရင်း

ကပ်ထားတဲ့ ကြေငြာဘုတ်နားမှာ ရပ်နေသည်။ အောင်စာရင်း ကြည့်ဖို့ လုပ်လိုက်ပြီးနောက် နာမည်ရှာစရာမလိုကြောင်း သတိရသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ သူက အဆင့်တစ် ဖြစ်နေသည်။

"ဆွန်းမိုက ရေးဖြေ စာမေးပွဲ တစ်နာရီကြိုထွက်တယ်လို့ ကြားတယ်"

"အမှန်ပဲ။ ဂူချင်ယန်ထက် အများကြီး ပိုမြန်တယ်"

"ဒါကြောင့်လည်း သူ့ရဲ့ အမှတ်ပြည့်က ဂူချင်ယန်ထက် အများကြီးတန်ဖိုး ရှိနေတာပေါ့"

“အဲဒါ သေချာပေါက် ဖြစ်နိုင်တယ်။ သူတို့နှစ်ယောက်စလုံးက အမှတ်ပြည့် ရပေမယ့် သူက နည်းနည်းလေး ပိုမြန်တာပဲ ရှိတယ်။ ကွာခြားချက် မရှိဘူးလား”

ဖြေဆိုသူတချို့က ဆွေးနွေးနေကြသည်။

ဒါကို ကြားလိုက်လျှင် ဆွန်းမို အမှတ်ပြည့်ရတာ စာရွက်ပေါ်မှာ အမှတ်တွေ အများကြီး ရှိလို့ ဆိုပြီး ပြောလိုက်ချင်သည်။ တဖက်မှာ ဂူချင်ယန်က အမှတ်အပြည့်ရဖို့အတွက် ဖျစ်ညှစ်ပြီး ကြိုးစားခဲ့ရသည်။

ဆွန်းမို မျက်လုံးထဲတွင် သူ့ရဲ့ အသိပညာအရ ဝိညာဉ်တက်တူးများက လေ့လာ ပစ္စည်းသာ ဖြစ်သည်။ တဖက်မှာတော့ ဂူချင်ယန်က သင်ယူနေဆဲ ဖြစ်သည်။ အသိပညာကို ဆက်ဆံနေတုန်းပါ။ (ကိုယ်တိုင် ထိုးထွင်း မြင်နိုင်တဲ့ အဆင့်မရောက်သေးပါ)

မိုင်ဇီယူက တခြားလူတွေနဲ့ ငြင်းမှာ မဟုတ်ပါ။ ဒါကြောင့် သစ်သားပုံးယူပြီး သူတို့ကို ချန်ထားခဲ့လိုက်သည်။ ခပ်ဝေးဝေး

ရောက်တဲ့အထိတောင် သူတို့ဆွေးနွေးတဲ့အသံကို ကြားနေရသေးသည်။

"ဂူချင်ယန် ဆရာက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ကျောင်းအုပ်ကြီး။ ဒါပေမယ့် ဆွန်းမိုရဲ့ ဆရာကိုတော့ ဘယ်သူမှ မကြားဖူးဘူး။ ဒါကလည်း ဆွန်းမို အရည်အချင်း ပိုမြင့်တယ်ဆိုတာ သက်သေပြလိုက်တာပဲ"

မိုင်ဇီယူက ဆောင်းရာသီရဲ့ နေရောင်ကို ခံစားပြီး လမ်းသေးသေးလေးအတိုင်း လျှောက်လာခဲ့သည်။

ရုတ်တရုတ် ရပ်တန့်သွားသည်။ မော့ကြည့်လိုက်တော့ သူမအရှေ့မှာ ဆွန်းမို ရပ်နေတာ မြင်လိုက်ရသည်။

"ဟယ်လို၊ ငါတို့ ပြန်တွေ့ပြန်ပြီ"

ဆွန်းမိုက တိုးတိုးလေး ရယ်လိုက်သည်။

"မင်္ဂလာပါ"

မိုင်ဇီယူက မျက်နှာနီလာပြီး ခြင်တစ်ကောင်လို အသံနဲ့ ပြန်ဖြေသည်။

"မင်း နေကောင်းရဲ့လား"

ဆွန်းမိုက လျှောက်လာရင်း မေးလိုက်သည်။

"ဟုတ်၊ ပိုကောင်းလာပါတယ်"

မိုင်ဇီယူက ရှက်ရွံ့မှုကို တောင့်ခံပြီး ဆွန်းမိုကို တည့်တည့် ကြည့်ပြီး ပြောလိုက်သည်။

"နောက်တစ်ကြိမ်အတွက် ကျေးဇူးတင်ရမှာပေါ့။ ပြီးတော့ မြတ်ဆရာ ဖြစ်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ငါ မကျာဘူးဆိုတာ သေချာလို့လား"

ဆွန်းမိုက ကျီစယ်လိုက်သည်။

မိုင်ဇီယူက ပါးစပ်ကိုလက်နဲ့ အုပ်ပြီး ပြုံးနေသည်။

"အမေးအဖြေအပိုင်းသာ မအောင်ရင် အပန်းဖြေလမ်လျှောက် ထွက်နေမှာမဟုတ်ဘူး"

"ဟားဟား၊ မင်းဂုဏ်ပြုတာကို လက်ခံလိုက်ပါ့မယ်"

မိုင်ဇီယူလို မိန်းကလေးမျိုးက တခြားလူတွေလို အခွင့်အရေး မယူတတ်မှန်း ဆွန်းမိုု ပြောနိုင်သည်။ ဆွန်းမိုကို ဆေးကုပေးဖို့ သူမဘက်က စပြီး တောင်းဆိုဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲ။ ဒါကြောင့် သူ့ဘက်ကပဲ စလိုက်သည်။

ဘုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီ ပျံ့လွင့်လာပြီး အနက်ရောင် ဆံပင်ရှည်နဲ့ မိန်းကလေးကို နှိပ်ပေးဖို့အတွက် ဂျင်းနီပေါ်လာသည်။

"အို"

မိုင်ဇီယူ အံ့အောသွားသည်။ အဲဒီနောက် သာယာတဲ့ ခံစားမှုထဲ နစ်မြုပ်သွားသည်။

ဆယ်မိနစ်လောက် ကြာတော့ နှိပ်တာ ပြီးသွားသည်။

"အစားအသောက် စားတာကို သတိထားပါ။ သတ်သတ်လွတ် အမြဲမစားနဲ့။ အသားမကြိုက်ရင် ငါးများများစား"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“မင်းရဲ့ဖွဲ့စည်းပုံအရ မင်းခန္ဓာကိုယ်က အာနည်းပြီး ဝန်ပိလိမ့်မယ်”

“ကျေးဇူးတင်ပါတယ်”

မိုင်ဇီယူ အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

ဆွန်းမို လှည့်ထွက်သွားကပြီး ဒီစကားကို ကြားလျှင် လက်ဝှေ့ယမ်း ပြလိုက်သည်။

မိုင်ဇီယူသည် သစ်ပင်အောက်မှာရပ်ကာ ဆွန်းမို နောက်ကျောကို ကြင်နာစွာ ငေးကြည့်ပြီး ကျန်နေခဲ့သည်။

....

အကြိမ်းပေါင်းများစွာ လူစစ်ထုတ်ပြီးနောက် အမေးအဖြေအပိုင်းတွင် လူသိပ် မကျန်တော့ပါ။ ဖြေဆိုသူတစ်ယောက်စီကိုလည်း ဆယ်မိနစ်သာ အချိန်ယူခဲ့သည်။ ဒီလိုဖြစ်တာကြောင့် ဒုတိယနေ့ နေ့လည်ခင်း ပြီးဆုံးသွားသည်။

အောင်တဲ့လူရဲ့ နာမည်တိုင်းကို ကြေငြာဘုတ်ပေါ်မှာ ကပ်ထားသည်။ တစ်ချိန်တည်းမှာပင် သူတော်စင်ဂိတ်က နောက်တစ်နေ့ မနက်တွင် ဂန်နန် အကယ်ဒမီ

ခန်းမမှာ အောင်လက်မှတ် ချီးမြှင့် မယ်လို့ ကြေငြာခဲ့သည်။

"ဆရာဆွန်း၊ ငါတို့ အတူတူ ထမင်းစားကြမလား။ စာမေးပွဲအောင်တဲ့အတွက် အောင်ပွဲခံကြတာပေါ့"

"ဆရာဆွန်း၊ ငါ့ကို မျက်နှာသာပေးပြီး ထမင်းအတူတူ စားပါလား"

"ဆရာဆွန်း၊ အနာဂတ်မှာ မင်းရဲ့ လမ်းညွှန်မှုကို တောင်းလို့ ရမလား"

စာမေးပွဲကျတဲ့လူတွေက ဆွန်းမိုကို ရှာဖို့ အခွင့်အရေး မရှိပေ။ ဒါပေမယ့်

အောင်တဲ့လူတွေကတော့ ကွာခြားသည်။ ဒီနေ့ကစပြီး သူတို့က တစ်သုတ်ထဲဆင်းတဲ့ မြတ်ဆရာတွေဖြစ်ပြီး နောင်ဘယ်အချိန်မှ ပြန်တွေ့မယ်မှန်း မသိကြပါ။ မိတ်ဆွေဖွဲ့ရတာ ကြိုက်တဲ့ ဖြေဆိုသူတချို့က ဆွန်းမိုကို အခုပဲ လာရှာကြသည်။

ဆွန်းမိုက သူတို့အားလုံးကို ယဉ်ယဉ်ကျေးကျေး ငြင်းလိုက်သည်။

ဒီညမှာ တံခါးလာခေါက်နေတာ ညသန်းခေါင်ယံအချိန်ထိကို မပြတ် ဖြစ်နေသည်။

နောက်တစ်နေ့ မနက်လင်းတော့ ဖြေဆိုသူ ၆၁၅ယောက်သည် သန့်တဲ့ ဆရာဝတ်စုံအသစ်ကို ဝတ်ဆင်ထားကြကာ ဂန်နန် အကယ်ဒမီသို့ ထွက်လာကြသည်။ ဆွန်းမိုကို တွေ့တဲ့လူတိုင်းက သူတို့ဘက်ကစပြီး နှုတ်ဆက်ကြသည်။

"အခုတော့ မင်းနာမည်ကြီးနေပြီ"

ကူရှုပ်ရှင်းက နောက်ပြောင်လိုက်သည်။

"နာမည်ကြီးရတာက ဒုက္ခများတယ်"

ဆွန်းမို အားကိုးရာ မဲ့နေသည်။ သူတစ်ပါး နှုတ်ဆက်တာကိုလည်း မမြင်ချင်ယောင် ဆောင်လို့

မဖြစ်ပါ။ ဒါကြောင့် ပြန်ပြုံးပြနေရသည်။ ပြုံးရလွန်းလို့ မျက်နှာပေါ်က ကြွက်သားတွေတောင် တောင့်နေပြီ။

"ဆရာဆွန်း၊ တခြားလူတွေက မင်းရထားတဲ့ ဘုန်းကျက်သရေကို လိုချင်ရင်တောင် မရဘူးဖြစ်နေတယ်"

ဂေါင်ပန်က နောက်လိုက်သည်။

ခန်းမဝင်ပေါက်မှာ ဝန်းထမ်းတွေက ထိုင်ခုံ စီစဉ်ပေးနေသည်။

"မင်းတို့ နာမည်ကို ကြမ်းပြင်မှာ ကပ်ထားတယ်။ နာမည်အရ တန်းစီထားတယ်"

"အာ၊ ဆရာဆွန်း၊ မင်္ဂလာနံနက်ခင်းပါ။ မင်းရဲ့ ထိုင်ခုံက ပထမဆုံးအတန်း ပထမခုံပဲ။"

"ဆရာဆွန်း၊ တွေ့ရတာ ဝမ်းသာပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ်"

ဝန်းထမ်းတွေက သူတို့ရာထူးကို အခွင့်ကောင်းယူပြီး ဆွန်းမိုရဲ့ စကားစမည် ပြောနေကြသည်။ သူတို့ သဘောထားက အရမ်းဖော်ရွေပေမယ့် ဖားဖို့တော့ မကြိုးစားကြပါ။

"ငါတို့ အရင်သွားနှင့်တော့မယ်"

ဂေါင်ပန်နှင့် ကျန်းလန်တို့သည် ရှောင်ထွက်သွားကြသည်။ ဆွန်းမိုက အရမ်းနာမည်ကြီးနေသဖြင့် ခန်းမထဲသို့ ဝင်လိုက်တာနဲ့ အာရုံစိုက်ရာ ဗဟိုချက် ဖြစ်လာလိမ့်မည်။ သူ့ကို လူအများကြီး ဝန်းရံကြလိမ့်မည်။

"ငါလည်း သွားတော့မယ်"

ကူရှုပ်ရှင်းလည်း ထွက်သွားသည်။ မျောက်တစ်ကောင်လို အဆက်ဆံ မခံချင်ပါ။ ဆွန်းမိုနဲ့ မနီးမဝေးနေရာမှာ မိနစ်အနည်းငယ်ကြာတော့

ပြန်ပေါ်လာသည်။ သူမရဲ့ ဘက်စုံပေါင်း အဆင့်က ၂၃ ဖြစ်သဖြင့် ဆွန်းမိုနဲ့ သိပ်မဝေးပါ။

လျိုမူဘိုင်ကတော့ ထိပ်တန်း ဆယ်ယောက်ထဲ ပါဝင်ခဲ့သည်။ ဒါပေမယ့် အဆင်မပြေဖြစ်နေသည်။ သူက အလုပ်လုပ်ခဲ့တာ သုံးနှစ်ရှိနေပြီ။ ဒါတောင် ဆွန်းမိုက သူ့ထက် အဆင့်ပိုကောင်းနေသည်။

“ဒါပေမယ့် ငါက တစ်နှစ်ထဲ ကြယ်သုံးပွင့် တက်လာလိမ့်မယ်။ ဒီကျရှုံးမှုကို ဂရုမစိုက်တော့ဘူး”

လျိုမူဘိုင်က သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။

ဆွန်းမိုက လျှို့မှူဘိုင်ကို နှုတ်ဆက်ဖို့ လုပ်နေတဲ့အချိန်မှာ ကျယ်လောင်တဲ့အသံတစ်ခု ထွက်ပေါ်လာသည်။

"ကျန်းလီ၊ ငါ့ကို လက်ထပ်ပါ"

ဆွန်းမို မျက်ခုံးပင့်ပြီး ကြည့်လိုက်သည်။ လက်ထပ်ခွင့်တောင်းတဲ့လူက သူနဲ့ သိနေတဲ့လူ ဖြစ်နေမယ်လို့ မထင်ထားခဲ့ပါ။ ဒါပေမယ့် အဲဒီ မိန်းမက ဘာဖြစ်လို့ စိတ်ဆိုးနေရတာလဲ။

မှတ်ချက် ။ ။ တက္ကသိုလ်ဆိုတာက ဘီအီးဒီ ဆရာအတတ်သင် တက္ကသိုလ်ကို ဆိုလိုသည်။

အခန်း(၄၆၉) - "လူတစ်ယောက်ရဲ့ နှလုံးသားကို တောင့်တပြီး ငါတို့သေလို့ ခွဲရတဲ့ အချိန်အထိ အတူတူရှိချင်တယ်"

လက်ထပ်ခွင့် တောင်းတဲ့လူက မရီဒန်အကယ်ဒမီက ဖန်ဝူဂျီ ဖြစ်နေသည်။ သူ့အသံက ကျယ်လွန်းသဖြင့် သက်ရောက်မှုက ပြင်းထန်လှသည်။ ဒါကြောင့် ခန်းမထဲမှာ ရှိတဲ့လူအားလုံး အာရုံစိုက်သွားသည်။

ဖန်ဝူဂျီ ဝတ်ဆင်ထားတဲ့ ဝတ်ရုံရှည်က အရမ်းသန့်ရှင်းပြီး တွန့်ကျေခြင်း မရှိပါ။ ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဖီးထားပြီး ကြိုးလည်း စည်းထားသည်။

သူ့နောက်ကျောက တစ်ချက်ကြည့်လိုက်လျှင် တော်တော်လေး ဆွဲဆောင်မှုရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ တူနေသည်။ နောက်ဆုံးတော့ သူက ရုပ်ရည်ရှိပြီး အရည်အချင်းရှိသည်။ ဒါပေမယ့် အကြည့် အဲဒီလောက်ပဲ မရုပ်နဲ့။

နှာတံအထက်က အဆင်ပြေပေမယ့် အောက်မေးစေ့က ကျယ်လွန်းတာကြောင့် အလှတရားကို ထိခိုက်စေသည်။ ရုပ်ဆိုးတာတော့

မဟုတ်ပေမယ့် ကြည့်ရတာ ထော်လော်ကန့်လန့်ကြီး ဖြစ်နေသည်။

ဖန်ဝူဂျီက လက်ထပ်ခွင့် တောင်းချင်နေတာ တော်တော်ကြာနေပြီ။ ဒါပေမယ့် ဒါက လူတစ်ယောက်ဘဝမှာ တစ်ခါပဲ ဖြစ်နိုင်တဲ့ အရေးကြီး ဖြစ်ရပ်တစ်ခု ဖြစ်တာကြောင့် အရေးကြီးတဲ့ နေရာကို ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့သည်။

အခုအချိန်တွင် ကျန်းလီနဲ့အတူတူ မြတ်ဆရာဘွဲ့ရပြီး လက်တွဲခဲ့ရပါက အတိတ်ကို ပြန်စဉ်းစားတိုင်း ပျော်ဖို့အကောင်းဆုံး

အထိုက်တန်ဆုံး အမှတ်တရ ဖြစ်နေလိမ့်မည်။ လက်ထပ်ခွင့် တောင်းဖို့အတွက် အသင့်တော်ဆုံး အချိန်ဖြစ်သည်။

“ဖန်ဝူဂျီ ဒါ ဘာလုပ်နေတာလဲ”

ကျန်းလီက ဒေါသတကြီး အော်ဟစ်ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

“ငါအဆင်ပြေပါတယ်။ အရမ်းကြီး မစိုးရိမ်ပါနဲ့။ ငါတို့တွေ ပျော်နေသ၍ အဆင်ပြေပါတယ်”

ဖန်ဝူဂျီက ကျန်းလီကို ပြုံးကြည့်ရင်း ပြောလိုက်သည်။ ကျန်းလီက ညင်သာစွာ ပြုံးပြီး

မျက်နှာအောက်ချကာ လက်ခံမယ်လို့ သူထင်နေသည်။

"ရှုပ်ရှင်"

ဆွန်းမိုက ကူရှုပ်ရှင်းဆီ လျှင်မြန်စွာ လျှောက်သွားလိုက်သည်။

"ဘာဖြစ်နေတာလဲ" ဆိုပြီး တိုးတိုးလေး မေးလိုက်သည်။

တစ်ခုခု မှားနေတယ်လို့ ဆွန်းမို ပြောနိုင်သည်။ တက္ကသိုလ် တက်တုန်းကလဲ နှင်းဆီပန်းကြီးကိုင်ပြီး ချစ်ခွင့်ပန်နေတဲ့ ယောကျ်ားတွေ အများကြီး

မြင်ဖူးသည်။ ဒါပေမယ့် တစ်ညတာ လျစ်လျူရှုခံပြီးနောက် စိတ်မကောင်းစရာ အဆုံးသတ်သွားခဲ့သည့်.

ကောင်မလေးကို တစ်လမ်းလုံး လိုက်ပိုးပန်းခဲ့ပေမယ့် အဆုံးမှာ ဘာမှမဖြစ်လာခဲ့ပေ။

"အင်း၊ ဖန်ဝူဂျီကို ဒီမိန်းမ လှည့်စားတော့မယ်ဆိုတာ သိနေတယ်"

ကူရှုပ်ရှင်းက သက်ပြင်းချရင်း ပြောလိုက်သည်။

ဖန်ဝူဂျီသည် မရီဒန်အကယ်ဒမီမှာ ဘွဲ့ရပြီးကတည်းက အလုပ်ဝင်နေတာ သုံးနှစ်ရှိပြီ။

ကူရှုပ်ရှင်းကို မသင်ပေးဖူးခဲ့ပေမယ့် သူမ ဆရာတွေထဲက တစ်ယောက်လို့ ပြောနိုင်သည်။

"ဘာတွေ ဖြစ်နေတာလဲ"

ဆွန်းမို သိချင်လာသည်။

"ကျန်းလီက ပုံမှန်အဆင့်ရှိတဲ့ ငါ့ စီနီယာတစ်ယောက်ပါ။ ကျောင်းမှာ ဆက်နေပြီး စာသင်ဖို့ဆိုတာ သူမအတွက် မဖြစ်နိုင်ဘူး။ ဘာပဲပြောပြော မရီဒန် အကယ်ဒမီက စီအဆင့် နာမည်ကြီးကျောင်းလေ။ ဒါပေမယ့် သူမက ဖန်ဝူဂျီကြောင့် လုပ်နိုင်ခဲ့တယ်"

ကူရှုပ်ရှင်းက အသံနှိမ့်ပြီး ပြောသည်။

"ငါ နားလည်ပြီ"

ဆွန်းမို ခေါင်းညှိတ်လိုက်သည်။ ခေတ်သစ်လူ့အဖွဲ့အစည်းမှာတောင် ဘွဲ့လွန်ဒါမှမဟုတ် ကျောင်းဆက်တက်နိုင်ဖို့အတွက် မိန်းကလေးတချို့က သူမတို့၏ ခန္ဓာကိုယ်ကို ရောင်းစားတယ်ဆိုတဲ့ သတင်းတွေ မကြာခဏ ကြားနေရသည်။

ကျန်းလီက ဖန်ဝူဂျီရဲ့ ချစ်သူလုပ်ပြီး သိသိသာသာ သဘောတူခဲ့သည်။

ဖန်ဝူဂျီက ဘယ်သူလဲ။

သူက ချင်လင် ကျောက်စိမ်းအမွှာထဲက တစ်ယောက်ဖြစ်ပြီး လျှိုမူဘိုင်နဲ့ ဘွဲ့မျှယူတဲ့လူ ဖြစ်သည်။ သူ့လို အကန့်အသတ်မရှိ အလားအလာရှိတဲ့ ပါရမီရှင်တစ်ယောက်ကို ကျောင်းက သူတောင်းစရာမလိုဘဲ စတင် ပျိုးထောင်လိမ့်မည်။

သူ့ရည်စားထွက်သွားရင် ဖန်ဝူဂျီလည်း နောက်က လိုက်ထွက်သွားလိမ့်မည်။ ဒါကြောင့် ချောင်ရှန်သည် ကျန်းလီကိုလည်း ကျောင်းမှာ ဆက်နေခိုင်းခဲ့ရသည်။

"ဖန်ဝူဂျီ စာမေးပွဲကို အခုအချိန်အထိ စောင့်နေရတဲ့ အကြောင်းက လျှိုမူဘိုင်နဲ့ပြိုင်ချင်လို့ မဟုတ်ဘူး၊ ကျန်းလီကို စောင့်နေလို့ပဲ"

ကူရှူပ်ရှင်း ဖော်ထုတ်လိုက်သည်။

"ပြီးခဲ့တဲ့ သုံးနှစ်အတွင်း ဖန်ဝူဂျီက ကျန်းလီကို အားတဲ့အချိန် လမ်းညွှန်ပေးနေခဲ့တယ်။ ဒါပေမယ့် ကျန်းလီက အကြံသမား။ ဖန်ဝူဂျီ မတိုင်ခင်ကလည်း ရည်စားအနည်းငယ်နဲ့ ဖြတ်သန်းဖူးသေးတယ်"

"ဘယ်လို ကောင်မလဲ"

ဆွန်းမိုပါးစပ်မှ လွှတ်ခနဲ ဆဲလိုက်သည်။

“ကျန်းလီက လယ်သမားမျိုးရိုးက လာပေမယ့် ကျင့်ကြံဖို့အတွက် မှော်ဆေးပြားတွေ မရှားဘူး။ ပြီးတော့ သူမရဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကလည်း သူမ ရည်စားက ပေးထားတာ”

ကူရှုပ်ရှင်းက သက်ပြင်းချရင်း ပြောလိုက်သည်။ ကျန်းလီရဲ့ ဂုဏ်သတင်းသည် စီနီယာများကြားတွင် နာမည်ဆိုးနဲ့ ကျော်ကြားသည်။ အမြင့်တက်ရန်အတွက် ယောကျ်ားတွေကို အသုံးချသည်။ ပိုကောင်းတဲ့

ယောက်ျားတစ်ယောက်ကို တွေ့တာနဲ့ လက်ရှိချစ်သူကို ကန်ထုတ်လိုက်သည်။

ကျန်းလီက အရမ်းလှသည်။ ကူရှုပ်ရှင်းရဲ့ အလှတရား မဖွံ့ဖြိုးခင်ကဆိုလျှင် ကျန်းလီက မရီဒန်အကယ်ဒမီမှာ အလှဆုံး မိန်းကလေး ဖြစ်သည်။ သူမကို လိုက်ပိုးပန်းတဲ့လူ အများကြီး ရှိသည်။

“ဖန်ဝူဂျီက ဒါကို မသိဘူးလား”

ဆွန်းမို ရုတ်တရုတ် အံ့အောသွားသည်။

“အင်း၊ ဖန်ဝူဂျီက ကျင့်ကြံခြင်းအပေါ်မှာဘဲ ခေါင်းမြှုပ်နေတဲ့ လူရိုးတစ်ယောက်ပဲ။ သူ့ဘဝက အိမ်၊

ကျောင်းနဲ့ ကန်တင်းမှာသာ ကျင်လည်ပြီး ဒီကောလဟာလတွေကို နားထောင်ဖို့အတွက် အချိန်မသုံးဘူး”

ကူရှုပ်ရှင်းလည်း ကူကယ်ရာမဲ့သလို ခံစားရသည်။

“ကျောင်းအုပ်ကြီး ချောင်ကရော၊ သူ့ကို စည်းရုံးဖို့ မကြိုးစားဘူးလား”

ဆွန်းမိုသည် ဒီဇာတ်လမ်းကို ကြားပြီး ငိုချင်သလို ဖြစ်လာသည်။ ဖန်ဝူဂျီ ဒီလိုမွှန်နေတာ ဘယ်လောက်ကြာပြီလဲ။

"သူလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဖန်ဝူဂျီက ဒေါသထွက်ပြီး မြတ်ဆရာတစ်ယောက်နဲ့တောင် ရန်ဖြစ်ခဲ့တယ်"

ကူရှုပ်ရှင်းလည်း ခံစားချက် ဖြစ်နေသည်။

"ချစ်မိသွားတဲ့ လူတစ်ယောက်ရဲ့ ဉာဏ်ရည်က ခွေးထက်တောင် ပိုဆိုးသေးတယ်"

ပတ်ဝန်းကျင်အငွေ့အသက်က အနေရခက်နေသည်။ ဖန်ဝူဂျီက ဘယ်လောက်ပဲ တောင်းဆိုနေပါစေ ကျန်းလီက ထပ်ခါတလဲလဲ

ငြင်းနေသဖြင့် ဒီပြဿနာ ဘယ်လောက်ကြီးလဲဆိုတာ ဖန်ဝူဂျီ သဘောပေါက်သွားသည်။

ဒါပေမယ့် သူ ဒေါသမထွက်ပါ။ အဲဒီအစားအံ့အောပြီး နာကျင်နေပုံရသည်။

"လီအာ၊ ဘာဖြစ်နေတာလဲ"

လူငယ်တစ်ယောက်က လမ်းလျှောက်လာပြီး ကျန်းလီကို ဖက်လိုက်သည်။

ကျန်းလီက ရုန်းကန်သော်လည်း မလွတ်မြောက်ပါ။ လူငယ် ဖက်ထားဖို့ဘဲ ခွင့်ပြုခဲ့ရသည်။

"မင်း ဘယ်သူလဲ"

ဖန်ဝူဂျီက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"သူမကို လွှတ်"

"ငါက သူမရဲ့လူ"

လူငယ်က ဟက်ဟက်ပက်ပက် ရယ်ပြီး ပြန်ပြောလိုက်သည်။ ဖန်ဝူဂျီကို ကြည့်တဲ့ အကြည့်တွေကလဲ သာလွန်မှုနဲ့ ပြည့်နေသည်။ (မင်းက ထိပ်တန်း အဆင့်တစ်ဆယ် ဝင်လည်း ဘာဖြစ်လဲ။ နောက်ဆုံးတော့ ကြာခို ခံရတာပဲ မဟုတ်လား)

"ကျန်းလီ၊ ဒါအမှန်လား"

ဖန်ဝူဂျီက မယုံကြည်နိုင်တဲ့ အကြည့်တွေနဲ့ ကျန်းလီကို ကြည့်လိုက်သည်။

"ဖန်ဝူဂျီ မင်းနဲ့ ငါ့ကြားမှာ ဘာပက်သက်မှုမှ မရှိဘူး။ မင်းမေးခွန်းကို ဖြေစရာမလိုဘူး"

ကျန်းလီသည် အဲဒီစကားပြောပြီးနောက် လူငယ်လေးကို စိုးရိမ်တကြီး ကြည့်လိုက်ပြီး

"ငါတို့ကြားမှာ ဘာမှမဖြစ်ခဲ့ဘူး။ သူက ငါ့ကို တစ်သက်လုံး တဖက်သတ် ကြိုက်နေတဲ့လူပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ငါသိတယ်”

လူငယ်က ကျန်းလီရဲ့ နားရွက်အနီးကို မျက်နှာကပ်ကာ ချစ်ခင်ရင်းနှီးတဲ့ အမူအရာ တမင်သက်သက် လုပ်ပြလိုက်သည်။

“ငါ မင်းကို ယုံတယ်”

စောင့်ကြည့်နေတဲ့လူတွေ ချက်ခြင်း မကျေမနပ် ဖြစ်ကုန်သည်။ ဒီလူငယ်က ဖန်ဝူဂျီကို တမင်သက်သက် အရှက်ခွဲမှန်း သိသာနေသည်။ (သူ့ကောင်မလေးကို လုယူပြီးပြီပဲ။ ဒါက လုပ်စရာ လိုလို့လား)

ကျန်းလီက ရုန်းကန်နေသော်လည်း ဟန်ပြသာ ဖြစ်နေသည်။ ဒီလူငယ်ကို မကျော်နိုင်မှန်း သိသာနေသည်။

"ကောင်းပြီ၊ ဒီစကားဝိုင်းကို မြန်မြန် အဆုံးသတ်လိုက်တော့။ အခမ်းအနားပြီးရင် ဂန်လင်ရဲ့ နာမည်ကြီးတဲ့ နေရာတွေကို လျှောက်သွားပြီး ပျော်ကြတာပေါ့"

လူငယ်က စကားပြောပြီးတာနဲ့ ကျန်းလီရဲ့ တင်ပါးကို ပုတ်ပြီး ထွက်သွားသည်။ သူ့ရဲ့ အမူအရာနှင့် အပြုအမူက ပိုင်စိုးပိုင်နက်

နိုင်လွန်းသည်။ ပြည့်တန်ဆာတွေနဲ့ မကြာခဏ ပျော်ပါးတတ်တယ်ဆိုတာ သိသာနေသည်။

"ဘာဖြစ်လို့လဲ"

ဖန်ဝူဂျီက မေးလိုက်သည်။

"အစ်ကို ဝူဂျီ၊ ငါ့အတွက်ကောင်းစေချင်ရင် ငါ့ကို လွတ်လပ်ခွင့် ပေးပါ"

ကျန်းလီက သနားစရာ ကောင်းတဲ့ အမူအရာ လုပ်ထားသည်။ သုံးနှစ်လောက်တွဲခဲ့လို့ ဖန်ဝူဂျီရဲ့ အားနည်းချက်ကို ကောင်းကောင်းသိသည်။ သူမ

သနားစရာကောင်းအောင် လုပ်လိုက်သ၍ သူ စွန့်လွှတ်ပေးမှာ သေချာသည်။

"ငါရုပ်ဆိုးလို့လား"

ဖန်ဝူဂျီ အသည်းကွဲသွားသည်။

ကျန်းလီ နှုတ်ဆိတ်နေသည်။ ဖန်ဝူဂျီက ရုပ်ဆိုးရုံသာမက အလားအလာမရှိလို့လည်း စိတ်ပျက်သည်။ ဒီလူငယ်က နွေဦးပန်း အကယ်ဒမီက ဒုကျောင်းအုပ်ကြီးရဲ့ မြေးဖြစ်သည်။ သူနဲ့သာ အတူတူနေမယ်ဆိုရင် 'ဘီ'အဆင့်ကျောင်းမှာ

သင်ကြားခွင့် ရလိမ့်မည်။ တစ်သက်လုံး ကြိုးစားရင်တောင် သူမ မလုပ်နိုင်တဲ့ အရာပါ။

ကူရှုပ်ရှင်း ဆက်သည်းမခံနိုင်တော့ဘဲ ရှေ့ထွက်လာသည်။

"ကျန်းလီ၊ အဲဒီလူငယ်က စောက်ကျင့် မကောင်းတဲ့လူဆိုတာ သိသာနေတယ်။ မင်းကို လက်ထပ်မှာ မဟုတ်ဘူး။ ကစားရုံပဲ။ ရှင်းအောင် ပြောရရင် အိပ်ရုံပဲ"

"ကူရှုပ်ရှင်း ငါက မင်းလို အရည်အချင်း မရှိဘူး။ မင်းက မင်းလိုချင်တာကို ကိုယ်ပိုင်အစွမ်းနဲ့ ရအောင်

လုပ်နိုင်တယ်။ ငါကတော့ တခြားလူတွေထက် ကောင်းမွန်တဲ့ ဘဝကို ရချင်ရင် တခြားလမ်းကြောင်းပဲ လျှောက်နိုင်တယ်”

ကူရှုပ်ရှင်း ပြောတာက အမှန်တရားပဲဆိုတာ ကျန်းလီ သိနေသည်။ ဒါပေမယ့် ဘာဖြစ်လဲ။ (နွေဦးပန်း အကယ်ဒမီကို ဝင်ချင်တဲ့ ရည်မှန်းချက် ပြည့်ရင်ရပြီ။ အဲဒီလူက လက်ထပ်ဖို့လား။ ကျေးဇူးပြုပြီး ကို့ကိုယ်ကို ကောင်းကောင်းသိပါတယ်။ ငါက အဲဒီလောက် မထိုက်တန်ဘူးဆိုတာ သိတယ်)

ကူရှုပ်ရှင်း ပြန်ပြောစရာ စကား မရှိ ဖြစ်နေသည်။

"အစ်ကို ဝူဂျီ မင်းက ရုပ်ဆိုးပေမယ့် အရမ်းကြင်နာတတ်တယ်။ မင်းနဲ့အတူတူရှိခဲ့တဲ့ ဒီသုံးနှစ်အတွင်းမှာ ငါ အရမ်းပျော်ခဲ့ရတယ်"

ကျန်းလီက အသံတိုးတိုးလေးနဲ့ ပြောပြီး သူမ ထိုင်ခုံရှိရာသို့ ဦးတည်ပြီး ထွက်ခွာသွားသည်။

သူမ ပြောခဲ့တာက အမှန်တွေပါ။ ဖန်ဝူဂျီက ကျန်းလီအပေါ်မှာ အရမ်းကြင်နာသည်။ ဒါပေမယ့် သူမကို ပိုကောင်းတဲ့ ဘဝတစ်ခု မပေးနိုင်တာက သနားစရာပါ။

ဖန်ဝူဂျီသည် ကျန်းလီကို လှမ်းဖမ်းထားချင်ပေမယ့် ဘာပြောရမလဲ မသိ ဖြစ်နေရှာသည်။ ဆောင့်ကြောင့်ထိုင်ချကာ ခေါင်းငုံ့ပြီး ငိုနေရှာသည်။

"ဆရာဖန်၊ အရင်ထလိုက်ပါ"

ဖန်ဝူဂျီရဲ့ မာနကို နှိုးဆော်ပေးချင်လို့ ကူရှုပ်ရှင်းက အခေါ်အဝေါ် ပြောင်းလိုက်သည်။

ဆွန်းမိုက နာကျင်မှုတပ်မက်သူလေးရဲ့ နောက်ထပ် အလင်းရောင်ကို မြင်လိုက်ရသည်။ ဒီမိန်းကလေးက နူးညံ့ သိမ်မွေ့သည်။ အခုအချိန်တွင်

သူမသည် ဖန်ဝူဂျီနှင့် တန်းတူရည်တူ ရှိနေလို့ 'ဆရာ' ဆက်ခေါ်စရာ မလိုတော့ပေ။

ဖန်ဝူဂျီ မလှုပ်ပါ။

"မင်း ငိုတာ ပြီးပြီလား"

ဆွန်းမိုက ကျော်တက်သွားပြီး ဖန်ဝူဂျီကို ဆွဲထူလိုက်သည်။

"မင်းလည်း မင်းဘဝမှာ ပျော်ပျော်နေစမ်းပါ။ သူမကလည်း ပွင့်လန်းသွားပြီ။ အခုအချိန်ကစပြီး မင်းက မင်းပဲ သူမကလည်း သူမပဲ ဖြစ်လိမ့်မယ်။ တစ်ယောက်နဲ့ တစ်ယောက် တွေ့ရမှာ မဟုတ်သလို

ဘာအကြွေးမှလဲ တင်မနေဘူး။ တစ်ယောက်နဲ့ တစ်ယောက် အကောင်းဆုံး မျှော်လင့်ပြီး ဂုဏ်ပြုပေးလိုက်စမ်းပါ”

ဆွန်းမိုက ဖန်ဝူဂျီ ထိုးနှက်ခံရပြီး ပြန်မထနိုင်မှာ စိုးရိမ်နေသည်။

ကူရှုပ်ရှင်းက ဆွန်းမိုဆီ ချက်ခြင်း ကြည့်လိုက်သည်။

“ဘာမှားလို့လဲ”

အဲဒီအကြည့်ကြောင့် ဆွန်းမို အနေရခက်သွားသည်။

"အရမ်းကောင်းတယ်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် မထွက်လာဘူး"

ဆွန်းမိုက ကိစ္စသေးသေးလေးတွေမှာလည်း တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် သုံးလိုက်မှာ တကယ်ကြောက်နေသည်။

ဆွန်းမိုက မျက်လုံးပြူးပြီး ဆက်စည်းရုံးသည်။

"လူတချို့အတွက် အချစ်ဆိုတာက နောက်ဆုံးအချိန်အထိ ဖက်တွယ်ထားဖို့ မဖြစ်နိုင်ဘူး။ လူတစ်ယောက် ဖြတ်သန်းခဲ့ရတဲ့ ဘဝ အစိတ်အပိုင်းလေး တစ်ခုပဲ။ ဖြတ်ကျော်ပြီးသွားရင်

နောက်ပြန် မလှည့်နဲ့ ပြန်မတွေးနဲ့။ အတိတ်မှာပဲ ထားခဲ့လိုက်”

အနီးအနားမှာရှိတဲ့ မြတ်ဆရာတွေက အသက်နှစ်ဆယ်ကျော် လူငယ်လေးတွေပါ။ ဆွန်းမို စကားကို ကြားလိုက်လျှင် မျက်လုံး အရောင်တောက်လာပြီး အတွေးနက်သွားကြသည်။

တချို့ကလည်း အရင်က အချစ်ရဲ့ အရသာခံစားဖူးပြီး နှင်းဆီအပင်တွေရဲ့ ဆူးတွေလို အဆူးတွေကြောင့် နာကျင်ခဲ့ရပြီး အခုအချိန်အထိ

လက်မလွှတ်နိုင်ကြသေးပါ။ ဒီစကားကို ကြားပြီး လက်ခံတဲ့ အမူအရာ ထုတ်ပြကြသည်။

"ဒါအမှန်ပဲ။ လွှတ်ချဖို့ အချိန်ရောက်လာပြီ"

လူတော်တော်များများကတော့ အပြုံးမပျက်ကြပေ။

"ဒါဆိုရင် မင်းအချစ်က ဘာလဲ"

ဖန်ဝူဂျီက ဆွန်းမိုကိုလေးနက်စွာ ကြည့်ပြီး မေးလိုက်သည်။

ဆွန်းမို မတွေးဘဲ ပြောလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"လူတစ်ယောက်ရဲ့ နှလုံးသားကို တောင့်တပြီး ငါတို့သေလို့ ခွဲရတဲ့ အချိန်အထိ အတူတူရှိချင်တယ်"

ဆွန်းမို၏ အတွင်းပိုင်း၌ ပြီးပြည့်စုံတဲ့ အချစ်ကို တောင်းတနေသည်။ လူတစ်ယောက်ကို ချစ်မိပါကလည်း တစ်သက်လုံး အတူတူဖြတ်သန်းပြီး အိုတဲ့ အချိန်အထိ အတူတူ ကြီးပြင်းသွားချင်သည်။

ဝူရှ်

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် ထွက်လာသည်။

တောက်ပတဲ့ ရွှေရောင်အလင်းတန်းများ ပတ်ဝန်းကျင် တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလင်းတန်း ဝန်းရံ ခံလိုက်ရတဲ့ ယောကျ်ားလေတေွ၊ မိန်းမပျိုလေးတွေသည် ရှုပ်ထွေးတဲ့ ခံစားချက်များ ရုတ်တရတ် ပေါ်လာသည်။ ဒီကမ္ဘာကြီးမှာ ရည်းစားမထားချင်တဲ့ လူရှိလို့လား။

သူတို့ကို နားလည်ပေးပါ။ သူတို့ အကြောင်းကို သိပါ။ သူတို့ကို ချစ်ပေးပါ။

"ဒီစကားတွေက တကယ်ကောင်းတာပဲ"

"ဆရာဆွန်းမှာ ဒဿန ဆန်တဲ့ အတွေးအခေါ် ရှိတယ်"

"ဘာလုပ်ရမလဲ။ ငါ သူ့ကို ချစ်မိသွားပြီ"

မိန်းမပျိုလေးများက ဆွန်းမိုကို စွဲလမ်းတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။ ကြည့်ကောင်းတယ်၊ နူးညံ့တယ်၊ အရည်အချင်းရှိတဲ့ ဒီလူငယ်လေးက သူမတို့ရဲ့ အိပ်မက် ချစ်သူပါ။

သိပ်မကြာခင် မနာလို ဖြစ်သွားကြသည်။ ဆွန်းမိုရဲ့ အကြည့်တွေက ကူရှုပ်ရှင်းဆီ ရောက်နေသည်။

"အင်း၊ ငါ့ဘဝရဲ့ ကံကြမ္မာပိုင်ရှင် မိန်းကလေးကို ဘယ်အချိန်မှာ တွေ့နိုင်မှာလဲလို့ တွေးမိတယ်"

ဆွန်းမိုက ဒီအကြောင်းကို ပြောရင်း မသိစိတ်က ကူရှုပ်ရှင်းကို အလိုလို ကြည့်လိုက်မိသည်။

"အမ်၊ ဘာဖြစ်လို့ ငါ့ကို ကြည့်နေတာလဲ"

ကူရှုပ်ရှင်းသည် ဆွန်းမိုက သူမကို ကြည့်နေတာ မြင်လိုက်လျှင် ဟက်ထိသွားသည်။ သူမ ကြောင်သွားပြီး စိုးရိမ်လာသည်။ (ဆွန်းမိုက ငါ့အပေါ် ခံစားချက် ရှိနေတာလား)

နာကျင်မှု တပ်မက်သူလေးရဲ့ပါး ရုတ်တရတ် နီမြန်းလာသည်။ ပို၍ပင် လှလာသည်။

"သူ့ကို လက်ထပ်"

"သူ့ကို လက်ထပ်"

"သူ့ကို လက်ထပ်"

စိတ်လှုပ်ရှားနေတဲ့ လူငယ်တချို့သည် ဒီမြင်ကွင်းကို မြင်ပြီး စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြသည်။

မြွတ်ဆရာ ချန်ဝေ ဦးဆောင်လာတဲ့ မြွတ်ဆရာအဖွဲ့သည် ခန်းမထဲသို့ ဝင်လိုက်တာနဲ့ ဒီမြင်ကွင်းကို မြင်လိုက်ရသည်။ ရွှေရောင် အလင်းတန်းများက သူတို့ ကိုယ်ပေါ် ကျရောက်လာသည်။

"ဒီကောင်က ချစ်တတ်တဲ့လူတစ်ယောက် ဖြစ်နေမယ်လို့ မထင်ထားခဲ့မိဘူး"

ဝူပိုင်လင်က ကျီစားလိုက်သည်။ ဒါပေမယ့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ပေးစွမ်းတဲ့ ခံစားချက်သည် ဝိုင်ကောင်းကောင်း သောက်ပြီးနောက် ယစ်မူးနေသလို ဖြစ်နေသည်။ မဆိုးပေ။

အခန်း(၄၇၀) - ဘွဲ့ပေးပွဲ အခမ်းအနား။ ဘဝရဲ့အထွင့်အထိပ်။

"အမ်"

'သူ့ကို လက်ထပ်' ဆိုတဲ့ အော်သံကို ကြားပြီး ဆွန်းမို အနေရခက်သွားသည်။ အထူးသဖြင့် ကူရှုပ်ရှင်းက သူ့ကို စိုက်ကြည့်နေတဲ့ အချိန်ဖြစ်သည်။ သူမရဲ့ အကြည့်တွေထဲမှာ ဆွဲဆောင်မှုတွေပါနေသဖြင့် အရမ်း ထိတ်လန့်သွားသည်။

တစ်ကိုယ်တည်းသမားအဖြစ် နေခဲ့တာ တော်တော်ကြာနေလို့ ဘယ်မိန်းကလေးကိုမှ မလိုက်ချင်တော့ပါ။

ဆွန်းမို ငယ်ငယ်တုန်းက ဗဟို ၆ ရုပ်ရှင်ရုံမှာ ပြင်သစ်ရုပ်ရှင်တစ်ခုကို ကြည့်ခဲ့ဖူးသည်။ ရုပ်ရှင်ထဲမှာ "မင်းအသက်အရွယ်မှာဆိုရင် ငါက ပေါက်စီတွေ တော်တော်များများ စားပြီးပြီ" ဆိုတဲ့ စကားတစ်ခွန်းပါခဲ့သည်။

ဆွန်းမိုကတော့ ဒီစကားရဲ့ အဓိပ္ပါယ်ကို အသက်သုံးဆယ် ဝန်းကျင်မှပဲ နားလည်ခဲ့သည်။ ပြောရရင်တော့ တော်တော်လေး ကြေကွဲဖို့ ကောင်းသည်။ ဒါကြောင့်လည်း ငယ်တုန်းက

လွတ်သွားတဲ့ အခွင့်အရေးတွေကို ပြန်မတမ်းတချင်တော့ပါ။

ဒါပေမယ့် ဒီအခိုက်အတန့်မှာတော့ တော်တော်လေး လန့်ဖြန့်သွားသည်။ ကူရှုပ်ရှင်း အပေါ်မှာ ကောင်းမွန်တဲ့ ခံစားချက်တချို့ ရှိပေမယ့် ချစ်တော့ မချစ်ပါ။ ဒါ့အပြင် သူ့မှာ စေ့စပ်ထားတာရှိပြီး ကူရှုပ်ရှင်းကို လက်ထပ်ခွင့် တောင်းဖို့ လုံးဝမဖြစ်နိုင်ပါ။

အခုအချိန် စကားအကြောင်းအရာ တိုက်ရိုက်ပြောင်းလိုက်ရင် ကြည့်နေတဲ့လူတွေ

အများကြီး ရှိနေသဖြင့် ကူရှုပ်ရှင်း ထိခိုက်သွားလိမ့်မည်။ လူတွေရဲ့ အမြင်မှာလည်း သူနဲ့ ကူရှုပ်ရှင်းက အတွဲလို့ မြင်နေကြသည်။

ဆွန်းမိုက ဒီအကျပ်အတည်းအား ဖြေရှင်းဖို့ ဦးနှောက်ကို ဖျစ်ညှစ်ပြီး စဉ်းစားနေတဲ့ အချိန်တွင် ကူရှုပ်ရှင်း ရုတ်တရက် တုန့်ပြန်လာသည်။ တကယ် လုပ်ခဲ့သည်။

ဆွန်းမိုဗိုက်ဆီ လက်သီး တစ်ချက် ရောက်လာသည်။

"ငါက မင်းကို သူငယ်ချင်းလို ဆက်ဆံပေမယ့် ၊ မင်းက ငါနဲ့ အိပ်ဖို့ စဉ်းစားနေတာလား"

ဒီစကားကို ဆွန်းမို တစ်ချိန်က ပြောခဲ့ဖူးသည်။ အခုအချိန်မှာ သူမဆီက ပြန်ထွက်လာသည်။

အနီးအနားမှာရှိတဲ့ မြွတ်ဆရာတွေ ကြောင်သွားသည်။ အဲဒီနောက်မှာ သူတို့ အော်ဟစ်ပြီး ရယ်မောကြတော့သည်။ ဒီစကားက တကယ်ကို ဟာသ မြောက်လွန်းသည်။ ထို့နောက် လက်ခုပ် တီးလိုက်ကြသည်။

သူတို့နှစ်ယောက်ကြား ဆက်ဆံရေးက သူငယ်ချင်းထက်ပိုပေမယ့် ချစ်သူအဆင့်မရောက်သေးဘူးဆိုတာ အားလုံးပြောနိုင်သည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက သူမကို ကျေးဇူးတင်လိုက်သည်။

"ဟွန့်၊ အနှိပ် ဆယ်ကြိမ် မဟုတ်သေးဘူး ဒီကိစ္စက မပြီးသေးဘူး"

ကူရှုပ်ရှင်းက ဒေါ်သ ထွက်ချင်ယောင်ဆောင်လိုက်သည်။ အစောပိုင်းက ဆွန်းမိုက သူမကို

တကယ် ပရိုပိုစ့် လုပ်ဖို့ မျှော်လင့်မိသလို ဖြစ်သွားသည်။

"ဆရာဆွန်း၊ ကျေးဇူးတင်ပါတယ်"

ဖန်ဝူဂျီက ကို့ကိုယ်ကို လှောင်ပြောင်ပြီး ရယ်မောလိုက်သည်။

"ငါ မင်းကို ဟာသတစ်ခု ကြည့်ခိုင်းသလို ဖြစ်သွားပြီ"

"ဒါက ဘာမှမဖြစ်ပါဘူး။ လူတွေက အမြဲတမ်းရပ်ပြီး ကောင်းကင်ကြီးကို ပုခုံးအပေါ်မှာ ထမ်းထားရတယ်။ ဒါကြောင့် ငါတို့မှာ ပင်ပန်းတယ်လို့

ခံစားရတဲ့ အချိန်ရှိမှာပဲ။ နောက်ကြရင် မင်းပင်ပန်းတဲ့အခါ သောက်ဖို့ ငါ့ကို လာရှာနိုင်တယ်”

ဆွန်းမိုက ရယ်ပြီး ဖန်ဝူဂျီရင်ဘက်ကို လက်သီးခပ်ဖွဖွ ထိုးလိုက်သည်။

ဒီအခိုက်အတန့်မှာ ဆွန်းမိုက ဖန်ဝူဂျီကို အက်အေတစ်ယောက်အနေနဲ့ ကိုယ်ချင်းစာမိသည်။

“ဘာမှ မရှိတော့ရင် မင်းတို့ရဲ့ နေရာကို ပြန်သွားကြပါ”

မိနစ် အနည်းငယ်ကြာတော့ တန်နင် လမ်းလျှောက်လာသည်။ ဒီကိစ္စ အဆုံးသတ်သွားတာ မြင်တော့

"ဆရာဆွန်း၊ အောင်လက်မှတ် အကုန်ပေးပြီးသွားရင် ဒီအသုတ်ရဲ့ ကြယ်တစ်ပွင့် မြတ်ဆရာတွေ ကိုယ်စား မိန့်ခွန်း ပြောပါ။ အဲဒီအတွက် မင်းကိုယ်မင်း ပြင်ထားအုံး"

တန်နင်က ထုံးစံအတိုင်း ဆွန်းမိုကို ငြင်းဖို့ အခွင့်အရေး မပေးခဲ့ပါ။ စကားပြောပြီးတာနဲ့ တန်းထွက်သွားသည်။

ဖောက်

ကူရှုပ်ရှင်း လက်မြှောက်ပြီး ဆွန်းမို ရင်ဘက်ကို နောက်တစ်ကြိမ် ထပ်ထိုးလိုက်သည်။

"ဘာလုပ်တာလဲ"

ဆွန်းမိုက ဗိုက်ကို ပွတ်ရင်း ပြန်မေးသည်။ မျက်နှာက အူကြောင်ကြောင် ဖြစ်နေသည်။

"မင်းက အထင်ကြီးဖို့ကောင်းအောင် နောက်တစ်ကြိမ် ထပ်ပြောပြန်ပြီ။ နည်းနည်းလေးတောင် မနာလို ဖြစ်လို့မရဘူးလား"

ကူရှူပ်ရှင်းက ဆွန်းမိုကို သိချင်တဲ့စိတ်နဲ့ စိုက်ကြည့်လိုက်သည်။

“မင်းဦးနှောက်ကို ဖွင့်ကြည့်ချင်လာပြီ။ စိတ်လှုပ်ရှားဖို့ ကောင်းတဲ့ စကားတွေကို ဘာဖြစ်လို့ အများကြီး ပြောနိုင်ရတာလဲ”

“ဒီအတွက်တော့ အဖြေမရှိဘူး။ ငါက နှလုံးသားအဟာရ အများကြီး ဖတ်ထားတယ်”

ဆွန်းမို ပုခုံးတွန့်လိုက်သည်။

မနီးမဝေးမှာရှိတဲ့ ဂူချင်ယန်နှင့် လျိုမူဘိုင်တို့ နှစ်ယောက်စလုံး ဒီမြင်ကွင်းကို မြင်နေရသည်။

ဂူချင်ယန်က နှုတ်ဆိတ်နေပြီး လျှိုမူဘိုင်က မဲ့နေသည်။ ဖန်ဝူဂျီ တကယ်တုံးတယ်လို့လည်း ထင်နေသည်။

တန်နင်၏ လမ်းညွှန်မှုအောက်တွင် မြွတ်ဆရာများ တန်းစီနေကြသည်။

ဆွန်းမိုက အရှေ့ဆုံးတန်းမှာ ရပ်နေပြီး သူ့နောက်မှာ ဂျီရှားသင်ကြားရေးနန်တော်က မိန်းမလှလေး တုန်တုန်ဆိုတဲ့ မိန်းကလေး ရှိသည်။

ဒါပေမယ့် ဆွန်းမိုကတော့ စိတ်မဝင်စားပါ။ အဲဒီအစား နဖူးမှာ မွေးရာပါအမှတ်ပါတဲ့ ဆွန်းရှီကို

ရှာလိုက်သည်။ ဆွန်းရှီ ရလဒ်တွေ မဆိုးဘူးကြားပေမယ့် ဘာဖြစ်လို့ သူ့ကို မတွေ့ရတာလဲ။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် ၁,၂၀၁ မှတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ကြေးရောင် ရတနာသေတ္တာ တစ်လုံး"

ဒင်

"တထိုင်ထဲမှာ မြတ်ဆရာ ၂၀၀ ကျော်ဆီက လေးစားအထင်ကြီးမှုအမှတ် ရလိုက်သဖြင့်

ဂုဏ်ပြုပါတယ်။ ဆုလဒ် - ကြေးရောင် ရတနာသေတ္တာ တစ်လုံး”

စနစ်က ဆွန်းမိုကို ဂုဏ်ပြုနေသည်။

အခမ်းအနား စင်မြင့်ပေါ်တွင် ချန်ဝေက သူတော်စင်ဂိတ် ကိုယ်စား မိန့်ခွန်း ပြောနေသည်။

သူက သူတော်စင်ဂိတ်ရဲ့ သမိုင်းကြောင်းကို အရင်ဆုံး မိတ်ဆက်သည်။ ထင်မှတ်ထားသလိုပဲ ဘယ်ခေတ်ပဲ ဖြစ်ဖြစ် ခေါင်းဆောင်များ၏ မိန့်ခွန်းများသည် ရှည်လျားပြီး ပျင်းဖို့ တော်တော် ကောင်းသည်။ စကားပြောကောင်းတဲ့

ခေါင်းဆောင်တွေကလွဲလျှင် ကျန်တဲ့လူတွေကတော့ တော်တော်လေး စိတ်ဒုက္ခ ပေးသည်။

“နောက်ထပ် အစီအစဉ်ကတော့ ကြယ်တစ်ပွင့် မြတ်ဆရာ အောင်လက်မှတ်တွေကို စပေးပါ့မယ်။ နာမည်ခေါ်တဲ့ လူတွေက စင်ပေါ် တက်လာပေးပါ”

ချန်ဝေက စကားပြောပြီးတာနဲ့ ဘေးမှာ ရပ်လိုက်သည်။

ချန်ဝေ၊ မိုင်ရာဇီနှင့် ကျန်တဲ့ ကြယ် ၆ ပွင့်မြတ်ဆရာများသည်။ အောင်လက်မှတ်များ၊

ပေးဆောင်ခြင်း ၊ နာမည်ခေါ်ခြင်း စတဲ့ အသေးအဖွဲ့ ကိစ္စများကို တန်နင်ဆီ လွှဲပေးထားသည်။

"ဆွန်းမို ၊ ကျေးဇူးပြုပြီး စင်ပေါ်တက်လာပေးပါ"

တန်နင် စကားဆုံးသွားတာနဲ့ လက်ခုပ်သံများပေါ်လာသည်။

အဆင့်တစ် ရတဲ့လူက ပထမဆုံး စင်ပေါ်တက်ရမည်။ ဆွန်းမိုတစ်ယောက်တည်းသာရတဲ့ ဂုဏ်ကျက်သရေ ဖြစ်သည်။

"ဆရာဆွန်း၊ ဂုဏ်ပြုပါတယ်"

ချန်ဝေက ရွှေအနားကွပ်ထားတဲ့ အောင်လက်မှတ်ကို လက်နှစ်ဖက်နဲ့ ဆွန်းမိုဆီ ပေးလိုက်သည်။ အဲဒီနောက် မြွတ်ဆရာတစ်ယောက်က ဗန်းတစ်ခုကို ယူလာပြီး လေးထောင့်ပုံစံ တံဆိပ်တစ်ခုကို ဆွန်းမိုဆီ ပေးလိုက်သည်။

လက်မှတ်က အရမ်းကြီးတော့ သယ်ရတာ အဆင်မပြေပါ။ ဒါပေမယ့် ကြေးနီဖြင့် ပြုလုပ်ထားတဲ့ ဒီတံဆိပ်ကတော့ စတုရန်းပုံဖြစ်ပြီး မာဂျောင် အုတ်ချပ် အရွယ်လောက်ပဲရှိသည်။ အရမ်းပါးလွှာပြီး

အိတ်ထဲ ထည့်ထားနိုင်သလို ဒါမှမဟုတ် ခါးမှာ ချိတ်ဆွဲထားလို့ ရသည်။

အလယ်ကမ္ဘာမှာရှိတဲ့ အရာရှိများနှင့် စာသင်သားများသည် သူတို့ ကိုယ်ပေါ်တွင် ကျောင်းတံဆိပ်တုံး တပ်ဆင်ရတာ သဘောကျကြသည်။ မြတ်ဆရာများကတော့ တံဆိပ်တုံးများ ဝတ်ဆင်ကြသည်။ ဓလေ့ ထုံးစံတစ်ခုလို သတ်မှတ်ထား ကြသည်။

"မင်းအနေနဲ့ ရွှေတံဆိပ်ကို အမြန်ဆုံးရဖို့ မျှော်လင့်ပါတယ်"

မိုင်ရာဇီက ဆွန်းမိုကို အားပေးလိုက်သည်။

မြတ်ဆရာများ၏ အဆင့်တစ်ခုစီတိုင်းမှာ တံဆိပ်တွေက ကွဲပြားသည်။ ကြယ်တစ်ပွင့်နှင့် ကြယ် ၂ ပွင့် မြတ်ဆရာတွေအတွက် ကြေးတံဆိပ်၊ ကြယ် ၃ ပွင့်က ရွှေ၊

ကြယ် ၅ ပွင့် ၊ ၆ ပွင့် ကိုတော့ ကျောက်စိမ်းနဲ့ ပြုလုပ်ထားသည်။

ကြယ် ၆ ပွင့် အထက် မြတ်ဆရာများကိုတော့ သတ္တုရိုင်းနဲ့ ပြုလုပ်ပေးသည်။

အမှောင်တိုက်ကြီးကရရှိတဲ့ သတ္တုဖြစ်ပြီး မှော်ဆန်တဲ့ အကျိုးသက်ရောက်မှု ရှိသည်။

ဒါပမယ့်လည်း ဒါက သေးငယ်တဲ့ ကြေးနီတံဆိပ် တစ်ခုဖြစ်သော်လည်း အသံအမျိုးအစား ဝိညာဉ်တက်တူး ရေးထိုးထားသည်။ တစ်ယောက်ယောက်က ဝိညာဉ်ချီ ထည့်သွင်းလိုက်တာနဲ့ သူ့အသံက ဆယ်ဆမက ကျယ်လောင်လာလိမ့်မည်။

တစ်ချိန်တည်းမှာပဲ မြတ်ဆရာတံဆိပ်ပေါ်မှာ 'ခံယူချက်' အရှိန်အဝါ အာနိသင် ရှိနေသည်။

ဒါက မြတ်ဆရာများကို အချိန်တိုင်းတွင် ခံယူချက် မြင့်မားတဲ့ အခြေအနေမှာ ထိန်းသိမ်း ပေးထားပြီး သင်ယူမှု စွမ်းရည်ကို မြင့်တင်ပေးသည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက အနည်းငယ် ဦးညွှတ်လိုက်သည်။

အဲဒီနောက် စင်ပေါ်မှဆင်းလာသည်။ နောက်ထပ် မြတ်ဆရာများရဲ့ နာမည်အော်ခေါ်လိုက်သည်။

"တုန်တုန်၊ မိုဖေး၊ ကျန်းလန်။ လျိုမူဘိုင်............"

တန်နင်က နာမည်ကို ဖတ်ပြသည်။ စုစုပေါင်း ကိုးယောက် ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂူချင်ယန်ရဲ့ နာမည်ကို မကြားလိုက်ရတဲ့ စင်အောက်က လူတွေ သတိလက်လွတ်အော်ဟစ်လိုက်ကြသည်။ ဒါပေမယ့် အကြောင်းအရင်းကို သိထားသဖြင့် မကြာခင် ပါးစပ် ပိတ်သွားသည်။

ဂူချင်ယန်ရဲ့ လက်တွေ့ဟောပြောချိန်သည် ဆွန်းမိုနဲ့သာ မတူခဲ့ပါက ဒုတိယ နေရာ မဟုတ်ရင်တောင် တတိယနေရာ ရှိနေမည်။

နာမည်ကို ဆက်တိုက် ဖတ်နေပေမယ့် နောက်ဆုံးအချိန်အထိ ဆွန်းရှီရဲ့ နာမည်ကို မကြားခဲ့ရပါ။ ဒါက သူ့ကို အရမ်းအံ့အောသွားစေသည်။

ဒါက မဖြစ်သင့်ဘူး မဟုတ်လား။ ဆွန်းရှီ ဖျားနေလို့လား။ ဒီလိုမဟုတ်ရင် အလှည့်အပြောင်း တစ်ခုခု ဖြစ်သွားလို့လား။ ဒါပေမယ့် ကြယ် ၆ ပွင့် မြတ်ဆရာ ၇ ယောက်စလုံး ဖယ်ထုတ်သွားချင်လောက်အောင် မိုက်မဲမယ်လို့ သူ မထင်ပါ။

"နောက်ထပ် အစီအစဉ်ကတော့ ဒီစာမေးပွဲရဲ့ ထိပ်ဆုံး အဆင့်ရတဲ့ ဆွန်းမိုက ဒီအသုတ်ကို ကိုယ်စားပြုပြီး မိန့်ခွန်း ပြောပါမယ်"

ချန်ဝေက ကြေငြာပြီး လက်ခုပ်တီးလိုက်သည်။

ဆွန်းမိုက သူ့အတွေးကို ရုတ်သိမ်းပြီး စင်ပေါ်တက်သွားသည်။ အဲဒီနောက် မြတ်ဆရာ တံဆိပ်ကို ကိုင်ပြီး ဝိညာဉ်ချီ ထည့်သွင်းလိုက်သည်။

အဟန့်

ဆွန်းမို ချောင်းတစ်ချက် ဟန့်လိုက်သည်။ အသံက ချက်ခြင်း ကျယ်လောင်လာပြီး နေရာအနှံ့ ပျံ့နှံ့သွားသည်။

ဘယ်သူမှ မရယ်ကြပါ။ မြတ်ဆရာ ၆၀၀ ကျော်သည် ဆွန်းမို ပြောမယ့်စကားကို စိတ်ဝင်တစား စောင့်ကြည့်နေသည်။ ဘာလိုပဲပြောပြော

အနှစ်တစ်ရာ စံချိန်ကို ချိုးဖြတ်ခဲ့တဲ့ ပါရမီရှင် တစ်ယောက်ပါ။

"အားလုံးပဲ ကျွန်တော် ပြောချင်တာက ပျော်စရာကောင်းတဲ့ အခိုက်အတန့်မှာ အားလုံးကို မေ့ပြီး ပျော်လိုက်ပါ။ ဒီလို အောင်ပွဲရတဲ့ အခိုက်အတန့်မှာ ဘဝရဲ့ အောင်မြင်သူ ဖြစ်လာတဲ့အချိန်ကို အစွမ်းကုန် ခံစားလိုက်ပါ။ နောက်ဆုံးအနေနဲ့ကတော့ မင်းတို့ရဲ့ မူလစိတ်ကို မမေ့ပါနဲ့။ အမြဲတမ်း စိတ်တည်ငြိမ်အောင်ထားပြီး ဆက်ကြိုးစားကြပါ"

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပြောပြီးတာနဲ့ စင်ပေါ်က ဆင်းသွားသည်။

ချန်ဝေနဲ့ အဓိက ဇာတ်ကောင်များသည် အံ့အောသင့်နေကြသည်။ စင်အောက်မှာ ရှိတဲ့ လူတွေလည်း အံ့အောသင့်နေကြသည်။ ဒါပဲလား။ ရိုးရှင်းလိုက်တာ။

ဒါပေမယ့် နောက်ပိုင်းမှာတော့ အားလုံး သဘောပေါက်သွားသည်။

ဆွန်းမိုရဲ့ မိန့်ခွန်းသည် တိုတောင်းပြီး ဆယ်စက္ကန့်တောင် မကြာလိုက်ပေ။ ဒါ့အပြင် သူ့စကားက ကျက်သရေ ရှိလာသည်။

ဖြောင်း ဖြောင်း ဖြောင်း

လက်ခုပ်သံများ ပေါ်လာသည်။

"ဆရာဆွန်းရဲ့ စွဲမက်ဖို့ကောင်းတဲ့ အပြုအမူက မဆိုးဘူး"

"ဟုတ်တယ်။ သူ့နေရာမှာ ငါသာဆိုရင် အရည်အချင်းပြသဖို့ မိန့်ခွန်း အရှည်ကြီး ပြောမိမှာသေချာတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အံ့ဖွယ် အနှစ်သာရကို ထိန်းသိမ်းထားပြီး မိန့်ခွန်းကို ရှင်းလင်းအောင် လုပ်နိုင်တာလဲ အရည်းအချင်း တစ်မျိုးပဲ၊ ငါတော့ သဘောကျတယ်”

မြတ်ဆရာများ ဆွေးနွေးနေကြသည်။ အရှုးမဟုတ်သ၍ ဆွန်းမိုရဲ့ ပေါ့ပါးတဲ့ အပြုအမူတိုင်းတွင် ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ ကျက်သရေ နှင့် တည်ငြိမ်မှုကို မြင်တွေ့နိုင်သည်။

ဒီနေရာမှာ ရပ်လိုက်ရုံနဲ့ လူများက သတိမထားမိဘဲ အလိုလို အာရုံစိုက်လာမိမည်။

သူပြောသမျှ စကားတိုင်းကို အလိုလို ယုံကြည်လာလိမ့်မည်။

“အရမ်းကို အံ့အောဖို့ကောင်းတဲ့ စွမ်းဆောင်ရည်တစ်ခု”

ဝူပိုင်လင်က ချီးကျူး စကားပြောလိုက်သည်။

ဒင်

ဝူပိုင်လင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၆၀/၁,၀၀၀)

ချန်ဝေက ပြုံးပြီး မလှမ်းမကမ်းမှာ ရပ်နေတဲ့ သူ့သားကို ကြည့်လိုက်သည်။

ချန်ဇီတုန်သည် လက်ခုပ်တီးနေသော်လည်း မကျေမနပ်ဖြစ်ပြီး မျက်မှောင် ကြုတ်နေသည်။ ဒီဆွန်းမိုက ဒီလောက် ထူးချွန်မယ်လို့ မထင်ထားခဲ့မိပါ။

"ဗဟိုပြည်နယ်ရဲ့ အရင်ကျောင်းအုပ်ကြီးက အန်ရှီဝေနဲ့ လက်ထပ်စေချင်တာ မထူးဆန်းတော့ဘူး။ ဒါပေမယ့် ဆွန်းမိုလို လူတစ်ယောက် ဆွန်လျောင် အကယ်ဒမီကို ဘာကြောင့် တက်ခဲ့တာလဲ"

ချန်ဇီတုန် ဒါကို နားမလည်နိုင် ဖြစ်နေသည်။ ဆွန်းမိုရဲ့ မူလဇစ်မြစ်ကို စုံစမ်းခဲ့သည်

သူ့အဆင့်အတန်းနဲ့ ဆိုရင် လိုချင်တဲ့ ကျောင်းကို သွားနိုင်သည်။

ဆွန်းမိုက သူ့နေရာကို အေးအေးဆေးဆေး ပြန်လာခဲ့သည်။ မျက်နှာသာပေးခြင်း ဒါမှမဟုတ် အရှက်ခွဲခြင်းများ မလုပ်ခဲ့ပါ။ အာရုံ ပျံ့လွင့်နေသည်။

"ဒီအခိုက်အတန့်က ငါ့ဘဝရဲ့ အထွဋ်အထိပ် ဖြစ်နိုင်တယ် မလား။ ကံတက်နေနိုင်တယ်"

ဆွန်းမိုက တိုးတိုးလေး ရေရွတ်ပြီး ရတနာသေတ္တာကို စဖွင့်လိုက်သည်။ အခုအချိန်

ဖွင့်လိုက်ပါက ကောင်းတဲ့အရာတစ်ခုခုကို သေချာပေါက် ရမယ်လို့ ခံစားမိနေသည်။

"စနစ်ရေ၊ ငါ့ရဲ့ ကံကို စမ်းဖို့ ကြေးသေတ္တာကို အရင်ဖွင့်ကြည့်လိုက်ရအောင်"

အလင်းရောင် ပျောက်သွားပြီးနောက် စွမ်းရည် စာအုပ် တစ်အုပ် ကျန်ခဲ့သည်။

ဆွန်းမို မျက်လုံး အရောင်တောက်လာသည်။

ဒင်

"စွမ်းရည် စာအုပ်တစ်အုပ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ အမှောင်တိုက်ကြီးက ကြီးမြတ်တဲ့

အပင် စွယ်စုံကျမ်း တစ်စိတ်တစ်ပိုင်း - အပင်အမျိုးအစား တစ်ထောင်၊ ကျွမ်းကျင်မှုအဆင့် - ကျွမ်းကျင်"

စနစ်က သူ့ကို ချီးကျူးပေမယ့် အသံက စက်နဲ့တူနေပြီး ခံစားချက် မရှိပေ။

"ထပ်ဖွင့်မယ်"

ဆွန်းမို ဆက်ပြောလိုက်သည်။

ငွေရောင် ရတနာသေတ္တာ ပွင့်သွားသည်။ အဲဒီနောက် အစိမ်းရောင် အလင်းတောက်ပလာပြီး မျက်စိ ကန်းမတတ် ဖြစ်သွားသည်။

ဒင်

“ဆယ်နှစ်စာ အချိန်တံဆိပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။”

ဆန်းမို လေချွန်ချင်လာသည်။ မျှော်လင့်ထားသလိုပဲ။ သူ့ရဲ့ ကံတရားက ဒီနေ့ ဇယားကွက်ကို ကျော်လွန်နေပြီ (ဒါဆိုလည်း ထပ်ဖွင့်လိုက်ရအောင်)

တစ်ခုခု ရချင်သေးလို့ နောက်ဆုံး ငွေသေတ္တာကို ဖွင့်လိုက်သည်။

ဒင်

"အနက်ရောင် မြေကြီးခဲကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"…………"

ဆွန်းမို နှလုံးသား ကြေကွဲသွားပြီး မိုက်ရိုင်းတဲ့ စကားလုံးများ ကျိန်ဆဲနေသည်။ သူ့အရှေ့မှာရှိတဲ့ အနက်ရောင်မြေကြီးခဲက တောင်ငယ်လေး တစ်ခုစာ ရှိနေပြီ။ ဘယ်မှာ သွားသုံးမှာလဲ။

"ဒါနဲ့ သိပ်မကြာခင်က အောင်ပွဲ ခံနေပြီး အခုကျိန်ဆဲနေပြန်ပြီ။ မင်းတို့လူသားတွေက အမျိုးမျိုးပဲ"

စနစ်က ကျီစားလိုက်သည်။

"လူယုတ်မာ"

ဆွန်းမိုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

မိုင်ဇီယူက ထောင့်တစ်နေရာကနေ လက်ခုပ်တီးပြီး ဆွန်းမိုကို အားကျကာ တိတ်တဆိတ်ငေးကြည့်နေသည်။ သူမက အဲဒီလို ပါရမီရှင်မျိုးနဲ့ ယှဉ်ပြိုင်ချင်သော်လည်း ခန္ဓာကိုယ်က အားနည်းလွန်းလှသည်။ အခြေခံအားဖြင့်တော့ မလုပ်နိုင်ပါ။

"ပါရမီရှင် အများကြီးနဲ့ တစ်ခေတ်ထဲ အတူတူ နေရပေမယ့် သူတို့ ကောင်းကင်ပေါ် တက်သွားတာကိုပဲ ကြည့်နေရတယ်။ ငါကျတော့ ပရိတ်သတ်ကြားထဲ ဝင်ပါဖို့တောင် အခွင့်အရေး မရှိဘူး။ ဘယ်လောက်တောင် ဝမ်းနည်းဖို့ ကောင်းလဲ"

မိုင်ဇီယူသည် ဘယ်လောက်ကြာအောင် အသက်ဆက်ရှင်နိုင်မှန်း မသိသဖြင့် စိတ်ပျက်နေသည်။ ဆွန်းမို ကြယ်သုံးပွင့် မြတ်ဆရာ ဖြစ်လာမယ့်နေ့ကို သေချာပေါက် မမြင်နိုင်တော့ပါ။

"အသုံးမဝင်ဘူး........သူက တစ်နှစ်ထဲမှာ ကြယ်သုံးပွင့် ရဖို့လား.................."

ပါရမီရှင် တစ်ယောက် ဆိုရင်တောင် အောင်မြင်ဖို့ အရမ်းခက်လွန်းသည်။

အခန်း(၄၇၁) - ဆုလဒ် အသစ်၊ တာဝန် အသစ်၊ အဆက်အသွယ် အသစ်။

"အားလုံး အဆင်ပြေရင် ဂလန်းမြစ် အင်းကိုသွားပြီး နေ့လည်စာ အတူတူ စားရအောင်"

ချန်ဝေက ပြောလိုက်သည်။

အခမ်းအနားပြီးတာနဲ့ ထမင်းအတူတူစားတာက ထုံးစံ တစ်ခုပါ။

“ဆရာချန်၊ နေရာနဲ့ပက်သက်ပြီး တစ်ခုခု မှားနေလား”

ဝန်ထမ်းတစ်ယောက်က သတိပေးသည်။

သူတော်စင်ဂိတ်က လူတစ်ယောက်ကို ငွေတုံးတစ်ထောင် ခွင့်ပြုပေးထားသော်လည်း နေရာက သာမန်အင်း တစ်ခု မဟုတ်ပေ။ နောက်ပြီးတော့ စာမေးပွဲ အောင်တဲ့ မြတ်ဆရာအရေအတွက် တစ်ထောင်ကျော်နေပြီး ကုန်ကျစရိတ် တော်တော်လေး များနိုင်သည်။

“မမှားပါဘူး။ ပိုက်ဆံမလောက်ရင် ငါရှင်းပါ့မယ်”

ချန်ဝေရဲ့ အသံက မကျယ်သော်လည်း အရှေ့ဘက်မှာ ထိုင်နေတဲ့ လူတွေ ကြားရသည်။

ဒီစကားကို ကြားလျှင် မြတ်ဆရာများ ချက်ခြင်း ဝမ်းသာသွားသည်။

ဂလန်းအင်းလား။

ဒါသည် ဂန်လင်မြို့ရှိ ထိပ်တန်း အင်းသုံးခုထဲက တစ်ခုဖြစ်သည်။ အစားအသောက် ကောင်းသလို ရှုခင်းကလည်း အရမ်းကောင်းသည်။ ထုံးစံအတိုင်း ဈေးကလည်း မတရားဈေးကြီးသည်။ သာမန်လူတန်းစားရဲ့ တစ်နှစ်စာ အိမ်သုံးစရိတ်က

အဲဒီနေရာတွင် လက်ဖက်ရည် တစ်အိုးတောင် ဝယ်လို့မရပေ။

“ကျေးဇူးအများကြီး တင်ပါတယ်။ မြတ်ဆရာချန်”

ဖြေဆိုသူ တချို့ ကျေးဇူးတင်စကား ပြောလိုက်သည်။ သူတို့က စာမေးပွဲ အောင်ခဲ့လို့ ချန်ဝေကို ‘ဆရာချန်’ လို့ သုံးစွဲခွင့် ရှိသော်လည်း ဒီလို မခေါ်ရဲကြပါ။

“အသေးအဖွဲလေးပါ။ ပြောစရာတောင် မလိုပါဘူး”

ချန်ဝေက ကျယ်လောင်စွာ ရယ်လိုက်ပြီး သူ့အမူအရာက ပေါ့ပေါ့ပါးပါးနဲ့ သက်တောင့်သက်သာ ရှိလှသည်။

မကြာခင် ဒီအဖြစ်အပျက်က ဖြေဆိုသူ အားလုံးဆီ ပျံ့နှံ့သွားသည်။ ဒီမြတ်ဆရာပေါက်စတွေက သူတော်စင်ဂိတ်အကြောင်း မေ့သွားပြီး ချန်ဝေကို အထင်ကြီး လေးစားလာကြသည်။

အမှန်တိုင်းပြောရလျှင် လူတိုင်း လေးစားခံချင်ကြသည်။ ချန်ဝေရဲ့ ရက်ရောမှုက

အသိအမှတ်ပြုမှု တစ်မျိုးဆိုတာ သံသယရှိစရာ မလိုပေ။

"ချန်ဇီတုန် ထက်စာရင် ချန်ဝေရဲ့ အမှုအကျင့်က ပိုတောက်ပတယ်"

တန်နင် သက်ပြင်းချရင်း မှတ်ချက်ပေးလိုက်သည်။

ဆက်ဆံရေးကောင်းတစ်ခု တည်ဆောက်ရန် ငွေကြေး အနည်းငယ် သုံးခြင်းသည် အရမ်းကောင်းတဲ့ လုပ်ဆောင်ချက် တစ်ခု ဖြစ်သည်။

ငွေကုန် ကြေးကျ များတာလား။

ချန်ဝေက ဂလန်းအင်းရဲ့ ရှယ်ယာရှင်တစ်ယောက်ဆိုတာ တန်နင်ကြားသိထားသည်။

ဒီတွေ့ဆုံပွဲမျိုးကို အခြေခံအားဖြင့်တော့ မတက်တဲ့လူ မရှိပေ။

“စိတ်မပူနဲ့ သောက်သာသောက်။ မင်းမူးနေရင် ငါပြန်သယ်ပေးမယ်”

ကူရှုပ်ရှင်းက စကာပြောပြီးတာနဲ့ ဝမ်းသာအားရပုံစံနဲ့ ထွက်သွားသည်။

သိပ်မကြာခင် ဆွန်းမိုတစ်ယောက် ဘာကြောင့်လဲ ဆိုတာ နားလည်သွားသည်။ သူတော်စင်ဂိတ် သမိုင်းတွင် ကြောက်စရာ အကောင်းဆုံး ရလဒ်နှင့် ထိပ်းဆုံးအဆင့်ကို ရရှိထားတဲ့လူတစ်ယောက်အနေနဲ့ ကျော်ကြားမှုက ထုံးစံအတိုင်း ပေါက်ကွဲထွက်နေသည်။

အရည်ချင်း ပြည့်မှီတဲ့ မြတ်ဆရာအသစ်များနဲ့ စာစစ်သူများ တစ်နေ့လုံး လာနှုတ်ဆက်နေကြသည်။

သူတို့မှာ ဖားဖို့ အစီအစဉ်မရှိဘဲ ဒီဇာတ်ရုပ်ကို မြင်ချင်ရုံ သက်သက် ဖြစ်သည်။ ဒီလိုမှမဟုတ်ဘဲ

နောင်တစ်ချိန်တွင် တစ်ယောက်ယောက်က မေးလာခဲ့ရင် ဘာပြောရမလဲ မသိအောင် ဖြစ်နေမည်။

ဆွန်းမိုက ဒီလူတွေကို ညှော်ခံရတာ သဘောမကျသော်လည်း လူ့အဖွဲ့အစည်းရဲ့ ခွေးအိုကြီးတွေ၏ အကြိမ်ပေါင်းများစွာ အကိုက်ခံထားရတဲ့လူတစ်ယောက်အနေနဲ့ ဘယ်လို ကိုင်တွယ်ရမလဲ ဆိုတာ သူသိနေသေးသည်။ စနစ်က သူ့ကို ဆုလဒ်တွေ စတင်ထုတ်ပေးနေလို့ ပိုပျော်နေခဲ့ရသည်။

ဒင်

“ဝေလူနဲ့ အလောင်းအစားမှာ အနိုင်ရလို့ ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး”

ဆွန်းမို ကြောင်သွားသည်။ ဝေလူလား။ ဒါကို မေ့နေတာ တော်တော်တောင် ကြာနေပြီ။ ဒါပေမယ့်လည်း ဒီနေရာတွင် ဝေလူကို မတွေ့ရပေ။ စာမေးပွဲ ကျသွားတာ ဖြစ်နိုင်သည်။

ဒင်

“လျှိုမူ့ဘိုင်ကို အနိုင်ယူပြီး ဂူချင်ယန်ကို ဖိနှိပ်နိုင်ခဲ့လို့ ဂုဏ်ပြုပါတယ်။ ဆုလဒ် - ရွှေရောင်

ရတနာသေတ္တာ တစ်လုံးနှင့် စိန်ရောင် ရတနာ သေတ္တာ တစ်လုံး”

ဆွန်းမို အရှေ့တွင် ပြိုးပြိုးပျက်ပျက် လင်းနေတဲ့ သေတ္တာ နှစ်ပေါ်လာသည်။ တောက်ပလွန်းတာကြောင့် ချက်ခြင်း ဖွင့်ကြည့်ချင်ကလွဲလျှင် ဘာမှ မလုပ်ချင်တော့ပါ။

ဒင်

“ကွင်းဆက် တာဝန်သုံးခုကို အောင်မြင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ အမှောင်ကြီး၏ ကြီးမြတ်တဲ့ အပင်စွယ်စုံကျမ်း၏

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်စိတ်တစ်ပိုင်းကို အပိုဆန်းကြွယ်ဆုအနေနဲ့ပေးအပ်မယ်။ ကျွမ်းကျင်မှုအဆင့် - ကျွမ်းကျင်”

“မှတ်ချက်။ ။ ဒီစာအုပ်တွင် အမှောင်တိုက်ကြီးရှိ အပင်အမျိုးအစား တစ်သောင်းရဲ့ အသေးစိတ်အချက်အလက် များပါတယ်။ ဒါကို လေ့လာပြီးရင် မင်းက ရုက္ခဗေဒပညာရှင် အစစ်ဖြစ်လာလိမ့်မယ်”

စနစ်ဆီက စကားမဆုံးသေးခင် ဆွန်းမို ပြုံးလိုက်မိသည်။ အချိန်နဲ့နေရာ မှားနေလို့ပါ ဒီလိုမှမဟုတ်ရင် ဝမ်းသာအားရ ငိုချမိလိမ့်မည်။

အပင်အမျိုးအစား တစ်သောင်းရဲ့ အချက်အလက်တွေ ဒါက နည်းနည်းလေး မများလွန်းဘူးလား။

ဒါကို လေ့လာပြီးတာနဲ့ ရက္ခဗေဒအတန်းကို စတင်ပို့ချလို့ ရပြီ။ ယုံကြည်မှု အပြည့်နဲ့ သင်ပေးနိုင်မည်။ ဒါပေမယ့် သူ့မှာ မေးခွန်းတစ်ခု ရှိသေးသည်။

"ရက္ခဗေဒ ပညာရှင်နှင့် အပင်ဗေဒ ပညာရှင်ကြား ဘာကွာခြားလဲ"

“ဆေးပင် အားလုံးက အပင်ဖြစ်ပေမယ့် အပင်အားလုံးကဆေးပင် မဟုတ်ပေ။ တစ်နည်းအားဖြင့်ဆို ရုက္ခဗေဒပညာရှင် သိတဲ့ အပင်အရေအတွက်က အပင်ဗေဒ ပညာရှင်ထက် သေချာပေါက် ပိုများတယ်”

စနစ်က ရှင်းပြသည်။

“ဒါပေမယ့်လည်း ၊ ပြည်နယ်ကိုးခုမှာတော့ အပင်ဗေဒ ပညာရှင်က ရုက္ခဗေဒ ပညာရှင်ထက် ငွေပိုရတယ်”

ဆွန်းမို မျက်လုံးပြူးသွားသည်။ ခေတ်သစ်ကမ္ဘာတွင်လည်း အပင်ဗေဒ ပညာရှင်က ရုက္ခဗေဒပညာရှင်ထက် ငွေပိုရှာနိုင်သည်။ ဘယ်လိုပဲပြောပြော အရမ်းတန်ဖိုးရှိတဲ့ ပုံစံ တစ်ခုပါ။

ထုံးစံအတိုင်း ဆွန်းမိုက အတွေးမတိမ်ပေ။

အပင်တစ်ပင်ရဲ့ တန်ဖိုးကို အတည်မပြုရသေးခင်သူတို့ကို ရေးဦးစွာ နားလည်ဖို့ လိုအပ်သည်။ ရုက္ခဗေဒပညာရှင်တွေရဲ့ ရည်ရွယ်ချက်မှာ ဒေသတစ်ခုရဲ့ဂေဟာစနစ်နှင့် အပင်တွေရဲ့ ရှင်သန်မှု အလေ့အထကိုလေ့လာဖို့ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘယ်လိုပဲဖြစ်ဖြစ် ငါအမြတ်ထွက်တာပဲ"

ဆွန်းမိုသည် ဒီအပိုဆုအတွက် အရမ်းကျေနပ်နေသည်။

ဒင်

"ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ ပထမဆုရတဲ့အတွက် ဂုဏ်ပြုပါတယ်၊ မင်းရတဲ့ အဆင့်ပိုမြင့်လေ ဆုပိုကောင်းမယ်လို့ ငါပြောခဲ့တဲ့အတွက် မင်းကို လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာ နှစ်လုံး ချီးမြှင့် လိုက်မယ်"

စနစ် အရမ်းသဘောကောင်းနေသည်။

လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ ရရှိဖို့ အခက်ခဲဆုံး ဖြစ်သည်။ ဖွင့်လိုက်ပါကလည်း ပစ္စည်းကောင်းတွေ သေချာပေါက် ရလိမ့်မည်။ ဆွန်းမိုမှာရှိတဲ့ မြတ်ဆရာ အရှိန်အဝါ အားလုံးနီးပါးသည် ဒီလို ရတနာသေတ္တာထဲက ရခဲ့သည်။

“ဆရာဆွန်း အရမ်းပျော်နေတဲ့ ပုံပဲ။ ဘာတွေ တွေးနေတာလဲ”

ချန်ဝေက လမ်းလျှောက်လာပြီး နွေးထွေးတဲ့ လေသံနဲ့ မေးလိုက်သည်။ မသိရင် သူနဲ့ ဆွန်းမိုကြားမှာ ဘာပဋိပက္ခမှ မရှိထားသလိုပေ။

“ဘာမှ မဟုတ်ပါဘူး”

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေသည်။

ဆွန်းမိုကို ဂုဏ်ပြုချင်လို့ လာနေကြတဲ့ ဆရာတချို့သည် ဒီမြင်ကွင်းကို မြင်ပြီးနောက် ချက်ခြင်းရပ်တန့်သွားသည်။ ဆွန်းမိုနှင့် ချန်ဝေ စကားပြောနေတာကို သူတို့ မနှောက်ယှက်ရဲပါ။

"ဆရာဆွန်း၊ ဂန်နန် အကယ်ဒမီမှာ လာသင်ဖို့ စိတ်ဝင်စားလား"

ချန်ဝေက ဝေ့ဝိုက်မနေပေ။

"အန်ရှီဝေက အရမ်းကြိုးစားတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ကျောင်းသားတွေကို သင်ပေးတာနဲ့ ကျောင်းကို စီမံခန့်ခွဲတာက မတူညီတဲ့ နယ်ပယ် နှစ်ခုပဲ။ အားမနာတမ်း ပြောရလျှင် 'စီ'အဆင့် တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်လျှင် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အနာဂတ် မဆိုးဘူးလို့ ပြောရမယ်။ ဒါပေမယ့် ငါတို့

ဂန်နန်အကယ်ဒမီကတော့ မတူဘူး။ ငါတို့ရဲ့ ပန်းတိုင်က မဟာကိုးပါး အဆင့်ကို ဝင်ရောက်ဖို့ပဲ”

“ဆရာဆွန်း၊ ဂန်နန် အကယ်ဒမီနဲ့ ပူးပေါင်းပြီး ငါတို့ အတူတူ တိုက်ခိုက်ရအောင်”

“ဒါကို အောင်မြင်သွားတာနဲ့ မင်းနာမည်ကို ဂန်လင်မှာရှိတဲ့ လူတိုင်း မှတ်မိနေပြီး မင်းက ဒီမြို့ရဲ့ သူရဲကောင်း တစ်ယောက် ဖြစ်လာလိမ့်မယ်။ သူတို့က မင်းရဲ့ ရုပ်တုကို ဂန်နန်အကယ်ဒမီရဲ့ ရင်ပြင်မှာထားပြီး မင်းကို လေးစားနေလိမ့်မယ်”

ချန်ဝေရဲ့ စကားသံများက ကျယ်လောင်ခြင်း မရှိသော်လည်း လူတွေရဲ့ ခံစားချက်ကို နှိုးဆွနိုင်သည်။

"ဆရာချန်က ငါ့ကို အမြင့်ကြီး မှန်းနေပြီ။ ငါ့မှာ ရည်ရွယ်ချက် သိပ်မရှိဘူး။ ကျောင်းသားတွေကို ကောင်းကောင်း သင်ပေးချင်တာပဲ ရှိတယ်"

ဆွန်းမိုက လိမ္မာပါးနပ်စွာ ငြင်းဆိုလိုက်သည်။

"ဆရာဆွန်း၊ နည်းနည်းလောက် စဉ်းစားကြည့်လို့ မထိခိုက်ပါဘူး"

ချန်ဝေက ဆွန်းမိုကို ထပ်စည်းရုံးလိုက်သည်။ ဒါပေမယ့်လည်း ဆွန်းမိုက စိတ်မလှုပ်ရှားဘဲ

ဘုန်းကြီးတစ်ပါးလို တည်ငြိမ်နေတာ သူတွေ့လိုက်ရသည်။

"ဟီးဟီး"

ဆွန်းမိုက ရယ်နေလိုက်ပြီး နောက်ထပ် ထပ်မပြောတော့ပေ။

အမှန်တိုင်းပြောရလျှင် ဂန်လင်က သူ့အတွက် ဆွဲဆောင်မှု မရှိပါ။ ချင်လင်တွင် မရေမတွက်နိုင်အောင် များပြားပြီး ကျော်ကြားတဲ့ ပြည့်တန်ဆာ အိမ်များ ရှိသည်။ ပြည့်တန်ဆာတွေဆီကို သွားမလည်ဖြစ်ရင်တောင်

လေထဲက ရှူရှိုက်ရတဲ့ နွှတ်ခမ်းနီ၊ ပါးနီ အနံ့လေးက အရမ်းကောင်းသည်။

ချန်ဝေသည် ဆွန်းမိုကို တော်တော်လေး သဘောကျနေသည်။ ဒါပေမယ့်လည်း သူက ကြယ် ၆ ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး အဓိက ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်နေသည်။ ဒါကြောင့် ဆွန်းမို ပုခုံးကို ပုတ်ပြီး ထွက်သွားသည်။

ဒင်

“တာဝန် အသစ်ထုတ်ပြန်တယ်။ ချန်ဝေရဲ့ သုံးသပ်ချက် ဘယ်လောက်ဆိုးဝါးကြောင်း

သက်သေပြဖို့အတွက် ဗဟိုပြည်နယ် အကယ်ဒမီကို ဘီ အဆင့်သို့ ပို့ဆောင်ပေးပါ။ အောင်မြင်ပါက ကြီးမားတဲ့ ဆုလဒ်တွေ ရမယ်”

“မှတ်ချက်။ တာဝန်ကို စောစောပြီးလေ ဆုလဒ် ပိုကောင်းလေ ဖြစ်မယ်။ သုံးနှစ်အတွင်း ဒါကို အောင်မြင်အောင် လုပ်ပါ။ မလုပ်နိုင်ပါက ဒီတာဝန်ကို ရုတ်သိမ်းမယ်”

စနစ်က ရုတ်တရတ် ထပြောလိုက်သဖြင့် ဆွန်းမို လန့်ဖြန့်သွားသည်။

"မင်းက ဘာဖြစ်လို့ ဒီလောက် သဘောထား သေးသိမ် ရတာလဲ"

ဆွန်းမို လျှောင်ပြောင်လိုက်သည်။

"ဒါကို ပိုသင့်တော်အောင်ပြောရရင် ငါက လူကြီး လူကောင်း တစ်ယောက်ပါ။ လက်စားချေရင် မိုးလင်းကနေ ညအထိ ကြာတယ်"

စနစ်က အေးစက်စက် ပြန်အော်သည်။

"အို ဟုတ်ပြီ။ မင်းက ငါ့ကို ဗဟိုပြည်နယ် အကယ်ဒမီက ထွက်ခွင့် မပေးဘူးလား။ မင်းက ဒီကျောင်းနဲ့ဆက်သွယ်မှု ရှိနေတာလား"

ဆွန်းမို စပ်စုလိုက်သည်။

“ပိုင်ရှင်ရဲ့ အခွင့်အာဏာက အရမ်းနည်းနေသေးတယ်။ အဖြေကို ထိန်းသိမ်းထားအုံးမယ်”

စနစ်ရဲ့ အသံက အေးစက်လှသည်။

“ငါအခု ကျောင်းပြောင်းလို့ ရလား”

ဆွန်းမိုက မဲ့ပြီး မေးလိုက်သည်။

“မရဘူး”

စနစ်က

"မင်းရဲ့ တက်လမ်းကို ပိတ်ဆို့ထားတာ မဟုတ်ဘူး။ နောင်တစ်ချိန်မှာ မင်းသိသင့်တဲ့ အရာတွေ သိလာရင် မင်းငါ့ကို သေချာပေါက် ကျေးဇူးတင်လိမ့်မယ်"

"လူတွေကို သည်းထိတ်ရင်ဖို ဖြစ်အောင် လုပ်တတ်တဲ့ မင်းလို လူတွေက ခြေလက်ကျိုးသွားတတ်တယ် သိလား"

ဆွန်းမိုက ထွက်သွားဖို့ တကယ် မစဉ်းစားပေ။

ဘယ်လိုပဲပြောပြော 'ပျက်ဆီးနေတဲ့ အိမ်က မီလီယံ ချီပြီး တန်တယ်' လို့ ပြောနေကြတဲ့

စကားတောင် ရှိသေးသည်။ ဗဟိုပြည်နယ် အကယ်ဒမီက ဆွန်းမို စတင် ထွန်းတောက်ရာနေရာလို့ သတ်မှတ်ထားသည်။

ပြီးခဲ့တဲ့နှစ်က အန်ရှီဝေနဲ့ ရင်းရင်းနှီးနှီး မဆက်ဆံခဲ့သော်လည်း သူမက ဘယ်လို အမျိုးသမီးလဲဆိုတာကို အကြမ်းဖျင်းတော့ ခန့်မှန်းမိသည်။

သူက စီမံခန့်ခွဲတဲ့ နေရာတွင် ကြင်နာ သနားတတ်ပြီး ဆုံးဖြတ်ချက် မပြတ်သားပေ။

ဆွန်းမိုရဲ့ စိတ်နှလုံးသာ ကောက်ကျစ်ခဲ့ရင် အားလုံး အဆင်မပြေ ဖြစ်သွားမည်။ အန်ရှီဝေကို လက်ထပ်ပြီး ဗဟိုပြည်နယ် အကယ်ဒမီကို ချုပ်ကိုင်လိုက်လို့ ရသည်။ အလှလေးနဲ့ကျောင်းကိုပါ ရသွားမည်။

ထုံးစံအတိုင်း ဆွန်းမို မယုတ်မာပေ။ သူ့လက်ရှိ နေထိုင်မှုပုံစံကို မဆိုးဘူးလို့ ခံစားရရင်တောင် ဒါကို ပြောင်းလဲဖို့ ရည်ရွယ်ချက် မရှိပါ။

ချန်ဝေ ထွက်သွားပြီးနောက် ဝမ်ဆောင် ရောက်လာသည်။ ဒါကြောင့် အနီးအနားမှာ ရှိတဲ့

ကြယ်အဆင့်နိမ့်တဲ့ မြတ်ဆရာတွေ ခြေလှမ်းရပ်သွားပြီး အားကျနေရုံပဲ တတ်နိုင်ကြသည်။

ဆွန်းမိုရဲ့ အဆက်အသွယ်ကို ကြည့်လိုက်ပါအုံး။ သူနဲ့ စကားလာပြောတဲ့လူတွေကလည်း အဓိက ပုဂ္ဂိုလ်တွေ ဖြစ်နေသည်။

"မင်းမှာ အချိန်ရရင် ငါတို့ ဖြူမဲ အကယ်ဒမီကို လာပြီး သင်ခန်းစာ ပို့ချပါအုံး"

ဝမ်ဆောင် ဖိတ်ခေါ်မှု လုပ်လိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီမှာ မင်းရဲ့ 'နတ်ဘုရားလက်'ဆိုတဲ့ ဂုဏ်ပုဒ်ကို ငါ အခုမှ

သိခဲ့ရတယ်။ ကျွတ်ကျွတ် ဒီအသံက ‘ဆွန်မိုက ခွေးတစ်ကောင် အကြောင်း’ ပြောတာထက်တောင် ပိုကျယ်လောင်နေသေးတယ်”

“မင်းရဲ့ ချီးကျူးမှုနဲ့ မထိုက်တန်ပါဘူး”

ဆွန်းမိုက နှိမ့်ချစွာ ပြန်ပြောလိုက်သည်။

“စိတ်မကောင်းစရာ။ ငါက နေလည်မှာ ပြန်ရတော့မယ်။ ဒီလိုမှမဟုတ်ရင် မင်းရဲ့ နတ်ဘုရားလက်ကို စမ်းကြည့်ပါတယ်”

ဝမ်ဆောင် နှောင်တရနေသည်။

“အခုပဲ စမ်းကြည့်လို့ ရပါတယ်”

ဆွန်းမိုက ရယ်ပြီး ပြန်ဖြေသည်။ သူအနေနဲ့လည်း ဒီလိုမျိုး မျက်နှာသာရမယ့် အခွင့်အရေးကို လက်မလွှတ်ချင်တာ သဘာဝပါ။

"ထားလိုက်ပါ။ ငါ့ကို လူတွေ ရယ်နေကြအုံးမယ်"

ဝမ်ဆောင်က သက်သက်ပြောလိုက်ပေမယ့်လည်း ဆွန်းမိုရဲ့ စိတ်နေသဘောထားကို နားမလည်သေးပါ။ ဆွန်းမိုကို တကယ်နှိပ်ခိုင်းလိုက်လို့ ဒီပါရမီရှင်က သူ့ကို မုန်းသွားရင် ဘယ်လို လုပ်မလဲ။

"အဘိုးကြီး မင်း အရယ်ခံရမှာ ကြောက်နေရင် ငါပဲ ဆွန်းမိုကို ဒုက္ခပေးလိုက်မယ်"

ဝူပိုင်လင်က လမ်းလျှောက်လာပြီး ဆွန်းမို လက်ကို တန်းဆွဲလိုက်သည်။

"လာပါ အန်တီကို နှိပ်ပေးစမ်းပါ။ မင်းလုပ်ပေးမယ် မဟုတ်လား"

"ဂုဏ်ယူလျှက်ပါ"

ဆွန်းမိုသည် ယူပြည်နယ်က ပွင့်လင်းတဲ့ အမျိုးသမီးတွေက ဘယ်လိုလဲဆိုတာ သတိရသွားသည်။ အဲဒီနောက် ဝူပိုင်လင်ရဲ့ ခန္ဓာကိုယ်ကို အလိုလို ကြည့်လိုက်မိသည်။

ရင့်ကျက်တဲ့ အမျိုးသမီးတစ်ယောက်သည် မျှော်လင့်ထားသလို ရင့်မှည့်တဲ့ အရွယ်အစား ရှိသည်။

အမှန်အတိုင်းပြောရလျှင် ဒီလို အရွယ် အမျိုးသမီးတွေကို တခါမှ မနှိပ်ဖူးသေးပါ။ ကာမ အထိအတွေ့အာရုံ ဘယ်လိုကွာခြားလဲ မသိပေ။

"မင်းဘာစောင့်နေတာလဲ"

ဝူပိုင်လင်က ပျော်ရွှင်စွာနဲ့ ဆွန်းမိုကို လက်ဆွဲခေါ်သွားသည်။

"ဘေးအခန်းထဲ ဝင်ရအောင်။ ဂန်လင်ရဲ့ ရှုခင်းတွေကိုတောင် ခံစားလို့ရသေးတယ်"

"သေချာတာပေါ့"

ဆွန်းမိုက စိတ်ထဲကနေ ရေရွတ်လိုက်သည်။

"မင်းကို နှိပ်ပေးတဲ့ အချိန်ကျရင် မင်း ရှုခင်းကို ခံစားမိဖို့နေနေသာသာ ကောင်းဘုံက နတ်ဘုရားမင်းအရှေ့ ဆင်းလာရင်တောင် မင်းအနှိပ်ခံဖို့ပဲ အာရုံ ရောက်နေလိမ့်မယ်"

ဝူပိုင်လင်က ဆွန်းမိုကို အဝေးဆွဲခေါ်သွားတာ မြင်လိုက်လျှင် မြတ်ဆရာလေးများသည် မနာလို ဖြစ်နေကြသည်။ မျှော်လင့်ထားသလိုပဲ ချောမောခြင်းက တကယ် အကျိုးများသည်။

"ဘာဖြစ်နေလို့လဲ"

မိုင်ရာဇီက သူ့မ သမီးရဲ့ အမူအရာ တစ်ခုခု မှားနေတာကို သတိထားမိသွားသည်။

"ဘာမှ မဟုတ်ပါဘူး"

မိုင်ဇီယူက ခေါင်းယမ်းပြီး ဆွန်းမို နောက်ကျောကို တစ်ချက်ကြည့်လိုက်သည်။

"ဆရာဝူ၊ ရဲတင်းပြီး တစ်ခုလောက် မေးပါရစေ။ ဆွန်းရှီကို ဖယ်ထုတ်လိုက်တာလား"

ဆွန်းမို မေးလိုက်တဲ့ အချိန်မှာပဲ စနစ်ဆီကနေ အသံ နောက်တစ်ကြိမ် ထွက်လာပြန်သည်။

အခန်း(၄၇၂) - စိတ်ပြောင်းလဲတတ်တဲ့ သက်ရှည်နယ်ပယ်က ကျွမ်းကျင်သူ။

ဒင်

"တာဝန် အသစ်ထုတ်ပြန်တယ်။ ကျေးဇူးပြုပြီး ကြယ်နှစ်ပွင့် စာမေးပွဲကို သုံးလအကြာတွင် ဖြေဆိုပါ။ တကယ်လို့ အောင်မြင်ရင် ဆုတွေ အများကြီးရမယ်။ ဒါပေမယ့် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို မအောင်မြင်ခဲ့ရင်တော့ မင်းကို သတ်မှာမဟုတ်ပေမယ့် စနစ်ရဲ့ စတိုးဆိုင်က ဝယ်တဲ့ ပစ္စည်းတိုင်း ဈေးသုံးဆ ကြီးသွားမယ်"

ဒီစကားကို ကြားပြီးနောက် ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို တစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပသည်။ တကယ်လို့ သူ မအောင်မြင်ခဲ့ပါက ပစ္စည်းတွေ ဝယ်တဲ့အခါ လေးစားအထင်ကြီးမှုအမှတ်တွေ ပိုကုန်တော့မှာ မဟုတ်ဘူးလား။ အဲဒီလို အခြေအနေသာဆိုလျှင် သန်မာလာတဲ့ နှုန်းက ပိုနှေးကွေးသွားမည်။

"ကန့်သတ်အမျိုးအစား ဆုပေးတဲ့ တာဝန်ကို ထုတ်ပြန်တယ်။ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲတွင် ရလဒ်ကောင်းတာနဲ့အမျှ ဆုလဒ်ပိုကောင်းမယ်"

စနစ်က စကားပြောပြီးနောက် ရယ်မောလိုက်သည်။

"ဘယ်လိုပဲပြောပြော ငါက နတ်ဆိုးမဟုတ်ပါဘူး။ မင်းကို အကျိုးအမြတ်တချို့တော့ သေချာပေါက် ပေးပါ့မယ်"

"ပေါက်ကရ စကားတွေ တော်လိုက်တော့။ အနားယူလို့ ရပြီ"

ဆွန်းမိုသည် စနစ်ဆီကနေ ပေါက်ကရ စကားတွေ မကြားချင်တော့ပါ။ အဲဒီနောက် ဝူပိုင်လင်နောက်ကို လိုက်ပြီး အခန်းတစ်ခုထဲသို့ ဝင်သွားသည်။

"အို၊ သူ့ကို ဖယ်ထုတ်လိုက်တာလား"

ဝူပိုင်လင်က ခေါင်းခါ လိုက်ပြီး

"ဆွန်းရှီက မောက်မာလွန်းတယ်။ ငါတို့မေးခွန်း မမေးရသေးခင် ရှုးသွပ်တဲ့ စကားတွေ အများကြီး ပြောခဲ့တယ်။ ဘာလဲ. သူက ဒီရာစုနှစ်အတွင်းမှာ သူတော်စင်ဂိတ်ရဲ့ အရေးအကြီးဆုံး ဇာတ်ကောင် တစ်ယောက် ဖြစ်မလာမယ်ဆိုတာလည်း ပါသေးတယ်"

"........"

ဆွန်းမိုက ဆွန်းရှီကို ရုတ်တရုတ် သဘောကျသွားမိသည်။ ဒီလိုစကားကို လူတိုင်း မပြောရဲဘူးဆိုတာ သိထားရမည်။

“ထုံးစံအတိုင်း သူ့ကိုဖယ်ထုတ်ရတဲ့ အဓိက အကြောင်းပြချက်က အတွေး မသန့်ရှင်းလို့ပဲ။ မြတ်ဆရာတစ်ယောက် လုပ်တာက ပိုကောင်းမွန်တဲ့ ဘဝမှာ နေထိုင်နိုင်အောင် ပိုက်ဆံ ရှာဖို့ဆိုပြီး တကယ်ပြောထွက်ခဲ့တယ်။ ပြီးတော့ ကမ္ဘာပေါ်ရှိတဲ့ လူတိုင်းက သူ့ရဲ့ ကြီးမြတ်တဲ့နာမည်ကို သိစေရမယ် ဆိုပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝူပိုင်လင် ပုခုံးတွန့်လိုက်သည်။ (တကယ်တွေးနေရင်တောင် ထုတ်မပြောသင့်ဘူး မဟုတ်လား)

စကားဝိုင်းကတစ်ဆင့် မြတ်ဆရာခုနှစ်ယောက် စလုံးသည် ဆွန်းရှီမှာ အရမ်းကြောက်ဖို့ကောင်းတဲ့ စိတ်ရောဂါရှိတာ တွေ့ရှိသွားသည်။ ဒါ့အပြင် တစ်ဖက်ပိတ် သမားဖြစ်ပြီး အကြံပေးတာကို နားထောင်ဖို့ ငြင်းဆန်ခဲ့သည်။ ဒါကြောင့် သူ့ကို တစ်နှစ်လောက် စိတ်အေးလက်အေးနဲ့

စဉ်းစားနိုင်အောင် အကြံပေးပြီး ကျဆုံးမှုအကြောင်းကို သိအောင် လုပ်ပေးခဲ့သည်။

"သူ့ရလဒ်တွေက အရမ်းကောင်းတယ်။ ဒီလိုလုပ်လိုက်တာ နည်းနည်းတော့ သနားဖို့ မကောင်းဘူးလား။"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"ဟားဟား"

ဝူပိုင်လင် ဘာမှမပြောတော့ပေ။ မြတ်ဆရာတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကိုတောင်

မသိတဲ့ လူကို ပါရမီရှင် ဖြစ်နေရင်တောင် ဘယ်အချက်နဲ့ အအောင်ပေးရမှာလဲ။

"ကောင်းပြီလေ။ သူ့အကြောင်း မပြောတော့ဘူး။ ဆရာဆွန်း ဘာလုပ်မှာလဲ။ အဝတ်အစားတွေ ချွတ်ပေးရမှာလား"

ဝူပိုင်လင်က ပြုံးပြီး မေးလိုက်သည်။

ကြယ် ၆ ပွင့်မြတ်ဆရာ တစ်ယောက်အနေနဲ့ သူမက အဆက်အသွယ် တော်တော်လေး ကောင်းသည်။ ဆွန်းမိုရဲ့ အချက်အလက်တွေကို စုံစမ်းချင်တယ်ဆိုလျှင် လက်ဖဝါး မှောက်သလို

လွယ်လှသည်။ ဒါကြောင့် ဆွန်းမိုရဲ့ နတ်ဘုရားလက် အကြောင်းကို သိခဲ့သည်။

"မလိုပါဘူး။ ထိုင်ခုံတစ်လုံးရှာပြီး ထိုင်နေလိုက်ရင် ရပါပြီ"

အဝတ်အစား ချွတ်လိုက်လျှင် အကျိုးသက်ရောက်မှု ပိုကောင်းနိုင်ပေမယ့် ဆွန်းမိုက ဝူပိုင်လင် နားလည်မှု လွဲသွားမှာ မလိုလားပါ။ ဒါက ဝူပိုင်လင်နဲ့လည်း ပထမဆုံးအကြိမ် သီးသန့် တွေ့ဆုံခြင်း ဖြစ်သည်။ ဒါကြောင့် မရှင်းမလင်း

ယုန်ထင်ကြောင်ထင် ထင်နိုင်တဲ့ တောင်းဆိုမှုမလုပ်တာ ပိုကောင်းမည်။

"သေချာလား"

ဝူပိုင်လင် ထိုင်ပြီ ဆွန်းမိုကို အကဲခတ်နေသည်။

"မင်း ဟောပြောပွဲ လုပ်တဲ့အချိန်တုန်းက ဗလတောင့်တဲ့ ကောင်တစ်ကောင်ကို ဆင့်ခေါ်ပြီး တန်နင်ကို အဆင့်တက်အောင် လုပ်ပေးလိုက်တယ်ဆို"

"ဟုတ်"

ဆွန်းမိုက ဝူပိုင်လင်၏နောက်သို့ လျှောက်သွားပြီး ပုခုံးပေါ်လက်တင်ကာ ညင်သာစွာ နှိပ်ပေးလိုက်သည်။ အခြေခံအားဖြင့်တော့ ဒီကိစ္စက ဖုံးကွယ်ထားစရာ မလိုပေ။

(ဒီဇာတ်ကောင်တွေက ငါ့ရဲ့ အနှိပ်ကို မလိုချင်ဖို့ မျှော်လင့်တယ်။ ဒီလိုမှမဟုတ်ရင် နေ့တိုင်း ဆင့်ခေါ်ပြီး သီးသန့် နှိပ်ခိုင်းနေမှ ဒုက္ခ”

ဆွန်းမို စိတ်ထဲမှာ အတွေးတချို့ ဖျတ်ကနဲ ပေါ်သွားသည်။ ဒီလိုသာ တကယ်ဖြစ်ခဲ့ရင်တော့ သူတို့နဲ့ပဲ အချိန်ကုန်နေရတော့မည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ တကယ်တော့ မြတ်ဆရာအားလုံးသည် အကျင့်စာရိတ္တကောင်းတဲ့ လူတွေချည်း မဟုတ်ပါ။ တောကြီးလျှင် ဌက်မျိုးစုံလည်း ရှိလိမ့်မည်။ မိတ်ဆွေ ဆက်ဆံရေးကို အသုံးချကာ တစ်ကိုယ်ကောင်းဆန်ပြီး အခွင့်အရေး ယူတတ်တဲ့ လူတွေလည်း ထုံးစံအတိုင်း ရှိလိမ့်မည်။

အရင်ကမ္ဘာတုန်းကလည်း ဆွန်းမိုမှာ ဘွဲ့ရပြီး အောင်မြင်တဲ့ အရင်းနီးဆုံး သူငယ်ချင်း အနည်းငယ် ရှိခဲ့သည်။ သူတို့အားလုံးက ဘဝ အောင်နိုင်သူတွေလို့

ထင်ခဲ့ကြပေမယ့် ဘွဲ့ရပြီးတဲ့နောက် သူတို့ဘဝမှာ တော်တော်လေး သနားဖို့ကောင်းလိမ့်မယ်ဆိုတာ ဘယ်သူ သိမှာလဲ။ သူတို့ သူဌေးအတွက် အမဲလိုက်ပေးရတဲ့ ခွေးတွေလိုပဲ နေ့တိုင်း ‘နှလုံးသား အဟာရ’ ကျောသပ်ခံရပြီး ‘မင်းတို့သာ ကြိုးစားရင် မင်းတို့ အနာဂတ်တွေ တောက်ပြောင်လာလိမ့်မယ်’ ဆိုကာ ခိုင်းစား ခံနေရသည်။

အဲဒီ လူယုတ်မာတွေအားလုံးက သူတို့ကိုတောင် ကျေးဇူးတင်ပြီး ထိုင်ကတော့ ရမည့် ပုံစံမျိုးပြောခဲ့သည်။

သူ့ သူငယ်ချင်းက သူနဲ့ ဆုံတုန်းလေး အလုပ်ပင်ပန်းလွန်းလို့ သေချင်စိတ် ပေါက်နေပြီဆိုပြီး ဝန်ခံခဲ့သေးသည်။

"ငါ ကြည့်လို့ မရဘူးလား"

ဝူပိုင်လင်က စပ်စုလိုက်သည်။

"ဂျင်းနီကို ဆင့်ခေါ်ပြီး နှိပ်ခိုင်းဖို့ စီစဉ်ပြီးသားပါ"

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။ သက်ဝင်တဲ့ လေထု၊ မိန်းမနှင့် ယောကျ်ားကြားက ထိတွေ့မှုက ဆက်ဆံရေးကို တိုးတက်စေနိုင်သည်။ ဒီလိုမဟုတ်ရင်

ဆွန်းမိုက ဒီအမျိုးသမီးကို ဘယ်တော့ ထိမှာ မဟုတ်ပေ။

“ဂျင်းနီ ဟုတ်လား”

ဝူပိုင်လင် ပျော်ရွှင်လာသည်။

“ငါ ပေးထားတဲ့ နာမည် တစ်ခုပါ”

ဆွန်းမို စကားပြောပြီးတာနဲ့ ဝိညာချီတွေ ပျံ့နှံ့လာသည်။

ဘုန်း

ဝိညာဉ်ချီတွေ ပေါင်းစပ်လာပြီး ဂျင်းနီ ပုံစံ ပေါ်လာသည်။ အဲဒီနောက် ဝူပိုင်လင်ကို စိုက်ကြည့်ပြီး ဘေးကို လွှင့်မျောသွားကာ လက်ပိုက်ပြီး ရပ်နေသည်။

ရှင်းပါတယ်။ မနှိပ်ပေးဘူးပေါ့။

“ကြည့်ရတာတော့ ငါ့ကို သဘောမကျသလိုပဲ”

ဝူပိုင်လင် မျက်နှာတွင် အပြုံးမဟုတ်တဲ့ အပြုံးတစ်ခု ပေါ်လာပြီး ခရမ်းရောင် ဘောင်းဘီရှည် ဝတ်ထားတဲ့ ဗလတောင့်တောင့်နဲ့ အမျိုးသားကို အကဲခတ်နေသည်။

"အတိအကျပြောရရင် သူက အမျိုးသမီးတွေကို မကြိုက်ဘူး"

ဆွန်းမိုလည်း ခိုကိုးရာမဲ့နေသည်။

"အမ်"

ဝူပိုင်လင် ကြောင်သွားသည်။ အဲဒီနောက် ဝုန်းကနဲ ထရယ်သည်။

"စိတ်ဝင်စားစရာပဲ။ စိတ်ဝင်စားစရာပဲ။ အို ဟုတ်ပြီ။ သူ့မှာ ကိုယ်ပိုင် အသိစိတ် ရှိတာလား"

"ငါလည်း မသေချာဘူး"

ဆွန်းမို တကယ် မသိပါ။

"ပုံစံကို ကြည့်ရတာတော့ ဝိညာဉ်ရေးရာ ကျွန်နဲ့တူတယ်"

ဝူပိုင်လင် စကားပြောပြီးတာနဲ့ အစိမ်းရောင် အလုံး သုံးလုံး ရုတ်တရက် ထွက်သွားပြီး ဂျင်းနီကို ထိမှန်သွားသည်။ ဂျင်နီ အရှေ့ရောက်တာနဲ့ မရှောင်စရာမလိုဘဲ ပေါက်ကွဲ သွားသည်။ ဒါကြောင့် သူမက တံအံ့တအော ငေးကြည့်ပြီး ထအော်သည်။

"ဆရာဝူ၊ ဒါက ဘာသဘောလဲ"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ဝူပိုင်လင်အနားက ခွာလိုက်သည်။

"မင်းအတွက်ပဲ စိတ်ပူတယ်"

ဝူပိုင်လင်က ရှင်းပြသည်။

"ဒီဗလတောင့်တဲ့ ကောင်မှာ ထူးဆန်းတဲ့ ဝိညာဉ်အတက်အကျ ရှိနေတယ်။ ဟီးဟီး ဘာပဲဖြစ်ဖြစ် ငါက ရုပ်သေးပညာနဲ့ ဂူအဆိပ်ကို ကျွမ်းကျင်တယ်လေ"

ဒီစကားကြားလိုက်လျှင် ဆွန်းမိုတစ်ယောက် စိတ်မသက်မသာ ဖြစ်သွားသည်။ အထူးသဖြင့်

စောစောက သူမကိုယ်ကို ထိလိုက်မိတဲ့အကြောင်း စဉ်းစားမိတဲ့ အချိန်မှာဖြစ်သည်။ အမြန်ထွက်သွားပြီး ဆက်ဆေးချင်စိတ် ပေါက်လာသည်။

"ဘာလဲ။ မင်းကြောက်နေပြီလား"

ဝူပိုင်လင် မျက်နှာပေါ်တွင် လှောင်ပြုံးတစ်ခု ရှိနေသည်။

"ဘာပဲပြောပြော၊ ဒါက ပုံမှန်ပါပဲလေ။ နောက်ဆုံးတော့ ငါက လူသေတွေကို ရုပ်သေးရုပ်ဖန်တီးပြီး ဂူပိုးကောင်တွေကို

ပျိုးထောင်ဖို့အတွက် အသက်ရှင်တဲ့လူတွေကို အသုံးချတယ်လေ”

“ဆရာဝူ၊ ဒါက ဘာဆိုလိုတာလဲ”

ဆွန်းမို နားမလည်ပါ။ လေထု ပြောင်းသွားသလို ခံစားလိုက်ရသည်။

“ဘာလို့ မခန့်မှန်းကြည့်တာလဲ”

ဝူပိုင်လင်က ဆန်းကြယ်စွာ ပြုံးလိုက်သည်။

“ဒီလိုအခြေအနေမှာ ငါ့ကို နှိပ်ပေးချင်သေးရဲ့လား”

ဆွန်းမိုက ဂျင်းနီကို ကြည့်ပြီး လုပ်ခိုင်းချင်ပေမယ့် ဂျင်းနီက တုတ်တုတ် မလှုပ်ပေ။ ဒီလိုအချိန်မှာ သူကိုယ်တိုင် မနိုပ်ရဲတော့ပါ။ နန်ယူ၏ ဂူအဆိပ်က လူတစ်ယောက်ရဲ့ ကိုယ်ထဲသို့ ချောမွေ့စွာ ဝင်ရောက်နိုင်ပြီး ဘယ်လို အဆိပ်သွားသလဲတောင် မသိ ဖြစ်နိုင်တယ်လို့ ကြားဖူးသည်။ သားကောင်က ဘာကြောင့် သေမှန်းတောင် သိလိုက်ရမှာ မဟုတ်ပေ။

ဂျင်းနီ မလှုပ်ရှားဘဲ ရပ်နေတဲ့အတွက် စိတ်မကောင်းစရာပါ။ ဆွန်းမိုရဲ့ အကြည့်ကို ရှောင်နေပြီး လက်ပိုက်ကာ ခေါင်းလှည့်သွားသည်။

"မအလ"

ဆွန်းမို ကျိန်ဆဲလိုက်သည်။ ဝူပိုင်လင်က အပြုံး မဟုတ်တဲ့ အပြုံးတစ်ခုနဲ့ စိုက်ကြည့်နေတာ တွေ့လိုက်ရသည်။ ဒါကြောင့် ရှေ့ဟောင်း အနှိပ်ပညာကို အသုံးပြုပြီး သူကိုယ်တိုင်ပဲ နှိပ်ပေး ရတော့သည်။

"အို အား အ"

ဝူပိုင်လင် ညည်းနေပြီး ကြည်နူးစွာ ကြည့်နေသည်။ (မဆိုးပါဘူး။ နှိပ်ပေးတာ တော်တော် ကောင်းတာပဲ)

ဆွန်းမိုက အနိုပ်ကိုပဲ အာရုံစိုက်နေသဖြင့် အာရုံထွေပြားတာလဲ ပျောက်ကွယ်သွားသည်။ စိတ်ငြိမ်သွားတဲ့ အခါတွေးလိုက်မိသည်။ ဒီ ဝူပိုင်လင်က ထူးဆန်းတဲ့ ပင်ကိုယ်စရိုက်ရှိတဲ့ အဓိက ဇာတ်ကောင် တစ်ယောက် ဖြစ်နိုင်သည်။ သူမက သူ့အကြောင်း စုံးစမ်းထားတဲ့ အကြောင်း အားလုံး ပြောပြခဲ့သည်။ ဘယ်လိုပဲပြောပြော သူတို့ကြားမှာ တကယ့် ရန်ငြိုး မရှိပါ။

လျှင်မြန်စွာ နှိပ်ဖို့ စီစဉ်ခဲ့ပေမယ့်လည်း မိနစ်နှစ်ဆယ် ကြာသွားသည်။

"အမ်၊ ပြီးသွားပြီလား"

ဝူပိုင်လင်က ဘယ်ညာ တစ်ချက်ကြည့်ပြီး ကျောဆန့်လိုက်သည်။

"ဟုတ်"

ဆွန်းမို နောက်ဆုတ်သွားသည်။

"မဆိုးပါဘူး"

ဝူပိုင်လင် မတ်တပ်ရပ်လိုက်သည်။ အရမ်းကျေနပ်နေသည်။

"မင်းက ငါ့အပေါ်မှာ မကောင်းတဲ့စိတ် မရှိဘူးပဲ။ မင်း ငါ့ကို ကြောက်နေလို့လား။ ဒါမှမဟုတ် ငါက ကြောက်ခမန်း လိလိ ဖြစ်နေလို့လား။ အရမ်းကောင်းတယ်။ အရမ်းကောင်းတယ်"

ဖောက်

ဆွန်းမို အလိုလို နောက်ဆုတ်သွားသည်။ ဒေါသတကြီး သူမကို ကြည့်လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

"ဒါက မင်းအတွက် ပြစ်ဒဏ်ပဲ။ အဲဒီနေ့မှာ မေးခွန်းတစ်ခု ဖြေတုန်းက ငါ့ကို ကျီစားဖို့ ဘယ်သူက ပြောလို့တုန်း"

ဝူပိုင်လင် လျှာကိုထုတ်ပြီး နှုတ်ခမ်း သပ်လိုက်သည်။

ဆွန်းမိုက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး နတ်ဘုရားမျက်စိအာရုံကို အသက်သွင်းလိုက်သည်။

"သက်ရှည် နယ်ပယ် ကျွမ်းကျင်သူ၊ ဝူပိုင်လင်"

ကြံ့ခိုင်မှု - ၃၁၂၊ သူမက ခွန်အားကို အာရုံစိုက်တဲ့သူ မဟုတ်ပါ။ ဒါကို အားနည်းချက်လို့ သတ်မှတ်လို့ ရတယ်။

ဉာဏ်ရည် - ၄၆၉၊ ဦးနှောက် ဖွံ့ဖြိုးမှုအဆင့်က အရမ်းမြင့်မားတယ်။ တော်တော်လေး မှတ်ဉာဏ်ကောင်းတယ်။

သွက်လက်မှု - ၅၁၂၊ တောင်းတန်ဒေသများရဲ့ ဘုရင်မ ဖြစ်ပြီး ပြောက်ကျားတိုက်ခိုက်မှု ကျွမ်းကျင်တယ်။

ခံနိုင်ရည် - ၅၆၇။ သူမမှာ ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်တဲ့ အထူးလျှို့ဝှက် ကျင့်စဉ်ရှိတယ်။

ဆန္ဒ - ၆၁၂၊ မဖြိုခွဲနိုင်လု နီးပါး။

....

အလားအလာတန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက်။ သူမ ငယ်ငယ်တုန်းက ချောတဲ့ ယောကျာ်းတစ်ယောက်၏ စွန့်ပစ်ခြင်း ခံခဲ့ရတယ်။ ဒါကြောင့် ချောတဲ့ယောကျာ်းတွေကို အလိုလို မုန်းတီးတတ်သည်။ ကျင့်ကြံထားတဲ့

ကျင့်စဉ်ကြောင့်လည်း အနည်းငယ် စိတ်မူမမှန်ဖြစ်နေတယ်။

ခပ်ခွာခွာနေဖို့ မမေ့ပါနဲ့။ သူက မင်းကို တွယ်ကပ်လိုက်တာနဲ့ သူမကို တွန်းလှန်နိုင်မှာ မဟုတ်တော့ပေ။

"......"

ဝူပိုင်လင်ရဲ့ အချက်အလက်ကို ကြည့်ပြီး ဆွန်းမို ဆွံ့အနေသည်။ ဒီ စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိနေတဲ့ လူတစ်ယောက်နဲ့ ကိစ္စပါလား။ ပိုးကောင်များ၊ ရုပ်သေးများနှင့် နေ့တိုင်း ဆော့ကစားပြီး

စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်နေမှပဲ ထူဆန်းနေလိမ့်မည်။

ဝူပိုင်လင် မျက်မှောင်ကြုတ်သွားသည်။ သူမ ကိုယ်ပေါ်က ဝတ်ရုံသည် လေမတိုက်ဘဲ ဖောင်းကားလာသည်။

ဘုန်း

အဝတ်အစားအောက်မှ အစိမ်းရောင် အလင်းတန်းများ တောက်ပလာပြီး ချက်ခြင်းဆိုသလို သူမကို ဖုံးအုပ်သွားသည်။

ဝူပိုင်လင်ဆီက ပြင်းထန်တဲ့ဖိအား တစ်ခု ထွက်လာသည်။

ဆွန်းမို နောက်ဆုတ်ချင်သော်လည်း မရဖြစ်နေသည်။

ဒီအခိုက်အတန့်မှာ မကြောက်ရဘူး.....။

“အမ်”

ဆွန်းမိုက မတ်တပ်ရပ်နေသေးသဖြင့် ဝူပိုင်လင်က ဆွန်းမိုကို အမြင်သစ်တစ်ခုနဲ့ ကြည့်လိုက်သည်။

“တော်တော် အသည်းကြီးတာပဲ။ ဒါပေမယ့် စောစောတုန်းက ဘာလုပ်ခဲ့တာလဲ”

ဆွန်းမို အမူအရာက လွတ်နေသော်လည်း စိတ်ထဲမှာ အရမ်းသတိ ရှိနေသည်။ သက်ရှည်နယ်ပယ်က ကျွမ်းကျင်သူမှာ တကယ်ထက်မြတ်တဲ့ အာရုံတွေ ရှိနေသည်။ နောင်ကျရင် အရေးကြီးတဲ့ အခိုက်အတန့်မဟုတ်ပါက နတ်ဘုရားမျက်စိ အာရုံကို မသုံးဘဲနေတာက အကောင်းဆုံး ဖြစ်မည်။

"မင်း ဘာလုပ်ခဲ့တာလဲ မသိပေမယ့် အခုတော့ ငါ့ကလေးတွေ အန္တရာယ်ကို ခံစားနေတယ်"

ဝူပိုင်လင်က ဆွန်းမိုကို အကဲခတ်နေသည်။ သူမပြောတဲ့ ကလေးတွေဆိုတာက သူမရဲ့ ဂူပိုးကောင်တွေ ဖြစ်သည်။

အဲဒီအချိန်မှာ အခန်းတံခါး ပွင့်လာပြီး မိုင်ရာဇီ ဝင်လာသည်.

“ဆရာဝူ၊ ဗဟိုပြည်နယ် အကယ်ဒမီအတွက် ပါရမီရှင်တစ်ယောက် ရဖို့ဆိုတာ မလွယ်ဘူး။ သူ့ကို သေအောင်မကစားပါနဲ့”

မိုင်ရာဇီက သတိပေးလိုက်သည်။

မိုင်ဇီယူကတော့ သူ့အမေ အနောက်ကနေ ခေါင်းသေးသေးလေး ထုတ်ပြီး ချောင်းကြည့်နေသည်။

"ဟားဟား"

ဝူပိုင်လင်က ရယ်မောလိုက်သည်။

"ဆရာဆွန်းရဲ့ အနှိပ်နည်းစနစ်က တကယ် မဆိုးဘူး စမ်းကြည့်သင့်တယ်"

စကားပြောပြီးတာနဲ့ ဝူပိုင်လင် ထွက်သွားသည်။

"အဆင်ပြေရဲ့လား"

မိုင်ရာဇ် လက်ဖွေ့ယမ်းလိုက်တာနဲ့ အခန်းတံခါး ပိတ်သွားသည်။

"ဆရာ မိုင်"

ဆွန်းမို ပြုံးလိုက်သည်။

"မင်းပြုံးနေသေးတာလား။ ဝူပိုင်လင်က သူမယောက်ျားကိုတောင် ရုပ်သေးရုပ် လုပ်ထားတဲ့ သွေးအေးတဲ့ အမျိုးသမီးတစ်ယောက်ဆိုတာ မသိဘူးလား။ သူမမှာ အပြုံးမြွေနဂါးဆိုတဲ့ နာမည်ပြောင်ရှိတာ မသိဘူး မဟုတ်လား"

မိုင်ရာဇီ စိတ်အခြေအနေ မကောင်းစွာ ညည်းတွားလိုက်သည်။

"မင်းတို့ ယောကျ်ားတွေ အားလုံးက အတူတူပဲ။ မိန်းကလေးတစ်ယောက်က မျက်စပစ်ပြီး ပြုံးပြလိုက်တာနဲ့ ဖီးလ် တက်ကုန်တယ်"

"ငါ မပါဘူး"

ဆွန်းမိုက ရှင်းပြချင်နေသည်။ ဝူပိုင်လင်က သူ့ကို အမြင်အသစ်တစ်ခုနဲ့ ကြည့်သွားတယ်လို့ တကယ် ခံစားမိသည်။

“ မင်းရဲ့ရလဒ် ကောင်းလွန်းနေတဲ့ ကိစ္စက သူမကို စိုးမိုးနေတယ်။ နန်ယူက ပါရမီရှင် မမွေးထုတ်ခဲ့တာ တော်တော်ကြာနေပြီ ဒါကို သိထားရမယ်။ ဒါကြောင့် နောက်ထပ် နှစ်ပေါင်း တစ်ရာကျော် ကြာသွားရင် နန်ယူ ဖိနှိပ် ခံနေရမှာ ဝူပိုင်လင် စိုးရိမ်နေတယ်”

မိုင်ရာဇီက လိုရင်းကို တန်းပြောလိုက်သည်။ ချန်မျိုးနွယ်နှင့် ဆွန်းမိုကြားမှာ ပဋိပက္ခ ရှိခဲ့ပေမယ့် ဆွန်းမိုကို မကျေနပ်ဆုံးက ဝူပိုင်လင်ပါ။ လူသားတွေ တည်ရှိနေသ၍ ပဋိပက္ခက ရှိနေအုံးမည်။

“ဇီယူ၊ ဆရာဆွန်းကို လာနှုတ်ဆက်လိုက်အုံး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုင်ရာဇီက လှမ်းပြောလိုက်သည်။

အခန်း(၄၇၃) - ပြင်းထန်တဲ့ ရာဇဝတ်မှု။

“ဆရာဆွန်း”

မိုင်ဇီယူရဲ့ အနက်ရောင် ဆံပင်များသည် ခေါင်းအနောက်မှာ ဖဲကြိုးနဲ့ ပေါ့ပေါ့ပါးပါး စည်းထားပြီး ရေတံခွန် တစ်ခုနဲ့တူနေသည်။ သူမ လမ်းလျှောက်တဲ့ အရှိန်အဟုန်ကြောင့် ဆံပင်များကအနည်းငယ် ယိမ်းနွဲ့နေသည်။ သူမက ဆွန်းမိုကို အနည်းငယ် ဦးညွှတ်လိုက်သည်။

မိုင်ရာဇီ ရုတ်တရက် အံ့အောသွားသည်။ ဒါက သာမန် အမျိုးသမီးတွေ လူတွေနဲ့ ဆုံတွေ့တဲ့အခါ ပြသတတ်တဲ့ ကျင့်ဝတ်ပါ။ ဒီလို လုပ်ရပ်ကို မြတ်ဆရာတစ်ယောက်အနေနဲ့ လုပ်ခဲ့ရင်တော့

တခြားလူကို ကျေးဇူးတင်တယ်လို့ အဓိပ္ပါယ်ရသည်။ ဆွန်းမိုက မြတ်ဆရာတစ်ယောက် ဖြစ်နေလို့ မဖြစ်နိုင်ပေ။

ဆွန်းမိုက မိုင်ဇီယူကို ကူညီဖူးခဲ့သဖြင့် ဒီလို လုပ်လိုက်သည်။ အခု အခြေအနေက သူတို့ 'ပထမဆုံးတွေ့ဖူးတဲ့ ပုံစံမျိုး ဖြစ်နေသဖြင့် သူမရဲ့ အပြုအမူကို နှိမ့်ချသင့်သည်။

"ဆရာ မိုင်"

ဆွန်းမိုက သွားရှစ်ချောင်းပေါ်အောင် ပြုံးပြလိုက်သည်။ အရင်တုန်းကတော့ မိုင်ဇီယူနဲ့

သိတဲ့အကြောင်း ပြောလိုက်ချင်သော်လည်း သူမ မျက်စိ မှိတ်ပြတာတွေ့ပြီး ချက်ခြင်း ပါးစပ်ပိတ်လိုက်သည်။

"ထင်ထားသလိုပဲ။ ငါ့ရည်ရွယ်ချက်ကို နားလည်တယ်"

မိုင်ဇီယူကလည်း ပြုံးနေသည်။ အရင်က သူမတို့နှစ်ယောက် ဆုံဖူးတဲ့ အကြောင်းကို မပြောချင်ပေ။ ဒါကြောင့် ဆွန်းမို အရိပ်အမြွက်သိအောင် မျက်လုံး မှိတ်ပြခဲ့သည်။

ဝူပိုင်လင် ပေးထားတဲ့ အတွေ့အကြုံကြောင့် ဆွန်းမိုသည် အခုစကားပြောတဲ့အခါ သတိထားနေခဲ့သည်။ ဒါပေမယ့် သိပ်ကြာကြာအောင့်ထားစရာ မလိုဘဲ စိတ်သက်သာရသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ မိုင်ရာဇီ လူတွေနဲ့ ဆက်ဆံတဲ့ပုံသည် နွေဦးနေရောင်ခြည်လို နွေးထွေးလှသည်။

အရမ်းအဆင်ပြေသည်။

"ဗဟိုပြည်နယ် အကယ်ဒမီကို ပြန်ရောက်ပြီးရင်လည်း သူတော်စင်ဂိတ်က စီစဉ်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူမှုရေး ပွဲနည်းနည်းလောက်တော့ ပါနိုင်အောင် ကြိုးစားပါ။ မင်း သန့်မာလာအောင် အစွမ်းကုန်ကြိုးစားပြီး ကျောင်းသားတွေကို လမ်းပြပါ။ ဒါ့အပြင် ကြယ်နှစ်ပွင့် မြတ်ဆရာဘွဲ့ကိုလည်း တတ်နိုင်သမျှ မြန်မြန်ရအောင် ကြိုးစားပါ”

မိုင်ရာဇီက ဆွန်းမိုကို သဘောကျသည်။ ဒါကြောင့်လည်း ဒါတွေ အားလုံးကို ပြောနေခဲ့သည်။

အဖွဲ့အစည်းတိုင်းတွင် မတူညီတဲ့ အုပ်စုကြားက အငြင်းပွားမှုဆိုတာအမြဲ ရှိနေမည်။ ဆွန်းမိုက

အရမ်းအားနည်းနေသေးသည်။ တကယ်လို့ နိုင်ငံရေး မုန်တိုင်းတစ်ခုနဲ့ စောစော တွေ့ကြုံခဲ့လျှင် ကျိန်းသေပေါက် အမြော်ကစ်စာ ဖြစ်သွားလိမ့်မည်။ ဒါကြောင့် မသန်မစွမ်း ဖြစ်သွားလျှင် သနားဖို့ ကောင်းသွားမည်။

အမှန်တော့ နှစ်တစ်ရာအတွင်းမှာ ဒီလို ပါရမီရှင် တွေ့ဖို့ဆိုတာ ရှားလှသည်။

“ဆရာမိုင်ရဲ့ သင်ကြားမှုကြောင့် အကျိုးရှိခဲ့ပါတယ်”

ဆွန်းမိုက ဦးညွတ်နေသော်လည်း စိတ်ထဲက သက်ပြင်းချနေမိသည်။ အရင်ကျောင်းအုပ်ကြီးသာ အနားမှာရှိပါက သူ့ရဲ့ ကြွက်သားထူထဲတဲ့ ပေါင်ကို ဖက်ထားပြီး သူ့ရဲ့ အထောက်အပံ့ဖြစ်အောင် လုပ်လို့ ရမည်။ ဘယ်လိုပဲဖြစ်ဖြစ် အရင်ကျောင်းအုပ်ကြီးက သာမညသူတော်စင် တစ်ယောက် ဖြစ်ခဲ့သည်။ ဒါက ဘယ်လောက်အထင်ကြီးဖို့ ကောင်းလိုက်သလဲ။

သူ့ပေါင်ကိုသာ တင်းတင်း ဖက်ထားလိုက်လျှင် မြတ်ဆရာလောကမှာ လုပ်ချင်တာ လုပ်လို့ရပြီ။ အနည်းဆုံးတော့ သာမန်လူတွေ သူ့ကို ရန်မစ

ရဲတော့ပေ။ ဥပမာဆို ဝူပိုင်လင်ပဲ ဖြစ်သည်။ (မင်းက ကြယ် ၆ ပွင့် မြတ်ဆရာဖြစ်နေလို့ အထင်ကြီးနေတာလား။ ဒါပေမယ့် မင်းဘယ်လောက်ပဲ အထင်ကြီးနေပါစေ သာမည သူတော်စင်နဲ့ ယှဉ်ပြီး အထင်ကြီးနိုင်အုံးမလား)

(ငါ့ကို ကြောက်စေချင်တာလား)

(ခေါင်း ရိုက်ခွဲလိုက်မယ်)

အရင်ကျောင်းအုပ်ကြီးက သူတော်စင်နယ်ပယ် တက်လှမ်းရာမှာ ရှုံးနိမ့်သွားတာ သနားဖို့ ကောင်းလှသည်။ ခဏာနေပါအုံး။

ငါချင်လင်ရောက်တာ တော်တော်ကြာနေပြီ အရင် ကျောင်းအုပ်ကြီးဆီ သွားမလည် ရသေးဘူး။ ဒါက တကယ်မသင့်တော်တာပဲ။

ဒါပေမယ့် အခုအချိန် အရေးအကြီးဆုံးက မိုင်ရာဇီရဲ့ ပေါင်ကို ဖက်ထားရမှာလား ၊မဖက်ထားရဘူးလား။

ဆွန်းမို ဝေခွဲရ ခက်နေသည်။

ဆွန်းမိုသည် အသက်ရှင်ဖို့အတွက် ကို့ အရည်ချင်းကို ကိုယ် အားကိုးနေတဲ့ သူပါ။

တခြားသူတွေကို မျက်နှာ လုပ်ဖို့လား၊ ဒါက လုံးဝ မဖြစ်နိုင်ပါ။ သူ့မှာ သိက္ခာ ရှိနေသေးသည်။

တကယ်တော့ မိုင်ရာဇီရဲ့ ပေါင်ကို ဖက်ထားဖို့ဆိုတာ အရမ်းလွယ်ကူသည်။ မိုင်ဇီယူကို ကုသ ပေးလိုက်ဖို့သာ လိုအပ်သည်။ ဒီအမျိုးသမီးက သူမသမီးကို အရမ်းဂရုစိုက်တယ်ဆိုတာ ဆွန်းမို သိနေသည်။

"ဆရာဆွန်း၊ ဘာတွေ စဉ်းစားနေတာလဲ"

မိုင်ဇီယူ မေးလိုက်တိုင်း ငြိမ့်ညောင်းတဲ့ အသံလေး ထွက်ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲအကြောင်း စဉ်းစားနေတာ"

မိုင်ဇီယူရဲ့ အပြုံးက ဖြူစင်လွန်းသဖြင့် သူမကို အသုံးပြုမည့် အတွေးကို စွန့်လွှတ်လိုက်သည်။ ဒီကောင်မလေးနဲ့ သူငယ်ချင်း ဖြစ်ချင်သည်။ သူမကို မိုင်ရာဇီနဲ့ ရင်းနီးဖို့အတွက် ပစ္စည်းတစ်ခုအနေနဲ့ အသုံးမချ ချင်ပါ။

ဒီလိုမှမဟုတ်လျှင် သူမရဲ့ ယုံကြည်မှုကို အလွဲသုံးစား လုပ်တာ ဖြစ်သွားမည်။

“အိုဟုတ်ပြီ။ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲ ဝင်ဖြေဖို့ အစီအစဉ် ရှိနေတာလား။ ငါလည်း ဖြေမယ်”

မိုင်ရာဇီက သူ့သမီးကို တအံ့တအော ကြည့်လိုက်သည်။ သူမရဲ့ခန္ဓာကိုယ် အားနည်းလို့ သမီး ဖြစ်သူမှာ ပါရမီပါသော်လည်း ဉ ယျာဉ် စိုက်ပျိုးတာကလွဲလျှင် သင်ကြားရေးကို လုံးဝ စိတ်မဝင်စားပါ။ ကြယ် တစ်ပွင့် မြတ်ဆရာစာမေးပွဲတောင် ဝင်ဖြေခိုင်းဖို့ အတင်းအကြပ် လုပ်ယူခဲ့ရသည်။ ဒါတောင် သူမက

ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေမယ်ဆိုပြီး သူမဘက်က စပြောလာသည်။

ဆွန်းမိုလည်း အနေရခက်သွားသည်။ မိုင်ဇီယူရဲ့ အသံထဲမှာ မျှော်လင့်နေတဲ့ အရိပ်အယောင်ကို ခံစားမိသည်။ ဒီအတွက်လည်း ဘာမှ မတတ်နိုင်ပါ။ သူ့ကိုယ်သူ ရဲဆေးတင်ပြီး ရှင်းပြလိုက်သည်။

"နောက်သုံးလာကြာရင် စစ်ဆေးမယ့် စားမေးပွဲမှာ ဝင်ဖြေဖို့ စီစဉ်ထားတယ်"

"အမ်"

မိုင်ဇီယူ ကြောင်သွားပြီး စိုးရိမ်လာသည်။

"မင်းရဲ့ နာမည်ကျော်ကြားမှုကြောင့် တစ်ကြိမ်တည်း အောင်မြင်မှ ဖြစ်မယ်နော်။ မင်းသာ ကျသွားရင် တစ်သက်လုံး နာမည် ပျက်နေလိမ့်မယ်။ မနာလိုစိတ်ကြောင့် လူတော်တော်များများကလည်း မင်းကို လှောင်နေကြလိမ့်မယ်"

"ဆရာဆွန်းမှာ အရမ်းအထင်ကြီးဖို့ကောင်းတဲ့ တိုက်ရိုက် တပြည့်တစ်ယောက် ရှိတယ်"

မိုင်ရာဇီက ရှင်းပြလိုက်သည်။ သူမက ဆွန်းမို အကြောင်းကို စုံစမ်းထားသဖြင့် ဆွန်းမိုရဲ့ နတ်ဘုရားလက်အကြောင်းကို သဘာဝကျကျ

သိနေသည်။ ဒီတစ်ကြိမ်ကလည်း တကယ့်လက်တွေ့ အကူအညီ တောင်းပြီး သူမသမီးလေးကို နှိပ်ပေးစေချင်သည်။

"ဟုတ်လား"

အရင်က ပျော်နေတဲ့ မိုင်ဇီယူသည် ချက်ခြင်း မျက်နှာညှိုးသွားသည်။ ဖြူဖြူမျက်နှာလေးက စိတ်ပျက်လက်ပျက် ဖြစ်သွားရှာသည်။ ဒါပေမယ့်လည်း နောက်ထပ်အခိုက်အတန့်တွင် သူမ စပြုံးလာသည်။

"ဒီလိုဆိုရင်လည်း ဆရာဆွန်း အောင်မြင်ဖို့ ဆုတောင်းပေးပါတယ်။ တစ်နှစ်ထဲမှာ ကြယ်နှစ်ပွင့် ရမယ်လို့ မျှော်လင့်ပါတယ်"

မိုင်ဇီယူက ဆွန်းမိုကို စိတ်ရင်းနဲ့ ဆုတောင်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

နောက်ထပ် စကားအနည်းငယ် ပြောပြီးနောက် ဆွန်းမို ထွက်ခွာသွားသည်။

"သူနဲ့ ဘယ်တုန်းက သိတာလဲ"

မိုင်ရာဇီက ရုတ်တရက် မေးလိုက်သည်။

"အမ်၊ ဘာဖြစ်လို့လဲ"

မိုင်ဇီယူက သူမအမေရဲ့ အကြည့်များကို ရှောင်ပြီး ပြန်ပြောလိုက်သည်။

"အရင်က မသိပါဘူး"

"ဒီရက်ပိုင်းအတွင်း အသားအရည် ပိုကောင်းလာတယ်။ နတ်ဘုရားလက်ကြောင့်လား"

မိုင်ရာဇီက အရမ်းထက်မြတ်သည်။ သမီးဖြစ်သူကို နားလည်မှုပေးပြီး သာမန်ကာလျှံကာ မေးခွန်းများနဲ့ အမှန်တရားကို ဖော်ထုတ်လိုက်သည်။

"အင်း"

မိုင်ဇီယူ ခေါင်းညိတ်လိုက်သည်။ အရင်တုန်းကတော့ ဆွန်းမိုနဲ့ သူမကြားက ဆက်ဆံရေးအကြောင်းကို ဖော်ထုတ်ဖို့ အစီအစဉ် မရှိခဲ့ပါ။

“သူက စည်းကမ်းရှိတဲ့ လူငယ်လေး တစ်ယောက်ပါ”

မိုင်ဇီယူ ခေါင်းညိှတ်လိုက်သည်။ ဆွန်းမို၏ အမူအရာတွင် ယုတ်မာတာလဲ မရှိသလို လွှန်လွှန်ကျူးကျူး ပြုမူတာလည်း မရှိတာကြောင့် သူ့အပေါ်အမြင်ကောင်းပါသည်။

"ကောင်းပြီလေ။ သူ့ကို ချစ်မိသွားလို့တော့ မရဘူးနော်"

"ထုံးစံအတိုင်း ငါဘယ်တော့မှ အဲဒီလို လုပ်မှာ မဟုတ်ဘူး"

မိုင်ဇီယူက နှုတ်ခမ်းစူပြီး ပြန်ပြောသည်။

မိုင်ရာဇီက သူ့သမီးကို တစ်ချက်ကြည့်လိုက်သည်။

"သူ့မှာ စေ့စပ်ထားတဲ့လူ ရှိနေပြီ။ ဆန်းကြယ်ကောင်းကင် အကယ်ဒမီက ကျောင်းဆင်း အန်ရှီဝေ ပဲ"

"အမ်၊ အစ်မကြီး အန်လား"

မိုင်ဇီယူ အံ့အောသွားသည်။ ဘာကြောင့်မှန်းမသိ ရုတ်တရက် ဝမ်းနည်းလာသည်။

"ဆွန်းမိုရဲ့ ထူးချွန်မှုအရာက အန်ရှီဝေ မရှိရင်တောင် သူ့နား အမျိုးသမီး ရှားမှာ မဟုတ်ဘူး။ မင်းသူ့ကို ချစ်မိသွားရင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်သွားမယ်"

မိုင်ရာဇီက သူမကို ကြိုပြီး သတိပေးလိုက်သည်။

"ငါ့ရောဂါကြောင့် သူ့ကို ချစ်မိသွားရင်တောင် အသုံးမဝင်ပါဘူး"

မိုင်ဇီယူ ခေါင်းညိတ်လိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါက သေတော့မယ့် လူပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မဟုတ်ဘူး။ ငါ့ရဲ့ လက်ကျန်နေ့ရက်တွေမှာ ပျော်စရာ တချို့တော့ ရှာဖွေရမယ်။ ဥပမာ - ဆွန်းမိုနဲ့ ပြိုင်တာမျိုးပေါ့။ ဒါပေမယ့် တိုက်ရိုက်တပြည့်တစ်ယောက် အရင်ရှာရမယ်။)

မိုင်ဇီယူက သူမအခြေအနေကို သူမ သိသည်။ တကယ်လို့ သူမသာ တိုက်ရိုက် တပြည့်တစ်ယောက် လက်ခံလိုက်ပါက အခြားသူများကို ထိခိုက်သွားစေနိုင်သည်။ ဒါကြောင့် အခြားနည်းလမ်းတစ်ခု စဉ်းစားရမည်။

....

နေ့လည်စာ စားပြီးတာနဲ့ မြွတ်ဆရာ အသီးသီးသည် တည်းခိုရာနေရာသို့ ပြန်တဲ့လူက ပြန်၊ ပြည့်တန်ဆာအိမ်ကို သွားတဲ့လူကသွား သွားနေကြသည်။

ဆွန်းမိုသည် တယ်လီပို့တံခါးမှ တဆင့် ချင်လင်သို့ မပြန်နိုင်ခဲ့ပါ။ ဒီလိုမဟုတ်ပါက ဟိုတယ်မှာ ကျန်နေခဲ့မယ့် တယ်လီပို့ တံခါးကို ဖယ်ရှားဖို့ နည်းလည်း မရှိပေ။ အုပ်စုလိုက် ခရီးသွားနေသောကြောင့်လည်း တိမ်တိုက်ကို စီးပြီး ခရီးသွားဖို့ကလည်း မဖြစ်နိုင်ပါ။

ဒါကြောင့် နာခံမှု ရှိရှိနဲ့ မြင်းစီးဖို့သာ ရွေးချယ်ခဲ့ရသည်။

ဒါပေမယ့်လည်း ကူရှုပ်ရှင်းက ဆွန်းမိုကို ဂန်လင်မှာရှိတဲ့ နာမည်ကြီးနေရာတွေကို လည်ပတ်ဖို့ အတင်းဆွဲခေါ်သွားသည်။

နောက်ဆုံး တစ်ယောက်တည်းရှိတဲ့ ညအချိန်တွေမှာတော့ ဆွန်းမိုက စွယ်စုံကျမ်း အသိပညာကို ကိုယ့်ကိုယ်ကို အသုံးပြုပြီး စွမ်းရည်စာအုပ်ထဲက အကြောင်းအရာများကို လေ့လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီကနေတဆင့် အကြောင်းအရာများကို အလွတ်ကျက်မှတ်ခဲ့သည်။

ဒီလိုကိစ္စကို ညတိုင်း ပြင်းပြင်းထန်ထန် လုပ်ခဲ့သည်။

လေးရက်မြောက်နေ့ (မနက် ၁နာရီ - ၃နာရီ) ထိုးပြီဆိုတာကို ကင်းသမား သံချောင်းခေါက်သံမှ သိရသည်။ ဆွန်းမိုက လှဲချပြီး အိပ်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ရုတ်တရက် မျက်လုံးဖွင့်ပြီး ပြတင်းပေါက်ကို ကြည့်လိုက်သည်။

"ဆွန်းရှီလား"

ပွင့်နေတဲ့ ပြတင်းပေါက်မှာ ဆွန်းရှီ ထိုင်နေတာ မြင်လိုက်လျှင် ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

လရောင်ဖြာကျနေသဖြင့် ဆွန်းရှီရဲ့ ဝမ်းနည်းနေတဲ့ ပုံသဏ္ဌာန်ကို မြင်နေရသည်။ ဆံပင်တွေက ဖွာလန်ကျဲနေပြီး ဝတ်ရုံမှာလည်း သွေးတွေ စွန်းထင်းနေသည်။

"မင်း ဘာဖြစ်လာတာလဲ....."

ဆွန်းမို မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ငါက ကြယ် ၂ပွင့် မြတ်ဆရာ စာမေးပွဲမှာ မင်းကို အနိုင်ယူဖို့ စီစဉ်ထားတယ်လို့ မင်းကို ပြောဖို့

လာတာ။ ဒါပေမယ့် အခုအချိန်မှာတော့ ငါပါနိုင်မှာ မဟုတ်တော့ဘူး”

ဆွန်းရှီက မောပန်းစွာ ချောင်းဆိုးနေသည်။

“မင်းကုသဖို့ ဆရာဝန် အရင်ရှာသင့်တယ်”

ဆွန်းရှီ ချောင်းဆိုးရင်း အုပ်ထားတဲ့ လက်ချောင်းများကြားမှ သွေးများကို မြင်နေရသည်။

“ငါ မသေခဲ့ရင် မင်းကို သေချာပေါက် လာစိန်ခေါ်မယ်.။ ဒါနဲ့ ဆွန်းမို မင်းမသေနဲ့အုံး။ မင်း ကြိုးစားပြီး အမြင့်ရောက်အောင် တက်ပါ။ မင်းအောင်မြင်မှုတွေ ဘုန်းတန်ခိုးကြီးပြီး

တောက်ပလေ နောက်ဆုံးမှာ မင်းကို အနိုင်ယူလိုက်တဲ့အခါ ငါ့ရဲ့ သာလွန်မှုကို သက်သေပြလို့ ရတာပေါ့”

ဆွန်းရှီက ပြောပြီးတာနဲ့ ဆွန်းမိုကို တစ်ချက်စိုက်ကြည့်ပြီး ပြတင်းပေါက်က ခုန်ဆင်းကာ လရောင်များကြားတွင် ပျောက်သွားသည်။

ဆွန်းမိုက အပြစ်ကင်းတဲ့ အကြည့်နဲ့ ငေးကြည့်ပြီး ကျန်နေခဲ့သည်။ (စိန်ခေါ်ချင်ရင်တောင် ညနက်သန်းခေါင် လာစရာ မလိုဘူးလေ။ မသိရင် လုပ်ကြံသတ်ဖြတ်သူနဲ့ ကြုံလိုက်ရသလိုမျိုးပဲ)

ဒါကြောင့်လည်း ဆွန်မို အိပ်မပျော်နိုင်တော့ပေ။

သူ့အထင် မမှားခဲ့ပါ။ မိနစ် ၃၀ လောက်ကြာတော့ အနက်ရောင် ဝတ်ထားတဲ့ စစ်သားတစ်စုက ဟိုတယ်ထဲ ပြေးဝင်လာသည်။

ဆွန်းမို အခန်းတံခါး တွန်းဖွင့် ခံလိုက်ရသည်။

"ဆွန်းရှီနဲ့ တွေ့ခဲ့လား"

လူလတ်ပိုင်း အမျိုးသားကြီးတစ်ယောက်က ဒေါကြီးမောကြီးနဲ့ မေးလာသည်။

"ညနက်သန်းခေါင် အချိန်မှာ ရုတ်တရက် ဝင်နှောက်ယှက်ပြီး ဒီလိုမေးခွန်း မေးစရာလား။

မင်းအမေက ဘယ်လိုနေထိုင်ရမလဲ မသင်ပေးခဲ့ဘူးလား”

ဆွန်းမို တော်တော်လေး မကျေမနပ် ဖြစ်နေသည်။ ဒီလူတွေ ဥပဒေမဲ့ လုပ်လွန်းသည်။

“မင်းက ဆွန်းရှီရဲ့ ကြံ့ရာပါလို့ သံသယရှိတယ်။ သူ့ကို ဖမ်းလိုက်”

ဆွန်းမိုက မေးခွန်းကို ရှောင်ထွက်သွားတာ မြင်လိုက်လျှင် လူလတ်ပိုင်းအမျိုးသားက စကားဆက်မပြောတော့ပေ။ အမိန်ပေးအသံနဲ့အတူ

အနက်ရောင်ဝတ် စစ်သားတစ်ယောက်က ကြိုးကွင်းနဲ့ ဆွန်းမို လည်ပင်းကို လှမ်းပစ်လိုက်သည်။

ဆွန်းမို တော်တော်လေး ဒေါသထွက်သွားသည်။ ပေါက်ကွဲမှု စွမ်းအားအပြည့်နဲ့ ထိုးထုတ်လိုက်သဖြင့် လက်သီး တုန်နေသည်။

အကန့်အသတ်မရှိတဲ့ ဒုက္ခဆင်းရဲ ပင်လယ်။

ဘုန်း ဘုန်း ဘုန်း

စစ်သားသည် လက်သီးရဲ့ အစွမ်းထက်တဲ့ အငွေ့အသက်ကိုသာ ခံစားလိုက်ရသည်။ လက်သီး

အရိပ်များက လေထဲ ပြည့်နှက်နေပြီး သူ့ရဲ့ အရေးကြီးတဲ့ နေရာအားလုံးကို ကာကွယ်ထားသည်။

ဒီလိုမျိုး သေးငယ်တဲ့ နေရာတွင် တိုက်ခိုက်ရပါက ဆွန်းမိုရဲ့ ဓမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီး၏ အစွမ်းသတ္တိသည် သိသိသာသာ တိုးမြင့်လာခဲ့သည်။

ဘုန်း ဘုန်း ဘုန်း

တခြား စစ်သားတွေလည်း ထိမှန်သွားသည်။ အထူးသဖြင့် အရှေ့က သုံးယောက် လေထဲ လွင့်ထွက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူလတ်ပိုင်း အမျိုးသား မျက်နှာပျက်သွားသည်။ ညှိနှိုင်းရတာ ခက်ခဲလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ပေ။ ဒါကြောင့် ကိုယ်တိုင် ဝင်တိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

"သေချင်တဲ့ ကောင်ပဲ"

လူလတ်ပိုင်း အမျိုးသားက ဒေါသတကြီး အော်ဟောက်လိုက်သည်။ သူသည် ၇ မီတာ အကွာကနေ ခြေတစ်လှမ်းထဲနဲ့ ဆွန်းမိုအရှေ့ကို ရောက်လာပြီး သံလက်ဝါးနဲ့ ခုတ်ချလိုက်သည်။

ဆွန်းမိုကလည်း မကြောက်ဘဲ လက်သီးနဲ့ အဖြေပြန်ပေးလိုက်သည်။

ထ၁၀ရ ဝါဒ။

ဘုန်း

ဆွန်းမို မြေနှစ်လှမ်း ပြန်ဆုတ်သွားရသည်။ ရိုက်ခတ်မှုအရှိန်ကြောင့် မြေထောက်အောက်မှာရှိတဲ့ ကြမ်းခင်းများ ကွဲအက်သွားသည်။

လူလတ်ပိုင်း အမျိုးသားရဲ့ ခန္ဓာကိုယ်လည်း တုန်ယင်သွားသည်။ သူ ခံလိုက်ရတဲ့ သက်ရောက်မှုက ဆွန်းမို ထက်စာရင် ပိုးနည်းပေမယ့် မျက်နှာမှာ ထိတ်လန့်မှုများ ရှိနေသည်။

ဒီလူငယ်က တကယ် ကြောက်ဖို့ ကောင်းတာပဲ။

ကျင့်ကြံထားတဲ့ ကျင့်စဉ်က သူတော်စင်အဆင့် ဖြစ်မှာသေချာသည်။

“ဆွန်းမို၊ မတိုက်နဲ့တော့။ သူတို့က သူတော်စင်ဂိတ်ရဲ့ တရား ဥပဒေစိုးမိုးရေး အဖွဲ့”

ရုတ်ရုတ်သဲသဲ အသံကို ကြားသဖြင့် ကူရှုပ်ရှင်းလည်း ပြေးလာခဲ့သည်။ အဆုံးမှာ ဒီမြင်ကွင်းကို မြင်လိုက်လျှင် ဘောင်းဘီကို ကိုက်မိလု နီးပါး ဖြစ်သွားသည်

တရားဥပဒေစိုးမိုးရေးအဖွဲ့သည် သူတော်စင်ဂိတ်ရဲ့ တိုက်ခိုက်ရေး ဌာနပါ။ သူတို့က

ရာဇဝတ်မှု ကျူးလွန်ထားတဲ့ မြွတ်ဆရာများကို အမဲလိုက်ပြီး ဖမ်းဖို့အတွက် တာဝန်ယူထားရသည်။ ပြတ်ပြတ်သားသား ပြောရလျှင် သူတို့က သူတော်စင်ဂိတ်ရဲ့ သန့်ရှင်းမှုနဲ့ ဖြောင့်မတ်မှုကို သေချာအောင် စုန်းပြူးတွေကို ဖယ်ရှား ပစ်ရသည်။

ဆွန်းမို မဲ့လိုက်သည်။ ထင်မှတ်ထားသလိုပဲ ဒီလောက် ကြီးမားတဲ့ အဖွဲ့အစည်းထဲမှာလဲ ဒီလို ဥပဒေမဲ့ ရမ်းကားတဲ့လူ ရှိနေသည်။

“ဒီက အဖွဲ့ခေါင်းဆောင် ဆွန်းမိုက ဒီနှစ် ကြယ်တစ်ပွင့် မြွတ်ဆရာစာမေးပွဲမှာ ထိပ်ဆုံး

ရတဲ့လူဖြစ်ပြီး နှစ်တစ်ရာ စံချိန်လည်း ချိုးထားတယ်။ မင်းက သူ့ကို ဘာကြောင့် တိုက်ခိုက်တာလဲ မသိပေမယ့် သူက အပြစ်ကင်းတယ်ဆိုတာတော့ သိတယ်”

ကူရှပ်ရှင်းက ကမန်းကတမ်း ရှင်းပြလိုက်သည်။

လူလတ်ပိုင်း အမျိုးသား ကြောင်သွားသည်။ အရင်တုန်းကတော့ ဆွန်းမိုကို သင်ခန်းစာ တစ်ခုပေးချင်သော်လည်း ကူရှပ်ရှင်းရဲ့ စကားကို ကြားပြီးနောက် မနေနိုင်ဘဲ ဆွန်းမိုကို အနီးကပ်လေ့လာလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းက ခွေးစကားပြောတဲ့ တစ်မဲ ဆွန်းလား"

လူလတ်ပိုင်း အမျိုးသားမှာ ကြီးမားတဲ့ အခွင့်အာဏာနဲ့ ကြီးမားတဲ့ တိုက်ခိုက်စွမ်းရည်ရှိသဖြင့် ထုံးစံအတိုင်း လူငယ်များကို မျက်လုံးထဲ မထည့်ထားပေ။ ကြယ်တစ်ပွင့် မြတ်ဆရာလောက်ကို မပြောနဲ့ အရင်က ကြယ်သုံးပွင့် မြတ်ဆရာတွေတောင် ဖမ်းဖူးသည်။ ဒါပေမယ့် ကူရှုပ်ရှင်းရဲ့စကားကို ကြားလိုက်လျှင် ဒေါသ နည်းနည်းတော့ လျှော့သွားသည်။

အမှန်တိုင်းပြောရလျှင် ဒီလိုမျိုး အကြွင်းမဲ့ ပါရမီရှင်တစ်ယောက်ကို စော်ကားဖို့ မထိုက်တန်ပါ။

အနက်ရောင်ဝတ် စစ်သားများကလည်း ဆွန်းမိုကို စိတ်ဝင်တစား အကဲခတ်နေကြသည်။ ဘယ်လိုပဲပြောပြော သူ့ရဲ့ ရလဒ်က ကြောက်ဖို့ ကောင်းလွန်းသည်။ ဒီ 'တစ်မဲ ဆွန်း' ဆိုတဲ့ နာမည်က ဂန်လင်မြို့ မြတ်ဆရာ အသိုင်းအဝိုင်းကို ပျံ့နှံ့နေခဲ့ပြီ။

ဆွန်းမို ဘာမှပြန်မပြောရသေးခင် ချန်ဝေ ပေါ်ထွက်လာသည်။

"ဆွန်းရှီကို ဖမ်းမိပြီလား"

ချန်ဝေက မေးလိုက်ပြီး ဆွန်းမိုကို ကြည့်ကာ အံ့အော မဆုံး ဖြစ်နေသည်။

“မင်း ဒီမှာနေတာလား”

“ဆရာချန်”

ဆွန်းမိုက လက်သီးဆုပ်ပြီး နှုတ်ဆက်လိုက်သည်။

“ဆရာချန်၊ ဆွန်းရှီက ဘယ်လို ပြစ်မှု ကျူးလွန်ခဲ့သလဲဆိုတာ ပြောပြပေးလို့ ရနိုင်မလား”

ဆွန်းမို မျက်ခုံးတင်းတင်းကျပ်ကျပ် ကြုတ်ထားသည်။ ဂဏန်းတစ်ကောင်ရှိရင်တောင် ညှပ်ပြီး သေသွားနိုင်သည်။ ချန်ဝေလို အဓိက

ဓာတ်ဆောင်တစ်ယောက်တောင် လှုပ်ရှားနေသည်။ ဆွန်းရှီ ကျူးလွန်ခဲ့တဲ့ ပြစ်မှုက တော်တော်လေး ကြီးလေးဖို့ များသည်။

အခန်း(၄၇၄) - လက်ခုပ်သံများနဲ့ လက်ဆတ်တဲ့ ပန်းလေးတွေကို ခံစားရန်အတွက် ဗဟိုပြည်နယ် အကယ်ဒမီကို ပြန်လာပြီ။

"ဆွန်းရှီက ဆရာမီအာကို သတ်ခဲ့တယ်။ အဲဒီနောက်မှာပဲ ငါ့ကို လုပ်ကြံဖို့ ကြံစည်နေမှန်း သိလိုက်တာ"

ဆွန်းရှီ ကျူးလွန်ခဲ့တဲ့ ပစ်မှုက ကြီးသွားပြီ။ ဒါကို ဖုံးကွယ်ထားဖို့ကလည်း မဖြစ်နိုင်သဖြင့် ချန်ဝေက ဆွန်းမိုကို တိုက်ရိုက်ပြောပြလိုက်သည်။

“ဘာ”

ဆွန်းမို မတုန့်ပြန်နိုင်ခင် ကူရှုပ်ရှင်းနဲ့ ကျန်တဲ့လူများက အလန့်တကြား ထအော်သည်။

မီအာဖူ ဒီအသုတ် မြတ်ဆရာတွေကို စစ်ဆေးတဲ့ အဓိက စာစစ်သူ ခုနှစ်ယောက်ထဲက တစ်ယောက် ဖြစ်သည်။ သူ့ကအဆင့်အတန်းမြင့်ပြီး အခွင့်အာဏာ

ကြီးမားသည်။ ဆွန်းရှီ ဦးနှောက် ပျက်သွားပြီလား။ လုပ်ကြံတာ တကယ်အောင်မြင်ခဲ့တာလား။

ဆွန်းရှီတော့ အဆုံးသတ်သွားပြီ။

သူတော်စင်ဂိတ်က တခြားသူတွေကို ကြီးကျယ်ခမ်းနားစွာ ဆက်ဆံပြီး သူတို့ကိုယ်သူတို့လည်း စည်းကမ်းတင်းကျပ်သည်။ မြတ်ဆရာများရဲ့ ဂုဏ်ကျက်သရေကို ပြန်သရန်အတွက် သူတော်စင်ဂိတ်က စည်းကမ်းကို ဖောက်ဖျက်တဲ့ မည်သည့် မြတ်ဆရာမဆို လုံးဝ ခွင့်မလွှတ်တတ်ပေ။

ဒီအကြောင်းအရာကို ဖော်ပြဖို့ စကားလုံးတစ်မျိုးပဲ ရှိသည်။ မြတ်ဆရာ လုပ်ခဲ့တဲ့ အမှားက သေးသေးလေး ဖြစ်နေရင်တောင် ပြစ်ဒဏ်က ကြီးလိမ့်မည်။

"ဆရာဆွန်း၊ ဆွန်းရှီက မင်းကို ဘာဖြစ်လို့ လာရှာလဲဆိုတာ ပြောပြနိုင်မလား"

ချန်ဝေက မေးလိုက်သည်။

"ဆွန်းမို၊ ပြောလိုက်"

ကူရှုပ်ရှင်းက လျှောက်လာပြီး လေသံတိုးလေးနဲ့ စည်းရုံးသည်။ ဆွန်းမိုကို တရားဥပဒေ စိုးမိုးရေး အဖွဲ့က မခေါ်သွားစေချင်ပါ။ ချန်ဝေနှင့်

ဆွန်းမိုကြားက ပဋ္ဌိပက္ခကိုလည်း မေ့ထားလို့ မရပါ။ တကယ်လို့ ချန်ဝေက ဒီကိစ္စကို အသုံးချပြီး ဆွန်းမိုကို သင်ခန်းစာပေးရန် ဆုံးဖြတ်ထားပါက ဆွန်းမို မသေရင်တောင် အရေခွံ တစ်လွှာတော့ သေချာပေါက် အန္တာ ခံရလိမ့်မည်။

လူတွေရဲ့ နှလုံးသားက ကောက်ကျစ်တတ်သည်။ ကူရှူပ်ရှင်း ဒါကို သတိထားနေသည်။

“ဆွန်းရှီက အရမ်းသဘောထား သေးသိမ်တယ်။ ဆရာ မီအာက သူ့ကို ပထမဆုံး ကြိမ်းမောင်းခဲ့တဲ့အတွက် ဆွန်းရှီက သူ့ကို တကယ်

သတ်ပစ်ခဲ့တယ်။ ဒီစရိုက်က တော်တော်လေး ကြောက်ဖို့ ကောင်းတယ်”

ချန်ဝေက သက်ပြင်းချလိုက်ပြီး

“သူ့ကို မြတ်ဆရာတစ်ယောက် ဖြစ်ခွင့်မပေးခဲ့တာ ကံကောင်းတာပဲ။ ဒီလိုမှမဟုတ်ရင် အနာဂတ်မှာ ပြဿနာပေးမယ့် အရင်းအမြစ် ဖြစ်လာလိမ့်မယ်”

“ဆွန်းရှီက ဒီကိုလာပြီး စိန်ခေါ်ခဲ့တာ”

ဆွန်းမိုလည်း ဆွန်းရှီရဲ့ အပြုအမူကို ဘယ်လို အကဲခတ်ရမလဲ မသိတော့ပေ။ (မြတ်ဆရာတစ်ယောက် ဖြစ်ဖို့ဆိုတဲ့ အရေးကိစ္စနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြုံလာရင် နည်းနည်းလေးတောင် မလိမ်နိုင်ဘူးလား။ စာစစ်သူတွေက ဘယ်လိုတွေးသွားမလဲဆိုတာ သိရက်နဲ့ အမှန်တိုင်းပြောဖို့ လိုအပ်လို့လား)

"ငါလည်း ဒီလိုပဲ ထင်တယ်"

ချန်ဝေက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ လူတိုင်း သွားလို့ရပြီ။ ဆွန်းရှီရဲ့ လှုပ်ရှားမှုကို သွားပြီး ခြေရာခံကြပါ"

ချန်ဝေက တရားဥပဒေ စိုးမိုးရေးအဖွဲ့ ထွက်သွားရန် ညွှန်ပြလိုက်သည်။

"ဆရာချန်'

သက်လတ်ပိုင်း အမျိုးသား မျက်မှောင်ကြုတ်သွားသည်။ အဲဒီနောက် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ပြီး

“ သူ့ရဲ့ တစ်ဖက်သတ် စကားတွေကိုပဲ နားထောင်လို့ မရဘူးလေ။ တကယ်လို့ ဆွန်းရှီနဲ့ အဆက်အသွယ် ရှိနေရင်.......”

“တောင်သင့်ပြီ။ ဒီကိစ္စကို ဒီမှာပဲ ထားလိုက်တော့”

ချန်ဝေက စကားဖြတ်ပြောလိုက်သည်။

သိပ်မကြာခင် တရားဥပဒေ စိုးမိုးရေးအဖွဲ့လည်း လုံးဝ ပြန်ဆုတ်သွားသည်။ အဲဒီအချိန်ရောက်မှပဲ

ကူရှုပ်ရှင်းနှင့် ကျန်တဲ့သူတွေ စိတ်သက်သာရသွားသည်။ ဒီအတွက်လည်း အဖြေမရှိပါ။ ထိုအဖွဲ့သားများမှာ မြတ်ဆရာများကို စစ်ဆေးမေးမြန်းနိုင်တဲ့ အခွင့်အာဏာ ရှိသည်။

"ဂန်လင်မှာ သွေးထွက်သံယို မုန်တိုင်း တစ်ခုဖြစ်လာတော့မယ်။ တတ်နိုင်သမျှ မြန်မြန်ထွက်သွားတာ အကောင်းဆုံးပဲ"

ကူရှုပ်ရှင်းက အကြံပြုသည်။

"အင်း"

ဆွန်းမို တိတ်ဆိတ်သွားသည်။

“ပြောရမယ်ဆိုရင် ဆရာချန်ရဲ့ စရိုက်က မဆိုးဘူး။ အရင်က သူ့ကို အထင်လွဲခဲ့တဲ့ ပုံပဲ”

ကူရှုပ်ရှင်းက သက်ပြင်းချရင်း ပြောလိုက်သည်။ သူမက ဒီကပ်ဆိုးကို ရှောင်နိုင်အောင် ဆွန်းမိုကို ကူညီခဲ့တဲ့ ချန်ဝေကို ရည်ညွှန်းပြီး ပြောနေသည်။ တကယ်တော့ သက်လတ်ပိုင်း အမျိုးသားက ဆွန်းမိုကို ခေါ်ဆောင်သွားဖို့ ဆုံးဖြတ်ထားပါက ကျန်တဲ့လူများ ဘာမှ မတတ်နိုင်ပေ။

ဆွန်းမိုကို မနှိပ်စက်ရင်တောင် ရက်အနည်းငယ်တော့ ထောင်ချထားမှာ သေချာသည်။

"တရားဥပဒေ စိုးမိုးရေးအဖွဲ့ကို လျစ်လျူရှုဖို့ဆိုရင် ဘယ်အဆင့်အထိ ရောက်နေရမှာလဲ"

ဆွန်းမိုသည် ဂန်လင်ကို ရောက်လာပြီးကတည်းက ကြီးမားတဲ့ အားနည်းချက်ကို ပထမဆုံး ခံစားခဲ့ရသည်။

"ပြောရတာ ခက်တယ်။ အနည်းဆုံး ကြယ် ၅ ပွင့် အဆင့်ရောက်မှပဲ တရားဥပဒေ စိုးမိုးရေးအဖွဲ့က အကြမ်းမဖက် ရဲလောက်မှာ"

ကူရှုပ်ရှင်း သက်ပြင်းချလိုက်သည်။ အကောင်းဆုံး ဖြေရှင်းချက်ကတော့ ကျောထောက်နောက်ခံ ရှာဖွေတာပဲ ဖြစ်လိမ့်မည်။ 'အေ' အဆင့်ကျောင်း ဒါမှမဟုတ် မဟာကိုးပါး ကျောင်းတွေမှာ အလုပ်လုပ်ချင်တဲ့ မြတ်ဆရာတွေ ဘာဖြစ်လို့ ဒီလောက်များနေရတာလဲ။

တခုခုဖြစ်ခဲ့လျှင် ကျောင်းက ကာကွယ်ပေးလိမ့်မည်။

....

ဟိုတယ်က ထွက်လာပြီး လမ်းသုံးလမ်း အကွာသို့ ရောက်လျှင် ချန်ဝေ ပြုံးလိုက်ပြီး

"လုပ်တာ ကောင်းတယ်"

"ဆရာ၊ တဲ့တိုး ပြောတာကို ခွင့်လွှတ်ပေးပါ။ ဒါပေမယ့် ဆရာက ဆရာဆွန်းကို ဘာဖြစ်လို့ ဒီလောင် အထင်ကြီးနေရတာလဲ"

သက်လတ်ပိုင်း အမျိုးသား နားမလည်နိုင် ဖြစ်နေသည်။ သူက ချန်ဝေရဲ့ တိုက်ရိုက်တပြည့် တစ်ယောက်ဖြစ်ပြီး အနှစ် ၂၀ ကျော်ကြာတဲ့ ဆက်ဆံရေး ရှိသည်။ ဒါကြောင့် သူ့ဆရာရဲ့ ပင်ကိုယ်စရိုက်ကို သိသည်။ အစောပိုင်းတုန်းက ဆွန်းမိုကို ခေါ်ဆောင်သွားဖို့ ပြောရခြင်းမှာ ချန်ဝေ ဆွန်းမိုဆီက မျက်နှာရဖို့ ကူညီပေးခဲ့တာ ဖြစ်သည်။

“ဆွန်းမိုကို ဘယ်လိုထင်လဲ”

ချန်ဝေက ပြန်မေးလိုက်သည်။

“အရမ်းစွမ်းရည် ရှိပြီး သူလေ့ကျင့်ထားတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကလည်း အရမ်းအားကောင်းတယ်။ သူတော်စင်အဆင့်တောင် ဖြစ်ကောင်း ဖြစ်နိုင်တယ်”

သက်လတ်ပိုင်း အမျိုးသားက ပြန်တင်ပြသည်။

“သူတော်စင်အဆင့် ဟုတ်လား”

ချန်ဝေ အံ့အောသွားသည်။ ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲတွင် တိုက်ခိုက်ရေးအပိုင်း မပါသဖြင့် ဆွန်းမိုရဲ့ တိုက်ခိုက်ရေးအစွမ်း ဘယ်လောက်မြင့်တယ်ဆိုတာ မသိခဲ့ပေ။ ဒါပေမယ့်

သက်လတ်ပိုင်း အမျိုးသားရဲ့ အကဲဖြတ်မှုက ဒီလောက်မြင့်လိမ့်မယ်လို့တော့ မထင်ခဲ့ပေ။

"ဒါ့အပြင် ဖိအား ခံနိုင်ရည်လည်း အရမ်းကောင်းတယ်။ ဆရာလည်း ကျွန်တော်တို့ တရားဥပဒေ စိုးမိုးရေးအဖွဲ့ရဲ့ ဂုဏ်သတင်းကိုလည်း သိမှာပါ။ ကြယ်သုံးပွင့် မြတ်ဆရာတွေနဲ့ ရင်ဆိုင်ရရင်တောင် သူတို့ မကျေနပ်လည်း သည်းခံရတယ်။ ဒါပေမယ့် ဒီလူငယ်လေးရဲ့ သဘောထားက အရမ်းမာကျောပြီး ဆတ်ဆတ်ထိမခံ ဖြစ်နေတယ်"

လူလတ်ပိုင်းအမျိုးသားက ဆွန်းမိုရဲ့ အပြုအမူနဲ့ စကားများကို ပြန်တွေးလိုက်သည်။

"မင်းတို့ကောင်တွေနဲ့ မရင်းနှီးတာ မဖြစ်နိုင်ဘူးလား"

ချန်ဝေ ခန့်မှန်းလိုက်သည်။

"မဟုတ်ဘူး"

သက်လတ်ပိုင်း အမျိုးသားက ခေါင်းခါပြီး

"ဒီလူက ခါးမတ်ပြီး မကြောက်တတ်တဲ့ စရိုက်ရှိတယ်"

ဒီလိုမျိုးလူတွေ ကြီးထွားလာလျှင် ကောင်းကင်ကြီးကို ဖြူစင်အောင် လုပ်ပေးနိုင်တဲ့ သစ်ပင်ကြီး တစ်ပင် ဖြစ်လာမည်။ ဒီလိုမှမဟုတ်ရင်လည်း စောစောစီးစီး သေသွားကာ သူတို့ရဲ့ နာမည်ကလည်း အချိန်ကာလ မြစ်ကြီးထဲမှာ ကွယ်ပျောက်သွားလိမ့်မည်။

ဒီစကားကို ကြားလိုက်လျှင် ချန်ဝေ မျက်မှောင်ကြုတ်သွားသည်။ ကြည့်ရတာတော့ ဆွန်းမိုကို စုဆောင်းမည့် အစီအစဉ် သေချာပေါက် ကျရှုံးသွားတဲ့ ပုံပဲ။

“စိတ်မကောင်းစရာဘဲ”

ချန်ဝေ သက်ပြင်းချလိုက်သည်။ ဆွန်းမို ကိုခေါ်ယူနိုင်ခဲ့လျှင် ဂန်နန်အကယ်ဒမီရဲ့ ယှဉ်ပြိုင်နိုင်စွမ်းသည် ၁၀ နှစ်အတွင်း တိုးတက်လာလိမ့်မည်။

ဒင်

ချန်ဝေ၏ လေးစားအထင်ကြီးမှု +၃၀၊ ရင်းနီး (၁၅၀/၁,၀၀၀)

....

နောက်တစ်နေ့မနက်တွင် ဆွန်းမိုတို့အဖွဲ့သည် ချင်လင်သို့ ပြန်လာခဲ့ကြသည်။

ဂေါင်ပန်နှင့် ကျန်းလန်တို့သည် နောက်ထပ် ရက်အနည်းငယ်လောက်နေပြီး လည်ပတ်ဖို့ လုပ်ခဲ့ကြသည်။ ဒါပေမယ့် ဒီလိုကြီးမားတဲ့ အဖြစ်အပျက်ကို ကြုံလာပြီးနောက် သူတို့တွေ ဒီလိုလုပ်ချင်စိတ် မရှိကြတော့ပါ။ ဒီနေရာမှ တတ်နိုင်သမျှ စောစောစီးစီး ထွက်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မည်။

ချင်လင်၏ အနောက်ဖက်ဒေသ၊ မြက်တောင်ကုန်း။

ဒီနေရာက မြက်တောင်ကုန်းလို့ ခေါ်သော်လည်း အမှန်က မျှော်စင်ကြီး တစ်ခု ဖြစ်သည်။ ဆောင်းရာသီ ဖြစ်သဖြင့် အအေးဓါတ်များ ဖြတ်သန်းတိုက်ခိုက်လာလျှင် လူများ တုန်တုန်သွားတတ်ကြသည်။

"ငါပြောခဲ့သလိုပဲ စီယန် ၊အဲဒီ ဆွန်းမိုဆီက မျက်နှာသာရဖို့အတွက် ဒီလောက်အများကြီး အားစိုက်ထုတ်စရာ လိုလို့လား"

“ဒါကို ငါ့ဝမ်းကွဲအတွက် လုပ်နေတာ”

ချီစီယန် လိမ်လိုက်သည် ။ အမှန်တော့ သူက ဆွန်းမိုဆီက မျက်နှာသာပေးမှုကို လိုချင်နေသည်။ ဒါပေမယ့် သူငယ်ချင်းတွေ အရှေ့မှာလည်း မျက်နှာ မပျက်ချင်ပေ။

ဆရာဝန်က သူ့ကိုယ်ထဲက အဆိပ်ကို ကုသရန် နည်းလမ်း မရှိကြောင်း ပြောပြီးကတည်းက ချီစီယန်၏ စိတ်ထဲတွင် ဆွန်းမိုရဲ့ နေရာက ရုတ်တရက် ကြီးမားလာသည်။

သူ့ရဲ့ဝမ်းကွဲ ကိစ္စကို ထပ်ပေါင်းထည့်လိုက်လျှင် ဆွန်းမိုကို စောင့်ကြည့်ဖို့အတွက် ချီစီယန်က ဂန်လင်ကို ကျွန်တစ်ယောက် စေလွှတ်ခဲ့သည်။ ဒါပေမယ့် ဒီလိုလုပ်ခဲ့လို့လဲ သေလုနီးပါ ထိတ်လန့်သွားခဲ့ရသည်။

ကျွန်က ပြန်ပို့တဲ့ သတင်းထဲတွင် ဆွန်းမိုရဲ့ စာမေးပွဲ တိုးတက်မှုအကြောင်းများကိုပဲ ဖော်ပြထားသည်။ အရေးအသားက ကြည့်မကောင်းပေမယ့် အကြောင်းအရာကတော့ တုန်လှုပ်ဖို့ ကောင်းနေသည်။

လျှို့ဝှက်စာကို ပထမဆုံး ဖတ်လိုက်တဲ့ အချိန်တုန်းက ဆွန်းမိုက ကျွန်ကို လာဘ်ထိုးခဲ့တယ်လို့တောင် ထင်ခဲ့မိသည်။ ဒီလိုမဟုတ်ရင် စာထဲမှာပါတဲ့ အကြောင်းအရာက ဒီလောက်အထိ ကြောက်ဖို့ ကောင်းပါ့မလား။

ဆွန်းမိုသည် ဂန်လင်သို့ ရောက်ပြီးနောက် ကြယ် ၆ ပွင့်မြတ်ဆရာတစ်ယောက်ရဲ့ အိမ်အရှေ့ကိုသွားပြီး 'မင်းတို့က တခြားသူ အိမ်ရှေ့မှာ စောင့်နေတဲ့ ခွေးတကောင်လိုပဲ' ဆိုပြီး ကြွေးကြော်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကြောင့် လူအများရဲ့ ချီးမြှောက်မှုနဲ့ ချီးကျူးမှုကို ရရှိခဲ့သည်။ နည်းနည်းလေးများ ကြမ်းမနေဘူးလား။

(လက်စားချေမှာကို မကြောက်ဘူးလား)

အမှန်အတိုင်းပြောရလျှင် သွေးဆူတတ်တဲ့ လူငယ်တစ်ယောက်အနေနဲ့ ချီစီယန်လည်း ဒါကို လုပ်ဖို့ စိတ်ကူးခဲ့ဖူးသည်။ ဂုဏ်သိက္ခာ ရှိတဲ့ လူတစ်ယောက်ကို စိန်ခေါ်ပြီး ကျော်ကြားလာအောင် လုပ်ချင်ခဲ့သည်။

အဲဒီနောက်မှာတော့ ရေးဖြေစာမေးပွဲများ အဖြေလွှာ ကြိုအပ်ခြင်း သာမက အမှတ်ပြည့်ရပြီး

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ထိပ်တန်းဘွဲ့ရ ဂူချင်ယန်ကို ဖိနှိပ်ခဲ့သည်။ ပြီးနောက် တတိယအဆင့် ဟောပြောမှုတွင် အထင်မှတ်ထားတဲ့ စံချိန်ချိုးပြီး လှမပတဲ့ဘွဲ့ 'တစ်ပဲဆွန်း'ကို ရရှိခဲ့သည်။

သူ့ရဲ့ကျွန်ကလည်း ဆွန်းမိုရဲ့ အမာခံပရိတ်သတ် တစ်ယောက်ဖြစ်လာတာကို သတိထား လိုက်မိသည်။ အစပိုင်း သတင်းပို့တဲ့စာများတွင် ပုံမှန်အတိုင်း ရေးခဲ့သော်လည်း နောက်ဆုံး စာအနည်းငယ်မှာတော့ ဆွန်းမိုရဲ့ ထူးချွန်မှုများကို ဖော်ပြတဲ့ အခါတွင် ခံစားချက်များနဲ့ ပြည့်နှက်နေသည်။

ချီစီယန်သည် သူ့အမေရဲ့ စကားကို အမြဲနှလုံးသွင်းထားသည်။

"မင်းက ညံ့လို့တော့ရတယ်။ ဒါပေမယ့် သုံးသပ်ချက်ကတော့ ကောင်းရမယ်။ အထူးသဖြင့် အရည်အချင်းရှိတဲ့ လူတွေနဲ့ ဆက်ဆံတဲ့ အခါမှာပေါ့။ ပညာရှိတွေကို လေးစားမှုပြပြီး ကို့ကိုယ်ကို နှိမ့်ချတာက အမှားမဟုတ်ဘူး"

ဒီလိုဆိုလျှင် ဒီမှာ ရက်အနည်းငယ်လောက်နေပြီး အအေးဒဏ် ခံစားရတာ ဘာဖြစ်လဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူသေမှာ မဟုတ်ပေ။ ဒါပေမယ့် ဆွန်းမိုဆီက

ရင်းနှီးမှု တစ်ခုကို ရအောင် ယူနိုင်ခဲ့လျှင် သူ့အတွက် အနာဂတ်မှာ ကျိန်းသေပေါက် အကျိုးရှိလာလိမ့်မည်။

"ဒါဆိုလည်း အစေခံကို လီ ၃၀လောက် ကြိုသွားစောင့်ခိုင်းထားတာ မကောင်းဘူးလား။ ကျွန်က ဆွန်းမိုတို့ကို မြင်တာနဲ့ အကြောင်းကြားရင် ငါတို့ ပြေးလာလို့ ရတာပဲ"

ဘိုင်ဇီယူက အကြံပေးသည်။

“ငါတို့ အိမ်မပြန်ရင်တောင် မြို့ထဲမှာ လျှောက်လည်ကြမယ်လေ။ အေးစက်တဲ့လေဒဏ်ကို မခံစားရတဲ့ တစ်နေရာကို သွားကြမယ်လေ”

"ညီအစ်ကို ဘိုင်၊ ဒီလိုလုပ်ရင် ငါတို့ရဲ့ စိတ်ရင်းကို မမြင်ရတော့ဘူး"

ကူရှန်က စကားဖြတ်ပြောလိုက်သည်။ ဆွန်းမိုက သူမကို မေးခွန်းတွေမေးပြီး ဖြေရှင်းပေးခဲ့တဲ့အကြောင်းကို သူမ မိဘတွေဆီ ပြန်ပြောခဲ့သည်။ အဲဒီနောက် သူမ အဖေက ဆွန်းမိုကို စောင့်ကြည့်ဖို့ လူတစ်ယောက် လွှတ်ခဲ့သည်။ ဒါကြောင့်လည်း ဂန်လင်က ဆွန်းမိုရဲ့ လှုပ်ရှားမှုအားလုံးကို သိနေခဲ့သည်။

ဒါကြောင့်လည်း အခုအချိန်မှာ သူမ စိတ်နှလုံးသားထဲတွင် စိတ်လှုပ်ရှားမှုများနဲ့ ပြည့်နှက်နေသည်။ ဆရာဆွန်းနဲ့ ဖြစ်နိုင်သမျှ အမြန်ဆုံးတွေးပြီး ချီးကျူး ဂုဏ်ပြုစကား ပြောချင်နေသည်။

“ဇီယူ ၊ခဏလောက်စောင့်ပါအုံး။ ဘာပဲဖြစ်ဖြစ် ငါတို့မှာလည်း လုပ်စရာ မရှိဘူးလေ”

ဇန်မာယူက ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(တောက်၊ ငါတို့မှာ အချိန်ရှိရင် နာမည်ကြီး ပြည့်ဆာတွေနဲ့ သွားအိပ်လို့ ရတယ်။)

ဘိုင်ဇီယူ စိတ်ဓါတ်ကျသွားသည်။ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်းတွေ ဘာဖြစ်နေကြတာလဲ။ အားလုံးက ဆွန်းမိုကို စွဲလန်းနေတဲ့ပုံပဲ။ ဆွန်းမိုက အောင်မြင်ခဲ့ရင်တောင် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ပါ။

(ငါ့ရဲ့ ကိုယ်ပိုင်ဆရာက ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက်ကွ)

ဘိုင်ဇီယူက အထင်သေးအမြင်သေး ဖြစ်နေသည်။

အဲဒီအချိန်တွင် မြင်းခွာသံများ နီးကပ်လာသည်။ သိပ်မကြာခင် ဆွန်းမိုနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တို့သည် သူတို့ အမြင်အာရုံထဲ ဝင်လာသည်။

ချီစီယန်နှင့် ကူရွှန်က အမြန်ဆုံး လှုပ်ရှားလိုက်ကြပြီး ချက်ခြင်းပြေးသွားကာ မျှော်စင်ဘေးနားမှာ ရပ်စောင့်နေကြသည်။

"ဆရာဆွန်း"

ချီစီယန်က ဆွန်းမိုကို ဂုဏ်ပြုစကားပြောဖို့ လှမ်းအော်လိုက်သော်လည်း ဆွန်းမိုနဲ့ လုပ်ဖောက်ကိုင်ဖက်များသည် လေထဲမှာ

ဖုန်းလုံးကြီးတွေ ကျန်ခဲ့အောင် မြင်းကို ဒုန်းဆိုင်းပြီး စီးသွားကြသည်။

"အဟွတ် အဟွတ်"

ချီစီယန် ချောင်းဆိုးသွားပြီး သူ့ရဲ့ ကျွန်ကို လောလိုက်သည်။

"မြင်းသွားယူ"

ဆွန်းမိုက သူ့ကို တွေ့သွားမှ ဖြစ်မည်။ ဒီလိုမှမဟုတ်ရင် ဒီမှာစောင့်နေခဲ့တဲ့ ရက်တွေက အလဟာသ အချိန်ဖြုန်းသလို ဖြစ်သွားမည်။

"ဆရာဆွန်း၊ ခဏစောင့်ပါအုံး။ ငါတို့ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရွန်က အော်ဟစ်ပြီး အနည်းငယ် ပြေးသွားသည်။

ဟီး ဟီး ဟီး

ဆွန်းမိုက ဓာတ်ကြိုးဆွဲပြီး မြင်းကို တုန့်ကနဲ နေအောင် ရပ်လိုက်သည်။ အဲဒီနောက် ခေါင်းလှည့်ကြည့်လိုက်လျှင် ချမ်းသာတဲ့ မျိုးဆက်များကိုတွေ့ပြီး အံ့အောသွားသည်။ (မြို့ပြင် လေအေးက ပျော်ဖို့ကောင်းလို့လား)

"ဆရာဆွန်း၊ ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

ကူရှန်က ဆွန်းမိုရဲ့ မြင်းဆီ ရောက်အောင် ပြေးလာသည်။

"ကျေးဇူးတင်ပါတယ်"

ဆွန်းမိုက ပြုံးလိုက်ပြီး

"မင်းရဲ့ သွင်ပြင် လက္ခဏာက ပိုကောင်းလာတာပဲ။ ဒါအမှန်ပဲ။ လူဆိုတာ ပန်းတိုင် တစ်ခုရှိသင့်ပြီး နေ့တိုင်း ပျော်ပါးနေရုံနဲ့ ကျေနပ် မနေသင့်ဘူး"

"မင်းရဲ့ သင်ကြားမှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရွန်က ဆွန်းမိုကိုကြည့်လိုက်လျှင် သူဝတ်ထားတဲ့ အဖြူရောင် ဝတ်ရုံရှည်နဲ့ အရမ်းတောက်ပနေတာကို မြင်လိုက်ရသည်။ ဒီဝတ်ရုံလေးက သူနဲ့ ပိုကြည့်ကောင်းစေသည်။ (ဟွန့်၊ အရင်တုန်းကတော့ ချီစီယန်ကို အရမ်းချောနေတယ်လို့ ထင်နေတာ။ ဒါပေမယ့် ဆရာဆွန်းနဲ့ ယှဉ်ကြည့်လိုက်တော့ နို့နံ့မစင်သေးတဲ့ ကောင်လေး တစ်ယောက်ပဲ။)

(အင်း၊ ငါ့ကို သူ့ရဲ့ တိုက်ရိုက်တပြည့် အဖြစ်လက်ခံပါ့မလား)

ဒင်

ကူရွန်၏ လေးစားအထင်ကြီးမှု +၁၀၀ ၊ ရင်းနီး(၆၀၀/၁,၀၀၀)

"ဆရာဆွန်း"

ချီစီယန် ရောက်လာသည်။ သူစကား ပြောဖို့လုပ်တုန်းမှာပဲ ဆွန်းမိုက စကားဖြတ်ပြောလိုက်သည်။

"ရာသီဥတုက အရမ်းအေးတယ်။ ငါတို့ အိမ်မြန်မြန်ပြန်နေတာ ပိုကောင်းမယ်၊ မင်းအဆိပ်ကိုကုသချင်ရင် လီဇီချီကို ခေါ်ပြီး ငါ့ကို လာရှာလိုက်"

"ဆရာဆွန်း၊ ဆရာဆွန်း၊ အဲဒီကိစ္စအတွက် မဟုတ်ပါဘူး"

ချီစီယန် စိုးရိမ်လာသည်။ ဆွန်းမိုက သူ့ကို အသုံးချနေတယ်လို့ မြင်သွားမှာ စိုးရိမ်နေသည်။

"တောက်၊ ဒီကောင် ဘဝင်မြင့်လှချည်လား။ မင်းသားလေးက သူ့ကို ဒီမှာစောင့်နေတာ ၊သူက ဒါတောင် လုပ်ခွင့်မပေးဘူး"

ဘိုင်ဇီယူ အရမ်း အံ့အောသင့်နေသည်။ ဆွန်းမို ဦးနှောက် တစ်ခုခု မှားနေပြီလို့ သူထင်နေသည်။

"ငါ့ရဲ့ အဆင့်အတန်းကြောင့် ဒူးထောက်နေတဲ့ ကျွန်အများကြီးကို မြင်ဖူးတာ မဟုတ်လား"

ချီစီယန် ဒေါသတကြီး ညည်းတွားလိုက်သည်။

"မင်းနားမလည်ပါဘူး။ ဆွန်းမိုလို လူတစ်ယောက်ကို ငါတို့ စိတ်ရင်း ပြဖို့လိုတယ်"

"အား။ ဗဟိုပြည်နယ် အကယ်ဒမီမှာ အခုတလော ပြဿနာ ကြီးကြီးမားမား ဖြစ်နေတာ ဆရာဆွန်းကို ပြောဖို့ မေ့သွားတယ်"

ကူရွန်က ရုတ်တရက် တွေးမိပြီး စိုးရိမ်လာသည်။

“မင်း ဘာပြောနေတာလဲ။ ဆွန်းမိုက အန်ရှီဝေရဲ့ ခင်ပွန်းလောင်းပါ။ ဗဟိုပြည်နယ်အကယ်ဒမီ ကျရှုံးသွားရင် သူပဲ နစ်နာမှာ”

ဘိုင်ဇီယူက လျှောင်ပြောင်လိုက်သည်။

အခန်း(၄၇၅) - ဗဟိုပြည်နယ် အကယ်မီရဲ ကြီးမားတဲ့ ကပ်ဆိုး။

မရီဒန်အကယ်ဒမီ..........

ချောင်ရှန်က ယူရုံပို၏ ရုံးခန်းတံခါးကို ခေါက်လိုက်သည်။

"မင်း အလုပ်ရှုပ်နေလား"

ချောင်ရှန် ဝိတ် တော်တော်ကျသွားသည်။ ဒါကိုမြင်ပြီး ယူရုံပို တော်တော်လေး စိတ်မကောင်း ဖြစ်သွားသည်။ သူက ယူရုံပိုနှင့် သူ့ရဲ့ မြတ်ဆရာ အသိုင်းအဝိုင်းကို ဌားရန် ငွေပမာဏ အများကြီး သုံးစွဲခဲ့သော်လည်း ဒီနှစ် စီ-အဆင့် လိဂ်ပြိုင်ပွဲမှ အဆင့်မတက်နိုင်ခဲ့ပေ။

ထုံးစံအတိုင်း မနှစ်ကဆိုလျှင် ဒီလောက် စိတ်ဆိုးပြီး ဒေါသထွက်နေမှာ မဟုတ်ပေ။ ဒါပေမယ့် ဒီနှစ်တော့ အကြောင်းအရာတွေက ကွဲပြားသွားသည်။ ဗဟိုပြည်နယ် အကယ်ဒမီက 'စီ' အဆင့်တက်အောင် လုပ်နိုင်ခဲ့သည်။

ဒါက သူ့အရည်အချင်း မရှိကြောင်း ဖော်ပြနေသလို ဖြစ်နေသဖြင့် ချောင်ရှန် မဖြင်ချင်ဆုံး ကိစ္စ ဖြစ်သည်။

"ကျောင်းအုပ်ကြီး"

ယူရုံပို အနည်းငယ် ဦးညွှတ်လိုက်ပြီး ခါးကုန်းကာ အလုပ် ပြန်လုပ်နေသည်.

ချောင်ရှန်က ယူရုံပို အလုပ်ပြီးအောင် စောင့်ပြီးမှ စကားပြောဖို့ လုပ်လိုက်သည်။ ဒါပေမယ့် နာရီဝက်ကြာအောင် စောင့်လည်း မပြီးသေးသဖြင့် စိတ်ဓါတ်ကျပြီး သေချင်စိတ်ပေါက်လာသည်။

"ဆရာယူ၊ မင်းနဲ့ ဆွန်းမို ဆက်ဆံရေးက မဆိုးဘူးလို့ ကြားမိတယ်"

ချောင်ရှန်က လိုရင်း တန်းပြောလိုက်သည်။

"ငါတို့ ပြောစရာ ရှိတယ်"

ယူရုံပိုက

"အရင်တုန်းကတော့ မြတ်ဆရာအသိုင်းအဝိုင်းထဲ သူ့ကို ဖိတ်ခေါ်ခဲ့ပေမယ့် သူက ငြင်းခဲ့တယ်။ ငါ့အလုပ်တွေ ပြီးသွားရင် သူ့ကို နောက်တစ်ကြိမ် ဖိတ်ခေါ်လိုက်မယ်"

"အချိန်မဖြုန်းဖို့ အကြံပေးပါရစေ"

ချောင်ရှန်က လောလိုက်သည်။

"အမ်"

ယူရုံပို ကြောင်သွားသည်။ ဒါပေမယ့် သူက ဉာဏ်ရည် ထက်မြတ်ပြီး အခွင့်အာဏာ ရှိတဲ့လူ ဖြစ်သဖြင့် ချက်ခြင်း သဘောပေါက်သွားသည်။

"ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ ထွက်ပြီလား"

ဆွန်းမိုက အံ့အောစရာကောင်းတဲ့ ရလဒ်ကို သေချာပေါက် ရခဲ့လိမ့်မည်။ ဒီလိုမှမဟုတ်ရင် ချောင်ရှန်က ဒီလိုစကား ပြောမှာ မဟုတ်ပေ။ တကယ်တော့ ချောင်ရှန်စကားရဲ့ နက်ရှိုင်းတဲ့ အဓိပ္ပါယ်က ယူ့ရုံပိုရဲ့ မြတ်ဆရာအသိုင်းအဝိုင်းနဲ့ မထိုက်တန်ဘူးလို့ ဆိုလိုနေသည်။

"ဟုတ်ကဲ့"

ချောင်ရှန်က အာစွတ်သွားအောင် လက်ဖက်ရည်တစ်ခွက် သောက်ချင်သော်လည်း ယူလာဖို့ မေ့သွားကြောင်းကို သတိရသွားသည်။

"လျိုမူဘိုင်က ဖန်ဝူဂျီရဲ့ ပြိုင်ဘက်ဖြစ်လိမ့်မယ်လို့ အရင်က တွေးခဲ့တယ်။ ဒါပေမယ့် ဆွန်းမို ပေါ်လာပြီး ဂူချင်ယန်ရဲ့ ပထမနေရာကို လုသွားမယ်လို့ မတွေးခဲ့မိဘူး။ ဒါကို မင်းယုံရဲ့လား။"

ချောင်ရှန်၏ စိတ်ထဲတွင် ဂူချင်ယန်က အထူးကိစ္စဖြစ်သည်။ ဖန်ဝူဂျီနှင့် လျိုမူဘိုင်က ထိပ်တန်းအဆင့်ရှိသော်လည်း သူ့တောင်းဆိုမှုက ရိုးရှင်းသည်။

လျှို့မှုဘိုင်ကို အနိုင်ယူဖို့သာ မျှော်လင့်သည်။ ဖန်ဝူဂျီက ဂူချင်ယန်ကို နိုင်ဖို့ မမျှော်လင့်ခဲ့သော်လည်း သူတို့နှစ်ယောက် ပေါင်းရင်းတောင် ဆွန်းမိုကို မယှဉ်နိုင်ဘူးလို့ ဘယ်သူ ထင်မိမှာလဲ။

"ပထမနေရာ ဟုတ်လား"

ယူရုံပို ရုတ်တရုတ် အံ့အောသွားသည်။ ဆွန်မိုက ထိပ်ဆုံး ၃၀ ဝင်နိုင်သော်လည်း ဖန်ဝူဂျီထက်တော့ အနည်းငယ် နိမ့်ကျမယ်လို့ သုံးသပ်ထားသည်။ အခု ဒီအရာတွေကို ကြည့်ခြင်းအားဖြင့် သူ့သုံးသပ်ချက်က မှားနေပြီ။

“ဒါတင်မကသေးဘူး ရေးဖြေ စားမေးပွဲမှာလည်း အမှတ်ပြည့်ရခဲ့တယ်။ လက်တွေ့ ဟောပြောပွဲမှာလည်း တံဆိပ်ကြီးကို ဆွတ်ခူးနိုင်ခဲ့ပြီး ထူးချွန်မဲ တစ်ထောင် ရရှိခဲ့တယ်။ ဒီစံချိန်ကို နှစ်တစ်ရာအတွင်း ဘယ်သူမှ ကျော်နိုင်မှာ မဟုတ်တော့ဘူး”

ချောင်ရှန်က သက်ပြင်းချရင်း ပြောလိုက်သည်။

သူ့လေသံထဲတွင် ပြင်းထန်တဲ့ မနာလိုစိတ်များ ပါဝင်နေသည်။ (ဆွန်းမိုလို ပါရမီရှင်တစ်ယောက်နဲ့

ထိုက်တန်အောင် ဗဟိုပြည်နယ် အကယ်ဒမီက ဘာတွေ လုပ်ခဲ့လို့လဲ)

"ငါတို့ သူ့ကို အမဲလိုက်တုန်းက အချိန်ပိုယူပြီး ပိုရက်ရောခဲ့သင့်တယ်။ ငါတို့သာ ဆွန်းမိုကို ခေါ်နိုင်ခဲ့ရင် မရီဒန် အကယ်ဒမီရဲ့ အနာဂတ်က ဆယ်နှစ် ဒါမှမဟုတ် နှစ်နှစ်ဆယ်အတွင်းမှာ လုံခြုံသွားလိမ့်မယ်"

ချောင်ရှန်က တိုးတိုးလေး ရေရွတ်လိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး (၅၄၀/၁,၀၀၀)

"နှစ်တစ်ရာ ဟုတ်လား။ မှတ်တမ်း ဟုတ်လား"

ယူရုံပို တုန်လှုပ်သွားပြီး နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြန်သည်။

တကယ်လို့ ဆွန်းမိုသာ အရမ်းထူးချွန်ပါက သူ့ရဲ့ မြတ်ဆရာ အသိုင်းအဝိုင်းက ထိန်းထားနိုင်မှာ မဟုတ်ပေ။

ထုံးစံအတိုင်း သူငယ်ချင်းတစ်ယောက်အနေနဲ့ ဆွန်းမိုကို အတင်းအကြပ်ကြီး ဖမ်းထားမှာ မဟုတ်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီအစား ဆွန်းမိုကို တခြားနေရာသွားပြီး ပိုကောင်းမွန်တဲ့ ဖွံ့ဖြိုးတက်မယ့် အခွင့်အရေးတွေကို ရှာဖို့ စည်းရုံးလိုက်အုံးမည်။

(ဒါပေမယ့်လည်း ဒီလူငယ်လေးက တကယ်အထင်ကြီးဖို့ ကောင်းသည်။ သူက ကျန်တဲ့ ဖြေဆိုသူကို တကယ်ပဲ ဖိနှိပ်ခဲ့သည်။)

ဒင်

ယူရုံပို၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး (၄၃၆/၁,၀၀၀)

"ဆွန်းမိုကို နောက်တစ်ကြိမ် အမဲလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဆရာယူ ငါနဲ့ လိုက်မလား"

ချောင်ရှန်က ဖိတ်ခေါ်လိုက်သည်။ သူတို့နှစ်ယောက်အတူတူဆိုရင် သူတို့ရဲ့ စိတ်ထဲမှာ ဘယ်လောက် အရေးကြီးသလဲဆိုတာ ဖော်ပြရာရောက်သည်။

"လိုက်မယ်လေ"

ယူရုံပိုက ခေါင်းညိတ်လိုက်သည်။

"နောက်နှစ်ရက်နေမှ သွားရအောင်။ အဲဒီအချိန်ကျမှ ဆွန်းမို ပြန်ရောက်မယ်လို့ ထင်တယ်"

ချောင်ရှန်က စိတ်လှုပ်ရှားစွာ လက်ကို ပွတ်သတ်နေသည်။

ဗဟိုပြည်နယ် အကယ်ဒမီက ကြီးမားတဲ့ အကျပ်အတည်းကို ရင်ဆိုင်နေရသဖြင့် ဒီတစ်ကြိမ်တွင် အောင်မြင်နိုင်ခြေ ရှိသည်။ အန်ရှီဝေသာ ဒါကို မဖြေရှင်းနိုင်လျှင် ဒီကျောင်းရဲ့ အနာဂတ် ရှိတော့မှာ မဟုတ်ပေ။

ဆွန်းမိုသာ ထက်မြတ်ပါက ဘယ်လမ်းကို လျှောက်ရမလဲဆိုတာ သူနားလည် လိမ့်မည်။

"အင်း။ အရင်ကျောင်းအုပ်ကြီးက တကယ် အံ့အောဖို့ ကောင်းတာပဲ။ သူ့သုံးသပ်ချက်က အတုမရှိဘူး"

ချောင်ရှန် နောင်တရစွာ သက်ပြင်းချလိုက်သည်။ အရင်တုန်းကတော့ အရင်းကျောင်းအုပ်ကြီးက ဆွန်လျောင် အကယ်ဒမီက ဘွဲ့ရ ဖြစ်တဲ့ အရေးမပါတဲ့ ဆွန်းမိုကို ဘာကြောင့် သူ့မြေးလေးနဲ့ စေ့စပ်ခဲ့လဲဆိုတာ နားမလည်ဘဲ အရမ်းအံ့အောခဲ့ရသည်။ ဒါပေမယ့် အခုအရာကို ကြည့်ရတာတော့ သူဉာဏ်တိမ်ခဲ့တာပဲ ဖြစ်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

....

ဗဟိုပြည်နယ်အကယ်ဒမီ ကျောင်းအုပ်ကြီးရုံးခန်း။

အန်ရှီဝေသည် ထိုင်ခုံကိုမှီပြီး သက်ပြင်းချလိုက်သည်။

သူမ စိတ်ဓါတ်ကျနေခဲ့တာ တစ်လခွဲလောက်ရှိနေပြီ နောက်ဆုံးတော့ သတင်းကောင်း ထွက်ပေါ်လာပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကိုတွေ့ပြီး အန်ရှီဝေသည် စာကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်သည်။ ဒါက ဂန်လင်ကနေ သူမ ရရှိထားတဲ့ အစီရင်ခံစာ ဖြစ်သည်။

ဆွန်းမိုရဲ့ စာမေးပွဲ ရလဒ်ကို ရေးထားသည်။

ဒါပေမယ့် အန်ရှီဝေသည် ဒီရလဒ်ကို မအံ့အောဘဲ မနေနိုင်ချေ။ တတိယအဆင့် စာမေးပွဲမှာ အမှတ်ပြည့်ရပြီး စံချိန်ချိုးခဲ့သည်။ သူသာ ပထမ နေရာ မရခဲ့လျှင် သူ့ပြိုင်ဘက်က ဘယ်လောက်တောင် သန်မာနေမလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မိုမိုလေး။ မင်းကငါ့ကို အမြင်အသစ်တစ်ခုနဲ့ တကယ်တွေ့စေတာပဲ”

အန်ရှီဝေ ပြုံးနေမိသည်။

လျှိုမူဘိုင်ရဲ့ ရလဒ်သည် အရမ်းကောင်းပြီး ထိပ်ဆုံး ဆယ်ယောက်ထဲ ဝင်ခဲ့သည်။ ဒါပေမယ့် ဆွန်းမို နဲ့ ယှဉ်လိုက်တော့ အရေးမပါတော့ချေ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၅၀၀၊ လေးစား(၉,၁၀၀/၁၀,၀၀၀)

“မိုမိုလေး မကြာခင် ပြန်ရောက်သင့်နေပြီနော်”

အန်ရှီဝေက စာကိုခေါက်ပြီး အံဆွဲထဲ ထည့်လိုက်သည်။ အဲဒီနောက် သူမရဲ့အမြင်သည် စာပွဲပေါ်က သတင်းအချက်အလက် အစုအပုံကြီးပေါ် ရောက်သွားကာ မျက်မှောင်ကြုတ်သွားပြန်သည်။

(အင်း၊ ဆွန်းမိုက ထူးချွန်သလောက် ငါကတော့ သူနဲ့မထိုက်တန်ဘူး)

အန်ရှီဝေ စိတ်ဓါတ် ကျလာသည်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်များအတွင်းတွင် တော်တော်လေး ဖိအား များနေခဲ့သည်။ သူမနှင့် ဝမ်ဆုက ကျန်ဟာန်ဖူနှင့် တွေ့ပြီး

စကားပြောလိုက်လျှင် ကျန်ဟန်ဖူ ဘက်ကစပြီး နှုတ်ထွက်လိမ့်မယ်လို့ မျှော်လင့်ခဲ့ဖူးသည်။ ဒီလိုမျိုး လူတိုင်းအတွက် ခက်ခဲနေမှာ မဟုတ်တော့ပေ။

ကျန်ဟန်ဖူက သဘောတူခဲ့သော်လည်း နောက်ပိုင်းတွင် သူက လစာပိုပေးရမယ့် စာချုပ်ရယ် အကျိုးကျေးဇူးပိုများမည့် ခံစားခွင့်နဲ့ ကျောင်းရှိ ဆရာတစ်ဝက်ကျော်ကို မဟာမိတ်ဖွဲ့ခဲ့သည်။

အန်ရှီဝေ သဘောမတူခဲ့ပေ။ ဒါကြောင့် သူတို့က တန်းပြီး သပိတ်မှောက်ကာ နှစ်ရက်စလုံး အလုပ်မလုပ်ကြတော့ပေ။

ဒီလို လုပ်နေကြသဖြင့် ဗဟိုပြည်နယ်အကယ်ဒမီက ချင်လင်တွင် ဟာသဖြစ်လာခဲ့သည်။ ‘စီ’အဆင့် တက်လို့ရလာတဲ့ ဩဇာလွှမ်းမိုးမှုများသည် အခုအခါမှာ အနှုတ်သဘောဆောင်ပြီး အများကြီး အားနည်းသွားသည်။

ဒီအချိန်မတိုင်ခင်ကဆို အန်ရှီဝေ ညှိနှိုင်းခဲ့မိလိမ့်မည်။ ဒါပေမယ့် ဒီတစ်ခေါက်မှာတော့ ဆွန်းမိုအကြောင်း တွေးမိပြီး သူ့ရဲ့ ထင်မြင်ချက်ကို

နားထောင်ဖို့အတွက် သူပြန်လာတာကို စောင့်နေခဲ့သည်။

တကယ်တော့ ဆွန်းမိုဆီသို့ စာရေးပြီး ခိုနဲ့ ပို့လိုက်လို့ ရသည်။ ဒါပေမယ့် ကြယ်တစ်ပွင့် စာမေးပွဲ ဖြေနေသဖြင့် သူ့ကို စိတ်မရှုပ်သွားစေချင်ပါ။ ဒါကြောင့် မနှောက်ယှက်ခဲ့တော့ချေ။

အန်ရှီဝေ သက်ပြင်းချလိုက်သည်။

သူမက ကျန်ဟန်ဖူရဲ့ တောင်းဆိုချက်များသည် လွန်ကဲလွန်းသည်ဟု အကြောင်းပြကာ အချိန်ဆွဲထားခဲ့သည်။ ဒါပေမယ့် ကျန်ဟန်ဖူ၏

ကိုင်တွယ်ပုံ နည်းလမ်းကြောင့် အချိန်အကြာကြီး စောင့်နေဖို့ မဖြစ်နိုင်မှန်း သူမ သိနေသည်။ သူက သေချာပေါက် အရှိန်မြင့်တင်လိမ့်မည်။

ဝမ်ဆုကတော့ အားကိုးလို့ မရပါ။ ကျန်ဟန်ဖူ ဖန်တီးထားတဲ့ ပြဿနာ အောင်မြင်ပါက ဝမ်ဆုအဖွဲ့အောက်မှာ ရှိတဲ့ မြတ်ဆရာတွေလည်း အကျိုးရှိသွားလိမ့်မည်။

“အင်း၊ ငါက ကျောင်းကို ကောင်းကောင်း မအုပ်ချုပ်နိုင်ဘူး။ ဆွန်းမိုရဲ့ စိတ်ထဲမှာ ငါ့ရဲ့ အနေထားက လျော့ကျနေလောက်ပြီ ထင်ပါတယ်”

အန်ရှီဝေ စိတ်ထဲမှာ ပဋိပက္ခ ဖြစ်နေသည်။ အဲဒီနောက် နောက်ထပ် ပြဿနာ တစ်ခုကို စိုးရိမ်လာပြန်သည်။

ဆွန်းမိုက အရမ်းထူးချွန်တဲ့အတွက် သူ့ကို လိုချင်နေတဲ့ ကျောင်းတွေ အများကြီး ရှိမှာ သေချာသည်။ သူ့ကို ဘယ်လို ထိန်းထားရမလဲ။

....

ကျန်အိမ်တော်၏ ဧည့်ခန်း။

“ဆရာကျန်၊ စာမေးပွဲ ပြီးသွားပြီ။ ဆွန်းမိုက တစ်ရက်၊ နှစ်ရက်အတွင်း ပြန်ရောက်လာနိုင်တယ်”

ငွန်ရှန်က အချိန်တွက်လိုက်သည်။

"ငါတို့ စောစောစီးစီး လှူပ်ရှားပြီး အန်ရှီဝေနဲ့ စာချုပ် ချုပ်ထားသင့်တယ်"

သူက ကြယ်နှစ်ပွင့်မြတ်ဆရာတစ်ယောက်ဖြစ်ပြီး ကျန်ဟန်ဖူရဲ့ အချစ်ဆုံး သူငယ်ချင်း တစ်ယောက် ဖြစ်သည်။

"ဘာဖြစ်လို့လဲ။ မင်းကြောက်နေတာလား"

ကျန်ဟန်ဖူက လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ဟီးဟီး၊ ဘာဖြစ်လို့ ကြောက်ရမှာလဲ"

ဝွန်ရှန် ဒီလိုပြောလိုက်ပေမယ့် စိတ်လေးနေသည်။

ဘယ်လိုပဲပြောပြော ဆွန်းမိုက ရန်ချိုင်ကို တိုက်ရိုက် အဆုံးသတ်ခဲ့ပြီး ကုန်သည်တွေ ပြဿနာ ရှာတာကိုလည်း ဖြေရှင်းနိုင်ခဲ့သည်။

အသက် ၂၀သာရှိတဲ့ ကောင်လေးက ထောက်ပံ့ရေးဌာနမှူး ရာထူးကို ကောင်းကောင်း ထိန်းသိမ်း ထားနိုင်ခဲ့သည်။ ဒီကိစ္စမှာ ဆွန်းမိုက အရည်အချင်းမရှိဘဲ အကြံမကောင်းဘူးလို့ ခွေးကို သွားပြောရင် ခွေးတောင်ယုံမှာ မဟုတ်ပေ။

“လူတိုင်းပဲ ကို့ကိုယ်ကို ပြင်ဆင်ထားကြ။ ဆွန်းမို ပြန်ရောက်လာတာနဲ့ ငါတို့ ကြီးစိုးမှုကို ပြဖို့ သုံးရက်ဆက်တိုက် သပိတ်မှောက်မယ်”

ကျန်ဟန်ဖူက အံကြိတ်ပြီး ပြောလိုက်သည်။

(ဗဟိုပြည်နယ် အကယ်ဒမီမှာ စကားပြောပိုင်ခွင့်ရှိတဲ့လူက ဘယ်သူလဲဆိုတာ မင်းကို ငါပြမယ်။ ငါ့ကို မောင်းထုတ်ချင်တယ် ဟုတ်လား။ အိပ်မက် မက်နေလိုက်”

ဝွန်ရှန်တို့ အဖွဲ့ထွက်သွားတာနဲ့ ကျန်ဟန်ဖူ ဆက်ပြီး အစီအစဉ်ချနေသည်။ သူ့သား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှောင်တိုက်ကြီးက ပြန်မလာတဲ့ အကြောင်းကို မတွေးရဲတော့ပေ။

ဘာဖြစ်လို့လဲဆိုတော့ သူ့စိတ်ထဲမှာ သူသားသေဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာနေပြီ။

ဒီဖြစ်နိုင်ခြေကို တွေးလိုက်တိုင်း ကျန်ဟန်ဖူ စိတ်ထဲမှာ နာကျင်လှသည်။ ကြိုးကြိုးစားစား ပျိုးထောင်ခဲ့ရတဲ့ သားလေးက အခုတော့ သေသွားရှာပြီ။

....

အားလုံး ချင်လင်မြို့ထဲသို့ ရောက်ပြီးနောက် လူခွဲလိုက်ကြသည်။ ဆွန်းမိုအိမ်က ဗဟိုပြည်နယ် အကယ်ဒမီ ကျောင်းဝန်းထဲတွင် ရှိသည်။ ဒါကြောင့် ကျောင်းကိုပဲ တန်းပြန်လာခဲ့သည်။

"ဌာနမှူးဆွန်း ပြန်လာပြီလား"

ဆွန်းမိုကို မြင်တာနဲ့ တံခါး မာစတာချင်က ချက်ခြင်း ပြေးထွက်လာသည်။ မျက်နှာက ပြုံးနေပြီး

"ရလဒ်တွေ ဘယ်လိုလဲ"

မေးပြီးတဲ့နောက် မာစတာချင်က ကို့မျက်နှာကိုယ် ပြန်ရိုက်လိုက်သည်။

“စောက်သုံးမကျတဲ့ ပါးစပ်။ ဌာနမှူး ဆွန်းက စာမေးပွဲအောင်ပြီး မြတ်ဆရာဖြစ်လာတာပဲ ဖြစ်မယ်။ ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုပါတယ်”

မာစတာချင်က ဆွန်းမိုကို ဆရာဆွန်းလို့ ခေါ်ဖို့တောင် အရည်အချင်း မရှိပါ။ ဆွန်းမိုက သူ့ရဲ့တိုက်ရိုက် အထက်လူကြီးဖြစ်ပြီး သူ့ကို အလုပ်ထုတ်ဖို့အတွက် စကားတစ်ခွန်းပဲ လိုသည်။

“အခုတလော ကျောင်းမှာ ဘာတွေ ထွေထွေထူးထူး ဖြစ်သေးလဲ”

ဆွန်းမိုက ဝင်သွားဖို့ အလျှင်မလိုဘဲ မေးလိုက်သည်။

"ဌာနမှူး ဆွန်း၊ ခွေးအိုကြီး ကျန်ဟန်ဖူက ပြဿနာ ထပ်ရှာနေတယ်"

မာစတာချင်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး လေသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။ သူက ဆွန်းမိုရဲ့ မြင်းဇတ်ကြိုးကို ကိုင်ပြီး အတွင်းသို့ ဆွဲခေါ်သွားရင်းနဲ့ လေသံနှိမ့်ပြီး ပြောနေသည်။

"သပိတ်မှောက်တယ် ဟုတ်လား။ လစာတိုးတောင်းဖို့ ပြဿနာ ကြီးကြီးကျယ်ကျယ် ရှာနေတယ် ဟုတ်လား"

ဒီအသုံးအနှုန်းများကို ကြားလျှင် ဆွန်းမို နည်းနည်းတော့ အံ့အောသွားသည်။ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်မိသည်။ တကယ်လို့ အထပ်မြင့်အဆောက်အဦးတွေ မမြင်ရဘဲ မြင်းရထားတွေကိုသာ မတွေ့ရလျှင် အရင်းရှင် စနစ်ကို ပြန်ရောက်သွားပြီလားလို့တောင် တွေးမိမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ကျန်ဟန်ဖူ၊ မင်းရဲ့စိတ်ကူးက တကယ်ဆန်းသစ်ပါတယ်ကွာ)

"တကယ် ဒေါသထွက်ဖို့ကောင်းတယ်။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီက ကောင်းကောင်းဆက်ဆံလည်း ဘယ်လို ရောင့်ရဲမလဲ မသိကြဘူး။ တကယ်ရက်စက်ပြီး ကောက်ကျစ်တဲ့ ကောင်တွေပဲ"

မာစတာချင်က ကျိန်ဆဲလိုက်သည်။

"မာစတာချင်၊ ငါက ကျန်ဟန်ဖူကို ရှုံးပြီး အလုပ်ထုတ်ခံရမှာ မစိုးရိမ်ဘူးလား"

ဆွန်းမိုက စပ်စုလိုက်သည်။

"ဌာနမှူး၊ မင်းက ဒီလိုပြောတယ်ဆိုတော့ ငါ့ကို အထင်သေးနေတာလား။ တံခါးစောင့် လုပ်လာတာ ၁၂ နှစ်ရှိနေပြီ။ ကျောင်းအပေါ်မှာ ခံစားချက် ရှိတယ်"

မာစတာချင်က အစော်ကားခံလိုက်ရသဖြင့် ဒေါသထွက်နေတဲ့ မျက်နှာနဲ့ ဖြစ်နေသည်။

မာစတာချင်သည် အရင်က ကြယ်ပွင့် အဆင့်မြင့်တဲ့ မြတ်ဆရာများနဲ့ တွေ့ခဲ့ဖူးသည်။ ဒါပေမယ့် သူတို့ကို ဒီလိုမျိုး အငွေ့အသက် မပြခဲ့ဖူးပါ။

"ဟားဟား"

ဆွန်းမို ရယ်မောပြီး ကျောင်းထဲ ဝင်သွားသည်။ လုချီဟွာကို အရင်ဆုံး ရှာဖို့ လုပ်လိုက်သည်။ ကျန်ဟန်ဖူ ကိစ္စ မဖြေရှင်းသေးခင် အရင်ဆုံး ရတနာသေတ္တာတွေ ဖွင့်ရမည်။

အခန်း(၄၇၆) - ရတနာသေတ္တာဖွင့်ခြင်း။ မြတ်ဆရာ အရှိန်အဝါ အသစ်ရခြင်း။

ဒေါင်ဟီသည် အိမ်ရာ တံခါးရှေ့တွင် ထိုင်နေပြီး ပျင်းရိစွာ ငိုက်နေသည်။ ဆွန်းမိုကို မြင်တော့ ရုတ်တရက် အံ့အောသွားသည်။

"သခင် ပြန်လာပြီလား"

ဒေါင်ဟီက တခါးဖွင့်ပြီး အပြင်ဝတ်ရုံ ချွတ်ပေးလိုက်သည်။

"ရေချိုးမလား ၊ ဒါမှမဟုတ် တစ်ခုခု အရင်စားမလား"

"ရေချိုးမယ်"

ဆွန်းမိုစကားက တိုးပေမယ့် ပြည့်စုံသည်။

"လုချီဟွာကို သွားခေါ်လိုက်"

ဒီရက်ပိုင်းအတွင်း လုချီဟွာသည် နေရာအနည်းငယ်သာ သွားလာခဲ့သည်။ သူမကို ရှာတွေ့ဖို့က လွယ်ကူလှသည်။ ဆွန်းမို ရေချိုးပြီးတဲ့ အချိန်မှာ လုချီဟွာက ဧည့်ခန်းထဲမှာ ထိုင်စောင့်နေသည်။

"ဆရာ"

လုချီဟွာက ပြုံးလိုက်ပြီး ဆွန်းမို လက်မောင်းကို တစ်ခါတည်း ပြေးဖက်သည်။

"အဆင့် ဘယ်လောက်ရခဲ့လဲ"

လုချီဟွာရဲ့ အမြင်အရ ဆွန်းမိုက ကျိန်းသေပေါက် အောင်လိမ့်မည်။ တစ်ခုတည်းသော မေးခွန်းက ထိပ်ဆုံး သုံးယောက်ထဲ ဝင်၊ မဝင် ဖြစ်သည်။

"ပထမ"

ဆွန်းမိုက ပြုံးပြီး လုချီဟွာ ခေါင်းကို ပွတ်လိုက်သည်။

“စနစ်၊ ထတော့ ၊ အလုပ်လုပ်ဖို့ အချိန်ရောက်ပြီ။ ငွေရောင် ရတနာ သေတ္တာ အရင်ဖွင့်မယ်”

ဆွန်းမိုက လောလိုက်သည်။

“ဟားဟား၊ ဆရာက အတော်ဆုံးပဲဆိုတာ အမြဲသိနေတယ်”

လုချီဟွာက ဂုဏ်ယူနေပြီး လေးစားအထင်ကြီးမှု အမှတ် ထောက်ပံ့ခဲ့သည်။

ဒါပေမယ့် ဒေါင်ဟီက အံ့အောသင့်နေသည်။ ဆွန်းမိုရဲ့ အိမ်အကူတစ်ယောက်အနေနဲ့ ပိုကောင်းတဲ့ ဘဝတစ်ခုကို တည်ဆောင်နိုင်ရန် မြတ်ဆရာ

စာမေးပွဲအကြောင်း အပြည့်အဝ သုတေသန လုပ်ထားခဲ့သည်။

ဆွန်းမို ရလဒ်ကောင်းဖို့လည်း ထုံးစံအတိုင်း မျှော်လင့်ခဲ့သည်။

ဒါပေမယ့် ပထမနေရာက ....နည်းနည်းလေး ချဲ့ကားရာ မကျဘူးလား။

ကြယ်ပွင့် မြတ်ဆရာ စာမေးပွဲဆိုတာ မြတ်ဆရာတစ်ယောက် ဖြစ်လာဖို့အတွက် အတားအဆီး တစ်ခု ဖြစ်သည်။ ဒါကြောင့်လည်း နှစ်စဉ် လာရောက်ဖြေဆိုတဲ့လူဦးရေ အများကြီး

ရှိသည်။ ပြိုင်ပွဲရဲ့ ပြင်းထန်မှုက တော်တော်လေး မြင့်မားသည်။

ဒီအထဲမှာ နှစ်ကျတွေလည်း ရှိသလို မဟာကိုးပါး ဘွဲ့ရတွေလည်း ပါသည်။ ဒါတောင် သူမ သခင်က အားလုံးကို တကယ်ပဲ ဖိနှိပ်ခဲ့တာလား။

ဒင်

ဒေါင်ဟီ၏ လေးစားအထင်ကြီးမှု +၃၀၀၊ လေးစား(၁,၁၀၀/၁၀,၀၀၀)

ဒီနောက်မှာတော့ ဒေါင်ဟီ စိတ်လှုပ်ရှားလာသည်။ ဆွန်းမိုရဲ့ အဆင့်အတန်း ပိုမြင့်လေလေ သူမရဲ့

အနာဂတ်က ပိုကောင်းလေလေ ဖြစ်သည်။ ဝန်ကြီးချုပ်နောက်တွင် သတ္တမတန်း အရာရှိ လိုက်ပါတယ်လို့ ဆိုရိုးစကားရှိသည်။ ဆွန်းမိုရဲ့ ကိုယ်ရေး ကိုယ်တာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရတဲ့ အိမ်အကူတစ်ယောက်အနေနဲ့ သတ္တမတန်း အရာရှိများထက် သူမဘဝက ပိုကောင်းမွန်လာလိမ့်မည်။

"မဟုတ်သေးဘူး။ နောင်ကျရင် ငါပျင်းနေလို့ မရဘူး။ သခင်နောက်ကို မှီအောင်လိုက်ရမယ် ဒီလိုမှမဟုတ်ရင် ငါ့ကို စွန့်ပစ်သွားလိမ့်မယ်"

ဒေါင်ဟီ စိတ်ထဲတွင် အခက်အခဲတစ်ခု ပေါ်လာသည်။ ညတိုင်း လေ့လာဖို့ ဆုံးဖြတ်လိုက်သည်။

ဆွန်းမိုက သူတို့ရဲ့အတွေးတွေကို နှောက်ယှက်ဖို့ အစီအစဉ် မရှိပေ။ ရတနာသေတ္တာ ဖွင့်ဖို့ပဲ အာရုံစိုက်နေသည်။

အလင်းရောင် မှိန်သွားတာနဲ့ အစိမ်းရောင် တောက်ပနေတဲ့ စွမ်းရည် စာအုပ်တစ်အုပ် ပေါ်လာသည်။

ဒင်

"တိရစ္ဆာန် စွယ်စုံကျမ်းရဲ့ အစိတ်အပိုင်းတစ်ခုကို ရလို့ ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှု အဆင့် အခြေခံအဆင့်"

"မှတ်ချက်။ ဒီစာအုပ်ကို လေ့လာပြီးနောက် ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတစ်ထောင်၏ နေထိုင်မှု ဓလေ့စရိုက်ကို အပြည့်အဝ နားလည်လာလိမ့်မယ်၊ ဒါကြောင့် သားရဲထိန်ကျောင်းခြင်းကို ကြီးကြီးမားမား အထောက်အကူ ဖြစ်လိမ့်မယ်။

ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတွေကို အောင်နိုင်ဖို့ ပိုလွယ်တာ တွေ့ရလိမ့်မယ်”

စနစ်က ရှင်းပြသည်။

“ရတနာသေတ္တာ ဆက်ဖွင့်ပါ။ ရွှေရောင် တစ်ခု လုပ်လိုက်”

ဆွန်းမိုက သဘော်သီး ကောင်မလေး ခေါင်းကို ပွတ်လိုက်ပြန်သည်။ ဒီဆုအတွက် အရမ်းကျေနပ်နေသည်။ နောက်တစ်ချိန်တွင် မြတ်ဆရာတစ်ယောက် မဖြစ်လာဘဲ တိရစ္ဆာန်ရုံရဲ့ ဒါရိုက်တာ တစ်ယောက် ဖြစ်လာလဲ မဆိုးပေ။

ရွှေရောင် ရတနာသေတ္တာကနေ ကလစ်ဆိုပြီး အသံထွက်လာသည်။

အစိမ်းရောင်နဲ့ကြေးရောင် တောက်နေတဲ့ အချိန်သင်္ကေတ တစ်ခုက ဆွန်းမို အရှေ့မှာ ပေါ်လာသည်။

“အမ်”

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။ ဒီအချိန်တံဆိပ်က အရင်တုန်းက သူရဖူးတဲ့ အချိန်တံဆိပ်နဲ့ မတူဘူးဆိုတာ တန်းပြောနိုင်သည်။

ပထမတစ်ချက်ကတော့ အစိမ်းရောင်ပိုတောက်နေသည်။

တကယ်လို့ ၁၀ နှစ် အချိန်တံဆိပ်ဆိုပါက အကြိမ်ပေါင်းများစွာ ဖောက်ပြန်ထားတဲ့ လူတစ်ယောက်နဲ့ တူသည်။ ဒီတစ်ခါက် အချိန်တံဆိပ်က ဆယ်ဆလောက်ပိုဖောက်ပြန်နေသည်။ အရမ်းစိမ်းနေပြီး ဒီထက်ပိုမစိမ်းနိုင်တော့ပါ။

အရင်တုန်းက ရဖူးတဲ့ အချိန်တံဆိပ်သည် ကျောက်တုံးနဲ့ တူတဲ့ သတ္တုနဲ့ လုပ်ထားသည်။

ဒါပေမယ့် ဒီတံဆိပ်မှာတော့ သတ္တု ကိုယ်ထည်ပါနေသည်။ ဆွန်းမိုက ဒါကို မထိဘဲ ကြည့်နေရင်းတောင် အေးစက်တဲ့ ခံစားချက်ကို ရနေသည်။ အကြာကြီး စိုက်ကြည့်မိရင် မျက်လုံးတောင် အေးခဲသွားနိုင်သည်။

ဒင်

"နှစ် ၅၀ အချိန်တံဆိပ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒါကို အသုံးပြုပြီးနောက် နေ့ရောညပါ ကျင့်ကြံသလို နှစ် ၅၀ အတွေ့အကြုံရပြီး

ကျွမ်းကျင်မှုအဆင့်ကို လျှင်မြန်စွာ တိုးတက်စေနိုင်တယ်”

“မှတ်ချက်။ ။ ကျွမ်းကျင်မှု အဆင့်တိုးတက်မှုကတော့ အသုံးပြုသူ အရည်အချင်းနဲ့သာ သက်ဆိုင်သည်။

စနစ်က ရှင်းပြသည်။

ပြောချင်တာ အသုံးပြုတဲ့လူက ချီရှန်ကျားလို လူဖြစ်ပါက သူတိုးတက်လာတဲ့ ကျွမ်းကျင်မှုသည် ၁၀ နှစ် အချိန်တံဆိပ်ကိုသုံးတဲ့

ပါရမီရှင်တစ်ယောက်လောက်တော့ တိုးတက်မှာ မဟုတ်ပေ။

“ဒီတံဆိပ်နဲ့ ဆယ်နှစ် အချိန်တံဆိပ် ဘာကွာလဲ။ နှစ်အရေအတွက်ပဲလား”

ဆွန်းမိုပေါက်ကွဲသွားသည်။ အချိန်တံဆိပ်၏ အရှေ့နဲ့ အနောက်ဖက်တွင် ငါးနှင့် ဆယ်ဆိုတဲ့ စာလုံးများကို ရေထိုးထားတာ မြင်လိုက်ရသည်။ ဒါ့အပြင် စတိုးဆိုင်ကို ဖွင့်ကြည့်တဲ့ အခါမှာလည်း နှစ် ငါးဆယ် အချိန်တံဆိပ် တစ်ခုအတွက် လေးစားအထင်ကြီးမှု အမှတ် ၁၀,၀၀၀ ကုန်ကျတာ

တွေ့လိုက်ရသည်။ ၁၀နှစ် အချိန်တံဆိပ်နဲ့ ယှဉ်ရင် ဆယ်ဆ ပိုဈေးကြီးသည်။

"ကွာခြားချက် အရမ်းကြီးတယ်။ ဥပမာ တစ်ခုပြောရလျှင် ပြေးတဲ့အခါမှာ အနှစ်ငါးဆယ် ပြေးတာ နဲ့ ဆယ်နှစ် ငါးကြိမ်ပြေးတာ ကွာခြားချက်ရှိလား"

စနစ်က ပြန်မေးသည်။

"လူတစ်ယောက်က တစ်ခါပဲ စိတ်ထည့်ဖို့လိုပြီး ပိုသန်မာလာနိုင်တယ်"

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။

“ဦးနှောက်ကောင်းတယ်။ ဒါပေမယ့် ပိုသိချင်ရင် ကိုယ်တိုင် စမ်းကြည့်ပေါ့”

စနစ်က ရှင်းပြသည်။

“အများအားဖြင့်တော့ ဆယ်နှစ် အချိန်တံဆိပ်ကို ငါးကြိမ်သုံးလည်း ဒဏ္ဍာရီ အဆင့်ကို မရောက်နိုင်ဘူး။ ဒါပေမယ့် အနှစ် ၅၀ အချိန်တံဆိပ်ကို သုံးရင်တော့ ဖြစ်နိုင်တယ်”

“ကောင်းတယ်”

ဆွန်းမို မျက်လုံး အရောင်တောက်လာသည်။ ဒီလိုရှင်းပြရင်တော့ သူနားလည်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအချိန်တံဆိပ်ကို တိုက်ပွဲ အရင်းအမြစ်လို့ သတ်မှတ်နိုင်သည်။ ကျွမ်းကျင်မှုအဆင့် မြှင့်တင်ဖို့အတွက် ဒါကို အသုံးပြုနိုင်သည့်.

“ဆက်လုပ်ရအောင်။ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာကို အရင်ဖွင့်မယ်”

ဆွန်းမိုက အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး ကောင်းကင်မှာရှိတဲ့နတ်ဘုရားနဲ့ ဗုဒ္ဓကို တိုင်တည်လိုက်သည်။

ဘုန်း

ခရမ်းရောင် အလင်းတန်းများ ပျောက်ကွယ်သွားပြီးနောက် ထူးခြားလေးနက်တဲ့ လှိုင်းများနဲ့ လျှို့ဝှက်ဆန်းကြယ် သတ္တု ပလိပ်ပြား တစ်ခု ကျန်ခဲ့သည်။

ဒင်

“ဝိညာဉ်တက်တူး ဒီဇိုင်းပြား တစ်ခုရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဝိညာဉ်တက်တူး ဒီဇိုင်း ရေးဆွဲလို့ ရတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အရမ်းကျေနပ်သွားသည်။ စူပါစေရန် (Dragon ball ထဲက ပစ္စည်း) ဝိညာဉ်တက်တူး ဒီဇိုင်းရေးဆွဲဖို့ သုံးရင်ကောင်းမလား။

အသွင်ပြောင်းလိုက်တာနဲ့ ရွှေရောင် ဆံပင်နှင့် အလင်းတွေက ဖျတ်ကနဲ ဖျတ်ကနဲ ဖြစ်နေတဲ့ ပုံစံ ပြောင်းသွားမည်။ တော်တော်လေး အထာကျမည်။ ဒီဖက်ခတ်မှာတော့ တိုက်ခိုက်စရာမလိုဘဲ လူတွေ ကြောက်နေကြမည်။

လီဇီချီနှင့် လုချီဟွာတို့ သုံးဖို့အတွက် ဒီဝိညာဉ်တက်တူးကို ပေးလို့ရသည်။

"ဆရာ၊ ဘာဖြစ်လို့ ပြုံးနေတာလဲ"

လုချီဟွာ သိချင်လာသည်။

"ဘာမှမဟုတ်ပါဘူး။ အခန်းထဲ သွားကြစို့"

ဆွန်းမိုက ဒေါင်ဟီကို ရှောင်ချင်နေသည်။

ဒီ အိမ်အကူလေးကို အဝေးမောင်းထုတ်လိုက်ရင် ကောင်းမလားဆိုပြီး တွေးခဲ့ဖူးသည်။ သူ့အတွက် အလှလေးက ဝန်ဆောင်မှု ပေးနေတာ မဆိုးပေမယ့် လျှို့ဝှက်ချက်တွေ အများကြီး ရှိနေတဲ့အတွက် သိပ်အဆင်မပြေပါ။

လေးခုမြောက် စိန်ရောင် ရတနာသေတ္တာကို ဖွင့်လိုက်သည်။ လျှို့ဝှက်ဆန်းကြယ် လိပ်အခွံတစ်ခု ထွက်လာသည်။

ဆွန်းမို ပျော်ရမလား၊ ငိုရမလား မသိတော့ပေ။ အသုံးပြုလို့ မရခင် ခုနှစ်ခုပြည့်အောင် စုဆောင်းရမယ်။ လောလောဆယ်တော့ သူ့မှာ နှစ်ခုပဲ ရှိသည်။

“နောက်ဆုံး ရတနာသေတ္တာဖွင့်၊ လုချီဟွာ အခုတော့ မင်းကိုပဲ အားကိုးတော့မယ်။ ကံကောင်းခြင်း နတ်ဘုရားမလေးရေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပေးသနားတော်မူပါ မြတ်ဆရာ အရှိန်အဝါလေး ရပါစေ”

ဆွန်းမို မျက်လုံးမှိတ်ပြီး ဆုတောင်းနေတော့သည်။

ဆယ်စက္ကန့်ကြာပြီးနောက်

ဒင်

“မြတ်ဆရာအရှိန်အဝါ - ‘လေးနက်တဲ့ စကား’ ကို ရရှိတဲ့အတွက်ဂုဏ်ပြုပါတယ်။

အကျိုးသက်ရောက်မှုက အမိန့်ပေးလိုက်ပြီး ကျောင်းသားတွေကို အမိန့်အတိုင်း ခိုင်းလို့ ရတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျွမ်းကျင်မှုအဆင့် - အခြေခံ အဆင့်။ ဒီအရိုန်အဝါကို အသုံးပြုပြီးနောက် သက်ရောက်မှု အကွာအဝေးသည် ၁၅ မီတာ ရှိမယ်။ ကြာချိန် ၃ မိနစ်"

စနစ်က ရိုးရိုးလေးပဲ ရှင်းပြသည်။ အများကြီး မပြောပေမယ့်လည်း စကားလုံးအကြောင်းအရာက ထိတ်လန့်ဖို့ ကောင်းသည်။

လေးနက်တဲ့ စကားဆိုတာ ဘာလဲ။

မင်းက အရိုးအရှင်းဆုံး စကားလုံးတွေ သုံးရင်တောင် လေးနက်တဲ့ သဘောတရားတွေ ပါဝင်နေလိမ့်မည်။

မြတ်အရှိန်အဝါကို အသုံးပြုလိုက်တာနဲ့ တပြိုင်နက် ကျောင်းသားတွေကို အတင်းအကြပ် စေခိုင်းလို့ ရသည်။

"မိုက်တယ်ကွ"

ဆွန်းမို အောင်ပွဲ ခံလိုက်သည်။

ဒါက အရမ်းရှားပါးတဲ့ မြတ်ဆရာ အရှိန်အဝါ တစ်ခုပါ။ တကယ်လို့ ကြယ် ၆ ပွင့် မြတ်ဆရာတစ်ယောက် မဟုတ်ပါက အခြေခံအားဖြင့်တော့ ဒီလေးနက်တဲ့ စကားကို နားလည်ဖို့ အခွင့်အရေးရှိမှာ မဟုတ်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက်က အရှိန်အဝါ တစ်ခုကို နားလည်ချင်ပါက သက်ဆိုင်ရာအတွေ့အကြုံကို အရင်စုဆောင်းဖို့ လိုအပ်သည်။ လေးနက်ပြီး အဓိပ္ပါယ်ရှိတဲ့ စကားများကို ကြွယ်ပွင့်အဆင့်နိမ့်တဲ့ မြတ်ဆရာတွေက ဘယ်လို ပြောနိုင်မှာလဲ။ နားပင်းတဲ့လူတွေကို အကျယ်ကြီး ကြားရအောင် ဘယ်လို သဘောတရားနဲ့ ပြောမှာလဲ။

"လုချီဟွာ အပေါ် ဒီမြတ်ဆရာအရှိန်အဝါရဲ့ အကျိုးသက်ရောက်မှု စမ်းကြည့်ရင်ကောင်းမလား"

ဆွန်းမိုက လုချီဟွာကို တစ်ချက်ကြည့်လိုက်သည်။

မှတ်ချက်။ ။တရုတ်ဘာသာစကားတွင် ငါး နှင့်ဆယ်ဆိုတဲ့စကားလုံးကို ပေါင်းစပ်လိုက်ပါက ငါးဆယ်ဟု အဓိပ္ပါယ်ရသည်။

အခန်း(၄၇၇) - ဆရာ၊ မင်းက တကယ်အထာကျတယ်။

"ဆရာ၊ ဘာညွှန်ကြားချင်လို့လဲ"

ဆွန်းမို လှမ်းကြည့်နေတာ မြင်လိုက်လျှင် လုချီဟွာ အသက်အောင့်ပြီး စောင့်နေသည်။ သူမရဲ့

ကြည်လင်နေတဲ့ မျက်လုံးထဲမှာ ညွှန်ကြားချက်ကို စောင့်နေတဲ့ အရိပ်အယောင်တွေ မြင်နေရသည်။

သူမ မျက်နှာအမူအရာက အကောင်းဆုံးလုပ်မယ်ဆိုတဲ့ အမူအရာ ဖြစ်နေသည်။

“ဘာမှမဟုတ်ပါဘူး။ မင်းပြန်ပြီး အနားယူလိုက်အုံး။ ပြီးတော့ ငါပြန်ရောက်နေတဲ့အကြောင်းကို လီဇီချီနှင့် ကျန်တဲ့ လူတွေဆီ အကြောင်းကြားပေးပါ။ မနက်ဖြန် မနက် မင်းတို့ရဲ့ တိုးတက်မှုကို စစ်မယ်”

ဆွန်းမို လက်လျှော့လိုက်သည်။ သူက လေးနက်တဲ့ စကားကို မသုံးရင်တောင် လုချီဟွာက သူပြောသမျှကို လိုက်နာနေဆဲ ဖြစ်သည်။

"ဟုတ်"

လုချီဟွာသည် သူမ ဆရာ အရမ်းပင်းပန်နေတယ်ဆိုတာ သိသည်။ အစတုန်းကတော့ ဆွန်းမိုနဲ့ စကားစမြည် ပြောချင်နေခဲ့သည်။ ခဏလောက် စဉ်းစားပြီးတော့ စိတ်ထိန်းလိုက်သည်။

ရေချိုးပြီးနောက် ဆွန်းမိုသည် နွားနို့ ပူပူလေးတစ်ခွက်ကို ယူကာ လေသာဆောင်ကနေ ကျောင်းဝန်းထဲသို့ လှမ်းကြည့်လိုက်သည်။ သူ့ရဲ့ အရင်းအနှီးကို တွေးပြီး အနာဂတ်အတွက် အစီအစဉ် ချမှတ်နေသည်။

ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ချင်ပါက မြတ်ဆရာအရှိန်အဝါ ခြောက်ခုနှင့် တခြား အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် နှစ်ခုကို အထူးပြုထားရမည်။ တိမ်စိမ်းအဆင့် ဝင်တဲ့ ကျောင်းသား အနည်းဆုံး တစ်ယောက် ရှိရမည်။

ဆွန်းမို ကိုယ်တိုင်ကလည်း အချိန်မဖြုန်းသလို သူတပြည့်တွေကိုလည်း အားကိုးရမည်။

လီဇီချီနှင့် လုချီဟွာမှာ အခြေခံအားဖြင့်တော့ မျှော်လင့်ချက် မရှိပါ။ ထန်ထန်ယုထန်ကတော့ ရိုးရိုးလေးဘဲ အသက်ရှင်ရင်တောင် မဆိုးပေ။ တိုက်ပွဲဝင်ခိုင်းဖို့ အိပ်မက် မက်နေစရာ အကြောင်း မရှိပေ။

ချန်လုံကတော့ ဆွန်မိုက သူ့ကိုယ်ပေါ်မှာရှိတဲ့ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကို ပြင်ပေးနိုင်ခဲ့လျှင် အဓိက တိုက်ခိုက်ရေးသမား တစ်ယောက်

ဖြစ်လာနိုင်သည်။ တကယ်တော့ ချန်လုံက ရှန့်ယွန်ပေါင်ထက် မနိမ့်ကျပေ။

တကယ်လို့ အဲဒီလို မဖြစ်လာရင်လည်း ဆွန်းမို၏ ဝှက်ဖဲက ရှန့်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ ဖြစ်လာလိမ့်မည်။

"ကျန်ဟန်ဖူကို ကိုင်တွယ်ပြီးရင်တော့ နောက်ထပ်သုံးလ စလုံး ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းပဲ ပေးတော့မယ်။ ကျန်တဲ့အချိန်တွေကိုတော့ ရှန့်ယွန်ပေါင်နဲ့ အင်ဘိုင်ဝူ တို့ကိုပဲ လမ်းညွှန်ပေးရမယ်"

ဆွန်းမို နွားနို့ ပူပူလေးကို တစ်ငုံ သောက်လိုက်သည်။ အနာဂတ်အတွက် အကောင်းမြင်စိတ် မရှိပါ။

ဘာကြောင့် ဒီလို ဖြစ်နေရတာလဲ။

ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲရဲ့ ကျရှုံးမှုနှုန်းသည် မြင့်မားလွန်းသည်။

ပြီးတော့ တိမ်းစိမ်းအဆင့်ရဲ့ အဆင့်သတ်မှတ်ချက်ကလည်း ၁၀၀ ပဲရှိသည်။ ဒါက ဗဟိုပြည်နယ်တွင် ကြယ်တစ်ပွင့် မြတ်ဆရာ

သောင်းနဲ့ချီနေပေမယ့်လည်း သူတို့ထဲက အယောက် ၁၀၀သာ ကြယ်နှစ်ပွင့် မြတ်ဆရာ ဖြစ်လာနိုင်သည်။

ဒါ့အပြင် မြတ်ဆရာတစ်ယောက်မှာ တိမ်စိမ်းအဆင့် ဝင်တဲ့ တပြည့်နှစ်ယောက်ရှိလျှင် နေရာတစ်ခုက ဖယ်ခံရအုံးမည်။

ပြီးတော့ သူတော်စင်ဂိတ်ကလည်း တိမ်စိမ်းအဆင့်ရဲ့ ကျောင်းသား အသက်ကန့်သတ်ချက်ကို ၁၈ နှစ်ထားဖို့ ဆုံးဖြတ်ထားသည်။ ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့က ငယ်သေးသဖြင့် ၁၈နှစ်အရွယ် ကျွမ်းကျင်သူတွေနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ခိုက်တဲ့အခါ သေချာပေါက် အားနည်းချက် ရှိလာလိမ့်မည်။

ဒီအတားအဆီးကို ကျော်ဖြတ်နိုင်တာနဲ့ ကြယ်သုံးပွင့် မြတ်ဆရာ စာမေးပွဲအတွက် အခက်အခဲများသည် ဆွန်းမိုအတွက်တော့ ဆန့်ကျင်ဘက်ဖြစ်ပြီး လွယ်ကူသွားလိမ့်မည်။

တခြား အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် သုံးခုနှင့် နတ်ဘုရားခွန်အား ကျင့်ကြံခြင်း နယ်ပယ်၊ မြတ်ဆရာ အရှိန်အဝါ ကိုးခု သဘောပေါက်ရမည်။ ဒီလိုချက်တွေအားလုံးက ဆွန်းမိုမှာ ပြည့်နေပြီ။

သဘာဝအားဖြင့်တော့ လိုအပ်ချက်တွေ ပြည့်စုံနေတာနဲ့ ကျိန်းသေပေါက် အောင်မြင်မယ်လို့ မဆိုလိုပေ။ ဘယ်လိုပဲဖြစ်ဖြစ် တခြားသူများနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပြီး ဖယ်ထုတ်ခံရမည် ဆိုတဲ့ ကြောက်ဖို့ကောင်းသည့် ဖိအားကိုလည်း ရင်ဆိုင်ရမည်။

လာမည့်နှစ်တွင် ဗဟိုပြည်နယ် အကယ်ဒမီက ‘ဘီ’အဆင့်ကို ကျိန်းသေပေါက် တက်ရမည်လို့ စနစ်က တာဝန်မပေးခဲ့တာကိုပဲ ကျေးဇူးတင်ရမည်။

ဒီလိုမှမဟုတ်ရင် သေချာပေါက် ခေါင်းကိုက်နေရမည်။

အာရုဏ်တက်ချိန်တွင် ချီရှန်ကျားသည် အိမ်ရာအပြင်ဘက်မှာ ရပ်နေခဲ့သည်။ မျက်နှာပေါ်မှာ ကြောက်ရွံ့ထိတ်လန့်နေတဲ့ အမူအရာ ရှိနေသည်။

ရိုးအတဲ့ ကောင်လေးသည် လေဘုရင်ခန်းမတွင် တစ်ချိန်လုံး ကျင့်ကြံနေခဲ့ပြီး ဆွန်းမို သင်ပေးထားတဲ့ ဓမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကိုပဲ လေ့ကျင့်နေခဲ့သည်။ ဘာကြောင့်ပဲဖြစ်ဖြစ် ဆွန်းမိုကို လာနှုတ်ဆက်တယ်ဆိုပေမယ့် ဆွန်းမိုရဲ့

တိုက်ရိုက်တပြည့်တွေထဲက တစ်ယောက် မဟုတ်ပေ။ ဒါကြောင့် ဆွန်းမို မဖိတ်ခေါ်ဘဲ လာလျှင် အနှေက်အယှက် ဖြစ်သွားမှာလည်း စိုးရိမ်နေသည်။

ချီရွှန်ကျားသည် အရမ်းရိုးသားတဲ့ သစ်သားလူသား ဖြစ်သည်။ တခြားသူသာဆိုလျှင် ပြေးလာပြီး ဆွန်းမိုပေါင်ကို ဖက်နေလောက်ပြီ။

ထုံးစံအတိုင်း ဆွန်းမိုက ချီရွှန်ကျားကို သနားပြီး သူ့ရဲ့ ဖွဲ့လုံ့လကိုအသိအမှတ်ပြုကာ ရိုးသားမှုကို အရမ်းသဘောကျသော်လည်း သူ့ရဲ့ အရည်အချင်းနဲ့ ပက်သက်လို့ကတော့...................

ထားလိုက်ပါ။ ပြောစရာတောင် မလိုပါ။

"မင်း ဘာစောင့်နေတာလဲ"

လီဇီချီ ရောက်လာသည်။ ချီရွန်ကျား ရှက်တွန့်နေတာ မြင်လိုက်လျှင် ဆွံ့အသွားသည်။

"ဝင်သွားလိုက်"

"အကြီးဆုံး အစ်မကြီး"

ချီရွန်ကျားက ကမန်းကတမ်း နှုတ်ဆက်လိုက်သည်။

"မင်းကို ဒီလို မခေါ်ဖို့ ဘယ်နှစ်ခါ ပြောရမလဲ"

လီဖီချီ သက်ပြင်း ချလိုက်သည်။ (မင်းက စီနီယာပဲ။ ဒီလိုခေါ်ရတာ မရှက်ဘူးလား။)၊ ဒါပေမယ့်လည်း ဒီလူက တကယ်ရိုးသားလွန်းသည်။

သူ့မိသားစုက ဆင်းရဲတယ်ဆိုပေမယ့် ချီရှန်ကျားက ဝိညာဉ်ကျောက်တုံးတွေ အများကြီးရှိတဲ့ လေဘုရင် ခန်းမမှာ ကျင့်ကြံနေသည်။ ဒါပေမယ့် ကြမ်းတမ်းတဲ့ အစာကို နေ့တိုင်း စားနေသည်။ သာမန်ကာ လျှံကာ ဝိညာဉ် ကျောက်တုံး တစ်တုံးလောက် ယူပြီး ရောင်းချရင်တောင်

ငွေအများကြီး ရနိုင်သည်။ ဒါပေမယ့် ဒီလိုလုပ်ဖို့ တစ်ခါမှ မတွေးခဲ့ပါ။

ချီရွှန်ကျား ရှက်သွားသည်။ ခေါင်းကုတ်ပြီး အနေရခက်တဲ့ ပုံဖြစ်နေသည်။ သူမကို 'အကြီးဆုံး အစ်မကြီး' လို့ မခေါ်ရင် ဘယ်လို ခေါ်ရမလဲ။ လီဇီချီက ဆွန်းမိုရဲ့ ပထမဆုံး တိုက်ရိုက် တပြည့်ဖြစ်သဖြင့် သူမအပေါ် လေးစားမှု ရှိသင့်တယ်လို့ သူထင်သည်။

ကျောင်းရဲ့ စီနီယာဖြစ်မှုနဲ့ ပက်သက်ရင်ကော။

အမှန်တိုင်းပြောရလျှင် ဒီအရာကို တစ်ခါမှ မတွေးခဲ့ဖူးပေ။ ဒီကျောင်းသားအသစ်များ ရှေ့မှာဆို ယုံကြည်ချက် ကင်းမဲ့သွားသည်။

"ဝင်ပါ"

လီဇီချီ သက်ပြင်းချလိုက်သည်။ ရိုးသားလူတွေနဲ့ အိမ်ထောင် မပြုသင့်ဘူးလို့ တွေးလိုက်မိသည်။ ဒီလိုမှမဟုတ်ရင် နောင်တစ်ချိန်မှာ ရှုးတူးတူး ပေါ်တောတော ခဏခဏ လုပ်နေမည်။

ပင်ကိုယ်စရိုက်က သဘောထားကြီးပြီး ချီရွှန်ကျားသည် ဟုတ်ကဲ့ လူသားဖြစ်နေသည်။ သူက

သူတစ်ပါးနဲ့ တွေ့ရင် အများအားဖြင့် အကြည့်ခြင်း မဆုံမိအောင် ရှောင်နေမည်။ သူ့မှာ လူအထင်ကြီးရမယ့် အပြုအမူ တစ်စက်မှ မရှိတာ အမှန်ပါ။

လီဇီချီကတော့ သူ့အိမ်ပြန်ရောက်သလို တံခါးတွန်းဖွင့်လိုက်သည်။

“အကြီးဆုံး သခင်မလေး”

လီဇီချီကို မြင်လိုက်လျှင် ဒေါင်ဟီက လျှင်မြန်စွာ ရောက်လာပြီး နှုတ်ဆက်လိုက်သည်။

"လက်ဖက်ရည်နဲ့ သရေစာတွေ ပြင်ထားလိုက်ပါ။ ခဏနေရင် အင်ဘိုင်ဝူနဲ့ ကျန်တဲ့လူတွေ ရောက်လာလိမ့်မယ်"

လီဇီချီက ညွှန်ကြားလိုက်သည်။

"ငါ့ဆရာ နိုးပြီလား"

"မနိုးသေးဘူး"

ဒေါင်ဟီက ခေါင်းငုံ့ပြီး လီဇီချီရဲ့ ညွှန်ကြားချက်ကို စောင့်နေသည်။ ဆွန်းမိုရဲ့ ပထမဆုံး တပြည့်ဖြစ်ပြီး သူမက ဆွန်းမိုအတွက်ဆို သမီးတစ်ပိုင်း

ဖြစ်နေသဖြင့် သူမအား အမိန့်ပေးဖို့ အခွင့်အရေး ရှိသည်။

"ဆရာကို သွားစောင့် နေလိုက်မယ်"

လီဇီချီ မျက်လုံး အရောင်တောက်လာသည်။ နောက်ဆုံးတော့ သူမက ဆရာ့ကို စောင့်နိုင်တဲ့ အခွင့်အရေး ရှာတွေ့သွားပြီ။ (ဟွန့်၊ ငါ တိတ်တိတ်လေး လေ့ကျင့်နေတာ တော်တော်ကြာနေပြီ)

"အကြီးဆုံး သခင်မလေး။ ဒါတွေအားလုံးက ငါလုပ်ရမှာ မဟုတ်ဘူးလား"

ဒေါင်ဟီ တော်တော်လေး လန့်ဖြန့်သွားသည်။ လီဇီချီက ကျန့်အိမ်တော်သို့ အလည်သွားပြီး ကျန့်ချင်ဖန် အရှေ့ရောက်တဲ့ အချိန်တွင် လီဇီချီရဲ့ ပုံရိပ်အမှန်ကို ဒေါင်ဟီ သိခဲ့ရသည်။ အခုတော့ လက်ထဲမှာ မျက်နှာသုတ်ပဝါ တစ်ထည်ကိုင်ပြီး မျက်နှာသစ်မည့် ရေနွေး ကိုင်ကာ သွားနေတဲ့ လီဇီချီကို မြင်လိုက်လျှင် သေလုနီးပါး လန့်ဖြန့်သွားသည်။

ဒီမိန်းကလေးက ကြီးမြတ်တဲ့ တန်အင်ပါယာ၏ အမြင့်မြတ်ဆုံး အဆင့်တန်းရှိတဲ့ လေးစားခံ

မင်းသမီးလေး တစ်ပါး ဖြစ်သည်။ ဘုရင်မင်းမြတ်ကလွဲလျှင် သူမ ရပ်စောင့်တာကို ခံယူဖို့ အခွင့်အရေး မရှိကြပါ။

"ဝင်မစွက်ဖက်နဲ့"

လီဇီချီက ဒေါင်ဟီကို တစ်ချက်ကြည့်လိုက်သည်။

....

ဆွန်းမိုနှင့် လီဇီချီတို့ အပေါ်ထပ်က ဆင်းလာလျှင် ကျန်တဲ့ တပည့် ငါးယောက်လည်း ရောက်နေကြပြီ။ ဆွန်းမိုကို မြင်လိုက်လျှင် မတ်တပ်ထကာ ဦးညွတ် အရိုအသေ ပေးလိုက်ကြသည်။

"ဆရာ၊ မြတ်ဆရာဘွဲ့ယူပြီး အောင်ပွဲခံလာတဲ့အတွက် ဂုဏ်ပြုပါတယ်"

ကျောင်းသားများ စကားဆုံးသွားတာနဲ့ ထန်ထန်ယုထန်က ခြေတစ်လှမ်းတိုးပြီး လက်ဆောင်သေတ္တာလေး တစ်လုံး ပေးလိုက်သည်။

"ဆရာ၊ ဒီကျောင်းသားက ဆရာ့အတွက် ပြင်ဆင်ထားတဲ့ လက်ဆောင်ပါ"

ထန်ထန်ယုထန် မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။

"အမ်"

ဒါကို မြင်လိုက်လျှင် ချီရွှန်ကျား ကို့ကိုယ်ကို အပြစ်တင်လိုက်သည်။ မသိစိတ်ကြောင့် အလိုလို လက်မြှောက်ပြီး ကို့ခေါင်းကို ကိုယ် ပြန်ရိုက်လိုက်သည်။

(ဘာဖြစ်လို့ လက်ဆောင်ယူလာဖို့ မေ့ရတာလဲ)

"ငဖား"

အင်ဘိုင်ဝူက ရောဂါသည်ကို တစ်ချက်ကြည့်လိုက်သည်။ သူမလည်း လက်ဆောင်ပေးချင်ပေမယ့် သူမဆရာမှာ ဘာမှ မချို့တဲ့ပါ။ ဒါကြောင့် ကျင့်ကြံခြင်း အပေါ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုကြိုးစားရန် ရွေးချယ်ပြီး သုံးလအကြာတွင် တိမ်စိမ်းအဆင့်ထဲ ဝင်နိုင်အောင် ပြင်ဆင်နေခဲ့သည်။ သူမဆရာ ကြယ်နှစ်ပွင့် မြတ်ဆရာ ဖြစ်လာဖို့အတွက် အခွင့်အရေး ရှိအောင် လုပ်ပေးရမည်။

ချန်လုံက အနည်းငယ် နေရခက်သွားသော်လည်း ရှန်ယွန်ပေါင်ကတော့ ဒီလိုမျိုး အသေးအဖွဲ့များကို ဂရုမစိုက်ပါ။

“မင်းရဲ့ ရည်ရွယ်ချက်ကို ငါတန်ဖိုးထားတယ်။ ဒါပေမယ့် မင်းလက်ဆောင်ကို ပြန်သိမ်းထားလိုက်ပါ”

ဆွန်းမို ကျောင်းသားဆီက လက်ဆောင်ကို ဘယ်တော့မှ လက်ခံမှာ မဟုတ်ပေ။

"ဆရာ၊ ရလဒ်က ဘယ်လိုလဲ"

"ထန်ထန်၊ မင်းက ဆရာ့ကို လျှော့တွက်လွန်းနေပြီ။ မင်းကို ပြောလိုက်မယ်။ ဆရာက ပထမ ရခဲ့တယ်ကွ"

လုချီဟွာက ကျေနပ်စွာ ကြွေးကြော်လိုက်သည်။

"ပထမနေရာတင်မကဘူး။ တံဆိပ်ကြီးကိုလည်း အောင်မြင်စွာယူပြီး နှစ်တစ်ရာအတွင်း ဘယ်သူမှ

မကျော်နိုင်တဲ့ မကြုံစဖူး ကြောက်ဖို့ကောင်းတဲ့ စံချိန်ကိုလည်း ဖန်တီးခဲ့တယ်”

လီဇီချီလည်း ဂုဏ်ယူနေသည်။ အဲဒီနောက် ဆွန်းမို ရလဒ်အကြောင်းကို လူတိုင်းအား ပြောပြလိုက်သည်။

ဆွန်းမိုကို လျှို့ဝှက်စောင့်ကြည့်ရန် လူတစ်ယောက် လွှတ်ထားခဲ့သည်။ ထုံးစံအတိုင်း သတင်း ပြန်ယူဖို့က ဒုတိယ အချက်ဖြစ်သည်။ သူပို့လိုက်တဲ့လူရဲ့ အဓိက ရည်ရွယ်ချက်သည် ဆရာ အခက်အခဲ တစ်ခုခု ဖြစ်ခဲ့လျှင် ကူညီဖြေရှင်းပေးဖို့ ဖြစ်သည်။ ဥပမာ အစားအသောက်နှင့် တည်ခိုခန်း

ပြဿနာများ ကြုံတွေ့လာပါက ဖြေရှင်းပေးနိုင်အောင် ဖြစ်သည်။

ဒီစကားကို ကြားလိုက်လျှင် ကျောင်းသားတွေ အားလုံး အရမ်းအံ့အောသင့်ကုန်သည်။ အထူးသဖြင့် ချီရွှန်ကျား ဖြစ်သည်။ အရမ်းစိတ်လှုပ်ရှားနေသည်။

“ဒီလို ဆရာဆီမှာ ပညာသင်ရတာက ဘဝအနည်းငယ်က စုဆောင်းတဲ့ ကောင်းခြင်းကြမ္မာကြောင့်ပဲ ဖြစ်မယ်”

ချီရှန်ကျားက အတိတ်ဘဝ ဆယ်ခုတွင် ဧရာမ ပရဟိတ သမားတစ်ယောက်ဖြစ်ခဲ့တယ်လို့တောင် ထင်နေမိသည်။ ဒါကြောင့်လည်း သူ ကြမ္မာ အရမ်းကောင်းနေတာ ဖြစ်မည်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ရှက်စိတ်နဲ့ သိမ်ငယ်စိတ်ဝင်လာပြီး ဆွန်းမိုကို ဆရာတင်ဖို့ စိတ်မကူးရဲတော့ပေ။

ဒီလို အထင်ကြီးဖို့ကောင်းတဲ့ ဆရာတစ်ယောက်ဆီမှာ ပညာဆည်းပူးနိုင်တာက ကောင်းကင်က ပေးတဲ့ လက်ဆောင် ဖြစ်နေပြီ။ တစ်လက္ခ လောက်ပေးတာကို တစ်မိုင်လောက် လိုချင်နေလို့ မရပါ။

"ဆရာ၊ အရမ်းအထာကျလွန်းတယ်"

ရှန်ယွန်ပေါင် တအံ့တဩ ဖြစ်နေသည်။ ဆွန်းမိုက အထင်ကြီးစရာကောင်းမှန်း သိပေမယ့် ဒီလောက် အတိုင်းအထာအထိ အထင်ကြီးဖို့ ကောင်းမယ်လို့တော့ မမျှော်လင့်ထားခဲ့ပါ။ ဒါကြောင့်

ဆွန်းမိုကို စိတ်ထဲကနေ စတင်ပြီး သဘောကျလာသည်။

တိုက်ခိုက်ရေး စွဲလမ်းသူသည် တိုက်ခိုက်ဖို့ အကြောင်းပဲ တွေးနေပေမယ့်လည်း အရူးတစ်ယောက်တော့ မဟုတ်ပါ။ တစ်ယောက်ယောက်က တံဆိပ်ကြီး ကို ရယူနိုင်ခဲ့တယ် ဆိုလျှင် ရှုထောင့်ပေါင်းစုံမှ အားနည်းချက် မရှိတာကို ဆိုလိုသည်။

ချန်လုံက ရုတ်တရုတ် အံ့အောပြီး တအံ့တအော အကဲခတ်နေသည်။ အဲဒီနောက်

ခေါင်းညိတ်လိုက်သည်။ သူစိတ်ထဲက ခံစားချက်သည် ရှုန်ယွှန်ပေါင်ထက်တောင် ပိုများသေးသည်။ ဘာမှမသိတဲ့ တိုက်ခိုက်ရေး သမားနဲ့ ယှဉ်လျှင် ချန်လုံက စံချိန်ချိုးဖို့ ဘယ်လောက်ခက်လဲဆိုတာ သိနေသည်။

"အရင်က ငါတို့ဆရာ အောင်မြင်မယ်လို့ မထင်ဘူးကြဘူးလား"

အင်ဘိုင်ဝူ အရမ်းအံ့အောနေသည်။ သူမဆရာရဲ့ အောင်မြင်မှုက ဘယ်လောက်ပဲ ကြောက်ဖို့

ကောင်းနေပါစေ သူမ စိတ်ထဲမှာတော့ ပုံမှန်ပဲလို့ ယူဆမိသည်။ အားလုံးစုပြီး အောင်ပွဲ ခံသင့်သည်။

ထန်ထန်ယုထန်လည်း အံ့အောမှင်တက်နေသည်။ ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် ခံယူထားရတာ ကံကောင်းတယ်လို့ ခံစားလာရသည်။ အခုတော့ သူ့ရဲ့ ကံတရားကို ရုတ်တရက် သဘောကျလာသည်။

ဒင်

‘လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၂၃,၂၀၁မှတ် ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

စနစ်ဆီက အကြောင်းကြားချက် ရောက်လာလျှင် ဆွန်းမို အရမ်း ကျေနပ်သွားသည်။ ဒီအမှတ်က မနည်းပေ။ အထူးသဖြင့် ရိုးအတဲ့ ကောင်လေးနှင့် လုချီဟွာတို့ ဖြစ်သည်။ တစ်ယောက်ခြင်းစီက ၅၀၀၀ စီ ထောက်ပံ့ခဲ့ကြသည်။

သူ့အကြိုက် အမှတ်ထုတ်ပေးရေး သမားတွေက မျှော်လင့်ထားတဲ့ အတိုင်း ဖြစ်နေသည်။

"ကောင်းပြီလေ။ ဒါက အရေးမကြီးတဲ့ ကိစ္စပဲ"

ဆွန်းမိုက လက်ဖက်ရည်ခွက်ကို ကုန်အောင် သောက်ပြီးနောက် အိမ်နောက်ဖေးသို့ လမ်းလျှောက်သွားသည်။

"ငါ့နောက်လိုက်ခဲ့။ လီဇီချီကနေ စမယ်၊ မင်းတို့ရဲ့ တိုးတက်မှုကို စစ်ဆေးမယ်။ တစ်ယောက်ယောက် ပျင်းနေလို့ကတော့ စည်းကမ်းတွေ ချမှတ်ရလိမ့်မယ်"

လူတိုင်း စိတ်ဝိညာဉ် တောင့်တင်းသွားသည်။ ဒါက အသေးစား စမ်းသပ်မှု တစ်ခု ဖြစ်နေသည်။

ထန်ထန်ယုထန်လို အပြောအပျက် ကျောင်းသားတောင် လေးနက်တဲ့ အမူအရာ

ဖြစ်လာသည်။ ဘာဖြစ်လို့ ဆိုတော့ ဆွန်းမို အထင်သေးသွားမှာ မလိုချင်ပါ။

လီဇီချီက ပထမဆုံးပါ။ သူမက အနောက်ဖက် ခြံထဲတွင် မတ်တပ်ရပ်နေသည်။

.ဆွန်းမိုက သူမကိုယ်ကို ထိလိုက်တာနဲ့ နတ်ဘုရားမျက်စိအာရုံကို အသုံးပြုပြီး အချက်အလက်ကို စစ်ဆေးလိုက်သည်။

“တတိယအဆင့် အထွင့်အထိပ်၊ မဆိုးဘူး”

ဆွန်းမို ကျေနပ်သွားသည်။ လီဇီချီရဲ့ အရည်အချင်းကြောင့် တစ်နှစ်ခွဲအတွင်းမှာ အဆင့်တက်နိုင်ရင် မျှော်လင့်ချက်နဲ့ ပြည့်မှီနေပြီ။

“တတိယအဆင့် အထိဋ္ဌအထိပ် မှာပဲလား”

လီဇီချီ အရမ်းစိတ်ပျက်သွားသည်။ အရင်တုန်းကတော့ အဆင့်တစ်ဝက်လောက် တက်ရင်ကို ပျော်နေမိမည်။ ဒါပေမယ့် အင်ဘိုင်ဝူလို နှိုင်းယှဉ်စရာ ပစ်မှတ်ရှိလာသဖြင့် မကျေနပ်နိုင်တော့ပါ။

“မင်းအတွက် ၊ ဒီတိုးတက်မှုနှုန်းက အရမ်းမြန်နေပြီ။ ဒါပေမယ့် ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့လို့ မင်းကိုယ်မှာ ဒဏ်ရာရနေပြီ။ နောင်ကျရင် ဆေးရေ ပိုချိုးပြီး ပြန်လည်ကောင်းမွန်မှုကိုလည်း အာရုံစိုက်ဖို့ လိုမယ်။ တစ်နေ့တစ်ကြိမ် လာရှာပါ။ ငါက ကြွက်သား ပြုပြင်ခြင်း နည်းစနစ်နဲ့ သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုပြီး နှိပ်ပေးမယ်”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ပြီးတော့ မင်းရဲ့အားသာချက်က ဉာဏ်ကောင်းတယ်။ နောက်တစ်ချိန်မှာ ထူးချွန်တဲ့ မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်တယ်။ ဒါကြောင့် ကျောင်းစာတွေဘက်ကို မလစ်ဟင်းစေနဲ့"

"ဆရာရဲ့ ဆုံးမမှုကို လေးလေးစားစား မှတ်သားထားပါ့မယ်"

လီဇီချီ အရိုအသေ ပေးလိုက်သည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀၀ ၊ ရိုသေ (၂၁.၀၁၀/၁၀၀,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ခန္တာကိုယ်ပြုပြင်ခြင်း အဆင့် လေး အထိ ကိုယ့်ဘာသာကို အဆင့်တက်နိုင်အောင် ကြိုးစားပါ။ အတွေ့အကြုံကောင်းတစ်ခုလို့ ယူဆနိုင်တယ်။ ဒါ့အပြင် ကျောင်းသားတွေကို လမ်းပြတဲ့ အချိန်မှာလဲ။ ဒီလို အတွေ့အကြုံ လိုအပ်တယ်။ ဒါနဲ့ ပက်သက်ပြီး ငါမကူညီနိုင်ဘူး”

ဆွန်းမိုသာ ရှေ့ဟောင်း အနှိပ်ပညာကို အသုံးပြုလိုက်ပါက လီဇီချီ အလွယ်တကူ အဆင့်တက်သွားနိုင်သည်။ ဒါပေမယ့် လီဇီချီ လျှောက်တဲ့ လမ်းစဉ်သည် ရှုန်ယွန်ပေါင်နဲ့ မတူပါ။

“ကောင်းပြီလေ၊ နောက်တစ်ယောက်”

ဆွန်းမို လုချီဟွာကို တစ်ချက်ကြည့်လိုက်သည်။

“အာ”

လုချီဟွာက သူမရဲ့ တိုးတက်မှုက နှေးကွေးနေသဖြင့် ဆွန်းမိုကို ရှောင်နေသည်။ အဆူခံရမှာ စိုးရိမ်နေသည်။

အခန်း(၄၇၈) - တိုးတက်မှု စစ်ဆေးခြင်း၊ ချက်ခြင်းလက်ငင်း လမ်းညွှန်ခြင်း။

"လာခဲ့"

ဆွန်းမို လေသံရဲ့ ပြင်းထန်မှု မတိုးလာပေ။ ဒါပေမယ့် လုချီဟွာက ထုံးစံအတိုင်း အာဏာ

ဖီဆန်ခြင်း မရှိပါ။ ခေါင်းငုံ့ကာ ပင်ဂွင်း တစ်ကောင်လို့ လမ်းလျှောက်ထွက်လာသည်။

"ဆရာ...ငါ...ငါ"

လုချီဟွာ ငိုချင်လာသည်။ အရမ်းကြိုးစားပေမယ့်လည်း မတိုးတက်လာဘူးလို့ ပြောလိုက်ချင်သည်။

"အရမ်းကောင်းတယ်။ နေ့တိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်နေတာပဲ"

ဆွန်းမိုက လုချီဟွာရဲ့ ကြွက်သားများကို ညင်သာစွာ နှိပ်နယ်ပြီး သူမ ခန္ဓာကိုယ်ကို

စစ်ဆေးလိုက်သည်။ ထို့နောက် သူမရဲ့ အချက်အလက်များကို စစ်ဆေးရန် နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုလိုက်သည်။

“နောက်ကျမှပဲ မင်းအတွက် ကျင့်ကြံခြင်း အစီအစဉ်သစ်ကို ရေးဆွဲပေးမယ်”

“အမ်”

လုချီဟွာ ရုတ်တရက် အံ့အားသွားသည်။(ငါလုံး၀ မတိုးတက်တဲ့အတွက် ဆူပူကြိမ်းမောင်းနေရမှာ မဟုတ်ဘူးလား)

"ကောင်းပြီ၊ စိတ်လျှော့ထား၊ ကျင့်ကြံခြင်းဆိုတာ နေခြင်း ညခြင်း တွန်းအားပေးပြီး လုပ်လို့ရတဲ့ အရာမဟုတ်ဘူး။ အခုအချိန်မှာ သိသိသာသာ တိုးတက်မှု မရှိပေမယ့် အခုလက်ရှိ စုဆောင်းနေတုန်းပဲ ရှိသေးတယ်။ တစ်နေ့နေ့မှာ မင်းစုဆောင်းမှုတွေက ပြည့်ဝသွားရင် တကယ့် တိုးတက်မှုအဖြစ်သို့ ပြောင်းလဲသွားလိမ့်မယ်"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပွတ်ပြီး ပြောလိုက်သည်။

"ဆရာ၊ ကောင်းကောင်း မှတ်သားထားပါ့မယ်"

လုချီဟွာသည် အပြစ်ကင်းစင်ပြီး စိုးရိမ်ပူပန်မှုများကိုလည်း မဖုံးကွယ်ထားတတ်ပဲ သူတစ်ပါးကိုလည်း အလွယ်တကူ ယုံကြည်နိုင်တဲ့လူဖြစ်သည်။ ဆွန်းမိုစကားကို ကြားပြီးနောက် ချက်ခြင်းပြုံးလာသည်။ သူမဆရာက ဒီကောင်းကင်အောက်တွင် အကောင်းဆုံးလို့လည်း ထင်နေသည်။ အမြဲတမ်း ဒေါသကြီးပြီး ဆူပူတတ်တဲ့ သူ့အဖေနဲ့လည်း မတူပါ။

"ဟီးဟီး"

ဆွန်းမိုက မျက်နှာတွင် ပြုံးနေပေမယ့်လည်း စိတ်ထဲမှာ တော်တော်လေး စိတ်မကောင်း ဖြစ်နေသည်။

လုချီဟွာရဲ့ အလားအလာက အရမ်းနိမ့်ကျနေပြီး အမှိုက်တစ်ခု ဖြစ်လုနီးပါး ဖြစ်နေသည်။ ချီရှန်ကျားနဲ့ ယှဉ်လိုက်လျှင်တောင် သူမရဲ့ ကျင့်ကြံမှု အရည်အချင်းက နိမ့်ကျနေသေးသည်။

လုချီဟွာ၏ ကျင့်ကြံတဲ့ ပတ်ဝန်းကျင်သည် ဝိညာဉ်ချီ ပေါကြွယ်ဝတဲ့ လေဘုရင်ခန်းမ ဖြစ်တယ်ဆိုတာ မေ့ထားလို့ မရပေ။ ဒါ့အပြင်

ဆေးထုပ်ကြီးနဲ့ နေ့တိုင်း ရေချိုးပြီး သူမကို တစ်ခါတစ်လေ နှိပ်ပေးသေးသည်။ သူမ နေရာမှာ တခြားကျောင်းသားတွေ သာဆိုလျှင် မိုးထိအောင် တိုးတက်လာပြီး ကျောင်းမှာ တောက်ပလာလိမ့်မည်။

"မင်း အဆင်မပြေတဲ့ နေရာ မရှိဘူးလား"

ဆွန်းမိုက မေးလိုက်သည်။ ထင်ယောင်ထင်မှား ဖြစ်နေတာ ဟုတ် မဟုတ် သူလည်း မသိပါ။ ဒါပေမယ့် လုချီဟွာနဲ့ ထိတွေ့လိုက်တုန်းက သူ့ကိုယ်က ဝိညာဉ်ချီတွေ ပရမ်းပတာ တုန်ခါသွားသည်။ စုပ်ယူလိုက် ခံလိုက်ရသလိုကို ခံစားမိနေသည်။

“မရှိဘူး”

လုချီဟွာ ခေါင်းငုံ့ကာ သူမကိုယ်ကို ပြန်ကြည့်လိုက်သည်။ ဒါပေမယ့်လည်း သူမရဲ့ သဘော်သီးတွေက အမြင်အာရုံကို ပိတ်ဆို့ထားသည်။

“အခုတလော ကောင်းကောင်းစားပြီး ကောင်းကောင်း အိပ်ခဲ့တယ်။ ကြည့်ရတာ ပိုထွား လာသလိုပဲ”

ပြောရလျှင် လုချီဟွာ မွေးပြီးကတည်းက ဒီအချိန်ဟာ အပျော်ဆုံးအချိန် ဖြစ်နေသည်။ သူမဆရာကလည်း သူမ အပေါ်ကြင်နာပြီး၊ စီနီယာ

ဂျူနီယာ မောင်နှမတွေကလည်း ချစ်ခင်ကြသည်။ ဒီခံစားချက်က တော်တော်လေးကို အံ့အောဖို့ ကောင်းလွန်းသည်။

“အင်း၊ ကြိုးစားပြီး ဆက်ကျင့်ကြံပါ”

ဆွန်းမိုက အားပေးလိုက်သော်လည်း စိတ်ထဲမှာ အဖြေရှာဖို့ တွေးနေမိသည်။ လုချီဟွာသာ သူမကိုယ်သူမ အားကိုးနေရင် အသက် ၇၀ ၊ ၈၀ လောက်ပဲ နေနိုင်လိမ့်မည်။ ဒါတောင် သက်ရှည်နယ်ပယ်ကို ဝင်နိုင်မှာ မဟုတ်သေးပါ။

သူ့ရဲ့ တပည့်ဖြစ်လာသဖြင့် ထုံးစံအတိုင်း သူမကို ကူညီရမည်။

ဆွန်းမို စိန်သစ်သီး အကြောင်းကို စဉ်းစားလိုက်မိသည်။ ဒါက ခန္ဓာကိုယ်ကို လောင်ကျွမ်းစေပြီး ဘေးထွက်ဆိုးကျိုး မရှိတဲ့ သဘောဝသစ်သီး တစ်ခု ဖြစ်သည်။ စားသုံးလိုက်လျှင် နောက်တစ်ဆင့်ကို တက်လှမ်းနိုင်သည်။

လီဇီချီလည်း အသုံးပြုနိုင်သည်။

ဒါပမယ့်လည်း ဒါတွေက အမှောင်တိုက်ကြီးမှာပဲ ရှိနိုင်သည်။ ဆွန်းမို ဂရင်းဟာက်သစ်တောအကြောင်း

တွေးနေမိသည်။ ဒီနာမည်ကို ကြားလိုက်ရုံနဲ့ အရမ်းကြီးမားတဲ့ တောကြီးတစ်ခုဆိုတာ သေချာသည်။ အဲဒီမှာဆိုလျှင် ထိပ်တန်း အသီးတွေကို ရှာတွေ့ကောင်း တွေ့နိုင်သည်။

"ဆရာ၊ ငါနဲ့ မြန်မြန် တိုက်ခိုက်ပါ"

ရှန်ယွန်ပေါင် စိတ်မရှည်စွာ တောက်လောင်နေသည်။

"သေချာတာပေါ့"

ဆွန်းမိုက ကျောင်းသားတွေကို ခေါ်ပြီး လေဘုရင်ခန်းမသို့ သွားလိုက်သည်။

တောက်ပတဲ့ ဝိညာဉ်ကျောက်တုံးတွေကြောင့် လေထုက ဆန်းကြယ်နေပြီး ထူးဆန်းနေသည်။

"ဆရာ၊ ခွင့်လွှတ်ပါ"

ရှန်ယွန်ပေါင်ရဲ့ လုံ့က တုန်လာပြီး ဆွန်းမိုဆီ တိုးဝင်သွားသည်။

လှံ့မိုး ပန်းပုလဲ။

ရွှတ်စ် ရွှတ်စ်

ငွေရောင် ပုလဲပန်းပွင့် တစ်ထောင်ကျော် ပေါ်လာပြီး ဆွန်းမိုကို ဖုံးအုပ်သွားသည်။

ဆွန်းမို ခါးမဆွဲထုတ်ပါ။ တကယ်တော့ ခြေထောက်တောင် မလှုပ်ရှားသေးပါ။ လက်သီးကိုပဲ အေးအေးဆေးဆေး ဖော့ယမ်းနေသည်။

ထာဝရဂါဒ

ဘုန်း

ဒီပန်းတွေ အားလုံးသည် လေပြင်းအတိုက်ခံလိုက်ရသလို ပြန့်ကျဲပြီး လွင့်ပါးသွားသည်။

ဝူးရှ်

ငွေလုံက လေထုကို ဖြတ်သန်းပြီး ဆွန်းမို လည်ချောင်းဆီ ပြေးဝင်လာသည်။

ဆွန်းမိုက လက်ညှိုးနဲ့ တောက်လိုက်သည်။

ဒေါင်

ရှန်ယွန်ပေါင်သည် လုံထိပ်ဖျားကနေ ပြင်းထန်တဲ့သက်ရောက်မှုကို ခံစားလိုက်ရသည်။ ကြွက်သားတွေ တောင့်တင်းသွားကာ လုံကိုတောင် မြဲအောင် မဆုပ်ကိုင်နိုင်တော့ပေ။ ဒါပေမယ့် သူက ချက်ခြင်းတုန့်ပြန်နိုင်ဖို့ ခန္ဓာကိုယ်ကို

အလျှားလိုက်ပြောင်းပြီး အင်အား ဌားယူ သုံးစွဲလိုက်သည်။

ငွေနဂါး အမြီးနဲ့ ရိုက်ခတ်ခြင်း။

ဖောင်း

လုံအမြီးက ဆွန်းမိုဆီ ပြေးဝင်သွားသည်။

"သတိထား"

ဆွန်းမိုက ပြောပြီးတာနဲ့ ရှိသမျှ ခွန်အားအကုန်လုံး သုံးပြီး လက်သီးတစ်ချက် ထိုးလိုက်သည်။

ဘောင်း

ရှန်ယွန်ပေါင်ရဲ့ ခွန်အားက အရွယ်ရောက်တဲ့ လူတစ်ယောက်ထက် မနိမ့်ကျပေ။ ဆွန်းမိုရဲ့ လက်သီးချက် ထိမှန်ပြီး လုံ့လွင့်ထွက်သွားသည်။

ရှန်ယွန်ပေါင်သည် လက်ဖဝါးမှာ ပူလောင်မှု ခံစားရပြီး နာကျင်သွားသော်လည်း အံ့ကြိတ်ပြီး တောင့်ခံလိုက်သည်။ အဲဒီနောက် တိုက်ခိုက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ စိတ်လှုပ်ရှားမှု အပြည့် ရင်ဆိုင်လိုက်သည်။ မြန်မြန်လေး ရှေ့သို့ ခြေလှမ်း တိုးလိုက်သည်။

လက်ကိုဆန့်ကြီး လေထဲက လုံအစွန်းထိ လှမ်းဖမ်းလိုက်သည်။ ထို့နောက် လျှင်မြန်တဲ့ တိုက်ခိုက်မှုများသည် အရှိန်အဟုန်နဲ့ ထွက်ပေါ်လာသည်။ ဆွန်းမိုရဲ့ ခံစစ်ကို မချိုးဖျက်နိုင်သဖြင့် တစ်ခုထဲသော လှုပ်ရှားမှု အဖြစ် တိုက်ပွဲ နည်းဗျူဟာကို ပြောင်းလိုက်သည်။

ဆွန်းမို တော်တော်လေး ကျေနပ်သွားသည်။ တိုက်ပွဲ စွဲလမ်းသူဆိုတဲ့ နာမည်အတိုင်း ပြိုင်ဘက်ရဲ့ အားသာချက်နှင့် အားနည်းချက်ကို ချက်ခြင်း နားလည်နိုင်သည်။

"ဘယ်လောက်တောင် သန်မာလိုက်သလဲ"

ချီရှန်ကျားက ကြည့်နေရင်း အရမ်းအံ့အောနေသည်။ ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်မှုတွေက အရမ်းပြင်းထန်သည်။ ဆွန်းမို နေရာမှာ သူသာဆိုလျှင် ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်မှုကို နှစ်မိနစ်တောင် တောင့်ခံနိုင်မှာ မဟုတ်ပေ။

စိတ်ပျက်နေတာလား။

ဒါတွေ မရှိပါ။ အမှန်တိုင်းပြောရလျှင် သူက အမှိုက်ဖြစ်တာကို သိပြီး လက်ခံထားတာလည်း တော်တော်လေး ကြာနေပြီ။ ဆွန်းမိုက

ရှန်ယွန်ပေါင်ကို လမ်းပြနေပေမယ့်လည်း ဘေးနားက လူတွေက စောင့်ကြည့်ပြီး နားထောင်နိုင်သည်။ လမ်းညွှန်မှုကို ဘယ်လောက် အထိ စုပ်ယူနိုင်သလဲဆိုတာကတော့ သူတို့အပေါ်မှာသာ မူတည်သည်။

ဆွန်းမို တစ်ချက် လှည့်ပတ်ကြည့်ပြီး အရမ်းကျေနပ်သွားသည်။ လူတိုင်းက တိုက်ပွဲကို အာရုံစိုက်ပြီး ကြည့်နေကြသည်။ ဒါပေမယ့် သူ့ရဲ့အကြည့်တွေက လုချီဟွာဆီ ရောက်သွားလျှင် အကူညီမဲ့သွားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက တိုက်ပွဲကို အာရုံမစိုက်ဘဲ ရှန်ယွန်ပေါင် ဆိုးဆိုးဝါးဝါး မရှုံးနိမ့်သွားအောင် အားပေးနေသည်။

(ကျေးဇူးပြုပြီး အခြေအနေကို ပိုအာရုံစိုက်ပေးလို့ မရဘူးလား)

ငါးမိနစ်လောက်ကြာတော့ ရှန်ယွန်ပေါင် တိုက်ကွက်တွေ အကုန်သုံးပြီး သွားပြီ။ အဲဒီနောက် ဆွန်းမိုက ရုတ်တရက် ဓါးကိုထုတ်ပြီး ဓါးအပြားနဲ့ ရိုက်ချလိုက်သည်။

ဘောင်း

ဆွန်းမိုရဲ့ ရိုက်ချက်ကြောင့် ရှန်ယွန်ပေါင် ဘေးတစောင်း လွင့်ထွက်သွားသည်။

“အရမ်းကောင်းတယ်”

ဆွန်းမိုက ချီးကျူးလိုက်သည်။

“ဒါပေမယ့် မင်းရဲ့ ခံစစ်ကို မချိုးဖျက် နိုင်သေးဘူး”

ရှန်ယွန်ပေါင် မျက်မှောင်ကြုတ်ပြီး ပြန်ပြောသည်။ အစောပိုင်းတုန်းက ဆွန်းမိုက ခံစစ်ပဲ အသုံးပြုပြီး သူ့ကို တိုက်ခိုက်ခွင့် ပေးထားခဲ့သည်။ အခုတော့ ဆွန်းမို အရှေ့မှာ ရပ်လိုက်တဲ့အချိန်တွင် စိတ်ထဲမှာ စိတ်ပျက် အားငယ်စိတ်များ ဝင်လာသည်။

ဆွန်းမိုရဲ့ လှုပ်ရှားမှုတိုင်းက သူ့မျက်လုံးထဲတွင် အားနည်းချက် လုံးဝမရှိပေ။

ဒင်

ရှန်ယွန်ပေါင်၏ လေးစားအထင်ကြီးမှု ၃၀၀၊ လေးစား(၂,၁၀၀/၁၀,၀၀၀)

ဒါပေမယ့်လည်း တိုက်ခိုက်ရေး စွဲလမ်းသူသည် စိတ်ဓါတ်ကျမှာ မဟုတ်ပေ။

“ထပ်လာပြီ”

ရှန်ယွန်ပေါင်က လှံကို မြေပေါ်မှာ တရွတ်တိုက်ဆွဲပြီး မီးပွားထွက်လာအောင်

လုပ်လိုက်သည်။ နောက်တစ်ခေါက် တိုက်ခိုက်ဖို့ အဆင့်သင့် ဖြစ်နေပြီ.။

"ဒီနေ့တော့ တိုက်ခိုက်တာ ဒီမှာပဲ ရပ်မယ်"

ဆွန်းမိုက စိတ်ပျက်နေတဲ့ ရှန်ယွန်ပေါင်ကို ကြည့်ပြီး ပြုံးလိုက်သည်။

"စိတ်မပူနဲ့၊ မနက်ဖြန်ကစပြီး သုံးလဆက်တိုက် နေ့တိုင်း လေ့ကျင့်ပေးမယ်"

"တကယ်လား"

ရှန်ယွန်ပေါင် လုံးဝကို ပျော်သွားသည်။

လီဇီချီကတော့ မအံ့သြပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူမဆရာသည် တစ်နှစ်တည်းနဲ့ ကြယ်နှစ်ပွင့်ရနိုင်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်သည်။

“ ဒါပေမယ့် မင်းရဲ့ လေ့ကျင့်ဖော်ကို ကြုံသလို ရှာလို့ မရဘူး။ ဒီလေ့ကျင့်ရေးက အရမ်းခက်ခဲပြီး ငါရေးဆွဲထားတဲ့ လေ့ကျင့်ရေး အစီအစဉ်တိုင်း လုပ်ဆောင်ရမယ်”

ဆွန်းမိုရဲ့ လေသံက တင်းမာလာသည်။

“မင်းရဲ့ ကိုယ်ခန္ဓာမှာ ဒဏ်ရာတွေ အများကြီးပဲ။ ဒါ့ပြင် မင်းကြွက်သားတွေကလည်း နေရာတိုင်းမှာ

ပွန်းပြဲနေတဲ့ လက္ခဏာ ပြနေပြီ။ ထိခိုက်မှုက အခုအချိန်မှာ မသိသာပေမယ့် အတိုင်းအတာ တစ်ခု စုသွားရင်တော့ မင်းငိုနေရင်တောင် နောက်ကျသွားပြီ”

လူ့ခန္ဓာကိုယ်က စက်တစ်ခုနဲ့ တူသည်။ မြင့်မားတဲ့ ဝန်နဲ့ အဆက်မပြတ် လည်ပတ်နေပါက အပေါ်ယံမှာတော့ ကောင်းနေတယ် ထင်ရပေမယ့် မကြာခင် ဒါမှမဟုတ် နောက်ပိုင်းတွင် ပြိုကျသွားလိမ့်မည်။

“ဒီကျောင်းသား မှတ်သားထားပါ့မယ်”

ရှန်ယွန်ပေါင်က အရိုအသေ ပေးလိုက်သည်။ ဆွန်းမိုနဲ့သာ တိုက်ခိုက်ရမယ်ဆိုလျှင် ဘာဖြစ်လို့ တခြားသူတွေကို ရှာပြီး တိုက်ခိုက်နေရအုံးမှာလဲ။

"ယုထန်၊ လာခဲ့"

ဆွန်းမိုက ထန်ထန်ယုထန်ကို စစ်ဆေးမှု ပြုလုပ်လိုက်သည်။ အဲဒီနောက် သူ့အမူအရာ အနည်းငယ် လေးလံသွားသည်။ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကြောင့် သက်ရှည်သွေးနည်းစနစ်နဲ့ ထန်ထန်ယုထန်ကို

ကုသပေးဖို့ အချိန်မရှိခဲ့သဖြင့် သူ့ရောဂါက ပိုပြင်းထန်လာခဲ့သည်။

“မင်းကို အဆိပ်ခတ်တဲ့လူက ဘယ်သူလဲ”

ဆွန်းမို မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ ရောဂါသည် ခံစားနေရဲ့ ဝေဒနာကို ကုသရန် မလွယ်ကူပါ။ သူ့သွေးထဲက အဆိပ်တွေက ပြင်းအားကို အလိုလို တိုးမြှင့်ပေးနိုင်စွမ်း ရှိနေသည်။

ဒီထက်ပိုပြီး စိတ်ရှုပ်ဖို့ကောင်းတာက ရောဂါသည်ရဲ့ ခန္ဓာကိုယ်သည် တစ်ရက်ထက်

တစ်ရက် ပိုပျက်ဆီးယိုယွင်းလာသည်။ သူ့မှာ အသက်ရှင်နိုင်တဲ့ အသက်ဓါတ်တွေ မရှိတော့ပါ။

“ငါ့ကိုအဆိပ်ခတ်တယ်လို့ ပြောလို့ မရဘူး။ ငါ့အမေက..................”

ထန်ထန်ယုထန် တုန့်ဆိုင်းသွားပြီး ထပ်မပြောတော့ပါ။ ဘယ်လိုပဲပြောပြော ဒါက မိသားစုကိစ္စ ဖြစ်သည်။

“မင်း သေသေချာချာ တွေးပြီးသွားရင် ငါ့ကို ပြောပြနိုင်တယ်။ ဒါပေမယ့် မင်းကို

သတိပေးရအုံးမယ်။ ယုထန်၊ မင်းမှာ အချိန်သိပ်မကျန်တော့ဘူး”

ဆွန်းမိုက လေးနက်စွာ သတိပေးလိုက်သည်။ အဲဒီနောက် ထန်ထန်ယုထန်ကို အဆိပ်တချို့ ဖြေပေးဖို့အတွက် သက်ရှင်သွေးနည်းစနစ်ကို အသုံးပြုလိုက်သည်။

ဆယ်မိနစ်လောက်ကြာပြီးတော့ ထန်ထန်ယုထန်ရဲ့အသားအရေ သိသိသာသာ ကောင်းမွန်လာသည်။

“ကျေးဇူးတင်ပါတယ် ဆရာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထန်ထန်ယုထန် အရိုအသေ ပေးလိုက်သည်။

ဒင်

ထန်ထန်ယုထန်၏ လေးစားအထင်ကြီးမှု +၅၀၀။ လေးစား (၂,၆၀၀/၁၀,၀၀၀)

ရောဂါသည်ဆီက ထွက်လာတဲ့ အနက်ရောင်အငွေ့များတွင် အဆိပ်ဂုဏ်သတ္တိများပါနေသဖြင့် ကျန်တဲ့လူတွေက အဝေးရှောင်သွားကြသည်။

ထို့နောက် ချန်လုံကို ကြည့်လိုက်သည်။

“အခုချက်ခြင်း ကျင့်ကြံတာရပ်ဖို့ မင်းကို ပြောခဲ့တယ် မဟုတ်ဘူးလား”

ချန်လုံ တိတ်ဆိတ်နေသည်။ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးများကြောင့် ဝိညာဉ်ချီ စုတ်ယူလိုက်တိုင်း ဓါးတစ်ထောင်နဲ့ အမွှန်းခံနေရသလို နာကျင်လှသည်။ တကယ်လို့ သူသာ မကျင့်ကြံရင် ဘယ်လိုလုပ်ပြီး လက်စားချေနိုင်မှာလဲ။

“မင်းကိုယ်ပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူးကို လေ့လာနေရင်းနဲ့ ဒီကာလအတွင်းမှာ ကုသဖို့ နည်းလမ်း ရှာပေးမယ်”

ဆွန်းမိုက သက်ပြင်းချရင်း ပြောလိုက်သည်။

ချန်လုံ သူ့အကူအညီကို မစောင့်နိုင်ဘဲ နောက်ထပ် သုံးလအတွင်းမှာ ကျင့်ကြံနေမှာ သေချာသည်။ ဒါပေမယ့် ချန်လုံ ဒီလိုလုပ်နေတာကို ထပ်ပြီး သည်းမခံနိုင်တော့ပါ။

"ဆရာ"

လီဇီချီက ဆွန်းမိုကို နှစ်သိမ့်ချင်ပေမယ့် စိတ်ထိန်းထားလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူမဆရာက သူမစကားကို သေချာပေါက် နားမထောင်ဘူးဆိုတာ သိနေသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

ချန်လုံက သိပ်တော့ မျှော်လင့်ချက် မထားပေ။ သူ သုတေသန လုပ်ပြီး အရေပြား အားလုံး ချွတ်ပစ်ရင်တောင် အသုံးမဝင်ဘူးဆိုတာ သူသိနေသည်။

အဲဒီလူက ရှားပါးတဲ့ မှင်တစ်မျိုးကို အသုံးပြုပြီး သူ့ကိုယ်ပေါ်မှာ ဝိညာဉ်တက်တူး ရေးထိုးခဲ့သည်။ ဒါတွေက ကြွက်သားပေါ်မှာသာမက အရိုးအထိ စွဲနေပြီ။ ဒါကြောင့် ဖြေရှင်းဖို့ မလွယ်ကူနိုင်ပါ။

အရေးအကြီးဆုံးအချက်က အဲဒီလူသည် ဝိညာဉ်တက်တူး ဘိုးဘော တစ်ယောက်ဖြစ်နေသည်။ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကို အသာထားလိုက်အုံး သူရေးထိုးတဲ့ ဝိညာဉ်တက်တူး အပြည့်အစုံကိုတောင် နားလည်နိုင်တဲ့လူ တစ်ယောက်မှ မရှိပေ။

"ဆရာ"

ဆွန်းမိုက လှမ်းကြည့်လိုက်လျှင် အမြဲတမ်း အမူအရာ ကင်းမဲ့နေတတ်တဲ့ အင်ဘိုင်ဝူက ချိုသာစွာ

ပြုံးပြလိုက်သည်။ ဒါကြောင့် ချီရွှန်ကျား အနည်းငယ်ငေးသွားမိသည်။

"မဆိုးဘူး။ တကယ်မဆိုးဘူး"

ဆွန်းမိုက အင်ဘိုင်ဝူကို တော်တော်လေးကျေနပ်နေသည်။ သူမက အလုပ်ကြိုးစားတယ် ၊ ဆုံးဖြတ်ချက် ခိုင်မာသည်။ ဒီမိန်းကလေးက ခေါင်းမာတာကလွဲလျှင် အောင်မြင်ဖို့အတွက် လိုအပ်တဲ့ အရည်အချင်း အားလုံး ပြည့်စုံနေတယ်လို့ ပြောလို့ရသည်။

ဘယ်လောက်ကြာသေးလို့လဲ အဆင့်တက်တာ သုံးကြိမ် ရှိနေပြီ။

"မင်းရဲ့ ကျင့်ဝတ်နဲ့ အရည်အချင်းကြောင့် ငါ့မှာ ပြောစရာ စကားတောင် မရှိတော့ဘူး'

ဆွန်းမိုက ရယ်ပြီး

"ငါလုပ်ပေးနိုင်တာဆိုလို မင်းခန္ဓာကိုယ် အခြေအနေကို ထိန်းသိမ်းပေးတာပဲ ရှိမယ်"

"ငါ့မှာရှိတာ အကုန်လုံးက ဆရာ ပေးသနားထားတာ"

အင်ဘိုင်ဝူ လေးစားစွာ ပြန်ပြောသည်။

"နောက်သုံးလအတွက် မင်းရဲ့ အစီအစဉ်ကလဲ ရှန်ယွန်ပေါင်နဲ့ အတူတူပဲ။ မင်းလည်းငါနဲ့ တိုက်ခိုက်ရမယ်"

ဆွန်းမိုသည် အင်ဘိုင်ဝူရဲ့ အချက်အလက်ကို တစ်ချက်ကြည့်ပြီး တော်တော်လေး ကျေနပ်နေသည်။ ပါရမီရှင်တွေအတွက် စံနမူနာပြ အရည်အချင်းပဲ။ ဒါပေမယ့် သူ့ရဲ့ အကြည့်က အလားအလာတန်ဖိုးဆီ ရောက်သွားတဲ့ အချိန်တွင် အနည်းငယ် စိတ်ပူသွားသည်။

ဘာဖြစ်လို့ နိမ့်နေသေးတာလဲ။

စနစ်က လွဲချော်သွားမှာ စိုးရိမ်ပြီး အနီရောင်စာလုံးကြီးများနဲ့ရေးထားသည်။

"သူမ ခန္ဓာကိုယ်မှာ ကြီးမားတဲ့ ချို့ယွင်းချက်ရှိတယ်။ တပြည့် အဖြစ်လက်မခံပါနဲ့။ တတ်နိုင်သမျှ ခပ်ခွာခွာ နေပါ"

နှိပ်တာကို အကြောင်းပြပြီး ဆွန်းမိုက အင်ဘိုင်ဝူရဲ့ ခန္ဓာကိုယ်ကို အသေးစိတ် စစ်ဆေးလိုက်သည်။ ရှေ့ဟောင်းအနှိပ်ပညာရဲ့ စံနှုန်းအရ အင်ဘိုင်ဝူရဲ့ ခန္ဓာကိုယ်က ပြည့်စုံပြီး အပြစ်အအနာအဆာ မရှိပါ။

ဆွန်းမို နားမလည်နိုင် ဖြစ်နေသည်။

"မင်းက မြတ်ဆရာ တစ်ယောက် မဟုတ်ဘူးလား။ ဒါက မင်းကိုယ်တိုင် ဖြေရှင်းရမယ့် ပြဿနာပဲ"

စနစ်က မဖြေခဲ့ပါ။

ဆွန်းမိုက အင်ဘိုင်ဝူ၏ ခန္ဓာကိုယ်ပြဿနာကို ဖြေရှင်းပေးမယ်လို့ ဂတိပြုလိုက်သည်။

"ချီရွှန်ကျား လာခဲ့"

'အမ်၊ ငါလည်း ပါတာလား"

ရိုးအတဲ့ ကောင်လေး ခံစားချက်တွေ ကြီးထွားလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ချီရှန်ကျား၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရှိသေ (၂၁,၀၀၀/၁၀၀,၀၀၀)

“...................”

ဆွန်းမို ဆွံ့အသွားသည်။ သူ့ရဲ့ ထောက်ပံ့သူများထဲတွင် သူက ပံ့ပိုးမှုအများဆုံး ဖြစ်နေသည်။ (အနည်းဆုံးတော့ အမှတ်တွေ မပေးခင် မင်းတိုးတက်မှုကို စစ်ဆေးတာ အရင် မစောင့်တော့ဘူးလား)

အခန်း(၄၇၉) - လက်ထောက် လီဇီချီ ဒီမှာ။

ချီရှန်ကျားမှာ သစ်သားလို ပင်ကိုယ်စရိုက်ရှိသည်။ စကားတစ်ခုတည်းနဲ့ ဖော်ပြရရင် သူ့မှာ အတွေးအခါ

မရှိဘူးပဲ ပြောရမယ်။ ဘာပဲလုပ်လုပ် အမိန့်အတိုင်း လုပ်သည်။ အသေးအမွှား ပြောင်းလဲဖို့လည်း နားမလည်ပေ။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် သူက ခြံထဲမှာ ထက်မြတ်ဆုံး ပစ္စည်းတစ်ခု မဟုတ်ပါ။

ဒါပေမယ့် ရိုးအတဲ့ ကောင်လေးမှာ ကောင်းတဲ့ အချက် နှစ်ချက် ရှိသည်။ ပထမတစ်ချက် အရမ်းနာခံ တတ်သည်။ ဒုတိယ တစ်ချက်က အရမ်းကြိုးစားပြီး ပင်ပန်းမှုကြောင့် လုံး၀ မညည်းတတ်ပေ။

ပြုတ်ပြုတ်သားသား ပြောရလျှင် သူ့က ရှာမပြန်ချင်ဘဲ သူ့ရဲ့ အနာဂတ်ကလေးတွေကိုလည်း သူနဲ့ထပ်တူ မတွေ့ကြုံစေချင်လို့ အစွမ်းကုန် ကျင့်ကြံနေတာ သိသာသည်။

ကျင့်ကြံခြင်းက အထောက်အကူ ဖြစ်မှန်း မသိရင်တောင် သူ့ရဲ့ တိမ်မြုပ်နေတဲ့ အသိဉာဏ်ကြောင့် ဘာလုပ်ရမလဲလည်း မသိနိုင်ပါ။

ဆွန်းမိုက သူ့ကို နှိပ်နယ်လိုက်တာနဲ့ ချီရှန်ကျား အရမ်းထိတ်လန့်ပြီး ကြွက်သားတွေ တောင့်တင်းကုန်သည်။ သူက အေးခဲနေတဲ့

သစ်သားတုံးတစ်တုံးလို သင်ကြားမှုကို နားထောင်ရန် အဆင်သင့်လုပ်ထားသည်။

“ ဆရာက ငါ့ရဲ့ တိုးတက်မှုကို သေချာပေါက် မကျေနပ်လောက်ဘူး။ မဟုတ်လား”

ချီရှန်ကျားသည် ကို့ကိုယ်ကို သိမ်ငယ်စိတ် ဝင်နေသည်။ အခုအချိန်မှာ သူရနေတဲ့ ကျင့်ကြံခြင်း အရင်းအမြစ်သည် တခြားသူတွေ ဆယ်နှစ်လောက် ကြိုးစားရင်တောင် မရနိုင်တဲ့ အရင်းအမြစ် ဖြစ်သည်။ သူက တိုးတက်မှုနှေးကွေးတယ်ဆိုပြီး ဆွန်းမိုက သူ့ကို ဖယ်ထုတ်လိုက်မှာ ကြောက်နေသည်။

"လုပ်တာ ကောင်းတယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။

"ဆရာ၊ မင်းရဲ့မျှော်လင့်ချက်တွေကို ပျက်ဆီးစေခဲ့ပြီ။ ကျေးဇူးပြုပြီး အပြစ်ပေးပါ"

ချီရွှန်ကျား ဆွန်းမိုပြောတာကို အခြေခံအားဖြင့် နားမထောင်မိပေ။ စကားပြောပြီးတာနဲ့ ကြောက်လန့်တုန်လှုပ်ပြီး မြေပေါ်မှာ ဒူးထောက်ချလိုက်သည်။

ဘုန်း ဘုန် ဘုန်း

ချီရွှန်ကျားက ကြမ်းပြင်နဲ့ နဖူးစောင့်ပြီး အရိုအသေ သုံးကြိမ် ပေးလိုက်သည်။

"………"

လူတိုင်း ဆွံ့အကုန်သည်။ တခြားသူတွေကို အမြဲတမ်း စာနာသနားတတ်တဲ့ လုချီဟွာတောင် ခေါင်းခါသွားသည်။ (အစ်ကိုကြီးချီ၊ နောင်တစ်ချိန်ကျရင် အမျိုးသမီးတစ်ယောက်ကို ဘယ်လို လက်ထပ်မှာလဲ)

" ငါက မင်းကို လုပ်တာကောင်းတယ်လို့ ပြောတာလေ"

ဆွန်းမို မျက်လုံးပြူးနေသည်။

"အမ်"

ချီရှန်ကျားက ခေါင်းကုတ်ပြီး တအံ့တဩ ကြည့်နေသည်။ ဆယ်နှစ်ကျော်လောက် အမြဲတမ်း ကဲ့ရဲ့ ဝေဖန်မှုတွေကိုပဲ ခံခဲ့ရတဲ့ ချီရှန်ကျားသည် ချီးကျူးမှုနဲ့ စိမ်းနေသည်။

"ငါ မင်းအတွက် ပေးထားတဲ့ ကျင့်ကြံရေး အစီအစဉ်အတိုင်း ကျင့်ကြံပါ။ လက်ရှိဝန်ကို သုံးပုံတစ်ပုံလောက် အရှိန်မြှင့်ပေးဖို့ လိုတယ်"

ဆွန်းမို တကယ်ကို ကျေနပ်နေသည်။ ချီရှန်ကျားက သူ့ရဲ့ ကျင့်ကြံမှု အစီအစဉ်ကို အပြည့်အဝ လိုက်နာပြီး တစ်ကွက်နှန့်တောင်

အတိုးအလျှော့ မလုပ်ခဲ့ပေ။ ဒါ့အပြင် သတ်မှတ်ထားတဲ့ အချိန်အတိုင်း စားပြီး အိပ်သည်။ ဒါကလွဲလျှင် ဘာမှ အပိုမလုပ်ပါ။

ဥပမာ ထမင်းအတူတူစားတဲ့ သူငယ်ချင်း ရှာဖို့ ဒါမှမဟုတ် ချစ်သူရှာဖို့ မလုပ်ခဲ့ပါ။

ချီရွှန်ကျားက တိုက်ပွဲခန်းမက အဖွဲ့ဝင် တစ်ယောက်ဆိုတာ မေ့ထားလို့ မရပါ။ သူက အားနည်းသေးသော်လည်း တိုက်ပွဲခန်းမရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်နေသ၍ သူနဲ့ ဆက်ဆံရေး တည်ဆောက်ချင်တဲ့ လူတွေ အများကြီး ရှိသည်။

ဒါပေမယ့် တခြားသူတွေက ထမင်းစားဖို့ ဖိတ်ရင်တောင် အမြဲတမ်း ငြင်းခဲ့သည်။

ချီရှန်ကျားက လေ့ကျင့်ရေး အစီအစဉ်ကို တရားရုံးအမိန့်လို လိုက်နာတယ်လို့တောင် ပြောလို့ရသည်။

ဒီကိစ္စမှာတော့ နာခံမှု အရှိဆုံး လုချီဟွာတောင် မမှီပေ။ ဒီအတွက်လည်း အဖြေမရှိပါ။ လူတွေမှာ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေ ဖြစ်လာတတ်သည်။ တစ်ခါတစ်လေ

အူကြောင်ကြောင် လုပ်ပါများနေရင်လည်း ပုံမှန်လို ဖြစ်လာတတ်သည်။

ဒါပေမယ့် ရိုးအတဲ့ ကောင်လေးက ဒီလို ဖြစ်ခွင့်လုံးဝ မပေးခဲ့ပေ။ ချဲ့ကားပြီး ပြောရလျှင် ဆွန်းမို လေ့ကျင့်ရေး အစီအစဉ်ထဲတွင် အိမ်သာတက်တဲ့ အချိန်ထည့်ရေးပေးရင်တောင် ချီရှန်ကျားက အီးမထွက်လည်း သွားထိုင်နေမည်။

“မင်း ခန္တာကိုယ်နဲ့ စိတ်ပိုင်းဆိုင်ရာက အထွင့်အထိပ်ကို ရောက်နေပြီ။ မင်းရဲ့ အကြီးမားဆုံး

တိုက်ခိုက်ရေးခွန်အားကိုလည်း အချိန်မရွေး ဖောက်ခွဲထုတ်လို့ ရနေပြီ”

ဆွန်းမိုသည် ချီရွန်ကျား ခန္ဓာကိုယ်ကို စစ်ဆေးပြီးအနည်းငယ် စိတ်လှုပ်ရှားသွားသည်။ ဒါက သူ့လက်ရာပါ။ ဆွန်းမို ရေးဆွဲထားတဲ့ လေ့ကျင့်ရေး အစီအစဉ်က အမှားအယွင်း မရှိကြောင်း ချီရွန်ကျားက သက်သေပြနေသည်။

ရုတ်တရုတ် ဆိုသလို ဆွန်းမို စိတ်ထဲမှာ အတွေးတစ်ခု ပေါ်လာသည်။ ချီရွန်ကျားက

အရမ်းနာခဲ့တာပဲ ဘာဖြစ်လို့ ပိုပြီး အသေးစိတ်ကျတဲ့ လေ့ကျင့်ရေး အစီအစဉ်ကို မရေးဆွဲ ရမှာလဲ။

"ပြီးရင် ထောက်ပံ့ရေးဌာနကို သွားပြီး ငွေတစ်သောင်း ထုတ်ယူလိုက်ပါ။ ငါမင်းကို အစားအသောက် အစီအစဉ် ရေးပေးလိုက်မယ် နေ့တိုင်း အဲဒီအတိုင်း စား"

"အမ်"

ချီရှန်ကျားသည် ဆင်းရဲတဲ့အတွက် အမြဲတမ်း ဈေးပေါတဲ့ အစာကိုပဲ စားခဲ့သည်။ ဒါကြောင့် ခန္ဓာကိုယ်မှာ အဟာရဓါတ် မလုံလောက်ပေ။

ချီရှန်ကျား ဆိုးဆိုးဝါးဝါး လန့်ဖြန့်ပြီး အနည်းငယ် ကြောက်သွားသည်။

"ငွေတုံး တစ်သောင်း ဟုတ်လား။ မများလွန်းဘူးလား"

"ငါ့ စကားကို သံသယ မဝင်နဲ့။ ငါညွှန်ကြားတဲ့ အတိုင်းလုပ်"

ဆွန်းမို မရှင်းပြချင်ပါ။

(အီးဟီးဟီး၊ ဆရာက ငါ့အပေါ် အရမ်းကောင်းတယ်။ သူ့ကို ဘယ်လို ပြန်ပေးဆပ် ရမလဲ)

ချီရွှန်ကျား ဝေခွဲရခက်နေသည်။

ဒင်

ချီရွှန်ကျား၏ လေးစားအထင်ကြီးမှု အမှတ် +၅၀၀ ၊ ရှိသေ(၂၁,၅၀၀/၁၀၀,၀၀၀)

“အိုဟုတ်ပြီ၊ ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်ရေး ပုံစံကို စောင့်ကြည့်နိုင်တယ်၊ ဒါပေမယ့် သူ့ဆီကနေ မသင်နဲ့”

ဆွန်းမိုက သတိပေးလိုက်သည်။

ချီရွှန်ကျား ခေါင်းကုတ်ပြီး တအံ့တအော ကြည့်နေသည်။ တစ်ခုခု မေးလိုက်ချင်သော်လည်း မမေးရဲ ဖြစ်နေသည်။

“မင်းမှာက မင်းရဲ့ ကိုယ်ပိုင် တိုက်ခိုက်ရေးပုံစံ ရှိတယ်။ သူ့ပုံစံကို လေ့လာလိုက်ရင် စိတ်ရှုပ်ထွေးသွားတာပဲ အဖတ်တင်မယ်”

ဆွန်းမိုက လိပ္ပါပါးနပ်စွာ ပြောလိုက်သည်။

“နောင်ကျရင်လည်း တိုက်ပွဲမှာ မင်းပြိုင်ဘက်တွေ ဘယ်လို တိုက်ခိုက်နေလဲဆိုတာ ဂရုမစိုက်နဲ့။ မင်းရဲ့ အရှိန်အဟုန်အတိုင်း ဆက်တိုက်ခိုက်ပါ။ မင်းတိုက်ခိုက်မှုတွေကို ပုံသေပဲ တိုက်”

“ဆရာရဲ့ သင်ကြားမှုကို လိုက်နာပါ့မယ်”

ချီရွှန်ကျားက အရိုအသေ ပေးလိုက်သည်။

လီဇီချီနှင့် အင်ဘိုင်ဝူတို့ သက်ပင်းချလိုက်သည်။ သူမတို့ ဆရာစကားရဲ့ အဓိပ္ပါယ်က ချီရှန်ကျားက တုံးအလွန်းသည်။ ဘယ်လို ပြောင်းလဲရမလဲ မသိပါ။

‘ဆရာငါ့မှာ အရေးတကြီး တင်ပြစရာ ရှိတယ်”

လီဇီချီက မတ်တပ် ရပ်လိုက်သည်။

အိမ်ကို ပြန်ရောက်တာနဲ့ လီဇီချီက ဆွန်းမိုအတွက် လက်ဖက်ရည်တစ်ခွက် အရင်ဖျော်လိုက်သည်။ အဲဒီနောက် စာတွေ ပြည့်နေတဲ့ စာအုပ်တစ်အုပ်ကို ဆွန်းမို အရှေ့မှာ ထားလိုက်သည်။

"ဆရာ၊ ကျောင်းက အခုလောလောဆယ် ပြဿနာ တစ်ခုနဲ့ ကြုံနေရတယ်။ ကျန်ဟန်ဖူက ဆရာတွေ အများကြီးကို စည်းရုံးပြီး လစာတိုးတောင်းနေတယ်။ ဝမ်ဆု အဖွဲ့ခွဲက ဆရာတွေက ဒီအရေးအခင်းမှာ ဝင်မပါပေမယ့် ပျော်ပျော်ကြီး စောင့်ကြည့်နေကြတယ်။ ဘယ်လိုပဲပြောပြော လစာတိုးတာကို မကြိုက်တဲ့လူ မရှိဘူး"

လီဇီချီက ပါးပါးနပ်နပ် ကျွမ်းကျင်စွာ ရှင်းပြသည်။

လီဇီချီရဲ့ စိတ်ထဲမှာ ဗဟိုပြည်နယ် အကယ်ဒမီ တစ်ဝက်က သူ့ဆရာအပိုင်ဖြစ်သည်။ ဒါ့အပြင်

'စီ'အဆင့်ကို တက်နိုင်ခဲ့တာလည်း သူ့ဆရာရဲ့ ကြိုးစားမှုကြောင့် ဖြစ်သည်။ ဒါကြောင့် လီဇီချီသည် ကျူရှုံးသွားမှာကို လုံးဝ ရပ်မကြည့်နိုင်ပါ။

ဆွန်းမိုသည် လက်ရှိထဲမှာရှိတဲ့ စာတွေကို ဖတ်လိုက်လျှင် အများစုက မြတ်ဆရာတွေရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ဖြစ်နေသည်။ ပင်ကိုယ်စရိုက်နဲ့ အလေ့အကျင့်များလည်း ပါဝင်သည်။ ဒါ့အပြင် တခြားသူများရဲ လူမှုရေး အသိုင်းအဝိုင်းနဲ့ ရင်းနှီးတဲ့ လူတွေ အကြောင်းလည်း ပါဝင်သည်။

"........"

ဆွန်းမို အရမ်းအံ့အောနေသည်။ (လီဇီချီ ကျောင်းသားလုပ်နေတာက တကယ်ပဲ သူမရဲ့ အရည်အချင်းကို ဖြုန်းတီးနေသလို ဖြစ်နေပြီ။ သူမက ကမ္ဘာပေါ်မှာ အကောင်းဆုံး အတွင်းရေးမှူး တစ်ယောက် ဖြစ်နိုင်တယ်)

သူမ စွမ်းဆောင်ရည်မှာ ချို့ယွင်းချက် မရှိပါ။

ဆွန်းမိုက သတင်းအချက်အလက်များအပြင် ဘယ်အရာက ဆွဲဆောင်နိုင်ပြီး ဘယ်သူတွေက မညှိနှိုင်းချင်ပဲ ပြဿနာ ရှာနေတယ်၊ စတဲ့ သူမရဲ့

ကိုယ်ပိုင် သုံးသပ်ချက်တွေလည်း ရေးထားတာ တွေ့လိုက်ရသည်။ လိုအပ်သမျှ အချက်အလက်တွေ အကုန်လုံး လိုက်ရှာထားသည်။

(ခဏနေအုံး။ ခုနတုန်းက သူ့စကားကို ပြန်ရုတ်သိမ်းချင်တယ်။ အတွင်းရေးမှူး လုပ်တာကလည်း လီဇီချီရဲ့ အရည်အချင်းကို ဖြုန်းတီးနေသလို ဖြစ်နေတယ်။)

“ဇီချီ၊ မင်းက အရမ်းထူးချွန်လွန်းလို့ ငါတောင် သိမ်ငယ်စိတ် ဝင်မိတယ်”

ဆွန်းမို ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။ တကယ်ပဲ ရတနာတစ်ခု ကောက်ရခဲ့သည်။

လက်ရှိတင်ပြနေတဲ့ လီဇီချီသည် ဆွန်းမိုရဲ့စကားကို ကြားလိုက်လျှင် ရုတ်တရုတ် စကားမပြောနိုင် ဖြစ်သွားသည်။ အဲဒီနောက် ရှက်ပြီး ခေါင်းငုံ့သွားကာ လှတဲ့ မျက်နှာလေးကလည်း နီရဲလာသည်။

“ဆရာ၊ မင်းက မုန်းဖို့ကောင်းတယ်။ ဘာဖြစ်လို့ ပေါက်ကရ စကားတွေ ပြောနေတာလဲ”

လီဇီချီ တိုးတိုးလေး ရေရွတ်လိုက်ပြီး သူမရဲ့နှလုံးသားသေးသေးလေးသည် စိတ်လှုပ်ရှားပြီး ခုန်ပေါက်နေသည်။

“အာ၊ ဘာဖြစ်လို့ အရမ်း စိတ်လှုပ်ရှားနေရတာလဲ။ ချီးကျူးတဲ့ စကားတစ်ခုပဲ မဟုတ်လား။ အရင်ကလည်း ဆရာချီးကျူး ဖူးပါတယ်”

“ကောရာဇ် ရည်ညွှန်းချက်ကို အရင်က လေ့လာဖူးလား”

ဆွန်းမို သိချင်လာသည်။ ဒါကို ကေရာဇ် အားလုံးက သိကြပြီး အနက်ရောင် သီအိုရီထက် ပိုအဆင့်မြင့်သည်။

“တစ်ခါမှ မကြားဖူးဘူး။ ငါ့ အရင်ဆရာတွေက အများကြီး သင်ပေးတယ်။ သင်ခဲ့တဲ့ အရာတွေကလည်း စာဖတ်နည်းနဲ့ အသုံးပြုနည်းတွေပဲ။ ဒါပေမယ့်ငါက ရေခဲတောင် ထိပ်ဖျားလောက်ပဲ ဆုပ်ကိုင်မိတယ်”

လီဇီချီ နှိမ့်ချလိုက်သည်။ သူမတွင် ဓါတ်ပုံ မှတ်ဉာဏ်ရှိပြီး မှတ်ဉာဏ်ကောင်းခြင်းကို

နားလည်ထားသဖြင့် တော်ဝင်နန်းတော်မှာ စုစည်းထားတဲ့ စာအုပ်တွေအားလုံး ဖတ်ပြီးနေတာ တော်တော် ကြာနေပြီ။ နောက်ဆုံးတော့ နန်းတွင်းဆရာတွေဆီမှာ သင်ကြားစရာ ဘာမှ မရှိတော့ပေ။

ဘယ်လိုပဲပြောပြော လီဇီချီက တော်တော်လေး ထက်မြတ်တဲ့ ပါရမီရှင် တစ်ယောက်ပါ။

အရင်တုန်းကဆိုရင်တော့ လီဇီချီသည် ဒီလို ကိစ္စတွေကို ဂရုမစိုက်ပါ။ ဒါပေမယ့်

ဗဟိုပြည်နယ်အကယ်ဒမီသည် သူမ ဆရာအပိုင် ဖြစ်လို့ သေချာပေါက် ကာကွယ်ရမည်။

"မင်းကို စိတ်ပူအောင် လုပ်မိပြီ"

ဆွန်းမိုသည် ဘေးက ထိုင်ခုံကို ပုတ်ပြလိုက်ပြီး

"လာလာ၊ ဒီမှာ လာထိုင်"

"ဟီးဟီး"

လီဇီချီက တင်ပလေခွေထိုင်ပြီး ဒူးပေါ်လက်တင်လိုက်သဖြင့် မြင့်မြတ်တဲ့ အငွေ့အသက်ပေါ်လာကာ အရမ်းကျက်သရေ ရှိနေသည်။

ဆွန်းမို စကားထပ်မပြောတော့ပါ။ အဲဒီအစားကောင်မလေးရဲ့ ဆံပင်ကို ပွတ်လိုက်ပြီး နူးညံ့စွာကြည့်လိုက်သည်။ ဆွန်းမို အလယ်ကမ္ဘာပြည်နယ်ကိုးခုကို ရောက်လာပြီးနောက် ပထမဆုံး အကြိမ် စိုးရိမ် ခံရခြင်း ဖြစ်သည်။

ထုံးစံအတိုင်း လုချီဟွာနှင့် အင်ဘိုင်ဝူတို့ကလည်း သူ့အတွက် စိုးရိမ်ပေမယ့် ကလေးများသာဖြစ်ပြီး ဘယ်လို ဖော်ပြရမလဲ မသိကြပါ။ သူတို့မှာလုပ်ပေးချင်တဲ့ စိတ်ရှိရင်တောင် ဘာလုပ်ရမလဲ မသိကြပါ။

အန်ရှီဝေနဲ့ ပက်သက်ရင်တော့ သူမက ငယ်ချစ်လေးကို တော်တော်လေး စိတ်ပူသည်။ ဒါပေမယ့် သူတို့ နှစ်ယောက်စလုံးက အရွယ်ရောက်ပြီးသားပါ။ ဒါကြောင့် ကူညီမည့်အစား ဂရုစိုက်ဖို့ပဲ ကြိုးစားသည်။

လီဇီချီက ခေါင်းငုံ့ပြီး အကျီကို လက်နဲ့ ချေမွနေသည်။

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရှိသေ(၂၃,၂၁၀/၁၀၀,၀၀၀)

သူက အကူညီခံရတဲ့သူဖြစ်ပြီး ဘာဖြစ်လို့ လီဇီချီဆီမှ လေးစားအထင်ကြီးမှု အမှတ်ရလဲဆိုတာ ဆွန်းမို မသိပါ။ ဒါပေမယ့် ဒါက အဓိက အချက်မဟုတ်ပေ။

"မင်း စုဆောင်းထားတဲ့ အချက်အလက်တွေက ငါ့အတွက် အရမ်းအရေးကြီးတယ်"

"ဆရာ၊ ဘာလုပ်ဖို့ စိတ်ကူးလဲ"

လီဇီချီ သိချင်နေသည်။

"အရာအားလုံး ဖြိုခွဲရမှာပေါ့"

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။

“ကျန်ဟန်ဖူ နှုတ်ထွက်ပြီး အေးအေးချမ်းချမ်း ထွက်သွားချင်တဲ့ ဆန္ဒ မရှိတာ ပိုကောင်းတယ်။ သူ့ကို ရက်စက်တဲ့ အတွက် အပြစ်မတင်ရင် ပိုကောင်းလိမ့်မယ်”

ဆွန်းမိုရဲ့ ယုံကြည်ချက်ရှိတဲ့ အပြုံးကို မြင်လိုက်လျှင် လီဇီချီ သူမဆရာကို အထင်ကြီးသွားသည်။ ဘယ်လောက်ကြီးမားတဲ့ အခက်အခဲဖြစ်ပါစေ သူမဆရာက ဘယ်တော့မှ ထိတ်လန့်သွားမဲ့ ပုံစံ မရှိပါ။

“အိုဟုတ်ပြီ။ အမှောင်ထု ပုံရိပ်ယောင်ခန်းမကလည်း တည်ဆောက်ပြီးသွားပြီ။ ကျောင်းအုပ်ကြီးအန်က ပြီးစီးမှု အခမ်းအနားလုပ်ဖို့ ဆရာပြန်လာတာ စောင့်နေတယ်။ ဒါကြောင့် သူမကလွဲရင် ကျန်တဲ့လူတွေက ပုံရိပ်ယောင်ခန်းမကို မမြင်ဖူးသေးဘူး”

လီဇီချီက တင်ပြလိုက်သည်။

“အင်း”

ဆွန်းမိုက ထပြီး တံခါးဆီ လျှောက်သွားလိုက်သည်။ “အေးအေးဆေးဆေး

အနားယူပြီး ကိုယ်ပိုင်လေ့လာမှု ဆက်လုပ်လိုက်အုံး။ ကျန်တဲ့ ကိစ္စတွေကို ငါကိုယ်တွယ်လိုက်မယ်”

“ဆရာ”

လီဇီချီက ဆွန်းမို နောက်ကို လိုက်လာပြီးနောက် မျက်လုံးကလေး ပြူးပြီး လေသံလေးနဲ့

“ဆရာနောက် လိုက်လို့ ရလား”

“ဒီလို အရာတွေက နည်းနည်း ညစ်ပတ်တယ်”

ဆွန်းမိုက ရယ်ပြီး ပြန်ဖြေသည်။

“ငါက မင်းဘေးနားမှာလိုက်ပြီး ပြဿနာ ဖြေရှင်းဖို့ မင်းသုံးတဲ့နည်းလမ်းကို လေ့လာချင်တယ်။ တချိန်တည်းမှာပဲ မင်းရဲ့ လက်ထောက်လုပ်ပြီး အသေးအမွှား ကိစ္စလေးတွေကို ကိုင်တွယ်နိုင်တယ်”

လီဇီချီက ဆွန်းမို တိတ်ဆိတ်သွားတာ မြင်လိုက်လျှင် ဆွန်းမို လက်မောင်းကို ကိုင်ပြီး လှုပ်ရမ်းလိုက်သည်။

“ငါက ကျင့်ကြံရတာ တကယ် စိတ်မပါဘူး။ စာအုပ်ဖတ်တာနဲ့ ပက်သက်ရင်လည်း ဗဟိုပြည်နယ်အကယ်ဒမီ စာကြည့်တိုက်က

စာအုပ်တွေ အကုန်လုံး ဖတ်ပြီးသွားပြီ။ ဒါကြောင့် နည်းနည်း ငြီးငွေ့နေသလို ဖြစ်နေတယ်”

“အားလုံး ဖတ်ပြီးသွားပြီ ဟုတ်လား”

ဆွန်းမို အံ့အောသွားသည်။

“ဟုတ်တယ်။ နားမလည်တဲ့ နယ်ပယ် တချို့ရှိပေမယ့်လည်း တခြားဆရာနဲ့ မတိုင်ပင်ချင်ဘူး”

လီဇီချီ မျက်လုံးထဲတွင် ပါးနပ်တဲ့ အရိပ်ယောင် တစ်ချက် ဖြတ်ပြေးသွားသည်။ သူမက ဆွန်းမိုကို စျေးဆစ်ဖို့ ကြိုးစားနေရင်းနဲ့ ဆွန်းမိုကိုလည်း

မြှောက်လိုက်သည်။ (ကြည့်ပါအုံး၊ ငါက ပါရမီရှင် တစ်ယောက်ပဲ။ မဟုတ်လား)

(ဒီတောင်းဆိုချက် သေးသေးလေးတောင် မလိုက်လျောနိုင်ဘူးလား။)

"ဒါဆိုလည်း ကောင်းပြီလေ"

ဆွန်းမို အနည်းငယ် ခေါင်းကိုက်နေသည်။ ရုတ်တရက် သူ့အပေါ် ဖိအားတစ်ခု ရောက်လာသလို ခံစားလိုက်ရသည်။ (ငါ ပိုကြိုးစားမှ ဖြစ်တော့မယ်။ လီဇီချီကို ကောင်းကောင်း မသင်ပေးနိုင်ရင်

အရှက်ကွဲရုံသာမက သူမ အရည်အချင်းကိုလည်း ဖြုန်းတီးမိလိမ့်မယ်)

"အင်း၊ ရတနာတစ်ခု ကောက်ရရင် ကျိန်းသေပေါက် ကောင်းချီးပေး ခံရတယ်လို့ ဘယ်သူ ပြောတာလဲ"

ဆွန်းမိုက အန်ရှီဝေကို သွားရှာလိုက်သည်။ လီဇီချီက အိမ်မွေး ခွေးလေးတစ်ကောင်လိုမျိုး အနောက်က လိုက်သွားသည်။ ဒါကို မြင်လိုက်လျှင် ဆွန်းမို စိတ်ထဲမှာ အတွေးတစ်ခု ရုတ်တရက် ပေါ်လာသည်။ ဘာပဲဖြစ်ဖြစ် သူက

ထောက်ပံ့ရေးဌာနရဲ့ အကြီးအကဲ တစ်ယောက်ပါ။ အာဏာပိုင်လို့လည်း သတ်မှတ်လို့ရသည်။ ငါ့မှာ အတွင်းရေးမှူးထားဖို့ အခွင့်အရေး ရှိတယ်။

အန်ရှီဝေက အလုပ်စွဲနေတဲ့ သူတစ်ယောက်ဖြစ်သည်။ ဒါကြောင့် ကျောင်းအုပ်ကြီး ရုံးခန်းကိုသွားတာနဲ့ သူမကို အချိန်မရွေး တွေ့နိုင်သည်။

“မိုမိုလေး....အမ်၊ ဆရာဆွန်း မင်းလာပြီလား”

ဆွန်းမို ဝင်လာတာ မြင်လိုက်လျှင် အန်ရှီဝေ မတ်တပ်ထရပ်လိုက်ပြီး မျက်နှာပေါ်မှာ ပျော်ရွှင်တဲ့

အရိပ်သမ်းသွားသည်။ ဒါပေမယ့် အနောက်ကနေ လီဇီချီ လိုက်လာတာ မြင်လိုက်တာနဲ့ အခေါ်အဝေါ် ပြောင်းလိုက်ရသည်။

"မိုမိုလေး ဟုတ်လား။ ချစ်စရာ ကောင်းလိုက်တာ။ ငါလည်း ဆရာ့နာမည်ကို ခဏခဏ ခေါ်ကြည့်ချင်လိုက်တာ"

လီဇီချီ တိတ်တိတ်လေး ပြုံးလိုက်သည်။

ဆွန်းမိုနှင့် အန်ရှီဝေတို့သည် ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ ဆွေးနွေးနေတဲ့ အချိန်တွင် ချောင်ရှန်နှင့် ယူရုံပိုတို့သည်လည်း

အောင်မြင်အောင် လုပ်မယ်ဆိုပြီး စိတ်ပိုင်းဖြတ်ထားတဲ့ ပုံစံနဲ့ ဗဟိုပြည်နယ် အကယ်ဒမီ အပေါက်ဝသို့ ရောက်လာကြသည်။

မှတ်ချက်- Thick Black Theory သည် Qing မင်းဆက် နှောင်းပိုင်းတွင် မွေးဖွားခဲ့သော နိုင်ငံရေးသမား နှင့် စာပေပညာရှင် Li Zongwu မှ ရေးထားသော ဒဿနိကကျမ်း စာအုပ်ဖြစ်သည်။

အခန်း(၄၈၀) - ဆွန်းမိုရဲ့ အစွမ်းသတ္တိ။

ကျောင်းအုပ်ကြီး ရုံးခန်း.........................

ဆွန်းမိုရဲ့ အစီအစဉ်ကို ကြားပြီးနောက် အန်ရှီဝေရဲ့ အမူအရာ လေးလံလာသည်။

"ဒီလိုမျိုး လုပ်တာက နည်းနည်လေး ရက်စက်ရာ မရောက်ဘူးလား။

"မင်း နှလုံးသား ပျော့ပြောင်းနေရင် ဘယ်လိုလုပ်ပြီး အရည်အချင်း ပြည့်မှီတဲ့ အရင်းရှင်တစ်ယောက် ဖြစ်နိုင်မလဲ။

ဒီအမျိုးသမီး ပြဿနာများကို ဖြေရှင်းတဲ့ နေရာတွင် နှစ်ဖက်စလုံး အောင်ပွဲရအောင် ပျော့ပြောင်းတဲ့ နည်းပရိယာယ်များကို အသုံးပြုချင်နေသည်။

ဆွန်းမို မူးချင်သွားသည်။ အခုခေတ်မှာတောင် ဒီလို နုံအတဲ့ အရင်းရှင် ရှိနေသေးတာလား။

အန်ရှီဝေသည် အရင်းရှင် ဆိုတဲ့ အသုံးနှုန်းကို နားမလည်သော်လည်း ဘာပဲဖြစ်ဖြစ် ကြားရတာ ကောင်းတဲ့ အရာတော့ မဖြစ်နိုင်ပေ။

“ဒါက အကျိုးအမြတ်နောက်ကို လိုက်ရတဲ့ ဘဝ ပုံစံတစ်မျိုးပဲ”

ဆွန်းမို ဆွေးနွေးချင်စိတ် မရှိတော့ပါ။

“ဒီလိုမျိုး သတ်မှတ်လိုက်ရအောင်။ ငါအကုန်လုံး လုပ်လိုက်မယ်။ မင်းက ငါနဲ့ ပူးပေါင်းပေးဖို့ပဲ လိုတယ်”

“မဟုတ်ဘူး။ မင်းကို ကြားကာခါးစာခံ လုပ်ခွင့် မပေးနိုင်ဘူး”

အန်ရှီဝေက အံ့ကြိတ်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

“ငါသူတို့နဲ့ သွားညှိနှိုင်းလိုက်မယ်”

“မအောင်မြင်နိုင်ဘူး။ ကိုယ်ချင်းစာစိတ် များနေတယ်”

ဆွန်းမိုက လက်မခံဘဲ သူ့ပုံစံနဲ့ လုပ်မယ်ဆိုတဲ့ အကြောင်း အတင်းပြောပြီး ထွက်လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ ပြန်ရောက်တဲ့ အခိုက်အတန့်မှာ အလုပ်ရှုပ်နေပြီး အနားမယူနိုင်ခဲ့ပေ။ ဒါပေမယ့်လည်း ရွေးချယ်စရာ မရှိဘူးဆိုတာ သူ နားလည်နေသည်။

(ငါ့ရဲ့ ကံကြမ္မာကိုက ပင်ပင်ပန်းပန်း အသက်ရှင်ဖို့ ဖြစ်လာသလားကွာ)

(မဟုတ်သေးဘူး။ အတွင်းရေးမှူး တစ်ယောက် ဌားရမယ်။ ဂျီမဲဂျဲလို ပုံစံမျိုးဆို ပိုကောင်းတယ်)

....

အန်ရှီဝေက ထိုင်ခုံကိုမှီပြီး သက်ပြင်းချလိုက်သည်။ ဒီရက်ပိုင်းအတွင်း

ခံစားခဲ့ရတဲ့ စိတ်ပင်ပန်းမှုနှင့် ဖိအားများ အားလုံး ချက်ခြင်း ပျောက်သွားသလိုပဲ ခံစားရသည်။

ဆွန်းမိုရဲ့ သဘောထားက ဘာဖြစ်လို့ မကောင်းတာလဲ မသိပေမယ့် အန်ရှိဝေ လုံခြုံသလို ခံစားရသည်။ သူမ အဘိုးအနားမှာ ရှိသလိုပဲ။ အရမ်းစိုးရိမ်နေစရာ မလိုပေ။

(မိုမိုလေး တကယ်ကြီးလာပြီပဲ)

အန်ရှိဝေ ခံစာချက်တွေနဲ့ သက်ပြင်းချလိုက်သည်။ အဲဒီနောက် မေးခွန်းတစ်ခုကို စတင် စဉ်းစားခဲ့မိသည်။ တကယ်လို့ ဆွန်းမိုက ဒီအခက်အခဲကို

ပြီးပြည့်စုံအောင် ဖြေရှင်းနိုင်ခဲ့ရင် သူ့ကို အခွင့်အာဏာတစ်ခုခု ပေးသင့်လား”

အမှန်တိုင်းပြောရလျှင် အန်ရှီဝေသည် ကျောင်း၏ စီမံခန့်ခွဲရေးနဲ့ ပက်သက်ပြီး နည်းနည်းလေးတောင် စိတ်မဝင်စားပေ။ ဒါပေမယ့် ဒီကိစ္စက သူမ မိသားစု ဂုဏ်သိက္ခာနဲ့ သက်ဆိုင်နေပြီး သူမလက်ထဲတွင် ကျောင်းနိမ့်ကျသွားလို့ မရပေ။ ဒါကြောင့်လည်း အခုအချိန်အထိ တောင့်ခံခဲ့သည်။

ဒါပေမယ့် အခုဖြစ်နေတဲ့ အရာတွေကိုကြည့်လိုက်လျှင် နောက်ဆုံးတော့ လွှတ်ချလိုက်လို့ ရနေပြီ။

တကယ်တော့ ဆွန်းမိုရဲ့ စွမ်းဆောင်ရည်က သူမ ထင်ထားတာထက် ကျော်လွန်နေခဲ့ပြီ။ သူမရဲ့ ခင်ပွန်းလောင်းလည်း ဖြစ်နေသည်။ ကျောင်းကို အုပ်ချုပ်ခိုင်းရင်တောင် ဘာပြဿနာမှ မရှိပါ။

"ဟုတ်တယ်။ ငါတို့လက်ထပ်ပြီးရင် သူ့ကို ကျောင်းအုပ်ကြီး ရာထူး ပေးလိုက်မယ်။ အဲဒီနောက်တော့ သင်ကြားရေးနဲ့ သုတေသနတွေပဲ

ဆက်လုပ်သွားတော့မယ်။ အင်း၊ ဒီနှစ်တွေထဲမှာ တော်တော်လေးတောင် နောက်ကျနေပြီ။

အန်ရှီဝေ သက်ပြင်းချလိုက်သည်။

အန်ရှီဝေက ဘွဲ့ရပြီးပြီးခြင်း ကျောင်းအုပ်ဆရာမကြီး ဖြစ်လာတဲ့အတွက် ဘဝရဲ့ အထွဋ်အထိပ်ကို ရောက်နေပြီလို့ တခြားလူတွေက ထင်နေကြသည်။ သူတို့အားလုံးက မယှဉ်ပြိုင်နိုင်ဘဲ အားကျနေခဲ့သည်။

....

စကြဲန်တွင် လီဇီချီ တစ်ယောက် ရုံဖန်ရုံခါ အနောက်သို့ လှည့်လှည့်ကြည့်နေသည်။

"အရမ်း စိတ်ပျက်နေတာလား"

ဆွန်းမိုက အန်ရှီဝေရဲ့ လုပ်ဆောင်ချက်ကို အရမ်းအံ့အြောနေတယ်ဆိုတာ လီဇီချီ သိလိုက်သည်။

"ငါစိတ်ပျက်နေတာ မဟုတ်ဘူး။ ကျောင်းအုပ်ကြီး အန်က ဒီလောက် အသည်းနုတဲ့ လူဖြစ်နေမယ်လို့ မထင်ထားခဲ့မိဘူး"

လီဇီချီက သူမရဲ့စကားလုံးများကို ပြန်သုံးသပ်နေသည်။ အန်ရှီဝေက အရမ်းကို ပြတ်သားတဲ့လူလို့ ပြောလိုက်ချင်သည်။

"သူမက ခံစားချက် များလွန်းတယ်။ ဒီမြတ်ဆရာတွေက နှစ်အနည်းငယ်ကြာအောင် လုပ်ခဲ့တဲ့အတွက် သူမရဲ့ မိသားစုလို့ သတ်မှတ်နေတယ်။ ဒါကြောင့်လည်း သူတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံချင်နေတာ"

ဆွန်းမိုက ပုခုံးတွန့်လိုက်ပြီး

“ဒီလိုလူက သူဌေးကောင်းတစ်ယောက်ဆိုတာ သေချာတယ်။ ဒါပေမယ့် သူဌေးကောင်းတွေရဲ့ လုပ်ငန်းက ကြာရှည်မခံဘူး”

လီဇီချီက အပြည့်အဝ အာရုံစိုက်ပြီး နားထောင်နေသည်။

“အန်ရှီဝေရဲ့ အယူအဆက ကျောင်းကို မိသားစုကြီးလို စီမံခန့်ခွဲချင်နေတယ်။ တစ်ဖက်နဲ့ တစ်ဖက် မသေမချင်း ထိပ်တိုက်တွေ့မယ့်အစား ပဋိပက္ခနှင့် သဘောထားကွဲလွဲမှု အားလုံးကို ညင်သာစွာဖြေရှင်းနိုင်မယ်လို့ တွေးနေတယ်။

ဒါပေမယ့် တကယ့် မိသားစုတွေမှာက သွေးချင်း ဆက်သွယ်နေတဲ့အချက်ကို သူမ မေ့သွားတယ်။ ဒါပေမယ့် ကျောင်းမှာ ဆရာလုပ်နေတဲ့ လူအများစုက မိသားစုကို ထောက်ပံ့ဖို့ ဒါမှမဟုတ် အနာဂတ်မှာ ပိုကောင်းတဲ့ အလုပ်အကိုင်တွေ ရဖို့အတွက် စပရိန်ဘုတ် တစ်ခုအဖြစ် သဘောထားကြတယ်”

ဆွန်းမိုက လူတွေရဲ့သဘောသဘာဝကို ခွဲခြမ်း သုံးသပ်နေသည်။

သူသာ ဆရာတစ်ယောက်ဆိုလျှင် အန်ရှီဝေကို အရမ်းကျေးဇူးတင်နေမိမှာ သေချာသည်။ ဒါပေမယ့်

ကျောင်းရဲ့ ပိုင်ရှင်တစ်ဝက် တစ်ယောက်အနေနဲ့တော့ သူမကို ကျိန်ဆဲဖို့ကလွဲလျှင် ရွေးချယ်စရာ မရှိပါ။

အန်ရှီဝေက မိသားစုကို ပျက်ဆီးစေတဲ့ ချွေးမတစ်ယောက်လို ဖြစ်နေသည်။ အလုပ်ကို အလုပ်နဲ့ တူအောင် မလုပ်တဲ့ ဆရာ ဒါမှမဟုတ် အလုပ်အပေါ် ကောက်ကျစ်တဲ့ ဆရာတွေကို ဘာဖြစ်လို့ ထိန်းသိမ်း နေမလဲ။

လစာ ပေးစရာ လိုလို့လား။

"အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ ဆရာကောင်းတွေ ရှားပြီး ယှဉ်ပြိုင်နိုင်စွမ်း

အားနည်းနေပြီ။ ဒါကြောင့် ငါတို့မှာ သူတို့ရှိနေရင်တောင် ဘယ်လိုမှ အလားအလာ ကောင်းလာမှာ မဟုတ်ဘူး”

ဆွန်းမိုသည် ပညာတတ်တစ်ယောက်အနေနဲ့ ဒီအကြောင်းကို အရင်က သုတေသန လုပ်ဖူးသည်။

ကျောင်းတစ်ကျောင်းတွင် အရေးအကြီးဆုံးက ဘာလဲ။

ကျောင်းသား အရင်းအမြစ် ကောင်းကောင်း ရှိဖို့လား။

မဟုတ်ဘူး။ ပထမ အချက်က ဆရာပဲ။ ဆရာကောင်းတွေက ရလဒ် ကောင်းရုံသာမက ကျောင်းရဲ့ ဂုဏ်သတင်းကိုလည်း ပြုပြင်ပျိုးထောင်နိုင်သည်။

ကျောင်းက ကျော်ကြားလာလျှင် အခြေခံအားဖြင့်တော့ ကျောင်းသားအရင်းအမြစ်အတွက် စိုးရိမ်စရာမလိုပေ။ သူတို့ မိဘတွေက သူတို့ သား၊ သမီးကို ဘယ်ကျောင်းကို ပို့ရမလဲဆိုပြီး စိုးရိမ်နေကြမည်။

“နားလည်ပြီ။ အခုအချိန်မှာ ငါတို့ ကျောင်းကြီးက ရေသေအိုင်ကြီး လိုပဲ။ ငါးပုပ်တွေနဲ့ ပုဇွန်ပုပ်တွေ အားလုံးကို ရှင်းပစ်ရမယ်။ ကျန်တဲ့ ဆရာတွေကို နဂါးတံခါး ဖြတ်သလို မြှင့်တင်နိုင်ဖို့ တွန်းအားပေး ရမယ်”

လီဇီချီသည်တော်တော်လေး ဉာဏ်ကောင်းသည်။ ဒီစကားကို ကြားတာနဲ့ချက်ခြင်း သဘောပေါက်သွားသည်။

“ဟားဟား။ ငါးပုပ်နဲ့ ပုဇွန်ပုပ်တွေလား။ ဒီဖော်ပြချက်က သင့်လျော်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ချီးကျူးလိုက်ပြီး

"သူတို့ကို လစာတိုးပေးမယ့် အစား ကူရှုပ်ရှင်းလို ဆရာမျိုးတွေကိုပဲ လစာ တိုးပေးလိုက်မယ်"

ထုံးစံအတိုင်း ၊ အန်ရှီဝေသည် စနစ်တစ်ခုကို ပြန်မတည်ဆောက်ခင် ဖျက်ဆီးပစ်ဖို့ သတ္တိမရှိပါ။ ဘာဖြစ်လို့လဲဆိုတော့ သူမက ကျောင်းရဲ့ ဂုဏ်သတင်းကို တန်ဖိုးထားပြီး ဘယ်ဖက်ကမှ အထင်မသေးစေချင်ပါ။

သူတို့နှစ်ယောက် စကား တပြောပြောနဲ့ ထောက်ပံ့ရေးဌာနသို့ ရောက်လာကြသည်။

....

ထောက်ပံ့ရေးဌာနရှိ လေထုသည် အရမ်းဆူညံနေသည်။ သား၊ ငါးဈေး မြင်ကွင်းတစ်ခုလို သက်ဝင် လှုပ်ရှားနေသည်။

“ဌာနမှူးဆွန်း ပြန်ရောက်နေပြီလို့ ငါကြားတယ်”

ချမ်မူက ထုတ်ဖော်လိုက်သည်။

“သူပြန်လာလဲ ဘာဖြစ်မှာလဲ။ ဒုကျောင်းအုပ်ဆရာကြီး ကျန်က ဂိမ်းအကြီးကြီး ကစားနေပြီ။ အရင်ကျောင်းအုပ်ကြီးသာ ပြန်မလာနိုင်ရင် ဖြေရှင်းချက် မရှိဘူး”

လျို့တုန်က လှောင်ပြောင် ရယ်မောပြီး ပြောနေသည်။

“ဟုတ်တယ်၊ အခုသပိတ်က လစာ တိုးပေးဖို့အတွက်ပဲ။ အမှန်တိုင်းပြောရရင် ကျောင်းအုပ်ကြီးအန်ရဲ့ မိသားစုဝင်တွေတောင် သူတို့အိတ်ကတ်ထဲမှာ ပိုက်ဆ ံ အများကြီး ရှိတယ်လို့ ခံစားရမှာ မဟုတ်ဘူး။”

“ဘာပဲဖြစ်ဖြစ် ၊ပိုကောင်းတဲ့ ရပိုင်ခွင့်တွေနဲ့ စာချုပ် ပြန်ချုပ်ရမယ်’

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အရာအားလုံးကို တူးဆွလိုက်တာ အကောင်းဆုံးပဲ"

ဒီလူတွေ အားလုံးသည် ထောက်ပံ့ရေးဌာန အသီးသီး၏ အလုပ်ကြီးကြပ်သူတွေနှင့် အကြီးအကဲတွေ ဖြစ်သည်။ သူတို့အားလုံးက လစာတိုးဖို့ မျှော်လင့်နေကြသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် စာချုပ်အပေါ် အလေးထားခြင်းက တော်တော်လေး အရေးကြီးသည်။

တကယ်လို့ တစ်ယောက်ယောက်က စာချုပ်ပေါ် လက်မှတ် ရေးထိုးပြီး ပျက်ကွက်ပါက ကမ္ဘာပေါ်မှာရှိတဲ့ လူတိုင်းက ကျိန်ဆဲ ကြလိမ့်မည်။

လီကုန်က ဘာမှမပြောပေ။ ဒီလူတွေကို ကြည့်ပြီး အေးစက်စက် ရယ်နေခဲ့သည်။(မင်းတို့က ဆွန်းမိုဆီက အခွင့်အရေး ယူချင်နေကြတာလား။ အားလုံး ရှုံးသွားပြီ)

တချိန်တုန်းက ဆွန်းမိုရဲ့ သင်ခန်းစာကို ခံစားဖူးတဲ့ လူတစ်ယောက်အနေနဲ့ တောခွေးနက်ကြီးဆွန်းက ဘယ်လောက်ရက်စက်သလဲ ဆိုတာ

သူကောင်းကောင်းသိသည်။ ငယ်ရွယ်သူမို့ အနိုင်ကျင့်လို့ ရမယ် ထင်သွားရင် တော်တော်လေး မှားသွားလိမ့်မည်။

ဘုန်း

တံခါးကန်ဖွင့် ခံလိုက်ရသည်။

“ဘယ်သူလဲ”

လီကုန်က ခေါင်းလှည့်ပြီး လှမ်းဆဲဖို့ လုပ်လိုက်ပေမယ့် ဆွန်းမိုကို မြင်လိုက်တာနဲ့ ပြေးသွားပြီး ပြုံးပြနေသည်.

"ဥာနမှူးဆွန်း၊ ငါက မင်းကို သေလောက်အောင် လွမ်းနေတာ"

လီကုန် တန်းဖားတော့သည်။

ဆွန်းမို ဝင်လာတာနဲ့ စကားသံတွေလည်း ချက်ချင်း တိတ်ဆိတ်သွားသည်။ အဲဒီနောက် ထိုင်ခုံနဲ့ ကြမ်းပြင် ပွတ်တိုက်သံ ကြားလိုက်ရသည်။

"ဥာနမှူး ပြန်လာပြီလား"

"ဥာနမှူး ရေသောက်ပါအုံး"

"ဥာနမှူး ဆွန်း"

ထောက်ပံ့ရေး ဌာနအသီးသီးရှိ ကြီးကြပ်ရေးမှူးများသာ ဒီရုံးခန်းထဲတွင် ထိုင်နိုင်ကြသည်။ ဆွန်းမို ရုံးခန်းထဲ ဝင်လာတာတွေ့လျှင် လူတိုင်း ခဏလောက် လန့်ဖြန့်သွားပြီး မတ်တပ်ရပ်ကာ အချိုသာဆုံး ပြုံးထားကြသည်။

“ပြီးခဲ့တဲ့ ရက်အနည်းငယ်က ကျောင်းမှာ သပိတ်တစ်ခု ပြခဲ့တယ်လို့ ကြားတယ်”

ဆွန်းမိုက ရုံးခန်းထဲသို့ လျှောက်ဝင်လာသည်။

လီဇီချီက တံခါးကို ပိတ်လိုက်ပြီး ဘေးမှာ ရပ်နေလိုက်သည်။

ဒီအချိန်တွင် ရုံးခန်းက ထောင်တစ်ခုနဲ့ တူလာသည်။ ဆွန်းမိုက ကြီးမြတ်တဲ့ ခြင်္သေ့တစ်ကောင်နဲ့တူနေပြီး ဒီလူတွေကတော့ လွတ်မြောက်လမ်းမရှိတဲ့ သားကောင်တွေနဲ့ တူနေသည်။

ဆွန်းမို စိတ်ဖတ်နိုင်သဖြင့် ဘယ်သူမှ ပေါ့ပေါ့ဆဆ စကားမပြောရဲကြပါ။

ဆွန်းမိုက လျှိုတုန် ဘေးနားမှာ ရပ်လိုက်ပြီး

"အဲဒီကိစ္စနဲ့ ပက်သက်ပြီး ငါ့ကို တစ်ခုခု ပြောပြပေးနိုင်မလား။

"ဌာ.....ဌာနမှူးဆွန်း ငါ ဘာမှမသိပါဘူး"

လျိုတုန် ကမန်းကတမ်း လေးနက်စွာ အရိုအသေ ပေးလိုက်သည်။

(ဟဟ၊ စောစောတုန်းက မင်းရဲ့ သတ္တိ ဘယ်ရောက်သွားပြီလဲ။ မင်းမှာ အရည်အချင်းရှိရင် ဘာဖြစ်လို့ မျက်နှာချင်းဆိုင် မပြောတာလဲ)

လီကုန်က လျိုတုန်ကို စိတ်ထဲကနေ လှောင်ပြောင်လိုက်သည်။

“ဘာလဲ။ မင်း ငါပြောတာ သဲသဲကွဲကွဲ မကြားရဘူး”

ဆွန်းမိုက မေးလိုက်သည်။

“ငါ မသိ……”

လျိုတုန် စကားမဆုံးခင်မှာ ဆွန်းမိုက စားပွဲပေါ်က လက်ဖက်ရည်ခွက်နဲ့ မျက်နှာကို ပိတ်ရိုက်လိုက်သည်။

ဘောင်း

ကြွေခွက်က ကွဲကြေသွားပြီး အပိုင်းအစများကလည်း မျက်နှာမှာ စိုက်ဝင်ကာ သွေးစိမ်းများ ထွက်ကြလာသည်။

အား

လျိုတုန် အော်ဟစ်ပြီး ကြမ်းပြင်ပေါ် လဲကျသွားသည်။ မျက်နှာပေါ်မှာ ခြစ်ရာ ရှရာတွေနဲ့ ပြည့်နှက်နေသည်။

ဆွန်းမိုက ဘေးမှာရှိတဲ့ ချမ်မူကို တစ်ချက်ကြည့်လိုက်သည်။

ချမ်မူတစ်ယောက် ဖင်ကြုတ်သွားပြီး ဖျစ်ညှစ် ပြုံးပြနေရှာသည်။ မျက်နှာကလည်း တောင့်တင်းနေသည်။

လီကုန်တစ်ယောက်ပဲ အခြေအနေကို ဖတ်နိုင်သည်။ သူ့ခွက်ကို သူယူပြီး ပြေးသွားသည်။

“ဌာနမှူး”

လီကုန်က လက်ထဲက ခွက်ကို ပေးလိုက်သည်။

ဆွန်းမိုက ယူလိုက်ပြီး ဆောင့်ကြောင့် ထိုင်လိုက်သည်။

“စောစောတုန်းက ဘာပြောခဲ့တာလဲ”

ဆွန်းမိုက လျိုတုန်ကို မေးလိုက်ပြန်သည်။

“ငါ….ငါ…”

လျို့တုန် စကားထစ်နေသည်။

ဆွန်းမိုက လက်မြှောက်ပြီး နောက်တစ်ကြိမ် ထပ်ရိုက်လိုက်ပြန်သည်။

ဘောင်း

နောက်တစ်ခွက် ကွဲကြေသွားပြန်သည်။

ရုံးခန်းထဲမှာ လူတွေ အများကြီး မတ်တပ်ရပ်နေကြသည်။ လူတိုင်းက အကြည့်ချင်း မဆုံမိအောင် ရှောင်နေပြီး မျက်ခုံး လှုပ်နေကြသည်။

"ဌာနမှူး" လီကုန်က ချမ်မူ စားပွဲပေါ်ကနေ ခွက်နောက်တစ်ခွက် ယူကာ ပေးလိုက်သည်။

“စကားကို ပိုအဆင်ပြေပြေလေး ပြောစမ်းပါကွာ”

ဆွန်းမိုက အကြံပေးလိုက်သည်။

အခုအချိန်မှာတော့ လျိုတုန် တစ်ယောက် ထပ်အရိုက်ခံရမှာ ကြောက်နေသည်။ ခေါင်းညိတ်လိုက်တဲ့ အချိန်တွင် ခွက်နဲ့ နောက်တစ်ချက် အရိုက်ခံလိုက်ရပြန်သည်။

ဘောင်း

ခွက်လည်း ကွဲကြေသွားပြီး သွေးတွေလည်း ပိုထွက်လာသည်။ သွားတချို့တောင် ကျိုးပြီး ထွက်ကျလာသည်။

“အီးဟီးဟီး”

လျိုတုန်ရဲ့ ပါးစပ်သည် ဖြတ်ရိုက်ခံရပြီး ယောင်ကိုင်းလာသည်။ သူစကားပြောချင်ရင်တောင် အသံရှင်းရှင်းလင်းလင်း မထွက်တော့ပါ။

(မအလ၊ ဒါက ချင်လင်မြို့မှာ ငါအကြိုက်ဆုံး လက်ဖက်ရည်ခွက်ကွ။ ငွေတုံးတစ်ထောင် ကျော်တန်တယ်။)

လီကုန်က ခွက်ကိုယူသွားပြီး ဆွန်းမိုကို ပေးလိုက်တဲ့အချိန်တွင် ပြန်တောင်းချင်နေခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက ခွက်နဲ့ ရိုက်ချလိုက်တာ

မြင်လိုက်လျှင် ချက်ခြင်း ပြန်ပြုံးလိုက်သည်။ ဆွန်းမိုက သူ့ဘက်ကို မကြည့်နေရင်တောင် သစ္စာစောင့်သိမှုကို ပြတဲ့အနေနဲ့ အတင်းပြုံးထားသည်။

ဒင်

ချမ်မူ၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး (၅၀၁/၁,၀၀၀)

“အမုန်းဆုံးက လူလိမ်တွေပဲ”

ဆွန်းမို မတ်တပ်ရပ်လိုက်သည်။

“ဆရာ”

လီဇီချီက လမ်းလျှောက်လာပြီး လက်ကိုင်ပုဝါ ပေးလိုက်သည်။

ဆွန်းမိုက လှမ်းယူလိုက်ကာ လက်တွေကို သုတ်နေရင်းနဲ့ ရုံးခန်းထဲမှာ လမ်းပတ်လျှောက်နေသည်။

"ရထူးနဲ့ လစာ တိုးချင်တဲ့လူ ရှိလား၊ ငါ့ကို အခုပြောပါ။ မင်းတို့ တောင်းဆိုချက်ကို အခုချက်ခြင်း ဖြည့်ဆည်း ပေးမယ်"

ဘယ်သူမှ မပြောကြပါ။ ဆွန်းမို အကြည့် ဖြတ်သွားတဲ့ နေရာတိုင်းရှိ လူများသည်အကြည့်ချင်း မဆုံမိအောင် ရှောင်နေကြသည်။

ရုံးခန်း တစ်ခုလုံး လေဆင်နှာမောင်း ဝင်မွှေနေသလို ဖြစ်နေသည်။ လေထုက တင်းမာလွန်းသဖြင့် သေသွားနိုင်သည်။

“လီကုန် လုံခြုံရေး အဖွဲ့ခေါင်းဆောင်ကို သွားခေါ်လိုက်”

ဆွန်းမိုက ညွှန်ကြားပြီးတာနဲ့ ရုံးခန်းထဲမှာ ရှိတဲ့လူတွေကို တစ်ချက်ကြည့်လိုက်သည်။

“ကြည့်ရတာတော့ ငါကိုယ်တိုင် ပေးခဲ့တဲ့ သင်ခန်းစာကို မေ့နေတဲ့ ပုံပဲ”

“ဌာနမှူး”

သက်လတ်ပိုင်းအမျိုးသားက ရိုကျိုးတဲ့အမူအရာနဲ့ နောက်ထပ် လက်ဖက်ရည် တစ်ခွက်ပေးလိုက်သည်။

ဆွန်းမိုက ယူပြီး အဲဒီလူခေါင်းကို တခါတည်း ရိုက်ချလိုက်သည်။

“သင်ခန်းစာ မမှတ်မိတဲ့ အရူးတစ်အုပ်။ ငါ့ရဲ့ အစွမ်းအစကို မပြရင် မင်းတို့ကောင်တွေက ငါ့ကို ကြောင်တစ်ကောင်လို တကယ်ဆက်ဆံကြမှာပဲ”

သက်လတ်ပိုင်း အမျိုးသား ညည်းနေသည်။ ခေါင်းပေါ်က ဘုကို လက်နဲ့အုပ်ကာ ပါးစပ် အမြန်ပိတ်လိုက်သည်။

"အရိုက်ခံရတာ ပျော်ဖို့ကောင်းလား။ မင်းတို့ ဒီလို လုပ်ရတာ ကြိုက်ရင်လည်း ဘာဖြစ်လို့ မထွက်သွားကြသေးတာလဲ"

ဆွန်းမိုက စကားပြောနေရင်းနဲ့ ဘေးနားမှာရှိတဲ့ သက်လတ်ပိုင်းအမျိုးသားတစ်ယောက်ကို တစ်ချက်ကြည့် လိုက်သည်။

ထောက်ပံ့ရေး ဌာနက သူ့နယ်မြေဖြစ်သည်။ ကျောင်းတစ်ခုလုံးကို ဘာမှမလုပ်သေးရခင် ဒီနေရာမှာ အရင်သင်ခန်းစာ ပေးရမည်။

"ငါက အပျော်သဘောပဲ ပါခဲ့တာ၊ လစာတိုးဖို့အတွက်နဲ့ သပိတ်ထဲ ဝင်ပါဖို့ မစဉ်းစားခဲ့ဘူး"

သက်လတ်ပိုင်း အမျိုးသားက ရှင်းပြသည်။ တကယ်လို့ အခုအချိန်မှာ အလုပ်ထုတ်ခံရလျှင် နောင်ကျရင် ဒီလိုမျိုး အကျိုးကျေးဇူးများတဲ့ အလုပ်ကို ဘယ်မှာ သွားရှာရမလဲ။

"သပိတ်မှောက်မှုမှာ ပါဝင်တဲ့ လူအားလုံး ဝန်ခံပါ"

ဆွန်းမိုက အမိန့်ပေးလိုက်သည်။

လူအုပ်ကြီးထဲက ဆူညံတဲ့ အသံများ ထွက်လာသည်။ နောက်ဆုံးတော့ လူငါးယောက် မတ်တပ် ထရပ်လာသည်။

ဂလု.......

ချမ်မူ တံတွေး တစ်ချက် မြိုချလိုက်သည်။ ခြေထောက် ဆန့်မလို လုပ်ပြီး ပြန်ရုတ်သိမ်းလိုက်သည်။ (ငါက သပိတ်မှာ ပါဝင်ခဲ့တဲ့

လူနည်းစုထဲက တစ်ယောက်ပဲ။ ဒါပေမယ့် ငါ့ကို ဘယ်သူမှ မတွေ့သွားဘူး မဟုတ်လား)

ချမ်မူက လူပါးဖြစ်သည်။ သူက ပြဿနာ မရှာချင်ပေမယ့် နောက်တစ်ချိန်မှာ အကျိုးအမြတ် ပိုရနိုင်ခြေကို လက်မလွှတ်နိုင်ပါ။

ဆွန်းမိုက အဲဒီလူတွေကို ကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။

“သပိတ်ထဲမှာ ပါဝင်ပက်သက်တဲ့လူအားလုံး ကိုယ့်ကိုယ်ကို ဖော်ပြကြပါ”

ဆွန်းမိုစကား ပြောပြီးတာနဲ့ ရွှေရောင် မြတ်ဆရာ အရှိန်အဝါတစ်ခု သူ့ခန္ဓာကိုယ်ကနေ ဖြာထွက်လာသည်။

အခန်း(၄၈၁) - စောစောတုန်းက မင်းကို အခွင့်အရေး ပေးခဲ့ပြီးပြီ ဒါပေမယ့် မင်းက အဲဒါကိုတန်ဖိုး မထားဘူး။

ရွှေရောင် အလင်းတန်းက ရုံးခန်းတစ်ခုလုံးကို လွှမ်းမိုးသွားသည်။

ရွှေရောင် အလင်းတန်း သူ့ဆီကို ရောက်လာတဲ့အခါ ချမ်းမှု စိတ်ထဲမှာ တုန်ယင်နေသည်။ ရောမ တူကြီးတစ်ခုနဲ့ သူ့စိတ်အား ပြင်းပြင်းထန်ထန် ရိုက်ချိုး လိုက်သလို ခံစားလိုက်ရသည်။

သူပြန်ပြီး အသိဝင်လာတဲ့ အချိန်တွင် တစ်ကိုယ်လုံး ချွေးစေးများနဲ့ စိုရွှဲနေသည်။ အဲဒီနောက် ဘယ်ညာကို လျှင်မြန်စွာ ကြည့်လိုက်သည်။

“ပါဝင်တဲ့လူတိုင်း ထွက်လာခဲ့ပါ။ ထွက်ကိုထွက်လာရမယ်”

ချမ်မူ တိုးတိုးလေး ရေရွတ်လိုက်သည်။ တကယ်လို့ လူများပါက ဆွန်းမို လူအားလုံးကို အလုပ်ထုတ်လို့ မရပါ။ ဒါပေမယ့် ထွက်လာတဲ့လူက သုံးယောက်ပဲ ရှိသဖြင့် စိတ်ပျက်သွားသည်။

သူတို့ အားလုံး ခြေလှမ်းနှစ်လှမ်းသာ အရှေ့ထွက်လာခဲ့သော်လည်း ဒီနေရာနဲ့ အရင်နေရာ ကွာခြားချက်သည် သေခြင်း ရှင်ခြင်း ကွာခြားသွားသလို ဖြစ်နေသည်။

"ဘ...ဘာ ဖြစ်နေတာလဲ"

ထောက်ပံ့ရေးဌာနက ဝန်ထမ်းများရဲ့ မျက်နှာသည် ကြောင်တောင်တောင် ဖြစ်နေပြီး တုန်လှုပ်ခြောက်ခြားစွာ ကြည့်နေကြသည်။ ဗဟိုပြည်နယ် အကယ်ဒမီမှာ အလုပ်လုပ်နေခဲ့ကြသော်လည်း လေးနက်တဲ့စကားကို သဘောပေါက် နားလည်တဲ့ မြတ်ဆရာ အရမ်းရှားသည်။ ဒါကြောင့်သူတို့ တစ်ခါမှ မမြင်ဖူးခဲ့ပါ။

အရင်က မြင်ဖူးခဲ့ရင်လည်း ဆွန်းမိုမှာ ဒီအရှိန်အဝါရှိတယ်ဆိုတာကို ပိုးဟပ်က

လူသားတွေကို ကျွန်ပြုပြီး အုပ်စိုးနေသလိုမျိုး မယုံနိုင်စရာ ကောင်းနေသည်။ ဘယ်သူမှ စိတ်ကူးမိကြမှာ မဟုတ်ပေ။

"လေးနက်တဲ့ စကား"

လီဇီချီ အရမ်းအံ့အော့သွားပြီး တအံ့တအော ငေးကြည့်နေသည်။ အံ့အောမှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေကာ လျှာတောင် ပြန်မသိမ်းမိပေ။

(ငါ့ဆရာက အထင်ကြီးဖို့ ကောင်းတယ်ဆိုတာ အမြဲသိနေတယ်။ ဒါပမယ့် သူငယ်ချင်း

မရှိလောက်အောင် ထူးချွန်နေမယ်လို့တော့ မထင်ထားခဲ့မိပေ။ ငါက မင်းသမီးဆိုတော့ ကျင့်ဝတ်ဆိုင်ရာ သင်ခန်းစာကို သင်ပေးတဲ့ အထိန်းတော်ကြီးတွေ အမြဲရှိတယ်။ ရိုင်းရိုင်းစိုင်းစိုင်း မပြောဖို့ ပြောခဲ့တယ်။ တောင်းပန်ခဲ့တယ်။ ဒါပေမယ့် ဒီနေ့တော့ ကို့ကိုယ်ကို မထိန်းနိုင်တော့ဘူး။

လေးနက်တဲ့ စကားသည် ကြွယ်ပွင့်မြင့် မြတ်ဆရာများသာ နားလည်နိုင်တဲ့ မြတ်ဆရာ အရှိန်အဝါ တစ်ခု ဖြစ်သည်။ ဇဟိုပြည်နယ်အကယ်ဒမီမှာ ဒီမြတ်ဆရာ

အရှိန်အဝါကို နားလည်တဲ့ မြတ်ဆရာအရေအတွက်က လက်တစ်ဖက်တောင် မပြည့်ပေ။

လီဇီချီက ဆွန်းမိုကို တုန်လှုပ်ခြင်း၊ ချီးမွမ်းခြင်း၊ ဂုဏ်ကျက်သရေ အပြည့်နဲ့ ငေးကြည့်နေသည်။ ဒါပေမယ့် နောက်ပိုင်းမှာ သူမရဲ့ ခံစားမှုအားလုံးသည် ကိုးကွယ်မှု အဖြစ်သို့ ပြောင်းလဲသွားသည်။

(ငါ့ဆရာက ကမ္ဘာပေါ်မှာ တကယ့်အကောင်းဆုံး ဆရာပဲ)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရှိသေ(၂၃,၇၀၀/၁၀၀,၀၀၀)

"လေး.....လေးနက်တဲ့ စကားလား။ မှားစရာ မရှိဘူး။ ဒါကသေချာပေါက် လေးနက်တဲ့စကားပဲ။ ဒါပေမယ့် ဒါက ကြယ် ၆ ပွင့် မြတ်ဆရာတွေပဲ နားလည်နိုင်တာလေ။ အရင်ကျောင်းအုပ်ကြီးက တော်တော်လေး ကံကောင်းမှ ဒါကို မြင်နိုင်တယ်လို့ ပြောခဲ့ဖူးတယ်။ စကားပြောသူ၏ အရှိန်အဝါရဲ့ အကျိုးသက်ရောက်မှုအောက်တွင် ဘယ်သူမှ ခုခံနိုင်စွမ်းမရှိပေ။

အဘိုးကြီးတစ်ယောက်က အရင်ကျောင်းအုပ်ကြီးရဲ့ တုန့်နှိုင်းမရတဲ့ ဂုဏ်ကျက်သရေကို ပြန်သတိရရင်း တုန်လှုပ်ခြောက်ခြားစွာ အော်ဟစ်လိုက်သည်။

“မဖြစ်နိုင်ဘူး မဟုတ်လား”

အားလုံးလည်း ဆွန်းမိုကို စိုက်ကြည့်ရင်း အံ့အောနေကြသည်။ ဘယ်လိုပဲပြောပြော သူတို့သည် ကျောင်းဝန်ထမ်းများ ဖြစ်သဖြင့် ဒီလောက် ကြောက်ဖို့ကောင်းသည့် လေးနက်တဲ့ စကားကို နားလည်ဖို့ ဘယ်လောက်တောင် ခက်ခဲသလဲဆိုတာ

သိနေကြသည်။ ဒါတောင် ဆွန်းမိုက တကယ်သိနေတာလား။

ဖုန်း

မီအာလီ တိုက်ရိုက် ဒူးထောက်လိုက်သည်။

“ဌာနမှူး ဆွန်း၊ ငါမှားသွားပါတယ်။ သပိတ်မှောက်မှုမှာ မပါခဲ့သင့်ဘူး ဒါပေမယ့် တကယ်လည်း တခြား ရည်ရွယ်ချက် မရှိပါဘူး။ အပြော်သဘောပဲ ပါခဲ့မိပါတယ်”

မီအာလီသည် လေးနက်တဲ့စကား၏ လွှမ်းမိုးမှုကြောင့် ထွက်လာခဲ့တဲ့ သုံးယောက်ထဲက တစ်ယောက် ဖြစ်သည်။

“အရင်ကတည်းက ပြောခဲ့တယ်။ လိမ်တာကို အမုန်းဆုံးပဲ”

ဆွန်းမိုက မီအာလီကိုကြည့်ပြီး ပြောလိုက်သည်။

“ဒါ့အပြင် စောစောတုန်းကလည်း အခွင့်အရေး ပေးခဲ့တယ်။ မင်းက တန်ဖိုးမထားဘူး”

“ငါမှားသွားပါတယ်။ ဥာနမှူး၊ ကျွန်တော် မှားသွားပါတယ်။ နောက်ကျရင်

မင်းတစ်ယောက်တည်းကိုပဲ ငါ့ရဲ့တစ်ယောက်တည်းသော လမ်းပြလို့ မှတ်ယူပါ့မယ်။ အရှေ့လို့ ပြောလိုက်ရင် အနောက်ဘက်ကို လုံးဝ မသွားဘူး”

မီအာလီက ဂတိတွေ ပေးနေသည်။

“ဌာနမှူး ဆွန်း”

လုံခြုံရေး အဖွဲ့ခေါင်းဆောင် လီဘို ရောက်လာသည်။ သူ့ရဲ့ လက်အောက်ငယ်သား တချို့ကိုတောင် အတူတူ ခေါ်လာခဲ့သည်။ သူတို့ ရောက်လာတဲ့ အချိန်တွင် မီအာလီက ဒူးထောက်

အရိုအသေပေးပြီး အသနားခံနေတာ မြင်လိုက်ရသည်။

“ဒီ သုံးယောက်ကို ဆွဲထုတ်ပြီး ခြေထောက် ချိုးလိုက်”

ဆွန်းမို ညွှန်ကြားလိုက်သည်.

လီဘို ကြောင်နေသည်။

“ဘာဖြစ်နေတာလဲ။ နောက်တစ်ကြိမ် ညွှန်ကြားရအုံးမှာလား”

လီဘိုသည် လူ့အဖွဲ့အစည်းရဲ့ ပုံစံမျိုးစုံကို မြင်ဖူးခဲ့သည်။ ဒါပေမယ့် ဆွန်းမို စိုက်ကြည့်လိုက်တဲ့

အချိန်မှာ တော်တော်လေး ကြောက်လန့်သွားသည်။ အဲဒီနောက် လက်ဝှေ့ယမ်းပြီး ပြောလိုက်သည်။

“သူတို့ကို ဖမ်းလိုက်”

ဝံပလွေတွေ ၊ ကျားတွေလိုမျိုး လုံခြုံရေး အစောင့်တွေ ပြေးလာသည်။

“ဦးနမှူး ငါ့ကို သနားပါအုံး”

“အပျော်သဘောပဲ ပါဝင်ခဲ့မိပါတယ်။ မင်း တကယ် စိတ်မပျက်စေရပါဘူး”

“ဦးနမှူး ဆွန်း၊ နောက်တစ်ကြိမ်လောက် အခွင့်အရေး ပေးပါ”

ချမ်မူနှင့် ကျန်တဲ့လူနှစ်ယောက်လည်း ငိုယိုပြီး တောင်းပန်နေကြသည်။

ဒီအခိုက်အတန့်မှာ စောစောက ဝန်ခံမိတဲ့လူတွေသည် ဒီကံဆိုးသူ သုံးယောက်ကို ကြည့်ပြီး ရုတ်တရက် ကံကောင်းသွားတယ်လို့ ခံစားလိုက်ရသည်။ ကပ်ဆိုးကြီးကနေ လွတ်မြောက်ပြီး အသက်ရှင်လာခဲ့တဲ့အတွက် ဝမ်းသာနေကြသည်။

သူတို့ကို သနားညှာတာဖို့ နည်းလမ်းမရှိတာတွေ့လိုက်လျှင် ချမ်မူ ရုတ်တရုတ် သည်းမခံနိုင်တော့ပေ။

“သပိတ်မှောက်မှုမှာ ပါဝင်ခဲ့တဲ့ ငါတို့ခြေတစ်ထောက် တစ်ဖက်ကို ချိုးပစ်တာက သိပ်မရက်စက်လွန်းဘူးလား။ ငါ ကျောင်းအုပ်ကြီးအန်ကို တိုင်ကြားမယ်”

“သပိတ်မှောက်မှုမှာ ပါဝင်တဲ့ အတွက် အပြစ်ပေးတယ်လို့ ဘယ်သူက ပြောလို့လဲ”

ဆွန်းမိုက အေးစက်စွာ ရယ်မောလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် လူတစ်ဝက်လောက် ကြောင်သွားသည်။ ကျန်တဲ့ တစ်ဝက်က လူ့အဖွဲ့အစည်းတွင် အတွေ့အကြုံ များလွန်းသဖြင့် ဆွန်းမိုရဲ့ ဆိုလိုရင်းကို တခဏလေးအတွင်း နားလည်သွားသည်။ အဲဒီနောက် အေးစက်တဲ့ ချွေးတွေ ထွက်လာပြီး တစ်ကိုယ်လုံး စိုရွဲလာသည်။

ဆွန်းမိုက သူတို့ကို နာမည်ဖျက်ဖို့ စီစဉ်နေပြီ။

"ဆွန်းမို၊ မင်းက ငါ့ကို နာမည် ဖျက်ချင်နေတာလား"

ချမ်မူက ဒေါသတကြီး အော်ဟစ်လိုက်သည်။ မျက်နှာကလည်း နီရဲလာသည်။

"ချမ်မူ၊ စကားအသုံးအနှုန်း ဆင်ခြင်ပါ။ ကြယ်တစ်ပွင့်မြတ်ဆရာ တစ်ယောက်အနေနဲ့ ငါ့ကို ဒီလိုမျိုး ဆက်ဆံလို့ ရလား"

ဆွန်းမိုက ဒေါသတကြီး ပြန်အော်သည်။

"လီကုန် သူ အပြစ်တွေ သူ့ကို ပြောပြလိုက်"

"ချမ်မူက လာဘ်ငွေ လက်ခံပြီး သူ့ဆွေမျိုးတွေ ကျောင်းတက်နိုင်အောင် ရာထူးကို အလွဲသုံးစား လုပ်ခဲ့တယ်"

လီကုန် ဘယ်လောက် အဖားတော်လိုက်သလဲ။ သူ့အတွက် ဒီလို နည်းဗျူဟာတွေက ရင်းနီးလွန်းသည်။ သေသေချာချာ စဉ်းစားနေစရာတောင် မလိုပဲ တကယ့် ဖြစ်နိုင်ခြေကိုကြုံသလို ပြောလိုက်ရုံ စာရင်းပြုစုပြီးသား ဖြစ်နေသည်။

ဒီစကားကိုကြားလိုက်လျှင် လူတိုင်းနဖူးက ချွေးစေးတွေ ထွက်လာသည်။

သူတို့တွေ ဒီကျောင်းမှာ အလုပ်လုပ်လာခဲ့တာ နှစ်ပေါင်း ၂၀ ကျော်နေပြီး လူသစ်လို့

ပြောတဲ့လူတောင် အနည်းဆုံး ငါးနှစ် ၊ ခြောက်နှစ်လောက်ရှိသည်။ ရိုးရိုးသားသား ပြောရလျှင် အသေးအဖွဲ့ လာဘ်ယူတာ၊ ကိန်းဂဏာန်းတွေ အမှားလုပ်ပြီးတင်တာ၊ ငွေ အလွဲသုံးစား လုပ်တာတွေက သိပ်အရေးပါလှပေ။

ဒါပေမယ့် ဆွန်းမိုက ဒီကိစ္စကို ပုံကြီးချဲ့ချင်ရင်တော့ သူတို့ ပြန်ပြောနိုင်စရာ မရှိတော့ပေ။ အလုပ်ထုတ်ခံရရင်တောင် အပြစ်ဒဏ်ကြေမှာ မဟုတ်ပေ။

“ဘာဖြစ်လို့ ကြောင်ကြည့်နေကြတာလဲ။ သူ့ခြေထောက်ကို ရိုက်ချိုးလိုက်စမ်း”

လီဘို ဒေါသတကြီး အော်ဟာစ်နေသည်။ ဆွန်းမိုက ရက်စက်ကြမ်းကြုတ်တဲ့ လူဆိုတာ သေချာသည်။ တခြား မြတ်ဆရာတွေသာ ဒီကိစ္စကို ကိုင်တွယ်ခဲ့ရင် သူတို့ရဲ့ဂုဏ်သတင်းကို ဂရုစိုက်ပြီး ဟန်ဆောင်မှု အားလုံးကို မဖျက်ဆီးပဲ ထားလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ အရိုးတန်းကိုက်လိုက်သည်။

ဒီမှာ အရှုံးတစ်ယောက်မှ မရှိပါ။ ဆွန်းမိုက ဒီအခွင့်အရေးကို အသုံးချပြီး သူတို့အားလုံးကို အခက်ခဲဖြစ်အောင် တမင်သက်သက် လုပ်နေမှန်း အားလုံးသိနေကြသည်။ သူတို့ ထောက်ပံ့ရေး ဌာနတစ်ခုလုံးကို နမူနာ အနေနဲ့ ပုံသွင်းချင်နေသည်။ မကြာခင်မှာပဲ ဒီနေရာမှာရှိတဲ့ လူတချို့၏ စိတ်ထဲတွင် ပျော်ရွှင်မှုများ ရုတ်တရက် ပေါ်ပေါက်လာသည်။

တကယ်လို့ သူတို့ထဲက လူတချို့ကို အတင်းအကျပ် နှုတ်ထွက်ခိုင်းပါက ရာထူးတွေ

လစ်လပ်သွားပြီး အောက်ခြေရာထူးက လူများ အဆင့်တက်လာလိမ့်မည်။ ဒါက ကိတ်မုန့်ကို ပြန်လည် ဖြန့်ဝေခြင်း ဖြစ်သည်။ ဒီအခွင့်အရေးကိုသာ ဆုပ်ကိုင်ထားနိုင်ရင် နောက်ဆုံးမှာ အပြည့်အဝ ခံစားနိုင်မည်။

"ချမ်မူ အပြစ်ကင်းတယ်လို့ မင်းပြောရဲလား"

မေးစေ့ချွန်ချွန်နဲ့ လူတစ်ယောက်က ပြေးထွက်လာပြီး ချမ်မူကို ပါးရိုက်ကာ မေးလိုက်သည်။ မေးစရာ မလိုပေ။ ဒီလူက

ဆွန်းမိုဘက်မှာ ရပ်တည်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခဲ့သည်။

“အင်း။ မျက်ခုံးမွေးထူထူ ၊ မျက်လုံးကြီးကြီးနဲ့ ကြည့်လိုက်လျှင် ရိုးသားတဲ့ပုံရတဲ့ ဒီကောင်လေးက ဖားတဲ့နေရာမှာ ဒီလောက် ကျွမ်းနေမယ်လို့ မထင်ထားခဲ့ဘူး”

လီကုန်က မေးစေ့ချွန်ချွန်နဲ့ ကောင်လေးကို စိုက်ကြည့်နေသည်။ ဆွန်းမိုသည် အရင်တုန်းကဆိုလျှင် ဒီလိုလူများကို ရွံရှာ မုန်းတီးမိမှာ

သေချာသည်။ ဒါပေမယ့် အခုတော့ ဒါကို ကျင့်သားရနေပြီ။

လောကကြီးမှာ အမှားအမှန် မရှိပေ။ အကျိုးအမြတ်သာ ရှိသည်။

“ဆွန်းမို၊ မင်းကြောက်စရာ ကောင်းတဲ့ သေခြင်းမျိုးနဲ့ သေရမယ်။ မင်းက ကျောင်းအုပ်ကြီး ရာထူးနဲ့ အာဏာကို သိမ်းပိုက်ချင်နေတာလား။ ငါသေရင်တောင် မင်းကိုအလွတ်မပေးဘူး။ ကျောင်းအုပ်ကြီး နေမကောင်းမဖြစ်ခင် မင်းအကြောင်း တိုင်ပြောမယ်”

မီအာလီက အော်ဟစ်ပြီး ကျိန်ဆဲနေသည်။

"ပါးစပ် ပိတ်ထား"

ဆွန်းမိုက ပိတ်အော်လိုက်သည်။

ရွှေရောင်အလင်းတန်းများ ထပ်မံဖြာထွက်လာသည်။

မီအာလီ ပါးရိုက် ခံလိုက်ရသလို ဖြစ်သွားသည်။ ပါးစပ်က ဟာနေပေမယ့် စကားမပြောနိုင်တော့ပေ။

"ငါလို..."

လီဘို ကျိန်ဆဲလိုက်သည်။ မျက်လုံးတွေပြူးနေပြီး ပေါက်ကွဲမတတ် ဖြစ်နေသည်။ ဆွန်းမိုက ဒီလိုရှားပါးတဲ့ အရှိန်အဝါကိုတောင် သိနေတာလား။

လီဘိုသည် အရင်က ဆရာတစ်ယောက် ဖြစ်ခဲ့ဖူးသော်လည်း သူက တခြားသူများကို ပညာသင်ပေးတဲ့နေရာတွင် မသင့်တော်သောကြောင့် လုံခြုံရေး အစောင့်အဖြစ် ပြောင်းပြီး လုပ်ကိုင်ခဲ့သည်။ အဆက်အသွယ်က တစ်ဆင့် အလုပ်ရပြီး သင့်တော်လျှောက်ပတ်တဲ့ အလုပ်တစ်ခု ရခဲ့တယ်လို့ သတ်မှတ်နိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် တချိန်က ဆရာတစ်ယောက်ဖြစ်ဖူးခဲ့သဖြင့် ဒီမြွတ်ဆရာအရှိန်အဝါက ဘယ်လောက်အထင်ကြီးဖို့ ကောင်းတယ်ဆိုတာ အတိအကျ သိနေသည်။

ဆွန်းမို ချက်ခြင်း လှည့်ကြည့်လာသည်။

"အမ်၊ မင်းကို ဆဲတာမဟုတ်ပါဘူး။ ငါ အံ့အောပြီး လွှတ်ခနဲ ထွက်သွားတာ။ မင်....မင်းက အရမ်းအထင်ကြီးဖို့ ကောင်းတယ်"

လီဘိုသည် စိတ်နှောက်အယှက်ပေးဖို့ ရည်ရွယ်ချက် လုံးဝ မရှိပေ။ ဆွန်းမိုက

ငယ်ရွယ်သော်လည်း အာဏာစက် တကယ်ပြင်းထန်လွန်းသည်။ အရေးကြီးဆုံးကတော့ သူက ရက်စက်တတ်သည်။

"တောက်၊ တောခွေးနက်ကြီးဆွန်းက မျှော်လင့်ထားသလိုပဲ"

လီဘိုသည် သူဘာသာသူ ရေရွတ်ရင်း အခုတော့ လက်ခံသွားပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုလူကို ရန်စဖို့ မဖြစ်နိုင်ပါ။

"မင်းတို့ငါးယောက်၊ နှုတ်ထွက်စာ တင်လိုက်စမ်း"

ဆွန်းမိုက စကားပြောပြီးတာနဲ့ မတ်တပ်ရပ်ပြီး ထွက်သွားသည်။

"ငါ...."

တစ်ယောက်ယောက်က စိတ်မထိန်းနိုင်ဘဲ အသနားခံဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ဘေးနားရှိတဲ့ တစ်ယောက်က တားလိုက်သည်။

"မပြောနဲ့တော့။ ငါတို့ပါ ရှုပ်ထွေးသွားစေချင်တာလား"

"အောင်နိုင်သူက ဘုရင်၊ ရှုံးနိမ့်သူက စော်ကားခံရမှာဘဲ။ ဒါကို လက်ခံလိုက်စမ်းပါ"

"အင်း၊ ဒီတစ်ခါတော့ လီကုန် ချမ်းသာသွားပြီ"

သူတို့ငါးယောက်ကို တခြားသူတွေအတွက် စံနမူနာပြ အပြစ်ပေးလိုက်သည်။

လီကုန်သည် ဆွန်းမိုနောက်သို့ လိုက်ရန် ပြေးထွက်သွားသည်။ အဲဒီနောက် ဦးညွှတ်ပြီး နှိမ့်ချတဲ့ အမူအရာနဲ့ ရှိနေသည်။

"ဥာနမှူးဆွန်း၊ မင်းက တကယ့် နတ်ဘုရားပဲ။ ဒီသတင်းတွေသာ ပျံ့နှံ့သွားရင် နောက်ဆုံးတော့ သပိတ်မှာပါဝင်ဖို့ စဉ်းစားနေတဲ့ သာမန်

အလုပ်သမားတွေ အားလုံး အကျိုးဆက်ကို ခံနိုင်ရည် ရှိမရှိ စပြီး စဉ်းစားလာလိမ့်မယ်”

လီကုန်က ချီးကျူးလိုက်သည်။

“ဂွန်ရှန် အကြောင်းကို မင်းဘယ်လောက်ထိ သိလဲ”

ဒါက လီကုန်ကို ရှာရတဲ့အဓိက အကြောင်းပြချက် ဖြစ်သည်။ လီကုန်ရဲ့ စရိုက်က မကောင်းပေမယ့် နေရာတော်တော်များများမှာ သတင်းအချက်အလက်တွေ စုဆောင်းဖို့ နည်းလမ်းတော့ ရှိသည်။

"သူ့မှာ တရားမဝင် သားတစ်ယောက် ရှိတယ်"

လီကုန်က ဝွန်ရှန် အကြောင်းကို သူသိသမျှ ပြောပြလိုက်သည်။

"ကျောင်းရဲ့ အခြေအနေကို ဆက်ပြီး စောင့်ကြည့်ပါ။ တစ်ခုခု ထူးခြားတာ တွေ့ရင် ချက်ခြင်း အကြောင်းကြားပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ငါ့ တာဝန် ထားလိုက်ပါ"

လီကုန် အရမ်း စိတ်လှုပ်ရှားနေသည်။ ဆွန်းမို မြင့်တက်လာတာနဲ့ အမျှ သူ့ရဲ့နေရာလည်း တည်ငြိမ် လာလိမ့်မည်။

“ကောင်းပြီ။ သွားကြစို့”

ဆွန်းမိုက လီဇီချီကို ပြောလိုက်သည်။

လီကုန်က သူတို့ကို ပို့ဆောင်ဖို့အတွက် အရိုအသေ ပေးလိုက်သည်။ ဆွန်းမိုတို့ ပုံရိပ် ပျောက်ကွယ်သွားမှပဲ ခါးပြန်မတ် လိုက်သည်။ စောစောတုန်းက ပြသခဲ့တဲ့ အာဏာရှင်ဆွန်းမိုရဲ့ ပုံစံက သူ့ကို အံ့အောသွားစေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက သူဌေးကြီးတယောက်ရဲ့ ပုံစံပဲ။

ဒီအခိုက်တန့်တွင် လီကုန်သည် အရင်တုန်းက ဆွန်းမိုကို ဆန့်ကျင်ဖို့ မရွေးချယ်ခဲ့မိတဲ့အတွက် တိတ်တိတ်လေး ဝမ်းသာနေသည်။ ဒီလိုမှမဟုတ်ရင် အလောင်းကောင် ဖြစ်သွားလိမ့်မည်။

"ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီကို မဟာကိုးပါး အဆင့် ပြန်ရောက်အောင် ဦးဆောင်နိုင်လိမ့်မယ်။ ကျောင်းရဲ့ ဂုဏ်ကျက်သရေကလည်း အရင်အတိုင်း ပြန်တောက်ပလာလိမ့်မယ်"

လီကုန်က တိုးတိုးလေး ပြောလိုက်သည်။

ဒင်

လီကုန်၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး(၆၅၆/၁,၀၀၀)

....

ဆွန်းမိုက နယ်မြေခံ အာဏာရှင် မြေခွေးအိုကြီး ရန်ကို ရှာဖွေဖို့ လမ်းကြားလေးထဲသို့ လျှောက်လာသည်။ တရားမဝင် ကလေးတစ်ယောက်ရဲ့ နေရာကို ရှာဖို့ဆိုတာ သူ့အတွက် ပြဿနာ မရှိနိုင်ပေ။

"ငါက အရမ်းသွေးအေးတယ်လို့ မင်းထင်လား"

ဆွန်းမိုသည် အရင်ကတည်းက ရုံးတွင်း နိုင်ငံရေး အတွေ့အကြုံ ရှိသည်။ ဒါပေမယ့် ဒီအရာများသည် အသေးအဖွဲ့လေးသာဖြစ်ပြီး လူအချင်းချင်း ပါးစပ်နဲ့ စကားများရုံ လောက်သာ ရှိသည်။ ဒီလိုမျိုး တစ်ယောက်ယောက်ရဲ့ ခြေထောက်ကို ချိုးလောက်တဲ့အထိ မပြင်းထန်ခဲ့ပါ။

"မထင်ဘူး"

လီဇီချီက မျက်လုံး ပိတ်လိုက်ဖွင့်လိုက် လုပ်နေသည်။ တောင်ဝင်မျိုးနွယ်က မင်းသမီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ယောက်အနေနဲ့ သွေးထွက်သံယို နိုင်ငံရေး ရန်းကန်မှုများကို မြင်ခဲ့ဖူးသည်။ ပြီးတော့ ဆွန်းမိုရဲ့ အပြုအမူက အကျင့်တရားပျက်နေတဲ့ ကျေးကျွန် တချို့ကို ထိန်းသိမ်းခြင်းသာ ဖြစ်သည်။ ပြဿနာလုံးဝ မရှိပါ။

လုချီဟွာသာ ဆိုလျှင်တော့ အလုပ်သမားတွေအတွက် စာနာသနားပြီး လွန်လွန်းတယ်လို့ တွေးနေမှာသေချာသည်။

“အင်း။ ငါ့ရဲ့ အတွေးအခေါ်က ပြန်နယ်ကိုးခုက လူတွေနဲ့ မတူသေးဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို သက်ပြင်းချလိုက်သည်။ (ဒီခြားနားချက်ကို လိုက်လျောညီထွေ ဖြစ်အောင်လုပ်ဖို့ လှတဲ့ကျွန်မလေးနဲ့ ကစားသင့်လား။ ဒါပေမယ့် ဒီလိုလုပ်တာသိသွားရင် အန်ရှီဝေက သေချာပေါက် လာရိုက်မယ် ထင်တယ်)

"ဆွန်းမိုလား"

တစ်ယောက်ယောက်က သူ့နာမည်ကို ခေါ်နေတာ ကြားလိုက်သဖြင့် အာရုံပြောင်းသွားသည်။ လှည့်ကြည့်လိုက်လျှင် မတွေ့တာကြာပြီ ဖြစ်တဲ့ ယုရုံပိုက သူ့ဆီ မြန်မြန်လေး လျှောက်လာတာ

တွေ့လိုက်ရသည်။ မရီဒန်အကာယ်ဒမီက ကျောင်းအုပ်ကြီး ချောင်လည်း သူ့ဘေးနာက ပါလာသည်။

"ဆရာဆွန်း တွေ့ရတာ ဝမ်းသာပါတယ်"

ချောင်ရှန်သည် ဆွန်းမိုကို အကဲခတ်ရင်း ကျေနပ်စွာ ပြုံးလိုက်သည်။ ဆွန်းမိုကို ကြည့်လေလေ ပိုသဘောကျလေလေ ဖြစ်နေသည်။ (အင်း၊ ဒါမှ ဆရာကောင်းတစ်ယောက်ပဲ။ ဘာဖြစ်လို့ မရီဒန်အကာယ်ဒမီက ဆရာတစ်ယောက် မဖြစ်ရတာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မဟုတ်ဘူး။ ဘယ်လောက်ကုန်ကုန် သူ့ကို ရအောင် ခေါ်ရမယ်)

အခန်း(၄၈၂) - ဆွန်းမိုကိုခေါ်ဖို့အတွက် ကောင်းကင်းလောက်မြင့်တဲ့ စျေးနှုန်း။

ကျောက်ခင်းလမ်းပေါ်မှာ ကွမ်ဒင်နှင့် ဝမ်ချောင်တို့လည်း ဆွန်းမိုကို လိုက်ရှာနေခဲ့ကြသည်။ တစ်ယောက်ယောက်က ‘ဆွန်းမိုလား’ ဆိုပြီး လှမ်းအော်လိုက်တဲ့ အသံ ကြားလိုက်လျှင် လှည့်ကြည့်လိုက်ကြသည်။

“ချောင်ရှန်လား”

ကွမ်ဒင်က ယူရှုံပိုနဲ့ပက်သက်ပြီး မရှင်းနီးပေ၊ ဒါပေမယ့် မရီဒန်အကယ်ဒမီက ကျောင်းအုပ်ကြီး ချောင် အကြောင်းကိုတော့ တော်တော်လေး ရင်းနှီးသည်။

"ဆရာဆွန်းကို ဘာဖြစ်လို့ ရှာနေတာလဲ"

"မေးစရာ လိုသေးလို့လား။ သေချာပေါက် သူ့ကို လုဖို့ပေါ့"

ဝမ်ချောင်က ခြေဖျားထောက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

"ဘယ်လိုလဲ။ သူတို့ကို ထားသွားကြမလား"

"သွားကြစို့။ ဒါက ရှားပါးတဲ့ အခွင့်အရေးပဲ။ ကျောင်းအုပ်ကြီးချောင်ဆီက လမ်းညွှန်မှုကို တောင်းခံလို့ ရနိုင်တယ်"

ကွမ်ဒင်က တော်တော်လေး ပါးနပ်သည်။ ချောင်ရှန်က ကျောင်းအုပ်ဆရာကြီး မဟုတ်ရင်တောင် ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်နေသေးသည်။ သူလိုလူက အများအားဖြင့် အလုပ်ရှုပ်နေတတ်သည်။ ကွမ်ဒင်၏ အဆင့်အတန်းအရ အခြေခံအားဖြင့်တော့

ကျောင်းအုပ်ကြီး ချောင်ဆီက လမ်းညွှန်မှုတောင်းဖို့ အခွင့်အရေး မရှိပေ။

ဒါပေမယ့်ဒီနေ့တော့ ကွာခြားသွားပြီ။ တကယ်လို့ ချောင်ရှန်က ဆွန်းမိုကို ခေါ်ယူချင်ရင် ဆွန်းမို လေးစားအထင်ကြီးလာအောင် သူ့ရဲ့ ထက်မြက်မှုကို ပြသလိမ့်မည်။

နှစ်ယောက်သား အကြည့်ခြင်း ဖလှယ်ပြီး ခြေလှမ်းကို အရှိန်မြှင့်လိုက်ကြသည်။

"ဆရာဆွန်း"

ကွမ်ဒင်က ရယ်မောပြီး ခေါ်လိုက်သည်။ အဲဒီနောက် ချောင်ရှန်ကို နှုတ်ဆက်လိုက်သည်။

"ကျောင်းအုပ်ကြီး ချောင် မင်္ဂလာပါ"

"ကျောင်းအုပ်ကြီး ချောင်"

ဝမ်ချောင်က အနည်းငယ် ဦးညွှတ်လိုက်သည်။

ချောင်ရှန်က ခေါင်းညိတ်ပြသည်။ အမူအရာ မပြောင်းသော်လည်း စိတ်အနှောက်အယှက်ဖြစ်ပြီး မကျေမနပ် ဖြစ်သွားသည်။ ဒါပေမယ့်လည်း ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဆွန်းမိုကို ဗဟိုပြည်နယ်

အကယ်ဒမီကနေ လုယူဖို့ ရောက်လာကတည်းက တခြားသူများ မြင်သွားမှာ မကြောက်ပေ။

"ဆရာဆွန်း၊ ဒါက မင်းကိုလေးစားတဲ့ သဘောပဲ"

ချောင်ရှန်က ရင်းရင်းနှီးနှီးပြောပြီး သစ်သား သေတ္တာလေးတစ်ခုကို ပေးလိုက်သည်။

"ဒါနဲ့ ထိုက်တန်အောင် ဘာမှ မလုပ်ခဲ့ဘူး"

ဆွန်းမိုက လက်မခံပါ။

"ဆရာဆွန်း၊ သူစိမ်းတစ်ယောက်လို မဆက်ဆံပါနဲ့။ ဒါက ကြယ်တစ်ပွင့် မြတ်ဆရာ

စာမေးပွဲမှာ ပထမရလို့ ကျောင်းအုပ်ကြီးချောင်က ဂုဏ်ပြုတဲ့ လက်ဆောင်ပါ"

ယူရုံပိုသည် ချောင်ရှန်ဘက်က ထောက်ခံပြီး ဝင်ပြောလိုက်သည်။

"ဒါဆိုလည်း ကောင်းပြီလေ"

ဆွန်းမိုက ယူရုံပိုကို ကြည့်လိုက်လျှင် အနည်းငယ် ခေါင်းညိတ်ပြပြီး ယူဖို့ အမူအရာ ပြနေတာ မြင်လိုက်ရသည်။ ဒါကြောင့် ဆွန်းမိုလည်း စိတ်လျှော့လိုက်သည်။

ပြီးတော့ သူသာ အထပ်ထပ်အခါခါ ငြင်းနေရင် အရမ်းမာနကြီးပြီး မောက်မာကာ မိတ်ဆွေမဖွဲ့ဘူးလို့ အထင်လွဲသွားလိမ့်မည်။

"အများဆုံးကတော့။ မျက်နှာသာပေးပြီး ချောင်ရှန်ဆီ သွားလည်ရမှာပေါ့"

ထို့နောက် ဆွန်းမိုက လက်ဆောင်ကို လက်နှစ်ဖက်နဲ့ လက်ခံလိုက်ပြီး လီဇီချီအား ပေးလိုက်သည်။

"ဆရာဆွန်း၊ ဘာဖြစ်လို့ မဖွင့်ကြည့်တာလဲ။ ဒါက ကျောင်းအုပ်ကြီး ချောင်ရဲ့ ရိုးသားမှုကို ကိုယ်စားပြုတယ်"

ယူရုံပို ရယ်ပြီး ပြောလိုက်သည်။

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။ အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် လက်ဆောင်ပေးသူရဲ့ အရှေ့မှာ လက်ဆောင်ဖွင့်ကြည့်တဲ့ ထုံးစံ မရှိပါ။ ဒီလိုလုပ်လိုက်ပါက မယဉ်ကျေးတဲ့ ပုံပေါက်သည်။ ဒါပေမယ့် ယူရုံပို ဒီလိုပြောနေသဖြင့် ဒီလက်ဆောင်က

တော်တော်လေး တန်ဖိုးကြီးကြောင်း ညွှန်ပြနေသည်။ ချောင်ရှန် အရှေ့မှာ မဖွင့်ရင် အဓိပ္ပါယ်မဲ့သွားလိမ့်မည်။

ကွမ်ဒင်နှင့် ဝမ်ချောင်တို့ နှစ်ယောက်စလုံးလည်း သေတ္တာကို ကြည့်လိုက်ကြသည်။ ဒီလိုအခြေအနေမျိုးမှာ သူတို့ ဝင်ပြောပိုင်ခွင့်မရှိပေ။

ဆွန်းမိုက သစ်သားသေတ္တာလေးကို ဖွင့်လိုက်သည်။ သေတ္တာ အောက်ခြေတွင် တန်းဖိုးကြီးသည့် ခရမ်းရောင် ပိုးထည်ကို

တွေ့လိုက်ရသည်။ အထည်ပေါ်မှာတော့ ငွေဖြူရောင် အလင်းတောက်ပနေတဲ့ သစ်သီးတစ်လုံး ရှိနေသည်။ တစ်ခြမ်းက ကြယ်ပုံ တောက်ပနေပြီး နောက်တစ်ခြမ်း လပုံ တောက်ပနေသည်။

"လကြယ် သစ်သီးလား"

ကွမ်ဒင် အလန့်တကြား ထအော်သည်။ အဲဒီနောက် တံတွေး တစ်ချက် မြိုချ လိုက်သည်။

ဝမ်ချောင်က သေတ္တာထဲက အသီးကိုကြည့်ပြီး တစ်ခါတည်း မှင်တက်နေသည်။

ဒီအသီးက လကြယ်သစ်သီးဖြစ်ပြီး လနှင့်ကြယ်ရဲ့ အနှစ်သာရကို စုတ်ယူကာ အသီးမှည့်လာဖို့အတွက် နှစ် ၁၀၀ လိုအပ်သည်။

ကျင့်ကြံသူတစ်ယောက် ဒီအသီးကို စားလိုက်လျှင် ခန္ဓာကိုယ်က တောက်လောင်လာပြီး ခန္ဓာကိုယ်ထဲရှိ အညစ်အကြေးနှင့် မသန့်စင်မှုများကို စွန့်ထုတ်ကာ ထစ်ဆို့မှုကို ကျော်ဖြတ်ပြီး အဆင့်တက်အောင် လုပ်ပေးနိုင်သည်။

ရိုးရိုးရှင်းရှင်း ပြောရလျှင် သေွလောက်ကျွမ်းခြင်းအဆင့် ကျင့်ကြံသူများအတွက် အလိုအပ်ဆုံး သဘာဝ ဝိညာဉ်ဆေး ဖြစ်သည်။

ဆွန်းမိုသည် လက်ဆောင်က ဈေးကြီးမယ်လို့ တွေးထားပေမယ့် ဒီလောက်အထိ ဈေးကြီးမယ်လို့ မထင်ခဲ့ပေ။ လေလံပွဲတစ်ခုထဲ ထည့်လိုက်မယ်ဆိုလျှင် အဲဒီနေ့ရဲ့ ကြယ်ပွင့် ပစ္စည်း ဖြစ်လာလိမ့်မည်။

ချောင်ရှန်က ဒီမှာရှိနေတဲ့ လူတိုင်း၏ အမူအရာကို စောင့်ကြည့်နေသည်။ ကွမ်ဒင်နှင့် ဝမ်ချောင်တို့

ပြသတဲ့ အမှုအရာနဲ့ဆင်တူတဲ့ အမှုအရာများစွာ မြင်ဖူးသည်။ ဒါပေမယ့် သူတို့ကို မလျှောင်ပြောင်ပေ။

ဘာဖြစ်လို့လဲဆိုတော့ ဒီလကြယ်သစ်သီးကို သူ ပထမဆုံး မြင်လိုက်တဲ့ အချိန်ကလည်း ထိပ်တန်းအဆင့် ကောင်းကင်ကို ပွဲကိုင်နိုင်တဲ့ လက်နက်ကို မြင်လိုက်ရတဲ့လူတစ်ယောက်နဲ့ တူသွားခဲ့သည်။ ဒါကို ပိုင်ဆိုင်ဖို့ကလွဲလျှင် ဘာမှ မလိုချင်တော့ပေ။

"နားလည်ပေးလို့ရတယ် ဒီလို ထိပ်တန်းအဆင့် သဘာဝဆေးကို မလိုချင်တဲ့လူ ရှိလို့လား"

ချောင်ရှန် ကျေနပ်စွာ ပြုံးလိုက်သည်။ ဒါပေမယ့် ဆွန်းမိုကို ကြည့်လိုက်မိတဲ့ အခါမှာတော့ တအံ့တအော ဖြစ်သွားသည်။ (ဘာဖြစ်လို့ ဒီလောက် တည်ငြိမ်နေရတာလဲ)

(မလိုချင်လို့လား)

(ဟန်ဆောင်နေတာလား)

(သေချာပေါက် ဟန်ဆောင်နေတာပဲ)

ထို့နောက် လီဇီချီကို မျက်လုံးထောင့်ကနေ ခိုးကြည့်လိုက်သည်။ (ဘာလဲဟ၊ ဆားနယ်ထားတဲ့ အသီးတစ်လုံးကို ကြည့်နေသလိုမျိုး

တည်ငြိမ်လှချည်လား၊ ဒါက ထိပ်တန်းအဆင့် သဘာဝဆေးလေ၊ သား‌ငါး ဈေးထဲက ဟင်းရွက် ကန်စွန်းရွက် မဟုတ်ဘူး)

"ငါ့ မျက်လုံးပဲ တစ်ခုခု မှားနေတာလား"

ချောင်ရှန် မျက်လုံးကို ပွတ်သပ်လိုက်သည်။

"အမ်"

ယူရုံပိုလည်း ဆွန်းမိုဆီကနေ မမျှော်လင့်ထားတဲ့ အမူအရာကို တွေ့လိုက်ရသည်။ ဆွန်းမိုက ဒါကို မကြာခဏ စားနေတာ ဖြစ်နိုင်မလား။ တစ်ယောက်ယောက်က ရင်းနှီးနေတဲ့ ပစ္စည်းကို

လက်ဆောင်ရတဲ့အခါ ပျော်ရွှင်မှု ပျောက်ဆုံးသွားတတ်သည်။

'နတ်ဘုရားမနဲ့ နေ့တိုင် အိပ်နေရပြီး အလွန်းအကျူး ဒချိရတာ ကြာလာလို့ ပျင်းသွားကာ ဆီးသွားချင်တယ်ဆိုပြီး ခွင့်တောင်းတဲ့ လူတစ်ယောက်နဲ့ တူနေတယ်' လို့ ပြောလိုက်ချင်သည်။

"ကျောင်းအုပ်ကြီး ချောင် ၊မင်းလက်ဆောင်က တန်းဖိုးကြီးလွန်းတယ်။ လက်မခံနိုင်ဘူး"

ဆွန်းမိုက သေတ္တာကို ပိတ်ပြီး ချောင်ရှန်ကို ပြန်ပေးလိုက်သည်။

“..................”

အချိန်တစ်ခုလောက်ကြာတဲ့အထိ ချောင်ရှန် တစ်ယောက် ဆွံ့အနေသည်။ (တန်ဖိုးကြီးလွန်းလို့လား။ ငါစိတ်ကျေနပ်အောင် ပြောနေတာလား။ မင်းက လက်ဆောင်ကို တန်းဖိုးကြီးတယ် ပြောနေပေမယ့်လည်း တုန်လှုပ်နေတဲ့ အမူအရာလည်း မရှိပါလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာမန်လူတစ်ယောက်သာဆိုလျှင် ကျောက်စိမ်းလက်ကောက်ကို လက်ဆောင်ရပါက အနည်းငယ်ပျော်ပြီး ပျက်ဆီးသွားရင် မလျှော်ပေးနိုင်မှာကို သေချာပေါက် စိုးရိမ်းနေမည်။ ဒါပေမယ့် ဆွန်းမိုကတော့ တည်ငြိမ်လွန်းသည်။

သူက သေတ္တာကိုပိတ်ပြီး သာမန်ကာလျှံကာပဲ ပြန်ပေးနေသည်။

ချောင်ရှန်၏ သာလွန်ခြင်း ခံစားချက်လည်း လုံးဝ ပြိုကွဲသွားသည်။ ဆွန်းမိုကို တုန်လှုပ်စေချင်လို့ အရမ်းဈေးကြီးတဲ့ လက်ဆောင်ကို ပြင်ဆင်ထားခဲ့သည်။

ဒါပေမယ့် အခုအမူအရာကို ကြည့်ရတာတော့ သူ့ရဲ့ ရိုးသားမှုနှင့် လေးနက်မှုက မလုံလောက်သေးတဲ့ ပုံပဲ။

ဘေးနားရပ်နေတဲ့ လီဇီချီလည်း မျက်နှာကို ဟန်လုပ်ပြီး တည်ငြိမ်အောင် ထိန်းထားရသော်လည်း စိတ်ထဲက ရယ်နေမိသည်။

လူအများစုအတွက်တော့ လကြယ်သစ်သီးက တန်ဖိုးကြီးတဲ့ ထိပ်တန်းလက်ဆောင်လို့ ယူဆနိုင်သည်။ ဒါပေမယ့် ဆွန်းမိုအတွက်တော့ စိတ်မကောင်းပါဘူး။ သူက သွေးလောင်ကျွမ်းခြင်း ၇ အဆင့်ကို ဖြတ်ကျော်တဲ့ အချိန်တုန်းက

တစ်ဝက်လောက်ကို လကြွယ်သစ်သီး စားခဲ့တယ်လို့ သတ်မှတ်နိုင်သည်။

ဒါပေမယ့်လည်း ချောင်ရှန်က ဒါကို ကောင်းကောင်းလေး ပြင်ဆင်ထားခဲ့သည်။ ဒီအရာတွေကို ကြည့်ခြင်းအားဖြင့် ဆွန်းမိုကို အမှန်တကယ် တန်ဖိုးထားခဲ့သည်။

"မျှော်လင့်ထားသလိုပဲ၊ ဆရာက အံ့မခန်းပဲ'

လီဇီချီသည် သက်ပြင်းချပြီး နောက်ထပ် လေးစားအထင်ကြီးမှု အမှတ်များကို ထောက်ပံ့ခဲ့သည်။

"ဆရာဆွန်း"

ကွမ်ဒင် မျက်လုံးပြူးကျယ်သွားသည်။ သူက ဆွန်းမိုကိုယ်စား သေတ္တာကို လုယူချင်စိတ်ပေါက်နေသည်။ (မင်း ရူးနေလား။ ဒါက အဖိုးတန်လွန်းတဲ့ တွေ့ဆုံခြင်း လက်ဆောင်ပဲ။ ဘာဖြစ်လို့ မလိုချင်ရတာလဲ)

ဝမ်ချောင်ရဲ့ မျက်လုံးထဲတွင် မနာလိုစိတ်များ ပြင်းထန်နေသည်။

(ဆွန်းမိုလိုမျိုး ငါ့ကို 'စီ'အဆင့် ကျောင်းအုပ်ကြီးတစ်ယောက်က အထင်ကြီးပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ဖိုးကြီး လက်ဆောင်ပေးကာ ကိုယ်တိုင်လာခေါ်မယ့် အချိန်က ဘယ်အချိန်ကျမှ ဖြစ်လာမှာလဲ)

ဒင်

ဝမ်ချောင်၏ လေးစားအထင်ကြီးမှု +၂၀၀ ၊ ရင်းနှီး(၉၀၀/၁,၀၀၀)

“ကျောင်းအုပ်ကြီး ချောင်၊ မင်းရဲ့ ရည်ရွယ်ချက်ကို တန်ဖိုးထားပါတယ်။ ဒါပေမယ့် လက်ဆောင်ကိုတော့ ပြန်ယူသွားရမယ်”

ဆွန်းမိုက ပြုံးပြီး လက်ဆောင်ကို ချောင်ရှန် လက်ထဲ တိုက်ရိုက် ပြန်ပေးလိုက်သည်။

"ဒီလိုမှမဟုတ်ရင်လည်း မနက်ဖြန် မင်းဆီ ပြန်ပို့ပေးလိုက်မှာ"

"မင်း......"

ချောင်ရှန် မချိပြုံး ပြုံးလိုက်သော်လည်း ဆွန်းမိုပေါ် ပိုအထင်ကြီးလာသည်။ ဒီလောက်ကြီးမားတဲ့ သွေးဆောင်မှုကို တောင့်ခံနိုင်တဲ့လူ ကမ္ဘာပေါ်မှာ ဘယ်နှစ်ယောက် ရှိမှာလဲ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၆၄၀/၁,၀၀၀)

“ကျောင်းအုပ်ကြီးချောင်၊ ဘာဖြစ်လို့ ငါ့ကိုရှာလဲဆိုတာ ခန့်မှန်းမိပါတယ်။ ဒါပေမယ့်လည်း တောင်းပန်ရုံပဲ တတ်နိုင်တယ်။ ဗဟိုပြည်နယ်အကယ်ဒမီကနေ ထွက်ခွာသွားမှာ မဟုတ်ဘူး”

ဆွန်းမိုက တောင်းပန်တဲ့ အမူအရာနဲ့ ပြောလိုက်သည်။

“ဆရာဆွန်း၊ ငါ့ကို ငြင်းဖို့ ဒီလောက် အလျှင်မလိုပါနဲ့။ ငါက ရိုးသားမှု အပြည့်နဲ့ လာခဲ့တာပါ။ မင်းလိုချင်တဲ့ အခြေအနေတိုင်းကို တိုက်ရိုက် တောင်းဆိုနိုင်တယ်။ မင်းတောင်းဆိုချက် အားလုံးကို ငါဖြည့်ဆည်းပေးမယ်”

ချောင်ရှန် အံ့ကြိတ်ပြီး ရှိသမျှ ထုတ်ရင်းလိုက်သည်။

“ဆရာတွေက ကျောင်းပြောင်းချင်တာ အချက်နှစ်ချက်ပဲ ရှိတယ်။ ပထမတစ်ချက်က လက်ရှိ

အလုပ်မှာမပျော်လို့။ ဒုတိယအချက်ကတော့ လက်ရှိကျောင်းက လုံလုံလောက်လောက် မပေးလို့”

ဆွန်းမိုက ပြုံးလိုက်ပြီး

“အခုလောလောဆယ်တော့ ဒီမှာ အရမ်းကျေနပ်နေတယ်’

ဆွန်းမို အသံ မှိန်ဖျော့လာတာနဲ့ အမျှ ရွှေရောင် အရှိန်အဝါ ဖြာထွက်လာသည်။

ရှစ်

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

'...............'

ဆွန်းမို ဆွံ့အနေသည်။

"ဝိုး၊ ဆရာက အံ့မခန်းပဲ ၊ သာမန်ကာ လျှံကာ စကားကို ရွှေဝါကျ ဖြစ်အောင် ပြောနိုင်တယ်"

လီချီဇီက စိတ်ထဲမှာ ကိုးကွယ်မှု အပြည့်နဲ့ မျက်လုံး ပေကလတ်ပေကလတ် ဖြစ်နေသည်။

ချောင်ရှန်နှင့် ယူရုံပိုတို့ နှစ်ယောက်စလုံး အံ့အောသင့်နေသည်။ သူတို့မှာ စဉ်းစားဆင်ခြင် ဉာဏ်ရှိသော်လည်း ဆွန်းမိုကို ဆက်ပြီး

အမဲလိုက်ဖို့အတွက် ဘယ်လို ဆက်ပြောရမလဲ မသိအောင် ဖြစ်နေသည်။

“ဆရာဆွန်းရဲ့စကားက ခေါင်းမှာ သံမှိုလို စွဲနေပါပြီ”

ချောင်ရှန် သက်ပြင်းချလိုက်သည်။ ဆရာတွေနှင့် ကျောင်းသား ထောင်ပေါင်းများစွာကို စီမံခန့်ခွဲနေတဲ့ ကျောင်းအုပ်ကြီး တစ်ယောက် ဖြစ်သည်။ ဒီစကားလုံးတွေရဲ့ သဘောတရားကို သူတကယ် နားလည်သည်။

အရင်တုန်းကလည်း ဂျူနီယာ မြတ်ဆရာတွေကို ကောင်းကောင်းဆက်ဆံပေမယ့်လည်း ဘာဖြစ်လို့ အလုပ်ထွက်သွားကြတာလဲဆိုပြီး အမြဲတမ်း တွေးနေမိခဲ့သည်။ အဲဒီနောက်မှာတော့ သူတို့က လုံလောက်တဲ့ အရင်းအမြစ်တွေကို လိုချင်ပြီး ပိုမြင့်မားတဲ့ အဆင့်ကို တက်လှမ်းခြင်မှန်း တွေ့ရှိခဲ့သည်။

ဒါကြောင့် ငွေအကြောင်းပြောပြီး ကစားတဲ့ ကဒ်ကို ချောင်ရှန် မသုံးတော့ပေ။ ဒါကြောင့် ဆွန်းမိုကို

ခေါ်ယူဖို့အတွက် လကြယ်သစ်သီး တစ်လုံးသုံးဖို့ ဆန္ဒရှိခဲ့သည်။

“ဆွန်းမို၊ မင်းကို လက်လွှတ်ဖို့တော့ ဝန်လေးတယ်။ ငါဆက်ပြီး မင်းကို လာရှာနေအုံးမှာပဲ”

ချောင်ရှန်က တောက်ပတဲ့ မျက်လုံးများနဲ့ ဆွန်းမိုကို စိုက်ကြည့်ပြီး ပြောလိုက်သည်။ သူက တကယ်ကို အရည်အချင်းရှိသည်။ သူက သင်ကြားရေး ကောင်းမွန်ရုံသာမက စီမံခန့်ခွဲရေးတွင်လည်း အရည်အချင်း ရှိသည်။

ယူရှုံပိုက ညင်သာစွာ လက်ခုပ်တီးလိုက်သည်။ အခုလောလောဆယ်တော့ ဆွန်းမိုရဲ့ အလားအလာကို မနှောင့်နှေးစေချင်သဖြင့် သူ့ရဲ့ မြတ်ဆရာ အသိုင်းအဝိုင်းထဲ ထပ်မဖိတ်ခေါ်တော့ပါ။ ဆွန်းမိုသာ မြတ်ဆရာ အသိုင်းအဝိုင်းထဲ ပါဝင်ခဲ့မယ်ဆိုလျှင် အဲဒီအဖွဲ့ရဲ့ခေါင်းဆောင်က အနည်းဆုံး ကြယ် ၇ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်နေသင့်သည်။

ဆွန်းမိုလည်း ဒီအကြောင်းအရာကို ဆက်မပြောချင်တော့ဘဲ အားနာစွာ ပြုံးနေသည်. ဒါကြောင့် ကွမ်ဒင်ဘက်သို့ လှည့်လိုက်ပြီး

"အော်၊ ငါ့မှာ မေးစရာလေးတွေ ရှိလို့ ဆရာဆွန်းနဲ့ တိုင်ပင်ချင်ပါတယ်"

ကွမ်ဒင် ဦးညွတ်လိုက်ပြီး ချောင်ရှန်ကို တိုက်ရိုက် မတောင်းဆိုရဲသေးပေ။ အမှန်တော့ ဆွန်းမိုကြောင့်သာ မဟုတ်ရင် ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် အရှေ့မှာ အခုလို ပေါ့ပေါ့ပါးပါး ရပ်ဖို့ အခွင့်အရေး မရှိပါ။

"ဟားဟား။ ဆရာကွမ်က တကယ်နောက်နေတာပဲ။ ကျောင်းအုပ်ကြီး ချောင်နဲ့

ဆရာယူ အရှေ့မှာ ငါ့ရဲ့အားနည်းတဲ့ အရည်အချင်းကို ဘယ်လို ထုတ်ပြရမှာလဲ”

ဆွန်းမိုက ငြင်းလိုက်သည်။”မင်းတို့နှစ်ယောက်ကို လမ်းညွှန်ချက်ပေးဖို့ ကျောင်းအုပ်ကြီး ချောင်ဆီကနေ ဘာဖြစ်လို့ မတောင်းဆိုတာလဲ”

“ကျောင်းအုပ်ကြီး ချောင်က ငါတို့အတွက် လုပ်ပေးဖို့ ဘယ်လိုတောင်းဆိုရဲမှာလဲ”

ကွမ်ဒင်က အခွင့်အရေးယူပြီး ဖော်ထုတ်လိုက်သည်။

“မင်းတို့ စိတ်ရှုပ်နေတဲ့ မေးခွန်းက ဘာလဲ”

ချောင်ရှန်က သူ့ကို မြှောက်နေမှန်း သိသဖြင့် ဖြေပေးလိုက်သည်။ အများအားဖြင့်ဆိုရင်တော့ ကွမ်ဒင်လို လူမျိုးကို လုံးဝ လျစ်လျူရှုထားမိလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကို မျက်နှာသာပေးချင်တာကြောင့် လမ်းညွှန်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

“ငါ့ရဲ့ ခွန်အားတိုးတက်မှုက အရမ်းနှေးကွေးနေတယ်လို့ ခံစားရတယ်”

ကွမ်ဒင်က ချက်ခြင်း ပြောလိုက်သည်။

ဆွန်းမိုကလည်း တစ်ဖက်ကနေ ကြယ် ၅ ပွင့် မြတ်ဆရာက ဘယ်လို ပြန်ဖြေမလဲဆိုတာ ဂရုတစိုက်

နားထောင်နေသည်။ ဒီအရာက အရမ်းအကျိုး ရှိသဖြင့် တစ်ယောက်မှ လျစ်လျူမရှုရဲပေ။

သူတို့သည် ရပ်တည်ချက် မတူတာကြောင့် အတွေ့အကြုံနှင့် မိုးကုတ်စက်ဝိုင်းတွေ ကွာခြားသည်။ ဒါကြောင့် တူညီတဲ့ မေးခွန်း မေးရင်တောင် မတူညီတဲ့ လူတွေဆီကနေ မတူညီတဲ့ အဖြေတွေ ထွက်လာနိုင်သည်။

"မင်းကငယ်သေးပေမယ့်လည်း အရမ်း စိတ်ပူနေတယ်။ ဖြည်းဖြည်းခြင်း လုပ်ပါ"

ကျောင်းအုပ်ကြီး ချောင်က အဆုံးသတ်လိုက်သည်။ ထို့နောက် ဆွန်းမိုကို ကြည့်ပြီး

"ငါ့ အဖြေက ဘယ်လိုလဲ"

"အရမ်း အရမ်းကောင်းတယ်"

ဆွန်းမို ချီးကျူးလိုက်သည်။ ချောင်ရှန်သည် မျှော်လင့်ထားသလိုပဲ ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ပြီး သူ့ရဲ့ဂုဏ်သတင်းနဲ့ ထိုက်တန်သည်။ ချောင်ရှန်မှာ နတ်ဘုရားမျက်စိ အာရုံလည်းမရှိသလို၊ ကွမ်ဒင်နဲ့လည်း အရင်က

မဆုံဖူးပါ။ ဒါပေမယ့် ကွမ်ဒင်ရဲ့ မေးခွန်းကို နားထောင်လိုက်ရုံနဲ့ အကြောင်းပြချက်ကို ရိုးရိုးရှင်းရှင်း ဖော်ထုတ်နိုင်သည်။

“ကျောင်းအုပ်ကြီး ချောင် ၊ ငါ့မှာလည်း မေးစရာရှိတယ်။ ကျေးဇူးပြုပြီး တိုင်ပင်လို့ ရမလား”

ဝမ်ချောင်က ပြောလိုက်သည်။

ချောင်ရှန်က လေးလေးနက်နက် နားထောင်လိုက်သည်။ အဖြေကို ပြန်ပြောပြီးနောက် မှတ်ဆိတ်ကို ပွတ်သပ်နေသည်။

"ဆွန်းမို၊ မင်းတစ်ယောက်တည်းနဲ့ ပြောချင်တဲ့ ကိစ္စရှိသေးတယ်"

ကွမ်ဒင်နှင့် ဝမ်ချောင်လည်း အကြည့်ခြင်း ဖလှယ်လိုက်ပြီး ထွက်သွားဖို့ ဆုံးဖြတ်လိုက်သည်။ သူတို့ကို မလိုလားဘဲ ဆက်နေနေပါက ကျောင်းအုပ်ကြီး ချောင် စိတ်ဆိုးသွားမှာ နားလည်သည်။ နောက်ပြီးတော့ ဒီကိုလာတဲ့ ရည်ရွယ်ချက်ကလည်း ပြည့်ဝသွားပြီ။ ဒါကြောင့် နှစ်ယောက်စလုံး ဦးညွတ်ပြီး နှုတ်ဆက်လိုက်သည်။

“ငါတို့ အတန်းချိန်ရှိသေးတယ်။ မင်းတို့ သုံးယောက်ကို မနှောက်ယှက်တော့ဘူး။ အရင်သွားနှင့်တော့မယ်”

သူတို့နှစ်ယောက် ထွက်သွားပြီးနောက် ချောင်ရှန်က ပြုံးပြီး မေးလိုက်သည်။

“ဆရာဆွန်း၊ သူတို့ရဲ့မေးခွန်းတွေကို ဘယ်လိုထင်လဲ”

‘ငါ့အတွက် စမ်းသပ်ချက်လား”

ဆွန်းမိုက စနောက်လိုက်သည်။

“ဒီအတိုင်းပဲ။ မင်းနားလည်သလိုပေါ့”

ယူရုံပိုက ဆွန်းမို အဖြေကို မျှော်လင့်ချက် ကြီးစွာ စောင့်မျှော်နေသည်။

အခန်း(၄၈၃) - ရှာပါးအဆောက်အဦး။ အမှောင်ထု ပုံရိပ်ယောင် ခန်းမ။

"ကွမ်ဒင်နှင့် ဝမ်ချောင် တို့ပြဿနာတွေက ဆင်တူနေတယ်။ သူတို့ အရည်အချင်းက သာမန်သာဖြစ်ပြီး သူတို့ မျှော်လင့်ချက်ကို မထောက်ပံ့နိုင်ဘူး"

ဆွန်းမိုက ပြောလိုက်သည်။

“ဆရာဆွန်းရဲ့ လိုအပ်ချက်က တကယ် ကြမ်းတမ်းတာပဲ”

ချောင်ရှန်က စနောက်လိုက်သည်။

“ဆက်ပြောပါအုံး”

ယူရှံပိုက သိချင်တဲ့အမူအရာ ထုတ်ပြပြီး လေးနက်စွာ နားထောင်နေသည်။

“တကယ်တော့ သူတို့ အရည်အချင်းနဲ့ဆို ဒီတိုးတက်မှုက မဆိုးဘူး။ ဒါပေမယ့် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲကို သွားတဲ့အချိန်မှာ ပါရမီရှင်များစွာနဲ့ တွေ့ခဲ့ရပြီး သူတို့ရဲ့

စိတ်အခြေအနေက ဟန်ချက်ပျက်သွားတယ်။ ကို့ကိုယ်ကို ငြင်းပယ်တဲ့ အနေအထား ရောက်သွားတယ်"

ဆွန်းမိုက ပုခုံးတွန့်ပြီး ပြောလိုက်သည်။

ဒါက မြို့နယ်ကြီးတစ်ခုရှိ ထိပ်တန်းကျောင်းကို ပြောင်းလာတဲ့ မြို့ငယ်လေးတစ်ခုမှ ထိပ်တန်း ကျောင်းသား တစ်ယောက်နဲ့ တူနေသည်။ သူတို့ရဲ့ ပြိုင်ဘက်က အဆပေါင်းများစွာ ပိုကောင်းနေပြီး သူတို့ရဲ့ ဘဝကို သံသယ ဝင်လာကာ ထိုးနှက်ချက် ကြီးမားသွားသည်။

"မင်းပြောတာကို အခြေခံရလျှင် သူတို့နဲ့ မထိုက်တန်ဘူးလား"

ချောင်ရှန်က မေးလိုက်သည်။

"သူတို့က ထိုက်တန်ပါတယ်။ ကွမ်ဒင်နဲ့ဝမ်ချောင်က အမှားကို လက်ခံရဲပြီး ပြောင်းလဲရဲတဲ့ လူတွေပဲ။ အဆင်မပြေမှုတွေ ကြုံလာရင် ပြဿနာကို ဘယ်လို ဖြေရှင်းရမလဲဆိုတာ ချက်ခြင်း စဉ်းစားကြလိမ့်မယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။

"သူတို့လို လူတွေက အနည်းဆုံးတော့ အောင်မြင်မှု သေးသေးလေးတချို့တော့ ရလိမ့်မယ်"

ယူရုံပိုက ဆွန်းမိုရဲ့ တုန့်ပြန်မှုကို တော်တော်လေး သဘောကျသွားပြီး ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာကြားပြီး သူတို့ကို လိုက်ရှာချင်စိတ်တောင် ပေါက်လာပြီ"

ချောင်ရှန်က ဆွန်းမိုကို ကြည့်ပြီး ပြောလိုက်သည်။ သူဘယ်လို ကိုင်တွယ်မလဲဆိုတာ သိချင်နေသည်။

"ကျောင်းအုပ်ကြီးချောင်က ဟာသ ပြောရတာ တော်တော်ကြိုက်တဲ့ ပုံပဲ။ မရီဒန် အကာယ်ဒမီက

နောက်ခံ တော်တော်လေး တောင့်တင်းပြီး ရလဒ်မြန်မြန်ထွက်ဖို့ လိုအပ်နေတယ်။ လူသစ်တွေကို ပျိုးထောင်ဖို့ အချိန်မရှိဘူး။ နာမည်ရပြီးသား မြတ်ဆရာတွေကို လိုက်ရှာတာ ပိုကောင်းမယ်”

ချောင်ရှန်က ကွမ်ဒင်ကို လိုက်ရှာရအောင် အားနေမယ်လို့ ဆွန်းမို မယုံကြည်ပါ။ ကုန်ကျစရိတ်နဲ့ စွမ်းဆောင်ရည်အချိုးက မြင့်မားလိမ့်မည်။

ချောင်ရှန်က လက်ခုပ်တီးပြီး ယူရုံပိုကို တစ်ချက်ကြည့်လိုက်သည်။ သူက ကျောင်းအုပ် ဆရာကြီး ဖြစ်နေသဖြင့် တစ်ယောက်ယောက်ကို

လိုချင်တယ်လို့ ဆက်တိုက်ပြောနေပါက သူ့ကို အထင်ကြီးမှု နည်းသွားလိမ့်မည်။ ဒါကြောင့် သူ့အစား ယူရုံပိုကို လုပ်ခွင့် ပေးလိုက်သည်။

ဒင်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၆၉၀/၁,၀၀၀)

"ဆရာဆွန်း...."

ယူရုံပိုက လေသံကို ချိန်နေတဲ့ အချိန်မှာ စကား ဖြတ်ပြော ခံလိုက်ရသည်။

“ကျောင်းအုပ်ကြီးချောင်နဲ့ ဆရာယူတို့ ဒီကို ရောက်လာတဲ့အတွက် တကယ် ဂုဏ်ယူမိပါတယ်။ အရင်တုန်းက အကြောင်းတွေ ပြောဖို့ ဘာဖြစ်လို့ ငါ့ကို လာမရှာတာလဲ”

အန်ရှီဝေ ရောက်လာသည်။ သူ့မဘေးမှာ ဂျိမ်ဂျဲလည်း ရှိနေသည်။

“ဆရာဆွန်း၊ ပထမနေ့ရာရလာတဲ့ အတွက် ဂုဏ်ပြုပါတယ်”

ဂျိမ်ဂျဲက ပြုံးပြီး ပြောလိုက်သည်။ စောစောတုန်းက ဒီနားကို ဖြတ်သွားရင်း ဆွန်းမိုကို

အော်ခေါ်လိုက်တဲ့ အသံ ကြားလိုက်မိသည်။ ချောင်ရှန်နှင့် ယူရုံပိုတို့ ဖြစ်နေတာ သတိထားလိုက်မိပြီး အခြေအနေကို စောင့်ကြည့်ရန် ကျန်နေခဲ့ကာ ကျောင်းသားနှစ်ယောက်အား အန်ရှီဝေကို အမြန် သွားခေါ်ခိုင်း လိုက်သည်။

သူမ ထင်ထားတဲ့ အရာတွေက တကယ် ဖြစ်လာခဲ့သည်။ ချောင်ရှန်နှင့် ယူရုံပိုတို့က ဆွန်းမိုကို အမဲလိုက်ဖို့အတွက် ရောက်လာကြသည်။ ဒါ့အပြင် သူတို့ ကမ်းလှမ်းမှုက ကြောက်ဖို့ ကောင်းလွန်းသည်။

အန်ရှီဝေ အကြည့်က သေတ္တာလေးဆီ ရောက်သွားသည်။ ချောင်ရှန်က ဆွန်းမိုကို လကြယ်သစ်သီး တစ်လုံး လက်ဆောင်ပေးတဲ့ အကြောင်း ဂျိမ်ဂျဲဆီက ကြားခဲ့ရသည်။ သူက တော်တော်လေးကို ရက်ရောတာပဲ။

ဒါပေမယ့်လည်း ဆွန်းမိုက သူ့ကို ငြင်းပယ်ခဲ့သည်။

"ကျောင်းအုပ်ကြီးအန် တဲ့တိုး ဖြစ်သွားရင် ခွင့်လွှတ်ပါ။ မင်းရဲ့ ခင်ပွန်းလောင်း ဖြစ်တယ်ဆိုတဲ့ အချက်ကို အသုံးချပြီး သူ့ကို ကျောင်းမှာ

ဆွဲထားတာက သူ့အရည်အချင်းကို သတ်သလို ဖြစ်နေပြီ”

ချောင်ရှန်သည် လိမ္မာပါးနပ်စွာ ပြောဖို့ စိတ်မဝင်စားတော့ချေ။ အန်ရှီဝေရောက်လာတာနဲ့ တဲ့တိုး ပြောတော့သည်။

“ကျောင်းအုပ်ကြီး ချောင်၊ မင်းမှားနေပြီ။ ဆရာဆွန်းက ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဂုဏ်ကျက်သရေ ပြန်တောက်ပဖို့အတွက် မျှော်လင့်ချက်ပဲ။ ငါ့အဖိုးရော၊ ငါရော သူ့ကို အရမ်းတန်ဖိုးထားတယ်”

အန်ရှီဝေက ပြန်ပက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီက လာမည့်နှစ်ဆို "စီ"အဆင့်မှာ ထပ်ရပ်တည်နိုင်မလား မသိသေးဘူး"

ချောင်ရှန်က မဲ့ပြီး ပြောလိုက်သည်။

"လိုရင်း တန်းသွားရအောင်။ ဆရာဆွန်းကို စွန့်လွှတ်ပေးဖို့ အတွက် မင်းကို ဘာလုပ်ပေးရမလဲ"

မြတ်ဆရာလောကတွင် ဒီလိုမျိုး အခြေအနေ ကြုံလာပါက လိုချင်တဲ့ဖက်က ကျောင်းကို အကျိုးကျေးဇူး တချို့ ခံစားခွင့် ပေးရသည်။

ဘောလုံးသမားများ အသင်းပြောင်းသလိုမျိုး ဖြစ်သည်။

"တောင်းပန်ပါတယ်။ ဆရာဆွန်းက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ဆရာ ဖြစ်ရုံသာမက ကျောင်းပိုင်ရှင် တစ်ယောက်လည်း ဟုတ်တယ်။ သူဆက်နေမလား၊ မနေဘူးလားဆိုတာ ငါဆုံးဖြတ်လို့ မရဘူး"

အန်ရှီဝေက တွေဝေခြင်း မရှိဘဲ ငြင်းလိုက်သည်။

"အရမ်းကောင်းတယ်"

ဒီစကားကို ကြားလိုက်လျှင် ယူရုံပိုနှင့် ဂျိမ်ဂျဲ တို့နှစ်ယောက်စလုံး ဝမ်းမသာပဲ မနေနိုင်ကြတော့ပေ။

အန်ရှီဝေက တော်တော်လေး ဉာဏ်ကောင်းသည်။ သူမက သာလွန်တဲ့ လေထုကို တည်ဆောက်ရုံသာမက ဆွန်းမိုက ကျောင်းပိုင်ရှင်များထဲက တစ်ယောက် ဖြစ်ကြောင်း တရားဝင် ထုတ်ဖော်လိုက်သည်။

ဒီအချက်က အိမ်ထောင်ရေး သဘောတူညီချက်ကို အကောင်အထည် ဖော်ဖို့အတွက် သက်သေပြရုံသာမက သူမက

ခန်းဝင်ပစ္စည်းအဖြစ် ကျောင်းတစ်ဝက်ကိုလည်း ထည့်သွင်းခဲ့သည်။ ဒါကို ဘယ်လိုယောက်ျားက တောင့်ခံနိုင်မှာလဲ။

ဒါ့အပြင် ချောင်ရှန်သည် မရီဒန် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး ဖြစ်သည်။ ဒီလိုမျိုး ကျော်ကြားတဲ့ လူတစ်ယောက်ရဲ့ အရှေ့မှာ ပြောခဲ့တဲ့ စကားတွေကို အန်ရှီဝေ ပြန်ပြင်လို့ မရတော့ပေ။ ဒီလိုမှမဟုတ်ရင် မြတ်ဆရာလောကထဲ သူမ နာမည် ပျက်သွားလိမ့်မည်။

"......................."

ချောင်ရှန် ချေပစရာ စကား ရှာမတွေ့ဘဲ စိတ်ဆိုး စိတ်ပျက်သွားသည်။

အခုတော့ ဆွန်းမိုကို ဘယ်လို စည်းရုံးတော့မှာလဲ။

ဆွန်းမိုကို မရီဒန်အကယ်ဒမီရဲ့ အပိုင်းတစ်ပိုင်းကို ပေးအပ်နိုင်ရင်တောင် အန်ရှီဝေလို လှပတဲ့ မိန်းမတစ်ယောက်ကို ဘယ်မှာသွားရှာမှာလဲ။

အလှလေးနှင့် အလုပ်အကိုင် နှစ်ခုစလုံးကို ရခြင်း။ ဒါကို ဘယ်သူက ငြင်းဆန်နိုင်မှာလဲ။

ယူရုံပိုနှင့် ဂျီမဲဂျဲတို့သည် ဆွန်းမိုကို ကြည့်လိုက်လျှင် ကျေနပ်နေတဲ့ ပုံမပြဘဲ

တည်ငြိမ်နေတာကို မြင်လိုက်ရသည်။ နေ့လည်စာ စားမလားလို့ တစ်ယောက်ယောက် မေးလိုက်တာ ကြားလိုက်ရသလို ဖြစ်နေသည်။

"သူ့ စိတ်ဓါတ်က တကယ် တည်ငြိမ်တာပဲ"

ယူရှံပိုသည် ဒီကိစ္စကြောင့် တော်တော်လေး ခံစားသွားရသည်။

အခြားတစ်ဖက်မှာ ဂျိမဲဂျဲက မိန်းမတစ်ယောက် ဖြစ်နေသဖြင့် တော်တော်လေး စေ့စပ်သေချာသည်။ ဆွန်းမိုက အန်ရှီဝေနဲ့ လက်မထပ်ရလည်း လုံးဝ ဂရုမစိုက်ကြောင်း သတိထားလိုက်မိသည်။

အန်ရှီဝေလေည်း ဆွန်းမိုကို တစ်ချက် ခိုးကြည့်လိုက်သည်။ ဆွန်းမိုမှာ စိတ်လှုပ်ရှားတဲ့ အရိပ်အယောင် လုံးဝမပြသဖြင့် အလိုလို တုန်လှုပ်ခြောက်ခြားသွားသည်။ သူမ ခန့်မှန်းတာ မှန်နေပါပြီ။ မိုမိုလေးဟာ ငယ်ငယ်တုန်းကလို သူမကို စွဲလန်းပြီး မချစ်တော့ပေ။

“ဆရာဆွန်း၊ နောက်တစ်ကြိမ် အားတဲ့ အခါကျရင် ထမင်း အတူတူ သွားစားရအောင်”

အန်ရှ္ိဝေက ဒီနေရာမှာ ရှိနေသဖြင့် စကားပြောဖို့ အဆင်မပြေတော့ပါ။ ဒါကြောင့်

ချောင်ရှန်သည် ဒီနေ့မှာ လက်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။

တခဏလေးအတွင်းမှာ ပန်းခင်းဘေးနားတွင် လူလေးယောက်ပဲ ကျန်တော့သည်။

ဆွန်းမို လှည့်ပတ်ကြည့်လိုက်သည်။ ငယ်ရွယ်တဲ့ လီဇီချီ၊ အန်ရှီဝေ နှင့် ဂျိမဲဂျဲ တို့ ရှိနေသည်။ သူမတို့အားလုံးသည် အဆင်းရော အချင်းရော နှစ်မျိုးစလုံးရှိတဲ့ အလှလေးများဖြစ်ပြီး အသီးသီးက ဆွဲဆောင်မှု အားကောင်းသည်။

နောက်ဆုံးတော့ ဆွန်းမိုရဲ့ အကြည့်များသည် အရိုးစုဆောင်းရတာ ကြိုက်တဲ့ ဂျီမဲဂျဲဆီ ရောက်သွားသည်။ သူမက စံပြ လိုင်ဆက်ဆံဖော် ဖြစ်သည်။

ဆွန်းမိုက အကျင့်မကောင်းတဲ့ သူမဟုတ်ပါ။ လီဇီချီက သူ့ရဲ့တပည့် မဟုတ်လျှင်တောင် အသက် ၁၈နှစ်အောက် မိန်းကလေးများကို ဖိအား မပေးပါ။ အန်ရှီဝေကတော့ နတ်ဘုရားရေးရာ လေထု အရမ်းပြင်းထန်သည်။ ခေတ်သစ်မှာဆိုရင် ဆွန်းမိုမှာ စကားပြောဖို့ အခွင့်အရေးတောင် ရှိမှာ မဟုတ်ပေ။

ဒါကြောင့် သူမနဲ့ အတူတူ ရှိနေစဉ် လက်တွေ့ကျတဲ့ ခံစားချက်များ မရှိပါ။

ဂျိမ်ဂျဲပဲ အကောင်းဆုံး ဖြစ်သည်။ သူမရဲ့ ပုံစံသည် မက်မွန်သီး အမှည့်ကဲ့သို့ အရမ်းကောင်းမွန်ပြီး တစ်ချက်ကြည့်လိုက်ရုံနဲ့ သုံးရက်လောက် အိမ်သာထဲက မထွက်နိုင် ဖြစ်သွားမည်။

အန်ရှီဝေသည် ဘာဆက်ပြောရမလဲ မသိဘဲ ချီတုံချတုံ ဖြစ်နေသည်။ ဆွန်းမိုရဲ့ မထွက်သွားတဲ့ ဆုံးဖြတ်ချက်အတွက် ကျေးဇူးတင်ကြောင်း ပြသင့်လား။ အမူအရာ တစ်ခုခု လုပ်ပြဖို့ လိုမလား။

"ဆရာဆွန်း၊ အမှောင်ထုပုံရိပ်ယောင်ခန်းမ တည်ဆောက်မှု ပြီးသွားပြီ။ မင်းကို သွားကြည့်ဖို့ လာခေါ်တာ" ဂျိမ်ဂျဲက ပြောလိုက်သည်။

"အန်ရှီဝေကတော့ မင်းပြန်လာမှဘဲ အတူတူ သွားကြည့်ဖို့ ပြောတယ်"

"ဆရာဂျိရဲ့ ခံစားချက်ဆိုင်ရာ အရည်အသွေးက အရမ်းမြင့်မားတယ်"

လီဇီချီက တိတ်တဆိတ် ချီးကျူးလိုက်သည်။ ဂျိမ်ဂျဲက ဆွန်းမိုကို အန်ရှီဝေရဲ့ နှလုံးသားထဲမှာ သူ့ရဲ့

အနေအထားက မြင့်မားတယ်လို့ တစ်ဖက်လှည့်နဲ့ ပြောနေသည်။

“ဒါဆိုလည်း အတူတူ သွားကြည့်ကြမယ်လေ”

ဆွန်းမိုလည်း စစ်ဆေးချင်နေသည်။

အမှောင်ထုပုံရိပ်ယောင်ခန်းမကို ဖုံးအုပ်ထားတဲ့ အကာအကွယ်တွေကို မဖယ်ရသေးသော်လည်း ဖုံးကွယ်ထားဖို့ မလုံလောက်တော့ပါ။ အမှောင်ထုပုံရိပ်ယောင် ကျောက်မြတ်ရတနာကို အသုံးပြုပြီး တည်ဆောက်ထားတဲ့ ခန်းမက ခုနစ်ထပ် မြင့်သည်။ အပြင်ဘက်ပုံစံမှာတော့ ရုပ်လုံး

ရုပ်ကြွတွေနဲ့ ပုံဖော်ထားပြီး ဆဌဂံပုံစံ မျှော်စင်ဖြစ်သည်။

"အမှောင်ထု လျှို့ဝှက်ရတနာက အံ့အောဖို့ကောင်းလွန်းတယ်။ ဝိညာဉ်ကျောက်တုံးများဖြင့် ဒီလိုမျိုးအဆင့်အထိ ကြီးပြင်းလာရန် တစ်လခွဲသာကြာခဲ့တယ်"

ဂျီမဲဂျဲ အလန့်တကြား ထအော်လိုက်သည်။

"ဒီရုပ်လုံးရုပ်ကြွတွေကို လူတွေ ထွင်းထားတာမဟုတ်ဘူးလား"

လီဇီချီလည်း ရုတ်တရုတ် အံ့အောနေသည်။

"မဟုတ်ဘူး"

အန်ရှီဝေ ခေါင်းခါလိုက်သည်။ သူမမှာ ဒီလက်မှုပညာရှင်တွေကို ငှားရမ်းဖို့အတွက် အပိုငွေ မရှိပါ။ ဒါ့အပြင် ဗဟိုပြည်နယ် တစ်ခုလုံးမှာ ဒီလိုမျိုး ရုပ်လုံးရုပ်ကြွများကို ထွင်းထုနိုင်တဲ့ ပညာရှင် ငါးဦးထက် နည်းလိမ့်မည်။

"အရင်က ဝင်ဖူးလား"

ဆွန်းမိုက ကျောက်တံခါး အရှေ့မှာ ရပ်ပြီး မေးလိုက်သည်။

"မဝင်ဖူးဘူး"

အန်ရှီဝေ တစ်ချက် တုံ့ဆိုင်းသွားသည်။

"ငါက မင်းနဲ့အတူတူ သွားကြည့်ချင်တာ"

"အိုး ဒီမှာ မီးတောက်တွေ တောက်လောင်နေတာ မဟုတ်ပါဘူးနော်"

ဂျိမဲဂျဲက ကျီစား လိုက်သည်။ ဆွန်းမိုနှင့် အန်ရှီဝေတို့ သီးသန့် လွတ်လွတ်လပ်လပ် ပြောလို့ရအောင် ထွက်သွားချင်သော်လည်း သိချင်စိတ်ကို မအောင့်ထားနိုင် ဖြစ်နေသည်။

ဆွန်းမိုက ပြုံးကာ တံခါးဖွင့်လိုက်သည်။ ချက်ခြင်း မဝင်သေးဘဲ နတ်ဘုရားမျက်စိ အာရုံကိုသုံးပြီး ကြည့်လိုက်သည်။

“အမှောင်ထု ပုံရိပ်ယောင် ခန်းမ။ ၁၇ရက်အကြာတွင် အဆောက်အဦးရဲ့ သုံးပုံနှစ်ပုံ ပြီးစီးပြီး အတွင်းပိုင်း အဆောက်အဦးတချို့ကို ပြင်ဆင်လျှက်ရှိတယ်။ ဒီအဆောက်အဦးထဲမှာ အမှောင်ထုပုံရိပ်ယောင် ရတနာရှိနေပြီး ကျောက်မြတ်ရတနာ ပျောက်ဆုံးသွားတဲ့အခါ

ဒါမှမဟုတ် ပျက်စီးသွားတဲ့အခါ အဆောက်အဦး ချက်ခြင်း ပြိုကျလာမယ်”

“ဘာမှားနေလို့လဲ”

ဆွန်းမိုက မလှုပ်ရှားဘဲ မတ်တပ်ရပ်ပြီး ကြည့်နေတာ မြင်လိုက်လျှင် ဂျီမဲဂျဲက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

“ဘာမှ မဟုတ်ပါဘူး”

ဆွန်းမိုကတံခါး တွန်းဖွင့်ပြီး ဝင်သွားသည်။

သူတို့အရှေ့မှာ ဆယ်မီတာရှည်တဲ့ စကြံ်နတစ်ခု ပေါ်လာသည်။ စကြံ်နအဆုံးတွင် ပျားအုံလို ခန်းမကြီး

တစ်ခု ရှိနေပြီး မတူညီတဲ့ နေရာကို မတူညီတဲ့ လမ်းကြောင်းများ လုပ်ထားသည်။

"မင်းတို့ တစ်ခုခု ကြားလိုက်သေးလား"

လီဇီချီရဲ့ အမူအရာသည် ဆိုးဝါးနေသည်။ သူမသည် တစ္ဆေအော်သံတွေ စူးစူးရှရှ အော်သံတွေ ကြားနေရသည်။ သူတို့အသံများက ဆူညံလွန်းသဖြင့် ခေါင်းက တဒုတ်ဒုတ်နဲ့ နာကျင်နေသည်။

"စိတ်လျှော့ပြီး အာရုံစုထား"

ဆွန်းမိုက သတိပေးလိုက်သည်။

ပုံရိပ်ယောင်ခန်းမရဲ့ ပထမအဆင့်သည် ပုံရိပ်ယောင် ဟောခန်း ဖြစ်သည်။ လူတွေ ဝင်လာတာနဲ့ အမျိုးမျိုးသော ထင်ယောင်ထင်မှား တွေ့ရကြားရ လိမ့်မည်။ ခံနိုင်ရည်ရှိပါက သူတို့ သန်မာလာမည်။ မလုပ်ရင်တော့ စိတ်နောက်ပြီး ရူးသွားလိမ့်မည်။

“ပထမအဆင့်က စမ်းသပ်ကွင်းပါ။ ကျင့်ကြံသူတွေက ဒီနေရာမှာ ကျင့်ကြံနိုင်ပြီး စိတ်အာရုံ မပျံ့ဘဲ ဘယ်လောက်ကြာကြာ

ကျင့်ကြံနိုင်မယ်ဆိုတာကတော့ သူတို့အပေါ် မူတည်နေသည်။

ဆွန်းမိုက ရှင်းပြလိုက်သည်။

"ကျောင်းသားတိုင်းကို လေ့ကျင့်ဖို့ ခွင့်ပြုလို့ မရဘူးထင်တယ်နော်"

ဂျီမဲဂျဲက သက်ပြင်းချရင်း ပြောလိုက်သည်။ အမှောင်ထုပုံရိပ်ယောင်သည် လူတိုင်း သုံးနိုင်တဲ့ အရာ မဟုတ်ပါ။

"ရှီဝေ၊ အဆင့် မရှိတဲ့ ကျောင်းသားတွေကို ဝင်ခွင့် ပေးလို့ မဖြစ်ဘူး"

ဂျိမ်ဂျဲက ခေါင်းယမ်းရင်း ပြောလိုက်သည်။ အန်ရှီဝေက ရိုးသားပြီး နူးညံ့သိမ်မွေ့လွန်းသည်။ ရောင်းလိုအားထက် ဝယ်လိုအား ကျော်လွန်နေတဲ့ ကိစ္စ ဖြစ်သည်။ ဒီလိုမျိုး ရှားပါး အဆောက်အဦးထဲကို ထူးချွန်တဲ့ ကျောင်းသားများသာ ဝင်ခွင့် ချီးမြှင့်သင့်သည်။

သူတို့လေးယောက် ဒုတိယ အထပ်သို့ တက်လာကြသည်။

ဆန်းကြယ်တဲ့ အနက်ရောက် ကျောက်တုံးများနဲ့ လုပ်ထားတဲ့ ကြီးမားသည့် တိုက်ခိုက်ရေး စင်မြင့်

ရှိသည်။ ဘာအကာအရံမှ မရှိပဲ ကြည့်ရတာ ရိုးရိုးရှင်းရှင်း ဖြစ်နေသည်။

"ဒါက ဒုတိယအထပ် ပုံရိပ်ယောင် တိုက်ခိုက်ရေး ခန်းမ လို့ခေါ်တယ်။ လေ့ကျင့်သူများ အချင်းချင်း တိုက်ခိုက်လို့ ရတယ်"

ဆွန်းမိုက လှေကားပေါ် ဆက်တက်သွားသည်။ ဒီအထပ်မှာက ပြစရာ သိပ်မရှိပါ။

တတိယအထပ်ကလည်း စင်မြင့် တစ်ခု ဖြစ်သည်။ ဒါပေမယ့် သလင်းကျောက် တစ်မျိုးမျိုးနဲ့ ဆောက်လုပ်ထားကာ မှန်တစ်ချပ်လို ဖြစ်နေသည်။

လူတစ်ယောက်က မတ်တပ်ရပ်လိုက်တာ သူတို့ဘဝနဲ့ တူတဲ့အရာတွေ ပြန်ထင်ဟပ် လာလိမ့်မည်။

လီဇီချီ နှင့် အန်ရှီဝေတို့သည် ခြေလှမ်းကျဲပြီး မလျှောက်ရဲဘဲ ဗိုက်အောက်ပိုင်းကို လက်နဲ့ဖိထားကြသည်။ ရောင်ပြန် ဟပ်နေသဖြင့် ခြေလှမ်း ကျဲပြီး လမ်းလျှောက်လိုက်ရင် စကတ်အောက်က အတွင်းသားတွေ လုံးဝ ပေါ်လာလိမ့်မည်။

"အင်း၊ ဒီနေရာကမဆိုးဘူး။ အဝတ်လဲခန်း လုပ်လို့ရတယ်"

ဂျိမဲဂျဲက ပြုံးပြီး လျှောက်ပတ် ကြည့်နေသည်။ သူမ ဝတ်ထားတဲ့ ဂါဝန်သည် တဖျပ်ဖျပ် ခတ်နေပြီး သူမ၏ရှည်လျားတဲ့ ခြေထောက်နှစ်ချောင်းက ချက်ခြင်း ထင်ရှားလာသည်။

ဆွန်းမို တော်တော်လေး စိတ်ပျက်သွားသည်။ ဆောင်းရာသီ ဖြစ်နေသဖြင့် ဂျိမဲဂျဲက အတွင်းမှာ ဘောင်းဘီ တစ်ထည် ဝတ်ထားသည်။ ဘာမှ မတွေ့လိုက်ရပါ။

"ဆရာ ဒီအဆင့်မှာ ဘယ်လို အံ့အောစရာ ရှိလဲ။ ဒါက တိုက်ခိုက်ရေး စင်မြင့်တစ်ခုပဲ မဟုတ်ဘူးလား"

လီဇီချီက လှည့်ပတ်ကြည့်ရင်း အကဲခတ်နေသည်။

အခန်း(၄၈၄) - ကျောင်းရဲ့ အမြင့်မြတ်ဆုံး ရတနာ။

"ဒီအထပ်က ကိုယ်ရဲ့ ပုံရိပ်ယောင်နဲ့ တိုက်ခိုက်ရတဲ့ တိုက်ပွဲခန်းမပဲ"

ဆွန်းမိုက ဓါးမြှောင်တစ်ချောင်းကို ဆွဲထုတ်ပြီး လက်ချောင်းကို လှီးလိုက်သည်။

သွေးတစ်စက် ကြမ်းပြင်ပေါ်သို့ ကျသွားကာ ချက်ခြင်း ပျံ့ကျဲသွားသည် ။ အဲဒီနောက် အနီရောင်

အခိုးငွေ့များထွက်လာပြီး နေရာတစ်ခုလုံး ဖုံးလွှမ်းသွားသည်။

အခိုးအငွေ့တွေ ပျောက်ကွယ်သွားတဲ့အချိန်မှာ နောက်ထပ် ဆွန်းမို တစ်ယောက် ဖြစ်ပေါ်လာသည်။

“ဝိုး”

လီဇီချီ အသံထွက်သွားသည်။

“တော်တော်လေး တူတာပဲ”

အန်ရှီဝေနှင့် ဂျိမဲဂျဲတို့သည် ချက်ခြင်းဆိုသလို လေးနက်တဲ့ အမူအရာနဲ့ ကျွမ်းကျင်သူတစ်ယောက်ရဲ့

သုံးသပ်ချက်ကို အသုံးပြုပြီး ပုံရိပ်ယောင်ကို အကဲဖြတ်နေကြသည်။

အပြင်ပန်းကြည့်လျှင်တော့ ဒီပုံရိပ်ယောင်သည် ဆွန်းမိုနဲ့ အတူတူ ဖြစ်နေသည်။ ဆွန်းမိုနဲ့ မကြာခဏ ထိတွေ့ဆက်ဆံနေပြီး သူ့အကြောင်း ကောင်းကောင်း ပြောနိုင်တဲ့ တပြည့်ဖြစ်သည့် လီဇီချီတောင် ကွာခြားချက်ကို မပြောနိုင်ပေ။

သူ့ရဲ့ အရပ်၊ ဆံပင် အရည်အသွေး၊ အရောင်၊ အဝတ်အစားတွေက လုံးဝ ထပ်တူကြနေသည်။

တစ်ခုတည်းသော ခြားနားချက်က ပုံရိပ်ယောင်သည် အမူအရာကင်းမဲ့နေပြီး ဖဲသမား မျက်နှာဖြစ်နေသည်။

"မိုမိုလေး"

အန်ရှီဝေက လှမ်းခေါ်လိုက်သည်။ အမှောင်ထုပုံရိပ်ယောင် ခေါင်းလှည့်ကြည့်သဖြင့် သူမ အရမ်းအံ့အောသွားသည်။

"ဒါက မဖြစ်နိုင်ဘူး။ ဒီလိုတောင် တုန့်ပြန်နိုင်တာလား"

"ဆရာ၊ ဒီပုံရိပ်ယောင်တွေက မပျောက်တော့ဘူးလား"

ဂျိမ်ဂျဲ အနည်းငယ် စိုးရိမ်လာသည်။ အမှောင်ထု လျှို့ဝှက်ရတနာများသည် အံ့အောဖို့အကောင်းဆုံးနဲ့ အဆန်းကြယ်ဆုံး ရတနာများ ဖြစ်သည်။ တကယ်လို့ ဒီပုံရိပ်ယောင်တွေကို တကယ်လူတွေနေရာမှာ အစားထိုးလိုက်လျှင် တော်တော်လေး ကြောက်ဖို့ ကောင်းသွားမည်။

"စိုးရိမ်စရာ မလိုပါဘူး။ ဒီပုံရိပ်ယောင်တွေက အများဆုံး နာရီဝက်လောက်ပဲ ခံတယ်"

ဆွန်းမိုက ရှင်းပြသည်။

"ဒီအဆောက်အဦးကို ဘယ်သူ ပိုင်တာလဲ။ ငါကြားတာတော့ အမှောင်ထု ကျောက်မြတ်ရတနာက ကိုယ်ပိုင် အသိစိတ် ဖွံ့ဖြိုးလာပြီ ကြားတာပဲ။ လုပ်ပိုင်ခွင့် သိမ်းပိုက် မသွားနိုင်ဘူးလား"

ဂျိမဲဂျဲ အရမ်းသတိထားနေသည်။ နောက်ဆုံးတော့ ကျောင်းသားတွေရဲ့ ဘေးကင်းမှုကို ဦးစား ပေးရမည်။

"ရတနာရဲ့ အသိစိတ်က ငါ့ကြောင့် သေသွားပြီ။ အခုအချိန်မှာအမြင့်ဆုံး အာဏာက ငါ့လက်ထဲမှာပဲ ရှိတယ်"

ဆွန်းမိုက ပုံရိပ်ယောင်ကျောက်မြတ်ရတနာကို သူ့သွေးသုံးပြီး အသက်သွင်းကာ ဒီဆောက်အဦးကို ဆောက်ခဲ့သည်။ ဒါကြောင့် သဘာဝအားဖြင့်တော့ သူက ဒီအဆောက်အဦးရဲ့ သခင် ဖြစ်သည်။

“မင်းတို့တွေ စိတ်ပူစရာ မလိုဘူး။ ဒီအဆောက်အဦးမှာ ဝိညာဉ်ချီတွေကို အလိုအလျှောက် စုပ်ယူနိုင်တဲ့ လုပ်ဆောင်ချက် ပါပေမယ့် ပြည်နယ်ကိုးခုရဲ့ ဝိညာဉ်ချီက အရမ်းပါးလွှာတယ်။ ဒါကြောင့် ဝိညာဉ်ကျောက်တုံးတွေနဲ့ ဆက်ပြီး အားဖြည့်ပေးနေဖို့

လိုအပ်တယ်။ ဝိညာဉ် ကျောက်တုံးတွေ မရှိတော့ရင် ပုံရိပ်ယောင်တွေကိုလည်း ဖန်တီးလို့ မရတော့ဘူး”

ဆွန်းမို ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်သည်။ ဒီအဆောက်အဦး မဆောက်ခင်မှာ လုံးဝ ဘေးကင်းဖို့အတွက် ကောင်းကျိုး ဆိုးကျိုးတွေကို သေသေချာချာ သုံးသပ်ခဲ့သည်။

“အမ်၊ ဒါဆို ငါတို့ ဘာလုပ်ကြမလဲ”

ဂျီမဲဂျဲ စိတ်ပူလာသည်။ ဒီကမ္ဘာရဲ့ ဥပဒေသ အရ ဝိညာဉ် ကျောက်တုံးတွေကို အမှောင်တိုက်ကြီးကနေ

ယူလာတာနဲ့ ကျောက်တုံးထဲမှာ ရှိတဲ့ ဝိညာဉ်ချီတွေက လျှင်မြန်စွာ ပျောက်ကွယ်သွားသည်။

သူတို့ကို ထိန်းသိမ်းထားဖို့အတွက် အထောက်အကူပြု ပစ္စည်းတွေလည်း ရှိသည်။ ဒါပေမယ့် ဒီဆောက်အဦး တစ်ခုလုံးစာဆိုလျှင် အရမ်းဈေးကြီးပြီး ဗဟိုပြည်နယ် အကယ်ဒမီ တတ်နိုင်တဲ့ အရာမဟုတ်ပေ။

အရင်တုန်းကတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ ဝိညာဉ်ကျောက်တုံးသွေးကြော အနည်းငယ် ရှိပေမယ့်

နိမ့်ကျလာမှုကြောင့် အရမ်းအမြစ်တွေလည်း ဆုံးရှုံးပြီး အရင်းအမြစ် အသစ်တွေလည်း မရှိတော့ပါ။

"ငါ မရှင်းပြနိုင်ပေမယ့် စိတ်မပူပါနဲ့။ ငါတာဝန်ယူလိုက်မယ်"

ဆွန်းမို ရယ်ပြီး ပြောလိုက်သည်။

ဂျီမဲဂျဲက ဆွန်းမိုကို သံသယနဲ့ ကြည့်နေသည်။ (ဘယ်လို တာဝန်ယူမှာလဲ။ ဝိညာဉ်ကျောက်တုံးဆိုတာ ထွေးထုတ်လို့ မထွက်ဘူး)

"ဆွန်းမိုကို ယုံလိုက်ပါ"

အန်ရှီဝေ အဆောက်အဦးအတွက် အရမ်းစိုးရိမ်နေခဲ့သည်။ ဒါကြောင့် နေ့တိုင်း လာကြည့် ဖြစ်ခဲ့သည်။ ပုံရိပ်ယောင် ခန်းမ တစ်ဆောက်ဖို့အတွက် ဝိညာဉ်ကျောက်တုံး ဘယ်လောက်တောင် အသုံးပြုခဲ့ရလဲ သူမ သိနေသည်။

ဒီဝိညာဉ်ကျောက်တုံးကို ချီရှန်ကျားနှင့် ကျန်တဲ့လူများသည် အိမ်ရာကနေ သယ်လာကြသည်။

အန်ရှီဝေသည် နှလုံးသားထဲမှာ ကြောင်ကုတ်သလို သိချင်နေပေမယ့် စိတ်ထိန်းပြီး အောက်ခြေအထိ

မစုံစမ်းခဲ့ပေ။ ဘာပဲပြောပြော ဒါက ဆွန်းမိုရဲ့ လျှို့ဝှက်ချက်ပါ။

"ငါတို့ တိုက်ကြမလား"

ဆွန်းမိုက ပြုံးပြီး ပုံရိပ်ယောင်ကို လှမ်းထိုးလိုက်သည်။

ဝူရှ်

ပုံရိပ်ယောင်က ရှောင်ထွက်သွားပြီး ဆွန်းမို အနောက်တွင် ပြန်ပေါ်လာကာ ဆွန်းမို နောက်စေ့ကို လက်သီးနဲ့ထိုးလိုက်သည်။

"ဒီပုံရိပ်ယောင်မှာက တကယ့်လူနဲ့ တူညီတဲ့ တိုက်ခိုက်ရေး အစွမ်းရှိတယ်"

ဆွန်းမိုက ရှင်းပြသည်။

ဂျိမဲဂျဲနှင့် အန်ရှီဝေတို့သည် စိတ်မထိန်း နိုင်ကြတော့ပါ။ သူတို့ရဲ့ လက်ချောင်းကို လှီးလိုက်လျှင် ပုံရိပ်ယောင်များ ချက်ခြင်းပေါ်လာကြသည်။ ထို့နောက် တိုက်ပွဲတစ်ခု စတင်သွားသည်။

"မင်း မစမ်းကြည့်တော့ဘူးလား"

ဆွန်းမိုက လီဇီချီကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"မလုပ်တော့ဘူး"

လီဇီချီက တိုက်ခိုက်ရတာကို စိတ်မဝင်စားပါ။ သူမကလက်ဟန် အမူအရာပြပြီး ဆွန်းမိုကို အနားလာရန် လှမ်းခေါ်လိုက်သည်။ ထို့နောက် တိုးတိုးလေး ပြောလိုက်သည်။

"ဆရာ၊ ငါတို့မှာ ကျောက်တွေ အများကြီး ရှိပေမယ့် ဒီအတိုင်း ဆက်သွားနေရင် ကုန်သွားလိမ့်မယ်"

ပုံရိပ်ယောင်ခန်းမ စတင်လိုက်တာနဲ့ ဒီအံ့အောဖွယ် အဆောက်အဦးထဲသို့ နေ့စဉ်နဲ့အမျှ လူတွေ ဝင်လာလိမ့်မည်။ ဒါကြောင့် လူပိုများလေလေ ကျောက်တုံးကုန်တာ ပိုမြန်လေလေ ဖြစ်လာလိမ့်မည်။

ဆွန်းမိုက ဒီအတွက် ပိုက်ဆံ ရှင်းရမည့်သူ ဖြစ်နေသည်။

“ဝိညာဉ်ချီနဂါး ရှိနေတဲ့အတွက် ငါတို့မှာ ဝိညာဉ်ကျောက်တုံး မရှားဘူး။ တစ်ခုတည်းသော ပြဿနာက တူးဖော်ဖို့နဲ့ ရွှေ့ပြောင်းဖို့ပဲ”

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ဒီနေရာတွင် တယ်လီပို့ တံခါးတပ်ဆင်နိုင်သော်လည်း ဝိညာဉ်ကျောက်တုံး သယ်ယူဖို့အတွက် ယုံကြည်ထိုက်တဲ့လူ မရှိပါ။

"ငါတို့ ရုပ်သေးကျွန်တွေကို အသုံးပြုလို့ရတယ်"

လီဇီချီ အကြံပေးလိုက်သည်။

ဝိညာဉ်ကျောက်တုံး ရွှေ့ပြောင်းဖို့အတွက် ဉာဏ်ရည် မလိုပါ။ ဒါကြောင့် ရုပ်သေးရုပ်များသည် ဒီအလုပ်အတွက် သင့်တော်သည်။ သူတို့ ငွေအများကြီး သုံးစွဲ ရလိမ့်မည်။ အင်း အခုမှ

ရုပ်သေးပညာကို လေ့လာမယ်ဆို တော်တော်လေး နောက်ကျနေပြီ။

“ပြီးတော့ ပုံရိပ်ယောင်ခန်းမကို ဝင်တဲ့ လူအရေအတွက်ကိုလည်း ငါတို့ ကန့်သတ်ထားရမယ်။ ဝိညာဉ်ကျောက်တုံးတွေက ငါတို့ရဲ့ အရေးအကြီးဆုံး အရင်းအမြစ်တွေပဲ။ ဝိညာဉ်ကျောက်တုံး သွေးကြောအသစ် ရှာမတွေ့သ၍ ငါတို့ အဲဒါကို အသုံးမပြုသင့်ဘူး။ အဆောက်အဦးက ပုံမှန် စုပ်ယူနိုင်တဲ့ ဝိညာဉ်ချီ ပမာဏကိုပဲ အသုံးပြုသင့်တယ်”

လီဇီချီ မပြောလိုက်တာ တစ်ခုရှိသေးသည်။ အန်ရှီဝေနဲ့ ဆွန်းမိုတို့ လက်ထက်ပြီးရင်တော့ ကိစ္စမရှိတော့ပါ။

"ကောင်းပြီလေ"

ဆွန်းမိုသည် လီဇီချီက သူ့အကျိုးအတွက် လုပ်ဆောင်နေမှန်း သိသဖြင့် သဘောတူလိုက်သည်။

"မင်းတို့ နှစ်ယောက်တိုက်ခိုက်တာ ပြီးပြီလား"

"ဒီပုံရိပ်ယောင်တွေက အရမ်းအံ့အောဖို့ ကောင်းတာပဲ"

ဂျိမ်ဂျဲက အော်လိုက်သည်။ နေ့တိုင်းသာ ဒီလို လေ့ကျင့်နေရင် အများကြီး တိုးတက်လာလိမ့်မည်။ တကယ်တော့ ဒီပုံရိပ်ယောင်ကို အနိုင်ယူဖို့ဆိုတာ သူတို့ကိုယ်သူတို့ လေးလေးနက်နက် သိဖို့လိုသည်။

သူတို့ရဲ့ အားနည်းချက်သည် ပုံရိပ်ယောင်ရဲ့ အားနည်းချက် ဖြစ်လာမည်။

"နောက်တစ်ထပ် သွားကြတာပေါ့"

ဆွန်းမို ထွက်သွားတာနဲ့ လီဇီချီက အနောက်ကနေ အမြီးလေးတစ်ခုလို ချက်ခြင်း လိုက်သွားသည်။

ဂျိမ်ဂျဲနှင့် အန်ရှီဝေတို့သည် အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ ဒီနေရာက ထွက်သွားဖို့ အနည်းငယ် ခက်ခဲနေသည်။ သူတို့ရဲ့ ပုံရိပ်ယောင်နဲ့ တိုက်ခိုက်ရတာ တကယ်ပျော်ဖို့ ကောင်းသည်။

လေးထပ်မြောက်သည် သုံးထပ်မြောက်လို တောက်ပတဲ့ ရောင်ပြန် မျက်နှာပြင် ဖြစ်သည်။ ဒါပေမယ့် သုံးမီတာရှိတဲ့ ကွင်း ၁၂ ကွင်း ရှိသည်။

“ဒီအထပ်မှာက တခြားသူတွေရဲ့ ပုံရိပ်ယောင်နဲ့ တိုက်ခိုက်လို့ ရတယ်။ တဖက်လူရဲ့ သွေးကို

ကြမ်းပြင်ပေါ် ချလိုက်တာနဲ့ တိုက်ခိုက်နေလို့ ရတယ်။”

ဆွန်းမိုက ရှင်းပြသည်။

“နောက်ဆိုရင် ပါရမီရှင်တွေရဲ့ သွေးတွေက ငါ့တို့ကျောင်းမှာ တော်တော်လေး တန်ဖိုး ရှိလာတော့မှာပဲ”

ဂျိမဲဂျဲက ဟာသ လုပ်လိုက်သည်။

“အန္တာရာယ် ရှိလား”

အန်ရှီဝေ စိတ်ပူသွားသည်။

"မရှိပါဘူး။ ပြိုင်ဘက်ကို အနိုင်မယူနိုင်ရင် ကွင်းထဲကနေ ခုန်ချလို့ ရတယ်။ အဲ့ဒါဆို ပုံရိပ်ယောင်က အနောက်ကနေ လိုက်မတိုက်တော့ဘူး"

နတ်ဘုရားမျက်စိ အာရုံအောက်တွင် အားလုံး အသေးစိတ် မြင်နေရသည်။

"ငါ သွားစမ်းလိုက်မယ်"

ဂျိမဲဂျဲက ဆွန်းမိုကို လှမ်းကြည့်လိုက်ပြီး။

"ငါ့ကို သွေးတစ်စက်လောက် ချေးပါလား"

ဆွန်းမိုက ဒီလို ပြန်ပြောလိုက်ချင်သည်။

"ငါမှာ လတ်ဆတ်တဲ့နို့လေး ရှိတယ်။ ယူမလား။ အဲဒါက မင်းမျက်နှာပေါ် ဖျန်းလိုက်ရင် အသားထဲ စိမ့်ဝင်ပြီး အသားရေ လှသွားမယ်"

"အဲလောက်အထိ မတုန်လှုပ်ပါနဲ့"

ဂျိမဲဂျဲက ဆွန်းမို လက်ကောက်ဝတ်ကို ဖမ်းဆွဲပြီး

"လှီးလိုက်မယ်နော်၊ အဆင်ပြေလား"

"ငါ့ကို ဘာလို့ မသုံးတာလဲ"

အန်ရှီဝေက စည်းရုံးဖို့ ကြိုးစားလိုက်သည်။

"မင်းနဲ့ အရင်က တိုက်ဖူးတယ်လေ"

ဂျိမ်ဂျဲက ဆွန်းမို လက်ချောင်းကို ခါးမြှောင်နဲ့ ဖိထားသော်လည်း မလှီးသေးပါ။

"ယူလိုက်ပါတော့"

ဆွန်းမို ပေးလိုက်သည်။

"ဆရာဆွန်း၊ မင်းက အကြွင်နာဆုံးပဲဆိုတာ ငါသိတယ်"

ဂျိမ်ဂျဲက တခစ်ခစ် ရယ်ပြီး လက်ချောင်းထဲ အားထည့်ကာ ဆွန်းမို လက်ကောက်ဝတ် အရိုးကို ညှစ်နေသေးသည်။ (အင်း အရိုး ပုံသဏ္ဌာန်ကလည်း ပြည့်စုံတယ်။ တောင့်တင်းမှုလည်း

အရမ်းကောင်းတယ်။ စုဆောင်းဖို့အတွက် ဖြတ်ပစ်လိုက်ရင် ကောင်းမယ်)

"အစ်မ ဂျီ"

ဂျီမဲဂျဲရဲ့ အကြည့် မှုမမှန်တာ အန်ရှီဝေ မြင်ပြီး အမြန်အော်လိုက်သည်။ သူမ၏ ချစ်သူငယ်ချင်းရဲ့ ကြောက်ဖို့ကောင်းတဲ့ ဝါသနာကို သူမ သိနေသည်။

"တောင်းပန်ပါတယ်။ အတွေးလွန်သွားလို့"

ဂျီမဲဂျဲက ပြုံးပြီး ဆွန်းမိုဆီက သွေးတစ်စက်ယူကာ စင်ပေါ် ခုန်တက်သွားသည်။

သွေး ကြမ်းပြင်ပေါ်ကျသွားတာနဲ့ ပုံရိပ်ယောင်ပေါ်လာသည်။

ဖြောင်း ဖြောင်း

ဂျိမဲဂျဲ အဆက်မပြတ် လက်ခုပ်တီးနေသည်။

“ဝိုး။ ဒီအရိုး ရိုက်သံ အရမ်းကောင်းတယ်”

ဂျိမဲဂျဲက အရမ်းပျော်ပြီး မျက်လုံး အနည်းငယ်မှေးထားသည်။ ထို့နောက် ဆွန်းမို ပုံရိပ်ယောင်လက်ချောင်းတစ်ချောင်းကို ရုတ်တရုတ်ဖမ်းဆွဲပြီးအတင်းချိုးလိုက်သည်။

ကချောက်

“ဒီအသံ အကောင်းဆုံးပဲ”

ဂျီမဲဂျဲက ပုံရိပ်ယောင် နံရိုးကို လက်သီးနဲ့ ထိုးလိုက်ပြီးနောက် နောက်တစ်ဖက်ကို ဖမ်းဆွဲပြီး အားနဲ့ ကွေးလိုက်ပြန်သည်။

ကချောက်

လက်မောင်ရိုး ကျိုးသွားသည်။

“ပြည့်စုံတယ်”

ဂျီမဲဂျဲသည် ပုံရိပ်ယောင်ကို စမ်းသပ်မယ်ဆိုတဲ့ မူလရည်ရွယ်ချက်ကို မေ့နေသည်။ အဲဒီအစား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပုံရိပ်ယောင်ရဲ့ အရိုးများကို ဆက်တိုက်ချိုးပြီး နားထောင်နေသည်။

ဒင်

ဂျီမဲဂျဲ၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား(၄,၆၃၀/၁၀,၀၀၀)

“.........”

ဆွန်းမို နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။ ဂျီမဲဂျဲက ပုံရိပ်ယောင်ကို တိုက်ခိုက်နေတာ ဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ ဘောအောင့်

လာသလိုလို ကြောက်လန့်လာသည်။ ဖင်လည်း ကျုံ့သွားသည်။

"ဆရာဆွန်း၊ နောက်တစ်ထပ် တက်ရအောင်"

အန်ရှီဝေ ဆက်ပြီး ကြည့်မနေနိုင်တော့ပါ။

"ဟုတ်တယ် ။ မင်းတို့ အရင်သွားသင့်တယ်။ ငါပျော်နေတယ်။ နောက်မှပဲ ပုံရိပ်ယောင်ရဲ့ တိုက်ခိုက်ရေးအစွမ်းကို လာစမ်းသပ်တော့မယ်"

ဂျိမ်ဂျဲသည် သူတို့ကို မှီအောင်လိုက်သွားသည်။

(မင်းပြောတဲ့ ပျော်တယ်ဆိုတာက မင်းကိုယ်မင်းပဲ ဖြစ်လိမ့်မယ်။ အကျင့်မကောင်းတဲ့သူ)

လီဇီချီ တအံ့တအော ကြည့်နေသည်။ ဒီလောက် နာမည်ကြီးပြီး လူတိုင်းရဲ့ အိပ်မက်ချစ်သူဖြစ်တဲ့ ဆရာဂျိက သူတပါးကို နှိပ်စက်ရတာ ကြိုက်တဲ့ အကျင့်ပျက်သူ တစ်ယောက်ဖြစ်နေမယ်လို့ မထင်ထားခဲ့မိဘူး။

"ဒါ မဖြစ်ရဘူး။ ဆရာနဲ့ မထိတွေ့စေရဘူး"

တောကြက်ဥလေးသည် သူမဆရာရဲ့ ခန္ဓာကိုယ်ကို ကာကွယ်ဖို့ ဆုံးဖြတ်လိုက်သည်။

ငါးထပ်မြောက်သည် အနက်ရောင် ခန်းမကြီး ဖြစ်နေပြန်သည်။ ဒါပေမယ့် အတွင်းမှာတော့

ကျောက်စာတိုင် ၃၂ တိုင်ရှိနေပြီး ရုပ်လုံးရုပ်ကြွများလည်း ရေးထိုးထားသည်။

"ဒီအထပ်မှာ ရှိတဲ့ ပြိုင်ဘက်တွေက အရင်အမှောင်ထု ပုံရိပ်ယောင်ခန်းမမှာ ရှိခဲ့တဲ့ ပုံရိပ်ယောင်တွေပဲ"

ဆွန်းမိုက ရှင်းပြသည်။

"တကယ်လား"

အန်ရှီဝေ ရုတ်တရက် အံ့အော်သွားသည်။ သူတော်စင်ဂိတ်က အမှောင်ထုပုံရိပ်ယောင် ခန်းမကို ရှာမတွေ့ခင် လူဘယ်လောက်များများ စွန့်စားပြီး

အဲဒီနေရာမှာ သေခဲ့ကြမလဲဆိုတာ ဘုရားပဲ သိလိမ့်မည်။ သူတို့ရဲ့ တိုက်ခိုက်ရေးအစွမ်းသည် တော်တော်လေး မြင့်မားနိုင်သည်။ သူတို့နဲ့တစ်ယောက်ခြင်း တိုက်ခိုက်ရလျှင် ကျောင်းသားတွေ ထားလိုက်အုံး မြတ်ဆရာတွေတောင် ကြီးကြီးမားမား တိုးတက်လာနိုင်သည်။

ဒီကမ္ဘာမှာ ရှာရအခက်ဆုံးက ဘာလဲ။

ဒါက အံ့အောဖို့ကောင်းတဲ့ လေ့ကျင့်ရေး အဖော်ပဲ ဖြစ်မည်။ အမှန်တကယ်တော့ ဆွန်းမိုလို

အဆင့်ရှိတဲ့လူသည် ကျောင်းသားများနဲ့ အလွယ်တကူ လေ့ကျင့်ရေးအဖော် လုပ်ပေးမှာ မဟုတ်ပေ။

"ကျောက်မြတ်ရတနာရေ။ ငါ့ခွန်အားနဲ့ လိုက်ဖက်တဲ့ တိုက်ခိုက်ရေး ပုံရိပ်ယောင် ရွေးပေးပါ"

ဖောက်

ဆွန်းမိုက လက်ချောင်းနဲ့ လှမ်းပုတ်လိုက်သည်။

ဆွန်းမိုစကားဆုံးတာနဲ့ ကျောက်စာ တိုင်တစ်ခုရဲ့ ရုပ်လုံးရုပ်ကြွကနေ အနက်ရောင် မြူခိုးများ ထွက်လာသည်။ ချက်ခြင်းဆိုသလို အမှောင်ထု ပုံရိပ်ယောင်အဖြစ် ပြောင်းလဲသွားသည်။

ဆွန်းမို ပြေးတက်သွားသည်။

ဘုန်း ဘောင်း ဘန်း

နှစ်ယောက်သား ချက်ခြင်း တိုက်ခိုက်နေကြသည်။

အန်ရှီဝေ အရမ်း စိတ်လှုပ်ရှားပြီး စိတ်မထိန်းနိုင်တော့ပေ။ သူမ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။ ဒါက ကျောင်းရဲ့အမြင့်အမြတ်ဆုံး ရတနာအဆင့် အဆောက်အဦး ဖြစ်လာမှာ သေချာသည်။ ချင်လင်မြို့ရဲ့ အထင်ကရ နေရာတောင် ဖြစ်လာနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအမှောင်ထုပုံရိပ်ယောင် ခန်းမဖြင့် ဗဟိုပြည်နယ်အကယ်ဒမီသည် မြတ်ဆရာတွေနှင့် ကျောင်းသားတွေကို ဆွဲဆောင်အား သိသိသာသာ တိုးတက်လာလိမ့်မည်။ ဒီလို အဆောက်အဦးမျိုး မလိုချင်တဲ့လူ ရှိလို့လား။

(ဆွန်းမို၊ ကျောင်းအတွက် မင်းရဲ့ထောက်ပံ့မှုက တော်တော်လေး ကြီးကျယ်သွားပြီ ။ ငါ မင်းကို ဘယ်လို ပြန်ပေးဆပ်ရမှာလဲ)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၅၀၀။ လေးစား(၉,၆၀၀/၁၀,၀၀၀)

“ဒီအထပ်ကို မြတ်ဆရာတွေ အတွက်ပဲ ဖွင့်ပေးမှာ”

အန်ရှီဝေသည် တခြား ပြဿနာ တစ်ခုခုကို စဉ်းစားမိပြီး ချက်ခြင်း ဆုံးဖြတ်ချက် ချလိုက်သည်။ ပုံရိပ်ယောင်နဲ့ တိုက်ခိုက်တဲ့လူများသည် ကျင့်စဉ်ပိုင်ရှင်များသည်။ သူတို့သာနောက်တစ်ကြိမ် ဒီမှာပုံရိပ်ယောင် အဖြစ်ကျန်နေခဲ့ရင် သူတို့ကျင့်စဉ်ပါ ကျန်နေခဲ့သလို မဖြစ်ဘူးလား။

"အင်း။ ဒါတွေကို သင်ယူဖို့ အရမ်းခက်တာ စိတ်မကောင်းစရာပဲ"

အန်ရှီဝေ သက်ပြင်းချလိုက်သည်။ ဘယ်လိုပဲပြောပြော တစ်ဖက်လူရဲ့ သရုပ်ပြမှုကို ခဏခဏ ကြည့်ရုံနဲ့ ကျင့်ကြံမှု ကျင့်စဉ် တော်တော်များများကို သင်ယူလို့ မရပါ။ ဒီလိုမှမဟုတ်ရင် ဗဟိုပြည်နယ်အကယ်ဒမီ၏ ကျင့်ကြံခြင်းကျင့်စဉ် ရေကန်သည် ကျယ်ပြန့်လာလိမ့်မည်။

"မအေလ...၊ သန်မာလှချည်လား"

ပုံရိပ်ယောင်နဲ့ တိုက်ခိုက်ပြီး ဆွန်းမိုတစ်ယောက် တော်တော်လေး ရုပ်ပေါက်နေသည်။ ဒါကြောင့် နတ်ဘုရားမျက်စိအာရုံကို မနေနိုင်ဘဲ အသက်သွင်းလိုက်ရသည်။

ပုံရိပ်ယောင်၊ နတ်ဘုရားခွန်အား တတိယအဆင့်။ သူတော်စင်အဆင့် ကျင့်စဉ်ဖြစ်တဲ့ ဖူတို နှလုံးသား သုတ္တန်ကို လေ့ကျင့်ထားသည်။

"မအေလ"

ဆွန်းမို ကျိန်ဆဲနေသည်။ (ဒါကို ငါနဲ့အဆင်တူလို့ သတ်မှတ်တာလား။ ပုံရိပ်ယောင်ရတနာ

မင်းအခေါ်ဝေါ်နဲ့ ပက်သက်ပြီး နားလည်မှုလွဲနေပြီ မဟုတ်လား။ ခဏနေအုံး - သူတော်စင်အဆင့် ကျင့်စဉ်လား။)

ဆွန်းမို စိတ်ထဲတွင် အကြံအသစ် တစ်ခု ပေါ်လာသည်။

မှတ်ချက် ။ ။ နို့ချို - သုတ်ရည်ကို ရည်ညွှန်းခြင်း။

အခန်း(၄၈၅) - သူတော်စင်အဆင့် ကျင့်စဉ် ရရှိခြင်း။

ဆွန်းမို အရှေ့မှာရှိတဲ့ အမှောင်ထု ပုံရိပ်ယောင်သည် နဖူးမှာ မီးလောင်ထားတဲ့ အမာရွတ်ကြီး ရှိနေတဲ့ ဘုန်းကြီးတစ်ပါး ဖြစ်သည်။ သင်္ကန်းကိုလည်း ဝတ်ဆင်ထားသဖြင့် မူလဘုန်းကြီးသည် သာမည အကြီးအကဲ အဆင့် ရှိနိုင်သည်။

"သူက သိုင်းသမားဘုန်းကြီး ဖြစ်နိုင်တယ်"

ဆွန်းမို ခန့်မှန်းလိုက်သည်။ ဒီလူသည် တော်တော်လေး သန်မာသည်။ အရပ်က နှစ်မီတာ ရှည်ပြီး အလုံးအထစ်ရှိတဲ့ ကြွက်သားများနဲ့ ပြည့်နှက်နေသည်။ ပုံစံအရ သူ့ခန္ဓာကိုယ်က ပေါက်ကွဲအား အပြည့်ရှိတယ်ဆိုတာ သိသာနေသည်။

ဆွန်းမို နှလုံးသားထဲတွင် ဘုန်းကြီး နှစ်မျိုးရှိသည်။ တစ်မျိုးက ဝိုင်နှင့်အသားတွေကို စွန့်လွှတ်ထားပြီး ဝကာ နားရွက်ကြီးကြီးနဲ့ ဘုန်းကြီး ဖြစ်သည်။ နောက်တစ်မျိုးက အရိုးပေါ် အရေတင် ဖြစ်နေသော်လည်း ဝိညာဏ သဘောဆောင်တဲ့ ဂုဏ်သိက္ခာ ရှိတဲ့ ဘုန်းကြီး ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီသိုင်းသမား ဘုန်းကြီးက လက်နက်မသုံးပါ။ ဒါပေမယ့် သူက သစ်ကြားသီး အရွယ်လောက်ရှိတဲ့ ပုတီးကုန်းကြီး ကိုင်ထားသည်။ ကြည့်ရတာတော့ သတ္တု တစ်မျိုးမျိုးနဲ့ ပြုလုပ်ထားပုံ ရသည်။

တကယ်လို့ တစ်ယောက်ယောက်ကိုသာ ဒါနဲ့ ရိုက်လိုက်လျှင် ခေါင်းကွဲပြီး ဦးနှောက် အရည်များ စိမ့်ထွက်လာပေလိမ့်မည်။

ပုတီးကုန်း ရိုက်ချက်က ကြမ်းပြင်ကို ထိသွားတဲ့အချိန်တွင် ဆွန်းမို လေဘုရင်နတ်ဘုရား ခြေလှမ်းကို အသုံးပြုလိုက်သည်။

ဘုန်း

ကြမ်းပြင်တွင် အက်ကွဲကြောင်းပေါ်လာပြီး နေကြာစေ့ အရွယ်လောက်ရှိတဲ့ ကျောက်တုံးအပိုင်းအစများ လွင့်စင်လာသည်။ ဒီ အပိုင်းအစတွေက မျက်နှာကို လာစင်သဖြင့် အနည်းငယ်နာကျင်သွားသည်။

"ကိုးကွယ်တဲ့လူတွေကို စေတနာမထားသင့်ဘူးလား။ ဘာဖြစ်လို့ ဒီလောက်အန္တရာယ်ရှိတဲ့ လက်နက်သုံးရတာလဲ"

ဆွန်းမိုက ဓါးနဲ့ တန်ပြန် တိုက်ခိုက်သည်။

အမိန့် ဆယ်ရှစ်ခု။

ဖောက် ဖောက် ဖောက်

သစ်သားခါးချက် အဆက်မပြတ် ထွက်လာသည်။ နောက်ဆုံးတွင် ဘုန်းကြီးရဲ့ ရင်ဘက်ကို ခါးချက် ၁၃ချက် ထိမှန်သွားသည်။ ခေါင်းပေါ်တွင် ရွှေရောင် စာရွက်များ ချက်ခြင်း ပေါ်လာသည်။

"ဒါပဲ"

ဆွန်းမို စိတ်လှုပ်ရှားပြီး တိုက်ခိုက်တာလည်း ပိုမြန်လာသည်။

အန်ရှီဝေက လီဇီချီ အရှေ့မှာရပ်ပြီး သူမကို ကာကွယ်ပေးထားသည်။ ဘယ်လိုပဲပြောပြော ဒါက အမှောင်ထုပုံရိပ်ယောင်ကို အသုံးပြုတာ ပထမဆုံး

အကြိမ် ဖြစ်သည်။ တစ်ခုခု ဖြစ်လာခဲ့လျှင် အဆုံးသတ်သွားလိမ့်မည်။

ဒါပေမယ့် အန်ရှီဝေရဲ့ စိုးရိမ်ပူပန်မှုက တော်တော်လေး လွန်ကဲနေသည်။

"ဒီပုံရိပ်ယောင်တွေက တကယ့် အစစ်တွေလိုပဲ။ အသက်ရှင်နေတဲ့အတိုင်းပဲ"

လီဇီချီ အလန့်တကြား ထအော်သည်။ ဒီဘုန်းကြီးတွင် အမူအရာ ကင်းမဲ့နေတာလွဲလို့ အစစ်နဲ့ တူပြီး အပြစ်အနာအဆာများ မရှိပေ။ ပုံရိပ်ယောင် တစ်ခုသာ ဖြစ်သော်လည်း ဗုဒ္ဓအော်ရာတွေ

ဖုံးအုပ်နေကာ အစွမ်းထက်ပြီး ဆန်းကြယ်တဲ့ စိတ်သဘောထားကို ထုတ်လွှင့်နေသည်။

ဆွန်းမိုသည် တိုက်ပွဲအတွက် အရမ်း စိတ်အားထက်သန်သော်လည်း ထိမှန်နှုန်းက တော်တော်လေး နည်းနေသည်။ ဒါ့အပြင် သူ့ရဲ့ ထိခိုက်မှု စွမ်းအားကလည်း ဘာမှ မဖြစ်သလောက် ဖြစ်နေသည်။ ဒီလူကြီးက တော်တော် ကြမ်းတမ်းသည်။

နံ့သာဖြူဓါးနဲ့ ရိုက်မိပေမယ့်လည်း ဒဏ်ရာ တစ်ခုတောင် မကျန်ခဲ့ပေ။ ယားလို့ ကုတ်ပေးနေသလို ဖြစ်နေသည်။

စာရွက်တွေ လွင့်ထွက်နေတာပဲ ကျေးဇူးတင်ရမည်။

ဘုန်းကြီးတွင် အသိစိတ် မရှိတော့ဘဲ တိုက်ပွဲဗီဇသာ ကျန်တော့သည်။ ဒီအခင်းအကျင်းကို မြင်တာနဲ့ သူ့ရဲ့ အကောင်းဆုံး နည်းစနစ်ကို ရုတ်တရက် ထုတ်သုံးလာသည်။ ဒါကြောင့် ပုတီးစေ့များသည် ပြန့်ကျဲပြီး ဆွန်းမိုဆီကို ဒုံးကျည် ပစ်လိုက်သလို ပြေးဝင်လာသည်။

ဝူး၍ ဝူး၍ ဝူး၍

ပုတီးစေ့တွေက လွင့်စင်လာသည်။

ဆွန်းမိုက ခမ်းလုမ်းလုမ်းသို့ ချက်ခြင်းပြန်ဆုတ်သွားသည်။ ဒါပေမယ့် ပုတီးစေ့တွေက သူ့အရှေ့ ရုတ်တရုတ်ပေါ်လာသည်။ ဆွန်းမိုက ကာကွယ်ဖို့ ဓါးကို ဝှေ့ယမ်းလိုက်သော်လည်း ပုတီးစေ့တွေက သစ်သားဓါးကို တစ်နည်းနည်းနဲ့ ရှောင်သွားသည်။

"အမ်"

လီဇီချီ ဆီက အသံထွက်လာသည်။

အန်ရှီဝေ မျက်နှာပျက်သွားသည်။ ဖျတ်ကနဲ ဆွန်းမိုဘေး သို့ရောက်သွားပြီး လက်ကိုဝှေ့ယမ်းလိုက်သည်။

"အဆင်ပြေတယ်။ မင်း ဝင်စွက်ဖွက်စရာ မလိုဘူး"

ဆွန်းမို အော်လိုက်သည်။

ဖျက်ဆီးမရတဲ့ ရွှေကိုယ်ထည်။

ဖောက် ဖောက် ဖောက်

ပုတီးစေ့ တစ်ဝက်က ဆွန်းမိုကို ထိမှန်ပြီး ကျန်တာတွေက ပျောက်ကွယ်သွားသည်။ သူတို့ နောက်တစ်ကြိမ် ပေါ်လာတဲ့အချိန်တွင် လမ်းကြောင်းပြောင်းပြီး ဘုန်းကြီးကို ထိမှန်သွားသည်။

"တောင်းပန်ပါတယ်"

အန်ရှီဝေက တောင်းပန်လိုက်သည်။

(အင်း၊ ဆွန်းမိုကို ယုံခဲ့သင့်တယ်။ ဒီလိုမျိုး မဆင်မခြင် လုပ်လိုက်တာက သူ့ကို စော်ကားသလို ဖြစ်နေပြီ)

"မိုမိုလေး၊ ငါ.....ငါက မင်းကို စိတ်ပူလို့"

အန်ရှီဝေက ရှင်းပြသည်။

"ငါ သိတယ်"

ဆွန်းမို ပြုံးပြီး ပြန်ဖြေသည်။ မာနကြီးတဲ့ တခြား ယောကျ်ားတစ်ယောက်သာဆိုလျှင် မိန်းမတစ်ယောက် ကာကွယ်ပေးတာခံလိုက်ရလို့ ဒေါသထွက်နေလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဂရုမစိုက်ပါ။ သူ့မာနက အန္တာရာယ် ကင်းသည်။

စိတ်ထဲမှာ တော်တော်လေး စိတ်မကောင်းဖြစ်သွားပြီး အန်ရှီဝေ ပြုံးလိုက်သည်။ အဲဒီနောက် ဆွန်းမိုကို အကဲခတ်ပြီး အံ့အောသွားသည်။

"ဒီအကွက်က ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက သင်္ချာနဲ့မြင့်မြတ်စကြ်ဝဠာ ကျင့်စဉ်နဲ့ ဘာဖြစ်လို့ တူနေတာလဲ။ မဟုတ်ဘူး။ ဒါက မဖြစ်နိုင်ဘူး။ ဆွန်းမိုက သူတို့ကျောင်းရဲ့ အကောင်းဆုံး ကျင့်စဉ်ကို ဘယ်လို တတ်မှာလဲ"

အန်ရှီဝေ မှင်တက်နေသည်။

"အရင်ဖယ်ပေးပါလား။ ဒီပုံရိပ်ယောင်ကို အရင်ကိုင်တွယ်ပြီးမှ စကား ပြောကြမယ်"

ဆွန်းမို နောက်တစ်ကြိမ် လှူပ်ရှားလိုက်သည်။ ဒီတစ်ခါမှာ ပိုသတိထားလာသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် ကျင့်ကြံခြင်း ကျင့်စဉ်တွေကို သူတော်စင်၊ ကောင်းကင်၊ မြေကြီး ဆိုပြီး အဆင့်တွေ ခွဲခြားထားသည်။ ထို့နောက် အဆင့်တစ်ခုစီကို နိမ့်ကျ၊ ပျမ်းမျှ၊ သာလွန်နှင့် ဆန်းကြယ်ဆိုပြီး အဆင့်တွေ ထပ်ခွဲထားသည်။

ဒီ ဖူတိုန့်လုံးသား သုတ္တာန်သည် ဒီဘုန်းကြီး ကြွလာတဲ့ ကျောင်းတိုက်တွင် အမြတ်ဆုံး ရတနာ

တစ်ခုဆိုတာ သိသာနေသည်။ ဒီအစွမ်းသတ္တိက တော်တော်လေး အစွမ်းထက်ပြီး ဒီဘုန်းကြီးကလည်း တော်တော်လေးကျွမ်းကျင်သည်။

ထိပ်တန်း လေ့ကျင့်ရေး အဖော်ဆိုတာ သေချာသည်။

၁၅ မိနစ်လောက်ကြာတော့ ဘုန်းကြီးလည်း ပျောက်ကွယ်သွားသည်။

"ဆရာ။။ အဆင်ပြေရဲ့လား"

လီဇီချီက ချက်ခြင်း ပြေးသွားပြီး စိုးရိမ်တဲ့မျက်လုံးတွေနဲ့ ဒဏ်ရာရှိမရှိ စစ်ဆေးလိုက်သည်။

"အဆင်ပြေပါတယ်"

ဆွန်းမိုက ရွှေရောင် စာရွက်တွေ ပေါင်းစုပြီး စာအုပ် တစ်အုပ်ဖြစ်သွားတာကို ကြည့်နေလိုက်သည်။

ဒင်

"သူတော်စင်အဆင့်ကျင့်စဉ် ဖူတိုနှလုံးသား သုတ္တန် ရဲ့သုံးပုံတစ်ပုံကို ရရှိတဲ့ အတွက် ဂုဏ်ပြုပါတယ်။"

အန်ရှီဝေက စိတ်လှုပ်ရှားမှုအပြည့်နဲ့ ကြည့်နေသည်။

"ဒီလိုကျွမ်းကျင်တဲ့ လေ့ကျင်းရေးအဖော်နဲ့ဆိုရင် ငါတို့ကျောင်းမှာရှိတဲ့ ဆရာတွေနဲ့ ကျောင်းသားတွေရဲ့

တိုက်ခိုက်အစွမ်းက လျှင်မြန်စွာ တိုးတက်လာလိမ့်မယ်"

"စိတ်မကောင်းစရာပဲ။ ငါတို့သာ ဒီပုံရိပ်ယောင်တွေဆီက ကျင့်ကြံခြင်း ကျင့်စဉ်တွေကို သင်ယူနိုင်လို့ကတော့ကွာ"

အန်ရှီဝေသည် ဒီကိစ္စနဲ့ ပက်သက်ပြီး တော်တော်လေး စိတ်မကောင်း ဖြစ်နေသည်။

"ငါတို့မှာရှိတာနဲ့ပဲ ကျေနပ်လိုက်ပါ"

ဆွန်းမိုက သူမကို နှစ်သိမ့်ပေးနေသော်လည်း ရတနာတစ်ခု ကောက်ရသလို ကြည်နူး ဝမ်းသာနေသည်။ သူ့ရဲ့ ရှေ့ဟောင်းလောကနတ်

ကျင့်စဉ်က တကယ်ကို အံ့အောဖို့ ကောင်းသည်။ ထိမှန်အောင် တိုက်ခိုက်လိုက်ရုံနဲ့ အမှောင်ထုပုံရိပ်ယောင်တွေဆီက ကျင့်စဉ်တွေ ထွက်လာတဲ့အကြောင်းကို တွေးလိုက်မိသည်။ အားလုံးကို သင်ယူလိုက်ရင် ဘယ်လောက်တောင် အံ့အောဖို့ ကောင်းလာမလဲ။

"မင်းမှန်တယ်။ ငါ လောဘကြီးသွားတယ်"

အန်ရှီဝေက ကို့ကိုယ်ကို လှောင်ပြောင်ပြုံးလိုက်ပြီး ဆွန်းမိုကို လှမ်းကြည့်ကာ

"မိုမိုလေး၊ မင်းကို တကယ်ပဲ ကျေးဇူးတင်တယ်။ ဒီအမှောင်ထုပုံရိပ်ယောင်ခန်းမက ငါတို့

ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အကြီးဆုံး ပိုင်ဆိုင်မှု ဖြစ်လာလိမ့်မယ်"

"ဒါအမှန်ပဲ"

ဂျိမ်ဂျဲက လျှောက်လာသည်။ ဒါပေမယ့် သူမသည် တော်တော်လေး မောဟိုက်နေပြီး ရင်ဘက်ကို ဖိကာ မျက်နှာနီနေသည်။ မသိရင် ပြောမပြနိုင်တဲ့ အရာတစ်ခုခု လုပ်လာသလို ဖြစ်နေသည်။

ဆွန်းမိုသည် နောင်တွင် ဒီအမျိုးသမီးကို သွေး ထပ်မချေးတော့ဘူးလို့ ကျိန်ဆို လိုက်သည်။

"ထူးချွန်တဲ့ ကျောင်းသားတွေကို ချက်ခြင်းခေါ်ပြီး အထူးလေ့ကျင့်ရေး စလိုက်ပါ။ ဒီနှစ် လိဂ်ပြိုင်ပွဲ

စမ်းသပ်မှုမှာ အရင်တုန်းကတော့ 'စီ-အဆင့်ကို ထိန်းထားနိုင်ဖို့ပဲ။ ဒါပေမယ့် အခုတော့ 'ဘီ' အဆင့်အတွက် ကြိုးစားနိုင်ပြီ ထင်တယ်"

ဂျိမ်ဂျဲက ဆွန်းမိုကို လက်သီးနဲ့ ထိုးပြီး စနောက်လိုက်သည်။

"ကျေးဇူးစကား မပြောတော့ဘူး။ ဘာပဲဖြစ်ဖြစ် မင်းက ကျောင်းပိုင်ရှင် တစ်ဝက်လေ"

အန်ရှီဝေက မျက်နှာကြီးနီပြီး ခေါင်းငုံ့သွားသည်။ ဒါပေမယ့် သူမ မငြင်းခဲ့ပေ။

"ဟိုမှာတခြား ဘာတွေ ရှိသေးလဲ"

ဂျိမ်ဂျဲက စပ်စုလိုက်သည်။

"ဒီမှာ ဆောက်လုပ်ရေး လုပ်ငန်းခွင် ရှိနေတုန်းပဲ"

ဆွန်းမိုက ပုခုံးတွန့်လိုက်ပြီး

"ဒီဘုန်းကြီးနဲ့ နောက်တစ်ခေါက် တိုက်ခိုက်လိုက်အုံးမယ်"

ဆွန်းမိုက ဖူတိုနှလုံးသား သုတ္တန် တစ်ခုလုံး လိုချင်နေသည်။

ဂျိမ်ဂျဲက ဆွန်းမိုဆီက သွေးဌားချင်သော်လည်း မေးရမှာ ရှက်နေသည်။ (အင်း၊ တော်တော်လေး စိတ်ရှုတ်ဖို့ ကောင်းတာပဲ။ ဆွန်းမိုသာ ငါ့ယောကျာ်းဆိုရင် ကြိုက်တဲ့အချိန် သွေးယူလို့ ရတယ်။ သွေးနဲ့လဲပြီး အိပ်ပေးလိုက်လို့ ရတယ်။

နေပါအုံး၊ အဲဒါဆို သူက ငါ့ယောက်ျားပဲ ဒါဆို သူ့အရိုးတွေကို နေ့တိုင်းခံစားပြီး ငါစုဆောင်းဖို့အတွက် အရိုးတစ်ချောင်းလောက် တောင်းရင် မလွန်ဘူး မဟုတ်လား)

ဂျိမ်ဂျဲက ဒီအကြောင်းပဲ တွေးနေသည်။ တကယ်တော့ သူမက လုံးလုံးကြီး အကျင့်မကောင်းတဲ့လူ မဟုတ်သေးပါ။

ဆွန်းမိုက ဂျိမ်ဂျဲရဲ့ အကြည့်တွေ မူမမှန်တာကို ခံစားမိသည်။ မသိရင် အရသာရှိတဲ့အစာတစ်ခုကို ကြည့်နေသလို ဖြစ်နေသည်။

"ဒါဆိုလည်း အရင်ဆင်းသွားတော့မယ်"

အန်ရှီဝေ အရမ်းအလှူပ်ရှုပ်နေသည်။ ကျောင်းသားစုဆောင်းရေး ရာသီက ပြန်ရောက်လာပြီ။

"အိုဟုတ်ပြီ။ ဂရင်းဟာတ် သစ်တောလို့ ခေါ်တဲ့ နေရာကို ကြားဖူးလား"

ဆွန်းမို ပြန်စဉ်းစားမိပြီး မေးလိုက်သည်။

"ဒါက အမှောင်တိုက်ကြီး တစ်နေရာမှာလား"

"မကြားဖူးဘူး"

ဂျိမ်ဂျဲက ပြတ်ပြတ်ပြတ်သားသား ခေါင်းခါ ပြလိုက်သည်။

"ငါလည်း မသိဘူး။ ကူပြီး မေးပေးရမလား"

အန်ရှီဝေက မေးလိုက်သည်။

"ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေ တချို့ဆီကပဲ သိရအောင်ကြိုးစားပေးပါ"

ဆွန်းမိုက လျှို့ဝှက်ချက် ပေါက်ကြားသွားမှာ စိုးရိမ်နေသည်။

အန်ရှီဝေနှင့် ဂျီမဲဂျဲတို့ ခပ်မြန်မြန် ထွက်သွားသည်။ ဆွန်းမိုက သိုင်းသမား ဘုန်းကြီးကို နောက်တစ်ကြိမ် ထပ်ခေါ်လိုက်သည်။ ဒီ တစ်ကြိမ်မှာတော့ တိုက်ခိုက်ရေး ဗျူဟာ ပြောင်းလိုက်သည်။ ထိမှန်အောင် တိုက်ခိုက်နိုင်မယ့် အခွင့်အရေးကို ရှာဖွေကာ တိုက်ခိုက်နေခဲ့သည်။

နှစ်နာရီကြာပြီးနောက် စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

"နိမ့်ကျ သူတော်စင်အဆင့် ဖူတိုနှလုံးသား သုတ္တန် ကျင့်စဉ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ သင်ချင်လား"

"သင်မယ်"

ဆွန်းမို စကားပြောပြီးတာနဲ့ စွမ်းရည်စာအုပ်က ကွဲအက်သွားပြီး အလင်းရောင်အဖြစ် ပြောင်းလဲကာ ဆွန်းမို နဖူးထဲသို့ တိုးဝင်သွားသည်။ အဲဒီနောက် မရေမတွက်နိုင်တဲ့ သုတ္တန် စာကြောင်းများ စိတ်ထဲ

ထွက်ပေါ်လာပြီး ရွှတ်ဆိုသံများကိုလည်း နားထဲက ကြားနေရသည်။

ဆွန်းမိုသည် ရုတ်တရက် ဉာဏ်အလင်းပွင့်သွားလို့ အံ့အောနေသည်။

ဒင်

"ဖူတိုနှလုံးသားသုတ္တန် ကျင့်စဉ်ကို တတ်မြောက်သွားလို့ ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်"

ဆွန်းမိုက အချိန်တံဆိပ်ကို အသုံးပြုပြီး ကျွမ်းကျင်မှုအဆင့်မြှင့်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် တံ့ဆိုင်းသွားပြီးနောက် အတွေးကို စွန့်လွှတ်ရန်

ဆုံးဖြတ်လိုက်သည်။ ဒီနှစ်မှာ လေးစားအထင်ကြီးမှုအမှတ် ၁၉၀,၀၀၀ အကြွေးပြန်ဆပ်ရအုံးမည်။

....

ဂွန်ရှန်သည် တစ်နေကုန် အလုပ်လုပ်ပြီး အိမ်ပြန်လာခဲ့သည်။ ဧည့်ခန်းထဲတွင် သူ့ဇနီးက ဆွန်းမိုကို ဧည့်ခံနေတာ မြင်လိုက်လျှင် မျက်နှာမည်းမှောင်သွားသည်။

"ဆရာဆွန်း၊ ဒီမှာ မင်းကို မကြိုဆိုဘူး"

ဂွန်ရှန်ရဲ့ လေသံက ရန်လိုမှုတွေနဲ့ ပြည့်နေသည်။

"မင်းမိန်းမကိုလည်း မကြိုဆိုဘူးလား"

ဆွန်းမိုက ကျီစားလိုက်သည်။

ဝွန်ရှန်က မျက်လုံးမှေးပြီး

"မင်း ဘာပြောချင်တာလဲ"

"ငါတို့ စကားပြောရအောင်"

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

"မင်းကိုပဲ ဒုက္ခပေးရတော့မယ်။ အစ်မကြီးရေ"

"ငါက အသက်လေးဆယ်ကျော်နေပြီ။ အန်တီလို့ ခေါ်သင့်နေပါပြီ"

ဝွန်ရှန် ဇနီးက ဒီလိုပြောလိုက်ပေမယ့် စိတ်ထဲမှာ တော်တော်လေး ပျော်နေသည်။ ဒီလူငယ်လေးက စကားပြောကောင်းပြီး အန်ရှီဝေရဲ့ခင်ပွန်းလောင်း

ဖြစ်နေသည်။ သူနဲ့ ဆက်ဆံရေး ပိုကောင်းရင် ကျောင်းမှာရှိတဲ့ ယောက်ျား ဖြစ်သူရဲ့ ဘဝအနာဂတ်က ပိုကောင်းလာလိမ့်မည်။

"အစ်မကြီး ဆိုတာက ပိုခေါ်လို့ ကောင်းပါတယ်"

ဆွန်းမိုက ယဉ်ယဉ်ကျေးကျေး ပြန်ပြောလိုက်သည်။

"မင်း အရင်ထွက်သွားတော့"

ဂွန်ရှန်က သူ့မိန်းမကို ထွက်သွားခိုင်းပြီး ထိုင်လိုက်သည်။

"ကျန်ဟန်ဖူကို သစ္စာဖောက်ဖို့အတွက် ငါ့ကို စည်းရုံးချင်ရင်တော့ လက်လျှော့လိုက်တာ အကောင်းဆုံးပဲ"

"ငါ့ရဲ့ အစီအစဉ်ကို နားမထောင်တော့ဘူးလား"

ဆွန်းမိုက ပြုံးပြီး မေးလိုက်သည်။ ဝွန်ရှန် ပြန်မငြင်းရသေးခင် ဆွန်းမိုက

"မင်းတို့ သပိတ်မှောက်တာက ကျန်ဟန်ဖူ စကားထက် ကြောက်တာ ပိုများနေလို့ မဟုတ်လား။ ဗဟိုပြည်နယ် အကယ်ဒမီက အဆင့်အတန်းမြင့်လာတော့ မင်းတို့အများစုက ကျောင်းရဲ့ အရှိန်အဟုန်ကို လိုက်မမှီတော့လို့

မဟုတ်လား။ မင်းတို့ စာချုပ်ကို သက်တမ်းမတိုးဘဲ အလုပ်ထုတ်ခံရမှာ စိုးရိမ်နေတာ မဟုတ်လား။ ဒါကြောင့် လစာတိုးဖို့နဲ့ စာချုပ် အသစ်ချုပ်ဆိုဖို့အတွက် စည်းစည်းလုံးလုံးနဲ့ တောင်းဆိုနေကြတာ မဟုတ်လား။

"တကယ်လို့ စာချုပ်အသစ် ချုပ်ရင်တောင် လျော်ကြေးမပေးဘဲ အလုပ်ထုတ်စရာ အကြောင်းမရှိဘူး။ ဒါပေမယ့် ကိန်းဂဏန်းအရေအတွက်သုံးပြီး မင်းတို့ကို အလုပ်မထုတ်အောင် လောင်းကြေးထပ်ပြီး အန်ရှီဝေကို ဖိအားပေးနေတာ မဟုတ်လား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာပဲပြောပြောလေ ငါတို့ကျောင်းရဲ့ ဆရာအင်အား မလုံလောက်ရင် လည်ပတ်မှု ခဏတော့ ရပ်ဆိုင်းသွားမှာပဲ"

ဆွန်းမိုက လက်ဖက်ရည် တစ်ငုံ သောက်လိုက်သည်။

"ဟွန့်"

ဝွန်ရှန် အေးစက်စက် နှာခေါင်းရှုံ့လိုက်သည်။

(ပုံမှန် ဉာဏ်ရည်ရှိတဲ့ အုပ်ချုပ်ရေး အဖွဲ့ဝင် တစ်ယောက်တောင် ဒီအကြောင်းပြချက်ကို ခန့်မှန်းနိုင်တယ်။ ဒါပေမယ့် ဒီအစီအစဉ်ကို သိနေရင်တောင် မင်းဖြေရှင်းနိုင်မှာ မဟုတ်ဘူး)

"ငါပြောချင်တာတော့ မင်းတို့တွေ အသိတရား တော်တော် ခေါင်းပါးတာပဲ။ ထောက်ပံ့ရေးဌာနက ပြဿနာတွေကို ဖြေရှင်းပြီးတာနဲ့ ဆရာတွေကို ကိုယ်တွယ်ဖို့ စီစဉ်ထားတယ်။ ငါစာမေးပွဲ ဝင်ဖြေနေလို့ နောက်ကျသွားတာပဲ ရှိတယ်"

ဆွန်းမိုရဲ့ စကားကြောင့် ဝွန်ရှန် ရင်တော်တော် ခုန်သွားသည်။ ပြောချင်တာက ဆွန်းမိုသည် ဒီကိစ္စအတွက် ပြင်ဆင်ထားပြီးပြီ။

"သပိတ်မှောက်မှုမှာပါဝင်တဲ့ မြတ်ဆရာတွေ စာရင်းကို ငါရထားပြီးပြီ။ အဲဒီထဲက တစ်ဝက်လောက်က မင်းတို့လို အသက်ကြီးနေပြီး

ဘဝကို ရေစုန်မျှောကာ သင်ကြားမှု စွမ်းရည် ကင်းမဲ့နေတဲ့ လူတွေပဲ။ ငါက သူတို့အားလုံးကို မလိုချင်ဘူး။ ကျန်တဲ့ တစ်ဝက်လောက်ကိုတော့ ငါလိုချင်တဲ့ လူတချို့နဲ့ တဖြည်းဖြည်းခြင်း အစားထိုးသွားမယ်။ ဒါပေမယ့် ဆရာအသစ်မခန့်ခင် ဒီကိစ္စကို အပြတ်ဖြတ်ရမယ်"

ဆွန်းမိုက ပြောလိုက်သည်။

"ဒါက အရမ်းရက်စက်တာပဲ"

ဝွန်ရှန်က ဆွန်းမိုကို စိုက်ကြည့်ပြီး

"ဒီလို လုပ်လိုက်ရင် ဗဟိုပြည်နယ် အကယ်ဒမီ နာမည် ပျက်သွားမှာ မကြောက်ဘူးလား"

"ဟားဟား။ ဂုဏ်သတင်းဆိုတာ ပါးစပ်က ရတာမဟုတ်ဘူး ခွန်အားက ရတာပဲ။ ဗဟိုပြည်နယ်အကယ်ဒမီ ဆက်တိုးတက်နေသ၍ လူတွေက မင်းတို့ကောင်တွေကို ဂရုစိုက်နေမယ် ထင်လား"

ဆွန်းမိုက ခနဲ့တဲ့တဲ့ လေသံနဲ့

"အန်ရှီဝေက စိတ်ပျော့ပြီး ဆက်ဆံရေးတွေကို ဂရုစိုက်တတ်တဲ့အတွက် သူမကို အသုံးချပြီး ဖိအားပေးနိုင်မယ် မထင်နဲ့။ ငါက သွေးအေးတဲ့ကောင်"

"အိုဟုတ်ပြီ။ မင်းတို့ကို အလုပ်ထုတ်ပြီးရင် ငါတို့ ပိုက်ဆံ အများကြီး ချွေတာနိုင်ပြီ။ ဒီငွေတွေကို ရာထူးတိုးဖို့နဲ့ လစာတိုးဖို့အတွက် တွန်းအားတစ်ခုအနေနဲ့ အသုံးချသွားမယ်။ ဆရာဂွန်၊ မင်းက ဆယ်နှစ်စာချုပ် ချုပ်ဆိုခံရတဲ့ လူတွေထဲက တစ်ယောက် ဖြစ်ချင်လား"

ဆွန်းမိုက ရွေးချယ်ခွင့် ပေးလိုက်သည်။

ဂွန်ရှန် ငြိမ်ကျသွားသည်။ ဆွန်းမို ရည်ရွယ်ချက်က ရှင်းလင်းနေသည်။ ကျန်ဟန်ဖူကို ထောက်ပံ့မလား ဒါမှမဟုတ် သူ့ဘက်မှာ နေမလား။

ဂွန်ရှန်က သပိတ်မှောက်ဖို့အတွက် မြတ်ဆရာတော်တော်များများကို ဆက်သွယ် ပေးခဲ့သူ ဖြစ်သည်။

"ဆရာဂွန်၊ မင်းကို အမှန်တိုင်းပြောလိုက်မယ်၊ မင်းရဲ့ စွမ်းဆောင်ရည်အရ ဗဟိုပြည်နယ် အကယ်ဒမီမှာ ရာထူးတစ်ခုကို တာဝန်ယူနိုင်မှာ မဟုတ်ဘူး။ မင်းကို ၁၀နှစ်စာချုပ် ချုပ်ပေးတာက မင်းစွမ်းဆောင်ရည်ကို ဒီတစ်ကြိမ်မှာ မြင်ချင်လို့။ အလုပ်ထုတ်ခံရပြီးရင်လည်း အကျပ်အတည်းကို ဖြေရှင်းဖို့အတွက် အချိန်ရအောင်။ အချိန်နဲ့ကြိုးစား အားစိုက်ထုတ်မှုတော့ နည်းနည်း လိုတာပေါ့"

ဆွန်းမိုက ကုလားထိုင်ကို မှီလိုက်ပြီး လက်ဖက်ရည်ကို ဖြေးဖြေးလေး သောက်နေသည်။

"မင်းလည်း ဉာဏ်ကောင်းတဲ့လူပဲ။ ဗဟိုပြည်နယ် အကယ်ဒမီက ဒီလိုလူတွေကို မဖယ်ထုတ်ရင် ယှဉ်ပြိုင်နိုင်စွမ်း ရှိလာတော့မှာ မဟုတ်ဘူး။ ဒါကို သိထားသင့်တယ်။ ဆန့်ကျင့်ဘက်အနေနဲ့ကတော့ သူတို့ထွက်သွားရင် "ဘီ'အဆင့် ဒါမှမဟုတ် 'အေ' အဆင့် အတွက် ကြိုးစားဖို့ မျှော်လင့်ချက် ရှိလာမယ်"

"အိုဟုတ်ပြီ။ စကားကို ပွင့်ပွင့်လင်းလင်း ပြောတဲ့အတွက် ခွင့်လွှတ်ပါ။ မင်းကျောင်းက အလုပ်ထုတ် ခံလိုက်ရရင် နောက်ထပ်

အလုပ်ရရင်တောင် ဒီလိုမျိုး ကောင်းတဲ့ စာချုပ် ချုပ်လို့ ရမှာ မဟုတ်ဘူးနော်"

ဝွန်ရှန် ပါးစပ်တလှုပ်လှုပ် ဖြစ်နေသည်။ ဆွန်းမို စကားတွေက အရမ်းကြမ်းပြီး သူ့ကို အသုံးမကျသလို ပြောနေသော်လည်း ဒါက အမှန်တရားဆိုတာ သူဝန်ခံရမည်။

ဒီသပိတ်ထဲမှာ ပါဝင်နေတဲ့ မြတ်ဆရာ အများစုက ဒီအကျပ်အတည်းကို ခံစားမိသည်။ မြတ်ဆရာအရေအတွက် ခွဲတမ်းကလည်း ကျောင်းတွေမှာ အကန့်အသတ် ရှိသည်။

ဆရာကောင်းတွေကို စုဆောင်းချင်ရင် သာမန်ဆရာတွေကို အလုပ်ထုတ်ပစ်ရမည်။

"ကျန်ဟန်ဖူရဲ့ အကြီးမားဆုံး ချို့ယွင်းချက်က ဘာလဲ သိလား"

ဆွန်းမိုက မေးလိုက်သည်။

ဝွန်ရှန် မနေနိုင်ဘဲ သက်ပြင်းချလိုက်မိသည်။ ဆွန်းမိုက ကျန်ဟန်ဖူရဲ့ အကြီးမားဆုံး အားနည်းချက်ကို ဆုပ်ကိုင်ထားတာ သူသိသည်။

"သူ့အဆင့်အတန်းက အရမ်းနိမ့်တယ်။ ဒါကို မင်းသိလား။ နှင်းစက်ဖြူမြို့မှာလုပ်တဲ့ လိဂ်ပြိုင်ပွဲတုန်းက တခြား ကျောင်းအုပ်ကြီးတွေက

သူနဲ့ စကားပြောဖို့ စိတ်မဝင်စားကြဘူး။ သူလိုလူက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အနာဂတ်ကို တာဝန်ယူရင် ကျောင်းရဲ့အနာဂတ် ဘယ်လို ဖြစ်လာမယ် မင်းထင်လဲ။ ကျောင်းက တန်းကျပြီး နှစ်နှစ်အတွင်း ဘွဲ့ဖြုတ်သိမ်းခံရမှာ သေချာတယ် ၊ မင်းက ကျောင်းမှာ ဆက်နေဖို့လား ဒါလည်း ဘာအဓိပ္ပါယ်မှ ရှိမှာ မဟုတ်တော့ဘူး"

ဆွန်းမိုက လက်ဖက်ရည်ခွက် ချပြီး ထရပ်လိုက်သည်။

"သေချာ စဉ်းစားအုံး။ အရင်ကျောင်းအုပ်ကြီးက အန်ရှီဝေကို ထောက်ပံ့ဖို့အတွက် ဘာဖြစ်လို့

ကျန်ဟန်ဖူကို ရွေးချယ်ခဲ့တာလဲ။ သူက ကြယ်အဆင့် နိမ့်ပေမယ့် စွမ်းဆောင်နိုင်လို့ မဟုတ်ဘူးလား"

ဝွန်ရှန်က ပြန်ပြောသည်။

"အန်ရှီဝေက အရမ်းနုံအတယ်။ သူမက ကိုယ်ပိုင် အရည်အချင်းကိုပဲ အသုံးချပြီး ကျောင်းကို ကာကွယ်ချင်တယ်။ သူမမျက်နှာကိုသာ အောက်ချပြီး အကူညီရဖို့အတွက် အရင်ကျောင်းအုပ်ကြီးရဲ့ အဆက်အသွယ်ကို အသုံးချရင် ဘယ်လို ဖြစ်လာမယ် ထင်လဲ"

ဆွန်းမိုက သက်ပြင်းချလိုက်ပြီး လက်ဖက်ရည်ကို တလုတ်ထဲကုန်အောင် သောက်ချလိုက်သည်။

"ဆရာဂွန်၊ မင်းရဲ့သားကို အရင်က တွေ့ဖူးတယ်။ သူ့အရည်အချင်းက မဆိုးဘူးနော်"

ဆွန်းမို ထွက်သွားပေမယ့် ဂွန်ရှန်ကတော့ အရမ်းတုန်လှုပ်ပြီး ဆွံ့အ နေခဲ့သည်။

ထက်မြတ်တဲ့ လူတစ်ယောက်အနေနဲ့ ဆွန်းမို စကားရဲ့ အဓိပ္ပါယ်ကို ဂွန်ရှန် နားလည်သည်။ ဆွန်းမို စကားကို နားမထောင်ရင် သူ့မိန်းမကို သူတော်စင်ဂိတ်ဆီ ခေါ်သွားပြီး ဝရန်းသုန်းကား ဖြစ်အောင် ဖန်တီးလိမ့်မည်။

သာမန်လူတစ်ယောက်မှာ မယားငယ် ဒါမှမဟုတ် အငယ်အနှောင်း တစ်ယောက် ရှိခြင်းက

အရေးကြီးတဲ့ကိစ္စ မဟုတ်ပါ။ ဒါပေမယ့် မြတ်ဆရာတစ်ယောက်အတွက်ကတော့ သူ့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်။

ဒီလိုဖြစ်လာရင် တခြားကျောင်းမှာ အလုပ်ရှာဖို့ တော်တော်လေး ခက်သွားမည်။ ကျောင်းပိုကောင်းလေ သူ့နာမည်ကြောင့် ပိုခက်လေ ဖြစ်သွားမည်။

....

မနက်ခင်းတွင် နေလုံးထွက်ပေါ်လာကာ နေ့သစ်တစ်ခု ရောက်လာခဲ့ပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လင်ကျုံး၏ အသံသည် အသံချဲ့ကိရိယာကို အသုံးပြုထားသဖြင့် ကျောင်းဝန်းတစ်ခုလုံး၌ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဆရာတွေနဲ့ ကျောင်းသားတို့ ခန်းမကြီးထဲသို့ ကျေးဇူးပြုပြီး လာကြပါ။ သတင်းကောင်းတစ်ခု ကြေငြာစရာ ရှိပါတယ်"

ရုံးခန်းထဲမှာ ထိုင်နေတဲ့ ကျန်ဟန်ဖူသည် ဒါကို ကြားလိုက်လျှင် ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။ (သတင်းကောင်း ဟုတ်လား။ နောက်ဆိုရင် မပြုံးနိုင်အောင် သေချာပေါက် လုပ်ပေးမယ်)

အခန်း(၄၈၆) - မြတ်ဆရာ ခေါင်းဖြတ် အမဲလိုက်ခြင်း အစီအစဉ်။

"အစ်ကို ကူ၊ ဒါက ဘာအတွက်လဲဆို သိလား"

မိန်းကလေးတစ်ယောက်က ကူကွန်ကို အပြုံးကလေးနဲ့ကြည့်ရင်း မေးလိုက်သည်။

"ငါလည်း မသိဘူး"

ကူရွှန်က မိန်းကလေးတွေရဲ့ အပြုံးကို ခံနိုင်ရည် ရှိနေတာ ကြာပြီ။ သူက ပါရမီရှင်တစ်ယောက်ဖြစ်ပြီး အန်ရှီဝေရဲ့ တိုက်ရိုက် တပြည့်ဖြစ်သဖြင့် ကျောင်းမှာ သူ့အဆင့်အတန်းက ကြီးမြတ်နေသည်။

"ကျွတ်၊ မင်းက ဘယ်လိုလုပ်ပြီး မသိဘဲ နေမှာလဲ။ ငါ့ကို မပြောချင်လို့ မဟုတ်လား"

ကောင်မလေးက နှုတ်ခမ်းလေးထော်ပြီး ဒေါသထွက် သလိုလို ချစ်စဖွယ် ဟန်အမူအရာ လုပ်နေသည်။

ကူကွန် ပြုံးလိုက်ပြီး တဖက်က ရုတ်ရုတ်သဲသဲ အသံကြားနေရသဖြင့် ခန်းမဆီ လျှောက်သွားသည်.

"ရွှန်ကျား ၊မင်းကို မတွေ့တာ တော်တော်ကြာနေပြီ။ ကြည့်ရတာ မင်းထပ်ပြီး သန်မာလာတဲ့ပုံပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အစ်ကိုချီ၊ ဒီည အားလား။ ငါတို့ ထမင်း အတူတူ စားကြမလား"

"ရွှန်ကျား၊ အချိန်တစ်ခုယူပြီး အတူတူ လေ့ကျင့်ရအောင်"

ချီရွှန်ကျားကို သိတဲ့လူတွေအားလုံးက ဖုံးကွယ်ထားတဲ့ ခံစားချက်တွေနဲ့ နှုတ်ဆက်နေကြသည်။

ဆွန်းမိုရဲ့ တပည့် ခြောက်ယောက်ထဲမှာ ရှန်ယွန်ပေါင်က တိုက်ခိုက်ရတာ တော်တော်နှစ်သက်သည်။ သူ့ဆီကို ချည်းကပ်တဲ့လူတိုင်း အရင်ဆုံး တိုက်ခိုက်ရသည်။

ထန်ထန်ယုထန်က ရောဂါသည် ဖြစ်ပြီး သူ့ဆီကနေ ဆေးနံ့များ အမြဲထွက်နေသည်။ ဒါ့အပြင် သူက ထုံးစံအတိုင်း တခြားလူတွေကို ဂရုမစိုက်ပါ။ ချန်လုံကတော့ မေးခွန်း ဆယ်ခုမေးရင်တောင် တစ်ခု ပြန်မဖြေဘဲ လူသေကောင် မျက်နှာ ဝတ်ဆင်ထားသည်။

လီဇီချီက စကားပြောရတာ လွယ်ကူသော်လည်း သူမ စိတ်သဘောထားက ပြင်းထန်လွန်းသည်။ သူက ထင်ရှားတဲ့ နောက်ခံက ဆင်းသက်လာသဖြင့် သူမကို ဘယ်သူမှ မနောက်ရဲပေ။

အင်ဘိုင်ဝူကတော့ အဆက်မပြတ် ကျင့်ကြံနေပြီး အစားစားဖို့အတွက်တောင် အချိန်မပေးချင်ပေ။ စကားစမြည်ပြောဖို့ နေနေသာသာ ထမင်းတောင် မြန်မြန်စားတဲ့သူ ဖြစ်သည်။

လုချီဟွာက ချစ်စရာကောင်းပြီး ဖော်ရွေတဲ့စရိုက်ရှိကာ တခြားသူများကို ကူညီချင်စိတ် ရှိသည်။ ဒါပေမယ့် ဆွန်းမိုအတွက် စိတ်ပူပြီး အားလုံးကို ငြင်းဆန်ခဲ့သည်။ သူမဆရာက တော်တော်လေး ပင်ပန်းနေပြီ။ တခြားသူက သူမဆရာကို အလွယ်တကူ အနှောက်အယှက် ပေးခွင့် မပေးနိုင်ပါ။

တစ်ဦးတည်းသော ကျန်ခဲ့တဲ့ သူမှာ ရိုးအတဲ့ ချီရွန်ကျားပဲ ကျန်တော့သည်။ ဆွန်းမိုနဲ့ ရင်းနှီးဖို့အတွက် လူတိုင်းရဲ့ ဖြတ်လမ်း ဖြစ်လာခဲ့သည်။

ချီရွန်ကျား အရမ်းဒုက္ခများသွားပြီး ဘယ်လို ပြန်တုံ့ပြန်ရမလဲ မသိ ဖြစ်ကာ အနေရခက်တဲ့ အပြုံးကိုသာ ပြုံးထားသည်။ ဒီနေရာကနေ ထွက်ပြေးချင်စိတ် ပေါက်လာသည်။

“တောက်၊ မင်းဆွန်းမိုနဲ့ တွဲနေရလို့ ကံကောင်းနေတာပါကွာ”

ရန်လီ မကျေမနပ် ဖြစ်နေသည်။ အခုဆိုရင် သူ့အဆောင်မှာရှိတဲ့ လူအားလုံးက ချီရှန်ကျားဘက်က ဖြစ်နေပြီး တခြားအဆောင်က လူတွေလည်း နေ့တိုင်လာလည်နေကြသဖြင့် အဆောင်ကထွက်လာခဲ့သည်။ ရန်လီ အဲဒီနေရာတွင် ထပ်မနေနိုင်တော့ပါ။

"ဆွန်းမို စာမေးပွဲကျပြီး သူ့ ကျော်ကြားမှုပျောက်ဆုံးသွားရင် မင်းဘယ်လိုဆက်ပြီး မောက်မာမလဲဆိုတာ စောင့်ကြည့် အုံးမယ်"

ရန်လီသည် လျှို့မူဘိုင်က ဆွန်းမိုကို ဖိနှိပ်နိုင်ဖို့ မျှော်လင့်နေခဲ့သည်။

....

သိပ်မကြာခင် ခန်းမထဲမှာ လူတွေ ပြည့်နေပြီ။ ဒါပေမယ့် အန်ရှီဝေက စင်ပေါ်မှာ မတ်တပ်ရပ်လိုက်တာနဲ့ အသံတွေ အားလုံး ပျောက်ကွယ်သွားသည်။

"ဒီနေ့ တစ်ကျောင်းလုံး အစည်းအဝေး တောင်းဆိုရတဲ့ အကြောင်းအရင်းကတော့ ငါတို့ သတင်းကောင်းတစ်ခု ကြေငြာစရာ ရှိလို့ပါ။ မကြာသေးခင်က ပြီးခဲ့တဲ့ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲက နှစ် ၅၀အတွင်းမှာ အခက်ဆုံးပဲ။ စုစုပေါင်း

လူ ဖ၀၀ပဲ အောင်ခဲ့ပြီး ကိုးယောက်က ငါတို့ကျောင်းက ဖြစ်တယ်”

အန်ရှီဝေက အသံချဲ့ကျောက်တုံးကို ကိုင်ထားသဖြင့် ကြေငြာသံက ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ ဒါ့အပြင် သူမက လှည့်ကွက်သုံးပြီး ကိန်းဂဏန်းတွေတောင် ကစားခဲ့သေးသည်။ ဒါက အောင်မြင်မှုအချိုး တိုးတက်စေနိုင်သည်။

အရင်နှစ်တွေထက် ဒီနှစ်ရဲ့ အောင်မြင်မှု အချိုးက ကြောက်ဖို့ကောင်းပေမယ့် ဒီနှစ်

စုစုပေါင်း လူအရေအတွက် အရ အံ့အောဖို့ကောင်းနေသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာ ကျောင်းပေါင်း ၂၄၃ ကျောင်းရှိသဖြင့် ပျမ်းမျှအားဖြင့် တစ်ကျောင်းကို လူသုံးယောက်သာ အောင်မြင်ခဲ့သည်။ ဒါကြောင့် ဗဟိုပြည်နယ် အကယ်ဒမီက လူကိုးယောက် အောင်ခြင်းသည် ရလဒ်ကောင်း တစ်ခု ဖြစ်သည်။

“ဒီ မြတ်ဆရာ ကိုးယောက်ကို ဂုဏ်ပြုလိုက်ရအောင်”

အန်ရှီဝေက ဦးဆောင်ပြီး လက်ခုပ်တီးလိုက်သည်။ လက်ခုပ်သံများ အဆုံးသတ်သွားတာနဲ့ သူမက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတို့ကျောင်းရဲ့ စာမေးပွဲရလဒ်က အရမ်းကောင်းတယ်။ ငါတို့ဆီက ဆရာတစ်ယောက်ဆို ဖြေဆိုသူပေါင်း တစ်သောင်းကျော်ထဲမှာမှ ပထမ ရခဲ့တယ်။ ဒါတင်မကသေးဘူး လက်တွေ့ဟောပြောမှုမှာလည်း နှစ်ပေါင်းတစ်ရာ စံချိန်ကို ချိုးဖျက်ပြီး တံဆိပ်ကြီးကို ရရှိခဲ့တယ်"

ဆရာတွေနှင့် ကျောင်းသားတွေ ချက်ခြင်းဆိုသလို စတင်ဆွေးနွေးလာကြသည်။

"ဒါက လျှို့မှုဘိုင်ပဲ ဖြစ်မယ်။ ဟုတ်တယ်ဟုတ်"

"ဖြစ်မှာပေါ့။ သူက သုံးနှစ်ကြာအောင် စုဆောင်းပြီးမှ မြတ်ဆရာစာမေးပွဲမှာ ဝင်ပါခဲ့တာ။ တစ်နှစ်တည်းနဲ့ ကြယ်သုံးပွင့် အဆင့်အထိ ဆက်တိုက်တက်လာနိုင်တယ်။ ပထမနေရာဆိုတာ သူ့အတွက် သေချာနေတဲ့ အောင်ပွဲပဲ"

"ဘာဖြစ်လို့ ဆရာဆွန်း မဖြစ်နိုင်ရမှာလဲ"

ကျောင်းသားတွေ စတင် ငြင်းခုန်လာကြသည်။ လျိုမူဘိုင်က ရုပ်ချောပြီး ဆွန်းမိုထက်လည်း စာသင်သက်ကြာသည်။ ဒါကြောင့် ကျောင်းသားတချို့သည် ဆွန်းမိုက အံ့အောဖို့

ကောင်းပေမယ့် လျှိုမှုဘိုင်ကိုတော့ မယုံနိုင်သေးဘူးလို့ ယူဆကြသည်။

“ပထမနေရာ ရသွားတဲ့ မြတ်ဆရာကတော့ ဆွန်းမိုပါ”

အန်ရှီဝေက ပြုံးလိုက်ပြီး “စာမေးပွဲမှာ ဆရာဆွန်းက ‘ တစ်မဲဆွန်း’ လို့ နာမည်ပြောင်ရခဲ့တဲ့ အဖြစ်အပျက်လေး တစ်ခု ရှိသေးတယ်”

ကျောင်းသားတွေအားလုံး အရမ်းအံ့အောသင့်နေကြသည်။ ထို့နောက် အန်ရှီဝေက ကျောင်းသားတစ်ယောက်သည် စိတ်လှုပ်ရှားလွန်ပြီး ထူးချွန်မဲနှင့် သာမန်မဲ

မှားထည့်မိတဲ့ အကြောင်း ၊ လူသိရှင်ကြား တောင်းပန်ပြီး ဆွန်းမိုကို တပြည့်အဖြစ်လက်ခံပေးဖို့ တောင်းဆိုတဲ့အကြောင်း ပြန်ပြောခဲ့သည်။

"ဒါကတကယ်လား"

ကူကွန် ရုတ်တရုတ် အံ့အောသွားသည်။ ဒါက ချဲ့ကားလွန်းတာ မဟုတ်ဘူးလား။

"အနှိုင်းမဲ့ ပါရမီရှင်သာလျှင် ဒီလိုမျိုး လုပ်နိုင်မှာ မဟုတ်လား"

" 'တစ်မဲဆွန်း'.........ကြားရတာ သောက်ရမ်း အထာကျတယ်"

"နတ်ဘုရားလက်ကပဲ ပိုကောင်းတယ်လို့ ထင်တယ်'

ကျောင်းသားတွေ အချင်းချင်း ဆွေးနွေးနေကြသည်။ ဆွန်းမိုကို ထောက်ခံအားပေးကြတဲ့ ကျောင်းသားများကတော့ သူ့ဘုန်းကျက်သရေကို မျှဝေနေကြသည်။ တချို့ကတော့ လူမှားပြောနေတယ် ထင်ပြီး မယုံကြည်နိုင်ကြသေးပါ။

"တခြား ဆရာတွေလည်း တကယ် တော်ပါတယ်။ လျိုမူဘိုင်က အဆင့် (၅) နေရာမှာ ရပ်တည်ပြီး ကူရှုပ်ရှင်းက အဆင့် (၇) နေရာမှာ ရပ်တည်နေတယ်။

တခြား မြတ်ဆရာတွေရဲ့ အဆင့်ကလည်း မြင့်မားကြတယ်”

ဗဟိုပြည်နယ် အကယ်ဒမီ၏ ရလဒ်က အရမ်းကောင်းမွန်နေသဖြင့် အန်ရှီဝေ ပျော်ရွှင်နေခဲ့သည်။ အထူးသဖြင့် ဆွန်းမို ပထမနေရာ ရလာလို့ဖြစ်သည်။

ဒီနှစ် ကျောင်းသား စုဆောင်းရေးပွဲတွင် လူသိရှင်ကြား ဆောင်ပုဒ်ကို စဉ်းစားစရာ မလိုတော့ပါ။

လျှို့မှုဘိုင်ကို ထောက်ခံကြတဲ့ ကျောင်းသားများသည် လျှို့မှုဘိုင်၏ အဆင့်ကို

ကြားပြီးနောက် ရုတ်တရက် စကားမပြောနိုင်အောင် ဖြစ်နေကြသည်။ အရင်နှစ်သာဆိုပါက ဒီရလဒ်သည် အရမ်းအံ့အောဖို့ကောင်းပြီး ကြွားလို့လည်း ကောင်းသည်။ ဒါပေမယ့် ဒီနှစ်မှာတော့ ဆွန်းမိုနဲ့ သူ့ကြားမှာ လူသုံးယောက်သာ ခြားပေမယ့် ကမ္ဘာ တစ်ခု ခြားနေခဲ့သည်။

"ဆရာဆွန်းက အံ့အောဖို့ ကောင်းမှန်း ငါသိတယ်"

ရှာယွန်က ချီးကျူးလိုက်သည်။

"ဒါက မတရား အံ့အောဖို့ ကောင်းလွန်းတယ်။ တခြားသူတွေ ဘယ်လို အသက်ရှင်ရတော့မှာလဲ"

ပန်ရီ စိတ်တိုလာသည်။

"ဒီခေတ် လူငယ်တွေ အကုန်လုံးက မွန်းစတားတွေလား"

"ဆွန်းမိုက မွန်းစတား တစ်ကောင်လားလို့ မင်းပြောသင့်တာ"

ဒူရှောင်က ရယ်မောပြီး ပြောလိုက်သည်။

တဖက်တွင် ဆွန်းမိုရဲ့ ပထမဆုံး ဟောပြောပွဲမှာ ပြဿနာရှာခဲ့တဲ့ ကူရှောင်ရန် မှင်တက်နေသည်။ ထို့နောက် ခေါင်းယမ်းပြီး နားမလည်နိုင်တဲ့ အပြုံးတစ်ခု ပေါ်လာသည်။

ဆွန်းမိုကို တစ်ကြိမ် ရှုံးခဲ့တုန်းက သူရှက်နေခဲ့သည်။ ဒါပေမယ့် အခုတော့ သူလက်ခံလိုက်ပြီ။

ပါရမီရှင်တစ်ယောက်ရဲ့ ခြေနင်းတုံးတစ်ခု ဖြစ်သွားတာ ရှက်စရာ မဟုတ်ပါ။

....

“ငါလို......”

ရန်လီ ကျိန်ဆဲပြီး ချီရွန်ကျားကို စိုက်ကြည့်ရုံမှအပ မတတ်နိုင်တော့ပေ။ (တောက် ၊ ငါက ဆွန်းမိုရဲ့တပြည့် ဖြစ်လာရမှာ ဘာဖြစ်လို့ ဒီအမှိုက်ကောင် ချီရွန်ကျား ဖြစ်နေရတာလဲ။

ဆွန်းမိုကြောင့်သာ မဟုတ်ရင် မင်းကျောင်းထွက်ပြီး အလုပ်လုပ်နေရတာ ကြာပြီ။ မြေပိုင်ရှင်တချို့ဆီမှာ အလုပ်ကြမ်းသမား ဖြစ်နေပြီ။

လေးစားမှုနှင့် မနာလိုစိတ်များ ရန်လီ စိတ်ထဲမှာ မုန်တိုင်းထန်နေသည်။

....

ကျန်ဟန်ဖူက ဘေးနားတွင် ထိုင်နေပြီး အရမ်း တည်ငြိမ်နေတဲ့ ပုံပေါက်နေသော်လည်း ဒီစကားကို ကြားပြီးနောက် စိတ်ထဲမှာ လုံးဝကို အံ့အောသင့်နေသည်။ မသိစိတ်ကြောင့် လျှိုမူဘိုင်ကို လှမ်းကြည့်လိုက်မိသည်။

လျို့မှုဘိုင်က ကျန်ဟန်ဖူ အကြည့်ကို ရှောင်နေလိုက်သည်။

“မင်း စောင့်နေစမ်းပါ။ ကြယ် ၂ ပွင့် မြတ်ဆရာ စာမေးပွဲမှာ ငါကိုယ်တိုင် သက်သေပြမယ်”

လျို့မှုဘိုင်သည် မလာချင်ပေမယ့် လာခဲ့ရသည်။ သူ့ရဲ့ နိမ့်ကျမှုကြောင့် အရှက်ကွဲခဲ့ရတဲ့ အချိန်ကို ဖြတ်သန်းပြီး သတ္တိရှိရှိ ပြောင်းလဲဖို့အတွက် ဒီကျရှုံးမှုကို အမှတ်ရနေရမည်။

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ”

ကျန်ဟန်ဖူ အလိုလို ရေရွတ်လိုက်မိသည်။

"ဒုကျောင်းအုပ်ကြီး ကျန် မင်းဘာပြောလိုက်တာလဲ"

အန်ရှီဝေက သူ့ဆီကို ချက်ခြင်း လှည့်ကြည့်သည်။

"ဆ....ဆရာဆွန်း အရမ်းတော်တယ်လို့ ပြောတာ"

ကျန်ဟန်ဖူသည် ဒီစကားကို ပြောပြီးနောက် ဒေါသထွက်ကာ အံကြိတ်ပြီး လက်သီးတင်းတင်း ဆုပ်ထားသည်။ ဆွန်းမို ရောက်လာကတည်းက သူ့ကို ဘာတစ်ခုမှ ကောင်ကျိုး မပေးခဲ့ပါ။

ထို့နောက် ဆုပေးပွဲလေး လုပ်လိုက်သည်။ အန်ရှီဝေက ကြယ်တစ်ပွင့် မြတ်ဆရာကိုးယောက်ကို

ဂုဏ်ပြုရန်အတွက် လက်ဆောင် တစ်ခုစီ ပေးလိုက်သည်။

ဆွန်းမိုက သူ့အရှေ့မှာ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့ လေးစားအထင်ကြီးမှု အမှတ်တွေကိုကြည့်ပြီး အနည်းငယ် စိတ်လှုပ်ရှားနေသည်။

ဒင်

"လေးစားအထင်ကြီးမှု စုစုပေါင်း ၅၁,၀၂၁မှတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

တက်ရောက်တဲ့လူက တစ်သောင်းကျော်ရှိပြီး၊ လူ၂၇ ယောက်ကလွဲလျှင် လူတိုင်းက

လေးစားအထင်ကြီးမှု အမှတ် ထောက်ပံ့ခဲ့ကြသည်။ ဆွန်းမိုသည် သူတို့ဆီက လေးစားအထင်ကြီးမှု အမှတ် အများကြီး ရလိုက်သည်။

"လေးစားအထင်ကြီးမှု အမှတ်အများကြီး ရဖို့ ကြီးကြီးမားမား ကိစ္စတွေ လုပ်ရမယ် ထင်တယ်"

ဆွန်းမို ဖြတ်လမ်းတစ်ခုကို ရှာတွေ့သွားသည်။

ဒင်

"တစ်ထိုင်တည်းနဲ့ လေးစားအထင်ကြီးမှု အမှတ် ငါးသောင်းကျော် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ အထူးဆုအဖြစ် ရွှေရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမို ကျေနပ်နေသည်။

"နောက်ထပ် အစီအစဉ်ကတော့ တံဆိပ်ကြီး လက်ဝယ် ပိုင်ဆိုင်ပြီး စံချိန် ချိုးဖျက်သူကြီး နတ်ဘုရားလက် ဆွန်းမိုက သူ့ရဲ့ အတွေ့အကြုံကို လူတိုင်းစီ မျှဝေပေးဖို့ ဖိတ်ခေါ်ပါတယ်"

အန်ရှီဝေ ကျီစားလိုက်သည်။ "အိုဟုတ်ပြီ။ ဆွန်းမိုက စာမေးပွဲ ဖြေနေတဲ့အချိန်မှာ ကြယ်လေးပွင့် မြတ်ဆရာတစ်ယောက်ကိုလည်း အဆင့်တက်အောင် ကူညီပေးခဲ့သေးတယ်"

"ကျောင်းအုပ်ကြီး၊ ဒါက ဆရာဆွန်း အတွက် ပုံမှန် လုပ်ရပ်ပဲ မဟုတ်ဘူးလား"

"ဟုတ်တယ်။ မအံ့အောကြပါနဲ့"

"နောက်ဆုံးတော့ နတ်ဘုရားလက်ရဲ့ ကြီးမြတ်တဲ့ ဂုဏ်သတင်းက ပြည်နယ်ကိုးခုကို ပျံ့နှံ့သွားတော့မှာလား"

ကျောင်းသားတွေ အရမ်း စိတ်လှုပ်ရှားနေကြသည်။ ဒီလို ကြောက်ဖို့ကောင်းတဲ့ ဆရာတစ်ယောက်က သူတို့ကျောင်းမှာ ရှိတာ တကယ် ကံကောင်းသည်။

ဆွန်းမိုက အန်ရှီဝေဆီကနေ အသံချဲ့ ကျောက်တုံးကို ယူလိုက်သည်။

"အမှန်အတိုင်း ပြောရလျှင် ပထမနေရာ ရတာက တော်တော်လေး မိုက်တယ်။ ငါ့ကို သဘောကျတဲ့

လှတဲ့ အမျိုးသမီးတွေလည်း ရှိလာတယ်။ အရေးကြီးဆုံးကတော့ သူမတို့ ပုံစံကို ငါလည်း သဘောကျတယ်။ ကျောင်းအုပ်ကြီးတွေကလည်း ငါ့ကိုလိုက်ကြတယ်။ အခုအချိန်ကစပြီး ငါ့ဘဝက လက်တွေ့ကျကျ ချောမွေ့နေလိမ့်မယ်”

ဆွန်းမို ပုခုံးတွန့်ပြီး ပြောလိုက်သည်။

“ဟားဟား”

ကျောင်းသားများ ဝက်ဝက်ကွဲကွဲအောင် ရယ်မောနေကြသည်။ ဆရာဆွန်းက တော်တော်လေး ရယ်စရာပြောတတ်သည်။

"ဒီနေရာက ရှုခင်း တကယ်ကောင်းတယ်.။ မင်းတို့တွေလည်း ဒီတောင်ထိပ်ကို တက်လာမယ်လို့ ငါတကယ် မျှော်လင့်တယ်"

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

"အားလုံးပဲ။ မင်းတို့ကို ဒီနေရာက စောင့်နေမယ်"

ဝူးရှ်

ရွှေရောင် အရှိန်အဝါက တစ်ခန်းလုံး ပျံ့နှံ့လာသည်။

ဖြောင်းဖြောင်း ဖြောင်း

ကျောင်းသားများက လက်ခုပ်တီး အားပေးနေကြသည်။ ဒါ့အပြင် မြတ်ဆရာ

အရှိန်အဝါရဲ့ သက်ရောက်မှုကြောင့်လည်း အခုဆိုရင် သူတို့မှာ ရည်မှန်းချက် အသစ်တွေရှိလာပြီး အားအင်ပြည့်လာကြသည်။

တချိန်တည်းမှာပဲ ဆွန်းမိုဆီက မြတ်ဆရာအရှိန်အဝါ ထွက်လာသဖြင့် စိတ်ရင်းနဲ့ပြောမှန်း သိသာနေသည်။ ဒါက လူတိုင်းကို ထိပ်ဆုံးတက်ဖို့ အခွင့်အရေး ရှိတယ်ဆိုပြီး သူတကယ်မျှော်လင့်နေသည်။

"သူ့အရှိန်အဝါက တကယ်ကြီးတယ်ဟ"

မြတ်ဆရာတော်တော်များများ ထအော်ကြသည်။ ဆွန်းမိုက သူ့ရဲ့ဂုဏ်သတင်းနဲ့ တကယ်ထိုက်တန်သည်။

"ကောင်းပြီ။ အားလုံးပဲ တိတ်ကြပါ"

ဆွန်းမိုက ဘယ်လက်ကို အောက်နိမ့်ပြလိုက်သည်။

ဝူရှ်

လူပေါင်း တစ်သောင်းကျော်ရှိတဲ့ ခန်းမသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။

"နောက်ထပ်။ ငါတို့ ကျောင်းရဲ့သုံးနှစ်စာ အစီအစဉ်ကို မျှဝေပါ့မယ်"

ဆွန်းမိုက လေးနက်တဲ့ အမူအရာ ဖြစ်လာသည်။

"ငါတို့ 'စီ'အဆင့်ကို ရောက်လာပြီ၊ ဒီအဆင့်မှာ တည်ငြိမ်အောင် ထိန်းထားပြီး 'ဘီ'အဆင့် တက်နိုင်ဖို့အတွက် လိဂ်ပြိုင်ပွဲမှာ ငါတို့ ကျောင်းက တခြားကျောင်းတွေကို ချေမှုန်းနိုင်ဖို့အတွက် မင်းတို့ရဲ့ ထူးချွန်တဲ့ စွမ်းဆောင်ရည် လိုအပ်တယ်"

"မင်းတို့မှာ ယုံကြည်မှု သိပ်မရှိဘူးမဟုတ်လား။ အဆင်ပြေတယ်။ မင်းတို့တွေ အောင်မြင်မှု ရဖို့အတွက် ငါတို့ကျောင်းမှာ အထူးအမှောင်ထု အဆောက်အဦး တည်ဆောက်ထားရုံသာမက

ကြယ်ပွင့် မြင့်တဲ့ မြတ်ဆရာတွေကို ခန့်အပ်ဖို့အတွက်လည်း ငွေ အများကြီး အသုံးပြုမယ်”

ဒီစကားကို ကြားလိုက်လျှင် ကျောင်းသားတွေ စိတ်လှုပ်ရှားလာသည်။ ဆရာကောင်းတစ်ယောက်ရဲ့ အတန်းမှာ မတက်ချင်တဲ့လူ ရှိလို့လား။ အခြားတစ်ဖက်မှာတော့ မြတ်ဆရာတွေ ရင်တုန်လာပြီး ဖိအား များလာကြသည်။

“မင်းတို့တွေ ထူးချွန်နေသ၍ မြတ်ဆရာတွေရဲ့ လမ်းညွှန်မှုကို ခံယူလို့ ရတယ်”

ဆွန်းမိုက ပြုံးလိုက်ပြီး

"ဒါကြောင့် ငါတို့က 'မြတ်ဆရာများ ခေါင်းဖြတ် အမဲလိုက်ခြင်း' အစီအစဉ်ကို အကောင်အထည်ဖော်မယ်။ နောက်ပိုင်း ကျောင်းမှာ ရှိတဲ့ လူတိုင်းအတွက် မဲပေးစနစ် ရှိလာမယ်။ မင်းတို့ သင်ချင်တဲ့ မြတ်ဆရာနာမည်ကို မဲပေးကြပါ။ ငါက မဲအများဆုံးရတဲ့ မြတ်ဆရာကို လိုက်ရှာမယ်"

"ဘယ်သူတွေလဲ။ သာမည သူတော်စင်တွေရော ပါလား"

ကျောင်းသားတစ်ယောက်က သတ္တိရှိရှိ အော်မေးလိုက်သည်။

"မင်းငါ့ကို အခက်တွေ့အောင် လုပ်နေတာလား"

ဆွန်းမို စနောက်လိုက်ပြီး

“သာမည သူတော်စင်ကို လိုက်ရှာဖို့ သေချာပေါက် မဖြစ်နိုင်ဘူး။ ဒါပေမယ့် လူထု ဟောပြောပွဲ လုပ်ခိုင်းဖို့က ပြဿနာ မရှိလောက်ဘူး”

ကျောင်းသားတွေ စိတ်လှုပ်ရှားနေကြသည်။ သာမည သူတော်စင်ရဲ့ အတန်းကိုတက်ပြီး အတွေ့အကြုံ ပိုရလာမည်။

“ဘဝင်”

ကျန်ပဟန်ဖူက ဆွန်းမိုကို မခန့်လေးစား ကြည့်လိုက်သည်။ လူတစ်ယောက်သည် သာမည သူတော်စင်အဆင့်သို့ ရောက်သွားတာနဲ့ ငွေကြေး၊

ကျေးဇူးတရားနှင့် လောကစည်းမျဉ်းတွေက အသုံးမဝင်တော့ပေ။ ဆွန်းမိုမှာ သူတို့ကို ဖိတ်ကြားပြီး ဟောပြောခိုင်းဖို့က လုံလောက်တဲ့ အခွင့်အရေး မရှိပါ။

“တိတ်ကြပါ။ ငါ့မှာ ကြေငြာစရာ ရှိသေးတယ်”

ဆွန်းမိုက ဘယ်လက်ကို နောက်တစ်ကြိမ် နိမ့်ချပြလိုက်လျှင် ခန်းမကြီးလည်း နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြန်သည်။ ကျန်ဟန်ဖူတောင် ဒီလို လွှမ်းမိုးမှုကြောင့် မနာလို ဖြစ်နေသည်။

အခန်း(၄၈၇ - က) - ချစ်စိတ်ပြင်းတဲ့ အနမ်း။

"ငါတို့ကျောင်းရဲ့နောက်ဆုံး ပန်းတိုင်က 'ဘီ' အဆင့် ဒါမှမဟုတ် 'အေ'အဆင့်တောင် မကသေးဘူး မဟာကိုးပါး အဆင့်ကို ပြန်ရောက်သွားဖို့ ဖြစ်တယ်။ ဒီ ရည်မှန်းချက်ကို ငါးနှစ်အတွင်း အောင်မြင်ဖို့အတွက်

ကျောင်းက ကြယ်ပွင့်မြင့်တဲ့ မြတ်ဆရာတွေကို ငွေတွေ အများကြီး သုံးပြီး ခေါ်ယူမယ်”

ဆွန်းမို စကားဆုံးသွားတာနဲ့ အခန်းထဲမှာ အာမေဒိတ်သံများ ပလူပျံနေသည်။

“ငါးနှစ်အတွင်း မဟာကိုးပါး အဆင့် ပြန်ရောက်ဖို့ ဒါတော့ နည်းနည်း များသွားပြီ မဟုတ်လား”

“တကယ်လို့ ကြယ်အဆင့်မြင့်တဲ့ မြတ်ဆရာတွေ အများကြီး စုဆောင်းနိုင်ရင် ဖြစ်နိုင်တယ် မဟုတ်လား”

“ဒီလိုဖြစ်သွားရင် ငါတို့အတွက် အကျိုးကျေးဇူး အများကြီး ရှိမှာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအချင်းချင်း စတင်ဆွေးနွေးနေကြသည်။ ကျောင်းသားတွေအလိုချင်ဆုံးက ဘာလဲ။ အံ့အောစရာ ကျောင်းတဲ့ဆရာရဲ့ သင်ကြားမှုကို ခံယူဖို့ ဖြစ်သည်။ ဗဟိုပြည်နယ် အကယ်ဒမီက မဟာကိုးပါး အဆင့်ကိုပြန်ရောက်နိုင်တယ် ဆိုတဲ့ အချက်ကိုဖယ်ထားလိုက်အုံး ကျောင်းကဆရာကောင်းအများကြီး ခေါ်ယူနိုင်ခဲ့ရင်ကျောင်းသားတွေ တဟုန်ထိုး တိုးတက်လာလိမ့်မည်။

ငယ်ရွယ်တဲ့ မြတ်ဆရာများကလည်းကြယ်အဆင့်မြင့်တဲ့ မြတ်ဆရာတွေဆီက

အတွေ့အကြုံများကို သင်ယူနိုင်မယ် မျှော်လင့်ပြီး အချင်းချင်း ဆွေးနွေးနေကြသည်။ ဒါပေမယ့် အသက်ကြီးပြီး အရည်အချင်း မပြည့်မီတဲ့ မြတ်ဆရာများကတော့ မျက်နှာမှာ သွေးမရှိတော့ပေ။

တကယ်လို့ ဆွန်းမိုက မြတ်ဆရာများကို စုဆောင်းပါက သူတို့ထဲက တချို့ကို ဖယ်ရှားပစ်မှာ မဟုတ်ပါလား။

"တစ်ချိန်တည်းမှာဘဲ ကျောင်းမှာရှိတဲ့ မြတ်ဆရာကြားမှာ ယှဉ်ပြိုင်မှုနဲ့ ဖွဲ့ ၊ ဝိရိယ မြှင့်တင်ဖို့အတွက် လစာစနစ် အပြောင်းအလဲကို မိတ်ဆက်ပေးမယ်။ အရည်အချင်း ရှိတဲ့လူတွေက

ပိုရမယ်။ သင်သာ ထူးချွန်နေသ၍ ခံစားခွင့်ပို ရနေမယ်”

“တစ်ချိန်တည်းမှာပဲ လစဉ်လတိုင်းမှာ ထူးချွန်တဲ့ မြတ်ဆရာ ဆယ်ယောက်ကို ရွေးချယ်ပြီး ရက်ရောတဲ့ ဆုလဒ်တွေ ပေးမယ်”

ဆွန်းမိုစကားနဲ့ ပက်သက်ပြီး ကျောင်းသားတွေ ကြားမှာ ဘာမှ မဖြစ်ပေမယ့် ဆရာတွေကြားမှာတော့ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

“ဒါဆို လူတစ်ယောက် မထူးချွန်ရင် ဘာဖြစ်လာမလဲ”

“ဒါဆို သူတို့ ဖယ်ထုတ်ခံရမှာ သေချာတယ်”

“သူတို့ကို မဖယ်ထုတ်ဘူးဆိုရင်တောင် အောက်ခြေရောက်နေတဲ့ ဆရာတွေက အနောက်မှာပဲ နေရလို့ ရှက်နေမှာပဲ”

ဆရာတွေ အချင်းချင်း တိုးတိုးလေး ဆွေးနွေးနေကြပြီး လူအများစုကတော့ မျက်နှာ မည်းမှောင်နေသည်။

“ဆရာပန်၊ နေမကောင်းဘူးလား။ ဘာဖြစ်နေတာလဲ”

ရှာယွန်က စိုးရိမ်စိတ်နဲ့ မေးလိုက်သည်။

“ခေါင်းနည်းနည်း မူးနေလို့ပါ”

ပန်ရှီ မျက်နှာ ဖြူဖျော့နေသည်။ အသက်ကြီးနေသဖြင့် တိုးတက်ဖို့ ခွန်းအား

မရှိတော့ပေ။ သူ့ရဲ့ လက်ရှိဆန္ဒကတော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ သူ့ဘဝကို အေးအေးဆေးဆေးလေး ဖြတ်သန်းသွားချင်သည်။ ကျောင်းသားတွေ သင်ကြားဖို့လား စိတ်မပါတပါနဲ့ လုပ်လိုက်မည်။ ဒါပေမယ့် ခု ဆွန်းမိုလုပ်နေတဲ့ ပုံစံအရ အချောင်ခိုနေလို့ မရတော့ပါ။

ရှာယွန်သည် အေးစက်စက်ပြုံးနေပြီး ပန်ရီ စိတ်အနှောက်အယှက်ဖြစ်အောင် တမင်သက်သက် လုပ်ခဲ့သည်။ မြတ်ဆရာတော်တော်များများသည် ဟိုးအရင်ကတည်းက ကျောင်းမှာ ကပ်ပါးကောင်တွေ

လုပ်နေပြီး ဘာမှ မဖြန့်ဝေရုံသာမက ကျောင်းကို ဂုတ်သွေးစုပ်နေကြသည်။

"ကောင်းပြီလေ။ ငါပြောပြီးပြီဆိုတော့ ကျောင်းသားတွေက အထက်တန်းကနေ အငယ်တန်းအထိ အဆင့်လိုက် အတန်းလိုက် ဆက်တိုက် ထွက်ခွာမယ်။ မြတ်ဆရာတွေ အားလုံးကတော့ ကျန်နေခဲ့ပါ။ ငါ့မှာ ကြေငြာစရာ ရှိသေးတယ်"

ဆွန်းမိုက ခန်းမကြီးကို စတင် ရှင်းလင်းလိုက်သည်။ သူ့အစီအစဉ်ကို ကျောင်းသားတွေ အရှေ့ ကြေငြာရတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရည်ရွယ်ချက်ကတော့ နောက်ပြောင်နေတာ မဟုတ်တဲ့အကြောင်း မြတ်ဆရာတွေကို အသိပေးချင်လို့ ဖြစ်သည်။ ဒါပေမယ့်လည်း သူတို့မျက်နှာကို ကယ်တင်ရန်အတွက် အသေးစိတ် အချက်အလက်တော့ မဖော်ပြခဲ့ပေ။

ဘာပဲပြောပြော ကျောင်းသားတွေ အရှေ့မှာ ဆရာတွေရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ လိုအပ်သေးသည်။

ပန်ရီသည် ထွက်သွားချင်နေပြီး ဒီစကားကို ကြားတော့ စိတ်မပါဘဲ ပြန်ထိုင်ချလိုက်သည်။

သိပ်မကြာခင် ခန်းမထဲမှာ ဆရာတွေပဲ ကျန်တော့သည်။

"ဗဟိုပြည်နယ် အကယ်ဒမီက စတင်မြင့်တက်လာပါပြီ။ ငါ့စကားက နားနဲ့ မတည့်ရင်လည်း မင်းတို့ စိတ်ထဲမှာမထားဖို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် တချို့လူတွေကတော့ ကျောင်းနဲ့ မထိုက်တန်တော့ဘူး။ စာချုပ်ကုန်ဆုံးတဲ့အထိ အေးအေးဆေးဆေး စောင့်ဆိုင်းနေရင်တော့ ငါတို့ဘက်က ကောင်းမွန်တဲ့ မှတ်ချက်နဲ့ လမ်းခွဲပါ့မယ်။ ဒါပေမယ့် မင်းတို့ဘက်က

ပြဿနာရှာချင်တယ်ဆိုရင်လည်း စောင့်ကြိုနေပါ့မယ်”

ဆွန်းမိုက စကတည်းက သတိပေးလိုက်သည်။

ရာနဲ့ချီတဲ့ မြတ်ဆရာတွေ အားလုံး အံ့အောသင့်ကုန်သည်။ ဆွန်းမို ဒီမှာတောင် တော်တော်လေး ခေါင်းမာနေပါလား။ သူတို့အတွက် မျက်နှာတောင် မချန်ထားတော့ပါ။

“ဗဟိုပြည်နယ် အကယ်ဒမီမှာလည်း တက်ကြွတဲ့ သွေးသစ်တွေ လိုအပ်နေပြီ။ ကျောင်းမှာ ဖြန့်ဝေချင်စိတ်ရှိနေသ၍ မင်းတို့ကို ဆိုးဆိုးဝါးဝါး ဆက်ဆံမှာ မဟုတ်ဘူး။ မင်းတို့ ကြိုးစားအားစိုက်မှုရဲ့

ဆယ်ဆ၊ အဆ တစ်ရာ ဒါမှမဟုတ် အဆတစ်ထောင် ငါ့ဘက်က သေချာပေါက် တုန့်ပြန်မယ်”

ဆွန်းမိုက အခန်းတစ်လုံးကို အကဲခတ်နေသည်။

“ဒီခရီးလမ်းက အရမ်းကြမ်းတဲ့အတွက် တောင်းပန်ပါတယ်။ ငါ ရဲဘော်ရဲဘက်တွေကို သေသေချာချာ ရွေးချယ်ဖို့ လိုအပ်တယ်။ နောက်ဆုံး ဒီအဖွဲ့ထဲမှာ ပါတဲ့လူတွေက ထူးထူးခြားခြား အရည်အချင်းရှိပြီး အသိအမှတ်ပြု ခံထိုက်တဲ့ ထိပ်တန်းပါရမီရှင် မြတ်ဆရာတွေပဲ ဖြစ်ရမယ်”

ဟာ

ဆွန်းမို စကားဆုံးသွားတာနဲ့ လှုပ်လှုပ်ရှားရှား ဝရုန်းသုန်းကား ပေါက်ကွဲထွက်လာသည်။

အဲဒီနောက် ကြီးမားတဲ့ ဖိအားကြီး ဖြစ်ပေါ်လာသည်။ ဒါပေမယ့်လည်း ဒီကိစ္စများကြားတွင် လက်ခံနိုင်တဲ့ မျှော်လင့်ချက် တချို့နဲ့ အာသီသများ ရှိနေသေးသည်။

ဂိမ်းဆော့သလိုပဲ။ အံ့အောစရာကောင်းတဲ့ အဖွဲ့ထဲသို့ မဝင်ချင်တဲ့လူ ရှိလို့လား။ လမ်းသွားလမ်းလာ ခရူတွေကိုတောင် မသတ်နိုင်တဲ့လူတွေကို လိုချင်တဲ့အဖွဲ့ ရှိပါ့မလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရဲဘော်ရဲဘက်၊ စကားလုံး သုံးစွဲတာ တော်တော်ကောင်းတယ်”

ဝမ်ဆုက ဆွန်းမိုကို အံ့အောတဲ့ အမူအရာနဲ့ ကြည့်နေသည်။ ဒါပေမယ့်လည်း သူ့ကိုယ်သူ နှစ်သိမ့်တဲ့အပြုံး အမြန် ပြုံးလိုက်သည်။ ဒါက တိုးတက်မှုအတွက် မှန်ကန်တဲ့ လမ်းစဉ်ပဲ။

မြတ်ဆရာများသည် စိတ်သဘောထားပြည့်ဝပြီး စေတနာ ကောင်းရမည်။ ဒါပေမယ့် ကျောင်းအုပ်ကြီးတွေကတော့ အဲဒီလို လုပ်လို့မရပါ။ အပြော့နဲ့ အမာကို သင့်တော်သလို ရောယှက်ပြီး အသုံးပြုရမည်။

ဆွန်းမိုသည် စင်အောက်လူတွေကို ကြည့်ပြီး (ဒါကို ဘယ်သူက သဘောတူလဲ။ ဘယ်သူက ကန့်ကွက်လဲ) မေးလိုက်ချင်သည်။ ဒါဆိုရင် အရိုက်ခံရဖို့ များသွားမည်။

"ဆွန်းမို၊ ဘာတွေ ပေါက်ကရ ပြောနေတာလဲ"

ကျန်ဟန်ဖူက ရုတ်တရက် ထအော်သည်။

"ဒီလိုလုပ်လိုက်ရင် နှစ်ပေါင်း တစ်ထောင်ကျော်လောက် စုဆောင်းလာတဲ့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဂုဏ်သတင်း ပျက်ဆီးသွားလိမ့်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျုန်ပ်ဟန်ဖူက ဖြောင့်မတ်တဲ့ ပုံနဲ့ပြောနေပေမယ့် စိတ်ထဲမှာတော့ တော်တော်လေး ပီတိ ဖြစ်နေသည်။ (ဒီလိုလုပ်တာက မင်းသချိုင်း မင်းတူးနေတာပဲ။ ဒီမြတ်ဆရာတွေ သပိတ်မှောက်တာက သူတို့ အလုပ်ထုတ်ခံရမှာ ကြောက်လို့ပဲ။ ဒါတောင် မင်းက ပေါ်တင် ဝန်ခံလိုက်သေးတယ်။ အဆုံးထိ တောင့်ခံနိုင်ပါ့မလား)

“ဆရာကျုန်၊ မင်းစကားကို ဆင်ခြင်ပါ။ မြတ်ဆရာတစ်ယောက်ရဲ့ ဂုဏ်ပုဒ်ကို မစော်ကားပါနဲ့”

ဆွန်းမို ဆူပူကျိန်းမောင်းလိုက်သည်။

“မင်းက ဗဟိုပြည်နယ်အကယ်ဒမီအတွက် အရှက်ပဲ။ ဒီက မြတ်ဆရာတွေကို မေးကြည့်စမ်းပါအုံး။ အရင်ကျောင်းအုပ်ကြီး လက်ထက်ကတည်းက ဒီမှာ အလုပ်လုပ်လာတဲ့ သက်ကြီး ရွယ်အို ဘယ်နှစ်ယောက် ရှိလဲလို့ မေးကြည့်စမ်းပါအုံး။ ဘာလဲ........ကျောင်းက ‘စီ’ အဆင့် ရောက်ပြီဆိုတာနဲ့ သူတို့ကို ရှုံ့ချတာလား”

ကျန်ဟန်ဖူသည် အားလုံးက ဆွန်းမိုကို ဆန့်ကျင်လာအောင် မီးစမွှေးလိုက်သည်။

“ဒါအမှန်ပဲ။ ဆွန်းမို ၊ ဒီလို လုပ်တာကိုက မင်းက တော်တော်လေး ကျေးဇူးကန်းတဲ့ကောင်ပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“လူတိုင်းက ဗဟိုပြည်နယ်အကယ်ဒမီအတွက် ဆယ်နှစ်ကျော် ပံ့ပိုးပေးခဲ့တဲ့ လူတွေပဲ။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ”

“ကျောင်းအုပ်ကြီး အန်၊ ဒါကို ဘာပြောမလဲ”

သက်ကြီးရွယ်အိုတချို့က ဆွန်းမိုကို အော်ဟစ်ပြီး ပေါက်ကွဲနေကြသည်။ သူတို့ စိတ်အနှောက်အယှက် ဖြစ်နေကြသလို အနာဂတ်အတွက်လည်း စိုးရိမ်နေကြသည်။ အဲဒီအချိန်တွင် ငယ်ရွယ်တဲ့ မြတ်ဆရာများက အေးအေးစက်စက် ကြည့်နေကြသည်။

“ကျောင်းအုပ်ကြီး အန် တစ်ခုခုပြောအုံး”

ပန်ရီက အသက်နဲ့ချွေးရင်းပြီး တိုင်းပြည်အတွက် ပေးဆပ်ပြီးမှ အရောင်စားခံလိုက်ရသလို အောင်ဟာစ်နေသည်။

ရှာယွန်က ဘေးသို့ ခြေလှမ်းနှစ်လှမ်းစာ တိတ်တိတ်လေး ရွှေ့သွားသည်။ ဒီလိုလူတစ်ယောက်နဲ့ တွဲရပ်နေရတာ တကယ်ရှက်ဖို့ကောင်းသည်။

“အသံချဲ့ကျောက်တုံး ငါ့ဆီပေး’ အန်ရှီဝေက ပြောလိုက်သည်။

အန်ရှီဝေသည် ဆွန်းမိုတစ်ယောက် အပြစ်အတင်ရှုံ့ချ ခံနေရတာကို မကြည့်ရက်ဘဲ

သူမ အကြံအစည်လို့ ပြောပြီး အပြစ်တင်ခံဖို့ ဆုံးဖြတ်လိုက်သည်။

“မရဘူး။ မင်းက နတ်သမီးလေး တစ်ပါးလိုပဲ နေစမ်းပါ”

ဆွန်းမိုက မိန်းကလေးတစ်ယောက်အနောက်တွင် ပုန်းအောင်းတဲ့ အကျင့်မရှိပါ။ သူက အသံချဲ့ကျောက်တုံးဆီ လက်လှမ်းလာတဲ့ အန်ရှီဝေ လက်ကို ကိုင်လိုက်ပြီး စင်အောက်သို့ ငုံ့ကြည့်လိုက်သည်။

အခန်း(၄၈၇ - ခ) - ချစ်စိတ်ပြင်းတဲ့ အနမ်း။

"မင်းတို့ ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေကြတာလဲ"

ဆွန်းမို အံ့အောသင့်နေသလို လုပ်လိုက်ပြီး

"ဗဟိုပြည်နယ်အကယ်ဒမီအတွက် စိတ်အားထက်သန်မှုနဲ့ ခံစားချက်တွေ မြှုပ်နှံထားတဲ့ သက်ကြီးရွယ်အိုတွေ မဟုတ်ဘူးလား။ ဒါဆို ငါက ထိပ်တန်းပါရမီရှင် အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး ကျောင်းတိုးတက်လာအောင် ကူညီပေးနေတာ မင်းတို့တွေ ပျော်နေရမှာ မဟုတ်ဘူးလား။ ဒါမှမဟုတ်

မင်းတို့တွေက ကျောင်းကို ဂုတ်သွေးစုပ်နေတဲ့ ကပ်ပါးကောင်တွေလား”

“အိမ်မှာ သက်ကြီးရွယ်အို တစ်ယောက်ရှိတာ ရတနာရှိတာနဲ့ တူတယ်လို့ စကားပုံရှိတယ်။ စီနီယာ မြတ်ဆရာတွေရဲ့ အတွေအကြုံနဲ့ဆိုရင် အငယ်တွေကို ကူညီနိုင်မယ် မျှော်လင့်ခဲ့တာ ဒါပေမယ့် မင်းတို့ လုပ်ရပ်က တကယ် စိတ်ပျက်စရာပဲ”

“ယှဉ်ပြိုင်ရမှာ ကြောက်လို့လား။ မင်းတို့ရာထူးကို အငယ်တွေ ယူသွားမှာ ကြောက်လို့လား။ မင်းတို့သာ ကျောင်းရဲ့ ကောင်းကျိုးကို တကယ်စဉ်းစားရင် မင်းတို့ဘာသာမင်းတို့ပဲ နှုတ်ထွက်သွားသင့်တယ်။

အလုပ်စားပွဲပေါ်မှာ ဘာမှ အလုပ်ရှုပ်စရာ မလိုတော့ဘူး”

ဆွန်းမိုက အဆက်မပြတ် မမောနိုင် မပန်းနိုင် ပြောလိုက်သည်။

မြတ်ဆရာအားလုံး အံ့အောသင့်နေကြသည်။ ဆွန်းမိုက တောခွေးနက်ကြီးဆွန်း ဘွဲ့ကို ဘယ်လိုရလဲမသိတဲ့ လူတချို့လည်း နောက်ဆုံးတော့ နားလည်သွားသည်။ သူတပါးကို ပြောရမယ်ဆိုရင် ကြိုးပြတ်တဲ့ ခွေးတစ်ကောင်လိုပဲ။

စီနီယာ မြတ်ဆရာတွေလည်း ဘာပြောရမလဲမသိအောင် ဖြစ်နေပြီး မျက်နှာ

အီးမှန်နေသည်။ ဘာပဲပြောပြော ယှဉ်ပြိုင်နိုင်စွမ်း မရှိမှာကို စိုးရိမ်နေတာ အမှန်ပဲ ဖြစ်သည်။

ယုံကြည်ချက် ရှိတဲ့လူတွေက တည်ငြိမ်နေကြသည်။

"ဆွန်းမို ၊ အတားအဆီးမရှိ တံဆိပ်ကပ်နေတာ တော်လိုက်တော့။ မင်းလုပ်နေတဲ့ ပုံစံကို ကြည့်အုံး ဗဟိုပြည်နယ် အကယ်ဒမီမှာ နး္ေထွေးမှု ဘယ်လို ရှိတော့မှာလဲ"

ကျန်ဟန်ဖူ ဝေဖန်နေသည်။

"ငါ ဘယ်သူ့ကို အလုပ်ထုတ်မယ် ပြောခဲ့လို့လဲ"

ဆွန်းမိုက ပြုံးလိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"လစာနဲ့ အကျိုးခံစားခွင့် ဖြတ်တောက်မှာတော့ သေချာတယ်။ ကျောင်းက မတတ်နိုင်လို့ မဟုတ်ဘူး။ ဒီလူတွေက ကြီးမြတ်တဲ့ကြွင်နာမှုနဲ့ မထိုက်တန်လို့"

"ဒါပေမယ့်လည်း အပိုထွက်လာတဲ့ ပိုက်ဆံတွေကို ပိုအံ့အောဖို့ကောင်းတဲ့ မြတ်ဆရာတွေအတွက် အသုံးပြုမယ်။ ဒါကို ကန့်ကွက်တဲ့လူ မရှိဘူး မဟုတ်လား"

အရည်အချင်းရှိတဲ့ မြတ်ဆရာတွေကတော့ ခေါင်းမညိတ်ပဲ မနေနိုင်တော့ပါ။

"ကန့်ကွက်စရာ မရှိပါဘူး"

“ဒီလို ဖြစ်သင့်တယ်။ အရည်အချင်း ရှိတဲ့လူက လစာ ပိုရသင့်တယ်”

“ရာထူးတိုးခြင်းနဲ့ လစာကို အသက်ကြီးတာနဲ့ ဆုံးဖြတ်တာအစား အရည်အချင်းနဲ့ ဆုံးဖြတ်တာက မှန်ကန်တဲ့ နည်းလမ်းပါ”

ခန်းမထဲမှာ ချက်ခြင်းဆိုသလို နှစ်ဖွဲ့ ကွဲသွားသည်။ အုပ်စုနှစ်ခုကြားမှာ ငြင်းခုန်မှုတောင် ရှိသေးသည်။

ဝမ်ဆုက ဆွန်းမိုကို ကြည့်လိုက်လျှင် အရမ်းတည်ငြိမ်နေတဲ့ပုံ ဖြစ်နေတာ မြင်လိုက်ရသည်။

“ဒီလို ဖြစ်လာမယ်ဆိုတာ သူကြိုတွက်ထားတာလား”

ဝမ်ဆု တွေးလိုက်သည်။

အရည်အချင်း ပြည့်မီတဲ့ မြတ်ဆရာများသည် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ မဏ္ဍိုင် ဖြစ်လာလိမ့်မည်။ ဆွန်းမိုက ပိုကောင်းတဲ့ အကျိုးအမြတ်တွေကို မက်လုံးပေးပြီး သူ့ဘက် ဆွဲခေါ်လိုက်တာပဲ။

သာမန် သင်ကြားရေး စွမ်းရည်သာ ရှိတဲ့ မြတ်ဆရာများ ထွက်သွားလျှင် ဘယ်သူ လွမ်းနေမှာလဲ။

ဆွန်းမိုက သနားညှာတာမှုကင်းတဲ့ ပုံစံ လုပ်ဆောင်ခြင်းဖြင့် သူ့ဂုဏ်သတင်း ထိခိုက်သွားမယ်ဆိုတာ သေချာသည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အပြန်အလှန်အားဖြင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိတဲ့ ဗဟိုပြည်နယ် အကယ်ဒမီကို ပြန်ရမည်။

လျိုမူဘိုင်သည် ဆွန်းမို လုပ်သမျှကို တိတ်တိတ်လေး စောင့်ကြည့်နေရာမှ အရမ်းအံ့အောသင့်သွားသည်။ အဲဒီနောက် ပြန်တည်ငြိမ်လာသည်။ စိတ်ထဲမှာလည်း ကိစ္စများစွာကို ပြန်တွေးနေမိသည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုက တံဆိပ်ကြီးရပြီး စံချိန်ကို ချိုးဖြတ်ကာ ပထမနေရာ ရခဲ့သော်လည်း လျိုမူဘိုင်သည် ဆွန်းမိုကို အံ့အောဖို့ကောင်းတယ်လို့ မထင်မိသေးပါ။ ဒါပေမယ့် အခုတော့ သူယုံသွားပြီ။

ဆွန်းမိုလိုမျိုး ကျောင်းပြဿနာကို ကိုင်တွယ်ရန် စဉ်းစားခဲ့မိသော်လည်း ကိစ္စတချို့ကို တွေးပြီးနောက် အတွေးကို စွန့်လွှတ်ခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ အကျိုးဆက်များကို ခံနိုင်ရည် မရှိခဲ့ပါ။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် လျိုမူဘိုင်က သူ့ကိုယ်သူ ဂရုစိုက်ပြီး မကောင်းတဲ့ ကောလဟာလများကို မလိုချင်ခဲ့ပေ။

“ဆရာဆွန်းကို ကျောင်းစီမံခန့်ခွဲတဲ့ နေရာမှာ ငါမယှဉ်နိုင်တာ အမှန်ပဲ”

ဒင်

လျှိုမူဘိုင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၆၀/၁,၀၀၀)

ဒင်

“လျှိုမူဘိုင်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တိုးလာတဲ့အတွက် ဂုဏ်ပြုပါတယ်။ သူက မင်းကို မုန်းနေသဖြင့် လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တက်ဖို့ အရမ်းခက်ခဲတယ်။ ဒါကြောင့် ငွေရောင် ရတနာသေတ္တာတစ်လုံး ဆုချီးမြှင့်တယ်”

စနစ်ဆီက အကြောင်းကြားချက်ကို ရပြီးနောက် ဆွန်းမိုသည် လျှိုမူဘိုင်ကို တစ်ချက်

လှည့်ကြည့်လိုက်သည်။ (ဒီလိုအချိန်မှာ မင်းက ငါ့ကို ချီးကျူးချင်နေတာလား။ မင်းအစပျိုးမှုက တခြားလူတွေနဲ့ နည်းနည်း ကွာခြားနေတယ်)

"ကျောင်းအုပ်ကြီးအန်၊ ဒါက မင်းအကြံလား။ ဆွန်းမို အကြံလား"

ကျန်ဟန်ဖူက သေနတ်ပြောင်းဝကို အန်ရှီဝေဆီ လှည့်လိုက်သည်။

သူက ဆွန်းမိုကို ငြင်းခုန်တဲ့နေရာတွင် ဘယ်လိုမှ အနိုင်မယူနိုင်ပေ။ ဒါပေမယ့် အန်ရှီဝေနဲ့ဆို ကွာခြားသွားမည်။ သူမက မျက်နှာအတွက် အမြဲတမ်း စိတ်ပူတဲ့လူပါ။

"မင်း ပြောစရာရှိရင် ငါ့ကို ပြောလို့ရတယ်။ ငါက အန်ရှီဝေကို အပြည့်အဝ ကိုယ်စားပြုတယ်"

ဆွန်းမိုက ပြောလိုက်သည်။

"ဒီလိုပြောရုံနဲ့ လုပ်လို့ရမယ် ထင်နေတာလား။ မင်းက သူမယောကျ်ား မဟုတ်ဘူး စေ့စပ်ထားတဲ့လူပဲ ရှိသေးတယ်။ ဒီမှာဘာလို့ အမိန့်ပေးနေတာလဲ"

ဝွန်ရှန်က ချက်ကောင်း ပစ်လိုက်သည်။

အန်ရှီဝေက အသံချဲ့ကျောက်ကို ထပ်လုဖို့ ကြိုးစားလိုက်သော်လည်း မအောင်မြင်ခဲ့ပေ။ ရလဒ်အနေနဲ့ သူမခန္ဓာကိုယ်ကနေ ငွေရောင်အလင်းတန်း တောက်လာပြီး

အတောင်ပံပါတဲ့ ခိုတစ်ကောင်လို အဝေးပျံသန်းသွားသည်။

မြတ်ဆရာအရှိန်အဝါ။ စွဲကျန်နေတဲ့အသံ။ အသက်ဝင်လာသည်။

ဒီမြတ်ဆရာ အရှိန်အဝါက မြတ်ဆရာရဲ့ စကားသံကို အဆပေါင်းများစွာ ချဲ့ပေးနိုင်သည်။ ဒါ့အပြင် လူတိုင်းစိတ်ထဲတွင် ပဲ့တင်သံထပ်နေပြီး မနက်ခင်း ခေါင်းလောင်းလို ဒါမှမဟုတ် ညနေခင်း ဗုံသံလို သုံးရက်ဆက်တိုက် ကြားနေရမည်။

ဆွန်းမိုက အန်ရှီဝေကို တစ်ချက်ကြည့်လိုက်သည်။

အန်ရှီဝေမှာ အမှိုက်ဆန်တဲ့ ခေါင်းဆောင်မှု စွမ်းရည်ရှိပေမယ့် သူ့ရဲ့ပင်ကိုယ် အရည်အချင်းက တကယ်ကောင်းသည်။ ဒီမြတ်ဆရာ အရှိန်အဝါက တကယ်ရှားပြီး ကြယ်ပွင့် အဆင့်မြင့်တဲ့ မြတ်ဆရာတွေမှ နားလည်နိုင်သည်။

ဘာဖြစ်လို့ဆိုတော့ စွဲကျန်နေတဲ့အသံကို နားလည်ဖို့ဆိုရင် လူအများရှေ့မှာ မကြာခဏ မိန့်ခွန်းပြောဖို့ လိုအပ်သည်။

"ဆရာဂွန်နဲ့တကွ ဒီမှာရှိတဲ့ မြတ်ဆရာတွေအားလုံး၊ ဒီအစည်းအဝေးကို အခွင့်အရေးတစ်ခုအနေနဲ့ အသုံးပြုပြီး ဆွန်းမိုက ငါနဲ့

စေ့စပ်ထားတဲ့လူ ဖြစ်ကြောင်း ကြေငြာပါတယ်။ မကြာခင်မှာ ငါတို့ မင်္ဂလာဆောင်ကို ကျင်းပ ပါ့မယ်”

အန်ရှီဝေရဲ့စကားများသည် ဒီမှာ ရောက်နေတဲ့ အမျိုးသားရဲ့ အသည်းနှလုံးကို ချက်ခြင်း ကြေမွသွားစေသည်။ လျှိုမူဘိုင်က အဆိုးဆုံး ဖြစ်သည်။ မျက်နှာ လုံးဝကို ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

လက်ထပ်ထိမ်းမြားခြင်းကို ပါဝင်တဲ့ ကာယကံရှင်တွေ သဘောမတူပါက ဖျက်သိမ်း ပစ်နိုင်သည်။ ဘာပဲပြောပြော ကြိုတင် စီစဥ်ထားတဲ့

အိမ်ထောင်ရေးက သား၊ သမီးတွေကို ထိခိုက်စေနိုင်သည်။

ဒါပေမယ့် ပါဝင်ပက်သက်တဲ့ ကာယကံရှင်က ထုတ်ပြောတာနဲ့ လိုက်နာရတော့မည်။ ဒါကို နှစ်ထပ်ဆင့် ဂတိပြုခြင်းလို့လည်း သတ်မှတ်ကြသည်။ အန်ရှီဝေက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်သလို ကျောင်းအုပ်ကြီးလည်း ဖြစ်သည်။ တကယ်လို့ သူမ စကားကိုသာ ပြန်ပြင်လိုက်လျှင် သူမ ဂုဏ်သတင်းက ကြီးကြီးကျယ်ကျယ် ထိခိုက်သွားလိမ့်မည်။

ပိုပြီး လေးနက်တဲ့လူတွေက သူတော်စင်ဂိတ်ကို တိုင်းကြားလိုက်လျှင် သူမရဲ့ မြတ်ဆရာ အဆင့်အတန်းကိုပါ ပြန်ရုတ်သိမ်းသွားနိုင်သည်။

ဆွန်းမိုက ပြည်နယ်ကိုးခုမှာ နေတာလည်း ကြာလာပြီ ဖြစ်သဖြင့် ဒီကမ္ဘာရဲ့ ယေဘုယျ ဗဟုသုတများကို ထုံးစံအတိုင်း သိရှိနေပြီ။ သူမရဲ့ စကားကို ကြားလျှင် ရုတ်တရက် အံ့အောသွားပြီး သူမကို လှည့်ကြည့်လိုက်မိသည်။

"ကျောင်းအုပ်ကြီး အန်၊ မင်း......"

ဆွန်းမိုက ဒီလို လုပ်စရာမလိုဘူး ပြောလိုက်ချင်ပေမယ့် အန်ရှီဝေက ခြေတစ်လှမ်း ရှေ့တိုးပြီး ဆွန်းမိုကို နမ်းလိုက်သည်။

ဟာ

ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

အန်ရှီဝေ ဒီလောက် ရဲတင်းမယ်လို့လည်း ဘယ်သူမှ မထင်ထားခဲ့ပေ။ ဘာပဲပြောပြော မိန်းမလှလေးအဆင့် မှာ အဆင့်(ရ) သတ်မှတ်ခံရပြီး မြင့်မြတ်တဲ့ အလှလေးသည် သူတို့နှလုံးသားထဲတွင် နတ်ဘုရားမလေး တစ်ပါး ဖြစ်နေသည်။

အခုတော့ သူတို့ရဲ့ နတ်ဘုရားမလေးက ယောကျ်ားတစ်ယောက်ကို သူမဘက်ကစပြီး နမ်းနေပြီ။

ဒါက သေမျိုးကမ္ဘာထဲကို နတ်သမီးတစ်ပါး နတ်သက်ကြွေသွားသလိုပဲ။

လျို့မှုဘိုင် ပါးစပ်တွေ တစ်လှုပ်လှုပ်ဖြစ်နေပြီး ခေါင်းယမ်းကာ အကြည့်လွှဲလိုက်သည်။ အချဉ်ဆုံး သံပုရာသီးတစ်လုံး ပါးစပ်ထဲမှာ ဝါးနေရသလို ဖြစ်နေသည်။

"စောက်ရမ်း ချဉ်တယ်"

လူတစ်ယောက်က နှုတ်ခမ်းစူပြီး ရေရွတ်နေသည်။

ဘာကြောင့်မှန်း မသိပေမယ့် ကူရှုပ်ရှင်းတစ်ယောက် အနည်းငယ် စိတ်ဖိစီးလာသည်။ ဒါပေမယ့် ဒီအတွေးကို အမြန်မောင်းထုတ်လိုက်သည်။ သူမက စစ်မှန်တဲ့ အချစ်စစ်ကိုတွေ့သွားတဲ့ အစ်မအတွက် ကောင်းချီးပေးသင့်သည်။

မိုမိုလေး၊ မင်းဘာတွေးနေလည်း မသိပေမယ့် ငါ့ကိုတော့ စိတ်မပျက်သွားစေချင်ဘူး။ အခုအချိန်ကစပြီး ငါ ဇနီးကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပါ့မယ်။

အန်ရှီဝေက အားတင်းပြီး ပြုံးပြလိုက်သည်။ စိတ်တည်ငြိမ်အောင် ကြိုးစားနေသော်လည်း မျက်နှာနီနေပြီး ခံစားချက်များ ပေါ်လွင်နေသည်။

ယောကျ်ားတစ်ယောက်ကို နမ်းပြီးတဲ့ အခြေအနေမျိုးမှာ မရှက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။

ဆွန်းမိုက ပြုံးပြီး အန်ရှီဝေကို ဖက်လိုက်သည်။

“မင်း စိတ်မပူပါနဲ့”

ဆွန်းမိုက အန်ရှီဝေရဲ့နား အနားကိုကပ်ပြီး ပြောလိုက်ကာ ပြန်လွှတ်ပေးလိုက်သည်။ ထို့နောက် ကျန်ဟန့်ဖူကို လှမ်းကြည့်ပြီး

"ငါ့စကားကို ထည့်တွက်လို့ ရပြီလား"

ကျန်ဟန်ဖူ ပါးစပ် ဟစိဟစိ ဖြစ်နေပေမယ့် ဘာပြောရမှန်း မသိပေ။

ဗဟိုပြည်နယ်အကယ်ဒမီကို အန်ရှီဝေ ဘိုးဘွားများ စတင် တည်ထောင်ခဲ့ပြီး သူမက တရားဝင် ဆက်ခံသူ ဖြစ်နေသည်။ ဆွန်းမိုရဲ့ အဆင့်အတန်းကို ဝန်ခံပြီးကတည်းက ဆွန်းမိုမှာ ဆုံးဖြတ်ချက် ချပိုင်ခွင့် ရှိလာပြီ။

"ဒု - ကျောင်းအုပ်ကြီး ဝမ် ၊ ဒီကိစ္စကို ဘယ်လို မြင်လဲ"

ကျန်ဟန်ဖူက ဝမ်ဆုဘက်ကို လှည့်လိုက်ပြီး မဟာမိတ် လုပ်မည့်သူကို ရှာလိုက်သည်။ အခုချိန်အထိ အန်ရှီဝေက ဒီလက်ထပ်မှုကို ဘာကြောင့် သဘောတူလိုက်မှန်း နားမလည်သေးပါ။

(ဆွန်းမိုက တကယ်ထူးချွန်တယ် ဆိုပေမယ့် အန်ရှီဝေနဲ့ ဝေးကွာနေဆဲပါ)

သူမက ဆန်းကြယ်ကောင်းကင် အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရဖြစ်ပြီး မိန်းလှလေး အဆင့်မှာလည်း အဆင့်(၇) ရှိတဲ့ နတ်ဘုရားမလေးပါ။ မျိုးဆက်သစ် မြတ်ဆရာများကြားတွင် သူမရဲ့ အရည်အချင်းက

ထိပ်တန်း ဆယ်ယောက်ထဲဝင်တဲ့ အနေအထား ရှိသည်။

“ဆွန်းမိုကို ဘာဖြစ်လို့ သဘောကျတာလဲ”

ကျန်ဟန်ဖူ နားမလည်နိုင်ပေ။

အခုအချိန်မှာတော့ ခန်းမထဲမှာ ရှိတဲ့ အကြည့်တွေအားလုံးက ဝမ်ဆုဆီ ရောက်နေသည်။ ဒီဩဇာကြီးတဲ့ ပုဂ္ဂိုလ်က တိုက်ပွဲကို အဆုံးအဖြတ်ပေးနိုင်တဲ့ အရေးကြီးတဲ့ နေရာမှာ ရောက်နေပြီ။

အခန်း(၄၈၈) - စက်ဆုပ်ရွံ့ရှာဖို့ကောင်းတဲ့ ဒီလူကို ဖယ်စမ်း၊ လေထုကို တည်ဆောက်ပြီး ကျောင်းရဲ့ ဂုဏ်သိက္ခာကို ပြန်အဖတ် ဆယ်ရမယ်။

"ဆွန်းမိုက ဘယ်သူနဲ့ စေ့စပ်ထားလဲဆိုတာ ငါဂရုမစိုက်ဘူး။ သူ့ဂတိအတိုင်း လုပ်ပေးနိုင်တာကို ငါဂရုစိုက်တယ်"

ဝမ်ဆုက အကျိုးအမြတ်ကို မစဉ်းစားသလို အချိန်ဆွဲ ဖို့လည်း မစဉ်းစားပါ။

ဝမ်ဆုက ဒီလိုလူပဲ။ သူက သဘောကျရင် သူ့ကိုကြိုက်ပြီး ယုံကြည်ပေးလိမ့်မည်။ သူမုန်းသွားရင် မင်း ဘာပဲလုပ်လုပ် သူမကြိုက်တော့ပေ။

"ဆွန်းမိုက မြတ်ဆရာတစ်ယောက်အနေနဲ့ ပြဿနာ မရှိဘူး။ သူ့ရဲ့ ကြင်ကြံမှုဆိုင်ရာ ဆေးပညာအတန်းက အမြဲတမ်း လူပြည့်နေတာက အကောင်းဆုံး သက်သေပဲ။ သူ့ရဲ့ စီမံခန့်ခွဲမှု စွမ်းရည်ကလဲ ထောက်ပံ့ရေးဌာနရဲ့ ဌာနမှူးရာထူးကို ရပြီးကတည်းက ပြန်လည် ထွန်းကားလာမယ့် လက္ခဏာ ပြသခဲ့ပြီးပြီ။ ဒါကြောင့် ဒီတစ်ခါတော့ သူ့ကို ယုံဖို့ ရွေးလိုက်မယ်"

သူက ဒီစကားပြောနေသလို ပြုံးလည်းနေသဖြင့် ခန်းမထဲမှာ ရှိတဲ့ မြတ်ဆရာတွေ အားလုံး ရုတ်တရက် အံ့အောသင့် ကုန်သည်။ ဝမ်ဆုသည် ဇီဇာ ကြောင်တယ်လို့ လူသိများပြီး တစ်ကျောင်းလုံးတွင် သူ သဘောကျတဲ့လူ ငါးယောက်ထက် မပိုပေ။

“ဆရာဝမ်၊ မင်းရဲ့ အသိအမှတ်ပြုမှုအတွက် ကျေးဇူးတင်ပါတယ်”

ဆွန်းမိုက ခေါင်းညိတ်ပြီး ကျေးဇူးတင်တဲ့ အမူအရာ ပြလိုက်သည်။

“မင်.....................”

ကျန်ဟန်ဖူ တော်တော်လေး မျက်နှာပျက်သွားသည်။ ဝမ်ဆုလိုလူက ဘာဖြစ်လို့ ဆရာတချို့ရဲ့ ခေါင်းဆောင် ဖြစ်လာမှန်း သူနားမလည်တော့ပေ။

(မင်းအောက်ကလူတွေ ဘယ်လိုတွေးမလဲဆိုတာ ဂရုမစိုက်တော့ဘူးလား။ ဆွန်းမိုက အလုပ်ဖြုတ်ချင်ရင် မင်းနောက်လိုက်တချို့လည်း ဒုက္ခရောက်သွားလိမ့်မယ်)

ဝမ်ဆု ဒါကို နားလည်သည်။ ဒါပေမယ့် ခေါင်းဆောင် တစ်ယောက် ဖြစ်ရခြင်းထက် မြတ်ဆရာတစ်ယောက်ရဲ့ အခန်းကဏ္ဍကို

ပိုအလေးထားသည်။ ဗဟိုပြည်နယ် အကယ်ဒမီ ကျဆင်းသွားမှာကို မမြင်ချင်တဲ့ စိတ်ကြောင့်သာ မဟုတ်ရင် စိတ်နှောက်အယှက် ဖြစ်ဖို့ကောင်းတဲ့ ဒုကျောင်းအုပ်ကြီး ရာထူးကို တာဝန်ယူနေမှာ မဟုတ်ပေ။

အခုအချိန်မှာလည်း စီမံခန့်ခွဲတဲ့ ကိစ္စတော်တော်များများကို ဝင်မပါခဲ့ပါ။ သူက အကဲဖြတ်သူ အဖြစ်သာ လုပ်ဆောင်နေသဖြင့် ကျန်ဟန်ဖူ ပြဿနာတွေ ဖန်တီးဖို့ အခွင့်အရေး တော်တော်ရနေသည်။

“နောင်တချိန် ငါဒီကျောင်းမှာ မရှိတော့ရင် ဆွန်းမိုက ငါ့ကိုယ်စား ကျောင်းကိစ္စတွေ ကိုင်တွယ်ဖြေရှင်းဖို့ အခွင့်အာဏာ အပြည့်ရှိတယ်”

အန်ရှီဝေက နောက်ထပ် ရုန်းရင်းဆန်ခတ်ဖြစ်စေမယ့် အမိန့်တစ်ခုကို ထပ်မံကြေငြာလိုက်သည်။

“အသေးစိတ် အချက်အလက်တွေကို တရားဝင်စာရွက်စာတန်းတွေလုပ်ပြီး ရုံးခွဲအားလုံးကို ဖြန့်ဝေပေးမယ်။ ဒီအစည်းအဝေး ပြီးဆုံးပြီ”

ဆွန်းမိုက ရှိုးပွဲရဲ့ အကောင်းဆုံး အစိတ်အပိုင်း မပြလိုက်ရသဖြင့် အပြည့်အဝ မကျေမနပ် ဖြစ်နေသည်။

မြတ်ဆရာတွေက အဖွဲ့လေးတွေခွဲပြီး ခန်းမထဲက ထွက်သွားကြသည်။

ဆွန်းမို အစီအစဉ်ကို ဆက်ဆံရေးကောင်းတဲ့ မြတ်ဆရာ အချင်းချင်း စုဝေး ဆွေးနွေးနေကြသည်။ တချို့ကတော့ သူတို့ရဲ့စွမ်းရည်ကို နောက်ဆုံးမှာ ထုတ်ပြခွင့်ရတော့မှာ ဖြစ်သဖြင့် အရမ်း စိတ်လှုပ်ရှားနေကြသည်။ တချို့ကတော့ သူတို့ရဲ့ ကောင်းမွန်တဲ့ နေ့ရက် ကုန်ဆုံးသွားပြီဆိုတာ

သိနေသဖြင့် စိတ်ပျက်နေကြသည်။ အနာဂတ်တွင် အလုပ်များကို အချောင်ခိုလို့ ရတော့မှာ မဟုတ်ပေ။

“ဆွန်းမိုက ဗဟိုပြည်နယ် အကယ်ဒမီကို ပွံ့ပိုးခဲ့တဲ့ စီနီယာတွေကို ဒီလိုပုံစံနဲ့ ဆက်ဆံတာ တော်တော်များသွားပြီ။ အရင်ကျောင်းအုပ်ကြီးသာ ဒီကြောင်းကြားသွားရင် သူ့ကို သေချာပေါက် သင်္ချိုင်းကုန်းထဲ မောင်းထုတ်လိမ့်မယ်”

ပန်ရီ ညည်းညူနေသော်လည်း တရုံးထဲက လုပ်ဖော်ကိုင်ဖက်တွေ လျှင်မြန်စွာ ထွက်ခွာသွားတာ တွေ့လိုက်သည်။

“ဆရာကျုံ၊ ဒါကို ဘယ်လိုထင်လဲ”

ပန်ရီက ကျုံရှန်ရီကို လှမ်းကြည့်ပြီး မေးလိုက်သည်။ နှစ်ယောက်စလုံးက အသက်မတိမ်းမယိမ်း ဖြစ်နေသဖြင့် ဆက်ဆံရေးက တော်တော်လေး ကောင်းမွန်သည်။

"အား၊ ဗိုက်နာလာပြီ"

ကျုံရှန်ရီက သေးထွက်ကျမတတ် ဘောင်းဘီကို ဆုပ်ကိုင်ထားသည်။ (ငါလို။ ဒီစကားဝိုင်းကို ဘယ်သူက ဝင်ပါမှာလဲ။ ဆွန်းမိုက မင်းနဲ့ ပက်သက်မှုရှိတယ်ဆိုပြီး အထင်လွဲသွားရင် ဘယ်လိုလုပ်မလဲ)

အရင်တုန်းကဆိုရင်တော့ ကျုံရှုန်ရီ နှုတ်ထွက်သွားလိမ့်မည်။ ဘာပဲပြောပြော သူက ဆရာဝန်တစ်ယောက် ဖြစ်နေသဖြင့် အလုပ်ထွက်ရလဲ ကြောက်နေစရာ မလိုပါ။ အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီက 'စီ'အဆင့်တက်သွားပြီး ကြီးမားတဲ့ အရာတွေကို လုပ်တော့မှာ သေချာသည်။ ကျုံရှုန်ရီ ခေါင်းကို ကြိမ်နဲ့ ရိုက်ရင်တောင် ဒီလိုအချိန်မျိုးမှာ ထွက်သွားဖို့ ရွေးချယ်မှာ မဟုတ်ပေ။

ဆွန်းမိုသာ တကယ်အောင်မြင်သွားပြီး 'ဘီ'အဆင့်အထိ တက်လာမယ်ဆိုရင် သူ့ရဲ့

ကိုယ်ရေးရာဇဝင်က တော်တော်လေး ကောင်းသွားမည်။

ကျုံရှုန်ရီသည် သူ့ကိုယ်သူ ရှင်းရှင်းလင်းလင်း သိသည်။ ‘ဒီ’အဆင့် ကျောင်းတွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်သော်လည်း ‘စီ’အဆင့်မှာတော့ သူ့အတွက် ခက်ခဲလွန်းသည်။ ဒါကြောင့် အခုလက်ရှိ အလုပ်ကို တော်တော်လေး ကျေနပ်သည်။

ကျောင်းမှာ ဆရာဝန်တွေ သိပ်မရှိသဖြင့် သူ့ကိုတော့ အလုပ်ထုတ်မယ် မထင်ဘူး။ ဒါပေမယ့် ငါ့ရဲ့အရည်အချင်းက မထူးချွန်တော့ အန္တရာယ် နည်းနည်းတော့ ရှိသေးတယ်။

ကျုံ့ရှန်ရီသည် နောင်တွင် ပိုကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။ အနည်းဆုံးတော့ ဆွန်းမို ရုံးတက်နေတဲ့ အချိန်တွင် သူ့တာဝန်ကို ကျေပြွန်အောင် လုပ်ပြနေရမည်။

"ငါက ဆွန်းမိုနဲ့ တစ်ရုံးထဲဆိုတော့ ဒီအားသာချက်ကို အသုံးချရမယ်"

ဒီအကြောင်းကို တွေးရင်း ကျုံ့ရှန်ရီ ရုတ်တရက် စိတ်လှုပ်ရှားသွားသည်။ ဆွန်းမိုကအသက် ၂၈ ပဲရှိသေးပေမယ့် ဒီအဆင့်အထိ ရောက်နေပြီ တကယ်ကို အံ့အောဖို့ ကောင်းသည်။

မနာလိုလည်း ဖြစ်မိသလို ဆွန်းမိုကိုလည်း ချီးကျူးမိသည်။ ကျုံရှန်ရီသာ ဆွန်းမို နေရာမှာဆို တခြားနေရာကို ထွက်ပြေးသွားတာ ကြာနေပြီ။ ဆွန်းမိုလုပ်သလို သူလုပ်ခဲ့မှာ မဟုတ်ပေ။

ဒင်

ကျုံရှန်ရီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၄၂၀/၁,၀၀၀)

ဝမ်ဆုက အန်ရှီဝေကို ကြည့်ပြီး သက်ပြင်းခပ်လေးလေး တစ်ချက် ချလိုက်သည်။

"အန်ရှီဝေ၊ မင်းကို ဒီလိုဆုံးဖြတ်ချက် ချနိုင်မယ်လို့ အမြဲတမ်း မျှော်လင့်ထားခဲ့တာ

ဒါပမယ့် ဒီလိုမလုပ်နိုင်တာ စိတ်မကောင်းစရာပဲ။ စိတ်ပျော့လွန်းတယ်”

အန်ရှီဝေ တိတ်ဆိတ်သွားသည်။

“ဆရာဝမ်၊ ဒါမမှန်ဘူး။ ငါ့လို သွေးမအေးတဲ့လူ နည်းတာ ပိုကောင်းတယ်”

ဆွန်းမို ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်ပြီး အန်ရှီဝေ အတွက် ဝင်ပြောပေးလိုက်သည်။

အန်ရှီဝေရဲ့ ဉာဏ်ရည်ကြောင့် ဒီအခြေအနေကို ဘယ်လို ဖြေရှင်းမလဲ မသိတာ မဖြစ်နိုင်ပေ။ သူမ ရှေ့ဆက် မလုပ်ရက်တာပဲ ဖြစ်မည်။ ဒီလူတွေကို ရက်ရက်စက်စက် မဆက်ဆံချင်ပေ။

သူမက နှစ်ဖက်စလုံး အကောင်းဆုံး ဖြစ်မည့် နည်းလမ်းကို ရှာဖွေနေခဲ့သော်လည်း လက်တွေ့က ကြမ်းတမ်းလွန်းသည်။

"ဆရာဆွန်း၊ လုပ်တာ ကောင်းတယ်"

ဝမ်ဆုက အားပေးလိုက်သည်။

"ဆွန်းမို၊ ဒီတစ်ခေါက် လူတော်တော်များများကို ဆန့်ကျင် မိသွားပြီနော်"

ဂျိမ်ဂျဲက လမ်းလျှောက်လာကာ စိုးရိမ်တကြီး ကြည့်ပြီး ပြောလိုက်သည်။

"ကိစ္စမရှိဘူး"

ဆွန်းမို ပုခုံးတွန့်လိုက်သည်။

“ဒါပေမယ့် ဒီသတင်းသာ ပျံ့နှံ့သွားရင် မင်းဂုဏ်သတင်းအပေါ် သက်ရောက်မှု ရှိလိမ့်မယ်”

ကူရှုပ်ရှင်းလည်း စိတ်ပူနေသည်။ အလုပ်ထုတ်ခံရတဲ့လူတွေက ဆွန်းမို မကောင်းကြောင်း သေချာပေါက် ပြောလိမ့်မည်။

“မြတ်ဆရာတစ်ယောက်ကို ဒီလိုမျိုး စိတ်အနှောက်အယှက်ပေးနေတဲ့ ယင်ကောင်လေးတွေက ဘယ်လိုတားနိုင်မှာလဲ”

ဆွန်းမို ရယ်ပြီး ပြောလိုက်သည်။

သူ့အပြုံးတွင် အကန့်အသတ်မရှိ ယုံကြည်မှုများ ပြည့်နှက်နေပြီး တုန်လှုပ်ခြင်း ကင်းတဲ့ ခံစားချက်များလည်း ပြည့်နှက်နေသည်။

ဝူးရှ်

မြတ်ဆရာအရှိန်အဝါ ထွက်ပေါ်လာသည်။ တောက်ပတဲ့ ရွှေရောင်အလင်းတန်းများက အရပ်မျက်နှာအသီးအသီးသို့ ပျံ့နှံ့သွားပြီး မြတ်ဆရာတွေကို ထိမှန်ကာ သူတို့လည်း စိတ်အား ထက်သန်လာသည်။

"မင်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ထပ်သုံးပြန်ပြီလား"

ကူရှူပ်ရှင်း ဆွံ့အနေသည်။ ဒါပေမယ့် သူကကြည့်ရတာ အထာကျတယ်လို့ ဘာကြောင့် ခံစားနေရတာလဲ။ အထူးသဖြင့် သူ့ရဲ့ အပြုံးတွေပါ။ အရမ်းကို ယစ်မူးဖို့ ကောင်းသည်။

အင်း ငါ့ရဲ့အကြည့်က အကျင့်ပျက်တဲ့လူလို ဖြစ်နေပြီလား။

ကူရှူပ်ရှင်းသည် ဒါကိုတွေးမိပြီး ရုတ်တရက် အံ့အောသင့်သွားကာ သူ့မဘေးမှာရှိနေတဲ့ အန်ရှီဝေကို လှမ်းကြည့်လိုက်သည်။ အန်ရှီဝေက ကျန်တဲ့လူတွေကို မမြင်လောက်အောင် ဆွန်းမိုကို ငေးကြည့်နေတာ တွေ့လိုက်ရသည်။

“အပြောကောင်းတယ်”

ဂျိမ်ဂျဲက ချီးကျူးလိုက်သည်။

“ဟားဟား၊ မင်းမှန်တယ်။ ယင်ကောင်တွေကို လက်ဝါးနဲ့ ရိုက်သတ်ရမယ်”

ဝမ်ဆုက ဆွန်းမို၏ ဘယ်ဘက်ပုခုံးကို ပုတ်ပြီး အကျယ်ကြီး အော်ရယ်နေသည်။

ဒင်

ဝမ်ဆု၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား(၁,၁၀၀/၁၀,၀၀၀)

ကျန် အိမ်တော်..............

အစေခံတွေ အသက်တောင် ရဲရဲ မရှူရဲကြပါ။

"ဆွန်းမို၊ ငါတို့ကြားမှာ ရင်ကြားစေ့ စရာအကြောင်း မရှိတော့ဘူး"

ကျန်ဟန်ဖူသည် စာကြည့်ခန်းထဲက တန်ဖိုးအရှိဆုံး ပန်းအိုးတစ်လုံးကို ပစ်ခွဲလိုက်သည်။

"သခင်ကြီး ၊ စိတ်အေးအေးထားပါ"

သူ့မယားငယ်က သူ့ကို နှစ်သိမ့်လိုက်သည်။ ဒါပေမယ့် သူမ အနားရောက်လာတာနဲ့ ကျန်ဟန်ဖူက ပါးရိုက်လိုက်သည်။

"အကြံသမား"

ကျန်ဟန်ဖူ ဒေါသတကြီး အော်ဟစ်နေသည်။

"လူအိုကြီးကျန် ၊ စိတ်ဆိုး မနေနဲ့တော့"

ဝွန်ရှန် ဝင်လာသည်။

"ဘယ်လိုလဲ။ သူတို့နဲ့ ဆက်သွယ်ပြီးပြီလား"

ကျန်ဟန်ဖူ စိုးရိမ်တကြီး မေးလိုက်သည်။

"ငါလုပ်ခဲ့ပြီ။ နေ့ခင်းကျရင် အင်အားပြကြလိမ့်မယ်။ ဆွန်းမိုက ငါ့ သတ်မှတ်ချက်တွေ မလိုက်လျောပေးရင် ငါတို့ သပိတ်မှောက်မယ်"

ဝွန်ရှန်က ကျန်ဟန်ဖူအဖွဲ့တွင် ဒုတိယနေရာ တာဝန်ယူထားသည်။ ကျန်ဟန်ဖူ တစ်ခုခု ညွှန်ကြားခဲ့ရင်လည်း သူက သတင်းပို့ပေးတဲ့ လူဖြစ်သည်။

"ကောင်းပြီ။ ဒါဆိုရင်တော့ ဆွန်းမို နောင်တရအောင်သေချာပေါက် လုပ်လို့ ရပြီ။ ငါ့အတွက် ခက်ခဲအောင် ဘယ်လိုတောင် လုပ်ရဲလဲ။ မင်းစောင့်နေလိုက်စမ်းပါ"

ကျန်ဟန်ဖူ အမူအရာက ခက်ထန်နေသည်။

....

ဆွန်းမိုက ကျောင်းကန်တင်းတွင် နေ့လည်စာစားဖို့ သွားလိုက်သည်။ အမဲသား အများကြီးပါတဲ့ အမဲသား ခေါက်ဆွဲ စားပြီးနောက် ကျောင်းဂိတ်ပေါက်ဆီ လျှောက်သွားလိုက်သည်။

"ဆရာ"

လီဇီချီက ဆွန်းမိုအနောက်သို့ မှီအောင်လိုက်လာသည်။ လုချီဟွာလည်း ပါလာသည်။

"နတ်ဘုရာခန်းမကို သွားပြီး ကျင့်ကြံနေပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

"ကျန်ဟန်ဖူက နေ့ခင်းဘက် ပြဿနာ ရှာမှာလား"

လီဇီချီက မေးလိုက်သည်။

" ဒီကောင်က ဒေါသကြီးပြီး အားနည်းချက်ကို လက်မခံတတ်ဘူး။ နေ့ခင်းဘက်မှာ ပြဿနာရှာဖို့ များတယ်"

ဆွန်းမိုက ပြုံးပြီး လုချီဟွာခေါင်းကို ပွတ်လိုက်သည်။

"စနစ်၊ ရတနာ သေတ္တာဖွင့်လိုက်"

ဆွန်းမိုသည် အခုမှ ရထားတဲ့ ငွေရောင်သေတ္တာနှစ်လုံးကို ဖွင့်ဖို့ မစောင့်နိုင်တော့ပါ"

ငွေရောင်အလင်းတန်းများ ပျောက်ကွယ်သွားပြီးနောက် လှပတဲ့ အသီးတစ်လုံး ကျန်ခဲ့သည်။

ဒင်

"လကြယ် သစ်သီးတစ်လုံး ရလို့ ဂုဏ်ပြုပါတယ်"

ဆွန်းမို မဲ့သွားသည်။ အခု သူက နတ်ဘုရား ခွန်အား နယ်ပယ်ကို ရောက်နေပြီ ဒီအသီးစားလို့ အများကြီး မတိုးတက်နိုင်တော့ပါ။

"ဆက်လုပ်"

ဒင်

"အချိန်တံဆိပ် တစ်ခု ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမိုသည် ဆယ်နှစ် အချိန်တံဆိပ်ကို မြင်ပြီး အနည်းငယ် စိတ်ပျက်သွားသည်။ ဒါပေမယ့် မဆိုးပါဘူးဆိုပြီး ကို့ကိုယ်ကို နှစ်သိမ့်လိုက်သည်။

"ဌာနမှူး ဆွန်း"

မာစတာချင်က ဆွန်းမိုကို မြင်လိုက်တာနဲ့ ချက်ခြင်းထွက်လာပြီး နှုတ်ဆက်သည်။

"ဘယ်သွားမလို့လဲ"

“ဘယ်မှ မသွားဘူး”

ဆွန်းမို စောင့်နေလိုက်သည်။

မာစတာချင်က ဥဏ်ကောင်းစွာနဲ့ ထိုင်ခုံတစ်ခု ခပ်မြန်မြန် သွားယူလိုက်သည်။

....

ကျန်ဟန်ဖူ ဟွာချင် ရေကူးကန်သို့ ရောက်လျှင် လူတော်တော်များများ ရောက်နေတာ တွေ့လိုက်ရသည်။ ဆရာတွေ အပြင် ကျောင်းသားတွေလည်း အများကြီး ရှိနေသည်။

“ကျောင်းအုပ်ကြီးကျန်၊ မင်္ဂလာပါ”

“ဒီတစ်ခေါက်တော့ ဆွန်းမို ပြုတ်ကျအောင် လုပ်ရမယ်”

“အမွေးတောင် မစုံသေးတဲ့ ဆရာအသစ်က သူ့ကိုယ်သူ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကောင်းကင်ကြီးလို့ ထင်နေတာလား”

မြွတ်ဆရာတွေသည် မကျေမနပ်ဖြစ်ပြီး ဝေဖန်နေကြသည်။

ကျန်ဟန်ဖူ တော်တော်လေး စိတ်လှုပ်ရှားသွားသည်။ ဒါက သူလိုချင်တဲ့ ဒေါသ၊ စည်းလုံးမှု။

နေ့ခင်း တစ်နာရီတွင် ကျန်ဟန်ဖူက ခေါင်းဆောင်တွေကို စုဝေးလိုက်သည်။

"အားလုံး ရောက်ပြီလား"

ကျန်ဟန်ဖူ တစ်ချက်ကြည့်လိုက်လျှင် လူ ၄၀၀ လောက် ရှိသည်။

"မလာသေးတဲ့လူ ၅၀ ရှိသေးတယ်။ အဲဒီထဲက ၃၁ဦးက မလာတော့ဘူးလို့ အတည်ပြုထားတယ်။ ကျန်တဲ့လူတွေက ဘာဖြစ်နေလဲ မသိဘူး။ လာတဲ့ လမ်းမှာလည်း ဖြစ်နိုင်တယ်"

ဝွန်ရှန်က ပြန်ရှင်းပြသည်။

"သူတို့ လမ်းမှာ ဟုတ်လား။ ဆွန်းမိုကို ကြောက်ပြီး မလာရဲတာ ရှင်းနေတာပဲ"

"အကျိုးအမြတ်ကျတော့ ခံစားချင်တယ်။ ဘာမှတော့ ဝင်မလုပ်ဘူး။ ဒီလူတွေက တကယ့် အမှိုက်တွေပဲ"

"ဒီလူတွေနဲ့တွဲလုပ်ရတာ မတန်ဘူး"

ခေါင်းဆောင် တချို့က ကျိန်ဆဲလိုက်သည်။ သူတို့အားလုံးက ကျန်ဟန်ဖူအပေါ် အရမ်းသစ္စာရှိပြီး သူတို့ရဲ့ ကံကြမ္မာကို ချနင်းသွားလည်း နှမြောမှာ မဟုတ်ပေ။ သူတို့သည် တူညီတဲ့

လမ်းကြောင်းတစ်ခုထဲကို အဆုံးထိ ဆက်လျှောက်သွားမည်။

“စိတ်မပူနဲ့။ ငါရာထူးတက်တာနဲ့ ဒီလူတွေအားလုံးကို အလုပ်ထုတ်ပစ်မယ်”

ကျန်ဟန်ဖူက အံကြိတ်ပြီး ပြောနေသည်။ မလာတဲ့လူတွေကို မုန်းတီးတဲ့အကြောင်း ပြောတဲ့အပြင် ဒီနေရာမှာရှိနေတဲ့ ခေါင်းဆောင်တွေကို နောက်ဆုံး မိနစ်အထိ မရုန်းထွက်ဖို့ သတိပေးနေသည်။

“ကျောင်းအုပ်ကြီး ကျန် ငါတို့ သွားသင့်ပြီ”

ဝွန်ရှန်က အဆိုပြုလိုက်သည်။

“လူတိုင်း အနာဂတ်မှာ ပျော်ရွှင်နိုင်မလား၊ မပျော်ရွှင်နိုင်ဘူးလားဆိုတာ ဒီနေ့အပေါ်မှာ မူတည်တယ်”

“ငါ ကျန်ဟန်ဖူ ရာထူး ရှိနေသ၍ မင်းတို့ ဆိုးဆိုးဝါးဝါး မဖြစ်စေရဘူး”

“ကျောင်းအုပ်ကြီး မင်းပြောတာ အရမ်းလေးနက်နေပြီ”

လူတချို့ ကမန်းကတမ်း ပြန်ပြောသည်။

“အဟွတ် အဟွတ်”

ကျန်ဟန်ဖူ အနည်းငယ် ချောင်းဟန့်ပြီး အားနဲ့ မာန်နဲ့ အော်လိုက်သည်။

“စက်ဆုပ်ရွံရှာဖို့ကောင်းတဲ့ ဆွန်းမျိုးရိုး နာမည်နဲ့ကောင်က ကျောင်းအုပ်ကြီးကို လှည့်စားပြီး နှစ်ပေါင်းတစ်ထောင် သမိုင်းကြောင်း ရှိတဲ့ ကျောင်းရဲ့ ဂုဏ်သတင်းကို ညှိုးနွမ်းသွားအောင် လုပ်နေတယ်။ ကျောင်းရဲ့ ဂုဏ်သိက္ခာ မကျရှုံးသွားဖို့အတွက် စက်ဆုပ်ရွံရှာဖွယ် ကောင်းတဲ့ ကောင်ကို ဖယ်ရှားပြီး လေထုကို သန့်စင်ပြီး ကျောင်းဂုဏ်သိက္ခာကို ပြန်ယူရမယ်”

ခဏလောက် တိတ်ဆိတ်သွားပြီး လူအုပ်ကြီးက အနောက်က လိုက်အော်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“စက်ဆုပ်ရွံရှာဖို့ကောင်းတဲ့ ကောင်ကို ဖယ်ရှားပြီး လေထုကို သန့်စင်ကာ ကျောင်းဂုဏ်သိက္ခာ ပြန်ယူမယ်”

ကျန်ဟန်ဖူ အနောက်မှာ ရပ်နေတဲ့ ဝွန်ရှန် ရုတ်တရုတ် ဖျားချင်စိတ် ဝင်လာပြီး စိတ်အနှောက်အယှက်ဖြစ်လာသည်။ (မင်းက ဖြောင့်မတ်စွာ ပြောနေပေမယ့် မင်းရဲ့ အကျိုးစီးပွားအတွက် လုပ်နေတာပဲ)

ကျန်ဟန်ဖူက ခေါင်းဆောင် အနည်းငယ်ကို လှမ်းကြည့်လိုက်သည်။ ဒီလိုကိစ္စများကို

နောက်ကနေပဲ စောင့်ကြည့်ပြီး အရှေ့ကဦးဆောင်မှာ မဟုတ်ပေ။

“လုပ်ခွင့် ပေးပါ”

ဝွန်ရှန်က လူအုပ်ကြီးကို ဦးဆောင်ပြီး ဇဟိုပြည်နယ် အကယ်ဒမီသို့ ချီတက်သွားသည်။ ဆက်တိုက် ကြွေးကြော်လာသဖြင့် လက်ဘေးနှစ်ဖက်မှာ ရှိတဲ့ လူတွေ သတိထားမိသွားသည်။ ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို ကြည့်ဖို့အတွက် ထွက်လာကြသည်။

ဒါကြောင့်လည်း ဆန္ဒပြပွဲကြီးက ပိုကြီးမားလာသည်။

အခန်း(၄၈၉) - စွမ်းအားအပြည့် ဖောက်ခွဲထွက်လာတဲ့ တောခွေးနက်ကြီး ဆွန်း။

ဖန်ဟိုရင် က စိတ်မပါတဲ့ အမူအရာနဲ့ဗဟိုပြည်နယ် အကယ်ဒမီဆီ ထွက်လာခဲ့သည်။ ဖြစ်နိုင်ရင် ဆွန်းမိုကို လာမရှာချင်ပါ။

ပြီးခဲ့တဲ့နှစ်က ဟွာချင် ရေကူးကန်တွင် ရေချိုးကန်ထဲမှရေကို မတော်တဆ ကြုံတွေ့ပြီးနောက် စိတ်ဝင်စားမှု တော်တော်လေး မြင့်တက်လာခဲ့သည်။

ဖန်ဟိုရင်သည် ဆွန်းမိုဆီ သွားလည်ချင်သော်လည်း အလုပ်ကိစ္စတွေကြောင့် မသွားနိုင်အောင် ဖြစ်နေခဲ့သည်။ ဒါတွေကို

ကိုင်တွယ်ပြီးတဲ့ အချိန်တွင် ဗဟိုပြည်နယ် အကယ်ဒမီက ဆေးထုပ်ကြီးတွေကို ရောင်းချဖို့ ထုတ်ပြန်ခဲ့သည်။

ဒါက ကျောင်းတွင်း ရောင်းချခြင်းသာ ဖြစ်သော်လည်း ဖန်ဟိုရင်က ကြယ် ၅ ပွင့်မြတ်ဆရာ ဖြစ်နေသဖြင့် သူ့ကို မျက်နှာလုပ်ချင်တဲ့ လူများသည်။ ဒါကြောင့် ဆေးထုပ်ကြီးက သူ့လက်ထဲသို့ အလွယ်တကူ ရောက်လာခဲ့သည်။

ပြီးခဲ့တဲ့နှစ်ဝက် စလုံးတွင် ဆေးထုပ်ကြီး နောက်ကွယ် အနှစ်သာရကို ဖော်ထုတ်ပြီး ဆေးညွှန်းကို ပုံဖော်ရန် ကြိုးစားခဲ့သည်။

ဖန်ဟိုရင် ပိုပို စိတ်ဝင်စားလာသော်လည်း နှစ်ဝက်သာ ကြာသွားသည်။ ဘာတစ်ခုမှ မလေ့လာနိုင်ခဲ့ပါ။ သူ့ရဲ့ ဉာဏ်ရည်ကြောင့် နောက်နှစ်အထိတောင် ထပ်မတိုးတက်နိုင်ဘူးဆိုတာ ခန့်မှန်းလိုက်မိသည်။

ဖန်ဟိုရင်လို ကြယ် ၅ ပွင့် မြတ်ဆရာအတွက် အချိန်က တန်းဖိုးကြီး လွန်းပြီး ဒီနေရာမှာ အချိန်မဖြုန်း နိုင်တော့ပေ။ ဒါကြောင့် ဆေးထုပ်ကြီး ဆေးညွှန်းကို တောင်းနိုင်မလားဆိုတာ ဆွန်းမိုကို ရှာဖို့ ထွက်လာခဲ့သည်။

“မျှော်လင့်ချက်တော့ နည်းတယ်။ ဘာပဲပြောပြော ဒါက တန်ဖိုးကြီးလွန်းတယ်”

ဖန်ဟိုရင် တဟုန်ထိုး သွားနေသည်။ (ငါက ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက်ပဲ။ ငါ့ရဲ့ခင်မင်မှုနဲ့ ဂရုစိုက်မှုကို လိုချင်ပြီး ကောင်းကောင်းမွန်မွန် ညှိနှိုင်းနိုင်ကောင်းပါတယ်)

ဇဟိုပြည်နယ်အကယ်ဒမီ အနီးသို့ ရောက်လာတာနဲ့ ဖန်ဟိုရင်သည် ကျယ်လောင်တဲ့ ကြွေးကြော်သံကို ကြားလိုက်ရသည်။ ထို့နောက်တွင် ဆန္ဒပြနေတဲ့ လူအုပ်ကြီးကို မြင်လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"စက်ဆုပ်ရွံရှာဖို့ကောင်းတဲ့ကောင်ကို ဖယ်ရှားပြီး လေထုကို သန့်စင်ကာ ငါတို့ကျောင်းရဲ့ ဂုဏ်သိက္ခာကို ပြန်ဆယ်မယ်"

ဖန်ဟိုရင် မျက်မှောင်ကြုတ်သွားသည်။ အရှေ့တွင် ဗဟိုပြည်နယ် အကယ်ဒမီက ဆရာဝတ်စုံကို ဝတ်ဆင်ထားတာ မြင်လိုက်လျှင် အံ့အောသွားသည်။ ဒီကျောင်းက အဆင့်အတန်း နိမ့်ကျနေပြီလား။

ဒါပေမယ့်လည်း ဒါလည်း ကောင်းသည်။ ဆွန်းမို မျက်လုံးထဲတွင် သူ့တန်ဖိုးက ဒီထက် ပိုမြင့်မားလာမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဟိုရင်က မှော်ဆေးပညာကိုသာ ဝါသနာပါပြီး လူမှုရေး ကိစ္စများကို လုံးဝ ဂရုမစိုက်ပါ။ ဒါကလည်း ဆွန်းမိုကို စရှာဖို့အတွက် ကြောင်းပြချက် တစ်ခု လုပ်လို့ရသည်။ တခြားလူတွေနဲ့ ဆက်သွယ်ပြီး အဆက်အသွယ် လုပ်ရတာ ကရိကထ များလွန်းသည်။

သိပ်မကြာခင် သပိတ်မှောက်နေတဲ့ အဖွဲ့သည် ကျောင်းအရှေ့သို့ ရောက်လာသည်။ ဆွန်းမိုက တံခါး အရှေ့မှာ ငုတ်တုတ် ထိုင်စောင့်နေတာ မြင်လိုက်လျှင် လူတိုင်း အံ့အောသွားသည်။

ဆန္ဒပြနေတဲ့ လူအုပ်ကြီးလည်း တိတ်ဆိတ်သွားသည်။

သာမန် ဆရာတစ်ယောက်ဆိုလျှင် ဘယ်သူမှ ဂရုမစိုက်သော်လည်း ဆွန်းမိုရဲ့ ဂုဏ်သတင်းကတော့ ကြီးမားလွန်းသည်။ သူ့မှာထူးခြားတဲ့ အရည်အချင်း ရှိရုံသာမက မြင့်မားတဲ့ အခွင့်အာဏာကို ဆုပ်ကိုင်ထားပြီး အန်ရှီဝေကလည်း တော်တော်လေး ယုံကြည်နေသည်။

"ဘာကို ကြောက်နေရမှာလဲ။ ဒါက ဗဟိုပြည်နယ် အကယ်ဒမီအတွက် လုပ်နေတာပဲ"

ပန်ရီက လူအုပ်ကြားတွင် ဆွန်းမိုကို ပုန်းလျှိုးကွယ်လျှိုး လုပ်ကာ ကြည့်ပြီး မုန်းတီးစွာ အော်ဟစ်လိုက်သည်။

"စက်ဆုပ်ရွံ့ရှာဖို့ကောင်းတဲ့ ကောင်ကို ဖယ်ပြီး လေထုပြန် သန့်စင်ကာ ကျောင်းဂုဏ်သိက္ခာကို ပြန်ဆယ်ကြစို့"

တိုးတိုးလေး အော်လိုက်တဲ့ အသံက လူအုပ်ကြားကနေ ထွက်လာသည်။

"ဆရာတို့ ဘာလုပ်နေကြတာလဲ"

မာစတာချင်က အပြုံးမျက်နှာနဲ့ ဦးညွှတ်လိုက်သည်။ ကြီးမားတဲ့ ရန်းရင်းဆန်ခတ်မှုများ ဖြစ်လာပါက သူ အလုပ်ပြုတ် သွားမည်။

"တံခါးဖွင့်"

ဂွန်ရှန်က အော်ဟစ် ကျိန်းမောင်းလိုက်သည်။

"ဆရာဂွန်၊ မလုပ်နိုင်ဘူး"

မာစတာချင် ခေါင်းခါပြီး ပြန်ပြောသည်။

"လူအိုကြီးချင်၊ မင်းတံခါး မဖွင့်ရင် မင်းကို အလုပ်ထုတ်မယ်"

ပန်ရီက အော်ဟစ်လိုက်သည်။ ဆန္ဒပြတဲ့ အဖွဲ့က ဒီမှာ ရပ်နေရလျှင် အဓိပ္ပါယ် မရှိတော့ပါ။ သူတို့က ကျောင်းထဲဝင်ပြီး အန်ရှီဝေကို ဖိအားပေးရမည်။

"အလုပ်ထုတ်မယ် ဟုတ်လား"

ဆွန်းမိုက အပြုံးကလေးနဲ့ ထလာပြီး လူအုပ်ကြီးကို ကြည့်လိုက်သည်။

"ဒီလိုပြောလိုက်တာ ဘယ်သူလဲလို့ မေးပါရစေ"

ပန်ရီ အကြည့်လွှဲနေသည်။

"မင်းက ပြောရဲပေမယ့် ဝန်မခံရဲဘူးပဲ"

ဆွန်းမိုက ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

ပန်ရီဘေးက လူအနည်းငယ်က သူ့ကိုလှမ်းကြည့်လိုက်သည်။ ပန်ရီရှက်သွားပြီး။

"ငါပြောတယ်။ ဘာဖြစ်လဲ"

"ဘာဖြစ်လို့လဲ ဟုတ်လား၊ မာစတာချင် ထွက်သွားရမလား၊ မထွက်သွားရဘူးလားဆိုတာ

ထောက်ပံ့ရေးဌာနမှူးက ဆုံးဖြတ်လိမ့်မယ်။ မင်းက ဘာကောင်မို့လို့လဲ”

ဆွန်းမို မျက်နှာခက်ထန်လာသည်။ ဒီလူကြီးကို ကြည့်မရတာ တော်တော်ကြာနေပြီ။

ဒီလူကြီးက ကျောင်းသားတွေကို သင်ကြားရာမှာ အားမထုတ်ဘဲ စိတ်မပါတပါနဲ့ စာသင်သည်။ သူက လစာနှင့် ရာသီခွင် အကျိုးအမြတ်တွေကိုပဲ စိတ်ဝင်စားသည်။

အကျိုးခံစားခွင့် လျှော့သွားတာတို့ ဒါမှမဟုတ် သူ့စိတ်ကြိုက် မဟုတ်တော့ရင် ရက်တော်တော်ကြာ ညည်းညူနေတတ်သည်။

"ဆွန်းမို၊ ဒါက ဗဟိုပြည်နယ် အကယ်ဒမီကို ဆယ်နှစ်ကျော် ပံ့ပိုးလာတဲ့ မြတ်ဆရာတစ်ယောက်ကို ဆက်ဆံတဲ့ ပုံစံလား"

ပန်ရီက ပြန်ချေပသည်။

"ငါက ဟောင်းနွမ်းပြီး အသုံးမဝင်ဘူးထင်တာနဲ့ မင်းက ဖိနပ်ဟောင်းတစ်ခုလို စွန့်ပစ်တာလား"

"ဆွန်းမို ၊ မင်းလုပ်ရပ်က ဘောင်ကျော်သွားပြီ"

"ငါတို့ရဲ့ နှုပျိုမှုတွေကို ကျောင်းအတွက် ပေးဆပ်ခဲ့ပြီးပြီ"

"တံခါးဖွင့်၊ အန်ရှီဝေနဲ့တွေ့မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာအိုကြီးတွေကလည်း စော်ကားခံရမယ်လို့ ခံစားရပြီး ပန်ရီနဲ့အတူတူ ရပ်တည်ပြီး ဘုံရန်သူကို ဆန့်ကျင်လာကြသည်။ ပန်ရီ ဘာအမှား လုပ်မိလို့လဲ။ မြတ်ဆရာတစ်ယောက်အနေနဲ့ အစောင့်တစ်ယောက်ကို ထုတ်ပစ်တာ ဘာဖြစ်လဲ။

မြတ်ဆရာတွေကို မထီမဲ့မြင် လုပ်တာနဲ့တင် လူအိုကြီးချင်ကို ထုတ်ပစ်ဖို့ လုံလောက်နေပြီ။

"ဆယ်နှစ်ကျော် ဟုတ်လား၊ ဒီက မြတ်ဆရာကြီးကို မေးချင်ပါတယ်။ ဗဟိုပြည်နယ် အကယ်ဒမီအတွက် ဘာလုပ်ပေးပြီးပြီလဲ။

သူ့ရဲ့ကောင်းအဆင့် ဝင်တဲ့ ထူးချွန်ကျောင်းသား ဘယ်နှစ်ယောက် မွေးထုတ်ပြီးပြီလဲ။ ဘယ်ဘာသာရပ်တွေကို နာမည်ပေါက်အောင် သင်ကြားခဲ့ပြီးပြီလဲ”

ဆွန်းမိုက မေးလိုက်သည်။

“ဆရာ၊ မင်းမှားနေပြီ”

လီဇီချီက ပါးစပ်ကို လက်သေးသေးလေးနဲ့ အုပ်ပြီး

“ဆရာပန်က ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ပဲ ရှိသေးတယ်လေ။ ပြောချင်တာက သူ့ရဲ့ကောင်းအဆင့် မပြောနဲ့

တိမ်စိမ်းအဆင့် ဝင်တဲ့ တပြည့်တစ်ယောက်တောင် မရှိဘူး ပြောနိုင်တယ်”

လီဇီချီက ဒီစကားကို တမင်သက်သက် ပြောလိုက်ပုံရသည်။ အသိပေးသလို ပြောနေသော်လည်း သူမအသံက မတိုးပေ။ လူတော်တော်များများလည်း သူမ ပြောနေတာကို ကြားနေရသည်။

ပန်ရီ ချက်ခြင်းဆိုသလို မျက်နှာနီသွားသည်။ ဒေါ်သ အရမ်းထွက်ပြီး ရင်ဘက်က နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။

“အမ်၊ ဒါဆို သူက ကြယ်တစ်ပွင့်ပဲလား”

ဆွန်းမိုက အံ့အောသင့်သွားပြီး ပန်ရီကို တအံ့တအော ကြည့်နေသည်။

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်။ မင်းအသက်ကြီးနေတာ မြင်လိုက်တော့ ငါက အနည်းဆုံး ကြယ်နှစ်ပွင့် မြတ်ဆရာလို့ အလိုလိုတွေးလိုက်မိတာ။ ဒါဆို မင်းက ငါနဲ့ အဆင့်အတူတူပေါ့"

ဝိုင်းအုံပြီး ကြည့်နေကြတဲ့ လူအုပ်ကြီးသည် ဒီစကားကို ကြားလိုက်လျှင် အချင်းချင်းစကား စပြောလာကြသည်။

"အမ်၊ ဒီအဘိုးကြီးက ကြယ်တစ်ပွင့် မြတ်ဆရာလား။ သူ့ရဲ့ မာနကြီးနေတဲ့ အပြုအမူကို ကြည့်ပြီး ကြယ်သုံးပွင့် မြတ်ဆရာလို့ ထင်နေတာ"

"ဒီလူငယ်လေးက ဘယ်သူလဲ"

"အင်း၊ ဗဟိုပြည်နယ် အကယ်ဒမီ ကျဆင်းလာတာလည်း မပြောနဲ့လေ ဒီလို အမှိုက်တွေကို ဌားနေတာကိုး"

ဒီစကားကို ကြားလျှင် ပန်ရီ သည်းမခံနိုင်တော့ပေ။ ချောင်းတဟွတ်ဟွတ်ဆိုးပြီး ပါးစပ်က သွေးတွေ ထွက်ကျလာသည်။

ပန်ရီ မျက်ဖြူလန်ပြီး သတိလစ်ကာ လဲကျသွားသည်။

“ဆရာပန်”

လူအိုကြီးတစ်စုက သူ့ကို ကူညီဖို့ ပြေးလာကြသည်။

“အို ၊ ဒါတွေ အားလုံးက ဗဟိုပြည်နယ်အကယ်ဒမီမှာရှိတဲ့ ဆရာအိုကြီးတွေပဲ။ ဇီချီ သူတို့ရဲ့ ကြွယ်ပွင့် အဆင့်ကို သိလား”

ဆွန်းမိုက မေးလိုက်သည်။

“ငါသိတယ်”

လီဇီချီက ခေါင်းညိတ်ပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပန်ရီကို ကူညီဖို့ ပြေးလာကြတဲ့ လူအိုကြီး တစ်စုသည် အဲဒီနေရာတွင် တုံ့ကာနဲ ရပ်တန့်သွားသည်။ တချို့ဆို နောက်တောင် ပြန်ဆုတ်ချင်နေကြသည်။

ဒီအတွက်လည်း မတတ်နိုင်ပါ။ သူတို့ရဲ့ ကြယ်ပွင့်က အဆင့်နိမ့်နေသည်။ သူတို့ရဲ့ ကြယ်ပွင့်အဆင့်ကိုသာ ထုတ်ဖော်လိုက်လျှင် တော်တော်လေး ရှက်ဖို့ ကောင်းနေမည်။

"ဒီလူငယ်လေးက ဆွန်းမိုလား"

ဖန်ဟိုရင်သည် လူအုပ်ကြားထဲကနေ ဆွန်းမိုကို သိချင်စိတ်နဲ့ အကဲခတ်နေသည်။

"တစ်ယောက်ယောက်ကို ရိုက်တဲ့အခါ မျက်နှာ မရိုက်နဲ့။ တစ်ယောက်ယောက်ကို ဆူပူတဲ့အခါ ချို့ယွင်းချက် မထောက်ပြနဲ့' ဆိုတဲ့ ဆိုရိုးစကား ရှိသည်။ ဒါပေမယ့် ဆွန်းမို၏စကားများကတော့ ပန်ရီ နှလုံးသားထဲ တည့်တည့် စိုက်မှန်သွားသည်။

"ဆရာပန်၊ မင်းက ကျေးဇူးတောင် တင်ရအုံးမယ်။ ဗဟိုပြည်နယ် အကယ်ဒမီကသာ စေတနာ မရှိခဲ့ရင် မင်းတို့လို အရည်အချင်း မပြည့်ဝတဲ့ ဆရာတွေကို အလုပ်ထုတ်ပစ်တာ ကြာနေပြီ"

ဆွန်းမိုက လှည့်ပတ်ကြည့်လိုက်သည်။

“ကျောင်းက မင်းတို့ကို နှစ်တော်တော်ကြာအောင် ထိန်းထားပေးတယ်။ ဒါတောင် မင်းတို့က မကျေနပ်ဘဲ လစာ တိုးတောင်းချင်သေးတယ်။ မင်းတို့ရဲ့ သိတတ်မှုက ဘယ်မှာလဲ။ ခွေးစားသွားပြီလား”

“ဒါဆို ဒီလူတွေ ဆန္ဒပြနေရတဲ့ အကြောင်းအရင်းက လစာတိုးချင်လို့ပေါ့”

ပြည်သူတွေက စတင်ဝေဖန်လာသည်။

“အရင် ပြောခဲ့သလိုပဲ၊ မင်းတို့မှာ အရည်အချင်းရှိရင် မင်းတို့ကို လစာ လုံလုံလောက်လောက် ပေးမယ်။ မရှိရင် အနားယူတဲ့အထိ တိတ်တိတ်လေး ထိုင်နေ”

ဆွန်းမိုက ပြည်သူတွေဘက် လှည့်လိုက်ပြီး

"ဒီအခြေအနေက မလုံလောက်ဘူးလား"

"လူသားဆန်မှုနဲ့ တာဝန်ယူမှုကပဲ လိုချင်တာကို တောင်းဆိုလို့ ရတယ်"

ပြည်သူတချို့က ခေါင်းညိတ်ပြီး ထောက်ခံကြသည်။

"ဒါ အမှန်ပဲ။ ဒီကောင်တွေကတော့ တစ်ခုခုပဲ။ အရည်အချင်းကလဲ မရှိဘူး လစာကလည်း တိုးလိုချင်သေးတယ်။ ဒီကမ္ဘာကြီးမှာ ဒီလိုကောင်းတဲ့ အရာမျိုး ဘယ်မှာရှိလို့လဲ။ မင်းအဖေတောင် ဒီလို လုပ်မှာ မဟုတ်ဘူး၊ ဟုတ်တယ်ဟုတ်"

ဆွန်းမိုက စိတ်ဝင်စားစရာကောင်းအောင် ပြောလိုက်သဖြင့် ပြည်သူတချို့ ရယ်နေကြသည်။ သူတို့သည် အစတုန်းက ဒီဆရာတွေကို သနားနေကြသော်လည်း အခုတော့ ဗဟိုပြည်နယ် အကယ်ဒမီဘက် ပါလာကြသည်။

ဒီခေတ်က လူအများစုသည် သူတို့လုပ်အားအတွက် အခကြေးငွေကို နည်းတယ်၊ များတယ်ဆိုပြီး စောဒကမတက် တတ်ကြပေ။

သပိတ်မှောက်တဲ့ အဖွဲ့ စိတ်ဓါတ်ကျဆင်းလာသည်။

ဒါကလည်း အမှန်တရားပါ။ သူတို့သာ ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်နေရင် ဘာဖြစ်လို့ အဆင့်အတန်း နှိမ့်ချပြီး ဆန္ဒပြနေတော့မှာလဲ။ သူတို့ အရှေ့မှာ အကောင်းဆုံး ပူဇော်သက္ကာရ ထားရှိနေကြမည်။

"တော်တော်ထက်တဲ့ လျှာပဲ"

ကျန်ဟန်ဖူ တစ်ယောက် စိတ်ဆိုးကာ ဆွန်းမိုကို လည်ပင်း ပြေးညှစ်ပြီး သတ်ပစ်ချင်နေသည်။

"ကျောင်းက ဒီနှစ် 'စီ' အဆင့်ကို တက်ရောက်လာပြီ။ ဒီအချိန်က ငါတို့စွမ်းရည်ကို ပြသပြီး လာမည့်နှစ်မှာ 'ဘီ'အဆင့်ရောက်ဖို့

ကြိုးစားနေရမှာ။ ငါတို့သာ အောင်မြင်ခဲ့ရင် ချင်လင်မှာ 'ဘီ' အဆင့် နာမည်ကြီး ကျောင်းတစ်ခု ရှိလာလိမ့်မယ်။ ချင်လင်ပြည်သူတွေလည်း ဂုဏ်ကျက်သရေ တိုးလာမယ်"

ဆွန်းမိုက

"ဒီလိုဖြစ်လာရင် ချင်လင်မြို့က ကလေးတွေ 'ဘီ' အဆင့်ကျောင်းကို တက်ချင်ရင် တခြားနေရာ သွားစရာ မလိုတော့ဘူး။ မင်းတို့ရဲ့ တံခါးအရှေ့မှာ အလုပ်ဖြစ်နေပြီ"

လူတွေသည် ဒီစကားကိုကြားလျှင် မျက်လုံးတွေ ချက်ခြင်း တောက်ပလာသည်။

'အိပ်မက် မက်နေတာလား။ 'ဘီ' အဆင့်ကို လွယ်လွယ်နဲ့ တက်နိုင်မယ် ထင်နေတာလား"

မြတ်ဆရာတစ်ယောက်က သံသယ ဝင်နေသည်။

"မင်း"

ဆွန်းမိုက လက်ညှိုး ထိုးပြီး သူ့ကို ညွှန်ပြလိုက်သည်။

"ဟုတ်တယ် မင်း၊ ဘာပြောချင်တာလဲ။ ကျောင်းသားတွေ မလုပ်နိုင်ဘူး ထင်နေတာလား။ ဒါမှမဟုတ် ဆရာတွေ မလုပ်နိုင်ဘူး ထင်တာလား။ ဒါမှမဟုတ် ကျောင်းက မစွမ်းဆောင်နိုင်ဘူး ထင်နေတာလား"

“ကျောင်းက မတတ်နိုင်ဘူး ထင်နေရင် ဘာဖြစ်လို့ မထွက်သွားသေးတာလဲ။ ဒီအချက်က မင်းနှလုံးသားထဲမှာ ဗဟိုပြည်ပြည်နယ် အကယ်ဒမီက စွမ်းဆောင်ရည် မရှိသေးဘူးလို့ သက်သေ ပြနေတယ်”

“လက်ရှိ ဆရာတွေက မတတ်နိုင်ဘူးဆိုရင် ပိုကောင်းတဲ့ ဆရာတွေကို စုဆောင်းနိုင်ဖို့ ကျောင်းက အကျိုးခံစားခွင့် တိုးပေးနေတာ မဟုတ်ဘူးလား”

“ကျောင်းသားတွေ မလုပ်နိုင်ဘူးဆိုရင်တော့ မင်းအတွေး မှားနေပြီ။ မြတ်ဆရာတွေရဲ့ အခန်းကဏ္ဍက ဘာလဲ။ ကျောက်တုံးကို ကျောက်စိမ်း ဖြစ်အောင် သွေးဖို့ပဲ။ မြတ်ဆရာတွေက

ကျောင်းသားတွေကို စွန့်လွှတ်လိုက်ရင် ကျောင်းသားတွေက ဘယ်သူ့ကို အားကိုးရမှာလဲ”

ဆွန်းမို ကျောင်းအရှေ့တွင် ပြတ်ပြတ်သားသား အော်ပြောနေသည်။

ဆွန်းမို စကားဆုံးတာနဲ့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

ဝူးရှ်

ရွှေရောင် အလင်းတန်းများ ဖြာထွက်လာသည်။

ဆွန်းမိုရဲ့ နောက်ဆုံး စကားတွေက စိတ်အားထက်သန်လွန်းသည်။

အချိန်သာလုံလောက်ခဲ့ရင် ကျောင်းသားတိုင်း

တောက်ပနိုင်တယ်လို့ သူယုံကြည်သည်။ ဒီအချက်ကို မတွေ့သေးတာပဲ ဖြစ်နိုင်သည်။

စကားပြောခဲ့တဲ့ ဆရာသည် အရမ်းရှက်ပြီး လူအုပ်ထဲ ပြန်ဆုတ်သွားသည်။ ဆွန်းမို စကားတွေက အဓိပ္ပါယ် ရှိပြီး ခွန်းတုန့်ပြန်ဖို့ နည်းလမ်း မရှိပေ။

“ဒီဆရာ ပြောတာ မှန်တယ်လို့ ထင်တယ်”

“သူ့ကို ဘယ်လိုခေါ်လဲ တစ်ယောက်ယောက် သိကြလား”

“အမ်၊ ဆွန်းမိုလို့ခေါ်တာ မဟုတ်လား။ အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့လူလေ”

ပြည်သူတွေ အော်ဟစ် ပြောဆိုနေကြသည်။ ဆွန်းမို နာမည်ကို သိပြီးနောက် သိချင်စိတ် ပြင်းပြလာသည်။

ဝွန်ရှန် ခေါင်းကချွေးကို သုတ်လိုက်သည်။ တောခွေးနက်ကြီး ဆွန်းက လူတွေကို ကြိမ်းမောင်းတဲ့နေရာမှာ ထက်ရှ လွန်းသည်။ ဘက်ပြောင်းလိုက်တဲ့အတွက် ကံတရားကို ကျေးဇူးတင်လာသည်။ ဒီလိုမှမဟုတ်ရင် ဒီနေ့မှာ ကြောက်စရာကောင်းတဲ့ အခြေအနေထဲကို ကျရောက်သွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ပါးစပ်က ထွက်လာတဲ့ စကားများသည် တော်တော်လေးဖြောင့်မတ်ကာ နှလုံးသားအောက်ခြေက ထွက်လာတယ်လို့ ထင်ရသော်လည်း သဘောတရားက ရှင်းလင်းပြီး စိတ်ဓါတ် စစ်ဆင်ရေးပါ လုပ်ခဲ့သည်။

ဗဟိုပြည်နယ် အကယ်ဒမီက "ဘီ' အဆင့်ကို အမှန်တကယ် တက်သွားလျှင် ချင်လင်က ကလေးတွေ ကျောင်းတက်ဖို့ မဖြစ်နိုင်တော့ဘဲ ကျောင်းရဲ့ ဂုဏ်သတင်းကြောင့် ပိုထူးချွန်တဲ့ ကျောင်းသားများကို ဆွဲဆောင် လာလိမ့်မည်။

ဒါပေမယ့် ပြည်သူတိုင်းက သူတို့ ကလေးများ မကျရှုံးခင် အကောင်းဆုံးလို့ ထင်တတ်ကြသည်။ ဒီသာမန် ဆရာတွေကြောင့် သူတို့ကလေးရဲ့ တိုးတက်မှုမှာ နှောင့်နှေးနေတယ်လို့ ထင်ရအောင် ပြောဆိုသွားခဲ့သည်။

ဒါက စကားလုံးရဲ့ စွမ်းအား ဖြစ်သည်။ ဆွန်းမိုက ပရိသတ်များရဲ့ ခံစားချက်ကို မသိလိုက် မသိသာအောင် သူ့ဘက်သို့ ဆွဲခေါ်သွားခဲ့သည်။

“နည်းနည်းလေး အံ့အောစရာပဲ”

ဖန်ဟိုရင် ရုတ်တရက် အံ့အောနေသည်။

“ဆွန်းမို၊ ပေါက်ကရ စကားတွေကို မကြားချင်တော့ဘူး။ အန်ရှီဝေနဲ့ တွေ့ချင်တယ်။ သူမဆီက ဖြေရှင်းချက် ကြားချင်တယ်”

ဝွန်ရှန်က အော်ဟာစ်လိုက်သည်။

“ဖြေရှင်းချက်လား၊ ငါ မင်းကို ပေးနိုင်တယ်”

ဆွန်းမိုက ပြဿနာ ဖန်တီးတဲ့ ဆရာကို ကြည့်လိုက်ပြီး

“အခုချက်ခြင်း မင်းတို့ ပြန်လာမယ်ဆိုရင် ဒီကိစ္စကို ငါခွင့်လွှတ်မယ်။ ဒီလိုမှမဟုတ်ရင် မင်းတို့အားလုံး အလုပ်ထုတ်ခံရမယ်”

"ငါတို့ကို အလုပ်ထုတ်မယ် ဟုတ်လား။ ဒါဆိုရင်တော့ မင်းလျှော်ကြေး အများကြီး ပေးရမယ်"

ဝွန်ရှန်က ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီ အနာဂတ်အတွက် ငွေ ဘယ်လောက်ကုန်ကုန် ငါတို့ သုံးမယ်"

ဆွန်းမိုက တရားနည်းလမ်းတကျ ပြောလိုက်သည်။

ဆွန်းမိုက စာချုပ်တွေကို အရင် စစ်ခဲ့ပြီးပြီ။ မြတ်ဆရာတွေ အမှားလုပ်ထားရင် ကျောင်းက လျှော်ကြေး မပေးဘဲ အလုပ်ထုတ်ပစ်နိုင်သည်။

ဆွန်းမို ဒီလိုပြောနေရတဲ့ အကြောင်းအရင်းက ကိုယ်ကျင့်တရား ရှုထောင့်က ဝေဖန်ချင်လို့ ဖြစ်သည်။

“နောက်တစ်ခေါက် ထပ်ပြောမယ်။ သပိတ်မှောက်တာကို လက်လျှော့ပြီး ထွက်လာပါ”

လူအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

“ငါတို့ကလည်း ဒါကို ဗဟိုပြည်နယ် အနာဂတ်အတွက် လုပ်ခဲ့တာပဲ။ ကောင်းပြီလေ ဆွန်းမို၊ ဒီတစ်ခါတော့ မင်းကို ယုံကြည်လိုက်မယ်”

ဂွန်ရှန်က သက်ပြင်းချကာ လူအုပ်ထဲက ရုတ်တရုတ် ထွက်လာပြီး ဆွန်းမို ဘေးနားမှာ ရပ်လိုက်သည်။

"အမ်၊ ဒါက ဘာအဓိပ္ပါယ်လဲ"

မြတ်ဆရာ အုပ်စုသည် ဝွန်ရှန်ကို ကြည့်ပြီး အံ့အောနေကြသည်။ (မင်းက ခေါင်းဆောင် မဟုတ်ဘူးလား။ ဘာဖြစ်လို့ ပထမဆုံး အလျှော့ပေးရတာလဲ ၊ အဲဒီနောက် ကျန်ဟန်ဖူကို ရှာဖို့ အလိုလို ခေါင်းလှည့်သွားကြတယ်)

"ဝွန်ရှန်၊ မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

ကျန်ဟန်ဖူက အော်ဟစ်လိုက်သည်။

"ဒါက ကျောင်းအတွက် အကောင်းဆုံးလို့ ထင်လို့"

ဝွန်ရှန်က ရှင်းပြသည်။

“ဆရာဂွန်က ဘာမှန်တယ် ၊ ဘာမှားတယ် သိတာပဲ။ ကောင်းပြီလေ၊ တစ်ဆယ် အထိ ရေပေးမယ်။ နေရာ မရွေ့တဲ့လူတွေကို အလုပ်ထုတ်ပစ်မယ်”

ဆွန်းမိုက စတင် ရေတွက်လိုက်သည်။

မြတ်ဆရာများ ထိတ်လန့်နေကြသည်။ ဂွန်ရှန်နဲ့ ဆက်ဆံရေးကောင်းတဲ့ လူတချို့ လျှောက်လာကြသည်။ ဒီမြင်ကွင်းကို မြင်လိုက်လျှင် စိတ်ယိုင်နေတဲ့ လူတချို့လည်း စွန့်စားဖို့ ဆုံးဖြတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းတို့တွေ ရှုံးနေပြီလား။ ဒီအချိန်မှာ အလျှော့ပေးလိုက်ရင် ဆွန်းမိုက လူလုပ်ချင်တာ မှန်သမျှကို လုပ်တော့မယ်”

ကျန်ဟန်ဖူ အရေ့ထွက်လာသည်။ ဝွန်ရှန်ရဲ့ အမူအရာကို ကြည့်ပြီး လူတော်တော်များများ စိတ်ပျက်နေကြသည်။ သူတိုရဲ့ ဒုတိယ ကွပ်ကဲသူက ဘက်ပြောင်းသွားပြီး ဒါက သူတို့အတွက် ထိုးနှက်ချက် ကြီးမားနေပြီ။

(ဆွန်းမို၊ မအလ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝရုန်းသုန်းကား အခြေအနေက ကြီးမားလွန်းသဖြင့် ကျောင်းရှိ မြတ်ဆရာတွေနှင့် ကျောင်းသားတွေလည်း ရောက်လာကြသည်။

"နောက်ထပ်၊ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ စွမ်းဆောင်ရည် မင်းတို့ကို ပြမယ်"

ကျန်ဟန်ဖူက ကစားပွဲကို ဘယ်လိုပြောင်းရမလဲ စဉ်းစားနေတုန်း ဆွန်းမိုက စကားအကြောင်းအရာ ပြောင်းလိုက်သည်။

"မာစတာချင် ၊ တံခါးဖွင့်ပေးလိုက်"

"အံ့အောစရာပဲ"

ဖန်ဟိုရင် ချီးကျူးလိုက်သည်။ အစကနေ အဆုံးအထိ ဆွန်းမိုက အခြေအနေကို ကောင်းကောင်းလေး ဆုပ်ကိုင်ထားသည်။

ဆွန်းမိုက ဦးဆောင်ပြီး ထောက်ပံ့ရေးဌာနရဲ့ စတိုခန်းသို့ လမ်းလျှောက်သွားသည်။

လီကုန် စောင့်နေတာ တော်တော် ကြာနေပြီ။

"တံခါးဖွင့်"

ဆွန်းမို ပြောလိုက်တာနဲ့ လီကုန်က စတိုခန်း တံခါးကို ဖွင့်လိုက်သည်။ အထဲမှာ သပ်ရပ်စွာ စီထားတဲ့ သစ်သားသေတ္တာတွေ အများကြီး ပေါ်လာသည်။

"ဒီသေတ္တာတွေ အားလုံးမှာ ဆေးထုပ်ကြီး အပြည့်ရှိတယ်။ သူ့ရဲ့ အကျိုးသက်ရောက်မှုကိုတော့ ပြောစရာ လိုမယ် မထင်ဘူး။ ဟုတ်တယ်မလား"

ဆွန်းမိုက ပြုံးပြီး မေးလိုက်သည်။

ရှူး

ကြည့်ရှုနေတဲ့ ပရိတ်သတ်များ လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ ရောမဆေးထုပ်ကြီး၊ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ရေပန်းအစားဆုံး ထုတ်ကုန် ဖြစ်ပြီး ချင်လင်တစ်ခုလုံးကို မုန်တိုင်းလို သိမ်းပိုက်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံသူတစ်ယောက်က ဒီဆေးထုပ်ထည့်ထားတဲ့ ရေထဲ စိမ်လိုက်လျှင် ကြီးကြီးမားမား တိုးတက်လာမည်။ ဒီဆေးထုပ်က ရေဘီလူးကို ဆင့်ခေါ်နိုင်ပြီး တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းသည်။

ဒီဆေးထုပ်တွေက တော်တော်လေးကို ဈေးကြီးသည်။

မှောင်ခိုဈေးကွက်မှာ တစ်ထုပ် ငွေတုံး ၅,၀၀၀ လောက်အထိ ဈေးမြင့်တက်နေသည်။

ဒီစတိုခန်းထဲမှာ ဘယ်နှစ်ထုပ် ရှိမလဲ။

ဘယ်သူမှ မသိပေ။ အခန်း တစ်ခုလုံး ပြည့်နေသည်။

ပိုက်ဆံ ဘယ်လောက်တောင် ကုန်မလဲ။

ဖန်ဟိုရင် မျက်လုံး အရောင်တောက်လာသည်။ ချက်ခြင်းပြေးဝင်သွားပြီး လေ့လာဖို့အတွက် သေတ္တာတွေကို ဖက်ထားလိုက်ချင်သည်။ တော်တော်လေးကို စိတ်ထိန်းထားရသည်။

"လူတိုင်းပဲ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဘဏ္ဍာရေး စွမ်းရည်ကို သံသယ မရှိပါနဲ့။ မင်းတို့ထင်တာထက် ငါတို့ ပိုချမ်းသာတယ်"

ဆွန်းမိုက အမှန်းတင်နေသည်။

"အနာဂတ်မှာ ဒီဆေးထုပ်ကြီးတွေကို ရာသီ အကျိုးခံစားခွင့်အဖြစ် ဖြန့်ဝေပေးသွားမယ်"

ဆွန်းမို ပြောပြီးတာနဲ့ မြတ်ဆရာတော်တော်များများ စိတ်လှုပ်ရှားလာကြသည်။

"ကောင်းပြီး နောက်ထပ် ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ဝှက်ဖဲကို ပြမယ်။ ဒါက အသစ်ဆောက်လုပ်ထားတဲ့ နတ်ဘုရားအဆင့် အဆောက်အဦး အမှောင်ထု ပုံရိပ်ယောင် ခန်းမပဲ။"

အခန်း(၄၉၀) - စိတ်ပျက်အားငယ်ခြင်းရဲ့ အရသာ။

အရင်ခေတ်ကတည်းက ရှားပါးလေလေ တန်ဖိုးကြီးလေလေ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကုန်ကြမ်း ပြဿနာအပြင် ထုတ်လုပ်မှု ကျွမ်းကျင်သူ မရှိခြင်းကလည်း ရောမ ဆေးထုပ်ကြီးရဲ့ ထုတ်လုပ်မှု မတိုးတက်အောင် ဟန့်တား ထားသည်။

ဒါပေမယ့် ရောမ ဆေးထုပ်ကြီးရဲ့ အာနိသင်က ကောင်းမွန်လွန်းသည်။ အန်ရှီဝေရဲ့ ပြောစကားအရတော့ အမှာစာများသည် လာမည့်နှစ် နှစ်လယ်လောက်အထိ တန်းစီနေသည်။ ဒါတောင် အမှာစာတချို့ကို ငြင်းပယ်လို့ လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဒီလိုမှမဟုတ်ရင် ဈေးကွက်လိုအပ်ချက်ကို သေချာပေါက် ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ပေ။

ရောမဆေးထုပ်ကြီးကို ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ရွှေနို့နွားမကြီးလို့ ယူဆနိုင်သည်။

ကျောင်းရှိ ကြယ်ပွင့်နိမ့်တဲ့ မြတ်ရာများက ဒါကို မဝယ်နိုင်ကြပါ။ ဝယ်နိုင်ခဲ့ရင်တောင် ပစ္စည်းက အရမ်းဈေးကြီးလို့ မသုံးဘဲ ပြန်ရောင်းကြသည်။

ဆွန်းမိုက ရာသီကုန် အကျိုးခံစားခွင့်အနေနဲ့ ရောမဆေးထုပ်ကြီးကို ဖြန့်ဝေပေးမယ်လို့ ကြားလိုက်ရလျှင် မြတ်ဆရာများ ချက်ခြင်း စိတ်လှုပ်ရှားလာကြသည်။ ဗဟိုပြည်နယ် အကယ်ဒမီရှိ ဆရာတွေကလည်း ဒီဆေးထုပ်ကြီးကို

ဦးစားပေး ခံစားခွင့်ရပြီး ပိုက်ဆံပေးဖို့ မလိုတဲ့အကြောင်း ခံစားလိုက်ရသည်။

လူတိုင်းကို ကျောင်းက ဖြန့်ဝေပေးတဲ့ ဆေးထုပ်ကြီး တစ်ယောက် ဘယ်နှစ်ထုပ် ရနိုင်ကြောင်း ဆွေးနွေးနေတုန်း ဆွမ်းမို ပြောတာ ရုတ်တရက် ကြားလိုက်ရပြီး အားလုံး အံ့အောသင့်ကုန်သည်။

“နတ်ဘုရားအဆင့် အဆောက်အဦး ဟုတ်လား။ ငါတို့ကျောင်းမှာ ဒါမျိုး ရှိလို့လား”

“ဒါက စာကြည့်တိုက်ဘေးက အဆောက်အဦး မဟုတ်လား။ ဒါဆို ပြီးပြီပေါ့”

"ဒါဆို အဲဒါက အမှောင်ထုပုံရိပ်ယောင် ခန်းမလို့ ခေါ်တာပေါ့"

စောင့်ကြည့်နေကြတဲ့ မြတ်ဆရာများလည်း ဆွန်းမို စကားကို စိတ်ဝင်စားပြီး အချင်းချင်း ဆွေးနွေးနေကြသည်။

ဆွန်းမိုကို မကြိုက်သော်လည်း မလိမ်တတ်တာတော့ ဝန်ခံရမည်။ ဆွန်းမိုက လူတစ်ယောက်ကို ဝေဖန်ရင် ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။

"အားလုံးပဲ ၊ ကျေးဇူးပြုပြီး ငါ့အနောက်က လိုက်ခဲ့ပေးပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဦးဆောင်ပြီး အမှောင်ထုပုံရိပ်ယောင်ခန်းမဆီ လျှောက်သွားသည်။

ဒီလို အံ့အောစရာ ကောင်းတဲ့ အဆောက်အဦးကို တွေ့ပြီးရင် ဘာတွေ ဖြစ်လာမလဲ။

အမှန်ပဲ လူတိုင်း သိသွားအောင် ကြေငြာနေတာပဲ။ ဒီမြတ်ဆရာတွေနှင့် ကျောင်းသားတွေ ထိုထဲဝင်ပြီး တွေ့ကြုံခံစားချင်စိတ် ပြင်းထန်လာအောင် နှိုးဆော်နေတာ ဖြစ်သည်၊ ဒါမှလည်း ဒီနေရာမှာဆက်နေချင်စိတ် ပြင်းထန်လာလိမ့်မည်။

ဘာလိုပဲပြောပြော ဒီအဆောက်အဦးက လူတွေကို အမဲလိုက်တဲ့နေရာမှာ သူပေးတဲ့ စျေးနှုန်းတစ်ခု ဖြစ်လာလိမ့်မည်။

ဆွန်းမိုက အမှောင်ထု ပုံရိပ်ယောင်ခန်းမဆီ လျှောက်သွားပြီး တံခါး အရှေ့မှာရပ်လိုက်သည်။

“လူတိုင်းကို သတိပေးရအုံးမယ်။ ပထမအထပ်က ပုံရိပ်ယောင်ခန်းမ အထဲကို ဝင်ပြီးတာနဲ့ လှည့်စားမှုအမျိုးမျိုးနဲ့ ကြုံတွေ့ရလိမ့်မယ်။ အဆင်မပြေတော့ရင် ချက်ခြင်း ထွက်သွားပါ။ ဒီလိုမှမဟုတ်ရင် ရှုံးသွားလိမ့်မယ်”

လူတိုင်း တုန်လှုပ်သွားသည်။

“မင်းက နတ်ဘုရားအဆင့် အဆောက်အဦးလို့ ခေါ်ပေမယ့် လူတွေကို ထိခိုက်စေတာပဲ”

ကျန်ဟန်ဖူက ခနဲ့တဲ့တဲ့ ရယ်ပြီး ပြောလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ ဒါက သာမန်လူတွေ မရပ်တည်နိုင်တဲ့ နတ်ဘုရားအဆင့် အဆောက်အဦးလေ။ ဒီနေရာမှာ ဘယ်လောက်နေနိုင်လဲ ၊ မနေနိုင်လဲဆိုတာက စံသတ်မှတ်ချက် ဖြစ်လာလိမ့်မယ်”

ဆွန်းမိုက ပုခုံးတွန့်ပြီး ပြောလိုက်သည်။ နတ်ဘုရားဆိုတဲ့စကားလုံးကို ချဲ့ကားပြီးရှင်းပြဖို့ စိတ်မပါပေ။ ဒါက ငြင်းခုန်မှုကိုပဲ ဖန်တီးပေးနိုင်သည်။

လူတိုင်းက သူ့စကားကို သဘောတူထောက်ခံကြသည်။ အမှိုက်တစ်ယောက်တောင် နတ်ဘုရားဆိုတဲ့ စကားလုံးကို လက်လွတ်စပယ်သုံးဖို့ မှိုက်မဲမှာ မဟုတ်ပေ။

“လုပ်ခွင့်ပေးပါ”

ဒူရှောင်က ဆွန်းမိုကို ကူညီပြီး တံခါးတွန်းဖွင့်ပေးလိုက်သည်။

အားလုံး တိုးဝင်လာကြသည်။ သူတို့က စိုးရိမ်စိတ်တွေနဲ့ ဖြေးဖြေးလေး လမ်းလျှောက်နေကြသည်။ ပုံရိပ်ယောင်တွေက သူတို့အတွေးတွေကို လွှမ်းမိုးလာသည်။

"အား၊ မွန်းစတား၊ မွန်းစတားကြီး"

"ဒီနေရာက ဘာဖြစ်လို့ အာကာသကြီးနဲ့ တူနေရတာလဲ။ ဒါက ဝိညာဉ်သားရဲလား"

"ဒီရှုခင်းတွေက မတရားလှလွန်း မနေဘူးလား"

အခြေအနေ ပိုကောင်းတဲ့ ဆရာတွေက ကျောင်းသားတွေအတွက် တနည်းနည်းနဲ့ ကူညီပေးနေကြသော်လည်း စိတ်လှုပ်ရှားစွာ လိုက်ပါလာတဲ့ ပြည်သူတွေကတော့ ပုံရိပ်ယောင် စိတ်ကူးထဲမှာ နစ်မြုပ်နေကြသည်။

"ဒီက ပြည်သူတွေနဲ့ ကျောင်းသားတွေကို ချက်ခြင်းခေါ်ထုတ်သွားပါ"

ဆွန်းမို ညွှန်ကြားလိုက်သည်။

မြွတ်ဆရာတွေ ချက်ခြင်း လှုပ်ရှားနေကြသော်လည်း သူတို့ စိတ်ထဲမှာ တုန်လှုပ်နေသေးသည်။ ပုံရိပ်ယောင်တွေက ကြံ့ရာကျပန်း မဟုတ်ဘဲ တစ်ယောက်ချင်းစီကို ပစ်မှတ်ထားခဲ့သည်။

အဲဒီနောက် ပုံရိပ်ယောင်တွေက သူတို့ခန္ဓာကိုယ်ကို ဂရုတစိုက် အာရုံ ခံနေကြသည်။ သူတို့ စိတ်ဒေါသကို တောက်လောင်စေသည်။

ကျန်ဟန်ဖူ အနည်းငယ် မျက်နှာပျက်သွားသည်။

ဆွန်းမိုက အိတ်ဆောင်နာရီ ထုတ်ပြီးတစ်ချက် ကြည့်လိုက်သည်။ မနစ် ၂၀ ကြာနေပြီ။ ဒါကြောင့် လက်ခုပ် တီးလိုက်ပြီး

"ကောင်းပြီဟေ့၊ ဒုတိယ အထပ်ကို သွားကြစို့"

"ခဏလောက် နေပါအုံး"

တစ်ယောက်က ခံစားချက်ထဲ နစ်မြုပ်နေချင်သေးသည်။

"ဒါက အမြည်းပဲ"

ဆွန်းမိုက ပြုံးပြီး လှေကားပေါ် တက်သွားသည်။

"ဒုတိယ အထပ်က တိုက်ခိုက်ရေးခန်းမပဲ။ တိုက်ခိုက်ရေး လေ့ကျင့်ဖို့ အသုံးပြုတယ်"

"ဒါ...."

ကျန်ဟာန်ဖူ ရုတ်တရုတ် ခနဲ့တဲ့တဲ့ ထရယ်သည်။

"ကျောင်းရဲ့ တိုက်ခိုက်ရေးခန်းမက ဒါထက် ပိုကောင်းသေးတယ်"

"ဆန္ဒ မစောပါနဲ့"

ဆွန်းမိုက လူတိုင်းကို ဘာမမှပြောပဲ တတိယအထပ်သို့ ခေါ်သွားသည်။ ရှင်းပြမနေတော့ဘဲ ဓါးမြှောင်ကို ထုတ်ယူပြီး လက်ညှိုးကို လှီးလိုက်လျှင် သွေးတစ်စက်က ကြမ်းပြင်ကျ သွားသည်။

ဖောက်

သွေးက ထူထပ်လာပြီး အနီရောင်မြူခိုးများ ဖုံးလွှမ်းလာသည်။ ထို့နောက် ခန်းမထဲတွင် ဆွန်းမိုရဲ့ ပုံရိပ်ယောင် ပေါ်လာသည်။

ဆွန်းမိုက စကားပြောမနေတော့ဘဲ လက်သီးထိုးပြီး တိုက်ခိုက်လိုက်သည်။

ဘုန်း ဘုန်း ဘုန်း

သူတို့နှစ်ယောက်က လျှင်မြန်စွာ တိုက်ခိုက်နေကြသည်။

ဆွန်းမိုက နတ်ဘုရားခြေလှမ်းကို အသုံးပြုထားသဖြင့် သူ့လှုပ်ရှားမှုက မတရား လျှင်မြန်နေသည်။ အနောက်မှာ အရိပ်တွေ အများကြီး

ကျန်နေခဲ့သည်။ သိပ်မကြာခင် ဆွန်းမိုနှင့် ပုံရိပ်ယောင်တို့ရဲ့ ကွာခြားချက်ကို ဘယ်သူမှ မပြောနိုင်တော့ပေ။

“အိုဘုရားရေ၊ တော်တော်လေး အံ့အောဖို့ ကောင်းတယ်”

“ဘယ်ဟာက အစစ်လဲ။ ဘယ်ဘက်က တစ်ယောက်လား”

“ညာဘက်က တစ်ယောက်ပဲ သေချာတယ်”

“ကျေးဇူးပြုပြီး။ သူတို့နှစ်ယောက် အရမ်းတူနေရုံသာမက သုံးတဲ့ ကျင့်စဉ်တွေကလဲ အတူတူပဲ။ ကွာခြားချက်ကို ဘယ်သူပြောနိုင်လဲ”

မြတ်ဆရာများ အချင်းချင်း စတင်ဆွေးနွေးလာကြသည်။ အခုအချိန် သပိတ်မှောက်ပွဲကို ဘယ်သူမှ စိတ်မဝင်စားတော့ပေ။ သူတို့အားလုံး စိတ်ဝင်စားစရာ ကောင်းတဲ့ အဆောက်အဦးထဲမှာ နစ်မြုပ်နေကြသည်။

“ဆရာကူ၊ မင်းက ဆရာဆွန်းနဲ့ ပိုရင်းနီးတယ် မဟုတ်လား။ နှစ်ယောက်ထဲမှာ ဘယ်သူက သူလဲ”

ဒူရှောင်က မေးလိုက်သည်။

“ညာဘက်က တစ်ယောက် မဟုတ်လား”

ညာဘက်က ဆွန်းမိုက ဘယ်ဘက်က ဆွန်းမိုကို ခေါင်းရိုက်ခွဲလိုက်တဲ့ အချိန်မှာ ကူရှုပ်ရှင်းက

ပြောလိုက်သည်။ ခန်းမထဲက မြူခိုးတွေလည်း ရှင်းလင်း သွားသည်။

"………………"

လူတိုင်း အရမ်းအံ့အောသင့်ပြီး စကားမပြောနိုင်တော့ပါ။

"ဒီအထပ်မှာ မင်းတို့ ကိုယ်ပိုင် ပုံရိပ်ယောင်နဲ့ လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်တယ်။ မင်းတို့ သိတဲ့အတိုင်း ပုံရိပ်ယောင်က သိတယ်။ အို ဟုတ်ပြီ သူတို့က သာမန် ပုံရိပ်ယောင် မဟုတ်ဘူး။ သူတို့ရဲ့ ဒေါသ၊ ရူးသွပ်မှု၊ ဖြောင့်မတ်မှုနဲ့ အခြားနယ်ပယ်အားလုံးကို တွေ့ကြုံ ခံစားနိုင်တယ်"

ဆွန်းမိုက အေးအေးဆေးဆေး မိတ်ဆက်ပေးသည်။

ပတ်ဝန်းကျင် တစ်ခုလုံးမှာ ပြင်းထန်တဲ့ အသက်ရှူသံများ ကြားနေရသည်။ စမ်းကြည့်ချင်စိတ် ပြင်းထန်နေကာ ထပ်ပြီး မစောင့်နိုင်ကြတော့ပါ။

"ဥာနမှူးဆွန်း ငါစမ်းကြည့်လို့ ရမလား"

ငယ်ရွယ်တဲ့ ဆရာတစ်ယောက်က တောင်းဆိုလိုက်သည်။ သတိမထားလိုက်မိဘဲ ဆွန်းမိုကို ဆရာဆွန်းလို့တောင် မခေါ်တော့ပေ။ ဆွန်းမိုကို ဖားဖို့ ကြိုးစားနေတာ မဟုတ်ဘဲ

ကျောင်းအတွက် ဆွန်းမိုရဲ့ ပံ့ပိုးမှုကို အသိအမှတ်ပြုလိုက်တာ ဖြစ်သည်။

ဘာပဲပြောပြော ဒီအဆောက်အဦးကို ဆွန်းမို တည်ဆောက်ခဲ့သည်။

"ကျေးဇူးပြုပြီး ဆက်လုပ်ပါ"

ဆွန်းမိုက နောက်သို့ ခြေတစ်လှမ်း ဆုတ်ပြီး ငယ်ရွယ်တဲ့ ဆရာအတွက် လမ်းဖွင့်ပေးလိုက်သည်။

"လူတိုင်း စမ်းကြည့်လို့ ရတယ်။ တစ်ကြိမ်လျှင် လူဆယ်ယောက် အများဆုံး တိုက်ခိုက်နိုင်တယ် မင်းတို့သွေး ညှစ်ချလိုက်ဖို့ဘဲ လိုတယ်"

"အလှည့် မကျော်နဲ့"

"ငါ့ကို နေရာတစ်ခုပေး"

"ငါလို,,,,,, ကြီးသူကို လေးစား ငယ်သူကို တန်ဖိုးထား ဒါတောင် မသိဘူးလား"

မြွတ်ဆရာများသည် သူတို့ရဲ့ ပုံရိပ်ယောင်များနဲ့ တိုက်ခိုက်နေကြသည်။

သွေးစက်တွေ ကြမ်းပြင်ပေါ်ကျလာတာနဲ့ အမှုန်မြူခိုးတွေက ထူထပ်သထက် ထူထပ်လာသည်။ ပုံရိပ်ယောင်အဖြစ် ပေါင်းစပ်သွားသည်။ လူ ၃၀လောက် ရှိမည်။

"တော်ပြီဟေ့။ လက်ချောင်းတွေ ထပ်လို်းလို့ မရတော့ဘူး။ လူအရမ်းများနေပြီ"

ဆွန်းမိုက ချက်ခြင်းတားလိုက်သဖြင့် ရပ်တန့်လိုက်ရတဲ့ မြတ်ဆရာများ မကျေမနပ် ဖြစ်နေကြသည်။ ဒါပေမယ့် သူတို့ဘာမှမပြောနိုင်ဘဲ တိုက်ပွဲတွေကို စောင့်ကြည့်ရုံသာ တတ်နိုင်တော့သည်။

တိုက်ခိုက်လေ့ကျင့်နေကြတဲ့ မြတ်ဆရာတွေကတော့ စိတ်လှုပ်ရှားစွာ အော်ဟာစ်နေကြသည်။

“ငါလို...၊ အရိုက်ခံရတာ တော်တော်ကောင်းတာပဲ။ ကို့ကိုယ်ကို ပြန်ရိုက်နေတာ ဘယ်လို ခံစားချက်မှန်းတောင် မသိတော့ဘူး”

လူတစ်ယောက်က ရယ်မောပြီး ပြောနေသည်။

ဆွန်းမို ဆွံ့အနေသည်။

"ငါ တကယ် ချောတာလား။ ဒီကန်ချက်က ဘယ်လောက် အထာကျလဲ ကြည့်စမ်းပါအုံး"

"သောက်ရမ်း ပျော်ဖို့ကောင်းတယ်"

"ဆရာဆွန်း၊ ပုံရိပ်ယောင် နှစ်ယောက် ခေါ်လို့ရလား"

မြတ်ဆရာတွေ တော်တော်လေး ပျော်နေကြသည်။ အရိုက်ခံရတာတောင် ရယ်နေကြသေးသည်။ သူတို့ထံက တချို့ဆို ပုံရိပ်ယောင်ရဲ့ အားသာချက်ကို ဆွေးနွေးနေကြသည်။

"ဘုရားရေ......."

ကျန်ဟန်ဖူ ပို၍ပို၍ မျက်နှာပျက်လာသည်။ ဆွန်းမိုလက်ထဲမှာ ဒီလောက်ကောင်းတဲ့ ဓါးရှိမယ်လို့ မထင်ထားခဲ့ပေ။

၁၅ မိနစ်လောက်ကြာတော့ ဆွန်းမို လက်ခုပ်တီးလိုက်သည်။

"ကောင်းပြီးဟေ့ နောက်တစ်ထပ် ဆက်တက်ရအောင်"

ဆွန်းမိုက အော်လိုက်သည်။

"မင်းတို့ သွားနှင့် ငါနည်းနည်းလောက် ထပ်တိုက်လိုက်အုံးမယ်"

လူအိုကြီး ဝမ်သည် ပြင်းပြင်းထန်ထန် အရိုက်ခံနေရလဲ မထွက်သွားချင်သေးပေ။

"လူအိုကြီး ဝမ်၊ မင်းသပိတ်မမှောက်တော့ဘူးလား"

ရှာယွန်က ချက်ကောင်းပစ်လိုက်သည်။

"ဘယ်သူက သပိတ်မှောက်လို့လဲ။ စိတ်လှုပ်ရှားပြီး လိုက်ကြည့်ဖို့ ဒီရောက်နေတာ"

လူအိုကြီးဝမ်က ရှာယွန်ကို တစ်ချက်ကြည့်ပြီး ဆွန်းမိုကို ဖျစ်ညှစ်ပြီး ပြုံးပြလိုက်သည်။

"ဆရာဆွန်း ၊ မင်းက...."

လူအိုကြီးဝမ်က လက်မထောင်ပြနေသည်။

“မြန်မြန် သွားရအောင်”

ဖန်ဟိုရင်က လောလိုက်သည်။ အပေါ်ထပ်က ကောင်းတဲ့ အရာတွေအကြောင်း သိချင်နေသည်။ အဲဒီနောက် လူအိုကြီးဝမ်ရဲ့ မခန့်လေးစား အကြည့်ကို မမြင်ချင်ယောင် ဆောင်ထားလိုက်သည်။

ဒါက အမှောင်ထု အဆောက်အဦး တစ်ခုဆိုတာ ထင်ရှားနေသည်။ အများအားဖြင့်တော့ အထပ်မြင့်မြင့် ပိုတက်လေ ပိုအံ့အောဖို့ ကောင်းလေ ဖြစ်သည်။

ဆွန်းမိုက ဦးဆောင်လိုက်သည်။

“လေးထပ်မြောက်ကတော့ တခြားလူရဲ့ ပုံရိပ်ယောင်နဲ့ တိုက်ခိုက်လို့ ရတယ်။ မင်းတို့မှာ

သူတို့ရဲ့ သွေးတစ်စက် ရှိနေသ၍ အဲဒါက လတ်ဆက်နေရင် အကောင်းဆုံးပေါ့။ သူတို့ ပုံရိပ်ယောင်ကို ဆင့်ခေါ်ပြီးတိုက်ခိုက်လို့ ရတယ်”

ဆွန်းမိုက ပြုံးလိုက်ပြီး

“ဒါပေမယ့် မင်းတို့သတိထားဖို့ လိုတယ်။ ပုံရိပ်ယောင်က မင်းကို သတ်နိုင်တယ်”

ရှူး

ဒီစကားကို ကြားလိုက်လျှင် အားလုံး လေအေးတစ်ချက် ရှိုက်လိုက်မိသည်။

တခြားလူရဲ့ ပုံရိပ်ယောင်နဲ့တိုက်ခိုက်လို့ ရလျှင် ဒီဆောက်အဦးရဲ့တန်ဖိုးက မတရား မြင့်လာပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ယောက်က ပို၍ အံ့အောဖို့ကောင်းလာလေ သူတို့မှာ အကန့်အသတ် မရှိတော့ပေ။ ပိုအံ့အောဖို့ကောင်းတဲ့ ကျွမ်းကျင်သူဖြစ်လေ သူတို့နဲ့ တိုက်ခိုက်ဖို့ ပိုခက်လေ ဖြစ်သည်။ ပထမတစ်ချက်ကတော့ သူတို့ မျက်နှာကို ဂရုစိုက်လို့ ဖြစ်သည်။ ဟော့ ငါနဲ့တိုက်ခိုက်မလား မေးရုံနဲ့ ဘယ်သူက တိုက်ခိုက်မှာလဲ။

ဒုတိယတစ်ချက် အန္တာရာယ် ဖြစ်လာရင် ဘယ်လို လုပ်မလဲ။

အခုအချိန်မှာတော့ သူတို့ဆီက သွေးတစ်စက် ရှိရုံနဲ့ အပြည့်အဝ တိုက်ခိုက်လို့ ရပြီ။ ဒါက တကယ် ကောင်းသည်။

အန်ရှီဝေကို လူတွက လေးစားနေသ၍ အရေးကြီးတဲ့ လူတွေဆီက သွေးတစ်စက်လောက် တောင်းလို့ ရသ၍ ဒီဆောက်အဦးရဲ့တန်ဖိုးက ပိုမြင့်မားလာလိမ့်မည်။

သာမန်လူတွေက မလုပ်နိုင်သ၍ အန်ရှီဝေအတွက်တော့ ပြဿနာ မရှိပေ။ ဘယ်လိုပဲပြောပြော အရင်ကျောင်းအုပ်ကြီးက

သာမညသူတော်စင် ဖြစ်ပြီး အဆက်အသွယ် ကျယ်ပြန့်သည်။

သူတို့ကို အကူအညီတောင်းပြီး တိုက်ခိုက်ဖို့ ပြဿနာရှိပေမယ့် သွေးတစ်စက်လောက် တောင်းဖို့က လွယ်ပါသည်။

"ငါတို့က ကျွမ်းကျင်သူတွေရဲ့သွေးကို စတင် စုဆောင်းနေကြပြီ ဖြစ်တယ်။ ထူးချွန်းတဲ့ ဆရာတွေနဲ့ ကျောင်းသားတွေအတွက် ဒါကို ဆုအဖြစ် အသုံးပြုပေးမယ်"

ဆွန်းမို အခုလိုပြောလာသည်။ စဉ်းစားကြည့်ပါအုံး။ ကမ္ဘာ့ ချန်ပီယံ တစ်ယောက်နဲ့

နေ့တိုင်း တိုက်ခိုက်လို့ ရတဲ့ အခွင့်အရေး ဘယ်လောက်တောင် ဆွဲဆောင်မှု ရှိလိုက်သလဲ။

ကျန်ဟန်ဖူ နှလုံးတုန်နေပြီ။

“ကျွမ်းကျင်သူက သူတို့သွေးကို မင်းဆီ ဘာဖြစ်လို့ လွယ်လွယ်နဲ့ ပေးမှာလဲ”

မနေနိုင်ဘဲ အော်ပြောလိုက်သည်။

“ဟဲဟဲ၊ ငါ့မှာနတ်ဘုရားလက် ရှိတယ်လေ ၊ မင်းမေ့နေပြီလား”

ဆွန်းမိုက ပုခုံးတွန့်ပြီးပြန်ပြောသည်။

ဆွန်းမိုက သူ့ကို ပြန်မတုန့်ပြန်ရင်တောင် ကျန်ဟန်ဖူရဲ့ သံသယကို ဘယ်သူမှ စိတ်မဝင်စားပေ။

လူအများစုအတွက်ကတော့ သူတို့ထက် သန်မာတဲ့လူရဲ့ သွေးကို ရရုံနဲ့ လုံလောက်နေပြီ။

"မရီဒန် အကယ်ဒမီတော့ ဒုက္ခရောက်တော့မယ်"

ဖန်ဟိုရင် စိတ်ထဲက အော်ပြောလိုက်သည်။ အမှောင်ထု အဆောက်အဦးကြောင့် အရည်အသွေး ပိုင်းဆိုင်ရာ တိုးတက်မှု ဖြစ်ပေါ်လာတော့မည်။ ရေရှည်မှာ ကျောင်းသားတွေက တိုက်ပွဲ အတွေ့အကြုံ ပိုများလာလိမ့်မည်။

"ကောင်းပြီလေ၊ ဆက်သွားရအောင်"

ဆွန်းမို လေ့ကားထစ် ပေါ်တက်သွားသည်။

"နောက်ထပ် ရှိသေးတာလား"

ကျန်ဟန်ဖူ ထွက်သွားချင်နေပြီ။ မဟာမိတ် ရှာဖို့ လှည့်ပတ်ကြည့်ခဲ့သော်လည်း ဒီလို အခြေအနေမျိုးတွင် လူအနည်းငယ်ကလွဲလျှင် ကျန်တဲ့လူများက ဆွန်းမိုနောက်ကို စိတ်လှုပ်ရှားစွာ လိုက်သွားသည်။

"သွားပြီ"

စိတ်ပျက်အားငယ်ခြင်းရဲ့ အရသာကို နောက်ဆုံးတော့ ကျန်ဟန်ဖူ နားလည်သွားပြီ။

အခန်း(၄၉၁) - တောက်၊ ဆွန်းမို မိသားစုက ကိုယ်ပိုင်မိုင်း ပိုင်နေတာလား။

အမှောင်ထုပုံရိပ်ယောင် ခန်းမ၏ ပဉ္စမထပ်တွင် ကျောက်တိုင်တွေ အများကြီး ရှိနေပြီး သူတို့အပေါ်တွင် ရုပ်လုံးရုပ်ကြွ အမျိုးမျိုး ရှိနေသည်။

ဒီ ရုပ်လုံးရုပ်ကြွများသည် ခုန်ထွက်လာလုမတတ် အသက်ဝင်လွန်းလှသည်။

"ဒီအထပ်က ဘာလဲ"

ကျန်ရုံနဲ စပ်စုလိုက်သည်။

ဆွန်းမိုက လက်ချောင်းနဲ့ ပုတ်လိုက်သောအခါ

ဖောက်

အနက်ရောင် ဝိညာဉ်ချီတွေက ရုပ်လုံးရုပ်ကြွကနေ စတင် စိမ့်ထွက်လာသည်။ ထို့နောက် ချက်ခြင်းဆိုသလို အမှောင်ထုပုံရိပ်ယောင် အဖြစ်ပေါင်းစပ်သွားသည်။

“လိဂ်ပြိုင်ပွဲမှာ မျှော်စင်ကြီး ပြိုကျသွားတုန်းက အမှောင်ထုပုံရိပ်ယောင် ကျောက်မြတ်ရတနာကို ငါရခဲ့တာ။ နှစ်ပေါင်းတော်တော်ကြာအောင် ရတနာရှာဖွေဖို့ အဆောက်အဦးထဲ ဝင်သွားခဲ့ကြတဲ့ လူတွေ နောက်ဆုံးမှာ လူဘယ်လောက်များများ သေသွားခဲ့လည်းဆိုတာ ငါလည်း မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီကျောက်မြတ်ရတနာက

အရင်တုန်းက သေသွားခဲ့တဲ့လူတွေကို အတုယူပြီး ပုံရိပ်ယောင် ဖန်တီးနိုင်တယ်”

ဆွန်းမို မိတ်ဆက်ပေးလိုက်သည်။

“ဒါက ခေတ်တိုင်းမှာရှိတဲ့ ကျွမ်းကျင်သူနဲ့ လက်ရည်စမ်းနိုင်တဲ့ အဓိပ္ပါယ်ဆိုလည်း ဟုတ်တယ်”

ရှူး

လူတိုင်း လေအေးတစ်ချက် ရှိုက်လိုက်မိကြသည်။ သူတို့အကြည့်တွေက ကျောက်တိုင်ပေါ်က ရုပ်လုံးရုပ်ကြွတွေဆီ ရောက်သွားသည်။ သူတို့စိတ်ထဲမှာ သိချင်စိတ်နဲ့ တောင်းတမှုများ ပြည့်နှက်နေသည်။

"ခဏာနေပါအုံး၊ နောက်စကားနဲ့ဆိုရင် ပျောက်ကွယ်သွားတာ တော်တော်ကြာနေတဲ့ ကျင့်စဉ်တွေ ဒီနေရာမှာတွေ့နိုင်တယ်လို့ မဆိုလိုဘူးလား။ အရင်ခေတ်တုန်းက ပုံရိပ်ယောင်တွေဆီကနေလေ"

မြတ်ဆရာတစ်ယောက်က လျှို့ဝှက်ချက်ကို သတိထားမိသွားသည်။

"ဟုတ်တယ်"

ဆွန်းမို ပြုံးလိုက်သည်။

"ပြီးခဲ့တဲ့ နှစ်ရက်လောက်က ငါ ဘုန်းကြီးတစ်ပါးရဲ့ ပုံရိပ်ယောင်နဲ့ တိုက်ခိုက်ခဲ့သေးတယ်။ သူအသုံးပြုတဲ့

ကျင့်စဉ်က လွန်ခဲ့တဲ့ နှစ် ၅၀၀ က ပျောက်ဆုံးခဲ့တဲ့ ဖူတို နှလုံးသား သုတ္တန် ကျင့်စဉ်ပဲ”

“ဒါ တကယ်ကြီးလား”

“ဆရာဆွန်း ပြောတာ တကယ်ဆိုရင် ဒီအဆောက်အဦးက နတ်ဘုရား အဆောက်အဦးလို့ ခေါ်ဆိုဖို့ တကယ် ထိုက်တန်နေပြီ”

“တကယ်ပဲ အခုအချိန်ကစပြီး ဒီပုံရိပ်ယောင်ခန်းမက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အမှတ်တံဆိပ် ဖြစ်လာလိမ့်မယ်”

မြတ်ဆရာတွေ ဆွေးနွေးနေကြသည်။ အရမ်းသန်မာတယ်လို့ ခံစားရတဲ့

မြွတ်ဆရာတွေကတော့ စိတ်မရှည်နိုင်ကြတော့ပေ။ ဒီနေရာမှာ ပုံရိပ်ယောင်နဲ့ လက်ရည်စမ်းခြင်းဖြင့် ဒီကျင့်စဉ်တွေကို သူတို့ ပိုင်ဆိုင်လာတော့မည်။

"ဆွန်းမို၊ ဒီကျင့်စဉ်က အချိန်တော်တော်ကြာအောင် ပျောက်ကွယ်သွားတဲ့ ကျင့်စဉ်ဆို၊ ဘယ်သူမှ မမြင်ဖူးတော့ဘူးဆို။ ဖူဆိုနှလုံးသား သုတ္တန်ဆိုတဲ့ နာမည်ကို မင်းဘယ်လိုသိတာလဲ"

ကျန်ဟန်ဖူ မယုံသင်္ကာ စကားကို ကျယ်လောင်စွာ ပြောလိုက်သည်။

"ဟားဟား"

ဆွန်းမိုက ရယ်လိုက်ပြီး အဝေးကို လှမ်းကြည့်လိုက်သည်။

"မင်း....."

ဆွန်းမိုက သူ့ကို လျစ်လျူရှုလိုက်တာ မြင်လျှင် ကျန်ဟန်ဖူ သေလုနီးပါး ဒေါသထွက်သွားသည်။ ဒါပေမယ့် ပိုပြီး စိတ်ပျက်ဖို့ကောင်းတာက သူ့ဘက်မှာ ကူညီမဲ့သူ တစ်ယောက်မှ မရှိပေ။

(ဒီအရူး။ ဘာဖြစ်လို့ ကိုယ့်အဆင့်အတန်းကိုယ် ပြန်မကြည့်တာလဲ။ ဒီနေ့ မင်းပြဿနာ မရှာရင်တောင် ဆွန်းမိုက မင်းကို သေချာပေါက် အလုပ်ထုတ်လိမ့်မယ်)

ကျန်ဟန်ဖူ တော်တော်လေး စိတ်ပျက်နေပြီ။ ဆွန်းမိုကို ဆန့်ကျင်ပြီး အနိုင်မယူခဲ့နိုင်ပါ။

"ဒီ ပုံရိပ်ယောင်တွေကို ဘယ်လို အသုံးပြုရမှာလဲ"

ကျန်ရုံနဲ့က မေးလိုက်သည်။

"မင်းတိုက်ခိုက်ချင်တဲ့ ပုံရိပ်ယောင်နဲ့ ပက်သက်ပြီး အခြေအနေ တစ်ခုကို ပြောလိုက်ရုံပဲ။ ကျောက်မြတ်ရတနာက မင်းတောင်းဆိုချက်နဲ့ နီးစပ်တဲ့ လူတစ်ယောက်ကို ဆင့်ခေါ်ပေးလိမ့်မယ်"

ဆွန်းမိုက အပြုံးကလေးနဲ့ ပြန်ဖြေသည်။

"ဝိုး မှော်ဆန်လိုက်တာ"

လူတိုင်း စတင် ဆွေးနွေးကြတော့သည်။ အဲဒီနောက် သူတို့က တောင်းဆိုမှုကို အောင်ဟာစ်လိုက်ပေမယ့် ဘာမှ မဖြစ်လာခဲ့ပေ။ ဒါကြောင့် ဆွန်းမိုကို အူကြောင်ကြောင်နဲ့ လှည့်ကြည့်လိုက်ကြသည်။

"တောင်းပန်ပါတယ်။ ဒီအထပ်က ပုံရိပ်ယောင်ကို ဆင့်ခေါ်ဖို့ဆို ဝိညာဉ်ကျောက်တုံး အများကြီး လိုအပ်လို့ ဒီဆောက်အဦး ပိုင်ရှင်အနေနဲ့ အသုံးပြုသူတွေရဲ့ အခွင့်အာဏာကို ကန့်သတ်ထားတယ်"

ဆွန်းမိုက ရှင်းပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်လျှင် ဒီကိုရောက်နေတဲ့လူတွေ၏ မျက်လုံးထဲတွင် အားကျစိတ်များ ပြည့်လာသည်။ နတ်ဘုရားအဆင့် အဆောက်အဦးပိုင်ရှင်။ သိပ်ကံကောင်းလွန်းသည်။

ကျန်ဟန်ဖူ တော်တော်လေး ဒေါသထွက်ပြီး တစ်ကိုယ်လုံး တုန်ယင်နေသည်။ လီမွန် ဖျော်ရည်နဲ့ ရေကူးခိုင်းထားသလို တော်တော်လေး ချဥ်နေသည်။

“ကျောက်မြတ်ရတနာ၊ ပုံရိပ်ယောင်ကို ဆင့်ခေါ်ပါ”

ဆွန်းမို ညွှန်ကြားလိုက်သည်။

သိပ်မကြာခင်မှာဘဲ ကျောက်တိုက်ကနေ အနက်ရောင် မြူခိုးများ စိမ့်ထွက်လာသည်။ လူတိုင်း ချက်ခြင်း လှမ်းကြည့်လိုက်လျှင် မြူခိုးတွေက အရပ်ရှည်ရှည်နဲ့ သန်မာသည့် ဘုန်းကြီးတစ်ပါး အဖြစ် ပေါင်းစပ်သွားတာ မြင်လိုက်ရသည်။

"ဘယ်သူ စမ်းကြည့်ချင်လဲ"

ဆွန်းမို သတိပေးလိုက်သည်။

"ဒါပေမယ့် သတိထားရမယ်။ သူက သတ်ရင် တကယ်သေသွားလိမ့်မယ်"

မြတ်ဆရာတွေသည် ဆန္ဒတွေ ပြင်းပြနေသော်လည်း စိတ်ထိန်းထားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီသိုင်းသမား ဘုန်းကြီးတွေက တော်တော်လေး အစွမ်းထက်တဲ့ အော်ရာကို ထုတ်လွှင့်ထားသည်။

“ကြိုးစားခွင့် ပေးပါ”

ရှာယွန် ထွက်လာသည်။

သိုင်းသမားဘုန်းကြီးကို တိုက်ခိုက်လာတဲ့ လူတိုင်း အလန့်တကြား အော်ဟစ်လိုက်ကြသည်။

ဒီဘုန်းကြီးရဲ့ လှုပ်ရှားမှုတွေက ဆန်းကြယ် ခမ်းနားလွန်းသည်။ သူ့ရဲ့ ကျင့်စဉ်က သူတော်စင် အဆင့် မဟုတ်ရင်တောင် အနည်းဆုံး ကောင်းကင် အဆင့်မှာ ရှိသည်။

သုံးမိနစ်လောက်ကြာတော့ ရှာယွန် အားသွန် ခွန်စိုက် တိုက်ခိုက်နေရပြီ။

"ဒီပုံရိပ်ယောင်က ကျောင်းနဲ့ သက်ဆိုင်ပေမယ့် သူတို့နဲ့ လက်ရည်စမ်းရင်း ကျင့်စဉ်ကို သင်နိုင်ခဲ့ရင် ကျောင်းက ဂုဏ်ပြုလက်ဆောင်အနေနဲ့ ပေးမယ်"

ဆွန်းမိုက နောက်ထပ် အကောင်းဆုံး မက်လုံးတစ်ခု ထုတ်ဖော်လိုက်သည်။

"ဥာနမှူးဆွန်း၊ တကယ် ပြောတာလား"

"လူကြီးလူကောင်းဆိုတာ မလိမ်ရဘူး။ ဥာနမှူးဆွန်း ၊ ဒီနေ့ မင်းပြောခဲ့တဲ့ ဂတိကို မှတ်ထားရမယ်နော်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဆွန်းက အမြဲတမ်း အရက်ရောဆုံးဆိုတာ ငါအမြဲတမ်း သိနေတယ်"

မြတ်ဆရာတွေ အားလုံး စပြီး ချီးကျူးလာကြသည်။ သပိတ်မှောက်ခဲ့တဲ့ လူတွေကတော့ ဒီအကြောင်း ဘာမှ ဝင်မပြောပေ။

ဒါက လူ့သဘာဝပါ။ (ထိပ်တန်း ပစ္စည်းနဲ့ ပက်သက်လာရင် တစ်ဘဝလုံး ရှန်းကန်နေရင်တောင် ရမှာမဟုတ်ပေ။ ဒါပေမယ် ရယူနိုင်ဖို့ အခွင့်အရေး ရှိရင်တော့ လက်လွှော့မှာ မဟုတ်ပေ။)

ဖိန်ဟိုရင် ဒီပုံရိပ်ယောင်ကို သူကိုယ်တိုင် စမ်းသပ်ကြည့်ရန် စိတ်ကူးပြီး ပြေးထွက်လာသည်။

"ဆရာဆွန်း၊ နောက်ထပ် အထပ်တွေ ရှိသေးလား"

တောက်ဘက်စွန်း လှေကားနားမှာ ရှိတဲ့ လူတစ်ယောက်က မေးလိုက်သည်။

"နောက်ထပ် နှစ်ထပ် ရှိသေးတယ်"

ဆွန်းမိုက ပြုံးလိုက်သည်။

"ဒါပေမယ့် ငါ့ကို ခွင့်လွှတ်ပါ။ လုပ်ဆောင်ချက်တွေက ကောင်းလွန်းတော့ ကျောင်းကို ထောက်ပံ့ခဲ့တဲ့ မြတ်ဆရာ ဒါမှမဟုတ် ကျောင်းသားတွေသာ ဒါကို သုံးဖို့ အရည်အချင်း ပြည့်မှီ လိမ့်မယ်"

အားလုံး တိတ်ဆိတ်သွားသည်။ နှစ်ချို့နေသောဆရာများနှင့် ကြယ်ပွင့် အဆင့်မြင့်တဲ့ မြတ်ဆရာတွေ ညည်းညူနေကြသည်။ သူတို့ ပြောချင်ပေမယ့်လည်း စိတ်ထိန်းထားကြသည်။

လက်ရှိ ဆွန်းမိုက အလွယ်တကူ စော်ကားလို့ ရတဲ့လူ မဟုတ်တော့ပါ။ သူတို့စကားနဲ့ အပြုအမူကို အားလုံး သတိထားလာကြသည်။

သူတို့ နှလုံးသားထဲတွင် ဗဟိုပြည်နယ် အကယ်ဒမီက တော်တော်လေး တန်ဖိုး မြင့်တက်လာပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စက်ရုံတစ်ခုက တပ်ဆင်ရေးလိုင်းမှ အလုပ်သမား တစ်ယောက်နဲ့ တူသည်။ မကျေနပ်ရင် အလုပ်ထွက်သွားလို့ရသည်။ တန်ဇက် လိုမျိုး ထိပ်တန်းကုမ္ပဏီမှာတော့ အလုပ်တာဝန်ကြောင့် နေတိုင်း ဆဲဆိုနေတဲ့လူ ရှိနိုင်သော်လည်း အလုပ်ထွက်မည့်သူကတော့ တော်တော်လေး ရှားသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ အကျိုးခံစားခွင့်က ကောင်းလွန်းတော့ အချင်းချင်း တိုက်ခိုက်ဖို့ပဲ ရှိတော့သည်။

"ပထမအထပ် ငါးထပ်ကို သုံးရလဲ မဆိုးပါဘူး"

"ဟုတ်တယ်။ ကျောင်းအတွက် ထောက်ပံ့တဲ့လူတွေပဲ နောက်ဆုံး အထပ် နှစ်ထပ်ကို သုံးပိုင်ခွင့်ရှိတာ ယုတ္တိ ရှိပါတယ်"

"ဥာနမှူးဆွန်းက ကျောင်းအတွက် တကယ်စဉ်းစား ပေးတာပဲ"

လူအများစုက စတင်ချီးကျူးလာသည်။

"လူတိုင်း ငါ့နောက် လိုက်ခဲ့ပါ"

ဆွန်းမိုသည် လှေကားက ဆင်းပြီး မြေအောက်ထပ်ကို တန်းသွားလိုက်သည်။

"ဒါက မြေအောက်နေရာပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက စကားပြောရင်းနဲ့ လေးလံတဲ့ ကျောက်တံခါးကို တွန်းဖွင့်လိုက်သည်။

ဟာ

ပြင်းထန်တဲ့ ဝိညာဉ်ချီများ စိမ့်ထွက်လာသည်။

"ဘာကြီးလဲ"

လူတိုင်း အလန့်တကြား အော်ဟစ်နေကြသည်။ အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ကြသည်။ ကျင့်ကြံသူတိုင်းအတွက် ဝိညာဉ်ချီ ပြင်းထန်တဲ့ နေရာမှာ နေရတာလောက် ပျော်ဖို့ကောင်းတဲ့ အရာ မရှိတော့ပေ။

"ဝိုး..၊ ဟိုကို မြန်မြန်ကြည့်စမ်း"

"ဝိညာဉ်ကျောက်တုံးတွေ။ ဝိညာဉ်ကျောက်တုံးတွေ အများကြီးပဲ"

"ဘုရားရေ၊ ငါ့မျက်လုံး အမြင်မှားနေတာလား"

မြတ်ဆရာတွေ ရေရွတ်နေကြသည်။ သူတို့သည် မြေအောက်အခန်းထဲက အရာများကိုကြည့်ရင်း ဘဲတွေလို အဆက်မပြတ် အော်သည်းနေကြသည်။

ဒီနေရာ တစ်ခုလုံး ဝိညာဉ်ကျောက်တုံးတွေနဲ့ ပြည့်နှက်နေသည်။

"ရွှေတွေ ဘယ်လောက်တန်လိုက်မလဲ"

ဒူရှောင် အလိုလို မေးလိုက်မိသည်။

“ဝိညာဉ်ကျောက်တုံးတွေကို တိုက်ပွဲအရင်းအမြစ်လို့ သတ်မှတ်တယ်။ ငွေနဲ့ တန်ဖိုးဖြတ်လို့ မရဘူး”

ဖန်ဟိုရင်က စကားဖြတ်ပြောလိုက်သည်။ ဒါပေမယ့် သူလည်း အကြည့်မလွဲနိုင်ပေ။

“ဒီအဆောက်အဦး ထိန်းသိမ်းဖို့ဆိုရင် လည်ပတ်စွမ်းအားအတွက် ဝိညာဉ်ကျောက်တုံးတွေ လိုတယ်”

ဆွန်းမိုက ဝင်သွားပြီး ဝိညာဉ်ကျောက်တုံး တစ်တုံးကောက်ယူလိုက်သည်။

"ဒီဟာတွေရဲ့ တန်ဖိုးကို ပြောပြနေစရာ မလိုဘူး ထင်တယ်။ အခုမြင်နေရတာက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ အခြေခံ အုတ်မြစ်ပဲ"

ဒီအမေ့ာင်ထုအဆောက်အဦးက တော်တော်လေး ဆွဲဆောင်မှုရှိတာကို မပြောပဲ မနေနိုင်ကြပေ။ မြေအောက်အခန်းရဲ့ ဖွဲ့စည်းပုံက ဘယ်လိုလဲဆိုတာ မသိရပေမယ့် တော်တော်လေးတော့ ပြည့်စုံသည်။ ဝိညာဉ်ကျောက်တုံးကို ဒီနေရာမှာ သိမ်းဆည်းထားသ၍ ဝိညာဉ်ချီ ပျက်ပြယ်နှုန်းက တော်တော်လေး နှေးကွေးသည်။

"ဌာနမှူးဆွန်း၊ မင်းပေါ့ဆလွန်းတယ်။ လူတိုင်းကို ဒီလို မပြသင့်ဘူး"

လင်ကျန်က မှတ်ချက်ပေးလိုက်သည်။ သူခိုးရှိနေရင် ဘာဖြစ်သွားမလဲ။

ကျန်ဟန်ဖူ မျက်နှာ ပျက်နေပြီ။ အခြေအနေကို ပြောင်းပြန်လှန်ပစ်ဖို့ မျှော်လင့်ချက် နည်းနည်းလေးတောင် မရှိတာ့တာ သိနေပြီ။

ရာထူးကြီးတဲ့ မြတ်ဆရာများအတွက် ရွှေနဲ့ ငွေသည် လောက စည်းစိမ်များသာ ဖြစ်သည်။ ဒါပေမယ့် ဝိညာဉ်ကျောက်တုံးများကတော့ ကွာခြားသွားပြီ။ ထိပ်တန်း နာမည်ကြီး

ကျောင်းများတွင် ဆရာတွေရဲ့ လစာကို ဝိညာဉ်ကျောက်တုံးများနဲ့ ပေးဆောင်ကြသည်။

ကျန်ဟန်ဖူသည် ဆွန်းမို ဒီလောက်အထိ ချမ်းသာမယ်လို့ တစ်ခါမှ မတွေးဖူးပါ။ ခပ်ရိုင်းရိုင်း ပြောရလျှင် အိပ်မက်ထဲတောင် ထည့်မမက်ဖူးပေ။

“တောက်၊ ဒီကောင့် မိသားစုက မိုင်းတွင်းပိုင်နေလို့လား”’

ဆွန်းမိုအဖေ အကြောင်းကို တွေးလိုက်သည်။ အဲဒီလူ အမွေ ချန်ထားခဲ့တာလား။ ဒါလည်း မမှန်နိုင်ပေ။ ဆွန်းမိုက ဒီလောက်များတဲ့ ဝိညာဉ်ကျောက်တုံးတွေ ဘယ်လို သယ်လာခဲ့တာလဲ။

"ဆွန်းမိုမှာ ငါ မသိသေးတဲ့ လျှို့ဝှက်ရတနာ တစ်ခုခု ရှိရမယ်"

ကျန်ဟန်ဖူ ခန့်မှန်းနေသည်။

ဆွန်းမိုက ကျောက်တံခါး ပိတ်လိုက်ပေမယ့် လူတိုင်းရဲ့ အကြည့်က သံယောဇဉ် မပြတ်သေးပါ။

"ကြည့် မနေနဲ့တော့။ နောက်ဆို ဆရာတွေအတွက် ဝိညာဉ်ကျောက်တုံးကို ဆုအဖြစ် ပေးအပ်သွားမယ်"

ဆွန်းမို စကားလုံးတွေက ကျန်ဟန်ဖူကို နောက်တစ်ကြိမ် ရင်တုန်သွားစေသည်။

(ဒီလောက် ပိုက်ဆံအများကြီး ဖြုန်းဖို့ ဘယ်သူက တတ်နိုင်မှာလဲ)

မျှော်လင့်ထားသလို ဒီနေရာမှာ ရှိနေကြတဲ့ မြွတ်ဆရာတွေ အားလုံး တော်တော်လေး စိတ်လှုပ်ရှားနေကြသည်။ သူတို့က ဝိညာဉ်ကျောက်တုံးကို ဘယ်လို အသုံးပြုရင် ကောင်းမလဲဆိုပြီး တွေးနေကြသည်။

“ကောင်းပြီပေ့ာ။ နတ်ဘုရား အဆောက်အဦး အလည်အပတ် ခရီးစဉ် ပြီးသွားပါပြီ။ အားလုံးပဲ ထွက်လို့ ရပါပြီ”

ဆွန်းမိုက ကြေငြာလိုက်သည်။

အစောပိုင်းတုန်းက ဂွန်ရှန်ဘက် ရပ်မနေမိတဲ့ ဆရာတွေသည် အခုတော့ ခိုးပြီး နေရာပြောင်းဖို့ ကြိုးစားနေကြသည်။ ဆွန်းမိုက သူတို့ကို အခွင့်အရေး မပေးတာ စိတ်မကောင်းစရာပဲ။

“ငါ့ကို ပြောခွင့်ပေးပါအုံး။ အစောပိုင်းတုန်းက ကျန်ဟန်ဖူနောက် လိုက်ခဲ့တဲ့ဆရာတွေ အားလုံးကို အလုပ်ထုတ်တယ်။ ကျေးဇူးပြုပြီး ပစ္စည်းတွေ သိမ်းကြပါ။ ည ၈ နာရီ မတိုင်ခင် ကျောင်းက ထွက်သွားပါ။ ဒီလိုမှမဟုတ်ရင် အဖွဲ့တစ်ဖွဲ့နဲ့ ငါကိုယ်တိုင် ဦးဆောင်ပြီး အတင်းအကျပ် ဆွဲထုတ်မယ်”

ဆွန်းမိုအသံက ရေခဲရေလို အေးစက်လှသည်။

လေထု ချက်ခြင်း အေးခဲသွားသည်။ လူတိုင်း မတူညီတဲ့ အမူအရာတွေ ဖြစ်နေကြသည်။ နောက်ဆုံး အခိုက်အတန့် ရောက်မှ ဘက်ပြောင်းမိတဲ့ ဆရာတွေကတော့ ဝမ်းသာနေကြသည်။ ကျန်ခဲ့မိတဲ့ လူတွေရဲ့ မျက်နှာကတော့ ထိတ်လန့်ပြီး ကြောက်ရွံ့နေကြသည်။

ထုံးစံအတိုင်းပဲ သပိတ်မှောက်မှုမှာ မပါဝင်ခဲ့တဲ့ လူတွေကတော့ စိတ်ချမ်းအသာဆုံး ဖြစ်နေကြသည်။ သူတို့အားလုံးက ဒါကို ပွဲကောင်းတစ်ခုလို သတ်မှတ်ပြီး စောင့်ကြည့်နေကြသည်။

"ဆရာဆွန်း၊ အနည်းဆုံးတော့ ငါတို့အားလုံးက ကျောင်းကို ထောက်ပံ့ခဲ့ဖူးပါတယ်ကွာ။ ဒီလောက် မရက်စက်လို့ မရဘူးလား"

"ဥာနမှူးဆွန်း ၊ ငါတို့ မှားပါတယ်ကွာ။ နောက်တစ်ခါလောက် အခွင့်အရေး ပေးလို့ မရဘူးလား"

"ငါက ဝွန်ရှန် ဘက်ကနော်"

မြတ်ဆရာတွေ အားလုံး ညှိနှိုင်းချင် နေကြသည်။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ အခြေခံ အုတ်မြစ်ကို တွေ့ပြီး ကျန်ဟန်ဖူနောက်လိုက်ဖို့ သတ္တိ မရှိကြတော့ပါ။

“တောင်းပန်ပါတယ်။ မင်းတို့အားလုံးကို အခွင့်အရေး ပေးခဲ့ပြီးပြီ။ ဒါပေမယ့် မင်းတို့ တန်ဖိုးထားရကောင်းမှန်း မသိကြဘူး”

ဆွန်းမိုက လူတိုင်းကို တစ်ချက်ကြည့်လိုက်သည်။

“ဆရာဘိုင်၊ ဆရာဝွန် နောက်မှာ ပုန်းနေစရာ မလိုဘူး။ မင်းတို့နာမည်တွေ အားလုံး ငါမှတ်မိတယ်”

“ဌာနမှူးဆွန်း၊ ငါတို့အားလုံးကို အလုပ်ထုတ်ရင် ဒဏ်ကြေးအများကြီး ပေးရမယ်နော်”

ဒီကိစ္စကြောင့် ဆွန်းမို စိတ်ပြောင်းသွားဖို့ လူတိုင်း မျှော်လင့်နေကြသည်။

"ဟားဟား၊ ငါ့မှာ ပိုက်ဆံ ရှားတယ် ထင်နေတာလား"

ဒီစကားကို ကြားလျှင် အဲဒီ မြွတ်ဆရာတွေ မျက်နှာ ပြာသွားသည်။ ဆွန်းမိုက ချမ်းသာ ရုံသာမက ညစ်ပတ်တဲ့ သူဌေးလည်း ဖြစ်နေသည်။

ထုံးစံအတိုင်းပဲ ဆွန်းမိုမှာ အပြည့်အဝ လျော်ကြေးပေးဖို့ စိတ်ကူး မရှိပါ။ (မင်းတို့ရဲ့ ချို့ယွင်းချက်ကို ရှာပြီး လျော်ကြေးငွေ ပမာဏကို လျှော့ချပစ်မယ်) ဒါက လုပ်ထုံးလုပ်နည်းပဲလေ။

"ဆရာဆွန်းကို မဆန့်ကျင်မိတာ ကံကောင်းလို့"

ငွန်ရှန်သည် ကံဆိုးတဲ့ အရှူးများကို ကြည့်ပြီး အူမြူးသွားသည်။

ဒင်

ငွန်ရှန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၅၁၀/၁,၀၀၀)

ဆွန်းမိုက ငွန်ရှန်ကို တစ်ချက်ကြည့်ပြီး ကျန်ဟန်ဖူကို စကားတစ်ခွန်းမှ မပြောဘဲ ထွက်သွားသည်။ ဒီကိစ္စက မပြီးသေးပါ။

“ငွန်ရှန်၊ မင်းကို မျှမျှတတ အမြဲတမ်း ဆက်ဆံခဲ့တယ်။ ဒီနည်းနဲ့ ကျေးဇူး ပြန်ဆပ်တာလား”

ကျန်ဟန်ဖူက ဂွန်ရှန်ဆီ လျှောက်လာပြီး ဒေါသတကြီး အော်ဟစ်တော့သည်။

“ကျောင်းရဲ့ အနာဂတ်အတွက် ဒီလိုလုပ်ခဲ့တာ”

ဂွန်ရှန် ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။

“ပြီးတော့ မင်းကိုယ်မင်းထိန်းပါ။ မင်းတံတွေး ငါ့မျက်နှာလာစင်တယ်”

“သောက်ရှက် မရှိတဲ့ကောင်”

ကျန်ဟန်ဖူ ဂွန်ရှန်ကို တကယ်ပဲ တံတွေး ထွေးချင်နေသည်။

“မင်းတို့အားလုံး ငါနဲ့ ဆွေးနွေးချင်လား”

ဝွန်ရှန်က ကျန်ဟန်ဖူရဲ့ နောက်လိုက်တွေကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"ဘာဆွေးနွေးမှာလဲ"

နောက်လိုက်တစ်ယောက်က မေးလိုက်သည်။

"စပြီး ဆွေးနွေးတာနဲ့ မင်းသိလိမ့်မယ်"

ဆွန်းမိုအကြည့်ရဲ့ အဓိပ္ပါယ်ကို ဝွန်ရှန်သိသည်။ ကျန်ဟန်ဖူရဲ့ လက်အောက်ငယ်သားတွေကို လိုက်ရှာပြီး သူ့ဆီ သတင်းပို့ခိုင်းခဲ့သည်။ ဒီလူတွေက ကျန်ဟန်ဖူရဲ့အညစ်အကြေးတွေကို သေချာပေါက် သိလိမ့်မည်။

အခုအချိန်မတိုင်ခင်ကဆို ဝွန်ရှန် ဒါကို သေချာပေါက် ငြင်းလိုက်မည်။ အခုတော့ အစွမ်းကုန်ကြိုးစားပြီး ကျန်ဟာန်ဖူ ဆိုးဆိုးဝါးဝါး ဖြစ်တာလောက် ဘာမှ မလိုချင်ပါ။ ဘာပဲပြောပြော ဆွန်းမိုဆီက အမှတ်တချို့ ရမှ ဖြစ်မည်။

"လူအိုကြီး ကျန်၊ ငါ့ကို အပြစ်မတင်နဲ့။ ဆွန်းမိုအပေါ် ဘယ်သူက ကြံစည် ခိုင်းလို့လဲ"

ဝွန်ရှန်က သက်ပြင်းချရင်း ပြောလိုက်သည်။

"ဝွန်ရှန်၊ တဲ့တိုးပြောစမ်းပါ။ ဒီလူယုတ်မာ ဆွန်းမိုက ငါ့ကို ဒုက္ခပေးမလို့ မင်းကို လွှတ်လိုက်တာ မဟုတ်လား"

ကျန်ဟန်ဖူ မတုံးပါ။ ဝွန်ရှန် ဒီလိုလူတွေကို လိုက်ရှာတာ အကြောင်းပြချက် တစ်ခုပဲ ရှိသည်။

"ဆရာကျန်၊ သိပ်မစဉ်းစားနဲ့"

ဝွန်ရှန်က နှစ်သိမ့်လိုက်သည်။

"အများဆုံး မြတ်ဆရာဘွဲ့ ရုတ်သိမ်းခံရပြီး စာမသင်ရတာပဲ ရှိမယ်။ သေတော့ မသေပါဘူး"

"ထွီ"

ကျန်ဟန်ဖူ ထပ်သည်းမခံနိုင်တော့ဘဲ ဝွန်ရှန် မျက်နှာကို တံတွေးထွေးလိုက်သည်။

(မြတ်ဆရာဘွဲ့ ဆုံးရှုံး သွားရင် ဘယ်လို အသက်ရှင်မလဲ။ ငါလည်း သတ်သေသွားရမှာပေါ့။)

“ဒီလိုဖြစ်လာမှန်း သိနေရက်သားနဲ့ ဘာဖြစ်လို့ ဆွန်းမိုကို ဆန့်ကျင်နေသေးတာလဲ”

ဝှန်ရှန်က အေးစက်စက် ရယ်မောလိုက်သည်။

“မအလ”

ကျန်ဟန်ဖူ တကယ် ရိုက်ချင်နေပြီ။ (မင်းက ဆွန်းမို လက်ပါးစေ ဖြစ်တာ ရက်အနည်းငယ်ပဲ ရှိသေးတယ် သိပ်ပြီး သစ္စာရှိနေပြီ ဟုတ်လား။ ငါက မင်းကို အရမ်းယုံတယ် ထင်နေတာလား)

ဖိန်ဟိုရင်လည်း ထွက်သွားပြီး ဆွန်းမို အနောက်သို့ လိုက်သွားသည်။

အခန်း(၄၉၂) - ဝိညာဉ်တက်တူး လေ့လာခြင်း၏ နောက်ဆုံးအမှတ်။

ဆွန်းမို အမှောင်ထုပုံရိပ်ယောင် ခန်းမက ထွက်လာတာနဲ့ အန်ရှီဝေသည် ဂျိမဲဂျဲနဲ့အတူတူ ရောက်လာသည်။

"ဆရာဆွန်း အကွက်လေးက လှလိုက်တာ"

ဂျိမဲဂျဲက ဆွန်းမို ရင်ဘက်ကို ခပ်ဖြေးဖြေးလေး ရိုက်လိုက်သည်။

သူမနှင့် အန်ရှီဝေသည် ဆူပူအုံကြွမှုကို ကြားပြီး အဲဒီနေရာကို အပြေးအလွှားလာခဲ့သော်လည်း ဆွန်းမိုက အခြေအနေတခုလုံးကို ထိန်းချုပ်ထားတာ မြင်လိုက်ရသည်။ ဒါကြောင့် သူမတို့ ထွက်လာဖို့ မလိုတော့ပေ။

"အသေးအဖွဲ့လေးပါ"

ဆွန်းမို ပြုံးလိုက်သည်။

"ဒါကို အသေးအဖွဲလေးလို့ ယူဆနေတာလား။ မင်းသာ ဒီလို ဆက်ပြီး ထူးချွန်နေရင် အန်ရှီဝေ နေရာပျောက်တော့မယ်"

ဂျီမဲဂျဲက စနောက်လိုက်သည်။

အန်ရှီဝေက စိတ်ထဲမထားပါ။ အနိုင်ခံရတယ်လို့လည်း မထင်ပေ။ ဆန့်ကျင်ဘက်အနေနဲ့ ဆွန်းမိုရဲ့ ထက်မြက်မှုကြောင့် ကျေနပ် ပျော်ရွှင်နေခဲ့သည်။ ကျန်ဟာန်ဖူကြောင့် တော်တော်လေး ခေါင်းကိုက်နေခဲ့ရပြီး ငယ်ချစ်လေး

ပြန်ရောက်လာတဲ့ အချိန်တွင် အားလုံး ပြေလည်သွားမယ်လို့ မမျှော်လင့်ခဲ့ပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၂၀၀ ။ လေးစား (၉,၈၀၀/၁၀,၀၀၀)

“ဘာမှ မရှိတော့ဘူးဆို ငါအရင် ပြန်နှင့်မယ်။ ကျောင်းအုပ်ကြီး၊ ဒီသုံးလအတွင်း ဝိညာဉ်တက်တူး အတန်းကို နားထားချင်တယ်။ ရှန်ယွန်ပေါင်နဲ့ အင်ဘိုင်ဝူတို့ကို လမ်းပြဖို့အတွက် အချိန် သုံးချင်တယ်”

ဆွန်းမိုက တောင်းဆိုလိုက်သည်။

“ရတယ်လေ”

အန်ရှီဝေက ခေါင်းညိတ်လိုက်သည်။

“မင်းမှာ တောင်းဆို စရာရှိရင်လည်း ငါ့ကို ပြောလေ။ မင်းစိတ်ကျေနပ်အောင် အစွမ်းကုန် ကြိုးစားပေးမယ်”

ဆွန်းမိုက ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲ အောင်မြင်ရေးအတွက် ဒီလိုလုပ်တာကို သူမတို့ နှစ်ယောက်စလုံး သိနေသည်။

အန်ရှီဝေနှင့် ဂျီမဲဂျဲတို့ကို နှုတ်ဆက်ပြီးနောက် အိမ်ရာသို့ ပြန်လာခဲ့သည်။ သူက ရှန်ယွန်ပေါင်နှင့် ကျန်တဲ့လူတွေကို လမ်းညွှန်ပေးဖို့အတွက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေဘုရင်ခန်းမကို သွားဖို့ ပြင်ဆင်နေသည်။ မသွားရသေးခင် ဖိန်ဟိုရင်က သူ့ဆီ ရောက်လာသည်။

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး စောင့်ပါအုံး”

ဖိန်ဟိုရင်က ရင်းရင်းနှီးနှီး ပြုံးပြလိုက်သည်။

“ငါ့နာမည်က ဖိန်ဟိုရင်ပါ။ မရီဒန် အကယ်ဒမီက ညှော့ပါမောက္ခပါ။ မှော်ဆေးပညာနဲ့ သေးငယ်တဲ့ အောင်မြင်မှု ရှိတယ်လို့ သတ်မှတ်လို့ ရပါတယ်”

သူ့ကိုယ်သူ မိတ်ဆက်ဖို့ နှိမ့်ချခဲ့တာပါ။ တကယ်တော့ ဖန်ဟိုရင်က တော်တော်လေး အထင်ကြီးဖို့ ကောင်းပါသည်။

“တွေ့ရတာ ဝမ်းသာပါတယ်”

ဖန်ဝူဂျီ အကြောင်း ရုတ်တရက် တွေးလိုက်မိသည်။ ဒီနှစ်ယောက် ဆွေးမျိုးများ ဖြစ်နေမလား။

"ဆရာဆွန်းက ဆေးထုပ်ကြီး ဆေးညွှန်းများ ရောင်းချင်မလား ဆိုတာ မေးရင်း လာနှုတ်ဆက်တာပါ"

ပြည်နယ်ကိုးခုက လူတွေသည် အဓိက အကြောင်းအရာ မရောက်ခင် အနည်းငယ် ဝေ့ဝိုက်လေ့ ရှိသည်။ ဒါပေမယ့် ဖန်ဟိုရင်ကတော့ မတူပါ။ သူက ကြယ် (၅) ပွင့် မြတ်ဆရာ ဖြစ်လို့ လေးစားစရာ အဆင့်အတန်းရှိသည်။ အချိန်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကန့်အသတ် ရှိရုံသာမက ဟန်ဆောင် ယဉ်ကျေးနေစရာလည်း မလိုအပ်ပါ။ လိုရင်းသာ တန်းပြောလိုက်သည်။

"တောင်းပန်ပါတယ်။ မရောင်းဘူး"

ဆွန်းမိုက ငြင်းလိုက်သည်။

ဖိန်ဟိုရင် မအံ့အောသွားပါ။ သူသာ ဆွန်းမို နေရာမှာဆိုလည်း ဒီလိုမျိုး အဆင့်မြင့်တဲ့ ဆေးညွှန်းကို ရောင်းချမှာ မဟုတ်ပါ။

"မင်းရဲ့ လက်ရှိ အခြေအနေက ပိုက်ဆံမရှားတာ သေချာတယ်။ ဒါကြောင့်ငါက တန်ဖိုးခြင်း တူညီတဲ့ ဆေးညွှန်းကို အသုံးပြုပြီး လဲလှယ်ချင်တယ်။

စိတ်မပူနဲ့ ဒီဆေးညွှန်းက ဈေးကွက်ထဲမှာ အရမ်းရှားတယ်”

“တောင်းပန်ပါတယ်”

ဆွန်းမိုက နောက်တစ်ကြိမ် ထပ်ငြင်းလိုက်သည်။ ဆေးညွှန်းလိုချင်ရင် စတိုးဆိုင်မှာ တိုက်ရိုက်ဝယ်လို့ရပြီး ဆေးညွှန်းအတု ဖြစ်မှာကိုလည်း စိုးရိမ်စရာမလိုပေ။

“ဆရာဆွန်း၊ ငါ အရမ်းရိုးသားပါတယ်”

ဖိန်ဟိုရင်က ထပ်ခါထပ်ခါ အငြင်းခံနေရသဖြင့် နည်းနည်းစိတ်ပျက်လာသည်။ ဒါ့အပြင် သူက

အရမ်းအားစိုက်ထုတ်ပြီး ငွေကြေးအမြောက်အများ အသုံးပြုဖို့ ပြင်ဆင်ထားသည်။

"သွေးလောင်ကျွမ်းခြင်း ဆေးပြားကို ပိုကောင်းအောင် အဆင့်မြှင့်တင်ထားတယ်။ ဒါကသွေးလောင်ကျွမ်းခြင်း အဆင့်မှာ ရှိတဲ့လူတွေအတွက် တော်တော်လေး အကျိုးရှိတယ်။ ထစ်ဆို့နေတဲ့ ပြဿနာ ကြုံလာရင် တစ်လုံးသောက်ရုံနဲ့ အဆင့်တက်နိုင်တယ်"

လီဇီချီနှင့် လုချီဟွာ တို့လည်း လိုက်မှီလာသည်။

ဖိန်ပ်ဟိုရင် ဒီမိန်းကလေး နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်ပြီး တော်တော်လေး လှတာပဲလို့

မနေနိုင်ဘဲ တွေးလိုက်မိသည်။ ဒါပေမယ့် ဆွန်းမိုဆီ အာရုံ ပြန်ရောက်သွားသည်။

"မင်းကို လိမ်မှာစိတ်မပူပါနဲ့။ ငါက ကြယ် ၅ ပွင့် မြတ်ဆရာ တစ်ယောက်ပါ။ ပြီးတော့ ငါတို့ အရောင်းအဝယ်လုပ်ရင် အာမခံတဲ့လူ တစ်ယောက် ရှာပေးမယ်။ ဆေးဖော်စပ်တဲ့နေရာမှာ အမှားတစ်ခုခု ဖြစ်ခဲ့ရင်လည်း အားလုံး အကုန်အကျ ခံပေးမယ်"

ဖိန်ဟိုရင်သည် နှစ်ထပ်ကွမ်း အာမခံချက် ပေးလိုက်သည်။ ဆွန်းမိုကို သူ့ရဲ့ ထက်မြတ်မှုကို ပြတာထက် ရာထူးအဆင့်အတန်းကို

ဖော်ပြလိုက်သည်။ အာမခံပေးတဲ့လူကိုလည်း ရှာပေးချင်စိတ် ရှိသည်။

"ဆရာဖိန်ရဲ့ စိတ်ရင်းကို နားလည်ပါတယ်။ ဒါပေမယ့်လည်း တကယ် တောင်းပန်ပါတယ်။ ဒီဆေးညွှန်းကို ရောင်းမှာ မဟုတ်ဘူး"

အဆင့်မြင့်တင်ထားတဲ့ သွေးလောင်ကျွမ်းခြင်းဆေးသည် သွေးလောင်ကျွမ်းခြင်းအဆင့်သာ အကျိုးပြုတယ်လို့ ပြောဆိုထားသော်လည်း သူ့ရဲ့ ရောမဆေးထုပ်ကြီးက ကျင့်ကြံမှုအဆင့် နယ်ပယ်အားလုံးက ကျွမ်းကျင်မှုများအတွက် သင့်တော်သည်။

"စနစ် ၊ စတိုးဆိုင်ကို ဖွင့်လိုက်ပါ"

ဆွန်းမို ညွှန်ကြားလိုက်သည်။ စင်ပေါ်မှာ ပြသထားတဲ့ ပစ္စည်းတွေကို ကြည့်လိုက်လျှင် သွေးလောင်ကျွမ်းခြင်း ဆေးညွှန်းကို တွေ့လိုက်ရသည်။ လေးစားအထင်ကြီးမှုအမှတ် နှစ်သောင်းသာ ကုန်ကျသဖြင့် နှာကစ်ပြီး အထင်သေးသွားသည်။

"ဆရာ၊ စောစောတုန်းက မင်းလုပ်သွားတာ အရမ်းမိုက်တယ်"

လီဇီချီက ချီးကျူးလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်"

လုချီဟွာကလည်း အဆက်မပြတ် ခေါင်းညိတ် ထောက်ခံနေသည်။

"အမ်"

ဖိန်ဟိုရင်သည် သူ့လက်ကို နောက်ပစ်ပြီး ခေါင်းမော့ကာ အရမ်းစာတတ်တဲ့ လူတစ်ယောက်လို ဆွန်းမိုနဲ့ ကောင်မလေးနှစ်ယောက် နှုတ်ဆက်လာမှာကို စောင့်နေခဲ့သည်။ ဘာပဲပြောပြော ကြယ် ၅ ပွင့် မြတ်ဆရာအဆင့်အတန်းက အရမ်းလေးစားဖို့ ကောင်းသည်။

ဒါပေမယ့်လည်း သူမျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ပေ။

သူ့အပေါ်ထားတဲ့ ဆွန်းမိုရဲ့ သဘောထားကလည်း အရင်အတိုင်း အေးစက်နေသေးသည်။ ဒါ့အပြင် မိန်းကလေးနှစ်ယောက်ကလည်း ဦးတောင် မညွတ်ခဲ့ပါ။ နေရာတိုင်းမှာမြင်ရတဲ့ လမ်းဘေးမှာ အရိုးကိုက်နေတဲ့ ခွေးတစ်ကောင်လိုမျိုး ကြယ် ၅ ပွင့် ဆရာကို ဆက်ဆံနေကြသည်။

(တစ်ခုခု မှားနေတာလား။ ရှိသေလေးစားတဲ့ အသုံးနှုန်းတွေ ဘယ်မှာလဲ)

ဖိန်ဟိုရင် သူ့ကိုယ်သူ သံသယ ဝင်လာသည်။ ကြယ် ၅ ပွင့် မြတ်ဆရာအဆင့် မပြောနဲ့ ကြယ်

၄ ပွင့်မြတ်ဆရာ အဆင့်တုန်းကတောင် သူဘယ်သွားသွား ဘယ်သူမှ မလေးစားဘဲ မနေရဲပါ။

"ရင်ဘက်ကြီးတဲ့ မိန်းကလေးရဲ့နောက်ခံက မရိုးရှင်းဘူး"

ဖိန်ဟိုရင် တွေးတောနေသည်။

လီဇီချီက အရမ်းဉာဏ်ကောင်းသည်။ သူမဆရာက ဒီလူကြီးနဲ့ စကားမပြောချင်ဘူးဆိုတာ ပြောနိုင်သည်။ ဒါကြောင့်လည်း အရိုအသေ မပေးခဲ့ပေ။ ပုံမှန်အားဖြင့်တော့ ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက်နဲ့တွေ့ရင် အရမ်းလေးစားတတ်သည်။

"နှုတ်ဆက်လိုက်"

ဆွန်းမိုက ယဉ်ကျေးမှုအရ ပြုံးပြီး ပြောလိုက်သည်။

"ခဏစောင့်ပါအုံး"

ဖိန်ဟိုရင်က ပြေးလိုက်လာသည်။

"ဘာလို့ ဈေးနှုန်း မပြောတာလဲ"

"ဆရာဖန်၊ ငါ့အတွက် ခက်ခဲအောင် မလုပ်ပါနဲ့"

ဆွန်းမို စိတ်မရှည်တော့ပါ။

"မင်းက အရမ်းချမ်းသာပြီး ဝိညာဉ်ကျောက်တုံး အများကြီးရှိတာ သိတယ်။ ဒါပေမယ့် အထူးသဖြင့် အမှောင်တိုက်ကြီး အပျက်အဆီးတွေကြားထဲမှာ

တွေ့ရတဲ့ ဆေးညွှန်းလို အရာမျိုးကတော့ အများကြီး ရှိမှာ မဟုတ်တာ သေချာတယ်”

ဖိန်ဟိုရင် ယုံကြည်မှု အပြည့်နဲ့ ရယ်နေသည်။

“ဒါပေမယ့် ငါ့မှာ အများကြီး ရှိတယ်။ မင်းလိုချင်တဲ့ ဆေးညွှန်းကို တွေ့အောင် ကူညီပေးနိုင်တယ်”

ဆွန်းမိုက

“ကောင်းပြီလေ။ ငါကလည်း ရိုးရိုးလေးပဲ ပြန်ပြောတော့မယ်။ ဆေးထုပ်ကြီး ဆေးညွှန်းဖိုးကို မင်းမတတ်နိုင်ဘူး”

ဆွန်းမိုက စိတ်ထဲကနေ

"ငါ့မှာ လေးစားအထင်ကြီးမှု အမှတ်တွေ လုံလောက်နေသ၍ ငါလိုချင်တဲ့ ဆေးညွှန်းတိုင်းကို ဝယ်လို့ ရတယ်"

"ဇီချီ၊ ချီဟွာ သွားရအောင်"

ဖိန်ဟိုရင် ကြောင်သွားသည်။ အဲဒီနောက် မျက်နှာပေါ်မှာ မကျေနပ်တဲ့ အမူအရာ ပေါ်လာသည်။ အထင်သေးခံရတယ်လို့ ခံစား လိုက်ရသည်။ ဒါကြောင့် မနေနိုင်ဘဲ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ငါ့မှာ စကြ်ေ၁၀ဌာ ဆေးညွှန်း ရှိတယ်။ ဒီဆေးကို သောက်လိုက်ရင် မင်းကိုယ်ထဲက

နတ်ဘုရားခွန်အားတွေက တဟုန်ထိုး ထိုးတက်လာပြီး ကောင်းကင်နှင့် မြေကြီးတောင် ပြောင်းပြန်လှန်နိုင်တဲ့ အစွမ်းတွေ ရလာလိမ့်မယ်။ ငါသိရသလောက်တော့ ဗဟိုပြယ်နယ် တစ်ခုလုံးမှာ ငါတစ်ယောက်ပဲ ဒီဆေးညွှန်း ရှိတယ်”

ဖိန်ဟိုရင်က စကားပြောပြီးတာနဲ့ ဆွန်းမို တုန့်ပြန်တာကို စောင့်နေခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက သူ့ကို လှည့်တောင် မကြည့်ခဲ့ပေ။ ဒါကြောင့် ဖိန်ဟိုရင် စိတ်ဓါတ်ကျပြီး အသက်ရှူ မဝ ဖြစ်သွားသည်။

“ဆရာဆွန်း၊ ငါ့စကားကို နားလည်လား”

ဖိန်ဟိုရင်က ဒီကောင်နဲ့ စကားပြောရတာ တော်တော် လက်ပေါက်ကပ်တယ်လို့ ခံစားနေရသည်။

“ငါ နားလည်တယ်။ မင်းမှာ တော်တော်လေး အထင်ကြီးဖို့ကောင်းတဲ့ ဆေးညွှန်းရှိတယ်”

လီဇီချီက လှည့်ကြည့်လိုက်သည်။ ကြည့်လိုက်လျှင် အပြစ်ကင်းစင်တဲ့ ပုံပေါက်နေကာ မျက်လုံးလေးကို ပေကလတ်ပေကလတ် လုပ်ပြီး မေးလိုက်သည်။

"ရဲတင်းစွာနဲ့ မေးခွန်းတစ်ခုလောက် မေးလို့ရမလား။ မင်းရဲ့ ဆေးညွှန်းက ပြည်နယ်ကိုးခုစလုံးမှာ မင်းတစ်ယောက်တည်း သီးသန့်ပိုင်တာလား"

ရင်ဘက်ပြားနေတဲ့ မိန်းကလေးဆီက စကားသံကို စကြားလိုက်လျှင် ဖိန်ဟိုရင် ကျေနပ်စွာ နှာခေါင်းရှုံ့လိုက်သည်။ ဒါပေမယ့် စကားတစ်ခုလုံး ကြားပြီးတဲ့အခါ မျက်နှာတစ်ခုလုံး တောင့်တင်းသွားသည်။ ဒီဆေးညွှန်းက သူတစ်ယောက်တည်း သီးသန့် ပိုင်တာမဟုတ်ပါ။

"လုံလောက်ပြီ"

ဆွန်းမိုက လီဇီချီ ခေါင်းကို ပွတ်လိုက်သည်။ သူ့ကိုယ်စား မကျေမနပ် ဖြစ်နေတာကို သူသိသည်။ ဒါကြောင့် ဖိန်ဟိုရင် မကျေမနပ် ဖြစ်လာအောင် တမင်သက်သက် ပြောနေခဲ့သည်။

" မင်းရဲ့ ဆေးညွှန်းက တမူထူးခြားရင် ငါကလည်း တမူထူးခြားတဲ့ ဆေးညွှန်း ပေးလို့ရတယ်"

ဖိန်ဟိုရင် မဲ့သွားသည်။ မျိုးနွယ်တစ်ခုလုံး နိမ့်ကျခြင်း မြင့်တက်ခြင်းနဲ့ဆိုင်တဲ့ တမူထူးခြားတဲ့ ဆေးညွှန်းသည် တော်တော်လေး အဖိုးတန်သည်။ ဘယ်သူက အရောင်းအဝယ်လုပ်ဖို့ ဆန္ဒ ရှိမှာလဲ။

သူ အရမ်းချမ်းသာတယ် ဆိုရင်တောင် ဒီလိုမျိုး မလုပ်ရဲပါ။

“ဒါဆိုလည်း ပြည်နယ်ကိုးခုမှာ ဘယ်သူမှမပိုင်ဆိုင်တဲ့ ထူးခြားတဲ့ ဆေးညွှန်း တစ်ခုကို ယူလာခဲ့ပါ”

လီဇီချီက ယုံကြည်ချက် အပြည့်နဲ့ ပြောလိုက်သည်။

“ငါတို့ဆရာရဲ့ ဆေးညွှန်းက ထူးခြားပြီး တစ်ယောက်တည်း မူပိုင်ပဲ”

ဖိန်ဟိုရင် မျက်မှောင်ကြုတ်သွားသည် ။ ဆွန်းမိုကို ကြည့်ပြီး အဖြေစောင့်နေသည်။

"ဒါအမှန်ပဲ။ ဆေးထုပ်ကြီး ဆေးညွှန်းက ငါတစ်ယောက်တည်း ပိုင်တယ်။ ဘယ်လိုလဲ လဲလှယ်ချင်သေးလား"

ဆွန်းမိုက မေးလိုက်သည်။

ဖိန်ဟိုရင် ငြိမ်ကျသွားသည်။ ထုံးစံအတိုင်းလိုချင်ပေမယ့် တန်ဖိုးခြင်း တူညီတဲ့အရာ မရှိပါ။ ပိုပြီး တိတိကျကျ ပြောရလျှင် ဖိန်ဟိုရင်မှာ တန်ဖိုးခြင်း တူညီတဲ့ ဆေးညွှန်း တစ်ခုရှိသည်။ ဒါပေမယ့်လည်း သူအရောင်းအဝယ် မလုပ်နိုင်တဲ့ အရာ ဖြစ်နေသည်။

ဆွန်းမိုနှင့် ကောင်မလေး နှစ်ယောက် လမ်းလျှောက်သွားတာ ကြည့်ရင်း ဖန်ဟိုရင် စိတ်ဓါတ်ကျပြီး သွေးအန်ချင်လာသည်။

"အခု ဘာလုပ်ရမလဲ။ လက်လျှော့လိုက် ရမလား"

ဖိန်ဟိုရင် စိတ်ပျက်လက်ပျက်နဲ့ အဝေးကို လမ်းလျှောက်ပြီး ထွက်ခွာသွားသည်။ ရင်ဘက်ပြားနေတဲ့ ကောင်မလေး ရုတ်တရက်ပြေးလာတာ မြင်လိုက်ရသည်။ မျက်နှာပေါ်တွင် ပျော်ရွှင်တဲ့ အမူအရာ ချက်ခြင်း ပေါ်လာသည်။

"ဘာဖြစ်လို့လဲ ၊ ဆရာဆွန်း စိတ်ပြောင်းသွားပြီလား"

"ငါ့ဆရာက မင်းခန္ဓာကိုယ်မှာ ပြဿနာ ရှိနေတယ်လို့ ပြောတယ်။ တညလုံး နောက်ကျအောင် မနေဖို့ ပြောလိုက်တယ်။ မင်း စွမ်းအင်ထိန်းသိမ်းတဲ့ ဆေးတွေကို ထပ်မစားနဲ့တော့။ ဒီလိုမှမဟုတ်ရင် ရုတ်တရက် သေဆုံးသွားနိုင်တယ်"

လီဇီချီက ပြောပြီးတာနဲ့ ထွက်ပြေးသွားသည်။

"……………"

ဖိန်ဟိုရင် ဆွံ့အနေသည်။

(ငါလည်း မှော်ဆေးပညာရှင် တစ်ယောက်ပါ။ ဒီအလုပ်က ဆရာဝန် မဟုတ်ပေမယ့် ဆေးပင်တချို့ကိုတော့ နားလည်ပါတယ်။ မကြာခင်က ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရပေမယ့် မင်းပြောသလောက်တော့ မဆိုးသေးဘူး)

"ကြယ် ၅ ပွင့် မြတ်ဆရာတွေက သက်ရှည်နယ်ပယ်မှာ ရှိတာကို ရုတ်တရက် သေဆုံးဖို့ဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ"

ဖန်ဟိုရင်သည် အထင်သေးပြီး နှာခေါင်း တစ်ချက်ရှုံ့လိုက်သည်။ ဒါပမယ့် အဲဒီနောက်မှာတော့ တဖက်ကပြောတဲ့စကား မှန်နေတဲ့

အချက်တစ်ချက်ကို သတိထားလိုက်မိသည်။ မှော်ဆေး ဖော်စပ်နေတဲ့ အချိန်တွင် အမှားအယွင်း မဖြစ်အောင် စွမ်းအင်အဆင့် ထိန်းသိမ်းတဲ့ ဆေးတွေကို အမြဲစားဖြစ်နေသည်။

“နေပါအုံး။ ဆွန်းမိုမှာ နတ်ဘုရားလက်လို့ ခေါ်တဲ့ ဘွဲ့တစ်ခု ရှိသေးတာပဲ”

ဖိန်ဟိုရင် တွေးတောနေခဲ့သည်။

....

ဆွန်းမို နတ်ဘုရားခန်းမသို့ ဝင်လာတဲ့ အချိန်တွင် စနစ်ဆီက အကြောင်းကြားချက် ကြားလိုက်ရသည်။

ဒင်

"ဗဟိုပြည်နယ် အကယ်ဒမီရဲ့ သပိတ်မှောက်မှုကို ဖြေရှင်းပေးပြီး အနည်းဆုံး မြတ်ဆရာ အယောက်တစ်ရာဆီက ယုံကြည်မှု ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ရွှေရောင် ရတနာသေတ္တာ တစ်လုံး"

ဆွန်းမို လုချီဟွာခေါင်းကို ပုတ်ရင်း သေတ္တာဖွင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ရွှေရောင်အလင်း မှိန်သွားပြီးနောက် စွမ်းရည်စာအုပ် တစ်အုပ် ကျန်ခဲ့သည်။

ဒင်

“အဆင့်မြင့်အဆင့် ဝိညာဉ်တက်တူး စွယ်စုံကျမ်း အသိပညာကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - အခြေခံ”

ရှီး

ဆွန်းမို စိတ်လှုပ်ရှားစွာ လေချွန်လိုက်သည်။ ထို့နောက် မျက်နှာပေါ်တွင် တောက်ပတဲ့ အပြုံးတစ်ခု ပေါ်လာသည်။

“မိုက်တယ်”

ဆွန်းမိုသည် ရွှေရောင်ရတနာသေတ္တာထဲက ဒီလို ထိပ်တန်းဆု ထွက်လာလိမ့်မယ်လို့ မထင်ထားခဲ့ပေ။

ဒီအဆင့်မြင့် ဝိညာဉ်တက်တူး စွယ်စုံကျမ်းကို လေ့လာပြီးတာနဲ့ ဝိညာဉ်တက်တူး မဟာသခင် အဆင့်နဲ့ ထိုက်တန်တော့မည်။ အဲဒီအချိန်ဆို ဝိညာဉ်တက်တူးနယ်ပယ်မှာ သူ့ရဲ့ အောင်မြင်မှုက တော်တော်လေး နက်ရှိုင်းနေပြီ။

“ငါ့မှာ လုပ်စရာရှိလာတာ ရုတ်တရက် သတိရသွားတယ်။ ဒီညတော့ မင်းတို့အားလုံးကို လမ်းမညွှန်ပေးနိုင်သေးဘူး။ အဲဒီအစား ကိုယ်ဘာသာကိုယ် လေ့ကျင့်ကြ”

ဆွန်းမို စကားပြောပြီးနောက် အိမ်သို့ ပြန်လာခဲ့သည်။ ထို့နောက် အချိန်တံဆိပ်ကို

အသုံးပြုပြီး ဝိညာဉ်တက်တူး အလယ်အဆင့် စွမ်စုံကျမ်းကို ကျွမ်းကျင်အဆင့်ကနေ မဟာအဆင့် အထိ တိုးမြှင့်လိုက်သည်။

အလယ်အလတ်အဆင့်မှာ ရှိတဲ့ ဝိညာဉ်တက်တူး မဟာသခင် အဆင့်နဲ့သာ ဒီအဆင့်မြှင့်စွမ်းရည်ကို လေ့လာနိုင်မည်။

ဖောက်

စွမ်းရည်စာအုပ်သည် အဘိဓာန် တစ်ခုနှင့် တူသော်လည်း ချော်မွပြီးတာနဲ့ အလင်းတန်း တစ်ခုဖြစ်သို့ ပြောင်းပြီး ဆွန်းမိုနဖူးထဲသို့ ထိုးဝင်သွားသည်။ ခဏာနေတော့

အကန့်အသတ်မရှိတဲ့ ဗဟုသုတများ ဆွန်းမို စိတ်ထဲသို့ စီးဝင်လာသည်။

ဆွန်းမိုက လက်မြှောက်ပြီး စွယ်စုံကျမ်းဗဟုသုတာ အရှိန်အဝါကို ကို့ကိုယ်ကို အသုံးပြုလိုက်သည်။ ထို့နောက် အချက်အလက် အားလုံးကို အလွတ်ကျက်မှတ်တော့သည်။ ဒီအသိပညာတွေကို ကိုယ်ပိုင်အရာအဖြစ် ပြောင်းလဲရမည်။

အကုန်လုံးကို အလွတ်ကျက်ဖို့ တစ်ရက်နဲ့ တစ်ည အချိန်ယူလိုက်ရသည်။

ဒီအသိပညာက အဆင့်အတန်း မြင့်လွန်းတာကြောင့် အကြောင်းအရာတွေက

တော်တော်ခက်သည်။ ဆွန်းမိုက ဒါတွေကို ကိုယ်ပိုင်အရာအဖြစ် ပြောင်းလဲဖို့ဆို အပြည့်အဝ နားလည်ထားဖို့ လိုအပ်နေသည်။

အသိပညာကို ဗဟုသုတလို သဘောထားတဲ့ လူတွေလည်း ရှိကြမည်။ တချို့က ကမ္ဘာလျှို့ဝှက်ချက် ဖော်ထုတ်တဲ့ နေရာမှာ သူတို့လေ့လာတဲ့ အရာတွေကို အသုံးချသည်။

ဆွန်းမိုက နောက်ဆုံးအုပ်စုတွင် ပါဝင်သည်။

ပင်ပန်းနွမ်းနယ်မှုကြားက အာရုံတွေ ပြန်စုစည်းလိုက်သည်။ တစ်ချက်တစ်ချက်

မျက်လုံးပြာပြီး မှုန်ဝါးသွားသော်လည်း အရမ်း စိတ်လှုပ်ရှားနေသည်။

"ငါ ပိုသန်မာလာတယ်လို့ ခံစားရတယ်"

ဆွန်းမိုက လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ အခုအချိန်မှာတော့ ချန်လုံရဲ့ပြဿနာကို ဖြေရှင်းသင့်ပြီ မဟုတ်လား။

အခန်း(၄၉၃) - ကမ္ဘာကြီးရဲ့တစ်ဖက်။ လျှို့ဝှက်ဆန်းကြယ်တဲ့ အိမ်ကြီး။

ဆေးဘက်ဆိုင်ရာ လေ့လာမှုသည် ဗဟိုပြည်နယ်အကယ်ဒမီအတွက် အားနည်းသော်လည်း အဲဒီအတွက် ရည်ရွယ်ထားတဲ့ အဆောက်အဦး တစ်ခုတော့ ရှိသေးသည်။

လူသားများကို ခွဲစိတ်လေ့လာခြင်းအား လုံးဝ ခွင့်မပြုသော်လည်း တရိစ္ဆာန်များအတွက်တော့ လုံးဝ ပြသနာမရှိပါ။ အထူးသဖြင့် အမှောင်တိုက်ကြီးက အမဲလိုက်လို့ရလာတဲ့ မျိုးစိတ်များ ဖြစ်သည်။ ခွဲစိတ် သုံးသပ်ပြီးနောက် သူတို့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းများကို မပုတ်သိုးအောင် ဆေးရည်

စိတ်ထားပြီး ကျောင်းသားများက ကြည့်ရှုလေ့လာနိုင်ကြသည်။

ဒါ့အပြင် ဒီနေရာတွင် ရောဂါဝေဒနာများအတွက် အမြင့်ဆုံးအထိ လျော့ကျသွားအောင် လုပ်နိုင်သည်။ ဥပမာ ကူးစက်ရောဂါ တချို့၊ အကြိတ်တွေ ဒါမှမဟုတ် မရှင်းမလင်းတဲ့ ရောဂါတွေ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေရာက လူတွေရဲ့သွေးကို အေးသွားစေသည်။

လူအများစုက ဒီနေရာကို ဝင်လာလိုက်တာနဲ့ ချက်ခြင်းသွေးအေးသွားလို့

ဒီဂရီအနည်းငယ်အတွင်းမှာ ဇီဝကမ္မ ဖြစ်စဉ် နှေးကွေးသွားမည်။

"ဆရာ"

လုချီဟွာသည် ညှော်ခန်းထဲသို့ လျှောက်လာပြီး ဆွန်းမိုအကျီလက်စကို အလိုလို ဆွဲကိုင်လိုက်သည်။ မျက်မှောင်ကြုတ်ပြီး အထိတ်တလန့် ဖြစ်နေသည်။

"တခြားနေရာမှာ သွားကစား"

ဆွန်းမို ကျယ်လောင်စွာ ရယ်မောပြီး မောင်းထုတ်လိုက်သည်။

"ဒါပေမယ့်.................."

လုချီဟွာ ဝေခွဲရခက်နေသည်။ သူမဆရာက ချန်လုံကို ကုသပေးတော့မယ်ဆိုတာ သိနေပြီး ဘေးက လက်ထောက်တစ်ယောက်လို ကူညီချင်နေသည်။ နည်းနည်းလောက် ကူညီပေးနိုင်လဲ ကောင်းသည်။

"သွားလေ့ကျင့်နေပါ။ ငါက ဒီမှာနေပြီး ဆရာ့ကို ကူညီလိုက်မယ်"

လီဇီချီက နှစ်သိမ့်လိုက်သည်။

"ဒါဆိုလည်း မင်းနဲ့ပဲ ထားခဲ့လိုက်တော့မယ်။ ပညာသင်ဘက် အစ်မကြီး"

လုချီဟွာ စကားပြောပြီးနောက် မြှားအပစ်ခံရတဲ့ ယုန်လေးတစ်ကောင်လိုမျိုး ပြေးထွက်သွားသည်။ ဒီနေရာက တော်တော်လေး စိတ်အိုက်ဖို့ကောင်းသည်။ နေပူထဲ ရပ်လိုက်ရုံနဲ့ လုံးခြုံသလို ခံစားလိုက်ရသည်။

ဆွန်းမိုက တတိယအထပ်သို့ တက်သွားပြီး အခန်းနံပါတ် ၃၀၂ ကို ရှာလိုက်သည်။ တံခါးဖွင့်ပြီး အထဲသို့ ဝင်လိုက်သည်။

အခန်းထဲမှာရှိတဲ့ ပရိဘောဂများက ရိုးရှင်းသည်။

အခန်းကို အဖြူရောင် သုတ်ထားသော်လည်း နှစ်တွေကြာညောင်းနေပြီ ဖြစ်သဖြင့် အနည်းငယ်

မှိန်ပြီး အဝါရောင်သန်းနေသည်။ ကြမ်းပြင်ကိုတော့ အမှောင်တိုက်ကြီးမှ တူးဖော်တွေ့ရှိတဲ့ ကျောက်အမျိုးအစား တစ်ခုနဲ့ တည်ဆောက်ထားသည်။ အရမ်းခိုင်ခံ့ပြီး လွယ်လွယ်နဲ့ မပျက်ဆီးနိုင်ပါ။

ဆွန်းမို နှာခေါင်းပွတ်လိုက်သည်။ လေထဲတွင် စူးရှရှနဲ့ မရင်းနှီးတဲ့ အနံ့တစ်ခု ရနေသည်။ ပိုးသတ်ဆေး တမျိုးမျိုး ဖြစ်နိုင်သည်။

ကိရိယာ တန်ဆာပလာများ တင်ထားတဲ့ စင်ကြီးနှစ်ခုနှင့် သန့်ရှင်းသပ်ရပ်တဲ့ သစ်သားကုတင် တစ်ခု ရှိသည်။

ဆွန်းမို စစ်ဆေးလို့ပြီးတဲ့ အချိန်တွင် မျက်နှာဖုံးတပ်ထားတဲ့ အမျိုးသမီးတစ်ဦး ကမန်းကတမ်း ပြေးဝင်လာသည်။

“ဆရာဆွန်း၊ မင်း ဆေးပညာအဆောက်အဦးမှာ လေ့လာနေတဲ့အချိန်အတွင်း မင်းရဲ့ လက်ထောက် လုပ်ပေးဖို့ ကျောင်းအုပ်ကြီးအန် ပြောလိုက်တယ်”

အမျိုးသမီး ကျောင်းသူက သူမကိုယ်သူမ မိတ်ဆက်လိုက်သည်။ သူမက ဝမ်မိန် ဖြစ်သည်။

“ဒါဆိုလည်း ဆရာဝမ်ကို ဒုက္ခပေးရအုံးမယ်”

အန်ရှီဝေက ဆွန်းမိုကို ဒီအခန်းအား အသုံးပြုခွင့်ပေးခဲ့ပြီး သူမ အရမ်းယုံကြည်

စိတ်ချရကာ စွမ်းရည်ရှိတဲ့ လက်ထောက်တစ်ယောက်ကိုလည်း စီစဉ်ပေးခဲ့သည်။

"ချန်လုံ အဝတ်အစားတွေ ချွတ်ပြီး ကုတင်ပေါ် လှဲနေလိုက်"

"ဆရာ"

ချန်လုံသည် နှုတ်နည်းပြီး စကားပြောရတာ မကြိုက်ပါ။ ဒါကလည်း မွေးရာပါမဟုတ်ဘဲ ဘဝအခြေအနေကြောင့်ပါ။ တကယ်တော့ သူက တော်တော်လေး စိတ်ခံစားမှုရှိတဲ့ လူတစ်ယောက်ပါ။ အခုတော့ သူ့ဆရာက မိန်းကလေးနှစ်ယောက်

အရှေ့မှာ အဝတ်အစား ချွတ်ခိုင်းနေသဖြင့် နည်းနည်းနေရခက်နေသည်။

“မင်းကို ဘယ်သူမှ မကြည့်ဘူး။ အများကြီးတွေးမနေနဲ့”

ဆွန်းမိုက စည်းရုံး သိမ်းသွင်းရင်းနှစ်သိမ့်လိုက်သည်။

“သူတို့ မျက်လုံးထဲမှာ မင်းက အသားစတစ်ခုပဲ”

“ငါ ဆရာဝန်တွေအတွက် တိရစ္ဆာန်ပေါင်းတစ်ထောင်ကျော် ခွဲစိတ်ခဲ့ပြီးပြီ။

ဝမ်မိန်ရဲ့ စကားကို ကြားလိုက်လျှင် လီဇီချီ တုန်လှုပ်ခြောက်ခြားသွားသည်။ ထို့နောက် ခြေထောက် အနည်းငယ် ရွှေ့ပြီး ဝမ်မိန် နဲ့ဝေးအောင် ရွှေ့လိုက်သည်။

ချန်လုံသည် စိတ်ငြိမ်အောင် မထိန်းထားနိုင်ပေမယ့် သူ့ဆရာမှာ အချိန်တော်တော်လေး ကြပ်နေတာ သူသိသည်။

ချန်လုံ အဝတ်အစားချွတ်ပြီးနောက် သူ့ခန္ဓာကိုယ်ကို မြင်လိုက်ရလျှင် ဝမ်မိန် ရုတ်တရက် ထအော်သည်။

ချန်လုံ တစ်ကိုယ်လုံးတွင် ဝိညာဉ်တက်တူးများ ပြည့်နှက်နေပြီး နေရာလပ် လုံး၀ မရှိပါ။ ကျူးလွန်သူသည် ဝိညာဉ်တတ်တူး မအောင်မြင်လို့ ဒါမှမဟုတ် လျှို့ဝှက်ချက် ဖုံးထားချင်လို့ ရေးထိုးထားတဲ့ ဝိညာဉ်တက်တူးများကို ဓါးဖြင့် ပြန်ဖျက်ထားတာ သိသာနေသည်။ ဒါကြောင့် ချန်လုံ ခန္ဓာကိုယ်သည် အမာရွတ်ပေါင်း သောင်းခြောက်ထောင်နဲ့ ပြည့်နှက်နေသည်။

"ဘယ်လောက်တောင် လှလိုက်တဲ့ ဝိညာဉ်တက်တူးလည်း"

ဆွန်းမိုက ချန်လုံကို ဆန်းစစ်လေ့လာနေသည်။

အခုတော့ ဆွန်းမိုသည် ဝိညာဉ်တက်တူးနယ်ပယ်မှာ မတောက်တခေါက် လေ့လာသူ တစ်ယောက် မဟုတ်တော့ပါ”

ဒါ့အပြင် ဝိညာဉ်တက်တူး ဒီဇိုင်းပုံစံကြောင့် ဆွန်းမိုရဲ့ မိုးကုတ်စက်ဝိုင်း ကျယ်ပြန့်လာခဲ့သည်။ သူက ရှေ့ဟောင်းအနုပ်ပညာ ၊ ဝိညာဉ်တတ်တူးနှင့် ပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူး အသစ်များကိုတောင် ဒီဇိုင်းထုတ်ခဲ့သည်။ ဒါကြောင့် ဝိညာဉ်တက်တူး လေ့လာတဲ့ နယ်ပယ်တွင် တော်တော်လေး နက်ရှိုင်းနေပြီ။

ဒါကြောင့် ဆွန်းမိုသည် တစ်ချက်လောက်ကြည့်ရုံနဲ့ ဝိညာဉ်တတ်တူး နောက်ကွယ်က အလှတရားများကို ခံစားနိုင်သည်။

တချို့သော ရူပဗေဒ သဘောတရားများနဲ့ အတူတူ ဖြစ်နေသည်။ ဒါပေမယ့် ရူပဗေဒ ပညာရှင်တစ်ယောက်ကို ကြည့်လိုက်လျှင် အလှအပကို ခံစားပြီ ကမ္ဘာကြီးကို အုပ်စိုးနေမည်။ ချန်လုံက ကုတင်ပေါ်တွင် ထိုင်နေသည်။ ထိုအချိန်တွင် ဆွန်းမိုက ရှေ့ဟောင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနှိပ်ပညာကိုအသုံးပြုပြီး နတ်ဘုရားမျက်စိအာရုံကိုလည်း အသုံးပြုလိုက်သည်။

ချန်လုံ ၁၃ နှစ်၊ ဝိညာဉ်ပြုပြင်ခြင်း အဆင့်။

ကြွံခိုင်မှု - ၁၂ - ပိုကြိုးစားပါက ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတစ်ကောင်ကို လက်သီးတစ်ချက်ထဲနဲ့သတ်နိုင်မည်။

ဉာဏ်ရည် - ၁၃ -တော်တော်လေး ဦးနှောက်ဖွံ့ဖြိုးသည်။ ဦးနှောက်ကို အားကိုးပြီး အသက်မရှင်ပေမယ့် လူတော်တော်များများကတော့ ဉာဏ်ရည်ပိုင်းမှာ အနိုင်ယူလို့ မရပေ။

သွက်လက်မှု - ၁၃ - ဇယားကွက်ကျော်လွှန်နေတဲ့ ခံနိုင်ရည်။ သံလူသားလို့ ပြောလို့ ရတယ်။

ဆန္ဒ - ၉ - ယိမ်းယိုင်နေပြီ။ သူ့ကိုယ်သူ အမြဲတမ်း သံသယ ဖြစ်နေတယ်။

အလားအလာ တန်ဖိုး - နိမ့်ကျ။

မှတ်ချက်။ ။ အလားလာ တန်ဖိုး အရမ်းမြင့်မားခဲ့ဖူးသည်။ သူ့ကိုယ်ပေါ်မှာရှိတဲ့ ပျက်ဆီးနေသည့် ဝိညာဉ်တက်တူးတွေက သူ့အနာဂတ်ကို ဖျက်ဆီး ပစ်လိုက်တာ စိတ်မကောင်းစရာပဲ။

"ချန်လုံ မင်းကို ဒီလို ဝိညာဉ်တက်တူးတွေ ဖြစ်အောင် လုပ်တဲ့လူ ဘယ်သူလဲ။ အဲဒီလူက မင်း မိသားစုဝင်လား။ ဒါကို ပြောပြလို့ ရမလား။ ဒါမှမဟုတ် ရန်သူလား"

ဆွန်းမိုက မေးလိုက်သည်။

မှတ်ချက်ကို ဖတ်ပြီးတိုင်း ချန်လုံ အတွက် စိတ်ဒုက္ခ ရောက်ရသည်။ တစ်ချိန်တည်းမှာပဲ တောင်တောင်လေး ဒေါသထွက်ရသည်။ ဒီလို ဝိညာဉ်တက်တူး ရေးဆွဲနိုင်တဲ့လူက သေချာပေါက် ဝိညာဉ်တက်တူး ဘိုးဘေး ဖြစ်ရမည်။ အဲဒီလူက

ချန်လုံရဲ့ အလားလာကို မြင်သော်လည်း ဒီလို ဖြစ်အောင် လုပ်ခဲ့သေးသည်။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် အဲဒီလူသည် ချန်လုံရဲ့အနာဂတ်ကို တန်ဖိုးမထားတာ သိသာနေသည်။ သူ့အတွက်တော့ ချန်လုံက စမ်းသပ်မှု တစ်ခုသာ ဖြစ်သည်။

ချန်လုံ ငြိမ်ကျသွားသည်။

"မင်းလို ကံကြမ္မာမျိုး ကြုံခဲ့ရတဲ့လူတွေ အများကြီးရှိတယ် မဟုတ်လား"

ဆွန်းမိုက ဒီလူငယ်လေး နဖူးပေါ်က 'အမှိုက်'ဆိုတဲ့ စာကို စစ်ဆေးအကဲခတ်နေသည်။ ချန်လုံက

မပြောသော်လည်း အဲဒီ ဝိညာဉ်တက်တူး ဘိုးဘေးအပေါ် ချန်လုံ တော်တော်လေးကိုးကွယ်တဲ့ အချက်ကို ဆွန်းမို ပြောနိုင်သည်။

"ဟုတ်"

ချန်လုံက သူ့ရဲ့ သူငယ်ချင်း တချို့ကို ပြန်စဉ်းစားမိသွားသည်။

"ဒီဝိညာဉ်တက်တူးတွေကို ရင်းနီးလား"

ဆွန်းမိုလက် ချန်လုံ ပုခုံးပေါ်မှာ ရပ်တန့်သွားသည်။ ကြည့်ရတာတော့ ဒီနေရာမှာ တစ်ခုခု ရှိနေတဲ့ပုံပဲ။

“ ဒီဝိညာဉ် တက်တူးတွေက ပိုသန်မာလာစေပြီး အသက် ၂၈ ပြည့်တဲ့အခါ ပြည်နယ်ကိုးခုမှာ အထွဋ်အထိပ် ရပ်တည်နိုင်မယ်လို့ ပြောခဲ့တယ်။ အဲဒီအချိန်တုန်းက ငါ့ စိတ်ကူးထဲမှာ ပြိုင်ဘက် မရှိဘဲ”

ချန်လုံ ဒီလိုပြောနေတဲ့ အချိန်တွင် သူ့မျက်နှာက ဝမ်းနည်းနေတဲ့ပုံ ဖြစ်နေသည်။

ကောင်လေးတွေမှာ ..... သူရဲကောင်း မဖြစ်ချင်တဲ့ လူရှိလို့လား။ ဘယ်သူကရော တုန့်နိုင်းမဲ့ မဖြစ်ချင်လို့လဲ။ ဒါပေမယ့်လည်း သူ့အဖေက သူ့ကို လိမ့်ခဲ့သည်။

“အဖေ ဟုတ်လား”

လီဇီချီက အသံတိုးတိုးလေးနဲ့ ရေရွတ်လိုက်သည်။

ချန်လုံ နှုတ်ခမ်း အနည်းငယ် ကိုက်လိုက်သည်။ ဆွန်းမိုက စစ်ဆေးမှုကို ဂရုတစိုက် လုပ်ပေးနေတာ မြင်လိုက်လျှင် ချန်လုံ နှလုံးသားထဲ မပျော့ပြောင်းတော့ဘဲ မနေနိုင်တော့ချေ။ ဒါကြောင့် ထပ်ပြောပြရန် ဆုံးဖြတ်လိုက်သည်။

"သူ့ကို အဖေလို့ခေါ်ပေမယ့် ငါတို့ရဲ့ တကယ့် အဖေအရင်းတော့ မဟုတ်ဘူး။ ငါတို့ ငယ်ငယ်လေးကတည်းက.................."

"နေပါအုံး"

ဆွန်းမိုက ချန်လုံကို တားလိုက်သည်။ သူက ဝမ်မိန်ကို ကြည့်လိုက်ပြီး

“တောင်းပန်ပါတယ်။ ဒါက ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေတော့ နားလည်ပေးပါ ၊ ခဏလောက် အရင်ရှောင်ပေးလို့ ရမလား”

“ရပါတယ်”

ဝမ်မိန် တော်တော်လေး သိချင်နေသော်လည်း သူမဒီနေရာမှာ ရှိမနေသင့်ဘူးဆိုတာ သိနေသည်။

သူမ ထွက်သွားပြီးနောက် ချန်လုံက ဆက်ပြောသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါမှတ်မိသလောက်တော့ ငါတို့က ရောမ အိမ်ကြီးထဲမှာနေခဲ့တာကို သတိရမိတယ်။ ရှုခင်း အရမ်းလှပြီး အဝေးက တောင်တန်းတွေကို မြင်နေရတယ်။ ညနေ နေဝင်ချိန်က အလှဆုံးပဲ။ ငါတို့အဖေက အိမ်ပိုင်ရှင်ပဲ ဖြစ်လိမ့်မယ်"

"နေ့တိုင်း ထမင်းစားတဲ့ အချိန် နားတာကလွဲလို့ ကျန်တဲ့အချိန်မှာ ငါတို့ ခန္ဓာကိုယ်ကို လေ့ကျင့်ပြီး တော်တော်လေးကြာအောင် တရားထိုင်ကြတယ်။ အဲဒီနောက် အိမ်ထဲမှာ တိုက်ခိုက် လေ့ကျင့်ကြတယ်။ အသက်ကြီးတဲ့ လူတချို့က ငါတို့ကို နေ့စဉ် မှတ်တမ်း တင်ထားတယ်"

"ငါတို့ အချက်အလက်က ရည်မှန်းချက်နဲ့ မပြည့်မှီလျှင် အဝေးပို့ကြတယ်။ ဒါပေမယ့် ငါတို့ အချက်အလက်တွေက ထူးချွန်နေရင် ငါတို့ လိုချင်တာမှန်သမျှ ရတယ်။ ကျော်ကြားတဲ့ ခါးတွေ၊ သံချပ်ကာတွေ နဲ့ သူတော်စင်အဆင့် ကျင့်စဉ်တောင် ရတယ်"

ဒီစကားကို ကြားလိုက်လျှင် လီဇီချီ တုန်လှုပ်ခြောက်ခြားစွာ မအော်ဘဲ မနိုင်တော့ချေ။

"သူတော်စင်အဆင့် ကျင့်စဉ် ဟုတ်လား။ အားလုံး လိမ်နေတာလား"

"ဇီချီ၊ လူအများစုက သူတော်စင်အဆင့် ကျင့်စဉ်ကို တန်ဖိုးဖြတ်လို့မရတဲ့ အရာလို့ သတ်မှတ်ထားပေမယ့် မင်းမှာသာ အများကြီး ရှိနေရင် မင်းအဲဒီလောက် ဂရုစိုက်မှာ မဟုတ်တော့ဘူး"

ဆွန်းမိုက ရှင်းပြသည်။ ဒါ့အပြင် ရောမအိမ်ကြီးက ချန်လုံလိုမျိုး ကလေးတွေကို ပျိုးထောင်ဖို့ လုပ်ထားတာ သိသာနေသည်။ ဒါကြောင့် အဲဒီနေရာမှာ ရှိနေတဲ့ ထိန်းချုပ်သူက တိုက်ခိုက်ရေးခွန်အား မြင့်တင်ဖို့ စိတ်ကူးအားလုံး တွေးနေမှာ သေချာသည်။

ထုံးစံအတိုင်း သူတော်စင်အဆင့် ကျင့်စဉ်အများကြီး ပိုင်ဆိုင်ထားလို့ အိမ်ပိုင်ရှင်ကတော်တော်လေး အစွမ်းထက်လိမ့်မည်။

"ဟုတ်"

ချန်လုံ ခေါင်းညိတ်လိုက်သည်။

"အဲဒီတုန်းက ငါလည်း တစ်ခု လေ့လာခဲ့တယ်"

"................"

လီဇီချီ ဆွံ့အနေသည်။ (ဒီလိုမျိုးသူ့အကြောင်းကို နက်နက်နဲနဲဖုံးကွယ်ထားလိမ့်မယ်လို့ မထင်ထားခဲ့ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတော်စင်အဆင့် ကျင့်စဉ်ကို အရင်ကတည်းက တတ်မြောက်နေခဲ့တာလား)

ဆွန်းမိုက ချန်လုံ ပုခုံးကိုပုတ်လိုက်ပြီး သူ့စကားများကို သံသယမရှိခဲ့ပေ။ ချန်လုံရဲ့ အရည်အချင်းက အိမ်ကြီးထဲမှာရှိတဲ့ ကလေးတွေကြားထဲမှာ ထိပ်ဆုံးက ရပ်တည်နေခဲ့တာ ဖြစ်နိုင်သည်။

ကလောက်

တံခါး ပွင့်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနှင့် ကျောင်းသား နှစ်ယောက်တို့ လှည့်ကြည့်လိုက်လျှင် အန်ရှီဝေက မျက်နှာဖုံးတပ်ပြီး လမ်းလျှောက်ဝင်လာတာ မြင်လိုက်ရသည်။

“ငါကူညီပေးဖို့ လိုသေးလား”

အန်ရှီဝေက ချန်လုံ အခြေအနေကို နားလည်ပြီး သူ့ကို တစ်ခုခုကူညီ ပေးချင်သည်။

“ဒါဆို တိုက်ခိုက်ရေးကလွဲလို့ တခြား ဘာသာရပ်တွေ မသင်ဖူးဘူးလား”

ဆွန်းမိုမျက်နှာ အမူအရာက လေးလံနေသည်။ ဒါကတခြား အချက်အလက် မရှိတော့ဘူးလို့ ညွှန်ပြနေသည်။

"ဟုတ်"

ချန်လုံက ခေါင်းညိတ်လိုက်သည်။

"ရိုးရိုးသားသား ပြောရရင် ငါက ဝိညာဉ်တက်တူး လေ့လာတဲ့နယ်ပယ်မှာ တော်တော်လေး အောင်မြင်နေပြီ။ ငါ မဟာသခင် ဘွဲ့နဲ့ ထိုက်တန်နေပြီ။ ဒါပေမယ့် မင်းကိုယ်ပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူးတွေရဲ့ အကျိုးသက်ရောက်မှုကို လုံးဝ နားမလည်သေးဘူး"

ဆွန်းမို စကားပြောပြီးတာနဲ့ လီဇီချီနှင့် အန်ရှီဝေတို့ မျက်ခုံးအလိုလို ပင့်သွားပြီး တော်တော် တုန်လှုပ်နေကြသည်။

ဆွန်းမို တစ်ခါမှ မကြွားဖူးပါ။ သူက ဝိညာဉ်တက်တူး မဟာသခင်လို့ ပြောရင် သေချာပေါက် မဟာသခင် ဖြစ်လိမ့်မည်။ ဒါပေမယ့် စကားနောက်ဆုံးမှာ “ ငါ လုံးဝ နားမလည်ဘူး’ ဆိုတဲ့ စကားပါနေသည်။ ဆွန်းမိုရဲ့ မာနကြောင့် သူဒီလိုပြောလာလျှင် ချန်လုံရဲ့ ပြဿနာက တော်တော်လေး ခက်လိမ့်မည်။

“ဝိညာဉ်တက်တူးသာ ပြည့်စုံနေရင် အကျိုးသက်ရောက်မှုအပေါ် မူတည်ပြီး သုံးသပ်ချက် လုပ်နိုင်သေးတယ်။ ဒါပေမယ့် အခုအားလုံး ပျက်ဆီးနေပြီ”

ဆွန်းမို သက်ပြင်းချလိုက်သည်။

"မင်းအဖေလို့ ခေါ်တဲ့လူက ဝိညာဉ်တက်တူးနဲ့ ပက်သက်လာရင် ဘိုးဘေးအဆင့်မှာ ရှိလိမ့်မယ်။ သူ့ရဲ့စံနှုန်းအရဆိုရင် ပြည်နယ်ကိုးခုမှာ ထိပ်ဆုံးဆယ်ယောက်ထဲ ဖြစ်နေမှာ သေချာတယ်"

"ဆရာရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရည်ရွယ်ချက်ကောင်းတွေကို နားလည်ပါတယ်"

ချန်လုံ မချိပြုံး ပြုံးလိုက်ပြီး

"လုံးဝပြန် မကောင်းလာရင်တောင် ငါ့အဆင်ပြေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက ဖြစ်နေပြီးသားလေ"

"ခုနတုန်းက စစ်ဆေးလိုက်တော့ မင်းကိုယ်ထဲမှာ ပြင်ပ ပစ္စည်းတွေကို ထည့်သွင်းထားတာ တွေ့ရတယ်။ ငါတို့ကိုယ်တိုင် ကြည့်ရှု လေ့လာလို့ရအောင် အရေပြားကို လှီးထုတ်ရမယ်"

ဆွန်းမိုက သတိပေးလိုက်သည်။

"အင်း"

ချန်လုံက ဒါကို မငြင်းလိုက်သော်လည်း သူ မကြောက်ပါ။

ဆွန်းမို ညွှန်ကြားစရာမလိုဘဲ လီဇီချီက မိုးမခ သက်ရှက်ပုံစံ ဓါးမြှောင်ကို လှမ်းပေးလိုက်သည်။.

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ကြွက်သားပြုပြင်ခြင်း နည်းစနစ်နဲ့ ချန်လုံ၏ ကြွက်သားများကို နှိပ်ပေးနေပြီး သွေးကြောထဲမှာ ပိတ်ဆို့နေတဲ့ အရာတွေကို ဖယ်ရှားပေးလိုက်သည်။ အဲဒီနောက် ဆွန်းမို ဓါးမြှောင်နဲ့ ချန်လုံပုခုံးပေါ်မှ အသားကို တော်တော်လေးနက်အောင် လှီးလိုက်သည်။ ထို့နောက် အနီရင့်ရောင် စက်လုံးပုံစံ အရာတစ်ခုကို တွေ့လိုက်ရသည်။

ဒီစက်လုံးလို အရာဝတ္ထုမှာ သွေ့ရဲ့သွေး၊ အသားနှင့် စွမ်းရည် လမ်းကြောင်းများ ပေါင်းစပ်ထားသည်။

“ဒါက ဘာလဲ”

လီဇီချီ အလန့်တကြား ထအော်သည်။

"အစ်မအန် သိလို့လား"

ဆွန်းမို နတ်ဘုရားမျက်စိအာရုံ သုံးနေရင်း မေးလိုက်သည်။

ဟိုင်မှုပုလဲသည် အမှောင်တိုက်ကြီး သမုဒ္ဒရာထဲမှာ မြင်ရတဲ့ သက်ရှိပုံစံ တစ်မျိုး ဖြစ်နေသည်။ တော်တော်လေး ရှားပါသည်။ ဒါက ဝိညာဉ်ချီ စုတ်ယူနိုင်စွမ်းရှိပြီး အသားဖွဲ့စည်းခြင်း ဒါမှမဟုတ် သွေးအားကောင်းတဲ့ အစွမ်းသတ္တိ ရှိသည်။

"ငါ မသိဘူး"

အန်ရှီဝေ ခေါင်းခါလိုက်သည်။

"ကြည့်ရတာတော့ ပုလဲလေးနဲ့ တူသလိုပဲ။ ပုလဲပေါ်မှာ ဝိညာဉ်တက်တူး ရေးဆွဲထားတာလား"

"တကယ့် ဝိညာဉ် တက်တူးပဲ"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

အန်ရှီဝေ နှုတ်ခမ်း လှုပ်သွားသည်။ သူမ တစ်ခုခုပြောချင်နေသော်လည်း ဒီလို အခြေအနေမှာ ပြောလို့ အဆင်မပြေပေ။ ဒါကြောင့် စိတ်ထိန်းထားလိုက်သည်။

"အရင်တုန်းကတော့ ကုသဖို့ အစီအစဉ် ရှိတယ်။ ဒါပေမယ့် အခု ကြည့်ရတာ ငါ့အစီအစဉ် ကျရှုံးသွားနိုင်တယ်။ မင်းစမ်းကြည့် ချင်သေးလား"

ဆွန်းမိုက   ချန်လုံကို ရွေးချယ်ခိုင်းလိုက်သည်။

“လုပ်ချင်ပါတယ်”

ချန်လုံ မတွေဝေပေ။ အခွင့်အရေးလေး တစ်ခုဖြစ်နေရင်တောင် လက်လျှော့မှာ မဟုတ်ပါ။

“ကောင်းပြီလေ”

ဆွန်းမိုက အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး

“အခုပဲ ကုသမှု စလိုက်ရအောင်”

အခန်း(၄၉၄ - က) - အမှောင် အာရုံဦး။

ခွဲစိတ်ခန်းထဲမှာ လေထုက အရမ်းတင်းမာနေသည်။

"မစိုးရိမ်ပါနဲ့၊ ငါအရေးပေါ် အခြေအနေ နှစ်ခုတောင် လုပ်ထားတယ်"

ဆွန်းမိုက ချန်လုံကိုယ်ပေါ် လက်တင်လိုက်သည်။ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကို ကုသပေးနေတုန်း ချန်လုံအား နှစ်သိမ့်လိုက်သည်။

"ဆရာက အရမ်းနူးညံ့တာပဲ"

လီဇီချီ သက်ပြင်းချလိုက်သည်။

အဲဒီအချိန်တွင် ချန်လုံသည် ခေါင်းမာပြီး ပါးစပ်က မကြောက်ကြောင်း ပြောနေသော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ထဲမှာတော့ ထိတ်လန့် ကြောက်ရွံ့မှုများ ပြည့်နှက်နေသည်။ ဒါပေမယ့် သူ့ဆရာက သူ့ကို နှ ့စ်သိမ့်ပေးလိုက်တော့ တော်တော်လေး စိတ်သက်သာရာ ရသွားတာ သိသာနေသည်။

“တော်တော်လေးကို စေ့စပ်သေချာတယ်”

အန်ရှီဝေက ဆွန်းမိုကို နောက်ထပ် အမြင်တစ်ခုနဲ့ ကြည့်နေသည်။ ဆွန်းမိုရဲ့ အဆင့်အတန်းအရ ချန်လုံက မြတ်ဆရာတစ်ယောက် ဖြစ်နေရင်တောင် သူ့ခံစားချက်များကို ဂရုစိုက်စရာ မလိုပေ။ ဒါပေမယ့် သူကတော့ ချန်လုံကို နှစ်သိမ့်ပေး နေသေးသည်။

ချန်လုံကို မကုသပေးခင် ပြောထားတဲ့ အရန် အစီအစဉ် နှစ်ခုသည် ဖြစ်လာနိုင်ခြေရှိတဲ့ အသေးစိတ် အချက်အလက်များ ထည့်သွင်း တွက်ချက်ထားသည်။

"အရေးပေါ် အစီအစဉ်တစ်ခုက ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကြောင့် ဖြစ်လာတဲ့ အမာရွတ်တွေကို အရေပြားလှုပခြင်း နည်းစနစ်နဲ့ မဖယ်ရှားခင် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုပြီး ကြွက်သားတွေကို ပြုပြင်ပေးမယ်"

ဆွန်းမိုက မိတ်ဆက်ပေးလိုက်သည်။

အမှန်တကယ်လည်း လူနာအား ကုသရေး အစီအစဉ်ကို အသိပေးခြင်းသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်တည်ငြိမ်ဖို့အတွက် အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်သည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား (၁,၅၀၀/၁၀,၀၀၀)

ဆွန်းမိုသည် အကြောင်းကြားချက်ကို ကြားလျှင် ချန်လုံကို မကြည့်ဘဲ မနေနိုင်တော့ချေ။ ဖဲသမားမျက်နှာသည် ခန့်မှန်းထားတဲ့အတိုင်း မည်သည့်ခံစားချက်မှ မျက်နှာမှာ ဖော်မပြပေ။။ သို့သော်လည်း လေးစားအထင်ကြီးမှုကို ထောက်ပံ့ပေးခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခဏလောက်နေတော့ ပြဿနာသည် သူခန့်မှန်းထားတာထက် ပိုးလေးနက်နေကြောင်း တွေ့ရှိသွားသဖြင့် စကားပြောဖို့ စိတ်မပါတော့ချေ။

တိုက်ခိုက်နေတဲ့ အချိန်တွင် ဝိညာဉ်တက်တူးက လူတစ်ယောက်ကို ကြီးကြီးမားမား ထောက်ပံ့နိုင်တဲ့အကြောင်း ကျင့်ကြံသူ အားလုံး သိနေကြသည်။ ဒါပေမယ့် သူတို့က သူတို့ကိုယ်ပေါ်တွင် ဝိညာဉ်တက်တူး လွယ်လွယ်နဲ့ အထိုးခံမှာ မဟုတ်ပေ။ ဝိညာဉ်တက်တူး ပျက်စီးသွားတာနဲ့ တပြိုင်နက် ပြန်ပြင်ဖို့ဆိုတာ တော်တော်လေး ဒုက္ခ ရောက်သည်။

တစ်ယောက်ယောက်က သူတို့ကိုယ်ပေါ်မှာ ဝိညာဉ်တက်တူး ထိုးပြီးသွားရင် နောင်တရနေလည်း အသုံးမဝင်ပါ။

ဒါပေမယ့်လည်း တချို့ ဝိညာဉ်တက်တူး မဟာသခင် ရေးဆွဲထားတဲ့ ဝိညာဉ်တက်တူးတွေက အရေပြား မျက်နှာပြင်ကို လျစ်လျူရှုထားပြီး ကြွက်သားပေါ်မှာ တိုက်ရိုက်ရေးထိုးထားသဖြင့် ပိုပြီး ကြောက်စရာကောင်းသည်။

ပြည်နယ်ကိုးခုတွင် လူတစ်ယောက်ရဲ့ အရေပြားကို ပြောင်းလဲလို့ ရနိုင်သော်လည်း

ကြွက်သားတွေကို လှီးထုတ်ပြီး ဖယ်ရှားဖို့က တော်တော်လေး ခက်ခဲသည်။

လိုအပ်တဲ့ ဆေးပညာအရည်အချင်းနှင့် ဝိညာဉ်ဆေးပင်တွေက အရမ်းရှားပြီး တန်ဖိုးကြီးလှသည်။ ပိုက်ဆံရှိတိုင်းလည်း ဝယ်လို့ရမှာ မဟုတ်ပေ။

ဆွန်းမိုရဲ့ အကြည့်တွေက ပြောင်းလဲသွားပြီး လှုပ်ရှားမှုနှေးကွေးလာတာ အန်ရှီဝေ ခံစားလိုက်မိသည်။ အရေးအပေါ် အစီအစဉ် ပြောင်းလဲပြီး လုပ်ဆောင်နေမှန်း သိသာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လုံကိုယ်ပေါ်ရှိ ဝိညာဉ်တက်တူးများသည် အရေပြား၊ ကြွက်သားများသာမက သူ့ရဲ့ စွမ်းအင်လမ်းကြောင်း နှင့် အရိုးတွေပေါ်မှာ တောက်တောက်လေး တွယ်ကပ်နေသည်။

ဒါက ဘယ်လို သဘောတရားလဲ။

ဝိညာဉ်တက်တူး ရေးထိုးထားတဲ့ နည်းစနစ်ကို ကြည့်ရုံနဲ့ ဒီဝိညာဉ်တက်တူးကို ရေးထိုးတဲ့သူသည် ဘိုးဘေးဆိုတဲ့ ဘွဲ့နဲ့ထိုက်တန်နေပြီ။

သာမန်လူများက ကွဲပြားမှုကို မမြင်နိုင်သော်လည်း ဒီနယ်ပယ်မှာ မဟာအဆင့် ကျွမ်းကျင်နေတဲ့

ဆွန်းမိုကတော့ ဒီဝိညာဉ်တက်တူးတွေ အသက်ဝင်နေတာကို ပြောနိုင်သည်။

အများအားဖြင့်တော့ ဝိညာဉ်တက်တူးတွေက ဝိညာဉ်ချီ ထည့်သွင်းမှပဲ အသက်ဝင်လာကြသည်။ ဒါပေမယ့် ဒီဝိညာဉ်တက်တူးတွေကတော့ သစ်ပင်ကြီး တစ်ပင်ရဲ့ အမြစ်တွေလို သေးငယ်တဲ့ အမျှင်လေးတွေ ဖြစ်နေကြသည်။ ဒီ အမျှင်လေးတွေက ချန်လုံ၏ စွမ်းအင်လမ်းကြောင်းထဲ ထိုးဖောက်ဝင်ရောက်ပြီး အလိုလို ပျံ့နှံ့သွားကာ ကိုယ်ထဲမှာရှိတဲ့ ဝိညာဉ်ချီများကို အချိန်တိုင်း စုပ်ယူနေသည်။

တကယ်လို့ ချန်လုံသာ ဆွန်းမိုနဲ့ မတွေ့ခဲ့လျှင် မသန်မစွမ်း တစ်ယောက် ဖြစ်သွားလိမ့်မည်။ ဆရာဝန်လောကမှာ တောက်ပပြီး ဝိညာဉ်ဆေးပညာမှာ ထိပ်ဆုံးရောက်နေတဲ့ လူတစ်ယောက်တောင် ဝိညာဉ်တက်တူးကြောင့် ဖြစ်လာတဲ့ အရွတ်တွေနဲ့ ကြွက်သားတွေကို ကြီးထွားခွင့် ပေးလိုက်မယ် ဆိုလျှင်တောင် ချန်လုံ၏ စွမ်အင်လမ်းကြောင်းထဲမှာရှိတဲ့ အမျှင်တွေကို ဖယ်ရှားဖို့ နည်းလမ်းမရှိပါ။

ချန်လုံ ဝိညာဉ်ချီ လည်ပတ်လိုက်ပြီး ယိုစိမ့်သွားတယ်လို့ ခံစားနေရသည်။ ဒါတွေက

ဝိညာဉ်ချီ စုပ်ယူပြီး ကြွက်သားတွေကိုတောင် ဒဏ်ရာရစေသည်။

အခန်း(၄၉၄ - ခ) - အမှောင် အာရုဏ်ဦး။

“ငါ ရှေ့ဟောင်းအနှိပ်ပညာကို ကျွမ်းကျင်နေတာ ကံကောင်းတာပဲ”

ဆွန်းမိုက စိတ်တည်ငြိမ်အောင် လုပ်လိုက်ပြီး လည်ပတ်မှု စနစ်ကို အသုံးပြုလိုက်သည်။ သူ့ရဲ့ နည်းစနစ်က သစ်ပင်တစ်ပင်ရဲ့ အမြစ်တွေကို ဖြတ်တဲ့ ဓါးတစ်ခုနဲ့ တူနေသည်။ သူက စွမ်းအင်လမ်းကြောင်းမှာရှိတဲ့ အပေါက်များကို မပြုပြင်ခင် ရောနှောနေတဲ့ ဝိညာဉ်တကဲတူးရဲ့ အမျှင်များကို အရင်ဖယ်ရှားလိုက်သည်။

ဆွန်းမိုက ချန်လုံရဲ့ ညာဖက်လက်မောင်းကို ကုသဖို့ စုစုပေါင်း ၆ နာရီလောက် အချိန်ယူလိုက်ရသည်။ ဘာဖြစ်လို့လဲဆိုတော့

အမျှင်လေးတွေက အရမ်းသေးငယ်ပြီး မျှားပြားလှသည်။ ဒါပေမယ့် ချန်လုံရဲ့ စွမ်းအင်လမ်းကြောင်းကလည်း အရမ်းနုနယ်သည်။ ဒါကြောင့် ဆွန်းမို တော်တော်လေး သတိထားပြီး လုပ်ဆောင်နေခဲ့ရသည်။

လီဇီချီကတော့ ဆွန်းမိုဘေးမှာရပ်ပြီး နဖူးပေါ်က ချွေးများကို သုတ်ပေးနေခဲ့သည်။ အခုအချိန်အထိဆို လက်ကိုင်ပုဝါ နှစ်ခုကိုတောင် သုံးခဲ့ပြီးပြီ။ ဆွန်းမို မတရား ဇောချွေးထွက်နေသည်။ ဒီအတွက်လည်း အဖြေမရှိပါ။

"ဆရာ၊ ဆက်မလုပ်နိုင်တော့ရင်လည်း ဘာဖြစ်လို့ နောက်နေ့မှ မလုပ်တာလဲ"

ချန်လုံလည်း စိတ်ဒုက္ခရောက်နေသည်။ ဆွန်းမို ပုံစံကိုကြည့်တာနဲ့ တော်တော်လေး ပင်ပန်းနေမှန်း သိသာနေသည်။

ဆွန်းမိုအခုလုပ်နေတာက နှမ်းစေ့ထက် သေးတဲ့ အပ်အပေါက်ထဲကို အပ်ချည်ကြိုး ဆယ်ချောင်ထည့်ဖို့ ကြိုးစားနေရသလို ဖြစ်နေသည်။ ဒါကို ခြောက်နာရီလောက်ကြာအောင် သူလုပ်နေခဲ့သည်။

"ငါက အဆင်ပြေတယ်။ မင်းရော ခံနိုင်သေးရဲ့လား"

ဆွန်းမိုက ချန်လုံရဲ့ခံနိုင်ရည်ကို တော်တော်လေး သဘောကျနေသည်။ သာမန်လူတစ်ယောက်က ဒီနေရာတွင် မလှုပ်မယှက်ဘဲ ၆ နာရီလောက် နေရလျှင် ရူးသွားနိုင်သည်။

နောက်ဆုံးတော့လည်း စွမ်းအင်လမ်းကြောင်း ပြုပြင်မှု ပြီးသွားခဲ့သည်။ ထို့နောက် ဆွန်းမိုက ဝိညာဉ်ချီ တုန့်ပြန်မှု ရှိမရှိ စစ်ဆေးရန် နတ်ဘုရားမျက်စိအာရုံကို သုံးပြီး စစ်ဆေးနေတုန်း အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုခဲ့သည်။

ချန်လုံ အရေပြားပေါ်က ဝိညာဉ်တက်တူးများ ပျက်စီးသွားသော်လည်း အရိုးများအပေါ်မှာတော့

မပျက်သေးတာကို သိလိုက်ရသည်။ ဒါ့အပြင် အရိုးပေါ်က ဟာတွေသည် ဝိညာဉ်တက်တူး အနုတိုင်တွေဆိုတာ သေချာပေါက် ပြောနိုင်သည်။

ခန့်မှန်းထားသလိုပဲ အရိုးပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူးတွေက တော်တော်လေး အကြမ်းခံသည်။ သူတို့ကို ဖယ်ရှားရန် အရိုးအထိုင်ချခြင်း နည်းနည်းစနစ်ကို အသုံးပြုရတာ တော်တော်လေး ပင်ပန်းသည်။

ဆွန်းမိုမှာ စိတ်ရှိသော်လည်း လူက မလိုက်နိုင်တော့ပေ။ ဒါကြောင့် ဂျင်းနီကို ဆင့်ခေါ်လိုက်ရသည်။

“ဇီချီ၊ ကောင်းမွန်တဲ့ မှတ်ဉာဏ် အရှိန်အဝါကို ငါ့အပေါ် သွန်းလောင်းလိုက်”

ဆွန်းမို ညွှန်ကြားလိုက်သည်။ သူက ချန်လုံကိုယ်ပေါ်မှာ ရှိတဲ့ ဝိညာဉ်တက်တူးများကို အလွတ် ကျက်ချင်နေသည်။

“ဟုတ်”

လီဇီချီက မြတ်ဆရာ အရှိန်အဝါ အသုံးပြုလိုက်သည်။

ဘေးမှာ ရပ်ကြည့်နေတဲ့ အန်ရှီဝေ တစ်ယောက် တော်တော်လေး တုန်လှုပ်သွားသည်။ မျက်လုံးကြီးပြူးပြီး လီဇီချီကို အကဲမခတ်ဘဲ

မနေနိုင်တော့ချေ။ (ဘုရားရေ၊ ဒီကောင်မလေးက မြတ်ဆရာတစ်ယောက်ဖြစ်ဖို့ အရည်အချင်း ပြည့်မှီနေပြီလား)

"ကိုယ်တိုင် သင်ကြားခြင်း အရှိန်အဝါကို ဘယ်အချိန်က နားလည်ခဲ့တာလဲ"

အန်ရှီဝေ စပ်စုလိုက်သည်။

"ပြီခဲ့တဲ့နှစ် အမှောင်တိုက်ကြီးမှာ လေ့ကျင့်ရေး ဆင်းတုန်းကပါ။ ဆရာရဲ့ သင်ကြားမှုကြောင့် ရုတ်တရက် ဉာဏ်အလင်းပွင့်ပြီး ကိုယ်တိုင်သင်ကြားခြင်း အရှိန်အဝါကို နားလည်ခဲ့တယ်"

လီဇီချီက ပြန်ဖြေသည်။

"မင်း ကြိုးစားရမယ်။ မင်းသာ အသက် ၁၃နှစ်နဲ့ မြတ်ဆရာတစ်ယောက် ဖြစ်လာရင် သူတော်စင်ဂိတ်ကို သတင်းပို့လိုက်တာနဲ့ သေချာပေါက် စံချိန်ချိုးသွားလိမ့်မယ်"

အန်ရှီဝေ ရက်ရက်စက်စက် သက်ပြင်းချရင်း အားပေးလိုက်သည်။

ဆွန်းမိုရဲ့ သင်ကြားမှုပုံစံက တော်တော်လေး အံ့အောဖို့ ကောင်းသည်။ လီဇီချီက တန်နိုင်ငံရဲ့ မင်းသမီးလေး ဖြစ်နေတာတောင် ဆွန်းမိုကို လေးစားနေဆဲပါ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀၀။ လေးစား(၉,၉၀၀/၁၀,၀၀၀)

"ဆရာ ကောင်းကောင်း သင်ပေးလို့ပါ"

လီဇီချီက ဆွန်းမိုကို ချီးကျူးပြီး မိန်ဖျော့ဖျော့လေး ပြုံးလိုက်သည်။

အန်ရှီဝေ စကားထပ်မပြောတော့ပါ။ ဒီအချိန်က တိတ်ဆိတ်နေသင့်မှန်း သူမသိသည်။ သိချင်လွန်းလို့သာ စောစောတုန်းက မေးခဲ့ခြင်းဖြစ်သည်။

ဒီကောင်မလေးရဲ့ ကိုယ်လက်လှုပ်ရှားမှု စွမ်းရည်နိမ့်ကျလွန်းတာက စိတ်မကောင်းစရာပါ။ သက်ရှည်နယ်ပယ်ကို ရောက်နိုင်မှာ မဟုတ်ပေ။ ဘယ်လောက်ဉာဏ်ရည် မြင့်မားနေပါစေ စောစောစီးစီး သေဆုံးသွားပါက အောင်မြင်မှုကြီးကြီးမားမား ရလိုက်မှာ မဟုတ်ပေ။

အဲဒီနောက်တော့ အချိန်တော်တော်ကြာအောင် တိတ်ဆိတ်သွားသည်။ အခန်းထဲက လေထု တိတ်ဆိတ်နေတုန်း ဆွန်းမိုဆီက စကားသံ ထွက်လာသည်။

"ကောင်းပြီလေ၊ နောက်တစ်ဆင့် စလိုက်ကြစို့"

ဆွန်းမိုက ချန်လုံရဲ့ ကြွက်သားတွေကို ပြန်လည် ပြုပြင်ဖို့အတွက် ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။ ဒါကလည်း အချိန်နှင့် စွမ်းအင်ကို တော်တော်လေး အသုံးပြုရတဲ့ လုပ်ငန်းစဉ် ဖြစ်သည်။

ဝိညာဉ်တက်တူးတွေက ချန်လုံ ကိုယ်မှာ တော်တော်လေး အမြစ်ဆွဲနေသောကြောင့် ကုသဖို့ ခက်ခဲခဲ့သည်။

စေ့စေ့စပ်စပ် ကုသစရာ မလိုတာပဲ ကံကောင်းလှသည်။ ဒီလုပ်ငန်းစဉ် ပြီးမြောက်ဖို့ သုံးနာရီလောက် အချိန်ယူလိုက်ရသည်။ ထို့နောက်

အလှအပ ထိန်းသိမ်းခြင်း နည်းစနစ်ကို စတင်အသုံးပြုလိုက်သည်။

ချန်လုံ၏ ညာလက်မောင်းပေါ်က အမာရွတ် တဖြည်းဖြည်း ပါးလာတာကို မိန်းကလေး နှစ်ယောက် မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရပြီး အသက်ရှူဖို့တောင် မေ့နေကြသည်။

အမာရွတ်အကြောက်ဆုံး အုပ်စုကို မေးလိုက်လျှင် မိန်းမ အုပ်စုဆိုတာ သေချာသည်။

အမာရွတ်များကို ဖယ်ရှားဖို့ဆိုလျှင် အမျိုးသမီးများသည် ခြယ်သမှုဆိုင်ရာ အလှကုန်ပစ္စည်းတွေအတွက် ပိုက်ဆံကို အရှုံးအမှုး

သုံးဆွဲကြသည်။ သုံးစွဲရတဲ့ ပမာဏအတွက် မျက်တောင် တစ်ချက်တောင် ခတ်မှာ မဟုတ်ပေ။

နောက်ဆုံးတော့ ဆွန်းမိုသည် ချန်လုံလက်ပေါ်က အမာရွတ်များကို ဖယ်ရှားပြီး ပင်ပန်းမှုဒဏ်ကို မခံနိုင်ဘဲ တန်းထိုင်ချလိုက်သည်။

အန်ရှီဝေရဲ့ တုန့်ပြန်မှုကလည်း လျှင်မြန်လှသည်။ ဆွန်းမိုကို ဖေးမထားလိုက်သည်။

"ခွဲစိတ်မှု အောင်မြင်တယ်"

ဆွန်းမိုက ပြုံးပြီး ချန်လုံကို နှစ်သိမ့်ပေးလိုက်သည်။

"ဆရာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချန်လုံသည် သစ်သားကုတင်ပေါ်က ခုန်ဆင်းပြီး ဆွန်းမိုအရှေ့မှာ ဒူးထောက်ကာ အလေးအနက်ထားပြီး သုံးကြိမ် အရိုအသေပေးလိုက်သည်။

သူ့ကြောင့် သူ့ဆရာသည် ၁၄ နာရီဆက်တိုက် ခွဲစိတ်ပေးခဲ့ရပြီး ခွန်အားနှင့် ဝိညာဉ်ချီ အများကြီး သုံးစွဲခဲ့ရသည်။ ဒီအတွက် ဆရာ့ကို ဘယ်လို ပြန်ပေးဆပ်ရမလဲတောင် မသိတော့ပေ။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား(၂,၅၀၀/၁၀,၀၀၀)

"မင်းလက်ကို မစစ်ဆေးကြည့်တော့ဘူးလား"

ဆွန်းမိုက မေးလိုက်သည်။

"ဆရာ"

လီဇီချီက ရေနွေးပူပူလေး တစ်ခွက် ကမ်းပေးလိုက်သည်။

"မင်း ပင်ပန်းသွားပြီ"

အန်ရှီဝေကလည်း ဆွန်းမိုအတွက် အစားအစာ ပြင်ပေးထားပြီး အချိန်မရွေးစားလို့ရအောင် နွေးပေးထားသည်။

ချန်လုံက လက်သီးကို ဖော့ယမ်းပြီး ညာဘက်လက်မောင်းနှင့် ပုခုံးရှိ

စွမ်းအင်လမ်းကြောင်းသို့ ဝိညာဉ်ချီများ စီးဆင်းလိုက်လျှင် အရမ်းချောမွေ့နေပြီး အတားအဆီး မရှိတော့တာကို သတိထားလိုက်မိသည်။ သူ့စွမ်းအင်တွေက သမုဒ္ဒရာထဲကို စီးဝင်နေသလို ဖြစ်နေသည်.

ချန်လုံ ဒီလိုမျိုး ခံစားချက်ကို မခံစားရတော့တာ တော်တော် ကြာနေပြီ။

"ဆရာ၊ ကျွန်တော် ပြန်ကောင်းသွားပြီ"

ချန်လုံ အရမ်း စိတ်လှုပ်ရှားနေသည်။

"ငါ့ကို တစ်ရက်လောက် အနားယူခွင့် ပေးအုံး ပြီးရင် မင်းကိုယ်ပေါ်က ဝိညာဉ်တက်တူးတွေကို ဖယ်ရှားပေးမယ်"

ဆွန်းမို ပြုံးနေသော်လည်း သူ့ချက်ခုံးတွေက မမှားနိုင်လောက်အောင် မှုန်ကုတ်နေသည်။

သူတို့ ဒီနေရာမှာနေတာ ဆယ်နာရီ ကျော်နေပြီး အရမ်းပင်ပန်းကာ ဆာလောင်နေကြသည်။ အန်ရှိဝေက လီဇီချီကို ချန်လုံအား အဆောင် လိုက်ပို့ ခိုင်းလိုက်သည်။ သူမကတော့ ဆွန်းမိုကို တွဲပြီး အိမ်လိုက်ပို့သည်။

လီဇီချီကတော့ သူမစကားကို နားမထောင်ဘဲ ဆွန်းမို နောက်သို့ လိုက်လာခဲ့သည်။

ရေချိုးပြီးနောက် ဆွန်းမိုသည် ဧည့်ခန်းထဲသို့ ပြန်ထွက်လာလျှင် အစားအသောက် ပူပူနွေးနွေးများကို စားပွဲပေါ်မှာ မြင်လိုက်ရသည်။

"ရှေ့ဟောင်းနဂါး ဖမ်းယူခြင်းလက်က တော်တော် အထင်ကြီးဖို့ ကောင်းတယ်"

လီဇီချီက သက်ပြင်းချရင်း ပြောလိုက်သည်။

ဆွန်းမို မချိပြုံး ပြုံးလိုက်သည်။

"ဆရာ၊ ချန်လုံက အပြည့်အဝ ပြန်ကောင်းနိုင်ပါ့မလား"

လီဇီချီက မေးလိုက်သည်။

"ငါလည်း မသိဘူး။ ဒါပေမယ့် ဒီအရာက ဒီလောက်ရိုးရှင်းမှာ မဟုတ်ဘူးလို့ ငါခံစားနေရတယ်"

ဆွန်းမိုက ချန်လုံကိုယ်ထဲတွင် မြင်လိုက်ရတဲ့ မိန်မှုပုလဲကို ပြန်စဉ်းစားလိုက်မိသည်။

လီဇီချီက စိုးရိမ်တဲ့ အကြည့်နဲ့ ဆွန်းမိုကို ကြည့်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလူက တော်တော်လေး ကြောက်ဖို့ကောင်းမှာ သေချာသည်။ သူသာ ရန်ငြိုးထားရင် ကိစ္စတွေက တော်တော်လေး ဒုက္ခ များလာမည်။

"ဒီလိုတော့ မဖြစ်နိုင်ပါဘူးလေ။ တဖက်လူက အမှောင် မြတ်ဆရာတစ်ယောက် ဖြစ်နိုင်တယ်"

အန်ရှီဝေ အမူအရာ လေးလံနေသည်။

"အရမ်းကြီး စိုးရိမ်နေစရာ မလိုပါဘူး"

ဆွန်းမိုလေသံက စိတ်အေးလက်အေး ရှိလှသည်။

"မိုမိုလေး၊ မင်းက အမှောင်မြတ်ဆရာတွေနဲ့ မတွေ့ဖူးလို့ ပြောနေတာ"

အန်ရှီဝေက ဆန်းကြယ် ကောင်းကင်ဘုံ အကယ်ဒမီက ထိပ်တန်း ဘွဲ့ရဖြစ်ပြီး အရင်ကလည်း အမှောင် မြတ်ဆရာ နှစ်ယောက်နဲ့ တိုက်ခိုက်ခဲ့ဖူးသည်။

အမှောင် မြတ်ဆရာများသည် ရာဇဝတ်မှု မျိုးစုံ ကျူးလွန်တဲ့ ရာဇဝတ်သားများ ဒါမှမဟုတ် သူတော်စင်ဂိတ်က ချမှတ်တဲ့ စည်းကမ်းများကို လက်မခံတဲ့ မြတ်ဆရာများ ဖြစ်ကြသည်။ ဒါကြောင့် သူတို့ အသက်ရှင်ဖို့အတွက် အမေှာင်တိုက်ကြီးကို ထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့ကြသည်။

ဒီအမှောင်မြတ်ဆရာများသည် သူတော်စင်ဂိတ်နဲ့ ရန်သူကြီးဖြစ်တဲ့ အမှောင် အာရဏ်ဦးနဲ့ ပူးပေါင်းသွားကြသည်။

“ချန်လုံကိုယ်ပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူးတွေက အရမ်းရှားတယ်။ တကယ်လို့ သူတို့ စမ်းသပ်မှု

မအောင်မြင်ရင် သတ်ပစ်ရမယ့်အစား ဘာဖြစ်လို့ စွန့်ပစ်လိုက်တာလဲ။ မင်းသူ့ကို အခု ကုသပေးလိုက်ရင် နောင်တချိန်မှာ ကျိန်းသေပေါက် ဒုက္ခ ရောက်လိမ့်မယ်”

အန်ရှီဝေက သုံးသပ်လိုက်သည်။

ချန်လုံက မကျော်ကြားသော်လည်း ဆွန်းမိုက ကျော်ကြားသည်။ ဒါကြောင့် သူ့နဖူးတွင် ရှိတဲ့ အမှိုက်ဆိုတဲ့ စာလုံးက အခြားသူများရဲ့ အာရုံကို ဆွဲဆောင်နိုင်သည်။

“ဒီကိစ္စကို နောက်မှပဲ ထပ်ပြောရအောင်။ ငါက ကြောက်လန့်ပြီး ချန်လုံကို မကုသမှာ မဟုတ်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက လူတိုင်းကို စိတ်အေးအေးထားဖို့ အမူအရာ ပြလိုက်သည်။

“ဇီချီ၊ စာရွက်နဲ့ စုတ်တံ သွားယူလာခဲ့။ ငါမှတ်မိနေတုန်း ဝိညာဉ်တက်တူးတွေကို ဆွဲကြည့်ရအောင်”

ထိုအခိုက်အတန့်တွင် စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

အခန်း(၄၉၅) - သမင်အမြီး ဂုဏ်ပြု ထမင်းစားပွဲ။

ဒင်

"ချန်လုံရဲ့ လက်တစ်ဖက်မှာရှိတဲ့ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးတွေကို ကုသပေးခဲ့လို့ ဒီနယ်ပယ်မှာရှိတဲ့ မင်းရဲ့ အဆင့်အတန်း နောက်တစ်ကြိမ် တိုးတက်လာလို့ ဂုဏ်ပြုပါတယ်။ လက်ရှိတိုးတက်မှု ၁/၁၀၀၊ ဆုလဒ် - ငွေရောင် ရတနာသေတ္တာတစ်လုံး"

"လက်ရှိတိုးတက်မှုက ဘာပြောချင်တာလဲ"

ဆွန်းမိုက ရတနာသေတ္တာကို ရလျှင် ထုံးစံအတိုင်း ပျော်ရွှင်နေသည်။ ဒါပေမယ့် 'လက်ရှိတိုးတက်မှု' ဆိုတဲ့အရာက သူ့အာရုံကို ပိုဆွဲဆောင်နေသည်။

"ဗဟုသုတ တချို့မှာ မင်းရဲ့ကျွမ်းကျင်မှု အဆင့်က မြင့်မားတဲ့ အဆင့်ကို ရောက်ပြီးနောက် မြှင့်တင်ဖို့အတွက် အချိန်တံဆိပ်ကို အသုံးမပြုနိုင်တော့ဘူး။ ကိုယ်တိုင် လေ့ကျင့်ပြီး ဆုပ်ကိုင်ထားနိုင်မှာပဲ မင်းတိုးတက်မှု အမြင့်ဆုံးရပြီး နောက်တစ်ဆင့် တိုးတက်နိုင်မယ်"

စနစ်က ရှင်းပြသည်။

"နားလည်ပြီ"

"မင်းကြည့်ရတာ မအံ့အော သလိုပဲ"

စနစ်က စပ်စုလိုက်သည်။ သူ့ရဲ့ အရင်ပိုင်ရှင်အားလုံးသည် ဒီစကားကို ကြားလိုက်လျှင်

စိတ်ပျက်တဲ့ အမှုအရာကို ဖော်ထုတ်ခဲ့ကြသည်။ နောက်ဆုံးတော့ သူတို့သည် အလကားစားရတဲ့ အစာကို မစားနိုင်တော့ပေ။ ဒါက ဆုံးရှုံးမှု ကြီးမားလွန်းသည်။ ဒါပေမယ့် ဆွန်းမိုကတော့ အဲဒီလို မတုန့်ပြန်ခဲ့ပေ။

"ဘာဖြစ်လို့ အံ့အောရမှာလဲ။ ဒါက ပုံမှန်ပဲ မဟုတ်ဘူးလား"

ဆွန်းမိုသည် အချိန်တံဆိပ်ကို အသုံးပြုပြီး ဘိုးဘေးနယ်ပယ် အထိ ရောက်မယ်လို့ ဘယ်တော့မှ မယုံကြည်ခဲ့ပါ။ ဘယ်ဘာသာရပ်မဆို အဆုံးအမှတ်ဆိုတာ အထွဋ်အထိပ်မှာ

ရပ်တည်နိုင်တဲ့လူပဲ ရနိုင်လိမ့်မည်။ ဘယ်သူမှလည်း ကူညီလို့ မရပါ။

ဥပမာ လူတိုင်းရဲ့အမြင်တွင် အားလုံးက တစ်ကမ္ဘာတည်း နေကြသော်လည်း ထိပ်တန်းရူပဗေဒ ပညာရှင်များရဲ့ အမြင်တွင် ကမ္ဘာကြီးက တခြားသူများနဲ့ မတူပေ။

ပိုပြီး နက်နက်ရှိုင်းရှိုင်း မြင်နိုင်တဲ့ လေ့လာသူများသာ ဘာသာရပ်တစ်ခုကို ချဲ့ထွင်ပြီး တိုးတက်စေနိုင်သည်။ အခြားသူများ အနေနဲ့ကတော့ လက်ရှိတည်ရှိတဲ့ ဘာသာရပ်ဆိုင်ရာ သီအိုရီများကိုပဲ အသုံးပြုနိုင်သည်။

“မင်းမှာ ဒီလို စိတ်ဓါတ်ရှိလို့ အရမ်းဝမ်းသာပါတယ်။ ငါလူရွေးမမှားဘူးဆိုတာ မင်းသက်သေ ပြလိုက်တာပဲ”

စနစ်က ခံစားချက်တွေနဲ့ သက်ပြင်းချလိုက်သည်။

ဆွန်းမို ဂရုတစိုက် နားထောင်နေခဲ့သော်လည်း စိတ်မကောင်းခြင်းများစွာနဲ့ ခေါင်းခါလိုက်သည်။

“ငါ့ကို လေးစားအထင်ကြီးမှု အမှတ်တွေ ပေးဖို့ မစောင့်နိုင်တော့ဘူး မဟုတ်လား”

စနစ်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

“အိပ်မက် မက်နေတာ ရပ်လိုက်တော့”

"အို ဒါကို မင်းယုံကြည်လာမယ့် တနေ့တော့ ရှိလာလိမ့်မယ်"

ဆွန်းမိုက မဲ့ရွဲ့ပြီးပြန်ပြောသည်။

"ငါစောင့်နေမယ်"

စနစ်ကလည်း ပြန်ပြောသည်။

ဒင်

"ချန်လုံနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တစ်ဆင့် တက်လာလို့ ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး"

လီဇီချီက စက္ကူ၊ မှင်နှင့် စုတ်တံ ယူလာသည်။

ဆွန်းမိုက စွယ်စုံကျမ်းအသိပညာကို သူ့ကိုယ်သူ အသုံးပြုလိုက်ပြီး စုတ်တံကို မှင်ထဲနှစ်ပြီး ပုံတစ်ပုံ စဆွဲလိုက်သည်။

သူက ချန်လုံအရိုးပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူး ပုံစံတွေကို စဉ်းစားပြီး စတင် ရေးဆွဲလိုက်သည်။ အဲဒါကတွေက ဝိညာဉ်တက်တူး အဆူတိုင်တွေ ဖြစ်သည်။

ဆွန်းမို ဝိညာဉ်တက်တူးရေးဆွဲနေတဲ့ အချိန်တွင် အန်ရှီဝေလို ဝိညာဉ်တက်တူးအကြောင်း ဘာမှ မသိတဲ့လူတောင် ဒီဝိညာဉ်တက်တူးထဲတွင်

လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား ရှိနေတာကို ခံစားမိသည်။

“ဆရာ၊ ဒါတွေက ရှေးဟောင်း ဝိညာဉ်တက်တူး ဖြစ်နိုင်တယ်”

လီဇီချီက ဝင်ပြောလိုက်သည်။

“မင်းက ဘာဖြစ်လို့ သေချာနေတာလဲ”

အန်ရှီဝေက စပ်စုလိုက်သည်။

“ဈေးကွက်ထဲမှာ ဝယ်လို့ရတဲ့ ဝိညာဉ်တက်တူး အားလုံးကို ငါလေ့လာပြီးပြီ။ ဒီဝိညာဉ်တက်တူးတွေက ဈေးကွက်ထဲမှာ မရှိဘူးဆိုတာ သေချာတယ်။

တကယ်တော့ နည်းနည်းလေး ဆင်တဲ့ ဝိညာဉ်တက်တူးတောင် မရှိဘူး”

လီဇီချီက ရှင်းပြသည်။

လီဇီချီ လေသံက တည်ငြိမ်နေသော်လည်း အနန်ရှီဝေ အံ့အောသွားသည်။

ဈေးကွက်ထဲမှာ ဝိညာဉ်တက်တူး ဘယ်လောက်တောင် ရှိမလဲ။ ဒီနယ်ပယ်ကို အရင်က မလေ့လာဖူးသော်လည်း ဈေးကွက်ထဲမှာ ဝယ်ယူလို့ရတဲ့ ဝိညာဉ်တက်တူးတွေ သောင်းနဲ့ချီပြီး ရှိမှန်းတော့ သူမသိသည်။ ဒါတောင် လီဇီချီက အားလုံးကို တကယ် အလွတ်ကျက်ခဲ့တာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ။

အန်ရှီဝေသည် ဆွန်းမိုကို တစ်ချက်ကြည့်လိုက်လျှင် ချီးကျူးဖို့ အစီအစဉ် မရှိတာ တွေ့လိုက်ရသည်။ သူနားထောင်နေတာ ပုံမှန်အတိုင်းပဲ။

(မင်းစိတ်အခြေအနေက တကယ် ကျယ်ပြောတာပဲ)

အန်ရှီဝေသာ ဆွန်းမိုနေရာမှာ ဆိုပါက လီဇီချီလို ကျောင်းသားမျိုးကို အားပေးဖို့အတွက် သေချာပေါက် ချီးကျူးမိလိမ့်မည်။

ဆွန်းမိုကတော့ သူမှတ်သားထားတာကို အခြေခံပြီး ဝိညာဉ်တက်တူးတွေကို ရေးဆွဲနေသည်။ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးတွေကိုတောင် အတိအကျ ရေးဆွဲနိုင်သည်။ အဲဒီနောက် သူ့ အမူအရာ လေးလံလာသည်။

"ဘာမှားနေလို့လဲ"

အန်ရှီဝေ ကြောင်သွားသည်။

"ဘာဖြစ်လို့ ချန်လုံကို မသတ်ခဲ့တာလဲ"

ဆွန်းမိုသည် အကြောင်းပြချက်ကို စဉ်းစားလို့မရဘဲ မျက်မှောင်ကြုတ်နေသည်။

"ဆရာ၊ ဒီဝိညာဉ်တက်တူးတွေကို ပြင်နိုင်တယ် ပြောနေတာလား"

ဉာဏ်ရည် ထက်မြတ်တဲ့ လီဇီချီက အကြောင်းအရင်းကို ချက်ခြင်း ခန့်မှန်းမိသွားသည်။

ချန်လုံကိုယ်ပေါ်မှာရှိတဲ့ ဝိညာဉ်တက်တူးများသည် တန်ဖိုး အရမ်းမြင့်မားသည်။ သေချာပေါက် လျှို့ဝှက်ထားသင့်တဲ့ အသိပညာမျိုး ဖြစ်သည်။ ပုံမှန်စကားနဲ့ ပြောရလျှင် ချန်လုံရဲ့ စမ်းသပ်မှု ကျရှုံးလျှင် သူ့ကို သေချာပေါက် သတ်ပစ်ရမည်။

ဆွန်းမို ယုံကြည်ချက်ရှိရှိ ခေါင်းညိတ်လိုက်သည်။ တခြားသူများသာဆိုလျှင် ဒီဝိညာဉ်တက်တူးကို

ကြည့်လိုက်တာနဲ့ အားကိုးရာမဲ့သွားမည်။ ဆွန်းမိုကတော့ မတူပါ။ အရင်ကတည်းက ဝိညာဉ်တကက်တူး ဒီဇိုင်းကို တစ်ခုခြင်းစီ လေ့လာထားတဲ့ လူတစ်ယောက်အနေနဲ့ အပေါ်ယံကို မကြည့်တော့ပါ။ သူက သဘောတရားကို ရှာဖွေရန် အဓိက အချက်ကိုသာ တိုက်ရိုက် ရှာဖွေခဲ့သည်။

ဒီ ဒီဇိုင်းနောက်ကွယ်က သဘောတရားကို နားလည်သွားတာနဲ့ အရှုတ် ဖြစ်ပေါ်လာတဲ့ အကြောင်းအရင်းကို ပြုပြင်ရတာ ထုံးစံအတိုင်း ပိုလွယ်လာလိမ့်မည်။

"ဘယ်လောက်တောင် ဉာဏ်ကောင်းလိုက်တဲ့ မိန်းကလေးလဲ"

အန်ရှီဝေ တိတ်တဆိတ် ချီးကျူးလိုက်သည်။ လီဇီချီကို ကြည့်တဲ့ သူမ အကြည့်များကလည်း သဘောကျမှုများနဲ့ ပြည့်နှက်နေသည်။ လီဇီချီက ဆွန်းမိုရဲ့တပြည့် ဖြစ်နေတာ ကံကောင်းသည်။ ဒီလိုမှမဟုတ်ဘဲ တခြားလူရဲ့ ကျောင်းသားဖြစ်နေပါက သေချာပေါက် စိတ်ဓါတ်ကျပြီး မနာလို ဖြစ်နေနိုင်သည်။

"ဒီဝိညာဉ်တက်တူးကို ပြင်နိုင်တဲ့ ဆွန်းမိုလို လေးစားဖို့ကောင်းတဲ့ မြတ်ဆရာလည်း

ပြည်နယ်ကိုးခုမှာ မရှိတာ သေချာတယ်။ ဒါကြောင့် ဒီအခြေအနေက တကယ့် တိုက်ဆိုင်မှုပဲ”

အန်ရှီဝေ ပြုံးလိုက်မိသည်။

“ငါ ဝိညာဉ်တကက်တူး မဟာသခင် တစ်ယောက်ကို ရခဲ့တာလား။ ရုတ်တရက် အမြတ်ထွက်သလို ခံစားရတယ်”

မြတ်ဆရာလောကရဲ့ လက်ရှိ ဈေးကွက်အခြေအနေရ ညှော်ပါမောက္ခအနေနဲ့ ဝိညာဉ်တတ်တူး မဟာသခင် တစ်ယောက်ကို ငှားဖို့ဆိုတာ မတော်မတရား ဈေးကြီးလွန်းသည်။

ပြီးတော့ အချိန်ပြည့် ဝိညာဉ်တက်တူးသခင် တစ်ယောက်ကို ဌားရမ်းမည်ဆိုပါက အဲဒီထက် ငါးဆလောက် ပိုပေးရမည်။ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ လက်ရှိ ဘဏ္ဍာရေး အခြေအနေက ဒီအရာကို မတတ်နိုင်ပါ။

ဒါကြောင့်လည်း အန်ရှီဝေ တစ်ယောက် အခုအချိန်မှာ အရမ်းပျော်နေသည်။

(ဆွန်းမိုက တခြား ဘာသာရပ်တွေမှာလည်း မဟာသခင်အဆင့် ဖြစ်နေရင် အရမ်းကောင်းမယ်။ အား ၊ ငါဘာတွေ စဉ်းစားနေတာလဲ။ ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူး အတန်းက အရမ်းကောင်းနေပြီ။ ငါ ကျေနပ်သင့်တယ်)

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရှိသေ (၁၀,၀၀၀/၁၀၀,၀၀၀)

"ဒါအမှန်ပဲ"

လီဇီချီက ဒါကအမှန်ပဲ ဖြစ်သင့်တယ်ဆိုတဲ့ ပုံစံနဲ့ ခေါင်းညိတ်လိုက်သည်။

"ငါ့ဆရာက အကြီးမြတ်ဆုံးပဲ"

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ၏ လေးစားအထင်ကြီးမှု +၅၀၊ ရှိသေ(၂၃,၇၆၀/၁၀၀,၀၀၀)

စနစ်ဆီက အကြောင်းကြားကို ကြားလိုက်လျှင် ဆွန်းမိုသည် လီဇီချီကို တစ်ချက်ကြည့်ပြီး စိတ်ထဲက ကျေနပ်သွားသည်။ ဆရာတစ်ယောက်အနေနဲ့ တပြည့်တွေဆီက လေးစားမှုကို ရခြင်းသည် သူတို့ရဲ့ အလုပ်အကိုင်နဲ့ ပက်သက်ပြီး သက်သေပြရာလည်း ရောက်သလို ဆုလဒ်ရတာလည်း ဖြစ်သည်။

ဒါပေမယ့်လည်း စိတ်ကျေနပ်ပြီးနောက် ထိတ်လန့်လာသည်။ လီဇီချီရဲ့ မျှော်လင့်ချက်ကို လက်မလျှော့သင့်ပါ။

“ငါက ဝိညာဉ်တက်တူး ဘိုးဘေး ကျိန်းသေပေါက် ဖြစ်လာရမယ်။

ဖြစ်လာပြီးရင် ချန်လုံရဲ့ ပြဿနာကိုလည်း ဖြေရှင်းနိုင်ရမယ်”

ဆွန်းမိုက သူ့ကိုယ်သူ ရည်မှန်းချက် ထားလိုက်သည်။

ဒင်

“တာ၀န်အသစ် ထုတ်ပြန်တယ်။ တစ်နှစ်အတွင်း ချန်လုံကိုယ်ပေါ်က ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူး အားလုံးကို အပြီး ပြုပြင်ပါ။ တာ၀န်ကို

အောင်မြင်ပါက လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်လုံး ဆုချီးမြှင့်မယ်”

“အို၊ သမင်အမြီး ဂုဏ်ပြု ထမင်းစားပွဲအကြောင်း သိလား”

အန်ရှီဝေက ရုတ်တရုတ် စဉ်းစားမိပြီး မေးလိုက်သည်။

“ဒါက ဘာလဲ”

ဆွန်းမို အရမ်းအံ့အောနေသည်။

“ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲ ပြီးတဲ့အခါ ချင်လင် ဘုရင်ခံက မြတ်ဆရာအသစ်တွေကို ဂုဏ်ပြုဖို့အတွက် သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲကို

အမြဲတမ်း ပြုလုပ်တယ်။ အဲဒီအချိန်ကျရင် ထိပ်တန်း မှူးမတ်များနဲ့ ချမ်းသာတဲ့ မျိုးနွယ်စုတွေ အားလုံး တက်ရောက်ကြလိမ့်မယ်”

အန်ရှီဝေက ရှင်းပြသည်။

“ငါ မသွားလို့ ရတယ်မဟုတ်လား”

ဆွန်းမို စိတ်မဝင်စားပါ။ ပြီးတော့ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲဖြေဖို့ အချိန်နှစ်လပဲ လိုတော့သည်။

“သွားသင့်တယ်။ ငါတို့က လူတွေဖြစ်နေသ၍ လူမှုဆက်ဆံရေးကို ရှောင်နေလို့ မရဘူး”

အန်ရှီဝေက စည်းရုံးနေသည်။

"ငါလည်း ညှော်ခံရတာကို မကြိုက်ပေမယ့် လူမှုဆက်ဆံရေးတချို့ကတော့ ရှောင်ဖယ်နေလို့ မရဘူး။ ဒီလိုမှ မဟုတ်ရင် လူတွေက ငါတို့ကို အရမ်းမာနကြီး ဘဝင်မြင့်တယ်ဆိုပြီး ရှုံ့ချလိမ့်မယ်။ မင်းအပေါ် မကောင်းတဲ့အမြင်တွေ ကျန်ခဲ့လိမ့်မယ်။ နောင်တစ်ချိန်မှာသူတို့နဲ့ မိတ်ဖွဲ့ချင်ရင် အခက်အခဲ ဖြစ်လာလိမ့်မယ်"

"ဆရာ၊ ဒီလို အခွင့်အရေးမျိုးကို လူအများစုက သေတဲ့ အထိတောင် မရသွားဘူး"

လီဇီချီကလည်း ဆွန်းမိုကို စည်းရုံးဖို့ ကြိုးစားလိုက်သည်။

“ဒါပေမယ့် တခြားလူတွေကတော့ နေမကောင်းလို့ မလာတော့ဘူး လုပ်လို့ရတယ်။ ဒါပေမယ့် မင်းကတော့ လုံးဝ မလုပ်နဲ့”

“ဘာဖြစ်လို့”

ဆွန်းမို နားမလည်ပါ။

“ဘာဖြစ်လို့လဲဆိုတော့ မင်းက ဒီနှစ်အတွက် အဓိက ဇာတ်ကောင် ဖြစ်နေတယ်။ ‘ခွေးတစ်ကောင်’ ဆိုတဲ့ မှတ်ချက်၊ တစ်မဲဆွန်း၊ စံချိန်အသစ် ဖန်တီးပြီး တံဆိပ်ကြီးရအောင် အောင်မြင်ခဲ့တယ်။ မင်းလို နာမည်ကြီးတစ်ယောက်ကို မရင်းနှီးချင်တဲ့ လူရှိပါ့မလား”

လီဇီချီ ဂုဏ်ယူနေမိသည်။

ဆွန်းမိုက ကြယ်တစ်ပွင့် မြတ်ဆရာသာ ဖြစ်သော်လည်း အနာဂတ်က အကန့်အသတ် မရှိပေ။

"ချင်လင် ဘုရင်ခံ ဖိတ်ကြားထားတာက လာမယ့် မနက်ပဲ"

အန်ရှီဝေက ပြုံးပြီး

"ငါလည်း ပွဲတက်ပါ့မယ်"

....

လီ အိမ်တော် ကြီးမားလွန်းတဲ့ အိမ်တော်ကြီး။

အဝင်ဝမှာရှိတဲ့ ကျောက်ရုပ်ခြင်္သေ့ကြီးတွေက ခန့်ငြားပြီး ကြမ်းကြုတ်လှသည်။ ဖြတ်သန်း

သွားလာတဲ့ မြင်းရထားလုံးများ ဒီနေရာကို ရှောင်ကွင်းပြီး သွားကြသည်။ ဒီလိုမှမဟုတ်ရင်လည်း မြင်း ဒါမှမဟုတ် ရထားလုံးပေါ်က ဆင်းပြီး လမ်းလျှောက်ကြသည်။ နောက်ဆုံးတော့ ဒီနေရာက အာဏာစက် ပြင်းထန်တဲ့ မင်းသားလီဇီရှင်း နေထိုင်တဲ့ နေရာဖြစ်သည်။

ဘုန်း

အိမ်ကြီးထဲက အခန်းငယ်တစ်ခုမှာ ရှိတဲ့ ကျန်ဟန်ဖူသည် ငိုယိုပြီး တံခါးနဲ့မျက်နှာ ဆောင့်နေသည်။ ပြီးသွားပြီ ဆိုတာ သူသိနေသည်။

(ငါ ဘာလုပ်သင့်လဲ)

ကျန်ဟန်ဖူသည် လမ်းပေါ်မှာ အဆုံးမရှိ ဖြတ်သန်းသွားလာနေတဲ့ မြင်းနဲ့ ရထားလုံးတွေကို ငေးကြည့်ပြီး တော်တော်လေး အေးစက်သလို ခံစားနေရသည်။

အစည်းအဝေး ခန်းထဲမှာ..................

လီဇီရှင်းက အထင်သေးနေတဲ့ မျက်နှာနဲ့ လက်ကိုဝှေ့ယမ်းလိုက်ပြီး

"အိမ်ဖော်၊ ဒီလက်ဖက်ရည်ခွက်ကို လွှင့်ပစ်လိုက်စမ်း"

အိမ်အကူတစ်ယောက် ချက်ခြင်းထလာပြီး ကျန်ဟန်ဖူ သုံးထားခဲ့တဲ့ လက်ဖက်ရည်ခွက်ကို ယူသွားသည်။

"အမှိုက်၊ ကြယ်နှစ်ပွင့် မြတ်ဆရာဖြစ်ပြီး ဆရာအသစ် တစ်ယောက်ကိုတောင် မကိုင်တွယ်နိုင်ဘူး။ ငါ့ယုံကြည်မှုကို ဖြုန်းတီးနေတာပဲ"

လီဇီရှင်း ဒါကို ပိုတွေးလေ ဒေါသပိုထွက်လေ ဖြစ်နေသည်။ သူသည် ငွေတုံး တစ်ထောင်လောက် တန်တဲ့ လက်ဖက်ရည်ခွက်ကို ကြမ်းပြင်ပေါ်သို့ တိုက်ရိုက် လွှင့်ပစ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖုန်း

လက်ဖက်ရည်ခွက် ကွဲသွားသည်။

"မင်းသား၊ စိတ်လျှော့ထားပါ"

နိဂျင်တင်က အေးအေးဆေးဆေး ယပ်တောင်ခတ်ပြီး ပြောလိုက်သည်။ သူက ကြယ်သုံးပွင့် မြတ်ဆရာဖြစ်ပြီး လီဇီရှင်းက ငွေအမြောက်အများပေးပြီး ငှားထားတဲ့ ကိုယ်ပိုင် ကျူရှင်ဆရာ ဖြစ်သည်။

လီဇီရှင်းအတွက် ဗျူဟာ ချပေးခြင်းအပြင် လီဇီရှင်း ကလေးများကို သင်ကြားပေးဖို့ အတွက်လည်း တာဝန်ယူထားသည်။

"အို ဆရာနိကို ကြည့်ရတာ တော်တော်လေး ယုံကြည်မှု ရှိနေတဲ့ပုံပဲ။ ပြဿနာ ဖြေရှင်းဖို့ နည်းလမ်း ရှိလား"

လီဇီရှင်း စိတ်ဝိညာဉ် တောင့်တင်းနေသည်။

"ဗဟိုပြည်နယ် အကယ်ဒမီက အရင်တုန်းက သေခါနီး ခွေးတစ်ကောင်သာသာပဲ။ သူတို့ ရုန်းထွက် လာနိုင်တာ ဒီဆွန်းမိုကြောင့်ပဲ။ ဒါကြောင့် သူ

အဆုံးသတ်သွားရင် အရာအားလုံးလွယ်ကူသွားလိမ့်မယ်”

နိဂျင်တင်က လက်ဖက်ရည် သောက်ရင်း ပေါ့ပေါ့ပါးပါး ယပ်တောင် ခတ်လိုက်သည်။

သူက အားထုတ်ရပြီး သင်ခန်းစာပေးရင်း မွဲမွဲခြောက်ခြောက် နေရတဲ့ ဘဝကို မကြိုက်ပါ။ အခုလက်ရှိ အခြေအနေနဲ့ ဘယ်လို ယှဉ်နိုင်မှာလဲ။ သူက လက်ဖက်ရည်လေး သောက်ရင်း အကြံဉာဏ်လေး ပေးလိုက်နဲ့ ချမ်းသာလာနိုင်သည်။ ကျင့်ကြံခြင်းအပေါ်ကိုပဲ အာရုံစိုက်ထားနိုင်သည်။

“ဆွန်းမိုကို လုပ်ကြံသတ်ဖြတ် ရမလား”

လီဇီရှင်းက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ အရင်တုန်းကလည်း ဒီဖြေရှင်းနည်းနဲ့ အလုပ်ဖြစ်ခဲ့သည်။ အခုတော့ ဆွန်းမိုက ကျော်ကြားလာသဖြင့် သူသာ ရုတ်တရုတ် သေဆုံးသွားရင် ကျန်တဲ့လူများက သူ့ကို သေချာပေါက် သံသယ ဝင်လာနိုင်သည်။

"မင်းသား၊ တိုက်ခိုက်တာနဲ့ သတ်ဖြတ်တာ အဆင့်အတန်း နှိမ့်လွန်းပါတယ်"

နိဂျင်တင် မဲ့ရွဲ့သွားသည်။ တကယ်တော့ လီဇီရှင်းရဲ့စိတ်ဓါတ်ကို တကယ် အထင်သေးမိသည်။ လီဇီရှင်းက အဆင့်အတန်းကို အားကိုးပြီး ဥပဒေမဲ့

လုပ်နေတဲ့ လူတစ်ယောက်ပါ။ အရည်အသွေးတွေကို တိုင်းတာဖို့အတွက် ဘာဖြစ်လို့ ဦးနှောက်ကို အသုံးမပြုတာလဲ။

"ဒါဆို ဆရာနိုက ဘာပြောချင်တာလဲ"

လီဇီရှင်းသည် သူ့ လက်အောက်ငယ်သားဆီက သင်ယူရမှာ မရှက်ပေ။

"ဖြေရှင်းနည်း နှစ်မျိုးရှိတယ်။ ဆွန်းမိုကို ဖမ်းတာပဲဖြစ်ဖြစ် ဒါမှမဟုတ် လူမှုရေး သေအောင် လုပ်တာပဲ ဖြစ်ဖြစ်ပေါ့"

နိုဂျင်တင် ယပ်တောင်နဲ့ ပါးစပ်အုပ်ပြီး ပြောလိုက်သည်။

“ဆွန်းမိုက အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့လူလို့ ကြားမိတယ်။ ဒါကြောင့် ပထမနည်းက အလုပ်မဖြစ်မှာဘဲ ကြောက်တယ်။ ငါတို့ ဒုတိယ တစ်မျိုးကိုပဲ သုံးလို့ ရမယ်”

“လူမှုရေး သေအောင် ဟုတ်လား”

လီဇီရှင်း တစ်ခုခု နားလည်သွားပုံ ရသည်။

“မြတ်ဆရာတွေ အကြောက်ဆုံးက ဘာလဲ။ နာမည်ပျက်မှာပဲ”

ချိဂျင်တင်က ကောက်ကျစ်ယုတ်မာတဲ့ အပြုံးပြုံးလိုက်သည်။

"သမင်အမြှီး ဂုဏ်ပြုထမင်းစားပွဲကို နောက်နှစ်ရက်နေရင် ကျင်းပမှာ မဟုတ်လား။ အဲဒီအချိန်ကျရင် သူနဲ့ တစ်သုတ်ထဲ မြတ်ဆရာတွေ စုဝေးနေကြမှာပဲ............"

"အရမ်းကောင်းတယ်။ တကယ်ကောင်းတယ်"

လီဇီရှင်းက ချီးကျူးရင်း လက်ခုပ်တီးလိုက်သည်။

(ဆွန်းမို ဘယ်လောက်ပဲ သန်မာနေပါစေ၊ သူက ကြယ်တစ်ပွင့် မြတ်ဆရာ တစ်ယောက်ပဲ ဖြစ်သေးတယ်။ ထိုအချိန်ကျရင် သူ့ကို ခက်ခဲအောင်လုပ်မယ့် မြတ်ဆရာတွေ ရှာလို့ရတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့အရမ်း အရည်အချင်း ရှိရင်တောင် ဒီတစ်ကြိမ်တော့ ကိုင်တွယ်ဖို့ ခက်သွားလိမ့်မယ်)

ဒီတစ်ခေါက်တော့ အစီအစဉ်က သေချာပေါက် အောင်မြင်လိမ့်မည်။

အခန်း(၄၉၆) - ဆရာဆွန်းရဲ့ ကျော်ကြားမှုက နည်းနည်းလေး ကြောက်ဖို့ မကောင်းဘူးလားကွာ။

ဆွန်းမိုက အနားယူခြင်းကို အဆုံးသတ်လိုက်သည်။ တကယ်တော့ သူ

စာပြန်သင်မယ်ဆိုတဲ့ သတင်းကို ကြေငြာစရာတောင် မလိုပေ။ ပြန်နှံ့နှံ့သွားတဲ့ အချိန်မှာ ဗဟိုပြည်နယ် အကယ်ဒမီ တစ်ခုလုံး မုန်တိုင်း တိုက်သလို ဖြစ်သွားသည်။

မနက် ၅ နာရီ ကျောင်းသားအဆောင်မှာ.........

“မြန်မြန် လုပ်ကြပါဟ”

ဝမ်ဟောင် လောနေသည်။

“ဘာဖြစ်လို့ ဒီလောက် အလျှင်လိုနေရတာလဲ”

ကျန်ရှီက သမ်းရင်း ပြောလိုက်သည်။ သွားတိုက်ပြီး မျက်နှာတောင် မသစ်ရသေးပါ။

"ငါတို့ ၂ နာရီခွဲလောက် ကြိုသွားရင် ထိုင်ခုံ ကျိန်းသေပေါက် ရပါတယ်ကွာ။ ပြောရင်းဆိုရင်း ဗိုက်ဆာလာပြီ ကန်တင်းသွားပြီး မနက်စာအတွက် အဆာပြေ ဝယ်သွားအုံးမလား"

"အတန်းပြီးမှပဲ စားရအောင်"

ဝမ်ဟောင်က ကျန်ရှီကိုဆွဲပြီး လူ ၃၀၀ ဆန့် စာသင်ခန်းသို့ ပြေးသွားသည်။

ဝမ်ဟောင်နှင့် ကျန်ရှီတို့ ရောက်တဲ့အချိန်တွင် မှင်တက်သွားသည်။ စကြော်န်တလျှောက်တွင် တန်းစီနေတဲ့လူက ဆယ်နဲ့ ချီပြီး ရှိနေသည်။

နှစ်ယောက်သား အပေါက်ဝက လှမ်းချောင်းလိုက်ရင်လုံးဝ အံ့အောသွားသည်။

“မဖြစ်နိုင်ဘူး မဟုတ်လား။ အခုမှ ဘယ်အချိန်ရှိသေးလို့လဲ။ အတန်းက ဘာဖြစ်လို့ ဒီလောက်လူပြည့်နေရတာလဲ”

ကျန်ရှီ ဆွံ့အ နေသည်။

ဆွန်းမို အတန်းက ဆွဲဆောင်မှုအားကောင်းလှချည်လား။ ကျန်ရှီတစ်ယောက်ဒီအချိန်မှာပဲ ကျောင်းသားအများကြီးထပ်ရောက်လာတာ တွေ့လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အတန်းကြီးကျောင်းသားများသည် ကျောင်းရောက်နေတာ နှစ်အနည်းငယ်ကြာနေလို့ သူတို့နဲ့ သင့်တော်တဲ့ မြတ်ဆရာကို တွေ့ထားတာ မေ့ထားလို့ မရပေ။ ဒါကြောင့်လည်း များသောအားဖြင့် ဆရာအသစ်အတန်းကို မတတ်ကြပါ။

"ဆရာဆွန်းရဲ့ ကျော်ကြားမှုက နည်းနည်းလေး ကြောက်ဖို့ မကောင်းဘူးလား"

သူ့ဘေးမှာရှိတဲ့ ခြောက်တန်း ကျောင်းသားသည် အရမ်းအံ့အောသင့်နေသည်။ နှစ်နာရီ ကြိုလာတာတောင် နေရာ မရသေးပါ။

"စောစောလာဖို့ ပြောတာကို မင်းကနားမထောင်ဘူး"

ဒီကောင်ရဲ့ ရည်းစားသည် မကျေမနပ်နဲ့ ဗျစ်တောက်ဗျစ်တောက် ပြောရင်း သူ့ကို ဖက်ထားသည်။

"ခဏနေအုံး"

ဒီကောင်က အရမ်းချမ်းသာမှန်း သိသာနေသည်။ စာသင်ခန်းထဲသို့ ဝင်သွားပြီး နေရာထိုင်ခင်း ကောင်းတဲ့ ကျောင်းသားတစ်ယောက်ဆီ သွားလိုက်သည်။ ထို့နောက်သူက

“ဂျူနီယာလေး၊ မင်းကို ငွေတုံး ၂၀၀ ပေးမယ် ၊ထိုင်ခုံ ရောင်းပါလား”

လေသံနိမ့်ပြီး မေးလိုက်သည်။

စကားအပြောခံရတဲ့ ကျောင်းသားက သူ့ကို တစ်ချက်ကြည့်ပြီး အကြည့်လွှဲသွားသည်။

“ငွေတုံး ၃၀၀”

ကောင်လေးက ဈေးထပ်တိုးပေးလိုက်သည်။ တဖက်လူက မတုန်မလှုပ်နေနေတာ မြင်လိုက်လျှင် ဒေါသထွက်သွားပြီး

“ငွေတုံး ၅၀၀”

စကားပြောပြီးနောက် ကောင်လေးက ဂျူနီယာလေးကို အားရကျေနပ်နေတဲ့ အမူအရာနဲ့ ကြည့်နေပြီး ညှိနှိုင်းဖို့ စောင့်မျှော်နေလိုက်သည်။

"စီနီယာ၊ ငါ့ကို ထိခိုက်အောင် မလုပ်ပါနဲ့"

ဂျူနီယာလေးက တောင်းပန်လိုက်သည်။

"မင်း ဘာပြောချင်တာလဲ"

စီနီယာ ကျောင်းသား မျက်မှောင်ကြုတ်သွားသည်။

"ဈေး အရမ်းနည်းတယ်လို့ တွေးနေတာလား"

ဒေါသတွေက ပေါက်ကွဲလာပြီး ဈေးထပ်တိုးပေးသည်။

“ငွေတုံး ၁,၀၀၀”

ဒီစကားကို ကြားလိုက်လျှင် ဘေးနားက ကျောင်းသားတွေ မျက်ခုံး မပင့်ဘဲ မနေနိုင်တော့ချေ။ ငွေတုံး တစ်ထောင်ပါ...... ဒါက သာမန်မိသားစု သုံးစု သုံးနှစ်လောက် ကောင်းကောင်းစားပြီး ကောင်းကောင်းဝတ် နေလို့ ရသည်။

“မင်း ငွေတုံး တစ်သောင်းပေးရင်တောင် ထိုင်ခုံကို မရောင်းရဲဘူး”

ကျောင်းသားလေးက ပုခုံးတွန့်ပြီး ပြန်ပြောသည်။

ချမ်းသာတဲ့ လူက တစ်ခုခုပြောဖို့ လုပ်လိုက်ပေမယ့် စကားဖြတ်ပြော ခံလိုက်ရသည်။

"ရှောင်ရှန်၊ ဒီဂျူနီယာလေးကို ခက်ခဲအောင် မလုပ်နဲ့တော့။ ဆရာဆွန်းအတန်းကို အရင်က မတက်ဖူးလို့ မင်း သေသေချာချာ နားမလည်ဘူး။ ဆရာဆွန်း အတန်းမှာ ထိုင်ခုံ ရှောင်းဝယ်ခြင်း ခွင့်မပြုထားဘူး။ မင်းကိုပြောလိုက်မယ်။ သူသိသွားရင် အတန်းတက်ခွင့်ကို ရာသက်ပန် ပိတ်လိုက်လိမ့်မယ်"

ချိုင်တန်က ရှောင်ရှန်နဲ့ ရင်းနီးသောကြောင့် နှိစ်သိမ့်လိုက်သည်။

"ဒီလိုမျိုး ရှိတာလား"

ရှောင်ရှန်၏ ကိုယ်ပိုင်ဆရာမှာ ဟီယွန်ဂျီ ဖြစ်သည်။ ဆွန်းမို အတန်းကို ထုံးစံအတိုင်း တက်ရောက်စရာ မလိုပါ။ ဒါပေမယ့် သူ့ကောင်မလေးက အရမ်းကျော်ကြားနေတဲ့ နတ်ဘုရားလက်ကို ကိုယ်တိုင် မြင်ချင်နေသည်။

"ဟုတ်တယ်"

ချိုင်တန်က ခေါင်းညိတ်ပြလိုက်သည်။

"ဂျူနီယာလေး၊ စိတ်မပူနဲ့။ ငါ့ရဲ့ ကိုယ်ပိုင်ဆရာက ဟီယွန်ဂျီပါ။ ဒီမှာငွေတုံး ၃၀၀၀ ရှိတယ် ယူသွားလိုက်"

ရှောင်ရှန်ရဲ့ အဖေက ချမ်းသာတဲ့ ကုန်သည်ကြီး ဖြစ်သဖြင့် ငွေမရှားပါ။ သူယုံကြည်ထားတဲ့

ခံယူချက်ကတော့ ငွေနဲ့ဖြေရှင်းလို့ရလျှင် ပြဿနာကို ပြဿနာလို့ မယူဆပါ။

ဂျူနီယာလေးက လက်မခံခဲ့ပါ။

"ငွေတုံး ၃,၀၀၀ က မင်းမိသားစု ငါးနှစ်လောက် အဆင်ပြေပြေ နေဖို့ လုံလောက်တယ်နော်။ တစ်ယောက်ယောက်က မင်းကို တိုင်လိုက်လို့ နောက်ပိုင်း ဆွန်းမို အတန်းမတက်ရရင်တောင် ဒီ ငွေတုံး ၃,၀၀၀ နဲ့ယှဉ်ရင် သိပ်အရေးမပါပါဘူးကွာ။ ဟုတ်တယ် မဟုတ်လား"

ရှောင်ရှန်က ဘဏ်စလစ် တစ်ခုကို ထုတ်၍ ဂျူနီယာ ကျောင်းသားလေးရဲ့ အရှေ့မှာ ချထားပေးရင်း စည်းရုံးလိုက်သည်။

ထိုလူငယ်လေးက တွေဝေခြင်း မရှိဘဲ မတ်တပ်တန်းရပ်လိုက်သည်။ လက်ကိုမြှောက်ပြီး

"လူတိုင်း၊ ကျေးဇူးပြုပြီး သက်သေလုပ်ပေးကြပါ။ သူ့ငွေတွေကို ငါမယူဘူးနော်"

"အမ်"

ရှောင်ရှန် ကြောင်သွားသည်။

"ဟားဟား"

ချိုင်တန် ဝမ်းသာသွားသည်။

"ထွက်သွားရအောင်"

ရှောင်ရှန်ကို သူ့ရည်းစားက ဆွဲခေါ်သွားသည်။

"ဒီမှာ ငါတို့ အရှက်ကွဲတာ လုံလောက်ပြီ"

ဒီလူငယ်အတွက် ဆွန်းမိုအတန်းကို တက်ရခြင်းက ငွေတုံး ၃,၀၀၀ ထက် ပိုတန်ဖိုးရှိနေတာ ထင်ရှားနေသည်.

သူတို့နှစ်ယောက် စာသင်ခန်းထဲက ထွက်လာကြသည်။ အရင်တုန်းက သိပ်ဂရုမစိုက်တဲ့ ရှောင်ရှန်သည် အခုအခါမှာတော့ သိချင်စိတ်များ ပြည့်နှက်လာသည်။

"ဆွန်းမိုရဲ့ သင်ခန်းစာက တကယ်ထူးချွန်တာလား"

ရှောင်ရှန်က ပစ်မှတ်ကို ကျပန်း ရွေးခဲ့ခြင်း မဟုတ်ပေ။ ကုန်သည်မျိုးရိုးက ဆင်းသက်လာတဲ့ လူတစ်ယောက်အနေနဲ့ အဲဒီဂျူနီယာလေးရဲ့ မိသားစုက မချမ်းသာဘူးဆိုတာ သူပြောနိုင်သည်။ ငွေတုံး ၃,၀၀၀ က သူ့အတွက် ကြီးမားတဲ့ ပမာဏ တစ်ခုဖြစ်မှာ သေချာသည်။ ဒါတောင် သွေးဆောင်မှုကို သည်းခံနိုင်သေးသည်။

"နောင်ဆိုရင် လူတွေရဲ့ စိတ်ဓါတ်ကို ပိုက်ဆံနဲ့ မစမ်းသပ်နဲ့"

သူ့ကောင်မလေးက စည်းရုံးလိုက်သည်။ အဲဒီနောက်မှာတော့ ဆွန်းမိုနဲ့ ပက်သက်ပြီး သိချင်စိတ် ပြင်းထန်လာသည်။ အတိအကျဆို ဘယ်လို ဆရာမျိုးလဲ။

ဒင်

ဒင်လန်၏ လေးစားအထင်ကြီးမှု +၁၀ ၊ ရင်းနှီး(၁၂၀/၁,၀၀၀)

"ငါတို့ ဘာလုပ်ကြမလဲ"

ရှောင်ရှန်နှင့် ဒင်လန်တို့ ထွက်သွားတာမြင်လျှင် ဝမ်ဟောင်တစ်ယောက် အားကိုးရာမဲ့သွားသည်။

"နောက်ထပ် ဘာလုပ်နိုင်မှာလဲ"

ကျန်ရှီက မျက်လုံးပြူးပြီး

"သွားရအောင်"

တခြား ဆရာအတန်းမှာဆိုရင်တော့ အချိန်တစ်ခုလောက် ကြာအောင် စောင့်လိုက်လျှင် လူတွေထွက်သွားပြီး နေရာအလွတ် ရနိုင်သည်။ ဒါပေမယ့် ဆွန်းမို အတန်းမှာတော့ ဒီလိုမျိုး မဖြစ်နိုင်ပေ။

"အင်း၊ ငါတော့ ရွှန်ကျားကို တကယ် မနာလို ဖြစ်မိတယ်"

ဝမ်ဟောင်က လေ့ကားဆီ လျှောက်သွားရင်း ရတ်တရတ် သက်ပြင်းချလိုက်သည်။

"အေးကွ"

ကျန်ရှိလည်း ခေါင်းညိတ်လိုက်သည်။ သူ့ရဲ့ အရည်အချင်းက ချီရွှန်ကျားထက် ပိုကောင်းသည်။ သူ့ရဲ့ ကျင့်ကြံခြင်းအခြေခံကလည်း ချီရွှန်ကျားကို အမြင့်ကနေ ငုံ့ကြည့်နိုင်သည်။ သူက ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် မဟုတ်သော်လည်း ဆွန်းမိုဆီမှ သင်ယူနေရဆဲပါ။

စဉ်းစားကြည့်ပါအုံး ဆွန်းမိုရဲ့ အတန်းတစ်ခုကို နားထောင်ရန် နာရီ တော်တော်လေးကြာအောင် စောင့်ရသည်။ ဒါတောင်ငွေတုံး ၃,၀၀၀ ပေးပြီး နားထောင်ချင်တာတောင် မဖြစ်နိုင်ပေ။

ချီရှန်ကျားကတော့ ဆွန်းမိုရဲ့ သင်ကြားမှုကို အချိန်မရွေး နားထောင်နိုင်သည်။

"ချီရှန်ကျားဆိုတဲ့ ကောင်ကတော့ ဆယ်ဘဝစာ ကံကြမ္မာကောင်း စုထားတာပဲ"

ဝမ်ဟောင် သက်ပြင်းချလိုက်သည်။

တကယ်တော့ ဒီကံကောင်းခြင်းက သူတို့ရဲ့ လက်တစ်ကမ်းမှာ ရှိခဲ့သည်။ ဘာဖြစ်လို့ လွဲချော်ခဲ့ရတာလဲ။

ကျန်ရှိသည် ဆွန်းမိုနဲ့ ဆုံခဲ့တဲ့ နေ့လည်ခင်းအကြောင်းကို တွေးရင်း သေချင်စိတ်ပေါက်အောင် နောင်တရနေသည်။

အဲဒီအချိန်တုန်းက ဆွန်းမိုအပေါ် သူ့သဘောထားက နည်းနည်းလေး ပိုကောင်းခဲ့မယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ။ အခုအချိန်မှာ ဆွန်းမိုရဲ့ပေါင်ကို ဖက်ချင်တယ်ဆိုရင်တောင် အရင်ကထက်စာရင် အများကြီး ပိုခက်လာသည်။

"ငါ့ သုံးသပ်ချက် ညံ့ဖျင်းမှုအတွက် ကို့ကိုယ်ကိုပဲ အပြစ်တင်ရတော့မယ်"

ဒါကိုတွေးရင်း ဝမ်ဟောင်သည် လက်ကိုမြှောက်ပြီး ကိုယ့်ပါးကိုယ် ရိုက်လိုက်သည်။ ဆွန်းမိုက တစ်နှစ်အတွင်းမှာ အောင်မြင်မှုအများကြီး ရလာမယ်လို့ ဘယ်သူက ထင်မိမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါပေမယ့် ဆရာဆွန်းက တကယ်အထင်ကြီးဖို့ကောင်းတယ်။ ချီရှန်ကျားကို ကြည့်လိုက်အုံး ဆွန်းမိုက ပထမဆုံးအကြိမ်မှာကတည်းက တိုက်ပွဲခန်းမထဲ ဝင်နိုင်အောင် လမ်းညွှန်ပေးခဲ့တယ် ဒါကြောင့်လည်း လူတိုင်းက မျက်လုံးပြူးပြီး ပေါက်ကွဲမထွက်ဖြစ်နေတာပေါ့"

....

လုချီဟွာနဲ့ အတူတူ မနက်စာ စားပြီးနောက် ဆွန်းမိုသည် သင်ကြားရေး အဆောက်အဦးဘက်သို့ လမ်းလျှောက်ပြီး ထွက်လာသည်။

"မင်း ဘယ်အတန်း တက်မှာလဲ"

ဆွန်းမိုက လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

"စနစ်၊ ရတနာ သေတ္တာဖွင့်ပေး"

"ဘယ်အတန်းမှ မတတ်ဘူး ကျင့်ကြံဖို့ပဲ ပြင်ဆင်နေတယ်"

လုချီဟွာက နှုတ်ခမ်းကို အိုပုံစုံလေး ဖြစ်အောင် နှုတ်ခမ်းထော်ပြီး ပြောနေသည်။ ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲ နီးနေတာ သူမသိသည်။ စာမေးပွဲဝင်ဖြေချင်တဲ့ မြတ်ဆရာသည် အရှိန်အဝါ ခြောက်ခုကို နားလည်ထားပြီး အထူးပြု ဘာသာ ရပ်နှစ်ခုလည်း ရှိရမည်။ ဒါက တကယ်ခက်ခဲတဲ့ အခြေအနေပါ။ သူမ ဆရာကတော့ ပြဿနာမရှိတာ

သေချာနေသည်။ ဒါပေမယ့် သူ့တပြည့်တွေထဲက တစ်ယောက်ကတော့ တိမ်စိမ်း အဆင့်သို့ တင်ရောက်ရမည်။

လုချီဟွာက ကူညီပေးချင်သော်လည်း ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့အား သူမဆရာက အရမ်းဂရုစိုက်နေသည်။ ဒါကြောင့် သူမလည်း သူ့ဆရာ တောက်ပလာအောင် တိမ်စိမ်းအဆင့် ဝင်အောင်လုပ်ပြီး ဆရာ့ဂုဏ်တက်အောင် လုပ်ပေးချင်နေသည်။

ဒင်

"နတ်ဘုရား ခွန်အား သစ်သီးတလုံး ရလို့ ဂုဏ်ပြုပါတယ်”

ဆွန်းမို ကျေနပ်သွားသည်။ နတ်ဘုရားခွန်အား သစ်သီး စားလိုက်ပြီးတာနဲ့ အဆင့်တစ်ဆင့် တက်သွားနိုင်တယ်။ သူတို့ကို မစားရင်တောင် ငွေအကြေးအဖြစ် ပြောင်းလဲ အသုံးပြုနိုင်သည်။

ဒီသစ်သီးကိုသာ လေလံပွဲမှာ တင်ရောင်းလိုက်လျှင် အရမ်းကြီးမားတဲ့စေ◌ျ◌းနှုန်းနှင့် အလွယ်တကူ ရောင်းချနိုင်သည်။

"ကောင်းပြီလေ၊ ဒါဆိုလည်း ဆက်သွားကြတာပေါ့။

ဒီလို သစ်သီးများသည် လေလံခန်းမထဲ ပေါ်လာတာနဲ့ မြင့်မားတဲ့စျေးနှုန်းနဲ့ အလွက်တကူ ရောင်းချနိုင်သည်။

ဆွန်းမို လုချီဟွာခေါင်းကို ပုတ်လိုက်ပြန်သည်။

လုချီဟွာ ထွက်သွားတာနဲ့ ရွှေရောင်ရတနာ သေတ္တာကို ဖွင့်လိုက်သည်။

အလင်းရောင် တောက်ပနေတဲ့ ဆေးညွှန်း တစ်ခုဆိုတာ သေချာသည်။

ဆွန်းမို စိတ်ဝိညာဉ်များ ချက်ခြင်း တောင့်တင်းသွားသည်။ အဖိုးတန်တဲ့ ရတနာကို နောက်ဆုံးတော့ ဖွင့်လှစ်နိုင်ခဲ့ပြီ။

ဒင်

"ချစ်သူ ကာကွယ်ရေး ဆေးညွှန်းကို ရရှိလို့ ဂုဏ်ပြုပါတယ်"

ဖူး

စနစ်ဆီက အကြောင်းကြားချက်ကို ကြားလိုက်လျှင် သွေးချောင်းဆိုး မတတ် ဖြစ်သွားသည်။ ဒါက ဘာကြီးလဲ။ ဒီအစား ဘာဖြစ်လို့ အနက်ရောင် မြေကြီး မပေးတာလဲ။

ချစ်သူကာကွယ်ရေး ဆေးညွှန်း အောက်ပိုင်းကို သူရပြီးသားပါ။

ဆွန်းမိုသည် ဂိမ်းကစားတဲ့အခါ ထပ်ထပ်ခါခါ စုဆောင်းရတဲ့ အစိတ်အပိုင်းများ ဒါမှမဟုတ် ရှိပြီးသား ပစ္စည်းတွေပဲ ထပ်ခါထပ်ခါ ရတာကို မုန်းသည်။ ပုံမှန်အားဖြင့်တော့ ထပ်ခါထပ်ခါ ရတဲ့ နည်းလမ်း တစ်ခုရှိသည်။ ဒါကတော့ တကယ့် ပိုက်ဆံနဲ့ ဝယ်လိုက်တာပဲ ဖြစ်မည်။

ဘာပဲပြောပြော ဂိမ်းဖန်တီးတဲ့လူတွေကလည်း ဂိမ်းကစားတဲ့ လူတွေဆီက ပိုက်ဆံ

ဘယ်လိုတောင်းရင် ကောင်းမလဲဆိုပြီး အမြဲစဉ်းစားနေကြသည်။

"ဒီအဖေက ဘာပဲဖြစ်ဖြစ် ပိုက်ဆံ မသုံးဘူး"

ဆွန်းမို ဒေါသတကြီး ကျိန်ဆဲလိုက်သည်။ သူသည် ရတနာများအတွက် လေးစားအထင်ကြီးမှုအမှတ်ကို သုံးချင်သော်လည်း သူ့မှာ ဘာမှမရှိပေ။ သူ့မှာအကြွေး တစ်သိန်းကျော် တင်နေသေးသည်။

"ခဏနေအုံး။ ငါ့မှာ ကံကြမ္မာရတနာသေတ္တာတွေ အများကြီး ကျန်သေးတယ်"

စနစ်က သူ့ကို သန်းခေါင်ယံအချိန်တိုင်း အနီရောင် ကံကြမ္မာသေတ္တာ အမြဲပေးသည်။ ဒီသေတ္တာများက

ပစ္စည်း ရနိုင်ခြေ အရမ်းနည်းပြီး အများစုကတော့ အနက်ရောင်မြေကြီးခဲ ထုတ်ပေးသည်။ ဒါကြောင့်လည်း ဆွန်းမို ဒါတွေကို ဖွင့်ဖို့ စိတ်မပါခဲ့ပေ။

"ထားလိုက်ပါတော့။ ငါ့ရဲ့ကံကောင်းတဲ့ ကြယ်လေးလည်း ထွက်သွားပြီ"

ဆွန်းမို အရှိန်မြှင့်ပြီး လမ်းလျှောက်လိုက်သည်။ တတိယအထပ်သို့ရောက်လျှင် စာသင်ခန်း ၃၀၁ အရှေ့မှာ ရပ်နေတဲ့လူအုပ်ကြီးကို မြင်ပြီး အံ့အောသင့်သွားသည်။

အရင်တုန်းကတော့ ထိုင်ခုံပြည့်နေရင် ကျန်တဲ့လူတွေက အပြင်မှာ ရပ်မစောင့်ကြတော့ပါ။

ဆွန်းမို မေးခွန်းမေးဖို့ ကျောင်းသားရွေးတဲ့အခါ သူတို့ မပါပေ။

"ကြယ်တစ်ပွင့် မြတ်ဆရာရဲ့ စုစည်းမှု စွမ်းအားက တော်တော်ကြီးတာလား"

ဆွန်းမို တိုးတိုးလေး ရေရွတ်လိုက်သည်။

"ကြယ်တစ်ပွင့် မြတ်ဆရာရဲ့ စုစည်းမှုစွမ်းအား ကြီးတာ မဟုတ်ဘူး။ မင်းရဲ့စုစည်းမှု စွမ်းအား ကြီးတာ"

ကျန်ရုံနဲသည် ဖြတ်သွားနေတုန်း ဆွန်းမိုရဲ့ စကားကို ကြားပြီးနောက် မစဘဲ မနေနိုင်တော့ချေ။

တစ်ချိန်တည်းမှာပင် စိတ်ထဲမှ အားကျလာသည်။ သူလည်း ဒီလို ကျော်ကြားမှုမျိုး လိုချင်သည်။

"ဆရာကျန်"

ဆွန်းမို နှုတ်ဆက်လိုက်သည်။

"လျှိုမူဘိုင်က အခုနှစ် ကြယ်နှစ်ပွင့် စာမေးပွဲကို ဝင်ဖြေဖို့ လုပ်နေပြီ။ မင်းလည်း အစီအစဉ် အတူတူပဲလား"

ကျန်ရှံနဲက ပြုံးပြီး မေးလိုက်သည်။

"မင်းရဲ့တပြည့် ရှန်ယွန်ပေါင်က အရမ်း အစွမ်းထက်တယ်။ ဒီနှစ် မအောင်ရင်တောင်

နောက်နှစ်တော့ ကျိန်းသေပေါက် တိမ်စိမ်းအဆင့်ကို ဝင်နိုင်တယ်"

"ဟုတ်"

ဆွန်းမိုလည်း မဖုံးကွယ်ထားပေ။

"အမ်"

ကျန်ရုံနဲ အံ့အောသွားသည်။ သူက သာမန်ကာလျှံကာ မေးလိုက်တာ ဒီလိုမျိုး ပြန်ဖြေလာသဖြင့် အနေရခက်သွားသည်။ ဆွန်းမိုမှာ ဒီလိုစိတ်ကူး ရှိမယ်လို့ တကယ်မထင်ထားခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ လျှိုမူဘိုင်နှင့် ဆွန်းမိုတို့ နှစ်ယောက်စလုံး အောင်မြင်သွားပါက တစ်သုတ်ထဲ မြတ်ဆရာတွေ အဖြစ် သတ်မှတ်ခံရမည်။

ကျန်ရုံနဲ့သည် ဆွန်းမိုကို အလိုလို အကဲခတ်လိုက်မိသည်။

အသက်ဘယ်လောက် ရှိသေးလို့လဲ။

ရုတ်တရုတ်စိတ်ထဲမှာ ပြင်းထန်တဲ့ မနာလိုစိတ် ပေါ်လာသည်။ သူကတော့အသက် ၃၀ မတိုင်ခင် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေဖို့ ယုံကြည်ချက် မရှိခဲ့ပါ။ ဆွန်းမိုကတော့ အသက် ၂၀ လေးနဲ့ ဝင်ဖြေတော့မည်။

ပိုချမ်းသာပြီး ပိုထက်မြက်တဲ့ အသက် ၂၀ လူငယ်လေးတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရတဲ့ အသက် ၃၀ ကျော် လူတစ်ယောက်လို ဖြစ်နေသည်။ အသက် ၃၀ လူက သူ့ဘဝရဲ့ အချိန်ဆယ်နှစ်လောက်ကို အချိန်ဖြုန်းခဲ့တယ်လို့ သေချာပေါက် ခံစားရစေသည်။

ဒင်

ကျန်ရုံနဲ၏ လေးစားအထင်ကြီးမှု +၃၀၊ ရင်းနှီး(၂၅၀/၁.၀၀၀)

"မှားနေပြီ။ ငါမအောင်ရင် ဘယ်လိုလုပ်မလဲ"

ကျန်ရှုံနဲ ရုတ်တရုတ် စိုးရိမ်လာသည်။ သူသာ ကျသွားခဲ့ရင် တကယ် ရှက်ဖို့ ကောင်းသွားမည်။ *ဘာမှမဖြစ်ဘူး။ ဒီနှစ်လအတွင်း ပိုကြိုးစားပြီး ငါ့ရဲ့ တိုက်ရိုက် တပြည့်တွေကိုလည်း ပိုပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ခိုင်းရမယ်။)

(တောက်၊ မင်းကြောင့် ငါအလုပ်ပိုကြိုးစား ရတော့မယ်)

"ဆရာကျန်၊ ငါ့အတန်းသင်ပေးဖို့ အရင်သွားနှင့်မယ်"

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။

ဆွန်းမို နောက်ကျောကို စိုက်ကြည့်ရင်း ကျန်ရုံနဲ့ မနာလို ဖြစ်နေသည်။ ဒီအငယ်တန်း မျိုးဆက်တွေက တကယ်ကြောက်ဖို့ ကောင်းသည်။ ဒါပေမယ့် နောက်ပိုင်းမှာ ထိတ်လန့်တာတွေ မနာလိုတာတွေ မရှိတော့ပေ။

ဆွန်းမိုက ဘယ်သူလဲ။

တံဆိပ်ကြီး ရခဲ့တဲ့ ကြယ်ပွင့်အသစ်။ သူနဲ့ ဆွန်းမိုက တစ်ဆင့်ထဲ မဟုတ်ပေ။ သူနဲ့အသက်တူတဲ့ လူတွေကိုပဲ ပစ်မှတ်ထားပြီး ပြိုင်ရမည်။

"ပါရမီရှင်တစ်ယောက်ကို နောက်ထပ် ပါရမီရှင်ကပဲ အနိုင်ယူနိုင်လိမ့်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ရှိနဲ ကြိုသိချင်စိတ် ရတ်တရတ် ပြင်းထန်လာသည်။ လျှိုမှုဘိုင်နဲ့ ဆွန်းမိုကြားမှာ ဘယ်သူက ပထမ ရမှာလဲ။

ကလောင် ကလောင် ကလောင်

အတန်းစတဲ့ ခေါင်းလောင်းသံ မြည်လာသည်။ ကျောင်းသားများ ခန္ဓာကိုယ်ကို ချက်ခြင်း မတ်လိုက်ပြီး နတ်ဘုရားလက်ရဲ့ ဘုန်းတန်ခိုး တောက်ပမှုကို ကိုယ်တိုင် မြင်နိုင်အောင် စောင့်ဆိုင်း နေကြသည်။

အခန်း(၄၉၇ - က) - တစ်မဲ ဆွန်း။

"ကျေးဇူးတင်ပါတယ် ဆရာ"

ဝမ်ဒီအို အရိုအသေပေးလိုက်သည်။ ဆွန်းမိုဆီက ရှေ့ဟောင်းအနှိပ်ပညာကို ခံယူပြီးနောက် အဆင့်တစ်ဆင့်တိုက်ရိုက် တက်သွားသည်။

ဒင်

ဝမ်ဒီအို၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၃၀၀/၁,၀၀၀)

"မင်းရဲ့ အရည်အချင်းက အရမ်းကောင်းတယ်။ ပြင်းပြင်းထန်ထန် လေ့ကျင့်သ၍ အနာဂတ်မှာ အောင်မြင်မှု တချို့တော့ သေချာပေါက် ရလိမ့်မယ်"

ဆွန်းမိုက အားပေးလိုက်သည်။

စာသင်ခန်း ၃၀၁ ၏ လေထုက အရမ်းတက်ကြွနေသည်။ တစ်ခါတစ်လေ ထွက်လာတဲ့ လက်ခုပ်သံများက မိုးခြိမ်းသံလို ကျယ်လောင်လှသည်။ ကျယ်လောင်လွန်းသဖြင့် ဒီအထပ်မှာရှိတဲ့ ကျောင်းသားတိုင်း ကြားနိုင်သည်။

"အားလုံးပဲ ကျေးဇူးပြုပြီး တိတ်တိတ်လေး နေပေးကြပါ။ တခြားအခန်းတွေမှာလည်း

စာသင်နေတဲ့ ကျောင်းသားတွေ ရှိတယ်။ သူတို့ အနှောက်အယှက် ဖြစ်သွားရင် မကောင်းဘူး"

ဆွန်းမိုက စည်းရုံးလိုက်သည်။

"ဒါ.....ဒါပေမယ့် ဆရာ ငါ့ကိုယ်ငါ မထိန်းနိုင်လို့ပါ"

ဆွန်းမိုကို တော်တော်လေး အထင်ကြီးလွန်းသဖြင့် ကျောင်းသားလေးသည် လက်ခုပ်တီး အားမပေးဘဲ မနေနိုင်ချေ။ အစပိုင်းတုန်းက သူပြောခဲ့တဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအကြောင်းတွင် လူတစ်ယောက် ခန္ဓာကိုယ် အခြေအနေကို အကောင်းဆုံး ထိန်းသိမ်းနည်းနှင့် သင့်တော်တဲ့ လေ့ကျင့်မှုအကြောင်း ပြောခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီသဘောတရားသည် ဆန်းသစ်ကာ အံ့အောစရာ မဟုတ်ပေမယ့် လူတိုင်း စိတ်လှုပ်ရှားနေကြသည်။ ဒါပေမယ့် ဆွန်းမိုက ကျောင်းသားတွေဖြစ်နေတဲ့ အခက်အခဲတွေကို လက်တွေ့ ဖြေရှင်းပြီးနောက် သင်ကြားရေး စွမ်းရည် ပြည့်ဝမှုကို ပြသခဲ့သည်။

အခုအချိန်အထိဆို အဆင့်တက်သွားတဲ့ ကျောင်းသား သုံးယောက် ရှိနေပြီ။

တကယ်ကို ကျက်သရေ ရှိတဲ့ မှတ်တမ်းတစ်ခုပါ။

ချက်ခြင်း လက်ငင်း လမ်းညွှန်ပေးခြင်းသည် အခက်အခဲဆုံး ဆိုတာ သိထားရမည်။ မြတ်ဆရာတစ်ယောက်က

ကျောင်းသားတစ်ယောက်ကို အချိန်တော်တော်ကြာအောင် စောင့်ကြည့်လေ့လာပြီးမှ သူ့ကို အပြည့်အဝ သိရှိနိုင်လိမ့်မည်။ ဒါကြောင့်လည်း ကြယ် ၃ ပွင့် မြတ်ဆရာ ဒါမှမဟုတ် အဲဒီအဆင့်အောက်ရှိ မြတ်ဆရာများသည် သူတို့ရဲ့ တပြည့်များကလွဲရင် ကျန်တဲ့ ကျောင်းသားများကို ကျင့်ကြံခြင်းအကြောင်း လမ်းညွှန် မပေးကြပါ။

ဆွန်းမို ဟောပြောပွဲကို ပထမဆုံး ရောက်လာတဲ့ အတန်းကြီး ကျောင်းသားများကလည်း လုံးဝ ယုံကြည်နေကြသည်။

"နောက်တစ်ယောက်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စကားပြောပြီးတာနဲ့ ကျောင်းသား ၃၀၀ စလုံးရဲ့ လက်တွေ လေထဲ ချက်ခြင်းရောက်လာသည်။ မသိရင် တောအုပ်ငယ်လေး တစ်ခုလို ဖြစ်နေသည်။

အနောက်ဖက် ရောက်နေတဲ့ ကျောင်းသားများသည် ဆွန်းမို မတွေ့မှာကို အရမ်း ကြောက်နေကြသည်။ တချို့ဆို မတ်တပ်တောင် ထရပ်နေကြသည်။

"ဒီကျောင်းသား၊ မင်းမှာ ဘာမေးစရာ ရှိလဲ"

ဆွန်းမိုက ဆံပင်အတိုနဲ့ ကျောင်းသား တစ်ယောက်ကို ရွေးချယ်လိုက်သည်။

ကြည့်လိုက်ရင်တော့ သာမန်ကာလျှံကာလို့ ထင်ရပေမယ့် ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို သုံးပြီး ရွေးချယ်နေခဲ့သည်။

ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်(၅) အထိပ်၌အထိပ်။

ဆွန်းမိုက အခုလောလောဆယ်တော့ ထစ်ဆို့မှု ဖြစ်နေတဲ့ ကျောင်းသားများကိုသာ ရွေးချယ်နေသည်။ အကြံအစည် နည်းနည်းလေး ရှိတယ်လို့ ယူဆလို့ရပေမယ့် ရွေးချယ်ခံလိုက်ရတဲ့ ကျောင်းသားတွေ အတွက်ကတော့ တကယ့် တိုးတက်မှုကို ခံစားရသည်။

"အခုလောလောဆယ် ထောင့်ရှစ်ခု ခါးသွားခြောက်ခုတွဲ ကျင့်စဉ်ကို လေ့ကျင့်နေပါတယ်။ ဒါပေမယ့် တိုးတက်မှု အရမ်းနှေးတယ်လို့ ခံစားနေရတယ်။ ဒီကျင့်ကြံခြင်း ကျင့်စဉ်က ငါနဲ့ မကိုက်ညီလို့လား"

ဆံပင်အတိုနဲ့ ကျောင်းသားလေးက ဆုံးဖြတ်ရခက်နေတဲ့ အမူအရာနဲ့ မေးလိုက်သည်။ ငွေကြေး ဒါမှမဟုတ် အာဏာမရှိတဲ့ ဆင်းရဲသားတစ်ယောက်အတွက် ကျင့်စဉ်ကောင်းတစ်ခု ရဖို့ တကယ် ခက်ခဲလွန်းသည်။ ဒါကြောင့် အခုလက်ရှိကျင့်ကြံနေတဲ့ ကျင့်စဉ်က

သူနဲ့ကိုက်ညီမှု ရှိမရှိ အခြေခံအားဖြင့်တော့ မစဉ်းစားနိုင်ပေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျင့်စဉ်အဆင့် အမြင့်ဆုံးနဲ့ လေ့ကျင့်သင်ကြားလို့ ကောင်းတဲ့အရာကို သိသိသာသာ ရွေးချယ်ကြသည်။

ဒီလိုလူများသည် တိုးတက်မှု နှေးကွေးလာတဲ့ အချိန်ကျမှသာ စတင် စိုးရိမ်လာကြသည်။

"ကျင့်ကြံတာက စိတ်ရှည်ဖို့ လိုအပ်တယ်။ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်လေးကို ကျော်ဖြတ်ဖို့ သုံးလပဲ အချိန်ယူခဲ့တယ်။ ဒါတောင် မကျေနပ်သေးဘူး ပြောအုံးမလို့လား"

ဆွန်းမိုက ဆံပင်တိုတိုနဲ့ ကျောင်းသား၏ လက်မောင်းကို နှိပ်ရင်း ပြန်မေးလိုက်သည်။

"အမ်"

ကျောင်းသား အရမ်းအံ့အောသွားသည်။ (ဆရာဆွန်းက အဆင့်(၄) ကျော်ဖြတ်ဖို့အတွက် အချိန်ဘယ်လောက် ယူခဲ့သလဲဆိုတာ တကယ်ပြောနိုင်တာလား။ နတ်ဘုရားလက်က တကယ် အထင်ကြီးဖို့ ကောင်းတာပဲ)

"ကျင့်ကြံခြင်းက မင်းခန္ဓာကိုယ်ကို လှုံ့ဆော်ပေးရုံသာမက မင်းစိတ်ဆန္ဒကိုလည်း လှုံ့ဆော် ပေးရမယ်"

ဆွန်းမိုက ရှေ့ဟောင်းအနှိပ်ပညာကို အသုံးပြုပြီး ဒီကျောင်းသားကို ကျိန်းသေပေါက် အဆင့်တက်အောင် လုပ်ပေးနိုင်သည်။ ဒါပေမယ့် ဒီကျောင်းသားများ သန်မာတဲ့ စိတ်ဆန္ဒက နည်းလို့ လက်လျှော့ရန် ဆုံးဖြတ်လိုက်သည်။

"မင်းရဲ့ ကျင့်ကြံခြင်းကျင့်စဉ်မှာ ပြဿနာမရှိဘူး။ မင်းနဲ့တော်တော်လေး လိုက်ဖက်တယ်။ ဆက်ကြိုးစားပါ"

ဆွန်းမိုက ဆံပင်အတိုနဲ့ ကျောင်းသားပုခုံးကို ပုတ်ပြီး ပြောလိုက်သည်။

"ကောင်းပြီ။ နောက်တစ်ယောက်"

"အမ်"

ဆံအပင်အတိုနဲ့ ကျောင်းသားသည် ဆွန်းမိုနောက်ကျောကို ကြည့်ပြီး အနည်းငယ် စိတ်ပျက်သွားသည်။ ဒါပဲလား။

ကျောင်းသားတချို့ကလည်း စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ အမူအရာ ထုတ်ဖော်နေကြသည်။ ဆွန်းမိုက ဒီကျောင်းသားကို အဆင့်တက်အောင် ကူညီပေးနိုင်မယ်လို့ အစက ထင်နေခဲ့ကြသည်။ ဒါပေမယ့် ကြည့်ရတာတော့ သူက အရာရာ မလုပ်နိုင်တဲ့ပုံပဲ။

ဖြောင်းဖြောင်း

ဆွန်းမိုက ရုတ်တရုတ် လက်ခုပ်ထတီးလိုက်သည်။ အားလုံးကို ကြည့်လိုက်ပြီး လေးနက်တဲ့လေသံနဲ့

"မင်းတို့ ဘယ်ညာကို ကြည့်လိုက် လူတိုင်းရဲ့ အမူအရာ ကိုကြည့်။ ဒီနေရာကို ရောက်လာတဲ့ လူတော်တော်များများ အတွေးမှားနေပြီ"

"ကျင့်ကြံခြင်းဆိုတာ ကိုယ့်ကိုယ်ကိုပဲ အားကိုးရတာ၊ တခြားသူတွေကို မှီခိုဖို့ မစဉ်းစားနဲ့ ၊နတ်ဘုရားလက်ကိုလည်း အားကိုးပြီး အဆင့်တက်ဖို့ မစဉ်းစားကြနဲ့။ မင်းတို့အားလုံး ငါ့ထက်သာလွန်တဲ့ ကျင့်ကြံခြင်းနယ်ပယ် ရောက်လာတဲ့အချိန်ကျရင်

မင်းတို့ အဆင့်တက်ဖို့ ဘယ်သူ့ကို အကူအညီတောင်းမလဲ"

"ဒါမှမဟုတ် မင်းတို့အားလုံး လက်လျှော့လိုက်ကြမှာလား"

ဆွန်းမိုက စိတ်အား ထက်သန်စွာ ပြောဆိုနေသည်။

"မင်းတို့ကိုယ် မင်းတို့ အားကိုးပြီးတော့ပဲ ကမ္ဘာကြီးရဲ့ အဆုံးမှတ်ကို ရောက်နိုင်လိမ့်မယ်"

ရှူး

ဆွန်းမို စကားဆုံးသွားတာနဲ့ သူ့ကိုယ်ကနေ ရွှေရောင် အလင်းများ ဖြာထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလင်းရောင်က စာသင်ခန်း တစ်ခုလုံးကို လင်းထိန်သွားစေသည်။

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာပြီ။

ဆွန်းမိုက ဒီကျောင်းသားတွေ အမှန်တကယ် နားလည်လိမ့်မယ်လို့ စိတ်ထဲက မျှော်လင့်နေသည်။ တခြားသူများကို အားကိုးခြင်းသည် ကိုယ့်ကိုယ်ကို အားကိုးခြင်းထက် နှိမ့်ကျသည်။ ပြဿနာတွေ ကြုံလာရင်လည်း ပြဿနာကို ဖြေရှင်းဖို့ တခြားသူကို အကူအညီ မတောင်းသင့်ပါ။ ဦးနှောက်ကိုပဲ

အားကိုးပြီး ပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားသင့်သည်။

မြတ်ဆရာအရှိန်အဝါရဲ့ သက်ရောက်မှုကြောင့် အတန်းထဲမှာရှိတဲ့ ကျောင်းသားများသည် တွေးတောဆင်ခြင်တဲ့ အခြေအနေကို ဝင်ရောက်သွားသည်။ တချို့ဆို အတွေးအခေါ် ရင့်ကျက်မှုပျိုးပင်လေးတောင် ပေါက်လာသည်။

ကလောင် ကလောင် ကလောင်

သာယာတဲ့ ခေါင်းလောင်းသံ ရုတ်တရက်ထွက်ပေါ်လာသဖြင့် ကျောင်းသားများ အသိပြန်

ရသွားသည်။ သူတို့မျက်နှာပေါ်တွင် တုန်လှုပ်တဲ့ အမူအရာများ ဖြစ်ပေါ်နေသည်။

"အတန်း ပြီးသွားပြီလား"

"မြန်လိုက်တာ"

"ခေါင်းလောင်း အချိန်မှားပြီး တီးလိုက်တာလား"

ချမ်းသာတဲ့ ကျောင်းသားတချို့က အိတ်ဆောင် နာရီကို ထုတ်ကြည့်လိုက်လျှင် နှစ်နာရီ လျှင်မြန်စွာ ကုန်သွားတာကို မြင်လိုက်ရသည်။

"အတန်း ပြီးပြီ"

ဆွန်းမိုက သင်ခန်းစာ အစီအစဉ်များကို ကောက်ယူပြီး အတန်းထဲက ထွက်လာသည်။

"ဆရာ"

ကျောင်းသားများက ကမန်းကတမ်း ထရပ်ပြီး အရိုအသေ ပေးလိုက်သည်။ ထို့နောက် ဆွန်းမိုကို လက်ခုပ် ဩဘာသံများနဲ့ ပို့ဆောင်နှုတ်ဆက်ကြသည်။ ဒါက ဆွန်းမို သင်ခန်းစာနဲ့ပက်သက်ပြီး စိတ်ကျေနပ်မှု ရှိတဲ့ အကြောင်း ဖော်ပြနေကြတာ ဖြစ်သည်။

"အခန်း ၃၀၁ က ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ ဒီလောက် ရုတ်ရုတ်သဲသဲ ဖြစ်နေတာလဲ"

ဆူညံနေတဲ့အသံများက သူ့အတန်းကို အနှောက်အယှက် ပေးနေသဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတစ်ယောက်က မကျေမနပ် ဖြစ်နေသည်။ ဒါပေမယ့် သင်ကြားတဲ့ ဆရာက ဆွန်းမို ဖြစ်နေတာကို မြင်လိုက်လျှင် နားလည်သွားသည်။ ဆွန်းမိုရဲ့အတန်းကတော့ ဒီနည်းနဲ့ အတန်းပြီးဆုံးလိမ့်မည်။

ထုံးစံအတိုင်း ဆွန်းမိုက ကျောင်းသားတွေကို တားဖို့ ကြိုးစားပေမယ့်လည်း ကျောင်းသားတွေက တော်တော်လေးကို စိတ်အားထက်သန်နေသဖြင့် မတားနိုင်ခဲ့ပါ။

"ဆရာဆွန်း သင်ခန်းစာက အရမ်းကောင်းတယ်"

" ဆရာလျှိုမှာ ချင်လင်မြို့ရဲ့ ကျောက်စိမ်းအမွှာဆိုတဲ့ဘွဲ့ ရှိတာ မှတ်မိပြီ။ ဒါပေမယ့် အခုအချိန်မှာတော့ ဒီဘွဲ့ကို မကိုင်ထားနိုင်တော့ဘူး ထင်တယ်"

"ဆရာဆွန်းကို အထင်သေးနေတာလား။ ဖန်ဝူဂျီနှင့် လျှိုမူဘိုင်က ဘယ်လိုလုပ်ပြီး ဆရာဆွန်းနဲ့ တစ်တန်းထဲ ဖြစ်မှာလဲ"

"ဟုတ်တယ်။ ဆရာဆွန်းက ကြင်နာတတ်တယ်လို့ အမြဲပြောနေတာ။ သူ့ရဲ့ဘွဲ့ကို မကြားဖူးသေးလို့ပါ။ တစ်မဲဆွန်း ဆိုတာ 'ခွေးအကြောင်း သုံးသပ်ချက် ချတဲ့

စကားနဲ့ တုန့်နှိုင်းမရအောင် စောက်ရမ်း ကြမ်းလွန်းတယ်"

ကျောင်းသားတွေက ဆွန်းမိုကို အမြင့်ကြီး တန်ဖိုးထားပြီး ဆွေးနွေးနေကြသည်။

ဆွန်းမိုရုံးခန်းသို့ ပြန်ရောက်လျှင် စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

"လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၂၇,၈၁၀ အမှတ် ရလို့ ဂုဏ်ပြုပါတယ်"

ဆွန်းမို လေချွန်လိုက်သည်။ ဒီအတိုင်း ဆက်သွား လျှင် အကြွေးတွေ မြန်မြန်ကြေတော့မည်။

"ဠာနမှုူးဆွန်း"

အခုလောလောဆယ် လက်ရေးမှု ရေးနေတဲ့ ရှာယွန်က ဆွန်းမို ဝင်လာတာ မြင်လိုက်လျှင် ပြုံးပြီး နှုတ်ဆက်လိုက်သည်။

"ဆရာဆွန်း"

ကျုံရှန်ရီက ဆွန်းမိုကို ခံစားချက်ပေါင်းများစွာနဲ့ ပြုံးပြီး နှုတ်ဆက်လိုက်သည်။ အချိန်တစ်နှစ်ကျော်သာ ရှိသေးသော်လည်း ဆွန်းမိုက ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်လာပြီး သူနဲ့ အဆင့်တူ ဖြစ်နေပြီ။

ပါရမီရှင်တွေသည် သူတပါးက နှိမ့်ကျတယ်လို့ ခံစားရအောင် အမြဲတမ်း လုပ်သည်။

"ဆရာရှာ၊ ဆရာကျုံ"

"ဆရာဆွန်း"

ဆွန်းမိုက နှုက်ဆက်လိုက်သည်။

ပန်ရီက နှုတ်ဆက်ချင်သော်လည်း ဒီထဲမှာ အသက်အကြီးဆုံး ဖြစ်နေပြီး ပြီးခဲ့တဲ့ ရက်ကလည်း ပဋိပက္ခ ဖြစ်ထားသဖြင့် နှုတ်ဆက်ရမှာ ရှံ့နေသည်။

နောက်ဆုံးတော့ ဆွန်းမိုက သူ့ကိုကျော်ပြီး နှုတ်ဆက်သွားသည်။ ဝတ်ကျေတန်းကျေတောင် စကားမပြောသွားပါ။

(ငါတော့ အဆုံးသတ်ပြီ)

ပန်ရီသည် ဒီအကြောင်းကို တွေးမိလျှင် ဖျစ်ညှစ်ပြီး အစွမ်းကုန် ပြုံးပြလိုက်သည်။

"ဆ....ဆရာ မင်္ဂလာပါ"

ရှာယွန်သည် အဘိုးကြီးကို တစ်ချက်ကြည့်ပြီး ရယ်ချင်လာသည်။ (အသက်ရှင်စိတ် တော်တော် ပြင်းထန်တာပဲ)

"ဆရာပန်၊ မနက်ဖြန် ဒီကို လာစရာ မလိုတော့ဘူး"

ဆွန်းမိုက ပြောလိုက်သည်။

"အမ်"

ပန်ရီ ကြောင်သွားသည်။ ထို့နောက် မျက်နှာ အမူအရာအေးခဲသွားသည်။ (ငါ့ကိုမျက်နှာသာ ပေးလို့ မရဘူးလား။ ထုတ်ချင်ရင်တောင် သီးသန့် ပြောလို့ မရဘူးလား)

"ဆရာဆွန်း......"

ပန်ရီက သူ့ကိုယ်သူ ကယ်တင်ချင်သေးသည်။

"ငါ့ရဲ့ တိုက်ရိုက် တပြည့်တွေကရော"

ကျုံ့ရှန်ရီ အထင်သေးသွားသည်။ ပန်ရီက သွယ်ဝိုက်တဲ့နည်းနဲ့ သူ့ကိုယ်သူ ကယ်တင်ဖို့ ကြိုးစားနေသည်။ ဆွန်းမိုက ကျောင်းသားတွေကို

ကြုံသလို ထုတ်မှာ မဟုတ်ပေ။ ပန်ရီက ဒီအကြောင်းပြချက်နဲ့ ကျန်နေရစ်ခဲ့ချင်သည်။

"မင်းရဲ့ တပြည့်တွေအပေါ်မှာ ခံစားချက် ရှိသေးရင် မင်းဘက်က စပြီး ဆက်ဆံရေး ရတ်သိမ်းပေးလိုက်ပါ။ ပိုကောင်းတဲ့ဆရာ ရှာခွင့် ပေးလိုက်ပါ"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

ဒီစကားကို ကြားလျှင် ပန်ရီမျက်နှာ ဖြူဖျော့သွားသည်။ မျက်နှာပေါ်တွင် ရှက်ပြီး အနေရခက်တဲ့ အမူအရာများ ပေါ်လာသည်။

"ငါက ဆရာကောင်း တစ်ယောက် မဟုတ်ဘူးလို့ ပြောချင်တာလား။ ငါ့ရဲ့ကြယ်တစ်ပွင့် မြွတ်ဆရာဘွဲ့က အတုလို့ ထင်နေတာလား"

ပန်ရီက ပြန်ငြင်းသည်။

"စာသင်တာပဲ နှစ် ၃၀ ရှိနေပြီ ကြယ် ၂ ပွင့် မြွတ်ဆရာ မဖြစ်သေးတဲ့လူက ဆရာကောင်း တစ်ယောက်လို့ ထင်နေတာလား"

ဆွန်းမိုက လျှောင်ပြောင်ရယ်မောပြီး ပြန်တုန့်ပြန်သည်။

"ငါ.......ငါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပန်ရီသည် သူ့ကို စောဒကတက်ပြီး မေးလိုက်ချင်သည်။ (ငါ့ကျောင်းသားတွေက အရမ်းညံ့ပြီး တိမ်စိမ်းအဆင့်ထဲ မဝင်နိုင်ဘူးလို့ ဘယ်သူ ပြောလဲ) ဒါပေမယ့် ဒီစကားကို အကျယ်ကြီး မပြောရဲပါ။

သူသာ ဒီလိုပြောလိုက်ရင် ဆွန်းမိုက သူ့ရဲ့ ကျောင်းသား ရွေးချယ်မှု သုံးသပ်ချက် အပေါ် သံသယ ဝင်လာမည်။

"ဆရာပန်၊ မင်းက မာနရှိသေးတဲ့ မြတ်ဆရာတစ်ယောက်ဆိုရင် မင်းရဲ့ တပြည့်တွေကို လွှတ်ပေးလိုက်ပါ"

ဆွန်းမို သက်ပြင်းချရင်းပြောလိုက်သည်။

"မင်း........"

ပန်ရီသည် ရုံးခန်းထဲမှာရှိတဲ့ ဆရာအားလုံးက သူ့ကို ဝိုင်းကြည့်နေတာ သတိထားလိုက်မိသည်။ ဒီမှာ နေရတာရှက်ပြီး မတ်တပ် ထရပ်လိုက်သည်။ ဒါပေမယ့် တံခါးအဝသို့ ရောက်လျှင် ရပ်ပြီး တုန့်ဆိုင်းသွားသည်။

"ငါ့ကို အလုပ်ထုတ်ရင် နစ်နာကြေး ပေးရမယ်"

ဒီစကားကိုကြားလိုက်လျှင်

လူတိုင်းရဲ့အထင်အမြင် သူ့အပေါ် ပိုဆိုးလာသည်။

အကျင့်စာရိတ္တ သမာဓိမရှိဘဲ လုံးဝ ငွေနောက် လိုက်နေတဲ့ လူပဲ။

အခန်း(၄၉၇ - ခ) - တစ်မဲဆွန်း။

ပန်ရီတွေးတာက အရမ်းရိုးရှင်းသည်။ နစ်နာကြေးငွေကို အသုံးပြုပြီး ဆွန်းမို အလုပ်မထုတ်အောင် ခြိမ်းခြောက်ချင်နေသည်။ မအောင်မြင်ခဲ့ရင်တောင် ငွေတော်တော်များများတော့ ရနိုင်သေးသည်။

“တောင်းပန်ပါတယ်။ ဒီလရဲ့လစာကလွဲလို့ ငွေတစ်ပြားတစ်ချပ်တောင် ပိုမပေးဘူး”

ဆွန်းမို လေသံက အေးဆေးလှသည်။

"ထုံးစံအတိုင်းပဲ မင်းဒီမှာ အလုပ်လုပ်ခဲ့တာ နှစ်တော်တော်ကြာနေပြီ။ အများကြီး မဖြန့်ဝေခဲ့ဘူးဆိုရင်တောင် ဒီမှာ လုပ်ခဲ့တာပဲလေ။ ဒါကြောင့် မင်းကို နောက်ထပ် ခြောက်လစာ ထပ်ပေးလိုက်မယ်"

"မင်း.......သူတောင်းစားကို မောင်းထုတ်တယ် ထင်နေတာလား။ ငါ မင်းကို သူတော်စင်ဂိတ်နဲ့ တိုင်မယ်"

ပန်ရီ မျက်နှာကြီး နီပြီး ပြန်အော်သည်။

"ဒါဆိုလည်း လုပ်လိုက်ပေါ့။ မင်းက ဘယ်သူတွေကို သင်ခဲ့ပြီး ဘယ်လို ရလဒ်တွေ ရခဲ့တယ်ဆိုတာ မင်းအသိဆုံးပါ။ သူတော်စင်ဂိတ်က စုံစမ်းဖို့ လူလွှတ်လိုက်ရင်တောင် ငါမကြောက်ဘူး"

ဆွန်းမိုက သွေးအေးအေးနဲ့ ရယ်မောလိုက်သည်။

"သူတော်စင်ဂိတ်က မင်းရဲ့ မြတ်ဆရာတစ်ယောက် ဖြစ်ခွင့်ကိုတောင် ရုတ်သိမ်းသွားနိုင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတစ်ချို့သည် ကျောင်းက ခွဲထွက်ပြီးနောက် သူတော်စင်ဂိုဏ်ရဲ့ အကဲဖြတ်မှုကို ခံရသည်။

ပန်ရီ နှလုံးခုန်နှုန်း မြန်လာသည်။

မြတ်ဆရာတစ်ယောက် ဖြစ်နေလို့ စိုးရိမ်မှု ကင်းလွတ်နေမှာ မဟုတ်ပေ။ သူတို့ရဲ့ လူများက ခဲရာခဲဆစ် ဒါမှမဟုတ် မြတ်ဆရာဖြစ်ခွင့်ကို ရုတ်သိမ်းလိုက်ပါက မြတ်ဆရာရဲ့ ဂုဏ်သိက္ခာ တစ်ခုမှ ကျန်တော့မှာ မဟုတ်ပေ။

ပန်ရီသည် ပြီးခဲ့တဲ့ နှစ်များအတွင်း သူကောင်းကောင်း မလုပ်ဆောင်ခဲ့တာကို သိနေသည်။

“ဆရာပန်၊ ကျေးဇူးပြုပြီး ဂရုစိုက်ပါ။ မင်းရဲ့ နောက်ဆုံး ဂုဏ်ကျက်သရေကို မဆုံးရှုံးပါစေနဲ့”

ကျုံ့ရှန်ရီက နှစ်သိမ့်လိုက်သည်။

“ခြောက်လစာ လစာကလည်း တော်တော်များနေပြီ”

ရှောင်ဟုန် ကလည်း နှစ်သိမ့်လိုက်သည်။

သူမ စကားပြောပြီးတဲ့အချိန်တွင် လူတိုင်းက သူမကို တအံ့တအော လှည့်ကြည့်နေကြသည်။

ရှောင်ဟုန်သည် ဒီနှစ်တွင် အသက် ၅၀ ကျော်နေပြီ။ ဒါကြောင့် သူမ အပေါ်မှာ ဖိအားတော်တော်လေး များနေခဲ့သည်။ သူမရဲ့ ရုပ်ရည်ကို ထိန်းသိမ်းဖို့နှင့် နှစ်နည်းနည်းလောက် ပိုပြီး အသက်ရှည်ရှည်နေနိုင်အောင် သူမရဲ့ အချိန်အများစုကို ကျင့်ကြံတဲ့ နေရာမှာပဲ အသုံးပြုခဲ့သည်။

ကျောင်းသားတွေကို ကောင်းကောင်း သင်ကြားပေးဖို့ အာရုံစိုက်ချိန်တောင် မရှိခဲ့ပေ။

ဒါပေမယ့် ဒီနေ့တော့ သူမက ပန်ရီအား ပြဿနာ မရှာဖို့ စည်းရုံးနေသည်။ အနောက်အရပ်က နေထွက်လာသလား။

“မင်းတို့ကောင်တွေက အလုပ်မထုတ်ခံရဘူး မဟုတ်လား”

ပန်ရီ ဒါကို မပြောတော့ပါ။ ထွက်သွားဖို့ လုပ်လိုက်တဲ့အချိန်တွင် လူလတ်ပိုင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးသားတစ်ယောက် မေးလိုက်တဲ့ အသံကို ကြားလိုက်ရသည်။

"ဆွန်းမိုရဲ့ ရုံးခန်းက ဒါလား ခင်ဗျ"

လူလတ်ပိုင်းအမျိုးသားရဲ့ အပြုအမူသည် တော်တော်လေး ကောင်းမွန်သည်။ သူ့ပုံစံကို ကြည့်ပြီး ချမ်းသာတဲ့ မျိုးနွယ်က လာတယ်လို့ ပြောနိုင်သည်။

"မင်းကရော"

ပန်ရီ သံသယ ဖြစ်နေသည်။

“ဘုရင်ခံ အိမ်တော်က ဗျူဟာမှူးပါ။ ဒီတစ်ခေါက် သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲအတွက် မြတ်ဆရာဆွန်းမိုကို ဖိတ်စာပေးချင်လို့ပါ”

ဗျူဟာမှူးက ပြန်ရှင်းပြသည်။

“သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲ ဟုတ်လား”

ပန်ရီ တုန်လှုပ်သွားပြီး မျက်နှာပေါ်တွင် အတိတ်ကို သတိရတဲ့ အမူအရာ ပေါ်လာသည်။ ဒီသမင်အမြှ ့ီး ဂုဏ်ပြုထမင်းစားပွဲကို ကံကောင်းထောက်မပြီး တက်ခဲ့ဖူးသည်။ ဒါပေမယ့် သူ့ရလဒ်က သာမန်သာဖြစ်သဖြင့် ဘယ်သူမှ

ဂရုမစိုက် အရေးမပါတဲ့ လူတစ်ယောက်သာ ဖြစ်ခဲ့ရသည်။

အဲဒီအချိန်တွင် ပန်ရီသည် သူက ကမ္ဘာ့ဇဟိုချက် တစ်ချိန် ဖြစ်ရမယ်ဆိုပြီး ဂတိပြုခဲ့သည်။ ဒါပေမယ့်လည်း နှစ်ပေါင်းများစွာ ကြာညောင်းပြီး အချိန်ရဲ့ တိုက်စားမှုအောက်တွင် သူရဲ့ သူရဲကောင်း စိတ်ဓါတ်လည်း မှေးမှိန်သွားခဲ့ရသည်။

ဒါတောင် သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲက သူတက်ရောက်ဖူးသမျှမှာ အမြင့်ဆုံးဂုဏ်ပြုပွဲ တစ်ခု ပါ။

ဗျူဟာမှူးက ဆွန်းမိုကို မြင်သွားလျှင် ပန်ရီ၏ တုန့်ပြန်မှုကို မစောင့်တော့ပေ။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ပန်ရီသည်ပင်တောင် စိတ်ပျက်ပြီး မနာလိုစိတ် ပြင်းထန်လာသည်။ ဆွန်းမိုက ထိပ်ဆုံး အဆင့်ပါ။ ဒူးသုံးပြီး စဉ်းစားရင်တောင် ဒီပွဲမှာ ဆွန်းမိုက အဓိကဇာတ်ဆောင်တွေရဲ့ ပြိုင်ဆိုင်စရာ ပစ်မှတ် ဖြစ်လာမှာ သေချာနေသည်။

"ဆရာဆွန်း၊ ဒါက ဖိတ်စာကဒ်ပါ။ ကျေးဇူးပြုပြီး ငါတို့ကို ဂုဏ်ပြုတဲ့ အနေနဲ့ နောက်နှစ်ရက်ကျရင်

လင်းကျောင် ရင်ပြင်ကို မနက်ပိုင်းလေး လာပေးပါ ခင်ဗျ”

ဗျူဟာမှူးရဲ့ အပြုအမူက လေးစားမှုနဲ့ ပြည့်နေသည်။

“စည်းကမ်းအရ၊ မင်းက သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲကို တပြည့်နှစ်ယောက် ခေါ်လာခွင့် ရှိပါတယ်”

“အများဆုံး နှစ်ယောက်ပဲလား”

ဆွန်းမိုက ဘေးဘက်တွင် ရွှေရောင် အနားကွတ်ထားတဲ့ ဖိတ်စာကို လက်ခံပြီး မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

(ငါ့မှာ ကျောင်းသူ သုံးယောက်ရှိတယ်။ ဒါတောင် မင်းက နှစ်ယောက်ပဲ ခေါ်ခွင့် ပြုတာလား။ နောက်တစ်ယောက်ကို ငါက ဘာလိုလုပ်ရမှာလဲ။ သူမကို တစ်ယောက်တည်း ချန်ထားခဲ့လို့ မရဘူး ဟုတ်တယ်ဟုတ်)

ရှန်ယွန်ပေါင်နှင့် ကျန်တဲ့ နှစ်ယောက်ကတော့ မေးစရာမလိုဘဲ မသွားချင်ဘူးဆိုတာ သိနေသည်။

"အမ်"

ဗျူဟာမှူး ကြောင်သွားသည်။ ဒီပွဲရဲ့ အဓိက ဇာတ်ဆောင်များသည် အခုမှ ကြယ်တစ်ပွင့် မြှတ်ဆရာဘွဲ့များကို ပူပူနွေးနွေး ရထားတဲ့ သူများဆိုတာ သေချာသည်။ သူတို့ရဲ့ တိုက်ရိုက်တပြည့်များကို ခေါ်ခွင့်ပေးတာကလည်း တကယ် အကျိုးရှိတဲ့ ကိစ္စတစ်ခုဆိုတာ သေချာသည်။

ဘယ်လိုပဲပြောပြော ဒါက ကြီးကျယ်ခမ်းနားတဲ့ အချိန်အခါ သမယတစ်ခုဖြစ်ပြီး သူတို့ရဲ့ တပြည့်များကလည်း ကမ္ဘာကြီးကို မြင်စေကာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးမျိုးသော ဇာတ်ကောင်တွေနဲ့ ရင်းနှီးကျွမ်းဝင်စေနိုင်သည်။ ဒါပေမယ့် ရောက်လာကြတဲ့ မြတ်ဆရာအများစုမှာ တိုက်ရိုက်တပြည့် မရှိကြပါ။

တကယ်လည်း တပြည့်တစ်ယောက် လက်ခံခြင်းသည် အရေးကြီးတဲ့ကိစ္စ ဖြစ်သည်။ နှစ်ဖက်စလုံးက စိတ်အားထက်သန်နေဖို့ လိုအပ်သည်။

ဒါကြောင့် ဆွန်းမိုက ဒီလို မေးခွန်းမေးတဲ့အချိန် ဗျူဟာမှူး အံ့အောသွားသည်။

(ခဏနေပါအုံး။ ဆွန်းမိုမှာ တိုက်ရိုက် တပြည့်ခြောက်ယောက်ရှိတာ ငါသတိရပြီ။ တစ်မဲဆွန်းက မျှော်လင့်ထားသလိုပဲ တော်တော်လေး အထင်ကြီးဖို့ ကောင်းတာပဲ)

ဗျူဟာမှူး သက်ပြင်း ချလိုက်သည်။

"နောက်ထပ် ကျောင်းသားတစ်ယောက် ထပ်ခေါ်လို့ ရမလား"

ဆွန်းမိုက အပြုံးကလေးနဲ့ မေးလိုက်သည်။

"ဟားဟား၊ ဆရာဆွန်း အရမ်းနှိမ့်ချ နေပြန်ပြီ။ မင်းက ထိပ်ဆုံး အဆင့်ပဲ။ သုံးယောက်ပဲလား

တကယ်လို့ မင်းခေါ်ချင်ရင် အယောက်သုံးဆယ်ပဲ ခေါ်ခေါ် အကုန်လုံးပဲခေါ်ခေါ် ခေါ်လို့ ရပါတယ်”

ဗျူဟာမှူးက ချင်လင် ဘုရင်ခံ၏ စိတ်ချယုံကြည်ရတဲ့ လက်ထောက် ဖြစ်ပြီး တော်တော်လေး စွမ်းရည်ရှိတဲ့ပုဂ္ဂိုလ် ဖြစ်သည်။ သူ့စကားက ဘုရင်ခံကိုယ်စား ဆုံးဖြတ်လိုက်သလို ဖြစ်နေပေမယ့် ဒီတောင်းဆိုချက်ကို ဘုရင်ခံက လုံးဝ မငြင်းဘူးဆိုတာ သူအာမခံသည်။

ဒါ့အပြင် ဆွန်းမိုက ဝန်ကြီးချုပ်ကျန့်နဲ့လည်း မိတ်ဆွေကောင်း ဖြစ်သည်။

ဗျူဟာမှူးသည် ဆွန်းမိုနဲ့ အနည်းငယ် စကားလက်ဆုံ ကျပြီးနောက် နှုတ်ဆက်ကာ ပြန်ထွက်သွားသည်

"သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲ။ ငါလည်း အရင်တုန်းက ပါဝင်ခဲ့ဖူးတယ်"

ကျုံ့ရှန်ရီ ပြန်သတိရသွားသည်။

"အရင်က ငါလည်း ပါဝင်ခဲ့ဖူးပေမယ့် အရင်းကျောင်းအုပ်ကြီးက ဒီကို လာခေါ်ခဲ့တယ်"

ရှောင်ဟုန်က ကြားဖြတ် ပြောလိုက်သည်။

"ဆရာရှောင်"

ဆွန်းမိုက ခေါ်လိုက်သည်။

“ဆရာဆွန်း၊ မင်းအတွက် ဘာလုပ်ပေးရမလဲ”

ရှောင်ဟုန်က သက်ပြင်းချပြီး ပြန်ပြောသည်။

ရှာယွန်က ဒါကို မြင်လျှင် သက်ပြင်းမချဘဲ မနေနိုင်တော့ချေ။ ဆွန်းမို ရုံးခန်းကိုစလာတဲ့ အချိန်တုန်းက ရှောင်ဟုန်လည်း ရှိနေခဲ့သည်။ ဒါပေမယ့် ဆွန်းမိုကို လုံးဝ အဖက်မလုပ်ခဲ့ပါ။ နောက်ဆုံးတော့လည်း တစ်နှစ်အတွင်းမှာ အခြေအနေတွေက လုံးဝ ပြောင်းလဲသွားပြီ။

မျှော်လင့်ထားသလိုပဲ ခွန်အားရှိလျှင် ကျန်တဲ့လူတွေရဲ့ လေးစားမှုကို ရလိမ့်မည်။

“ဆရာ ရှောင်၊ မင်းက သက်ရှည်နယ်ပယ်ထဲ ဝင်ဖို့ အစွမ်းကုန် ကြိုးစားနေတာ ငါနားလည်တယ်။ ဒါပေမယ့် ကျောင်းက မင်းကို လစာပေးထားလို့ ငါတို့အတွက် ဘာမှ မလုပ်ပေးလို့တော့ မဖြစ်ဘူး။ ကျေးဇူးပြုပြီး မင်းရဲ့ သဘောထားကို နည်းနည်းလေး လေးနက်ပေးပါ။ တကယ်လို့ မလုပ်နိုင်ရင်လည်း မင်းဆန္ဒ အလျှောက် နုတ်ထွက်ပေးပါ”

ဆွန်းမိုက ပြောလိုက်သည်။

ရှောင်ဟုန် နှုတ်ခမ်းများ တဆက်ဆက် တုန်လာသည်။ သူမက ကြယ်နှစ်ပွင့် မြတ်ဆရာ ဖြစ်ပြီး ပန်ရီထက် အများကြီးသန်မာသည်။ ဒါပေမယ့် ဆွန်းမိုက သူမ အပေါ်တော့ ပိုယဉ်ကျေးမယ်လို့ ထင်ထားခဲ့မိသည်။ ဒါပေမယ့် သူမအား နှုတ်ထွက်ခိုင်းဖို့ ဖိအားပေးလာလိမ့်မယ်လို့ တကယ် မထင်ထားခဲ့မိချေ။

"ဒီနှစ် ကြယ်သုံးပွင့် မြတ်ဆရာစာမေးပွဲကို ငါသွားဖြေမယ်"

ရှောင်ဟုန်သည် ဆွန်းမို ခြိမ်းခြောက်နေတဲ့ အခြေအနေက လွတ်မြောက်အောင် ထွက်လမ်းတစ်ခုကို ရှာလိုက်သည်။ (ငါ ကြယ်သုံးပွင့် မြွတ်ဆရာ ဖြစ်လာရင် မင်း အလုပ်ထုတ်လိုက်လို့ကတော့ မင်းပဲဆုံးရှုံးမှု ကြီးသွားလိမ့်မယ်)

ရှာယွန်သည် ဒီစကားကို ကြားလိုက်လျှင် အနည်းငယ် ရယ်ချင်စိတ် ပေါက်လာသည်။ (ရှောင်ဟုန်က ဆွန်းမိုရဲ့စရိုက်ကို မသိဘူးလား။ ဒီလိုပြောလိုက်လို့ကတော့ ကို့ကိုယ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂရုမစိုက်နိုင်တဲ့အထိ အရိုက်ခံရမှာ မကြောက်ဘူးလား)

(မင်းက သူ့ကို တကယ် ခြိမ်းခြောက်နေတာလား)

(တောခွေးနက်ကြီး ဆွန်းဆိုတဲ့ နာမည်ပြောင်ကို အတုအယောင်လို့ ထင်နေတာလား)

အခန်း(၄၉၈ - က) - ဂုဏ်ပြုထမင်းစားပွဲ တက်ရောက်ခြင်း။

"ပြီးတော့ရော"

ဆွန်းမိုက ပြန်မေးလိုက်သည်။

"အမ်"

ရှောင်ဟုန် ကြောင်သွားသည်။ သူမက အီးကျူ နိမ့်လို့လား၊ ဟန်ဆောင်နေတာလား သိချင်လို့ ဆွန်းမို မျက်လုံးကို စိုက်ကြည့်လိုက်သည်။

(ငါက ကြယ်နှစ်ပွင့် မြတ်ဆရာလေ။ မင်းအတွက် ဒီအဆင့်အတန်းက လေးစားဖို့ မကောင်းဘူးလား။ ပြီးတော့ ငါက ဒီနှစ်ကုန်မှာ ကြယ်သုံးပွင့် မြတ်ဆရာ

ဖြစ်လာနိုင်တယ်။ အန်ရှီဝေတောင် ငါ့ကို ဒီလိုစကား မပြောခဲ့ဘူး”

ရှောင်ဟုန်က ဒီကိစ္စကို ပိုပြီး ရှင်းလင်းအောင် ပြောဆိုချင်သော်လည်း တွေဝေနေခဲ့သည်။ အဲဒီအချိန် ဆွန်းမိုဆီကနေ ခံစားချက်ကင်းမဲ့တဲ့ စကားသံ ထွက်လာသည်။

“မင်းက ကြယ်သုံးပွင့်မြတ်ဆရာ မကလို့ ဘာကြီးပဲဖြစ်ဖြစ် မင်းရဲ့ သင်ကြားရေး တန်ဖိုးကို မပြနိုင်ရင် မင်းရဲ့ တန်ဖိုးက အစမ်းခန့် ဆရာတစ်ယောက်ထက်တောင် နိမ့်ကျနေအုံးမယ်”

"မင်း ဘာပြောလိုက်တယ်"

ရှောင်ဟုန် ဒေါသတွေ လောင်ကျွမ်းလာသည်။

"မင်း သတ္တိရှိရင် နောက်တစ်ခါ ထပ်ပြောစမ်း"

"အင်း ၊ ဒါဆိုလည်း သေသေချာချာ နားထောင်။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီက အချောင်သမားတွေအတွက် ငွေမပေးဘူး။ မင်းလက်ရှိ ဆိုးဝါးနေတဲ့ လုပ်ဆောင်ချက်အတိုင်း ဆက်လုပ်နေမယ်ဆိုရင် မင်းကို အလုပ်ထုတ်လို့ ငါ့ကို အပြစ်မတင်နဲ့"

ဆွန်းမို လေသံက အေးစက်လှသည်။

ရုံးခန်းထဲရှိ လေထုတစ်ခုလုံး အေးခဲသွားသည်။

“မဖြစ်နိုင်ဘူး မဟုတ်လား။ ဆွန်းမိုက ဘာဖြစ်လို့ ဒီလောက် ခေါင်းမာနေရတာလဲ”

ကျန်ရုံနဲ တုန်လှုပ်နေသည်။

ဆွန်းမို ယဉ်ကျေးမယ်လို့ လူတိုင်းက မခန့်မှန်းထားသော်လည်း ရှောင်ဟုန်ကိုတောင် မျက်နှာမရှောင်ဘဲ တကယ် တင်းမာလိမ့်မယ်လို့ ဘယ်သူမှ မထင်ထားခဲ့ပါ။

လူတစ်ယောက်က ကြယ် ၂ ပွင့်မြတ်ဆရာတစ်ယောက် ဖြစ်ချင်ရင် သူ့ရဲ့

တိုက်ရိုက်တပြည့် တစ်ယောက်က တိမ်စိမ်းအဆင့်မှာ အဆင့်တစ်ခု ရဖို့ လိုသည်။ ဒါက သူမမှာသင်ကြားရေး စွမ်းရည်တစ်ခု ရှိတယ်လို့ ညွှန်ပြနေသည်။

ဒီလိုမျိုး မြွတ်ဆရာများသည် 'ဒီ' အဆင့် ကျောင်းတွေမှာ ပင်မ ကျောရိုး ဖြစ်သည်။

"ဆွန်းမို၊ မင်းက ငါနဲ့ ရန်ဖြစ်ချင်တာလား"

ရှောင်ဟုန် ဒေါသတကြီး အော်ဟစ်လိုက်သည်။ အရှက်ခွဲသလို ခံစားရသည်။

"ဆရာ ရှောင် ၊ စိတ်လျှော့ပါ။ ဆရာဆွန်းကလည်း စကားနည်းနည်းလောက် လျှော့ပြောပါလား။

ဆရာရှောင် မှာလည်း သူမရဲ့ အလုပ်တာဝန်တွေကို လျော့လျော့ပေါ့ပေါ့ လုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ သူမက သက်ရှည်နယ်ပယ်ကို ဝင်ချင် လွန်းလို့ပါ”

ရှာယွန်က ကမန်းကတန်း ပြေးလာပြီး အခြေအနေကို ဖြန့်ဖြေပေးနေသည်။

“ဆွန်းမို၊ မင်းက မြတ်ဆရာ စာမေးပွဲမှာ ထိပ်ဆုံးရပြီး တံဆိပ်ကြီးရကာ စံချိန်ချိုးဖျက်တာလဲ ငါသိပြီးပြီ။ ဒါပေမယ့် ဘာဖြစ်လဲ။ အနည်းဆုံးတော့ မင်းက ငါ့ထက် အဆင့်နိမ့်သေးတယ်”

ရှောင်ဟုန်က

“မင်းထက် အဆင့်မြင့်တဲ့လူနဲ့ စကားပြောတဲ့အခါ ကျေးဇူးပြုပြီး လေးလေးစားစား ပြောပါ။ ဒါက ကြယ်အဆင့်နိမ့်တဲ့ မြတ်ဆရာတွေ လုပ်ကိုလုပ်ရမယ့် အရာပဲ”

“ဆရာရှောင်၊ ဒါကို မှတ်ထားလိုက်။ ငါက စကားရိုင်းရိုင်းတွေ ပြောလာပြီဆိုရင် မင်းနာမည် ခေါ်ပြီး အလုပ်ထုတ်ပစ်တော့မယ်ဆိုတာ မှတ်ထားလိုက်”

ဆွန်းမိုကလည်း ကြက်ခေါင်းဆိတ် မခံဘဲ ခပ်တည်တည် စိုက်ကြည့်ပြီး ပြန်ပြောသည်။

“မင်းရဲ့ စကားအရ၊ မင်းရဲ့ လောကအမြင်၊ လောကပေါ် သဘောထားနဲ့ အတွေးအခေါ်တွေက မှားနေတယ်လို့ ပြောနိုင်တယ်။ အဆင့်မြင့်တဲ့ မြတ်ဆရာတွေက အမြဲတမ်း မှန်တယ်လို့ ဘယ်သူပြောလဲ။ မင်းပြောနေတဲ့ လေးစားမှုဆိုတာ ဒါလား။ ဒါလေးကွာခြားရုံနဲ့ ကွာခြားချက်တွေ မရှိတော့ဘူးလား”

“ငါကတော့ သာမန်လူပဲ ဖြစ်ဖြစ်၊ ချမ်းသာတဲ့ လူပဲ ဖြစ်ဖြစ် တစ်ဖက်လူက ယဉ်ကျေး၊ ဖြောင့်မတ်၊ ရိုးသား ၊ အရှက်တရား၊ တာဝန်၊ သစ္စာ၊

ယုံကြည်မှုတွေ ရှိနေပြီး လူလူချင်း တန်ဖိုးထားတယ်ဆိုရင် ငါ့ဆီက လေးစားမှုကို ရမှာပဲ”

“မင်းနဲ့ ပက်သက်ရင်လား။ ရာထူးကို အသုံးချပြီး ငါ့ကို နှိမ့်ချနေတယ်။ ငါ ကြယ်အဆင့်နိမ့်နေလို့ ငါ့ကို နှိမ့်ချနေတာလား။ ဒီမတိုင်ခင်ကလည်း ငါ့ကို အဖတ်မလုပ်ဘူးဆိုတာ မှတ်မိသေးတယ်။ ဒါက ယဉ်ကျေးမှု ကင်းမဲ့တာပဲ”

“ဗဟိုပြည်နယ် အကယ်ဒမီက မင်းကို လစာပေးထားတယ်။ မင်းအလုပ်ကို မင်းကောင်းကောင်း လုပ်နိုင်မယ်လို့ ငါတို့

ယုံကြည်တယ်။ ဒါပေမယ့် မင်းကတော့ တာဝန်တွေကို လျစ်လျူရှုထားပြီး မင်းရဲ့ ကိုယ်ပိုင် ကျင့်ကြံခြင်းအပေါ်ပဲ အာရုံစိုက်နေတယ်။ ငါက မင်းကို အကြံပေးတာတောင် မင်းက ဒေါသထွက်လာပြီး ငါ့ကိုတောင် မင်းဘက်ကစပြီး အပြစ်တင်သေးတယ်။ လေးစားမှုလည်း လုံးဝ မသိဘူး။ တကယ်ဆို မင်းကို အရှက်မရှိတဲ့ လူလို့တောင် ပြောလိုက်ချင်သေးတယ်။ ရွာမှာနေပြီး ပညာမတတ်တဲ့ လယ်သမားတွေတောင် တစ်ယောက်ယောက်ဆီက ပိုက်ဆံ ယူပြီးရင်

အလုပ်လုပ်ပေးရမယ်မှန်း သိသေးတယ်။ ဒါပေမယ့် မင်းကတော့,,,,,,,,"

"လယ်သမားတွေနဲ့တောင် ယှဉ်လို့ မရဘူး"

ဆွန်းမိုစကားပြောပြီးတာနဲ့ သူ့ကိုယ်ကနေ ရွှေရောင်အလင်းတွေ ဖြာထွက်လာပြီး တခန်းလုံး လင်းထိန်သွားသည်။

"ဘုရားရေ၊ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ပေါက်ကွဲ ထွက်လာတာလား"

ရုံးခန်းထဲမှာ ရှိတဲ့လူတိုင်း အရမ်းအံ့အောသင့်ကုန်သည်။ ဆွန်းမိုက စိတ်ရင်းနဲ့

ရိုးရိုးသားသား ပြောခဲ့သည်။ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။ ဒါ့အပြင် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသဖြင့် ဟန်ဆောင်နေတယ်လို့ ဘယ်သူမှ မပြောနိုင်ပေ။

ဒီ အရှိန်အဝါ ထွက်ပေါ်လာသဖြင့် ဆွန်းမို နှလုံးသားမှာ အပြစ် မရှိပေ။ သူက ဟန်ဆောင်မှုကင်းပြီး ရိုးသားသည်။

ရှောင်ဟုန် မျက်နှာပေါ်တွင် ရှက်ရွံ့တဲ့အကြည့် ပေါ်လာသည်။ မျက်နှာ လုံးဝနီသွားသည်။ ဆွန်းမိုကို အချေအတင် ငြင်းချင်သော်လည်း စကားရှာမရ

ဖြစ်နေပြီး ဆွန်းမိုကို နိုင်စရာနည်းလမ်း မရှိပါ။ ဒါပေမယ့် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက်ဆီက ဝေဖန်ခံလိုက်ရသဖြင့် တော်တော်လေး စိတ်မကောင်း ဖြစ်နေသည်။ ဒီသတင်းသာ တစ်ကျောင်းလုံး ပျံ့သွားရင် လူရယ်စရာ ဖြစ်လာတော့မည်။

"ဆရာရှောင် ၊ သေသေချာချာ စဉ်းစားပါ။ အနည်းဆုံးတော့ ကျောင်းအုပ်ကြီးအန်က မင်းကို မမှုမတ မဆက်ဆံဖူးဘူးဆိုတာ ငါပြောရဲတယ်။ ဒါပေမယ့် မင်းဘက်ကရော"

ဆွန်းမိုက စကားပြောပြီးတာနဲ့ လက်ခါပြီး ထွက်သွားသည်။

"တောက်၊ တောခွေးနက်ကြီး ဆွန်းကတော့ အချိန်တိုင်း ကြမ်းကြုတ်နေတာပဲ"

"အရင်ကျောင်းအုပ်ကြီး ရွေးချယ်ထားတဲ့ မြေးသမက်က မျှော်လင့်ထားသလိုပဲ။ သူက ရက်စက်ကြမ်းကြုတ်ပြီး ခေါင်းမာကာ အကြောက်အလန့်လည်း မရှိဘူး"

"အရေးအကြီးဆုံး အချက်ကတော့ ဒီလို လုပ်ဖို့အတွက် ကျောထောက်နောက်ခံကိုလည်း

အားမကိုးဘူး။ ယုံကြည်ဖို့ကလွဲပြီး ရွေးချယ်စရာ မရှိတော့ဘူး”

လူတိုင်း ဆွေးနွေးနေကြသည်။ တကယ်တော့ သူတိုအားလုံးလည်း ရှောင်ဟုန်ကို မကျေနပ်ကြပါ။ ဆွန်းမို ဝေဖန်နေတာ မြင်လိုက်လျှင် သူမရဲ့ ကံဆိုးမှုအတွက် ဝမ်းသာနေကြသည်။

“ရှောင်ဟုန်က ကြယ်သုံးပွင့် မြတ်ဆရာစာမေးပွဲကို အောင် မအောင် မသိပေမယ့် ဆွန်းမိုကတော့ လာမယ့် နှစ်လမှာ ဖြေရမယ့်

ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို အောင်ဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာတယ်”

ကျုံ့ရှန်ရီက သူ့ပေါင်ကို ပုတ်ပြီး ပြောလိုက်သည်။

“ဟုတ်တယ် ၊ ရှန်ယွန်ပေါင်က တိုက်ခိုက်ရေး တော်တော်ကောင်းတယ်”

ရှာယွန်သည် အဲဒီကျောင်းသားအကြောင်း ပြောတဲ့ အချိန်တွင် တော်တော်လေး မနာလို ဖြစ်မိသည်။

အဲဒီ တိုက်ခိုက်ရေး စွဲလမ်းသူသည် ကျောင်းကို စရောက်တဲ့ အချိန်တုန်းက ဆရာများကြားမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသေးသည်။ ဒါပေမယ့်လည်း

နောက်ဆုံးတော့ ဆွန်းမို လက်အောက် ရောက်သွားပြီး မြတ်ဆရာတော်တော်များများရဲ့ စိတ်ထဲမှာ မနာလို ဖြစ်ဖို့ဘဲ တတ်နိုင်ခဲ့သည်။

"ပြောရကြေးဆိုရင် ဆွန်းမိုက ကျောင်းအုပ်ကြီး အန် ထက်တောင် ကျောင်းအုပ်ကြီး လုပ်ဖို့ ပိုသင့်တော်တယ်"

ဒူရှောင်က သက်ပြင်းချရင်း ပြောလိုက်သည်။

ဒင်

ဒူရှောင်၏ လေးစားအထင်ကြီးမှု +၅၀ ။ ရင်းနှီး(၅၄၀/၁,၀၀၀)

"ဟုတ်တယ်"

ကျန်ရုံနဲ့ကလည်း ခေါင်းညိတ်ပြီး ထောက်ခံသည်။

ရတ်တရတ်ပဲ ဒီမှာရှိတဲ့ ဆရာတွေ စကားထပ်မပြောဖြစ်တော့ပါ။ အားလုံး ရုံးခန်းထဲက ထွက်သွားပြီး သူတို့ရဲ့ တပြည့်တွေကို အချိန်ပို လေ့ကျင့်ပေးဖို့ ထွက်သွားကြသည်။

အထူးသဖြင့် ကျန်ရုံနဲ့နှင့် ရှာယွန်တို့ ဖြစ်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်က ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေကြမှာ

ဖြစ်မည်။ အရင်တုန်းကဆိုရင်တော့ မအောင်လည်း အဆင်ပြေသေးသည်။ ဒါပေမယ့် အခုတော့ ဆွန်းမိုကအောင်ပြီး သူတို့ ကျသွားရင် တကယ့်ကို မဟာအရှက်တော် ကွဲသွားလိမ့်မည်။

....

ဆွန်းမိုသည် စာသင်ဆောင်မှ ထွက်လာပြီးကတည်းက ကျောင်းသားတစ်ယောက် အနောက်က လိုက်နေမှန်း သတိထားမိသည်။

အိမ်ကို ရောက်ပြီးနောက် မတ်တပ်ရပ်ပြီး နောက်လှည့်ကြည့်လိုက်သည်။

မီတာ ၃၀ အကွာမှာ လုချမ်ဂျီသည် ဘာလုပ်ရမလဲ မသိဘဲ အူကြောင်ကြောင် ဖြစ်နေသည်။

"ချမ်ဂျီ မင်းဘာလုပ်နေတာလဲ။ ငါ့ဆီက အကူအညီ လိုလို့လား"

ဆွန်းမိုက မေးလိုက်သည်။

လုချမ်ဂျီ ကမန်းကတမ်း ပြေးလာသည်။

"ဆရာ"

လုချမ်ဂျီ တစ်ခုခု ပြောချင်နေသော်လည်း တွေဝေနေသည်။

"မင်း ယောကျာ်း မဟုတ်ဘူးလား။ ပွင့်ပွင့်လင်းလင်း ပြောစမ်း"

ဆွန်းမို စနောက်လိုက်သည်။

"ဆရာက ဝိညာဉ်တက်တူးအတန်းကို နောက်ထပ် မသင်ပေးတော့ဘူးဆို ၊ ဒါအမှန်ပဲလား"

လုချီဂျီက ဆွန်းမိုမျက်နှာကို စိုးရိမ်တကြီး စိုက်ကြည့်ပြီး မေးလိုက်သည်။

"ဟုတ်တယ်"

ဆွန်းမိုက ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

“အို”

လုချမ်ဂျီ တစ်ယောက် စိတ်မပျက်ဘဲ မနေနိုင်တော့ချေ။ တစ်ယောက်ယောက်က ဂန္ဓဝင် အသေးလုံးဂိမ်းကို နှစ်အတော်ကြာအောင် စောင့်နေခဲ့ပြီးမှ ရောင်းချဖို့ နှစ်ရက်အလိုတွင် ဂိမ်းဖျက်သိမ်းကြောင်း ကြေငြာလိုက်သလို ဖြစ်နေသည်။

ဒီခံစားချက်က တကယ်ကို တုန်လှုပ်ဖို့ကောင်းသည်။

“ငါ နည်းနည်း အလုပ်ရှုပ်နေတယ်”

ဆွန်းမိုက လုချမ်ဂျီ ခေါင်းကို ပွတ်ရင်း ရှင်းပြလိုက်သည်။

ဒီကောင်လေးသည် ဝိညာဉ်တက်တူး လေ့လာရာတွင် အရည်အချင်းတချို့ ရှိသည်။ ဒါပေမယ့် ဆွန်းမိုကတော့ သူ့ရဲ့ စိတ်ဝင်စားမှုကို သဘောအကျဆုံး ဖြစ်သည်။

စိတ်ပါဝင်စားမှုက အကောင်းဆုံး အရာ ဖြစ်သည်။

“ကြယ် နှစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ ဆရာဝင်ဖြေမယ်ဆိုတာ သိပါတယ်”

လုချမ်ဂျီက စကားပြောပြီးတာနဲ့ ဦးညွတ်ပြီး နှုတ်ဆက်လိုက်သည်။ “ဆရာ၊ ဆရာ့ကို အနှောက်အယှက် ပေးမိသွားပြီ။ ကြယ်နှစ်ပွင့်မြတ်ဆရာဘွဲ့ကို တတ်နိုင်သမျှ အမြန်ဆုံး ရပါစေလို့ မျှော်လင့်ပါတယ်”

လုချမ်ဂျီတွင် အရင်တုန်းကတော့ မေးချင်တဲ့ မေးခွန်းတွေ အများကြီး ရှိသည်။ ဒါပေမယ့် အခုတော့ ဆွန်းမိုကို အနှောက်အယှက် မပေးချင်တော့ပါ။

“ငါ အလုပ်ရှုပ်နေတယ် ဆိုပေမယ့် မင်းရဲ့ မေးခွန်းတချို့ကို ဖြေပေးဖို့ အချိန်ရှိပ်သေးတယ်”

ဆွန်းမိုက မျက်ကွင်းညိုပြီး အနည်းငယ်ချောင်ကျနေတဲ့ လုချမ်ဂျီ မျက်နှာကို ကြည့်လိုက်သည်။ ဒီလူငယ်လေးအတွက် စိတ်ထဲမှာအနည်းငယ် နာကျင်သွားသော်လည်း တော်တော်လေး ချီးကျူးလိုက်မိသည်။

"နောက်ကျပြီး အိပ်တာ ဘယ်နှစ်ရက်လောက် ရှိနေပြီလဲ"

"အမ်"

လုချမ်ဂျီ အာရုံလွတ်သွားသည်။ ဆွန်းမို အတန်းကို စတက်ကတည်းက ညနက်တဲ့အထိ

ဝိညာဉ်တက်တူးတွေကို လေ့လာနေခဲ့သည်။ ဒါကြောင့် သူ့မှာ ညနက် အိပ်တယ်ဆိုတဲ့ အယူအဆ မရှိပေ။ သူ့အတွက် ပုံမှန် လုပ်ရိုးလုပ်စဉ် တစ်ခုလို ဖြစ်နေသည်။

"အထဲဝင်ပါ"

ဆွန်းမိုက လုချမ်ဂျီကို ဖိတ်ခေါ်လိုက်သည်။

စကားစမြည် အနည်းငယ် ပြောဆိုပြီးနောက် လုချမ်ဂျီရဲ့ ပုံဆွဲတဲ့စွမ်းရည် အများကြီး တိုးတက်လာတာ သိလိုက်ရသည်။ သူက အရွက်များပေါ်မှာ

ဝိညာဉ်တက်တူး ရေးဆွဲတဲ့ လုပ်ငန်းစဉ်ကိုတောင် လုပ်ဆောင်နေပြီး အောင်မြင်မှုတော့ မရသေးပါ။

အခန်း(၄၉၈ - ခ) - ဂုဏ်ပြုထမင်းစားပွဲ တက်ရောက်ခြင်း။

"မင်းက ဝိညာဉ်တက်တူးရဲ့ သဘောသဘာဝကို အရင်ဆုံး နားလည်အောင်လုပ်ပြီး သူတို့ရဲ့ဖွဲ့စည်းပုံကို ခွဲခြမ်း သုံးသပ်ရမယ်"

ဆွန်းမို ရှင်းပြသည်။

"ဝိညာဉ်တက်တူးတိုင်းက ပင်မဖွဲ့စည်းပုံ အနည်းငယ်နဲ့ ဖွဲ့စည်းထားတယ်။ ဝိညာဉ် စုဆောင်းခြင်း တက်တူးကို ဥပမာ ကြည့်ပါစို့ သုံးပိုင်း ခွဲထုတ်နိုင်တယ်။ တစ်ခုက အဓိက ဖွဲ့စည်းပုံဖြစ်ပြီး ရည်ရွယ်ချက်က ဝိညာဉ်ချီတွေ စုဆောင်းဖို့၊ နောက်တစ်ခုက ဝိညာဉ်ချီတွေကို စုဆောင်းပြီး

အသက်ဝင်စေတယ်၊ တတိယ ဖွဲ့စည်းပုံရဲ့ ရည်ရွယ်ချက်ကတော့ ချဲ့ထွင်ပေးဖို့ပဲ ဖြစ်တယ်”

လုချမ်ဂျီက ခေါင်းကုတ်ပြီး အူကြောင်ကြောင် မော့ကြည့်သည်။

“ဒါတွေကို ငါသိတယ်။ ဒါပေမယ့် ငါကြိုးစားကြည့်လည်း ဘာဖြစ်လို့ ကျရှုံးနေရသေးတာလဲ”

“မင်း သိတာလား”

ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။ ခုနတုန်းက ပြောခဲ့တဲ့ အကြောင်းအရာများသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေးနက်လွန်းပြီး ခက်ခဲလွန်းတာကြောင့် သူ့ရဲ့ အတန်းတွင် အကျဉ်းချုံးပြီးပဲ ပြောပြခဲ့သည်။ ဒါကိုလည်း အထူးတလည် လေ့လာတဲ့သူ ရှိမှာမဟုတ်ပေ။

ဘာပဲပြောပြော ဒါက အဆင့်အတန်းမြင့်တဲ့ အသိပညာလို့ သတ်မှတ်နိုင်သည်။ အတန်းကြီး ကျောင်းသားတွေမှပဲ သင်ယူနိုင်လိမ့်မည်။

"ဟုတ်တယ်၊ ဆရာ အရင်တုန်းက ပြောခဲ့ဖူးတယ်။ မေ့သွားပြီလား"

လုချမ်ဂျီသည် သူ့အိတ်ထဲကနေ စာအုပ်လေး ဆယ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် စာအုပ်တစ်အုပ်ကို ဖွင့်ကာ စာမျက်နှာများကို လှန်ပြီး ရှာနေလိုက်သည်။

"ဖေဖော်ဝါရီ ၁၆ ရက် အတန်းမှာ"

လုချမ်ဂျီ စာအုပ်လှန်ပြီး ရှာတာ မြန်ဆန်လွန်းသည်။ ဒါက သူသည် စာအုပ်များနဲ့ တော်တော်လေး ရင်းနှီးနေတာ ဖော်ပြနေသည်။

"ငါပြောသမျှကို မှတ်ထားတာလား"

ဆွန်းမိုက တွေ့ကရာ စာအုပ်တစ်အုပ်ကို လှန့်ပြီး ကြည့်လိုက်သည်။ ထွေထွေထူးထူး အဓိပ္ပါယ် မရှိလည်း အတန်းထဲမှာ သူပြောသမျှ စကားလုံးတိုင်းကို မှတ်တမ်းတင်ထားတာ တွေ့လိုက်ရသည်။

“ငါက တုံးအတော့ အကြောင်းအရာတချို့နဲ့ လွဲချော်သွားမှာ စိုးရိမ်တယ်လေ။ ဒါကြောင့် မင်းရဲ့စကားလုံးတိုင်းကို ရေးမှတ်ထားတာ”

လုချမ်ဂျီက ရှက်ပြီး ခေါင်းကုတ်နေသည်။ ဒါကြောင့်လည်း ဆွန်းမိုစကားများကို ပြန်လည်

ဆင်ခြင်သုံးသပ်ပြီး အသိပညာအဆင့်မြင့်မားတဲ့ ဗဟုသုတများကို ထုတ်နုတ် ယူနိုင်ခဲ့သည်။

"........................."

ဆွန်းမို ဆွံ့အနေသည်။ ဝမ်းသာအားရနဲ့ လုချမ်ဂျီ ခေါင်းကို ပုတ်လိုက်သည်။

(ငါ့ရဲ့ သင်ခန်းစာကို ဘယ်လောက်တောင် အလေးအနက်ထားတာလဲကွာ)

ဆွန်းမို သူ့ကိုယ်သူ ဂုဏ်ယူနေမိသည်။ အသိပညာ လိုချင်တဲ့ ကျောင်းသားများကို ဘယ်တော့မှ

လက်မလျှော့ဘဲ သူကိုယ်သူ ပိုကြိုးစား ရမယ်လို့ ကို့ကိုယ်ကို ဂတိ ပေးလိုက်သည်။

"ဥပမာ အနေနဲ့ ပြောပြမယ်။ ဝိညာဉ်တက်တူး တစ်ခု တည်ဆောက်ခြင်းက အဆောက်အဦးတစ်ခု တည်ဆောက်ခြင်း နဲ့တူတယ်။ အဓိက ဖွဲ့စည်းပုံကို မပြောင်းလဲနိုင်ဘူး။ ဒါပေမယ့် အပြင်ဘက် ဘောင်တွေကိုတော့ ပြောင်းလဲနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဆောက်အဦး ဆောက်နိုင်သ၍ အရာအားလုံး လုပ်နိုင်တယ်"

ဆွန်းမိုက ဦးနှောက်ကို ဖျစ်ညှစ်စဉ်းစားပြီး လုချမ်ဂျီ နားလည်ဖို့အတွက် ရိုးရိုးရှင်းရှင်း အစီပွါယ်နဲ့ ရှင်းပြနိုင်ဖို့ ကြိုးစားလိုက်သည်။

"ဘောင်မတူရင်တောင် အရေးမကြီးဘူး။ ပင်မ ဖွဲ့စည်းပုံ မပြောင်းသရွေ့ အရာအားလုံး အဆင်ပြေနေလိမ့်မယ်။ မတူညီတဲ့ အဆောက်အဦးတွေကို လက်တွေ့ ချိန်ကြည့်ပြီး မင်းသုံးသပ်ကြည့်ပေါ့"

"အရွက်ပေါ်မှာ ဝိညာဉ်တက်တူး ရေးဆွဲဖို့အတွက် အရေးအကြီးဆုံး အချက်က အစိက ဖွဲ့စည်းပုံကို

အရင်ဆုံး တိတိကျကျ ရှာဖွေပြီး အရွက်ရဲ့ စွမ်းအင်လမ်းကြောင်း သွေးကြောကို ရှာတွေ့ဖို့ လိုအပ်တယ်”

လုချမ်ကျီ ရုတ်တရုတ် သဘောပေါက်သလို ခံစားလိုက်မိသည်။

“ဆရာ ၊ ကျွန်တော် နည်းနည်းတော့ နားလည်သွားပြီ ထင်တယ်”

“နေ့လည်ပိုင်းမှာ မင်းအားရင် ငါ့လက်ထောက် လာလုပ်”

ဆွန်းမိုက အကြံပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ငါ့မှာ ခွဲစိတ်ဖို့ ရှိတယ်”

“တကယ်ပဲ မင်းရဲ့လက်ထောက် လုပ်ရမှာလား”

လုချမ်ကျီ စိတ်လှုပ်ရှားလာသည်။ ပြောရမယ်ဆိုရင် ဆရာဆွန်းက တကယ်ကို အထင်ကြီးဖို့ ကောင်းသည်။ လတော်တော်ကြာအောင် ခေါင်းစားနေတဲ့ မေးခွန်းကို စာကြောင်းတစ်ကြောင်းထဲနဲ့ ဖြေရှင်းပေးခဲ့သည်။

ဒင်

လုချမ်ကျီ၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၆၇၀/၁,၀၀၀)

နေ့ခင်းဘက်တွင်.........................

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချမ်ဂျီသည် ခွဲစိတ်ကုတင်နားတွင် ရပ်နေပြီး တကိုယ်လုံးမှာ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးတွေ ဖုံးလွှမ်းနေတ ဲ့ချန်လုံကို တအံ့တအော ငေးကြည့်နေသည်။

(ဆရာရဲ့တိုက်ရိုက် တပြည့်တစ်ယောက်က တကယ့် အမှိုက်တစ်ခု ဖြစ်နေပြီ ဒါတောင် သူက ကြင်နာလှချည်လား)

လုချမ်ဂျီသည် သူ့ဘာသာ တွေးရင်း တော်တော်လေး တုန်လှုပ်နေသည်။ ဝိညာဉ်တက်တူးအကြောင်း မသိတဲ့

ကျောင်းသားတွေတောင် ချန်လုံမှာ အနာဂတ် မရှိတော့ဘူးဆိုတာ သိကြလိမ့်မည်။

"အဲဒီမှာ ကြောင်ပြီး ရပ်မနေနဲ့။ ခွဲစိတ်မှု စတင်နေပြီ။ အာရုံစိုက်ပြီး ငါ့ရဲ့ နည်းစနစ်ကို စောင့်ကြည့်နေ"

ဆွန်းမိုက ရှေ့ဟောင်းအနှိပ်ပညာကို အသုံးပြုပြီး ချန်လုံကို ကုသပေးနေသည်။ တချိန်တည်းမှာဘဲ ဒီဝိညာဉ်တကက်တူးများ အကျိုးသက်ရောက်မှုကို ရှင်းပြနေသည်။

ထုံးစံအတိုင်း ဒါက ဆွန်းမို ခန့်မှန်းချက်သာ ဖြစ်သည်။ မှန်လား၊ မှားလားဆိုတာ သူလည်း မသိပေ။ ဒါပေမယ့် အရေးမကြီးပါ။ သူက လီဇီချီနှင့် လုချမ်ဂျီ နှစ်ယောက်စလုံးကို တွေးခေါ်ပုံသာ မှုဝေပေးချင်သည်။

၁၂နာရီ ကြာပြီးနောက် ချန်လုံရဲ့ နောက်ထပ် လက်မောင်းတစ်ဖက်သည် တောက်ပြောင်ပြီး ချောမွေ့လာသည်။

"ဒါက မှော်မဆန်လွန်းဘူးလား။ ကြည့်ရတာ ဆရာက ချန်လုံကို ပြန်လည်မွေးဖွားပေးလိုက်သလိုပဲ"

လုချမ်ဂျီ နောက်ထပ် လေးစားအထင်ကြီးမှု အမှတ်လှိုင်းကြီးကို ထောက်ပံ့ပေးရင်း တွေးတောနေသည်။

"မင်း ပျင်းနေရင်၊ ဒီဝိညာဉ်တက်တူးတွေကို လေ့လာနေလို့ ရတယ်"

မီးတောက်ပေါက်ကွဲခြင်း ဝိညာဉ်တက်တူး၊ ရှေ့ပေါင်း အနှိပ်ပညာ ဝိညာဉ်တက်တူး။

ချန်လုံကိုယ်ပေါ်မှာ ရှိနေတဲ့ ပျက်ဆီးနေသည့် ဝိညာဉ်တက်တူးတွေက ပြန်လည် ပြင်ဆင်ခြင်းမှ ရတဲ့ ဝိညာဉ်တက်တူးတွေနှင့် သူသိသမျှ ရေးဆွဲထားတဲ့ ဝိညာဉ်တက်တူးတွေကို လုချမ်ဂျီဆီ ပေးလိုက်သည်။

လုချမ်ဂျီက ဒါတွေကို လေးလေးနက်နက် လက်ခံပြီး ယူလိုက်သည်။

…………………………………

ဆွန်းမိုရဲ့ ဘဝက အချိန်ပြည့် ကြပ်ညှပ်နေသည်။ နေ့တစ်ဝက်လောက်

အနားယူပြီးတာနဲ့ ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူကို လမ်းညွှန်ပေးပြန်သည်။

မျှော်လင့်ထားတဲ့အတိုင်းပဲ ပါရမီရှင်များရဲ့ တိုးတက်မှုက နေ့တိုင်း နတ်ဘုရား အမြန်နှုန်းနဲ့ တိုးတက်နေကြသည်။

ရှန်ယွန်ပေါင် ခန္ဓာကိုယ်က သိသိသာသာ ပြည့်စုံလွန်းသည်။ သူက မွေးရာပါ တိုက်ခိုက်ရေး စက်တစ်ခုလို ဖြစ်နေသည်။ သူ့ရဲ့ အကြီးမားဆုံး ပြဿနာက ခေါင်းပူလွန်းပြီး တိုက်ပွဲဗျူဟာများကို လျစ်လျူရှုထားကာ အရာအားလုံးကို

ရက်စက်ကြမ်းကြုတ်တဲ့ ခွန်အားနဲ့ ဖြေရှင်းချင်နေသည်။

ဒါကြောင့် ဆွန်းမိုက သူ့အတွက် စဉ်းစားတွေးခေါ်တဲ့ လုပ်ငန်းစဉ်နှင့် တိုက်ပွဲဗျူဟာများ အသုံးပြုတတ်အောင် ပျိုးထောင်ပေးဖို့ အဓိက လိုအပ်နေသည်။

အင်ဘိုင်ဝူကတော့ ကျင့်ကြံချိန် တိုတောင်းလွန်းသဖြင့် အတွေ့အကြုံ နည်းပါးနေသည်။ ဒါကြောင့် သူမရဲ့ ပြဿနာကိုတော့

တကယ့်တိုက်ပွဲ အများကြီး တိုက်ပြီး ဖြေရှင်းမှပဲ ရမည်။

ချန်လုံကတော့ အကောင်းဆုံး လက်ရည်စမ်းလေ့ကျင့်ရေးအဖော်ကောင်း ဖြစ်သည်။ သူ့လက်မောင်းပေါ်က ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကို ပြုပြင်ပြီးတာကြောင့် အခုအချိန်တွင် ဝိညာဉ်ချီ လည်ပတ်တဲ့အခါ အရင်လို ဝိညာဉ်တက်တူးတွေကြောင့် ဝိညာဉ်ချီ ပျောက်ကွယ်သွားတာမျိုး သိပ်မရှိတော့ပါ။ ဒါကြောင့်လည်း အခြားသူတွေနဲ့ လက်ရည်စမ်း

တိုက်ခိုက်ဖို့ မစောင့်နိုင်အောင် ဖြစ်နေသည်။ အားပြီဆိုတာနဲ့ အင်ဘိုင်ဝူကို လက်ရည်စမ်း တိုက်ခိုက်ဖို့ ရှာလေ့ ရှိသည်။

လီဇီချီကတော့ ဝိညာဉ်သားရဲ ထိန်းချုပ်ရေး ဘာသာရပ်ကို လေ့ကျင့်ရင်း သူမရဲ့ အချိန်အများစုကို ကျောင်းစာကြည့်တိုက်တွင် ရက်ပေါင်းများစွာ မြှုပ်နှံထားသည်။ သူမက တကယ့်လက်တွေ့လည်း မတိုက်ခိုက်နိုင်ပါ။ ဒီလိုအခြေအနေမျိုးတွင် သန်မာတဲ့ ဝိညာဉ်သားရဲကို ဆင့်ခေါ်ခြင်း ပေါ်မူတည်နေသည်။

လုချီဟွာကတော့ လူတွေနဲ့ဝေးတဲ့နေရာတွင် ပုန်းလျှိုးကွယ်လျှိုး ကျင့်ကြံနေသည်။ တကယ်တော့ သူမက ထန်ထန်ယုထန်ကို လျှို့ဝှက်စွာ ရှာဖွေပြီး အချိန်တိုတိုအတွင်းမှာ သူမ တိုက်ခိုက်ရေး အစွမ်းမြင့်တက်နိုင်တဲ့ဆေး ရှိမရှိတောင် သွားမေးခဲ့သေးသည်။

ဆွန်းမိုအတွက် လုချီဟွာလည်း တတ်နိုင်သမျှ ကြိုးစားနေသည်။

....

ဆွန်းမိုသည် ကန်တင်းမှာ ညစာသွားစားဖို့အတွက် လေ့ဘုရင်ခန်းမက ပြန်လာတဲ့အချိန်တွင် ညှော့ခန်းထဲမှာ စိုးရိမ်တကြီး လှည့်ပတ်လမ်းလျှောက်နေတဲ့ အန်ရှီဝေကို တွေ့လိုက်ရသည်။

“ဘာ ဖြစ်နေတာလဲ”

ဆွန်းမို နားမလည်နိုင် ဖြစ်နေသည်။

“ဘာ ဖြစ်နေတာလဲ ဟုတ်လား”

အန်ရှီဝေက အားကိုးရာမဲ့သလို ရယ်ချင်စိတ် ပေါက်လာသည်။

“ဒီနေ့ ဘာနေ့လဲ မေ့နေပြီလား”

“ဘာနေ့လဲ”

ဆွန်းမိုက မျက်လုံး ဖွင့်လိုက်ပိတ်လိုက် လုပ်ပြီး ပြန်မေးလိုက်သည်။

“ဒီနေ့ သမင်အမြီး ဂုဏ်ပြုထမင်းစားပွဲနေ့လေ”

အန်ရှီဝေ တစ်ယောက် ဆွံ့အနေသည်။

“ကောင်းပြီလေ။ အဝတ်အစား မြန်မြန်သွားလဲတော့။ ဒီနေ့မှာ အဓိက ပုဂ္ဂိုလ်တွေ အများကြီး လာလိမ့်မယ်။ ငါတို့နောက်ကျသွားရင် မင်းအပေါ် အထင်အမြင် ဆိုးသွားလိမ့်မယ်”

“ပြောင်းစရာမလိုဘူး ထင်တာပဲ။ ငါလက်ရှိဝတ်ထားတာလဲ ကောင်းတယ်လို့ ထင်တယ်”

ဆွန်းမိုက ကရိကထ များတာကို မုန်းသည်။

“ဒီအတိုင်းပဲ သွားလိုက်တော့မယ်”

“..................”

ဆွန်မို တကယ်ကို စိတ်မပါတာ အန်ရှီဝေ တွေ့လိုက်ရသည်။ သူက ဆရာဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ သူ့အဝတ်အစားက လျှော်ဖွတ်ထားလို့ သန့်ရှင်းနေသော်လည်း ဒီနေ့လို အရေးကြီးတဲ့ အခါသမယအတွက် ခံ့ညားတဲ့ ပုံမရှိပေ”

"ဂုဏ်ပြုစားပွဲက ဘယ်နေရာမှာ လုပ်မှာလဲ"

ဆွန်းမို မေ့သွားသည်။

"မိုမိုလေး ပိုကောင်းတဲ့ အဝတ်အစား ဝတ်စေချင်တာ မင်းကို ရှုံးပြ ခိုင်းမလို့ မဟုတ်ဘူး။ တခြားသူတွေကို လေးစားတဲ့ သဘောပါ"

အန်ရှီဝေက စိတ်ရှည်ရှည်နဲ့ ရှင်းပြလိုက်သည်။

အဆင့်မြင့်တဲ့ ဂုဏ်ပြုစားပွဲကို ဖိနိပ်အပါး ၊ ဘောင်းဘီတို တစ်ထည်နဲ့ ပွဲတက်နေသလို ဖြစ်နေသည်။ ဒါက လူတွေကို စိတ်မသက်မသာ ဖြစ်စေပြီး မနှစ်မြို့တဲ့ စိတ် ပေါက်လာနိုင်သည်။

ဆွန်းမိုရဲ့အလုပ်က မြတ်ဆရာတစ်ယောက်ဆိုတာ မေ့ထားလို့ မရပေ။ သူက ဒီလို အသေးအဖွဲ့လေးများနဲ့ စိတ်အနှောက်အယှက် မဖြစ်နိုင်တဲ့ အနုပညာရှင် ဒါမှမဟုတ် လက်ရေးလှ ဆရာများ မဟုတ်ပါ။

"ဒါမှန်တယ်"

ဆွန်းမိုသည် လှေကားထစ် အနည်းငယ် တက်သွားပြီးမှ ရပ်တန့်သွားသည်.

"ဘာဖြစ်လို့လဲ"

အန်ရှီဝေ နားမလည်နိုင် ဖြစ်နေသည်။

"ငါ့အဝတ်တွေ အကုန်လုံးက ဒီလိုပဲ"

ဆွန်းမိုသည် ချင်လင်မြို့ထဲက ဈေးဆိုင်မှာ တစ်ခါမှ မဝယ်ဖူးကြောင်း ရုတ်တရက် သတိရသွားသည်။ သူ့အဝတ်အစားတွေ အားလုံး ကျောင်းက ထုတ်ပေးထားတဲ့ အဝတ်အစားများသာ ဖြစ်သည်။

အန်ရှီဝေ ကြောင်သွားသည်။ ထို့နောက်မှာတော့ သူမကိုယ်သူမ အပြစ်တင်လိုက်မိသည်။

"တောင်းပန်ပါတယ်။ ငါ ဒါကို လျစ်လျူရှုလိုက်မိတယ်"

ဒါပေမယ့်လည်း အန်ရှီဝေသည် ရိုးရိုးလေး ဝတ်ထားတဲ့ ဆွန်းမိုကို ကြည့်ပြီး ပိုသဘောကျလာသည်။ သူက လက်တွေ့ဆန်ပြီး လေးနက်ကာ ထက်မြတ်သည်။ အလုပ်ပေါ်လည်း အာရုံစိုက်သည်။ ဒီလို လူကောင်းတစ်ယောက်ကို ဘယ်မှာ လိုက်ရှာရမလဲ။

ဆွန်းမို အတွက် အဝတ်အစားအသစ် သွားဝယ်ဖို့က သေချာပေါက် အချိန်မလောက်တော့ပေ။ ဒါကြောင့် ဆွန်းမိုသည် ဆရာဝတ်ရုံ အသစ်ကို ပြောင်းဝတ်လိုက်သည်။

အန်ရှီဝေနဲ့အတူတူ ရထားလုံးထဲသို့ လျှင်မြန်စွာဝင်လိုက်ပြီး လင်းကျောင်ရင်ပြင်ရှိ သမင်အမြှ ုီးဂုဏ်ပြုစားပွဲသို့ ဦးတည်ပြီး ထွက်လာသည်။

အခန်း(၄၉၉ - က) - ပျက်ဆီးသွားတဲ့ နာမည်ကြီး ပန်းချီကား။

ရထားလုံးက ဆိပ်ကမ်းသို့ ဦးတည်ထွက်ခွာလာသည်။ နောက် ရထားလုံး တစ်စီးထဲတွင် လျှိုမှုဘိုင်က တစ်ယောက်တည်း ထိုင်နေသည်။ အရှေ့က မြင်းလှည်းကို လှမ်းကြည့်လိုက်လျှင် မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုလောလောဆယ်တွင် ဆွန်းမိုက အန်ရှီဝေနဲ့အတူတူ ထိုင်နေသည်။

သမင်အမြီး ဂုဏ်ပြုစားပွဲသည် အရမ်းအရေးကြီးပြီး ချင်လင်မြို့ အထက်ပိုင်း ခေါင်းဆောင်များနှင့် သိကျွမ်းရင်းနှီးခွင့်ရတဲ့ အရမ်းကောင်းမွန်တဲ့ အခွင့်အရေး မဟုတ်ပါက လျှိုမူဘိုင် မလာချင်ပေ။

အမှန်တော့ မြင်းရထား တစ်စီးတွင် လူငါးယောက် ဆံ့သော်လည်း အန်ရှီဝေက နေရာအကုန် အသုံးမပြုဘဲ လျှိုမူဘိုင်အတွက် နောက်ထပ်

မြင်းရထား တစ်စီး ငှားပေးဖို့ ရွေးချယ်ခဲ့သည်။ ကောလဟာလများကို ရှောင်ချင်နေတာ သိသာသည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါအရှုံးမပေးဘူး။ ဆွန်းမို၊ မင်းတို့ နှစ်ယောက် လက်မထပ်ရသေးသ၍ အောင်နိုင်တဲ့လူက ဘယ်သူလဲဆိုတာ မသိရသေးပါဘူးကွာ"

လျှို့မူဘိုင်က လက်သီး တင်းတင်း ဆုပ်ထားသည်။ ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲတွင် သူ့တပည့် ဟန်ကျိုရှင်းက ဆွန်းမိုရဲ့တပြည့်တစ်ယောက်နဲ့ ဆုံတွေ့ဖို့ မျှော်လင့်နေသည်။ အဲဒီအချိန်တွင်

ဟန်ကျိရှင်းက ဆွန်းမိုရဲ့ တပြည့်ကို တိုက်ရိုက်ချေမှုန်းပြီး ဆွန်းမို၏ ကြယ်နှစ်ပွင့် တက်လှမ်းမည့် အိပ်မက်ကို ရိုက်ချိုး ရလိမ့်မည်။

"တစ်နှစ်တည်းနဲ့ ကြည့်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာဖို့ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ပြင်ဆင်ခဲ့တယ်။ မင်းက ဆရာအသစ် ဖြစ်ပေမယ့် ဒီလို လုပ်ချင်နေတာလား။ အခြေခံအားဖြင့်တော့ ဒီကမ္ဘာပေါ်က သူ့ရဲ့ကောင်းတွေကို အထင်သေးနေတာပဲ"

လျှိုမှုဘိုင်သည် စိတ်ထဲတွင် မကျေမနပ် ဖြစ်နေသည်။ ဒါပေမယ့်လည်း ကဗျာကို ရွတ်ဆိုနေပြီး သူ့ကိုယ်သူ သဘောထားမသေးအောင် သတိပေးနေခဲ့သည်။

မကြာခင်ပဲ လျှိုမှုဘိုင်သည် အန်ရှီဝေကြောင့် စိတ်တည်ငြိမ်မှု အားနည်းလာပြီး မြတ်ဆရာ တစ်ယောက်ရှိသင့်တဲ့ စိတ်သဘောထား ပွင့်လင်းမှု မရှိတော့ပေ။

နောက်ဆုံး မြင်းရထားတွင် လီဇီချီ၊ လုချီဟွာနှင့် အင်ဘိုင်ဝူတို့ ပါလာကြသည်။ သူတို့အပြင်

ကူရှုပ်ရှင်း၏ တိုက်ရိုက်တပြည့် ကျန်ရန်ဖောင် နှင့် လျှိုမူဘိုင်၏ တိုက်ရိုက် တပြည့် ဟန်ကျိရှင်း တို့လည်း ရှိနေသည်။

အရပ်ရှည်ပြီး ထွားကျိုင်းတဲ့ ကျန်ရန်ဖောင်နဲ့ ယှဉ်ရင် လက်ထဲမှာ သားမွေး ယပ်တောင် ကိုင်ထားတဲ့ ဟန်ကျိရှင်းက အားနည်းတဲ့ စာသင်သား ပုံပေါက်နေသည်။ ဒါပေမယ့် သူ့ကို လျှော့တွက်လိုက်လျှင် တော်တော်လေး ခံစားသွားရမည်။

ဒုတိယ အတန်းတွင် ထိပ်ဆုံးအဆင့်က ရပ်တည်နေတဲ့သူ ဖြစ်သည်။ သူ့ရဲ့ တိုက်ခိုက်ရေး အစွမ်းက တော်တော် ပြင်းထန်သည်။

ရန်လိုမှုများပြည့်နေတဲ့ အင်ဘိုင်ဝူရဲ့ အကြည့်နဲ့ ဆုံတိုင်း ဟန်ကျိရှင်း ပြုံးပြနေခဲ့သည်။

"အကြီးဆုံး အစ်မကြီး၊ သူ့မျက်နှာကို မြင်ရင် ဘာကြောင့်မှန်းမသိဘူး လက်သီးနဲ့ ထိုးချင်စိတ်ပေါက်လာတယ်"

လုချီဟွာ အကြံအိုက်နေသည်။

"အမ်၊ မင်းလည်း ဒီလို ခံစားနေရတာလား"

လီဇီချီ တွေဝေသွားသည်။ သဘော်သီးက အမြဲတမ်း ပြဿနာ မရှာဘဲ ကြင်နာတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ။

“ရှန်ယွန်ပေါင် ပါမလာတာ ကံကောင်းတယ်။ ဒီလို မှမဟုတ်ရင် သေချာပေါက် တိုက်ပွဲပဲ”

လုချီဟွာ အနည်းငယ် ကြောက်လန့်သွားသည်။ ရှန်ယွန်ပေါင်ဆိုတာ ဆရာရဲ့ ဝက်ဖဲ ဖြစ်သည်။ တကယ်လို့ သူသာ ဒဏ်ရာရသွားပြီး သူမဆရာရဲ့ မြတ်ဆရာစာမေးပွဲမှာ အောင်မြင်မှု ထိခိုက်သွားရင် ဘယ်လို ဖြစ်လာမလဲ။

“အခု တိုက်ပွဲဖြစ်တော့မယ်လို့ ခံစားနေရတယ်”

လီဇီချီ အသံနှိမ့်ပြီး နှစ်သိမ့်လိုက်သည်။

“ဘိုင်ဝူ၊ စိတ်လျှော့ထား”

“ငါ မလုပ်ပါဘူး”

အင်ဘိုင်ဝူသည် ဟန်ကျိရှင်း ထံမှာ ယုံကြည်မှုနှင့် စွမ်းအားတွေကို ခံစားမိနေသည်။ ကြောက်စရာကောင်းတဲ့ ပြိုင်ဘက် တစ်ယောက်ပါ။ ဒါကြောင့် သူမဆရာ ဗဟိုပြည်နယ်အကယ်ဒမီမှာ နံပါတ်တစ် ဖြစ်လာဖို့ ကျိန်းသေအောင် သူမ ပိုပြီးကြိုးစား ရမည်။

ရှန်ယွန်ပေါင် လုပ်ပေးတာကို စောင့်ဖို့လား။

တောင်းပန်ပါတယ်။ သံမဏိခေါင်း မိန်းကလေးက တခြားသူတွေကို ဘယ်တုန်းကမှ အားမကိုးပါ။

"အင်ဘိုင်ဝူ၊ မင်းအပြုအမူက နည်းနည်းလေး မာန မကြီးလွန်းဘူးလား"

ပွင့်လင်းမြင်သာမှုမရှိတဲ့လူလို့ သတ်မှတ်ခံရတဲ့ ကျန်ရန်ဇောင်တစ်ယောက် စကားမပြောနိုင်အောင် ဖြစ်နေရသည်။

"ဘာဖြစ်လို့လဲ။ ရန်ဖြစ်ချင်လို့လား"

အင်ဘိုင်ဝူက ပြန်မေးလိုက်သည်။

"................"

ကျန်ရန်ဖောင် ဆွံ့အသွားသည်။ စကား ဆက်ပြောစရာ အကြောင်း မရှိတော့ပေ။ ဒါပေမယ့် စိတ်ထဲမှာတော့ အင်ဘိုင်ဝူ၏ ပင်ကိုယ်အရည်အသွေးကို သဘောကျလာသည်။

လင်းဂျောင်ရင်ပြင်သည် အဆောက်အဦးတစ်ခု မဟုတ်ပါ။ အထပ်ငါးထပ်ပါတဲ့ အပျော်စီး သင်္ဘောတစ်စီး ဖြစ်သည်။ ချင်လင်ရဲ့ ဈေးအကြီးဆုံး ဇိမ်ခံ အပျော်စီး သင်္ဘော ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှပတဲ့တေးဂီတကို ခံစားရင်း ၊ အကများ၊ ကဗျာများကို ခံစားကာ ရှုခင်းများကို ခံစားရင်း ချင်ပတ္တာ မြစ်တစ်လျှောက်တွင် ခရီးသွား ရွက်လွှင့်ခြင်းသည် မှုုးမတ်များနှင့် ချမ်းသာတဲ့လူများ၏ အနှစ်သက်ဆုံး ဝါသနာ ဖြစ်သည်။

လူ့အသိုင်းအဝိုင်းရဲ့ အထွဋ်အထိပ်ကို ရောက်နေတဲ့ လူများကသာ ဒီလှေပေါ်တက်ပြီး ခံစား ပျော်မွေ့ဖို့ အရည့်အချင်း ပြည့်မီသည်။ ချမ်းသာတဲ့ မျိုးနွယ်များက ပို၍ပို၍ တန်ဖိုးထားကြသည်။

....

ဆိပ်ကမ်းမှာ......

လူတိုင်း ရထားလုံးပေါ်က ဆင်းလာကြလျှင် လင်းချောင်ရင်ပြင်ရှိ အစေခံများက လက်ဖက်ရည်၊ မုန့်များနှင့် အနွေးထည်များကို ယူဆောင်ကာ သူတို့ကို ကြိုဆိုရန် ချက်ခြင်း ရောက်လာကြသည်.

အင်ဘိုင်ဝူ ဘာလုပ်ရမလဲ မသိပေ။

“ငါလုပ်တဲ့အတိုင်း လိုက်လုပ်”

လီဇီချီက ဒီထက် ဆယ်ဆ ပိုကြီးကျယ်တဲ့ မြင်ကွင်းများကို မြင်ဖူးသဖြင့် အရမ်းတည်ငြိမ်နေသည်။

"ဒီလူတွေ လူမှားပြီး ညွှန့်ဝတ်ပြုမိမှာ မကြောက်ဘူးလား"

အင်ဘိုင်ဝူ စဉ်းစားမရ ဖြစ်နေသည်။

"အမှားရှိမှာ မဟုတ်ဘူး။ ဒီဆိပ်ကမ်းတံတားက လင်းဂျောင်ရင်ပြင်အပိုင်ပဲ။ တခြား ဘယ်သူမှ သုံးလို့မရဘူး။ ပြီးတော့ ဒီနေ့မှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်တောင် ရောက်လာမလဲ

မသိလို့ ပတ်ပတ်လည်မှာ စစ်သားတွေ စောင့်ကြပ်နေကြတယ်။ ကြွက်တောင် ဖြတ်သွားလို့ မရနိုင်ဘူး”

ဟန်ကျိရှင်းက ရှင်းပြသည်။

“စစ်သားတွေလား”

အင်ဘိုင်ဝူ အဝေးသို့ လှမ်းကြည့်လိုက်သော်လည်း ဘာမှ မတွေ့ရပေ။

“ကြည့်မနေနဲ့၊ မင်းတွေ့ရမှာ မဟုတ်ဘူး”

ဟန်ကျိရှင်းက ကျယ်လောင်စွာ ရယ်မောလိုက်သည်။ အဓိက ပုဂ္ဂိုလ်တွေ

ပျော်ပါးနေတဲ့ အချိန်မှာ စစ်သားတွေ အုပ်စုလိုက် လှည့်ပတ် ကင်းလှည့်နေတာတွေ့ရင် သူတို့ စိတ်အခြေအနေ ပျက်စီးသွားမှာပေါ့။ ဒါကြောင့် အစောင့်တွေအားလုံးက ခပ်လှမ်းလှမ်းကနေ စောင့်ကြပ်နေသည်။

လီဇီချီက အင်ဘိုင်ဝူဆီ လျှောက်သွားပြီး လေသံတိုးတိုးလေးနဲ့ စကားစုအနည်းငယ်သုံးကာ ရှင်းပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပွဲစီစဉ်တဲ့လူတွေ ပိုက်ဆံ ဘယ်လောက်တောင် ကုန်လိုက်မလဲ။ လူအင်အား ဘယ်လောက်တောင် သုံးရမလဲ"

အင်ဘိုင်ဝူ အရမ်းအံ့အော‌သွားသည်။ အကွာအဝေး ပိုကြီးလေ အစောင့်အကြပ် အင်အား ပိုလိုလေ ဖြစ်တာ လူတိုင်းသိသည်။ တရားဝင် စီးပွားရေးအတွက် ဆိုရင်တော်သေးပေမယ့် ဒီပွဲတစ်ခုလုံးက အပျော်သက်သက်ပါ။

"မင်းရဲ့အတွေး နည်းနည်းလေး အစွန်းရောက်နေပြီ"

ဟန်ကျိရှင်းက မဲ့ရွဲ့ပြီး ပြောလိုက်သည်။

"ဘာလို့ အစွန်းရောက်ရမှာလဲ။ ဒီစစ်သားတွေကို သာမန် ပြည်သူတွေက အခွန်ပေးဆောင်ထားတာ မဟုတ်ဘူးလား။ အပျော်သဘော်ာ၊ အပျော်ရှာနေတဲ့ ပုဂ္ဂိုလ်တွေကို စောင့်ရှောက်ဖို့အတွက် အစိုးရကို အခွန်ပေးဆောင်နေသလို ဖြစ်နေပြီလေ"

အင်ဘိုင်ဝူက ဟန်ကျိရှင်းကို လှောင်ပြောင်တာ မဟုတ်ပေ။ မျက်နှာတည်ပြီး ဆွေးနွေးသလို မေးလိုက်သည်။

“သမင်အမြီး ဂုဏ်ပြုပွဲကို တရားဝင်ပွဲတစ်ခုလို့ ပြောလို့ရတယ်”

ဟန်ကျိရှင်းက ပြန်ပြောင်းသည်။

“ဘယ်လို ဖြစ်နိုင်မှာလဲ။ ဒီစစ်သားတွေမှာ ပုံမှန် တပ်စွဲနေတဲ့ နေရာ မရှိဘူးလို့ မပြောနဲ့။ အဲဒီစားသုံးသူတို့က သမင်အမြီးဂုဏ်ပြုပွဲကို အမြဲလာ စုရုံးနေကြတယ်”

အင်ဘိုင်ဝူ စိတ်ထဲတွင် တော်တော်လေး နာကျင်နေသည်။ အရင်တုန်းက စားကြွင်းစားကျန် ပို့ဆောင်လို့ ငွေနည်းနည်းလေးပဲ ရပေမယ့်

အခွန်ပေးဆောင်နေရဆဲပါ။ သူမ ပေးခဲ့တဲ့ငွေတွေက ဒီလိုမျိုး နေရာတွေကို စောင့်ကြပ်ဖို့ တာဝန်ယူရတဲ့ စစ်သားတွေအတွက် အသုံးပြုမယ်လို့ မထင်ထားခဲ့ပါ။

“တော်ပြီပော့။ ဒီအကြောင်းကို မဆွေးနွေးပဲ နေရအောင်”

လီဇီချီ တော်တော်လေး နေရခက်နေသည်။ ဘယ်လိုပဲပြောပြော သူမက မဟာတန်အင်ပါယာရဲ့ မင်းသမီးတစ်ပါးပါ။

လင်းကျောင်ရင်ပြင်သည် ဖျော်ဖြေရေး အားလုံး၏ အထွဋ်အထိပ် ဖြစ်နေသောကြောင့် သူတို့ပေးတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝန်ဆောင်မှုသည် ရိုးရိုးရှင်းရှင်းလေး စဉ်းစားလို့ မရပါ။ သာမန်လူတွေ စိတ်ကူးလို့ မရတဲ့အထိကို အရမ်းကောင်းမွန်သည်။

အဆာပြေမုန့် ကျွေးပြီးနောက် လက်ဆေးဖို့အတွက် ရေယူလာပေးသည်။ ထို့နောက် သူတို့ကို လှေငယ်လေးဆီ ချက်ခြင်း ခေါ်ဆောင်သွားကာ လင်းကျောင်ရင်ပြင်သို့ ရွက်လွှင့်သွားကြသည်။

“ပျော်ပျော်နေစမ်းပါ”

လီဇီချီက အင်ဘိုင်ဝူကို စည်းရုံးရန် ကြိုးစားလိုက်သည်။ လုချီဟွာကို ကြည့်လိုက်အုံး သူမရဲ့ စိတ်ထားလေးက ရိုးရှင်းပြီး ဘဝကိုသက်သက်သာသာ ဖြတ်သန်းနေသည်။

လူတိုင်း အပျော်စီး သင်္ဘောပေါ် ရောက်လာပြီးနောက် ဆွန်းမိုနဲ့ကျန်တဲ့ လူတွေကို အစေခံတွေက အနားယူတဲ့ အခန်းဆီ ချက်ခြင်း ခေါ်ဆောင် သွားသည်။

"ဆွန်းမို၊ ဆရာလျို၊ မင်းတို့ အနားယူမလား၊ လှည့်ပတ်ကြည့်မလား စိတ်ကြိုက်လုပ်လို့ ရတယ်နော်"

အန်ရှီဝေက ပြောလိုက်သည်။

ဒီနေရာမှာ အမျိုးသားများနှင့် အမျိုးသမီးများကို အနားယူတဲ့နေရာ သီးသန့် ခွဲခြားထားသည်။

အန်ရှီဝေမှာ သူမရဲ့ လူမှုရေးအသိုင်းအဝိုင်း ရှိသဖြင့် ဆက်ဆံရေးကို ဂရုတစိုက် ထိန်းသိမ်းဖို့ လိုအပ်သည်။

"အင်း"

ဆွန်းမိုက ပေါ့ပေါ့ပါးပါး ခေါင်းညှိတ်လိုက်ပြီးနောက် အဝေးသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ရိုးရာပုလွေ ဂီတနဲ့အတူ လှပတဲ့ရှုခင်းများကို တောက်ပအောင် အလှဆင်ထားတဲ့အပျော်ဆီး သဘော်ာပေါ်ကနေ မြင်နေရသည်။

လျိုမူဘိုင်သည် အန်ရှီဝေက ဆွန်းမိုကို ကျတော့ နာမည်တိုက်ရိုက်ခေါ်ပြီး သူ့ကိုကျတော့ ‘ဆရာလျို’ လို့ ခေါ်သဖြင့် တော်တော်လေး စိတ်ပျက်သွားသည်။

သိသာနေတာပဲ။ ဒါက ယဉ်ကျေးမှုအရ ခေါ်တဲ့ အခေါ်အဝေါ်ပါ။

"ဆွန်းမို၊ မင်းရဲ့ နတ်ဘုရားလက်ကို အရောင်းမြှင့်တင်ဖို့ ငါကူညီပေးမယ်"

ကူရှုပ်ရှင်းက အန်ရှီဝေနဲ့အတူတူ ရှိချင်သည်။

"ဇီချီ၊ မင်းတို့သုံးယောက် ငါနဲ့လိုက်ချင်လား"

အန်ရှီဝေက လီဇီချီကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"မလိုက်ဘူး။ ဆရာနဲ့ပဲ နေချင်တယ်"

လီဇီချီက ခေါင်းခါပြီး ငြင်းလိုက်သည်။

ဒါက ပုံရိပ်ကွာခြားချက် ဖြစ်သည်။ အင်ဘိုင်ဝူနှင့် လုချီဟွာက အဲဒီ ပုဂ္ဂိုလ်များကို လေးစားပြရန်ပင် အခွင့်အရေး မရှိပါ။ လီဇီချီအတွက်ကတော့ ဒီလိုလုပ်စရာ မလိုပေ။ ဆန့်ကျင်ဘက်အနေနဲ့ တခြားသူတွေက သူမကိုတောင်လာပြီး နှုတ်ဆက်ရအုံးမည်။

"ညီ့သည်တော်များ ၊ ကျေးဇူးပြုပြီး လိုက်ခဲ့ပေးပါ"

အစေခံတစ်ယောက်က လမ်းပြပေးသည်။

သိပ်မကြာခင် လူတိုင်း သတ်မှတ်ထားတဲ့ နေရာသို့ ရောက်လာကြသည်။ ဒီနေရာတွင် ပျော့ပြောင်းတဲ့ကုတင်များ၊ စစ်တုရင် ခုံများ၊ မြှားပစ်တဲ့ ပစ်မှတ်အလွတ်များနှင့် တခြား ကစားနည်းတွေလည်း ရှိနေသည်။

အင်ဘိုင်ဝူ ရှုရှိုက်လိုက်သည်။

လေထုထဲတွင် ကျော်ကြားပြီး တန်ဖိုးရှိလှတဲ့ အမွှေးတိုင်ရနံ့ သင်းပျံ့နေသည်။ ဝိညာဉ်များကို နှိုးဆွပြီး တက်ကြွနေစေသည်။

"လူတိုင်း မုန့်မှာ မလား။ ဖျော်ရည် ဒါမှမဟုတ် လက်ဖက်ရည်ပေးရမလား"

အစေခံက မေးလိုက်သည်။

"လေးရောင်ခြယ် ကိတ်မုန့်နှင့် လုံချင် လက်ဖက်ရည် ယူလာခဲ့"

အခြေခံအားဖြင့် ဆွန်းမို ဖြေစရာမလိုပေ။ လီဇီချီက ဘဏ္ဍာထိန်း သေးသေးလေးနဲ့တူပြီး အရာအားလုံးကိုင်တွယ် ဖြေရှင်းနိုင်သည်။

ဒီမြင်ကွင်းကို မြင်လိုက်လျှင် လျှိုမူဘိုင် တော်တော်လေး မနာလို ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြည့်ကောင်းပြီး ပညာတတ်ကာ အစေခံများနဲ့ လိုက်ဖက်ညီပြီး ဈေးထဲတွင် ဝယ်လို့မရတဲ့ လက်ဖက်ရည်ကို မှာပေးလိုက်သည်။ အပြင်မှာဆိုလျှင် ရခဲ့လျှင်တောင် သူတို့ဇစ်မြစ်က သေချာပေါက် ပြဿနာ ရှိလိမ့်မည်။

သူတို့သည် သုတ်သင်ရှင်းလင်းခံရတဲ့ မျိုးနွယ်စု ဒါမှမဟုတ် စည်းကမ်းချိုးဖောက်လို့ မျိုးနွယ်စုက နှင်ထုတ်ခံရတဲ့သူများ ဖြစ်နိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုမျိုး ကျွန်များနှင့် အစေခံများသည် အရမ်း ဈေးကြီးသည်။

ဒါကြောင့်လည်း ချမ်းသာတဲ့မျိုးနွယ်စုများနှင့် မှူးမတ်များအားလုံးသည် သူတို့ကို ငယ်ရွယ်စဉ်အခါကတည်းက ဝယ်ယူပြီး ပြုစုပျိုးထောင်ခဲ့ကြသည်။

ထုံးစံအတိုင်း လျှိုမှူဘိုင် မနာလို ဖြစ်တဲ့အချက်က လီဇီချီရဲ့ ပုံရိပ် ဖြစ်သည်။

သူမက မဟာတန်အင်ယာ၏ မင်းသမီးကလွဲလို့ တခြားသူ မဟုတ်သော်လည်း ဆွန်းမိုအတွက် အစေခံတစ်ယောက်လို လုပ်ပေးနေပြီး ဆွန်းမို

သက်တောင့်သက်သာ မဖြစ်မှာကို စိုးရိမ်နေသည်။ ဆွန်းမိုဘဝက ပျော်စရာမကောင်းလွန်းဘူးလား။

အခန်း(၄၉၉ - ခ) - ပျက်ဆီးသွားတဲ့ နာမည်ကြီး ပန်းချီကား။

ဒါ့အပြင် ဆွန်းမိုကလည်း သူမကို ဒီလိုလုပ်ခွင့် ပေးထားသည်။

လျှို့မူဘိုင်သာ ဆွန်းမို နေရာမှာသာဆိုလျှင် သေချာပေါက် ထိတ်လန့် ကြောက်ရွံ့နေပြီး လီဗီချီကို ဒီလိုမျိုး ထွေထွေထူးထူး မလုပ်ခိုင်းရဲမှာ သေချာသည်။

ဆွန်းမိုသည် ပတ်ဝန်းကျင်ကို လိုက်ကြည့်ပြီးနောက် မကြာခင် စိတ်ဝင်စားမှု လျော့နည်းသွားသည်။ သူသည် ပြတင်းပေါက်မှာ ထိုင်ပြီးလက်ဖက်ရည်သောက်ကာ ချန်လုံ ကိုယ်ပေါ်မှ ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူး အကြောင်းတွေးတော နေသည်။

လုချီဟွာက ပတ်ဝန်းကျင်ကို သိချင်စိတ်နဲ့ လိုက်ကြည့်နေသည်။ ခဏလောက်နေတော့ ပတ်ဝန်းကျင်ကို ငြီးငွေ့လာသည်။

"ဆရာ"

လုချီဟွာသည် ကြည်လင်နေတဲ့ မျက်လုံးများကို ပေကလတ်ပေကလတ် လုပ်ပြီး အစာတောင်းနေတဲ့ ကြောင်လေးတစ်ကောင်လို လုပ်နေသည်။ သနားစဖွယ် မျက်နှာပေးလေးနဲ့ ဆွန်းမိုကို ကြည့်နေသည်။

"မင်းသွား ကစားချင်ရင်လည်း အဆင်ပြေပါတယ်။ ဒါပေမယ့် တစ်ယောက်ယောက်ကတော့ မင်းနဲ့ အဖော်လိုက်သွားရမယ်"

ဆွန်းမို ပြုံးပြီး ပြောလိုက်သည်။ လေ့ပေါ်မှာ ဘာမှမဖြစ်နိုင်ဘူးဆိုတာ သိပေမယ့် ပိုသတိထားတာ ကောင်းသည်။

"အကြီးဆုံး အစ်မကြီး"

လုချီဟွာက လီဇီချီလက်ကို ချက်ခြင်းလှမ်းဆွဲလိုက်ပြီး ပေါ့ပေါ့ပါးပါး ဆုပ်ကိုင်လိုက်သည်။

"ဒါပေမယ့် ဆရာ့ကို ပြုစုရအုံးမယ်"

လီဇီချီက မျက်မှောင်ကြုတ်ပြီး ပြန်ပြောသည်။

ဒီစကားကို ကြားလျှင် လျှိုမှုဘိုင် တော်တော် ချဉ်သွားပြီး ဗိုက်ပါ နာလာသည်။

“သွားပါ။ တစ်ခုခုလိုရင် အစေခံကို ခိုင်းလိုက်မယ်”

ထို့နောက် ဆွန်းမိုက အင်ဘိုင်ဝူကို ကြည့်လိုက်သည်။

“မင်းလည်း သူတို့နဲ့ လိုက်သွားသင့်တယ်”

မိန်းကလေး သုံးယောက် ထွက်သွားကြသည်။ ကျန်ရန်ဇောင်လည်း သူတို့နဲ့ လိုက်ချင်ပေမယ့် ပြောရမှာ ရှက်နေသည်။

“ဆရာဆွန်း၊ ငါမိတ်ဆွေ တချို့နဲ့ သွားတွေ့လိုက်အုံးမယ် ”

လှိုမူဘိုင်သည် ဆွန်းမိုနဲ့ တကယ် အတူမနေချင်ပါ။ ဒါကြောင့် အကြောင်းပြချက် ရှာပြီးထွက်သွား လိုက်သည်။

ဆွန်းမိုက စိတ်ထဲမထားပါ။ အဲဒီနောက် မျက်စိမှိတ်ပြီး တရားထိုင်နေလိုက်သည်။

....

လီဇီချီနှင့် ကျန်တဲ့နှစ်ယောက်သည် လေ့ပေါ်မှာ အဆုံးအထိ လျှောက်ပြေးနေကြပြီး တော်တော်လေး ကျေနပ် ပျော်ရွှင်နေကြသည်။

လင်းကျောင်ရင်ပြင်က တကယ့်အကောင်းဆုံး အပျော်စီးသင်္ဘော်လို့ မပြောပဲ နေလို့ မရချေ။ သူတို့ရဲ့ ဝန်ဆောင်မှုနဲ့ ပက်သက်ပြီးတော့လည်း ပြောစရာ ပြစ်ချက်ကို မရှိပါ။ အစေခံများသည် လီဇီချီနှင့် သူမအဖွဲ့တို့ရဲ့ အဝတ်အစားကို မြင်ပြီး အဆင့်အတန်း မမြင့်မားတာ သိလိုက်သော်လည်း အစေခံများက မတားခဲ့ပေ။ တခြား ဧည့်သည်တွေကို

အနှောက်အယှက် မဖြစ်အောင် တိုးတိုးလေး ကစားဖို့သာ သတိပေးခဲ့သည်။

ထုံးစံအတိုင်း အရေးကြီးတဲ့အခန်းကို စောင့်ကြပ်နေတဲ့ အစေခံများကတော့ ရှိပါသည်။ ဒါကြောင့် အင်ဘိုင်ဝူ စိုးရိမ်နေသလို နေရာမှားဝင်တာတို့ ၊ လမ်းပျောက်သွားတာတို့ ဖြစ်စရာ အကြောင်းမရှိပါ။

"နာမည်ကြီး ပန်းချီကားက ဘယ်လို ပုံစံလဲ။ ငါအရင်က မတွေ့ဖူးဘူး။ ငါတို့ကြည့်ရအောင်ပြ ပါလား"

တောင်းဆိုနေတဲ့ အသံတစ်ခုက ရုတ်တရက် ပျံ့လွင့်လာပြီး လုချီဟွာ နားထဲ ရောက်သွားသည်။

"နာမည်ကြီး ပန်းချီကားလား"

လုချီဟွာက လီဇီချီကို ကမန်းကတမ်း လှမ်းခေါ်လိုက်သည်။

"အကြီးဆုံး အစ်မကြီး၊ ဒီကို မြန်မြန်လာ"

မိန်းကလေးသုံးယောက် အသံကြားရာနောက်သို့ လိုက်ကြလျှင် မကြာမီ အခန်းတစ်ခန်းကို ရှာတွေ့သွားသည်။ ဒီအခန်းရဲ့ အလှဆင်မှုကို မြင်လိုက်လျှင် အရမ်းအရေးပါတဲ့ လူများ၏

အစေခံများနှင့် လက်အောက်ငယ်သားတွေအတွက် ပြင်ဆင်ထားတဲ့ အခန်းမှန်း လီဇီချီ သိလိုက်သည်။

မျှော်လင့်ထားသလိုပဲ အခန်းထဲသို့ ရောက်သွားလျှင် အသက် ၁၆နှစ် အရွယ် အစေခံ ဆယ်ယောက်ကျော် ရှိနေသည်။ အခုအချိန်မှာ အစေခံ လူငယ်လေးတစ်ယောက်ကို ဝိုင်းထားကြသည်။

အစေခံလေး၏ ရင်ခွင်ထဲတွင် လေးထောင့်ပုံစံ သစ်သားသေတ္တာ တစ်ခု ရှိနေသည်။ ဒီအခိုက်တန့်မှာ

အစေခံလေး၏ မျက်နှာတွင် အဆင်မပြေဖြစ်နေပြီး ကူကယ်ရာမဲ့တဲ့ အကြည့်နဲ့ ကြည့်နေသည်။

"မင်းတို့ကို ပြလိုက်ရင် ငါ့အသားတစ်ပိုင်း ဆုံးရှုံးသွားလိမ့်မယ်"

"တကယ် အရေး မပါလိုက်တာ"

'ဒါက နာမည်ကြီး ပန်းချီကား အတုပဲ ဖြစ်ရမယ်"

အစေခံတွေက ပေါက်ကရတွေပြောပြီး အစေခံလေးကို စည်းရုံးနေသည်။

"ဒီနာမည်ကြီး ပန်းချီကားက ငွေသခင် ပိုက်ဆံတွေ အများကြီး သုံးပြီး ဝယ်ထားတဲ့ ပန်းချီကားပါ။ တကယ့် အစစ်အမှန်ပါ"

အစေခံလေးက ငြင်းဆိုနေသော်လည်း သူက ဘယ်သူ့ကို ထုတ်မပြချင်ပေ။ မတော်လို့ ပျက်ဆီးသွားရင် သူ့ဘဝလေး အဆုံးသတ်သွားလိမ့်မည်။

"ဝိုး၊ နာမည်ကြီး ပန်းချီကား တစ်ချပ်လား"

လုချီဟွာ သိချင်လာသည်။ ခြေဖျားထောက်ပြီး လူအုပ်ကို စိုက်ကြည့်လိုက်သည်။

လီဇီချီက လုချီဟွာကို အလိုလို ကြည့်လိုက်မိသည်။

“မင်းပျောက်သွားတုန်းက ဆရာက မင်းအတွက် နာမည်ကြီး ပန်းချီကားတစ်ချပ် ဆွဲခဲ့တာ မသိဘူးလား”

ဒါကို တွေးလိုက်မိတိုင်း လီဇီချီ မနာလို ဖြစ်မိသည်။

“အာ၊ နာမည်ကြီး ပန်းချီကားက အရမ်းဈေးကြီးတယ်။ အားလုံးပဲ သူ့ခက်ခဲအောင် မလုပ်ကြပါနဲ့”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာလည်း ကြည့်ချင်ပေမယ့် အစေခံလေးအတွက် ပြောပေးလိုက်သည်။

ရှစ်

အားလုံးက ဝိုင်းကြည့်လိုက်သည်။

ဝူး

လုချီဟွာက လီဇီချီ အနောက်သို့ ကမန်းကတန်း ဝင်ပုန်းလိုက်သည်။ ဒါပေမယ့် လီဇီချီ မတိုက်ခိုက်နိုင်တာ တွေးလိုက်မိပြီး အင်ဘိုင်ဝူ နောက်သို့ ချက်ခြင်း ပြောင်းပုန်းသည်။

"နာမည်ကြီး ပန်းချီကား ဘယ်မှာလဲ"

အားလုံး စကားပြောနေတဲ့ အချိန်မှာ ပန်းထိုးထည် အင်္ကျီကို ဝတ်ဆင်ထားတဲ့ နောက်ထပ် အသက် ၁၂နှစ်လောက် ရှိမည့် လူငယ်လေးတစ်ယောက် ဝင်လာပြီး သိချင်စိတ်နဲ့ စိုက်ကြည့်နေသည်။ အစေခံလေး လက်ထဲက သစ်သားသေတ္တာကို မြင်ပြီးနောက် ချက်ခြင်း လျှောက်လာသည်။

"လမ်းဖယ်စမ်း"

အစေခံ တော်တော်များများက သူ့လမ်းကို ပိတ်ဆို့နေတာ မြင်လိုက်လျှင် လမ်းဖယ်ခိုင်းလိုက်သည်။

အစေခံများသည် ငတုံးများ မဟုတ်ပေ။ လူငယ်လေး ဝတ်ဆင်ထားတဲ့ တန်ဖိုးကြီး အဝတ်အစားများကို မြင်လိုက်လျှင် အဆင့်အတန်းရှိတဲ့ လူတစ်ယောက် ဖြစ်ကြောင်း သူတို့ သိလိုက်သည်။ သူ့ကို မစော်ကားရဲဘဲ နာခံစွာနဲ့ ဘေးရှောင်ပေးလိုက်သည်။

"ဘယ်လို နာမည်ကြီး ပန်းချီကားလဲ"

လူငယ်က မေးရင်း သစ်သားသေတ္တာကို ဆွဲလုသည်။

အစေခံလေးက သေတ္တာကို ချက်ခြင်း တင်းတင်းကျပ်ကျပ် ပိုက်လိုက်သည်။

“လွှတ်လိုက်ဦး ဒီလိုမှမဟုတ်ဘဲ ပန်းချီကား ပျက်ဆီးသွားရင် မင်းကံကြမ္မာက သနားဖို့ ကောင်းသွားလိမ့်မယ်။ မင်းမသေရင်တောင် ရောင်းစားခံရလိမ့်မယ်နော်”

လူငယ်လေးက ခြိမ်းခြောက်လိုက်သည်။

အစေခံလေး တုန်လှုပ်နေသည်။ ဒါပေမယ့် နောက်တော့ အလန့်တကြား အော်ဟစ်လိုက်သည်။

"ဒီကောင်က တော်တော် စိတ်အနှောက်အယှက် ပေးတာပဲ"

လုချီဟွာ မကျေမနပ်ဖြစ်ပြီး နှုတ်ခမ်း ထော်နေသည်။ လူငယ်လေးက အစေခံလေးကို အားနဲ့ထိုးပြီး သစ်သားသေတ္တာ လုသွားတာ မြင်လိုက်ရသည်။

"ငါ့ကိုပြန်ပေး"

အစေခံလေးက အကြောက်လွန်ပြီး ငိုနေသည်။

"မအော်နဲ့၊ ငါက လီဖန်ပဲ"

လူငယ်လေး စကားပြောပြီးတာနဲ့ အခန်းထဲမှာ ထွက်ပေါ်နေတဲ့ ဆူဆူညံညံ အသံတွေ ရုတ်တရက် တိတ်ဆိတ်သွားသည်။ အစေခံများရဲ့ အမူအရာက ပိုပြီး လေးစားလာသည်။

လီဖန်က မင်းသားလီဇီရှင်း အသက် ၆၀ ပြည့်မှ မွေးခဲ့တဲ့ ကလေး ဖြစ်သည်။ သက်ကြီး ရွယ်အိုများအတွက် ဒါက အသက်ရှည်ခြင်းနမိတ်ဖြစ်ပြီး အရမ်းကံကောင်းတဲ့ နမိတ်လို့ ယူဆကြသည်။ ဒါကြောင့် လီဇီရှင်းက

သူ့သားကို အလွန်အကျူး အလိုလိုက်ထားလို့ ပျက်ဆီးနေသည်။

သာမန်လူတန်းစားတွေ အသာထားလိုက်အုံး မှူးမတ်များနှင့် ချမ်းသာတဲ့ကုန်သည်တို့ရဲ့ သား၊ သမီးတွေတောင် သူ့ကို မစော်ကားနိုင်ကြပေ။

"သွား၊ စားပွဲ ရွှေ့လာလိုက်"

လီဖန်က ညွှန်ကြားလိုက်သည်။ ထို့နောက် အစေခံလေးကို တစ်ချက် ကြည့်လိုက်သည်။

"မငိုနဲ့တော့၊ ငါကြည့်ပြီးရင် မင်းကို ပြန်ပေးမယ်။ ဒီလိုမှမဟုတ်ရင် ချက်ခြင်း ဆွဲဆုတ်လိုက်မယ်"

"ကောင်းပြီလေ။ ဒါဆိုလည်း မြန်မြန် ကြည့်ပေးပါ"

အစေခံလေး အားကိုးရာမဲ့နေသည်။ သူ့မျက်နှာပေါ်တွင် ဝမ်းနည်းပူဆွေးနေပြီး ကြောက်လန့်နေတာ မြင်နေရသည်။

မကြာခင်မှာဘဲ အစေခံ လေးယောက် စားပွဲ တစ်ခု ယူလာသည်။ လီဖန် သေတ္တာကို ဖွင့်ပြီး စားပွဲပေါ် ဖြန့်ခင်းလိုက်သည်။

"စားပွဲက ညစ်ပတ်နေတယ်"

အစေခံလေးက စိတ်ဒုက္ခရောက်နေသော်လည်း လီဖန်က လျစ်လျူရှုထားသည်။ သူက မေးစေ့ကို ကိုင်လိုက်ပြီး အထင်သေးသလို လုပ်နေသည်။

"ဒါပဲလား။ ဘယ်လောက်များ ထူးထူးခြားခြား လဲလို့ တွေးနေတာ"

"ပညာမဲ့ပြီး အသုံးမကျတဲ့ကောင်"

လီဇီချီ အလိုလို မျက်လုံးပြူးသွားသည်။

ဒီလီဖန်က တကယ့်ကို နိမ့်ကျလွန်းသည်။ အံ့ဖွယ်ပန်းခင်း နယ်ပယ်ရောက်တဲ့ ပန်းချီကားများကိုပဲ နာမည်ကြီး ပန်းချီကားလို့

ခေါ်တာ သိထားရမည်။ ဒီလို ပန်းချီးကားမျိုးက ဖွင့်လိုက်တာနဲ့ သူ့ရဲ့ကိုယ်ပိုင် အယူအဆကိုပြသပြီး စွဲလန်းစိတ်ကို ဖြစ်ပေါ်စေသည်။

လီဖန်ရဲ့သုံးသပ်ချက်က ဘယ်လိုတောင် ဆိုးလိုက်သလဲ။ ဒါတောင် သူ နားမလည်ပေ။

"ဒါ နာမည်ကြီး ပန်းချီကား မဟုတ်ဘူး။ မင်းလိမ်နေတာ"

လီဖန်က အစေခံတစ်ယောက်ကို သာမန်ကာ လျှံကာ ညွှန်ပြပြီး

“မင်း လာခဲ့။ ဒါက နာမည်ကြီး ပန်းချီကားလို့ မင်းထင်လား”

အစေခံက ခံစားမိပေမယ့်လည်း မင်းသားငယ်က သူ့ကို မေးနေသဖြင့် ဘယ်လို ပြောရမှာလဲ။ ဒါကြောင့် အစေခံက ခေါင်းခါ ပြလိုက်သည်။

ထို့နောက် လီဖန်က နောက်ထပ် အစေခံ တစ်ယောက်ကို လက်ညှိုးထိုးလိုက်သော်လည်း အဖြေက အတူတူပဲ ဖြစ်နေသည်။

“ကြည့်စမ်း၊ ငါမမှားဘူး မဟုတ်လား”

လီဖန်က နောက်ပြောင်နေသည်။

“ ဒါက နာမည်ကြီး ပန်းချီကားပဲ၊ မင်းက ဘယ်လို တန်ဖိုးထားရမလဲ မသိတာ”

အစေခံလေးက စိတ်ဆိုးဒေါသနဲ့ ပြန်ပြောလိုက်သည်။

“မင်းလည်း ကြည့်ပြီးပြီ မဟုတ်လား။ ငါ့ဆီ မြန်မြန် ပြန်ပေး”

“မင်းဘာပြောလိုက်တယ်”

လီဖန် မျက်နှာ မည်းမှောင်သွားသည်။ ထို့နောက် မျက်လုံးပြူးပြီး ခြေထောက်မြှောက်ကာ အစေခံလေး ခြေထောက်ပေါ် တက်နင်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစေခံလေးက နာမည်ကြီး ပန်းချီကားအပေါ် အာရုံ ရောက်နေသဖြင့် သတိမထား လိုက်မိပေ။ နောက်ဆုံးတော့ ဟန်ချက်ပျက်ကာ စားပွဲပေါ် လဲကျသွားသည်။

ဘုန်း

စားပွဲက တော်တော်လေး လှုပ်ယမ်းသွားပြီး လက်ဖက်ရည်ခွက် ပြုတ်ကျလာသည်။ လက်ဖက်ရည်တွေ မှောက်ကျပြီး နာမည်ကြီး ပန်းချီကား စိုရွှဲကုန်သည်။

အခန်း(၅၀၀) - ကြောက်လန့်တကြား မဖြစ်နဲ့၊ ငါတို့မှာ ဆရာဆွန်း ရှိသေးတယ်”

"အာ"

လုချီဟွာ ဆိုးဆိုးဝါးဝါး ထိတ်လန့်သွားသည်။ သူမက အရှေ့ခပ်မြန်မြန် တိုးသွားပြီး ပန်းချီကား ပိုပြီးရေမစိုလာအောင် ဖမ်းယူဖို့ လုပ်လိုက်သည်။ ဒါပေမယ့် အင်ဘိုင်ဝူရဲ့ လှုပ်ရှားမှုက ပိုတောင် မြန်ဆန်သေးသည်။ သူမက လုချီဟွာ လက်ကို တန်းဖမ်းထားလိုက်သည်။

"လွှတ်ထားလိုက်ပါ"

နာမည်ကြီး ပန်းချီကား ပျက်ဆီးခြင်းက အရေးကြီး မတော်တဆမှု ဖြစ်သည်။ အင်ဘိုင်ဝူလည်း အစေခံလေးအတွက် စိတ်ပူသည်။ ဒါပေမယ့် အစေခံလေးသည် ဒီအရာတွေက လွတ်မြောက်အောင် လုချီပြီးဟွာအပေါ် ပုံချလိုက်ရင်ကော။ သူမက ပျက်ဆီးမှုရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နေသည်။ ဒါဆို ဘာလုပ်ကြမလဲ။

တကယ် အဲဒီလို ဖြစ်ဖို့ အလားအလာ များနေသည်။

“ဘာဖြစ်လို့လဲ”

လုချီဟွာ နားမလည်ပေ။

"ဆရာ့ကိုပါ ရှုပ်ထွေးအောင် မလုပ်နဲ့"

အင်ဘိုင်ဝူက ပြောလိုက်သည်။

"အမ်"

လုချီဟွာက နှံ့အသော်လည်း မရှုးပါ။ တွေးပြီးနောက် ဘာတွေ ဖြစ်နေလဲဆိုတာ သိလိုက်သည်။ ထို့နောက် လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။ သူမရဲ့အကြီးဆုံး အစ်မကြီးမှာဒါကို ဖြေရှင်းဖို့ နည်းလမ်း သေချာပေါက် ရှိလိမ့်မယ်လို့ ယုံကြည်သည်။

အစေခံလေးသည် စားပွဲ တိုက်မိသွားတာ မနာကျင်သော်လည်း ပန်းချီကား စိုစွတ်သွားတာကို မြင်လိုက်လျှင် လုံး၀ မှင်တက်နေသည်။

“အား”

အစေခံလေး စူးစူး၀ါး၀ါး ထအော်သည်။ ပန်းချီကားကို လက်ဆန့်ပြီး ယူလိုက်လျှင် လုံး၀ စိုရွှဲနေတာကို သိလိုက်ရသည်။ မှင်တွေလည်း ပျံ့လာပြီ။

အနီးအနားမှာရှိတဲ့ အစေခံတွေလည်း ကြောက်လန့်လာပြီး ငြိမ်ကျသွားသည်။

"အေး။ ပန်းချီကား ရေစိုနေပြီ။ ဘာကြောင့် ကြည့်နေတာလဲ။ မြန်မြန် သုတ်လိုက်"

လီဖန်က လျှောင်ပြောင်လိုက်သည်။

အစေခံလေးသည် ဘာလုပ်ရမလဲ လုံးဝ မသိတော့ပါ။ ဒီစကားကိုကြားလိုက်လျှင် အင်္ကျီ လက်စနဲ့ အလိုလို သုတ်လိုက်မိသည်။

"မလုပ်နဲ့"

လီဇီချီ တားချင်ပေမယ့် နောက်ကျသွားပြီ။ အစေခံလေးရဲ့ အင်္ကျီလက်စနဲ့ ပွတ်တိုက်လိုက်သဖြင့် မှင်စွန်းတာ ပိုဆိုးကုန်သည်။

"ဟားဟား"

လီဖန်က လက်ခုပ်တီးပြီး ဝမ်းသာအားရ လှောင်ပြောင်နေသေးသည်။

"မင်း ပြီးသွားပြီ။ ဒီနာမည်ကြီး ပန်ချီကားက စျေးပေါတဲ့ မင်းရဲ့ဘဝထက် ပိုတန်ဖိုးကြီးတယ်။ မင်းရဲ့ ပိုင်ရှင်က မင်းကိုသေချာပေါက် သတ်လိမ့်မယ်"

"ငါ အကုန်တွေ့တယ်။ မင်းက သူ့ကို ဒုက္ခပေးနေတာ"

လုချီဟွာက လီဖန်ကို ကြည့်ပြီး မခံချင်ဒေါသနဲ့ ပြောလိုက်သည်။

“သူ့ပိုင်ရှင်ကို ငါရှင်းပြပေးမယ်။ မင်းက သက်သက်မဲ့အကွက်ဆင်လိုက်တာ”

“ဗဟိုပြည်နယ် အကယ်ဒမီက ကျောင်းသားလား”

လုချီဟွာရဲ့ ကျောင်းအဝတ်အစားကို မြင်လိုက်လျှင် တော်တော်လေး အထင်သေး အမြင်သေးတဲ့ ပုံစံ ဖြစ်သွားသည်။

“မင်းကိုယ်မင်း ဘယ်သူ ထင်နေလဲ။ ငါ့အလုပ်ကို ဘယ်လိုတောင် ဝင်စွက်ဖက်ရဲတာလဲ”

“ဟော့ကောင် လာစမ်း၊ ငါ့အတွက် သူ့ပါးစပ်ကို ယောင်ကိုင်းနေအောင် ပိတ်ရိုက်စမ်း”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဖန်က လုချီဟွာနဲ့ငြင်းခုန်ရန် စိတ်မဝင်စားပဲ တိုက်ရိုက် အမိန့်ပေးလိုက်သည်။ သူ့အဖေက ဗဟိုပြည်နယ် အကယ်ဒမီက လူတွေကို အမုန်းဆုံးဆိုတာ သိနေသည်။ ဒါကြောင့် သူတို့ကို ရိုက်နှက်လိုက်လျှင် ဆုငွေတောင် ရအုံးမည်။

လီဖန် အနောက်ကနေ ခပ်ထွားထွားကောင်လေး တယောက် ထွက်လာသည်။ အရမ်းချစ်ဖို့ကောင်းတဲ့ လုချီဟွာကို မြင်ပြီး မလုပ်ရက် ဖြစ်သွားသည်။ ဒါပေမယ့် သူ့သခင်လေးရဲ့ အမိန့်ကို မလွန်ဆန်နိုင်ပေ၊ ဒီလိုမဟုတ်ရင် ထမင်းအိုး ကွဲသွားမည်။

"ငါ့ကို အပြစ်မတင်နဲ့။ ဒီမှာရှိနေတဲ့ လူတွေထဲမှာ လီဖန်ကို စော်ကားဖို့ ဘယ်သူက တောင်းဆိုလို့လဲ"

ထွားကျိုင်းတဲ့ လူငယ်လေးက အမြန်ပြေးထွက်လာသည်။

"အမ်"

လုချီဟွာရဲ့ အမူအရာ ရပ်တန့်နေသည်။ ဒီလူငယ်လေး ဒီလောက် မကောင်းဆိုးဝါး ဆန်မယ်လို့ သူမထင်ခဲ့ပါ။

"ဘောပဲ"

လီဇီချီရဲ့ ပုံရိပ်က လီဖန်ကို အထိတ်တလန့် ဖြစ်စေမယ်ဆိုတာ အင်ဘိုင်ဝူ မသိပါ။ ဒါကြောင့် သူမ တစ်ခါတည်း လှုပ်ရှားလိုက်သည်။

ရွှစ်

အင်ဘိုင်ဝူက နတ်ဘုရားခြေလှမ်းကို အသုံးပြုပြီး လီဖန်ဆီ ပြေးသွားသည်။

ဒီထွားကျိုင်းတဲ့ကောင်ကို ရင်ဆိုင်ဖို့လား။

အင်ဘိုင်ဝူက ဘယ်လောက်ပြင်းထန်မယ်ဆိုတာ နားလည်လိုက်သည်။

"သေချင်နေတာပဲ"

အင်ဘိုင်ဝူက သူ့သခင်လေးရှိရာ ပြေးလာတာ မြင်လိုက်လျှင် ထွားကျိုင်းတဲ့ လူငယ်လေးက ရက်စက်စွာ ပြုံးလိုက်သည်။ ဒီကောင်မလေးက တကယ် တိုက်ခိုက်ရဲတာလား။ သူမက တကယ်ပဲ "သေခြင်း' ဆိုတဲ့ စာလုံးကို မသိဘူးလား။ ထွားကျိုင်းတဲ့ လူငယ်လေးက အင်ဘိုင်ဝူကို လက်ဆန့်ပြီး ဖမ်းလိုက်သည်။ ဒါပေမယ့် အင်ဘိုင်ဝူက အရိပ်တစ်ခုလို ဖျတ်ကနဲ ဖြတ်ကျော်သည်။

"ဘာ"

ထွားကျိုင်းတဲ့လူငယ်လေးရဲ့ မျက်နှာတွင် အရမ်းအံ့အောသင့်တဲ့ အမူအရာ ဖြစ်နေသည်။ လှည့်ကြည့်လိုက်လျှင် လီဖန် လက်ကောက်ဝတ်ကို လိမ်ချိုးပြီး ဖမ်းထားတာ မြင်လိုက်ရသည်။

အင်ဘိုင်ဝူက ခြိမ်းခြောက်မှု တစ်ခုမှ မလုပ်ခဲ့ပေ။ လီဖန်ရဲ့ မေးစေ့အောက်သို့ ဓါးမြှောင် တန်းတင်ထားလိုက်သည်။

ထွားကြိုင်းတဲ့ကောင်သည် အင်ဘိုင်ဝူ မျက်လုံးထဲက ပြတ်သားပြီး ရူးသွပ်နေတဲ့

အငွေ့အသက်ကို မြင်နေတော့ မဆင်မခြင် မလုပ်ရဲပေ။

"တောက်"

ထွားကျိုင်းတဲ့ ကောင်လေးသည် ခေါင်းကျိန်းနေသည်။ ဘာလို့ ဒီလိုလူနဲ့ တွေ့နေရတာလဲ။ ပြီးတော့ နောင်တလည်း ရနေသည်။ (အရင်ကတည်းက ဒီထက်ပိုသတိထားလိုက်ရမှာ)

"သူ ဘယ်သူလဲဆိုတာ မင်းသိလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထွားကြိုင်းတဲ့ ကောင်လေးက ခြိမ်းခြောက်လိုက်သည်။

“မင်း သေခြင်းတရား ရှာနေတာလား။ ငါ့ကို တကယ် ဖမ်းရဲတာလား။ ငါက လီဇီရှင်းရဲ့................”

အင်ဘိုင်ဝူက ဓါးမြှောင် အနည်းငယ် လှုပ်လိုက်သဖြင့် လီဖန် ဆက်မပြောနိုင်တော့ပေ။ လည်းချောင်းပေါ်မှာ ဓါးမြှောင်ရဲ့ ထက်ရှတဲ့ အထိအတွေ့ကို ခံစားရပြီးနောက် ဘောင်းဘီထဲ သေးထွက်ကျမတတ် ဖြစ်နေသည်။ ခြေထောက်တွေလည်း အလိုလို တုန်နေသည်။

" ဘာအခြေအနေကြီးလဲ"

ပတ်ဝန်းကျင်မှာရှိတဲ့ အစေခံများအားလုံး အရမ်းအံ့အောနေကြသည်။ ဘာဖြစ်လို့ ရန်ပွဲက ရုတ်တရက်ဖြစ်လာတာလဲ။ ဒါ့အပြင် မင်းသားလေးက အဖမ်းခံထားရတဲ့ ပုံဖြစ်နေသည်။

"မ.....မလုပ်နဲ့"

ထွားကြိုင်းတဲ့ကောင်လေး သေလုမတတ်ကြောက်လန့်နေသည်။ ရန်မလိုကြောင်း ပြသတဲ့အနေနဲ့ နောက်သို့ ခြေလှမ်းနှစ်လှမ်းကမန်းကမန်းကတန်း ပြန်ဆုတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘုရားရေ၊ ကျောင်းသား မဟုတ်ဘူးလား ဘာဖြစ်လို့ ဒီလောက် ကြမ်းတမ်းနေတာလဲ)

အင်ဘိုင်ဝူကို စူးစမ်းနေတဲ့ သူ့မျက်လုံးထဲတွင် မနာလိုတဲ့ အရိပ်အယောင်တွေ ပါနေသော်လည်း မျက်နှာမှာတော့ ကြောက်လန့်တဲ့ အမူအရာတွေ ပြည့်နှက်နေသည်။ တကယ် ဒီကောင်မလေးက အကြောက်တရားကင်းသည်။ သူမရဲ့ အဖော်အတွက်ကြောင့်သာ မင်းသားလေးကို ဖမ်းထားခဲ့သည်။

ဒါပေမယ့် သူမရဲ့ကျင့်စဉ်ကလဲ အနည်းဆုံး ကောင်းကင်အဆင့် ဖြစ်နိုင်သည်။ ဒီလိုမှမဟုတ်ရင် သူ့ရဲ့ ဖမ်းချုပ်မှုကို ရှောင်ထွက်သွားဖို့ မဖြစ်နိုင်ပေ။

ထုံးစံအတိုင်း ဒီမိန်းကလေး ဘယ်လိုတောင် တည်ငြိမ်ပြီး ရဲရင့်လည်းဆိုတာက ထွားကြိုင်းတဲ့ ကောင်လေး အတုန်လှုပ်ဆုံး အရာဖြစ်သည်။ ဒါ့အပြင် သူမက အရမ်းပြတ်သားသည်။ သူ့ရဲ့လက်ရှိ ခွန်းအားနဲ့ သူမနေရာမှာသာဆိုလျှင် အဲဒီလို လုပ်ရဲမှာ မဟုတ်ပါ။

"စကားနဲ့ အချိန်ဖြုန်းနေတာ ရပ်လိုက်တော့။ မင်းက မင်းသားလေးမှန်း ငါသိတယ်"

အင်ဘိုင်ဝူက ထွားကြိုင်းတဲ့ ကောင်လေးကို ကြည့်လိုက်ပြီး

"ငါ့ရဲ့ စီနီယာ အမတွေအနား မကပ်နဲ့ ဒီလိုမှမဟုတ်ရင် ငါ့ကို မယဉ်ကျေးဘူးလို့ အပြစ်မတင်နဲ့ "

"ဘိုင်ဝူ"

လုချီဟွာလည်း တော်တော်လေး ထိရှသွားသည်။

"လီဖန်၊ အော်နေတာ ရပ်လိုက်တော့ ၊ မရှက်ဘူးလား"

လီဇီချီက ပြောလိုက်သည်။

"အစ်မ ဇီချီလား"

လူအုပ်ထဲက ထွက်လာတဲ့ လီဇီချီကို မြင်လိုက်လျှင် လီဖန် ကျေနပ် အားရစွာ ပြုံးလိုက်သည်။

"ငါ မင်းကို အကြိမ်ကြိမ် လိုက်ရှာခဲ့သေးတယ်။ ဒါပေမယ့် မင်းကို ဘယ်လိုမှ ရှာမတွေ့ဘူး"

"ငါ လေ့လာနေတာ"

လီဇီချီက ဆင်ခြေတစ်ခု ပေးလိုက်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီကအမှိုက်ကျောင်းပါ။ ဘာကောင်းလို့လဲ။ မရီဒန် အကယ်ဒမီကို ဘာဖြစ်လို့ မလာတာလဲ။ ငါ မင်းကို ကျောင်းအုပ်ကြီးချောင်နဲ့ မိတ်ဆက်ပေးပြီး မင်းအတွက် သင်ကြားခိုင်းလိုက်မယ်"

လီဖန်က ကြွားလုံး ထုတ်လိုက်သည်။

"ဘိုင်ဝူ၊ သူ့ကို လွှတ်ပေးလိုက်"

လီဇီချီက စကားပြောပြီးနောက် ထွားကြိုင်းတဲ့ကောင်လေးကို တစ်ချက်ကြည့်လိုက်ပြီး

"ငါဘယ်သူလဲဆိုတာ မင်းသိလား"

"မ...မ."

ထွားကြိုင်းတဲ့ကောင်လေး အရိုအသေ မပေးခင် လီဇီချီက သူ့ကို တားလိုက်သည်။

"သူမက ငါ့ရဲ့ ဂျူနီယာ ညီမလေးပဲ"

"မင်းရဲ့ ဂျူနီယာ ညီမလေးလား"

လီဖန် မျက်မှောင် ကြုတ်သွားသည်။ ထို့နောက် လုချီဟွာကို ကြည့်လိုက်ပြီး

"သူမကလည်း မင်းရဲ့ ဂျူနီယာ ညီမလေးပဲလား"

"ဟုတ်တယ်"

လီဇီချီ လေသံက အေးစက်နေသည်။

"ဒီကိစ္စတွေက ကိုင်တွယ်ရဖို့ ခက်တယ်။ ငါ လီဖန်ချင်လင်မှာ နေလာတာ နှစ်တော်တော်ကြာနေပြီ ဒီလိုမျိုး တစ်ခါမှ အစော်ကား မခံရသေးဘူး"

ဝရုန်းသုန်းကား ပြန်ပေးဆွဲ ခံရပြီးနောက် လီဖန် စိတ်အေးလာသည်။ သူက အင်ဘိုင်ဝူကို ခြိမ်းခြောက်လိုက်သည်။

"ဘာဖြစ်လို့ ငါ့ကို မလွှတ်သေးတာလဲ။ မင်းရဲ့ မျိုးနွယ်စု တစ်ခုလုံး အသတ်ခံချင်နေတာလား"

အင်ဘိုင်ဝူ သွေးအေးတဲ့ အကြည့်နဲ့ ကြည့်လိုက်ပြီး ဓါးကို အပေါ်တိုးလိုက်သည်။

"ဂီ"

လီဖန်ရဲ့ အပြုံးတွေ ရပ်တန့်သွားသည်။ သူ့တစ်ကိုယ်လုံးနှင့် ဝိညာဉ် အလိုလို ကျင်တက်သွားသည်။ ဓါးမြှောင်နဲ့ အထိုးခံလိုက်ရမှာကို တကယ်ကြောက်လို့ အဖြေရှာမရပါ။

"မင်း ဘာပြောလိုက်တယ်"

အင်ဘိုင်ဝူက မေးလိုက်သည်။

လီဖန်သည် စောစောတုန်းက သူပြောခဲ့တဲ့ စကားကို ပြန်မပြောရဲတော့ပါ။

“ဘိုင်ဂူ၊ ချက်ခြင်း လွှတ်ပေးလိုက်”

လီဇီချီက လီဖန်ကို စိုက်ကြည့်လိုက်ပြီး

“ဒီနေ့ ကိစ္စမှာ ငါတို့နှစ်ဖက်စလုံး နောက်ပြန်ဆုတ်မယ်။ မင်းကြောင့် ဒီပန်းချီကား ပျက်ဆီးသွားတာကို ဦးလေးဆီ မတိုင်ဘူး”

“ငါ့အဖေကို တိုင်လို့ ငါ့ကို အပြစ်ပေးမယ် ထင်နေတာလား”

လီဖန်က လျှောင်ပြောင် ရယ်မောလိုက်သည်။

“ဒီလိုဆိုရင်လည်း ဒီပန်းချီကားပိုင်ရှင် ဒါကို သိသွားရင် ဘာလုပ်မယ် ထင်လဲ။ ဘာပဲပြောပြော ဒီပန်းချီကားအတွက် ငွေတော်တော်လေး အကုန်ကျ ခံထားရတာ”

လီဇီချီက ခြိမ်းခြောက်လိုက်သည်။

လီဖန် မျက်နှာတွင် မဖော်ပြနိုင်တဲ့ အမူအရာ ဖြစ်သွားသည်။ ခဏလောက်တွေဝေသွားပြီးမှ ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ၊ ဒီကိစ္စကို ငါတို့ မေ့လိုက်ကြတာပေါ့”

ထို့နောက် အင်ဘိုင်ဝူကို ကြည့်လိုက်သည်။

"နောင်ကျရင် ငါနဲ့ မဆုံမိအောင် ဆုတောင်းထားတာ ပိုကောင်းမယ်။ ပြီးတော့ ကျန်တဲ့လူတွေလည်း ဒီနေ့ကိစ္စ တစ်ခုခု ပေါက်ကြားခဲ့ရင် မင်းတို့ကို ငါက အသက်ရှင်ရက် အရေခွံခွာမယ်"

လီဖန်က ဒေါသတကြီး အော်ဟောက်ပြီး အခန်းထဲက ထွက်သွားသည်။

သူ့အပြင်ရောက်တာနဲ့ ရုတ်တရက် ရပ်လိုက်သည်။

"မင်း ၊ ခေါင်းငုံ့"

"မင်းသားလေး၊ မင်းအတွက် ဘာလုပ်ပေးရမှာလဲ"

ထွားကြိုင်းတဲ့ ကောင်လေးက အတင်းပြုံးပြီး ခေါင်းငုံ့လိုက်သည်။

"အမှိုက်၊ မင်းက ငါ့ကို ကောင်မလေးငယ်ငယ်လေး ပြန်ပေးဆွဲဖို့ လွှတ်ပေးထားတယ် ဟုတ်လား။ မင်းကို လစာပေးနေတာ ဘာအတွက်မှ မဟုတ်ဘူးလား"

လီဖန်က ကျိန်ဆဲပြီး ပါးတွေ လိမ့်ရိုက်နေသည်။

ဖြောင်း ဖြောင်း ဖြောင်း

ထွားကြိုင်းတဲ့ ကောင်လေးသည် ယပ်တောင်နဲ့အဆက်မပြတ် အရိုက်ခံနေရသော်လည်း လက်တုန့်မပြန်ရဲပေ။ ဒီအတွက်လည်း အဖြေမရှိပါ။ မင်းသားလီက အစွမ်းထက်လွန်းသည်။ မင်းသားငယ်လေးကို စော်ကားဖို့ မဖြစ်နိုင်ပါ။

....

အခန်းထဲမှာ လုချီဟွာက ခံပြင်းဒေါသထွက်နေသည်။

“အကြီးဆုံး အစ်မကြီး ၊ ဒီလူဆိုးကို တကယ်လွှတ်ပေးလိုက်တော့မှာလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက သူမရဲ့ အစ်မကြီးသည် မကောင်းမှု ကျူးလွန်နေတဲ့လူဘက်က ရပ်တည်နေတယ်လို့ မြင်သွားပြီး တော်တော်လေး စိတ်ထိခိုက် သွားသည်။

"ငါဘာလုပ်ရမလဲ။ ငါဘာလုပ်ရမလဲ"

အစေခံလေးသည် တုန်တုန်ယင်ယင်နဲ့ ကြမ်းပေါ် ထိုင်ကျသွားကာ ကြောင်တောင်တောင်လေး ဖြစ်နေရှာသည်။

ကျန်တဲ့အစေခံတွေလည်း ပြေးသွားကြပြီ။

အစေခံတွေ ဖြစ်ကြတဲ့ သူတို့တွေသည် နာမည်ကြီး ပန်းချီကား ပျက်ဆီးသွားပါက ဖြစ်လာမယ့်

အကျိုးဆက် ဘယ်လောက် ပြင်းထန်မယ်ဆိုတာ သိနေကြသည်။ သူတို့က ရိုင်းစိုင်းတဲ့ မှတ်ချက်များ မဖော်ထုတ်ရဲသော်လည်း အစေခံလေးအား စာနာဖို့ အချိန်မရှိပါ။ ဒါကြောင့် ဌက်တွေ ၊ သားရဲတွေလို အလျိုလျို ထွက်ပြေးသွားကြသည်။

"သူ့ကို ထုတ်ဖော်လိုက်ရင်တောင် အသုံးမဝင်ဘူး"

လီဇီချီ သက်ပြင်းချလိုက်သည်။ နုံအတဲ့ သူ့ညီမလေးက ကမ္ဘာကြီး ဘယ်လိုဆိုးရွားလဲဆိုတာ မသိပေ။ ဒီပန်းချီကား ပိုင်ရှင်ကို အမှန်တိုင်း

ပြောလိုက်လျှင်တောင် ဒါကို အရေးမကြီးတဲ့ ကိစ္စလို့ ပြောလိမ့်မည်။

ဘယ်လိုပဲပြောပြော ပန်းချီကား ပိုင်ရှင်က မင်းသားလီဆီကနေ အလျော်တောင်းဖို့ မဖြစ်နိုင်ပေ။

မည်သို့ပင် ဆိုစေကာမူ ဒီကိစ္စက ထပ်ပြောစရာမလိုတော့ပေ။ ဘာပဲဖြစ်ဖြစ် အစေခံလေးပဲ ပစ်မှတ် ဖြစ်သွားမည်။ ပိုင်ရှင်ကလည်း ခံစားချက် ပေါက်ကွဲမှာ သေချာသည်။ သူမလည်း ကျိန်းသေပေါက် သေလိမ့်မည်။

"ဘိုင်ဝူ ၊မင်းရဲ့ တုန့်ပြန်မှုက အရမ်းကောင်းတယ်"

လီဇီချီက အင်ဘိုင်ဝူရဲ့ လိုက်လျောညီထွေဖြစ်မှုကို သဘောကျနေသည်။ သူမသာ အဆင့်အတန်းကို မေ့ထားပြီး အင်ဘိုင်ဝူနေရာမှာဆိုလျှင် မင်းသားလေးကို ပြန်ပေးဆွဲဖို့ သတ္တိမရှိပေ။

"အကြီးဆုံး အစ်မကြီး နောက်နေတာလား။ မင်းကြောင့်သာ မဟုတ်ရင် ငါ သေချာပေါက် သေလိမ့်မယ်"

အင်ဘိုင်ဝူ မျက်နှာအမူအရာ ညှိုးကျသွားသည်။ ဒါက ဘယ်လိုတောင် အံ့အောဖို့ကောင်းတဲ့ အခွင့်အာဏာလဲ ။ တရားခံက မင်းသားလေး ဖြစ်တာ

ထင်ရှားနေသော်လည်း လူတိုင်းသိနေတာတောင် အပြစ်ပေးခံရမည့်သူက အစေခံလေး ဖြစ်နေသေးသည်။

“ဒီ ပန်းချီကားကို ပြန်ပြင်လို့ ရနိုင်ပါ့မလား”

လုချီဟွာက အစေခံလေးဘေးတွင် ဆောင့်ကြောင့်ထိုင်ပြီး ကူညီပေးဖို့ အကြံထုတ်နေသည်။

“ပြန်ပြင်ဖို့ မဖြစ်နိုင်ဘူး”

အစေခံလေး မျက်ရည်ကျနေသည်။

“ဒီပန်းချီကားက ငါတို့ သခင်ကြီးအနှစ်သက်ဆုံး ပန်းချီကားပဲ။ ဒီနေ့ သမင်အမြီး ဂုဏ်ပြုပွဲမှာ

ပြသဖို့ဆိုပြီး ယူလာတာ။ ဒါပေမယ့် အခုတော့ ပျက်ဆီးသွားပြီး ဘယ်လိုတောင် ဒေါသထွက်လိုက်မလဲ။”

သေတဲ့အထိ အရိုက်ခံရတာကို အပြစ်ဒဏ်ပေါ့တယ်လို့ ပြောရမည်။

အစေခံလေးသည် အရင်က အမှားလုပ်မိတဲ့ အိမ်အကူများကို တွေ့ဖူးသည်။ သေချင်တာတောင် မသေနိုင် ဖြစ်နေရသည်။

ဒီအကြောင်းကိုတွေးရင်း အစေခံလေးသည် စိတ်ပျက်လက်ပျက်နဲ့ မတ်တပ် ထရပ်လိုက်သည်။ ထို့နောက် အခန်းထမှ ပြေးထွက်သွားသည်။

“မြန်မြန် တားလိုက်”

လီဇီချီ တော်တော်လေး တုန်လှုပ်သွားသည်။ အစေခံလေးကိုကြည့်ရတာ သေချင်နေပုံ ရသည်။

အင်ဘိုင်ဝူ လျှင်မြန်စွာပြေးပြီး အစေခံလေး လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။

“ငါ သေပါရစေ”

အစေခံလေး တော်တော်ကို ကြောက်လန့်တုန်လှုပ်နေရှာသည်။

“မစိုးရိမ်နဲ့သေချာပေါက် အဖြေရှိတယ်” လုချီဟွာက နှစ်သိမ့်လိုက်သည်။

“အမှန်ပဲ၊ ငါ့ဆရာက အံ့မခန်းပဲ။ သူ့မှာ မင်းကို ကူညီဖို့ နည်းလမ်းသေချာပေါက် ရှိလိမ့်မယ်”

“ချီဟွာ”

အင်ဘိုင်ဝူက စိတ်ဆိုးပြီး အော်ဟစ်လိုက်သည်။ သူမတို့ ဆရာမှာ ဘာအဖြေ ရှိရမှာလဲ။

“ဘိုင်ဝူ၊ မင်းဆရာ့ကို ယုံရမယ်”

လုချီဟွာက ဆွန်းမိုကို အကန့်အသတ်မရှိကိုးကွယ်ကာ အစေခံလေးကို နှစ်သိမ့်နေသည်။

“မကြောက်လန့်နဲ့ ငါ့ဆရာက မဖြစ်နိုင်လောက်အောင်ကို တော်တယ်”

“မင်းရဲ့လေးစားရတဲ့ ဆရာက ကျော်ကြားတဲ့ အနုပညာရှင်လား”

အစေခံလေးက မေးပြီးနောက် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါလိုက်ပြန်သည်။

“ဒါက အံ့ဖွယ်ပန်းခင်းအမျိုးအစား နာမည်ကြီး ပန်းချီကားပဲ။ မင်းက ကျော်ကြားတဲ့ အနုပညာရှင် ဖြစ်နေရင်တောင် ပုံတူကူးချဖို့ မဖြစ်နိုင်ဘူး”

“ဆရာ့ကို သွားရှာမယ်”

လုချီဟွာ တစ်ယောက် ပြေးထွက်သွားသည်။

“ချီဟွာ ကိုယ်ချင်းစာအုံး......”

အင်ဘိုင်ဂူ တစ်ယောက် ရယ်ရမလား၊ ငိုရမလားတောင် မသိတော့ပေ။ လုချီဟွာက ကြင်နာတတ်လွန်းသည် အနေးနဲ့အမြန်ဆိုသလို ဆိုးကျိုး ခံစားရလိမ့်မည်။

"ကံကြမ္မာ အတိုင်းပဲ လွှတ်ထားလိုက်ရအောင်"

လီဇီချီ သက်ပြင်းချလိုက်သည်။ သူမဆရာက ဒီကိစ္စနဲ့ပက်သက်လို့ အကြံဉာဏ်ကောင်း ပေးနိုင်မယ်လို့ မထင်ပါ။

အခန်း(၅၀၁) - စည်းစိမ်ဂုဏ်သိက္ခာ၊

တစ်ကိုယ်တည်းသမား ဘ၀ ပန်းချီကား။

ဆွန်းမို အခန်းထဲသို့ ရောက်လာလျှင် ဇာတ်လမ်း အစအဆုံး ကြားလိုက်ရသည်။ ထို့နောက် အစေခံလေးနဲ့လည်း တွေ့လိုက်သည်။

"ဆရာဆွန်းကို နှုတ်ဆက်ပါတယ်"

အစေခံလေးက နှုတ်ဆက်လိုက်သည်။ အရမ်းငိုထားသဖြင့် မျက်လုံးတွေ နီရဲပြီး ယောင်ကိုင်းကာ သစ်ကြားသီး အရွယ်လောက် ဖြစ်နေသည်။

"ဆရာ၊ ပန်းချီကားက ဒီမှာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက ဆွန်းမိုကို စားပွဲအရှေ့သို့ ဆွဲခေါ်လာသည်။

ဆွန်းမိုသည် ပစ်မှတ်က သာမန် ပန်းချီကားဆိုလျှင် တစ်ခုခု လုပ်ပေးနိုင်သေးတယ်လို့ တကယ် ပြောလိုက်ချင်သည်။ ဒါပေမယ့် နာမည်ကြီး ပန်းချီကားသည် ပန်းချီ ဆွဲချင်တယ်ဆိုတဲ့ ခံစားချက်နဲ့ ဆွဲလို့ရတဲ့ အရာမဟုတ်ပေ။ ဒါပေမယ့် လုချီဟွာရဲ့ ကိုးကွယ်မှု ပြည့်နေတဲ့ မျက်ဝန်းကို မြင်ပြီး ဆွန်းမိုတစ်ယောက် မဖြစ်နိုင်ဘူးဆိုတဲ့ စကားကို အမှန်ပင် ပြောမထွက်တော့ချေ။

"ဒါက ရှူခင်းပန်းချီပဲ ။ ဝူရန်ချီ ရဲ့ ပန်းချီ လက်ရာပဲ"

လီဇီချီက မိတ်ဆက်ပေးသည်။

"ဝူရန်ချီ ဆိုတာ လင်ရွှမ် ကပါ။ ငယ်ငယ်ကတည်းက ပန်းချီပညာကို သင်ယူခဲ့တယ်။ အသက် ၁၉ နှစ်မှာတော့ နှင်းတောထဲမှာ မနားဘဲ၊ မအိပ်ဘဲ ခုနှစ်ရက်တိုင်တိုင် ရေးဆွဲခဲ့တဲ့ ဂျန်ဒေါင်ဆောင်းဆိုတဲ့ ပန်းချီကားတစ်ချပ်တည်းနဲ့ နာမည်ကြီး အနုပညာရှင် ဖြစ်လာခဲ့တာ"

"သူက နာမည်ကြီးတဲ့ လူလား"

ဆွန်းမို မျက်မှောင်ကြုတ် သွားသည်။ ဒီလို နာမည်ကြီးတဲ့လူတွေရဲ့ ပန်းချီကားက သိတဲ့လူများလို့ ဒါကို ဖြေရှင်းဖို့ မလွယ်ပါ။ ကူးယူဖို့ ကြိုးစားရင် အမှားသေးသေးလေးကို အလွယ်တကူ တွေ့သွားနိုင်သည်။

"ဝူရန်ချီရဲ့ နာမည်ကြီး ပန်းချီကားတွေက အရမ်းဈေးကြီးတယ်။ ဒါကြောင့် ဒီပန်းချီကားက မကြာခင်ကမှ သူရေးဆွဲခဲ့တဲ့ ပန်းချီကားလို့ ခန့်မှန်းရပြီး သိတဲ့လူ အရမ်းနည်းမှာ သေချာတယ်။

ဒါကြောင့်လည်း ပိုင်ရှင်ဖြစ်တဲ့ ချင်လင်ဘုရင်ခံက သမင်အမြီး ဂုဏ်ပြုပွဲမှာ ပြသချင်တာပေါ့”

လီဇီချီ ခန့်မှန်းလိုက်သည်။

“သူမကို ကယ်တင်နိုင်ဖို့ တခြား နည်းလမ်း မရှိတော့ဘူးလား”

ဆွန်းမိုက ဒီပန်းချီကားကို ခံစားလိုက်သည်။

ဒါက စည်းစိမ်ဂုဏ်သိက္ခာ၊ တစ်ကိုယ်တည်းသမား ဘ၀ ပန်းချီကားဖြစ်ပြီး ရှုခင်းအမျိုးအစား ဖြစ်သည်။

အဝေးက တောင်တန်းကို မြင်ရပြီး ပေတစ်ထောင်မြင့်တဲ့ ရေတံခွန်က ရေတွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြာကျနေကာ လယ်ကွင်းတလျှောက် ဖြတ်သန်းစီးဆင်းသွားသည်။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ စိတ်ကူးယဉ် လောကလေးထဲမှာ ရိုးရှင်းတဲ့ တဲလေးတစ်လုံးကို မြင်နေရသည်။

စိမ်းလန်းနေတဲ့ ရေညှိများနဲ့ ဖုံးလွှမ်းနေပြီး ကျေးလက်ဆန်တဲ့ အငွေ့သက်ကို ခံစားရသည်။

ပန်းချီကားထဲတွင် လူမပါသော်လည်း တံခါးအရှေ့မှာ ဖိနပ်လေး တစ်ရံ လှမ်းမြင်နေရသည်။

“မဆိုးဘူး။ တော်တော်လေး အထင်ကြီးဖို့ကောင်းတဲ့ အစိတ်အပိုင်းတချို့ ပါတာပဲ”

ဆွန်းမို နှုတ်ခမ်းကွေးပြီး မထီပြုံး ပြုံးလိုက်သည်။ အခုချိန်မှာတော့ သူသည် အနုပညာရှင် တစ်ဦးလည်း ဖြစ်နေသေးသည်။ ဒါကြောင့် တစ်ချက် ကြည့်လိုက်ရုံနဲ့ ပန်းချီကား ၏ ဆိုလိုရင်းကို နားလည်လိုက်သည်။

ဒါက လောကကြီးနဲ့ ကင်းကွာနေပြီး တိတ်ဆိတ်ငြိမ်သက်နေတဲ့ သုခဘုံလေးမှာ နေထိုင်နေသည့် အငြိမ်းစား အဆင့်မြင့် အရာရှိကြီးရဲ့ တစ်ယောက်ရဲ့ ပန်းချီကား ဖြစ်သည်။ သူက မြက်ခင်းတဲလေးမှာ နေထိုင်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျေးလက်ဆန်တဲ့ ဘဝစတိုင်လေးနဲ့ အရိုးထုတ်နေသည်။

အဆင့်မြင့် အရာရှိကြီး တစ်ယောက်လို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ။

ဖိနပ်စတိုင်က လူချမ်းသာတွေပဲ တတ်နိုင်တဲ့ပုံစံ ဖြစ်နေသည်။

ခေတ်သစ်စကားလုံး သုံးပြီး ပြောရလျှင် ပန်းချီဆွဲတဲ့သူက ဒီပုဂ္ဂိုလ်သည် ဒေါ်လာ မီလီယံနဲ့ချီပြီး ချမ်းသာတဲ့လူ ဒါမှမဟုတ် အရေးကြီးတဲ့ ဇာတ်ကောင်တစ်ယောက် ပိုင်ဆိုင်တယ်လို့

ပြောချင်နေသည်။ အဲဒီလူက အငြိမ်းစားယူပြီး မြက်ခင်းတဲလေးနဲ့နေထိုင်ကာ လွတ်လပ်တဲ့ စိတ်သဘောထားအတိုင်း အရိုးထုတ်နေတယ်လို့ ပြောလို့ရသည်။

“ဘယ်လောက်တောင် စိတ်ဒုက္ခပေးတဲ့ ပန်းချီကားလဲ”

ဆွန်းမို ပါးပါးလေး ပြုံးလိုက်သည်။

“ဆရာ၊ ဒါကို ပုံတူကူးချ နိုင်မလား”

လုချီဟွာက မေးလိုက်သည်။

အစေခံလေးကလည်း ဆွန်းမိုကို နောက်ဆုံး မျှော်လင့်ချက် အငွေ့အသက်လေးပါတဲ့ အကြည့်နဲ့ ကြည့်ပြီး ငိုကြွေးနေရှာသည်။

"ငါ ကူးလို့ ရပါတယ်။ ဒါပေမယ့် အကျိုးသက်ရောက်မှုကိုတော့ ပုံတူ ကူးချလို့ မရဘူး"

ဆွန်းမိုက သူ့ရဲ့ကိုယ်ပိုင် စံနှုန်းကို ကောင်းကောင်း သိသည်။ လက်ရှိ ရိုးရာပန်းချီကား ရေးဆွဲခြင်း နည်းစနစ်ကို ပိုင်ဆိုင်ထားပြီး ပထမကိုင်းခွဲဖြစ်တဲ့ ဇာတ်ကောင်ရေးဆွဲခြင်းကို မဟာအဆင့်

ကျွမ်းကျင်နေသည်။ ဒုတိယ တစ်မျိုးဖြစ်တဲ့ ရှုခင်း ရေးဆွဲခြင်းကတော့ အခြေခံ အဆင့်သာ ရှိသေးသည်။

ထုံးစံအတိုင်း အချိန်သက်တ အများကြီးရှိနေသဖြင့် ကျွမ်းကျင်မှုအဆင့်ကို တိုးမြှင့်နိုင်သော်လည်း ဒါနဲ့ ပက်သက်ပြီး မျှော်လင့်ချက် တစုံတရာ မရှိပေ။

“ဆရာ၊ အရမ်းနှိမ့်ချ မနေနဲ့။ သူ့အသက်က အခုမင်းလက်ထဲ ရောက်နေပြီ”

လုချီဟွာက လက်သီးသေးသေးလေးကို ဝှေ့ယမ်းပြီး ပြောနေသည်။ သူမက ဆွန်းမိုထက်တောင် ယုံကြည်မှု ပိုကဲနေသည်။

"ဆရာ၊ စုတ်တံ၊ စက္ကူနဲ့ မှင် ပြင်ပြီးပြီ"

လီဇီချီက ဆွန်းမို အောင်မြင်မယ်လို့ မခံစားရသော်လည်း ပြင်ဆင်မှုများကတော့ ပြီးခဲ့ပြီ။

"စနစ်၊ အချိန်တံဆိပ် အသုံးပြုပြီး ရှူခင်းရေးဆွဲခြင်းကို အဆင့်တိုးမြှင့်မယ်"

ဆွန်းမို ညွှန်ကြားလိုက်သည်။ အမှန်အတိုင်း ပြောရလျှင် နည်းနည်းလေးတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ဒုက္ခရောက်ရသည်။ ဒါပေမယ့်လည်း အနှိုင်းမဲ့ သနားဖို့ကောင်းပြီး အားကိုးရာမဲ့ ကြည့်နေရှာတဲ့ အစေခံလေးရဲ့ မျက်နှာကို မြင်လိုက်လျှင် အချိန်တံဆိပ် ဆယ်ခု အသုံးပြုရရင်တောင် လုပ်ပေးမယ်လို့ ဆုံးဖြတ်လိုက်သည်။

ဒင်

"ရှုခင်း ရေးဆွဲခြင်း နည်းစနစ်ကို ကျွမ်းကျင်မှုအဆင့် မဟာအဆင့်အထိ တိုးမြှင့်လိုက်ပါပြီ။ ဒီအတွက်လည်း ဂုဏ်ပြုပါတယ်"

စနစ်က ဆွန်းမိုကို ဂုဏ်ပြုလိုက်သည်။

ဆွန်းမိုက စုတ်တံကို ကိုင်ပြီး ခံစားချက် ထည့်သွင်းရန် ခဏလောက် မတ်တပ်ရပ်နေလိုက်သည်။ အဲဒီနောက် စတင်ရေးဆွဲလိုက်သည်။ မဟာအဆင့် ကျွမ်းကျင်မှုက ဆွန်းမိုသည် ပန်းချီကား ရေးဆွဲခြင်း ဘုရားသခင်ရဲ့ အကူအညီကို ယူပြီး နောက်ပြောင်နေသလို ဖြစ်နေသည်။ စိတ်ထဲက စိတ်ကူးထားတာကို စက္ကူပေါ်မှာ ပေါ့ပေါ့ပါးပါးလေး ရေးဆွဲနိုင်သည်။

"ဆရာက အံ့မခန်းပဲ"

လုချီဟွာ စိတ်လှုပ်ရှားနေသည်။ စည်းစိမ်ဂုဏ်သိက္ခာနှင့် တစ်ကိုယ်တည်းသမား ဘဝ ပန်းချီကားက ပြီးလုနီးပါး ဖြစ်နေသည်။

အစေခံလေးပင် အရမ်းစိတ်လှုပ်ရှားပြီး အသက်ရှူဖို့ မေ့နေသည်။ စာရွက် အပေါ်ကိုသာ အာရုံစိုက်နေခဲ့သည်။

“ ဆရာပုံဆွဲတဲ့ နည်းစနစ်က တကယ် အထင်ကြီးစရာပဲ”

ဆွန်းမိုရဲ့ ပုံတူကူးချခြင်းက တော်တော်လေး အပြစ်အနာအဆာ ကင်းတာကို မြင်လိုက်လျှင်

လီဇီချီလည်း မျှော်လင့်ချက် ထားမိလာသည်။ ဒါပေမယ့် ပန်းချီကား တစ်ဝက်လောက်ပြီးတဲ့ အချိန်တွင် သူမ နှလုံးသား နစ်မြုပ်သွားသည်။

မျှော်လင့်ထားသလိုပဲ ပန်းချီကား တစ်ဝက်တစ်ပျက်ပြီးတဲ့ အချိန်မှာ ဆွန်းမိုက စုတ်တံကို ဘေးချပြီး ဒေါသတကြီးနဲ့ ပန်းချီကားကို ဆွဲဖြဲလိုက်သည်။

"အမ်"

လုချီဟွာ နားမလည်နိုင်ပါ။

"ဘာဖြစ်လို့ စာရွက်ကို စုတ်ဖြဲလိုက်ရတာလဲ။ ငါက ပန်းချီကားတော်တော်လေး ကောင်းနေပြီလို့ ထင်နေတာ"

"ဒီပုံဆွဲတဲ့အဆင့်က အံ့ဖွယ်ပန်းခင်း နယ်ပယ်ကို မရောက်နိုင်ဘူး"

လီဇီချီက ရှင်းပြလိုက်သည်။

ပန်းချီဆရာသည် အဲဒီ စိတ်အခြေအနေကို မအောင်မြင်လျှင် ကော်ပီက အတိအကျ တူနေရင်တောင် အသုံးမဝင်ပါ။ ဒီခေတ်မှာ ရနိုင်တဲ့ တစ်ခုတည်းသော အရောင်က အနက်ရောင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ လူတစ်ယောက်က ပန်းချီကားရောင်စုံ ဖြစ်ချင်ရင် အံ့ဖွယ်ပန်းခင်း ဖြစ်မှပဲ ရလိမ့်မည်။

ထို့နောက် ဆွန်းမိုသည် ပန်းချီကားနှစ်ချပ် ထပ်ရေးဆွဲခဲ့သော်လည်း နှစ်ကားစလုံး တစ်ဝက် တစ်ပျက်မှာပဲ လက်လျှော့ခဲ့သည်။

လီဇီချီသည်ကောင်းကင်ကို မော့ကြည့်ပြီး သူမ အမူအရာက လေးလံလာသည်။ ဆရာ ပုံဆွဲတာ မြန်ပေမယ့် အချိန်နောက်ကျနေပြီး ပွဲတောင် စတော့မည်။ အချိန် သိပ်အများကြီး မကျန်တော့ပေ။

"ဆရာ ပန်းချီကားတွေကို ဘာဖြစ်လို့ စိတ်တိုင်း မကျတာလဲ"

လုချီဟွာက မေးလိုက်သည်။

"သူရေးဆွဲထားတာ တော်တော်လေး ကောင်းပြီး အတွင်းက သဘောတရားလဲ ကောင်းပါတယ်။ ဒါပေမယ့် ပြီးပြည့်စုံဖို့ အရိပ်အယောင်တချို့ လိုသေးတယ်"

ဆွန်းမိုက ဝူရန်ချီရဲ့ ပန်းချီကားကို ရှုံ့ချတာ မဟုတ်ပေ။ သူ့ရဲ့ တွေးခေါ်ပုံကတကယ် မကိုက်ညီဘူးလို့ ခံစားရသည်။

"ဒါဆိုလည်း ဆရာ့စိတ်ထဲမှာ ရှိတဲ့ ပြီးပြည့်စုံတဲ့ ခံစားချက်အတိုင်း ဆွဲပါလား"

လုချီဟွာက မှန်သင့်သလောက် မှန်ပါတယ်ဆိုတဲ့ ပုံစံနဲ့ ပြောလိုက်သည်။

"မင်းဘာတွေ မျက်လုံး စုံမှိတ်ပြီး ပြောနေတာလဲ"

အင်ဘိုင်ဝူ စကားမပြောနိုင် ဖြစ်နေသည်။

"ဆရာက ဒီပန်းချီကားကို ကူးယူဖို့ ကြိုးစားနေတာ သူ့ကိုယ်ပိုင်စိတ်ကူးနဲ့ ဘယ်လို ဆွဲနိုင်မှာလဲ"

အင်ဘိုင်ဝူသည် လုချီဟွာကို နည်းနည်းတော့ စိတ်တိုသွားသည်။ သူမတို့ဆရာ ဘာကြောင့် ဒုက္ခ

ရောက်နေရတာလဲ။ အထူးသဖြင့် ပန်းချီကားကို အတိအကျ ကူးယူရန် မဖြစ်နိုင်သလောက် ဖြစ်နေတဲ့ အချက်က တော်တော်ဆိုးသည်။

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ”

လုချီဟွာက မျက်လုံးလေး ပေကလတ်ပေကလတ် လုပ်နေသည်။

အင်ဘိုင်ဝူ အဝေးသို့ ခေါင်းလှည့်လိုက်သည်။ လုချီဟွာလို ငဒူတစ်ယောက်နဲ့ စကားမပြောချင်လောက်အောင် ဒေါကန်နေသည်။ သူမသည် ပန်းချီအကြောင်းကို နားမလည်သော်လည်း

မူရင်း ပန်းချီဆရာ၏ သဘောတရားအတိုင်း လိုက်တုပပြီး ဆွဲနေတာတော့ သိသည်။ ဒီလိုမှမဟုတ်ရင် ကူးချတယ်လို့ ခေါ်ပါ့မလား။

"လူချီဟွာ မိတ္တူဆိုတာက........"

လီဇီချီက လူချီဟွာကို သဘောတရား တချို့ ပြောပြနေတဲ့ အချိန်တွင် လူချီဟွာစကားကြောင့် ဆွန်းမိုမျက်လုံး အရောင်တောက်လာသည်။

(အမှန်ပဲ။ ဝူရန်ချီရဲ့အယူအဆကို ဘာဖြစ်လို့ အတင်းအကျပ်ကြီး လိုက်နာနေရမှာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီပန်းချီကားက အငြိမ်းစားတစ်ယောက်ရဲ့ ကျေးလက်ဘဝကို ရိုးရိုးလေး သရုပ်ဖော်ထားတာပဲ)

ဆွန်းမိုသည် စုတ်တံကို မှင်ထဲ ပြန်နှစ်လိုက်သည်။

သူ့ရဲ့ကိုယ်ပိုင် စိတ်ကူးနဲ့ ဝူရန်ချီရဲ့ အယူအဆကို ရေးဆွဲနေသော်လည်း ရှုခင်းတစ်ခုလုံးကိုတော့ မပြောင်းလဲသေးပါ။ ပြောချင်တာက ပုံတူရေးဆွဲနေပေမယ့် အနှစ်သာရကတော့ ဆွန်းမို စိတ်ကူး ဖြစ်သွားသည်။

"မသေမျိုးဆိုတာက ဘယ်တောင်ထက်မဆို ကျော်ကြားနိုင်တယ်"

အဲဒီတုန်းက ဆွန်းမိုသည် အလုပ်ပြီးတဲ့ အချိန်တွင် လူတချို့ကို ညှော်ခံခဲ့ရသည်။ မသွားချင်ပေမယ့်လည်း ရွေးချယ်စရာ မရှိခဲ့ပေ။ ထိုအချိန်တုန်းက သူနေချင်တဲ့ ဘဝပုံစံအတိုင်း မနေခဲ့ရပေ။

“နဂါး အရှေ့ရောက်လျှင် ဘယ်မြစ်မဆို သန့်ရှင်းသွားနိုင်တယ်”

တကယ်တော့ ဆွန်းမို လိုချင်တဲ့အရာက ရိုးရှင်းလွန်းသည်။ သူကြိုက်တာလေး တစ်ခုခု လုပ်မည်။ သူနဲ့ သူ့မိသားစုကို ထောက်ပံ့ပေးနိုင်တဲ့ ငွေကို ရှာနိုင်ရင် လုံလောက်ပြီ။

လှိုင်းလုံးကြီးတွေအပေါ် လိုက်စီးမျောဖို့ ဘာဖြစ်လို့ ကို့ကိုယ်ကို တွန်းအားပေးနေမှာလဲ။ ခွေးနဲ့တူတဲ့ ဘဝကို ဖြတ်သန်းဖို့လား။

ဘီး....

ဆွန်းမို စုတ်တစ်ချက် ဆွဲလိုက်တိုင်း အလင်းတစ်လွှာ တောက်ပလာသည်။ စုတ်ချက်တွေတိုင်းမှာ မှင်တွေက တောက်ပလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီ စည်းစိမ်ဂုဏ်သိက္ခာ တစ်ကိုယ်တည်းသမား ဘ၀ ပန်းချီကားအပေါ် အလင်းရောင်တွေက ပျံ့နှံ့လာပြီး ရုတ်တရုတ် အရောင်အသွေး စုံလာသည်။

အရင်က စိတ်ပျက်နေတဲ့ အစေခံလေးသည် ဒါကို မြင်လိုက်လျှင် ညာဖက်လက်ကို တန်းကိုက်လိုက်သည်။ အရမ်း နာသွားသော်လည်း အားထည့်ပြီး ပိုကိုက်လိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်တစ်ခုလို သူမ ခံစားနေရသည်။ ဘယ်လောက်ကိုက်ကိုက် မနာရင် သူမ အိပ်ပျော်နေတာပဲ ဖြစ်မည်။

"အောင်မြင်ပြီ၊ အောင်မြင်ပြီ"

လုချီဟွာက လီဇီချီလက်ကို ဖမ်းကိုင်ပြီး ပြင်းထန်စွာ ဖော့ယမ်းနေသည်။ အရမ်းစိတ်လှုပ်ရှားနေပြီး မျက်နှာမှာ ချွေးတွေ စီးကျနေတာ မြင်နေရသည်။

"ဆရာ့မှာ အနန္တစွမ်းအားရှိတယ် ဆိုတာ ငါအမြဲသိနေတယ်"

ဒင်

လုချီဟွာရဲ့ လေးစားအထင်ကြီးမှု +၅၀၀။ ရှိသေ (၂၄,၁၅၀/၁၀၀,၀၀၀)

"ဒါက လူသားတွေ လုပ်နိုင်လို့လား"

လီဇီချီလည်း မှင်တက်နေသည်။

နံ့အတဲ့ လုချီဟွာနှင့် ယှဉ်လိုက်လျှင် ဆွန်းမိုအတွက် ဘယ်လို ခက်ခဲလဲဆိုတာ လီဇီချီ ပိုသိနေသည်။

နာမည်ကြီး ပန်းချီကားကို သူမဆရာ စိတ်ကြိုက်ဆွဲရမယ်ဆိုလျှင် ဆရာလုပ်နိုင်မယ်ဆိုတာ လီဇီချီ ယုံကြည်သည်။ ဒါပေမယ့် တခြားတစ်ခုကိုပုံတူကူးချဖို့ ဆိုတာက.......။

"......................"

အင်ဘိုင်ဝူ တစ်ယောက် ဘယ်လို အမူအရာ လုပ်ရမလဲမသိ ဖြစ်နေသည်။

ဆွန်းမိုက ညာလက်နဲ့ စုတ်တံကို ကိုင်ထားပြီး ဘယ်ဘက်လက်က မှင်တွေကို မပွတ်တိုက်မိအောင် ညာဘက် အင်္ကျီလက်စကိုပြန်ကိုင်ထားသည်။

အိမ်ကလေးက ရိုးရှင်းပေမယ့် သူ့နှလုံးသားကို နွေးထွေးစေသည်။

အမြဲတန်း အချိန်ပို အလုပ်ဆင်းပြီး သူ့ရဲ့ နားခိုရာလေးတွင် အေးအေးဆေးဆေး တိတ်တဆိတ် နေချင်ပြီး ကိုကာကိုလာ သောက်လိုက် ဂိမ်းလေး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆော့လိုက် နေချင်သည်။ မိဘတွေရဲ့ ပူညံပူညံ အသံလည်း မကြားချင်သလို ချစ်သူ ကောင်မလေးဆီကလည်း တောင်းဆိုတာတွေ မကြားချင်ပေ။

အမ်

(ဘာတွေ တွေးနေတာလဲ)

(မြန်မြန်နိုးတော့၊ ငါက အထီးကျန်ပဲ။ ဘယ်လိုလုပ်ပြီး ရည်းစား ရှိမှာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သူ့ကိုယ်သူ မေ့လျော့သွားတဲ့ အခြေအနေကို ဝင်ရောက်သွားပြီး စိတ်ထဲမှာရှိတဲ့ ခံစားချက် အားလုံးကို ထုတ်ဖော်နေသည်။

(ဘာဖြစ်လို့ ထုံးတမ်းအစဉ်လာဆိုတာကြီးကို လိုက်နာနေရမှာလဲ)

(အချုပ်အနှောင်မရှိဘဲ၊ ဘာဖြစ်လို့ လွတ်လွတ်လပ်လပ် မနေနိုင်ရမှာလဲ)

(နွေးထွေးပြီး သက်တောင့်သက်သာရှိတဲ့ နေရာလေး တကယ်လိုချင်တယ်။ သေးချင်သေးပါစေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီနေရာမှာ ငါကပဲ ကောင်းကင်နဲ့ မြေကြီး ဖြစ်ပြီး ငါ့ကံကြမ္မာကို ငါပဲ ချုပ်ကိုင်ထားချင်တယ်)

ရှစ်

စုတ်တံ၏ နောက်ဆုံး စုတ်ချက်နဲ့အတူ လေအေးတွေ တိုက်လာပြီး မြက်ပင်တွေ ယိမ်းနွဲ့လာသည်။ သူ ရပ်တန့်ပြီး နောက်အနည်းငယ် ပြန်ဆုတ်ကာ ပန်းချီကားကို တိတ်တဆိတ် ပြန်ကြည့်လိုက်သည်။

ပန်းချီကားက အရောင်အသွေး ပိုစုံလာသည်။ ဆွန်းမိုရဲ့ အံ့ဖွယ်ပန်းခင်းနဲ့ ဖန်တးီထားတဲ့

ဒီနာမည်ကြီးပန်းချီကားက မူရင်းနဲ့ တချို့အစိတ်အပိုင်းတွေ မတူပေ။

"ဝိုး၊ ပြီးသွားပြီ"

လုချီဟွာက ဆွန်းမိုနောက်ကျောကို ပျော်ရွှင်စွာပြေးဖက်လိုက်သည်။

"ဆရာက အံ့မခန်းပဲ"

"လူတွေက ကွားခြားချက်ကို ပြောနိုင်လိမ့်မယ်"

ဆွန်းမို ခေါင်းယမ်းလိုက်သည်။

"ဆရာ၊ အစိုးရိမ်လွန်နေပြီ။ ချင်လင် ဘုရင်ခံက ဒီနာမည်ကြီးပန်းချီကားကို တစ်ယောက်ယောက်က ကူးချထားတယ်လို့ ထင်မှာမဟုတ်ဘူး။ အသေးစိတ်ကွာခြားချက်ကို မှားပြီး မှတ်ထားတယ်လို့ ထင်နေလိမ့်မယ်"

ဆွန်းမိုက ဝူရန်ချီ ဆိုပြီး နာမည် ရေးထိုးပေးလိုက်သည်။

"ပြီးပြီလား။ တကယ် ပြီးသွားပြီလား"

"ဟုတ်တယ်။ အောင်မြင်သွားပြီ၊ မင်းသေစရာ မလိုတော့ဘူး"

လုချီဟွာက နှစ်သိမ့်လိုက်သည်။

လီဇီချီက မူရင်းပန်းချီကားကို ဖျက်ဆီးပစ်လိုက်ပြီး အသစ်ကို သေတ္တာထဲ ထည့်ပေးလိုက်သည်။ ဖြစ်နိုင်ခြေရှိသမျှကိုကြိုးစားပြီး လက်စဖျောက်လိုက်သည်။

"ငါ တတ်နိုင်သလောက် လုပ်ပြီးပြီ"

ဆွန်းမိုက ပြုံးပြီး အစေခံလေးကို တစ်ချက်ကြည့်လိုက်သည်။ သူက

"ဒါက ဝူရန်ချီရဲ့ ပန်းချီကားလောက် အဖိုးတန်မှာ မဟုတ်ပေမယ့် နာမည်ကြီးပန်းချီကား တစ်ချပ်လို့

ယူဆနိုင်ပါသေးတယ်။ ဈေးကွက်ကနေ သေချာပေါက် ဝယ်လို့ မရဘူး”

“ဆရာ ၊ မင်း ပန်းချီကားက ပိုကောင်းတယ်လို့ ငါခံစားရတယ်”

လုချီဟွာက ဖားတာမဟုတ်ပဲ တကယ်ခံစားနေရသည်။

“ဟုတ်တယ်။ အယူအဆက ငါနဲ့ တူနေတယ်”

လီဇီချီကလည်း အကဲဖြတ်လိုက်သည်။

“မှန်တယ်။ ငါလည်း အဲဒီလို ခံစားရတယ်”

အစေခံလေးကလည်း ကမန်းကတန်း ခေါင်းညိတ်သည်။ ဝူရန်ချီရဲ့ ပန်းချီကားက အဓိက ဇာတ်ဆောင် ဒါမှမဟုတ် ချမ်းသာတဲ့ ကုန်သည် တစ်ယောက်က ကြည့်တာ မဟုတ်လျှင် မည်သည့် ခံစားချက်မှ ရှိမှာ မဟုတ်ပေ။ ဒါပေမယ့် ဆွန်းမို ပန်းချီကားကတော့ ကွဲပြားနေသည်။ ဘယ်လိုပဲပြောပြော သာမန်လူတစ်ယောက်က ကြည့်လျှင်တောင် ခွဲထွက်သွားပြီး ခံစားချက် တခုတော့ ဖြစ်ပေါ်လိမ့်မည်။

အခန်း(၅၀၂) - မြတ်ဆရာတစ်ယောက်ရဲ့ လုပ်ဆောင်ချက်။ ကြီးမားသော ဆုလဒ်။

အစေခံလေးသည် အသက်စက်စက် (စည်းစိမ်ဂုဏ်သိက္ခာ၊ တစ်ကိုယ်တည်းသမားဘဝ ပန်းချီကား) ကို ကြည့်ပြီး ကပ်ဆိုးကြီးမှ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လွတ်မြောက်လာတဲ့အတွက် သက်ပြင်းအရှည်ကြီးချပြီး ပျော်ရွှင်လာသည်။

အစောပိုင်းတုန်းက အမှန်တကယ်ကို စိတ်ပျက်ဝမ်းနည်းနေခဲ့ရသည်။ ကျွန်တစ်ယောက်ရဲ့အသက်ကနာမည်ကြီးပန်းချီကား တစ်ခုနဲ့ ဘယ်လိုလုပ်ပြီးတန်ဖိုးခြင်း ယှဉ်နိုင်မှာလဲ။ ဒါကြောင့် အရာအားလုံးအဆုံးသတ်သွားအောင် ကို့ကိုယ်ကိုသတ်သေချင်ခဲ့သည်။

ဒါပေမယ့်လည်း အမှန်တကယ် ရှင်သန်ရန် လမ်းစရှိလာမယ်လို့ မထင်ထားခဲ့ပါ။

"ဒီဆရာရဲ့ ပန်းချီရေးချယ်ခြင်း နည်းစနစ်က တော်တော်လေး အထင်ကြီးဖို့ ကောင်းတယ်"

အစေခံလေး၏ ယောင်ရမ်းနေတဲ့မျက်လုံးရဲ့ အကြည့်ထဲမှာပင် ဆွန်းမိုကို ကိုးကွယ်တဲ့ အငွေ့အသက် ပြည့်နှက်နေသည်။ သူက နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ပုံတူကူးနိုင်ပြီး လက်ရှိပန်းချီကားကလည်း အရင်ထက် ပိုကောင်းနေသည်။

"ဒါက မ.....မယုံနိုင်စရာ ကောင်းလွန်းတယ်"

ဒင်

အစေခံလေး၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား(၁,၀၀၀/၁၀,၀၀၀)

"နောင်ကျရင် မင်းပိုသတိထားပါ"

ဆွန်းမိုက သူမကို သတိပေးလိုက်သည်။

"နားလည်ပါပြီ"

အစေခံလေး အနည်းငယ် ကြောက်လန့်သွားသည်။

လင်းဂျောင်ရင်ပြင်တွင် မှုုံးမတ်နှင့်ချမ်းသာတဲ့ လူများက ဆော့ကစားနေသဖြင့် ကျွန်များနှင့် အိမ်ဖော်များကို ကြုံသလို လှည့်လည်သွားလာခွင့်

မပေးထားပေ။ သူတို့အားလုံး ဒီနေရာမှာပဲ အနားယူခွင့်ရှိသည်။ စောစောတုန်းကလည်း သူမ ပစ္စည်း သယ်လာတုန်းက တစ်ယောက်ယောက်က လှမ်းမေးသဖြင့် သူမက သာမန်ကာလျှံကာ ပြန်ဖြေခဲ့သည်။ နောက်ဆုံးတော့ လူတိုင်းက သိချင်စိတ်နဲ့ ပန်းချီကားကို ကြည့်ချင်နေကြသည်။

"သွားကြစို့"

ဆွန်းမို လှမ်းခေါ်ပြီး အခန်းထဲက ထွက်သွားသည်။

လုချီဟွာက ဆွန်းမို လက်မောင်းကို ဖက်ပြီး ပျော်ရွှင်မြူးထူးစွာ လိုက်သွားသည်။

အရင်တုန်းကတော့ သူမအဖေက ကောင်းကင်အောက်မှာ အကြီးမြတ်ဆုံး မြတ်ဆရာလို့ ထင်ခဲ့သည်။ အခုတော့ သူမရဲ့ နှလုံးသားထဲတွင် သူမဆရာက အဖေကို လိုက်မှီသွားပြီ။

"အဖေ၊ ငါ့ဆရာက မင်းထက်သာလွန်တဲ့နေ့ ရောက်လာမယ်လို့ ငါယုံကြည်တယ်"

လုချီဟွာက တိုးတိုးလေး ရေရွတ်လိုက်သည်။ သူမ အဖေအကြောင်းကို တွေးလိုက်တိုင်း စိတ်တွေ ရှုပ်ထွေးလာပြီး စိတ်ဓါတ် ကျချင်သလို ဖြစ်လာသည်။

အခင်းပွားရာနေရာမှာ သူမအဖေရှိရင်လည်း ဒီနာမည်ကြီး ပန်းချီကားကို ပုံတူကူးချနိုင်သည်။

ဒီအချက်နဲ့ ပက်သက်လို့ကတော့ သူမအဖေနှင့်ဆရာသည် အချက်တော်တော်များများ တူညီကြသည်။

"ဆရာ မင်းပိုကြိုးစားရမယ်"

လုချီဟွာသည် ရုတ်တရုတ် အားပိုထည့်ကာ ဆွန်းမို လက်မောင်းကို တင်းတင်းကျပ်ကျပ် ဖက်လိုက်သည်။

ခြေလှမ်းအနည်းငယ် လှမ်းပြီး အင်ဘိုင်ဝူက ရုတ်တရုတ် စကားပြောလိုက်သည်။

“ဆရာ”

“ဘာဖြစ်လို့လဲ”

ဆွန်းမို လှည့်ကြည့်လိုက်လျှင် တစ်ခုခု ပြောချင်သော်လည်း တွန့်ဆုတ်နေတဲ့ အင်ဘိုင်ဝူကို တွေ့လိုက်သည်။

“မင်းပြောချင်တာကို ပြောပါ။ မှားမှာ ကြောက်စရာမလိုဘူး”

“ဒီနာမည်ကြီး ပန်းချီကားက ပိုက်ဆံ အများကြီး တန်တယ် မဟုတ်လား”

အင်ဘိုင်ဝူက တံတွေးတစ်ချက် မြိုချလိုက်သည်။ ငယ်ငယ်ကတည်းက အရမ်းဆင်းရဲပြီး ဆာလောင်မွတ်သိပ် ခဲ့ရသည်။ အခုတော့ သူ့မဆရာက နာမည်ကြီးပန်းချီကားတစ်ခုကို သာမန်ကာလျှံကာ ပေးနေတာ မြင်လိုက်ရသည်။

အမှန်တိုင်းပြောရလျှင် ဒီအရာကိုမြင်လိုက်ရသဖြင့် အနည်းငယ် စိတ်ဒုက္ခ ရောက်နေသည်။

“ဒီကိစ္စကတော့ လီဇီချီနဲ့ ပြောမှ ရမယ်”

ဆွဲန်းမိုသည် ပန်းချီလောကနဲ့ မရင်းနှီးပါ။

"ပန်းချီကားတွေကို အနုပညာပစ္စည်းလို့ သတ်မှတ်ကြတယ်။ သူတို့ရဲ့ဈေးနှုန်းကလည်း ဖန်တီးသူအပေါ် မူတည်တယ်။ ပန်းချီဆရာက အချိန်တော်တော်ကြာအောင် ကျော်ကြားနေပြီး သူ့ရဲ့ပန်းချီကားကလည်း တော်တော်လေး ရှားပါးနေရင် သူ့လက်ရာအားလုံးကို အခြေခံပြီး ကောင်းကင်လောက် မြင့်တဲ့ ဈေးနှုန်းပေးရမယ်။ အနုပညာရှင် နာမည်က အဲဒီလောက်အထိ မကျော်ကြားရင်တော့ ဈေးက ဒီလောက်ကြီး

ပေးရမှာမဟုတ်ဘူး။ ဒါပေမယ့်လည်း နာမည်ကြီး ပန်းချီကား ဖြစ်နေတဲ့အတွက် အနည်းဆုံး ငွေတုံး တစ်သိန်းလောက်တော့ တန်မယ်”

လီဇီချီက ရှင်းပြသည်။

“ငွေတုံး တစ်သိန်းဟုတ်လား”

အင်ဘိုင်ဝူ အံ့အောသွားသည်။ ပိုက်ဆံ အများကြီး ပါလား။ အဲဒီလောက် ရဖို့ သူမဘယ်လောက်ကြာအောင် အလုပ်လုပ်ရမလဲ။

“ငွေတုံး တစ်သိန်းလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အနည်းငယ် တုန်လှုပ်သွားသည်။ အရင်တုန်းကတော့ စားဝတ်နေရေး စရိတ်အတွက် (အနောက်ဖက်သို့ ခရီးသွားခြင်း) တစ်ဝက်လောက်ရေးပြီး ငွေတုံးထောင်ဂဏန်းလောက် ရှာနိုင်ခဲ့တာကို သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေခဲ့မိသည်။ အခုအချိန်မှာတော့ ပေါ့ပေါ့ပါးပါး ရေးဆွဲရုံနဲ့ ငွေတုံး တစ်သိန်း ရှာနိုင်နေပြီလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည်နယ်ကိုးခုရှိ ဘယ်နိုင်ငံမှာမဆို ခြံဝန်း နှစ်ထပ်ပါတဲ့ အိမ်ကြီးကို ဝယ်ယူဖို့အတွက် လုံလောက်တဲ့ ပမာဏတစ်ခုလို့ သတ်မှတ်လို့ရသည်။

ပြည်နယ်ကိုးခုတွင် ပန်းချီကား၏ အဓိပ္ပါယ် ဖွင့်ဆိုချက်သည် ဒီနေ့ခေတ်နဲ့ ကွာခြားနေတာကို သိထားရမည်။

ခေတ်သစ်တွင် နာမည်ကြီးပန်းချီ အများစုသည် ငွေကြေးဖောင်းပွမှုကြောင့် လည်းကောင်း ဒါမှမဟုတ် ငွေကြေးခဝါ ချဖို့အတွက်လည်းကောင်း ဈေးကြီးနေခဲ့သည်။ သာမန်လူတန်းစားကတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ဖိုး ထားရမှန်းတောင် မသိကြပေ။ ဒါပေမယ့်လည်း ပြည်နယ်ကိုးခုမှာတော့ နာမည်ကြီးပန်းချီကားများက ကွဲပြားလှသည်။

ဘာဖြစ်လို့ လူတစ်ယောက်ရဲ့ အယူအဆက ခံစားသူတွေကို လွှမ်းမိုးနိုင်မှပဲ အံ့ဖွယ် ပန်းခင်းအဆင့်သို့ရောက်ပြီး နာမည်ကြီးပန်းချီကား ရေးဆွဲနိုင်ကာ ပန်းချီကားအတွင်းက အရာများကို တွေ့ကြုံခံစားနိုင်လိမ့်မည်။

ပြည်နယ်ကိုးခုတွင် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့တဲ့ ပန်းချီကားတချို့ ရှိခဲ့သည်။

သာမန်လူတွေကို မကြည့်ဖို့ တားမြစ်ထားသည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ကြည့်မိပါက အကြည့်မလွဲနိုင်အောင် ဖြစ်နေကြမည်။ ပန်းချီကားက သူတို့ဝိညာဉ်ကို ဆွဲယူနေသလို ဖြစ်နေမည်။ ထို့နောက် သူတို့သည် သတ္တဝါတစ်ကောင်လို မှင်တက်နေပြီး ပန်းချီကားကို ကာကွယ်ဖို့အတွက်ပဲ တွေးနေကြမည်။

ဒါကြောင့်လည်း နာမည်ကြီး ပန်းချီကား တချို့သည် အန္တရာယ် ရှိသည်။ ဒါပေမယ့် ရတ်တရတ် ဉာဏ်အလင်းပွင့်တဲ့ သက်ရောက်မှုလည်း ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတို့ဆရာရဲ့ ပန်းချီကားက အနည်းဆုံး ၁ဂသန်းလောက် တန်မယ်လို့ ငါတော့ ထင်တယ်"

လုချီဟွာက "ဘာလို့လဲဆိုတော့ ဆရာရဲ့အစောဆုံး နာမည်ကြီး ပန်းချီကားဖြစ်ပြီး စုဆောင်းမှု တန်ဖိုးက သေချာပေါက် မြင့်တက်လာလိမ့်မည်။ ဆရာသာ နာမည်ကြီးလာတဲ့ အချိန်ကျရင် ပန်းချီဆရာတစ်ယောက်အနေနဲ့ အစောပိုင်းနေ့ရက်တွေမှာ သူရေးဆွဲခဲ့တဲ့ ပန်းချီကားတွေက ပိုတောင် တန်ဖိုး တက်လာအုံးမယ်"

"မင်းက ငါ့ကို ကြီးကြီးမားမား မျှော်လင့်နေတာပဲ"

ဆွန်းမို ကျယ်လောင်စွာ ရယ်မောပြီး ပြန်ပြောလိုက်သည်။

လီဇီချီသည် လုချီဟွာကို အမှတ်တမဲ့ စိုက်ကြည့်ရင်း လုချီဟွာရဲ့နောက်ခံကို သိချင်စိတ် ပြင်းပြလာသည်။

(မင်းက ဘယ်မျိုးနွယ်ကလဲ။ မင်းက ငွေတုံးဆယ်သန်းကို တကယ်ပဲ သာမန်ကာလျှံကာ ပြောထွက်တာလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက နာမည်ကြီး ပန်းချီကားအား သာမန်ကာလျှံကာ လက်ဆောင်ပေးလိုက်တာကို သာမန်လူတစ်ယောက်က မြင်လိုက်လျှင် သေချာပေါက် ပြင်းပြင်းထန်ထန် စိတ်သောကရောက်ပြီး နောင်တရနေမှာ သေချာသည်။ အင်ဘိုင်ဝူရဲ့သနားစရာ ကောင်းတဲ့ ပင်ကိုယ်စရိုက်ကြောင့် ခံနိုင်ရည်ရှိတာကိုပဲ မဆိုးဘူးလို့ ပြောရမည်။

လီဇီချီက ငွေတုံး တစ်သန်းကို ဂရုမစိုက်သော်လည်း ဒါက ဆွန်းမိုကိုယ်တိုင်

ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ် ဖြစ်နေသည်။ ဒါပေမယ့် အနည်းငယ် တွေဝေနေကာ ခဏလောက်စောင့်ပြီး ပန်းချီကားကို ပြန်ရဖို့အတွက် အဘိုးကျန်နဲ့ဆီမှာ အကူအညီတောင်းဖို့ ဆုံးဖြတ်ထားသည်။

ဒါပေမယ့် လုချီဟွာကတော့ မတူပေ။

သူမရဲ့ နှလုံးသားထဲတွင် ပန်းချီကားက ဘယ်လောက်ပဲ ကောင်းနေပါစေ။ တကယ်လည်း ငွေတုံး ၁၀ သန်း တန်နေရင်တောင် အစေခံလေးကို ကယ်တင်ဖို့အတွက် တွေဝေနေမှာ မဟုတ်ပေ။

လုချီဟွာက တော်တော်လေး ကြွင်နာ သနားတတ်သည်။

လုချီဟွာက ဒီလိုမျိုး အဖိုးတန် ပန်းချီကားတစ်ချပ်ကို ပိုင်ဆိုင်ပါကလည်း အစေခံလေးကို ကူညီဖို့အတွက် ခြွင်းချက်မရှိ ပေးလိမ့်မယ်လို့ လီဇီချီ ယုံကြည်သည်။

သူတို့လေးယောက်သား စကားတပြောပြော လျှောက်လာကြသည်။ သူတို့ သိပ်ဝေးဝေးမလျှောက်ရသေးခင် အစေခံလေးက သစ်သားသေတ္တာကိုပိုက်ပြီး ပြေးလိုက်လာသည်။

ဆွန်းမို အရှေ့ရောက်အောင်တန်းပြီး ပြေးလာကာ သူတို့ကို တားလိုက်သည်။ ထို့နောက် ဒူးထောက်ပြီး အားပြင်းပြင်းနဲ့ အရိုအသေ ပေးလိုက်သည်။

"ကျေးဇူးရှင် နာမည်ကို မေးလို့ရမလား"

အစေခံလေးက ရှိုက်ငိုပြီး ပြောသည်။

"ဒီကျွန်က သခင်ရဲ့ ကြင်နာမှုနှင့် သဘောထားကြီးမှုကို ဘယ်တော့မှ မမေ့ပါဘူး။ နောင်ဘဝရှိရင်လည်း ဒီကျေးဇူးကို ဆပ်ဖို့အတွက် မင်းဆီမှာနွားလေးဖြစ်ဖြစ် မြည်းလေးဖြစ်ဖြစ် ဖြစ်ချင်ပါတယ်"

အစေခံလေးသည် စောစောတုန်းက အကြောက်လွန်နေပြီး နာမည်ကြီး ပန်းချီကားရဲ့စျေးနှုန်းကို လျစ်လျူရှုထားခဲ့မိသည်။ အခုမှ သတိရပြီး ပြေးလိုက်လာခဲ့သည်။

"ဒါက ပန်းချီကားတစ်ချပ်ပဲ ထည့်ပြောစရာတောင် မလိုပါဘူး"

ဆွန်းမိုက ပြုံးပြီး လက်ဝှေ့ယမ်းလိုက်ကာ အစေခံလေးအား စိတ်ထဲထားရန် မလိုကြောင်း အမူအရာ ပြလိုက်သည်။

"အီး ဟီး..ဟီး"

အစေခံလေးသည် ဘာပြောရမှန်း မသိတော့ဘဲ ရှိုက်ငိုနေသည်။ ဒီလိုမျိုး နာမည်ကြီး ပန်းချီကားတစ်ချပ်သည် အနည်းဆုံး ငွေတုံးတစ်သန်းလောက် ကုန်ကျနိုင်ပြီး ဆယ်ဘဝတောင် ပြန်မဆပ်နိုင်တဲ့ အရာမျိုး ဖြစ်သည်။ ဒါပေမယ့်လည်း ဒီမြတ်ဆရာက သူ့ကို နာမည်ကြီး ပန်းချီကား တကယ်လက်ဆောင် ပေးခဲ့သည်။

“ဘယ်လို အခက်အခဲနဲ့ ကြုံတွေ့လာပါစေ လွယ်လွယ်နဲ့ အရှုံးမပေးဖို့ မျှော်လင့်တယ်။ ကိုယ့်ကိုယ်ကို သတ်သေခြင်းက အသုံးမဝင်တဲ့လက္ခဏာ တစ်ခုပဲ။

ညီမလေး အကောင်းဆုံးကြိုးစားပြီး ဆက်ရှင်သန်ပါ။ ဒီနေရောင်အောက်မှာ အနေးနဲ့အမြန်ဆိုသလို မင်းတောက်ပလာမယ်လို့ ငါမျှော်လင့်တယ် “

ဆွန်းမိုက သူမကို စိတ်အားထက်သန်စွာ နှစ်သိမ့်လိုက်သည်။ သူသည် ကလေးများ သတ်သေသွားမှာကို အကြောက်ဆုံးပါ။

သူ့စကားများက နှလုံးသား အောက်ခြေကနေ ထွက်လာသဖြင့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။ ရွှေရောင်အလင်းတန်းကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး တောက်ပသွားသည်။

မြတ်ဆရာအရှိန်အဝါအောက်မှာ လွှမ်းမိုး ခံလိုက်ရတဲ့ အစေခံလေးလည်း တုန်လှုပ်သွားသည်။ ဆွန်းမိုမျက်နှာကို မော့ကြည့်လိုက်လျှင် နူးညံ့ပြီး အရမ်းနွေးထွေးတဲ့ အပြုံးကို မြင်လိုက်ရသည်။

ဆောင်းရာသီထဲက နေရောင် တစ်ခုလိုပဲ။ သူမကိုလည်း ညီမလေးလို့ ခေါ်ခဲ့သည်။

အီး....ဟီး......ဟီ..

အစေခံလေးသည် နောက်တစ်ကြိမ် ငိုရှိုက်နေပြန်သည်။ ငယ်ငယ်လေးကတည်းက အစိုးရအိမ်တော်တွင် အရောင်းစားခံရပြီး ဒီစကားကို

ထပ်မကြားခဲ့ရတော့ပါ။ သူမကို “ အပေါစား ကျွန်’ ဒါမှမဟုတ် ‘အသုံးမကျတဲ့သူ’ ဆိုပြီး ရှုတ်ချတဲ့ စကားတွေကိုသာ ကြားနေခဲ့ရသည်။ ဒါကိုပဲ သူမ ပိုင်ရှင်အသစ်က ပေးတဲ့နာမည်လို့တောင် ယူဆထားခဲ့ရသည်။

“မင်းရဲ့ သင်ကြားမှုကို ငါ မှတ်မိသွားပါပြီ”

အစေခံလေးက နောက်တစ်ကြိမ် အရိုအသေ ပေးလိုက်ပြန်သည်။ ထို့နောက် ဆွန်းမိုကို မျှော်လင့်ချက်တွေ ပြည့်နေတဲ့ မျက်လုံးနဲ့ မော့ကြည့်ပြီး

“ဒီနှိမ့်ကျတဲ့ ကျွန်က နောက်တစ်ခုလောက် တောင်းဆိုချင်ပါတယ်။ ‘ဆရာ’ ဆိုပြီးခေါ်လို့ ရမလား ဟင်”

“သင်ပေးတဲ့လူ၊ တာအို ပို့ချတဲ့လူ၊ တခြားသူတွေရဲ့ မေးခွန်းကို ဖြေရှင်းပေးတဲ့ လူအနေနဲ့ဆိုရင် စောစောတုန်းက မင်းရဲ့အတွေးကို တည့်မတ်ပေးခဲ့လို့ ငါ့ကို ဆရာလို့ ခေါ်လို့ရပါတယ်။ ဒါကြောင့်လည်း ငါ့ကိုယ်ကို နှိမ့်ကျသွားတယ်လို့ မခံစားရပါဘူး။ မင်းမှာ ငါ့တပြည့်ဖြစ်ဖို့ အရည်အချင်း ရှိပါတယ်”

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။

"ဆရာ"

အစေခံလေးက အရိုအသေ ပေးလိုက်သည်။ ဒါက သူမအတွက် လေးစားခြင်းနှင့် စိုးရိမ်ခြင်းက ဘာလဲဆိုတာ ပထမဆုံးအကြိမ် မြည်းစမ်းရခြင်း ဖြစ်သည်။

ဆွန်းမိုတို့အဖွဲ့ ထွက်သွားတဲ့အချိန်တွင် လုချီဟွာက ဆွန်းမိုလက်မောင်းအား ပွေ့ဖက်ထားပုံကို အားကျတဲ့အကြည့်နဲ့ ငေးကြည့် ကျန်နေခဲ့သည်။

ဒင်

ရီကွေး၏ လေးစားအထင်ကြီးမှု +၁၀,၀၀၀၊ ရှိသေ(၁၁,၀၀၀/၁၀၀,၀၀၀)

....

အစေခံလေးက ဒူးထောက်ပြီး ဆွန်းမိုကို ကျေးဇူးတင်နေတဲ့အချိန်တွင် လင်းဂျောင် ရင်ပြင်အပေါ်ထပ်ကနေ သက်လတ်ပိုင်း လူကြီးတစ်ယောက် တိုက်တိုက်ဆိုင်ဆိုင် တွေ့သွားသည်။

"အစ်ကိုချီ၊ ဘာတွေ ကြည့်နေတာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရင်းနှီးတဲ့မိတ်ဆွေ တစ်ယောက်က လှမ်းမေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး"

သက်လတ်ပိုင်း လူကြီးက ဆွန်းမိုကို ငေးကြည့်ရင်း ပြုံးနေလိုက်သည်။ ဆွန်းမိုကို ပထမဆုံး မြင်လိုက်တဲ့ အချိန်တွင် ဒီလိုမျိုး စိတ်ဝင်စားစရာကောင်းတဲ့ ဓာတ်လမ်းမျိုး တွေ့ရမယ်လို့ မထင်ထားခဲ့ပါ။

"တော်ခွေးနက်ကြီး ဆွန်းလား။ တော်တော်လေး အကြံကြီးတဲ့သူ မဟုတ်ရင် လေးစားထိုက်တဲ့ မြွတ်ဆရာတစ်ယောက်ပဲ"

သက်လက်ပိုင်း အမျိုးသားကြီး တိုးတိုးလေး ရေရွတ်လိုက်သည်။

....

ဆွန်းမိုသည် နားနေခန်းထဲသို့ မပြန်တော့ပါ။ အစေခံလေး ထောက်ပံ့ခဲ့တဲ့ အမှတ်ပမာဏကြောင့် တော်တော်လေး လန့်ဖြန့်သွားသည်။

"စနစ်၊ ဘာလို့ ဒီလောက်များနေရတာလဲ"

"ဘာလို့လဲဆိုတော့ မင်းက သူမ အသက်ကို ကယ်တင်တယ်။ သူမကိုလေးစားပေးပြီး ဂရုစိုက်မှုလည်း ပြပေးတယ်လေ။ ဒီအချိန်မှာတော့

သူမ နှလုံးသားအောက်ခြေကနေ မင်းကို ကိုးကွယ်နေပြီ”

စနစ်က ရယ်ရင်းပြောလိုက်သည်။

“မင်းပျော်နေသင့်တယ်။ ဒါက ဖြူစင်ပြီး ကျေးဇူးသိတတ်တဲ့ ကလေးမလေးကြောင့်သာ မဟုတ်ရင် ဒီနာမည်ကြီး ပန်းချီကားကို မင်းရေးဆွဲဖြစ်မှာ မဟုတ်ဘူး”

“လူတိုင်းကို အဆိုးတွေကြီးပဲလို့ အမြဲတမ်း မတွေးနေနဲ့ ဟုတ်ပြီလား”

ဆွန်းမို မျက်လုံးပြူးသွားသည်။

ဒင်

"ရီကွေး၏ ကိုးကွယ်မှုကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ လေးစားအထင်ကြီးမှု အမှတ်တစ်သောင်းကို တစ်ချက်တည်းနဲ့ ရခဲ့တဲ့အတွက် ရွှေရောင် ရတနာသေတ္တာ တစ်လုံးကို ချီးမြှင့်လိုက်မယ်"

"မြတ်ဆရာတွေရဲ့ လုပ်ဆောင်ချက်ကို အောင်မြင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းကို ဆရာကောင်း တံဆိပ်တစ်ခု ချီးမြှင့်လိုက်တယ်"

စနစ်က ချီးကျူးနေသခြင့် ဆွန်းမို အံ့အောသွားပြန်သည်။

“ဘာ၊ ဒီလိုလုပ်တာကို မြတ်ဆရာ လုပ်ဆောင်ချက်လို့ သတ်မှတ်တာလား”

ဆွန်မို ဝမ်းသာသွားသည်။ မြတ်ဆရာတံဆိပ်က နာမည်ကြီး ပန်းချီကားတစ်ချပ်ထက် ပိုတန်ဖိုး ရှိသည်။

“အခြားသူများကို ပညာပေးခြင်း ဖြစ်စေ၊ ပျောက်ဆုံးသွားတဲ့လမ်းကို ညွှန်ပြခြင်းဖြစ်စေ၊ ကျောင်းသားတစ်ယောက် အသက်ကို ကယ်တင်တာပဲ

ဖြစ်စေ၊ စောစောတုန်းက မင်းလုပ်ဆောင်တဲ့ အပြုအမူက မြတ်ဆရာလုပ်ဆောင်ချက်လို့ သတ်မှတ်လို့ ရတယ်”

စနစ်က ရှင်းပြသည်။

“နားလည်ပြီ။ မင်းသွားနားလို့ ရပြီ”

ဆွန်းမိုက လုချီဟွာခေါင်းကို ပွတ်လိုက်သည်။ ထို့နောက် ရတနာသေတ္တာထဲက လကြွယ်သစ်သီး တစ်လုံး ထွက်လာသည်။

....

ဆွန်းမို အခန်းထဲသို့ ပြန်လာခဲ့သည်။ အကြာကြီးမနားရသေးခင်မှာ အစေခံတစ်ယောက်က ရောက်လာပြီး ဂုဏ်ပြုပွဲ စတော့မည့်အကြောင်း လာအသိပေးသည်။ သူလည်း လင်းကျောင်ခန်းမသို့ ထွက်လာခဲ့လိုက်သည်။

လင်းကျောင် ခန်းမဆိုတာက ထိပ်တန်းအဆင့် လေ့ဖြစ်သည်။ ပြုပြင်မွမ်းမံထားသောကြောင့် နေရာတော်တော်လေး ကျယ်ဝန်းသည်။ လက်တန်းတွေကိုမှီပြီး အဝေးသို့ ငေးကြည့်ကာ

ညလေအေးထဲမှာ ချင်လင်ရဲ့ အလှအပ ရှုခင်းများကို ခံစားနိုင်သည်။

ဆွန်းမို ရောက်သွားတဲ့အချိန်တွင် လူတွေ တော်တော်များနေပြီ။ နှစ်ယောက်၊ သုံးယောက် အုပ်စုဖွဲ့ပြီး စကားပြောနေကြသည်။

“ဆရာ၊ အစိမ်းရောင်ဝတ်ရုံရှည်နဲ့ သက်လတ်ပိုင်းလူက နိဂျင်တင် လို့ခေါ်တယ်။ သူက လီဇီရှင်းရဲ့သီးသန့်ကျူရှင်ဆရာ”

လီဇီချီက မိတ်ဆက်ပေးသည်။

ဆွန်းမို တစ်ချက်ကြည့်လိုက်လျှင် နိဂျင်တင်က သာမန်ပုံစံနှင့် ပုံမှန် အပြင်အဆင်သာ ရှိသည်။ ဒါပေမယ့် သိမ်းဌက်ပုံစံ နှာခေါင်းရှိသည်။ ဒါကြောင့်လည်း သူ့အငွေ့အသက်က အရမ်းထက်ရှနေသည်။

သူ့အကြည့်တွေက ဖော်ရွေပြီး ချည်းကပ်ရလွယ်တဲ့ ပုံဖြစ်နေသော်လည်း အရိုးထဲကနေ ထွက်လာတဲ့ မောက်မာမှုကို မြင်နေရသည်။

ဆွန်းမိုအကြည့်ကို သတိထားမိပြီး နိဂျင်တင် ခေါင်းလှည့်လာသည်။ ခေါင်းညိတ်ပြီး အရမ်းဖော်ရွေတဲ့ အပြုအမူကို ပြလိုက်သည်။

“လီဇီရှင်းက ဘယ်မှာလဲ။ ဒီမှာ မရှိဘူးလား”

ကျန်ဟန်ဖူ ဗဟိုပြည်နယ်အကယ်ဒမီ ကျောင်းအုပ်ကြီး ရာထူးကို လောဘတက်လာရခြင်း၏ နောက်ကွယ်မှာ လီဇီရှင်း ရှိနေလို့ဆိုတာ ဆွန်းမို သိနေသည်။

“သူ ဒီကို မလာသေးဘူး”

လီဇီချီက မဲ့ရွဲ့ပြီး ပြောလိုက်သည်။

သဘောတရားအရဆို သူမတို့နှစ်ယောက်သည် ဆွေးမျိုးများဖြစ်သော်လည်း လီဇီချီသည် လီဇီရှင်းအပေါ် တစ်စက်မှ စေတနာမရှိပေ။ ဒါ့အပြင် လူ့အသိုင်းအဝိုင်းရဲ့ စည်းမျဉ်းအရ ဂျူနီယာသည် သူတို့ စီနီယာနဲ့ တူညီတဲ့ အမည်နာမကို မထားသင့်ပါ။ ဒါကြောင့် လီဇီချီ နာမည်တွင် ဇီ စာလုံး မပါသင့်ပေ ဒီလိုမဟုတ်ရင် မျိုးဆက်တစ်ခုတည်းကလို့ လူတွေ အထင်မှားနိုင်သည်။

ထုံးစံအတိုင်း တော်ဝင်မျိုးနွယ်ဆိုတာ သာမန်လူများ ခန့်မှန်းနိုင်တဲ့ အရာမဟုတ်ပါ။ ဒါကြောင့်လည်း ဆွန်းမိုသည် လီဇီချီ အနေရခက်အောင် ထပ်မမေးတော့ချေ။

“ဆရာဆွန်း၊ ငါတို့ နောက်ဆုံးတွေ့ခဲ့တာတောင် တော်တော်ကြာနေပြီ။ မင်း နေကောင်းလာပြီလား”

ယူရုံပိုက ဆွန်းမိုကို မြင်တာနဲ့ ချက်ခြင်း ရောက်လာသည်။ သူတို့ အနားကပ်လာတဲ့ အခါတွင်

“သတိထားပါ။ ဒီနေ့ လီဇီရှင်းက မင်းကို ပြဿနာ ရှာလိမ့်မယ်။ မင်းမှာ တခြား ရွေးချယ်စရာမရှိရင်

နေမကောင်းချင်ယောင်ဆောင်ပြီး အရင် ထွက်သွားတော့”

“အစ်ကိုယူ၊ ငါကို တရားခံလို့ ထင်နေတာလား။ ဘာဖြစ်လို့ ထွက်ပြေးရမှာလဲ”

ဆွန်းမိုက ပြန်မေးသည်။

ယူရုံပို ကြောင်သွားသည်။ ထို့နောက် ရှက်တဲ့ပုံစံနဲ့ ရယ်မောလိုက်သည်။ သူက လက်သီးဆုပ်ပြီး

“ငါ စကားပြောလောသွားတယ်။ မြတ်တဲ့ညီလေး၊ ငါကမင်းကို တောင်းပန်တဲ့ အနေနဲ့ နောက်နေ့ကျရင် စပျစ်ဝိုင်နဲ့ ဧည့်ခံမယ်”

အခန်း(၅၀၃) - ပွဲကောင်း အစ။

လင်းချောင် ရင်ပြင်တွင် လူတွေ တဖြည်းဖြည်း များလာသည်။ အထူးသဖြင့် ပွဲချိန်နီးလာတဲ့ အခါမှာ ဖြစ်သည်။ အရေးကြီးတဲ့ ဇာတ်ကောင်တွေလည်း ပေါ်လာသည်။

ကျန်နဲ့ချင်ဖန် ရောက်လာတဲ့ အချိန်တွင် သဘော်ပေါ်ရှိ လူတိုင်းက ဘာတွေပဲ လုပ်နေပါစေ သူ့ဆီ အမြန်ပြေးသွားပြီး နှုတ်ဆက်ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက မဟာတန်အင်ပါယာ၏ မျိုးဆက်သုံးဆက်တိုင်တိုင် တာဝန် ထမ်းဆောင်ခဲ့တဲ့ ပညာရှင်အကြီးအကဲအဆင့် ဇာတ်ကောင်တစ်ယောက်အတွက် အလေးပေးခံရမှု ဖြစ်သည်။

ကျန့်ချင်ဖန် အနားယူသွားသော်လည်း ဘယ်သူမှ မခန့်လေးစား မလုပ်ရဲပေ။

ကျန့်ချင်ဖန်သည် အလုပ်ထုတ်ခံရလို့ အနားယူခဲ့တာ မဟုတ်ကြောင်းလည်း သိထားရမည်။ အဲဒီအစား သူ့က မလုပ်နိုင်တော့လို့သာ ဖြစ်သည်။

ဒီလိုမဟုတ်လျှင် ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ သေတဲ့အထိ တာဝန် ထမ်းဆောင်သွားရမည်။

လက်ရှိ ကေရာဇ် အယုံကြည်ရဆုံးက ဘယ်သူလဲလို့မေးရင် ကျန့်ချင်ဖန် ဖြစ်မှာ သေချာသည်။

“နောက်နေ့မှ ထပ်ပြောကြတာပေါ့”

ကျန့်ချင်ဖန်က သူ့ရဲ့ဂျူနီယာလေးတွေကို အားပေးလိုက်သည်။ မိတ်ဆွေဟောင်း တချို့နဲ့ နှုတ်ဆက်စကားပြောပြီးနောက် ဆွန်းမိုဆီသို့ လျှောက်လာကာ

"မင်းဘာဖြစ်လို့ ဒီချောင်မှာ ပုန်းနေရတာလဲ"

ဆွန်းမို ပုခုံးတွန့်လိုက်သည်။

"ဆွန်းမို၊ ဦးလေး ပြောတာကို သေသေချာချာ နားထောင်။ မြတ်ဆရာတစ်ယောက်ပဲ သီးသီးသန့်သန့် ဖြစ်ချင်တယ်ဆိုရင်တောင် လူမှုရေးဆိုင်ရာ အပြန်အလှန် ဆက်သွယ်စရာ မလိုဘူး။ ဒါပေမယ့် မင်းက ဩဇာချဲ့ထွင်ပြီး မြတ်ဆရာ အသိုင်းအဝိုင်းမှာ လွှမ်းမိုးချင်တယ် ဆိုရင်တော့ လူမှုဆက်ဆံရေး လိုအပ်တယ်။ လူတစ်ယောက် အောင်မြင်တာ ၊

မအောင်မြင်တာက သူ့ရဲ့ လူမှုရေးကွန်ရက် စီမံခန့်ခွဲမှုအပေါ် မူတည်တယ်”

ကျန့်ချင်ဖန်က ဆွန်းမိုကို စိတ်အားထက်သန်စွာ အကြံပေးနေသည်။

“ဦးလေးကျန့်ရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်”

ကျန့်ချင်ဖန်က သူ့ကို တကယ် လမ်းညွှန်ပေးချင်နေမှန်း ဆွန်းမို နားလည်သည်။

“သွားရအောင်၊ မင်းကို လူတချို့နဲ့ မိတ်ဆက်ပေးမယ်”

ကျန့်ချင်ဖန်က ဆွန်းမိုကို လက်ဆွဲပြီး ခေါ်သွားသည်။

ကျန့်ချင်ဖန်က ဒီလူငယ်လေးကို တော်တော်လေး တန်ဖိုးထားတာ မြင်လိုက်လျှင် ညှော့်သည်တော်တော်များများ အရမ်းသိချင်လာပြီး ဆွန်းမိုနာမည်ကို စုံစမ်းကြသည်။

"သူက တစ်မဲဆွန်းလား"

"အို၊ ဒါဆို သူက အန်ရှီဝေရဲ့ စေ့စပ်သူပေါ့"

"ဝိုး၊ တော်တော်လေး ချောတာပဲ"

ဒါက သမင်အမြှီး ဂုဏ်ပြုစားပွဲ ဖြစ်သည်။ ကြယ်တစ်ပွင့် မြတ်ဆရာ အသစ်တွေကို ဂုဏ်ပြုပေးတဲ့ ပွဲလည်းဖြစ်သည်။ ဒါ့အပြင် ဒီနှစ်မှာ စံချိန်ချိုးပြီး တံဆိပ်ကြီး ရထားတဲ့ လူတစ်ယောက်လည်း ဖြစ်သေးသည်။ ထုံးစံအတိုင်း ဧည့်သည် အားလုံးက မနေနိုင်အောင် သိချင်နေကြသည်။

ဆွန်းမို အကြောင်းကို ကြားဖူးနေကြတာ ကြာပါပြီ။ ဘယ်လိုပဲပြောပြော အန်ရှိဝေနဲ့

စေ့စပ်ထားတဲ့လူဆိုတဲ့ ဘွဲ့နဲ့တင် အာရုံစိုက်ဖို့ လုံလောက်နေပြီ။

ဆွန်းမို တော်တော်လေး တည်ငြိမ်နေသည်။ ကျန့်ချင်ဖန်က အဓိက ဇာတ်ဆောင်တချို့နဲ့ မိတ်ဆက်ပေးတဲ့ နောက်သို့ လိုက်သွားခဲ့သည်။

ဒီနှစ်သာ အရင်နှစ်ဖြစ်ခဲ့ရင် ကြယ်တစ်ပွင့် မြတ်ဆရာတွေ သေချာပေါက် မနာလို ဖြစ်နေကြမည်။ တကယ်လည်း ချင်လင်ရဲ့အဓိက ပုဂ္ဂိုလ်များနဲ့ ရင်းနီးဖို့ အခွင့်အရေးက ရှားပါးလွန်းသည်။ ဒါပေမယ့်

ဒီနှစ်မှာတော့ ဘယ်သူမှ စိတ်အနှောက်အယှက် မဖြစ်ပေ။

ကူရှုပ်ရှင်း၊ ဖန်ဝူဂျီ နှင့် လျှိုမူဘိုင်တို့လိုလူက အခြေခံအားဖြင့်တော့ ဂရုမစိုက်ပါ။

ဒါကလည်း သူတို့အရည်အချင်းအပေါ် သူတို့ယုံကြည်မှု ဖြစ်သည်။

“ဒါက ကြင်ရာတော်မင်းသား ချီမူအန်၊ မင်းသမီးလေးအုပ်ထိန်းသူ အဒေါ်ရဲ့ ယောကျ်ားလေ”

ကျန့်ချင်ဖန်က မိတ်ဆက်ပေးလိုက်သည်။

အရင်က ဂရုမစိုက်တဲ့ ဆွန်းမိုသည် သူ့ရဲ့ သဘောထားကို ချက်ခြင်းပြင်လိုက်သည်။ ဘာပဲပြောပြော သူ့တိုက်ရိုက်တပြည့်ရဲ့ မိသားစုအကြီးအကဲပါ။ ဒီတွေ့ဆုံမှုကို လေးလေးနက်နက် ဆက်ဆံရမည်။

“ဆရာဆွန်း၊ နောက်ဆုံးတော့ တွေ့ရတဲ့အတွက် ဂုဏ်ယူပါတယ်”

ချီမူအန်က ပနာသင့်စွာ ပြုံးလိုက်သည်။

“အရှင် ချီ”

ဆွန်းမိုက လက်သီးဆုပ်ပြီး နှုတ်ဆက်လိုက်သည်။

လီဗီချီရဲ့ အဒေါ်က မဟာတန်အင်ပါယာရဲ့ အကြီးဆုံး မင်းသမီးကြီးပါ။ ဘုရင်မင်းမြတ်ကလည်း တော်တော်လေး ယုံကြည်သည်။

အများအားဖြင့် ကေရာဇ်တွေက ဆွေမျိုးများကို ရှောင်ပြီး အခြေခံအားဖြင့်လည်း ဘယ်သူ့ကိုမှ အခွင့်အာဏာ မပေးပါ။ သူတို့ လုပ်ချင်တာ လုပ်လို့ရအောင် ပိုက်ဆံတော့ပေးမည် အာဏာတော့ မစဉ်းစားနဲ့ ။

ဒါပေမယ့် အကြီးဆုံး မင်းသမီးကြီးကတော့ ခြွင်းချက်ပါ။ သူမက မဟာတန်အင်ပါယာရဲ့

ထောက်လှမ်းရေး ကွန်ရက်ကို ထိန်းချုပ်ထားတယ်လို့ ပြောကြသည်။ ရိုးရိုးလေးပြောရလျှင် သတင်းပွဲစား တစ်ယောက်ပါ။

ဆွန်းမိုသည် ချီမူအန် ဘယ်လောက် ထက်မြတ်လည်း မသိသော်လည်း ဒီလောက် အထင်ကြီးစရာကောင်းတဲ့ အမျိုးသမီးကို ချစ်လာအောင် လုပ်နိုင်ခဲ့သဖြင့် တော်တော်လေး ထက်မြက်မယ်လို့တော့ ယူဆလိုက်သည်။

ရုပ်ရည်ကို ကြည့်ရတာတော့ အသက်လေးဆယ်လောက် ရှိပြီး

ချောမောနုပျိုနေဆဲပါ။ သူ့ရဲ့သာမန်ကာလျှံကာ လုပ်ဆောင်မှုတိုင်းသည် မြင့်မြတ်တဲ့ အငွေ့အသက်ပါနေပြီး လူတိုင်းကို အမြင်ကောင်း ချန်ထားခဲ့နိုင်သည်။

ဒီလိုမျိုး ချမ်းသာ ကြည့်ကောင်းတဲ့ ဦးလေးကြီးတွေဆို ဒီဘက်ခေတ်မှာ သကြားဖေဖေ (မွေးစားဖေဖေ/ မွေးပြီး စားသောလူ) ဖြစ်လာမှာ သေချာသည်။

"ဒီလူကြီးရဲ့ အီးကျူက တော်တော်လေး မြင့်တာပဲ"

ဆွန်းမို သုံးသပ်လိုက်သည်။ အရင်တုန်းကလည်း သူ့လိုလူမျိုးတွေကို မြင်ဖူးသည်။ အီးကျူမြင့်တဲ့ လူတွေအားလုံးက ပညာတတ်မြောက်ပြီး မတူညီတဲ့ လူမျိုးပေါင်းများစွာနဲ့ ထိတွေ့ဆက်ဆံပြီး အတွေ့အကြုံလည်း များကြသည်။ ဒီအချက်တွေ အားလုံးပေါင်းပြီး ပျိုးထောင်လာသဖြင့် အတွေ့အကြုံများလာသည်။

"ဆရာဆွန်း ငါ မင်းကို တကယ်ပဲ ပြသနာ ရှာလိုက်ချင်တယ်။ ဒါပေမယ့် ငါတို့ ဇီချီ

ငိုမှာကိုတော့ မမြင်ချင်ဘူး။ ဒါကြောင့် မင်းကို ခဏလောက် လွှတ်ပေးထားလိုက်မယ်”

အရင်တုန်းက ပြုံးနေတဲ့ ချီမူအန် ရုတ်တရက် လေသံပြောင်းသွားသည်။

“ချီလေး”

ကျန့်ချင်ဖန်က လှမ်းအော်သည်။

“ဦးလေ ကျန့်၊ ဒါက မိသားစု ကိစ္စပဲ”

ချီမူအန်က ငြင်းလိုက်သည်။

“ဒါကလည်း ငါ့ မိသားစု ကိစ္စပဲ”

ကျန့်ချင်ဖန်က ကျယ်လောင်စွာ ရယ်မောပြီး ပြန်ပြောသည်။

"အမ်"

ချီမူအန် ကြောင်သွားသည်။ ထို့နောက် ဆွန်းမိုကို ကြည့်လိုက်ပြီး

"ဦးလေးကျန့်ရဲ့ မိုးကုတ်စက်ဝိုင်းက တော်တော်လေး ကျယ်တယ်။ သူ့ရဲ့သဘောကျမှုကို ရတယ်ဆိုတော့ မင်းမှာ ထူးခြားတဲ့ သွင်ပြင်လက္ခဏာတွေ ရှိမှာပဲ။ ဒါပမယ့် မလုံလောက်သေးဘူး"

ကျန့်ချင်ဖန်က ဆွန်းမိုကို အရမ်းတန်ဖိုးထားပြီး သူ့မျိုးနွယ်စု ဂျူနီယာတစ်ယောက်လို ဆက်ဆံလိမ့်မယ်လို့ ချီမူအန် မထင်ထားခဲ့ပါ။

"ကြယ်တစ်ပွင့် မြွတ်ဆရာ စားမေးပွဲမှာ ထိပ်ဆုံးအဆင့်ဆိုတာ ဘွဲ့တစ်ခုသက်သက်ပဲ။ ငါ့မိန်းမ မပြောနဲ့ ငါတောင် မကျေနပ်ဘူး"

ဆွန်းမိုက ရှင်းပြသည်။

"ငါလည်း ဘယ်တုန်းကမှ ကိုယ့်ဘာသာကို မကျေနပ်ခဲ့ဘူး"

ဒီအခိုက်အတန့်တွင် ဆွန်းမိုသည် သူ ခက်ခဲအောင် တမင်တကာလုပ်တဲ့ ကျောင်းသား မိဘများကို ပြန်သတိရသွားသည်။ အမှန်တိုင်းပြောရလျှင် ကျောင်းသားတစ်ယောက်သည် တာဝန်ယူတတ်တဲ့ ဆရာတစ်ယောက်နဲ့ တွေ့ရဖို့ မလွယ်သလို နားလည်မှုရှိတဲ့ မိဘများနဲ့လည်း တွေ့ရဖို့ မလွယ်ပေ။

"မင်းမှာ အချိန်အများကြီး မရှိဘူး။ နှစ်လအကြာ ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲမှာ ကို့ကိုယ်ကို သတ်သေ ပြနိုင်မယ်လို့ ငါမျှော်လင့်တယ်"

ချီမူအန်က တောင်းဆိုလိုက်သည်။

"ချီလေး၊ မင်းဟာက မများလွန်းဘူးလား"

ကျန့်ချင်ဖန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"တစ်နှစ်တည်းမှာ ကြယ်နှစ်ပွင့် တက်နိုင်တဲ့လူကို မြင်ဖူးလို့လား"

"ပါရမီရှင်တွေက သာမန်လူ မလုပ်နိုင်တဲ့ အရာကို အောင်မြင်အောင် လုပ်နိုင်တယ်။ ဦးလေးကျန့်၊ ဇီချီရဲ့ ကိုယ်ပိုင်ဆရာက ဘာပဲဖြစ်ဖြစ် ပါရမီရှင်တစ်ယောက်တော့ ဖြစ်ရမယ် မဟုတ်လား"

ချီမူအန်က ပြန်မေးလိုက်သည်။

ကျန့်ချင်ဖန် ဘာပြောရမှန်း မသိတော့ပေ။ ရိုးရိုးသားသားရလျှင် လီဇီချီ၏ မဟာတန်အင်ပါယာရဲ့ မင်းသမီးဆိုတဲ့ ပုံရိပ်ကြောင့် သူမက သာမညသူတော်စင် မဟုတ်ရင်တောင် ကြယ် ၇ ပွင့် ဒါမှမဟုတ် ကြယ် ၈ ပွင့် မြတ်ဆရာတစ်ယောက်ကို ကိုယ်ပိုင် ဆရာတင်ဖို့ ပြဿနာ မရှိပါ။

လီဇီချီက ဆွန်းမိုကို သူမရဲ့ ကိုယ်ပိုင်ဆရာအဖြစ် တင်မြှောက်လိုက်တာကို ကြားလိုက်တဲ့အချိန် ကျန့်ချင်ဖန်လည်း အရမ်း ထိတ်လန့်သွားသည်။ သူမကို တားဆီးချင်ခဲ့သည်။ တကယ်တော့

အခုအချိန်အထိ ဆွန်းမိုနဲ့ သိပ်မသင့်တော်ဘူးလို့ ခံစားနေရတုန်းပါ။

ဆွန်းမို ထူးချွန်တာကို သံသယ မရှိသော်လည်း ကြယ် ၇ ပွင့် မြတ်ဆရာထက်တော့ ပိုထူးချွန်နိုင်ပါ့မလား။ လုပ်နိုင်ရင်တောင် အဲဒီအဆင့်အထိ တက်ဖို့ ဘယ်လောက်ကြာကြာ စောင့်ရမလဲ။ ပြီးတော့ သူက ကြယ် ၇ပွင့် မြတ်ဆရာ ဖြစ်လာတဲ့အချိန်တွင် မင်းသမီးလေးရဲ့ ပညာရေး နောက်ကျမှာ စိုးရိမ်သည်။

ဘာပဲပြောပြော အကောင်းဆုံး သင်ကြားနိုင်တဲ့ အသက်အရွယ်ဆိုတာ ဆယ်နှစ် ဆိုတဲ့ အပိုင်းအခြား မှာပဲ ရှိသည်။

"လျှိုမူဘိုင်က တစ်နှစ်တည်းနဲ့ ကြယ်သုံးပွင့် အဆင့်ထိရအောင် ပြင်ဆင်နေတယ်လို့ ကြားတယ်။ တစ်နှစ်တည်းမှာ ကြယ် ၂ ပွင့် အဆင့်ထိပဲ တောင်းဆိုတာ သိပ်မများဘူးလို့ ဆရာဆွန်း ယုံကြည်တယ် မဟုတ်လား"

ချီမူအန်က မေးလိုက်သည်။

"အကုန်လုံးတော့ မဟုတ်သေးဘူး"

ဆွန်းမိုက ပြုံးလိုက်ပြီး

"တနှစ်တည်းမှာ ကြယ် ၃ ပွင့် မရခဲ့ရင် ငါ့ကိုထားသွားဖို့ လီဇီချီကို စည်းရုံးပေးမယ်"

"ဆွန်းမို"

ကျန့်ချင်ဖန် တော်တော်လေး ထိတ်လန့်သွားသည်။

"တစ်နှစ်တည်းမှာ ကြယ်သုံးပွင် ရဖို့လား။ မင်း မှားမပြောတာ သေချာလား"

ဆွန်းမိုကို လေးလေးနက်နက် အကဲခတ်ရင်း ချီမူအန် မျက်လုံးပြူးနေသည်။

"သေချာတယ်"

ဆွန်းမိုက ချီမူအန်ကို ခပ်တည်တည် စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ဒီတစ်ခေါက်က ငါ့အတွက်တင်မကဘူး။ လီဇီချီရဲ့ သုံးသပ်ချက် မမှားဘူးဆိုတာ သက်သေပြဖို့ တိုက်ပွဲဝင်မယ်"

ဒီစကားကို ကြားလိုက်လျှင် ကျန့်ချင်ဖန် ကျယ်လောင်စွာ ရယ်မောပြီး သူ့မှတ်ဆိတ်ကို အမှတ်တမဲ့ ဆွဲလိုက်မိသည်။ မျှော်လင့်ထားသလိုပဲ ဒါမှ သူသိတဲ့ ဆွန်းမို။ ကြမ်းတမ်းလွန်းလှသည်။

ဒင်

ကျန့်ချင်ဖန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား(၂,၄၄၀/၁၀,၀၀၀)

“ကောင်းပြီလေ။ တကယ်လို့ မင်းအောင်မြင်ခဲ့ရင် ငါ့ကိုယ်ငါ လက်ဖက်ရည်နဲ့ ပြန်လောင်းပြီး ငါ့စကားအတွက် တောင်းပန်မယ်”

ချီမူအန်က ညာလက်ဖဝါး မြှောက်လိုက်သည်။ သူက သဘောတူညီချက် အတည်ပြုဖို့အတွက် လက်ဖဝါးခြင်း ရိုက်ချင်နေသည်။

ဆွန်းမိုကလည်း လုံး၀ မကြောက်ပါ။

ဖြောင်း ဖြောင်း ဖြောင်း

သူတို့ လက်ဖဝါးခြင်း ထိပြီး ပြတ်သားတဲ့ အသံထွက်ပေါ်လာကာ လင်းရောင် ရင်ပြင်တစ်ဝိုက် ပဲ့တင်သံ ထပ်သွားသည်။

အနီးအနားမှာရှိတဲ့ ညည်သည်တွေကတော့ သူတို့ ဘာစကား ပြောနေလဲဆိုတာ မသိဘဲ မနေနိုင်တော့ချေ။

“ဆရာ့ အမူအရာ ပြင်းထန်လွန်းတယ်။ တစ်ခုခု ဖြစ်မလာနိုင်ပါဘူးနော်။ ဟုတ်တယ်မလား”

လုချီဟွာ စိုးရိမ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ စိတ်ထဲမှာလည်း စိုးရိမ်ပူပန်မှုများ ပြည့်နှက်နေသည်။ သူမ အကြောက်ဆုံး မြင်ကွင်းက နောက်ဆုံးတော့ ရောက်လာခဲ့ပြီ။ ထပ်ပြီး ဂရုမစိုက်တော့ပါ။ သူမ အဒေါ်နဲ့ ဦးလေးက ဆရာ့ကို အနိုင်ကျင့်ရင် သူမ အသက်နဲ့ ခြိမ်းခြောက်တော့မည်။

ဘာတွေပဲ ဖြစ်နေပါစေ ဒီလိုမျိုး ဆရာကောင်းတစ်ယောက်ရဲ့ ဘေးနားမှာ နေခွင့်ရတာ ကံကောင်းလှသည်။ သူမ တစ်ဘဝလုံး ဆွန်းမိုကို ဘယ်တော့မှ လက်လွှတ်ပေးမှာ မဟုတ်ချေ။

ဒင်

"တာဝန် အသစ်ထုတ်ပြန်တယ်။ ကျေးဇူးပြုပြီး နောက်နှစ်လအကြာမှာ စစ်ဆေးမယ့် ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲကို အောင်မြင်အောင်ဖြေပြီး မင်းရဲ့ထူးချွန်မှုကို ချီမူအန်အား သက်သေပြပါ။ အထူးဆု - ငွေရောင် ရတနာသေတ္တာ တစ်လုံး"

"တာဝန် ထပ်ထုတ်ပြန်တယ်။ တစ်နှစ်အတွင်း ကြယ်သုံးပွင့်အဆင့်အထိ အောင်မြင်အောင် လုပ်ပြီး ချီမူအန်ကို တော်တော်လေး တုန်လှုပ်အောင် လုပ်ပါ။ အဲဒီအချိန်မှာ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ ထုတ်ပေးမယ်"

စနစ်ရဲ့အသံက ဆွန်းမိုနားထဲမှာ ပေါ်လာသည်။

“မင်းတို့တွေ ဘာပြောနေကြတာလဲ။ ငါလည်း ပါလို့ ရလား”

အသက် ၅၀ လောက်ရှိတဲ့ အဘိုးအိုတစ်ယောက်က အားမန်ပါပြီး တက်ကြွတဲ့ ခြေလှမ်းများနဲ့လျှောက်လာသည်။ တောင်တောင်လေး အရပ်ရှည်ပြီး ပုခုံးကျယ်သည်။ သူစကားပြောတဲ့အခါ သံတတိုင်းကြီး တစ်ခုလို ကြီးမားတဲ့ ဖိအားကို သယ်ဆောင်လာသည်။

“ဒါက မင်းသားလီ”

ကျန့်ချင်ဖန်က မိတ်ဆက်ပေးသည်။

“မင်းသားလီ”

ဆွန်းမိုက နှုတ်ဆက်သော်လည်း ဦးမညွှတ်ပေ။

ဒါကိုမြင်လိုက်လျှင် လီဇီရှင်းရဲ့ အကြည့် အနည်းငယ် ရပ်တန့်သွားသည်။ ထို့နောက် ရယ်မောလိုက်ကာ လက်ကိုဆန့်ပြီး ဆွန်းမိုပခုံးကို ခပ်ပြင်းပြင်းလေး ပုတ်လိုက်သည်။

“လူငယ်တွေက ကြောက်စရာကောင်းတာပဲ။ ဒီနှစ်မှာ မင်းကြောင့် ဗဟိုပြည်နယ်အကယ်ဒမီက

မျှော်လင့်ထားတာထက် ကျော်လွန်သွားပြီ။ ဒါက ငါတို့ ချင်လင်အတွက် ဂုဏ်ကျက်သရေပဲ”

လီဇီရှင်းက ချီးကျူးလိုက်သည်။

ဆွန်းမိုက စကားမပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။ ဒါပေမယ့် လီဇီရှင်းကို မှတ်ချက်တစ်ခု ပေးလိုက်သည်။

“ပြုံးနေတဲ့ ကျား”

ထိုအချိန်တွင် အန်ရှီဝေလည်း ရောက်လာသည်.

“ဝန်ကြီးချုပ်ကျန့်၊ မင်းသားလီ၊ ကြင်ယာတော် မင်းသား ချီ “

အန်ရှီဝေက အားလုံးကို နှုတ်ဆက်လိုက်သည်။ ဆွန်းမို အနိုင်ကျင့်ခံနေရမှာ သူမ စိုးရိမ်နေသည်။

"ဝန်ကြီးချုပ်ကျန့်၊ အခုလောလောလတ်လတ်လေးပဲ ဆရာမီအာက (အနောက်ဖက်သို့ ခရီးသွားခြင်း) ကို ဖတ်ပြီး ဘုန်းတော်ကြီး ဇန်ချန်ရဲ့ ပန်းချီကားကို စိတ်အားထက်သန်စွာ ဖန်တီးခဲ့တယ်"

လီဇီရှင်းက ကြွားလုံး ထုတ်လိုက်သည်။

"ငါကလည်း ငွေးတုံးတစ်သန်းနဲ့ ဝယ်ပြီးပြီ"

လီဇီရှင်းအသံက တော်တော်လေးကျယ်သည်။ သူ့အဆင့်အတန်းက အရမ်းမြင့်တော့ ကျန်တဲ့လူတွေလည်း အာရုံစိုက်ပြီး နားထောင်နေကြသည်။ ဒါကြောင့် သူပြောပြီးတာနဲ့ ကျန်တဲ့လူတွေဆီကနေ ရုတ်တရက် အံ့အောပြီး အာမေဒိတ် အသံများ ထွက်လာသည်။

ဆရာ မီအာ၏ နာမည်မှာ မီအာမူ ဖြစ်သည်။ သူက ကြယ်တစ်ပွင့် မြတ်ဆရာ ဖြစ်သော်လည်း သူ့ရဲ့ ပုံဆွဲနည်းစနစ်က အရမ်းကောင်းမွန်ပြီး ချင်လင်တွင်

နံပါတ်တစ်အဆင့် ရှိသည်။ ဗဟိုပြည်နယ်တစ်ခုလုံးမှာတောင် ကျော်ကြားသည်။

သူ့ရဲ့ ပန်းချီကားတွေက ခဏလေးနဲ့ ရောင်းထွက်သည်။

“ဆရာမီအာ၊ မင်းမှားနေပြီ။ နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ဖန်တီးရင် ငါ့ကို အရင်ပြသင့်တယ်”

ဝန်ကြီးချုပ်ကျန့် စိတ်ဓါတ် ကျသွားသည်။

“ဝန်ကြီးချုပ်ကျန့် အမှန်တိုင်း ပြောတာပါ။ ငါ့ရဲ့ နိမ့်ကျတဲ့နေရာမှာ ပန်းချီဆွဲနေတုန်း မင်းသားလီက

တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတယ်။ ဒါကိုသူတွေ့သွားပြီး ချက်ခြင်း ဝယ်မယ်ပြောတော့ ငါလည်း မတတ်နိုင်ခဲ့ဘူး”

ပိန်ပိန်းပါးပါးနဲ့ သက်လတ်ပိုင်း အမျိုးသားတစ်ယောက်သည် စာသင်သား အငွေ့အသက်နဲ့ လက်ကို ကျယ်ကျယ်ကြီးကြီး ဝှေ့ယမ်းလိုက်သည်။

“ဒီလို ပန်းချီကားတစ်ချပ်ကို မြင်ပြီးမှတော့ ငါ့လက်က မလွှတ်စေရဘူး။ ဒီလိုမှ မဟုတ်ရင် တစ်သက်လုံး နောင်တရနေ ရမယ်”

လီဇီရှင်းက အားရကျေနပ်စွာ ရယ်မောလိုက်သည်။

ချီမူအန်ကလည်း ပန်းချီကားတွေကို နှစ်သက်တဲ့သူ ဖြစ်သည်။

“အိမ်ဖော်တွေ ၊ ပန်းချီကားကို လာဖွင့်စမ်း”

လီဇီရှင်းက အမိန့်ပေးလိုက်သည်။

ဆရာမီအာက တော်တော်လေးအထာကျတဲ့ ပုံစံနဲ့ ထိုင်ပြီး လက်ဖက်ရည် သောက်နေသည်။

သိပ်မကြာခင် အိမ်အကူနှစ်ယောက်က ပန်းချီကားလိပ်ကို ယူလာပြီး ဖွင့်လိုက်သည်။

ဝန်ရိုးရှည် ပန်းချီကားတစ်ချပ်ပါ။ အရှည် ၃ မီတာလောက်ရှိပြီး ဘုန်းတော်ကြီး ဇန်ချန်က အနောက်ဖက်သို့ ခရီးသွားနေသည်။ ပန်းချီကားရဲ့ အစိတ်အပိုင်းတချို့ကတော့ အရောင်စုံ ဖြစ်နေသည်။

"နာမည်ကြီး ပန်းချီကားတစ်ဝက်ပဲ ယူဆလို့ ရတယ်။ စိတ်မကောင်းစရာပဲ"

ညွှံ့သည် တော်တော်များများ သက်ပြင်းချလိုက်သည်။ နာမည်ကြီး ပန်းချီကားတစ်ချပ်ဆိုရင် ပိုတောင် တန်ဖိုး ရှိအုံးမည်။

ထုံးစံအတိုင်း လက်ရှိ ပန်းချီကားရဲ့ အဆင့်အတန်းက တော်တော်လေး မြင့်နေပါပြီ။

“တကယ်လို့ ငါသာ စိတ်လှုပ်ရှားပြီး ဆရာမီအာ အာရုံစူးစိုက်မှုကို အနှောက်အယှက် ဖြစ်အောင် မအောင်ခဲ့မိရင် နာမည်ကြီး ပန်းချီကားတစ်ချပ် ဖြစ်လာမှာ”

လီဇီရှင်းက ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

"မင်းသား ဘာတွေ ပြောနေတာလဲ။ ငါ့ကျွမ်းကျင်မှုက မလုံလောက်ဘူးဆိုတာ ရှင်းနေတာပဲ"

မီအာမူက ကမန်းကတန်း နှိမ့်ချစွာ ပြောလိုက်သည်။

လူတိုင်းက ဒီပန်းချီကားကို အကဲဖြတ်နေကြသည်။ ထုံးစံအတိုင်း ခံစားမှုက သက်ဝင်ပြီးသားပါ။ လူတိုင်းက ချီးကျူးနေကြသည်.။ ဘာပဲပြောပြော ချင်လင်ရဲ့ နံပါတ်တစ်

အနုပညာရှင်ဆီက ဆင်းသက်လာပြီး မင်းသားလီက ဝယ်ထားခဲ့သည်။ ဘယ်သူ မကောင်းပြောမှာလဲ။

ကျန့်ချင်ဖန်က ဆွန်းမိုဆီ လှည့်ကြည့်ပြီး မျက်စိမမှိတ်ပြခင် စူးစူးရဲရဲ ကြည့်လိုက်သည်။ နှစ်ပေါင်းတော်တော်ကြာအောင် ဖြတ်သန်းလာတဲ့ အတွေ့အကြုံကြောင့် လီဇီရှင်းက ဆွန်းမိုအတွက် ခက်ခဲတဲ့အရာတွေ ပြုလုပ်တော့မယ်ဆိုတာ သိနေသည်။

ဆွန်းမိုသည် ကူကယ်ရာမဲ့စွာ ခေါင်းယမ်းလိုက်သည်။

“အမ်၊ ဆရာဆွန်းက ခေါင်းခါတယ်ဆိုတော့ ဘာပြောချင်တာလဲ။ ဒီနာမည်ကြီး ပန်းချီကား တစ်ခုခု လွဲချော်နေလို့လား”

ချီမူအန်က မေးလိုက်သည်။

ဆွန်းမိုအတွက် ခက်ခဲအောင် လုပ်တာမဟုတ်ဘဲ သိချင်လို့သာ မေးလိုက်ခြင်း ဖြစ်သည်။

(လုပ်တာ ကောင်းတယ်)

လီဇီရှင်းက အူမြူးပြီး တိတ်တဆိတ် ကြည့်နေသည်။ ဆွန်းမိုအတွက် ခက်ခဲအောင် အခွင့်အရေးရှာပြီး လုပ်ဖို့ လူတွေ စီစဉ်ထားပေမယ့်

ချီမူအန်က ပြောလာမယ်လို့ မထင်ထားခဲ့ပါ။ သူ အားစိုက်ထုတ်ရတာ သက်သာသွားသည်။ နောက်ထပ်ကတော့ ဆွန်းမို ဘယ်လို ပြန်ဖြေမလဲဆိုတဲ့ အပေါ် မူတည်နေသည်။

(မင်း အဖြေမကောင်းရင် ဒေါသတကြီး ပြေးထွက်လာလို့ ငါ့ကို အပြစ်မတင်နဲ့)

အခန်း(၅၀၄) - စိတ်မကောင်းဘူး၊ မဟာအဆင့်ဆွန်းမိုက ဒီနယ်ပယ်မှာ အဖေပဲ။

ဆွန်းမို ခေါင်းယမ်းလိုက်သည်။ အခုလက်ရှိမှာတော့ မကျူနိုင်မကယ်နိုင် ဖြစ်နေတဲ့ အမှုအရာပဲ လုပ်ပြနိုင်တော့သည်။

ဒါပေမယ့် ဆွန်းမိုက လီဇီရှင်းရဲ့အတွေးကို နားလည်နေသည်။

တစ်ဂူထဲ ခြသေ့်နှစ်ကောင် နေဖို့ ခက်လှသည်။ ဗဟိုပြည်နယ် အကယ်ဒမီနှင့် မရီဒန်အကယ်ဒမီ နှစ်ခုစလုံးသည် ချင်လင်မြို့တွင် တည်ရှိပြီး ဗဟိုပြည်နယ်အကယ်ဒမီက ‘စီ’ အဆင့်သို့

မြင့်တက်လာသည်။ ဒါကြောင့် မရီဒန် အကယ်ဒမီကို ကြီးမားတဲ့ဖိအား ယူဆောင်လာသည်။

မရီဒန်အကယ်ဒမီကို ထောက်ပံ့နေတဲ့ လူတစ်ယောက်အနေနဲ့ လီဇီရှင်းက ဆွန်းမို မမုန်းမှပဲ ထူးဆန်းနေလိမ့်မည်။

ဆွန်းမို ထူးချွန်လို့သာ ဗဟိုပြည်နယ် ဖြုတ်ထုတ်ခံရမည့် ဘေးက လွတ်မြောက်သွားခဲ့သည်။ သူသည် ချင်လင် ကျောက်စိမ်းအမွှာထဲက တစ်ယောက်ဖြစ်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှိုမှုဘိုင်ကို အနိုင်ယူပြီး ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဝှက်ဖဲဖြစ်လာသည်။

တစ်ယောက်ယောက်က ဆွန်းမိုနဲ့ ပက်သက်ပြီး ဘာပြောချင်လဲလို့ လီဇီရှင်းကိုမေးလျှင် လုံးဝ ဆွန်းမိုသေသွားတာထက် ဘာမှ မလိုချင်ပေ။

(ယောကျ်ားဆိုတာ ကောင်းကင်ဘုံရဲ့ ဆင်းရဲဒုက္ခကိုကြံ့ကြံ့ခံနိုင်မှ တကယ့် ယောကျ်ားလို့ ခေါ်တယ်။ လူတစ်ယောက်ရဲ့ အရည်အချင်းကို မနာလိုဖြစ်နေရင် အဲဒီလူသည် ကျိန်းသေပေါက် သာမန်လူပဲ ဖြစ်လိမ့်မယ်။)

ဆွန်းမိုစိတ်ထဲက ညည်းညူရင်း ကို့ကိုယ်ကို နှစ်သိမ့်လိုက်သည်။ ထို့နောက် သူ့အမူအရာ အေးစက်လာသည်။ သူက ပြဿနာမဖြစ်ချင်သော်လည်း ပြဿနာက တံခါးခေါက်ပြီး ရောက်လာပြီ။ ဒီလိုဖြစ်လာတဲ့အတွက်လည်း ကြောက်စရာအကြောင်း မရှိပါ။

ဆွန်းမိုက ချီမူအန်ကို ကြည့်လိုက်ပြီး

"ကြင်ယာတော် မင်းသား၊ ဘာဖြစ်လို့ ထူးဆန်းတဲ့ မေးခွန်းမေးနေတာလဲ။ သိသာတယ် မဟုတ်လား။

ဒီပန်းချီကားက မပြည့်စုံတော့ တစ်ဝက်တစ်ပျက် နာမည်ကြီး ပန်းချီကားသာသာပဲ မဟုတ်လား”

“အမ်”

ဒီနေရာမှာ ရှိတဲ့ လူအားလုံး တိတ်ဆိတ်သွားသည်။ ဧည့်သည်များသည် လီဇီရှင်းကို မကြည့်ခင် မီအာမူကို အလိုလို ကြည့်လိုက်မိသည်။ အဲဒီနောက် သူတို့ရဲ့ အကြည့်တွေက ဆွန်းမိုဆီ ရောက်သွားပြန်သည်။

(တကယ် ရဲတင်းတာပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက ဧည့်သည်အားလုံးရဲ့ အတွေးပါ။ (မင်းရဲ့ခံစားချက် ထိန်းသိမ်းနိုင်စွမ်းက ဘာလဲ။ အရွယ်မရောက်သေးဘူးလား)

'ရာထူးကြီးတဲ့လူရဲ့ စကားကို လွန်ဆန်လို့မရ' ဆိုတဲ့ စကားလည်း ရှိသေးသည်။ ဒီနေ့ ရောက်လာတဲ့ဧည့်သည်များကြားတွင် ကျန့်ချင်ဖန် နှင့် လီဇီရှင်းက အာဏာ အကြီးဆုံးဖြစ်သည်။

အဆင့်အတန်း အမြင့်ဆုံးသူကို ပြောရလျှင် ထုံးစံအတိုင်း လီဇီရှင်းပါ။

ဒီလို အခြေအနေမျိုးမှာ ဦးနှောက် တစ်ခြမ်းဘဲ ရှိတဲ့လူတောင် ပန်းချီကား အရမ်းကောင်းတယ်လို့ ပြောကြလိမ့်မည်။

“ဆရာကတော်တော် ခေါင်းမာတာပဲ”

လီဇီချီ တိတ်တဆိတ် ဝမ်းသာနေသည်။ စိတ်ထဲတွင် ပိုတောင် သဘောကျနေသေးသည်။ မျှော်လင့်ထားသလိုပဲ ဆရာက အားနားပြီး ကို့ကိုယ်ကို နှိမ့်ချမှာ မဟုတ်ပေ။

အန်ရှီဝေသည် မျက်နှာအမူအရာ မပြောင်းသော်လည်း စိတ်ထဲမှာ စိုးရိမ်ပူပန်နေသည်။

ဆွန်းမိုစကားက အမှန်ပါ။ ဒီပန်းချီကားမှာ အပြစ်အနာအဆာ မရှိရင် ကျော်ကြားတဲ့ ပန်းချီကား ဖြစ်ရလိမ့်မည်။ ဒီစကားရဲ့ အကျိုးဆက်က ပန်းချီဆွဲဖို့ စိန်ခေါ်တဲ့အထိ ဖြစ်သွားနိုင်သည်။ ဒါဆို ဘာလုပ်ကြမလဲ။

"ဒီလို ဖြစ်လာမယ်ဆိုတာသိရင် ပုံဆွဲနည်းတွေကို ဆက်ပြီး လေ့ကျင့်ပါတယ်ကွာ "

အန်ရှီဝေ သက်ပြင်းချလိုက်သည်.။ သူမငယ်စဉ်ကတည်းကပင် ဂီတ၊ စစ်တုရင်၊ လက်ရေးလှ၊ ပုံဆွဲနည်းများကို ကျွမ်းကျင်ခဲ့သည်။

ဒါပေမယ့်လည်း သင်ယူရမဲ့အရာ တဖြေးဖြေး များလာတာနဲ့အမျှ အချိန်တွေလည်း ရှားပါးလာသည်။ ဒါကြောင့် လက်ရေးလှရေးခြင်းနှင့် ပုံဆွဲတဲ့လိုမျိုး ဘာသာရပ်များကို စွန့်လွှတ်ခဲ့သည်။

ထုံးစံအတိုင်း အန်ရှီဝေသည် ဒါတွေကို စွန့်လွှတ်ခဲ့သော်လည်း လူအများစုထက်တော့ ပိုသာနေသေးသည်။ ဒါပေမယ့် လက်ရေးလှ ဆရာတွေ၊ ပန်းချီပညာရှင်တွေနဲ့ ယှဉ်ရင်တော့ အရည်အချင်းက မလုံလောက်ပါ။

“ဘာဖြစ်လို့လဲ၊ ငါ့စကားမှားသွားလား”

ဆွန်းမိုက ချီမူအန်ကို ပြည့်ကြည့်ပြီး မေးလိုက်သည်။

(ဘာဖြစ်လို့ ဒီကို ကြည့်ပြီး ပြောနေရတာလဲ)

ချီမူအန် စိတ်ဓါတ်ကျသွားသည်။ သူ့ရဲ့ပုံရိပ်အရ ကျန့်ချင်ဖန်နှင့် လီဇီရှင်းတို့ကို မကြောက်ပါ။ ဒါပေမယ့်လည်း သူက အမြဲတမ်း ပရဟိတလုပ်ပြီး လူတွေကို မျက်နှာသာပေးတတ်တဲ့ လူလို့ လူသိများသည်။

ပြတ်ပြတ်သားသား ပြောရလျှင် သူ့နောက်ကွယ်မှာ မကောင်းသတင်း ပြောတာမျိုး တစ်ခါမှ မရှိခဲ့ပါ။

"ဆွန်းမိုရဲ့စကားက မှန်တယ်"

ချီမူအန်က ဆွန်းမိုရဲ့စကားကို အရင်ဆုံး အတည်ပြုလိုက်ပြီးနောက် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဒါပေမယ့် မဟာသခင် မီအာရဲ့ ပန်းချီကားကလည်း ဝတ္ထုထဲက ဘုန်းတော်ကြီး ဇန်ချန်နဲ့ တူတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာဆွန်း၊ စောစောက ပြောခဲ့ပြီးပြီလေ။ ငါသာ မနှောက်ယှက်မိရင် နာမည်ကြီး ပန်းချီကားတစ်ချပ် ဖြစ်လာမှာ သေချာတယ်”

လီဇီရှင်း ရှင်းပြသည်။

“ဘာကြောင့်ပဲဖြစ်ဖြစ်၊ နာမည်ကြီး ပန်းချီကားတစ်ချပ် မဖြစ်ခဲ့ဘူး။ ဒါက မဟာသခင်မီအာရဲ့ ပုံဆွဲနည်းက မပြည့်စုံဘူးဆိုတာ ညွှန်ပြနေတယ်”

ဆွန်းမိုက ပခုံးတွန့်ပြီး ပြန်ပြောလိုက်သည်။

(အေး၊ မင်းပြောနေသေးတာလား)

(ညှော်သည်တွေကတောင် သဘောကျနေပြီ။ မင်းလွှတ်ထားပေးလို့ မရဘူးလား)

ဒါပေမယ့်လည်း ဒီနေရာမှာရှိနေတဲ့လူတွေက လူ့အသိုင်းအဝိုင်းထဲက ကြောင်ပါးတွေပါ။ နှစ်ဖက်ကြားက ရန်လိုမုန်းတီးမှုတွေကို လျှင်မြန်စွာ အကဲခတ်မိသွားသည်။

"အင်း၊ ဒါဆိုလည်း ဆရာဆွန်းကို မေးပါရစေအုံး။ ပန်းချီကားမှာ ဘာတွေချို့တဲ့ နေလို့လဲ။ ငါ အဲဒါကို သိချင်လို့ပါ"

မီအာမူက ဒေါသထွက်နေသော်လည်း စိတ်ထိန်းပြီး ဆွန်းမိုဆီက လမ်းညွှန်မှု တောင်းခံလိုက်သည်။ ဒါပေမယ့် မီအာမူက လက်တုန့်ပြန်ဖို့ လုပ်နေကြောင်း ဉာဏ်ကောင်းတဲ့လူများ သိနေကြသည်။

(မင်းက သာမန်လူတစ်ယောက်လေ၊ ကျော်ကြားတဲ့ ပန်းချီပညာရှင်ကို ဘယ်လို အကဲဖြတ်မှာလဲ။ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မပေးနိုင်ရင် ဝိုင်းအဆဲခံရမှာ ကျိန်းသေနေပြီ)

ခွီ

ဆွန်းမို မပြောရသေးခင် ကျန့်ချင်ဖန်ဆီက ရယ်သံထွက်လာသည်။ သူ ရုတ်တရက် လုပ်လိုက်တဲ့လုပ်ရပ်ကြောင့် လူတိုင်းရဲ့ အာရုံကို ဖမ်းစားသွားခဲ့သည်။

“အဟွတ်အဟွတ်၊ ဗိုက်နာလာလို့ပါ”

ဝန်ကြီးချုပ်ကျန့်က လွတ်မြောက်လို လွတ်မြောက်ကြောင်း ကြံ့ရာဆင်ခြေတစ်ခု ပေးလိုက်သော်လည်း လူတိုင်းက သူ့ကို အပြစ်မတင်ရဲပါ။

"ဒီပန်းချီကားက ရှုခင်း အထိုင်ချခြင်းနဲ့ ပန်းချီကျွမ်းကျင်မှုကို မခွဲခြားဘဲ ပြောရရင်နှစ်ခုစလုံး အရမ်းကောင်းပါတယ်။ ဘုန်းတော်ကြီး ဇန်ချန်က အနောက်ဘက်မှ ကျမ်းဂန် ပြန်သယ်လာတာကို အပြည့်အဝ အာရုံစိုက်ထားပေမယ့် သူ့ရဲ့ ပြင်းပြတဲ့ဆန္ဒက မပေါ်လွင်ဘူး ဖြစ်နေတယ်။ အရေးအကြီးဆုံးအချက်ကတော့ သူက လူတိုင်းကို ဘေးကပ်ဆိုးကနေ ကယ်တင်ပြီး ကမ္ဘာကြီးကို ကယ်တင်ချင်လို့လုပ်တာ"

ဆွန်းမိုက ပြောလိုက်သည်။

အရင်က ဆွန်းမိုကို အထင်သေးအမြင်သေး ဖြစ်နေတဲ့ မီအာမူသည် ဒီစကားကို ကြားလိုက်လျှင် ရုတ်တရက် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် ဇန်ချန် ပန်းချီကားကို တစ်ချက်ကြည့်လိုက်သည်။

လီဇီရှင်းက မီအာမူကို စိုက်ကြည့်နေသည်။ (မင်း ဘာလုပ်နေတာလဲ)

(လက်တုန့်ပြန်လေ)

(သူ့ကို ဆဲလေ)

မီအာမူသည် ဆွန်းမို စကားကို တွေးတောနေသော်လည်း လီဇီရှင်း၏ အကြည့်ကို မြင်လိုက်လျှင်တွေးနေတာကို ရပ်ပြီး ပြောလိုက်သည်။

“ဆရာဆွန်း၊ ပန်းချီကိုနားမလည်ရင်လည်း ပါးစပ်ပိတ်ထားလို့ မရဘူးလား။ ဒါမှမဟုတ်ရင်လည်း တခြားသူရဲ့ လမ်းညွှန်မှုကို စိတ်ရင်းနဲ့ တိုင်ပင်သင့်တယ်။ မင်းကတော့ သာမန်ကာလျှံကာလေး ကောက်ချက်ချလိုက်တယ်။ ဒီလိုလုပ်တာ ငါတို့ မြတ်ဆရာ အဆင့်အတန်းနဲ့ မထိုက်တန်ဘူး”

မီအာမူသည် ဆွန်းမိုကို နာမည်ကြီး အနုပညာရှင်တစ်ယောက်ရဲ့ ဂုဏ်ပုဒ် သုံးပြီး အပြစ်တင် ရှုတ်ချလိုက်သည်။

"ဆရာဆွန်း စကားမှန်တယ်လို့ ခံစားရတယ်"

"မှန်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ဒီလိုမျိုး အယူအဆက မယုံကြည်ရဆုံးပဲ။ (အနောက်ဖက်သို့ ခရီးသွားခြင်း) ရေးသားသူကလွဲလျှင် ဇာတ်လမ်းက ပြောတဲ့ အဓိပ္ပါယ်ကို ဘယ်သူက အပြည့်အဝ နားလည်မှာလဲ"

"နှစ်ဖက်စလုံးက မှန်တယ်ဆိုပြီး အငြင်းပွားနေမှာ မဟုတ်ဘူးလား"

ညော့်သည်တွေ ဆွေးနွေးနေကြသည်။ ဆွန်းမိုရဲ့ ဉာဏ်ပညာကို ချီးကျူးချင်ခဲ့သော်လည်း အမှန်တိုင်းပြောရလျှင် အခုမြင်လိုက်ရတာကတော့ အရှက်မရှိ ရန်စတတ်တဲ့လူတစ်ယောက်ပဲ။

ဟဲမလန်ကို ဖတ်ဖူးတဲ့လူ တစ်ထောင်လောက်ရှိသော်လည်း ရှိုတ်စပီးယားကလွဲလျှင် ဟဲမလန်ကို အပြည့်အဝ အနားလည်တယ်လို့ ဘယ်သူ ပြောရဲလဲ။

ဆွန်းမို ပခုံးတွန့်လိုက်သည်။ သူ သာမန်ကာလျှံကာ စကားမပြောပါ။ ပန်းတွေ၊ ဥက်တွေ၊ ပိုးကောင်တွေလို ပန်းချီကားဆိုလျှင် သူဘယ်လို အကဲဖြတ်မရလဲ တကယ်မသိပါ။ ဒါပေမယ့် အခုက ဘုန်းတော်ကြီး ဇန်ချန် ပန်းချီကားကို အကဲဖြတ်နေတာ ဖြစ်သည်။ စိတ်မကောင်းပါဘူး။ ဒီနယ်ပယ်မှာ ဆိုရင်တော့ မဟာသခင် ဆွန်းမိုက အဖေပဲ။

"ဆရာဆွန်း၊ (အနောက်ဖက်သို့ ခရီးသွားခြင်း) လေ့လာမှုနဲ့ပက်သက်လို့ကတော့ ငါက ချင်လင်

ထိပ်တန်း လေ့လာသူ အနည်းငယ်ထဲက တစ်ယောက်ပဲလို့ ငါပြောရဲတယ်။ ဒီစာအုပ် ထုတ်ဝေပြီးကတည်းက အကြိမ်ကြိမ် ပြန်ဖတ်ခဲ့ပြီးပြီ။ အခုအချိန်မှာဆို အကြောင်းအရာ အားလုံး စိတ်ထဲဆွဲနေပြီ။ ဒါကို တကယ် တန်ဖိုးမထားရင် နာမည်ကြီး ပန်းချီကားတစ်ချပ် ဖန်တီးနိုင်မှာ မဟုတ်ဘူး"

မီအာမူက ရှင်းပြသည်။

“ဒါအမှန်ပဲ၊ အနောက်ဖက်သို့ ခရီးသွားခြင်းနဲ့ ပက်သက်လို့ကတော့ ဆရာမီအာ နှစ်သက်တာ ကျန်တဲ့လူထက် သာတယ်”

လီဇီရှင်းက ထောက်ခံ ပြောဆိုလိုက်သည်။

“ဒါကြောင့် ဘုန်းတော်ကြီး ဇန်ချန် အပေါ် သူ့နားလည်မှုက အနက်ရှိုင်းဆုံး ဖြစ်လိမ့်မယ်။ ဆရာဆွန်းကရော။ ဒီနှစ် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲအတွက် အလုပ်ရှုပ်နေတာ မဟုတ်လား”

ညော့သည်တွေ အချင်းချင်း ပြန်ဆွေးနွေးနေကြပြန်သည်။

တကယ်ပဲ ဆွန်းမိုက အနောက်ဖက်သို့ ခရီးသွားခြင်းကို နေ့တိုင်းဖတ်တယ်လို့ ပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ပေ။ တကယ်လည်း စံချိန်ချိုးပြီး ပထမနေရာကို လိုချင်တယ်ဆိုရင် ကျန်တဲ့ ဆရာတွေထက် ပိုအားထုတ်ရမည်။ ဆွန်းမိုမှာ ဝတ္ထုဖတ်ဖို့အချိန် ဘယ်လို အားမှာလဲ။

ဖူး

ကျန့်ချင်ဖန် မရယ်ဘဲ မနေနိုင်တော့ချေ။

“ဝန်းကြီးချုပ် မင်းပြောချင်တာလဲ”

ချီမူအန် နားမလည်နိုင်ပါ။

"ဗိုက်နာလို့"

(စာရေးသူထက်ပဲ မင်းက ပိုသိနေတာလား)

"ဒီစာအုပ်က ရိုးရှင်းတဲ့ အရေးအသားကို အသုံးပြုထားလို့ အနည်းငယ် ကြမ်းသော်လည်း စာရေးဟန်က စိတ်ဝင်စားဖို့ ကောင်းပြီး စားရေးသူရဲ့ စိတ်ကူးကိုလည်း ကွက်ကွက်ကွင်းကွင်း ဖော်ပြပေးနိုင်သည်။ ဒီအယူအဆက ကျယ်ပြန့်ပြီး လေးနက်လွန်းလို့ ကျန်တဲ့ စာရေးသူတွေ နိမ့်ကျတယ်လို့ ခံစားသွားနိုင်တယ်။ ဒီစာအုပ်က စာပေရေးသားဟန် အသစ်ကို လမ်းဖွင့်ပေးလိုက်ပြီ"

မီအာမူက စာအုပ်ကိုတော်တော်လေး ချီးကျူးနေသည်။ ညော့တွေကလည်း ဒါကို ကြားပြီး ခေါင်းညိတ်နေကြသည်။

အနောက်ဖက်သို့ ခရီးသွားခြင်းက ပြီးခဲ့တဲ့နှစ်ကမှ ချင်လင်တွင် ရေပန်းစားလာခဲ့သည်။ အထူးသဖြင့် မြင့်မြတ်တဲ့ အသိုင်းအဝိုင်းကြားမှာ ဖြစ်သည်။ တောမီးလို ပျံ့နှံ့သွားခဲ့သည်။

မှူးမတ်တွေဆိုတာက မိသားစုအတွက် အလုပ်လုပ်ရတဲ့ သာမန်လူတွေနဲ့ မတူပါ။

စားသောက်ချိန်ကလွဲလျှင် ကမ္ဘာပေါ်မှာ အချိန်တိုင်း အားနေသည်။ ဝတ္ထုများများ ဖတ်ချင်နေကြသည်။

သူတို့ထဲက အများစုသည် ပုံမှန်စာပေရေးဟန်နဲ့ ရေးသားထားတာကို ပထမဆုံး ဖတ်ဖူးကြတာ ဖြစ်သည်။ အရမ်းမနှစ်သက်ဘဲ မနေနိုင်အောင် ဖြစ်နေကြသည်။

ကောင်းဘုံမဟာ ပညာရှိကြီးမှာ မီးတောက်နေတဲ့ မျက်လုံးများရှိပြီး လင်းရောင်ရတနာ ခန်းမမှတဆင့် ကောင်းကင်နဲ့ မြေကြီးကို ဖျက်ဆီးပစ်သည်။ သူ့ရဲ့ သဘောထားက ကြီးမြတ်ပြီး

ရက်စက်ကြမ်းကြုတ်လွန်းသဖြင့် လူများစွာက သူ့ကို အခြေအမြစ်မရှိဘဲ ကိုးကွယ်ကြသည်။

ဒီမှာရှိတဲ့ ယောကျ်ားတိုင်းသည် သူတို့ မမြင်နိုင်အောင် ကောင်းကင်ကြီးကို ထိုးဖောက်ထွက်နေတဲ့ သံတုတ်ချောင်းကြီးကို လိုချင်နေကြသည်။

"ဓာတ်လမ်း တစ်ဝက်ပဲ ရေးတာ တော်တော်ဆိုးတယ်"

မီအာမူ သက်ပြင်းချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟုတ်တယ်။ ဂေါ့ပလင် ဘာလုပ်နေလဲ သိချင်တယ်။ ဘာဖြစ်လို့ ဆက်မရေးတာလဲကွာ"

"မဟာသခင် ဂေါ့ပလင် လို့ ပြော။ သူ့အကြောင်းပြောရင် လေးစားမှု ပေးလို့ မရဘူးလား"

"ဆက်မဖတ်ရလို့ သေလုနီးပါး ဖြစ်နေပြီ"

(အနောက်ဖက်သို့ ခရီးသွားခြင်း အကြောင်းပြောရင် လူတိုင်း ဒေါသထွက်နေသည်။ ဘာဖြစ်လို့ ဇာတ်လမ်း တစ်ဝက်ပဲ ရှိရတာလဲ။ ဇာတ်လမ်း တန်းလမ်းကြီးနဲ့ ရပ်ထားပြီး စာမရေးတော့ဘူး ထင်တာပဲ။

ပတ်ဝန်းကျင်က ဆွေးနွေးနေမှုကို ကြားလျှင် ဆွန်းမို တော်တော်လေး အနေရခက်သွားသည်။ (လူတွေအများကြီး ငါ့ကို ချီးကျူးနေတော့ ငါက ဂုဏ်ယူနေရမလား)

အမှန်တော့ ဆွန်းမိုက မီအာမူကို ချစ်တီးခေါင်းသန်းရှာသလို တမင်သက်သက် မီအာမူ မျက်နှာပျက်အောင် အပြစ်ရှာခဲ့သည်။

“ဟီး ဟီး”

လုချီဟွာက ပါးစပ် နားရွက်တက်ချိတ်အောင် ပြုံးနေသည်။ သူမဆရာက ဒီစာအုပ်ရေးသားသူပါ။

သူက ဇာတ်လမ်း ဒုတိယအပိုင်းကို မရေးခဲ့သော်လည်း ပါးစပ်နဲ့ပြောပြခဲ့ပြီးပြီ။

တော်တော် စိတ်ဝင်စားဖို့ ကောင်းသည်။

"ဘာဖြစ်နေတာလဲ"

အင်ဘိုင်ဝူ နားမလည်ပါ။

"ဘာဖြစ်လို့လဲဆိုတော့............"

လုချီဟွာ ပြောမလို့ လုပ်လိုက်တဲ့အခါ လီဇီချီက တားလိုက်သည်။

"အဟွတ် အဟွတ်"

လီဇီချီ ဆွံ့အနေသည်။ ဒီနေရာမှာ အကြားအာရုံ ထက်မြတ်တဲ့လူတွေ အများကြီး ရှိသည်။ လုချီဟွာသာ ဒီအချက်ကို ဖော်ထုတ်လိုက်လျှင် သူမတို့ဆရာဆီ ပြဿနာတွေ ရောက်လာလိမ့်မည်။

မီအာမူက (အနောက်ဘက်သို့ ခရီးသွားခြင်း)နဲ့ ပက်သက်သည့် သူ့ရဲ့ အသိပညာများကို ကြွားလုံးထုတ်ပြီး ဘုန်းတော်ကြီး ဇန်ချန်အကြောင်း သူ့စကားကနေတဆင့် နားလည်ကြောင်း ဖော်ပြနေတဲ့အချိန်တွင် ဆွန်းမိုက ဘာမှမသိသလို နေနေခဲ့သည်။

ခဏာလောက်နေတော့ မီအာမူက စကားပြောတဲ့ အကြောင်းအရာကို ပြောင်းပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

“ဒါဆိုလည်း ဆရာဆွန်း၊ ပန်းချီအကြောင်း တကယ်မသိတာလား။ အခုအချိန်ကစပြီး ပန်းချီကား အကဲဖြတ်တဲ့အကြောင်း မပြောနဲ့တော့”

မီအာမူက ဆွန်းမိုကို အဖက်မတန်သလို အင်္ကျီ လက်စကို ခါပြီး ပြောလိုက်သည်။

(ဟားဟား၊ ငါနဲ့ ပြိုင်ချင်တာလား။ မင်းအရည်အချင်းနဲ့ဆိုရင် အဝေးကြီး လိုသေးတယ်)

လီဇီရှင်း တော်တော်လေး ပျော်နေသည်။ ဒီသမင်အမြီးဂုဏ်ပြုစားပွဲ ပထမအကျော့တွင် အောင်မြင်မှု သေးသေးလေး ရလိုက်တယ်လို့ ယူဆလို့ရသည်။

သူက ဆွန်းမိုကို (လူမှုရေးသေ) သွားစေချင်သည်။ မြတ်ဆရာတွေက ဘာကို အကြောက်ဆုံးလဲ။ ထုံးစံအတိုင်း သူတို့ရဲ့ဂုဏ်သိက္ခာ ပျက်ဆီးသွားမှာ တော်တော်လေး ကြောက်သည်။ ဒီလိုလူကို ဘယ်သူမှ ကျောင်းဆရာအဖြစ် လက်ခံမှာ မဟုတ်ပေ။

ယူရုံပို သက်ပြင်းချလိုက်သည်။ လီဇီရှင်းက ဒီတစ်ကြိမ်မှာ တကယ်ကို ပြင်ဆင်ထားသည်။. ဆွန်းမိုကို ဖျက်ဆီးချင်နေတာ သိသာနေသည်။ ဆွန်းမိုသာ ဉာဏ်ကောင်းပါက လင်းကျောင် ရင်ပြင်က တတ်နိုင်သမျှ အမြန်ဆုံး ထွက်ခွာသွားသင့်နေပြီ။

ဆွန်းမိုမှာ ပြန်ငြင်းရန် အစီအစဉ် မရှိတာကို မြင်လိုက်လျှင် အန်ရှီဝေ စိုးရိမ်ပူပန်သွားသည်။ ကြည့်ရတာတော့ သူ့အတွက် သူမပြောပေးဖို့ လိုနေပြီ။

"ဆရာမီအာ၊ မင်းစကား မမှန်ဘူး" ဒါပေမယ့် အန်ရှီဝေ စကားမဆုံးခင် ကျန့်ချင်ဖန်က စကားဖြတ်ပြောလာသည်။

"တိုက်ဆိုင်လိုက်တာ၊ ငါ့မှာလည်း လောလောလတ်လတ် နာမည်ကြီး ပန်းချီကားသုံးခု ရထားတာ ရှိတယ်။ လူတိုင်းခံစားလို့ ရအောင် ဒီအခွင့်အရေးကို အသုံးချပြီး ပြလိုက်မယ်"

ကျန့်ချင်ဖန်က စကားပြောနေရင်းနဲ့ ဆွန်းမိုကို မျက်လုံး မှိတ်ပြလိုက်ပြီး ပွဲကောင်း စောင့်ကြည့်ဖို့ အမူအရာ ပြလိုက်သည်။

“သုံးခု ဟုတ်လား”

လူတိုင်း တော်တော်လေး ထိတ်လန့် တုန်လှုပ်သွားသည်။ အံ့ဖွယ် ပန်းခင်းအဆင့်ကို ကျော်ဖြတ်ခဲ့တဲ့ ပန်းချီကားများကသာ နာမည်ကြီး ပန်းချီကား ဖြစ်လာနိုင်တယ်ဆိုတာ မေ့ထားလို့ မရပါ။ ဒါကြောင့်လည်း နာမည်ကြီး ပန်းချီကားတွေက အရမ်းရှားသည်။ ဒါတောင် ကျန့်ချင်ဖန်က နာမည်ကြီးပန်းချီကား သုံးခု ရလာတယ်လို့ တကယ် ပြောနေသည်။

(တော်ဝင် မျိုးရိုးတွေ၊ မှူးမတ် သန်းချိုင်းတွေ တူးဖော်ပြီး အထိမ်းအမှတ် ထည့်ပေးလိုက်တဲ့ ပန်းချီကားတွေများ ခိုးလာတာလား)

လီဇီရှင်း ရုတ်တရက် မနာလို ဖြစ်လာသည်။

"ပန်းချီကား၊ ဘယ်မှာလဲ။ မြန်မြန် သွားယူလာ"

ချီမူအန်က စိတ်လှုပ်ရှားစွာ တိုက်တွန်းလိုက်သည်။

အခန်း(၅၀၅) - နာမည်ကြီး ပန်းချီကား၏ အဓိပ္ပါယ်။

ပြည်နယ်ကိုးခုတွင် နာမည်ကြီးပန်းချီကားများ အရမ်း ရှားပါးနေသေးသည်။ တကယ်လည်း ပန်းချီကားတွေကို အလွယ်တကူ အတုလုပ်လို့ရတဲ့ ခေတ်နဲ့မတူပေ။ အမှိုက်တွေတောင် အသေးစိတ် ပြင်ဆင်ပြီး စီစဉ်လိုက်လျှင် ရှားပါးရတနာ ဖြစ်နိုင်သေးသည်။

ပြည်နယ်ကိုးခုတွင် ပန်းချီပညာရှင်က အံ့ဖွယ်ပန်းခင်း နယ်ပယ် မဝင်ရောက်နိုင်ပါက အဲဒီ ပန်းချီကားများကို နာမည်ကြီး ပန်းချီကားလို့ ခေါ်ဖို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည့်အချင်း မမှီပါ။ ဒါကြောင့် နာမည်ကြီး ပန်းချီကားက ရှားပါးပစ္စည်း ဖြစ်နေသည်။

အများအားဖြင့် ပြောရလျှင် နာမည်ကြီး ပန်းချီကားတစ်ခုကို သုံးလ ဒါမှမဟုတ် လေးလတစ်ကြိမ် ထုတ်နိုင်ရင်တောင် တော်တော်လေး မြန်နေပြီလို့ ယူဆရမည်။

(ဒါဆို ကျန့်ချင်ဖန်၊ ဘာပြောချင်နေတာလဲ။ တစ်ခါတည်းနဲ့ နာမည်ကြီး ပန်းချီကား သုံးချပ် ရလာတာလား)

ကျန့်ချင်ဖန်၏ ပင်ကိုယ်စရိုက်ကို သိနေလို့ပါ ဒီလိုမှမဟုတ်ရင် ဒီအဘိုးကြီးက သူတို့ရဲ့စိတ်ဝင်စားမှုကို ရရှိအောင်လုပ်နေတယ် ဒါမှမဟုတ် လှည့်စားနေတယ်လို့ ထင်မိမည်။

“ဘာစောင့်နေတာလဲ။ မြန်မြန်လုပ်လေ”

လီဇီရှင်းက လောလိုက်သည်။

ကူရှုပ်ရှင်းက လူအုပ်ကြီးအပြင်ဘက်တွင် ရပ်နေကာ ဖြစ်သမျှကို စောင့်ကြည့်နေသည်။ ဆွန်းမိုကို ကူညီချင်ပေမယ့် ဘာမှမလုပ်နိုင်ပါ။ ဘာလိုပဲပြောပြော နှစ်ဖက်စလုံးသည် ချင်လင်၏

အထွင့်အထိပ်တွင် ရပ်တည်နေတဲ့ လူတွေ ဖြစ်နေသည်။

သိပ်မကြာခင် ဗလတောင့်တောင့်နဲ့ လူသုံးယောက် ဝင်လာသည်။

“မင်းဘာတွေ လုပ်နေတာလဲ”

ချင်လင်ဘုရင်ခံ ကြောင်နေသည်။ ထို့နောက် သူ့အမြင်အာရုံထဲသို့ ဝင်လာသည်။ ကျန့်ချင်ဖန်က ဒီနာမည်ကြီး ပန်းချီကားရဲ့ အသရေပျက်သွားမှာ မကြောက်ဘူးလား။ ချက်ခြင်း မပျော်မရွှင် ဖြစ်သွားသည်။

“ဝန်ကြီးချုပ်ကျန့် ဒီနိမ့်ကျတဲ့ လူတွေကြောင့် နာမည်ကြီး ပန်းချီကား ညှိုးနွမ်းမယ့် အန္တရာယ်ကို ဘာဖြစ်လို့ စွန့်စားတာလဲ”

ဒီစကားကို ကြားပြီး ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ချင်လင် ဘုရင်ခံအပေါ်လည်း အထင်သေးသွားသည်။

ချင်လင်ဘုရင်ခံတွင် ရာထူးနှင့်အာဏာ ရှိသည်။ သူက ရိုးရိုးစာပေ အရာရှိ မဟုတ်ပါ။ သူ့ရဲ့အခွင့်အာဏာ အောက်တွင် တပ်တွေ

ရှိနေသော်လည်း စစ်သားတွေကို အထင်သေးနေသည်။

သို့သော်လည်း ဒါက တန်အင်ပါယာရဲ့ ဘုံသဘောထား ဖြစ်သည်။ စာပေ အရာရှိများသည် တပ်အရာရှိများကို အမြဲတမ်း အထင်သေးသည်။

ကျန့်ချင်ဖန်သည် ဖန်းလန်၏ စိတ်ဒေါသကို သိနေသဖြင့် ဒီလိုအသေးအဖွဲလေးနဲ့ ဖန်းလန်ကို မငြင်းခုန်ချင်ပါ။ ဒါပေမယ့် မနီးမဝေးမှ တစ်ယောက်က လှမ်းအော်ပြောလိုက်သည်။

"နာမည်ကြီး ပန်းချီကားတွေက လူမရွေးဘူး။ ဒါပေမယ့် ပန်းချီကားကို ခံစားမယ့်လူတွေက သူ့အစား ရွေးပေးနေတယ်။ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်သလဲ"

ဖန်းလန် မျက်နှာပျက်သွားသည်။ မြန်မြန်လှည့်ကြည့်လိုက်ပြီး

"ဘယ်ကောင် ဆူညံနေတာလဲ"

ညှော့သည်အားလုံးသည် ဖန်းလန်က သူတို့ကိုစိုက်ကြည့်နေတာ မြင်လျှင် ကြောက်လန့်ပြီး မြန်မြန် အကြည့်လွှဲလိုက်သည်။ အုတ်ရောရော

ကျောက်ရောရော ပါသွားမှာ အရမ်းကြောက်နေကြသည်။ အဲဒီနောက်တော့ ထောင့်တစ်ခုမှာ ထိုင်သောက်နေတဲ့ ဖန်ဝူဂျီ ပေါ်လာသည်။

“ဝူဂျီ မင်းဘာတွေ ပြောနေတာလဲ”

ချောင်ရှန်က အလျှင်အမြန် ဆူပူကြိမ်းမောင်းလိုက်ပြီး

“ဘုရင်ခံကို မြန်မြန် တောင်းပန်လိုက်”

“တောင်းပန်ရမယ့်လူက သူပဲ”

ဖန်ဝူဂျီ တော်တော်လေး မူးနေသည်။ လူသိရှင်ကြား လက်ထပ်ခွင့်ပန်ပြီး ကျန်းလီက ငြင်းလိုက်သဖြင့် ပြန်ရောက်ပြီးနောက် စိတ်ဓါတ်ကျလာကာ ကို့ကိုယ်ကို နိမ့်ကျတယ်လို့ ထင်လာသည်။

အရင်တုန်းကတော့ ဖန်ဝူဂျီရဲ့ ခံစားမှု ထိန်းချုပ်နိုင်စွမ်းကြောင့် ဒီလိုမျိုး မပြောနိုင်ပါ။ ဒါပေမယ့် အခုတော့ လုံးဝ ဂရုမစိုက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဘဝကို စိတ်မဝင်စားတော့ပါ။ အရာအားလုံး ပျက်ဆီးသွားလည်း ဂရုမစိုက်ပေ။

“ဘုရင်ခံ၊ သူမူးနေလို့ပါ”

ချောင်ရှန် တိတ်တဆိတ် သက်ပြင်းချလိုက်သည်။ ဖန်ဝူဂျီကို မထိန်းနိုင်မှတော့ တောင်းပန်ရုံပဲ ရှိတော့သည်။

“လူအိုကြီးချောင်၊ ပန်းချီ ခံစားပါ၊ ပန်းချီ ခံစားလိုက်စမ်းပါ။ ဒီလိုကောင်အတွက်နဲ့ စိတ်အနှောက်အယှက် ဖြစ်မနေနဲ့”

လီဇီရှင်းက နှစ်သိမ့်လိုက်သည်။

သူက မရီဒန်အကယ်ဒမီရဲ့ ကျောထောက် နောက်ခံဖြစ်ပြီး ဖန်ဝူဂျီကိုလည်း အလေးအနက်

အသိအမှတ် ပြုခဲ့သည်။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ ဒီကြွက်ကို ကန်ထုတ်ဖို့ အချိန်တန်ပြီ။

“ သူ အခုတော့ မသန်မစွမ်းဖြစ်သွားပြီ”

အန်ရှီဝေ သက်ပြင်းချပြီး ပြောလိုက်သည်။

“ငါတို့ ပြိုင်ဘက် အကယ်ဒမီရဲ့ကြောက်စရာကောင်းတဲ့ ပါရမီရှင် မသန်မစွမ်း ဖြစ်သွားတာလေ။ မင်းပျော်နေသင့်တာ မဟုတ်ဘူးလား”

ဆွန်းမိုက ပြန်မေးလိုက်သည်။

“အနိုင်လိုချင်ရင်တောင် မှန်ကန်တဲ့နည်းနဲ့ပဲ ယှဉ်ပြိုင်မယ်”

အန်ရှီဝေက ရှင်းပြသည်။

"ဖန်ဝူဂျီက ဆရာကောင်းတစ်ယောက်ပါ။ စိတ်မကောင်းစရာပဲ"

အမှန်တိုင်းပြောရလျှင် ဗလတောင့်တဲ့ လူသုံးယောက်က အစော်ကား ခံရတယ်လို့ မခံစားရပါ။ တကယ်တမ်းပြောရလျှင် တန်အင်ပါယာမှာရှိတဲ့ အရာတချို့ရဲ့မျက်လုံးထဲတွင် လူ့အခွင့်အရေး ဆိုတာ မရှိပါ။

"ကောင်းပြီလေ။ ပန်းချီကားကို ခံစားရအောင်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန်က ဖန်းလန်ကို ညင်သာစွာ ဆွဲခေါ်လိုက်သည်။ သူက ပါရမီရှင်တွေကို သဘောကျပြီး ဖန်ဝူဂျီကို အပြစ်ပေးတာမျိုး မဖြစ်စေချင်ပါ။

“ပထမဆုံး ပန်းချီကားက (နွေဦးထဲမှာ လမ်းလျှောက်နေသူ)”

ပန်းချီကားကို ဖွင့်လိုက်လျှင် နွေဦး မိုးရာသီပြီးခါစ ရှုခင်း ပေါ်ထွက်လာသည်။ နွေဦးရဲ့အငွေ့အသက် ချက်ခြင်းပေါ်လာပြီး ပျံ့လွင့်သွားသည်။ လင်းဂျောင် ခန်းမထဲမှာ ရှိတဲ့လူတိုင်း ငြိမ်ကျသွားသည်။

ဒါက နာမည်ကြီး ပန်းချီကားတစ်ချပ်ရဲ့ ကျက်သရေ ဖြစ်သည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ အကြည့်လွှဲဖို့ နည်းလမ်း မရှိပေ။

ဘယ်သူမှ မဆွေးနွေးပေ၊ ဘယ်သူမှ အကဲမဖြတ်ကြပါ။ ကြည်နူးဖို့ ကောင်းပြီး အဆင့်အတန်းရှိတဲ့ ကလေး လေးရဲ့ လေထုထဲမှာ လူတိုင်း နစ်မျော နေကြသည်။

ကြီးမားတဲ့ မိုးခို အဆောက်အဦး တစ်ခု၊ မိုးရေထဲမှာ အနောက်ဖက်သို့ ပျံသန်းသွားတဲ့ ပျံလွှားငှက်ကလေးတွေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါးတွေ ကူးခတ်နေလို့ လှိုင်းထနေတဲ့ စမ်းချောင်းကလေး။ လေတိုက်လို့ ညင်သာစွာလှုပ်ယမ်းနေတဲ့ မိုးမခပင်တွေ။ နူးညံ့တဲ့အဖူးအညွန့်တွေကို မြင်ကွင်းတစ်လျှောက်တွင် မြင်နေရသည်။

မလှမ်းမကမ်းမှာ စွန်တစ်ခု လွှတ်နေပြီး ရစ်ဘီးကို ကိုင်ကာ လမ်းဘေးအစွန်းမှာ ရပ်နေတဲ့ မိန်းကလေးတစ်ယောက်။

မိန်းကလေး အကြည့်နောက်ကို လိုက်ကြည့်လိုက်လျှင် မြင်နေရတဲ့ လမ်းဆုံးတစ်ခု။

တဖက်မှာတော့ ဘယ်လက်မှာ ယပ်တောင် ကိုင်ထားပြီး ညာဘက်လက်မှာ မြင်းဇာတ်ကြိုးကို ဟန်ပါပါ ကိုင်ထားသော မြင်းစီးနေတဲ့ သူဌေးသား တစ်ယောက်။

"အံ့အောစရာ၊ အရမ်းကို အံ့အောစရာပဲ"

လီဇီရှင်းက သူ့ပေါင်ကို သူရိုက်ပြီးနောက် ကျယ်လောင်စွာ လက်ခုပ်တီးလိုက်သည်။

ဒီပန်းချီကားက သူငယ်ငယ်တုန်းက နွေဦးမှာ သူ့ သူငယ်ချင်းတွေနဲ့ အတူတူ ဆော့ကစားခဲ့တဲ့ အမှတ်တရကို ပြန်သတိရသွားစေသည်။

”ငါ ငယ်ငယ်တုန်းကလည်း စွန်တွေ လွှတ်ခဲ့ဖူးတယ်”

“နွေဦးမှာ ဆော့ကစားနေတဲ့ ကလေးလေးတွေ ၊ ဘယ်လောက်တောင် ပျော်ဖို့ကောင်းတဲ့ အငွေ့အသက်လဲ”

ရှူး

ညှော့သည်တွေ၏စိတ်ထဲတွင် ခံစားချက်ပေါင်းများစွာ နိုးထလာပြီး အချင်းချင်း ဆွေးနွေးနေကြသည်။ စိတ်ခံစားမှု အားနည်းတဲ့ အထက်တန်း အမျိုးသမီးတွေဆို သူတို့ငယ်ဘဝကို

ပြန်တမ်းတလာပြီး တိတ်တဆိတ် ငိုကြွေးနေကြသည်။

ကျန့်ချင်ဖန်က ဒီလူတွေကို ကြည့်ပြီး အေးစက်စက် ပြုံးလိုက်သည်။ ထို့နောက် သူက

“လူတိုင်းပဲ။ သေသေချာချာ ကြည့်ကြပါ။ ဒီပန်းချီကားက ရိုးရိုး နွေဦးပန်းချီ မဟုတ်ဘူး”

ကျန့်ချင်ဖန်က အဓိက ဇာတ်ဆောင်တစ်ယောက် ဖြစ်နေသည်။ လူတွေက သူ့ရဲ့ အကြံပြုချက်ကို ပေါ့ပေါ့ဆဆ မလုပ်ရဲပါ။ ဒါကြောင့် ပန်းချီကားကို သေသေချာချာ ပြန်ကြည့်လိုက်သည်။ ထို့နောက်

မကြာခင်မှာပဲ တခြား အသေးစိတ် အချက်အလက်များကို ရှာတွေ့သွားကြသည်။

ဟိုးအဝေးက မြက်ခင်းပြင်ပေါ်မှာ ကလေး ဆယ်ယောက်က စွန်ကြိုးကိုဆွဲပြီး ဟိုဟိုဒီဒီ ပြေးနေကြသည်။ အကျီပေါ်မှာလည်း ချွေးတွေ ရွှဲနေပြီး မျက်နှာပေါ်မှာလည်း ပင်ပန်းနွမ်းနယ်မှုနဲ့ ပြည့်နှက်နေသည်။ ဒါပေမယ့် လှပတဲ့ အဝတ်အစား ဝတ်ထားတဲ့ အမျိုးသမီး တစ်ယောက်က ရပ်ကြည့်နေသဖြင့် သူတို့ထဲက တစ်ယောက်မှ မရပ်တန့်ရဲပါ။

ပန်းချီကားရဲ့ညာဘက်မှာ သပ်သပ်ရပ်ရပ် ပြင်ဆင်ထားတဲ့ မိုးခိုဆောင် တစ်ခုရှိသည်။ ချမ်းသာတဲ့ မျိုးနွယ်စု အဝတ်အစားတွေ ဝတ်ဆင်ထားတဲ့ မျိုးနွယ်ဝင် လူငယ်တစ်ချို့က ထိုင်ပြီး လက်ဖက်ရည်သောက်လိုက် ၊ စကား စမြည် ပြောလိုက်၊ ကောင်းကင်ပေါ်က စွန်များကို ကြည့်လိုက် လုပ်နေကြသည်။

အဆောင်အပြင်ဘက်တွင် သီချင်းဆိုပြီး အသက်မွေးဝမ်းကြောင်း ပြုနေတဲ့ မိန်းကလေး တစ်ယောက် ရှိနေသည်။ သူမရဲ့

မြက်ဖိနပ်လေးတွေကလည်း နှင်းမှုန်တွေ၊ ရွှံ့တွေ စွန်းထင်းနေသည်။

သူမက ကြေးဒင်္ဂါးအနည်းငယ်အတွက် အနီးသို့ သွားသော်လည်း ချမ်းသာတဲ့ လူငယ်များ စိတ်အနှောက်အယှက် ဖြစ်ပြီး သူ အရိုက်ခံရမှာလဲ စိုးရိမ်နေသည်။

ညှော့သည်တွေ စကားမပြောတော့ပါ။ အားလုံးက ကျန့်ချင်ဖန်ရဲ့ အမူအရာကို ခိုးပြီး စောင့်ကြည့်နေကြသည်။

မျှော်လင့်ထားသလိုပဲ။ ဒီ ဝန်ကြီးချုပ်က တာဝန်ကနေ အနားယူသွားပေမယ့် သူ့စိတ်နှလုံးသားထဲမှာ ပြည်သူတွေအတွက် ကောင်းကျိုး လုပ်ပေးချင်နေတဲ့စိတ် ရှိသေးသည်။

“ဒီပန်းချီကားရဲ့ သဘောတရားက တကယ်ကို ဆွဲဆောင်မှုရှိတယ်။ ပထမ တစ်ချက်ကြည့်လိုက်ရင် ချမ်းသာတဲ့ လူငယ်တွေရဲ့ ပျော်ရွှင်စရာ နွေဦး ဖြတ်သန်းမှုကို မြင်ရမယ်။ ကလေးတွေနဲ့ လိုက်ပြီး ပျော်ရွှင်ကာ ကြည့်နူးပီတိ ဖြစ်မယ်။ ဒါပေမယ့် ထောင့်လေးထောင့်ကို ကြည့်လိုက်လျှင် ပန်းချီကားရဲ့

အနှစ်သာရ လုံးဝ ပြောင်းသွားပြီး ရှုံ့ချတဲ့ ပုံစံ ဖြစ်လာတယ်”

ချီမူအန်က ဒီပန်းချီကားကို အလေးအမြတ် တန်ဖိုးထားပြီး ပြောလိုက်သည်။

“မဆိုးဘူး”

အန်ရှီဝေလည်း ခေါင်းညိတ်လိုက်သည်။

“နွေဦးရောက အေးနေသေးပေမယ့် ဒီကလေးတွေက ရေထဲမှာ အဝတ်လျှော်နေရသေးတယ်။ ဒီကနေတဆင့်

ချမ်းသာတဲ့လူတွေနဲ့ သူတို့ကြားက အဆင့်အတန်း ကွာခြားမှုကို မီးမောင်း ထိုးပြနေတယ်”

ကျန့်ချင်ဖန်က အကြည့်တစ်ချက် လွှင့်လိုက်သည်။ တခြား ဘယ်သူမှ စကား မပြောတော့ပေ။ သူတို့ရဲ့ အနုပညာအဆင့်အတန်း အရမ်းနိမ့်နေလို့ မဟုတ်ပါ။ အဲဒီအစား မပြောရဲကြတာ ဖြစ်သည်။

ဒီပန်းချီကားက ကမ္ဘာနှစ်ခု ခြားနားချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

“ဆရာ မီအာ၊ ဘယ်လိုထင်လဲ”

ကျန့်ချင်ဖန်က မီအာမူကို တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

မီအာမူ တိတ်ဆိတ်နေသည်။ ဒီပန်းချီကားရဲ့ အဓိက တင်ပြချက်က နွေဦးပျော်ရွှင်မှု ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဒီပျော်ရွှင်မှုက အထက်တန်းစားတွေ အတွက်သာ သက်ဆိုင်နေသည်။ ဒါကို သူ ဘယ်လိုပြောရမှာလဲ။

“ဟာ”

မီအာမူရဲ့ ဒီလို အပြုအမူကို မြင်လိုက်လျှင် ကျန့်ချင်ဖန် စိတ်ထဲကနေ လှောင်ပြောင်လိုက်သည်။

“ကျယ်ပြောတဲ့ ကောင်းကင်ကြီး အောက်မှာလဲ ဒုက္ခရောက်နေတဲ့ လူတွေ အများကြီး ရှိနေသေးတယ်။ ငါတို့က ကံကောင်းပြီး ဘုရင်မင်းမြတ်ရဲ့ ဘုန်းကျက်သရေ အောက်မှာ ခိုလှုံခွင့်ရခဲ့တယ်။ လမ်းပေါ်မှာ ငတ်ပြီး သေတော့မယ့် လူတွေအတွက် ငါတို့ သေချာပေါက် ကြိုးစားရမယ်။ မိသားစုတိုင်းရဲ့ စပါးကျည်မှာ စပါးတွေ ပြည့်နေအောင် ငါအစွမ်းကုန် ကြိုးစားမယ်”

ချီမူအန်က ထပ်ပြောပြန်သည်။

“ငါက မိဘမဲ့ဂေဟာတွေနဲ့ စာသင်ကျောင်းတွေကို ပြုပြင်ဖို့အတွက် အကြီးဆုံး မင်းသမီးကြီး ကိုယ်စား ငွေတုံးတစ်သန်း လှူဒါန်းမယ်”

ဒီစကားကို ကြားလိုက်လျှင် ဧည့်သည်တွေ အားလုံး မျက်နှာဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

(ကျန့်ချင်ဖန်၊ မင်းက သေတော့မယ့် အရှူးပဲ။ ငါတို့ ပိုက်ဆံတွေကို ညှစ်ထုတ်ဖို့ ရောက်နေတာလား)

ချီမူအန်တောင် ပြောနေပြီ။

“မလှူရင် အငြိုးခံရမှာ မဟုတ်လား”

“ကြင်ယာတော် မင်းသားက သာမန်လူတန်းစားတွေအတွက် တကယ် တွေးပေးတာပဲ။ ဒီငွေတုံး တစ်သန်းကို လေလွင့် ဆုံးရှုံးမှု မဖြစ်အောင် လက်အောက်ငယ်သားတွေကို သေသေချာချာ ကြီးကြပ်ဖို့ ငါတိုက်တွန်းလိုက်မယ်”

လီဇီရှင်း စကားပြောပြီးနောက် ကျန့်ချင်ဖန် ဘက်သို့ လှည့်ကာ

“ ဝန်ကြီးချုပ်ကျန့်၊ ပထမ ပန်းချီကားက တော်တော်လေး စွဲမက်ဖို့ ကောင်းနေပြီ။ ဒုတိယ

ပန်းချီကားဆို သေချာပေါက် ပိုအံ့မခန်းဖြစ်အုံးမယ်။ ငါတို့ကို မြန်မြန်ပြပါတော့”

“ဟုတ်တယ်၊ ဝန်ကြီးချုပ်ကျန်း၊ ဒါကို မြန်မြန် သိမ်းလိုက်ပါတော့”

“ဒီတစ်ကြိမ် လက်ရာမြောက်တဲ့ ပန်းချီကား သေချာပေါက် ခံစားမယ်”

“ပန်းချီဆရာ ဘယ်သူလဲ သိချင်လိုက်တာ”

ဧည့်သည်များက စတင်ဆွေးနွေး နေကြသည်။ အသံက တော်တော်လေးကျယ်လောင် လာသည်။

သူတို့အားလုံးက အလှူနဲ့ပက်သက်ပြီး ကျော်သွားဖို့ လုပ်နေတာ ရှင်းနေသည်။

ကျန့်ချင်ဖန် သေလုမတတ် ဒေါသထွက်နေသည်။ လီဇီရှင်းက ဒီလောက်အရှက်ကင်းမဲ့လိမ့်မယ်လို့ မထင်ထားခဲ့ပါ။ တစ်ပြားတစ်ချပ်တောင် လှူဒါန်းချင်စိတ် မရှိပါ။ သူသာ နည်းနည်းလေးပဲ လှူလိုက် ဒီကလူတွေ စံနမူနာထားပြီး ရက်ရက်ရောရော လှူဒါန်းမှာ ကျိန်းသေနေသည်။

“ဒီလူက တော်တော်လေး အရှက်မရှိတာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက လီဇီရှင်းကို တအံ့တဩ ငေးကြည့်နေသည်။ (မင်းက တော်ဝင်မျိုးရိုးထဲက မြင့်မြတ်သူဆိုတာ သေချာလား။ ချင်လင်ရဲ့ သာမန်လူတန်းစားတွေက မင်းပြည်သူ မဟုတ်ဘူးလား)

ဒါကိုတွေးပြီး လုချီဟွာက မတ်တပ်ရပ်ကာ

“အဘိုးကျန်၊ ငွေတုံး ၁၇၆တုံးနဲ့ ကြေးဒင်္ဂါး ရှစ်ပြား လှူဒါန်းမယ်”

ရှစ်

လူတိုင်းက မကြြင်နာတဲ့ အကြည့်နဲ့ ချက်ခြင်း လှည့်ကြည့်လိုက်သည်။ (ဒါ ဘယ်သူလဲ။ စောစောကပဲ ခေါင်းစဉ် ပြောင်းတဲ့အကြောင်း ပြောပြီးပြီလေ။ ဘာဖြစ်လို့ ပြန်အစ ဖော်နေရတာလဲ)

"ဟေ့ အရုပ်ကလေး။ ဘာဖြစ်လို့ ထူးထူးဆန်းဆန်း လှုနေရတာလဲ"

ကျန့်ချင်ဖန်က မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတာ ဒါက ငါ့မှာ ရှိသမျှ အကုန်ပဲလေ"

လုချီဟွာက ပြောသင့်ပြောထိုက်လို့ ပြောတဲ့ပုံနဲ့ ပြောလိုက်သည်။ ထို့နောက် သူမဆီအကြည့်တွေ ပစ်လွှတ်နေတာ သတိထားမိပြီး နောက်ပြန်ဆုတ်ကာ အင်ဘိုင်ဝူနောက် ပုန်းနေလိုက်သည်။

အင်ဘိုင်ဝူကလည်း ကြောက်ရွံ့မှု တစ်စက်မှ မပြခဲ့ပါ။ ညာလက်က လက်နက်ထားတဲ့ နေရာကို အမှတ်တမဲ့ တင်လိုက်သည်။ ဒါပေမယ့် ဘာမှ မရှိပါ။ လှေပေါ်မတက်ခင်ကတည်းက လက်နက်တွေအားလုံး ရှာပြီး သိမ်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုးရိုးသားသား ပြောရလျှင် ရှုထောင့် မတူနေလို့ပါ ဒီလိုမှ မဟုတ်ရင် လုချီဟွာ လုပ်ရပ်ကြောင့် လူတိုင်း ဟက်ထိသွားနိုင်သည်။ သူမ နှလုံးသားလေးက ဘယ်လောက် ကြင်နာလိုက်သလဲ။

"ငါ့ကျောင်းသားတောင် လှူနေမှတော့ ဆရာတစ်ယောက်အနေနဲ့ ကျန်နေခဲ့လို့ ဘယ်ဖြစ်မလဲ။ ချင်လင်အနီးတစ်ဝိုက်က ရွာမှာရှိတဲ့ ကလေးတွေကို ကူညီဖို့အတွက် ဇဟိုပြည်နယ် အကယ်ဒမီကို ကိုယ်စားပြုပြီး ငွေတစ်သန်း လှူဒါန်းမယ်"

ဆွန်းမိုက စကားပြောပြီးတာနဲ့ ချောင်ရှန်ကို လှမ်းကြည့်လိုက်သည်။

“ဗဟိုပြည်နယ် အကယ်ဒမီက မျှော်လင့်ထားသလိုပဲ အခြေခံ အုတ်မြစ်က တော်တော်လေး နက်ရှိုင်းတာပဲ။ ငါတို့ မရီဒန်အကယ်ဒမီက မယှဉ်နိုင်ပေမယ့် ငွေတုံး တစ်သန်း လှူဒါန်းပါ့မယ်”

အခုအချိန် ချောင်ရှန်သည် ငွေကြေးများစွာ လှူဒါန်းလိုက်ရလို့ စိတ်မထိခိုက်ပါ။ တကယ်တော့ သူ့မှာ မြတ်ဆရာတစ်ယောက်နဲ့

ကျောင်းအုပ်ကြီးတစ်ယောက်ရဲ့ စိတ်နေသဘောထား ရှိနေတုန်းပါ။ ပန်းချီကားကို ကြည့်ပြီးတော့လည်း စိတ်ထိခိုက်ခဲ့ရသည်။ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေအတွက် တစ်ခုခု လုပ်ပေးချင်သည်။

"တောက်"

လီဇီရှင်းက ချောင်ရှန်ကို တစ်ချက်ကြည့်လိုက်သည်။ (မင်းလှူနေတာ ငါ့ပိုက်ဆံတွေလေ)

ဗဟိုပြည်နယ် အကယ်ဒမီနှင့် မရီဒန်အကယ်ဒမီတို့ကတောင် လှူဒါန်းနေသဖြင့်

မျက်နှာလိုချင်တဲ့ ဘုရင်ခံ ဖန်းလန်လဲ ရှောင်လို့ မရတော့ပါ။ ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

"ငါက ဆင်းရဲပေမယ့် ငါ့မှာရှိသမျှကိုပေးဆပ်ပြီး ငွေတုံး ငါးသိန်း လှူဒါန်းပါ့မယ်"

ဖန်းလန်က သက်ပြင်းချပြီး ဒီထက်ပိုပြီး မတတ်နိုင်လို့ စိတ်မကောင်းတဲ့ပုံ လုပ်နေသည်။

သရုပ်ဆောင်စွမ်းရည်ကတော့ သေချာပေါက် ထိပ်တန်းပဲ။

"မင်းမှာ ဒီလို ရည်ရွယ်ချက်ရှိတော့ ကောင်းတာပေါ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန့်ချင်ဖန် စိတ်ထဲကနေ အေးစက်စက် ရယ်မောရင်း ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်သည်။ (နှစ်တိုင်း သံ၊ ဆား၊ လက်ဖက်ခြောက် ကုန်သွယ်မှုနဲ့ ငွေသန်းအနည်းငယ် ရနေတာ မဟုတ်ဘူးလား)

“ငါလည်း ငွေတစ်သန်း လှူမယ်”

လီဇီရှင်း ကူကယ်ရာမဲ့နေသည်။ ဒီနေရာမှာရှိတဲ့ အမိက ဇာတ်ဆောင် တော်တော်များများ လှူဒါန်းနေကြသည်။ သူ မလှူဘဲ နေလို့ မရတော့ပေ။ ကျန်တဲ့ ဧည့်သည်တွေသည် ဖုံးကွယ်လို့ မရတော့ဘဲ ငွေအနည်းငယ်စီ လှူဒါန်းလိုက်သည်။

ကျန့်ချင်ဖန် ပြုံးလိုက်သည်။ ဒီဂုဏ်ပြုစားပွဲကနေ ငွေ ၁၀သန်းလောက် ရလိုက်သည်။ ဒါနဲ့ဆို တော်တော်များများ လုပ်လို့ရပြီ။

“ကောင်းပြီဟေ့၊ ပိုက်ဆံတွေလည်း လှူဒါန်းပြီးပြီဆိုတော့ ငါတို့ ခံစားလို့ရအောင် ဒုတိယ ပန်းချီကား မြန်မြန်လေး ထုတ်လာတော့”

ချီမူအန်က လောလိုက်သည်။ ဒါပေမယ့် ဧည့်သည်တွေကတော့ ထပ်မကြည့်ချင်တော့ပါ။ ကျန့်ချင်ဖန်က နောက်ထပ် အကြောင်းပြချက်ပေးပြီး

ထပ်အလှူခံလာရင် ဘယ်လိုလုပ်မလဲ။ ဘယ်သူက ဒါကို တာဝန်ယူမှာလဲ။

အခန်း(၅၀၆ - က) - စာရေးခြင်းနှင့် ပန်းချီတွင် ထူးချွန်ခြင်း။

မြစ်ရေကို ဖြတ်သန်းပြီးတိုက်ခိုက်လာတဲ့ လေက အေးမြ လန်းဆန်းနေသည်။

လင်းဂျောင် ခန်းမထဲရှိ လေထုကလည်း အနည်းငယ် သိမ်မွေ့နေသည်။

ပုံမှန်အခြေအနေကို အခြေခံပြီး (နွေဦး လမ်းလျှောက်သူ) ပန်းချီကားကို အရမ်းကောင်းမွန်စွာ ရေးဆွဲထားသည်။ ဒါ့အပြင် အာဘော်ကလည်း တော်တော်လေး ကောင်းမွန်သည်။ အများသူငှာ အကျိုးပြုဖို့နှင့် ကူညီပေးရန် စိတ်ဝင်စားတဲ့

စာသင်သားတွေအတွက်လည်း ဒီပန်းချီကားတွင် လှုံ့ဆော်မှုနှင့် သတိပေးချက်များ ပါဝင်နေသည်။

ဒါပေမယ့် ဒီနေရာမှာ ရှိနေတဲ့ လူတွေက ဘယ်သူတွေလဲ။

လူတိုင်းသည် မြင့်မြတ်တဲ့ အသိုင်းအဝိုင်း ဒါမှမဟုတ် အရမ်းချမ်းသာတဲ့လူတွေ ဖြစ်ကြသည်။ သူတို့က အိပ်ယာထဲလှဲပြီး ငွေတွေအများကြီး အိတ်ထဲ ဝင်လာတာကို စောင့်နေကြတဲ့လူတွေပါ။ သူတို့က သာမန်လူတန်းစားတွေကို သနားသော်လည်း အများအားဖြင့်တော့ ငွေမထုတ်ချင်ကြပေ။

ကျန့်ချင်ဖန်သည် သူတို့ ပြောင်းလဲပြီး ပိုကောင်းလာမယ်လို့လည်း မစဉ်းစားထားပါ။ ဆည်မြောင်းလုပ်ငန်းများ၊ လူသွားလမ်း ပြုပြင်ရန်နှင့် အများသူ၌ာ ထောက်ပံ့နိုင်ရန်အတွက် သူတို့အိတ်ထဲက ပိုက်ဆံတချို့ ရတာကိုပင် တော်တော်လေး ဝမ်းသာနေပြီ။

ဒုတိယ ပန်းချီကားကို ဖွင့်လှစ်လိုက်သည်။ ပန်းချီကားထဲက ဇာတ်ဆောင်သည် ကောင်မလေး တစ်ယောက်ပါ။

နွေဦးရာသီ ကောင်းကင်တွင် မိုးလေးတဖွဲ့ဖွဲ့ ကျနေသည်။

မြို့တော်အစွန် အပြင်ဘက်ရှိ စိမ်းလန်းစိုပြေနေတဲ့ ပတ်ဝန်းကျင်လေး တစ်ခုမှာ ငန်းဝါရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားတဲ့ ကောင်မလေးသည် ဌက်ပျောရွက်လေးကို မိုးပြီး မိုးကို ကာကွယ်ထားသည်။ သူမက ချောင်းဘေးတွင် ထိုင်ကာ အိမ်ပြောင်းနေတဲ့ ပုရွတ်ဆိတ်လေးတွေကို မိုးမစိုအောင် ဌက်ပျောရွက်လေးနဲ့ ကာကွယ်ပေးထားသည်။

ဒါပေမယ့်လည်း........

အွက် အက်

ဖားလေးတစ်ကောင်က ဌက်ပျောရွက်ပေါ် ခုန်တက်ပြီး အဲဒီကနေတဆင့် လေထဲ ခုန်ထွက်သွားသည်။ မိန်းကလေးက လိုက်ကြည့်နေပြီး ဖမ်းဖို့အတွက် လက်ဆန့်ထုတ်လိုက်သည်။

ဒီလုပ်ဆောင်ချက်ကြောင့်လည်း ပန်းချီကားတစ်ချပ်လုံး တော်တော်လေး အသက်ဝင်နေသည်။

“ဟားဟား”

ဒီပန်းချီကားကို ကြည့်ပြီး လူတွေ အမှတ်တမဲ့ ပြုံးမိလိုက်ကြသည်။ သူတို့ စိုးရိမ်စိတ်တွေလည်း ချက်ခြင်း ပြေလျော့သွားသည်။ ဒီပန်းချီကားကို ကြည့်ရင်း သူတို့ပါ မိုးထဲရောက်နေသလို စီးမျော ခံစားနေရသည်။

ချစ်စရာကောင်းပြီး ရိုးအတဲ့ ကောင်မလေးရဲ့ ချစ်စရာအပြုအမူနဲ့အတူ သူမရဲ့ မျက်လုံးလေးတွေကလည်း ဖြူစင်ပြီး အပြစ်ကင်းစင်နေသည်။ ပန်းချီကားကို

တစ်ချက်ကြည့်လိုက်ရုံနဲ့ စိတ်ထဲမှာ တော်တော်လေး အေးချမ်းသွားသည်။

"ဒီပန်းချီကားကို အရင်က မြင်ဖူးတယ်"

"ဒါအမှန်ပဲ။ ငါလည်း မနှစ်က မြင်ဖူးတယ်။ ဝန်ကြီးချုပ်ကျန့် ဒါကိုယူပြီး ငါ့အိမ်ရောက်လာသေးတယ်။ အဲဒီတုန်းက ဒီပန်းချီကားကို တကယ် သိမ်းထားလိုက်ချင်နေတာ"

"ပန်းချီကားထဲက ကောင်မလေး ပျောက်သွားတယ်လို့ ကြားတယ်။ ဝန်းကြီးချုပ်ကျန့်က ပန်းချီကားတစ်ချပ်နဲ့ သူမကို ရှာဖို့ ကြိုးစားနေခဲ့တာပဲ"

"အမ်၊ ပန်းချီကားထဲက ကောင်မလေးက တစ်ယောက်ယောက်နဲ့ တူနေသလိုလို ဘာဖြစ်လို့ ထင်နေပါလိမ့်"

ညှော်သည်များ ဆွေးနွေး နေကြသည်။

ကူရှုပ်ရှင်းသည် ဆွန်းမိုကို အလန့်တကြား ကြည့်လိုက်သည်။ သူမက (နွေဦးလမ်းလျှောက်သူ) ပန်းချီကားကို မတွေ့ခင်က ဆွန်းမိုသည် တိုက်ဆိုင်လို့သာ ဆွဲနိုင်ခဲ့တယ်လို့ သူမ ထင်နေခဲ့သည်။ ပုံဆွဲတဲ့ အရည်အချင်းမှာ တကယ်

တုန့်နိုင်းမရအောင် ကျွမ်းကျင်လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

လုချီဟွာ ပျောက်ဆုံးခဲ့တဲ့ အဖြစ်အပျက်ကို သူမသိခဲ့သည်။ ဒါကြောင့်လည်း အဲဒီ အချက်တွေနဲ့ ပေါင်းစပ်လိုက်ရင် ဒီပန်းချီကားကို ရေးဆွဲတဲ့လူက ဆွန်းမို တစ်ယောက်ထဲသာ ဖြစ်နိုင်တော့သည်။

အန်ရှီဝေက လုချီဟွာကို အမှတ်တမဲ့ လှမ်းကြည့်ရင်း ပန်းချီကားထဲက ကောင်မလေးနဲ့ နှိုင်းယှဉ်လိုက်မိသည်။ အတိအကျ မတူပေမယ့်လည်း ဆွဲဆောင်မှုနှင့် အပြုအမူများကတော့ တူညီနေသည်။

ထို့နောက်မှာတော့ ဆွန်းမိုကို ကြည့်နေရင်း အံ့အော တုန်လှုပ်လာသည်။

“အား၊ ပန်းချီကားထဲမှ ကောင်မလေးက ဇဟိုပြည်နယ်အကယ်ဒမီက လှူဒါန်းခဲ့တဲ့ အရုပ်ကလေး မဟုတ်လား”

ချီမူအန်က သဘောပေါက်သွားပြီး အထိတ်တလန့် အသံထွက်လာသည်။

လုချီဟွာက ငွေတုံး တစ်ရာကျော် လှူဒါန်းချင်တယ်လို့ စောစောတုန်းက ပြောခဲ့ဖူးသည်။

ဒါကြောင့်လူတိုင်းက သူမကို မသိမသာ ကြည့်လိုက်ကြသည်။ ချီမှုအန်ကလည်း ထိုနည်းလည်းကောင်းပါ။ ဒါပေမယ့် အခုတော့ သူသဘောပေါက်သွားပြီ။

လူတိုင်း ပန်းချီကားထဲက ကောင်မလေးကို ကြည့်လိုက် လုချီဟွာကို ကြည့်လိုက် လုပ်နေကြသည်။ နောက်ဆုံး တကယ်ကို ထူးထူးခြားခြား တူနေကြောင်း သိလိုက်ရသည်။

"ဝန်ကြီးချုပ်ကျန့်၊ ဒါက ဒီမိန်းကလေး ပန်းချီကားလား"

ချီမူအန်က မေးလိုက်သည်။

"အမ်"

လုချီဟွာလည်း အံ့အောသင့်ပြီး ပန်းချီကားကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"ငါက တော်တော်လေး ရင်းနှီးပါတယ်လို့ စဉ်းစားနေတာ၊ ဒါဆို ပန်းချီကားထဲက ကောင်မလေးက ငါပေါ့"

"ဟားဟား"

လုချီဟွာ မျက်နှာပေါ်က ချစ်စရာကောင်းပြီး ရယ်စရာ အပြုအမူကို မြင်လိုက်လျှင် လူတော်တော်များများ မပြုံးပဲ မနေနိုင်တော့ချေ။

"ဆရာမီအာ အခုလက်ရှိ ရောက်နေတဲ့ လူတွေထဲမှာ မင်းရဲ့ ပုံဆွဲနည်းက အကောင်းဆုံး ဖြစ်နိုင်တယ်။ ဒါကို ကျေးဇူးပြုပြီး အကဲဖြတ်ပေးပါလား"

ကျန့်ချင်ဖန်က မေးလိုက်သည်။

ချီမူအန် သူပဲ နားကြားမှားတာ ဟုတ်လား၊ မဟုတ်လား မသိတော့ပေ။ မီအာမူကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှမ်းပြောနေတဲ့ ကျန့်ချင်ဖန် လေသံထဲတွင် လှောင်ပြောင်တဲ့ အရိပ်အမြွတ်ကို သူကြားနေရသည်။

(ဟွန့်၊ မင်းက ငါနဲ့ ပန်းချီကားအကြောင်း ပြောချင်တာလား။ မင်းထိုက်တန်လို့လား)

(မင်း ငယ်ပါသေးတယ် ကောင်လေး)

မီအာမူက ပန်းချီကားကို နောက်တစ်ကြိမ် လေးလေးနက်နက်နဲ့ တန်ဖိုးထားပြီး စိုက်ကြည့်လိုက်သည်။ သူ့ရဲ့ တကယ့် အရည်အချင်းကို ထုတ်ပြတော့မည်။

"ဒီ ပန်းချီကားကို ၁၅ မိနစ်အတွင်း ဒါမှမဟုတ် ပိုနည်းတဲ့ အချိန်မှာ အပြီးရေးဆွဲထားတာ" မီအာမူက ပြောလိုက်သည်။

"အမ်၊ ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ နာမည်ကြီး ပန်းချီကားတစ်ခုကို ၁၅ မိနစ်အတွင်း အပြီး ရေးဆွဲနိုင်ပါ့မလား"

ဖန်းလန် တော်တော် တုန်လှုပ်သွားသည်။

"နာမည်ကြီး ပန်းချီကား တစ်ချပ်ကို ဖန်တီးဖို့ဆိုရင် အချိန်နဲ့ ကြိုးစားအားစိုက်ထုတ်မှု လိုတယ် မဟုတ်လား"

“အံ့ဖွယ် ပန်းခင်းလို လျှို့ဝှက်ဆန်းကြယ်တဲ့ အခြေအနေထဲ ဝင်ရောက်ဖို့ဆိုတာ အနုပညာရှင်ရဲ့ ခံစားမှုအပေါ်လည်း မူတည်တယ်။ ထုံးစံအတိုင်း အချိန်ကြာလေလေ ပိုလွယ်လေလေပေါ့။ မြွားပစ်တာနဲ့တူတယ်။ မြွားအနည်းငယ် ပစ်ပြီးရင် ခံစားချက် ပေါ်လာသလိုပဲ”

မီအာမူ နားလည်ရလွယ်တဲ့ ဥပမာနဲ့ ဖော်ပြသွားသည်။

“ဆရာ မီအာက တကယ်တော်တာပဲ။ ဒီပန်းချီကားက ၁၅ မိနစ်အတွင်း အပြီးဆွဲခဲ့တာ”

ကျန်နဲ့ချင်ဖန် ချီးကျူးပြီးတာနဲ့ လူတော်တော်များလည်း ချီးကျူးလိုက်ကြသည်။

“နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ၁၅ မိနစ်အတွင်း အပြီးရေးဆွဲတယ်ဆိုတော့ အဲဒီ မဟာသခင်ရဲ့ စွမ်းရည်က တော်တော်လေး ထူးထူးခြားခြားပဲ”

ချီမူအန်က အံ့အောသွားသည်။ ထို့နောက် ပန်းချီကားထောင့်တွေကို လိုက်ကြည့်သော်လည်း လက်မှတ်ထိုးထားတာ မတွေ့ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီပန်းချီကားရဲ့ ဖွဲ့စည်းပုံက တော်တော်လေး ရိုးရှင်းတယ်။ လေးနက်တဲ့အယူအဆလည်း မရှိဘူး။ စိတ်နေသဘောထား သက်သက်နဲ့ ရေးဆွဲထားတာ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီပန်းချီကားကို ခပ်ရိုးရိုးလေးလို့ မတွေးလိုက်နဲ့။ ဒီမဟာသခင်ရဲ့ မိန်းကလေးအပေါ် စိုးရိမ်မှု၊ သိမ်မွေ့မှုနှင့် ချစ်ခြင်းမေတ္တာကို ပြည့်ပြည့်ဝဝ ရှင်းရှင်းလင်းလင်း ဖော်ပြနေတယ်”

မီအာမူက သက်ပြင်းချလိုက်ရင်း

“ဒီ (နွေဦး လမ်းလျှောက်သူ) ပန်းချီကားက စိတ်အညစ်အကြေး တစ်ချက်တောင် မပါဝင်ဘဲ သန့်စင်တဲ့ ခံစားချက်ကို ပေးစွမ်းတယ်”

“ဒါဆို၊ ဆရာကင့်ကို အရမ်းသဘောကျတာပေါ့”

လုချီဟွာက ဆွန်းမိုကို တအံ့တအော စိုက်ကြည့်နေသည်။ သူက တုံးအလွန်းတယ်လို့ ရုတ်တရက် ခံစားလိုက်ရသည်။ သူ့ရဲ့ အရည်အချင်း ညံ့ဖျင်းလွန်းသဖြင့် သူမထက်စာရင် လီဇီချီနှင့် အင်ဘိုင်ဝူတို့ကို ဆရာက နည်းနည်းလေး ပိုချစ်မယ်လို့ သေချာပေါက် ထင်နေခဲ့မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် အခုဒီအရာတွေကို ကြည့်ရတာတော့ ဆရာကို အထင်လွဲခဲ့တဲ့ ပုံပဲ။

ဆွန်းမိုက ငြင်သာစွာ ရယ်မောပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

"ဟီးဟီး"

လုချီဟွာ တပြုံးပြုံး ဖြစ်နေသည်။ အာရုံပျံ့လွင့်တဲ့ အတွေးကို ချက်ခြင်း ဖယ်ရှားလိုက်သည်။ (တခြားဘာကိုမှ ဂရုစိုက်နေစရာ မလိုဘူး။ ဘာလိုပဲဖြစ်ဖြစ်, စိတ်ထဲမှာတော့၊ ငါက ငါတို့ဆရာရဲ့ အချစ်ဆုံး ကျောင်းသားပဲ)

လီဇီချီကတော့ ငိုမဲ့မဲ့ ဖြစ်ချင်နေသည်။ ပြင်းထန်တဲ့ မနာလိုစိတ်လည်း ရုတ်တရက် ပေါ်ပေါက်လာသည်။ (ဆရာ့ကို ငါ့ပုံ ဆွဲခိုင်းချင်တယ်။ နာမည်ကြီး ပန်းချီကားတစ်ချပ် ဖြစ်စရာ မလိုဘူး။ ဆရာကိုယ်တိုင် ဆွဲထားရင်ကို ရပြီ)

"ဒီနာမည်ကြီး ပန်းချီကားအတွက်က အများကြီး စဉ်းစားနေစရာ မလိုဘူး။ လျှောက်တွေးဖို့လည်း နည်းလမ်း မရှိပါဘူး။ ဒီလို ဖြူစင်တဲ့အလှတရား ခံစားမိရင်ကို လုံလောက်နေပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မီအာမူက စကားနိဂုံး ချုပ်ပြီး လက်မထောင်ပြလိုက်သည်။

"ဒီမဟာသခင်က တကယ် အထင်ကြီးစရာပဲ"

လူတိုင်း ပန်းချီကားကို ပြန်ကြည့်လိုက်ကြသည်။

နူးညံ့တဲ့ မြက်ပင်အဖျားပေါ်ကို တဖွဲ့ဖွဲ့ကျနေတဲ့ နှင်းစက်လေးတွေကြောင့် တောက်ပနေသည်။ အနက်ရောင် ပုရွတ်ဆိတ်များက တွားသွားနေကြပြီး မသိရင် စိုစွတ်တဲ့ မြေပေါ်မှာ မီးခိုးရောင် မီးခိုးတန်းကြီး ပေါ်ထွက်လာသလို ဖြစ်နေသည်။ ကြည့်လိုက်ရုံနဲ့ ပန်းချီလောကရဲ့ တည်ရှိမှုက

တဟုန်တိုး ထွက်ပေါ်နေပြီး ကြည့်လိုက်သူ ရင်ထဲကို ရှင်းရှင်းလင်းလင်း ခံစားရသည်။

တကယ်လည်း ဒီပန်းချီကားကို ကြည့်လိုက်လျှင် ညှော့်သည်တွေရဲ့ မငြိမ်မသက်ဖြစ်နေတဲ့ စိတ်တွေ တည်ငြိမ်သွားကြသည်။ ဒီသက်ရောက်မှုက ကျော်ကြားတဲ့ အမွေးတိုင် ဒါမှမဟုတ် အဆင့်မြင့် လက်ဖက်ရည်များထက်တောင် ပိုကောင်းနေသေးသည်။

“မင်းသားလီ ၊ ဘယ်လိုထင်လဲ”

ကျန့်ချင်ဖန်က မေးလိုက်သည်။

လီဇီရှင်းမျက်နှာ တော်တော်လေး ပျက်သွားသည်။ ဒီပန်းချီကားက ကောင်းမွန်တယ်ဆိုတာ သံသယဖြစ်စရာ မလိုပေမယ့် ဒီပန်းချီကားကြောင့် စိတ်ဆင်းရဲစွာ သေဆုံးသွားတဲ့ သားဖြစ်သူကို ပြန်သတိရသွားသည်။

သူ့သားက အသုံးမကျတဲ့ အမှိုက်ဆိုပေမယ့် သူ့မျိုးနွယ်ထဲမှာ ခွေးတစ်ကောင် ဖြစ်နေရင်တောင် တခြားသူတွေ သူနဲ့ ဆွေးနွေးဖို့ မထိုက်တန်ပါ။

အခန်း(၅၀၆ - ၁) - စာရေးခြင်းနှင့် ပန်းချီတွင် ထူးချွန်ခြင်း။

"ဟားဟား တော်တော်လေး ကောင်းတဲ့ ပန်းချီကားပဲ"

လီဇီရှင်းက ချီးကျူးလိုက်သော်လည်း တကယ်လို့ အခွင့်အရေးရပါက ဗဟိုပြည်နယ် အကယ်ဒမီက မိန်းကလေးကို ပြန်ပေးဆွဲပြီး ဘယ်မှာမှ ရှာမတွေ့ဖို့ သေချာအောင် အလှမ်းဝေးတဲ့နိုင်ငံကို ရောင်းစားပစ်မည်။

“ဝန်ကြီးချုပ်ကျန့်၊ ဒီပန်းချီကားကို ဆွဲတဲ့ မဟာသခင်က ဘယ်သူလဲလို့ သိပါရစေ”

မီအာမူသည် ဒီနာမည်ကြီး ပန်းချီကားပေါ်မှာ နာမည်ရေးထိုးထားတာ မတွေ့သဖြင့် သိချင်လာသည်။ ဒါကြောင့် လှမ်းမေးလိုက်သည်။

“ဂေါ့ပလင်”

ကျန့်ချင်ဖန်က ရိုးရိုးလေးပဲ ပြန်ဖြေလိုက်သည်။

“ဘယ်သူ၊ (အနောက်ဖက်သို့ ခရီးသွားခြင်း) ရေးသားတဲ့ ဂေါ့ပလင်လား”

"သူက နာမည်ကြီး အနုပညာရှင် ဖြစ်နေမယ်လို့ မထင်ထားမိဘူး"

"အမ်၊ စာရေးတာနဲ့ ပန်းချီဆွဲတာ နှစ်ခုစလုံးမှာ ထိပ်တန်း အရည်အချင်း ရှိနေတာလား။ သူက တကယ်ဆို နယ်ပယ်နှစ်ခု ကျွမ်းကျင်သူပေါ့"

ညွှေ့သည်တွေ အံ့အောတုန်လှုပ်ကုန်သည်။

ဒီနာမည်ကို ကြားလိုက်လျှင် ချီမူအန်လည်း အံ့အောသင့်နေသည်။ ထို့နောက် လုချီဟွာကို အမှတ်တမဲ့ ကြည့်လိုက်မိပြီး ဆွန်းမိုကို ကြည့်လိုက်သည်။

"ဒီမိန်းကလေးက ဆွန်းမိုကို တော်တော်လေး ကိုးကွယ်တယ်"

ချီမူအန် တိုးတိုးလေး ရေရွတ်လိုက်သည်။ ဒီပန်းချီကားက ဆွန်းမိုနဲ့ ဆက်စပ်နေနိုင်တယ်လို့ သူခံစားနေရသည်။

"အမ်၊ မင်းတို့ ဘာဖြစ်လို့ ဒီလောက် အံ့အောနေကြတာလဲ။ ခင်ဗျားတို့ သူ့ရဲ့ပန်းချီကား တစ်ချပ်ကို မကြည့်ဖူးလို့လား။ ပထမဆုံး ပန်းချီကားဖြစ်တဲ့ (နွေဦး လမ်းလျှောက်သူ) လည်း မဟာသခင် ဂေါ့ပလင် ရေးဆွဲခဲ့တာ"

“................”

ညည့်သည်တွေ ဆွံ့အနေကြသည်။ အစောပိုင်းတုန်းမှာ ပန်းချီကားပေါ်က လက်မှတ်ကို စစ်ဆေးဖို့ ဘယ်သူမှ အာရုံ မရောက်ခဲ့ပါ။ အလှူကိစ္စ ရှောင်ဖို့ပဲ တွေးနေကြသည်။ သူတို့ ပိုက်ဆံထက်စာရင် ပန်းချီကားကို ဘယ်သူဆွဲလဲဆိုတာက အရေးမပါပေ။

“ ဝန်ကြီးချုပ်ကျန့် ဒီပန်းချီကားကို ရောင်းချင်စိတ် ရှိလား”

ချီမူအန် ဝေခွဲရခက်နေသည်။

ဒါပေမယ့် မေးဖို့ ဆုံးဖြတ်နေတုန်းပါ။ တကယ်တော့ သူက ပန်းချီကားတွေကို တော်တော်လေး နှစ်သက်သည်။ ဒါကိုမြင်ပြီးကတည်းက လက်မလွှတ်ချင်တော့ပါ။

"ကြွင်ယာတော် မင်းသား၊ ငါ့အသက်ကို တောင်းနေတာလား"

ကျန့်ချင်ဖန်က ငြင်းလိုက်သည်။

"ဒါဆိုလည်း ဦးလေးကျန့်၊ မင်းက မဟာသခင် ဂေါ့ပလင်ဆီက ပန်းချီကား နှစ်ချပ်ရတယ်ဆိုတော့

သူနဲ့ အရမ်းရင်းနီးတယ် မဟုတ်လား။ ငါ့ကိုသူနဲ့ မိတ်ဆက်ပေးပါလား”

ကြင်ယာတော်မင်းသားက ခြေတစ်လှမ်း ပြန်ဆုတ်လိုက်ပြီး နောက်ထပ် အကောင်းဆုံးအရာအတွက် ပြင်ဆင်လိုက်သည်။

သူ့ရဲ့ပုံရိပ်ကြောင့် သူ့ရဲ့ အသက်မွေးဝမ်းကြောင်း ဒီထက်ပိုပြီး တိုးတက်လာစရာအကြောင်း မရှိတော့တာ ဖြစ်နိုင်သည်။ ဒါကြောင့်လည်း အနုပညာ လောကထဲက ိုတိုးဝင်လာခဲ့တာ ဖြစ်လိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မဟာသခင်ဂေါ့ပလင်နဲ့ တိုင်ပင်ပြီးရင် မင်းကို အကြောင်းပြန်ပေးမယ်"

ကျန့်ချင်ဖန်က သာမန်ကာလျှံကာ ပြန်မဖြေခဲ့ပါ။

"ဒါဆိုလည်း မင်းကို ဒုက္ခပေးရတော့မယ်"

ချီမူအန်က လက်ဆုပ်ပြီး အနည်းငယ် ဦးညွှတ်လိုက်သည်။ ထို့နောက် စိတ်လှုပ်ရှားလာပြီး

"နောက်ထပ် နာမည်ကြီးပန်းချီကားတစ်ချပ် ရှိသေးတယ် မဟုတ်လား။ မြန်မြန်ထုတ်လေ"

"တတိယ ပန်းချီကားက အကောင်းဆုံး ဖြစ်နိုင်တယ် မဟုတ်လား"

ဖန်းလန် ခန့်မှန်းလိုက်သည်။

"အရင်တုန်းကတော့ လူတိုင်း မဟာသခင်မီအာရဲ့ ဘုန်းတော်ကြီး ဇန်ချန် ပန်းချီကားကို ခံစားခဲ့ပြီးပြီ။ အကဲဖြတ်မှုလည်း တော်တော်လေး မြင့်မားခဲ့ကြတယ်။ အခု ကျွန်တော့်မှာ ဘုန်းတော်ကြီး ဇန်ချန် ပန်းချီကားတစ်ချပ် ရှိနေတယ်။ အားလုံးပဲ အကဲဖြတ်ပေးကြပါအုံး"

ကျန့်ချင်ဖန် စကားပြောပြီးတာနဲ့ ဗလတောင့်တဲ့လူတွေက ပန်းချီကားကို

ဖွင့်လိုက်သည်။ ဇန်ချန် ပန်းချီကားပေါ်လာလျှင် လင်းရျောင်ခန်းမ တစ်ခုလုံး တိတ်ဆိတ်သွားသည်။

ဒီပန်းချီကားကို ကြည့်ပြီး ဘာပြောရမှန်းတောင် မသိ ဖြစ်နေကြသည်။ ဘုန်းတော်ကြီး ဇန်ချန် မျက်လုံးကို ချယ်သမှု ဖြေရှင်းတဲ့ပုံစံက လူတိုင်းရဲ့ အာရုံကို လုံး၀ ဆွဲဆောင်သွားသည်။

မီအာမူရဲ့ ဇန်ချန် ပန်းချီကား မကောင်းလို့လား။

အရမ်းကောင်းမွန်ပြီး ရှားပါး လက်ရာတစ်ခုလို့ ယူဆနိုင်သည်။ ဒါပေမယ့် နှိုင်းယှဉ်မှု နှစ်ခု မရှိရင်ကောင်းလိမ့်မည်။ သူတို့နှစ်ခုကို

နှိုင်းယှဉ်လိုက်တာနဲ့ မီအာမူရဲ့ ပန်းချီကားက အဆင့်နှစ်ဆင့်လောက် နိမ့်ကျနေတာ သိသာထင်ရှားနေသည်။

အတိအကျပြောရလျှင် ကျန့်ချင်ဖန် ထုတ်ယူလိုက်တာက ရိုးရှင်းတဲ့ ပုံတူပန်းချီကား တစ်ချပ်သာ ဖြစ်သည်။ ဒါပေမယ့် ပိုရိုးရှင်းလေ လူတွေက ဒါကို နားလည်ဖို့ပိုလွယ်လေ ဖြစ်သည်။

လက်ရှိနေရာရှိတဲ့လူများ အထူးသဖြင့် သက်ကြီးရွယ်အိုများက အလိုလို သက်ပြင်းချလိုက်သည်။ အချိန်က ရက်စက်လှပြီး

သူတို့ ငယ်ရွယ်မှုကနေ အိုမင်းရင့်ရော်လာသည်။ သူတို့တွေမှာ ဘယ်သူက နောက်ထပ် နှစ်အနည်းငယ်ကြာအောင် ထပ်မနေချင်တဲ့ လူရှိလို့လဲ။

အမှန်တိုင်းပြောရလျှင် လူအများစုက ဒီအသက်အရွယ် ရောက်လာလျှင် ရည်မှန်းချက်ကြီးကြီးမားမား မရှိတော့ဘဲ တင်းတိမ်ရောင့်ရဲနေကြပြီ။ ဒါပေမယ့် ဒီပန်းချီကားကို ကြည့်ပြီးနောက် သူတို့ရဲ့စိတ်ဝိညာဉ် ရုတ်တရက် တောင့်တင်းပြီး တက်ကြွလာသည်။

"ဟားဟား၊ အံ့မခန်းပဲ၊ အံ့မခန်းပဲ"

အဘိုးကြီးတစ်ယောက်က ကျယ်လောင်စွာ ရယ်မောပြီး သူ့မှုတ်ဆိတ်မွေးကို ပြန်သပ်ကာ ဇန်ချန် ပန်းချီကားကို စိုက်ကြည့်နေသည်။

"ဒီအဘိုးကြီးက သဲကန္တာရထဲက ခမ်းနားတဲ့ မြင်ကွင်းကို ကြည့်ရှုဖို့အတွက် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာထဲက ခရီးသွားချင်နေခဲ့တာ။ ဒါပေမယ့် လမ်းမှာသေသွားမှာကို စိုးရိမ်နေခဲ့တယ်။ ဒါကြောင့်လည်း မကြည့်နိုင်ခဲ့တာပေါ့"

"ရယ်ရတယ်။ ဘယ်လိုတောင် ဝမ်းနည်းဖို့ကောင်းလဲ။ ဘယ်လိုတောင် စိတ်ပျက်ဖို့ကောင်းလိုက်သလဲ"

အဘိုးကြီးသည် စကားပြောပြီးနောက် ကျန့်ချင်ဖန်ဘက်သို့ လည့်ပြီး လက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"အစ်ကိုကျန့်၊ ညီလေး မိသားစုကို စောင့်ရှောက်ပေးပါ"

စကားပြောပြီးတာနဲ့ ကျယ်လောင်စွာ ရယ်မောပြီး အားနဲ့မာန်နဲ့တက်ကြွစွာ ထွက်ခွာသွားသည်။

ဒီပန်းချီကားကြောင့် သူ့စိတ်ဆန္ဒများ တောက်လောင်လာခဲ့သည်။ ငယ်ငယ်တုန်းက မျှော်လင့်ခဲ့တဲ့ ရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော်ချင်နေသည်။

"အမ်၊ အဖေ၊ အဖေ....၊ မင်းမသွားရဘူး"

သက်လတ်ပိုင်း အမျိုးသားတစ်ယောက်သည် စိုးရိမ်ပြီး သူ့အဖေနောက်သို့ မှီအောင်လိုက်မလို့လုပ်နေသည်။ သူ့အဖေရဲ့ ဩဇာလွှမ်းမိုးမှုနဲ့ လူမှုရေးကွန်ရက်ကြောင့် သူတို့မျိုးနွယ်စုသည် လက်ရှိအနေအထားမှာ ရပ်တည်နိုင်နေသည်။ သူ့အဖေသာ

အပြင်မှာ ဆုံးပါးသွားခဲ့ရင် သူတို့မျိုးနွယ်စု အားနည်းသွားလိမ့်မည်။

"ကျန်းလေး၊ သူ့နောက်ကို မလိုက်ပါနဲ့။ လွှတ်ပေးလိုက်ပါ"

ကျန့်ချင်ဖန်က သက်လတ်ပိုင်းအမျိုးသားကို နှစ်သိမ့်လိုက်သည်။ သူနဲ့အဲဒီ အဘိုးကြီးသည် တရားရုံးမှာ အချိန်တော်တော်ကြာအောင် ရင်းနီးလာခဲ့ကြပြီး လူအိုကြီးကျန်းက သူ့ကို အစ်ကိုကျန့်လို့ တစ်ခါမှ မခေါ်ခဲ့ပေ။ အခုတော့ ဒီအသုံးအနှုန်းကို သုံးစွဲလာသဖြင့် သူ့စိတ်နှလုံးက

ငယ်ရွယ်စဉ်ကာလကို ပြန်ရောက်သွားပြီလို့ ပြောရမည်။

"စိတ်လျှော့၊ စိတ်လျှော့"

ဘုရင်ခံဖန်းသည် သူ့ကိုယ်သူ မိုက်မဲတဲ့အရာတွေ မလုပ်မိအောင် သတိပေးနေရသည်။ အခုဆိုလျှင် အရာရှိအဖြစ်က နှုတ်ထွက်ပြီး ငယ်ငယ်တုန်းက အိပ်မက်မက်ခဲ့တဲ့ တောင်တန်းကြီးတွေနဲ့ မြစ်ကြီးတွေကိုသိမ်းပိုက်ချင်တဲ့ စိတ်ဆန္ဒက တောက်လောင်နေသည်။

“ဒါက နာမည်ကြီးပန်းချီကားတစ်ချပ်ရဲ့ စွမ်းအားပဲ”

ချီမူအန်က ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

ဒီအခိုက်အတန့်တွင် လူတိုင်းသည် ထူးဆန်းတဲ့လေထုထဲတွင် နစ်မြုပ်နေသည်။

ပြီးခဲ့တဲ့နှစ်က (အနောက်ဖက်သို့ ခရီးသွားခြင်းသည် အရမ်း ရေပန်းစားပြီး ရောင်းအားလည်း ကောင်းခဲ့သည်။

စာမတတ်သူများပင် ပုံပြောသူများထံမှ ကြားခဲ့ရသည်။

ထိန်းမနိုင်သိမ်းမရဖြစ်တဲ့ အချိန်ကဆိုလျှင် ချင်လင်မြို့ပေါ်မပြောနဲ့ ချင်လင်မြို့ အပြင်က လက်ဖက်ရည်ဆိုင်တွေမှာတောင် ပုံပြောသူတွေက အသံကျယ်ကျယ်နဲ့ ဇာတ်လမ်းကို တေးဖွဲ့ခဲ့ကြသည်။

ဒီလိုအချက်တွေကြောင့်လည်း လူတိုင်း (အနောက်ဖက်သို့ ခရီးသွားခြင်း) ကို ခံစားဖူးကြသည်။ ဒါကြောင့်လည်း ဇန်ချန်

ပန်းချီကားကို ကြည့်ပြီးနောက် စိတ်ခံစားချက်တွေက ခြွင်းချက်မရှိ ပြင်းထန်လာခဲ့သည်။

ပန်းချီကားထဲမှာရှိတဲ့ ဘုန်းတော်ကြီး ဇန်ချန်သည် ခမ်းနားထည်ဝါတဲ့ သင်္ကန်းကို မဝတ်ထားပေမယ့် ကြည့်လိုက်လျှင် သန့်ရှင်းစင်ကြယ်တဲ့ ဘုန်းကြီးတစ်ပါး၏ အငွေ့အသက်ကို ပေးစွမ်းနေသည်။ အခုတော့သူသည် ဖုန်အလိမ့်လိမ့်ဖြစ်နေပြီး ကိုင်ထားတဲ့ ကျိုင်းတံပင် ရွှံ့တွေဖုန်တွေ ဖုံးအုပ်နေပြီ။ သူက ရတနာကိုးပါးကို ထိန်းချုပ်နိုင်တဲ့ မိစ္ဆာတွေနှင့် ကြီးမားလှတဲ့ သားရဲတွေ

ပိတ်ဆို့ထားသော်လည်း ရှေ့ကိုသာ ဆက်လက်ချီတက်နေသည်။

ဒီပန်းချီကားကို မီးခိုးရောင်များ အသုံးပြုထားသဖြင့် လှပခြင်း မရှိပါ။ ပထမတစ်ချက်ကြည့်လိုက်လျှင် တောင့်တင်းမာကျောပြီး စိတ်ဓါတ်ကျတဲ့ ခံစားမှု ဖြစ်လာနိုင်သည်။ နှလုံးသားထဲမှာ ရုန်းကန်နေရပြီး စိတ်မသက်မသာ ဖြစ်ရသည်။

ဒါပေမယ့်လည်း ဘုန်းတော်ကြီး ဇန်ချန်ကို မြင်လိုက်ရတဲ့ အချိန်တွင် ခံစားနေရတဲ့

စိတ်မသက်မသာဖြစ်မှုသည် နေရောင်အောက်မှာ နှင်းပျောက်သလို ပျောက်ကွယ်သွားသည်.

ဇန်ချန်ရဲ့အကြည့်က ပြတ်သားပြီး ဦးညွတ်လိုစိတ်ကို ဖြစ်ရသည်။ မြူခိုးအားလုံးကို ကျော်ဖြတ်ပြီး အနောက်ဖက်က သုခဘုံကို လှမ်းကြည့်နေသလို ထင်ရသည်။

ဇန်ချန်ရဲ့ခြေလှမ်းက လေးလံသော်လည်း သန့်စင် မွန်မြတ်လှသည်။ ခက်ခဲတဲ့ ဘေးဒုက္ခပေါင်း တစ်ထောင်ကို ဖြတ်ကျော်ပြီး အန္တရာယ်အားလုံးကို ခြေထောက်အောက်မှာ နင်းချေခဲ့သည်။

ဇန်ချန်ရဲ့ အမူအရာသည် ဖွဲ၊ လုံ့လနဲ့ ပြည့်နှက်နေပြီး သန့်စင်မွန်မြတ်တဲ့ ကျမ်းစာကိုပင့်ဆောင်ရင် အရာအားလုံးကို စွန့်လွှတ်ထားခဲ့ပြီး နောင်တကင်းမဲ့စွာ အနောက်ဖက်သို့ ခရီးဆက်နေခဲ့သည်။ ဘယ်လာက်ဝေးဝေး၊ ဘာတွေပဲ ဖြစ်လာပါစေ၊ ဘယ်တော့မှ နောက်ပြန်မဆုတ်ပါ။

ဒီလို ရသတွေ ခံစားချက်တွေ ပန်းချီကားထဲမှ လွင့်ပျံ့ ထွက်လာပြီး လူတိုင်းရဲ့မျက်နှာပေါ်မှာ သက်ရောက်နေသည်။

ဘဝမှာ အခက်အခဲတွေ ရှိသည်။

ဘဝမှာ မပင်ပန်းတဲ့လူ ဘယ်သူရှိလို့လဲ။

တစ်ခါတစ်လေ သူတို့တွေ အမှန်တကယ် ပင်ပန်းလာပြီး လက်လျှော့လိုက်ချင်သော်လည်း အားတင်းကာ ရှေ့ဆက်ကြသည်။ ဒါပေမယ့် ပန်းချီကားကို ကြည့်လိုက်ပြီးနောက် သူတို့ စိတ်နှလုံးသားထဲတွင် ပြင်းထန်တဲ့ တိုက်ပွဲဝင်စိတ် တောက်လောင်လာသည်။

“အသက် ၃၀လောက် ငယ်သွားသလို ခံစားရတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီရှင်း အကျယ်ကြီး ထရယ်သည်။

(ဗဟိုပြည်နယ် အကယ်ဒမီ ပြန်လည်ထွန်းကားလာလို့ စိုးရိမ်နေပြီလား။ ကြောက်စရာမလိုဘူး။ ငါမသေခင် ကျောင်းကို ငါ့အပိုင်ဖြစ်အောင် သေချာပေါက် လုပ်ရမယ်)

ရာဇပလ္လင်အတွက်လား.......................

လီဇီရှင်း မျက်လုံးတွေ အရောင်တောက်လာသည်။ နှုတ်ခမ်းကို ကိုက်လိုက်သည်။ (ဒီဘဝ ပလ္လင်ပေါ်မှာ မထိုင်နိုင်တော့ဘူးလို့ ဘယ်ကောင်ပြောလဲ)

အန်ရှီဝေသည် ဉာဏ်ရည်ထက်သူလေး ဖြစ်သည်။ ပန်းချီကားရဲ့လွှမ်းမိုးမှုကနေ ရုန်းထွက်ပြီး နာမည်ကို တစ်ချက်ကြည့်လိုက်သည်။

"ဂေါ့ပလင်လား"

အဲဒီကောင်ပဲ ဘာဖြစ်လို့ ထပ်ဖြစ်နေရတာလဲ။ ဒါပေမယ့် တွေးကြည့်လိုက်တော့ (အနောက်ဖက်သို့ ခရီးသွားခြင်း)ကို သူရေးသားခဲ့သည်။ သူ့ဝတ္ထုထဲက အဓိက ဇာတ်ကောင်ကို သူဆွဲတာ ပုံမှန်ပဲ။

ဘာကြောင့်မှန်းမသိပေမယ့် အန်ရှီဝေသည် ဆွန်းမိုကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။

ဆွန်းမိုလည်း ကူကယ်ရာမဲ့စွာ ပခုံး တွန့်လိုက်သည်။ ထို့နောက် စနစ်ဆီက အကြောင်းကြားချက် ရလိုက်သည်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ ရှိသေ(၁၁,၀၀၀/၁၀၀,၀၀၀)

အခန်း(၅၀၇) - ပန်းချီ တိုက်ပွဲ။

“မဟာသခင်မီအာ၊ ဘယ်လိုထင်လဲ”

ကျန့်ချင်ဖန်က မေးလိုက်သည်။

မီအာမှု စကားမပြောဘဲ လေးလေးနက်နက်တွေးနေသည်။ တကယ်တော့ တော်တော်လေး မကျေမနပ် ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(လူအိုကြီးကျန့် ၊ ငါ့ကို မုန်းစရာ ဖြစ်အောင် လုပ်နေတာလား)

အရင်တုန်းက ပန်းချီကား နှစ်ချပ်ကို ပေါ့ပေါ့ပါးပါး အကဲဖြတ်နိုင်သည်။ အခု တတိယမြောက် ပန်းချီကားမှာ ဇန်ချန် ပန်းချီကားဖြစ်ပြီး သူတို့ထဲက ဘယ်သူ သာလွန်လဲဆိုတာ ရှင်းရှင်းလင်းလင်း သိနေရသည်။

မီအာမူသည် ဂေါ့ပလင်ထက် နိမ့်ကျနေမှန်းသိသည်။ ဒါပေမယ့် ကိုယ်တိုင် ထုတ်ပြောလိုက်ရင်တော့ မျက်နှာ ပျက်ရလိမ့်မည်။

“မဟာသခင်မီအာမှာ ထူးခြားတဲ့အမြင် ရှိနေလို့လား”

ကျန့်ချင်ဖန်က ထပ်မေးလိုက်သည်။

“ကောင်းလိုက်တဲ့ ပန်းချီ”

မီအာမူသည် စကားနှစ်ခွန်းကို စိတ်ထဲမပါဘဲ ပြောလိုက်သည်။ ထို့နောက် လိမ္မာပါးနပ်စွာ ဆွန်းမိုဆီ အာရုံပြောင်းပေးလိုက်သည်။

“စောစောတုန်းက ငါ့ရဲ့ ဇန်ချန် ပန်းချီကားကိုတောင် အကဲဖြတ်ပေးခဲ့တဲ့ ဆရာဆွန်းကို ဘာဖြစ်လို့ မမေးကြည့်တာလဲ။

“ဆရာဆွန်း ဒီပန်းချီကားကရော ဘယ်လိုလဲ။ မင်း ဘယ်လိုထင်လဲ”

ဆွန်းမို ဘာပြောနိုင်မှာလဲ။

သူ မချီးကျူးနိုင်ဘူး မဟုတ်လား။

သူသာ ဂေါ့ပလင် ဖြစ်တယ်ဆိုတဲ့ အချက် နောင်တစ်ချိန်မှာ ပေါ်လာခဲ့ရင်ကော။ ဒါဆိုရင် လူတိုင်းက ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ဆိုပြီး ကဲ့ရဲ့ ကြလိမ့်မည်။ ဒါကြောင့် ပိုနှိမ့်ချလိုက်တာ သူ့အတွက် ပိုကောင်းမည်။

"ဒီပန်းချီကားမှာ ကြီးမားတဲ့ ချို့ယွင်းချက် ရှိတယ်။ ဒါကိုဆွဲနေတဲ့ အချိန်တုန်းက ဂေါ့ပလင်ရဲ့ စိတ်ခံစားချက် သာမန်ကာလျှံကာပဲ ရှိလိမ့်မယ်"

ဆွန်းမိုသည် ဒီပန်းချီကားဆွဲတဲ့ အချိန်ကိုပြန်စဉ်းစားလိုက်တော့ ချို့ယွင်းချက် တစ်ခုကို တွေ့လိုက်ရသည်။

"ဆရာဆွန်း၊ မဟာသခင် ဂေါ့ပလင်ကို ကျေးဇူးပြုပြီး လေးစားပေးနိုင်မလား။ ဘာဖြစ်လို့ သူ့နာမည်ကို တိုက်ရိုက်ခေါ်တာလဲ"

လီဇီရှင်းက ကျိန်းမောင်း အပြစ်တင်လိုက်သည်။

“ဟုတ်တယ်။ မင်းက လေးစားမှု ကင်းမဲ့လွန်းတယ်”

မီအာမူ သက်ပြင်းချလိုက်သည်။

“ပညာရှင်တွေ တစ်ယောက်နဲ့ တစ်ယောက် ဝေဖန်ကြပေမယ့် မင်းလို အပြုအမူကိုတစ်ယောက်မှ မလုပ်ကြဘူး”

လီဇီရှင်းက ဆွန်းမိုကိုကြည့်ရင်း ရယ်ချင်နေသည်။ (မင်းကို စကားပြောတဲ့အခါ သတိလက်လွတ်ပြောဖို့ ဘယ်သူက ပြောခဲ့လို့လဲ။ မဟာသခင် တစ်ယောက်ရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်သီးကို မပြည်းခင် သံဦးထုတ် ဆောင်းထားသင့်တယ်)

ဖူး

ကျန့်ချင်ဖန် တစ်ယောက် မရယ်ဘဲ မနေနိုင်တော့ဘဲ ရယ်သံ အကျယ်ကြီး ထွက်ပေါ်လာသည်။

"ဦးလေးကျန့်၊ မင်း......."

ချီမူအန် ရုတ်တရုတ် အံ့အောနေသည်။ ကျန့်ချင်ဖန်က တစ်နည်းမဟုတ် တစ်နည်းနဲ့ လှောင်ပြောင်နေတယ်လို့ ခံစားနေရသည်။

"ဗိုက်......ဗိုက်နာလို့ ဟား ဟား.."

ကျန့်ချင်ဖန်က ရှင်းပြသည်။

"ဆရာဆွန်း၊ စုတ်ချက်ကနေတဆင့် မဟာသခင် ဂေါ့ပလင်က ဒီပန်းချီကားကို ခပ်မြန်မြန် ဆွဲတယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် သာမန်ကာလျှံကာ ဆွဲတာတော့ မဟုတ်ဘူး။ ကဗျာဆန်တဲ့အမူအရာ တစ်မျိုး ဖြစ်နိုင်တယ်။ ဒီလိုမျိုး သာမန်ကာလျှံကာ လုပ်တဲ့ လူမျိုးကိုပဲ မဟာသခင်လို့ ခေါ်ကြတယ်"

မီအာမူ လမ်းညွှန်လိုက်သည်။

ဒင်

မီအာမူ၏ လေးစားအထင်ကြီးမှု +၅၀။ မူလ(၅၀/၁၀၀)

"......"

ဆွန်းမို ဆွံ့အနေသည်။ ဒီလိုမျိုးလည်း အလုပ်ဖြစ်တာလား။

"ဆရာဆွန်း၊ ဒီပန်းချီကားမှာ ဘာအားနည်းချက် ရှိသေးလဲ"

ကျန့်ချင်ဖန်က စနောက်ပြီးမေးလိုက်သည်။

"ဟွန့်၊ အယူအဆ ဖြစ်မလား။ အဓိပ္ပါယ် နည်းနည်းလွဲနေတယ်"

ဆွန်းမို သည်းမခံနိုင်အောင် ဖြစ်နေပြီး ကို့ကိုယ်ကိုလည်း မချီးကျူးရဲပါ။ (အဘိုးကြီးကျန့် မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ)

"ဆရာဆွန်း။ မင်းစကားတွေ မမှန်ဘူး။ မဟာသခင်မီအာရဲ့ ပန်းချီကားကို တစ်ချက်ကြည့်လိုက်တုန်းက တခုခု လိုနေမှန်းသိပေမယ့် ဘာလဲဆိုတာ မသိခဲ့ဘူး။ ဒါပေမယ့် ဒါကို မြင်ပြီးတော့ နောက်ဆုံးမှာ နားလည်သွားတယ်။ မဟာသခင် ဂေါ့ပလင်က (အနောက်ဖက်သို့ ခရီးသွားခြင်း) ရေးတဲ့

စာရေးဆရာဆိုတော့ သူရေးဆွဲတဲ့ ဇန်ချန်ပုံက မြင့်မြတ်ပြီး ကျက်သရေရှိတဲ့အပြင် ပိုပြည့်စုံနေတယ်”

ချီမူအန်က ငြင်းဆိုလိုက်သည်။ မီအာမူက ဒါကို မလုပ်နိုင်ခဲ့ပါ။ ပြီးတော့ သူက (အနောက်ဖက်သို့ ခရီးသွားခြင်း) ပထမအပိုင်းပဲ ဖတ်ရသေးသည်။ ဘုန်းတော်ကြီး ဇန်ချန်ကို နားလည်မှုက မနက်ရှိုင်းသေးပါ။

“ဆရာဆွန်း၊ မင်းက ကျွမ်းကျင်သူ မဟုတ်ဘူး။ အနာဂတ်မှာ သူတစ်ပါးတွေရဲ့ အနုပညာလက်ရာကို

ပေါ့ပျက်ပျက် အကဲမဖြတ်ပါနဲ့။ ဒီလိုမှမဟုတ်ရင် မင်းကိုယ်မင်း ငတုံးဆိုပြီး ဖော်ပြနေသလို ဖြစ်နေမယ်”

မီအာမူက သတိပေးလိုက်သည်။

အနီးအနားမှာရှိတဲ့ ညွှေ့သည်တွေလည်း စတင်ဆွေးနွေးနေကြသည်။ သူတို့စိတ်ထဲမှာ ဆွန်းမို အပေါ် အဆိုးမြင်တဲ့ ခံစားချက်များ ပေါက်ဖွားလာသည်။ ပန်းချီကား သုံးကားစလုံး အရမ်းကောင်းမွန်ပြီး ထောက်ပြစရာ မရှိဘူးလို့ ခံစားရသည်.။

ဒါတောင် ဆွန်းမိုက ဇီဇာကြောင်ပြီး အပြစ်ရှာနေသေးသည်။

တီးတိုး ဆွေးနွေးနေတဲ့ အသံကိုကြားလျှင် လုချီဟွာ မကျေမနပ် ဖြစ်သွားသည်။

"မင်းက ငါ့ဆရာနဲ့ ပန်းချီအကြောင်း ဆွေးနွေးဖို့တောင် မထိုက်တန်ဘူး"

လုချီဟွာက ဆွန်းမိုကို ကာကွယ်ပေးနေတဲ့ အိမ်မွေးခွေးလေး တစ်ကောင်လို ပြုမူနေသည်။

"ငါက မထိုက်တန်ဘူး ဟုတ်လား။ ဒီလိုဆိုရင် သူပြိုင်ရဲလား"

မီအာမူက လှောင်ပြောင်ပြီး ချက်ခြင်း စိန်ခေါ်လိုက်သည်။

(မင်းသားလီက မင်းရဲ့ တောက်ပတဲ့ပုံရိပ်ကို လျှော့ချဖို့ အခွင့်အရေး ရှာခိုင်းထားတယ်။ ဒါပေမယ့် မင်းက ငါ့အိမ်တံခါးဝကို လာခေါက်နေတာပဲ။ ဒီလိုဆိုမှတော့ ငါ့ကို အပြစ်မတင်နဲ့)

ထုံးစံအတိုင်း မီအာမူကလည်း ဒီအခွင့်အရေးကိုအသုံးချပြီး သူ့ရဲ့ ကျော်စောမှုကို ချဲ့ထွင်ချင်နေသည်။

ဆွန်းမို ပြောတာတောင် မစောင့်ဘဲ ကျန့်ချင်ဖန်က အရင်ပြောလိုက်သည်။

"သေချာတာပေါ့၊ မင်းရဲ့ တိုက်ရိုက်တပြည့်က ဒီနေရာမှာ ရှိနေပြီ၊ မြတ်ဆရာတွေ အများကြီးလည်း ရှိနေတယ်။ မင်းစင်ပေါ်တက်ဖို့ မကြောက်ဘူး မဟုတ်လား"

ကျန့်ချင်ဖန်က အတည်ပေါက်ကြီး ပြောနေသည်။

"ဦးလေးကျန့်၊ ခင်ဗျား................"

ဆွန်းမို မချိပြုံး ပြုံးလိုက်သည်။ သူနားလည်ပါပြီ။ ကျန့်ချင်ဖန်က သူနောက်ထပ်ဆွဲမယ့် ပန်းချီကားကို လိုချင်နေသည်။

လီဇီရှင်းက ထရယ်သည်။

“ဒါဆိုလည်း အရင်ဆုံး ရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ရအောင်။ မဟာသခင်မီအာမူ ဆွဲတဲ့ ပန်းချီကားက ငါ့အပိုင်ပဲ”

“မင်းသား ဒီလို ပြောလို့ မရဘူးလေ”

“ငါတို့ ဒါကို လေလံ ဆွဲကြမယ်။ အမြင့်ဆုံးပေးတဲ့လူက ဒီပန်းချီကားကို ယူပေါ့”

"နောက်ထပ် နာမည်ကြီး ပန်းချီကား တစ်ချပ် မွေးဖွားလာတော့မှာလား"

ညွှဲ့သည်အချင်းချင်း ဆွေးနွေးနေကြသည်။ သူတို့က ပန်းချီတိုက်ပွဲကို အမှန်တကယ် စိတ်မဝင်စားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုပဲ သေချာပေါက် ရှုံးလိမ့်မည်။ မီအာမူက နာမည်ကြီးပန်းချီကားတစ်ချပ်ကို တကယ်ပဲ မွေးထုတ်နိုင်မလား သူတို့ သိချင်နေကြသည်။

"သွား၊ စုတ်တံ၊ မှင်နဲ့ပ စက္ကူ သွားပြင်လိုက်"

ကျန့်ချင်ဖန်က အစေခံတွေကို ညွှန်ကြားပြီးနောက် နောက်ထပ်တစ်ခု ကြေငြာလိုက်သည်။

“နောက်ဆုံး ဆွန်းမိုပန်းချီက ငါကျန့်ချင်ဖန် ဆီရောက်ရမယ်။ ငါ့ဆီကနေ ဘယ်သူမှ လုမယူရဘူး”

ကျန့်ချင်ဖန်အသံ ပျောက်သွားတာနဲ့ ဒီနေရာတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ဆွန်းမိုရဲ့ ပန်းချီကားလား။

ဘယ်သူက လိုချင်နေလို့လဲ။

သိပ်မကြာခင် စားပွဲလေးလုံးကို ယူလာပြီး ဘေးချင်းကပ် နှစ်ခုစီ စီထားလိုက်သည်။ ထို့နောက် စက္ကူ၊ မှင်နှင့် စုတ်တံတို့ကို တင်ပေးလိုက်သည်။

"အကြောင်းအရာ မရှိဘူး၊ မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ် ဆွဲလို့ ရပြီ"

လီဇီရှင်းက စဖို့ စကားပြောလိုက်သည်။

အများအားဖြင့်တော့ ပန်းချီတိုက်ပွဲများသည် အကြောင်းအရာ တစ်ခုထဲကို သတ်မှတ်ပြီး ပြိုင်ဆွဲကြသည်။ ပန်းချီဆရာများတွင် ကျွမ်းကျင်နေတဲ့ နယ်ပယ်နဲ့ မကျွမ်းကျင်တဲ့

နယ်ပယ်များ ရှိသည်။ မကျွမ်းကျင်တဲ့ နယ်ပယ်နဲ့ ကြုံတွေ့လိုက်ပါက အဆုံးသတ်သွားလိမ့်မည်။

“မင်းသား ၊ ဘာဖြစ်လို့ အကြောင်းအရာ မပေးတာလဲ”

ကျန့်ချင်ဖန်က ပြန်မေးလိုက်သည်။

လီဇီရှင်းရဲ့အတ္တအရတော့ ရှက်ကိုးရှက်ကန်း ဖြစ်ပြီး အမှားလုပ်မိမှာတော့ မဟုတ်ပေ။ သူက မီအာမူနဲ့ ဆက်ဆံရေးကောင်းကြောင်း ဒီနေရာမှာ ရှိတဲ့ လူတိုင်းသိသည်။ ဒါကြောင့် မီအာမူ

ကျွမ်းကျင်တဲ့ နယ်ပယ်ကိုလည်း ကောင်းကောင်းသိလိမ့်မည်။

“သူတို့ဘာသာ သူတို့ လွတ်လွတ်လပ်လပ် ရေးဆွဲမှပဲ နာမည်ကြီး ပန်းချီကားတစ်ချပ် ထွက်ပေါ်လာလိမ့်မယ်”

လီဇီရှင်းက ပေါ့ပေါ့ပါးပါး အကြောင်းပြချက် တစ်ခု ပေးလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမို နိုင်စရာအကြောင်း မရှိပါ။

ချီမူအန်က ကောင်းကင်ကို မော့ကြည့်လိုက်ပြီး

"ငါတို့ အချိန်တစ်နာရီ သတ်မှတ်လိုက်ရင် ဘယ်လိုလဲ"

ဘာပဲပြောပြော ဒါက သမင်အမြီး ဂုဏ်ပြုစားပွဲပါ။ အချိန်ကို ဂရုမစိုက်ပဲ သူတို့ နှစ်ယောက်ကို ပန်းချီဆွဲခွင့်ပေးလိုက်ရင် ညှော့သည်က အိမ်ရှင်ကို ဘောင်ကျော်သလို ဖြစ်သွားမည်။

"ကောင်းပြီလေ"

မီအာမူက စားပွဲဆီသို့ လျှောက်လာပြီး မဟာသခင်တစ်ယောက် ဟန်ပန်နဲ့ အကျီလက်စကို

ဆွဲလှန်လိုက်သည်။ (ငါ့ရဲ့ ပုံဆွဲစွမ်းရည်ကို အပြည့်အဝ ပြသနိုင်အောင် ဘာဆွဲရင် ကောင်းမလဲ)

သူ့ရဲ့ ပြိုင်ဘက်က ဆွန်းမိုဆိုတော့။

(လုပ်ပါအုံး။ ငါ့ကို ဘယ်အခန်း ကဏ္ဍက အနိုင်ယူမှာလဲ)

မီအာမူက စားပွဲရှေ့မှာရပ်ပြီး စုတ်တံကို ကိုင်ထားသော်လည်း မှင်ထဲ မနှစ်ရသေးပါ။

"ဆွန်းမို၊ မြန်မြန် လုပ်တော့လေ"

ကျန့်ချင်ဖန်က ဆွန်းမို ဘေးနားတွင် ရပ်ကာ လေသံတိုးတိုးလေးနဲ့ သတိပေးလိုက်သည်။

(သူတို့လို အနုပညာရှင်တွေတောင် ဒီလိုအခြေအနေမျိုးမှာ ပိုလုပ်ဆောင်နိုင်ဖို့အတွက် စိတ်အခြေအနေကို ထိန်းညှိနေရသေးတယ်)

မီအာမူက အခုလောလောဆယ်တွင် တကယ်တွေးတောနေသည်။

"ဦးလေးကျန့်"

ဆွန်းမို မချိပြုံးလိုက်သည်။

ဆွန်းမို အမူအရာကို မြင်လိုက်တော့ ကျန့်ချင်ဖန် ကို့ကိုယ်ကို အပြစ်တင်လိုက်မိသည်။ သူက

“ဆွန်းမို ၊ မင်းက နောက်နှစ်တွေဆို ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာတော့မယ်။ အဲဒီအချိန်ရောက်ရင် မင်းကို နာမည်ကြီး ပန်းချီကား တစ်ချပ် ဆွဲခိုင်းဖို့ ဘယ်လို သတ္တိရှိတော့မှာလဲ။ ဒါကြောင့် ဒီအခွင့်အရေးကို အသုံးပြုပြီး မင်းဆီက နောက်ထပ်ပန်းချီကားတစ်ချပ်လောက်
လိုချင်လို့ပါကွာ”

ကျန့်ချင်ဖန်က ပန်းချီ ဝါသနာပါသလို စာဖတ်တာလည်း ဝါသနာပါသည်။ ဒါပေမယ့် အခုအချိန်ထိ ဆွန်းမိုကို (အနောက်ဖက်သို့

ခရီးသွားခြင်း) ပြီးအောင် မရေးခိုင်းခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒါက အသေးအမွှား ကိစ္စပဲဆိုတာ သူနားလည်သည်။

မြတ်ဆရာတစ်ယောက်အနေနဲ့ ဆွန်းမိုမှာ ပိုအရေးကြီးတဲ့ အရာတွေ ရှိသေးသည်။

ဒီနေ့အခွင့်အရေးကလည်း အချိန်အခါတွေနဲ့ တိုက်ဆိုင်နေလို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လီဇီရှင်းက နာမည်ကြီး အနုပညာရှင်တစ်ယောက်ကို သုံးပြီး ဆွန်းမိုကို ချေမှုန်းချင်နေသဖြင့် ကျန့်ချင်ဖန်ကလည်း

ဂိမ်းထဲဝင်ကစားပြီး ဆွန်းမိုဆီက နာမည်ကြီး ပန်းချီကားတစ်ချပ်ရအောင် ကြံစည်လိုက်သည်။

"နာမည်ကြီး ပန်းချီကားတစ်ချပ် ငါဆွဲနိုင်လိမ့်မယ်လို့ မင်းက ဘယ်လို သေချာနေတာလဲ"

ဆွန်းမိုက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

"ကို့ကိုယ်ကို အထင်မသေးပါနဲ့။ မီအာမူက အသက် ၂၉ နှစ်အထိ နာမည်ကြီး ပန်းချီကားတစ်ချပ်ပဲ ဆွဲနိုင်ခဲ့သေးတယ်။ မင်းကတော့ အသက် ၂၀နဲ့ နာမည်ကြီး ပန်းချီကား သုံးချပ် ရေးဆွဲခဲ့ပြီးပြီ"

ကျန့်ချင်ဖန်က လက်သုံးချောင်း ထောင်ပြလိုက်သည်။ သူ့အမြင်မှာတော့ မီအာမူက ကို့ကိုယ်ကို တော်တော်လေး အထင်ကြီးနေသည်။

ဆွန်းမိုနှင့် မီအာမူတို့နှစ်ယောက် အနှောက်အယှက်မဖြစ်ရအောင် ပရိသတ်များအားလုံး ဆယ်မီတာအကွာမှာ ရပ်ပြီး အဝေးကပဲ ကြည့်ရှုခွင့် ရကြသည်။

ကျန့်ချင်ဖန်နှင့် လီဇီရှင်းတို့လို အဓိက ဇာတ်ဆောင်တွက ခြွင်းချက် ဖြစ်သည်။

“စလိုက်တော့။ မင်းက ချင်လင်မှာ နံပါတ်တစ် မြတ်ဆရာတစ်ယောက်သာမက နံပါတ်တစ် ပန်းချီ ပညာရှင်တစ်ယောက်လည်း ဖြစ်တယ်ဆိုတာ သက်သေ ပြလိုက်စမ်းပါ”

ကျန့်ချန်ဖန်က စုတ်တံကို ဆွန်းမိုဆီ ပေးလိုက်သည်။

ဆွန်းမို ယူလိုက်သည်။ အမှန်တိုင်းပြောရလျှင် ပုံတစ်ခုခု ရေးဆွဲရန် မှန်ကန်တဲ့ စိတ်အခြေအနေမှာ မရှိပါ။ ဒါပေမယ့် လှည့်ကြည့်လိုက်တော့ လုချီဟွာနှင့် ကျန်တဲ့နှစ်ယောက်က မျှော်လင့်တကြီး

စောင့်ကြည့်နေတာ တွေ့လိုက်ရလျှင် သူ့တပြည့်တွေအတွက် မျက်နှာပျက်လို့ မရဘူးလို့ ရုတ်တရက် တွေးလိုက်မိသည်။

သူတို့စိတ်ထဲမှာ သူက အယုံကြည်ရဆုံးနဲ့ အထင်အကြီးဆုံး ဆရာတစ်ယောက်ပါ။ ဒီလိုအခြေအနေမျိုးမှာ အချိန်တိုင်း မျှော်လင့်ချက်နဲ့ ပြည့်မှီနေဖို့ လိုအပ်နေပြီ။

“ဆရာ။ မင်းကို အားပေးနေတယ်”

လုချီဟွာက လက်သီးသေးသေးလေး ဝှေ့ယမ်းပြီး အော်ဟစ်လိုက်သည်။

“ဟားဟား”

ဆွန်းမို ရယ်မောလိုက်သည်။ လက်ကိုမြှောက်ပြီး စွယ်စုံကျမ်းအသိပညာကို ကို့ကိုယ်ကို အသုံးပြုလိုက်သည်။ ပျံ့လွင့်နေတဲ့ အာရုံအားလုံးကို ဖယ်ပစ်ချင်လို့ ဖြစ်သည်။

“ဘာဆွဲရမလဲ”

ဆွန်းမို တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး လှုံ့ဆော်မှု လိုက်ရှာကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမှာရှိနေတဲ့ ညေ့်သည်များသည် ဈေးကြီးတဲ့ အဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူတို့ဝတ်ထားတဲ့ အဝတ်အစားတစ်ခုတည်းနဲ့တင် သာမန်မိသားစု သုံးနှစ်လောက် စားလို့ရသည်။

စားပွဲပေါ်တွင်လည်း သပ်သပ်ရပ်ရပ် စီထားတဲ့ ဇိမ်ခံ အစားအသောက်တွေ ခင်းကျင်းထားတာ မြင်နေရသည်။ ကျွန်နှင့်အစေခံတွေကိုလည်း နေရာတိုင်းမှာ မြင်နေရသည်။

ဆွန်းမိုက မြတ်ဆရာတွေခေါ်လာတဲ့ တပြည့်တွေအပြင် လူငယ်တချို့ကိုလည်း

မြင်လိုက်ရသည်။ သူတို့အားလုံးရဲ့ မျက်လုံးပေါ်တွင် အားကျတဲ့ အကြည့်များ ရှိနေသည်။

ဒါအမှန်ပဲ။ ဒီဂုဏ်ပြုစားပွဲရဲ့ အဆင့်အတန်းက တော်တော်လေး မြင့်တယ်။ ဒီလိုပွဲမျိုး မတက်ချင်တဲ့ လူရှိလို့လား။

ဆွန်းမိုက စုတ်တံကို မှင်ထဲနှစ်ပြီး ဆေးခြယ်လိုက်သည်။

"မြန်လိုက်တာ"

အန်ရှီဝေ မျက်မှောင်ကြုတ်သွားသည်။ ဆွန်းမို တစ်ယောက် အလျှင်လိုပြီး သဘောတရား ကောင်းကောင်း မတွေးမိမှာ စိုးရိမ်နေသည်။

"အမ်၊ ဒီစုတ်ချက်က နည်းနည်းတော့ အထင်ကြီးဖို့ ကောင်းတယ်"

ချီမူအန်နှင့် လီဇီရှင်းတို့သည် ပန်းချီအကြောင်း ကောင်းကောင်းသိကြသည်။ ဆွန်းမိုရဲ့ စုတ်ချက်ကို မြင်လိုက်လျှင် ဒီလူ မရိုးရှင်းမှန်း သိလိုက်သည်။

စာရွက်ပေါ်တွင် ပြေးနေတဲ့ မြင်းတစ်ကောင် တဖြေးဖြေးနဲ့ ပေါ်လာသည်။

လူငယ်အားလုံးသည် ချမ်းသာသော မျိုးနွယ်မှာ မွေးဖွားချင်ကြပြီး ပိုကောင်းမွန်တဲ့ ဘဝတစ်ခုကို တောင်းတကြသည်။ ဒီအတွက်လည်း မမှားပါ။ ဒီလို အားကျစိတ်ကို လှုံ့ဆော်မှုအဖြစ်နဲ့ ပြောင်းလဲနိုင်ရင် တော်တော်လေး ကောင်းပေလိမ့်မည်။

သူတို့လိုချင်တာ သူတို့သိရင် အောင်မြင်ဖို့အတွက် တိုက်ပွဲ ဝင်ရမည်။

မိသားစုနောက်ခံ ကောင်းကောင်းမရှိရင် သူတို့ အဖေတွေအကြောင်းလည်း ကြွားလုံး ထုတ်လို့မရပါ။ ရုပ်မချောရင် ကြင်နာပြီး ချမ်းသာတဲ့ မိန်းမများကို

မဆွဲဆောင်နိုင်ပါ။ သူတို့ရဲ့ ကံကြမ္မာကတောင် သူတို့ကို လှောင်ပြောင်နေမည်။

....

ဒါလည်း အဆင်ပြေသည်။ လက်နှစ်ချောင်း ကောင်းနေရင် ရပြီ။

ကလောက်

ကလောက်

ကလောက် ကလောက် (မရပ်မနား ပြေးနေတဲ့ မြင်းခွာသံ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုပ်ကြိုးစားသူတိုင်း ပန်းတိုင်နဲ့ နီးသထက် နီးလာလိမ့်မည်။

ဆွန်းမိုရဲ့ ခံစားချက်တွေ တောင့်တင်းလာသည်။ ဒီလူငယ်တွေကို အားပေးရုံသာမက သူ့ဘဝအကြောင်းကိုလည်း တွေးမိလာသည်။ ဒီဘဝမှာ ငုပ်မိသဲတိုင်တက်နိုင်ဖျားရောက် ဆိုသလို မဆုတ်မနစ် မရပ်မနား ကြိုးစားရမည်။

ဘီး...........

ဆွန်းမို၏စုတ်တံက တောက်ပလာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ဝိညာဉ်ချီတွေကို ဆွဲဆောင်လာသည်။

“ဒီနေရာမှာ ဝိညာဉ်ချီ လှုပ်ရှားနေတာလား။ ဒါက အံ့ဖွယ်ပန်းခင်းလား”

ဘုရင်ခံဖန်းက တုန်လှုပ်ပြီးထအော်ကာ မီအာမူက အလိုလို ကြည့်လိုက်မိသည်။

တခြားကြည့်ရှုသူများလည်း မီအာမူ အနီးအနားမှာ ဘာမှ ထူးထူးခြားခြား မတွေ့ရပါ။ ထို့နောက် ဆွန်းမိုဆီကို အမှတ်တမဲ့ကြည့်လိုက်လျှင် ဆွန်းမိုရဲ့

ပန်းချီကားက အလင်းရောင် တောက်ပနေတာ တွေ့လိုက်ရသည်။

"ဘာကြီးလဲ"

"ငါ အမြင်မှားနေတာလား"

"အံ့ဖွယ်ပန်းခင်းက ဘာဖြစ်လို့ ပေါ်လာတာလဲ။ မြန်လွန်းလိုက်တာ"

ညော့သည်အားလုံး လုံး၀ အံ့အောသင့်နေသည်။ ပန်းချီ တိုက်ပွဲစတာ ဘယ်လောက် ကြာသေးလို့လဲ ဆွန်းမိုက ဒီအခြေအနေတောင် ၀င်ရောက်သွားပြီလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းက မြတ်ဆရာတစ်ယောက်သာမက ပန်းချီပညာရှင်လည်း ဖြစ်နေတာလား)

"ဒါ................"

လီဇီရှင်း အရမ်းအံ့အော မှင်တက်နေသည်။

"ဒါဆို ဒီလိုပေါ့"

ကျန့်ချင်ဖန် တစ်ယောက် ဘာဖြစ်လို့ ရယ်ချင်စိတ် မထိန်းနိုင် ဖြစ်သလဲဆိုတာ နောက်ဆုံးတော့ ချီမှုအန် နားလည်သွားသည်။ ဒါဆိုရင် မဟာသခင် ဂေါ့ပလင်က ဆွန်းမိုမှလွဲ၍ တခြားသူ မဟုတ်နိုင်ပါ။

ဒီအခိုက်အတန့်တွင် ကြင်ယာတော်မင်းသား ချီသည် စိတ်ခံစားချက်များစွာနဲ့ ဆွန်းမိုကို စစ်တမ်းကောက်နေသည်။

စာရေးတာနဲ့ ပန်းချီ နှစ်ခုစလုံး ထူးချွန်တယ်။ ဘယ်လိုတောင် အထင်ကြီးဖို့ ကောင်းနေတာလဲ။

ဒင်

ချီမူအန်၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရင်းနီး (၅၀၀/၁,၀၀၀)

ကျန့်ချင်ဖန်သည် ပတ်ဝန်းကျင်က ဆူညံသံတွေကို ကြားနေရသည်။ ထို့နောက် သူကခေါင်းလှည့်ပြီး စူးရှ

ခံ့ညားတဲ့ အကြည့်နဲ့ အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ (မင်းတို့အားလုံး ပါးစပ်ပိတ်ထား။ ဆွန်းမိုက နာမည်ကြီး ပန်းချီကားတစ်ခု မွေးဖွားနေတယ်။ ဘယ်သူ နှောက်ယှက်မှာလဲ။ ငါသတ်ပစ်မယ်)

သူ့ အမြင်အာရုံ ဆွန်းမိုဆီပြန်ရောက်တဲ့ အချိန် တော်တော် စိတ်ကျေနပ်သွားသည်။ သူ့သုံးသပ်ချက် မမှားခဲ့ပါ။

ပါရမီရှင်တွေက သိသိသာသာကို ထူးချွန်လွန်းသည်။ သူတို့က ယုတ္တိဗေဒ သဘောတရားနဲ့ တိုင်းတာလို့ မရပါ။

"မင်း...........မင်း ဘယ်လိုတောင် ကျွမ်းကျင်နေရတာလဲ"

အန်ရှီဝေ အံ့အားသင့်နေသည်။ သူမရဲ့ငယ်ကျွမ်းဆွေလေးက ဘယ်အချိန်တုန်းက နာမည်ကြီး အနုပညာရှင် ဖြစ်လာရတာလဲ။ ပြီးတော့ အံ့ဖွယ်ပန်းခင်း ဝင်ရောက်တဲ့ အခြေအနေနဲ့ ရင်းနှီးနေပုံရသည်။

အခန်း(၅၀၈) - လူတိုင်း တုန်လှုပ်စေတဲ့ စွမ်းရည်။

“ဒီမှာ၊ ဒီမှာ။ ငါဒီနေ့ နာမည်ကြီး ပန်းချီကားတစ်ခု ဖန်တီးမယ်လို့ ကြိုပြောလိုက်မယ်”

မီအာမူက စုတ်တံကို ပွတ်ဆွဲနေသည်။ သူ့ရဲ့အမူအရာတွေက ပန်းချီကားပေါ်မှာ ထင်ဟပ်နေသည်။ တစ်ခါတစ်လေ စိတ်လှုပ်ရှားပြီး တစ်ခါတစ်လေ ခက်ထန်တဲ့အကြည့် ဖြစ်နေသည်။ အနီးအနားမှာ ဆွေးနွေးနေတဲ့အသံကို လျစ်လျူရှုပြီး မကြားနိုင်တဲ့ အခြေအနေထိရောက်အောင် အချိန်တော်တော်ကြာအောင် ညို့ယူလိုက်သည်။

ထို့နောက် အလင်းရောင် တချို့ လင်းလာသည်။

"ဟားဟား၊ အံ့ဖွယ်ပန်းခင်း"

မီးအာမူ တော်တော်လေး ဝမ်းသာသွားသည်။ ဆက်ဆွဲခါနီးတွင် ပန်းချီကားကို ငေးကြည့်ရင်း အံ့အောသင့်နေသည်။ ဘာဖြစ်လို့ အရောင်တွေ မရှိတာလဲ။

နေပါအုံး၊ အလင်းရောင်တွေ ဘယ်ထွက်သွားတာလဲ။

အလင်းရောင်နောက် အမှတ်တမဲ့ လိုက်ကြည့်လိုက်လျှင် ဆွန်းမို စာရွက်ပေါ် ရောက်သွားတာ မြင်လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီငကြွားကောင် လက်နားသည် အခုလက်ရှိတွင် တောက်ပသထက် တောက်ပလာသည်။

"ဘာ"

မီးအာမူ တုန်လှုပ်သွားသည်။ သူ့ဘက်မှာ အခွင့်အရေး မပေါ်လာသဖြင့် ပန်းချီကားပေါ်မှာ မျဉ်းတစ်ကြောင်းကို အထိန်းကွပ်မဲ့စွာ ရေးဆွဲလိုက်သည်။

အနုပညာရှင်တွေအတွက် အဓိကအမှားပါ။ အခြေခံအားဖြင့်တော့ အံ့ဖွယ်ပန်းခင်း အခြေအနေသို့ ဝင်ရောက်ရန် မဖြစ်နိုင်တော့ပေ။ ဒါပေမယ့်

မီအာမူရဲ့ ပုံဆွဲစွမ်းရည်နဲ့ဆိုရင် သူ့ကိုယ်သူ ကယ်တင်နိုင်ခြေ ရှိသေးသည်။ အနည်းဆုံးတော့ သိပ်မဆိုးတဲ့ ပန်းချီကားတစ်ခုအဖြစ် ပြောင်းလဲလို့ ရသေးသည်။

ဒါပေမယ့် အခုတော့ အရာအားလုံး အစီပွါယ် မဲ့သွားသလို ဖြစ်နေပြီ။

“အံ့......အံ့ဖွယ်ပန်းခင်း နယ်ပယ်”

မီအာမူ မျက်နှာတွင် တုန်လှုပ်မှုများနဲ့ ပြည့်နှက်နေသည်။ အင်ပါယာကြီးတောင် ပျက်ဆီးသွားနိုင်တဲ့ အလှလေးတစ်ပါးက အနာတွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည့်နေတဲ့ သူတောင်စားတစ်ယောက်နဲ့ လက်ထက်တာ မြင်လိုက်ရသလို ဖြစ်နေသည်။ ပြီးတော့ အဲဒီ သူတောင်းစားကလည်း သ၌ျိုင်းကုန်းကို ခြေတစ်ဖက် လှမ်းနေပြီ။

(ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ)

ဒီနာမည်က အနုပညာရှင် စိတ်ရှိတိုင်း ဝင်လို့ရတဲ့ အခြေအနေ မဟုတ်ပေ။ အရည်အချင်းနဲ့သာ သက်ဆိုင်ပြီး ငွေနဲ့ဝယ်လို့ မရပါ။

ဒါပေမယ့် ဆွန်းမိုက..........................

သူ့အသက်က ဘယ်လောက် ရှိသေးလို့လဲ။ ၂၀ ပဲလေ။

မီအာမူက ဒါကိုတွေးရင်း တော်တော်လေးကို မနာလို ဒေါသထွက်လာသည်။ သူ့ဘဝရဲ့ နှစ် ၃၀ကို ဖြုန်းတီးပစ်ခဲ့သလို ခံစားနေရသည်။

“မီအာမူ စိတ်လျှော့ မင်းအမြင်မှားနေတာ ဖြစ်မယ်”

မီအာမူသည် မျက်လုံးကို အတင်းပွတ်လိုက်သော်လည်း နောက်ပိုင်းတွင် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ မမှားပါ။

ဝိညာဉ်ချီ အလင်းရောင်များကို မြင်နေရသည်။ အခုအချိန်မှာ ဆွန်းမို ပန်းချီကားက အရောင်စုံနေသည်။ ဒါက သေချာပေါက် အံ့ဖွယ်ပန်းခင်းရဲ့ အကျိုးသက်ရောက်မှုပဲ။

"ရှုံးပြီ"

"ရှုံးပြီ"

"ရှုံးပြီ"

ဗီဇအရ မီအာမူသည် စိတ်ထဲကနေ အဆက်မပြတ် ကျိန်ဆဲနေပြီး ဆွန်းမို ကျရှုံးသွားဖို့ မျှော်လင့်နေသည်။ သူ့ရဲ့ကိုယ်ပိုင်

ပန်းချီကားနဲ့ပက်သက်ပြီးတော့လဲ စိတ်မငြိမ်မသက်ဖြစ်နေသဖြင့် ဆက်ဆွဲလို့ မရတော့ပါ။

နာရီဝက်လောက်ကြာတော့ ဆွန်မို စုတ်တံကိုရုတ်သိမ်းလိုက်သည်။ ပန်းချီကား ပြည့်စုံသွားပြီ။

လူတိုင်းရဲ့ အမြင်ထဲတွင် အရှိန်အဟုန်ပြင်းပြင်းနဲ့ပြေးနေတဲ့ မြင်းတစ်ကောင် ပေါ်လာသည်။

လင်းရျောင် ခန်းမတစ်ခုလုံးတိတ်ဆိတ်သွားသည်။ လူတိုင်း အလိုလို အရှေ့သို့ခြေလှမ်းတိုးပြီး ခြေဖျားထောက်ကာ လည်ပင်းဆန့်၍ကြည့်နေကြသည်။

"မဟာသခင် မီအာ၊ ပန်းချီဆက်ဆွဲနေသေးတာလား"

ချီမူအန်က မေးလိုက်သည်။

စည်းမျဉ်းအရတော့ ပန်းချီတိုက်ပွဲတစ်ခုတွင် နှစ်ဖက်စလုံး ပန်းချီကား ပြီးတဲ့အချိန် ဒါမှမဟုတ် သဘောတူညီထားတဲ့ အချိန်အကန့်အသတ်ကို ရောက်မှသာ ပန်းချီကား နှစ်ချပ်ကို နှိုင်းယှဉ်ကြမည်။ ဒါပေမယ့် အခုလက်ရှိမှာတော့ မီအာမူ စိတ်ဓါတ်ပြိုလဲသွားတာ သိသာနေသည်။

"ဟု......ဟုတ်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မီအာမူ အာရုံတွေ ပြန်စုပြီး ပန်းချီဆက်ဆွဲဖို့ လုပ်လိုက်သည်။ ဒါပေမယ့် စိတ်တွေက ကယောက်ကယက် ဖြစ်နေသည်။ စောစောတုန်းက ခံစားချက်တွေလည်း ပျောက်ကွယ်ကုန်သည်။

(ဒါက ဘယ်လို ဖြစ်တာလဲ)

(ဒါက ငါ့ကျော်ကြားမှုကို မြှင်တင်မယ့် ပွဲတစ်ပွဲလေ။ ဘာဖြစ်လို့ လူပြိန်းက အာရုံတွေ သိမ်းပိုက်သွားရတာလဲ)

"ဆရာ မီအာ၊ ပန်းချီ ပြီးအောင် အဆုံးမသတ်နိုင်ရင်လည်း ကို့ကိုယ်ကို အတင်းအကျပ် မလုပ်ပါနဲ့"

ကျန့်ချင်ဖန်က နှစ်သိမ့်လိုက်သည်။

"မဟာသခင် မီအာ၊ ဘာဖြစ်လို့ အရင်ဆင်းလားပြီး အနားမယူတာလဲ"

ချီမူအန်က မီအာမူ နောက်ဆုတ်လို့ ရအောင် လမ်းကြောင်းပေးလိုက်သည်။

(မင်းက အရမ်းကျော်ကြားပြီး ချင်လင်ရဲ့ နံပါတ်တစ် ပန်းချီဆရာအဖြစ် လူသိများပါတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမိုက ပန်းချီတိုက်ပွဲမှာ နာမည်ကြီး ပန်းချီတစ်ချပ် ဖန်တီးခဲ့ပြီ။ သူ့ကို အနိုင်ယူဖို့ ဘာသုံးမှာလဲ)

နာမည်ကြီး ပန်းချီကားတစ်ချပ်ကပဲ နာမည်ကြီး ပန်းချီကားတစ်ချပ်ကို အနိုင်ယူနိုင်လိမ့်မည်။

တကယ်လို့ သူသာ လိမ္မာပါးနပ်ပါက အမြန်အောက်ဆင်းလာပြီး ပန်းချီကားကို လူတွေ ခံစားဖို့အတွက် နှောင့်နှေးအောင် မလုပ်သင့်ပါ။

"ငါ.....ငါ....."

မီအာမူက နဖူးကနေ ချွေးတွေ စီးကျနေသည်။ ပြီးခဲ့တဲ့သုံးနှစ်က နာမည်ကြီး ပန်းချီကားတစ်ချပ် ဖန်တီး နိုင်ခဲ့ပြီး ဘယ်နေရာကိုသွားသွား မဟာသခင် တစ်ယောက်အဖြစ် သဘောထား ဆက်ဆံကြသည်။ အဲဒီအချိန်ကစပြီး အခက်အခဲ တစ်ခါမှ မဖြစ်ဖူးပါ။

မီအာမူ တကယ်ထွက်သွားချင်သော်လည်း ကျော်ကြားတဲ့ အနုပညာရှင်တစ်ယောက်ရဲ့ မာနအရ ဆက်နေဖို့ ဆုံးဖြတ်လိုက်သည်။ တိုက်ပွဲကနေ ထွက်မပြေးပါ။

"ငါအဆင်ပြေသေးတယ်။ ပန်းချီကားကို ကြည့်ရအောင်"

မီအာမူ အသက်ခပ်ပြင်းပြင်းလေး ရှူပြီး စိတ်ငြိမ်အောင်လုပ်လိုက်သည်။ ဆုတ်ယုတ်မှုကို ခံစားရသော်လည်း စိတ်တည်ငြိမ်စေတဲ့ လေ့ကျင့်ခန်းတစ်ခု ယူဆလိုက်သည်။

"အစေခံတွေ၊ ပန်းချီကားကို ပြလိုက်စမ်း"

ကျန့်ချင်ဖန်က လက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။ ချက်ခြင်းဆိုသလို အရပ်ရှည်တဲ့ အစေခံနှစ်ယောက်သည် ပန်းချီကားကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်ဘက်ကတစ်ယောက် ညာဘက်ကတစ်ယောက် ကိုင်လာပြီး ပရိတ်သတ်များ မြင်အောင် ပြလိုက်သည်။

ဟူး

လူတိုင်း သဘောကျပြီး အာမေဒိတ် အသံများထွက်လာသည်။

စာရွက်ပေါ်တွင် မြက်ခင်း စိမ်းစိမ်းများ ၊ မိုးကုတ်စက်ဝိုင်းအထိ ရောက်အောင် တိုက်ခတ်နေတဲ့ လေလှိုင်းများ၊ ကြည်ပြာရောင် ကောင်းကင်တွင် လွင့်မျောနေတဲ့ တိမ်တိုက်များ မြင်နေရသည်။

ရေကန်ဘေးမှာတော့ မြင်းတစ်အုပ် အနားယူနေကြသည်။

ဒါပေမယ့်လည်း ကောင်းကင်ယံက တိမ်တိုက်များအနောက်သို့ လျှပ်စီးကဲ့သို့ လျှင်မြန်သော အရှိန်နဲ့ ပြေးလိုက်နေတဲ့ မြင်းထီး(မြင်းပျို) ခုနှစ်ကောင် ရှိသေးသည်။

သူတို့ ခွာများက ရွံ့ကို နင်းသည်၊ စိမ်းလန်းတဲ့ မြက်ခင်းကိုလည်း နင်းသည်။ သူတို့ရဲ့ လည်ဆံမွေးများနှင့် အမြီးများကလည်း လေနဲ့အတူ လွင့်နေပြီး ခမ်းနားထည်ဝါလှသည်။

ဒီနာမည်ကြီး ပန်းချီကား တင်ပြတဲ့ အကြောင်းအရာက မရှုပ်ပါ။ ပုံမှန် မြင်နေကြ ရိုးရှင်းတဲ့ အယူအဆ တစ်ခုဖြစ်သော်လည်း ခမ်းနားထည်ဝါလှသည်။ လူတွေစိတ်ကူးထဲမှာ သူတို့သည် အဆုံးမရှိတဲ့ မြင်ခင်းများပေါ် ရောက်နေပြီး ကောင်းကင်ကြီးနှင့် မြေကြီး တသားတည် ဖြစ်နေကြသည်။ ထို့နောက်မှာ သူတို့က ပြေးနေတဲ့ မြင်းတွေ ဖြစ်နေကြသည်။ ကြွက်သားတွေရုန်းကန်လာပြီး မူးဝေလာသည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ ခွန်းအားရဲ့ အလှအပကို မြင်နေရသည်။

ရုတ်တရုတ် အံ့အောသင့်ကာ အာမေဒိတ် အသံများ ထွက်လာပြီးနောက် ဧည့်သည်များသည် ကခုန်နေတဲ့ မြင်းများ ပန်းချီကားကို တိတ်တဆိတ် ခံစားနေကြသည်။

ဒါက နာမည်ကြီး ပန်းချီကားရဲ့ စွမ်းအားပါ။ ပုံဆွဲမှုကို နားမလည်ရင်တောင် ဆွဲဆောင်မှု ခံရသည်။

“ အပြောင်မြောက်ဆုံးပဲ ၊ တကယ်ကို အပြောင်မြောက်ဆုံးပဲ။ တစ်ချက်ကြည့်လိုက်ရုံနဲ့ စိတ်ထဲမှာ ခွန်အားတွေ ပြည့်လာတယ်။ ငါ အဲဒီ မြင်းပျိုလေးတွေလို ပြေးချင်တယ်”

ဘုရင်ခံဖန်းက သဘောကျစွာ သက်ပြင်းချလိုက်သည်။

"ဆွန်းမိုက တကယ့်ကို နာမည်ကြီး ပန်းချီပညာရှင် တစ်ယောက်ပါလား"

ချောင်ရှန် တုန်လှုပ်နေပြီး ဘေးက ယူရုံပိုကို တစ်ချက် စိုက်ကြည့်လိုက်သည်။

"ငါလည်း အခုမှသိတယ်"

ယူရုံပိုလည်း ဆွန်းမိုကို သိချင်စိတ်နဲ့ အကဲခတ်နေသည်။ (ကောင်လေး၊ တကယ်ကို လုံလုံခြုံခြုံ ဖုံးကွယ်ထားတာပဲ။ မင်းရဲ့

အရည်အချင်းက အဆက်မပြတ် တက်လာတဲ့ ဒီရေလို မကုန်နိုင်တော့ဘူးလား)

ဒင်

ယူရုံပို့ရဲ့ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၈၃၆/၁,၀၀၀)

လုချီဟွာကတော့ တည်တည်ငြိမ်ငြိမ်ပဲ ကြည့်နေသည်။

"ကောင်းပြီ၊ ရပါတယ် မင်းတို့အားလုံး ဒီလောက် ထိတ်လန့်နေစရာ မလိုပါဘူး။ ဒါက ဆရာ့ စံနှုန်းတဲ့ဆို ပုံမှန်ပဲ။ ဂုဏ်ပြုလိုက်ကြစို့"

အင်ဘိုင်ဝူက ဒီအချက်ကိုတော့ သံသယ မရှိပါ။

ဂလု

လီဇီချီကတော့ ပန်းချီကားကိုကြည့်ပြီး တံတွေး တစ်ချက် မြိုချလိုက်သည်။ ဆွန်းမိုကို မျက်လုံးစုံမှိတ် ကိုးကွယ်တဲ့ လုချီဟွာနဲ့ ပုံဆွဲတဲ့အကြောင်းကို ဘာမှမသိတဲ့ အင်ဘိုင်ဝူတို့နဲ့ မတူဘဲ အဲ့ဖွယ် ပန်းခင်းနယ်ပယ်ရောက်ဖို့ ဘယ်လောက်ခက်လဲဆိုတာ လီဇီချီ သိနေသည်။

ဆရာ့အတွက်တော့ ကြိုက်တဲ့အချိန် ဝင်လို့ရတဲ့ ပုံပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အိုဘုရားရေ၊ မင်းကကောင်းကင်ဘုံရဲ့ အချစ်ဆုံး ကလေးလား)

....

ကူရှုပ်ရှင်းက ပန်းချီကားကို ကြည့်နေသည်။ ထို့နောက် အန်ရှီဝေကို ရုတ်တရက် လှည့်ကြည့်လိုက်သည်။ သူမက အန်ရှီဝေကို အမြဲတမ်း ကိုးကွယ်ခဲ့သော်လည်း အခုတော့ အနည်းငယ် မနာလိုတောင် ဖြစ်လာသည်။

(မင်းက ဘာဖြစ်လို့ ဒီလောက်ထူးချွန်တဲ့လူနဲ့ စေ့စပ်ထားရတာလဲ)

"သူနဲ့ မထိုက်တန်ဘူးလို့ ရုတ်တရုတ် ခံစားရတယ်"

အန်ရှီဝေသည် လက်ခုပ်တီးရင်း သက်ပြင်းခပ်လေးလေး ချလိုက်သည်။

ကူရှုပ်ရှင်း လန့်ဖြန့်ပြီး ထခုန်လိုက်သည်။ ကမန်းကတမ်း ခေါင်းငုံ့လိုက်ပြီး

"မ....မဟုတ်ဘူး။ အစ်မ အန်ရှီဝေက အရမ်းထူးချွန်တယ်"

....

"မင်းသားလီ၊ ဘယ်လိုလဲ"

ကျန့်ချင်ဖန်က တပြုံးပြုံးနဲ့ မှတ်ဆိတ်ပွတ်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

လီဇီရှင်း မျက်နှာပုပ်နေပြီး စိတ်ဓါတ်ကျကာ သွေးချောင်း ဆိုးချင်သလို ဖြစ်နေသည်။ တခြား ဘာပြောနိုင်မှာလဲ။ ချီးကျူးရုံပဲ တတ်နိုင်တော့သည်။

"ကောင်းတယ်၊ အရမ်းကောင်းတယ်"

ဒါက နာမည်ကြီးပန်းချီကားပါ။ လီဇီရှင်းသည် တော်ဝင်မျိုးနွယ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း ဒါကို အကဲဖြတ်နိုင်တဲ့ အနေအထားမရှိပေ။

"ဟားဟား၊ ကောင်းလား။ ဘယ်အချက်တွေ ကောင်းတာလဲ"

ကျန့်ချင်ဖန်က ထပ်မေးလိုက်သည်။

(ဘာဖြစ်လို့ ငရဲ မသွားတာလဲ)

လီဇီရှင်းသည် ကျန့်ချင်ဖန်ကို တိတ်တဆိတ် ကျိန်ဆဲရင်း တစ်ချက်ကြည့်လိုက်သည်။ လေသံက ကြမ်းတမ်းလာပြီး

"တောင်းပန်ပါတယ်။ ငါ့ရဲ့လေ့လာမှုက တိမ်မြုပ်လွန်းတော့ မပြောနိုင်ဘူး"

ဘယ်လိုပဲဖြစ်ဖြစ် လီဇီရှင်းက တော်ဝင်ပညာရေးကို လက်ခံထားတဲ့လူပါ။ ဒီပန်းချီကားရဲ့ အားသာချက်ကို ထုံးစံအတိုင်း မြင်နိုင်သည်။ ဒါပေမယ့် သူ့သားကို သတ်ခဲ့တဲ့ လူသတ်သမားကို ချီးကျူးဖို့လား။ သူ့ကို သတ်လိုက်တာမှ ပိုကောင်းသေးသည်။

“မဟာသခင် မီအာရေ၊ မင်းသားလီက နားမလည်ဘူးဆိုတော့ မင်းက နာမည်ကြီးအနုပညာရှင်လေ။ ဒီပန်းချီကားရဲ့ ကောင်းကွက်ကလေးတွေ ပြောပေးလို့ ရမလား”

ကျန့်ချင်ဖန်က ပစ်မှတ် ပြောင်းလိုက်သည်။

"ဒီ ပန်းချီကားက လူငယ်တွေရဲ့ သွေးဆူမှုနဲ့ ထက်မြတ်မှုတွေကို ဖော်ပြနေတယ်"

မီအာမူ ရှက်ရှက်နဲ့ ပြောလိုက်သည်။ သူက သာမန်ကာလျှံကာပဲ ကောက်ချက်ချလိုက်သည်။

"အားလုံးပဲ၊ ဆရာဆွန်းကို မဟာသခင်ဆွန်းလို့ မြင်သင့်တယ်။ ဘာပဲဖြစ်ဖြစ် နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ဖန်တီးခဲ့ပြီးပြီလေ။ မဟာသခင်ဘွဲ့နဲ့ ထိုက်တန်ပါတယ်။ စောစောတုန်းက

တခြားသူတွေရဲ့ ပန်းချီကားကို အကဲဖြတ်ဖို့ အရည်အချင်း ပြည့်မှီရဲ့လား”

“ထုံးစံအတိုင်း ရပါတယ်”

ဘုရင်ခံဖန်းက ထောက်ခံလိုက်သည်။

စောစောတုန်းက ဆွန်းမိုသည် အပြစ်မရှိ ချစ်တီးခေါင်း သန်းရှာနေတယ်လို့ ပြောခဲ့တဲ့လူတွေသည် အခုတော့ နည်းနည်းလေး ရှက်နေကြသည်။ နာမည်ကြီး ပန်းချီဆရာတစ်ယောက်က တခြားနာမည်ကြီး ပန်းချီဆရာတစ်ယောက်ရဲ့ ပန်းချီကားကို

အကဲဖြတ်ခွင့်မရှိရင် ဘယ်သူက အကဲဖြတ်ခွင့်ရှိမှာလဲ။

ထို့နောက် ဆွန်းမိုက ပန်းချီဆွဲတာ နားမလည်ဘူးလို့ ပြောခဲ့တဲ့ အကြောင်းကို သတိရပြီး မီအာမူကို လှည့်ကြည့်လိုက်သည်။ နောက်ဆုံးတော့ မီအာမူပဲ ချေမှု ခံလိုက်ရသည်။

ဒါပေမယ့် ဆွန်းမိုကလည်း တော်တော်လေး အထင်ကြီးစရာ မကောင်း မလွန်းဘူးလား။ စံချိန်ချိုးပြီး အဆင့်တစ်လည်းယူကာ နာမည်ကြီး ပန်းချီကားတစ်ချပ်လည်း ဖန်တီးခဲ့သေးသည်။

(သူ မလုပ်နိုင်တာ ဘာဖြစ်မလဲ)

"မဟာသခင် ဆွန်း၊ မင်းပုံဆွဲတာ ဘယ်လောက်ကြာပြီလဲ"

ချီမူအန် သိချင်လာသည်။

"တခါမှတော့ အလေးအနက်ထားပြီး မလေ့ကျင့်ခဲ့ဖူးဘူး။ ပျင်းလာတဲ့ အခါကျမှ ပေါ့ပေါ့ပါးပါး ရေးဆွဲတတ်တယ်"

ဆွန်းမိုက အားတင်းပြီး ရှင်းပြလိုက်သည်။ ကိုယ်ပိုင် အပြင်းဖြေဖို့အတွက် အောမင်းသမီးပုံတွေ

ရေးဆွဲဖို့ လုပ်ထားသော်လည်း အခုတလော အလုပ်များနေသဖြင့် ပုံဆွဲရန် အချိန်မရပါ။

ဝိုး

ညှော်သည်တွေဆီက အာမေဒိတ် အသံတွေ ထွက်လာသည်။ ဒါမှ ပါရမီရှင်လို့ ခေါ်တာ မဟုတ်လား။

ဖန်ဝူဂျီက အရက်သောက်ပြီး ဒီမှာ ဖြစ်ပျက်သမျှကို လျစ်လျူရှုထားသော်လည်း လျှို့မှုဘိုင်က အရာအားလုံး မြင်နေသည်။

အမှန်တိုင်းပြောရလျှင် နည်းနည်းလေးတော့ မနာလို ဖြစ်မိသည်။

ဘာပဲပြောပြော ကျွမ်းကျင်မှုအများကြီး ရှိတာ မဆိုးပါဘူး။

“စိတ်လျှော့၊ စိတ်လျှော့၊ ပုံဆွဲတယ်ဆိုတာ အသေးစား တာအိုလေးပါ”

လျှိုမူဘိုင် ကို့ကိုယ်ကို ဖြေသိမ့်လိုက်သည်။

“ဆရာ၊ နာမည်ကြီး အနုပညာလမ်းကြောင်းက အနာဂတ် မရှိတဲ့လူတစ်ယောက် ဖြစ်မဲ့ ကံတရားပါ”

ဟန်ကျိရှင်း လေးသံတိုးတိုးလေးနဲ့ နှစ်သိမ့်လိုက်သည်။

"မင်းရဲ့ ပန်းတိုင်က သူတော်စင်ဖြစ်ဖို့နဲ့ ၊ လူတိုင်းကို ပညာဖြန့်ဝေပေးဖို့ပဲ"

"ငဖား"

လျှိုမူဘိုင်သည် သူ့တပြည့်ကို ပါးစပ်က ကြိမ်းမောင်းလိုက်သော်လည်း စိတ်ထဲက ပိုချစ်ခင်လာသည်။ (ဆွန်းမို၊ မင်းမှာ ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူ ရှိတယ်။ ငါ့ရဲ့ ဟန်ကျိရှင်းကလည်း မဆိုးပါဘူး။ သူတစ်ယောက်တည်းနဲ့ မင်းရဲ့

တိုက်ရိုက်တပြည့် ခြောက်ယောက်စလုံးကို ပြိုင်နိုင်တယ်)

“မဟာသခင်ဆွန်း၊ မင်းမှာ ပန်းချီကား ရောင်းဖို့ ဆန္ဒရှိလား ငါသိချင်တယ်”

ဘုရင်ခံဖန်း လက်လှုပ်ပြီး မျှော်လင့်ချက်တကြီး မေးလိုက်သည်။

“ဖန်းလန်၊ ဒီစကား မမှန်ဘူး။ ဆရာဆွန်းရဲ့ ပန်းချီကားကို ငါယူထားတယ်လို့ စောစောကပဲ ကြိုပြောထားတယ်လေ”

ကျန်နို့ချင်ဖန်က ကမန်းကတန်း ပြောလိုက်သည်။

ဆွန်းမိုက ဖန်းလန်ကို ငြင်းလိုက်လျှင် စော်ကားသလို ဖြစ်သွားနိုင်သည်။ ဒါကြောင့် ကျန့်ချင်ဖန် ထုတ်ပြောတာ ပိုကောင်းသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပန်းချီကားကိုလက်လွှတ် မခံနိုင်ပေ။

"တောက်၊ လူအိုကြီးကျန့်၊ တကယ့်ကို အကြံတွေနဲ့ ကစားနေတာပဲ။ မင်း အသက်ကြီးလာတာနဲ့အမျှ အရှက်လည်း နည်းလာတယ်နော်"

ဘုရင်ခံဖန်းက ကြိမ်းမောင်းလိုက်သည်။ ထုံးစံအတိုင်း ဒါသည် မိတ်ဆွေတွေကြားက စနောက်ခြင်းပါ။

လီဇီရှင်းက ဆွန်းမိုကို ဖိနှိပ်ချင်သော်လည်း ပန်းချီတိုက်ပွဲပြီးတဲ့နောက် ဆွန်းမိုရဲ့ ကျော်ကြားမှုက တကယ့်ကို ပေါက်ကွဲထွက်လာသည်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မီအာမူကို တစ်ချက်ကြည့်လိုက်သည်။ ဒီကောင် လုံးဝကို ပြိုလဲနေပြီး ထပ်အားကိုးလို့ မရတော့ပါ။ ဒါကြောင့် လီဇီရှင်းသည် နိဂျင်တင်ဘက် လှည့်ကြည့်လိုက်သည်။

(ဒီလို အရေးကြီးတဲ့ အခိုက်အတန့်မှာ မင်းကို အားကိုးနေရတုန်းပဲ)

“အဟွတ့် အဟွတ်”

နိဂျင်တင်က နှစ်ကြိမ်ဆက်တိုက် ကျယ်လောင်စွာ ချောင်းဟန့်လိုက်သည်။

ပတ်ဝန်းကျင်မှာရှိတဲ့ စကားပြောသံများ ပျောက်သွားသည်။ ညွှေ့သည်တွေ လှည့်ကြည့်လာသည်။ နိဂျင်တင်က ကြယ်သုံးပွင့် ဆရာတစ်ယောက်ပါ။ ဒါက သူ့ကို လေးစားမှုပေးတာ ဖြစ်သည်။

“ဆရာဆွန်း၊ ပုံဆွဲတယ်ဆိုတာ တာအိုအသေးစားလေးပါ။ ငါကတော့

မြတ်ဆရာတစ်ယောက်အနေနဲ့ တခြားသူတွေကို ပညာသင်ပေးတဲ့ နေရာမှာ ပိုအာရုံစိုက်သင့်တယ် ထင်တယ်”

နိဂျင်တင်က ပို့ချလိုက်သည်။

“ဟားဟား”

လီဇီရှင်း တိတ်တိတ်လေး ပျော်ရွှင်သွားသည်။ (ဒါဆို မင်း ဒေါသထွက်မှာလား ၊မထွက်ဘူးလား)

(မင်းက ကြယ်အဆင့်နိမ့်တဲ့ မြတ်ဆရာဆိုတော့ ဆုံးမတာကို နာခံပြီး သတိပေးတာကို လက်ခံရမယ်။ ငြင်းရဲလား။ ဒါဆိုရင်တော့ စီနီယာတွေကို

မလေးမစားလုပ်မှုနဲ့ စွဲချက်တင်လိုက်မယ်။ အဲဒီလိုဆို မြတ်ဆရာလောက က စီနီယာတွေ မင်းကို သေချာပေါက် မကျေမနပ် ဖြစ်ကြလိမ့်မယ်)

အခန်း(၅၀၉) - ဆွန်းမိုကို လျှော့တွက်မိမှာဘဲ တော်တော်လေး ကြောက်တယ်။

နိဂျင်တင်၏ ပို့ချမှုသည် ယုတ္တိတော့ ရှိသည်။

နာမည်ကြီ ပန်းချီကားလို အရာများသည် ကမ္ဘာပေါ်တွင် မရှိမဖြစ်တော့ မဟုတ်ပေ။ ခေတ်သစ်ကမ္ဘာမှာလို ဗန်ဂိုနဲ့ ဒါဗင်ချီ တို့ကို နာမည်ကြားဖူးကြပေမယ့် အိုင်စတိုင်းနှင့် နယူတန်ကတော့ လူသိပိုများတာ သေချာသည်။

ကမ္ဘာကြီးအတွက် သူတို့ရဲ့ အကူညီအကြောင်း ပြောရရင် အိုင်စတိုင်းက ဒါဗင်ချီထက် သေချာပေါက် ပိုများသည်။

"ပွဲကောင်းတစ်ပွဲ စတော့မယ်"

ကူရှပ်ရှင်း တိတ်တဆိတ် ပျော်ရွှင်နေသည်။ (တောခွေးနက်ကြီး ဆွန်းဆိုတဲ့ နာမည်ကို အတုလို့များ ထင်နေတာလား။ နောက်ဆုံးကျရင် မင်းကိုယ်မင်း သံသယဝင်လာတဲ့အထိ အကိုက်ခံရမှာ သေချာတယ်)

"မင်းအရည်အချင်းက မဆိုးဘူး။ ပန်းချီဆွဲတဲ့နေရာမှာ အချိန်မဖြုန်းနဲ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင်က ဆန်းမိုကို လမ်းညွှန်ပေးနေတဲ့ ပုံစံ လုပ်နေသော်လည်း တကယ်က အထင်သေးလာအောင် အကွက်ဆင်ဖို့ ကြိုးစားနေသည်။ (လမ်းညွှန်မှုအတွက် ကျေးဇူးတင်လိုက်ပါက အညစ်အကြေး စားလိုက်ရသလို အီလည်လည် ခံစားရမှာ သေချာတယ်။ ပြန်ငြင်းရင်တော့ စီနီယာကို မလေးစားတဲ့ ခေါင်းစဉ်တပ် ပေးလိုက်မယ်)

"နိဂျင်တင် မင်းစကားတွေ မှားနေပြီ"

အန်ရှီဝေနှင့် ယူရုံပိုသည် နိဂျင်တင် တော်တော်လေး သောက်ကျင့်မကောင်းဘူးလို့ မြင်နေကြပြီ။ ဆွန်းမိုကို ဒီအခက်အခဲက လွတ်မြောက်အောင် ကူညီဖို့ လုပ်နေတဲ့အချိန်တွင် ဝိညာဉ်ချီများ ရုတ်တရက် စုရုံးလာပြီး လူငယ်လေးတစ်ယောက်ဆီ တိုးဝင်လာသည်။

ရွှစ်

အနီးအနားအမှာ ရှိတဲ့ ညွှေ့သည်တွေ ဘေးသို့အမြန် ရှောင်ပေးလိုက်သည်။ လှည့်ကြည့်လိုက်လျှင် ကျောင်းဝတ်စုံနဲ့

လူငယ်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။ လူငယ်လေးကတော့ သတိမထားမိဘဲ ဆွန်းမို ပန်းချီကားကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"သူ့အဆင့်တက်တော့မယ်"

ချောင်ရှန်က စိတ်လှုပ်ရှားစွာ အသံလေးတိုးပြီး ပြောလိုက်သည်။

"အားလုံး တိတ်တိတ်နေကြ"

ဒါက သူ့ကျောင်းက ပျိုးပင်ကောင်းဖြစ်ပြီး သူ့အဆင့်တက်နေတာ အနှောက်ယှက် မဖြစ်စေရပါ။

"ဝူဂျီ မင်းသောက်နေတာ ရပ်လိုက်တော့"

ယူရုံပိုက ဆူပူကြိမ်းမောင်းလိုက်သည်။ ဒူအောင်ချောင်းက ဖန်ဝူဂျီရဲ့တိုက်ရိုက် တပြည့်ပါ။ ဒီချိန်တွင် ဖန်ဝူဂျီက သူ့ဘေးနားတွင် ကာကွယ်ဖို့ ရှိနေရမည်။

"အမ်၊ ချောင်းလေး အဆင့်တက်တော့မှာလား"

ဖန်းဝူဂျီ မျက်နှာပေါ်တွင် ပျော်ရွှင်မှုပေါ်လာပြီး မတ်တပ် ထရပ်လိုက်သည်။ ဒူအောင်ချောင်း စိတ်ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်တွင် သွေးကြောဆုံမှတ် ၁၂ ဖွင့်ပြီးနောက် ထစ်ဆို့တဲ့ အခြေအနေကို ရောက်နေသည်။ ဒါပေမယ့်

အခုလိုအချိန် အဆင့်တက်သွားမယ်လို့ မထင်ထားခဲ့ပါ။

ဖန်ဝူဂျီ ကမန်းကတန်း ရောက်လာလျှင် ဒူအောင်ချောင်းက အခုလက်ရှိမှာ ဆွန်းမို ပန်းချီကားကို ငေးကြည့်နေတာ မြင်လိုက်ရသည်။ သူလည်းလှမ်းကြည့်လိုက်လျှင် စိတ်တွေ ချက်ခြင်း တောင့်တင်းသွားသည်။

ဝုန်း

ဒူအောင်ချောင်း အဝတ်အစားက လေမတိုက်ဘဲ ဖောင်းကားလာသည်။ သူ့ခန္ဓာကိုယ်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပတ်ဝန်းကျင်မှာရှိတဲ့ ဝိညာဉ်ချီများကို အရှူးအမူး စုပ်ယူနေတဲ့ ဝဲကြီးတစ်ခုနဲ့ တူနေသည်။

သုံးမိနစ်လောက် ကြာတော့ အဆင့်တက်တာ ပြီးဆုံးသွားသည်။

ဟူး

ဒူအောင်ချောင်းက သက်ပြင်းအရှည်ကြီး မှုတ်ထုတ်လိုက်သည်။

ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်၊ သွေးကြောဆုံမှတ် ၁၅ခုပွင့်တာ အောင်မြင်သွားပြီ။

"ကျောင်းအုပ်ကြီး ချောင်၊ ဂုဏ်ပြုပါတယ်။ မင်းရဲ့ လေးစားထိုက်တဲ့ကျောင်းမှာ ပါရမီရှင် နောက်တစ်ယောက် မွေးဖွားလာပြန်ပြီ"

ဒူအောင်ချောင်းက ဆွန်းမိုနှင့် လျိုမူဘိုင်တို့ တပြည့်တွေအတွက် ကြောက်ဖို့ကောင်းတဲ့ ပြိုင်ဘက် ဖြစ်လာဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် ရှိနေသော်လည်း အန်ရှီဝေက ချောင်ရှန်ကို ချီးကျူးနေဆဲပါ။

အန်ရှီဝေ အရမ်းသဘောထားကြီးပြီး ပွင့်ပွင့်လင်းလင်း ရှိတာ သံသယ ရှိစရာ မလိုပါ။

“ဝိညာဉ် ပြုပြင်ခြင်း နယ်ပယ်လား။ အထင်ကြီးစရာပဲ”

လျိုမူဘိုင်က ချီးကျူးလိုက်သည်။

“ဟားဟား။ သူ့နာမည်က ဒူအောင်ချောင်း ၊ ဝူဂျီရဲ့တိုက်ရိုက် တပြည့်ပါ။ အနာဂတ်မှာ မတော်တဆမှုတွေနဲ့ မကြုံရင် ငါတို့ မရီဒန်အကယ်ဒမီရဲ့ ထိပ်တန်းကျောင်းသား ဖြစ်လာလိမ့်မယ်”

ချောင်ရှန်က မိတ်ဆက်ပေးပြီး ဒူအောင်ချောင်း၏ ဂုဏ်သတင်း မြင့်တက်လာအောင် ကူညီပေးလိုက်သည်။

ဒီအချိန်တွင် အန်ရှီဝေကလည်း တိုက်ပွဲခန်းမ၏ နံပါတ်တစ်ကျောင်းသားဖြစ်တဲ့ ဖန်ရန်ကို ခေါ်လာသဖြင့် သူ ကျော်ကြားနေခဲ့သည်။

ထုံးစံအတိုင်း လူတိုင်းက ချီးကျူးဖို့ ကပ်စေးမနည်းကြပါ။ အနီးအနားမှာရှိတဲ့ လူတွေက ချောင်ရှန်ကို ချီးကျူးနေလျှင် ချောင်ရှန်တစ်ယောက် သွားတွေပေါ်အောင် တပြုံးပြုံး ဖြစ်နေသည်။

"ဆရာ၊ ငါလေ နောက်ဆုံးတော့ ထစ်ဆို့မှုကို ကျော်ဖြတ်ပြီး အဆင့်တက်သွားပြီ"

ဒူအောင်ချောင်းက ဖန်ဝူဂျီဆီ ပြေးသွားပြီး ဝမ်းသာအားရ တင်ပြနေသည်။

"အင်း၊ ငါမြင်တယ်"

ဖန်ဝူဂျီက ဒူအောင်ချောင်းကို အကဲဖြတ်နေပြီး လက်ဆန့်ကာ ခန္ဓာကိုယ်ကို စစ်ဆေးလိုက်သည်။

"သွား၊ ဆရာဆွန်းကို ကျေးဇူးတင်လိုက်အုံး။ သူ့နာမည်ကြီး ပန်းချီကားရဲ့ လှုံ့ဆော်မှုမရှိရင်

ထစ်ဆို့မှုကို ကျော်ဖြတ်ဖို့ ဘယ်လောက်ကြာမလဲ မသိဘူး”

ဒီစကားကို ကြားလိုက်လျှင် လူတိုင်း အံ့အောသွားသည်။ (ဒါက ဘာပြောချင်တာလဲ။ မင်းတို့က ပြိုင်ဘက်တွေ မဟုတ်ဘူးလား)

ဒူအောင်ချောင်းလည်း အံ့အောသွားသည်။ ထို့နောက် ခေါင်းညိတ်ပြီး ဆွန်းမိုဆီ လျှောက်သွားကာ အရိုအသေ ပေးလိုက်သည်။

“ဆရာဆွန်း ၊ မင်းရဲ့ နာမည်ကြီး ပန်းချီကားအတွက် ကျေးဇူးတင်ပါတယ်။

အောင်မြင်စွာ အဆင့်တက်နိုင်အောင် ကူညီပေးခဲ့တယ်”

“မင်းစကားတွေ လေးနက်နေပါပြီ။ မင်း နားလည်နိုင်စွမ်း အရမ်းမြင့်နေလို့ပါ”

ဆွန်းမိုက နှိမ့်ချလိုက်ပြီး အရိုအသေပေးမှုကို လက်မခံခဲ့ပေ။

“ဆရာဆွန်း၊ မင်းနှိမ့်ချမနေနဲ့တော့။ ဒီ တဟုန်တိုး ပြေးနေတဲ့ မြင်းများ ပန်းချီကားက ကျောင်းသားတွေရဲ့ စိတ်နှလုံး မြှင့်တင်ပေးနိုင်တဲ့ အကျိုးသက်ရောက်မှု ရှိတယ်။ တကယ်လို့ ဝန်းကြီးချုပ်ကျန့်သာ

ကြိုမယူထားရင် ဒါကိုပြဖို့အတွက် ကျောင်းကို ယူသွားပြီး ကျောင်းသားတိုင်းကို ပေးကြည့်လိုက်ချင်တယ်”

ယူရုံပိုက ရယ်ပြီး ပြောလိုက်သည်။

ရှုး

ဒီစကားကို ကြားလျှင် လူတိုင်း လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ သူတို့သည် ပန်းချီကား၏ ဆွဲဆောင်မှုကို ခံစားမိသော်လည်း ဒီလိုမျိုး အကျိုးသက်ရောက်မှု ရှိလိမ့်မယ်လို့တော့

မမျှော်လင့်ခဲ့ပေ။ ထို့နောက် သူတို့အားလုံး နိဂျင်တင်ကို အလိုလို ကြည့်မိလိုက်သည်။

စောစောတုန်းက ဒီကြယ်သုံးပွင့် မြတ်ဆရာသည် ပုံဆွဲခြင်းက အသေးစားတာအို ဖြစ်တယ်ဆိုပြီး ဆွန်းမိုကို ဝေဖန်နေခဲ့သည်။

နောက်ဆုံးတော့ ဆွန်းမိုရဲ့နာမည်ကြီး ပန်းချီကားက ထစ်ဆို့မှု ဖြစ်နေတဲ့ ကျောင်းသားတစ်ယောက်ကို အဆင့်တက်နိုင်အောင် ကူညီပေးခဲ့သည်။

ဒါက မျက်နှာကို ဖျက်ရိုက်တာ မဟုတ်ရင် ဘာလဲ။

မျှော်လင့်ထားသလိုပဲ အခုအချိန်မှာ နိဂျင်တင်ရဲ့ မျက်နှာသည် ရှက်ရွံ့မှုနဲ့ ပြည့်နှက်နေသည်။

သူပြန်ငြင်းချင်သော်လည်း ယူရုံပိုက ကြယ်လေးပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်နေသည်။ သူသာပြန်ငြင်းလိုက်လျှင် ကြယ်လေးပွင့် မြတ်ဆရာက သူ့ထက် နိမ့်ကျတယ်လို့ ပြောသလို ဖြစ်သွားမည်။

လီဇီရှင်း မဲ့ရွဲ့နေပြီ။ သူက ချောင်ရှန်ကို စိုက်ကြည့်လိုက်သည်။ (မင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်အောက်ငယ်သားတွေကို ဘယ်လို သင်ပေးထားတာလဲ)

ချောင်ရှန် မချိပြုံး ပြုံးနေရှာသည်။ ယူရုံပိုက အကျင့်စာရိတ္တ ဖြောင့်မတ်ပြီး ဆွန်းမိုကို တော်တော်လေး လေးစားသည်။ ဒါကို လူအများစု သိနေကြသည်။

ဆွန်းမိုရဲ့ ပန်းချီကားက ဒီလို အကျိုးသက်ရောက်မှု ရှိအောင် ဘယ်သူက တောင်းဆိုခဲ့လို့လဲ။

စောဒက တက်ချင်ရင်တောင် အရမ်းကံဆိုးလွန်းတဲ့ နိဂျင်တင်ကို အပြစ်တင်ရမည်။

"ဆရာနို၊ စောစောတုန်းက မဟာသခင်မီအာကတော့ ကောင်းတယ်လို့ ပြောတယ်။ မတောက်တခေါက်လောက် လေ့လာလိုက်စားပြီး တခြားသူကို မဝေဖန်သင့်ဘူး"

ဆွန်းမိုက ရယ်မောရင်း နိဂျင်တင်ကို ကြည့်ပြီး ပြောကာ သွေအေးအေးနဲ့ တိုက်ခိုက်လိုက်သည်။

" ပန်းချီကားကို အကဲဖြတ်တဲ့နေရာမှာ မင်းကငါ့ကို လမ်းပြနိုင်တဲ့ အရည်ချင်းမရှိဘူး"

လင်းဂျောင် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဆွန်းမိုက နိဂျင်တင်ကို

ပေါ်တင် ပြန်ဖွဲ့မယ်လို့ ဘယ်သူမှ မထင်ထားခဲ့ပေ။ သူက မျက်နှာ နည်းနည်းလေးတောင် မထောက်ပါ။

"ဟားဟား၊ တောခွေးနက်ကြီးဆွန်း လူတွေကို ကိုက်တော့မယ်"

ကူရှုပ်ရှင်း အရမ်း အူမြူးနေသည်။

"ဆရာနီ၊ မင်းနာမည်ကြီး ပန်းချီကားအကြောင်း သိချင်ရင် ငါ့ဆီက အကြံဉာဏ် တောင်းလို့ ရပါတယ်။ ဆရာတင်စရာ မလိုပါဘူး"

ဆွန်းမိုက ရက်ရောသလို လုပ်နေသည်။ သူ့ရဲ့ စကားကြောင့် နိဂျင်တင် ဒေါသထွက်ပြီး သေမလို ဖြစ်နေပြီ။

ခ္စိ

အန်ရှီဝေ မရယ်ဘဲ မနေနိုင်တော့ချေ။ သူမရဲ့ ငယ်ချစ်လေးက တကယ်ကို ညှာတာမှု ကင်းမဲ့လွန်းသည်။

"ဆွန်းမိုရဲ့ အပြုအမူက နည်းနည်းလေး မမောက်မာလွန်းဘူးလား"

ချောင်ရှန်က တိုးတိုးလေး ရေရွတ်လိုက်သည်။

“ကျောင်းအုပ်ကြီးချောင်၊ ဒီနှစ်ကုန်လောက်ဆို ဆွန်းမိုက သူ့ရင်ဘက်မှာ ကြယ်သုံးပွင့် မြတ်ဆရာ တံဆိပ် ချိတ်ထားလိမ့်မယ်။ နိဂျင်တင်က သူ့အရှေ့မှာ မာနကြီးဖို့ အရည်အချင်း မရှိဘူး”

ယူရုံပိုက ရှင်းပြသည်။

“ဆွန်းမိုက တစ်နှစ်တည်းနဲ့ ကြယ်သုံးပွင် မြတ်ဆရာ ဖြစ်လာမယ်လို့ ပြောနေတာလား။ မင်းဟာက မလွန်ကဲ လွန်းဘူးလား”

ချောင်ရှန် အရမ်းအံ့အောနေသည်။ တချိန်တည်းမှာပင် အနည်းငယ် စိုးရိမ်လာသည်။

ယူရုံပိုရဲ့ သုံးသပ်ချက်က အရမ်း မှန်ကန်တယ်လို့ သူသိနေသည်။ သူသာ အောင်မြင်ခဲ့လျှင် မရှီဒန်ကအကယ်ဒမီအတွက် အသန်မာဆုံး ပြိုင်ဘက်ဖြစ်လာလိမ့်မည်။

"သူ့ကို လျှော့တွက်နေမိသေးတာကို တော်တော်လေး ကြောက်နေပြီ"

ယူရုံပိုက ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

"ကျေးဇူးအများကြီး တင်ပါတယ်. ဆရာဆွန်း"

ဖန်ဝူဂျီက လက်နှစ်ဖက်ဆုပ်ကိုင်ပြီး အရိုအသေပေးလိုက်သည်။

ဖန်ဝူဂျီက နောက်နှစ်လကြာလျှင် ကြယ်နှစ်ပွင့်မြတ်ဆရာစာမေးပွဲကို ဝင်ဖြေမည်။ ဒူအောင်ချောင်းပိုသန်မာလာသဖြင့် သူအောင်မြင်ဖို့အခွင့်အရေးပိုများလာပြီ။ ဒါကြောင့်လည်း ဆွန်းမိုကိုကျေးဇူးတင်နေသည်။

သူစကားပြောပြီးတာနဲ့ နိဂျင်တင် မျက်နှာပိုမည်းမှောင်လာသည်။

ပွဲစီစဉ်သူအနေနဲ့ ဖန်းလန်သည် ထုံးစံအတိုင်း ပဋိပက္ခတွေကို မမြင်ချင်ပေ။ ဒါကြောင့် ခေါင်းစဉ် ပြောင်းလိုက်သည်။

“လုံလောက်ပြီ ဒီမှာပဲ အဆုံးသတ်ရအောင်။ နာမည်ကြီး ပန်းချီကားတွေကို ဆက်ကြည့်ရအောင်”

“မင်းမှာ နာမည်ကြီးပန်းချီကား ရှိတာလား”

ကျန့်ချင်ဖန် အရမ်း အံ့အောသွားသည်။

“ဟားဟား၊ လူအိုကြီးကျန့်၊ ဒီတစ်ခေါက်တော့ ငါက မကြာခင်ကမှ ဝူရန်ချီ ရေးဆွဲတာတဲ့

နာမည်ကြီးပန်းချီကား တချပ် ဝယ်ထားပြီးပြီ။ လုံးဝ အစစ်အမှန်ပဲ”

ဖန်းလန်က ကြွားလုံးထုတ်နေသည်။

ထုံးစံအတိုင်း မီအာမူရဲ့နာမည်ကြီး ပန်းချီကားက ဝူရန်ချီရဲ့ နာမည်ကြီးပန်းချီကားကို မယှဉ်နိုင်ပေ။ ဝူရန်ချီက ချန်နန်ရဲ့ နံပါတ်တစ် နာမည်ကြီး အနုပညာရှင်အဖြစ် ထင်ရှားပြီး မီအာမူက ချင်လင် နံပါတ်တစ်သာ ဖြစ်သည်။

သူဆွဲထားတဲ့ ပန်းချီကားက နာမည်ကြီး ပန်းချီကား မဟုတ်ရင်တောင် ရဖို့ တော်တော်ခဲရင်းသေးသည်။

"ဘုရင်ခံ ဘာဖြစ်လို့ မြန်မြန် မထုတ်သေးတာလဲ"

" မဟာသခင် ဝူ ရေးဆွဲထားတဲ့ ပန်းချီကားကို တစ်ခါမှ မမြင်ဖူးသေးဘူး"

"သူ့ရဲ့ ပန်းချီကားကို လူအနည်းငယ်ပဲ မြင်ဖူးတယ်လို့ ပြောရမယ်။ ပန်းချီကားကို ဝယ်နိုင်တဲ့လူတွေကလည်း တော်တော်လေး မြင့်မားတဲ့ အတင့်အတန်းရှိပြီး သူတို့ရဲ့စုဆောင်းမှုထဲ

သိမ်းထားတတ်ကြတယ်။ သာမန်လူတွေ မြင်ဖူးဖို့ မဖြစ်နိုင်ဘူး”

ဧည့်သည်တွေ ဆွေးနွေးနေကြပြီး သူတို့အားလုံးရဲ့ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုများ အထင်သား မြင်နေရသည်။

ဒါကလည်း နာမည်ကြီးတစ်ယောက်ရဲ့ အကျိုးသက်ရောက်မှု ဖြစ်သည်။ လီယိုနာ ဒါဗင်ချီရဲ့ ပန်းချီကားသည် အနုပညာ ကျောင်းသားတစ်ယောက် ရေးဆွဲတဲ့ ပန်းချီကား ထက်စာရင် ပိုဆွဲဆောင်မှု ရှိမှာ သေချာသည်.

"ယူခဲ့လိုက်"

ဖန်းလန်က အော်လိုက်သည်။

လီဇီချီနှင့် လုချီဟွာတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ လာရမည့် အရာက နောက်ဆုံးတော့ ရောက်လာခဲ့ပြီ။

မျှော်လင့်ထားသလိုပဲ အစေခံလေးသည် မကြာမီ ရောက်လာသည်။ ဒါပေမယ့်လည်း သူ့ရဲ့ ဖွဲ့စည်းပုံက သေးငယ်လွန်းသည်။ ဒါကြောင့် တခြား အစေခံနှစ်ယောက်က ကူညီပြီး ပန်းချီ စာလိပ်ကို ဖွင့်ပေးလိုက်သည်။

"ဒါက မဟာသခင် ဝူရန်ချီရဲ့ လက်ရာအသစ်ဖြစ်တဲ့ (စည်းစိမ်ဂုဏ်သိက္ခာ၊ တစ်ကိုယ်တည်းသမား ဘ၀ ပန်းချီကား) အမ်........"

ဖန်းလန်သည် ပန်းချီကားကို မိတ်ဆက်ပေးမလို့ လုပ်လိုက်သော်လည်း အဲဒါကိုကြည့်ပြီး အံ့အောသွားသည်။ အကြောင်းပြချက် တချို့ကြောင့် ပန်းချီကားက တခုခု ကွာခြားနေတယ်လို့ ခံစားရသည်။

အရောင်တွေ နည်းနည်း ပြောင်းသွားသည်။ ဒါ့အပြင် ပန်းချီကား အယူအဆမှာလည်း ကြည့်ရတာ ကွဲပြားနေသည်။

“ဖန်းလန် ဘာဖြစ်နေတာလဲ”

ချီမူအန် အူကြောင်ကြောင် ဖြစ်သွားသည်။

“ဘာမှ မဟုတ်ပါဘူး။ သဘောကျလို့ သက်ပြင်းချလိုက်ရုံပါ။ မျှော်လင့်ထားသလိုပဲ မဟာသခင်တစ်ယောက်က ဖန်တီးနိုင်တယ်။ ငါကြည့်လိုက်တဲ့အခါတိုင်း မတူညီတဲ့ ခံစားမှုကို ပေးစွမ်းတယ်”

ဖန်းလန်က ဟက်ဟက်ပက်ပက် ထရယ်လိုက်သည်။ သူတော်တော်လေးကို သဘောကျနေသည်။

သူက ပန်းချီကားနှစ်ချပ်ရဲ့ ကွာခြားမှုကို ဝူရန်ချီရဲ့ ပုံဆွဲကျွမ်းကျင်မှုလို့ ထင်သွားသည်။

ဒီမြင်ကွင်းကို မြင်လိုက်တော့ လုချီဟွာက လီဇီချီကို တိတ်တိတ်လေး တံတောင်နဲ့ တို့လိုက်သည်။

"စီနီယာ အစ်မ၊ ငါတို့ အောင်မြင်ပြီ"

"အင်း"

လီဇီချီလည်း အခုမှ စိတ်အေးသွားသည်။

အမှန်တော့ တဖက်လူရဲ့ ပေါ့လျော့မှုကို အပြစ်တင်လို့ မရပေ။ ဘာပဲဖြစ်ဖြစ် မဟာသခင် ဝူရန်ချီရဲ့ ဒီလိုမျိုး ပန်းချီကားကို ပုံတူ ကူးချနိုင်မယ်လို့ ဘယ်သူကထင်မှာလဲ။

"ကောင်းလိုက်တဲ့ ပန်းချီကား"

"မဟာသခင် တစ်ယောက်ရဲ့ လက်ရာက မျှော်လင့်ထားသလိုပဲ"

"အယူအဆနဲ့ ဖွဲ့စည်းမှု......နှစ်ခုစလုံးက လုံးဝကို အံ့အောစရာပဲ"

ညော်သည်အားလုံး ချီးကျူးနေကြသည်။ အထူးသဖြင့် အရာရှိများ ဖြစ်သည်။ သူတို့က လူအုပ်ကြားထဲကနေ ထင်ပေါ်လာတယ်လို့ ချက်ခြင်း ခံစားလိုက်ရသည်။

“မဟာသခင် ဝူရန်ချီရဲ့ လက်ရာက သူ့ရဲ့ဂုဏ်သတင်းလိုပဲ ပြောင်မြောက်လွန်းတယ်”

လီဇီရှင်းက “ဆရာဆွန်းရဲ့ ပန်းချီကားက မဆိုးပါဘူး။ ဒါပေမယ့် ဒီပန်းချီကားနဲ့ ယှဉ်လိုက်ရင် သူ့ရဲ့ အယူအဆနဲ့ ကျွမ်းကျင်မှုက တော်တော်လေး နိမ့်ကျနေသေးတယ်”

ဖြစ်နိုင်ပါ့မလား။

ညှော်သည်တွေက မပြောနိုင်ပေမယ့် မင်းသားက ထောက်ခံနေမှတော့ မှားလို့ မရပေ။ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ ဖင်ကို အသုံးချပြီး စဉ်းစားရင်တောင် ဝူရန်ချီရဲ့ ပန်းချီကားက ဆွန်းမို ပန်းချီကားထက် ပိုကောင်းနေမှာ သေချာသည်။

ဖူး

အမြဲတမ်း အေးစက်စက် အမူအရာရှိတဲ့ အင်ဘိုင်ဝူ တစ်ယောက် ဒီအခိုက်အတန့်မှာတော့ အလိုလို ရယ်ချင်လာသည်။ ထို့နောက် သူမစိတ်ထဲတွင်လည်း

အထင်သေးစိတ်များ ပေါ်လာသည်။ ဒီမှာရှိနေတဲ့ အဓိက ဇာတ်ဆောင်တွေက အခွံတွေချည်းပဲ။ ဘာမှကို မသိနားမလည်တဲ့လူတွေ။

ကျန့်ချင်ဖန်တစ်ယောက် ကူကယ်ရာမဲ့ ခေါင်းခါလိုက်မိသည်။ ဒါက ဆွန်းမို ကျော်ကြားမှုကို မြှင့်တင်ပေးမယ့် အခွင့်အရေးတစ်ခုဆိုတာ ထင်ရှားပါသည်။ ဒါပေမယ့် နောက်ဆုံးတော့ ဖန်းလန်က အဆင့်တန်းမြင့်တဲ့ ပန်းချီကားတစ်ချပ်ကို ပွဲထုတ်လာသည်။

ဟင်း..။

"အမ်၊ ဒီပန်းချီကား........"

မီအာမူ ကြောင်သွားသည်။ ဘာဖြစ်လို့ တစ်ခုခု မှားနေတဲ့ ပုံဖြစ်နေတာလဲ။ သူစဉ်းစားလို့ မရသေးခင် တစ်ယောက်ယောက် အော်လိုက်တဲ့ အသံကို ကြားလိုက်ရသည်။

"ဒီပန်းချီကားက အတုပဲ"

ဖန်းဖန်း တော်တော်လေး ဒေါသထွက်သွားသည်။

(မင်းက ငါ့ရဲ့ သုံးသပ်ချက်ကို သံသယ ဝင်တာလား)

ဒါပေမယ့် ခေါင်းလှည့်ပြီး ဒေါသ ပေါက်ကွဲတော့မယ့် အချိန်တွင် ပြောလာတဲ့လူက လီဇီရှင်းရဲ့ လီဖန်က လွဲလျှင် ကျန်တဲ့လူ မဟုတ်ပေ။

ဒါကြောင့် ဒေါသကို ဖောက်ခွဲဖို့ နည်းလမ်း မရှိတော့ပေ။

“ပေါက်ကရ မပြောနဲ့”

လီဇီရှင်းက ပိတ်ဟောက်လိုက်သည်။

“အဖေ၊ ဒီပန်းချီကားက အတု”

လီဖန်က ငယ်သေးသည်။ ဘယ်သူမှ မယုံတာကို မြင်လိုက်လျှင် ပုန်ကန်တတ်တဲ့ သဘာဝက

ပေါက်ကွဲထွက်လာပြီး သူမှန်ကြောင်းကို ပို၍ သက်သေပြချင်လာသည်။

"မင်းသားလေး၊ ဘာဖြစ်လို့ အတုလို့ ထင်ရတာလဲ။ ပြောပါအုံး"

ဖန်းလန်က သနားစရာကောင်းတဲ့ လေသံနဲ့ မေးလိုက်သည်။

"အ....အတု..."

လီဖန် စကားထစ်နေသည်။ အစေခံက ပန်းချီကားကို ဘယ်လို ပျက်ဆီးခဲ့လည်း

ဖော်ထုတ်လိုက်လျှင် သူ့အခန်းကဏ္ဍလည်း ပေါ်ထွက်သွားမှာ ကြောက်နေသည်။

“ဒါ အံ့ဖွယ်ပန်းခင်း နယ်ပယ်ရောက်တဲ့ နာမည်ကြီး ပန်းချီကားမှန်း ထင်ရှားနေတာပဲ။ ဘယ်လိုလုပ်ပြီး အတု ဖြစ်မှာလဲ”

ချီမူအန် ခေါင်းခါပြီး ပြောလိုက်သည်။ လီဖန်က လက်လွတ်စပယ် ပြောလွှန်းသည်။

“ဟုတ်တယ် ဘာဖြစ်လို့ အတု ဖြစ်ရမှာလဲ”

မှတ်ချက်အားလုံးကို ကြားပြီးနောက် လီဖန်သည် သူ့ကိုယ်သူ သံသယ ဝင်လာသည်။

(ငါပဲ အမြင်မှားနေတာလား။ ပြန်ဆွဲထားတဲ့ သဲလွန်စကို ရှာချင်ဖို့ အနားကပ်ပြီး ကြည့်အုံးမယ်)

"ဟူး၊ ဘေးဆိုးတော့ ကျော်ဖြတ်သွားပြီ"

ဆွန်းမို သက်ပြင်းချလိုက်သည်။ ထို့နောက် အစေခံမလေးကို လှမ်းကြည့်ပြီး မျက်လုံး မှိတ်ပြလိုက်သည်။

"ဟီးဟီး"

အရင်က အရှမ်းစိုးရိမ်နေတဲ့ အစေခံမလေးလည်း နောက်ဆုံးတော့ ပျော်ရွှင်တဲ့ အပြုံးကို ထုတ်ဖော်နိုင်လာသည်။

ဒါပေမယ့်လည်း ဒီအခိုက်အတန့်တွင် ကျယ်လောင်ပြီး သူ့ရဲကောင်းဆန်တဲ့ အသံတစ်သံ ထွက်ပေါ်လာသည်။

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်။ ငါလာတာ နောက်ကျသွားတယ်"

လီဇီချီ လှည့်ကြည့်လိုက်လျှင် အခုရောက်လာတဲ့လူက ဝူရန်ချီ ဖြစ်နေသဖြင့် မျက်နှာပျက်သွားသည်။

အခန်း(၅၁၀ -က) - ရွှေစကားထွက်တဲ့ ပါးစပ်။

အစေခံလေးသည် ဒီအသံကိုကြားလိုက်လျှင် တကိုယ်လုံး တုန်တက်သွားသည်။

သူမမှာ ချစ်စရာကောင်းတဲ့ ရုပ်ရည်ရှိပြီး ဉာဏ်ကောင်းကာ ဒုံးမင်၊ စစ်တုရင်၊ လက်ရေးလှနှင့် စာဖတ်ရာတွင် ကျွမ်းကျင်သောကြောင့် ဘုရင်ခံဖန်းက သူမကို တော်တော်လေး နှစ်သက်သည်။

ဘုရင်ခံဖန်း အသိပညာ နှီးနှောဖလှယ်တဲ့ အခါတိုင်း သူမကို ခေါ်ဆောင်သွားတတ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျော်ကြားတဲ့ ပြည့်တန်ဆာ တစ်ယောက်ဖြစ်လာဖို့လား။

ဒါက ရုပ်ဆိုးလွန်းသည်။ ဘုရင်ခံဖန်းက သူ့ဘေးနားမှာရှိတဲ့ အပျိုပေါက် အလှလေးကို သိမ်းပိုက်ချင်နေသည်။ ဒါပေမယ့်လည်း ဘုရင်ခံဖန်းက ရီကွေးအပေါ်မှာ ဘယ်လောက်ပဲ တုန်နေအောင် ချစ်နေပါစေ နာမည်ကြီး ပန်းချီကားကို ဖျက်ဆီးလိုက်တာနဲ့ သေချာပေါက် ရိုက်သတ်လိမ့်မည်။

"စိတ်အေးအေးထား၊ ငါ့မြန်မြန်လေး စိတ်လျှော့ထားရမယ်။ မြတ်ဆရာဆွန်းရဲ့ ပုံဆွဲစွမ်းရည်က အံ့မခန်းပဲ။ သေချာတယ်၊ ဘယ်လိုချို့ယွင်းချက်မှ ရှိမှာမဟုတ်ဘူး"

အစေခံလေး သူ့ကိုယ်သူ ဖြေသိမ့် နေရှာသည်။

ဆွန်းမို လှည့်ကြည့်လိုက်သည်။ ရောက်လာတဲ့လူက အရပ်ရှည်ပြီး ပိန်ပိန်ပါးပါးလေး ဖြစ်သည်။ အဖြူရောင် ဝတ်ရုံရှည်ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားပြီး လျှော်ဖွတ်ထားတာ ဘယ်လောက်ကြာနေပြီလဲ မသိပေ။

အရေးအကြောင်းတွေသာမက မှင်တွေလည်း စွန်းထင်းနေသည်။

ဆံပင်တွေက ဖရိုဖရဲ ဖြစ်နေပြီး ခေါင်းနောက်မှာ ဝါလဲ့လဲ့ ကြိုးနဲ့ချည်ထားသည်။ အမှန်တော့ ဒီလူရဲ့ ဝတ်စားဆင်ယင်မှုက ဖြစ်ကလတ်ဆန်း ဆန်လွန်းသည်။

"အနုပညာသမားတွေကတော့ ထင်ထားတဲ့ အတိုင်းပဲ"

ဆွန်းမို ပါးပါးလေး ပြုံးလိုက်သည်။ အနုပညာလုပ်တဲ့လူ အများစုက ဘာဖြစ်လို့ ဒီလိုပုံစံ ဖြစ်နေသလဲဆိုတာ သူနားမလည်ပေ။

ကျန့်ချင်ဖန်တို့ အဖွဲ့က ကြိုဆိုဖို့ ရောက်သွားပြီး ရှေ့ဖြစ်နှောင်းဖြစ်တွေ ပြောနေကြသည်။

အနုပညာရှင်များသည် ပင်မ ရေစီးကြောင်း မဟုတ်သော်လည်း ချန်နန်ရဲ့ နံပါတ်တစ်ဖြစ်လာလျှင် ကွဲပြားသွားပြီ။

ဆွန်းမိုက အနားယူရင်း ဝူရန်ချီကို နတ်ဘုရားမျက်စိ အာရုံသုံးကာ စစ်ဆေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက် ၆၇ နှစ်၊

နတ်ဘုရားခွန်အား အဆင့်(၅)။

ငယ်ငယ်ကတည်းက ပုံဆွဲလာပြီး နွေရာသီ ဒါမှမဟုတ် ဆောင်းရာသီမှာ ဘယ်တော့မှ အနားယူလေ့ မရှိပါ။

ထူးချွန်ထက်မြက်သည်။ ခွန်းအားကိုသာ ကျင့်ကြံတဲ့ နေရာတွင် အသုံးပြုပါက အောင်မြင်မှု ကြီးကြီးမားမား ရပြီး မြတ်ဆရာတစ်ယောက်တောင် ဖြစ်လာနိုင်သည်။ ဒါပေမယ့်လည်း ပုံဆွဲခြင်းကို အရမ်းနှစ်သက်သည်။

ပန်းချီဆွဲဖို့အတွက် တစ်ချိန်က ချစ်သူကိုတောင် စွန့်လွှတ်ခဲ့သည်။ ချစ်ခြင်းမေတ္တာခံစားမှုသည် သေမျိုးကမ္ဘာရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး မိသားစု တာဝန်နှင့် နေ့စဉ်ဘဝ လိုအပ်တဲ့ အရာများသည် ဝန်ထုပ်ဝန်ပိုးလို့ ခံယူထားသည်။

"………"

ဆွန်းမိုသည် အစပိုင်းတုန်းကတော့ ဒီပန်းချီရှုးကို သဘောကျပေမယ့် သူ့ရဲ့အချက်အလက်ကို မြင်ပြီးနောက် ရုတ်တရက် မလေးစားချင်တော့ပေ။ ဆွန်းမိုကတော့ အချစ်နဲ့ ဘဝ၏ နေ့စဉ်စိုးရိမ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပူပန်မှုများသည် အတွေ့အကြုံတစ်မျိုး ဖြစ်ပြီး ကောင်းချီးတစ်ခုလို သတ်မှတ်ထားသည်။

ဝူရန်ချီ တစ်ယောက် (စည်းစိမ်းဂုဏ်သိက္ခာ တစ်ကိုယ်တည်းသမား ဘ၀) ပန်းချီကားကို ဘာဖြစ်လို့ ရေးဆွဲခဲ့လဲဆိုတာ ရုတ်တရက် နားလည်သွားသည်။ ဒီပန်းချီကားရဲ့ နက်နဲတဲ့ အဓိပ္ပါယ်ကိုလည်း နားလည်သွားသည်။

ဒီကောင်ကလူတိုင်းကို အထင်သေးနေသည်။

ဒီနေ့က သမင်အမြီး ဂုဏ်ပြုစားပွဲပါ။ ဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံးသည်

အရမ်းချမ်းသာသော်လည်း ဝူရန်ချီနှင့် စကားပြောဖို့ အရည်အချင်း မမှီပေ။

လီဇီရှင်းနှင့် ကျန့်ချင်ဖန်တို့လို အထွင့်အထိပ် ဓာတ်ကောင်များသာ ဝူရန်ချီ အနားတွင် နေနိုင်ကြသည်။

တခြားသူတွေကတော့ အရေးမပါပေ။

"ဆရာဝူရေ၊ ငါတို့အခုလောလောဆယ် မင်းဆွဲထားတဲ့ (စည်းစိမ်ဂုဏ်သိက္ခာ တစ်ကိုယ်တည်းသမားဘဝ ပန်းချီကား)ကို ခံစားနေကြတာ"

ထို့နောက် ဖန်းလန်က ဖိတ်ခေါ်လိုက်သည်။

“မဟာသခင် ဝူလည်း တိုက်တိုက်ဆိုင်ဆိုင် ဒီရောက်နေပြီဆိုတော့ ပန်းချီကားထဲက သဘောတရားကို ငါတို့ကို ရှင်းပြပေးပါလား”

“ဒါက မလိုပါဘူး။ နာမည်ကြီး ပန်းချီကားက လူတိုင်း သူတို့ဘာသာ သူတို့ ခံစားလို့ ရပါတယ်။ သူတို့ ကိုယ်ပိုင်အမြင်နဲ့ ခံစားကြပါစေ။ တခြားသူတွေကို မိတ်ဆက်ပေးလိုက်ရင် ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှု ဖြစ်နေအုံးမယ်”

ဝူရန်ချီက ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

ဒါက သူ့ရဲ့ အမြင်ဖြစ်သော်လည်း ငြင်းရတဲ့ အဓိကအချက် အများစုမှာ ပျင်းရိပြီး အထင်သေးသောကြောင့် ဖြစ်သည်။ ဒီလူတွေက သာမန်လူတွေပါ။ သူ့ရှင်းပြချက်ကို နားထောင်ဖို့ အရည်အချင်း မမှီပေ။

ဝူရန်ချီ ဟိုဟိုဒီဒီကို ကြည့်လိုက်လျှင် ဖော်ရွေတဲ့အပြုံးနဲ့ ပြုံးပြီး ကြည့်နေကြတဲ့ လူများကို တွေ့လိုက်သည်။ ဒီလိုမျိုး လေးစားခံနေကြ ဖြစ်သည်။ ဒါပေမယ့် လက်ဖက်ရည်သောက်ဖို့ နေရာ ရှာလိုက်တဲ့ အချိန်တွင် ဆယ်ကျော်သက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိန်းကလေးတစ်ယောက်နဲ့ စကားပြောနေတဲ့ လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ ဒီလူငယ်လေးက သူ့ကို လေလိုမျိုး သဘောထားနေသည်။

အဟွတ် အဟွတ်

ဝူရန်ချီက ရည်ရွယ်ချက်ရှိရှိ ချောင်းဟန့်လိုက်သည်။

"မဟာသခင် နေမကောင်းဘူးလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်းလန်က စိုးရိမ်တကြီး မျက်နှာနဲ့ ရောက်လာသည်။ တခြားသူတွေကလည်း စိုးရိမ်တကြီး မေးနေကြသည်။

“သာမန် အအေးမိတာပါ။ စိတ်ပူစရာ မလိုပါဘူး”

လူငယ်က ခေါင်းမော့ပြီး တစ်ချက်ကြည့်ကာ ပြန်ငုံ့သွားတာကို ဝူရန်ချီ မြင်လိုက်ရသည်။ ဒါပေမယ့် သူတို့အကြည့်ခြင်းဆုံသွားတဲ့ အချိန်တွင် လူငယ်လေးမှာ ဘာအမူအရာမှ ရှိမနေပေ။

“ချီ၊ ဒီအကြည့်က ငါ့ကိုအထင်သေးတဲ့ အကြည့်ပဲ”

အနုပညာရှင် တစ်ယောက်အနေနဲ့ အရမ်းစေ့စပ်သေချာသည်။

“ဆရာဆွန်း၊ မင်းရဲ့ (တဟုန်တိုးပြေးနေတဲ့မြင်းများ) ပန်းချီကားက မဆိုးပါဘူး။ ဒါပေမယ့်မဟာသခင်ဝူရဲ့ ပန်းချီကားနဲ့ ယှဉ်လိုက်ရင်ညံ့နေသေးတယ်။ ဒါကြောင့် မာနကြီးမနေနဲ့။ အဲဒီအစား ရိုးသားတဲ့နှလုံးနဲ့ သင်ယူသင့်တယ်။ လာမိတ်ဆက်ပေးမယ်။ ဒါက ချန်နန်ရဲ့ နံပါတ်တစ်ပန်းချီဆရာကြီး ဝူရန်ချီပဲ”

နိဂျင်တင်က ဆွန်းမိုကို စိတ်ပျက်စရာ စကားတွေ ထပ်ပြောလာပြန်သည်။

ဆွန်းမိုလိုမျိုး လူတစ်ယောက်က ဂုဏ်ယူဝံ့ကြွားမှုများနဲ့ ပြည့်နေတယ်လို့ သူပြောနိုင်သည်။ ထုံးစံအတိုင်း သူက အရည်အချင်းများ ပြည့်လျှံနေပြီး အရည်အချင်း ရှိသည်။ တကယ်လို့သူက ဆွန်းမိုကို အတင်းအကျပ်ကြီး ဦးညွှတ်ခိုင်းရင် ဝူရန်ချီနဲ့ ပြဿနာဖြစ်လာဖို့ အခွင့်အလမ်း ၈၀ကနေ ၉၀ ရာခိုင်နှုန်းလောက် များသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မီအာမူက မလုပ်နိုင်ပေမယ့် ဝူရန်ချီကတော့ ကျိန်းသေပေါက် လုပ်နိုင်လိမ့်မယ်)

(ဝူရန်ချီကိုသာ အနိုင်ယူနိုင်ရင် ငါ နိဂျင်တင် မျိုးရိုးနာမည်ကို ဆွန်း ဆိုပြီး ပြောင်းပစ်လိုက်မယ်)

နိဂျင်တင်က ဆွန်းမိုကို ပြုံးပြီး ကြည့်နေသည်။ ဆွန်းမိုက ဝူရန်ချီကို စီနီယာ တစ်ယောက်လို အရိုအသေပေးလိုက်လျှင် စောစောကရထားတဲ့ ကျော်ကြားမှုသည် အတိုင်းအတာ တစ်ခုလောက် အားနည်းသွားမည်။

ဆုပေးပွဲတစ်ခုမှာ တတိယအဆင့် ရုပ်ရှင်သရုပ်ဆောင် ကြယ်ပွင့်တစ်ပွင့် ပေါ်လာပြီး လူတိုင်းရဲ့အာရုံစိုက်မှုကို ရနေသည်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အော်စကာ ဆုရှင်ရောက်လာသည်။ တတိယ ကြယ်ပွင့်ကို ဘယ်သူက စိတ်ဝင်စားတော့မှာလဲ။ ပွဲပြီးရင်လည်း အော်စကာဆုရှင် အကြောင်းပဲ ဆွေးနွေးနေကြလိမ့်မည်။

“ဒီကောင် တော်တော်လေး စိတ်ပျက်ဖို့ ကောင်းတယ်”

အန်ရှီဝေ မျက်မှောင်ကြုတ်နေသည်။ ဆွန်းမိုကို ဒီအခက်အခဲက လွတ်မြောက်အောင် ကူညီချင်နေသည်။ ဒါပေမယ့် သူမ စကားမပြောရသေးခင် ဝူရန်ချီက အလန့်တကြား ထအော်နေပြီ။

"ဒါ ဘယ်သူ့ ပန်းချီကားလဲ"

ရွှစ်

လင်းဂျောင် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားကာ အသံတစ်စက်တောင် မကြားရတော့ပါ။ ဧည့်သည်များကလည်း အရမ်းအံ့အောပြီး ဝူရန်ချီကို

စိုက်ကြည့်နေကြသည်။ ဒီမဟာသခင်က အခုလောလောဆယ်တွင် (စည်းစိမ်ဂုဏ်သိက္ခာ၊ တစ်ကိုယ်တည်းသမားဘဝ ပန်းချီကား) ကို အရမ်းအာရုံစိုက်ပြီး ကြည့်နေသည်။

နောက်ထပ်အခိုက်အတန့်မှာတော့ သူတို့ရဲ့ အကြည့်တွေက ဖန်းလန်ဆီ ရောက်သွားသည်။ သူတို့ရဲ့ ပထမဆုံးအတွေးကတော့ ဖန်းလန် လိမ်နေတာပဲ ဖြစ်လိမ့်မည်။။။ ဒါက ဝူရန်ချီရဲ့ ပန်းချီကားသာဆိုရင် သူက ဘာဖြစ်လို့ မမှတ်မိတာလဲ။

“မဟာသခင်ဝူ၊ ငါ....ငါမင်းဆီကနေ ကိုယ်တိုင်ရခဲ့တာလေ”

ဖန်းလန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

“ငါ့ ပန်းချီကားလား”

ဝူရန်ချီက မျက်မှောင်ကြုတ်သွားသည်။ အရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးပြီး နောက်တစ်ကြိမ် လေ့လာလိုက်သည်။

“မဟုတ်ဘူး။ အရမ်းတူပေမယ့် ငါဆွဲတာ မဟုတ်ဘူး”

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမို သက်ပြင်းချလိုက်သည်။ မူရင်း ပန်းချီဆရာကို လှည့်စားလို့ မရမှန်း သူသိနေသည်။

မနီးမဝေးမှာ ရှိနေတဲ့ မီအာမူလည်း ကြည့်နေသည်။ အဲဒီနောက် ဆွန်းမိုကို စိုက်ကြည့်ရင်း ထိတ်လန့်တဲ့ အမူအရာ ဖြစ်လာသည်။ တကယ်ပဲ ဒီပန်းချီကားက ဆွန်းမို ဆွဲထားတာလား။

မဟုတ်ဘူး။ ပိုပြီး တိတိကျကျ ပြောရလျှင် ဒီမှာရှိနေတဲ့ ပန်းချီကား အားလုံးက သူရေးဆွဲထားတာ။

သာမန်လူတွေက မပြောနိုင်ပေမယ့် နာမည်ကြီး ပန်းချီဆရာဖြစ်တဲ့ မီအာမူကတော့ နာမည်ကြီး ပန်းချီကား (၅) ချပ်စလုံးမှာ တူညီတဲ့ စုတ်ချက်တွေကို သတိထားမိသည်။ ပြီးတော့ ဒီနည်းစနစ်ကလည်း လူတစ်ယောက်တည်းဆီက ဆင်းသက်လာခဲ့သည်။

(နည်းနည်းတော့ မယုံနိုင်စရာ မကောင်းဘူးလား။ ဒီဆွန်းမိုက မဟာသခင်ဝူရဲ့ ပန်းချီကားကို တကယ်ပဲ ပုံတူ ကူးနိုင်တာလား)

မီအာမူ လုံးဝကို အံ့အောနေသည်။ ဒါက လူသားတွေ လုပ်နိုင်လို့လား။

ဒါပေမယ့်လည်း အမှန်တရားက သူ့မျက်စိရှေ့ ရောက်နေပြီး မယုံလို့လည်း မရပါ။ ထို့နောက်မှာတော့ စိတ်ထဲမှာ မနာလိုမှုများ ပြည့်လာပြီး တော်တော်လေးလည်း စိတ်ပျက်အားငယ်သွားကာ သိမ်ငယ်စိတ် ဝင်လာသည်။

မျှော်လင့်ထားသလိုပဲ ပါရမီတွေကို ပုံမှန် ယုတ္တိဗေဒ သဘောတရားနဲ့ တိုင်းတာလို့ မရပါ။

ဒင်

မီအာမူ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား (၁,၁၀၀/၁၀,၀၀၀)

"မင်းသား၊ ငါနေမကောင်းလို့ အရင်ပြန်နှင့်တော့မယ်"

မီအာမူက စကားပြောပြီးတာနဲ့ လီဇီရှင်း အဖြေကို မစောင့်တော့ပါ။ လှေပေါ်က မြန်မြန်လေး ထွက်သွားချင်နေပြီ။

"မဟာသခင်မီ၊ လှေပေါ်မှာ ဆရာဝန်ရှိတယ်လေ"

ချီမူအန်က လှမ်းပြောလိုက်သော်လည်း မီအာမူက လက်ဝှေ့ယမ်းပြီး လူတိုင်းကို အနှောက်အယှက် မပေးချင်တဲ့ အမူအရာ လုပ်ပြလုပ်လိုက်သည်။

ဝူရန်ချီကို စိတ်ဝင်စားနေကြသဖြင့် အားလုံးကလည်း မီအာမူကို ဂရုမစိုက်တော့ပါ။

"မဟာသခင်ဝူ၊ ဒါက ပန်းချီကား အတုလား"

ဖန်းလန်က မေးလိုက်သည်။ တစ်ယောက်ယောက်က မူရင်း (စည်စိမ်းဂုဏ်သိက္ခာ၊ တစ်ကိုယ်တည်းသမာ ဘဝ ပန်းချီကား) ကို ချိန်းပစ်လိုက်တယ်လို့ သူထင်နေပြီ။

“ပန်းချီကား အတုဟုတ်လား။ အံ့ဖယ်ပန်းခင်း ဖြတ်သန်းထားတဲ့အတုကို ဘယ်မှာတွေ့ဖူးလို့လဲ”

ဝူရန်ချီက ပြုံးပြီး ပြောလိုက်သည်။

လူတိုင်း ကြည့်နေကြသည်။ ဒါအမှန်ပဲ။

ကျန့်ချင်ဖန်က အတွေ့အကြုံ တော်တော်များတော့ ခန့်မှန်းမိတာ ရှိနေသည်။ သူက လီဖန်းနှင့် အစေခံလေးကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ နောက်ဆုံးတော့ ဆွန်းမိုဆီ အကြည့်တစ်ချက် ရောက်သွားသည်။

ဝူရန်ချီက သူ့မျက်စိရှေ့မှာ ရှိနေတဲ့ နာမည်ကြီး ပန်းချီကားကို ကြည့်နေသည်။

“ဒီပန်းချီကားရဲ့ ရုပ်ထွက်က ငါ့ရဲ့ (စည်းစိမ်ဂုဏ်သိက္ခာ တစ်ကိုယ်တည်းသမား ဘဝ ပန်းချီကား) နဲ့ တူပေမယ့် သူ့ရဲ့ အယူအဆက ငါ့ထက် အများကြီး သာနေတယ်”

ရှူး

ဒီစကားကို ကြားလိုက်လျှင် လူတိုင်း လေအေးတချက် ရှိုက်လိုက်မိသည်။ တကယ်တော့ ဒီပန်းချီကားက မဟာသခင်ဝူ ပန်းချီကားထက်

ပိုအထင်ကြီးပိုဖို့ကောင်းတဲ့ နာမည်ကြီး ပန်းချီကား ဖြစ်နေသည်။

"အခုမတိုင်ခင်က မင်းကို ပေးခဲ့တဲ့ ပန်းချီကားမှာ ပြည့်စုံမှုမရှိလို့ ငါတကယ် စိတ်မချမ်းသာခဲ့ဘူး။ အကြောင်းအရင်းကိုလည်း မရှာနိုင်ခဲ့ဘူး။ ဒါပေမယ့် အခုတော့ ဘာဖြစ်လို့လဲဆိုတဲ့ အကြောင်းအရင်းကို ရှာတွေ့သွားပြီ"

ဝူရန်ချီက ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

ပန်းချီဝါသနာရှင် တစ်ယောက်အနေနဲ့ ပန်းချီကားတိုင်းကို အနုပညာရှုထောင့်ကပဲ အကဲဖြတ်သည်။ ကိုယ်ပိုင်ခံစားချက် လုံး၀ မရှိပေ။

"မသာသခင်ဝူ၊ မင်းဘာဖြစ်လို့ ဒီလို ပြောတာလဲ"

ချီမူအန် သိချင်နေသည်။

"ငါ့ရဲ့ ပန်းချီကားက သာမန်လူတွေကြည့်ရင် ဘာမှ ခံစားရမှာ မဟုတ်ဘူး။ ဘုရင်ခံဖန်းနဲ့ ဝန်းကြီးချုပ်ကျန့်တိုလို့ လူတွေကြည့်မှပဲ သဘောတရားကို နားလည်လိမ့်မယ်။ ဒါပေမယ့်

ဒီပန်းချီကားကတော့ သာမန်လူတွေလည်း ပန်းချီကားရဲ့ လွှမ်းမိုးမှုကို ခံရလိမ့်မယ်”

ဝူရန်ချီက ခေါင်းယမ်းပြီး ပြုံးလိုက်သည်။

“ဒီပန်းချီကားကို ကြည့်လိုက်ရင် လွတ်မြောက်ချင်တဲ့ ဆန္ဒ မပေါ်လာဘူးလား။ ဒါရဲ့ အယူအဆက တခြားသူတွေရဲ့ ဆွေးနွေးမှုတွေကို လျစ်လျူရှုထားပြီး မင်းဘာသာမင်း အမှန်တရားကို ရှာတွေ့နိုင်လိမ့်မယ်”

အခန်း(၅၁၀ -ခ) - ရွှေစကားထွက်တဲ့ ပါးစပ်။

ညှော်သည်တွေ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးနေကြသည်။ အမှန်တိုင်းပြောရလျှင် သူတို့ အူကြောင်ကြောင် ဖြစ်နေတုန်းပါ။

“ဒီနာမည်ကြီး ပန်းချီကားဆွဲတဲ့ ပန်းချီဆရာက ဘယ်သူလဲဆိုတာ သိချင်မိတယ်”

ချီမူအန်က သိချင်နေသည်။

"နိမ့်ကျတဲ့ ကျွန် ထွက်မလာသေးဘူးလား။ အကြောင်းအရင်းကို မြန်မြန်ပြောစမ်း"

ဖန်းလန်က အစေခံမလေးကို ကြည့်ပြီး အော်ဟစ်လိုက်သည်။

ဖုန်း

ရီကွေး ကြမ်းပြင်ပေါ်မှာ တန်းပြီး ဒူးထောက်လိုက်သည်။

"ငါ......ငါက ပန်းချီဆွဲတဲ့ လူပဲ"

စေခံမလေးက ဆွန်းမိုကို မပက်သက်စေချင်သောကြောင့် သူမ လုပ်တယ်ဆိုပြီး ဝန်ခံလိုက်သည်။

"နိမ့်ကျတဲ့ ကျွန်၊ ငါ့ကို အရူးလုပ်နေတာလား။ မင်းသာ နာမည်ကြီး ပန်းချီကားကို ရေးဆွဲနိုင်ရင် သူတောင်းစားတိုင်း နတ်ဘုရား ဖြစ်နေမှာပေါ့။ ဟော့ကောင်တွေ လာပြီး ရိုက်စမ်း"

ဘုရင်ခံဖန်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ရီကွေးက လျှာကို ကိုက်ပြီး သတ်သေရန် ဆုံးဖြတ်လိုက်သည်။ ဒီလိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့ ရိုက်နှက်မှုကို မခံနိုင်ဘဲ နောက်ဆုံးမှာ ဆွန်းမိုကို ဖော်လိုက်မိမှာ ကြောက်နေသည်။

သူမသာ လျှာကိုကိုက်ပြီး သတ်သေလိုက်လျှင် ဒီလို ဖြစ်လာမယ့် ကိစ္စတွေကို ကြောက်စရာ မလိုတော့ပေ။

ဘုရင်ခံဖန်းရဲ့ ကိုယ်ရံတော်က ထိပ်တန်း ပါရမီရှင် ဖြစ်နေတာ စိတ်မကောင်းစရာပဲ။ သူက ရီကွေးရဲ့

မေးကို ရုတ်တရုတ် ဆွဲကိုင်ပြီး အတင်းအကျပ် တားလိုက်သည်။

“သခင်၊ သူမက လျှာကိုက်ပြီး သတ်သေချင်နေတယ်”

ကိုယ်ရံတော်က တင်ပြသည်။

“သေချင်တာလား။ ဘယ်လိုလုပ်ပြီး ဒီလောက် လွယ်လိမ့်မလဲ။ သူမကို ရိုက်စမ်း”

ဘုရင်ခံဖန်းက မျက်နှာပျက်ရသဖြင့် အကြီးအကျယ် ဒေါသထွက်နေသည်။ သူကတော့ ဒီပန်းချီကားနဲ့ ပက်သက်ပြီး အကြီးအကျယ်

ကြွားလုံးထုတ်နေခဲ့သည်။ နောက်ဆုံး ဝူရန်ချီ ဆွဲတဲ့ ပန်းချီကားတောင် မဟုတ်ခဲ့ပေ။ ဒီအခြေအနေက ဘယ်လိုတောင် ကသိကအောက် ဖြစ်ဖို့ ကောင်းလိုက်သလဲ။

"သိချင်ဟန်ဆောင်ပြီး ဘာမှမသိဘူး" ဆိုတဲ့ အတင်းအဖျင်း စကားက ဘယ်လိုမှ လွတ်မြောက်မှာ မဟုတ်တော့ပါ။

"ရပ်လိုက်"

ဆွန်းမို အော်ဟစ်လိုက်သည်။ အလင်းတန်းတစ်ခုလို အစေခံလေးရဲ့ အရှေ့မှာ

ရုတ်တရက်ပေါ်လာပြီး ကိုယ်ရံတော်ရဲ့ လက်သီးကို ပိတ်ဆို့လိုက်သည်။

"ဘုရင်ခံ၊ ဒီပန်းချီကားကို ငါဆွဲခဲ့တာ။ အရေးပေါ် အခြေအနေ ဖြစ်နေလို့ ငါ့မှာလည်း ရွေးချယ်စရာ မရှိခဲ့ဘူး။ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်"

"ဟမ်"

ညှော့သည်အားလုံး အရမ်းအံ့အောသွားသည်။ ဒီပွဲက ဘာဖြစ်ပြန်ပြီလဲ။

"ဆရာဆွန်း၊ မင်းကအစေခံလေးအတွက် စိတ်ပူနေတာ ငါသိတယ်။ ဒါပေမယ့် စကားကို ဒီလိုမျိုး လက်လွှတ်စပယ် မပြောသင့်ဘူး"

ချီမူအန်က စည်းရုံးလိုက်သည်။ ဒီနေ့ကိစ္စက အရမ်းအရေးကြီးသည်။ ဝူရန်ချီသာ အဆုံးထိသွားပါက ဆွန်းမိုသည် သူတစ်ပါး၏ နာမည်ကြီး ပန်းချီကားကို ခိုးကူးတဲ့ ရာဇဝတ်မှုဖြင့် ဖိအားပေးခံရနိုင်သည်။

ဒီအစွန်းအထင်းက အနာဂတ်တွင် သူ့ရဲ့ အသက်မွေးဝမ်းကြောင်း အပေါ်မှာ တော်တော်လေး အပျက်သဘော ဆောင်သွားလိမ့်မည်။

"ပြောရကြေးဆိုရင် အဓိက တရားခံက မင်းသားလီရဲ့ သားတော်ပဲ။ သူက ဒီအစေခံလေး ယူလာတဲ့ ပန်းချီကားကို အတင်းဆွဲယူပြီး ဖျက်ဆီးပစ်ဖို့ ကြံစည်းခဲ့တာ"

"ဒီအစေခံလေးက တော်တော်လေး ကြောက်လန့်ပြီး ကို့ကိုယ်ကို သတ်သေဖို့တောင် ကြံစည်ခဲ့တယ်။ ငါ့တပြည့်က ဒါကို မြင်ပြီး

တားဆီးခဲ့တယ်။ ဒါကြောင့် သူမကို ကူညီဖို့ ဆုံးဖြတ်ပြီး ဒီပန်းချီကားကို ဆွဲပေးခဲ့တာပဲ”

ဆွန်းမိုက စကားပြောပြီးနောက် ဝူရန်ချီကို ဦးညွှတ်ပြီး တောင်းပန်လိုက်သည်။

“တောင်းပန်ပါတယ် မဟာသခင် ဝူ”

“အိုဘုရားရေ၊ ကောင်းလိုက်တဲ့ ဇာတ်လမ်းပဲ”

ညှော်သည်များ အရမ်း စိတ်လှုပ်ရှားနေကြသည်။ အမှန်တကယ်လည်း ဆွန်းမိုကို သူတို့ ယုံကြည်သည်။ လီဖန်ရဲ့ ပင်ကိုယ်စရိုက်ကို လူတိုင်းနားလည်သည်။

အစောပိုင်းတုန်းက ဒီပန်းချီကားကို အတုဆိုပြီး လီဖန် အော်ဟစ်ခဲ့တဲ့ အကြောင်းကို ပြန်တွေးမိသွားသည်။

"အခိုပ်ပွါယ် မရှိတာ။ အစေခံလေးက ဂရုမစိုက်လို့ သူမဘာသာသူမ ပန်းချီကား ပျက်ဆီးအောင်လုပ်လိုက်တာ ရှင်းနေတာပဲ" လီဖန်က ငြင်းလိုက်သည်။

ဆွန်းမိုကတော့ ပြုံးပြုံးလေးပဲ နေလိုက်သည်။

"အဖေ၊ ငါ့စကားက အမှန်ပါ။ သူက ငါ့ကို နာမည်ဖျက်ဖို့ ကြိုးစားနေတယ်"

လီဖန်က လီဇီရှင်း လက်မောင်းကို အတင်းဆွဲပြီး ပြောလိုက်သည်။

"ပါးစပ်ပိတ်ထား"

သူတို့က ဘာမှမပြောရင်တောင် သူက ဘက်မလိုက်မှ ဖြစ်လိမ့်မည်။

"မကောင်းတာကို လုပ်ချင်တာက ပြဿနာမရှိဘူး။ ဒါပေမယ့် တခြားလူက မြင်ပြီး ကိုယ့်ကို အသုံးချလို့ရမယ့် အခွင့်အရေးပေးတာတော့ မင်းမှားသွားပြီ။ မင်းကဘာမှမဟုတ်ဘူး သောက်ရူးပဲ"

ထုံးစံအတိုင်း သူ့သားကြောင့် ဖြစ်လာသဖြင့် တော်တော်လေးတော့ အနေရခက်သွားသည်။ ဆွန်းမိုက ဝူရန်ချီထက် နိမ့်ကျတယ်လို့လဲ ပြောခဲ့ပြီးပြီ။ နောက်ဆုံးတော့ ပန်းချီကားက ဆွန်းမို ရေးဆွဲတာ ဖြစ်နေသည်။

"ဆရာနိ၊ မင်းရဲ့သုံးသပ်ချက်က အံ့မခန်းပဲ"

အန်ရှီဝေက ချီးကျူးလိုက်သည်။

နိဂျင်တင် မျက်နှာ ချက်ခြင်း နီရဲလာသည်။ သူ့မှာ တာဝန်ရှိနေတယ်ဆိုတဲ့ အချက်ကြောင့်သာမဟုတ်ရင် ဒီနေရာက ချက်ခြင်း ထွက်သွားလိုက်ပြီ။

နိဂျင်တင်ကို ညှော်သည်တွေ ကြည့်နေတဲ့ အကြည့်တွေက ရှုံ့ချတဲ့ အကြည့်တွေအဖြစ် ပြောင်းလဲသွားသည်။ သူက ကြယ်သုံးပွင့် မြတ်ဆရာဖြစ်ပြီး လီဇီရှင်းက မြင့်မားတဲ့ ဈေးနှုန်းနဲ့ ဌားရမ်းထားတဲ့ သီးသန့် ကျူရှင်ဆရာ ဖြစ်တာတောင် သူတို့က အမှိုက်လို့ တွေးနေကြပြီ။

“မင်း နာမည် ဘယ်လိုခေါ်လဲ”

ဝူရန်ချီက မေးလိုက်သည်။

“ဆွန်းမို”

ဆွန်းမိုက ပြန်ဖြေလိုက်သည်။

"အိုး၊ ဒါဆို 'မင်းက တံခါးအရှေ့စောင့်နေတဲ့ ခွေးတစ်ကောင်လို့' ပြောခဲ့တဲ့ ဆွန်းမို၊ တစ်မဲဆွန်း ပေါ့"

ဝူရန်ချီက ပန်းချီဝါသနာ ပါသော်လည်း ဆွန်းမိုက ကျော်ကြားလွန်းသည်။ ဆွန်းမိုရဲ့ လုပ်ရပ်တွေအကြောင်း သူ့မိတ်ဆွေတော့ ပြောနေကြတာ ကြားခဲ့ဖူးသည်။

"..............."

ဆွန်းမို တိတ်ဆိတ်သွားသည်။

"မင်းတို့ ဘာဖြစ်လို့ မအံ့အောတာလဲဆိုတာ တကယ် သိချင်တယ်"

ဝူရန်ချီက ချီမူအန်ကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူက အခုလေးတင်ပဲ နာမည်ကြီး ပန်းချီကားတစ်ခု ဖန်တီး ခဲ့သေးတယ်လေ"

ချီမူအန်က ရှင်းပြလိုက်သည်။ ထို့နောက် စိတ်ထဲကနေ စကား တစ်ခွန်း ထပ်ဖြည့်ပြောလိုက်သည်။

“တကယ်ဆို ကျန့်ချင်ဖန် ပြခဲ့တဲ့ နာမည်ကြီး ပန်းချီကား သုံးချပ်စလုံးကို ဆွဲတဲ့လူတောင် ဖြစ်နိုင်သေးတယ်”

“အို ငါကြည့်လို့ ရမလား”

ဝူရန်ချီက မေးလိုက်ပြီးနောက် (တဟုန်တိုး ပြေးနေတဲ့ မြင်းများ) ပန်းချီကားကို တွေ့လိုက်သည်။ အလွန်အကျူးကို ချီးကျူးလိုက်သည်။

“လှလိုက်တာ။ ဒီပန်းချီကားက လူငယ်တွေကို တက်ကြွလာအောင် တော်တော်လေး လှုံ့ဆော်မှု လုပ်ပေးနိုင်တယ်”

သူ ပန်းချီကားကို ခံစားနှစ်သက်ပြီးနောက် ဆွန်းမိုကို ကြည့်ပြီး မေးလိုက်သည်။

“မင်းက ငါ့ကို ဘာဖြစ်လို့ ဒီလိုကြည့်လဲဆိုတာ အရဲတင်းပြီး မေးပါရစေ”

“ဆရာဝူ၊ မင်းက အတ္တကြီးလွန်းတယ်။ ဘဝကို မချစ်နိုင်ပဲနဲ့ ပန်းချီကားကို ဘယ်လို ချစ်နိုင်မှာလဲ။ မင်းဆွဲတဲ့ ပန်းချီကားတွေက ဘယ်လိုလုပ်ပြီး ကမ္ဘာပေါ်က လူတွေတိုင်းကို လွှမ်းမိုးနိုင်မှာလဲ”

ဆွန်းမိုရဲ့ စကားလုံးက နှလုံးသားကနေ ထွက်ပေါ်လာခဲ့သည်။

ဝူရန်ချီကို ဆရာလုပ်ချင်တာ မဟုတ်ဘဲ အဲဒီအစား အကြံဉာဏ်ပေးပြီး စည်းရုံးချင်တာပါ။ ဝူရန်ချီက နောက်တစ်ဆင့် တက်ပြီး အနုပညာသူတော်စင်အဆင့်သို့ ရောက်ရှိနိုင်မယ်လို့ သူထင်နေသည်။

ဝိုး.......

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

“......”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအုပ်ထဲမှာ ရှိတဲ့ ကူရှုပ်ရှင်း ဆွံ့အသွားသည်။ (ဘာဖြစ်လို့ ပါးစပ်ကနေ သွေးစကားတွေ အချိန်တိုင်း ထွက်နေရတာလဲ။ ပြီးတော့ ချန်နန်ရဲ့ နံပါတ်တစ် နာမည်ကြီး ပန်းချီဆရာကို သင်ပေးနေတာလား။ မင်းက နည်းနည်းတော့ မခန့်လေးစား မနိုင်လွန်းဘူးလား)

ဒါပေမယ့်လည်း စောစောတုန်းက သူပြောခဲ့တဲ့ 'ဘဝကို မချစ်နိုင်ဘဲနဲ့ ပန်းချီကားကို ဘယ်လို ချစ်နိုင်မှာလဲ' ဆိုတဲ့ စကားက အရမ်းကောင်းသည်။

ဝူရန်ချီလည်း ဒီစကားကို ထပ်ခါတလဲလဲ တွေးရင်း အတွေးထဲ နစ်မျောသွားသည်။

သူ သာမက လင်းကျောင်းခန်းမမှာရှိတဲ့ လူတိုင်း မြတ်ဆရာအရှိန်အဝါရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရသည်။

လျိုမူဘိုင် တော်တော်လေး တုန်လှုပ်သွားသည်။ (ဒီလောက်တောင် လုပ်ဆောင်ပြဖို့ လိုလို့လား)

“ဟားဟား၊ ငါနားလည်ပြီ။ ငါထစ်ဆို့နေတာ ဒါပဲ။ ဆယ်နှစ်လောက် မတိုးတက်တာလဲ မထူးဆန်းတော့ပါဘူး။ ငါ့နှလုံးသားက အထီးကျန်လွန်ပြီး အတ္တကြီးလွန်းနေတာကိုး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝူရန်ချီက ရုတ်တရက် ထရယ်လိုက်သည်။ စကားအနည်းငယ်လောက် ကို့ဘာသာကို ရေရွတ်ပြီး ဆွန်းမိုကို ဦးညွတ်လိုက်သည်။

"မြတ်ဆရာဆွန်း၊ မင်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ဒင်

ဝူရန်ချီ၏ လေးစား အထင်ကြီးမှု +၅၀၀၊ ရင်းနှီး (၅၀၀/၁,၀၀၀)

ဟာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ညှော်သည်တွေ အကုန်လုံး လုံးဝ အံ့အောကုန်သည်။ ဝူရန်ချီက ဆွန်းမိုကို ပန်းချီကား အတုလုပ်တဲ့ ကိစ္စနဲ့ ပြဿနာ ရှာလိမ့်မယ်လို့ သူတို့ ထင်နေခဲ့သည်။ နောက်ဆုံးတော့ ပန်းချီကားပေါ်မှာ ဝူရန်ချီလို့ လက်မှတ်ထိုးထားတဲ့အတွက် ဆွန်းမိုကို ကျေးဇူးတင်လိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ။

ဝူရန်ချီက ဘယ်သူလဲ။

သူက ချန်နန်ရဲ့နံပါတ်တစ် နာမည်ကြီး အနုပညာရှင် ဖြစ်သော်လည်း ဆွန်းမိုကို အမှန်တကယ် ဦးညွှတ်နေသည်။

ဒါပေမယ့်လည်း အရှက်ရဆုံးလူက လီဇီရှင်းနှင့် နိဂျင်တင် ဖြစ်နေမှာ သေချာသည်။ သူတို့နှစ်ယောက်က ဝူရန်ချီရဲ့ အဆင့်အတန်းကို မြှင့်တင်ပြီး ဆွန်းမိုကို အဆက်မပြတ် တိုက်ခိုက်ခဲ့ကြသည်။

"ဟားဟား။ ငါ့ဆရာက အထင်ကြီးစရာအကောင်းဆုံးပဲလို့ သိနေတာ တော်တော်ကြာပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက ခေါင်းတညိတ်ညိတ်နဲ့ အရမ်းဂုဏ်ယူနေသည်။

“မဟာခင်ဝူ၊ ငါလက်မခံရဲဘူး”

ဆွန်းမို ဖျက်ကနဲ နောက်ဆုတ်လိုက်သည်။

“ဘုရင်ခံဖန်း၊ နာမည်ကြီး ပန်းချီကား ရလိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်”

ဝူရန်ချီက ဘုရင်ခံဖန်းကို တစ်ချက်ကြည့်လိုက်ပြီး လက်ဆုပ်ကာ တောင်းဆိုလိုက်သည်။

“ငါ့ မူရင်းပန်းချီကား ပြန်ပေးလို့ ရမလား”

မှတ်ချက်။ ။ ဒီမှာသုံးတဲ့ ရွှေစကားသည် ပညာရှိစကား ဒါမှမဟုတ် ကောင်းမွန်တဲ့ အကြံပြုချက်ကို ဆိုလိုသည်။

အခန်း(၅၁၁) - အမှောင်ထုရဲ့ ရှားပါး ရတနာ။

"မဟာသခင် ဝူ ၊ မင်းဘာလုပ်ချင်လို့လဲ"

ဘုရင်ခံဖန်း နားမလည်ပေ။

"မီးရှို့မလို့"

ဝူရန်ချီက ရိုးသားစွာ ပြောပြလိုက်သည်။

"ဘာဖြစ်လို့ ဒီလိုလုပ်မှာလဲ"

ဘုရင်ခံဖန်း အကြီးအကျယ် တုန်လှုပ်သွားသည်။

"ဒါက နာမည်ကြီး ပန်းချီကား တစ်ခုလေ"

ချီမူအန်နှင့် ကျန့်ချင်ဖန်တို့ တို့လို အဓိက ဧာတ်ဆောင်တွေကလည်း စည်းရုံးဖို့

ကြိုးစာနေကြသည်။ အံ့ဖွယ် ပန်းခင်းဆိုတာ တက်ကြွရုံနဲ့ ရှာလို့မရဘဲ အခွင့်အခါသင့်မှသာ ရရှိနိုင်သဖြင့် နာမည်ကြီး ပန်းချီကားတိုင်းက တမူထူးခြားနေသည်။ ဖျက်ဆီးပစ်လိုက်လှျင် တော်တော်လေး စိတ်မကောင်းစရာပါ။

"လူတိုင်း ငါ့ကို စည်းရုံးနေစရာ မလိုဘူး။ ငါဆုံးဖြတ်ပြီးပြီ"

ဝူရန်ချီ သည်းမခံနိုင်တော့ပေ။ တကယ်လည်း သူက ဖန်းလန်ကိုတောင် ဦးညွှတ်နေခဲ့သည်။

"ဘုရင်ခံ၊ ငါ့တောင်းဆိုမှုကို ခွင့်ပြုပေးပါ"

“ဘာဖြစ်လို့လဲ”

လူအုပ်ကြီးထဲက ညှော်သည်တစ်ယောက်က နားမလည်နိုင်ဘဲ မေးလိုက်သည်။

“ပါးစပ် ပိတ်ထား”

ဘုရင်ခံဖန်းက လှည့်ပြီး မာန်မဲလိုက်သည်။

“ရပါတယ်”

ဝူရန်ချီ မရှက်ပါ။ သူက အေးအေးဆေးဆေး ရှင်းပြလိုက်သည်။

"မဟာသခင်ဆွန်းရဲ့ ပန်းချီကားနဲ့ ယှဉ်လိုက်လျှင် ငါ့ပန်းချီကားက တော်တော်လေး ယုတ်ညံ့တဲ့ ထုတ်ကုန်ပဲ။ လူတွေမျက်လုံးကို သန စေတယ်။ မချန်ထားခဲ့တာပဲ ပိုကောင်းတယ်"

"မဟာသခင် ဝူ"

ဆွန်းမို တုန်လှုပ်သွားပြီး ရှင်းပြချင်နေသည်။

"မဟာသခင်ဆွန်း ၊ ငါ့အတွက် စိတ်မကောင်းဖြစ်စရာမလိုပါဘူး။ ပန်းချီကို ဖျက်ဆီးတာ ဒေါသကြောင့်လည်း မဟုတ်ဘူး။ ဒါပေမယ့် မင်းရဲ့

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ကြားပြီး စိတ်တွေ တော်တော်လေး တုန်လှုပ်ခဲ့ရတယ်”

ဝူရန်ချီက ပြုံးပြီး

“ဒါပေမယ့်လည်း ငါ့မှာ ဂုဏ်ယူစရာကောင်းတဲ့ တောင်းဆိုမှုတစ်ခု ရှိသေးတယ်”

“မဟာသခင် ဝူ၊ ဒီလောက် ယဉ်ကျေးနေစရာမလိုပါဘူး။ ကျေးဇူးပြုပြီး ပြောပါ”

ဆွန်းမိုက နှိမ့်ချလိုက်သည်။

“မဟာသခင် ဆွန်းမို ၊ မင်းအားတဲ့အခါကျရင် မင်းဆီကို လာရောက်လည်ပတ်ပြီး ပန်းချီတွေ

အကြောင်း အတူတူ ဆွေးနွေးနိုင်ဖို့ မျှော်လင့်တယ်။ ဖြစ်နိုင်ပါ့မလားလည်း တွေးမိတယ်”

ဝူရန်ချီက မဟာသခင်တစ်ယောက်ဖြစ်ပြီး သူဆွဲတဲ့ ပန်းချီကားတစ်ချပ်သည် လူနဲ့စုပဲ သိနားလည်နိုင်သည်။ ဒါကြောင့်လည်း သူက ဆွန်းမိုကို တော်တော်လေး လေးစားပြီး အထင်ကြီးနေသည်။

“မဟာသခင်ဝူ နောက်နေတာပဲ ဖြစ်မယ်။ အချိန်မရွေးလာခဲ့ လေးစားစွာ ကြိုဆိုနေမယ်”

ဆွန်းမိုသည် ဝူရန်ချီကို ရုတ်တရက် လေးစားသွားသည်။ ဒီလိုမျိုး ဝါသနာရှင်များကသာ ပန်းချီဆွဲခြင်းကို အရိုးထဲနေ ချစ်မြတ်နိုးကြသည်။

ဝူရန်ချီက လူအများ၏ ဝေဖန်မှုနှင့် ဆွေးနွေးမှုကို ဂရုမစိုက်ပါ။ ပန်းချီဆွဲတဲ့စွမ်းရည်ကို မမြှင့်တင်နိုင်မှာ တစ်ခုပဲ စိုးရိမ်သည်။

“မဟာသခင် ဝူက ဆွန်းမိုကို ထောက်ခံနေတာလား”

“ဒီမေးခွန်းမေးဖို့ လိုသေးလို့လား။ သူ့ပန်းချီကားကိုတောင် မီးရှို့ပစ်တော့မယ် ဟာကို။ မင်းဘယ်လို ထင်လို့လဲ”

“ဒါဆိုရင် ဆွန်းမိုရဲ့ ပုံဆွဲစွမ်းရည်က တကယ်အထင်ကြီး စရာပဲ”

အရင်က အရမ်းကို ရုပ်တည်ကြီး နေတတ်တဲ့ ဝူရန်ချီက ဆွန်းမိုနဲ့ ပြုံးပြီး စကားပြောနေတာ မြင်လျှင် အနီးအနားမှာရှိတဲ့ ညွှေ့သည်များအားလုံး အရမ်းအံ့အောနေကြသည်။ တချို့လူများက ဆွန်းမိုကို

'ဆရာဆွန်း' အစား 'မဟာသခင် ဆွန်း' လို့ ပြောင်းလဲပြီး ခေါ်နေတာ သတိထားမိသည်။

ဝူရန်ချီလို လူက အရမ်းမာနကြီးတာကို သိထားရမည်။ သူက ချန်နန်ရဲ့ နံပါတ်တစ် အနုပညာရှင် ဖြစ်သည်။ အခုတော့ ဆွန်းမိုလို တစ်စုံတစ်ယောက်ကို မဟာသခင်လို့ ခေါ်နေတာ ဘယ်လိုတောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ။

"မင်း မကြာခဏ ပုံမဆွဲဖြစ်ဘူး မဟုတ်လား။ စိတ်မကောင်းစရာပဲ။ မင်းရဲ့ အချိန်အားလုံးကိုသာ ကြိုးစားအားထုတ်ပြီး ပန်းချီဆွဲလိုက်ရင် ငါးနှစ်အတွင်း

ချန်နန်ရဲ့ နံပါတ်တစ် အနုပညာရှင် အဆင့်အတန်းကို ရနိုင်တယ်”

ဝူရန်ချီက သက်ပြင်းချရင်း ပြောလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် အားလုံး အံ့အောသွားသည်။ ဒီအကဲဖြတ်မှုက တော်တော်လေးကို မြင့်မားနေသည်။

အန်ရှီဝေက ဆွန်းမိုကို စစ်တမ်း ကောက်နေသည်။ သူ့ကို ပထမဆုံးအကြိမ် သိလိုက်ရသလို ဖြစ်နေသည်။ ဆွန်းမိုက ထူးချွန် ထက်မြတ်တာ သိပေမယ့် ဝူရန်ချီ

ကိုယ်တိုင် အသိအမှတ်ပြု ပြောဆိုနေတာ ကြားလိုက်လျှင် မယုံနိုင်အောင် ဖြစ်နေသည်။

“ချန်နန်ရဲ့ နံပါတ်တစ် အနုပညာရှင် ဟုတ်လား”

လျှိုမူဘိုင်ရဲ့ စိတ်ထဲတွင် ခါးသီးမှုများ၊ မလိုလားမှုများ ပြည့်နှက်လာသည်။ သူ့လို ပါရမီရှင်တစ်ယောက်က ပြိုင်ဘက်ကို ရှုထောင့်ပေါင်းစုံက အနိုင်ယူချင်တဲ့စိတ် ပြင်းပြသည်။ ဒါ့အပြင် ဆွန်းမိုက အချစ်ပြိုင်ဘက်လည်း ဖြစ်နေသည်။

ဒါပေမယ့် အခုတော့ လျှို့မှုဘိုင်သည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပြီး ကျရှုံးမှုကို ခံစားနေရသည်။ တစ်သက်လုံး ကြိုးစားရင်တောင် ဆွန်းမိုကို အနိုင်မယူနိုင်ဘူးဆိုတာ သိနေသည်။

ယူရုံပိုက အရာအားလုံးကို တည်တည်ငြိမ်ငြိမ် စောင့်ကြည့်နေသည်။ ထို့နောက် နိဂျင်တင်ကို လှောင်တဲ့အကြည့်နဲ့ တစ်ချက်ကြည့်ပြီး ပြုံးလိုက်မိသည်။ (ဆွန်းမို ဘယ်လောက် ထူးချွန်လဲဆိုတာ မင်းနားမလည်ပါဘူးကွာ)

"ဘုရင်ခံဖန်း၊ ဆွန်းမိုဆီက နာမည်ကြီး ပန်းချီကားတစ်ချပ် ရခဲ့ပြီဆိုတော့ သူ့ကို တစ်ခုခု မပေးချင်ဘူးလား"

ကျန့်ချင်ဖန်က ရုတ်တရက် ထပြောလိုက်သည်။

"အမ်"

ဘုရင်ခံဖန်းလည်း ကြောင်သွားသည်။ ထို့နောက် ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲ"

တိတိကျကျပြောရလျှင် နာမည်ကြီး ပန်းချီကားကို ဆွန်းမို ကူးယူသလို သူတို့ လိုက်မလုပ်နိုင်ပေ။

ဒါ့အပြင် လက်ဆောင်များ ဖလှယ်ပြီးနောက် ဝူရန်ချီ၏စကားနဲ့ ဆွန်းမိုရဲ့ (စည်းစိမ်ဂုဏ်သိက္ခာ တစ်ကိုယ်တည်းသမား ဘ၀ ပန်းချီကား) သည် လှပတဲ့ ဒဏ္ဍာရီတစ်ခု ဖြစ်လာပြီ။

ဖန်းလန်သည် ငတုံးတစ်ယောက် မဟုတ်ပါ။ ဆွန်းမို ပိုနာမည်ကြီးလာတာနဲ့ အတိတ်က သူ့လုပ်ဆောင်မှုများသည် ပိုပိုပြီး တန်ဖိုး ကြီးလာမည်။ ဖန်းလန်သည် အခြေခံအားဖြင့်တော့ သူ့နာမည်ကို သမိုင်းမှာ ကျန်ခဲ့ဖို့ မလုပ်ဆောင်နိုင်ပါ။ ဒါပေမယ့် ဆွန်းမို နာမည်နဲ့တွဲလိုက်လျှင် အချိန်မြစ်ကြီး

ကာလတစ်ခုကြာအောင် ဖြတ်သန်းသွားနိုင်ဖို့ အလားအလာ ရှိနေသည်။

"ဆွန်းမိုသာ သူတော်စင် ဖြစ်လာခဲ့ရင် ၊ ဒီတစ်ခေါက် သမင်အမြီး ဂုဏ်ပြုပွဲက အဖြစ်အပျက်ကို သေချာပေါက် စာအုပ်ထုတ်လိမ့်မယ်"

အစေခံလေးကို သနားပြီး နာမည်ကြီး ပန်းချီကားတစ်ချပ် ဖန်တီးခြင်းသည် အရမ်းကို လှပတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာလိမ့်မည်။

ဒီအကြောင်းကို တွေးရင်းနဲ့ ရုတ်တရက် လမ်းစပေါ်လာသည်။

(ဘာဖြစ်လို့ ပေါက်ကရတွေ တွေးနေတာလဲ။ ငါတော်တော် လွတ်သွားပြီပဲ)

(ဆွန်းမိုက ဘယ်လိုလုပ်ပြီး သူတော်စင် ဖြစ်လာမှာလဲ။ ဒါပေမယ့် ကြယ် ၇ ပွင့်အတွက်တော့ မျှော်လင့်ချက် ရှိသေးတယ်)

“ဒီနာမည်ကြီး ပန်းချီကားက အစေခံလေးကြောင့် ဖြစ်လာတာပဲ။ သူမကို မဟာသခင်ဆွန်းဆီ လက်ဆောင်ပေးလိုက်မယ်ဆို ဘယ်လိုလဲ”

ကျန့်ချင်ဖန်က အကြံပေးလိုက်သည်။

"နိမ့်ကျတဲ့ ဒီကျွန်ကို လက်ဆောင် ပေးရမှာလား။ မဟာသခင်ဆွန်းရဲ့ အဆင့်အတန်းကို ထိခိုက်သွားမှာပဲ ငါကြောက်တယ်"

ဖန်းလန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ နိမ့်ကျတဲ့ ဒီကျွန်က ပန်းချီကားတစ်ချပ်ကိုတောင် မကာကွယ်နိုင်ပါ။ သူ့စရိုက်အရတော့ ပြန်ရောက်တာနဲ့ သေချာပေါက် ရောင်းချပစ်လိုက်မည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆွန်းမိုကို ခေတ်သစ်က လူတစ်ယောက်လို့ ပြောလို့ရသည်။ ဒါကြောင့် သူတပါးရဲ့ ကျွန်မိန်းမကို လိုချင်ပါတယ်လို့ ဘယ်လို မျက်နှာနဲ့ ပြောထွက်မှာလဲ။ ဒါပေမယ့် ကျနို့ချင်ဖန်ရဲ့စကားကို ကြားပြီး ဖန်းလန်ရဲ့ အမူအရာကို မြင်လိုက်တဲ့ အချိန်မှသာ သူမပြောရင် ဒီအစေခံလေးရဲ့ ကံကြမ္မာ သေချာပေါက် ဆိုးရွား သွားလိမ့်မည်။

“အင်း၊ အသက်တစ်ချောင်း ကယ်တာက စေတီ ခုနှစ်ဆူ တည်တာထက် ပိုကုသိုလ် ရပါတယ်လေ”

ဆွန်းမိုသည် စိတ်ထဲက သက်ပြင်းချလိုက်ပြီးနောက် "ဒီအစေခံလေးက ငါနဲ့ ရေစက်ရှိတယ်။ သူမ အနားမှာရှိရင် နောက်ထပ် နာမည်ကြီး ပန်းချီကားတစ်ချပ်ကို ဖန်းတီး နိုင်မယ်လို့ လှုံ့ဆော်မှုတွေ ရနေတယ်"

"အိုး၊ အဲဒီအချိန်ကျရင် မဟာသခင်ဆွန်းက ငါ့ကို သေချာပေါက် ရောင်းရမယ်နော်"

ဘုရင်ခံဖန်းရဲ့ မျက်နှာတွင် ပျော်ရွှင်တဲ့ အမူအရာပေါ်လာသည်။ ထို့နောက် ရက်ရောစွာ လက်ကို ဝှေ့ယမ်းလိုက်ပြီး

“မဟာသခင်ဆွန်းက စိတ်အနှောက်အယှက် မဖြစ်ရင် သူမကို ခေါ်သွားလို့ ရပါတယ်”

ဆွန်းမိုက ရှက်တက်တက် မျက်နှာနဲ့ လက်ဆုပ်လိုက်သည်။

“နိမ့်ကျတဲ့ ကျွန်၊ ဘာဖြစ်လို့ ဒီကိုလာပြီး မင်းသခင် အသစ်ကို မနှုတ်ဆက်သေးတာလဲ”

“လေးစားရတဲ့ သခင်”

ရီကွေးက အရိုအသေ ပေးလိုက်သည်။ သူမသည် အရမ်းခါးသီးတဲ့ ပင်လယ်ထဲက လွတ်မြောက်လာသလို အရမ်း စိတ်လှုပ်ရှားနေသည်။

"ရပြီ၊ ထတော့"

ဆွန်းမို တော်တော်လေး အနေရခက်နေသည်။ တကယ်တော့ သူ အစိုးရိမ်လွန်နေသည်။ ပြည်နယ်ကိုးခုတွင် ကျွန်အမျိုးသမီးကို လက်ဆောင်ပေးခြင်းက ပုံမှန်သာဖြစ်ပြီး ဘာမှမဟုတ်ပေ။ တချို့လူတွေဆို မောင်းမမိသံတွေတောင် စွန့်လွှတ်ကြသေးသည်။

ဒင်

"အရမ်းခါးသီးတဲ့ ပင်လယ်ထဲကနေ အစေခံလေးကို လွတ်မြောက်အောင် ကူညီပေးခဲ့ပြီး

သူမကိုယ်သူမ သတ်သေခြင်းကလည်း တားဆီးနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ တချိန်တည်းမှာပင် ဝူရန်ချီရဲ့ အသိအမှတ်ပြုမှုကို ရပြီး မီအာမူကို ချေမှုန်းနိုင်ခဲ့တယ်။ ဒါကြောင့် မင်းကို ရွှေရောင်ရတနာ သေတ္တာတစ်လုံး ဆုချီးမြှင့်လိုက်တယ်”

စနစ်ဆီကနေ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဆွန်းမို မျက်နှာကိုကြည့်လိုက်လျှင် အူမြူးနေတဲ့ အမူအရာ ဖြစ်နေသည်။ တကယ်ပဲ ဒီလို

အံ့အောသင့်စရာကြီး ရှိတာလား။ ထို့နောက် လုချီဟွာ ခေါင်းကို ပွတ်လိုက်သည်။

“ရတနာသေတ္တာကို ဖွင့်”

အလင်းရောင် မှိန်သွားပြီးနောက် အသီးတစ်လုံး ကျန်ခဲ့သည်။

ဒင်

“နတ်ဘုရားခွန်အားအသီး တစ်လုံး ရလို့ ဂုဏ်ပြုပါတယ်”

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမိုတစ်ယောက် လေချွန်လုမိမတတ် ဝမ်းသာသွားသည်။ နောက်ထပ်

နတ်ဘုရာ သစ်သီးတစ်လုံး ရှိသေးသည် ။ တကြိမ်တည်းနဲ့ နတ်ဘုရားခွန်အား တတိယအဆင့် ဖြတ်ကျော်သွားနိုင်မယ့်ပုံ ရှိနေပြီ။

"ဒီပန်းချီကားကို ဆွန်းမို ဆွဲခဲ့တယ်ဆိုတာ မီအာမူ ခန့်မှန်းပြီးသား ဖြစ်နိုင်တယ်။ ဒါကြောင့် အရက်ကွဲပြီး သိမ်ငယ်စိတ်နဲ့ ကြိုထွက်သွားဖို့ ဆုံးဖြတ်ခဲ့တာလား"

ကျန့်ချင်ဖန်က လီဇီရှင်းကို ကြည့်ပြီး မေးလိုက်သည်။

"ငါ မသိဘူး"

လီဇီရှင်းက အေးစက်စက် ပြန်ဖြေသည်။ ဆွန်းမိုရဲ့ ပိုးဆိုးပက်စက် ကျိန်းဆဲခြင်းကို ခံရပြီး လိမ္မာပါးနပ်စွ္ွာ ထွက်သွားသဖြင့် ကံကောင်းတယ်လို့ သူသိနေသည်။ ဒီလိုမှမဟုတ်ဘဲ ဝူရန်ချီက ဆွန်းမိုကို ဘယ်လိုတောင်ချီးကျူးနေလည်း ကြားလိုက်လျှင် မီအာမူ သေလောက်အောင် ရှက်နေရမည်။

“ငါ မလုပ်နိုင်ဘူး။ ဆွန်းမိုကို စိတ်ချမ်းသာခွင့် မပေးနိုင်ဘူး”

လီဇီရှင်းက နိဂျင်တင်ကို တစ်ချက်ကြည့်လိုက်သည်။ (ဒုတိယ အစီအစဉ် အကောင်ထည် ဖော်ရအောင်)

ဆွန်းမိုသည် ထူးချွန် ထက်မြတ်လွန်းသဖြင့် လီဇီရှင်းက ပိုတောင် ဖျက်ဆီးချင်လာသည်။

နိဂျင်တင်က စကားဖြတ်ဖို့ အခွင့်အရေး ရှာနေတဲ့အချိန်တွင် ချီမူအန်က ရုတ်တရက် ရယ်မောလိုက်သည်။

“လူတိုင်းပဲ ၊ ငါ အမေ့ွာင်ထု အပင်တစ်ပင် ရထားတယ်။ မြတ်ဆရာတချို့ကို မေးကြည့်ပေမယ့်

တခါမှ မတွေ့ဖူးကြဘူး။ အသစ်တက်ရောက်လာတဲ့ မြတ်ဆရာတွေကို မိုးကုတ်စက်ဝိုင်း ကျယ်ပြန့်အောင် အခုပဲ ထုတ်ပြမယ်”

“သူ့ရဲ့ ဇစ်မြစ်နဲ့ အာနိသင်ကို ပြောပြနိုင်တဲ့လူရှိရင် အဲဒီလူကို ကြီးကြီးမားမား ဆုချမယ်”

ချီမူအန် အသံတိတ်သွားတာနဲ့ ဗလတောင့်တင်းတဲ့ လူနှစ်ယောက်သည် ကြီးမားတဲ့သေတ္တာကြီး နှစ်လုံးကို သယ်လာကြသည်။

“မီး ပိတ်လိုက်”

ချီမူအန်က အမိန့်ပေးလိုက်သည်။

ဖောက်

ဖယောင်းတိုင်မီးနဲ့ နံရံမှာရှိတဲ့ မီးတိုင်များ ငြိမ်းသွားသည်။ ရလဒ်အနေနဲ့ အမျိုးသမီးများ အလန့်တကြား ထအော်ကြသည်။ ဒါပေမယ့် သိပ်မကြာခင် သေတ္တာကို ဖွင့်လိုက်တာနဲ့ အသံများ တိတ်ဆိတ်သွားသည်။

လူတိုင်း အမြင်ထဲတွင် လုံးဝကို ဖောက်ထွင်း မြင်နေရတဲ့ အပင်တစ်ပင် ပေါ်လာသည်။ ဒါ့အပြင် ဒီအပင်က ညလင်းပုလဲလို တောက်ပနေသဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လင်းကျောင်း ခန်းမတစ်ခုလုံး ချက်ခြင်း လင်းထိန်သွားသည်။

ဝိုး

ညွှေ့သည်တွေ အံ့အောနေကြသည်။

ဒါက လုံးဝကို ရှားပါးတဲ့ရတနာ တစ်ခုပါ။

"ဘယ်လိုတောင် လှနေတာလဲ"

အင်ဘိုင်ဝူ သက်ပြင်း ချလိုက်သည်။ သူမ

"ဇီချီ၊ ဒါက ဘာလဲဆိုတာ သိလား"

လူတိုင်းကို အထင်သေးတတ်တဲ့ ထန်ထန်ယုထန်တောင် လီဇီချီရဲ့ ဗဟုသုတက တော်တော်လေး နက်ရှိုင်းတယ်လို့ ဝန်ခံထားသည်။ သူမကို စွယ်စုံကျမ်း တစ်ခုလိုတောင် တင်စားလို့ရသည်။

“မသိဘူး”

လီဇီချီ ခေါင်းခါလိုက်သည်။

လုချီဟွာ စိုက်ကြည့်နေသည်။ ဒါက ဘာဖြစ်လို့ ဒီနေရာမှာ ပေါ်လာရတာလဲ။

“ဘာမှားနေလို့လဲ”

လီဇီချီက မေးလိုက်သည်။

လုချီဟွာ မဲ့သွားသည်။ ဒီအကြောင်းအရာကို ရှင်းပြချင်သော်လည်း တွေဝေနေပြီး ပါးစပ်ပိတ်ထားဖို့ ဆုံးဖြတ်လိုက်သည်။ တချို့ အရာတွေက သာမန်ကာလျှံကာ မပြောတာ ပိုကောင်းတယ်လို့ သူ့အဖေက ပြောထားသည်။ ဒီလိုမှမဟုတ်ရင် သူမဆီကို အန္တာရာယ်တွေ စုပြုံပြီး ရောက်လာနိုင်သည်။

“ဒါက ဘာလဲဆိုတာ သိတဲ့လူ တစ်ယောက်ယောက် ရှိလား။ ဆရာလျို၊ ဆရာဖန်၊ ဆရာဆွန်း”

ချီမူအန်က ထပ်မေးလိုက်သည်။ ဆွန်းမိုက အခုလက်တလော တော်တော်လေး ကျော်ကြားနေသော်လည်း လျိုမူဘိုင်နှင့် ဖန်ဝူဂျီတို့က ပိုတောင် နာမည်ကြီး သေးသည်။ သူတို့နှစ်ယောက်ကို ချင်လင်ရဲ့ ကျောက်စိမ်း အမွှာလို့ သတ်မှတ်ထားသည်။ ဒါကြောင့်လည်း

သူတို့နှစ်ယောက်ကို အရင်ဆုံးမေးဖို့ ဆုံးဖြတ်လိုက်သည်။

ဖန်ဝူဂျီက ခေါင်းခါလိုက်ပြီး

“ဘာမှ မပြောတတ်ဘူး”

“မင်း..........”

သူ သဘောအကျဆုံး တပြည့်က ဒီလို လုပ်လိုက်တာ မြင်လိုက်သဖြင့် ချောင်ရှန်တစ်ယောက် သေလုမတတ် ဒေါသထွက်သွားသည်။ (နည်းနည်းလောက် ဖျစ်ညှစ်ပြီး ဂုဏ်ယူလို့ ရအောင် မကြိုးစားတော့ဘူးလား)

ထို့နောက် လျှိုမူဘိုင် ဘက်သို့ လူတိုင်း လှည့်ကြည့်လိုက်သည်။

"သူ့နာမည်တော့ ငါမသိဘူး။ ဒါပေမယ့် အရမ်းရှားတယ်ဆိုတာတော့ ငါသိတယ်"

လျှိုမူဘိုင်က ဆက်ပြီး

"ငါ အမှောင်တိုက်ကြီးမှာ လေ့ကျင့်တုန်းက ကံကောင်းပြီး တစ်ခါတွေ့ဖူးတယ်။ အမှောင်ကြိုက်တဲ့ အပင်မျိုး ဖြစ်ပြီး ဂူထဲမှာပဲ အများအားဖြင့် ရှိတတ်တယ်"

"အိုး၊ အသေးစိတ ် ရှင်းပြနိုင်မလား"

ချီမူအန်က ထပ်မေးလိုက်သည်။

"တောင်းပန်ပါတယ်။ အများကြီးမသိတော့ဘူး"

လျှိုမူဘိုင် ခေါင်းခါလိုက်သည်။ ကြည့်လိုက်တာနဲ့ ရှားပါး ရတနာတစ်ခုဆိုတာ ထင်ရှားသည်။ အဲဒီအချိန်တွင် လျှိုမူဘိုင်တို့က လူဆယ်ယောက် အုပ်စု ဖြစ်သည်။ သူတို့ လိုချင်သော်လည်း ဧရာမ မြွေကြီးတစ်ကောင်က ချောင်းမြောင်း တိုက်ခိုက်တာနဲ့ ကြုံလိုက်ရသည်။ နောက်ဆုံးတော့ သူတို့ဖက်မှာ အသေအပျောက်များပြီး ဒဏ်ရာ ပြင်းထန်ခဲ့သည်။

ဒီမြွေကြီးက ပေတစ်ရာလောက် ရှည်ပြီး ညာဏ်ရည် ဖွံ့ဖြိုးတဲ့ အမှောင်မျိုးစိတ်တစ်ခု ဖြစ်နေသည်။ သူ့ရဲ့တိုက်ခိုက်ရေး အစွမ်းက ကြောက်စရာ ကောင်းလွန်းသည်။ ဒါကြောင့် သူကာကွယ်ထားတဲ့ အရာသည် အရမ်းရှားပါးတဲ့ ရတနာ တစ်ခုဆိုတာ သေချာသည်။

“ကြင်ယာတော်မင်းသား မင်းအပင်က မရင့်သေးဘူး”

လျှိုမူဘိုင်သည် မြွေရှိတဲ့ဂူကြီးရဲ့ တည်နေရာကို မှတ်မိသေးသည်။ အချိန်ရလျှင် သွားကြည့်ချင်သေးသည်။

"ဆရာဆွန်း၊ မင်းမှာ ပြောစရာ ရှိသေးလား"

ချီမူအန်က မေးလိုက်သည်။

"နည်းနည်း စဉ်းစားကြည့်လိုက်အုံးမယ်"

ဆွန်းမို ဆင်ခြေပေးလိုက်သည်။ တကယ်တော့ ဒီအပင်ကို မြင်လိုက်တာနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေက သူ့စိတ်ထဲမှာ ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အလွတ်ကျက်ထားတဲ့ အမှောင်ထုအပင် စွယ်စုံကျမ်းထဲမှာ ဒီအပင်အကြောင်း မှတ်တမ်းတစ်ခု ရှိသည်။

ဒါပေမယ့်လည်း ဘယ်သူမှမသိတဲ့ ကိစ္စတစ်ခုမှာ ဆွန်းမို မှန်နေတယ်ဆိုရင်တောင် သူမှန်ကြောင်း ဘယ်သူမှ မဆုံးဖြတ်နိုင်ပေ။ ဒါ့အပြင် ဒီအရာက အရမ်းအန္တရာယ်များပြီး လူအုပ်ကြီးအရှေ့မှာ ဖော်ထုတ်ဖို့ မသင့်တော်ပါ။

“မသိရင် မသိဘူး ဝန်ခံလိုက်။ နည်းနည်း စဉ်းစားအုံးမယ်ဆိုတာ ဘာပြောချင်တာလဲ။

နည်းနည်းလေး တွေးကြည့်ရုံနဲ့ အချက်အလက်တွေ အာလုံး သိနိုင်ပါ့မလား”

လီဇီရှင်းက လှောင်ပြောင်နေသည်။

“မင်းစကာအရဆို ၊ မင်းကဒီအပင်နဲ့ ပက်သက်ပြီး အားလုံး သိထားသလိုပဲ”

အင်ဘိုင်ဝူက တန်းပြီး ပြန်ခံပြောသည်။ သူမ ဆရာကို လှောင်ပြောင်ဖို့ သတ္တိရှိတယ် ဟုတ်လား။ ဘယ်လိုတောင် ဒေါသဖြစ်ဖို့ ကောင်းလိုက်သလဲ။

“ဆရာဆွန်း၊ တပြည့်တွေကို ဘယ်လို သင်ပေးထားတာလဲ။ သာမန်ကာလျှံကာ စကားကို

မခန့်လေးစား လေသံနဲ့ ပြောနေပါလား။ ဘယ်လောက်တောင် စရိုက်ကျလိုက်သလဲ”

နိဂျင်တင်က မာန်မဲသည်။

အခန်း(၅၁၂) - ဆွန်းမို၊ တောင်းပန်ပါ။

ဆွန်းမိုလို ပင်ကိုယ်စရိုက်ရှိတဲ့ လူကို အသာထားလိုက်အုံး ပျော့ညံ့တဲ့ လူတစ်ယောက်တောင် သုံးခါလောက်ပဲ

သည်းခံနိုင်မည်။ နိဂျင်တင်က သူ့ကို ပစ်မှတ်ထားပြီး အကြိမ်ပေါင်းများစွာ တိုက်ခိုက်လာသဖြင့် သူလည်း အကြီးအကျယ် စိတ်ဆိုးပြီး ပြန်ခံပြောလိုက်သည်။

"မင်း ငါ့ကို တိုက်ခိုက်ချင်ရင် ပွင့်ပွင့်လင်းလင်း ပြောပြီး စိန်ခေါ်လိုက်။ အဆင့်အတန်းသုံးပြီး တခြားသူတွေကို ဖိနှိပ်နေတာ ရပ်လိုက်တော့။ ကြယ်သုံးပွင့် မြတ်ဆရာတွေက သိပ်အထင်ကြီးစရာ ကောင်းနေလို့လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့စကားဆုံးသွားတာနဲ့ လင်းဂျောင်ခန်းမတစ်ခုလုံး တော်တော်လေး ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

ဧည့်သည်တွေက ဆွန်းမိုကို မယုံကြည်နိုင်စွာငေးကြည့်နေကြသည်။ ကြယ်သုံးပွင့်မြတ်ဆရာတစ်ယောက်ကို လူမြင်ကွင်းမှာ ပြန်ခံပြောနေတာလား။

ပြည်နယ်ကိုးခုသည် ရှေ့ဟောင်းတရုတ်ပြည်ထက်ကို ဆရာတွေအား ဂုဏ်ပြုပြီး ပိုအလေးထားတာ သိထားရမည်။ အငယ်များက

အကြီးများကို လေးစားရမည်။ အကြီးတစ်ယောက် ငယ်ရွယ်သူကို ဆုံးမတာက ပုံမှန်ပဲ ဖြစ်သည်။ ဒါပေမယ့် ဆွန်းမိုက အမှန်တကယ်ကို ပြန်ခံပြောနေပြီ။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး မင်းစကားတွေကို ထိန်းပါ"

လီဇီရှင်းက မာန်မဲလိုက်သည်။

"မင်း မျက်လုံးထဲမှာ ကြယ်သုံးပွင့် မြတ်ဆရာတွေက မင်းကို လူအရှေ့မှာ ဟောပြောဖို့ ဆုံးမဖို့ အရည်အချင်း မမှီဘူး ထင်နေတာလား"

"ခေါင်းစဉ် လာမတပ်နဲ့။ ကြယ်ပွင့်များတဲ့ မြတ်ဆရာတွေကို လေးစားတယ်။ ဒါပေမယ့် အဲဒီ မြတ်ဆရာက ငါ့အတွက် လေးစားဖို့ အရည်အချင်းနဲ့ အောင်မြင်မှုတွေ ရှိဖို့တော့ လိုသေးတယ်"

"စိတ်ဆိုး စရာပဲ"

နိဂျင်တင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဆရာနို၊ ကျေးဇူးပြုပြီး မင်းကိုယ်မင်း ထိန်းပါ"

အန်ရှီဝေက ပြောလိုက်သည်။

"ငါ့အမြင်မှာတော့ ကြယ် ၃ ပွင့် မြတ်ဆရာတစ်ယောက်က တကယ်ကို

ဘာမှမဟုတ်ဘူး။ ဆွန်းမိုက အနည်းဆုံး နှစ်နှစ်အတွင်း အဲဒီအဆင့်ကို ရောက်လိမ့်မယ်”

“ဟားဟား၊ မင်းက သူ့ကို တကယ် အထင်ကြီးနေတာပဲ”

လီဇီရှင်းက လှောင်ပြောင်လိုက်သည်။

“ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲရဲ့ အဆင့်တစ်၊ နှစ်တစ်ရာ စံချိန်ချိုးသူ၊ တံဆိပ်ကြီး ရတဲ့လူ အဲဒီလိုလူက ပါရမီရှင် မဟုတ်ဘူးလား၊ မေးပါရစေ”

အန်ရှီဝေက ပြန်မေးလိုက်သည်။

“အမ်”

လီဇီရှင်း အရမ်းအံ့အောသွားသည်။ ဒီလိုလူက ပါရမီရှင် မဟုတ်ဘူးလို့ ဘယ်သူက ပြောရဲမှာလဲ။ သရဲတောင် ယုံမှာ မဟုတ်ပေ။

“ဆရာနို ကိုလည်း မေးပါရစေအုံး။ မင်း ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲ ဝင်ဖြေတုန်းက အဆင့် ဘယ်လောက်ရလဲ။ မင်းက ဆွန်းမိုထက် ပိုမြင့်နေတာလား”

အန်ရှီဝေက ဆက်မေးလိုက်သည်။

နိဂျင်တင် တော်တော်လေး ရှက်သွားသည်။ ဒါပေမယ့် ငြင်းတော့ ငြင်းလိုက်သေးသည်။

"ငါ့အသုတ်က ပါရမီရှင်တွေ ဆုံးသွားတယ်လို့ ပြောလို့ရတယ်။ စာမေးပွဲကလည်း အရမ်းခက်တယ်"

"ဆရာနိ၊ မင်း ဒီလောက်အထိတော့ အရှက်မမဲ့ပါနဲ့။ အခုနှစ် စာမေးပွဲက နှစ် ၅၀အတွင်း အခက်ဆုံးဆိုတာ လူတိုင်းသိတယ်"

ကူရှုပ်ရှင်းကလည်း စပြောလာသည်။

"မင်း ဝန်မခံချင်သေးရင် သူတော်စင်ဂိတ်မှာ သွားစစ်ဆေးလို့ ရတယ်"

ဟူး

ညှော်သည်တွေ အူမြူးနေကြသည်။ ဒါ ဇာတ်လမ်း အကြီးစားပဲ။

ဒါပေမယ့် လီဇီရှင်းရဲ့ ဝိသေသကို တွေးကြည့်လိုက်တဲ့ အခါ အားလုံး နားလည်သွားသည်။ မင်းသားလီက မရီဒန်အကယ်ဒမီရဲ့ လျှို့ဝှက် ထောက်ခံသူ ဖြစ်ကြောင်း သူတို့ ကြားသိထားသည်။ အခုဖြစ်နေတာကိုကြည့်လိုက်လျှင် တကယ် မှန်တဲ့ပုံရသည်။

ယူရုံပိုက တရားမျှတအောင် ဝင်ပြောချင်သော်လည်း ချောင်ရှန်က သူ့ကို တားလိုက်သည်။

“ဆရာနဲ၊ မင်း အသက်ဘယ်လောက်မှာ ကြယ်သုံးပွင့်မြတ်ဆရာ ဖြစ်လာလဲဆိုတာ မေးလို့ ရမလား”

အန်ရှီဝေက ထပ်မေးလိုက်သည်။

“ဟွန့်”

နိဂျင်တင်က ပြန်ဖြေဖို့ ငြင်းဆိုသွားသည်။

"ဆွန်းမိုက အခုမှ အသက် ၂၀ပဲ ရှိသေးတယ်။ ကြယ်သုံးပွင့် မြတ်ဆရာဖြစ်ဖို့ ဆယ်နှစ်လောက် အချိန်ယူရင်တောင် မင်းထက် မြန်နေသေးတယ်"

အန်ရှီဝေက အေးစက်စွာ ရယ်မောပြီး ပြောလိုက်သည်။

အန်ရှီဝေသည် ကူရှုပ်ရှင်း ဒါမှမဟုတ် လျှိုမူဘိုင်ကို ချီးကျူးနေပါက သူများတွေက လှောင်ပြောင်ပြီး ကဲ့ရဲ့ ကြလိမ့်မည်။ ဒါပေမယ့် ဆွန်းမိုကို ချီးကျူးနေတဲ့ အချိန်ကျတော့ ဘယ်သူက ငြင်းရဲမှာလဲ။

သူမ အမှားလုပ်မိလို့ အရှုံးဖြစ်သွားတယ်လို့ ပြောချင်ရင်တောင် ဆယ်နှစ်လောက် စောင့်ရအုံးမည်။

"ဆရာနိရေ၊ အောင်မြင်မှုအကြောင်း ပြောရကြေးဆို ငါတို့တွေက တခြားသူတွေကို ပညာဖြန့်ဝေပေးဖို့နဲ့ ကလေးတွေကို သူတို့ဘဝမှာ အောင်မြင်လာအောင် သူတို့ဘဝတွေ တန်ဖိုးရှိလာအောင် ကူညီပေးကြရတယ်။ မင်းကတော့ ဘယ်ကျောင်းမှာမှ အလုပ်မလုပ်ဘူးလို့ ကောလဟာလ ကြားထားတယ်"

ဆွန်းမိုက မေးလိုက်သည်။

နိဂျင်တင် မျက်နှာကြီး မည်းသွားသည်။

မြတ်ဆရာတစ်ယောက်နေနဲ့ သီးသန့်ဆိုလျှင် သူ ပညာဖြန့်ဝေပေးတဲ့ အရေအတွက် သေချာပေါက် နည်းလိမ့်မည်။ သူက ချမ်းသာတဲ့ မျိုးနွယ်စုတွေမှာသာ ကျူရှင်ဆရာလုပ်ပြီး သူတို့ရဲ့ မျိုးဆက်တွေကိုသာ ပညာသင်ကြား ပေးခဲ့သည်။

ညွှန့်သည်တွေရဲ့ ပါးစပ်က ဖွင့်မပြောသော်လည်း စိတ်ထဲမှာတော့ အထင်သေးနေကြသည်။ (မင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုက်ဆံ မမက်ဘူးပြောရင် သရဲတွေတောင် ယုံမှာ မဟုတ်ဘူး)

အများအားဖြင့်တော့ မြတ်ဆရာအများစုသည် သူတို့ကြားက ဟန်ဆောင်ရင်းနှီးမှု အကုန်လုံးကို မဖျက်ဆီးကြသော်လည်း ဆွန်းမိုကတော့ ဒီစကားပြောပွဲတွင် အားလုံးလျစ်လျူရှု ထားခဲ့သည်။ (ဒီအဖေကို ရန်စကတည်းက မင်းကိုသေချာပေါက် သေအောင် လုပ်ပေးမယ်)

"ဆွန်းမို ခေါင်းစဉ် မပြောင်းနဲ့။ ဒီအမှောင်ထု အပင်အကြောင်း မင်းမသိရင် မသိဘူး ဝန်ခံလိုက်"

“ဒါဆိုရင် မင်းသိလား။ ဆွန်းမိုက မဲ့ပြုံးလေး ပြုံးပြီး မေးလိုက်သည်။

“ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

“နားထောင်လို့ ကောင်းတယ်”

နိဂျင်တင်က ဘယ်ဘက်လက်ကို နောက်ပစ်ပြီး အံ့အောဖွယ်ကောင်းတဲ့ မြတ်ဆရာတစ်ယောက်လို ပြုမူလိုက်သည်။

“သူတော်စင်ဂိတ်မှာ ဒီလို နမူနာတွေ အများကြီး မရှိတာကြောင့် နာမည်တော့ မပေးထားဘူး. ဒါပေမယ့် သူ့ရဲ့ အကျိုးသက်ရောက်မှုကို ငါသိတယ်။

သူ့ဆီက ထွက်လာတဲ့ ရနံ့က အနံ့မရှိသော်လည်း ဒီအနံ့ကို ရှူလိုက်ပြီးရင် သုံးရက်သုံးည ဆက်တိုက် လေ့လာရင်တောင် ပင်ပန်းနွမ်းနယ်မှာ မဟုတ်ဘူး”

“တချိန်တည်းမှာပဲ မှတ်ဉာဏ်နဲ့ နားလည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်တယ်။ ဒီအပင်ကြောင့် မှတ်ဉာဏ်ကောင်း အရှိန်အဝါကို နားလည်တဲ့ မြတ်ဆရာတစ်ယောက်လည်း ရှိဖူးတယ်”

ညွှန့်သည်များ သက်ပြင်းချလိုက်သည်။ မှတ်ဉာဏ်ကောင်း၊ ဒါက လူတိုင်း လိုချင်နေကြတဲ့ စွမ်းရည်ပါ။

နိဂျင်တင်က ဆွန်းမိုကို အထင်သေးတဲ့ အမူအရာနဲ့ ကြည့်လိုက်သည်။ (ဘယ်လိုလဲ။ အခု ယုံပြီလား)

ပြောရမယ်ဆိုရင် နိဂျင်တင်သည် သူ့ရဲ့ ဆရာကြောင့် သူတော်စင်ဂိတ်ရဲ့ အမေ့ာင်ထု အပင်တွေကို သုတေသနပြုတဲ့ ဌာနကို ဝင်ခွင့်ရခဲ့ပြီး ဒီအပင်ကို မြင်ခွင့် ရခဲ့သည်။

"ကြင်ယာတော် မင်းသား ဒီရှားပါးအမှောင်ထုရတနာက သူတော်စင်ဂိတ်အတွက် အဖိုးတန် နမူနာ တစ်ခုလို့

ပြောလို့ရတယ်။ သူတို့ဆီကို တတ်နိုင်သမျှ မြန်မြန်လေး လွှဲပေးဖို့ တောင်းဆိုပါရစေ”

“ဆွန်းမို ၊ မင်းက စံချိန်ချိုးပြီး သူတော်စင်ဖြစ်ဖို့ အလားအလာရှိလည်း ကိစ္စမရှိဘူး။ ဒီနေ့မှာတော့ ဆရာနိထက် နိမ့်ကျတဲ့ ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် သာသာပဲ။ ဒီလို ဖြစ်နေတာကြောင့် မင်းလေးစားမှုတော့ ပြသင့်တယ်”

လီဇီရှင်း တော်တော်လေး ကျေနပ်သွားသည်။

မျှော်လင့်ထားသလိုပဲ ၊ ကိုယ်ရည်ကိုယ်သွေး မြင့်တဲ့ နေရာမှာနေပြီး တခြားသူတွေကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆူပူကြိမ်းမောင်းရတာ တော်တော်လေး ပျော်ဖို့ကောင်းတာပဲ။

လူတိုင်းက ဆွန်းမိုကို ဝိုင်းကြည့်လိုက်ကြသည်။ သူ့ရဲ့ အဖြေကို စောင့်နေကြသည်။

(ဆွန်းမို၊ မင်းဘာတွေးနေတာလဲ။ အခုကိုက်တော့လေ။ မြန်မြန်လေး ရက်ရက်စက်စက်ကိုက်လိုက်)

ဆွန်းမိုစကား မပြောတာကိုမြင်လျှင် ကူရှုပ်ရှင်းစိုးရိမ်လာသည်။

ဒီအချိန်မှာ ဆွန်းမိုက အမှောင်ထုအပင်ကို စိုက်ကြည့်ပြီး မျက်မှောင်ကြုတ်နေသည်။ သူက စနစ်နဲ့ စိတ်ထဲကနေ စကားပြောနေခဲ့သည်။

"သူတော်စင်ဂိတ်က ဒီအမှောင်ထုအပင်ကို နာမည်မပေးရသေးဘူးလို့ နိဂျင်တင်က ပြောနေတယ် ဒါဆို သူမမှားနိုင်ဘူး။ ဒါပေမယ့် မင်းငါ့ကိုပေးခဲ့တဲ့ စွယ်စုံကျမ်းမှာ ဘာဖြစ်လို့ နာမည် ရှိနေရတာလဲ"

ဆွန်းမို နားမလည်ပေ။

ဒီအပင်ကို ကျောက်အရိုးပန်းလို့ ခေါ်သည်။ အရမ်းကြောက်စရာ ကောင်းတဲ့နာမည် တစ်ခုပါ။

“ပိုင်ရှင်အဆင့်က နိမ့်လွန်းလို့ မှတ်ချက်မရှိဘူး”

စနစ်က အေးစက်ပြီး ကျောက်တုံးလို အသံနဲ့ ပြန်ပြောသည်။ စိတ်ခံစားမှု လုံးဝ မရှိပါ။

“ပုံမှန်အားဖြင့်တော့ အပင်အသစ်တွေ တွေ့ရှိရင် သင့်တော်တဲ့မျိုးစိတ်တွေ အမျိုးအစား ခွဲတဲ့ စည်းမျဉ်းကို လိုက်နာပြီး နာမည်ပေးရတယ်”

ဆွန်းမိုက စွယ်စုံကျမ်းထဲကနေ သူဖတ်ခဲ့ရတဲ့ အကြောင်းအရာများကို ပြန်ပြောပြနေသည်။

“ကျောက်အရိုးပန်း ဆိုတဲ့ အမျိုးအစားခွဲခြားမှုက သိပ္ပံနည်းကျ ဖြစ်ပြီး မှန်ကန်ကြောင်းလည်း

သက်သေပြထားပေမယ့် သူတော်စင်ဂိတ်က မသိဘူး။ တခြားအဖွဲ့အစည်းတွေက ကျောက်အရိုးပန်းအကြောင်းကို သုတေသန ပြုလုပ်ထားတယ်လို့ ပြောချင်တာလား။ ဒါမှမဟုတ် ပြည်နယ်ကိုးခုမှ ဖြတ်သန်းလာတဲ့ အသိပညာ စီးကြောင်း ပျက်တောက်သွားလို့လား”

ဆွန်းမို သုံးသပ်လိုက်သည်။

“မှတ်ချက် မရှိဘူး”

"ခဏာနေအုံး။ သူတော်စင်ဂိတ်က ဒီအချက်အလက်တွေကို ရည်ရွယ်ချက်ရှိရှိ ဖုံးကွယ်ထားတာလည်း ဖြစ်နိုင်တယ်"

ဆွန်းမို အတွေးထဲ မျောနေသည်။

" ကြမ်းတမ်းတဲ့ စိတ်ကူးတွေ ရပ်လိုက်တော့။ မင်းရဲ့ ကြယ်ပွင့် အဆင့်မြှင့်ဖို့ပဲ အကောင်းဆုံး ကြိုးစားပါ။ မင်းရဲ့ ကြယ်ပွင့်အဆင့်က သတ်မှတ်ထားတဲ့ အဆင့်အထိ ရောက်လာတာနဲ့ ဒီလျှို့ဝှက်ချက်တွေကို အလိုလို သိလာလိမ့်မယ်"

စနစ်က နှစ်သိမ့်လိုက်သည်။

"ဆွန်းမို တောင်းပန်ပါ"

အန်ရှီဝေနှင့် ယူရုံပိုတို့က ကူညီချင်ပေမယ့် ဒီအမှောင်ထုအပင်အကြောင်း မသိကြပေ။ ဒီအတွက်လည်း အဖြေမရှိပါ။ လူသိရှင်ကြား အသိအမှတ်ပြုထားတဲ့ အရာက မြတ်ဆရာလောကတွင် ဗဟုသုတ အရှိဆုံး ဆရာက အထင်ကြီးဖို့ အကောင်းဆုံး ဖြစ်သည်။

တကယ်လို့ ဆွန်းမိုက ဒီအပင်အကြောင်း မသိပါက သူက ဆွန်းမိုကို ဆူပူဖို့ ထိုက်တန်နေပြီ။

လုချီဟွာက အရှေ့တက်လာပြီး ဆွန်းမိုအား ဒီအပင်အကြောင်း အသိပေးမလို့ လုပ်လိုက်သည်။

"တောင်းပန်ရမယ် ဟုတ်လား ၊ ဘာကို တောင်းပန်ရမှာလဲ"

ဆွန်းမိုက

"ဒီအချက်အလက်ကို ဆရာနဲ့ တစ်ယောက် ဘယ်က ရလာလဲဆိုတာ တွေးနေမိတယ်။ ကျွမ်းကျင်သူ အရှေ့လာပြီး ဒီလို မတောက်တခေါက် စွမ်းရည်လေး ပြသဖို့ ဘယ်လို သတ္တိရှိလာတာလဲ။ ဘယ်လိုတောင် အရှက်မဲ့ ကြွားဝါမှုလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘောပဲ။ ငါ့ကို ရန်စဖို့ သတ္တိရှိတယ် ဟုတ်လား။ ဒီနေ့ မင်းဘဝကိုပါ မင်း သံသယ ဝင်လာအောင် ငြင်းခုန်ပေးလိုက်မယ်)

အခန်း(၅၁၃) - ဘယ်သူက ဆရာကြီးလဲ ဆိုတာ မင်းကို ပြမယ်။

ရှူး

လူတိုင်း လေးအေးတစ်ချက် ရှိုက်လိုက်ပြီး ဆွန်းမိုကို တအံ့တအော ငေးကြည့်နေကြသည်။ သူ့ဝေဖန်မှုက အရမ်းပြင်းထန်လွန်းသည်။

"ထိပ်ဆုံး တစ်ယောက် မဟုတ်ဘူးလား"

"ဒီလိုမျိုးတော့ မဟုတ်ဘူး။ ဆွန်းမိုက ရေးဖြေစာမေးပွဲမှာ အမှတ်ပြည့် ရရှိသာမက အဖြေလွှာတောင် ကြိုပေးခဲ့သေးတယ်"

"ဆွန်းမိုက ရက္ခဗေဒ ဘာသာရပ်မဟုတ်ဘူး ဝိညာဉ်တက်တူး ဘာသာရပ်ကို ရေးဖြေ စာမေးပွဲ ဖြေခဲ့တာ"

ညြေ့သည်တွေလည်းတစ်ယောက်နဲ့ တစ်ယောက် တီးတိုး တိုင်ပင်နေကြသည်။ ဆွန်းမို အနိုင်ရမယ်လို့ တွေးနေကြတယ်တဲ့ လူများလည်း အခုအချိန်တွင် အံ့အောနေကြသည်။

"ဆရာဆွန်း၊ မင်းယုံကြည်မှု ဘယ်ကလာတာလဲဆိုတာ မေးချင်တယ်"

အန်ရှီဝေနှင့် ကူရှုပ်ရှင်းလည်း ဒီလို အပျက်သဘောဆောင်တဲ့ လွှမ်းမိုးမှုကို အနိမ့်ဆုံးဖြစ်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ တွေးရင်း စိုးရိမ်လာကြသည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုက ကြယ်ပွင့် အဆင့်မြင့်တဲ့ မြတ်ဆရာတစ်ယောက်ကို ပါးစပ်နဲ့ စော်ကားးကတည်းက မြတ်ဆရာလောကရဲ့ ကြီးမားတဲ့ တားမြစ်ချက်ကို ချိုးဖောက်နေပြီ။

သူအနိုင်ရရင်တော့ အဆင်ပြေပါသည်။ ဒါပေမယ့် ရှုံးသွားရင်တော့ လှောင်ပြောင်စရာ ဟာသတစ်ပုဒ် ဖြစ်လာလိမ့်မည်။

ဆွန်းမိုက "ငါက ကျွမ်းကျင်သူတစ်ယောက် အရှေ့မှာ ငါ့ရဲ့အရည်အချင်း အနည်းငယ်ကို ပြသတယ်လို့ မင်းပြောလိုက်တာလား။ ဒီလိုဆိုတော့လည်း မင်းနဲ့ တိုင်ပင်ရတာပေါ့"

နိဂျင်တင်က အေးစက်စက် လှောင်ပြောင် ရယ်မောလိုက်သည်။

ဒင်

တာဝန် အသစ်ထုတ်ပြန်သည်။ သမင်အမြီး ဂုဏ်ပြုစားပွဲမှာ နိဂျင်တင်အား အရှက်နှင့် ဂုဏ်သိက္ခာ အားလုံး ဆုံးရှုံးသွားအောင် လုပ်ပါ။ အောင်ပွဲ ပိုလေလေ မင်းအတွက် ဆုလဒ်က ပိုမြင့်မားလေ ဖြစ်မယ်”

ဒီအကြောင်းကြားချက်ကို ကြားလိုက်လျှင် ဆွန်းမို ဆွံ့အသွားသည်။ နိဂျင်တင်က ဘယ်လိုတောင် ရွံရှာဖို့ ကောင်းနေပြီလဲ။ စနစ်တောင် ဒီလိုမျိုး တာဝန်ကို မထုတ်ပြန်ဘဲ မနေနိုင်တော့ချေ။

“ဘာဖြစ်လို့လဲ၊ မရပ်လိုက်ပါနဲ့၊ ဆက်ကြွားပါအုံး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင်က လှောင်ပြောင်ပြီး

"ငါ လေးလေးစားစား နားဆင်ဖို့ စောင့်နေပါတယ်"

"ဒါဆိုလည်း နားထောင်ပေါ့။ ဒီအမှောင်ထု အပင်မှာ နာမည်တစ်ခု ရှိတယ်။ သူ့နာမည်က ကျောက်အရိုးပန်း"

ဆွန်းမိုက ပြောလိုက်လျှင် ဒီနေရာမှာရှိနေတဲ့ မြတ်ဆရာအားလုံး မျက်မှောင် ကြုတ်သွားသည်။

"ပေါက်ကရတွေ"

နိဂျင်တင်က မာန်မဲလိုက်သည်။

“တွေ့ကရာ နာမည်တစ်ခုနဲ့ ငါတို့ကို လှည့်စားနိုင်မယ်လို့ ထင်နေတာလား”

“ဆရာနိ၊ စောစောတုန်းကတော့ ငါတပြည့်တွေ ဘာမှ အဖြစ်မရှိဘူးလို့ မပြောခဲ့ဘူးလား။ အခု မင်းကရော၊ အခုအချိန်က ငါရှင်းလင်းချက် ထုတ်နေတဲ့ အချိန်။ ဒါပေမယ့် မင်းက အနှောက်အယှက် ပေးနေတယ်။ ဘာဖြစ်လို့ ဝင်ပြောနေတာလဲ”

ဆွန်းမိုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ မင်းသာ ငါ့တပြည့်ဖြစ်လို့ကတော့ ဒီနေ့သင်ခန်းစာကို မှတ်မိအောင် လေးနက်တဲ့ စကား အသုံးပြုလိုက်တယ်”

နိဂျင်တင် မျက်နှာပြာသွားသည်။ ငြင်းချင်သော်လည်း ပြောစရာစကား မရှိပေ။ ဆွန်းမို စကားပြောတာကို နှောက်ယှက်ခြင်းက မှားတဲ့ အပြုအမူ ဖြစ်နေသည်။

ဒါပေမယ့်လည်း ကြယ်သုံးပွင့် မြတ်ဆရာဖြစ်တဲ့ သူ့ရဲ့ အဆင့်အတန်းကို အခြေခံပြီး နိဂျင်တင်က လူအုပ်ကြီးကို စကားပြောတဲ့ နေရာတွင်

အသုံးပြုခဲ့သည်။ ဒါ့အပြင် ဘယ်သူမှလဲ ပြန်လည်ငြင်းခုန်ဖို့ သတ္တိမရှိခဲ့ပါ။ ဒီလိုမျိုး ခေါင်းမာတဲ့လူတစ်ယောက်နဲ့ တွေ့ဖို့ မမျှော်လင့်ထားခဲ့ပါ။

"ဆရာယူ၊ ဆွန်းမိုက လေးနက်စကားကို သိနေတာလား"

ချောင်ရှန် တုန်လှုပ်သွားသည်။ ဒါက အရမ်းရှားပါးတဲ့ မြတ်ဆရာ အရှိန်အဝါပါ။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲကမှ သူနားလည်ခဲ့သည်။

"မပြောတတ်ဘူး"

ယူရုံပို ခေါင်းခါလိုက်သည်။ ဒါပေမယ့် သူက

"ဆရာဆွန်း မလိမ်ဘူးလို့ ငါယုံတယ်" ဆိုတဲ့ စကားကို ထပ်ဖြည့် ပြောလိုက်သည်။

ရှူး

ချောင်ရှုန်သည် ဆွန်းမိုကို စိုက်ကြည့်ရင်း သွားကိုက်လာသည်။ ဆွန်းမိုတန်ဖိုးကို ပြန်ပြီး သုံးသပ်ရမယ့်ပုံ ဖြစ်နေပြီ။

ဧည့်သည်များကတော့ နားမလည်သဖြင့် ဘယ်လောက် အရေးကြီးလဲဆိုတာ မသိပေ။ ဒါပေမယ့် အခုအခါမှာတော့ မြတ်ဆရာ အားလုံးသည် ဆွန်းမိုကို တအံ့တသြ စိုက်ကြည့်နေကြသည်။

အထူးသဖြင့် လျှိုမှုဘိုင်ပါ။ လက်သီး တင်းတင်းဆုပ်ထားသည်။

"ဒီလိုမျိုး ရှားပါးတဲ့ မြတ်ဆရာ အရှိန်အဝါကို သူသိတာ ဘယ်လို ဖြစ်နိုင်မှာလဲ။ ကြွားနေတာပဲ ဖြစ်မယ်"

လျှိုမှုဘိုင်က သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။ ရှုံးနိမ့်သွားတဲ့ ခံစားချက် နှလုံးသားထဲက ပေါက်ဖွားလာသည်။ သူတို့က ပြိုင်ဘက်တွေ ဖြစ်ပေမယ့် ဆွန်းမိုရဲ စရိုက်ကို သူယုံကြည်သည်။

“လေးနက်တဲ့ စကား.....ဒါကို မင်းဘယ်လို သိမှာလဲ”

လှျို့မှုဘိုင် စိတ်ထဲကနေ သက်ပြင်းချလိုက်သည်။

ဆရာတစ်ယောက် ဒုက္ခရောက်လျှင် သူ့တပြည့်တွေက ကူညီပြီး မျှဝေချင်ကြသည်။

သူ့ရဲ့ ကိုယ်ပိုင်ဆရာ ထိတ်လန့်သွားတာ မြင်လိုက်လျှင် အသက် ၁၆နှစ်၊ ၁၇နှစ်လောက်ရှိတဲ့ လူငယ်တစ်ယောက်က ပြောလိုက်သည်။

“ဆရာဆွန်း၊ လိမ်တယ်ဆိုတာ တော်တော်ဆိုးတဲ့ အကျင့်ပါ”

လူငယ်လေးက မဲ့ရွဲ့နေသည်။

"လေးနက်တဲ့စကားက အရမ်းရှားတဲ့ မြတ်ဆရာ အရှိန်အဝါဆိုတာ ဘယ်သူက မသိလို့လဲ။ နားလည်ချင်ရင်တောင် ကြယ် ၆ ပွင့် မြတ်ဆရာဖြစ်လာမှပဲ လုပ်နိုင်စွမ်း ရှိလိမ့်မယ်"

"ဒီကောင် ဘယ်သူလဲ"

အင်ဘိုင်ဝူ စိတ်ဆိုးပြီး လက်သီးတွေ ဆုပ်ထားသည်။

"လီဇီရှင်းရဲ့သား လီစီလင်"

လီဇီချီက လေသံနှိမ့်ပြီး မိတ်ဆက်ပေးလိုက်သည်။

လီစီလင်က ဆွန်းမိုကို စိတ်ဆိုးလာအောင် ကြိုးစားနေသည်။ လေးနက်တဲ့ စကားသာ ချမပြနိုင်ပါက ကြွေးဆိုတဲ့နာမည်က သူနဲ့ အမြဲတွဲသွားပြီး ဂုဏ်သတင်း ညှိုးနွမ်းသွားမည်။

အမှန်တိုင်းပြောရလျှင် လီစီလင် မပြောနဲ့ အန်ရှီဝေနဲ့ ကူရှုပ်ရှင်းလည်း အံ့အောသင့်နေသည်။

ဘာဖြစ်လို့လဲဆိုတော့ ဒီမြတ်ဆရာ အရှိန်အဝါကို နားလည်ဖို့ဆိုလျှင် သက်ဆိုင်တဲ့ အတွေ့အကြုံ ရှိဖို့လိုသည်။

'လေးနက်တဲ့စကား' ဆိုတာ ဘာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်ကို စကားပြောလိုက်တာနဲ့ သူ့စကားထဲတွင် ဉာဏ်အလင်းပွင့်တဲ့ သဘောတရားများ ပါဝင်နေမည်။ ဒါကြောင့်လည်း မြင့်မားတဲ့ အဆင့်အတန်း၊ ကြီးမြတ်တဲ့ စွမ်းအား၊ သန့်မာတဲ့ ခွန်အား ၊ ရဲရင့်တဲ့ တိုက်ပွဲ အောင်မြင်မှု ပိုင်ဆိုင်တဲ့ ကြယ် ၆ ပွင့် နဲ့ အထက် မြတ်ဆရာများသာ နားလည် သဘောပေါက် နိုင်လိမ့်မည်။ လူတိုင်းက ခြွင်းချက်မရှိယုံကြည်တဲ့ စကားတစ်ခွန်းတည်းနဲ့ အပြစ်ပေးတဲ့ ရွှေဝါကျလို့ ခေါ်ဆိုကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှိဝေနှင့် လူအနည်းငယ်ကလွဲလျှင် ကျန်တဲ့လူများက အတွေးတူကြသည်။ (မင်းကိုယ်မင်းဘယ်သူထင်လို့လဲ။ လေးနက်တဲ့စကားနားလည်တယ်လို့ ပြောရအောင် အရည်အချင်းမှီလို့လား)

ဆွန်းမို ကြွားနေတယ်လို့ လူတိုင်းနီးပါး ထင်နေကြသည်။ လီစီလင်ရဲ့ သံသယစကားအပြီးတွင် အားလုံးက သူ့ရဲ့ တုန့်ပြန်မှုကို စောင့်ကြည့်နေကြသည်။

လီစီလင်က လမ်းလျှောက်လာပြီး ရပ်တန့်ချင်စိတ်မရှိပါ။ ဆွန်းမိုကို ဆက်ပြီး ဖိအားပေးချင်နေသည်။ သူ့စကား ပြောခါနီးမှာ ဆွန်းမိုက အရင်ပြောလိုက်သည်။

"ပါးစပ်ပိတ်ပြီး၊ ဒူးထောက်စမ်း"

တချိန်တည်းမှာပင် ရွှေရောင် အရှိန်အဝါ ဖြာထွက်လာကာ လီစီလင် ဒီရေလှိုင်း ရိုက်ခတ်ခံလိုက်ရသလို ခံစားလိုက်ရသည်။

စကား နည်းနည်းလေးသာ ဖြစ်ပေမယ့် သက်ရောက်မှုက အံ့မခန်း အစွမ်းထက်လှသည်။

လီစီလင်သည် ကြီးမားတဲ့ ခွန်အားနဲ့ ရင်ဆိုင်လိုက်ရသည်။ ပါးစပ်ကို မမြင်နိုင်တဲ့ လက်ကြီးက ပိတ်ထားသလို ဖြစ်နေသည်။

လီစီလင် ကြောင်သွားသည်။ ထို့နောက် မျက်နှာပြာသွားပြီး ဒေါသထွက်လာသည်။ သူက မင်းသားလေး ဖြစ်သဖြင့် ကောင်းကင်နဲ့ မြေကြီး၊ သူ့မိဘတွေကိုသာ ဒူးထောက်သည်။ အခုတော့ ဆွန်းမိုအရှေ့မှာ ဒူးထောက်နေရပြီ။

ဒါကို လုံး၀ သည်းမခံနိုင်ပေ။

လီစီလင်သည် မတ်တပ်ရပ်လို့ ရလိုရငြား ရှန်းကန်သော်လည်း ပခုံးပေါ်ကို ဂျင် တစ်သောင်းနဲ့ ဖိထားတဲ့ပုံ ဖြစ်နေသည်။ မတ်တပ်ရပ်ဖို့ အသာထားလိုက်အုံး လှုပ်လို့တောင် မရပါ။

ဒီနေရာ တစ်ခုလုံး ငြိမ်ကျသွားသည်။ ညှော်သည်တွေက အဆင်ပြေပေမယ့် ဒီမြတ်ဆရာ အရှိန်အဝါက ဘယ်လောက်ရှားပါးတယ်ဆိုတာ သိနေတဲ့မြတ်ဆရာတွေက အံ့အော မှင်တက်နေကြသည်။

“သူ တကယ် သိတယ်”

ချောင်ရှုန် အကြီးအကျယ် တုန်လှုပ်နေသည်။

အန်ရှီဝေလည်း ထိတ်လန့်တုန်လှုပ်မှုကို ဖုံးကွယ်ဖို့ ခက်ခဲနေသည်။ သူမသိတဲ့ ငယ်ချစ်လေးကို ပြန်လည် ဆန်းစစ်ဖို့ လိုနေပြီ။

ဒါက လေးနက်တဲ့စကားပါ။ ကူရှုပ်ရှင်းတစ်ယောက်ကတော့ ထိတ်လန့်သလို ခံစားမိသော်လည်း အဲဒီအစား အရမ်း တည်ငြိမ်နေတာကို သူမ ခံစားလိုက်မိသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ကူရှုပ်ရှင်းသည် ဆွန်းမို ဖန်တီးခဲ့တဲ့ အံ့မခန်းကိစ္စ တော်တော်များများကို မြင်ခဲ့ပြီးပြီ။

နိဂျင်တင်သည် သူ့ရဲ့ တိုက်ရိုက်တပြည့် အပြစ်ခံနေရမြင်လျှင် ယုတ္တိဗေဒ သဘောတရား အရတော့ အရမ်း ဒေါသထွက်နေသင့်သည်။ အခုတော့ သူ့နှလုံးသားထဲတွင် ထိတ်လန့်ခြင်း၊ မနာလိုခြင်း၊ မုန်းတီးခြင်းများ ပြည့်နှက်နေသည်။

ဒီကောင်က ဘာဖြစ်လို့ လေးနက်တဲ့စကားကို နားလည်နေရတာလဲ။

ဒါက မတရားပါ။

"နှောက်ယှက်ချင်တဲ့ လူရှိသေးလား။ မရှိတော့ဘူးဆိုရင် ငါဆက်ပြောမယ်"

ဆွန်းမိုက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး မေးလိုက်သည်။

အားလုံး တိတ်ဆိတ်သွားသည်။ လီစီလင်ကို ဒူးထောက်ခိုင်းပြီးတဲ့နောက် ဘယ်သူက ပြောရဲတော့မှာလဲ။

"ဆရာနို၊ ဒါကို အပင်လို့ ပြောတာလား။ မင်းလုံးဝ မှားနေပြီ။ တကယ်တော့ ဒါက သေးငယ်တဲ့ ဇီဝသက်ရှိ

တစ်ခုပဲ။ ဒီဝေါဟာရကို သိလား။ ဒီလို ဆိုရင်လည်း ရေညှိ ဆိုတဲ့အသုံးအနှုန်းကို နားလည်လား။ အစိမ်းရင့်ရောင်ရှိပြီး ရေကန်တွေအပေါ်မှာ မျောနေတဲ့ အရာလေ။ ကျောက်အရိုးပန်းလည်း အတူတူပဲ။ ထွင်းဖောက်မြင်နေရတာ တစ်ခုပဲ ကွာတယ်”

ဆွန်းမို မိတ်ဆက်ပေးလိုက်သည်။

“အဏုဇီဝ ပိုးမွှားတွေ သေတဲ့အခါ အကြောင်းအရင်းတစ်ခုခုကြောင့် သူတို့က စုရုံးလာပြီး

အပင်နဲ့တူတဲ့ အရာတွေ ဖြစ်လာတယ်။ တကယ်တော့ အလောင်းတွေ ပေါင်းစပ်မှုတစ်ခုပဲ”

“အလောင်းတွေ ဟုတ်လား”

ချီမူအန်က မဲ့သွားပြီး ရုတ်တရုတ် ရွံ့ရှာလာသည်။ သူကတော့ ဒီပစ္စည်းကို ရတနာတစ်ခုလို ဆက်ဆံနေခဲ့သည်။

“ဒါဆို ဘာဖြစ်လို့ တောက်ပနေရတာလဲ”

ဘုရင်ခံဖန်းက သိချင်နေသည်။

“ဒါက ဒီသက်ရှိရဲ့ ထူးခြားတဲ့ လက္ခဏာပဲ။ သေသွားပြီးနောက် သူတို့ကိုယ်ထဲမှာရှိတဲ့

တချို့အရာတွေက ဝိညာဉ်ချီနဲ့ ပေါင်းစပ်သွားပြီး ဒီလို အကျိုးသက်ရောက်မှု ထွက်လာတာပဲ”

တကယ်တော့ ဒါက ရေဒီယို သတ္တိကြွ (ဓါတ်ရောင်ခြည်) ဖြာထွက်နေတာနဲ့ တူသည်။ ဆွန်းမို မရှင်းပြတော့ချေ။ သူတို့ကို ရှင်းပြလည်း နားလည်မှာ မဟုတ်ပါ။

“မှော်ဆန်လွန်းတယ်”

ဘုရင်ခံဖန်း သက်ပြင်းချပြီး ပြောလိုက်သည်။

“အခုမှတွေ့ရလို့ မှော်ဆန်တဲ့ပုံစံ ဖြစ်နေတာ။ အရင်တုန်းကလဲ ကမာကောင်တွေထဲက

ပုလဲတွေ ထုတ်တဲ့အခါ လူတိုင်း ထိတ်လန့်ခဲ့ကြသေးတယ်။ အခုတော့ လူတိုင်း ကျင့်သား ရနေပြီ”

ကျန့်ချင်ဖန် ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

“ဒါက အလောင်းတွေ ပေါင်းစပ်ထားလို့ အသေလို့ ယူဆသင့်တယ် မဟုတ်ဘူးလား။ ဒါပေမယ့် ဒါရဲ့အနီးကို ရောက်တိုင်း တက်ကြွသလို ဖြစ်လာတာ ဘာဖြစ်လို့လဲ။ ရက်အနည်းငယ်လောက် ဆက်တိုက်

အလုပ်လုပ်ရင်တောင် ပင်ပန်းတယ်လို့ မခံစားရဘူး ဘာဖြစ်လို့လဲ”

ချီမူအန်က မေးလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့စွမ်းအင်အားလုံးကို ညှစ်ထုတ်ပေးနိုင်တဲ့ သံလိုက်စက်ကွင်း တစ်မျိုး ထုတ်ပေးနေလို့ပဲ။ ဆေးတချို့ သောက်ပြီး အရမ်းတက်ကြွနေသလို ခံစားရသလိုပေါ့။ ဒီ သံလိုက်စက်ကွင်းကလည်း အကျိုးသက်ရောက်မှု အတူတူ ထုတ်ပေးနေတယ်”

ဆွန်းမိုက နိဂျင်တင်ကို ကြည့်လိုက်ပြီး

"မင်းက အနံ့မရှိတဲ့ အနံ့တစ်ခုကို ထုတ်ပေးတယ်လို့ ပြောခဲ့တယ်နော်။ တကယ်က အဲဒီလို မရှိဘူး။ သံလိုက်စက်ကွင်းတစ်ခုကိုပဲ ထုတ်ပေးနေတာ"

"သံလိုက်စက်ကွင်းဆိုတာ ဘာလဲ"

ဘုရင်ခံဖန်း သိချင်နေသည်။

"မမြင်နိုင်တဲ့ အထူးအရာ တစ်မျိုးပါ"

ဆွန်းမို ဒီမေးခွန်းကို အထူးအလေးအနက်ထားပြီး မဖြေပဲ ပခုံး တွန့်ပြလိုက်သည်။

တခြား ညှော်သည်တွေကလည်း နားမလည်နိုင်မှန်း သိနေကြသဖြင့် ဆက်မမေးကြတော့ပါ။ ဒါပေမယ့် သူတို့စိတ်ထဲတွင် လေးစားမှုများ ပေါ်လာသည်။

သေချာတာကတော့ သူ့မှာ နက်ရှိုင်းတဲ့ ဗဟုသုတ ရှိသည်။

ဆွန်းမိုရဲ့အဖြေက နိဂျင်တင်၏ အဖြေထက်စာရင် ပိုလေးနက်ပြီး မှော်ဆန်တယ်ဆိုတာ ထင်ရှားနေသည်။ သာမန်လူများ နားလည်ဖို့ ပိုတောင် ခက်သေးသည်။

"ကြွင်ယာတော် မင်းသား။ မင်းစွမ်းအင်ကို ပိုကုန်နိုင်တာကြောင့် ဖြစ်နိုင်သလောက် မြန်မြန်လေး အဝေးကို စွန့်ပစ်လိုက်တာ အကောင်းဆုံးပဲ။ အချိန်အကြာကြီး သုံးစွဲလိုက်ရင် ထုံကျင်ပြီး လေဖြတ်တာတောင် ဖြစ်လာနိုင်တယ်"

ဆွန်းမိုက သတိပေးလိုက်သည်။

"ကျေးဇူး အများကြီး တင်ပါတယ်"

လီဇီချီနှင့် သူ့ရဲ့ပက်သက်မှုကြောင့် ဆွန်းမိုက သူ့ကို ထိခိုက်အောင် မလုပ်ဖူးဆိုတာ ယုံကြည်သည်။

"ဆရာဆွန်း၊ ရေးဟောင်းစာအုပ်ထဲမှာ ဒီကျောက်အရိုးပန်းနဲ့ ပက်သက်ပြီး ဖတ်ဖူးလို့လား အရဲတင်းပြီး မေးပါစေ"

ချောင်ရှန်က မေးလိုက်သည်။

လူတိုင်းလည်း နားစွင့် ထားကြသည်။

အမှောင်တိုက်ကြီး၏ အပျက်အဆီး နေရာများတွင် ရှာမတွေ့သေးတဲ့ အသိပညာ အများကြီး ရှိသေးသည်။ တကယ်လို့ ဆွန်းမိုက ကျောက်အရိုးပန်းနှင့် ပက်သက်သည့် သရုပ်ဖော် စာအုပ်သာ တွေ့ရှိထားပါက သူတော်စင်ဂိုတ်တောင်

မသိတဲ့အရာကို သူဘာကြောင့် သိလဲဆိုတာ ရှင်းပြလို့ရပြီ။

ဆွန်းမိုက ချောင်ရှန်ကို ကြည့်ပြီး လေတစ်ချက်ရှူလိုက်သည်။

"ကျောင်းအုပ်ကြီးချောင်၊ မင်းအိမ်မှာ အပြာရောင်ပန်းပွင့် ရှိလား"

"အမ်"

ချောင်ရှန်သည် ဆွန်းမိုကို အထိတ်တလန့်စိုက်ကြည့်လိုက်သည်။ ငယ်ငယ်တုန်းက အမှောင်တိုက်ကြီးသို့ စွန့်စားခန်း ဖွင့်တုန်းက

မတော်တဆ ရရှိခဲ့သည်။ ဒီပန်းနဲ့ ပက်သက်တဲ့ အချက်အလက်များကို ဖော်ထုတ်ဖို့ ကြိုးစားသော်လည်း မလုပ်နိုင်ခဲ့ပါ။

"ရှားပါးတဲ့ အမှောင်ရတနာကို ရရှိထားလို့ ကျောင်းအုပ်ကြီးချောင်ကို ဂုဏ်ပြုပါတယ်။ ဒါက ပုံရိပ်မှတ်တမ်းတင်တဲ့ ပန်းပွင့်ပါ။ နာရီပိုင်းအတွင်းမှာ ပန်းတွေပွင့်လာပြီး ပန်းပွင့်ရဲ့ မီတာ ၅၀ ပတ်လည်အတွင်းမှာရှိတဲ့ အရာတွေ ၊ ဖြစ်ပျက်သမျှတွေကို မှတ်တမ်း တင်ထားလိမ့်မယ်"

ဆွန်းမိုက ရှင်းပြသည်။

ညွှန့်သည်တွေက ကျောင်းအုပ်ကြီးချောင်ကို လှည့်ကြည့်လိုက်ကြသည်။

ချောင်ရှန်ကတော့ အကြည့်တွေကို လျစ်လျူရှုထားပြီး ဆွန်းမိုကို စိုက်ကြည့်နေရမယ့်အစား စိတ်ရှုပ်ထွေးနေသည်။

"ဒါကို မင်းဘယ်လို သိတာလဲ"

"မင်းကိုယ်ပေါ်မှာ ပုံရိပ်မှတ်တမ်းတင်တဲ့ပန်း အနံ့ရှိတယ်လေ။ တကယ်တော့ ငါတို့စတွေ့ကတည်းကကို ဒီအနံ့ကို ရခဲ့တယ်"

ဆွန်းမိုက ပြုံးပြီး ပြန်ပြောသည်။

“ကျောင်းအုပ်ကြီးချောင်။ မင်းရဲ့ မရီဒန်အကယ်ဒမီက ဗဟိုပြည်နယ် အကယ်ဒမီနဲ့ ပြိုင်ဘက်လေ။ မင်းရဲ့ ကျွန်တချို့ကို လာဘ်ထိုးပြီး ဒီသတင်းတွေ ရထားတာ ဖြစ်မယ်”

လီဇီရှင်းက သတိပေးလိုက်သည်။

အခန်း(၅၁၄) - ငါ့ဆရာရဲ့ ရုက္ခဗေဒ မဟာသခင်ဆိုတဲ့ ဘွဲ့ကို အတုလို့ ထင်နေတာလား။

"ငါ့မှာ အနံ့ရှိနေတယ် ဟုတ်လား"

ချောင်ရှန် အူကြောင်ကြောင် ဖြစ်နေသည်။ အမှတ်တမဲ့ ရှူကြည့်လိုက်သော်လည်း ဘာအနံ့မှ မရပေ။ ဒါပေမယ့် သူ့အဝတ်အစားမှာ ချဉ်စော်စော် အနံ့ အနည်းငယ်တော့ ရှိနေသည်။ ဒီရက်ပိုင်းအတွင်း

မှော်ဆေးကို လေ့ကျင့်နေတာနဲ့ အလုပ်များနေသဖြင့် ရေချိုးဖို့ အချိန်မရခဲ့ပါ။

"မင်း အနံ့ရလား"

ချောင်ရှန်က ဘေးနားမှာရှိတဲ့ ယူရုံပိုကို ကြည့်ပြီး မေးလိုက်သည်။

ယူရုံပို ခေါင်းရမ်းလိုက်သည်။ ချဉ်စော်စော် အနံ့ အနည်းငယ် ရှိနေသော်လည်း ဒီအခြေအနေက မှော်ဆေးပညာရှင်များအတွက်တော့ ပုံမှန်ပဲ ဖြစ်သည်။ ရေချိုးဖို့ အသာထားလိုက်အုံး

အဝတ်အစား လဲဖို့ အချိန်ယူလိုက်လျှင်တောင် ဆေးကျိုနေတဲ့ ဖြစ်စဥ် ပျက်ဆီးသွားနိုင်သည်။

"ဒါက တကယ်လား၊ ဟန်ဆောင်နေတာလား။ ဆွန်းမိုက ကျောင်အုပ်ကြီးချောင်ဆီကနေ ပန်းအနံ့ ရနေတယ် ဟုတ်လား။ ဒါက နည်းနည်း မချဲ့ကားလွန်ဘူးလား"

"မင်းသားလီရဲ့ စကား ယုတ္တိရှိတယ်လို့ ငါတော့ထင်တယ်"

"အမှန်သာဆိုရင်တော့ ဆွန်းမိုက တော်တော်လေး အထင်ကြီးဖို့ ကောင်းတာပဲ"

လူတိုင်း ဆွေးနွေးနေကြသည်။ ဒီနှစ် သမင်အမြီး ဂုဏ်ပြုစားပွဲမှာ ပွဲကောင်းတွေ အများကြီး တွေ့ခဲ့ရသည်။

“မင်းသားလီ လူတစ်ယောက်ရဲ့စရိုက်ကို သာမန်ကာလျှံကာ သံသယဝင်တာက မင်းပုံရိပ်ကို ထိခိုက်သွားမယ်နော်”

ဆွန်းမိုက လျှောင်ပြောင်လိုက်သည်။

“ဟွန့်”

လီဇီရှင်းက ချောင်ရှန်ရဲ့ သက်သေ ထွက်ဆိုချက်ကို စောင့်ဆိုင်းနေသည်။

ချောင်ရှန် မျက်နှာပေါ်တွင် အနေရခက်တဲ့ အမူအရာ ပေါ်နေသည်။ လီဇီရှင်းက သူ့ရဲ့ဘဏ္ဍာရေးဆိုင်ရာ ကျောထောက်နောက်ခံ ဖြစ်သော်လည်း သူ့မှာ ကျင့်ဝတ်သိက္ခာ ရှိနေဆဲဖြစ်ပြီး အပြစ်မဲ့တဲ့ လူတစ်ယောက်ကို နာမည် မဖျက်ချင်ပါ။

"ကျောင်းအုပ်ကြီးချောင်၊ ပုံရိပ်မှတ်တမ်းတင်တဲ့ပန်းက အရွက်တွေ ကြွေသွားပြီလား။ ဒါမှမဟုတ် ညှိုးနွမ်းနေတဲ့ လက္ခဏာ ပြနေပြီလား"

ဆွန်းမိုက မေးလိုက်သည်။

“ဆွန်းမို၊ ကျောင်းအုပ်ကြီးချောင်က လူလွှတ်ပြီး မစုံစမ်းသေးတာကိုပဲ မင်းက ရဲတင်းနေတာလား”

လီဇီရှင်းက အပြစ်တင်လိုက်သည်။

“မင်းစကား ဖြတ်ပြောပြန်ပြီလား။ လေးနက်တဲ့စကားအစွမ်းကို မြည်းကြည့်ချင်နေပြီထင်တယ်”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ဒေါသတကြီး အော်ဟစ်လိုက်သည်။

“အမ်”

လီဇီရှင်း အလိုလို တုန်ယင်သွားသည်။ မြေပေါ်မှာ ဒူးထောက်နေလို့ မဖြစ်ပေ။

ဆွန်းမိုက ဒီငတုံးမင်းသားကို လျစ်လျူရှုလိုက်ပြီး

“ဒီပန်းက လွန်ခဲ့တဲ့ သုံးလကတည်းက ညှိုးနွမ်းသွားပြီ မဟုတ်လား”

ချောင်ရှန်က လက်ဆုပ်ပြီး “ဆရာဆွန်း ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး”

“နေရောင်ထဲမှာ အကြာကြီး ထားလိုက်”

ဆွန်းမိုက ပခုံးတွန့်ပြီး ပြောလိုက်သည်။

"အမ်၊ ရိုးရိုးလေးပဲလား"

ညှော့သည်တွေကလည်း အဖြေကရိုးလွန်းတယ်လို့ ထင်နေကြသည်။

ဒါပေမယ့် ချောင်ရှန်ကတော့ မပေါ့ဆရဲဘဲ ဒီအဖြေရိုးရိုးလေးရဲ့ အနောက်တွင် နက်ရှိုင်းတဲ့ အသိပညာ ရှိနေတယ်ဆိုတာ သိနေသည်။ ပန်းတစ်ပွင့်ကို နေရောင်ထဲ ထားဖို့လား။

ဘယ်သူက အဲဒီလို မလုပ်လို့လဲ။ ဒါပေမယ့် နေရောင်ထဲမှာ ဘယ်လောက်ကြာကြာ ထားသင့်လဲဆိုတာ နောက်ထပ် မေးခွန်းဖြစ်လာပြီ။

“ဆရာဆွန်း ကျေးဇူးပြုပြီး အသေးစိတ် ရှင်းပြပေးလို့ ရမလား”

“ဒီပန်းမျိုးက အရမ်းတန်ဖိုးကြီးတော့ လျှို့ဝှက်အခန်းထဲမှာ ထားဖို့ ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် ဖြစ်နိုင်ခြေရှိတယ် မဟုတ်လား”

ဆွန်းမိုက ကောက်ချက်ချ လိုက်သည်။

ချောင်ရှန်က ခေါင်းညိတ်လိုက်သည်။ သူ့ရဲ့ ပုံရိပ်မှတ်တမ်းတင်တဲ့ပန်း အခိုးခံရမှာလည်း အရမ်း စိုးရိမ်နေမိသည်။

"ဒါပေမယ့် ပုံရိပ်မှတ်တမ်းတင်တဲ့ပန်းက ကောင်းကောင်းကြီးထွားဖို့ နေ့တိုင်း နေရောင် အနည်းငယ် လိုအပ်တယ်။ ကြာလွန်းတာ ဒါမှမဟုတ် နည်းလွန်းရင်လည်း အလုပ်မဖြစ်ဘူး"

"ဒါဆို ဒီလိုပေါ့"

ချောင်ရှန် ရုတ်တရတ် သဘောပေါက်သွားသည်။

"ကျောင်းအုပ်ကြီးချောင် သူ့ရဲ့ ပေါက်ကရ စကားကို နားမယောင်နဲ့"

နိဂျင်တင်သည် နောက်ဆုံးတော့ စိတ်ငြိမ်သွားသည်။ ဆွန်းမိုက ဒီနေရာတစ်ခုလုံးကို

ထိန်းပြီး သူ့ရဲ့ထက်မြက်မှုကို စတင်ဖော်ထုတ်လာတဲ့ အခါ မနေနိုင်တော့ပေ။

ဒီနေ့မှာ ဆွန်းမိုသာ ကျော်ကြားသွားပါက သူက ဆွန်းမိုအတွက် ခြေနင်းတုံးတစ်တုံး ဖြစ်သွားလိမ့်မည်။ ဒါကြောင့် မဖြစ်မနေ လက်တုန့်ပြန်ရမည်။

“ဆရာနီ၊ ဘာဖြစ်လို့ ဒီလို ပြောတာလဲ”

လီဇီရှင်းက စကားထောက်ပေးလိုက်သည်။

“ဒီလို ကောက်ချက်ချတဲ့နည်းကို ကျွန်တော်သိတယ်။ တွေးကြည့်လိုက်လို့ ရပါတယ်။ ဒီလိုမျိုး ရှားပါးတဲ့ ပန်းကိုရတဲ့ ဘယ်သူမဆို

လျှို့ဝှက်အခန်းထဲမှာပဲ သေချာပေါက် ထားလိမ့်မယ်။ ဆွန်းမိုက ကြွေကျခြင်းနဲ့ အပင်ညှိုးနွမ်းတဲ့ လက္ခဏာကို မေးခဲ့တယ်။ ကျောင်းအုပ်ကြီးချောင်ရဲ့ အတည်ပြုချက်ကို ရတာနဲ့ သူက စပြီးအဖြေပေးတော့တာပဲ။ နေရောင်ကို မှီခိုနေတဲ့ အရာတွေက ဘယ်လို အကျိုးသက်ရောက်မှု ဖြစ်မလဲဆိုတာ ချက်ခြင်းစဉ်းစားလိုက်ရင် အဖြေထွက်လာလိမ့်မယ်။ ဒါကြောင့် သူမှားရင်တောင် ဘယ်သူမှ သတိမထားမိဘူး”

နိဂျင်တင်က သုံးသပ်ပြလိုက်သည်။

အန်ရှီဝေနှင့် ကူရှုပ်ရှင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်ဖြစ်တဲ့ နိဂျင်တင်က မျှော်လင့်ထားတဲ့ အတိုင်းပဲ။ သူ့ အတွေးအခေါ်တွေက တော်တော်လေး စေ့စပ်အောင် လေ့ကျင့်ထားသည်။ ဒီလိုလူမျိုးက ကိုင်တွယ်ရတာ တော်တော်လေး ခက်သည်။

“မင်းက ငါ့ဆရာကို အဆုံးမရှိ နှောက်ယှက်နေတာလား”

အင်ဘိုင်ဝူ တော်တော်လေး ဒေါသထွက်နေသည်။

"အင်ဘိုင်ဝူ၊ ဒေါ်သမထွက်နဲ့။ သူ့ကို အနိုင်ယူဖို့ အသိပညာပဲ အသုံးချလိုက်မယ်"

ဆွန်းမိုက နိဂျင်တင်ကို ကြည့်လိုက်သည်။

"မင်းတို့ အနဲ့မခံနိုင်ဘူး။ နေရောင်ခြည်ရဲ့ သက်ရောက်မှုကို မင်းတို့ မမြင်နိုင်ဘူး။ ဒီတော့ မင်းတို့ မြင်နိုင်မယ့် အရာတစ်ခုကို ပြောပြမယ်"

ဆွန်းမိုက အမှန်တကယ် ပြန်တုန့်ပြန်လာမယ်လို့ မထင်ထားတဲ့အတွက် လူတိုင်း အံ့အောသွားကာ အာရုံစိုက်ပြီး နားထောင်နေကြသည်။

"ကျောင်းအုပ်ကြီးချောင်၊ ပုံရိပ်မှတ်တမ်းတင်တဲ့ပန်းကို ရပြီးကတည်းက မင်းကို အင်းဆက်တွေ ၊ ခြင်တွေ ပိုကိုက်လာတယ်လို့ မထင်ဘူးလား။ နှစ်စဉ်နှစ်တိုင်း နွေရာသီနဲ့ ဆောင်ဦးပေါက်တွေမှာဆို ပြောလို့မရလောက်အောင် စိတ်ဒုက္ခ ဖြစ်ရတယ် မဟုတ်လား"

ဆွန်းမိုက ချောင်ရှန်ကို အကဲခတ်လိုက်သည်။

"အားလုံးပဲ ကြည့်လိုက် ကျောင်းအုပ်ကြီးချောင် အနီးတဝိုက်မှာ ခြင်တွေကို မြင်လား"

လူတိုင်း ချောင်ရှန်ကို လှည့်ကြည့်လိုက်ကြသည်။ အမှန်တကယ် သူ့ပတ်ဝန်းကျင်မှာ ခြင်တွေ ဝဲနေသည်။

ပုံမှန်လူများဆိုရင် လက်ဝှေ့ယမ်းလိုက်တာနဲ့ ခြင်တွေ ပျံသွားတတ်သည်။ ဒါပေမယ့် ဒီနည်းက ချောင်ရှန်အတွက် အသုံးမဝင်ပါ။

“ဆွန်းမို၊ ဒါက ပိုးမွှားတွေကို ဆွဲဆောင်နိုင်တဲ့ မွှေးရာပါ ခန္ဓာကိုယ်ကြောင့်ပဲ”

နိဂျင်တင်က ထပ်ပြင်းသည့်.။

ဒီတစ်ကြိမ်မှာတော့ ချောင်ရှန်နဲ့ စကားပြောနေတာဖြစ်သဖြင့် ဆွန်းမိုက ဘာမှ ပြန်ပြီး မပြောပေ။

"ဆရာနို၊ လုံလောက်ပြီ၊ ငြင်းနေစရာ မလိုတော့ဘူး။ ဆရာဆွန်းရဲ့ စကားတိုင်းမှန်တယ်ဆိုတာ အာမခံတယ်။ သူက ရက္ခဗေဒနယ်ပယ်မှာ အောင်မြင်မှု တော်တော်လေး မြင့်မားနေပြီ"

ဘာပဲဖြစ်ဖြစ် ချောင်ရှန်က ကြယ် ငါးပွင့် မြတ်ဆရာတစ်ယောက်၏ မျက်နှာကို ထိန်းရအုံးမည်။

နိဂျင်တင် ဒေါ်သထွက်ပြီး ရှက်ကာရပ်တန့်သွားသည်။ လက်ချောင်းတွေတောင် တုန်ယင်နေသည်။

“ဆရာဆွန်း၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ”

ချောင်ရှန်က အနည်းငယ် ဦးညွှတ်ပြီး ရိုးသားမှုကို ပြလိုက်သည်။ ဒီပြဿနာကြောင့် စိတ်ရှုပ်နေတာ တော်တော်ကြာနေပြီး ရှုးလုနီးပါး ဖြစ်နေသည်။

သူ့ရဲ့ အဆင့်အတန်းအရ ထုံးစံအတိုင်း နာမည်ကြီး ဆရာဝန်တွေဆီသွားပြီး ပိုသတ်ဆေးများ ယူခဲ့သည်။

ဒါပေမယ့်လည်း အသုံးမဝင်ပါ။ ဒီပိုးကောင်တွေက ချောင်ရှန် နောက်သို့ အဆက်မပြတ်လိုက်နေပြီး နွေရာသီနှင့် ဆောင်းဦး ရာသီတွေဆို တော်တော်လေး စိတ်ဆင်းရဲရသည်။

"ဒုက္ခကို စတင်တဲ့သူကပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။ ပုံရိပ် မှတ်တမ်းတင်တဲ့ပန်းက အမြစ်တစ်မြစ်ယူကို ရေထဲစိမ်လိုက်၊ ခန္ဓာကိုယ်ကိုတစ်နေ့ သုံးကြိမ် လိမ်းပေး။ ဒီလိုမျိုး တစ်လလောက် လုပ်လိုက်ရင် အခြေအနေ ပိုကောင်းလာလိမ့်မယ်။ ဒါပေမယ့် လုံးဝ

ပျောက်အောင် ကုချင်တယ်ဆိုရင်တော့ အဲဒီပန်းနဲ့ ခပ်ဝေးဝေးနေဖို့ပဲ အကြံပေးရမယ်”

ဆွန်းမိုက ဖြေရှင်းချက် ပေးလိုက်သည်။

ဒီတစ်ကြိမ်မှာတော့ ဆွန်းမိုရဲ့ ရက္ခဗေဒ ကျွမ်းကျင်မှုကို ဘယ်သူမှ သံသယ မရှိတော့ပါ။

ဆွန်းမို ဘယ်လောက်ရဲတင်းပါတယ် ပြောပါစေ ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက်ကိုတော့ လိမ်ဖို့ သတ္တိမရှိပါ။

“ကျေးဇူးအများကြီး တင်ပါတယ် ဆရာဆွန်း”

ချောင်ရှန်က ဆွန်းမိုကို ကျေးဇူးတင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြောင်း ဖြောင်း ဖြောင်း။

ယူရုံပိုက လက်ခုပ်တီးလိုက်သဖြင့် မှင်တက်နေတဲ့ ဧည့်သည်များလည်း အသိပြန်ဝင်လာပြီး လက်ခုပ်တီးလိုက်ကြသည်။ တစ်ချိန်တည်းမှာပင် ဆွန်းမိုနဲ့ ပက်သက်ပြီး သိချင်လာကြသည်။

သူတော်စင်ဂိတ်က စစ်ဆေးတဲ့စားမေးပွဲမှာ ထိပ်ဆုံးအဆင့်နဲ့ အောင်မြင်ခဲ့တဲ့လူက မျှော်လင့်ထားသလိုပါပဲ။ သူက ရက္ခဗေဒ နယ်ပယ်မှာ ဒီလောက်တောင် အောင်မြင်မှု ရနေပြီလား။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“လေးစားအထင်ကြီးမှုအမှတ် စုစုပေါင်း ၁,၅၂၀ မှတ် ရတဲ့အတွက် ဂုဏ်ပြုပါတယ်”

စနစ်ဆီက သတိပေးချက် ကြားပြီးနောက် လီဇီရှင်းနဲ့ နိဂျင်တင်ကို ကြည့်လိုက်သည်။

(ငါ့ကို ရန်စချင်တယ် ဟုတ်လား။ ဒီနေ့ မင်းတို့ နှစ်ယောက်ကို ကိုယ့်ဘဝကိုကိုယ် သံသယဝင်လာတဲ့ အထိ အကြီးအကျယ် နှိပ်စက်ပြမယ်)

နိဂျင်တင်သည် ဆွန်းမိုအကြည့်ထဲက အာဃာတကို သတိထားလိုက်သည်။ အဖြေထုတ်လို့ မရသေးခင် ဆွန်းမိုဆီက စကားသံထွက်လာသည်။

"ဘုရင်ခံဖန်း၊ စိတ်ငြိမ်ပန်းလေးတွေက ကောင်းပါတယ်။ ဒါပေမယ့် မင်းအိပ်ခန်းထဲမှာ အများကြီးထားရင် မင်းခန္ဓာကိုယ်အတွက် အကျိုးမရှိဘူးနော်"

ဆွန်းမိုက ပြောလိုက်ကသည်။

"အမ်၊ မင်းဘယ်လိုသိတာလဲ"

ဘုရင်ခံဖန်းသည် ခေါင်းငုံ့ပြီး အနံ့ခံကြည့်လိုက်သည်။

"ငါ့ဆီက အနံ့ရလို့လား"

"မဟုတ်ဘူး မြင်နေရတာ"

ဆွန်းမို ရယ်ပြီး ပြန်ဖြေလိုက်သည်။

"မင်း မျက်လုံးတွေ ဖြူနေတယ်။ သွေးရောင်တောင် မရှိချင်တော့ဘူး။ အလုပ်တွေ အရမ်းရှုပ်တဲ့ မင်းလို အဆင့်မြင့်အရာရှိကြီးအတွက် မယုံနိုင်စရာကောင်းလွန်းတယ်။ ပြီးတော့ မင်းလက်ချောင်း လှုပ်ရှားတာလည်း အရမ်းရှားတယ်။ တစ်ကိုယ်လုံး တောင့်တင်းနေတဲ့ ပုံပဲ။ အသားအရေလည်း နည်းနည်းဖျော့နေတယ်။ ဒီလက္ခဏာတွေအရ မင်း စိတ်ငြိမ်ပန်းနဲ့

အချိန်တော်တော်ကြာ ထိတွေ့ခဲ့တယ်လို့ ငါယူဆတယ်”

လူတိုင်း တိုးတိုးလေး ဆွေးနွေးနေကြသည်။

“အရမ်းဆိုးလား”

ဘုရင်ခံဖန်း စိုးရိမ်လာသည်။

“ဒီအတိုင်းဆက်သွားရင်တော့ မင်းတစ်ကိုယ်လုံး ဘာမှ စိတ်မဝင်စားတော့ဘူး။ ပန်းတောင် သေသွားအုံးမယ်။ ပြတ်ပြတ်သားသားပြောရရင် စိတ်ပါတော့မှာတောင် မဟုတ်တော့ဘူး”

ဆွန်းမိုသည် အပင်ဗေဒ ရောဂါလက္ခဏာ အရ ဒါကို တန်းမြင်နေရသည်။ အခုဆိုရင် သူ့ကို ဆရာဝန် တစ်ဝက်လို့တောင် ပြောလို့ရသည်။

ဖန်းလန်လည်း စ စဉ်းစားလိုက်သည်။ လွန်ခဲ့တဲ့ နှစ်လ၊ သုံးလအတွင်း မောင်းမ မိသံတွေနဲ့ အိပ်ရာဝင်ပြီး ချစ်ပွဲဝင်ချင် နေသေးသည်။ ဒါပေမယ့် အခုတလော လုံးဝ စိတ်မပါ ဖြစ်နေသည်။

ချင်လင်မြို့ရဲ့ ထိပ်တန်း ပန်းဘုရင်မနဲ့ ကြုံတုန်းကလည်း အလုပ်မဖြစ်ခဲ့ပါ။ ဒီအတွက်လည်း ကာမအားတိုးဆေးစားပြီး အတင်းလုပ်ခဲ့ရသည်။

“ဒါပေမယ့် ဆရာဆွန်း.....။ ငါက စိတ်ငြိမ်ပန်းကို အသုံးမပြုရင် ညတိုင်း အိပ်မပျော်ဘူး”

ဖန်းလန်မျက်နှာပေါ်တွင် ခါးသီးတဲ့ အမူအရာ ပေါ်နေသည်။ သူ့ရာထူးအရ သူ့မှာ စိတ်ပူစရာတွေ အများကြီး ရှိသည်။

“ဒီအတွက်တော့ ငါ့မှာ အဖြေမရှိဘူး။ နာမည်ကြီး ဆရာဝန် တစ်ယောက်ယောက်နဲ့ တိုင်ပင်သင့်တယ်”

ဆွန်းမိုက ပခုံးတွန့်ပြီး ပြန်ပြောလိုက်သည်။

ဆွန်းမိုမှာ အဖြေမရှိပေမယ့် စောစောတုန်းက သူ့ရဲ့ ကောက်ချက်ချမှုကြောင့် လူတွေအကုန်လုံး အံ့အားသင့်နေကြသည်။

"မင်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးအများကြီးတင်ပါတယ်။ မင်းကို နောက်မှ လာလည်ပြီး တန်းဖိုးကြီး လက်ဆောင် ပေးပါ့မယ်"

ဖန်းလန်သည် သူ့ရဲ့ ရိုးသားမှုက မလုံလောက်သေးသလို ခံစားရသည်။ ဒါ့အပြင် သူ့ရဲ့ ကိုယ်ရေးကိုယ်တာကို လူတွေအများကြီး အရှေ့မှာ တိုင်ပင်လို့ မကောင်းပါ။

ဒင်

ဖန်းလန်၏ လေးစားအထင်ကြီးမှု +၂၀၀ ၊ ရင်းနှီး(၇၀၀/၁,၀၀၀)

“ဆရာနိ၊ မင်းသားလီ၊ မေးခွန်းတွေ ထပ်မေးချင်သေးလား”

ဆွန်းမိုက မေးလိုက်သည်။

နိဂျင်တင် တော်တော်လေး ရှက်သွားသည်။

ကျောက်အရိုးပန်းက တကယ်တော့ သူ့ရင်ကို ရိုက်တဲ့ တူနဲ့ တူနေသည်။ ဆွန်းမိုက သူ့အဖြေမှန်ကြောင်း သက်သေ ပြခဲ့ပြီးပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကြောင့် အန်ရှီဝေ တော်တော်လေး ထိတ်လန့်သွားသည်။ (သူက တကယ်ပဲ ရက္ခဗေဒ ပညာရှင် တစ်ယောက်လား)

"ကြောက်စရာ"

ကူရှုပ်ရှင်းရဲ့ စကားသည် တိုပြီး ပြည့်စုံသည်။

"ဒီလိုဆို မင်းတို့နှစ်ယောက်ကို ငါတောင်းပန် ရအုံးမလား"

ဆွန်းမိုက ပြုံးပြီး မေးလိုက်သည်။

ညွှတ်သည်တွေရဲ့ မျက်နှာအမူအရာသည် ထူးထူးခြားခြား ဖြစ်ကုန်သည်။ အခြေအနေတွေက ဒီလို ပြောင်းသွားမယ်လို့ သူတို့ မထင်ထားခဲ့ပါ။

"အမ်၊ ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက်နဲ့ မြင့်မြတ်တဲ့ အဆင့်အတန်းရှိတဲ့ မင်းသားတစ်ယောက်က ထင်ထားသလောက်လဲ စိတ်သဘောထား မမြင့်မြတ်ကြပါလား။ အရှုံးကို လက်မခံနိုင်ရင်လည်း နောင်ဆိုရင် သူတစ်ပါး အရှေ့မှာ စကားလုံး အကြီးကြီးတွေနဲ့ မကြွားနဲ့တော့"

ဆွန်းမိုက ဝေဖန်လိုက်သည်။

နိဂျင်တင် နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။ အံကြိတ်ပြီး ဆွန်းမိုကို လက်သီးနဲ့ ထိုးသတ်ဖို့ကလွဲလျှင် ဘာမှမလိုချင်တော့ပေ။ ဒီတော့ သောက်ရှက် လုံးလုံး ကွဲသွားပြီ။

လီဇီရှင်းလည်း တော်တော်လေး စိတ်ညစ်နေသည်။ ငယ်ငယ်ကတည်းက သူတစ်ပါး ဆုံးမတာ မခံခဲ့ရပါ။

"ဟွန့်၊ ငါ့ဆရာရဲ့ ရက္ခဗေဒ မဟာသခင်ဆိုတဲ့ ဘွဲ့ကို အတုလို့ ထင်နေတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာ အရမ်းပျော်နေသည်။ သူမဆရာနောက်တစ်ကြိမ် အနိုင်ရသွားပြန်ပြီ။

"ဆရာနိရဲ့ အပြုအမူက သင်ယူထိုက်တယ်။ သူက အရှက်ကွဲမှာလည်း မကြောက်ဘူး။ တခြားသူ မေးခွန်းထုတ်မှာလည်း မကြောက်ဘဲ လေ့လာသင်ယူခဲ့တယ်။ ဒါကို နားလည်ပေးလို့ရတယ်"

လီဇီရှင်း ဘေးနားမှာ ရပ်နေတဲ့ မြတ်ဆရာတစ်ယောက်က ငြိမ်းချမ်းရေးသမား ဝင်လုပ်လိုက်သည်။

"ဒီက မြတ်ဆရာ၊ မင်းမှားရင် ဝန်ခံလိုက်၊ ဖိနှိပ်ခံနေရလည်း ခါးမတ်ထားပါဆိုတဲ့ စကားကို အမြဲတမ်းကျင့်သုံးတယ်။ ငါတို့ အားလုံးက မြတ်ဆရာတွေဖြစ်ပြီး စံနမူနာပြတွေ ဖြစ်သင့်တယ်။ ဒီလိုမှမဟုတ်ရင် ငါတို့က ငါတို့ကျောင်းသားတွေအတွက် စံနမူနာ လုပ်ဖို့ ဘယ်လိုလုပ်ပြီး အရည်ချင်း ပြည့်မှီမှာလဲ"

ဆွန်းမိုက စိတ်အားထက်သန်စွာ ပြောလိုက်သည်။ အဲဒီနောက် မြတ်ဆရာအရှိန်အဝါ ဖြာထွက်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ဖိုး ဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသည်။

“……”

ကူရှပ်ရှင်း သူမနဖူးကို ပြန်နှိပ်နေသည်။ (ကိုရွှေစကားရေ၊ မရပ်တန့်နိုင်တော့ဘူးလား)

ဒါက ပုံမှန် မြင်နေကြ မြတ်ဆရာ အရှိန်အဝါဖြစ်နေသဖြင့် လူတိုင်း တည်တည်ငြိမ်ငြိမ်ပဲ ရှိနေကြသည်။

“ဆရာဆွန်း၊ ငါတောင်းပန်ပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင်သည် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်သဖြင့် တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို အနည်းငယ် တောင်ခံနိုင်သော်လည်း အကျိုးသက်ရောက်မှုကတော့ ရှိနေဆဲ ဖြစ်သည်။ နိဂျင်တင် ဒေါသထွက်ပြီး သေချင်စိတ်ပေါက်နေသည်။ လီဇီရှင်းကတော့ တန်ပြန်တိုက်ခိုက်ဖို့ နည်းလမ်း ရုတ်တရက် မရှာနိုင်ဘူး ဖြစ်နေသည်။

ဆွန်းမိုရဲ့ သရုပ်ပြမှုက တော်တော်လေး တုန်လှုပ်ဖို့ ကောင်းသည်။

“မင်းသားလီ”

ဆွန်းမိုက လှမ်းခေါ်လိုက်သည်။

လီဇီရှင်းက ဆွန်းမိုကိုကြည့်ပြီး စကားအဆုံးသတ်ကို စောင့်နေသည်။ နောက်ဆုံးမှာ ဆွန်းမိုက ဘာမှမပြောသဖြင့် လီဇီရှင်း ကြောင်သွားသည်။

ဖူး

ဆွန်းမိုရဲ့ အဓိပ္ပါယ်က သိသာနေသောကြောင့် ယူရုံပို အကျယ်ကြီး အော်မရယ်ဘဲ မနိုင်တော့ချေ။ (ငါ့အတွက် ပြဿနာရှာဖို့ ဘာကျန်သေးလဲ။ ရှိရင်

အကုန်လုံး တစ်ခါတည်းထုတ်) ဒါက ပေါ်တင် မခန့်လေးစား လုပ်နေသလို ဖြစ်နေသည်။

ဒီ ဆွန်းမိုက တကယ့် သံခေါင်းပဲ။

အခန်း(၅၁၅) - ပွဲမပြီးသေးဘူးလေ။

သိပ်မကြာခင် လီဇီရှင်းတစ်ယောက် ဆွန်းမို အခိပ္ပါယ်ကို နားလည်သွားကာ ဒေါသ အရမ်းထွက်ပြီး နဖူးက အစိမ်းရောင် သွေးကြောတွေ

ထောင်တက်လာသည်။ ဆွန်းမိုကို အခုချက်ခြင်း လည်းပင်းညှစ်သတ်တာကလွဲလျှင် ဘာမှ မလုပ်ချင်တော့ပါ။

သူက တန်အင်ပါယာရဲ့ မင်းသားတစ်ယောက်ပါ။ ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက်တောင် ဒီလိုမျိုး စိတ်ဆွရဲမှာ မဟုတ်ပေ။

ဒီကောင် ဆွန်းမိုက အမှန်တကယ်ကို မောက်မာပြီး တော်တော်လေး မထီမဲ့မြင် လုပ်လွန်းသည်။

"မင်းသားလီ၊ ငါတို့ လောင်းကြေးထပ်ကြရင် ဘယ်လိုလဲ။ နောက်သုံးလကြာမှာ ဖြေမယ့် ကြယ်နှစ်ပွင့် ၂ ပွင့် မြတ်ဆရာစာမေးပွဲမှာ ငါအောင်မလား ၊ မအောင်ဘူးလားဆိုတာ ငါ့ရဲ့ မိုးကုတ်စက်ဝိုင်း ကျယ်ပြန့်အောင်လို့ မင်းတို့အိမ်မှာ သိမ်းထားတဲ့ မှော်ဆန်တဲ့ ဆေးပင်နဲ့ ဘာဖြစ်လို့ မလောင်းတာလဲ"

ဆွန်းမိုက စနောက်လိုက်သည်။

ရှစ်

လူတိုင်းက သိချင်စိတ် ပြင်းပြစွာ လီဇီရှင်းကို လှည့်ကြည့်သည်။ (မင်းမှာ ဒီလိုရတနာ ရှိနေသေးတာလား)

"ဘာ မှော်ဆေးပင်လဲ"

လီဇီရှင်း အူကြောင်ကြောင် ဖြစ်သွားသည်။ သူ့အိမ်မှာ ဒီလိုမျိုး ရှိလို့လား။ ဒီအကြောင်းကို သူဘာဖြစ်လို့ မသိခဲ့တာလဲ"

"အင်း၊ မင်းသားလီ မလုပ်ချင်ရင်လည်း မေ့လိုက်ပါ။ ဘာဖြစ်လို့ မသိသလို ဟန်ဆောင်နေရတာလဲ"

ဆွန်းမို လျောင်ပြောင်လိုက်သည်။ “ဟုတ်ပါတယ်လေ။ ငါဆိုရင်လည်း တခြားသူကို လွယ်လွယ်နဲ့ မြင်ခွင့် မပေးနိုင်ဘူး။ အမှန်တကယ်လည်း ဒါက သူတော်စင်ဂိုဏ်းမှာတောင် မရှိနိုင်တဲ့ အမှောင်ထု ရှားပါးရတနာပဲ ”

ဒီတစ်ကြိမ်တော့ လီစီလင်နဲ့ လီဖန်တို့ နှစ်ယောက်စလုံး စိတ်ထဲမှာ ဝမ်းနည်း ကြေကွဲသွားပြီး သူတို့ အဖေကို စိုက်ကြည့်နေကြသည်။ (ငါတို့က မင်းရဲ့ သားရော ဟုတ်သေးရဲ့လား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလောက်ကောင်းတဲ့ ရတနာ ရှိနေတာတောင် ငါတို့ကို တစ်ခါမှ မပြခဲ့ဘူး)

“ဆွန်းမို ၊ အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့။ ငါ့မှာ ဒီလိုမျိုးရှားပါးတဲ့ အမှောင်ထုရတနာ မရှိဘူး”

လီဇီရှင်း ပြန်ငြင်းလိုက်သည်။ ဒေါသအရမ်းထွက်ကာ မုတ်ဆိတ်မွေးတွေတောင် တလှုပ်လှုပ် ဖြစ်နေသည်။

ဆွန်းမိုက သူ့ကို တွင်းတူးပေးနေပြီ။ သူတော်စင်ဂိတ်က သူ့မှာ ရှားပါးရတနာ ရှိတာ ကြားတာနဲ့ သူ့ဆီ သေချာပေါက် လာရှာလိမ့်မည်။

သူက ဘာမှ ထုတ်မပေးနိုင်ရင် သူနဲ့ သူတော်စင်ဂိတ်ကြား ဆက်ဆံရေး တင်းမာလာဖို့က ၈ဂကနေ ၉ဂ ရာခိုင်နှုန်းလောက် သေချာနေသည်။

"ဟီးဟီး"

ဆွန်းမိုက အေးစက်စက် ရယ်မောလိုက်သည်။

လီဇီရှင်းသည် ပထမတုန်းက ရှင်းပြချင်ပေမယ့် ညွှန့်သည်တွေရဲ့ အမူအရာကို ကြည့်လိုက်ပြီး သူဘာပြောပြော အသုံးမဝင်ဘူးဆိုတာ သိလိုက်သည်။ ဆွန်းမိုက ရက္ခဗေဒပညာရှင် တစ်ယောက်အနေနဲ့ သူ့ရဲ့စွမ်းရည်ကို သက်သေ ပြထားသည်။

သူတောင် တစ်ခါမှ မမြင်ဖူးတဲ့အပင်ကို အနံ့ခံရုံနဲ့ ဖော်ထုတ်နိုင်ပြီး ချီမူအနန်နှင့် ဘုရင်ခံ ဖန်းတို့ကိုလည်း တစ်ချက်ကြည့်လိုက်ရုံနဲ့ သူတို့ ရထားတဲ့ အပင်အမျိုးအစားကိုတောင် ခွဲခြားနိုင်သည်။ ဒါက အထင်ကြီးစရာ မကောင်းလွန်းဘူးလား။

ဒါကို ကိုယ်တိုင်ကိုယ်ကျမမြင်ရင် သူတောင် ယုံမှာ မဟုတ်ပေ။ ဒါကြောင့် ဆွန်းမိုက လီဇီရှင်းအိမ်မှာ ရှားပါး အမှောင်ရတနာ ရှိတယ်လို့ ပြောလိုက်လျှင် မှန်ဖို့က ၈၀ ကနေ ၉၀ ရာခိုင်နှုန်းလောက် သေချာနေသည်။

(ဒါက အခြေခံအားဖြင့်တော့ အခြေအမြစ်မရှိပါ) လီဇီရှင်း ကြိတ်ပြီး ဒေါသထွက်နေသည်။

လီဇီရှင်းက ဆွန်းမို လိမ်နေတယ်လို့ ပြောလိုက်ချင်ပေမယ့် အခြေခံအားဖြင့် သူ့မှာလည်း သက်သေ မရှိပါ။ ဆန့်ကျင်ဘက်အနေနဲ့ ပိုဆိုးတဲ့အရာတွေတောင် ဖြစ်လာနိုင်သေးသည်။

“ချီ။ လီဇီရှင်းက ဆွန်းမိုကို မသတ်နိုင်ဘူးဆိုရင်တောင် သေတဲ့အထိ မုန်းနေမှာ သေချာတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီမူအန် သက်ပြင်းချလိုက်သည်။ ဒီဆွန်းမိုက တော်တော်လေး အကြံများသည်။

သမင်အမြီး ဂုဏ်ပြုစားပွဲမှာ ဖြစ်ပျက်သမျှက သေချာပေါက် ပျံ့နှံ့သွားလိမ့်မည်။ သူတော်စင်ဂိတ်က လီဇီရှင်းဆီကနေ အမှောင်ရှားပါးရတနာကို တောင်းလို့ မထုတ်ပေးရင် သူတို့ကြားဆက်ဆံရေး ဆက်ကောင်းနေတယ်ပဲ ထားအုံး ဒီနေရာမှာရှိတဲ့ မြတ်ဆရာတွေကတော့ ဒီလိုလုပ်မှာ မဟုတ်ပါ။

သူတော်စင်ဂိတ်ရဲ့ အခွင့်အာဏာက ဘယ်လိုတောင် ကြီးလိုက်သလဲ။

ပြည်နယ်ကိုးခုက မြတ်ဆရာတိုင်းသည် သူတော်စင်ဂိတ်ရဲ့ စီရင်ပိုင်ခွင့် အောက်မှာ နေကြရသည်။

အနာဂတ်မှာ လီဇီရှင်းက သူ့ကလေးတွေ ပညာသင်ကြားဖို့အတွက် မြတ်ဆရာဌာနရင် အဲဒီ မြတ်ဆရာတွေက သူတော်စင်ဂိတ်နဲ့ လီဇီရှင်းကြားက ဆက်ဆံရေးကို ထည့်စဉ်းစား ကြလိမ့်မည်။

သူတော်စင်ဂိတ်က လီဇီရှင်းရဲ့ ငြင်းဆိုမှုအပေါ် မကျေနပ်ဘူးလို့ သူတို့ထင်ရင် အဲဒီမြတ်ဆရာတွေက

သင်ကြားပေးဖို့ ငြင်းဆန်ကြလိမ့်မည်။ အဲဒီ မြစ်ဆရာတွေက ဘာလုပ်နိုင်မှာလဲ။

လူသားဆိုတာက ဘေးဒုက္ခကို ရှောင်ရှားပြီး အခွင့်အရေး ရှာချင်တဲ့ သဘာဝ ရှိတယ်ဆိုတာ သိထားရမည်။ သူတော်စင်ဂိတ်က လီဇီရှင်းအပေါ် ခက်ခဲအောင်မလုပ်ဘူးလို့ သူတို့ထင်ရင်တောင် ကံကြမ္မာနဲ့ အလောင်းအစားလုပ်ဖို့ ဘယ်သူက သတ္တိရှိမှာလဲ။ လီဇီရှင်းရဲ့ တောင်းဆိုမှုကို အများစုက ငြင်းကြလိမ့်မည်။

ဒါကြောင့် အခုအချိန်ကစပြီး လီဇီရှင်း တစ်ယောက် မြတ်ဆရာတွေကို လွယ်လွယ်ကူကူ ဌားလို့ မရတော့ဘူးလို့ ပြောလို့ရသည်။

ကျန်နံ့ချင်ဖန်ကလည်း ခွဲခြမ်းစိတ်ဖြာပြီးနောက် ဒီအချက်ကို နားလည်နေသည်။ လီဇီရှင်းသည် အဖြေရှာမနေတော့ဘဲ ခေါင်းစဉ် ပြောင်းလိုက်သည်။

“နှစ်စဉ်ကျင်းပတဲ့ သမင်အမြီး ဂုဏ်ပြုပွဲမှာ အစဉ်အလာတစ်ခုရှိတယ်။ ကြယ်တစ်ပွင့် မြတ်ဆရာအသစ်တွေက သူတို့ရဲ့ ထက်မြတ်မှုကို ပြသဖို့ အခွင့်အရေး ရှိတယ်။ ဒီနှစ်မှာလည်း လူငယ်

သူ့ရဲ့ကောင်းတွေ အများကြီး စုဝေးနေတော့ ကျန်တဲ့လူတွေက ပွဲကောင်းတွေ စောင့်ကြည့်သင့်တယ်”

လျှို့မှုဘိုင် ဝိညာဉ်များ တောင့်တင်းသွားသည်။ နောက်ဆုံးတော့ သူ့အစွမ်းပြဖို့ အလှည့်ရောက်လာပြီ။ ဒါပေမယ့် ဆွန်းမိုကိုကြည့်ပြီး ရုတ်တရက် ထိတ်လန့်လာသည်။

ဆွန်းမိုရဲ့ စွမ်းဆောင်ရည်က အံ့မခန်းပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့အတွက် ဝိညာဉ်တက်တူးဘာသာရပ် ဒါမှမဟုတ် ရုက္ခဗေဒ ဘာသာရပ်သည် အထူးပြုဘာသာရပ် မဟုတ်တာ ကံကောင်းသည်။

လှိုမူဘိုင်သည် ဘေးကပ်ဆိုးကြီးက လွတ်မြောက်သလို ရုတ်တရက် ဝမ်းသာသွားသည်။

အရင်တုန်းက ဆူညံနေတဲ့ လင်းကျောင်ခန်းမသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ ဧည့်သည်များက မြတ်ဆရာများကို ကြည့်နေကြပြီး စောစောတုန်းက ကိစ္စကို လျှင်မြန်စွာ မေ့သွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအများစုက ဇတ်လမ်းတွေ ကြိုက်ကြသည်။ နှစ်စဉ်ကျင်းပတဲ့ သမင်အမြီး ဂုဏ်ပြုစားပွဲမှာ ကြယ်တစ်ပွင့်မြတ်ဆရာ အသစ်တွေကြားက ပြိုင်ဆိုင်မှုသည် တော်တော်လေး စိတ်ဝင်စားဖို့ကောင်းပြီး အရေးကြီးတဲ့ ရှုထောင့် တစ်ခုဖြစ်သည်။ ဒါကြောင့်လည်း ဆွန်းမိုက ပန်းချီတိုက်ပွဲတွင် တိုက်ရိုက် အနိုင်ရပြီး ကြယ်သုံးပွင့် မြတ်ဆရာကိုပင် ကြိမ်းမောင်းခဲ့တဲ့ အကြောင်းသည် ကြယ်တစ်ပွင့် မြတ်ဆရာအသစ်တွေကြားက ပြိုင်ဆိုင်မှုကြောင့် လူတိုင်းနီးပါး မေ့သွားကြမည်။

“ ချင်လင်မြို့ရဲ့ကျောက်စိမ်း အမွှာတွေထဲမှ တစ်ယောက်က ကြယ်ပွင့် ဖြစ်လာမယ်လို့ ပထမတုန်းက တွေးခဲ့ဖူးတယ်။ ဆွန်းမိုက ရုတ်တရုတ် ပေါ်လာပြီး မိုးကြိုးတစ်ခုလို တောက်ပလာလိမ့်မယ် မထင်ခဲ့မိဘူး”

ဘုရင်ခံဖန်းက ခေါင်းယမ်းပြီး ပြောလိုက်သည်။ ထို့နောက် မတ်တပ်ရပ်ကာ အခုနှစ်မှ ရာထူးတိုးလာတဲ့ ကြယ်တစ်ပွင့် မြတ်ဆရာတွေကို စတင် မိတ်ဆက်ပေးသည်။

"ဖန်ဝူဂျီနဲ့ လျှိုမူဘိုင်၊ ဒီနာမည်ကြီး နှစ်ယောက်ကို လူတိုင်း သိမှာပါ။ သူတို့တွေက အံ့အောစရာ အောင်မြင်မှုဖြစ်တဲ့ တစ်နှစ်ထဲမှာပဲ ကြယ်သုံးပွင့် မြတ်ဆရာဖြစ်အောင် စိန်ခေါ်ဖို့ ဒီနှစ်မှာမှ ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲကို ဝင်ဖြေခဲ့တယ်"

ဘုရင်ခံဖန်းက ချီးကျူးလိုက်သည်။

ချင်လင်ရဲ့ ကျော်ကြားစိမ်းအမွှာဖြစ်တဲ့ သူတို့နှစ်ယောက်ကို ဘုရင်ခံက မိတ်မဆက်ပေးရင်တောင် သူတို့ရဲ့ တိုက်ရိုက်

တပြည့်ဖြစ်တဲ့ ဒူအောင်ချောင်းနှင့် ဟန်ကျိရှင်း တို့ကို အရင်ကတည်း မြင်ဖူးထားကြသည်။

ဒီနေ့မှာတော့ လျိုမူဘိုင်က အရင်အတိုင်း ကြော့ရှင်း ပြေပြေပြစ်နေသော်လည်း ဖန်ဝူဂျီကတော့ ကွဲပြားသွားသည်။ အရင်တုန်းကတော့ ဖန်ဝူဂျီသည် မေးစေ့ကျယ်ပြီး ကြည့်ရရုပ်ဆိုးသည်။ ဒါ့အပြင် ဒီနေ့တော့ အရက် အလွန်အကျွံသောက်ပြီး မူးနေသည်။

“ဝူဂျီ၊ အားလုံးကို နှုတ်ဆက်လိုက်အုံး”

ချောင်ရှန်က တိုက်တွန်းလိုက်သည်။ ဖန်ဝူဂျီသည် ချစ်မိသွားပြီးနောက် ဝမ်းနည်းကြေကွဲနေတာ သနားဖို့ကောင်းနေသည်။ စားပွဲပေါ်မှောက်နေပြီး မလှုပ်မယှက် ဖြစ်နေသည်။

"အင်း ဝူဂျီရဲ့စိတ်ခံစားချက်က ဒီလောက်အထိ နက်ရှိုင်းနေမယ်လို့ မထင်ထားမိဘူး"

"ဒါက ဗဟိုပြည်နယ် အကယ်ဒမီက ကူရှုပ်ရှင်း ၊ မြတ်ဆရာ ကူပါ။ သူ့ဘေးနားမှာ ရပ်နေတာက သူမရဲ့တိုက်ရိုက်တပြည့်ဖြစ်တဲ့ ကျန်ရန်ဇောင်ပါ။ သူက ဒီ-အဆင့် လိဂ်ပြိုင်ပွဲမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားအသစ်အဖွဲ့ရဲ့ ခေါင်းဆောင်လုပ်ခဲ့ပြီး အံ့အောဖို့ ကောင်းအောင် စွမ်းဆောင်နိုင်ခဲ့တယ်”

ဖန်းလန်က မိတ်ဆက်ပေးလိုက်သည်။

ဒီစကားကို ကြားလျှင် ချောင်ရှန် မဲ့သွားသည်။ ကူရှုပ်ရှင်းသည် သူတို့ကျောင်းက ပျိုးထောင်ခဲ့တဲ့ ပျိုးပင်ကောင်းဆိုတာ ထင်ရှားသော်လည်း နောက်ဆုံးတော့ အန်ရှီဝေပဲ အမြတ်ထွက်သွားသည်။

ညှော်သည်တွေ အချင်းချင်း ဆွေးနွေးနေကြသည်။ အမျိုးသားတချို့ကတော့ သူမရဲ့ မျက်နှာလေးနှင့် ပုံစံကိုကြည့်ကာ မြင်ကွင်းကို သဘောကျနေကြသည်။

“ဆရာကူနဲ့ တပြည့် နှစ်ယောက်စလုံးက ထူးထူးခြားခြား သန့်မာပြီး နောက်နှစ်လကြာရင် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေလိမ့်မယ်။ သူမက အောင်မြင်ပြီး မိန်းမလှလေး အဆင့်သတ်မှတ်ချက်ထဲတောင် ဝင်နိုင်တယ်လို့ ငါခံစားနေရတယ်”

ဖန်းလန်က ချီးကျူးလိုက်သည်။

“ဘုရင်ခံဖန်းက ငါ့ကို အရမ်းချီးကျူးနေပြီ”

ကူရှုပ်ရှင်းက နှိမ့်ချပြီး ပြန်ပြောလိုက်သည်။

ကျန်တဲ့ မြတ်ဆရာအသစ်များကိုတော့ ဆားနယ်ငါးတွေလို ဘယ်သူမှ ဂရုမစိုက်ကြပါ။

"ဘာဖြစ်လို့ ဆရာကို မိတ်မဆက်ပေးသေးတာလဲ"

လုချီဟွာက မကျေမနပ် ဖြစ်နေသည်။

"ကျေးဇူးပြုပြီး။ ငါတို့ဆရာက နောက်ဆုံးပိတ်ပဲ"

လီဇီချီက ရယ်မောပြီး ပြောလိုက်သည်။ "အထင်ကြီးဖို့ အကောင်းဆုံးလူက အမြဲတမ်းနောက်ဆုံးမှပဲ ပေါ်လာတယ်ဆိုတာ မင်းမသိဘူးလား"

"နောက်ဆုံး တစ်ယောက်ကတော့

ကြယ်တစ်ပွင့်စာမေးပွဲရဲ့ ထိပ်ဆုံးအဆင့် ရထားတဲ့လူကလွဲလို့ ကျန်တဲ့လူ မဟုတ်ဘူး။ လူတိုင်းက သူ့နာမည်ကို လောလောလတ်လတ်လေးပဲ ကြားဖူးထားမှာပါ။ ဆရာအသစ် ဖြစ်ပေမယ့် လိဂ်ပြိုင်ပွဲမှာ ဗဟိုပြည်နယ် အကယ်ဒမီကို ပထမနေရာ ရအောင် ဦးဆောင်ခဲ့တယ်။ ဒါ့အပြင် ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ မဟာကိုးပါးက ဖြေဆိုသူတွေကို အနိုင်ယူပြီး ပထမနေရာကို သိမ်းပိုက်ခဲ့တယ်။ တကယ်ပဲ သူ့ရဲ့တောက်ပမှုက တုန့်နှိုင်းလို့ကို မရဘူး”

ညှော့်သည် အားလုံးရဲ့ အကြည့်က ဆွန်းမိုဆီရောက်သွားသည်။ ချောလွန်းတယ်ဆိုပြီး မပြောဘဲ မနေနိုင်ကြတော့ချေ။ သူက အနောက်ဖက်ကို ငေးကြည့်နေသည်။ အရမ်းချောမောကာ နူးညံ့သိမ်မွေ့တဲ့ အပြုံး ပြုံးနေသည်။ ဒါကြောင့်လည်း လူတိုင်းက သူ့ကို လေးစားအထင်ကြီးသွားကြသည်။

“မင်းတို့တွေ ဒီလိုထူးချွန်တဲ့ လူငယ်လေးကို သမက်အဖြစ် မလိုချင်ကြဘူးလား ။ ဒါပေမယ့် မင်းတို့

နောက်ကျသွားတာက စိတ်မကောင်းစရာပဲ။ သူက ကျောင်းအုပ်ကြီးအန်နဲ့ စေ့စပ်ထားပြီးပြီ”

ဘုရင်ခံဖန်းရဲ့ မျက်နှာသည် ဝမ်းနည်းနေတဲ့ အမူအရာဖြစ်နေသည်။

ကျန့်ချင်ဖန်သည် ဒါကို မြင်လိုက်လျှင် ဆွန်းမိုဆီမှာ မျက်နှာရအောင် ဒီလိုပြောနေမှန်း သူသိလိုက်သည်။ ပြောချင်တာက ဆွန်းမိုရဲ့ အရည်အချင်းကို သူယုံကြည်နေသည်။

“ထုံးစံအတိုင်းပဲ ဆွန်းမိုရဲ့ တောက်ပတဲ့ အောင်မြင်မှုတွေက ဒါတွေချည်းပဲ မဟုတ်သေးဘူး။

သူပထမဆုံး အလုပ်စဝင်တုန်းက ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာ ဆိုတဲ့ ဘာသာရပ်အသစ်ကို တီထွင်ခဲ့တယ်။ သူ့အတန်းတွေက အမြဲတမ်း လူပြည့်နေပြီး နှစ်နာရီ ကြိုမသွားရင် နေရာမရဘူး”

ဘုရင်ခံဖန်းက ဆွန်းမိုရဲ့ အချက်အလက်များကို စုံစမ်းထားခဲ့သည်။

ဒီစကားကို လူတိုင်းကြားလိုက်လျှင် အရမ်းတုန်လှုပ်ခြောက်ခြားတဲ့ အမူအရာများ ပေါ်လာသည်။ မြတ်ဆရာတစ်ယောက်ရဲ့ အတန်းကိုတက်တဲ့ ကျောင်းသားအရေအတွက်သည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာရဲ့ အရည်အချင်းကို တိုင်းတာရန် အကောင်းဆုံး စံနှုန်းတစ်ခု ဖြစ်သည်။

"ဟားဟား။ ဆရာဆွန်းက ဗဟိုပြည်နယ် အကယ်ဒမီမှာ နတ်ဘုရားလက်ဆိုပြီး ကျော်ကြားတဲ့ ဘွဲ့လည်းရှိသေးတယ်။ အတွေ့အကြုံ ခံစားဖူးတဲ့ လူတိုင်းက အရမ်းအံ့အောဖို့ကောင်းတယ်လို့ တညီတညွတ်ထဲ သဘောတူကြတယ်"

ကျန့်ချင်ဖန်က မိတ်ဆက်ပေးလိုက်သည်။

လူတိုင်း အံ့အောသင့်နေကြသည်။ ဒီဘွဲ့က လိုချင်တိုင်း ရနိုင်တဲ့အရာ မဟုတ်ပါ။

“ဒီပွဲကို တက်လာတဲ့ မြတ်ဆရာအသစ်တိုင်း သူတို့စွမ်းရည်ကို ပြသဖို့ အခွင့်အရေး ရလိမ့်မယ်။ ဒါပေမယ့် ဆွန်းမို၊ ဖန်ဝူဂျီနဲ့ လျှိုမူဘိုင်တို့ကတော့ သူတို့ကိုယ်သူတို့ သက်သေပြစရာမလိုတော့ဘူး”

ဘုရင်ခံဖန်းက ရယ်လိုက်ပြီး

“ဒါဆိုလည်း ဘာဖြစ်လို့ သူတို့ရဲတပြည့်တွေကို ပြသဖို့အခွင့်အရေး မပေးတာလဲ”

ဘုရင်ခံဖန်းသည် စကားပြော ကောင်းတဲ့သူ ဖြစ်သည်။ အမှန်တိုင်းပြောရလျှင် မြတ်ဆရာတွေ လက်ရေစမ်းခြင်းကလည်း သရုပ်ပြမှု တမျိုးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမိုနဲ့ ကျုန်တဲ့နှစ်ယောက်က ဒီလို လုပ်စရာ မလိုတော့ပေ။ တခြားကျန်တဲ့ မြွတ်ဆရာများကလည်း နာမည်ကြီးများ မဟုတ်သဖြင့် ညှော့သည်တွေက ကြည့်ချင်စိတ် ရှိမှာမဟုတ်ပေ။

ကျုန်ရန်ဇောင်နှင့် ကျုန်တဲ့ တပြည့်တွေလည်း သူတို့ စိတ်ဝိညာဉ်များ တောင့်တင်းကုန်သည်။ ဒူအောင်ချောင်းနှင့် ဟန်ကျိုရှင်းလည်း ခြွင်းချက် မဟုတ်ပါ။ ကျော်ကြားဖို့များတဲ့ အခွင့်အရေးကို ဘယ်သူမှ လက်လွှတ် မခံချင်ကြပါ။

“ဒါဆိုလည်း ဘယ်သူအရင်ဆုံး လာမလဲ”

ဘုရင်ခံဖန်းက ရယ်မောပြီး မေးလိုက်သည်။

သူ့စကားဆုံးတာနဲ့ အင်ဘိုင်ဂူ အပြင်ရောက်နေပြီ။ သူမက လီစီလင်ကို စိုက်ကြည့်ပြီး

“ဒီကျောင်းသား၊ ကျေးဇူးပြုပြီး ငါ့ကို လမ်းညွှန်ပေးပါ”

ဟာ

ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဆွန်းမိုရဲ့ တပြည့်က ခက်ထန်လွန်းသည်။

"မင်းက ငါ့ဆရာကို အကြိမ်ကြိမ် သံသယဝင်တယ်။ သူ့ရဲ့ တပြည့်တစ်ယောက်အနေနဲ့ သူ့ရဲ့စိုးရိမ်ပူပန်မှုတွေကို မျှဝေရမယ်။ ဒါကြောင့် ငါတို့ တိုက်ခိုက်ရအောင်"

အင်ဘိုင်ဝူက လီစီလင်ကို ကြည့်ပြီး

"ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

"မင်း သေသေချာချာ စဉ်းစားပြီးပြီလား။ ငါက ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်မှာ ရှိတယ်"

လီစီလင်က အင်ဘိုင်ဝူကို လှောင်ပြောင်တဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အရမ်းကောင်းတယ်။ မင်းသာ ခန္ဓာကိုယ်ပြုပြင်ခြင်း နယ်ပယ်မှာပဲ ရှိသေးရင် ငါ့အတွက် အချိန်ဖြုန်းသလိုပဲ”

အင်ဘိုင်ဝူက သက်ပြင်းချလိုက်သည်။

သူမရဲ့ အမူအရာကြောင့် လီစီလင် လုံးဝ ဒေါသထွက်သွားသည်။ (ဒါက ဘာပြောချင်တာလဲ။ ငါက ခန္ဓာကိုယ်ပြုပြင်ခြင်း နယ်ပယ်မှာဆိုရင် မင်းက သေချာပေါက် အနိုင်ယူနိုင်တယ်ပေါ့ ဟုတ်လား)

(မင်းက သေခြင်း တရားရှာဖွေနေတာပဲ။ မင်းဆန္ဒကို သေချာပေါက် ဖြည့်ဆည်းပေးမယ်)

ဆွန်မိုရဲ့ လေးနက်တဲ့စကား အောက်မှာ ဒူထောက်ခဲ့ရတဲ့ အဖြစ်ကို ပြန်တွေးရင်း လီစီလင်သည် အင်ဘိုင်ဝူကို ဒီနေရာမှာပဲ သတ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါကြောင့် အဆင်မပြေတဲ့ အမူအရာ ဖော်ထုတ်လိုက်ပြီး

"ဓါးနဲ့ ဓါးပြားတွေမှာ မျက်စိမပါဘူး။ တကယ်လို့ မင်း ဒဏ်ရာရသွား..........."

"ဒါဆိုလည်း သေခြင်း ၊ ရှင်ခြင်း တိုက်ပွဲ တိုက်လိုက်ကြမယ်လေ။ ရှုံးတဲ့သူက မနာကြည်းသင့်ဘူး"

အင်ဘိုင်ဝူက လီစီလင်ရဲ့ စကားကို ဆုံးအောင်မစောင့်ဘဲ တန်းပြောလိုက်သည်။

"ဘိုင်ဝူ၊ အဓိပ္ပါယ် မရှိတာ မပြောနဲ့"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ လီစီလင်က အင်ဘိုင်ဝူကို စိတ်ဆွနေမှန်း သိသာနေသည်။ ဒါတောင် သူ့ဘက်စပြီး သေခြင်း ၊ ရှင်ခြင်း တိုက်ခိုက်ဖို့ အစပြုလိုက်သေးသည်။

"ဆရာ၊ ငါမရှုံးဘူး"

အင်ဘိုင်ဝူ လှည့်ကြည့်လိုက်ပြီး ဆုံးဖြတ်ချက်ချထားတဲ့ လေသံနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တကယ်လို့ ငါရှုံးခဲ့ရင် မင်းတပြည့်လုပ်ရတာ မထိုက်တန်လို့ပဲ"

ရှူး

ဒီစကားကို ကြားလိုက်လျှင် ညှော့သည်များ အံ့အောကုန်သည်။ မြတ်ဆရာတွေကတော့ မနာလိုတဲ့ အမူအရာ ဖြစ်လာကြသည်။ ဒီမိန်းကလေးက ဆွန်းမိုကို အရမ်းကိုးကွယ်သည်။ သူ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက် သေခြင်းတိုက်ပွဲတောင် တိုက်ခိုက်ချင်နေသည်။

(ဒီလို ကျောင်းသားမျိုး လိုချင်တယ်)

"ဆရာဆွန်း၊ မင်းကျောင်းသားရဲ့ တကယ်ကြည်ညို လေးစားမှုကိုကြည့်ပြီး မင်းကို တကယ် ချီးကျူးတယ်"

လီဇီရှင်းက "လီစီလင်၊ ဒီလိုဖြစ်နေမှတော့လည်း သူမကို နည်းနည်းလောက် လမ်းညွှန်ပေးလိုက်ပါ။ အရမ်းတော့ မထိခိုက်စေနဲ့နော်"

"ဟုတ်ကဲ့ ၊ အဖေ"

လီစီလင်က လက်တဖက်တည်းနဲ့ ဓါးကိုင်ပြီး ထွက်သွားသည်။ သူထွက်သွားနဲ့ တန်းပြီး အင်ဘိုင်ဝူနဲ့ မျက်နှာချင်းဆိုင်လိုက်သည်။

“ဟော့ကောင်တွေ၊ ဒီကျောင်သူလေးရဲ့ လက်နက် ချက်ခြင်း သွားယူလာခဲ့”

ဘုရင်ခံဖန်းက ညွှန်ကြားလိုက်သည်။

ဒီအချက်ကနေ အဆင့်အတန်း ကွာဟချက်ကို မြင်နေရသည်။ ဆွန်းမိုနှင့်ကျန်တဲ့လူတွေက လင်းဂျောင်ခန်းမထဲသို့ ဝင်လာတဲ့အချိန်တွင် အပြင်မှာ လက်နက်များကို ထားခဲ့ရသည်။ ဒါပေမယ့် လီစီလင်က ဒါမျိုး လုပ်ဖို့ မလိုပါ။

ဘာဖြစ်လို့လဲဆိုတော့ သူက မင်းသားလေး ဖြစ်နေသည်။

ဒါက အလေးပေးမှု ကွာခြားချက် ပါ။

"မိုမိုလေး။ သူမ တကယ်နိုင်ပါ့မလား"

အန်ရှီဝေက မျက်မှောင်ကြုတ်ပြီး လေသံတိုးတိုးလေးနဲ့ မေးလိုက်သည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ လီစီလင်က အင်ဘိုင်ဝူထက် နှစ်အနည်းငယ် စောပြီး လေ့ကျင့်ထားတယ်ဆိုတာ ပြောနိုင်သည်။ သူမတို့သာ တိုက်ခိုက် ဖြစ်ခဲ့လျှင် သေချာပေါက် ဆိုးကျိုး ရှိလိမ့်မည်။

လီစီလင်က အကြံများလွန်းသည်။ ဒီအချက်ကို သူလည်း နားလည်သည်။ လက်ရည်စမ်းပြီး

မတိုက်ခိုက်ရမှာကို စိုးရိမ်ကာ အလျှင်စလို ပြောလိုက်သည်။

"လီစီလင်၊ ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်"

အခန်း(၅၁၆) - ချေမှုန်းခြင်း။

"ကျောင်းသားလီ။ မင်း အရမ်းစိုးရိမ်နေတာပဲ။ အင်ဘိုင်ဝူ လက်ထဲမှာ လက်နက်တောင် မရှိသေးဘူး။

ဒါမှမဟုတ် သူမကို လက်ဗလာနဲ့ တိုက်ခိုက်စေချင်လို့လား”

ဆွန်းမိုက လှောင်လိုက်သည်။

“အမ်”

လီစီလင် စကားပြောမနိုင် ဖြစ်သွားသည်။

“ဒါကြောင့်လည်း လူငယ်တွေကို ခံစားချက် မထိန်းနိုင်ဘူး ပြောကြတာပေါ့ကွာ။ မင်းသူမကို သတ်ချင်လို့ စိတ်လောနေရင်တောင် မှန်မှန်ကန်ကန်လေးတော့ လုပ်ပေါ့ကွာ”

ဆွန်းမို ဆက်ပြီး သရော်လိုက်သည်။

“ငါ မသတ်ချင်ပါဘူး”

လီစီလင်က ငြင်းလိုက်သည်။

“အို၊ ဒါဆို ဘာလို့ ဓါးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရတာလဲ”

ဆွန်းမို လေသံက ပြင်းထန်လာသည်။

“မဟုတ်ဘူး မင်းအဓိပ္ပါယ်မရှိတာတွေ ပြောနေတာ”

လီစီလင် အမှတ်တမဲ့ လက်ချောင်းတွေကို ဖြေလျှော့လိုက်သည်။ သူက ရက်စက်ကာ

ဂရုဏာမရှိတဲ့သူဆိုပြီး တခြားသူတွေ အထင်မလွဲစေချင်ပါ။

"ဆွန်းမို၊ မင်းလုပ်ပုံလုပ်နည်းတွေက အရသာမရှိတော့ဘူး။ ကျောင်းသားတွေ တိုက်မယ့် ကိစ္စမှာ စီလင်ကို စိတ်ခြောက်ခြားအောင် ဘာဖြစ်လို့ လုပ်နေတာလဲ"

နိဂျင်တင်က မေးခွန်းထုတ်လိုက်သည်။

ဒီစကားကို ကြားလျှင် ညှော်သည်တွေ ရုတ်တရက် သဘောပေါက်သွားသည်။ ဒါဆို ဆွန်းမို မေးခွန်းက ဒါအတွက်ပေါ့။

"သူ့ကို စိတ်ခြောက်ခြားအောင် လုပ်တယ် ဟုတ်လား"

ဆွန်းမိုက ကြောင်သွားတဲ့ ပုံစံ လုပ်လိုက်သည်။

ဆွန်းမိုအမူအရာကိုမြင်လျှင် နိဂျင်တင် အတွေးလွန်နေပြန်ပြီလို့ တွေးလာကြသည်။ နိဂျင်တင်က ဆွန်းမိုကို မှားယွင်းပြီး စွပ်စွဲနေတာပဲ ဖြစ်မည်။

"ဆရာနိ၊ မင်းစိတ်နဲ့ နှိုင်းပြီး မရိုင်းနဲ့။ လူတိုင်း မင်းလို မဟုတ်ဘူး"

အန်ရှီဝေက ဝေဖန်လိုက်သည်။

"အကွက်လေး လှတယ်"

ကူရှပ်ရှင်းက ချီးကျူးလိုက်သည်။ ဆွန်းမိုအကြောင်းကို နားလည်နေသောကြောင့် ဆွန်းမိုကတော့ သူ့ရဲ့အရမ်းအံ့အောဖို့ကောင်းတဲ့ အရည်အချင်းနဲ့ လီစီလင်ကို သေတွင်းတူးပေးနေတာ သိသာသည်။ သူ ကြောင်အ သွားတဲ့ အမူအရာက သူစကားပြောတာထက် ကျန်တဲ့သူတွေကို ဆွဲဆောင်နိုင်သည်။

"အဓိပ္ပါယ် မရှိတာတွေ ပြောမနေနဲ့တော့။ သူမ ခါးရနေပြီ ၊ အခုပဲ လက်ရည်စမ်းပွဲ စလိုက်တော့"

လီဇီရှင်းက စကားဖြတ်ပြောလိုက်သည်။ တချိန်တည်းမှာပဲ ဆွန်းမိုက နောက်တစ်ဆင့်မြှင့်ပြီး တုန်တုန်ယင်ယင် ဖြစ်လာသည်။ ဒီကောင်က တော်တော်လေး ကိုင်တွယ်ရ ခက်တာပဲ။

အန်ရှီဝေက နှုးညံ့ပြီး ကြင်နာတတ်သည်။ ဘယ်လိုကြံစည်ရမလဲ သူမ မသိသဖြင့် သူမနဲ့ ညှိနှိုင်းရတာ အရမ်းလွယ်ကူသည်။ ဒါပေမယ့် ဆွန်းမိုကတော့ အပြင်ပိုင်း ကြည့်လျှင် ကြင်နာတတ်ပြီး အတွင်းစိတ်က ကောက်ကျစ်သည်။ ပြီးတော့ တော်တော်လည်း ထက်မြက်သည်။

"ခဏာနေပါအုံး"

ဆွန်းမိုက တားလိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာဆွန်း ကြောက်နေတာလား"

လီဇီရှင်း လှောင်လိုက်သည်။

"ငါ့တပြည့်ကို စကားနည်းနည်းလောက်တောင် ပြောလို့ မရဘူးလား"

ဆွန်းမိုက ပြန်ပက်သည်။ ထို့နောက် အင်ဘိုင်ဝူဘေးသို့ တန်းလျှောက်သွားသည်။

"ဆရာ၊ ငါမရှုံးဘူး"

အင်ဘိုင်ဝူက ပြတ်သားနေသည်။ သူမ စိတ်ထဲက စကားတစ်ခွန်း ထပ်ဖြည့်ပြောလိုက်သည်။ (ငါသေရင်တောင် အနိုင်ရစေရမယ်)

"ငါ မင်းကို ယုံတယ်"

ဆွန်းမိုသည် လုံလုံလောက်လောက် အိပ်ရပြီး လုံလောက်စွာ စားရပြီးနောက် ကျန်းမာကာ အနီရောင်တောက်နေတဲ့ ကောင်မလေးကို ကြည့်လိုက်သည်။ သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းကို ကိုးကွယ်ပြီး ဂုဏ်သိက္ခာကို ကာကွယ်ပေးချင်တဲ့ တပြည့်တစ်ယောက်ရှိတာ အရမ်းကောင်းတယ်)

ဆွန်းမိုလက်ထဲမှာ နို့ဖြူရောင် အလင်းတန်း တစ်ခု ပေါ်လာသည်။

"ဒါက ဘာလဲ"

ချောင်ရှန် လန့်ဖြန့်သွားသည်။

"မသိဘူး"

ယူရုံပိုလည်း ခေါင်းယမ်းလိုက်သည်။

အင်ဘိုင်ဝူလည်း နို့ဖြူရောင် အလင်းတန်းကို မြင်လိုက်သည်။ ဒါကြောင့် နောက်သို့ ဆုတ်လိုက်ပြီး လေးနက်တဲ့ အမူအရာနဲ့ ဆွန်းမိုကို ကြည့်လိုက်သည်။

“ဆရာ၊ သူရှုံးရင်း ဘာမှမပြောဖို့ မျှော်လင့်ပါတယ်”

“ဘိုင်ဝူ၊ နောက်ဆုံးမိနစ်တွေမှာ သူတို့ရဲ့တပြည့်တွေကို လမ်းပြပေးဖို့ ခွင့်မပြုထားဘူး”

လီဇီချီက သူမကို သတိပေးလိုက်သည်။

“ဒီလိုလူကို အနိုင်ယူဖို့ စိတ်ဝိညာဉ်ပုံသွင်းခြင်း အကူအညီယူရင် ဆရာရဲ့ တိုက်ရိုက်တပြည့်ဖြစ်ဖို့ ငါမထိုက်တန်ဘူး”

အင်ဘိုင်ဝူ သည်းမခံနိုင်ပါ။

"စိတ်ဝိညာဉ် ပုံသွင်းခြင်းဆိုတာ ဘာလဲ"

"ကြားရတာတော့ အထင်ကြီးစရာကောင်းမယ်ပုံပဲ"

"ဒါက မြတ်ဆရာ အရှိန်အဝါလား။ ဒါပေမယ့် တစ်ခါမှ မကြားဖူးဘူး"

ဒီနေရာမှာရှိနေတဲ့ မြတ်ဆရာတွေ အားလုံး အရမ်းသိချင်နေကြသည်။

ဆွန်းမိုက လှည့်ပြီး လီစီလင်ကို ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသက် ၁၆နှစ်၊ ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်။ သွေးကြောဆုံမှတ် ၉ခု ဖွင့်ပြီး။

ကြံ့ခိုင်မှု - ၁၂ - သာမန်၊ ဖော်ပြဖို့တောင် မထိုက်တန်။

ဉာဏ်ရည် - ၁၃ - အနည်းငယ် ကလိမ်ကကျစ် ကျတတ်။

သွက်လက်မှု - ၁၁ - သာမန်အောက်။

ခံနိုင်ရည် - ၉ - ဆင်းရဲ ဒုက္ခကို ခံနိုင်ရည်မရှိ။ အထွဋ်အထိပ် ကျင့်စဉ် ကျင့်ရင်တောင် ဘယ်တော့မှ အောင်မြင်နိုင်မှာ မဟုတ်ပါ။

ဆန္ဒ - ၈ - မင်းသားလေး တစ်ယောက်အနေနဲ့ သူ့ဒေါသကို ဖောက်ထုတ်ပစ်ဖို့ တစ်ခါမှ အခွင့်အရေး မရ။

....

အလားအလာတန်ဖိုး - သာမန်။

မှတ်ချက်။ သာမန်လူတစ်ယောက်ပဲ။ ဆေးတွေ အားကိုးပြီး ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို ရောက်ရှိလာခဲ့သည်။ ဒါကိုလည်း အမှန်တကယ် ဂုဏ်ယူနေသည်။

"ဘာကြည့်နေတာလဲ"

လီစီလင်သည် ဆွန်းမိုကြည့်နေသဖြင့် ကျောချမ်းလာသည်။

"သွားလိုက်ပါ မင်းသေချာပေါက် နိုင်လိမ့်မယ်"

ဆွန်းမိုက အင်ဘိုင်ဝူ ပခုံးကို ပုတ်ပြီး ပြောလိုက်သည်။

"ဒီလို ပြိုင်ဘက်ကို လက်တစ်ဖက်တည်းနဲ့ တိုက်ခိုက်ရင်တောင် နိုင်တယ်"

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမိုက တော်တော်လေး မောက်မာတယ်လို့ ထင်လိုက်ကြသည်။ လီစီလင်သည် လီဇီရှင်းရဲ့

အထူးချွန်ဆုံးသား မဟုတ်သော်လည်း သူ့ဆရာက ကြယ်သုံးပွင့် မြတ်ဆရာဖြစ်ပြီး ကျင့်ကြံခြင်း အရင်းအမြစ်တွေ အများကြီးလည်း အသုံးပြုခဲ့သည်။ သူ့အနေနဲ့ အင်ဘိုင်ဝူကို ဘယ်လိုလုပ်ပြီး ရှုံးမှာလဲ။

"အင်ဘိုင်ဝူ၊ သွေးလောင်ကျွမ်းခြင်း အဆင့် (၈)၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

"အဆင့် (၈) လား"

လီစီလင် အနည်းငယ် အံ့အောသွားသည်။ ဒီမိန်းကလေး သူ့ကို ရန်စရဲတာ မထူးဆန်းတော့ပေ။

ဒါဆို သူမက ပါရမီရှင်ပေါ့။ သူမအသက်အရွယ်မှာ အများအားဖြင့် အဆင့်(၃) ဒါမှမဟုတ် အဆင့်(၄)သာ ရှိတတ်ကြသည်။

ဒါပေမယ့်လည်း ဒီလို ပါရမီရှင်တစ်ယောက်ကို သတ်လိုက်ရလျှင် တော်တော်လေး ကျေနပ်ဖို့ ကောင်းမည်။

ညွှေ့သည်တွေလည်း အံ့အောပြီး အော်နေကြသည်။ အင်ဘိုင်ဝူရဲ့ ပြိုင်ဘက်က သူမထက် အများကြီး ပိုသန်မာနေသဖြင့် ခွင့်မပြုသင့်တော့ပါ။ ဒါပေမယ့်လည်း လီဇီရှင်းကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မစော်ကားချင်သောကြောင့် ဘယ်သူမှ ထုတ်မပြောကြပါ။

"ဆရာဆွန်း"

ယူရုံပိုက မေးတဲ့အကြည့်နဲ့ ကြည့်လိုက်သည်။ တကယ်လို့ ဆွန်းမိုက တစ်ခုခု ပြောခဲ့လျှင် ဒီပွဲကို ဖျက်သိမ်းလိုက်မည်။ ကြယ် လေးပွင့် မြတ်ဆရာတစ်ယောက်ရဲ့စကားက သူတို့အတွက် အလေးချိန် ရှိနေတုန်းပါ။

"ဆရာယူ တခါတလေကျတော့လည်း ကျင့်ကြံခြင်းအဆင့်က အရာအားလုံး မဟုတ်ဘူး"

ဆွန်းမိုက ပြုံးပြီး ပြန်ပြောလိုက်သည်။

“ကောင်းပြီလေ။ ဒါဆိုလည်း ငါ့ကို ဒိုင်လူကြီး လုပ်ခွင့်ပေးပါ”

ယူရုံပို ထွက်လာလိုက်သည်။ အင်ဘိုင်ဝူ ရှုံးသွားတာနဲ့ ချက်ခြင်း သူမကို ကယ်တင်မည်။

လီဇီရှင်းသည် ယူရုံပိုကို စိုက်ကြည့်ပြီး တကယ် အောင်ဟစ်လိုက်ချင်သည်။

“ဒါက မင်းနဲ့ ဘာဆိုင်လို့လဲ။ ပြီးတော့ မင်းလစာကို ငါပေးနေတယ်ဆိုတာ သိလား”

“ ဒီကျောင်းသူလေးရဲ့ ဇစ်မြစ်ကို ရှင်းရှင်းလင်းလင်း မသိကြဖို့ များတယ်။ သူမအကြောင်း မိတ်ဆက်ခွင့် ပြုပါ။ ပြီးခဲ့တဲ့ တစ်နှစ်တုန်းကဆို သူမက နေ့ခင်းဘက် ပန်းပဲဖိုမှာ အလုပ်လုပ်ပြီး ညဘက်ဆို စားကြွင်းစားကျန်တွေ ပို့ဆောင်ရတယ်။ ဆရာဆွန်းက သူမကို ရှာတွေ့ပြီး သူ့ရဲ့ တိုက်ရိုက်တပြည့် အဖြစ် လက်ခံခဲ့တယ်”

ချောင်ရှန်က လီဇီရှင်းဘက် လိုက်နေဆဲ ဖြစ်သည်။ အင်ဘိုင်ဝူက အရမ်းအစွမ်းထက်တဲ့ အကြောင်းကို လီစီလင်အား တိုက်ရိုက်ပြောရမှာ ရှက်သဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လိမ္မာပါးနပ်စွာ မိတ်ဆက်သလိုနဲ့ သွယ်ဝိုက်ပြီး ပြောနေခဲ့သည်။

လီစီလင် လုံးဝဂရုမစိုက်တာတော့ စိတ်မကောင်းစရာပါ။ ဆန့်ကျင်ဘက်အနေနဲ့ မထီမဲ့မြင်တဲ့ ပုံစံတောင် လုပ်နေခဲ့သေးသည်။ အရင်းအမြစ်၊ အရည်အချင်း ဒါမှမဟုတ် မြတ်ဆရာရဲ့ လမ်းညွှန်မှု ရှုထောင့်ပေါင်းစုံတွင် သူက အသာစီးရနေသည်။ သူမက ဘယ်လိုနိုင်မှာလဲ။

"စတော့"

ယူရုံပိုဆီက အသံထွက်လာသည်။

လီစီလင် မလှုပ်ရှားဘဲ ခါးဖော့ယမ်းနေသည်။

"မင်းကို စပြီးတိုက်ခွင့် ပေးမယ်"

ရွှစ်

အိုင်ဘိုင်ဝူ ရှေ့သို့ ကိုင်းကာ ခြေထောက်ကို အားထည့်လိုက်သည်။ ထို့နောက် အမြောက်က ပစ်လိုက်သလို လီစီလင်ဆီ တိုးဝင်သွားသည်။

ဘုန်း

အိုင်ဝူဆီက ထွက်လာတဲ့ ဝိညာဉ်ချီ ပေါက်ကွဲသံသည် လူတိုင်း ဝတ်ရုံကို တုန်ခါသွားစေသည်။

"ဘာ"

လီစီလင် အမြင်အာရုံ ဝေဝါးသွားသည်။ ထို့နောက် ရှိုသံ ကြားလိုက်ရတဲ့အချိန်တွင် မျက်နှာကိုလေတိုးလာသည်။

"ဘယ်လိုတောင် မြန်တာလဲ"

အင်ဘိုင်ဝူကို စိုက်ကြည့်ရင်း မျက်လုံးမှေးလာသည်။ ဒီမိန်းကလေးရဲ့ ကိုယ်ဖော့ပညာက လျှင်မြန်သလောက် သူမ ထုတ်လွှင့်တဲ့ ဓါးစွမ်းအားက ပိုမြန်နေသည်။

အရင်တုန်းကတော့ ကျောင်းသားနှစ်ယောက်ကြား လက်ရည်စမ်းမှုကို မစိုးရိမ်ဘဲ ချောင်ရှန်နှင့် ယူရုံပိုတို့ နှစ်ယောက်စလုံးသည် အင်ဘိုင်ဝူကို ကြည့်နေကြသည်။

သူမ၏ ဓါးစွမ်းအားက လျှင်မြန်လွန်းသဖြင့် လီစီလင် သဲသဲကွဲကွဲ မမြင်ရပါ။ နောက်ဆုံး မြင်လိုက်ရတော့လည်း မကာကွယ်နိုင်တော့ပေ။ အလိုလို ခြေတစ်လှမ်းဆုတ်ပြီး ဓါးနဲ့ ခုတ်လိုက်သည်။

ဒင်

ဋှက်ဖြူခါးက ဖိအားနဲ့ လီစီလင်ခါးကို ရိုက်ချလိုက်သည်။

ထို့နောက် အင်ဘိုင်ဂူ မုန်တိုင်းလို ပြင်းထန်တဲ့ တိုက်ခိုက်မှုများကို အဆက်မပြတ် တိုက်ခိုက်လိုက်သည်။

ကြက်သွေးရောင် နှုတ်ခမ်း၊ ညနက်ထဲက ကျီးအော်သံ။ ဆောင်းဦးအရောင်။

ဒင် ဒင် ဒင်

ခါးနှစ်ချောင်း ဆက်တိုက် ထိတွေ့နေပြီး လီစီလင် အနောက်သို့ အဆက်မပြတ် ဆုတ်နေရသည်။

အခုအချိန်မှာတော့ ခံစစ်ကို လုံးဝ အာရုံစိုက်နေရသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ အင်ဘိုင်ဝူရဲ့ တိုက်ခိုက်မှုများသည် နက်နဲလွန်းပြီး အခြေခံအားဖြင့်တော့ လီစီလင် နားလည်နိုင်စွမ်း မရှိပါ။

“ဂျူနီယာ ညီမလေး နိုင်ပါ့မလား”

လုချီဟွာ အရမ်းစိုးရိမ်ပြီး လီဇီချီ အကျီလက်စကို ဖမ်းဆွဲထားသည်။

“နိုင်လိမ့်မယ်”

ကူရှူပ်ရှင်းက ရှင်းပြလိုက်သည်။

"ဒီမင်းသားလေးက အရမ်းထိတ်လန့်နေပြီ။ သူ့ရဲ့ တိုက်ခိုက်ရေး ဉာဏ်ရည်ကလည်း သာမန် ဆန်လွန်းတယ်။ ဒီအချိန်အထိ အင်ဘိုင်ဝူရဲ့တိုက်စစ်ကို ဘယ်လို ချေဖျက်ရမလဲ မတွေ့သေးဘူး။ ဒါက သာမန်ထက် နိမ့်ကျတဲ့ဗျူဟာပဲ။ သူလုပ်နေတာက ကျင့်ကြံခြင်းအဆင့်ကို အားကိုးပြီး အရိုင်းဆန်တဲ့ ခွန်အားကို အသုံးပြုနေတာပဲ ရှိတယ်"

အတွေ့အကြုံရင့်တဲ့ မြတ်ဆရာအားလုံးလည်း အင်ဘိုင်ဝူ ဘယ်လောက် အထင်ကြီးဖို့ ကောင်းလဲဆိုတာ ပြောပြနိုင်သည်။ လီစီလင်က အရင်ဆုံး တိုက်ခိုက်ရမှာကို ရှက်နေမှန်း သူမက မှန်ကန်စွာ တွက်ချက်ထားသည်။ ဒါကြောင့် သူမက လက်ဦးမှုယူပြီး လေးနက်တဲ့ တိုက်ခိုက်ချက်များနဲ့ လီစီလင်ရဲ့ ရက်စက်ကြမ်းကြုတ်နိုင်တဲ့ တိုက်ခိုက်မှုများကို လုံးဝ ရှောင်ရှားခဲ့သည်။ ဒါပေမယ့် သူမက ထိပ်တိုက် ရင်ဆိုင်ခြင်းတော့ မလုပ်ခဲ့ပေ။

ဒါက လီစီလင်ရဲ့ တိုက်ပွဲရည်ရွယ်ချက်ကို လုံးဝ ချေမှုန်းနေခဲ့သည်။

ဝူးစ် ဝူးစ် ဝူးစ်

ငှက်ဖြူခါးက လီစီလင်ရဲ့ ဝတ်ရုံကို လှီးဖြတ်လိုက်တိုင်း သူ့ကိုယ်ပေါ် ဒဏ်ရာတစ်ခု ကျန်ခဲ့ပြီး သွေးထွက်နေသည်။

“ပွဲ ရပ်လိုက်ရမလား”

ဆွန်းမိုက လီဇီရှင်းကို ကြည့်ပြီး မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီရှင်း မဲ့သွားသည်။ ပွဲရပ်ဖို့ အော်လိုက်ချင်သော်လည်း မျက်နှာ အပျက်မခံနိုင် ဖြစ်နေသည်။

“ငတုံး ခွန်အားကို သုံးပြီးသူမကို ဖိနှိပ်ပါလား”

နိဂျင်တင် ထပ်ပြီးသည်းမခံနိုင်တော့ဘဲ ဒေါသတကြီး ထအော်တော့သည်။

လူတိုင်း သူ့ကို ကြည့်နေကြသည်။ ပွဲတစ်ပွဲကို အော်ဟစ်ပြီး ညွှန်ကြားနေသည်။ ဒီအပြုအမူက တော်တော်လေး အရှက်မဲ့လွန်းသည်။

(ဟေး၊ မင်းက ကြွယ်သုံးပွင့်မြတ်ဆရာတစ်ယောက်နော်။ ပြီးတော့ မင်းတပြည့်ရဲ့ ကျင့်ကြံခြင်းအဆင့်ကလည်း ပြိုင်ဘက်ထက်ပိုမြင့်နေတယ်”

“သေစမ်း”

လီစီလင်က ဒေါသတကြီး အော်ဟစ်ပြီး လက်တုန့်ပြန်လိုက်သည်။

ဒင်

ခါးနှစ်ချောင်း တိုက်မိသွားသည်။

“သေလိုက်စမ်း”

လီစီလင်က အင်ဘိုင်ဝူလည်ပင်းဆီ ဓါးနဲ့ လှမ်းထိုးလိုက်သည်။ အဲဒီနောက်မှာ အင်ဘိုင်ဝူ မရှောင်ဘဲ ဓါးနဲ့တိုးဝင်လာတာ သူတွေ့လိုက်ရသည်။

"ငါလို....."

လီစီလင် လန့်ဖြန့်သွားသည်။ နောက်ဆုံး အခိုက်အတန့်တွင် အင်ဘိုင်ဝူက တိုက်ခိုက်ချက်ကို ရုတ်သိမ်းပြီး ကာကွယ်ဖို့ လုပ်လိုက်သည်။

"ငတုံး"

ဒီမြင်ကွင်းကို မြင်လိုက်လျှင် နိဂျင်တင်သည် ဒေါသထွက်ပြီး သေမလို ဖြစ်သွားသည်။

"ဒီလောက် အဓိပ္ပါယ်မဲ့တာ မရှိတော့ဘူး"

ချောင်ရှန်လည်း ခေါင်းတခါခါ ဖြစ်နေသည်။ လီစီလင်က သေရမှာ အရမ်းကြောက်နေသည်။ ဒါကြောင့် ကံတရားက သူ့ရှုံးဖို့အတွက် သတ်မှတ်ပြီးသွားပြီ။

အင်ဘိုင်ဝူရဲ့ တိုက်ပွဲဗျူဟာက အရမ်းရိုးရှင်းပြီး ဆက်တိုက်ခိုက်လို့ ရမည့် အခွင့်အရေးကို ဆုပ်ကိုင်ထားသည်။ သူမက လီစီလင် ခံစစ်ဖြစ်လာအောင် ဖိအားပေးဖို့ အသေခံတိုက်တဲ့ ဗျူဟာကို အသုံးပြုထားသည်။ (မင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံခြင်းအဆင့် ဒါမှမဟုတ် ခွန်အား ဘယ်လောက်ပဲကြီးပါစေ တိုက်ခိုက်ဖို့အာရုံ မစိုက်နိုင်သ၍ မင်းရဲ့အားသာချက်က ဘာမှ အသုံးမဝင်ဘူး)

တချိန်တည်းမှာပင် သူ့ရဲ့ လေးနက်တဲ့ တိုက်ခိုက်မှုများနှင့် ခြေရာလက်ရာများအပြင် ဖျက်ဆီးလို့မရတဲ့ စိတ်ဆန္ဒကိုလည်း ပြီးပြည့်စုံစွာ ပြသနိုင်ခဲ့သည်။

တကယ်လို့ သူတို့သာ ကျင့်ကြံခြင်းအဆင့် အတူတူဆိုပါက လီစီလင် အသတ်ခံနေရလောက်ပြီ။

သို့သော်လည်း လီစီလင်ရဲ့ လက်ရှိ စွမ်းဆောင်ရည်သည် မျက်စိဆံပင်မွေး စူးစရာ ဖြစ်နေသည်။ အရိုက်ခံရတာကို ခံနိုင်အောင် ပုန်းနေတဲ့ လိပ်တစ်ကောင်နဲ့ တူနေသည်။

ထုံးစံအတိုင်းပဲ အရည်အချင်းကွာခြားခြင်းသည် ဘယ်လိုမှ တန်းညှိယူလို့ မရပါ။ လီစီလင် ပြန်တိုက်ချင်ရင် ဒဏ်ရာတွေကို တောင့်ခံနိုင်ဖို့ လိုသည်။ ဒီမိန်းကလေးရဲ့ တိုက်ခိုက်မှုကလည်း အထင်ကြီးစရာ ကောင်းလွန်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ရဲ့သုံးသပ်နိုင်စွမ်းကြောင့် အင်ဘိုင်ဝူ၏ တိုက်စစ်ကို ချိုးဖျက်ဖို့ နည်းလမ်း မရှိပါ။

"ဆရာ၊ ဒါ သူတော်စင်အဆင့် ကျင့်စဉ်လား"

ဒူအောင်ချောင်း လေးလံစွာ မျက်မှောင်ကြုတ်နေသည်။

"ဟုတ်တယ်"

ဖန်ဝူဂျီက တစ်ချက်ကြည့်ပြီး အတည်ပြုပေးလိုက်သည်။

ရွှစ်

လီစီလင်ရဲ့ခါးက အင်ဘိုင်ဝူပခုံးကို တိုက်ရိုက် ထိမှန်ပြီး ဒဏ်ရာရသွားသည်။ သွေးတွေ စီးကျလာပြီး အဝတ်အစားတွေ ရွဲကုန်သည်။

“စောစောတုန်းက မင်းဘဲ အရမ်းတိုက်ခိုက်နေတာ မဟုတ်ဘူးလား”

လီစီလင် ဝမ်းသာအားရ ဖြစ်တော့မယ့်အချိန်တွင် ဒီမိန်းကလေးက မျက်မှောင်ကြုတ်ထားပြီး တိုက်ခိုက်ဖို့ အာရုံစိုက်နေတာ တွေ့လိုက်ရသည်။

“ဘောပဲ မင်းက သောက်ရူးလား”

လီစီလင် လန့်ဖြန့်သွားသည်။ ထိုနောက် လက်မောင်းကို ထိမှန်ပြီး နာကျင်သွားသည်။ အဲဒီနောက်မှာတော့ မျက်နှာကို ခြေထောက်နဲ့ အကန်ခံလိုက်ရသည်။

ဘောင်း

"နာကျင်တာကို တောင့်ခံပြီး ပြန်တိုက်"

နိဂျင်တင် အော်ဟစ်နေသည်။ ဒါပေမယ့်လည်း အသုံးမဝင်ပါ။ ချမ်းသာတဲ့ အင်ပါယာရဲ့ မင်းသားက ဒီလို မဆင်မခြင် တိုက်ခိုက်မှုမျိုးကို ဘယ်တုန်းက မြင်ဖူးလို့လဲ။ ပြီးတော့ ဒီနေ့ရလိုက်တဲ့ ဒဏ်ရာသည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

၁၅နှစ်စလုံး ရခဲ့တဲ့ ဒဏ်ရာထက် ပိုများနေသည်။ ဒါကြောင့်လည်း စိတ်ခြောက်ခြားနေသည်။

အရှုံးပေးလိုက်တော့မလား။

တွေဝေနေတုန်းမှာ အင်ဘိုင်ဂူက သူ့အရှေ့ကို ဖျက်ကနဲပေါ်လာပြီး ကိုယ်ကိုလှဲကာ ရေပြင်ညီအတိုင်း ကန်လိုက်သည်။

ဘောင်း

လီစီလင် လွင့်ထွက်သွားပြီးနောက် ခါးမိုး ရွှာလာသည်။

အမိန့် ဆယ်ရှစ်ခု။

အင်ဘိုင်ဝူက အတွဲလိုက် တိုက်ခိုက်မှု စတင်လိုက်သည်။ သူမ၏ တိုက်ခိုက်မှုတိုင်းက ပစ်မှတ်ကို ထိမှန်နေသဖြင့် လီစီလင် ကြမ်းပြင်ပေါ်သို့ ပြန်မကျနိုင် ဖြစ်နေသည်။ သဲအိတ်ကဲ့သို့ အရိုက်ခံနေရပြီး ကူကယ်ရာမဲ့စွာ ရုန်းကန်နေသည်။

နေရာတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ခန္တာကိုယ်ပြုပြင်ခြင်းအဆင့် (၈)မှ တစ်ယောက်က ဝိညာဉ်ပြုပြင်ခြင်းအဆင့်ကို ဒီလောက် အတိုင်းအတာထိ ဖိနှိပ်နိုင်တာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမိန်းကလေးကပဲ အထင်ကြီးဖို့ ကောင်းတာလား။ ဒါမှမဟုတ် လီစီလင်ကပဲ အရမ်း အသုံးမကျတာလား။ နိဂျင်တင်ရဲ့ သင်ကြားမှုက အမှိုက်ဖြစ်နေတာလား။

နောက်ဆုံးအချက်ပဲ ဖြစ်နိုင်သည်။ လီစီလင်က ငတုံးဆိုရင်တောင် နိဂျင်တင်က ကြယ်သုံးပွင့် မြတ်ဆရာဖြစ်နေတုန်းပါ။ သူက လီစီလင်ကို သာမန်ကာလျှံကာ လမ်းညွှန်ပေးရင်တောင် အမှိုက်ဖြစ်စရာ အကြောင်း မရှိဘူးလေ။ မဟုတ်ဘူးလား။

အခန်း(၅၁၇) - ကြီးမြတ်တဲ့ ဆရာက ကြီးမြတ်တဲ့ တပြည့်ကို မွေးထုတ်ပေးနိုင်တယ်။

“ဒါ......”

ယူရုံပို အံ့အောနေသည်။ လီစီလင်ကြောင့် အင်ဘိုင်ဝူ ထိခိုက်သွားမှာ စိုးရိမ်ပြီး ဒိုင်လူကြီး လုပ်ခဲ့သော်လည်း အင်ဘိုင်ဝူက လီစီလင်ကို တဖက်သတ် ရိုက်နေလိမ့်မယ်လို့ မထင်ထားခဲ့ပါ။

“အရမ်းအံ့အောဖို့ကောင်းတဲ့ အရည်အချင်းပဲ”

ချောင်ရှန်က အင်ဘိုင်ဝူကို မက်မောမှု အပြည့်နဲ့ စိုက်ကြည့်နေသည်။ သူမကို မရီဒန်အကယ်ဒမီ ရောက်လာအောင် အမဲလိုက်ချင်စိတ် ပြင်းထန်နေသည်။

ချောင်ရှန်သည် ဆွန်းမိုကို လုယူချင်သောကြောင့် သူ့အကြောင်းကို စုံစမ်းရင်း အင်ဘိုင်ဝူ၏နောက်ခံ အကြောင်းကိုလည်း သိခဲ့သည်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ဘဝကို ခက်ခက်ခဲခဲ ဖြတ်သန်းရပြီး အမှိုက်သယ်နေရတဲ့ မိန်ကလေး ဖြစ်နေသော်လည်း အခုတော့ ဝိညာဉ်ပြုပြင်ခြင်းအဆင့်ကိုတောင် ချေမှုန်း

နိုင်နေပြီ။ ဒီအရည်အချင်းက ဒူအောင်ချောင်းနဲ့ သူ့ဆရာ ဖန်ဝူဂျီတို့ထက်တောင် သာလွန်နေပြီ။

အမှန်ပဲ၊ အင်ဘိုင်ဝူရဲ့ ကြောက်စရာအကောင်းဆုံး အချက်ကတော့ သူမရဲ့စိတ်ဆန္ဒပဲ။ အစကနေ အဆုံးအထိ အဆက်မပြတ် တိုက်ခိုက်ခဲ့သည်။ အခုတ်ခံရသည့်တိုင်အောင် သူမပဲ ဒဏ်ရာမရသလို တိုက်ခိုက်နေခဲ့သည်။

အသက်ကို တကယ်ပဲ အလဲအထပ် လုပ်ရဲသည်။ သေမှာမကြောက်တဲ့လူက ကြောက်ဖို့ အကောင်းဆုံးပါ။

ဖန်ဝူဂျီ တစ်ချက်ကြည့်ပြီး အကြည့်ပြန်သိမ်းလိုက်သည်။ အမှောင်တိုက်ကြီးမှာ အင်ဘိုင်ဝူကို စတွေ့တုန်းကတည်းက ထူးချွန်တယ်ဆိုတာ သိပြီးသားပါ။

"ဂျူနီယာ ညီမလေးက အံ့မခန်းပဲ"

လုချီဟွာက အားကျတဲ့ပုံစံနဲ့ လီဇီချီ အင်္ကျီလက်စကို ဆုပ်ကိုင်ထားသည်။ သူမလည်း တိုက်ခိုက်ရေးမှာ ထူးချွန်ချင်သည်။

"ဟူး"

လီဇီချီ သက်ပြင်းချလိုက်သည်။ သူမ တသက်လုံး ဒီလို တောက်ပနိုင်ပါ့မလား။

"ဘိုင်ဝူ၊ ဒီလောက်ဆို ရပြီ"

ဆွန်းမိုက ပြောလိုက်သည်။

"ဟုတ်"

အင်ဘိုင်ဝူက သူမခါးရှည်နဲ့ လီစီလင်ပခုံးကို ထိုးဖောက်လိုက်သည်။ ထို့နောက် သုံးချက်လောက် ပိတ်ကန်ပြီး ကြမ်းပေါ် ပစ်ချလိုက်သည်။

ဘုန်း

ဖုန်ထပြီး သွေးတွေ စီးကျလာသည်။

"အား...."

လီစီလင် နာကျင်စွာ အော်ဟစ်လိုက်ပြီး

"အဖေ ငါ့ကို ကူညီပြီး လက်စားချေပေးပါ။ လက်စားချေ"

လီစီလင်သည် နာကျင်လွန်းသဖြင့် အကျိုးအကြောင်း မစဉ်းစားနိုင်တော့ဘဲ အင်ဘိုင်ဝူကို သတ်ပစ်ချင်နေသည်။

"ပါးစပ် ပိတ်ထား"

နိဂျင်တင် အော်ဟစ် ပေါက်ကွဲလိုက်သည်။ လီစီလင်က လက်ရုံးရည်ရော၊ နှလုံးရည်ရော ရှုံးသွားပြီ။

“စည်းမျဉ်းအရတော့ တိုက်ခိုက်တဲ့သူတွေကြား သုံးဆင့်ကွာသွားရင် တိုက်ခိုက်လို့ မရတော့ဘူး မဟုတ်လား”

ဟန်ကျိရှင်းသည် အင်ဘိုင်ဝူကို တအံ့တအောကြည့်ပြီး ဖိအားရနေသည်။ နောက်သုံးနှစ်ဆို သေချာပေါက် သူ့ကို လိုက်မီလာလိမ့်မည်။

"ပါရမီရှင်တွေကို ပုံမှန်ပေတံနဲ့တိုင်းလို့ မရဘူး"

လျှို့မူဘိုင်က ရှင်းပြလိုက်သည်။ တချိန်တည်းမှာပဲ အင်ဘိုင်ဝူရဲ့ ခန္ဓာကိုယ်အချိုးအစားကို ကြည့်ရင်း ပိုစိတ်မကောင်း ဖြစ်သွားသည်။ ဘာဖြစ်လို့ ဒီလိုမျိုး ပါရမီရှင် မတွေ့ရတာလဲ။

ဒါပေမယ့် ဆွန်းမိုထက်အရင် တွေခဲ့လျှင်တောင် သူမနဲ့ လွဲနေအုံးမည်။

ဒင်

လျှို့မူဘိုင်၏ လေးစားအထင်ကြီးမှု +၅၀။ ရင်းနှီး(၃၁၀/၁,၀၀၀)

ဆွန်းမိုသည် စနစ်ဆီက အကြောင်းကြားချက်ကို ရလျှင် လျှိုမူဘိုင်ကို တစ်ချက်မကြည့်ဘဲ မနေနိုင်တော့ချေ။ (ဘာဖြစ်လို့ လေးစားအထင်ကြီးမှု အမှတ်တွေ ပေးတာလဲ)

"ဆရာ၊ မင်း စိတ်ပျက်အောင် မလုပ်မိလို့ ငါဝမ်းသာတယ်"

အင်ဘိုင်ဝူက သူ့ခါးကို ခါးအိမ်ထဲ ပြန်ထည့်ရင်း ပြောလိုက်သည်။ အောင်ပွဲကို ရခဲ့ပေမယ့် သူမကို ကြည့်လိုက်လျှင် ပျော်နေတဲ့ပုံမရှိပါ။ သူမပုံစံက အရေးမပါတာ တစ်ခုကို လုပ်ခဲ့သလို ဖြစ်နေသည်။

"လုပ်တာ ကောင်းတယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။

"ဆရာရဲ့ကြီးမြတ်တဲ့ လမ်းညွှန်မှုတွေအတွက် ကျေးဇူးတင်ပါတယ်"

အင်ဘိုင်ဝူက သူမ အရမ်းအံ့အောဖို့ ကောင်းတယ်လို့ မထင်မိပေ။ တကယ်လို့ ဆွန်းမိုသာ သူတော်စင်အဆင့်ကျင့်စဉ်ကို ကိုယ်ကျိုးမဖက်ဘဲ မသင်ပေးခဲ့ရင် အောင်ပွဲရဖို့ မဖြစ်နိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(တကယ်လို့ ဆရာကြောင့်သာ မဟုတ်ရင် အမှိုက်တွေသယ်ပြီး ငတ်နေရအုံးမယ်။ ဒီလိုဂုဏ်ပြုစားပွဲမျိုးလည်း ရောက်ဖူးမှာ မဟုတ်ဘူး”

ဒင်

အင်ဘိုင်ဝူ၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား(၂,၁၀၀/၁၀,၀၀၀)

အင်ဘိုင်ဝူရဲ့ စွမ်းဆောင်မှုကြောင့် မြတ်ဆရာတော်တော်များများသည် ဆွန်းမိုကို မနာလို ဖြစ်နေကြသည်။ ကောင်မလေးသည် အောင်ပွဲရသော်လည်း ဂုဏ်ယူခြင်း မရှိပေ။

ဒီအောင်ပွဲက သူမဆရာအတွက်လို့ သတ်မှတ်ထားသည်။ ဘယ်လိုတောင် သဘောကျဖို့ကောင်းလိုက်သလဲ။

"ဆရာဆွန်း၊ မင်းရဲ့ သင်ကြားမှု စွမ်းရည်က တကယ် အားကောင်းတာပဲ"

ချီမူအန် အရမ်းအံ့အောနေသည်။ အင်ဘိုင်ဝူ၏ နောက်ခံသမိုင်းကြောင်းကို ကျန့်ချင်ဖန်အား မေးကြည့်ပြီးနောက် ဆွန်းမိုကို ပိုသဘောကျလာသည်။

ဆွန်းမိုက ဒီမိန်းကလေးဘဝကို ပြောင်းပေးခဲ့တယ်လို့တောင် ပြောနိုင်သည်။

"ဒါ အမှန်ပဲ"

ဖန်းလန်ကလည်း ခေါင်းညိတ်သည်။

"မင်းတို့နှစ်ယောက် ငါ့ကို အရမ်းချီးကျူးနေပြီ။ သူမက အေးတဲ့ဆောင်းရာသီနဲ့ ပူပြင်းတဲ့ နွေရာသီတွေမှာတောင် နေ့တိုင်း ကျင့်ကြံခဲ့တယ်။ ဒီလို ရလဒ်မျိုးနဲ့ ထိုက်တန်ပါတယ်"

ဆွန်းမို အမှတ်ဝင်မယူခဲ့ပါ။

အမှန်တိုင်းပြောရလျှင် အင်ဘိုင်ဝူ အားထုတ်မှုထက် လီစီလင် အရမ်းအားနည်းလို့ အောင်ပွဲရခဲ့သည်။

“စီလင်က အအေးမိပြီး နေမကောင်းဖြစ်နေလို့ ရှုံးသွားတာ။ သူ ကျန်းမာနေလို့ကတော့ ငါ့သားနဲ့ ပြိုင်ဖက် မဟုတ်ဘူး”

လီဇီရှင်းက သူ့ဂုဏ်သတင်းကို အရမ်းဂရုစိုက်ပြီး ပြန်ငြင်းနေသည်။

“ဒီလို ပြောကြေးဆိုရင် ငါ့ရဲ့ ဂျူနီယာညီမလေးက လေးပစ် စွမ်းရည် အသုံးမပြုရသေးဘူး။ ဒီလိုမှမဟုတ်ရင် ချက်ခြင်းအနိုင်ရတယ်”

လုချီဟွာက ဒေါသတကြီး ပြန်ပြောသည် ။

ဘာ။

အားလုံး အင်ဘိုင်ဝူကို လှည့်ကြည့်လိုက်ကြသည်။(မင်းအရမ်းသန်မာနေပြီ၊ ဒါတောင် စွမ်းရည်အပြည့် မဟုတ်သေးဘူးလား)

“ချီဟွာ၊ ဘာမှ ငြင်းနေစရာမလိုဘူး”

အင်ဘိုင်ဝူက လီဇီရှင်းကို လှမ်းကြည့်လိုက်ပြီး

"သူ တိုက်ခိုက်ချင်တဲ့ အချိန်တိုင်း လာခဲ့လိုက်"

သူမရဲ့စကားပြောပုံက လှမ်းမိုးလွန်းသဖြင့် ယူရုံပိုနှင့် ကျန့်ချင်ဖန်တို့ လက်ခုပ်မတီးပဲ မနေနိုင်တော့ချေ။

"မြတ်ဆရာဆွန်းရဲ့ ချစ်လှစွာတဲ့တပြည့်က သူမစွမ်းရည်ကို ပြသခဲ့ပြီးပြီ။ နောက်တစ်လှည့် စိန်ခေါ်ချင်တဲ့လူ ရှိသေးလား"

ဘုရင်ခံဖန်းက မေးလိုက်သည်။

"လုပ်ခွင့်ပေးပါ"

ဒူအောင်ချောင်း ထွက်လာသည်။

"ဆရာ.."

ဟန်ကျိရှင်းက လျှိုမူဘိုင်ကို မေးလိုက်သည်။

"နေပါအုံး"

ဆွန်းမိုက ဘုရင်ခံဖန်းကို ကြည့်ပြီး ပြောလိုက်သည်။

"ကျောင်းသားတွေကြားက တိုက်ပွဲက ဘာစိတ်ဝင်စားစရာ ရှိလို့လဲ။ ဘာဖြစ်လို့ ငါတို့ကိုယ်တိုင် မတိုက်ရမှာလဲ"

"ဟားဟား။ မြတ်ဆရာဆွန်းက နောက်နေပြန်ပြီ။ တိုက်ခိုက်ချင်တဲ့ ဆန္ဒရှိရင် ရပါတယ်"

ဘုရင်ခဖန်းက ပြုံးပြီး မေးလိုက်သည်။

"မင်း စိန်ခေါ်ချင်တဲ့လူကို သိလို့ရမလား"

ညှော်သည်တွေရဲ့ အကြည့်က ဖန်ဝူဂျီဆီ အလိုလို ရောက်သွားသည်။ ဆွန်းမိုနဲ့လျှိုမူဘိုင်က လုပ်ဖော်ကိုင်ဖက် ဖြစ်နေသဖြင့် သူတို့အချင်းချင်း တိုက်ခိုက်တယ်ဆိုတာ မဖြစ်နိုင်ပေ။

"ဆရာနီ၊ ငါ့ကို လမ်းညွှန်ပေးချင်လား"

ဆွန်းမိုက စိန်ခေါ်လိုက်သည်။

ဘာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ညည့်သည်အားလုံး အံ့အောသင့်ပြီး ဆွန်းမိုကို မယုံကြည်နိုင်စွာ ကြည့်နေကြသည်။ (ကို့ကိုယ်ကို အရမ်းအထင်ကြီးနေတာလား။ မင်း အရမ်းအံ့အောဖို့ ကောင်းတယ်ဆိုတာ ငါတို့သိတယ်။ မင်းဘယ်လောက်ပဲ သန်မာနေပါစေ၊ နိဂျင်တင်နဲ့ ပြိုက်ဖက် မဟုတ်သေးဘူး)

“ဆရာဆွန်း၊ စကား ပြန်ရုတ်သိမ်းလိုက်ပါလား”

ကျန့်ချင်ဖန်က စည်းရုံးဖို့ ကြိုးစားလိုက်သည်။ ဆွန်းမိုသေတဲ့အထိ အရိုက်ခံရမှာ စိုးရိမ်နေသည်။

"ဆရာနို၊ ငါက ဂျူနီယာဆိုတော့ လက်ရည်စမ်းလမ်းညွှန်ခြင်း တိုက်ခိုက်ကြရင် ဘယ်လိုလဲ"

လက်ရည်စမ်းလမ်းညွှန်ခြင်းသည် ဆရာနဲ့ တပြည့်တွေကြား လက်ရည်စမ်းတဲ့ နည်းလမ်းတစ်ခု ဖြစ်သည်။ ဝိညာဉ်ချီကို အသုံးမပြုဘဲ လှုပ်ရှားမှု သက်သက် တိုက်ခိုက်ကြသည်။

ဒီနည်းအားဖြင့်ဆိုရင် ကျင့်ကြံခြင်းအဆင့် ဖိနှိပ်မှု တော်တော်လေး ကျဆင်းသွားမည်။ သုံးသပ်ခြင်း၊

တိုက်ပွဲအတွေ့အကြုံနှင့် ကျင့်ကြံခြင်း ကျင့်စဉ်ဆိုင်ရာ ကျွမ်းကျင်ခြင်းကို ယှဉ်ပြိုင်ကြသည်။

"မင်းက ငါ့ကို အနိုင်ယူနိုင်မယ် ထင်နေတာလား"

နိဂျင်တင်က ဆွန်းမိုကို စိုက်ကြည့်ပြီး ကောက်ကျစ်စွာ ပြုံးလိုက်သည်။ (ဒါက ရယ်ဖို့ကောင်းနေပြီ။ ငါ့ကို အနိုင်ယူနိုင်မယ်လို့ တကယ်ထင်နေတာလား)

ဆွန်းမိုက တိုးတိုးလေး ရယ်လိုက်သည်။

ဆွန်းမို အမူအရာကို မြင်လိုက်လျှင် ညှော့်သည်များ အရမ်း အံ့အောကုန်သည်။ ဒါကအမူအရာနဲ့

သဘောတူညီမှုမျိုးပါ။ ဆွန်းမိုက နိဂျင်တင်ကို ဒီနေ့ ချေမှုန်းချင်နေတာလား။

"သူက သဘောထား မသေးလွန်းဘူးလား"

"မင်းလည်း ပစ်မှတ်ထားခံရရင် လက်တုန့်ပြန်မှာဘဲ မဟုတ်ဘူးလား"

"အမှန်ပဲ။ ဆွန်းမို သန်မာနေလို့ ဒီလိုမှမဟုတ်ရင် ဘယ်လောက်တောင် အရှက်ကွဲသွားမလဲ မသိဘူး"

ညှော်သည်တွေက ဆွန်းမိုအပေါ် အမြင်တွေ ရှုပ်ထွေးနေသည်။ ဒါပေမယ့် သူတို့က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုဘက်တော့ ပိုယိမ်းသည်။ ဘယ်လိုပဲပြောပြော လီဇီရှင်းဘက် မနေတာ ပထမဆုံး ဖြစ်သည်။

"ကောင်းပြီလေ၊ မင်းကို လမ်းညွှန်ပေးမယ်"

နိဂျင်တင်က ကောက်ကျစ်စွာ ပြုံးလိုက်သည်။ (မင်းကို ဝက်ခေါင်းဖြစ်အောင် မရိုက်နိုင်ရင် ငါ့အရှုံးပဲ)

လီစီလင်ကို ကုသရန် ဆရာဝန်တွေ သယ်သွားသော်လည်း ဒီမြင်ကွင်းကို မြင်ပြီးနောက် လီစီလင်က ချက်ခြင်းငြင်းလိုက်သည်။ ဆွန်းမို အရိုက်ခံရတာကို သူ့မျက်လုံးနဲ့ မြင်ချင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုမှမဟုတ်ရင် သူခံစားနေရတဲ့ မုန်းတီးမှုတွေကို ဖယ်ရှားဖို့ ခက်လိမ့်မည်။

သိပ်မကြာခင် နှစ်ဖက်စလုံးအတွက် လက်နက်တွေ ယူလာခဲ့သည်။

"ဆရာဆွန်း၊ မင်းက သစ်သားဓါးကိုပဲ သုံးမှာလား"

ချီမူအန်က စိုးရိမ်သွားသည်။

"လုံလောက်ပါတယ်"

ဆွန်းမိုက ခပ်ပါးပါးလေးပဲ ပြုံးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနီးအနားမှာရှိတဲ့ ညှော်သည်တွေလည်း ဘာပြောရမလဲ မသိတော့ပေ။ (နိဂျင်တင်က သာမန်ကောင်းကင်အဆင့် ဓါးတစ်ချောင်းကို ကိုင်ထားသည်။ မင်းရဲ့သစ်သားဓါး တစ်ချက်တည်းနဲ့ ကျိုးသွားလိမ့်မယ်)

"ဆွန်းမို၊ နတ်ဘုရားခွန်အားအဆင့် ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

"နိဂျင်တင်၊ သက်ရှည်နယ်ပယ် ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါအုံး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင်က စကားဆုံးတာနဲ့ ဓါးချက် ထုတ်လွှင့်လိုက်သည်။

နှလုံးဖောက် ဓါးပျံ

ဆွန်းမိုအနည်းငယ် မျက်လုံးမှေးသွားသည်။ သဏ္ဌာန်မဲ့ မြင့်မြတ်စကြ်ဝဠာ ကူးယူခြင်းကို အသက်သွင်းလိုက်သည်။ အနေး ခလုတ်ကို နှိပ်လိုက်သလိုမျိုး သူ့အမြင်ထဲတွင် အရာအားလုံး နှေးကွေးသွားသည်။

ဖောက်

ဆွန်းမို ကာကွယ်လိုက်သည်။

ဓါးနှစ်ချောင်း ထိပ်တိုက်တွေ့တဲ့ ခဏတွင် ဓါးချီတစ်ခု ရုတ်တရုတ်ထွက်လာကာ ဆွန်းမို မျက်နှာဆီ ထိုးဖောက်လာသည်။

ဝူး၅ှ

ဆွန်းမို ခေါင်းငုံ့လိုက်သည်။ ဓါးချီက သူ့နားရွက်အနားကနေ ဖြတ်သွားသည်။ နည်းနည်းနှေးသွားရင် နားရွက်ပြတ်သွားလိမ့်မည်။

“အာ”

လီဇီချီ တုန်လှုပ်သွားသည်။

"နိဂျင်တင်ရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်က သန်မာလှချည်လား"

ကူရှုပ်ရှင်း အရမ်းအံ့အောသွားသည်။

"သူက ဆန်းကြယ်ကောင်းကင်အဆင့် လဖမ်းခါးပုံကျင့်စဉ်ကို ကျင့်ကြံထားတာ။ ဒါက ကြောက်ဖို့ကောင်းပြီး ပုံမှန်မဟုတ်ဘဲ လူတွေမသိအောင် အလစ်တိုက်ခိုက်လို့ ရတယ်ဆိုပြီး လူသိများတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေ စိတ်ပူနေသည်။ နိဂျင်တင်က ဆွန်းမိုထက် ၁၅ နှစ် အသက်ပိုကြီးသည်။ ဒါကြောင့် တိုက်ပွဲအတွေ့အကြုံလည်း အများကြီး ပိုများသည်။

"စိတ်ဝင်စားစရာပဲ"

ဆွန်းမို ယောင်ယောင်လေး မဲ့လိုက်သည်။ လှုပ်ရှားမှုများကို စတင်ပြီး ခုခံသွားသည်။

"မင်း အရမ်း မောက်မာတယ်"

ဆွန်းမို ဘယ်လိုလုပ်နေလဲဆိုတာ နိဂျင်တင်မြင်ပြီး တိုက်ခိုက်မှုများ ပိုပြင်းထန်လာသည်။

ကြည့်နူးစရာ ဖရိုဖရဲပွင့်ချပ်။

ဝူး၅ှ် ဝူး၅ှ် ဝူး၅ှ်

နိဂျင်တင်ရဲ့ ကျော်ကြားတဲ့ဓါးကနေ ဓါးချီများ အဆက်မပြတ် ထွက်လာသည်။ ဆွန်းမိုရဲ့လည်ပင်း ဒါမှမဟုတ် ခြေကျင်းဝတ်တွေကို ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။ ဓါးချီ တစ်ခုဆို သူ့နောက်ကျောဆီ လှည့်ပတ်ပြီး ရောက်လာသည်။ တကယ် မယုံနိုင်စရာပါ။

"သတ်၊ သတ်"

လီစီလင်က စိတ်လှုပ်ရှားစွာ အော်ဟစ်နေသည်။

ညော့်သည်အားလုံးရဲ့ အကြည့်တွေ ငြိမ်နေသည်။ သူတို့နှလုံးလည်း လည်ချောင်းဝ ရောက်လာသည်။ ဆွန်းမိုအသက်က ကြိုးတန်းပေါ် ရောက်နေသည်။

"အံ့အောစရာပဲ"

ချောင်ရှန် ရုတ်တရက် အံ့အောပြီး အသံထွက်လာသည်။

"ဒါအမှန်ပဲ"

ချောင်ရှန်က နိဂျင်တင် အကြောင်း ပြောတာမဟုတ်ဘဲ ဆွန်းမို အကြောင်းပြောတာကို ယူရုံပို သိနေသည်။ ဒီလိုမျိုး စွမ်းရည်အပြည့်နဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုက်ခိုက်ခံနေရတာတောင် ဆွန်းမိုက စိုးရိမ်ထိတ်လန့်တဲ့ အရိပ်အယောင်မပြဘဲ တည်ငြိမ်တဲ့ဟန်ပန်ကို ထိန်းသိမ်းထားနိုင်သည်။

တခြားသူတွေရဲ့ အမြင်မှာ ဆွန်းမိုက အသက်အန္တရာယ် ရှိနေပေမယ့် သူတို့အကြောင်းကို ကောင်းကောင်းသိတဲ့ မြတ်ဆရာတွေရဲ့ မျက်လုံးထဲမှာတော့ ဆွန်းမိုရဲ့ ရှောင်တိမ်းမှုက အနုပညာဆန်နေသည်။ အရမ်းကို လွန်ကဲပြီး မျက်စိပဒေသာ ဖြစ်လွန်းသည်။

မျှော်လင့်ထားသလိုပဲ အချိန်ကြာအောင် တိုက်ခိုက်သော်လည်း ဖိနှိပ်နိုင်ခြင်း မရှိသဖြင့် နိဂျင်တင် အနည်းငယ် စိတ်တိုလာသည်။ အခွင့်အရေးရှာပြီး အကောင်းဆုံး နည်းစနစ်ကို အသုံးပြုလိုက်သည်။

ရွှမ်ရှိန် အိပ်မက်

ဝူးရှ်

နိဂျင်တင်၏ ဓါးရှည်သည် ဒေါင်းအမြီးဖြန့်လိုက်သလို ဓါးအရိပ်ပေါင်း ၁၀၀ ကျော်ဖြစ်လာပြီး လတ်ဆတ်တဲ့ပန်းများ ပွင့်နေသလို

ဖြစ်လာသည်။ ထို့နောက် အဲဒါတွေ အားလုံးသည် ဆွန်းမိုဆီ ထိုးဖောက် ဝင်ရောက်သွားသည်။

ဆွန်းမိုက သစ်သားဓါးကို ဝှေ့ယမ်းပြီး ဆောင်းဦးအရောင်ကို ထုတ်သုံးလိုက်သည်။ ဆောင်းလေမှာ ကြွေကျတဲ့ သစ်ရွက်တွေကို ခါထုတ်လိုက်သလို ဖြစ်သွားသည်။ ဓါးရိပ်တွေလည်း ပျောက်ကွယ်သွားသည်။ ဒါပေမယ့်လည်း နောက်ထပ် အခိုက်အတန့်တွင် ဓါးရှည်က သူ့နောက်ကျောကို ထိုးဖောက် ဝင်ရောက်လာသည်။

"မင်းရှုံးပြီ"

နိဂျင်တင်က ဆွန်းမိုအနောက်တွင် ရပ်ပြီး နှုတ်ခမ်းကွေးလိုက်သည်။ နောက်ဆုံးတော့လည်း အောင်မြင်ခြင်းဝိုင်ရဲ့ အရသာကို မြည်းစမ်းခွင့် ရပြီ။ ဒါပေမယ့် ရုတ်တရက် မျက်နှာပျက်သွားပြီး အလိုလို ရှောင်တိမ်းလိုက်သည်။

ဒါပေမယ့်လည်း နောက်ကျလွန်းနေပြီ။

ရှီ

သစ်သားဓါးက လေသံပေးပြီး နိဂျင်တင်ခေါင်းကို ထိမှန်သွားသည်။

ဒုတ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင် ခေါင်းမူးသွားပြီး မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

“ငါ့အနောက်က ဘယ်လို ပေါ်လာတာလဲ”

နိဂျင်တင် ခေါင်းခြောက်သွားသည်။ ရွှမ်ရှိန် အိပ်မက်သည် ထင်ယောင်ထင်မှားဖြစ်ပြီး မျက်လုံးမှောက်စေတဲ့ ပွဲသိမ်းတိုက်ကွက်ဖြစ်သည်။ ဒီအကွက်နဲ့ပဲ ရန်သူများစွာကို အနိုင်ယူပြီး သတ်ဖြတ်ခဲ့သည်။

“မင်းခေါင်းက တော်တော်မာတာပဲ”

ဆွန်းမို စနောက်လိုက်သည်။

ခီး

ညှော့သည်တော်တာ်များများ ရယ်လိုက်ကြသည်။ ဒီဆွန်းမိုက ပါးစပ် တော်တော်ကြမ်းတာပဲ။

"ငါသိနေတယ်။ ဆရာပဲ သေချာပေါက် နိုင်မှာပါဆို"

လုချီဟွာကတော့ အေးအေးဆေးဆေးပဲ ဖြစ်နေသည်။

"မင်းက သူတော်စင်အဆင့် ကျင့်စဉ် ကျင့်ကြံထားတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင်ရဲ့ ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်က ပေးတဲ့ သာလွန်ကောင်းမွန်တဲ့ ခံစားချက်သည် အခုတော့ လုံးဝ ပျောက်ကွယ်နေသည်။

မှတ်ချက် ။ ။ ရွှမ်ရိုန်၊ ရွှမ်ပုံပြင်က ဆင်းသက်လာပြီး အိပ်နေတုန်းမှာ လိပ်ပြာဖြစ်သွားတယ်လို့ အိပ်မက်သည် သူနိုးလာတဲ့အချိန်တွင် ရွှမ်ရိုန်ပဲ ဖြစ်နေသေးတာကို တွေ့လိုက်ရသည်။ ဒါကြောင့် ရွှမ်ရိုန် အိပ်မက်ကို အိပ်မက်ထဲက လိပ်ပြာ ဒါမှမဟုတ် လိပ်ပြာအိပ်မက်မက်တဲ့ ရွှမ်ရိုန်လို့ သိကြသည်။

အခန်း(၅၁၈) - ဆရာနိ၊ မင်းငါ့ကို မနိုင်ပါဘူးကွာ။

“သူတော်စင် အဆင့်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြည့်နေကြတဲ့လူများသည် အံ့အောခြင်း ၊ မနာလို ဖြစ်ခြင်းနှင့် လောဘတက်တဲ့အမူအရာ ဖြစ်နေကြသည်။

သူတော်စင်အဆင့် ကျင့်စဉ်ဆိုတာ ဘာလဲ။

ဒါက မျိုးနွယ်စုတစ်စုကို နှစ်ပေါင်း တစ်ထောင်လောက်အထိ တိုးတက်ကြီးပွား စေနိုင်ပြီး ကျောင်းတစ်ကျောင်းတွင်လည်း အမြင့်မြတ်ဆုံး ကျင့်စဉ် တစ်ခုအဖြစ်သတ်မှတ်နိုင်တဲ့ တန်ဖိုးအကြီးဆုံး ရတနာတစ်ခု ဖြစ်သည်။

နိဂျင်တင်က ဒီနေ့အထိ အောင်မြင်မှုတွေ ဘာဖြစ်လို့ ရနေတာလဲ။

သူ့ရဲ့ ထူးခြားတဲ့ အရည်အချင်းအပြင် ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ် ဖြစ်တဲ့ လဖမ်းဓါးပုံကျင့်စဉ်ကြောင့်လည်း ခြေတစ်လှမ်း သာစေခဲ့သည်။ ပြီးတော့ သူတော်စင်အဆင့် ကျင့်စဉ်တွေကလည်း ရှားပါးလွန်းသဖြင့် နိဂျင်တင်သည် သူ့ကျင့်စဉ်ကိုအားကိုးပြီး လူများစွာကို အနိုင်ယူခဲ့သည်။

ဒီနေ့မှာလည်း ဆွန်းမိုထုတ်သုံးတဲ့ ကျင့်ကြံခြင်းကျင့်စဉ်ကို မတွေ့ခင်အထိ အရင်တိုင်း ဆက်သွားနေမယ်လို့ ထင်ခဲ့သည်။

ဒီကွာဟချက်က ကြီးမားလွန်းလို့ လက်ခံဖို့တောင် ခက်နေသည်။

"ဟုတ်တယ်"

ဆွန်းမိုက ခေါင်းညိတ်လိုက်ပြီး ဓါးကို ဟန်ပါပါ ဝှေ့ယမ်းလိုက်သည်။

ရှူး

ဆွန်းမိုဆီက အတည်ပြုချက်ကို ကြားပြီးနောက် လူတိုင်း ချက်ခြင်းမှင်တက်သွားသည်။ ရောက်ရှိနေတဲ့လူတွေထဲက လူအနည်းငယ်ကလည်း သူတို့သား၏ ဆရာတင်မြှောက်ဖို့ လိုလားနေကြသည်။

သူတို့သာ ဆွန်းမိုရဲ့ယုံကြည်မှုနှင့် မျက်နှာသာ ပေးမှုကိုသာ ခံရလျှင် အကွက်အနည်းငယ်လောက် သင်ကြားလိုက်ရုံနဲ့ အကျိုးအမြတ် အများကြီး ရနိုင်သည်။

နိဂျင်တင် တွေဝေသွားသည်။ သူက မာနကြီးပြီး မောက်မာသော်လည်း သုံးသပ်ချက် ညံ့ဖျင်းတဲ့ လူတော့ မဟုတ်ချေ။ စောစောတုန်းက ဆွန်းမိုနဲ့ လက်ရည်စမ်းပြီးနောက် ဆွန်းမိုလက်ထဲတွင် လှည့်ကွက် အနည်းငယ်ရှိနေတယ်ဆိုတာ သေချာပေါက် သိနေသည်။ အနိုင်ယူဖို့ကတော့ လွယ်မှာမဟုတ်ပေ။

ဒါပေမယ့်လည်း တိုက်ခိုက်နေပြီးမှ နောက်ပြန်ဆုတ်ရင် ရှက်ဖို့ကောင်းသည်။

"ဆရာနဲ့ မင်းက ငါ့ထက် ဆယ်နှစ်ကျော်အသက်ကြီးပြီး တိုက်ပွဲအတွေ့အကြုံပိုများတော့ ငါတို့ကြားက ကျင့်ကြံခြင်းကျင့်စဉ် ကွာခြားချက်ကို ဖြည့်ဆည်းပေးနိုင်တယ် မဟုတ်လား"

ဆွန်းမိုက ပြုံးလိုက်ပြီး

"တကယ်လို့ ငါရှုံးသွားရင် ဒီသူတော်စင်အဆင့်ကျင့်စဉ်ကို သင်ပေးမယ်"

"ဆွန်းမို ၊ စိတ်လိုက်မာန်ပါ မလုပ်နဲ့"

ယွူရုံပို တုန်လှုပ်သွားသည်။

"လူလေး၊ စကားမကျွံစေနဲ့"

ကျန့်ချင်ဖန်သည် ဆွန်းမိုက ကို့ကိုယ်ကို အထင်ကြီးလွန်းတယ်ဆိုပြီး အပြစ်တင်ချင်စိတ် ပေါက်လာသည်။ (ဒါက မိသားစု အမွေခံအဖြစ် သုံးလို့ရတဲ့ ရတနာလေ။ ဒါကို လောင်းကြေးထပ်နေတာ မင်းရူးနေလို့လား)

"တကယ်လား"

တွေဝေနေတဲ့ နိဂျင်တင်သည် ဒီစကားကို ကြားလိုက်လျှင် တိုက်ပွဲဝင်ချင်စိတ် ချက်ခြင်း ပြည့်နှက်လာသည်။ ပြီးတော့ တခြားသူ

ဝင်နှောက်ယှက်လာမှာ စိုးရိမ်ပြီး ချက်ခြင်း သဘောတူလိုက်သည်။

"လာခဲ့"

"အစ်မအန်၊ သူ့ကို မတားတော့ဘူးလား"

ကူရှူပ်ရှင်း စိတ်ပူသွားသည်။

"သူတော်စင်အဆင့် ကျင့်စဉ်က သူ့ဟာပဲလေ။ သူ့မှာ စိတ်ကြိုက်လုပ်ပိုင်ခွင့် ရှိတယ်"

အန်ရှီဝေက ပြုံးပြီး "သူရှုံးမှာ မဟုတ်ဘူး"

"ရပ်လိုက်"

ကျန့်ချင်ဖန် တားလိုက်သည်။

“ဒါက မတရားဘူး။ ဆွန်းမိုက သူ့ရဲ့ သူတော်စင်အဆင့် ကျင့်စဉ်ကို လောင်းကြေးထပ်တယ်။ ဆရာနိကလည်း သူ့ရဲ့ကျင့်စဉ်ကို လောင်းကြေးထပ်သင့်တယ်”

ကျန့်ချင်ဖန်က ဆွန်းမိုကို တားလို့မရဘူးဆိုတာ သိနေသည်။ ဒါကြောင့် နိဂျင်တင် နောက်ဆုတ်သွားအောင် သွယ်ဝိုက်ပြီး ဖိအားပေးလိုက်သည်။

“ဝန်ကြီးချုပ်ကျန့်၊ စိတ်မပူပါနဲ့။ ငါရှုံးမှာမဟုတ်ဘူး”

ဆွန်းမိုက မဲ့လိုက်ပြီး

“ပြီးတော့ သူ့ရဲ့ကျင့်စဉ်ကလည်း ချို့ယွင်းချက်နဲ့ပြည့်နေတယ် ငါမလိုချင်ဘူး”

“ဆွန်းမို”

ကျန့်ချင်ဖန် လေသံက ကြမ်းတမ်းလာသည်။ ဒါကဆွန်းမိုအတွက် စိတ်ပူနေကြောင်း ပြသနေသည်။ ဒီလိုမဟုတ်ရင် ဆွန်းမိုရှိသမျှ ကုန်သွားလည်း လက်ပိုက်ကြည့်နေလိုက်မည်။

“ဆက်တိုက်လိုက်ရအောင်”

ဆွန်းမိုက နိဂျင်တင်ကို မေးဆက်ပြလိုက်သည်။ (လောင်းကြေးတင်ခိုင်းဖို့လား ၊ မလိုပါဘူး။ ရှေ့ပေါင်း လောကနတ် ကျင့်စဉ်သုံးပြီး ယူလိုက်လို့ ရတယ်)

နှစ်ယောက်သား တိုက်ခိုက်ကြပြန်သည်။ နိဂျင်တင်က တုန်လှုပ်ခြောက်ခြားစွာ ရှိသမျှ အကွက်အကုန် ထုတ်သုံးနေသည်။

ဒါပေမယ့် ဆွန်းမိုကတော့ တည်တည်ငြိမ်ငြိမ်နဲ့ တိုက်ခိုက်မှုတိုင်းကို လက်ခံနေသည်။

နိဂျင်တင်သည် သူ့ရဲ့ တိုက်ခိုက်မှုများ မအောင်မြင်တဲ့အခါ စိုးရိမ်ပူပန်စ ပြုလာသည်။ အခြေအနေက အခွင့်အလမ်း မသာတော့သဖြင့် လျှို့ဝှက်အကွက်ကို အသုံးပြုလိုက်သည်။

လဖမ်းခါးပုံ

ဝူးရှ် ဝူးရှ် ဝူးရှ်

လင်းကျောင်ခန်းမတစ်ခုလုံး နှင်းကဲ့သို့ လှပတဲ့ ပန်းပွင့်ချပ်များ ဖုံးအုပ်သွားသည်။ ရုတ်တရက် ဆိုသလို ပွင့်ချပ်များအားလုံးသည် မမြင်ရတဲ့

အားတစ်ခုနဲ့ လွင့်စင်လာကာ လေဆင်နှာမောင်းပုံစံ ဖြစ်သွားပြီး ဆွန်းမိုကို တိုက်ခိုက်သည်။

“ဒါဆို ဒီလိုပေါ့”

ကူးယူခြင်းရဲ့ အစွမ်းသတ္တိအောက်မှာ ဆွန်းမိုက နိဂျင်တင်ထုတ်သုံးနေတဲ့ လျှို့ဝှက်အကွက်ရဲ့ အသေးစိတ် အချက်အလက်အားလုံးကို မြင်တွေ့နေရသည်။ ထို့နောက် တန်ပြန် တိုက်ခိုက်ဖို့အတွက် ဓါးကို ဖွေ့ယမ်းလိုက်သည်။

သူ့တုတ်နဲ့ သူ့ကို ရိုက်ခြင်း။

ဖောက်

သစ်သားခါးကြောင့် ပွင့်ချပ်တွေ ပျံ့ကျဲလာသည်။ အသက်တစ်ရှိုက်ကြာချိန်မှာပဲ ဒါတွေအားလုံးက နိဂျင်တင်ဘက်မှာ ပြန်လည် စုရုံးလာသည်။

"ဘာ"

နိဂျင်တင် အံ့အောသွားပြီး သူ့လမ်းကြောင်းက ခုန်ထွက်လိုက်သည်။ ဒီတိုက်ခိုက်မှုကို တစ်နည်းနည်းနဲ့ ခုခံနိုင်ခဲ့ပေမယ့် အသက်မရှုရသေးခင် ဆွန်းမို ရောက်လာသည်။

"အခုအချိန်က ငါအစွမ်းပြရမယ့် အချိန်ပဲ"

ဆွန်းမိုက ခါးလွှဲပြီး ဓါးကို ဝှေ့ယမ်းလိုက်လျှင် စုတ်တံကမှင်တွေ လွင့်စင်လာသလို ဓါးချက်များ ဂုဏ်သရေကြီးစွာ ထွက်ပေါ်လာသည်။

သန်းခေါင်းယံညက ကဗျာသံ။ ရွှေကျောက်စိမ်း ခေါင်ရမ်းပန်း။

အနောက်ဖက်မြစ်ကလ။ အေးမြတဲ့ဆောင်း။ နှောင်းပိုင်းရန့်။

ပတ်ဝန်းကျင်မှာရှိတဲ့လူများ ရုတ်တရက် အံ့အောသွားသည်။ ဒါကို သူတော်စင်အဆင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်စဉ်ပါဆိုပြီး ဘယ်သူမှ မပြောရင်တောင် သူတို့ခန့်မှန်းနိုင်နေပြီ။

လွန်ကဲလွန်းလှသည်။

အခုလက်ရှိတွင် ဆွန်းမိုသည် နတ်ဘုရားတစ်ပါးကဲသို့ ပြောင်မြောက်စွာ တိုက်ခိုက်နေပြီး တိုက်ခိုက်မှုများကလည်း ချောမွေ့စွာ စီးဆင်းနေသည်။ ခံ့ညားတဲ့ အိမ်ထောင်ရှင်မ အမျိုးသမီး တော်တော်များများသည် စိတ်လှုပ်ရှားပြီး အော်ဟစ်ချင်နေကြသည်။

သစ်သားခါးက နိဂျင်တင်ကို အဆက်မပြတ် ထိမှန်နေသည်။ တခြားသူများ မမြင်ရတဲ့ ရွှေရောင်စာရွက်များသည် အဆက်မပြတ် လွင့်ထွက်လာသည်။

စူပါမာရီယို ဂိမ်းကစားရင် အုတ်ခဲကို ခေါင်းနဲ့ခုန်ဆောင့်လို့ ဒင်္ဂါးပြားတွေ ဆက်တိုက် ထွက်နေတာနဲ့ တူနေသည်။

"ဘောပဲ ဘောပဲ"

နိဂျင်တင်က ရှိသမျှ ညှစ်ထုတ်ပြီး လက်တုန့်ပြန်လိုက်သည်။ ဒါပေမယ့်လည်း သူက

ဆွန်းမိုကို ဓါးရှည်နဲ့ထိမှန်အောင် ခက်ခဲစွာ ခုတ်လိုက်ရသည်။ သို့သော်လည်း ဆွန်းမို ဒဏ်ရာမရတာကို မြင်လိုက်ရသည်။

"ဘာလဲဟ"

နိဂျင်တင် လဲကျချင်သွားသည်။ ထို့နောက် ရင်ဘက်ကို အကန်ခံရပြီး လွင့်ထွက်သွားသည်။

ဆွန်းမိုက အဲဒီနေရာမှာပဲ ရပ်နေပြီး လက်ချောင်းကွေးကာ ဖမ်းဆွဲတဲ့ပုံစံ လုပ်လိုက်သည်။

ဖောက်

လေထဲမှာ တဖျတ်ဖျတ်လွင့်နေတဲ့ စာရွက်များသည် တောအုပ်တစ်ခုကို ဦးတည်ပြီး ပျံသန်းတဲ့ ငှက်တွေလို ပျံသန်းသွားပြီး စာအုပ်တစ်အုပ်အဖြစ် ပေါင်းစည်းသွားသည်။

ဒင်

“ဆန်းကြယ်သူတော်စင်အဆင့် လဖမ်းခါးပျံကျင့်စဉ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံ အသုံးပြုပြီး ကြည့်လိုက်သည်။

"အားသာချက်။ ပြိုင်ဘက်များ သတိမထားမိခင် တုန်လှုပ်ခြောက်ခြားဖို့ကောင်းတဲ့ သိုင်းကွက်အမျိုးမျိုးနဲ့ တိုက်ခိုက်နိုင်တယ်"

"အားနည်းချက်။ တိုက်ခိုက်မှုအစွမ်း အနည်းငယ် အားနည်းပြီး ခံစစ်ကောင်းတဲ့ ရန်သူနဲ့ ရင်ဆိုင်ရပါက ခံစစ်ကို မထိုးဖောက်နိုင်ပေ။ ဒါ့အပြင် လှုပ်ရှားမှုတွင် ချို့ယွင်းချက် အများကြီး ရှိနေသည်။ ဒါကို နတ်ဘုရားခြေလှမ်း ကျင့်စဉ်နဲ့ တွဲဖက်ပြီး အသုံးပြုပါက အများကြီး အစွမ်းထက်လာမည်"

"လေ့လာချင်လား"

စနစ်က မေးလိုက်သည်။

ဒါက ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ် တစ်ခုပါ။ သူ အသုံးမပြုရင်တောင် တခြားသူတွေကို သင်ပေးလို့ရသည်။

ဖောက်

စွမ်းရည်စာအုပ် ပြိုကွဲသွားပြီး အလင်းတန်း တစ်ခုအဖြစ် ဆွန်းမိုနဖူးထဲ တိုးဝင်သွားသည်။

"လဖမ်းခါးပုံ ကျင့်စဉ်ကို တတ်မြောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်"

ဆွန်းမိုက ဓါးကိုဆွဲထုတ်ပြီး ကျင့်စဉ်ကို ဖြည်းညှင်းစွာ လှုပ်ရှားပြီး ခံစားကြည့်နေသည်။ ပိုနားလည်လာအောင် စောစောတုန်းက နိဂျင်တင် လှုပ်ရှားခဲ့တာနဲ့ ပြန်နှိုင်းယှဉ် ကြည့်နေသည်။

“ဆွန်းမို၊ ထပ်လာပြီ”

နိဂျင်တင်က မတ်တပ်ရပ်ပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

“ပျင်းသွားပြီ ထပ်မတိုက်ချင်တော့ဘူး”

ဆွန်းမိုက ငြင်းလိုက်သည်။

"ဒါက ဘာပြောချင်တာလဲ။ မင်းငါ့ကို အထင်သေးနေတာလား"

နိဂျင်တင်က ဆွန်းမိုကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ပျက်စရာကောင်းတဲ့ အမူအရာနဲ့ အော်ဟစ်လိုက်သည်။

"ခါးဆွဲထုတ်လိုက်။ မင်းကို အကြိမ် ၃၀၀ လောက်တိုက်လို့ ရသေးတယ်"

"ဆရာနိ၊ မင်းငါ့ကို မနိုင် နိုင်ဘူး"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။ သူက လိုချင်တဲ့အရာကို ရပြီးပြီ၊ နောက်ထပ် ထပ်တိုက်စရာ

အကြောင်း မရှိတော့ပေ။ လက်ရည်စမ်း လေ့ကျင့်ဖို့လား။ အမှောင်ထု ပုံရိပ်ယောင်ဆင့်ခေါ်တဲ့ ပုံရိပ်ယောင်တွေကမှ ပိုသန်မာသေးသည်။

"ဆက်တိုက်ခိုက်စရာ မလိုတော့ဘူး အမှန်ပဲ။ ဆွန်းမိုက အရမ်းသန်မာတယ်"

"ဆရာနိ၊ ရပ်လိုက်တော့။ ဒီလိုမဟုတ်ရင် မင်းအရှက် မင်းခွဲနေသလိုပဲ ဖြစ်နေမယ်"

"အခုအချိန်မှာပဲ ရပ်လိုက်သင့်တယ်"

အချင်းချင်း ဆွေးနွေးနေတဲ့လူတွေ ရှိသလို သူ့ကို စည်းရုံးနေတဲ့လူတွေလည်း ရှိနေသည်။ နိဂျင်တင်

နိုင်မယ်လို့ ဘယ်သူမှ မထင်ကြတော့ပေ။ ဆက်တိုက်နေရင် သူ့အတွက် ပိုအရှက်ရတာ ဖြစ်နေမည်။

"ငါ မရှုံးဘူး......ဖူး"

နိဂျင်တင် ဒေါသတွေ ပေါက်ကွဲထွက်နေပြီး နောက်ထပ် သည်းမခံနိုင်တော့ပေ။ စကားမဆိုးခင်မှာပဲ သွေးအန်သွားသည်။

"စနစ် ဒီလောက် အတိုင်းအတာအထိ ထိုးနှက်လိုက်ရင် လုံလောက်ပြီ မဟုတ်လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင် အခြေအနေ တော်တော်လေး ဆိုးဝါးနေပြီလို့ ဆွန်းမို ခံစားရသည်။

"မင်း ဘယ်လိုထင်လဲ"

စနစ်က မေးလိုက်သည်။

"မင်းက အရမ်း ရက်စက်တယ်လို့ ရုတ်တရက် ခံစားရတယ်"

ဆွန်းမိုက လီစီလင်ကို ကြည့်လိုက်ပြီး

"မြတ်ဆရာတစ်ယောက်အနေနဲ့ အခြေခံ ကျင့်ဝတ်ရှိသင့်တယ်လို့ ငါထင်တယ်။ မင်းသူ့ကို မကြိုက်ရင် တပြည့်အဖြစ် လက်မခံသင့်ဘူး"

ဆွန်းမို ဒီလိုပြောလိုက်လျှင် နိဂျင်တင် သိသိသာသာ မျက်နှာပျက်သွားသည်။

“မင်းဘာပြောချင်တာလဲ”

“ဆရာပြောချင်တာက မင်းက လီဇီရှင်းကို ဖားဖို့အတွက်ပဲ လီစီလင်ကို တပြည့်အဖြစ် လက်ခံခဲ့တယ် ပြောနေတာ”

လုချီဟွာက ခပ်တည်တည် ရှင်းပြလိုက်သည်။

ဒီစကားနောက်ကွယ်က အဓိပ္ပါယ်ကို လူတိုင်း နားလည်သော်လည်း ပေါ်တင်ထုတ်ပြောဖို့တော့

မသင့်တော်ပါ။ လုချီဟွာတော့ ရိုးအပြီး ဒါတွေကို မသိပါ။

"ဆွန်းမို၊ မင်းက ငါ့ဇာတ်ကောင်ကို အရှက်ခွဲနေတာလား။ ဒီလိုပြောတဲ့ အကြောင်းအရင်းကို မဖော်ထုတ်နိုင်ရင် မင်းကို သူတော်စင်ဂိတ်နဲ့ တိုင်ကြားမယ်"

နိဂျင်တင်က ခက်ထန်တဲ့ အမူအရာ ဖြစ်နေသည်။

ဒီကိစ္စသာ ပျံ့နှံ့သွားတာနဲ့ သူ့ဂုဏ်သတင်းက အဆုံးသတ်သွားမည်။

"ဆွန်းမို၊ ငါ့ဆရာကို မစော်ကားနဲ့ လဖမ်းဓါးပျံလို ကျင့်စဉ်မျိုးတောင် ငါ့ကို သင်ပေးထားတယ်"

လီစီလင်က အော်ဟစ်လိုက်သည်။ နိဂျင်တင်ကို အရမ်းလေးစားသည်။

"သူ သင်ပေးခဲ့တယ်။ အကြောင်းအရာတချို့ ချန်ထားခဲ့တာတော့ စိတ်မကောင်းစရာပဲ"

ဆွန်းမိုက ပခုံးတွန့်ပြီး ပြန်ပြောလိုက်သည်။

နိဂျင်တင် ခေါင်းကျိန်းသွားသည်။ ဆွန်းမိုက ဒါကို ဘယ်လိုသိတာလဲ။ ဒါပေမယ့် ဒါက အရေးမကြီးဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီကျင့်စဉ်ကို သိတဲ့လူက အရမ်းရှားပြီး သက်သပြလို့ မရပါ။

ဆွန်းမိုက ထပ်ပြောဖို့ စိတ်မပါတော့ပေ။ လဖမ်းခါးပျံကျင့်စဉ်ရဲ့ အရေးကြီးတဲ့ နေရာကို စတင်ရွတ်ဆိုလိုက်သည်။

“ခန္တာကိုယ်ပြောင်း ဝိညာဉ် ရှောင်၊ ချီကပြောင်းပုံစံ ရှောင်။ ခန္တာကိုယ်နဲ့ ချီက တစ်ခုတည်း ဖြစ်လိမ့်မည်။ အရာအားလုံးကို နှလုံးသားနှောက်လိုက်.......”

“ဆွန်းမို ဘာတွေ ပြောနေတာလဲ”

“ငါလည်း နားမလည်ဘူး”

“ဒါပေမယ့် သာမန်ကာလျှံကာ ပြောတဲ့စကားတော့ မဖြစ်နိုင်ဘူး”

ညှော့သည်တွေကတော့ ဘူမိသိဘမသိ ဖြစ်နေကြသည်။ ဒါပေမယ့် မြတ်ဆရာတွေကတော့ စိတ်လှုပ်ရှားနေကြသည်။ စကားတစ်လုံးတောင် မလွတ်အောင် အားစိုက်ပြီး နားထောင်နေကြသည်။

“ဒါ............ဒါ..”

လီစီလင် ရုတ်တရုတ် အံ့အောသင့်နေသည်။

“ဒါက လဖမ်းခါးပျံကျင့်စဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းပဲ မင်းမကြားဖူးဘူး မဟုတ်လား”

ဆွန်းမို သက်ပြင်းချလိုက်သည်။

"မဟုတ်ဘူး.....မဖြစ်နိုင်ဘူး...... ဆရာငါ့ကို မလိမ်ဘူး"

လီစီလင်က တိုးတိုးလေး ရေရွတ်ရင်း နိဂျင်တင်ကို လှမ်းကြည့်လိုက်သည်။

နိဂျင်တင် ခေါင်းကျိန်းနေပြီ။ ပေါက်ကွဲမယ်လို့တောင် ထင်နေသည်။ ဒါကို ဆွန်းမို ဘယ်လို သိနိုင်မှာလဲ။ ဒါပေမယ့် ဒီစာကြောင်း အနည်းငယ်က လီစီလင်ကို မသင်ခဲ့တဲ့ အပိုင်း ဖြစ်နေသည်။

တိုက်ဆိုင်တာ။ တိုင်ဆိုင်တာပဲ ဖြစ်မယ်"

"ဆရာဆွန်း၊ ဆက်ရှင်းပြပါအုံး"

ကူရှုပ်ရှင်းက စနောက်လိုက်သည်။

နိဂျင်တင်သည် လိမ်ချင်သော်လည်း ဆွန်းမိုသာ အဆုံးထိ ရွတ်ပြလိုက်ရင် သူအဆုံးသတ်သွားလိမ့်မည်။ ဒါကြောင့် ငြင်းဖို့ပဲ တတ်နိုင်တော့သည်။

"ဒါက ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်လေ။ ဟုတ်တယ် ငါသူ့ကို အားလုံး မသင်ပေးရသေးဘူး။ အားလုံးမသင်ပေးခင် သူ့ရဲ့

အရည်အချင်းနဲ့ စရိုက်ကို စောင့်ကြည့်အကဲဖြတ်ရအုံးမယ်”

“တောက်၊ မင်းက သူတော်စင်အဆင့်ကျင့်စဉ်ကိုလည်း တတ်မြောက်နေတယ်။ ဒါဆို လဖမ်းခါးပုံကျင့်စဉ်ကို ဘာဖြစ်လို့ သိနေရတာလဲ။ ကျန်တဲ့လူတွေအတွက် လမ်းကြောင်းမပေးတော့ဘူးလား”

လီစီလင် ဒီစကားကို ကြားလျှင် အံ့အောပြီး စိတ်ပျက်သွားသည်။ (ငါက မင်းအတွက် ဂုဏ်အယူရဆုံး တပြည့်ဆို။ လဖမ်းခါးပုံကျင့်စဉ်

အကုန်လုံးကို သင်ပေးပြီးသားဆို၊ ဘာဖြစ်လို့အခုမှ တစ်စိတ်တစ်ပိုင်း ဖြစ်သွားရတာလဲ”

“ငါ့ကိုချည်းပဲ ပြောမနေနဲ့။ မင်းလည်း ဒီလိုပဲ မဟုတ်ဘူးလား”

နိဂျင်တင်က မျက်နှာပေါ်တွင် လှောင်ပြောင်တဲ့ အမူအရာ ပေါ်နေပြီး သူက စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားနေသည်။

“မင်းရဲ့ကျင့်ကြံခြင်းကျင့်စဉ်ကို မင်းကျောင်းသားတွေဆီ တိုက်ရိုက်သင်ပေးဖို့ ဆန္ဒရှိရဲ့လား”

"ဟားဟား"

ဆွန်းမိုက တိုးတိုးလေးပဲ ရယ်နေလိုက်သည်။

"ဟေး၊ လူတိုင်းကို မင်းစိတ်နဲ့နှိုင်းပြီး မရိုင်းနဲ့။ ဆရာက ငါတို့ကို ကျင့်ကြံခြင်းကျင့်စဉ် တကယ်သင်ပေးတယ်"

အင်ဘိုင်ဝူက ကျမ်းကျိန်ပြီးပြောလိုက်သည်။

နိုဂျင်တင် အံ့အောသွားပြီး အမှတ်တမဲ့ မေးလိုက်သည်။

"သူတော်စင်အဆင့် ကျင့်စဉ်လား"

"ဒါပေါ့။ သူတော်စင်အဆင့်ကျင့်စဉ် မဟုတ်ရင် ဆရာက ငါတို့ကို စိတ်ရှုပ်ခံပြီး သင်ပေးနေအုံးမှာလား"

လုချီဟွာကလည်း ဝင်ပြောသည်။

"မင်းလည်း သင်ပြီးပြီလား"

ချောင်ရှန် သိချင်လာသည်။

"ငါပဲ မဟုတ်ဘူး။ ငါတို့အားလုံး သင်ပြီးပြီ"

လုချီဟွာက ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်သည်။

အခန်း(၅၁၉) - ငါ့နှလုံးသားက အရမ်းဖြောင့်မတ်လို့ သရဲတွေ၊ မကောင်းတဲ့ ဝိညာဉ်တွေ၊ နတ်ဆိုးတွေနဲ့ မွန်းစတားတွေကို ကြောက်စရာ မလိုဘူး။

အင်ဘိုင်ဝူစကားကို တချို့လူတွေက မယုံပေမယ့် လုချီဟွာ ပြောလိုက်တဲ့ အခါကျတော့ ဘယ်သူမှ

သံသယ မရှိတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လုချီဟွာရဲ့ အပြစ်ကင်းတဲ့ မျက်လုံး၊ အန္တရာယ် မရှိတဲ့ အမူအရာတွေကြောင့် သူမက အပြစ်ကင်းစင်တဲ့ ကြောင်ပေါက်လေးတစ်ကောင်နဲ့ တူနေသည်။

ဒါပေမယ့်လည်း နိဂျင်တင်ကတော့ ဒါကို လက်မခံနိုင်ပါ။ ဆွန်းမိုရဲ့ကိုယ်ကျင့်တရား အဆင့်ကို ဆွဲချရမည်။ ဒီလိုမဟုတ်ရင် သူအဆုံးသတ်သွားလိမ့်မည်။

လီဇီရှင်းကို မကြည့်ရင်တောင် သူ့အပေါ် လီဇီရှင်းက သံသယ ဝစင်နေပြီဆိုတာ သူသိသည်။ တော်တော်လေးတောင် အမုန်းခံရနိုင်သည်။

ပြီးတော့ အရှက်အကွဲရဆုံးက လီစီလင် သစ္စာဖောက်ခံလိုက်ရတာပဲ ဖြစ်သည်။

အမှန်တိုင်းပြောရရင် လီစီလင်ကို ဂရုမစိုက်ပါ။ ဒါပေမယ် လီဇီရှင်း မျိုးနွယ်ဆီက အရင်းအမြစ် လိုချင်တဲ့အတွက် လီစီလင်ကို တပြည့်အဖြစ် လက်ခံခဲ့သည်။ အပေါ်ယံမှာတော့

မှတ်ချက်ကောင်းတွေရဖို့အတွက် စကားတွေ အများကြီးပြောခဲ့ဖူးသည်။

"ဟွန့်၊ ဒါကစကားတွေချည်းပဲ။ တကယ်သင်ပေးတယ်ဆိုတာ ဘယ်သူက အကဲဖြတ်လို့လဲ"

နိဂျင်တင်က ပြန်ငြင်းသည်။

"မင်းက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် မဟုတ်ဘူးလား။ စောစောတုန်းက ငါ့ဆရာ သင်ပေးထားတဲ့ သူတော်စင်အဆင့် ကျင့်စဉ်ကို အသုံးပြုခဲ့တယ်။ မင်းမသိဘူးလား"

အင်ဘိုင်ဝူက မေးခွန်းထုတ်လိုက်သည်။

"ငါပြောတာက ဆွန်းမိုက မင်းကို သင်တော့ပေးလိမ့်မယ်။ ဒါပေမယ့် အပြည့်အစုံတော့ မဟုတ်ဘူး"

နိဂျင်တင် ပြောလိုက်ပြီး ဆွန်းမို ငြင်းချက် မထုတ်ရသေးခင်မှာဘဲ လူတွေက သူတို့ရဲ့ သံသယစိတ်ကို စတင်ပြောဆိုလာသည်။

"တစ်အုပ်လုံး မသင်ပေးရင်တောင် ဆရာဆွန်းက တော်တော် ရက်ရောနေပြီ"

“ဒါအမှန်ပဲ။ ငါတို့က သူတော်စင်အဆင့် ကျင့်စဉ် အကြောင်းပြောနေတာ။ မဟာကိုးပါး ကျောင်းတွေမှာတောင် ကျောင်းသားတွေကို လွယ်လွယ်ကူကူနဲ့ သင်ပေးမှာ မဟုတ်ဘူး။ ကျောင်းသားတွေကို အရင်ဆုံး တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေလိမ့်မယ်”

“တကယ်တော့ ဆန်းကြယ်ကောင်းကင်အဆင့် ကျင့်စဉ်က အရမ်းရှားတယ်လို့ ငါလည်း ခံစားရတယ်။ နိဂျင်တင် လုပ်ဆောင်တာ မမှားပေမယ့် အရာအားလုံး

မကောင်းဘူးလို့ ကျောင်းသားကို လိမ်ပြောတာတော့ တော်တော်ဆိုးတယ်”

ညော့်သည်တွေသည် နိဂျင်တင်အပေါ် လေးစားအထင်ကြီးခြင်း မရှိတော့ချေ။ သူတို့ရဲ့ သားသမီးတွေကို အလိမ်မခံရစေချင်ပါ။

နိဂျင်တင် မျက်နှာ ချက်ခြင်းဖြူဖျော့သွားသည်။

“နိဂျင်တင်၊ ကျင့်ကြံခြင်းကျင့်စဉ် ပြဿနာကို ဖယ်ထားလိုက်အုံး။ မင်းရဲ့ အကြီးဆုံးပြဿနာက ဘာလဲသိလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက နိဂျင်တင်ကို ဆရာနိလို့တောင် မခေါ်တော့ဘဲ မေးခွန်းထုတ်လိုက်သည်။

နိဂျင်တင်မျက်လုံးထဲတွင် တုန်လှုပ်ခြောက်ခြားနေတဲ့ အငွေ့အသက်များ ထွက်ပေါ်လာပြီး ပြဿနာတစ်ခုကို အလိုလို တွေးလိုက်မိသည်။ မဟုတ်ဘူး။ ဒါက မဖြစ်နိုင်ဘူး။ ဆွန်းမိုမှ မမြင်တာ ဘယ်လိုလုပ်ပြီး သိမှာလဲ။

(ငါ အတွေးလွန်နေတာပဲ ဖြစ်မယ်)

“မင်းက ဆေးရေချိုးပြီး လီစီလင်ရဲ့ အလားအလာကို အတင်းတွန်းတင်ခဲ့တာ

မဟုတ်လား။ ငါ့ခန့်မှန်းချက်သာမှန်ရင် သူ့ကို သင်ကြားပေးလို့ ရလဒ်မပေါ်လာရင် လီဇီရှင်း သံသယဝင်မှာ စိုးရိမ်ပြီး ဒီလိုလုပ်ခဲ့တာ မဟုတ်လား”

ဆွန်းမို သရော်လိုက်သည်။

“မင်းက လီမျိုးနွယ်ရဲ့ အကျိုးအမြတ်တွေ ခံစားနိုင်အောင် ကျောင်းသားရဲ့အနာဂတ်ကို ပျက်ဆီးအောင် လုပ်ဖို့ တွေးနေတာလား။ မင်းလိုလူက မြတ်ဆရာတစ်ယောက်လုပ်ဖို့ ဘယ်လိုလုပ်ပြီး ထိုက်တန်မှာလဲ”

“မင်း ပေါက်ကရတွေ ပြောမနေနဲ့။ ငါမလုပ်ခဲ့ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင် ထိတ်လန့်နေပြီး နဖူးကချွေးတွေ စီးကျနေသည်။ (ဘောပဲ။ ဆွန်းမိုက ဒီအကြောင်းကို ဘယ်လိုလုပ်ပြီး သိနေတာလဲ. အနှံ့ခံကြည့်လိုက်တာတော့ မဟုတ်ပါဘူးနော်)

ဒါပေမယ့် အခုအချိန်မှာ ဒီအကြောင်းကို တွေးတောနေဖို့ စိတ်မပါချေ။ အရေးအကြီးဆုံးက သူ့စွပ်စွဲချက်ကို ငြင်းနိုင်ရမည်။

"ငါက ပေါက်ကရပြောနေတယ် ဟုတ်လား။ ကြိုက်တဲ့ ကြယ်သုံးပွင့် မြတ်ဆရာတွေကို ခေါ်ပြီး လီစီလင်ရဲ့ ရုပ်ပိုင်းဆိုင်ရာကို ကြည့်ခိုင်းလိုက်။

သူတို့အားလုံးက သာမန်အရည်အချင်းပဲဆိုပြီး မှတ်ချက်ပေးလိမ့်မယ်။ ပြောချင်တာက နှစ်အနည်းငယ်အတွင်း သူ့ရဲ့ ကြီးထွားနှုန်းက အရမ်းနှေးနေလိမ့်မယ်။ ဒါပေမယ့် အခု သူက ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်ကို ရောက်နေတယ်။ မင်းဘယ်လို ရှင်းပြမလဲ”

ဆွန်းမိုက မေးခွန်းထုတ်လိုက်သည်။

“ဒါက ရယ်စရာပဲ။ မြတ်ဆရာလောကမှာ လျှောက်သွားပြီး မေးကြည့်လိုက်အုံး။ သုံးသပ်ချက်

ဘယ်တော့မှ မမှားဘူးလို့ ဘယ်မြွတ်ဆရာက အာမခံရဲလဲ”

နိဂျင်တင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

“ကျောင်းသားတစ်ယောက်ရဲ့ အပြုအမူကိုကြည့်ပြီး လက်ခံသင့်၊ လက်မခံသင့် ဆုံးဖြတ်တဲ့လူက အရည်အချင်းမပြည့်တဲ့ မြွတ်ဆရာတွေရဲ့ လုပ်ရပ်ပဲ”

“ငါ အာမခံရဲတယ်”

ဆွန်းမိုက နိဂျင်တင်ကို စိုက်ကြည့်ကာ ပြောလိုက်သည်။ အစတုန်းက နိဂျင်တင်ကို ဒီလိုမျိုး

နှိပ်စက်နေသဖြင့် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ ဒါပေမယ့် ဒီလောက် ခေါင်းမာပြီး နောင်တမရတဲ့ နိဂျင်တင်ကို မြင်ပြီး ဆွန်းမိုနှလုံးသားအေးစက်သွားသည်။

"ဒီလိုပြောရအောင် မင်းက ဘာကောင်မို့လို့လဲ"

နိဂျင်တင်က ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့
ငါကနတ်ဘုရားလက်လေ"

ဆွန်းမိုပြောပြီးတာနဲ့ ညေ့်သည်အားလုံးဆီက အာမေဒိတ်အသံများထွက်လာသဖြင့် နိဂျင်တင် အရမ်းအံ့အောသွားသည်။

ဆွန်းမိုမှာ နတ်ဘုရားလက် ပိုင်ဆိုင်ကြောင်း ကောလဟာလ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့သော်လည်း သူတစ်ခါမှ ကိုယ်တိုင် ထုတ်မပြောခဲ့ပါ။ ဒါပေမယ့် ဒီတစ်ခေါက်တော့ သူပြောပြီ။

"တောင်းပန်ပါတယ်။ ငါ့ရဲ့ ရှေ့ပောင်းနဂါးဖမ်းတဲ့လက်က လူတစ်ယောက်ရဲ့

အရည်အချင်း အားနည်းလား၊ သန်မာလားဆိုတာ စစ်ဆေးနိုင်တယ်။ မင်းမယုံလည်း သည်းခံလိုက်”

ဆွန်းမိုက သရော်လိုက်သည်။

“မင်းကို ပြပေးရအုံးမလား”

“ဆွန်းမိုရဲ့ နတ်ဘုရားလက်က ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်းကို ခံစားနိုင်တယ်ဆိုတာ ငါအာမခံတယ်”

အန်ရှီဝေက ပြောလာသည်။

“ငါလည်း အာမခံနိုင်တယ်”

ယူရုံပိုလည်း နောက်က လိုက်ပါလာသည်။

"ဆရာနဲ့၊ ငါလည်း ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်ကို တွေ့ကြုံ ခံစားဖူးတယ်။ အမှန်ပြောရလျှင် ငါသေလုမျှောပါး ဖြစ်နေတဲ့ အခြေအနေကနေ ဆရာဆွန်း နတ်ဘုရားလက် အကူအညီနဲ့ သေရွာက ပြန်လာနိုင်ခဲ့တယ်"

ကျန့်ချင်ဖန် စကားဆိုးသွားတာနဲ့ ရုတ်တရုတ် အံ့အောပြီး အာမေဒိတ် အသံများထွက်လာကြသည်။

ဒီကို ရောက်နေတဲ့ လူတိုင်းသည် ချမ်းသာတဲ့လူ ဒါမှမဟုတ် ထင်ရှားကျော်ကြားတဲ့

လူများဖြစ်ကြသည်။ သူတို့ မကြုံဖူးတဲ့ ပျော်ရွှင်မှုဆိုတာက ဘာလဲ။ သူတို့ အကြောက်ဆုံးက သေတာပဲ ဖြစ်လိမ့်မည်။

ဒါကြောင့် ဆွန်းမိုရဲ့ နတ်ဘုရားလက်က လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်နိုင်တယ်လို့ ကြားလိုက်တဲ့အခါ သူတို့ရဲ့ အကြည့်များတွင် စိတ်လှုပ်ရှားပြီး စိတ်အားထက်သန်နေတာကို မြင်နေရသည်။ ဘာတွေပဲ ပေးရပါစေ တွေ့ကြုံခံစားနိုင်ဖို့ စဉ်းစားနေကြသည်။

"မင်းသားလီ။ ဒီဆယ်နှစ်တွင်း မင်းသားရဲ့ အရည်အချင်းကို ရှင်းရှင်းလင်းလင်း သိထားတယ် မဟုတ်လား။ သေသေချာချာ စဉ်းစားကြည့်ပါအုံး။ ဆေးရေချိုးတဲ့ အချိန်က စခဲ့တာ မဟုတ်လား"

ဆွန်းမိုသည် လီဇီရှင်းကို ကြည့်ပြီး စိတ်ထဲကနေ တော်တော်လေး သနားမိသွားသည်။ ဒါက ပညာမတတ်ခြင်းရဲ့ ဆိုးကျိုးပါ။ ဘယ်လောက်ပဲ ချမ်းသာနေပါစေ၊ ဘယ်လောက်ပဲ ထင်ရှားနေပါစေ လှည့်စားခံနေရဆဲပါ။

"ဆရာနို"

လီဇီရှင်းမျက်နှာ တော်တော်လေး ခက်ထန်နေသည်။

"ဆွန်းမို။ ဆေးရေချိုးတာက ပုံမှန်ပဲ။ ဗဟိုပြည်နယ် အကယ်ဒမီကရော ဆေးထုပ်ကြီး မရောင်းဘူးလား"

နိဂျင်တင်က ပြန်ပြီး မေးခွန်းထုတ်သည်။

"မင်း တကယ် အရှက်မဲ့တာပဲ။ မင်းရဲ့ ဆေးရေချိုးခြင်း ဆေးညွှန်းက ဗဟိုပြည်နယ် အကယ်ဒမီက ဆေးညွှန်းနဲ့ ယှဉ်စရာလား။ ဒီမှာရှိနေတဲ့လူတိုင်းဆေးထုပ်ကြီးကို အရင်က

စမ်းသုံးကြည့်ဖူးတဲ့သူ များတယ်။ သူ့ရဲ့ အာနိသင်ကို ထပ်ပြီး မပြောတော့ဘူး”

ဆွန်းမို လှည့်ပတ်ကြည့်ပြီး ပြောလိုက်သည်။

အဲဒီအချိန်တုန်းက အန်ရှီဝေသည် ရောမဆေးထုပ်ကြီး ကြေငြာရန်အတွက် အခမဲ့ဖြန့်ဝေခဲ့သည်။

“ရောမဆေးထုပ်ကြီးက တကယ် အံ့အောဖို့ကောင်းတယ်။ နှစ်ခါစိမ်ပြီးတဲ့အချိန်မှာ နွားတစ်ကောင်ကို လက်သီးနဲ့ ထိုးသတ်လို့ ရလောက်အောင် သန်မာလာတယ်လို့ ခံစားရတယ်”

အဘိုးအိုကြီး တစ်ယောက်က ချီးကျူးလိုက်သည်။

"ထုတ်ကုန် နည်းလွန်းလို့ ဝယ်ချင်တာတောင် မဝယ်နိုင်တဲ့အတွက် စိတ်မကောင်းစရာပါ။ အမှန်ပဲ။ မှောင်ခိုဈေးကွက်မှာတောင် ဈေးအများကြီး ပေးလည်း ဝယ်လို့ မရဘူးလို့ ငါကြားတာပဲ"

"ဗဟိုပြည်နယ်အကယ်ဒမီကို ဈေးဆယ်ဆ ပေးဝယ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့် မရဘူး။ တကယ်တုံးတဲ့ လူတွေပဲ"

"ငါလည်း ဒါနဲ့ ပက်သက်ပြီး ဘာမှမလုပ်ပေးနိုင်ဘူး။ ရောမဆေးထုပ်ကြီးမှာပါတဲ့

ဆေးပင်တွေက အရမ်းဈေးကြီးတယ်။ ထုတ်လုပ်ရေး လုပ်ငန်းမှာလည်း အမှား တစ်ခုတောင် လုပ်မိလို့မရဘူး။ ဒီလိုမှ မဟုတ်ရင် ကျရှုံး သွားလိမ့်မယ်။ ဒါကြောင့် ထုတ်လုပ်မှု တိုးလို့ မရဘူး”

အန်ရှီဝေက ရှင်းပြလိုက်သည်။

.”ဘယ်လို ဆေးပင်တွေ လိုလို့လဲ။ မင်းတို့အတွက် ကူရှာပေးမယ်။ ဦးစားပေးပြီး ရောင်းဖို့ဘဲ တောင်းဆိုပါတယ်”

အဘိုးကြီး တစ်ယောက်က ပြောလာသည်။ ဒါကို တခြားသူတွေ မြင်လျှင် ချက်ခြင်း စကားဖြတ်ပြောကြတော့သည်။

အန်ရှီဝေ ဝမ်းသာနေသော်လည်း ဒုက္ခရောက်တဲ့ အမူအရာ သရုပ်ဆောင်ထားလိုက်သည်။ ဆေးပင်တွေကို လက်ထဲရောက်အောင် ဘယ်လိုလုပ်ရမလဲဆိုပြီး စိုးရိမ်နေခဲ့သည်။ ဒါပေမယ့် အခုတော့ ပြေလည်သွားပြီ။

ဒီလူ့အနည်းစုက ဆေးပင်နဲ့ ပက်သက်တဲ့ စီးပွားရေး လုပ်ကိုင်ကြတဲ့ မျိုးနွယ်စုတွေ သူဌေးတွေပါ။

"ငါ့ရဲ့ ဆေးထုပ်ကို စစ်ဆေးဖို့ သူတော်စင်ဂိတ်ကို ပို့ပေးရဲတယ်။ မင်းလုပ်ရဲလား"

ဆွန်းမိုက ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

"ဒါပဲ"

တကယ်တော့ နိဂျင်တင် မလုပ်ရဲပါ။ ဒါပေမယ့် ဒီလိုအခြေအနေမှာ ဟန်ပျက်လို့ မရပေ။

"ဒီလိုအခြေအနေတွေ ဖြစ်နေတာတောင် ခေါင်းမာနေသေးတာလား။ မင်းက ငါတို့ မြတ်ဆရာတွေအတွက် တကယ့် အရှက်ပဲ။ မင်းလို လူတွေနဲ့ ငြင်းဖို့ စိတ်ကုန်သွားပြီ"

ဆွန်းမိုက အေးစက်စက် နှာမှုတ်လိုက်ပြီး လက်တစ်ဖက်ကို ခါလိုက်သည်။

ဝူးရှ်

ရွှေရောင် အရိုန်အဝါတွေ ဖြာထွက်လာပြီး လင်းဂျောင်ခန်းတစ်ခုလုံး လင်းထိန်သွားသည်။

တခြားလူတွေက ဘာမှမဖြစ်သော်လည်း နိဂျင်တင်က တစ်ကိုယ်လုံး တုန်ခါသွားသည်။ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေပြီး တစ်ကိုယ်လုံးကိုလည်း ရွှေကြိုးတစ်ချောင်းက ချည်နှောင်ထားသည်။ တစ်ခုခုပြောချင်သော်လည်း အသံထွက်လို့ မရပေ။

"ဘာကြီးလဲ"

ညှော့သည်တွေအားလုံး အံ့အောသင့်နေကြပြီး ဘာဖြစ်သွားသလဲဆိုတာ နားမလည်ကြပါ။

သို့သော်လည်း မြတ်ဆရာအားလုံးကတော့ တော်တော်လေး တုန်လှုပ်နေကြသည်။

“ဘုရားရေ၊ အလွဲသုံးစား ကျောင်းသား မြတ်ဆရာ အရှိန်အဝါလား”

“တကယ်ကြီးလား။ ဆွန်းမိုက ဒီလိုမျိုး မြတ်ဆရာအရှိန်အဝါကိုတောင် နာလည်းနေတာလား”

“ဘုရားရေ။ အလွဲသုံးစားကျောင်းသား အရှိန်အဝါ အကျိုးသက်ရောက်သွားပြီ ထင်တယ်”

မြတ်ဆရာတွေသည် နိဂျင်တင်ကို မယုံကြည်နိုင်တဲ့ မျက်ဝန်းတွေနဲ့ ကြောက်လန့်တကြား ကြည့်နေကြသည်။ အမှန်တိုင်းပြောရလျှင် မြတ်ဆရာတွေ အကြောက်ဆုံး အရှိန်အဝါက ကျိန်းသေပေါက် အလွဲသုံးစားကျောင်းသား အရှိန်အဝါပဲ ဖြစ်သည်။

ဒါကို ထိမှန်သွားလျှင် ဒီအရှိန်အဝါရဲ့သက်ရောက်မှုကြောင့် သူတို့ တစ်ဘဝလုံး လုပ်လာတဲ့ အသက်မွေးဝမ်းကြောင်း ပညာကို သံသယ ဖြစ်လာစေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့အသက်မွေးဝမ်းကြောင်း အတွက်လည်း ကြီးမားတဲ့ အမဲစက် ဖြစ်လာလိမ့်မည်။

မြတ်ဆရာများသည် အရှုံးကို ကျော်ဖြတ်နိုင်သော်လည်း မစွမ်းဆောင်နိုင်တဲ့ ကျောင်းသားတွေကိုတော့ သွန်သင်ဆုံးမလို့ မရပါ။

နိဂျင်တင်လည်း ကြောင်နေသည်။ ထို့နောက် ချက်ခြင်း မျက်နှာနီလာသည်။ သွေးထွက်တဲ့အထိ နှုတ်ခမ်းကိုက်ထားသည်။

ဒါက တော်တော်လေး အရှက်ကွဲသွားပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိဂျင်တင်သည် ဒီအကျိုးဆက်က လွတ်မြောက်အောင် ဝိညာဉ်ချီကို နှိုးဆွကြည့်သည်။ ဒါပေမယ့်လည်း အသုံးမဝင်ပါ။ ခန္ဓာကိုယ်တစ်ခုလုံး အလွတ်ဖြစ်နေပြီး ဝိညာဉ်ချီကို ခံစားလို့ မရေပေ။

အန္တရာယ်ကြီးကြီးမားမား ရင်ဆိုင်ရသလို ရုတ်တရက် သွေးပျက်လာသည်။

ဝိညာဉ်ချီတွေ မရှိလျှင် ကျင့်ကြံသူအားလုံးသည် သူတို့ရဲ့ ကျင့်စဉ်တွေကို အသုံးမချနိုင်ပါ။ သာမန်လူနဲ့ မခြားတော့ပေ။

"နိဂျင်တင် အခုပဲ မင်း အထီးကျန်နေပြီ"

ဆွန်းမို ဝေဖန်လိုက်ပြီးနောက် ဖန်းလန်ကို ကြည့်လိုက်သည်။

"ဘုရင်ခံ၊ နောက်နှစ်လအတွင်း လာတော့မယ့် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲအတွက် ပြင်ဆင်စရာလေး ရှိသေးလို့ အလုပ်များနေပါတယ်။ အရင်သွားနှင့်တော့မယ်"

ဆွန်းမိုသည် ပြောပြီးတာနဲ့ ဘုရင်ခံဖန်း ပြန်မဖြေခင် လင်းကျောင်ခန်းမက ထွက်သွားသည်။

လီဇီချီနှင့် ကျန်တဲ့နှစ်ယောက်လည်း အနောက်က ပြေးလိုက်သွားသည်။

"သူက သန်မာလွန်းတယ်"

ကူရှုပ်ရှင်းက လေးစားအထင်ကြီးမှု အမှတ်များ ထောက်ပံ့လိုက်သည်။

အန်ရှီဝေသည် တောက်ပတဲ့ အကြည့်တွေနဲ့ ထွက်ခွာသွားတဲ့ ဆွန်းမို နောက်ကျောကို ငေးကြည့်နေသည်။ ငယ်ချစ်လေးကတော့ မတူတဲ့ အမြင်တစ်ခုကို ထပ်ပေးပြန်ပြီ။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှုအမှတ် +၅၀၀။ ရှိသေ(၁၀,၇၀၀/၁၀၀,၀၀၀)

"ဘုရင်ခံဖန်း၊ ငါလည်း သွားတော့မယ်"

ချောင်ရှန်က ပြောပြီးတာနဲ့ ဆွန်းမိုကို အမဲလိုက်ဖို့အတွက် လျှင်မြန်စွာ လိုက်သွားသည်။ ဒါက အချိန်အခါ မသင့်တော်တာ သိပေမယ့် မထိန်းနိုင်တော့ပါ။

ဒီလိုမျိုး အံ့ဖွယ်မြတ်ဆရာ တစ်ယောက်ကို လက်လွှတ်လိုက်ရပါက မရီဒန်အကယ်ဒမီအတွက် လက်မခံနိုင်တဲ့ ဆုံးရှုံးမှုပါ။

သူ့ကိုသာရလိုက်လျှင် မရီဒန်အကယ်ဒမီက နှစ်ပေါင်း တစ်ရာလောက် စိုးရိမ်စရာ မလိုတော့ပေ။

"အားလုံးပဲ ငါလည်း သွားတော့မယ်"

ဒါကိုမြင်လျှင် အန်ရှီဝေလည်း သူတို့အနောက်သို့ အမြန်လိုက်သွားသည်။

"အားရစရာပဲ။ တကယ်အားရစရာပဲ။ ဒီနှစ် သမင်အမြီး ဂုဏ်ပြုစားပွဲက တကယ်ကို စကာပြောဆွေးနွေးလို့ကောင်းတဲ့ အကြောင်းအရာတွေနဲ့ ပြည့်နေတာပဲ။ တစ်နှစ်အတွင်း ကြယ်သုံးပွင့် မြတ်ဆရာအထိ မြင့်တက်လာမယ့် ဆရာဆွန်းရဲ့ လုပ်ဆောင်ကို စောင့်ကြည့်ရတော့မှာပဲ"

ကျန့်ချင်ဖန်က ပြောဆိုပြီးနောက် ကျယ်လောင်စွာ ရယ်မောပြီး ထွက်ခွာသွားသည်။ ဆွန်းမိုနဲ့ အတူတူ သောက်ဖို့ လိုက်ရှာရမည်။

"ဆရာနိ၊ မင်းရလဒ်ကောင်းအောင် ခန္ဓာကိုယ် ထိခိုက်စေတဲ့ ဆေးတွေသုံးပြီး လီစီလင်ကို သင်ပေးတဲ့အကြောင်း သူတော်စင်ဂိတ်ကို တိုင်ကြားမယ်"

ယူရုံပိုက နိဂျင်တင်ကို ကြည့်ပြီး ပြောလိုက်သည်။ ဒီလို တစ်ကိုယ်ကောင်းဆန်တဲ့လူကို မြတ်ဆရာ လောက ကနေ မောင်းထုတ်ရမည်။

"အံ့အောစရာပဲ။ ဒီနေ့ကစပြီး ချင်လင် ကျောက်စိမ်းအမွှာ ရှိတော့မှာမဟုတ်ဘူး။ ဆွန်းမိုက သူ့ဘာသာသူ စင်ပေါ်တက်လာပြီ"

ဖန်ဝူဂျီသည် လက်တစ်ဖက်က ဝိုင်ပုလင်းကို ကိုင်ပြီး ယိုင်ထိုးယိုင်ထိုးနဲ့ ထွက်သွားသည်။

ဒီစကားကိုကြားတော့ ညေ့်သည်အားလုံး အံ့အောသွားသည်။ ပြိုင်ဘက်ဖြစ်တဲ့ ဖန်ဝူဂျီကတောင် ဆွန်းမိုကို အသိအမှတ်ပြုသွားသည်။ ထို့နောက်လျှို့မူဘိုင်ကို အလိုလို လှမ်းကြည့်လိုက်ကြသည်။

လျှို့မှုဘိုင်သည် အမူအရာ မပြောင်းသော်လည်း စိတ်ထဲ သေချင်စိတ်ပေါက်နေပြီ။

(ငါလည်း ကျောက်စိမ်းအမွှာရဲ့ အစိတ်အပိုင်း တစ်ခုလေ။ ဘာဖြစ်လို့ ငါ့အတွက်ပါ ဆုံးဖြတ်ချက် ချသွားရတာလဲ”

ဖန်ဝူဂျီရဲ့ အပြင်းထန်ဆုံး အုံကြွမှုသည် မြတ်ဆရာ မဟုတ်တော့တာ သူသိနေသည်။

သမင်အမြီး ဂုဏ်ပြုစားပွဲပြီးတာနဲ့ လူတိုင်းရဲ့မျက်လုံးထဲမှာ ဆွန်းမိုက ထိပ်တန်းပုဂ္ဂိုလ် တစ်ယောက် ဖြစ်လာတော့မည်။

"မဟုတ်ဘူး။ အရှုံးမပေးဘူး။ ငါ့မှာ အခွင့်အရေး ရှိသေးတယ်။"

လျှိုမူဘိုင်က ဟန်ကျိရှင်းကို လှမ်းကြည့်လိုက်သည်။ (မင်းကြိုးစားရမယ်)

"သမင်အမြီး ဂုဏ်ပြုစားပွဲက မစခင်မှာပဲ ပြီးသွားပြီ"

ချီမူအန်က စိတ်လှုပ်ရှားစွာ ပြောပြီး ခေါင်းတစ်ခါခါနဲ့ ထွက်ခွာသွားသည်။

အားလုံးထက်တောက်ပတဲ့ ဆွန်းမိုက ထွက်ခွာသဖြင့် ဒီမှာကျန်နေတဲ့ လူတိုင်းအတွက် ဘာအဓိပ္ပါယ် ရှိတော့မှာလဲ။

"ဟွန့်"

လီဇီရှင်းက နိဂျင်တင်ကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး လက်ခါကာ ထွက်သွားသည်။

နိဂျင်တင်က လီဇီရှင်းနောက် လိုက်သွားပြီး ရှင်းပြဖို့ ကြိုးစားပေမယ့် စကားတစ်ခွန်းမှ မပြောနိုင်ခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြယ်အဆင့်နိမ့်တဲ့ မြတ်ဆရာက ကြယ်အဆင့်မြင့်တဲ့ မြတ်ဆရာကို အပြစ်ပေးခြင်း အမျိုးအစား အရှိန်အဝါကို သုံးခဲ့လျှင် အများအားဖြင့်တော့ အားပျော့လိမ့်မည်။

နယ်ပယ် ဖိနှိပ်ခံရခြင်းမှအပ စိတ်ဆန္ဒ ပြင်းပြခြင်းနှင့် စိတ်နှလုံးသန့်စင်ခြင်းကြောင့် ဖြစ်နိုင်သည်။

ဆွန်းမိုရဲ့ အလွဲသုံးစားကျောင်းသား အရှိန်အဝါ အသက်ဝင်လာရခြင်းသည် နိဂျင်တင်မှာ အပြစ်ရှိတဲ့စိတ် ရှိနေလို့ ဖြစ်သည်။ 'ငါ့နှလုံးသားက

အရမ်းဖြောင့်မတ်လို့ သရဲတွေ၊ မကောင်းတဲ့ ဝိညာဉ်တွေ၊ နတ်ဆိုးတွေနဲ့ မွန်းစတားတွေကို ကြောက်စရာ မလိုဘူး’ ဆိုတဲ့ စကားကလည်း ရှိသေးသည်။

ဒီအချိန်မှာတော့ နိဂျင်တင်ရဲ့ လူမှုရေး သေဆုံးသွားပြီ။ အနည်းဆုံးတော့ သူ့သိက္ခာက ချင်လင်မှာ အမဲစက်ထင်သွားပြီ။

“ဆရာဆွန်း၊ ဆရာဆွန်း၊ ကျေးဇူးပြုပြီး စောင့်ပါအုံး”

ချောင်ရှန်က ဆွန်းမိုကို မှီတာနဲ့ လက်မောင်းကို လှမ်းဆွဲလိုက်သည်။

"ဆရာဆွန်း၊ မင်းလိုချင်တဲ့ ဈေးနှုန်းပြော။ ငါတို့ မရှိဒန်အကယ်ဒမီကိုလာအောင် မင်းကို ဘာလုပ်ပေးရမလဲ"

ချောင်ရှန်က ဆွန်းမိုကို တဖိတ်ဖိတ်တောက်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။

အန်ရှီဝေသည် ဒီစကားကိုကြားလျှင် မအံ့အောပဲ မနေနိုင်တော့ချေ။ မြတ်ဆရာလောကတွင် မြတ်ဆရာတစ်ယောက်က အရိုးထဲကနေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နက်နက်ရှိုင်းရှိုင်း သဘောကျမှ ဒီလိုမျိုး အခြေအနေကို ပေးကြသည်။

"ကျောင်းအုပ်ကြီးချောင်၊ လီဇီရှင်းက မရီဒန်အကယ်ဒမီရဲ့ ငွေကြေးထောက်ပံ့သူ ဟုတ်တယ်မလား။ အခုဆိုရင် သူကင်္ငါ့ကို သေလောက်အောင် မုန်းနေတာ။ မင်းဆုံးဖြတ်ချက် ချနိုင်ပါ့မလား"

ဆွန်းမိုက မေးလိုက်သည်။

"အမ်"

ချောင်ရှန် စကားမပြောနိုင် ဖြစ်သွားသည်။

သူက

ကျောင်းအုပ်ကောင်းတစ်ယောက်ဖြစ်ပေမယ့် မန်နေဂျာကောင်း တစ်ယောက် မဟုတ်ပါ။ လီဇီရှင်းရဲ့ ဘဏ္ဍာရေးပံ့ပိုးမှု မရှိလျှင် မရီဒန်အကယ်ဒမီ ကျရှုံးသွားလိမ့်မည်။

“မင်းရဲ့ ကြီးမြတ်တဲ့ ကြင်နာမှုကို မှတ်ထားပါ့မယ်။ နောင်တချိန် မင်းလိုတာရှိရင် ငါ့ကို ပြောလို့ရတယ်”

ဆွန်းမိုက ချောင်ရှန်လက်ကိုဖယ်ပြီး မြစ်ကမ်းတလျှောက် ထွက်ခွာသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောင်ရှန်အမူအရာက အရမ်းစိတ်ပျက်နေပြီး တုန့်ပြန်နိုင်းမရတဲ့ ရတနာတစ်ခု ဆုံးရှုံးသွားသလို ဖြစ်နေသည်။

ဒင်

ချောင်ရှန်၏ လေးစားအထင်ကြီးမှု +၅၀၀၊ လေးစား(၁,၂၁၀/၁၀,၀၀၀)

လေးအေးတစ်ချက် တိုက်ခတ်လာပြီး အေးမြသွားသည်။

ဒင်

“နိဂျင်တင်ကို လုံးဝ အနိုင်ယူပြီး မြတ်ဆရာလောကကို တောက်ပတဲ့ အနာဂတ် ပြန်ပေးခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ တာဝန်အောင်မြင်တဲ့အတွက် ရွှေရောင် ရတနာသေတ္တာ တစ်လုံး ချီးမြှင့်လိုက်တယ်”

စနစ်က ဆွန်းမိုကို ချီးကျူးလိုက်သည်။

“တာဝန် သတ်မှတ်ချက် စည်းမျဉ်းက ဘာလဲ။ ဒီနေ့ပြီးရင် နိဂျင်တင်က မြတ်ဆရာဘွဲ့ကို ဆက်ထိန်းထားနိုင်အုံးမလားဆိုတာ ပြဿနာ ဖြစ်လာပြီ။ ဒီလိုမျိုး ထိုးနှက်မှုက

ဆန်းကြယ်ရတနာသေတ္တာနဲ့ ထိုက်တန်တယ် မဟုတ်လား”

ဆွန်းမို သံသယ ဖြစ်နေသည်။

“မင်းမှားတယ်။ ပြည့်စုံတဲ့ အဆုံးသတ်က မင်းရဲ့ မြတ်ဆရာကျက်သရေကြောင့် နိဂျင်တင်က သူလုပ်ခဲ့တာကို နောင်တရနေရမယ်။ ဒါပေမယ့် မင်းလုပ်ခဲ့တာက သူ့ကို ဒုက္ခပေးရုံပဲလေ”

စနစ်က ရှင်းပြသည်။

“................”

ဆွန်းမို စကားမပြောနိုင် ဖြစ်သွားသည်။

"ဒါကြောင့် မြတ်ဆရာနယ်ပယ်ကို ရောက်ဖို့ အဝေးကြီး လိုသေးတယ်"

စနစ်က ဆွန်းမိုကို ဂုဏ်ယူမနေဖို့ သတိပေးလိုက်သည်။

"အကြံသမား"

ဆွန်းမိုက နှုတ်ခမ်းထော်ပြီး

"ငါက မြတ်ဆရာ၊ ဘုန်းကြီးမဟုတ်ဘူး။ ငါက ဘုန်းကြီး ဖြစ်နေရင်တောင် ဂေါတမ မြတ်စွာဘုရားလို ဒီလိုမျိုး ဆိုးသွမ်းနေတဲ့လူကို တရားရေအေးတော့

မတိုက်ကျွေးနိုင်ဘူး။ ငါကိုယ်တိုင် ခေါင်းဖြတ်သတ်ပစ်လိုက်မယ်”

ဆွန်းမိုက ဒီလိုပြောပြီးတာနဲ့စနစ်ကို ဂရုမစိုက်တော့ပေ။ သူက သာမန်လူတစ်ယောက်ပါ။ သူ့ကို အင်တာနက်မှာ နာမည်ဖျက်ရင် သူ့ဖက်ကလည်း ပိုဆိုးအောင် ပြန်လုပ်မည်။ တကယ်လို့ သူ့ကို ဂိမ်းထဲမှာ သတ်လိုက်ပါက အဲဒီလူကို ပြန်သတ်ပြီး မိုးလင်းတဲ့အထိ သူ့အလောင်နားမှာ မတ်တပ်ရပ်နေလိုက်မည်။

စနစ်ကလည်း သူ့ကို စည်းရုံးဖို့ မကြိုးစားတော့ပါ။

(ဆွန်းမိုသည်။ မြတ်ဆရာနာမည်ရဲ့ နောက်က တကယ့်အဓိပ္ပါယ်နဲ့ အနှစ်သာရကို တစ်နေ့နေ့တော့ သဘောပေါက်လာလိမ့်မယ်)

(ဒီလိုမှမဟုတ်ရင် မင်းဘယ်တော့မှ သူတော်စင် ဖြစ်လာမှာ မဟုတ်ဘူး)

“ဆရာ”

လီဇီချီနှင့် ကျန်တဲ့နှစ်ယောက်လည်း သူ့ကို လိုက်မှီလာသည်။ သူမနှင့် လုချီဟွာက ဆွန်းမိုရဲ့ ဘေးတစ်ဖက်တစ်ချက်မှနေပြီး လက်မောင်းကို

ဖက်လိုက်သည်။ အင်ဘိုင်ဝူက သူတို့နောက်ကနေ တိတ်တဆိတ် လိုက်သွားသည်။

“ဟားဟား”

ဆွန်းမိုက လုချီဟွာခေါင်းကို ပွတ်ပြီး ရတနာသေတ္တာ ဖွင့်ရန် လုပ်လိုက်သည်။ ကြီးမြတ်တဲ့ဆု တစ်ခုခု ရဖို့ မျှော်လင့်နေသည်။

အခန်း(၅၂၀ - က) - ပြည့်စုံတဲ့ အဆုံးသတ်၊ ဇိမ်ခံဆုလာဘ်။

"ရက္ခဗေဒ အခြေခံအုတ်မြစ်စွယ်စုံကျမ်းကို ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်"

အစိမ်းရောင်အလင်း တောက်ပနေတဲ့ စာအုပ်တစ်အုပ်သည် ဆွန်းမိုအရှေ့မှာ ဝဲပျံနေသည်။

“နောက်ဆုံးတော့လည်း ဒီစာအုပ် ငါ့လက်ထဲ ရောက်လာပြီ”

ဆွန်းမို စိတ်လှုပ်ရှားနေသည်။ သူ့မှာသာ လေးစားအထင်ကြီးမှု အမှတ်အများကြီး ရှိနေလျှင် ဒီစာအုပ်ကို ဝယ်ခဲ့ပြီ။

အပင်တွေအကြောင်းကို လေ့လာနေရုံနဲ့ မလုံလောက်ပါ ။ အပင်များကို ပိုင်းခြား အကဲဖြတ်နိုင်ဖို့လဲ လိုအပ်သေးသည်။ စစ်မှန်တဲ့

ရက္ခဗေဒ ပညာရှင်ဆိုလျှင် အပင်များရဲ့ ဇီဝကမ္မဖြစ်စဉ်၊ မျိုးရိုးလိုက်တဲ့ လက္ခဏာ၊ ဆင့်ကဲဖြစ်စဉ်နဲ့ ဂေဟ စနစ်များကို နားလည်ရမည်။ နောက်တစ်ဆင့်တက်ပါက အပင်များရဲ့ ပတ်ဝန်းကျင်အပေါ် လွှမ်းမိုးမှုကို လေ့လာရမည်။

"လေ့လာမယ်"

စက္ကန့် အနည်းငယ်ကြာတော့ ဆွန်းမိုက ရက္ခဗေဒဆိုင်ရာ အခြေခံ အသိပညာများကို နားလည်နေတဲ့အကြောင်း စနစ်က အကြောင်းကြားလာသည်။ ပြောချင်တာက

ဆွန်းမိုသည် သူမမြင်ဖူးတဲ့ အပင်ကိုတွေ့ရင်တောင် သူဆုပ်ကိုင်ထားတဲ့ ဗဟုသုတကကတဆင့် လေ့လာပြီး ခွဲခြမ်းစိတ်ဖြာနိုင်လိမ့်မည်။ အဲဒီကနေပြီးတော့ အပင်ရဲ့ အသေးစိတ်အချက်အလက်များကို အနှစ်ချုပ်နိုင်သည်။

အရင်တုန်းကတော့ ဆွန်းမိုသည် အချက်အလက်များကို အလွတ်ကျက်ခဲ့သည်။ သူမသိတဲ့အပင်ကို တွေ့တာနဲ့ အသုံးမဝင်တော့ဘူးလို့ ပြောလို့ရသည်။ ဒါပေမယ့် အခုတော့ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း ရှိနေပြီ။

"ဆက်ဖွင့်"

ဆွန်းမိုမှာ ရွှေရောင်ရတနာ သေတ္တာတစ်လုံး ရှိသေးသည်။

အလင်းရောင်ပျောက်သွားတာနဲ့ အနီရောင် စွမ်းရည် စာအုပ်တစ်အုပ် ကျန်ခဲ့သည်။ တော်တော်လေးတော့ ကြီးသည်။

ဒင်

"အမှောင်ထု ရက်စက်ကြမ်းကြုတ်တဲ့ သားရဲ စွယ်စုံကျမ်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီထဲတွင် အမှောင်တိုက်ကြီးရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရက်စက်ကြမ်းကြုတ်တဲ့ သားရဲ တစ်ထောင်အကြောင်း မှတ်တမ်း တင်ထားသည်။ ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်"

၅၈၇

ဆွန်းမို လေမချွန်ပဲ မနေနိုင်တော့ချေ။ ဒီနေ့ ဘာနေ့လဲ။ ဘာဖြစ်လို့ အံ့အောစရာကောင်းတဲ့ ပစ္စည်းတွေပဲ ဆက်တိုက်ရနေတာလဲ။ မြတ်ဆရာတွေအတွက် စွမ်းရည် စာအုပ်များသည် တိုက်ပွဲကို ဖျက်ဆီးဖို့အတွက် အကောင်းဆုံးဖြစ်ပြီး သူတို့ အလိုအပ်ဆုံးအရာလည်း ဖြစ်သည်။

"မိုမိုလေး"

အန်ရှီဝေ လိုက်မှီလာသည်။

"ဆရာကတော်"

လီဇီချီနှင့် ကျန်တဲ့နှစ်ယောက် နှုတ်ဆက်လိုက်သည်။

လီဇီချီ အရမ်း ကြွေနေရနေသည်။ သူမက အန်ရှီဝေကို 'ဆရာကတော်' လို့ခေါ်သော်လည်း အပြင်လူလို့ သတ်မှတ်နေဆဲ ဖြစ်သည်။ ဒါကြောင့် ဆွန်းမိုလက်ကို လွှတ်ပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း လုချီဟွာကတော့ ဒီလို အရာမျိုးကို ဂရုမစိုက်ပါ။ သူမက သူ့လက်မောင်းကို တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

အန်ရှီဝေ မနေနိုင်ဘဲ တစ်ချက်ကြည့်လိုက်သည်။ သူတို့ ဆရာနဲ့တပြည့် ဖြစ်နေမှန်း သူမသိနေတာ ကံကောင်းသည်။ ဒီလိုမှမဟုတ်ရင် မနာလို ဖြစ်နေရမည်။

ဒါပေမယ့်လည်း ဆရာကတော်လို့ အခေါ်ခံလိုက်ရသဖြင့် တော်တော်လေး လန်းဆန်းသွားသည်။

အို ငါက သူမတို့ကို လက်ဆောင် ပေးသင့်လား။ ဒါမှမဟုတ် ဆွန်းမိုနဲ့ လက်ထပ်ပြီးမှပဲ ပေးရမလား။

အန်ရှီဝေ အတွေးထဲက ရုန်းထွက်လိုက်သည်။

“သွားကြစို့”

လီဇီချီက လုချီဟွာကို ဆွဲခေါ်လိုက်သည်။ (မင်း မသိဘူးလား။ ဒီလိုအခြေအနေမှာ ဆရာနဲ့ သူမကို နှစ်ယောက်ထဲ ထားခဲ့ရမယ်လေ။ သူတို့ ဆက်ဆံရေးပိုနက်ရှိုင်းအောင် အချိန်တစ်ခုတော့ ပေးရမယ်)

လရောင်က ရေမျက်နှာပြင်ကို ရိုက်ခတ်ပြီး ငွေဖြူရောင် တောက်ပနေသည်။

ဒုတ် ဒုတ် ဒုတ်

အန်ရှီဝေနှလုံး အရမ်းခုန်လာပြီး ရုတ်တရက် ဘာပြောရမလဲ မသိတော့ပေ။ ဆွန်းမိုကလည်း အမြဲတမ်း တစ်ယောက်တည်းသမား ဖြစ်ခဲ့သူ ဖြစ်သဖြင့် မိန်းကလေးတွေနဲ့ ပျော်ပါးခဲ့တဲ့ အတွေ့အကြုံ မရှိပါ။

ဒင်

"အန်ရှီဝေနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တက်လာသဖြင့် ဂုဏ်ပြုပါတယ်။ အထူးဆုအနေနဲ့ ရွှေရောင် ရတနာသေတ္တာ တစ်လုံး ချီးမြှင့်လိုက်တယ်"

"....."

ဆွန်းမို လှမ်းကြည့်လိုက်သည်။ သူ့ရဲ့ ကံကောင်းတဲ့ ကြယ်လေး ထွက်သွားပြီ။ ရတနာသေတ္တာ ဖွင့်သင့်လား။

"မိုမိုလေး၊ မြတ်ဆရာအရှိန်အဝါ ဘယ်နှစ်ခု ရှိနေပြီလဲ"

ဆွန်းမို နှုတ်ဆိတ်နေတာမြင်လိုက်လျှင် အန်ရှီဝေ ဘက်ကစပြီး စကား စပြောလိုက်သည်။

"ကိုးခု"

ဆွန်းမို ခပ်တည်တည် ပြောလိုက်သည်။

"ဘယ်လောက်"

အန်ရှီဝေ ရုတ်တရက် အံ့အောသွားပြီး အမှတ်တမဲ့ မေးလိုက်မိသည်။ ဆွန်းမိုက မြတ်ဆရာအရှိန်အဝါ ခြောက်ခု နားလည်ထားတယ်ဆိုတာ သူမ သိပြီးသားပါ။ ဒီလိုမှမဟုတ်ရင် ကြယ်နှစ်ပွင့်

မြတ်ဆရာ စာမေးပွဲမှာ စာရင်သွင်းဖို့ သတ္တိရှိမှာ မဟုတ်ပေ။ ဒါပေမယ့် ကိုး.....

အမှန်တိုင်းပြောရလျှင် ဒီနံပါတ်က တော်တော်လေး အံ့အောဖို့ ကောင်းနေသည်။ တကယ်တော့ ဆွန်းမိုက ဘွဲ့ရထားတာ တစ်နှစ်ပဲ ရှိသေးသည်။ သူ့အရည်အချင်းက မဟားကိုးပါရဲ့ ထိပ်ဆုံး ဘွဲ့ရတွေထက်တောင် သာလွန်နေပြီ။

မြတ်ဆရာအရှိန်အဝါက သင်ယူလို့ ရတဲ့ အရာမဟုတ်ပါ။ သူ့ဘာသာသူပဲ နားလည် သဘောပေါက်လို့ ရသည်။ ဒါ့အပြင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာတစ်ယောက် ကြယ်ပွင့်အဆင့်တက်လှမ်းဖို့အတွက် အဓိက လိုအပ်တဲ့အရာလည်း ဖြစ်သည်။

မြွတ်ဆရာတော်တော်များများမှာ သူတို့သီအိုရီဆိုင်ရာ အသိပညာများသည် မဟာသခင်အဆင့်သို့ ရောက်နေသော်လည်း မြွတ်ဆရာအရှိန်အဝါကို လုံလောက်အောင်နားမလည်လို့ ကြယ်အဆင့် အမြင့်သို့ မတက်လှမ်းနိုင်ကြပါ။

"ကိုးခု"

ဆွန်းမိုက နောက်တစ်ကြိမ် ထပ်ဖြေလိုက်သည်။

"................"

အန်ရှီဝေ လှည့်ကြည့်လိုက်လျှင် ဆွန်းမို အမူအရာကို မြင်ပြီး ဆွံ့အသွားသည်။ သူ့လေသံက မနက်စာကို ပေါင်မုန့်ကြက်ဥကျော် စားခဲ့တယ်ဆိုပြီး ပြန်ဖြေသလို အေးဆေးလှသည်။

ဒါပေမယ့်လည်း ဒါက ကျိန်းသေပေါက် စံချိန်ချိုးနိုင်တဲ့ နားလည်မှု မြန်နှုန်း ဖြစ်သည်.။

လျှိုမူဘိုင်က စာမေးပွဲမဖြေဘဲ ဘာဖြစ်လို့ အခုအချိန်အထိ စောင့်ဆိုင်းနေခဲ့တာလဲ။

ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မတိုင်ခင် နားလည်ထားတဲ့ မြတ်ဆရာအရှိန်အဝါ အရေအတွက် မလုံလောက်သေးလို့ပါ။

ဒါပေမယ့်လည်း လျှို့မှုဘိုင်ထက် သုံးနှစ်စောပြီး အရှိန်အဝါကိုးခု နားလည်နိုင်ခဲ့သည်။

"ဂူချင်ယန် ရှုံးတာ တရားမျှတ သလိုပဲ"

အန်ရှီဝေ ကို့ကိုယ်ကို လှောင်ပြုံးပြုံးလိုက်သည်။ ဒီလိုမှမဟုတ်ရင် ထိုးနှက်ချက် ပြင်းထန်သွားမည်။

"ဒါဆိုရင်ကျင့်ကြံခြင်း နယ်ပယ်ကရော"

အန်ရှီဝေသည် ဒီမြတ်ဆရာ အရှိန်အဝါ ကိုးခုကို ဘယ်လို နားလည်ခဲ့သလဲဆိုတာ တကယ်မေးချင်နေသည်။ ဒါပေမယ့် ဒါကို ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက် ဖြစ်နေသောကြောင့် သိချင်စိတ်ကို ထိန်းထားခဲ့သည်။

“နတ်ဘုရားခွန်အား ပထမဆင့်”

ဆွန်းမို တစ်ခုမှ မဖုံးကွယ်ထားချေ။

အန်ရှီဝေ မျက်မှောင် ကြုတ်သွားသည်။

“ဘာမှားလို့လဲ”

ဆွန်းမို စိတ်ရှုပ်သွားသည်။

"ဒါက နည်းနည်းလေး နိမ့်နေတယ်"

အန်ရှီဝေသည် ပြောလိုက်ပြီးမှ သူမရဲ့ စကားများသည် ဆွန်းမိုအတွက် ထိုးနှက်ချက်ဖြစ်သွားနိုင်တယ်လို့ တွေးလိုက်မိသည်။ ဒါကြောင့် ကမန်းကတန်း ရှင်းပြလိုက်သည်။

"မင်းအသက်အရွယ်အရတော့ နတ်ဘုရားခွန်အား အဆင့်(၁)က ကြီးမြတ်တဲ့ အောင်မြင်မှုလို့ ပြောလို့ရတယ်"

"မင်းက ပါရမီရှင်ပဲ။ မင်းနဲ့ သက်တူရွယ်တူထဲမှာ ပြိုင်ဘက် မရှိတော့ဘူး"

“ဒီနှစ် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကိုပဲ ဥပမာ ပေးရအောင်။ ဒီစာမေးပွဲမှာ ဝင်ဖြေကြမယ့်သူတွေက အရင်ကတည်းက ကြယ်တစ်ပွင့် မြတ်ဆရာဖြစ်ခဲ့တာ တော်တော်ကြာနေတဲ့ လူတွေပဲ။ သူတို့ ပျမ်းမျှ အသက်က ၂၅နှစ် အထက်မှာ ရှိတယ်”

“သူတို့ရဲ့ကျင့်ကြံမှု၊ သင်ကြားရေး အတွေ့အကြုံနဲ့ အချိန်တွေက မင်းထက် တော်တော်လေး သာနေတယ်”

“ငါနားလည်ပြီ”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ဂိမ်းဆော့သလိုပဲ။ မင်း နောက်ကျပြီးမှဆော့ရင် မင်းထက်အရင်ဆော့တဲ့လူတွေက အဆင့်မြင့်တဲ့ ကစားသမားတွေ ဖြစ်နေပြီ။

သူတို့ဆော့နေတာ တော်တော်ကြာနေပြီ ဖြစ်သဖြင့် သူတို့မှာ ရှိတဲ့ပစ္စည်းတွေနဲ့ တိုက်ပွဲ အတွေ့အကြုံကလည်း ပိုကောင်းနေသည်။

"ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ မြတ်ဆရာတွေရဲ့ တိုက်ခိုက်ရေး စွမ်းရည်ကို စမ်းသပ်လိမ့်မယ်။ ပြီးခဲ့တဲ့နှစ်တွေရဲ့ ရလဒ်ကို

အခြေခံပြောရလျှင် အနည်းဆုံး နတ်ဘုရားခွန်အား နယ်ပယ် အဆင့်(၃) ကို ရောက်မှပဲ အောင်မြင်ဖို့ အခွင့်အရေးများမယ်။ မင်းသာ ထိပ်ဆုံးလိုချင်ရင် အဆင့် (၅)ကို ရောက်နေမှ ဖြစ်မယ်”

အန်ရှီဝေက ရှင်းပြလိုက်သည်။

ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲတွင် ထူးချွန်တဲ့ သင်ကြားရေး စွမ်းရည် လိုအပ်ရုံသာမက သန်မာတဲ့တိုက်ခိုက်ရေး စွမ်းရည်လည်း လိုအပ်သည်။ ဘာပဲဖြစ်ဖြစ် သန်မာတဲ့လူတွေက အမြဲတမ်း လေးစားခံရမည်။

"အဆင့် (၅)လား"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ အခုလက်ရှိ သူ့မှာ နတ်ဘုရားခွန်အား အသီးနှစ်လုံးပဲ ရှိသဖြင့် အဆင့်နှစ်ဆင့်ပဲ တက်နိုင်လိမ့်မည်။

"ဒါအမှန်ပဲ။ ပြီးတော့ အရေးအကြီးဆုံးက မင်းတပြည့်တွေရဲ့ ရလဒ်ပဲ။ မင်းအောင်ခဲ့ရင်တောင် သူတို့ ရလဒ်မကောင်းရင် မင်းစာမေးပွဲ ကျမှာပဲ"

မြတ်ဆရာတစ်ယောက်အနေနဲ့ တခြားသူများကို သင်ကြားပေးပြီး တော်တဲ့ကျောင်းသားတွေ

မွေးထုတ်သင့်သည်။ ဒါက သူတို့ရဲ့ အရေးအကြီးဆုံး အခန်းကဏ္ဍပါ။

ဒါကြောင့် ကျောင်းသားတွေရဲ့ အလုံးစုံ ရလဒ်သည် ကောင်းမွန်နေဖို့ လိုအပ်သည်။

"ရှန်ယွန်ပေါင်သာ ကံမဆိုးသ၍ အောင်မြင်ဖို့ မခက်ပါဘူး။ အင်ဘိုင်ဝူကတော့ နည်းနည်းလေး လိုသေးတယ်"

အန်ရှီဝေက ဆွန်းမိုကို အားပေးရင် ပြုံးလိုက်ပြီး

"ငါ့ အမြင်အရတော့ မင်းအောင်မြင်ဖို့ ၉၀ ရာခိုင်နှုန်းလောက် အခွင့်အရေး ရှိတယ်"

"ဘာဖြစ်လို့ ၉၀ ရာခိုင်နှုန်းလဲ"

လုချီဟွာရဲ့ စိတ်ရှုပ်နေတဲ့ အသံက သူတို့အနောက်ကနေ ရုတ်တရက် ထွက်လာသည်။

"ဆရာက ကြယ်နှစ်ပွင့် မြတ်ဆရာဘွဲ့ကို ကျိန်းသေပေါက် ရလိမ့်မယ်။ ဘာဖြစ်လို့ ခေါင်းငုံ့ထားရမှာလဲ"

အန်ရှီဝေ အံ့အောပြီး လှည့်ကြည့်လိုက်သည်။ လီဇီချီက အင်ဘိုင်ဝူကို အကူညီတောင်းပြီး လုချီဟွာလက်မောင်းကို ဖမ်းချုပ်ကာ ပန်းချီဆီ ဆွဲခေါ်နေတာ တွေ့လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ အနေရခက်ပြီး သေချင်စိတ် ပေါက်လာသည်။

ခပ်ဝေးဝေးသို့ ရောက်လျှင် သူမတို့ ဘေးဘက်က ပြန်ပတ်လာပြီး ဆွန်းမိုတို့ စကားပြောတာကို ခိုးနားထောင်နေခဲ့သည်။ ဒါပေမယ့် လုချီဟွာက ရုတ်တရက် ထအော်ခဲ့သည်။

"ဘယ်လို ခိုးနားထောင်ရမလဲ မသိဘူးလား"

လီဇီချီ ကူကယ်ရာမဲ့နေသည်။

"ဘာဖြစ်လို့ ခိုးနားထောင် ရမှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူချီဟွာက အပြစ်ကင်းတဲ့ မျက်လုံးကြီးများကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပြီး ပြောသည်။

"ငါတို့ ပေါ်တင်နားထောင်လို့ မရဘူးလား"

"ထားလိုက်တော့။ ငါပြောခဲ့တာတွေကို မေ့လိုက်တော့"

လီဇီချီ ကိုယ့်နဖူးကို ကိုယ် ပြန်ရိုက်လိုက်သည်။

"ချီဟွာက မင်းကို အရမ်းလေးစားနေတာပဲ"

အန်ရှီဝေ မနာလို ဖြစ်သွားသည်။ ဒါက ယုံမှားသံသယကင်းတဲ့ ယုံကြည်မှု ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမိန်းကလေးရဲ့ နှလုံးသားထဲတွင် ဆွန်းမို မလုပ်နိုင်တာ ဘာမှမရှိပေ။

“ဟုတ်တယ်”

ဆွန်းမို ပြုံးလိုက်သည်။

“ဒါကြောင့်ပဲ ငါအောင်ရမယ်”

ဆွန်းမိုရဲ့ ဆုံးဖြတ်ချက်ကို နားထောင်ရင်း အန်ရှီဝေ တိတ်ဆိတ်သွားသည်။ လှည့်ကြည့်လိုက်တော့ လရောင်အောက်တွင် သူ့မျက်နှာက ကို့ကိုယ်ကို ယုံကြည်မှု ၊ ဂုဏ်ယူမှုများနဲ့ ပြည့်နှက်နေသည်။

ဒီစိတ်ထားက အရမ်းချစ်ဖို့ ကောင်းသည်။

"အိုး၊ မင်းက ဂေါ့ပလင်လား"

အန်ရှီဝေ တစ်ခုခုကို ရုတ်တရက် တွေးမိသွားသည်။

"ငါပဲ"

ဆွန်းမိုက လိမ်ဖို့ စိတ်မပါပေ။

"........"

အန်ရှီဝေသည် ဘာပြောရမလဲ မသိတော့သဖြင့် စကားပြော ရပ်သွားသည်။ ဆွန်းမိုနောက်ကျောကို တအံ့တအော ငေးကြည့်ရင်း ကျန်နေခဲ့သည်။

(ငယ်ချစ်လေးက လက်ရေးလှနှင့် အနုပညာမှာပါ ထူးချွန်နေတာလား)

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ ရှိသေ(၁၁,၉၀၀/၁၀၀,၀၀၀)

အန်ရှီဝေသည် အနောက်ဖက်သို့ ခရီးသွားခြင်း စာအုပ်ကို တော်တော်လေး နှစ်သက်သည်။ အရမ်း ပင်ပန်းနွမ်းနယ်လာပြီး အားကိုးရာမဲ့

ဖြစ်လာတဲ့အချိန်တွင် ဖိအားတွေ ပျောက်အောင် ကူညီပေးတဲ့ စာအုပ် ဖြစ်သည်။

"ငါ့မျက်လုံးကို ကောင်းကင်ကြီး မဖုံးနဲ့။ ငါ့နှလုံးသားကို မြေကြီးထဲ မမြှုပ်နဲ့။ ကမ္ဘာပေါ်မှာရှိတဲ့ နတ်ဘုရားတွေနဲ့ ဗုဒ္ဓတွေ ပျောက်သွားစေရမယ်"

အန်ရှီဝေ အနှစ်သက်ဆုံးက ကောင်းကင်နန်းတော်ကို မဖျက်ဆီးခင် အခန်းပါ။ ဒါပေမယ့် မျောက်ဘုရင်စွန်း သည် လက်ငါးချောင်းတောင်မှာ အချုပ်နေရပြီး ထန်ဇန်ချန်မှ ကယ်တင်ပြီး ခမ္မကျမ်းစာကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပင့်ဆောင်ရန်အတွက် အနောက်ဖက်သို့ ခရီးသွားတဲ့ အချိန်တွင် အန်ရှီဝေသည် သူမနှစ်သက်တဲ့ မျောက်ဘုရင် သေဆုံးသွားသလို ခံစားရသည်။

အခန်း(၅၂၀ - ခ) - ပြည့်စုံတဲ့ အဆုံးသတ်၊ ဇိမ်ခံ ဆုလာဘ်။

ဒီအပိုင်းကို ဖတ်ခဲ့တဲ့ညက တော်တော်ကြာအောင် ငိုခဲ့မိသေးသည်။

ဒီကိုတွေးရင်း အန်ရှီဝေသည် ရုတ်တရုတ် အရှိန်မြင့်လိုက်သည်။

"ဟွန့်"

"အမ်"

ဆွန်းမိုသည် အန်ရှီဝေ ရောက်လာတာကို မြင်လိုက်ရသည်။ သူမက သေးငယ်တဲ့ လက်သီးလေးနဲ့ ထုလိုက်သည်။

ဘုန်း

အန်ရှီဝေက ဆွန်းမိုကို လက်သီးနဲ့ ထိုးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှူး

“ဘာလဲ”

“ငါ့ရဲ့ မျောက်ဘုရင် ပြန်ပေး”

အန်ရှီဝေ နှုတ်ခမ်း လှုပ်နေပေမယ့်လည်း ဘာမှတော့ မပြောချေ။ အဲဒီအစား ယင်နှင့် ယန်လို ဖြစ်နေတဲ့ မျက်လုံးနက်ကြီးများနဲ့ ဆွန်းမိုကို စိုက်ကြည့်နေသည်။

ဒီလိုမျိုး စိတ်ဝင်စားဖို့ကောင်းတဲ့ ဝတ္ထုက လူတော်တော်များများ ကြိုက်နှစ်သက်ပြီး အရှုးအမူး စွဲလန်း နှစ်သက်ကြသည်။

ဓာတ်ကောင်တော်တော်များများကိုလည်း မမေ့နိုင်ကြပါ။

ဒါကို ငါ့ရည်းစား ရေးခဲ့တာလား။

“မင်း ဒုတိယအပိုင်း ဆက်ဖတ်ချင်လို့လား”

ဆွန်းမို အူကြောင်ကြောင်ဖြစ်နေပြီး သူနဲ့ စေ့စပ်ထားသူက ဒီလိုမျိုး စိုက်ကြည့်နေသဖြင့် အနည်းငယ် လန့်သွားသည်။

အန်ရှီဝေက ပြုံးလိုက်ပြီး လက်ကိုဆန့်ကာ ဆွန်းမိုကို ဖက်လိုက်သည်။

“အမ်”

ဆွန်းမို အမှတ်တမဲ့ ရုန်းကန်နေသော်လည်း နောက်ပိုင်း ပိုတင်းကျပ်လာတယ်လို့ ခံစားလိုက်ရသည်။

"မလိုပါဘူး၊ ဒုတိယ အပိုင်းဖက်စရာ မလိုတော့ပါဘူး"

အန်ရှီဝေရဲ့ လှပတဲ့မျက်နှာလေးမှာ အပြုံးတစ်ခု တွဲခိုနေသည်။

"ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့မျောက်ဘုရင်ကို ရှာတွေ့သွားပြီ"

"အမ်....သူတို့ ဖက်နေကြတာလား"

လုချီဟွာက မျက်လုံးကို လက်နဲ့အုပ်လိုက်သည်။ 'မကောင်းတာတွေ မကြည့်ဖို့ သူမ အဖေသည် အရင်တုန်းကတည်းက မှာထားသည်။ ဒါပေမယ့်လည်း စိတ်မထိန်းနိုင်ပါ။ လက်ချောင်းကြားကနေ ခိုးကြည့်နေသည်။

အင်ဘိုင်ဝူက မဲ့သွားပြီး ခေါင်းလှည့်ကာ လရောင်ပြန်နေတဲ့ ရေပြင်ကို ငေးကြည့်နေသည်။

လီဇီချီသည် ရင်ဘက်ခြင်းကပ်နေတဲ့ သူတို့နှစ်ယောက်ကိုကြည့်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းပြချက်တချို့ကြောင့် အနည်းငယ် စိတ်ပျက်သွားသည်။

(ဒါက ဘာလဲ။ ဆရာ့အတွက် ပျော်နေရမှာလေ)

"အမ်၊ အကြီးဆုံး အစ်မကြီး ဘာဖြစ်လို့ ငိုနေတာလဲ"

လုချီဟွာက တိုးတိုးလေး မေးလိုက်သည်။

"ဝမ်းသာပြီး ပျော်လို့ကျတဲ့ မျက်ရည်တွေ"

လီဇီချီက ဖြစ်ညှစ်ကာ ပြုံးပြီး ရှင်းပြလိုက်သည်။

....

ကျောင်းပြန်ရောက်ပြီးနောက် အန်ရှီဝေက အလုပ်ဆက်လုပ်ဖို့ သူ့မရုံးခန်းထဲသို့ ပြန်သွားသည်။ ဆွန်းမိုက အိမ်ရာသို့ ပြန်လာခဲ့သည်။ လီဇီချီနှင့် ကျန်တဲ့နှစ်ယောက်လည်း သူ့အနောက်မှ လိုက်သွားသည်။

ဆွန်းမိုက လုချီဟွာခေါင်းကို ပွတ်လိုက်သည်။

"သေတ္တာဖွင့်"

ရတနာသေတ္တာ ပွင့်လာပြီးနောက် တောက်ပတဲ့ အလင်းရောင်များကြားတွင် အပေါက်က ရေထွက်လာသလို ရွှေစာလုံးများ ထွက်ကျလာသည်။

"ဘာကြီးလဲ"

ဆွန်းမို တုန်လှုပ်ခြောက်ခြားသွားသည်။ ဒီလို အခြေအနေမျိုး ပထမဆုံး ကြုံဖူးတာ ဖြစ်သည်။

ဒင်

"အပိုင်းပိုင်းကွဲနေတဲ့ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ် ထူးခြားဆန်းကြယ်ထာဝရအသက် ကျင့်စဉ်ကို ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ အပိုင်း (၅)ပိုင်းကို ရရှိထားပါတယ်"

"……"

ဆွန်းမို တစ်ယောက် ပျော်ရမလား၊ ဝမ်းနည်းရမလား မသိတော့ပေ။ အရမ်းတောက်ပြီး ထူးခြားနေသဖြင့် အထူး အကျိုးရှိနိုင်သည်။ ဒါပေမယ့်လည်း “အပိုင်းပိုင်း ကွဲနေတယ်’ ဆိုတဲ့ စကားကြောင့် စိတ်အားထက်သန်မှုများ သေဆုံးသွားသည်။

ဆွန်းမိုသည် စုဆောင်းရတာ တော်တော်မုန်းသည်။ လျှို့ဝှက်ဆန်းကြယ်တဲ့ လိပ်ခွံတောင် စုဆောင်းလို့ မပြီးသေးပါ။ အခုလည်း

အပိုင်းပိုင်း ကွဲနေတဲ့ သူတော်စင်ကျင့်စဉ် တစ်ခု ရှိလာပြန်သည်။

“ဒါတွေကို ဖြေရှင်းဖို့ ဘယ်လောက် ပိုက်ဆံ ဖြုန်းရမလဲ”

ဆွန်းမို သက်ပြင်းချလိုက်သည်။

“စုစုပေါင်း ဘယ်နှစ်ပိုင်း ရှိလဲ”

“ကိုး ပိုင်း”

စနစ်က ပြန်ဖြေသည်။

"မအလ၊ ငါ့အတွက် ခက်ခဲအောင် တမင်လုပ်နေတာလား"

ဆွန်းမိုက မကျေမနပ်နဲ့ စနစ်ထဲက စတိုးဆိုင်ကို ချက်ခြင်း ဖွင့်လိုက်သည်။

"စစ်ဆေးစရာမလိုဘူး။ ဒီဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်က အရမ်း အစွမ်းထက်ပြီး ရှားပါးတဲ့ ကျင့်စဉ် တစ်ခုပါ။ ဒါကြောင့် ဈေးဆိုင်မှာ မရောင်းချဘူး"

"တစ်ပိုင်းခြင်းစီ ကျင့်ကြံလို့ ရလား"

ဆွန်းမိုက မေးလိုက်သည်။

“မင်း မလုပ်နိုင်ဘူး။ ဒါပေမယ့် ပထမအပိုင်းကိုတော့ လုပ်နိုင်တယ်”

စနစ်က ပြုံးပြီး

“မင်းသေရမှာမကြောက်ရင်တော့ စမ်းကြည့်လို့ရတယ်”

“....”

ဆွန်းမို စိတ်ထဲက ကျိန်ဆဲလိုက်သည်။ အသံထွက်ပြီး ဆဲလိုက်ချင်သည်။ ထားလိုက်ပါတော့။ ထူးခြားဆန်းကြယ် ထာဝရအသက် မိတ်ဆက်ကို အရင်ဆုံး ဖတ်လိုက်သည်။

ဒီထူးခြားဆန်းကြယ်တဲ့ ကျင့်စဉ်တွင် စုစုပေါင်း ၁၈ဆင့် ရှိသည်။ စက်ဝိုင်းကြီး အဆင့်သို့ အောင်မြင်သွားပါက ထာဝရအသက်ကို ပျော်ဝင်ပြီး မသေမျိုး အဖြစ်သို့ ပြောင်းလဲသွားမည်။

“ငါလို……၊ နည်းနည်းလေး ချဲ့ကားလွန်းပါတယ်ကွာ”

ဆွန်းမို မယုံပါ။

“မသေနိုင်တဲ့ လူဖြစ်လာမှာလား။ မသေမျိုးဆိုတာ ဘာလဲ”

ဆွန်းမို ခနဲ့တဲ့တဲ့ ပြောနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒါက စကားပုံတစ်ခုပဲ။ မင်းက ဘာသာစကားကို ကာယဆရာဆီက သင်ခဲ့တာလား”

စနစ်က အထင်သေးအမြင်သေးနဲ့ ပြောလိုက်သည်။

“ကာယဆရာက ဒါကို တာဝန် မယူဘူး”

ဆွန်းမို နှုတ်ခမ်းထော်သွားသည်။ ဒီတစ်ကြောင်းကလွဲလျှင် ထူးခြားဆန်းကြယ် ထာဝရအသက် ကျင့်စဉ်တွင် တိကျတဲ့ မိတ်ဆက်တစ်ခုမှ မရှိပေ။ အမှန်အတိုင်းဆိုရင် ဒါကြီးကို ဖျက်ဆီးချင်စိတ် ပေါက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း စိတ်ထိန်းလိုက်သည်။ ဆားနယ်ငါးမှာတောင် အိပ်မက် ရှိသည်။ တစ်နေ့နေ့မှာအားလုံး စုဆောင်းနိုင်ခဲ့ရင် ဘယ်လို လုပ်မလဲ။

ဆွန်းမို အိပ်မပျော်သဖြင့် လေဘုရင် ခန်းမကိုသွားပြီး နတ်ဘုရားခွန်အားအသီးကိုစားကာ အဆင့်တက်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ကူရှပ်ရှင်းတံခါး ခေါက်သံကြောင့် စိတ်အနှောက်အယှက် ဖြစ်သွားသည်။

“ဒါက ဘာလဲ”

ဆွန်းမို အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ (ညတောင် တော်တော်နက်နေပြီ။ မင်းအိပ်မပျော်တာနဲ့ လုပ်ဖော်ကိုင်ဖက် ယောကျ်ားလေး အခန်းကို ပြေးလာစရာလား။ ဒီလိုလုပ်နေရင် မင်းနာသွားမယ်နော်)

"မင်းရဲ့ အိမ်အကူက လင်းကျောင်ရင်ပြင်မှာ ကျန်ခဲ့တယ်"

ကူရှုပ်ရှင်း ပြောပြီးတာနဲ့ ဘုရင်ခံဖန်းရဲ့ အိမ်အကူလေးက ဘေးနားမှာ ရပ်နေတာ တွေ့လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီအစေခံက သခင်ကြီးကို အရိုအသေပေးပါတယ်"

အစေခံလေးက လေးစားစွာ အော်ဟစ်ပြီး ဒူးထောက်ကာ အရိုအသေ သုံးကြိမ် ပေးလိုက်သည်။

"ငါ့ကို သခင်ကြီးလို့ မခေါ်နဲ့"

ဆွန်းမို ဒီအတွက် ဒုက္ခရောက်နေသည်။

ဒီအချိန်မှာ ဒေါင်ဟီ ထွက်လာသည်။ အစေခံလေးကို မြင်လိုက်လျှင် အန္တရာယ် အာရုံခံစားလိုက်မိသည်။ အနည်းငယ် အားကိုးရာမဲ့သလို ခံစားလိုက်ရသည်။

သူမသခင်ရဲ့ ထူးချွန်မှုနဲ့ဆိုလျှင် အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေက သူ့ဆီမှာ မှတ်ချက်ကောင်း ရဖို့အတွက် သူတို့ဆီက အမျိုးသမီးတွေကို လွှတ်လိုက်မှာ သေချာသည်။

ရီကွေးသည် ခေါင်းငုံ့ပြီး လည်ပင်းလည်း ကျုံ့သွားသည်။ ထို့နောက် ကြမ်းပြင်ပေါ် မျက်ရည် စီးကျလာသည်။

“ဘာဖြစ်လို့ သူမကို ကြောက်နေတာလဲ”

ကူရှုပ်ရှင်းက ဆွန်းမိုကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

“ငါ တောင်းပန်ပါတယ်’

ဆွန်းမို မချီပြုံး ပြုံးလိုက်သည်။ ခေတ်မီတဲ့လူတစ်ယောက် အနေနဲ့ အိမ်အကူမလိုပါ။ သူ့ဘာသာသူပဲ လုပ်နိုင်သည်။

“သူမကို လိုချင်လား”

ဆွန်းမိုက အသံနှိမ့်ပြီး မေးလိုက်သည်။

“ဘာဖြစ်လို့ လိုချင်ရမှာလဲ။ သူမကို ငယ်ငယ်ကတည်းက မျိုးနွယ်စုကြီး တစ်ခုက ဝယ်ပြီး ပျိုးထောင်ခဲ့တာ သိသာနေတာပဲ။ ဆင်းရဲတဲ့ဆရာက သူမကို ဘယ်လို ထိန်းထားနိုင်မှာလဲ”

ကူရှပ်ရှင်းက မျက်လုံးပြူးပြီး ဆွန်းမိုကို သံသယစိတ်နဲ့ ကြည့်လိုက်သည်။ (မင်းက တကယ့်ငတုံးလား။ ဒါမှမဟုတ် ဟန်ဆောင်နေတာလား။ ဒီလို အိမ်အကူမျိုး အပြင်မှာ ဝယ်လို့ မရဘူး။ သူမကို ဈေးကွက်ထဲ ပို့လိုက်ရင် သူမကို ရဖို့အတွက် တိုက်ခိုက်နေကြလိမ့်မယ်)

အခန်း(၅၂၁ - က) - နတ်ဘုရားခွန်အား ဒုတိယအဆင့်။ မြတ်ဆရာသူရဲကောင်း အဆင့်ဝင်ခြင်း။

“သူမကို အန်ရှီဝေဆီ ခေါ်သွားပြီး ဂရုစိုက်ပေးဖို့ ဘာဖြစ်လို့ အကူအညီ မတောင်းတာလဲ”

ဆွန်းမိုက အန်ရှီဝေနဲ့အတူတူ အချိန်အကြာကြီး မကုန်ဆုံးခဲ့သော်လည်း သူမက ကြင်နာတတ်တဲ့ အမျိုးသမီး တစ်ယောက်ဆိုတာ သိနေသည်။ သူမရဲ့ အဆင့်အတန်းအရ အိမ်အကူ အနည်းငယ် ထားဖို့က ပြဿနာ မရှိပေ။ သူမကို ပြုစုစောင့်ရှောက်ပေးပြီး ဂရုစိုက်ပေးတဲ့ အဘွားအို နှစ်ယောက်သာ ရှိသည်။

ဒါ့အပြင် အဲဒီနှစ်ယောက်သည် အရည်အချင်း မရှိတာ ဖြစ်နိုင်သည်။ အန်ရှီဝေဆီက ထွက်သွားပြီးရင်

ရှင်သန်နိုင်မှာ မဟုတ်ပေ။ ဒါကြောင့်လည်း အန်ရှီဝေက သူမတို့ကို ဆက်ခေါ်ထားတာ ဖြစ်နိုင်သည်။

“သခင်ကြီး ၊ ငါ့ကို မစွန့်ပစ်ပါနဲ့”

အိမ်အကူလေးသည် ကြမ်းပြင်ပေါ်တွင် ဒူးထောက်ကာ ဆွန်းမိုကို အလန့်တကြား ကြည့်နေသည်။ သူမ စိုးရိမ်ပြီး အားကိုးရာမဲ့ကာ စွန့်ပစ်ခံရမည့် ကြောင်လေးတစ်ကောင်လို ဖြစ်နေသည်။

"စိတ်မပူနဲ့ ကျောင်းအုပ်ကြီးအန်က မင်းအပေါ် ကောင်းလိမ့်မယ်"

ဆွန်းမိုက သူမကို နှစ်သိမ့်လိုက်သည်။

အဝတ်လျှော်တာနှင့် အိမ်မှုကိစ္စများအတွက် ဒေါင်ဟီ တစ်ယောက်ဆို လုံလောက်နေပြီ။ ဒါ့အပြင် ရီကွေးက ငယ်ရွယ်လွန်းသည်။ သူမက ခေတ်သစ်မှာဆိုရင် ရှစ်တန်း ကျောင်းသူသာ ဖြစ်အုံးမည်။ ဒါက ကလေးအလုပ်သမား ဥပဒေနဲ့ ပြဿနာ အကြီးအကျယ် တက်သွားနိုင်သည်။

"သခင်ကြီး၊ မင်းအနားမှာပဲ နေချင်တယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရီကွေးသည် ဒူးထောက်နေရင်းနဲ့ ရှေ့သို့ အနည်းငယ်တိုးလိုက်သည်။ ဆွန်းမို ခြေထောက်ကို ဖက်ထားချင်သော်လည်း မလုပ်ရဲပါ။

"ဂီတ၊ စစ်တုရင်၊ လက်ရေးလှနှင့် အနုပညာတွေကို ငါသိပါတယ်။ ကုတင်ခင်းပြီး စောင်လည်း ခေါက်တတ်ပါတယ်။ အဖွားက ပိန်တယ်လို့ ပြောပေမယ့် ငါကြိုးစားပြီး များများစားပါ့မယ်။ တတ်နိုင်သလောက် ခံနိုင်အောင် ကြိုးစားပါမယ့်"

ဆွန်းမို မဲ့သွားသည်။ (ဒါက ဘာပြောချင်တာလဲ။ ငါက နတ်ဆိုးလား)

ဒေါင်ဟီက ဆွန်းမို အမူအရာကို ခိုးပြီး အကဲခတ်နေသည်။ ယောက်ျားတချို့က ဒီလိုမျိုး မိန်းကလေးတွေကို အရမ်းစိတ်ဝင်စားကြသည်။

ဆွန်းမိုက လေးနက်တဲ့လူဖြစ်ပြီး ကိုယ်ကျင့်တရားက သာမန်ထက် မြင့်မားတာ ကျေးဇူးတင်ရမည်။

“သခင်လိုအပ်တာ သန့်ရှင်းရေးလုပ်ပြီး အဝတ်လျှော်နိုင်တဲ့ အိမ်အကူမျိုးပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခေါင်ဟီ ခိုးပြီး နှုတ်ခမ်းစူလိုက်သည်။ (အရည်အချင်းလား။ ငါ့မှာလည်း ရှိပါတယ်)

"အမ်"

ရီကွေး အံ့အောသွားသည်။ သူမလိုမျိုး အိမ်အကူက အဆင့်အတန်း မြင့်မားသည်။ အမှားအယွင်း မရှိခဲ့လျှင် မယားငယ် ဖြစ်လာဖို့ ပြဿနာ မရှိပါ။ တကယ်လို့ ကံကောင်းပြီး အဓိက ဇနီးဖြစ်သူရဲ့ အရိုက်မခံရဘဲ ကလေးမွေးနိုင်ခဲ့လျှင် အခြေခံအားဖြင့်တော့ အသက်ကြီးလာတဲ့အခါ

အေးချမ်းသာယာတဲ့ ဘဝတစ်ခုမှာ နေထိုင်သွားနိုင်မည်။

သန့်ရှင်းရေး လုပ်ဖို့လား။

ရီကွေးသည် သူမလက်ကို ပြန်ကြည့်လိုက်ပြီး လေးနက်စွာ ခေါင်းညိတ်လိုက်သည်။

"ငါ သင်နိုင်ပါတယ်။ ငါက ငယ်ပါသေးတယ်။ မြန်မြန် သင်လိုက်ပါ့မယ်"

"ဟေး၊ ဒါက ဘာပြောတာလဲ။ ငါက အသက်ကြီးတယ်လို့ ပြောနေတာလား"

ဆွန်းမိုအရှေ့မှာ ဖြစ်နေသဖြင့် စိတ်ထဲကနေပဲ ဝေဖန်ရဲသည်။

သေချာတာကတော့ သူ့အရှေ့မှာ စောဒက မတက်ရဲပါ။

“ဒါဆိုလုံလောက်ပြီ။ ငြင်းခုန်နေတာ ရပ်လိုက်တော့။ ဒေါင်ဟီ၊ သူမအိပ်လို့ရအောင် ပထမထပ်က အခန်းတစ်ခန်း ပေးလိုက်သည်။ ငါ့မှာ အချိန်ရှိရင် ဂရုစိုက်ပါ့မယ်”

ဆွန်းမိုက ဒီလို အသေးအဖွဲ့ ကိစ္စများနဲ့ အချိန်မကုန်ချင်ပါ။

“ပြီးတော့ ငါ့အမိန့်မရဘဲ ဝင်ခွင့်မပြုတဲ့ အခန်းတချို့လည်း ရှိသေးတယ်”

“ငါ့ကို ခေါ်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ်၊ သခင်ကြီး”

အစေခံလေးသည် အရမ်းပျော်ကာ အရိုအသေ ပေးလိုက်သည်။

ဒီပုံစံကို မြင်လိုက်လျှင် ဆွန်းမိုသည် ခံစားချက်ကို မထိန်းနိုင်တော့ပေ။ တကယ်ကို ယုတ်ညံ့တဲ့ ပဒေသရာဇ် အယူအဆ တစ်ခုပဲ။ ဒီလို

အစေခံတစ်ယောက်ရဲ့ ကြီးမားတဲ့ မျှော်လင့်ချက်က မိသားစုကောင်းတစ်ခုမှာ အမှုထမ်းနိုင်ဖို့ ဖြစ်နေသည်။

ကူရှုပ်ရှင်းသည် အစေခံလေးကို ခေါ်သွားတဲ့ ဒေါင်ဟီကို အကဲခတ်နေသည်။ သူမရဲ့ အကြည့်များက ဒေါင်ဟီရဲ့ ခြေထောက်ကို မကြည့်ဘဲ မနေနိုင်တော့ချေ။

"ဘာကြည့်တာလဲ"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ (မင်းက တကယ်ပဲ လိင်တူချစ်သူလား)

"မင်း သူမကို လုပ်ပြီးပြီလား"

ကူရှုပ်ရှင်းက သိချင်စိတ်နဲ့ မေးလိုက်သည်။

“ဘာလုပ်ရမှာလဲ”

ဆွန်းမို အူကြောင်ကြောင် ဖြစ်သွားသည်။

“ဘာမှမဟုတ်ပါဘူး”

အကြောင်းတစ်ခုခုကြောင့် ကူရှုပ်ရှင်းသည် ဆွန်းမိုရဲ့စကားကိုကြားပြီး ချိုမြိန်စွာ ပျော်ရွှင်သွားသည်။ သူမသဘောကျတဲ့ ဒီလူက တကယ်ပဲ ကို့ကိုယ်ကို ထိန်းချုပ်ပြီး ဂုဏ်သိက္ခာ ရှိနေသည်။ သူက တွေ့ကရာနဲ့ လိုက်မရှုပ်ပေ။

အမှန်တိုင်းပြောရလျှင် ဒေါင်ဟီက လှသည်။ ဒီလိုမှမဟုတ်ရင် ကျန့်ချင်ဖန်က ကြီးကြီးမားမား အကုန်ကျခံပြီး အားထုတ်ကာ သူမကို ပျိုးထောင်ခဲ့မည် မဟုတ်ပါ။ ဒါပေမယ့် ဆွန်းမိုကတော့ တုတ်တုတ်မှ မလှုပ်ပေ။

တကယ်လို့ တခြားသူသာဆိုလျှင် ဒေါင်ဟီကို ဖွတ်ဖွတ်ညှပ်ညှပ်ကြေအောင် ဝါးစားနေလောက်ပြီ။

“ငါ အိပ်တော့မယ်”

ကူရှုပ်ရှင်း ပြန်သွားချင်ပေမယ့် ရုတ်တရက် စိတ်ပြောင်းသွားသည်။ (ဒါကို ငါက မင်းကို

ဆုပေးတယ်လို့ သတ်မှတ်လိုက်မယ်။ ညဘက် ငါ့ကို လာစော်ကားရင် ဘာမှမသိသလို ဟန်ဆောင် ပေးလိုက်မယ်)

"..."

ဆွန်းမို ဆွံ့အသွားသည်။ (ငါ့နေရာက ဟိုတယ် မဟုတ်ဘူး။ မင်းက အပေါ်ထပ်ကို တက်တဲ့လမ်းနဲ့ ဘာဖြစ်လို့ ဒီလောက် ရင်းနှီးနေရတာလဲ)

ကူရှုပ်ရှင်းသည် ဆွန်းမို ပြောတာကို မကြားသဖြင့် ပြန်လှည့်ကြည့်လိုက်သည်။ ဆွန်းမိုရဲ့ တအံ့တသြဖြစ်နေတဲ့ မျက်နှာကိုမြင်ပြီး ချက်ခြင်း

မျက်နှာနီသွားသည်။ သူမရဲ့ လုပ်ရပ်က ဘယ်လိုတောင် မသင့်တော်မှန်း ရုတ်တရက် တွေးမိသွားသည်။

"နေ……နောက်ကျနေပြီ။ ငါသာ အခုပြန်သွားရင် ငါ့အခန်းဖော် အနှောက်အယှက် ဖြစ်သွားလိမ့်မယ်"

ကူရှုပ်ရှင်း ဆင်ခြေတစ်ခုပေးလိုက်သည်။

"မင်းတစ်ယောက်တည်း နေတာ မဟုတ်ဘူးလား"

ဆွန်းမို ရုတ်တရက် အံ့အောသွားသည်။

"ဘယ်တုန်းက အခန်းဖော်ရှိသွားတာလဲ"

"ဆွန်းမို၊ ပါးစပ်ပိတ်"

စနစ်တောင် ထပ်ပြီး သည်းမခံနိုင်တော့ဘဲ ရုတ်တရက် ထပြောလိုက်သည်။ (မင်းက တစ်သက်လုံး တစ်ယောက်တည်း သမား ဖြစ်မယ့်ကောင်။

"ပြီးခဲ့တဲ့ ရက်ပိုင်းက"

ကူရှုပ်ရှင်းသည် စကားကို တစ်ဝက်တစ်ပျက် ပြန်ဖြေပြီး အပေါ်ထပ်သို့ လျှင်မြန်စွာ ပြေးတက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟွန့်၊ ငါ့မှာ အခန်းဖော်ရှိတယ်ပြောရင် ရှိတယ်ပေါ့။ ငါမလိမ်ဘူး"

ကူရှူပ်ရှင်း စိတ်ထဲကပြောလိုက်ပေမယ့် ရုတ်တရက် ပါးတွေ ပူလာသည်။ သူမကိုယ်သူမလည်း အပြစ်တင်လိုက်ပြီး

"ကူရှူပ်ရှင်း၊ ဘာတွေလုပ်နေတာလဲ။ ဘာဖြစ်လို့ ဒီလောက်တောင် အရှက်မဲ့နေရတာလဲ။ မင်းက တကယ်ပဲ မင်းရဲ့အနာဂတ် ခင်ပွန်းလောင်းအပေါ် မတရားအောင် လုပ်နေတာလား)

....

ဆွန်းမို လေဘုရင်ခန်းမသို့ ရောက်သွားလျှင် တပြည့်ခြောက်ယောက်နဲ့ ချီရှန်ကျားတို့ နှုတ်ဆက်ရန် ရောက်လာသည်။

“ဆရာ၊ ဒီလမ်းပါ”

လီဇီချီက ဆွန်းမိုကို အခန်းလေးတစ်ခုဆီ ခေါ်သွားသည်။ ဒီနေရာကို ဆွန်းမို သီးသန့်သုံးနိုင်ရင် ချန်လုံနဲ့အတူတူ ရှင်းထားခဲ့သည်။

လီဇီချီသည် မဟာတန်အင်ပါယာရဲ့ မင်းသမီးလေး ဖြစ်သော်လည်း လူတွေစောင့်ရှောက်တဲ့ နေရာမှာ တော်တော်လေး အလေးသာသည်။

လုချီဟွာကတော့ တွေးကို မတွေးမိပါ။ အင်ဘိုင်ဝူကတော့ နိမ့်ပါးတဲ့ နောက်ခံက ဆင်းသက်လာသဖြင့် ဒီလိုအရာများကို မသိပေ။ ရှန်ယွန်ပေါင်ကတော့ တချိန်လုံး တိုက်ခိုက်ဖို့ကလွဲလျှင် ဘာပြဿနာ အကြောင်းမှ မတွေးပါ။

ထန်ထန်ယုထန်ကတော့ ဒီအရာတွေကို သိသော်လည်း ဆွန်းမိုအပေါ် ဒီလောက်အထိ မလေးစားသေးပါ။ ချန်လုံကတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အပြင်ပန်းအေးစက်ပေမယ့် နှလုံးသားက နွေးထွေးသည်။

"ငါ့ကို ကူညီပြီး စောင့်ပေးကြအုံး"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

တပြည့်တွေ ထွက်သွားတာနဲ့ နတ်ဘုရားခွန်အား အသီးတစ်လုံးကို ထုတ်ယူကာ တင်ပလေခွေ ထိုင်လိုက်သည်။ အသီးက သစ်ကြားသီး အရွယ်လောက်ရှိပြီး ထူးဆန်းတဲ့ ပုံရိပ်များစွာ ပါရှိသည်။

ဒီပုံရိပ်များသည် ပုံစံအတည်တကျ မဟုတ်ဘဲ ထူးခြားဆန်းကြယ်တဲ့ ပုံစံ အမျိုးမျိုးရှိနေသည်။ သူတို့ကို ကြည့်လိုက်လျှင် စကားလုံး တမျိုးမျိုး အင်းရုပ်တစ်မျိုးမျိုးနဲ့ တူနေပြီး မှိန်ဖျော့ဖျော့ အလင်းရောင်ထွက်ပေါ်နေကာ ညာဏ်မမှီလောက်သော ဆန်းကြယ်တဲ့ ဆွဲဆောင်မှု အာရုံကို ဖြစ်ပေါ်စေသည်။ ဆွန်းမိုသည် ဒါကို တစ်ချက်ကြည့်ပြီးနောက် အကြည့်လွှဲဖို့ ခက်နေသည်.

ဒီအသီးသည် အရမ်းထူးဆန်းပြီး ဆန်းကြယ်လှသည်။ ဒီအသီးကို သာမန်လူတွေ

မြင်လိုက်လျှင် သူတို့အတွက် သိမ်းထားဖို့ အရင်တွေးမိကြလိမ့်မည်။

ဆွန်းမိုမှာ ဒီလိုအသီး နှစ်လုံးရှိနေသည်။ ဒီနှစ်လုံးကို နှိုင်းယှဉ်ကြည့်ပြီးနောက် ပုံတွေ မတူညီတာကို သဘောပေါက်သွားသည်။ ဒါပေမယ့်လည်း ဒါတွေကို စိတ်မဝင်စားတော့ပေ။ သူ့အတွက် ဦးစားပေးက အဆင့်တက်ဖို့ ဖြစ်သည်။

ဒါကို ချက်ပြုတ်ရန် မလိုဘဲ တန်းစားလိုက်ရုံနဲ့ အလုပ်ဖြစ်သည်။ ဒါပေမယ့် ပြဿနာ တစ်ခုတော့ရှိသည်။ သစ်သီးထဲမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားခွန်အားတွေ ပါဝင်နေသောကြောင့် ခံနိုင်ရည် မရှိဘဲစားလိုက်ပါက ခန္ဓာကိုယ် ပေါက်ကွဲပြီး သေသွားနိုင်သည်။

ဆွန်းရဲ့ ရုက္ခဗေဒ အသိပညာကို အခြေခံပြီး စဉ်းစားရရင် ဒီအသီးကို နတ်ဘုရားခွန်အား နယ်ပယ် ရောက်မှဘဲ စားသုံးလို့ ရသည်။ အန္တရာယ် လုံးဝကင်းချင်ရင် နတ်ဘုရားခွန်အား အဆင့် (၃) တွင် ရှိနေရမည်။

ဒါပေမယ့်လည်း ဆွန်းမိုက အဲဒီအဆင့်အထိ ရောက်အောင် မစောင့်နိုင်တော့ပါ။

ဂျွတ် ဂျွတ်

အရသာက ပန်းသီးတစ်လုံးကို ကိုက်စားရသလို ဖြစ်နေပြီး ကြွတ်ဆက်ကာ အရည်ရွှမ်းသည်။ ဝါးနေရင်းနဲ့ အရသာမရှိတဲ့ အရည်တစ်မျိုး စိမ့်ထွက်လာသည်။ ဆွန်းမို မျိုမချရသေးခင် ပူပြင်းတဲ့စမ်းချောင်းတစ်ခု အဖြစ်ပြောင်းသွားပြီး လည်ချောင်းမှတဆင့် ဗိုက်ထဲသို့ ရောက်သွားသည်။

ပါးစပ်ထဲကို ရေနွေးလောင်းထည့်လိုက်သလိုမျိုး ချက်ခြင်း ပူလောင်လာသည်။

"မအလ"

ဆွန်းမို တစ်ယောက် ဆဲရုံမှလွဲလျှင် ဘာမှ မတတ်နိုင်တော့ပေ။ ဒီအပူကြောင့် အရမ်းနာကျင်နေသည်။ ထို့နောက် အနည်းငယ်ကြာတဲ့ အချိန်တွင် ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ ထည့်လိုက်သလို နီရဲလာသည်။

ဖောက် ဖောက် ဖောက်

ဆွန်းမို ကိုယ်ကနေ အဖြူရောင် အခိုးအငွေ့များ စတင် စိမ့်ထွက်လာသည်။ သိပ်မကြာခင် သူရှိတဲ့ အခန်းတစ်ခုလုံး မြူခိုးတွေ ပြည့်နှက်သွားသည်။

စွယ်စုံကျမ်း အသိပညာကို ကို့ကိုယ်ကို ပြန်သုံးလိုက်ပြီးနောက် အပြည့်အဝ အာရုံစိုက်နေတဲ့ အခြေအနေကို ဝင်ရောက်သွားသည်။ ဒီနတ်ဘုရားခွန်အားကို ချေဖျက်ရန်အတွက် သဏ္ဍာန်မဲ့ မြင့်မြတ်စကြ်ြဝဠာ ကျင့်စဉ်ကို စတင်ပြီး လည်ပတ်လိုက်သည်။

မျှော်လင့်ထားတာထက် အနည်းငယ် ပိုခက်နေသည်။

ဆွန်းမို မျက်လုံးမှိတ်ထားသဖြင့် သူ့အရေပြားပေါ်မှာ လက်သီးအရွယ် အလုံးများ

စူထွက်နေသည်။ ရုတ်တရက် ကျယ်လောင်တဲ့အသံ ပေါ်လာပြီး ကွဲအက်သွားသည်။ လမ်းကြောင်း အမျိုးမျိုး ကွဲထွက်သွားပြီး လက်သီးဆုတ်အရွယ် အဖုလေး အဖြစ် ပြောင်းလဲသွားသည်။

ဆွန်းမိုသည် နာကျင်လွန်းသဖြင့် မျက်ရည် ကျလုမတတ် ဖြစ်နေသည်။ တကယ့် ဒုက္ခက မလာသေးပါ။ ဒီအဖုများက ရုတ်တရက် ပေါက်ကွဲသွားပြီး သွေးတွေ စီးထွက်လာသည်။ လေထဲသို့ ဝဲပျံ့သွားကာ သွေးပုံရိပ်တစ်ခု ဖြစ်လာကာ ဝိညာဉ်ချီများ စုရုံးလာသည်။

သွေးပုံရိပ်က အပြာရောင် တောက်ပလာသည်။

ဝူးရှဲ

ဆွန်းမို မျက်လုံးဖွင့်ပြီး လက်သီး ထိုးထုတ်လိုက်သည်။

ထာဝရ အယူဝါဒ၊ မဟာဂရုဏာ။

ဘုန်း

သွေးပုံရိပ် လွင့်စင်ပြီး ပျောက်ကွယ်သွားသည်။ ဒါပေမယ့်လည်း နောက်တစ်ကြိမ် ပြန်လည်စုစည်းလာပြီး ရေပိုက်ခေါင်းလို့မျိုး ဝိညာဉ်ချီတွေကို ပိုဆွဲဆောင်လာသည်။

ဆွန်းမို ဒုတိယမြောက် လက်သီးချက်ကို ထိုးထုတ်လိုက်သည်။

ဘုန်း။

"စိတ်လျှော့၊ ကြောက်နေစရာမလိုဘူး"

ဆွန်းမိုက သွေးတွေကိုစိုက်ကြည့်ရင်း ကို့ကိုယ်ကို သတိပေးနေသည်။ ဒါပေမယ့်လည်း စိတ်တွေက ဂယောက်ဂယက် ဖြစ်နေသည်။ ဘာဖြစ်လို့လဲဆိုတော့ သွေးတွေထဲတွင် နတ်ဘုရား ခွန်းအား တချို့ရှိနေသည်။ ဒါကြောင့် ဆွန်းမို မူးဝေလာသည်။

အမြင်အာရုံတွေလည်း မှုန်ဝါးလာပြီး အားနည်းလာသည်။

ဒါက ကောင်းကင်နှင့် မြေကြီးမှာရှိတဲ့ ရတနာတစ်ခုပါ။ လူတစ်ယောက်က တော်တော်ကံကောင်းမှဘဲ ဒါကို ရလိမ့်မည်။ အရည်အချင်းမပြည့်မီဘူး ဆိုရင်တော့ ကောင်းတာထက် နာကျင်တာက ပိုများလိမ့်မည်။

ဒါပေမယ့် ဆွန်းမိုကတော့ နောင်တမရပါ။ ခေါင်းမာပြီး အရှုံးကို လက်မခံချင်တဲ့ အခက်အခဲနဲ့

ကြုံလာလျှင် မြန်မြန်ဖြေရှင်းနိုင်မည့် နည်းလမ်းကို စဉ်းစားလေ့ရှိသည်။

"မစားနိုင်ရင် ချေမွမယ်"

ဆွန်းမို အနည်းငယ် တောင့်ခံထားသော်လည်း သွေးတွေက ပိုစုလာပြီး ဝိညာဉ်ချီတွေလည်း ပိုများလာသည်။ ကြည့်ရတာတော့ လက်လျှော့ဖို့ ခက်သထက်ခက်လာပြီး ရှိသမျှ ညှစ်ထုတ်လိုက်တော့သည်။

အကာန်နဲ့အသက်မဲ့ ပင်လယ်။ အနိစ္စ။

ဆွန်းမို လက်နှစ်ဖက်စလုံးကို အပြင်းအထန် ထိုးထုတ်လုက်ကာ ပြင်းထန်တဲ့ စွမ်းအားနဲ့ သွေးပုံရိပ်ကို ရိုက်ချလိုက်သည်။ တိုက်ခိုက်လိုက်တာနဲ့ အမှု တစ တစ ပြိုကွဲလာသည်။

နှလုံးသား မရှိတဲ့ဗုဒ္ဓ။ မူလနှလုံးသား။

အခန်း(၅၂၁ - ခ) - နတ်ဘုရားခွန်အား ဒုတိယအဆင့်။ မြတ်ဆရာသူရဲကောင်း အဆင့်ဝင်ခြင်း။

အညစ်အကြေး အားလုံးကို ဆေးကြောသန့်စင်နိုင်ခဲ့တဲ့ ဗုဒ္ဓရဲ့ နဗ္ဗာန်ဘုံအလား အခန်းတစ်ခုလုံးသည် မြင့်မြတ်တဲ့ အရောင်အဝါတွေနဲ့ တောက်ပလာသည်။

ဘုန်း ဘုန်း ဘုန်း

ပြင်းထန်တဲ့ စွမ်းအားတွေကြောင့် သွေးပုံရိပ် ပြိုကွဲသွားသည်။ အပြာရောင် အလင်းတန်းတွေက

လေထဲတွင် အစက်အပြောက်လေးတွေ အဖြစ် လွင့်စင်ပြီး ကျန်ခဲ့သည်။

ဆွန်းမိုသည် တစ်ခုခုကို ရုတ်တရက် တွေးမိပြီး တော်တော်လေး အသက်ရှူကြပ်သွားသည်။

ဝူးရှ်

အဲဒီ အပြာရောင် အလင်းတန်းတွေက ဝေလငါးတစ်ကောင်က ရေတွေ စုပ်ယူနေသကဲ့သို့ ဆွန်းမို နှာခေါင်းဆီ တိုးဝင်လာသည်။

ဒီတစ်ကြိမ်မှတော့ နတ်ဘုရားခွန်အားက အရမ်းနူးညံ့နေသည်။ ဒါ့အပြင် ခန္ဓာကိုယ်က စုပ်ယူဖို့ ပိုလွယ်ကူနေသည်။

ဆွန်းမိုသည် နတ်ဘုရားခွန်အားအသီးထဲက နတ်ဘုရားခွန်အားထဲတွင် ဝိညာဉ် စွမ်းအား ရှိနေမှန်း မသိခဲ့ပေ။ ထပ်ပြီး စုပ်ယူတဲ့အချိန်တွင် အလိုလို ခုခံနေကြသည်။ စိတ်ကို ထိန်းချုပ်ကာ သူတို့၏ ဝိညာဉ်ဉာဏ်ရည်ကို ပျောက်ကွယ်အောင် လုပ်ပြီးမှပဲ ကြီးကြီးမားမား အဟာရ ပြုလာခဲ့သည်။

နတ်ဘုရားခွန်အား သစ်သီးသည် အရမ်းရှားပါးသောကြောင့် ဒီလျှို့ဝှက်ချက် ရက္ခဗေဒ မှတ်တမ်းထဲတွင် မရှိခဲ့ပါ။

ဆွန်းမိုက တရားထိုင်ပြီး စွမ်းအားတွေကို ချေဖျက်တော့သည်။ နာရီဝက်လောက် ကြာတော့ မျက်လုံးပွင့်လာသည်။

မျက်လုံးထဲတွင် လျှပ်စီးကြောင်းတစ်ခု ဖျက်ကနဲ တောက်ပသွားသည်။

ဒါပေါ့။ ဆွန်းမိုရဲ့ အမြင်တွေသည် ပိုရှင်းလင်းလာခဲ့သည်။ နတ်ဘုရားခန်းမ နံရံပေါ်က

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အက်ကွဲကြောင်းတွေ၊ လေထဲမှာ လွင့်ပျံနေတဲ့ ဖုန်မှုန့်တွေအပြင် တွားသွားနေတဲ့ ပိုးကောင်တွေရဲ့ အသံကိုပင် ကြားနေရသည်။ ဆွန်းမိုရဲ့ အာရုံခြောက်ပါးစလုံး ထက်မြတ်လာသည်။

ဖောက် ဖောက်

ဆွန်းမို အဆက်မပြတ် လက်သီးထိုးလိုက်လျှင် လေသံ ၊ မိုးသံတွေ မြည်ဟီးလာသည်။

နတ်ဘုရားခွန်းအား နယ်ပယ်သည် ကိုယ်ခန္ဓာထဲမှ နတ်ဘုရားခွန်အားကို ထုတ်ပေးတဲ့ အဆင့်ဖြစ်သည်။ အဆုံးအစွန်အထိ လေ့ကျင့်ပြီးတဲ့ အချိန်တွင်

တောင်တွေကို ရွှေ့ပြီး ပင်လယ်ကိုမှောက်ကာ တစ်နေ့မှာ လီပေါင်း တစ်ထောင်လောက် ခရီးသွားနိုင်သည်။

နတ်ဘုရား ခွန်အားဆိုတာ ဘာလဲ။

ဒါက နတ်ဘုရား တစ်ပါးရဲ့ အစွမ်းပါ။ သာမန်လူတွေ လိုက်မမှီတဲ့၊ သူတို့ စဉ်းစားနိုင်စွမ်းထက် ကျော်လွန်ပြီး မယုံနိုင်စရာကောင်းတဲ့ စွမ်းအားကို ကိုယ်စားပြုသည်။ ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်သည် သေမျိုးနဲ့ လက်တစ်ကမ်းအကွာတွင် ရှိနေတယ်လို့

ပြောလို့ရသည်။ ဒါပေမယ့် နတ်ဘုရားခွန်အား နယ်ပယ်သို့ ခြေတစ်လှမ်း လှမ်းပြီးတဲ့နောက် ဘဝပုံစံ အသစ်တစ်ခုဆီသို့ စတင်ပြောင်းလဲလာပြီ။

သာမန်လူတွေရဲ့ သက်တမ်းက နှစ်တစ်ရာ ဖြစ်ပေမယ့် သက်ရှည်နယ်ပယ် ရောက်သွားတဲ့ လူတွေက နဲပျိုတဲ့အသွင်အပြင်ကို ထိန်းသိမ်းပြီး နှစ်ရာဂဏန်းလောက် အသက်ရှင်နိုင်သည်။ ဘာဖြစ်လို့ ဒီလို ဖြစ်ရတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ ကိုယ်ထဲတွင် နတ်ဘုရားခွန်အားများ ပြည့်လျှံနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီခံစားချက်ကို ဖော်ပြဖို့ ခက်ခဲသော်လည်း ဆွန်းမိုသည် သူပြောင်းလဲသွားတယ် ဆိုတာတော့ ခံစားမိနေသည်။

အခုတော့ ဆွန်းမိုသည် သူ့အရှေ့က ကမ္ဘာကြီးကို ပိုရှင်းရှင်းလင်းလင်း ခံစားနိုင်နေသည်။ အထင်ရှားဆုံး အပြောင်းအလဲက သူငြိမ်သက်သွားနေတဲ့ အချိန်တွင် ဝိညာဉ်ချီ အစက်အပျောက်များ သူ့ကိုယ်ထဲ စီးဆင်နေတာ ခံစားသိရှိ နေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်တုန်းကတော့ သန့်စင်တဲ့ ဝိညာဉ်ချီ ဖြစ်ပေမယ့် အခုအချိန်မှာတော့ အသက်ရှိနေတဲ့ သက်ရှိလို မြင်နေရသည်။

ဘာပဲဖြစ်ဖြစ် ဆွန်းမို အရမ်းလန်းဆန်း တက်ကြွနေသည်။ သူတော်စင်ဂိတ်ကို နင်းချေပြီး မဟာကိုးပါး ကျောင်းတွေကို အနိုင်ယူဖို့တောင် ပြဿနာ မရှိသလို ခံစားနေရသည်။

“ဆရာ၊ အဆင့်တက်သွားတဲ့ ဂုဏ်ပြုပါတယ်”

ဆွန်းမို နတ်ဘုရားခန်းမသို့ ထွက်လာလျှင် တပြည့် ခုနှစ်ယောက်က ချက်ခြင်း ရောက်လာပြီး ဂုဏ်ပြုနေကြသည်။

ကျရှုံးဖို့လား။

ရှိကို မရှိတာ။

တိုက်ခိုက်ရေးစွဲလမ်းသူ၏ ဆွန်းမိုကိုကြည့်တဲ့ အကြည့်တွေထဲတွင် လေးစားမှုများနဲ့ ပြည့်နှက်နေသည်။

အသက် ၂၁နှစ်နဲ့ နတ်ဘုရားခွန်အား ဒုတိယအဆင့်သို့ ရောက်တော့ မြတ်ဆရာတွေ

ကြားမှာတောင် သေချာပေါက် ဂုဏ်ယူ ဝံ့ကြွားနေလို့ ရသည်။ မြတ်ဆရာတွေနှင့် ကျင့်ကြံသူတွေက မတူညီကြပါ။ ကျင့်ကြံသူတွေက ကျင့်ကြံရသလို လူတွေကိုလည်း သွန်းသင်ဆုံးမပြီး သင်ကြားပေးရသေးသည်။ သူတို့ကိုယ်တိုင်လည်း အသစ်အသစ်တွေကို လေ့လာနေရသည်။

"ကျွန်တော်လို အမှိုက်က ဆရာ့တောင်ပံအောက်မှ သင်ကြားခွင့်ရတာ သုံးဘဝ မဟုတ်သေးဘူး ဆယ်ဘဝစာ ကောင်းချီးပဲ"

ချီရှန်ကျား အရမ်းဂုဏ်ယူနေသည်။

ဒင်

ချီရှွန်ကျား၏ လေးစားအထင်ကြီးမှု +၁၀၀။ ရှိသေ (၂၃,၅၀၀/၁၀၀,၀၀၀)

“မင်းတို့တွေ ကြိုးကြိုးစားစား ကျင့်ကြံကြပါ။ ငါ ကြယ် ၂ ပွင့် အဆင့်အထိ တက်လှမ်းနိုင်မလား။ မတက်လှမ်းနိုင်ဘူးလားဆိုတာ မင်းတို့အပေါ် မူတည်နေပြီ”

ဆွန်းမိုက တိုးတိုးလေး ရယ်ပြီး ပြောလိုက်သည်။

ဒီစကားကိုကြားလျှင် လီဇီချီ အနည်းငယ် စိတ်ပျက်သွားသည်။ သူမ မပါဝင်နိုင်သဖြင့် သူမ

ဆရာဘွဲ့ရဖို့အတွက် ကိုယ်တိုင်ကိုယ်ကျ ဝင်မလုပ်ပေးနိုင်ပါ။ ကို့ကိုယ်ကို အပြစ်တင်နေပြီး အကြီးဆုံး အစ်မကြီး ဖြစ်ဖို့ မထိုက်တန်သလို ခံစားနေရသည်။

"ပျော်ပျော်နေစမ်းပါ။ လူတိုင်းမှာ ထူးချွန်တဲ့ အရာတွေ ရှိပါတယ်။ မင်း သာမည သူတော်စင်တစ်ပါး မြန်မြန်ဖြစ်လာဖို့ ငါစောင့်နေတယ်။ ဒီလို ဖြစ်လာရင် ခါးသူတော်စင် ဒါမှမဟုတ် ခါးသူရဲကောင်း မွေးထုတ်ပေးနိုင်တာထက် ပိုကြွားမိမယ် ထင်တယ်"

ဆွန်းမိုက လီဇီချီခေါင်းကို ပွတ်ပြီး ပြောလိုက်သည်။

"အမ်"

လီဇီချီစိတ်ထဲ တော်တော် ကျေနပ်သွားသည်။ အရမ်းလည်း နွေးထွေးသွားသည်။ (ဆရာက တကယ် နားလည်ပေးနိုင်တယ်။ သူနဲ့အတူတူ နေရတာ အရမ်းကောင်းတာပဲ)

"ဆရာ၊ ဆရာ ငါ့ကိုလည်း လုပ်ပေး"

လုချီဟွာ သူ့ဆီရောက်လာပြီး ခေါင်းပုတ်ခိုင်းသည်။

....

ဆွန်းမို ဘဝမှာ နောက်တစ်ကြိမ် အလုပ်ရှုပ်လာပြန်သည်။

မနက်တိုင်း စာသင်သည်။ ညဘက် စာကြည့်တိုက်မှာ လေ့လာသည်။ ပြီးတော့ တပြည့် ခုနှစ်ယောက်ကို သင်ပေးသည်။ ချန်လုံ ကိုယ်ပေါ်က ဝိညာဉ်တက်တူးတွေကို ပြင်ဆင်ပေးသည်။ အချိန် လုံးဝ မလုံလောက်ခဲ့ပါ။

အန်ရှီဝေက ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းကို ယာယီ ရပ်ခိုင်းဖို့ ကြိုးစားပြီး

စည်းရုံးခဲ့သေးသည်။ ဒါပေမယ့် ဆွန်းမို လက်မခံခဲ့ပါ။ သူ အကြွေးတင်နေသေးပြီး အရမ်း ဖိအားများနေသေးသည်။

ကြယ် ၂ ပွင့် စာမေးပွဲ မဖြေခင် တလအလိုတွင် လျှိုမူဘိုင် ခရီးထွက်သွားသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ် မြတ်ဆရာ သူ့ရဲကောင်း အဆင့်ကို ပြန်ပြီးသတ်မှတ်ခဲ့သည်။

ဆွန်းမိုက အဆင့်ဝင်ပြီး အဆင့် (၁၈) မှာ ရပ်တည်နေခဲ့သည်။

အခန်း(၅၂၂) - တောခွေးနက်ကြီး ဆွန်း နာမည် မြတ်ဆရာအသိုင်းအဝိုင်းမှာ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း။

မြတ်ဆရာ သူ့ရဲကောင်းအဆင့်သည် အသက် ၃၀ အောက် အစွမ်းထက်တဲ့ ခွန်အား၊ ထူးခြားထက်မြတ်တဲ့ အရည်အချင်း၊ အကန့်အသတ်မရှိတဲ့ အလားအလာများနှင့် ကျော်ကြားမှု ကြီးမားခြင်းများကို ထည့်သွင်း စဉ်းစားသည်။

အဆင့်ထဲ ဝင်သွားသည့် မြတ်ဆရာများသည် အနာဂတ်တွင် ကြီးမားတဲ့ အောင်မြင်မှုများကို သေချာပေါက် ရရှိလိမ့်မည်။

ငယ်ရွယ်တဲ့ မြတ်ဆရာများ၏ ကြီးထွားမှုသည် ကြောက်ဖို့ ကောင်းလှသည်။ အထူးသဖြင့် ပါရမီရှင်တွေ ဖြစ်ကြသည်။ အသက် ၃၀ မတိုင်ခင် သူတို့၏သင်ကြားမှု ဒါမှမဟုတ် ကျင့်ကြံခြင်းအဆင့် တို့သည် ဘယ်လိုပဲ ရှိနေပါစေ အရှိန်အဟုန်နဲ့ တိုးတက်လာလိမ့်မည်။

ဒါကြောင့် မြတ်ဆရာ သူရဲကောင်းအဆင့်သို့ ဝင်နိုင်တဲ့ မြတ်ဆရာများသည် အများအားဖြင့်တော့ အသက် ၂၅နှစ် အထက်များ ဖြစ်ကြသည်။ ဒီအတွက်လည်း အဖြေမရှိပေ။ သင်ကြားရေး အလုပ်အကိုင်များသည် နှစ်တွေကြာလာတာနဲ့အမျှ အတွေ့အကြုံတွေ တိုးတက်လာလိမ့်မည်။ ပိုသန်မာလေလေ ငွေပိုတန်လေလေ ဖြစ်လာကြသည်။

ဆွန်းမိုသည် အသက် ၂၁ နှစ်သာ ရှိသေးသော်လည်း အဆင့် (၁၈) ကို ရရှိနေခဲ့ပြီ။

သူတော်စင်ဂိတ်၏ အကဲဖြတ်အဖွဲ့ထံမှ မျက်နှာသာရတဲ့အချက်သည် ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲမှာ ကောင်းကင်ကို အံ့တုနိုင်တဲ့ စွမ်းဆောင်ရည် အပေါ်လုံးဝ မူတည်သည်။

ဥပမာ - ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲတွင် တုန်တုန် အပြင် ထိပ်ဆုံး ဆယ်ယောက်ထဲဝင်ခဲ့တဲ့ လျှိုမူဘိုင်နှင့် ဖန်ဝူဂျီတို့လည်း မြတ်ဆရာ သူရဲကောင်း အဆင့်သတ်မှတ်ချက်ထဲသို့ ဝင်ခဲ့သည်။ ဒါပေမယ့်လည်း သူတို့

အဆင့်သတ်မှတ်ချက်များသည် ၉၇ ပတ်လည်တွင်သာ ရှိကြသည်။

ဒီအချက်ကို ကြည့်ရင် ဆွန်းမို ဘယ်လိုတောင် အထင်ကြီးဖို့ ကောင်းသလဲဆိုတာ တွေ့နေရသည်။

ထိပ်ဆုံး ၁၅ ဆင့်သို့ ဝင်တဲ့ လူတိုင်းသည် ကြယ်နှစ်ပွင့်မြတ်ဆရာများ ဖြစ်တယ်ဆိုတာ သိထားရမည်။ သူတို့က သက်ရှည်နယ်ပယ် ကျွမ်းကျင်သူများ ဖြစ်ကြသည်။ ဒီလူ ၁၅ ယောက်က သူတို့ မျိုးဆက်ရဲ့ ထိပ်ဆုံး ပုဂ္ဂိုလ်တွေလို့ ပြောလို့ရသည်။

ဒါကြောင့် အဆင့်သတ်မှတ်ချက်မှာ ပါဝင်တဲ့ မြတ်ဆရာ မှတ်တမ်းကို သူတော်စင်ဂိတ်က ထုတ်ဝေပြီးနောက် မြတ်ဆရာလောက တစ်ခုလုံး တုန်လှုပ်သွားကြသည်။

ထုံးစံအတိုင်းတော့ သူတော်စင်ဂိတ်သည် မြတ်ဆရာ သူ့ရဲကောင်းအဆင့် ဒါမှမဟုတ် တကယ့် မြတ်ဆရာများ အဆင့်အပေါ် လွှမ်းမိုးနိုင်တဲ့ အခွင့်အာဏာ မရှိပါ။ ဖျော်ဖြေမှု တစ်ခုအနေနဲ့သာ ထုတ်ဝေခဲ့သည်။ ဒါပေမယ့် သူတို့ ခန့်မှန်းချက်သည် အများအားဖြင့်တော့ တော်တော်လေး တိကျသည်။

အမှန်တကယ် အဆင့်သတ်မှတ်ချက်နဲ့ အနည်းငယ်သာ ကွာဟနိုင်သည်။

တချိန်တည်းမှာပင် ဆွန်းမို အရမ်းကျော်ကြားလာပြီး တောခွေးနက်ကြီးဆွန်း ဆိုတဲ့ နာမည်ပြောင်ကိုလဲ ရခဲ့သည်။ သူတစ်ပါးကို ဆဲဆိုကြိမ်းမောင်းရာမှာ အထိန်းအကွတ် မရှိခြင်းကြောင့် မဟုတ်ဘဲ အဲဒီအစား ကြယ်ပွင့်မြတ်ဆရာတစ်ယောက်ရဲ့ အိမ်အရှေ့မှာ သူပြောခဲ့တဲ့ စကားတွေကြောင့်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်းမှာ အရည်အချင်းရှိရင် မိုးကောင်းကင်အောက်မှာ ကြိုက်တဲ့ နေရာသွားလို့ရတယ်။ မင်းမှာ အရည်အချင်းမရှိရင်တော့ သူတစ်ပါး အိမ်ရှေ့မှာ စောင့်နေတဲ့ ခွေးတစ်ကောင်လိုပဲ”

အဲဒီနောက်မှာ မွေးဖွားလာတဲ့ မပြည့်စုံတဲ့စကား တစ်ခွန်းတောင် ရှိသေးသည်။

လှိုင်းလုံးကြီး တရွေ့ရွေ့နဲ့ စီးဆင်းနေတဲ့ အရှေ့ဘက်သို့ ယန်စီမြစ်သည် ဝေးကွာတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အတိတ်နေ့ရက်က သူ့ရဲ့ကောင်းများကို သယ်ဆောင်လာခဲ့တယ်”

ချန်အိမ်တော် အပြင်ဘက်မှာ လူတိုင်းကို တစ်မဲဆွန်းက ပြောခဲ့သည်။

ဒီဝါကျတိုလေး နှစ်ခုသည် စွဲမက်ဖွယ်ရာ အငွေ့အသက်များနဲ့ ထွက်ပေါ်နေသော်လည်း ဒါက တောခွေးနက်ကြီးဆွန်းဆီက ထွက်ပေါ်လာတဲ့ စကားများလို့ ဆိုကြသည်။ ဒါကြောင့်လည်း ကဗျာနှင့် သီချင်းများကို နှစ်သက်တဲ့လူတွေ သက်ပြင်း တချချ ဖြစ်နေကြသည်။

....

ဆွန်လျောင် အကယ်ဒမီ.......

ဝမ်ထိုင်သည် ထိတ်လန့်ကြောက်ရွံ့မှုအပြည့်နဲ့ ကျောင်းအုပ်ကြီးရုံးခန်းသို့ ရောက်လာပြီး တံခါး ခေါက်လိုက်သည်။

“ကျောင်းအုပ်ကြီးက ငါ့ကို အလုပ်ထုတ်ပစ်ချင်လို့လား။ အင်း၊ ဒီကပ်ဆိုးကြီးက ကျော်လွှားနိုင်ခဲ့ရင် ဗရုတ်သုတ်ခတွေလည်း မလုပ်တော့ဘူး။ အရက်လည်း မသောက်တော့ဘူး၊ အပျော်အပါးနောက်လည်း မလိုက်တော့ဘူး”

ဝမ်ထိုင်က တိုးတိုးလေး ရေရွတ်နေသည်။ ထို့နောက် သူ့ကိုယ်သူ ပါးပြင်းထန်စွာ ရိုက်လိုက်သည်။ (ဘာဖြစ်လို့ ကိုယ့်ဌက်ပျောသီးကို မထိန်းနိုင် ရတာလဲ)

"အထဲ ဝင်ခဲ့"

ဝမ်ထိုင် အလိုလို ထိတ်လန့် ကြောက်ရွံ့သွားစေတဲ့ ခံ့ညားသော အသံတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက် တံခါးဖွင့်ပြီး ခေါင်းငုံ့ လျှောက်သွားလိုက်သည်။

"ရင်ဘက် ဖွင့်ထားစမ်းပါကွ။ ဒီလိုပုံစံနဲ့ ငါ့ကို ဘာပြဖို့ ကြိုးစားနေတာလဲ"

ကျောင်းအုပ်ကြီးပိုင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ကျောင်းအုပ်ကြီး ငါမှားတယ်ဆိုတာ သိပါတယ်။ ပြည့်တန်ဆာတွေဆီလည်း သွားမလည်တော့ပါဘူး။ အရက်လည်း မသောက်တော့ပါဘူး။ နောက်တစ်ကြိမ် ထပ်သွားရင် ငါ့ခြေထောက်ကို ချိုးလို့ ရပါတယ်"

ဝမ်ထိုင်က ညာလက်ကို မြှောက်ပြီး ကျိန်ဆိုနေသည်။

"မင်း ရန့်ပြင်း ပြည့်တန်ဆာအိမ်ကို သွားပြန်ပြီလား"

ဖောင်း

ကျောင်းအုပ်ကြီးပိုင်က စားပွဲကို ဒေါသတကြီး ရိုက်ချလိုက်သည်။

"အမ်"

ဝမ်ထိုင် ကြောင်သွားသည်။ (ငါ့ကို ဒီကစ္စအတွက် ခေါ်တာ မဟုတ်ဘူးလား။ အား အပြစ်ရှိစိတ်ကြောင့် ဖော်ထုတ်လိုက်မိပြီ)

ဝမ်ထိုင် အတွေးလွန်နေခဲ့သည်။ အမှားကို သူဘက်က စ ဝန်ခံပြီး အပြစ်ဒဏ်ပေါ့အောင် လုပ်ဖို့ စဉ်းစားနေခဲ့သည်။

"အခုတော့ မေ့ထားလိုက်ပါ"

ကျောင်းအုပ်ကြီးပိုင်က စားပွဲပေါ်ရှိတဲ့ မြွတ်ဆရာမှတ်တမ်းကို တစ်ချက်ကြည့်ကာ

“ဆွန်းမိုကို ဘယ်လိုထင်လဲ” စိတ်ဝင်တစား မေးလိုက်သည်။

“ဆွန်းမိုလား”

ဝမ်ထိုင် ပေကလတ်ပေကလတ် ဖြစ်နေသည်။

“ဘယ်သူ”

“မင်း အတန်းထဲက ကျောင်းသားတစ်ယောက် ဖြစ်ခဲ့တယ်လေ။ မင်း မသိဘူးလား”

ကျောင်းအုပ်ကြီးပိုင် အရမ်းအံ့အောသွားသည်။

“အမ်”

ဝမ်ထိုင်နဖူးမှာ အေးစက်တဲ့ချွေးတွေ စို့ရွဲနေပြီး ဦးနှောက်ကို ဖျစ်ညှစ်ကာ စဉ်းစားနေသည်။ ဒါပမယ့်လည်း အထင်ကြီးစရာ လုံးဝ မရှိပေ။ ဆွန်းမိုက ဝမ်ထိုင်ရဲ့ တိုက်ရိုက်တပြည့် မဟုတ်ဘဲ ဝိညာဉ်တက်တူး အတန်းတချို့ကိုသာ တက်ဖူးခဲ့သည်။ ဆွန်းမိုလို အရေးမပါတဲ့ လူတစ်ယောက်ကို ဘယ်လိုလုပ် မှတ်မိမှာလဲ။

“ဒါကို ကြည့်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းအုပ်ကြီးပိုင်က အနည်းငယ် စဉ်းစားမရဖြစ်သွားပြီး မြတ်ဆရာမှတ်တမ်းကို ပေးလိုက်သည်။

အများအားဖြင့် ကျောင်းသားကောင်းတွေ ဒါမှမဟုတ် ရက်စက်ကြမ်းကြုတ်ပြီး ပြဿနာရှာတတ်တဲ့ ကျောင်းသားတွေကို ဆရာတွေက မှတ်မိတတ်ကြသည်။

အတန်းကို တိတ်တိတ်ဆိတ်ဆိတ် တက်ပြီး ထူးထူးခြားခြား ရလဒ်မထွက်တဲ့ ဆွန်းမိုလို

ကျောင်းသားမျိုးတွေကိုတော့ အခြေခံအားဖြင့် သတိမထားမိတတ်ကြပါ။

"တောက်၊ တော်တော်လေး အထင်ကြီးစရာ ကောင်းပါလား။ ရေးဖြေအမှတ်ပြည့်နဲ့ တံဆိပ်ကြီးကို ရပြီး လက်တွေ့ဟောပြောမှုမှာ သာမန်မဲ တစ်မဲပဲ ရတာလား။ ဒါက လူသားတစ်ယောက် လုပ်နိုင်တဲ့ အောင်မြင်မှု ဖြစ်ပါ့မလား"

ဝမ်ထိုင်သည် မိတ်ဆက်ကို ဖတ်ပြီးနောက် တော်တော်လေး အံ့အောသွားသည်။

"ဒီကောင် ဘယ်ကျောင်းကလဲ။ ဆန်းကြွယ် ကောင်းကင်ဘုံ ကျောင်းကလား။ ဖြူမဲ အကယ်ဒမီကလား။ နမ့်တုန် အကယ်ဒမီကလား"

ဝမ်ထိုင် အမြင်အရတော့ ဒီလို ပါရမီရှင်များသည် မဟာကိုးပါး ကျောင်းတွေကပဲ ထွက်ပေါ်လာနိုင်သည်။

ဆွန်းမိုသည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက မဖြစ်နိုင်ပေ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ထိပ်ဆုံးဘွဲ့ရ ဂူချင်ယန်သည် ဆွန်းမို ပိုတောက်ပလာစေဖို့အတွက် ခြေနင်းတုံးတစ်တုံး

ဖြစ်ခဲ့တယ်လို့ မှတ်တမ်းတွင် ဖော်ပြထားသည်။ ဒုတိယကတော့ ဂျိရှား အကယ်ဒမီက တုန်တုန်လို့ ဖော်ပြထားသည်။ နဂါးထိန်းအကယ်ဒမီအတွက် မန်ရီကို ဖော်ပြထားသည်။ သူတို့ရဲ့ တိုက်ခိုက် စွမ်းရည်က မဆိုးပါ။ ဒါပေမယ့် သူတို့ ရဲ့သင်ကြားရေး စွမ်းရည်က ကျန်တဲ့ အဆင့်မြင့်ကျောင်းတွေထက်စာရင် တဆင့်နိမ့်သည်။ အနောက်ဘက်ကမ်းရိုးတန်း စစ်ကျောင်းက စစ်မှန်တဲ့တိုက်ပွဲကို အာရုံစိုက်တဲ့ကျောင်း ဖြစ်သည်။ တိုက်ပွဲ အမှတ်ပြည့် ရနိုင်တဲ့လူတွေ စုနေတဲ့နေရာလည်း ဖြစ်သည်။

ကျန်တဲ့ မရီဝိညာဉ်အကယ်ဒမီအတွက်လည်း နန်မန် အမည်ရှိတဲ့ဖြေဆိုသူ တစ်ယောက် ရှိနေသည်။ ပြီးတော့ သူတော်စင်ဂိတ်က နာမည်ကို ကျပန်း မှတ်တမ်းတင်ထားတာ မဟုတ်ပါ။

"အားလုံး မဟုတ်သေးဘူး"

ကျောင်းအုပ်ကြီးပိုင် ခေါင်းခါလိုက်သည်။

"ဒါပေမယ့် ငါတို့ကျောင်းရဲ့ ဘွဲ့ရတစ်ယောက်တော့ မဖြစ်နိုင်ပါဘူးနော်။

ဝမ်ထိုင်သည် ပါးစပ်က လွှတ်ကနဲ ထွက်သွားကာ အရမ်း ရယ်စရာကောင်းတယ်လို့လည်း

တွေးလိုက်မိသည်။ ဒါပေမယ့် ဒီလိုမှမဟုတ်ရင် ကျောင်းအုပ်ကြီးက ဆွန်းမိုလို့ ခေါ်တဲ့ ကျောင်းသားတစ်ယောက်ကို ဘာဖြစ်လို့ စောစောက မေးတာလဲ။

"ဒါက ဘာပြောတာလဲ"

ကျောင်းအုပ်ကြီးပိုင် မျက်မှောင်ကြုတ်သွားသည်။

"ငါတို့ကျောင်းကို အထင်သေးနေတာလား"

"အမ်။ ကျောင်းအုပ်ကြီး ကျေးဇူးပြုပြီး ဒေါသထိန်းထားပါ။ ဒီလိုပြောတာ မဟုတ်ပါဘူး"

ဝမ်ထိုင်က မချိပြုံးပြုံးပြီး ရှင်းပြသည်။

"သေသေချာချာ စဉ်းစားကြည့်။ ဆွန်းမို နာမည်နဲ့ ဒီလူကို မှတ်မိလား"

"ကျောင်းအုပ်ကြီးပိုင်သည် ထပ်ပြီး စိတ်မဆိုးတော့ချေ။ ဆွန်လျှောင် အကယ်ဒမီအတွက် ဆုံးဖြတ်ချက်ချတဲ့ ကျောင်းအုပ်ကြီး ဖြစ်တဲ့သူတောင် ဒီလို အလားအလာကောင်းတဲ့ ကျောင်းသားတစ်ယောက်ကို မွေးထုတ်ပေးနိုင်မယ်လို့ မခံစားရပေ။

ဆွန်လျောင် အကယ်ဒမီသည် အဆင့်တက်ဖို့ မျှော်လင့်ချက် မရှိသလို အဆင့်

မပြုတ်ကျသွားရေးအတွက် စိုးရိမ်နေရတဲ့ 'ဒီ'အဆင့် ကျောင်းတစ်ခုပါ။ နှစ်စဉ်နှစ်တိုင်း လိဂ်ပြိုင်ပွဲတွင်လည်း သူတို့ရဲ့ တည်ရှိမှုသည် အခြားသူများရဲ့တောက်ပမှုကို ဖြည့်ဆည်းပေးတဲ့ ခြေနင်းတုံးတစ်တုံးလို ဖြစ်နေခဲ့သည်။

ဝမ်ထိုင်သည် မှတ်တမ်းကို ဖတ်ပြီးနောက် အနေရခက်တဲ့ ပုံစံဖြစ်နေသည်။ (ငါက ရေးဖြေစာမေးပွဲမှာ အမှတ်အပြည့်ရဖို့ နည်းလမ်း မရှိဘူး။ ငါ့အတန်းထဲမှာဒီလောက် ထူးချွန်တဲ့ ပါရမီရှင်

ရှိခဲ့ရင် သူ့ကို တိုက်ရိုက်တပြည့် အဖြစ်လက်ခံခဲ့တာ ကြာနေပြီ။)

“မင်းရဲ့ သုံးသပ်နိုင်စွမ်းက တကယ် ညံ့ဖျင်းတာပဲ”

ကျောင်းအုပ်ကြီးပိုင်သည် ခေါင်းမယမ်းပဲ မနေနိုင်တော့ချေ။

ဝမ်ထိုင်လည်း ခေါင်းငုံ့ပြီး တောင်းပန်ဖို့ပဲ ရှိတော့မည်။

ငြင်းဆန်ဖို့လား။

ဆွန်းမိုနဲ့ ပက်သက်တဲ့ မိတ်ဆက်ကို တွေးပြီးနောက် ငြင်းစရာမလိုတော့ပေ။ ဆွန်လျောင်

အကယ်ဒမီက ဘွဲ့ရပြီးနောက် ဗဟိုပြည်နယ် အကယ်ဒမီတွင် သင်ကြားခွင့် ရခဲ့သည်။

"ဒီလိုပါရမီရှင်နဲ့ လွဲသွားတာ စိတ်မထိခိုက်ဘူးလား"

ကျောင်းအုပ်ကြီးပိုင်က မေးလိုက်သည်။

"အင်း"

ဝမ်ထိုင် အလိုလို ခေါင်းညိတ်လိုက်မိသည်။ အနှိုင်းမဲ့ ရတနာကို ဆုံးရှုံးလိုက်ရသလိုမျိုး နောင်တလည်း ရနေသည်။

"ငါက ပိုလို့တောင် နာကျင်ခံစားရတယ်။ သူက ငါတို့ ဆွန်လျောင် အကယ်ဒမီက ဘွဲ့ရတစ်ယောက်ဆိုတာ ထင်ရှားနေပြီ"

ကျောင်းအုပ်ကြီးပိုင်သည် ဆေးတစ်လုံး ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး ရေသောက်လိုက်သည်။ ဒီမှမဟုတ်လျှင် ဒေါသထွက်ပြီး လေဖြတ်သွားမှာ ကြောက်နေသည်။

"ကျောင်းအုပ်ကြီးပိုင် ၊ ဆွန်းမိုရဲ့ စေ့စပ်ထားတဲ့လူက အန်ရှီဝေလို့ ဖော်ပြထားတယ်။ ငါတို့ အကယ်ဒမီမှာ မနေချင်တာ သေချာတယ်"

“လူယုတ်မာ”

ကျောင်းအုပ်ကြီးပိုင်

ဆက်နားမထောင်နိုင်တော့ပေ။ (မင်းမွေးလာကတည်းက အိပ်မက် မမက်ဖူးဘူးလား)

ဒင်

ကျောင်းအုပ်ကြီးပိုင်၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရင်းနှီး (၅၀၀/၁,၀၀၀)

ဝမ်ထိုင် ထွက်သွားသော်လည်း ကျောင်းအုပ်ကြီးပိုင် စိတ်ဓါတ် ကျနေသေးသည်။ သမိုင်းဝင် စံချိန်ချိုးဖျက်ထားတဲ့ ထွန်းသစ်စ

ကြယ်ပွင့်အသစ်။ ဘွဲ့ရပြီး တစ်နှစ်အကြာမှာ မြတ်ဆရာ သူရဲကောင်းအဆင့်မှာ အဆင့် ၂၈ အတွင်း ဝင်တဲ့လူ။ ဒီလိုမျိုး ပါရမီရှင်က ကျောင်းတစ်ကျောင်းရဲ့ ဗုက်ဖဲ ဖြစ်လာမှာ သေချာသော်လည်း ဒီလိုမျိုး ကျောက်မြတ်ရတနာကို လက်လွှတ်ခဲ့ရသည်။

အထူးသဖြင့် ဆွန်းမိုက ချောမောပြီး နေရောင်ခြည်လို့ တောက်ပတဲ့ အမူအရာ ရှိတယ်လို့ ဖော်ပြထားတဲ့ အချိန်မှာ ဖြစ်သည်။ သူက ချောမောပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြီးပြည့်စုံတဲ့ကောင်လေး တစ်ယောက်ပါ။ ကျောင်းအုပ်ကြီးပိုင် ပိုတောင် စိတ်ဓါတ် ကျလာသည်။

“ငါတို့ ဆွန်လျောင် အကယ်ဒမီကို အဆင့်မြှင့်တင်နိုင်မယ့် အခွင့်အရေး လက်လွှတ်သွားပြီ”

ကျောင်းအုပ်ကြီးပိုင်သည် သက်ပြင်းချရင်း အချိန်ရလျှင် ဆွန်းမိုနဲ့ တိတ်တဆိတ် သွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။ သူ့ကို အမဲမလိုက်နိုင်ရင်တောင် ဆွန်လျောင် အကယ်ဒမီမှာ ဟောပြောပွဲ အနည်းငယ် လုပ်ပေးဖို့ ဖိတ်ခေါ်နိုင်ရင် ကောင်းမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားလက်......ဒီအသံ ကြားလိုက်ရုံနဲ့ အထင်ကြီးဖို့ ကောင်းနေပြီ။

....

"ဆရာဝမ်၊ ဆွန်းမိုက မင်းအတန်းကို ခဏခဏ တက်ခဲ့တယ်ဆို"

ဒီရက်ပိုင်းအတွင်းတွင် ဝမ်ထိုင်သည် ဆွန်းမိုအကြောင်းနဲ့ ပက်သက်ပြီး ခဏခဏ စကားပြောနေရသည်။ ပြီးတော့ သူ့အတန်းတက်တဲ့ ကျောင်းသားအရေအတွက်ကလည်း နှစ်ဆတိုးလာတာကို တွေ့လိုက်ရသည်။

ကြယ် ၂ ပွင့် မြတ်ဆရာတစ်ယောက် အနေနဲ့ ဝမ်ထိုင် အတန်းသည် ကျောင်းသား ၁၀၀ ပတ်လည်လောက် ရှိရမှာဖြစ်သော်လည်း လူ ၂၀၀ အထိ တိုးလာခဲ့သည်။ ဒီအရာကို ကြည့်ရတာလည်း လှိုင်းလုံး မဆုံးသေးတဲ့ ပုံရှိသည်။

“ဆွန်းမို ဂုဏ်သတင်း ကြောင့်လား”

ဝမ်ထိုင် သက်ပြင်း အရှည်ကြီး ချလိုက်သည်။ ဖိအားလည်း တော်တော်လေး များနေသည်။ ဘာပဲဖြစ်ဖြစ် တပြည့်တစ်ယောက်ကို ရှုံးလို့ မဖြစ်ဘူး မဟုတ်လား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် ဆွန်းမိုက ဒီနှစ် ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေမယ်ဆိုတဲ့ အကြောင်းလည်း ကြားနေရသည်။ ဆွန်းမိုသာ အောင်သွားရင် သူနဲ့ ကြယ်ပွင့် အတူတူ ဖြစ်တော့မည်။

ဝမ်ထိုင် အရှုံး မခံနိုင်ပါ။ ဒါကြောင့် အေးအေးဆေးဆေး မနေတော့ပဲ ဖျော်ဖြေရေး နေရာတွေလည်း မသွားတော့ပေ။ အဲဒီအစား ဌက်ပျောသီးရဲ့ တောင်းဆိုမှုကို လျစ်လျူရှုပြီး စာကြည့်တိုက်မှာပဲ နေခဲ့သည်။ (မင်းကိုယ်မင်း မထိန်းနိုင်ရင် ဓါးနဲ့ ခုတ်ဖြတ်ပစ်မယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာကြောင့်မှန်မသိပေမယ့် စာကြည့်တိုက်ထဲမှာ စာအုပ်တွေ ဖတ်နေရင်း ရုန်းမထွက်နိုင်အောင် စိတ်ချမ်းသာလာခဲ့သည်။

မျှော်လင့်ထားသလိုပဲ လေ့လာခြင်းက တော်တော်လေး စိတ်ချမ်းသာဖို့ ကောင်းသည်။ အဆက်မပြတ် လေ့လာနေပါက အဆက်မပြတ် စိတ်ချမ်းသာနေမည်။

ဒင်

ဝမ်ထိုင်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး (၁၀၀/၁,၀၀၀)

....

ဗဟိုပြည်နယ် အကယ်ဒမီ ဆရာရုံးခန်း............

“ဆွန်းမိုက တနှစ်တည်းနဲ့ ကြယ်သုံးပွင့် အဆင့်အထိ ရောက်အောင် ကြိုးစားမယ်လို့ ပြောတာ မင်းတို့ ကြားပြီးပြီလား”

ဒူရှောင်က စပ်စုလိုက်သည်။

“ဒါက နည်းနည်း ကြွားတာ မဟုတ်ဘူးလား။ ဆွန်းမိုမှာ သင်ကြားရေး စွမ်းရည်ရှိတယ်ဆိုတာ ငါယုံပါတယ်။ ဒါပေမယ့် စာမေးပွဲဖြေဖို့ဆို သူက မြတ်ဆရာအရှိန်အဝါ ကိုးခု လိုအပ်တယ်။ ရှစ်ခုပဲ

နားလည်ရင်တောင် အလုပ်မဖြစ်ဘူး။ လျှိုမူဘိုင်လို ပါရမီရှင်တစ်ယောက်တောင် သုံးနှစ်လောက် အချိန်ယူပြီး ပြင်ဆင်ရသေးတယ်”

ရှောင်ဟုန်က စကားဖြတ် ပြောလိုက်သည်။

“လျှိုမူဘိုင်က ဆွန်းမိုနဲ့ဘယ်လို ယှဉ်နိုင်မှာလဲ”

ဒူရှောင်က မဲ့ရွဲ့ပြီး ဝင်ပြောသည်။ အခုဆို သူမက ဆွန်းမိုရဲ့အမာခံပရိတ်သတ် ဖြစ်နေပြီ။

ရှောင်ဟုန်သည် ဒူရှောင် ပြန်ပြောမယ်လို့ မမျှော်လင့်ထားခဲ့ချေ။ သူမက မျက်မှောင်ကြုတ်ပြီး

ဆူပူကြိမ်းမောင်းရန် လုပ်လိုက်သော်လည်း နောက်ဆုံးတော့ စိတ်ထိန်းချုပ်လိုက်သည်။

ဒူရှောင်လည်း စကားပြောပြီးမှ နောက်တရ သွားကာ ဆူပူကြိမ်းမောင်း ခံဖို့ စောင့်နေခဲ့သည်။ နောက်ဆုံးမှာတော့ ရှောင်ဟုန်က သည်းခံနေသဖြင့် အရမ်း အံ့အောသွားသည်။ ထို့နောက် အဲဒီနေ့တုန်းက ဆွန်းမိုရဲ့ သတိပေးတဲ့စကားကို ပြန်ကြားယောင်လာသည်။ တကယ်လည်း အကျိုးသက်ရောက်မှု ရှိတဲ့ပုံဖြစ်နေသည်။

"ကြယ်သုံးပွင့် အဆင့်တက်ဖို့ ခက်ပေမယ့် ကြယ်နှစ်ပွင့်အဆင့်တက်ဖို့ကတော့ ပြဿနာ မရှိနိုင်ဘူး"

ကျုံးရှန်ရီက အနေရခက်တဲ့ အခြေအနေကို သက်သာသွားအောင် ပြောလိုက်သည်။

ဝေါင်ချမ်လည်း သက်ပြင်းချလိုက်သည်။ သူက ဆွန်းမိုထက် တစ်နှစ်စောပြီး အလုပ်ဝင်ခဲ့သည်။ နောက်ဆုံးတော့ ဆွန်းမိုက ကြယ်တစ်ပွင့် ဖြစ်လာပြီး ကြယ်နှစ်ပွင့် မြတ်ဆရာတောင် ဖြစ်တော့မည်။

ဂေါင်ချမ်သည် သူ့မှာ မြတ်ဆရာတစ်ယောက် ဖြစ်ဖို့ အရည်အချင်း ရှိမရှိတောင် သံသယ ဝင်လာသည်။

"ဆရာချန်၊ ဆရာရှာ၊ မင်းတို့ ကြိုးစားမှ ဖြစ်မယ်နော်"

ကျုံရှန်ရီ က အားပေးလိုက်သည်။ သူတိုနှစ်ယောက်လည်း ဒီနှစ် ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲတွင် ဝင်ဖြေကြလိမ့်မည်။

"ငါ အကောင်းဆုံး လုပ်မယ်"

ရှာယွန်က မချိပြုံးပြုံးပြီး ပြန်ဖြေလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ရုံနဲ့က စကားပြောဖို့ အာရုံမရှိပေ။ ခေါင်းက စာအုပ်ထဲနှစ်ပြီး စာဆက်ဖတ်နေသည်။ ဒီနှစ်မှာ မအောင်ရင်တောင် ပြန်ကြိုးစားလို့ ရတယ်ဆိုပြီး အရင်တုန်းက တွေးထားခဲ့သည်။ အခုတော့ မရပေ။ ဆွန်းမိုကအောင်ပြီး သူကျသွားရင် တော်တော်လေး ရှက်ဖို့ ကောင်းမည်။

....

ဆွန်းမိုက နောက်သုံးရက် အကြာတွင် ခရီးထွက်ဖို့ ပြင်လိုက်သည်။ ဒါကြောင့် ကူရှုပ်ရှင်းကို သူနဲ့အတူတူ ခရီးသွားဖို့ ဖိတ်ခေါ်ရန် ပြင်လိုက်သည်။

နောက်ဆုံးတော့ မျက်လုံးကြီးနီပြီး ရေကန်ဘေးမှာ တစ်ယောက်တည်း ဒူးပိုက်ပြီး ထိုင်နေတာ တွေ့လိုက်ရသည်။

"ဘာဖြစ်နေတာလဲ"

ဆွန်းမို စဉ်းစားမရ ဖြစ်သွားသည်။ တစ်ယောက်ယောက်ကို ချစ်မိသွားတာလား။

အခန်း(၅၂၃) - မြတ်ဆရာအရှိန်အဝါ အသစ်။

“ငါ အဆင်ပြေပါတယ်”

ကူရှုပ်ရှင်း အတတ်နိုင်ဆုံး ဖျစ်ညှစ်ပြီး ပြုံးပြရှာသည်။

“ဆွန်းမို၊ မင်းအောင်မြင်ဖို့အတွက် ဆုတောင်းပေးနေမယ်”

“မင်း မျက်လုံးတွေ ယောင်နေပြီ၊ ဒါတောင် အဆင်ပြေတယ်လို့ ပြောနေသေးတာလား”

ဆွန်းမို မြက်ခင်းပေါ် ထိုင်ချလိုက်သည်။

“ငါတို့က သူငယ်ချင်းလို့ သတ်မှတ်ထားတယ်. မဟုတ်လား။ ဒီလိုတွေ ဖြစ်နေတာ ဘာဖြစ်လို့ ငါ့ကို မပြောတာလဲ။ ဒါမှမဟုတ် ငါတစ်ယောက်တည်း အတွေးလွန်နေတာလား”

“မဟုတ်ဘူး။ မင်းကို သူငယ်ချင်းလို တကယ်ဆက်ဆံတာ”

ကူရှုပ်ရှင်း ခဏ တွေဝေသွားပြီးမှ သက်ပြင်းချလိုက်သည်။ ထို့နောက် သူမက

“ငါက ကျန်ရန်ဇောင်ရဲ့ ယုံကြည်မှုကို ဖျက်ဆီးပစ်လိုက်ပြီလို့ ခံစားနေရတယ်။ သူ့ရဲ့ ခွန်အားက တိမ်စိမ်းအဆင့်ကို ဝင်နိုင်တယ် ဒါပေမယ့် ငါက ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲ ဝင်ပါဖို့ အရည်အချင်းမမှီတော့ သူ့ကိုပိုမြင့်တဲ့ အဆင့်ကို မပို့နိုင်တော့ဘူး’

“အရည်အချင်း မမှီဘူး ဟုတ်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ နားလည်ထားတဲ့ မြတ်ဆရာ အရေအတွက်က မလုံလောက်ဘူး"

ကူရှုပ်ရှင်း ခါးသီးစွာ ပြုံးလိုက်သည်။

အမှန်တိုင်းပြောရလျှင် ဘွဲ့ရပြီး တစ်နှစ်ပဲ ရှိသေးတဲ့ ဆရာတစ်ယောက်က မြတ်ဆရာ အရှိန်အဝါ ငါးခု နားလည်တာ တော်ာတော်လေး အထင်ကြီးဖို့ ကောင်းနေပြီ။ ဒီလိုမျိုးဆရာက ဘယ်ကျောင်းသွားသွား ဝင့်ကြွားနေလို့ရပြီး အံ့အောဖွယ်ရာ ဖြစ်တည်မှုတစ်ခု အဖြစ်နဲ့ ရပ်တည်နေလို့ ရသည်။ ဒါပေမယ့်လည်း

ဗဟိုပြည်နယ် အကယ်ဒမီမှာက ဆွန်းမိုနဲ့ လျှိုမူဘိုင်တို့ ရှိနေသည်။ ဒါကြောင့် ကူရှုပ်ရှင်းရဲ့ တောက်ပမှုသည် လောင်းရိပ် မိနေရှာသည်။

ဆွန်းမို တိတ်ဆိတ်သွားသည်။ ဒီကိစ္စအတွက် သူ့မှာလည်း အဖြေမရှိပေ။

ကူရှုပ်ရှင်းသည် အချိန်တော်တော်ကြာအောင် စဉ်းစားပြီးနောက် ဆွန်းမိုကို လှည့်ကြည့်လိုက်သည်။ သူမက လေးနက်တဲ့လေသံနဲ့

“ ငါသေသေချာချာ စဉ်းစား ကြည့်ပြီးပြီ။ ကျန်ရန်ဇောင်ကို မင်းဆီ လွှဲပေးလိုက်ရမလား”

"မင်း ရူးနေလား"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"မင်းအတွေးကို မြန်မြန် မောင်းထုတ်လိုက်။ ဒီလိုလုပ်တာ ကျန်ရန်ဇောင်ကိုလည်း စော်ကားရာကျပြီး မင်းကိုယ်မင်းလည်း မလေးစားသလိုဖြစ်နေပြီဆိုတာ သိလား"

"ဒါပေမယ့် မင်းက ကျန်ရန်ဇောင်ရဲ့တိုးတက်မှုကို သေချာပေါက် မနှောင့်နှေးစေနိုင်ဘူးလေ"

ကူရှုပ်ရှင်း ငြင်းလိုက်သည်။

"ဒီလိုမျိုး မဟုတ်ဘူး။ ကျောင်းသားနဲ့ ဆရာကြားမှာလည်း လိုက်ဖက်ညီမှု ရှိမရှိလည်း ကြည့်ရအုံးမယ်။ ကို့ကိုယ်ကိုလည်း အရမ်းကြီး နှိမ့်ချမနေနဲ့။ မင်းက ကျန်ရန်ဇောင်အတွက် အသင့်တော်ဆုံး ဆရာပဲ"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။ ကူရှုပ်ရှင်းက သူမတပြည့်တွေကို ကိုယ်စား ကြည့်ရှု စောင့်ရှောက်ပေးတတ်သူ ဖြစ်သည်။ ဒီလိုသာ လုပ်နေရင် ကျောင်းသားကောင်းကို လုယူချင်တဲ့ မြတ်ဆရာတွေ အများကြီး ရောက်လာလိမ့်မည်။

ဒါ့အပြင် ကြယ်တစ်ပွင့် မြတ်ဆရာတစ်ယောက် ရာထူးတိုးချင်ရင် သူတို့ တပြည့်တွေရဲ့ တိုက်ပွဲ အောင်မြင်မှု အပေါ်လည်း မူတည်နေသေးသည်။

"ဆွန်းမို ကျေးဇူးတင်ပါတယ်"

ကူရှုပ်ရှင်း ထပ်မငြင်းချင်တော့ပေ။ ဆွန်းမိုရဲ့ နှစ်သိမ့်မှုထဲတွင် စိတ်ရင်းတွေကို မြင်နေရသည်။ တကယ်လို့ တခြားဆရာတစ်ယောက်ဆိုပါက ကျန်ရန်ဖောင်ကို လွှဲပြောင်းယူသွားဖို့ ၉၀ ရာခိုင်နှုန်းလောက် သေချာနေသည်။

“ငါ အကြံတစ်ခု ရတ်တရက် ရပြီ။ ဒါက မြတ်ဆရာအရှိန်အဝါကို နားလည်မလားဆိုတာတော့ သေချာဘူး”

ဆွန်းမိုက ကူရှုပ်ရှင်းကို အကဲခတ်လိုက်သည်။

‘ဘာဖြေရှင်းချက်လည်း”

ကူရှုပ်ရှင်း သိချင်နေသည်။

“အသက်ပြင်းပြင်းရှူ ၊ နှလုံးသား သုံးပြီး ခံစားကြည့်”

ဆွန်းမိုက ပြောပြီးတာနဲ့ မြတ်ဆရာအရှိန်အဝါ သုံးတဲ့ အတွေ့အကြုံနဲ့ ခံစားချက်တွေကို

ပြန်စဉ်းစားလိုက်သည်။ ထို့နောက် ညာဖက် လက်တွင် နို့ဖြူရောင်အလင်း ပေါ်လာသည်။

ကူရှုပ်ရှင်း အူကြောင်ကြောင်ဖြစ်နေတုန်းမှာ ဆွန်းမို လက်သီးထိုးလိုက်သည်။

ဘုန်း

ဆွန်းမို လက်သီးက ကူရှုပ်ရှင်းနဖူးအရှေ့မှာ ရပ်သွားသည်။ မရေမတွက်နိုင်တဲ့ ဗဟုသုတများသည် စိတ်ထဲမှာ ရုတ်တရုတ် ပေါက်ကွဲထွက်လာပြီး ကူရှုပ်ရှင်း အမူအရာတွေ ထိန်းချုပ်မှု လွတ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် အဲဒီနောက်မှာတော့ စဉ်းစားဆင်ခြင်ရင်း ထိုးထွင်း သိမြင်မှုထဲမှာ လုံး၀ နစ်မြုပ်သွားသည်။

တန်ဖိုးဖြတ်မရတဲ့အကြံပြုချက် အရှိန်အ၀ါကို ထုတ်သုံးတဲ့အချိန်တွင် နှလုံးသားအောက်ခြေက စကားတွေကို ထုတ်ပြောရမည်။ စကားပြောတဲ့ အခါတိုင်းလည်း ပစ်မှတ်ရဲ့ ကောင်းကျိုးကို နှလုံးသွင်းရမည်။

သတိလစ်ခြင်းနှင့် အသုံးမကျခြင်း အရှိန်အ၀ါ

ဒါရဲ့ ရည်ရွယ်ချက်မှာ ကျောင်းသားကို အပြစ်ပေးခြင်း ဒါမှမဟုတ် မြတ်ဆရာ၏

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မကျေနပ်ချက်ကို ဖောက်ခွဲထုတ်ရန် မဟုတ်ပေ။ အဲဒီအစား မြတ်ဆရာက သူတို့ရဲ့ ကိုယ်ပိုင်အနာဂတ်ကို ဖျက်ဆီးနေတဲ့ ကျောင်းသားမျိုးကို တွေ့ရတဲ့အချိန် မြတ်ဆရာရဲ့နှလုံးသားထဲတွင် မချိတင်ကဲဖြစ်ပြီး မဖြစ်စေချင်တဲ့ ခံစားချက် ပေါ်နေရမည်။ ဆိုးသွမ်းတဲ့ကျောင်းသားရဲ့ အနာဂတ်လမ်းကြောင်းကို ပြန်တည်ဆောက်ပေးချင်တဲ့စိတ် ရှိရမည်။

တစ်ရက်စာဆရာ၊ တစ်သက်တာအဖေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက အဆင့်မြင့်ပြီး နားလည်ရခက်တဲ့ သဘောတရား တစ်ခုပါ။ ဒါပေမယ့် အသုံးပြုတဲ့သူသည် တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျောင်းသားတွေကို သင်ပေးချင်စိတ် ရှိရသလို ကို့ကိုယ်ကို ယုံကြည်မှုလည်း ရှိရမည်။

မြတ်ဆရာဆိုတာ ဘာလဲ။ ပြောချင်တာက ကလေးတိုင်းနဲ့ ဆက်ဆံနိုင်ပြီး စိတ်ရှည်ရှည်နဲ့ လမ်းညွှန်ပေးနိုင်ရမည်။

အလွဲသုံးစား ကျောင်းသား။

ကူရှုပ်ရှင်း ဒါကို နားလည်သည်။ အရည်အချင်းမပြည့်မှီတဲ့ ဆရာတစ်ယောက်က ကျောင်းသားတစ်ယောက် တိုးတက်မှုနှေးကွေးလာရင် ဘယ်လိုခံစားရမလဲဆိုတာ ဒီခံစားချက်ကို ကူရှုပ်ရှင်း နားလည်သည်။

တခြားသော မြတ်ဆရာအရှိန်အဝါများ ဖြစ်တဲ့ လေးနက်တဲ့စကားတောင် သူ့ရဲ့ အတွင်းသဘောအနှစ်သာရက တော်တော်လေး ရိုးရှင်းသဖြင့် ကူရှုပ်ရှင်း ဒါတွေအားလုံးကို ချက်ခြင်းနားလည်သွားသည်။ ဒါပေမယ့်

စိတ်ဝိညာဉ်ပုံသွင်းခြင်း သို့ ရောက်တဲ့အခါ ကူရှပ်ရှင်း အံ့အောသွားသည်။

မျှော်လင့်ထားသလိုပဲ ဒါက ဆွန်းမိုရဲ့ တမူထူးခြားတဲ့ မြတ်ဆရာအရှိန်အဝါ ဖြစ်နေသည်။

ကြယ် ၈ ပွင့် မြတ်ဆရာ စာမေးပွဲကို ဖြေဆိုချင်ပါက အသစ်စက်စက် မြတ်ဆရာ အရှိန်အဝါကို နားလည် သဘောပေါက်ဖို့ လိုအပ်သည်။ မလုပ်နိုင်ရင်တော့ ကြယ် ၇ ပွင့်အဆင့်နဲ့ပဲ ထာဝရ တည်ရှိနေလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုအချိန်တွင် ဆွန်းမို လုပ်ဆောင်နိုင်လိမ့်မယ်လို့ မထင်ထားခဲ့ပါ။

ဘယ်လိုတောင် အားကျဖို့ ကောင်းလိုက်သလဲ။.

ကူရှုပ်ရှင်း အသိပြန်ဝင်လာတဲ့ အချိန်တွင် တောက်ပတဲ့ ကောင်းကင်ပေါ်မှာ ကြယ်တွေစုံနေပြီး လ တွဲလောင်းခိုနေတာ သတိထားလိုက်မိသည်။ ညနက် နေပြီ။

“ဘယ်လိုလဲ”

ဆွန်းမိုက စိုးရိမ်တကြီး မေးလိုက်သည်။

“ဘာဖြစ်လို့ မခန့်မှန်း ကြည့်တာလဲ”

ကူရှုပ်ရှင်း နှုတ်ခမ်းတွေက ကျီးစားတဲ့ သဘောနဲ့ ကွေးပြီး ပြုံးနေသည်။

"မကစားနဲ့တော့ မြန်မြန်ပြော"

ဆွန်းမို တိုက်တွန်းလိုက်သည်။

ဆွန်းမို မျက်နှာပေါ်မှာ တော်တော်လေး စိုးရိမ်နေတဲ့ပုံစံကို မြင်လိုက်လျှင် ကူရှုပ်ရှင်း နှလုံးသားထဲမှာ နွေးထွေးသွားသည်။ စိတ်မထိန်းနိုင်တော့ဘဲ ရှေ့တိုးပြီး ဆွန်းမိုကို ဖက်လိုက်သည်။

"အမ်"

ဆွန်းမို တုန်လှုပ်သွားပြီး ဘာလုပ်ရမလဲ မသိကာ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"ကျေးဇူးတင်ပါတယ်"

ကူရှုပ်ရှင်းက စကားပြောနေရင်း ရုတ်တရုတ် ခေါင်းမော့ကာ ဆွန်းမိုပါးကို နမ်းလိုက်သည်။

အရင်တုန်းက တခုခုပြောဖို့ လုပ်နေတဲ့ ဆွန်းမိုသည် အရမ်းထိတ်လန့်သွားသည်။ ဒီအပြုအမူက ရင်းနှီးလွန်းသည်။ သေချာတာကတော့ ကျေးဇူးတင်နေရုံလောက် မရိုးရှင်းပါ။

ကူရှုပ်ရှင်း မျက်နှာနီနေသည်။ အရင်က ပွေ့ဖက်ပြီး လွှတ်ပေးမလို့ပဲ ဒါပေမယ့် နမ်းလိုက်မိသည်။ ရှက်တဲ့စိတ်ကို အောင့်ခံပြီး ဆွန်းမိုမျက်လုံးကို ကြည့်လိုက်သည်။

ဆွန်းမိုက ခေါင်းလှည့်ကာ အကြည့်လွှဲလိုက်သည်။

“အို မင်းက တစ်သက်လုံး အထီးကျန်ဖြစ်မယ့် ကောင်ပဲ။ မင်းအတွက် မျှော်လင့်ချက် မရှိတော့ဘူး”

စနစ် ဆွံ့အသွားသည်။ စားကောင်း သောက်ကောင်းတစ်ခု အခန်းထဲလာပို့ နေတာတောင် မစားပဲ ငြင်းနေရသလား။

ဆွန်းမို့ရဲ့ အပြုအမူကို မြင်လိုက်လျှင် ကူရှုပ်ရှင်း နှလုံးသားထဲ နာကျင်သွားသည်။ ချွန်ထက်တဲ့ ဓါးတစ်ချောင်းနဲ့ ထိုးလိုက်သလို ခံစားလိုက်ရသည်။ ထို့နောက် ဆွန်းမို့ကို တွန်းထုတ်ပြီး ဖျစ်ညှစ်ကာ ပြုံးပြလိုက်သည်။

“အတွေး လွန်မနေနဲ့။ မြတ်ဆရာအရှိန်အဝါ နားလည်အောင်လုပ်ပေးလို့ ကျေးဇူးတင်နေတာ”

ကူရှုပ်ရှင်းက ရှင်းပြကာ ဆွန်းမို့ကိုတောင် လက်သီးနဲ့ ထိုးလိုက်သေးသည်။

ဒီလက်သီးမှာ ခံစားချက်တွေ ပြည့်နှက်နေသည်။

"တကယ်လား"

ဆွန်းမို သိချင်လာသည်။

"အဲဒါက ဘာလဲ"

ကူရှုပ်ရှင်းက လက်ဖျောက်တီးလိုက်သည်။

ဖောက်

ရွှေရောင် မြတ်ဆရာအရှိန်အဝါက သူမကို ဗဟိုပြုပြီး ဖြာထွက်လာသည်။

အရှိန်အဝါက ဆွန်းမိုကို ဖုံးလွှမ်းသွားပြီး ရုတ်တရက် အရမ်းလန်းဆန်းသွားသည်။

သူစိုးရိမ်နေတာတွေ ၊ အပျက်သဘောဆောင်တဲ့ ခံစားချက်တွေ ကင်းရှင်းသွားသည်။

"ရုတ်တရက် ထိုးထွင်းသိမြင်မှု"

ဆွန်းမို စိတ်ထဲမှာ ရှိနေတဲ့ ဗဟုသုတများအရ ဒီမြတ်ဆရာအရှိန်အဝါရဲ့ နာမည်ကို သိလိုက်သည်။

"အင်း"

ကူရှုပ်ရှင်း ခေါင်းညိတ်လိုက်သည်။

ရုတ်တရက် ထိုးထွင်းသိမြင်မှုသည် ထောက်ပံ့မှုပေးတဲ့ မြတ်ဆရာအရှိန်အဝါမျိုးပါ။ ဒါရဲ့ ရည်ရွယ်ချက်က ကျောင်းသားတစ်ယောက်

နားလည်နိုင်စွမ်းကို မြှင့်တင်ပေးပြီး ဉာဏ်အလင်းပွင့်နိုင်ခြေ တိုးတက်လာစေသည်။

ဥပမာ - ကျောင်းသားတစ်ယောက်သည် သင်္ချာမေးခွန်းကြီးတစ်ခုကို ဖြေဆိုနေစဉ် ဘယ်နေရာက စရမလဲဆိုတာ စိတ်ရှုပ်နေနိုင်သည်။ ဒါပေမယ့် ရုတ်တရက် ထိုးထွင်းသိမြင်လာပြီးနောက် မေးခွန်း၏ အဓိကအချက်ကို အလွယ်တကူ ရှာတွေ့နိုင်သည်။

“ငါ သိသလောက် ပြောရရင်၊ ဒီအရှိန်အဝါက အရမ်းရှားတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သူ့ရဲ့ မြတ်ဆရာအရှိန်အဝါ ကိုးခုထဲကတစ်ခုကို နားလည်သွားလိမ့်မယ်လို့ အရင်က ထင်နေခဲ့သည်။

"အားလုံးအတွက် မင်းကို ကျေးဇူးတင်ပါတယ်"

ကူရှုပ်ရှင်း စိတ်လှုပ်ရှားနေသည်။ နောက်ဆုံးတော့ မြတ်ဆရာအရှိန်အဝါ ခြောက်ခုကို နားလည်နိုင်ခဲ့ပြီ။ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေဖို့အတွက် အရည်အချင်း ပြည့်မှီပြီ။

အသက် ၂၁ နှစ် ကြယ်နှစ်ပွင့် မြတ်ဆရာ သေချာပေါက် လူတိုင်း ထိတ်လန့်သွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ကူရှုပ်ရှင်းက ဂုဏ်ကျက်သရေကို စိတ်မဝင်စားပါ။ ကျန်ရှန်ဇောင်ရဲ့ တိုးတက်မှုကို မနှောင့်နှေးစေချင်တာပဲ ရှိသည်။

အခုအချိန်တွင် ကူရှုပ်ရှင်း နှလုံးသားတစ်ခုလုံး ဆွန်းမိုကို ကျေးဇူးတင်နေတာနဲ့ ပြည့်နှက်နေသည်။

ဒင်

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ ရှိသေ (၁၈,၈၀၀/၁၀၀,၀၀၀)

ကူရှုပ်ရှင်းသည် ဒီမြတ်ဆရာအရှိန်အဝါကို နားလည်ရုံနဲ့ သူမတစ်ဘဝလုံး အကျိုးရှိသွားပြီလို့ ပြောလို့ ရသည်။

“မင်းရဲ့ စိတ်ဝိညာဉ်ပုံသွင်းခြင်းက အရမ်းအထင်ကြီးဖို့ ကောင်းတာပဲ”

ကူရှုပ်ရှင်းသည် မနာလိုစိတ် အနည်းငယ်ပြင်းပြစွာနဲ့ သက်ပြင်းချလိုက်သည်။ ထို့နောက် ဆွန်းမိုလက်မောင်းကို ရိုက်လိုက်ပြီး

"မင်းက ငါ့သူငယ်ချင်း ဖြစ်နေတာ ကံကောင်းတယ် ။ ဒီလိုမှမဟုတ်ရင် သေချာပေါက် မနာလို ဖြစ်နေရမယ်"

"ကို့ကိုယ်ကို လျှော့မတွက်ပါနဲ့ စိတ်ဝိညာဉ်ပုံသွင်းခြင်းက အစပျိုးပေးလိုက်တာပဲ ရှိတယ်။ မင်းရဲ့ထူးချွန် ထက်မြတ်တဲ့ အရည်အချင်းကြောင့်သာ ရုတ်တရက် ထိုးထွင်းသိမြင်မှုကို နားလည်းခဲ့တာ"

ဆွန်းမိုက ရှင်းပြပေးလိုက်သည်။

သူ နည်းနည်းတော့ နားလည်သွားသည်။ ကူရှုပ်ရှင်းက စေ့စပ်သေချာစွာ စောင့်ကြည့်တဲ့ နေရာမှာ ကျွမ်းကျင်လို့ ဆွန်းမိုရဲ့ မြတ်ဆရာအရှိန်အဝါ ကိုးခုနဲ့ တွေ့ကြုံပြီးနောက် ရုတ်တရက်ထိုးထွင်း သိမြင်မှုကို နားလည်နိုင်ခဲ့သည်။

အခြေခံအားဖြင့်တော့ ကူရှုပ်ရှင်းသည် ဒီမြတ်ဆရာ အရှိန်အဝါကို နားလည်ဖို့အတွက် ဝိညာဉ်ရေးရာနဲ့ ပြည့်စုံနေပြီ။ လီဇီချီ မှတ်ဉာဏ်ကောင်းကို နားလည်သလိုပဲ။ သက်ဆိုင်တဲ့ အတွေ့အကြုံမရှိလျှင် ဘာမှနားမလည်နိုင်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ရေးရာဆိုတာ ဘာလဲ။

ဘောလုံးကွင်းထဲတွင် ကစားသမား အနည်းငယ်လောက်သာ ထူးထူးခြားခြား ဖြစ်တက်ကျောင်နိုင်ကြသည်။ ဒါမှမဟုတ် စိတ်ကူးမယဉ်နိုင်တဲ့ နည်းလမ်းနဲ့ ဂိုးသွင်းကြသည်။ ဘောလုံးသမား အများစုကတော့ စာအုပ်ကြီးအတိုင်း ကစားကြသည်။ အရမ်းကိုသာမန် ဆွန်လွန်းသည်။ ဘောလုံး ပရိတ်သတ်တွေတောင် သူတို့ နောက်ထပ် ဘာလုပ်မလဲဆိုတာ သိနေကြသည်။

“မင်းငါ့ကို ချီးကျူးနေမှန်း သိတယ်။ ဒီချီးကျူးမှုကို အရက်မရှိစွာနဲ့ ခံယူလိုက်မယ်”

ကူရှုပ်ရှင်းက ချိုသာစွာ ပြုံးလိုက်သည်။ သူမက လက်ချောင်းလေးတွေနဲ့ ဆွန်းမိုမေးစေ့ကို ဖွဖွလေးပုတ်လိုက်သည်။

“လာ၊ ငါ့ကို နောက်တစ်ခေါက်လောက် ချီးကျူးအုံး”

“အကြံသမား”

ဖောက်

ဆွန်းမိုက ကူရှုပ်ရှင်းလက်ကို ရိုက်ထုတ်လိုက်ပြီးနောက် လက်သီး တွန်းထုတ်လိုက်သည်။

ကူရှုပ်ရှင်း ကြောင်သွားပြီးမှ ဆွန်းမိုရဲ့ ရည်ရွယ်ချက်ကို နားလည်သွားသည်။ သူမက လက်သီးဆုပ်ပြီး လက်သီးအချင်းချင်း ထိလိုက်သည်။

"လုပ်လိုက်ကြစို့"

ဆွန်းမိုက ကူရှုပ်ရှင်းကို ကြည့်လိုက်သည်။ ဒါက ရင်းနှီးမှုပါ။ ဒီခံစားချက် အရမ်းကောင်းသည်။

"အတူတူ ကြိုးစားရအောင်"

ကူရှုပ်ရှင်းသည် စကားပြောပြီးနောက် စိတ်ထဲကနေ နောက်တစ်ခွန်း ဖြည့်စွက်ပြီး ပြောလိုက်သည်။

“ဒီအခွင့်အရေးပေးလို့ ကျေးဇူးတင်ပါတယ်”

....

သူတို့ ထွက်သွားဖို့ နှစ်ရက်အလိုတွင် ဆွန်းမိုက ချန်လုံကိုယ်ပေါ်က ဝိညာဉ်တက်တူးများကို အပြီးသတ် ကုပေးလိုက်သည်။

ချန်လုံသည် မှန်ရှေ့တွင်ရပ်ကာ ဆေးကုသမှု ခံယူကာ ပြန်လည်ကောင်းမွန်းခြင်း မရှိသေးတဲ့

သူ့အသားအရည်ကို ကြည့်ပြီး ဝမ်းသာလုံးဆို့ကာ မျက်ရည်ကျလာသည်။

ဒီလိုနေ့မျိုး ရှိလာလိမ့်မယ်လို့ မတွေးရဲခဲ့ပါ။

“ကျေးဇူးတင်ပါတယ် ဆရာ”

ချန်လုံသည် ဒူးထောက်ပြီး အရိုအသေ မပေးခင် မြေပေါ်ပြားပြားဝပ်လိုက်သည်။

“ထပါ”

ဆွန်းမိုသည် တော်တော်လေး ညောင်းနာ ကိုက်ခဲနေသဖြင့် ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။

“ဆရာ ရေတစ်ငုံလောက် သောက်လိုက်ပါအုံး”

လီဇီချီက ရေခွက်ကမ်းပေးပြီး ဆွန်းမို အနောက်မှာရပ်ကာ ပခုံးနှိပ်ပေးလိုက်သည်။

ချန်လုံ ပြန်မထပါ။ သူ့ဆရာက အရမ်းအလုပ်ရှုပ်နေသည်။ ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲဖြေရမည့် ရက်ကလဲ နီးနေပြီ။ အမှန်တော့ အနားယူသင့်သည်။ ဒါပေမယ့် အချိန်အားလုံး၊ စွမ်းအင်အားလုံးသုံးပြီး သူ့ကို လာကုသပေးနေသေးသည်။

ကုသမှု တစ်ကြိမ်စီတိုင်းကို ဆယ်နာရီကျော် ကြာမြင့်သည်။ ဒါ့အပြင် ဆွန်းမိုက ဝိညာဉ်ချီနှင့် စွမ်းအင် အမြောက်အများ သုံးဆွဲခဲ့ရသည်။

သူ့ဆရာ အရမ်း ပင်ပန်းနွမ်းနယ်နေတာ မြင်လိုက်လျှင် ချန်လုံ ဘာပြောရမလဲ မသိတော့ပါ။

ဆွန်းမို ဘာဖြစ်လို့ ဒီလောက် စိတ်ပူနေသလဲဆိုတာ သူသိသည်။ ဘာဖြစ်လို့လဲဆိုတော့ သူက တစ်ရက်ထက် တစ်ရက် ကြီးထွားလာသည်။ စောစောကုသပေးနိုင်လေ

ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကြောင့် ဖြစ်တဲ့ ထိခိုက်မှုများ နည်းပါးလေ ဖြစ်သည်။

"ငါ့ကို ကျေးဇူးတင်စရာ မလိုပါဘူး။ မင်းက ငါ့ရဲ့ တိုက်ရိုက်တပြည့်ပဲ။ မင်းတို့ကို တာဝန်ယူပေးဖို့ ငါ့မှာ တာဝန် ရှိတယ်"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

"ထတော့"

"ဆရာ"

ချန်လုံ အရမ်းကျေးဇူးတင်ပြီး မျက်ရည်ကျလာသည်။

ဒင်

ချန်လုံ၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ လေးစား (၄,၅၀၀/၁၀,၀၀၀)

"အို၊ ဟုတ်ပြီ မင်းနဖူးပေါ်က အမှိုက်ဆိုတဲ့ စာလုံးကို ဖျက်အုံးမလား"

ဆွန်းမိုက မေးလိုက်သည်။

"မလိုပါဘူး"

ချန်လုံက သူ့နဖူးကို ထိလိုက်သည်။ ဒါက အရှက်တရားကို ပြန်သတိရစေသည်။ နောင်တွင်

တရားခံအား သူတတ်နိုင်သလောက် လက်တုံ့ပြန်ရမည်။

လုချမ်ဂျီသည် ဘေးမှာရပ်ကြည့်နေပြီး ထိတ်လန့်တုန်လှုပ်တဲ့ အမူအရာ မပျောက်သေးပါ။ ဆွန်းမိုက ချန်လုံကို ကုသပေးနေမှုအား အစကနေ အဆုံးအထိ ရက်ပေါင်းများစွာ ကြည့်နေခဲ့သည်။ ဖြစ်စဉ်တစ်ခုလုံးက အရမ်း ထက်မြက်လွန်းသည်။

သူ့ရဲ့ လေ့လာမှုအရ မိုးကုတ်စက်ဝိုင်း ကျယ်ပြန့်လာပြီး ဝိညာဉ်တက်တူး လေ့လာရာတွင် ဗဟုသုတများ ပိုနက်ရှိုင်းလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာက တကယ် အထင်ကြီးစရာပဲ"

လုချမ်ဂျီ တွေဝေသွားပြီးနောက် ဆွန်းမိုအရှေ့မှာ ဒူးထောက်ပြီး ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့်တစ်ယောက် အနေနဲ့ လက်ခံစေချင်နေသည်။

ဒင်

လုချမ်ဂျီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ လေးစား (၂,၅၇၀/၁၀,၀၀၀)

"ကောင်းပြီလေ၊ တခြားကိစ္စမရှိတော့ရင်လည်း ငါ အနားယူတော့မယ်'

ဆွန်းမို ပြောလိုက်သည်။

"ဆရာ..........."

ချန်လုံ စကားပြောဖို့ ဆုံးဖြတ်လိုက်သည်။

အခန်း(၅၂၄) - ဆွန်းမိုကို အမြန်သွားဖိတ်။ မဟာသခင်ဆွန်း။

ဆွန်းမို ရပ်တန့်သွားသည်။

"ဆရာ၊ ကြယ်နှစ်ပွင့် စာမေးပွဲမှာ ဆရာ့ကို ကိုယ်စားပြုပြီး ဝင်ပြိုင်ချင်ပါတယ်"

ချန်လုံက စကားပြောပြီးတာနဲ့ အရိုအသေ ထပ်ပေးလိုက်သည်။

"မဖြစ်နိုင်ဘူး"

ဆွန်းမို ငြင်းလိုက်သည်။

"ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူးကြောင့် ထိခိုက်ထားတဲ့ မင်းခန္ဓာကိုယ်က အခုမှပြန် သက်သာလာနေတုန်းပဲ ရှိသေးတယ်။ မင်း

အကောင်းဆုံး အခြေအနေကို ပြန်မရောက်ခင် နလန်ထူဖို့ အချိန်တစ်ခု လိုသေးတယ်”

“ဆရာ၊ မင်းငါ့ကို ဂရုစိုက်တာ သိပါတယ်။ အခု ဝင်ပြိုင်လိုက်ရင် ငါ့ခန္ဓာကိုယ် ကုသလို့မရအောင် ထိခိုက်သွားနိုင်တယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ငါ့ကို လုပ်ခွင့်ပေးပါ”

ဒီအခိုက်အတန့်မှာ ချန်လုံသည် ဆွန်းမိုရဲ့ ကျေးဇူးကို ပြန်ပေးဆပ်ချင်နေသည်။ ဒါကြောင့် ဆွန်းမို ကြယ် ၂ ပွင့် မြတ်ဆရာ ဘွဲ့ရအောင် ကူညီပေးချင်နေသည်။

ချန်လုံရဲ့အမြင်အရ ဆွန်းမိုက စာမေးပွဲမှာ ပြဿနာ မရှိတာ သေချာသည်။ တခုတည်းသော မသေချာ မရေရာမှုက ကျောင်းသားတွေအပိုင်း ဖြစ်သည်။

ထုံးစံအတိုင်း မြတ်ဆရာတချို့သည် သူတို့ ကံစမ်းလို့ ရအောင် တပြည့်တွေ အများကြီး ခေါ်လာတတ်သည်။ ထိုအချက်ကို ရှောင်ရှားနိုင်ရန် သူတော်စင်ဂိုတ်က မြတ်ဆရာတစ်ယောက်ကို

တပြည့် သုံးယောက်ပဲ အများဆုံး ဝင်ပြိုင်ရမည်လို့ စည်းကမ်း သတ်မှတ်ပေးထားသည်။

ဒါ့အပြင် မြတ်ဆရာတချို့ကလည်း အစွမ်းထက်တဲ့ ကျောင်းသားတွေကို ဌားရမ်း တတ်ကြသေးသည်။ ထို့နောက် မြတ်ဆရာက စာမေးပွဲ အောင်ပြီးနောက် သူတို့ကြားက ဆက်ဆံရေးကို အဆုံးသတ်လိုက်သည်။

ဒီလို အခြေအနေတွေကို ထိန်းချုပ်ဖို့အတွက် သူတော်စင်ဂိတ်က မြတ်ဆရာတစ်ယောက်အတွက် နာမည် စာရင်းပေးပြီးသား ကျောင်းသားတစ်ယောက်သည်

နောက်ဆရာတစ်ယောက်အတွက်
ဝင်တိုက်ခိုက်ပေးလို့ မရကြောင်း ဆုံးဖြတ်ခဲ့သည်။

လီဇီချီက အရမ်းညာဏ်ကောင်းပြီး သူမရဲ့ လေ့လာမှုက ထိပ်တန်းအဆင့်မှာ သေချာပေါက် ရှိနေလိမ့်မည်။ ဒါပေမယ့် တိုက်ခိုက်ရေး တိုက်ပွဲမှာတော့ သေချာပေါက် အောင်မြင်မှာ မဟုတ်ပေ။ လုချီဟွာက ငတုံး။ ထန်ထန်ယုထန်က ရောဂါသည်။ သူတို့ တစ်ယောက်ကိုမှ စာရင်သွင်းလို့ မရနိုင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူရဲ့ ကျင့်ကြံခြင်းအခြေခံက အနည်းငယ် နိမ့်နေပြီး ရှန်ယွန်ပေါင် တစ်ယောက်ပဲ ချောချောမွေ့မွေ့နဲ့ အောင်မြင်ပြီး တိမ်စိမ်းအဆင့်ကို ဝင်ဖို့ အခွင့်အရေး ၉၇ ရာခိုင်နှုန်းလောက် သေချာသည်။ ဒါပေမယ့် မမျှော်လင့်ထားတဲ့ အခြေနေကို သတိထားရအုံးမည်။

ကျောင်းသားတွေကြားက ပြိုင်ပွဲသည် မဲခွဲ ရခြင်းဖြစ်သည်။ ရှန်ယွန်ပေါင်က ကံဆိုးပြီး အစွမ်းထက်တဲ့ ပြိုင်ဘက်တွေနဲ့ အဆက်မပြတ် တိုက်ခိုက်ခဲ့ရလျှင် ဘယ်လို လုပ်မလဲ။

ဒါကြောင့် ချန်လုံက တိုက်ခိုက်ချင်နေသည်။

"ဆရာ၊ ကျွန်တော့်ဆန္ဒကို လိုက်လျောပေးပါ"

ချန်လုံက ထုတ်မပြောပေမယ့် ဆွန်းမို ဂုဏ်ကျက်သရေ တောက်ပလာပြီး အာရုံစိုက်ခံရအောင် တိမ်စိမ်းအဆင့်ကို ဝင်ချင်နေသည်။ ဒါက ဆွန်းမိုကို ကျေးဇူးပြန်ဆပ်နိုင်တဲ့ တစ်ခုတည်းသော အရာဖြစ်သည်။

"မရဘူး"

ဆွန်းမိုက ပြတ်ပြတ်သားသား ပယ်ချလိုက်သည်။

"တော်ပြီ၊ အဓိပ္ပါယ် မရှိတဲ့ စကားတွေ တော်လိုက်တော့။ မြန်မြန် သွားအနားယူလိုက်"

ဆွန်းမို ထွက်သွားတာ မြင်လိုက်လျှင် ချန်လုံသည် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး စိတ်ထဲမှာ ကျေးဇူးတင်တဲ့ စိတ်တွေနဲ့ ကို့ကိုယ်ကို အပြစ်တင်တဲ့ စိတ်တွေ ပေါ်လာသည်။ ထို့နောက် ဆုံးဖြတ်ချက်ချလိုက်တဲ့ အကြည့်ပေါ်လာသည်။ (ဆရာအပြစ်တင်ရင်တောင် နာမည်စာရင်းသွင်းရမယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(တိမ်စိမ်းအဆင့်ဝင်အောင် ငါသွားမယ့်လမ်းကြောင်းမှာ ပိတ်ဆို့ရဲတဲ့လူ မှန်သမျှ သေစေရမယ်)

....

ဆွန်းမိုသည် ညဘက်ရောက်သောအခါ တိတ်ဆိတ်နေတဲ့ ကျောင်းဝန်းအတွင်းမှာ လမ်းလျှောက်ရင်း အသက်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ချန်လုံ ကိုယ်ပေါ်က ပျက်ဆီးနေတဲ့ ဝိညာဉ်တက်တူး အားလုံးကို ပြင်ဆင်ပြီးသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့ဝိညာဉ်တက်တူး အဆင့်အတန်းက နောက်တစ်ကြိမ် တိုးတက်လာတယ်။ ၃၅/၁၀၀၊ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး”

စနစ်က ဆွန်းမိုကို ချီးကျူးလိုက်သည်။

“တိုးတက်မှုအဆင့်က မနည်းဘူးလားကွာ”

ဆွန်မို ညည်းညူလိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ချန်လုံကို ကယ်တင်ပြီး သူ့ဆီက အသိအမှတ်ပြုမှုကိုရကာ မျှော်လင့်ချက် နောက်တစ်ကြိမ် ပြန်ပေးခဲ့တဲ့အတွက် မြတ်ဆရာတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကို အောင်မြင်ခဲ့တယ်။ ဒါကြောင့် မြတ်ဆရာတံဆိပ် တစ်ခုနဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်လုံး ရရှိမယ်”

ဆွန်းမို အရှေ့မှာ တောက်ပတဲ့တံဆိပ် တစ်ခုပေါ်လာသည်။

ဟူး

ဆွန်းမို လေမချွန်ပဲ မနေနိုင်တော့ချေ။ ဒါက ပစ္စည်းကောင်းလေးပါ။ အခုဆိုရင် သူ့မှာ တံဆိပ် ခြောက်ခု ရှိနေပြီဖြစ်သလို အကောင်းဆုံး ရတနာသေတ္တာလည်း ရှိနေပြီး မြတ်ဆရာ အရှိန်အဝါ ရလာနိုင်သေးသည်။

နောက်ထပ် မိနစ်အနည်းငယ်ကြာအောင် စောင့်လည်း ဆုထပ်မပေးတော့သဖြင့် ဆွန်းမိုက ချက်ခြင်းဆိုသလို ခြေလှမ်းအရှိန်မြှင့်ကာ အိမ်သို့ ပြန်သွားသည်။ သူက တယ်လီပို့ တံခါးကနေ လေဘုရင်ခန်းမသို့ တန်းသွားလိုက်သည်။

မျှော်လင့်ထားသလိုပဲ လုချီဟွာ လေ့ကျင့်နေသေးသည်။

“မင်း ခွန်အားတိုးတက်ချင်နေတာ ငါသိပါတယ်။ ဒါပေမယ့် အလုပ်နဲ့အနားယူမှုကို မျှတအောင်လုပ်ဖို့ လိုတယ်”

ဆွန်းမိုက လုချီဟွာခေါင်းကို ပုတ်ရင်း ပြောလိုက်သည်။

လုချီဟွာ ခေါင်းငုံ့သွားပြီး စိတ်ဓါတ်ကျတဲ့ အမူအရာ ဖြစ်နေသည်။ သူမဆရာအတွက် အမှန်တကယ် တိုက်ပွဲဝင်ချင်နေသည်။

"ဆရာ၊ ငါက အရမ်းညံ့နေလားဟင်"

"ညံ့ဖျင်းတာနဲ့ မဆိုင်ပါဘူး။ လူတိုင်းမှာ ထူးခြားတဲ့ အားသာချက် ရှိတယ်လို့ ငါယုံကြည်တယ်"

ဆွန်းမိုက နှစ်သိမ့်ပေးရင်းနဲ့ စိတ်ထဲကနေ အမိန့်ပေးလိုက်သည်။

"ရတနာသေတ္တာကို ဖွင့်"

ကလစ်ဆိုတဲ့ အသံနဲ့အတူ ငွေရောင်ရတနာ သေတ္တာပွင့်သွားပြီး ဆယ်နှစ် အချိန်တံဆိပ် ငါးခု ထွက်လာသည်။

"ဆက်ဖွင့်မယ်"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

ခရမ်းရောင် တောက်ပနေတဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ ပွင့်သွားသည်။

အလင်းရောင် မှိန်ဖျော့လာပြီး သိုးသားရေပြား အဟောင်းကြီးတစ်ခု ကျန်ခဲ့သည်။

"အမ်၊ မြတ်ဆရာအရှိန်အဝါ မဟုတ်ဘူးလား"

ဆွန်းမို အရမ်းစိတ်ပျက်သွားသည်။

ဒင်

“စိတ်ဆေးပြား ဆေးညွှန်း ရတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - ကျွမ်းကျင်”

“ဒီဆေးညွှန်းက အရမ်းရှားပါးပြီး ဆေးဘုရင်ခန်းမကနေ ရှေးခတ် အချိန်မှာ ပျောက်ဆုံးသွားတဲ့ ပစ္စည်းတစ်ခုလို့ ပြောကြတယ်။ အခုလောလောဆယ်တော့ ပြည်နယ်ကိုးခုမှာ တစိတ်တပိုင်းပဲ ကျန်တော့ပြီး ဆေးဘုရင်ခန်းမက ထိန်းသိမ်းထားတယ်”

“စိတ်ဆေးပြားက လျှို့ဝှက် ကျင့်စဉ်နဲ့ ဆေးပင်ပေါင်း ဆယ်ခုကျော် ပေါင်းစပ်ပြီး

အသုံးပြုရတယ်။ ဒါက နတ်ဘုရားခွန်းအား နယ်ပယ်ကလူတွေ တိုးတက်ဖို့ ကူညီပေးတဲ့နေရာမှ အထိရောက်ဆုံးပဲ။ ဒါကို စားသုံးလိုက်တာနဲ့ စိတ်စွမ်းအင်တွင် ပေါက်ကွဲထွက်လာပြီး ထစ်ဆို့မှုကို ကျော်ဖြတ်ကာ တိုက်ရိုက် အဆင့်တက်နိုင်တယ်”

“ဆေးဖော်စပ်တဲ့ နည်းလမ်းနဲ့ ပါဝင်ဆေးပစ္စည်းတွေကြောင့် သဘာဝသစ်သီး စားရတာနဲ့ တူတယ် ။ ဘေးထွက်ဆိုးကျိုး တော်တော်လေး နည်းတယ်”

"မှတ်ချက်။ ဒီဆေးပြားက ဝိညာဉ်ထိန်းချုပ်သူအတွက် အကောင်းဆုံး အာဟာရ ဖြစ်တယ်"

ဆွန်းမိုသည် ဆေးညွှန်းမိတ်ဆက်ကို ဖတ်ရင်း အံ့အောသွားသည်။ ထို့နောက် ဂိမ်းတစ်ခုထဲတွင် နတ်ဘုရား ပစ္စည်းတစ်ခုကို ရလိုက်လို့ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားချက်မျိုး ဖြစ်ပေါ်လာပြီး ရင်ခုန်လာသည်။

ဒီမိတ်ဆက်အရတော့ ဒါကထူးခြားတဲ့ ဆေးညွှန်းတစ်ခုပါ။ လုံး၀ တန်ဖိုးဖြတ်လို့မရတဲ့ အရာပဲ။

ဆေးဘုရင်ခန်းမဆိုတာ ဘယ်လိုနေရာလဲ။

သူတို့ ဆေးပညာနယ်ပယ်တွင် အသန်မာဆုံး လူတွေစုနေတဲ့ နေရာလို့ သိကြသည်။ အဲဒီနေရာမှာနေရင် သေချင်ရင်တောင် သေလို့ မရဘူးလို့ ပြောကြသည်။ သူတို့က အဆင့်အမြင့်ဆုံး အသိပညာတွေ ပိုင်ဆိုင်ပြီး ပြည်နယ်ကိုးခုမှာ အပြည့်အစုံဆုံး ဆေးစာအုပ်တွေ စုစည်းထားတဲ့ နေရာလည်း ဖြစ်သည်။

အနည်းငယ် ပျော်သွားပြီးတဲ့နောက် ရုတ်တရက် စိတ်ဓါတ်ကျလာသည်။ ဒီအတွက်လည်း အဖြေမရှိပါ။

ပြီးတော့သူက မှော်ဆေးပညာ အကြောင်းလုံးဝမသိပါ။ ဒါက မသေမျိုး ဆေးညွှန် ဖြစ်နေရင်တောင် သူဖော်စပ်ဖို့ နည်းလည်း မရှိပါ။

သူ့အတွက် တခြား သူကိုပေးပြီး ဖော်စပ်ခိုင်းဖို့လား။

နောက်နေတာ ရပ်လိုက်တော့။ ဒီဆေးညွှန်းက လက်ဆင့်ကမ်းဖို့ ဒါမှမဟုတ် ပေါက်ကြားလို့မရတဲ့ လျှို့ဝှက်ချက်ဆိုတာ သေချာသည်။

“ငါ့အတွက်တော့ အမှိုက်တစ်ခုနဲ့ မခြားဘူး”

ဆွန်းမို မဲ့ရွဲ့သွားသည်။

'မင်း ပိုက်ဆံနဲ့ ရောင်းလို့ရတယ်"

စနစ်က သတိပေးလိုက်သည်။

"တော်တော် ညာဏ်နည်းလိုက်တာ"

ဆွန်းမို မျက်လုံးပြူးသွားသည်။ အမှိုက်လို အပြုအမူက ဘာလဲ။ သူ လုံးဝမလုပ်ဘူး။

"ဒါဆိုလည်း မင်းသင်မှာလား။ မသင်ဘူးလား"

စနစ်က မေးလိုက်သည်။

"သင်မယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ တေုံးမှပဲ မသင်ဘဲ နေလိမ့်မည်။

ဖောက်

ဆေးညွန်းက အလင်းအမှုန်အမွှားတွေအဖြစ် ပြိုကွဲသွားပြီး ဆွန်းမိုစိတ်ထဲ တိုးဝင်လာသည်။ ခဏလောက်ကြာတော့ မရေမတွက်နိုင်တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အသိပညာများသည် သူ့စိတ်ထဲ ပြည့်လျှံလာပြီး ပေါက်ကွဲလုမတတ် ဖြစ်သွားသည်။

ဆွန်းမိုက အလွတ်ကျက်ဖို့အတွက် လက်ကိုဝှေ့ယမ်းပြီး စွယ်စုံကျမ်းအသိပညာကို ကို့ကိုယ်ကို ပြန်အသုံးပြုလိုက်သည်။ ဒါပေမယ့် သိပ်မကြာခင် အရမ်းခက်ခဲတဲ့ အကြောင်း သိသွားသည်။

ဆွန်းမိုက မှော်ဆေးပညာကို ကူးယူနိုင်သော်လည်း အလွတ်ကျက်တဲ့ နေရာတွင် ဝိညာဉ်တက်တူးလေ့လာတာနဲ့ ကွာခြားနေတာ သတိထားလိုက်မိသည်။ မှော်ဆေးပညာက

တဆင့်ပြီးတဆင့် တိုးတက်ဖို့ လိုအပ်သည်။ ဥပမာ ပြောရလျှင် ဒီဆေးညွှန်းပဲ။

ဆွန်းမိုက ဘယ်အချိန်တွင် အပူချိန်ပြောင်းရမည်။ ဆေးပင်ထည့်တဲ့ အစီအစဉ်နှင့် အရောင်တွေကို စောင့်ကြည့်ပြီး ဘယ်လို ထိန်းသိမ်းရမလဲဆိုတာ နားလည်ထားရမည်။ ဒါပေမယ့် ဆွန်းမိုက မူရင်း အယူအဆကိုပင် နားမလည်ခဲ့ပါ။ သူက အဆင့်အားလုံးကို မှန်ကန်စွာ လိုက်နာပြီး ဒီဆေးကို ထုတ်လုပ်ရင်တောင် အဆင့်မြင့်မှာ မဟုတ်ပေ။

ဒင်

"စိတ်ဆေး ဖော်စပ်နည်းကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် - ကျွမ်းကျင်"

ဆွန်းမိုက စောင်ကို ဆုပ်ကိုင်ထားရင်း ခပ်တည်တည် ကြည့်နေသည်။

"စနစ် သွားအနားယူတော့ ငါလည်း အိပ်တော့မယ်"

....

မင်းသား အိမ်တော်၊ လီဇီရှင်း၏ အိပ်ခန်း.....

"ငါ ဘယ်တုန်းကမှ ဒီလောက် အရှက်မကွဲဖူးဘူး။ သေချာပေါက် လက်စားချေမယ်။ ဆွန်းမို ၊ မင်းကို

သတ်မယ်။ မင်းမျက်စိ အရှေ့မှာတင် အန်ရှီဝေကို သတ်ပြမယ်။ လီဇီချီ....မင်းဦးလေး ငါ့ကို စော်ကားရင် ဘယ်လောက် ကြောက်စရာကောင်းတဲ့ အကျိုးဆက် ဖြစ်လာမယ်ဆိုတာ မင်းနားလည်အောင် ငါပြမယ်”

လီဇီရှင်းက သူ့ မောင်းမမိသံတစ်ယောက်ကို လည်ပင်းညှစ်ရင်း ကျိန်ဆဲနေသည်။

“မင်းသား.....မ...မင်းသား...”

ချင်လင်တွင် တချိန်တုန်းက အလှဆုံး ပန်းဘုရင်မ ဖြစ်ခဲ့တဲ့ ကိုယ်လုပ်တော်သည် အခုတော့ အရမ်းရုပ်ဆိုးနေပြီ။ မျက်လုံးပြူးပြီး ပါးစပ်က

သွားရည်တွေ စီးကျနေသည်။ ဘာဖြစ်လို့လဲဆိုတော့ သူ့လည်ပင်းကို လီဇီရှင်း ညှစ်ထားသောကြောင့် သွေးမစီးနိုင်ဘဲ မျက်နှာတစ်ခုလုံး နီရဲနေသည်။

အပြင်မှာ ရပ်နေတဲ့ မိန်းကလေးခြောက်ယောက်လည်း မျက်နှာမှာ ကြောက်ရွံ့ထိတ်လန့်မှုများ ပြည့်နှက်နေသည်။ ဒီရက်ပိုင်းအတွင်း လီဇီရှင်းတစ်ယောက် သတ်ပစ်ချင်တဲ့ စိတ်ဆန္ဒတွေ အရမ်းပြင်းထန်နေသည်။

ဒါက သူသတ်ခဲ့တဲ့ တတိယမြောက် ကိုယ်လုပ်တော် ဖြစ်သည်။

ဘုန်း

တံခါးပွင့်သွားပြီး မတရားသဖြင့် အသတ်ခံရတဲ့ အလောင်းကို လွှင့်ပစ်လိုက်သည်။

“သူမကို အနောက်ဖက်ခြံထဲ ဆွဲခေါ်သွားပြီး ခွေးသား ကျွေးလိုက်”

လီဇီရှင်း ညွှန်ကြားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီရှင်း လေမှုတ်ထုတ်ပြီး စိတ်လျှော့လိုက်သည်။ ပြင်းထန်တဲ့ ထိုးနှက်ချက်ကို ဘယ်လို စတင်ရမလဲ တွေးတောနေသည်။

"ငါ သူတို့ကို သုံးသင့်လား။ မဟုတ်သေးဘူး။ ငါ အဲဒီလို မလုပ်နိုင်ဘူး။ ဗဟိုပြည်နယ်အကယ်ဒမီကို ရဖို့ သူတို့ကို အသုံးချလိုက်ရင် ရလာမယ့် ဆုလဒ်ထက် တောင်းဆိုမှုက သေချာပေါက် ပိုများလိမ့်မယ်"

လီဇီရှင်း တွေဝေသွားသည်။

....

မရီဒန် အကယ်ဒမီ၊ ရှန်လင် ပန်းခြံ။

နာမည်က သာယာပြီး ဒီနေရာကို ပန်းခြံလို့ ခေါ်ကြပေမယ့် တကယ်က ကျောင်း၏ မှော်ဆေးဆရာများရဲ့ ဖိုခန်း တစ်ခုပါ။

ဖိန်ဟိုရင်သည် သမင်အမြီး ဂုဏ်ပြုစားပွဲက ပြန်လာပြီးနောက် သူ့နေရာသို့ တန်းပြန်လာကာ ဈေးမဆေးထုပ်ကြီး ဆေးညွှန်းကို စတင် စမ်းသပ် ရှာဖွေနေသည်။

"ငါ့လို ကြယ် ၅ပွင့် မှော်ဆေးဆရာတစ်ယောက် က ဒီဆေးညွှန်းကို ပြန်မဖော်ထုတ်နိုင်ဘူးဆိုတာ

ငါမယုံဘူး။ အဲဒီအချိန်ကျရင် ငါက ဘယ်လို အံ့အောဖို့ကောင်းသလဲဆိုတာ မင်းကိုပြမယ်”

ဖိန်ဟိုရင် တော်တော်လေး ဒေါသထွက်နေခဲ့သည်။ ပထမတစ်ချက်မှာ ဆွန်းမိုက သူ့ကို ငြင်းလိုက်သဖြင့် တော်တော်လေး စိတ်ဆိုးနေသည်။ ဒုတိယအချက်အနေနဲ့ ဆွန်းမို နာမည်ကြီးလာတာနဲ့အမျှ သူ့ဆီက တောင်းဆိုဖို့ အခွင့်အရေး မရှိနိုင်တော့ဘူးဆိုတာ နားလည်နေသည်။ တတိယ အချက်အနေနဲ့ ဒီဆေးထုပ်က ဘယ်လို ထိတ်လန့်ဖို့

ကောင်းသလဲဆိုတာ နက်နက်ရှိုင်းရှိုင်း နားလည်နေသည်။ အနာဂတ်တွင် ဒါကို စိတ်ဝင်စားလာတဲ့ အခါက ဇာတ်ဆောင်တွေ ပိုများလာလိမ့်မည်။ ဆွန်းမို ဘယ်လိုပဲ ဉာဏ်နည်းနေပါစေ ဒါကို ရှောင်းချဖို့ မဖြစ်နိုင်ပါ။

ဒါကြောင့် ဖိန်ဟိုရင်သည် သူ့ရဲ့ အသိပညာကို အခြေခံကာ ဆေးညွှန်းကို စမ်းတဝါးဝါး စမ်းသပ်နေခဲ့သည်။

“ဆရာ၊ ဘာဖြစ်လို့ မနားတာလဲ”

လူငယ်လေးတစ်ယောက်က သူ့ကို စည်းရုံးလိုက်သည်။ (ဆရာ ဒါကိုလုပ်နေတာ တပတ်လောက် ရှိနေပြီ။ ဒီအတိုင်း ဆက်သွားနေရင် ခန္ဓာကိုယ် ခံနိုင်မှာ မဟုတ်တော့ဘူး)

"အကြံသမား"

ဖိန်ဟိုရင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ငါ့ ခန္ဓာကိုယ်က အရမ်း ကျန်းမာတယ်။ မင်းစိတ်ပူစရာ မလိုဘူး"

လူငယ်လေး ခိုကိုးရာမဲ့သွားသည်။ ဒါပေမယ့်လည်း နည်းနည်းတော့

အထင်ကြီးသွားသည်။ အမှန်တိုင်းပြောရလျှင် ဒီဖိုခန်း ပတ်ဝန်းကျင်က အရမ်းဆိုး၍ရှားသဖြင့် ဖိန်ဟိုရင်သည် ဒီနေရာမှာ အကြာကြီး နေချင်စိတ် မရှိပါ။ သူ့ရဲ့ ဓွဲ့လုံလနှင့် ခံနိုင်ရည်က တော်တော်လေး ချီးကျူးဖို့ ကောင်းသည်။

မျှော်လင့်ထားသလိုပဲ မဟာသခင် ဖြစ်လာဖို့ဆိုရင် ဒုက္ခဆင်းရဲမျိုးစုံကို ခံနိုင်ရည် ရှိဖို့ လိုသည်။

တစ်ရက်ခွဲကြာပြီးနောက် ဖိန်ဟိုရင်သည် ဧရာမ ဆေးထုပ်ကြီးထဲတွင် ပါဝင်တဲ့ ဆေးပင်စာရင်းကို

ဖော်ထုတ်နိုင်ခဲ့သည်။ ထို့နောက် ကျေနပ်အားရစွာ ထိုင်ခုံပေါ် ကျောမှီပြီး ထိုင်ချလိုက်သည်။

"ဆွန်းမို၊ မင်း မပါလည်း ငါအောင်မြင်အောင် လုပ်နိုင်တယ်"

ဖိန်ဟိုရင်က ကျေနပ်အားရစွာ ရယ်မောပြီး

"ငါ့အတွက် နဂါးငွေ့ဆေးပြား သွားယူခဲ့"

နဂါးငွေ့ ဆေးပြားသည် သုံးစွဲသူကို အချိန်တော်တော်ကြာအောင် ခွန်းအားရှိစေတဲ့ ဆေးတစ်မျိုး ဖြစ်သည်။ ဒါက ကျွဲရိုင်းနဲ့

ဆင်တူသော်လည်း အာနိသင်က အဆပေါင်းများစွာ ပြင်းထန်သည်။

"ဆရာ၊ ဒီလို ပစ္စည်းတွေကို သတိထားပြီး သုံးစွဲသင့်တယ်"

လူငယ်လေးက စည်းရုံးလိုက်ပြန်သည်။

"စိတ်မပူနဲ့။ ဒီအဖေက သက်ရှည်နယ်ကို ရောက်နေပြီ။ ငါမသေဘူး"

အဲဒီနောက် နဂါးငွေ့ဆေးပြားကို သောက်ပြီး အလုပ်ဆက်လုပ် နေလိုက်သည်။ ဒါပေမယ့် သိပ်မကြာခင် အမြင်အာရုံတွေ ဝေဝါးပြီး ရုတ်တရက်

ခေါင်းမူးလာသည်။ နှလုံးခုန်သံတွေ မြန်လာပြီး ခြေတွေလက်တွေ ခွန်အားမရှိသလို ဖြစ်လာသည်။

ဖုန်း

ဖိန်ပဟိုရင် မြေပေါ် လဲကျသွားသည်။

“ဆရာ........”

အခန်းထဲမှာ ရှိတဲ့ကျောင်းသားတွေ အကြီးအကျယ် ထိတ်လန့်သွားပြီး ချက်ခြင်းပြေးလာကြသည်။

“ဆရာ၊ မင်းဘာဖြစ်နေတာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မြန်မြန်သွား၊ ဆရာဝန် မြန်မြန်သွားခေါ်”

“ဆရာ..၊ ဆရာ”

ဖိုခန်းထဲမှာရှိတဲ့ လေထု ချက်ခြင်းဆိုသလို ဝရုန်းသုန်းကား ဖြစ်သွားသည်။

မှော်ဆေးပညာရှင်တစ်ယောက်အနေနဲ့ ဖိန်ဟိုရင်သည် ဆေးကျင့်စဉ် အကြောင်းကို သဘာဝကျကျ သိထားသည်။ အရင်ကလည်း ကြီးမားတဲ့ အရေးခင်းများကို မြင်ဖူးခဲ့သော်လည်း ဒီတစ်ကြိမ်တော့ ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ

ချောင်းဆိုးရင်း သွေးပါလာသည်။ ဒါကိုမြင်လိုက်လျှင် ဆွန်းမိုရဲ့ သတိပေးချက်ကို ပြန်သတိရသွားသည်။

"အားဖြည့်ဆေးကို ဒီထက်ပိုပြီး မစားသင့်တော့ဘူး။ ဒီလိုမှမဟုတ်ရင် အသက်အန္တရာယ် ထိခိုက်လိမ့်မယ်"

ဆွန်းမို တကယ်မှန်နေမယ်လို့ မထင်ထားခဲ့ပါ။ ဒီသတိပေးချက်ကို ပြန်သတိရလိုက်လျှင်

"ဆွန်းမို။ မဟာသခင်ဆွန်းကို မြန်မြန် သွားခေါ်" ဆိုပြီး အလိုလို အော်ဟစ်လိုက်မိသည်။

အခန်း(၅၂၅) - ရောဂါ စမ်းသပ်ဖို့အတွက် နာမည်ကြီး ဆရာဝန်များ စုရုံးလာခြင်း။

ဆွန်းမိုက ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာ အတန်းကို ရပ်နားထားသည်။ ခရီးဆောင်အိတ်လည်း ပြင်ဆင်ထားပြီး မနက်ဖန်ခရီးထွက်မည့် အနောက်တောင်မြို့ ခရီးစဉ်ကို စောင့်ဆိုင်းနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တောင်ပေါ်မြို့ဖြစ်ပြီး ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကျင်းပမည့် နေရာလည်း ဖြစ်သည်။

ဆွန်းမိုက မြို့ရဲ့ အချက်အလက်များကိုလည်း ကြိုတင် စုံစမ်းထားပြီး သမိုင်းကြောင်းများစွာ ရှိတဲ့ နေရာတစ်ခုဆိုတာလည်း သိရှိခဲ့သည်။ ဒါပေမယ့်လည်း အဲဒီနေရာတွင် နာမည်ကြီးတဲ့လူ တစ်ယောက်မှ မရှိပါ။ ထိုနေရာရဲ့တစ်ခုတည်းသော အားသာချက်မှာ သူတို့ ဒေသထွက် ဟင်းများဖြစ်ပြီး တော်တော်လေးလည်း ကျော်ကြားသည်။

ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့်များဖြစ်တဲ့ လီဇီချီနှင့် ကျန်တဲ့ ငါးလောက်လည်း သူနဲ့အတူ လိုက်ချင်နေကြသည်။ သူတို့ထဲက တချို့သည် တိုက်ပွဲထဲ မပါခဲ့ရင်တောင် သူတို့ရဲ့ မိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်ချင်နေသည်။

ဆွန်းမိုက ရိုးအတဲ့ကောင်လေး ချီရွှန်ကျားကို ခေါ်လာချင်ပေမယ့် တော်တော်လေး ဖျားနေပြီး ရောဂါ ပြင်းထန်နေသည်။ ဒါကြောင့် ထားခဲ့လိုက်သည်။

....

ကျောင်းအုပ်ကြီး ရုံးခန်း................

ရှာယွန်က လေးနက်တဲ့ အမူအရာနဲ့ ဆွန်းမိုကို ဦးညွှတ်လိုက်သည်။

"ဆရာရှာက အရမ်း ယဉ်ကျေးနေပြီ"

ဆွန်းမိုက လျှင်မြန်စွာ ရှောင်လိုက်သည်။

မောက်မာတဲ့ အမူအရာ လုံးဝမရှိဘဲ ဆွန်းမိုနဲ့စကားပြောရတာ လွယ်ကူတာ တွေ့မှ ရှာယွန် သက်ပြင်းချလိုက်နိုင်သည်။ ဆွန်းမိုမှာ အတ္တတွေ ဖောင်းပွနေမှာကို ရှာယွန် နက်နက်ရှိုင်းရှိုင်း

ကြောက်နေမိသည်။ အဲဒီလိုဆိုရင် သူမ တော်တော်လေး ဒုက္ခ ရောက်လိမ့်မည်။

ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲအတွက် ရှာယွန်လည်း သွားချင်နေသည်။ ဒါကြောင့် ဆွန်းမိုနဲ့ အတူတူလိုက်သွားလို့ ရမလားဆိုပြီး အန်ရှီဝေအား တောင်းပန်ခဲ့သည်။ ဆွန်းမိုဆီကနေ တစ်ခုခု သင်ယူနိုင်မလားဆိုပြီး အနီးကပ် စောင့်ကြည့်တာအပြင် သူ့ကို အားကိုးပြီး သူမရဲ့ ကျော်ကြားမှုကိုလည်း မြှင့်တင်ချင်နေသည်။

အခုအချိန်မှာ ဆွန်းမိုသည် မြတ်ဆရာအသိုင်းအဝိုင်းတွင် တော်တော်လေး ကျော်ကြားနေသည်။ သူ့ဘေးမှာနေရင် သူမလည်း အာရုံစိုက် ခံရလိမ့်မည်။ တကယ်လို့ သူမသာ အဓိကပုဂ္ဂိုလ်တစ်ယောက်ရဲ့ သဘောကျမှုကို ရယူနိုင်ခဲ့လျှင် ခြေတစ်လှမ်းတည်းနဲ့ ကောင်းကင်ပေါ် ရောက်သွားလိမ့်မည်။

မြတ်ဆရာ အသိုင်းအဝိုင်းတွင် တချို့က သူတို့ရဲ့ခွန်အားကို အားကိုးကြသည်။ တချို့ကတော့ သူတို့ရဲ့ လူမှုရေး ဆက်ဆံမှုအပေါ်မှာပဲ မူတည်သည်။

နာမည်ကျော် ပေါက်စလေးတွေက ဘာဖြစ်လို့ နိုင်ငံခြား ရုပ်ရှင်ပွဲတော်ကို သွားကြတာလဲ။ သူတို့ရဲ့ ကျော်ကြားမှုကို မြှင့်တင်နိုင်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ မဟုတ်လား။

“ဆရာဆွန်း၊ ကျေးဇူးတင်ပါတယ်”

ရှာယွန်သည် လမ်းပေါ်မှာ ပန်းရောင်းနေတဲ့ မိန်းကလေးတစ်ယောက်လို အနေရခက်နေသည်။

“ဆရာရှာကတော့ အတည်ပေါက်ကြီး လုပ်နေပြန်ပြီ”

ဆွန်းမိုသည် ရှာယွန်ရဲ့အတွေးကို ခန့်မှန်းမိသော်လည်း အထင်မသေးခဲ့ပါ။ အထင်ကြီးဖို့ကောင်းတဲ့နောက်ခံ ဒါမှမဟုတ် အရည်အချင်းရှိတဲ့ အဖေတစ်ယောက်၊ မရှိရင် ပုံမှန် အရည်အချင်းပဲ ရှိတဲ့လူတွက သူတို့ကျော်ကြားမှုကို မြှင့်တင်ဖို့ တခြားအရာတွေကို စဉ်းစား တတ်ကြသည်။

ရှာယွန်က အန်ရှီဝေရဲ့ သစ္စာရှိ နောက်လိုက်တစ်ယောက် ဖြစ်နေသဖြင့် ဆွန်းမိုမှာ သူမကို မကူညီဖို့ အကြောင်းပြချက် မရှိပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်းမို၊ မင်းတို့ သွားဖို့ မြင်းရထား စီစဉ်ပေးမယ်။ ဘာဖြစ်လို့ မနက်ဖြန်မှ အတူတူ မသွားတာလဲ"

အန်ရှီဝေက ရှာယွန်ကို တစ်ချက်ကြည့်လိုက်ပြီး ဆွန်းမိုက သူတို့ဘက်တွင်ရှိကြောင်း အမူအရာ ပြလိုက်သည်။ အရမ်းကြီး အားနာနေစရာ မလိုပါ။

ဒင်

ရှာယွန်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး (၆၂၀/၁,၀၀၀)

"ဒါပေါ့"

ဆွန်းမိုကလည်း ဒီမှာ အချိန်မဖြုန်းချင်ပါ။ ဒါကြောင့် သဘောတူပြီး နှုတ်ဆက်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် သူ့ မတ်တပ်ရပ်တုန်းမှာ လူငယ်တစ်ယောက်က အန်ရှီဝေ ရုံးခန်းထဲ ပြေးဝင်လာသည်။

"...ကျောင်းအုပ်ကြီး အန်၊ ကျေးဇူးပြုပြီး ဆရာ့အသက်ကို ကယ်ပေးပါ"

"ဘာဖြစ်နေတာလဲ"

အန်ရှီဝေက လူငယ်ကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်သွားသည်။ သူက

မရီဒန်အကယ်ဒမီရဲ့ ကျောင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

"ကျွန်တော့်ဆရာက ရုတ်တရုတ် လဲကျသွားတယ်။ သူမမေ့ခင် သူ့ကို ကုသဖို့အတွက် မဟာသခင်ဆွန်းကို ဖိတ်ခေါ်ဖို့ မှာခဲ့တယ်"

လူငယ်က ရှင်းပြလိုက်သည်။

"ဒါပေမယ့် ဆွန်းမိုက ဆရာဝန်မဟုတ်ဘူး"

အန်ရှီဝေက စိုးရိမ်စိတ်နဲ့ ဆွန်းမိုကို ကြည့်လိုက်သည်။ လူ့အသက် ကယ်ဖို့က သာမန်ကာလျှံကာ လုပ်လို့ မရပါ။ အဲဒီလူက

ကုသနေရင်း သေသွားရင် ဘယ်လိုလုပ်မလဲ။ ဘယ်သူ တာဝန်ယူမှာလဲ”

အခုအချိန်မှာ ဆွန်းမို ဂုဏ်သတင်းက အနည်းငယ်မှ စွန်းထင်းလို့ မရပါ။

“ဒါ.....ဒါပေမယ့် ငါ့ဆရာ ပြောတာက”

လူငယ်လည်း ဘာမှမတတ်နိုင် ဖြစ်နေသည်။ ဆွန်းမိုရဲ့စွမ်းဆောင်ရည်တွေကို ထုံးစံအတိုင်း ကြားဖူးသည်။ ဒါပေမယ့် ဆွန်းမိုက လူနာတွေကို ကုသနိုင်တယ်လို့ ဘယ်သူမှ မပြောခဲ့ပေ။

"ဒီလိုဆိုရင်လဲ ဗဟိုပြည်နယ်က ဆရာဝန်တွေရယ် ဆွန်းမိုရယ် မင်းနဲ့အတူတူ လိုက်ခဲ့မယ်။ ငါတို့ ဘာမှမလုပ်သေးခင် အခြေအနေတော့ အရင်ကြည့်ရမယ်"

အန်ရှီဝေက အဖြေတစ်ခု စဉ်းစားလိုက်သည်။

"ကျေးရွာအများကြီး တင်ပါတယ်။ ကျောင်းအုပ်ကြီးအန်"

လူငယ်လေးက ကျေးရွာတင်စကား ပြောရင်း မျက်ရည် ကျလာသည်။

"မင်း ဆရာက ဘယ်သူလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အန်ရှီဝေက အရမ်း ကြင်နာလွန်းပြီး နေမကောင်းတဲ့လူရဲ့ နာမည်မမေးဘဲ အဲဒီနေရာကို သွားဖို့လုပ်နေသဖြင့် ရှာယွန်က စကားဖြတ်ပြီး မေးလိုက်သည်။

"ဖိန်ဟိုရင်၊ မဟာသခင် ဖိန်"

လူငယ်လေးက နာမည်တစ်ခု ပြန်ပြောလိုက်သည်။

"ဘယ်သူ"

ရှာယွန်က အလန့်တကြား အော်လိုက်သည်။

"ကြယ် ၅ ပွင့် မှော်ဆေးမဟာသခင်လား"

"အင်း"

လူငယ်လေး ခေါင်းညိတ်လိုက်သည်။

"...."

ရှာယွန် နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်နေသည်။ ဖိန်ဟိုရင် ရူးသွားပြီလားလို့ တကယ် မေးလိုက်ချင်သည်။ သူ့ရဲ့အဆင့်အတန်းအရ ချင်လင်မှာရှိတဲ့ အကောင်းဆုံး ဆရာဝန်တွေကို ကုသဖို့ ဖိတ်ခေါ်လို့ရသည်။ ဆွန်းမိုကို ဘာဖြစ်လို့ တောင်းတနေရတာလဲ။ အသက်ရှည်ရှည်နေရတာကို ငြီးငွေ့လာလို့လား။

"မြန်မြန် လမ်းပြ"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။ အသက်တစ်ချောင်း ကယ်ခြင်းက စေတီခုနှစ်ဆူ တည်တာထက် ပိုကုသိုလ်ရသည်။ အဲဒီအချိန်ဆို လေးစားအထင်ကြီးမှုအမှတ် အများကြီး သေချာပေါက် ရလိမ့်မည်။

"ရှီဝေ ၊ ငါတို့ အတူတူ သွားကြမယ်လေ"

"အတူတူ သွားကြတာပေါ့"

အန်ရှီဝေက စိတ်ထဲ မထားပေ။

မရီဒန်အကယ်ဒမီနဲ့ ဗဟိုပြည်နယ်အကယ်ဒမီက မြို့တစ်ဝက်လောက် ဝေးသည်။ လူစည်ကားတဲ့ လမ်းတွေပေါ်မှာ မြင်းရထား စီးရတာ အဆင်မပြေပါ။ ဒါကြောင့် သူတို့ ရောက်သွားတဲ့အချိန်တွင် ဖိန်ဟိုရင် မေ့လဲနေတာ တစ်နာရီ ကျော်သွားပြီ။

လူနာအခန်း အပြင်ဘက်မှာ ယူရုံပိုနှင့် ချောင်ရှန်တို့လည်း ရောက်နေကြသည်။ သူတို့အပြင် ဖိန်ဟိုရင်နဲ့ ဆက်ဆံရေး အဆင်ပြေတဲ့ ဆရာဝန်တွေလည်း စိတ်အားထန်သန်စွာ စောင့်ဆိုင်းနေကြသည်။

လေထုက အရမ်းလေးနက်ပြီး ကြောက်စရာ ကောင်းနေသည်။

ဆွန်းမိုနဲ့ အန်ရှီဝေတို့ရောက်လျှင် လူတိုင်းက တအံ့တအော ဝိုင်းကြည့်နေကြသည်။

"ဆရာဆွန်း"

"ကျောင်းအုပ်ကြီးအန်"'

ချောင်ရှန်နှင့် ယူရုံပိုက လာပြီး နှုတ်ဆက်သည်။

ဒီမြင်ကွင်းကို မြင်တော့ လူတိုင်း အံ့အောနေကြသည်။ နှုတ်ဆက်တဲ့ အချိန်တွင် ဆွန်းမို

နာမည်ကို အရင်ခေါ်တာလည်း သတိထားလိုက်မိကြသည်။

အများအားဖြင့်တော့ အဆင့်အတန်းမြင့်တဲ့လူကို အရင်ဆုံး နှုတ်ဆက်ကြသည်။

“ဆရာဖန် ဘယ်လိုလဲ”

အန်ရှီဝေက မေးလိုက်သည်။

“အခုအချိန်အထိတော့ ဆေးကုနေတုန်းပဲ။ တော်တော်လေး အသည်းအသန် ဖြစ်နေတယ်”

ချောင်ရှန်က သက်ပြင်းချပြီး ပြောလိုက်သည်။

"ဘာဖြစ်လို့ ဝင်မကြည့်တာလဲ"

ဆွန်းမိုက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီလိုမျိုး စောင့်ဆိုင်းနေတာက အဖြေမဟုတ်ပေ။

"မိုမိုလေး"

အန်ရှီဝေက သူ့ကို မသွားဖြစ်အောင် အသံနှိမ့်ပြီး အော်လိုက်သည်။

"အခုအချိန်မှာ မင်းက လူမသိသူမသိ သာမန်လူတစ်ယောက် မဟုတ်တော့ဘူး။ မင်းရဲ့ ဂုဏ်သတင်းက အရမ်းတန်ဖိုးကြီးနေပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖိန်ဟိုရင်ကို ကုသလိုက်လို့ သက်သာသွားရင် အားလုံးအဆင်ပြေသည်။ ဒါပေမယ့် ကုသမှု မအောင်မြင်ရင် ဘယ်လို ကောလဟာလတွေ ဖြစ်လာမလဲဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ပေ။

ထုံးစံအတိုင်း အန်ရှီဝေစိတ်ထဲတွင် ဆွန်းမိုက အရာရာတိုင်း လုပ်နိုင်မယ်လို့ မတွေးထားပါ။ ချင်လင်ရဲ့နာမည်ကြီး ဆရာဝန် ဆယ်ယောက်က ဒီကိုရောက်နေပြီး ရောဂါ စစ်ဆေးနေတယ်လို့ ချောင်ရှန်က ပြောထားခဲ့သည်။

ဆွန်းမိုက ဆရာဝန် မဟုတ်သဖြင့် ချောင်ရှုန် တွေဝေနေသည်။

နာမည်ကြီး ဆရာဝန်တွေက အရမ်းမာနကြီးပြီး သူတို့နဲ့ အသက်အရွယ်မတူတဲ့ လူတွေနှင့် လူနာကို အတူတူ ကုသတာ တော်တောလေး ရှားသည်။ ဒီလိုမှမဟုတ်ရင် သူတို့ရဲ့ အရည်အချင်းကို သံသယ ဖြစ်နေတာလားလို့ တွေးတတ်ကြသည်။

“သူ့ကို ကြိုစားခိုင်းလိုက်ပါ”

ယူရုံပိုက စည်းရုံးလိုက်သည်။

“အများဆုံးက ဒီကိစ္စပြီးသွားရင် ငါတို့နှစ်ယောက် မဟာသခင်ဖိန်ကို တောင်းပန်လိုက်ရုံပဲ ရှိတယ်”

“ဒါဆိုလည်း ဆရာဆွန်းကို ဒုက္ခပေးရတော့မှာပဲ”

ကြွန့်ကြာမှုပိုများလေလေ ဖိန်ဟိုရင်၏ရောဂါ ပိုဆိုးလေလေဆိုတာ ချောင်ရှန် နားလည်သည်။

ချောင်ရှန်က အန်ရှီဝေနှင့် ဆွန်းမိုတို့ကို ခေါ်ပြီး အခန်းထဲသို့ ဝင်သွားကာ သဘောကျစွာနဲ့ သက်ပြင်းချလိုက်မိသည်။ သူမရဲ့ အဆင့်အတန်းနဲ့ဆိုရင် အခန်းထဲဝင်ဖို့ အရည်အချင်း မမှီပါ။

အခန်းထဲရှိ လေထုက အရမ်းတင်းမာနေသည်။ ဒီနေရာမှာ မြတ်ဆရာတွေလည်း ထိုင်နေကြသည်။ မျက်မှောင်ကြုတ်ကာ လေးလေးနက်နက် စိုက်ကြည့်နေကြသည်။ တံခါးဖွင့်သံကြားလိုက်လျှင် အတွေးအာရုံ ပျက်တောက်သွားသဖြင့် မကျေမနပ် ဖြစ်သွားကြသည်။

"နာမည်ကြီး ဒေါက်တာ မီအို၊ ဒါက ဆွန်းမိုပါ။ ဆရာဖိန်ကို ကုသဖို့ ဒီရောက်လာတာ"

ချောင်ရှန်က အထင်ကြီးဖို့ အကောင်းဆုံး ဆရာဝန်တစ်ယောက် အရှေ့မှာ ရပ်ပြီး ဆွန်းမိုကို

မိတ်ဆက်ပေးလိုက်သည်။ တကယ်လို့ ချောင်ရှန်က ဘာမှမပြောဘဲ ဆွန်းမိုကို တိုက်ရိုက်ကုသခွင့် ပေးလိုက်လျှင် ဒီနာမည်ကြီး ဆရာဝန်အားလုံးကို စော်ကားသလို ဖြစ်သွားမှာ သေချာသည်။

“မြတ်ဆရာလား”

ဒေါက်တာမီအို မျက်မှောင်ကြုတ်ပြီး ဆွန်းမိုကို အကဲခတ်လိုက်သည်။

“သူကနာမည်ကြီး ဆရာဝန် မဟုတ်ဘူး မှတ်လား”

“မဟုတ်ပါဘူး”

ချောင်ရှန်က အနေရခက်စွာ ပြုံးလိုက်သည်။ သူ့ရဲ့ အဆင့်အတန်းက မမြင့်မားခဲ့လျှင် ဒေါက်တာမီအိုက ဆေးကိစ္စနဲ့ ပက်သက်ပြီး သူ့မျက်နှာကို သေချာပေါက် ပိတ်ရိုက်လိမ့်မည်။

"ကျောင်းအုပ်ကြီးချောင်၊ မင်းက ငါတို့ကို လှောင်နေတာလား"

ဒေါက်တာမီအိုက မေးခွန်းထုတ်လိုက်သည်။ ကျန်တဲ့ ဆရာဝန်တွေကလည်း ရန်လိုတဲ့ အကြည့်နဲ့ ကြည့်နေကြသည်။

အခန်း(၅၂၆ - က) - ဆွန်းမို ကုသခြင်း။

ဆရာဝန်တွေအားလုံး ဒီကိစ္စအတွက် မကျေမနပ်ဖြစ်နေတာ သေချာသည်။

“မင်းက တခြားလူတွေကို ညွှန့်ခံပြီး မကုသခိုင်းခင်ငါတို့ မကုသနိုင်ဘူးဆိုတာ အရင်သေချာအောင်

လုပ်လေ။ ဒီလိုမှမဟုတ်ရင် မင်းက ငါတို့ကို မယုံကြည်တာလား”

(ပြီးတော့ အခုခေါ်လာတဲ့လူက ဆရာဝန်တစ်ယောက် မဟုတ်တဲ့ မြတ်ဆရာလေ။)

(မြတ်ဆရာတွေက လူတွေကို သင်ပေးဖို့ တာဝန်ယူထားတာ မဟုတ်ဘူးလား။ ဘယ်အချိန်ကစပြီး လူနာတွေကို ကုသနေတာလဲ)

“ဒေါက်တာမီအို မင်းတို့ကို စော်ကားချင်တဲ့ ရည်ရွယ်ချက် မရှိဘူး”

ချောင်ရှန်က ကမန်းကတန်း ရှင်းပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ချောင်ရှန် မင်းက မြတ်ဆရာကို ဖိတ်ထားပြီဆိုတော့ ငါနှုတ်ဆက်ခဲ့ပါတယ်”

မျိုးရိုးနာမည် ပိုင် ရှိတဲ့ ဆရာဝန်တစ်ယောက်က နှုတ်ဆက်ပြီး ထွက်သွားသည်။ ဖိန်ဟိုရင်ကိုလည်း မကုသနိုင်ပါ။ ဒီလို အခြေအနေကိုပဲ အကြောင်းပြချက် လုပ်ပြီး ထွက်သွားရမည်။

ဒါကိုမြင်လိုက်လျှင် တခြားဆရာဝန်တွေလည်း မတ်တပ်ရပ်ဖို့ လုပ်လိုက်သည်။

“အားလုံး ၊ ကျေးဇူးပြုပြီး နေကြပါအုံး”

ချောင်ရှန် ထိတ်လန့်သွားသည်။ သူသာ မရီဒန်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး မဟုတ်ဘဲ ဩဇာကြီးမားတဲ့ ဇာတ်ကောင်တစ်ယောက် မဟုတ်ခဲ့လျှင် သူ့အပြင်းအထန် ကြိမ်းမောင်းခံနေရမည်ဆိုတာ သူသိနေသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ချောင်ရှန်က ယူရုံပိုကို ကြည့်လိုက်ပြီး တစ်ခုခု ပြောစေချင်နေသည်။ တချိန်တည်းမှာပဲ တွေဝေသွားသည်။ ဆွန်းမိုကို မကုသခိုင်းခင် ဒီမှာရှိတဲ့ဆရာဝန်တွေက ရောဂါလက်ကွဲဏာကို

စစ်ဆေးပြီးတဲ့ အချိန်အထိ အပြင်မှာ စောင့်ခိုင်းထားရင် ကောင်းမလား။

အဲဒီအချိန်တွင် သဒ္ဒါထက်သန် ခန်းမက ဒေါက်တာ လူဂျောင်ရန်း မတ်တပ်ရပ် လာသည်။

"မြတ်ဆရာဆွန်းလား"

လူဂျောင်ရန်းက ပြုံးပြီး လျှောက်လာသည်။

"မတွေ့တာ ကြာပြီနော်။ အခုတလော ဘယ်လိုလဲ"

ဒီလိုမျိုး မေးခွန်းကို မေးလိုက်သဖြင့် လူဂျောင်ရန်းက ဆွန်းမိုရဲ့ လက်ရှိအခြေအနေကို

တော်တော်လေး ရင်းနှီးနေတယ်လို့ ပြောလို့ရသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သူဘက်ကတောင်စပြီး ဆွန်းမိုနဲ့ မိတ်ဖွဲ့တဲ့ပုံစံ ဖြစ်နေသည်။

ဗဟိုပြည်နယ် အကယ်ဒမီတွင် ကျန့်ချင်ဖန် ကိစ္စနဲ့ပက်သက်ပြီး ဆွန်းမိုနှင့် တွေ့ဆုံပြီးနောက် နတ်ဘုရားလက်ကို အရမ်းစိတ်ဝင်စားနေခဲ့သည်။ ဆွန်းမို အရမ်းအလုပ်များနေမှန်း သိလို့ပါ ဒီလိုမှမဟုတ်ရင် ဗဟိုပြည်နယ်အကယ်ဒမီသို့ သွားပြီး ဆွန်းမိုဆီ သေချာပေါက် သွားလည်ပတ်ဖြစ်လိမ့်မည်။

"သူ့ကို သိတာလား"

ဒေါက်တာမီအို သိချင်လာသည်။

"ဒါက ဆွန်းမိုလေ၊ မြတ်ဆရာဆွန်း၊ သူက အရမ်းကျော်ကြားတဲ့ နတ်ဘုရားလက်လေ"

လူကျောင်ရန်းက မိတ်ဆက်ပေးလိုက်သည်။

"အမ်၊ တစ်မဲဆွန်း လား"

"သူ့ရဲ့ နတ်ဘုရားလက်က ကျောင်းသားတစ်ယောက်ကို သာမန်ကာလျှံကာ ထိလိုက်ရုံနဲ့ အဆင့်တက်အောင် ကူညီပေးနိုင်တယ်လို့ ကြားဖူးတယ်"

"ချီ၊ ဒါဆို အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့ လူပေါ့"

ဆရာဝန်တွေက ဆွန်းမိုအပေါ် သဘာထားအနည်းငယ် ပိုကောင်းလာပြီး အကဲခတ်နေကြသည်။ ထွက်သွားဖို့ လုပ်နေတဲ့ ဆရာဝန်တွေလည်း မရပ်တန့်ပဲ မနေနိုင်တော့ချေ။

သူတို့သည် ဘယ်မြတ်ဆရာအသိုင်းအဝိုင်းမှာမှ မပါဝင်သော်လည်း သူတို့အိမ်တွင် ကလေးများ ရှိသည်။ ဒါကြောင့်လည်း သူတော်စင်ဂိတ်က ထုတ်ဝေတဲ့ မြတ်ဆရာမှတ်တမ်းတွေကို အမြဲဖတ်ရှုပြီး မြတ်ဆရာလောကရဲ့

ဖြစ်ရပ်အသစ်သစ်တွေကို သိရှိအောင် လုပ်ထားကြသည့်.။

မည်သို့ပင်ဆိုစေကားမူ သူတို့မှာ ပိုက်ဆံ မရှားပါ။

"မြတ်ဆရာဆွန်းက မဟာကိုးပါးက ဖြေဆိုသူတွေကို ချေမှုန်းပြီး မြတ်ဆရာစာမေးပွဲမှာ ပထမနေရာ ယူခဲ့တယ်"

ချောင်ရှန်က အလျှင်စလို ဝင်ပြောလိုက်သည်။ ထို့နောက် ဒီဆရာဝန်အဖွဲ့ရဲ့ သဘောထားများ ပိုပြီး ကောင်းမွန်လာမှပဲ သက်ပြင်းချနိုင်တော့သည်။

ဒါကလည်း တခြားသူတွေရဲ့ လေးစားမှုကို ဆွဲဆောင်နိုင်တဲ့ အစွမ်းသတ္တိ တမျိုးပါ။

“ဒေါက်တာလူ”

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။

“မင်းက ငါ့ကို ဒီလိုခေါ်တယ်ဆိုတော့ လူစိမ်းတစ်ယောက်လို သတ်မှတ်နေတာလား။ စိတ်မရှိရင် ဦးလေးလူလို့ ခေါ်ပါလား”

လူဂျောင်ရန်းက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

ဆရာဝန်တွေသည် လူကျောင်ရန်းကို တအံ့တအော စိုက်ကြည့်နေကြသည်။ သူက သဒ္ဒါထက်သန် ခန်းမသခင်ဖြစ်ပြီး သဒ္ဒါထက်သန် ခန်းမဆိုတာက နှစ်ပေါင်း တစ်ထောင်ကျော် သက်တမ်းရှိတဲ့ ဆေးပညာဆိုင်ရာ ခန်းမတစ်ခုပါ။

လူကျောင်ရန်းရဲ့ ကျွမ်းကျင်မှုက အနည်းဆုံး ချင်လင် ထိပ်ဆုံးသုံးယောက်ထဲ ဝင်သည်။ ဒါကြောင့် အရမ်း မာနကြီးတဲ့လူဖြစ်သည်။ သူတကယ်ပဲ ဒီလူငယ်လေးကို ကြင်ကြင်နာနာ ဆက်ဆံနေတာလား။

လူဂျောင်ရန်းက အထီးကျန်နေတဲ့လူ မဟုတ်လျှင် ဒီဆွန်းမိုက သူလေးစားလောက်အောင် အစွမ်းထက်နေလို့ ဖြစ်မည်။

ဒါကိုတွေးရင်း အားလုံးရဲ့ အမူအယာသည် ပိုကောင်းလာသည်။ အနည်းဆုံးတော့ ဆွန်းမို ဟိုကြည့်ဒီကြည့် လုပ်နေတဲ့အချိန်တွင် ဘယ်သူမှ မနှစ်မြို့တဲ့ အမူအရာ မပြတော့ပေ။

"ဦးလေးလူ"

ဆွန်းမိုကို ဒါကို စိတ်ထဲမထားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက အခေါ်အဝေါ် တစ်ခုသာ ဖြစ်သည်။

"ဆရာဖိန်ရဲ့ အခြေအနေ ဘယ်လိုလဲ"

"ဟင်း"

လူဂျောင်ရန်း သက်ပြင်း ချလိုက်သည်။

"သူ့ကို ကုသဖို့ မလွယ်လောက်တော့ဘူး"

"ငါတို့ သူ့အသက်ကို ကယ်လိုက်နိုင်ပေမယ့် အကျိုးဆက်က တော်တော်လေး ဒုက္ခပေးနေတယ်'

ဒေါက်တာမီအိုက အသုံးမဝင်ဘူးလို့ ကျန်တဲ့ လူများ မမြင်စေချင်တဲ့အတွက် ရှင်းပြလိုက်သည်။

"သူက မှော်ဆေးဖော်စပ်တဲ့နေရာမှာ စွမ်းအင်ပြည့်ဝတဲ့ အခြေအနေကို ထိန်းသိမ်းထားချင်လို့ ခွန်အားဖြည့်တဲ့ ဆေးတွေ အများကြီး စားခဲ့တယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ်နဲ့ အာရုံကြောတွေ ထိခိုက်ပျက်ဆီး သွားတယ်"

ဆွန်းမိုက ကုတင်ပေါ်ကို တစ်ချက်ကြည့်လိုက်သည်။ ဖိန်ဟိုရင်က ကုတင်ပေါ်တွင် လှဲလျောင်းနေပြီး မျက်လုံးတွေက

မျက်နှာကြက်ကို ငေးကြည့်နေသည်။ အချိန်ကြာလာတာနဲ့အမျှ အနည်းငယ် တုန်ယင်လာသည်။

"အဟာရရှိတဲ့ အစာတွေ စားပြီး အနားယူလိုက်ရင် ပြန်ကောင်းလာနိုင်ပေမယ့် သူ့အာရုံကြောတွေ.......”

ဒီစကားကို ဆုံးအောင် မပြောတော့ဘဲ ဒေါက်တာမီအိုသည် ခေါင်းခါပြီး သက်ပြင်းချလိုက်သည်။

နောက်ဆုံးတော့ ဖိန်ဟိုရင်သည် အကူအညီ မလိုဘဲ သွားနိုင်ပေမယ့် လက်မောင်း လုပ်အားတွေကတော့ သိသိသာသာ လျော့ကျသွားလိမ့်မည်။ သာမန် အဘိုးအိုတစ်ယောက်ဆိုပါက လူနေမှုဘဝကို မထိခိုက်နိုင်ပေမယ့် မှော်ဆေးပညာရှင်တော့ နောက်တစ်ကြိမ် ထပ်လုပ်ဖို့ တွေးစရာ မလိုတော့ပေ။

မှော်ဆေးပညာရှင်များက ဆေးဖက်ဝင် ပစ္စည်းများကို ကိုင်တွယ်တဲ့အခါ စေ့စေ့စပ်စပ် ရှိဖို့ လိုအပ်သည်။ ဆေးဖက်ဝင် အပင်များကို

ထိန်းညှိနေစဉ် လက်မောင်းက တုန်ယင်ပြီး လိုတာထက် အားများသွားရင် ဘာဖြစ်လာမလဲ။ သူဖန်တီးနေတဲ့ မှော်ဆေးပြား အလာဟာသ ဖြစ်သွားမှာ သေချာသည်။

"တခြား ဖြေရှင်းနည်း မရှိတော့ဘူးလား"

ချောင်ရှန်ရဲ့ အမူအရာ လေးလံနေသည်။ ဖိန်ဟိုရင်က အသက် ၁၅၀ ရှိနေသောကြောင့် အသက်ကြီးတယ်လို့ ပြောလို့ ရပေမယ့် သက်ရှည်နယ်ပယ်ကို ရောက်နေတဲ့လူအတွက်တော့ အကောင်းဆုံး အရွယ်သာ ရှိသေးသည်။ တကယ်လို့

သူသာ နောက်တစ်ကြိမ် ဆေးမဖော်စပ်နိုင်လျှင် ဆုံးရှုံးမှု တော်တော်လေး ကြီးမားသည်။

"ရှိတော့ ရှိပါတယ်။ အာရုံကြော ပျက်ဆီးမှုကို ကုသပေးနိုင်တဲ့ အမှောင်ထုအပင်အမျိုးအစား အနည်းငယ်တော့ ရှိတယ်။ ဒါပေမယ့် ဆေးပင်တွေက အရမ်းရှားပြီး ကံတော်တော်ကောင်းမှပဲ ရလိမ့်မယ်"

လူချောင်ရန်း မှာလည်း အဖြေမရှိပါ။ ဒီလို ရောဂါမျိုးကလည်း အချိန်ကြာသွားလေ ၊ ကုသဖို့ ခက်လေ ဖြစ်စည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်တော့ ဒီဆရာဝန်တွေက အရမ်းတော်ကြပါသည်။ တခြားဆရာဝန်တွေဆိုပါက ခေါင်းနဲ့ထမ်းထုတ်သွားရတာ ကြာနေပြီ။

"ဆရာဆွန်း"

ချောင်ရှန်က ဆွန်းမိုကို ကြည့်လိုက်သည်။

ဒီနာမည်ကြီး ဆရာဝန်အဖွဲ့က ရောဂါလက္ခဏာကို စစ်ဆေးခဲ့ကြသည်။ တကယ်လို့ ဆွန်းမိုက သူ့မျက်နှာနဲ့ ဂုဏ်သတင်းကို အရမ်း တန်ဖိုးထားပြီး ကုသပေးဖို့ ငြင်းဆန်ခဲ့ရင်ကော။

နာမည်ကြီး ဆရာဝန်တချို့လည်း ဒီလို လုပ်တတ်ကြသည်။ ရောဂါကို သေချာပေါက် မကုသနိုင်ခဲ့လျှင် မကြိုးစားချင်ကြပါ။

ဒါကြောင့် ချောင်ရှန်က ကောင်းကင်လောက် ကြီးတဲ့ဈေး ပေးလိုက်သည်။

"မဟာသခင်ဖိန်ကို ကုသနိုင်ရင် မင်းတောင်းဆိုမှု မှန်သမျှကို ငါဖြည့်ဆည်းပေးမယ်"

"ကျောင်းအုပ်ကြီးချောင်၊ ဆရာဆွန်းက ဒီလိုလူ မဟုတ်ဘူး"

ယူရုံပို အနည်းငယ် စိတ်ဆိုးသွားသည်။ (မင်းကဆွန်းမိုကို တော်တော်လျှော့တွက်နေပြီ)

"ငါ့ကို အရင်စစ်ဆေးခွင့် ပြုပါ"

ဆွန်းမိုက ကုတင်ဘေးသို့ လျှောက်သွားလိုက်သည်။

တကယ်လို့ တခြားသူသာ ဒီလိုလုပ်ခဲ့လျှင် ဒေါက်တာမီအိုက လက်ခါပြီး သေချာပေါက် ထွက်သွားလိမ့်မည်။ ဒါပေမယ့် လူရောင်ရန်းက ဒေါသတကြီး ခုန်မထွက်လာတာကို မြင်နေရပြီး ဆန့်ကျင်ဘက်အနေနဲ့ ဆွန်းမို လမ်းလျှောက်သွားတဲ့

နောက်ကနေ အားတက်သရော လိုက်သွားတာကို တွေ့လိုက်ရသည်။ ဒါကိုမြင်လိုက်လျှင် ဒေါက်တာ မီအို အမူအရာ ပြောင်းသွားသည်။ အချိန်တစ်ခုကြာအောင် တွေဝေသွားပြီးနောက် သူတို့နောက်သို့ လိုက်သွားသည်။

(ဒီဆွန်းမိုက ဘယ်လောက်အထိ စွမ်းဆောင်နိုင်လဲဆိုတာ ကြည့်ချင်သေးတယ်)

" ဆရာဖိန်၊ ငါ စစ်ဆေးကြည့်မယ်နော်"

ဆွန်းမိုက ပြောလိုက်သည်။

ဖိန်ဟိုရင်သည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နေပြီး စကား ပြန်မပြောနိုင်ပါ။ ဆရာဝန် အများကြီးကလည်း စစ်ဆေးထားသဖြင့် မှားနိုင်စရာအကြောင်း မရှိပေ။ သူ့အနာဂတ် ပျက်ဆီးသွားတဲ့အကြောင်း တွေးလိုက်မိတဲ့ အချိန်တွင် သေချင်စိတ် ပြင်းထန်လာသည်။

ဆွန်းမိုက လက်ဆန့်ထုတ်ပြီး ဖိန်ဟိုရင်၏ ညာဖက်ပခုံးပေါ် လက်တင်လိုက်သည်။ အကြိမ်အနည်းငယ် နှိပ်ကြည့်ပြီးနောက် လက်ကို လည်ပင်း အနောက်ဖက်သို့ ရွှေ့လိုက်သည်။

ဆရာဝန်များက ရောဂါရှာဖွေတဲ့အခါ လူနာများကို မေးမြန်းပြီး ဟိုနားဒီနား စမ်းသပ်ကြသည်။ ဆွန်းမိုကတော့ ဟိုထိဒီထိ တမျိုးပဲ လုပ်နေသည်။ အနီးအနားမှာရှိတဲ့ နာမည်ကြီး ဆရာဝန်တွေလည်း အနည်းငယ်ကြည့်ပြီးနောက် စိတ်ဝင်စားမှု လျော့နည်းသွားသည်။

(ကြည့်ရတာ တကယ်ကို သာမန် ဆန်လွန်းတယ်)

"ဘယ်လိုလဲ"

ချောင်ရှန် မေးလိုက်သည်။

"သူ့ စွမ်းအင်လမ်းကြောင်းက အရမ်းပျက်ဆီးနေပြီ။ နောက်ပြီးတော့ သူ့ခန္ဓာကိုယ်ကလည်း ပြင်းပြင်းထန်ထန် ထိခိုက်နေတယ်"

ဆွန်းမို ကောက်ချက်ချလိုက်သည်။

တစ်ယောက်ယောက်က နောက်ကျမှ အိပ်ချင်တဲ့အခါ ကော်ဖီသောက်တတ်ကြသည်။ ရက်ပေါင်းများစွာကြာအောင် ဒီလိုပဲ ဆက်တိုက်လုပ်နေရင် ရုတ်တရက် ရောက်လာမည့် သေခြင်းတရားနဲ့ အလှမ်းဝေးတော့မှာ မဟုတ်တော့ပေ။

ဆွန်းမိုပြောတဲ့ ရောဂါလက္ခဏာက ကျန်တဲ့လူတွေနဲ့ အတူတူပဲ ဖြစ်နေသဖြင့် နာမည်ကြီး ဆရာဝန်တချို့ကတော့ ဆွန်းမိုမှာ တော်တော်လေး စွမ်းဆောင်ရည် ရှိတယ်လို့ တွေးမိကြသည်။ ဒါပေမယ့် တချို့ကတော့ သူတို့စကားအတိုင်း ပြန်ပြောနေတယ်လို့ ခံစားနေရသည်။

"သူ့ဂုဏ်သတင်းနဲ့ မကိုက်ညီသလိုပဲ"

မျိုးရိုးနာမည် ပိုင်ပါတဲ့ ဆရာဝန်က တိုးတိုးလေး ရေရွတ်လိုက်သည်။

"အရမ်း ပျက်ဆီးနေတာလား"

ချောင်ရှန် မျက်နှာပေါ်မှာ စိတ်ပျက်မှုများနဲ့ ပြည့်နှက်နေသည်။ တချိန်တည်းမှာပင် စိတ်ဓါတ်ကျသလို ဖြစ်လာသည်။ သူက ဖိန်ဟိုရင်ကို မရီဒန်အကယ်ဒမီသို့ ခေါ်ယူရန် ငွေကြေးအမြောက်အများ သုံးစွဲခဲ့ရသည်။ သူ့ဆီက အကျိုး မခံစားရသေးခင် ဖိန်ဟိုရင် မသန်မစွမ်း ဖြစ်သွားသည်။

ထုံးစံအတိုင်း ချောင်ရှန်သည် မှော်ဆေးပညာလောကအတွက် မှော်ဆေးပညာရှင်

တစ်ယောက် ဆုံးရှုံးလိုက်ရလို့ နှမျောတဲ့စိတ်လည်း ပါဝင်သည်။

ယူရုံပိုက ဆွန်းမိုရဲ့ နတ်ဘုရားလက်ကို ယုံကြည်နေသဖြင့် စိုးရိမ်ခြင်း မရှိပေ။ ဒါကြောင့် သူက

“မင်း သူ့ကို ကုပေးနိုင်မလား” တိုးတိုးလေး မေးလိုက်သည်။

“ဟုတ်”

ဆွန်းမို အဖြေက တိုပေမယ့်ပြည့်စုံသည်။

ဆွန်းမိုအသံက မကျယ်ပေမယ့် အခန်းကလည်း မကျယ်ပေ။ ဒါ့ပြင် ဒီမှာရှိနေတဲ့ လူတိုင်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံသူတွေပါ။ ဆွန်းမိုစကားကို ကောင်းကောင်း ကြားကြသည်။

ရွှစ်

လူတိုင်း တအံ့တအော ငေးကြည့်နေကြသည်။

“မိုမိုလေး”

အန်ရှီဝေ စိုးရိမ်နေသည်။ (မင်း မဆင်မခြင် မပြောနဲ့နော်)

“ဘာ”

ချောင်ရှုန် တုန်လှုပ်သွားသည်။ မျက်လုံးတွေ တောက်ပလာပြီး ဆွန်းမိုလက်ကို တန်းဆွဲလိုက်သည်။ ရေနစ်လို့ ကောက်ရိုးတစ်စကို ဆွဲလိုက်သလိုပဲ။

"ဆရာဆွန်း မင်း စကားက တကယ်လား"

ဆွန်းမိုက ခပ်ပါးပါးလေး ပြုံးပြလိုက်သည်။ သူ့ကိုယ်သူလည်း ယုံကြည်မှု အပြည့်ရှိနေသည်။

ဒီအခင်းအကျင်းက သူ့ကျော်ကြားမှုကို မြှင့်တင်ဖို့ အကောင်းဆုံး အခွင့်အရေးပါ။ ဆွန်းမိုက ဒါကို ကောင်းကောင်း အသုံးချဖို့ ဆုံးဖြတ်လိုက်သည်။

ဒီခေတ်မှာ မြန်နှုန်းမြင့် အင်တာနက် မရှိသေးပါ။ နာမည်ကြီးချင်ရင်တော့ ပြောပေးမယ့် ပါးစပ်တွေကို အားကိုးရမည်။

ဒီနေရာမှာရှိနေတဲ့ လူတွေသည် နာမည်ကြီး ဆရာဝန်တွေဖြစ်ပြီး ဩဇာအရှိဆုံး လူတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့ လူ့အသိုင်းအဝိုင်း တစ်ခုမှ ဖြစ်သည်။ သူတို့ကတစ်ဆင့် ကျော်ကြားမှု သေချာပေါက် ရနိုင်သည်။

သူ ကျော်ကြားလာတဲ့အခါ ပါရမီရှင် ကျောင်းသားတွေ သူ့ဆီ ရောက်လာပြီး တပြည့်အဖြစ် လက်ခံဖို့ သေချာပေါက် တောင်းဆိုကြလိမ့်မည်။

“ဆရာဆွန်း၊ မင်း စားချင်တာ စားလို့ရတယ်။ ဒါပေမယ့် စကားကို ပြောချင်သလို ပြောလို့ မရဘူးနော်”

ပိုင် မျိုးရိုးနာမည်ရှိတဲ့ ဆရာဝန်က ပြောလိုက်သည်။ အသက် ၃၀ လောက်ရှိတဲ့ လူငယ်တစ်ယောက်ဖြစ်ပြီး ငယ်ငယ်ကတည်းက နာမည်ကြီးလာတဲ့ သူဖြစ်သည်။ ဒါကြောင့် ဆွန်းမိုက

ကြီးကြီးကျယ်ကျယ် ပြောနေတာ မြင်လိုက်လျှင် အနည်းငယ် မကျေမနပ် ဖြစ်နေသည်။

"မဟာသခင်ဖိန်ရဲ့ ခန္ဓာကိုယ်ကို ကြုံသလို လျှောက်ထိလိုက်ရုံနဲ့ ဘယ်လိုကုရမလဲ သိသွားတာပဲလား"

တခြား နာမည်ကြီး ဆရာဝန်တွေလည်း ဆွန်းမိုရှင်းပြတာကို စောင့်ဆိုင်းရင် သံသယရှိတဲ့ အမူအရာ ဖော်ထုတ်နေကြသည်။

ဆွန်းမိုက သူတို့နဲ့ စကားပြောဖို့ စိတ်မပါဘဲ လုပ်စရာရှိတာ လုပ်နေခဲ့သည်။

"အရင်ဆုံး ရှင်းအောင် ပြောထားမယ်။ မဟာသခင်ဖိန်က ဆွန်းမိုကုသတာ ခံယူပြီး အခြေအနေပိုဆိုးလာရင် ငါတို့ တာဝန်ယူမှာ မဟုတ်ဘူးနော်"

ဒေါက်တာပိုင်က ရှင်းရှင်းလင်းလင်း ပြောလိုက်သည်။

"ဒါ……"

ချောင်ရှန်လည်း ခေါင်းကိုက်လာသည်။ ဒါက သူ့အတွက် စိုးရိမ်စရာပါ။ ဖိန်ဟိုရင်က ဖိန်မျိုးနွယ်ရဲ့ဒေါက်တိုင်ပါ။ သူကျရှုံးသွားရင်

သူ့မိသားစုဝင်တွေက ဒီကိုလာပြီး ပြဿနာ လာရှာရင် ဘယ်လိုလုပ်မလဲ။

“ကျောင်းအုပ်ကြီး ၊ ဆွန်းမိုကို တစ်ခါလောက် ယုံကြည်ပေးလိုက်ပါ”

ယူရှုံပိုက စည်းရုံးလိုက်သည်။

အခန်း(၅၂၆ - ခ) - ဆွန်းမို ကုသခြင်း။

အသိကင်းမဲ့နေတဲ့ ဖိန်ဟိုရင်သည် ဆွန်းမို လက်ကိုတွန်းထုတ်ပြီး ရုတ်တရုတ် ထအော်လာသည်။

"အာ အား၊ နာလိုက်တာ"

လူတိုင်း တုန်လှုပ်သွားသည်။

"တောင့်ခံပါ"

ဆွန်းမို ရှေးဟောင်းအနှိပ်ပညာနဲ့ ဆက်နှိပ်ပေးနေရင်း ပြောလိုက်သည်။

ဆွန်းမိုက လက်ကိုဆုပ်ကိုင်ထားတဲ့ ပုံစံနဲ့ ပေါ့ပေါ့ပါးပါးဖြစ်နေပြီး လုံးဝ သတိမထားမိကြပါ။ အမှတ်တမဲ့ ဆုပ်နယ်နေသလိုပဲ။ အနီးအနားမှာရှိတဲ့ နာမည်ကြီး ဆရာဝန်တွေလည်း အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။

"မင်း နည်းနည်း မရဲတင်းလွန်းဘူးလား"

နာမည်ကြီးဆရာဝန်မီအို ဆွံ့အနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူနာတစ်ယောက်ရဲ့ အခြေအနေနဲ့ ပက်သက်ပြီး ဘက်မလိုက်ကြဘူး ဆိုပေမယ့် သာမန်လူတစ်ယောက်နှင့် ရာထူးမြင့်တဲ့ အရာရှိတွေကို ဆက်ဆံပုံကတော့ ကွားခြားနေမှာ သေချာသည်။

အရာရှိကြီးတွေနဲ့ ကုသတဲ့အခါ ဆရာဝန်တွေသည် ပိုသတိထားပြီး စိတ်အခြေအနေကို ထိန်းသိမ်းကာ ချိုချိုသာသာ ပြုမူတတ်ကြသည်။ ဒါပေမယ့် လူနာကို ကုသပြီးရင်လည်း သူတို့ရဲ့ အကောင်းဆုံး အပိုင်းကို ပြသတတ်ကြသည်။

သာမန်လူတွေကို ကုသတဲ့အခါ ဘယ်ဆရာဝန်မှ ဂရုမစိုက်ပေ။ ဆွန်းမို နှိပ်ပေးနေတဲ့နေရာကို စိုက်ကြည့်ရင်း ဆရာဝန်အများစု မျက်မှောင်ကြုတ်နေကြသည်။

"သူ့ရဲ့ နည်းစနစ်က တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းတာပဲ"

"ငါ နားမလည်ပေမယ့် အရမ်းအထင်ကြီးဖို့ ကောင်းတယ်လို့တော့ ထင်တယ်"

"ကြည့်ရတာ အနိုပ်တစ်မျိုးလိုပဲ။ ဒါပေမယ့် ဒီလိုပုံစံနဲ့ နှိပ်ပေးတဲ့ အနိုပ်အကိုင်းအခွဲတွေကို မမြင်ဖူးဘူး"

ဆရာဝန်တွေသည် အမြင်အမျိုးမျိုးနဲ့ အချင်းချင်း ပြောဆိုနေကြသည်။ အဲဒီအချိန်တွင် ဆွန်းမိုဆီက ဝိညာဉ်ချီ အများကြီး စိမ့်ထွက်လာသည်။

ဘုန်း

ဝိညာဉ်ချီတွေက စုစည်းပြီး ဗလတောင့်တဲ့ ယောကျ်ားတစ်ယောက်ပုံစံ ဖြစ်လာသည်။

"ငါလို....ဒါ ဘာကောင်ကြီးလဲ"

နာမည်ကြီး ဆရာဝန်တွေ ထိတ်လန့်ခြောက်ခြားစွာ အလိုလို နောက်ဆုတ်သွားသည်။

ဂျင်းနီကတော့ ထုံးစံအတိုင်း ဗလတွေ ညှစ်ပြနေသည်။ ဖိန်ဟိုရင်လည်ပင်းကို ချိန်ပြီး လက်ဝါးစောင်း တစ်ချက် ခုတ်ချလိုက်သည်။

ဖူး

ဖိန်ဟိုရန်ပါးစပ်က တံတွေးတစ်ချက် ပန်းထွက်လာသည်။

ဆွန်းမိုကတော့ နောက်ဆုတ်သွားပြီး ဂျင်းနီကို အပြည့်အဝ လုပ်ပိုင်ခွင့် ပေးထားသည်။

အချိန်တော်တော်ကြာအောင် အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ ဒီနေရာမှာရှိနေတဲ့ နာမည်ကြီး ဆရာဝန်အားလုံးလည်း ပါးစပ်ထဲသို့ ကြက်ဥ ပစ်ထည့်လို့ရအောင် ပါးစပ်ကြီး အဟောင်းသား ဖြစ်နေကြသည်။

ဆယ်မိနစ်လောက်ကြာတော့ ဖိန်ဟိုရင်သည် ချွေးတွေထွက်နေပေမယ့် အရမ်း သက်တောင့်သက်သာ ဖြစ်လာသည်။ ကြည်နူးနေတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မျက်နှာနဲ့ ကုတင်ပေါ်မှာ လှဲနေသည်။ စိတ်ပျက်အားငယ်တယ်ဆိုတာ ဘာလဲ။ အားကိုးရာမဲ့နေတယ်ဆိုတာ ဘာလဲ။ ဒီလောက်ကောင်းတဲ့ အနှိပ်ကိုပဲ စွဲလန်းနေမိသည်။

အံ့အောစရာ။

အရမ်း အံ့အောဖို့ ကောင်းသည်။

ဖိန်ဟိုရင်သည် သူနေထိုင်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာစလုံး အချိန်ဖြုန်းနေတယ်လို့ ခံစားမိသည်။

"ကျေးဇူးပြုပြီး ရေဇလုံ တစ်လုံးလောက် သွားယူပေးပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“နောက်ဆက်တွဲ ကုသပေးမလို့လား”

ဒေါက်တာမီအို အနည်းငယ် စူးစမ်းလိုက်သည်။

“မဟုတ်ဘူး။ လက်ဆေးချင်လို့”

ဆွန်းမိုက ရှင်းပြသည်။

“အမ်”

ဒေါက်တာမီအို ကြောင်သွားပြီး အမှတ်တမဲ့ မေးလိုက်မိသည်။

“ကုသမှု ပြီးသွားပြီလား”

"ဟုတ်ကဲ့"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

"ဆေးသောက်ဖို့ မလိုဘူးလား"

တစ်ယောက်က စကားဖြတ် ပြောလိုက်သည်။

"ထုံးစံအတိုင်း ဆေးသောက်လို့ ရပါတယ်။ ဒါပေမယ့် ငါက ဆရာဝန်မဟုတ်ဘူး။ သူ့ကို စိတ်ငြိမ်ဆေးနဲ့ စွမ်းအင်လမ်းကြောင်း ထိန်းတဲ့ဆေးပေးရမယ်၊ ဒါတွေကို ငါမသိဘူး။ မင်းတို့ထဲက တစ်ယောက်ယောက်သိရင် သူ့ကို ဆေးစာ ရေးပေးလိုက်ပါလား"

ဆွန်းမို ရှင်းပြလိုက်သည်။

“.......”

နာမည်ကြီး ဆရာဝန်တွေ အားလုံး တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။

ဒီအတိုင်း သက်သာ သွားတာလား။

ဗလတောင့်တဲ့ကောင် ဝတ်ထားတာက ထူးဆန်းတယ် ဆိုပေမယ့်၊ နှိပ်ပေးတဲ့နည်းစနစ်က မှော်ဆန်တယ် ၁၀ မိနစ်လောက် ကုသလိုက်တာနဲ့ ပျောက်သွားရောလား။

(မင်းရဲ့ဆေးဘက်ဆိုင်ရာ အရည်အချင်းက ဘယ်လောက်အထိ အထင်ကြီးဖို့ကောင်းလဲဆိုတာ သိပေမယ့် မင်းရဲ့ကြွားတဲ့စွမ်းရည်ကတော့ မဟာတန်းအဆင့်ပဲ။)

"ဒီနေ့အတွက် ကုသမှုက ပြီးသွားပြီ။ ဒါပေမယ့် မဟာသခင်ဖိန်ရဲ့ စွမ်းအင်လမ်းကြောင်းက တော်တော်လေး ထိခိုက်ထားတယ်။ လုံး၀ ပျောက်ကင်းသွားဖို့ ပြဿနာ မရှိဘူးဆိုပေမယ့် သူပြန်မကောင်းလာသ၍တော့ နှိပ်ပေးဖို့ လိုမယ်"

ဆွန်းမိုက ချောင်ရှန်ကို ကြည့်ပြီး ပြောလိုက်သည်။

ချောင်ရှန်က မယုံကြည်နိုင်ဘဲ ရှင်းရှင်းလင်းလင်း သိရအောင် မေးဖို့ လုပ်လိုက်သည်။ ဒါပေမယ့် သူဘာမှ မပြောရသေးခင် ဖိန်ဟိုရင်က ကုတင်ပေါ်က ခုန်ဆင်းလာပြီး ဆွန်းမိုလက်ကို ပြေးကိုင်လိုက်သည်။

“ဆရာဆွန်း၊ နောက်တစ်ကြိမ် ကုသမှုက ဘယ်တော့လဲ”

ဖိန်ဟိုရင်က ဆွန်းမိုကိုကြည့်ရင်း နောက်တစ်ကြိမ် ကုသမှုအတွက် စိတ်မရှည်နိုင်အောင် ဖြစ်နေသည်။

“တောင်းပန်ပါတယ်။ ငါ ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲ ဖြေရအုံးမယ်။ အနည်းဆုံးတော့ ငါ အဲဒီက ပြန်လာတဲ့အထိ အရင်စောင့်ရလိမ့်မယ်”

ဆွန်းမို ထွက်သွားချင်နေပြီ။

“အမ်”

ဖိန်ဟိုရင် ဒီစကားကို ကြားပြီးနောက် တော်တော်လေး စိတ်ပျက်သွားသည်။

“မဟာသခင်ဖိန်.....မင်း......”

နာမည်ကြီး ဆရာဝန်တွေလည်း တုန်လှုပ်နေကြသည်။ ဖိန်ဟိုရင် အခြေအနေနဲ့

ပက်သက်ပြီး အရမ်းကို ရှင်းရှင်းလင်းလင်း သိထားကြသည်။ သူ့ရဲ့အခြေအနေက ဒီလိုမျိုး ကြွခိုင်မှု လုံးဝမရှိသင့်ပါ။ သူ့ စွမ်းအင်လမ်းကြောင်းများ ပြင်းပြင်းထန်ထန် ထိခိုက်ထားသဖြင့် လမ်းလျှောက်လို့ မရ ဖြစ်နေရမှာလေ။ ဒီလောက် လျှင်လျှင်မြန်မြန် သွားလာနိုင်မယ်လို့ ဘယ်သူမှ မထင်ထားခဲ့ချေ။

"နတ်ဘုရားလက်က သူ့ဂုဏ်သတင်းနဲ့ ထိုက်တန်တာပဲ"

လူငျောင်ရန်း ပိုးဆိုးပက်စက် သက်ပြင်းချလိုက်သည်။ ဒီတစ်ကြိမ်တော့ သူ့ရဲ့ မိုးကုတ်စက်ဝိုင်း ပိုကျယ်လာခဲ့ပြီ။

စောစောတုန်းက ဆွန်းမိုကို သံသယဝင်ခဲ့တဲ့ ဆရာဝန်ပိုင်လည်း အရမ်းအထင်ကြီးဖို့ကောင်းတယ်လို့ တွေးနေမိသည်။ သူ့ရဲ့ ဒုတိယ တုန့်ပြန်မှုက ဒီအနှိပ်ပညာကို သင်ယူချင်လာသည်။

"ဘာမှ မရှိတော့ရင် အရင်ပြန်နှင့်တော့မယ်။ ငါ ပြင်ဆင်စရာတွေ အများကြီး ရှိသေးတယ်"

ဆွန်းမိုက နှုတ်ဆက်လိုက်သည်။

အန်ရှီဝေလည်း ချောင်ရှန်နှင့် ဖိန်ဟိုရင်တို့အား စကားအနည်းငယ် ပြောပြီးနောက် ဆွန်းမိုနောက်သို့ လိုက်သွားသည်။ အခုတော့ ဆွန်းမိုကို ကြည့်ရင်း အံ့အောနေခဲ့သည်။

သူ့ရဲ့ ငယ်ချစ်လေး အမြင်အသစ်တွေ ထပ်ခါထပ်ခါ ပေးနေခဲ့တာ အမှန်ပင်။

ဒင်

အန်ရှီဝေ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရှိသေ (၁၂,၄၀၀/၁၀၀,၀၀၀)

အခန်း(၅၂၇) - သူတော်စင်အဆင့် ဆေးပြား ၊ တက်ကြွစွာလိုက်ရှာလည်း ရနိုင်စရာအကြောင်း မရှိပေ။

မနေ့ညက မိုးပါးပါးလေး ရွာခဲ့သည်။ ဒါကြောင့် ဒီနေ့မနက်တွင် မြက်ပင်များပေါ်မှာ ရေစက်တွေကို

တွေ့နေရသည်။ လေထုထဲမှာရှိတဲ့ မြေအနံ့ကလည်း တော်တော်လေး ပြင်းထန်သည်။

"ငါ့ကို ဒီအထိ လိုက်ပို့တာ လုံလောက်ပြီ"

ဆွန်းမိုက တိမ်ပျံကလေးကို စီးနေပြီး အန်ရှီဝေကို လိုက်ပို့စရာ မလိုတော့ကြောင်း အမူအရာ ပြလိုက်သည်။

"ခဏလောက် အတူတူ ဆက်သွားကြတာပေါ့"

အန်ရှီဝေ ဘာကြောင့်မှန်းမသိပေမယ့် ဆွန်းမိုနဲ့ ခွဲခွာရတော့မယ်ဆိုတော့ နှလုံးသားထဲမှာ လုံးဝအလွတ်ကြီး ဖြစ်နေသည်။

“အစ်မအန်၊ ဘာဖြစ်လို့ ငါတို့နဲ့အတူတူ အနောက်တောင်မြို့ကို မလိုက်ခဲ့တာလဲ”

ကူရှုပ်ရှင်းက အကြံပေးသည်။

“ဆရာကူ၊ မဟုတ်တာတွေ ပြောမနေနဲ့။ ကျောင်းအုပ်ကြီးအန်မှာ ဘယ်လိုလုပ်ပြီး အချိန်ရှိမှာလဲ”

ရှာယွန်က ရောင်စုံ မြင်းပေါ်တွင် ထိုင်နေသည်။ သူမရဲ့ တိုက်ရိုက်တပြည့် ကျန်ဟောင်က ရထားလုံးထဲတွင် ထိုင်နေသည်။

“ဒါအမှန်ပဲ”

ကူရှုပ်ရှင်း ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူမရင်ဘက်ကို ပုတ်ပြီး အာမခံလိုက်သည်။

"အစ်မအန်၊ စိတ်မပူနဲ့၊ ငါနဲ့ အတူတူရှိသ၍ ဆွန်းမိုကို ဘယ်သူမှ မလုသွားစေရဘူး"

ရထားလုံးပေါ်မှာ ထိုင်နေတဲ့ လီဇီချီသည် ဒီစကားကို ကြားလိုက်လျှင် အလိုလို မျက်လုံးပြူးသွားသည်။ (ဆရာကူ၊ မင်း ကို့ကိုယ်ကို အရင်သတိထားရမယ် ထင်တယ်။ မင်းက ငါတို့ ဆရာကို ကျောင်းအုပ်ကြီး လက်ထဲက လုသွားနိုင်တယ်လို့ ဘာဖြစ်လို့ ငါထင်နေပါလိမ့်)

"သွားတော့မယ်"

ဆွန်းမိုသည် ဒီလိုမျိုး ဝေလေလေ လုပ်ရမှာကို စိတ်ရှုပ်နေသည်။

အမှန်အတိုင်း ပြောရလျှင် နည်းနည်းတော့ စိတ်ရှုပ်နေသည်။ အနောက်တောင်မြို့သို့ ရောက်ဖို့ တစ်ပတ်လောက် အချိန်ပေးရမည်။ ခရီးသွားရင်း အချိန်ဖြုန်းရတာ တော်တော်များသည်။

ကူရှုပ်ရှင်းနှင့် ရှာယွန်သာ သူနဲ့အတူတူ မလိုက်ခဲ့လျှင် တံခါးရှစ်ခု တိမ်တိုက်ကလေးကိုသုံးပြီး

ပျံသွားလို့ရသည်။ အဲဒီနေရာသို့ ရောက်ရန် အလွန်ဆုံး တစ်ရက်ခွဲလောက်ပဲ အချိန်ပေးရမည်။

"အလှလေးတွေနဲ့ ခရီးသွားဖို့ စိတ်မပါဘူးလား။ ရှာယွန်၏ရုပ်ရည်က သာမန်ထက် သာရုံပဲ ဆိုပေမယ့် ကူရှုပ်ရှင်းကတော့ သေချာပေါက် လှတယ်။ မင်းကြိုးစားရင် မကြာခင် လူပျိုဘဝက လွတ်မြောက်နိုင်တယ်နော်"

စနစ်က စနေသည်။

"ဒီလိုမှမဟုတ်ဘဲ ထွားကျိုင်းတဲ့ အဖော်နှစ်ယောက်နဲ့ ခရီးထွက်ချင်တယ်လို့ ငါ့ကို မပြောနဲ့နော်"

"လူယုတ်မာ"

ဆွန်းမိုသည် စနစ်နဲ့ စကားပြောချင်စိတ် မရှိတော့ပေ။

ရထားလုံးများက သွားနေကြသော်လည်း သိပ်ဝေးဝေး မရောက်ခင် ဇိမ်ခံ ရထားလုံးတစ်ခု အနောက်ကနေ ဖုန်တသောသောထအောင် အရှိန်အဟုန်နဲ့ မောင်းနှင်ပြီး လိုက်လာသည်။

“မဟာသခင်ဆွန်း၊ ခဏစောင့်ပါအုံး”

ဖိန်ဟိုရင်သည် ရထားလုံးပြတင်းပေါက်ကနေ ခေါင်းထုတ်ပြီး လှမ်းအော်လိုက်သည်။

သိပ်မကြာခင် ရထားလုံးက သူတို့ဆီ ရောက်လာကာ ဖိန်ဟိုရင်သည် ရထားပေါ်က ခုန်ဆင်းပြီး သေတ္တာလေးတစ်လုံးကိုင်ကာ ဆွန်းမိုဆီ လျှောက်လာသည်။

“မဟာသခင်ဆွန်း၊ ဘာဖြစ်လို့ ဒီလောက်မြန်မြန် သွားရတာလဲ”

ဖိန်ဟိုရင် နားမလည်နိုင်ပေ။ နှစ်ရက်လောက် အနားယူရန် စီစဉ်ထားပြီး ခန္တာကိုယ် သက်သာလာမှဘဲ ဆွန်းမိုဆီ ကိုယ်တိုင်ကိုယ်ကျသွားပြီး ကြီးမားတဲ့ လက်ဆောင်တစ်ခု ပေးဖို့ လုပ်ထားသည်။ ဒါပေမယ့် ဒီနေ့မှာ ဆွန်းမိုက အနောက်တောင်မြို့သို့ ခရီးထွက်သွားတဲ့အကြောင်း ချောင်ရှန်ဆီက သိလိုက်ရသည်။ သိသိခြင်းပဲ ရထားလုံးပေါ် ပြေးတက်ပြီး လိုက်လာခဲ့သည်။

ဆွန်းမိုက မြင်းပေါ်မှဆင်းပြီး ဖိန်ဟိုရင်ကို ဖေးမလိုက်သည်။

"မဟာသခင်ဖိန်၊ အခု မင်းခန္ဓာကိုယ်က နေမကောင်းသေးဘူးလေ။ ကောင်းကောင်းစားပြီး ကောင်းကောင်း အိပ်နေသင့်တယ်"

ဖိန်ဟိုရင် အဲဒီအရာများကို လုံးဝ စိတ်ထဲ မထည့်ထားပေ။

"မဟာသခင်ဖိန် ၊ မင်းက အရမ်းလေးနက်လွန်းနေပြီ။ ပြီးတော့ ငါ့ကို ဆရာဆွန်း

ဒါမှမဟုတ် မိုမိုလေးလို့ ခေါ်တာ ပိုကောင်းမယ်။ ငါ့ကို မဟာသခင်ဆွန်းလို့ မခေါ်ပါနဲ့”

ဆွန်းမိုက တောင်းဆိုလိုက်သည်။

“မင်းရဲ့ နတ်ဘုရားလက်နဲ့ဆို မဟာသခင်ဘွဲ့က ထိုက်တန်နေပါပြီ။ ဒီလိုမှမဟုတ်ရင် ကျန်တဲ့လူတွေ တံတွေးခွက်မှာ ငါမျောနေမှာပေါ့”

ဖိန်ဟိုရင်က စိတ်ရင်း ဒေါသနဲ့ ပြောလိုက်သည်။ သူ့ကိုကြည့်ရတာ ဆွန်းမိုရဲ့ သစ္စာရှိ လက်မရွံ့နောက်လိုက်နဲ့တောင် တူလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှာယွန်သည် ဒါကို မြင်လိုက်လျှင် အားကျလာသည်။ မဟာသခင်ဆိုတဲ့ ဘွဲ့မျိုးကို ရှုးရှူးမိုက်မိုက် အသုံးပြုလို့ မရပေ။ နယ်ပယ်တစ်ခုမှာ ထူးချွန်ပြီး အံ့အောစရာကောင်းတဲ့ ရလဒ်ရှိမှပဲ အရည်အချင်းပြည့်မီပေလိမ့်မည်။

ဖိန်ဟိုရင်က ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ပြီး မော်ဆေးပညာရှင်လည်း ဖြစ်သည်။ သူ့ဘက်ကစပြီး ဆွန်းမိုကို မဟာသခင်ဆွန်းလို့ ခေါ်ဆိုနေသဖြင့် ဆွန်းမိုရဲ့ ဘွဲ့ကလုံခြုံမှုရှိသည်။

ဆွန်းမိုက မချိပြုံး ပြုံးရင်း ခေါင်းယမ်းလိုက်သည်။

"မဟာသခင်ဆွန်း ၊ မင်းအလျှင်လိုနေတာ ငါသိပါတယ်။ ဒါကြောင့် အချိန်အများကြီးလည်း မဖြုန်းပါဘူး။ ဒါက မင်းအတွက်ပါ"

ဖိန်ဟိုရင်သည် လက်ထဲက သေတ္တာဘူးလေးကို ဆွန်းမို ဆီပေးလိုက်သည်။

"ဒါက လက်ဆောင် သက်သက်ပါ။ ဒီလိုမှမဟုတ်ရင် အနာဂတ်မှာ ဘယ်လိုမျက်နှာနဲ့ မင်းကို ကုသခိုင်းရမှာလဲ"

ဖိန်ဟိုရင်သည် ပုံမှန်အားဖြင့်တော့ ဒီလို မလုပ်တတ်ပါ။ ဒါပေမယ့် ဒီကိစ္စက သူ့ရဲ့

အသက်မွေးဝမ်းကြောင်းနဲ့ သက်ဆိုင်နေသည်။ သူက ထုံးစံအတိုင်း လိမ္မာပါးနပ်ပြီး ဆွန်းမိုနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခုကို တည်ဆောက်ချင်နေသည်။

အခုလက်ရှိတွင် ဖိန်မျိုးနွယ်စု၏ အဆင့်အတန်းနဲ့ ချမ်းသာကြွယ်ဝမှုသည် ဖိန်ဟိုရင် မှော်ဆေး မဟာသခင် ဖြစ်တယ်ဆိုတဲ့ ပုံရိပ်ပေါ်မှာ မှီခိုနေသည်။ သူသာ ဆေးမဖော်စပ်နိုင်တော့တာနဲ့ သူ့တန်ဖိုး အကုန်ဆုံးရှုံးသွားမည်။ သူတည်ဆောက်ထားတဲ့ လူမှုဆက်ဆံရေးက လျင်မြန်စွာ ပြိုကျသွားပြီး

ဖိန်မျိုးနွယ်လည်း ကျဆင်းတဲ့ အနေအထား ဖြစ်သွားမည်။

ဒါကို ဖိန်ဟိုရင် လက်ခံနိုင်ဖို့ လုံးဝ မဖြစ်နိုင်ပေ။ ဒါကြောင့်လည်း ဆွန်းမိုကို လက်ဆောင်ပေးဖို့ စိတ်အားထက်သန်နေခဲ့သည်။

"ဆရာဆွန်း၊ ဒါကို မဟာသခင်က သူ့ရဲ့စိတ်ရင်းကို ပြသနေတာလေ။ ဘာဖြစ်လို့ လက်မခံလိုက်တာလဲ"

ရှာယွန်က ပြောလိုက်သည်။ သူမရဲ့ အမြင်အရတော့ ဖိန်ဟိုရင်က စကားအဖြစ် လက်ဆောင်ပေးနေတာ မဟုတ်ဘဲ ဆွန်းမို လက်ခံဖို့

တကယ်မျှော်လင့်နေတဲ့ ပုံဖြစ်နေသည်။ ဒါကြောင့်လည်း ဆွန်းမိုကို စည်းရုံးလိုက်သည်။

ဒါမှလည်း ဖိန်ဟိုရင် စိတ်ချမ်းသာသွားပြီး ဆွန်းမိုကလည်း သူမ စည်းရုံးလိုက်လို့ လက်ခံလိုက်တဲ့ ပုံဖြစ်သွားကာ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားမည်။

"မဟာသခင်ဆွန်း၊ ငါက မှော်ဆေးပညာရှင်ဖြစ်လို့ ကျန်တာတော့ မချမ်းသာဘူး။ မင်းက ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲ ဖြေမှာဆိုတော့ မင်းကို ဒီဆေးပုလင်း တစ်လုံးပဲ လက်ဆောင်ပေးလိုက်မယ်"

“ဒီဆေးပြား သုံးစွဲနည်းကိုလည်း သေတ္တာထဲမှာ စာရေးပြီး ထည့်ပေးထားတယ်။ မင်းနဲ့ မင်းသဘောကျတဲ့ တပြည့်တွေ ညွှန်ကြားချက်ကို ဖတ်ပြီး သုံးဆောင်လို့ ရတယ်။ ကဲ အချိန်လည်း မစောဘူးဆိုတော့ မဟာသခင်ဆွန်း မင်းရဲ့ခရီးကို အနှောက်အယှက် မပေးတော့ဘူး”

“ ကြယ်နှစ်ပွင့်စာမေးပွဲ အောင်မြင်ပြီး ပြန်လာတဲ့ အချိန်ကျမှပဲ ငါက အိမ်ရှင်အဖြစ် တာဝန်ယူပြီး နောက်တစ်ကြိမ် ပြန်ဆုံကြတောပေါ့”

ဖိန်ဟိုရင် စကားပြောပြီးတာနဲ့ လက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။ ထို့နောက် သူ့ရထားလုံးပေါ် အမြန် ပြန်တက်သွားသည်။

"ဆွန်းမို၊ ဒါက ဘာဆေးလဲဆိုတာ မြန်မြန် ကြည့်ပါလား။ ဖိန်ဟိုရင်ရဲ့စကားအရဆို တော်တော် တန်ဖိုးကြီးမယ့် ပုံပဲ"

ကူရှုပ်ရှင်း သိချင်နေသည်။

ဆွန်းမို သေတ္တာကို ဖွင့်လိုက်သည်။ အထဲတွင် အနီရောင်ပိုးသား ခင်းထားပြီး အကန့်ငါးခုထဲတွင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆေးပြားထည့်ထားတဲ့ ပုလင်း ငါးခု ရှိသည်။ အပေါ်ဘက်မှာတော့ စာတစ်စောင် ရှိနေသည်။

ဒီအခိုက်အတန့်တွင် အန်ရှီဝေလည်း လမ်းလျှောက်လာသည်။

ဆွန်းမိုက စာရွက်ကို ဖွင့်လိုက်သည်။ ကူရှုပ်ရှင်းလည်း လည်ပင်းဆန့်ပြီး စာရွက်ထဲက အကြောင်းကို မြင်လိုက်လျှင် တုန်လှုပ်ခြောက်ခြားပြီး အသံထွက်လာသည်။

“ဆန်းကြယ်သူတော်စင်အဆင့်လား”

ရေထားတဲ့ စာများကိုကြည့်ရတာ နဂါးတွေ ပျံသန်းပြီး ဖီနစ်တွေ ကခုန်နေသလို ထင်ရသည်။

“မင်းရဲ့နှိမ့်ချတဲ့ သူငယ်ချင်း ဖိန်ဟိုရင်က ဝိညာဉ်စူးစိုက်ခြင်း ဆေးပြား သုံးခုနဲ့ နတ်ဘုရားခွန်းအားဆေးပြား ၂ ပြား ထည့်ပေးလိုက်ပါတယ်။ မဟာသခင်ဆွန်းက ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို အောင်မြင်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီဆေးပြားတွေက သူတော်စင်အဆင့် ဆေးပြားတွေပါ။ အေးအေးဆေးဆေး အနားယူပြီး သုံးဆောင်ပါ"

ရှူး

ရှာယွန်လည်း မြင်သွားကာ လေအေးတစ်ချက် အမှတ်တမဲ့ ရှိုက်လိုက်မိပြီး မျက်လုံးထဲတွင် မနာလိုမှု အရိပ်သမ်းလာသည်။

သူတော်စင်အဆင့်ဆေးပြားသည် လိုချင်ရုံနဲ့ ဖော်စပ်လို့ မရပေ။ မှော်ဆေးပညာ ကျွမ်းကျင်ဖို့ လိုသလို ကံကောင်းဖို့လည်း လိုအပ်သည်။

မော်ဆေးပညာလောကတွင် ဆိုရိုးစကားတစ်ခု ရှိသည် တကက်ကြွလိုက်ရှာလည်း မတွေ့နိုင်ဘူးလို့ ဆိုကြသည်။

ဒါကြောင့်လည်း ဆန်းကြယ်သူတော်စင်အဆင့် ဆေးပြားများကို ဆေးဖက်ဝင် ဆေးပြားရဲ့ မျက်နှာကျက်လို့ သတ်မှတ်ကြသည်။

ဒါတောင် ထိုအဆင့် ဆေးပြားကို ဖော်စပ်ရင် အောင်မြင်နှုန်းက အရမ်းနည်းသည်။

ဆေးတွေမှာ ၃၀ ရာခိုင်နှုန်း အဆိပ်ရှိတယ်ဆိုတာ လူတိုင်း သိသည်။ ဆေးပြားပေါ်မှုတည်ပြီး

အဆင့်တက်တဲ့အခါ ခန္ဓာကိုယ်ထဲတွင် အညစ်အကြေးများ ကျန်နေတတ်သည်။ စုပုံပြီး တချိန်ချိန်မှာ ပြန်ကန်ထွက်လာလျှင် လူတောင် သေသွားနိုင်သည်။

ဒါပေမယ့်လည်း သာမန်အရည်အချင်း ရှိသူ ဒါမှမဟုတ် ထစ်ဆို့မှုများ ကြုံတွေ့နေရတဲ့ လူတွေကတော့ အမြဲတမ်း ရှိနေမည်။ ဒီလို လူများသည် သူတို့ကို ကူညီရန် ဆေးပစ္စည်းများကိုသာ အားကိုးကြရသည်။ အဲဒီအချိန်တွင်

ချမ်းသာတဲ့လူတွေကတော့ ထုံးစံအတိုင်း အဆင့်အမြင့်ဆုံး ဆေးပြားတွေကို ရွေးချယ်ကြသည်။

ဘာဖြစ်လို့လဲဆိုတော့ ဆေးပြားက အဆင့်မြင့်လေ ခန္ဓာကိုယ်အတွက် အကျိုးရှိပြီး ဆိုးကျိုး နည်းသည်။

ဒါပေမယ့်လည်း ဒီလိုဆေးပြားများသည် ခွင်းချက်မရှိ မယှဉ်သာလောက်အောင် ဈေးကြီးကြသည်.။

“မင်းကို အမဲလိုက်ဖို့အတွက် ဖိန်ဟိုရင် ရှိသမျှ ထုတ်ရင်းသွားတာပဲ”

ရှာယွန်က သဘောကျစွာ သက်ပြင်းချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီပုလင်း ငါးလုံးထဲက ဆေးပြားများသည် ဖိန်ဟိုရင်နှစ်ပေါင်းများစွာ ဖော်စပ်ပြီးမှ စုဆောင်းထားတဲ့အရာတွေ ဖြစ်နိုင်သည်။ အခုတော့ အားလုံးကိုဆွန်းမိုဆီ လက်ဆောင်ပေးလိုက်သည်။

ဝိညာဉ်စူးစိုက်ခြင်း ဆေးပြားသည် ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်မှာရှိတဲ့ လူတွေအတွက် အံ့ဖွယ် အကျိုးသက်ရောက်မှု ရှိသည်။ သောက်သုံးပြီးတာနဲ့ အဆင့်တက်သွားရုံသာမက ခန္ဓာကိုယ်လည်း ပိုကြံ့ခိုင်လာလိမ့်မည်။

နတ်ဘုရားခွန်အား ဆေးပြားတွေကတော့ ပိုတောင် အံ့အောဖို့ ကောင်းသေးသည်။

သွေးလောင်ကျွမ်းခြင်းမှာရှိတဲ့ ကျင့်ကြံသူတွေက ဒီဆေးကို စားသုံးလိုက်တာနဲ့ နတ်ဘုရားခွန်အား နယ်ပယ်သို့ ချက်ခြင်း ရောက်လာလိမ့်မည်။ အလားတူပင် ဒါကလည်း ထစ်ဆို့ခြင်းကို ကျော်ဖြတ်ဖို့အတွက် အကောင်းဆုံး ဆေးတစ်မျိုးပါ။

“ဆန်းကြယ် ကောင်းကင်ဘုံအဆင့် ဆေးပြား တစ်ပြားကို ငွေတုံး တစ်သန်းနဲ့ရောင်းချလို့ ရတယ်။ နတ်ဘုရားခွန်အားနဲ့ ပက်သက်လာရင်တော့ ဒါတွေက

ငွေနဲ့တောင် တန်ဖိုးဖြတ်လို့ မရတော့ဘူး။ အများအားဖြင့်တော့ ဝိညာဉ်ကျောက်တုံးတွေနဲ့ပဲ အရောင်းအဝယ် လုပ်ကြတယ်”

ကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ အန်ရှီဝေသည် ဒီဆေးတွေရဲ့ဈေးနှုန်းကို အနည်းငယ် နားလည်နေသေးသည်။ ဖိန်ဟိုရင်က ဆွန်းမိုအတွက် ကောင်းကင်ဘုံလောက်ရှိတဲ့ ဈေးတစ်ခု ပေးခဲ့တယ်လို့ ပြောလို့ရသည်။

ထုံးစံအတိုင်းကတော့ ဖိန်ဟိုရင်၏ စိတ်ထဲတွင် ဆွန်းမိုရဲ့နတ်ဘုရားလက်က ဒီဈေးနဲ့ ထိုက်တန်လို့ ဆိုလိုသည်။

ဆွန်းမို ပြုံးလိုက်ပြီးနောက် ကြွေပုလင်းကို ထုတ်ယူကာ ကူရှုပ်ရှင်းဆီ ပစ်ပေးလိုက်သည်။

"အမ်"

ကူရှုပ်ရှင်း အကြီးအကျယ် အံ့အောသင့်သွားသည်။ အံ့ကြိတ်ကာ ဖမ်းလိုက်သည်။

"မင်းအတွက်"

ဆွန်းမိုက သေတ္တာကို လီဇီချီဆီပေးပြီး မြင်းပေါ်တက်သွားသည်။

"မင်း ဘာပြောလိုက်တာလဲ"

ကူရှုပ်ရှင်း အရမ်းအံ့အောပြီး တုန်ယင်နေသည်။ သူမ နားကြားမှားနေသလားလို့တောင် သံသယ ဖြစ်နေသည်။

ရှာယွန်ပင် မဖော်ပြနိုင်တဲ့ အံ့အောမှုကို ခံစားနေရသည်။ (မင်းက အရမ်းတန်ဖိုးကြီးတဲ့ အရာတစ်ခုကို တကယ်ပဲ လက်ဆောင်အနေနဲ့ ပေါ့ပေါ့ပါးပါး ပေးပစ်လိုက်တာလား)

"မင်းက နတ်ဘုရား ခွန်းအားအဆင့်ကို မရောက်သေးဘူး မဟုတ်လား။ ဒါကြောင့် မင်းကို နတ်ဘုရားခွန်အား ဆေးပြားတစ်ပြား ပေးလိုက်မယ်။ ဒါပေမယ့် အဆင့်တက်ဖို့ အတွက်ကတော့ မင်းအရည်အချင်းပေါ် မူတည်နေသေးတယ်။ မင်းကိုယ်ပိုင်ခွန်အားနဲ့ အဆင့်တက်မှပဲ ရရှိတဲ့အတွေ့အကြုံနဲ့ နားလည်သဘောပေါက်မှုက တဘဝလုံးအတွက် အကျိုးရှိလိမ့်မယ်"

ဆွန်းမိုက သူ့ရဲ့ အတွေ့အကြုံကို ပြန်ပြောပြသည်။

"အမ်"

အချိန်တော်တော်ကြာအောင် ကူရှုပ်ရှင်းတစ်ယောက် ဘာပြောရမလဲ မသိပေ။ လက်ထဲမှာပုလင်းကို ကိုင်ထားပြီး အန်ရီဝေကို အလိုလို ကြည့်လိုက်မိသည်။ ထို့နောက် သဘောမကျတဲ့ အမူအရာ ဖြစ်ပေါ်လာသည်။

(ပုလင်း ပေးချင်ရင်တောင် အစ်မအန် အနားမရှိတဲ့ သင့်တော်တဲ့အချိန်မှ ပေးလို့ မရဘူးလား။ သူမ စိတ်မကောင်းဖြစ်သွားရင် ဘယ်လို လုပ်မလဲ၊ ပြီးတော့ ဒီပစ္စည်းက အရမ်းဈေးကြီးတယ်။)

အန်ရှီဝေလည်း ဆွန်းမိုရဲ့ ရက်ရောမှုကြောင့် အနည်းငယ် ကြောင်သွားသည်။ ဒါပေမယ့် နောက်မှာတော့ ပြုံးပြီး ကူရှုပ်ရှင်းကို နှစ်သိမ့်လိုက်သည်။

"ဆွန်းမိုက မင်းကို လက်ဆောင်ပေးမှတော့ ယူထားလိုက်ပါ"

ဒီပစ္စည်းက ဆွန်းမို အပိုင်ပါ။ သူလုပ်ချင်တာ လုပ်ပိုင်ခွင့်ရှိသည်။ ဒါ့အပြင် အန်ရှီဝေက သဘောထား မသေးသိမ်ပါ။

"ငါ.....ငါ"

ကူရှူပ်ရှင်း အချိန်တစ်ခုကြာအောင် ဘာလုပ်ရမလဲမသိ ဖြစ်နေသည်။

ရထားလုံးပေါ်ရှိတဲ့ ကျောင်းသားတွေကလည်း အံ့အောသင့်ပြီး တိတ်တဆိတ် စောင့်ကြည့်နေကြသည်။

“ဆရာဆွန်းက ရက်ရောလွန်းတယ်”

ကျန်ဟောင် သဘောတွေကျပြီး သက်ပြင်းချလိုက်သည်။ ထို့နောက် ဆွန်းမိုရဲ့ တိုက်ရိုက် တပြည့်များဖြစ်ကြတဲ့ ရှန်ယွန်ပေါင်နဲ့ ကျန်တဲ့လူတွေကို မနာလို စပြုလာသည်။ တကယ်လို့

သူတို့သာ ထစ်ဆို့မှု ကြုံတွေ့လာလျှင် ဆွန်းမိုက သူတို့ကို ဝိညာဉ်စူးစိုက်ခြင်းဆေးပြား သေချာပေါက် ပေးလိမ့်မည်။

ဒါ့အပြင် ဖိန်ဟိုရင်၏ သဘောထားအရ ဆွန်းမို ဆေးသွားတောင်းရင်လည်း သေချာပေါက် ထပ်ပေးလိမ့်မည်။

ဒီအချိန်တွင် ကျန်ဟောင်ရဲ့ စိတ်ထဲ အတွေးတစ်ခု ရုတ်တရတ် ပေါ်လာသည်။ ငါသာ ဆွန်းမိုရဲ့ တိုက်ရိုက်တပြည့် ဖြစ်လိုက်ရင် ဘယ်လောက် ကောင်းလိုက်မလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ကျန်ပေါင်၏ လေးစားအထင်ကြီးမှု +၃၀၀။ ရင်းနှီး(၆၀၀/၁,၀၀၀)

"ဆရာ၊ မင်းတို့ပိုပြီး သီးသန့်လုပ်လို့ မရဘူးလား။ ဒါက နတ်ဘုရားခွန်အားဆေးလေ"

ကျန်ရန်ဇောင်က ကူရှုပ်ရှင်းကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။ ဒါပေမယ့် သူဘာလုပ်လို့ ရမှာလဲ။ ပြီးတော့ သူ့ဘဝမှာ ဆန်းကြယ်သူတော်စင်အဆင့် ဆေးပြားကို တစ်ခါမှ မတွေ့ဖူးပါ။

နောင်တစ်ချိန်တွင် သဘောကျလို့ ရအောင် သူ့ဆရာဆီက တောင်းကြည့်ရမည်။ သောက်သုံးဖို့ အသာထားလိုက်အုံး အနံ့ရှူလို့ ရရင်တောင် တော်တော် အဆင်ပြေနေပြီ။

အနံ့က အရမ်းမွှေးနေမှာပါနော်။

“သွားကြစို့”

ဆွန်းမိုက တိုက်တွန်းလိုက်သည်။ သူက ဒီဆေးများကို ထုံးစံအတိုင်း သဘောမကျပေ။

ဝိညာဉ်စုစည်းခြင်း ဆေးပြားကတော့ မဆိုးပေ။ ဒါပေမယ့် စိတ်ဆေးပြားနဲ့ နှိုင်းယှဉ်လိုက်ပါက

တော်တော်လေး နိမ့်ကျသည်။ သူ့မှာသာ စိတ်ဆေးပြား မရှိလျှင် သူ့တပြည့်တွေသောက်ဖို့ ဒီဆေးပြားကို ပေးမိလိမ့်မည်။ ဒါပေမယ့် သူ့မှာ ပိုကောင်းတဲ့ဆေးတွေ ရှိနေသဖြင့် သူတပြည့်တွေကို ပိုကောင်းတဲ့ဆေးပဲ ပေးရမည်။

နတ်ဘုရားခွန်အားဆေးနဲ့ ပက်သက်လို့လား။

ဆွန်းမိုက ဒီဆေးကို သောက်သုံးဖို့တောင် အထင်သေးနေသည်။ နတ်ဘုရား ခွန်အားအသီးက စျေးကြီးသော်လည်း သဘာဝ သစ်သီးဖြစ်ပြီး ဘေးထွက်ဆိုးကျိုး လုံးဝမရှိပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမိုသည် ဖိန်ဟိုရင်၏ ကောင်းမွန်တဲ့ စိတ်ဆန္ဒကိုတော့ အသိအမှတ်ပြုသည်။

ဒီတစ်ကြိမ်မှာ မမျှော်လင့်ထားတဲ့ တခြား အဖြစ်အပျက်တွေ မရှိခဲ့ပေ။ ရထားလုံးများသည် ထွက်ခွာပြီး အနောက်တောင်မြို့သို့ ဦးတည်နေသည်။

....

ချင်လင်သို့ ပြန်တဲ့ခရီးတွင် ဖိန်ဟိုရင်ဆီမှာ ဆယ်နှစ်ကျော်ကြာအောင် အမှုထမ်းခဲ့တဲ့ ကိုယ်လုပ်တော်် စိတ်လေးနေသည်။

"သခင်၊ မင်းလက်ဆောင်က တန်ဖိုးမကြီးလွန်းဘူးလား"

ချောမောလှပတဲ့ ကိုယ်လုပ်တော်သည် အသံထွက်လာတာနဲ့ ပါးရိုက်ခံလိုက်ရသည်။

ဖြောင်း

မျက်နှာပေါ်မှာ လက်ဝါးရာ ထင်ရှားနေသည်။ ကိုယ်လုပ်တော်သည် အရိုက်ခံရတဲ့ အရှိန်ကြောင့် ခေါင်းနဲ့ ရထားလုံးနံရံ ပစ်တိုက်သွားသည်။ ခေါင်းပြန်မော့လာတဲ့ အချိန်တွင် ဖိန်ဟိုရင်က ပါးနောက်တစ်ချက် ထပ်ရိုက်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြောင်း

အခန်း(၅၂၈) - ကြယ်နှစ်ပွင့်ဘွဲ့ရေ ငါလာပြီ။

“သခင်”

ကိုယ်လုပ်တော်သည် မျက်နှာကို လက်နဲ့ အုပ်ကိုင်ပြီး ဖိန်ဟိုရင်ကို မယုံကြည်နိုင်စွာ

ငေးကြည့်နေသည်။ သူမကို အမြဲတမ်း တုန်နေအောင် ချစ်တဲ့လူက တကယ်ပဲ ရှိကဲ့တာလား။

အဓိက အချက်က သူမမှာ တကိုယ်ကောင်းဆန်တဲ့ ရည်ရွယ်ချက် လုံးဝမရှိခဲ့ပါ။ သူ့အတွက်ပဲ လုံးဝ တွေးပေးခဲ့သည်။

ဒကိုတွေးရင်း ကိုယ်လုပ်တော်သည့် မှားသလို ခံစားရပြီး ငိုချင်လာသည်။

"ဘယ်နေရာ မှားနေလဲ သိလား"

ဖိန်ဟိုရင် မျက်လုံးတွေက အေးစက်နေသည်။

"ဒီကျွန် မသိပါဘူး"

ကိုယ်လုပ်တော်က အသံတိုးပြီး ပြောလိုက်သည်။

"အခု ငါ့မှာရှိသမျှ ဘာဖြစ်လို့ ပိုင်တာလဲ သိလား"

ဖိန်ဟိုရင်က မေးလိုက်သည်။

"ထုံးစံအတိုင်း ၊ သခင်က အရမ်းကျော်ကြားတဲ့ မှော်ဆေးပညာရှင် ဖြစ်နေလို့ပါ"

ကိုယ်လုပ်တော်က အဖြေမှန် ပေးလိုက်သည်။

"ငါက ဆရာဝန် မဟုတ်ပေမယ့် ငါ့ရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်က မှော်ဆေးပညာရှင်ဖြစ်နေတော့ ရောဂါအကြောင်း

သိနေတုန်းပဲ။ ဆွန်းမိုရဲ့ နတ်ဘုရားလက်ကြောင့်သာ မဟုတ်ရင် မှော်ဆေးတွေ ထပ်မဖော်စပ်နိုင်တော့ဘူး”

ဖိန်ဟိုရင်က ဒီလို ပြောလိုက်တဲ့အချိန်တွင် ကိုယ်လုပ်တော် အရမ်းတုန်လှုပ်သွားသည်။

“ဒီပညာတွေမရှိရင် ဒီလိုလူအိုကြီးကို ဘယ်သူတွေက အဖက်လုပ်တော့မှာလဲ”

ဖိန်ဟိုရင်က ကို့ကိုယ်ကို လှောင်ပြီး ပြုံးလိုက်သည်။

သူက မဟာသခင်ဖိန် ဖြစ်သဖြင့် သူ့အိမ်ရှေ့က ဈေးတန်းတစ်ခုလို အမြဲတမ်း

စည်ကားနေတတ်သည်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ဆီက ဆေးပြားဝယ်ချင်ပေမယ့် အာဏာ မရှိတဲ့လူတွေက တန်းစီရသည်။ ဖိန်ဟိုရင်က ဒီလို မြင့်မြတ်တဲ့ခံစားချက်ကို ကြိုက်နှစ်သက်သည်။ သူ့ကိုဖားပြီး တခြားသူတွေက ချီးကျူးတာကို သဘောကျသည်။

သာလွန်းခြင်းခံစားချက်အပြင် ကို့ကိုယ်ပိုင်တန်ဖိုးကိုလည်း အသိအမှတ်ပြုနည်း တစ်မျိုးလည်း ဖြစ်နေသည်။

"ချောင်ရှန်က ငါ့ကို မရီဒန်အကယ်ဒမီမှာ ခေါ်ယူဖို့အတွက် ဒီလောက်မြင့်တဲ့ဈေးနှုန်းပေးတာ ဘာကြောင့်လို့ မင်းထင်လဲ။ တကယ်လို့ ဆွန်းမိုကြောင့်သာ မဟုတ်ခဲ့ရင် ငါမသက်သာလို့ကတော့ သေချာပေါက် ကန့်ထုတ်ခံရမှာပဲ"

ဖိန်ဟိုရင်က အေးစက်စက် အော်ဟစ်လိုက်သည်။

"သခင်၊ ငါ့အမှားကို သိပါပြီ"

ကိုယ်လုပ်တော်သည် ဒီလို ပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ နာကျင်နေသေးသည်။

ဘာပဲပြောပြော လက်ဆောင်တွေက တန်ဖိုးကြီးလွန်းသည်။

“ငါ အသက်ရှင်နေသ၍ ဆေးပြားတွေ ဖော်စပ်နိုင်တယ်။ ဒါ့အပြင် ဆန်းကြယ်သူတော်စင် ဆေးပြား ငါးပြားလောက်ကို ဘာဖြစ်လို့ တွက်ချက်နေတော့မှာလဲ။ ငါ့လက်ဆောင်က အဖိုးမတန်မှာကိုပဲ ငါကြောက်မိတယ်”

ဖိန်ဟိုရင် သက်ပြင်းချလိုက်သည်။ ဆွန်းမိုမှာ ဧရာမဆေးထုပ်ကြီး နှင့် နတ်ဘုရားလက်ကို ပိုင်ဆိုင်ထားသဖြင့် သူသာလိုချင်ပါက ထိပ်တန်း

ဆေးပြားများကို အရောင်းအဝယ် လုပ်ဖို့ အရင်းအနှီး ကောင်းကောင်း ရှိသည်။ ဖိန်ဟိုရင်က အပြင်မထွက်လာခဲ့လျှင် သူ့စိတ်ရင်းကို ဘယ်လို ဖော်ပြမလဲ။

"ဒါက အဖိုးမတန်ဘူးလို့ ယူဆတုန်းပဲလား"

ကိုယ်လုပ်တော် အံ့အောသွားသည်။ ဒီလောက်ပိုက်ဆံက ချင်လင် ပြည့်တန်ဆာအိမ်အားလုံးမှာရှိတဲ့ ပန်းဘုရင်မအမျိုးမျိုးနှင့် တစ်နှစ်ပတ်လုံး အိပ်နေဖို့ လုံလောက်တဲ့ ပိုက်ဆံပါ။

ဖိန်ဟိုရင်က ဒေါသတကြီး ညည်းညူလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ချောင်ရှန်က သူ့ကို အမဲလိုက်ဖို့အတွက် ဘယ်လိုအခြေအနေနဲ့ ကမ်းလှမ်းခဲ့သလဲဆိုတာ သိလား”

“ဘယ်လို အခြေအနေလဲ”

ကိုယ်လုပ်တော် သိချင်လာသည်။

“ဆွန်းမိုသာ မရီဒန်အကယ်ဒမီနဲ့ ပူပေါင်းချင်တဲ့ ဆန္ဒရှိသ၍ ကြိုက်တဲ့ အခြေအနေ တောင်းဆိုနိုင်တယ်”

ဖိန်ဟိုရင် စကားပြောပြီးတာနဲ့ ကိုယ်လုပ်တော်သည် အေးစက်သောလေကို အမှတ်တမဲ့ ရှိုက်လိုက်မိသည်။

ဒီအရာက ဘယ်လိုသဘောတရားလဲဆိုတာ သူမ မသိပေမယ့် ချောင်ရှန်က ဖိန်ဟိုရင်ကို အမဲလိုက်တဲ့ အချိန်တုန်းက ဒီလိုကမ်းလှမ်းမှုမျိုး မလုပ်ခဲ်တာကိုတော့ သိနေသည်။

ပြောချင်တာက ချောင်ရှန် စိတ်ထဲတွင် ဆွန်းမိုရဲ့အလားအလာက ဖိန်ဟိုရင်ထက် သိသိသာသာ ကျော်လွန်နေခဲ့သည်။

"ဒါဆိုရင် စောစောက ဘာဖြစ်လို့ မင်းကို ရိုက်တာလဲ သိပြီလား"

ဖိန်ဟိုရင်က ကိုယ်လုပ်တော်ကို ကြည့်ပြီး လေးနက်တဲ့လေသံနဲ့ ပြောလိုက်သည်။

"ငါက ဆွန်းမိုကို လက်ဆောင်အကြီးကြီး ပေးခဲ့ပြီးပြီ။ တကယ်လို့ ငါတို့ဘက်က မကျေနပ်တဲ့ အသံထွက်သွားရင် တစ်ယောက်ယောက်ဆီက ဆွန်းမို ပြန်ကြားခဲ့ရင် ငါတို့ ပိုက်ဆံဖြုန်းတီးသလို ဖြစ်သွားတဲ့အပြင် သူ့ရဲ့ မကျေနပ်မှုကိုပါ ခံစားသွားရမယ်"

"ဒီကျွန် အမှားသိပါပြီ"

ကိုယ်လုပ်တော် ဘာလုပ်ရမယ်ဆိုတာ သိပြီးသားပါ။ ဆွန်းမိုအတွက် ဖိန်ဟိုရန် သဘောကျနှစ်သက်တဲ့ အကြောင်း လူများများသိအောင် သူမက ကျွန်တွေကို အမိန့်ပေးရမည်။

ဘာလိုပဲဖြစ်ဖြစ် လုပ်စရာ တစ်ခုပဲ ရှိသည်။ ဖိန်ဟိုရင်က ဆွန်းမိုကို ကျေးဇူးတင်နေတဲ့ အချက်ကို လူတိုင်းသိသွားအောင် ရှင်းရှင်းလင်းလင်း ပြသထားရမည်။

"ဒီကျွန်ပြန်ရောက်တာနဲ့ ယစ်ပုလ္လင်ပေါ်မှာ အမွေးတိုင်ပူဇော်ပြီး ဆွန်းမို ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲကို ချောချောမွေ့မွေ့ အောင်မြင်ဖို့အတွက် ဆုတောင်းပေးနေလိုက်ပါ့မယ်"

ကိုယ်လုပ်တော် စကားပြောပြီးတာနဲ့ ဖိန်ဟိုရင်ဆီက ကျေနပ်တဲ့ အမူအရာ ထွက်ပေါ်လာတာ တွေ့လိုက်ရသည်။ ဒါကြောင့် သူမ စိတ်ချမ်းသာသွားသည်။ သူမအပေါ်မှာ သူ့ရဲ့ ချစ်ခင်ကြင်နာမှု ဆက်ထိန်းနိုင်မယ်လို့ ထင်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါပေမယ့်လည်း ဆွန်းမိုက အံ့အောဖို့ မကောင်းလွန်းဘူးလား)

(သူက အသက် နှစ်ဆယ်ကျော်ပဲ ရှိသေးပေမယ့် သခင်က အရမ်းလေးစားနေပြီ။ ပြီးတော့ သခင်ရဲ့ သုံးသပ်ချက်က တစ်ခါမှ မမှားဖူးသေးပါ)

ဒင်

ရှန်ဂျီအာ ရဲ့ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၀၀/၁,၀၀၀)

....

အနောက်တောင်မြို့သည် တောင်ပေါ်မြို့တခု ဖြစ်သည်။ အခုခေတ်မှာတော့ ရက်ထူးနေ့မြတ်များ ဒါမှမဟုတ် အားလပ်ရပ်များတွင် ကမ္ဘာတစ်ဝန်းက ခရီးသွားတွေနဲ့ ပြည့်နှက်နေမည့် ကြယ်ငါးပွင့် ရှုခင်းတစ်ခု ဖြစ်သည်။ ဒါပေမယ့် ပြည်နယ်ကိုးခုမှာတော့ အဲဒီကိုတက်သွားရတဲ့လမ်းက အရမ်းခက်ခဲသည်။ ဝင်လမ်း ၊ ထွက်လမ်း အဆင်မပြေပါ။

ဒီနေရာမှာရှိတဲ့ လူနေမှုအဆင့်အတန်းသည် ချင်လင်မြို့နဲ့ ယှဉ်ပါက အဆင့်တစ်ဆင့် နိမ့်ကျသည်။

“စာမေးပွဲဖြေဖို့ ဒီကိုလာရတာ တကယ် ဒုက္ခများတာပဲ”

ကျန်ရန်ဇောင် စိတ်ဓါတ်ကျနေသည်။

“စာမေးပွဲနေရာကို အနောက်တောင်မြို့ဆိုပြီး သူတော်စင်ဂိတ်က သတ်မှတ်တာပဲ။ ဒီမှာ နေတဲ့လူတွေ ဝင်ငွေတိုးအောင် လုပ်ပေးတာလည်း ပါတယ်”

ကူရှုပ်ရှင်းက ရှင်းပြသည်။

ဒါက ကုသိုလ်ကောင်းမှု တစ်မျိုးပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာမေးပွဲကို ရောက်လာတဲ့ မြတ်ဆရာနဲ့ ကျောင်းသားတွေ ပေါင်းလိုက်လျှင် လူပေါင်း သောင်းချီ ရှိသည်။ စာမေးပွဲကာလအတွင်း သူတို့ သုံးစွဲတဲ့ ငွေကြေးတွေသည် အနောက်တောင်မြို့တစ်ခုလုံး ပျံ့နှံ့သွားမည်။ ဒီနေရာမှာရှိတဲ့ စီးပွားရေးသမားတွေ ဝင်ငွေ တိုးလာလိမ့်မည်။

အစိုးရက အခွန်တွေ ကောက်ပြီး လမ်းများပြုပြင်ကာ ပြည်သူတွေအတွက် အကျိုးရှိစေနိုင်တဲ့ မူဝါဒများ ချမှတ်ပေးနိုင်လိမ့်မည်။

"သူတော်စင်ဂိတ်က တကယ်ကို လူသားဆန်တာပဲ"

ကျန်ရန်ဇောင်က ချီးကျူးလိုက်သည်။

ရှုခင်းတွေ ဘယ်လိုပဲ လှနေပါစေ နေ့တိုင်း ကြည့်နေရရင်တော့ ငြီးငွေ့လာလိမ့်မည်။ ကံကောင်းထောက်မစွာ ဆွန်းမိုက အားတဲ့ အချိန်တိုင်းတွင် သူ့တပြည့်တွေကို စိတ်နှလုံး နှစ်မြုပ်ပြီး လမ်းညွှန်ပေးနေသဖြင့် မပျင်းခဲ့ပါ။

လီဇီချီက ထိပ်တန်းကျောင်းသားတစ်ယောက်ပါ။ ဘာတွေသင်ပေးပါစေ ချက်ခြင်း သင်ယူနိုင်သည်။

ဒါ့အပြင် မှတ်ဉာဏ်ကောင်း ရှိသဖြင့် မကြာခင် စွယ်စုံကျမ်း ဖြစ်လာလိမ့်မည်။

လုချီဟွာကတော့ ဘာမှမသိပါ။ သူမက သူမရဲ့အကြီးဆုံးအစ်မကြီးကို သိချင်တာ မှန်သမျှ အသေးစိတ်မေးပြီး သူမ ကျိန်းသေရအောင် လုပ်သည်။

လီဇီချီရဲ့တစ်ခုတည်းသော ပြဿနာက သူမရဲ့ အာရုံကြောတွေပါ။ စိတ်သွားတိုင်း ကိုယ်က မလိုက်နိုင် ဖြစ်နေသည်။

ဒါက မွေးရာပါပြဿနာ ဖြစ်နေသဖြင့် ဆွန်းမိုမှာလည်း အဖြေမရှိပေ။ သူမကို ရုပ်ပိုင်းဆိုင်ရာ တိုးတက်စေရန်အတွက် ရှေ့ဟောင်းအနှိပ်ပညာနှင့် သဏ္ဍာန်နဲ့မဲ့မြင့်မြတ် စကြ်ာဝဠာ ကျင့်စဉ်ကို အသုံးပြုပေးခဲ့သည်။

ဒါပေမယ့်လည်း လီဇီချီရဲ့တိုက်ခိုက်ရေးအစွမ်းက အားမနည်းပါ။ သူမ သယ်လာတဲ့ အိတ်ထဲမှာ ပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူးနဲ့ လျှပ်စီး ကာကွယ်ရေး ဝိညာဉ်တက်တူးတွေနှင့် ပြည့်နေသည်။

တကယ်လို့ ဒီအရာတွေနှင့် ရန်သူများကို မဖြေရှင်းနိုင်ရင် ဝိညာဉ်သားရဲများကိုလည်း ဆင့်ခေါ်နိုင်သေးသည်။

အခုလောလောဆယ်တွင် ဆွန်းမိုက လီဇီချီကို ဝိညာဉ်တက်တူးနဲ့ဆိုင်တဲ့ အသိပညာများကို ဖြန့်ဝေပေးနေသည်။ အဆင့်မြင့်တဲ့ အသိပညာ ဖြစ်သဖြင့် အချိန်တော်တော်ကြာအောင် ပြောပြောခဲ့ရသည်။ ကံကောင်းထောက်မစွာ လီဇီချီက သင်ပေးသမျှကို စုပ်ယူနိုင်ခဲ့သည်။

ဒါက ဆွန်းမိုကို စိတ်ပူစေသည်။ လီဇီချီကို သင်ပေးဖို့ ဘာမှမကျန်တော့တဲ့ တစ်နေ့ ရောက်လာလျှင် ဘယ်လိုလုပ်မလဲ။

အင်ဘိုင်ဝူကတော့ ဆန့်ကျင်ဘက် ဖြစ်သည်။ သူမက စာအုပ်ထဲက အသိပညာများကို လေ့လာရတာ သဘောမကျဘဲ ကျင့်ကြံရတာကိုပဲ နှစ်သက်သည်။ အရမ်းအလုပ်ကြိုးစားရတာကို စိတ်ထဲ မထားပေ။ ဒါကလည်း သူမ၏ ကျင့်ကြံအဆင့် လျှင်မြန်စွာ တိုးတက်လာတဲ့ အကြောင်းအရင်း ဖြစ်နေသည်။

ဆွန်းမိုက သူမကို ဖိအားမပေးဘဲ သူလုပ်ချင်သလောက် ကျင့်ကြံခိုင်းထားသည်။ သူမ အပန်းဖြေပြီး အနားယူတဲ့ပုံစံနဲ့ အမှောင်ထု ဆေးပင်တချို့အကြောင်း အလွတ်ကျက်ခိုင်း ခဲ့သည်။

အင်ဘိုင်ဝူက လက်တွေ့တိုက်ပွဲကနေ သင်ယူတဲ့လူတစ်ယောက် ဖြစ်သည်။ ရှန်ယွန်ပေါင်ကလည်း သူမနဲ့ ပုံစံတူသည်။ ဒါပေမယ့် တိုက်ခိုက်ရေးစွဲလမ်းသူက အင်ဘိုင်ဝူထက်စာရင် ကိုင်တွယ်ရတာ ပိုခက်ခဲသည်။

ရှန်ယွန်ပေါင်ကတိုက်ခိုက်ခြင်းကိုသာ အမြဲတမ်းနှစ်သက်သည်။ တွေးခေါ်တဲ့ ကိစ္စတွေကို ဘယ်တော့မှ ဂရုမစိုက်ပါ။

ဆွန်းမိုက လက်ရည်စမ်းတိုက်ခိုက်ပြီးတာနဲ့ သဘောတရားတချို့ကို ရှင်းပြသည်။ အင်ဘိုင်ဝူက သူ့ရဲ့စကားများကို ဆင်ခြင်သုံးသပ်ပြီး အစာချေသေးသည်။ ရှန်ယွန်ပေါင်ကတော့ အဲဒီလို မလုပ်ပေ။ ဆွန်းမိုနဲ့ နောက်တစ်ကြိမ် တိုက်ခိုက်ဖို့ပဲ တောင်းဆိုနေခဲ့သည်။

အစပိုင်းတွင် ဆွန်းမိုက ရှင်းပြဖို့ ကြိုးစားခဲ့သော်လည်း နောက်ပိုင်းမှာ လက်လျှော့လိုက်သည်။ ရှန်ယွန်ပေါင်က တိုက်ခိုက်ရေး ဗီဇကိုသာ လက်ကိုင်ထားတဲ့ကောင် ဖြစ်သည်။

ပြတ်ပြတ်သားသားပြောရလျှင် သူ့ရဲ့အရည်အချင်းကိုပဲ မှီခိုနေတယ်လို့ ပြောလို့ ရသည်။

ရှန်ယွန်ပေါင်က ထင်ထားတာထက် ပိုပြီး စိတ်မြန်လက်မြန် ရှိသည်။ (ဘာကြောင့်

တိုက်ခိုက်တာလဲ မသိပေမယ့် ဘယ်လို အနိုင်ယူရမလဲတော့ ကောင်းကောင်းသိတယ်)

ထန်ထန်ယုထန်ကတော့ ချောင်းဆိုးနေတာ အပြင် ရထားလုံး ထောင့်တစ်ခုမှာ ထိုင်ပြီး ဆေးစာအုပ်ကိုပဲ စွဲစွဲမြဲမြဲ ဖတ်နေသည်။

သူ့ရဲ့ ဖျားနာမှုနဲ့ဆိုလျှင် နောက်ထပ် သုံးနှစ်လောက် ဆက်နေနိုင်ရင်ကို အံ့အောဖို့ ကောင်းနေပြီ။ ဒါကြောင့် ဆွန်းမိုက သူ့ကို ဘာမှမသင်ပေးဘဲ အလွန်အကျွံ မလုပ်ဖို့သာ တိုက်တွန်းခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အေးအေးဆေးဆေး တရားထိုင်နေလိုက်လျှင် ရက်အနည်းငယ် ပိုကြာအောင် အသက်ရှင်နိုင်လိမ့်မည်။

ထန်ထန်ယုထန်က ဒါကို ဂရုမစိုက်ပါ။

ချန်လုံ၏ အပြုအမူက အရင်ကနဲ့လုံးဝ မတူတော့ပါ။ သူက စကားမပြောဘဲ မျက်နှာသေကြီးနဲ့ နေသော်လည်း နေ့တိုင်း ပြင်းပြင်း ထန်ထန် ကျင့်ကြံနေသည်။

လူလွတ်သွားခဲ့တဲ့ အချိန်တွေကို ပြန်လိုချင်နေသည်။

ချန်လုံက ဘာမှမပြောပေမယ့် လီဇီချီနှင့်ကျန်တဲ့လူတွေက သူတို့ရဲ့ ပညာသင်ဘက်မောင်လေးက လက်စားချေခြင်နေမှန်း သိသည်။ နဖူးမှာရှိတဲ့ အမှိုက်ဆိုတဲ့ စာလုံးကို မဖယ်ရှားပစ်တာက အကြီးဆုံးသက်သေဖြစ်နေသည်။

ဒါပေမယ့်လည်း ဆွန်းမိုကို မကူနိုင်မကယ်နိုင်ဖြစ်အောင်လုပ်တဲ့ ကျောင်းသားက ဘယ်သူလဲလို့မေးလိုက်လျှင် လုချီဟွာလို့ပဲ ပြောရမည်။ သူမက အရမ်းကြိုးစားသော်လည်း ရလဒ်အနည်းငယ်ပဲ

တိုးတက်သည်။ စနစ်က သူမရဲ့ အလားအလာတန်ဖိုး အရမ်းနိမ့်ကျတယ်လို့ ပြောခြင်းက အဆင့်သတ်မှတ်ချက်ကို ကြုံသလို ပေးတာ မဟုတ်ပေ။

အမှန်တော့ လုချီဟွာမှာ သဘော်သီး ကြီးတာကလွဲလျှင် ဘာမှ အသုံးမဝင်ပါ။ မဟုတ်သေးဘူး။ သူမက အရမ်းကံကောင်းနေတာ။

ဆွန်းမိုက အကန့်အသတ်မရှိတဲ့ စွမ်းရည်များကို အသုံးချပြီး လုချီဟွာ စိတ်ထဲကို စိတ်ဝိညာဉ်ပုံသွင်းခြင်း အသုံးပြုကာ ကျင်ကြံခြင်း

ကျင့်စဉ်များနဲ့ အတွေ့အကြုံများကို ဖြန့်ဝေလိုက်သည်။ ဒါပေမယ့် တစ်နာရီလောက်ကြာလျှင် သူမ အားလုံးမေ့သွားသည်။

လုချီဟွာက သူမရဲ့အဖေအကြောင်း မတွေးသ၍ စိုးရိမ်ပူပန်မှု ကင်းစင်နေပြီး နတ်သမီးလေးတစ်ပါးနဲ့ တူနေသည်။

ဆွန်းမိုက သူ့တပြည့်ခြောက်ယောက် အကြောင်းကို အနည်းငယ် ပိုနားလည်လာတဲ့အချိန်တွင် အနောက်တောင်မြို့သို့ ရောက်ရှိလာကြသည်။

“စာမေးပွဲ အားလုံးကို အနောက်တောင် အကယ်ဒမီမှာ ကျင်းပလိမ့်မယ်။ ဒါကြောင့် သွားလာရတဲ့အချိန် ပိုနည်းသွားအောင် အနီးအနားမှာ တည်းခိုတာပဲ ပိုကောင်းမယ်”

ရှာယွန်က အကြံပြုလိုက်သည့်။

“အနောက်တောင် ဟိုတယ်ကိုပဲ တန်းသွားကြတာပေါ့။ အဲဒီနေရာမှာ လူပြည့်နေရင် ငါတို့ အန်တီချောင် ဟိုတယ် သွားကြတာပေါ့”

ဆွန်းမိုက ဆုံးဖြတ်ပြီးသွားပြီ ဖြစ်သဖြင့် ယာဉ်မောင်းများကို အရှိန်မြင့်ပြီး သွားရန် ညွှန်ကြားလိုက်သည်။

"အမ်"

ရှာယွန် အကြီးအကျယ် လန့်ဖြန့်သွားသည်။

"ဒါ....ဒါပေမဲ့ ဒီဟိုတယ် နှစ်ခုက အရမ်းဈေးကြီးတယ်လေ"

သူတို့ ကျောင်းကထွက်လာတုန်းက အန်ရှီဝေသည် သူတို့ခရီးသွားဖို့နဲ့ တည်းခိုဖို့အတွက် ပိုက်ဆံ

ပေးခဲ့ပေမယ့် ပေါပေါသီသီ သုံးဖို့တော့ မလုံလောက်ပါ။

"အများကြီး မတွေးနဲ့ ငါတာဝန်ယူတယ်"

ဆွန်းမိုသည် နောက်ဆုံးတော့လည်း ချမ်းသာခြင်းရဲ့ အရသာကို သဘောပေါက် သွားသည်။ ပိုက်ဆံကို အမှိုက်တစ်ခုလို သဘောထားပြီး ဆက်ဆံရတာ တော်တော်လေး အဆင်ပြေသည်။

"ဒါဆိုလည်း အခွင့်အရေး ယူလိုက်တော့မယ်"

ရှာယွန်းက ထုံးစံအတိုင်း ဆွန်းမိုကို ကျေးဇူးတင်လိုက်သည်။ ဆွန်းမိုမှာ ပိုက်ဆံမရှားဘူးဆိုတာ သူမ သိသည်။

မျှော်လင့်ထားသလိုပဲ အနောက်တောင်ဟိုတယ်က လူပြည့်နေပြီး အန်တီချောင်ဟိုတယ်တွင် ဇိမ်ခံခန်းတချို့သာ ကျန်တော့သည်။

"အားလုံးကို ငါတကယ် တောင်းပန်ပါတယ်"

ဟိုတယ်သူဌေးက ပြုံးပြီး ပြောလိုက်သည်။ အဲဒီအခန်းများကို လူတွေက မငှားချင်တာ မဟုတ်ဘဲ သူဌေးက အမြတ်များများ ရအောင် ကောင်းမွန်တဲ့

ကမ်းလှမ်းမှုကို စောင့်ဆိုင်းနေခဲ့သည်။ ဘာပဲပြောပြော ဒီလိုမျိုး အခွင့်အရေးက နှစ်နည်းနည်းကြာမှ တစ်ကြိမ် ရတတ်သည်။

"တစ်ညအတွက် ငွေတုံး တစ်သောင်းလား။ ဈေးကြီးလွန်းတယ်"

အစောပိုင်းတုန်းက ဆွန်းမိုကို ကျေးဇူးတင်နေတဲ့ ရှာယွန်သည် ဈေးနှုန်းကို ကြားလိုက်လျှင် ချက်ခြင်း စိတ်ဒုက္ခ ရောက်သွားသည်။

"ဆရာဆွန်း ဘာဖြစ်လို့ တခြားဟိုတယ် မသွားတာလဲ"

"တကယ်ပဲ ဈေးကြီးလွန်းတယ်"

ကူရှုပ်ရှင်းက တိုးတိုးလေး ရေရွတ်လိုက်သည်။ ဒီသူ့ဌေးက ဒီလောက်အထိ ကြီးတဲ့ဈေးကို တောင်းရဲ ဆိုရဲသည်။ နှလုံးသားက လုံးဝ မည်းမှောင်နေသည်။

"မေ့လိုက်ပါ။ ပြောင်းရမှာ ပျင်းသွားပြီ"

ဆွန်းမို ထိုင်ချလိုက်သည်။

"ငါတို့ ခရီးဆောင်အိတ်ကို အခန်းဆီ သယ်ပေးဖို့ ဝန်ထမ်းတွေကို ခိုင်းလိုက်အုံး"

ဒီဆရာ..............."

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူဌေးက တစ်ခုခု ပြောချင်နေပေမယ့် တွန့်ဆုတ်နေသည်။

"ဘာဖြစ်လို့လဲ"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့ မနေခင် ပိုက်ဆံအရင်ပေးရမယ်"

သူဌေးက ပြုံးပြီး ပြောလိုက်သည်။ တွေ့ခဲ့ကြုံခဲ့ဖူးတဲ့ လူတွေက ရေတွက်လို့တောင် မရတော့ပေ။ ဒါကြောင့် ဒီလူကြီး သုံးယောက်ကို ကြည့်လိုက်တာနဲ့ မချမ်းသာဘူးဆိုတာ ပြောနိုင်သည်။

နောင်ကျမှ ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ။ သူ့အရှုံးလုပ်ခံမှာပေါ့”

“မင်းကိုအရင်ဆုံး ပိုက်ဆံအပြည့်ပေးရမယ်လို့ ပြောချင်တာလား”

ရှာယွန် မျက်မှောင်ကြုတ်သွားသည်။

“ကျေးဇူးပြုပြီး ငါ့ကို ခွင့်လွှတ်ပေးပါ”

သူဌေးက ခေါင်းညိတ်လိုက်သည်။

“ဒါက ဘာဆိုလိုတာလဲ”

အင်ဘိုင်ဝူရဲ့ လှပတဲ့မျက်ခုံးများ တွန့်သွားသည်။ (ဒီသူငွေးက ငါတို့ကို အထင်သေးနေတာလား”

“ငါ.. .ဘာမှ မဆိုလိုပါဘူး”

သူငွေးက ရှင်းပြပေမယ့် သူ့အပြုအမူက ဆုံးဖြတ်ထားတဲ့ပုံစံ ဖြစ်နေသည်။ သူတို့ကို အရင်ပေးခိုင်းထားရမည်။ ဒီလိုမှမဟုတ်ရင် လိမ်သွားလိမ့်မည်။

“ဘာတွေ ဖြစ်နေတာလဲ”

ဆွန်းမို နားမလည်ပေ။

“ပုံမှန်ဆိုရင် ငါတို့ စရန်အရင်ပေးထားပြီး ငါတို့ထွက်သွားမှပဲ ပိုက်ဆံအကြေချေရမှာ မဟုတ်ဘူးလား”

ကူရှုပ်ရှင်းက ရှင်းပြသည်။

ထိုအချိန်တွင် တခြားလူတစ်စုကလည်း ဟိုတယ်ရဲ့ ပင်မဧည့်ခန်းထဲသို့ ဝင်လာသည်။ သူတို့ကို ကြိုဆိုဖို့အတွက် သူဌေးမျက်လုံးက ချက်ခြင်း တောက်ပလာသည်။ အခုဝင်လာတဲ့ လူတွေရဲ့ အဝတ်အစားက ဒီလူ သုံးယောက်ထက်စာလျှင် ပိုဈေးကြီးသည်။

“ဒါဆိုလည်း တခြားနေရာ ပြောင်းကြတာပေါ့”

ဆွန်းမို မျက်မှောင်ကြုတ်လိုက်ပေမယ့် စိတ်တော့မဆိုးချေ။ သူ့ဌေးရဲ့ စိတ်ကိုနားလည်သည်။ သူ့ဌေး ပိုက်ဆံ ပိုရှာချင်နေတာလည်း မမှားပေ။

အခန်း(၅၂၉) - ပါရမီရှင် ဝိညာဉ် ထိန်းချုပ်သူ။

ဆွန်းမိုတို့အဖွဲ့ ထွက်သွားတာ မြင်လည်း သူဌေးကတောင်းပန်မယ့် အရိပ်အယောင် မရှိပါ။ အဲဒီအစား လူသစ်တွေကို ချက်ခြင်းဧည့်ခံလိုက်သည်။

သူဌေးရဲ့ စိတ်ဓါတ်က သိသာလွန်းသည်။

နှစ်ဖွဲ့စလုံးက အခန်းဌားချင်ပေမယ့် အသစ်ရောက်လာတဲ့ လူတွေက ငွေပိုသုံးမှာ

သေချာသည်။ ဥပမာ - ဆွန်းမိုက ပိုက်ဆံကို ဂရုမစိုက်သလို ပြောပြီး သူပြောတဲ့ဈေးနဲ့ ဝှားမှာသေချာသည်။ ဒါပေမယ့် သူတို့မှာယူတဲ့ အစားအသောက်ကတော့ သေချာပေါက် ဈေးနည်းလိမ့်မည်။

အသစ်ရောက်လာတဲ့ လူတွေက ကွာခြားသည်။ သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေကို ကြည့်လိုက်ပါအုံး။ သာလွန်ခြင်းကို အရိုးထဲကနေ ခံစားလို့ရသည်။

ဒီလူတွေက အစားသောက် ကုန်ကျစရိတ်ကို မနမျောတာ သေချာသည်။ ဒီလူတွေက ဆွန်းမိုတို့ အဖွဲ့ထက်စာလျှင် သေချောပေါက် ငွေပိုသုံးလိမ့်မည်။

"ခဏစောင့်အုံး"

ခေါင်းဆောင်လုပ်တဲ့လူငယ်က မာနကြီးပြီး မောက်မာတဲ့ပုံစံနဲ့ ပြောလိုက်သည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ မြင်မြတ်တဲ့လူတစ်ယောက်ဖြစ်တာ သိသာနေသည်။

သူ့ဘေးက အလေးအနက်ထား ဦးညွှတ်ပြီး တလေးတစား ဘေးနားမှာ ရပ်နေသည်။

ဆွန်းမိုတို့ အခန်းထဲက ထွက်လာလျှင် အသက် ၂၄ ၊ ၂၅ လောက်ရှိမည့် အမျိုးသမီးတစ်ယောက် ဝင်လာတာကို တိုက်ဆိုင်စွာ တွေ့လိုက်ရသည်။ သူမက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ အဆောင်အယောင်ဖြစ်တဲ့ ပြာလွှင့်လွှင့် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတာ တွေ့လိုက်ရသည်။ အဆောင်အယောင်ထက်တွင် ကြယ်တစ်ပွင့် သင်္ကေတ တစ်ခုပါနေသည်။

ဆွန်းမိုက သူမဖြတ်သန်းလို့ရအောင် ရှောင်ပေးလိုက်သည်။

သူမကလည်း ဒီအတိုင်း ကျော်ဖြတ်သွားသည်။

"သူမက ပိုင်ရှမ်"

ကူရှပ်ရှင်းက ဒီအမျိုးသမီး၏ နောက်ကျောကို ကြည့်ပြီး တံ့တွေးတစ်ချက် မြိုချလိုက်သည်။ သူမအသံက ကွဲအက်အက် ဖြစ်နေသည်။ ဒီနေရာမှာ ပိုင်ရှမ်နဲ့တွေ့ရမယ်လို့ မထင်ထားခဲ့ပါ။

"အမ်၊ ဒါဆို သူမက ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီက ပါရမီရှင်ဝိညာဉ်ထိန်းချုပ်သူလား"

ရှာယွန်က စပ်စုလိုက်သည်။ ဒီနာမည်က ဆရာအသစ်များကြားတွင် တော်တော်လေး ရေပန်းစားသည်။ သူမက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရ တစ်ယောက်လည်း ဖြစ်သည်။

တချိန်တည်းမှာပင် သူမက မြတ်ဆရာ သူရဲကောင်းအဆင့်မှာ အဆင့် ၁၁ လည်း ရထားသည်။

“သူမက ပါရမီရှင်ဆို ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲဖြေဖို့ ဘာဖြစ်လို့ အခုချိန်အထိ စောင့်နေရတာလဲ။ စောစော မဖြေဘူးလား”

လုချီဟွာ စဉ်းစားမရ ဖြစ်နေသည်။

"သူမတို့လို ပါရမီရှင်တွေအတွက် အချိန်က အရမ်း တန်ဖိုးရှိတယ်လေ။ အချိန်အားမှပဲ စာမေးပွဲဖြေဖို့ လာကြတယ်။ ဘယ်လိုပဲပြောပြော သူတို့ရဲ့ ခွန်အားအရ စာမေးပွဲအောင်ဖို့အတွက် အရမ်းအားစိုက်ထုတ်စရာ မလိုဘူး"

ရှာယွန် မချိပြုံး ပြုံးလိုက်သည်။ ဒါက သေမျိုးနဲ့ ပါရမီရှင်ကြားက ကွာခြားချက်ပါ။ သူမက အောင်မြင်ဖို့အတွက်

အရမ်းအားစိုက်ထုတ်နေရပေမယ့်

ပါရမီရှင်တွေကတော့ အားတောင် မစိုက်ထုတ်ရသေးပါ။

"ပိုင်ရွှမ် လား"

ဆွန်းမိုက နာမည်ကို တိုးတိုးလေးရေရွတ်နေပြီး နတ်ဘုရားမျက်စိအာရုံကို အသက်မသွင်းဘဲ မနေနိုင်တော့ချေ။

အသက် ၂၄ နှစ်၊ နတ်ဘုရားခွန်အား အဆင့် (၅)။

ကြွံခိုင်မှု - ၃၅ - ခွန်အားကို လျော့တွက်လို့ကတော့ ခေါင်းဖြတ်ခံရလိမ့်မည်။

ဉာဏ်ပညာ - ၃၇ - ပါရမီရှင်တွေကို နှိမ်းနင်းဖို့ လုံလောက်သည်။

သွက်လက်မှု - ၃၁ - တခြားသူတွေ မနာလိုလောက်အောင် တန်ဖိုး အရမ်းမြင့်မား။

ခံနိုင်ရည် - ၃၂ - ပြေးစရာ မလိုပါ။ ငါက တောင်လောက်ရှိတဲ့ ဝိညာဉ်သားရဲပေါ်မှာ ထိုင်နေတယ်။

....

အလားအလာတန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက်။ ဝိညာဉ်သားရဲထိန်းချုပ်တဲ့ နယ်ပယ်တွင် ကြောက်စရာကောင်းလောက်တဲ့ အရည်အချင်းရှိပြီး ပြဿနာဖြေရှင်းရန် သာမန်မဟုတ်တဲ့ ရှုထောင့်ကနေ အသုံးပြုပြီး ဖြေရှင်းရတာကို သဘောကျသည်။

မှတ်ချက်။ ။ သူမရဲ့ လောကအပေါ် အမြင်က အနည်းငယ် ထူးဆန်းသည်။

ဆွန်းမိုက ပိုင်ရှမ်ရဲ့ အချက်အလက်ကို ကြည့်နေတုန်း ပိုင်ရှမ်က ရုတ်တရုတ် လှည့်ကြည့်လာသည်။ သွေးဆာနေတဲ့ မျက်လုံးများနဲ့

ဆွန်းမိုကို ကြည့်လိုက်သည်။ သူမရဲ့ အကြည့်များက ထိုးဖောက်နိုင်တဲ့ ဓါးတစ်ချောင်းလို ချွန်ထက်လှသည်။

ထိုအချိန်မှာ ဆွန်းမိုရဲ့ တပြည့်တွေလည်း ဝိညာဉ်တွေ ကွဲအက်သွားသလို ခံစားနေရသည်။

ဖောက် ဖောက် ဖောက်

ပြင်းထန်တဲ့ ပေါက်ကွဲသံများ လေထဲ ထွက်ပေါ်လာသည်။

“ဟိုမှာတစ်ခုခု ရှိနေတယ်”

လုချီဟွာ ထိတ်လန့်တုန်လှုပ်စွာ အော်လိုက်ပြီး ၁၁ နာရီထောင့်သို့ ကြည့်ကာ ဓါးကိုဖျက်ကနဲ ဆွဲထုတ်လိုက်သည်။

ရန်ပြုတော့မယ့် ပုံလို ဖြစ်နေသည်။

ပိုင်ရှမ်ရဲ့ အကြည့်က လုချီဟွာဆီ ချက်ချင်း ရောက်သွားကာ မျက်မှောင်ကြုတ်ပြီး လုချီဟွာကို အကဲခတ်နေသည်။

လုချီဟွာသည် ဆွန်းမိုအနောက်သို့ လျှင်မြန်စွာ ပြေးပုန်းလိုက်သည်။ လုချီဟွာကို

အရေခွံခွာချင်နေသလို ဒီအမျိုးသမီးရဲ့ အကြည့်တွေက ကြောက်စရာ ကောင်းလွန်းသည်။

"ဆရာပိုင်"

စောစောတုန်းက ဟိုတယ်ကို ရောက်လာတဲ့ အဖွဲ့ ပိုင်ရှမ်ဆီရောက်လာပြီး ဆွန်းမိုတို့အဖွဲ့ကို သတိထားကာ စောင့်ကြည့်နေသည်။ အထူးသဖြင့် လုချီဟွာကို ကြည့်နေကြသည်။ ထို့နောက် သူမက ခါးကို ဖျက်ကနဲ ဆွဲထုတ်လိုက်သည်။

"မင်းက မြတ်ဆရာတစ်ယောက်ပဲ။ နောင်ဆိုရင် မင်းရဲ့ အကြည့်တွေကို ဆင်ခြင်ပါ။ လမ်းပေါ်က

ကောင်မလေးတွေကို နှာဘူးအကြည့်နဲ့ လိုကမ်ကြည့်နဲ့။ ဒီလိုမှမဟုတ်ရင် ဆိုးကျိုးတွေ ရောက်လာလိမ့်မယ်”

ပိုင်ရှမ်အသံက အနည်းငယ် ရှုတတ ဖြစ်နသည်။

“မင်းကိုယ်မင်း အရမ်းလှတယ် ထင်နေတာလား”

အင်ဘိုင်ဂူ မကျေမနပ် ဖြစ်သွားသည်။ (ငါ့ဆရာကို သင်ပေးနေရအောင် မင်းကိုယ်မင်း ဘယ်သူ ထင်နေတာလဲ။ ပြီးတော့ မင်းအတွေး လွန်နေပြီ။ ငါ့ဆရာက မိန်မလှလေး အဆင့်(ရ)မှာရှိတဲ့ အန်ရှီဝေနဲ့ စေ့စပ်ထားတယ်)

ပိုင်ရွှမ်ကို လှတယ်လို့ ပြောနိုင်ပေမယ့် အန်ရှီဝေနဲ့တော့ ယှဉ်နိုင်စရာအကြောင်း မရှိပါ။ တကယ်လည်း သူမရုပ်ရည်က ကူရှုပ်ရှင်းထက်တောင် နိမ့်ကျသေးသည်။

"လှတယ် ဟုတ်လား"

ပိုင်ရွှမ် မျက်မှောင်ကြုတ်သွားသည်။ သူမ စိတ်ထဲမှာ ဒီလိုအယူအဆမျိုး မရှိပေ။

"မိုက်ရိုင်းလိုက်တာ"

တခြားအဖွဲ့ကို ဦးဆောင်နေတဲ့ လူငယ်လေးက မျက်မှောင်ကြုတ်ပြီး အင်ဘိုင်ဝူကို မာန်မဲလိုက်သည်။

"ထားလိုက်ပါ။ အချိန်မဖြုန်းနဲ့တော့ ၊ မြန်မြန်သွားပြီး တည်းခိုလို့ရအောင် လုပ်လိုက်"

ပိုင်ရှမ်က တိုက်တွန်းလိုက်သည်။

သူမ ပြောပြီးတာနဲ့ ကျန်တဲ့လူတွေ ဘာမှမပြောတော့ပေ။ ဆွန်းမိုကို တစ်ချက် စိုက်ကြည့်ပြီး ထွက်ခွာသွားကြသည်။

"ဒီမိန်းမ ခေါင်းမကောင်းဘူးလား"

ကျန်ရန်ဇောင် ဆွံ့အနေသည်။ သူတို့ဘက်မှာ ကူရှုပ်ရှင်း၊ လီဇီချီ၊ လုချီဟွာနှင့် အင်ဘိုင်ဝူတို့လို အလှလေးတွေ ရှိရုံသာမက နီးစပ်တဲ့ အခွင့်အရေးလည်း ရှိသေးသည်။

ဆွန်းမိုက နေ့တိုင်း အလှလေးတွေ ဝန်းရံနေသဖြင့် ရိုးအီနေလောက်ပြီ။ (သူက ဘာဖြစ်လို့ မင်းကိုစွဲလမ်းရမှာလဲ)

"ဆရာ၊ သူမကို နှိပ်စက်ပြီး ထိပ်ဆုံးနေရာ ယူပစ်လိုက်"

ထန်ထန်ယုထန်က လက်သီးဖော့ယမ်းပြီး ပြောလိုက်သည်။

"သွားကြစို့"

ဆွန်းမိုက ဒီကောင်ကို အကောင်းမမြင်ပေ။

ဒီမိန်းမရဲ့ အသိစိတ်က ထက်မြတ်လွန်းသည်။ နတ်ဘုရားမျက်စိအာရုံကို အသုံးပြုရင်း ဒီလိုလူကို တွေ့ဖူးတာ ဒုတိယအကြိမ် ဖြစ်သည်။ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ကလည်း အခြေခံအားဖြင့်တော့ တူညီနေကြသည်။

စောစောတုန်းက ပိုင်ရှမ် လှည့်ကြည့်တုန်းက စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုကို သေချာပေါက် အသုံးပြုခဲ့သည်။ ဒါကြောင့် လုချီဟွာ တစ်ခုခု ခံစားလိုက်ရတာ ဖြစ်သည်။

"ကျောင်းသား ယုထန်၊ မင်းရဲ့ ဖရိုဖရဲဖြစ်အောင် သွေးထိုးတဲ့ အကျင့်ကို တော်လိုက်သင့်ပြီ။ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရကို ဘယ်လိုနည်းနဲ့ အလွယ်တကူ နှိပ်စက်နိုင်မှာလဲ။ သူမက

သက်တူရွယ်တူတွေထက်တောင် ပိုသန်မာနေမှာ သေချာသည်။

ရှာယွန်က မချိပြုံးပြုံးရင်း ပြောလိုက်သည်။ ဒီကလေးတွေက ကောင်းကင်နှင့်မြေကြီး ကြီးမားမှုကို တကယ် မသိကြသေးပေ။

"တည်းခိုခန်း အရင်ရှာရအောင်"

ဆွန်းမိုက ပထမနေရာကိုယူဖို့ မစဉ်းစားထားပါ။ အေးအေးဆေးဆေး ဖြတ်သန်းနိုင်ရင် တော်ပြီ။ ဒါပေမယ့် စနစ်ဆီက အကြောင်းကြားချက် ရုတ်တရက် ထွက်ပေါ်လာသည်။

“ဘောပဲ”

ဆွန်းမို နှလုံးခုန်သံ မြန်လာသည်။

မျှော်လင့်ထားသလိုပဲ စနစ်က တာဝန်အသစ်ထုတ်ပြန်လာသည်။ ပိုင်ရှမ်အား အလုံးစုံ ချေမှုန်းပြီး အနိုင်ယူရမည်။ သူလုပ်နိုင်ရင် ဆုလဒ်က ရွှေရောင် ရတနာသေတ္တာ သုံးလုံး ဖြစ်လိမ့်မည်။

ဆုလဒ်ကကောင်းပေမယ့် ဒါကိုအောင်မြင်ဖို့ တော်တော်လေး ခက်မယ်လို့ ထင်နေသည်။

"ဆရာ ၊ဒီအမျိုးသမီးရဲ့ အော်ရာတွေက ရောထွေးနေပြီး တော်တော်လည်း ထူးဆန်းတယ်။ သူမနဲ့ ဆက်ဆံမှုနည်းရင် အကောင်းဆုံးပဲ။

လုချီဟွာက ဆွန်းမိုရဲ့အကျီလက်စကို ဆွဲပြီး တိုးတိုးလေး သတိပေးလိုက်သည်။

....

ပိုင်ရှမ်က ပြဿနာများကို မတွေးတော့ပေ။ အခုအချိန်တွင် လုချီဟွာ ခါးဝှေ့ယမ်းနေတဲ့ မြင်ကွင်းကို ပြန်စဉ်းစားကြည့်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့ အချစ်လေးရဲ့ တည်နေရာကို တကယ် ပြောနိုင်တာလား"

ပိုင်ရှမ် သဘောကျတဲ့စိတ်နဲ့ သက်ပြင်းချလိုက်သည်။ ဒီလိုမိန်းကလေးရဲ့ မသိစိတ်က အနည်းငယ် ကြောက်စရာ ကောင်းနေသည်။ သူမက ဝိညာဉ်ထိန်းချုပ်သူလုပ်ဖို့ သေချာပေါက် ကောင်းမွန်တဲ့ ပျိုးပင်ကောင်းလေး တစ်ခုပါ။

(ဒီမိန်းကလေးကို ငါ့တပြည့်အဖြစ် ရနိုင်မလား။ ဒါပေမယ့် ဒီမိန်းကလေးက ငါ့ကိုစိုက်ကြည့်တဲ့လူငယ်

အနောက်က လိုက်တာဆိုတော့ သူ့တပြည့် ဖြစ်နိုင်တယ် မဟုတ်လား။ ဒါဆိုရင် နည်းနည်း အလုပ်ရှုပ်ပြီ။ လူတွေလည်း သေတတ်တာပဲ မဟုတ်လား။

ဆွန်းမိုရဲ့အကြည့်များက သူမ စိတ်ထဲကို ထိုးဖောက်မြင်ရသလို အရမ်းထူးဆန်းတဲ့ ခံစားချက် ရနေသည်။ ဘာပဲဖြစ်ဖြစ် သူမကို စိုက်ကြည့်နေတာကတော့ တော်တော်လေး အနေရခက်သည်။ အဲဒီအချိန်တုန်းက သူမသည် လုံးဝ

စောင့်ကြည့်ခံနေရပြီး လှုျို့ဝှက်ချက်တွေ အကုန်လုံး မဖုံးထားနိုင်သလို ခံစားလိုက်ရသည်။

"ဆရာပိုင်၊ အခန်းအဆင်သင့် ဖြစ်နေပါပြီ"

အဖွဲ့ကို ဦးဆောင်တဲ့လူငယ်လေးက ပိုင်ရှမ် အနားမှာရပ်နေပြီး ပိုင်ရှမ်ကို အကြာကြီး စောင့်နေခဲ့ကြသည်။

"ဆရာပိုင် အဆင်သင့် ဖြစ်နေပြီ။

ပိုင်ရှမ် အခန်းထဲသို့ ဝင်သွားသည်။

"ငါ တံခါးပိတ်ပြီး လေ့ကျင့်လိုက်အုံးမယ်။ အရေးကြီးတဲ့ ကိစ္စမရှိရင် မနှောက်ယှက်နဲ့။ ဒါ့အပြင်

မြန်မြန်သွားပြီး ခုနကအဖွဲ့ တည်းခိုတဲ့နေရာနဲ့ အခု ဘယ်လိုနေလဲဆိုတာ သွားကြည့်လာခဲ့”

အခန်း(၅၃၀) - ကောင်းတဲ့ အရာတိုင်းက ဘာဖြစ်လို့ အကျိုးအမြတ် ရနေတာလဲ။

နောက်ဆုံးတော့ ဆွန်းမိုသည် ကြေးခေါင်းလောင်း ဟိုတယ်ကို ရွေးချယ်ခဲ့သည်။ နာမည်က

အလုတရားအာရုံ မရှိဘဲ တကယ်ကို အရိုင်းဆန်တဲ့ခံစားချက်မျိုး ပေးစွမ်းသည်။

ဟိုတယ်က တော်တော်လေးကျယ်ပြီး ကိုယ်ပိုင်ရေချိုးခန်းနှင့် စားသောက်ဆိုင်လည်း ပါသည်။ အနောက်တောင်မြို့ရဲ့ အနီးတဝိုက်မှာရှိတဲ့ မြို့ပေါင်း ငါးဆယ်ရဲ့အစားအသောက် အရသာတွေ အားလုံးကို ဒီနေရာမှာ မြည်းစမ်းကြည့်လို့ ရသည်။

ဆွန်းမိုသည် ရောက်လာပြီးတဲ့နောက် ဒီအသုတ်မှာ အင်းအားကြီး ပြိုင်ဘက်တွေက ဘယ်သူတွေလဲဆိုတဲ့ အချက်အလက်ကို စုဆောင်းဖို့

စိတ်မပါပေ။ ဟိုတယ်မှာ ရိုးရိုးရှင်းရှင်း တည်းပြီး တပြည့်ခြောက်ယောက်ကိုပဲ ဂရုတစိုက် လမ်းညွှန်ပေးနေခဲ့သည်။

နေ့နေ့ညည ရှေ့ပြောင်းအနှိပ်ပညာကို အသုံးပြုပြီး တပြည့်တွေရဲ့ စွမ်းအင်လမ်းကြောင်းကို ချောမွေ့အောင် လုပ်ပေးရင်း သူတို့ရဲ့ အလားအလာတိုးတက်အောင် လုပ်ပေးနေခဲ့သည်။

စာမေးပွဲဖြေဖို့ သုံးရက်ပဲ လိုတော့သည်။ ကြေးခေါင်းလောင်း ဟိုတယ်မှာ လူပြည့်နေပြီး နေ့တိုင်း ဆူညံနေသည်။

ဒီလူတွေက ဖြေဆိုကြမယ့် ကြယ်တစ်ပွင့်မြတ်ဆရာတွေ ဖြစ်ကြသည်။ ဒါကြောင့် သူတို့ရဲ့လူမှုရေး ကွန်ရက်တည်ဆောင်ရန် ပထမခြေလှမ်းအဖြစ် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးအောင် ကြိုးစားနေကြသည်။ အနာဂတ်တွင် အသုံးဝင်တာ၊ မဝင်တာ အသာထားလိုက်အုံး အရင်ဆုံး ဆက်ဆံရေးကောင်းအောင် လုပ်ထားဖို့ အရေးကြီးသည်။

ညနေခင်းတွင် ဆွန်းမိုတို့အဖွဲ့ ညစာစားဖို့ ဆင်းလာကြသည်။

"အရမ်း ဆူညံနေတာပဲ"

စားသောက်ဆိုင်တွင် လူများ ပြည့်လျှံနေသဖြင့် ကူရှုပ်ရှင်းက မျက်မှောင်ကြုတ်ပြီး ဆွန်းမိုဘက်သို့ လှည့်ကြည့်လိုက်သည်။

ဆွန်းမိုလို လူမျိုးတွေကိုပဲ သူမသဘောကျသည်။ သူတို့က အေးအေးဆေးဆေး နေတတ်ပြီး အရေးကြီးတဲ့အချိန်မှသာ ရှတ်တရက် ပေါက်ကွဲ တတ်သည်။

"ငါတို့ တခြားဆိုင် သွားကြမလား"

ဆွန်းမိုလည်း ဒီလိုမျိုး ဆူညံနေတဲ့လေထုကို မကြိုက်ပါ။ ဘယ်ခေတ်မှာဘဲဖြစ်ဖြစ် အရက်မူးတဲ့မြင်ကွင်းက အတူတူပဲ ။

“ထားလိုက်ပါ။ မြန်မြန်စားပြီး ငါတို့တပြည့်တွေကို ဆက်သင်ပေးကြတာပေါ့”

ကူရှပ်ရှင်းက သည်းခံဖို့ ဆုံးဖြတ်လိုက်သည်။

စားပွဲ မလွတ်သေးသဖြင့် မိနစ် ၂၀ ကျော်ကြာအောင် စောင့်လိုက်ရသည်။ ဘေးဘက်ဝိုင်းက လူတွေက သောက်စားမူးယစ်နေကြတာ တော်တော်ကြာနေပြီး

အရမ်းဆူညံနေသဖြင့် ကူရှုပ်ရှင်းက ဒီနေရာမှာ တကယ် မထိုင်ချင်ပါ။ ဒါပေမယ့်လည်း ဆွန်းမိုနှင့် ကျန်တဲ့လူ ၁၁ ယောက်တို့အတွက် သင့်တော်တဲ့ နေရာ မရှိတော့ပါ။

“ထားလိုက်ပါတော့။ သည်းခံလိုက်ပါကွာ”

ရှာယွန်က နှစ်သိမ့်လိုက်သည်။

ကူရှုပ်ရှင်း သေချာပေါက် မပျော်ဘူးဆိုတာ သူမ သိနေသည်။ သူမက အလှလေးတစ်ယောက်ပါ။ ကူရှုပ်ရှင်းသည် မရီဒန်အကယ်ဒမီတွင် ကျောင်းတွင်းဘုရင်မ ဖြစ်ခဲ့တဲ့သူ ဖြစ်သည်။

စောစောတုန်းက သူမဆိုင်ထဲ ဝင်လာတဲ့ အချိန်တွင်လည်း အမျိုးသားတော်တော်များများက သူမကို ခိုးကြည့်နေကြသည်။

လူတိုင်းသည် အများအားဖြင့်တော့ သီးသန့် နေတတ်ကြသည်။ ဒါပေမယ့် အမျိုးသားတွေက သောက်ပြီးတဲ့အချိန်တွင် သူတို့ကိုယ်သူတို့ မထိန်းနိုင်ကြတော့ပေ။

ကြေးခေါင်းလောင်း ဟိုတယ်က စားပွဲထိုးများသည် တော်တော်လေး ပရိဖက်ရှင်နယ်

ဆန်သည်။ စားပွဲကို မြန်မြန်ရှင်းပြီး လက်ဖက်ရည် ချပေးကာ မီနူး ယူလာပေးသည်။

"လေးစားရတဲ့ မြတ်ဆရာတို့၊ ဘာမှာချင်ကြလဲဗျ။ စာမေးပွဲကလည်း စတော့မှာဆိုတော့ ပေါ့ပေါ့ပါးပါးလေး စားဖို့ အကြံပေးချင်ပါတယ်"

စာပွဲထိုးက လိမ္မာပါးနပ်ပြီး ဖော်ရွေတဲ့ လေသံလေးတွေ ထွက်နေသည်။

ဆွန်းမိုက မီနူးကိုယူပြီး ပေါ့ပေါ့ပါးပါး လှန်ကြည့်လိုက်သည်။ ကျိုးနွံ့အောင် ဘယ်လိုလုပ်ရမလဲ မသိပေမယ့် ကူရှုပ်ရှင်းနှင့်

ရှာယွန်တို့ကို မှာခိုင်းလိုက်ရင်လည်း အခြေခံအားဖြင့်တော့ သူမတို့နှစ်ယောက်က အများကြီး မှာလို့ မကောင်းပေ။ ကျောင်းသားတွေကတော့ ထုံးစံအတိုင်း မမှာရဲကြပါ။

ဆွန်းမိုလည်း ကူကယ်ရာမဲ့သွားပြီး သူဘာသာသူပဲ လုပ်ရတော့သည်။

"ဒါ....ဒါ...."

ဆွန်းမိုက ဟင်းအနည်းငယ်ကို ပေါ့ပေါ့ပါးပါး ညွှန်ပြလိုက်သည်။

"အင်း အင်း"

စာပွဲထိုးက ခပ်မြန်မြန် လိုက်ရေးသည်။

ဟင်းကိုးပွဲကို ပေါ့ပေါ့ပါးပါး မှာပြီးနောက် ဆွန်းမိုက မီနူးကို ပိတ်လိုက်သည်။

"ဆာ၊ အစားအသောက် အရေအတွက်ကရော...."

စာပွဲထိုးလေးက 'မင်းတို့မှာ လူအများကြီး ဒီလောက် အရေအတွက်နဲ့ မလောက်ဘူး' ပြောလိုက်ချင်ပေမယ့် စကားဖြတ်ပြောခံလိုက်ရသည်။

"ဒါတွေ မလိုချင်ဘူး။ မီနူးထဲမှာပါတဲ့ ကျန်တဲ့ ဟင်းတွေ အကုန်ချ"

"အမ်"

စားပွဲထိုး နဖူးမှာ ချွေးများစိမ့်ထွက်လာသည်။ စကားဆုံးအောင် မပြောလိုက်ရတာ ကံကောင်းသည်။ ဒီလိုမှမဟုတ်ရင် ချမ်းသာတဲ့ ဖောက်သည်ကို စော်ကားမိတော့မည်။

ရှစ်

ဆွန်းမိုရဲ့စကားကို ကြားလိုက်လျှင် အနီးအနားမှာရှိတဲ့ ဧည့်သည်တွေ အလိုလို လှည့်ကြည့်လာကြသည်။

ဟင်းအများကြီး မှာတဲ့လူမျိုးကို တစ်ခါမှ မတွေ့ဖူးပေ။

“ထွီ၊ သူ့မိသားစုက ပိုက်ဆံတွေကို ဖြုန်းနေတာပဲ။ ဘာဖြစ်လို့ ဒီနေရာလာပြီး အထာကျကျ လုပ်ပြနေရတာလဲ”

ဘယ်ဘက်ဝိုင်းမှာရှိတဲ့ အသက်ကြီးသည့် အဘိုးကြီးက တွံထွေး ထွေးပြီး ပြောလိုက်သည်။

ရှန်ယွန်ပေါင်က မျက်ခုံးပင့်သွားပြီး တိုက်ခိုက်ဖို့အတွက် ချက်ခြင်း မတ်တပ်ရပ်လိုက်သည်။ ဒါပေမယ့် ချန်လုံရဲ့

တုန့်ပြန်မှုက ပိုမြန်သည်။ သူက ရှန်ယွန်ပေါင်ရဲ့ ပခုံးကို ဖိထားပြီး

“ဆရာ့ကို ဒုက္ခမပေးနဲ့”

တဖက်တွင် လီဇီချီက အင်ဘိုင်ဝူကို ကြည့်လိုက်သည်။ သံမဏိခေါင်းမိန်းကလေးက ခါးပေါ် လက်ရောက်နေတာ မြင်လိုက်ရသည်။

လီဇီချီအမြင်တွင် ရှန်ယွန်ပေါင်က ရန်ဖြစ်ချင်တာပဲ ရှိသည်။ ဒါပေမယ့် အင်ဘိုင်ဝူက ဆွန်းမိုကို အပြည့်အဝကိုးကွယ်ပြီး ဆွန်းမိုအား တခြားသူ ဝေဖန်တဲ့စကားကို ကြားချင်စိတ် မရှိပေ။

ရှာယွန်က မီနူးကို တစ်ချက်ကြည့်လိုက်လျှင် အရမ်းထူနေတာ မြင်လိုက်ရသည်။ အနည်းဆုံး ဟင်းပွဲ ဆယ်နဲ့ချီပြီး ရှိလိမ့်မည်။ ဘယ်လို ကုန်အောင် စားမှာလဲ။

“ဆရာဆွန်း၊ မင်းမှာတာ အရမ်းများနေပြီ”

ရှာယွန်သည် ဆွန်းမို ချမ်းသာတာသိပေမယ့် ဒီလောက်တော့ သူဖြုန်းဖို့ မတတ်နိုင်လောက်ပါ။

“စာမေးပွဲက စတော့မယ် ၊ ဒီနေ့ ကောင်းကောင်းစားရမယ်။ မင်းတို့ကောင်တွေ

အားလုံး ငါရေးထားတဲ့အစားအသောက် အစီအစဉ် အတိုင်း စားရမယ်”

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

“ဒါဆို အစားအသောက်တွေက မင်းရဲ့ အိပ်မက်ဆိုး ဖြစ်လာမှာ သေချာတယ်။ ပြီးတော့ စားလို့ မကုန်မှာလည်း စိတ်မပူနဲ့။ မကုန်လို့ ကျန်တဲ့ အစားစာတွေကို သူတောင်စားတွေဆီ ဝေပေးလိုက်မယ်”

တောင်းရမ်းစားသောက်သူ အုပ်စုက တော်တော်လေး တောင့်တင်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနော်ရထာကော်တောင်မြို့ အနီးတဝိုက်မှာ ရှိတဲ့ သူတောင်းစားများသည် ညှော်သည်တွေဆီက ငွေဒင်္ဂါးတွေ ပိုလိုချင်သောကြောင့် အနော်ရထာကော်တောင် အကယ်ဒမီအနားမှာ စုရုံးနေကြသည်။

မြတ်ဆရာတွေကလည်း ကြမ္မာကောင်းတွေ လိုချင်သောကြောင့် တော်တော်လေး ရက်ရောကြသည်။

“ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ တော်တော်ကြာအောင် စောင့်ခဲ့ရတာ။ ငါတို့ ကောင်းကောင်းမစားရရင် ငါစိတ်မကောင်းဖြစ်မိမှာဘဲ”

စားပွဲထိုးလေး တုန့်ဆိုင်းသွားသည်။ ဟင်းစျေးတွေ အားလုံးပေါင်းလိုက်တဲ့အချိန်မှာ ဆွန်းမို နောင်တရနေမှာ သူစိုးရိမ်နေသည်။ ဆွန်းမိုကို မေးလိုက်ပါကလည်း စော်ကားသလို ဖြစ်သွားမှာ ကြောက်နေသည်။ သူ့ဒွေးဆီ တင်ပြလိုက်ရင်လည်း သူက အသုံးမဝင်ဘူးလို့ မြင်သွားမှာ ကြောက်နေသည်။

“လုပ်တော့လေ။ ဘယ်လိုပဲဖြစ်ဖြစ် ငါက ကျသင့်သလောက် အကုန်လုံးပေးမှာပါ။ ဟင်းပွဲသာ သွားပြင်လိုက် စားပြီးတာနဲ့တန်း ရှင်းပေးမယ်”

ဆွန်းမိုက စားပွဲထိုးကို လက်ခါပြလိုက်သည်။

"မြတ်ဆရာတို့ နားလည်မှု လွဲနေပါပြီ။ မင်းတို့တွေက ချင်လင်ကလာတာလို့ ငါပြောနိုင်တယ်။ မင်းတို့ပါးစပ်နဲ့ အရသာတွေ့မယ့် ဟင်းတွေကို ညွှန်းပေးမလိုပါ"

စာပွဲထိုးက ရှင်းပြသည်။

"ထပ်ပြောနေစရာ မလိုတော့ဘူး။ ဟင်းတွေသာ အရသာကောင်းပါစေ။ မြန်မြန်သွားတော့"

ဆွန်းမိုက စားပွဲပေါ်က လက်ဖက်ရည်အိုးကို လက်ညှိုး ထိုးပြလိုက်သည်။

"ဒါကို မင်းတို့ဆိုင်ရဲ့ အကောင်းဆုံး လက်ဖက်ရည် ပြောင်းပေး"

ဒီစကားတွေကြောင့် ဆွန်းမိုကို လူတိုင်းက ဝိုင်းကြည့်နေကြသည်။

ဆွန်းမိုက အထာကျကျ သရုပ်ဆောင်နေတာ မဟုတ်ပေ။ အဲဒီအစား ပြည်နယ်ကိုးခုရှိ အဆင့်မြင့်တဲ့ လက်ဖက်ရည်များတွင် ဝိညာဉ်ချီ ပါဝင်ပြီး စိတ်လန်းဆန်း စေသည်။

"ဟုတ်၊ ခဏလောက် စောင့်ပေးပါ"

စားပွဲထိုး အရမ်းထိတ်လန့်သွားပြီး သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေဆီက ခပ်မြန်မြန် အကူအညီ တောင်းလိုက်သည်။

"ဆရာဆွန်း၊ မင်းအရမ်းချမ်းသာတာ ငါသိတယ်။ ဒါပေမယ့် ပိုက်ဆံတွေကို ဒီလိုမျိုး ဖြုန်းဖို့ မဟုတ်ဘူးလေ။ နောင်တချိန် မင်းရဲ့ ကျင့်ကြံခြင်းအဆင့် တိုးတက်လာရင် ပိုက်ဆံ သုံးမယ့်နေရာ အများကြီး ရှိသေးတယ်လေ"

ရှာယွန်က စည်းရုံးလိုက်သည်။

သူမက သာမန်မျိုးနွယ်စုကပါ။ သူမလတိုင်းရတဲ့ လစာများကို ကိုယ်ပိုင် အသုံးစရိတ်ကလွဲလျှင် ကျန်တာကို မျိုးနွယ်စုဆီ ပြန်ပို့ပေးခဲ့သည်။

"ကျေးဇူးအများကြီး တင်ပါတယ် ဆရာရှာ၊ နောက်ကျရင် ပြင်ပါ့မယ်"

ဆွန်းမိုက လေးနက်တဲ့ အမူအရာနဲ့ ပြန်ဖြေလိုက်သည်။

"ဆရာက ပိုက်ဆံ မရှားဘူး"

ရှန်ယွန်ပေါင်က စကားဖြတ်ပြောလာသည်။ သူ့ဆရာပိုင်တဲ့ ဝိညာဉ်ကျောက်တုံးတွေအရဆို

ငွေဘယ်လောက်ချမ်းသာလဲဆိုတာ မရေတွက်နိုင်ပေ။ ကုန်သွားတယ် ထားအုံး တံခါးရှစ်ခုတိမ်တိုက်ကို ရောင်းလိုက်တာနဲ့ ချက်ခြင်း ပြန်ချမ်းသာနိုင်သည်။

"တိတ်"

လီဇီချီက မာန်မဲလိုက်သည်။

(သူတပါးကို မျက်နှာ နည်းနည်းတော့ ချန်ထားပေးရမယ်ဆိုတာ မသိဘူးလား)

ရှာယွန် ကြောင်သွားသည်။ ထို့နောက် လီဇီချီနှင့် ကျန်တဲ့လူတွေရဲ့ မျက်နှာပေါ်မှာ စိုးရိမ်တဲ့ အမူအရာ မရှိတာ မြင်လိုက်လျှင် သူမအစိုးရိမ်

လွန်နေတယ်ဆိုတာ သဘောပေါက်လိုက်သည်။ ဆွန်းမိုက စိတ်ကူးယဉ်လို့ မရလောက်အောင် ချမ်းသာတဲ့သူပဲ ဖြစ်လိမ့်မည်။

ဒါပေမယ့် ဆွန်းမိုမှာ မောက်မာပြီး စိတ်ကြီးဝင်နေတဲ့ အရိပ်အယောင်တောင် မရှိပါ။ ဆန့်ကျင်ဘက်အနေနဲ့ နှိမ့်ချပြီး အကြံဉာဏ်တွေတောင် နားထောင်ခဲ့သေးသည်။ သူ့ရဲ့ နားလည်ပေးနိုင်တဲ့စရိုက်က တကယ်ကို လေ့လာသင်ယူဖို့ ကောင်းသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှာယွန်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၈၂၀/၁,၀၀၀)

"ဘာလဲဟ"

စနစ်ဆီက အကြောင်းကြားချက်ကို ကြားလိုက်လျှင် ဆွန်းမိုသည် ရှာယွန်အား မကြည့်ဘဲ မနေနိုင်တော့ချေ။ (လေးစားအထင်ကြီးမှုအမှတ်တွေ ဘာဖြစ်လို့ ထောက်ပံ့ပေးတာလဲ။ ငါဘာမှ မလုပ်ခဲ့သေးဘူး မဟုတ်လား)

ဆွန်းမိုမှာထားတဲ့ ဟင်းလျာတွေ များနေသဖြင့် မျက်ပေါက်ကျယ်းကျယ်းနဲ့ သူ့ဌေးပေါ်လာသည်။ သူက ဒီစားပွဲကို အထူးဝန်ဆောင်မှုပေးရန်အတွက် စားပွဲထိုးနှစ်ယောက်ကို သူကိုယ်တိုင် စီစဉ်ပေးခဲ့သည်။ ဒါ့အပြင် ဟင်းပွဲချတဲ့အချိန်ကလည်း ပိုမြန်သည်။

"မင်းတို့ ကြိုက်တာ စားကြပါ"

ဆွန်းမိုက လက်ဖက်ရည်ကို ဖြေးဖြေးလေး သောက်နေသည်။ သူက လက်ချောင်းတွေတောင် လှုပ်စရာမလိုပေ။ သူ့အကြည့် ရောက်သွားတာနဲ့

စောင့်ကြည့်နေတဲ့ လီဇီချီက တူနဲ့ကိုင်ပြီး သူ့ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

ဒါနဲ့နှိုင်းယှဉ်လျှင် လုချီဟွာက တော့်တစ်ယောက်နဲ့ တူနေသည်။

သူက ဆွန်းမိုဘာကြိုက်လဲဆိုတာ ထုံးစံအတိုင်း မစဉ်းစားပေ။ ဘာကြီးပဲဖြစ်နေပါစေ သူမ ကြိုက်တဲ့အစားအသောက်တစ်ခု ထည့်ပေးသည်။ အရသာပိုရှိလျှင် နှစ်ခု ထည့်ပေးသည်။

သိပ်မကြာခင် ဆွန်းမိုပန်းကန်ထဲမှာ ဟင်းတွေက တောင်လေး တစ်ခုလို ပုံလာသည်။

"ချီဟွာ"

လီဇီချီ ဆွံ့အနေသည်။

"ဘာလဲ"

လုချီဟွာက ပြန်ထူးသည်။ ထို့နောက် သူမက ငါးဖယ်လုံးတစ်ခုကို ပါးစပ်ထဲကောက်ထည့်ပြီး

"ဆရာ၊ ဒါကောင်းတယ်"

"မင်းပါးစပ်ထဲက ဟာကို အရင်ကုန်အောင် စားပြီးမှပြော"

ဆွန်းမို အားကိုးရာမဲ့နေသည်။ အရင်တုန်းကတော့ အစားအသောက်တွေ ကုန်အောင် မစားနိုင်ဘူး ထင်ခဲ့သည်။ ဒါပေမယ့် လုချီဟွာကို စိတ်မထိခိုက်စေချင်သဖြင့် တိတ်တိတ်လေး ကြိတ်စားနေခဲ့သည်။

ဆွန်းမိုက စားပြီးတဲ့နောက် ပညာရပ်ဆိုင်ရာ အကြောင်းအရာများတောင် ဆွေးနွေးနိုင်သေးသည်။ ဒါကြောင့်လည်း ကူရှုပ်ရှင်းသည် ပတ်ဝန်းကျင်က ရန်လိုတဲ့အကြည့်များကို မေ့သွားသည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလုတရားဆိုတာက သွေဖယ်လို့မရတဲ့ ပန်းတိုင်တစ်ခု ဖြစ်နေသေးသည်။

နာရီဝက်လောက်ကြာတော့ ကူရှုပ်ရှင်းနဲ့စကားပြောဖို့ ကြိုးစားလာတဲ့ မြတ်ဆရာငါးယောက် ရှိခဲ့သည်။ ခြွင်းချက်မရှိ ဒီမြတ်ဆရာအားလုံးက တော်တော်လေး ချောမောပြီး ပိုက်ဆံအိတ် ထူကြသည်။

ခေတ်တွေဘယ်လိုပဲပြောင်းပြောင်း ကို့ကိုယ်ကို အထင်ကြီးနေတဲ့လူတွေက အမြဲရှိသည်။

“တော်တော် စိတ်ပျက်ဖို့ ကောင်းတာပဲ”

ကူရှုပ်ရှင်း မျက်မှောင် ကြုတ်ထားသော်လည်း စိတ်ထဲမှာ ကျေနပ်နေသည်။ အခုလောက်ဆို ဆွန်းမိုတစ်ယောက် သူမ ဘယ်လောက် ရေပန်းစားသလဲဆိုတာ သိနေလောက်ပြီ။

ကူရှုပ်ရှင်းနဲ့ စကားပြောဖို့ ကျရှုံးသွားတာနဲ့ ဘယ်ဘက်ဝိုင်းသို့ ပြန်သွားသည်။

"ဘယ်လိုလဲ။ သူတို့ပုံစံ ကြည့်ရတာတော့ အားလုံး ငယ်ငယ်လေးတွေပဲ။ အခုမှ ကြယ်တစ်ပွင့် မြတ်ဆရာဘွဲ့ ရလာတာ ဖြစ်ဖို့များတယ် မဟုတ်လား"

တယောက်က မေးလိုက်သည်။

"အင်း"

မြတ်ဆရာဒူက ခေါင်းညိတ်လိုက်သည်။

"ဟွန့်၊ လူသစ်လေးတွေက ကောင်းကင်နဲ့မြေကြီး ဘယ်လောက်ကြီးတယ်ဆိုတာ မသိသေးဘူးပဲ။ ကြယ်တစ်ပွင့်မြတ်ဆရာစာမေးပွဲ အောင်ပြီးတာနဲ့ ချက်ခြင်း တန်းလာကြတာပဲ။ သေတယ်ဆိုတာ ဘယ်လို စာလုံးပေါင်းမှန်း မသိဘူးထင်တယ်"

စောစောတုန်းက တံတွေးထွေးတဲ့ မြတ်ဆရာ ရှောင်က ထပ်ကြိမ်းမောင်းသည်။

"ဆရာရှောင် ၊ အဲဒီလိုတော့ မဟုတ်လောက်ဘူး။ ဒီနှစ်နွေဦးမှာကျင်းပတဲ့ ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲက အရမ်းခက်ပြီး နှစ်ငါးဆယ်အတွင်း အောင်ချက်အနည်းဆုံးလို့ ပြောကြတယ်။ ဒီလူတွေက ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲဖြေဖို့ သတ္တိရှိိတယ်ဆိုတော့ အရည်အချင်း ရှိဖို့များတယ်"

မြတ်ဆရာဒူက ကောက်ချက်ချသည်။

မြတ်ဆရာ စာမေးပွဲကို အကြိမ်ရေအကန့်အသတ်နဲ့သာ ဖြေဆိုခွင့်ရှိတယ်ဆိုတာ သိထားရမည်။ ငါးကြိမ်

ကြိုးစားလို့မအောင်မြင်ရင် အဆင့်ဆက်တက်ပိုင်ခွင့် မရှိတော့ပါ။ ဒါကြောင့် မြတ်ဆရာအများစုသည် ယုံကြည်ချက် မရှိလျှင် မကြိုးစားကြပါ။

"ဟုတ်တယ် သူတော်စင်ဂိတ်က မြတ်ဆရာ အရေအတွက်ကို ထိန်းချုပ်ချင်နေတယ်လို့ ကြားတယ်။ ဒီနှစ် ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲမှာ အခက်အခဲ တိုးလာမှာလား ဆိုပြီးတောင် တွေးနေမိတယ်"

တစ်ယောက်က စကားဖြတ်ပြောလိုက်သည်။ ထို့နောက် သူတို့ စကားပြောဖို့ စိတ်မပါကြတော့ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှန်တိုင်းပြောရလျှင် ဒီမေးခွန်းရဲ့အဖြေက သိသာနေပြီးသားပါ။

"လူအိုကြီးရှောင်၊ ငါ ဖြောင်းဖျတာလဲ နားထောင်ပါအုံး................။ ငါတို့ ပြန်ရအောင်"

မြတ်ဆရာတစ်ယောက်က ဝိုင်တစ်ငုံသောက်ပြီး မနေနိုင်ဘဲ စည်းရုံးနေသည်။ ဒီလူအိုကြီးရှောင်က မြတ်ဆရာစာမေးပွဲကို ငါးကြိမ်မြောက်ကြိုးစားမည့်လူပါ။ တကယ်လို့ ကျသွားခဲ့ရင်တော့ ဒီတစ်သက် ကြွယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် မဖြစ်နိုင်တော့ပါ။

ဒီစကားကိုကြားလျှင် စိတ်ဓါတ်ကျပြီး သွေးတိုးချင်လာသည်။ ဒါပေမယ့် ပြောနေတဲ့လူက လည်ပင်းဖက်ပေါင်းနေတဲ့ သူငယ်ချင်းပါ။ ပြီးတော့ သူ့သူငယ်ချင်းက သူ့အတွက်စဉ်းစားပြီး အမှန်တိုင်း ပြောနေခဲ့သည်။ ဒါကြောင့်လည်း အနေရခက်ပြီး အကူညီမဲ့နေသလို ခံစားနေရသည်။

ဂလု

ရှောင်လီ ဝိုင်တစ်ခွက် ထပ်သောက်လိုက်သည်။ နောက်တစ်နှစ် ထပ်စောင့်ရင် ကောင်းမလား စဉ်းစားနေတုန်း အမျိုးသမီးတစ်ယောက်ရဲ့ ရယ်သံကို

ရုတ်တရုတ် ကြားလိုက်ရသည်။ မော့ကြည့်လိုက်လျှင် ကူရှုပ်ရှင်းက ဆွန်းမိုဘက်သို့ ကိုယ်လေးကိုင်းပြီး ရယ်မောနေတာကို မြင်လိုက်ရသည်။

“မအေလ”

ဖောက်ပြန်နေတဲ့စုံတွဲ။

ဒီလူငယ်က ငယ်ရွယ်ချမ်းသာပြီး အလှလေးရဲ့ မျက်နှာသာပေးမှုကိုလည်း ရနေသည်။

(ကောင်းတဲ့အရာတိုင်းကို မင်းပဲ ဘာဖြစ်လို့ ရနေတာလဲ) ရှောင်လီသည် ရုတ်တရုတ်

ခေါင်းပူလာပြီး ဝိုင်ခွက်ကို အရှေ့သို့ ပစ်ပေါက်လိုက်သည်။

အခန်း(၅၃၁) - တစ်ခွန်းပြီးတစ်ခွန်း ထွက်ကျလာတဲ့ ရွှေစကားများ။

ဖောင်း

ဝိုင်ခွက်က ကူရှုပ်ရှင်း နောက်ကျောသို့ ထိမှန်သွားသည်။

"အား"

ကူရှုပ်ရှင်းသည် ဆွန်းမိုနဲ့ ကျန်ရန်ဇောင်၏ အားသာချက် ၊အားနည်းချက်များကို ဆွေးနွေးနေတုန်း

ရုတ်တရုတ် ထိမှန်ခံလိုက်ရသည်။ တုံ့ပြန်မှုအနေနဲ့ အလိုလို အော်ဟစ်ပြီး မတ်တပ်ရပ်လိုက်မိသည်။

ရုတ်တရုတ် ထရပ်လိုက်သဖြင့် ဟန်ချက်ပျက်ပြီး စားပွဲပေါ် ယိုင်သွားသည်။

ကလောက် လောက်

သစ်သားစားပွဲ လှုပ်ယမ်းသွားသည်။

ရှောင်လီ၏ပစ်ပေါက်မှုက တိကျသဖြင့် ဘယ်သူမှ မကူညီနိုင်ခဲ့ပေ။

ဝုန်း ဝုန်း ဝုန်း

ဆွန်းမို၊ ကျန်ရန်ဖော် ၊ ရှန်ယွန်ပေါင်နှင့် အင်ဘိုင်ဝူတို့ တန်းပြီးထရပ်လိုက်ကြသည်။

"မင်းဘာလုပ်တာလဲ"

ဆွန်းမို မျက်မှောင်ကြုတ်ပြီး အေးစက်စက် မေးလိုက်သည်။

ကျန်ရန်ဖော် အရင်တုန်းက အော်ဟာစ်မလို့ လုပ်လိုက်သည်။ ဒါပေမယ့် ရှန်ယွန်ပေါင်က ခုံတစ်ခုံ ယူပြီး ပစ်ပေါက်ဖို့လုပ်နေတာ မြင်လိုက်လျှင် ချက်ခြင်း ပြန်ထိန်းထားရသည်။

"ဘုရားရေ၊ အပစ်ခံရတာက ငါ့ဆရာပါ။ ဘာဖြစ်လို့ မင်းက ငါ့ထက် ပေါက်ကွဲနေရတာလဲ"

ကျန်ရန်ဇောင်က ရှန်ယွန်ပေါင်ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်ဆန္ဒကို လုံးလုံး နားလည်သွားသည်။ ထို့နောက် နောင်တစ်ချိန်တွင် ဒီကောင်နဲ့လုံးဝ လက်ရည် မစမ်းဖို့ ဆုံးဖြတ်လိုက်သည်။

"ဒီက မြတ်ဆရာ၊ မင်းရဲ့အပြုအမူက ဘာလဲ"

ရှာယွန်က မေးခွန်းထုတ်လိုက်သည်။ အဖွဲ့ထဲတွင် သူမက အသက်အကြီးဆုံး ဖြစ်သဖြင့် အရှေ့ထွက်ဖို့ တာဝန်ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှောင်လီနဲ့ အတူတူထိုင်နေကြတဲ့ မြတ်ဆရာတွေအားလုံး အံ့အောသင့်နေကြသည်။ (မင်းဘာလုပ်တာပဲ) မကြာခင် သူတို့လည်း မတ်တပ်ရပ်လိုက်ပြီး ကမန်းကတန်း တောင်းပန်လိုက်ကြသည်။

"တကယ် တောင်းပန်ပါတယ်။ သူသောက်တာ အရမ်းများနေလို့ပါ"

"ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ။ ခွင့်လွှတ်ပေးပါ"

တခြားလူတွေကလည်း အလျှင်စလို ပြောကြသည်။

ရှောင်လီသည် ဒါကိုမြင်လျှင် ပိုပြီးမှုန်ကုတ်ကုတ် ဖြစ်သွားသည်။

ဘာဖြစ်လို့ ဝိုင်ခွက်နဲ့ ပစ်ပေါက်လိုက်တာလဲ။

ကူကယ်ရာမဲ့ပြီး ထွက်ပေါက် ပျောက်နေသည်။

အမှန်တိုင်းပြောရလျှင် ရုတ်တရက် စိတ်မထိန်းနိုင် ဖြစ်သွားသည်။ ဝိုင်ခွက်လေထဲ ရောက်သွားတဲ့ အချိန်တွင် ချက်ခြင်း နောင်တရသွားသည်။ ဒါပေမယ့်လည်း တကယ်ကို ဒေါသထွက်နေခဲ့သည်။

ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို ပထမဆုံးအကြိမ် ဖြေဆိုတုန်းက ယုံကြည်မှု အပြည့်နဲ့

ဖြေဆိုခဲ့သည်။ နောက်ဆုံးတော့ သူ့အရည်အချင်းကို အထင်ကြီးလွန်ပြီး ရေးဖြေ စာမေးပွဲတွင် ဆုတ်ယုတ်ခဲ့ပြီး ကျရှုံးခဲ့သည်။ အဲဒီအချိန်မှ စပြီး သုတေသနနှင့် လေ့လာမှုတွင် အပြည့်အဝ အာရုံစိုက်ပြီး ငါးနှစ်ကြာအောင် အစွမ်းကုန် မြှင့်တင်ခဲ့သည်။ ထို့နောက် ဒုတိယအကြိမ် စာမေးပွဲဖြေဖို့ သွားခဲ့သည်။

ထိုတစ်ကြိမ်တွင်လည်း ရှောင်လီသည် မြတ်ဆရာများကြားက တိုက်ပွဲတွင် ကျရှုံးခဲ့သည်။ နောက်ဆုံးတော့လည်း ကိုယ့်ထက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုသန်မာတဲ့တစ်ယောက်ယောက်ကတော့ အမြဲရှိတယ်ဆိုတဲ့ စကားကို နားလည်ခဲ့ရသည်။ နောက်ထပ် ငါးနှစ်ကြာအောင် ထပ်ကြိုးစားခဲ့သော်လည်း ကြည့်ရတာတော့ ကောင်းကင်ကြီးကသူ့ကို မျက်နှာသာမပေးချင်ပါ။ တတိယအကြိမ်စာမေးပွဲတွင် တပြည့်သုံးယောက်စလုံး ကျရှုံးခဲ့သည်။

ထို့နောက် စတုတ္ထအကြိမ် ကြိုးစားမှုတွင် ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီက ပါရမီရှင်နှင့် ရင်ဆိုင်ခဲ့ရပြီး အရိုက်ခံခဲ့ရသည်။ သူသည် တပြည့်တွေ

တိုက်ခိုက်တဲ့ အပိုင်းကို ရောက်အောင်တောင် မလုပ်နိုင်ခဲ့ပေ။

အနှစ်နှစ်ဆယ်အတွင်း ဆက်တိုက်ကျရှုံးလာမှုကြောင့် ရှောင်လီသည် စိတ်ထဲတွင် ဖိအားတော်တော်လေး များလာခဲ့သည်။ နှစ်ဆန်းပိုင်းမှာတော့ နောက်ဆုတ်စရာလမ်းချန်မထားတော့ဘဲ ဒီနှစ်မှမအောင်ရင် မြတ်ဆရာအလုပ်ကို စွန့်လွှတ်မယ်လို့ ပြောခဲ့သည်။

ဒါပေမယ့် ကောင်းကင်ကြီးက နောက်ထပ်ဟာသတစ်ပုဒ် လက်ဆောင်ပေးမယ်လို့

ဘယ်သူကထင်မှာလဲ။ သူတော်စင်ဂိတ်က စာမေးပွဲ ခက်ခဲမှုကို ရုတ်တရက် တိုးမြှင့်ခဲ့သည်။ ဒါက သိသိသာသာပဲ ဗုံးတစ်လုံးနဲ့ ပစ်ခွဲလိုက်သလို ဖြစ်နေသည်။

ရှောင်လီလုံးဝကို အံ့အားသင့်နေခဲ့သည်။

နောက်ထပ်တစ်နှစ် ထပ်စောင့်ချင်ပေမယ့် လူသိရှင်ကြား ပြောခဲ့တဲ့ စကားကို ဘယ်လိုလုပ်မှာလဲ။

သူက လေးကြိမ်ဆက်တိုက် ကျရှုံးထားသဖြင့် ကျောင်းမှာရှိတဲ့ ဆရာတွေကလည်း ဟာသတစ်ခုလို

သဘောထားဆက်ဆံကြသည်။ နှစ်တိုင်း မြတ်ဆရာစာမေးပွဲတွင် လူသစ်တွေကို သူ့လိုမလုပ်ရန် အမြဲတမ်း ဥပမာပေးပြီး ဆုံးမနေခဲ့သည်။

စာမေးပွဲရက်နီးလာတာနဲ့အမျှ သူ့အပေါ်မှာ ဖိအားများလာပြီး ပိုလည်း ကြောက်လန့်လာခဲ့သည်။ သူထပ်ပြီး ကျသွားရင် ဘယ်လိုဖြစ်မလဲ။

ဒီလိုမျိုး စိုးရိမ်ပူပန်မှုတွေကြောင့် ရက်ပေါင်းများစွာ မအိပ်နိုင် ဖြစ်နေခဲ့သည်။ ဒီနေ့တော့ အရက်သောက်ပြီး အရမ်းမူးနေတုန်း ကူရှုပ်ရှင်းနှင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုတို့ တီတီတာတာ ပြောနေတာ တွေ့လိုက်ပြီး ခံစားချက်တွေ ရုတ်တရုတ် ပေါက်ကွဲ ထွက်ကုန်သည်။

ဘာကို အခြေခံတာလဲ။

ဒီလူကငယ်သေးပြီး သူ့ကို သဘောကျနေတဲ့ အလှလေးတစ်ယောက် ရှိနေပြီ။ ဒါ့အပြင် သူ့အနာဂတ်ကလည်း အကန့်အသတ် မရှိပေ။ ရှောင်လီသည် သူ့ကိုယ်သူ ပြန်ကြည့်လိုက်တော့ အသက်က လေးဆယ်ကျော်နေပြီး အကောင်းဆုံး အရွယ်ကိုလည်း ကျော်သွားပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာဖြစ်လို့ ခွေးတစ်ကောင်လို အသက်ရှင်နေရတာလဲ)

(ငါ့ကို အထင်သေးခဲ့တဲ့လူတွေကိုလည်း ကြယ်နှစ်ပွင့် မြတ်ဆရာ ဖြစ်လာနိုင်တယ်ဆိုတာ သက်သေပြချင်တယ်)

ဒါကို တွေးလိုက်လျှင် နှလုံးသားထဲမှာ သူရဲကောင်းဆန်တဲ့ ခံစားချက်များ ပေါက်ကွဲထွက်လာသည်။ လက်ကိုမြှောက်ပြီး စားပွဲကို ပုတ်လိုက်သည်။

ဘုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မြတ်ဆရာတစ်ယောက်အနေနဲ့ ကို့ကိုယ်ကို စံနမူနာပြဖို့ ငြင်းဆန်ခဲ့တယ် အလွန်အကျွံ ဖြန်းတီးတယ်။ ဘယ်လိုမှ လက်မခံနိုင်ဘူး"

ရှောင်လီက ဆွန်းမိုကို ဒေါသတကြီး ကြည့်လိုက်ပြီး ငြင်းထန်တဲ့ လေသံနဲ့ ပြောလိုက်သည်။

(ဝိုး ဒီအကြောင်းပြချက်နဲ့ လေသံက ဆီလျော်တယ်)

ဒါပေမယ့် ဒီအကြောင်းပြချက်လောက်နဲ့ ဆွန်းမိုအရှေ့မှာ ရပ်တည်လို့ မရပေ။ ပြီးတော့

ကူရှပ်ရှင်းက သားကောင် ဖြစ်ခဲ့ရသည်။ ဘယ်လို သည်းခံရမှာလဲ။

(ငါလမသ.......မင်းနဲ့ ဘာဆိုင်လို့လဲ)

ဆွန်းမို တန်းဆဲလိုက်သည်။

ဟာ

ညှော်သည်တွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဆိုင်ထဲမှာ ရှိတဲ့ လူတွေအားလုံးလည်း အာရုံစိုက်လာကြသည်။

"ဒါက မြတ်ဆရာတစ်ယောက်ပြောတာလား"

"ဒီလူငယ်လေးက လိုရင်းတန်းပြောတယ်လို့ပဲ ထင်တယ်"

" ဒီလူကြီးက ပြဿနာ ရှာနေမှန်း သိသာပါတယ်ကွာ။ ဒီလူငယ်ကို မနာလိုဖြစ်နေတယ်ဆိုတာ ရှင်းနေတာလပဲ"

"ဟုတ်တယ် ငါလည်းမနာလိုဘူး။ တကယ်ပဲ ပန်းလေးတစ်ပွင့်တော့ နွားချေးပုံထဲ မြုပ်ပြီကွာ။ ဒါပေမယ့် ဒီလူငယ်လေးလည်း တော်တော်ချောတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတွေက ပွဲကိုတက်ကြွစွာ စောင့်ကြည့်ရင်း စိတ်လှုပ်ရှားစွာ ဆွေးနွေးနေကြသည်။ သူတို့က ဒါကို စိတ်လှုပ်ရှားဖို့ကောင်းတဲ့ အလှည့်အပြောင်းတစ်ခုလို သတ်မှတ်ထားပြီး ကူရှပ်ရှင်းကို ငေးမောကြည့်ရှုနေကြသည်။

ဒါက လူသားဗီဇ ဖြစ်သည်။

ယောကျာ်းတွေက လှပတဲ့ မိန်းမတွေကို သဘောကျတာ ဘာမှမဖြစ်ဘူးလို့ မိုးစက် (တမန်တော်) တောင် ပြောခဲ့ဖူးသည်။

“မြတ်ဆရာတစ်ယောက်ဖြစ်ပြီးတော့ မိုက်ရိုင်းတဲ့စကားကို ကျောင်းသားတွေ အရှေ့မှာတောင် ပြောတာလား။ ဒီလို လူမျိုးက မြတ်ဆရာတဲ့လား။ ဒီလိုကောင်ကြောင့် မြတ်ဆရာဖြစ်နေတာ သိက္ခာကျတယ်ကွာ”

ရှောင်လီက ပြန်အော်သည်။

“ကောင်းပြီဟေ့။ မင်းတို့စကားမများကြနဲ့တော့”

အနားမှာရှိတဲ့ လူတွေသည် ဒီလူငယ်က အရမ်းချမ်းသာပြီး သူ့ရဲ့အဖေ်ကလည်း အရမ်းလှတယ်ဆိုပြီး တိတ်တဆိတ်တွေးရင်း

ဖျောင်းဖျ နေကြသည်။ (သူ့မျိုးနွယ်စု သေချာပေါက် မိုင်းတွင်းပိုင်နိုင်တယ်။ သူနဲ့ရန်ငြိုးထားဖို့ မဖြစ်နိုင်ဘူး)

“မြတ်ဆရာတစ်ယောက်အနေနဲ့ ငါတို့ ကိုယ်ကျင့်တရားနဲ့ အကျင့်စာရိတ္တက တထပ်တည်း ဖြစ်သင့်တယ်။ မင်းငါ့ကို မကျေနပ်ရင် ဒီလိုမျိုး သူတော်ကောင်းယောင် ဆောင်မယ့်အစား ငါ့ကို တိုက်ရိုက်ပြောလို့ရတယ်”

ဆွန်းမိုသည် မျက်နှာ မပျက်သွားပေမယ့် ကို့ကိုယ်ကို ပြန်သုံးသပ်နေသည်။ တကယ်လည်း

ကျောင်းသားတွေအရှေ့မှာ ဒီလိုမျိုး မိုက်မိုက်ရိုင်းရိုင်း မပြောသင့်ပေ။ ဒါကိုသတိထားပြီး အနာဂတ်မှာ ပြင်ဆင်သွားရမည်။

“မြတ်ဆရာ နှစ်ယောက် စိတ်အေးအေးထားကြပါ။ စိတ်လျှော့ကြပါ”

ကြေးခေါင်းလောင်း ဟိုတယ်သူဌေးက ရောက်လာပြီး အပြုံးကလေးနဲ့ ဦးညွှတ်ပြီး ပြောလိုက်သည်။ ထို့နောက် ဘာဖြစ်နေတာလည်း နားလည်သွားပြီး ရှောင်လီကို ကမန်းကတန်း ရှင်းပြလိုက်သည်။

"ဒီကမြွတ်ဆရာကို ကျေးဇူးပြုပြီး နားလည်စေချင်တယ်။ ဒီမြွတ်ဆရာ လူငယ်က သူတို့မှာထားတဲ့ အစားအသောက်တွေကို မဖြုန်းတီးပါဘူး။ သူတို့ မကုန်တဲ့ အစားအသောက်တွေအားလုံး သူတောင်းစားတွေကို ဝေပေးမှာပါ"

"ကြားပြီလား။ တောင်းပန်ပါ"

ရှာယွန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။ စိတ်ထဲမှာရှိနေတဲ့ ခံစားချက်တွေကို

ဖောက်ခွဲထုတ်လိုက်သည်။ ဒါက ဆွန်းမိုဆီက မျက်နှာရဖို့ အခွင့်ရေးကောင်းပါ။

(ညီအစ်မ....အဲ...မောင်နှမ ဆက်ဆံရေးဆိုတာ အတူတူ တိုက်ပွဲဝင်ရင်းဖြစ်ပေါ်လာတာပဲ)

"အခြေအနေတွေ ရှင်းရှင်းလင်းလင်း မပြောလို့ မှားကုန်တာ။ ဒါပေမယ့် အစားအသောက်တွေ အလကားဖြစ်ကုန်တယ်ဆိုတဲ့ စိတ်ကြောင့် ဒေါသထွက်သွားတာ။ လယ်သမားတွေ ဘဝက မလွယ်ကူဘူးဆိုတာ နားလည်စေချင်တယ်"

ရှောင်လီက သူ့အမှားကို ဝန်ခံနေပုံ ပေါ်ပေမယ့် ဆွန်းမိုကို အပြစ်တင်နေတုန်းပါ။

“မင်းမိဘတွေက ပိုက်ဆံကို ခက်ခက်ခဲခဲ ရှာရတာ။ မင်းပိုက်ဆံ ဖြုန်းနေတဲ့အချိန်မှာ မင်းမိဘတွေအကြောင်း ပိုတွေးပေးဖို့ မျှော်လင့်တယ်”

“မွန်းတည့် နေရောင်အောက်မှာ ကောက်ပဲသီးနှံကို ပေါင်းသင်တယ်။ ချွေးတွေက ရိုးတံနှင့် မြေဆီလွှာကို စိုစွတ်စေတယ်။ စားပွဲပေါ်က အစားအသောက်တိုင်းကို သွေးတွေ ၊ ချွေးတွေနဲ့ ထုတ်လုပ်ရတယ်”

ဆွန်းမိုက ရှောင်လီကို စကားတစ်ခွန်းနဲ့ တစ်ခွန်းကြား ခဏရပ်ပြီး ပြောလိုက်သည်။

'ငါ့ကို ဒီလို သဘောတရားတွေ လာသင်ပေးစရာ မလိုဘူး"

တကယ်လည်း ရှောင်လီက သင်ပေးစရာ မလိုတဲ့အတွက် ဆွန်းမို စကားဆုံးသွားတာနဲ့ သူ့ခန္ဓာကိုယ်ကနေ ရွှေရောင်အလင်းများ ဖြာထွက်လာသည်။

မြတ်ဆရာအရှိန်အဝါ အသက်ဝင်လာသည်။

"တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်လား"

မြတ်ဆရာအားလုံး အံ့အောသွားကြသည်။ အမ်၊ ဒီလို အသေးအမွှားစကားများရင်လည်း မြတ်ဆရာ အရှိန်အဝါ အသက်ဝင်တာပဲလား။

ဒါ့အပြင် ကဗျာရွတ်တာလည်း ကောင်းသည်။ အဓိပ္ပါယ်ရှင်းလင်းပြီး နားလည်ရလွယ်ကူကာ လယ်သမားတွေရဲ့ ကြိုးစား အားထုတ်မှုကို အပြည့်အဝဖော်ထုတ်နိုင်ပြီး အစားအသောက် ဖြုန်းတီးနေတဲ့လူတွေကိုလည်း သတိပေးပြီးသား ဖြစ်နေသည်။

အဓိကအချက်က တန်ဖိုးဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်လာသဖြင့် ဒီလူငယ်လေးက အစားအသောက်ကို တကယ် မဖြုန်းတီးခဲ့ပေ။ စိတ်ရင်း စေတနာမမှန်ရင် ဒီမြတ်ဆရာ အရှိန်အဝါက အသက်ဝင်လာမှာ မဟုတ်ပေ။

“ဝိုး။ ကဗျာတွေ ရွတ်နေရင်တောင် ငါ့ဆရာ ပြောတဲ့စကားတိုင်းက ရွှေစကားပဲ”

လုချီဟွာ အရမ်းပျော်နေသည်။ မှတ်စုစာအုပ် ထုတ်ကာ စကားလုံးများကို ချမှတ်လိုက်သေးသည်။

လီဇီချီ ပြုံးနေမိသည်။ ဒါက ပုံမှန်လုပ်ရိုးလုပ်စဉ် တစ်ခုသာ ဖြစ်သည်။

လူမြင်ကွင်းမှာသာ မဟုတ်ရင် ကူရှုပ်ရှင်းသည် ဆွန်းမိုကို လည်ပင်းပြေးညှစ်လိုက်သည်။

“ရွှေစကားတွေ ထပ်ပေါက်ကွဲထွက်လာပြန် ပြီလား”

သူတပါး မနာလိုစိတ် ပေါက်ကွဲထွက်အောင် တော်တော်လုပ်သည်။

ဆွန်းမိုသည် သူပြောတဲ့စကားတွေက ရွှေစကား ဟုတ် ၊ မဟုတ် စိတ်မဝင်စားပါ။ ဘာဖြစ်လို့လည်း

ဆိုတော့ ငယ်စဉ်ကတည်းက ချိုးခြံချွေတာရမည့် အယူအဆကို သူ့မိဘတွေက သင်ပေးခဲ့သည်။

ခေတ်သစ် လူ့အဖွဲ့အစည်းမှာ ရှင်သန်ခဲ့သည့်တိုင် အစားအသောက်ကို ဆန်တစ်စေ့တောင် မဖြုန်းတီးခဲ့ပါ။

ရှောင်လီ တော်တော်လေး အနေရခက်နေသည်။ တန်ဖိုး ဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်လာသဖြင့် စောစောတုန်းက သူပြောခဲ့တဲ့ စကားတွေက အဓိပ္ပါယ်မရှိတော့ပါ။

“ပြီးတော့ ငါဖြုန်းတဲ့ငွေတွေက ငါကိုယ်တိုင်ရှာထားတဲ့ငွေတွေပဲ။ လူတိုင်းကို မင်းစိတ်နဲ့ မနှိုင်းနဲ့”

ဆွန်းမိုက ဆက်ပြီး

“ငါ ငွေဘယ်လာက်များများ ရှာထားလဲသိချင်လား။ ပြောရတာတော့ စိတ်မကောင်းဘူး ကိုယ်ပိုင် ဝိညာဉ်ကျောက်တုံး မိုင်းတစ်ခု ရှာတွေ့ထားတယ်။ အခုရော အရမ်းဒေါသထွက်နေပြီလား”

ခ္ခ်ိ

ဆွန်းမို စကားတွေက ဘယ်လောက် အဆိပ်ပြင်းတယ်ဆိုတာ ကြားပြီး မိန်ကလေးတချို့ စပြုံးနေကြသည်။

“တောခွေးနက်ကြီးဆွန်းက လူတွေကို မဟောင်ဘူး။ ကြိုးများလွတ်လာလို့ကတော့ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ သိပြီလား”

ကူရှုပ်ရှင်းက အပြုံးမပျက် ရှိနေသည်။

“ဘာတွေ ပေါက်ကရ ပြောနေတာလဲ။ ငါလည်း တံခါးရှစ်ခုတိမ်တိုက် တွေ့ထားတယ်လို့ ပြောလို့ရတာပဲ”

ရှောင်လီက မျက်နှာကြီးနီပြီး ပြန်အော်သည်။ တော်တော်လေးလည်း ထိတ်လန့်နေပြီ။

“ မင်းလိုချင်တိုင်း ဝိညာဉ်ကျောက်တုံးမိုင်းက ရှာတွေ့နိုင်မယ်လို့ ထင်နေတာလား”

လျှို့ဝှက်ဆန်းကြယ် အမှောင်မျိုးစိတ် စာရင်းတွင် တံခါးရှစ်ခု တိမ်တိုက်က အဆင့် (၁၀) မှာရှိသည်။ ရှောင်လီက ဘာဖြစ်လို့ ဒီလိုပြောတာလဲ။ ဒါကို တစ်ယောက်ယောက်က တွေ့သွားရင် တွေ့တဲ့လူက ဘဝရဲ့အောင်နိုင်သူတစ်ယောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချက်ခြင်းဖြစ်လာမယ်လို့ တွေးနေကြသည်။ ထိပ်ဆုံးမျိုးစိတ် ကိုးခုကိုလား။

ကံကောင်းခြင်း နတ်ဘုရားမဟုတ်ရင် အခြေခံအားဖြင့်တော့ တွေ့ဖို့မဖြစ်နိုင်ပါ။

ဟား ဟား ဟား

ဒီတစ်ခါက်တော့ ဆွန်းမိုရဲ့တပြည့် တစ်ဖွဲ့လုံး ထရယ်ကြသည်။ မျက်နှာသေနဲ့ ရှိတတ်တဲ့ ချန်လုံတောင် မရယ်ဘဲ မနေနိုင်ချေ။

(တောင်းပန်တယ်ကွာ။ မင်းမှာ တံခါးရှစ်ခု တိမ်တိုက် ရှိ၊ မရှိတော့ မသိဘူး ငါ့ဆရာမှာတော့ သေချာပေါက် တစ်ခုရှိတယ်)

ကူရှုပ်ရှင်း ခေါင်းလှည့်ပြီး လီဇီချီနှင့် ကျန်တဲ့လူတွေကို အူကြောင်ကြောင် အကြည့်နဲ့ ကြည့်လိုက်သည်။ သူတို့ ဘာဖြစ်လို့ ရယ်သလဲဆိုတာ သူမ နားမလည်ပါ။

“ကောင်းပြီလေ။ အခြေအနေက ရှင်းရှင်းလင်းလင်း မပြီးသေးဘူး။ ငါအရင် မှားခဲ့တယ်။ ဒါပေမယ့် အကြီးတစ်ယောက်ကို

ဒီလိုပြောတာက မင်းနည်းနည်းလေးမှ လေးစားမှု မရှိတာ မဟုတ်ဘူးလား”

ရှောင်လီက စကားခေါင်းစဉ် ပြောင်းလိုက်သည်။ ဆွန်းမိုရဲ့နာမည်ကို အမဲစက် ထင်စေရုံသာမက အကြီးတွေကိုလည်း လေးစားမှု မရှိဘူးဆိုတဲ့ ခေါင်းစဉ် ဆွဲတပ်လိုက်သည်။ ဒီသတင်းသာ ပျံ့နှံ့သွားရင် မြတ်ဆရာစာမေးပွဲမှာရှိတဲ့ အကြီးတချို့က ရက်စက်တဲ့ သင်ခန်းစာတစ်ခု သေချာပေါက် ပေးလာလိမ့်မည်။

“အကြီးဆိုတာ ဘာလဲ။ အသက်ကြီး ရင့်ပြီး အရည်အချင်း ရှိကာ သီလ ရှိသူ၊ ဆင်ခြင်တုံတရား ပြည့်ဝကာ သူတို့ရဲ့တရားမျှတမှုကို ဖြန့်ဝေနိုင်တဲ့ လူတွေပဲ။ မင်းမှာ ဒီလိုအရည်အချင်း ရှိလို့လား”

ဆွန်းမို အေးစက်စွာ ကြည့်လိုက်ပြီး

“တချို့လူတွေက ငယ်ရွယ်ပေမယ့် ကို့ကိုယ်ကို တိုးတက်ချင်တဲ့ဆန္ဒနဲ့ တောက်လောင်နေကြပြီး တချို့လူတွေကတော့ အသက် တစ်ရာလောက် ဖြုန်းတီးပြီး ခွေးထက်တောင် ပိုမိုက်သေးတယ်”

ဟာ

ပတ်ဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

"ပြောတာ ကောင်းတယ်"

"ရဲတင်းပြီး မင်းနာမည် မေးလို့ရမလား"

"ဒီမှာဝိုင်ရှိတယ်။ ဆရာက မျက်နှာသာပေးပြီး ငါ့တို့နဲ့ လာသောက်ပါလား"

ပွဲကြည့် ပရိတ်သတ်လုပ်နေတဲ့ လူတွေထဲက မြတ်ဆရာ တစ်ယောက်ထက်မနည်းသည် သဘောကျစွာ အော်ဟာစ်နေကြသည်။ တချို့လူတွေကတော့ ဆွန်းမိုရဲ့နာမည်ကိုမေးပြီး အတူတူသောက်ဖို့ တောင်းဆိုနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့စကားတွေက သူတို့ကို တကယ် ဟက်ထိသွားစေသည်။

ဆိုင်ထဲမှာရှိတဲ့ အသက်ကြီးတဲ့လူတွေက တိတ်ဆိတ်သွားပြီး မျက်နှာငယ်လေး ဖြစ်နေကြသည်။ ဒီစကားကို ပြန်စဉ်းစားနေတုန်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် အသက်ဝင်လာသဖြင့် တုန်လှုပ်ခြောက်ခြား ကုန်ကျသည်။

ဟုတ်တယ်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ဒုတိယအကြိမ် အသက်ဝင်လာသည်။

သူတို့ ခန္ဓာကိုယ်ပေါ်ကို ရွှေရောင်အလင်းတွေက ဖြာကျနေပြီး ‘တချို့လူတွေက ငယ်ရွယ်ပေမယ့် ကို့ကိုယ်ကို တိုးတက်ချင်တဲ့ ဆန္ဒနှင့် တောက်လောင်နေကြတယ်’ ဆိုတဲ့ စကားလုံးကို လူတွေ တွေးတောနေကြသည်။ တခြားသူတွေကတော့ အသက်တစ်ရာလောက် ဖြုန်းတီးပြီး ခွေးထက်မိုက်တယ်ဆိုတဲ့ စကားကို စဉ်းစားနေကြသည်။

ရောင်လီမျက်နှာက ဝက်အသည်းလို ချက်ခြင်း မည်းမှောင်သွားသည်။ သူနဲ့ တစ်ဝိုင်းထဲ ထိုင်နေကြတဲ့

မြွတ်ဆရာတွေက ရှက်တဲ့အကြည့်နဲ့ ကြည့်နေကြသည်။ ဆွန်းမိုက တန်ဖိုးဖြတ်မရတဲ့အကြံပြုချက် အသက်ဝင်နေပြီဖြစ်သဖြင့် ရှောင်လီက သူ့ကို နိုင်အောင် ဘယ်လို ငြင်းခုန်မှာလဲ။

ဒါက မဖြစ်သင့်ဘူး။

ဒီတန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို သုံးခြင်းက လှည့်ကွက်သုံးနေသလိုတောင် ဖြစ်နေပြီ။ ဒါပေမယ့် ဆွန်းမို စကားတွေက တော်တော်လေး ကောင်းမွန်တာကိုတော့ ဝန်မခံလို့ မရပေ။

ဒီတစ်ခေါက်မှာတော့ ဆွန်းမို အနီးအနားမှာ ရှိတဲ့လူတွေအားလုံး အံ့အောကုန်သည်။ အထူးသဖြင့် သူ့ရဲ့ သရုပ်ပြမှုကို ပထမဆုံး မြင်ဖူးတဲ့လူတွေပါ။ ရှာယွန်၊ ကျန်ရန်ဇောင်နှင့် ကျန်ဟောင်တို့ လုံးဝကို အံ့အော မှင်တက်နေကြသည်။

တောခွေးနက်ကြီးဆွန်းရဲ့ ငြင်းခုန်နိုင်စွမ်းက သူ့ဂုဏ်သတင်းနဲ့ ထိုက်တန်လှသည်။

“တောင်းပန်ပါ”

ဆွန်းမိုက ကြိမ်းမောင်းလိုက်သည်။ သူ့အရှေ့မှာ မိန်းကလေးတစ်ယောက်ကို အရှက်ရစေခြင်းက

ယောကျ်ားတစ်ယောက်ရဲ့ မာနနဲ့ဂုဏ်သိက္ခာကို ထိခိုက်စေသည်။

အခန်း(၅၃၂) - ဗဟိုပြည်နယ် အကယ်ဒမီကို စော်ကားတဲ့ ဘယ်သူမဆို နီးနီးဝေးဝေး သုတ်သင်ခံရမယ်။

ကြေးခေါင်းလောင်း ဟိုတယ် သူဌေး တုန်လှုပ်နေသည်။ သူ့အပေါ် လွှမ်းမိုးနေတဲ့ ရွှေရောင်အလင်းကို တိတ်တဆိတ်ခံစားရင်း အဲဒီနေရာမှာတင် ရပ်တန့်နေသည်။

နှစ်ပေါင်းများစွာ သိမ်းဆည်းထားတဲ့ အတွေးတွေလည်း စိတ်ရဲ့ အနက်ရှိုင်းဆုံးနေရာက ထွက်ပေါ်လာသည်။ ဆွန်းမိုရဲ့စကားကို လိုက်လိုက်လှဲလှဲ သဘောတူနေခဲ့သည်။

"ဒါက မြတ်ဆရာ အရှိန်အဝါရဲ့ စွမ်းအားလား"

သူ့ဒွေးသည် သက်ပြင်းအကြိမ်ကြိမ် ချနေမိသည်။ ထို့နောက် ဆွန်းမိုရဲ့ ပြည့်လျှံနေတဲ့ အရည်ချင်းကြောင့် အရမ်းအံ့အောသင့်နေခဲ့သည်။ ဆွန်းမိုက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို နှစ်ကြိမ်တိုင်တိုင်

ဖော်ထုတ်ခဲ့သည်။ သူက ဘယ်လိုတောင် ကြီးမြတ်နေတာလဲ။

ဆိုင်ထဲမှာရှိတဲ့ လူတွေရဲ့ တုန်လှုပ်ခြောက်ခြားနေတဲ့ မျက်နှာတွေကို ကြည့်ပြီး လုချီဟွာက ကျေနပ်စွာ ခေါင်းမော့ထားသည်။

"မြင်လား"

"ငါ့ဆရာက သိသိသာသာ အထင်ကြီးဖို့ ကောင်းတယ်"

"ဆရာရှောင်၊ ဘာဖြစ်လို့ မတောင်းပန်တာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာဒူက သူ့သူငယ်ချင်းကို အသံတိုးပြီး ဖျောင်းဖျ နေသည်။ (ဆက်ပြီး ငြင်းခုန်နေရင် လူတွေက မင်းကိုပိုပြီး ရှုံ့ချလာဖို့ပဲ ရှိတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလူနဲ့ငြင်းခုန်နေတာ မင်းပဲ သိသိသာသာ ရှုံးနေပြီ)

မြတ်ဆရာ အရှိန်အဝါရဲ့လွှမ်းမိုးမှုအောက်တွင် ရှောင်လီသည်ရှက်ခြင်း၊ ကို့ကိုယ်ကို အပြစ်တင်ခြင်း၊ နာကြည်းခြင်း နှင့် စိုးရိမ်ခြင်းများ ခံစားနေရသည်။ အပျက်သဘောဆောင်တဲ့ စိတ်ခံစားချက်များကလည်း ဒီရေအလား

ပေါက်ဖွားလာပြီး အသက်ရှုလို့ မရတောင် ဖြစ်နေသည်။

ဘာဖြစ်လို့လဲဆိုတော့ စာမေးပွဲထပ်ကျသွားပါက ခွေးတစ်ကောင်လောက်တောင် သောက်သုံးမကျဘဲ အချည်းအနှီးဘဝမှာ ကျရှုံးမှုနဲ့ နေထိုင်ရတော့မည်။

ရှောင်လီ သူမှားမှန်းသိသည်။ တောင်းပန်ချင်သော်လည်း ဆရာဒူရဲ့ ဖျောင်းဖျမှုကြောင့် တောင်းပန်မည့်စကားတွေကို ပြန်မြို့ချလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(သူငယ်ချင်းကတောင် ငါ့ကို မကျူညီချင်တော့ဘူးလား)

ရှောင်လီသည် ဆရာဒူကို ကြည့်လိုက်ပြီးနောက် ကျန်တဲ့လူတွေကိုကြည့်လိုက်သည်။ အားလုံးက သူနဲ့ စကားမပြောချင်တော့ပါ။

သူတို့က သူမှားတယ်လို့ ထင်နေကြပြီ။

မဟုတ်ဘူး................။

သူအနိုင်ရဖို့ မျှော်လင့်ချက် မရှိတော့ဘူးလို့ သူတို့ ထင်နေကြသည်။ သူတို့က သူ့ကို မြန်မြန် အရှုံးပေးပြီး

ဝန်ခံစေချင် နေကြသည်။ ဒါကြောင့် အရှုံးမပေးဘဲ ပိုယုတ်မာချင်လာသည်။

"ဟား ဟား"

ရှောင်လီက သူ့ကိုယ်သူ လှောင်ရယ်လိုက်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ တကယ်လည်း လူတိုင်းက သူ့ကို လူရှင်တော် တစ်ယောက်လို ကြည့်နေကြသည်။

(ဟွန့် ဒီအဖေက မင်းလိုချင်တာကို ပေးမှာ မဟုတ်ဘူး။ အဆုံးထိ ငါတောင့်ခံရမယ်။ ဒီကောင် ငါ့ကို တကယ်တိုက်ခိုက်ရဲလို့လား)

ထို့နောက် ဆွန်းမိုကိုကြည့်ပြီး တည်ငြိမ်စွာ ပြုံးလိုက်သည်။

“မင်းတို့က အစားအသောက်တွေကို ဖြုန်းတီးပစ်မှာ စိုးရိမ်သွားတယ်။ ဒါကြောင့်မလို့ အားလုံးကို ဖျောင်းဖျဖို့ ငါပြောတာပေါ့။ ကဲကဲ နားလည်မှု လွဲသွားတယ်ဆိုတော့ နောက်ထပ် ဟင်းလေးမျိုး မင်းကို ဝယ်ကျွေးလိုက်မယ်။ သူဌေး မီနူး ယူလာခဲ့ပါ။ ဒီဆရာက သူကြိုက်တာ ရွေးလိမ့်မယ်"

"ဒါပေမယ့် ငါက မင်းလို ငယ်ရွယ်ပြီး မချမ်းသာဘူးနော်။ ဒါကြောင့် အရမ်းဈေးကြီးတဲ့ ဟင်းတွေတော့ မမှာနဲ့ပေါ့ကွာ"

ဒါပေမယ့် ဒီစကားသံကို နားထောင်ရတာ တမူထူးခြားနေသည်။ ဒါ့အပြင် မြတ်ဆရာတချို့က ရှောင်လီရဲ့ ဘယ်လို စောက်ကျင့်မကောင်းလဲဆိုတာ သိရှိသွားသည်။ အားလုံးက စာမေးပွဲ လာဖြေကြပြီး ကံကောင်းဖို့ မျှော်လင့်နေကြသည်။ "ဟင်းလေးပွဲ' ဆိုတာ ဘာပြောချင်တာလဲ။

(မင်းက ဆွန်းမိုကို သေအောင် ကျိန်စာတိုက်နေတာလား)

"မင်းရဲ့ ဟင်းတွေ မလိုချင်ဘူး။ မြန်မြန်တောင်းပန်စမ်း"

ဆွန်းမို မျက်လုံးတွေက ရန်လိုစိတ်နဲ့ တောက်ပလာသည်။ (ဒီလူက ဒီလိုလှည့်ကွက်တွေနဲ့ တကယ် ကစားချင်နေတာလား။ ဒီအဖေက မသိနားမလည်တတ်ဘူး ထင်နေတာလား)

“ငါက မင်းကို ဟင်းလေးပွဲ ပေးတယ်လေ။ ငါ့ရဲ့ ရိုးသားမှု မလုံလောက်သေးဘူးလား။ ဆရာ၊

မင်းကဘာဖြစ်လို့ ဒီလောက် အပိုတွေ လုပ်နေရတာလဲ”

ရှောင်လီက မေးလိုက်သည်။

“မင်းကိုယ်မင်း အရမ်းဉာဏ်ကောင်းတယ်လို့ ထင်နေတာလား”

ဆွန်းမိုက သစ်သားဓါး ဆွဲထုတ်လိုက်သည်။

“ဘာ၊ မင်းပုံစံက ဘာဖြစ်နေတာလဲ။ ငါ့ကို ရိုက်ချင်တာလား”

ရှောင်လီက လှောင်လိုက်ပြီး “လာလေ၊ အရွဲ့တိုက်တဲ့ ခွေးတစ်ကောင်သာသာပဲ”

ရှန်ယွန်ပေါင်က ဘာမှမပြောပဲ ခွေးခြေခုံကို ယူပြီး ပြေးရိုက်ဖို့ လုပ်လိုက်သည်။ ကျန်ဟောင် နှင့် ကျန်ရန်ဇောင်တို့ ဆွဲထားတာ ကံကောင်းသည်။

“ဆွန်းမို ထားလိုက်ပါ။ မင်းကူညီတာကို ငါမှတ်ထားပါ့မယ်”

ကူရှုပ်ရှင်းက လေသံတိုးတိုးလေးနဲ့ ဖျောင်းဖျနေသည်။

“စာမေးပွဲ ပြီးတဲ့အထိစောင့်ပြီးမှ သင်ခန်းစာ ပေးရအောင်”

ကူရှုပ်ရှင်းသည် မရီဒန်အကယ်ဒမီက ထိပ်တန်းဘွဲ့ရတစ်ယောက်ပါ။ ပြဿနာကို ဘယ်လိုလုပ် ကြောက်မှာလဲ။ သူမကို အနိုင်ကျင့်လျှင် နှစ်ဆ၊ သုံးဆ လောက်ပြန်ပြီး အနိုင်ကျင့်တတ်တဲ့သူပါ။

ဒါပေမယ့် ဆွန်းမိုက သူမအတွက် လက်စားချေဖို့ စပြီးလှုပ်ရှားနေတာ မြင်လိုက်လျှင် ကူရှုပ်ရှင်းသည် ရှောင်လီအား ဂရုမစိုက်တော့ပေ။ ဆွန်းမို ဒီလိုလုပ်နေတဲ့ အချိန်မှာ အရမ်းကြည့်ကောင်းတယ်လို့ ခံစားရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒါက တစ်ယောက်ယောက်ဆီမှ အကာအကွယ်ပေးခံရတဲ့ ခံစားချက်လား)

"ဆရာဆွန်း၊ စိတ်ဆိုးလို့ သင်ခန်းစာပေးချင်ရင် စာမေးပွဲ ပြီးတဲ့အထိစောင့်ပါ"

ရှာယွန်ရဲ့ အမြင်အရ ရှောင်လီရဲ့ အပြုအမူသည် ဆွန်းမိုကို သူနဲ့အတူတူ ဆွဲချသွားဖို့ လုပ်နေတာ မြင်နေရသည်။ သူမက ကမန်းကတန်း ဖျောင်းဖျနေသည်။ 'တစ်နှစ်တည်း ကြယ်သုံးပွင့် အထိ ရောက်အောင်ဖြေဖို့ ဆုံးဖြတ်ထားတာ မမေ့နဲ့' ၊ ဒီလို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသေးအဖွဲ့ တွေကြောင့် စာမေးပွဲဖြေဆိုခွင့် မဆုံးရှုံးသွားစေနဲ့။

မြတ်ဆရာတစ်ယောက်ဆိုတာ ဘာလဲ။

တခြားသူတွေကို ပညာဖြန့်ဝေပေးတာအပြင် ကျောင်းသားတွေအတွက်လည်း စံနမူနာပြ ဖြစ်ရမည်။ ဒါကြောင့် သူတော်စင်ဂိတ်က မြတ်ဆရာတွေရဲ့ အပြုအမူနှင့် စကားတွေကို စောင့်ကြည့်နေလိမ့်မည်။

ဒါ့အပြင် သူတို့က စာမေးပွဲဖြေတဲ့မြို့ကို ရောက်နေကြသည်။ တကယ်လို့ သူတို့သာ

ရန်ဖြစ်လိုက်လျှင် စာမေးပွဲဖြေဆိုမှု သေချာပေါက် တားမြစ် ခံရလိမ့်မည်။

တကယ်လို့များ အခြေအနေ ပြင်းထန်သွားပါက အပြစ်ကျူးလွန်တဲ့သူသည် စာမေးပွဲ ဖြေဆိုခွင့်ကို ထာဝရ တားမြစ်ခံရလိမ့်မည်။

"ဆရာ၊ သူက တော်တော်အသက်ကြီးနေပြီ ဒါတောင် ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲ ဝင်ဖြေနေရတုန်းပဲ ရှိသေးတယ်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ သာမန် လူတစ်ယောက်ဆိုတာ သိသာနေပါတယ်။ မင်းက

ငယ်သေးတယ်။ မင်းရဲ့ အလုပ်အကိုင်ကို နှောင့်နှေးအောင် မလုပ်သင့်ပါဘူး”

လီဇီချီက ရုတ်တရက် ဒူးထောက်ပြီး စိတ်အားထက်သန်စွာ ဖျောင်းဖျလိုက်သည်။

“အမ်”

လီဇီချီရဲ့ လုပ်ဆောင်ချက်ကြောင့် ပရိသတ်တွေ အကုန်လုံး အံ့အောသင့်ကုန်သည်။ ဒါက ဘာမြင်ကွင်းလဲ။ အတွေ့အကြုံ ရင့်ကျက်တဲ့

မြတ်ဆရာတချို့က မနာလိုတဲ့ပုံစံ ပေါ်နေသည်။

ဒီကောင်မလေးက တကယ် ညာဏ်ကောင်းပြီး ဂရုစိုက်ကာ သူမစကားတွေက အဆိပ်သင့်ဖို့ လုံလောက်နေပြီ။

ရှောင်လီကလည်း သူ့အမှားကို ဝန်ခံမှာ မဟုတ်သလို ဆွန်းမိုကလည်း အပြစ်ကျူးလွန်လို့ မရပေ။ ဒါကြောင့် ဆွန်းမိုက ရှေ့စကားတွေ အကြိမ်ကြိမ်သုံးနေလည်း အသုံးမဝင်ပါ။

ဒါပေမယ့် ဒီကောင်မလေးက ဆွန်းမိုကို ဒူးထောက်ပြီး ဖျောင်းဖျလိုက်တဲ့အချိန်မှာ

ဆွန်းမိုအတွက် ထွက်ပေါက်ကို တန်းပေးခဲ့ပြီး ရှောင်လီကိုလည်း ရှုံ့ချခဲ့သည်။

ဆွန်းမိုက ဒီလိုအမှိုက်တွေနဲ့ လိုက်ယှဉ်နေရင် သူ့အဆင့်အတန်းတောင် နိမ့်ကျသွားမယ်လို့ လူတိုင်း မြင်သွားစေသည်။

မျှော်လင့်ထားသလိုပဲ ရှောင်လီမျက်နှာ ချက်ခြင်း နီလာသည်။

မြတ်ဆရာခြင်းအတူတူ အရှက်ခွဲခံနေရသလို ကျောင်းသားတစ်ယောက်၏ ရှုထောင့်ကလည်း

ရှုံ့ချခံလိုက်ရသဖြင့် အရှက်တရားက ပိုကြီးမားလာခဲ့သည်။

“ဘယ်သူ့ကို သာမန်လူလို့ ပြောလိုက်တာလဲ”

ရှောင်လီက ဒေါသတကြီး အော်ဟစ်လာသည်။

“ပါးစပ်ပိတ်ထား”

ဆွန်းမိုက ရှောင်လီကို ပြန်အော်လိုက်သည်။ ထို့နောက် လီဇီချီကို ထူပေးပြီး ကူရှုပ်ရှင်းလက်ထဲသို့ အပ်လိုက်ကာ ကျောင်းသားတွေကို ကြည့်ပြီး ပြုံးပြလိုက်သည်။

"မင်းတို့တွေ စိတ်ပူနေတာ ငါသိတယ်။ ဒါပေမယ့် ငါက မြွတ်ဆရာတစ်ယောက် ဖြစ်ရုံသာမက ရှီဝေမျက်နှာနဲ့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ကျောင်းအုပ်ကြီး တစ်ယောက်လည်း ဟုတ်တယ်"

"မြွတ်ဆရာတစ်ယောက်အနေနဲ့ ဒါက ငါ့ရဲ့ အောက်ခြေစည်းပဲ။ စနောက်ခံရလို့ မတုန်လှုပ်ပေမယ့်။ ငါ့ကိုယ်ပိုင် ဂုဏ်သိက္ခာကိုတော့ ငါကာကွယ်ရမယ်"

"ကူရှုပ်ရှင်းအတွက်လည်း ငါ့သူငယ်ချင်း အစော်ကားခံနေရတာကို ထိုင်ကြည့်ပြီး ဘာမှမလုပ်နိုင်ရင် အသည်းနာနေရမယ်"

"ဒုကျောင်းအုပ် တစ်ယောက်အနေနဲ့လည်း ငါ့မှာတာဝန်ရှိတယ်။ 'ဗဟိုပြည်နယ် အကယ်ဒမီကို စော်ကားရင် ဝေးဝေးနီးနီး သုတ်သင်ခံရမယ်' ငါပြောခဲ့ပြီးသားပဲ။ ဆရာကူက ငါတို့ကျောင်းရဲ့ ဆရာတစ်ယောက်ဖြစ်လို့ သူ့မကိုကာကွယ်ပေးဖို့ ငါ့မှာ တာဝန်ရှိတယ်"

ဆွန်းမိုက စကားပြောပြီးတာနဲ့ စားပွဲပေါ်က ဝိုင်ခွက်ကို ကောက်ကိုင်ပြီး အားအပြည့်နဲ့ ရှောင်လီဆီ ပစ်ပေါက်လိုက်သည်။

ဟူး

ဝိုက်ခွက်က ကျည်ဆံတစ်ခုလို လေထဲ ပျံသန်းသွားသည်။

ပုံမှန်ဆိုရင် ရှောင်လီသည် ဒါကို ကာကွယ်နိုင်သည်။ ဒါပေမယ့် ဒီနေ့မှာတော့ မူးနေပြီး ခေါင်းမကြည်တော့ပါ။ အမြင်အာရုံတွေလည်း ဝေဝါးနေသည်။ ပြီးတော့ ဆွန်းမို ပစ်တာကလည်း

တည်ငြိမ်ပြီး တိကျကာ ပြင်းထန်သည်။ ရှောင်လီ ကာကွယ်ဖို့ လက်မြှောက်လိုက်သော်လည်း ဝိုင်ခွက်က ခေါင်းကို ထိမှန်နေပြီ။

ဘုန်း

ပြင်းထန်တဲ့ ရိုက်ခတ်မှုကြောင့် ရှောင်လီ ဘုန်းကနဲ လဲကျသွားသည်။

ရွှစ်

မုန်တိုင်းကျပြီးနောက် ရေတံခွန်မှ ရေစီးကျလာသလို ရှောင်လီမျက်နှာပေါ်မှာ သွေးတွေ စီးကျလာပြီး အဝတ်အစားတွေ ရွှဲကုန်သည်။

ဟာ

မြင်ကွင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဆွန်းမို တကယ်လုပ်လိမ့်မယ်လို့ ဘယ်သူမှ မထင်ခဲ့ပေ။ ဒါပေမယ့် သိပ်မကြာခင် ဘာကြောင့်လဲဆိုတာ သူတို့နားလည်လာကြသည်။ ခုနတုန်းက ဆွန်းမို ပြောခဲ့တဲ့ စကားသုံးခွန်းကြောင့်ပါ။

"ဒီလူငယ်လေးက တကယ့်ယောကျ်ားကောင်းပဲ"

"ဒီလူအိုကြီးက စောက်ကျင့်ယုတ်နေတာ တော်တော်ကြာနေပြီ။ ဒီလို သံပြားကို

ကန်မိသွားမယ်လို့ မထင်ထားခဲ့ဘူး။ သူနဲ့ ထိုက်တန်တာ သူရသွားတာပဲ”

“အာ၊ စိတ်မြန်လွန်းတယ်။ သူတော်စင်ဂိတ်ရဲ့ တရားဥပေဒေ စိုးမိုးရေးအဖွဲ့ကို အတုအယောင်လို့များ ထင်နေတာလား”

အနီးအနားမှာရှိတဲ့ မြွတ်ဆရာများက စတင်ဆွေးနွေးနေကြပြီး တချို့က ပွဲကို စိတ်အေးလက်အေးနဲ့ စောင့်ကြည့်နေကြသည်။ ဆွန်းမိုရဲ့ အကျိုးအကြောင်း မဆင်ခြင်မှုအတွက်

အနည်းငယ် ဝေဖန်ကြသော်လည်း အများစုကတော့ ဆွန်းမိုကို အားပေးနေကြသည်။

“ဗဟိုပြည်နယ် အကယ်ဒမီကို စော်ကားတဲ့ ဘယ်သူမဆို နီးနီးဝေးဝေး သုတ်သင်ပစ်မယ်’ ဆိုတဲ့စကားက သိသိသာသာကို ကြမ်းတန်းလွန်းသည်။ ဒီအဖြစ်အပျက်ကြောင့် အပြင်မှာရှိနေတဲ့ လူတွေတောင် ဒီစကားကြောင့် လန့်ဖြန့်ကုန်သည်။

“ဆရာ ရှောင်”

သူ့စားပွဲက လူတွေ ထရပ်လာကြသည်။ သူတို့ထဲမှနှစ်ယောက်က ကူညီဖို့ သွားခဲ့ပေမယ့် အများစုကတော့ မလှုပ်ကြပါ။ တကယ်တော့ ရှောင်လီရဲ့အပြုအမူက မသင်တော်ဘူးလို့ သူတို့ ခံစားရသည်။ ဒါပေမယ့်လည်း ဆွန်းမိုက အနည်းငယ် ရဲတင်းလွန်းသည်။

သူ့အရည်အချင်း ဖြုတ်သိမ်းခံရမှာ မကြောက်ဘူးလား။

ရှောင်လီရဲ့ နာကျည်းမှုတွေ လုံးဝပေါက်ကွဲထွက်ကုန်သည်။

သူကဘဝမှာ အောင်မြင်နေတဲ့ ဆွန်းမိုလို လူများကို မုန်းသည်။ သူတို့က ချမ်းသာပြီး လှတဲ့အဖော်လေးတွေလည်း ရှိသည်။ ပြီးတော့ ဆွန်းမိုက ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ဒုကျောင်းအုပ်ကြီးလည်း ဖြစ်ပုံရသည်။ ဒါဆို သူက ဘာဖြစ်လို့ သွားမသေသေးတာလဲ။

လူအုပ်ကြီးရဲ့ အကြည့်အောက်တွင် အထင်သေးခြင်း ၊ လှောင်ပြောင်ခြင်း ခံနေရတုန်း နောက်ဆုံးမှာ သူ့ခေါင်းကို ဝိုင်ခွက် လာမှန်သွားသည်။ ဒီအချက်တွေ အားလုံးကြောင့် ရှောင်လီရဲ့ ဒေါသတွေ

လောင်ကျွမ်းလာသည်။ ထို့နောက် မီးတောင်တစ်ခုလို ပေါက်ကွဲထွက်လာသည်။

"မင်းကို သတ်မယ်"

ရှောင်လီက ဒေါသတကြီး အော်ဟစ်ပြီး ပြေးလာသည်။

ဆွန်းမိုက ဓါးကို ကိုင်ထားပြီး နတ်ဘုရားမျက်စိ အာရုံကို အသက်သွင်းလိုက်သည်။

အသက် ၄၀၊ နတ်ဘုရားခွန်အား အဆင့်(၉)။

ကြံ့ခိုင်မှု - ၃၈။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဉာဏ်ရည် - ၃၆

သွက်လက်မှု - ၃၈

ဆန္ဒ - ၂၅ ကျဆင်းနေသည်။

....

အလားလာတန်ဖိုး - ပျမ်းမျှ။

မှတ်ချက် သာမန်ခွန်အား၊ သာမန် ကံတရား၊ သာမန် ဘဝ၊ မျှော်လင့်ချက်မရှိသလို လုပ်ရပ်များကလည်း ဖော်ပြဖို့တောင် မထိုက်တန်ပါ။

မှတ်ချက်။ ။ ဒီစိတ်ဓါတ်မျိုးနဲ့ စာမေးပွဲဖြေမယ်ဆိုရင် ကျိန်းသေပေါက် ကျရှုံးလိမ့်မည်။

ဟူး

ရှောင်လီက ဆွန်းမိုခေါင်းကိုချိန်ပြီး လက်သီး ထိုးလိုက်သည်။

သာမန်အားဖြင့်တော့ နတ်ဘုရားခွန်အား အဆင့် (၉)မှာ ရှိတဲ့လူက ဆွန်းမိုကို ချေမှုန်းနိုင်သည်။ ဒါပေမယ့် အခုချိန်မှာ ရှောင်လီသည် အရမ်းမူးနေသည်။ ခြေလှမ်းတွေလည်း ယိုင်နေပြီး

အမြင်အာရုံလည်း ထိခိုက်နေသည်။ ဒါကြောင့် ဆွန်းမိုကို အနိုင်ယူမယ်ဆိုပါက မိုက်မဲတဲ့ အိပ်မက်တစ်ခုသာ ဖြစ်သည်။

ဆွန်းမိုက ကူးယူခြင်းကိုတောင် မသုံးခဲ့ပေ။ သူက ရှောင်လီအနောက်မှာ ဖျက်ကနဲ ပေါ်လာပြီး သစ်သားဓါးနဲ့ ခုတ်ချလိုက်သည်။

အမိန့်ဆယ့်ရှစ်ခု။

ရှောင်လီ အစွမ်းကုန် ရှောင်တိမ်းသော်လည်း အသုံးမဝင်ပါ။ မုန်တိုင်းကြားက ဌက်ပျောရွက် အလား ဖြစ်နေသည်။ ပြင်းထန်တဲ့ သက်ရောက်မှုတွေကြောင့်

လွင့်ထွက်သွားသည်။ ထို့နောက် စားပွဲတစ်ခုပေါ်သို့ ဝန်းကနဲ ပြုတ်ကျသွားသည်။

"တောက်၊ သူ့ရဲ့ ဓါးသိုင်းက မြန်လိုက်တာ"

လူတိုင်း အကြီးအကျယ် အံ့အော တုန်လှုပ်နေကြသည်။

ဒီနေရာမှာ ရှိနေတဲ့ လူများသည် သုံးသပ်ချက် အတော်လေး ကောင်းမွန်တဲ့ ကြယ်တစ်ပွင့် မြတ်ဆရာများ ဖြစ်ကြသည်။ ဆွန်းမို လှုပ်ရှားလိုက်တဲ့ အခိုက်အတန့်မှာ အရည်ချင်းရှိတဲ့ လူတစ်ယောက်ဆိုတာ လူတိုင်း သိသွားကြသည်။

"တိုက်ခိုက်နေတာ ရပ်ကြတော့။ ဒီလိုမှမဟုတ်ရင် တစ်ခုခု ကျိန်းသေပေါက် ဖြစ်သွားတော့မယ်"

ကူရှုပ်ရှင်းက ဆွန်းမိုကို ဆွဲထားသည်။

ရှောင်လီ သူငယ်ချင်းများကလည်း မတ်တပ်ရပ်နေကြသည်။

"ဒီက မြတ်ဆရာ၊ ဒီအတိုင်း ဆက်သွားရင် ဘယ်သူ့အတွက်မှာ မကောင်းတော့ဘူး။ ကျေးဇူးပြုပြီး တိုက်ခိုက်နေတာကို ရပ်လိုက်ပါ"

တကယ်တော့ ရှောင်လီရဲ့ လက်နှစ်ဖက်စလုံးသည် ဆွန်းမိုကြောင့် ကျိုးသွားပြီး ပြသနာ မရှာနိုင်တော့ပါ။

“မင်းက တောင်းပန်ဖို့ ငြင်းဆန်တဲ့အတွက် မင်းလက်နှစ်ဖက်စလုံးကို ငါချိုးလိုက်ပြီ။ ဗဟိုပြည်နယ် အကယ်ဒမီက လူတွေက မင်းလုပ်ချင်တိုင်း အနိုင်ကျင့်လို့ရတဲ့ လူတွေ မဟုတ်ဘူးဆိုတာ မင်းသိအောင် ပြောလိုက်မယ်”

ဆွန်းမိုက အေးစက်စက် ပြန်အော်သည်။

"မင်းမယုံရင် မင်းဒဏ်ရာတွေ ပြန်ကောင်းလာတဲ့ အချိန်ကျရင် ငါ့ကို ပြန်လာရှာလို့ ရတယ်"

ရုတ်ရုတ်သဲသဲ ဖြစ်ပြီးနောက် ညစာ စားချင်စိတ်လည်း မရှိတော့ပါ။ ကူရှုပ်ရှင်းနှင့် ရှာယွန်သည် ဆွန်းမိုကို ဆွဲခေါ်ပြီး ထွက်သွားကြသည်။

"သူတော်စင်ဂိတ်ရဲ့ တရားဥပဒေ စိုးမိုးရေးအဖွဲ့က ဆရာ့ကို လာမဖမ်းပါစေနဲ့"

လီဇီချီ ဆုတောင်းနေသည်။

“ငါတို့ ကြောက်စရာ မလိုဘူး။ ဒီကိစ္စမှာ ငါတို့ဘက်က စခဲ့တာ မဟုတ်ဘူး”

သူတော်စင်ဂိတ်က အရမ်းတရားမျှတပြီး သမာသမတ် ကျနိုင်တယ်လို့ အင်ဘိုင်ဝူ တွေးနေမိသည်။

ဆွန်းမိုတို့အဖွဲ့ ထွက်သွားသော်လည်း ပရိတ်သတ်များက စိတ်လှုပ်ရှားစွာ ကျန်နေခဲ့သည်။ သူတို့အားလုံးက ဆွန်းမို ဘယ်သူလဲဆိုတာ မေးနေကြပြီး ဆွန်းမိုပုံရိပ်ကို သိတဲ့လူတွေက ဇာစ်မြစ်ကို ဖော်ထုတ်လိုက်ကြသည်။

"ဒါဆို ခွေးစကားကြွေးကြော်တဲ့ တစ်မဲဆွန်းလား။ သူခေါင်းမာတာ မဆန်းတော့ပါဘူး"

"သူတော်စင်ဂိုတ်ရဲ့ ဥပဒေ စိုးမိုးရေးအဖွဲ့က အပြစ်ပေးမယ်လို့ မင်းထင်လား"

"မသိဘူး။ ဒါပေမယ့် ဒီလို ပါရမီရှင်တွေက ဦးစားပေး ဆက်ဆံသင့်တယ် မဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် ရှောင်လီကတော့ သေချာပေါက် ဒုက္ခရောက်လိမ့်မယ်"

ဒါက အသေးအဖွဲ့ ပဋိပက္ခတစ်ခုသာဖြစ်ပြီး ဆွန်းမို အဆင်ပြေသင့်တယ်လို့ အားလုံးတွေးနေကြသည်။

နောက်နေ့မနက်မှာတော့ တရားဥပဒေ စိုးမိုးရေးအဖွဲ့က ဆွန်းမိုကို တန်းပြီး လာရှာသည်။

မှတ်ချက်။ ။ လေးဆိုတဲ့စကားက တရုတ်စာတွင် သေတယ်ဆိုတဲ့စကားနဲ့ အသံထွက်ခြင်း ဆင်တူသည်။

အခန်း(၅၃၃) - အကူအညီ ရရှိခြင်း။

သူတော်စင်ဂိတ်ရဲ့ တရားဥပဒေစိုးမိုးရေး အဖွဲ့သည် စည်းကမ်းထိန်းသိမ်းရန်၊ မြတ်ဆရာတွေရဲ့ အပြုအမူကို ကြီးကြပ်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရန် တာဝန်ရှိသည်။ သူတို့က မြတ်ဆရာများကို အထူးကြပ်မတ်ထိန်းသိမ်းတဲ့ သိုင်းအဖွဲ့တစ်ခုပါ။

သူတို့ဝတ်စုံများက အဖြူနှင့်အနီဖြစ်သည်။ အပြစ်ကင်းစင်တဲ့ တရားမျှတမှုနှင့် အကြောက်တရား ကင်းမဲ့တဲ့ အနစ်နာခံစိတ်ကို ကိုယ်စားပြုသည်။ သူတို့ရဲ့ လက်နက်တွေက ဒိုင်းနှင့် ဓါးရှည်များ ဖြစ်သည်။ ဒါ့အပြင် ရွေးချယ်ထားတဲ့

လူတွေအားလုံးသည် အရပ် ၁.၈ မီတာလောက် ရှည်ပြီး သန်မာကြသည်။ သူတို့ကို ကြည့်လိုက်လျှင် လွှမ်းမိုးနိုင်စွမ်းရှိပြီး အထင်ကြီးဖို့ ကောင်းသည်။

ကြေးခေါင်းလောင်း ဟိုတယ်တွင် တရားဥပဒေ စိုးမိုးရေးအဖွဲ့များ ပေါ်လာလျှင် အပြင်ဘက်မှာရှိနေတဲ့ မြတ်ဆရာများသည် ရှောင်ရှားဖို့အတွက် အခန်းထဲ ချက်ခြင်း ပြန်ဝင်သွားကြသည်။

"ဆွန်းမိုကို ဖမ်းဖို့ ဒီကိုရောက်လာတာလား"

“ဒါက တရားဥပဒေစိုးမိုးရေးအဖွဲ့လား။ သူတို့ကို ကြည့်ရတာ အထင်ကြီးဖို့တော့ ကောင်းသားပဲ”

“ဆွန်းမိုတော့ ပြဿနာ အကြီးကြီး တက်တော့မှာပဲ”

မြတ်ဆရာတွေ အချင်းချင်း လေသံလေးတွေနဲ့ ဆွေးနွေးနေကြသည်။ ရှောင်လီက နာမည်ကြီး တစ်ယောက် မဟုတ်တဲ့အတွက် သူထွက်သွားရင်တောင် ဘယ်သူမှ စိတ်မဝင်စားပေ။ ဒါပေမယ့် ဆွန်းမိုကတော့ မတူပါ။ သူက ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲတွင် ထိပ်ဆုံးက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်ပြီး ရာစုနှစ် စံချိန်ချိုးထားတဲ့ တော်လှန်ရေးကြယ်ပွင့် ဖြစ်သည်။

ဒီလိုလူတွေက အရမ်း ဂုဏ်ယူဖို့ကောင်းသည်။ စာမေးပွဲမှာ ပါဝင်ဖို့ ယုံကြည်ချက်လည်း ရှိသလို သတ္တိလည်း ရှိသည်။ ဒါပေမယ့် အခုတော့ သူ့အတွက် အခြေအနေကောင်းတဲ့ပုံ မပေါ်ပေ။

တရားဥပဒေ စိုးမိုးရေးအဖွဲ့ခေါင်းဆောင်က အရမ်းလေးနက်နေပေမယ့် တော်တော်လည်း ယဉ်ကျေးသည်။ သူက ဆွန်းမို အခန်းတံခါးကို

ငြင်သာစွာ ခေါက်လိုက်သည်။ ဆွန်းမို အခန်းတံခါးဖွင့်လိုက်သောအခါ

“မင်းက မြတ်ဆရာဆွန်းလား”

ခေါင်းဆောင်က မေးနေပေမယ့် ဒီလူငယ်လေးက ဆွန်းမိုဆိုတာ သေချာနေပါသည်။ ဆွန်းမိုက အရမ်းချောတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ကြောင်း စာရွက်တွေထဲတွင် ဖော်ပြထားသည်။

“ဟုတ်ပါတယ်”

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

"ငါတို့က သူတော်စင်ဂိတ်ရဲ့ တရားဥပဒေ စိုးမိုးရေးအဖွဲ့ပါ။ မနေ့က မင်းနဲ့ မြတ်ဆရာရှောင် တို့ကြားက ရန်ပွဲကြောင့် ငါတို့လာခဲ့တာ။ ကျေးဇူးပြုပြီး ငါတို့နဲ့လိုက်ခဲ့ပေးပါ"

သူတော်စင်ဂိတ်က အပြစ်ရှိကြောင်း ဆုံးဖြတ်ချက် မချသေးသဖြင့် ဆွန်းမိုနှင့် ရှောင်လီကို မြတ်ဆရာအဖြစ် ဆက်ပြီး ခေါ်ဝေါ်နေခဲ့သည်။

"ဆရာ"

ဒီစကားကို ကြားလိုက်လျှင် ဘေးအခန်းမှာရှိတဲ့ လီဇီချီ၊ အင်ဘိုင်ဝူတို့ ဆွန်းမို ဘေးနားသို့ ချက်ခြင်း ပြေးလာကြကာ အရမ်းစိုးရိမ်နေ ကြသည်.။

ဝူးရှ်

တရားဥပဒေ စိုးမိုးရေးအဖွဲ့က အဖွဲ့ဝင် သုံးယောက်သည် အင်ဘိုင်ဝူက ဓါးပေါ် လက်တင်ထားသောကြောင့် စိုက်ကြည့်နေကြသည်။ အခြားလူများကလည်း အေးစက်တဲ့ အကြည့်တွေနဲ့ အခန်းထဲက လူတွေကို အကဲခတ်နေကြသည်။

“ဘိုင်ဝူ၊ စိတ်မပူနဲ့၊ ငါအဆင်ပြေတယ်”

ဆွန်းမို ပြောလိုက်သည်။ ဒီလူတွေက အရမ်းသန်မာသည်။ သူတို့ လှုပ်ရှားခြင်း မရှိသေးသော်လည်း ဘယ်သူမဆို ခုခံလိုက်တာနဲ့ ချက်ခြင်း ဖြိုခွဲခံရလိမ့်မည်။

"မင်းမှ မမှားတာ။ ဘာဖြစ်လို့ မင်းကို ဖမ်းတာလဲ"

အင်ဘိုင်ဝူက ဒေါသတကြီး စိုက်ကြည့်နေသည်။ သူတော်စင်ဂိတ်က အကြောင်းပြချက်ကို ဂရုမစိုက်ပါ။

သံမဏိခေါင်းမိန်းကလေးရဲ့ အမြင်အရရှောင်လီကို ဖမ်းပြီး တရားစွဲသင့်သည်။

"ဇီချီ၊ မင်းရဲ့ အငယ်လေးတွေကို ဂရုစိုက်လိုက်ပါ"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ ရှာယွန်က စိုးရိမ်တကြီး ထွက်လာတာ မြင်လိုက်လျှင် သူက ပြုံးပြီး

"ဆရာရှာ၊ စိတ်မပူနဲ့။ တပြည့်တွေကို ထားခဲ့မယ်နော်"

"သူတို့ကို သေချာပေါက် ဂရုစိုက်လိုက်ပါ့မယ်"

ရှာယွန် ဘာပြောရမလဲ မသိပါ။ သူမက သာမန်လယ်သမားမျိုးနွယ်က ဆင်းသက်လာသဖြင့် အဆက်အသွယ် မရှိပါ။ စိုးရိမ်ပူပန်တာကလွဲလျှင် ကျန်တဲ့အဖြေကို စဉ်းစားလို့မရပါ။

“ငါက ရိုက်တဲ့လူဆိုတော့ ဆရာကူကို ခေါ်သွားစရာ မလိုဘူး မဟုတ်လား”

ဆွန်းမိုက သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။

“ဆရာဆွန်း၊ ဒီကိစ္စက ငါ့ကြောင့် ဖြစ်လာခဲ့တာ။ ဘာဖြစ်လို့ မလိုက်ရမှာလဲ”

ကူရှုပ်ရှင်းလည်း သတင်ကြားကြားခြင်း ချက်ခြင်း ပြေးလာခဲ့သည်။

“ကျန်ရန်ဇောင်အကြောင်း စဉ်းစားပါ”

ဆွန်းမိုက ဖျောင်းဖျလိုက်သည်။

"သူ့အနာဂတ်ကို ရပ်သွားစေချင်လို့လား"

"မင်းတို့နှစ်ယောက် အငြင်းပွားစရာ မလိုဘူး။ မြတ်ဆရာကူလည်း ငါတို့နဲ့အတူတူ လိုက်ခဲ့ရမယ်။ နောက်ဆုံး တရားသူကြီးတွေက မင်းတို့နှစ်ယောက်ကို ဘယ်လိုလုပ်မလဲဆိုပြီး ဆုံးဖြတ်ချက် ချပေးလိမ့်မယ်"

ခေါင်းဆောင်က သူတို့ကို သတိပေးလိုက်သည်။

ဆွန်းမိုက ခုခံဖို့ မစဉ်းစားခဲ့ပါ။ ပထမအချက်က ဒီလူတွေကို အနိုင်မယူနိုင်ပါ။ ဒုတိယအချက်က သူတော်စင်ဂိတ်သည် တရားမျှတမယ်လို့ ယုံကြည်ထားလိုက်သည်။

လီဇီချီနှင့် ကျန်တဲ့လူများသည် ဟိုတယ် အဝ ရောက်တဲ့အထိ အနောက်က လိုက်လာကြသည်။

“ငါတို့နောက် မလိုက်နဲ့တော့”

ဆွန်းမိုက သူတို့ကို တားလိုက်သည်။

“ပြန်သွားပြီး ကြိုးကြိုးစားစားနဲ့ ကျင့်ကြံကြပါ။ ဒီမှာ ငါ့အတွက် စိတ်ပူနေမယ့်အစား တိမ်စိမ်းအဆင့် ထိပ်ဆုံး သုံးနေရာရဖို့ စဉ်းစားပါ။ ဒီလိုဖြစ်ဖို့ ငါမျှော်လင့်နေတယ်”

“ထိပ်ဆုံး သုံးနေရာ’ ဆိုတဲ့ စကားကို ကြားလိုက်လျှင် မျက်နှာသေကြီးနဲ့ နေကြတဲ့

တရားဥပဒေအဖွဲ့က အဖွဲ့ဝင်များသည် ဆွန်းမိုကို လှည့်မကြည့်ဘဲ မနေနိုင်ကြတော့ချေ။

(ဒီကောင်က ကြွေးပဲ။ ကြွေးမယ်ဆိုလည်း ကြည့်ကျက်ပြီး ကြွေးပါလား)

ဆွန်မိုကို ဖမ်းတဲ့အချိန်တွင် လွဲချော်မှုမရှိအောင် သူ့အကြောင်း လေ့လာထားခဲ့ကြသည်။ ဒါကြောင့် ဒီကောင်သည် တော်တော်လေး အံ့အောဖို့ ကောင်းမှန်း သိနေကြသည်။ ဒါပေမယ့် ဘယ်လိုပဲ အံ့အောသင့်ဖို့ ကောင်းနေပါစေ ကျောင်းသားတွေကို သင်ကြားပေးတာ တစ်နှစ်ပဲ ရှိသေးသည်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စီနီယာ ကြယ်တစ်ပွင့် မြတ်ဆရာများနဲ့ ဘယ်လိုယှဉ်နိုင်မှာလဲ။

ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲရဲ့အခက်ဆုံးအပိုင်းမှာ တိမ်စိမ်းအဆင့် ဝင်တဲ့ကျောင်းသား ရှိ၊ မရှိ ဖြစ်သည်။

"ငါတို့ ဘာလုပ်ကြမလဲ.။ စာရေးပြီးကျောင်းအုပ်ကြီးဆီ အကြောင်းကြားလိုက်ရမလား"

သူတို့ဆရာကို ခေါ်ဆောင်သွားသဖြင့် အင်ဘိုင်ဝူမျက်နှာ ညှိုးကျသွားသည်။ လူသတ်ချင်စိတ်ကိုလည်းမထိန်းနိုင်တော့ပေ။

"သူတော်စင်ဂိတ်က ဆရာဆီကို တရားမျှတမှု ပြန်ပေးပါလိမ့်မယ်"

လုချီဟွာက ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်သည်။

"ဒါက သေချာပေါက် မဖြစ်နိုင်ဘူး"

ထန်ထန်ယုထန်က နှုတ်ခမ်းထော်ပြီး ပြောလိုက်သည်။

"သေချာပေါက် ဖြစ်လိမ့်မယ်"

လုချီဟွာက သူတော်စင်ဂိတ်ကို ဆိုးဆိုးဝါးဝါးတွေးနေတဲ့ ရောဂါသည်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီကတော့ ဘာမှမပြောပေ။ သူမက လုချီဟွာလောက် မနုံအပါ။ အလင်းရှိလျှင် အမှောင်လည်း ရှိလိမ့်မည်။ သူတော်စင်ဂိုဏ်းရဲ့ လူအများစုက ကောင်းပါသည်။ ဆွန်းမိုက ကံဆိုးပြီး မကောင်းတဲ့လူနဲ့ တွေ့သွားရင်ကော။

ဒါပေမယ့် အရေးအကြီးဆုံး ပြဿနာက မြတ်ဆရာစာမေးပွဲဖြေဖို့ နှစ်ရက်ပဲလိုတော့သည်။ သူတော်စင်ဂိုဏ်းရဲ့ လုပ်ဆောင်ချက် အနည်းငယ် နှေးပါက ဆွန်းမို စာမေးပွဲဖြေဆိုဖို့ အဟာန့်အတား ဖြစ်သွားလိမ့်မည်။

ဆွန်းမိုရဲ့ ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေများလည်း ပါဝင်သည်။ စာမေးပွဲ မဖြေခင် လူတိုင်းသည် သူတို့ရဲ့အခြေအနေကို အကောင်းဆုံး အနေအထားမှာရှိအောင် ထိန်းညှိကြသည်။ အဖမ်းခံရတဲ့ ဘယ်သူမဆို ကြောက်စရာကောင်းတဲ့ ပတ်ဝန်းကျင်မှာ နေထိုင်ရပြီး လယ်လို ဆုံးဖြတ်ချက်ကို စောင့်နေရမလဲဆိုတာ မသိကြပေ။ ရုံးတင်စစ်ဆေးဖို့ စောင့်ဆိုင်းနေရပါက စာမေးပွဲဖြေဆိုဖို့ နည်းလမ်း မရှိတော့ပါ။

“စိတ်ပူစရာမလိုဘူး။ ကျင့်ကြံခြင်းအပေါ်ပဲ အာရုံစိုက်ထား။ ကျန်တဲ့ကိစ္စကို ငါ့တာဝန်ထားလိုက်”

လီဇီချီသည် စိုးရိမ်ပူပန်နေသော်လည်း အရာအားလုံးကို ကိုင်တွယ်နိုင်သကဲ့သို့ ဟန်ဆောင်ထားလိုက်သည်။ သူ့ရဲ့ ပညာသင်ဘက် မောင်လေး၊ ညီမလေးတွေ စိုးရိမ်ပူပန်နေတာ မမြင်ချင်ပေ။

သူမက တန်နိုင်ငံရဲ့ မင်းသမီးလေးဖြစ်နေတာ ကျေးဇူးတင်ရမည်။ သူမက မြတ်ဆရာတစ်ယောက်နဲ့မှ မရင်းနီးသော်လည်း

သူမရဲ့ပုံရိပ်ကြောင့် အရေးကြီးတဲ့ ဇာတ်ကောင်တချို့ဆီ သွားပြီး အကူအညီ တောင်းလို့ရသည်။

လီဇီချီက ညွှန်ကြားချက်တချို့ ပေးပြီးနောက် လျှင်မြန်စွာ ထွက်ခွာသွားသည်။ ရှာယွန်သည် ဒါကို မြင်လိုက်လျှင် ဆွန်းမိုကို မနာလို ဖြစ်မိသွားသည်။ ဒီလို ဉာဏ်ရည်ထက်မြတ်တဲ့ ကျောင်းသားကို မလိုချင်တဲ့လူ ရှိလို့လား။

ဆွန်းမိုက ဒီမင်းသမီးလေးရဲ့ ယုံကြည်မှုကို ဘယ်လိုရခဲ့လဲဆိုတာ သူမ သိနေချင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှာယွန် ခံစားချက်တွေ ဖြစ်နေသည်။

ဒင်

ရှာယွန်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး (၉၇၀/၁,၀၀၀)

....

အနောက်တောင်မြို့ရှိ သူတော်စင်ဂိတ် ရုံးခန်း။

ဆွန်းမိုကို ခေါ်သွားပြီးနောက် ချက်ခြင်း မပိတ်လှောင်ထားခဲ့ပါ။ အဲဒီအစား အခန်းတစ်ခုသို့ ခေါ်သွားပြီး စစ်ဆေးရေးမှူး သုံးယောက်သည်

မနေ့ညက ဖြစ်ပျက်တဲ့ အဖြစ်အပျက်များကို မေးမြန်းခဲ့သည်။

နှစ်နာရီခန့်စာ သုံးကြိမ်လောက် မေးမြန်းခဲ့ပြီး ဆွန်းမိုကို ရိုးရှင်းတဲ့ ပရိဘောဂတွေ ထည့်ထားတဲ့ အခန်းတစ်ခန်းထဲမှာ ပိတ်လှောင်ထားလိုက်သည်။

အခန်းထဲမှာ ကောက်ရိုးခင်းထားတဲ့ ကုတင်ကလွဲလျှင် ဘာမှမရှိပါ။

ကူရှုပ်ရှင်းနှင့် ရှောင်လီတို့သည်လည်း ဒီလိုမျိုး အဖြစ်အပျက်နဲ့ အတူတူ တွေ့ကြုံနေကြရသည်။

ညနေပိုင်းမှာတော့ စစ်ဆေးရေးမှူးတွေက အစီရင်ခံစာကို တရားသူကြီး ခုနှစ်ယောက်ဆီ ပေးလိုက်သည်။ ထို့နောက် နောက်နေ့မနက်တွင် တရားသူကြီးများက အစည်းအဝေး လုပ်လိုက်သည်။

“ဆရာမိုင်၊ ဒါကို နောက်နှစ်ရက်ကို ရွှေ့လို့ မရဘူးလား။ ငါအရမ်း အလုပ်ရှုပ်နေတယ်ဆိုတာ မင်းမသိဘူးလား”

အစည်းအဝေးခန်းထဲတွင် ချန်ဇီတုန်က မိုင်ရာဇီကို မြင်လိုက်တာနဲ့ မကျေမနပ်ဖြစ်ပြီး စောဒကတက်လိုက်သည်။

ဒါကို တခြားတရားသူကြီးက ကြားနေကြပြီး သူတို့ ဘာမှ မပြောကြပါ။ ဒါပေမယ့်လည်း သူတို့သည် ချန်ဇီတုန်အပေါ် အနည်းငယ် မကျေမနပ် ဖြစ်နေကြသည်။ သူက မိုင်ရာဇီကို ဒီလိုပြန်ပြောရဲတဲ့ တစ်ခုတည်းသော အကြောင်းပြချက်မှာ သူ့အဖေကြောင့် ဖြစ်သည်။

အင်း၊ ချန်ဝေလို ထက်မြတ်ပြီး စိတ်သဘောထားပြည့်ဝတဲ့လူမှာ ဒီလိုမျိုး သဘောထားသေးသိမ်တဲ့ သားတစ်ယောက် ဘယ်လို ရှိနေတာလဲ။

ဆွန်းမိုနှင့် ချန်မျိုးနွယ်တို့ကြားက ကိစ္စသည် မြတ်ဆရာ အသိုင်းအဝိုင်းကြားမှာ ပျံ့နှံ့နေတာ ကြာပါပြီ။

“ဆရာချန်၊ ဒီကိစ္စက မြတ်ဆရာနှစ်ယောက်ရဲ့ အသက်မွေးဝမ်းကြောင်းနဲ့ သက်ဆိုင်နေတယ် ဘယ်လိုလုပ်ပြီး အချိန်ဆွဲချင်နေရတာလဲ”

မိုင်ရာဇီ မျက်နှာ အမူအရာက တင်းမာနေသည်။

“ဒီလိုမျိုး အသေးအဖွဲ့လေးကို ဖြေရှင်းဖို့ တရားသူကြီး ခုနှစ်ယောက်တောင် လိုအပ်လို့လား”

ချန်ဇီတုန်က မဲ့ရွဲ့ပြီး ပြောလိုက်သည်။

"ပြီးခဲ့တဲ့နှစ် ဖြစ်စဉ်အရတော့ ရန်ပွဲမှာပါဝင်တဲ့ လူနှစ်ယောက်စလုံးကို စာမေးပွဲဖြေဖို့ တားမြစ်တယ်။ အခြေအနေ ပိုပြင်းထန်ရင် အပြစ်ဒဏ် ပိုကြီးတယ်"

စာမေးပွဲနီးလာသဖြင့် ဒီ အဓိကစာစစ်သူ ခုနှစ်ယောက်စလုံး အရမ်း အလုပ်ရှုပ်နေကြသည်။ ပြီးခဲ့တဲ့နှစ်တုန်းကဆိုလျှင် သူတို့ ခုနှစ်ယောက်စလုံး ရှိဖို့ မလိုအပ်ပါ။ သူတို့ထဲမှတစ်ယောက်က ဆုံးဖြတ်ချက်ချလိုက်ရုံနဲ့ လုံလောက်သည်။ ဒါပေမယ့် ဒီနှစ်မှာတော့ မိုင်ရာဇီက သူတို့ ခုနှစ်ယောက်စလုံးကို တရားစီရင်ဖို့ တောင်းဆိုခဲ့သည်။ ဒါကြောင့်လည်း

တခြားသူများသည် လာရန်မှအပ ရွေးချယ်စရာ မရှိပေ။

ဒါကြောင့် လူတိုင်းရဲ့ အကြည့်များသည် မိုင်ရာဇီဆီ ရောက်သွားသည်။

“ဒီတစ်ခေါက်က မတူဘူး”

မိုင်ရာဇီက ပြောလိုက်သည်။

“ဘာဖြစ်လို့လဲ။ ဆွန်းမို ဖြစ်နေလို့လား”

ချန်ဇီတုန် အနည်းငယ် မနာလို ဖြစ်နေသည်။ ဆွန်းမိုက ပါရမီရှင်တစ်ယောက် ဖြစ်ရုံသာမက ရုပ်ချောလွန်းသည်။ ဒါကြောင့် ဩဇာကြီးတဲ့

ပုဂ္ဂိုလ်တွေဆီက သဘောကျမှု ရဖို့ လွယ်ကူလွန်းသည်။

တကယ်လို့ သာမန်အရည်အချင်းသာ ရှိပြီး ရုပ်ဆိုးတဲ့ လူတစ်ယောက်ဆိုလျှင် မိုင်ရာဇီက သူ့မစွမ်းအင်ကို ဖြုန်းတီးမှာ မဟုတ်ပေ။

"လူတိုင်းက ဥပဒေရဲ့အမြင်မှာ အတူတူပဲဆိုတဲ့ စကားရှိတယ်။ ဆွန်းမိုက ပါရမီရှင်ဖြစ်လို့ တစ်နှစ်တည်း ကြယ်နှစ်လုံးရနိုင်လို့ ဆိုပြီး မျက်ကွယ် ပြုလိုက်လို့ မရဘူး။ ဒါဆိုရင် အရင်တုန်းက

အပြစ်ပေးခံရတဲ့လူတွေက သူ့တို့အတွက် မတရားဘူးလို့ မြင်လာကြလိမ့်မယ်”

ချန်ဇီတုန်က အရင်ပြောလိုက်သည်။

“မင်းမှားတယ်။ ဆွန်းမိုက ပါရမီရှင်တစ်ယောက်ဖြစ်နေလို့ ငါတို့အားလုံးက တရားမျှတမှုကို အလေးအနက်ထားဖို့ ပိုလိုအပ်တယ်။ ဒီလိုမှမဟုတ်ရင် လူတွေက အမြင်လွဲသွားပြီး သူတော်စင်ဂိတ်ကို ဆန့်ကျင်ဖို့အတွက် လက်နက်အဖြစ် အသုံးပြုလာလိမ့်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိုင်ရာဇီရဲ့ ဖြေရှင်းချက်ကို ကြားလိုက်လျှင် ဘေးနားမှာ လက်ဖက်ရည် ထိုင်သောက်နေတဲ့ တန်ရီမင် ပြုံးလိုက်မိကာ ရယ်လုနီးပါး ဖြစ်သွားသည်။ (ချန်ဇီတုန် ၊ ဆရာမိုင်နဲ့ စကားပြိုင် မငြင်းနိုင်လို့ ကို့ကိုယ်ကို မကျေမနပ် ဖြစ်နေပြီလား)

ချန်ဇီတုန် တစ်ယောက် ပြန်လည်ချေပဖို့ စကား ရှာမရဖြစ်နေသည်။ မိုင်ရာဇီတင်ပြတဲ့ ပြဿနာက သူတော်စင်ဂိတ်ရဲ့ ဂုဏ်ကျက်သရေနဲ့ သက်ဆိုင်နေပြီး ငြင်းဆန်ဖို့ မဖြစ်နိုင်ပေ။

"ရန်ဖြစ်ပွားတဲ့အစီရင်ခံစာကိုလည်း လူတိုင်း ဖတ်ပြီးပြီလို့ ငါ ယုံကြည်သည်။ ရှောင်လီက အရက်သောက်ပြီး အမူးလွန်ကာ ပြဿနာရှာလို့ ရန်ပွဲ ဖြစ်ခဲ့တာ။ ဒါကြောင့် ဆွန်းမိုရဲ့ စာမေးပွဲ ဖြေဆိုခွင့်ကို ငါတို့မရုတ်သိမ်းသင့်ဘူး"

မိုင်ရာဇီ စကားဆုံးသွားတာနဲ့ ကျန်တဲ့လူတွေလည်း ခေါင်းညိတ်လိုက်ကြသည်။ ဒါက သိသာနေတဲ့ အမှန်တရားတစ်ခု ဖြစ်ပြီး ရှောင်လီနဲ့ သူ့လူတွေကလည်း မဖုံးကွယ်ရဲပါ။ ဒါကြောင့် ဆွန်းမိုမှာ အပြစ်မရှိပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒါပေမယ့် ရန်ပွဲမှာ သူပါဝင်ခဲ့တယ်။ သူလှုပ်ရှားလိုက်ပြီ ဆိုကတည်းက မြတ်ဆရာလောကအတွက် အမဲစက်တစ်ခု ယူလာခဲ့ပြီ။ ဒါ့အပြင် ဆွန်းမိုက နောက်ဆုံး စားမေးပွဲမှာ ပထမနေရာ ရထားတော့ သူတော်စင်ဂိတ်ရဲ့ ဂုဏ်ကျက်သရေကို ဖြန့်ဝေဖို့ ပိုတာဝန် ရှိတယ်”

ချန်ဇီတုန်က ငြင်းခုံဖို့ ကြိုးစားလိုက်သည်။

သူ့အကြောင်းပြချက်ကလည်း မမှားပါ။ ဘာဖြစ်လို့လဲဆိုတော့ တချို့လူတွေက ရလဒ်ကိုသာ ဂရုစိုက်ပြီး အကြောင်းပြချက်ကို ဂရုမစိုက်ပါ။

"ဆရာချန်၊ တိုက်ပွဲတွေက မှန်လား၊ မှားလား"

မိုင်ရာဇီက အကြောင်းအရာ ပြောင်းလိုက်သည်။

ချန်ဇီတုန် တိတ်ဆိတ်သွားပြီး မျက်မှောင်ကြုတ်လိုက်သည်။ သူက ကြယ်သုံးပွင့် မြတ်ဆရာဖြစ်ပြီး စာအုပ်များစွာ ဖတ်သဖြင့် ဗဟုသုတ ကြွယ်ဝသည်။ ဒါကြောင့် မိုင်ရာဇီ ငြင်းခုန်ချင်တဲ့ ပုံစံကို ချက်ခြင်းတွေးလိုက်မိသည်။

"ဘုရင်ဝူက လေ့လာရေးခရီးထွက်တာ မှန်လား မှားလား။ ကေရာဇ်ချင်က သူ့ပုန်တွေကို နှိမ်နင်းတာ မှန်လား၊ မှားလား"

မိုင်ရာဇီ ပြောနေတဲ့ အကြောင်းအရာသည် ပြည်နယ်ကိုးခုတွင် လူသိများတဲ့ စစ်ပွဲနှစ်ခု ဖြစ်သည်။ ဒါကို ပြည်နယ်ကိုးခုရှိလူများက တရားသော စစ်ပွဲလို့ အသိအမှတ်ပြုကြသည်။

"ဆွန်းမိုပြောခဲ့တဲ့ စကားသုံးခွန်းမှာ ကူရှုပ်ရှင်းနဲ့ ဒုကျောင်းအုပ်ကြီးအတွက် မြတ်ဆရာတစ်ယောက် လုပ်ရမယ့် တာဝန် မဟုတ်ဘူးလား။

သူတိုက်ခိုက်ခဲ့ရတာကလဲ သူ့အတွက်မဟုတ်ဘူး. ခင်မင် ရင်းနှီးမှုအတွက်၊ တာဝန်ဝတ္တရားအတွက်လို့ ပြောခဲ့ပြီးသား။ သူ့နှလုံးသားထဲမှာ ဖြောင့်မတ်ခြင်း တရားနဲ့ စည်းမျဉ်းများကို ကိုင်ဆွဲထားတယ်။ ဒါမှ သူတော်စင်ဂိတ်ကို မြှင့်တင်ပေးတဲ့ စံပြတစ်ယောက် မဟုတ်ဘူးလား”

မိုင်ရာဇီက မေးလိုက်သည်။

“ဒါအမှန်ပဲ။ ဆွန်းမို ထောက်ပြခဲ့တဲ့ သုံးချက်က တကယ်ကောင်းတယ်။ ငါကြားလိုက်တဲ့

အချိန်တုန်းကလည်း သူတိုက်ခိုက်တာ မမှားဘူးလို့ တွေးလိုက်မိတယ်”

တန်ရီမင်က ပြုံးလိုက်ပြီး

“ဒါက တရားမျှတမှု လက်သီး အစပဲ”

ဒင်

တန်ရီမင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး (၂၁၀/၁,၀၀၀)

“ပြီးတော့ ဆွန်းမိုက အေးစက်စွာ ကြည့်လိုက်ပြီး ‘တချို့လူတွေက ငယ်ရွယ်ပေမယ့် ကို့ကိုယ်ကို တိုးတက်ချင်တဲ့ဆန္ဒနဲ့ တောက်လောင်နေကြပြီး

တချို့လူတွေကတော့ အသက် တစ်ရာလောက် ဖြုန်းတီးပြီး ခွေးထက်တောင် ပိုမိုက်နေသေးတယ်’ ဆိုတဲ့ စကားကိုလည်း သဘောကျသေးတယ်။ တစ်ခွေး ဆွန်း လို့တောင် နာမည်ပြောင်းရမလို ဖြစ်နေပြီ”

“အခုလည်း တောခွေးနက်ကြီးဆွန်းလို့ ခေါ်ကြပါတယ်ကွာ”

“ဟားဟား။ စိတ်ဝင်စားစရာပဲ၊ စိတ်ဝင်စားစရာပဲ. ဒီလို ဖြေဆိုသူ မပါဝင်ခဲ့ရင် သူတော်စင်ဂိတ်အတွက် ဆုံးရှုံးမှုကြီးပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တရားသူကြီးတွေက အချင်းချင်း ဆွေးနွေးပြီး ရယ်မောနေကြသည်။

ဒါကိုမြင်လိုက်လျှင် ချန်ဇီတုန် မျက်နှာမပျက်အောင် ထိန်းထားပေမယ့် ကိစ္စတွေက ဆိုးဝါးလာတော့မယ်ဆိုတာ သူသိနေသည်။ ဒီလို မဖြစ်စေရဘူး။ တစ်နှစ်တာ စာမေးပွဲ ဖြေဆိုခွင့်ကို တားမြစ်ရမယ်။ သူ့ရဲ့ အိပ်မက်တွေကို ရိုက်ချိုးရမည်။

(တစ်နှစ်တည်း ကြယ်နှစ်ပွင့် ဖြစ်ချင်တာလား။ အိပ်မက် မက်နေလိုက်။ ငါတို့ ချန်မျိုးနွယ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စော်ကားပြီးရင် ကောင်းကောင်းနေနိုင်ဖို့ စဉ်းတောင် မစဉ်းစားနဲ့)

အခန်း(၅၃၄) - ထပ်ကျော်ကြားလာခြင်း။

ချန်ဇီတုန်သည် နာမည်ကြီး မျိုးနွယ်က မွေးဖွားလာပြီး မြတ်ဆရာမျိုးရိုးမှ ဖြစ်သည်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူသည် ဂုဏ်သတင်းနှင့် ဂုဏ်သိက္ခာကို သူ့ဘဝထက်တောင် ပိုတန်ဖိုးထားသည်။

ပိုရှင်းလင်းစွာ ပြောရလျှင် မျက်နှာကို ဂရုစိုက်တဲ့လူ ဖြစ်သည်။

ဒီခေတ်ကြီးမှာ သာမန် အိမ်ထောင်စုက အိမ်ရှင်မတွေတောင် အရှက်ကွဲခဲ့ရင် မိသားစုရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက် ရေနစ်သူက ကောက်ရိုးတစ်မျှင်ကို အားကိုးသလို ကို့ကိုယ်ကို သတ်သေကြသေးသည်။ ဒီလို ခေတ်ကြီးမှာ ဆွန်းမို ဘာလုပ်ခဲ့သလဲ။

သူ့ဂုဏ်သတင်း ကျော်ကြားလာဖို့အတွက် ချန်အိမ်တော်အရှေ့ "တံခါးရှေ့မှာ စောင့်နေတဲ့ခွေးတစ်ကောင်လို' ဆိုတဲ့ စကားပြောခဲ့သည်။ ဒါကြောင့်လည်း ချန်မျိုးနွယ်က ဆွန်းမို တောက်ပဖို့အတွက် နောက်ခံကားချပ် ဖြစ်ခဲ့ရသည်။

သူမြင့်တက်လာဖို့ ချန်မျိုးနွယ်ကို ခြေနင်းကျောက်လို အသုံးပြုခဲ့တာ မဟုတ်ဘူးလား။

ချန်ဇီတုန်၏စိတ်ထဲတွင် ဆွန်းမိုက အကြံသမား တစ်ယောက်ပါ။ ဒါပေမယ့်လည်း သူ့အဖေက ဆွန်းမို

ဘယ်လောက် စက်ဆုပ်ရွံရှာဖို့ကောင်းတယ်ဆိုတာ သတိမထားမိဘဲ သူ့ကို လွှတ်ပေးထားဖို့တောင် ပြောခဲ့သေးသည်။ ဒါကြောင့်လည်း ဆွန်းမိုကို အရမ်းမုန်းနေမိသည်။

“သူတို့ကို သင်ခန်းစာ ပေးလိုက်ရင်လည်း အဆင်ပြေပါတယ်”

တန်ရီမင် အကြံပေးလိုက်သည်။

“ဒါမှန်တယ်။ သင်ခန်းစာ တစ်ခုအနေနဲ့ပဲ ထားလိုက်ရအောင်”

ကျန်တဲ့လူတွေလည်း သဘောတူကြသည်။ ချန်ဇီတုန်သာ ဒီကိစ္စထဲ မပါဝင်ခဲ့လျှင် ဒီကိစ္စက အသေးအမွှားလေးပဲ ဖြစ်သွားမည်။

ချန်ဇီတုန်သည် ဒီလူများကိုကြည့်ပြီး စိတ်ထဲက အေးစက်စွာ ပြုံးလိုက်သည်။ ဒီလူတွေ ဘာဖြစ်လို့ ဒီလောက်ဖော်ရွေတဲ့ အပြုအမူတွေ လုပ်နေကြတာလဲ။ ဆွန်းမိုက အံ့အောဖို့ကောင်းတဲ့ အရည်အချင်းကို ပြသထားခဲ့လို့ပါ။ သူ့မှာ အကန့်အသတ်မဲ့တဲ့ အလားအလာတွေ ရှိနေသည်။

တကယ်လို့ ဆွန်းမိုသာ စာမေးပွဲအောင်မြင်ခဲ့လျှင် အခိက စာစစ်သူတွေက သူ့ရဲ့ဆရာလို့ သတ်မှတ်လို့ ရသည်။ ဒီလိုဆက်ဆံရေး အခြေခံနဲ့ဆိုလျှင် လူလူချင်း ဆက်သွယ်တဲ့အခါ ပိုအဆင်ပြေသွားလိမ့်မည်။

ကြယ်ပွင့်အဆင့်မြင့်တဲ့ မြတ်ဆရာများဖြစ်တဲ့ ဒီအခိက စာစစ်သူတွေက အပေါ်ယံပြောနေကြတာ မဟုတ်ပေ။ သူတို့က ဆွန်းမိုကို သဘောကျနေကြပြီး ကြယ်ပွင့်အသစ်လေး မတောက်ပလာခင် ပြုတ်ကျသွားတာကို မမြင်ချင်ကြပါ။

"ဒဏ်ငွေဆောင်ခိုင်းလိုက်ရင်လည်း အဆင်ပြေပါတယ်။ ဒါပေမယ့် ဆွန်းမိုကို စာမေးပွဲ ဖြေခွင့်ပေးလိုက်ရင် ရှောင်လီအတွက် မတရားသလို ဖြစ်နေမလား"

ချန်ဇီတုန်က မေးလိုက်သည်။

"ဆရာချန်က ဘာပြောချင်တာလဲ"

တစ်ယောက်က စိတ်ရှုပ်သွားပြီး ပြန်မေးလိုက်သည်။

"ဆွန်းမိုက ဘယ်လောက်တောင် ရက်စက်လဲဆိုတာ မင်းမသိဘူးလား။ ရှောင်လီရဲ့

လက်နှစ်ဖက် ကျိုးသွားပြီလို့ အစီရင်ခံစာမှာ ဖော်ပြထားတယ်။ ဒါကြောင့် စာမေးပွဲကို သေချာပေါက် ဝင်ဖြေနိုင်မှာ မဟုတ်ဘူး။ ရှောင်လီသာ စာမေးပွဲ ဝင်ဖြေနိုင်ရင် ဆွန်းမိုလည်း ဝင်ဖြေနိုင်တယ်”

“မင်းက ဆွန်မိုအတွက် ခက်ခဲအောင် တမင်လုပ်ချင်နေတာ မဟုတ်လား”

မိုင်ရာဇီ မပြောရသေးခင် တန်ရီမင် မကျေမနပ်နဲ့ ထပြောလိုက်သည်။ ‘ဒီ’အဆင့် လိဂ်ပြိုင်ပွဲကတည်းက ဒီလူငယ်လေးကို သဘောကျခဲ့သည်။

“တရားမျှတမှုအကြောင်း ပြောနေတာ”

ချန်ဇီတုန်ကလည်း ခြေဖနောက်ကန်ပြီး ပြောနေသည်။

"မင်းပဲ ဆင်ခြင်တုံ တရားမဲ့နေတာ"

တန်ရီမင်က တဲ့တိုးဆန်တဲ့ စရိုက်ရှိသဖြင့် ချန်ဇီတုန်ကို တဲ့တိုး ပြောချလိုက်သည်။

"ဒါက လုံလောက်ပြီ"

လင်ဟုန်ဒါက သူ့နဖူးကို သူပွတ်နေသည်။

"ဆရာချန် ပြောတာလည်း မှန်ပါတယ်။ ရှောင်လီရဲ့ ဆုံးရှုံးမှုအတွက် ဘယ်သူတာဝန် ယူမှာလဲ။ ဒါကြောင့် ရှောင်လီ စာမေးပွဲဖြေနိုင်ရင် ဆွန်းမိုလည်း ဖြေနိုင်ရမယ်"

"ဒုခေါင်းဆောင်"

တန်ရီမင် မျက်မှောင်ကြုတ်ပြီး အော်လိုက်သည်။

"ဒီအတိုင်းပဲ ထားလိုက်တော့ ၊ ဒါ့အပြင် သူတို့ ဒဏ်ငွေ တစ်ထောင်စီ ပေးချေရမယ်။ အရည်အချင်းရှိတဲ့လူ ဖြစ်ပါစေ ကြပ်ကြပ်မတ်မတ် လုပ်ရမယ်" မြွတ်ဆရာတစ်ယောက်က ကို့ကိုယ်ကို အဆက်မပြတ် စောင့်ထိန်းနေရပြီး ကျောင်းသားတွေအတွက်လည်း စံနမူနာကောင်း ဖြစ်ရမယ်ဆိုတာ ပြည်သူတွေကို အသိပေးရမယ်'

ဒုခေါင်းဆောင် တစ်ယောက်အနေနဲ့ လင်ဟုန်ဒါက ပြောလိုက်သည်။

လင်ဟုန်ဒါသည် အလားအလာကောင်းရုံနဲ့ ဆွန်းမိုကို ဂရုစိုက်မှာ မဟုတ်ပေ။ ဒါကြောင့်လည်း ဒီဆုံးဖြတ်ချက်ကို သဘောတူခဲ့သည်။

ချန်ဇီတုန်က မြောက်ကြွမြောက်ကြွနဲ့ ထွက်သွားသည်။ ဒီနှစ်စာမေးပွဲမှာ ဆွန်းမို မပါနိုင်တာကို သိပြီးနောက် ဒေါသတွေ ဖောက်ထုတ်ခွင့်ရပြီဆိုတဲ့ အတွေးနဲ့ ချန်ဇီတုန် တစ်ယောက် ပိုပျော်ရွှင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါတို့ ချန်မျိုးနွယ်ကို ချနင်းပြီး မင်းဂုဏ်သတင်းကို မြှင့်တင်ချင်တာလား။ ငယ်ပါသေးတယ်ကွာ)

“သူတော်စင်ဂိတ်မှာ ဒီလိုလူတွေ ရှိနေတာ တကယ် အရှက်ရစရာပဲ”

တန်ရီမင် စိတ်တွေဆိုးပြီး ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ သူက ချန်ဇီတုန်အကြောင်း ပြောနေသလို ဖြစ်နေပေမယ့် တကယ်က လင်ဟုန်ဒါ အကြောင်းကို စောင်းပြီး ပြောနေသည်။ လင်ဟုန်ဒါက ခေါင်းဆောင် ဖြစ်ချင်နေသဖြင့် မဟာမိတ် တချို့

လိုအပ်နေသည်။ ဩဇာကြီးမားတဲ့ ချန်မျိုးနွယ်က ကြီးမားတဲ့ အထောက်အကူ ဖြစ်မယ်ဆိုတာ သေချာသည်။

"ဒါကိုတော့ ငါလည်း မပြောတတ်ဘူး။ ဘယ်သူမှ မပြည့်စုံဘူး။ တကိုယ်ကောင်းဆန်တဲ့စိတ် မရှိတဲ့လူ ရှိလို့လား"

မိုင်ရာဇီက ပြုံးပြီး တန်ရီမင်ကို ပြောလိုက်သည်။

"ဒီလိုမှမဟုတ်ရင် ဒီကမ္ဘာက နေရာတိုင်းမှာ သူတော်စင်တွေ ပြည့်နေမှာပေါ့"

"ဒါအမှန်ပဲ"

တန်ရီမင်က ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

“ဆွန်းမိုအတွက်တော့ စိတ်မကောင်းစရာပဲ။ သူဒဏ္ဍာရီတစ်ခု ဖန်တီးတာ မြင်ရဖို့ စောင့်နေခဲ့တာ”

“လူများတွေ မလုပ်နိုင်တာကို လုပ်တာလဲ ဒဏ္ဍာရီ မဟုတ်ဘူးလား”

မိုင်ရာဇီက ပြုံးပြီး ပြောလိုက်သည်။ ထိုအခိုက်တန့်တွင် သူထုတ်လွှင့်လိုက်တဲ့ စိတ်သဘောထားကြောင့် တန်ရီမင်တောင် အူကြောင်ကြောင် ဖြစ်သွားသည်။

....

ဆွန်းမိုက အပြစ်တင်ခံရဖို့အတွက် ထိုင်မစောင့်ချင်ပါ။ လူတစ်ယောက် သူ့ကို ထွက်လာဖို့ လာမပြောခင် အချိန်အထိ ရန်ပွဲထဲက အဖြစ်အပျက်တွေကို ထိုင်စဉ်းစားနေခဲ့သည်။ တချိန်တည်းမှာပင် သူတော်စင်ဂိတ်က သူ့ကိုပေးတဲ့ ပြစ်ဒဏ်အကြောင်း ပြောပြခဲ့သည်။

"ငွေတုံး တစ်ထောင် ဟုတ်လား။ ကျိုးသွားတဲ့ အရိုးတွေ ဆက်ပေးရမယ် ဟုတ်လား"

ဆွန်းမို မျက်မှောင်ကြုတ်ပြီး ရုံးထဲက ထွက်လာခဲ့သည်။

အပေါက်ဝတွင် မိုင်ရာဇီအား တွေ့လိုက်ရသည်။ ဒါပေမယ့် သူတို့တစ်ယောက်နဲ့တစ်ယောက် တွေ့တာ မကြာသေးဘဲ အရမ်းလည်း မရင်းနှီးသဖြင့် လှမ်းကြည့်ပြီး နှုတ်ဆက်ရုံသာ လုပ်ခဲ့သည်။ ထို့နောက် ကူရှုပ်ရှင်းကို စောင့်ဆိုင်းနေတဲ့ အချိန်တွင် မိုင်ရာဇီက သူ့ဆီလျှောက်လာသည်။

"ဆရာ မိုင်"

ဆွန်းမိုက အနည်းငယ် အရိုအသေ ပေးလိုက်သည်။ ဒါက ကြယ်ပွင့်အဆင့်မြင့်တဲ့ မြွတ်ဆရာကိုပေးတဲ့ လေးစားမှုပါ။

“လူငယ်တွေ၊ တစ်ခါတစ်ခါ စိတ်မြန်လက်မြန် လုပ်တာလည်း ကောင်းပါတယ်”

မိုင်ရာဇီက ချီးကျူးလိုက်သည်။

‘အမ်”

ဆွန်းမို ရှုတ်တရုတ် အံ့အောသွားသည်။ ဒီအခြေအနေက ဘာလဲ။

"ရှောင်လီ လက်ကျိုးသွားတာကို ကိုင်တွယ်ဖို့ နည်းလမ်းရှိလား"

မိုင်ရာဇီက လိုရင်း တန်းသွားလိုက်သည်။ သူမက ပွင့်လင်းပြီး အဆင့်အတန်း မြင့်တဲ့လူတစ်ယောက် ဖြစ်သဖြင့် တခြားသူတွေရဲ့ အမြင် ဒါမှမဟုတ် စကားများကို နားထောင်ဖို့ စိတ်မဝင်စားပေ။

"ရှိပါတယ်"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

"အရမ်းကောင်းတယ်။ အခက်အခဲတွေ ကြုံလာရင် အကောင်းဆုံး လက်တုန့်ပြန်မှုကနေ လှုပတဲ့ရလဒ်

ထွက်လာဖို့ပဲလိုတယ်။ မင်းရဲ့ စွမ်းဆောင်ရည်ကို စောင့်မျှော်နေမယ်”

မိုင်ရာဇီ လှည့်ထွက်သွားသည်။ ဆွန်းမိုရဲ့ အေးဆေး တည်ငြိမ်တဲ့ အမူအရာကြောင့် တော်တော်လေး စိတ်ကျေနပ်သွားသည်။

ဒါက ကြီးမြတ်တဲ့ကိစ္စတွေ လုပ်နိုင်တဲ့ လူတစ်ယောက်ရဲ့ အပြုမူမျိုး ဖြစ်သည်။

ဒင်

မိုင်ရာဇီ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနီး (၁,၀၀၀)

"သူမက ငါ့ကို ကူညီပေးချင်တာလား"

ဆွန်းမို ခန့်မှန်းလိုက်သည်။

သူထင်တာ မှန်ပါသည်။ ဆွန်းမိုသာ အကူညီမဲ့နေတဲ့ အမူအရာ ဖြစ်နေလျှင် ဒါမှမဟုတ် အကူအညီတောင်းလာပါက မိုင်ရာဇီက သူ့ကို သေချာပေါက် ကူညီပေးလိမ့်မည်။

ဆွန်းမိုက မိုင်ဇီယူကို နှိပ်ပေးခဲ့လို့ မဟုတ်ဘဲ ဒီလို အဖြစ်အပျက်မျိုးကြောင့် ပါရမီရှင်တစ်ယောက်ရဲ့ စံချိန် ပျက်ဆီးသွားမှာကို သူမမြင်ချင်ပါ။

....

ကံတရား ဟိုတယ်တွင် ဟန်ကျိရှင်း တခြားသူတွေ စကားပြောဆွေးနွေးနေတာကို ထမင်းစားရင်း နားထောင်နေသည်။ တခါတလေ သူနဲ့မျက်နှာခြင်းဆိုင် ထိုင်နေတဲ့ လျှို့မှုဘိုင်ကို လှမ်းကြည့်လိုက်သေးသည်။

“အစားအသောက်ကိုပဲ အာရုံစိုက်ပါ”

လျှို့မှုဘိုင် သတိပေးလိုက်သည်။

“အင်း”

ဟန်ကျိရှင်းသည် ထမင်း အနည်းငယ် စားပြီးနောက် စိတ်မထိန်းနိုင်တော့ပဲ

"ဆရာ၊ တကယ်လို့ ဆရာဆွန်းသာ စာမေးပွဲဝင်မဖြေခဲ့ရင် ဆရာနိုင်သွားပြီလို့ ပြောလို့ရတယ်။ ဒါပေမယ့် ဒီနိုင်ပွဲက ထိုက်တန်တဲ့နိုင်ပွဲလို့ တခြားလူတွေက သတ်မှတ်ပါ့မလား"

"ထမင်းစား စမ်းပါ"

လျှိုမူဘိုင်သည် ဒီပြဿနာကို မဆွေးနွေးခြင်သဖြင့် လှမ်းဆူလိုက်သည်။ တချိန်တည်းမှာပင် ကူကယ်ရာမဲ့သွားသည်။ (ဆွန်းမို၊ မင်းက ပြဿနာရှာသမားလား။ မင်းဘယ်သွားသွား

လူတွေပြောတဲ့ အကြောင်းအရာ ဖြစ်လာအောင် ဘာဖြစ်လို့ လုပ်နေရတာလဲ)

အဓိကအချက်ကတော့ ဆွန်းမိုသည် ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲတွင် အနည်းငယ် ကျော်ကြားလာခဲ့သည်။ သာမန်လူတွေရဲ့ရန်ပွဲကို ဘယ်သူမှ ဂရုမစိုက်ပေမယ့် နာမည်ကြီးတစ်ယောက် ပါလာပြီဆိုလျှင် သတင်းပျံ့တာက အရမ်းမြန်သွားသည်။

ဒါ့အပြင် ဆွန်းမိုသည် ရန်ဖြစ်ရုံသာမက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို ဆက်တိုက်

ထုတ်လွှင့်ပြီး တဖက်သား စကားမပြောနိုင်အောင် လုပ်ခဲ့သေးသည်။ ဒါက အံ့အောဖို့ကောင်းတဲ့ လုပ်ဆောင်ချက် တစ်ခုပါ။

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကို မြတ်ဆရာတော်တော်များများသိကြသော်လည်း ဆက်တိုက် အသက်သွင်းဖို့ မဖြစ်နိုင်ပါ။ ဒါ့အပြင် အရေးအကြီးဆုံးအချက်က ဆွန်းမို အစားအသောက်ကို တန်ဖိုးထားတဲ့ ကဗျာတစ်ပုဒ်ကိုကိုးကားပြီး ရွတ်ဆိုခဲ့သည်။

ဒဿနဆန်ပြီး အဓိပ္ပါယ် ပြည့်ဝတဲ့ စာကြောင်းတချို့ကိုလည်း ပြောခဲ့သေးသည်။

အခုတော့ ဆွန်းမိုသည် တစ်မဲဆွန်း ဆိုတဲ့ နာမည်ပြောင်သာမက တစ်ခွေးဆွန်း ဆိုတဲ့ နာမည်ပြောင်ကိုလည်း ရရှိသွားသည်။ မနာလို ဖြစ်ရတာထက် လက်ခံရတာ ပိုခက်သည်။

"တရားမျှတတဲ့ တိုက်ပွဲတစ်ခု တိုက်ပြီး ဆရာက အနိုင်ယူနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဟန်ကျိရှင်းက တိုးတိုးလေး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"စိတ်မပူနဲ့။ ဆွန်းမိုရဲ့နတ်ဘုရားလက်နဲ့ဆိုရင် ရှောင်လီရဲ့ အရိုးတွေအားလုံး ကွဲသွားရင်တောင် ကုပေးနိုင်သေးတယ်"

လှျိုမူဘိုင်က ဆွန်းမိုနဲ့ တရားမျှတစွာပဲ တိုက်ခိုက်ချင်သည်။

ပြိုင်ဘက်များ ဖြစ်သော်လည်း ဆွန်းမိုရဲ့ ခွန်အားကို အသိအမှတ်ပြုသည်။

ဒင်

လှျိုမူဘိုင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး (၄၅၀/၁,၀၀၀)

....

ညစာ စားတဲ့ အချိန်.............

ကျန်ရုံနဲ့သည် မိတ်ဆွေ အသစ်တွေနဲ့စည်ကားနေပြီး စားသောက်ဆိုင်သို့ ဝင်လာခဲ့သည်။

“မင်းရဲ့ ဗဟိုပြည်နယ် အကယ်ဒမီက ဒီတစ်ကြိမ်တော့ နာမည်ကြီး နေပြီနော်”

“ဒါအမှန်ပဲ။ ‘ဗဟိုပြည်နယ်အကယ်ဒမီကို စော်ကားရင် နီးနီးဝေးဝေး သုတ်သင်ခံရမယ်’ ဘယ်လိုတောင် လွှမ်းမိုးတဲ့စကားတွေလဲ”

“ဒါနဲ့ ဆွန်းမိုရဲ့နောက်ခံကဘာလဲ။ သူက အန်ရှီဝေရဲ့ ခင်ပွန်းလောင်းလို့ ကြားထားတယ် ဟုတ်လား”

သူတို့စကားပြောနေတဲ့ အချိန်တွင် လူတွေက ကောလဟာလတွေကို နားထောင်မလို့ ပိုစုဝေးလာကြသည်။

“ငါတို့ ထမင်းအရင်စားလို့ မရဘူးလား”

ကျန်ရုံနဲ အားကိုးရာမဲ့နေသလို ခံစားနေရသည်။ ပြီးခဲ့တဲ့ နှစ်ရက်အတွင်း ဒီမေးခွန်းတွေကို မတူညီတဲ့ လူတွေဆီကနေ ခဏခဏ အမေးခံ နေရသည်။

"ဘော့စ်၊ ထမင်း အများကြီး ကျွေးမယ်"

ငွေမရှားတဲ့ လူငယ်တစ်ယောက်က အော်ဟစ်ပြီး ကျန်ရုံနဲ့ စကားပြောလာအောင် တိုက်တွန်းလိုက်သည်။

"နောက်ထပ် ဘာပြောရအုံးမှာလဲ။ ဆွန်းမိုက အရမ်းထူးချွန်တယ်။ ငါတို့ စိတ်ကူးတာထက် အများကြီး ပိုထူးချွန်တယ်"

ကျန်ရုံနဲ့က ဟက်ဟက်ပက်ပက် ရယ်ပြီး ပြောလိုက်သည်။

"ဒါ တကယ်လား"

ကျန်ရုံနဲရဲ့ အတန်းဖော်ဟောင်းနှစ်ယောက်သည် မအံ့အောပဲ မနေနိုင်တော့ချေ။ လူအိုကြီးကျန်က သူ့ကိုယ်သူ ဘယ်လောက် ဂုဏ်ယူတတ်သလဲဆိုတာ သူတို့သိသည်။ ဆွန်းမိုက ကျန်ရုံနဲကို သူ့အကြောင်း ပြောလာအောင် ဆွဲဆောင်နိုင်တာကတော့ အံ့အောစရာပါ။

တချို့လူတွေက မယုံကြပါ။ မတုန့်ပြန်ပဲ မနေနိုင်ကြတော့ပါ။

"သူ့မှာ အရည်အချင်း ရှိတယ်ဆိုရင်တောင် စာမေးပွဲဝင်ဖြေဖို့ မဖြစ်နိုင်တော့ဘူး"

ကျန်ရုံနဲက ရယ်မောလိုက်သည်။ ခေါင်းလှည့်ပြီး

"ဘာဖြစ်လို့ မဖြေနိုင်ရမှာလဲ"

"ရှောင်လီရဲ့လက်တွေ ကျိုးသွားတယ်လို့ ကြားထားတယ်။ ဆွန်းမိုက သူ့ကို ဘယ်လို ကုပေးမှာလဲ။ မကုပေးနိုင်ရင် စာမေးပွဲ ဝင်မဖြေနိုင်တော့ဘူး"

အဲဒီလူ ဝမ်းသာနေသည်။

"မင်းက ပြိုင်ဘက်တစ်ယောက် နည်းသွားပြီလို့ တွေးနေတာလား"

ကျန်ရုံနဲက မဲ့လိုက်သည်။

"စိတ်မကောင်းဘူး။ ဆွန်းမိုမှာ နတ်ဘုရားလက် ရှိတယ်။ ရှောင်လီကို သေချာပေါက်ကုပေးနိုင်တယ်။ ပြီးတော့ မင်းလိုလူက ငါ့တောင် အနိုင်မယူနိုင်ဘဲနဲ့ ဆွန်းမိုရဲ့ပြိုင်ဘက်လုပ်ဖို့ ဘယ်လို အရည်အချင်း ရှိမှာလဲ။ ဘယ်လိုတောင် အရှက်မဲ့နိုင်ရတာလဲ"

"ဟားဟား"

တခြားလူတချို့ ရယ်လိုက်ကြသည်။ ကျန်ရုံနဲ စရိုက်က ဒီလိုပဲ ဖြစ်သင့်သည်။

ကောလဟာလတွေ များလာလေလေ ရယ်ဖို့ပိုကောင်းလာလေလေ ဖြစ်နေသည်။

ဆွန်းမိုကြောင့် စာမေးပွဲဖြေဖို့ ဗဟိုပြည်နယ်အကယ်ဒမီက လာကြတဲ့ မြွတ်ဆရာများသည် အနည်းငယ် ပေါ်လွင်လာကြသည်။

ဒီအတွက်လည်း အဖြေမရှိပါ။ ဆွန်းမိုက အကြောင်းပြချက် ကောင်းကောင်းနဲ့ စကားပြောတတ်တဲ့လူပါ။ ရှောင်လီသာ ဒီစကားကိုကြားလျှင် နောက်ထပ်ရိုက်နှက်ချင်စိတ် ပေါက်နေမယ်လို့ ပရိတ်သတ်တွေက တွေးနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီက အဆင့်အတန်း နည်းနည်းလေး နိမ့်ကျနေတာ သနားဖို့ ကောင်းသည်။ နည်းနည်းလေးသာ ပိုမြင့်ရင် အဲဒီမှာ စာသင်ဖို့ လျှောက်ထားချင်ကြသည်။ ဘယ်လိုပဲပြောပြော ဆွန်းမိုက သူနဲ့ရင်းနှီးတဲ့ လူတွေကို ကာကွယ်ပေးတာ သဘောကျကြသည်။

....

နေ့ခင်းဘက်တွင် ဆွန်းမို လွတ်မြောက်လာပြီး လီဇီချီနှင့် ကူရှုပ်ရှင်းတို့ကို ခေါ်ဆောင်လာကာ ရှောင်လီရဲ့ အခန်းတံခါးကို ခေါက်လိုက်သည်။

ကလောက်

အစေခံတစ်ယောက်က တံခါးဖွင့်ပေးသည်။

ရှောင်လီ မလှုပ်နိုင်ပါ။ ဒါကြောင့် သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေက သူ့ကို စောင့်ရှောက်ဖို့အတွက် အစေခံတစ်ယောက် ယာယီ ဌားထားပေးသည်။

“မင်းက”

ဆွန်းမို ရင်ဘက်ပေါ်က ကြယ်တစ်ပွင့်တံဆိပ်ကို မြင်လိုက်လျှင် အစေခံ၏ အမူအရာ ပိုလေးစားသွားသည်။

"ငါက ဆွန်းမိုပါ။ ရောင်လီနဲ့ တွေ့ချင်လို့"

ဆွန်းမိုက ပြောလိုက်သည်။

အစေခံ ပြန်မပြောရခင် ရောင်လီက

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး ဝင်ခဲ့ပါ"

လီဇီချီနှင့် ကူရှုပ်ရှင်းတို့ အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ သူ့လေသံကို နားထောင်ရတာတော့ ဆွန်းမိုကို မမုန်းတော့တဲ့ ပုံစံ ရှိသည်။

ဆွန်းမို အခန်းထဲသို့ဝင်သွားလျှင် ကုတင်ပေါ်မှာ လဲလျောင်းနေတဲ့ ရောင်လီကို မြင်လိုက်ရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့လက်ကို တုတ်ချောင်းနှစ်ချောင်း ဘေးမှာထားပြီး ကြပ်စည်းပေးထားသည်။

သူကိုကြည့်ရတာ စိတ်ပျက်အားငယ်ပုံရသော်လည်း စိတ်ပျက်ပြီး အကူအညီမဲ့နေတဲ့ဘက် ပိုရောက်နေသည်။

လီဇီချီက လက်ဆောင်ထုပ် ချနေတုန်း ကူရှုပ်ရှင်းက ဘယ်လို စကား စပြောရင် ကောင်းမလဲဆိုပြီးတွေးကာ အနေရခက်နေသည်။ ဒါပေမယ့် ရှောင်လီက စကားစပြောလိုက်သည်။

“ဆရာကူ၊ တောင်းပန်ပါတယ်။ ဆရာဆွန်း တောင်းပန်ပါတယ်”

အခန်း(၅၃၅) - နတ်ဘုရားလက် အစွမ်း။

"အမ်"

ကူရှုပ်ရှင်း အံ့အောသွားသည်။ ဒါက ဘယ်လို လှည့်စားမှုလဲ။ သူမသည် အရင်ကတည်းက ယုတ်မာကောက်ကျစ်တဲ့ လူများကို တွေ့ဖူးထားသောကြောင့် အလွယ်တကူ မယုံကြည်သင့်မှန်း သိနေသည်။

သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းအရ လူတွေရဲ့ စရိုက်ကို ကောင်းကောင်း အကဲခတ်တတ်ဖို့

လိုအပ်သည်။ ဒါပေမယ့် လူတိုင်းတွင် ခံစားချက်နှင့် စိတ်ဆန္ဒများ ရှိကြသည်။ ကြီးကြီးမားမား အမှားမျိုး မလုပ်တတ်ကြရင်တောင် သေးငယ်တဲ့ အမှားမျိုးကတော့ အဆုံးမရှိလုပ်တတ်ကြသည်။

"ဆရာရှောင်၊ ဒီလိုလုပ်ဖို့ မလိုပါဘူး"

ဆွန်းမိုက ပြောလိုက်သည်။ သူက ရှောင်လီကို ရိုက်နှက်ပြီးသားပါ။ သင်ခန်းစာ ပေးပြီးသား ဖြစ်နေလို့ ရှောင်လီ တောင်းပန်စရာ မလိုတော့ပေ။

"မင်း မကျေနပ်ရင် မင်းဒဏ်ရာတွေ ပြန်သက်လာတဲ့အခါ ငါ့ကို စိန်ခေါ်နိုင်တယ်။ ငါဘက်က အချိန်မရွေးဘဲ"

ဒီစကားကို ကြားလိုက်လျှင် ရှောင်လီ ရှက်ရွံ့တဲ့ ပုံစံ ဖြစ်သွားသည်။

"ဆရာ ဆွန်း၊ ငါ......"

ရှောင်လီ ဘာဆက်ပြောရမလဲ မသိတော့ပေ။ သူက ဒေါသတကြီး ပြဿနာရှာခဲ့တဲ့ လူပါ။ လွန်ခဲ့တဲ့ နှစ် ၂၀ လုံးလုံး ကဲ့ရဲ့ ရှုတ်ချ

ဝေဖန်ခံခဲ့ရသဖြင့် စိတ်တွေယိုယွင်းလာပြီး ဒေါသထွက်လွယ်လာသည်။

ပြီးခဲ့တဲ့နေ့ကလည်း စာမေးပွဲ နီးလာသဖြင့် အရက်တွေ အလွန်အကျွံ သောက်ခဲ့မိသည်။ ဒါကြောင့်လည်း စောက်သုံးမကျတဲ့ ကိစ္စကို လုပ်ခဲ့မိသည်။

တွေးကြည့်လိုက်လျှင် မြတ်ဆရာဘွဲ့အတွက် အရှက်ရစရာပါ။

"ဆရာဆွန်း၊ ငါ မင်းကို အပြစ်မမြင်ပါဘူး။ ဒီကိစ္စနဲ့ ပက်သက်ပြီး သူတော်စင်ဂိတ်ရဲ့ ဆုံးဖြတ်ချက်ကို

သိပြီးသားပါ။ မင်းကို စောင့်နေတာ။ ငါတို့ ချက်ခြင်း သွားကြစို့”

ရှောင်လီ ရုန်းကန်ပြီး အိပ်ယာပေါ်က ဆင်းလိုက်သည်။

“ဒါက ငါမကောင်းလို့ ဖြစ်ခဲ့တယ်ဆိုတဲ့ အကြောင်း တရားသူကြီးတွေကို ငါပြောမယ်။ မင်းစာမေးပွဲ ဆက်ဖြေခွင့်ရအောင် သူတို့ကို ငါပြောမယ်”

ကူရှုပ်ရှင်းနှင့် လီဇီချီတို့ ရုတ်တရက် အံ့အောသွားသည်။ ဘယ်လို အလှည့်အပြောင်း ကြီးလဲ။

ဆွန်းမိုက လျှင်မြန်စွာ အရှေ့ထွက်သွားပြီး ရှောင်လီကို ဖေးမလိုက်ကာ အကဲခတ်နေသည်။

“ငါ တောင်းပန်ပါတယ်”

ရှောင်လီသည် ရှက်နေတဲ့ပုံစံနဲ့ ခေါင်းငုံ့သွားသည်။

“ဟား ဟား”

ဆွန်းမို ရုတ်တရက် ရယ်မောလိုက်ပြီး ရှောင်လီ ပုခုံးကို ပုတ်လိုက်သည်။

“မင်းတကယ် စိတ်ထဲ မရှိတော့ရင်လည်း ဒီကိစ္စကို ဒီမှာ ထားလိုက်ကြတာပေါ့ ဘယ်လိုလဲ။ ဒါပေမယ့် ငါကတော့ လုံး၀ တောင်းပန်မှာ မဟုတ်ဘူး”

"ဆရာဆွန်းက နောက်နေပြီ။ ဆွန်းမိုက ဘာဖြစ်လို့ တောင်းပန်ရမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ငါက ရန်စခဲ့တဲ့လူပဲ"

ရှောင်လီက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။

"အချိန်သိပ်မရှိတော့ဘူး။ မြန်မြန် သွားရအောင်"

"မလိုပါဘူး"

ဆွန်းမိုက ငြင်းလိုက်သည်။

"အမ်"

ရှောင်လီ အံ့အောသွားပြီး ဆွန်းမိုကို တအံ့တအော ကြည့်လိုက်သည်။

"ဒါဆို စာမေးပွဲအတွက်ကရော။ ဆွန်းမို ၊ မင်းက ကြယ်နှစ်ပွင့်အဆင့်ကို ဆက်တိုက် မတက်နိုင်ရင် ငါစိတ်မကောင်း ဖြစ်ရလိမ့်မယ်"

"ငါ မင်းကို ကူပေးမှာပေါ့"

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။

"အမ်"

ရှောင်လီ ကြောင်သွားသည်။

"သူတော်စင်ဂိတ်က ပြောထားတယ် မဟုတ်လား။ မင်းသာ စာမေးပွဲဝင်ဖြေနိုင်ရင် ငါလည်း ဝင်ဖြေနိုင်တယ်လို့ ပြောထားတယ်လေ"

ဆွန်းမိုက ရှင်းပြလိုက်သည်။

"မဟုတ်ဘူး။ ငါဆိုလိုတာက ......"

ရှောင်လီ သူ့လက်နှစ်ဖက်ကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။

"ငါက ဒီလိုဖြစ်နေပြီ ဘယ်လိုကုမလဲ"

အရွတ် ဒါမှမဟုတ် အရိုးထိခိုက်သွားရင် ကုသဖို့ အတွက် ရက်ပေါင်း ၁၀၀လောက်

အချိန်ယူရမယ်ဆိုပြီး စကားရှိသည်။ သူ့ရဲ့ ဒဏ်ရာကို ကြီးမြတ်တဲ့ ဆရာဝန်တစ်ယောက်က ကုသပေးမယ်ဆိုရင်တောင် ပြန်ကောင်းလာဖို့အတွက် အနည်းဆုံး လေး၊ ငါးရက်လောက်တော့ အချိန်ယူရမည်။

ပြီးတော့ စာမေးပွဲက နောက်နေ့ စတော့မည်။

"ဆရာရှောင် စိတ်မပူပါနဲ့။ ဆရာဆွန်း လုပ်ပေးလိုက်ရင် မင်းလက်တွေက အရင်အတိုင်း ပြန်ကောင်းလာဖို့ ငါအာမခံတယ်"

ရှောင်လီမှာ ရန်လိုစိတ် မရှိတော့တာ သိလိုက်လျှင် ကူရှုပ်ရှင်းက ပြုံးပြလာသည်။

"ငါတို့ဆရာက ချင်လင်မှာ နတ်ဘုရားလက်ဆိုပြီး ဂုဏ်သတင်း ကြီးမားတယ်"

လီဇီချီက အပြုံးချိုချိုလေးနဲ့ ပြောလိုက်သည်။

ရှောင်လီ ခတ္တလောက် ရပ်တန့်သွားပြီးနောက် ခေါင်းခါ လိုက်သည်။

" ကျိုးနေတဲ့ လက်နဲ့ အရိုးတွေ ပြန်ဆက်ဖို့အတွက် နတ်ဘုရားလက်ကို အသုံးပြုရင်တောင် ဝိညာဉ်ချီ အများကြီး စိုက်ထုတ်ရမှာ မဟုတ်လား။

စာမေးပွဲလည်း နီးနေပြီ မလိုလားတဲ့ ဆုတ်ယုတ်မှုတွေကို ရှောင်သင့်ပါတယ်။ ဒါကြောင့်လည်း ငါတို့က တရားမျှတမှုရအောင် ရှင်းပြဖို့အတွက် သူတော်စင်ဂိတ်ကို သွားရအောင်”

“ဆရာရှောင်၊ ငါက တခြားသူတွေကို မတောင်းပန်ချင်ဘူး”

ဆွန်းမိုက ထွက်သွားဖို့ လုပ်နေတဲ့ ရှောင်လီကို လှမ်းဖမ်းပြီး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှောင်လီက ဖျောင်းဖျချင်ပေမယ့် ဆွန်းမိုမျက်လုံး တစ်စုံကို မြင်ပြီး စိတ်လျှော့လိုက်သည်။ ဒါက သူ့စည်းမျဉ်းနှင့်သူ ရပ်တည်တဲ့လူမျိုး ဖြစ်သည်။

ငါက သူနဲ့နှိုင်းယှဉ်ရင် တကယ်လည်း ဘာမှမဟုတ်ဘူး။

ဒင်

ရှောင်လီ၏ လေးစားအထင်ကြီးမှု +၂၀၊ မူလ(၂၀/၁၀၀)

....

ရှောင်လီ ကုတင်ပေါ် ပြန်လှဲချလိုက်သည်။ သူ့လက်တွေပေါ်က ကြပ်စည်းထားတဲ့ တုတ်ချောင်းနဲ့ ပတ်တီးတွေကို ဖယ်လိုက်လျှင် ရောင်ရမ်းပြီး ကွေးကောက်နေတဲ့ လက်တွေ ပေါ်လာသည်။

“ငါလုပ်တာ တော်တော်လွန်သွားတာပဲ”

ဆွန်းမို ရုတ်တရုတ် စိတ်မကောင်း ဖြစ်သွားသည်။

“သူမကို ထွက်သွားခိုင်းလိုက် ရမလား”

ရှောင်လီက အသံတိုးပြီး မေးလိုက်သည်။ အစေခံလေးက နတ်ဘုရားလက် အသုံးပြုမှု မြင်သွားမှာကို သူစိုးရိမ်နေသည်။

"မလိုပါဘူး"

အစေခံလေးသာ ထွက်သွားလျှင် လေးစားအထင်ကြီးမှုအမှတ် အများကြီးရမည့် အခွင့်အရေး ဆုံးရှုံးသွားမည်။ ဒါ့အပြင် ဒါကလည်း လူမြင်ကွင်းမှာ အသုံးပြုခဲ့တာ တစ်ကြိမ်၊ နှစ်ကြိမ် မကတော့ပေ။

အလွယ်တကူ သင်ယူနိုင်နေရင် နတ်ဘုရားစွမ်းရည်က တန်ဖိုးမရှိ ဖြစ်သွားမည်။

"ဒါဆိုလည်း ဆရာဆွန်းကို ဒုက္ခပေးရတော့မယ်"

ရှောင်လီက ဆွန်းမိုကို အနေရခက်နေတဲ့ အမူအရာနဲ့ ကြည့်ပြီး တောင်းပန်လိုက်သည်။

"ဆရာဆွန်း၊ ငါ့ကို စိတ်မဆိုးပါနဲ့။ ငါမှားသွားပါတယ်။ ဒါပေမယ့် နောက်ကျရင် ဒီသင်ခန်းစာကို မှတ်ထားပါ့မယ်"

"ငါစတော့မယ်နော်"

ဆွန်းမိုက ရှောင်လီ၏ ဘယ်ဘက်လက်မောင်းရဲ့ အစိတ်အပိုင်းများကို စနှိပ်လိုက်သည်။ အရိုးကျိုးနေတဲ့ နေရာကို အရင်ရှာဖွေလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တချိန်တည်းမှာပင် ပိုပြီး အသေးစိတ်မြင်ရအောင် နတ်ဘုရားမျက်စိအာရုံကို အသုံးပြုလိုက်သည်။

ရှေ့ဟောင်းလောကနတ် ကျင့်စဉ်သည် တိုက်ခိုက်ရေးနည်းစနစ် မဟုတ်သော်လည်း အားနည်းခြင်း မရှိပေ။ အမိန့်ဆယ်ရှစ်ခု တိုက်ခိုက်ခြင်းသည် ရှောင်လီရဲ့ အရိုးကို ချိုးလိုက်ရုံသာမက စွမ်းအင်လမ်းကြောင်းများကိုပါ ဖျက်ဆီးပစ်ခဲ့သည်။ လက်ရှိ ကျိုးနေတဲ့အရိုးများကို ကုသပေးလိုက်ရုံနဲ့ အပြည့်အဝ ပြန်ကောင်းလာမှာ မဟုတ်ပေ။

ဆွန်းမိုက ကုသရေးလုပ်ငန်းစဉ်ကို လျှင်မြန်စွာ လုပ်ဆောင်နေသည်။ ကျိုးနေတဲ့ အရိုးတွေကို ကုသပေးဖို့အတွက် အရိုးအထိုင်ချခြင်း နည်းစနစ်ကို အရင်ဆုံး အသုံးပြုလိုက်သည်။ ထို့နောက် စွမ်းအင်လမ်းကြောင်းများကို ကုသရန်အတွက် လည်ပတ်ခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။

ဆွန်းမို လက်ချောင်းများနဲ့ စတင်နှိပ်လိုက်တဲ့ အချိန်တွင် ရှောင်လီသည် သက်တောင့်သက်သာဖြစ်တဲ့ ခံစားချက်ကို ချက်ခြင်း ရလိုက်သည်။

အရင်တုန်းကလည်း အနှိပ်ခံဖူးပေမယ့် နာကျင်ပြီး ယားတာ ဒါမှမဟုတ် အနည်းငယ်ပွန်းခြင်း နှင့် ထုံကျင်ကျင် ဖြစ်တာမျိုးပဲ ခံစားဖူးသည်။ ဒီခံစားချက်တွေက ဘယ်လိုကြီးမှန်း မသိအောင် ဖြစ်ခဲ့ရသည်။ ဒါပေမယ့် ဆွန်းမိုနှိပ်ပေးနေတဲ့ အချိန်မှာတော့ လုံးဝကို သက်တောင့်သက်သာ ရှိလွန်းသည်။

ဒီခံစားချက်က လူကို တကယ်ယစ်မူးစေသည်။

အစေခံက ဘာမှမပြောဘဲ တလေးတစား ရပ်ကြည့်နေသည်။ ဒါပေမယ့် မြတ်ဆရာတွေကြားမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြောဆိုနေကြတဲ့ စကားအနည်းငယ်ကိုတော့ သူမ နားလည်သည်။ ထို့နောက် မျက်လုံးလေး ပေကလတ်ပေကလတ် ဖြစ်သွားသည်။ (လက်ကို ချက်ခြင်းပြန်ကောင်းအောင် ကုချင်တာလား အိပ်မက်ထဲမှာတောင် ဒီလောက်မြန်မှာ မဟုတ်ဘူး)

(နတ်ဘုရားလက် ဟုတ်လား။ အဆုံးမရှိ ကြွားနေကြတာပဲ။ ဒါပေမယ့် ဒီလူရဲ့ လက်ချောင်းတွေက ရှည်ပြီး တကယ် ကြည့်ကောင်းတာပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစေခံလေးသည် ကြိုးစားတဲ့လူဖြစ်ပြီး အရှေ့သို့ တိတ်တိတ်လေး လှမ်းလာသည်။ သူမ မျက်လုံး ကျယ်ကျယ်ဖွင့်ထားပြီး ဆွန်းမိုဆီက တိတ်တဆိတ် သင်ယူနေသည်။ ဒါပမယ့်လည်း နောက်ထပ် အခိုက်အတန့်မှာ သူ့လက်မောင်းကနေ ဝိညာဉ်ချီ အများအပြား စိမ့်ထွက်လာတာ မြင်လိုက်ရသည်။ ပြီးနောက် ဝိညာဉ်ချီတွေက စုစည်းကာ အမျိုးသားတစ်ယောက်ပုံစံ ရုတ်တရုတ် ဖြစ်ပေါ်လာသည်။

ဝုန်း ကလုန်း

အစေခံလည်း အရမ်းလန့်ဖြန့်သွားပြီး အနောက်သို့ ကမန်းကတန်း ဆုတ်သွားသည်။

ဘုရားရေ။

ဒါက ဘာကြီးလဲ။

"အမ်"

ရှောင်လီလည်း ဂျင်းနီပုံစံကို မြင်ပြီး အရမ်းအံ့အောသင့်နေသည်။ တိုက်ခိုက်ဖို့ လက်သီး ထိုးချင်စိတ်ကို မထိန်းနိုင်ချေ။ ဒါက အလိုလို ကာကွယ်တတ်တဲ့ ဗီဇပါ။

"မစိုးရိမ်နဲ့"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

ရှောင်လီ မကြောက်တော့ပါ။ ဂျင်းနီ နိုပ်ပေးတဲ့အခါမှတော့ ပိုတောင် သက်တောင့်သက်သာ ရှိလာသည်။ သူ့စိတ်ထဲမှာ ကောင်းကင် ပြာပြာကြီးနဲ့ တိမ်ဖြူတွေပဲ ရှိတော့သည်။

ရှောင်လီသည် နွားကျောင်းရင်း ၊ ထင်းခုတ်ရင်း၊ တောင်တစ်ဝိုက်မှာ ပြေးလွှားနေခဲ့တဲ့ ငယ်စဉ် ကလေးဘဝကို ပြန်ရောက်သွားသလို ခံစားနေရသည်။ မကြာခဏ ဗိုက်ဆာတာကလွဲလျှင် ကလေးဘဝက တော်တော်လေး သာယာသည်။

အတားအဆီးတွေ၊ အဆင်မပြေမှုတွေ ပြည့်နှက်နေတဲ့ ဘဝနဲ့ မတူပေ။

နာရီဝက်လောက် ကြာတော့ ကုသမှုလည်း ပြီးဆုံးသွားသည်။

ဂျင်းနီလည်း ပျောက်ကွယ်သွားသည်။

"ဆရာရှောင်၊ ဆရာရှောင်၊ ထတော့၊ ပြီးသွားပြီ"

ကူရှုပ်ရှင်းက ရှောင်လီကို လှုပ်နှိုးနေစဉ် ဆွန်းမိုက လက်ဆေးဖို့ ထွက်သွားသည်။

"ဟမ်၊ ငါဘယ်ရောက်နေတာလဲ"

ရှောင်လီသည် အရမ်းဇိမ်ကျနေသဖြင့် အိပ်ပျော်သွားခဲ့ပြီး မျက်လုံးတွေ ပွတ်သပ်နေသည်။

"အမ်"

အစေခံလေးက တစ္ဆေတစ်ကောင်ကို မြင်လိုက်တဲ့ အလား အလန့်တကြား ထအော်သည်။

"မင်းလက်မောင်း......"

"ငါ့လက် ဟုတ်လား"

ရှောင်လီက အမှတ်တမဲ့နဲ့လက်ဆန့်ပြီး ကြည့်လိုက်သည်။ ဘာမှ မမှားပါဘူး။ ငါ့လက်ပဲလေ။ ပြီးတော့မှ ကြောင် အ သွားသည်။ သူမှတ်မိတာ

မမှားရင် မအိပ်ခင်တုန်းက ဒီလောက်ရောင်ရမ်းပြီး အရိုးကျိုးနေတာလေ။ အခုကဘာဖြစ်လို့ ပုံမှန်ဖြစ်နေရတာလဲ။

ရှောင်လီက လက်ချောင်းတွေကို ကစားကြည့်ပြီး လက်သီး ထိုးကြည့်လိုက်သည်။ နာကျင်မှု လုံးဝမရှိပေ။

"အမှန်ပဲ၊ နတ်ဘုရားလက်....."

ရှောင်လီ သဘောပေါက်သွားပြီး ဆွန်းမိုကို တအံ့တအော ကြည့်လိုက်သည်။ ဒီအခိုက်အတန့်တွင် သူ့မျက်နှာမှာ မယုံနိုင်မှုများနဲ့ ပြည့်နှက်နေသည်။

ဒါက လူသားတွေ လုပ်နိုင်လို့လား။

“အခု မင်းလက်တွေ ကောင်းနေပြီ”

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

ရှောင်လီက ဘာမှမပြောပေမယ့် ဆွန်းမို စနစ်ဆီက အကြောင်းကြားချက် ကြားနေရသည်။

ဒင်

ရှောင်လီ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရင်းနှီး(၅၂၀/၁,၀၀၀)

ရှေ့ဟောင်းအနိုပ်ပညာရဲ့ အစွမ်းထက်မှုကြောင့် လုံးဝကို မှင်တက်အံ့အော နေသည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

ဂျင်းနီ ပျောက်သွားတာနဲ့ အစေခံလေးသည် သတ္တိမွေးပြီး အရှေ့သို့ တက်လာသည်။ ရှောင်လီရဲ့ လက်တွေကို မယုံကြည်နိုင်စွာ ငေးကြည့်နေသည်။

ရှောင်လီ ဒဏ်ရာတွေကို ဆေးလိမ်းပေးနေခဲ့သဖြင့် ဒီဒဏ်ရာတွေက ဘယ်လောက် ပြင်းထန်လည်း သူမ သိနေခဲ့သည်။ အခု ပြန်ကောင်းသွားပြီလို့ တွေးရမှာလား။

သူမ နားမလည်နိုင်ပေ။

ထို့နောက် အစေခံလေးရဲ့ နှလုံးသားထဲတွင် တော်တော်လေး နောင်တရနေသည်။

(တောက်၊ ဘာဖြစ်လို့ မမှတ်မိရတာလဲ။ သင်ယူနိုင်လျှင် တစ်သက်လုံး အသက်မွေးဝမ်းကြောင်းအတွက် စိတ်မပူရတော့ဘူး)

သိပ်မကြာခင် အစေခံလေး နားလည်လာသည်။ ဒါက မြတ်ဆရာတစ်ယောက်ရဲ့ နတ်ဘုရား စွမ်းရည်တစ်ခုပါ။ ဒီလူငယ်လေးက သူမကို

တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးရင်တောင် သူမ ဒါကို သင်နိုင်မှာ မဟုတ်ပေ။

"ငါက သာမန်လူတစ်ယောက်ပဲလေ"

အစေခံက သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။

ဒင်

အစေခံ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား(၁,၀၀၀/၁၀,၀၀၀)

ထို့နောက် အစေခံသည် စကားပြောဖို့ တုန့်ဆိုင်းသွားသည်။ ရှောင်လီက လုံး၀ ပြန်ကောင်းလာပြီဆိုတော့ သူ့ကို

စောင့်ရှောက်ဖို့အတွက် အစေခံ မလိုတော့တာ သိသာနေပြီ။ ဒါဆိုရင် သူတို့ သဘောတူထားတဲ့ လစာက.......

“ဇီချီ၊ သူမကို ငွေတုံး ၂၀၀ ပေးလိုက်ပါ”

ဆွန်းမိုက ညွှန်ကြားလိုက်သည်။

“အမ၊ ဒါကို ယူလိုက်ပါ”

လီဇီချီက သူမ ပိုက်ဆံအိတ်ကို ဖွင့်ပြီး ငွေစက္ကူတစ်ရွက် ထုတ်ပေးလိုက်သည်။

“အရမ်းများတယ်။ အရမ်းများတယ်”

အစေခံက ကျိုးနွံစွာ ပြောနေသော်လည်း သူမလက်က မထိန်းနိုင်အောင် တုန်ယင်နေသည်။ ဒါက ငွေတုံး ၂၀၀ ပါ။ သူမတို့ မိသားစု တစ်နှစ်ခွဲလောက် စားသောက်ဖို့ လုံလောက်သည်။

“အဲဒီလို အလုပ်ပါနဲ့ ၊ ငါကပဲ လစာ ပေးသင့်ပါတယ်”

ရှောင်လီက သူ့ပိုက်ဆံအိတ်ကို လှမ်းယူရန် ထလိုက်ပြီးနောက် လက်တွေ တကယ် ကောင်းနေပြီဆိုတာ သိလိုက်ရသည်။ ဒါပေမယ့် နောက်ပိုင်းတွင် စတင်ပြီး နောင်တရလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုတော့ လက်တွေ ပြန်ကောင်းသွားပြီ ဒါဆို နောက်ထပ် အနှိပ်မခံရတော့ပေ။

အင်း

တော်တော်လေး နှောင်တရနေသည်။

ဒီအချိန်တွင် ရှောင်လီသည် ဆွန်းမိုက သူ့လက်ကို နောက်တစ်ခါကြီး ပြန်ချိုးစေချင်တဲ့စိတ် တကယ်ဖြစ်ပေါ်နေသည်။

"ငါတို့အားလုံးက ဆရာတွေပါ။ ဒီလောက်ပိုက်ဆံလေးနဲ့ ပြောနေစရာ မလိုပါဘူး"

ဆွန်းမိုက ရှောင်လီကို ကျောခိုင်းလိုက်သည်.

“ဒါပေမယ့် ဆရာရှောင်၊ မင်း အရမ်း စိတ်ဓါတ်ကျနေတဲ့ ပုံပဲ။ ဒီအတိုင်း သွားရင်တော့ စာမေးပွဲ မအောင်နိုင်ဘူး ထင်တယ်နော်”

“ဟား ဟား”

ရှောင်လီက ကို့ကိုယ်ကို လှောင်ရယ်လိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ

“ဒီလို ပြောရတာတော့ ရှက်ပါတယ်။ ဒါပေမယ့် ဆွန်းမိုရဲ့ ကြိုးစားအားထုတ်မှု အလကား ဖြစ်သွားနိုင်တယ်”

လီဇီချီက မျက်လုံးလေး စွေပြီးမေးလိုက်သည်။

"ဆရာရှောင်၊ မင်းစာမေးပွဲဝင်မဖြေတော့ဘူးလား"

"အင်း"

ရှောင်လီက ခေါင်းညိတ်လိုက်သည်။

"စာမေးပွဲရဲ့ ခက်ခဲမှုကို မေ့ထားလိုက်အုံး ငါ့ရဲ့ပုံစံနဲ့ စာမေးပွဲဖြေဖို့ မသင့်တော်ဘူး။ ငါဖြေခဲ့ရင်လည်း ကျမှာပဲ"

"နောက်တစ်နှစ် ထပ်စောင့်ရင်လည်း အများကြီး ပြောင်းသွားမှာ မဟုတ်ဘူး"

ကူရှုပ်ရှင်းက ဆွန်းမိုကို တစ်ချက်ခိုးကြည့်ပြီး သက်ပြင်းချလိုက်သည်။ သူမက ပဋိပက္ခ ဖြစ်ပြီးတာနဲ့ ရှောင်လီရဲ့အခြေအနေကို သိအောင် စုံစမ်းခဲ့သည်။ သူမက ရှောင်လီ ကျရှုံးခဲ့တဲ့ အကြိမ်အရေအတွက်ကို သိနေခဲ့သည်။ နောက်တစ်ကြိမ် ထပ်ကျလိုက်တာနဲ့ ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဘယ်တော့မှ ဖြစ်တော့မှာ မဟုတ်ပေ။

ကူရှုပ်ရှင်းကလည်း ရှောင်လီကို ဒေါသပြေသွားအောင် နောက်တစ်နှစ်ကြာမှပဲ

ပြန်ဖြေစေချင်ပါသည်။ ဒါပေမယ့် ဆွန်းမို ဘာဖြစ်သွားမလဲ။

အနည်းငယ် စိုးရိမ်သွားသည်။ ရှောင်လီက လက်လျှော့ချင်နေပုံ ရသည်။

"မထူးခြားတော့ပါဘူး"

ရှောင်လီက ကို့ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်ပြီး နှာခေါင်းကို ပွတ်လိုက်သည်။

"ငါက မြွတ်ဆရာအလုပ်ကို စွန့်လွှတ်ဖို့ စီစဉ်နေပါတယ်။ ငါ ကျေးလက်သွားပြီး နွားတစ်အုပ်ဝယ်ကာ နွားကျောင်းနေတော့မယ်"

အခန်း(၅၃၆ - က) - ငါ ကြယ်သုံးပွင့်မြတ်ဆရာဖြစ်သွားရင် မင်းဆီလာပြီး လက်ထပ်မယ်

လီဇီချီသည် မျက်လုံး ပေကလတ်ပေကလတ် လုပ်နေပြီး ဆွံ့အစွာ ကြည့်နေသည်။

(နတ်ဘုရား ခွန်အားနယ်ပယ်နဲ့ နွားကျောင်းသား ဟုတ်လား။ မင်းက ရယ်စရာကောင်းလိုက်တာ။ မင်းအိမ်မှာ မိုင်းရှိလို့လား။ မင်းအရည်အချင်းတွေကို ဘာဖြစ်လို့ ဒီလို ဖြုန်းတီးနေတာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(လောကီဘဝရဲ့ အနှစ်သာရကို နားလည်သွားလို့လား။ ဉာဏ်အလင်းပွင့်တဲ့ ကျွမ်းကျင်သူတွေက ဒီလိုပုံလို့တော့ ကြားဖူးတယ်။ လောကီကိစ္စ အဝဝကို လွှတ်ချပြီး သဘာဝအတိုင်း နေထိုင်ကာ တာအိုကျင့်ကြံဖို့ ကြိုးစားကြတယ်)

"ငါ စဉ်းစားပြီးသွားပြီ။ ငါ ကျေးလက်ကို သွားပြီးတော့ ကိုယ်ပိုင်ဆရာလုပ်ရင်း နွားကျောင်းပြီး ကလေးတွေကို စကားလုံးတွေ သင်ပေးမယ်။ ကျေးလက်မှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်မယ်။ ဒါက တော်တော်လေး ကောင်းမှာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှောင်လီက နှုတ်ခမ်းတွေ ကွေးတဲ့အထိ ပြုံးနေသည်။ ဒီလိုဘဝမျိုးကို တကယ် တောင်းတမိသည်။

"ဒါကို မင်းလက်ခံနိုင်ပါ့မလား"

ဆွန်းမိုက မေးလိုက်သည်။

"မလက်ခံနိုင်လည်း ဘာလုပ်ရမလဲ"

ရှောင်လီက မေးလိုက်သည်။

"အရေးအကြီးဆုံးက ကိုယ့်ကိုယ်ကို ရှင်းရှင်းလင်းလင်း သိဖို့ပဲ။ ဒါမှပဲ လမ်းကြောင်း အမှန်ကို ရှာတွေ့လိမ့်မယ်"

ဝူရှံ့

ရှောင်လီ ကိုယ်ကနေ ရွှေရောင်အလင်းများ ဖြာထွက်လာသည်။ ထို့နောက် ချက်ခြင်း လင်းထိန်သွားသည်။

“..........”

ကူရှုပ်ရှင်း ဆွံ့အနေသည်။ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်က ဘာဖြစ်လို့ ရုတ်တရက် ထွက်လာရတာလဲ။ ဒီကောင်က ဒီအရာတွေကို မြင်ပြီး သူ့ကံတရားကို လက်ခံလိုက်တဲ့ပုံပဲ။

"မင်းပြောတာ မမှားပေမယ့် ကို့ကိုယ်ကို ရှင်းရှင်းလင်းလင်း သိပြီလား"

ဆွန်မိုလည်း မြတ်ဆရာအရှိန်အဝါ လွှမ်းမိုးခံရပြီး ရှောင်လီကို ယုံကြည်လုနီးပါး ဖြစ်သွားသည်။ ဒါပေမယ့် သူလက်မခံနိုင်တဲ့အရာတွေ ရှိသေးသည်။

"ဒါ့အပြင် မင်းမှာရှိရင်တောင် ဒီဘက်ကို ဦးလှည့်မှာဘဲလား။ ငါကတော့ ကျရှုံးမယ်ဆိုရင်တောင် မြတ်ဆရာလမ်းစဉ်ကို ဆက်လျှောက်မယ်။ ဒါက ငါ့စိတ်ဆန္ဒဖြစ်ပြီး ငါသေသွားရင်တောင် ဆက်ပြီး ကာကွယ် နေအုံးမယ်"

"ကာကွယ်မယ်...............သေခဲ့ရင်တောင်....."

ဒီစကားကို ကြားတော့ ရှောင်လီ တုန်လှုပ်သွားသည်။

"မေးပါရစေအုံး။ မင်းစာမေးပွဲကို လက်လျှော့လိုက်ရင် မင်းကျောင်းသားတွေ ဘာဖြစ်သွားမလဲ။ သူတို့က မင်းကို နှစ်တော်တော်ကြာအောင် ယုံကြည်ပေးထားတယ်။ ဒါပေမယ့် သူတို့ရဲ့ အရည်အချင်းကို ပြသခွင့် မရခဲ့ဘူး။ ဒါကို မင်းလက်ခံနိုင်လို့လား"

ဆွန်းမို ဆက်မေးလိုက်သည်။

"ဒါကို ငါစဉ်းစားထားပြီးပြီ။ သူတို့ကို ငါ့ရဲ့ အရင်းနီးဆုံး သူငယ်ချင်း တစ်ယောက်ဆီမှာ အပ်ခဲ့မယ်။ သူကလည်း မြတ်ဆရာတစ်ယောက်ပါ"

ရှောင်လီက ရှင်းပြလိုက်သည်။

"တစ်ယောက်နဲ့တစ်ယောက် ရင်းနီးကျွမ်းဝင်လာအောင် ဆရာနဲ့ ကျောင်းသားတွေက အချိန်တစ်ခု ဖြတ်သန်းဖို့လိုတယ်။ အနည်းဆုံး လအနည်းငယ်ကနေ နှစ်ပေါင်းများစွာ ကြာတတ်တယ်။ အချိန်ကုန်သွားတာကို ဘယ်သူက

တာဝန်ယူမလဲ။ မင်းရဲ့ တပြည့်တွေကို ဆရာအသစ်က မကြိုက်ရင် ဘယ်လိုလုပ်မလဲ”

ဆွန်းမိုက နောက်ထပ် ဖြစ်နိုင်ခြေ တစ်ခုကို ဖော်ထုတ်လိုက်သည်။

ရှောင်လီ မျက်မှောင်ကြုတ်သွားသည်။

“နောက်ဆုံးမှာ မင်းက နတ်ဘုရားခွန်အား အဆင့်(၉) ကျွမ်းကျင်သူလည်း ဟုတ်တယ်။ ဒီအဆင့်အထိရောက်ဖို့ သွေးတွေ၊ ချွေးတွေ ဘယ်လောက်ထိ ပေးဆပ်ခဲ့ရလဲ။ မြတ်ဆရာတစ်ယောက်ဘွဲ့ မရှိရင်တောင် လူတွေကို

ဆက်သင်ပေးနေလို့ ရတယ်။ နွားသွားကျောင်းဖို့ ဟုတ်လား။ ကလေးတွေကို စကားလုံးမှတ်မိအောင် သင်ပေးဖို့ ဟုတ်လား။ မင်းရဲ့ အသိပညာကတော့ ငိုတော့မှာပဲ”

ဆွန်းမိုစကားတွေက နားမကြားသူကို နှိုးဆွပြီး ညအမှောင်ကို လင်းစေသလို ရှောင်လီအား အံ့အောသွားစေသည်။

“ငါပဲ မှားနေတာ ဖြစ်မလား”

ရှောင်လီ တိုးတိုးလေး ရေရွတ်လိုက်သည်။

ဆွန်းမိုက ရှောင်လီကို အတွေးထဲခဏလောက် နစ်မြုပ်ခွင့် ပေးထားပြီး

"ဆရာရှောင် သတိထားမိလား။ မင်းစိတ်တွေ မတည်ငြိမ်ဘူး။ ဒါကမင်းရဲ့ အကြီးဆုံးပြဿနာပဲ"

"အမ်"

ရှောင်လီ အံ့အောသွားသည်။

"မင်းက ကျရှုံးမှုတွေ များလာတော့ စိတ်ထိခိုက်လွယ်လာတယ်၊ စိတ်မငြိမ်တာတွေ ဖြစ်လာတယ်၊ ကိုယ့်ကိုယ်ကို သံသယ ဝင်နေတယ်။ ဒါကြောင့်လည်း ကိုယ့်ကိုယ်ကို ငြင်းဆန်နေတာပေါ့။

ဒါကို မင်းမခံစားမိပေမယ့် စာမေးပွဲမှာ သေချာပေါက် ကျနေပြီလို့ တွေးနေပြီ။ ဒါကြောင့်လည်း မင်းက အသုံးမကျတဲ့အရာတွေ အများကြီး လုပ်ခဲ့မိတာပေါ့”

“မင်းရဲ့ လက်ခံမှု၊ မင်းရဲ့လက်လျှော့မှုက ကို့ကိုယ်ကို နှစ်သိမ့်နေတာ။ မင်းနှလုံးသားကို မင်းပြန်မေးကြည့်အုံး”

ဆွန်းမိုက လက်ဆန့်ပြီး ရှောင်လီရဲ့ ဘယ်ဘက်ရင်အုံကို ခပ်ပြင်းပြင်းလေး ထိုးလိုက်သည်။

“အရှုံးမပေးချင်ဘူး မဟုတ်လား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှောင်လီမျက်နှာပေါ်တွင် နာကျင်တဲ့အမူအရာဖြစ်လာကာ နှုတ်ခမ်းကိုက်လိုက်သည်။ ခန္ဓာကိုယ်တုန်ယင်နေပြီး လက်သီး ဖြည်းဖြည်းခြင်းဆုပ်လိုက်သည်။ ဆွန်းမိုက သူ့ရည်ရွယ်ချက်အမှန်ကိုမြင်နေသည်။

(ဘယ်သူက အရှုံးပေးချင်မှာလဲ။ ကြယ်သုံးပွင့်မြတ်ဆရာလည်း ဖြစ်ချင်တယ်။ သူတော်စင်လည်းဖြစ်ချင်တယ်။ တစ်ကမ္ဘာလုံးမှာ သူ့တပြည့်တွေ ရှိပြီးကျော်ကြားလာဖို့လည်း စိတ်ကူးခဲ့ဖူးတယ်)

အား

ရှောင်လီက ကျယ်လောင်စွာ အော်ဟာစ်လိုက်သည်။ ရုတ်တရက် လက်ကိုမြှောက်ပြီး ခေါင်းကို ပြန်ရိုက်လိုက်သည်။

မေ့မရနိုင်တဲ့ အတိတ်တွေက ခေါင်းထဲမှာ လွင့်ပြန့်နေသည်။

“ငါ ကြယ်သုံးပွင့်မြတ်ဆရာ ဖြစ်ပြီးရင် မင်းဆီကို လက်ထပ်ဖို့လာခဲ့မယ်”

စိတ်အား ထက်သန်နေတဲ့ ကောင်လေးတစ်ယောက်သည် တောက်ပတဲ့ နေရောင်အောက်တွင် နွားကြီးစီးပြီး လယ်ကွင်းထဲက

မိန်းမပျိုလေးကို ကျယ်လောင်စွာ လှမ်းအော်ပြောလိုက်သည်။

လူငယ်အတွက် ကြယ်တစ်ပွင့် မြတ်ဆရာက ဖော်ပြဖို့တောင် မထိုက်တန်ပေ။ ကြယ်နှစ်ပွင့်ဆို ပုံမှန်သာဖြစ်သည်။ ကြယ်သုံးပွင့်ဖြစ်မှသာ သူမအတွက် ဂုဏ်ကျက်သရေ ဆောင်ကျဉ်းပေးနိုင်ပြီး အိမ်နီးချင်းတွေကလည်း သူမကို မနာလိုဖြစ်စေလိမ့်မည်။

သူထွက်လာတာ နှစ် ၂၀ သာ ကြာသွားခဲ့သည်။

ကြယ် ၂ ပွင့် မြတ်ဆရာစာမေးပွဲကို ဆက်တိုက် ကျရှုံးပြီးနောက် လူငယ်လေးသည် မွေးရပ်မြေကို တိတ်တိတ်လေး ပြန်လာခဲ့သည်။ အဲဒီ မိန်မပျိုလေးကိုလည်း သူမြင်ခဲ့သည်။ သူမက ငယ်ရွယ်သေးသော်လည်း လယ်ကွင်းတွေထဲမှာ ဆက်လက်လုပ်ကိုင်ရင်း သူ့ကို စောင့်မျှော် နေခဲ့ရှာသည်။

လူငယ်လေးက သူမမတွေ့အောင် ရပ်ကြည့်နေခဲ့သည်။ မျက်ဝန်းထဲမှာလည်း မျက်ရည်တွေ ဝဲနေခဲ့ပြီး အရမ်းအသုံးမကျတဲ့အတွက်

သူ့ကိုယ်သူလည်း မုန်းနေသည်။ မိန်းမတစ်ယောက် အနေနဲ့ သူမက အသက်ကြီးနေပြီ။ လက်ထပ်လို့ မရတော့ဘူးလို့လည်း ကောလဟာလတွေ ထွက်နေခဲ့သည်။

ထို့နောက် လူငယ်လေးက ဂျောင်မြို့သို့ ပြန်လာခဲ့သည်။ သူက ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်ကိုဖြစ်လာပြီး သူမကို လူတိုင်းရဲ့အရှေ့မှာ ကြီးမြတ်တဲ့ကျက်သရေနဲ့ လက်ထပ်နိုင်ရမယ်လို့ ကျိန်ဆိုခဲ့သည်။

သို့သော်လည်း ကံကြမ္မာက အသဲနှလုံးမရှိတဲ့ တောခွေးတစ်ကောင်လို လူငယ်လေးရဲ့ မျှော်လင့်ချက်အား တစစီ ကိုက်ချေခဲ့သည်။

သူက ထပ်ပြီး ကျရှုံးခဲ့သည်။

စိတ်ဓါတ်မြင့်မားစွာ ကမ္ဘာကြီးကို အနိုင်ယူမယ်လို့ ကြွေးကြော်ခဲ့တဲ့ လူငယ်လေးသည် အသက်လေးဆယ်ကျော် အရှုံးသမားတစ်ယောက် ဖြစ်လာခဲ့သည်။ မွေးရပ်မြေကိုလည်း မပြန်ရဲခဲ့ပေ။ ကောင်မလေး ပေးခဲ့တဲ့ သစ်သားဓါးလေးကိုလည်း

ဝှက်ထားခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ ကြည့်မိတိုင်း ငိုချင်လာသည်။

ကောင်မလေးကလည်း အမျိုးသမီးလေး တစ်ယောက် ဖြစ်လာခဲ့သည်။ သူမက နောက်ဆုံးတွင် အဘွားကြီး တစ်ယောက် ဖြစ်လာတော့မည်။ မိန်းမတစ်ယောက်အတွက် အသက်လေးဆယ်ဆိုတာ ဘယ်လိုလဲ။

“အီးဟီးဟီး၊ ငါလည်း ဒီလိုမျိုးတွေ မဖြစ်ချင်ခဲ့ဘူး”

ရှောင်လီမျက်ရည်တွေ ကျလာပြီး ခေါင်းက သွေးထွက်တဲ့အထိ ခေါင်းနဲ့နံရံကို ပိတ်တိုက်နေခဲ့သည်။

အစေခံက ကြောက်လန့်တကြား ပြေးဆွဲနေသည်။ ကူရှုပ်ရှင်းနှင့် လီဇီချီတို့လည်း ရုတ်တရက် အံ့အောသွားကာ သူသေသွားရင် ဘယ်သူ တာဝန်ယူမလဲ။

ဆွန်းမိုက ရှောင်လီကိုကြည့်ပြီး လေသံက ကြမ်းတမ်းလာသည်။

“မင်းစိတ်ထဲမှာ ဘယ်လောက် ဝမ်းနည်းပူဆွေးနေလဲဆိုတာ ငါဂရုမစိုက်ဘူး။ မင်းကို ဘယ်သူတွေက နှိမ့်ချခဲ့သလဲဆိုတာ ငါဂရုမစိုက်ဘူး။ ရှောင်ပြေးခြင်းက ပြဿနာတွေကို ဖြေရှင်းလို့မရဘူးဆိုတာပဲ ငါပြောချင်တယ်။ ပြဿနာပိုခက်လာတာပဲ ရှိမယ်”

ကူရှုပ်ရှင်းနှင့် လီဇီချီတို့လည်း သက်ပြင်းချလိုက်သည်။ ရှောင်လီတွင် ဇာတ်လမ်းတစ်ခုရှိတာ သိသာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာရှောင်၊ ငါတို့ ဆက်ဆံရေးက သဘောထားကွဲလွဲစရာ မရှိသလို ညီညွတ်စရာလည်း မရှိဘူးလို့ ယူဆပါတယ်။ နောက်ဆုံးအနေနဲ့ ကို့ကိုယ်ကို အားပေးဖို့ ရွတ်ဆိုတတ်တဲ့ကဗျာလေး တစ်ပုဒ် ရွတ်ပြမယ်”

(အနောက်လေပြင်း တိုက်ခတ်နေပြီး နှင်းခဲတွေလည်း ခဲနေသည်။ နှင်းကျတဲ့ ကောင်းကင်မှာ ငှက်ရိုင်းတွေလည်း အော်ညည်းနေတယ်။

နောက်ဖက် မနက်ခင်းမှာ သာတဲ့လ။

စည်းချက်မညီတဲ့ မြင်းခွာသံတွေနဲ့ အသံနက်ကြီး မြည်ဟီးနေတဲ့ စစ်ဟွန်းသံ။

ကြီးမြတ်တဲ့ လူလျှောင် တောင်ကြားက သံပြားတစ်ခုလို မာကြောတယ်လို့ ပြောခဲ့ကြတယ်။ အောက်ခြေကနေစပြီး ထိပ်ဆုံးအထိ ရွတ်ရွတ်ချွံချွံ ခုခံခဲ့ကြတယ်။

အစကနေ ကြိုးစားခဲ့တယ်။

သမုဒ္ဒရာ လှိုင်းလုံးတွေလို ဖြစ်နေတဲ့ တောင်တန်းပေါ်မှာ အရာအားလုံးကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွေးရောင်လွှမ်းနေပြီး နေလုံးကြီး အနီရောင်တောက်နေခဲ့တယ်)

ဆွန်းမိုက ကဗျားရွတ်နေစဉ်အတွင်း တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် မြတ်ဆရာ အရှိန်အဝါ ထွက်ပေါ်နေခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် တဖက်လူက သူ့ကိုစော်ကားလို့ ချေမှုန်းခဲ့ပေမယ့် ထာဝရ ပြန်မရပ်တည်နိုင်အောင် လုပ်တဲ့ စိတ်သဘောထား ကျဉ်းမြောင်းပြီး အကျင့်မကောင်းတဲ့လူ မဟုတ်ပေ။

ကျရှုံးမှုထဲမှာ နစ်မြုပ်နေတဲ့ ရှောင်လီကိုကြည့်ပြီး ဆွန်းမိုသည် သူ့လုပ်ရပ်ကြောင့် ပြန်လည်ရုန်းထလာစေချင်ခဲ့သည်။

ရွှေရောင်အလင်းတန်းများ ဖြာထွက်လာပြီး တစ်ခန်းလုံး လင်းထိန်သွားသည်။

ကူရှုပ်ရှင်းသည် ကဗျာကို နားထောင်ကောင်းကောင်းနဲ့သာ နားထောင်နေခဲ့သည်။ ပါရမီရှင်တစ်ယောက်အနေနဲ့ အခုအချိန်အထိ သူမလမ်းကြောင်းတွင် အဆင်ပြေချောမွေ့စွာ ခရီးဆက်နေခဲ့ပြီး အတားအဆီး

အနည်းငယ်ကိုသာ ဖြတ်ကျော် ခဲ့ရသေးသည်။ ဒါကြောင့်လည်း ကဗျာအကြောင်းကို လေးလေးနက်နက် နားမလည်ခဲ့ပေ။

သူမဘေးမှာရှိတဲ့ လီဇီချီကတော့ တုန်ယင်နေခဲ့သည်။ မျက်လုံးတွေ ချက်ခြင်း နီရဲလာပြီး ငိုချင်စိတ် ပြင်းထန်လာသည်။ အရင်တုန်းက ဖြတ်သန်းခဲ့ရတဲ့ ကောလဟာလတွေနဲ့ ဝေဖန်မှုတွေ အားလုံးကို ပြန်တွေးမိလာသည်။

မဟာတန်ကေရာဇ်၏ အနှစ်သက်ဆုံး သမီးတော် တစ်ယောက်အနေနဲ့ နန်းတော်မှာရှိတဲ့ လူတွေအားလုံး

လီဇီချီကို အားကျခဲ့ကြသည်။ လူတိုင်းက ပေါ်တင် ထုတ်မပြောရဲပေမယ့် နောက်ကွယ်မှာတော့ ရိုင်းစိုင်းတဲ့စကားတွေ အများကြီး ပြောခဲ့ကြသည်။

လီဇီချီက ကိုးရို့ကားရားနိုင်ပြီး လှုပ်ရှားမှု စွမ်းရည်က တော်တော်လေး ညံ့ဖျင်းခဲ့သည်။ ဒါကြောင့် သူမကို သာမညသူတော်စင်က ငြင်းပယ်ခဲ့သည်။ ဒါက မဟာအရှက်ကွဲမှုကြီးပါ။

ဒီကောလဟာလတွေက ရှောင်ရှားဖို့အတွက် ချင်လင်မှာရှိတဲ့ သူမအဒေါ်ဆီမှာ ခဏ နေထိုင်ခဲ့သည်။

"ကြီးမြတ်တဲ့ လူလျှောင် တောင်ကြားက သံပြားတစ်ခုလို မာကြောတယ်။ အောက်ခြေကနေစပြီး ထိပ်ဆုံးအထိ ရွတ်ရွတ်ချွံချွံ ခုခံခဲ့ကြတယ်"

လီဇီချီက " အရမ်းကောင်းတယ်"

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ရှိသေ (၂၄,၆၇၀/၁၀၀,၀၀၀)

လီဇီချီက ဆွန်းမိုကို သဘောကျမှု ပြည့်နေတဲ့ မျက်လုံးတွေနဲ့ လှမ်းကြည့်လိုက်သည်။

(ဆရာ၊ ငါလည်း အရှုံးမပေးဘူး။ ငါ့ကို စောင့်ကြည့်နေတဲ့ လူတွေကို ငါက ငတုံးမဟုတ်ဘူး အကောင်းဆုံးဆိုတာ သေချာသိအောင် ပြပေးလိုက်မယ်)

ရှောင်လီကတော့ ကဗျာ၏ သက်ရောက်မှု အပြင်းထန်ဆုံးဆိုတာ သံသယရှိစရာ မလိုပေ။ သူက မိုးကြိုး ရုတ်တရက် အပစ်ခံရသလို ဝမ်းနည်းပူဆွေးမှုတွေကနေ ရုတ်တရက် နိုးထလာသည်။ နှလုံးထဲတွင် တိုက်ပွဲဝင်ချင်စိတ်များ ပြင်းထန်စွာ တောက်လောင်လာသည်။

(အမှန်ပဲ။ အရှက်ခွဲခံရတာ၊ မထီမဲ့မြင် လုပ်ခဲ့ရတာ၊ အထင်သေးတဲ့ အကြည့်တွေနဲ့ အကြည့်ခံရတာ ဘာဖြစ်လဲ။ ငါ့ကို စောင့်နေတဲ့ အပြစ်မရှိတဲ့ မိန်းကလေးနဲ့ယှဉ်လိုက်လျှင် ဒီဝေဖန်မှုတွေက ဘာမှမဟုတ်ဘူး။ သူမကတောင် ကြံ့ကြံ့ခံပြီး ဆက်စောင့်နေသေးတယ် ဒါပေမယ့် ငါက ဘာလုပ်နေတာလဲ။ သူမ စောင့်မျှော်နေခဲ့တဲ့ ဆယ်နှစ်ကျော် မျှော်လင့်ချက်တွေကို ငါက သစ္စာဖောက်နေတာပဲ။ ဒါက သူမအတွက် အကြီးမားဆုံး အရှက်မဲ့မှုနှင့် ထိုးနှက်ချက်ပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒီနှစ် ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲကို အောင်မြင်အောင် ဖြေပြီး သူမကိုရှာဖို့အတွက် ကျေးလက်ကို ပြန်သွားမယ်။ ငါ့အမှားတွေအတွက် ပြန်ပြင်ဆင်ရမယ်”

ရှောင်လီရဲ့ အကြည့်တွေထဲမှာ ရှုံးနိမ့်မှုတွေ မရှိတော့ပေ။ သူ့ရဲ့ စိတ်အခြေအနေ ပြောင်းသွားပြီး တက်ကြွတဲ့ ခံစားချက်တွေကြောင့် သူ့ကိုယ်ထဲမှာ ရှိတဲ့ ဝိညာဉ်ချီတွေ ပွဲတင်ထပ်လာသည်။

ဘုန်း

ပတ်ဝန်းကျင်က ဝိညာဉ်ချီတွေ ဖွေးဖွေး လှုပ်လာပြီး သူ့ခေါင်းပေါ်မှာ ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ပေါ်လာကာ သူ့ကိုယ်ထဲသို့ ဝိညာဉ်ချီ စီးဝင်လာသည်။

“ဒါက အဆင့်တက်နေတာပဲ”

ကူရှုပ်ရှင်းသည် အံ့အောသင့်နေသော်လည်း အဖြစ်အပျက်တွေကို မကြာခင် သဘောပေါက်သွားသည်။ ရှောင်လီသည်သူ့ရဲ့ စိတ်အခြေအနေကြောင့် လက်ရှိအဆင့်တွင် ထစ်ဆို့နေခဲ့သည်။ အခုတော့ ဆွန်းမိုရဲ့

တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်ကြောင့် အတွေးတည့်သွားပြီး ထစ်ဆို့မှုကို ရုတ်တရက် ဖြတ်ကျော်သွားသည်။

အခန်း(၅၃၆ - ခ) - ငါ ကြယ်သုံးပွင့်မြတ်ဆရာဖြစ်သွားရင် မင်းဆီလာပြီး လက်ထပ်မယ်

အခုအချိန်တွင် ရှောင်လီက နတ်ဘုရားခွန်အားနယ်ပယ် အဆင့်(၉) မှာရှိနေသည်။ သူသာ ဒီထက် အဆင့်တက်သွားရင် သက်ရှည်နယ်ပယ်သို့ ရောက်သွားမည်။ ဒီလိုမျိုး ကြီးမြတ်တဲ့နယ်ပယ်ကို အဆင့်တက်ရန် ကြိုးစားခြင်းသည် ကြီးမားတဲ့ တွန်းအား လိုသလို အရမ်းများပြားတဲ့ ဝိညာဉ်ချီတွေလည်း လိုအပ်သည်။

ဝုန်း ဝုန်း ဝုန်း

ဝိညာဉ်ချီတွေက ဒီရေလှိုင်းတွေလို အဆက်မပြတ် မြင့်တက်နေပြီး ရုတ်တရုတ်သက်ရောက်မှု တံခါးတွေနှင့် ပြတင်းပေါက်တွေ တဝုန်းဝုန်း လှုပ်ခတ်နေသည်။ သူတို့ကြည့်လိုက်လျှင် အားနည်းတဲ့ မိုးမခပင်လို အက်ကွဲသံများ ပေါ်ထွက်နေသည်။

“ဘာတွေ ဖြစ်နေတာလဲ”

ဝရုန်းသုန်းကား ဖြစ်နေသဖြင့် မြတ်ဆရာတွေသည် ဘာတွေဖြစ်နေလဲ သိရအောင် ရောက်လာကြသည်။

မိနစ် ၂၀ ကြာပြီးနောက် အဆင့်တက်မှု ပြီးသွားသည်။

ရှောင်လီ မျက်လုံးဖွင့်ပြီး ကြည့်လိုက်လျှင် ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့က အနှောက်အယှက်မပေးဘဲ စောင့်ကြည့်နေကြတာကို တွေ့လိုက်ရသည်။

"ဆရာကူ၊ ကျေးဇူးတင်ပါတယ်"

ရှောင်လီက ကုတင်ပေါ်မှ ဆင်းလာပြီး ကူရှုပ်ရှင်းကို အရင်ဆုံး ကျေးဇူးတင်လိုက်သည်။ ထို့နောက် ဆွန်းမိုအရှေ့သို့ သွားကာ ဒူးထောက်လိုက်သည်။

"ရှောင်လီဟာ ဒီနေ့ ဆရာဆွန်းရဲ့ လမ်းညွှန်မှုကို ရပြီး ကောင်းမွန်တဲ့ ဘဝအတွေ့အကြုံကို ဖြတ်သန်းခဲ့ရပါတယ်။ မင်းပြန်ဆပ်စရာ ဘာမှမရှိဘူး။ နောင်တစ်ချိန်မှာ ငါ့ကို အကူအညီလိုတယ်လို့သာ တစ်ခွန်းတည်း ပြောလိုက် ကမ္ဘာအဆုံးထိ လိုက်ကူညီပေးပါ့မယ်"

ဒီလိုပြောလိုက်ပြီးနောက် ရှောင်လီသည် ကျယ်လောင်စွာ အရိုအသေ သုံးကြိမ် ပေးလိုက်သည်။

ဒင်

ရှောင်လီ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ လေးစား (၁,၅၂၀/၁၀,၀၀၀)

"ဆရာရှောင် ၊ ဒီလိုမလုပ်ပါနဲ့။ ငါတို့တွေက ဆရာတွေပါ။ ဒါကြောင့် ဟောပြောခြင်း၊ ပညာဖြန့်ဝေခြင်း၊ သံသယတွေကို ဖြေရှင်းပေးခြင်းက ငါတို့အလုပ်ရဲ့ တစိတ်တပိုင်းပဲလေ"

ဆွန်းမိုက ရှောင်လီကို ထူပေးလိုက်သည်။

"ဆရာရှောင် ၊ စာမေးပွဲအောင်ပြီး မင်းဆန္ဒတွေ ပြည့်ဝမယ်လို့ မျှော်လင့်တယ်"

လုပ်သင့်လုပ်ထိုက်တာကို လုပ်ပေးပြီး ဆွန်းမိုက နှုတ်ဆက်လိုက်သည်။

ကလောက်

တံခါးပွင့်လာသည်။

ဝူရှီ

စကြံန်တလျှောက်မှာရှိနေတဲ့ ဖြေဆိုသူမြတ်ဆရာတွေသည် ဆွန်းမိုကို တွေ့လိုက်ရကာ သူ့ဘေးတွင်လည်း ရှောင်လီက ဦးညွှတ်ပြီး လိုက်လာတာကို တွေ့နေရသည်။

အရမ်းကျိုးနွံနေတဲ့ပုံ ဖြစ်နေသည်။

အငယ်က အကြီးကို လေးစားမှုပေးနေတဲ့ပုံပါ။

(ဒီလောက်အထိ လုပ်စရာလိုလို့လား။ မင်းတို့နှစ်ယောက်စလုံးက ကြယ်တစ်ပွင့်မြွတ်ဆရာတွေဖြစ်ပြီး မင်းက နတ်ဘုရားခွန်အားအဆင့် (၉)ရှိတဲ့ ကျွမ်းကျင်သူပါ။ မင်းက ဆွန်းမိုထက်တောင် ခုနှစ်ဆင့် မြင့်သေးတယ်လေ။

ဆွန်းမိုနှင့် ရှောင်လီတို့၏ ကိုယ်ရေးကိုယ်တာသတင်းတွေကြောင့် သူတို့နှစ်ယောက်ကြားမှာ ပဋိပက္ခ ရှိတယ်ဆိုတာ လူတော်တော်များများ သိနေကြသည်။

"ဆရာဆွန်း၊ ဂရုစိုက်ပါ"

ရှောင်လီက ဆွန်းမိုကို လေးနက်စွာ ဦးညွှတ်လိုက်သည်။ ဆွန်းမို စကြာန်က ပျောက်သွားမှာပဲ ခါးပြန်မတ်လိုက်သည်။ အနီးအနားမှာရှိနေတဲ့ လူတွေကို ကြည့်ပြီး လက်ခုပ်တီးလိုက်ပြီးနောက် အခန်းထဲ ပြန်ဝင်ပြီး တံခါးပိတ်လိုက်သည်။

အပြင်မှာရှိတဲ့လူတိုင်း အံ့အောသင့်ပြီး ကျန်နေခဲ့သည်။

"ဘာတွေလဲဟ၊ ပြီးခဲ့တဲ့ နှစ်ရက်တုန်းက ဒီနှစ်ယောက်ပဲ ခါးခါးသီးသီး ရန်ဖြစ်နေကြတာ။ အခုတော့ သူတို့ပဲ တည့်နေကြပြန်ပြီ"

တစ်ယောက်က စိတ်ရှုပ်သွားသည်။

"ဟော့၊ ရှောင်လီရဲ့ လက်တွေ ပြန်ကောင်းသွားတာ သတိထားမိလား"

"ဒါဆို ငါအမြင်မှားတာ မဟုတ်ဘူးပေါ့။ ဒါပေမယ့် သူ့ဒဏ်ရာက အရမ်းပြင်းထန်ပြီး အရိုးဆယ်ခုကျော် ကျိုးနေတာပါ"

"ခဏာနေအုံး။ အဆင့်တက်တဲ့ စွမ်းအားနဲ့ ဝိညာဉ်ချီပမာဏ နှစ်ခုစလုံး အရမ်းကြီးမားတယ်။ ရှောင်လီ သက်ရှည်နယ်ပယ်ကို ရောက်သွားတာလား"

တစ်ယောက်က ရုတ်တရုတ် တွေးလိုက်မိသည်။

"ဒါက မဖြစ်နိုင်ဘူးနော်။ သက်ရှည်နယ်ပယ် အဆင့်တက်ဖို့က မလွယ်ဘူးမလား"

"ဒါဆို တခြားနည်းနဲ့ ဘယ်လိုရှင်းပြမလဲ။ ဆွန်းမိုက အဆင့်တက်နိုင်အောင် လုပ်ပေးတဲ့လူ ဖြစ်နေမလား"

“ဒါက သက်ရှည်နယ်ပယ်ပဲ။ ငါ့သာ ရောက်နိုင်မယ်ဆိုရင် ငါ့လက်တွေကို ဆယ်ခါလောက် အချိုးခံပစ်လိုက်မယ်”

ဖြေဆိုသူတွေ အချင်းချင်း တုန်လှုပ်ခြောက်ခြားစွာ ဆွေးနွေးနေကြသည်။ သူတို့က ဆွန်းမိုကို အနိုင်မယူ နိုင်ခဲ့သဖြင့် ရှောင်လီအား အမှိုက်လို့ အစောပိုင်းတုန်းက လှောင်ပြောင်နေခဲ့ကြသည်။ ဒါပေမယ့် အခုတော့ ရုတ်တရက် အားကျလာသည်။

ကျင့်ကြံခြင်းနယ်ပယ် မြင့်မားလာလေ အဆင့်တက်ဖို့ ခက်လေဆိုတာ လူတိုင်းသိကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နယ်ပယ်ကြီး နှစ်ခုက အတားအဆီးသည် ဖြတ်ကျော်ဖို့ အခက်ဆုံးပါ။

နတ်ဘုရားခွန်အားနယ်ပယ်က နတ်ဘုရား ခွန်အားများကို ထုတ်လုပ်ပေးနိုင်သော်လည်း သက်ရှည်နယ်ပယ်က သက်တမ်းတိုးလာစေနိုင်သည်။ ဒီကမ္ဘာကြီးမှာ မသေချင်တဲ့လူ ရှိလို့လား။

ကျင့်ကြံခြင်းစနစ်တွင် သက်ရှည်နယ်ပယ်သည် နတ်ဘုရား ခွန်အားနယ်ပယ်ကို ချေမှုန်းနိုင်တဲ့ အားကောင်းသော နယ်ပယ်တစ်ခုလည်း ဖြစ်သည်။

“ငါလို... ငါတို့မှာ အားကောင်းတဲ့ ပြိုင်ဘက် တစ်ယောက်တိုးလာပြီ”

လူတော်တော်များများ စိတ်ဆိုးစ ပြုလာသည်။ ကြယ်နှစ်ပွင့် မြွတ်ဆရာ စာမေးပွဲတွင် လက်ရည်စမ်းတဲ့ အစီအစဉ် တစ်ခုပါသည်။ သက်ရှည်နယ်ပယ်ကို ဘယ်သူက အနိုင်ယူနိုင်မှာလဲ။

“ဆွန်းမိုက သူ့အတွက်လည်း အကျိုးမရှိဘဲနဲ့ ကျန်တဲ့လူတွေကိုလည်း ဒုက္ခပေးတယ်”

တစ်ယောက်က စောဒက တက်လိုက်သည်။

“မေ့လိုက်တော့။ စာမေးပွဲမှာ ဆွန်းမို ပါလာမှာကို ပိုစိုးရိမ်သင့်တယ်။ ဒါဆို နေရာနှစ်ခု ကုန်သွားပြီ”

ဒီလိုပြောပြီးနောက် လူတော်တော်များများသည် သက်ပြင်းတွေချပြီး ဖိအားတွေ တိုးလာသည်။

ဒီနှစ် စာမေးပွဲအတွက် ကြေငြာချက်တွေ ထုတ်ပြန်ထားသည်။ အရင်နှစ်နဲ့မတူဘဲ ဒီနှစ်မှာ စာမေးပွဲအောင်ရုံနဲ့ ဘွဲ့မရပါ။ အချိုးအစားနဲ့ ရွေးချယ်လိမ့်မည်။

ပြောချင်တာက လူတစ်ယောက်သည် စာမေးပွဲ အောင်ရင်တောင် အမှတ်များတဲ့ မြတ်ဆရာတွေ အရှေ့မှာ များနေရင် စာမေးပွဲကျမယ်လို့ ဆိုလိုသည်။

....

ရှောင်လီသည် အခန်းထဲတွင် ထိုင်ပြီးနောက် အရှေ့မှာရှိနေတဲ့ လက်ဖက်ရည်ခွက်ကို ကြည့်နေသည်။ ဘာကြောင့်မှန်း မသိပေမယ့် ဘာခံစားချက်မှ ရှိမနေပေ။

အမှန်ဆို သက်ရှည်နယ်ပယ်ကို ရောက်ခြင်းက ကျင့်ကြံသူတစ်ယောက်အတွက် ဂုဏ်ယူရမည့်

အခိုက်အတန့် ဖြစ်သည်။ ရှောင်လီသည် အရင်အဆင့်တွင် လေးနှစ်လောက် ဖက်တွယ်နေခဲ့ရသည်။

အခုတော့ ခပ်ပါးပါးလေးသာ ပျော်နေခဲ့သည်။ လယ်ကွင်းထဲတွင် အလုပ်လုပ်နေတဲ့ မိန်းမပျိုလေး၏ ပုံရိပ်လေးကသာ သူ့နှလုံးသားထဲ စိုးမိုးနေသည်။

“ဒီတစ်ကြိမ်တော့ မင်းကိုထပ်ပြီး စိတ်မကောင်း မဖြစ်စေရဘူး”

ရှောင်လီ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒေါက် ဒေါက် ဒေါက်

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

“ဆရာ”

ခေါ်လိုက်တဲ့သူက ရှောင်လီ၏ တပြည့်ပါ။

“ဝင်ခဲ့”

ရှောင်လီက ပြန်ပြောလိုက်သည်။

တံခါးပွင့်လာပြီး ကျောင်းသားသုံးယောက် ဝင်လာသည်။ ရှောင်လီလက် အရင်အတိုင်း

ကောင်းနေတာ မြင်လိုက်လျှင် ရုတ်တရက် အံ့အောပြီး ဝမ်းသာသွားကြသည်။

သူတို့ဆရာ အဆုံးသတ်သွားသလို သူတို့ ဘဝလည်း ပြီးသွားပြီ ထင်နေခဲ့ကြသည်။ ကစားပွဲ အလှည့်အပြောင်း ဖြစ်လာမယ်လို့ မထင်ထားခဲ့ပေ။

"ဆရာဆွန်းက ငါ့လက်တွေကို ပြန်ကောင်းအောင် ကုပေးသွားပြီ။ နောင် သူနဲ့တွေ့ရင် လေးလေးစားစား ဆက်ဆံရမယ်။ ရန်ငြိုးမထားကြနဲ့"

ရှောင်လီက သတိပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တပြည့်သုံးယောက်လည်း အကြည့်ခြင်း ဖလှယ်လိုက်ကြပြီး စိတ်ထဲက အံ့အောမှုကို မြိုသိပ်ကာ အရိုသေ ပေးလိုက်သည်။

“တပြည့်တွေ နားလည်ပါပြီ”

အငယ်ဆုံး ကျောင်းသားက မမေးဘဲ မနေနိုင်ချေ။ ရှောင်လီအတွက် စိတ်ပူပြီး အကြာကြီး စောင့်နေခဲ့ကြသည်။ အခန်းထဲကိုလည်း မဝင်ရဲပေ။ ဒါကြောင့် အပြင်မှာ ကျန်တဲ့လူတွေ ပြောနေတဲ့ စကားကို ကြားခဲ့ရသည်။

မှတ်ချက်။ ။ ကဗျာက ၁၉၃၅တွင် မောင်စီတုံး ရေးခဲ့တဲ့ ကဗျာ။

အခန်း(၅၃၇ - က) - အံ့ဖွယ် ဆုလဒ်။ စာမေးပွဲ စတင်ခြင်း။

“ဒါအမှန်ပဲ။ အခု သက်ရှည်နယ်ပယ်ကို ရောက်နေပြီ”

ရှောင်လီက ပါးပါးလေး ပြုံးပြီး ပြန်ဖြေလိုက်သည်။ ဆရာတစ်ယောက်အနေနဲ့ တပြည့်တွေအရှေ့မှာ အံ့ဖွယ်ပုံရိပ်ကို ထိန်းသိမ်းထားချင်သည်။ ဒါမှလည်း တခြား သူတွေအရှေ့ သူ့အကြောင်းပြောရင် သာလွန်တဲ့ စိတ်ခံစားချက် ရရှိလိမ့်မည်။

အမှန်တိုင်းပြောရလျှင် ရှောင်လီသည် အပြစ်ရှိသလိုလည်း ခံစားနေရကာ ဒီတပည့်တွေကို နှိမ့်ချနေသလို ခံစားနေရသည်။ ကျန်တဲ့လူတွေ ဝေဖန်တာကို သူတို့လည်း အနည်းနဲ့အများ ကြားကြမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာနဲ့တပြည့် ဆက်ဆံရေးကို ဖျက်သိမ်းဖို့ မကြိုးစားခဲ့ပေ။

တပြည့်သုံးယောက် ချက်ခြင်း ကြည်နူးသွားသည်။ သုံးယောက်သား အကြည့်ခြင်း ဖလှယ်ပြီး ရှောင်လီကို တက်ညီလက်ညီ အရိုအသေ ပေးလိုက်ကြသည်။

"သက်ရှည်နယ်ပယ်ကို တက်ရောက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ် ဆရာ။ ဆရာက ရလဒ်ကောင်းတွေကို ဆက်လက်ရရှိပြီး ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာကာ ကမ္ဘာတစ်ခုလုံး ဆရာ့နာမည် ဖြန့်ကျက်နိုင်ပါစေ"

"အင်း"

ရှောင်လီသည် တပြည့်တွေ တညီတညွတ်ထဲ ပြောနေတာ ကြားလိုက်လျှင် ကို့ကိုယ်ကို ပိုအပြစ်တင်လာမိသည်။ ဒီအတွက်လည်း သူတို့လေ့ကျင့်နေခဲ့တာ တော်တော်ကြာနေပြီ။

ဒါပေမယ့် သူကအသုံးမကျလို့ ကြယ်နှစ်ပွင့် မြတ်ဆရာ မဖြစ်လာသေးဘဲ သက်ရှည်နယ်ပယ်လည်း မရောက်နိုင်ခဲ့ပါ။ ဒါကြောင့်လည်း သူတို့ ပြောခွင့် မသာခဲ့ပေ။

ဒီအကြောင်းကို တွေးရင် ဆွန်းမိုအပေါ် ကျေးဇူးတင်စိတ် ပိုပြင်းထန်လာခဲ့သည်။

"ဆရာ၊ ဒီတစ်ကြိမ်တော့ ကျွန်တော်တို့ ကြိုးစားပြီး တိမ်စိမ်းအဆင့် ဝင်အောင် တိုက်ခိုက်သွားမယ်"

အငယ်ဆုံးကျောင်းသားလေးက တက်ကြွနေသည်။ ကျန်တဲ့နှစ်ယောက်ကတော့

ရှောင်လီနဲ့ နေတာ တော်တော်ကြာနေပြီ ဖြစ်သဖြင့် ဘာမှ မပြောခဲ့ပါ။ ဒါပေမယ့် သူတို့ဆရာရဲ့ စိတ်အခြေအနေ ကွာခြားသွားတာ သတိထားမိသည်။

အရင်တုန်းက ခြောက်သွေ့တဲ့ သစ်ပင်နဲ့တူတယ်လို့ ပြောရင် အခုက မိုးနှင့်လေကို မကျေနပ်ဘဲ လေထဲမှာ ထီးထီးကြီးလွင့်နေတဲ့ သစ်ပင်ကြီး တစ်ပင်နဲ့တူသည်။

"နောင်တစ်ချိန်မှာ အခွင့်အရေးရရင် ဆရာဆွန်းဆီက ပိုလေ့လာကြပါ"

ရှောင်လီက ပြုံးပြီး ရုတ်တရက် ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တပြည့်သုံးယောက် အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ အများအားဖြင့်တော့ မြစ်ဆရာတွေသည် သူတို့မျက်နှာကို ဂရုစိုက်လေ့ရှိပြီး တခြားဆရာတွေထံမှ လမ်းညွှန်မှုကို သူတို့တပြည့်တွေအား အလွယ်တကူတောင်းခံခွင့် မပြုပေ။ ဒါကိုတောင် ပြတ်ပြတ်သားသား ပြောနေတာ ကြည့်ခြင်းအားဖြင့် ရှောင်လီက ဆွန်းမိုရဲ့ ပင်ကိုယ်စရိုက်နဲ့ အရည်အချင်းကို ယုံကြည်နေပုံရသည်။

ကြည့်ရတာတော့ ဆရာဆွန်းက တော်တော်လေး အရည်အချင်း ရှိသလိုပဲ။

ဒင်

ကျောင်းသားသုံးယောက်၏ လေးစားအထင်ကြီးမှု +၁၇၀။

....

ဧည့်ခန်းထဲသို့ ပြန်တဲ့လမ်မှာ ကူရှုပ်ရှင်းကို ကြည့်လိုက်လျှင် ကြည်နူးနေတဲ့ပုံစံ ဖြစ်နေသည်။ ဆွန်းမိုကို ခဏခဏ လှည့်လှည့် ကြည့်နေသည်။ လီဇီချီကတော့ ဆွန်းမိုရဲ့ အမြီးတန်းလေးဖြစ်နေတာ

ထင်ရှားသည်။ ထို့နောက် သူမရဲ့နှုးညံ့ပြီးလှပတဲ့ လက်ကလေးတွေဆန့်ပြီး ဆွန်းမိုရဲ့အင်္ကျီစကို လှမ်းဆွဲလိုက်သည်။

သူနဲ့ နည်းနည်းလေးတောင် မခွဲချင်ပါ။

"မင်းငါ့ကို ဒီလို သဘောကျတဲ့ အကြည့်တွေနဲ့ မကြည့်ဘဲ နေလို့မရဘူးလား။ အရင်ဆုံး ပြောလိုက်မယ်နော်။ ငါက ဒီကဗျာရေးတဲ့လူ မဟုတ်ဘူး"

ဆွန်းမိုက ပြုံးရင်း ပြောလိုက်သည်။

"ဒါဆို ဘယ်သူရေးတာလဲ"

ကူရှုပ်ရှင်းက စိတ်ဝင်တစား မေးလိုက်သည်။

“အံ့အောစရာကောင်းတဲ့လူ”

ဆွန်းမိုက ဒီအကြောင်းကို ဆက်မပြောချင်ပါ။

လီဇီချီ နှုတ်ခမ်းကွေးသွားသည်။ သူမက စာအုပ်များစွာ ဖတ်ဖူးသဖြင့် ပြည်နယ်ကိုးခုတွင် ဒီကဗျာကို မကြားဖူးပါ။ ဒါကြောင့် သူမဆရာက နှိမ့်ချပြီး ဒီလိုပြောတာ ဖြစ်မည်။

ပြည်နယ်ကိုးခု ကဗျာဆိုတာလည်း ရှိသေးသည်။

ပြည်နယ်ကိုးခု ကဗျာဆိုတာ ဘာလဲ။

ဒါက တချိန်ချိန်မှာ ဖန်တီးခဲ့ပြီး ပြည်နယ်ကိုးခုကို ပျံ့နှံ့ ကျော်ကြားသွားတဲ့ ကဗျာများဖြစ်သည်။ ဒါတွေကို တန်ဖိုးဖြတ်မရတဲ့ စိတ်ကူးစိတ်သန်းလို့ ခေါ်ဆိုကြပြီး လူများက တွေးလေတွေးလေ ထင်ပေါ်လေ ဖြစ်နိုင်တဲ့ကဗျာမျိုး ဖြစ်ကြသည်။

"ဘယ်လိုလဲ"

ဆွန်းမို ပြန်ရောက်လာတာ မြင်လျှင် အင်ဘိုင်ဝူက စိုးရိမ်တကြီး မေးသည်။

"မေးစရာလိုလို့လား။ သူသက်သာ သွားပြီပေါ့"

လုချီဟွာက စကားဖြတ်ပြောလိုက်သည်။ ဒီလို အသေးအဖွဲ့လေးတွေက ဆရာ့ကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်နိုင်မယ်လို့ တခါမှ မတွေးဖူးပေ။

“ချီဟွာ၊ မင်းငါ့ကို ဒီလို အမြဲတမ်းယုံကြည်နေရင် ငါဖိအား တော်တော်များတယ်နော်”

ဆွန်းမိုက စနောက်လိုက်သည်။

“အားလုံး အဆင်ပြေပြေ ချောချောမွေ့မွေ့ပဲ”

လီဇီချီက ဆွန်းမိုနှင့် ကူရှုပ်ရှင်းတို့အား လက်ဖက်ရည်ခွက် ကမ်းပေးရင်း ပြောလိုက်သည်။

ဒင်

“ရှောင်လီရဲ့ ဘဝကို ကယ်တင်ပြီး သူ့ခြေထောက်ပေါ်သူ ပြန်ပြီး ရပ်တည်နိုင်အောင်နဲ့ သူတော်စင် တစ်ယောက်ဖြစ်လာအောင် ရုန်းကန်ဖို့ လှုံ့ဆော်ပေးနိုင်တဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့လုပ်ရပ်က မြတ်ဆရာတစ်ယောက် လုပ်ဆောင်ချက်နဲ့ ကိုက်ညီလို့ မြတ်ဆရာတံဆိပ်တစ်ခုကို အထူးဆုအနေနဲ့ ချီးမြှင့်တယ်”

"မင်းက ရှောင်လီ မင်းအပေါ်ထားတဲ့ ရန်ငြိုးတွေကို ချီးကျူးခြင်းဖြစ်အောင် လုံးဝပြောင်းလဲနိုင်ခဲ့ပြီး လေးစားအထင်ကြီးမှု အမှတ်တွေ အများကြီး ထောက်ပံ့ပေးခဲ့တယ်။ အထူးဆုအနေနဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ တစ်လုံး ဆုချီးမြှင့်တယ်"

စနစ်ဆီက ဂုဏ်ပြုစကားများ ရုတ်တရက် ထွက်ပေါ်လာသည်။

"အို၊ ဒီတစ်ကြိမ်ဆုကတော့ အံ့အောစရာပဲ'

ဆွန်းမို ရုတ်တရုတ် အံ့အောသွားသည်။ အပိုဆုတွေရဖို့ မမျှော်လင့်ထားခဲ့ပါ။

"ဒါက မြတ်ဆရာတစ်ယောက်ရဲ့ နာမည်နှင့် ဂုဏ်ကျက်သရေနဲ့ လိုက်ဖက်အောင် လုပ်ခဲ့တဲ့ လုပ်ရပ်ရဲ့ အကျိုးအမြတ်ပဲ"

စနစ်က ရှင်းပြသည်။

ဆွန်းမိုတစ်ယောက် ဂုဏ်ယူမဆုံး တပြုံးပြုံး ဖြစ်နေသည်။ ထို့နောက် အခွင့်ရေးရှာပြီး လုချီဟွာ ခေါင်းကို ပုတ်လိုက်သည်။

"သေတ္တာကို ဖွင့်"

ခရမ်းရောင် အလင်းတွေ ပျောက်သွားပြီးနောက် အနီရောင် အလင်းတောက်ပနေတဲ့ စွမ်းရည်စာအုပ် တစ်အုပ် ကျန်နေခဲ့သည်။ ဒီအလင်းရောင်က အနီရောင်တောက်နေပြီး ရက်စက်ကြမ်းကြုတ်တဲ့ သားရဲကြီးများ၏ အော်ရာကို ထုတ်လွှင့်နေသည်။

ဒင်

"ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့နည်းစနစ်ရဲ့ အကိုင်းအခွဲဖြစ်တဲ့ ပိုးကောင်သုံးမျိုး ဆင့်ခေါ်ခြင်း နည်းစနစ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

“မှတ်ချက်။ ။ ပိုးကောင်းသုံးမျိုး ဆင့်ခေါ်ခြင်းနည်းနစ်သည် အရေအတွက်နည်းပါးတဲ့ သီးခြား မျိုးနွယ်စုသုံးခုမှ ဆင်းသက်လာသည်။ ဒါကြောင့် ဒါတွေက အရမ်းကောင်းတဲ့ အခွင့်အလမ်း တစ်ခုပါ”

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

အမှန်တိုင်းပြောရလျှင် သူက ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း ဘာသာရပ်တွင် မဟာအဆင့် ရှိနေပေမယ့် ဒီဘာသာရပ်က ယေဘုယျ ဆန်လွန်းသည်။ ဒါနဲ့ သက်ဆိုင်တဲ့အရာတွေကို

ပြည်နယ်ကိုးခုက စာအုပ်တွေထဲမှာတောင် အလုံးစုံ ပြည့်စုံအောင် မဖော်ပြနိုင်ပါ။

ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းနှင့် ဝိညာဉ်ထိန်းချုပ်ခြင်း နည်းစနစ် နှစ်ခုစလုံးက လျှို့ဝှက်ဆန်းကြယ်လွန်းသည်။ သူတို့ကို အုပ်စုများစွာလည်း ထပ်မံ ခွဲထုတ်ထားသေးသည်။ ပင်မ ရေစီးကြောင်းမဟုတ်တဲ့ နည်းစနစ်ခွဲများစွာ ရှိသေးတယ်လို့ ပြောလို့ရသည်။

တောင်ပေါ်ဒေသ ဒါမှမဟုတ် အပူပိုင်း သစ်တောများထဲမှာ နေထိုင်ကြတဲ့

လူနည်းစုမျိုးနွယ်များသည် ရက်စက်ကြမ်းကြုတ်တဲ့ သားရဲများနှင့် ဝိညာဉ်သားရဲများကို သူတို့စကားနဲ့ ယဉ်ကျေးအောင် လုပ်ပြီး ထိန်းချုပ်ကြသည်။

ဒီနောက်ကွယ်မှာ ဘာအကြောင်းပြချက်မှ မရှိပေ။ ဝိညာဉ်သားရဲများ ဆင့်ခေါ်ခြင်း နည်းလမ်းကို မျိုးဆက် တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာကြသည်။

လျှို့ဝှက်ဆန်းကြယ်ပြီး နားမလည်နိုင်ဆုံး အရာက သေချာပေါက် ဗေဒင်ပညာပါ။ ဒါပေမယ့်

ခေါင်းအကိုက်ဆုံးအရာကတော့ ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း နည်းစနစ်ပဲ ဖြစ်လိမ့်မည်။

ဒီအတွက်လည်း အကြောင်းပြချက် ရေရေရာရာ မရှိပါ။ တစ်ခါတစ်လေ ဂါထာ တစ်ပုဒ်၊ သွေးစက်တစ်စက်၊ ကားချပ်တစ်ခု ဒါမှမဟုတ် ကျိန်စာတိုက်ထားတဲ့ ကျောက်တုံးတစ်တုံးကတောင် ဝိညာဉ်သားရဲကို ဆင့်ခေါ်နိုင်သည်။

ဆွန်းမို နားလည်ထားတဲ့ မဟာအဆင့် ဝိညာဉ်ထိန်းချုပ်ခြင်း နည်းစနစ်သည် ဒီဘာသာရပ်၏ အတွေ့အကြုံများ၊ ဗဟုသုတများစွာ ပါဝင်တဲ့

အသိပညာနှင့် ဖွဲ့စည်းထားသည်။ ဒါကြောင့်လည်း သူ့အမြင်ကို ကျယ်ပြန့်စေပြီး ဒီနယ်ပယ်တွင် ကြီးမားတဲ့ အသိအမှတ်ပြုမှုကို ရရှိစေနိုင်သည်။ သူ့ရဲ့ဆင့်ခေါ်မှုတွင် အသုံးများတဲ့ ဂါထာများနှင့် အနှစ်သာရများကို အများဆုံး အသုံးပြုထားသည်။

ဒီသေတ္တာထဲက ရရှိတဲ့ စွမ်းရည်စာအုပ်တွင် ဒီနယ်ပယ်မှာ မဟာအဆင့် နားလည်တဲ့ ပုဂ္ဂိုလ်တွေတောင် မသိသေးတဲ့ ဂါထာတွေ ပါဝင်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာပေါ်က ရှိတဲ့နိုင်ငံတွေ အသိအမှတ်မပြုရသေးတဲ့ ဒါမှမဟုတ်

မသိတဲ့ အသိပညာတချို့ကတော့ အမြဲတမ်း ရှိနေမည်။

"လေ့လာမယ်"

အသိပညာတွေကို လွန်လွန်ကျူးကျူး ဆုပ်ကိုင်ထားနိုင်တဲ့သူ တစ်ယောက်မှ မရှိသေးပါ။ စွမ်းရည်စာအုပ်သည် ကြေမွသွားပြီး အလင်းတန်းအဖြစ်ပြောင်းကာ ဆွန်းမိုနဖူးထဲ တိုးဝင်သွားသည်။ မရေမတွက်နိုင်တဲ့ ပိုးကောင်တွေရဲ့ ပုံရိပ်သည် သူ့စိတ်ထဲ ပေါက်ဖွားလာသည်။ ထို့နောက်

အံ့အောထိတ်လန့်စွာဖြင့် သူတို့ထဲက တစ်ကောင် ဖြစ်နေကြောင်း သဘောပေါက်သွားသည်။

ပိုးကောင် စစ်တပ်သည်ဆက်ပြီး တွားသွားနေခဲ့သည်။ တချို့က အုပ်စုနဲ့ ပြတ်ကျန်နေခဲ့ပြီး တချို့က သေဆုံးသွားသည်။ သူတို့ ဘယ်သွားနေမှန်း သူလည်းမသိပေ။ တွားသွား သွားနေစဉ်အတွင်း ဗိုက်နှင့်ခြေထောက်များက မြေပြင်နဲ့ ပွတ်တိုက်လိုက်တိုင်း ရှဲရှဲဆိုပြီး အသံတွေ ထွက်နေတဲ့အပြင် ထူးဆန်းတဲ့ အသံတွေလည်း ထွက်ပေါ်နေသည်။

ဆွန်းမိုသည် သူ့ကိုယ်သူ လုံးဝ မေ့သွားပြီး ပိုးကောင်တစ်ကောင်အဖြစ် အသက်ရှင်နေခဲ့သည်။ နှစ်တွေကြာပြီး အစာရှာဖို့ ကြိုးစားရင်းနဲ့ သေဆုံးသွားမှပဲ လန့်နိုးသွားသည်။

"ဘာလဲဟ"

ဆွန်းမို အံ့အောသင့်နေသည်။ နောက်ကျောတွင် ချွေးတွေ ရွှဲနေမှန်း သိလိုက်ရသည်။

ဒီဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ နည်းစနစ်က တကယ်ကို လျှို့ဝှက်ဆန်းကြယ်လှသည်။ စွမ်းရည်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာအုပ်ကို သင်ယူနေလို့ ဒီလို ထူးဆန်းတဲ့ မြင်ကွင်းတွေ မြင်နေတယ်ဆိုပြီး တွေးလိုက်မိသည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုသည် အခုမှ တတ်ထားတဲ့ပညာကို စမ်းကြည့်ချင်နေသည်။ ဒါပေမယ့်လည်း ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်း နည်းစနစ်နဲ့ ဝိညာဉ်ထိန်းချုပ်ခြင်း နည်းစနစ်ကို အသုံးပြုရာတွင် ဖုံးကွယ်နေတဲ့ အန္တရာယ်တွေ ရှိနေပြီး ဒဏ်ပြန် သက်ရောက်နိုင်တဲ့ အခြေအနေလည်း ရှိသည်။

"ဖြစ်ချင်ရာ ဖြစ်ကွာ"

ဆွန်းမို မိုက်ရှုးရဲ ဆန်လိုက်သည်။ ပါးစပ်ဖွင့်လိုက်ပြီး ကြိမ်နှုန်းနိမ့်ကာ နက်တဲ့ အသံတစ်ခု ပြုလုပ်လိုက်သည်။

ဒါကပုံမှန်ပါ။ ဒီဝိညာဉ်ထိန်းချုပ်ခြင်းနည်းစနစ်တွင် ဂါထာမရှိပါ။ အသံကိုပဲ အားကိုးရသည်။

ဂူး ဂူး ဂူး

အသံ ကြိမ်နှုန်း အမြင့်ဆုံးရောက်သွားတဲ့အချိန်တွင် ဆွန်းမိုက သွေးထွက်အောင် လျှာဖျားကို ကိုက်လိုက်သည်။

ထွိ

လေထဲမှာ သွေးတွေ ပျံ့ကျဲသွားပြီး ပြုတ်ကျသွားတဲ့အခါ အဝါရောင် ပဲစေ့အရွယ် ပိုးကောင်များ ဖြစ်သွားသည်။ သူတို့တွေက အနီရောင်နဲ့ အနက်ရောင် ကြမ်းကြားထဲမှာ အရေအတွက် အများကြီး ရှိနေသည်။

"ငါလို..."

ဆွန်းမိုသည် ထရိုင်ဘိုပီးယား (အပေါက်သေးသေးလေးတွေ ကြောက်တဲ့ ရောဂါ) အနည်းငယ် ဖြစ်သွားသည်။ ကြမ်းပြင်ပေါ်တွင်

ဝိညာဉ်ပိုးကောင် အနည်းဆုံး သန်းနဲ့ချီပြီးရှိနေသည်။ သူတို့ကို မြင်လိုက်လျှင် ခေါင်းတွေ ကျိန်းသွားနိုင်သည်။ ဒါပေမယ့်လည်း မသက်မသာ ဖြစ်နေတဲ့အတွေးကို ထိန်းလိုက်သည်။

"သွား"

ရှဲ ရှဲ ရှဲ

ပိုးကောင်တွေ ချက်ခြင်း ပြန့်ကျဲသွားသည်။

ဆွန်းမိုက တင်ပလေခွေထိုင်ပြီး မျက်လုံး မှိတ်ထားလိုက်သည်။ အာရုံ စူးစိုက်လိုက်ပြီး ကင်းလှည့်ရန် ပိုးကောင် ခန္ဓာကိုယ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသုံးပြုနေသကဲ့သို့ သူ့ရဲ့ အမြင်အာရုံကိုလည်း ပိုးကောင်နဲ့ ချိတ်ဆက်လိုက်သည်။

"ကမ္ဘာကြီးကို ပိုးကောင်တွေ မြင်တာ ဒီလိုမျိုးပေါ့"

ဆွန်းမိုတစ်ယောက် မျောက်ငါးစိုကောက်ရ ဖြစ်နေသည်။ ထို့နောက် သူသည် ပိုးကောင် အမျိုးမျိုးဆီ ပြောင်းနေသဖြင့် အမြင်တွေလည်း အမျိုးမျိုး ပြောင်းနေသည်။

ပလောက် ပလောက်

မြတ်ဆရာမ အမျိုးသမီးလေး တစ်ယောက် ရေချိုးနေသည်။ ဆွန်းမိုက တစ်ချက်ကြည့်လိုက်ပြီး

အဝေးသို့ အမြန်ထွက်သွားသည်။ သူတို့ မတွေ့နိုင်ပေမယ့် သူ့ရဲ့စရိုက်အရ ဒါမျိုးမလုပ်နိုင်ပါ။

"အင်း၊ ဆရာနဲ့ အတူတူ အိပ်ချင်လိုက်တာ"

လုချီဟွာက သက်ပြင်းချပြီး ပြောနေသည်။

လုချီဟွာက ပိုလာဝက်ဝံပုံစံ ခေါက်ထားတဲ့ စောင်ကိုဖက်ပြီး အိပ်ရာပေါ် လူးနေသည်။

"ငါသွားရင် ဆရာက ငါ့ကို ပြန်မပို့လောက် မဟုတ်လား"

လုချီဟွာက ရုတ်တရုတ်ထထိုင်ပြီး စိတ်ပျက်စွာ ပြန်အိပ်လိုက်သည်။ သူမ၏ အစ်မအကြီးဆုံးက သေအောင်ရိုက် လိမ့်မည်။

ဆွန်းမို ဆွံ့အနေသည်။ (အားစိုက်ပြီး တရားထိုင်ပါလား)

ဆွန်းမိုသည် လီဇီချီကို မြင်လိုက်တော့ ကျေနပ်သွားသည်။

အခန်း(၅၃၇ - ခ) - အုံ့ဖွယ် ဆုလဒ်။ စာမေးပွဲ စတင်ခြင်း။

လီဇီချီက စားပွဲမှာထိုင်နေပြီး စောင့်ကြည့်ရမည့် ကျောင်းသားစာရင်း ပြုစုနေသည်။

အင်ဘိုင်ဝူနှင့် ရှန်ယွန်ပေါင်တို့က ကျင့်ကြံနေကြသည်။ ထန်ထန်ယုထန် အခန်းကိုတော့ ပိုးကောင်တွေ လုံးဝ မကပ်ရဲပါ။ ဆေးမှုန့်တစ်မျိုး ဖြန်းထားတာ သိသာနေသည်။

"ဒီကောင် သတိကြီးလိုက်တာ"

ထန်ထန်ယုထန်မှာ သတိလွန်တဲ့ရောဂါ နှိပ်စက်နေတယ်လို့ ဆွန်းမို တွေးလိုက်မိသည်။ ဒါ့အပြင် ဆွန်းမိုက ထန်ထန်ယုထန်ရဲ့ ခန္ဓာကိုယ်က

ကြောက်စရာကောင်းတဲ့ အခြေအနေတွင် ရှိနေကာ တွန်းအားပေးပြီး ကျင့်ကြံရင် အသက်တိုမည့် အကြောင်း အခုချိန် မတိုင်ခင်ကလည်း ပြောထားခဲ့သေးသည်။ ဒါပေမယ့် ထန်ထန်ယုထန်က ခိုးပြီး ကျင့်ကြံနေသည်။

ချန်လုံက နောက်ဆုံး အလှည့်ကျသည်။ ဒီလူငယ်လေး၏ ဆဋ္ဌမအာရုံက တော်တော် ထက်မြတ်သည်။ သူ့အခန်းထဲသို့ ပိုးကောင်တွေ ဝင်ပြီး စက္ကန့်အနည်းငယ် အကြာတွင် မျက်မှောင်ကြုတ်သွားသည်။

ဒါပေမယ့် ပိုးကောင်အနေနဲ့ ကင်းထောက်တဲ့ အခြေအနေက ရှားပါးသဖြင့် ချန်လုံက ဒါကို မစဉ်းစားခဲ့ပေ။ သူ့ကိုယ်သူ ရှုံးသွားပြီလို့ပဲ တွေးလိုက်သည်။

ဒီတစ်ကြိမ်တော့ ဆွန်းမို အပျော်ကြီး ပျော်နေသည်။ တခြား မြတ်ဆရာတွေကို စစ်ဆေးကြည့်တော့မယ့် အချိန်တွင် မျက်လုံး အောင့်လာသည်။ မျက်လုံးတွေ ကိုက်လာပြီး ခေါင်းကလည်း ပုဆိန်နဲ့ ခုတ်လိုက်တဲ့အလား တဆစ်ဆစ် ကိုက်ခဲလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခေါင်းတစ်ခြမ်းကိုက်ပြီး နာကျင်စွာ အော်ညည်းလိုက်ရသည်။

အီး အီး

ဆွန်းမို တော်တော်လေး နာကျင်ပြီး မျက်နှာကလည်း ဖြူဖျော့နေသည်။ ဦးနှောက်ကလည်း အရည်တွေ ညှစ်ထုတ်ခံရပြီး ခန်းခြောက်သွားသလို ခံစားရသည်။

ဒီဝိညာဉ် ထိန်းချုပ်ခြင်း နည်းစနစ်က စိတ်ခွန်အားကို တော်တော်လေး ကုန်ခမ်းစေသည်။

ဒင်

“တန်ဖိုးဖြတ်မရတဲ့အကြံပြုချက်က အများကြီး တိုးတက်လာလို့ ဂုဏ်ပြုပါတယ်။ ဒါပေမယ့် ဆုမပေးလို့ စိတ်မကောင်းဘူး”

စနစ်က နှောက်နေသည်။

“ဆုမပေးရင်လည်း ဘာတွေ ပေါက်ကရ လုပ်နေတာလဲ။ မြန်မြန် ဒူးထောက်ပြီး အနားယူလိုက်။ မင်းကိုမြင်နေရတာ စိတ်အနှောက်အယှက် ဖြစ်တယ်”

ဆွန်းမိုက စိတ်မရှည်စွာ လက်ဝှေ့ယမ်းလိုက်သည်။

....

ဇွန်လ ပထမရက်, ကြယ်နှစ်ပွင့်မြတ်ဆရာစာမေးပွဲနေ့ ရောက်လာသည်။

ဖြေဆိုသူများက အနောက်တောင် အကယ်ဒမီတွင် စုရုံးနေကြပြီး သက်ဆိုင်ရာ စာမေးပွဲ အခန်းသို့ ဝင်သွားကြသည်။

ပထမအဆင့်တွင် မြတ်ဆရာ အရှိန်အဝါ စမ်းသပ်မည်။ ဖြေဆိုသူများက သတ်မှတ်ချိန်အတွင်း အရှိန်အဝါခြောက်ခု မထုတ်ပြနိုင်ရင် တိုက်ရိုက် ဖြုတ်ချခံရမည်။

ဆွန်းမိုသည် အထူးအရေးပေးမှု မခံရဘဲ နံပါတ် ၃၂၇ ရထားသည်။ လူ ၃၀၀ ဆံ့တဲ့ အခန်းထဲသို့ ဝင်လိုက်လျှင် လူအများကြီး ဖြစ်နေတာ တွေ့လိုက်ရသည်။

ဝူး၅်

လူတိုင်း လှည့်ကြည့်လာသည်။ ဆွန်းမိုကို မှတ်မိတဲ့ လူတချို့က တိုးတိုးလေး ပြောနေကြသည်။

ဆွန်းမိုကတော့ ဒါတွေကို လုံးဝ စိတ်မဝင်စားပါ။ အလယ်မှာရှိတဲ့ ထိုင်ခုံတစ်ခုကို ယူထိုင်လိုက်သည်။

တက္ကသိုလ် တက်တုန်းကလည်း ဒီလို နေရာပဲ အမြဲ ရွေးသည်။ ရှေ့တန်းတွေက ထိပ်ဆုံးကျောင်းသားတွေအတွက် ဖြစ်ပြီး နောက်ဆုံး အတန်းက ညံ့တဲ့ ကျောင်းသားတွေအတွက် ဖြစ်သည်။ အလယ်တန်းကတော့ စာကျက်လိုက် ၊ အိပ်လိုက်၊ ဝတ္ထုဖတ်လိုက်နဲ့ ပျော်ဖို့ ကောင်းသည်။

ဆွန်းမိုလည်း ပျင်းလာသဖြင့် မျက်လုံးမှိတ်ပြီး အနားယူနေလိုက်သည်။

ဆွန်းမိုအနားမှာ ထိုင်နေတဲ့ ဖြေဆိုသူတွေက လူတွေ အာရုံစိုက်ခံနေရတာကို သိနေသည်။

ဒါပေမယ့်လည်း သူတို့ မခံနိုင်ကြပါ။ ဒါကြောင့် ထပြီး အနောက်ဖက်သို့ ရွှေ့သွားကြသည်။

အဝေးဆုံး ရွှေ့သွားကြတဲ့ ဖြေဆိုသူတွေ ပိုများလာသည်။ ဆယ်မိနစ်လောက်ကြာတော့ ဆွန်းမို ပတ်လည်မှာရှိတဲ့ ထိုင်ခုံအနည်းငယ်က လူလွတ်သွားသည်။

“ဆွန်းမိုက ရှောင်လီကို မကူပေးနိုင်ရင် စာမေးပွဲ မဖြေရဘူးလို့ သူတို့ ကြေငြာထားတယ် မဟုတ်ဘူးလား”

“သူလုပ်ခဲ့လို့ပေါ့”

“ဘာ၊ ရှောင်လီက ဒဏ်ရာအပြင်းအထန်ရပြီး လက်တွေ အစိပ်အစိပ်အမွှာအမွှာ ကျိုးသွားတာ မဟုတ်ဘူးလား”

ဖြေဆိုသူများက အချင်းချင်း ဆွေးနွေးနေကြရင်း မရေမတွက်နိုင်တဲ့ အကြည့်တွေထဲမှာ သိချင်စိတ်၊ လေးစားတဲ့စိတ်၊ သဘောကျတဲ့စိတ်တွေနဲ့ ဆွန်းမိုကို ကြည့်နေကြသည်။

ဘုန်း

ခန်းမတံခါး ခပ်ပြင်းပြင်း တွန်းဖွင့် ခံလိုက်ရသည်။

အသားညိုညိုနဲ့လူငယ်တစ်ယောက် ဝင်လာပြီး တစ်ခန်းလုံးကို အကဲခတ်လိုက်သည်။

"ဆွန်းမိုက ဘယ်သူလဲ"

ဝူး၅ှ်

အကြည့်တွေ အားလုံးက ဆွန်းမိုဆီ ရောက်သွားသည့်.

"ကျွတ်၊ မင်းက ဆွန်းမိုလား။ တော်တော် ချောတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသားညိုတဲ့ လူငယ်လေးက အပျော်အပြက်အနေနဲ့ ပြောလိုက်ပြီးနောက် အသံက လေးနက်လာသည်။

“စာမေးပွဲကို အလေးအနက်ထားပါ။ မင်းရလဒ်တွေ အရမ်းဆိုးနေရင် မင်းကို အနိုင်ယူရတာ ပျော်ဖို့ကောင်းမှာ မဟုတ်ဘူး”

ရှူး

ဖြေဆိုသူတွေအားလုံး လေးအေးတစ်ချက် ရှိုက်လိုက်မိသည်။ ဒီကောင်က ဦးနှောက် မရှိဘူးလား။

ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဆွန်းမိုရဲ့ လုပ်ဆောင်ချက်တွေက တောမီးလို ပျံ့နှံ့နေခဲ့သည်။ သူ မကြားမိဘူးလား။ ဆွန်မို ဘယ်လို အံ့အောဖို့ကောင်းလဲ မသိဘူးလား။

“ငါ့ကို ရှမ်ရှီ လို့ခေါ်တယ်။ အခုတော့ မကျော်ကြားသေးဘူးပေါ့ ဒါပေမယ့် ဒီစာမေးပွဲပြီးရင် ငါက ဘယ်လိုအံ့အောဖို့ ကောင်းသလဲဆိုတာ မင်းတို့ သိလာလိမ့်မယ်”

ရှမ်ရှီက တခန်းလုံးကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။ ထို့နောက် သူ့လက်ညှိုးက

ဆွန်းမိုဆီမှာ ရပ်သွားပြီး လက်မကို အောက်ချပြလိုက်သည်။

ဒါက တော်တော်လေး ပြင်းထန်တဲ့ စိန်ခေါ်မှုမျိုးပါ။ လူတိုင်းက ဆွန်းမို ဘယ်လိုတုန့်ပြန်မလဲဆိုပြီး လှည့်ကြည့်လိုက်ကြသည်။ ရှမ်ရှီကို တစ်ချက်ကြည့်ပြီး အာရုံမစိုက်တာကို တွေ့လိုက်ရသည်။

"ငါကအခုတော့ တခြားလူကို ခြေနင်းတုံးလုပ်ဖို့ အခွင့်အရေး ရှိလာပြီပေါ့"

ဆွန်းမို မဲ့သွားသည်။ သူက သူ့ခံစားချက်တွေကို ထိန်းညှိနေတုန်း အာမေဒိတ်အသံများ ထွက်လာတာကို ကြားလိုက်ရသည်။ ထိုင်ခုံတွေ ရွှေ့လိုက်လို့ ထွက်လာတဲ့ ပွတ်တိုက်သံတွေကိုလည်း ကြားနေရသည်။

ဆွန်းမို လှည့်ကြည့်လိုက်လျှင် အနောက်တောင်ဟိုတယ်မှာ ငြင်းခုန်ခဲ့ရတဲ့ ပိုင်ရှမ်ကို တွေ့လိုက်ရသည်။ ဖြေဆိုသူ တော်တော်များများက မတ်တပ်ရပ်ပြီး နှုတ်ဆက်ချင်ပေမယ့် မလုပ်ရဲကြပါ။ လေးစားမှုပြဖို့သာ မတ်တပ်ရပ် နေခဲ့ကြသည်။

"ငါ့ကို ရှာနေတာလား"

ဆွန်းမိုက ဒီကိစ္စနဲ့ ပက်သက်ပြီး ထူးခြားတဲ့ ခံစားချက် ရနေသည်။

မျှော်လင့်ထားသလိုပဲ ပိုင်ရှမ်က ဆွန်းမို ဆီလျှောက်ပြီး သူမရဲ့ တောက်ပတဲ့မျက်လုံး နက်ကြီးတွေနဲ့ မောက်မာစွာ ငုံ့ကြည့်လိုက်သည်။

"မင်းက ဆွန်းမိုလား"

"မဟုတ်ဘူး၊ မင်းလူမှားနေပြီ"

ဆွန်းမိုက ပြန်ဖြေလိုက်သည်။

"........"

ဒီစကားကို ကြားလိုက်လျှင် မောင်းတင်လာတဲ့ ပိုင်ရှမ်စိတ်တွေ ရုတ်တရက် ပြိုကွဲသွားသည်။

သူမရဲ့ အမြင်အရ ဆွန်းမိုလို အရည်အချင်းရှိတဲ့လူက ဂုဏ်ယူဝံ့ကြွားပြီး မောက်မာလိမ့်မည်။ ဒါကြောင့်လည်း သူမက ပြင်းပြင်းထန်ထန် လက်တုန့်ပြန်ဖို့ ပြင်ဆင်လာခဲ့သည်။ နောက်ဆုံးတော့ ဆွန်းမိုဆီက အဖြေကြားပြီး လမ်းပျောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရှမ်သည် ဆွန်းမိုက သူမကို လွမ်းစရာအကြောင်း မရှိဘူးလို့ ပြောလိုက်ချင်သည်။ ဒါပေမယ့်လည်း ဆွန်းမိုရဲ့ ခပ်တည်တည် အမူအရာကို မြင်ပြီးနောက် သူမအဖော်ကို သံသယ စိတ်နဲ့ လှမ်းကြည့်လိုက်သည်။

"အမှန်ပဲ။ ဒီကောင်က ဆွန်းမို"

သူမအဖော်လည်း စိတ်ရှုပ်သွားသည်။ ဖြေဆိုသူ တစ်သောင်းကျော်တွင် ဒီလိုချောတဲ့လူငယ် အများကြီး မရှိပါ။

အခန်း(၅၃၈ - က) - ပိုင်ရှုမ်နှင့် ပထမအကြိမ် ပိတ်မိခြင်း။

သူမရဲ့ အဖော်ဆီက အတည်ပြုချက်ကို ရပြီးနောက် ပိုင်ရှမ်သည် ဆွန်းမိုကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။

"မြတ်ဆရာဆွန်း တခြားသူတွေကို ကစားရတာ ပျော်ဖို့ကောင်းလား။ မြတ်ဆရာတစ်ယောက်အနေနဲ့ တည်ငြိမ်ရင့်ကျက်ပြီး စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို ထိပ်တိုက်ရင်ဆိုင်သင့်တယ်။ ဒီလို ယုတ်မာတဲ့အပြုအမူမျိုး မလုပ်သင့်ဘူး"

"............."

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ ဒီလိုမျိုး တရားဟောခံရတာကို ဘယ်သူမှ မကြိုက်ပေ။ သူက ပြန်တုန့်ပြန်ဖို့ လုပ်လိုက်ပေမယ့် ပိုင်ရှမ်ရဲ့လေးနက်တဲ့ အကြည့်ကို မြင်လိုက်ပြီး ဒီအသက် ၂၅ နှစ်အရွယ်ရှိတဲ့ အမျိုးသမီးက သူမကိုယ်တိုင် ဆရာကောင်းတစ်ယောက်ရဲ့ အမူအကျင့်နဲ့ပုံရိပ်ကို အလေးထားတယ်ဆိုတာ သိလိုက်သည်။

"ကောင်းပြီလေ။ အလာပသလာပ စကားတွေ ပြောတာ လုံလောက်ပြီ"

ပိုင်ရွှမ် ချောင်းဟန့်လိုက်ပြီး မျက်ခုံးပင့်ကာ ရက်စက်တဲ့ အမူအရာနဲ့ ပြောလိုက်သည်။

“မင်းကို လာရှာရတဲ့ အကြောင်းအရင်းက ငါတို့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက လူတွေ ဒီလောက် လွယ်လွယ်နဲ့ မရှုံးဘူးဆိုတာ မင်းကို လာပြောတာ။ ငါတို့က လဲကျရင်တောင် လေးဘက်တွားပြီး ရောက်အောင်သွားမယ်”

“ဘာဖြစ်လို့ ဒီလို လာပြောနေတာလဲ”

ဆွန်းမို ဆွံ့အနေသည်.

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါက ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက ဆရာတစ်ယောက် မဟုတ်ဘူး။ ဘာဖြစ်လို့ မင်းတို့ လုပ်ဆောင်မှုကို ဂရုစိုက်ရမှာလဲ"

"အမ်"

ပိုင်ရှမ် အကြံအိုက်သွားသည်။ ဘာဖြစ်လို့ ဆွန်းမို အဖြေက မျှော်လင့်ထားသလို လုံး၀ မဖြစ်ရတာလဲ။

(ငါတို့ ဘယ်နှစ်ယောက်လာလာ အားလုံးကို ချေမှုန်းပစ်မယ်လို့ ပြောရမှာ မဟုတ်ဘူးလား)

"အမ် မင်းပုံစံက ငါ မောက်မာပြီး ပြန်ပြောတာကို စောင့်နေတာလား"

ဆွန်းမို စနောက်ပြီး ရယ်နေခဲ့သည်။

"မဟုတ်ဘူး"

ပိုင်ရှမ် ခေါင်းလှည့်လိုက်သော်လည်း မျက်လုံးထဲတွင် မျှော်လင့်နေတဲ့ အရိပ်အယောင်တစ်စွန်းတစ်စ ထွက်လာသည်။ သူမက ဆွန်းမိုကို ခိုးကြည့်လိုက်သေးသည်။

(ဆက်ပြော၊ မြန်မြန်ပြောစမ်းပါ။ ဒီလိုမှမဟုတ်ရင် ငါဘယ်လို ဆက်ပြောရမလဲ)

"ကောင်းပြီလေ"

ဆွန်းမို ပခုံးတွန့်ပြီး အသံထွက်လာသည်။

"ပိုင်ရှမ် ဟုတ်တယ်နော်။ ငါက မင်းကို အနိုင်ယူပြီး ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီက လူတွေ အားလုံး အမှိုက်တွေပဲဆိုတာ သက်သေပြမယ်"

"ဒါပဲ၊ ဒါပဲလေ၊ ဒါပဲဖြစ်သင့်တာပေါ့"

ပိုင်ရှမ်သည် ဆွန်းမိုကို လေးနက်တဲ့ အမူအရာနဲ့ စိုက်ကြည့်နေသော်လည်း စိတ်ထဲမှာ တက်ကြွသွားသည်။

"ငါတို့ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ဂုဏ်ကျက်သရေက ဖြိုခွဲလို့ ရမှာမဟုတ်ဘူး။ မင်းစောင့်နေလိုက်"

ပိုင်ရှမ်က ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

"ဒါပဲလား"

ဆွန်းမို ကြောင်သွားသည်။

ပိုင်ရှမ်က ခြေလှမ်းတွေကို ရုတ်တရက် ရပ်လိုက်သည်။ ထို့နောက် ဆွန်းမိုကို ကြောင်တောင်တောင် လှည့်ကြည့်လိုက်သည်။

"မင်းစကားတွေက အဆင်မပြေသေးဘူး"

ဆွန်းမိုက သတိပေးလိုက်သည်။

"ဒါက ပြင်းထန်နေပြီ မဟုတ်ဘူးလား"

ပိုင်ရှမ်က တိုးတိုးလေး ရေရွတ်လိုက်ပြီး သူမ အဖော်တွေကို လှမ်းကြည့်ကာ အဖြေတောင်းလိုက်သည်။

သူမနဲ့အတူ လိုက်လာတဲ့ လူတွေလည်း ချွေးစိုနေကြပြီ။ ဒါပေမယ့်လည်း သူတို့သည် ပိုင်ရှမ် စရိုက်ကို သိနေကြသဖြင့် ပိုင်ရှမ်က ဒီလိုကိစ္စတွေကို လုံးဝ စိတ်မဝင်စားကြောင်း သူတို့

သိထားသည်။ ဆွန်းမိုကိုလည်း ဂူချင်ယန်ကြောင့် လာရှာတာပါ။

“တိုက်ပွဲမှာ ငါနဲ့ မဆုံဖို့ ဆုတောင်းထား။ ဒီလိုမှမဟုတ်ရင် မင်းခေါင်းကို ရိုက်ခွဲပစ်မယ်”

ပိုင်ရွှမ်က ဒီစကားကို ပြောပြီးနောက် ပြွတ်ခနဲမြည်အောင် နှုတ်ခမ်းစုတ်လိုက်သည်။ ဒီလောက်ဆို ပြင်းထန်တာ လုံလောက်ပြီလို့ တွေးလိုက်သည်။ ထို့နောက် ကျေနပ်အားရတဲ့ အမူအရာနဲ့ အခန်းထဲက ထွက်သွားဖို့ လုပ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်တဲ့လူတွေက ဒီလိုစကားတွေကို ကြားလိုက်လျှင် ပုံမှန်အားဖြင့်တော့ ရုတ်ရုတ်သဲသဲ ဖြစ်သွားရမည်။ အခုတော့ အခန်းထဲမှာရှိတဲ့ ဖြေဆိုသူတွေ အားလုံး ကြောင်တောင်တောင် ဖြစ်နေကြသည်။

(မင်းတို့နှစ်ယောက် ဘာတွေပြောနေကြတာလဲ)

"နေပါအုံး"

ဆွန်းမိုက လှမ်းအော်လိုက်သည်။

"ဂူချင်ယန် အခုဘယ်လိုလဲ။ အပြစ်ပေးခံနေရတာလား"

“သူ ထွက်သွားပြီ”

ပိုင်ရွှမ်က ဒီအချက်ကို မဖုံးကွယ်ထားပေ။ ဒါ့အပြင် ဒီလိုပြောလိုက်တဲ့ အချိန်မှာ စိတ်မကောင်းတဲ့ အမူအရာ ပေါ်လာသည်။ ဂူချင်ယန်က သူမ သဘောအကျဆုံး အငယ်တန်းလေးပါ။

ဒါပေမယ့်လည်း သူက ဒီလိုချိန်နဲ့ သွားရပြီ။

“ထွက်သွားတယ် ဟုတ်လား။ ဘယ်ထွက်သွားတာလဲ”

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

ပိုင်ရှမ်က ဒီစကားတွေကို ဆက်မပြောချင်တဲ့အတွက် ထွက်သွားသည်။ ဒါပေမယ့် သူမ အဖော်တွေထဲမှ တစ်ယောက်က ပြန်ပြောခဲ့သည်။

“ဆွန်းမို ဒီကိစ္စက ဒီလောက်နဲ့ ပြီးသွားမှာ မဟုတ်ဘူး”

ဂူချင်ယန်က ပြည်နှင်ဒဏ် ခံဖို့ ရွေးချယ်ခဲ့သည်။ အမှောင်တိုက်ကြီးသို့ သွားတယ်လို့ ပြောတာပါ။

ဒါက ကို့ကိုယ်ကို အပြစ်ပေးခြင်း ဖြစ်သည်။ သူသာ ဆယ်နှစ်လောက် ပိတ်လှောင်ခံလိုက်ရလျှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်တက်ဖို့ မျှော်လင့်ချက်မရှိတော့ပေ ဒါကလည်း အမှားကျူးလွန်မိတဲ့ မြတ်ဆရာတွေ ကို့ကိုယ်ကို နှိပ်စက်တဲ့ နည်းလမ်းတစ်မျိုးပါ။

မြတ်ဆရာလောကတွင် အမှောင်တိုက်ကြီးသို့ နှင်ထုတ်ခြင်းသည် အရမ်းရက်စက်တဲ့ အပြုအမူဖြစ်ပြီး ဒါက နောက်ဆုံးတွင် သေခြင်းတရားနဲ့ အဆုံးသတ်သွားနိုင်သည်။

"ငါ စောင့်နေမယ်"

ဆွန်းမိုက ပုခုံးတွန့်ပြီး ထိုင်ချလိုက်သည်။

ဘယ်လိုပဲပြောပြော သူမသည် ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရတစ်ယောက်ပါ။ မြွတ်ဆရာ သူရဲကောင်းအဆင့်တွင် အဆင့် ၁၁ ရှိသည်။ သူမက ဒီစာမေးပွဲတွင် ပျိုးပင်ကောင်း ဖြေဆိုသူတစ်ယောက်ပါ။

“ပိုင်ရှမ်က အရုပ်လေးလို ဝတ်လိုက်ရင် အရမ်းလှမှာနော်”

“ဒီနေရာက နည်းနည်းသေးနေတယ် ၊ ငါတော့ မကြိုက်ပါဘူး”

"မသေးပါဘူးကွာ။ လက်တစ်ဖက်တည်းနဲ့ အဆင်ပြေပါတယ်။ ဒါကမှ ပြည့်စုံတဲ့ပုံစံပါ"

အခန်း တံခါးနားရှိ လူတချို့ ပြောနေတဲ့ စကားအကြောင်းအရာသည် ပိုင်ရှမ် ပုံစံဆီ ရောက်သွားသည်။

"ငါလည်း ကြီးတာ ကြိုက်တယ်"

"ဒီနေရာက လုံလောက်အောင် မကြီးလို့ မင်းစိတ်ပျက်သွားတဲ့ အတွက် စိတ်မကောင်းပါဘူး"

ရုတ်တရုတ် အသံထွက်လာလျှင် လူတိုင်း လန့်ဖြန့်သွားသည်။ လှမ်းကြည့်လိုက်တော့ ပိုင်ရှမ်က ဒေါသတကြီး စိုက်ကြည့်နေတာ မြင်နေရသည်။

ဂလု ဂလု

သူတို့ထဲမှ အနည်းစုသည် လျှင်မြန်စွာ မတ်တပ်ရပ်လိုက်သဖြင့် ထိုင်ခုံတွေ ပွတ်တိုက်မိတဲ့အသံ ဆိုးဝါးစွာ ထွက်ပေါ်လာသည်။

“ငါတို့ ဒီလို ပြောတာ မဟုတ်ဘူး”

“ဆရာပိုင်၊ မင်းမှားနေပြီ”

“မဟုတ်ဘူး။ မင်းနားကြားမှားနေပြီ”

တောင်းပန်သံများ၊ ရှင်းပြသံများ ထွက်ပေါ်လာသည်။

"ဒါက မြတ်ဆရာ စာမေးပွဲဖြစ်နေလို့ ဒီတစ်ကြိမ် လွှတ်ပေးလိုက်မယ်။ နောင်မှာ ဒီလိုမျိုး ထပ်ကြားလို့ကတော့ မင်းတို့ကို တစ်ယောက်ခြင်း တိုက်ခိုက်ဖို့ စိန်ခေါ်မယ်"

ပိုင်ရှမ်က ပြောပြီးတာနဲ့ အခန်းထဲသို့ ဝင်လာသည်။

အားလုံး အံ့အောကုန်ပြီး ဆွန်းမိုကို ထပ်ကြည့်လိုက်ကြသည်။ ပိုင်ရှမ်သည်

စောစောတုန်းက သူမပြောခဲ့တဲ့ စကားတွေ မပြင်းထန်သေးဘူးထင်ပြီး ဆွန်းမိုကို နောက်တစ်ကြိမ် သင်ခန်းစာ ပေးဖို့လား။

ဆွန်းမိုလည်း ထိတ်လန့်သွားသည်။ ပိုင်ရှမ်က သူနှင့် နှစ်တန်းအကွာ ငါးယောက်မြောက်တွင် ဝင်ထိုင်လိုက်သည်။

ထို့နောက် သူမ လွယ်အိတ်ထဲက စာအုပ်ကြီး တစ်အုပ်ကိုထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။ တစ်ခါတစ်လေ မှတ်စုတွေတောင် ရေးနေလိုက်သေးသည်။

"..............."

ဆွန်းမိုက သဘောကျစွာ ရယ်ပြီး မျက်လုံးမှိတ်ကာ ဆက်အနားယူနေလိုက်သည်။

သုံးမိနစ်လောက် တိတ်ဆိတ်သွားပြီးနောက် တစ်ယောက်ယောက်က ဒီအကြောင်းကို အစပျိုးလာပြန်သည်။ ပိုင်ရှမ်က ဆွန်းမိုကို ပြဿနာရှာဖို့ မဟုတ်ဘဲ ဒီအခန်းထဲတွင် စစ်ဆေးခံရမည်။ ဘာဖြစ်လို့ ဆွန်းမို အနီးအနားမှာ ထိုင်ရတာလဲ။

ဆွန်းမို အနီးအနားကလွဲလျှင် ကျန်နေတဲ့နေရာတွေမှာ နေရာလွတ် မရှိတော့ပါ။

သိပ်မကြာခင် စာမေးပွဲ စတဲ့ ခေါင်းလောင်းသံ မြည်လာသည်။

မြတ်ဆရာ ငါးယောက် အခန်းထဲသို့ ချက်ခြင်း ရောက်လာပြီး တန်ရီမင်က ဦးဆောင်လာသည်။ ဆွန်းမိုသည် 'ဒီ'အဆင့် လိဂ်ပြိုင်ပွဲမှာကတည်းက သူနဲ့ ဆုံဖူးသည်။ ဒါပေမယ့် ကျန်တဲ့အသေးအဖွဲ့ ဇာတ်ကောင်များကိုတော့ မမှတ်မိပါ။

"စာမေးပွဲ ပထမအဆင့်မှာ မြတ်ဆရာအရှိန်အဝါ စစ်ဆေးမယ်။ စာမေးပွဲ အခက်အခဲ တိုးမြှင့်လာတယ်ဆိုတာ လူတိုင်းကြားကြမှာဘဲ။

ဒီနှစ်ကစပြီး သူတော်စင်ဂိတ်က အသစ်တက်လာတဲ့ မြတ်ဆရာ အရေအတွက်ကို ကန့်သတ်ထားတယ်။ ဒါကြောင့် ယုံကြည်ချက် မရှိတဲ့လူတွေ ထွက်သွားလို့ ရတယ်”

တန်ရီမင်က မိတ်ဆက်တာတွေ ဘာတွေ ပြောမနေတော့ဘဲ လိုရင်းတန်းပြောလိုက်သည်။

“စာမေးပွဲစတာနဲ့ အောင်သွားရင် အဆင်ပြေတယ်။ ကျသွားရင်တော့ စိတ်မကောင်းဘူး။ နောက်ထပ်သုံးနှစ်အတွင်း နောက်တစ်ကြိမ် ဖြေလို့ရမှာမဟုတ်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒါက သူတော်စင်ဂိတ် အရင်းအမြစ်တွေနဲ့ အသုံးစရိတ် ချွေတာ တာလည်းပါတယ်”

ဟာ

တန်ရီမင် ပြောပြီးတာနဲ့ အခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ လူတော်တော်များများလည်း မျက်နှာပျက်သွားသည်။

သုံးနှစ်၊ ဒီအချိန်က နည်းနည်းတော့ ကြာသည်။

ဘဝမှာ သုံးနှစ် ဘယ်နှစ်ကြိမ် ရှိလို့လဲ။

စောစောစီးစီး ကျော်ကြားဖို့ ရည်မှန်းထားကြသည်။ ဒါကလည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာအသိုင်းအဝိုင်းတွင် သက်ရောက်မှု ရှိသည်။ ဘဝကို နှမြောတဲ့ မြတ်ဆရာတွေကတော့ စောစောစီးစီး ကြယ်နှစ်ပွင့်အဆင့်သို့ ရောက်ချင်ကြသည်။

မြတ်ဆရာလောကတွင် အစမ်းခန့် ဆရာတွေ၊ ကြယ်တစ်ပွင့် မြတ်ဆရာတွေကို အမှိုက်တစ်ခုလောက်ပဲ သဘောထားသေးသည်။ ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာမှပဲ ကျောင်းတွေနဲ့ ညှိနှိုင်းဖို့ အနည်းငယ် အခွင့်အရေး ရှိသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရိုးရိုးရှင်းရှင်း ပြောရလျှင် ကြယ်တစ်ပွင့် မြတ်ဆရာက ဘာရုပ်မှ မပေါက်သေးပေ။

“တိတ်ကြပါ”

တန်ရီမင်က ဖြေဆိုသူတွေရဲ့ အတွေးကို ဂရုမစိုက်ပါ။ ဘောင်းဘီ အိတ်ကပ်ထဲကနေ အိတ်ဆောင်နာရီ ထုတ်ပြီး အချိန်ကြည့်လိုက်သည်။

“တစ်မိနစ်ကြာရင် အခန်းထဲမှာရှိတဲ့ ဖြေဆိုသူတွေကို စာမေးပွဲ ပါဝင်မယ့်လူတွေလို့ သတ်မှတ်မယ်”

၆၀

၅၉ ....

......

....

တန်ရီမင် အကျယ်ကြီးအော်ကာ ရေတွက်နေမှုက တော်တော်လေး ဖိအားဖြစ်စေသည်။

"ငါတို့ ဘာလုပ်ကြမလဲ"

ဖြေဆိုသူတစ်ယောက်က သူ့ရဲ့အဖော်တွေကို အမှတ်တမဲ့ လှမ်းကြည့်ပြီး မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပြောနေတဲ့လူတွေကို နာမည်မှတ်ထားပြီး ဖယ်ရှားပစ်မယ်"

တန်ရီမင် သတိပေးလိုက်သည်။

ဝူရှ်

အခန်းတစ်ခုလုံး တိတ်ကြသွားသည်။

ဖြေဆိုသူတွေက အမူအရာ အမျိုးမျိုး ဖြစ်နေကြသည်။ တချို့က တည်ငြိမ်ပြီး တချို့က စိုးရိမ် ပူပန်နေကြတယ်၊ တချို့ကတော့ ရင်တုန် နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဖြေဆိုသူအများစုက ခေါင်းလှည့်ပြီး ဟိုကြည့်ဒီကြည့် လုပ်နေကြသည်။

နောက်ဆုံးတော့ ဖိအား မခံနိုင်တဲ့လူတွေ မတ်တပ်ရပ်ပြီး ထွက်သွားကြသည်။

အမှန်တိုင်းပြောရလျှင် ဒီမှာရှိနေတဲ့ ဖြေဆိုသူ အများစုက ပထမအကြိမ်ပါ။ ရှုံးနိမ့်မှုကနေ ပြင်ဆင်ဖို့အတွက် အတွေ့အကြုံ လိုချင်ကြသည်။ ဘာပဲပြောပြော ငါးကြိမ် ကျရှုံးဖို့အတွက် အလှမ်းဝေးနေကြသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် တန်ရီမင်က စဉ်းမျဉ်းအသစ် ကြေငြာပြီးတာနဲ့ တုန်လှုပ်ခြောက်ခြား သွားကြသည်။

ပထမတစ်ယောက် ထွက်သွားတာနဲ့ ကျန်တဲ့လူတွေလည်း မတ်တပ်ရပ်ပြီး လျှင်မြန်စွာ ထွက်သွားကြသည်။ ဘာဖြစ်လို့လဲဆိုတော့ ရေတွက်မှုက လျှင်မြန်စွာ ကုန်ဆုံးနေသည်။

၁၀

၉ ..

.....

ထွက်တဲ့လူတွေ များလာလေလေ မသေချာမရေရာ ဖြစ်နေတဲ့ လူတွေလည်း ကြောက်လန့်တကြား မတ်တပ်ရပ်လာကြသည်။

"ထွက်ချင်ရင် ထွက်သွား၊ နေချင်ရင် နေ။ ဒီလိုမျိုး ဆုံးဖြတ်ချက်တောင် မပြတ်သားရင် ဘယ်လိုလုပ် မြတ်ဆရာ လုပ်မှာလဲ"

တန်ရီမင်က ဝေဖန်လိုက်သည်။

ဒီစကားကိုကြားတော့ တချို့လူတွေက ကျန်နေခဲ့ကြသည်။

"ကောင်းပြီပေါ့။ ရေတွက်တာ ပြီးပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင်က

“တံခါးပိတ်”

ဒိုင်း

ဆရာတွေက တံခါးပိတ်လိုက်သည်။

အခန်းထဲကနေ ၇၈ ယောက် ထွက်သွားသည်။

ထွက်သွားတဲ့ လူတွေက တကယ်မထွက်သွားသေးပါ။ အခန်းရဲ့ အပြင်ဘက်မှာ စိတ်ရှုပ်ထွေးနေတဲ့ အမူအရာနဲ့ ရပ်ကြည့်နေကြသည်။

"ဆွန်းမိုကို အရမ်းမနာလို ဖြစ်တယ်။ ဘယ်လိုတောင် တည်ငြိမ်နိုင်ရတာလဲ"

"သူက တွေဝေစရာမှ မလိုတာ။ သေချာပေါက် အောင်မှာပဲကို ပထမနေရာ ရမလား၊ မရဘူးလားဘဲ စောင့်ကြည့်ရမှာ"

အခန်း(၅၃၈ - ခ) - ပိုင်ရှမ်နှင့် ပထမအကြိမ် ပိတ်မိခြင်း။

"ရုတ်တရက် နှောင်တရလာပြီ။ စာမေးပွဲ ဆက်ဖြေချင်သေးတယ်"

တစ်ယောက်က နောင်တရပြီး အခန်းတံခါးကို သွားခေါက်လိုက်သည်။ စာစစ်သူတွေက ဂရုမစိုက်တာ သနားစရာပါ။

“ငါတို့အခု ဖြေဆိုသူ စာရင်းစစ်မယ်”

တန်ရီမင်က ထွက်ခွာသွားတဲ့ ဖြေဆိုသူ အရေအတွက် မေးပြီးနောက်

“အရမ်းကောင်းတယ်၊ ပထမအဆင့် စာမေးပွဲ ပြီးဆုံးကြောင်း ကြေငြာပါတယ်”

“ဘာ”

ဖြေဆိုသူတွေလည်း အံ့အောကုန်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“စောစောက ထွက်သွားတဲ့လူတွေက နောက်နှစ်ကစပြီး သုံးနှစ်အတွင်း ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေခွင့်မရှိဘူး”

တန်ရီမင်က ကြေညာလိုက်သည်။

ဟာ

ကျယ်လောင်တဲ့ အသံနဲ့ ဝရုန်းသုန်းကား နောက်တစ်ကြိမ် ဖြစ်သွားသည်။ အပြင်မှာရှိနေတဲ့ လူတွေလည်း တုန်လှုပ်သွားကြသည်။ တချို့က လှည့်စားခံလိုက်ရသလို ဒေါသတကြီး ဖြစ်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာစစ်သူတွေ သဘောက်ဂရုမစိုက်တာ စိတ်မကောင်းစရာပင်။

"မြတ်ဆရာတစ်ယောက်အနေနဲ့ ယုံကြည်မှုဆိုတာ အရမ်းအရေးကြီးတဲ့ စရိုက်လက္ခဏာ တစ်ခုပဲ။ ကိစ္စတွေကို ကိုင်တွယ်တဲ့နေရာမှာ ချီတုံချတုံ မပြတ်မသား မဖြစ်သင့်ဘူး။ ဒီသုံးနှစ်က မင်းတို့စိတ်ဆန္ဒကို သုံးသပ်ဖို့ လုံလောက်ပါတယ်"

တန်ရီမင် ဒီတစ်ကြိမ်ရဲ့ ရည်ရွယ်ချက်ကို ရှင်းပြလိုက်သည်။

အပြင်ရောက်နေတဲ့ ဖြေဆိုသူတွေ စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။ ထို့နောက် ဝန်ထမ်းတွေက သူတို့ကို မောင်းထုတ်ပြီး တိတ်ဆိတ်ငြိမ်သက်တဲ့ စာမေးပွဲဖြေသည့် ပတ်ဝန်းကျင် ဖြစ်အောင် ပြောင်းလဲလိုက်သည်။

“ဒါဆို ငါတို့ကရော။ ငါကျရှုံးခဲ့ရင်ကော......”

ဖြေဆိုသူတစ်ယောက်က ဒေါသဒုက္ခကနေ အသက်ရှင် လွတ်မြောက်တဲ့အလား မေးခွန်းတစ်ခု မေးလိုက်သည်။

“မင်းစာမေးပွဲ ဆက်ဖြေလို့ရတယ်”

တန်ရီမင်က ဒီစကား ပြောလိုက်ပြီးနောက် သူ့ကိုအပြစ်တင်လိုက်သည်။

“ဒီလို ကိစ္စတွေကို ဂရုမစိုက်ဘဲ နေလို့ မရဘူးလား။ မင်းအမူအရာကိုလည်း ကြည့်လိုက်အုံး၊ မထွက်သွားမိလို့ ကျေးဇူးတင်နေတဲ့ ပုံဖြစ်နေတယ်။ မင်းကို ပြောလိုက်မယ်။ တကယ့် မြတ်ဆရာဆိုတာ ဆွန်းမိုလို ပြုမူသင့်တယ်”

ဝူး၍

လူအားလုံးသည် ဆွန်းမိုကို အလိုလို ကြည့်လိုက်မိသည်။ နေ့ခင်းဘက်တွင် လက်ဖက်ရည်

ထိုင်သောက်နေသလို အေးအေးဆေးဆေး ထိုင်နေတာ တွေ့လိုက်ရသည်။ ပိုင်ရှမ်လည်း မဆိုးပေ။ သူမက မော့တောင်မကြည့်ဘဲ စာအုပ်ဖတ်နေသည်။

"ငါသာ အမြင့်ဆုံး ပင်မစာစစ်သူ ဖြစ်ခဲ့ရင် မင်းတို့လို စိတ်နဲ့ ဖြေဆိုသူတွေ အောင်ဖို့ဆိုတာ မေ့လိုက်တော့"

တန်ရီမင်က ဝေဖန်လိုက်သည်။

"ကောင်းပြီလေ။ မြတ်ဆရာအရှိန်အဝါ စစ်ဆေးတဲ့ ဒုတိယအဆင့်ကို စလိုက်ရအောင်။

ငါနာမည်ခေါ်လိုက်တဲ့ လူတွေက စင်ပေါ် ချက်ခြင်း တက်လာပြီး နှစ်မိနစ်အတွင်း မြတ်ဆရာအရှိန်အဝါ ခြောက်ခု ထုတ်လွှင့်ရမယ်။ ဒီလိုမလုပ်နိုင်ရင် မင်းတို့ကို ဖယ်ထုတ်ပစ်မယ်”

စာမေးပွဲ စတင်နေခဲ့ပြီ။

ဖြေဆိုသူတွေက အသတ်ခံရဖို့ စောင့်နေတဲ့ ဝက်တွေအလား စင်ပေါ်သို့ အလှည့်ကျ တက်လာကြသည်။

အရှိန်အဝါ ထုတ်လွှင့်ခြင်းသည် အရမ်းရိုးရှင်းတယ်လို့ ထင်ရပေမယ့် ဒီလိုမျိုး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရေးကြီးတဲ့ အချိန်မှာ နှစ်မိနစ်အတွင်း လုပ်ဆောင်ဖို့ဆိုတာ ခက်ခဲလွန်းသည်။ လူတွေရဲ့ ခံစားချက် ပြင်းထန်မှုကြောင့် ကျရှုံးတဲ့လူတွေ အများကြီးရှိခဲ့သည်။

ဆွန်းမိုလျှင်မြန်စွာ တွက်ချက်ကြည့်လိုက်တော့ ကျရှုံးနှုန်းက ၅၀ ရာခိုင်နှုန်းလောက် ရှိနေသည်။

ဒါက ပထအဆင့် အဲ ဒုတိယအဆင့် ဖြစ်နိုင်သည်။ အရိုးရှင်းဆုံး ဖြစ်နေသော်လည်း ဖယ်ရှားမှုနှုန်းက ပြင်းထန်လွန်းသည်။

ကျန်ခဲ့နိုင်တဲ့လူတွေက ထိပ်တန်း ပါရမီရှင်ဆိုတာ သိသာနေသည်။

အခန်းထဲတွင် အရှိန်အဝါတွေကို တစ်ယောက်ပြီး တစ်ယောက် ထုတ်လွှင့်နေခဲ့သည်။ တစ်ခါတစ်လေ ဆွန်းမို မျက်စိပွင့်နားပွင့် ဖြစ်သွားအောင် ရှားပါး မြတ်ဆရာ အရှိန်အဝါ ထုတ်လွှင့်ခဲ့တဲ့ လူအနည်းငယ်လည်း ရှိသေးသည်။

ဒါက ကြယ်အဆင့် စာမေးပွဲ ဖြစ်သင့်သည်။ အဆင့်ပိုမြင့်လေ၊ ပါရမီရှင် ပိုများလေ၊ ပြိုင်ဆိုင်မှု ပြင်းထန်လေ ဖြစ်တတ်သည်။

“ဟန်ဇီ”

တစ်ဝက်လောက်တွင်

မိန်းမချောလေးတစ်ယောက် စင်ပေါ်သို့ တက်သွားသည်။ သူမသည် ရှူတ်ပွနေတဲ့ ဆံပင်ကို သာမန်ကာလျှံကာ စည်းထားပြီး အမွေးပွ ခွေးလေးနဲ့တောင် တူနေသည်။ သူမက ရက်ပေါင်းများစွာ မလျှော်ဖွတ်ထားတဲ့ အဝတ်အစားကို ဝတ်ဆင်ထားပြီး တွန့်ကြေနေသည်။

“စ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင် မျက်မှောင် အနည်းငယ် ကြုတ်သွားသည်။ မြတ်ဆရာတွေသည် သူတို့ရဲ့ အပြုအမူနှင့် အသွင်အပြင်ကို အထူး ဂရုစိုက်သင့်သည်။ မဟာသခင်ကပဲ ပေါ်တင် ချိုးဖောက်လေ့ ရှိသည်။

ဝူးရှ် ဝူးရှ် ဝူးရှ်

ခေတ္တခဏတောင် ရပ်ဆိုင်းခြင်းမရှိဘဲ မြတ်ဆရာ အရှိန်အဝါ ခြောက်ခု လင်းထိန်လာသည်။ ထို့နောက် အံ့အောနေတဲ့ အသံများ ထွက်ပေါ်လာသည်။

“မှတ်ဉာဏ်ကောင်း”

“တိကျတဲ့ ဆွေးနွေးမှု”

“ထက်မြတ်တဲ့လျှော”

“ငါလို.....၊ ဒီမိန်းမက မယုံနိုင်စရာပဲ။ ရှားပါး အရှိန်အဝါ သုံးခု နားလည်ထားတာ မင်းမြင်လိုက်လား”

လူတိုင်းက မြတ်ဆရာအရှိိန်အဝါ ခြောက်ခုကို နားလည်ထားကြသော်လည်း မတူညီတဲ့ မြတ်ဆရာ အရှိန်အဝါတွေမှာ အရေးပါပုံခြင်း ကွာခြားသည်။ မြတ်ဆရာတွေရဲ့ တန်ဖိုးကိုလည်း ဒါနဲ့ ဆုံးဖြတ်ကြသည်။

ဒီအရှိန်အဝါ သုံးခုစလုံးသည် ကျောင်းသားများအတွက် တော်တော်လေး အထောက်အကူပေးနိုင်ပြီး အရမ်းအသုံးဝင်တဲ့ အရှိန်အဝါများပါ။

"မဆိုးဘူး"

မျက်နှာတင်းမာနေတဲ့ တန်ရီမင် မျက်နှာ အနည်းငယ်ပြေလျော့သွားသည်. ဒါကလည်း သူချီးကျူးစကားပြောလိုက်တဲ့ ပထမဆုံး အကြိမ်လည်း ဖြစ်သည်။ ဒီတစ်ခါမှာတော့

သူမရဲ့ထက်မြတ်မှုကြောင့် သူမရဲ့ ချို့ယွင်းချက်ကို မမြင်တော့ပေ။

ဒီလို မြတ်ဆရာအရှိန်အဝါ ခြောက်ခုကို နားလည်နေသောကြောင့် ဟန်ဇီက ဒီထက် ပိုနားလည်နေနိုင်သည်။

စာအုပ်ကို အချိန်တော်တော်ကြာအောင် ဖတ်နေတဲ့ ပိုင်ရှမ်တောင် ခေါင်းထောင်ပြီး လေးလေးနက်နက် အကဲဖြတ်လာသည်။

ဟန်ဇီမှာ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတွေ မမြင်ရပါ။ တန်ရီမင်ကို ဦးညွှတ်ပြီးနောက် အခန်းထဲမှ

ထွက်သွားသည်။ ဒီဖြစ်စဉ်အတွင်း ပိုင်ရှမ်ကို တစ်ချက်ကြည့်ပြီး သူမ အကြည့်က ဆွန်းမိုဆီ ရောက်သွားသည်။

(ပထမနေရာလား၊ ငါလည်း လိုချင်တယ်)

ဟန်ဇီသည် ဒီလို လူတိုင်း အံ့အောသင့်စေမယ့် အခိုက်အတန့်ကို စောင့်ဆိုင်းနေခဲ့တာ သုံးနှစ်ရှိပြီ။

"နောက်တစ်ယောက် ဆွန်းမို"

ဝူးရှ်

ဖြေဆိုသူအားလုံး ဟန်ဇီကို ဂရုမစိုက်တော့ပေ။ ဘယ်လိုပဲပြောပြော ဆွန်းမိုရဲ့ဂုဏ်သတင်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမထက်စာရင် အများကြီး ကြီးမားနေသည်။ ဒါကြောင့်လည်း သူတို့သည် ခွေးတစ်ကောင် ဆွန်းမို ဘယ်လို စွမ်းရည်တွေ ထုတ်ပြမလဲဆိုကာ စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

ဆွန်းမို စင်ပေါ်တွင် မတ်တပ်ရပ်လိုက်သည်။

ဝူးရှ်

မမြင်နိုင်တဲ့ နတ်သမီးတစ်ပါးက ငွေနှင်းမှုန်တွေကြဲချနေတဲ့ အလား ငွေရောင်အမှုန်လေးတွေက လွင့်မျောပြီး ကျဆင်းနေသည်။

အားလုံးက ဆွန်းမိုကို ကြည့်လိုက်လျှင် ထူးထူးခြားခြား ချောမောပြီး စိတ်ဓါတ် ကြံ့ခိုင်နေတာ သတိထားလိုက်မိသည်။ မိန်းကလေးတွေဆို မျက်လုံး မီးတောက်နေသည်။ တကယ်လို့ ဆွန်းမိုက သူမတို့ကို ထမင်းစားဖို့ ဖိတ်ခေါ်လာလျှင် ဒီနှစ်အတွက် ဒုတိယ အပျော်ဆုံး ကိစ္စဆိုတာ သေချာသည်။

အပျော်ဆုံးက ဘာလဲ။

ဆွန်းမိုက ဒုတိယအကြိမ် ထမင်းအတူစားဖို့ တောင်းဆိုတာပဲ ဖြစ်လိမ့်မည်။

ဒီမြတ်ဆရာအရှိန်အဝါက ဘယ်လိုတောင် လွှမ်းမိုးလိုက်သလဲ။

"သူ့အရှိန်အဝါ အဆင့်အတန်းက အရမ်းမြင့်နေပြီ"

တန်ရှီမင်သည် သူ့ စိတ်အခြေအနေ သက်ရောက်မှုနီးပါး ဖြစ်သွားသဖြင့် ရုတ်တရက် အံ့အောသွားသည်။

ပိုင်ရှမ်က စာအုပ် ပိတ်လိုက်ပြီး ဆွန်းမိုရဲ့ သရုပ်ပြမှုကို စောင့်ကြည့်နေလိုက်သည်။

အခန်း(၅၃၉ - က) - မြတ်ဆရာ သတင်းထောက် လီရှူအိုလန်။

ဆွန်းမို ရုပ်ရည်က အရင်ကတည်းက ချောမောသည်။ စံပြဆရာ၏ ထောက်ပံ့ကူညီမှုဖြင့် အခန်းတစ်ခုလုံး အာရုံစိုက်မှုကို ချက်ခြင်း ရလိုက်သည်။

ယောကျာ်းလေးတွေအတွက် အဆင်ပြေပေမယ့် မိန်းမတွေကတော့ အကြည့်မလွှဲနိုင်တော့ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက လူ့သဘာဝပါ။ ရုပ်ချောတဲ့ လူသားများ မပြောနဲ့ ချစ်စရာကောင်းတဲ့ ပုံစံရှိသည့် တိရစ္ဆာန်လေးတွေတောင် အထူးဂရုစိုက်မှု ရတတ်ကြသည်။

ရုပ်ချောတဲ့လူတိုင်း အမြဲတမ်း အခွင့်အရေး ပိုရတတ်ကြသည်။

တခြား စာစစ်သူလေးယောက်သည် ဆွန်းမိုကို အားကျတဲ့အကြည့်နဲ့ ကြည့်နေကြသည်။ ဒီကောင် ရုပ်ချောပြီး အရည်အချင်း ရှိသဖြင့် နာမည်ကြီး ဆရာတစ်ယောက် ဖြစ်လာနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဒီလိုမျိုး အကြည့်တွေကို စိတ်မဝင်စားတော့တာ တော်တော်ကြာနေပြီ။ ထို့နောက် ပြည့်စုံတဲ့ အာရုံစိုက်မှု၊ စွယ်စုံကျမ်း အသိပညာ၊ အလွဲသုံးစား ကျောင်းသား၊ သတိလစ်ခြင်းနှင့်အသုံးမကျခြင်း နှင့် လေးနက်တဲ့စကားများကို ဆက်တိုက် ထုတ်လွှင့်လိုက်သည်။

သူသရုပ်ပြတဲ့ မြတ်ဆရာ အရှိန်အဝါများသည် ဟန်ဇီနဲ့ မယှဉ်နိုင်သော်လည်း ဆွန်းမိုကို ဘယ်သူမှ မခန့်လေးစား မလုပ်ရဲပေ။

“ဆရာဆွန်း၊ တခြား အရှိန်အဝါတွေ သိသေးလား”

စာစစ်သူ အမျိုးသမီးတစ်ယောက်က စိတ်ဝင်တစား မေးလိုက်သည်။

“ဟုတ်”

ဆွန်းမိုက မငြင်းခဲ့ပါ။

“ဘာတွေလဲ”

နောက်ထပ် အမျိုးသမီးစာစစ်သူ တစ်ယောက်က ဝင်ပြောလာသည်။

“ဒါက စစ်ဆေးခြင်း အကြောင်းအရာ မဟုတ်တော့ဘူး မဟုတ်လား”

ဆွန်းမို မေးလိုက်သည်။

ဆွန်းမိုရဲ့ တုန့်ပြန်မှုကို ကြားလိုက်လျှင် လူတိုင်း မသက်မသာ ဖြစ်သွားသည်။

“ဒီဆွန်းမိုက ငတုံးလား’

ဖြေဆိုသူများက ဆွန်းမိုကို အကဲဖြတ်နေကြသည်။ စာစစ်သူ မင်းကို မေးတယ်ဆိုတာက သဘောကျတဲ့ လက္ခဏာလေ။

ဆွန်းမိုရဲ့ တုန့်ပြန်မှုကြောင့် သူ အာရုံမစိုက်ချင်ဘူးဆိုတာ သိသာနေသည်။

"ငါ အောင်သွားပြီ သတ်မှတ်လို့ရမလား။ ဒါဆို ငါသွားတော့မယ်"

ဆွန်းမိုက ထင်ပေါ်ရတာကို စိတ်မဝင်စားပေ။

"ဒါပေါ့"

ဆွန်းမိုရဲ့ အေးဆေးတည်ငြိမ်တဲ့ အမူအရာကို ကြည့်လိုက်ပြီး မြတ်ဆရာတစ်ယောက်ရဲ့ အမူအကျင့်လို့ တွေးကာ ခေါင်းညိတ်လိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၄၁၀/၁,၀၀၀)

....

ဆွန်းမိုသည် သင်ကြားရေး အဆောက်အဦးမှ ထွက်လာပြီးနောက် ဖြေဆိုသူအများအပြားကို မြင်လိုက်ရသည်။ သူတော်စင်ဂိတ်က အရမ်းအချဉ်ဖမ်းတယ်ဆိုပြီး လူတချို့က ကျိန်ဆဲနေကြသည်။

ဖြေဆိုသူ အများစုကတော့ စာမေးပွဲအကြောင်းအရာများကို ဂရုမစိုက်ပါ။ ဘွဲ့လွန်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာမေးပွဲဖြေဆိုနေတဲ့ ကျောင်းသားများနှင့် တူသည်။ နှစ်ဝက်စာမေးပွဲ အချိန်များကို သူတို့သိကြသည်။ စာမေးပွဲ အကြောင်းအရာတွေကို ဘယ်သူက ဂရုစိုက်လို့လဲ။

ဒါ့အပြင် စာမေးပွဲ ပထမအဆင့် အကြောင်းအရာများကို သိပြီးနောက် မြတ်ဆရာတချို့သည် ချီတုံချတုံနဲ့ စိတ်မကောင်း ဖြစ်နေကြသည်။

သူတော်စင်ဂိတ်က ဒီလို အထူးအဆန်း ထပ်မလုပ်ရင် ဘယ်လိုဖြစ်မလဲ။

အရာရာတိုင်းက လူတစ်ယောက်ရဲ့ စွမ်းရည်နဲ့တောင် စိတ်ပူနေရတုန်းပါ။ တိုက်ပွဲမဝင်နိုင်ဘူး ခံစားရပါက တိုက်ပွဲဝင်မှာ မဟုတ်ပေ။ ရှန်းကန်နေရတဲ့ လူတွေအားလုံးက အမှိုက်တွေပဲလား။

သူတော်စင်ဂိတ်က စိတ်ဓါတ် ခိုင်မာတဲ့ ဖြေဆိုသူတွေကိုပဲ လိုချင်သည်။

အမှန်အတိုင်းပြောရလျှင် ဆွန်းမိုလည်း ဒီနည်းဗျူဟာမှာ လှည့်ကွက်တွေရှိမယ်လို့ တွေးခဲ့မိသည်။ သတ်မှတ်ထားတဲ့ နှစ်မှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်လျှော့လိုက်တဲ့ လူတွေကို နောက်ထပ်နှစ်နှစ် ဖြေဆိုခွင့် တားမြစ်ခဲ့ပြီး စာမေးပွဲကို လက်မလျှော့ဘဲ ကျရှုံးခဲ့တဲ့ သူတွေလည်း နှစ်နှစ် တားမြစ်ခံရနိုင်သည်။ ဒီလိုမျိုး အခြေအနေတွေမှာ ပါရဲတဲ့လူတွေက ထိပ်တန်း ပါရမီရှင်တွေဆိုတာ သေချာသည်။

....

ဆွန်းမို ချက်ခြင်း မထွက်သွားသေးပါ။ အဲဒီအစား အနောက်တောင် အကယ်ဒမီထဲမှာ လှည့်ပတ်ကြည့်ရှုနေခဲ့ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဗဟိုပြည်နယ်အကယ်ဒမီက သင်ယူနိုင်တဲ့ နယ်ပယ် ရှိမရှိဆိုတာ သူကြည့်ချင်သည်။

ရေကန်ဘက်သို့ လမ်းလျှောက်လာလျှင် ကျောင်းသားတစ်ယောက် ထိုင်နေတာ တွေ့လိုက်ရသည်။ ကျောင်းသားလေးသည် ပန်းတွေကို ခူးလိုက် တွေဝေသွားလိုက် လွှင့်ပစ်လိုက် လုပ်နေသည်။

သူ့အောက်တွင် ထူထဲသောပန်းခင်းတစ်ထပ် ဖြစ်နေပြီ။

ဆွန်းမို မျက်မှောင်ကြုတ်ပြီး လမ်းလျှောက်သွားသည်။

“ကျောင်းသား၊ ပန်းပင်တွေကို ဒီထက် ပိုချစ်စမ်းပါ”

“အမ်”

ကောင်လေးသည် အံ့အောသင့်သွားပြီး စိတ်လှုပ်ရှားကာ အနေရခက်တဲ့ အကြည့်တွေနဲ့ ကြည့်ပြီး လျှင်မြန်စွာ မတ်တပ်ရပ်လိုက်သည်။

“တောင်းပန်ပါတယ်။ ငါ မှားသွားတယ်။ တမင်သက်သက် လုပ်တာ မဟုတ်ဘူး”

"ဘာပဲဖြစ်ဖြစ် ဒီပန်းခင်းက မင်းကြောင့် ပျက်ဆီးသွားပြီ"

အမှားဖုံးကွယ်ရန် ရည်ရွယ်ချက်မရှိတဲ့ လုပ်ရပ်တစ်ခုဆိုတာ သိသာသည်။ ပန်းခင်းကို ကြည့်လိုက်အုံး ခေါင်းထိပ်ကွက်တာနဲ့ တူနေပြီး ကြောက်ဖို့ ကောင်းနေသည်။

"ငါ....ငါ....."

ကောင်လေး စိုးရိမ်နေသည်။

"ငါ လျော်ပေးပါ့မယ်"

"မင်း အမှားကို နားလည်ရင် အဆင်ပြေပါတယ်"

ဆွန်းမိုက လက်ဝှေ့ယမ်းပြီး ကျောင်းသားကို ထွက်သွားဖို့ လက်ဟန်ပြလိုက်သည်။ ဒါပေမယ့်လည်း မနေနိုင်ဘဲ နတ်ဘုရားမျက်စိအာရုံ သုံးပြီး ကြည့်လိုက်မိသည်။

ဒီကောင်လေး အချစ်ကြောင့် စိတ်ညစ်ပြီး ပန်းပွင့်ချပ်တွေကို လာရေနေတာပဲ ဖြစ်မယ်။

ဆွန်းမို ခန့်မှန်းနေတုန်း အနီရောင် မှတ်ချက်ကြီး သူ့အရှေ့တွင် ရုတ်တရက် ထွက်ပေါ်လာသည်။

"သတိထားပါ။ ဒီကောင်လေးက သူ့ဆရာမအပေါ်မှာ ပုံမှန်မဟုတ်တဲ့ ခံစားချက်တွေ ရှိနေတယ်"

"ဘာ"

ဆွန်းမိုရဲ့ ခြေလှမ်းများ အလိုလို ရပ်တန့်သွားသည်။

"စနစ် ဒါက ဘာပြောတာလဲ"

"မင်းရဲ့ ဘာသာစကားအတန်းကို ကာယဆရာများ သင်ပေးခဲ့တာလားကွ။ ဒီလို နှောက်ကွယ်က အဓိပ္ပါယ်တောင် နားမလည်ဘူးလား"

စနစ်က မေးခွန်းထုတ်လာသည်။

“.......”

ဆွန်းမိုက တန်းဆဲလိုက်ပြီး စကားမပြောခင် လက်ခလယ်တောင် ထောင်ပြလိုက်သေးသည်။

“ဆရာနဲ့ကျောင်းသား အချစ်ဆက်ဆံရေးကို ပြောနေတာ မဟုတ်လား”

“အမှန်ပဲ။ ဒါပေမယ့် အဲဒီအဆင့်တော့ မရောက်သေးဘူး”

စနစ်က ပြန်ဖြေသည်။

ဆွန်းမို မှုန်ကုတ်ကုတ် ဖြစ်သွားသည်။ ဒီလိုခံစားချက်သည် ပုခက်တွင်း ကတည်းက ဖယ်ရှားသင့်သည်။ ဒီလိုမှမဟုတ်ရင် အနာဂတ်မှာ ကြီးမားတဲ့ အမှားကြီး ဖြစ်လာလိမ့်မည်။ ဒါကြောင့် ဆွန်းမို ပြန်လှည့်လိုက်သည်။

ဟွာဂျီမူ - အသက် ၁၆ နှစ်။

ဝိညာဉ်ပြုပြင်ခြင်း နယ်ပယ်။

သွေးကြောဆုံမှတ် ၆၃ ခု ဖွင့်ပြီး လက်ရှိ ထစ်ဆို့နေသည်။

ကြံ့ခိုင်မှု - ၁၆ - အထွေထွေစံနှုန်း သုံးဖို့တော့ လုံလောက်သည်။

ဉာဏ်ရည် - ၁၅ - အရှုံးမပေးလည်း အကျိုးအမြတ် အများကြီး မရနိုင်ပါ။ ဒါပေမယ့် အချိန်အများစုက သူ့ဆရာမ အကြောင်းပဲ တွေးနေသည်။

သွက်လက်မှု - ၁၉ - လျှင်မြန်တဲ့ ခြေထောက်တစ်စုံ ရှိသော်လည်း သူ့ ဆရာမအနောက်ပဲ အမြဲလိုက်နေသည်။

ဆန္ဒ - ၂၀ - ဆရာမအတွက် သေတဲ့အထိ တိုက်ပွဲဝင်ချင်စိတ် ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခံနိုင်ရည် - ၁၈ - ကျင့်ကြံပါ၊ ကျင့်ကြံပါ၊ ကျင့်ကြံပါ။ ဆရာမ အတွက်တိုက်ပွဲ ဝင်ရမည်။

....

အလားအလာတန်ဖိုး - မြင့်မား။

မှတ်ချက် ။ နှစ်တော်တော်ကြာအောင် အလွန်အကျွံ ကျင့်ကြံထားသဖြင့် ခန္ဓာကိုယ် အားကုန်လာတဲ့ အခြေအနေ ဖြစ်နေသည်။ ဒီအတိုင်း ဆက်သွားရင် ကျင့်ကြံလို့ မရတဲ့အထိ ပျက်ဆီး သွားလိမ့်မည်။

မှတ်ချက်။ သူ့ဆရာမ အပေါ်အရမ်း စွဲလန်းနေသည်။

ဟွာဂျီမူသည် ကျောင်းသားကောင်း တစ်ယောက်ပါ။ မြေပေါ်မှာရှိတဲ့ ပန်းပွင့်ချပ်များကိုမြင်လိုက်လျှင် အပြစ်တင်ချင်စိတ် ပေါက်လာသည်။ တံမြက်စည်းဋ္ဌားပြီး သန့်ရှင်းရေး လုပ်နေတဲ့ ကောင်လေးက သူ့ကို စိုက်ကြည့်နေတာ သတိထားမိလိုက်သည်။ သူ့ စိတ်ဝိညာဉ်တွေတောင် ထွင်းဖောက် မြင်နေရသလို ခံစားလိုက်ရသည်။

“မင်း ဘာလုပ်နေတာလဲ”

ဟွာဂျီမှ နောက်ဆုတ်လိုက်ပြီး သူ့အင်္ကျီ ကော်လံကို ညာလက်နဲ့ တင်းတင်းဆုပ်ထားသည်။

"မင်း အရည်အချင်းက မဆိုးဘူးလို့ ထင်တယ်"

ဒီကောင်လေးက အရုပ်ရှည်ပေမယ့် ရုပ်ရည်ကတော့ သာမန်ပါ။ ဘာရုစလီလို ထူးခြားတဲ့ ကြွက်သားများနဲ့ ပိန်ပိန်ပါးပါးလေး ဖြစ်သည်။ မြင်ရတာတော့ စွမ်းအင်ပြည့်ဝနေတဲ့ လူငယ်လေး တစ်ယောက်လိုပါပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမို မျက်လုံးထဲမှာတော့ သူ့ခန္ဓာကိုယ်ထဲတွင် ဖုံးကွယ်နေတဲ့ အန္တရာယ်ကြီး တစ်ခု ရှိနေသည်။

ဟွာဂျီမူ ကြောင်သွားသည်။ (ငါတို့ အခုမှ တွေ့တာ မဟုတ်လား။ ငါ့အရည်အချင်းက မဆိုးဘူးလို့ ဘယ်လို ပြောနိုင်ရတာလဲ) ဒါပေမယ့် သူက

“တောင်းပန်ပါတယ်။ ငါ့မှာ ဆရာရှိပြီးသား”

ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

“ဟားဟား”

ဆွန်းမိုက ကို့ကိုယ်ကို လှောင်ရယ်ရယ်လိုက်သည်။ ကျောင်းသားစုဆောင်းရေးပြီးကတည်းက ကျောင်းသားတွေ သူ့ကို မငြင်းကြတော့ပါ။

"မင်း ကိုယ်ထဲမှာ ပြဿနာရှိနေပြီဆိုတာ မင်းသိလား"

ဆွန်းမို ဘာပြောဖို့ ကြိုးစားနေသလဲ မသိသဖြင့် ဟွာဂျီမူ ပါးစပ်ပိတ်ပြီး ဆွန်းမိုကို သံသယ အကြည့်နဲ့ ကြည့်နေသည်။

"ငါမင်းကို ကူညီပေးရမလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အကြံပြုလိုက်သည်။

ဝူရှိ

ဟွာဂျီမှ နောက်သို့ ခြေလှမ်း နှစ်လှမ်း ခုန်ဆုတ်လိုက်သည် သံသယစိတ်တွေလည်း ပိုပြင်းထန်လာသည်။ ဒီလူငယ်လေးက ဆရာတစ်ယောက်ဖြစ်ပြီး သူ့ကို ဘာမှမလုပ်နိုင်ပေမယ့် ဆရာနဲ့ကျောင်းသားကြား တိုက်ပွဲ ဖြစ်သွားပါက ရလဒ်အနေနဲ့ သူ့ဆရာမ စာမေးပွဲ အောင်ခြင်း၊ ကျရှုံးခြင်း အပေါ် သက်ရောက်မှု ရှိသွားနိုင်သည်။ ဒါကြောင့် မဆင်မခြင် မလုပ်ရဲပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါက ဆွန်းမို ပါ"

ဆွန်းမို ရုတ်တရက် အနေရခက်သွားသည်။ သူ့ဂုဏ်သတင်းက အနည်းငယ် လွှမ်းမိုးနိုင်မယ် ထင်ခဲ့သော်လည်း ပထမဆုံးအကြိမ် လျစ်လျူရှုခံလိုက်ရမယ်လို့ မထင်ထားခဲ့ပါ။

ဟွာဂျီမူသည် နေ့တိုင်း ကျင့်ကြံရင်းနဲ့ပဲ အချိန်ကုန်နေခဲ့သည်။ အတင်းအဖျင်းတွေကို အာရုံစိုက်ဖို့ အချိန်မရှိတာကြောင့် ဆွန်းမို အကြောင်းကို မသိခဲ့ပါ။

ဒါပေမယ့် အသက်နှစ်ဆယ်ကျော် အရွယ်လောက်ရှိတဲ့ မိန်းမလှလေးသည် ဆွန်းမိုဆိုတဲ့ နာမည်ကို ကြားလိုက်တာနဲ့ နားရွက်တွေ လှုပ်ခတ်သွားသည်။

“ငါ နားကြားမှားတာ မဟုတ်ပါဘူးနော်”

လီရှုအိုလန်က တိုးတိုးလေး ရေရွတ်ပြီး လှည့်ကြည့်လျှင် ဆွန်းမိုကို မြင်ပြီး မျက်လုံးတွေ တောက်ပလာသည်။ ထို့နောက် ပန်းခြံနောက်သို့ ကြောင်ရိုင်းလေးတစ်ကောင်လို ခုန်ဝင်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းခန္ဓာကိုယ်မှာ တကယ် ပြဿနာရှိနေတယ်။ ငါကူညီပြီး စစ်ဆေးပေးနိုင်တယ်"

ဆွန်းမို စကားကို ကြားလိုက်လျှင် လီရှုအိုလန်ရဲ့ အနီရောင်နှုတ်ခမ်းလေး ကျယ်လောင်စွာ ပွင့်သွားသည်။ (တစ်ခွေးဆွန်းက လူကောင်းတစ်ယောက် လုပ်နေတာလား)

"မလိုဘူး"

ဟွာဂျီမူက ငြင်းပြီး လှည့်ထွက်သွားသည်။

"မင်းရဲ့ ဘယ်ဘက်ရင်အုံနဲ့ ညာဘက်နံရိုးက ခဏခဏ ထိခိုက်ထားတယ်။ ဝိညာဉ်ချီ

လည်ပတ်လိုက်တဲ့ အချိန်ကျရင် မင်းခြေထောက်တွေ အဆက်မပြတ် နာကျင်လာလိမ့်မယ်”

ဆွန်းမိုက ပြောလိုက်သည်။

ဟွာဂျီမူ မျက်နှာပျက်သွားပြီး ခြေစုံရပ်သွားသည်။ ဆွန်းမိုကို ရန်လိုတဲ့ အမူအရာနဲ့ ကြည့်လိုက်သည်။

ပန်းခြံအနောက်မှာ ထိုင်နေတဲ့ လီရှူအိုလန်က ပုံရိပ်ဖမ်း ကျောက်တုံးကို ထုတ်ယူလိုက်ပြီး သူတို့နှစ်ယောက်ကို ချိန်လိုက်သည်။ သူမသည် သတင်းထောက် တစ်ယောက် ဖြစ်နေသဖြင့် လူတွေအများကြီး ကိစ္စတွေအများကြီး မြင်ဖူးသည်။

ဟွာဂျီမူ အမူအရာကို ကြည့်လိုက်တာနဲ့ ဆွန်းမိုမှန်နေတာကို သိလိုက်သည်။

"နတ်ဘုရားလက်က တကယ်ကို အံ့အောစရာပဲ"

လီရှူအိုလန် အံ့အောပြီး အသံထွက်သွားသည်။ တချိန်တည်းမှာပဲ စိတ်လှုပ်ရှားလာသည်။ ဆွန်းမိုကို အင်တာဗျူးချင်ပေမယ့် အခွင့်အရေး မရခဲ့ပါ။ သူမတို့ရဲ့ ပထမဆုံးတွေ့ဆုံမှုက ဒီလို အခြေအနေဖြစ်လိမ့်မယ်လို့လဲ မထင်ထားခဲ့ပါ။

ဘယ်အဖွဲ့အစည်းမှာမဆို သူမကို အသိအမှတ်ပြုကြသည်။ သူတော်စင်ဂိတ်၏

လူကြိုက်အများဆုံး မြတ်ဆရာမှတ်တမ်းသည် တစ်လလျှင် အုပ်ရေ သုံးသိန်းကျော်လောက် ထုတ်ဝေရသည်။ လီရှုအိုလန်၏ ဆောင်းပါးများသည် အနည်းဆုံး ငါးသောင်းကျော်လောက် ကူးယူခံရသည်။

လီရှုအိုလန်၏ ရေးသားမှုပုံစံသည် ပုံမှန်မရှိပါ။ တစ်ခါတစ်လေ ထက်ရှကြမ်းတမ်းကာ မြတ်ဆရာတစ်ယောက်ရဲ့ ဘဝနဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တဲ့ ဝေဖန်မှုမျိုးတောင် ဖြစ်နိုင်သည်။

တစ်ခါတစ်လေလည်း သိုးမွေးလုံး ဆော့ကစားနေတဲ့ ကြောင်လေးအလား

ဆွဲဆောင်မှုရှိပြီး ဟာသလေးတွေနဲ့ ချစ်စရာကောင်းနေတတ်သည်။

အခန်း(၅၃၉ - ခ) - မြတ်ဆရာ သတင်းထောက် လီရှုအိုလန်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာမှတ်တမ်း၏ ထိပ်တန်းစာရေးဆရာ မဟုတ်သော်လည်း တော်တော် လူသိများထင်ရှားပြီး လူထောက်ခံမှုရတဲ့ သူတစ်ယောက်ပါ။

မြတ်ဆရာမှတ်တမ်းရဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ယောက် ဖြစ်နေလို့လည်း လူသိများထင်ရှားသည်။ လူငယ် ၊ လူကြီး မြတ်ဆရာ တော်တော်များများသည် မြတ်ဆရာမှတ်တမ်းမှာပါတဲ့ သူမ၏ပုံတူ ပန်းချီကားကို ကြည့်ကာ အထီးကျန်ညတွေ
တစ်ကိုယ်ရေအာသာဖြေတတ်သလို

အိပ်မက်ထဲမှာလည်း သူမအကြောင်း အိပ်မက် မက်တတ်ကြသည်။

“ဒီကို လာခဲ့ပါ။ မင်းကို ကူညီပြီး စစ်ဆေးပေးမယ်”

ဆွန်းမို လက်ဆန့်လိုက်သည်။ ဒီတစ်ခါတော့ သူအလျှင်မလိုခဲ့ပေ။

ဟွာဂျီမူ တွေဝေသွားသည်။ တခြားအချိန်မှာဆို သေချာပေါက် ထွက်သွားလိမ့်မည်။ ဒါပေမယ့် ဒီတစ်ခေါက်မှာတော့ ဆွန်းမိုက သူ့ပြဿနာတွေကို သတိထားခဲ့မိသည်။ ကြောက်ဖို့ အကောင်းဆုံးက ဆွန်းမိုသည် သူ့ကို လက်နဲ့တောင် မထိဘဲ

အနည်းငယ် ကြည့်ရုံနဲ့ သိနေခဲ့သည်။ ဒါက ဘာကိုဆိုလိုတာလဲ။ ဆွန်းမိုက အတွေ့အကြုံများပြီး တမူထူးခြားတဲ့ သုံးသပ်ချက် ချနိုင်တဲ့သူ ဖြစ်နိုင်သည်။

"ငါ့ကို ကြည့်ခွင့်ပေးလို့ မင်းအရှုံးမရှိဘူး မဟုတ်လား"

ဟွာဂျီမူ အရှေ့သို့ ခြေနှစ်လှမ်းတိုးလာသည်။ သူ့ဆရာမအကြောင်း တွေးမိရင် ရပ်တန့်လိုက်သည်။

"မင်းလည်း ဖြေဆိုသူ တစ်ယောက် ဖြစ်နိုင်တယ်။ ပြောချင်တာက မင်းက ငါ့ဆရာရဲ့ပြိုင်ဘက်ပဲ။ ဘာဖြစ်လို့ ငါ့ကို ကူညီမှာလဲ"

"မင်းကကျောင်းသား၊ ငါကဆရာ၊ မင်းကို ကူညီဖို့အတွက် နောက်ထပ် အကြောင်းပြချက် လိုသေးလို့လား"

ဆွန်းမိုက မေးလိုက်သည်။

"အမ်"

ဟွာဂျီမူ ဆွံ့အ သွားသည်။

(ဒါကမှန်ပေမယ့် မင်းရဲ့ ကိုယ်ကျိုး မကြည့်တော့ဘူးလား။ မင်းက ငါ့ကို ကူသပေးလိုက်လို့ မင်းတပြည့်ကို အနိုင်ယူသွားရင်

ဘယ်လိုလုပ်မလဲ။ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို မဖြစ်ဘူးလား။)

"အပြောကောင်းတယ်"

လီရှုအိုလန် ချီးကျူးလိုက်သည်။ ဒါက မြတ်ဆရာတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ စိတ်သဘောထားပဲ။

"ပြီးတော့ ၊ မင်း ပြဿနာကို ငါဖြေရှင်းပေးလိုက်လို့ မင်းပိုသန်မာလာရင်တောင် ငါ့တပြည့်တွေကို အနိုင်မယူနိုင်သေးဘူး"

ဆွန်းမိုက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"စောင့်ကြည့်ဖို့ လိုပါသေးတယ်"

ဟွာဂျီမူက မယုံကြည်ဘဲ ပြန်ချေပလိုက်သည်။

"ကောင်းပြီလေ။ မြန်မြန် ကိစ္စဖြတ်ရအောင်။ ငါမှာလည်း အချိန်ရှားနေတယ်။ မြန်မြန်လုပ်"

ဆွန်းမိုက တိုက်တွန်းလိုက်သည်။

ဟွာဂျီမူသည် နောက်ဆုံးတော့ ဆွန်းမိုဆီ လျှောက်သွားလိုက်သည်။ နေရခက်နေတုန်း

လက်ကြီးတစ်စုံက သူ့ခါးဆီရောက်လာပြီး အားနဲ့ နှိပ်လိုက်သည်။

"အ"

ဟွာဂျိမူ ခန္ဓာကိုယ်တောင့်သွားပြီး တစ်ချက် အော်လိုက်သည်။ ထိပ်ဖျားချွန်နေတဲ့ သစ်သားချောင်း တစ်ချောင်း ဖင်ထဲသို့ ထိုးထည့်လိုက်တဲ့အလား ခံစားသွားရသည်။ ကြောက်ဖို့ ကောင်းတဲ့ ခံစားချက်ပါ။ ဆွန်းမိုလက်က လွတ်မြောက်အောင် ခန္ဓာကိုယ်ကို အလိုလို တွန့်လိမ်လိုက်မိသည်။

"ဒီလောက်ကြာကြာ ကျင့်ကြံဖို့ ဘယ်သူပြောလဲ။ မင်းဆရာလား"

ဆွန်းမို မျက်မှောင် တော်တော်ကြုတ်သွားသည်။ ဟွာဂျီမူ ပြဿနာက သူထင်ထားတာထက် ပိုပြင်းထန်နေသည်။

"မဟုတ်ဘူး။ ငါ့ဘာသာ ငါပဲ"

ဟွာဂျီမူက လျှင်မြန်စွာ ရှင်းပြလိုက်သည်။

"မကြိုးစားရင် ဘယ်လိုလုပ် သန်မာလာမှာလဲ"

ဟွာဂျီမူ စိတ်ရှုပ်သွားသည်။

"ဒါပေမယ့် မင်း ကြွက်သားနဲ့ အာရုံကြောတွေ ထိခိုက်နေပြီ"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဆေးရေ စိမ်ထားတယ်"

ဟွာဂျီမူသည် ပြဿနာက ဘယ်မှာလဲဆိုတာ သိနေသည်။

"ပြီးတော့ ငါ့ဆရာကလည်း မကြာခဏ နှိပ်ပေးတယ်"

"ဆေးရေ စိမ်တာကို အနန္တစွမ်းအားလို့များ မင်းထင်နေတာလား"

ဆွန်းမို ဆွံ့အနေသည်။

ဟွာဂျီမူက ဒီအကြောင်းအရာနဲ့ ပက်သက်ပြီး မပြောချင်တော့ပါ။ သန်မာလာသ၍ ဘာလုပ်ရမလဲဆိုတာ ဂရုမစိုက်ပေ။ ဒါပေမယ့် အဲဒီအချက်တွေ ဖယ်ထားလိုက်အုံး ဆွန်းမို နှိပ်ပေးတာ တကယ်ကို သက်တောင့်သက်သာ ဖြစ်လွန်းသည်။

သိပ်မကြာခင် ဟွာဂျီမူ စိတ်ပြေလျော့သွားသည်။ နှိပ်လိုက်လို့ ကြွက်သားတွေ နာကျင်လာပေမယ့် ဒီခံစားချက်က တိမ်တွေအပေါ် ရောက်နေသလို သက်တောင့်သက်သာ ဖြစ်လွန်းသည်။

ဒါပေမယ့် နောက်ထပ်အခိုက်အတန့်တွင် အရမ်းအံ့အောသင့်ကာ မျက်လုံးကြီး ပြူးပြီး ပေါက်ထွက်မတတ် ဖြစ်သွားသည်။ ဘာဖြစ်လို့လဲဆိုတော့ ဂျင်းနီက ဖွဲ့စည်းဖို့အတွက် အသွင်ယူနေသည်။

“ဒါ.......ဒါ.......”

ဟွာဂျီမူ အလိုလို ထွက်ပြေးချင်လာသည်။

ပန်းခြံနောက်မှာရှိတဲ့ လီရှုအိုလန်လည်း လက်တွေ တဆတ်ဆတ်တုန်ကုန်သည်။ လက်ထဲက

ပုံရိပ်ဖမ်းကျောက်တုန်း ပြုတ်ကျလုနီးပါး ဖြစ်သွားသည်။

"အဆင့်တက်နိုင်အောင် လှုံ့ဆော်ဖို့ ဆေးသောက်ခိုင်းတာလဲ မင်းဆရာ အကြံ့ပဲလား"

ဆွန်းမို မျက်မှောင် တော်တော်ကြုတ်နေသည်။ ဒီကောင်လေးသည် ဆေးနှစ်လုံးမကသောက်ထားတာကို သူသိနေသည်။

ကျောင်းသားအများစုသည် ထစ်ဆို့မှုကို မကျော်ဖြတ်နိုင်လို့ ရွေးချယ်စရာ မရှိတော့မှဘဲ

ဆေးသောက် တတ်ကြသည်။ ဒါပေမယ့် ဟွာဂျီမူ ကိစ္စက တော်တော်လေး ကွဲပြားနေသည်။

“ငါ မသောက်ခဲ့ဘူး။ မင်း နာမည်ဖျက်နေတာ။ ထပ်ပြီး အနိုပ်မခံတော့ဘူး”

ဟွာဂျီမူ မျက်နှာပျက်သွားပြီး ချက်ခြင်း ထွက်သွားချင်နေသည်။ သို့သော်လည်း ဂျင်းနီရဲ့ လက်များက မော့်ဆန်ပုံ ရသည်။ ထွက်သွားဖို့ ခဲယဉ်းနေသည်။

တစ်စက္ကန့် နောက်ထပ် တစ်စက္ကန့်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း ဒီစောင့်ဆိုင်းမှုက ခုနှစ်မိနစ်လောက် ကြာသွားသည်။

ဘုန်း

ဝိညာဉ်ချီတွေ လှုပ်ခတ်လာပြီး ဟွာဂျီမူ ခေါင်းပေါ်မှာ ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်လာသည်။ ထို့နောက် ဝိညာဉ်ချီတွေ ဟွာဂျီမူဆီသို့ စိမ့်ဝင်နေသည်။

ဟွာဂျီမူ အဆင့်တက်ဖို့အတွက် ကြိုးစားနေသည်။

"အံ့မခန်းပါလား"

လီရှုအိုလန် ကြောင်သွားသည်။

ဆွန်းမို စောင့်ကြည့်နေသဖြင့် ဟွာဂျီမူ အမှားအယွင်း ဖြစ်စရာမရှိပေ။ နောက်ထပ်သွေးကြော သုံးခုဖွင့်လှစ်နိုင်ခဲ့သည်။

“ငါ.....ငါ အဆင့်တက်သွားပြီ”

ဟွာဂျီမူ အရမ်းအံ့အောသင့်နေသည်။ နှိပ်လိုက်ရုံနဲ့ ဒီလောက် အစွမ်းထက်အောင် အကျိုးသက်ရောက်သလားလို့ တွေးနေမိသည်။

“လူငယ်လေး၊ ငါ့အကြံပြုချက်ကို နားထောင်ပါ။ မဖြစ်သင့်တဲ့ စိတ်ခံစားချက်တွေကိုလည်း မေ့လိုက်ပါ။ ဆေးတွေလည်း ထပ်မသောက်နဲ့တော့။

မင်းကိုယ်ကိုလည်း အလွန်အကျွံ ဝန်မပိအောင် လေ့ကျင့်ပါ။ ဒီလိုမှမဟုတ်ရင် မင်းကိုယ်မင်းနဲ့ မင်းဆရာကို ဖျက်ဆီးမိလိမ့်မယ်”

ဆွန်းမိုက သက်ပြင်းချရင်း ပြောလိုက်သည်။

“မင်း ဘာတွေပြောနေတာလဲ ၊ ငါ....ငါ မသိဘူး”

ဟွာဂျီမူက ဒီလို ပြောလိုက်ပေမယ့် ဆွန်းမိုနဲ့ မျက်လုံးချင်းဆုံအောင် မကြည့်ရဲပေ။

လီရှူအိုလန်က မျက်မှောင်ကြုတ်ပြီး လေးလေးနက်နက် တွေးနေသည်။

“အခု မင်းဘာသာမင်း ကျန်ခဲ့လို့ ရပြီ”

ဆွန်းမိုက ဟွာဂျီမူ ပခုံးကိုပုတ်ကာ လှည့်ထွက်သွားသည်။ ခံစားချက်များကို ဖျောင်းဖျတဲ့ စကားလုံး အနည်းငယ်လောက်နဲ့ အလွယ်တကူ စွန့်လွှတ်နိုင်မှာ မဟုတ်ပေ။

ဟွာဂျီမူရဲ့ အကြည့်က မှုန်ကုတ်ကုတ် ဖြစ်နေသော်လည်း ဆွန်းမိုက သူ့ကို ကူညီခဲ့သည်။ ဒါကြောင့် အရိုအသေ ပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ်၊ ဆရာဆွန်း”

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟွာဂျီမှု၏ လေးစားအထင်ကြီးမှု +၁၀၀ ။ ရင်းနှီး(၁၀၀/၁,၀၀၀)

လီရှုအိုလန်က ဆွန်းမို ထွက်သွားတဲ့ဘက်သို့ လိုက်ကြည့်ရင်း နှာခေါင်း တရှုံ့ရှုံ့ လုပ်လိုက်သည်။

"ငါ့ မသိစိတ်က သတင်းကြီးကြီးတစ်ခု ရတော့မယ်လို့ ပြောနေတယ်နော်"

လီရှုအိုလန် စိတ်လှုပ်ရှားလာသည်။ ဆွန်းမိုကို အမှတ်ဘယ်လောက်ပေးရမလဲ။ ဆယ်မှတ်မှာ ငါးမှတ်လား။

ဒင်

လီရှုအိုလန်၏ လေးစားအထင်ကြီးမှု +၅၀၊ မူလ(၅၀/၁,၀၀၀)

အခန်း(၅၄၀ - က) - သည်းမခံတတ်တဲ့ မိန်းမက အရမ်းဒေါသထွက်ရင် အကျိုးဆက်က အရမ်းပြင်းထန်မယ်နော်။

ဆွန်းမိုသည် ဟွာဂျီမူရဲ့ ဝမ်းချုပ်နေတဲ့ အမူအရာကို မမြင်ခဲ့သော်လည်း သူ့စကားနားမထောင်တာတော့ သိနေသည်။

ဒါက ကျောင်းသားတွေမှ ပြဿနာ ဖြစ်တာ မဟုတ်ပေ။ လူတိုင်း အတူတူပါ။ ဘာလိုပဲဖြစ်ဖြစ်

နာကျင်မှု တပ်မက်သူ မဟုတ်ပါက ဘယ်သူမှ ဆရာကြီး လုပ်တာကို မကြိုက်ပါ။

"တဲ့တာပေါ့"

ဆွန်းမိုက ဟွာဂျီမူ အဖေ မဟုတ်ပါ။ ဒီလောက် ပြောတာတောင် လွန်လှပြီ။

"ဆွန်းမိုလား"

ဟွာဂျီမူက ဒီနာမည်ကို ထပ်ခါထပ်ခါ ရေရွတ်ရင်း ကျောင်းတံခါးဆီသို့ ဦးတည်ပြီး သွားနေသည်။ အဲဒီမှာ သူ့ဆရာမကို စောင့်ပြီး ရုတ်တရက် အံ့အောသွားအောင် လုပ်ချင်သည်။

စာမေးပွဲသည် ဆက်လက်ရှိနေပြီး ဖြေဆိုသူများ ထွက်လာနေကြသည်။ တချို့က စိတ်အား ထက်သန်နေပြီး တချို့က စိတ်ပျက်အားငယ်နေသည်။

"ကျွတ်၊ တစ်ယောက်မှ မထိုက်တန်ဘူး"

ဟွာဂျီမူသည် အဲဒီလူတွေကို ကြည့်ပြီး အထင်သေးတဲ့အကြည့်နဲ့ မကြည့်ဘဲ မနေနိုင်ချေ။ ထို့နောက် ဆွန်းမိုအကြောင်းကို တွေးမိပြီး သူ့အမူအရာ တောင့်တင်းလာသည်။

"ကောင်းပြီလေ။ ဆွန်းမိုကတော့ ထိုက်တန်တယ်လို့ သတ်မှတ်လို့ရတယ်"

ဟွာဂျီမူသည် စားမေးပွဲပြီးတဲ့အထိ ရပ်စောင့်နေသော်လည်း သူ့ဆရာမကို မတွေ့ခဲ့ပါ။ ဒါကြောင့် ဟိုတယ်ကို ပြန်သွားရုံပဲ ရှိတော့သည်။

"မင်း ဘယ်သွားနေတာလဲ"

ဆွန်းမို မဖြေခင် ထက်မြက်တဲ့လျှာ၊ တိကျတဲ့ဆွေးနွေးမှု၊ မှတ်ဉာဏ်ကောင်းတွေ ထုတ်ဖော်ခဲ့တဲ့ အမျိုးသမီးလေး ဟန်ဇီက မေးလိုက်သည်။ သူက စုတ်ပြတ်သတ်နေတဲ့ ဟိုတယ်ထဲမှာ ထိုင်နေပြီး ဟွာဂျီမူကို ရက်စက်တဲ့ အကြည့်နဲ့ စိုက်ကြည့်နေသည်။

“မင်းကို လျှောက်သွားနေဖို့ ဘယ်သူ ပြောထားလဲ။ အခုက အရေးကြီးတဲ့ အချိန်ဆိုတာ မင်းမသိဘူးလား”

ဟွာဂျီမူသည် ဆင်ခြေတစ်ခုမှ မပေးဘဲ ဟန်ဇီအရှေ့မှာ ရိုသားစွာ ဒူးထောက်လိုက်သည်။

“ဆရာ၊ ငါမှားသွားပါတယ်”

“အင်း”

သူတပြည့်ရဲ့ ကောင်းမွန်တဲ့ အပြုအမူကို မြင်လိုက်လျှင် ဟန်ဇီ ဒေါ လျော့ပါးသွားသည်။

“ပြီးခဲ့တဲ့ ရက်အတွင်း ဘယ်လိုခံစားရသေးလဲ။ တွေ့ကရာတွေ လျှောက်စားမနေနဲ့။

အလွန်အကျွံလည်း မကျင့်ကြံနဲ့။ အကောင်းဆုံး အခြေအနေကို ထိန်းသိမ်းထား”

“သိပါပြီ”

ဟွာဂျီမူသည် အဲဒီ စကားပြောပြီးနောက် ဟန်ဇီရဲ့ ပါးစပ်လေးကို ကြည့်လိုက်ပြီး မနေနိုင်ဘဲ ထုတ်ဖော်လိုက်သည်။

“ဆရာ၊ ကျွန်တော် နောက်ထပ် သွေးကြောသုံးခု ဖွင့်နိုင်ခဲ့တယ်”

“ဘာ”

ဟန်ဇီ မျက်မှောင် ကြုတ်သွားသည်။ "ဘာဖြစ်နေတာလဲ။ ဒီကို လာအုံး။ မင်းခန္ဓာကိုယ်ကို စစ်ဆေးကြည့်မယ်"

"ငါ အဆင်ပြေပါတယ်။ အခြေအနေလည်း ကောင်းပါတယ်"

ဟွာဂျီမူက ပြုံးပြီး ပြောလိုက်သည်.

"ဒီအသုတ်ကျောင်းသားတွေထဲမှာ အဆင့် (၁၀၀) ဝင်အောင် အလွယ်တကူ တိုက်ခိုက်နိုင်မယ်လို့ ငါပြောရဲတယ်"

"မင်း အဆင်ပြေတယ်ဆိုတာ ဘာပြောချင်တာလဲ"

ဟန်ဇီ မျက်မှောင်ကြုတ်သွားသည်။

“အဆင့်တက်မြန်လွန်းတာ မကောင်းဘူး။ ဒါက အခြေခံအုတ်မြစ်ကို မတည်မငြိမ် ဖြစ်စေနိုင်တယ်”

“ငါ…”

ဟွာဂျီမူသည် ဆွန်းမိုလို့ ခေါ်တဲ့ ဆရာတစ်ယောက်က နှိပ်ပေးတဲ့အကြောင်း ဟန်ဇီအား ပြောပြချင်သည်။ ဒါပေမယ့် ပြန်ထိန်းပြီး လည်ချောင်းထဲက စကားတွေကို မြိုချလိုက်သည်။ ဆရာမ ချီးကျူးတဲ့ စကားတွေကို နားထောင်ချင်သေးသည်။

"ငါ့ အရည်အချင်းက ကောင်းတယ်လေ"

ဟွာဂျီမူက ပြုံးပြီး ဟန်ဇီလက်ကို ရှောင်လိုက်သည်။

"ဒီကို လာခဲ့"

ဟန်ဇီက ကျိန်းမောင်းလိုက်သည်။

"ဆရာ၊ ကျွန်တော် တကယ်အဆင်ပြေတယ်"

ဟွာဂျီမူသည် ကူကယ်ရာမဲ့နေပြီး စကားလမ်းကြောင်း ပြောင်းချင်နေသည်။

"အိုဟုတ်ပြီ ဆွန်းမိုကို သိလား"

"တံခါးရှေ့က ခွေးတစ်ကောင်လို၊ တစ်ခွေး ဆွန်းမှာ နတ်ဘုရား လက်တစ်စုံရှိပြီး အရမ်းအံ့အောဖို့ကောင်းတယ်လို့ ဒီနေ့ ကြားခဲ့တယ်"

ဟန်ဇီက ကြိုးစား အားထုတ်မှုနှင့် ကျင့်ကြံခြင်းအပေါ်မှာသာ သူမကိုယ်သူမ မြှုပ်နှံထားတဲ့လူမျိုး ဖြစ်သည်။ ဒါပေမယ့် ဆွန်းမို ဂုဏ်သတင်းက ကြီးမားလွန်းသည်။ အာရုံစိုက်ပြီး နားမထောင်ဘဲနဲ့ နားထဲမှာ အလိုလို ကြားနေရသည်။

"နတ်ဘုရားလက် ဟုတ်လား"

ဟွာဂျီမှု အံ့အောသွားသည်။ ဒီဆွန်းမိုက အံ့မခန်းပေါ့။

"ဟုတ်တယ်"

ဟန်ဇီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ။ မင်းအဆင်ပြေတယ်ဆိုတော့လဲ။ စိတ်ဝိညာဉ်ကို ပျိုးထောင်ဖို့ အိပ်ပျော်အောင် အိပ်လိုက်"

"အမ်"

ဟွာဂျီမှု ခေါင်းညိတ်လိုက်သည်။

“သေချာပေါက် မင်း စိတ်မပျက်စေရဘူး”

ဟန်ဇီကို တစ်ပွဲတည်းနဲ့ နာမည်ကြီးလာအောင် ဟွာဂျီမူသည် သူ့ရဲ့ ကျင့်ကြံခြင်းအပေါ်မှာပဲ အရာအားလုံး ပေးဆပ်ထားခဲ့သည်။ အခုတော့ ဆွန်းမိုအကူအညီနဲ့ အဆင့်တက်ခဲ့သဖြင့် မကျေနပ်နိုင်တော့ပါ။

“ဆရာကို ပထမနေရာ ရအောင် ကူညီချင်ပါတယ်”

ဟွာဂျီမူသည် လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူ့အိပ်ခန်းထဲသို့ ပြန်ကာ ခါးမတ်ပြီး တရားထိုင်လိုက်သည်။ ထို့နောက် သူ့ကိုယ်ထဲမှာ

ဝိညာဉ်ချီ လည်ပတ်မှု ပိုချော့မွေ့လာတာကို သတိထားလိုက်မိသည်။

အရင်တုန်းက ခံစားနေရတဲ့ ဝေဒနာတွေလည်း ပျောက်ကွယ်နေသည်။

"ဆွန်းမိုက တကယ်အရည်အချင်း ရှိတဲ့ပုံပဲ။ စိတ်မကောင်းစရာက ဆရာ့မှာသာ နတ်ဘုရားလက်ရှိနေရင် နေ့တိုင်း အနှိပ်ခံနေလို့ ရတယ်"

ဟွာဂျီမှု သက်ပြင်းချလိုက်ပြီး အတွေးထဲမှာ ဆုံးဖြတ်ရ ခက်လာပြန်သည်။ တကယ်လို့ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို တပြည့်တစ်ယောက်ယောက်နဲ့ ရင်ဆိုင်ကြုံတွေ့လာရင် အလျော့ပေးလိုက်ရမလား ဒါမှမဟုတ် ရှိသမျှ ထုတ်သုံးလိုက်ရမလား။

....

လီရှုအိုလန်သည် ကနဦးတုန်းကတော့ မိုင်ဇီယူကို အင်တာဗျူးဖို့ ပစ်မှတ်ထားခဲ့သည်။ ဒါပေမယ့် ဆွန်းမိုဆီသို့ ရောက်လာပြီးနောက် သူမရဲ့ အစီအစဉ်ကို ပြောင်းလိုက်သည်။ ဒါပေမယ့် သူမက ဆွန်းမိုဆီကို ခရီးသွားဟန်လွဲ ပုံစံဖြစ်အောင် ဆွန်းမို အရှေ့က ဖြတ်လျှောက်ဖို့ စီစဉ်ထားသည်။

ရေပန်းအစားဆုံး စာရေးသူ (မြတ်ဆရာမှတ်တမ်း) နှင့် သူတော်စင်ဂိတ်က အထူးဖိတ်ကြားထားတဲ့ သတင်းထောက်ဖြစ်တဲ့ လီရှူအိုလန်သည် စာပေသမားပုံစံရှိတဲ့ မိန်းမပျိုလေး ဖြစ်သည်။ သူမတို့ ပထမဆုံး တွေ့ဆုံမှုမှာ ကဗျာမဆန်ရင်တောင် အမှတ်တရ တချို့တော့ ရှိသင့်သည်။ ဒီလိုမှမဟုတ်ရင် အလဟာသ ဖြစ်သွားသည်။

"ဘာပဲပြောပြော ဆွန်းမိုက အမှတ်တရလေး ချန်ထားဖို့ ထိုက်တန်တဲ့လူပဲ"

လီရှုအိုလန်က ညည်းလိုက်ပြီး ရင်ဘက်ကိုဖွင့်ကာ ဗိုက်လေးကို ချပ်လိုက်သည်။ ထို့နောက် သူမရဲ့ အိတ်သေးသေးလေးကို ကိုင်ကာ အလှပဆုံးပုံစံ ဖန်တီးလိုက်သည်။

မြို့ကြီး ပြကြီးများ မကြာခဏသွားကာ သတင်းစုဆောင်းရတဲ့ သတင်းထောက် တစ်ယောက်အနေနဲ့ လီရှုအိုလန်သည် ခေတ်ရေစီးကြောင်း၏ ထိပ်ဆုံးမှ ရပ်တည်နေတဲ့ ဖက်ရှင်သမား တစ်ယောက်လည်း ဖြစ်သည်။

ဒီနေ့ခေတ် အမျိုးသမီးအများစုသည် ဆရာဝတ်စုံ ဒါမှမဟုတ် အဖြူဖျော့ဖျော့ ဝတ်စုံရှည်များ ဝတ်ဆင်ထားတဲ့အချိန်တွင် လီရှုအိုလန်က ပွယောင်းယောင်းဘောင်းဘီ ရှည်ကို ဝတ်ဆင်ထားသည်။ ပိုးထည်များသည် ရှံဖန်ရှံခါ ခြေထောက်ကြားတွင် ကပ်နေသဖြင့် လှပတဲ့ တင်ပါးလုံးလုံးလေးများက ထင်ရှားလာတတ်သည်။

သူမသည် အပြင်ဘက်တွင် အင်္ကျီလက်ပြတ် ရင်ဘက်ဟာပြဲ ထပ်ဝတ်ထားပြီး လည်ပတ်ကလေးတောင် ပတ်ထားသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဝတ်အစားက ပါးလွှာနေသဖြင့် အတွင်းခံကိုတောင် ခပ်ယောင်ယောင်လေး မြင်နေရသည်။

ဖြူစင်လှပတဲ့ အသားအရေ၊ ရှည်လျားသွယ်လျတဲ့ လည်ပင်းနှင့် အနက်ရောင် ဆံပင်ရှည်တွေကြောင့် လီရှူအိုလန်သည် တော်တော်လေး ဆွဲဆောင်မှု အားကောင်းနေသည်။

ဆံပင်ဖြူ မာန်ကျိုးဖြစ်နေတဲ့ အဘိုးကြီး တွေတောင် လီရှူအိုလန်ကို တွေ့ပြီးလျှင် နောက်တစ်ခါ ထပ်မကြည့်ပဲ မနေနိုင်တော့ချေ။ ဆရာပေါက်စလေးကိုတော့ ထည့်မပြောနေနဲ့၊

သူတို့က ကျောင်းအပြင်မှာ ကျက်သရေရှိပြီး လှပတဲ့ ပုံစံလေးတွေကို တွေ့တာနဲ့ တက်ကြွတဲ့ ကြက်ဖ တွေဖြစ်ကုန်သည်။

ဒါက ဘယ်လိုတောင် ဆွဲဆောင်မှုရှိတဲ့ အလှတရား တစ်ခုလဲ။

"ငါ ၊ လီရှူအိုလန်က အရမ်းဆွဲဆောင်မှု ရှိနေတုန်းပါလား"

လီရှူအိုလန်သည် ယောကျာ်းတွေရဲ့ ရမက်ပြင်းပြင်း တဏှာအခိုးတောက်နေတဲ့ အမူအရာကို မျက်လုံးထောင့်က မြင်လိုက်လျှင်

သူ့မကိုယ်သူမ ဂုဏ်ယူနေသည်။ ဆွန်းမိုနဲ့ စကားပြောတဲ့အခါ ဖြစ်လာနိုင်တဲ့ စကားလမ်းကြောင်းကို တွေးပြီး စကားဝိုင်းကို ဘယ်လိုထိန်းချုပ်ရင် ကောင်းမလဲ စဉ်းစားနေတုန်း ညာဘက်ခြမ်းမှ ဆွန်းမို ဖြတ်လျှောက်သွားတာကို တွေ့လိုက်ရသည်။

ဘာအရိပ်အယောင်မှ မပြသလို တွေဝေခြင်း မရှိဘဲ ကျော်တက်သွားသည်။

“ဘာလဲဟ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီရှုအိုလန် အံ့အောသွားသည်။ ဆွန်းမိုက ဒသသနပညာရှင် (လိင်တူ ချစ်သူ) မဟုတ်ရင် သူမကိုတွေ့နေပါလျှက်နဲ့ ဘာဖြစ်လို့ စိတ်မလှုပ်ရှားရတာလဲ။

ဆွန်းမိုက သူမကို မမြင်ဘဲ ကျော်တက်သွားလျှင် လက်ခံနိုင်သေးသည်။ ဒါပေမယ့် ဆွန်းမိုက သူမကို တစ်ချက်ကြည့်သွားတာ ထင်ထင်ရှားရှား မြင်လိုက်သည်။

ဒါက ဘာပြောချင်တာလဲ။

သူမရဲ့ဆွဲဆောင်မှုက သူ့ကို မလွှမ်းမိုးနိုင်သေးဘူးလား။

သည်းခံနိုင်စွမ်းမရှိတဲ့ လီရှုအိုလန်သည် စိတ်ဆိုးပြီး ပိုက်ဆံအိတ်ကို မြေပေါ် ပစ်ပေါက်လိုက်သည်။ သူမက ဆွန်းမိုကို လှမ်းခေါ်ချင်သော်လည်း ဒီလိုတွေ့ဆုံမှုက မလှပတော့ချေ။

“ဆွန်းမို၊ ခဏစောင့်အုံး”

သည်းမခံတတ်တဲ့ မိန်းမက အရမ်းဒေါသထွက်ရင် အကျိုးဆက်က အရမ်းပြင်းထန်မယ်နော်။

တကယ်တော့ ဆွန်းမိုသည် လီရှုအိုလန်ကို သတိပြုမိသည်။ ဒါပေမယ့် ဒါက ဒါပဲလေ။

ဒီသတင်းထောက်မက အရမ်းလှပေမယ့် ဆွန်းမို အနားမှာလဲ အလှတရားတွေ မရှားပေ။ မိန်းမလှလေး အဆင့် (၇) ရပ်တည်နေတဲ့ အန်ရှီဝေလည်း ရှိသည်။ ဂျီမဲဂျဲ နှင့်ကူရှုပ်ရှင်းတို့လည်း ကိုယ်ပိုင်အလှများ ရှိသည်။ တစ်ယောက်က ငယ်ရွယ်တဲ့မိန်းမ ၊တစ်ယောက်က ရင့်မှည့်နေတဲ့မိန်းမ ဖြစ်သည်။ ခပ်ငယ်ငယ်လေးတွေထဲမှာလည်း လီဇီချီနှင့် ကျန်တဲ့ နှစ်ယောက်လည်း ရှိသေးသည်။ တစ်ယောက်က

ဥာဏ်ကောင်းတယ်၊ နောက်တစ်ယောက်က ချစ်စရာကောင်းပြီး သဘော်သီး ကြီးတယ်၊ နောက်ဆုံးတစ်ယောက်က ခေါင်းမာသည်။ သူ့ပတ်ဝန်းကျင်မှာ ဆွဲဆောင်မှုအမျိုးမျိုးနဲ့ အလှတရားလေးတွေ ရှိနေသည်။

လီရှူအိုလန်ရဲ့ ဝတ်စားဆင်ယင်မှုက ဒီဘက်ခေတ် မျက်လုံးထဲမှာ ဆွဲဆောင်မှု ရှိကောင်းရှိမည်။ ဆွန်းမို မျက်လုံးထဲမှာတော့ အရမ်းသာမန် ဆန်နေသည်။

(မင်းက အရမ်း ဆန်းသစ်နေတာလား။ တစ်ကိုယ်လုံး မိတ်ကပ်ချယ်သပြီး

လမ်းပေါ်ထွက်ရဲလား။ မီနီစကတ်လေးတွေနဲ့ကလည်း မင်းထက်ဆွဲဆောင်မှု ရှိသေးတယ်)

အမှန်တိုင်းပြောရလျှင် ဆွန်းမိုသည် လီရှုအိုလန်ကို ပထမဆုံး မြင်လိုက်တဲ့အချိန်မှာ ပထမဆုံး တွေးလိုက်မိတာက မိုင်ဇီယူပါ။ လှတ်လပ်တဲ့ အမျိုးသမီးတွေထက်စာရင် ရေးရိုးဆန်တဲ့ မိုင်ဇီယူကမှ သူ့အရသာနဲ့ ပိုသင့်တော်သည်။

အဓိကအချက်ကတော့ စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသဖြင့် အာရုံလွင့်နေတာလဲ ပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

“တာဝန် အသစ်ထုတ်ပြန်တယ်။ ရေးဖြေစာမေးပွဲမှာ ရလဒ်ကောင်းအောင် လုပ်ပါ။ ရလဒ်ကကောင်းလေ ဆုကောင်းလေပဲ”

....

အနောက်တောင် အကယ်ဒမီနဲ့ နီးတဲ့နေရာမှာ တည်းခိုတဲ့ ဖြေဆိုသူတွေကတော့ အနားယူဖို့ ပြန်သွားကြသည်။ ဝေးတဲ့လူတွေကတော့ နေ့လည်စာစားပြီး စာသင်ခန်းထဲ ပြန်သွားကြသည်။

ဆွန်းမိုလည်း မပြန်တော့ပေ။ ညောင်ပင်အရိပ်အောက်မှာ စာအုပ် ထိုင်ဖတ်နေခဲ့သည်။ ခေါင်းလောင်းသံကြားလျှင် အခန်းထဲဝင်သွားသည်။

ပထမအသုတ် ဝိညာဉ်တက်တူးရေးဖြေ စာမေးပွဲစတင်ပြီ။

စာမေးပွဲကြာချိန်က နှစ်နာရီဖြစ်သည်။ ကြယ်တစ်ပွင့် စာမေးပွဲနဲ့နှိုင်းယှဉ်ပါက ပိုခက်ပြီးနယ်ပယ်လည်း ပိုကျယ်ပြန့်သည်။ တချိန်တည်းမှာပင်အဖြေလုံးဝမရှိတဲ့ ဝိဟာဒ မေးခွန်းတွေလည်း ပါသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့ ဝိညာဉ်တက်တူး လေ့လာခြင်းအပေါ် ဖြေဆိုသူတွေရဲ့ နားလည်မှုကို စမ်းသပ်သည်။

လူတိုင်းက ကြိုးစားပြီး ဖြေဆိုနေကြသည်။

စာစစ်သူ ငါးယောက်က အခန်းထဲ ဖြန့်ကျန့်ထားပြီး တစ်ထောင့်မှ မလွတ်အောင် စောင့်ကြပ်နေကြသည်။ ခိုးချဖို့ မပြောနဲ့ တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်ဖို့တောင် မဖြစ်နိုင်ပါ။

"တောက်၊ ကြောက်ဖို့ကောင်းလိုက်တာ။ အဖြေမရှိတဲ့မေးခွန်းတွေ များနေရင်တော့ ငါလည်း ကျိန်းသေပေါက် ကျမှာဘဲ"

အနည်းငယ် ထိပ်ပြောင်နေတဲ့ စာဖြေသူသည် သက်ပြင်းချပြီး အလိုလို ခေါင်းခါလိုက်မိသည်။ သူ့စကားကြောင့် ဘေးနားမှာရှိနေတဲ့ ဖြေဆိုသူ လက်တွေ တုန်ကုန်သည်။

စာစစ်သူတွေကတော့ ဒါကို ဂရုမစိုက်ပါ။ ဖြေဆိုသူမှာ ဒီလိုမျိုးဖိအားကို ခံနိုင်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်ဓါတ်ခွန်အား မရှိရင် သူတို့ကိုဖယ်ရှားပစ်ဖို့ ထိုက်တန်နေပြီ။

ဘာဖြစ်လို့ ဒီလောက် ခက်ရတာလဲ။

ဖြေဆိုသူတချို့ဆို မျက်နှာငယ်လေးတွေ ဖြစ်ကုန်သည်။ သူတို့အာလုံးသည် စာရွက်ကို ဆုတ်ဖြဲပြီး ကိုက်စားချင်နေကြသည်။

စာမေးပွဲ အခန်းထဲမှာရှိတဲ့ လေထုက ပိုဖိစီးလာသည်။ အဲဒီအခိုက်တန့်တွင် အမျိုးသမီး စာစစ်သူ တစ်ယောက်က ဆွန်းမို လက်ထောင်ထားတာ မြင်ပြီး လှမ်းမေးလိုက်သည်။

"ဘာကိစ္စလဲ"

ဆွန်းမိုရဲ့ ချောမောတဲ့ ရုပ်ရည်ကိုမြင်ပြီး တခြားသူတွေကို ဆက်ဆံတဲ့အခါ မျက်နှာတင်းတင်းနဲ့ နေလေ့ရှိတဲ့ အမျိုးသမီးသည် ချစ်စရာကောင်းတဲ့ ခွေးတွေ၊ ကြောင်တွေနဲ့ ပြောနေသလို အနည်းငယ် ပျော့ပြောင်းသွားသည်။

"ငါ ပြီးပြီ။ အဖြေလွှာ အပ်လို့ရမလား"

ဆွန်းမိုက မေးလိုက်သည်။

အခန်း(၅၄၀ - ခ) - သည်းမခံတတ်တဲ့ မိန်းမက အရမ်းဒေါသထွက်ရင် အကျိုးဆက်က အရမ်းပြင်းထန်မယ်နော်။

အခန်းထဲမှာရှိနေတဲ့ ဖြေဆိုသူ

တစ်ဝက်လောက်က ဆွန်းမိုကို

အရမ်းအံ့အောသင့်နေတဲ့ အကြည့်နဲ့ ဝိုင်းကြည့်နေကြသည်။

"ပြီးပြီလား"

ကိုထိပ်ပြောင်က ၄ှက်ဥ ကို ငါးဖမ်းနေသလို ထင်နေသည်။ (ရေထဲကငါးက လေထဲမှ ၄ှက်ကို ဖမ်းသည်။) အိတ်ဆောင်နာရီကို ခပ်ကြမ်းကြမ်း ထုတ်ကြည့်လိုက်သည်။

"တစ်နာရီပဲ ရှိသေးတယ်။ မင်းပြီးပြီလား"

ကိုထိပ်ပြောင်၏ အမူအရာက မှုန်ကုတ်ကုတ်ဖြစ်နေသည်။ စာမေးပွဲအခန်းထဲမှာ မပဟုတ်ပါက ဆဲလွှတ်လိုက်ပြီ။ (ဒီမှာ ပြဿနာ ရှာနေတာလား)

ဒါက ဖြေဆိုသူတချို့ လုပ်တတ်တဲ့အကျင့်ပါ။ သူတို့မဖြေနိုင်ရင် ကျန်တဲ့လူတွေကို စိတ်ပိုင်းဆိုင်ရင် ဖိအားဖြစ်အောင်လုပ်ပြီး အမှတ်မကောင်းအောင် တမင်သက်သက် လုပ်တတ်ကြသည်။

"တစ်နာရီအတွင်း ဘာဖြစ်လို့မပြီးရမှာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဆိုတော့...."

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိုထိပ်ပြောင်က မေးခွန်း အရမ်းခက်လို့ဆိုပြီး ပြောလိုက်ချင်သည်။ ကျန်တဲ့ဖြေဆိုသူများက ခေါင်းတကုတ်ကုတ် ဖင်တကုတ်ကုတ်နဲ့ စိတ်ညစ်နေတာ ကြည့်လိုက်အုံး။ ဒါပေမယ့် ပါးစပ်ထဲကထွက်တော့မယ် စကားလုံးတွေကို ခဏ ထိန်းလိုက်သည်။

တကယ်လို့ ပါရမီရှင်တစ်ယောက် ဆိုပါက ဒီအမေးခွန်းကို ခက်တယ်လို့ယူဆမှာ မဟုတ်ပေ။

ကိုထိပ်ပြောင် တွေဝေနေတုန်း အမျိုးသမီး စာစစ်သူက လျှောက်လာပြီး မေးလိုက်သည်။

"မင်းက မြတ်ဆရာ ဆွန်းမိုလား"

"ဟုတ်ပါတယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

ဝူး၅်

စာမေးပွဲ ဆက်ဖြေနေတဲ့ ဖြေဆိုသူတချို့သည် ဆွန်းမိုကို လှမ်းမကြည့်ဘဲ မနေနိုင်တော့ချေ။ ဒါက မကြာခင်ကမှ စံချိန်ချိုးထားကာ မြင့်တက်လာတဲ့ ကြယ်ပွင့်အသစ်ပါ။

"တကယ်ပဲ မင်းလား"

စာစစ်သူ အမျိုးသမီးသည် ဆွန်းမိုကို အကဲဖြတ်ပြီး မချီးကျူးပဲ မနေနိုင်တော့ချေ။ ကောလဟာလတွေအရတော့ သူက အရမ်းချောပြီး ပြုံးလိုက်လျှင် နေရောင်ခြည်လို နွေးထွေးတယ်လို့ ဆိုကြသည်။

“အခုထွက်သွားလို့ ရမလား။ မဟုတ်ရင် ဖြေဆိုသူတွေ အနှောက်အယှက် ဖြစ်ကုန်မယ်”

ဆွန်းမိုက သတိပေးလိုက်သည်။

“သွားပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာစစ်သူ အမျိုးသမီးက ပြုံးနေသဖြင့် ကိုထိပ်ပြောင်သည် ဝမ်းနည်းပြီး သွေးအန်ချင်သွားသည်။ သူက ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက်ပါ။ သူမကို ထမင်းစားဖို့ လေးကြိမ်တိုင်တိုင် ဖိတ်သော်လည်း အပြုံးလေးတစ်ချက်တောင် မရခဲ့ပေ။

အခုအချိန်မှာတော့ သူမရဲ့ မျက်လုံးတွေက အရောင်တောက်နေသည်။

ဆွန်းမို ထွက်သွားသည်။

ဆွန်းမို ထွက်လာတာကို မြင်လိုက်လျှင် အပေါက်ဝနားမှာရှိနေတဲ့ စာစစ်သူက မနေနိုင်ဘဲ တိုးတိုးလေး မေးလိုက်သည်။

"အဖြေစစ်ဖို့ ဘာဖြစ်လို့ အချိန်ပိုမယူတာလဲ။ နောက်ထပ် အမှတ်ပြည့်ရတာပေါ့"

အမှန်တိုင်းပြောရလျှင် သူသာ အရင်တုန်းက အမှတ်ပြည့်ရထားလျှင် ဒီမေးခွန်းကို သေချာပေါက် ပိုအားစိုက်ထုတ်လိမ့်မည်။ ဘာပဲပြောပြော အမှတ်အပြည့် နှစ်ခါဆက်တိုက် ရတယ်ဆိုတာက တစ်သက်လုံး ကြွားနေလို့ ရသည်။

“မလိုတော့ပါဘူး”

ဆွန်းမိုက ခေါင်းညိတ်ပြပြီး ထွက်သွားလိုက်သည်။

“အမ်”

စာစစ်သူ ကြောင်သွားသည်။ မလိုတော့ဘူးဆိုတာ ဘာပြောချင်တာလဲ။ သူ အံ့အောနေပေမယ့် ဆွန်းမို အဖြေကို လျှင်မြန်စွာ နားလည်သွားသည်။

ဘာဖြစ်လို့လဲဆိုတော့ ဆွန်းမိုက အမှတ်ပြည့်မှာသေချာနေပြီ။

“တကယ်ကို ယုံကြည်မှု အပြည့်ပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးသမီး စာစစ်သူ ချီးကျူးလိုက်သည်။

ဒင်

စွန်ဒို၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၁၀/၁,၀၀၀)

“ဟွန့်၊ မာနကြီးပြီး ဘဝင်မြင့်နေတာပဲ။ ဒါက ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲလေ”

ကိုထိပ်ပြောင်က မဲ့ရွဲ့ပြီး ပြောလိုက်သည်။ ဆွန်းမိုငိုမယ့် အချိန်ကို စောင့်ကြည့်နေအုံးမည်။ သူက အခန်းထဲသို့ ကြည့်လိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာကြည့်နေကြတာလဲ။ စာမေးပွဲကို အာရုံစိုက်။ ဘယ်လို ဖြေရမလဲ မသိရင်လည်း ထွက်သွားကြ။ လူတိုင်းရဲ့အချိန်ကို မဖြုန်းနဲ့"

....

အချိန်ကုန်သက်သာစေရန် သူတော်စင်ဂိတ်သည် ရေးဖြေစာမေးပွဲကို ဆက်တိုက်လုပ်ခဲ့သည်။ နှစ်ရက်ကြာသွားခဲ့ပြီ။ ညဘက်ဖြေဖို့ အဆိုင်းကျတဲ့လူတွေကတော့ ကံဆိုးတယ်လို့ပဲ ပြောရမယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ပင်မရေစီးကြောင်း မဟုတ်တဲ့ ဘာသာရပ်များကို ညဘက် ဖြေရသည်။

ဆွန်းမိုက ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်ကို ဒုတိယဘာသာရပ်အဖြစ် ရွေးချယ်ခဲ့သည်။

ဝိညာဉ်ထိန်းချုပ်ခြင်းကို လေ့လာရာတွင် အရည်အချင်း ရှိရန်လိုအပ်ပြီး အရမ်းလည်းခက်သည်။ ဒါကြောင့် ဒီဘာသာရပ်ကို ပင်မရေစီးကြောင်း မဟုတ်ဘူးလို့ သတ်မှတ်ခဲ့ကြသည်။ ပထမနေ့ သန်းခေါင်ယံအချိန် ဖြေဆိုရမည်။

ဆွန်းမို အခန်းထဲသို့ဝင်လိုက်လျှင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

“ဆွန်းမိုရဲ့ဒုတိယ ဘာသာရပ်က ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်လား”

“သူ့ရဲ့ ဝိညာဉ်သားရဲက ဘာလဲဆိုတာ သိချင်လာပြီ”

“တစ်နာရီကြိုပြီး အဖြေလွှာအပ်ခဲ့တယ်လို့ ကြားတာပဲ။ ငါတို့ ဘာလုပ်ကြမလဲ။ ဖိအား အရမ်းများနေပြီ”

ဖြေဆိုသူများ စိတ်ဒုက္ခ ရောက်နေကြသည်။ အမှန်တိုင်းပြောရလျှင် သူတို့အခန်းထဲမှာ ထိပ်တန်းကျောင်းသား မလိုချင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ညံ့တာ ပိုနားလည်လာသည်။

ဆွန်းမိုက သတ်မှတ်ပေးထားတဲ့ နေရာမှာ ဝင်ထိုင်နေလိုက်သည်။

ဖြေဆိုသူများ တဖြည်းဖြည်းနဲ့ စိတ်ငြိမ်လာသည်။ သူတို့ စိတ်အခြေအနေကို ထိန်းညှိပြီး စာမေးပွဲအတွက် ပြင်ဆင်နေကြသည်။ သို့သော်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်မိနစ်လောက်ကြာလျှင် အလန့်တကြား ထအော်ကြသည်။

ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ဆရာအဝတ်အစားဝတ်ထားတဲ့ ပိုင်ရှမ်အခန်းထဲသို့ အိနြေ္ဒရစွာ ဝင်လာသည်.

“ငလ ...ငါတို့က ဘယ်လိုဖြေရတော့မှာလဲ”

ထိပ်တန်းဖြေဆိုသူနှစ်ယောက်ရဲ့ ဖိအားကြောင့် ဖြေဆိုသူများ စိတ်ပျက်နေကြသည်။ အရင်က ဆယ်မှတ် ရမယ်ဆို အခုတော့ ငါးမှတ်ပဲ ရနိုင်တော့မည်။

ပိုင်ရွှမ်က သူတို့အကြည့်ကို လျစ်လျူရှုထားပြီး ထိုင်ခုံဆီသို့ သွားလိုက်သည်။ မထိုင်ခင်ဆွန်းမိုကို လှမ်းကြည့်ပြီး

“မင်းက ဒီဘာသာရပ်မှာ ကျွမ်းကျင်နေပြီလား”

ပိုင်ရွှမ်ရုတ်တရက် အံ့အောပြီး ပီတိဖြစ်နေသည်။ (ငါ့ဆီက အနှိပ်စက်ခံဖို့ မင်းရောက်လာတယ်လို့ပဲ ယူဆလိုက်မယ်)

အခန်း(၅၄၁ - က) - ထူးထူးဆန်းဆန်း
ဝိညာဉ်ထိန်းချုပ် စာမေးပွဲ။

ဆွန်းမိုက ပိုင်ရှမ်ရဲ့အကြည့်ကို သတိမထားမိပေ။ အသက်ခပ်ပြင်းပြင်းလေး ရှူပြီး စိတ်အခြေအနေကို ထိန်းညှိနေသည်။

သူသည် ဝိညာဉ်တက်တူးဘာသာရပ်အပြင် ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းဘာသာရပ်မှာလည်း မဟာသခင်အဆင့် ရောက်နေပြီ။ ဒါပေမယ့် သူတော်စင်ဂိတ်က ဒီစာမေးပွဲကို သီးခြား အကဲဖြတ်မည်။ ဒါ့အပြင် ဒီဘာသာရပ်ရဲ့ ဖွဲ့စည်းပုံကြောင့်လည်း ပင်မရေစီးကြောင်း မဟုတ်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စာစစ်သူ ငါးယောက်ထားရှိသည်။ ဒါ့အပြင် ဖြေဆိုသူများ ခိုးချခြင်းမှကာကွယ်နိုင်ရန် အဆိုပါ စာစစ်သူ ငါးယောက် အထူးပြုကျွမ်းကျင်မှုများသည် တစ်ယောက်နဲ့ တစ်ယောက်မတူကြပါ။

ဘာဖြစ်လို့လဲဆိုတာ စာမေးပွဲ ကြယ်အဆင့်မြင့်လာလေလေ၊ ဖြေဆိုသူတွေကလည်း သန်မာလာလေလေ ဖြစ်သည်။ တစ်ခါတစ်လေ ကျတော့လည်း အမှတ်များများရချင်လို့ မဟုတ်ဘဲ သူတို့ရဲ့ ကျွမ်းကျင်မှုကို ဖော်ပြချင်ရုံသက်သက်နဲ့ ခိုးချတတ်ကြသေးသည်။

စာစစ်သူတွေ မျက်လုံးအောက်ကနေ ခိုးချနိုင်ခြင်းသည် ထူးခြားတဲ့ကိစ္စလို့ ယူဆနိုင်ပြီး ဒီအကြောင်းကို အချိန်တော်တော်ကြာအောင် ကြွားလုံး ထုတ်နေလို့ရသည်။

ဝိညာဉ်သားရဲထိန်းချုပ်ခြင်း ဘာသာရပ်သည် လျှို့ဝှက်ဆန်းကြယ်ပြီး မသိသေးတဲ့နယ်ပယ်တွေ အများကြီး ရှိသေးတဲ့အတွက် ဝိညာဉ်ထိန်ချုပ်ခြင်း စာမေးပွဲတွင် ခိုးချမှုများ ပေါ်ခြင်းသောခြင်း ရှိနေတတ်သည်။

ဥပမာ မြတ်ဆရာတစ်ယောက်က အရမ်းဝေးတဲ့ နေရာမှာရှိတဲ့ သူ့ရဲ့ဝိညာဉ်သားရဲနဲ့ စိတ်ချင်း ဆက်သွယ်ပြောဆိုင်နိုင်ပြီး တခြား ဆရာတစ်ယောက်ကို အဖြေမှန် ပို့ပေးခိုင်းလို့ရသည်။

ဒါက ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်တွင် တွေ့ရအများဆုံး ခိုးချနည်းတစ်ခု ဖြစ်သည်။

အဓိကစာစစ်သူက တန်ရီမင် ဖြစ်နေသေးတဲ့အတွက် ဆွန်းမို အနည်းငယ် အံ့အောသွားသည်။ သူ့အမြင်အရတော့ အရပ်ရှည်ပြီး ထွားထွားကျိုင်းကျိုင်းနဲ့ ခံ့ညားတဲ့ ပုံစံရှိသည့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီဆရာသည် ဘယ်လိုပဲကြည့်ကြည့် ဝိညာဉ်ထိန်းချုပ်ခြင်း ကျွမ်းကျင်သူ တစ်ယောက်လို့ မထင်ရပါ။

အများအားဖြင့်တော့ ဝိညာဉ်ထိန်းချုပ်သူများသည် အနည်းငယ် တစ်မူထူးနေပြီး ခမ်းလှမ်းလှမ်းက ကြည့်ရင်တောင် ထူးဆန်းတဲ့ အငွေ့အသက်ကို အာရုံခံမိတတ်သည်။

ကလောင် ကလောင် ကလောင်

ခေါင်းလောင်းသံ မြည်လာသည်။

လူ ၃၀၀ ဆံ့တဲ့ အခန်းထဲမှာ လူအပြည့် ရှိနေကြသည်။ ဖြေဆိုသူတွေက အသက်အရွယ် အမျိုးမျိုးဖြစ်နေပြီး တန်ရီမင်ကို စိုက်ကြည့်ရင်း မေးခွန်းစာရွက် ဝေမည့်အချိန်ကို စောင့်နေကြသည်။

တန်ရီမင်က စင်နောက်တွင် အေးအေးဆေးဆေး ထိုင်နေသည်။

ဒီလိုနဲ့ သုံးမိနစ်လောက် ကြာသွားသည်။

"ဘာလဲဟ၊ ဘာဖြစ်လို့ မေးခွန်းစာရွက် မဝေသေးတာလဲ"

"ငါတို့ မိနစ်တွေကို ဖြုန်းနေတာ မဟုတ်လား"

"ဒီလို အချိန်ဖြုန်းတာ ငါတို့အပြစ် မဟုတ်ဘူး မဟုတ်လား"

ဖြေဆိုသူများသည် သဘာဝအားဖြင့်တော့ ရုတ်ရုတ်သဲသဲ မလုပ်ရဲပေမယ့် စိတ်ထဲမှာတော့ အတွေးတွေနဲ့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်နေသည်။ တချို့က စိုးရိမ်နေကြသည်။ တချို့က ကျိန်ဆဲနေကြသည်။ တချို့က အရမ်းစိတ်ပူနေကြသည်။ တချို့က တော်တော်လေး စိတ်လေးနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အများဆုံးကတော့ ဒီတစ်ခေါက် စာမေးပွဲ အလွယ်တကူနဲ့ မအောင်နိုင်တော့ပါ။

ပိုင်ရှမ်ကတော့ မျှော်လင့်ထားတဲ့အတိုင်း ဝိညာဉ် ထိန်းချုပ်ခြင်း ဘာသာရပ်တွင် ပါရမီရှင် တစ်ယောက် ဖြစ်သည်။ ခေါင်းလောင်းသံမြည်ပြီး ဆယ်စက္ကန့်လောက် ကြာလျှင် မျက်မှောင်ကြုတ်ပြီး စာသင်ခန်း ညာဘက်သို့ ထူးထူးဆန်းဆန်း စိုက်ကြည့်နေသည်။

အားနည်းတဲ့ စိတ်လှိုင်းအတက်အကျသည် အခန်းထဲမှာ လေပြေညင်းတစ်ခုလို စီးဆင်းနေသည်။

"စိတ်ဝင်စားစရာပဲ"

ပိုင်ရှမ်က စိတ်လှုပ်ရှားနေတဲ့ အမူအရာနဲ့ ရယ်မောလိုက်သည်။ စာမေးပွဲစစ်နည်းက ဒီလိုလား။ ထို့နောက် ဆွန်းမိုကို စိုက်ကြည့်လိုက်လျှင် ဘာမှမထူးခြားဘဲ ရှိနေတာမြင်လိုက်လျှင် နှုတ်ခမ်းကွေးသွားပြီး အထင်သေးသလို ကြည့်လိုက်သည်။

"တောင်းပန်ပါတယ်။ ငါပဲ စဖြေလိုက်မယ်"

ပိုင်ရှမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက် လက်ညှိုးကိုကိုက်ပြီး သွေးကို အသုံးပြုကာ

စားပွဲပေါ်တွင် ထူးဆန်းတဲ့ပုံတစ်ပုံ ရေးဆွဲနေသည်။ ခြက်ခြင်းဆိုသလို စိတ်လှိုင်း အတက်အကျက ပြင်းထန်လာပြီး သူမကို လှိုင်းတစ်ခုအလား ရိုက်ခတ်လာသည်။

ထို့နောက် ပိုင်ရှမ်က လက်ထောင်လိုက်ပြီး တန်ရီမင်ကို တစ်ချက်ကြည့်လိုက်သည်။

"စာရွက် အဖြူသုံးရွက်လိုတယ်"

ပိုင်ရှမ်က ပြောလိုက်သည်။

"သူမကို ပေးလိုက်"

တန်ရီမင်က ပြောလိုက်သည်။ ထုံးစံအတိုင်းပဲ ဒီလိုကိစ္စတွေက အသက်အငယ်ဆုံး စာစစ်သူရဲ့ တာဝန် ဖြစ်လာသည်။

"မင်းအတွက်"

မျက်နှာမှာ ဝက်ခြံပေါက်နေတဲ့ ကြယ်နှစ်ပွင့် မြတ်ဆရာ လူငယ်စာစစ်သူက လာပေးသည်။ သူက ပိုင်ရှမ်ကိုကြည့်ပြီး သဘောကျစွာ သက်ပြင်းချလိုက်သည်။ ကောင်းကင်ပေါ်တက်ခြင်း အကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရက တကယ်ကို အထင်ကြီးဖို့ကောင်းသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရွှမ်က စာရွက်ကိုယူပြီး ချက်ခြင်းတန်းဖြေလိုက်သည်။

“ဘာ”

ကျန်တဲ့ဖြေဆိုသူတွေ အရမ်းအံ့အော သင့်ကုန်သည်။ (မေးခွန်းမရှိဘဲ ဘာတွေဖြေနေတာလဲ)

ပိုင်ရွှမ် အနားမှာရှိတဲ့ ဖြေဆိုသူတွေက သူ့မ အနားကိုနီးဖို့ တိုးလာပြီး သူမဘက်သို့ လှမ်းကြည့်လိုက်သည်။

“ကိုယ့်နေရာ ကိုယ်နေစမ်း”

တန်ရီမင်က

"ပြီးတော့ မင်းတို့မျက်လုံးတွေ ဆက်ကြည့်နေရင် စာမေးပွဲဖြေဆိုခွင့် တခါတည်း ရုတ်သိမ်းလိုက်မယ်"

ရွတ်စ်

ဖြေဆိုသူအုပ်စု လျှင်မြန်စွာ ငြိမ်ကျသွားသည်။ ပိုင်ရှမ် ဘာလုပ်နေသလဲ အမှန်တကယ် နားမလည်နိုင်သဖြင့် စိတ်ပျက်နေကြသည်။

ဒါက ယုံကြည်မှုအားနည်းခြင်း လို့ခေါ်သည်။

ထုံးစံအတိုင်း ဆွန်းမိုမှာ ယုံကြည်မှု ရှိသည်။ သူ့ဘဝရဲ့ တန်ဖိုးရှိတဲ့ နှစ်၂၀လောက်ကို

စာမေးပွဲအတွက် အချိန်ပေးခဲ့သည်။ ဒါပေမယ့် အခုကိစ္စတွေက လျှို့ဝှက်ဆန်းကြယ်ခြင်းများနဲ့ ပြည့်နှက်နေတဲ့ပုံစံ ရုတ်တရက် ပြောင်းသွားဖြင့် လုံးဝ လိုက်လျှောညီထွေ မဖြစ်နိုင် ဖြစ်နေသည်။

ပြီးတော့ ခက်မှုကလည်း ကြယ်နှစ်ပွင့်မြတ်ဆရာ စာမေးပွဲဖြစ်သဖြင့် ထုံးစံအတိုင်း ပိုခက်ခဲသည်။

ဆွန်းမိုသည် ပိုင်ရှမ်ရဲ့ လုပ်ရပ်ကို မြင်ပြီးနောက် စာမေးပွဲအခန်းထဲမှာပင် မေးခွန်းခေါင်းစဉ် ရုတ်တရက် ပေါ်လာသည်။ ဒါရဲ့ တည်ရှိမှုကို ရှာဖွေရမည့်

နည်းလမ်းက ထူးဆန်းလွန်းသဖြင့် ဖြေဆိုသူအများစု မမြင်နိုင်တာပဲ ဖြစ်လိမ့်မည်။

“ဝိညာဉ်ထိန်းချုပ်ခြင်း စာမေးပွဲဆိုတာ မေးခွန်းလိုခြင်ရင် ဝိညာဉ်ထိန်းချုပ်ခြင်း အသုံးပြုရမှာပေါ့”

ဆွန်းမိုက ခဲးမြှောင်ကို ထုတ်ယူလိုက်ပြီး စားပွဲပေါ်တွင် စက်ဝိုင်းထဲမှာ တြိဂံပုံစံ ပေါင်းစပ်ထားတဲ့ ပုံတစ်ပုံ ရေးဆွဲလိုက်သည်။

ပုံရဲ့ အကျိုးသက်ရောက်မှုသည် ချဲ့စက်နဲ့တူပြီး ပတ်ဝန်းကျင်မှာရှိတဲ့ ဝိညာဉ်သားရဲများ၏ ဝိညာဉ်အတက်အကျကို ဖမ်းယူပေးနိုင်သည်။

ဆွန်းမို အနီးအနားမှာရှိတဲ့ ဖြေဆိုသူတွေကလည်း အလိုလို လှမ်းကြည့်နေကြသည်။

"မင်းကို ဟိုဟို ဒီဒီ လျှောက်ကြည့်ခွင့် မပေးထားဘူး"

တန်ရီမင်က ထပ်ပြီး ကြိမ်းမောင်းလိုက်ပြန်သည်။

ပုံဆွဲတာ ပြီးသွားတာနဲ့ ဆွန်းမိုလည်း ဝိညာဉ်အတက်အကျကို ခံစားလိုက်မိသည်။

မျှော်လင့်ထားသလိုပဲ မမြင်နိုင်တဲ့ တည်ရှိမှုက အချက်အလက်တွေ ပေးပို့နေသည်။ ဘာသာပြန်လိုက်ပြီးနောက် မေးခွန်းခေါင်းစဉ်ကို သိသွားသည်။

"စာမေးပွဲပုံစံက ဒီလိုလား"

ဆွန်းမိုသည် အံ့အောသွားသော်လည်း အရမ်းပျော်စရာကောင်းတာကို သတိထားမိသွားသည်။ သူလည်း စာရွက်တောင်းချင်ပေမယ့် သတ္တိကြီးတဲ့ အလေ့အကျင့်ကြောင့် ရပ်တန့်သွားပြီး တွေးနေမိသည်။

လှည့်ကွက် ရှိနေအုံးမလား။

ဆွန်းမိုသည် တချိန်တုန်းက အလယ်တန်းကျောင်းတစ်ခုမှာ မေးခွန်းပုံစံထုတ်တဲ့ နေရာတွင် ပါခဲ့ဖူးသည်။ တချို့ဆရာများက မေးခွန်းထဲတွင် လှည့်ကွက်လေးထည့်ပြီး ကျောင်းသားတွေ ရှုန်းကန်နေတာကို ကြည့်ပြီး သဘောကျနေတတ်သည်။

ဒါကိုတွေးမိတဲ့ အခိုက်အတန့်မှာ ဆွန်းမိုသည် နောက်ထပ် နမ်ပုံစံများကို ရေးဆွဲလိုက်သည်။

အများအားဖြင့်တော့ မတူညီတဲ့ နာမ် ပုံစံများသည် မတူညီတဲ့ ဝိညာဉ်သားရဲတွေနဲ့ ဆက်သွယ်နိုင်သည်.

ဥပမာပြောရလျှင် နာမ်ပုံစံသည် တိရစ္ဆာန်ရုံရှိ အတားအဆီး တံခါးပေါက်တွေနဲ့ တူသည်။ မတူညီတဲ့ အတားအဆီးထဲသို့ ဝင်သွားလျှင် မတူညီတဲ့ သတ္တဝါများကို ထုံးစံအတိုင်း တွေ့ရလိမ့်မည်။

ဆွန်းမိုသည် ဒြပ်စင်၊ ဝိညာဉ်ဆိုင်ရာ၊ ရေနေ ၊ ကြမ်းတမ်း အစရှိသဖြင့် မတူညီတဲ့ နာမ်ပုံစံကိုးခုကို ဆက်တိုက် ရေးဆွဲလိုက်သည်။ ဒါပေမယ့် သူတို့အားလုံး သက်ရောက်မှု မရှိခဲ့ပါ။

"ငါလို......"

ဆွန်းမိုသည် သူကြိုးစားအားထုတ်မှုများ အလကား ဖြစ်ကုန်တယ် တွေးမိပြီး ဆဲဆိုလိုက်သည်။ ဒါကြောင့် သူက စိတ်ဓါတ်ကျတဲ့ ပုံစံနဲ့ လက်မြှောက်လိုက်ပြီး

"စာစစ်သူ၊ ငါ့ကို စာရွက်သုံးရွက် ပေးလို့ရမလား"

ဆွန်းမို ပြောတာကို ကြားလိုက်လျှင် ဖြေဆိုသူ တစ်ဝက်ကျော်လောက်က လှည့်ကြည့်လိုက်သည်။ ဒါပေမယ့် မလှုပ်မရှား လှည့်မကြည့်တဲ့လူတွေလည်း

ရှိသည်။ ဘာဖြစ်လို့လဲဆိုတာ သူတို့က ဆွန်းမိုကို တော်ရုံသင့်ရုံမျှပဲ ထင်နေကြသည်။

လောလောဆယ်တော့ စာရွက်တောင်းတဲ့လူ ဆယ်ယောက်ကျော် ရှိနေပြီ။

ပိုင်ရှမ်ကတော့ ကျေနပ်အားရတဲ့ပုံစံနဲ့ စာမေးပွဲ ဖြေဆိုနေခဲ့သည်။ ဒီလိုခံစားချက်ကို လုံးဝ သဘောကျသည်။

ဆွန်းမို ပြောပြီးတာနဲ့ ဒီနေရာမှာရှိနေတဲ့ ဖြေဆိုသူတွေ စိုးရိမ်လာသည်။

"စာစစ်သူ၊ ငါ့ကို စာရွက်လေးရွက်ပေးပါ"

"ငါ့ကို ငါးရွက်ပေးပါ"

"ငါက တစ်ရွက် လိုချင်တယ်"

ဖြေဆိုသူဆီကနေ တညီတညွတ်ထဲ အသံထွက်လာသည်။ ဖြေဆိုသူတချို့ကတော့ ဘာမှန်းမသိဘဲ သူများတောင်းလို့ လိုက်တောင်းကြသည်။ နောက်ကျန်ပြီး မနေခဲ့ချင်ပါ။

သုံးမိနစ်လောက်ကြာတော့ လူတိုင်း စာရွက်ကိုယ်စီ ဖြစ်သွားသည်။

တန်ရီမင်က အိတ်ဆောင်နာရီကို တစ်ချက် ထုတ်ကြည့်ပြီး

"စာရွက် သုံးရွက်ထက် ပိုတဲ့လူ၊ နည်းတဲ့လူ အခုချက်ခြင်း အခန်းထဲက ထွက်ပါ"

ရှယ်

အရေအတွက် မှားနေတဲ့ ဖြေဆိုသူတွေက ဆိုးရွားတဲ့ခံစားချက်ကို ရနေပြီး မျက်နှာ ညှိုးသွားကြသည်။

"မင်းတို့တွေကို ဖယ်ရှားလိုက်ပြီ"

တန်ရီမင်က တည်ငြိမ်စွာ ကြေငြာလိုက်သည်။

တချိန်တည်းမှာပဲ ငိုးကြွေးသံတွေ ထွက်ပေါ်လာသည်။

“စာစစ်သူ ခေါင်းဆောင်။ စာမေးပွဲက လိမ်နေသလို မဖြစ်ဘူးလား”

ဖြေဆိုသူတယောက်က စုတ်တံကို လွှတ်ချလိုက်ပြီး မကျေမနပ်နဲ့ ဝေဖန်လိုက်သည်။

“ဒီစာမေးပွဲခေါင်းစဉ်ကို မဟာသခင် မိုနိုင် သတ်မှတ်တာ ။ မကျေနပ်ရင် သူ့ကို သွားဝေဖန်”

တန်ရီမင်က ရှင်းပြသည်။

“အမ်”

အရင်တုန်းက မကျေမနပ်ဖြစ်နေတဲ့ ဖြေဆိုသူများသည် ဒီနာမည်ကို ကြားလိုက်လျှင်

လည်ပင်းအညှစ်ခံလိုက်ရတဲ့ ဘဲလေးတွေနဲ့ တူနေသည်။ ပါးစပ် တခါတည်း ပိတ်သွားသည်။

မိုနိုင်က ကြယ် ၇ ပွင့် မြတ်ဆရာတစ်ယောက်ဖြစ်ပြီး ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်တွင် နက်နဲတဲ့ အောင်မြင်မှုများ ရရှိထားသည်။ သူ သတ်မှတ်ထားတဲ့ အကြောင်းအရာကို ဖြေဆိုသူတွေက သံသယ ဝင်ရဲပါ့မလား။

ဝေဖန်ခဲ့တဲ့ဖြေဆိုသူက သူ့ရဲ့အလုပ်တော့ သက်တမ်းတိုတော့မယ်လို့ တွေးလိုက်မိသည်။

“မြန်မြန် ထွက်သွားကြ။ မင်းတို့ကြောင့် ကျန်တဲ့ ဖြေဆိုသူတွေကို အနှောက်အယှက် မဖြစ်စေနဲ့”

တန်ရီမင်က တိုက်တွန်းလိုက်သည်။

မိုနိုင်က ရိုးရှင်းလွန်းသည်။ တတ်နိုင်သမျှ ရိုးရိုးရှင်းရှင်း လုပ်ရတာကို ကြိုက်နှစ်သက်သည်။ မေးခွန်းစာရွက်များ လှန်နေရတာကို အရမ်းမုန်းပြီး ထိရောက်မှုကလည်း အားနည်းလွန်းသည်။

တစ်မိနစ်ကြာပြီးနောက် ဖြေဆိုသူ သုံးပုံတစ်ပုံ ထွက်သွားကြသည်။

ပြိုင်ဘက်များစွာ ဖယ်ထုတ်ခံလိုက်ရတာ မြင်လျှင် ကျန်ခဲ့တဲ့ ဖြေဆိုသူအားလုံးသည် အားတက်လာကာ ပိုပြီးလေးလေးနက်နက် ဖြေလာကြသည်။ တကြိမ်တည်းနဲ့အောင်ဖို့ မျှော်လင့်လာကြသည်။

ဒါပေမယ့် ဆွန်းမိုက စုတ်တံကို အမှန်တကယ် ချထားသည်။

တစ်ခုခုတော့ မှားနေပြီ။

အများအားဖြင့်တော့ မေးခွန်းကိုနားမလည်တာနဲ့ ဖယ်ထုတ်စရာမကြောင်း မရှိပေ။ ဒီလုပ်ရပ်က

ကျန်ခဲ့တဲ့ လူတွေကို ဖိအားပေးဖို့ဆိုတာလည်း အခိပ္ပါယ် မရှိပါ။

ဒါ့အပြင် ဖြေဆိုသူအများကြီး အခန်းထဲက မောင်းထုတ်လိုက်တာနဲ့ ဆူညံနေမှာ သေချာသည်။ ကျန်တဲ့ဖြေဆိုသူများလည်း စိတ်အနှောက်အယှက် ဖြစ်ရမှာ သေချာသည်။ ဒီလိုအခြေအနေအောက်မှာ ဖြေဆိုသူတွေရဲ့ ဆုံးဖြတ်ချက်ကို စမ်းသပ်ချင်လို့လား။

ဒါလည်း မှားသည်။ ဝိညာဉ် ထိန်းချုပ်ခြင်းဘာသာရပ်က စိတ်ပိုင်းဖြတ်မှုနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာမှမဆိုင်ပေ။ အဓိက ကတော့ လူတစ်ယောက်ရဲ့ အကင်းပါးမှုပဲ။

“နေပါအုံး အကင်းပါးတာလား”

အခန်း(၅၄၁ - ခ) - ထူးထူးဆန်းဆန်း ဝိညာဉ်ထိန်းချုပ် စာမေးပွဲ။

ဆွန်းမို မျက်မှောင် တော်တော်ကြုတ်နေသည်။

စားပွဲကို နောက်တစ်ကြိမ် ကြည့်လိုက်သည်။ အများအားဖြင့်တော့ ဝိညာဉ်ထိန်းချုပ်သူများသည်

ဝိညာဉ်သားရဲကို ဆင့်ခေါ်လိုပါက ကြားခံတစ်ခု လိုသည်။ အများစုက လက်ဆတ်တဲ့သွေးကို အကောင်းဆုံး ကြားခံအဖြစ် အသုံးပြုကြသည်။

လက်ဆတ်တဲ့သွေးထဲတွင် ဝိညာဉ်ထိန်းချုပ်သူရဲ့ အချက်အလက်တွေ ပါဝင်ရုံသာမက သွေးရဲ့အော်ရာကြောင့်လည်း ဝိညာဉ်သားရဲကို ထိန်းချုပ်ရတာ ပိုလွယ်ကူသည်။

ဒါပေမယ့်လည်း ဆွန်းမိုသည် သွေးထွက်ရတာ မုန်းသည်။ ဝိညာဉ်သားရဲ ဆင့်ခေါ်တိုင်း

လက်ချောင်းအရေပြားကို လှီးနေရမှာလား။ ဒါက ကိုယ့်ကိုယ်ကို ညှင်းဆဲတဲ့ရောဂါပဲ။

ဒါပေမယ့် အခုအချိန်မှာတော့ ဆွန်းမိုမှာ ရွေးချယ်စရာ မရှိပေ။

တကယ်လို့ သူက အဆင့်မြင့်မားတဲ့ ဝိညာဉ်သားရဲကို ဆင့်ခေါ်လိုပါက လတ်ဆက်တဲ့သွေး ဒါမှမဟုတ် အဆင့်မြင့်မားတဲ့ ကြွားခံတချို့ကို အသုံးပြုရမည်။ ပုံတစ်ပုံ ဆွဲရုံလောက်နဲ့ မလုံလောက်ပါ။

ဆွန်းမိုအံ့ကြိတ်ပြီး ခါးမြှောင်နဲ့လက်ကို လှီးလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ နေရာလွတ် တစ်နေရာတွင် နာမ်ပုံစံတစ်ခု ရေးဆွဲလိုက်သည်။

ဒီမြင်ကွင်းကို မြင်ပြီးနောက် ပျင်းရိနေတဲ့ တန်ရီမင် မျက်လုံး အရောင်တောက်လာသည်။

ဆွန်းမိုက နားမလည်နိုင်တဲ့ အသံများနဲ့ တိုးတိုးတိတ်တိတ် ရွတ်ဆိုနေသည်။ ထို့နောက် စားပွဲပေါ်ရှိသွေးများသည် အနီရင့်ရောင် ရုတ်တရက် တောက်ပလာသည်။

နာမ်ပုံစံ အသက်ဝင်လာခဲ့ပြီ။ တချိန်တည်းမှာပင် ဆွန်းမိုရဲ့ စက္ကူအာရုံထဲ၌ ရောမရေခူကြီး တစ်ကောင် ပေါ်လာသည်။ အချင်းက တစ်မီတာလောက် ရှိမည်။

စင်ပေါ်မှာ သိသိသာသာ လွင့်မျောနေသည်။ သူ့ရဲ့ ရေယက်များ လှုပ်ရှားနေတာနဲ့အမျှ ဘေးနားတွင် လွင့်မျောနေတဲ့ရေများ ဝန်းရံထားသည်။

"ဒီမှာတစ်ခုခု တကယ်ရှိနေတာပဲ"

ဆွန်းမိုက ထီးပုံစံဖြစ်နေတဲ့ ရေခူကိုကြည့်ပြီး အနည်းငယ် ဆွံ့အသွားသည်။ ခေတ်မတူပေမယ့်

ဆရာတွေက ထောင်ချောက်ဆင်ရတာ သဘောကျနေသေးသည်။

ရေခူကို မြင်သွားပြီဖြစ်လို့ ကျန်တာတွေက လုပ်ရတာ လွယ်သွားသည်။ ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်ကို မဟာအဆင့် ကျွမ်းကျင်သူတစ်ယောက်အနေနဲ့ နာမ်ဆိုင်ရာ လျှို့ဝှက်ဘာသာစကား ဆယ်ခုကျော်လောက် နားလည်သည်။ ဒီရေခူနဲ့ ဆက်သွယ်ရတာ ဘီယာသောက်သလောက် လွယ်ကူသည်။

"ဘာအကြောင်းအရာလဲဆိုတာ ပြောပြလို့ရမလား"

ဆွန်းမိုက မေးလိုက်သည်။

ရေခူက ပြန်မပြောသော်လည်း သူ့ခန္ဓာကိုယ်က '凸' ပုံစံ ရုတ်တရက် ဖြစ်သွားသည်။ ထို့နောက် ပင်မကိုယ်ခန္ဓာက ကွဲထွက်သွားကာ သေးငယ်တဲ့ ရေခူလေးတွေပုံစံ ဖြစ်သွားပြီး ဗလုံစီနေတဲ့ အသံကြားနေရသည်။

ဆွန်းမို ချက်ခြင်း သဘောပေါက်သွားသည်။ သူက အဲဒီရေခူကို ဆင့်ခေါ်လိုက်တဲ့အခါ ကျန်တဲ့

ပြဿနာတွေကတော့ လွယ်သွားပါပြီ။ ရေနေသတ္တဝါများကို ဆင့်ခေါ်ပြီး ထိန်းချုပ်တဲ့ နည်းစနစ်ကို ရိုးရိုးလေးပဲ အသုံးပြုလိုက်သည်။

သုံးမိနစ်လောက် ကြာတော့...........ဖောက်.........

ဆွန်းမိုက ရေခူနဲ့ ဆက်သွယ်မှုတစ်ခု ဖွဲ့စည်းလိုက်သည်။ သူတို့က ဖြည်းညှင်းစွာ လွင့်မျောလာပြီး ဆွန်းမို စာရွက်ပေါ် ကျရောက်သွားကာ စာရွက်မှာ အရောင်များ ပြည့်နှက်သွားပြီး ဆီဆေးပန်းချီကားလို ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို တော်တော်လေး ကျေနပ်သွားသည်။

ရေခူများကို စာရွက်ပေါ်မှာ မြှုပ်နှံထားသဖြင့် စာရွက်ဟာ ပုံမှန်မဟုတ်တဲ့ အရာတစ်ခု ဖြစ်လာသည်။ အခုတော့ ဒါက ဝိညာဉ်ချီ အဆောင်အယောင်တစ်ခုလို့ သတ်မှတ်လို့ရပြီ။ ဆွန်းမိုသာ ဆန္ဒရှိလျှင် တိုက်ခိုက်ဖို့အတွက် ရေခူကို အချိန်မရွေး ခေါ်ထုတ်လို့ ရသည်။

သဘာဝအားဖြင့်တော့ ဒါက အရမ်းအားနည်းသည်။ ဒီရေခူမှာ တိုက်ခိုက်ရေး အစွမ်း မရှိပါ။

ဟူး

ဆွန်းမို လေတစ်ချက် မှုတ်ထုတ်လိုက်ကာ ဘေး ဘယ်ညာ တစ်ချက်ကြည့်ပြီး လက်မြှောက်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဆွန်းမိုအနားမှာရှိတဲ့ အမျိုးသားစာစစ်သူ မပြောရသေးခင် ကင်းလှည့်စစ်နေတဲ့ အမျိုးသမီး စာစစ်သူက အမြန်ကျော်တက်ပြီး ရောက်လာသည်။

"ဆရာ ကျုံ၊ ငါကိုင်တွယ်နိုင်ပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမျိုးသားစာစစ်သူက ဆွဲဆောင်မှုရှိတဲ့ အပြုံးပြုံးပြီး ပြောလိုက်သည်။ ဒါကသူ့အတွေးပါ။

“စကားတိုးတိုးပြောပါ။ ကျန်တဲ့ဖြေဆိုသူတွေ အနှောက်အယှက် မဖြစ်စေနဲ့”

ကျုံ လို့ခေါ်တဲ့ အမျိုးသမီးစာစစ်သူက သူ့ကို သတိပေးလိုက်သည်။ ထို့နောက် ဆွန်းမိုဆီသို့ လျှောက်သွားသည်။

“ဘာဖြစ်လို့လဲ”

အကြည့်တွေက ဆွန်းမိုဆီ ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဝိုး၊ ဒီလူချောက မျက်လုံးထဲမှာ အချိုလေးပဲ။ အကုန်လုံးသာ သူ့လိုချောတဲ့ ဖြေဆိုသူတွေဆို ဒီအလုပ်က ပင်ပန်းတယ်လို့ မသတ်မှတ်တော့ဘူး။)

(အနည်းဆုံးတော့ ဒီည ဘာမှ မလုပ်ရသေးဘူး)

အမျိုးသမီးစာစစ်သူ တိုးတိုးလေး ရေရွတ်နေသည်။

“ငါ အဖြေလွှာ အပ်ချင်လို့ပါ”

ဆွန်းမိုက ပြောလိုက်သည်။

အမျိုးသမီးစာစစ်သူရဲ့ တုန့်ပြန်မှုကြောင့် အမျိုးသားစာစစ်သူ စိတ်ဓါတ်ကျသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တံတွေးတစ်ချက် မြိုချပြီး ခေါင်းငုံ့လိုက်တုန်း ဆွန်းမိုဆီက စာရွက်အပ်တော့မယ်ဆိုတဲ့ အသံကြားလိုက်ရသည်။ ချက်ခြင်း လှည့်ကြည့်လိုက်မိသည်။

ဒီစာမေးပွဲ အကြောင်းအရာကို မဟာသခင်မိုနိုင် ထုတ်ထားတာလေ။ ဒါကို မင်းက ပြီးသွားပြီလား။

အမျိုးသားစာစစ်သူက အချိန်ခန့်မှန်း ကြည့်လိုက်သည်။ စာမေးပွဲစတာ အခုမှ နာရီဝက်ပဲ ရှိသေးသည်။

ရှတ်စ်

ဆွန်းမို စကားကိုကြားလိုက်လျှင် ခေါင်းငုံ့ပြီး စာမေးပွဲ ဖြေနေတဲ့သူတွေက တအံ့တအောမော့ကြည့်ကြသည်။

“သူ ပြီးသွားပြီလား”

“ဒါက မဖြစ်နိုင်ဘူး မဟုတ်လား”

“ဒါပေမယ့် သူက ဆွန်းမိုလေ။ သူလက်လျှော့ဖို့ မဖြစ်နိုင်ဘူး မဟုတ်လား”

ဖြေဆိုသူများ ရုတ်တရက် တုန်လှုပ်ခြောက်ခြားကုန်သည်။ ဆွန်းမိုက ဒီစာမေးပွဲကို လက်လျှော့မယ်လို့ သူတို့မထင်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တိတ်တိတ်နေစမ်း”

တန်ရီမင်က ကျိန်းမောင်းလိုက်သည်။

“အချိန်ဘယ်လောက်ရှိသေးလို့လဲ။ ထပ်ကြိုးစားကြည့်ပါလား”

အမျိုးသမီးစာစစ်သူက ကြင်နာတဲ့ အကြည့်ကလေးနဲ့ ဖျောင်းဖျလိုက်သည်။

“ငါပြီးသွားပြီ”

ဆွန်းမိုက ပြုံးပြီး ပြန်ဖြေလိုက်သည်။

“ စာရွက်အပ်လို့ရမလား”

"ပြီး......ပြီးသွားပြီလား"

ဖြေဆိုသူများ လန့်ဖြန့်သွားသည်။ တစ်ခုခု မှားနေတာလား။

"သေချာပါတယ်"

အမျိုးသမီးစာစစ်သူမှာ စာရွက်မအပ်ဖို့ တားဆီးပိုင်ခွင့် မရှိပါ။ (အင်း၊ တစ်နာရီခွဲတောင် ကျန်သေးတယ်။ ငါဘယ်လို တောင့်ခံရမှာလဲ။ ဒီကျန်ခဲ့တဲ့ ဖြေဆိုသူတွေထဲမှာ ဆွန်းမို တစ်ဝက်လောက် ချောတဲ့လူ တစ်ယောက်မှ မရှိဘူး။)

ဆွန်းမို မတ်တပ်ရပ်ပြီး အခန်းထဲက ထွက်သွားလိုက်သည်။ ကျန်တဲ့ ဖြေဆိုသူတွေအမြင်မှာတော့ ပေါ့ပါးပြီး ဆွဲဆောင်မှု ရှိလွန်းသည်။

ဒီလိုအခြေအနေအောက်တွင် ပိုင်ရှမ်သည် ထုံးစံအတိုင်း ဆက်ဖြေစရာနည်းလမ်း မရှိတော့ပေ။ ဆွန်းမိုနောက်ကျောကို ကြည့်ရင်း မျက်မှောင်ကြုတ်သွားပြီးနောက် သူ့အမူအရာ ပျက်သွားသည်.

ပါရမီရှင်တစ်ယောက်အနေနဲ့ ပိုင်ရှမ်သည် သူမအမှားကို အရိပ်အငွေ့ အနည်းငယ်လောက်နဲ့ နားလည်သည်။

ဒါကြောင့် ပိုင်ရှမ်သည် လက်ညှိုးကို နောက်တစ်ကြိမ်ကိုက်ပြီး စားပွဲပေါ်မှာ နာမ်ပုံတစ်ခု ထပ်ဆွဲလိုက်သည်။

သူမ၏ စက္ခုအာရုံထဲတွင် နွေရာသီမှာ ပျံဝဲနေတဲ့ ပိုးစုန်းကြူးလေးတွေအလား အလင်းစက်လေးတွေ ပေါ်လာသည်။ ထို့နောက် ရေခူကြီးကို တွေ့လိုက်ရသည်။

သူမ ရှုံးသွားပြီ။

ပိုင်ရှမ် အမူအရာသည် ပုံစံမကျဖြစ်သွားသည်။

သူမကို မနှိပ်စက်ခဲ့ပေမယ့် အနိုင်ကျင့်သွားခဲ့သည်။

အခန်း(၅၄၂ - က) - မိုင်ဇီယူနဲ့ ထပ်တွေ့ခြင်း။

“တိုက်ဆိုင်မှုလား”

ပိုင်ရွှမ်က လျှို့ဝှက်ထိန်းချုပ်ခြင်း နည်းစနစ်နဲ့ ရေခူကြီးကို ဖမ်းလိုက်သည်။ ဆွန်းမို သန်မာမှုအကြောင်းကို တွေးခဲ့သော်လည်း လေးစားအထင်ကြီးမှု အမှတ်တော့ မထောက်ပံ့ခဲ့ပေ။

သူမလို ပါရမီရှင်တွေက အရမ်းမာနကြီးသည်။ ဆွန်းမိုက သူတို့ထက် နည်းနည်းလေးပဲ သာလွန်ပါက သူတို့ရဲ့ အသိအမှတ်ပြုမှုကို ရမှာမဟုတ်ပေ။

မိနစ်အနည်းငယ်ကြာတော့ ရေခူတစ်ကောင်ကို သူမ စာရွက်ပေါ်မှာ ပုံနှိပ်လိုက်သည်။

တန်ရီမင်က ပိုင်ရှမ်ကို သဘောကျတဲ့ အကြည့်နဲ့ စောင့်ကြည့်နေသည်။

"ဆရာတန်၊ ဘယ်သူက ပိုအထင်ကြီးဖို့ ကောင်းလဲ"

အမျိုးသား စာစစ်သူက လျှောက်လာပြီး လေသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

"သူတို့ကို ယှဉ်လို့မရဘူး"

ဆွန်းမို ဒါမှမဟုတ် ပိုင်ရှမ်က ပိုထူးချွန်သလားဆိုတာ မေးနေမှန်း တန်ရီမင် သိသည်။

ဆွန်းမိုက ပထမဆုံးအဖြေရခဲ့သော်လည်း အရည်အချင်းအရ ပြောလျှင် ပိုင်ရွှမ်က ပိုမြင့်မားနေသေးသည်။

မဟာသခင် မိုနိုင်က ကျောင်းသားတွေကို လှည့်စားရန် အလို့ငှာ ခေါင်းစဉ်ဖြင့် ထောင်ချောက်ဆင်ထားခဲ့သည်။ အခန်းထဲမှာ ဝိညာဉ်အတက်ကျရှိနေတာကို လူတိုင်း နားမလည်ခဲ့ပေ။

ပိုင်ရွှမ်က ဝိညာဉ်အတက်အကျကို ပထမဆုံး သိရှိခဲ့သည်။ ဒါက သူမ အရည်အချင်း ရှိလို့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့်လည်း ဆင်ခြင်တုံတရားနှင့် တွေးခေါ်မှုအပိုင်းတွင် အားနည်းသည်။

ဆွန်းမိုက ပိုင်ရှမ်ထက် ပိုအကင်းပါးတယ်ဆိုတာ သိသာသည်။ ဒါပေမယ့် ဝိညာဉ်အတက်အကျကို ခံစားမှုအပိုင်းမှာတော့ အားနည်းသည်။

ထိုးစံအားဖြင့်တော့ ဆားနယ်ငါးနဲ့ ယှဉ်ရင် ဆွန်းမိုက နိုပ်စက်နိုင်တုန်းပါ။ ဒါပေမယ့် သူ့ရဲ့ ဆင်ခြင်တွေးခေါ်နိုင်စွမ်းက ပိုင်ရှမ်ထက် သာလွန်သည်။ ပြဿနာတစ်ခုကြုံလာရင် စနစ်တကျ စဉ်းစားပြီး အမြန်ဆုံး ကောက်ချက်ချနိုင်သည်။

"ဆွန်းမိုက ဉာဏ်ရည်ကိုအားကိုးပြီး ပိုင်ရှမ်က အရည်အချင်းကို အားကိုးတယ်"

အနီးမှာရပ်နေတဲ့ အမျိုးသမီးစာစစ်သူက ဝင်ပြောလိုက်သည်။ ပြီးတော့ ဆက်ပြောလိုက်သေးသည်။

"ငါသာ ရွေးချယ်ခွင့်ရမယ်ဆိုရင် ငါ့ရဲ့တိုက်ရိုက်တပြည့်က ဆွန်းမိုနဲ့ အမျိုးအစားတူတဲ့လူဖြစ်ဖို့ တကယ်မျှော်လင့်တယ်"

တန်ရီမင်က တိတ်တဆိတ် ခေါင်းညိတ်လိုက်သည်။

အသက်ရှင်ဖို့အတွက် အရည်အချင်းကိုပဲ မှီခိုအားထားနေရလျှင် သူတို့အရည်အချင်းကုန်ဆုံးသွားတဲ့ တစ်နေ့ဆိုတာ ရှိလာလိမ့်မည်။ ဒါ့အပြင် ပါရမီရှင်က အမြဲတမ်း ရှားပါးပြီး အစားထိုးလို့မရပါ။ တချိန်တည်းမှာပဲ စနစ်တကျတွေးခေါ်ခြင်းနှင့် ဉာဏ်ရည်ကို ဖြေးဖြေးခြင်း လေ့ကျင့်လာလို့ ရသည်။

ဥပမာ - ဆွန်းမိုလိုမျိုးပါ။ သူက ခက်ခဲတဲ့ပြဿနာတစ်ခုနဲ့ ကြုံလာလျှင် ဘယ်ရှုထောင့်ကနေ အဖြေမှန်ကို တွက်ချက်ရမလဲဆိုတာ စဉ်းစားပြီး ရှုထောင့်ကိုလည်း သိနေသည်။

တစ်နည်းအားဖြင့် ပြောရလျှင် ဆွန်းမိုမှာ ပြဿနာဖြေရှင်းဖို့အတွက် ကိုယ်ပိုင် အယူအဆရှိသည်။

"ငါကတော့ ပါရမီရှင်ကိုပဲ ရွေးနေအုံးမှာပဲ"

အမျိုးသားစာစစ်သူက မဲ့ပြီး ပြောလိုက်သည်။ ဒါကလည်း ပြည်နယ်ကိုးခုမှာရှိတဲ့ မြတ်ဆရာတွေရဲ့ ယေဘုယျ သဘောထား ဖြစ်သည်။ တပြည့် ရွေးချယ်ရာတွင် ပါရမီရှင်များကိုသာ ရွေးချယ်တတ်ကြသည်။

"ဆရာချန် ၊ ဉာဏ်ရည်က အဆင့်တန်းတစ်ခုကို ရောက်လာရင် ပါရမီလို့ သတ်မှတ်လို့ရတယ်"

တန်ရီမင်က ကြယ်ပွင့်မြင့်တဲ့ မြတ်ဆရာ တစ်ယောက်အနေနဲ့ လမ်းညွှန်ပေးလိုက်သည်။ ပြီးတော့ အဲဒီသုံးချက်နဲ့ပက်သက်ပြီး အမျိုးသမီး စာစစ်သူက မှတ်ချက်ပေးဖို့ ငြင်းဆန်ခဲ့သည်။

ဆွန်းမိုက ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်မှာ တကယ်ပဲ အရည်အချင်း မရှိတာလား။

ဒါလည်း ဖြစ်နိုင်သည်။

ဒီအကြောင်းအရာက ရိုးရှင်းပြီး ကျန်တဲ့ဖြေဆိုသူတွေနဲ့ ယှဉ်ပြိုင်စရာ မလိုပါ။ ပါရမီရှင်တချို့က ကျန်တဲ့လူတွေ

စိတ်ပျက်သွားလောက်အောင် ဒီလိုမျိုး သိသိသာသာ ထူးချွန်ကြသည်။

သူတို့စကားနေပြောတုန်း ဘေးမှ ပိုင်ရွှမ် တစ်ယောက် ခန္ဓာကိုယ် တုန်ယင်လာသည်။

ဖူး

သွေးတစ်လုပ် အန်ထွက်လာသည်။ စာရွက်တစ်ခုလုံး နီရဲသွားသည်။

“ဘာဖြစ်တာလဲ”

အမျိုးသမီးစာစစ်သူ လန့်ဖြန့်သွားသည်။ တန်ရီမင်နဲ့ အမျိုးသားစာစစ်သူက လျှင်မြန်စွာ ပြေးသွားကြသည်။

ပိုင်ရှမ်သည် နှုတ်ခမ်းထောင့်က သွေးစကို သုတ်ပြီး လွင့်မျောနေတဲ့ ရေခူကို စိုက်ကြည့်နေသည်။ သူမက “ငါ အဆင်ပြေတယ်” ဆိုပြီး တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။

စကားပြောပြီးနောက် ပိုင်ရှမ်သည် အန်ထွက်ထားတဲ့ သွေးထဲ လက်ညှိုးနှစ်လိုက်ပြီး နာမ်ပုံစံတစ်ခု ရေးဆွဲလိုက်သည်။

"......."

တန်ရီမင် ဆွံ့အနေသည်။ ပိုင်ရှမ်က ဒီရေခူ သားရဲကို ထိန်းချုပ်ခြင်နေတာလား။ ဒါက သာမန် အချိန်တွေမှာ အဆင်ပြေပေမယ့် အခုက စာမေးပွဲပါ။ (ဒီလောက် မရဲတင်းသင့်ဘူးနော်)

"ဒါက မဟာသခင်မိုနိုင်ရဲ့ ဝိညာဉ်သားရဲနော်"

တန်ရီမင်က ရှင်းပြလိုက်သည်။

"အင်း"

ပိုင်ရှမ်က ခေါင်းဆက်ကာနဲ ညှိတ်လိုက်ပြီး တန်ရီမင် စကားဆုံးတဲ့အထိ သဘောမပေါက်တဲ့ပုံနဲ့ စောင့်ကြည့်နေသည်။

“...........”

တန်ရီမင် ကြောင်သွားပြီး ဘာဆက်ပြောရမလဲ မသိတော့ပေ။

“စာမေးပွဲ ဖြေနေတုန်းပဲ။ ကျန်တဲ့လူတွေ မထိခိုက်စေနဲ့”

အမျိုးသမီးစာစစ်သူက အရမ်းသဘောကျသလို စိတ်ထဲမှလည်း မနေနိုင်ဘဲ သတိပေးလိုက်သည်။ ဒါမှ ပါရမီရှင်တစ်ယောက်လို့ ခေါ်တာ ဟုတ်တယ်ဟုတ်။

တန်ရီမင် ဆက်မပြောတဲ့ စကားအဓိပ္ပါယ်က ရှင်းပါသည်။ (ပထမအချက် - ဒါက မဟာသခင် မိုနိုင်ရဲ့ဝိညာဉ်သားရဲ ၊ ဒါကို ထိန်းချုပ်လိုက်ရင် သူ့ကို စော်ကားသလို ဖြစ်သွားမယ်။ ဒုတိယအချက် - မင်းခွန်အားမလုံလောက်လို့ အောင်မြင်မှာ မဟုတ်ဘူး) ပိုင်ရှမ်ရဲ့ အီးကျူအရ ဒါကို နားမလည်တာ စိတ်မကောင်း စရာပါ။

ပြတ်ပြတ်သားသား ပြောရလျှင် ပိုင်ရှမ်လည်း သူမဘာလုပ်နေသလဲဆိုတာ သိသည်။

ရေခူကို ကြည့်ပြီး စိတ်ပျက်စွာ သက်ပြင်းချလိုက်သည်။ ထို့နောက် စာရွက်အပ်ပြီး ထွက်သွားသည်။

ကျန်တဲ့ဖြေဆိုသူများက ဒီစာမေးပွဲကို ကျိန်းသေပေါက် အောင်မယ်လို့ တွေးနေခဲ့ကြသေးသည်။ ဒါပေမယ့် ဆွန်းမိုနှင့် ပိုင်ရှမ်တို့ နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့်

ထွက်သွားတာ မြင်လိုက်ပြီးမှ သူတို့နဲ့ ဘယ်လောက်ကွာဝေးနေသေးလဲဆိုတာ သဘောပေါက်သွားသည်.။

....

တချိန်တည်းမှာပင် အနောက်တောင်ရှိ အိမ်တော်တစ်ခုမှာ ဆံပင်ဖြူပြီး ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက် မျက်လုံးပွင့်လာသည်။

"စိတ်ဝင်စားစရာပဲ။ ပိုင်ရှမ်တစ်ယောက်ပဲ အောင်မယ်လို့ ထင်ခဲ့တာ နောက်တစ်ယောက်ပေါ်လာမယ်လို့ မထင်ထားခဲ့မိဘူး"

ဒီအဘိုးကြီးက မိုနိုင်ကလွဲလျှင် ကျန်တဲ့သူ မဟုတ်ပါ။ သူက နေရာလွတ် ကန့်သတ်ချက်တွေကို ကျော်လွှားပြီး စာမေးပွဲအခန်းထဲက အခြေအနေကို တန်းကြည့်နိုင်သည်။

၁၅ မိနစ်လောက်ကြာတော့ မိုနိုင် စိတ်ပျက်စွာနဲ့ မျက်လုံး မှိတ်လိုက်သည်။

"အောင်တဲ့လူ နှစ်ယောက်ပဲ ရှိသေးတယ်"

မိုနိုင် သက်ပြင်းချလိုက်သည်။ ဒီနှစ်ပိုင်းအတွင်း ဖြေဆိုသူများသည် တစ်သုတ်ပြီး တစ်သုတ် ညံ့ဖျင်းလာခဲ့သည်။

"ဒါပေမယ့် နှစ်ယောက်ဆိုလည်း လုံလောက်ပါတယ်။ တဝက်တပျက်နဲ့ ရပ်စရာမလိုတော့ဘူးပေါ့"

မိုနိုင် စဉ်းစားသုံးသပ်နေသည်။ ပိုင်ရှမ်က ကောင်းကင်ပေါ်တက်ခြင်းအကယ်ဒမီက ဆရာတစ်ယောက်ဖြစ်ပြီး ဆရာကြီးတစ်ယောက်နဲ့ သက်ဆိုင်တယ်လို့ ပြောလို့ရသည်။ သူမကို လိုက်ရှာရင်တောင် သူ့ကို ငြင်းလိုက်လိမ့်မည်။ ဒီလိုအခြေအနေမှာတော့ အရင်ဆုံးအောင်သွားတဲ့ တစ်ယောက်ပဲ အသုံးဝင်တော့သည်.။

ပြောရရင် ဒီလူငယ်လေးက တကယ်ချောသည်။

ရေခူမြင်ခဲ့တဲ့ မြင်ကွင်းကို ပြန်ဖွင့်ကြည့်နေခဲ့သည်။ ဆွန်းမို မေးခွန်းဖြေဆိုနေတဲ့အချိန်ကို ကြည့်ပြီး သဘောကျနေခဲ့သည်။

....

ဆွန်းမို လှေကားပေါ်က ဆင်းလာပြီး တတိယထပ်အဝသို့ ရောက်လျှင် အဖြူရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားတဲ့ မိုင်ဇီယူနဲ့ မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

"ဆရာဆွန်း"

မိုင်ဇီယူ မျက်နှာပေါ်တွင် ပျော်သွားတဲ့ အကြည့်လေး ပေါ်လာသည်။ ဆွန်းမိုနဲ့ဆုံမယ်လို့ မထင်ထားခဲ့ပါ။ ခြေလှမ်းကိုအရှိန်မြှင့်ပြီး လျှောက်လာသည်။

"မင်းဘယ်လိုလဲ"

"ဆရာ မိုင်"

ဆွန်းမို ခေါင်းညိတ်ပြလိုက်သည်။ သူ့မျက်စိရှေ့တွင် ၁၈နှစ်အရွယ် ပိန်ပိန်ပါးပါးနဲ့ မိန်းကလေးသည် မျက်နှာဖြူဖျော့နေပေမယ့် ကျန်းမာရေး ကောင်းလာတဲ့ ပုံစံရှိသည်။

ခါးအထိရှည်တဲ့ ဆံပင်ရှည်ကလေးများနဲ့ ပေါင်းလိုက်လျှင် သူမပုံစံလေးက စိတ်အေးချမ်းပြီး ကြော့ရှင်းတဲ့ ပုံစံလေး ဖြစ်သည်။

"ရက္ခဗေဒကို မရွေးဘူးလား"

ဆရာမိုင်က မေးလိုက်သည်။ အရင်တုန်းကတော့ ဆွန်းမိုနဲ့ အတူတူ စာမေးပွဲဖြေဖို့ မျှော်လင့်ထားခဲ့သည်။

"အမ်။ ငါက ဝိညာဉ်ထိန်းချုပ်ခြင်း ဘာသာရပ်ကို ရွေးလိုက်တယ်"

ဆွန်းမိုက ပြုံးပြီး ပြန်ပြောလိုက်သည်။

"မင်းရော။ အခုတလော ခန္တာကိုယ်က ဘယ်လိုလဲ"

စကားပြောနေရင်းနဲ့ ဆွန်းမိုက နတ်ဘုရားမျက်စိ အာရုံကို အသုံးပြုလိုက်သည်။

သူမရဲ့ အချက်အလက်အမျိုးမျိုးသည် လွန်ခဲ့တဲ့ သုံးလကနဲ့ နှိုင်းယှဉ်လိုက်ပါက ပြောင်းလဲမှုများစွာ မရှိပေ။ မြင်လိုက်လျှင် သူတစ်ပါးတွေ မနာလို ဖြစ်လောက်အောင်ကို သူမရဲ့ အလားအလာ တန်ဖိုးက အရမ်းမြင့်မားနေသေးသည်။ ဒါပေမယ့် မှတ်ချက်က ပြောင်းသွားတာကို သတိထားလိုက်မိသည်။

'နောက်ထပ်နှစ် အနည်းငယ်လောက် ပိုနေချင်သေးတယ်"

အရင်တုန်းကတော့သူမသည် သေခြင်းတရားကို ဂရုမစိုက်ဘဲ အရာအားလုံး လျစ်လျူရှုထားခဲ့သည်။ သူမအတွက်တော့ သေခြင်းက ထွက်ပေါက်တစ်မျိုး ဖြစ်နေခဲ့သည်။ အခုတော့ မှတ်စုသည် 'နောက်ထပ်နှစ် အနည်းငယ်လောက် ပိုနေချင်သေးတယ်" ဆိုပြီး ပြောင်းသွားပြီ။

"ဒီအတိုင်းပါပဲ"

မိုင်ဇီယူက တည်ငြိမ်စွာ ပြုံးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါနဲ့ ပြောရရင် ဆရာဆွန်းကို ကျေးဇူးတင်ပါတယ်။ မင်းနှိပ်ပေးလိုက်လို့ ပြီးခဲ့တဲ့ လတွေက နေရထိုင်ရတာ တော်တော်လေး သက်တောင့်သက်သာ ရှိတယ်"

ဒင်

မိုင်ဇီယူ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး (၉၅၀/၁,၀၀၀)

မိန်းကလေးက ကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်နေရင်း သကြားလုံးလေးလို ချိုမြိန်စွာ ပြုံးနေတဲ့ အပြုံးကို မြင်လိုက်လျှင် ဆွန်းမိုလည်း

ပြုံးလိုက်မိသည်။ ဒီမိန်းကလေးက သူ့ကို တကယ်ကျေးဇူးတင်နေပြီး စကားအဖြစ်ပြောနေတာ မဟုတ်မှန်း သူသိသည်။

သူမဆီက လေစားအထင်ကြီးမှု အမှတ်ရရှိခြင်းသည် အကောင်းဆုံး သက်သေပါ။

မိုင်ဇီယူသည် ခေါင်းငုံ့ပြီး အနည်းငယ် စိတ်တထင့်ထင့် ဖြစ်နေသည်။ ဆွန်းမိုကို ညစာစားဖို့ ဖိတ်ချင်သော်လည်း ရုတ်တရက် ချဉ်းကပ်သလို ဖြစ်မှာလည်း စိုးရိမ်နေသည်။ အငြင်းခံရရင် ဘယ်လိုလုပ်မလဲ။

"ထမင်း အတူတူ စားကြမလား"

ဆွန်းမိုက အကြံပြုလိုက်သည်။

"စားမယ် စားမယ်"

မိုင်ဇီယူက အမှတ်တမဲ့နဲ့ နှစ်ခါဆက်တိုက် အတည်ပြုလိုက်သည်။ ထို့နောက် ရှက်သွားပြီး ခေါင်းငုံ့ကာ ဆွန်းမိုအကြည့်ကို ရှောင်နေသည်။

"သွားရအောင်"

သူတို့နှစ်ယောက် လှေကားမှ ဆင်းသွားသည်.။

ကင်းလှည့်စစ်ဆေးသူဖြစ်တဲ့ ချန်ဇီတုန် နှင့် ဒုစာစစ်သူ ငါးယောက်လည်း စာမေးပွဲ စစ်နေတဲ့နေရာသို့ လှည့်ပတ်ကြည့်ရှုနေခဲ့သည်။ စာရွက်တွေ ကြိုတင်ပြီး လာပေးတဲ့သူနဲ့ စာစစ်သူတွေက သူ့ကို မြင်လိုက်လျှင် ဦးညွှတ်နှုတ်ဆက်ပြီး လမ်းဖယ်ပေးကြသည်။

ချန်မျိုးနွယ်ရဲ့ ဂုဏ်သတင်းက အရမ်းကြီးမားပြီး မြတ်ဆရာလောကတွင် လူသိများတယ်လို့ ပြောလို့ရသည်။ ရင်ဘက်ပေါ်က ကြယ်သုံးပွင့်တံဆိပ်နဲ့ ကင်းလှည့်စစ်ဆေးသူ ကိုယ်စားပြု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တံဆိပ်ကို မြင်လိုက်လျှင် သူ့အကြောင်း မသိတဲ့ လူတွေတောင် သူ့ကို အဓိကပုဂ္ဂိုလ် တစ်ယောက်မှန်း သိကြလိမ့်မည်။ ဖြေဆိုသူများကလည်း သူ့ကို မြင်လိုက်လျှင် ချက်ခြင်း ရိုကျိုးသွားကြသည်။

သူတို့တွေ့က တောင်ပေါ်မှာ ဘုရင်ကြီး တိုင်းခန်း လှည့်လည်နေတာကို တွေ့လိုက်ရတဲ့ မျောက်တွေအလား ဖြစ်နေကြသည်။ ဝမ်းလျှောနေရင်တောင် ဘုရင်ကြီး မသွားမချင်း သည်းခံနေရမည်။

ဆွန်းမိုနှင့် မိုင်ဇီယူတို့ လှေကားပေါ်က ဆင်းလာလျှင် ချန်ဇီတုန်တို့အဖွဲ့နဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့သွားသည်။ မိုင်ဇီယူက အနည်းငယ် ဦးညွှတ်လိုက်သည်။ ဒါက နှုတ်ဆက်တယ်လို့ ပြောလို့ရသည်။

ဆွန်းမိုကတော့ ဦးညွှတ်ဖို့ အသာထားလိုက်အုံး လမ်းတောင် မဖယ်ပေးပါ။ တစ်ချက်လောက် ကြည့်လိုက်ပြီး ချန်ဇီတုန်ကို လျစ်လျူရှုထားလိုက်သည်။

ရှွတ်စ်

"ဒီကောင် ဘယ်သူလဲ။ ဘာဖြစ်လို့ ဒီလောက် မောက်မာနေရတာလဲ"

"ကျင့်ဝတ်တွေကို သိရဲ့လား"

လူငယ် လက်ပါးစေက ချန်ဇီတုန်ကို ဖားဖို့ အခွင့်အရေး ကောင်းပဲဆိုတာ သဘောပေါက်သွားသည်။ သူက ချက်ခြင်းပဲ

"ဖြေဆိုသူ။ မင်းရဲ့လေးစားမှု ဘယ်မှာလဲ"

ဆွန်းမိုက ခြေလှမ်းတွေကို ရပ်တန့်လုက်သည်။

"ဘယ်လို နှုတ်ဆက်ရမလဲတောင် မသိဘူးလား"

လက်ပါးစေသည် တရားမျှတမှုက သူ့ဘက်မှာ ရှိတဲ့အလား ယုံကြည်မှုအပြည့်နဲ့ ပြောလိုက်သည်။ ဘယ်လိုပဲပြောပြော သူ့ရဲ့အဆင့်က ဖြေဆိုသူထက် ပိုမြင့်သည်။ ဒီနေရာမှာ ချန်ဇီတုန်လည်း ရှိနေသည်။ ဘယ်သူက ငြင်းရဲမှာလဲ။

မိုင်ဇီယူ မျက်ခုံးပင့်သွားပြီး ဆွန်းမိုကို တစ်ချက် ခိုးကြည့်လိုက်သည်။

“ဒါက မြတ်ဆရာချန်၊ ချန်ဇီတုန်၊ ကြယ်သုံးပွင့် မြတ်ဆရာလည်း ဖြစ်ပြီး ဒီနေရာရဲ့ အဓိက ကင်းလှည့်သူလည်း ဟုတ်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်ပါးစေက မိတ်ဆက်ပေးလိုက်သည်။ ချန်မျိုးနွယ်၊ ကင်းလှည့်အရာရှိ၊ ကြယ်သုံးပွင့် မြတ်ဆရာ ဒီအထဲမှ ဘွဲ့တစ်ခုခုသည် ဆွန်းမို အရမ်းကြောက်ဖို့ လုံလောက်နေပြီလို့ သူထင်နေသည်။ (ဟားဟား ဒီကောင် သေးထွက်ကျတော့မယ်)

ဒါကြောင့်လည်း ဘဝမှာ အရည်အချင်း မရှိရင်တောင် သုံးသပ်ချက် ကောင်းဖို့တော့ လိုတယ်ဆိုတဲ့ ဆိုရိုးစကား ရှိလာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဟဲဟဲ၊ ငါ့ရဲ့လုပ်ဆောင်ချက်ကြောင့် အမှတ်အပြည့် ရတော့မယ် ၊ မဟုတ်လား)

အခုအခါမှာတော့ လက်ပါးစေသည် မျက်နှာအမူအရာ မပြောင်းသော်လည်း စိတ်ထဲမှာ တော်တော်လေး အူမြူးနေသည်။ ဖားဖို့အတွက်လားအများကြီးသုံးစရာတောင် မလိုဘူး။ အဲဒီအစား အချိန်ကိုက်လေး လုပ်တတ်ဖို့ဘဲလိုသည်။

အကျိုးသက်ရောက်မှု အရမ်းကောင်းသွားရင် ပစ်မှတ်ရဲ့ စိတ်ထဲမှာ အရမ်းကောင်းမွန်တဲ့အမြင် သေချာပေါက် ကျန်ခဲ့လိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျော်ထောက် နောက်ခံမရှိတဲ့ မြတ်ဆရာတစ်ယောက်အနေနဲ့ ဒီလက်ပါးစေလေးသည် ရောမပေါင်ကြီးကို ဖက်ချင်နေသည်။

"ပြီးတော့ရော"

ဆွန်းမိုက ပြန်မေးလိုက်သည်။

"အမ်"

လက်ပါးစေ အံ့အောသွားသည်။ ကျန်တဲ့ ဒုစာစစ်သူတွေလည်း တအံ့တအော ကြည့်နေကြသည်။ (ဒီကောင် ဘာကောင်ကြီးလဲ)

အခန်း(၅၄၂ - ခ) - မိုင်ဇီယူနဲ့ ထပ်တွေ့ခြင်း။

“ဒီနေရာက စာမေးပွဲကျင်းပနေတဲ့ နေရာလေ။ အရမ်းကြီး ယဉ်ကျေးနေစရာ မလိုဘူး။ ဒါကို မင်းကောင်းကောင်း သိဖို့လိုတယ်။ မင်းက အကျယ်ကြီး ပြောနေတော့ မင်းကြောင့် စာမေးပွဲ ဖြေဆိုသူတွေ အနှောက်အယှက် မဖြစ်ဘူးလား”

ဆွန်းမိုက ခပ်တည်တည် ပြန်ပြောလိုက်သည်။

“မင်း.........”

ဆွန်းမို၏ စကားတွေက မမှားသဖြင့် လက်ပါးစေ ပြန်မချေပနိုင် ဖြစ်နေသည်။ ဒီနေရာမှာ ယဉ်ကျေးပျူငှာတာတို့ နှုတ်ခွန်းဆက်စကားတို့ကို အလေးမထားပေ။

"ပြီးတော့ ဖားယားဖို့ ကြိုးစားနေတာထက် သင်ကြားရေးစွမ်းရည် မြင့်တက်လာအောင် ဘာဖြစ်လို့ နှောက်ထပ် မလေ့လာတာလဲ။ ဆရာချန်က ဒီလို ဂျူနီယာမျိုးကို ပိုသဘောကျမယ်လို့ ငါတော့ ထင်တာပဲ"

ဆွန်းမိုက စကားပြောပြီးတာနဲ့ ချန်ဇီတုန်ကို တစ်ချက်ကြည့်လိုက်သည်။

“ငါလည်း ဆရာချန်နဲ့ သိပါတယ်။ မင်းမိတ်ဆက်ပေးစရာ မလိုပါဘူး”

စကားပြောပြီးနောက် ဆွန်းမိုက လက်ကိုခါပြီး အခန့်သား ထွက်သွားသည်။

လက်ပါးစေ လုံးဝ မျက်နှာနီနေသည်။ ဒါက ပေါ်တင် မျက်နှာဖျက်ရိုက်တာပဲ။ ပြီးတော့ ကြောက်ဖို့ အကောင်းဆုံးက ချန်ဇီတုန်ကို ဖားရာ မရောက်ဘဲ သူ့ကိုတောင် သက်ရောက်မှု ရှိလာနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြောချင်တာက သူ့လုပ်ရပ်ကြောင့် ချန်ဇီတုန် စိတ်အနှောက်အယှက် ဖြစ်သွားနိုင်သည်။

(ပြီးတော့ ဒီကောင် ဘယ်သူလဲ)

(ဘာဖြစ်လို့ ဒီလောက် မောက်မာနေရတာလဲ)

(ချန်ဇီတုန်ကို စော်ကားမိမှာတောင် မကြောက်ဘူးလား)

(ချန်ဇီတုန်နဲ့ မရင်းနှီးရင်တောင် တစ်ခုခုပဲ။ မင်းက သူ့ကို သေသေချာချာ သိနေပါရက်နဲ့ မောက်မာလှချည်လား။ မင်းမိသားစုမှာ ကိုယ်ပိုင်မိုင်း ရှိနေလို့လား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှူး

ကျန်တဲ့လူတွေလည်း လေးအေးတစ်ချက် ရှိုက်လိုက်မိသည်။ ဒီကောင်က ချန်ဇီတုန်ကို ဆရာချန်လို့ တကယ်ခေါ်သွားသည်။

သဘာဝအားဖြင့်တော့ မြတ်ဆရာတွေ အချင်းချင်းသာ ဒီလိုမျိုး ခေါ်လို့ရသည်။ ဒါပေမယ့် အများသောအားဖြင့် အငယ်နဲ့အကြီး ဆုံတွေ့တဲ့အခါ အကြီးတွေကို လေးစားမှုပြသောအားဖြင့် ဒီလို မလုပ်တတ်ကြပေ။ တချိန်တည်းမှာပဲ အကြီးတွေထံမှ လမ်းညွှန်မှုတောင်းခံတာတောင် ရှိသေးသည်။

ချန်ဇီတုန် အရမ်းဒေါသထွက်ပြီး အသားတွေ တဆတ်ဆတ် တုန်နေသည်။ အရင်တုန်းက ဆွန်းမိုကို လျစ်လျူရှုထားချင်ခဲ့သည်။ တဖက်လူက သူ့ကို နှုတ်ဆက်လာရင်တောင် တုန့်ပြန်မှာ မဟုတ်ပေ။ ဒါပေမယ့် ဆွန်းမိုမှာ ဒီလိုရည်ရွယ်ချက် မရှိတာ ဘယ်သူကသိမှာလဲ။ ဒါ့အပြင် ဒုစာစစ်မှူးကို ပြောသွားတာက မဆဲရုံတမယ်ပဲ ရှိတော့သည်။

“ငါတို့ချန်မျိုးနွယ်က သားသတ်လွတ်စားတယ်လို့ တကယ်ထင်နေတာလား”

ချန်ဇီတုန် မှုန်ကုတ်ကုတ်ဖြစ်နေသည်။ ဆွန်းမိုကို လှည့်ကြည့်ပြီးနောက် အကြည့်တွေက မိုင်ဇီယူဆီ ရောက်သွားသည်။ သူမနဲ့ ဆွန်းမို အရမ်းရင်းနှီးနေတာ မြင်လိုက်လျှင် ပိုတောင် မကျေမနပ် ဖြစ်လာသည်။

(ရုပ်ချောတာ သိပ်အထင်ကြီးစရာ ကောင်းနေလား)

(ဟွန့်၊ မိုင်ရာဇီက သူ့သမီးကို ရတနာ တစ်ခုလိုမျိုး အမြဲတမ်း တန်ဖိုးထားတယ်။ မင်းလို စေ့စပ်ထားတဲ့ကောင်က မိုင်ဇီယူနဲ့ ရင်းနှီးဖို့ ကြိုးစားနေတာ မိုင်ရာဇီ သိလို့ကတော့

အနေးနဲ့အမြန်ဆိုသလို မင်းကို အပိုင်းပိုင်းလှီးပြီး ခွေးစာကျွေးလိမ့်မယ်)

"အချိန်လည်းကြည့်ပါအုံး။ သူတို့ကအဖြေလွှာကို စောစော အပ်ခဲ့တာပဲ ဖြစ်မယ်"

ဒုစာစစ်သူက ပြောလိုက်သည်။

လူတိုင်း မတုံးကြပါ။ သူ့အဓိပ္ပါယ်ကို ချက်ခြင်း နားလည်သည်။ အခုမှ စာမေးပွဲစတာ နာရီဝက်ပဲ ရှိသေးသည်။ ဖြေဆိုသူ အများအပြား စာမေးပွဲအခန်းထဲက ထွက်လာခဲ့ပေမယ့်

သေချာပေါက် ကျရှုံးတဲ့လူတွေပဲ ဖြစ်လိမ့်မည်။ မြန်မြန် ဖြေပြီးသွားဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါ။

ဒါပေမယ့် ဆွန်းမိုနှင့် မိုင်ဇီယူတို့က ခြွင်းချက် ဖြစ်နေနိုင်သည်။ သူတို့ အမူအရာက စိတ်လက်ပေါ့ပါးပြီး ပြုံးပြုံးရယ်ရယ် ဖြစ်နေကြသည်။ တကယ်လို့ စာမေးပွဲကျရက်နဲ့ ဒီလိုပြုမူနေပါက တော်တော်လေး စိတ်သဘောထား ကျယ်ပြောတာပဲ ဖြစ်လိမ့်မည်။

"သူတို့ လုံးဝ လက်လျှော့လိုက်တာပဲ ဖြစ်နိုင်တယ်"

လက်ပါးစေက ဖြေလိုက်သည်။

"အခုမှ မှတ်မိတယ်။ ဒီကောင်က ဆွန်းမိုပဲ"

စာစစ်သူတစ်ယောက်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"အရင်တုန်းက ခမ်းလှမ်းလှမ်းမှာ တွေ့ဖူးတယ်။ သူ့ပုံစံနဲ့ ပက်သက်ပြီး ငါမမှားနိုင်ဘူး"

တဟုန်ထိုး စီးဆင်းလာတဲ့ လှိုင်းတွေနဲ့အတူ ယန်စီမြစ်ကြီးက အရှေ့ဘက်သို့ စီးဆင်နေသည်။ အလှမ်းဝေးကွာတဲ့ အတိတ်နေ့ရက်တွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ရဲ့ကောင်းတွေရဲ့ ထက်မြတ်တဲ့ စိတ်ဝိညာဉ်ကို သယ်ဆောင်လာခဲ့သည်။

ချန်အိမ်တော် အပြင်ဘက်မှာ လူတိုင်းကို တစ်မဲဆွန်းက မိန့်ခွန်းပြောခဲ့သည်။

ဒီဝါကျနှစ်ကြောင်းက ရဲ့ရင့်ပြီး အချုပ်အနှောင်ကင်းကာ အာဏာရှင်ဆန်မှုနှင့် ကိုယ်ကျင့်တရားကို ဖောင်းပေးထားသည်။ အခုအချိန်မှာတော့ ဒီဝါကျများသည် ဓာစ်မြစ် နိမ့်ကျတဲ့ မြတ်ဆရာများအတွက် ကိုယ့်ကိုယ်ကို အားပေးတဲ့ စကားတစ်ခုလို ဖြစ်လာခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ဒီလိုခေတ်နောက်ကျတဲ့ အစဉ်အလာကြောင့်သာ မဟုတ်ရင် အဓိက ဇတ်ဆောင်တွေရဲ့ အိမ်အပြင်ဘက်မှာ ဘယ်သူကများပြုံးပြီး နာရီပေါင်းများစွာ စောင့်နေချင်မှာလဲ။

မြတ်ဆရာ ငယ်ငယ်လေးတွေက ကိုယ်ပိုင် အရည်အချင်းကိုပဲ အားကိုးပြီး အသက်ရှင်ချင်ကြသည်။

မကြာသေးခင်ကမှ ဆွန်းမိုသည် ဟိုတယ် တစ်ခုတွင် ရွှေစကားတွေ တစ်ခွန်းပြီးတစ်ခွန်း

ဖောက်ခွဲခဲ့သေးသည်။ ငယ်ရွယ်တဲ့လူတချို့က ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ တိုးတက်ဖို့ ကြိုးစားနေကြတယ်။ တချို့လူတွေကတော့ နှစ်တစ်ရာလောက် ဖြုန်းတီးပြီး ခွေးထက်တောင် မိုက်သေးသည်။ ဒီကိစ္စကြောင့်လည်း ငယ်ရွယ်တဲ့ မြတ်ဆရာတွေအားလုံး အောင်ပွဲခံခဲ့ကြသေးသည်။

အမှန်အတိုင်းပြောရလျှင် အကြီးတွေက ဝါစဉ်ကို အားကိုးပြီး သူတို့ကို ဖိနှိပ်နေတာက သူတို့အတွက် စိတ်အပျက်ဆုံးအရာ ဖြစ်နေသည်။

သဘာဝအတိုင်း အရည်အချင်းမရှိတဲ့လူက ဒီစကားပြောခဲ့လျှင် မောက်မာပြီး ရိုင်းစိုင်းတယ်လို့ ပြောကြမည်။ ဒါပေမယ့် ဆွန်းမိုကတော့ အရမ်းအထင်ကြီးဖို့ ကောင်းသည်။ ကြယ်တစ်ပွင့် မြတ်ဆရာ စာမေးပွဲမှာ စံချိန်ချိုးခဲ့သည်။ ဒါပေမယ့် နောက်ထပ် နှစ်တစ်ရာအတွင်း ဆွန်းမိုစံချိန်ကို ဘယ်သူမှ မချိုးဖျက်နိုင်ဘူးဆိုတာ ကြိုမှန်းလို့ရသည်။

ဒီလို အထင်ကြီးဖို့ ကောင်းတဲ့လူက နည်းနည်းလောက် မောက်မာတာ ဘာဖြစ်လဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မနာလိုတဲ့ပုံစံ ထုတ်ပြရင်း လက်ပါးစေသည် ခေါင်းမခါဘဲ မနေနိုင်တော့ချေ။ သူလည်း ဆွန်းမိုလို အထာကျချင်သည်။

ဒါကိုတွေးပြီး လက်ပါးစေသည် ချန်ဇီတုန်ကို တစ်ချက်ခိုးကြည့်လိုက်သည်။ ဖြစ်နိုင်ရင် ဘယ်သူက လက်ပါးစေ လုပ်ချင်မှာလဲ။

ဒင်

ဟှောင်အာကုန်၏ လေးစားအထင်ကြီးမှု +၅၀၊မူလ(၅၀/၁၀၀)

"ဆွန်းမိုက စောစောထွက်လာတယ်။ ကြည့်ရတာတော့ တော်တော်လေး ယုံကြည်ချက်ရှိနေတဲ့ပုံပဲ။ သူ အမှတ်ကောင်းမယ်လို့ ငါထင်တယ်။ ဒီလူငယ်လေး တော်တော် ယုံကြည်ချက် အားကောင်းတာပဲ"

ပြောလိုက်တဲ့ စာစစ်သူသည် ကမန်းကတန်း ပါးစပ်ပိတ်လိုက်သည်။ သက်ပြင်းတချက် ခိုးရှိုက်လိုက်မိကာ ချန်ဇီတုန်ကို လျှင်မြန်စွာ ကြည့်လိုက်သည်။ ဆွန်းမိုကို ချီးကျူးတဲ့စကား မပြောမိတာဘဲ အကောင်းဆုံး ဖြစ်လိမ့်မည်။

"ခဏာနေပါအုံး။ သူက တခြားမြွတ်ဆရာတစ်ယောက်နဲ့ ထိပ်တိုက်ရန်ဖြစ်ပြီး လက်ချိုးခဲ့တယ် မဟုတ်လား။ ကျိုးနေတဲ့လက် လုံးဝပြန်ကောင်းမှ စာမေးပွဲ လာဖြေလို့ရမှာ မဟုတ်ဘူးလား"

ဟွောင်အာကုန် ရုတ်တရတ် တွေးလိုက်မိသည်။

ကျန်တဲ့လူများက လက်ပါးစေကို တစ်ချက်စိုက်ကြည့်ပြီး အဖြေမပေးဖို့ ပညာရှိစွာ ရွေးချယ်လိုက်သည်။ (ဆွန်းမို စာမေးပွဲလာဖြေဖို့ သတ္တိရှိတယ်ဆိုမှတော့ အားလုံး ဖြေရှင်းပြီးလို့ မဟုတ်ဘူးလား)

ဆွန်းမိုလို ပါရမီရှင်တစ်ယောက်အတွက် ကျောထောက်နောက်ခံ လုပ်ပေးမယ့် အစိက ပုဂ္ဂိုလ်တွေ သေချာပေါက် ရှိလိမ့်မည်။ (မင်းနဲ့ တူတယ်လို့ ထင်နေတာလား။ မင်းက လက်ပါးစေလုပ်ဖို့တောင် အခွင့်အရေး မရှိတဲ့လူလေ)

ချန်ဇီတုန်သည်စိတ်ထဲက မကျေနပ်ချက်တွေကို မြိုချလိုက်သည်။ ကင်းလှည့် စစ်ဆေးသူဆိုတဲ့ သူ့ရဲ့ အထောက်အထားကို အသုံးချပြီး ဝိညာဉ်တက်တူး အမှတ်ခြစ်နေတဲ့ အခန်းသို့ လျှောက်သွားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်မထိန်းနိုင်တော့ပေ။ ဆွန်းမိုရဲ့ ရလဒ်ကို အမြန်ဆုံး သိချင်နေပြီ။

(နောက်ထပ် အမှတ်ပြည့် ရမယ်လို့ မထင်ဘူး)

ဟော့ဂေါင်အာကုန် - ဒီအမည်သည် အခြေခံအားဖြင့်တော့ ဒုတိယခွေးလို့ အဓိပ္ပာယ်ရပြီး ဒါက သူ့ရဲ့ အမည်ရင်း ဟုတ်မဟုတ် မသိပါ။

အခန်း(၅၄၃) - အမှတ်ပြည့်။ သိသိသာသာကို သန်မာလွန်းတယ်ကွာ။

အမှတ်ခြစ်တဲ့ မြတ်ဆရာများသည် တလျှောက်လုံး အလုပ်များနေကြပြီး ညစာ စားပြီးတာနဲ့ ညသန်းခေါင်အချိန်အထိ အလုပ်ဆက်လုပ်နေသည်။

သူတော်စင်ဂိတ်က စာမေးပွဲကို ခက်ခဲမှုတိုးမြှင့်ထားသဖြင့် လူတိုင်း အလုပ်ဝန်တော့ ပေါ့သွားကြသည်။ နှုတ်ယူတဲ့အမှတ်ငါးဆယ်ကျော်တာနဲ့ ဖြေဆိုသူကို အကျလို့

သတ်မှတ်ပြီး ကျန်တဲ့ အဖြေကိုများကို ဆက်စစ်စရာ မလိုတော့ပေ။

“ချီ၊ နောက်ထပ် အမှတ်ပြည့် တစ်ယောက်”

အကြွေစေ့ပုံစံ အနားကွပ်မျက်မှန် တပ်ထားတဲ့ မြတ်ဆရာတစ်ယောက်က အမှတ်ပြည့် ရတယ်ဆိုပြီး အမှတ်အသားလုပ်ထားတဲ့ အဖြေလွှာကို တခြား အဖွဲ့အား ပေးလိုက်သည်။ ဒါက တိကျမှု ပိုမြင့်လာအောင်နဲ့ အမှားမလုပ်မိအောင် ဖြစ်သည်။

“တကယ့် အမှတ်ပြည့်ပဲ”

အမှတ်ခြစ်တဲ့လူတွေအားလုံးက မြတ်ဆရာများဖြစ်သဖြင့် အဖြေတွေကို အလွတ်ကျက်ထားကြသည်။ သူတို့က အဖြေလွှာကို တချက်ကြည့်လိုက်ရုံနဲ့ ဒီဖြေဆိုသူက အမှတ်ဘယ်လောက်ရလဲဆိုတာ သိနိုင်ကြသည်။

"ဒါနဲ့ဆို အမှတ်ပြည့် ငါးယောက် ရှိပြီ မဟုတ်လား"

မျက်မှန်တပ်ထားတဲ့ မြတ်ဆရာက အံ့အောခြင်း မရှိဘဲ ရယ်မောလိုက်သည်။ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲက ပိုခက်သော်လည်း ဖြေဆိုသူ အများစုက အကြိမ်ကြိမ်ကျပြီးသား အသက် ၃၀ မှ ၄၀

ကြားလူတွေ ဖြစ်ကြသည်။ နှစ်ပေါင်းများစွာ လေ့လာပြီးနောက် ငတုံး မဟုတ်သ၍ ရေးဖြေစာမေးပွဲရဲ့ မေးခွန်းများကို ၇၀ ကနေ ၈၀ ရာခိုင်နှုန်းလောက် ဖြေဆိုနိုင်ကြသည်။

သူတို့သာ အနည်းငယ် ကံကောင်းရင် အမှတ်ပြည့်ရတာ ပုံမှန်ပါ။ ဘယ်လိုပဲပြောပြော ကံဆိုးတဲ့လူကတော့ အမြဲရှိနေမည်။

ချန်ဇီတုန် ရောက်လာလျှင် အမှတ်ပေးတဲ့ လုပ်ငန်းစဉ်က ပြီးလုနီးပါး ဖြစ်နေပြီ။

"လူတိုင်း အမှတ်ခြစ်နေရတာနဲ့ ပင်ပန်းနေတော့မှာပဲ။ မုန့်တွေ ပေးလိုက်ပော့"

ချန်ဇီတုန်က ပြုံးပြီး ပြောလိုက်သည်။ သူပြောပြီးတာနဲ့ ဒုစာစစ်သူ သုံးယောက်က သူတို့သယ်လာတဲ့ မုန့်ခြင်းတွေကို ချက်ခြင်းချပေးလိုက်သည်။ ဒီနေရာက စာမေးပွဲကျင်းပနေတဲ့နေရာ ဖြစ်နေသဖြင့် ဈေးသည်များကို ဝင်ခွင့်မပေးထားပါ။ ဒီလိုမှမဟုတ်ရင် တောက်တိုမယ်ရလုပ်ဖို့ ဒုစာစစ်သူ များကို မလိုအပ်ပေ။

တစ်ယောက်ကတော့ ခုနတုန်းက အမှတ်ပြည့် ရထားတဲ့ အဖြေလွှာကို ချထားလိုက်သည်။ လူတိုင်း မပင်ပန်းသေးသော်လည်း ပွင့်ပွင့်လင်းလင်း ပြောရလျှင် ပျင်းဖို့ကောင်းတဲ့ အခြေအနေကြောင့် ဒီအခွင့်အရေးကို မငြင်းကြပါ။ ဒါ့အပြင် ဒါက ချန်ဇီတုန်ပေးလာတဲ့ညစာ ဖြစ်နေသည်။ သူ့ကို မျက်နှာသာ ပေးရမည်။

မျက်မှန်တပ်ထားတဲ့ မြတ်ဆရာသည် အရမ်း ဉာဏ်ကောင်းသည်။ ချန်ဇီတုန် ဒီကို ရောက်လာတဲ့ အကြောင်းအရင်းကို အကြမ်းဖျင်းတော့

ခန့်မှန်းမိသည်။ ဒါကြောင့် အပြုံးလေးနဲ့ မုန့်စားရင်း စကားစမြည် ပြောနေခဲ့သည်။

"ဒီနှစ် အားလုံးပေါင်း ရလဒ်က အောင်မြင်နေသေးတယ်။ စုစုပေါင်း ခုနှစ်ယောက် အမှတ်ပြည့် ရထားပြီးပြီ"

ဒီစကားကို ကြားလိုက်လျှင် ချန်ဇီတုန် မျက်လုံး အရောင်တောက်လာသည်။ ဆွန်းမိုသာ အမှတ်ပြည့် မရရင် ပိုတောင် ကောင်းအုံးမည်။ ဒါပေမယ့် တခြားသူတွေလည်း အမှတ်အပြည့်ရတဲ့

အခြေနေအောက်မှာ သူက ထူးထူးခြားခြား ပေါ်လွင်နေမှာ မဟုတ်ဘူး။

အဟွတ် အဟွတ်

ချန်ဇီတုန်က ချောင်းဟန့်လိုက်ပြီး အငယ်လေးတွေကို အရမ်းဂရုစိုက်တဲ့ ပုံစံနဲ့

"အို၊ အမှတ်ပြည့်ရတာ ဘယ်သူတွေတုန်း"

"အမှတ်ပေးတာ လုံးဝ မပြီးသေးတော့ နာမည် စည်းတံဆိပ် မခွာရသေးဘူး"

" ဒါဆိုလည်း ဘာဖြစ်လို့ အခုမလုပ်တာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရလဒ် ပြောင်းမှာမှ မဟုတ်တာ"

"အမှန်ပဲ အဖြေလွှာ အနည်းငယ်လောက် စည်းတံဆိပ် ခွာလိုက်လဲ ဘာမှဖြစ်သွားမှာ မဟုတ်ဘူး"

အမှတ်ခြစ်နေတဲ့ ဆရာတွေလည်း အရမ်းသိချင်နေကြသည်။ ဒါကြောင့် စကားပြောရင်းနဲ့ အဖွဲ့ခေါင်းဆောင်ကို ကြည့်လိုက်သည်။

"မင်းတို့တွေက တကယ် စိတ်မရှည်တာပဲ"

အဖွဲ့ခေါင်းဆောင်က ပြုံးပြုံးရွှင်ရွှင်နဲ့ အော်လိုက်သည်။ လူတိုင်း လုပ်ချင်နေတဲ့အလုပ်ကို ငြင်းမှာ မဟုတ်ပေ။ ဒီလိုမှမဟုတ်ရင်

အားလုံးအထင်သေးသွားပြီး လူတိုင်းက ကျင်ထားကြလိမ့်မည်။

"ဒါဆိုလည်း လုပ်လိုက်တော့မယ်နော်"

မျက်မှန်တပ်ထားတဲ့ မြတ်ဆရာက အမှတ်ပြည့်ရထားတဲ့ အဖြေလွှာတွေကို စည်းတံဆိပ်ခွာလိုက်သည်။

လင်တုန်လန်

"ဒီနာမည်က ဘယ်လိုကြီးလဲ။ ဘာဖြစ်လို့ ဟိုတယ်နာမည်နဲ့ တူနေရတာလဲ"

မြတ်ဆရာတစ်ယောက်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ တကယ်တမ်းတော့ နာမည်တွေက စကား အများကြီး ပြောပါသည်။ အခြေခံ အုတ်မြစ် နက်ရှိုင်းပြီး သမိုင်းကြောင်းကြီးတဲ့ မျိုးနွယ်အတွက် သူတို့မျိုးဆက်၏ နာမည်များသည် ပိုအရေးပါသည်။

ဥပမာ ဟွောင်အာကုန် ၊ ဒီလူရဲ့ နာမည်ကို ကြည့်လိုက်ရုံနဲ့ မျိုးရိုးနိမ့်ကျမှန်း သိသာသည်။ သူတို့မျိုးဆက် နှစ်ဆယ်ကနေ သုံးဆယ်ကြား ဘိုးဘေးအားလုံးသည် လယ်သမားတွေ ဖြစ်ကြသည်။

“ဆက်ပြောပါ”

လူတိုင်း တိုက်တွန်းလိုက်သည်။ နာမည်ကို ဂရုမစိုက်ပါ။ ဘယ်သူက အမှတ်ပြည့်ရလဲ ဆိုတာပဲ သိချင်နေကြသည်။

ချန်ဇီတုန် ဘာမှမပြောပေမယ့် မျက်နှာက ပြုံးဖြီးဖြီး ဖြစ်နေသည်။ အမှတ်ပြည့်ရတဲ့ လူနာမည်တွင် ဆွန်းမို နာမည်မပါပေ။

“ဒါဆိုလည်း လူတိုင်းရဲ့အချိန်ကို မဖြုန်းတော့ဘူး”

ချန်ဇီတုန်က လက်ဝှေ့ယမ်းပြီး ကျောခိုင်းကာ အခန်းထဲမှ ထွက်သွားသည်။ ထို့နောက်

ပြတင်းပေါက်မှဖြတ်ပြီး ကြယ်တွေကိုကြည့်ကာ စိတ်လက်ပေါ့ပါးနေသည်။

“ဆွန်းမိုတကယ်ပဲ အမှတ်ပြည့် မရဘူးလား”

“အမ်၊ မင်းဘာဖြစ်လို့ ဒီလောက်တုန်လှုပ်နေရတာလဲ။ အမှတ်ပြည့်မရတာ သူ့အတွက် ပုံမှန် မဟုတ်ဘူးလား။ ဘယ်လိုပဲပြောပြော မေးခွန်းတွေက ခက်လွန်းသည်။

“ဒီမှာ အဖြေလွှာ တစ်ရာကျော် ရှိသေးတယ်။ မင်းဘာတွေစိုးရိမ်နေတာလဲ”

အခန်းထဲကနေ ဆွေးနွေးနေတဲ့ အသံပေါ်ထွက်နေသည်။

ချန်ဇီတုန်မဲ့လိုက်သည်။ မြင်းတွေ ခလုတ်တိုက်ပြီး လူတွေလည်း မျှော်လင့်ချက်ကျရှုံးတဲ့ အချိန်တွေ ရှိမည်။ ဒါက အရမ်းကို ပုံမှန်ပါ။ ဘာပဲဖြစ်ဖြစ် ဆွန်းမို အမှတ်ပြည့် မရသ၍တော့ သူပျော်နေအုံးမည်။

ချန်ဇီတုန်စိတ်ထဲမှာ ဆွန်းမို စာမေးပွဲကျမယ်လို့ ဘယ်တော့မှ မတွေးထားပေ။ ဆွန်းမို အမှတ်ပြည့် မရဖို့ဘဲ မျှော်လင့်မိသည်။

ဒါကို သတိထားလိုက်လျှင် ချန်ဇီတုန် မျက်နှာပျက်သွားသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက သူ့မသိစိတ်ထဲတွင် ဆွန်းမို၏စွမ်းရည်ကို အသိအမှတ် ပြုထားသလို ဖြစ်နေသည်။

"သွားကြစို့၊ ကင်းလှည့် ရအုံးမယ်"

ချန်ဇီတုန် လှမ်းအော်လိုက်သည်။ ဒါပေမယ့် သိပ်မကြာခင် အခန်းထဲမှ အော်ဟစ်အားပေးနေတဲ့ အသံထွက်လာသည်။

"အမှတ်ပြည့်.....၊ ဒါမှ သေချာပေါက် အမှတ်ပြည့်ပဲ"

"ငါတော့ ဆွန်းမို ဖြစ်မယ်လို့ပဲ ထင်တယ်"

ရုတ်ရုတ်သဲသဲ ဖြစ်ပြီးနောက် အခန်းထဲတွင် နောက်တစ်ဖန် တိတ်ဆိတ်သွားသည်။ ဒီအသံတွေကြောင့် ချန်ဇီတုန် အရမ်းစိတ်ဓါတ်ကျသွားပြီး သွေးအန်လုနီးပါး ဖြစ်သွားသည်။ (ဆက်ပြောလေ။ ဘာဖြစ်လို့အခုမှ မပြောကြတော့တာလဲ)

"သ....သွားကြည့်ကြမလား"

ဟှောင်အာကုန်က ချန်ဇီတန်ရဲ့အမူအရာကို သတိပြုမိပြီး လေသံတိုးတိုးလေးနဲ့ မေးလိုက်သည်။

"ဘာကြည့်စရာ လိုလို့လဲ"

ချန်ဇီတုန်က ဟွောင်အာကုန်ကို တစ်ချက်ကြည့်လိုက်ပြီး

"သွားကြစို့"

"အို"

ဟွောအာကုန်က ကမန်းကတန်း ခေါင်းငုံ့ပြီး ချန်ဇီတုန် အနောက်မှ လိုက်သွားသည်။

ချန်ဇီတုန်သည် ဟွောင်အာကုန်ကို ကြည့်ပြီး ဒေါသတွေ ပေါက်ကွဲလာသည်။ (မင်းက လက်ပါးစေဆိုတာ ဘယ်လိုမှန်းတောင် မသိဘူးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါ မကြည့်နဲ့လို့ ပြောတာနဲ့ တကယ် မကြည့်တော့ဘူးလား)

(မင်းက အထက်လူကြီးရဲ့ အတွေးတောင် မဖတ်တတ်ဘူးလား။ ဘယ်လိုဖားပြီး အသက်ရှင်မှာလဲ)

ကံကောင်းစွာဖြင့် ချန်ဇီတုန် အကြာကြီး မစောင့်လိုက်ရပါ။ စက္ကန့်အနည်းငယ် ကြာပြီးနောက် အခန်းထဲမှ အာမေဒိတ် အသံများ ထွက်လာပြန်သည်။

"ထင်ထားတဲ့အတိုင်းပဲ။ ဒါက ဆွန်းမို အဖြေလွှာပဲ"

"ဒီအဖြေတွေက အရမ်းမိုက်တယ်။ အဖြေလွှာကို တစ်နာရီလောက် ကြိုအပ်ခဲ့တယ်လို့ ကြားတာပဲ"

"မင်း ချီးကျူးနေတာ ကြားပြီး ငါသည်းမခံနိုင်တော့ဘူးနော်။ အမှတ်ပြည့်ရတဲ့ လူတွေ အများကြီးပဲ ဘယ်သူက အကောင်းဆုံးလဲဆိုတာ ဘယ်လိုခွဲမလဲ"

"လူတချို့က အစွမ်းကုန် ကြိုးစားလို့ အမှတ်ပြည့်ရတာ။ တခြားလူတွေကတော့ သက်တောင့်သက်သာနဲ့ အမှတ်ပြည့်ရတယ်။ ဆွန်းမိုက ဒုတိယ အမျိုးအစားပဲ"

ဒီအရာတွေ အားလုံးကို ကြားပြီးနောက် ချန်ဇီတုန်သည် တဆတ်ဆတ် တုန်နေသည်။ သူငယ်ငယ်တုန်းက အဘိုးရဲ့ အချစ်ဆုံးခွေး ပါထားတဲ့ ခွေးချီပုံ နင်းမိသလို ဖြစ်နေသည်။ ခွေးကို ရိုက်ချင်ပေမယ့် ဘာမှမလုပ်နိုင်ဘဲ မှုန်ကုတ်ကုတ်နဲ့ ထိုင်ကြည့်နေခဲ့ရသည်။

“ဘာဖြစ်လို့များ ဒီကိုလာပြီး စစ်ဆေးမိတာလဲ”

ချန်ဇီတုန် နောင်တရနေသည်။ အခုတော့ အရာရာတိုင်းက အဆိုးသက အဆိုးဆုံး ဖြစ်နေသည်။ ဒီနှစ်ညစလုံး ကောင်းကောင်း အိပ်ပျော်မှာ

မဟုတ်တော့ပေ။ နှလုံးသားတစ်ခုလုံး ဒေါသတွေနဲ့ ပြည့်နှက်နေသည်။

ဆွန်းမိုနဲ့ မိုင်ဇီယူတို့သည် ညစာစားပြီးနောက် ဟိုတယ်သို့ ပြန်လာခဲ့ကြသည်။ သူကတော့ကောင်းကောင်း အိပ်ပျော်ပြီး နောက်တစ်နေ့ မနက်၌ အချိန်မှန်စွာ နိုးလာခဲ့သည်။ စာသောက်ဖို့အတွက် ကန်တင်းသို့ သွားလိုက်လျှင် သားစိမ်းငါးစိမ်းဈေးလို ဆူညံနေသည်။

"ဘာတွေ ဖြစ်နေတာလဲ"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။

“ကျုံ့ချောင် ခြေတွေလက်တွေ ချိုးပြီး ဟိုတယ် အပြင်ဘက်က မြောင်းထဲပစ်ချခံရတယ်”

လီဇီချီက လေသံနှိမ့်ပြီး ရှင်းပြသည်။

“ကျုံ့ချောင်က ဘယ်သူလဲ”

ဆွန်းမိုက ဆန်ပြုတ်သောက်ရင်း မေးလိုက်သည်။

“ရှီချန်ရဲ့ တိုက်ရိုက်တပြည့်။ အသက် ၁၅ နှစ်အောက်မှာ အသန်မာဆုံး လူငယ်သုံးယောက်ထဲကတစ်ယောက်။ ပြိုင်ပွဲဝင် ချန်ပီယံလောင်း”

ထန်ထန်ယုထန် ပေါက်ကရ ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုချက်ခြင်း မျက်မှောင်ကြုတ်သွားသည်။ ရှီချန်က ဂျိရှားအကယ်ဒမီရဲ့ ထိပ်တန်းဘွဲ့ရ တစ်ယောက်ပါ။ သူက အရမ်းအစွမ်းထက်သည်။ ဒီလိုအခြေအနေမျိုးမှာ သူ့ရဲ့တပြည့်က ပြိုင်ပွဲဝင်မျိုးစေ့ကောင်းလို့ သတ်မှတ်လို့ရသည်။

အခုတော့ ဒီလိုမျိုးလူကို တခြားသူက ဖျက်ဆီးသွားပြီ။ ဒါက ဘာကို ဆိုလိုတာလဲ။

"ငါနားမလည်ဘူး သူ့ရဲ့ပြိုင်ဘက်က ကျုံချောင်ကို အနိုင်ယူဖို့ ခွန်အား ရှိနေရင်လည်း ဘာဖြစ်လို့ ကွင်းထဲမှာပေါ်တင် အနိုင်မယူတာလဲ"

အင်ဘိုင်ဝူ စဉ်းစားမရ ဖြစ်နေသည်။

"မြတ်ဆရာတစ်ယောက် လုပ်တာများ ဖြစ်နေမလား"

ထန်ထန်ယုထန် ဟာသလုပ်ပြီး ဖြစ်နိုင်ခြေတစ်ခု ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး"

လုချီဟွာ သံသယ ဝင်နေသည်။

"လူသတ်သမားက အဖမ်းခံရရင် သေချာပေါက် ရာထူး ရုတ်သိမ်းခံရပြီး အမှောင်တိုက်ကြီးဆီ နှင်ထုတ်ခံရလိမ့်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဘာပဲဖြစ်ဖြစ် ဒီရက်ပိုင်းအတွင်း လူတိုင်း အစွမ်းကုန် သတိထားကြ”

အခန်း(၅၄၄) - ထိပ်ဆုံး ကျောင်းသားဆိုတာ ဘာလဲ။

ကျုံချောင် ချိန်နဲ့သွားခြင်းသည် လူတွေနဲ့အလှမ်းဝေးတဲ့ အဖြစ်အပျက်တစ်ခုသာ ဖြစ်ခဲ့သည်။ အခုအချိန်က စာမေးပွဲကာလ ဖြစ်နေသဖြင့် အားလုံးက စာမေးပွဲကို ရင်ဆိုင်ဖို့ အကောင်းဆုံး ကြိုးစားနေကြသည်။ ထုံးစံအတိုင်း ဒီလိုအရာတွေကို စိတ်ဝင်စားဖို့ အချိန်မရှိပေ။

ဖြေဆိုသူတွေက ဒီသတင်းကိုကြားလျှင် သူတို့ တပြည့်တွေကို ညဘက်မှာ လျှောက်မသွားဖို့ သတိပေးရုံသာ ပေးခဲ့ကြသည်။ အပြင်ထွက်ချင်ရင် အဖော်တွေနဲ့ထွက်ဖို့သာ မှားကြားခဲ့ကြသည်။ ဒါပေမယ့် သူတော်စင်ဂိတ်ကတော့ အဓိကရန်သူနဲ့ ရင်ဆိုင်နေရသလို လုပ်ဆောင်ခဲ့သည်။

ဒီကိစ္စနဲ့ ပက်သက်ပြီး မဟာမိတ်ဒုခေါင်းဆောင် လင်ဟုန်ဒါက အစည်းအဝေးခေါ်ပြီး လူအများအပြားကို အပြစ်တင်ခဲ့သည်။ ဒါ့အပြင် သူတော်စင်ဂိတ်ကိုလည်း နောက်ထပ် ဉပဒေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိုးမိုးရေး အဖွဲ့နှစ်ဖွဲ့ ထပ်လွှတ်ပေးဖို့ တောင်းဆိုခဲ့သည်။

အမှောင်ထုကျရောက်နေတဲ့ အနောက်တောင်မြို့က တိတ်တဆိတ် ဖြတ်သန်းနေခဲ့သည်။

တစ်ရက်ကြာပြီးနောက် အောင်စာရင်းတွေ ထုတ်ပြန်လာသည်။

"ဆရာ၊ ငါတို့ ကျန်တဲ့လူတွေရဲ့အောင်စာရင်း သွားကြည့် လိုက်အုံးမယ်"

ကျောင်းတံခါးအဝသို့ ရောက်တာနဲ့ လီဇီချီက လုချီဟွာကိုခေါ်ပြီး ထွက်ပြေးသွားသည်။ ဆွန်းမို ရလဒ်ကို သွားကြည့်ဖို့လား (ငါတို့ဆရာက အကောင်းဆုံးပဲဆိုတာ သေချာတယ်၊ မဟုတ်လား)

လုံးဝ ကြည့်စရာကို မလိုပေ။

ဆွန်းမိုသည် အချိန်တစ်ခုကြာအောင် လမ်းလျှောက်လာလျှင် လမ်းဘေးမှာ စိတ်ဆင်းရဲတဲ့ ပုံစံနဲ့ထိုင်နေတဲ့ လူငယ်လေး တစ်ယောက်ကို တွေ့လိုက်သည်။ အခုလက်ရှိတွင် လူငယ်လေးသည်

ခြေကျင်းဝတ်ကို ပွတ်သပ်ကာ ဖရုသဝါစာ ဆဲဆိုနေသည်။

“မင်း ခြေဆစ်လွဲသွားလို့လား၊ အကူအညီ လိုသေးလား”

ဆွန်းမိုက လျှောက်သွားပြီး မေးလိုက်သည်။ ဒါက လေးစားအထင်ကြီးမှုအမှတ်ရဖို့ အခွင့်အရေးကောင်းပါ။ ဒီလူငယ်ကို ကုသပေးလိုက်ပါက နောက်ထပ် ပြိုင်ဘက် တစ်ယောက် တိုးလာမယ့်အချိန်ကို ဆွန်းမို ဂရုမစိုက်ပေ။

"နည်းနည်းလေး လွဲသွားတာပါ၊ အဆင်ပြေသွားလိမ့်မယ် ကိစ္စမရှိပါဘူး"

လူငယ်လေးက ခေါင်းမော့လာပြီး ဖျစ်ညှစ်ကာ ပြုံးပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ဒီပြုံးနေတဲ့လူငယ်လေးက သူ့ကိုမသိပါ။ ဒါပေမယ့်လည်း သူ့ဘက်ကစပြီး ကူညီဖို့ ကမ်းလှမ်းလာသဖြင့် လူကောင်းတစ်ယောက်ဆိုတာ သိသာနေသည်။ ဒီလူငယ်လေးသည် မကျေနပ်ချက်များကို မြိုသိပ်ထားလိုက်သည်။ သူ့ရဲ့

အပျက်သဘောဆောင်နေတဲ့ ခံစားချက်တွေကို ဆွန်းမိုဆီ မကူးစက်စေချင်ပါ။

"မင်းကို ကူညီပြီး ကြည့်ပေးမယ်"

ဆွန်းမိုက ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး လက်ကိုဆန့်ကာ လူငယ်လေးရဲ့ ခြေကျင်းဝတ်ကို ဆုပ်ကိုင်လိုက်သည်။

" ဒါကို မင်းဘာလို လုပ်နိုင်တာလဲ မေးလို့ရမလား"

လူငယ်လေးသည် ဆွန်းမိုစရိုက်က မဆိုးဘူးလို့ ထင်နေသည်။ သူသာဆိုရင်တော့ ပြိုင်ဘက်ရဲ့

ဒဏ်ရာ ပိုဆိုးလာဖို့ဘဲ မျှော်လင့်နေမိမည်။ စာမေးပွဲအောင်ဖို့ အခွင့်အရေး ပိုများလာနိုင်သည်။

“မင်းကြွက်သား နာသွားတာပဲ။ ပြန်ရောက်တဲ့အခါကျရင် ရေနွေးပူပူထဲကို သွေးလည်ပတ်မှုကောင်းစေတဲ့ ဆေးပင်တချို့ထည့်ပြီး စိမ်လိုက်ပါ။ ဒဏ်ရာရနေတဲ့ ခြေထောက်ကို တစ်ခါစိမ်ရင် နာရီဝက်လောက် သုံးရက်ဆက်တိုက် စိမ်လိုက်ပါ။ ဒါဆို မင်းအဆင်ပြေသွားလိမ့်မယ်”

ဆွန်းမိုက ပြောပြီးတာနဲ့ လက်ချောင်းတွေကို အားထည့်လိုက်သည်။

လူငယ်လေးသည် အရင်က ခေါင်းညိတ်နေပေမယ့် ဆွန်းမို အားထည့်လိုက်တဲ့ အချိန်တွင် ထုံကျင်တဲ့ခံစားချက်က ခြေထောက်တစ်ခုလုံး ပျံ့နှံ့သွားသည်။ ဆွန်းမိုလက်ထဲက လွတ်ချင်တဲ့စိတ်နဲ့ အမှတ်တဲ့မဲ့ ခြေထောက်ရုတ်ဖို့ လုပ်လိုက်သည်။ ဒါပေမယ့် ခဏအကြာတွင် ခြေထောက်က ပူနွေးလာပြီး အရမ်း

သက်တောင့်သက်သာ ရှိလွန်းသဖြင့် မျက်လုံးတောင် မှေးသွားသည်။

ဆယ်စက္ကန့်လောက်ကြာလျှင် ခြေထောက် မနာတော့တာကို သတိထားမိလာသည်။ မတ်တပ်ရပ်ရင်း နည်းနည်းလောက် ခုန်စမ်းကြည့်လိုက်သည်။

"အခုအဆင်ပြေသွားပြီးလား။ ငါ့ခြေထောက် ဆေးရေစိမ်စရာ မလိုတော့ဘူး ထင်တယ်"

ဆွန်းမို ပြုံးလိုက်သည်။ သွေးတွေခဲနေပြီး ရောင်ရမ်းနေတဲ့နေရာကို ဆွန်းမို ရှင်းထုတ်လိုက်ပြီ။

ဒါပေမယ့် ဒီကိစ္စနဲ့ ပက်သက်ပြီး ကြွားနေမှာ မဟုတ်ပေ။

"မင်း လေသံအရဆို ချင်လင်က မဟုတ်လား။ အဲဒါက နေရာကောင်းပဲ။ နှစ်စဉ်နှစ်တိုင်း ပန်းဘုရင်မတွေကြားက ပြိုင်ဆိုင်မှု ရှိပြီး နေရာတိုင်းလိုလိုမှာလဲ အလှတရားတွေ ရနံ့တွေနဲ့ ပြည့်နှက်နေတယ်လို့ ငါကြားဖူးတယ်"

လူငယ်ဆီက ကျေးဇူးတင်စကား မထွက်လာသော်လည်း စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

ဝမ်ချင်းရဲ့ လေးစားအထင်ကြီးမှု +၂၀ ။ မှုလ(၈၀/၁၀၀)

ဒီစကားကိုကြားလျှင် ဆွန်းမိုသည် ဝမ်ချင်းကို တစ်ချက်မကြည့်ဘဲ မနေနိုင်တော့ချေ။ သူတို့ကြားရှိ လေးစားအထင်ကြီးမှုဆက်သွယ်ချက်က အရင်ကတည်းက ပွင့်နေပြီးသားလား။ အမှန်တိုင်း ပြောရလျှင် ဆွန်းမို ကျော်ကြားလာတာနဲ့အမျှ သူ့ကို မမြင်ဖူးတဲ့လူတွေတောင် လေးစားအထင်ကြီးမှု အမှတ်တွေထောက်ပံ့ကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ငါ အရင်ကတည်းက ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာရင် ချင်လင်သွားပြီး အလုပ်ရှာဖို့ စိတ်ကူးထားတယ်။ တချိန်တည်းမှာပဲ ချင်လင် မြစ်ကမ်းတလျှောက် လှပတဲ့ မိန်းမပျိုလေးတွေနဲ့ သာယာကြည်နူးဖို့ကောင်းတဲ့ မြင်ကွင်းတွေကိုလည်း ကြည့်ချင်သေးတယ်။ ဒါပေမယ့် အခုတော့ ငါ့မှာ အခွင့်အရေး မရှိတော့ဘူးထင်တယ်”

ဝမ်ချင်းသည် ရွာငယ်လေးက လူတစ်ယောက် ဖြစ်ပြီး မြို့ကြီးတွေရဲ့ ထူးထူးခြားခြား ဆွဲဆောင်မှုကို တောင်းတနေခဲ့သည်။

'အို ဟုတ်ပြီ။ မင်းအောင်စာရင်းအတွက်ရော ဘယ်လိုလဲ”

ဝမ်ချင်းက မေးလိုက်သည်။

“.........”

ဆွန်းမို တိတ်ဆိတ်သွားသည်။ အရမ်းကောင်းတယ်ဆိုပြီး ပြောလို့ မဖြစ်ဘူး မဟုတ်လား။ ဝမ်ချင်း ပုံစံအရဆို သေချာပေါက်

ဆိုးဆိုးဝါးဝါး ထလုပ်လိမ့်မည်။ ဒါကြောင့် ဝမ်ချင်းကို စိတ်ဆွနေစရာမလိုဘူးလို့ တွေးလိုက်မိသည်။

"မင်းလည်း ဆိုးဆိုးဝါးဝါး ဖြစ်လာမယ်လို့ တွေးနေတာလား"

ဆွန်းမိုစကားမပြောတာ မြင်လိုက်လျှင် ဆွန်းမို ဝမ်းနည်းနေတယ်လို့ ဝမ်ချင်း တွေးလိုက်မိသည်။ ဆွန်းမိုပခုံးကိုပုတ်ပြီး ရင်းနီးစွာပြုံးလိုက်သည်။

"ငါတို့ကကို ကံဆိုးတာပါကွာ။ ပိုခက်တဲ့နှစ်မှ တိုက်တိုက်ဆိုင်ဆိုင် ဖြေရတယ်လို့ကွာ။ ဒီနှစ် အကြောင်းအရာတွေက အရမ်းခက်တယ်"

ဝမ်ချင်းက သက်ပြင်းချရင်း ပြောလိုက်သည်။

"မနှစ်ကသာ စာမေးပွဲဖြေခဲ့ရင် အမှတ်ကောင်းကောင်း ရမှာသေချာတယ်"

ဆွန်းမို ဘယ်လို ပြန်ပြောရမလဲ မသိတော့ပေ။ ဒါပေမယ် ဒါပဲ အဆင်ပြေသည်။ ဝမ်ချင်းက စကားကို ပါးစပ်ကပဲ ပြောတတ်သူ မဟုတ်ပေ။ တခြားသူများကို လျှင်မြန်စွာ ပွေ့ဖက်ပြီး ပြောတတ်သေးသည်။

"ကြယ် ၂ ပွင့် မြတ်ဆရာ စာမေးပွဲ နောက်နှစ်မှ စောင့်ဖြေလည်း ငါ့အတွက်က ကိစ္စမရှိဘူး။

တပြည့်တွေအတွက် စိတ်မကောင်း ဖြစ်လွန်းလို့ပါ။ ဒါကြောင့် ဆက်ဖြေဖြစ်တာ”

ဝမ်ချင်းက သက်ပြင်းချရင်း ပြောလိုက်သည်။

“ဟုတ်တယ်”

ဒီအချက်နဲ့ ပက်သက်ပြီး ဆွန်းမို တော်တော်လေး သဘောတူသည်။ ဆရာတစ်ယောက်အနေနဲ့ တပြည့်တွေ စိတ်ပျက်သွားလို့ မဖြစ်ပါ။ သူတို့ကို အမြဲတမ်း အကောင်းဆုံးပေးရမည်။

“ဘယ် ဘာသာရပ်နှစ်ခုကို ရွေးခဲ့တာလဲ”

သူတို့နှစ်ယောက် ကွင်းထဲသို့ ရောက်လာလျှင် ခပ်လှမ်းလှမ်းက ကြေငြာဘုတ်ကို မြင်နေရသည်။ ဝမ်ချင်း လမ်းလျှောက်ရင်း သာမန်ကာလျှံကာ မေးလိုက်သည်။

"ဝိညာဉ်တက်တူးနဲ့ ဝိညာဉ်ထိန်းချုပ်ခြင်း"

စာရွက်ကပ်နေတာ ဆွန်းမိုမြင်နေရသည်။

"ငါကတော့ ရုက္ခဗေဒနဲ့ အင်ဂျင်နီယာဘာသာရပ် ရွေးခဲ့တယ်။ အနည်းဆုံးတော့ ငါရွေးထားတဲ့ ဘာသာရပ်တွေမှာ ပါရမီရှင်တွေ မရှိဘူး။ မင်းနဲ့မတူဘူး။ ဝိညာဉ်တက်တူး ဘာသာရပ်မှာ

ဆွန်းမိုရှိတယ်။ အဲဒီကောင် အမှတ်ပြည့်ထပ်ရမယ် ထင်တာပဲ”

“.......”

ဆွန်းမို တစ်ယောက် ပါးစပ်ပိတ်နေရုံသာ ရှိတော့သည်။

“ထားလိုက်ပါတော့။ အနေ့းနဲ့ အမြန် ရင်ဆိုင်ရမှာပဲ။ အောင်စာရင်း ကြည့်ရုံပဲ မဟုတ်လား။ ဒီအဖေ မကြောက်ဘူးကွ”

ဝမ်ချင်းက တိုးတိုးလေးရေရွတ်ပြီး ရုတ်တရုတ် ပြေးထွက်သွားသည်။ မီတာ ဆယ်နဲ့ချီ ပြေးထွက်သွားပြီးမှ ရုတ်တရုတ် ရပ်လိုက်သည်။

“ဝိညာဉ်တက်တူး ကြောပြောဘုတ်အောက်မှာ ငါ့ကိုစောင့်နေ။ မင်းကို တွေ့ဖို့ ပြန်လာခဲ့မယ်”

မအောင်နိုင်ဘူး ထင်ပေမယ့် သူငယ်ချင်း အသစ်တစ်ယောက် ရတာလည်း မဆိုးပါ။ ဝမ်ချင်း ခြေကျင်းဝတ်လည်ပြီး လမ်းဘေးမှာထိုင်နေတဲ့ ဆယ်မိနစ်အတောအတွင်း လူအများကြီး ဖြတ်သန်းသွားလာခဲ့ကြသည်။ ဒါပေမယ့်လည်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့ဘက်မှစပြီး ကူညီလာတဲ့လူက ဆွန်းမို တစ်ယောက်ထဲသာ ရှိသည်။ ဝမ်ချင်းက ဒီလိုလူနဲ့ သူငယ်ချင်း မဖွဲ့မိရင် တစ်သက်လုံး နောင်တရနေလိမ့်မည်။

(အား၊ နာမည်မေးဖို့ မေ့သွားတယ်။ သူက ငါ့ရဲ့အခင်ဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်နေပြီ)

....

ဆွန်းမိုအတွက် ဝိညာဉ်တက်တူးဘာသာရပ်မှာ အရမ်းမြင့်မားတဲ့ အမှတ်ရမှာ ကျိန်းသေနေသည်။

ဒါကြောင့် ဝိညာဉ်ထိန်းချုပ်ခြင်းဘာသာရပ်ကို အရင်ဆုံး ကြည့်ဖို့ရွေးချယ်လိုက်သည်။

"ဆရာ ၊ မင်းက တတိယ နေရာမှာပဲ။ အရမ်းတော်တယ်"

ဟွာဂျီမူက ဝမ်းသာအားရ အော်လိုက်သဖြင့် လူတွေရဲ့အာရုံကို ဖမ်းစားသွားသည်။

အရပ်ရှည်လို့ ပိန်ပိန်ပါးပါးပုံစံ ဖြစ်နေတဲ့ ဟန်ဇီက ပြန်မဖြေပေ။ အပေါ်က နာမည်နှစ်ခုကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေသည်။

ဆွန်းမို အမှတ်ပြည့်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရှမ် အမှတ်ပြည့်။

ဟာန်ဇီ - ၉၆ မှတ်။

လေးမှတ်သာ ကွာခြားချက် ရှိသော်လည်း သူမနဲ့ အမှတ်အများဆုံး ရတဲ့လူတွေသည် လေးမှတ်လောက်ပဲ ကွာခြားနေတာ မဟုတ်ဘဲ အရေးပါမှု တော်တော်လေးကွာခြားနေမှန်း သူမ သိနေသည်။

နှစ်ယောက်စလုံး အမှတ်ပြည့်ရတယ်ဆိုတာ သိထားရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"အမှတ်ပြည့် ရတဲ့လူ နှစ်ယောက်လား။ ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ"

"ဟုတ်တယ်။ ဒီနှစ်စာမေးပွဲ အကြောင်းအရာကို မဟာသခင် မိုနိုင်က သတ်မှတ်ပေးထားတယ်လို့ ကြားတာပဲ။ အရမ်းခက်ပြီး ဖြေဆိုသူ တစ်ဝက်ကျော်လောက် တန်းအထုတ်ခံလိုက်ရတယ်"

"ကျွတ်ကျွတ်၊ ဒီလောက် အရမ်းခက်နေတာတောင် အမှတ်အပြည့် ရတယ်ဆိုတော့ သူတို့က လူသားရော ဟုတ်ရဲ့လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအုပ်ကြီးထဲတွင် ဖြေဆိုသူ အချင်းချင်း တီးတိုး ဆွေးနွေးနေကြသည်။ လက်လှမ်းမမီတဲ့ပစ်မှတ် တစ်ခုအလား တချို့က မနာလိုဖြစ်နေကြပြီး တချို့က စိတ်ပျက်နေကြသည်။

ဒါက သူတို့နဲ့ လေ့လာရေး နတ်ဘုရားတွေကြားက ကွာခြားချက်ကို ပထမဆုံးအကြိမ် သတိထားလိုက်မိကြသည်။ သူတို့ကြားမှ အကွာအဝေးက ညဘက် စာကျက်ရင်း ဖယောင်းတိုင် တိုက်မိပြီး မီးလောင်သွားတာမျိုး မဟုတ်ပါ။ (မတော်တဆ ဖြစ်သွားတာ မဟုတ်ပါ)

"ဆရာ"

ဟွာဂျီမူသည် ဟန်ဇီ စိတ်ဓါတ်ကျနေတာကို သတိထားလိုက်မိသည်။ ဒါပေမယ့် ဆွန်းမို ပထမနေရာမှာ ရှိနေတဲ့အချက်က အံ့အောဆုံး ဖြစ်နေသည်။ (ဒီလူက အဲဒီနေ့တုန်းက ငါ့ကို လမ်းညွှန်ပေးခဲ့တဲ့ ဆရာ ဖြစ်နိုင်တယ်၊ မဟုတ်လား။ သူက သန်မာလှချည်လား)

အမှတ်အပြည့် ရတဲ့လူ နှစ်ယောက်ရှိပေမယ့် ဆွန်းမို နာမည်က ထိပ်ဆုံးမှာ ရပ်တည်နေသည်။

သူ့ရဲ့အဖြေလွှာက ဒီစာမေးပွဲမှာ အကောင်းဆိုတာ သံသယ ရှိစရာ မလိုပါ။

အခန်း(၅၄၅) - မြတ်ဆရာ တိုက်ပွဲမှာ နောက်တစ်ကြိမ် တွေ့မယ်။

ဟာန်ဇီရဲ့ရလဒ်က အရမ်းကောင်းပြီး လူတွေကို နှိပ်စက်ရလောက်အောင် ကောင်းသည်။ ဒါပေမယ့် အမှတ်ပြည့်တဲ့ နှစ်ယောက် ရှိနေသဖြင့် ချက်ခြင်းဆိုသလို အရေးမပါတဲ့လူ ဖြစ်လာသည်။

ဒုတိယနေရာမှာရှိတဲ့ ပိုင်ရှမ်တောင် ဆွန်းမို တောက်ပဖို့အတွက် အနင်းခံ ဖြစ်လာခဲ့သည်။

သူတို့နှစ်ယောက်စလုံး အမှတ်ပြည့်ရနေပေမယ့် အောင်စာရင်း စာရွက်ပေါ်မှာ နေရာချထားမှု အပိုင်းကြောင့် စာစစ်သူတွေက ဘယ်လောက် အထင်ကြီးနေသလဲဆိုတာ တွေးကြည့်လို့ရသည်။

သူတို့ အမှတ်အပြည့်ရတာခြင်း တူပေမယ့် ဆွန်းမိုက ပိုင်ရှမ်ထက် အနည်းငယ် သာလွန်သည်။ ဆွန်းမိုအဖြေတွေက ပိုသေသပ်လို့လား ဒါမှမဟုတ် စောစောပြီး ပြီး အဖြေလွှာ ကြိုအပ်လို့လား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် လူအုပ်အပြင်ကနေ အောင်စာရင်း ရလဒ်ကို ကြည့်ပြီး ကျေနပ်နေစွာ ပြုံးနေသည်။

ဝိညာဉ်သားရဲထိန်းချုပ်ခြင်း မဟာအဆင့်က အမှန်တကယ် ထိရောက်တာပဲ။

ဒီအဖြစ်အပျက်မှာ စနစ်ရဲ့ မူလဇစ်မြစ်က အတိအကျဆို ဘာလဲ။ အသိပညာတွေကို လူတစ်ယောက်ရဲ့ခေါင်းထဲ တိုက်ရိုက်ထည့်ပေးခြင်းက မှော်မဆန်လွန်း ဘူးလား။

“ဆွန်းမို မင်းက အတွေ့အကြုံ အားနည်းလို့ အလွယ်တကူ အံ့အောနေတာပဲ”

စနစ်က လှောင်ပြောင်နေသည်။

“မင်း ဘာပြောချင်တာလဲ”

ဆွန်းမို မျက်မှောင်ကြုတ်နေပြီး။ သူ့ရဲ့ လေသံထဲမှာလည်း အနည်းငယ် ရှုတ်ချမှုတွေကို ကြားနေရသည်။ ဖြစ်တည်မှု သေးသေးလေးနဲ့ ပုရွက်ဆိတ်တစ်ကောင်က မြင့်မြတ်တဲ့ နတ်ဘုရားတစ်ပါးအလား ဟန်ဆောင်နေသလို ဖြစ်နေသည်။

"စာအုပ်တွေ အလွတ်ကျက်ပြီး အတန်းကသင်ယူရုံနဲ့ အသိပညာတွေ ရရှိလာမယ်လို့ ဘယ်သူပြောတာလဲ"

စနစ်က ပြန်မေးသည်။

"ဒါကြောင့်လဲ ဒီကမ္ဘာက လူတွေ အသိပညာမဲ့ပြီး အတွေ့အကြုံ မရှိကြတာ။ ဖြစ်တည်မှု မတူတဲ့ ဂြိုလ်တစ်ခုစီတိုင်းမှာ မတူညီတဲ့ နည်းလမ်းတွေနဲ့ အသိပညာတွေကို လက်ဆင့်ကမ်းကြတယ်။ ဥပမာ - အလယ်ကမ္ဘာမှာ ပြည်နယ်ကိုးခုက လူတွေကို တကယ်ပဲ နှလုံးသား အောက်ခြေကနေ

အထင်သေးနေတာ မဟုတ်လား။ အမှန်တကယ်လည်း ဒီနေရာမှာ ကွန်ပျူတာ မရှိ၊ ဖုန်း မရှိ၊ လေယာဉ် မရှိ သလို အမြော်ကြက်တွေလည်း မရှိဘူး။ သူတို့ရဲ့ တိုင်းပြည်ကို အမှိုက်တွေလို့ မင်းထင်နေတယ် မဟုတ်လား။ ဒါပေမယ့် သူတို့မှာ တမူထူးခြားတဲ့ ဝိညာဉ်ချီ ကျင့်ကြံခြင်းတွေ ရှိတယ်”

ဒီအခွင့်အရေးကိုယူပြီး စနစ်က ဆွန်းမိုရဲ့ လောကအမြင်ကို တည့်ပေးသည်။

"အခုတော့ မင်းက မြတ်ဆရာတစ်ယောက် ဖြစ်နေပြီ၊ 'ဉာဏ်အလင်းပေးမှု' ဖြစ်စဉ်တွေ ကြားဖူးတယ် မဟုတ်လား"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။ ဒါက ထိပ်တန်း မြတ်ဆရာများ၏ မြတ်ဆရာအရှိန်အဝါ တစ်ခု ဖြစ်သည်။ သက်ရောက်မှုကလည်း စိတ်ဝိညာဉ် ပုံသွင်းခြင်းနှင့် ဆင်တူသည်။ အဆင့်မြင့်မြတ်ဆရာတွေက သူတို့တပြည့်တွေ စိတ်ထဲသို့ အသိပညာများ ချက်ခြင်း ထည့်သွင်းနိုင်ပြီး

အကြောင်းအရာများကို ချက်ခြင်း တတ်မြောက်သွားစေနိုင်သည်။

ဒါက အကြွင်းမဲ့ သင်ကြားခြင်းနည်းလမ်းထဲက အကောင်းဆုံးတစ်ခု ဖြစ်သည်။

"သင်ယူခြင်းလိုမျိုး လမ်းကြောင်းနဲ့ လုပ်ငန်းစဉ်တွေကို လျစ်လျူရှုပြီး အခြေအနေအလိုက် ထက်မြက်စွာ အသုံးပြုနိုင်ရန် အသိပညာတွေ ဆုပ်ကိုင်နိုင်စေမယ့် အန္တိမပန်းတိုင် တစ်ခုပဲ"

စနစ်က ဖျောင်းဖျလိုက်သည်။

“ဖြတ်လမ်းတွေကြောင့် မင်းအောင်မြင်လာတယ်လို့ မခံစားပါနဲ့။ ကိုယ့်ကိုယ်ကို အရမ်းကြီး အထင်မသေးပါနဲ့။ တစ်ယောက်ယောက်က စွမ်းရည် စာအုပ်တွေကို သင်ယူနိုင်ရင်တောင် မင်းလို လက်တွေ့ကျကျ အသုံးချပြီး ဖန်တီးနိုင်မှာ မဟုတ်ဘူး။ မင်းက တကယ် အထင်ကြီးဖို့ ကောင်းတယ်”

ဒီနေရာအထိ စကားပြောလာပြီးမှ စနစ်က သက်ပြင်းချလိုက်သည်။ ဆွန်းမိုရဲ့ အရည်အချင်းက

အရင်ရှိခဲ့တဲ့ ပိုင်ရှင်တွေ အားလုံးထဲမှာမှ ထိပ်ဆုံးငါးနေရာတွင် ရှိသည်။

"ဘာဖြစ်လို့ ငါ့ကို ရုတ်တရက် ချီးကျူးနေတာလဲ။ ဒါက သိပ်အသုံးမဝင်သလိုပဲနော်"

ဆွန်းမိုက ဗရုတ်ကျလိုက်သည်။

"ကောင်းတယ်။ လူတစ်ယောက်ကို ကျန်းကျန်းမာမာ ကြီးပြင်းလာစေချင်ရင် ဦးစီးဦးဆောင် လုပ်ပေးရသလို အခါအားလျော်စွာလည်း ချီးကျူးပြီး နှစ်သိမ့်ပေးရတယ်"

စနစ်က ရှင်းပြသည်။

ဆွန်းမို မျက်နှာ မည်းလာပြီး

“ငါ့ကို ဘာကြံနေတာလဲ”

တောက်ပတဲ့ နေရောင်က သူ့အပေါ် ဖြာကျနေသဖြင့် နွေးထွေးနေသည်။

ဆွန်းမိုတစ်ယောက် အတွေးထဲ နစ်မြောနေသည်။

ပညာတတ် တစ်ယောက်အနေနဲ့ ဆွန်းမိုက သူ့တပြည့်တွေ တိုးတက်လာအောင် ဘယ်လို ကူညီရင် ကောင်းမလဲဆိုပြီး စဉ်းစားနေခဲ့သည်။ ကျောင်းသားတစ်ယောက်ရဲ့အစောပိုင်း ပညာရေးကို

ဖယ်ထားလိုက်အုံး အခြေခံအဆင့်ကနေ တက္ကသိုလ်ရောက်ပြီး ဘွဲ့ရတဲ့အထိ ၁၆နှစ်လောက် ပညာသင်ကြားရတယ်ဆိုတာ သိထားရမည်။

ဒီကာလအတွင်းမှာ ဘွဲ့ကြိုကျောင်းသားများသည် ငယ်စဉ်ကတည်းကနေ အခုအချိန်အထိ တက်မြောက်ခဲ့တဲ့ ပညာများသည် အခြေခံအားဖြင့်တော့ အသုံးမဝင်သေးပါ။ သူတို့က အဆင့်ပိုကောင်းပြီး ပိုကောင်းတဲ့ အလုပ်ရဖို့ပဲ စဉ်းစားထားကြသည်။

ဘွဲ့ကြိုကာလပြီးရင်လည်း မဟာတန်းနှင့် PhD အတန်းတွေ ရှိသေးသည်။ PhD တန်းအောင်မြင်ပြီးမှပဲ နယ်ပယ်တစ်ခုတွင် ကိုယ်တိုင် လုပ်ကိုင်နိုင်ပြီလို့ ယူဆရမည်။

ဆေးကျောင်းသားတွေ၊ လေကြောင်း၊ အီလက်ထရွန်းနစ်ဘာသာရပ်တွေ....... PhD အခြေခံမရှိလျှင် သူ့ရဲ့ ဖြန့်ဝေမှုက အရေးမပါလှပေ။ ဒီအသိပညာ အားလုံးကို သင်ယူပြီးတဲ့အချိန်တွင် လူငယ်ရဲ့ ရွှေရောင်ကာလ အနှစ် ၃၀ ကုန်ဆုံးသွားလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နိုင်ငံတွေ မပြောနဲ့ ကုမ္ပဏီကြီးတွေတောင် လူသားတွေက အရေးအကြီးဆုံး အရင်းအမြစ်ဆိုတာ သိကြသည်။ ဒါပေမယ့်လည်း ပါရမီရှင်တစ်ယောက်ကို ပြုစုပျိုးထောင်ဖို့ လိုအပ်တဲ့အချိန်သည် ကြာရှည်လွန်းသည်။

တစ်ခါတစ်လေ ဆွန်းမို အရမ်းအံ့အောမိသည်။ ကျောင်းသားတွေ အကြာကြီး လေ့လာသင်ယူခဲ့ကြသော်လည်း နောက်ဆုံးတွင် သူတို့ အသက်မွေးကြောင်းနဲ့ ဘဝတွေအတွက် ဘယ်လိုမှ မသက်ဆိုင်တာလဲ ရှိသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုကို ပြန်ကြည့်လိုက်ရင်လည်း မြတ်ဆရာတွေက ဘာဖြစ်လို့ အရမ်းအရေးကြီးတာလဲ။

မြတ်ဆရာတွေက သင်ယူခြင်းလမ်းကြောင်းပေါ်က သွေဖယ်သွားခြင်း မဖြစ်အောင် ကူညီပေးနိုင်သဖြင့် ကျောင်းသားတွေကို လျှင်မြန်စွာ ရင့်ကျက်လာစေနိုင်သည်။

ဒါ့အပြင် ဒီအသိပညာတွေက အသုံးဝင်လွန်းသည်။ အနည်းဆုံးတော့ သူတို့ မိသားစု မြင့်တက်လာဖို့အတွက် ပြဿနာ မရှိပေ။

“စိတ်ဝိညာဉ် ပုံသွင်းခြင်းက ကောင်းမွန်တဲ့ စွမ်းရည် တစ်ခုပဲ။ ဒါပေမယ့် ငါအသုံးပြုတာ ရှားရှားပါးပါးပဲ”

ဆွန်းမိုက သူ့အပြုအမူကို တစိမ့်စိမ့် ပြန်စဉ်စား သုံးသပ်နေသည်။။ ဒါက မကြာမကြာ အသုံးပြုနေရင်လည်း ကျောင်းသားတွေ ပျင်းရိတဲ့စိတ် ရှိလာမှာလည်း စိုးရိမ်နေခဲ့သည်။ ဒါကြောင့် ဒီမြတ်ဆရာအရှိန်အဝါကို အသုံးပြုခဲ့သည်။

လူအုပ်ကြီးက ရုတ်တရုတ် ရုတ်ရုတ်သဲသဲ ဖြစ်လာသဖြင့် ဆွန်းမို အနှောက်အယှက်

ဖြစ်သွားသည်။ ခေါင်းမော့ကြည့်လိုက်လျှင် ပိုင်ရွှမ် ရောက်နေတာ မြင်လိုက်ရသည်။ အချိန်တိုင်း သူမ အမူအရာက အေးစက်နေပြီး ဘာမှမထူးခြားပေ။

သူမဘေးမှာတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ မတ်တပ်ရပ်နေတဲ့ လူငယ်လေးတစ်ယောက် ရှိသည်။ သူ့ပုံစံက နူးညံ့သိမ်မွေ့ပြီး ဆင်ခြင်မပေး၊ မငြင်းခုန်ဘဲ လိုက်လျောညီထွေ ဖြစ်နိုင်တဲ့ ပုံမျိုး ရှိသည်။

ပိုင်ရွှမ်ရဲ့ တိုက်ရိုက်တပြည့် မြှောင်ဝေ ပါ။

အောင်စာရင်းကို မြင်ပြီးနောက် မြှောင်ဝေရဲ့ အပြုံးက ပိုကြီးလာသည်။

“ဆရာ၊ မင်း အမှတ်ပြည့် ရတယ်”

ပိုင်ရှမ်က ဘာမှမပြောပေ။ ဆွန်းမို နာမည်ကို စိုက်ကြည့်ရင်း အကြည့်တွေက အေးစက်လာသည်။

“ဆရာ၊ သွားရအောင် ပန်းပဲဘာသာရပ် အောင်စာရင်း သွားကြည့်ကြမယ်”

မြှောင်ဝေက အကြံပြုသည်။

ပိုင်ရှမ် မလှုပ်ပါ။ ဒီရလဒ်ကို ခန့်မှန်းပြီးသား ဖြစ်ပေမယ့် ကိုယ်တိုင် မြင်လိုက်ရတဲ့အချိန်မှာ တော်တော်လေး မကျေမနပ် ဖြစ်နေသေးသည်။

မျှော်လင့်ထားတဲ့အတိုင်းပဲ ဆွန်းမိုက သူမကို ဖိနှိပ်ထားသေးသည်။

“ဆရာ”

မြှောင်ဝေက ပိုင်ရွှမ် စိတ်ထဲက မကျေနပ်မှုများ လျှော့ပါးသွားအောင် အစွမ်ကုန် ပြုံးနေခဲ့သည်။

“ငါ့ကို ဘယ်ဝိုက်ပြီး နှစ်သိမ့်ပေးစရာ မလိုဘူး။ ဘာအမှတ်ပြည့်လဲ။ ဒုတိယက ဒုတိယပဲ”

ပိုင်ရွှမ်က ကျန်တဲ့ ဖြေဆိုသူတွေရဲ့ အကြည့်တွေကို ဂရုမစိုက်ဘဲ ပြောချပစ်လိုက်သည်။ အဲဒီအစား

ဆွန်းမိုကို လှည့်ကြည့်လိုက်ပြီး 'ဒီတစ်ကြိမ် ငါရှုံးတယ်' လို့ ပြောလိုက်သည်။

ရှစ်

လူတွေအားလုံး ပိုင်ရှမ် အကြည့်နောက်သို့ လိုက်ကြည့်လိုက်လျှင် ဆွန်းမိုကို တွေ့လိုက်ရသည်။

"ဒါက ဘယ်သူလဲ"

"တစ်မဲဆွန်းတောင် မသိဘူးလား။ မင်းက မြတ်ဆရာလောကထဲက လူရော ဟုတ်ရဲ့လား"

"အိုး၊ ဒါဆို ဆွန်းမိုပေါ့၊ တော်တော်ချောတာပဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပိုင်ရှမ်က ကောင်းကင်ပေါ်တက်ခြင်း အကာယ်ဒမီက ဖြစ်ပြီး ထိပ်တန်းဘွဲ့ရလည်း ဖြစ်သေးသည်။ ပြီးတော့ သူမက တော်တော်လေး လှသည်။ ဒါကြောင့်လည်း အရမ်းကျော်ကြားသည်။

ဆွန်းမိုကတော့ လျှင်မြန်စွာ ကျော်ကြားလာခဲ့သည်။ လူတော်တော်များများ သူ့နာမည်ကို သိကြပေမယ့် လူအနည်းငယ်ကပဲ သူ့ကို မြင်ဖူးသည်။

အခုတော့ ပိုင်ရှမ်က ဆွန်းမိုထက် နိမ့်ကျတယ်လို့ လူသိရှင်ကြား ဝန်ခံလာခဲ့ပြီ။

"ဆရာ"

မြှောင်ဝေ မချိပြုံး ပြုံးနေသည်။ သူ့ဆရာရဲ့ အီးကျူက တကယ် မယုံနိုင်စရာပဲ။ (ဘာဖြစ်လို့ လူရှေ့သူရှေ့မှာ ဒီလိုစကားမျိုး ပြောတာလဲ။ ဆွန်းမို ကျော်ကြားလာအောင် အလကား ကူညီနေသလို ဖြစ်နေပြီ)

ပိုင်ရှမ်က တော်တော်လေး တဲ့တိုးဆန်ပြီး ကျန်တဲ့လူတွေရဲ့ အမြင်ကို ဂရုမစိုက်ပါ။ သူမက ဆွန်းမိုကို ကြည့်ပြီး

"မြတ်ဆရာ တိုက်ပွဲမှာ မင်းနဲ့ပြန်တွေ့မယ်"

ရှူး

ဒီစကားကို ကြားလိုက်လျှင် ပရိတ်သတ်(ကိုစပ်စု၊ မစပ်စု)တွေအံ့အောပြီး အာမေဒိတ်အသံတွေ ထွက်ပေါ်လာသည်။ အားလုံးက ဆွန်းမိုကို မနာလိုစွာ ကြည့်နေကြပြီး ထိတ်လန့် အံ့အောနေသည်။

ပိုင်ရှမ်က တစ်ယောက်ယောက်ကို တိုက်ရိုက် စိန်ခေါ်ခဲ့လျှင် အရင်က လူမသိသူမသိ ဖြစ်နေရင်တောင် အခုအချိန်မှာ သေချာပေါက် ကျော်ကြားလာလိမ့်မည်။ ဒါပေမယ့် ပိုင်ရှမ်က ဆွန်းမိုကို နည်းနည်းလေး အထင်မကြီးလွန်းဘူးလား။

ဖိုင်နယ်မှာ ဆွန်းမိုနဲ့ တွေ့ချင်နေတာလား။

ပိုင်ရှမ် ခွန်အားအရ သေချာပေါက် ဖိုင်နယ်ကို ရောက်လိမ့်မည်။ ဆွန်းမိုကတော့ ပြီခဲ့တဲ့ တစ်နှစ်ကမှ ဘွဲ့ရခဲ့သည်။ သူက ဘာအရည်အချင်းကို အားကိုးမှာလဲ။

မြှောင်ဝေသည် သူ့ဆရာ စကားကို ကြားပြီးနောက် မျက်မှောင်ကြုတ်ပြီး ဆွန်းမိုကို ကြည့်နေသည်။ ဒီကောင် တကယ် သန်မာတာလား။

“ငါလို..... ငါ့ကိုတောင် စကားပြောခွင့် မပေးတော့ဘူးလား”

ပိုင်ရှမ် ပြောချင်တာ ပြောပြီး ထွက်သွားတာမြင်လိုက်လျှင် ဆွန်းမို ဆွံ့အနေသည်။ ဒါပေမယ့် စနစ်ဆီက အကြောင်းကြားချက် ထွက်လာသဖြင့် ငြင်းခုန်ဖို့ အချိန် မရလိုက်ပါ။

ဒင်

“တာဝန် ထုတ်ပြန်တယ်။ ပိုင်ရှမ်ကို မြွတ်ဆရာတိုက်ပွဲမှာ အနိုင်ယူပါ။ ဆုလဒ် - ရွှေရောင် ရတနာ သေတ္တာတစ်လုံး”

ဆွန်းမို မဲ့ရွဲ့သွားသည်။ ဆုပိုကောင်းလေ၊ တာဝန်က ပိုခက်လေ ဖြစ်သည်။ အခုဆုက ရွှေရောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရတနာသေတ္တာ ဖြစ်နေသဖြင့် ဒီတာဝန်က မလွယ်လောက်ပေ။

ဟွာဂျီမူသည် လူအုပ်ထဲကနေ ပိုင်ရှမ်က ဆွန်းမိုအား စိန်ခေါ်နေတာ မြင်လိုက်ပြီး အရမ်းအံ့အောနေသည်။ သူ့ကို ကူညီပေးခဲ့တဲ့လူက ဆွန်းမိုပါ။ ဒါ့အပြင် အခုကိစ္စတွေကို ကြည့်ရလည်း ဆွန်းမိုက အထင်ကြီးဖို့ ကောင်းတဲ့ ပုံဖြစ်နေသည်။

(ခဏလေး။ သူ့ကို သွားနှုတ်ဆက်လိုက် ရမလား)

ဟွာဂျီမူ ဝေခွဲမရ ဖြစ်နေသည်။ သူသာ သွားနှုတ်ဆက်လိုက်လျှင် ဆွန်းမိုက သူ့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဆင့်တက်အောင် လုပ်ပေးခဲ့တဲ့အကြောင်း သူ့ဆရာမ သိသွားလိမ့်မည်။

(ဒါဆိုရင် ပါရမီရှင်တစ်ယောက်ဆိုတဲ့ ငါ့ပုံရိပ်ကို ဘယ်လို ထိန်းသိမ်းနိုင်မှာလဲ)

(ဆရာမ အရမ်းစိတ်ပျက်သွားမှာ သေချာတယ် မဟုတ်လား)

ဟွာဂျီမူ တွေဝေနေတုန်းမှာ အကြည့်ခြင်း ဆုံသွားသည်။

“အမ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဟွာဂျီမူ အရမ်းရှက်သွားသည်။ သူ ဘယ်လို တုန့်ပြန်မရလဲ မသိ ဖြစ်နေတဲ့အချိန်တွင် ဆွန်းမိုက ပြုံးပြီး ထွက်သွားသည်။ အဲဒီအချိန်ရောက်မှပဲ သက်ပြင်း ချနိုင်တော့သည်။

(ဆရာဆွန်းက အရမ်းနားလည် ပေးတတ်တာပဲ)

ဒင်

ဟွာဂျီမူ၏ လေးစားအထင်ကြီးမှု +၂၀၊ ရင်းနှီး (၁၂၀/၁,၀၀၀)

"မင်းဘာဖြစ်နေတာလဲ"

ဟန်ဇီက မျက်မှောင်ကြုတ်ပြီး မေးလာသည်။

"အမ်....ဘာမှမဟုတ်ပါဘူး"

ဟွာဂျီမူ ကမန်းကတန်း ဖြေရှင်းသည်။

" ပိုင်ရှမ်ရဲ့တပြည့် မြောင်ဝေကို ကြည့်လိုက်၊ သူ့ကို အနိုင်ယူနိုင်မယ်လို့ ယုံကြည်ချက် ရှိလား"

ဟန်ဇီက မေးလိုက်သည်။

ဟွာဂျီမူက သူ့ရင်ဘက်ကို ပုတ်လိုက်ပြီး

"ဆ...ဆရာဆွန်း တပြည့်တွေ အပါအဝင် အားလုံးကို သေချာပေါက် အနိုင်ယူနိုင်တယ်"

"အရမ်း ကောင်းတယ်"

ဟန်ဇီက ဆွန်းမိုကို ကြည့်လိုက်သည်။ ထို့နောက် လက်သီးတင်းတင်း ဆုပ်ထားပြီး ပိုင်ရှမ်ကို ကြည့်လိုက်သည်။ (မင်းတို့တွေက ပါရမီရှင်လား။ ဒါမှမဟုတ် ထိပ်တန်းကျောင်းက ထိပ်တန်း ဘွဲ့ရတွေလား။ ငါဂရုမစိုက်ဘူး။ ဘာလိုပဲဖြစ်ဖြစ် ဒီစာမေးပွဲပြီးသွားရင် ငါ ဟန်ဇီက အသန်မာဆုံးဆိုတာ ကမ္ဘာကြီးကို အသိပေးလိုက်မယ်)

ဟွာဂျီမူသည် ဒီစကား ပြောလိုက်ပြီးနောက် ဆွန်းမိုကို စိတ်ထဲကနေ တောင်းပန်လိုက်သည်။(

မင်းတပြည့်တွေနဲ့တွေ့ရင် ညှာမှာ မဟုတ်ဘူး။ မင်းရဲ့ ကြွင်နာမှုကို တခြားနည်းနဲ့ ပြန်ဆပ်ပါ့မယ်)

....

“ငါ တကယ်အောင်သွားတာလား”

ဝမ်ချင်းသည် ရယ်စရာပုံစံနဲ့ ပြုံးနေသည်။ ထို့နောက် ဝိညာဉ်တက်တူး ကြေငြာဘုတ်ဆီ လျှောက်လာသည်။ သူ့အောင်စာရင်းရလဒ်က သူမျှော်လင့်ထားတာထက် အများကြီး ပိုကောင်းနေသည်။ ဘယ်လိုတောင်

ကံကောင်းနေသလဲဆို.....................ဒါပေမယ့် အဲဒီနောက်မှာတော့ မျက်မှောင်ကြုတ်သွားသည်။

"ဒီကောင် ဘယ်လိုနေလဲ သိချင်လာပြီ။ သူကျသွားတာလား။ တကယ်လို့ သူကျသွားရင် ငါဘယ်လို နှစ်သိမ့်ပေးရင် ကောင်းမလဲ"

အစောပိုင်းတုန်းက ဆွန်းမိုကို သူ့အတွက် စိတ်ပူပြီး ခြေကျင်းဝတ်ကို နှိပ်ပေးတဲ့အကြောင်းတွေးရင်း ဆွန်းမိုက သူ့အတွက် ထာဝရ သူငယ်ချင်းတစ်ယောက်လို့ တွေးလိုက်မိသည်။

ထိုနေရာသို့ လျှောက်သွားလျှင် ဖြေဆိုသူတွေ ပိုများလာသည်။ ဇယား အပြင်ရောက်အောင် ထူးချွန်နေတဲ့လူတွေအကြောင်း ၊ ဆွေးနွေးနေတဲ့ အပြင် အကြောင်းအရာတွေကလည်း စုံလှသည်။

“ကြားပြီးပြီလား။ ဆွန်းမိုက ဘာသာရပ်နှစ်ခုစလုံး အမှတ်ပြည့် ရသွားတယ်”

“ထိပ်ထန်း ကျောင်းသားကတော့ မျှော်လင့် ထားသလိုပဲ။ ငါတို့ သူ့ကို အနိုင်မယူနိုင်ဘူး။ အနိုင်မယူနိုင်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ထိပ်တန်းကျောင်းသား ဟုတ်လား။ ဒါက လေ့လာရေး နတ်ဘုရားကွ"

ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲတွင် ဒီဘာသာရပ် နှစ်ခုစလုံးမှာ အမှတ်ပြည့် ရတဲ့လူ ခုနှစ်ယောက်ပဲ ရှိသည်။ ဒါပေမယ့်လည်း မကြာခင်ကမှ ဘွဲ့ရခဲ့တဲ့ လူများထဲတွင် ဆွန်းမို တစ်ယောက်သာ ဒီလို အောင်မြင်မှု ရခဲ့သည်။

အလားအလာအရ ပြောရလျှင် သဘာဝအားဖြင့်တော့ ဆွန်းမိုက အမြင့်ဆုံး ဖြစ်သည်။

ဘာကြောင့် ဒီလို ပြောတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဆွန်းမိုထက် အသက်ကြီးကြသည်။

“ခွေးတွေအကြောင်း ပြောတဲ့ တစ်မဲဆွန်းလား။ အခွင့်အရေးရရင် သူ့ဆီ မဖြစ်မနေ သွားလည်ရမယ်”

ပတ်ဝန်းကျင်မှာ ပျံ့နေတဲ့ ဆွေးနွေးသံတွေကို ကြားလျှင် ဝမ်ချင်းသည် ဆွန်းမိုကို ကိုယ်တိုင်ကိုယ်ကျ မြင်ချင်လာသည်။ (ဒါပေမယ့်လည်း ဆွန်းမိုလို လူမျိုးက အရမ်းမောက်မာတဲ့ လူမျိုး ဖြစ်နိုင်တယ်။ ငါတို့ သူငယ်ချင်းဖြစ်လာစရာ အကြောင်း မရှိပါဘူးလေ။ ဟူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တကက်တူး ဘာသာရပ်သည် အရမ်းပန်းစားတဲ့ ဘာသာရပ်တစ်ခုပါ။ ဒါကြောင့် ကြေပြောဘုတ်အရှေ့တွင် စုဝေးတဲ့လူတွေ အရမ်းများနေသည်။ ဒါပေမယ့် ဝမ်းချင်း မျက်လုံးပြူးသွားသည်။ အရင်တုန်းကတော့ သူ့သူငယ်ချင်းကို ရှာဖို့ တော်တော်လေး အားထုတ်ရမယ် တွေးထားခဲ့ပေမယ့် လွယ်လွယ်လေး တွေ့နိုင်မယ်လို့ မထင်ထားခဲ့ပါ။

ဆွန်းမို အနီးတစ်ဝိုက် တစ်မီတာ ပတ်လည်တွင် ဘယ်သူမှ မရှိပါ။

အခန်း(၅၄၆) - ဆရာဆွန်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်”

“ရုပ်ချောတာလည်း အကျိုးရှိတာပဲ”

ဆွန်းမိုက အဲဒီနေရာမှာပဲ ထူးခြားမနား မတ်တပ်ရပ်နေတာ မြင်လိုက်လျှင် ဝမ်းချင်း ပိုးဆိုးပက်စက် သက်ပြင်းချလိုက်သည်။ ကျန်တဲ့လူတွေရဲ့စိတ်ကို နားလည်ပေးနိုင်သည်။ သူလည်း ချောတဲ့ကောင်တွေနဲ့မယှဉ်ချင်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ပြောရင်လျှင်၊ ရလဒ် သိပ်မဆိုးပါစေနဲ့။ ဒီလိုမှမဟုတ်ရင် ဘယ်လိုနှစ်သိမ့်ပေးရမလဲတောင် မသိတော့ဘူး)

"ညီအစ်ကို၊ မင်းအောင်စာရင်း အခြေအနေ ဘယ်လိုလဲ"

ဝမ်ချင်းက ပြုံးပြီး မေးလိုက်သည်။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ ဆွန်းမိုအနားသို့ လျှောက်သွားပြီး ဆွန်းမိုပခုံးပေါ် လက်တင်လိုက်သည်။ ထို့နောက် ကြေငြာဘုတ်ကို ကြည့်လိုက်သည်။

ရှုတ်စ်

အနီးအနားမှာရှိတဲ့ ဖြေဆိုသူတွေက ချက်ခြင်း လှည့်ကြည့်လာသည်။

"ညီအစ်ကို မင်းအလင်းကို နည်းနည်းလောက် နှိမ့်ပေးလို့ မရဘူးလား။ ဟားဟားဟား၊ ငါအသက်ရှင်လာတဲ့ နှစ် ၂၀ ကျော်အတွင်းမှာ တစ်ခါမှ ဒီလောက် မတောက်ပဖူးဘူး"

ဝမ်ချင်းက အရွှန်းဖောက်လိုက်သည်။

"ဒါနဲ့ ပြောရရင် မင်းကို လိုက်ကြိုက်တဲ့ ဆရာမတွေ အများကြီးရှိမှာပဲနော်"

"မရှိဘူး"

ဆွန်းမို မဲ့သွားသည်။ အရင်ကမ္ဘာမှာတုန်းက အိမ်မရှိ၊ ကားမရှိ ဆင်းရဲသား တစ်ယောက်အနေနဲ့ ဘလိုင်းဒိတ် ဈေးကွက်မှာတောင် အမှိုက်တစ်ခုလို သဘောထားခံခဲ့ရသည်။ လူတွေက သူနဲ့ တစ်ကြိမ်တွေ့ပြီး အဆက်အသွယ် ဖျက်သွားကြသည်။

ထုံးစံအတိုင်း သူဌေးအဒေါ်ကြီးတစ်ယောက် ဆွန်းမိုကို ပိုက်ဆံ နည်းနည်းလောက် အမ်းမယ်လို့ အရိပ်အမြွက် ပြောခဲ့ဖူးသည်။ ဒါပေမယ့်လည်း ဆွန်းမိုရဲ့ကိုယ်ကျင့်တရား သမာဓိက တော်တော်လေး ခိုင်မာခဲ့သည်။ ပြီးတော့ ချမ်းသာတဲ့ အဒေါ်ကြီးရဲ့

ကောင်လေး ဖြစ်သွားမှာ တော်တော်လေး ကြောက်နေခဲ့သည်။

"အမ်"

ဝမ်ချင်းက ဘာပြောရမလဲ မသိတော့ပါ။ (မင်းကလည်း ကို့ကိုယ်ကို ယုံကြည်မှု အားနည်းလိုက်တာ။ မင်းကို ငါက ဘယ်လို ဆက်ပြောရမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် အခုလောလောဆယ် မင်းပုံစံက ဆယ်နှစ်လောက် ဖောက်ထတဲ့လူလို မွဲခြောက်ခြောက် ဖြစ်နေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မင်းအောင်စာရင်း ရလဒ်တွေက ဘယ်လိုတောင် ဆိုးနေလို့ ငါ့ကို မပြောနိုင်တာလဲ)

(မင်းနဲ့ ဘယ်လို စကားဆက်ပြောရမှာလဲ)

(အင်း၊ မင်းက ဘယ်လို ရလဒ်ပဲဖြစ်ဖြစ် ငါ့ရဲ့ထာဝရ သူငယ်ချင်းပါ။)

ဒါကို စဉ်းစားပြီးနောက် ဝမ်ချင်းက ဆွန်းမိုကို အားပေးဖို့အတွက် ပခုံးဖက်လိုက်သည်။ အဲဒီနောက်

"မင်း အောင်ရဲ့လား" လို့ ဂရုတစိုက် မေးလိုက်သည်။

"အင်း၊ အောင်တယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် ဝမ်းချင်း သက်ပြင်းချလိုက်သည်။ နှစ်ယောက်စလုံး အောင်သွားတာ ကောင်းသည်။

"မင်းရော"

ဆွန်းမိုက ပြန်မေးလိုက်သည်။

"ငါလည်း အောင်တယ်။ နောက်တစ်ဆင့် လက်တွေ့ ဟောပြောပွဲပဲ။ ငါတို့နှစ်ယောက် ကြယ်နှစ်ပွင့် မြတ်ဆရာဘွဲ့ရဖို့ ခြေတစ်လှမ်း နီးလာပြီ"

ဝမ်ချင်းက ကျေနပ်အားရစွာ ပြုံးလိုက်သည်။ ထို့နောက် ကြေငြာဘုတ်ကိုကြည့်ပြီး သက်ပြင်းမချဘဲ မနေနိုင်တော့ချေ။

“လူကိုးယောက် အမှတ်ပြည့်ရပေမယ့် ဆွန်းမိုကတော့ ထိပ်ဆုံးမှာ ရှိနေတုန်းပဲ။ သူက တကယ် အထင်ကြီးဖို့ ကောင်းတယ်”

ဒင်

ဝမ်ချင်း၏ လေးစားအထင်ကြီးမှု အမှတ်များ +၃၀၊ ရင်းနှီး(၁၁၀/၁,၀၀၀)

“မင်းအဆင့်က ဘယ်လောက်လဲ”

ဝမ်ချင်းက ဆွန်းမိုနာမည် မေးရမှာ ရှက်နေသည်။ ဆွန်းမို ကူညီခဲ့တုန်းက နာမည်မေးဖို့ မေ့သွားခဲ့သည်။ ဒါက တော်တော်လေး မိုက်မဲတဲ့ အရာတစ်ခုပါ။ ဒါကြောင့် အခုအချိန်မှာ အစွမ်းကုန်ကြိုးစားပြီး အဖက်ဆယ်ချင်နေသည်။

ဆွန်းမို မဖြေရသေးခင် လီဇီချီနှင့် လုချီဟွာတို့ ပြေးလာကြသည်။

"ဆရာ"

လီဇီချီအပြုံးက တော်တော်လေး ချိုသည်။ ထို့နောက် သူမရဲ့ အကြည့်က ဆွန်းမိုပခုံးပေါ်

လက်တင်ထားတဲ့ ဝမ်ချင်းဆီ အကဲဖြတ်ဖို့ ရောက်လာသည်။

"သူမတို့က မင်းရဲ့ တိုက်ရိုက်တပြည့်တွေလား"

ဝမ်ချင်းက မေးရင်း စိတ်ထဲက တိတ်တဆိတ်ချီးကျူးလိုက်သည်။ (သူမတို့ကအရမ်းလှသည် အထူးသဖြင့်အနောက်က တစ်ယောက်ပါ)

သူမက လူသတ်နက်လက် ဖြစ်လာနိုင်သည်။

"အင်း"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

"အခုလောလောဆယ်တော့ ငါ့မှာ အဖိုးတန် လက်ဆောင်တွေ မရှိသေးဘူး။ နောက်တစ်ကြိမ်မှပဲ လက်ဆောင် ပေးလို့ ရမလား"

ဝမ်ချင်းက ဆွန်းမိုကို လေသံ တိုးတိုးလေးနဲ့ ပြောလိုက်သည်။ သူ့လေသံက ရှက်ရွံ့မှုတွေနဲ့ ပြည့်နှက်နေသည်။

"အဲဒါ မလိုပါဘူး"

ဆွန်းမိုသည် ဝမ်ချောင်းက ဘာဖြစ်လို့ ဒီလောက်ယဉ်ကျေးနေသလဲဆိုတာ နားမလည်နိုင် ဖြစ်နေသည်။

"မလုပ်လို့ မရဘူး။ မင်းကငါ့ရဲ့ ထာဝရ သူငယ်ချင်းကောင်းပဲ"

ဝမ်ချင်း မထိန်းနိုင်တော့ပါ။

"ငါ အဲဒါကို လုပ်ရမယ်"

"ထာဝရ သူငယ်ချင်းကောင်း ဟုတ်လား"

ဆွန်းမိုက ဝမ်ချင်းကို တအံ့တအော စိုက်ကြည့်နေသည်။ (ညီအစ်ကို ၊မင်းက နည်းနည်းလေး ရယ်စရာမကောင်းလွန်းဘူးလား)

"ဆရာ၊ ငါတို့ လိုက်ကြည့်ပြီးပြီ။ ဘာသာရပ်နှစ်ခုစလုံးမှာ အမှတ်ပြည့်ရတဲ့

ခုနှစ်ယောက်ရှိတယ်။ ဒါပေမယ့် အဲဒီထဲမှာ မကြာခင်ကမှ ဘွဲ့ရထားတဲ့လူက ဆရာတစ်ယောက်ပဲ ရှိတယ်”

လုချီဟွာက ဒီသတင်းကို မအောင့်နိုင်တော့ဘဲ ကြေငြာလိုက်သည်။ စိတ်ထဲမှာလည်း ဂုဏ်ယူနေသည်။ (ငါ့ဆရာက တကယ်ကို အထူးချွန်ဆုံးပဲ)

တစ်ချိန်တည်းမှာပင် လေးစားအထင်ကြီးမှု အမှတ်အများကြီး ထောက်ပံ့ခဲ့သည်။

“အမ်”

ဝမ်ချင်း ကြောင်သွားပြီး နားရွက်ကို ကိုင်ကြည့်နေသည်။

"မင်းနား တစ်ခုခုဖြစ်နေလို့လား။ ဒီလိုဆိုရင် မြန်မြန်ကြိုးစားပြီး ကုသလိုက်"

လုချီဟွာက ကြင်နာတဲ့စိတ်နဲ့ သတိပေးလိုက်သည်။

ဝမ်ချင်းက ဆွန်းမိုကို လှည့်ကြည့်လိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ မျှော်လင့်ထားသလိုပဲ အားလုံးက ဆွန်းမိုကို အကဲခတ် နေကြသည်။ သူတို့က မနာလိုတဲ့

အကြည့်တွေ ၊ စိတ်ဝင်စားတဲ့ အကြည့်တွေနဲ့ ကြည့်နေကြသည်။ မနာလိုတဲ့အကြည့်က အများဆုံး ဖြစ်သည်။

ထို့နောက် ဝမ်ချင်းရဲ့ အကြည့်က ကြေငြာဘုတ်ဆီ ရောက်သွားသည်။

"ညီအစ်ကို၊ မင်းရဲ့ အဆင့်က ဘယ်လောက်လဲ"

(ဟီးဟီး၊ ငါက သူ့ထက် အဆင့်မြင့်နိုင်တယ် မဟုတ်လား။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ငြိမ်ကျသွားသည်။ ကို့ကိုယ်ကို မြှောက်ပြောရမှာ ရှက်နေသည်။ ဒါပေမယ့် လုချီဟွာကတော့

"ငါတို့ ဆရာက ထုံးစံအတိုင်း နံပါတ်တစ်ပဲ"

ဝမ်ချင်း ပါးစပ်တလှုပ်လှုပ် ဖြစ်နေသည်။ အထူးသဖြင့် လုချီဟွာက သူ့ကို 'ဒါက မေးစရာတောင် လိုသေးလို့လား ၊ ပထမနေရာကလွဲလို့ ဘယ်နေရာ ဖြစ်ရအုံးမှာလဲ' ဆိုတဲ့ အမူအရာနဲ့ ကြည့်နေတာ မြင်နေရတဲ့အချိန် ဖြစ်နေသည်။

"မင်းက ဆွန်းမိုလား""

ဝမ်ချင်း တံတွေး တစ်ချက်မြိုချလိုက်သည်။ လက်ချောင်းတွေလည်း ချွေးစေးတွေနဲ့ စိုရွှဲလာသည်။ ဒါ့အပြင် ဆွန်းမိုပုခုံးပေါ် တင်ထားတဲ့လက်ကိုလည်း အမှတ်တမဲ့ ပြန်ရုတ်လိုက်မိသည်။

“အင်း”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

“……”

ဝမ်ချင်းသည် နှလုံးသား အောက်ခြေကနေ ဆဲလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီမှာ လူတွေအများကြီး ရှိနေရဲ့သားနဲ့ ဘာဖြစ်လို့ မင်းအနား မကပ်ရဲတာလဲဆိုတာ နောက်ဆုံးတော့ ငါနားလည်သွားပြီ။ မင်းရုပ်ချောလို့ မဟုတ်ဘူး မင်းက ဆွန်းမို ဖြစ်နေလို့ပဲ)

ချန်အိမ်တော် အရှေ့မှာ ခွေးတစ်ကောင် အကြောင်းပြောတဲ့ ဆွန်းမို။

နတ်ဘုရားလက်ဆိုပြီး လှပတဲ့ ဂုဏ်သတင်းရှိတဲ့ ဆွန်းမို။

'တခြားလူတွေက နှစ် တစ်ရာလောက် ဖြုန်းတီးပြီး ခွေးထွက်ပိုမိုက်တယ်ဆိုပြီး ကြွေးကြော်ခဲ့တဲ့ ဆွန်းမို။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဟွန့်၊ ငါ့မှာတော့ မင်းကောင်းကောင်း မလုပ်နိုင်မှာ စိုးရိမ်ပြီး ဘယ်လို နှစ်သိမ့်ရင် ကောင်းမလဲဆိုပြီး ဦးနှောက်တွေ ဖြစ်ညှစ် စဉ်းစားနေခဲ့ရတယ်။ နောက်ဆုံးတော့ မင်းက ဘာသာရပ်နှစ်ခုလုံးမှာ အမြင့်ပြည့်ရထားပြီး အဆင့်တစ် နေရာကို သိမ်းပိုက်ထားတယ်။ မကြာခင်က ဘွဲ့ရခဲ့တဲ့ လူတွေအားလုံးထဲမှာလည်း ပထမပဲ။ တောက် ငါ့ရဲ့စိုးရိမ်မှုတွေ ပြန်ပေး)

ရှစ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝမ်ချင်းသည် ညာလက်ကို ပြန်ရုတ်ပြီး အနေရခက်နေသည်။

(ငါက တကယ်ပဲ ဆွန်းမိုပခုံးကို ဖက်ထားခဲ့တာလား။ ဘုရား ဘုရား။ အရိုက်မခံရတာ ကံကောင်းလို့)

(ပြောရကြေးဆိုရင် စောစောတုန်းက ဘာဖြစ်လို့ မင်းနာမည်ကို ထုတ်မပြောခဲ့တာလဲ။ ငါ့မျက်နှာကို ဂရုစိုက်လို့လား။ နောက်ဆုံးတော့ ငါပဲ အရှုံးဖြစ်သွားတယ်)

(သူ ငါ့ကို သနားနေတာပဲ ဖြစ်မယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါတွေးရင်း ဝမ်ချင်း စိတ်ထဲမှာ သည်းမခံနိုင်အောင် ဖြစ်လာသည်။

(မင်းကို ငါမသိဘူးကွာ။ ငါ့သူငယ်ချင်း ဖြစ်လာမယ်လို့ မထင်နဲ့)

(ငါ ဝမ်ချင်းကို သနားစရာ မလိုဘူး)

"တစ်ယောက်နဲ့ တစ်ယောက် ပြန်မိတ်ဆက်ရအောင်။ ငါက ချင်လင်မှ ဆွန်းမိုပါ"

ဆွန်းမိုက လက်ဆန့်ထုတ်ပြီး မိတ်ဆက်လိုက်သည်။

ဝမ်ချင်း အမူအရာ ပြောင်းသွားသည်။ ချက်ခြင်းဆိုသလို တောက်ပတဲ့ အပြုံးတစ်ခု ပေါ်လာပြီ ဆွန်းမိုလက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ရင်း

"တွေ့ရတာ ဝမ်းသာပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ်။ ငါက ဝမ်ချင်းပါ။ နေရာသေးသေးလေးက လာခဲ့တာ"

(ဝိုး၊ ငါက တစ်မဲဆွန်းနဲ့ လက်ဆွဲနှုတ်ဆက်လိုက်ပြီ။ ဒီသတင်းတွေသာ ပျံ့သွားရင် အနည်းဆုံး နှစ်ဝက်လောက် ကြွားနေလို့

ရတယ်။ မဟုတ်ဘူး တစ်နှစ်လောက် ကြွားနေလို့ ရတယ်)

ဒင်

ဝမ်ချင်း၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၆၀/၁,၀၀၀)

ဝမ်ချင်းသည် နာမည်ကြီးတဲ့လူတွေ ဘာဖြစ်လို့ ထူးချွန်ပြောင်မြောက်သလဲဆိုတာ နောက်ဆုံးတော့ သိသွားသည်။ ဆွန်းမိုနဲ့အတူ ရပ်နေရုံနဲ့ လူတွေ ဝိုင်းကြည့်နေကြသည်။

"မြန်မြန်ကြည့်။ အဲဒါ တစ်မဲဆွန်းပဲ"

"ဘေးကလူက ဘယ်သူလဲ"

"ငါလဲ မသိဘူး။ ဆွန်းမိုနဲ့ အတူတူ ရပ်နေမှတော့ ပါရမီရှင်ပဲ ဖြစ်လိမ့်မယ်"

ဒီလိုမျိုး စိတ်ဝင်စားတဲ့အကြည့်၊ ထိတ်လန့်နေတဲ့ အကြည့်တွေကြောင့် ဝမ်ချင်း အနည်းငယ် ယစ်မူးသွားသည်။

"ငါ့ကို ပါရမီရှင် တစ်ယောက်လို ဆက်ဆံနေတာလား"

"သူ့ပုံစံကို မှတ်ထားအုံး။ မြတ်ဆရာ ပြိုင်ပွဲမှာ သူနဲ့ဆုံရင် သတိထားရမယ်"

ပြုံင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလားတူ စကားတွေက အဆက်မပြတ် ထွက်ပေါ်နေသည်။ ဝမ်းချင်း အမူအရာ အေးခဲသွားသည်။ သူတော့ သူ့ဒုက္ခ သူရှာနေပြီ။

သူက ဆားနယ် ငါးတစ်ကောင် ၊ ငါနဲ့ တွေ့ရင် သတိထားစရာမလိုဘူး ဆိုပြီး အော်ပြောလိုက်ချင်သည်။ ဒါပေမယ့် ဆွန်းမိုက ဘေးမှာရှိနေသဖြင့် မျက်နှာလည်း မပျက်ချင်ပါ။

ဘယ်လိုတောင် ဦးနှောက်ခြောက်ဖို့ ကောင်းတာလဲ။

“တိမ်စိမ်း နတ်ဘုရား ခြေထောက်က အရှိန်အဟုန်ပေါ်မှာ မူတည်နေတယ်။ မင်းတိုက်ခိုက်တဲ့ အချိန်ကျရင် ခွန်အားရဲ့ ၇၀ ရာခိုင်နှုန်းကို သုံးပြီး ၃၀ ရာခိုင်နှုန်းက အရံအဖြစ် ချန်ထားပါ။ ဒါက အရေးကြီးလို့ မမေ့ပါနဲ့။ ပိုနည်းလို့လည်း မရဘူး။ တိကျမှုက အရေးကြီးတယ်”

အနောက်တောင်အကယ်ဒမီမှ ထွက်လာလျှင် အပေါက်ဝသို့ ရောက်တာနဲ့ ဆွန်းမိုက ရုတ်တရက် ပြောလိုက်သဖြင့် လန့်ဖြန့်သွားသည်။

“တိမ်စိမ်းနတ်ဘုရား ခြေထောက် ကျင့်စဉ် လေ့ကျင့်နေတာ မင်း ဘယ်လိုသိလာတာလဲ”

ဆွန်းမိုတောင် ပြန်ဖြေစရာမလိုဘဲ ဝမ်ချင်းက အလန့်တကြား ထအော်သည်။

“ဒါက နတ်ဘုရားလက်ရဲ့အစွမ်း ဖြစ်နေမလား။ တကယ်ကို နတ်ဘုရားအစွမ်းပဲ”

(ထိလိုက်ရုံနဲ့ တစ်ဖက်လူရဲ့ ကျင့်ကြံခြင်းအဆင့်နှင့် ကျင့်စဉ်ကို သိတယ်လို့ ကြားဖူးတယ်။ ငါ့ရဲ့ မိုးကုတ်စက်ဝိုင်းတော့ ဒီနေ့မှာ တကယ်ကျယ်ခဲ့ပြီ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တိမ်စိမ်း နတ်ဘုရားခြေထောက်က အားကောင်းပေမယ့် ဒီလောကမှာ အဲဒါတစ်ခုကိုပဲ အားကိုးပြီး ကျင်လည်ကျက်စားဖို့ မစဉ်းစားနဲ့။ မင်းအရည်အချင်းက အရမ်းကောင်းတယ်။ ဒါကြောင့် သွက်လက်တဲ့ ကျင့်စဉ်ကိုလည်း လေ့ကျင့်နိုင်တယ်)

ဆွန်းမိုက ပြောပြီးတာနဲ့ လက်ဆုပ်ကာ နှုတ်ဆက်ပြီး ထွက်သွားသည်။

ဝမ်ချင်းက လက်ကို အမြန်ဆုပ်လိုက်သည်။ ဒါပေမယ့် ဝမ်ချင်း စိတ်ရှုပ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိမ်စိမ်းနတ်ဘုရား ခြေထောက် တစ်ခုပဲ လေ့ကျင့်တာ ဆွန်းမို ဘယ်လိုသိနေတာလဲ။

သူ့ရဲ့ကိုယ်ပိုင်ဆရာက ဝါးနိုင်တာထက် ပိုမစားဖို့ တစ်ခါ ပြောဖူးသည်။ ဒါ့အပြင် တိမ်စိမ်းနတ်ဘုရား ခြေထောက်က နိမ့်ကျ ကောင်းကင်အဆင့်ကျင့်စဉ် ဖြစ်နေသဖြင့် သေချာပေါက် ကောင်းမွန်သည်။ ဒါကြောင့် ဝမ်ချင်းသည် အချိန်အကုန်လုံးကို ဒီကျင့်စဉ်အပေါ်မှာပဲ မြှုပ်နှံထားခဲ့သည်။

ဒါပေမယ့် အခုကိစ္စကို ကြည့်ခြင်းအားဖြင့် သူလျှောက်တဲ့ လမ်းကြောင်းက မှားနေပြီ။

ဒါအပြင် ဝမ်ချင်းရဲ့ အရည်အချင်း မဆိုးပါ။ သူသင်ယူခဲ့တဲ့ သင်ခန်းစာတွေကနေ အတွေ့အကြုံ ဘယ်လို ယူရမလဲဆိုတာသိတဲ့ ဥာဏ်ရည်ထက်မြက်တဲ့ လူတစ်ယောက်ပါ။ မကြာခင် နှစ်များတွင် ထစ်ဆို့မှုနဲ့ ကြုံနေရတာကို သိနေပေမယ့် လည်း ဘယ်လို ဖြစ်ကျော်ရမလဲ မသိ ဖြစ်နေသည်။ ဒါက သူ့ကိုယ်သူ ယုံကြည်ချက် အပျောက်ဆုံးနေရတဲ့ အကြောင်း အရင်း ဖြစ်နေသည်။

အခုတော့ ရုတ်တရက် သဘောပေါက်သွားသည်။ မျက်လုံးရှေ့က မြူခိုးတွေ ပျောက်သွားသလိုပဲ။

"သွက်လက်မှုကို အခြေခံတဲ့ ကျင့်စဉ်လား"

ဝမ်ချင်း စဉ်းစားနေလိုက်သည်။ ထိုနောက်ခေါင်းမော့လိုက်သည်။ ဆန်းမို ထွက်သွားတာ အချိန်တော်တော်ကြာနေပြီ ဒါပေမယ့်လည်း ဝမ်ချင်း က အဲဒီလမ်းကြောင်းကို ဦးတည်ပြီး ဦးညွှတ်လိုက်သည်။

"ဆရာဆွန်းရဲ့ လမ်းညွှန်မှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်။"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ စကား များသည် သုံးနှစ်ကျော်လောက် လမ်းမှားလျှောက်နေတဲ့ ဝမ်ချင်းကို ကယ်တင်နိုင်ခဲ့သည်။

ဒင်

ဝမ်ချင်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၂၆၀/၁,၀၀၀)

....

စနစ်ဆီက အကြောင်းကြားချက်ကို ရလိုက်လျှင် ဆွန်းမို ပြုံးလိုက်မိသည်။ ပါးနပ်တဲ့လူတွေကို လမ်းညွှန်ပေးရတာ တကယ်လွယ်သည်။ ဒါအပြင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ဖက်လူရဲ့ တန်ဖိုးကို အလွယ်တကူ နားလည်နိုင်သည်။

ဒင်

"ရေးဖြေစာမေးပွဲမှာ ပထမဆု ယူတဲ့ တာဝန်အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ရွှေရောင် ရတနာသေတ္တာ တစ်လုံး"

ဒင်

"ဝမ်ချင်းနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးမြှင့်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ လုပ်ခွင်တူတဲ့

လူအချင်းချင်း အသိအမှတ်ပြုတာ ဖြစ်လို့ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး”

ဆွန်းမိုက လုချီဟွာကို ခေါင်းကို ပွတ်လိုက်ပြီး “ရတနာ သေတ္တာဖွင့်’ စိတ်ထဲက ပြောလိုက်သည်။

အလင်းတန်း မှိန်သွားပြီးနောက် အချိန်တံဆပ် တစ်ခု ပေါ်လာသည်။

ဒင်

“နှစ် ၃၀ အချိန်တံဆိပ်ကို ရလို့ ဂုဏ်ပြုပါတယ်”

ဟူး

ဆွန်းမိုက စိတ်လက်ပေါ့ပါးပြီး လေချွန်လိုက်သည်။ ဒါက ပစ္စည်းကောင်းလေးပါ။ ထင်ထားသလိုပဲ ပျော်နေတဲ့ အချိန်ဆို စိတ်ဓါတ် တက်ကြွနေသည်။ သူဖွင့်တဲ့ ရတနာ ပစ္စည်းတွေရဲ့ အရည်အသွေးတောင် ပိုကောင်းလာသေးသည်။

ခဏလောက်ကြာတော့ ရွှေရောင် ရတနာသေတ္တာကို ဖွင့်လိုက်လျှင် စွမ်းရည် စာအုပ် တစ်အုပ် ပေါ်လာသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ရှေ့ဟောင်း အနှိပ်ပညာရဲ့ ကိုင်းခွဲအသေးလေး သုံးခုထဲက တစ်ခု ဖြစ်တဲ့ ဝိညာဉ်ပျိုးထောင်းခြင်း စွမ်းရည် အပိုင်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်၊ ကျွမ်းကျင်မှု အဆင့် အခြေခံအဆင့်”

“မှတ်ချက် - ဒီစွမ်းရည်ကိုအသုံးပြုပြီး စိတ်အခြေအနေများကို ပြန်လည်ထူထောင်ခြင်းနှင့် စိတ်သက်သာရာ ရအောင် လုပ်ပေးနိုင်တယ်။ ဒါက ခန္ဓာကိုယ်နှင့် စိတ်နှလုံးကို အေးချမ်းစေကာ ပျော်ရွှင်ကြည်နူးမှုကို ချန်ထားခဲ့ပြီး ကျန်းမာတဲ့ စိတ်အခြေအနေကို ဖြစ်ပေါ်စေနိုင်တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအများစုသည် ရုပ်ပိုင်းဆိုင်ရာ နှိမ့်ကျမှုကြောင့် စိတ်ဓါတ်ကျပြီး ကိုယ့်ကိုယ်ကို သတ်သေ တတ်ကြသည်။ တကယ်တော့ သူတို့ရဲ့ စိတ်နှလုံးသည် အရမ်းပင်ပန်းလာပြီး အသက်ရှင်ဖို့ မျှော်လင့်ချက်ကို စွန့်လွှတ် ဆုံးရှုံးသွားခြင်း ဖြစ်သည်။

ဝိညာဉ်ပျိုးထောင်ခြင်း၏ အရေးအကြီးဆုံးအချက်မှာ လူတစ်ယောက်ရဲ့ စိတ်တွေကို နှိုးဆွပြီး စွမ်းအင်တွေ ဖြည့်ဆည်းပေးကာ နောက်ထပ် နှစ် ၅၀၀ လောက်အထိ တိုက်ပွဲဝင်စိတ် ဖြစ်ပေါ်စေနိုင်သည်။

ထုံးစံအတိုင်းတော့ ဒီဝိညာဉ်ပျိုးထောင်ခြင်း စွမ်းရည်သည် ဆွန်းမိုနှင့်ကူရှုပ်ရှင်းတို့အတွက် အသုံးမဝင်ပါ။

"သင်ယူချင်လား"

စနစ်က မေးလိုက်သည်။

"ဟုတ်"

ပိုတတ်နေလို့လည်း ဝန်ထုတ်တန်ပိုး မဖြစ်ပေ။ အသေးအမွှာ ကျွမ်းကျင်မှုဆိုလည်း အဆင်ပြေသည်။

စွမ်းရည်စာအုပ် ကြေမွသွားပြီးနောက် ဆွန်းမိုကိုယ်ထဲသို့ အလင်းရောင်တွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တိုးဝင်လာတာနဲ့အမျှ လုချီဟွာ မော့ကြည့်လာပြီး ဆွန်းမိုကို စူးစမ်းနေသည်။

(ဆရာ ဘာဖြစ်လို့ ရုတ်တရက် သန်မာလာတာလဲ)

....

လျှို့မူဘိုင် ရဲ့ ရလဒ်တွေက မဆိုးပါ။ သူ နည်းနည်းလေး စိတ်ကျေနပ် နေခဲ့သည်။ ဒါပေမယ့် ကြေငြာ ဘုတ်အောက်မှာ ရပ်ပြီး ဆွန်းမို ရလဒ်ကို မြင်လိုက်လျှင် ရုတ်တရက် စိတ်ပင်ပန်းသွားသည်။

"ငါ မလာခဲ့သင့်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှျိုမှုဘိုင်သည် သူ့ကိုသူ ပါးရိုက်ချင်စိတ်ပေါက်နေသည်။ (ဒါပေမယ့် ရပါသေးတယ်။ နောက်တစ်ဆင့်မှာ ဆွန်းမိုကို အနိုင်ယူရမယ်။)

နောက်တစ်ဆင့်က ဟောပြောပွဲဆိုတာ သတိရသွားပြီး ရုတ်တရတ် ယုံကြည်ချက်ပျောက်ဆုံးသွားသည်။

ဆွန်းမိုက သူ့ကို နောက်တစ်ကြိမ် အနိုင်အုံးမှာ။

(ခဏစောင့်နေပါအုံး။ ငါတစ်ယောက်တည်း အနိုင်ကျင့်ခံရတာ မဟုတ်ဘူး ၊ မဟုတ်လား။

ဖြေဆိုသူတွေ အာလုံးပေါင်းလိုက်ရင်တောင် ငါတို့အားလုံးက ဆွန်းမိုထက် နိမ့်ကျနေအုံးမှာပဲ)

ဆွန်းမို ၏ ဟောပြောချက်က ဘယ်လိုတောင် ကြီးကျယ် ခမ်းနားသလဲဆိုတာ တွေးမိပြီး လျှိုမူဘိုင် အလိုလို ခေါင်းကျိန်းလာသည်။

(ထားလိုက်ပါတော့၊ မြတ်ဆရာ တိုက်ပွဲ ရောက်တဲ့အထိပဲ စောင့်တော့မယ်။ အဲဒီမှာဆို ကျိန်းသေပေါက် အနိုင်ရလိမ့်မယ်။ ဟောပြောပွဲ အနေနဲ့ကတော့.......... ဆွန်းမို အနည်းငယ် တောက်ပလို့ ရအောင် လွတ်ပေးထားလိုက်မယ်)

အခန်း(၅၄၇) - သတင်း
ကြီးကြီးမားမားလိုချင်တယ်နော်။

ကြေငြာဘုတ်အောက်တွင် မိုင်ဇီယူသည် နာမည်စာရင်းကို ကြည့်ရင်း ရပ်နေခဲ့သည်။

“ဘယ်လိုတောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဘာသာရပ်နှစ်ခုစလုံးတွင် အဆင့်တစ်ရနေတာ မြင်လိုက်လျှင် မိုင်ဇီယူ ပြုံးလိုက်မိသည်။ သူမလည်း ဘာသာရပ်နှစ်ခုတွင် အမှတ်ပြည့်ရခဲ့ပေမယ့် သူမက ရုက္ခဗေဒ ဘာသာရပ်နှင့် မှော်ဆေးပညာကို ဖြေဆိုခဲ့ပြီး ဖြေသူအများစုကလည်း သူမလို အမှတ်ပြည့် ရခဲ့ကြသည်။ ဝိညာဉ်ထိန်းချုပ်သူ ဘာသာရပ်နဲ့ ပက်သက်ပြီး ဆရာမိုနိုင်က မေးခွန်းထုတ်ခဲ့ပြီး အမှတ်ပြည့်ရတဲ့ လူဦးရေ အနည်းဆုံး ဘာသာရပ်ပါ။ ဆွန်းမိုနဲ့ပိုင်ရှမ်သာ အမှတ်ပြည့် ရခဲ့ကြသည်။

"ဆရာမိုင်၊ ငါက လီရှုအိုလန်ပါ။ မင်းနဲ့ ခဏလောက် အင်တာဗျူးလို့ ရမလား"

အခုလက်ရှိတွင် ငေးကြည့်နေတဲ့ မိုင်ဇီယူသည် သာယာတဲ့ အသံတစ်ခု ကြားလိုက်သည်။ လှည့်ကြည့်လိုက်လျှင် အရမ်းလှတဲ့ မိန်းမတစ်ယောက် မတ်တပ် ရပ်နေတာကို မြင်လိုက်ရသည်။

"ငါက သူတော်စင်ဂိတ် (မြတ်ဆရာမှတ်တမ်း) ရဲ့ အထူးသတင်းထောက်တစ်ယောက်ပါ"

လီရှုအိုလန်က သူမကိုယ်သူမ မိတ်ဆက်ရင်း မိုင်ဇီယူကို အာရုံစိုက်ကာ စစ်ဆေးလိုက်သည်။

ဒီကောင်မလေးက အရမ်းလှသည်။ အရင်က သူမမြင်ဖူးခဲ့တဲ့ မိန်းကလေး ၉၀ ရာခိုင်နှုန်းထက် ပိုလှသည်။ ဒါပေမယ့် သူမကို မြင်လိုက်လျှင် သူမရဲ့အလှကို လျစ်လျူရှုပြီး သနားမိတဲ့စိတ်တွေ ယိုဖိတ်လာလိမ့်မည်။

မိုင်ဇီယူသည် အားနည်းလွန်းပြီး နူးညံ့နေသဖြင့် သနားစရာ အိမ်မွေးတိရစ္ဆာန်လေး တစ်ကောင်လို

ဖြစ်နေသည်။ လူတိုင်းက သူမကို ကာကွယ်ပေးချင်စိတ်တွေ တဖွဖွ ပေါ်လာလိမ့်မည်။

"သူမကို ၉ မှတ်ပေးလိုက်မယ်"

လီရှုအိုလန်က အကဲဖြတ်လိုက်သည်။ အရမ်းကြောက်တတ်တဲ့လူတောင် သူ့ရဲ့ လုံခြုံရေးကို မေ့ထားပြီး မိုင်ဇီယူကို ကာကွယ်ပေးချင်စိတ် ပြင်းထန်လာလိမ့်မည်။

"တောင်းပန်ပါတယ်"

မိုင်ဇီယူက ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။ နာမည် မကြီးချင်ပါ။

“ ဆရာမိုင် ၊ ကျေးဇူးပြုပြီး စောင့်ပါအုံး။ မေးခွန်း ရိုးရိုးလေးပဲ မေးမှာပါ။ မင်းရဲ့အချိန်တွေကိုလည်း အများကြီး မယူပါဘူး”

လီရှုအိုလန်က နောက်မှလိုက်သွားသည်။

ဒီလို ကောင်းမွန်တဲ့ အခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ။

မိုင်ဇီယူ အမေက ကြယ် ၆ ပွင့် မြတ်ဆရာဖြစ်ပြီး သူမ ငယ်ငယ်တုန်းက အရည်အချင်း

အရမ်းအားကောင်းသည်။ သူမခေတ်မှာတော့ မိုင်ရာဇီက ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။

မိုင်ရာဇီက အဲဒီနှစ်မှာတင် မိန်းမလှလေး အဆင့်ကို ဝင်ရောက်ခဲ့တဲ့ အလှလေးတစ်ယောက် ဖြစ်ခဲ့သည်။ သူမကို အားပေးတဲ့ ပရိတ်သတ်က သန်းနဲ့ချီပြီး အခုအချိန်ထိတောင် နပျိုတဲ့ပုံစံကို ထိန်းထားနိုင်သဖြင့် ဆွဲဆောင်မှု ရှိနေတုန်းပါ။ သက်လတ်ပိုင်းအမျိုးသားတွေရဲ့ အိပ်မက်ချစ်သူ ဖြစ်နေတုန်းပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမရဲ့ ရုပ်ရည်အပြင် မော်ဆေးပညာနယ်ပယ်မှာလည်း ဂုဏ်သတင်း အရမ်းမြင့်မားသည်။ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေသာ မဖြစ်ခဲ့ရင် မော်ဆေးပညာနယ်ပယ်မှာ ဘိုးဘေးတစ်ယောက် ဖြစ်လာနိုင်သည်။

လီရှုအိုလန်သည် ရွှေတံဆိပ်ဆုရှင်သတင်းထောက်တစ်ယောက် ဖြစ်နေရင်တောင် မိုင်ရာဇီလို အရေးပါတဲ့ လူတစ်ယောက်အား တွေ့ဆုံမေးမြန်းဖို့ အခွင့်အရေးမရှိပေ။ ရှာတွေ့နိုင်မှာလည်း မဟုတ်ပေ။

သူ့သမီး မိုင်ဇီယူက ပိုတောင် လှိုု့ဝှက်သေးသည်။

မိုင်ရာဇီသည် မိုင်ဇီယူကို မွေးတဲ့အချိန်မှာ တော်တော်လေး အသက်ကြီးနေပြီ။ ဒါ့အပြင် တခြား ကိစ္စတွေကြောင့်လဲ မိုင်ဇီယူက ရောဂါများစွာနဲ့ ဝန်ပိနေတဲ့ ခန္ဓာကိုယ်တစ်ခု ဖြစ်လာခဲ့ရသည်။ ဒါကြောင့်လည်း မိုင်ဇီယူ လူရှေ့သူရှေ့ ထွက်တယ်ဆိုတာ တော်တော်လေး ရှားသည်။

ဒါ့အပြင် မိုင်ဇီယူက မြတ်ဆရာဆိုတဲ့ ဘွဲ့ကိုလည်း အရမ်းတန်ဖိုးမထားပါ။

မိုင်ရာဇီ သမီးက အမှိုက်ဖြစ်နိုင်တယ်လို့ တစ်ချိန်က ကောလဟာလ ထွက်ခဲ့ဖူးသည်။ ဒါပေမယ့်လည်း သိပ်မကြာလိုက်ပါ။ မိုင်ဇီယူသည် အသက် ၁၈ နှစ်ပြည့်တာနဲ့ ကြယ်တစ်ပွင့်မြတ်ဆရာ စာမေးပွဲကို ဝင်ဖြေပြီး မဟာကိုးပါးက ပါရမီရှင် အားလုံးကို အနိုင်ယူကာ ထပ်ဆုံးအဆင့် ဖြစ်လာခဲ့သည်။

အဲဒီနောက် မိုင်ဇီယူ နောက်တစ်ကြိမ် ပျောက်သွားပြန်သည်။

လီရှူအိုလန်ရဲ့ လူမှုဆက်ဆံရေး အသိုင်းအဝိုင်းက တော်တော်လေး ကျယ်ပြန့်သည်။ ဒါပေမယ့် သတင်းထောက်တစ်ယောက်အနေနဲ့ ဒီအသုတ်တွင် ဝင်ဖြေမည့် ဖြေဆိုသူ စာရင်းကို အချိန်တော်တော်ကြာကတည်းက အာရုံစိုက်ထားခဲ့သည်။ သူမရဲ့သီးသန့် အဆက်အသွယ်များမှတဆင့် မိုင်ဇီယူ စာမေးပွဲ ဝင်ဖြေမည့် အကြောင်းကို သိခဲ့ရသည်။ ဒါကြောင့်လည်း စိတ်ဝင်စားမှု မြင့်တက်လာခဲ့ရသည်။

"ဆရာမိုင်၊ ဘာဖြစ်လို့ ကြယ်နှစ်ပွင့် မြတ်ဆရာ စာမေးပွဲကို ဖြေဖို့ ရတ်တရတ် ဆုံးဖြတ်လိုက်တာလဲ။ မင်းရောဂါ သက်သာသွားလို့လား။ ဒါမှမဟုတ် ဒီအလုပ်အကိုင်ကို တရားဝင်စလုပ်ဖို့ အစီအစဉ် ရှိလို့လား"

လီရှူအိုလန်က မေးနေခဲ့သည်။ သူမ မေးခွန်းများတွင် လှည့်ကွက်တွေနဲ့ ပြည့်နှက်နေခဲ့သည်။ မိုင်ဇီယူသာ ပြန်ဖြေလိုက်တာနဲ့ အချက်အလက် တော်တော်များများကို စုံစမ်းနိုင်လိမ့်မည်။

မိုင်ဇီယူက ခေါင်းငုံ့ပြီး မြေလှမ်းကို အရှိန်မြှင့်လိုက်သည်။

“မရဘူး။ သူမကို လက်မလွှတ်နိုင်ဘူး”

လီရှူအိုလန် လျှင်မြန်စွာ စဉ်းစားနေသည်။ မိုင်ဇီယူသည် ရက္ခဗေဒနှင့် မှော်ဆေးပညာ ဘာသာရပ်တွေကို ဖြေဆိုခဲ့သော်လည်း ဘာဖြစ်လို့ ဝိညာဉ်တက်တူးဘာသာ ကြေငြာဘုတ် အရှေ့မှာ ရပ်နေရတာလဲ။

သူမ အာရုံစိုက်နေတဲ့လူ တစ်ယောက်ယောက် ရှိနေတာလား။

အဲဒီလူက ဘယ်သူ ဖြစ်မလဲ။

ပိုင်ရှမ် လား။

သူတို့က အပြန်အလှန် ဆက်ဆံမှုမရှိနိုင်ဘူး မဟုတ်လား။ ဒါ့အပြင် ပိုင်ရှမ်ရဲ့ ပင်ကိုယ်စရိုက်နဲ့ဆို မိုင်ဇီယူနဲ့ ပေါင်းသင်းဖို့ဆိုတာ မဖြစ်နိုင်ပေ။ ဒါဆို ဆွန်းမို တစ်ယောက်ပဲ ကျန်တော့သည်။

ထုံးစံအတိုင်းဆို ကျန်တဲ့လူတွေလည်း ဖြစ်နိုင်သည်။ ဒါပေမယ့် လီရှုအိုလန် အတွက်တော့ အဲဒီလို မဟုတ်ပေ။ သူတို့အကြောင်းကို ပြောချင်တဲ့ လူမရှိပါ။

“ဆရာမိုင်၊ ဆွန်းမိုကြောင့် စာမေးပွဲ လာဖြေတာလာ။”

လီရှုအိုလန်က ဒီမေးခွန်း မေးလိုက်တဲ့အချိန်မှာ မိုင်ဇီယူရဲ့ အမူအရာကို ဂရုတစိုက် စောင့်ကြည့်နေခဲ့သည်။

ဒီနာမည်ကို ကြားလိုက်လျှင် မိုင်ဇီယူ မျက်မှောင်ကြုတ်သွားပြီး အနည်းငယ် ထိတ်လန့်နေသည်။ ဆွန်းမို ပြဿနာဖြစ်သွားမှာ စိုးရိမ်နေသည်။

“မဟုတ်ဘူး။ သူ့ကို မသိဘူး”

သူမက စကားပြောပြီးတာနဲ့ အရှိန်ပိုမြှင့်လိုက်သည်။

လီရှုအိုလန်က ဆက်မလိုက်တော့ပဲ ခြေစုံရပ်ကျန်ခဲ့သည်။ သူမရဲ့လှပတဲ့ နှုတ်ခမ်းလေး ကွေးသွားပြီး နားလည်ရခက်တဲ့ အပြုံး တစ်ခုပေါ်လာသည်။

(ဒါဆို တကယ်ပဲ ဆွန်းမိုကြောင့်လာ။ ဟားဟား ဒါကို သတင်းကောင်းတစ်ခုလို့ ယူဆလို့ ရတယ်ဟုတ်”

လီရှုအိုလန် အနည်းငယ် စိတ်လှုပ်ရှားနေသည်။

မိုင်ဇီယူက အတွေ့အကြုံ နည်းသည်။ ကျန်တဲ့လူတွေနဲ့တောင် မကြာခဏ စကားပြောပေးဖို့လိုနေတဲ့အချိန်မှာ လီရှုအိုလန်လို သတင်းထောက်တစ်ယောက် အရှေ့မှာ သူမရဲ့ခံစားချက်ကို ဘယ်လို ဖုံးကွယ်ထားနိုင်မှာလဲ။

လီရှုအိုလန် အတွက်တော့ ဒီလောက်ပြောလိုက်ရုံနဲ့ အရာအားလုံး သိဖို့ လုံလောက်သည်။

ဆွန်းမိုသည် မကြာခင်ကမှ မီးမောင်းထိုးပြခဲ့တဲ့လူဖြစ်သည်။ သူ့ကို အတောက်ပဆုံး ကြယ်ပွင့်အသစ်လို့ပြောလို့ရသည်။ ပြီးတော့ မိုင်ဇီယူ ဆိုတာကလည်း

မိုင်ရာဇီ လျှို့ဝှက်ဆန်းကြယ်စွာ ဖုံးကွယ်ထားတဲ့ သည်းသည်းလှုပ်ချစ်သည့် သမီးတစ်ယောက်ပါ။ မီဒီယာတစ်ခုအနေနဲ့ ဒီတစ်ပတ် (မြတ်ဆရာ မှတ်တမ်း) သူတို့နှစ်ယောက်ရဲ့ ကောလဟာလ ကိုရေးလိုက်လျှင် အရမ်းရေပန်းစားပြီး သေချာပေါက် ရောင်းကုန်သွားလိမ့်မည်။

လီရှူအိုလန်သည် တွေးနေရင်း နောက်ထပ် အင်တာဗျူးလုပ်ရန် ထိုက်တန်တဲ့ ပစ်မှတ်များကို ရှာဖွေရန် လှည့်ပတ် သွားလာနေခဲ့သည်။ ဒါပေမယ့်

သိပ်မကြာခင် ရွံ့ရှာဖို့ကောင်းတဲ့အသံတစ်ခု ကြားလိုက်ရသည်။

"ဆရာ လီ"

ချန်ဇီတုန်သည် လီရှူအိုလန်ကို မြင်လိုက်တာနဲ့ ကြည်နူးစွာ ပြုံးနေသည်။ သူမကို နှုတ်ဆက်ဖို့အတွက် လျှင်မြန်စွာ လျှောက်လာနေသည်။

"တိုက်ဆိုင်လိုက်တာ၊ မင်းနဲ့ ဒီနေရာမှာ တကယ်လာဆုံတာပဲ"

"ဆရာ ချန်"

လီရှူအိုလန် ပြုံးလိုက်သော်လည်း စိတ်ထဲမှာ သေချင်စိတ် ပေါက်နေသည်။ (စိတ်ပျက်ဖို့ကောင်းတဲ့ လူက ဒီနေရာကို ဘယ်လိုလုပ် ရောက်နေတာလဲ။ သူက ပုံမှန်တစ်ယောက်ပဲဆိုတာ ဒီလောက်သိသာနေတာကို သူ့ကိုယ်သူ ကျက်သရေရှိပြီး ချောတယ်ထင်နေတယ်။ ငါ့ကို ဆွဲဆောင်ချင်နေသေးတယ်။ သူ့ကိုယ်သူတောင် မသိဘူးလား)

(ငါ အိုလန် အရမ်းတောင်းတနေရင်တောင် ဘယ်တော့မှ မင်းကို ရွေးမှာမဟုတ်ဘူး။ ငါနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အိပ်ချင်လို့လား။ မင်းဆင်းရဲလို့ရတယ် ဒါပေမယ့် ရုပ်ချောရမယ်။ အနည်းဆုံးတော့ ဆွန်းမိုလောက် ချောရမယ်)

လီရှုအိုလန်က ချန်ဇီတုန်ကို ဝတ်ကြေတန်းကြေ နှုတ်ဆက်လိုက်သည်။ သူမက အသက်အရွယ် ဇရာ အရိပ်အယောင် ပေါ်စပြုနေတဲ့ သူ့မျက်နှာကိုကြည့်ပြီး ဆွန်းမိုအကြောင်း အမှတ်တမဲ့ တွေးလိုက်မိသည်)

(အဲဒီကောင်က နည်းနည်း မုန်းဖို့ကောင်းပေမယ့် ရုပ်ရည်ကတော့ တကယ့်ထိပ်ပဲ)

"ဆရာလီ၊ ဖြေဆိုသူတွေကို အင်တာဗျူးချင်လို့ ဒီရောက်နေတာလား။ ဟဲဟဲ၊ ငါက မင်းအတွက် စီစဉ်ပေးလို့ ရတယ်"

ချန်ဇီတုန်ရဲ့စကားတွေက သူကူညီလိုတဲ့ အကြောင်း ဖော်ပြရုံသာမက ချန်မျိုးနွယ်ရဲ့ အခွင့်အာဏာကိုလည်း လိမ်မွာပါးနပ်စွာ ဖော်ထုတ်ခဲ့သည်။

(ငါ ချန်ဇီတုန်က အင်ဗျူးတာဖို့ ပြောလိုက်လျှင် ဖြေဆိုတဲ့လူ ဘယ်သူမဆို ငါ့ကို မျက်နှာသာပေးရမှာလဲ"

"အို"

လီရှုအိုလန် မျက်လုံး အရောင်တောက်လာသည်။

"ဒါဆို ဆရာမိုင်ဇီယူနဲ့ အင်တာဗျူးလို့ ရမလား"

"ဒါ....."

ချန်ဇီတုန် အနေခက်သွားသည်။ မိုင်မျိုးနွယ်ရဲ့ အခွင့်အာဏာသည် ချန်မျိုးနွယ်ထက် အားမနည်းပေ။ မိုင်ဇီယူကို သူက လျစ်လျူရှုထားလို့ ရသည်။ ဒါပေမယ့် မိုင်ဇီယူကို မိုင်ရာဇီက ကာကွယ်ပေးထားပြီး သူသာ ဒီတောင်းဆိုမှု လုပ်လိုက်ရင် သေချာပေါက် ခြေထောက်ချိုး ခံရလိမ့်မည်။

"ဟိုး"

ချန်ဇီတုန်အတွက် ဒုတိယ အကောင်းဆုံးအနေနဲ့ သွားဖြဲပြလို့ပဲ ရတော့သည်။

"ဟွန့်၊ ဒါဆို ဆွန်းမိုရော အဆင်ပြေမလား"

(ကောင်းပြီလေ။ မင်းသာ ဆွန်းမိုကိုရအောင် စီစဉ်နိုင်ခဲ့ရင် ညစာစားဖို့ မင်းနဲ့အတူလိုက်ခဲ့မယ်။ ဒါပေမယ့် ထင်ရှားပေါ်လွင်တဲ့ အဝတ်အစားတော့ လုံးဝ မဝတ်ဘူးနော်)

(ဒီဈေးနဲ့ မထိုက်တန်လို့ပါ)

"..................."

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်း ပိုင်ရွှမ် ဒါမှမဟုတ် လျိုမူဘိုင်ကို ရွေးပါလား။ ချင်လင် ကျောက်စိမ်းအမွှာထဲက တစ်ယောက်ပါ။ သူ့ရဲ့ကျော်ကြားမှုကလည်း ဆွန်းမိုထက် မနိမ့်ပါဘူး”

“ပိုင်ရွှမ်ကို အင်တာဗျူးချင်တယ်ဆိုရင် ငါ့ဘာသာငါ သွားရှာလို့ရတယ်”

လီရှူအိုလန်သည် မျက်နှာတွင် ယဉ်ကျေးစွာ ပြုံးနေပေမယ့်လည်း စိတ်ထဲမှာ တော်တော်လေး အထင်သေးသွားသည်။

(ဒါတောင် ငါနဲ့ ထမင်းစားချင်သေးတာလား)

(ဘောပဲ သွားစားလိုက်)

"မင်း တောင်းဆိုမှုကို တခြားတစ်ယောက်ပြောင်း ပေးပါလား"

ချန်ဇီတုန် တော်တော်လေး အားတင်းပြီး ပြုံးလိုက်သည်။ စိတ်လည်းပျက်နေသည်။ ဆွန်းမိုကို အမြဲတမ်း ရန်ငြိုးထားနေခဲ့တာပါ။ ဆွန်းမိုကို ဖိတ်ဖို့အသာထားလိုက်အုံး တတ်နိုင်ရင် မပက်သက်ချင်ပါ။

ဆွန်းမို နာမည်ကြီးလာအောင် အခွင့်အရေး ပေးရမယ် ဟုတ်လား။

ငရဲကလွဲလျှင် ဘာမှမရှိဘူး။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ခဏလောက်ကြာတော့ ချန်ဇီတုန် မျက်မှောင်ကြုတ်လာသည်။ လီရှုအိုလန်လို နာမည်ကြီး သတင်းထောက်ကတောင် ဆန်းမိုကို အင်တာဗျူး ချင်နေပြီလား။ ဒါဆို ဒီလူယုတ်မာက အခုအချိန်မှာ တကယ်ကျော်ကြားနေပြီပဲ။

ဒီအချက်ကို သိပြီးနောက် ချန်ဇီတုန် တော်တော်လေး မကျေနပ် ဖြစ်သွားသည်။

"ဆရာချန်၊ မင်းက အရမ်းအလုပ်ရှုပ်တဲ့ လူဆိုတော့ မင်းကို မနှောက်ယှက်တော့ဘူး"

လီရှုအိုလန်က စကားပြောပြီးတာနဲ့ ခြေလှမ်းသေးသေးလေး လှမ်းပြီး ကမန်းကတန်း ထွက်သွားသည်။

"ဟဲဟဲ၊ ငါက ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် မင်းအတွက် အချိန်အမြဲရှိပါတယ်။ ဆရာလီ" ချန်ဇီတုန်က သူမနောက်သို့ မှီအောင်လိုက်သွားသည်။

"ဆရာလီ၊ မင်းအားရင် ညစာ အတူတူ စားကြမလား"

"သေချာတာပေါ့ မင်းသာ ဆွန်းမိုကို ဖိတ်ပေးနိုင်ရင်"

လီရှုအိုလန်က မျက်လုံးပြူးပြီး ပြန်ပြောသည်။

....

ကျောင်းအပေါက်ဝမှာ ကူရှုပ်ရှင်းနှင့် ရှာယွန်တို့က သူမတို့ အောင်စာရင်းကို ကြည့်ပြီး ဆွန်းမိုကို စောင့်နေကြသည်။ ဆွန်းမို ထွက်လာတာ မြင်လိုက်လျှင် ချက်ခြင်း လျှောက်သွားကြသည်။

"ဆရာဆွန်း၊ ဘာသာရပ်နှစ်ခုမှာ အမှတ်ပြည့်ရတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆွန်းမိုရဲ့ ငယ်ရွယ်တဲ့မျက်နှာကို ကြည့်လိုက်လျှင် ရှာယွန်စိတ်ချ ယုံကြည်သွားသည်။ ဒီလိုရလဒ်မျိုး သူမဆို အိပ်မက်ထဲတောင် ထည့်မမက်ရဲပေ။

ဒင်

ရှာယွန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား (၁,၀၇၀/၁၀,၀၀၀)

"ဆွန်းမို၊ မင်းကန့်သတ်ချက်က ဘယ်မှာလဲ"

ကူရှုပ်ရှင်းက စနောက်လိုက်သည်။ သူမက လက်သီးလေးနဲ့ ခပ်ပါးပါး ထုလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းနဲ့ ဆွန်းမိုတို့ကြားက ရင်းနီးတဲ့ အပြုအမူကို ကြည့်ပြီး ရှာယွန် အရမ်းအံ့အောနေသည်။ (မင်းတို့ကြားမှ ဆက်ဆံရေးက ဘက်အချိန်တုန်းက အရမ်း ရင်းနီးသွားတာလဲ။ အန်ရှီဝေရော ဒီအကြောင်းကို သိလား)

ကူရှုပ်ရှင်းသည် လုပ်ပြီးမှ ဘယ်လိုတောင် မသင့်တော်မှန်း သတိထားလိုက်မိကာ မလုံမလဲ ပြုံးပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"နောက်တစ်ဆင့် ဟောပြောပွဲ ပို့ချရမယ်။ ဆရာဆွန်း၊ ဒါက မင်းထူးချွန်တဲ့အပိုင်းပဲ။ မဲအပြည့်နဲ့ နောက်တစ်ကြိမ် အောင် အောင်လုပ်လိုက်အုံး"

"မစဉ်းစားရဲပါဘူး။ အစွမ်းကုန် ကြိုးစားရမယ်"

ဆွန်းမိုက နှိမ့်ချစွာ ပြန်ပြောလိုက်သည်။

"မလုပ်ပါနဲ့။ မင်းသာ အစွမ်းကုန်လုပ်ရင် ငါတို့ ဘယ်လို အသက်ရှင်ရမှာလဲ"

ကူရှုပ်ရှင်းက စနောက်လိုက်သည်။

အခုအချိန်မှာတော့ ဆွန်းမိုနဲ့ပြိုင်ဖို့ စိတ်ကူး မရှိတော့ပေ။ သူတို့ကြားက အကွာအဝေးက ကြီးမားလွန်းသည်။

“ဟိုတယ် ပြန်ရအောင်”

ဆွန်းမိုက ဟောပြောပွဲအတွက် သင်ခန်းစာတွေ ပြန်ဆင်ချင်နေသည်။

“အင်း”

ကူရှုပ်ရှင်း ခေါင်းညိတ်လိုက်သည်။ ဆွန်းမိုနဲ့ ဟောပြောပွဲ နည်းစနစ်အကြောင်း ဆွေးနွေးလို့

အကြောင်းအရာ အနည်းငယ်ပဲ ရှိသေးသည့် နှုတ်ဆက်လိုက်တဲ့ အသံတစ်ခုကို ကြားလိုက်ရသည်။

"ဆရာဆွန်း"

ကူရှုပ်ရှင်းသည် တောင်အာဖရိက ပွေးကောင်လေးတစ်ကောင်အလား စိတ်ထဲတွင် သတိအနေအထားဖြစ်သွားပြီး နားရွက် တထောင်ထောင် ဖြစ်သွားသည်။ ဒီအသံက တော်တော် သာယာလွန်းသည်။

တချို့အမျိုးသမီးတွေက ဒီလိုပဲ ဖြစ်သည်။ အသက်ရှူသံ ဒါမှမဟုတ် တီးတိုးသံလေးတွေက လူကို မှင်တက်သွားစေသည်။

"ဆရာဆွန်း၊ မင်းကို ရှာရတာ တော်တော်ခက်တာပဲ"

လီရှုအိုလန် ပြေးလာသည်။

"မင်းကို တွေ့ဖို့အတွက် ဘယ်လောက်တောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရလဲ သိလား။ အင်တာပျူးခွင့် ပေးနော်"

လီရှုအိုလန် အနောက်သို့ လိုက်နေတဲ့ ချန်ဇီတုန်သည် သူမက ဆွန်းမိုဆီ ပြေးသွားတာ မြင်လိုက်လျှင် ရပ်တန့်သွားသည်။ အထူးသဖြင့် သူမ မျက်နှာပေါ်က ချိုသာတဲ့အပြုံးကို မြင်လိုက်လျှင် သူ့အမူအရာက မြင်မကောင်း ရှုမကောင်းအောင် ရပ်ဆိုးသွားသည်။ ချန်ဇီတုန် နှလုံးသားထဲတွင် အမည်မသိတဲ့ ဒေါသမီးတွေ လောင်ကျွမ်းလာသည်။

လီရှုအိုလန်ကတော့ ထုံးစံအတိုင်း ချန်ဇီတုန် အတွေးကို ဂရုမစိုက်ပါ။ သူမရဲ့အကြည့်တွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို အနားမှာရှိတဲ့ မိန်းမ နှစ်ယောက်ဆီ ရောက်သွားသည်။

အကြမ်းအားဖြင့်တော့ ဘယ်ဘက်မှာရှိတဲ့ မိန်းမက အသက် ၃၀ လောက်ရှိပြီး ရုပ်ရည် ရွက်ကြမ်းရေကျိုးလောက်ပဲ ရှိသည်။ သူမကို လျစ်လျူရှုထားလို့ ရသည်။ နောက်တစ်ယောက်တော့ တော်တော်လေး လှသည်။ သူမအမူအရာက ထူးထူးခြားခြား မဟုတ်ပေမယ့် ငယ်ရွယ်နုပျိုတဲ့ အလှကို ပိုင်ဆိုင်ထားသည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ မြွားကလေးလို့ ပြောနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ခဏာနေပေါ်အုံး၊ ငါလည်း မြွားကလေးပဲလေ၊ ဟုတ်တယ်ဟုတ်၊ ဘာကို ကြောက်နေရမှာလဲ)

အခုအချိန်တွင် ကူရှူပ်ရှင်းထက် နှစ်အနည်းငယ်ကြီးနေသဖြင့် လီရှူအိုလန် အနည်းငယ် စိတ်ဓါတ်ကျနေသည်။

အခန်း(၅၄၈) - လီရှူအိုလန်က လူတွေကို အဆင့်ခွဲရတာ ကြိုက်တယ်။

အမျိုးသမီးနှစ်ယောက် တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြသည်။ စိုက်ကြည့်နေရင်းနဲ့ သူမတို့ အကြည့်တွေထဲမှာ ဒေါသတွေ ပြည့်နှက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီမိန်းမရဲ့ ရုပ်ရည်နဲ့ ပုံစံက လုံလုံလောက်လောက် သန်မာနေပြီ။ နည်းနည်းလေးသာ ပိုသန်မာလျှင် မိန်းမလှအဆင့် ဝင်သွားဖို့ အရည်အချင်း ပြည့်မှီနေပြီ)

လီရှုအိုလန်က အနည်းငယ် မဲ့လိုက်သည်။ (အနည်းဆုံး ၇ မှတ်တော့ ရနိုင်တယ်။ မင်းရဲ့ငယ်ရွယ်မှုကို အထင်သေးလို့ တစ်မှတ် လျှော့လိုက်မယ်)

"ဘယ်လိုတောင် ကြော့ရှင်းတဲ့ပုံစံလဲ"

ကူရှုပ်ရှင်းရဲ့ လှပတဲ့ မျက်ခုံးတွေ အနည်းငယ် တွန့်သွားသည်။

'မြင်းတွေက ကုန်းနှီးကို အားကိုးသလို လူတွေက အဝတ်အစားကို အားကိုးတယ်' လူအများစုက သာမန် ပစ္စည်းတွေနဲ့ ပြုလုပ်ထားပြီး လေဝင်လေထွက်ကောင်းကာ ကျက်သရေရှိတဲ့ အဝတ်အစားမျိုးကို ဝတ်ဆင်ကြသည်။

လီရှုအိုလန်သည် အရင်ကတည်းက အရမ်းကို ထူးခြားတဲ့ပုံစံရှိသည့် အမျိုးသမီးတစ်ယောက်ပါ။ သူမအမူအရာနဲ့ လိုက်ဖက်တဲ့ အဝတ်အစားကို ဝတ်လိုက်သဖြင့် အကျိုးသက်ရောက်မှုက ပြင်းထန်လာသည်။

ဥပမာ - သူမက ခရမ်းရောင် အပွင့်လေးတွေပါတဲ့ အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားလျှင် သူမရဲ့ ခြေထောက်မှာ ဇာအထပ်ထပ် ဆင်ထားတဲ့ ဖိနပ်ကို ဝတ်ဆင်ထားပြီး သူမရဲ့ ကြော့ရှင်းပြေပြစ်တဲ့ ပခုံးရိုးလေးများကို ထင်ရှားအောင် ကြိုးသိုင်းကြိုး ဝတ်စုံ ဝတ်ဆင်ထားသည်။ သူမ၏ရှည်လျှားပြီး ကြော့ရှင်းတဲ့ လည်တိုင်ကို ကြည့်လိုက်လျှင် ကူရှုပ်ရှင်းတောင် နမ်းချင်စိတ် ပြင်းထန်လာသည်။

" ကလူမြူဆွယ်တတ်တဲ့ မြေခွေးမပဲ"

ကူရှူပ်ရှင်းသည် ဘာကြောင့်မှန်းမသိ စိတ်ထဲမှာ မကျေမနပ် ဖြစ်နေသည်။ တချိန်တည်းမှာပင် သူမ ချစ်မြတ်နိုးလို့ တစ်ပတ်လုံး ဝတ်ဆင်တတ်တဲ့ ဆရာဝတ်ရုံရှည် ဝတ်ဆင်ထားရတာကို သိမ်ငယ်စိတ် ဝင်လာသည်။

“မင်္ဂလာပါ”

ကူရှူပ်ရှင်း အမူအရာကို သတိထားမိပြီး လီရှူအိုလန်တွင် ဂုဏ်ယူတဲ့ အပြုံးလေးတစ်ခု မသိမသာ ပေါ်လာသည်။ အမျိုးသမီး အနည်းငယ်သာ

သူမ အရှေ့တွင် ယုံကြည်ချက်ရှိရှိနဲ့ တည်တည်ငြိမ်ငြိမ်နေနိုင်သည်။

"ငါက လီရှုအိုလန်ပါ"

လီရှုအိုလန်က လက်ကို ရည်ရွယ်ချက်ရှိရှိ ဆန့်ထုတ်လိုက်တဲ့ အချိန်တွင် အနည်းငယ် မြောက်လိုက်သည်။

သူမရဲ့ မသိသာတဲ့ အပြုအမူကြောင့် အင်္ကျီလက်စက အနည်းငယ် လျော့ကျသွားပြီး လှပတဲ့ လက်ကောက်ဝတ်နှင့် လက်ချောင်းများကို ပေါ်လွင်သွားစေသည်။

လက်သည်းကိုတောင် အရောင်ခြယ်ထားလိုက်သေးသည်။

"မ...မင်္ဂလာပါ"

ကူရှုပ်ရှင်းက လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ငါ့နာမည်က ကူရှုပ်ရှင်းပါ"

(လက်ချောင်းနှင့် လက်သည်းလေးတွေ သေသပ်ဦး ခုနှစ်မှတ်)

လီရှုအိုလန် တစ်ချက်ဝေ့ကြည့်လိုက်သည်။ ကူရှုပ်ရှင်းရဲ့ လက်ပုံစံက မဆိုးပေမယ့် အသာမာလေးတွေတော့ ရှိသည်။ ဒီအချက်ကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းသည် ဒီနှစ်တွေ တလျှောက်လုံး ကြိုးကြိုးစားစား ကျင့်ကြံခဲ့တယ်လို့ ပြောလို့ရသည်။

ထင်ရှားတဲ့ မောင်းမအဆောင်များသာဆို ဒီလက်တွေ ရှိနေပါက ကြီးမားတဲ့ အန္တတ်သဘောဆောင်မှာ သေချာသည်။ ဒါပေမယ့် ဆရာတစ်ယောက်အတွက်ကတော့ အပေါင်း လက္ခဏာပါ။

ဒီအချက်ကို တွေးလိုက်ရင်း ကူရှုပ်ရှင်းအပေါ် လီရှူအိုလန်ရဲ့ သဘောထား အနည်းငယ် ပိုကောင်းလာသည်။

"လီရှုအိုလန်၊ မှတ်ဆရာမှတ်တမ်းရဲ့ ရွှေပင်တိုင်စာရေးဆရာလား"

ရှာယွန်က ဝမ်းသာအားရ မေးလိုက်သည်။ လီရှုအိုလန်က ခေါင်းညိတ်ပြတဲ့အချိန်ထိတောင် စိတ်မထိန်းနိုင်တော့ဘဲ ချီးကျူးလိုက်သည်။

"မင်းရေးတဲ့ ဆောင်းပါးတွေကို ငါတကယ် သဘောကျတယ်။ အထူးသဖြင့် 'ပြဿနာ တစ်ခုဖြေရှင်းရန် ချွေးတွေသွေးတွေ မသုံးပါနဲ့' ဆိုတဲ့ ဆောင်းပါးကို အရမ်းသဘောကျတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လွန်ခဲ့တဲ့ သုံးနှစ်က ငါစိတ်ဓါတ်အကျဆုံး အချိန်မှာ ဒီဆောင်းပါးက လမ်းပြအလင်းရောင်ပဲ”

ဒါက စိတ်အားတက်ကြွစေတဲ့ ဆောင်းပါး တစ်ခုပါ။ ထုတ်ဝေပြီးတာနဲ့ နေရာတိုင်းတွင် တုန်ပြန်မှု ကြီးကြီးမားမား ဖြစ်ခဲ့သည်။

“ကျေးဇူး တင်ပါတယ်”

လီရှူအိုလန်က တည်ငြိမ်စွာ ပြုံးပြလိုက်ပြီးနောက် ဆွန်းမိုကို တစ်ချက်ခိုး ကြည့်လိုက်သည်။

(ဒါဆို ဘယ်လိုလဲ။ တကယ်တော့ ငါက အရမ်းနာမည်ကြီးတယ်။ မင်းသာ ငါ့ကိုငြင်းလိုက်ရင် မင်းဆုံးဖြတ်ချက်က သေချာပေါက် မှားသွားမယ်နော်)

“မိန်းမလေးအဆင့် နံပါတ် ၁၁ မဟုတ်လား”

ကူရှုပ်ရှင်း အရမ်းအံ့အောသွားပေမယ့် မကြာခင် နားလည်လာသည်။ ဒီသတင်းထောက် အရမ်း လှနေတာ မဆန်းတော့ပေ။

“ဆရာကူ၊ ငါ့ရုပ်ရည်ထက် ငါ့အရည်အချင်းကို ပုံအာရုံစိုက်မယ်လို့ မျှော်လင့်တယ်”

လီရှုအိုလန်က စကားတွေက တည်ငြိမ်နေပေမယ့် အဆူးတွေ ပါနေသည်။ ကူရှုပ်ရှင်း အငုံစိတ် ဝင်သွားအောင် သူမက ဂုဏ်ယူဝံ့ကြွား ပြလိုက်သည်။

“မင်း......”

ကူရှုပ်ရှင်း စိတ်ဓါတ်ကျသွားသည်။ သူမက ဥာဏ်ရည်ထက်တဲ့ မိန်းကလေး ဖြစ်သဖြင့် စကားနောက်ကွယ်က အဓိပ္ပါယ်ကို နားလည်သည်။

“ဒီလိုမျိုး ရှားပါးတဲ့ အရာတွေကြောင့်လည်း ကျန်တဲ့လူတွေက သိချင်စိတ် ပြင်းထန်နေတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် အရည်အချင်းအရ ပြောမယ်ဆို

ငါတို့ ဆရာကူမှာလည်း အရမ်းအချင်းတွေ အများကြီး ရှိပါတယ်။ ဒါကြောင့်လည်း သူမက မင်းကို သိပ်အာရုံ မစိုက်တာပေါ့”

ဆွန်းမိုက ရယ်မောပြီး ကူရှုပ်ရှင်းအတွက် ကူပြောပေးလိုက်သည်။

ပြောရကြေးဆိုလျှင် ကူရှုပ်ရှင်းက အန်ရှီဝေရဲ့ အမာခံပရိတ်သတ်ဖြစ်ပြီး သူနဲ့ လုပ်ဖော်ကိုင်ဖက်ပါ။ တကယ်တမ်းဆို သူတို့ကြားက ဆက်ဆံရေးသည် အရင်းနီးဆုံး သူငယ်ချင်းလို့တောင် ပြောလို့ရသည်။

ဒါကြောင့်လည်း ကူရှုပ်ရှင်းက လီရှူအိုလန်ရဲ့ ဖနှိပ်မှုကိုခံနေရပြီး အားနည်းနေတဲ့အချိန်တွင် ဝင်ကူညီလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် သွားရင်ကောင်းမလား၊ မသွားရင်ကောင်းမလား တွေဝေနေတဲ့ ချန်ဇီတုန် အပါအဝင် အမျိုးသမီး သုံးလောက်စလုံး အံ့အောသွားသည်။

လီဇီချီ နှင့် လုချီဟွာတို့ကို လျစ်လျူ ရှုထားလိုက်ပါ။

“ဆွန်းမိုက ငါ့အတွက် မခံနိုင် ဖြစ်နေတာလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းသည် ဆွန်းမိုကို စိုက်ကြည့်ရင်း ကောင်းမွန်တဲ့ သဘောထားတွေ မြင့်တက်နေသည်။ ပြောရမယ်ဆိုလျှင် ယောကျ်ားတိုင်းက နှာဗူးတွေပါ။ လီရှုအိုလန်လို ကြီးကျယ်ခမ်းနားတဲ့ အလှလေးနဲ့ မျက်နှာချင်းဆိုင် တွေ့လိုက်လျှင် သူတို့ပုံရိပ်နှင့် စကားလုံးတွေကို ထိန်းသိမ်းပြီး သူမကို စော်ကားမိမှာ ကြောက်ကြသည်။ ဒါပေမယ့် ဆွန်းမိုကတော့ ဆန့်ကျင်ဘက် ပြောဆိုခဲ့သည်။

(ဆွန်းမိုက ငါ့ကို ကြိုက်နေတာလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မဟုတ်ဘူး။ မင်းဒီလို လုပ်လို့မရဘူး။ မင်းက အစ်မအန်ရဲ့ ခင်ပွန်းလောင်း)

(ဒါ့အပြင် အစ်မအန် အထင်သေးစေမယ့် အလုပ်တွေ ဘယ်တော့မှ မလုပ်ရဘူး)

(ဒါပေမယ့် တစ်ယောက်ယောက် ကာကွယ်ပေးတာခံရတဲ့ ခံစားချက်က အရမ်းမိုက်တယ်)

ကူရှုပ်ရှင်း၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရှိသေ (၁၉,၁၀၀/၁၀၀,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်ဆီက အကြောင်းကြားချက်ကို ရလိုက်လျှင် ရုတ်တရက် အနည်းငယ် အံ့အောသွားသည်။ (နာကျင်မှုတပ်မက်သူလေးက အခုတလော ဘာတွေ ဖြစ်နေတာလဲ။ လေးစားအထင်ကြီးမှု အမှတ်တွေ ပေးတဲ့ အကြိမ်အရေအတွက် တိုးလာတယ်နော်။ မင်းက လုချီဟွာနဲ့ပြိုင်ပြီး ငါ့ရဲ့အရူးအမူး ပရိတ်သတ် နံပါတ်စ်နေရာကို လုမလို့လား)

"ဆရာဆွန်း"

ရှာယွန် အံ့အောသွားသည်။ ဆွန်းမိုကို စကားတွေ အာရုံစိုက်ဖို့ သတိပေးချင်ပေမယ့် လီရှုအိုလန်

ကြားသွားမှာလည်း စိုးရိမ်နေသည်။ လီရှုအိုလန်က ရှေးတံဆိပ်စာရေးဆရာ ဖြစ်ပြီး သတင်းထောက်ကောင်း တစ်ယောက်ဆိုတာလည်း မေ့ထားလို့ မရပါ။ သူမက မြတ်ဆရာအသိုင်းအဝိုင်းနဲ့ မီဒီယာအပေါ်မှာ လွှမ်းမိုးမှု အားကောင်းသည်။ သူမ ဆွန်းမိုကို မုန်းသွားပြီး ဆောင်းပါးတွေကို မဆင်မခြင် ရေးလိုက်လျှင် ဆွန်းမိုဂုဏ်သတင်း ထိခိုက်သွားနိုင်သည်။

(သူက ကြိုတင်ပြီး ရှောင်ချင်လို့လား။ ကူရှုပ်ရှင်းကို တကယ် ကာကွယ်ပေးချင်တာလား.

ဒါမှမဟုတ် ပြောင်းပြန် စိတ်ပညာကို အသုံးချနေတာလား။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ပါးစပ်က တော်တော်လေး အဆိပ်ပြင်းတယ်)

လီရှူအိုလန် စိတ်ထဲမှာ တော်တော်လေး နှာကစ် သွားသည်။

"ပြီးတော့ အင်တာဗျူး အကြောင်းလဲ မေ့ထားလိုက်ပါ။ ငါက ပါမွှားလေး တစ်ကောင်ပဲ"

ဆွန်းမိုက လီမွှာပါးနပ်စွာ ငြင်းလိုက်သည်။

"ဆရာဆွန်း၊ အရမ်းနှိမ့်ချနေပြီ။ အခုအချိန်မှာ မင်းက အထင်ပေါ်ဆုံးပဲ။ မင်းက ဒုတိယ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကောင်းဆုံးလို့ ပြောရင် ဘယ်သူမှ နံပါတ်တစ်လို့ မပြောရဲဘူး။ ဘယ်လိုပဲပြောပြော ဘာသာရပ်နှစ်ခုစလုံးမှာ နံပါတ်တစ် ရထားတာ မင်းတစ်ယောက်တည်း ရှိတယ်”

လီရှုအိုလန်က ချော့မော့နေသည်။

ဆွန်းမိုက ပြုံးပြီး ပြန်မဖြေတော့ပေ။ အဲဒီအစား ကျန်တဲ့လူတွေကို လှမ်းခေါ်လိုက်သည်။

“သွားကြစို့”

“အင်း”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို ထွက်သွားဖို့လုပ်နေတာ မြင်လိုက်လျှင် လီရှူအိုလန် စိုးရိမ်လာသည်။

“အင်တာဗျူး လုပ်ဖို့ အချိန်မရှိရင်လည်း ညစာအတူတူ စားရအောင် ဘယ်လိုလဲ။ ဗိုက်မဆာဘူးလို့တော့ မပြောနဲ့နော်”

“ငါက အခန်းထဲမှာပဲ အမြဲတမ်းစားတယ်”

ဆွန်းမိုက ပြုံးပြီး ပြန်ဖြေလိုက်သည်။

“...............”

အကြိမ်ကြိမ် အငြင်းခံလိုက်တော့ လီရှူအိုလန်ရဲ့ အမူအရာသည် မခံချိမခံသာ ဖြစ်လာသည်။

(ဟွန့် ၊ အရင်တုန်းက မင်းကို ၉ မှတ်ပေးမလို့။ ဒါပေမယ့် အခုတော့ ၇ မှတ်ပဲ ပေးတော့မယ်)

"အလှလေး။ သူ မအားဘူးဆိုရင်လည်း ငါအဖော်ပြုပေးမယ်လေ။ ညစာ အတူတူ စားကြတာပေါ့ ဘယ်လိုလဲ"

လူငယ်လေး တစ်ယောက်က တပြုံးပြုံးနဲ့ လမ်းလျှောက်လာသည်။

"မင်းက ဘယ်သူလဲ"

လီရှုအိုလန် စကားပြောလိုက်တဲ့အချိန်တွင် စိတ်ဆိုးနေတဲ့ပုံစံ ဖြစ်နေသည်။ အဲဒီနောက်

ချက်ခြင်းပဲ နောင်တရသွားသည်။ သူမရဲ့ ခံစားချက်တွေကြောင့် သူမထိန်းထားတဲ့ အပြုအမူတွေ ပျောက်သွားသည်။ ကြီးမြတ်တဲ့ သတင်းထောက်အတွက် မဖြစ်သင့်ပါ။ ဒါပေမယ့် ဒီဆွန်းမို တကယ်ကို စိတ်အနှောက်အယှက်ပေးသည်။

"ရှမ်ရီ"

လူငယ်က ပြောပြီးတဲ့နောက် လီရှုအိုလန်သာမက ကျန်တဲ့လူတွေရဲ့ အမူအရာလည်း လေးနက်လာသည်။ ဒီဖြေဆိုသူကလည်း

ဘာသာရပ်နှစ်ခုစလုံးတွင် အမှတ်ပြည့်ရခဲ့တဲ့ မြတ်ဆရာတစ်ယောက်ပါ။

(အရင်တုန်းကတော့ ငါ့ကို မသိကြဘူး။ ဒါပေမယ့် ဒါက အရေးမကြီးပါဘူးလေ။ ဒီစာမေးပွဲပြီးသွားတာနဲ့ ငါ့နာမည်က မြတ်ဆရာလောက တစ်ခုလုံး ပွဲတင်သံ ထပ်သွားလိမ့်မယ်)

ရှမ်ရီက ယုံကြည်ချက်ရှိရှိ ရယ်မောလိုက်သည်။ ထို့နောက် လီရှုအိုလန်အား

“အခုရော ညစာစားဖို့ ဖိတ်လို့ရမလား”

လီရှူအိုလန်က ဆွန်းမိုကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းကွေးလိုက်သည်။

"သေချာတာပေါ့"

"ဟား ဟား"

ရှမ်ရှီသည် ဆွန်းမိုထက် သာလွန်တဲ့လူအလား ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဆွန်းမို ၊ မင်းကို သေချာပေါက် အနိုင်ယူမယ်"

ရှမ်ရှီသည် ဆွန်းမိုကို ငုံ့ကြည့်ချင်ပေမယ့် ဆွန်းမိုက တော်တော်လေး အရပ်ရှည်သည်။ လည်ဇယ်တန်းပဲ ကြည့်လို့ရခဲ့သည်။

"မင်း မေ့တတ်တာလား။ ပထမအဆင့် စာမေးပွဲဖြေကတည်းက ပြောပြီးပြီလေ။ မင်းကိုယ်မင်း ထပ်ပြောနေစရာ မလိုဘူး"

ဆွန်းမိုက နားကို ထိလိုက်ကာ

"ပြီးတော့ မင်းရယ်တဲ့အသံက တော်တော်လေး နားအဝင်ဆိုးတယ်။ ငါနဲ့ဝေးဝေးနေပေးလို့ ရမလား"

လီရှုအိုလန် အရမ်းအံ့အောသွားပြီး ဆွန်းမိုကို တအံ့တအော ကြည့်လိုက်သည်။ နာမည်ကြီးတဲ့ လူအများစုက သူတို့ကိုယ်သူတို့ ချစ်မြတ်နိုးပြီး လူရှေ့သူရှေ့မှာ အပြုအမူကို စောင့်ထိန်းကြသည်။

ဒါပေမယ့် ဆွန်းမိုကတော့ တကယ့်လူပဲ။ သူဘက်ကတောင် စပြီး ကျိန်းမောင်းလိုက်သေးသည်။

(ဒါပေမယ့် ငါကြိုက်တယ်)

(နောက်ထပ် တစ်မှတ်ပေးမယ်)

“မင်း............”

ရှမ်ရှီသည် ဒေါသတွေ ပေါက်ကွဲထွက်လာသဖြင့် မျက်နှာ မည်းသွားသည်။

ဆွန်းမိုက သူ့ကို လျစ်လျူရှုထားပြီး တန်းထွက်သွားသည်။ (ငါ့ကို မကျေနပ်ဘူးလား။ လာတိုက်ခိုက်လိုက်လေ)

....

ရှမ်ရှီက ဆွန်းမို နောက်ကျောကို ကြည့်လိုက်သည်။ ဆွန်းမို ခမ်လှမ်းလှမ်းသို့ ရောက်သွားပြီးနောက် ရှမ်ရှီသည် လီရှူအိုလန်ကို စိုက်ကြည့်ကာ

"အလှလေး ၊ ဘာစားချင်လဲ ငါဝယ်ကျွေးမယ်"

"အာ"

လီရှူအိုလန်က အလန့်တကြား ထအော်ပြီး အိတ်ဆောင်နာရီကို အမြန်ထုတ်ကြည့်လိုက်သည်။

“အင် ၊ နောက်မှ၊ နောက်မှနော်။ အင်တာဗျူး ရှိနေတာ မေ့သွားလို့။ ငါတောင်းပန်ပါတယ်။ နောက်တစ်ခေါက် အခွင့်အရေးရရင် မင်းကို ပြန်ဝယ်ကျွေးမယ်”

စကားပြောပြီးတာနဲ့ လီရှုအိုလန်သည် ရှမ်ရှီ ပြန်ဖြေတာတောင် မစောင့်ဘဲ တန်းပြီး ထွက်ပြေးသွားသည်။

ရှမ်ရှီ၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်တာကလည်း ဆွန်းမိုကို စိတ်ဆွချင်လို့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဒီအတွက်လည်း အဖြေမရှိဘူး။ ငါက ရုပ်ဆိုးတဲ့ ကောင်တွေကို မကြိုက်ဘူး)

(မင်း ရုပ်ရည်က ပုံမှန်ဆိုပေမယ့် ရုပ်ဆိုးတယ်။ မင်းကိုသုံးမှတ်ပဲ ပေးနိုင်တယ်။ ၃ မှတ်တန်ယောကျာ်းတွေ ဘယ်လောက်များများ တန်းစီနေသလဲဆိုတာ ငါလည်းမသိဘူး။ သူတို့ ညစာစားဖို့ တောင်းဆိုတိုင်း ငါသဘောတူလိုက်ရင် သေသွားမှာပေါ့)

"အရင်သဘောတူပြီးမှ ဒီလိုလုပ်တာလား၊ နောက်ကျရင် ဘယ်သူမှ ငါ့ကို မလှည့်စားစေရဘူး....."

ရှမ်ရီက လီရှူအိုလန် နောက်ကျောကို မျက်မှောင်ကြုတ်ကြည့်ပြီး လက်သီးဆုပ်ကာ ကျန်ခဲ့သည်။ သူ့အကြည့်က ငန်းတစ်ကောက်ကို ကြည့်နေတဲ့ ရက်စက်တဲ့မြွေတစ်ကောင်အလား ဖြစ်နေသည်။

(ငါနဲ့ ညစာ အတူတူမစားချင်ဘူး ဟုတ်လား)

(ဒါဆိုရင် ဘာဖြစ်လို့ ငါ့နာမည် မေးရတာလဲ)

ရှမ်ရှီသည် ဟိုတယ်ပြန်ရောက်ပြီးတဲ့နောက် တပည့်ဖြစ်သူ ကွေ့ကျားလုံ အနီးအနားအမှာ မရှိတာ သိလိုက်သည်။ ဒေါသတကြီးနဲ့ လက်ဖက်ရည်ခွက်ကို ရိုက်ခွဲ ပစ်လိုက်သည်။

ညနေစောင်းတော့ ကွေ့ကျားလုံး ပြန်ရောက်လာသည်။

"မင်း ဘယ်သွားနေတာလဲ"

ရှမ်ရှီက ဆူပူကြိမ်းမောင်းလိုက်သည်။

"စော်လေးတွေနောက် ခဏလောက် လိုက်သွားတာပါ"

ကွေ့ကျားလုံ အရွှန်းဖောက်လိုက်သည်။

"သူတို့နဲ့ ကစားရတာ တော်တော်ပျော်ဖို့ကောင်းနေတယ် ဟုတ်လား"

ဖြေဘင်း

ရှမ်ရှီက မျက်နှာမရှောင် ဘာမရှောင် ရိုက်ချလိုက်သည်။

"ပြိုင်ပွဲကာလမှာ ပေါ့ပေါ့ဆဆ မလုပ်ဖို့ ငါမှာထားတယ်လေ။ မင်းက ငါ့စကားတွေကို လေထဲပျောက်သွားတယ် မှတ်နေတာလား"

"ဆရာ၊ ဒီလိုမျိုး ထပ်မဖြစ်စေရပါဘူး"

ကွေ့ကျားလုံက ပြန်ပြောလိုက်သည်။

ဖြောင်း ဖြောင်း

ရှမ်ရှီက သုံးကြိမ်တိုင်တိုင် ပါးရိုက်ချလိုက်သည်။

"မင်းကို ပြန်ပြင်းခွင့် ပေးလို့လား။ မင်းမှာရှိသမျှ အရာအားလုံးက ငါပေးထားတာ။ ဒါကြောင့် မင်းနာခံတာ ပိုကောင်းမယ်"

ကွေ့ကျားလုံ ပါးစပ်ထောင့်မှာ သွေးစွန်းသွားသည်။ သူက ခေါင်းငုံ့လိုက်ပြီး

"ဆရာ၊ ငါမှားပါတယ်"

“ဒါမှ ပိုအဆင်ပြေသေးတယ်”

ရှမ်ရှီက ကွေ့ကျားလုံ ဆံပင်ကို ဖွလိုက်ပြီး

“သွား အနားယူတော့ လုံးဝ လန်းဆန်းသွားအောင် လုပ်လိုက်၊ တိုက်ပွဲ စတဲ့အချိန်ကျရင် တခြား ကျောင်းသားတွေ အကုန်လုံးကို ဖျက်ဆီးပစ်”

ဆွန်းမို ရလဒ်က အရမ်းအထင်ကြီးဖို့ ကောင်းသဖြင့် လူပြောများတဲ့ ဇာတ်ကောင်တစ်ကောင် ဖြစ်လာခဲ့သည်။ ဒါပေမယ့် ညဘက်ရောက်တဲ့အခါမှာတော့ ဆွန်းမိုအကြောင်း ဘယ်သူမှ မပြောတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားသုံးယောက်က တစ်ကိုယ်လုံး အရိုးကျိုးပြီး မြောင်းထဲပစ်ချ ခံထားရသည်။

အချိန်တော်တော်ကြာအောင် ကျောင်းသားတွေ အကုန်လုံး လန့်ဖြန့်နေကြသည်။

သူတော်စင်ဂိတ်ကလည်း ဒေါသတကြီးဖြစ်လာပြီး ကင်းလှည့်တဲ့ အရေအတွက်ကို တိုးမြှင့်လာသည်။ ဒါပေမယ့် အခုအချိန်က စာမေးပွဲ အချိန်ကာလ ဖြစ်နေသဖြင့် အနောက်တောင်မြို့တွင် လူအရမ်းများသည်။ ဒါကြောင့်လည်း တရားခံကို ရှာတွေ့ဖို့ ခက်ခဲနေသည်။

နောက်နေ့တွင် တတိယ အဆင့်ဖြစ်တဲ့ ဟောပြောမှု စာမေးပွဲစတင်သည်။

ဆွန်းမိုရဲ့ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းက မနက်ပိုင်း ဒုတိယအချိန်တွင် ဟောပြောရမည်။ ဝိညာဉ်တက်တူး အတန်းကိုတော့ ညနေခြောက်နာရီမှ ဟောပြောရမည်။ သူ့ရဲ့ အတန်းချိန်က နောက်တစ်ကြိမ် ကံဆိုးခဲ့ပြန်သည်။

ဒါပေမယ့်လည်း ဆွန်းမိုကတော့ စိတ်ထဲမထားပါ။

....

မနက်စောစော ရုံးခန်းထဲမှာ.................

"ဆရာလီ၊ မင်းက ဘယ်သူ့ ဟောပြောပွဲ သွားနားထောင်ဖို့ လုပ်နေတာလဲ"

လင်ဟုန်ဒါက လီရှုအိုလန် အတွက် လက်ဖက်ရည်တစ်ခွက် ကိုယ်တိုင် ငှဲ့ပေးရင်း မေးလိုက်သည်။

"ဆွန်းမို၊ မြတ်ဆရာဆွန်း"

လီရှုအိုလန်ကလည်း ဒီကိစ္စကို စဉ်းစားနေခဲ့သည်။

သူမက အထူးဖိတ်ကြားထားမှု ရရှိထားတဲ့ သတင်းထောက်တစ်ယောက် ဖြစ်သဖြင့် ဘေးနားမှာ ထိုင်နားထောင်ဖို့ အခွင့်အရေး ရှိသည်။

သူတော်စင်ဂိတ်ကလည်း သူမရဲ့ လွှမ်းမိုးမှုကို အသုံးချပြီး အပြုသဘောဆောင်ကာ ကြောငြာပေးဖို့ မျှော်လင့်နေသည်။

"ဟားဟား၊ မျှော်လင့်ထားသလို ဆွန်းမိုပဲ ဖြစ်နေတာလား"

လင်ဟုန်ဒါက အရွှန်းဖောက်လိုက်သည်။

"ဒါပေမယ့် သူက အရမ်းနာမည်ကြီးနေပြီ။ အချိန်ဖြုန်းစရာ မလိုတော့ဘူး မဟုတ်လား။ တခြားအသစ်လေးတွေကို နာမည် မြှင့်တင်ခွင့် ဘာဖြစ်လို့ မပေးတာလဲ"

အခန်း(၅၄၉) - စတင် အစွမ်းပြခြင်း။

"ဆွန်းမိုက ဘွဲ့ရပြီးတာနဲ့ မြတ်ဆရာစာမေးပွဲဝင်ဖြေတဲ့ လူတစ်ယောက်ပါ။ သူက လူသစ်မဟုတ်တဲ့ လူသစ် တစ်ယောက်ပဲ"

လီရှုအိုလန်က တည်ငြိမ်စွာ ပြုံးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြွတ်ဆရာစာမေးပွဲကို ကြိုးစားခွင့် ငါးကြိမ် သတ်မှတ်ထားပြီး ငါးကြိမ်အတွင်း မအောင်မြင်ပါက မြွတ်ဆရာအလုပ်ကို နှုတ်ဆက်သွားရမည်။ ဒါ့အပြင် ကြယ်တစ်ပွင့် မြွတ်ဆရာ စာမေးပွဲတွင် ပြောစရာမလိုတဲ့ စည်းမျဉ်းတစ်ခု ရှိသည်။ တကြိမ်တည်းနဲ့ မအောင်မြင်ပါက “ဘီ’အဆင့် ကျောင်းတွေမှာ ဘယ်တော့မှ အလုပ်လုပ်နိုင်မှာ မဟုတ်တော့ပေ။ အဆင့်မြင့်တဲ့ ကျောင်းတွေက အမှိုက်တွေကို လက်မခံပါ။

ဒါကြောင့် မြတ်ဆရာအများစုသည် စာမေးပွဲဖြေဆိုစာရင်းမသွင်းခင် အတွေ့အကြုံတချို့ ရဖို့အတွက် သုံးနှစ်လောက် စောင့်ဆိုင်းတတ်ကြသည်။

“ဒါပေမယ့် အခုအချိန်မှာတော့ ဆွန်းမိုက ဘွဲ့ရပြီး တစ်နှစ်အတွင်း မြတ်ဆရာ စာမေးပွဲကို နှစ်ဆင့် ဆက်တိုက်ဖြေဖို့ ကြိုးစားနေတယ်။ တကယ်လို့သူသာ အောင်မြင်သွားရင် ရှန်းရင်းဆန်ခတ် ကြီးကြီးမားမား ဖြစ်သွားနိုင်တဲ့ သတင်းကြီးတစ်ခု ဖြစ်လာမှာ သေချာတယ်။

သူတော်စင်ဂိတ်က စံပြမြတ်ဆရာတစ်ယောက် လိုနေတာ မဟုတ်လား”

လီရှုအိုလန်က ပြန်မေးလိုက်သည်။

သူမ ပြင်းလိုက်တာကို မကျေနပ်ပေမယ့် ဆွန်းမိုရဲ့ ပင်ကိုယ်အရည်အချင်းကို အသိအမှတ် ပြုနေဆဲပါ။ သူမက ပါရမီရှင်တွေနဲ့ ပိုအင်တာဗျူးပြီး သူတို့အောင်မြင်တဲ့ ဘုံအချက်တွေကို ဖော်ထုတ်ကာ လူတွေကို ကူညီဖို့အတွက် သီအိုရီတစ်ခု ထွက်လာရန် မျှော်လင့်နေသည်။

လီရှုအိုလန်က တခြားသူတွေကို ပညာပေးဖို့အတွက် သူမကိုယ်တိုင် တိုးတက်အောင် မလုပ်သော်လည်း သူမကိုယ်သူမ မြတ်ဆရာ တစ်ဝက်လို့ သတ်မှတ်ထားပြီး လူများတွေကို ပညာဖြန့်ဝေပေးရမယ်ဆိုတဲ့ မူရင်းရည်ရွယ်ချက်ကို မမေ့ပါ။

ထုံးစံအတိုင်း ဆွန်းမို ချောမောတာက အရေးအကြီးဆုံးအချက် ဖြစ်သည်။ သူ့ကို ကြည့်လိုက်ရုံနဲ့ မျက်လုံးနဲ့ နှလုံးသားတွေ ကြည်နူးဖို့ လုံလောက်သည်။

လင်ဟုန်ဒါ၏ အမူအရာ ရပ်တန့်သွားသည်။ သူသည် ဒုတိယ မဟာမိတ်ခေါင်းဆောင် ဖြစ်လာပြီးကတည်းက အငြင်းခံရဲတဲ့ အရသာကို မေ့နေခဲ့သည်။ ပြီးတော့ လီရှုအိုလန် ပြောတဲ့ အချက်ကလည်း မမှားတာကို ဝန်ခံရမည်။

ဆွန်းမိုလိုလူမျိုးက ရာစုနှစ်ပေါင်း များစွာမှာ တစ်ယောက်လောက်ပဲ တွေ့နိုင်သည်။

ဒါပေမယ့်လည်း ခိုင်မာတဲ့ နောက်ခံမရှိတဲ့ မြတ်ဆရာတွေက နောက်ဆုံးတော့ အမြစ်မရှိတဲ့

ရေမှော်သာ ဖြစ်သွားမည်။ ကြီးပွားတိုးတက်ချင်ရင်တော့ အချိန်ပိုပေးရမည်။

"ဆရာလီရဲ့စကားကလည်း မမှားပါဘူး။ ဒါပေမယ့် တစ်မဲဆွန်းက နာမည်ကြီးပြီးသားလေ။ သူ့နာမည် မြှင့်တင်ရာမှာ ကူညီဖို့ထက် တခြားထူးချွန်တဲ့ မြတ်ဆရာအသစ်တွေကို ကျော်ကြားမှု မြှင့်တင်ဖို့အတွက် ဘာဖြစ်လို့ မကူညီတာလဲ"

လင်ဟုန်ဒါက ရယ်မောလိုက်ပြီး

"အို ဟုတ်ပြီ။ မင်းကဋ္ဌာနတခု တည်ထောင်ချင်နေတယ်လို့ ငါကြားမိတယ်"

“ဟုတ်တယ်”

လီရှုအိုလန်ကလည်း ဒါကို မဖုံးကွယ်ထားပါ။ သူတော်စင်ဂိုဏ်တ်မှာ အလုပ်လုပ်ရင် ကန့်သတ်ချက်တွေ အရမ်းများသည်။ ဒါကြောင့် သူမကိုယ်ပိုင် သတင်းစာထုတ်ဖို့ ပြန်ဆင်ခဲ့သည်။ ဒါပေမယ့်လည်း အတားအဆီးအများကြီး ရှိနေလို့ ဒုတိယ အကောင်းဆုံး ရွေးချယ်မှုအနေနဲ့ ညှိနှိုင်းဖို့ပဲ ရွေးချယ်နိုင်ခဲ့သည်။ ဒါကတော့ ဌာနအသစ် တည်ထောင်တာပဲ ဖြစ်သည်။

အနည်းဆုံး ဌာနအသစ်မှာ သူဌေးဖြစ်လာပြီး လူတချို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာစရာ မလိုတော့ပေ။

"ဌာနအသစ် တည်ထောင်တာ အရမ်းခက်ခဲတယ်လို့ ငါသိတယ်။ မင်းက ပိုက်ဆံနဲ့ အရည်အချင်းချို့တဲ့ နေသေးတယ်"

လင်ဟုန်ဒါက သက်ပြင်းချပြီး စကား ဆက်မပြောတော့ပါ။

လီရှုအိုလန်က စကားနောက်ကွယ်က အဓိပ္ပါယ်ကို ချက်ခြင်းနားလည်လိုက်သည်။ ဒါကြောင့် အပြုံးကလေးနဲ့ မေးလိုက်သည်။

"ငါ့အတွက် ဘယ်သူ့ကိုများ အကြံပြုချင်လဲ"

သတင်းထောက် တစ်ယောက်အနေနဲ့ လီရှုအိုလန်သည် ဒီနှစ်မှာ အာရုံစိုက်ခံထိုက်တဲ့ မြတ်ဆရာအသစ်တွေ အများကြီး ရှိနေတာ သိနေသည်။ ဒါပေမယ့်လည်း လင်ဟုန်ဒါက တစ်ယောက်ယောက်ကို ကူညီဖို့အတွက်

သူ့အဆက်အသွယ်ကို အသုံးပြုချင်နေတာ ထင်ရှားနေသည်။

"လူတွေကတော့ အများကြီး ရှိတာပေါ့။ ဥပမာ - ဖြူမ အကယ်ဒမီက လင်ဝေ လိုမျိုးပေါ့"

လင်ဟုန်ဒါက လက်ဖက်ရည် သောက်ရင်း ပြောလိုက်သည်။

"အင်း၊ အင်း"

လီရှုအိုလန်က မှတ်စုစာအုပ်ထုတ်ပြီး အာရုံစိုက်နေတဲ့ပုံစံ လုပ်နေလိုက်သည်။ ဒါပေမယ့် သူမစိတ်ထဲမှာ ရှုံ့ရှာမှုများ တိုးမြင့်လာသည်။

(လင်ဝေလား။ လင်ဟုန်ဒါနဲ့ မျိုးရိုးအတူတူပဲ မဟုတ်လား။ တော်တော်လေး ကောက်ကျစ်တဲ့ မြေခွေးအိုကြီးပဲ)

ညှိနှိုင်းမှု ပြီးသွားတဲ့နောက် လင်ဟုန်ဒါက တော်တော်လေး စိတ်ကျေနပ်သွားသည်။

"ဆရာလီ၊ နောက်ပိုင်း မင်းအားရင် ညစာ အတူတူစားဖို့ ဘယ်လို ခေါ်ရမလဲ"

လီရှုအိုလန်က ဖက်ရှင်ကျကျ ဝတ်စားထားပြီး အထူးသဖြင့် အနောက်နိုင်ငံက ဘောပင်ကို ကိုင်ထားတဲ့ သူမရဲ့ လက်ချောင်းရှည်များကို

မြင်လိုက်လျှင် လင်ဟုန်ဒါ ရင်ခုန် စိတ်လှုပ်ရှားလာသည်။ သူ့မှာ မိန်းမ မရှားပေမယ့် လီရှူအိုလန်က အရမ်းဆွဲဆောင်မှု ရှိနေသည်။

“မဟာမိတ် ခေါင်းဆောင်၊ ငါဒီရက်ပိုင်း အလုပ်ရှုပ်နေတယ်။ ပြီးတော့ လင်ဝေအတွက် မှုကြမ်းကိုလည်း အလျှင်စလို ထုတ်ရအုံးမယ်”

လီရှူအိုလန်က ခက်ခဲနေတဲ့ အမူအရာ ထုတ်ဖော်ထားသည်။

ကလောင် ကလောင် ကလောင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြင်ဆင်ဖို့အတွက် ခေါင်းလောင်းသံထွက်လာသည်။ ဆယ်မိနစ်ကြာရင် ဟောပြောပွဲစတော့မည်။

"မဟာမိတ် ခေါင်းဆောင်"

လီရှုအိုလန်က မတ်တပ်ရပ်လိုက်သည်။

"အချိန် မစောတော့ဘူး"

"ကောင်းပြီလေ၊ မင်းသွားစရာရှိတာ သွားပါ။ နောက်ကျနေအုံးမယ်"

လင်ဟုန်ဒါက ဒုမဟာမိတ် ခေါင်းဆောင်ဖြစ်နေသဖြင့် သူ့ရဲ့သိက္ခာကို ထိန်းထားရအုံးမည်။

သူတစ်ဖက်သားကို အတင်းအကျပ် ဖိအားပေးပြီး နေခိုင်းလို့လည်း မကောင်းပေ။ ဒါ့အပြင် သူမက ကြီးမြတ်တဲ့ သတင်းထောက် တစ်ယောက်လည်း ဖြစ်နေသေးသည်။ သူမက အနည်းငယ် ကျော်ကြားသော်လည်း နောက်ဆုံးတွင် သူမပဲ အလျှော့ပေးရလိမ့်မည်။

ရုံးနဲ့ ခပ်လှမ်းလှမ်းကို ရောက်လာပြီးတဲ့နောက် လီရှုအိုလန် တံတွေး တန်းထွေးလိုက်သည်။

ထွီ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာဖြစ်လို့ ကို့ကိုယ်ကို အရင်မကြည့်တာလဲ။ မင်းပုံစံကို ဖယ်ထားလိုက်အုံး မင်းရဲ့အရှက်မရှိတဲ့ ကြောင်သူတော်ကြွက်သူခိုး စရိုက်ကို ငါရွံတယ်။ ငါနဲ့အတူတူ ထမင်းစားချင်သေးတယ် ဟုတ်လား)

(ဟွန့် ၊မင်းခေါင်းဖြတ်လိုက်ရင်တောင် မင်းနဲ့ ထမင်းအတူတူ မစားဘူး)

လီရှုအိုလန်က လမ်းလျှောက်လာရင်း မာနတွေ တောက်ပနေတဲ့ မျက်လုံးနဲ့ ခေါင်းမော့လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(လင်ဝေ၊ မင်းနာမည်ကြီးချင်တယ် ဟုတ်လား။ မင်းကို ပန်းလေးတစ်ပွင့် ဖြစ်လာအောင် ငါက ချီးကျူးပေးလိုက်မယ်)

တကယ်လို့ လီရှုအိုလန်သာ ဒီနယ်ပယ်မှာ လူသစ်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် လင်ဟုန်ဒါကမျက်နှာကို လက်ဖက်ရည်ခွက်နဲ့ တစ်ခါတည်း ပိတ်ရိုက်မိလိမ့်မည်။ အခုတော့ လိုက်လျောညီထွေ ဖြစ်အောင် လုပ်ဖို့ သင်ယူတတ်ခဲ့ပြီ။

သူမရဲ့ရည်ရွယ်ချက်အတွက် လီရှူအိုလန် တွေဝေနေမှာ မဟုတ်ပေ။

……………………..

ဒွန်လရဲ့ နေ့ရက်တွေက မိန်းကလေး တစ်ယောက်ရဲ့ ခံစားချက်နဲ့ တူနေသည်။ ရာသီဥတုက အချိန်မရွေး ပြောင်းသွားနိုင်သည်။ စောစောက နေသာပေမယ့် အခုမိုးရွာချင် မိုးရွာနိုင်သည်။

လီရှူအိုလန်သည် ဟောပြောပွဲ အခန်းတစ်ခုအတွင်း ထိုင်ကာ သူမကိုယ်တိုင် ၅ မှတ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အများဆုံး ပေးမယ်လို့ ဆုံးဖြတ်ထားတဲ့ လင်ဝေကို ကြည့်ရင်း အိပ်ပျော်လုနီးပါး ဖြစ်နေသည်။

(ဒါက ထူးချွန်တာလား)

ပျမ်းမျှ စံနှုန်းထက် အနည်းငယ်သာလွန်သော်လည်း တကယ် ကြယ်ပွင့် အစစ်တွေနဲ့ယှဉ်ပါက နွားချေးကို ပန်းပွင့်နဲ့ ခိုင်းနှိုင်း နေသလို ဖြစ်နေသည်။

လီရှုအိုလန် ပိုးဆိုးပက်စက် သက်ပြင်းချလိုက်သည်။

ဒီလိုမျိုး ကြီးမားတဲ့စာသင်ခန်းကို ဆွန်းမိုလိုမျိုး ပါရမီရှင်တွေကိုပဲ ပေးသင့်သည်။ ဒါပေမယ့် လင်ဝေကတော့ နောက်ကွယ်မှ ပံ့ပိုးကူညီတဲ့ အဆက်အသွယ်တွေကြောင့် လူ ၅၀၀ ဆံ့တဲ့ စာသင်ခန်းကို အလွယ်တကူ ရခဲ့သည်။

(မဟုတ်ဘူး။ ငါသည်းမခံနိုင်တော့ဘူး)

လီရှုအိုလန် မတ်တပ်ရပ်ပြီး ထွက်သွားဖို့ လုပ်လိုက်ပေမယ့် တွေဝေသွားကာ ပြန်ထိုင်ချလိုက်သည်။ ဒါပေမယ့် ခန္ဓာကိုယ်ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နှိပ်စက်တာထက် စိတ်ကို နှိပ်စက်တာက နှစ်ဆလောက် ပိုခံရခက်သည်။

လင်ဝေက လီရှူအိုလန်ကို အမြဲတမ်း အာရုံစိုက်နေခဲ့သည်။ အခုအချိန်တွင် သူမ ထရပ်တာမြင်လိုက်တော့ တုန်လှုပ်ခြောက်ခြားတဲ့ အမူအရာပေါ်လာသည်။

(ငါ့ဟောပြောမှုက မကောင်းလို့လား)

လင်ဝေက စကားထစ်နေသဖြင့် ကျန်တဲ့လူတွေကလည်း လီရှူအိုလန်ကို ကြည့်လာကြသည်။

လီရှုအိုလန်သည် နောက်ဆုံးတော့ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်သည်။

လင်ဝေသည် နတ်ဘုရားမလေးကို ခေါ်တော အကြည့်နဲ့ ငေးကြည့်ရင်း သူမဆီက စကားတစ်ခွန်း ကြားရလိုကြားရငြား တောင်းတနေခဲ့သည်။

(ထွီ၊ လင်ဝေဆီက နောက်ထပ်တစ်မှတ် ထပ်နှုတ်လိုက်မယ်)

"ဆွန်းမိုက အခန်း ၅၀၉မှာ ပျောပြာနေတဲ့ပုံပဲ"

လီရှုအိုလန်သည် ငါးထပ်မြောက်သို့ တက်လာခဲ့လျှင် ပြင်းထန်တဲ့ လက်ခုပ်သြဘာ

သံတွေကို ကြားနေရသည်။ စကြံ့န်အပြင်ဘက်တွင် ကျောင်းသားများစွာ စုဝေးနေတာ မြင်နေရသည်။

ဒီပြိုင်ပွဲရဲ့ စည်းမျဉ်းသတ်မှတ်ချက်က ကြယ်တစ်ပွင့်မြတ်ဆရာစာမေးပွဲနဲ့ အတူတူပါ။ ကျောင်းသားတွေနဲ့ မြတ်ဆရာတွေက မဲပေးဖို့လိုအပ်ပြီး မဲအရေအတွက် ၇၀ ပြည့်ဖို့ လိုအပ်သည်။

‘ဆွန်းမိုရဲ့ စာသင်ခန်း ဖြစ်နေမလား”

လီရှူအိုလန် မျက်မှောင်ကြုတ်နေပြီး လေထုကို ကြည့်လိုက်တာနဲ့ ဆွန်းမိုရဲ့ စာသင်ခန်းဖြစ်မယ်ဆိုတာ

သေချာနေသည်။ လင်ဝေရဲ့ စာသင်ခန်းမှာ အကြာကြီး နေခဲ့မိတဲ့အတွက် နောင်တရ သွားသည်။

"ငါလွတ်သွားတာ သိပ်မများသေးဘူးလို့ မျှော်လင့်တာပဲ"

လီရှုအိုလန်သည် ခြေလှမ်းများကို အရှိန်မြှင့်ပြီး စာသင်ခန်းထဲသို့ ရောက်လျှင် နေရာလွတ် မရှိတော့တာ မြင်လိုက်ရသည်။ ဒါပေမယ့် ဒီအချက်က သူမကို မတုန်လှုပ်စေခဲ့ပါ။

"မောင်လေး....၊ အစ်မကို မင်းရဲ့ ထိုင်ခုံလေး ကျေးဇူးပြုပြီး ပေးပါလားဟင်"

သူမဆီက စွဲမက်ဖို့ကောင်းတဲ့ စကားသံထွက်လာလျှင် ကျောင်းသားလေး ယစ်မူးသွားသည်။ သူက လီရှုအိုလန်ရဲ့ လှပတဲ့ မျက်နှာလေးကို ငေးကြည့်ပြီး စဉ်းတောင်မစဉ်းစားပဲ မတ်တပ်ရပ်ပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ်”

လီရှုအိုလန်က သွားတွေပေါ်တဲ့အထိ ပြုံးပြလိုက်သည်။ ထိုင်ချလိုက်ပြီး နေရာတစ်ခုလုံးကို အကဲခတ်လိုက်သည်။ ဆွန်းမိုအပေါ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမြင်တိုးတက်လာတာနဲ့အမျှ အလိုလို ခေါင်းညိတ်လိုက်မိသည်။

လီရှုအိုလန်သည် ဘယ်သွားသွား အရုပ်တစ်ရုပ်လို ဆွဲဆောင်မှုရှိအောင် ဘယ်လိုလုပ်ရမလဲ သိသည်။ ဒါပေမယ့် အခုအချိန်မှာ ဘယ်သူမှ သူမကို မကြည့်ကြပါ။ သူတို့အားလုံးက စင်ပေါ်ကိုပဲ အာရုံစိုက်ထားပြီး ဆွန်းမိုပြောသမျှကို အာရုံစိုက် နားထောင်နေကြသည်။

ဆွန်းမို ဟောပြောချက်က တကယ် ကောင်းမွန်ကြောင်း ညွှန်ပြနေသည်။

"အဆင့်မြင့် ကျင့်ကြံခြင်း ကျင့်စဉ်က ရှားပါးတယ်ဆိုတာ ငါလည်း သိပါတယ်။ ဒါကြောင့် လူတော်တော်များများက ကံကောင်းလို့ ရလိုက်တာနဲ့ ချက်ခြင်း ကျင့်ကြံကြလိမ့်မယ်။ တကယ်တမ်းတော့ ဒါက မှားယွင်းတဲ့ အယူအဆပဲ။ အဲဒီအစား မင်းတို့ ခန္ဓာကိုယ်ကို တကယ်ထိခိုက်စေနိုင်တယ်"

ဆွန်းမိုက ကောင်းကင်အဆင့် ကျင့်စဉ်များရဲ့ ဝိသေသလက္ခဏာများကို မိတ်ဆက်ပြီးနောက် စင်ပေါ်က ဆင်းလာကာ ဗလတောင့်တဲ့ ကျောင်းသားတစ်ယောက်အရှေ့သို့ သွားကာ

ကျောင်းသားရဲ့ပခုံးပေါ် လက်တင်ပြီး နှိပ်ပေးလိုက်သည်။

“ဥပမာ - ဒီကျောင်းသားက စီးဆင်းနေတဲ့ တိမ်ကျောက်တုံး လက်သီးကို လေ့ကျင့်ထားတယ်။ ဒီကျင့်စဉ်က ပြင်းထန်မှုနဲ့ အရှိန်အဟုန်ကို ဦးစားပေးတယ်လို့ ဖော်ပြနေပေမယ့် သူ့လို့ ဗလတောင့်တဲ့ ယောကျာ်းလေးမျိုးနဲ့ မသင့်တော်ဘူး”

ရှစ်

အကြည့်တွေ အကုန်လုံးက ဗလတောင့်တဲ့ ကျောင်းသားဆီ ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဘာကြောင့်လဲ”

ကျောင်းသားလေးက နားမလည်ပေ။ အများအားဖြင့်တော့ ဗလတောင့်တဲ့လူတွေ လျှောက်တဲ့ လမ်းစဉ်ဆိုတာ သေချာသည်။

“ဘာဖြစ်လို့လဲဆိုတော့ ဒီကျင့်ကြံမှု ကျင့်စဉ်က ကြွက်သားပိုင်းဆိုင်ရာကို ပိုအားကောင်းလာစေတယ်။ ဒါကို အများကြီး လေ့ကျင့်လိုက်ရင် အားနည်းတဲ့လူတွေတောင် ကြွက်သားတွေ ဖောင်းကားလာလို့ အရိုးတွေ သန်မာလာတယ်လို့ ခံစား ရလိမ့်မယ်။ ဒီအချက်ကို အာရုံစိုက်တာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လွန်ကဲသွားရင် အရှိန်အဟုန် ကြီးကြီးမားမား ကျလာလိမ့်မယ်”

ဆွန်းမိုက ရှင်းပြလိုက်သည်။

သူ့ရဲ့ အရှိန်နှေးကွေးမှုကြောင့် နောက်ဆုံးတွင် အထိုင်ချနေတဲ့ ပစ်မှတ်တစ်ခု ဖြစ်လာလိမ့်မည်။

“ဒါ....ဒါဆို ငါဘာလုပ်ရမလဲ”

ဆွန်းမိုက သူ့ပခုံးကိုထိပြီး နှိပ်လိုက်ရုံနဲ့ သူလေ့ကျင့်ထားတဲ့ ကျင့်ကြံခြင်း ကျင့်စဉ်ကို ပြောပြနိုင်နေသဖြင့် ကျောင်းသားလေးသည် လန့်ဖြန့်သွားသလို ဆွန်းမိုကိုလည်း သံသယ မဝင်ရဲပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် ဆွန်းမိုက ရှေ့ဟောင်းနဂါးဖမ်းတဲ့ လက်ကို အသုံးပြုပြီး စောစာတုန်းက ထစ်ဆို့မှု ကြုံတွေ့နေရတဲ့ ကျောင်းသားနှစ်ယောက်ကိုလည်း အဆင့်တက်အောင် ကူညီပေးခဲ့သေးသည်။

(လှူပ်ရှားရတဲ့ကျင့်စဉ်ကို ကျင့်ကြံပါ။ ကျင့်စဉ်က အနည်းဆုံးတော့ ပျမ်းမျှ ကောင်းကင်အဆင့် ရှိရမယ်။ ဒီလိုမှမဟုတ်ရင်လည်း နောက်ထပ် ကျင့်စဉ်တစ်ခုကို ပြောင်းပြီး လေ့ကျင့်လိုက်ပါ”

ဆွန်းမိုက လက်ပြန်ရုတ်လိုက်ပြီး သနားလည်း သနား မိသွားသည်။

"တကယ်တော့ မင်းက လမ်းမှားရောက်နေပြီ။ အရင်တုန်းက မင်းရဲ့ အလုံးစုံ အရည်အချင်းက အရမ်းမြှတနေတယ်။ မင်းက ခွန်အား လမ်းစဉ်ကို မလျှောက်လှမ်းခဲ့သင့်ဘူး"

"ဒါ...ဒါပေမယ့် ငါ့ရဲ့ကိုယ်ပိုင်ဆရာကတော့ ငါက ခွန်အား အမျိုးအစားတဲ့"

ကောင်းလေ စိတ်ဓါတ် ကျသွားသည်။

"ဗလတောင့်တိုင်း ခွန်အား အမျိုးအစားလို့ မဆိုလိုဘူး"

ဆွန်းမိုက ခေါင်းယမ်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါအပြင် ခွန်အား အမျိုးအစားမှာလဲ အမျိုးအစားခွဲတွေ အနည်းငယ် ရှိသေးတယ်"

အလေးမ ချန်ပီယံ က 'ရိုက်ချက်' ဒါမှမဟုတ် 'လုံပစ်' ပြုလုပ်၍ မရသလို အဲဒီလူတွေကလည်း အလေးမ ချန်ပီယံ လုပ်လို့ မရပါ။ သူတို့တွေက ဒီအာကစား နှစ်ခုစလုံးတွင် ချန်ပီယံ မဖြစ်နိုင်ပါ။

ကျောင်းသားလေးသည် ငြိမ်ကျသွားသော်လည်း တွေဝေ နေသေးသည်။

"ပြီးခဲ့တဲ့ ခုနှစ်လ ကစပြီး မင်းရဲ့တိုးတက်မှုတွေ နှေးကွေးလာတယ်လို့ ခံစားမိလား။ ဒါက မင်းရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျင့်ကြံခြင်း ကျင့်စဉ်နဲ့ မလိုက်ဖက်တော့ဘူးဆိုတဲ့ လက္ခဏာပဲ။”

ဆွန်းမိုက နောက်ထပ် သက်သေတစ်ခု ပေးလိုက်သည်။

ဒီအခိုက်အတန့်တွင် ကျောင်းသားလေးသည် အံ့အောသွားပြီး ဆွန်းမိုကို အလန့်တကြား ကြည့်လိုက်သည်။ (အချိန်အတိကျတောင် သိနေတာလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်း ပြန်ရောက်သွားရင် မင်းအနာဂတ်တိုးတက်မှုလမ်းစဉ်အတွက် မင်းဆရာနဲ့ ဆွေးနွေးသင့်တယ်။"

ဆွန်းမိုက ကောက်ချက် ချလိုက်သည်။

"ဆရာ ဆွန်း ရဲ့ လမ်းညွှန်မှုအတွက် အများကြီး ကျေးဇူးတင်ပါတယ်"

ကျောင်းသားလေးက ထပြီး မတ်တပ်ရပ်ကာ အရိုအသေ ပေးလိုက်ပြီး လုံးဝကို ယုံကြည်သွားသည်.

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှိုဒါဂျောင် ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၅၀/၁,၀၀၀)

ဖြောင်း ဖြောင်း ဖြောင်း

စာသင်ခန်းထဲတွင် အားတက်သရော လက်ခုပ်တီးနေတဲ့ အသံများ ထွက်ပေါ်လာသည်။ အားလုံးက ဆွန်းမိုရဲ့ သရုပ်ပြမှုကို အားပေးနေကြသည်။

ဒီကျောင်းသားလေးသည် အဆင့်တက် အောင်မြင်မှု မရခဲ့သော်လည်း ဆွန်းမိုရဲ့ လမ်းညွှန်မှုကြောင့် အနာဂတ်တွက် အများကြီး

အထောက်အကူ ဖြစ်သွားသည်။ ဆွန်းမိုသာ မရှိခဲ့ရင် စီးဆင်းနေတဲ့ တိမ်ကျောက်တုံး လက်သီးကို ဆက်ပြီး လေ့ကျင့်နေလိမ့်မည်။ ဒါဆိုရင် သူ့ရဲ့အနာဂတ် တိုးတက်မှုက အများကြီး နှေးကွေးသွားလိမ့်မည်။

"ကောင်းပြီလေ။ နောက်ထပ်ကတော့ အမေးအဖြေအပိုင်းပဲ။ မင်းတို့ မေးစရာရှိရင် လက်မြှောက်ပါ။"

ဆွန်းမို အသံဆုံးသွားတာနဲ့ အခန်းထဲရှိ ကျောင်းသားအားလုံး လက်မြှောက်လိုက်ကြသည်။ လက်သစ်တောထဲ ရောက်နေသလို ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစောပိုင်းတုန်းက ဆွန်းမိုသည် တခြားသူများကို လမ်းညွှန်ခြင်းဖြင့် သူရဲ့ လမ်းညွှန်မှု စံနှုန်းကို သက်သေပြပြီးသွားပြီ။ ဒါကလည်း တကယ်ကို အံ့အောဖို့ ကောင်းသည်။

"ဒီလူကို တကယ် အံ့အောဖို့ ကောင်းတာပဲ"

လီရှူအိုလန် အံ့အောသွားသည်။ ထိုနောက် သူမ စိတ်ဓါတ် ကျလာသည်။ (လင်ဟုန်ဒါ ကြောင့် ပွဲကောင်း လွဲသွားတယ်။ ကံကောင်းထောက်မလို့ ပောပြန်ပွဲ ကျန်တဲ့အချိန် တစ်ဝက်လောက် စောင့်ကြည့် လိုက်ရတယ်)

အခန်း(၅၅၀) - ဆွန်းမိုရဲ့ သင်ကြားရေးနည်းလမ်း။

ဆရာတွေ ဟောပြောပွဲလုပ်တဲ့အခါ သူတို့ သင်ပေးချင်တဲ့ အကြောင်းအရာကို ဟောပြောရုံလောက်နဲ့ မရိုးရှင်းပါ။ ကျောင်းသား အကျိုးရှိအောင် ဘယ်လို လှုံ့ဆော်ရမလဲဆိုတဲ့ အချက်ကို ဦးစားပေး စဉ်းစားရသည်။ ဒါတွေအားလုံးက လေ့ကျင့်မှုနှင့် ကျွမ်းကျင်မှု လိုသည်။

ဆွန်းမိုမှာ ဆယ်စုနှစ် တစ်ခုစာနီးပါး စုဆောင်းထားသည့် စာသင်တဲ့

အတွေ့အကြုံရှိနေသည်။ တချိန်တည်းမှာပင် ဘိုးဘေးအဆင့် နတ်ဘုရားမျက်စိအာရုံနှင့် မဟာအဆင့် ရှေ့ဟောင်းအနှိပ်ပညာလည်း ရှိသည်။ ဒါကြောင့် သူဟောပြောတဲ့ အခန်းတိုင်းတွင် ခြောက်ကပ်မှု မရှိအောင် သေချာပေါက် ထိန်းထားနိုင်သည်။

ကျောင်းသားတွေသည် ဆွန်းမို ဟောပြောတဲ့ အတန်းကို လာနေသ၍ ဉာဏ်အလင်းပွင့်ဖို့ အခွင့်အရေး ရှိနေသည်။ ဘယ်လောက်အထိ ရသလဲ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆိုတာကတော့ သူတို့ရဲ့နားလည်နိုင်စွမ်း အပေါ်ပဲ မူတည်သည်။

အဲဒီနောက် ဆွန်းမိုသည် အခန်းထဲက အခြေအနေကို လုံးဝဆုပ်ကိုင်ထားနိုင်သည်။

တောင်ပေါ် လူနည်းစုမျိုးနွယ်က ဆင်းသက်လာတဲ့ ကျောင်းသားတစ်ယောက်သည် မျိုးနွယ်စု၏အစာကို စားသုံးရင်းနဲ့ သူ့ရဲ့ အူထဲတွင် ကပ်ပါးပိုး တွယ်နေခဲ့သည်။ အဲဒါက သူ့ရဲ့ ကျင့်ကြံခြင်းအပေါ် ထိခိုက်မှု ရှိနေခဲ့သည်။

ဆွန်းမိုက သက်ရှည်သွေးနည်းစနစ်ကို အသုံးပြုပြီး အဲဒီ ကပ်ပါးပိုးကောင်များကို အန်ထွက်လာအောင် လုပ်လိုက်သဖြင့် အခန်းတစ်ခုလုံး တုန်လှုပ်သွားခဲ့သည်။ ထို့နောက် လက်ခုပ်သံမစဲ ဖြစ်သွားသည်။

ကျောင်းသား တစ်ယောက်သည်လည်း ပြီးခဲ့တဲ့ ၂ နှစ်က ဓါးထိုးခဲ့ရပြီး ဖုံးကွယ်နေတဲ့ဒဏ်ကြောင့် အဆင့်မတက်နိုင်ဘဲ ကျင့်ကြံမှု နှေးကွေးနေတာကို သူ့ရဲ့ ပင်ကိုယ်စွမ်းရည်က သာမန်ပဲ ဖြစ်နေလို့ဟု ထင်နေခဲ့သည်။ ဒါကို ဆွန်းမိုက ရှင်းပြပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကုသပေးတဲ့နောက် ချက်ခြင်းဆိုသလို အဆင့်တက်သွားခဲ့သည်။

စိတ်နှလုံးမခိုင်မာဘဲ ဆုံးဖြတ်ချက် မပြတ်သားတဲ့ လူငယ်တစ်ယောက်လည်း ရှိသေးသည်။ ဆွန်းမိုက တန်ဖိုးဖြတ်မရတဲ့အကြံပြုချက် သုံးပြီး သူ့ကို သတိပေးခဲ့သည်။ ထို့နောက် စိတ်အားတက်ကြွစေတဲ့ ဇာတ်လမ်း တစ်ပုဒ်ရဲ့ အနှစ်သာရကို စိတ်ဝိညာဉ်ပုံသွင်းခြင်း အသုံးပြုပြီး သူ့ရဲ့စိတ်ဆန္ဒမှာ တိုက်ပွဲဝင်ချင်စိတ် ရှိလာအောင် အသက်သွင်းခဲ့သည်။

………………..

ဒီလိုမျိုး ချက်ခြင်းအကျိုးသက်ရောက်မှု ရှိတဲ့ လမ်းညွှန်ချက်များကို မြင်တွေ့ပြီးနောက် အခန်းထဲရှိ ပတ်ဝန်းကျင်သည် အရမ်းကောင်းမွန်နေခဲ့သည်။ နောက်ဆုံးမှာတော့ ကျောင်းသားတွေရဲ့ လက်ခုပ်သံက ကျယ်သထက် ကျယ်လောင်လာခဲ့သည်။ သူတို့အားလုံးကလည်း လက်ထောင်ထားကြပြီး ဆွန်းမိုက သူတို့ မေးခွန်းတွေကို ဖြေရှင်းပေးဖို့ မျှော်လင့်နေကြသည်။

လီရှုအိုလန်က သူမရဲ့ အရင်နေရာမှာပဲ ထိုင်နေကာ အရာအားလုံးကို ကြည့်ရင်း ကြက်သေ

သေနေသည်။ ဘောပင်ကိုင်ထားတဲ့ သူမရဲ့ လက်တွေနှင့် လက်ချောင်းတွေလည်း ရပ်တန့်နေခဲ့သည်။

ဘာကို မှတ်စုချရေး ရမလဲ လုံးဝမသိ ဖြစ်နေသည်။

လီရှုအိုလန်သည် အရင်က နာမည်ကြီး ကျောင်းများစွာသို့ ဆရာတွေကို အင်တာဗျူးဖို့ အတွက် သွားခဲ့ဖူးသည်။ ကြယ်အဆင့်မြင့်တဲ့ မြတ်ဆရာတွေ ဟောပြောပို့ချနေတာလဲ သူမ တွေ့ခဲ့ဖူးသည်။ ဒါပေမယ့် ကြယ်လေးပွင့်နှင့်

ကြယ်ငါးပွင့် မြတ်ဆရာများတောင် သူတို့ အတန်းချိန်အတွင်း ဒီလောက်ကြီးမားတဲ့ စိတ်အားထက်သန်မှုကို နှိုးဆွနိုင်မှာ မဟုတ်ပေ။

ဒါက သူ့ရဲ့ သင်ကြားရေးစွမ်းရည် တစ်ခုတည်းကြောင့် မဟုတ်ပေ။ ဆွန်းမိုရဲ့ သင်ကြားမှုပုံစံက ဒီခေတ် လူများနဲ့ အရမ်းကွာခြားနေသည်။ အနည်းဆုံးတော့ ဆရာတွေကို အလေးထားတဲ့ ဒီခေတ်ကြီးမှာ ကျောင်းသားအများစုသည် သင်ခန်းစာကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အာရုံစိုက်နေရင်း ခါးမတ်မတ် ထားတတ်ကြပြီး အီးတောင် တစ်ချက် မပေါက်ရဲကြပါ။

ကလောင် ကလောင်

ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

"ကောင်းပြီလေ။ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာ အတန်းကို အခုပဲ အဆုံးသတ်လိုက်တော့မယ်"

ဆွန်းမိုက ပါးပါးလေးပြုံးပြီး သင်ထောက်ကူ ပစ္စည်းများကို ပြန်သိမ်းလိုက်သည်။ ထို့နောက် အနည်းငယ် ဦးညွတ်လိုက်ပြီး

"လူတိုင်းကို ကျေးဇူးတင်ပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အာ ပြီးတာကလည်း မြန်လိုက်တာ”

“ဆရာ၊ မင်းအတန်းကို အချိန်နည်းနည်းလောက် ထပ်တိုးပြီး သင်ပေးလို့ မရဘူးလား”

“ငါ ဗဟိုပြည်နယ် အကယ်ဒမီကို ကျောင်းပြောင်းချင်လာပြီ။ လုပ်ထုံးလုပ်နည်းတွေကို မင်းသိလား”

ကျောင်းသားတွေက အချင်းချင်း ဆွေးနွေးနေကြသည်။ အရာအားလုံးကလည်း ဆွဲန်းမိုအကြောင်းပဲ ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနှစ်ချုပ်ပြောရလျှင် ဆွန်းမို၏ လမ်းညွှန်ချက်လိုချင်တဲ့စိတ်တစ်ခုပဲ ရှိသည်။

စည်းမျဉ်းအရတော့ ကျောင်းသားများသည် စာမေးပွဲမဆုံးခင်အထိ ဆွန်းမိုရဲ့ ဇစ်မြစ်ကို မသိကြပါ။ ဒါပေမယ့်လည်း အလွန်ကျော်ကြားနေပြီး ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းက သူ့ရဲ့ တမူထူးခြားတဲ့ ဝိသေသ ဖြစ်နေသည်။ ဒါကြောင့်လည်း ကျောင်းသားတွေက ဇစ်မြစ်ကို မစုံစမ်းရင်တောင် ခန့်မှန်းနိုင်ကြသည်။

"ဗဟိုပြည်နယ် အကယ်ဒမီကို လာ လေ့လာဖို့ လူတိုင်းကို ဖိတ်ခေါ်ပါတယ်။ ဒါပေမယ့်လည်း သင်ယူဖို့တွက် စွန့်စား ထွက်လာရတာ အရမ်းခက်တဲ့ ကိစ္စတစ်ခုပါ။ ဒါကြောင့် လူတိုင်းကို သေသေချာချာ စဉ်းစားဖို့ တိုက်တွန်းလိုပါတယ်"

ဆွန်းမို ဖျောင်းဖျလိုက်သည်။

"ဆရာဝမ် ဒါက စည်းကမ်းနဲ့ ဆန့်ကျင်နေပြီ မဟုတ်လား"

ဆွန်းမိုက သူ့ရဲ့ဇစ်မြစ်ကို ထုတ်ဖော် ပြောကြားလိုက်သဖြင့် စာစစ်သူ တစ်ယောက်က

မျက်မှောင်ကြုတ်ပြီး ပင်မ စာစစ်သူဘက်သို့ လှည့်မေးလိုက်သည်။

“စည်းမျဉ်းတွေ လိုက်နာတာပဲဖြစ်ဖြစ် ။ မလိုက်နာတာပဲ ဖြစ်ဖြစ် ကွာခြားသွားလို့လား”

အဓိကစာစစ်သူက ပြန်မေးလိုက်သည်။ ဒီနေရာမှာရှိတဲ့ လက်ရှိ အငွေ့အသက်ကို ကြည့်လိုက်လျှင် ပြည့်စုံတဲ့ မဲများက အောင်မှတ်ကို သေချာပေါက် ကျော်သွားပြီ။ အနာဂတ်မှာ အကန့်အသတ်မရှိတဲ့ ဒီလူသစ်လေးနဲ့ ရင်ဆိုင်ရတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အချိန်တွင် အဓိက စာစစ်သူသည် ဆွန်းမိုအတွက် နောက်ဆုတ် ပေးလိုက်သည်။

လီရှူအိုလန်သည် တန်းစီနေတဲ့ ကျောင်းသားတွေကို ကြည့်ပြီး မဲစပေးဖို့ လုပ်လိုက်သည်။ သူမသည် ရုတ်တရက် ဗရုတ်ကျခြင်စိတ်ပေါက်လာပြီး ဆွန်းမိုကို ညံ့ဖျင်းတဲ့ မဲပေးဖို့ စဉ်းစားလိုက်သေးသည်။ နောက်ဆုံးတော့ တွန်းအားကို တောင့်ခံလိုက်နိုင်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီရှုအိုလန်၏ လေးစားအထင်ကြီးမှု +၁၀၀။ ရင်းနှီး(၁၅၀/၁,၀၀၀)

…………………….

ညစာ ရိုးရိုးလေးပဲ စားပြီးနောက် လျှင်မြန်စွာ အနားယူလိုက်သည်။ ထို့နောက် ဆွန်းမိုသည် ကျောင်းဝန်းထဲမှာ သူ့ရဲ့ ဟောပြောမှုကို ပြန်သုံးသပ်ရင်း အတန်းတစ်ခုရဲ့ သင်ကြားရေးပုံစံကို အတုယူဖို့လုပ်လိုက်သည်။ ခြောက်နာရီထိုးတာနဲ့ အတန်းထဲသို့ တစ်ခေါက် ပြန်သွားလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခေါင်းလောင်းသံက အချိန်မှန်ပဲ ထွက်ပေါ်လာခဲ့သည်။ ဆွန်းမိုသည် အခန်းထဲသို့ ဝင်လိုက်တာနဲ့ နောက်ဆုံးတန်းတွင် မြတ်ဆရာတွေနဲ့ ပြည့်နေတာကို မြင်လိုက်ရသည်။

အဓိက စာစစ်သူဖြစ်တဲ့ ရှိန်ရှင်ဒါ တစ်ယောက် ခေါင်းကိုက်ချင်လာသည်။ စည်းမျဉ်းအရတော့ အခန်းတစ်ခုသို့ မဝင်ခင် ကင်းလှည့်နေပြီး အကြိုက်ဆုံးအခန်းထဲသို့ ရွေးချယ်ကာ မဲပေးရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခုတော့ သူတို့အားလုံး ဆွန်းမိုအတန်းသို့ တကယ်ပဲ ရောက်နေကြသည်။

ဒီလို လုပ်လိုက်တော့ ကျန်တဲ့ ဖြေဆိုသူတွေ သေချာပေါက် ရလဒ် ဆိုးကုန်တော့မည်။ ဒါ့အပြင် အောင်နိုင်တဲ့ ဖြေဆိုသူများလည်း မဲမရှိလို့ ကျကုန်တော့မည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပေ။ ပါရမီရှင်တစ်ယောက်နဲ့ အတူတူ ဖြေရတဲ့ သူတို့ရဲ့ကံဆိုးမှုကိုပဲ အပြစ်တင်ရတော့မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ရှိန်ရှင်ဒါ သည် သူတို့ရဲ့အတွေးကို နားလည်သည်။ ဆွန်းမိုရဲ့ ဟောပြောချက်တွေက အရမ်းမြင့်မားတဲ့ ကိုယ်စားပြုညွှန်းကိန်းတွေ ရှိနေသည်။ ဒါကို ခဏလောက် နားထောင်လိုက်တာနဲ့ သူတို့ရဲ့ မိုးကိုတ်စက်ဝိုင်းတွေ ကျယ်ပြန့်လာဖို့အတွက် အထောက်အကူ ဖြစ်လိမ့်မည်။

တကယ်လို့ ဒီနေရာမှာ လွတ်သွားပါက ရွေးချယ်စရာမရှိဘဲ ဗဟိုပြည်နယ် အကယ်ဒမီသို့ သွားနားထောင် ရလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတိုင်းက မြတ်ဆရာများ ဖြစ်သဖြင့် နေ့တိုင်း မလုပ်ရှုပ်နေကြသည်။ ဒါ့အပြင် သူတို့ သွားချင်ရင်တောင် သူသာ ကြယ်နှစ်ပွင့် မြတ်ဆရာဘွဲ့ကို ရသွားလျှင် သင်ကြားပို့ချမှု အရည်အသွေးက ဒါနဲ့ နှိုင်းယှဉ်လို့ မရပါ။

“စီနီယာနဲ့ ကျောင်းသားတွေ အားလုံး၊ ဒီတစ်ခေါက် ပို့ချမှာက ဝိညာဉ်တက်တူးဘာသာရပ် ဖြစ်ပါတယ်”

ဆွန်းမိုက နှုတ်ဆက်ပြီးတာနဲ့ လိုရင်း တန်းသွားလိုက်သည်။

" သူ့ ကိုယ်နေဟန်က ကောင်းလိုက်တာ"

နောက်ဆုံးအတန်းမှာ ထိုင်နေတဲ့ လီရှုအိုလန်က စိတ်လိုလက်ရ ချီးကျူးလိုက်သည်။ တခြား မြွတ်ဆရာပေါက်စ တွေသာဆိုရင် ဒီမှာရှိတဲ့မြွတ်ဆရာ အယောက် ၅၀ ကို သတိထားလိုက်မိတာနဲ့ လျှာလိမ့်သွားမည်။ ဒါပေမယ့် ဆွန်းမိုကတော့ မုန်လာဥလေးတွေကို ကြည့်နေသလိုပဲ။ စိုးရိမ်နေတဲ့ပုံစံ လုံးဝမရှိပေ။

သန်မာတဲ့ မြင်းတစ်ကောင်အလား ဒီဖိအားကို ခံနိုင်ရည် ရှိနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်း မဟုတ်ဘူးလား"

မြတ်ဆရာတော်တော်များများ မျက်မှောင်ကြုတ်သွားသည်။ သူတို့က ကျင့်ကြံခြင်းဆိုင်ရာဆေးပညာ အတန်း ကောင်းကြောင်းကြားလို့ ဒီနေရာကို ရောက်နေကြသည်။ ဒါပေမယ့် ဆွန်းမို စတင်ပြောတဲ့အချိန်မှာတော့ မျော့ပါသွားကြသည်.။

ဆွန်းမိုရဲ့ ဟောပြောမှုစွမ်းရည်တွေက ဟာသတွေ၊ ဆွဲဆောင်မှုတွေနဲ့ ပြည့်နှက်နေသည်။ သူ့စကားတွေက ရိုးရှင်းပြီး နားလည်ရ လွယ်ကူသည်။

သူက သိပ်မကြာဘဲ ကျောင်းသားတွေနဲ့ ဆက်ဆံရေး တည်ဆောက်ပြီး လူတိုင်းကို စိတ်လက်ပေါ့ပါးစွာနှင့် ဝိညာဉ်တက်တူးအကြောင်း နက်နက်ရှိုင်းရှိုင်း နားလည်နိုင်စေခဲ့သည်။

အခန်းထဲမှာရှိတဲ့ လူဦးရေ၏ အနည်းဆုံး သုံးပုံတစ်ပုံလောက်သည် ဒီဘာသာရပ်ကို စိတ်မဝင်စားပါ။ ဒါပေမယ့် အခုအချိန်မှာတော့ စိတ်ဝင်စားမှုက ရုတ်တရုတ် မြင့်တက်လာခဲ့သည်။

“သူ့ရဲ့ အခြေခံအုတ်မြစ်က တော်တော်လေး ခိုင်ခံ့တာပဲ”

"သူ့ရဲ့ ဟောပြောမှုကလည်း မဆိုးဘူး။ ဒါပေမယ့် ဆွန်းမိုရဲ့အဆင့်အတန်းအတွက် အရမ်းကြီး သာမန် မဆန်လွန်းဘူးလား။ နောက်ဆုံးတော့ ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကို အခြေခံပြီးတော့ပဲ သူ့ကို သုံးသပ်ရမယ်"

"နည်းနည်းလေး ထပ်စောင့်ကြည့်ကြတာပေါ့"

မြတ်ဆရာတွေက ဆွန်းမိုကို အနီးကပ် စောင့်ကြည့်နေကြသည်။

"နောက်တစ်ခုက ပေါက်ကွဲမီးတောက် ဝိညာဉ် တက်တူးကို ရေးဆွဲမယ်။ အာလုံးပဲ ဂရုတစိုက်နဲ့ ကြည့်ပေးကြပါ"

ဆွန်းမိုက ကျောက်သင်ပုန်းပေါ်မှာ ဝိညာဉ်တက်တူး စာရွက်ကပ်လိုက်သည်။ ထို့နောက် သူ ရှင်းပြထားသလိုပဲ ဝိညာဉ်တက်တူး စတင် ရေးဆွဲလိုက်သည်။

ရှူး

ဆွန်းမိုရဲ့ ပုံဆွဲနှုန်းက တကယ် မြန်လွန်းတာကြောင့် ကျောင်းသားတွေသာမက

မြတ်ဆရာတွေတောင် အရမ်း အံ့အောကုန်သည်။ စုတ်တံ မှင်နှစ်ခြင်း အပါအဝင် သူ့ရဲ့ လုပ်ဆောင်မှုတိုင်းက မဟာသခင်တစ်ယောက်ရဲ့ ကျက်သရေ ပေါ်လွင်နေသည်။

ငါးမိနစ်လောက်ကြာတော့။

ဘုန်း

အခန်းထဲရှိ ဝိညာဉ်ချီများ လှုပ်ရှားပြီး ဝိညာဉ်တက်တူး စာရွက်ဆီ စုဝေးသွားကာ ဝိညာဉ်ချီ လေဆင်နှာမောင်း ဖြစ်လာသည်။

"ဒါ….ဒါ…"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခန်းထဲရှိ လူတိုင်း လုံးဝ အံ့အောနေကြသည်. ဝိညာဉ်တက်တူးနဲ့ မရင်းနီးတဲ့ လူတွေတောင် ထူးဆန်းတဲ့အကြည့်တွေနဲ့ ကြည့်နေကြသည်။ ဘယ်လိုတောင် မြန်နေတာလဲ။

စိတ်အားသန်သန်နဲ့ ကြမ်းတမ်းတဲ့လှိုင်းတွေ ရေးဆွဲဖို့ လိုလို့လား။ နည်းနည်းလေး ပေါ့ဆသွားလို့ မျဉ်းလေး နည်းနည်းစောင်းပြီး ဝိညာဉ်တက်တူးတစ်ခုလုံး ပျက်ဆီးသွားရင် ဘယ်လိုလုပ်မလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဘာဖြစ်လို့ ဒီလောက်မြန်မြန် ဆွဲရတာလဲ။

ကြောက်စရာ အကောင်ဆုံးက ဝိညာဉ်ချီ လေဆင်နှာမောင်း ထွက်ပေါ်လာတဲ့အချက်ပဲ။ ဒီအချက်က ဝိညာဉ်တက်တူး အဆင့်မြင့်ကြောင်း ညွှန်ပြနေသည်။ ကံမကောင်းဘူးဆိုရင်တောင် ဆွန်းမိုရဲ့ကျွမ်းကျင်မှုက ဝိညာဉ်တက်တူးလေ့လာတဲ့ နယ်ပယ်တွင် မဟာသခင်အဆင့် ရှိနေနိုင်သည်။

“အသက် ၂၁နှစ် အရွယ် မဟာသခင်လား။ ဒါက မယုံနိုင်စရာ ကောင်းလွန်းတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဓိက စာစစ်သူ ရှိန်ရှင်ဒါက ဝိညာဉ်တက်တူးလေ့လာမှုကို အာရုံစိုက်နေတဲ့ လူဖြစ်သည်။. ဒါပေမယ့် ဒီအခိုက်အတန့်တွင် ဦးနှောက်တွေပဲ ကြေကွဲသွားသလို၊ ကမ္ဘာကြီးပဲ ပြိုလဲသွားသလို ဖြစ်နေသည်။

“ဒီဝိညာဉ်တက်တူးနဲ့ ပက်သက်လို့ ငါထုတ်မပြောရသေးတဲ့ အကြောင်းအရာတွေ ရှိသေးတယ်။ တွေ့တဲ့ ကျောင်းသား ရှိလား”

ဘယ်သူနဲ့မှ စကားမပြောတဲ့ လူတစ်ယောက်ကို မြင်လိုက်လျှင် ပြုံးပြီး လက်ညွှန်ပြလိုက်သည်။

"ဒီက ကျောင်းသား ၊ ဘာဖြစ်လို့ မရှင်းပြတာလဲ"

ဆံပင်အတိုနဲ့ ကျောင်းသားလေးတစ်ယောက် မတ်တပ် ရပ်လာသည်။

"ဆရာ ပုံဆွဲတာ အရမ်းမြန်တယ်။ ပြီးတော့ အရည်အသွေးလည်း ကောင်းတယ်"

"ပြီးတော့ရော"

ဆွန်းမိုက ကျောင်းသားကို ဆက်ပြောဖို့ အမူအရာ ပြလိုက်သည်။

"တေ......တောင်းပန်ပါတယ်။

ဒီဝိညာဉ်တက်တူးကို တစ်ခါမှ မမြင်ဖူးဘူး။ တခြား

အသေးစိတ် အချက်အလက်တွေလည်း ငါမမြင်နိုင်ဘူး"

ကျောင်းသားလေးသည် ရှက်သဖြင့် ခေါင်းငုံ့သွားသည်။

"ဒါက အဆင်ပြေတယ်။ တကယ်လို့ မင်းသာ အားလုံးသိနေရင် ငါတို့လိုဆရာတွေ ထမင်း ငတ်ကုန်မှာပေါ့"

ဆွန်းမို နောက်လိုက်သည်။ ဒီစကားကြောင့် ရှက်နေတဲ့ ကျောင်းသားလည်း ချက်ခြင်းဆိုသလို

စိတ်သက်သာရာ ရသွားပြီး ပရိတ်သတ်တွေလည်း ရယ်မောလိုက်သည်။

"ဆရာ"

ကောင်မလေးတစ်ယောက် လက်မြှောက်လိုက်သည်။ ဆွန်းမိုက သဘောတူကြောင်း ပြသဖြင့် သူမ မတ်တပ်ရပ်လိုက်သည်။

"အရင်တုန်းက ဝိညာဉ်တကောင်တူးတွေ အများကြီး တွေ့ခဲ့ဖူးပေမယ့် ဒီလိုမျိုး ဝိညာဉ်တကောင်တူးတော့ တစ်ခါမှ မတွေ့ဖူးဘူး။ နောက်ပြီးတော့

ဒီနာမည်ကိုလည်း တစ်ခါမှ မကြားဖူးဘူး။ ဒါက အမှောင်တိုက်ကြီးမှာ မင်းရှာတွေ့ခဲ့တဲ့ ဝိညာဉ်တကက်တူးလား”

ဒါက ဆွန်းမို ဖန်တီးထားတာလားလို့ မိန်းကလေးက ဘာကြောင့် မမေးတာလဲ။

ဘာဖြစ်လို့လဲဆိုတာ မဟာသခင် ဖန်တီးရင်တောင် ကျရှုံးနိုင်လို့ပါ။ ဒါက သိသိသာသာကို ခက်လွန်းသည်။

ရှစ်

ဒီစကားကိုကြားပြီးနောက် လူတိုင်း ဆွန်းမိုကို လှည့်ကြည့်လိုက်ကြသည်။ ဒါသာ အမှန်ဖြစ်ခဲ့ရင် ဒီဝိညာဉ်တကက်တူးရဲ့ တန်ဖိုးက အရမ်းကြီးမားလိမ့်မည်။

"ဟုတ်တယ်"

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

ဟာ

ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဝိညာဉ်တကက်တူး လေ့လာမှုကို အာရုံစိုက်ထားတဲ့ မြတ်ဆရာတွေနဲ့

ကျောင်းသားတွေ အလိုလို လည်ပင်းဆန့်သွားပြီး အနီးကပ် ကြည့်သွားကြသည်။

ရှိန်ရှင်ဒါက တစ်ခုခုမှားနေတယ်လို့ ခံစားရပြီး မျက်မှောင်ကြုတ်သွားသည်။

"ဒီဝိညာဉ်တက်တူးအပေါ်မှာ မင်းရဲ့အမြင်က ဘာလဲ"

ဆွန်းမိုက မေးလိုက်သည်။

"ဒါက လှပြီး မျဉ်းလေးတွေတိုကာ ကွေးလေးတွေကလည်း ပြေပြစ်တယ်၊ ဝိညာဉ်ချီတွေလည်း ပေါများလွန်းတယ်။ ဒါတွေ

အကုန်လုံးခြုံပြောရရင် လုံးဝပြီးပြည့်စုံတဲ့ ထုတ်ကုန်တစ်ခုလို့ ပြောလို့ရတယ်”

ဇုမိန်က ဒီဝိညာဉ်တက်တူးကို အားကျပြီး လိုချင်တပ်မက်တဲ့ မျက်လုံးများနဲ့ ကြည့်နေသည်။ ဒီလိုလှပတဲ့ ဝိညာဉ်တက်တူးကို သူမ ဘယ်အချိန်ကျမှ ဆွဲနိုင်မှာလဲ။

ဒင်

ဇုမိန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၀၀/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပြောချင်တဲ့လူရှိသေးလား။ မင်းတို့ထဲမှာ အဓိက အချက်ကို ပြောနိုင်တဲ့လူရှိရင် ဒီဝိညာဉ်တက်တူး ငါပေးမယ်"

ဆွန်းမိုသည် လူအုပ်ကြီးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

သူ့စကားသံထွက်လာတာနဲ့ ကျောင်းသားတွေ ချက်ခြင်းဆိုသလို စိတ်အားတက်ကြွလာသည်။ သူတို့အားလုံး လက်ထောင်ပြီး စမ်းကြည့်ချင် စိတ်ပေါက်လာသည်။

ဒီဝိညာဉ်တက်တူးက အမှောင်တိုက်ကြီးမှ ဆင်းသက်လာတယ်ဆိုတဲ့ အချက်ကို ဖယ်ထားလိုက်အုံး ။ ဒီအဆင့်အထိ ရောက်နေတဲ့အတွက် ငွေပေါင်းများစွာ တန်ဖိုး ရှိနေပြီ။

ဆွန်းမိုက လူတွေကို စပြီး လက်ညှိုး ညွှန်ပြလိုက်သည်။ စုစုပေါင်း ငါးယောက် ရှိသည်။

"သူ ဘာလုပ်နေတာလဲ။ ကြွားလုံးထုတ်ဖို့ ကြိုးစားနေတာလား"

"ဒါက နည်းနည်း လွန်သွားပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါပေမယ့် ဒီဝိညာဉ်တက်တူးက တကယ်ဆွဲဆောင်အား ကောင်းတယ်"

မြတ်ဆရာတချို့က သူတို့အချင်းချင်း တီးတိုး ဆွေးနွေးနေကြသည်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသားတွေ အကုန်လုံးက ဒီဝိညာဉ်တက်တူးကို ချီးကျူးနေကြသည်။

(မင်း မလေးမစား လုပ်နေတာ မဖြစ်နိုင်ပါဘူးနော်။ ဒီလိုသာ ဆိုရင်တော့ မင်းဆီက အမှတ်တွေ နှုတ်ယူရမယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှိန်ရှင်ဒါက သူ့ဘာသာတွေးပြီး ကောက်ချချလိုက်သည်။

“ကောင်းပြီ။ လုံလောက်ပြီ”

ဆွန်းမိုသည် မျက်နှာပေါ်က အပြုံးကို သိမ်းလိုက်သည်။

“မင်းတို့ အားလုံးပြောတဲ့ စကားတွေ ကောင်းပါတယ်။ ဒါပေမယ့် ငါ နိဂုံးချုပ်ပါရစေ။ ဒီပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူးက တကယ်တော့ အတုပါ”

‘အမ်”

ကျောင်းသားအကုန်လုံးရဲ့ မျက်နှာပေါ်မှာ အံ့အောသင့်တဲ့ အမူအရာ ပေါ်လာသည်။

"မင်းတို့ပြောတာ မမှားဘူး။ ဒီဝိညာဉ်တက်တူးက အမှောင်တိုက်ကြီးကလာတဲ့ ဝိညာဉ်တက်တူး မဟုတ်ဘူး။ ဒါက ပုံမှန် ဝိညာဉ်စုဆောင်းခြင်း တက်တူး တစ်ခုပဲ"

ဆွန်းမိုက ထပ်ပြီး ပြောလိုက်သည်။

ဟွာ

အသံတွေ ဆူညံလာတော့သည်။ ထို့နောက်မှာ စောစောတုန်းက ဝိညာဉ်တက်တူးကို ချီးကျူးထားတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတွေ ရှက်လွန်းမက ရှက်နေကြသည်။ အခုချက်ခြင်း မူးလဲသွားတာထက် ဘာမှ မလိုတော့ပါ။

"အမ်"

ရှိန်ရှင်ဒါ ကြောင်သွားပြီးနောက် စပြုံးလာသည်။

"ဟားဟား ၊ ဒါအမှန်ပဲ။ ဒီလို ပေါပြောမှပဲ ပျော်ဖို့ကောင်းတယ်"

တခြား မြတ်ဆရာတွေလည်း အံ့အောနေကြသည်။ ဆွန်းမိုက စာမေးပွဲဖြေနေတဲ့ ဒီလိုအရေးကြီးတဲ့ အခြေအနေမှာတောင် လူတိုင်းကို စနောက်လိမ့်မယ်လို့ ဘယ်သူမှ မထင်ထားပါ။

"ဆရာ၊ မင်းလိမ်နေတာ"

စောစောတုန်းက ပြောခဲ့တဲ့ မိန်းကလေးက မတ်တပ်ရပ်ပြီး ဆွန်းမိုကို မေးခွန်းထုတ်လိုက်သည်။

"မင်း ငါတို့ကို စမ်းသပ်နေတာ မဟုတ်လား။ ဝိညာဉ်စုဆောင်းခြင်းတက်တူး အမျိုးအစားအားလုံးကို ငါ အလွတ်မှတ်ထားတယ်။ မင်းရဲ့လှည့်ကွက်မှာ ငါကျရှုံးမှာ မဟုတ်ဘူး။ ဒီလိုပုံစံမျိုးမရှိတာ လုံးဝ သေချာတယ်"

"ဟုတ်တယ်။ ဝိညာဉ်စုဆောင်းခြင်းတက်တူးက အတွေ့ရအများဆုံး တက်တူးတွေပဲ။ သူတို့ရဲ့

ပုံစံအမျိုးမျိုးကို ငါတို့အလွတ်ကျက်ထားတယ်။ ဒါကြောင့် ဒီလိုပုံစံမျိုး တကယ်မရှိဘူး"

"ဆရာ ၊ မင်းရဲ့ လှည့်ကွက်ကို ငါတို့ ဖော်ထုတ်လိုက်ပြီ"

"ဟားဟား၊ ငါတို့ကို လှည့်စားချင်တာလား၊ ဒီလောက် မလွယ်ဘူးနော်"

ကျောင်းသားတွေ တစ်ယောက်ပြီး တစ်ယောက် အော်ဟစ်နေကြပြီ။ ဆရာတစ်ယောက်ကို အနိုင်ရလိုက်သလိုမျိုး ကျေနပ်နေကြသည်။

“ဆရာ၊ ဝိညာဉ်စုဆောင်းခြင်း တက်တူးအမျိုးအစား အကုန်လုံးကို ဘာဖြစ်လို့ မဆွဲတာလဲ”

ဇုမိန်က ကို့ကိုယ်ကို ယုံကြည်တဲ့အပြုံး ပြုံးလိုက်သည်။

“ဒီလိုမျိုး ဝိညာဉ်စုဆောင်းခြင်းတက်တူး လုံးဝ မရှိဘူးဆိုတာ ငါခေါင်းနဲ့ တိုင်တည်ပြီး ကျိန်ဆိုရဲတယ်”

(ဟဟ၊ အနောက်မှာ စောင့်ကြည့်နေတဲ့ မြတ်ဆရာတွေ အများကြီး ရှိတယ်။ ဒါပြီးသွားရင်

ငါနာမည်ကြီးလာဖို့ ဖြစ်နိုင်ခြေ များနေပြီ။ အမှန်ပဲ ငါ့ကိုသဘောကျပြီး တပြည့်တော်ချင်တဲ့ မြတ်ဆရာတစ်ယောက်တောင် ရှိကောင်း ရှိလာနိုင်တယ်)

“ကျောင်းသူလေး ၊ မင်းခေါင်းနဲ့ လွှယ်လွှယ် မကျိန်နဲ့”

ဇုမိန် မျက်နှာပေါ်က တင်းတိတ်များကိုကြည့်ပြီး ဆွန်းမိုက ရယ်ရင်း ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒါပေမယ့် ၊ဒါက တကယ်ပဲ ဝိညာဉ်စုဆောင်းခြင်း တက်တူး ဆိုတာ ငါ့ခေါင်းနဲ့ ကျိန်ဆိုပေးနိုင်တယ်။ ဘာဖြစ်လို့ ဒီလောက် သေချာလဲ သိလား"

ဆွန်းမိုက ပခုံးတွန့်လိုက်ပြီး

"ငါ ဖန်တီးထားလို့ပဲ"

ရုတ်တရုတ်ဆိုသလို အခန်းထဲမှာ ရှိတဲ့လူတိုင်းသည် ဆောင်းလေအေးနဲ့ ပြင်းထန်စွာ တိုက်ခတ်လိုက်သည့် အလား မှင်တက်ကုန်သည်။ ဆွန်းမိုကိုကြည့်ပြီး လူတိုင်း အံ့အောသင့်နေကြသည်။

အခန်း(၅၅၁) - တစ်သက်လုံး အမှတ်ရစေတဲ့ သင်ခန်းစာ။

(မင်းကိုယ်တိုင် ဖန်းတီးထားတယ် ဟုတ်လား)

(မင်းကိုယ်မင်း ဝိညာဉ်တကက်တူး မဟာသခင် တစ်ယောက် ထင်နေလား)

မြတ်ဆရာတွေမှာ ကျိုးကြောင်းဆင်ခြင်နိုင်တဲ့ ဉာဏ်ရှိနေလို့ပါ။ ဒီလိုမှမဟုတ်ရင် ထဆဲကြလိမ့်မည်။ ဆွန်းမိုရဲ့စကားက နှစ်ပေါင်းများစွာ ယုံကြည်လာခဲ့တဲ့ လူတိုင်းအမြင်ကို ရိုက်ချိုးသွားသည်.

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူး တစ်ခု ဖန်တီးဖို့ ဘယ်လောက်တောင် ခက်ခဲသလဲ။

တကယ်တော့ ဝိညာဉ်တက်တူး မဟာသခင်တွေတောင် လုပ်နိုင်တာ ရှားပါးသည်။ ဝိညာဉ်တက်တူးလေ့လာမှု နှစ်ထောင်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာပြီးနောက် ဝိညာဉ်တက်တူး မဟာသခင်များစွာ ပေါ်ပေါက်ခဲ့သည်။ ဒါပေမယ့် အခုအချိန်အထိ ရှိနေတဲ့ ဝိညာဉ်တက်တူးတွေထဲက အများစုက အမှောင်တိုက်ကြီးမှ တူးဖော်ရရှိခဲ့ကြသည်။ ပျက်ဆီးနေတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်တက်တူးတွေကိုတော့ ဘိုးဘေးတွေက ပြန်လည်ပြုပြင်ဖို့ ကြိုးစားကြသည်။

ဝိညာဉ်တက်တူးလောကမှာတော့ ဝိညာဉ်တက်တူးတစ်ခု မွေးဖွားခြင်းသည် ကြီးကြီးမားမား ဝရုန်းသုန်းကား ဖြစ်လာနိုင်သည်။

ဆွန်းမိုအသက်က ဘယ်လောက်ရှိသေးလို့လဲ။

အသက် ၂၁ နှစ် အမွေးတောင် မစုံသေးတဲ့ လူငယ်လေးပါ။ ဒါတောင် သူက ဝိညာဉ်တက်တူး အသစ် ဖန်တီးတယ်ဆိုပြီး အရှက်မရှိ

ကြွားနေသေးသည်။ သူ့ကိုယ်သူ နာမည်ပျက်မှာ မကြောက်ဘူးလား။

အဓိကစာစစ်သူ ဖြစ်တဲ့ ရှိန်ရှင်ဒါက ဝိညာဉ်တက်တူးကို ကြည့်နေရင်းနဲ့ မျက်လုံးမှေးသွားသည်။ သိပ်မကြာခင် လျှို့ဝှက်ချက်ကို တွေ့သွားသည်.

ပင်မဖွဲ့စည်းပုံ ပြောင်းသွားသော်လည်း အူတိုင်က အမှန်တကယ်ကို ဝိညာဉ်စုဆောင်းခြင်းတက်တူး ဖြစ်နေသည်။

ဒါက တကယ် အထင်ကြီးစရာပဲ။

ဝိညာဉ်တက်တူး မဟာသခင်တစ်ယောက်ရဲ့ အဓိကဦးတည်ချက်က ဝိညာဉ်တက်တူးတွေကို သုတေသန လုပ်တဲ့ဘက်မှာ အာရုံစိုက်ထားတယ်ဆိုတာ သိရမည်။

"မဖြစ်နိုင်ဘူး၊ မင်းက အသက်ဘယ်လောက် ရှိသေးလို့လဲ"

သူမက ပလုပ်တုတ်တုတ် တစ်ခုအလား အကြိမ်ကြိမ် ခေါင်းခါနေသည်။ ထို့နောက် သူမက

"မင်းကို စော်ကားချင်တဲ့ ရည်ရွယ်ချက်တော့ မရှိဘူး။ ဒါပေမယ့် မင်းက ငယ်လွန်းတယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုမျိုး နက်ရှိုင်းပြီးလေးနက်တဲ့ အသိပညာရှိဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ”

လူတစ်ယောက် အသိပညာ တိုးတက်လာတယ်ဆိုတာက စုဆောင်းဖြစ်စဉ် တစ်ခုဆိုတာ သေချာသည်။ ဆွန်းမိုပုံစံက ငယ်ငယ်လေးနဲ့ နယူတန်ရဲ့ ပထမဆုံး နိယာမကို နားလည်နေတဲ့ ကလေးတစ်ယောက်ဆို ဖြစ်နိုင်သေးသည်။ ဒါပေမယ့် သူက ကွမ်တမ် မက္ကင်နစ်ဆင်ကို လုံးဝ နားလည်နေပြီလို့ ရုတ်တရက်

ထပြောသလို ဖြစ်နေသည်။ သရဲတစ်ကောင်တောင် သူ့ကို ယုံမှာမဟုတ်ပေ။

“ပွဲကောင်းတစ်ပွဲတော့ လာပြီ”

လီရှုအိုလန် မျက်လုံးတွေ တောက်ပလာပြီး ဆွန်းမိုရဲ့ သရုပ်ပြမှုကို စောင့်မျှော်နေသည်။

ဆွန်းမိုက ရယ်ပြီး ဝိညာဉ်တက်တူးစာရွက်ကို ဆုတ်ဖြဲလိုက်သည်။

ဝုန်း

ဝိညာဉ်တက်တူး အသက်ဝင်လာတာနဲ့ ဝိညာဉ်ချီ အများကြီး စုဝေးလာပြီး ဒီရေလှိုင်းတွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြတင်းပေါက်ကတဆင့် ပြေးဝင်လာသည်။ မိနစ်အနည်းငယ်အတွင်း အခန်းထဲ၌ ဝိညာဉ်ချီများ သိပ်သည်းလာသည်။ လေထဲမှာတောင် ဝိညာဉ်ချီ အစက်အပျောက်တွေကို မြင်နေရသည်။

ဒီနေရာမှာ ရှိနေတဲ့ လူရာပေါင်းများစွာသည် ဝိညာဉ်ချီထဲမှာ နစ်မြုပ်ပြီး လုံးဝကို တိတ်ဆိတ်သွားသည်။

အကြောင်းအရာတွေက စကားသံထက် ပိုကျယ်လောင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက သေချာပေါက် ဝိညာဉ်စုဆောင်းခြင်း ဝိညာဉ်တက်တူး အမျိုးအစားဖြစ်ပြီး အထွင့်ရှုအထိပ် အမျိုးအစား ဖြစ်သည်။

“...............”

ဇုမိန်သည် ဘာပြောရမလဲ မသိဘဲ ပါးစပ်ကလေး ဟာစိဟာစိ ဖြစ်နေကာ ပိုးစုန်းကြူးနဲ့တူတဲ့ အစက်အပျောက်လေးတွေကို ငေးကြည့် နေသည်။

ထို့နောက်မှာတော့ သိမ်ငယ်စိတ် ပြင်းထန်လာပြီး စိတ်ပျက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်တုန်းကတော့ ကို့ကိုယ်ကို ပါရမီရှင် တစ်ယောက်၊ အနာဂတ်မှာ ကြီးမြတ်တဲ့ ဝိညာဉ်တက်တူး ဘိုးဘေး တစ်ယောက် ဖြစ်လာမယ်လို့ ထင်ခဲ့သည်။ ဒါပေမယ့် အခုအရာတွေကို ကြည့်ခြင်းအားဖြင့် သူမက ဘာမှမဟုတ်ပေ။

(စစ်မှန်တဲ့ ပါရမီရှင်ဆိုတာ ဆရာဆွန်းလို လူမျိုးပဲ ဖြစ်လိမ့်မယ်)

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇုမိန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၂၀၀/၁,၀၀၀)

ဆွန်းမိုက ကျောက်သင်ပုန်းပေါ်မှာ နောက်ထပ် ဝိညာဉ်တက်တူး စာရွက်တစ်ရွက် ကပ်လိုက်သည်။ စုတ်တံကို မှင်ထဲနှစ်ပြီး စဆွဲလိုက်သည်။ မိနစ်အနည်းငယ်ကြာတော့ နောက်ထပ် ဝိညာဉ်တက်တူး တစ်ခု ပြီးသွားသည်။

ဝုန်း

ဝိညာဉ်ချီ လေဆင်နှာမောင်းတစ်ခု ပေါ်လာသည်။

ဟာ

အာမေဒိတ်အသံတွေ ထွက်လာပြန်သည်။ ဆွန်းမို ရေးဆွဲတဲ့နှုန်းက မြန်လွန်းလှသည်။

ဆွန်းမို မရပ်ပါ။ ကျောက်သင်ပုန်းပေါ်မှာ နောက်ထပ် ဝိညာဉ်တက်တူး စာရွက်တစ်ရွက် ထပ်ကပ်လိုက်ပြန်သည်။ ထပ်ဆွဲသည်။

တစ်ခု

နှစ်ခု

သုံးခု

....

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မိနစ် ၂၀ ကြာတော့ ဝိညာဉ်တက်တူး ခုနှစ်ခု ရေးဆွဲလို့ ပြီးသွားသည်။ ဝိညာဉ်တက်တူး တစ်ခုခြင်းစီသည် ကွဲပြားရုံသာမက ဝိညာဉ်ချီ လေဆင်နှာမောင်းတွေလည်း ထွက်ပေါ်လာခဲ့သည်။

ရှူး

ရိုန်ရွှင်ဒါတောင် ဒါကို မြင်လိုက်လျှင် လေအေး တစ်ချက် ရှိုက်လိုက်မိသည်။ မျက်လုံးတွေလည်း ပြူးကျယ်နေသည်။ တခြားသူတွေကတော့ စကားမပြောနိုင်အောင် အံ့အောနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အများအားဖြင့်တော့ ဆရာတစ်ယောက်က စကားမပြောဘဲ ဝိညာဉ်တက်တူး ရေးဆွဲနေပါက လေထုသည် ပျင်းခြောက်ခြောက် ဖြစ်နေလိမ့်မည်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ သူတို့အားလုံး မျက်တောင် တစ်ချက်တောင် မခတ်ကြပေ။

“ဒါတွေအားလုံးက ဝိညာဉ်စုဆောင်းခြင်း တက်တူးတွေပဲ”

ဆွန်းမိုက စုတ်တံကို အောက်ချလိုက်သည်။

“ဒါတွေအားလုံး မင်းဖန်တီးထားတာလား”

ဇုမိန်က မေးလိုက်သည်။ သူမ မေးလိုက်တဲ့အချိန်တွင် အသံက တုန်ခါနေသည်။ သူမ မယုံပေမယ့် ဒီလိုပုံစံ ဝိညာဉ်စုဆောင်းခြင်း တက်တူးတွေကို တစ်ခါမှ မမြင်ဖူးပါ။

"ဒါတွေ အားလုံးကို ငါဖန်တီးထားတယ်လို့ ပြောလို့ ရပေမယ့် ဝိညာဉ်စုဆောင်းခြင်း ဝိညာဉ်တက်တူးကို ပြင်ဆင်ထားတယ်လို့ ပြောရင် ပိုသင့်တော်မယ်"

ဆွန်းမို ရှင်းပြလိုက်သည်။

"ဝိညာဉ်တက်တူး ပြင်ဆင်နိုင်တာကိုက တော်တော်အထင်ကြီးဖို့ ကောင်းနေပြီ"

ရှိန်ရှွင်ဒါက သက်ပြင်းချရင်း ပြောလိုက်သည်။

မြတ်ဆရာ တော်တော်များများလည်း ခေါင်းညိတ်ကြသည်။ ဝိညာဉ်တက်တူး ပြုပြင်နိုင်တယ်ဆိုကထဲက အဲဒီ မြတ်ဆရာသည် ဒီဝိညာဉ်တက်တူးကို နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ထားတယ်လို့ ပြောလို့ရသည်။ မဟာသခင် တချို့လည်း အကျိုးသက်ရောက်မှု အားနည်းတာကို ဂရုမစိုက်ပါက ပြုပြင်နိုင်ကြသည်။

တဖက်မှာတော့ အရမ်းအံ့အောခြင်း၊ သဘောကျခြင်းနှင့် ထိတ်လန့်တုန်လှုပ်ခြင်း

ခံစားချက်တွေသာ နှလုံးသားထဲ ရှိတော့သည်။ ဒီ သရုပ်မှုကြောင့် အားလုံး ခေါင်းကျိန်းသလို ခံစားနေရသည်။

“ဒါတွေအကုန်လုံးကို ငါရေးဆွဲရတဲ့ အကြောင်းအရင်းက မင်းကို ဘယ်လိုမေးခွန်း ထုတ်ရမလဲဆိုတာ သင်ပေးချင်လို့ပဲ။ မင်းဆရာ ပြောတိုင်း မျက်စိမှိတ်ပြီး နားမထောင်နဲ့ ဘာဖြစ်လို့လည်းဆို သူတို့လည်း မှားတဲ့အချိန်တွေ ရှိမှာပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက သူ့ပဟောပြောချက်ရဲ့ အဓိကအချက်ကို ဖော်ထုတ်လိုက်သည်။

ဟာ

အခန်းတစ်ခုလုံး ဝရုန်းသုန်းကား အသံတွေ ထွက်လာပြီး လေအေးတိုက်လိုက်တဲ့အလား မှင်တက်ကုန်သည်။ ကျောင်းသားတွေသာမက မြွတ်ဆရာတွေလည်း ဆွန်းမိုကို အထိတ်တလန့် ကြည့်နေကြသည်။

မြွတ်ဆရာတချို့ကတော့ မကျေမနပ် ကြည့်နေကြသည်။

“အဓိက သတင်း”

လီရှုအိုလန် စိတ်လှုပ်ရှားလာသည်။ သူမက ဘောပင်ကိုပစ်ချလိုက်ပြီး အခင်းဖြစ်ပွားရာနေရာကို မှတ်တမ်းတင်ဖို့အတွက် ပုံရိပ်ဖမ်းကျောက်တုံးကို ထုတ်ယူလိုက်သည်။

ပြည်နယ်ကိုးခုတွင် ဆရာကိုလေးစားတဲ့ ယဉ်ကျေးမှုကို အလေးထားသည်။ ဆရာတွေကို ကောင်းကင်ဘုံလို့ ပြောလျှင်တောင် မမှားပေ။ ဒါပေမယ့် ဆွန်းမိုက ကျောင်းသားတွေကို သံသယနဲ့ ဆရာတွေအား မေးခွန်းထုတ်ဖို့ ပြောနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက မြွတ်ဆရာကျင့်ဝတ်ကို ကြီးကြီးမားမား အရိုအသေမဲ့ပြီး အရှက်ခွဲခြင်းတစ်မျိုး ဖြစ်နေသည်။

“တစ်ယောက်ယောက်က တိုးတက်ချင်တယ်ဆိုရင် တွေးခေါ်စူးစမ်းနိုင်ဖို့ ပရိဖက်ရှင်နယ်ဆန်တဲ့ သံသယကို ဆက်လက် ဆုပ်ကိုင်ထားဖို့ လိုတယ်”

“အခုအချိန်မှာ မင်းကို လမ်းပြနိုင်တဲ့ မြွတ်ဆရာတွေ ရှိနေအုံးမယ်။ ဒါပေမယ့် တစ်နေ့နေ့မှာ ဘယ်သူမှ မရောက်ဖူးတဲ့ အထွဋ်အထိပ်ကို ရောက်ခဲ့ရင် မင်းဘာလုပ်မလဲ”

"မင်း ကို့ကိုယ်ကိုပဲ အားကိုးလို့ရမယ်။ သံသယ စိတ်ထားပြီး သီအိုရီတွေကို အဆက်မပြတ် မေးခွန်းထုတ်ခြင်းကပဲ အောင်မြင်ဖို့အတွက် အခိုင်မာဆုံး လမ်းစဉ်ပဲ"

"လူတစ်ယောက် မျက်လုံးက လိမ်လည် လှည့်ဖျားနိုင်ပေမယ့် သဘာဝ နိယာမတရားကတော့ အဲဒီလို ဘယ်တော့မှ မဖြစ်ဘူး"

ဆွန်းမိုက ရှင်းပြသည်။

သူ့ရဲ့ မူရင်းရည်ရွယ်ချက်ကိုက အမျိုးမျိုးသော သီအိုရီတွေကို ရည်ညွှန်းချင်သဖြင့် သဘာဝ

နိယာမတရားဆိုတဲ့ စကာလုံးကို သုံးစွဲခဲ့သည်။ လောကရဲ့ လျှို့ဝှက်ချက်တွေကို သဘာဝနိယာမတရား အသုံးပြုပြီး ဖြေရှင်းနိုင်သည်။

ဆွန်းမိုက စင်ပေါ်တွင် ရဲရဲရင့်ရင့် အာမခံချက်အပြည့်နဲ့ ဟောပြောနေတာ မြင်လိုက်လျှင် ရှိန်ရွှင်ဒါက သဘောကျစွာ ပြုံးလိုက်မိသည်။ ထို့နောက် အခန်းထဲရှိတဲ့ မြတ်ဆရာတွေနဲ့ ကျောင်းသားတွေကို လှည့်ကြည့်လိုက်သည်။

ကျောင်းသားတွေမပြောနဲ့ မြတ်ဆရာတွေတောင် စိတ်ရှုပ်နေပြီး ဆွန်းမိုဘာပြောနေမှန်း သူတို့လည်း

နားမလည်ပေ။ ဒါပေမယ့် အဆင်ပြေပါသည်။ ဆွန်းမို ဘာပေးခဲ့သလဲဆိုတာ သူတို့ နားလည်တဲ့တစ်နေ့ ရှိလာလိမ့်မည်။

ဒါက စဉ်ဆက်မပြတ် အတည်ပြုဖို့လိုတဲ့ တွေးခေါ်မှုတစ်မျိုးဖြစ်သည်။

ဆွန်းမိုက ဝိညာဉ်တက်တူး ဖန်တီးနိုင်ခဲ့တာ မဆန်းတော့ပေ။ သူ့ရဲ့ တွေးခေါ်မှုအရဆို လူအများစုထက် ကျော်လွန်နေပြီ။

ဒင်

ရှိန်ရှင်ဒါ၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး(၄၁/၁,၀၀၀)

ဇုမိန်သည် ဆွန်းမိုရဲ့စကားကို ကြားပြီးနောက် စိတ်ထဲတွင် လျှပ်စီးလက်လိုက်သလို ဖျက်ကနဲ ရုတ်တရက် ချက်ခြင်းဆိုသလို နောက်ထပ် နားလည်မှု အသစ်များ ပေါ်လာသည်။ ဒါပေမယ့်လည်း ဒီနားလည်မှု အသစ်က အရမ်းနူးညံ့သိမ်မွေ့ပြီး မှုန်ဝါးဝါး ဖြစ်နေကာ သေသေချာချာ မဆုပ်ကိုင်နိုင်ဘဲ ဖြစ်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“နောက်ထပ်ပြီးတော့ ငါက ဝိညာဉ်စုဆောင်းခြင်းက တက်တူးကို ခွဲခြမ်းစိတ်ဖြာပြမယ်”

ဆွန်းမိုက ပြောနေရင်းနဲ့ ဝိညာဉ်တက်တူးဆိုင်ရာ အကြောင်းအရာများကို ရှင်းပြလိုက်သည်။

ဇုမိန်က နားထောင်လေလေ မျက်လုံး အရောင်တောက်လေလေ ဖြစ်လာသည်။ နားလည်မှုက ပိုမိုရှင်းလင်း ပြတ်သားလာသည်။ အရင်တုန်းကတော့ ဝိညာဉ်တက်တူးကို လေ့လာတဲ့အခါ အလွတ်ကျက်မှုကိုပဲ အားကိုးခဲ့သည်။

ဒါပေမယ့် အခုတော့ သူမသည် ဒါတွေရဲ့ အနှစ်သာရကို စတင်ရှာဖွေ တွေ့ရှိလာပြီ။

ဇုမိန် မျက်လုံးအရှေ့တွင် ကမ္ဘာအသစ်တစ်ခု ရှိနေပြီ။

တစ်ချိန်တည်းမှာပင် ဆွန်းမိုက ကျောင်းသားတွေရဲ့ အပြုအမူကို စောင့်ကြည့် အကဲခတ်နေသည်။ လူအများစုရဲ့ မျက်နှာ ဗလာကျင်းနေသော်လည်း ဇုမိန်ကတော့ မျက်လုံးပြူးသထက် ပြူးပြီး မောဟိုက်နေတဲ့ပုံစံ ဖြစ်နေသည်။ သူမနဖူးပေါ်က စီးကျနေတဲ့ ချွေးတွေကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမှတ်တမဲ့သုတ်မိတာ ဘယ်နှစ်ကြိမ်မှန်းတောင် မသိတော့ပေ။

"လူတစ်ယောက်တည်း ညဏ်အလင်းပွင့်သွားရင်တောင် အရှုံးလို့ မသတ်မှတ်ဘူး"

ဆွန်းမို အရမ်း ကျေနပ်နေခဲ့သည်။

ဇုမိန်ရဲ့ လက်ရှိပုံစံက စကားလုံးနဲ့ ဖော်ပြရလျှင် သူမက ဇုန်အတွင်း ရောက်နေပြီ။ ဒါက အာရုံထွေပြားမှုကို ဖယ်ထုတ်ထားပြီး အပြည့်အဝ အာရုံစိုက်နေတဲ့ အကောင်းဆုံး အခြေအနေ ဖြစ်သည်။

ဒီလိုမျိုး အခြေအနေ ဝင်ရောက်သွားတာနဲ့ အရမ်းယုံကြည်မှု ရှိလာပြီး နတ်ဘုရားထက်တောင် ကျော်လွန်သွားနိုင်သည်။

ဆွန်းမိုက စကားဆုံးသွားတာနဲ့ သင်ခန်းစာ အဆုံးသတ်ဖို့ ပြင်ဆင်လိုက်သည်။ ဒါပေမယ့်လည်း ဇုမိန်ရဲ့ အခြေအနေကို မြင်ပြီး ဆုတစ်ခုပေးဖို့ ဆုံးဖြတ်လိုက်သည်။

“အခုတော့ နောက်ထပ် ဝိညာဉ်တက်တူးတစ်ခု ရေးဆွဲပြမယ်။ လူတိုင်းပဲ ကျေးဇူးပြုပြီးအာရုံ စိုက်ပေးကြပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက လျှပ်စီးကာကွယ်ရေး ဝိညာဉ်တက်တူးတစ်ခုကို ရေးဆွဲလိုက်သည်။ ဇုမိန် သေသေချာချာ မြင်ရအောင် တမင်သက်သက် အရှိန်နှေးပြီး ရေးဆွဲပြလိုက်သည်။ ဒါပေမယ့်လည်း ဒီနေရာမှာ ရှိတဲ့ လူအများစုက အရမ်း အံ့အောနေကြပေမယ့် နားမလည်ပေ။

"ဒါလဲ ဝိညာဉ်တက်တူးပဲလား"

"ဘာဖြစ်လို့ ဒီလိုပုံစံ ဖြစ်နေတာလဲ"

"ထူးဆန်းလိုက်တာ ဒါပေမယ့် ကြည့်လို့ အရမ်းလှတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသား အချင်းချင်း တီးတိုးမပြောဘဲ မနေနိုင်ကြချေ။

ပုံစံနှင့်လှိုင်းတွေသည် လျှပ်စီး ဆားကစ်ဘုတ် တစ်ခုလို ဖြစ်နေပြီး ခေတ်မီလှပတဲ့ ခံစားမှု ဖြစ်ပေါ်စေသည်။ ပြည်နယ်ကိုးခုမှ လူတွေရဲ့ အမြင်မှာတော့ သက်ရောက်မှု ပြင်းထန်နေသည်။

ဘေးမှာ ထိုင်နားထောင်နေတဲ့ မြတ်ဆရာတွေသည် သူတို့တာဝန်ကို မေ့ပြီး ဝိညာဉ်တက်တူးအပေါ်ပဲ စောင့်ကြည့်ဖို့ အပြည့်အဝ အာရုံစိုက်ထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှိန်ရှွင်ဒါသည် လက်ထဲက စုတ်တံနဲ့ လျှင်မြန်စွာ မှတ်တမ်းတင်နေသည်။ ဆွန်းမို ပြောသမျှစကားတွေ လွတ်သွားမှာ ကြောက်နေသည်။

ပြီးဆုံးကြောင်း ခေါင်းလောင်းသံ ပေါ်လာသော်လည်း ဘယ်သူမှ ဂရုမစိုက်ပါ။ အားလုံးက ဆွန်းမိုရဲ့ ဝိညာဉ်တက်တူးအပေါ်ပဲ ကြည့်နေကြသည်။

အရှူးတစ်ယောက်တောင် ဒါက ဝိညာဉ်တက်တူး အသစ်စက်စက်မှန်း သိသည်။

ဝုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုရဲ့ နောက်ဆုံး စုတ်ချက်ပြီးသွားတာနဲ့ ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်ထွက်လာသည်။

အများအားဖြင့် ကျောင်းသားတွေ တုန်လှုပ်သွားပေမယ့် ဒီနေ့မှာ အကြိမ်ပေါင်းများစွာ မြင်ထားလို့ မစိမ်းတော့ပါ။

"လှလိုက်တာ ၊ ငါတကယ်လိုချင်တယ်"

"ဆရာလီ၊ မင်းရဲ့ အဓိက လေ့လာမှုနယ်ပယ်က ဝိညာဉ်တက်တူးနယ်ပယ် မဟုတ်ဘူး မှတ်လား။ ဒါကိုဘာကြောင့် လိုချင်နေတာလဲ"

"ငါ သိမ်းထားမလို့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာတွေ ငြင်းခုန်နေကြသည်။ တကယ်လို့ ဆွန်းမိုသာ အတန်းပြီးဆုံးကြောင်း မကြေငြာခဲ့လျှင် ဒီဝိညာဉ်တက်တူးကို သူတို့အတွက် တောင်းဆိုဖို့ ပြေးသွားမိလိမ့်မည်။

(အဓိက စာစစ်သူအနေနဲ့ ဖြေဆိုသူဆီကနေ ဝိညာဉ်တက်တူး တောင်းဆိုလိုက်လျှင် ငါ့ဂုဏ်သတင်းအတွက် မကောင်းလောက်ဘူး)

ရှိန်ရှင်ဒါ ဝေခွဲရခက်နေသည်။ ဒါပေမယ့် ဝိညာဉ်တက်တူးကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်တဲ့ အခါမှာတော့ ဒါကို ယူရမယ်လို့

ဆုံးဖြတ်လိုက်သည်။ ဒီလိုမှမဟုတ်ရင် နောက်ထပ်နှစ်အနည်းငယ်ကြာရင် နောင်တရနေရလိမ့်မည်။

"ဒီကကျောင်းသူလေး၊ မင်းက ဝိညာဉ်တက်တူးလေ့လာတဲ့နေရာမှာ ထူထူးခြားခြား အရည်အချင်း ရှိတယ်။ မင်းကို လမ်းပြပေးမယ့် မဟာသခင်တစ်ယောက် မြန်မြန်သွားရှာ၊ အချိန်မဖြုန်းနဲ့"

ဆွန်းမိုက နတ်ဘုရားမျက်စိအားရုံကို အသုံးပြုပြီး ဇုမိန်ကို စစ်ဆေးလိုက်သည်။ ဒီမိန်းကလေးက လုချမ်ဂျီထက်တောင် အရည်အချင်း ရှိသေးသည်။

ရှစ်

အားလုံးက မနာလိုစိတ်နဲ့ ဇုမိန်အား လှည့်ကြည့်လိုက် ကြသည်။

ဒါ ဆွန်းမိုဆီက ချီးကျူးမှုဆိုတာ သိထားရမည်။ ဒီစကားကြောင့် ဇုမိန်က နာမည်ကြီး လာလိမ့်မည်။

“ဆရာ.....”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇုမိန် မျက်နှာကို ကြည့်လိုက်လျှင် စိတ်လှုပ်ရှားနေသည်။ သူမသည် ထိုင်ခုံက ထပြီး ဆွန်းမိုအရှေ့သို့ ပြေးသွားကာ တိုက်ရိုက် ဒူးထောက်လိုက်သည်။

ဇုမိန်သည် ဝိညာဉ်တက်တူး လေ့လာခြင်းနယ်ပယ်မှာ ဆွန်းမိုရဲ့ နက်ရှိုင်းတဲ့ အသိပညာကို အကြွင်းမဲ့ ယုံကြည်နေပြီ။

"ဆရာ၊ ငါ့ကို တပြည့်အဖြစ် လက်ခံပေးပါ"

ရှူး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီမြင်ကွင်းကို မြင်လိုက်လျှင် မြတ်ဆရာ ဆယ်ယောက်ကျော်သည် လေအေးတစ်ချက် ရှိုက်လိုက်မိသည်။ သူတို့ သက်ပြင်းချသံထဲမှာလည်း မနာလိုစိတ်များ ပြင်းထန်နေသည်။

ကျောင်းသားတစ်ယောက်က ဆရာတစ်ယောက်ကို တပြည့်အဖြစ် လက်ခံဖို့ စတင်တောင်းဆိုခြင်းသည် ဟောပြောပွဲတွေမှာ အရမ်းရှားပါးတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ကျောင်းသားတွေသည် ဘယ်က ဟောပြောမယ်ဆိုတာ ကြိုတင်မသိဘဲ ကြံ့ရာကျပန်း

ရွေးထားသဖြင့် ဒီကိစ္စကို ကြိုတင် စီစဉ်ထားတယ်လို့ ဘယ်သူမှ သံသယမရှိပါ။ ဒါ့အပြင် ကိုယ်ပိုင် ဆရာတင်တဲ့ ကိစ္စမျိုးသည် အရမ်းလေးနက်တဲ့ကိစ္စ ဖြစ်သည်။

"အဓိကသတင်းပဲ"

လီရှူအိုလန်က ဆွန်းမိုရဲ့ ဆုံးဖြတ်ချက်ကို စောင့်ရင်း ဆွန်းမိုဆီသို့ ပုံရိပ်ဖမ်းကျောက်တုံး ချိန်ထားသည်။

အခန်း(၅၅၂) - ဝိညာဉ်တက်တူး အသစ်တစ်ခု မွေးဖွားခြင်း။

အားလုံးက ဆွန်းမို ဘယ်လို ပြန်ဖြေမလဲ စောင့်ရင်း အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

“သူသဘောတူသင့်တယ် မဟုတ်လား။ နောက်ဆုံးတော့ ဒါက ဒဏ္ဍာရီတစ်ပုဒ် ဖြစ်လာလိမ့်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှိန်ရှင်ဒါက ခန့်မှန်းလိုက်သည်။

ဆွန်းမိုက ပြုံးပြီး ဇုမိန်ကို ကြည့်နေသည်။

“လူတစ်ယောက်က လုံလောက်တဲ့ တွန်းအားမရှိရင် သူ့ရဲ့ ငယ်ရွယ်မှုကို ဖြုန်းတီးပစ်တာပဲ။ ငါလည်း မင်းအသက်အရွယ်တုန်းက မကြာခဏ စိတ်လှုပ်ရှားပြီး ပြင်းပြတဲ့စိတ်ဆန္ဒတွေ ရှိခဲ့တယ်။ ကမ္ဘာကြီးကို ကြည့်ဖို့ ခရီးထွက်ချင်တယ်၊ နှစ်ကုန်စာမေးပွဲမှာ ပထမနေရာရဖို့ တစ်ညလုံး မအိပ်ဘဲ စာကျက်ခဲ့တယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ထုံးစံအတိုင်း ငါသဘောကျတဲ့ မိန်းကလေးတစ်ယောက် လိုက်ဖို့ စဉ်းစားထားပေမယ့် နောက်ဆုံးမှာ သူမကို ရည်းစားစာ တစ်စောင်တောင် မပေးရဲခဲ့ဘူး”

ကျောင်းသားတွေက စိတ်ဝင်တစား နားထောင်ခဲ့ကြသော်လည်း ဆွန်းမို ဘာပြောချင်မှန်းကို နားမလည်ပေ။ ဒါပေမယ့် မြတ်ဆရာတွေအားလုံးက တွေးတောဆင်ခြင်တဲ့ အမူအရာ ဖြစ်နေသည်။

“မင်းရဲ့ ကြည်ညိုလေးစားမှုနဲ့ ငါ့အပေါ်ထောက်ခံမှုအတွက် တကယ် ကျေးဇူးတင်တယ်။ ဒါပေမယ့် စိတ်လှုပ်ရှားမှု အောက်မှာချတဲ့ ဆုံးဖြတ်ချက်က သူတို့တစ်ဘဝလုံးကို နောင်တရနေနိုင်တယ်”

ဆွန်းမို ဖျောင်းဖျလိုက်သည်။

“သူ တကယ်ငြင်းလိုက်တာလား”

မြတ်ဆရာတွေက ကြည်ညိုလေးစားတဲ့ အမူအရာကို ထုတ်ပြနေတဲ့အချိန်တွင် ကျောင်းသားတွေ အံ့အောနေကြသည်။ ဇုမိန်ကို

တပြည့်အဖြစ် လက်ခံလိုက်ခြင်းသည် ဆွန်းမိုအတွက် အကျိုးအမြတ် အများကြီး ရှိသည်။

နောင်တစ်ချိန်မှာ ဇုမိန်က အောင်မြင်မှုကြီးကြီးမားမား မရလျှင်တောင် ဆွန်းမိုကို ဘယ်သူမှ မကောင်းပြောကြမှာ မဟုတ်ပေ။ နောက်ဆုံးတွင် ကောင်မလေးက အရည်အချင်း မပြည့်မှီဘူးဆိုတဲ့ အကြောင်းပြချက် ပေးလို့ရသည်။

ဒီနေ့မှာသာ ဆွန်းမိုက ဇုမိန်ကို လက်ခံလိုက်တာနဲ့ ဒီမြတ်ဆရာစာမေးပွဲမှာ အကျော်ကြားဆုံး ကြယ်ပွင့်

ဖြစ်လာလိမ့်မည်။ သူနဲ့ တသုတ်ထဲမှာ ဘယ်သူမှ ယှဉ်နိုင်တော့မှာ မဟုတ်ပါ။

ဒါပေမယ့် သူက ဒီလို မလုပ်ခဲ့ပေ။ သူ့ဂုဏ်သတင်းနဲ့ယှဉ်ရင် ဇုမိန်၏ အတွေးနဲ့ အနာဂတ်ကို ပိုဦးစားပေးခဲ့သည်။

ဒီလိုမျိုး သီလ သမာဓိ ပညာတွင် ဆွန်းမိုက လက်မထောင်နိုင်သည်။

“မင်းရဲ့ အရည်အချင်းကိုလည်း ငါက အသိအမှတ်ပြုတယ်။ ငါ့ကို မင်းက ဆရာတင်ချင်တဲ့ အတွက်လည်း အရမ်းပျော်တယ်။ ဒီလိုမျိုး

ဆရာတင်ခြင်းက တစ်ဦးတစ်ယောက်တည်းကိစ္စ မဟုတ်ဘူး”

ဆွန်းမိုက ဇုမိန်ကို ထူပေးလိုက်သည်။

“မင်း မိဘတွေရဲ့အတွေးကိုရော ထည့်စဉ်းစား ပြီးပြီလား”

ဇုမိန် တိတ်ဆိတ်သွားသည်။ သူမ မိဘတွေက ကြယ်အဆင့်မြင့်တဲ့ မြတ်ဆရာအောက်တွင် သင်ယူနိုင်မယ်လို့ ထုံးစံအတိုင်း မျှော်လင့်ထားကြသည်။ နောက်ဆုံးတော့ သူမရဲ့

ဆရာသည် ကြယ်သုံးပွင့် မြတ်ဆရာ တစ်ယောက်ဖြစ်ရမည်။

"မင်း စိတ်အေးအေးထားပြီး နောက်တစ်ကြိမ်ပြန်စဉ်းစား။ မင်းမိဘတွေရဲ့ သဘောထားကိုလည်း ထည့်စဉ်းစား။ အားလုံးပြီးတာတောင်မှ မင်းစိတ်ရှိနေသေးရင် မင်းကို ငါ့တပြည့် အဖြစ်လက်ခံပေးမယ်"

ဆွန်းမိုက ဒီကမ္ဘာကို အခုမှရောက်လာတဲ့ ဘာမှမသိနားမလည်သည့် အသစ်စက်စက်လေး မဟုတ်တော့ပါ။ ဆရာနှင့် တိုက်ရိုက်တပြည့်ကြားက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆက်ဆံရေးသည် မိဘနှင့် သားသမီးကြားက ဆက်ဆံရေးနဲ့ တူမှန်းသိနေပြီ။

ဆွန်းမိုက သူ့တပြည့်တွေကို သား၊ သမီးလို ဆက်ဆံသည်။ သူတို့ကို စေ့စေ့စပ်စပ် လမ်းညွှန်ပေးသည်။ တကယ်လို့ သူက တပြည့်တွေအတွက် အရင်းအမြစ် ဖြုန်းတီးပစ်ဖို့ ဝန်လေးနေရင် ဒါမှမဟုတ် သူတို့ကို အမှိုက်အဖြစ် သဘောထားပါက အရိုက်ခံလို့ သေတာထက် ပိုဆိုးအောင် ဝေဖန်ခံရလိမ့်မည်။

"ဆရာ ငါနားလည်ပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇုမိန်က နောက်တစ်ကြိမ်ဒူးထောက်ပြီး သုံးကြိမ် အရိုအသေ ပေးလိုက်သည်။ ဆွန်းမိုက သူမအတွက် စဉ်းစားပေးခဲ့သည်။ သူက ၁၀၀ ရာခိုင်းနှုန်း ဆရာကောင်း တစ်ယောက်ပါ။

ဒါပေမယ့် သူမ မိဘတွေကတော့ ငယ်လွန်းတယ်တွေးကြလိမ့်မည်။ ဒါ့အပြင် ဆွန်းမိုက ကြယ်ပွင့်အဆင့်လည်း မမြင့်သေးပါ။

ဒင်

ဇုမိန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၃၀၀/၁,၀၀၀)

“ဒီဟောပြောပွဲ ပြီးရင်လည်း ဆရာနဲ့ကျောင်းသား ဆက်ဆံရေးလို့ သတ်မှတ်လို့ ရပါတယ်။ မင်းစိတ်မရှိရင် ဒီလျှပ်စီးကာကွယ်ခြင်းတက်တူး မင်းကို ပေးခဲ့မယ်”

ဆွန်းမိုက ပြုံးပြီး သင်ထောက်ကူပစ္စည်းတွေကို သိမ်းလိုက်သည်။

“ကောင်းပြီ၊ အတန်းပြီးပါပြီ”

“ဆရာ၊ ဒီဝိညာဉ်တက်တူးကို တစ်ခါမှ မမြင်ဖူးဘူး။ ဒါက မင်းကိုယ်တိုင် ဖန်တီးထားတာလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက်က စိတ်မထိန်းနိုင်ဘဲ မေးလိုက်သည်။

“မဟုတ်ဘူး။ အမှောင်တိုက်ကြီးရဲ့ အပျက်အဆီးတွေထဲကနေ တူးဖော်ခဲ့တာ”

ဆွန်းမိုက ရှင်းပြလိုက်သည်။

“ဒါပေမယ့် ငါတစ်ယောက်တည်း ပိုင်တယ်ဆိုတာ အာမခံလို့ ရတယ်။ ဒါကြောင့် အရမ်း တန်ဖိုးရှိတယ်”

ဆွန်းမို ကြွားပြောတာ မဟုတ်ပေ။ အဲဒီအစားဇုမိန်က ဒါကို မရောင်းပစ်ဘဲ ပိုတန်ဖိုးထားဖို့ မျှော်လင့်နေခဲ့သည့်.။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိုး

လူတိုင်းက အလန့်တကြား ထအော်သည်။

တမူထူးခြားတဲ့ ဝိညာဉ်တက်တူး။ သူ့ရဲ့ ဈေးနှုန်းက ကောင်းကင်ဘုံလောက် မြင့်လိမ့်မည်။

"သူ့ရဲ့ ကိုယ်ကျင့်တရားက ကြီးမြတ်လွန်းတယ်"

လီရှူအိုလန် ရေရွတ်လိုက်မိသည်။

(ရုတ်တရုတ် အမှတ်ပြည့် ပေးချင်စိတ်ပေါက်လာပြီနော်)

ဒီသတင်းထောက်ကြီးမှာ အမြဲတမ်း ယုံကြည်နေတဲ့ အရာတစ်ခု ရှိသည်။ ဆရာတချို့က သင်ကြားရေးစွမ်းရည် အရမ်းမမြင့်ရင်တောင် သူမ လက်ခံပေးနိုင်သည်။ ဒါပေမယ့် သူတို့ရဲ့ အကျင့်စာရိတ္တကတော့ သာမန်ထက် သာလွန်နေရမည်။ ဒါမှလည်း သူတို့က ဆရာကောင်းတွေ ဖြစ်လိမ့်မည်။

ဆွန်းမို ထွက်သွားသည်။ အခန်းတစ်ခုလုံး ခဏလောက် တိတ်ဆိတ်သွားပြီးနောက်

ကျောင်းသားတွေဆီက တုန်းပြီး လက်ခုပ်သံတွေ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

“တိတ်တိတ်ကလေး နေကြပါ”

ရှိန်ရှင်ဒါက အသံမြင့်ပြီး ငါးကြိမ်ဆက်တိုက် အော်လိုက်သည်။

“အခု မဲစပေးရပါမယ်။ တန်းစီပါ ၊ မှန်မှန်ကန်ကန်လေး လုပ်ပေးပါ”

ကျောင်းသားတချို့က ဇုမိန်ကို ကျော်တက်သွားကြသည်။ မြတ်ဆရာတချို့က သူတို့ထက်တောင် ပိုမြန်နေသေးသည်.

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ ကျောင်းသူလေး ဒီဝိညာဉ်တက်တူးကို ဈေးကြီးကြီး ပေးပြီး ဝယ်ချင်တယ်”

ဒီလူက မထိန်းချုပ် နိုင်တော့ပါ။

“ဝိညာဉ်ကျောက်တုံး တစ်ထောင် ပေးမယ်”

တစ်ယောက်ကလည်း စိုးရိမ်လာသည်။

“ ငါးထောင် ပေးမယ်။ မင်းအဆင်မပြေသေးရင် ပိုပေးမယ်”

ချမ်းသာတဲ့ မြတ်ဆရာတစ်ယောက်က ပြောလိုက်သည်။ ဘေးနားက မြတ်ဆရာတစ်ယောက်က ဈေးပေးချင်ပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလူက ကြယ်လေးပွင့် မြတ်ဆရာ တစ်ယောက် ဖြစ်နေမှန်း သိလိုက်လျှင် လက်လျှော့လိုက်သည်။

ဇုမိန် အံ့အောသွားသည်။

(ဝိညာဉ်ကျောက်တုံး ငါး......ငါးထောင် ဟုတ်လား။ ဒါက ဘာအယူအဆကြီးလဲ)

သူမတို့ကျောင်းက ကြယ်တစ်ပွင့်မြတ်ဆရာ တစ်ယောက်ရဲ့ လစာသည် ဝိညာဉ်ကျောက်တုံး အနည်းငယ်ပဲ ရတာကို ပြန်စဉ်းစားလိုက်မိသည်။

ဒါဆိုရင် လျှပ်စီးကာကွယ်ခြင်း ဝိညာဉ်တက်တူးက အရမ်း တန်ဖိုးကြီး နေတာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရုတ်တရက် ဆိုသလို ဇုမိန်သည် ဆွန်းမိုက သူမကို သူ့ရဲ့တိုက်ရိုက်တပြည့်အဖြစ် လက်မခံတဲ့ အတွက် မခံချိမခံသာ ဖြစ်ပြီး စိတ်မကောင်း ဖြစ်သွားသည်။

“ ဆရာချောင်၊ ဒီလိုလုပ်တာ အဆင်မပြေဘူးနော်”

ရှိန်ရှင်ဒါက ဝယ်ချင်ပေမယ့် လူကြားထဲမှာ သူ့ဂုဏ်သတင်းကို ဂရုစိုက်နေရသေးသည်။ ဒါကြောင့် ကြယ်လေးပွင့်မြတ်ဆရာကို ဖျောင်းဖျဖို့ ကြိုးစားလိုက်သည်။

“ဒီဝိညာဉ်တကက်တူးမျိုးက သူမကို ပေးလိုက်ရင် ဖြုန်းတီးတာပဲ ဖြစ်သွားမယ်”

ချမ်းသာတဲ့ မြတ်ဆရာက သက်ပြင်းချလိုက်သည်။ ဆွန်းမိုဆီက တစ်ခု သွားတောင်းရင် ရနိုင်သည်။ ဒါပေမယ့် ဒီလိုလုပ်လိုက်လျှင် ဆွန်းမိုကို မျက်နှာသာ ပေးနေရမည်။

သူတို့လို အဆင့်အတန်းတွင် တစ်ယောက်ယောက်ကို မျက်နှာသာ ပေးရတာထက်စာရင် ငွေနဲ့ ဖြေရှင်းလိုက်ရတာ ပိုသဘောကျသည်။

ကျောင်းသားတွေ ဆွေးနွေးနေကြသည်။. ဒါပေမယ့် နောက်ဆုံးမှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်းသားတစ်ယောက်သည် မျက်စိလျှမ်းသွားတဲ့ အချက်တစ်ချက်ကို ပြန်သတိရလိုက်သည်။

"ဆရာဆွန်းက အားလုံးပေါင်း ဝိညာဉ်တက်တူး ရှစ်ခု ဆွဲခဲ့တယ်။ အားလုံးကလည်း ဝိညာဉ်ချီ လေဆင်နှာမောင်း ပေါ်ခဲ့တယ်"

"အဲဒီလိုပဲလေ"

"ဘုရားရေ ၊ ဝိညာဉ်တက်တူး မဟာသခင် အများစုတောင် သူနဲ့ အောင်မြင်နှုန်း မယှဉ်နိုင်ဘူး"

လူတိုင်း လုံးဝ ထိတ်လန့်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို မြတ်ဆရာတွေလည်း သတိထားမိပါသည်။ သူတို့စိတ်ထဲတွင် မနာလိုလိုက်၊ အားကျလိုက် စတဲ့ ခံစားချက်တွေ ဖြစ်ပေါ်နေသည်။ အသက် ၂၁ အရွယ် မဟာသခင်လား။ ဒါက ကြောက်စရာကောင်းလွန်းသည်။

လီရှူအိုလန်က မဲစာရင်းကို စောင့်မနေတော့ဘဲ တန်းပြန်သွားသည်။ ကျင့်ကြံခြင်းဆိုင်ရာ ဆေးပညာအတန်းထက်စာရင် ဒီဝိညာဉ်တက်တူး အတန်းက ကျိန်းသေပေါက် နိမ့်ကျမယ်လို့ သူမထင်ခဲ့တာ မှားသွားပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်တော့ သူမရဲ့ခရီးက အလကား မဖြစ်ခဲ့ပါ။

(ဒီဆွန်းမိုရဲ့ အရည်အချင်းက တကယ် ကြောက်စရာကောင်းလွန်းတယ်)

....

ဆွန်းမိုသည် လူအုပ်ကြီးနောက်မှ လိုက်ရင်း ကျောင်းဝန်းကို ဖြတ်သန်းသွားသည်။ စိတ်အခြေနေက အူမြူးနေသည်။

ဒင်

“လေးစားအထင်ကြီးမှု အမှတ် စုစုပေါင်း ၃,၁၂၀ မှတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဒင်

“ဟောပြောပွဲမှာ ရလဒ်တွေ ရခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ငွေရောင် ရတနာသေတ္တာ တစ်လုံး”

ဒင်

“လူငါးယောက်နဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် အဆင့်တိုးလာတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ရွှေရောင် ရတနာသေတ္တာ တစ်လုံး”

နားထဲတွင် အကြောင်းကြားမှု သုံးကြိမ်ကြားလိုက်သည်။

ကြေးခေါင်းလောင်း ဟိုတယ်သို့ ပြန်ရောက်လျှင် လုချီဟွာကို ရှာစရာမလိုဘဲ သူမနှင့် လီဇီချီတို့က ရလဒ်ကို သိချင်သဖြင့် ပြေးထွက်လာကြသည်။

“ငါတို့ အခု တစ်ယောက်ချင်း တိုက်ပွဲအတွက် ပြင်လို့ ရပြီ”

ဆွန်းမိုက ခပ်ပါးပါးလေး ပြုံးရင်း လုချီဟွာခေါင်းကို ပုတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာ သေချာပေါက် အောင်မယ်ဆိုတာက သိပါတယ်။ ပထမနေရာ ရမလားဘဲ တွေးနေတာ”

လီဇီချီက သူမဆရာသည် မဟာကိုးပါးက ဆရာတွေကို ချေမှုန်းနိုင်ဖို့ မျှော်လင့်ခဲ့သည်။

“ရတနာ သေတ္တာဖွင့်”

ဆွန်းမိုက သိပ်စိတ်မပါပေ။

“ငွေရောင် အရင်နော်”

ကလစ်ဆိုတဲ့ အသံထွက်လာပြီးနောက် စွမ်းရည်စာအုပ်တစ်အုပ် ပေါ်လာသည်။

၁၃၆

“ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းနည်းစနစ်ရဲ့ အကိုင်းအခက်ခွဲတစ်ခုဖြစ်တဲ့ ပိုးကောင်ဆင့်ခေါ်ခြင်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ အတွေ့အကြုံ - ကြိုးစားမှု တစ်ထောင်”

ဆွန်းမိုမျက်လုံးများ တောက်ပလာသည်။ ဝိညာဉ်သားရဲဆင့်ခေါ်ခြင်းသည် အရမ်းခက်ခဲသည်။ သူကမဟာအဆင့် ဖြစ်သော်လည်း ခေါ်တိုင်းအောင်မြင်မယ်လို့ အာမခံလို့ မရပါ။ ဒါကြောင့် အခေါက်ရေ တစ်ထောင် ကြိုးစားမှု

အတွေ့အကြုံသည် ဆွန်းမိုရဲ့ ကျွမ်းကျင်မှု တိုးတက်လာစေရုံသာမက ဝိညာဉ်သားရဲ ထိန်းချုပ်မှုကို နက်နက်ရှိုင်းရှိုင်း နားလည်သွားစေနိုင်သည်။

ပြီးနောက် ရွှေရောင် ရတနာသေတ္တာကို ဖွင့်လိုက်လျှင် စွမ်းရည်စာအုပ်တစ်အုပ် ကျန်ခဲ့သည်။

“ကုန်းနေသက်ရှိများကို ဆင့်ခေါ်ခြင်း အကိုင်းအခက် ရက်စက်ကြမ်းကြုတ်တဲ့သားရဲ ငါးမျိုး”

ဆွန်းမိုက ချက်ခြင်းလက်ငင်းပဲ သင်ယူလိုက်သည်။

စာပြီးတာနဲ့ ဆွန်းမိုသည် အခန်းထဲသို့ ပြန်လာခဲ့သည်။ မျက်တောင် နှစ်ချက် ခတ်လိုက်လျှင် သိုလှောင်ခန်းထဲကနေ အရင်က ရရှိထားတဲ့ ဝိညာဉ်တက်တူး ဒီဇိုင်းပလိတ်ပြားကို ထုတ်ယူလိုက်သည်။

“စနစ်။ Dragon ball ပုံစံ ဝိညာဉ်တက်တူး ဒီဇိုင်းဆွဲလို့ ရလား။ အပျက်သဘောဆောင်တဲ့ သက်ရောက်မှုတွေကို တတ်နိုင်သမျှ

နည်းစေချင်တယ်။ တက်တူးရဲ့ ရည်ရွယ်ချက်က အသုံးပြုတဲ့လူက ဖိအားကို ခံနိုင်ရည်ရှိပြီး သူ့ရဲ့ အလားအလာကို လှုံ့ဆော်နိုင်ရမယ်”

ဆွန်းမိုက မေးလိုက်သည်။

“မင်း အကြံတစ်ခုခု ရှိလား”

စနစ်က ပြန်မေးလိုက်သည်။

“ဟုတ်တယ်။ ရှေးဟောင်းအနှိပ်ပညာကို အတုယူပြီး လှုံ့ဆော်နိုင်တဲ့ ဝိညာဉ်တက်တူးကို အသုံးပြုချင်တယ်”

ဆွန်းမိုက ဒါကို စဉ်းစားနေခဲ့တာ ကြာပါပြီ။ လူ့ခန္ဓာကိုယ်သည် လျှို့ဝှက်ချက်များနဲ့ ပြည့်နှက်နေသည်။ တကယ်လို့ဒါကို လှုံ့ဆော်ဖို့အတွက် လျှို့ဝှက်နည်းပညာကို သုံးလိုက်လျှင် ခွန်အားတွေက မကြုံစဖူး ပေါက်ကွဲထွက်လာလိမ့်မည်။

ရှေ့ဟောင်းအနှိပ်ပညာရဲ့ သက်ရောက်မှုက တိကျသည်.

“မဆိုးဘူး။ ငါ့ဒီဇိုင်း အစီအစဉ်က အယူအဆတွေ အားလုံး တူညီနေရမယ်”

စနစ်က ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်သည်။ ဆွန်းမိုက ဒါကို အောင်မြင်အောင် လုပ်နိုင်လိမ့်မယ်လို့ တကယ်မမျှော်လင့်ထားပါ။

"ဒါကို အောင်မြင်အောင် အသေးစိတ် အချက်အလက်တွေကို စီစဉ်ပြီးသွားပြီလား" စနစ်က မေးလိုက်သည်။

"အလကားရတဲ့ အလုပ်သမားကို အသုံးမချဘဲ ဘာဖြစ်လို့ ငါ့ဦးနှောက် စွမ်းအားကို ဖြုန်းတီးနေတာလဲ၊ ငါ အရမ်းပျင်းနေတဲ့ ပုံပေါက်နေပြီလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက မျက်လုံးကြီး ပြူးပြီး ပြန်အော်သည်။

“မင်း.....”

စနစ် သွေးအန်ချင်သွားသည်.

စနစ် ဆွံ့အနေသည်။ (သနားလို့ လက်ပေးကိုင်တာကို ပါးတောင် နမ်းချင်နေတယ်၊ ဒီထက်ပိုပြီး တောင်းဆိုချင်သေးတာလား)

“ဒါ့အပြင် သုံးစွဲသူ အနီးတဝိုက်မှာ လျှပ်စီးကြောင်း ရှိနေရမယ်။ ကျောင်းသားတွေက အရောင်ပြောင်းနိုင်ရမယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စနစ်က မပြောင်းဆန်တာ တွေ့လျှင် ဆွန်းမိုက နောက်ထပ် တောင်းဆိုမှုများ ထပ်ထည့်လိုက်သည်။

"လူယုတ်မာ"

စနစ်က ဒေါသတကြီး ပြန်အော်သည်။

တစ်နာရီလောက် ကြာတော့ ဆွန်းမို မျက်လုံးအရှေ့မှာ Dragon Ball ဝိညာဉ်တက်တူးပေါ်လာသည်။

ဝိညာဉ်တက်တူးစာရွက် ၈ ရွက်လို့ ယူဆခဲ့သည်။ ဝိညာဉ်လှိုင်းတွေက အထပ်ထပ် ဖြစ်နေပြီး သပ်ရပ်ကာ မိုင်ခရိုချစ်ပ ပြားနဲ့ တူနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက အသက်ခပ်ပြင်းပြင်းလေး ရှူပြီး အသက်သွင်းရန် ဝိညာဉ်တက်တူးစာရွက်ကို ဆုတ်ဖြဲလိုက်သည်။

ဖြိ ဖြိ

ဆွန်းမို အနီးတဝိုက်တွင် ရွှေရောင် လျှပ်စီးကြောင်းများ ပေါ်ထွက်လာသည်။ သူ့တစ်ကိုယ်လုံးသည် မီးခြစ်အလား ဝိညာဉ်ချီတွေနဲ့ တောက်လောင်လာသည်။

ဝုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်ချီတွေ လွင့်စင်သွားပြီး ဆွန်းမို ခန္ဓာကိုယ်တစ်ခုလုံး ဖုံးအုပ်သွားသည်။ တစ်ကိုယ်လုံးကို ရွှေရောင် မီးတောက်တွေနဲ့ ဖုံးလွှမ်းနေသည်။

ဆွန်းမို လက်သီးဆုပ်လိုက်သည်။ သူ့ ခြေတွေ လက်တွေနှင့် အရိုးတွေအထိ ခွန်အားတိုးလာတာကို သိနေရပြီး တစ်ကိုယ်လုံး စွမ်းအားပြည့်နေသည်။ တိုက်ခိုက်တာကလွဲလျှင် ဘာမှ မလိုချင်တော့ပါ။

“ဒီ အကျိုးအသက်ရောက်မှုက ဘယ်လောက် ကြာကြာ ခံမလဲ”

ဆွန်းမိုက မေးလိုက်သည်။ ဒီနေရာမှာ တိုက်ခိုက်ရေးအရုပ်တွေ မရှိတာက ဝမ်းနည်းဖို့ကောင်းသည်။ ဒီလိုမှမဟုတ်ရင် သူ့ရဲ့တိုက်ခိုက်ရေးအစွမ်းကို စမ်းသပ်လို့ရသည်။

“အသုံးပြုတဲ့လူရဲ့ အခြေအနေအပေါ်မူတည်တယ်။ ဒါပေမယ့် ကြာချိန်က အများဆုံး ဆယ်မိနစ်ထက် မပိုဘူး”

စနစ်က ဆက်ပြောသည်.

“အကျိုးသက်ရောက်မှုကို သုံးပြီးရင် အသုံးပြုတဲ့သူက အားနည်းသွားလိမ့်မယ်။

အာခေါင်တွေ ခြောက်ပြီး ရေဆာမယ်၊ ဝိညာဉ်ချီလည်း အများကြီးလိုမယ်။ တချိန်တည်းမှာပဲ အစာစားပေးဖို့ လိုမယ်”

“ပြင်းထန်လား”

ဆိုးကျိုးတွေ အရမ်းများနေသဖြင့် ဆွန်းမို မျက်မှောင်ကြုတ်လိုက်မိသည်။

“မင်း ဘယ်လိုထင်လဲ”

စနစ်က အထင်သေးသလို ပြောလိုက်သည်။

“ဒါက ပေါက်ကွဲတဲ့ အခြေအနေပဲ။ မင်း မီတာ ၁၀၀ ကို အရှိန်အဟုန် အပြည့်နဲ့ ပြေးနိုင်လို့လား”

"................"

ဆွန်းမို ဆွံ့အသွားသည်။

ဒေါက် ဒေါက်

တံခါးခေါက်တဲ့အသံ ထွက်ပေါ်လာသည်။

"ဆရာ ရှီချန်၊ ဂျိရှားအကယ်ဒမီက ထိပ်တန်းဘွဲ့ရဆရာက ဆရာနဲ့ တွေ့ချင်လို့တဲ့"

လီဇီချီက တံခါးတွန်းဖွင့်ပြီး ဝင်လာသည်။ အဆုံးတွင် တစ်ကိုယ်လုံး ရွှေရောင်မီးတောက်တွေ ဖုံးလွှမ်းနေတဲ့ ဆွန်းမိုကို မြင်လိုက်ရပြီး အံ့အောနေသည်။

အခန်း(၅၅၃ - က) - အကူအညီ တောင်းခံမှု။

ဆွန်းမိုရဲ့ လက်ရှိပုံစံက မြင်ကွင်းတွင် သက်ရောက်မှု ပြင်းထန်လွန်းသည်။

တစ်ကိုယ်လုံးကို သာမန်မျက်စိနဲ့ မြင်နိုင်တဲ့ ရွှေရောင်ဝိညာဉ်ချီတွေ ဖုံးလွှမ်းနေသည်။ ပတ်ဝန်းကျင်မှာရှိတဲ့ ဝိညာဉ်ချီတွေက ရွှေရောင်မီးတောက် အဖြစ် အရှိန်အဟုန်ပြင်းပြင်း တောက်လောင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီရဲ့နှလုံးသားငယ်လေး အလိုလို ခုန်လာသည်။ သူမသည် ကြောက်ရွံ့ပြီး ရင်တုန်နေသည်။

“ဆရာ.....”

ဆွန်းမိုရဲ့ အနက်ရောင် ဆံပင်များကလည်း အခုအချိန်မှာ ရွှေရောင် ပြောင်းနေသည်။ သူ့ရဲ့ ချောမောတဲ့ မျက်နှာနဲ့ဆို အံ့မခန်းထူးဆန်းတဲ့ အလှတရားတစ်ခု ဖြစ်နေသည်။

“အင်း ၊ ဝိညာဉ်တက်တူး အသစ်စမ်းနေတာ”

ဆွန်းမိုက ပြောပြီးတာနဲ့ စူပါ စေရန် အခြေအနေကို ပြန်သိမ်းလိုက်သဖြင့် မူလပုံစံ ပြန်ပေါ်လာသည်။

“ဝိညာဉ်တက်တူး အသစ်လား”

သူမဆရာ အဆင်ပြေတာသိလိုက်မှ လီဇီချီ စိတ်အေးသွားသည်။ ထို့နောက် သိချင်လာသည်။

“မင်းကိုယ်တိုင် ဖန်းတီးထားတာလား”

“မဟုတ်ဘူး”

ဆွန်းမို ခေါင်းခါလိုက်သည်။

လီဇီချီ နှုတ်ခမ်းအနည်းငယ် ကွေးသွားသည်။ သူမဆရာက အမြဲတမ်း နှိမ့်ချသည်။ အရင်တုန်းကလည်း လျှပ်စီးကာကွယ်ခြင်း တက်တူးနှင့် ပေါက်ကွဲမီးတောက် ဝိညာဉ်တက်တူးတွေကို သူကိုယ်တိုင် ဖန်းတီးတာ မဟုတ်ဘူးဆိုပြီး ပြောခဲ့ဖူးသည်။ ဒါပေမယ့်လည်း ထုံးစံအတိုင်း ဒီလိုမျိုး ဝိညာဉ်တက်တူးက ဈေးကွက်ထဲမှာ မရှိပါ။

“မင်းက အချိန်ကောင်းလေး ရောက်လာတာပဲ။ ဒီပုံဆွဲနည်း သင်ပေးမယ်။ ပြီးတော့ မင်းဘာသာမင်း

ဆွဲပြီး လုချီဟွာနဲ့ ကျန်တဲ့လူတွေကို ကာကွယ်ဖို့ ပေးလိုက်”

ဆွန်းမိုက လီဇီချီရဲ့ သင်ယူနိုင်စွမ်းကို အရမ်းယုံကြည်သည်။ သူက မြတ်ဆရာတိုက်ပွဲမှာ ဝင်ပြိုင် ရအုံးမည်။ ဒါကြောင့် သူ့မှာအချိန်ပို မရှိသဖြင့် လီဇီချီကိုပဲ ကြိုးစားပြီး ဝိညာဉ်တက်တူး ရေးဆွဲဖို့ တောင်းဆိုလိုက်သည်။

“ဆရာ၊ ဒါတွေ ခဏထားလိုက်အုံး။ ရှီချန်က ဆရာနဲ့ လာတွေ့နေတယ်”

“ဘာကိစ္စလို့ သူပြောလဲ”

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ ရှီချန်က ဂျိုရှားအကယ်ဒမီက ထိပ်တန်းဘွဲ့ရ တစ်ယောက်ပါ။ ကျော်ကြားမှု ဖြစ်စေ၊ ခွန်အားဖြစ်စေ ပိုင်ရှမ်နဲ့ တူညီတဲ့အဆင့်မှာ ရှိသည်။

"မသိဘူး။ ဒါပေမယ့် ကျုံချောင် ကြောင့်လို့တော့ ထင်တယ်"

လီဇီချီက သုံးသပ်လိုက်သည်။

"အင်း သွားကြည့်ကြတာပေါ့"

ဆွန်းမိုသည် အရင်တုန်းကတော့ လီဇီချီကို Dragon ball ဝိညာဉ်တကက်တူး ရေးဆွဲနည်း သင်ပေးဖို့

စီစဉ်ထားသည်။ ဒါပေမယ့် အခုချိန်မှာ လုပ်စရာတစ်ခု ရှိနေသဖြင့် စိတ်ဝိညာဉ်ပုံသွင်းခြင်းသုံးပြီး သက်ဆိုင်တဲ့ ဗဟုသုတတွေကို စိတ်ထဲ တိုက်ရိုက်ထည့်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

လီဇီချီသည် လက်မြှောက်ပြီး သူမကိုယ်သူမ မှတ်ဉာဏ်ကောင်း အရှိန်အဝါ ပြန်သုံးကာ ဒီဝိညာဉ်တက်တူးကို စတင်လေ့လာလိုက်သည်။ ထို့နောက် လေးနက်ပြီး တမူထူးတဲ့ဒီဇိုင်း အယူအဆကြောင့် လုံး၀ အံ့အောထွက်သွားသည်။

သူမဆရာက တကယ်နှိမ့်ချလွန်းသည်။ ဒီဝိညာဉ်တက်တူးက လူတစ်ယောက်ရဲ့ အလားအလာကို နှိုးဆွရန် ရှေ့ဟောင်းအနှိပ်ပညာ အသုံးပြုထားမှန်း သိသာနေသည်။

ရှေ့ဟောင်းအနှိပ်ပညာနဲ့ တူညီတဲ့ အကျိုးသက်ရောက်မှုမျိုး အမှောင်တိုက်ကြီးရှိ အပျက်အဆီး နေရာတွေကနေ တိုက်ဆိုင်စွာ ရှာတွေ့မယ်လို့ သူမ မယုံပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဝိညာဉ်တက်တူး လေ့လာတဲ့နေရာမှာ ဆရာရဲ့ လက်ရှိအဆင့်အတန်းက ဘိုးဘေး အဆင့်ရောက်နေပြီလား”

လီဇီချီ တုန်လှုပ်သွားသည်.။

....

ကြေးခေါင်းလောင်း ဟိုတယ် ညွှေ့ခန်းထဲမှာ........

ရှီချန်သည် သစ်သားစားပွဲ ဘေးတစ်ခုတွင် ထိုင်နေသည်။ ဆွန်းမိုကို ဘယ်လိုစည်းရုံးရင် ကောင်းမလဲ စဥ်းစားရင်း သူ့မျက်လုံးတွေက စူးရှနေသည်။

သူ့ရဲ့အခင်ဆုံးသူငယ်ချင်း ကျန်ဂျီလည်း ဘေးမှာရှိနေသည်။ ကျန်ဂျီသည် အခုလောလောဆယ်တွင် စားပွဲပေါ်ရှိ သစ်သားသေတ္တာကို ကြည့်ကာ နားရွက်ဆွဲလိုက် ပါးကုတ်လိုက် လုပ်နေသည်။ တောင့်ခံဖို့ ကြိုးစားပေမယ့် နောက်ဆုံးတွင် စိတ်မထိန်းနိုင်တော့ဘဲ သူ့ သူငယ်ချင်းကို စပြီး ဖျောင်းဖျ လိုက်သည်။

"ရှီကြီး၊ ဒီလိုလုပ်တာ တန်လို့လား"

ဆွန်းမို ကူညီအောင် တောင်းပန်ဖို့အတွက် ရှီချန်သည် ကျောင်းအုပ်ဆရာကြီး ဆုပေးထားတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိန်ဆေးပြားကို ဆွန်းမိုအတွက် ထုတ်လာသည်။ လေလံပွဲတစ်ခုမှာဆိုရင် ကောင်းကင်လောက် မြင့်မားတဲ့ ဈေးနှုန်း ရနိုင်သည်။

"ဆွန်းမိုက ကျုံချောင်ကို ကုပေးနိုင်သ၍တော့ တန်ပါတယ်"

ရှီချန်က ပြန်ဖြေလိုက်သည်။

"ဒါပေမယ့် သူမလုပ်နိုင်ရင်ရော"

ကျန်ဂျီက အသံလျှော့ပြီး ပြောလိုက်သည်။

"မင်းပေးလိုက်တဲ့ လက်ဆောင်ကို ပြန်တောင်းရမှာ ရှက်ဖို့ကောင်းတယ်နော်"

ရှီချန် တိတ်ဆိတ်သွားသည်.

"ရှီကြီး၊ ဆွန်းမိုက ရှောင်လီရဲ့လက်မောင်းကို ကုပေးခဲ့တယ်လို့ ကောလဟာလတော့ ထွက်နေတယ်။ ဒါက အမှန်ဆိုရင်တောင် ရှောင်လီက လက်တွေပဲ ထိခိုက်သွားတာ။ ကျုံးချောင်ကတော့ သူ့အရိုးတွေ အကုန်ကျိုးသွားတာနော်"

ကျန်ဂျီသည် စကားပြောတဲ့အချိန်တွင် ရှီချန်ရဲ့ ခံစားချက်ကို ထည့်စဉ်းစားခဲ့သည်။ ဒါကြောင့် သူ့စကားက တကယ့်အဖြစ်အပျက်ထက်

ပေါ့ပါးနေသည်။ တကယ်တော့ ကျုံချောင်ရဲ့ အခြေအနေက သူပြောတာထက် ပိုဆိုးသေးသည်။

အရိုးတွေအကုန်လုံး ကျိုးသွားရုံသာမက အရိုးတွေလည်း အက်ကုန်သည်။ ရှီချန်က အနောက်တောင်မြို့က နာမည်ကြီးဆရာဝန်တွေ အကုန်လုံးကို အကူညီ တောင်းခဲ့ပြီးပြီ။ အကုန်လုံးကလည်း ဒီအတိုင်းပဲ ပြောခဲ့သည်။

ဒီလူငယ်လေးက မသန်မစွမ်း ဖြစ်သွားပြီ။

ကုသဖို့လား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အခြေခံအားဖြင့်တော့ ကုသဖို့ နည်းလမ်းမရှိပေ။ နတ်ဘုရား ဆရာဝန် တစ်ယောက်လာရင်တောင် အသုံးမဝင်ပါ။

“ရှီချန် ဂျိရှားအကယ်ဒမီကို အမြန်ပြန်ပြီး ကျောင်းအုပ်ကြီးဆီမှာ အဖြေတစ်ခု စဉ်းစားတာ ပိုကောင်းမယ်”

ကျန်ဂျီက အကြံပေးသည်။ ဒီလို ဒဏ်ရာတွေက အချိန်တွေကြာလေ ကုရခက်လေပါ။

“မျှော်လင့်ချက်တော့ ရှိသေးတယ် မဟုတ်လား”

ရှီချန်က ပြန်မေးလိုက်သည်။ တကယ်တော့ ဒီစကားကို သူကိုယ်တိုင်ပဲ ပြောခဲ့တာ ဖြစ်သည်။ တောင့်မခံနိုင်တော့ဘဲ အရှုံးပေးမိမှာ ကြောက်နေသည်။

"ရှီကြီး......"

ကျန်ဂျီက စိတ်အားထက်သန်စွာ ဖျောင်းဖျ နေခဲ့သည်။

ရှီချန်က ဆက်ပြီး ပါးစပ်ပိတ်နေသည်။

စိန်ဆေးပြားက အရမ်း တန်ဖိုးရှိသော်လည်း ကျုံချောင်ရဲ့ အနာဂတ်နဲ့ နှိုင်းယှဉ်လို့ ရပါ့မလား။

သူက အရမ်းအထင်ကြီးဖို့ကောင်းသလို တောက်ပနေခဲ့သည်။ အသက် ၁၅ နှစ်အောက် ကလေးတွင် ခွန်အားနဲ့ ပက်သက်လို့ကတော့ ထိပ်ဆုံးသုံးယောက်ထဲမှာ ရှိသည်။ အခု မြတ်ဆရာစာမေးပွဲမှာ သူကျော်ကြား လာသင့်သည်။ ဒါပေမယ့် အခုချိန်မှာတော့ မျှော်လင့်ချက်တွေ အကုန်လုံး ပြိုကွဲသွားပြီ။

စိန်ဆေးပြား တစ်ခုပေးလိုက်လို့ အနာဂတ်အသစ် တစ်ခု ပြန်ရရင် အဆင်ပြေသည်။ ဒါပေမယ့် ကျုံချောင်က ဒါနဲ့ လွှဲချော်ပြီး သူ့အရည်အချင်းတွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကုန်လုံး ဆုံးရှုံးခဲ့ရင်တော့ တစ်ဘဝလုံး နောင်တရနေလိမ့်မည်။

ကျန်ဂျီက ဖျောင်းဖျချင်ပေမယ့် ရှီချန် ခေါင်းမာနေတာ မြင်လိုက်ရင် လက်လျှော့လိုက်သည်။ ခေါင်းလှည့်လိုက်လျှင် လမ်းလျှောက်လာတဲ့ လူငယ်တစ်ယောက်ကို မြင်လိုက်ရသည်။

ဒီလူငယ်လေးက တည်ငြိမ်အေးဆေးတဲ့ လေထုကို ထုတ်လွှင့်နေသည်။ မျက်နှာ ဖြောင့်တန်းပြီး သွင်ပြင်လက္ခဏာတွေ ပြတ်ပြတ်သားသား ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မနာလိုစရာ ကောင်းလောက်အောင် ချောမောနေသည်။

"လူချောတွေကို ငါမုန်းတယ်"

ကျန်ဂျီသည် ဆွန်းမိုကို ပိုလို့တောင် မယုံမကြည် ဖြစ်လာသည်။

"ဆရာဆွန်း"

ရှီချန်က ကမန်းကတန်း ပြေးသွားသည်။

"ဆရာရှီလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုသည် ဂျိုရှားအကာယ်ဒမီက ထိပ်တန်းဘွဲ့ရတစ်ယောက်ကို မြင်လိုက်လျှင် နတ်ဘုရားမျက်စိအာရုံကို မသုံးဘဲ မနေနိုင်တော့ချေ။

အသက် ၂၆ နှစ်၊ နတ်ဘုရား ခွန်အားအထွင့်အထိပ် အဆင့်။

ကြွခိုင်မှု - ၄၀ - ကိန်းဂဏာန်း အပြည့်။ ကမ္ဘာပေါ်မှာ ပြိုင်ဘက်ကင်းလောက်အောင်ကို တောင်တစ်ခုကို ဆွဲထုတ်နိုင်သည်။ ခွန်အား တစ်ခုနဲ့တင် လူတော်တော်များများကို ဖိနှိပ်ထားလို့ ရသည်။

ဥာဏ်ရည် - ၃၆ - ဦးနှောက် ဖွံ့ဖြိုးမှု အရမ်းမြင့်မားသည်။ ကိုယ်ပိုင် အယူအဆနဲ့ တွေးခေါ်တတ်သူ။

သွက်လက်မှု - ၄၀ - သူ့ရဲ့ အမြန်နှုန်းကို ဘယ်သူမှ မယှဉ်နိုင်ပါ။

ခံနိုင်ရင် - ၄၀ - သေတဲ့ အထိကြိုးစားရင်တောင် သူ့ကို အနိုင်ယူလို့ မရပါ။ ရက်ပေါင်းများစွာ မရပ်မနား အလုပ်လုပ်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆန္ဒ - ၃၅ - သန်မာ ကြံ့ခိုင်သော်လည်း သူ့ရဲ့ တိုက်ရိုက်တပြည့် ဒဏ်ရာရပြီးနောက် အနည်းငယ် နှိမ့်ကျနေသည်။

………………

အလားအလာ တန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက် - အပြစ်အနာအဆာ မရှိတဲ့ စူပါပါရမီရှင် တစ်ယောက်ပါ။ အနာဂတ်တွင် သူ့ရဲ့ အောင်မြင်မှုက အကန့်အသတ် မရှိပေ။

မှတ်ချက် - နာမည်ကြီး မျိုးနွယ်စုက ဆင်းသက်လာတဲ့သူ တစ်ယောက်ပါ။ ဖြောင့်မတ်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိုယ်ရည်ကိုယ်သွေးရှိပြီး သိုင်းဝတ္ထုစကားနဲ့ ပြောရလျှင် အထက်လမ်း သိုင်းသမားဖြစ်ပြီး ဂိုဏ်းချုပ်ကြီးဖြစ်ဖို့ လျာထားခံရတဲ့သူ ဖြစ်သည်။ သူ့ပုံစံက အမြဲတမ်းရိုးသားပြီး ပွင့်လင်းတဲ့လူ တစ်ယောက်ပါ။

မှတ်ချက် - လူကောင်းတစ်ယောက် ဖြစ်သည်။

"စနစ်၊ ဒီလောက်တောင် အကဲဖြတ်ဖို့ လိုလို့လား"

ရှီချန်၏ ဇယား အပြင်ရောက်နေတဲ့ ကိန်းဂဏန်းများကို ကြည့်ပြီး ဆွန်းမိုတောင် မနာလို

ဖြစ်လာသည်။ ဒီလိုလူမျိုးကို ကောင်းကင်ဘုံက ရွေးချယ်ထားတဲ့လူလို့ ပြောလို့ရသည်။

"ကောင်းကင်ဘုံ မျက်နှာသာ ပေးခံရတဲ့လူတွေက အမြဲတမ်း ရှိနေမှာဘဲ"

စနစ်က ပခုံးတွန့်တဲ့လေသံနဲ့ ပြောလိုက်သည်။

"ဆရာဆွန်း၊ ရုတ်တရက် လာလည်ဖြစ်တဲ့အတွက် တောင်းပန်ပါတယ်"

ဆွန်းမိုရဲ့အကြည့်များက သူ့ရဲ့စိတ်ထဲကို ဖောက်ထွင်းပြီး ကြည့်နေသလို ဖြစ်နေသဖြင့် ရှီချန်

အနေရခက်နေသည်။ ဒါပေမယ့် ဆွန်းမိုဆီက အကူအညီ လိုနေသဖြင့် သည်းခံထားလိုက်သည်။

"ဆရာရှို၊ ဒီလောက် ယဉ်ကျေးနေစရာ မလိုပါဘူး။ မင်းကို ကူညီပေးနိုင်တာ တစ်ခုခုရှိရင် အစွမ်းကုန် လုပ်ပေးပါ့မယ်"

ဆွန်းမိုက လက်သီးအုပ်ပြီး ပြောလိုက်သည်။ ယဉ်ကျေးတဲ့ ပုံပေါက်အောင် သက်သက် ပြောနေခဲ့တာ မဟုတ်ပေ။ ကျုံချောင်ကို ကူညီနိုင်တယ်ဆိုရင် သေချာပေါက် ကူညီပေးမည်.။

ဘာဖြစ်လို့လဲဆိုတော့ ဒါက ဆရာတစ်ယောက် တာဝန်ပါ။

“ဆရာဆွန်း၊ မင်းက ရှောင်လီရဲ့ လက်မောင်းကို ကုသပေးခဲ့တယ်လို့ ငါကြားတယ်”

ကျန်ဂျီက စကားဖြတ်ပြောလိုက်သည်။ ရှီချန်က ဘာမှ မတောင်းဆိုဘဲ စိန်ဆေးပြား ထုတ်ပေးလိုက်မှာကို သူကြောက်နေသည်။ အဲဒီလို ဖြစ်သွားရင် ဆေးပြန်တောင်းလို့ မရတော့ပါ။

ကျန်ဂျီက တခြားလူတွေကို သူ့စိတ်နဲ့ နှိုင်းနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် တောင်းဆိုတဲ့

လူအတွက် အောင်မြင်အောင် ကူညီနိုင်သည် ဖြစ်စေ၊ မကူညီနိုင်သည် ဖြစ်စေ ဒီလိုမျိုး အဖိုးတန်လက်ဆောင်ကို ရပြီးပါက သေချာပေါက် ပြန်ပေးမှာ မဟုတ်ပေ။

"ဟုတ်တယ်"

ကျန်ဂျီရဲ့အပြုအမူက အနည်းငယ် ဒေါသထွက်ဖို့ ကောင်းနေသည်။ ဒါပေမယ့် ဆွန်းမိုက သူ့ကို စိတ်ထဲမထားပါ။

ဒါကို မြင်လိုက်လျှင် ရှီချန် မျက်လုံးတွေ တောက်ပလာသည်။ သူ့စိတ်ထဲတွင် ဆွန်းမိုကို

ကြီးကြီးကျယ်ကျယ် ချီးကျူးချင်တာကလွဲလို့ ကျန်တာမရှိပါ။ ဒီလိုလူတွေနဲ့ သူငယ်ချင်း ဖြစ်ရတာကို သဘောကျသည်။

“ရှောင်လီ လက်ကျိုးတာက တော်တော်လေး ပြင်းထန်လား”

ကျန်ဂျီက မေးလိုက်သည်။

“ဆရာ ကျန်”

ရှီချန်က စကားဖြတ်ပြောလိုက်သည်။ ထို့နောက် စိန်ဆေးပြားကိုယူပြီး ဆွန်းမိုကို လက်နှစ်ဖက်နဲ့ ပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဆွန်း၊ ငါ့ရဲ့တပြည့်က ပြီးခဲ့တဲ့ရက်ပိုင်းမှာ ထိခိုက် ဒဏ်ရာရခဲ့တယ်။ သူ့ရဲ့ ကြွက်သားတွေနဲ့ အရိုးတွေ ပျက်ဆီးနေပြီ၊ ဒါကို မင်းလည်း ကြားမှာပါ။ ဆရာဆွန်း သူ့ကို ကုသပေးဖို့အတွက် လက်တစ်စုံလောက် ကူညီပေးနိုင်မလား"

လက်ဆောင်ပေးခြင်းဆိုတာ အသိအမှတ်ပြုခြင်း တစ်မျိုးပါ။ ပုံမှန်အားဖြင့်လည်း ရှီချန်က အတွေးမသိမ်ပါ။ အခုတော့ အချိန် အရမ်းကျပ်နေသဖြင့် ပိုက်ဆံ ဖြုန်းဖို့ပဲ တတ်နိုင်သည်။

အနည်းဆုံးတော့ တန်ဖိုးကြီး လက်ဆောင်တစ်ခုက သူ့ရဲ့ ရိုးသားမှုကို ကိုယ်စားပြုနိုင်သည်။

ဆွန်းမို ပြန်မပြောရသေးခင် ကျန်ဂျီက ထပ်ပြီး စကားဖြတ်ပြောလာပြန်သည်။

"ဆရာဆွန်း၊ သေတ္တာထဲမှာ စိန်ဆေးပြား ရှိတယ်။ ဒါက သာလွန်ကောင်းကင်အဆင့် ဆေးပြားတစ်ပြားပါ။ ဒါကို စားလိုက်ရင် အသုံးပြုတဲ့ ဖွဲ့စည်းပုံ အခြေခံက ပိုကောင်းလာမယ်၊ စွမ်းအင်လမ်းကြောင်းတွေလည်း ပိုကောင်းလာမယ်။

ကြွက်သားနဲ့ အရိုးတွေလည်း ကောင်းမွန်လာလိမ့်မယ်။ ဝိညာဉ်ချီ အာရုံမခံနိုင်တဲ့ ကလေးတွေတောင် ဒါကို စားလိုက်ရင် ကျင့်ကြံလို့ ရလာလိမ့်မယ်”

အခန်း(၅၅၃ - ၁) - အကူအညီ တောင်းခံမှု။

ကျန်ဂျီက ဆေးအာနိသင်ကို ရှင်းပြတဲ့ပုံစံ လုပ်နေသော်လည်း အမှန်တကယ်က ကြီးစိုးမှုကို တည်ထောင်ရန် ကြိုးစားနေသည်။ သူက ဆွန်းမိုကို ‘

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျုံချောင်အား မကုသနိုင်ရင် ဒီဆေးကို လက်မခံသင့်ဘူး’ လို့ ပြောချင်နေသည်။

“ဆရာ ကျန်”

ရှီချန်က အပြစ်တင်လိုက်သည်။ (ဒီလို အခြေအနေပဲ ဖြစ်နေပြီ။ ဘာဖြစ်လို့ ဆေးပြား တစ်ပြားရဲ့ တန်ဖိုးကို တွက်ပြနေတာလဲ)

“စိန်ဆေးက သိပ်အထင်ကြီးစရာ ကောင်းနေလို့လား”

အမျိုးသမီးတစ်ယောက်ရဲ့ သာယာငြိမ့်ညောင်းတဲ့ အသံ ထွက်ပေါ်လာသည်။ ကျန်ဂျီ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှည့်ကြည့်လိုက်လျှင် လှပတဲ့ မြတ်ဆရာမတစ်ယောက် လမ်းလျှောက်လာတာ မြင်လိုက်ရသည်။

ဒါကတော့ ကူရှပ်ရှင်းပါ။

ကူရှပ်ရှင်းမှာ ထူးချွန်ပြောင်မြောက်တဲ့ခွန်အား ရှိရုံသာမက ရုပ်ရည်ကလည်း ထိပ်တန်းအဆင့်မှာ ရှိနေသဖြင့် ကျန်ဂျီက သူမကို သိနေသည်။ ဒီနှစ်မိန်းမလှလေး အဆင့်ကို ပြန်စီရင် သူမက အဆင့်ထဲကို ဝင်ရောက်လာနိုင်သည်။

"ဟားဟား ၊ မင်္ဂလာပါ ဆရာကူ။ စိန်ဆေးပြားက အထင်ကြီးဖို့ မကောင်းပေမယ့် ဒီစိန်ဆေးပြားက ကြယ် ၇ ပွင့် မှော်ဆေး မဟာသခင် တစ်ယောက်က ဖော်စပ်ထားတဲ့ ထိပ်တန်းအဆင့်မြင့် ကောင်းကင်အဆင့် ထုတ်ကုန်တစ်ခုပါ။ ဒါဆိုရင် အထင်ကြီးဖို့ လုံလောက်ပြီပေါ့"

ကျန်ဂျီ မဲ့ပြီး ပြောလိုက်သည်။ ဒီအရာက အမှန်တရား ဖြစ်နေသဖြင့် ကျန်ဂျီ ယုံကြည်မှု အားကောင်းနေသည်.။

"ကြွယ် ၇ ပွင့် မှော်ဆေး မဟာသခင်တစ်ယောက်က သူတော်စင်အဆင့် ဒါမှမဟုတ် ဆန်းကြွယ် ကောင်းကင်အဆင့် မှော်ဆေးပြား ထုတ်လုပ်သင့်တာ မဟုတ်ဘူးလား။ ဒါက ချို့ယွင်းချက်ရှိတဲ့ ထုတ်ကုန် ဖြစ်နေမလား"

ကူရှုပ်ရှင်း အရမ်းအံ့အောသင့်တဲ့ပုံ ဟန်ဆောင်ပြီး ပြောလိုက်သည်။

"မင်း....."

ကျန်ဂျီ စကားလုံးတွေ ပျောက်ဆုံးကုန်သည်။ (သူတော်စင်အဆင့် ဆေးပြားကို ဘယ်လိုလုပ်

လွယ်လွယ်ကူကူ ဖော်စပ်နိုင်မှာလဲ။ အဲဒီအစား ကြယ် ၇ ပွင့် မှော်ဆေး မဟာသခင်တစ်ယောက်က ကောင်းကင်အဆင့် မှော်ဆေးကို ဖော်စပ်နိုင်တာက ပုံမှန်ပဲ။) ဒါပေမယ့် ကျန်ဂျီက ဒါကို မပြောခဲ့ပါ။ သူ့စကားတွေသာ မှော်ဆေးမဟာသခင် နားထဲသို့ ရောက်သွားလျှင် အဲဒီ မဟာသခင်က သူ့စွမ်းရည်ကို သာမန်အဆင့်ပဲ ရှိတယ်ဆိုပြီး ပြောရမလားဆိုကာ စိတ်ဆိုးသွားနိုင်သည်။

"ဆရာဆွန်းရဲ့ ရှေ့ဟောင်းနဂါးဖမ်းတဲ့လက်က အရိုးတွေ၊ စွမ်းအင် လမ်းကြောင်း ပေါက်ကွဲမှုတွေကို

ပြုပြင်ပေးနိုင်တယ်။ သွေးကြောတွေနဲ့ ရုပ်ပိုင်းဆိုင်ရာကို သန်မာစေနိုင်တယ်။ စိန်ဆေးပြားတစ်ပြားက သူ့ထက်သာတယ်လို့ ဘယ်လို ယုံကြည်မှုများ ရလာတာလဲ”

“ဒါ့အပြင် ဒီစိန်ဆေးပြားက သာလွန်ကောင်းကင်အဆင့်မှာပဲရှိတယ်။ ဒါကို မင်းက အရမ်းဂုဏ်ယူနေတယ်။ သူတော်စင်အဆင့်ဆိုရင် မိုးပေါ်တောင် ပျံတက်သွားမလားပဲ”

ကူရှုပ်ရှင်းက မဲ့လိုက်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါတို့ ဆရာဆွန်းက ချင်လင်မှာ 'နတ်ဘုရားလက်' ဆိုတဲ့ ဘွဲ့ရှိတာ မင်းသိလား"

"မင်း"

ကျန်ဂျီသည် ကူရှုပ်ရှင်းနဲ့ ပြန်မငြင်းနိုင် ဖြစ်နေကာ ဒေါသတွေ ထွက်ပြီး မျက်နှာတွေ နီရဲနေသည်။ ဒါ့အပြင် နတ်ဘုရားလက်က အရမ်းအထင်ကြီးဖို့ကောင်းတယ်ဆိုတဲ့ အချက်လည်း သူမယုံပါ။

"ဆရာကူ၊ ငါတို့က ရိုင်းပျပြီး မယဉ်ကျေးသလို ဖြစ်သွားတယ်"

ရှီချန်က တောင်းပန်လိုက်သည်။

"ဒါက တွေ့ဆုံခြင်း လက်ဆောင်ပါ။ ဆရာဆွန်းက ငါ့ရဲ့ ကျုံချောင်ကို ကုပေးနိုင်သည် ဖြစ်စေ၊ မကုပေးနိုင်သည်ဖြစ်စေ အရမ်း ကျေးဇူးတင်နေမှာပါ။ တန်ဖိုးကြီး လက်ဆောင်ကို ထပ်ပေးပါအုံးမယ်"

"ဆရာ ရှီ၊ မင်းစကားတွေက အရမ်းလေးနက်နေပြီ"

ဆွန်းမိုက ခုချိန်မှာ စကားများ ရန်မဖြစ်ချင်ပါ။

"သွားရအောင်၊ လက်ဆောင်တော့ လက်မခံဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆွန်းမို"

ဒီစကားကို ကြားလျှင် ကူရှုပ်ရှင်း အရမ်းထိတ်လန့်သွားပြီး သူ့ကို တားလိုက်သည်။

"ကျုံချောင်က ဘယ်လို အခြေအနေဖြစ်နေလဲ မင်းသိလို့လား။ အရိုက်ခံရလို့ တစ်ကိုယ်လုံး အရိုးကျိုးသွားပြီး တော်တော်လေး အခြေနေဆိုးတယ်လို့ ကြားတယ်။ မင်းသာ အောင်အောင်မြင်မြင် မကုသပေးနိုင်ရင် မင်းဂုဏ်သိက္ခာ စွန်းထင်း သွားလိမ့်မယ်"

ဆွန်းမိုက အခုလက်ရှိတွင် အားလုံး အာရုံစိုက်နေတဲ့ လူဖြစ်သည်။ သူ့ကို မနာလိုပြီး အမှားလုပ်မှာ စောင့်နေကြတဲ့လူတွေ အများကြီး ရှိသည်။ ကျုံချောင်ကို မကုသပေးနိုင်ရင် လူတွေက ဒါကို အခွင့်အရေးယူပြီး သူ့ကို နာမည်ဖျက်ကြလိမ့်မည်။

"ဘာပဲဖြစ်ဖြစ် ကြိုးစားရမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက ကလေးတစ်ယောက်ရဲ့ အနာဂတ်နဲ့ သက်ဆိုင်နေတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို စကားပြောပြီးနောက် စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

ရှီချန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၀၀/၁,၀၀၀)

ဆွန်းမို အံ့အောသွားသည်။ ဒီ ရှီချန်က တကယ်ဖြောင့်မတ်ပြီး သူတစ်ပါးကို အလွယ်တကူ ယုံကြည်တာပဲ။ ဘေးမှာရှိတဲ့ ကျန်ဂျီကတော့ သူ့ကို သံသယ ဝင်နေသည်။

“ဆွန်းမို ၊ မင်းမှာ စိတ်ကောင်းရှိတယ်ဆိုတာ ငါသိတယ်”

ကူရှုပ်ရှင်းက လေသံလျှော့ပြီး ပြောလိုက်သည်။

“ကျုံချောင် ဒဏ်ရာတွေက အရမ်းပြင်းထန်နေတယ်။ ကုပေးနိုင်ခဲ့ရင်တောင် မင်းစွမ်းအင်တွေ အများကြီး ကုန်သွားလိမ့်မယ်။ မနက်ဖြန် မြတ်ဆရာတိုက်ပွဲ ရှိသေးတယ်နော်၊ မင်းခွန်အားတွေကို သိမ်းထားတာ ပိုကောင်းမယ်”

“ငါ့အတွက် စိတ်ပူနေတယ်ပေါ့”

ဆွန်းမိုက စနောက်လိုက်သည်။

"မင်း………"

ဆွန်းမိုက ဒီလိုပြောလာလိမ့်မယ်လို့ ကူရှုပ်ရှင်း မထင်ထားခဲ့ပါ။ ထင်ထားသလိုပဲ သူမရဲ့ လှပတဲ့ မျက်နှာလေး နီရဲတွတ်လာသည်။

"ငါ ဘာလုပ်နေလဲဆိုတာ ငါသိတယ်။ ငါမကုသနိုင်ရင် ဒါမှမဟုတ် ခွန်အား အရမ်းမကုန်ခင် ငါရပ်လိုက်ပါ့မယ်"

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။

"မင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှပ်ရှင်း သက်ပြင်းချလိုက်ပြီး ဖျောင်းဖျဖို့ မကြိုးစားတော့ပါ။ တကယ်တော့ သူမလည်း ကြင်နာတတ်တဲ့ ဆရာတစ်ယောက် ဖြစ်နေသည်။ ကျုံချောင် ဒီလိုမျိုး ဆုံးရှုံးသွားတာကို မမြင်ချင်ပါ။ ဒါပေမယ့် ဆွန်းမိုနှင့် ကျုံချောင်ကြားတွင် ဆွန်းမိုကိုသာ ရွေးချယ်ခဲ့သည်။

“ဆရာ၊ ငါ့ကိုခေါ်သွားလို့ ရမလား”

လီဇီချီက ကူရှပ်ရှင်း အနောက်မှာ ရပ်ပြီး တောင်းဆိုလိုက်သည်။

တကယ်တော့ ကူရှုပ်ရှင်းကို သွားခေါ်ခဲ့တဲ့လူက လီဇီချီပါ။ ဆွန်းမို သဘောတူခဲ့ပြီး ကျုံချောင်ကို မကုသပေးနိုင်မှာ သူမ ကြောက်နေခဲ့သည်။ နောက်ဆုံးတော့ သူမ တွေးထားသလိုပဲ ဖြစ်လာခဲ့သည်။

ဒါပေမယ့်လည်း လူတိုင်းကို မေတ္တာထားနိုင်တဲ့ ဆရာတစ်ယောက်ကပဲ သူ့နောက်လိုက်ဖို့ တန်ဖိုးရှိသည်။

“အချိန်ဖြုန်းနေလို့ မဖြစ်ဘူး။ သွားရအောင်”

ဆွန်းမိုက လောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘာမှ မပြင်ဆင်တော့ဘူးလား။ ဆေးအိတ်တို့ ဘာတို့ မယူတော့ဘူးလား"

ကျန်ဂျီက စကားဖြတ်ပြောလာသည်။

"မလိုဘူး"

ဆွန်းမိုက ရှီချန်ကို လမ်းပြခိုင်းလိုက်သည်။

(ဘယ်လိုတောင် စိတ်မချရတဲ့ ကောင်လဲ)

ကျန်ဂျီ ပါးစပ်အဟောင်းသား ဖြစ်သွားပေမယ့် စိတ်ထိန်းလိုက်သည်။ (နတ်ဘုရားလက်ဟုတ်လား။ မင်းသာ ကျုံချောင်ကို မကုသနိုင်လို့ကတော့ မင်းနာမည်ဖျက်လို့ ငါ့ကို အပြစ်မတင်နဲ့)

ဆွန်းမိုတို့အုပ်စု သမင်ဖို ဟိုတယ်သို့ ရောက်လာလျှင် ကျုံချောင်အခန်းထဲ၌ ရင်းနှီးတဲ့ လူတစ်ယောက်ကို တွေ့လိုက်သည်။

"ဆရာ မိုင်"

ဆွန်းမိုက မိုင်ဇီယူကို တွေ့လိုက်သည်။ သူမက သန့်ရှင်းပြီး နူးညံ့သိမ်မွေ့လှသည်။ အခုလက်ရှိတော့ ကုတင်ဘေးတွင် ထိုင်ကာ ကျုံချောင်ကို နှစ်သိမ့်ပေးနေသည်။

"ဆရာ ဆွန်း"

မိုင်ဇီယူ တော်တော်လေး အံ့အောသင့်သွားသည်။ ဆွန်းမို ဘာဖြစ်လို့ ဒီရောက်လာတာလဲ။

ကူရှုပ်ရှင်းရဲ့စကၠူအာရုံ မိုင်ဇီယူဆီ ချက်ခြင်း ရောက်သွားပြီး သူမကို အကဲခတ်နေသည်။

(အား၊ ဒီကောင်မလေးရဲ့ အမူအရာက တမူထူးခြားတယ်။ ငါတောင် သူမကို ကာကွယ်ပေးချင်စိတ် ပေါက်လာတယ်)

ထို့နောက် ကူရှုပ်ရှင်းသည် ဆွန်းမိုကို တစ်ချက်ခိုးကြည့်လိုက်တော့ တကယ်ပျော်ရွှင်စွာ ပြုံးနေတာကို မြင်လိုက်ရသည်။ နှလုံးသားတွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မအေးစက်ဘဲ မနေနိုင်တော့ချေ။ (အို၊ ဒီကောင်မလေးက ဆွန်းမိုကြိုက်တဲ့ အမျိုးအစားလား)

လီဇီချီကလည်း မိုင်ဇီယူကို ခိုးပြီး စောင့်ကြည့်နေသလို သူမ ဆရာရဲ့ အမူအရာကိုလည်း စောင့်ကြည့်နေသည်။ အန်ရှီဝေနဲ့ မျက်နှာချင်းဆိုင်တွေ့တုန်းကတောင် သူမဆရာက ဒီလောက် နူးညံ့စွာ မပြုံးခဲ့ဖူးပါ။

“ငါက ကျုံချောင်ကို ကြည့်ပေးဖို့ ဒီရောက်လာတာ”

ဆွန်းမိုက ရှင်းပြလိုက်သည်။ မိုင်ဇီယူက ဘာဖြစ်လို့ ဒီရောက်နေလဲဆိုတာ သူနားလည်သည်။ မိုင်ရာဇီက ဂျိရှားအကယ်ဒမီရဲ့ ညွှန့်ပါမောက္ခ ဖြစ်နေသဖြင့် မိုင်ဇီယူသည် ရှီချန်နဲ့ ရင်းနီးနေနိုင်သည်။ မိုင်ဇီယူက ကျုံချောင် အခြေအနေကို လာကြည့်တာက ပုံမှန်ပဲ။

“အမ်၊ မင်းမှာ နတ်ဘုရားလက်ဆိုတဲ့ ကြီးမြတ်တဲ့ ဘွဲ့ရှိတာ ငါမေ့သွားတယ်။ ဒီလိုဆိုလဲ ကျုံချောင်ရဲ့ ဒဏ်ရာတွေကို မင်းအတွက် ထားခဲ့မယ်”

မိုင်ဇီယူ စိတ်ထဲမှာ မျှော်လင့်ချက် ရောင်ခြည်သမ်းလာပြီး ဆွန်းမိုကို ဦးညွှတ်လိုက်သည်။ ဂျိရှားအကယ်ဒမီက ကျောင်းသားတစ်ယောက် ဒုက္ခိတ ဖြစ်သွားမှာကို သူမလည်း မမြင်ချင်ပါ။

အခန်း(၅၅၄) - မင်းကိုယ်မင်း သန့်ရှင်းရေး သွားလုပ်ပြီး ငါ့ကို တောင်းပန်ဖို့စောင့်နေ။

"ဆရာ မိုင်၊ မင်းလောကဝတ်တွေ လုပ်တာ အရမ်းများနေပြီ ။ ငါတတ်နိုင်သလောက် အကုန်လုပ်ပေးမှာပါ"

ဆွန်းမိုက မိုင်ဇီယူ အရိုအသေပေးတာကို လက်ခံဘဲ ရှောင်ထွက်သွားသည်။

ကျန်ဂျီက တံခါးအဝမှာရပ်နေသည်။ မိုင်ဇီယူက ဆွန်းမိုကို အရမ်းလေးစားနေတာ မြင်လိုက်လျှင် စိတ်ထဲ တော်တော်လေး အနေရခက်သွားသည်။ မိုင်ဇီယူရဲ့ အမေက ကြီးမြတ်တဲ့ အဆင့်အတန်းရှိပြီး အာဏာကို နှစ်သက်တဲ့ ကြယ် ၆ ပွင့် မြတ်ဆရာ

တစ်ယောက်ဆိုတဲ့ အချက်ကို မေ့ထားလိုက်အုံး မိုင်ဇီယူရဲ့ အလှအပနှင့် ရုပ်ရည်တစ်ခုတည်းတင် ထိပ်တန်း အဆင့်ရှိသည်။

ကျန်ဂျီအတွက်တော့ မိုင်ဇီယူက နတ်ဘုရားမ တစ်ပါးပါ။ သူ့ကိုယ်သူ နိမ့်ကျတယ်ထင်ပြီး သူမကို မလိုက်ရဲပေ။ ဒါကြောင့် မိုင်ဇီယူနှင့် ဆွန်းမိုတို့ကြားမှာ ချိုမြိန်တဲ့ ဆက်ဆံရေး ရှိနေတာ မြင်လိုက်လျှင် စိတ်ထဲ အနေရခက်နေသည်။

(မင်းသာ ကျုံချောင်ကို မကုသပေးနိုင်ရင်တော့ ငါလည်း သည်းခံမှာ မဟုတ်တော့ဘူး)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဂျီ မဲ့လိုက်သည်။

“အချိန်တွေ မနှောင့်နှေးအောင် ကျုံချောင်ဒဏ်ရာတွေကို သွားကြည့်လိုက်အုံးမယ်”

ဆွန်းမိုလှည့်ပြီး ရှီချန်ကို လှမ်းကြည့်လိုက်သည်။

သူက ကောင်းမွန်တဲ့ အကျင့်စာရိတ္တနှင့် အပြုအမူရှိတဲ့ မြတ်ဆရာ တစ်ယောက်ပါ။ တဖက်လူက အရမ်းစိုးရိမ် ပူပန်နေတာမြင်လိုက်လျှင် ဆွန်းမိုက စတင်စစ်ဆေးပြီး ကုသဖို့အတွက် မစောင့်နိုင်တော့ပါ။ ဒါပေမယ့် သူ့အတွက် ကိစ္စမရှိလဲ

တခြားသူတွေ အမှီလိုက်နိုင်အောင် စောင့်ပေးလိုက်သည်။

"လမ်းပြခွင့် ပြုပါ"

ရှီချန်သည် ကျေးဇူးတင်တဲ့အမူအရာနဲ့ လမ်းဖယ်ပေးလိုက်သည်။ သူက အချိန်ဆွဲဖို့ မကြိုးစားဘဲ ကျန်ဂျီကို အရင်နေရာမှာပဲ ချန်ထားခဲ့လိုက်သည်။

ရွှေစကားတွေပြောတတ်တဲ့ တစ်ခွေးဆွန်းက မျှော်လင့်ထားသလိုပဲ။

ကျုံချောင်က ကုတင်ပေါ်လှဲနေပြီး တစ်ကိုယ်လုံးပတ်တီး စည်းထားသည်။ ခေါင်းတောင် ခြွင်းချက်

မဟုတ်ပေ မျက်လုံးတစ်နေရာပဲ ဖော်ထားသည်။ ခြေတွေလက်တွေကိုတော့ သစ်သားချောင်းနဲ့ ကြပ်စည်းထားသည်။ ကုတင်ဘေးမှာ ရပ်နေတဲ့ ဆွန်းမိုကို မြင်လိုက်တော့ စကားပြောဖို့ ကြိုးစားလာသည်။

"မလှုပ်နဲ့"

ဆွန်းမိုက ကျုံချောင်ကို ငြိမ်ငြိမ်လေး ဆက်အိပ်နေဖို့ အမူအရာ ပြလိုက်သည်။

မိုင်ဇီယူနှင့် ကျန်တဲ့လူတွေလည်း ဆွန်းမိုဒဏ်ရာ စစ်ဆေးနေတာကို အနှောက်အယှက်ဖြစ်မှာ စိုးရိမ်ပြီး

အသက်တောင် ရဲရဲ မရှူရဲကြပါ။ ရှီချန်ကတော့ အရမ်းစိုးရိမ်ပြီး နှလုံးတွေ တဆတ်ဆတ် တုန်နေသည်။

တကယ်တော့ ဆွန်းမိုက နောက်ဆုံး မျှော်လင့်ချက်ပါ။

တစ်မိနစ်လောက်ကြာတော့ ဆွန်းမိုက ကျုံချောင်ရဲ့ လက်မောင်း နောက်တစ်ဖက်ကို ထိလိုက်သည်။ စက္ကန့်အနည်းငယ်ကြာတော့ ညာဘက် ခြေထောက်ကို ပြောင်းထိလိုက်ပြီး

ခြေကျင်းဝတ် အပေါ်ပိုင်းကို သေသေချာချာ စစ်ဆေးနေသည်။

ကျန်ဂျီ အရမ်းစိုးရိမ်နေသည်။ ဒါ့အပြင် သူ့ရဲ့ အခင်ဆုံးသူငယ်ချင်း ရှီချန်နှင့် နတ်ဘုရားမလေး မိုင်ဇီယူက ဆွန်းမိုကို တကယ့် ကယ်တင်ရှင်အလား လေးနက်တဲ့ အမူအရာနဲ့ စောင့်ကြည့်နေတာ မြင်လိုက်လျှင် မျက်နှာ ပုတ်သိုးပြီး စကားပြောလိုက်သည်။

"ဆရာ ဆွန်း၊ သူ့ကို ကုပေးနိုင်ပါ့မလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မေးခွန်းမေးတယ် ထင်ရပေမယ့် တကယ်က ဆွန်းမိုကို မယုံသင်္ကာ ဖြစ်နေသည်။ ကျန်ဂျီရဲ့အမြင်အရတော့ ဆွန်းမိုက စစ်ဆေးမှုပြုလုပ်ရန် ပက်တီးတွေကို အရင်ဖယ်သင့်သည်။

အားလုံး လိုက်ထိနေရုံနဲ့ ဒဏ်ရာအခြေအနေကို သိပါ့မလား။

ကျန်ဂျီသည် ရှီချန်က ပက်တီးပြောင်းတဲ့အချိန်တွင် ကူညီပေးခဲ့သောကြောင့် ပက်တီးအောက်မှာ ဆေးဘယ်လောက်ထူလဲ သူသိသည်။ ရွှံ့အလွှာတစ်ချပ်လို ဖြစ်နေသည်။

"ဆရာကျန်"

ရှီချန်က အပြစ်တင်တဲ့ အကြည့်နဲ့ လှမ်းကြည့်လိုက်သည်။

"ငါက ကျုံချောင် ကောင်းကျိုးအတွက် ပြောနေတာပါ။ လိုက်ထိနေလို့ ဒုတိယအကြိမ် နစ်နာသွားမှာ စိုးရိမ်ပြီး ပြောနေတာ"

ကျန်ဂျီက ပြန်ငြင်းလိုက်သည်။

"ဆရာဆွန်းရဲ့ လုပ်ရပ်က အရမ်းနူးညံ့ပြီး ကျုံချောင်က တစ်ချက်တောင် မလှုပ်ရဘူး။ ဘယ်လို

ထိခိုက်နစ်နာ မှာလဲ။ မင်းက မြတ်ဆရာ တစ်ယောက်ဖြစ်ပြီး ဒါတောင် မပြောနိုင်ဘူးလား”

ကူရှုပ်ရှင်းက ဒေါသတကြီး ပြန်တုန့်ပြန်သည်။

“အားလုံးပဲ စိတ်ထိန်းပါ ဆရာကူ”

လီဇီချီ စိတ်ထဲကတော့ အားပေးနေသည်။ ကျန်ဂျီက သူ့မဆရာကို မုန်းနေမှန်း သိနေတာ တော်တော်ကြာနေပြီ ကျောင်းသားတစ်ယောက် ဖြစ်နေလို့ ဝင်ပြောဖို့ မသင့်တော်ဘူး ဖြစ်နေသည်။

ကျန်ဂျီကို စော်ကားမိမှာ မကြောက်ပေမယ့် သူ့မဆရာရဲ့ ပုံရိပ်ကို ဖျက်ဆီးမိမှာ စိုးရိမ်သည်။

"ငါလည်း ကျုံချောင်အတွက် စိတ်ပူတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဂျိရှားအကယ်ဒမီကို ပြန်ခေါ်သွားရင် ပြန်ကောင်းလာဖို့ အခွင့်အရေး တချို့ ရှိသေးတယ်"

ကျန်ဂျီက ပြန်ငြင်းသည်.

"ဒီကောင်ကို ထွက်သွားခိုင်းလို့ မရဘူးလား"

ဆွန်းမို စိတ်အခြေအနေ မကောင်းတော့ဘဲ ကျန်ဂျီကို အဝေးနှင်ထုတ်ခိုင်းလိုက်သည်။

" စိတ်ဆိုးနေတာလား။ စိတ်မကောင်းပါဘူး ဘယ်လိုပဲပြောပြော ဒါက ကျုံချောင် အနာဂတ်နဲ့

သက်ဆိုင်နေတယ်။ မင်းမကုနိုင်ရင် ငါ့ကို ဦးညွှတ်ပြီး တောင်းပန်လိုက်။ မင်းမလုပ်နိုင်ရင်လည်း မြန်မြန် ဝန်ခံလိုက်”

ကျန်ဂျီက ပေါ်တင် ပြောလာသည်။

ဗီလိန် နေရာက သရုပ်ဆောင်ဖို့ လူတစ်ယောက်တော့ အမြဲလိုသည်။ ဒါပေမယ့် ဒါက သာလွန်ကောင်းကင်အဆင့် ဆေးပြားတစ်ပြားပါ။

ဆွန်းမိုကို ပေးဖို့ စဉ်းစားတဲ့ စိတ်ကူးက တော်တော်လေး ကြေကွဲဖို့ ကောင်းသည်။

“ဒါဆို မင်းအခုထွက်သွားလို့ ရပြီ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ကျန်ဂျီကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"မင်းကိုယ်မင်း သန့်ရှင်းအောင်လုပ်ပြီး ငါ့ကို တောင်းပန်ဖို့ စောင့်နေလိုက်"

ခီခီ

ကူရှုပ်ရှင်းသည် အသံထွက်ရယ်ရင် မကောင်းတတ်ဘူးဆိုတာ သိပေမယ့် ထိန်းလို့ မရတော့ပါ။

လီဇီချီကလည်း မရယ်မိအောင် တော်တော်လေး ကြိုးစားနေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်း......."

ကျန်ဂျီမျက်နှာ နီသွားသည်။ ဒါပေမယ့် သူဘာမှ ပြန်မပြောရသေးခင် ရှီချန်က စကားဖြတ်ပြော လိုက်သည်။

"ဆရာဆွန်း၊ မင်းပြောချင်တာ....ဒါက"

ရှီချန်သည် အရမ်းစိတ်လှုပ်ရှားပြီး စကားကောင်းကောင်း မပြောနိုင်တော့ပါ။

"သူ့ကို ကုပေးနိုင်တယ်"

ဆွန်းမိုက သေချာအောင် အကြောင်းပြန်လိုက်သည်။

"ဒါပေမယ့် အချိန်အများကြီး ပေးရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ခန္ဓာကိုယ်ထဲ ၁၇ နေရာမှာရှိတဲ့ အရိုးတွေက တော်တော်လေး ကြေမွနေပြီ။ အရင်ပုံစံအတိုင်း ပြန်ရအောင်လုပ်ဖို့ တော်တော်လေး ခက်ခဲမယ်။ ပြီးတော့ သူ့ရဲ့ စွမ်းအင်လမ်းကြောင်း တော်တော်များများလည်း ပြတ်တောက်သွားပြီ။ ဒါနဲ့ နှိုင်းယှဉ်ရင် ကြွက်သား ပျက်ဆီးတာက အသေးအမွှားလို့ ပြောလို့ရတယ်"

ဆွန်းမို ရှင်းပြတာကို နားထောင်ပြီးတော့ ရှီချန် စိတ်လှုပ်ရှားလာသည်။ သူက

မိနစ်အနည်းငယ်လောက်ပဲ စစ်ဆေးခဲ့သည်။ ဒါပေမယ့် သူ့ရဲ့ ကောက်ချက်က အနောက်တောင်မြို့မှာရှိတဲ့ နာမည်ကြီး ဆရာဝန်လျှောင်နဲ့ အတူတူပဲ ဖြစ်နေသည်။

ဖုန်း

ရှီချန် ဒူးထောက်ချလိုက်သည်။

"ဆရာဆွန်း၊ ကျေးဇူးပြုပြီး သူ့ကို ကယ်ပေးပါ"

"ဆရာရှီ၊ ဒီလိုလုပ်စရာ မလိုပါဘူး။ ကျုပ်ချောင်ကို ကုသနေတုန်း အပြင်မှာ စောင့်နေပေးပါ"

ဆွန်းမိုက ရှီချန်ကို ထူပေးပြီး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြင်ဆင်မှုတွေ စတင် လုပ်ဆောင်လိုက်တာနဲ့ ရှီချန်က ကျန်ဂျီကို အပြင်ထွက်ဖို့ ဖျောင်းဖျလိုက်သည်။

"ငါ ချန်နေခဲ့မယ်။ ဒါမှ အရေးကြီးတဲ့ အချိန်ဆို ငါကူညီပေးနိုင်မှာ"

ကျန်ဂျီသည် ဆွန်းမို၏ နတ်ဘုရားလက်ရဲ့ သရုပ်ပြမှုကို စောင့်ကြည့်ချင်နေသည်။

"တောင်းပန်ပါတယ်။ မသက်ဆိုင်တဲ့လူတွေ ထွက်သွားပေးပါ"

လီဇီချီက သူ့ကို နှင်ထုတ်လိုက်သည်။

ကျန်ဂျီက မိုင်ဇီယူကို ကြည့်လိုက်သည်။ သူ့အမဲပွဲါယ်က ရှင်းပါသည်။

"ဘာ ကြောင်နေတာလဲ။ ကုသမှု နှောင့်နှေးသွားရင် မင်းတာဝန်ယူမှာလား"

လီဇီချီက သူ့ကို ရှင်းပြမှာ မဟုတ်ပေ။

ကျန်ဂျီသည် ဒီလို တာဝန်မခံရဲသဖြင့် ခပ်ရှုက်ရှုက်နဲ့ ထွက်သွားသည်။ တံခါးပိတ်သွားတဲ့ အချိန်မှာ ရုတ်တရုတ် နှောင်တ အနည်းငယ် ရသွားသည်.

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာဖြစ်လို့ ငါ့ပါးစပ်က စောစောထွက်သွားတာလဲ။ ဒီလို ရှားပါးတဲ့ မြင်ကွင်းကို မတွေ့ရတော့ဘူး။ ခဏာနေပါအုံး။ ကျုံ့လေးကို မကုနိုင်ရင် ဘယ်လိုလုပ်မလဲ)

ရတ်တရတ် ဆိုသလို ကျန်ဂျီ စိတ်ရှုပ်သွားသည်.

သူက ဆွန်းမိုကို မတောင်းပန်ချင်ပေမယ့် ကျုံ့ချောင် ပျက်ဆီးသွားမှာကို မမြင်ချင်ပါ။

ရှီချန်နှင့် မိုင်ဇီယူတို့သည် ကျုံ့ချောင် ပက်တီးတွေကို ဖြည်ထုတ်ပြီး ဆေးတွေကို ကူညီပြီး ဖယ်ရှားပေးနေသည်။

"ဆွန်းမို၊ မြတ်ဆရာတိုက်ပွဲက ဆက်တိုက်တိုက်ခိုက်ရမှာနော်။ တစ်နေ့ တစ်ပွဲ မဟုတ်ဘူး။ ဒါကြောင့် မင်းမလုပ်..."

ကူရှပ်ရှင်းက ဆွန်းမိုကို ကုသမှုနောက်ဆုတ်ဖို့အတွက် လေသံနှိမ့်ပြီး သတိပေးလိုက်သည်။

ဖြေဆိုသူများသည် မဲနှိုက်ပြီး တစ်ယောက်ချင်းတိုက်ပွဲများ ဆင်နွှဲရမည်။ အနိုင်ရဲတဲ့သူက ဒုတိယအကြိမ် မဲထပ် နှိုက်ရမည်။ အပေါ်အဆင့်၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အောက်အဆင့် ကွဲပြားတဲ့အထိ ဆက်တိုက် တိုက်ခိုက်ရမည်။

စာမေးပွဲက အချိန်ကြပ်တာနဲ့အမျှ ပွဲတွေကို ဆက်တိုက် ကျင်းပမှာ ဖြစ်သဖြင့် အနားယူချိန် နည်းပါးလွန်းသည်။ ဒါကြောင့် ဒီလို စာမေးပွဲမျိုးတွင် ကံတရားကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်သည်။

ပြီးခဲ့တဲ့နှစ်တွင် ပြင်းထန်တဲ့ တိုက်ပွဲ နှစ်ပွဲဆက်တိုက် တိုက်ခိုက်ရပြီး အောင်နိုင်တဲ့လူက

နောက်တစ်ဆင့်တွင် အမှိုက်နဲ့တွေ့ပြီး ရှုံးနိမ့်သွားတာမျိုးလည်း ရှိခဲ့သည်။

ဖြေဆိုသူတချို့က ဒီလို ကိစ္စအတွက် သူတော်စင်ဂိတ်ကို စောဒက တက်ခဲ့သော်လည်း ကံကောင်းခြင်းကိုလည်း လူတစ်ယောက်ရဲ့ စွမ်းရည်လို့ သတ်မှတ်ကြောင်း သူတော်စင်ဂိတ်က ပြန်ဖြေခဲ့သည်။ ဒါ့အပြင် သန်မာမှု မလုံလောက်လို့လည်း ဖြစ်တယ်ဆိုပြီး ပြောခဲ့သေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်လို့ ဖြေဆိုသူ အားလုံးကို ချေမှုန်းနိုင်ရင် စာမေးပွဲပုံစံကို ဂရုစိုက်နေအုံးမှာလား။

တကယ်မျှတမှု ရှိအောင် နောက်ထပ်အခွင့်အရေး အနေနဲ့ ရှုံးတဲ့လူတွေကိုလည်း ပြိုင်ပွဲထဲ ပြန်ဝင်တိုက်ဖို့အတွက် အခွင့်အရေး တစ်ကြိမ် ပေးထားသေးသည်။ ဒါပေမယ့်လည်း 'ဘီ'အဆင့်နှင့် အထက် နာမည်ကြီးကျောင်းများက ဒီလို ဖြေဆိုသူတွေကို အလုပ်မခန့်ချင်ဘူးဆိုတဲ့ ကောလဟာလများကလည်း ရှိသေးသည်။

"ငါသိပြီ"

ဆွန်းမိုက ပြုံးပြီးပြန်ဖြေသည်။ ရှီချန်နှင့် မိုင်ဇီယူလည်း ဒါကို သေချာပေါက် ကြားမှာပါ။ ဒါ့အပြင် သူမကို သွေးအေးတယ်လို့လည်း ထင်သွားနိုင်သည်။ ဒါပေမယ့် သူမက ဒါတွေကို ဂရုမစိုက်ဘဲ သူ့ကို သတိပေးနေသေးသည်။ ဒါက စစ်မှန်တဲ့ ခင်မင်ရင်းနှီးမှုပါ။

“ဒါပေမယ့် ကျုံချောင်ရဲ့ ဒဏ်ရာတွေက စောစောကုသမှု ခံယူလေ သူ့အတွက် ပိုကောင်းလေ ဖြစ်နေတယ်”

ဆွန်းမိုက ဒီလိုပြောလိုက်တဲ့အချိန် နားထဲမှာ အကြောင်းကြားချက် ကြားလိုက်ရသည်။ ရှီချန်၊ မိုင်ဇီယူ နှင့် လီဇီချီတို့က လေးစားအထင်ကြီးမှု အမှတ်ပေါင်း ၃,၂၀၀ ထောက်ပံ့ခဲ့ကြသည်။

“ဆရာဆွန်း၊ ဘာတွေပဲဖြစ်သွားပါစေ၊ ဒီကျေးဇူးကို သေချာပေါက် မှတ်ထားပါ့မယ်။ နောင်တစ်ချိန်မှာ မင်းအတွက် ငါလုပ်ပေးနိုင်တာရှိရင် အားမနာတမ်း ပြောလို့ရတယ်”

ရှီချန် တော်တော်လေး ရှက်နေတဲ့ ပုံရသည်။

ဆွန်းမိုက ဒီလိုကုသပေးလိုက်ရင် ကြယ်နှစ်လုံး ဆက်တိုက်တက်မဲ့ အခွင့်အရေး လက်လွတ်ရဖို့ များနေသည်။

“ဆရာရှိ၊ အားနားနေစရာ မလိုပါဘူး။ ကျောင်းသားတွေကို ကာကွယ်ပေးဖို့က ငါတို့ မြတ်ဆရာတွေရဲ့ တာဝန်ပဲ”

ဆွန်းမိုက ပြုံးပြီး ကုတင်ဆီ လျှောက်သွားသည်။

ကျုံချောင် ခေါင်းက ဝက်တစ်ယောက်အလား ရောင်ရမ်းနေသည်။ ဆွန်းမို စကားကို ကြားပြီးနောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မျက်ရည် ကျနေသည်။ ကျေးဇူးတင်တာထက် စိုးရိမ်စိတ်ပိုများနေသည်။

မကုသနိုင်ရင် ဘယ်လိုလုပ်မလဲ။

ဘာပဲပြောပြော ဒဏ်ရာတွေက အရမ်းပြင်းထန်နေသည်။

“စိတ်မပူပါနဲ့”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"တာဝန် ထုတ်ပြန်တယ်။ ကျုံချောင်ကို ကုသပေးပါ။ ကျောင်းသားတစ်ယောက်ကို ကာကွယ်ခြင်းဆိုတဲ့ မြတ်ဆရာတစ်ယောက်ရဲ့ တာဝန်ကို ပြီးဆုံးအောင် လုပ်ပါ။ အောင်မြင်ပါက ဆုလဒ်နေနဲ့ ရွှေရောင် ရတနာသေတ္တာ တစ်လုံး"

စနစ်က တာဝန်ကို ရုတ်တရက် ထုတ်ပြန်သဖြင့် ဆွန်းမို အံ့အောသွားသည်.

"ဘာဖြစ်လို့ ရပ်သွားတာလဲ"

ရှီချန်သည် ဆွန်းမို မလှုပ်ရှားဘဲ ရပ်တန့်နေတာ မြင်လိုက်လျှင် စိုးရိမ်စပြုလာသည်။

“စိတ်မပူပါနဲ့၊ ဆရာဆွန်းရဲ့ နတ်ဘုရားလက်က အရမ်းအံ့အောဖို့ ကောင်းပါတယ်”

မိုင်ဇီယူ နှစ်သိမ့်လိုက်သည်။ ရှေ့ဟောင်းနဂါး ဖမ်းယူခြင်းလက်ဖြင့် သူမရဲ့ရောဂါဝေဒနာ ဘယ်လိုတောင် သက်သာလဲဆိုတာ တွေးနေမိသည်။ ဒီလိုဖြစ်တဲ့အတွက် ကျုံချောင်ရဲ့ အခြေနေကို အများကြီး တွေးစရာ မလိုပါ။

“ငါ စတော့မယ်နော်”

ဆွန်းမိုက အသက်ခပ်ပြင်ပြင်းလေး ရှူပြီး ကုသမှုလုပ်ငန်းစဉ်ကို ခေါင်းထဲမှာ တစ်ကြိမ်ပြီး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တစ်ကြိမ် တွေးလိုက်သည်။ ရှည်လျားသွယ်လျတဲ့ လက်ချောင်းတွေကို ကျုံ့ချောင် ညာဘက်လက်ပေါ် တင်လိုက်သည်။ လက်ချောင်းအရိုးကို စတင်ပြီး ကုသလိုက်သည်.။

ဝုန်း

ဆွန်းမို လက်မောင်းကနေ ဝိညာဉ်ချီများ စိမ့်ထွက်လာပြီး ချက်ခြင်းဆိုသလို ဂျင်းနီ ဖြစ်သွားသည်။ ဂျင်းနီပေါ်လာတာနဲ့ လက်မောင်း ကြွက်သွားတွေကို ညှစ်ထုတ်ပြနေသည်။

ဝူရှ်

ဂျင်းနီက ရှီချန်ကို ကြာပစ်တဲ့အကြည့်နဲ့ ကြည့်လိုက်သည်။ သူက ရှီချန်ခန္ဓာကိုယ်က ....ကို လုံးဝ သဘောကျနေသည်။

"ဒါ....."

ရှီချန် အံ့အောမှင်တက်နေသည်။ ဗလတောင့်တဲ့ ဂျင်းနီကို မြင်လိုက်ပြီး မျက်လုံးတွေပြူးကာ ပေါက်ကွဲလုမတတ် ဖြစ်နေသည်။ ဒါက နတ်ဘုရားလက်လား။ တကယ် အံ့အောစရာပဲ။

မိုင်ဇီယူသည် ဒီထူးထူးဆန်းဆန်း ဝတ်စားထားတဲ့ ဗလာတောင့်တဲ့လူကို မြင်ဖူးပြီးသားပါ။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်တစ်ကြိမ် တွေ့ရတဲ့ အချိန်မှာလည်း အနေရခက်နေသေးသည်။

(မင်း ခန္တာကိုယ်က ဘာအသုံးချဖို့လဲ)

(ဘာဖြစ်လို့ တောက်တောက်ပြောင်ပြောင် ဖြစ်နေတာလဲ)

ကူရှုပ်ရှင်းက ပိုတောင် ဒွဲ့တိုး ဆန်သေးသည်။ နောက်သို့ ခြေလှမ်းနှစ်လှမ်း ဆုတ်သွားသည်။ ဒါပေမယ့် ဂျင်းနီလက်ရဲ့ သက်တောင့်သက်သာ ဖြစ်မှုကို ပြန်စဉ်းစားပြီး မနေနိုင်ဘဲ ရှေ့သို့ခြေလှမ်း သုံးလှမ်း ပြန်တိုးသွားသည်။

"အချိန် နည်းနေတယ်။ အတူတူ လုပ်ရအောင်"

ဆွန်းမိုက စိတ်နဲ့ ညွှန်ကြားလိုက်သည်။

အခုချိန် အနှိပ်နည်းစနစ်ကို မဟာအဆင့်ထိ ကျွမ်းကျင်နေသဖြင့် ဒဏ်ရာရဲ့ ပေါ့ပါးတဲ့ အစိတ်အပိုင်းကို ကုသပြီး ပြင်းထန်တဲ့ အပိုင်းတွေကိုတော့ ဂျင်းနီအတွက် ချန်ထားခဲ့လိုက်သည်။

အလား....

ဂျင်းနီက အော်ဟစ်ကြွေးကြော်ပြီး ကျုံချောင်ရဲ့ နောက်ကျောပေါ် ခုန်တက်ကာ ထုချလိုက်ကာ

ပြင်းထန်တဲ့ အကျိုးသက်ရောက်မှုနဲ့ စတင်ကုသလိုက်သည်။

"အာ"

ရှီချန် အော်ဟစ်လိုက်သည်။ ကျိုးကြောင်း ဆင်ခြင်နိုင်စွမ်း ရှိနေသေးလို့ပါ ဒီလိုမှမဟုတ်ရင် ဂျင်းနီကို တိုက်ခိုက်မိလိမ့်မည်။

"မလန့်ကြပါနဲ့။ ဒါကပုံမှန်ပဲ"

လီဇီချီက အမြန် ရှင်းပြလိုက်သည်။

"………………"

ဆွန်းမို ချွေးတဒီးဒီး ကျနေသည်။ လူတစ်ယောက်ကို ကယ်တင်နေတာပါ။ ဂျင်းနီ ဒီထပ်ပိုပြီး လေးလေးနက်နက် လုပ်လို့ မရတော့ဘူးလား။

ဂျင်းနီ စိတ်ထိခိုက်သွားသည်။

ရိုက်ပုတ်မှုတွေကို နားလိုက်ပြီး ကျုံချောင်ကို ကြည့်လိုက်သည်။ ထုံဆေး အာနိသင်ရသွားသလို ဖြစ်နေသည်။ နာကျင်လို့အော်ဟစ်တာ ဒါမှမဟုတ် ကုသမှုကြောင့် နာကျင်ပြီး ရုန်းကန်တာမျိုး မရှိတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကုသတဲ့ လုပ်ငန်းစဉ်က ရှည်လျားပြီး ပျင်းဖို့ကောင်းသည်.။

ကျန်ဂျီသည် အပြင်မှာ စောင့်နေပြီး ပျင်းလွန်းလို့ ရှူးချင်ချင် ဖြစ်နေသည်။

ဒီဟိုတယ်မှာ တထပ်တည်းနေကြတဲ့ ဖြေဆိုသူတွေကလည်း ဒါကို မြင်လိုက်လျှင် မေးမြန်းဖို့ ရောက်လာကြသည်။ ရှီချန်သည် ဂျိရှားအကယ်ဒမီက ထိပ်တန်းဘွဲ့ရဖြစ်ပြီး အနာဂတ်တွင် ကျိန်းသေပေါက်ထင်ရှားလာမည့် လူတစ်ယောက်ပါ။ သူနဲ့ မိတ်ဖွဲ့ထားလို့ အရှုံးမရှိပါ။

ထို့နောက် တစ်ခွေးဆွန်းလို့ ဂုဏ်သတင်းကျော်ဇောနေတဲ့လူက ကျုံချောင်ကို ကုသပေးနေမှန်း သိသွားကြသည်။ သိချင်စိတ်ကြောင့် ဖင်တကြွကြွ ဖြစ်နေကြသည်။

အခန်း(၅၅၅) - လုံးဝကို ယုံကြည်ခြင်း။

ဘယ်လောက်ရှားပါးတဲ့ အရာဖြစ်ပါစေ အချိန်အကြာကြီး မြင်ဖူးသွားရင် ရိုးသွားလိမ့်မည်။

ဂျင်းနီက မြင်လိုက်တဲ့ လူတိုင်းကို အရမ်းအံ့အောသွားစေနိုင်တဲ့ ဝိညာဉ်သားရဲဆိုတာ

သေချာသည်။ သူလုပ်ဆောင်တဲ့ ရှေ့ပောင်း အနှိပ်ပညာက လေးနက်ပြီး အံ့အောဖို့ ကောင်းသည်။ ဒါပေမယ့်လည်း သုံးနာရီ ဆက်တိုက် ကြည့်လာရတော့ ငြီးငွေ့မှုဒဏ်ကို ဘယ်သူမှ သည်းမခံနိုင်ကြတော့ပါ။

ကျုံချောင်ကို ကုသပေးနေရင်း ဆွန်းမိုက အရိုးအထိုင်ချခြင်း နည်းစနစ်နဲ့ လည်ပတ်ခြင်းနည်းစနစ်တို့၏ အရေးကြီးတဲ့ အချက်တွေကို လီဇီချီအား တိုက်ရိုက်ရှင်းပြနေသည်။

ဆွန်းမိုရဲ့ ရက်ရောမှုကို ကျေးဇူးတင်စွာနဲ့ ကူရှပ်ရှင်းက နားထောင်နေခဲ့သည်။

ရှီချန်နှင့် မိုင်ဇီယူတို့က အထင်လွဲခြင်းမှ ရှောင်ရှားနိုင်အောင် အခန်းထဲမှ ထွက်သွားကြသည်။

"သုံးနာရီတောင်ကြာနေပြီ။ သူလုပ်နိုင်မလား ၊ မလုပ်နိုင်ဘူးလား"

ကျန်ဂျီမှာ မြတ်ဆရာတစ်ယောက်ရဲ့ အငွေ့အသက် မရှိတော့ပါ။ ခိုးကြောင်ခိုးဝှက် ချောင်းကြည့်ရမှာ ရှက်သဖြင့် တံခါးပေါ် နားကပ်ပြီး အခန်းထဲမှ လှုပ်ရှားမှုကို နားထောင်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အပှွတ် အပှွတ်၊ ဆရာကျန်၊ မင်းရဲ့ အမူအရာကို သတိထားအုံး”

ရှီချန်က သတိပေးလိုက်သည်။

“ငါက ကျုံချောင်အတွက် စိတ်ပူလို့။ အခြေအနေ ပိုဆိုးလာရင် ဘယ်လိုလုပ်မလဲ”

အချိန်တွေကြာလာတာနဲ့အမျှ ကျန်ဂျီသည် ဆွန်းမိုကြောင့် ပိုရှုပ်ထွေးလာနိုင်တယ်လို့ ထင်နေသည်။ ဒါကြောင့် စိတ်ပူပြီး အပြစ်ရှိသလို ခံစားနေရသည်။

ဟင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက လူ့သဘာဝပါ။

ကျန်ဂျီ စိတ်ထိခိုက်နေသည်။ ဟင်း၊ ဆွန်းမိုက ကျုံးချောင်အတွက် အကုန်လုပ်ပေးနေသည်။ သူ မလှောင်ပြောင်ခဲ့သင့်ပါ။

စိန်ဆေးပြားနဲ့ ပက်သက်လို့ကတော့ ဆွန်းမို မလိုချင်ဘူးဆိုတာ မယုံပေ။

ကျန်ဂျီသည်လူဆိုးတော့ မဟုတ်ပါ။ စိန်ဆေးပြားကြောင့် နှလုံးသားတွေ နာကျင်နေသည်။ ဒါကြောင့်လည်း ဆွန်းမိုကို သံသယ ဝင်နေမိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေးနာရီကျော်သွားပြီး ညလည်း ရောက်လာပြီ။ စောင့်နေကြတဲ့ ဖြေဆိုသူတွေလည်း ထွက်သွားကြသည်။ ဘယ်လိုပဲပြောပြော မနက်ဖြန်မှာ မြတ်ဆရာတိုက်ပွဲ တိုက်ခိုက်ရအုံးမည်။

"ကုသမှုက အရမ်းကြာနေပြီနော်"

"ကျုံချောင်ကိုယ်ထဲက အရိုးတွေ အကုန်လုံး ကြေမွသွားတာ။ ဒီကုသမှုက တစ်ရက်ကြာရင်တောင် တိုတောင်းတယ်လို့ ငါတော့ထင်တယ်"

ကျန်ခဲ့တဲ့ ဖြေဆိုသူတွေက အချင်းချင်း ဆွေးနွေးနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်မှပဲ ရှီချန် စိတ်အေးသွားသည်။ ဆွန်းမိုကိုမေးဖို့ တံခါးခေါက်ရင် ကောင်းမလား တွေးနေတုန်းမှာ တံခါး ပွင့်လာသည်။

ကလောက်

လီဇီချီရဲ့ ခေါင်းသေးသေးလေး ပေါ်လာသည်။

“ဆရာ ရှီ၊ ကုသမှု ပြီးသွားပြီ။ အရာအားလုံး အဆင်ပြေပြေပဲ။ အခုဝင်လာလို့ ရပြီ”

ဟာ

ဒီစကားကို ကြားလိုက်လျှင် အခန်းအပြင်ဘက်မှာ ရှိတဲ့လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

"အဆင်ပြေတယ် ဟုတ်လား။ ကျုံချောင် သက်သာလာပြီလို့ ပြောတာလား"

"ဒါက အမှန် မဖြစ်နိုင်ဘူးနော်"

"သူ့ကိုယ်ထဲက အရိုးတွေ အကုန်လုံး ကြေမွသွားတာလေ။ နာရီအနည်းငယ်နဲ့ ပျောက်အောင် ကုသနိုင်ပါ့မလား။ နတ်ဘုရားလက်က တကယ် ကြောက်စရာကောင်းတာလား"

ဆယ်ယောက်ထက် ပိုတဲ့ ဖြေဆိုသူများက အခန်းထဲ ဝင်ကြည့်ချင်တဲ့စိတ်ကို မထိန်းနိုင်ဘဲ ဖြစ်နေကြသည်။ အများစုကတော့ ဂျိရှား

အကယ်ဒမီက ဘွဲ့ရများဖြစ်ပြီး ရှိချန်နဲ့ မွေးရပ်မြေတူတဲ့ လူတွေ ဖြစ်ကြသည်။ သူတို့က တစ်ယောက်နဲ့ တစ်ယောက် ရင်းရင်းနှီးနှီး ရှိသင့်တယ်လို့ ယူဆကြသည်။ ဒါကြောင့်လည်း အခုအချိန်အထိ စောင့်နေကြသည်။

"ရှူး"

လီဇီချီက လှပတဲ့ လက်ညှိုးလေးကို နှုတ်ခမ်းပေါ်တင်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာတို့ တိတ်တိတ်လေး နေပေးကြပါ။ ကျုံချောင် ပြန်ကျန်းမာလာဖို့အတွက် နားအေးပါးအေး နေဖို့လိုတယ်"

လူတိုင်း ချက်ခြင်း ပါးစပ် ပိတ်သွားသည်။

"မင်းတို့အားလုံးရဲ့ စိုးရိမ်မှုအတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးပြုပြီး မနက်ဖြန်စာမေးပွဲအတွက် အနားယူကြပါအုံး"

ရှီချန်က အရမ်းစာနာပေးတတ်တဲ့လူပါ။ အခန်းထဲသို့မဝင်ခင် အားလုံးအား ကျေးဇူးတင်စကား ပြောလိုက်သည်။

ကျန်ဂျီကတော့ တစ်စက္ကန့်တောင် မစဉ်းစားဘဲ လိုက်သွားသည်။

မိုင်ဇီယူက တုန့်ဆိုင်းနေသည်။ သူမ ဝင်ချင်ပေမယ့် ဆွန်းမိုဆီက ဖိတ်ကြားချက် မရထားပါ။

လီဇီချီက ထက်မြတ်ပြီး ချစ်ဖို့ကောင်းသည်။ မိုင်ဇီယူရဲ့ အပြုအမူကို မြင်လိုက်ပြီး ရှည်လျားဖြောင့်စင်းတဲ့ အနက်ရောင် ဆံပင်ရှိတဲ့ အမျိုးသမီးရဲ့နောက်ခံက သာမန်မဟုတ်ဘူးဆိုတာ သိလိုက်သည်။ ပြီးတော့ ဆွန်းမိုကလည်း သူမကို

ကောင်းကောင်းမွန်မွန် ဆက်ဆံသည်။ ဒါကြောင့် သူမကို ဖိတ်ခေါ်လိုက်သည်။

“ဆရာမိုင်၊ ကျေးဇူးပြုပြီး ဝင်ပါ”

“အင်း”

မိုင်ဇီယူက ခေါင်းညိတ်ပြီး ဝင်လာသည်။ လီဇီချီကို တံခါးပိတ်ဖို့အတွက်တောင် ကူညီခဲ့သေးသည်။

“ဆရာ”

ကျုံချောင်က အိပ်ရာပေါ်မှာ လှဲနေသည်။ ရှီချန် ဝင်လာတာ မြင်လိုက်လျှင် ထထိုင်ပြီး နှုတ်ဆက်လိုက်သည်။ သူဒဏ်ရာရသွားတဲ့အချိန်မှာ

ရှိချန်က သေသေချာချာ ပြုစုစောင့်ရှောက်ပြီး ငွေအများကြီးသုံးခဲ့သည်။ လူများစွာကိုလည်း သူ့ကို ကယ်တင်ဖို့အတွက် အကူအညီတောင်းခံခဲ့သည်။

အမှန်တိုင်းပြောရလျှင် တခြား မြတ်ဆရာသာဆိုရင် တပြည့်က ဒီလို ဖြစ်သွားတာနဲ့ စွန့်လွှတ်လိုက်ဖို့ ၉၀ ရာခိုင်နှုန်းလောက် သေချာနေသည်။ ကုသစရိတ်က အရမ်းကြီးလွန်းသည်။ ဒါ့အပြင် သက်သာသွားရင်လည်း ဖုံးကွယ်နေတဲ့ ဒဏ်တွေ

ကျန်နေခဲ့ဖို့များပြီး အလားအလာမှာလည်း ကန့်သတ်ချက် ရှိသွားနိုင်သည်။

"မဆင်မခြင် မလုပ်နဲ့"

ရှီချန်က ကုတင်ပေါ်လှဲပေးလိုက်သည်။

"မြန်မြန် ပြန်လှဲနေ"

"ဆရာဆွန်း"

ရှီချန် စိတ်လှုပ်ရှားစွာ ကြည့်နေသည်။ ကျုံချောင် လှုပ်ရှားနိုင်နေပြီလို့ တွေးရမှာလား။ ဒါက ကောင်းတဲ့ လက္ခဏာပါ။ ဒါ့အပြင် ခန္ဓာကိုယ်က အနည်းငယ်ပဲ ရောင်ရမ်းတော့သည်။

အရင်တုန်းကတော့ ကျုံချောင်သည် မိုးရေထဲမှာ ရက်ပေါင်းများစွာ စိမ်ထားတဲ့ ဝက်အူချောင်းလို ရောင်ရမ်းနေသည်။ ဒါ့အပြင် အရိုးတွေ အက်ကွဲနေတာနဲ့အမျှ ခန္ဓာကိုယ်မှာ ပုံမှန်မဟုတ်တဲ့ လှိုင်းလိုမျိုး အနိမ့်အမြင့်တွေ ဖြစ်နေသည်။

"အခု သက်သာသွားပြီ။ ခဏလောက် အနားယူလိုက်ရင် အရင်အတိုင်းပဲ ပြန်ဖြစ်သွားလိမ့်မယ်"

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

"စိတ်မပူပါနဲ့။ သူ့အရည်အချင်းကို မထိခိုက်ပါဘူး"

"တကယ်လား"

ကျန်ဂျီ ရုတ်တရက် အံ့အောပြီး အသံထွက်သွားသည်။

ဆွန်းမိုကတော့ ဂရုမစိုက်ပေမယ့် ကူရှုပ်ရှင်းနှင့် လီဇီချီတို့ နှစ်ယောက်စလုံးက မကျေနပ်ကြပါ။

"ဒါက ဘာပြောတာလဲ။ မင်းက ကျုံချောင်ကို ချီနဲ့ စေချင်တာလား"

ကူရှုပ်ရှင်းက မေးလိုက်သည်။

"မဟုတ်ဘူး။ ဒါက........"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်ဂျီ ဘယ်လို ရှင်းပြရမလဲ မသိတော့ပါ။ ဒါ့အပြင် သူက အကန်းမဟုတ်ပါ။ ကျုံချောင်ရဲ့ အခြေအနေ အများကြီး ကောင်းမွန်လာတာကို သူမြင်နေရသည်။ ပြီးတော့ ရှီချန်က နောက်ပိုင်းမှာ နာမည်ကြီး ဆရာဝန်တွေနဲ့ သေချာပေါက် စစ်ဆေးလိမ့်မည်။ ဒါကြောင့် ဆွန်းမို လိမ်ညာနေတယ်ဆိုရင် သူဘာသာသူ အဆုံးသတ်သွားလိမ့်မည်။

“ဆရာကျန်၊ ငါတကယ် ပြန်ကောင်းသွားပြီ။ ဒါကို ခံစားနိုင်တယ်”

ကျုံချောင်က ဒီလိုပြောပြီး ညာဘက်လက်နဲ့ လက်သီးထိုးလိုက်သည်။

“ခုချက်ခြင်း ရပ်လိုက်၊ မင်းလက်ကို ထပ်မလိုချင်တော့ဘူးလား”

ကျန်ဂျီ လန့်ဖြန့်သွားသည်။ ကျုံချောင်အတွက်လည်း စိုးရိမ်နေသည်။

“အခုတော့ ပေါ့ပေါ့ပါးပါး လေ့ကျင့်ခန်းတွေ လုပ်လို့ရပြီ ။ ဒါက သူပြန်ကောင်းလာဖို့အတွက် အကျိုးပြုလိမ့်မယ်”

ဆွန်းမိုက ရှင်းပြလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရိုးတွေကို အတူတကွ ပြင်ဆင်ပြီးနောက် ပုံမှန်လေ့ကျင့်ခန်းတွေ လုပ်ပေးရမည်။

"ဆရာဆွန်း၊ ကျေးဇူးတင်ပါတယ်"

ရှီချန်က ဆွန်းမို အရှေ့မှာ ဒူးထောက်လိုက်သည်။

ဘယ်တော့မှ ပြန်မဆပ်နိုင်တဲ့ ကျေးဇူးပါ။

ဒင်

ရှီချန်၏ လေးစားအထင်ကြီးမှု +၁,၀၀၀၊ လေးစား(၁,၆၀၂/၁၀,၀၀၀)

"ဆရာ ရှီ၊ မင်းက လေးနက်လွန်းနေပြီ"

ဆွန်းမိုက ရှီချန်ကို အမြန်ထူပေးလိုက်သည်။

"တကယ်လို့ အချိန်ရရင် စာမေးပွဲပြီးတော့ ထမင်းကျွေးပေါ့၊ ဘယ်လိုလဲ"

"မဖြစ်မနေ ကျွေးပါ့မယ်"

ရှီချန် မျက်လုံးပွတ်နေသော်လည်း မျက်ရည်စီးကျနေသေးသည်။

"ဆရာဆွန်း၊ ကျုံချောင်က ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ ကျွန်တော့ကို ဘဝအသစ်တစ်ခု ပေးလိုက်တာပဲ"

ကျုံချောင်သည် အစောပိုင်းကတည်းက ဆွန်းမိုကို ကျေးဇူးတင်စကား ပြောခဲ့ပြီး လေးစားအထင်ကြီးမှု အမှတ် တစ်ထောင် ထောက်ပံ့ခဲ့သေးသည်။ သူ့ဆရာက ဆွန်းမိုကို ကျေးဇူးတင်စကား ပြောနေတာတွေ့တော့လည်း ထပ်ပြောနေပြန်သည်။

“အနားယူလိုက်ပါ”

ဆွန်းမိုက လီဇီချီကို လက်နဲ့ အမူအရာ ပြလိုက်သည်။

လီဇီချီက ဆေးအိတ်နှစ်ထုပ် ထုတ်ပြီး ဆွန်းမိုကို ပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဒါက ရောမ ဆေးထုပ်ကြီးနဲ့ စမ်းရေအလှ ဆေးထုပ်ပါ။ ငါတို့ ဗဟိုပြည်နယ် အကယ်ဒမီရဲ့ တမူထူးခြားတဲ့ ဆေးရေစိမ် ဆေးထုပ်တွေပဲ။ ဒဏ်ရာတွေကို ပြန်လည်သက်သာစေပြီး ခန္ဓာကိုယ်ကိုလည်း ကြံ့ခိုင်စေတယ်။ နှစ်နာရီလောက် အနားယူပြီးရင် တွဲသုံးလိုက်ပါ။ အာနိသင် ပိုကောင်းလာလိမ့်မယ်”’

ဆွန်းမိုက ရှင်းပြလိုက်သည်။

“ကျေးဇူးတင်ပါတယ် ဆရာဆွန်း”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှီချန်က စကား အဖြစ်ပြောတာ မဟုတ်ပါ။ ဆွန်းမို အကြွေးတွေကို ပြန်ဆပ်နိုင်မယ့် နည်းလမ်း မရှိတော့ပါ။

"ဒါဆို ငါတို့ ပြန်တော့မယ်"

ဆွန်းမိုက လက်သီးဆုပ်ပြီး နှုတ်ဆက်လိုက်ကာ အခန်းထဲမှ ထွက်သွားသည်။

ကူရှုပ်ရှင်းက ကျန်ဂျီကို တစ်ချက်စိုက်ကြည့်ပြီး ဘာမှမပြောဘဲ ဆွန်းမိုနဲ့အတူ ထွက်သွားသည်။

ကျန်ဂျီ တော်တော်လေး အနေရခက်နေသည်။

"ဆရာဆွန်းက တော်တော်လေးပြည့်ဝတယ်။ ပြီးတော့ နတ်ဘုရားလက်က ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းလိုက်သလဲ။ ညီအစ်ကို ကျန် ဖြစ်နိုင်ရင် ဆွန်းမိုကို မစော်ကားမိတာ အကောင်းဆုံးပဲ"

"ဆရာကူကလည်း မင်းကို မကြိုက်ပေမယ့် ကျုံချောင် အနားယူနိုင်အောင် ပြဿနာ မရှာခဲ့ဘူး။ ဘယ်လိုတောင် သဘောထားကြီးမှုလည်း မင်းရှက်နေသင့်တယ်"

ရှီချန်က တိုးတိုးဖျောင်းဖျပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

"မင်းတို့အားလုံးရဲ့ စိုးရိမ်ပူပန်မှုအတွက် ကျေးဇူးတင်ပါတယ်။ ဆရာဆွန်းရဲ့ နတ်ဘုရားလက် ကျေးဇူးကြောင့် ငါ့တပြည့် အဆင်ပြေသွားပြီ။ အနာဂတ်မှာလည်း ဆက်ပြီးကျင့်ကြံနိုင်တော့မယ်"

ရှီချန်၏စကားက ပထမအပိုင်းတွင် လူတိုင်းကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပြီး နောက်ပိုင်းတွင် ဆွန်းမို ဂုဏ်သတင်း ပျံ့နှံ့သွားအောင် ကူညီလိုက်သည်။ ဒါကလည်း ဆွန်းမို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျေးဇူးကိုပြန်ဆပ်နိုင်ဖို့အတွက် သူတွေးမိတဲ့နည်းလမ်း တစ်ခုပါ။

ဟင် ဟမ်

ရုတ်တရုတ် အံ့အောသွားတဲ့ အသံတွေထွက်လာသည်။

ကျန်ဂျီ အံ့ကြိတ်လိုက်သည်။ ရှီချန်ဒီလိုပြောနေခြင်းက သူ့အကျိုးအတွက်လုပ်ပေးနေမှန်း သူသိသည်။ ဆွန်းမိုလိုလူမျိုးက ဘဝမှာ ကြီးကျယ်တဲ့ အောင်မြင်မှုတွေရပြီး ဂုဏ်သတင်း ကျော်ဇောလာမှာ သေချာသည်။

ဒါကြောင့် ဆွန်းမိုနဲ့ တခေတ်တည်း နေမယ်ဆိုရင် ကျန်ဂျီသည် အဖိအနှိပ် ခံနိုင်ဖို့ မျှော်မှန်း ထားရမည်။ တကယ်လို့ ဆွန်းမို ဂုဏ်သတင်း မကျော်ဇောခင် တောင်းပန်ဖို့ အခွင့်အရေး မယူခဲ့ပါက နောက်ပိုင်းမှာ ဆွန်းမိုကို တောင်းပန်ချင်တယ်ဆိုရင်တောင်မှ တံခါး အပေါက်ဝကတောင် ဝင်ခွင့် ရမှာ မဟုတ်ပေ။

ဆွန်းမို အားကောင်းလာတဲ့အချိန်တွင် သူက ဂရုမစိုက်သည့်တိုင် သူ့ကို ဖားချင်တဲ့လူတွေ များလာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် ဆွန်းမို၏ စွမ်းရည်ကလည်း အမှန်တကယ်ကို ချီးကျူးထိုက်သည်။ ဒါကြောင့်လည်း ကျန်ဂျီက ပြေးလိုက်သွားပြီး အော်ပြောလိုက်သည်။

"ဆရာဆွန်း၊ ငါက မျက်စိမှုန်ပြီး မင်းဘယ်လောက် အစွမ်းထက်တယ်ဆိုတာ မသိခဲ့ဘူး။ မင်းကို စော်ကားမိတဲ့အတွက် ခွင့်လွှတ်ပေးပါ"

ကျန်ဂျီသည် ဒီလိုပြောလိုက်တဲ့ အချိန်တွင် လက်နှစ်ဖက်ဘေးချကာ ခါးကို ၉၀ ဒီဂရီကိုင်းပြီး ဆွန်းမိုကိုလေးစားစွာ နှုတ်ဆက်လိုက်သည်။

ဒင်

ကျန်ဂျီ၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၀၀/၁,၀၀၀)

ကူရှုပ်ရှင်း လှည့်လာပြီး နှုတ်ခမ်းကွေးသွားသည်။

“ဒါက စိတ်ရင်းနဲ့လား”

“ဆရာ ကူ ၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ”

ကျန်ဂျီက မချိပြုံး ပြုံးပြီး ပြောလိုက်သည်။

“ဆရာ ကျန်၊ မင်းဘာတွေးနေလဲဆိုတာ နားလည်ပါတယ်။ ဒီစိန်ဆေးပြားကြောင့် မင်းနှလုံးသား နာကျင်နေမှန်း သိပါတယ်”

ဆွန်းမိုက ပြောလိုက်သည်။

“သူတော်စင်အဆင့် ဆေးပြားတွေတောင် အခွင့်အရေး ယူမလာနိုင်တဲ့ အချိန်တွေရှိတယ်။ ဆရာရှီကို ဘာဖြစ်လို့ ကူညီခဲ့လဲ သိလား”

“မင်းရဲ့ ဆုံးမစကားကို နားထောင်ချင်ပါတယ်”

ကျန်ဂျီက လက်သီးဆုပ်ပြီး ပြောလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျုံချောင်အတွက် စိတ်ပူတာအပြင် ဆရာရှီရဲ့ စိတ်ရင်းကို ယုံကြည်တာလဲပါတယ်။ စိန်ဆေးပြားကို အသာထားလိုက်အုံး သူ့အသက်ကိုတောင် ပေးဖို့ ဆန္ဒရှိတယ်လို့ ငါယုံကြည်တယ်"

ဆွန်းမိုက ချီးကျူးလိုက်သည်။

"မင်းရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်"

ရှီချန် ရှက်သွားသည်။ သူက တကယ်လည်း အဲဒီလို လူမျိုးပါ။ သူ ထုတ်မပြောသော်လည်း ဆွန်းမို ဒုက္ခရောက်နေရင် ဆွန်းမိုဘက်က

မတောင်းဆိုရင်တောင် သူ့ဘက်ကစပြီး တတ်နိုင်သမျှ လုပ်ပေးဖို့ စဉ်းစားထားသည်။

စနစ်က ရှီချန်ကို လူကောင်းတစ်ယောက်လို့ သတ်မှတ်ထားသည်။ ဒါက သာမန်ကာလျှံကာ သတ်မှတ်တာ မဟုတ်ပေ။

"သင်ကြားမှုကနေ အကျိုးရှိခဲ့ပါတယ်"

ကျန်ဂျီ ရှက်သွားသည်။ ရှီချန်နဲ့ ရင်းနီးလာအောင် သူအရမ်းကြိုးစားခဲ့တဲ့အကြောင်းကလည်း ရှီချန်ရဲ့ ပင်ကိုယ်စရိုက်အရ သူငယ်ချင်းအတွက် တတ်နိုင်သမျှ လုပ်ပေးတတ်တဲ့ လူဖြစ်နေလို့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာရှိရဲ့ လုပ်ရပ်ကို လူတိုင်းမြင်ကြမှာပါ။ သူက ငါတို့အားလုံးအတွက် စံပြပဲ”

ကျန်တဲ့ ဖြေဆိုသူတွေကလည်း ချက်ခြင်းခေါင်းညိတ်ပြီး အသိအမှတ်ပြုမှုကို ပြသကြသည်။ တချိန်တည်းမှာပင် ဆွန်းမိုကိုလည်း ပိုလေးစား လာကြသည်။ ဒီအချိန်မှာ ထင်ပေါ်သင့်တဲ့ လူဖြစ်သော်လည်း မာန မကြီးခဲ့ပါ။ အဲဒီအစား ရှိချန်ကိုတောင် ဂုဏ်တင်ပေးလိုက်သည်။

သူ့ရဲ့အကျင့်သီလနဲ့ ပက်သက်ပြီး ပြောစရာ မလိုပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီလို ချီးကျူးတာကို လက်ခံဖို့ ရှက်ပါတယ်"

ရှီချန်က ဦးညွှတ်လိုက်ပြီး ဆွန်းမိုအပေါ်မှာလည်း ပိုအထင်ကြီးလာခဲ့သည်။ ဒါက မြတ်ဆရာတစ်ယောက်ရဲ့ မှန်ကန်တဲ့အမူအကျင့်ပါ။

လေးစားအထင်ကြီးမှုအမှတ် +၅၀၀ လည်း ထောက်ပံ့ခဲ့သည်။

မိုင်ဇီယူက ဆွန်းမို ထွက်သွားတာကို လူအုပ်ကြားက ငေးကြည့်ပြီး ကျန်ခဲ့သည်။ ဆွန်းမိုအပေါ် သူမရဲ့ အမြင်တွေက ပိုကောင်းလာခဲ့ပြီး ပိုလည်း စိတ်ဝင်စားလာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"သူ တကယ်ကုပေးခဲ့တာလား"

"နတ်ဘုရားလက်က ကြောက်စရာကောင်းလိုက်တာ"

"အဆုံးအထိ မပြောနဲ့အုံး လက်တွေရဲ့အကျိုးသက်ရောက်မှုကို စောင့်ကြည့် ရအုံးမယ်"

"ဒါဆိုရင်တော့ မင်းတော်တော်ကြာအောင် စောင့်နေရလိမ့်မယ်။ ကျုံချောင်က သက်သာလာတာ မကြာသေးတော့ တပြည့်တွေကြားက တိုက်ပွဲမှာ ဝင်ပါနိုင်မှာ မဟုတ်ဘူး"

လူတိုင်း စကားပြောရင်း ခွဲထွက်သွားကြသည်။

အခန်းထဲတွင် ရှီချန်နှင့် ကျုံချောင်သာ ကျန်ခဲ့တော့သည်။

ရှီချန် ခေါင်းပေါ်က ဆံပင်ဖြူ အနည်းငယ်တွေ့လိုက်လျှင် ကျုံချောင်သည် စိတ်မထိန်းနိုင်တော့ဘဲ ဒူးထောက် တောင်းပန်လိုက်သည်။

"ဒီလိုအချိန်မှာ ဆရာ့ကို စိတ်ပူအောင်လုပ်မိလို့ တောင်းပန်ပါတယ်"

ရှီချန် ဝမ်းသာ မျက်ရည်ကျလာသည်။

"ကောင်းပြီလေ. မြန်မြန်အနားယူပြီး ဆေးရေစိမ်လိုက်။ ဆရာဆွန်း ပေးခဲ့တဲ့ ဆေးထုပ်တွေက အရမ်းအံ့အောဖို့ ကောင်းလိမ့်မယ်"

ထိုအချိန်မှာ ဆွန်းမိုက စနစ်ဆီကနေ သူ့ရဲ့ဆုတွေကို တောင်းနေသည်။

အခန်း(၅၅၆) - နတ်ဘုရား ရှိသေတဲ့ဆုလဒ်။

“စိတ်ရှည်ရှည်နဲ့ စောင့်ပေးပါ”

စနစ်က သူ့ကို နှစ်သိမ့်လိုက်သည်။

"ငရဲမှာ စောင့်ရမှာလား။ တာဝန်ပြီးမြောက်ခြင်း ဆုတွေကို အသာထားလိုက်အုံး ရှီချန်နဲ့ ကျုံချောင် တို့က လေးစားအထင်ကြီးမှု အမှတ်တစ်ထောင်ကျော် ပေးခဲ့တယ်။ စစ်ဆေးဖို့ အချိန်ယူရမယ်လို့ မပြောနဲ့။ ဒီလိုဖြစ်နေရင် မင်းကို ဖောက်ခွဲပစ်မယ်"

ဆွန်းမို စိတ်ဆိုးနေသည်။ လေးစားအထင်ကြီးမှု ဆက်သွယ်ချက်အတွက် ရဖို့ကျန်သေးတဲ့ ဆုတွေအများကြီး ရှိသေးသည်။ ဒါတွေကိုလည်း မထုတ်ပေးသေးပါ။

“စိတ်ရှည်ရှည်နဲ့ စောင့်စမ်းပါ”

စနစ်က ခံစားချက်မရှိတဲ့ စက်အသံနဲ့ ပြန်ပြောလာပြန်သည်။

“အကြံသမား”

ဆွန်းမိုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

တချိန်တည်းမှာပဲ ရှီချန်က ဟိုတယ်ရေချိုးခန်းကို ဌားပြီး ကျုံချောင်အား ရေချိုးဖို့ ခေါ်သွားသည်။ ဆေးထုပ်ကြီးကို ရေကန်ထဲ ပစ်ချလိုက်လျှင် ရေက ချက်ခြင်း ပွက်ပွက်ဆူလာသည်။ ထို့နောက် ကျယ်လောင်သော ပေါက်ကွဲသံနဲ့အတူ ရေတွေက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လေထဲမြွင့်တက်လာပြီး ရေဘီလူးတစ်ယောက် ဖြစ်ပေါ်လာသည်။

"ဘာလဲဟ"

ရှီချန် နှင့် ကျုံချောင်တို့ နှစ်ယောက်စလုံး အံ့အောသင့်ကုန်သည်။

ရောမဘီလူးကြီးက လှည့်ကြည့်ပြီး ကောင်းကင်ကျောက်စာတိုင်နဲ့တူတဲ့ လက်ကြီးဖြင့် သူတို့နှစ်ယောက်ကို ထိုးလိုက်သည်။

"သတိထား"

ရှီချန်က ကျုံချောင် အရှေ့မှ ပိတ်ရပ်ပြီး လက်သီးချက်ကို ကာကွယ်လိုက်သည်။

ဘုန်း

ဘီလူးကြီး လက်မောင်း ကျိုးသွားသည်။ နေရာတိုင်းကို ရေတွေ လွင့်စင်သွားပြီး အဖြူရောင် အခိုးအငွေ့တွေ ထပ်ပေါ်လာသည်။

ဖောက် ဖောက် ဖောက်

"ဒါ......."

ရှီချန်သည် အခိုးငွေ့တွေကြားမှာ များပြား ပြည့်လျှံနေတဲ့ ဝိညာဉ်ချီတွေကိုခံစားမိပြီး

အရမ်းအံ့အောသင့်နေသည်။ သိပ်သည်းလှတဲ့ ဝိညာဉ်ချီတွေက ခန္ဓာကိုယ်ကို ပွတ်သွားလျှင် အရမ်းသက်တောင့်သက်သာ ဖြစ်လွန်းလို့ မျက်လုံးတောင် မှေးသွားသည်။ ပူနွေးတဲ့ နေရောင်အောက်မှာ တရေးတမော အိပ်နေရသလိုပဲ။

သူ့ရဲ့ဝိညာဉ်က အေးချမ်းတဲ့ နေရာကို ဖြတ်သန်းသွား ရသလို ခံစားနေရသည်။

“ဒါက ကောင်းတဲ့အရာပဲ”

ကျုံချောင်လည်း သတိထားမိသည်။ ဝိညာဉ်ချီများသည်သေးငယ်တဲ့ ငါးသလဲထိုးများ

အလား ခန္တာကိုယ်ထဲသို့ စိမ့်ဝင်လာပြီး ဆုံးသွားတဲ့ ဝိညာဉ်ချီ အရင်းအမြစ်တွေကို ပြန်လည်ဖြည့်ဆည်းပေးနေသည်။

ဒီခံစားချက်က ခြောက်သွေ့နေတဲ့ ရေတွင်းထဲသို့ ရေချိုတွေ ရှတ်တရှတ် စီးဝင်လာတဲ့အလား ဖြစ်နေသည်။

“မဟာသခင်ဆွန်းက တကယ် ရက်ရောတာပဲ”

ကျုံချောင်က အော်လိုက်မိသည်။ စကားလုံးတွေနဲ့ သူ့ရဲ့ လေးစားမှုကို ဖော်ပြဖို့ မလုံလောက်ပါ။ ဆွန်းမို

လက်ဆောင်ပေးခဲ့တဲ့ ဒီဆေးထုပ်ကြီးသည် ဗဟိုပြည်နယ် အကယ်ဒမီရဲ့ တမူထူးခြားတဲ့ ဆေးပါ။

ရှီချန်သည် ဂျိရှားအကယ်ဒမီရဲ့ ထိပ်တန်း မြွတ်ဆရာတစ်ယောက်ဖြစ်ပြီး ကျောင်းအုပ်ကြီးရဲ့ နက်နက်ရှိုင်းရှိုင်း အသိအမှတ်ပြုမှုကို ရရှိထားတဲ့လူလည်း ဖြစ်သည်။ သူကိုယ်တိုင် အမြင့်ဆုံးအဆင့် ဆေးထုပ် တော်တော်များများကို သုံးစွဲဖူးပေမယ့် သူ့အမြင်အရတော့ ဒီဆေးထုပ်နဲ့ ယှဉ်လို့ မရပါ။

ရှီချန်ရဲ့ အတွေ့အကြုံအရ အဖြေသေချာအောင် ဆေးရေစိမ်ပြီးတဲ့ အချိန်အထိ စောင့်နေစရာ မလိုပေ။

“ဗဟိုပြည်နယ် အကယ်ဒမီက ဆေးထုပ်ကြီးတောင် ဖော်စပ်နိုင်ရင် ဘယ်လောက်တောင် အရည်အချင်း ရှိလိုက်မလဲ။ ဒါပေမယ့် ဘာဖြစ်လို့ နိမ့်ကျနေသေးတာလဲ”

ရှီချန် နားမလည်နိုင်ပါ။ ဒါပေမယ့် သူပြန်ရောက်ရင်တော့ ကျောင်းအုပ်ကြီးဆီ အကြောင်းကြား ရမည်။ ဘယ်လောက်ပဲ ပေးရပါစေ တခြားသူတွေထက် ဦးအောင် ဒီဆေးထုပ်ကြီးတွေကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အမြောက်အမြား ဝယ်ယူပြီး ဗဟိုပြည်နယ်အကယ်ဒမီနဲ့ နည်းဗျူဟာ ပူးပေါင်းဆောင်ရွက်ရမည်။

“ဆရာ”

ကျုံချောင် မျက်ရည် ကျလာသည်။

(ဒီလောက် ကြီးမြတ်တဲ့ ကျေးဇူးတွေကို ဘယ်လိုပြန်ဆပ်ရမလဲ)

“ဖြည်းဖြည်းခြင်း စုတ်ယူ”

ရှီချန်က သူ့တပြည့်ရဲ့စိတ်သဘောထားကို ကောင်းကောင်း နားလည်သည်။ ကျန်ခဲ့တဲ့ ဘ၀

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တလျှောက်လုံးကို အပြစ်ရှိတဲ့စိတ်နဲ့ ရှင်သန်သွားလိမ့်မည်။

"နောက်ပိုင်း ဆရာဆွန်းကို မြင်တဲ့အခါ သူ့တပြည့်တစ်ယောက်လို ရိုရိုသေသေ ဆက်ဆံ"

"ဆရာ"

ကျုံချောင် လန့်ဖြန့်သွားသည်။ ပုံမှန်အားဖြင့် ဆရာတစ်ယောက်အတွက် ဒီလိုကိစ္စမျိုးသည် သားတစ်ယောက်က တခြားလူကို အဖေလို့ ခေါ်နေသလို ဖြစ်နေသဖြင့် ခွင့်မပြုကြပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှီချန်က ကျုံချောင်ရဲ့ ထိတ်လန့်နေတဲ့ အမူအရာကို ကြည့်ပြီး ပြုံးလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူက မင်းကို ဘဝအသစ်တစ်ခု ပေးထားတာပဲ"

....

ကြေးခေါင်းလောင်း ဟိုတယ်သို့ ပြန်ရောက်လျှင် ဆွန်းမိုတစ်ယောက် မောပန်းနွမ်းနယ် နေခဲ့သည်။ သူတစ်ရေးတစ်မော အိပ်ပျော်နေတဲ့ အချိန်တွင် စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ရှီချန် နဲ့ ကျုံချောင်တို့ နှစ်ယောက်စလုံးဆီက အသိအမှတ်ပြုမှုရပြီး တချိန်တည်းမှာပဲ လေးစားအထင်ကြီးမှု အမှတ် တစ်ထောင်ကျော်ရပြီး လေးစားအထင်ကြီးမှု ဆက်သွယ်ချက်လည်း အဆင့်တိုးသွားလို့ ဂုဏ်ပြုပါတယ်။ ဒါကြောင့် လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာတစ်လုံး ဆုချီးမြှင့်လိုက်တယ်"

ဒင်

"ပုဂ္ဂိုလ်ရေးအရ နာမည်နှင့် ဂုဏ်သိက္ခာ ဆုံးရှုံးမှုကို လျစ်လျူရှုပြီး ကျုံချောင်ကို ကယ်တင်ကာ ရှီချန်ရဲ့

ဆုတ်ယုတ်မှုတွေကနေ ပြန်မထနိုင်တဲ့ အပြစ်ရှိစိတ်တွေကို ဖယ်ရှားပေးခဲ့တဲ့ အတွက် ဂုဏ်ပြုပါတယ်။ တချိန်တည်းမှာပဲ သူ့ဆီက တစ်သက်စာ ခင်မင်မှုနဲ့ လေးစားမှုကိုလည်း ရရှိခဲ့တယ်။ ဒါက မြတ်ဆရာတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ဖြစ်လို့ မြတ်ဆရာတံဆိပ် နဲ့ လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာတစ်လုံး ဆုချီးမြှင့်လိုက်တယ်”

ဒင်

“ကျုံချောင်ရဲ့ ကုသရေး တာဝန်ကို အောင်မြင်သွားတဲ့ အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - ရွှေရောင် ရတာန သေတ္တာ တစ်လုံး”

စနစ်က ဆုအကြီး ကြီးသုံးခုကို ဆက်တိုက် ပေးလိုက်သည်။

“…………..”

ဆွန်းမိုက ဂဏန်းတစ်ကောင်ကို ညှပ်သတ်လို့ ရလောက်တဲ့အထိ မျက်မှောင်ကြုတ်နေသည်။

“ဘာဖြစ်လို့လဲ။ ဒီလောက် ကြီးကျယ်ခမ်းနားတဲ့ ဆုတွေရတာတောင် မကျေနပ်သေးဘူးလား”

စနစ် အံ့အောနေသည်။

“ရွှေရောင် ရတနာသေတ္တာကို တွေးကြည့်လိုက်အုံး။ တကယ်ကိုပဲ အနုအရွလေးတွေ မလုပ်တတ်ဘူး”

ဆွန်းမိုသည် စနစ်က အနုအရွလေးတွေကို လျစ်လျူရှုထားသဖြင့် ခေါင်းခါလိုက်မိသည်။

“……………..”

ဒီတစ်ကြိမ်တော့ စနစ် ဆွံ့အသွားတဲ့အလှည့် ဖြစ်နေသည်။ စနစ်မှာသာ မျက်ခုံးမွေးရှိရင် ဆွန်းမို ညှပ်ပြီး သေသွားလောက်သည်။

"မင်းက တတိယမြောက် လျို့ဝှက်ဆန်းကြယ် ရတနာသေတ္တာ လိုချင်နေတာ မဟုတ်လား"

"ငါက အပေါ်ယံပဲလား"

ဒင်

"ကျန်ဂျီနဲ့ လေးစားအထင်ကြီးမှု ဆက်သွယ်ချက် တိုးတက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဆုလဒ် - အနက်ရောင် ရတနာသေတ္တာ တစ်လုံး"

ဒါက စနစ်ရဲ့ တုန့်ပြန်မှုပါ။

"လူယုတ်မာ"

ဆွန်းမို ထပ်ပြီး သည်းမခံနိုင်တော့ပါ။ ဒါလည်းကောင်းသည်။ တာဝန်သုံးခုအောင်မြင်တဲ့ ရသတွေလည်း လုံးဝ ပျက်ဆီးကုန်ပြီ။

စနစ်လည်း ထွက်သွားသည်။ ဆွန်းမိုက ဒီနေ့ရခဲ့တဲ့ တိုက်ပွဲဆုတွေကို သဘောကျ ကျေနပ်နေသည်။ ဆုလဒ်တွေက ကြီးမားလွန်းသည်။ အထူးသဖြင့် မြတ်ဆရာတံဆိပ်ပေါ့ ဒါက မထင်မှတ်ထားတဲ့ဆုပါ။

“စနစ်ရဲ့ အဆင့်သတ်မှတ်ချက်အရဆို ငါကမြတ်ဆရာအမူအကျင့်နဲ့ ကိုက်ညီတဲ့အလုပ်တွေ ပိုလုပ်လေ ငါရတဲ့ ဆုတွေ ပိုကြီးလေပဲ”

ဆွန်းမိုက သုံးသပ်လိုက်သည်။

ဒေါက် ဒေါက်

တစ်ယောက်ယောက်က တံခါး ခေါက်နေသည်။

“ဆရာ၊ မင်းငါ့ကို ခေါ်သေးလား”

လုချီဟွာက တိုးတိုးလေးမေးလာသည်။

“အမ်”

ဆွန်းမိုလည်း ထပ်စောင့်မနေတော့ဘဲ လှမ်းလိုက်ရုံသာ ရှိတော့သည်။

လုချီဟွာက အခန်းထဲသို့ ဝင်လာပြီး ဆွန်းမိုကို စိတ်ညှိုးငယ်နေတဲ့ အကြည့်နဲ့ ကြည့်နေသည်။

“ဘာဖြစ်နေတာလဲ။ တစ်ယောက်ယောက်က မင်းကို အနိုင်ကျင့်လိုက်လို့လား”

ဆွန်းမို စိတ်ရှုပ်သွားသည်။

“မဟုတ်ဘူး”

လုချီဟွာ ခေါင်းငုံ့သွားသည်။ ငြင်းနေပေမယ့်လည်း ယောက္ခမ အနိုင်ကျင့်ခံနေရတဲ့ ချွေးမလေးလို မျက်နှာက ညှိုးငယ်နေသည်။

(မင်း ဆေးကုပေးဖို့သွားတာ ငါ့ကိုကျတော့ မခေါ်သွားဘူး)

(မင်းတို့ နှစ်ယောက်က လူလိမ်ကြီးတွေ…၊ ငါ…ငါ မင်းတို့ကို မကြိုက်တော့ဘူး။ ဟုတ်တယ်။ မင်းကို သုံးရက်စလုံး မကြိုက်ဘူး)

“တစ်ယောက်ယောက် မင်းကိုအနိုင်ကျင့်ရင် ငါ့ကိုပြော။ အဲ့ကောင်ကို သွားရိုက်ပစ်မယ်”

ဆွန်းမိုက လုချီဟွာဆီ လျှောက်သွားပြီး ဆံပင်ကို ပွတ်သပ်ကာ ပြောလိုက်သည်။ ဘယ်ကောင်တွေက

သတ္တိရှိပြီး သူ့ရဲ့ ကံကောင်းတဲ့ ကြယ်လေးကို အနိုင်ကျင့်တာလဲ။

ဆွန်းမိုလက်က လုချီဟွာခေါင်းပေါ်သို့ ရောက်သွားလျှင် သူမ နှလုံးသားထဲက ဝမ်းနည်းကြေကွဲနေတဲ့ ခံစားချက်များ ပျောက်ကွယ်သွားသည်။ အဆီရစ်ပြီး နူးညံ့နေတဲ့ ငါးခြောက် တစ်ခြမ်းကို ရလိုက်တဲ့ ကြောင်လေးတစ်ကောင်အလား မျက်လုံးမှေးစင်းသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အာ၊ ဒီသုံးရက်နဲ့ ဘာမှမဆိုင်ဘူး။ ငါက ဆရာ့ကို မကြိုက်ဘူးဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ)

လုချီဟွာက ခေါင်းစောင်းပြီး ဆွန်းမို လက်ဖဝါးပေါ် မှီလိုက်သည်။

"ရတနာသေတ္တာဖွင့် အနက်ရောင်နော်"

ဆွန်းမို သွေ့ပူးလေ့ကျင့်ခန်း လုပ်လိုက်သည်။

အလင်းရောင် ပျောက်သွားတာနဲ့ နှစ် (၃၀) အချိန်တံဆိပ်တစ်ခု ကျန်ခဲ့သည်။

"ဘာလဲဟ"

ဆွန်းမို လန့်ဖြန့်သွားပြီး သေတ္တာ ဆက်မဖွင့်ရဲတော့ပါ။ အနက်ရောင် ရတနာသေတ္တာသည် အများအားဖြင့်တော့ အနိမ့်ဆုံးအဆင့် ဆုတွေပဲ ရတတ်သည်။ အမြင့်ဆုံးအဆင့် ပစ္စည်းထွက်လာဖို့ အခွင့်အရေးက တစ် ရာခိုင်နှုန်းပဲ ရှိသည်။ ပြီးတော့ သူ့ကံက ဘယ်လောက် ကောင်းဖူးလို့လဲ။

ကံကောင်းတဲ့ ကြယ်တစ်ပွင့်တောင် ဒီလောက် မဖြုန်းတီးရဲဘူး။

“ဆရာ”

လုချီဟွာက ဆွန်းမို ခံစားချက် ပြောင်းသွားတာကို သတိထားမိသည်။ သူမက စိတ်ရှုပ်သွားပြီး ခေါင်းမော့ကာ ဆွန်းမိုကို မျက်လုံးလေး ပေကလတ်ပေကလတ်နဲ့ ကြည့်လိုက်သည်။

"ဘာမှ မဟုတ်ဘူး"

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

"ဆက်ပြီးတော့ ရွှေရောင်ရတနာသေတ္တာကို ဖွင့်မယ်"

ဒင်

“ဝိညာဉ်သားရဲဆင့်ခေါ်မှု အတွေ့အကြုံ အကြိမ် ၅,၀၀၀ ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ထူးဆန်းတဲ့ အနီရောင် တောက်ပနေသည့် စွမ်းရည် စာအုပ်တစ်အုပ် ပေါ်လာပြီး နတ်ဆိုးဆီက ထွက်လာတဲ့ သွေးစိမ်းတွေ အလား ဖြစ်နေသည်။

ရှူး

ဆွန်းမို ရင်တထိတ်ထိတ်နဲ့ လေအေးတစ်ချက် ရှိုက်လိုက်မိသည်။

ဒီဆုက ကြောက်ဖို့ကောင်းလောက်အောင် ကောင်းမွန်လှသည်။

ဝိညာဉ်ထိန်းချုပ်သူများသည် ဝိညာဉ်သားရဲ ဆင့်ခေါ်ရာတွင် ဝိညာဉ်ချီပမာဏ အများကြီး လိုအပ်ရုံသာမက အရမ်းမြင့်မားအောင် အာရုံစိုက်ထား ရသေးသည်။ အခြေခံအဆင့်အများစုတွင် ကျရှုံးနိုင်ခြေများသည်။ မဟာအဆင့်မှာတောင် ၃၀ ရာခိုင်နှုန်း ဒါမှမဟုတ် ဒီထက်ပိုပြီး ကျရှုံးနိုင်သေးသည်။

ဝိညာဉ်သားရဲက သန်မာလေလေ ကျရှုံးနှုန်း မြင့်လေလေ ဖြစ်သည်။ ဒါ့အပြင် ကျရှုံးပြီးရင် တုန့်ပြန်မှုတွေက ကွဲပြားသေးသည့်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်သားရဲ ဆင့်ခေါ်ခြင်းသည် အန္တရာယ် အရမ်းများတဲ့ကိစ္စ ဖြစ်သည်။

ဘာဖြစ်လို့ ဝိညာဉ် ထိန်းချုပ်သူတွေ အရမ်းနည်းနေရတာလဲ။

ဒီဘာသာရပ်က အရမ်းခက်ခဲသလို လေ့ကျင့်ရတာလဲ ပြဿနာများသည်။ ဒါ့အပြင် သေဆုံးနှုန်းကလည်း အရမ်းမြင့်မားသည်။ သူတော်စင်ဂိတ်ရဲ့ စာရင်းဇယားအရဆို ကိုယ်ပိုင် ဝိညာဉ်သားရဲ၏ အသတ်ခံရလို့ သေတဲ့

အရေအတွက်သည် တိုက်ပွဲမှာ သေဆုံးသွားတဲ့ အရေအတွက်ထက် ပိုများသည်။

အခုတော့ စနစ်က သူ့ကို ဝိညာဉ်သားရဲဆင့်ခေါ်မှု အတွေ့အကြုံ အကြိမ်အရေအတွက် ငါးထောင် ပေးထားသည်။

ဒါက ဘယ်လို အယူအဆလဲ။

တကယ်လို့ ဆွန်းမိုသာ ဒီဆုကို အသုံးပြုလိုက်ပါက ဝိညာဉ်သားရဲ ဆင့်ခေါ်ခြင်းကို တစ်ရက်လျှင် သုံးကြိမ်းနှုန်းနဲ့ လေးနှစ်ခွဲလောက် ဆင့်ခေါ်ခဲ့ဖူးသလို ဖြစ်သွားမည်။ ဒါ့အပြင် ကြိုးစားမှုတိုင်းကလည်း

အောင်မြင်တယ်လို့ သတ်မှတ်ထားသည်။ ဒီလိုအတွေ့အကြုံမျိုးနဲ့ဆို ငတုံးတစ်ကောင်တောင် ကျွမ်းကျင်သူ ဖြစ်လာနိုင်သည်။

တကယ်လို့ ဆွန်းမိုသာ ပုံမှန်အတိုင်း လျှောက်လမ်းရင် သေခြင်းတရားနဲ့ ရင်ဆိုင်ရမှာ ဖြစ်သလို ကြမ်းတမ်းတဲ့ သေမင်း၏ တံစဉ်ထဲက အကြိမ်ပေါင်းများစွာ ရှောင်နေရမည်။

ဆွန်းမိုက ညွှန်ကြားချက်ကို ကြည့်လိုက်သည်။ ဒီစွမ်းရည်စာအုပ်ကို အသုံးပြုပြီးနောက် အောင်မြင်မှု ရာခိုင်နှုန်း တိုးတက်လာလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အရင် သိမ်းထားလိုက်”

ဆွန်းမိုက စွမ်းအားကြီးတဲ့ အထွင့်အထိပ် သားရဲ ဂါထာများနဲ့ပဲ အသုံးချခြင်သည်။ ဥပမာ - နဂါးကို ဆင့်ခေါ်တာမျိုးပေါ့။

“ထပ်လုပ်မယ်”

လုချီဟွာခေါင်းကို နောက်တစ်ကြိမ် ပွတ်လိုက်ပြီး စနစ်အား တိုက်တွန်းလိုက်သည်။ ဒီအချိန်က သူ့ရဲ့ ကံတရား အသန်မာဆုံး ဖြစ်နေသဖြင့် အထွင့်အထိပ် ပစ္စည်း သေချာပေါက် ထွက်လာလိမ့်မည်။

ဝုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခရမ်းရောင်အလင်းတွေ ပေါက်ကွဲသွားပြီး လျှို့ဝှက်ဆန်းကြယ် ရတနာ သေတ္တာလည်း ပွင့်သွားပြီးနောက် လက်သီးအရွယ် အသီးတစ်လုံး ကျန်ခဲ့သည်။

ဆွန်းမို ချက်ခြင်း မျက်လုံး ပြူးသွားသည်။

ဒင်

“ရင့်မှည့်နေတဲ့ ဗောဓိသီးတစ်လုံး ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

မှတ်ချက် - ဒီအသီးက အမှောင်တိုက်ကြီးမှာတောင် အရမ်းရှားပါးသည်။

ဒါကို စားပြီးတာနဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အကျိုးသက်ရောက်မှုကြောင့် ဦးနှောက်နယ်ပယ် ချဲ့ထွင်လာလိမ့်မည်။ တိရိစ္ဆာန်တစ်ကောင်က ဒါကို စားလိုက်လျှင် ဝိညာဉ် ဉာဏ်အလင်းပွင့်ပြီး လူစကား ချက်ခြင်း ပြောနိုင်လာလိမ့်မည်။

"တခြား ဆိုးကျိုးတွေတော့ မသိသေးဘူး။ နမူနာက နည်းလို့"

"မအလ"

မိတ်ဆက်ကို ဖတ်ပြီးနောက် ဆွန်းမို မဆဲပဲ မနေနိုင်တော့ချေ။ ဒါက များလွန်းအားကြီးသည်။

"စနစ်၊ မှော်ဆေးပညာကို အခြေခံပြီး ပြောရင် ဒီဗေဇဓိသီးက ဘယ်အဆင့်လောက် ဖြစ်မလဲ"

"မြန်မြန် ပလုပ်သွားကျင်း။ ဆန်းကြယ်သူတော်စင်အဆင့် ဆေးပြားတောင် ဒါရဲ့ တစ်ရာခိုင်နှုန်းလောက် မကောင်းဘူး"

စနစ် အထင်သေးစွာ ပြောလာသည့်.

"ဒါဆို နတ်ဘုရားအဆင့်ပေါ့"

ဆွန်းမို အရမ်းပျော်သွားကာ လုချီဟွာကို ပုခုံးပေါ်ထမ်းပြီ လှည့်ပတ် ခုန်ပေါက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ့ရဲ့ကံကောင်းတဲ့ ကြယ်လေးက ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ" လို့ အော်လိုက်ချင်သည်။

"အမ်"

လုချီဟွာ ကြောင်တောင်တောင် ဖြစ်နေသည်။

(ဆရာ ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ အရမ်းပျော်နေတာလဲ)

"ဒါက ကမ္ဘာကြီးကို တစ်ခါမှ မမြင်ဖူးတဲ့ တောသားတစ်ယောက်ပဲ"

စနစ် ဝေဖန်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“နောက် သေတ္တာတစ်ခု ရှိသေးတယ်။ မြန်မြန်ဖွင့်”

“နေပါအုံး”

ဆွန်းမို စတင်ပြီး တွေဝေသွားသည်။ နတ်ဘုရားအဆင့် မှော်ဆေးပြားတောင် ရထားပြီးပြီ။ ကံကောင်းမှု ပမာဏက အရမ်းများလွန်းနေပြီ။ နောက်တစ်ခုက ကျရှုံးဖို့ များနေသည်။

မဖွင့်ဘဲနဲ့ ရက်အနည်းငယ်လောက် စောင့်နေရင် ကောင်းမလား။

"ဒါက လျှို့ဝှက်ဆန်းကြယ် ရတနာသေတ္တာတစ်ခုပဲ။ ဒီလောက်ကြီး အလေးထားစရာ လိုလို့လား"

စနစ်က ဝေဖန်လိုက်သည်။

"မြတ်ဆရာလုပ်ဆောင်ချက် ပိုလုပ်ရင် ဒါကို ထပ်ရနိုင်သေးတယ် မဟုတ်လား"

"မင်းပြောတော့ လွယ်လိုက်တာ။ ဒါဆိုလည်း သုံးလုံးလောက် ကြိုပေးထားပါလား"

ဆွန်းမိုက မျက်လုံးပြူးပြီး ပြန်ပြောလိုက်သည်။

"အကြံသမား"

စနစ်၏အဓိပ္ပါယ်က ရှင်းလွန်းသည်။ ကံအကောင်းဆုံး ရတနာသေတ္တာ ဖြစ်နေသဖြင့် မေးခွန်းထုတ်စရာ မလိုပေ။

ဆွန်းမို တွေဝေနေသေးသည်။

“ဖွင့်မှာလား၊ မဖွင့်ဘူးလား တစ်ခုခု ပြောအုံး”

စနစ်က တိုက်တွန်းလိုက်သည်။

“တစ်ခုခု”

ဆန်းမိုက ပြောလိုက်သည်။

“....”

တကယ်လို့ စနစ်မှာသာ အစောချေလမ်းကြောင်း ရှိပါက ဆွန်းမိုမျက်နှာကို တံတွေးထွေးပြီး နေလောက်ပြီ။

အခန်း(၅၅၇) - နတ်ဘုရားဘာသာစကား အချုပ်၊ သေခြင်း အန္တရာယ်။

ဒုတိယမြောက် လျှို့ဝှက်ရတနာ သေတ္တာကို ဖွင့်လိုက်သည်။ ခရမ်းရောင် အလင်းရောင်တွေ ပျောက်ကွယ်သွားပြီးနောက် ငွေဖြူရောင် တောက်ပနေတဲ့ ကျောက်မြတ်ရတနာ တစ်ခု ကျန်ခဲ့သည်။

ဒင်

“ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းဆိုင်ရာ နတ်ဘုရားဘာသာစကား၊ လွှတ်မြောက်ခြင်း သက်သေခံကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“မှတ်ချက် - ဝိညာဉ်ထိန်းချုပ်ခြင်း ဆိုင်ရာ နတ်ဘုရား ဘာသာစကားသည် ဝိညာဉ်သားရဲ နှင့် ဝိညာဉ်ဆိုင်ရာတွေကို အပြန်အလှန် ဆက်ဆံတဲ့ နေရာမှာ အသုံးပြုတဲ့ အဆင့်မြင့် ဘာသာစကားပါ။ ဒီစကားကို အသုံးပြုလိုက်တာနဲ့ ဝိညာဉ်သားရဲအပေါ် ထိန်းချုပ်ထားတဲ့ ပဋိညာဉ်စာချုပ်ကို ၉၉ ရာခိုင်နှုန်း

ဒါမှမဟုတ် ဒီထက်ပို မြင့်မားနှုန်းနဲ့ ဖယ်ရှားကာ ဝိညာဉ်သားရဲများကို လွတ်လပ်မှု ပြန်ပေးနိုင်သည်။

“ဝိုး “

စနစ်ရဲ့ ရှင်းပြချက်ကို ဖတ်ရှုပြီး ဆွန်းမို အံ့အောသင့်သွားသည်။ ဒါက ကောလိပ်ဝင်ခွင့် စာမေးပွဲတွင် အမှတ် ၁၄၀ ရသလို ကြောက်ဖို့ကောင်းသည်။ ဘာကိုပြောချင်တာလဲ ကွက်ကွက်ကွင်းကွင်း နားလည်သည်။ ဒါပေမယ့် ဒါက အစွမ်းထက်လွန်း မနေဘူးလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝိညာဉ်သားရဲ ထိန်းချုပ်သူမှာ ဝိညာဉ်သားရဲများနဲ့ ဆက်သွယ်ဖို့ နည်းလမ်းအများကြီး ရှိသည်။ အနိမ့်ဆုံး ဆက်သွယ်မှုအဖြစ် လက်ဟန်အမူအရာ ဒါမှမဟုတ် အော်ဟစ်ပြီး ကိုယ်လက်အမူရာနဲ့ ပြကြသည်။ အလယ်အလတ်ကတော့ ဘာသာစကားနဲ့ ဆယ်သွယ်ကြလိမ့်မည်။ ဒါပေမယ့်လည်း မတူညီတဲ့ မျိုးစိတ်နှစ်ခုကြား ဆက်သွယ်မှုဖြစ်သဖြင့် မှားယွင်းတဲ့ အချက်တချို့နဲ့ အဆင်မပြေမှုများ ရှိနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက နိုင်ငံပေါင်းစုံက လူနှစ်ယောက်ကြား ဆက်သွယ်သလိုပဲ။ လူမျိုးရေးနှင့် ယဉ်ကျေးမှု ကွာခြားခြင်းကြောင့် ဆက်သွယ် ပြောဆိုတဲ့ နေရာတွင် ကွဲလွဲမှုများ ရှိနိုင်သည်။

အဆင့်မြင့်တဲ့ လုပ်ဆောင်နည်းကတော့ စိတ်ခြင်းဆက်သွယ်တာပဲ ဖြစ်သည်။ ဘယ်ဘာသာစကားမှ မလိုဘဲ ပြောချင်တာကို စိတ်ချင်း ဆက်သွယ်ပြီး ပြောလို့ရသည်။ အတွေးတစ်ခုတည်းနဲ့ တစ်ယောက်စိတ် တစ်ယောက်

သိနိုင်သည်။ မြန်ဆန်ပြီး တိုက်ရိုက်ကြသည်။ အတားအဆီး အမှားအယွင်းများ မရှိတော့ပါ။

နတ်ဘုရားဘာသာစကားနဲ့ ပက်သက်ပြီး အစွမ်းအထက်ဆုံးကတော့ လက်ရှိတည်ရှိနေတဲ့ ပဋ္ဌိညာဉ် စာချုပ်တွေကို ၉၉ ရာနိုင်နှုန်း ဖယ်ရှားပေးနိုင်တဲ့ အချက်ပါ။

ဝိညာဉ်သားရဲ ထိန်းချုပ်သူများသည် တိုက်ပွဲမှာ ကူညီဖို့အတွက် ဝိညာဉ်သားရဲများကို ဆင့်ခေါ်တတ်ကြသည်။ ဒါကြောင့်လည်း သူတို့သည် ကန့်သတ်ပြီး ထိန်ချုပ်ဖို့အတွက် ပဋ္ဌိညာဉ်

အမျိုးမျိုးကို အသုံးပြုကြသည်။ ဒီလိုမှမဟုတ်ရင် ဝိညာဉ်သားရဲတွေက သူတို့ကို ပြန်တိုက်ခိုက်ကြလိမ့်မည်။

ပဋိညာဉ်စာချုပ်များတွင် နှစ်ဖက်စလုံးကို တန်းတူညီမျှ ထားတဲ့ ချစ်ကြည်ရေး စာချုပ်၊ အထက်အောက် ဆက်ဆံရေးနဲ့ ကျွန်ပြုတဲ့ သခင်နှင့်ကျွန် စာချုပ် ၊ ဒါနဲ့အလားသဏ္ဍာန်တူတဲ့ ကျွန်ပြုခြင်း ဆိုပြီး သုံးမျိုး ရှိသည်။ ဒီစာချုပ် သုံးမျိုးအပြင် ရှားပါးတဲ့ စာချုပ်တချို့လည်း ရှိသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဒီနတ်ဘုရား ဘာသာစကားက အဲဒါတွေကိုတောင် ဖယ်ရှားပေးနိုင်မယ်လို့ မင်းထင်လား"

ဆွန်းမိုက မယုံကြည်နိုင်စွာ မေးလိုက်သည်။

"ဒါအမှန်ပဲ။ ဒီလွတ်လပ်မှုသက်သေခံက နတ်ဘုရား ဘာသာစကားအဆင့်နဲ့ မရေးထားတဲ့ ပဋိညာဉ်အားလုံးကို ဖယ်ရှားနိုင်တယ်"

စနစ်က ရှင်းပြသည်.

"နတ်ဘုရား ဘာသာစကားအဆင့်ဆိုတာ ဘာလဲ"

ဆွန်းမို သိချင်လာသည်။

"နတ်ဘုရား ဘာသာစကားဆိုတာက တစ်ကြိမ် အမိန့်ပေးလိုက်တာနဲ့ အမိန့်အတိုင်း တင်းကြပ်စွာ ပြဌာန်းထားတဲ့ ဘုရားဘာသာစကားကို ဆိုလိုတယ်။ ထုံးစံအတိုင်း ကမ္ဘာ့ဥပဒေသတွေရဲ့ စွမ်းအားလည်း ပါဝင်တယ်။ ဒါကြောင့်လည်း နားထောင်တဲ့လူက ခြွင်းချက်မရှိ အမိန့်လိုက်နာရတယ်"

ဒီလိုပြောပြီးနောက် စနစ်က ပိုနားလည်ရလွယ်ကူအောင် ရှင်းလင်း လာပြန်သည်။

"ပိုရှင်းအောင် ပြောရရင် ဒါက အမြင့်ဆုံးအဆင့် ဝိညာဉ်ရေးရာ စာချုပ်ပဲ"

"ဘုရား ဘာသာစကား ဟုတ်လား"

ဆွန်းမို နှုတ်ခမ်းများ အနည်းငယ် လှုပ်ယမ်းသွားသည်။ ဘာသာမဲ့ တစ်ယောက်အနေနဲ့ ဒီ အသုံးအနှုန်းကို ကြားလိုက်လျှင် အနည်းငယ် ထူးဆန်းသလို ဖြစ်နေသည်။

"ဖော်ပြချက် တစ်ခုနဲ့ ဖျက်သိမ်းလိုက်လို့ ရတယ်"

စနစ်က ပြုံးပြီး ပြောသည်။

"နောက်ပြီးတော့ ဒီကမ္ဘာမှာ မဖြေရှင်းနိုင်တဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေ အများကြီး ရှိသေးတယ်။ နတ်ဘုရားတွေရဲ့ နယ်ပယ်က ရှိကောင်းရှိနိုင်တယ်"

"......"

ဆွန်းမိုရဲ့ အကြည့်တွေက ကျောက်မြတ်ရတနာဆီ ရောက်သွားသည်။ ဒါက သစ်ကြားသီး အရွယ်လောက်ရှိပြီး အပေါ်ပိုင်းက လုံးဝန်းနေသည်။ ထုတ်လွှင့်နေတဲ့ ငွေဖြူရောင် အလင်းမှာ သန့်စင်ပြီး လွတ်လပ်တဲ့ အငွေ့အသက် ရှိနေသည်။

အလင်းရောင်နဲ့ ထိတွေ့လိုက်လျှင် သက်တောင့်သက်သာ ခံစားရသည်။ မောပန်းနွမ်းနယ်နေတဲ့ စိတ်ဝိညာဉ်သည်

ကမ်းတစ်ခုမှာ ရပ်ထားတဲ့ သင်္ဘောတစ်စီးအလား ချက်ခြင်းကို သက်တောင့်သက်သာ ဖြစ်သွားသည်။

"ကျွတ်ကျွတ်၊ ဒီကောင်မလေးရဲ့ ကံကို တကယ်ချီးကျူးရမယ်။ သူမရဲ့ သင်္ဘောသီးက ကြီးလည်းကြီးသင့်ပါတယ်ကွာ။ ဒီအဆင့် ဆုလဒ်ကို ရနိုင်မယ်လို့ မထင်ထားမိဘူး"

စနစ်က အလန့်တကြား ထအော်သည်။

"ဒါက အရမ်းကောင်းလို့လား"

ဆွန်းမိုက မျက်ခုံးပင့်ပြီး မေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

" နတ်ဘုရားမျက်စိအာရုံကို အံ့အောဖို့ကောင်းတယ်လို့ ထင်လား"

စနစ်က မေးလိုက်သည်။

"ဒါပေါ့"

ဆွန်းမိုသည် နတ်ဘုရား မျက်စိအာရုံနှင့် ရှေ့ဟောင်းအနှိပ်ပညာကို အချိန်အများစု အားကိုးနေရသည်။ အခုဆိုရင် သူနဲ့ တသားတည်းလို ဖြစ်နေပြီ။ ဒါနဲ့သာဆိုရင် ယောကျာ်းတစ်ယောက်က သူ့မိန်းမအပေါ်မှာ သစ္စာဖောက်လား ၊ မဖောက်လား ဆိုတာတောင် ပြောနိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အဆင့်အနေနဲ့ ပြောရရင် ဝိညာဉ်ထိန်းချုပ်ခြင်းဆိုင်ရာ နတ်ဘုရား ဘာသာစကားက နတ်ဘုရားမျက်စိအာရုံထက် နဲနဲ အဆင့်မြင့်သေးတယ်”

စနစ်က ရုတ်တရက် သက်ပြင်းချပြီး ပြောလိုက်သည်။

“ဒါက ဖယ်ရှားတဲ့ နတ်ဘုရား ဘာသာစကားဖြစ်နေတာ စိတ်မကောင်းစရာပဲ။ စာချုပ် အတင်းအကြပ်ချုပ်ဆိုတဲ့ နတ်ဘုရား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘာသာစကားသာဆိုရင် မင်းချမ်းသာပြီ။ ဧရာမနဂါးကြီးတွေကိုတောင် မင်း ဖမ်းနိုင်တယ်”

“အဲဒါကို စနစ်ရဲ့ စတိုးဆိုင်မှာ ဝယ်လို့ရလား”

ဆွန်းမိုတစ်ယောက် သိချင်စိတ်ပြင်းထန်ပြီး ရင်ဘက်တောင် အောင့်နေပြီ။ တကယ်လို့ သူသာ ဒါကို ရလိုက်လျှင် ဝိညာဉ်သားရဲ ထိန်းချုပ်သူ ဘုရင် ဖြစ်လာလိမ့်မည်။ နောက်ဆို ကိုယ်တိုင် တိုက်ခိုက်စရာ မလိုတော့ပေ။ သူကိုယ့်ကိုယ်စား ဝိညာဉ်သားရဲ အုပ်စုကြီးကို တိုက်ခိုက်ထားခိုင်းလိုက်လို့ရသည်။

"ဒါက ရောင်းဖို့ မဟုတ်ဘူး။ သိမ်းထားတာ မရှိဘူး။ မင်းအတွေးလွန်ပြီ"

စနစ်က သုံးကြိမ်ဆက်တိုက် ငြင်းလိုက်သည်။

"မင်းမလုပ်နိုင်တာ ဘာမှမရှိဘူးလို့ မပြောခဲ့ဘူးလား"

"........"

စနစ်သည် ဆွန်းမိုနဲ့ထပ်ပြီး စကားပြောချင်စိတ် မရှိတော့ပါ။ ခွေးတစ်ကောင်လို ဖင်ကိုသာ ပိတ်ကန်ပစ်လိုက်ချင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါက တခြား သူတွေလုပ်ထားတဲ့ ပဋိညာဉ် စာချုပ်ကို ဖျက်ပစ်လို့ရလား"

ဆွန်းမို မယုံကြည်နိုင်သေးပါ။ သူ့ရဲ့ မဟာအဆင့် အသိပညာအရ ဝိညာဉ်သားရဲ ပဋိညာဉ်စာချုပ်များသည် တော်တော်လေးကို လျှို့ဝှက်ဆန်းကြယ်ပြီး အရမ်းလည်း သီးသန့်ဆန်တယ်ဆိုတာ သိနေသည်။ ဒါတွေက အရမ်းကို ရှုပ်ထွေးတဲ့ စကားဝှက်နဲ့တူသည်။ အပြင်လူတွေအတွက် ကုဒ်ဖြည်ဖို့ အရမ်းခက်သည်။

ဒါ့အပြင် ဒဏ်ပြန်သက်ရောက်ခံရဖို့လည်း အရမ်းလွယ်ကူသည်။ ဒါကြောင့် တခြားသူရဲ့ ဝိညာဉ်ပင္ကိုညာဉ်စာချုပ်ကို လူတိုင်း ဝင်မစွက်ဖက်ချင်ကြပါ။

‘ပိုင်ရှင်၊ ကျေးဇူးပြုပြီး ခက်ခဲတဲ့မေးခွန်းတွေ မမေးပေးလို့ မရဘူးလား။ ဒီလိုမှမဟုတ်ရင် မင်းရဲ့ ဉာဏ်ရည်ကို သံသယ ဖြစ်မိတော့မယ်”

စနစ်က အထင်အမြင်သေးစွာ ပြောလာသည်။

“ဘယ်လို ဒဏ်ပြန်သက်ရောက်မှုမှ မရှိဘူးနော်”

ဆွန်းမိုသည် အရမ်းစိတ်လှုပ်ရှားပြီး ရင်တဒိတ်ဒိတ်ခုန်လာသည်။ ဒီလိုဆိုရင် ဒါက ကျိန်းသေပေါက်ကို ကြီးကျယ်ခမ်းနားတဲ့ ရတနာပါ။

"စစ်ဆေး အတည်ပြုပြီးသား။ မင်းက နားလည်နိုင်စွမ်း သုညနဲ့ အမှိုက်ပဲ"

စနစ်က လက်တွေ့တရားကို သိသွားသလိုလို ပြောလာသည်။

"ဒါဆိုရပြီ မင်းအနားယူတော့"

ဆွန်းမိုက လက်ခါပြီး ပြောလိုက်သည်။ လွတ်လပ်ခြင်း သက်သေခံဆိုတဲ့ နာမည်ကြားရတာနဲ့

အရမ်းကောင်းနေပြီ။ ဆရာတစ်ယောက်အနေနဲ့ ဆွန်းမိုသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်းဆိုတဲ့ စကားလုံးတွေအပေါ် တော်တော်လေး အမြင်ကောင်းသည်။

“မင်းက အတ္တသမား တစ်ယောက် မဟုတ်ဘူးလား”

စနစ် အရှုန်းဖောက်လာသည်။

“ပြန်သွားပြီး အနားယူလိုက်တော့”

ဆွန်းမိုက လုချီဟွာကို ပြန်လွှတ်လိုက်ပြီးလျှင် မစောင့်နိုင်တော့ဘဲ နှလုံးပုံစံ ကျောက်မြတ်ရတနာကို

ထုတ်ယူလိုက်သည်။ ထို့နောက် အသုံးပြုနည်းလမ်းညွှန် မရှိတာကို သတိထားလိုက်မိသည်။

ဒါကို မျိုချရတာတော့ မဟုတ်ပါဘူးနော်။

"အို ၊ ငါပြောဖို့မေ့သွားတယ်။ ဝိညာဉ်သားရဲထိန်းချုပ်ခြင်းဆိုင်ရာ နတ်ဘုရားဘာသာစကားက နတ်ဘုရားအဆင့် ဘာသာစကားနော်။ ထုံးစံအတိုင်း ကြောင်လီပူတွေ၊ ဆန်ကုန်မြေလေးတွေ ဒါမှမဟုတ် ငထုံငအတွေ သင်လို့ရတဲ့ အရာမဟုတ်ဘူးနော်။ မင်းနားမလည်နိုင်ရင် အလဟဿ ဖြစ်သွားမယ်" စနစ်က ရုတ်တရက် ပြောလိုက်သည်။

ဆွန်းမို ဆွံ့အ သွားသည်။

သူ အရမ်းပင်ပန်းနေပြီ။ ဒါပေမယ့် ဒီရတနာက လက်ထဲ ရောက်နေပြီ ဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်မှာလဲ။ ဒါကြောင့်လည်း ကျောက်မြတ်ရတနာကို တစိုက်မတ်မတ် စိုက်ကြည့်နေသည်။ ဒီအချိန်အတောအတွင်းမှာ သွေးစက်ချကြည့်တယ်၊ တံတွေးထွေးကြည့်တယ်၊ အသံမဲ့စကားပြောကြည့်တယ်၊ နည်းလမ်း ပေါင်းစုံနဲ့ ကြိုးစားခဲ့ပြီးပြီ။ မအောင်မြင်တာကတော့ စိတ်မကောင်းစရာပါ။

“တကယ်ကြီး မျိုချရမှာလား”

ဆွန်းမိုက ကျောက်မြတ်ရတနာကို ပါးစပ်ထဲ ထည့်လိုက်သည်။

ဒေါက် ဒေါက်

တံခါးခေါက်လိုက်တဲ့ အသံထွက်ပေါ်လာသည်။

“ဆရာ၊ ငါဝင်ခဲ့မယ်”

လီဇီချီက ပြောပြောဆိုဆိုနဲ့ ဝင်ချလာသည်။

ဖူး

ဆွန်းမိုက ကျောက်မြတ်ရတနာကို အမြန်ထွေးထုတ်ပြီး ပါးစပ်ကို သုတ်လိုက်သည်။

ဒါကြီးက တကယ်ကြီးတယ်။ ပါးစပ်ထဲ ခဏလောက် ထည့်ထားလိုက်တာတောင် ပါးစပ်တွေ နာကျင်လာသည်။ ပြီးတော့ တံတွေးတွေလည်း စီးကျလာသည်။ ကျွတ်ကျွတ် ပါးစပ်ထဲ ဌက်ပျောသီး ထည့်တဲ့ မိန်းကလေးတွေ ဘယ်လို ခံစားရလဲ တွေးလိုက်မိသည်။

"ဆရာ၊ ငါ စွတ်ပြုတ် ပြုတ်ပြီးပြီ"

လီဇီချီသည် ပြန်ရောက်တာနဲ့ မီးဖိုချောင်သွားပြီး စွတ်ပြုတ် ပြုတ်နေခဲ့သည်။ ဆရာ့အခန်းမှာ မီးလင်းနေတာ မြင်လိုက်လျှင် စွတ်ပြုတ်တစ်ခွက် ယူလာခဲ့သည်။

"အမ်၊ မင်း ပင်ပန်းသွားပြီ"

ဆွန်းမို ပြုံးပြုံးရယ်ရယ်နဲ့ စွတ်ပြုတ်ပန်းကန်ကို လှမ်းယူလိုက်ပြီး တစ်ဇွန်း သောက်လိုက်သည်။

"အရသာ မဆိုးဘူး။ စောစော သွားအနားယူတော့"

"ငါ မပင်ပန်းပါဘူး"

လီဇီချီသည် ဆွန်းမို ဘေးနားမှာထိုင်ကာ စွတ်ပြုတ်သောက်နေတဲ့ ပုံစံအား မေးစေ့ကို လက်နှစ်ဖက်နဲ့ ထောက်ပြီး ကြည့်နေသည်။ ထို့နောက် သူမရဲ့ အကြည့်က ကျောက်မြတ်ရတနာဆီ အမှတ်တမဲ့ ရောက်သွားသည်။ ဒီကျောက်မြတ်ရတနာက လှပပြီး တကယ်ဆွဲဆောင်မှု အားကောင်းလွန်းသည်။

“အမ်၊ ဒါက ဘာလဲ”

လီဇီချီ စိတ်ဝင်စားလာသည်။

“စိတ် ကြိုက်ကြည့်လေ”

ဆွန်းမိုက စိတ်ထဲမထားပါ။ ရတနာကို ရရှိတာနဲ့ သူ့အတွက်ပဲ သိမ်းထားမည့်လူ မဟုတ်ပါ။

“ငါ ကိုင်ကြည့်လို့ ရမလား”

လီဇီချီက လက်ဆန့်ပြီး ကျောက်မြတ်ရတနာကို လက်ဖျားလေးနဲ့ ထိကြည့်လိုက်သည်။ သူမကြောင့် ပျက်ဆီးသွားမှာ စိုးရိမ်နေသည်။

“ ရပါတယ်”

ဆွန်းမိုက ရယ်လိုက်ပြီး စွတ်ပြုတ် ဆက်သောက်နေသည်။

လီဇီချီက ကျောက်မြတ်ရတနာကို စိုက်ကြည့်လိုက်တဲ့ အချိန်တွင် သူမနှလုံးသားကို တစ်ခုခု ဆုပ်ကိုင်ထားသလို ခံစားလိုက်ရသည်။ ရုတ်တရက် မိုက်ကနဲ ဖြစ်သွားသည်။ အသိ ပြန်ဝင်လာတဲ့အချိန် အဆုံးမရှိတဲ့ တိမ်ပင်လယ်ကြီး အပေါ်ရောက်နေတာ သတိထားလိုက်မိသည်။

"ဒီနေရာက ဘယ်မှာလဲ"

လီဇီချီ အံ့အောသွားသည်။

"အမ်၊ ငါဘယ်ရောက်နေတာလဲ။ ဘာဖြစ်လို့မမှတ်မိရတာလဲ။ ဒါတွေ စဉ်းစားမနေနဲ့တော့။ ဒီနေရာက အရမ်းလှတာပဲ"

လိပ်ပြာတချို့က သူမအနားမှာ ဝဲပျံနေသည်။ လီဇီချီက သူတို့နောက် ပြေးလိုက်နေသည်။

ဝေါင်း

ကျယ်လောင်တဲ့ အော်သံကြီး ရုတ်တရက် ထွက်ပေါ်လာသည်။

မဝေးလှတဲ့ နေရာက တိမ်ပင်လယ်ကြီး အက်ကွဲသွားကာ ကြီးမားသော ရှေ့ဟောင်း

ဝေလငါးတစ်ကောင် ရုတ်တရုတ် ထိုးတက်လာသည်။ ထို့နောက် ပေါက်ကွဲသံနဲ့အတူ တိမ်လှိုင်းတွေ လွှင့်စင်လာသည်။

ဝုန်း

တိမ်လှိုင်းတွေသည် တောင်ထိပ် တစ်ခုအလား ပတ်ပတ်လည်ကို ဖြန့်ထွက်လာသည်။

အား

လီဇီချီသည် အော်ဟစ်ပြီး အရှူးအမူး ထွက်ပြေးနေသည်။ ဒါပေမယ့် စက္ကန့်အနည်းငယ်အတွင်းမှာ တိမ်လှိုင်းတွေက

သူမကို ဖုံးအုပ်သွားသည်။ ခေါင်းတွေ မူးနောက်နောက် ဖြစ်သွားပြီး နစ်မြုပ်သွားသည်။ ဒါပေမယ့် သိပ်မကြာခင် သူမခန္ဓာကိုယ်က ပေါ့ပါးလာပြီး ပြန်ပေါ်လာသည်။

ဖုတ်

လီဇီချီ တိမ်တွေအထက်မှာ နောက်တစ်ကြိမ် ပေါ်လာပြန်သည်။ ငုံ့ကြည့်လိုက်တော့ လင်းပိုင်တစ်ကောင်က သူမကို မြောက်တင်ပေးထားတာ တွေ့လိုက်ရသည်။

ပိုအံ့အောဖို့ကောင်းတာက လင်းပိုင်ရဲ့ ခေါင်းမှာ ရွှေရောင်ချိုကြီး တစ်ခု ရှိနေသည်။

ကွီ ကွီ

လင်းပိုင်က အော်ဟစ်နေသည်။ သိပ်မကြာခင် လင်းပိုင်ရဲ့ ပတ်ပတ်လည်မှာ ပိုများတဲ့ လင်းပိုင်တွေ ပေါ်လာသည်။

"ဟားဟား"

လီဇီချီ စတင် ရယ်မောလာသည်။ လှိုင်းလုံးများက သူ့မျက်နှာကို လာစင်နေတဲ့အချိန်တွင် စိတ်ထဲက စိတ်ဒုက္ခတွေလည်း အဝေး လွင့်စင်သွားသည်။

သူမသည် ကမ္ဘာကြီးအပေါ်မှာ ပျံဝဲနေတဲ့ ငါးတစ်ကောင်အဖြစ် ပြောင်းလဲသွားပုံရသည်။

လွှတ်လပ်ပြီး အတားအဆီး မဲ့နေသည်။

....

အခန်းထဲမှာ.........

ဆွန်းမိုသည် စွတ်ပြုတ်ကို အေးအေးဆေးဆေး သောက်ပြီး လီဇီချီကို စစ်ဆေးကြည့်ဖို့ လုပ်လိုက်လျှင် သူမရဲ့ အကြည့်တွေက အသိမဲ့နေတာကို တွေ့လိုက်ရသည်။ အဲဒီနေရာမှာပဲ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး သူမနဖူးကနေ ပြာလဲ့လဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အငွေ့အသက်များ ကျောက်မြတ်ရတနာဆီ စီးဆင်းသွားတာကို တွေ့လိုက်ရသည်။

ဖူး

ဆွန်းမို ရုတ်တရက် ထိတ်လန့်သွားပြီး ပါးစပ်ထဲက စွတ်ပြုတ်တွေ ထွေးထုတ်လိုက်မိသည်။

ဘာဖြစ်နေတာလဲ။

ဒီ နတ်ဘုရားဘာသာစကား ကျောက်မြတ်ရတနာက လီဇီချီရဲ့ ဝိညာဉ်ကို ဝါးမြိုနေတာလား။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမို တစ်စက္ကန့်တောင် မတွေးတော့ပေ။ ကျောက်မြတ်ရတနာကို ဖျက်ဆီးဖို့အတွက် သူ့ရဲ့ အကောင်းဆုံး ကျင့်စဉ်ကို ထုတ်ဖော်ရန် ခွန်အား အားလုံး ဆင့်ခေါ်ပြီး လက်သီးထိုးလိုက်သည်။

ဘုန်း

တောက်ပတဲ့ အလင်းရောင် ရုတ်တရက် တောက်ပလာသည်။

သူတော်စင်အဆင့်ကျင့်စဉ်တောင် ဒါကို အစင်းရာတစ်ခုဖြစ်အောင် မလုပ်နိုင်ခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးက အလုပ်မဖြစ်တာ မြင်လိုက်လျှင် လုံ့အစား လက်မောင်းကို အသုံးပြုပြီး မြက်ခင်းမီးတောက် လေပြင်းလုံ့ကျင့်စဉ်ကို အသုံးပြုလိုက်သည်။

အဇူရာ မီးတောက်

ဘုန်း

ကျောက်မြတ်ရတနာက နောက်ထပ် အလင်းရောင် ပိုတောက်လာပြီး ဘာမှတော့ မဖြစ်သွားပေ။

“မအလ”

ဆွန်းမိုသည် လီဇီချီရဲ့ ဝိညာဉ်ကို ကျောက်မြတ်ရတနာ ဝါးမြိုနေတာ ကြည့်ရင်း ဒေါသတွေ ပေါက်ကွဲနေသည်။ ဒေါသကြီးကာ သွေးအန်ထွက်သွားသည်။

"ဝင်ခွင့်ပြု"

ဆွန်မိုက လီဇီချီကို ကာကွယ်ရန် ဒါမှမဟုတ် သူမကို ပြန်ခေါ်နိုင်ရန် သူ့ရဲ့ ဝိညာဉ်ကို ကျောက်မြတ်ရတနာဆီ ပို့လိုက်သည်။ ဒါပေမယ့် တုန့်ပြန်မှု လုံးဝမရှိပါ။

"ဒီ မအေလ က ဘာဖြစ်နေတာလဲ"

ဆွန်းမိုက ဆဲဆိုပြီး ကျောက်မြတ်ရတနာကို တူနဲ့ထုလိုက်တဲ့အလား ခေါင်းနဲ့ တိုက်ချလိုက်သည်။

ဒိုင်း

စားပွဲ ကွဲသွားပေမယ့် ကျောက်မြတ်ရတနာ မပျက်ဆီးပေ။ ဒါ့အပြင် လေထဲမှာတောင် လွင့်မျောနေသည်။ လီဇီချီရဲ့ ဝိညာဉ်က ကျောက်မြတ်ရတနာနဲ့ ပေါင်းစပ်သွားသည်။ သူမက ဝိညာဉ်ကို ဆုံးရှုံးပြီး အခွံလွတ် တစ်ခုလို ဖြစ်နေသည်။

ဆွန်းမို နဖူးကွဲသွားပြီး ရေတံခွန် တစ်ခုအလား သွေးတွေ စီးကျလာသည်။ မျက်စိကို ဖုံးသွားသဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အာရုံဝေဝါးသွားသည်။ ဒါပေမယ့် အသုံးမဝင်ပါ။ သူ့ဝိညာဉ်က သူ့ခေါင်းထဲမှာ ရှိနေသေးသည်။

"ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲ"

ဆွန်းမို တိုးတိုးလေး ရေရွတ်နေသည်။ စနစ်အကြောင်း ရုတ်တရက် တွေးလိုက်မိသည်။

"စနစ်၊ ဘာဖြစ်နေတာလဲ"

"တောင်းပန်ပါတယ်။ မှတ်ချက် မရှိဘူး"

စနစ်က မညှာမတာ ပြန်တုန့်ပြန်သည်။

အခန်း(၅၅၈) - မြတ်ဆရာ အရှိန်အဝါ အသစ်။

စနစ်က လက်ရှောင်ပြီး သွေးအေးစွာ စောင့်ကြည့်နေသည်။

သူက ဆွန်းမိုရဲ့ ကလေးထိန်း မဟုတ်သလို သေဖော်သေဖက် ဆက်ဆံမျိုးလည်း မဟုတ်ပါ။ တကယ်လို့ ဆွန်းမို သေသွားရင်လည်း ပိုင်ရှင်အသစ်ရှာပြီး သူ့တာဝန်ကို ဆက်လက် လုပ်ဆောင်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းက ပြတ်သားတဲ့ လူတစ်ယောက်ပါ။ စနစ်ဆီက အကူအညီမရလျှင် ချက်ခြင်း လက်လျှော့လိုက်သော်လည်း ဇွဲမလျှော့ပါ။ အဲဒီအစား တခြားဖြေရှင်းတဲ့ နည်းလမ်းကို ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီတစ်ချက်နဲ့တင် စနစ်ရဲ့အမြင်မှာ ဆွန်းမိုကို ပိုလေးစားလာသည်။ အရင်ပိုင်ရှင်တွေတုန်းကလည်း အသက်အန္တရာယ်နှင့် သေခြင်းတရားတွေ ကြုံခဲ့ကြသည်။ သူတို့က ချက်ခြင်းပဲ အကူအညီ တောင်းကြသည်။ တကယ်လို့ သူတို့ကို

ငြင်းပယ်လိုက်ရင်လည်း ဆက်လက်ပြီး အကူအညီတောင်းနေသဖြင့် ကယ်တင်ဖို့အတွက် အကောင်းဆုံးအခွင့်အရေးကို ဖြုန်းတီးနေကြသည်။

"ဇီချီ၊ ထစမ်း"

ဆွန်းမိုက ဝမ်းခေါင်းသံကြီးနဲ့ အော်ဟစ်လိုက်သည်။

ဝူရှ်

ရွှေရောင် အရှိန်အဝါ ဖြာထွက်လာပြီး လီဇီချီတစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

ဆွန်းမို ဖိအားပေးပြီး နိုးလာအောင် လုပ်ပေမယ့် အသုံးမဝင်ပါ။

"အရှိန်အဝါရဲ့အဆင့်က အရမ်းနှိမ့်နေလို့လား"

ဆွန်းမိုက ဒါကို စဉ်းစားရင်း နှစ် ၅၀ အချိန်တံဆိပ်ကို တန်းထုတ်ပြီး ချေမွလိုက်သည်။

"လေးနက်တဲ့စကားကို အဆင့်မြှင့်တင်မယ်"

ဘီ,,,

ရုတ်တရက်ဆိုသလို ပြင်းထန်တဲ့ အစိမ်းရောင် အလင်းတန်းတွေက ဆွန်းမိုကို ဖုံးအုပ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချောက်ကမ်းပါးထိပ်မှာပေါက်နေတဲ့ အစိမ်းရောင်မြက်ခင်းပြင်ကြီး အလား ဖြစ်နေသည်။

ဒင်

“လေးနက်တဲ့စကားကို တစ်ဝက်တစ်ပျက်ဘိုးဘေးအဆင့်အထိ ရောက်အောင်မြင့်တက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီထက်ပိုပြီးကြိုးစားပါ”

“မှတ်ချက် - ဒီအရှိန်အဝါကိုအသုံးပြုပြီးနောက်အကျိုးသက်ရောက်မှုသည် တစ်လခွဲလောက်

ကြာမည်။ မင်းအမိန့်ပေးလိုက်တာနဲ့ ပစ်မှတ်ကို အတင်းအကြပ်လုပ်ခိုင်းလို့ ရတယ်”

“မှတ်ချက် - တဖက်လူ ဆန္ဒအားကောင်းလေ ခုံခံနိုင်ခြေများလေ ဖြစ်မယ်။ တဖက်လူက ကျောင်းသားဆိုရင်တော့ ရလဒ်က အဆပေါင်းများစွာ တိုးတက်လာနိုင်တယ်”

စနစ်က ချီးကျူးပြီး ရှင်းပြသည်။

“ဇီချီ၊ ထစမ်း”

ဆွန်မိုးက ထပ်အော်သည်။

သူ့ရဲ့အတွေ့အကြုံအရ အခြေခံအဆင့် လေးနက်တဲ့စကားကို အချိန်တံဆိပ် သုံးခုသုံးပြီး မဟာအဆင့်အထိ တိုးမြှင့်လို့ရသည်။ ဒါပေမယ့် ဒီလိုအသုံးပြုခြင်းက ကျွမ်းကျင်မှု ညွှန်းကိန်းကို ထပ်မြှင့်ရန် ပိုခက်ခဲမည်။ ဒါပေမယ့် ဆွန်းမိုသည် အချိန်တံဆိပ် တစ်ခုပြီး တစ်ခုသုံးဖို့ အချိန်မရှိပေ။ သူက တစ်ခါတည်း နှစ်ငါးဆယ် အချိန်တံဆိပ်ကို အသုံးပြုလိုက်သည်။

အနည်းငယ်ဖြုန်းတီးရာ ရောက်သော်လည်း လီဇီချီကြောင့် ဂရုမစိုက်နိုင်တော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ ခန္ဓာကိုယ် တစ်ချက်တုန်သွားပြီး မှိန်းနေတဲ့ အမူအရာ ဖြစ်လာသည်။ အသိစိတ်ကတော့ သိသိသာသာ ပြန်မကပ်သေးပါ။

"ဇီချီ၊ ထစမ်း"

ဆွန်းမိုက ပြင်းပြင်းထန်ထန် အော်ဟစ်လိုက်သည်။ ဒါ့အပြင် သူနဲ့ လီဇီချီတို့ တွေ့ပြီးနောက်ပိုင်း အမှတ်တရတွေ မြင်ကွင်းတွေ ပြန်စဉ်းစားလိုက်သည်။ ဝိညာဉ်တောင်ပံ ချောက်ကမ်းပါးမှာ သူမ ဉာဏ်အလင်းပွင့်တဲ့ မြတ်ဆရာအရှိန်အဝါ နှင့် သူမက ရုတ်တရက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မြတ်ဆရာလောင်းတစ်ယောက် ဖြစ်လာတဲ့ အကြောင်းတွေကို ပြင်းပြင်းထန်ထန် စဉ်းစားလိုက်သည်။

ထို့နောက် လီဇီချီ နဖူးကို လက်သီးနဲ့ ထိုးလိုက်ကာ

စိတ်ဝိညာဉ် ပုံသွင်းခြင်း။

ဘုန်း

အလင်းတန်းတစ်ခုက သူမဦးနှောက်ထဲ စီးဝင်သွားသည်။

……………………

တိမ်ပင်လယ်ကြီးက အဆုံးမရှိပေမယ့် လီဇီချီ လုံး၀ မပျင်းပါ။ ရှေလင်းပိုင်ကို စီးပြီး လွတ်လပ်စွာ သွားလာနေသည်။ သုခဘုံက မြင်ကွင်းတွေ သူ့မဘေးနားတွင် တစ်ခုပြီးတစ်ခု ပေါ်လာသည်။ တချိန်တည်းမှာပင် သူမ လုံး၀မသိတဲ့ ရှေ့ဟောင်း ဝိညာဉ်သားရဲတွေလည်း သူ့မဘေးနားမှာ ပြေးလွှားနေသဖြင့် ပျော်ရွှင်နေသည်။

ရေငတ်တဲ့အခါ ပန်း၀တ်ရည် ဒါမှမဟုတ် စမ်းရေတွေ ယူလာပေးတဲ့ သားရဲတွေလည်း ရှိသေးသည်။

ဆာလောင်တဲ့အခါ တောရိုင်း သစ်သီးတွေနှင့် အသီးအနှံတွေကို ယူလာပေးတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတွေလည်း ရှိသေးသည်။

ဒါတွေအားလုံးက အရမ်း အရသာရှိသည်။ သူမ မောပန်းလာတဲ့အခါ ဖိမ်ခံရထားကို ဖြေးဖြေးလေးဆွဲပေးတဲ့ ရှေ့ဟောင်း နဂါးကြီး ကိုးကောင်လည်း ရှိသေးသည်။

လီဇီချီသည် ဒီသုခဘုံထဲတွင် လုံးဝ နစ်မျောနေသည်။ လောကီရေးရာ စိတ်ပူစရာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါမှမဟုတ် သူမ ပင်ပင်ပန်းပန်း လေ့လာနေစရာလည်း မလိုပါ။ သူမ ကြိုက်တဲ့အရာ လုပ်နေဖို့ပဲ လိုသည်။

"ငါ တစ်ခုခုကို မေ့နေတဲ့ပုံပဲ"

တခါတလေ ပြန်မှတ်မိအောင် ခက်ခက်ခဲခဲ ကြိုးစားသော်လည်း ဘာမှမမှတ်မိပါ။ တစ်ရက်လောက်တော့ ဒါကို မတွေးချင်တော့ပါ။ ကောင်းကင်နဲ့ မြေကြီးကို ပန်ဂူ ခွဲတုန်းက သုံးခဲ့တဲ့ ကြီးမားတဲ့ တိုက်ပွဲဝင်ပုဆိန်ကြီးအလား မိုးကြိုးတစ်ခု ကောင်းကင်က ဆင်းသက်လာသည်။

ဝုန်း

ကျယ်လောင်တဲ့ မိုးကြိုးသံကြီးကြောင့် ဝိညာဉ်သားရဲတွေ အံ့အားသွားပြီး လွှင့်စင်ကုန်သည်။ အောင်ပာစ် ငြီးတွားနေတဲ့ အသံတွေလည်း ပေါ်လာသည်။

လီဇီချီက ခေါင်းလှည့်ပြီးဘေးမှာရှိတဲ့ ရွှေလင်းပိုင်ခေါင်းကို ထိလိုက်သည်။

“ငါ့ကို တစ်ယောက်ယောက် ခေါ်နေသံကြားသလားလို့”

“မဟုတ်ပါဘူး။ မရှိပါဘူး”

လင်းပိုင်လေးက လီဇီချီ လက်ဖဝါးလေးကို ခေါင်းနဲ့ ပွတ်သပ်ပြီး ပြောလိုက်သည်။

"ဟုတ်လား"

လီဇီချီ အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ ဘာဖြစ်လို့ ဒီအသံက ရင်းနှီးနေရတာလဲ။

ထိုအချိန်မှာပဲ တိမ်မည်းကြီးတွေ လိုမ့်ဆင်းလာပြီး တိမ်းမည်းတွေက ပုံသဏ္ဌာန် အမျိုးမျိုး ပြောင်းသွားသည်။

"ဆရာလား။ ဟုတ်တယ် ငါ့ဆရာ ဘယ်မှာလဲ"

လီဇီချီသည် ဆွန်းမိုနဲ့တူတဲ့ တိမ်မည်းကြီး တစ်ခုကိုမြင်ပြီး ရုတ်တရက် ထအော်လိုက်သည်။

“ဆရာ၊ ငါ့ကို စောင့်နေလိမ့်မယ်။ ငါပြန်ချင်တယ်”

“သုခဘုံက ကောင်းတယ် မဟုတ်လား”

လင်းပိုင်က လီဇီချီကို ဝမ်းနည်းကြေကွဲတဲ့ အကြည့်နဲ့ ကြည့်နေသည်။

“ဒီမှာ မင်းက ဘုရင်မပဲ။ ဝတ်ရည် ။ ကောင်းကင်ဘုံ အသီးတွေ ၊ နတ်ဘုရား ဗိမ္ဗာန်တွေ ၊ မင်းအမိန့်အောက်က ဝိညာဉ်သားရဲတွေ အများကြီး ရှိတယ်လေ။ ဘာဖြစ်လို့ ပြန်ချင်နေတာလဲ”

"ဘာဖြစ်လို့လဲဆိုတော့ ဆရာက ဒီမှာ မရှိလို့ဘဲ"

လီဇီချီက ကြိုတင်စဉ်းစားခြင်း မရှိဘဲ အမှန်တိုင်း ဖြေလိုက်သည်။

"ဆရာ့အနားမှာ နေပြီး သူ့ဆီက သင်ယူချင်သေးတယ်"

ဒီလိုပြောပြီးနောက် လီဇီချီက ကောင်းကင်ကိုကြည့်ပြီး လှမ်းအော်လိုက်သည်။

"ဆရာ၊ ငါဒီမှာ"

ဝုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ အာရုံပြန်ကောင်းလာလျှင် သူခဘုံ တစ်ခုလုံး ပြိုကျကုန်သည်။ သူမ မိုက်ကနဲ ဖြစ်ပြီး အမှောင်ကျသွားသည်။ ချောက်နက်ကြီးထဲ ပြုတ်ကျသွားသလိုပဲ။

အမြင်အာရုံ ပြန်ကောင်းလာလျှင် မျက်နှာမှာ သွေးတွေနဲ့ စိုးရိမ်တကြီးနဲ့ ကြည့်နေသော ဆွန်းမိုကို မြင်လိုက်ရသည်။

“ဆရာလား။ မင်းဘာဖြစ်သွားတာလဲ”

လီဇီချီ စိတ်ပူပြီး ဆွန်းမိုဆီ အမြန်သွားလိုက်သည်။

“မင်း ပြန်လာတာ ကောင်းတယ်”

ဆွန်းမို ဝမ်းသာအားရဖြစ်ပြီး လီဇီချီကို ဖက်လိုက်သည်။

“ကောင်းတယ်။ မင်းပြန်လာတာ အရမ်းကောင်းတယ်”

ဆွန်းမိုသည် လီဇီချီကျောကို ပွတ်သပ်ရင်း တုန်လှုပ်နေတဲ့ စိတ်တွေလည်း နောက်ဆုံးတော့ ငြိမ်ကျသွားသည်။ လီဇီချီသာ သူ့ကြောင့် ထိခိုက်သွားမယ်ဆိုရင် တစ်သက်လုံး ကို့ကိုယ်ကို အပြစ်တင်တဲ့စိတ်က လွှတ်မြောက်နိုင်တော့မှာ မဟုတ်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ"

လီဇီချီမျက်နှာ နီရဲနေသည်။ (ဆရာ့ကိုယ်က အရမ်းပူနေပါလား။ ဘာဖြစ်လို့ သူ့ရဲ့နှလုံးခုန်နှုန်းတွေ အရမ်းမြန်နေတာလဲ)

ဒါကိုတွေးရင်း လီဇီချီသည် ဆွန်းမိုကို ခပ်တင်းတင်းလေး ဖက်လိုက်ကာ သူမရင်ဘက်ကို အသုံးပြုပြီး ဆွန်းမို နှလုံးခုန်သံကို ခံစားကြည့်လိုက်သည်။

"ဒါတွေအားလုံး ငါ့အပြစ်တဲ့"

ဆွန်းမိုသည် ရန်သူကြီးတစ်ယောက်ကို ကြည့်သလိုမျိုး လေထဲမှာ လွင့်မျောနေတဲ့ ကျောက်မြတ်ရတနာကို စိုက်ကြည့်လိုက်သည်။ နတ်ဘုရားအဆင့် ပစ္စည်းတစ်ခုက မျှော်လင့်ထားသလိုပဲ အရမ်းကြောက်ဖို့ ကောင်းသည်။

"ဆရာ၊ မင်း မျက်နှာတစ်ခုလုံး သွေးတွေဖုံးနေပြီ"

လီဇီချီသည် ဆွန်းမိုဖက်နေတဲ့ အနေအထားက မထွက်သွားချင်သော်လည်း ထွက်နေတဲ့သွေး ပမာဏက ကြောက်ဖို့ ကောင်းလွန်းသည်။

လက်ကိုင်ပုဝါ အမြန်ထုတ်ပြီး သွေးသုတ်ပေးလိုက်သည်။

"အဆင်ပြေတယ်။ ငါမသေနိုင်ဘူး"

ဆွန်းမို သွားဖြဲပြီး ရယ်လိုက်သည်။

ထိုအခိုက်အတန့်တွင် နှလုံးပုံစံ ကျောက်မြတ်ရတနာက ငွေဖြူရောင် အလင်းမြှားအဖြစ် အက်ကွဲသွားပြီး ဆွန်းမိုခေါင်းဆီ ပြေးဝင်လာသည်။ ထို့နောက် သရဖူပုံစံ ပြောင်းသွားပြီး ဆွန်းမို ခေါင်းပေါ်တွင် သူ့ဘာသာသူ စွပ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဲဒီနောက်မှာတော့ အလင်းထဲက နေရောင်ခြည်အလား အလင်းစက်တွေအဖြစ် ပြိုကွဲသွားသည်။

ဆွန်းမိုစိတ်ထဲတွင် လျှို့ဝှက်ဆန်းကြယ်တဲ့ စေးသွားနှင့် မှတ်ဉာဏ်များစွာ ပေါ်လာပြီးနောက်မှာတော့ ဒီဒုက္ခက ဘာအတွက်လဲ ဆိုတာ သူသိလိုက်သည်။

လွတ်လပ်ခြင်း သက်သေခံက ဝိညာဉ်သားရဲတွေရဲ့ လွတ်လပ်ခွင့်ကို ပြန်ပေးနိုင်တဲ့ ဝိညာဉ်ဆိုင်ရာ ပဋိညာဉ်စာချုပ်တစ်ခု ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နတ်ဘုရားအဆင့်ဂါထာ ဖြစ်သဖြင့် ကိုယ်ပိုင်အသိစိတ် ရှိသည်။

အရမ်းကောင်းမွန်တဲ့ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားရှိတဲ့လူသာ ဒီလိုဖြောင့်မတ်တဲ့ နတ်ဘုရား ဘာသာစကားနဲ့ ထိုက်တန်သည်။ ဒီလိုမှမဟုတ်ဘဲ မကောင်းတဲ့လူတွေ အသုံးချလိုက်လျှင် အကျိုးဆက်က ဆိုးဝါးသွားလိမ့်မည်။

ဆွန်းမိုသည် လီဇီချီကို သူ့အသက်ပင် ဂရုမစိုက်ဘဲ ကယ်တင်ခဲ့သည်။ ဒီအရာက သူ့အတွက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြူစင်မွန်မြတ်ပြီး လေးစားဖို့အတွက် လုံလောက်တဲ့ သက်သေ ဖြစ်သွားသည်။

"ဆရာ၊ ဒါက ဘာလဲ"

လီဇီချီ စိတ်ထဲတွင် ကြောက်ရွံ့တုန်လှုပ်မှုများ စွဲကျန်နေခဲ့သည်။ သူမ စောစောတုန်းက ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံသည် ထင်ယောင်ထင်မှား ဖြစ်နေတယ်ဆိုတာ ထင်ရှားနေသည်။ ဆွန်းမိုသာ သူမကို မနိုးခဲ့ရင် သူမရဲ့ဝိညာဉ်က ထာဝရ ပျောက်ဆုံးသွားတော့မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဝိညာဉ်ထိန်းချုပ်ခြင်းဆိုင်ရာ နတ်ဘုရားဘာသာစကား"

ဆွန်းမိုက ရှင်းပြသည်။

"အမ်၊ အရမ်း အားကောင်းလား"

လီဇီချီ အံ့အောသင့်သွားသည်။ ဒါက ဘယ်လို ဝိညာဉ်သားရဲ စာချုပ်မဆို ဖယ်ရှားလို့ရတဲ့ နတ်ဘုရား ဘာသာစကားပါ။ ပြောချင်တာက ဆွန်းမိုသည် အခုအချိန်ကစပြီး ဝိညာဉ်သားရဲ ထိန်းချုပ်သူတွေနဲ့ ရင်ဆိုင်တဲ့အခါ သဘာဝအရ အားသာချက် ရှိနေပြီ။

"ဒီတစ်ချက်တော့ မှတ်ထား။ အသန်မာဆုံး စွမ်းရည်ဆိုတာ မရှိဘူး။ အသန်မာဆုံး ကျင့်ကြံသူပဲ ရှိတယ်"

ဆွန်းမိုက ဒီအခွင့်အရေးကို အသုံးချပြီး သင်ကြားပေးလိုက်သည်။

"မင်းက နတ်ဘုရားစွမ်းရည်တစ်ခု ရထားလို့ မင်းလမ်းမင်းလျှောက်နိုင်မယ် မထင်နဲ့"

လီဇီချီရဲ့ အမူအရာက ချက်ခြင်း လေးနက်သွားသည်။

"တပြည့် သင်ကြားမှုကို နားလည်ပါပြီ"

ဒင်

"လွတ်လပ်ခြင်း သက်သေခံ၊ ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းဆိုင်ရာ နတ်ဘုရားဘာသာစကားကို တတ်မြောက်တဲ့အတွက် ဂုဏ်ပြုပါတယ်။ ကျွမ်းကျင်မှုအဆင့် အခြေခံအဆင့်"

စနစ်က သူ့ကို ဂုဏ်ပြုလိုက်သည်။

ဆွန်းမိုက လက်ခလယ် ထောင်ပြသည်.။

"ဇီချီ၊ မင်း စောစောတုန်းက ဘာတွေ လုပ်နေတာလဲ"

ဆွန်းမို သိချင်စိတ်ပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက သူမကြုံတွေ့ခဲ့တဲ့ အရာအားလုံးကို ခပ်မြန်မြန် ပြောပြလိုက်သည်။

"ဒီနတ်ဘုရား ဘာသာစကားနဲ့ ပက်သက်ပြီး မင်းဘယ်လို ခံစားရလဲ"

တကယ်လို့ တခြားအချိန်မှာသာဆိုလျှင် သူမနားလည်ဖို့အတွက် စိတ်ဝိညာဉ်ပုံသွင်းခြင်း အသုံးပြုလိုက်ပြီ။ ဒါပေမယ့် ဒီအရာမှာ သူ့ရဲ့ ကိုယ်ပိုင်အသိစိတ်ရှိတာ သိပြီးနောက် မဆင်မခြင် မလုပ်ရဲတော့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“လျှို့ဝှက်ဆန်းကြယ်တယ်။ အစွမ်းထက်တယ်၊ လွတ်လပ်တယ်၊ တောက်ပနေတယ်”

လီဇီချီ များများပြောလေ ဆွန်းမိုမျက်လုံး ပိုအရောင်တောက်လေ ဖြစ်လာသည်။ လီဇီချီရဲ့ နားလည်နိုင်စွမ်းက တကယ် အစွမ်းထက်လွန်းသည်။ ဒီနတ်ဘုရားဘာသာစကားကို သူမ နားလည် သဘောပေါက်မှုက ၅၀ ရာခိုင်နှုန်းလောက် ရှိနေပြီ။

တကယ်လို့ ဒီအတိုင်း ဆက်သွားပြီး လီဇီချီ နတ်ဘုရားဘာသာစကားကို ကောင်းကောင်း နားလည်လာတဲ့ တစ်နေ့ ရှိလာမည်။

"ဟီးဟီး"

ဆွန်းမိုဆီက ချီးကျူးသံကို ကြားလိုက်လျှင် လီဇီချီ ဝမ်းသာအားရ ပြုံးလိုက်သည်။ ဒါပေမယ့် သူ့မျက်နှာပေါ်တွင် ရုတ်တရက် အံ့အောသင့်တဲ့ အမူအရာ ပေါ်လာသည်။

"ဘာမှားနေလို့လဲ"

ဆွန်းမို မျက်မှောင်ကြုတ်သွားသည်။ နောက်ဆက်တွဲ ဆိုးကျိုးတွေ ရှိနေတာလား။

"ငါ.....ငါ မြတ်ဆရာအရှိန်အဝါ တခု ဉာဏ်အလင်းပွင့်သွားသလိုပဲ"

လီဇီချီလည်း အနည်းငယ် ယုံရခက်နေသည်။ သူမအသက်က ဘယ်လောက်ရှိသေးလို့လဲ။ ဒါတောင် မြတ်ဆရာအရှိန်အဝါနှစ်ခု ဉာဏ်အလင်းပွင့်သွားပြီလား။ တကယ်လို့ နောက်ထပ်တစ်ခုသာ နားလည်ခဲ့ရင် ကြယ်တစ်ပွင့် မြတ်ဆရာစာမေးပွဲကို သူမ ဝင်ဖြေနိုင်တော့မည်။

"တကယ်လား"

ဆွန်းမိုလည်း ဝမ်းသာပီတိဖြစ်သွားပြီး မနေနိုင်ဘဲ မေးလိုက်သည်။

"ဘာ အရှိန်အဝါလဲ"

"ငါ....ငါ လက်တွေ့မဆန်တဲ့ အိပ်မက်လို့ ထင်တာပဲ"

လီဇီချီသည် စကားပြောပြီးနောက် ဆွန်းမိုက သူ့ကို အသုံးပြုဖို့ လက်ဟန်အမူအရာ ပြလိုက်တာကို တွေ့လိုက်ရသည်။ ဒါကြောင့်လည်း သူမက အာရုံစိုက်ပြီး သူမရဲ့ ဝိညာဉ်ချီကို စတင် ဖြန့်ကျက်လိုက်သည်။

ပန်းနုရောင် ပန်းပွင့်များသည် နှင်းတွေအလား ရုတ်တရက် ကျဆင်းလာသည်။ သူတို့ထုတ်လွှင့်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မွေးရန့်က လက်တွေ့ အိပ်မက်ထဲသို့ ခေါ်ဆောင်သွားသည်။

လက်တွေ့မဆန်တဲ့ အိပ်မက်သည် အရမ်းရှားပါးတဲ့ မြတ်ဆရာအရှိန်အရှန်အဝါ ဖြစ်ကာ မြတ်ဆရာရဲ့စိတ်ဆန္ဒကို အခြေခံပြီး အိပ်မက် နယ်မြေတစ်ခု ဖန်တီးနိုင်သည်။ ထို့နောက် ကျောင်းသားများကို ဘဝအတွေ့အကြုံနှင့် သဘောတရားများကို ချက်ခြင်းနားလည်အောင် လုပ်ပေးနိုင်သည့်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူအများစုကတော့ အသက်အရွယ်တစ်ခု ရောက်လျှင် နောင်တရတတ်ကြသည်။ တကယ်လို့ ငါသာ နောက်ကြောင်းပြန်ပြီး လုပ်လို့ရလျှင် ဒီမိန်းကလေးကို လက်မလွှော့ဘဲ ပိုကောင်းတဲ့လူတစ်ယောက် ဖြစ်အောင် ကြိုးစားမည်။

ဒါပေမယ့် လောကကြီးမှာ နောင်တအတွက် ဆေးမရှိပေ။

လက်တွေ့မဆန်တဲ့အိပ်မက်

အကျိုးသက်ရောက်မှုက ပစ်မှတ်အား သူတို့ ဘဝတွေကို ကြိုးခံစားနိုင်ခြင်း ဒါမှမဟုတ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့အတွက် မြတ်ဆရာ စီစဉ်ပေးထားတဲ့ ဘဝတစ်ခုကို ခံစားနိုင်သည်။ ကျောင်းသားတွေကို ခံစားနိုင်အောင်နှင့် သတိပေးနိုင်အောင် အသုံးပြုလို့ရသည်။

သက်ကယ်အိမ် အပြင်ဘက်မှာရှိတဲ့ မက်မွန်အပင်အောက်မှာ ချည်ထည် ဝတ်ထားတဲ့ လူငယ်လေးတစ်ယောက်က စာအုပ်ဖတ်နေသည်။

မြစ်ကမ်းနားက မန်ဒရင်းငါး ဘေးနားမှာ ဆင်းရဲတဲ့ မိန်းမပျိုလေးတစ်ယောက်က အဝတ်ထိုင်လျှော်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ ပါးတွေနီရဲလာပြီး ဉာဏ်ပညာထက်မြတ်တဲ့ မျက်လုံးများကို ပိတ်လိုက်ဖွင့်လိုက်လုပ်ပြီး ဆွန်းမိုကို ကြည့်နေသည်။

မှတ်ချက် - ပန်ဂူသည် ကောင်းကင်နှင့်မြေကြီးကို ပိုင်းခြားကာ တောင်များနှင့် မြစ်များကဲ့သို့ ပထဝီဝင်အသွင်အပြင်များ ဖြစ်ပေါ်လာအောင် ဖန်ဆင်းခဲ့တဲ့ တရုတ်ဒဏ္ဍာရီလာ ရှေးဦးသတ္တဝါနှင့် ဖန်ဆင်းခံပုဂ္ဂိုလ်ဖြစ်သည်။

အခန်း(၅၅၉) - ဆရာနဲ့တွေ့ခွင့်ရခြင်းက ငါ့ဘဝရဲ့ အကြီးမားဆုံး ကံကြမ္မာပဲ။

အိပ်ခန်းထဲမှာ ဆွန်းမိုသည် ထိုင်ပြီး အရှေ့သို့ လှမ်းကြည့်နေသည်။ ဒါပေမယ့် သူ့မျက်လုံးများက အသိစိတ် ကင်းမဲ့နေသည်။ ရှင်းပါသည်။ သူက အိပ်မက်မက်တဲ့ အခြေအနေသို့ ရောက်နေပြီ။

ဆီမီးခွက်မှ အလင်းရောင်က ဆွန်းမိုအပေါ် ထွန်းလင်းနေပြီး နံရံပေါ်တွင်

ရှည်လျားကျဉ်းမြောင်းသော အရိပ်ကို ထင်ဟပ်နေသည်။

ဆွန်းမို၏ ချောမောသော မျက်နှာကို ကြည့်ရင်း လီဇီချီသည် လက်ကိုဆန့်ပြီး ဆွန်းမိုမျက်နှာကို ထိကြည့်ချင်စိတ်ပေါက်လာသည်။ ဒါပေမယ့် သူမတို့ ပက်သက်မှုကို စဉ်းစားမိပြီး ကြောက်လန့်တကြား ညာလက်ကို အမြန်ပြန်ရုတ်သိမ်းလိုက်သည်။

“ငါ မလုပ်နိုင်ဘူး”

လီဇီချီက တိုးတိုးလေး ရေရွတ်ပြီး လက်နှစ်ဖက်ကို ဒူးပေါ်တင်လိုက်သည်။ သူမပုံစံက

လက်ထပ်ပြီးနောက် သတို့သမီးသည် အခန်းထဲသို့ ဝင်လာကာ မတ်မတ်ထိုင်နေတဲ့ မြင့်မြတ်သည့် မိသားစုမှ မိန်းကလေးတစ်ယောက်နဲ့ တူနေသည်။

ဒါပေမယ့် သူမမျက်လုံးများက ဆွန်းမိုကို မကြာခဏ စိုက်ကြည့်နေတတ်သည်။

“အင်း၊ ဆရာ့မျက်နှာမှာ ဖုန်တွေပေနေတယ်”

လီဇီချီသည် လက်ကိုင်ပုဝါကိုထုတ်ပြီး ဆွန်းမို အနီးသို့ ရွှေ့လိုက်သည်။ ဒါပေမယ့် ဖုန်မသုတ်ရသေးခင် တံခါးခေါက်သံ ပေါ်လာသည်။

ဒေါက် ဒေါက် ဒေါက်

"ဆရာ၊ မင်းအဆင်ပြေလား"

အင်ဘိုင်ဝူ အသံထွက်လာသည်။ စောစောတုန်းက ဆွန်းမိုအော်သံကြောင့် လူတိုင်း ထိတ်လန့်သွားပြီး ပြေးလာကြသည်။

လီဇီချီက မျက်မှောင်ကြုတ်ပြီး မြတ်ဆရာ အရှိန်အဝါရဲ့ အကျိုးသက်ရောက်မှုကို ဖယ်ရှားလိုက်သည်။ ဒါပေမယ့် တံခါးတော့ မဖွင့်ခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝိညာဉ်ထိန်းချုပ်မှုဆိုင်ရာ နတ်ဘုရားဘာသာစကားသည် နတ်ဘုရား စွမ်းရည်တစ်ခုဖြစ်ပြီး လျှို့ဝှက်ထားဖို့ လိုအပ်သည်။

လီဇီချီသည် သူ့မဆရာက ဒါကို တခြားသူတွေအား အသိပေးချင်တဲ့ ဆန္ဒရှိမရှိ မသိပေ။ ဒါကြောင့် သူတို့ပြောမည့်စကားကို အချင်းချင်း အပြန်အလှန် တိုင်ပင်တာ အကောင်ဆုံး ဖြစ်မည်။

ဆွန်းမို အသိပြန်ဝင်လာပြီးနောက် နဖူးကို ဆုပ်နယ်လိုက်သည်။

"ဆရာ။ ဘိုင်ဂူနဲ့တခြားလူတွေ အပြင်မှာ ရောက်နေပြီ"

လီဇီချီက တင်ပြလိုက်သည်။

"သွားပြီး တံခါးဖွင့်ပေးလိုက်"

ဆွန်းမိုက ညွှန်ကြားလိုက်သည်။ စောစောတုန်းက အိပ်မက်ကို ပြန်မြင်ယောင်နေဆဲဖြစ်ပြီး စိတ်ထဲက သက်ပြင်းမချဘဲ မနေနိုင်ပေ။ ဒီကမ္ဘာမှ မြတ်ဆရာ အရှိန်အဝါတွေက တကယ်အထင်ကြီးဖို့ ကောင်းသည်။

ငြီးငွေ့စရာကောင်းတဲ့ အလုပ်နဲ့ တသတ်မတ်ထဲ သွားနေတဲ့ ဘဝတစ်ခုဟာ လူတစ်ယောက်ရဲ့ စိတ်အားထက်သန်မှုကို လျှော့နည်းစေသည်။ ဆွန်းမိုကတော့ စိတ်အားတက်ကြွဖို့ကောင်းတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဇာတ်လမ်းများ ကြည့်ပြီး စိတ်ဖိအားများကို ဖြေဖျောက်တတ်သည်။

[Rocky], [The Shawshank Redemption], [The Galloped Era]…

ဒါပေမယ့်လည်း နောက်ဆုံးတော့ ရုပ်ရှင်သည် ရုပ်ရှင်တစ်ခုသာ ဖြစ်သည်။ ထိလွယ်ရှလွယ်တဲ့ လူတချို့ကတော့ သူတို့၏ စိတ်ခံစားချက်ထဲတွင် ပွဲတင်ထပ် နေတတ်သော်လည်း တခြားသူတွေကတော့ ဒါတွေအားလုံးကို အတုအယောင်တွေလို့ ယူဆကြသည်။ ဒီကိစ္စနဲ့

ပက်သက်ပြီး အမှားလို့လည်း ယူဆလို့မရပါ။ နောက်ဆုံးတော့လည်း ရုပ်ရှင်တွေက လက်တွေ့မကျပါ။

ဒါပေမယ့် လက်တွေ့မဆန်တဲ့အိပ်မက်ကတော့ လူတစ်ယောက်ရဲ့ တစ်ဘဝစာ အတွေ့အကြုံကို တကယ်ခံစားနိုင်သည်။

အိပ်မက်ရဲ့ အစောပိုင်းမှာ ဆွန်မိုသည် ဆင်းရဲတဲ့ ပညာရှင်တစ်ယောက် ဖြစ်လာပြီး ရာဂဏန်းလောက်ရှိတဲ့ ဂန္ထဝင် စာအုပ်လေးအုပ်နှင့် ငါးအုပ်တို့ကို အမှတ်ကောင်းကောင်းနှင့်

အောင်မြင်ကာ နန်းတွင်း အရာရှိတစ်ယောက် ဖြစ်လာစေရန် အပတ်တကုတ် ကြိုးစား အားထုတ်ခဲ့သည်။ ဇနီးသည်ကတော့ သူတို့မိသားစုကို ထောက်ပံ့ဖို့အတွက် ပိုးချည်ထုတ်တဲ့ ပိုးကောင်တွေ မွေးမြူပြီး အသက်မွေးဝမ်းကြောင်း ပြုရသည်။

သုံးနှစ်ကြာပြီးတော့ ဆွန်းမိုသည် နံပါတ်တစ် ပညာရှင်ဘွဲ့ ရရှိခဲ့ပြီး နာမည်ဂုဏ်သတင်း ကျော်ကြားလာခဲ့သည်။ ထို့နောက် ဧကရာဇ်မင်းသည် သူ့အား အထက်တန်းအရာရှိဘွဲ့ အပ်နှင်းကာ ကြီးမားတဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာကို

ပေးသနားပြီး ကျေးကျွန်တွေ ပိုင်ဆိုင်ခွင့် ပေးခဲ့သည်။ သူကလည်း လယ်သမားတွေ သီးနှံစိုက်ဖို့အတွက် မြေအလုံအလောက်ရရှိအောင် လူတိုင်းအလုပ်အကိုင် ရနိုင်အောင် လုပ်ပေးခဲ့သည်။

ထို့နောက် သူသည် အဆင့်မြင့်သံတမန်တစ်ဦး ဖြစ်လာပြီး နောက်ဆုံးတွင် အင်ပါယာ ဝန်ကြီးချုပ် အဖြစ်သို့ ရာထူးတိုးမြှင့်ခံရသည်။

ထိုအချိန်တွင် ဧကရာဇ်မင်းက သူ့ကို မင်းသမီးလေးတစ်ပါးနှင့် လက်ထပ်ပေးချင်နေသည်။ အဲဒီ မင်းသမီးလေးကလည်း သူ့ကိုချစ်မိနေသည်။

ဒီလိုမှမဟုတ်ရင်လည်း စစ်သူကြီးတစ်ဦးက သူ့သမီးနဲ့ ထိမ်းမြားပေးချင်နေခဲ့သည်။ ဆွန်းမိုကတော့ အရာအားလုံးကို လျစ်လျူရှုပြီး ဇနီးဖြစ်သူကို အရင်အတိုင်းပဲ ချစ်မြဲချစ်နေခဲ့သည်။ သူတို့နှစ်ယောက်ကြားမှာ တစ်ယောက်ကိုတစ်ယောက် လေးစားပြီး ချစ်ခင်ခဲ့ကြသည်။

ခဏာနေပါအုံး၊ သူ့မိန်းမက ဘာဖြစ်လို့ လီဇီချီနဲ့ တူနေတာလဲ။

ဆွန်းမိုသည် သူ့မျက်လုံးကို ဆုပ်နယ်နေသည်။ ဒါပေမယ့်လည်း လက်တွေ့မဆန်တဲ့အိပ်မက်ရဲ့ လက်တွေ့ဆန်တဲ့ ခံစားမှုကို ဒီအချိန်မှာ စဉ်းစားဖို့ အချိန်မရှိပေ။

အကြမ်းအားဖြင့်တော့ စိတ်ကူးယဉ်အိပ်မက်ထဲတွင် နှစ် ၃၀ လောက် နေထိုင်ခဲ့သည်။ ဆွန်းမိုသည် ဘာသာရပ်တစ်ခုတွင် အမြင့်ဆုံးအဆင့်အထိ ရောက်ရှိခဲ့ပြီး ကျေနပ်မှုကလည်း အမြင့်ဆုံး ဖြစ်ခဲ့သည်။ သူသည်

သူ့ဘဝမှာ အောင်နိုင်သူဖြစ်ကြောင်း ကြေငြာမောင်းခတ်စရာပင် မလိုခဲ့ပါ။

“ကြောက်ဖို့ ကောင်းလိုက်တာ”

ဆွန်းမို ခေါင်းယမ်းလိုက်သည်။ သူလည်း စိတ်ဝိညာဉ်ပုံသွင်းခြင်းကို အသုံးပြုပြီး သူနားလည်နိုင်သမျှကို ကျောင်းသားတစ်ဦး၏ စိတ်ထဲသို့ ထည့်သွင်းပေးနိုင်သည်။ ဒါပေမယ့်လည်း ဒါက ကန့်သတ်ချက် ရှိသည်။ အကြောင်းအရာ များလွန်းရင် ကျောင်းသား ရူးသွပ်သွားစေနိုင်သည်။

ဒါပေမယ့် လက်တွေ့မဆန်တဲ့အိပ်မက်မှာတော့ ဒီလို ချို့ယွင်းချက် မရှိပါ။

တစ်ခဏလေးအတွင်းမှာပင် အိပ်မက်ထဲမှာ နှစ်တစ်ရာ ဖြစ်သွားနိုင်သည်။

လက်ညှိုးထိုးဖို့ လုံလောက်တဲ့ အချိန်ခဏလေး အတွင်းမှာပင် လူတစ်ယောက်ဟာ ဘဝတစ်ခုကို တွေ့ကြုံခံစားနိုင်သည်။ ဒါက ဘယ်လို အတွေ့အကြုံမျိုးလဲ။

ဆွန်းမိုရဲ့ ကျောင်းသားများသည် လက်တွေ့မဆန်တဲ့ အိပ်မက်က နိုးလာတာနဲ့

တပြိုင်နက် နားလည်မှုတချို့ ရရှိပြီး သူတို့ကိုယ်သူတို့လည်း ပိုမိုကောင်းမွန်တဲ့ အမြင်တစ်ခု ရှိသွားလိမ့်မယ်လို့ ယုံကြည်သည်။

“ဆွန်းမို၊ မင်းအဆင်ပြေလား.....အာ.......၊ သွေးတွေ......”

ကူရှုပ်ရှင်းက ပထမဆုံး ပြေးဝင်လာခဲ့သည်။ ဆွန်းမိုမျက်နှာမှာ သွေးတွေ ဖုံးလွှမ်းနေတာ မြင်လိုက်ရလျှင် မထိတ်လန့်ပဲ မနေနိုင်တော့ချေ။

“အီးဟီးဟီး။ ဆရာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက ငိုကြီးချက်မနဲ့ ပြေးလာသည်။ အရမ်းကြောက်ပြီး လက်တွေ တဆတ်ဆတ် တုန်နေသည်။

"ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ"

အင်ဘိုင်ဝူကတော့ အရမ်းတည်ငြိမ်သည်။ ဆေးသေတ္တာ အမြန်ရှာပြီး အနာကို သန့်ရှင်းရေး လုပ်ဖို့အတွက် ရေဇလုံထဲသို့ ရေလောင်းထည့်လိုက်သည်။

" ဒဏ်ရာ တော်တော်လေးများပေမယ့် ဆရာ သေတော့ မသေနိုင်ဘူး"

ရှန်ယွန်ပေါင်က သေသေချာချာကြည့်ပြီးနောက် အဲဒီလို ကောက်ချက်ချလိုက်သည်။ ဆွန်းမိုအတွက် စိတ်မပူပါ။ အဲဒီအစား သူက တိုက်ခိုက်ရေးအမြင်နဲ့ ဆွန်းမို ဒဏ်ရာအခြေအနေကို အရင်ဆုံး တုန့်ပြန်လိုက်သည်။

“ဆရာ၊ အရမ်းနောက်ကျနေပြီ။ ဘာဖြစ်လို့ ကို့ကိုယ်ကို ဒဏ်ရာရအောင် လုပ်လိုက်တာလဲ”

ထန်ထန်ယုထန်က

နောက်ပြောင်လိုက်သော်လည်း အခန်းထဲမှာရှိတဲ့ လူအားလုံးရဲ့ အခြေအနေကို မျက်လုံးမှေးပြီး

အကဲခတ်နေသည်။ အထူးသဖြင့် သူက လီဇီချီကို တစ်ချက်ကြည့်ပြီး စဉ်းစားနေသည်။

ချန်လုံကတော့ ဘာမှမပြောပေမယ့် မျက်နှာမှာ စိုးရိမ်တဲ့ အမူအရာတွေ ပေါ်နေပြီး အင်ဘိုင်ဝူကို ကူညီကာ ဆေးရှာပေးနေသည်.။

"ဆရာဆွန်း"

ရှာယွန်လည်း ရောက်လာသည်။ သူမရဲ့ တိုက်ရိုက်တပြည့် ကျန်ဟောင်လည်း သူမနဲ့အတူပါလာသည်။ ဒါပေမယ့် သူက ကျန်ရန်ဇောင်နဲ့အတူတူ တံခါးအဝမှာ

ရပ်ကျန်ခဲ့သည်။ သူတို့မှာ စကားဝင်ပြောဖို့ အခွင့်အရေး မရှိပါ။

"စိတ်မပူကြပါနဲ့။ အမှားနည်းနည်း ဖြစ်သွားလို့ပါ"

ဆွန်းမိုက ရယ်မောရင်း သူ့တပြည့်တွေရဲ့ လုပ်ဆောင်ချက်ကို ကြည့်ပြီး ကျေနပ်နေသည်။

"ဆရာကူ၊ ဆရာရှာ မင်းတို့ကို စိတ်ပူအောင် လုပ်မိပြီ။ မင်းတို့အားလုံး ပြန်အိပ်လို့ ရပါပြီ"

ရှာယွန်က သူမရဲ့ ကျင့်ကြံခြင်းအပေါ်ကိုပဲ နှစ်အနည်းငယ်ကြာအောင် အာရုံစိုက်ထားခဲ့ပြီး အတွေ့အကြုံလည်း များသည်။ ပြီးတော့

ကံလည်းတော်တော်လေး ကောင်းသည်။ ဒါကြောင့် စာမေးပွဲတစ်ခုစီတိုင်းတွင် အဆင့်မမြင့်သော်လည်း အားလုံးကို အောင်မြင်ခဲ့သည်။

"ဆက်မပြောနဲ့တော့"

ကူရှုပ်ရှင်းက မထွက်သွားနိုင်တာ သေချာသည်။ သူမသည် အင်ဘိုင်ဝူ လက်ထဲက လက်ကိုင်ပုဝါကိုယူကာ ဆွန်းမိုမျက်နှာကို ကိုယ်တိုင်သုတ်ပေးလိုက်သည်။

သံမဏိခေါင်းမိန်းကလေးက မျက်မှောင်ကြုတ်နေသည်။ တကယ်တော့ လက်ထဲက လက်ကိုင်ပုဝါကို မလွှတ်ပေးချင်ခဲ့ပါ။

လုချီဟွာကတော့ ဆွန်းမို အဆင်ပြေနေတာမြင်မှ စိတ်အေးသွားသည်။ ဒါပေမယ့် သူမက ငိုနေသေးသည်။ မကြာခင် မျက်မှောင်ကြုတ်ပြီး ပတ်ဝန်းကျင်ကို ကျီးကြည့်ကြောင်ကြည့် ကြည့်ပြီး အနံ့ခံနေသည်။

“ဘာဖြစ်တာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူ နားမလည်ပါ။ ခါးကို ကောက်ကိုင်လိုက်သည်။

(ဒီမှာ အန္တရာယ် တစ်ခုခု ရှိလို့လား)

"အရမ်း အစွမ်းထက်တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အော်ရာတစ်ခုကို ခံစားမိနေတယ်"

လုချီဟွာက လေးလံတဲ့အကြည့်နဲ့ လီဇီချီကို လှည့်ကြည့်လိုက်သည်။

"အကြီးဆုံး အမကြီး၊ မင်းတိုက်ခိုက်ခဲ့သေးလား"

ဒီစကားကို ကြားလိုက်လျှင် ဆွန်းမို ရင်တုန်သွားသည်။ ထို့နောက် သူက ညွှန်ကြားလိုက်သည်။

“ဇီချီ လက်တွေ့မဆန်တဲ့အိပ်မက်ကို သုံးပြီး ချီဟွာနဲ့ ကျန်တဲ့လူတွေကို အိပ်မက်ထဲမှာ မင်းမြင်သမျှ သင်ခဲ့သမျှတွေ မြင်ခွင့်ပေးလိုက်ပါ”

“အမ်”

ကူရှုပ်ရှင်းသည် ဆွန်းမိုမျက်နှာကို သုတ်ပေးနေရင်း သူမ လက်ချောင်းတွေက

ရုတ်တရက် အားများသွားပြီး ကုတ်မိတော့မလို ဖြစ်သွားသည်။

"နည်းနည်း အားလျှော့အုံး"

အင်ဘိုင်ဝူက ဝေဖန်လိုက်သည်။

"မင်း ဘာပြောလိုက်တာလဲ။ လက်တွေ့မဆန်တဲ့ အိပ်မက်လား"

ကူရှုပ်ရှင်းက ရယ်လိုက်ပြီး

"ငါ နားကြားမှားတာ မဟုတ်လား"

ဂလု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှာယွန် တံတွေးတစ်ချက် မြိုချလိုက်သည်။ (ဒါဆို ငါနားကြားမှားတာ မဟုတ်ဘူးပေါ့။ ဒါကို ဆွန်းမို တကယ်ပြောလိုက်တာလား။ ဒါပေမယ့် လီဇီချီက လက်တွေ့မဆန်တဲ့အိပ်မက်ကို တကယ် နားလည်နိုင်ပါ့မလား)

(လက်တွေ့မဆန်တဲ့ အိပ်မက်ဆိုတာ ငါ့တစ်ဘဝလုံး နားလည်ဖို့ မျှော်လင့်နေတဲ့ အရာလေ)

"ဝို၊ လက်တွေ့မဆန်တဲ့ အိပ်မက်ကို နားလည်သွားပြီးလား ဂုဏ်ပြုပါတယ်"

လုချီဟွာက အမြဲတမ်း ဒဲ့တိုးပြောတတ်ပြီး အဓိပ္ပါလည်း အပြည့်အဝ နားမလည်ပါ။ သူမက လီဇီချီကို နှလုံးသားအောက်ခြေကနေ တကယ်ဂုဏ်ပြုခဲ့သည်။

ထန်ထန်ယုထန်၊ ချန်လုံနှင့် အင်ဘိုင်ဝူတို့ကတော့ လီဇီချီကို တအံ့တအော ငေးကြည့်နေသည်။

သူမက ပါရမီရှင်တစ်ယောက်ဆိုတာ သိပေမယ့် သူမရဲ့ အရည်အချင်းက နည်းနည်းတော့ အိုဗာ မဖြစ်လွန်းဘူးလားလို့။

"လက်တွေ့မဆန်တဲ့အိပ်မက်ဟုတ်လား။ ဒါက မြတ်ဆရာအရှိန်အဝါ တစ်ခုလား"

ကျန်ဟောင်က ရှာယွန်ကို မေးလိုက်သည်။ ကျန်ရန်ဇောင်လည်း အရမ်း အံ့အောသွားပြီး ရုတ်တရက် စိတ်ပျက်သွားသည်။

"ဘာမှမဟုတ်ဘူး။ လီဇီချီရဲ့ တိုက်ခိုက်ရေး အစွမ်းက လူသစ်တစ်ယောက်နဲ့ အတူတူပဲ။ သူမကို သေချာပေါက် အနိုင်ယူနိုင်တယ်"

ကျန်ရန်ဇောင်က သူ့ကိုယ်သူ ဖြေသိမ့်နေသည်။

“မင်းနားကြားမမှားဘူး။ လီဇီချီက လက်တွေ့မဆန်တဲ့ အိပ်မက်ကို နားလည်နေပြီ”

ဆွန်းမို အရမ်းဂုဏ်ယူနေသည်။

ဒါကို သူက ဘာဖြစ်လို့ ထုတ်ဖော်တာလဲ။ လီဇီချီ ကျော်ကြားမှု ရအောင် ကူညီပေးချင်နေသည်။

တချိန်က သာမညသူတော်စင်တပါးရဲ့ ငြင်းပယ်ခြင်းကို ခံခဲ့ရတဲ့ ဒီမိန်းကလေးအနေနဲ့ လီဇီချီသည် ကို့ကိုယ်ကို နိမ့်ကျတယ်လို့ အမြဲတမ်း ခံစားနေရသည်။ လူတိုင်းက သူ့မကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရမ်းလေးစားတဲ့ပုံ ပြနေကြပေမယ့် နောက်ကွယ်မှာတော့ လှောင်ပြောင်နေခဲ့ကြသည်။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုတွင် မကျင့်ကြံနိုင်ပါက ပင်ကိုယ်မကောင်းမှု တစ်ခု ဖြစ်သွားသည်။ ဒါ့အပြင် သူမကို သာမည သူတော်စင်ကိုယ်တိုင်က ငြင်းပယ်ထားခဲ့သည်။ ကျန်းမာရေးစစ်ဆေးဖို့ သွားတဲ့အချိန်တွင် အရမ်းတော်တဲ့ ဆရာဝန်တစ်ယောက်က မင်းသေတော့မယ်လို့ ပြောလိုက်သလိုပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ ကိုယ်တိုင်လည်း ယုံကြည်ခဲ့သည်။ ဒါကြောင့်လည်း ရွှန်တီရေကန်တွင် ကို့ကိုယ်ကို သတ်သေဖို့ကြိုးစားခဲ့လို့ ဆွန်းမိုနဲ့ တွေ့ဆုံခဲ့ကြသည်။

ရှူ

ဆွန်းမိုဆီက အတည်ပြုတဲ့စကားကို ကြားလိုက်လျှင် အခန်းထဲမှာရှိတဲ့ လူတိုင်း လေအေးတစ်ချက် ရှိုက်လိုက်မိကြသည်။

ကူရှုပ်ရှင်းရဲ့ လက်ချောင်းတွေ ပိုအားပါလာပြီး ဆွန်းမိုကို အမှတ်တမဲ့ ကုတ်မိကုန်သည်။

“မင်း ဘာလုပ်နေတာလဲ”

ဆွန်းမို ကြောင်နေသည်။

“ငါ အရမ်း အားကျသွားလို့ပါ”

ကူရှပ်ရှင်းက အံကြိတ်ပြီး ပြန်ပြောသည်။ ဒီမှာ လူများနေလို့ပါ ဒီလိုမှမဟုတ်ရင် ဆွန်းမိုကို ကိုက်ပစ်လိုက်ချင်သည်။

“ဘုရားရေ၊ လီဇီချီက အသက် ၁၃နှစ်နဲ့ မြတ်ဆရာအရှိန်အဝါ နားလည်နေပြီလား။ သူမသာ ဆန္ဒရှိရင် မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်တယ်”

ရှာယွန်ဆီက ချီးကျူးစကားထွက်လာသည်။

“မှတ်ဉာဏ်ကောင်းလည်း ရှိသေးတယ်”

ကူရှုပ်ရှင်းသည် ဒီအကြောင်းကို ပြန်တွေးလိုက်လျှင် စိတ်ထဲမှာ မနာလိုစိတ်တွေ ပေါက်ကွဲထွက်လာပြီး ဆွန်းမိုကို လက်သီး ပါးပါးလေး တစ်ချက် တန်းထိုးလိုက်သည်။ အဲဒီနောက်မှာတော့ သူမ ထိုးလိုက်တဲ့ နေရာကို ပြန်ပွတ်ပေးနေသည်။

"မှတ်.....မှတ်ဉာဏ်ကောင်း ဟုတ်လား"

ရှာယွန် နှလုံးသားထဲတွင် အချဉ်ဓါတ် ဖောက်လာသည်။ သူမက အိပ်မက်ထဲမှာတောင် ဒီမြွတ်ဆရာ အရှိန်အဝါ နှစ်ခုကို တောင်းတနေခဲ့သည်။ ပြီးတော့ လီဇီချီရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်အချင်းနဲ့ဆို သူမထက် အရင်တောင် ကြယ်သုံးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာနိုင်သည်။

"ဒါတွေအားလုံးက ဆရာရဲ့ ကောင်းမွန်တဲ့ လမ်းညွှန်မှုကြောင့်ပဲ လက်တွေ့မဆန်တဲ့အိပ်မက်ကို နားလည်ခဲ့တာ"

လီဇီချီက နှိမ့်ချစွာ ပြောလိုက်သည်။ ကူရှုပ်ရှင်းနှင့် ရှာယွန်တို့ရဲ့ အပြုအမူကို မြင်ပြီးနောက် ဆွန်းမိုအပေါ် ပိုကျေးဇူးတင်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မျှော်လင့်ထားသလိုပဲ ဆရာနဲ့တွေ့ဆုံခဲ့ရတာ ငါ့ဘဝရဲ့ အကြီးမားဆုံးသော ကံကြမ္မာပဲ။)

ဒင်

လီဇီချီ၏ လေးစားအထင်ကြီးမှု +၁,၀၀၀။ ရှိသေ(၂၉,၇၆၀/၁၀၀,၀၀၀)

"ကောင်းပြီလေ၊ စလိုက်ရအောင်"

"မဆိုးဘူး။ ဆရာဆွန်းရဲ့ မျက်လုံးတွေက တောထဲမှာ တောက်ပနေတဲ့ မီးရှူးတိုင်တွေအလားပဲ၊ မင်းက ဒီမှာပဲ လမ်းညွှန်ချက် ပေးမှာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှာယွန်က ခေါင်းညိတ်ပြီး တိတ်တိတ်လေး သက်ပြင်းချလိုက်တယ်။ (ဆွန်းမိုနဲ့ ယှဉ်ပြိုင်ဖို့ မစဉ်းစားထားမိတာ ကံကောင်းတယ်။ ဒီလိုမှမဟုတ်ရင် အော်တဇင် (စိတ်ရောဂါ တစ်မျိုး) ဖြစ်သွားတဲ့အထိ ဆိုးဆိုးရွားရွား နှိပ်စက်ခံရလိမ့်မယ်။)

ဒင်

ရှာယွန်၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား(၁,၅၇၀/၁၀,၀၀၀)

ပန်းရောင်ပန်းပွင့်လေးတွေက အခန်းထဲမှာ နောက်တစ်ကြိမ် ပြည့်နှက်သွားသည်။

ချစ်သူကောင်မလေးက လှေစီးပြီး ပစ်ချလိုက်တဲ့ ရေကန် မျက်နှာပြင်ပေါ်က ပန်းပွင့်လေးတွေနဲ့ တူနေသည်။

ရှန်ယွန်ပေါင်နှင့် ကျန်တဲ့လူတွေ ချက်ခြင်း မှင်တက်သွားကြသည်။

ကျန်ရန်ဇောင်နှင့် ကျန်ဟောင်တို့နှစ်ယောက်စလုံး ဒါကို မြင်လိုက်လျှင် အရမ်း အားကျနေကြသည်။

"တောင်းပန်ပါတယ်။ ဒါက ဝိညာဉ်သားရဲ ထိန်းချုပ်ရေး ကျင့်စဉ်နဲ့ဆိုင်တဲ့ လက်တွေ့မဆန်တဲ့ အိပ်မက်ပါ။ အန္တရာယ်များတယ်။ ကျန်ရန်ဇောင်နဲ့

ကျန်ပဟောင်တို့အတွက် အပျက်သဘောဆောင်တဲ့ သက်ရောက်မှု ဖြစ်သွားမလားဆိုတာ ငါလည်း မသိဘူးလေ။ ဒါကြောင့် သူတို့ကို မတွေ့ကြုံခိုင်းလိုက်တာ”

ဆွန်းမိုက ရှင်းပြသည်။

“နားလည်ပြီ”

ရှာယွန်က ဒါကို မငြင်းပါ။

ကူရှုပ်ရှင်းက ဆွန်းမိုကို စကားမပြောဖို့ အမူအရာပြလိုက်သည်။

သုံးမိနစ် ကုန်သွားသည်။ ဒီသုံးမိနစ်သည် ရှန်ယွန်ပေါင်နှင့် ကျန်တဲ့လူတွေအတွက် အရမ်းကြာတဲ့ အချိန်ကာလတစ်ခု ဖြစ်ခဲ့သည်။

လီဇီချီက မြတ်ဆရာ အရှိန်အဝါကို ဖယ်လိုက်လျှင် ရှန်ယွန်ပေါင်နှင့် ကျန်တဲ့လူတွေ အိပ်မက်ထဲမှ နိုးလာကြသည်။

"မှော်ဆန်တယ်"

ထန်ထန်ယုထန်က သက်ပြင်းချရင်း ပြောလိုက်သည်။

"အင်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အင်ဘိုင်ဝူနှင့် ကျန်တဲ့လူတွေက ခေါင်းညိတ်ပြီး ထောက်ခံကြသည်။

“ဒီရှေ့ပောင်းသားရဲတွေနဲ့ တိုက်ခိုက်လို့ မရဘူးလား”

ရှန်ယွန်ပေါင်က နှုတ်ခမ်းသပ်ပြီး တောင်းဆိုလိုက်သည်။

လီဇီချီက သူ့ကို ဘေးမဲ့ ပေးထားသည်။ လုချီဟွာက မှိန်းနေသဖြင့် စိုရိမ်းတကြီး ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အို မဟုတ်ဘူး။ ကြည့်ရတာတော့ ငါ့ထိန်းချုပ်မှု လွတ်သွားတဲ့ပုံပဲ)

"ဒါက မဖြစ်နိုင်ဘူး မဟုတ်လား။ တစ်ခုခု မှားနေတာလား"

ဆွန်းမို တုန်လှုပ်သွားသည်။

အခန်း(၅၆၀) - လူလုခြင်းနဲ့ ထိပ်တိုက်ကြုံတွေ့ရခြင်း။

“ချီဟွာ၊ ထစမ်း”

ဆွန်းမို အော်ဟစ်လိုက်ပြီး လေးနက်တဲ့စကားကို ဖောက်ခွဲထုတ်လိုက်သည်။

ရှီ

မြတ်ရာအရှိန်အဝါက အခန်းတစ်ခုလုံး လင်းထိန်သွားစေသည်။ ဆွန်းမိုက ကူရှုပ်ရှင်းနှင့် တခြား သူတွေကို အမိန့်မပေးခဲ့သော်လည်း သူ့ရဲ့လေးနက်တဲ့စကားက တဝက်တပျက် ဘိုးဘေး

အဆင့်သို့ ရောက်နေသဖြင့် ကြီးမားတဲ့ စိတ်ဖိအားကို ခံစားရသည်။

ကျောင်းသားတွေ မပြောနဲ့၊ စိတ်ဆန္ဒအားသန်တဲ့ ရှာယွန်နှင့် ကူရှုပ်ရှင်းတို့တောင် သူမတို့ရဲ့ နှလုံးသားထဲမှာ ရှိသေမှုနဲ့ ထိတ်လန့်မှုတွေ ပေါ်လာတဲ့အတွက် ဆွန်းမိုကိုကြည့်လိုက်လျှင် ခံ့ညားတယ်လို့ ထင်နေကြသည်။ သူမတို့သည် ယခုအချိန်မှာ မနာခံမှုလက္ခဏာများကို မပြရဲကြပါ။

“အမ်”

လီချီဟွာမျက်လုံး မှိန်းနေရာမှ အသိစိတ် ပြန်ကပ်လာသည်။

သူမက "ဆရာ၊ ငါ အမှားလုပ်မိလို့လား" လို့ မဝံ့မရဲနဲ့ မေးလိုက်သည်။

"...."

ဆွန်းမို မျက်မှောင်ကြုတ်လိုက်သည်။ လုချီဟွာရဲ့ အခြေအနေသည် တစ်ခုခု လွဲနေပုံရသည်။ အခြေခံအားဖြင့်တော့ သူမပုံစံသည် အစောပိုင်းတုန်းက လီဇီချီ အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပုံနဲ့ မတူပေ။

"ဘယ်နေရာမှာ အဆင်မပြေတာရှိလဲ "

"မရှိဘူး"

လုချီဟွာ ခေါင်းကို ကုတ်လိုက်သည်။ ထို့နောက် စိုးရိမ်လာသည်။ စောစောတုန်းက စားတာ များသွားလို့လား။

(ဒါပေမယ့် ကိုယ်အလေးချိန် လျှော့ချဖို့ ကြိုးစားရမယ့် အချိန်ရောက်နေပြီ။ ဆက် ဝလာရင် ဆရာ ငါ့ကိုမကြိုက်တော့မှာ သေချာတယ်။)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကို တွေးနေရင်းနဲ့ လုချီဟွာသည် လက်ကိုဆန့်ပြီး ရင်သားတွေကို အမှတ်တမဲ့ ပင့်တင်လိုက်လျှင် အလေးချိန်ကို ခံစားလိုက်ရသည်။

(အား၊ ဒါတွေအားလုံးက ဆရာကိုပဲ အပြစ်တင်ရမယ်။ သူ့နောက်ကို လိုက်တဲ့အချိန်ကစပြီး နေ့တိုင်း အရမ်းပျော်နေတော့ အစား စားသုံးမှုကလည်း အလိုလို တိုးလာတယ်)

"ချီဟွာ"

လီဇီချီက သဘော်သီးမိန်းကလေးရဲ့ လက်ကို ပုတ်လိုက်သည်။ သန့်စင်တဲ့အမျိုးသမီးက ဒီလိုမျိုး

လုပ်ရပ်ကို ဘယ်တော့မှ မလုပ်ပေ။ ထို့နောက် သူမက "လက်တွေ့မဆန်တဲ့ အိမ်မက်ထဲမှာ မင်းဘာတွေ ကြုံတွေ့ခဲ့ရလဲ" လို့ စိတ်ဝင်တစား မေးလိုက်သည်။

"အဲဒီနေရာမှာ အရမ်းပျော်ဖို့ကောင်းတယ်လို့ ခံစားရတယ်"

လုချီဟွာက မျက်လုံးမှေးပြီး ပြုံးလိုက်သည်။ ထို့နောက် သူမက လီဇီချီရဲ့လက်မောင်းကိုဖက်ပြီး တစိုက်မတ်မတ် နွဲ့ဆိုး ဆိုးတဲ့ပုံစံ လုပ်တော့သည်။ "ရှေးဟောင်း ဝိညာဉ်သားရဲတွေက

အရမ်းစိတ်ဝင်စားဖို့ ကောင်းတယ်။ အကြီးဆုံးအစ်မကြီး လက်တွေ့မဆန်တဲ့ အိပ်မက်သုံးပြီး အိမ်မက်ထဲ ထပ်ပို့ပေးလို့ရမလား"

လုချီဟွာက ဆော့ချင်သေးသည် ။

"ဟုတ်တယ် ၊ ငါ့ကိုလည်း အိပ်မက်လေး ဆောက်ပေးအုံး"

ရှန်ယွန်ပေါင်က တိုက်တွန်းလိုက်သည်။ "ရှေ့ဟောင်း ရောမအကောင်ကြီးတွေ ငါလိုချင်တယ်။ ငါ သူတို့နဲ့ ကောင်းကောင်းလေး တိုက်ပွဲဝင်ချင်တယ်"

"မရဘူး၊ ငြင်းတယ်၊ မလုပ်ပေးနိုင်ဘူး"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက သုံးကြိမ်သုံးမျိုးဆက်တိုက် ငြင်းခဲ့ပြီး စိတ်ခါတ်ကျသွားသည်။ (မင်းတို့ ငါ့အတွက် စိတ်ပူပေးလို့ ရမလား။ စောစောတုန်းက အိပ်မက်ထဲမှာ သေလုမျောပါး ဖြစ်ခဲ့ရတယ်။)

“မင်းတို့ကောင်တွေ တခြား ဘာခံစားမိသေးလဲ”

ဆွန်းမိုက တိုက်ခိုက်ရေးသမားက တစ်ခုခု နားလည်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါ။ ထို့ကြောင့် ထန်ထန်ယုထန်နှင့် ကျန်တဲ့သုံးယောက်ကို လှည့်ကြည့်လိုက်သည်။ ဒါပေမယ့်လည်း အားလုံးက ခေါင်းခါကြသည်။

"အမ်၊ ငါတို့က ကစားဖို့သွားတာ မဟုတ်ဘူးလား။ တစ်ခုခု ခံစားရမှာလား"

လုချီဟွာ မျက်နှာပေါ်တွင် ရှက်ရွံ့တဲ့ အကြည့်တစ်ခု ပေါ်လာပြီး လည်ပင်းကျုံ့သွားသည်။ စာမေးပွဲမှာ အမှတ်သုညရတဲ့ ကျောင်းသားက အဖေဆီကနေ အပြစ်ပေးခံရမှာကို ကြောက်နေတဲ့ပုံစံ ဖြစ်နေသည်။

(မဟုတ်ဘူး၊ ဆရာ စိတ်ပျက်သွားလို့ မရဘူး)

လုချီဟွာက သူမဦးနှောက်ကို ဖျစ်ညှစ်ပြီး လက်တွေ့မဆန်တဲ့အိပ်မက်ထဲမှာ ဖြစ်ပျက်ခဲ့သမျှကို

ပြန်စဉ်းစားလိုက်သည်။ ဒါပေမယ့် ကစားတာကလွဲလို့ တခြားဘာမှ မရှိပါ။ ထို့နောက် လက်လျှော့ဖို့ ရွေးချယ်လိုက်သည်။

“ဆရာ၊ နောက်တစ်ကြိမ်မှာ အစွမ်းကုန် ကြိုးစားပြီး ရယ်စရာဖြစ်အောင် မလုပ်တော့ဘူး”

လုချီဟွာသည် မျက်လုံးလေး ပေကလတ် ပေကလတ် ဖြစ်နေပြီး ပန်းအိုးပြုတ်ကျအောင် လုပ်ထားတဲ့ ကြောင်ကလေးနဲ့ တူနေသည်။

"ဇီချီ စောစောတုန်းက မင်းနားလည်ထားသမျှကို လက်တွေ့မဆန်တဲ့အိမ်မက်ကနေ သူမကိုပြလိုက်"

ဆွန်းမို ညွှန်ကြားလိုက်သည်။

“အင်း”

လီဇီချီက ခေါင်းညိတ်ပြီး လက်တွေ့မဆန်တဲ့အိပ်မက်ကို ထပ်အသုံးပြုလိုက်သည်။

"အမ်၊ စနေပြီလား။ နည်းနည်းလေးတောင် ပြင်ဆင်ခွင့် မပေးတော့ဘူးလား”

လုချီဟွာ ခုနတုန်းကလိုမျိုး ထပ်ဖြစ်မှာ စိုးရိမ်နေသည်။

တစ်မိနစ်လောက်ကြာတော့

လက်တွေ့မဆန်တဲ့အိမ်မက် ပြီးဆုံးသွားပြီး လုချီဟွာ အိပ်မက်ထဲက နိုးလာခဲ့သည်။

“ဘယ်လိုလဲ”

လီဇီချီ အရမ်းသိချင်နေသည်။

“ဒါ…ဒါက ဘာသာစကား တစ်မျိုးလား”

လုချီဟွာက ခေါင်းငုံ့ပြီး အသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။ သေးငယ်လှတဲ့ လက်ချောင်း ထိပ်ကလေးများကို တစ်ခုနဲ့တစ်ခု ထိနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနဲ့ လီဇီချီတို့ကို တည့်တည့်မကြည့်ရဲပါ။ "တောင်းပန်ပါတယ် ငါအရမ်းတုံးတာပဲ"

လီဇီချီနှင့် ဆွန်းမိုတို့က အကြည့်ခြင်းဖလှယ်ပြီး ဆက်မေးလိုက်သည်။

"တခြားဘာတွေ တွေးမိသေးလဲ"

"တွေးမိတာလား။ ဒီဘာသာစကားက အပိုင်းပိုင်း ကွဲနေသလားလို့။ ပြီးတော့ အရင်တုန်းကလည်း ဒီလိုမျိုး အသံထွက်တဲ့ ဘာသာစကားကို ကြားဖူးတယ်”

လုချီဟွာက တုံ့ဆိုင်းနေတဲ့ လေသံဖြင့် မပြောခင် ဆင်ခြင်သုံးသပ်လိုက်သေးသည်။

"အရင်က ဒီလိုမျိုး စကားသံကို ကြားဖူးတယ် ဟုတ်လား"

လီဇီချီ အံ့အောသွားသည်။

"အင်း၊ ခရုခွံ တစ်ခုထဲမှာ"

လုချီဟွာက ဘာမှ ဖုံးကွယ်မထားပေ။

ရှာယွန် လုံး၀ အံ့ဩနေပေမယ့် ဘာမှ နားမလည်ပါ။ ဒါပေမယ့်လည်း ဒီအရာက သူတို့ရဲ့ လျှို့ဝှက်ချက်ဖြစ်နိုင်တယ်ဆိုတာ သိလိုက်သည်။

ဒါကြောင့် ကမန်းကတန်း နှုတ်ဆက်ပြီး ပြန်သွားသည်။

"ခရုခွံလား။ မင်း ပိုင်တာလား"

လီဇီချီရဲ့သိချင်စိတ်က ဇယားကွက် အပြင်ရောက်နေပြီ။

"ဟုတ်တယ်၊ ငါ ၇ နှစ် အရွယ်တုန်းက ကမ်းခြေမှာကောက်ရတာ အရမ်းလှတယ်"

လုချီဟွာက ပျော်ရွှင်စွာ ပြုံးလိုက်သည်။ "နောက်တစ်ခါ အိမ်ပြန်ရင် ဒီကို ယူလာခဲ့မယ်"

"……"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီသည် စိတ်ထဲမှာ စကားလုံးပေါင်း တစ်ထောင်လောက် ရှိသော်လည်း ဘာပြောရမှန်း မသိပေ။ (မဟာတန်နိုင်ငံရဲ့ မင်းသမီးလေးအဖြစ် ပြန်ဝင်စားရင်တောင် ငါ့ရဲ့ကံအားလုံးကို အသုံးချနိုင်ပါ့မလား။ သေသေချာချာ ပြန်စဉ်းစားရင်တောင် ကြေးဒင်္ဂါးပြား တစ်ပြားတောင် တစ်ခါမှ မကောက်ရဖူးဘူး။)

ဆန့်ကျင်ဘက်အနေနဲ့ ဆွန်းမိုကတော့ မအံ့ဩပါ။ လုချီဟွာက ဝိညာဉ်ထိန်းချုပ်တဲ့ နေရာမှာ တမူထူးကဲတဲ့ မွေးရာပါစွမ်းရည် ရှိပုံရသည်။

အနည်းငယ် တွေဝေသွားပြီး နောက်ဆုံးတော့ ဝိညာဉ်သားရဲ ထိန်းချုပ်ခြင်းဆိုင်ရာ နတ်ဘုရား ဘာသာစကားကို လုချီဟွာစိတ်ထဲ ထည့်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

"မင်းကို ဝိညာဉ်သားရဲ ထိန်းချုပ်တဲ့ ဂါထာအပြည့်အစုံ သင်ပေးမယ်။ ဒါကို နားလည်အောင် အာရုံစိုက်ပြီး အတတ်နိုင်ဆုံး ကြိုးစားပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက လုချီဟွာ စိတ်ဖိအားများပြီး စိတ်ဒုက္ခရောက်သွားမှာ ကြောက်လန့်ကာ ဒါကို နတ်ဘုရား ဘာသာစကားလို့ မပြောရဲတော့ပါ။

လုချီဟွာက ချက်ချင်းဆိုသလို ရင်ဘက် ကော့ထုတ်လိုက်ပြီး ဗိုက်ချက်ထားသည်။ မျက်နှာက ခပ်တောင့်တောင့် ဖြစ်နေသည်။

ဝုန်း

ဆွန်းမိုရဲ့ ညာလက်သီးမှ ဝိညာဉ်သားရဲ ထိန်းချုပ်မှုဆိုင်ရာ အနှစ်သာရများ

သယ်ဆောင်လာတဲ့ အဖြူရောင်အလင်းတန်းတစ်ခု ပေါက်ကွဲသွားပြီး လုချီဟွာစိတ်ထဲသို့ ဝင်သွားသည်။

လုချီဟွာ ခေါင်းအနည်းငယ် ငုံ့သွားသည်။

ဆွန်းမိုက မမျှော်လင့်ထားတဲ့ တစ်ခုခု ဖြစ်ပေါ်လာခဲ့ရင် ကယ်တင်နိုင်အောင် အသင့်ပြင်ထားပြီး လုချီဟွာရဲ့ အမူအရာကို ဂရုတစိုက် စောင့်ကြည့်နေသည်။ ဒါပေမယ့်လည်း လုချီဟွာက တုန့်ပြန်မှု တစ်ခုမှမရှိခဲ့ပေ။

လုချီဟွာက မျက်လုံးလေး ပေကလတ်ပေကလတ် လုပ်နေသည်။ 'ဒါပဲလား' လို့ မေးနေတဲ့ပုံပါ။

ဒါကနည်းနည်းလေး မရိုးရှင်းလွန်းဘူးလား။ ဆရာနဲ့ အကြီးဆုံး အစ်မကြီးတို့က ဘာဖြစ်လို့ အရမ်းကြောက်ဖို့ကောင်းတဲ့ ရန်သူနဲ့ ရင်ဆိုင်တော့မယ့်ပုံစံ ဖြစ်နေကြတာလဲ။

“နားလည်လား”

ဆွန်းမိုက မေးလိုက်သည်။

“ဆရာ၊ ဒီဂါထာက ဝိညာဉ်သားရဲစာချုပ်တွေကို ပယ်ဖျက်နိုင်တယ်။ အား၊ ငါက အခုဆို ဝိညာဉ်သားရဲ စာချုပ်တွေကို အတင်းကျပ် ဖျက်သိမ်းပြီး သူတို့ကို လွှတ်ပေးလို့ ရပြီ”

လုချီဟွာ အရမ်းပျော်သွားသည်။ သူမဆရာက တကယ့် နူးညံ့သိမ်မွေ့ပြီး နွေးထွေးကာ စေတနာပါသည်။ ဆရာက ထုံးစံအတိုင်း ကြင်နာပြီ့. ဝိညာဉ်သားရဲဂါထာကို ငါ့ကို သင်ပေးလိုက်တာပဲ။

ဒင်

လုချီဟွာ၏ လေးစားအထင်ကြီးမှု +၁၀၀ ။ ရှိသေ(၂၈,၁၅၀/၁၀၀,၀၀၀)

“ဆရာ၊ ငါတော့ သူမကို ရုတ်တရက် မနာလို ဖြစ်လာပြီ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ မချိပြုံး ပြုံးလိုက်သည်။ ဝိညာဉ်သားရဲထိန်းချုပ်မှု နယ်ပယ်တွင် သူမရဲ့ ဂျူနီယာညီမလေး လုချီဟွာက သူမကို လုံးဝနှိပ်စက်ခဲ့ကြောင်း သူမဝန်ခံလိုက်ရသည်။

“သဘောတူတယ်။ ငါလဲ အတူတူပဲ”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

ရိုးရိုးသားသားပြောရလျှင် လီဇီချီ၏စွမ်းရည်က အလွန်ကောင်းမွန်သည် ဒီလိုမှမဟုတ်ရင် ဖားတဲ့နေရာမှာ ကျွမ်းကျင်တဲ့ သေလွန်သူဝိညာဉ် မာကွမ်ဇူကို ဆင့်ခေါ်နိုင်မှာ မဟုတ်ပေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ငါရောပဲ”

စနစ်ကလည်း စကားဖြတ်ပြောလာသည်။ လွတ်လပ်မှုသက်သေခံ ကျောက်မျက်ရတနာက လူနှစ်ယောက်ကို အမှန်တကယ် နားလည်စေခဲ့သည်။ ဒါ့အပြင် လီဇီချီရဲ့ အရည်အချင်းကြောင့် သုံးနှစ်အတွင်း ဒါကို အပြည့်အဝ နားလည်သွားလိမ့်မည်။

ဒါက ဆုကြေးရဲ့တန်ဖိုးကို အမြင့်ဆုံးအထိ အသုံးချခြင်းပါ။

....

လီဇီချီနှင့် ကျန်တဲ့လူတွေလည်း ထွက်သွားကြပြီးချိန်မှာ ဆွန်းမို ကောင်းကင်ကို မော့ကြည့်လိုက်တော့ မိုးလင်းခါနီးနေပြီ။

တစ်နေကုန် အလုပ်ရှုပ်ပြီး သေလုနီးပါး ပင်ပန်းခဲ့ရသည်။

ဆွန်းမိုလည်း အိပ်လို့မရတော့ပါ။ စက္ကူနှင့် စုတ်တံကိုထုတ်ကာ ဝိညာဉ်တက်တူးရဲ့ တွေးခေါ်မှုဖြစ်စဉ်နှင့် အယူအဆတချို့ကို သုတေသနပြုရင်း Dragon ball ဝိညာဉ်တက်တူးကို စတင် ရေးဆွဲလိုက်သည်။

ဝိညာဉ်တက်တူး အသစ်ရရှိရန် စနစ်အပေါ် မူတည်နေလျှင် ဒါက အဖြေမဟုတ်ပေ။ ဆွန်းမိုက သူကိုယ်တိုင် ဖန်တီးချင်နေပြီး သူ့စိတ်ထဲမှာ အယူအဆတစ်ခု အသင့်ရှိနေသည်။

ဒါကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ဗဟိုပြည်နယ် အကယ်ဒမီအတွက် ကြီးမားတဲ့ တိုးတက်မှုကို သေချာပေါက် ဆောင်ကျဉ်းပေးနိုင် လိမ့်မည်။

ကောင်းကင်တစ်ခုလုံး တောက်ပလာလျှင် ဆွန်းမိုက အနောက်ဖက်ခြံဝန်းထဲသို့ သွားပြီး

ခမ္မကောင်းကင်တုန်လှုပ်ခြင်း လက်သီးကို အကြိမ်အနည်းငယ် လေ့ကျင့်လိုက်သည်။ ထို့နောက် ကူရှုပ်ရှင်းနဲ့ လက်ရည်စမ်း တိုက်ခိုက်ပြီး အောင်စာရင်း သွားကြည့်ဖို့အတွက် ကျောင်းမသွားခင် မနက်စာ စားလိုက်သည်။

ဆွန်းမို ရထားပေါ်မှ ဆင်းပြီး ခြေလှမ်းအနည်းငယ် မလျှောက်ရသေးခင် လူနှစ်ယောက် ရောက်လာသည်။

"မင်္ဂလာပါ ဆရာဆွန်း၊ ငါက တောင်ဝါ အကယ်ဒမီရဲ့ ပညာရေးဌာနအဖွဲ့ဝင် ဟွောင်ဘို ပါ။ ရုတ်တရုတ် စိတ်အနှောင့်အယှက်ဖြစ်သွားရင်

တောင်းပန်ပါတယ်၊ ဒါပေမယ့် ငါတို့ရဲ့ အကယ်ဒမီမှာ ပါမောက္ခအဖြစ် ဖိတ်ခေါ်ချင်ပါတယ်”

ဦးဆောင်လာတဲ့ လူလတ်ပိုင်းအရွယ်လူက ပြုံးပြီး စကားပြောရင်း လက်ဆောင်သေတ္တာကို တစ်ခါတည်း ထုတ်ပေးသည်။

"ဒါတွေက အသေးအဖွဲ့လက်ဆောင်ပါ၊ လက်ခံဖို့အတွက် တွေဝေမနေပါနဲ့"

ဟော့ွင်ဘိုက ဒီကမ္ဘာကြီး၏နည်းလမ်းများကို ကောင်းကောင်း သိသည်။ ဆွန်းမိုအတွက် လက်ဆောင် ပြင်ဆင်လာရုံသာမက စုံစမ်းမှု

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြုလုပ်ပြီး လီဇီချီနှင့် ကျန်တဲ့လူတွေ အတွက်လည်း တွေ့ဆုံလက်ဆောင် ပြင်ဆင်လာခဲ့သည်။

“ကောင်းလိုက်တာ”

ကူရှုပ်ရှင်း မနာလို ဖြစ်သွားသည်။ ဟွောင်ဘိုရဲ့ လက်ဆောင်တွေက သိပ်တန်ဖိုးမရှိဘူးဆိုရင်တောင် သူဘယ်လောက်ရိုးသားတယ်ဆိုတာ မြင်နိုင်သည်။ ပြောချင်တာက ဆန်းမိုကို တကယ်ပဲ အရမ်းအလေးအနက်ထားသည်။

"ဆရာဟွောင်၊ ငါ တောင်းပန်ပါတယ်။ ဗဟိုပြည်နယ် အကယ်ဒမီမှာ ပျော်နေပြီး ထွက်သွားဖို့ စိတ်ကူး မရှိသေးဘူး"

ဆွန်းမိုက ငြင်းပယ်ခဲ့ပြီး လက်ဆောင်ကိုလည်း လက်မခံခဲ့ပါ။

ဟွောင်ဘိုရဲ့အပြုံးက မမှိန်သွားပါ။။ ဆွန်းမို အဖြေကြောင့်လည်း လုံးဝ မအံ့ဩပေ။

“ဆွန်းမို ၊ ဟိုနားမှာ စောင့်နေမယ်”

ကူရှုပ်ရှင်းသည် ဒီလိုမျိုး ဆွေးနွေးမှုကို ကိုယ်ရေးတာကိုယ်တာလို့ သတ်မှတ်မှတ်ထားသည်။

ဒါကြောင့်လည်း သူမက အဲဒီနေရာက ထွက်သွားဖို့ သူမဘာက်ကစပြီး ပြောလိုက်သည်။

"ဆရာကူ၊ မင်းကလည်း ငါတို့ လိုချင်တဲ့ ဆရာတစ်ယောက်ပါ။ တကယ်လို့ အားရင် နေ့လည်စာ အတူတူစားရအောင်၊ ဘယ်လိုလဲ"

ကူရှုပ်ရှင်းရဲ့ ရလဒ်တွေကလည်း မဆိုးပါ။ အရေးအကြီးဆုံးကတော့ သူမရဲ့ အလှတရားလေးပါ။ နှစ်အနည်းငယ်ကြာပြီးလျှင် သူမရဲ့ ခွန်အားတွေ တိုးတက်လာပြီး မိန်းမလှလေးအဆင့်ထဲ သေချာပေါက် ဝင်သွားလိမ့်မည်။ အဲဒီအချိန်ဆိုလျှင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမက ထင်ရှားကျော်ကြားတဲ့ ဆရာတစ်ယောက်ဖြစ်နေပြီ။

လူငယ်တွေအပေါ် သူမရဲ့ စုစည်းမှုစွမ်းအားက သေချာပေါက် ထိပ်တန်းအဆင့်မှာ ရှိလိမ့်မည်။

(အား၊ အန်ရှီဝေက ဘယ်လိုလဲလို့ တွေးမိတယ်။ သူမမှာ လျှိုမူဘိုင်နဲ့အတူ ဆရာအသစ် သုံးယောက်ရှိတယ်။ အဲဒါက သေလောက်တဲ့အထိကို မနာလိုဖြစ်မိတယ်။)

"ကျေးဇူးမတင်တော့ဘူးနော်။ ငါက ဗဟိုပြည်နယ်အကယ်ဒမီက ထွက်သွားမှာ မဟုတ်ဘူး"

ကူရှပ်ရှင်းက ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

"တောင်းပန်ပါတယ်"

ဆွန်းမိုက ပြောင်မြောက်တဲ့ လူမှုဆက်ဆံရေး အပြုံးလေး ထုတ်ပြပြီး ဟွောင်ဘိုအား ငြင်းလိုက်သည်။

"ဆရာဆွန်း၊ ဆရာဆွန်း၊ ညှိနှိုင်းရအောင်"

ဟွောင်ဘိုက နောက်မှလိုက်ပြီး စကားပြောပေမယ့် အသုံးမဝင်ပါ။ တောင်ဝါ အကယ်ဒမီက 'စီ' အဆင့် ကျောင်းဖြစ်နေသဖြင့်

ဆွန်းမိုကို ဆက်ပြီး နှောက်ယှက်နေရင် သေချာပေါက် မျက်နှာပျက်ရမည်။ ဒါကြောင့် ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

"ဒီကောင်က နည်းနည်းတော့ မာနကြီးတာ မဟုတ်ဘူးလား။ သူက ငါတို့ အခြေအနေတွေကိုတောင် နားမထောင်ချင်ဘူး။ ပိုကောင်းတဲ့ ကမ်းလှမ်းမှုတစ်ခုရဖို့အတွက် ကြိုးစားနေတယ်လို့ ထင်လား"

အစေခံတစ်ယောက်က မြတ်ဆရာ ပျောင်အတွက် မတရားဘူးထင်ပြီး ဝေဖန်

ပြောဆိုလိုက်သည်။ ဒါပေမယ့် ပြောပြီးတဲ့နောက်တွင် ချီးကျူးခြင်းမခံရဘဲ ဆူပူကြိမ်းမောင်းတာပဲ ခံလိုက်ရသည်။

“ပါးစပ် ပိတ်ထား”

ဟောင်ဘိုက ပိတ်ဟောက်လိုက်သည်။

“မင်းက အစေခံတစ်ယောက်ပဲ။ မင်းဘာသိမှာလဲ”

အစေခံသည် အရမ်းမှားသွားပြီလို့ ခံစားလိုက်ရသည်။

"ဆွန်းမိုရဲ့ရလဒ်က ဘာလဲဆိုတာ သိလား။ ရေးဖြေစာမေးပွဲမှာ အမှတ်ပြည့်နဲ့ ဟောပြောချက်

နှစ်ခုစလုံးမှာ ရတဲ့ ထူးချွန်မဲတွေက ဒုတိယနေရာရတဲ့သူနဲ့ နှိုင်းယှဉ်ရင် နှစ်ဆပိုများတယ်။ ဒါက ဘာသဘောတရားလဲ သိလား"

ပျှောင်ဘိုက ဆွန်မိုကို စောင့်ဖို့ ကျောင်းတံခါးအဝကို ဘာဖြစ်လို့ စောစောရောက်လာတာလဲ။ နှိမ့်ချရတာကို ကြိုက်လို့လား။ ထုံးစံအတိုင်း မဟုတ်ပေ။ ဆွန်းမိုရဲ့ အရည်အချင်းကြောင့်ပါ။

ဒီတစ်ကြိမ်မှာ ဆွန်းမိုက သူ့အပေါ် ကောင်းမွန်တဲ့ အမြင်ရှိစေချင်ပြီး နောက်ပိုင်းကျရင် သူ့ကို လိုက်ရှာတဲ့အခါ ပိုအဆင်ပြေလိမ့်မည်။

“ငါတို့ကျောင်းက ပြိုင်ဘက်ကျောင်း နှစ်ဆယ်လောက်ရှိဖို့ ဖြစ်နိုင်ခြေများတယ်”

ဟွောင်ဘို စိတ်ပူသွားသည်။ ကျောင်းအသီးသီးရှိ ကျောင်းခေါင်းဆောင်တွေမှာ နှောင့်နှေးတဲ့ ကိစ္စ မရှိသ၍ ဆွန်းမိုကို လိုက်ဖမ်းဖို့အတွက် သေချာပေါက် ကြိုးစားကြလိမ့်မည်။

မျှော်လင့်ထားတဲ့အတိုင်းပဲ ဆွန်းမို ကျောင်းထဲသို့ ဝင်လိုက်လျှင် သူနဲ့ စကားပြောဖို့ စောင့်နေတဲ့ လူလိုင်းလုံးကြီးနှစ်ခု ပြေးလာတာ တွေ့လိုက်ရသည်။ လှပတဲ့ နတ်ဘုရားမလေး တစ်ပါးအား မြင်လိုက်တဲ့ အလား သူတို့၏ မျက်နှာပေါ်ရှိ အပြုံးများက ပိုတောင် နှိမ့်ချမှု ရှိနေသေးသည်။

အခန်း(၅၆၁) - မြတ်ဆရာတိုက်ပွဲ။

လူတွေက ကျော်ကြားမှုလိုသလို သစ်ပင်တွေက အရိပ်လိုသည်။ ဒုတိယအကြိမ် ရေးဖြေစာမေးပွဲတွင် ဆွန်မိုသည် အမှတ်ပြည့်ရရှိခဲ့ပြီး ဂုဏ်သတင်းနှင့်အညီ နေထိုင်ကြောင်း သက်သေပြနိုင်ခဲ့သည်။ အဲဒီနောက်မှာတော့ သူဟာ မြတ်ဆရာတွေကြားထဲမှာ အတောက်ပဆုံးနဲ့ အထွန်းကားဆုံး ကြယ်ပွင့် ဖြစ်လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသိုင်းအဝန်း အသီးသီးရှိ လူတွေအားလုံးက ဆွန်းမိုကို စောင့်ကြည့်နေကြသည်။

ထုံးစံအတိုင်း လူ့သဘာဝက ရှုပ်ထွေးသည်။ ဆွန်းမို ရှုံးနိမ့်ဖို့အတွက် လူတချို့က မျှော်လင့်ခဲ့ကြသေးသည်။ ကံကြမ္မာဆိုးတွေ ခံစားနေရတာ မြင်ချင်ကြသည်။ ဒါပေမယ့် သူတို့ပဲ စိတ်ပျက်သွားခဲ့ရသည်။

ဟောပြောပွဲအပိုင်းမှာလည်း ဆွန်းမိုက မဲအများဆုံးရခဲ့သည်။ အောင်စာရင်း ထွက်လာသောအခါမှာတော့ သူက ကျော်ကြားတဲ့

ကျောင်းများစွာ၏ အလိုရှိတဲ့ မြတ်ဆရာတစ်ယောက် ဖြစ်လာခဲ့သည်။

ဘာ။

မြတ်ဆရာတိုက်ပွဲ မစသေးဘူး ဟုတ်လား။ ဆွန်းမိုရဲ့ တိုက်ခိုက်ရေးအစွမ်းက ဘာလဲဆိုတာ ဘယ်သူမှ မသိကြဘူး ဟုတ်လား။

ကျေးဇူးပြုပြီး ဆွန်းမိုမှာ ဒီလိုမျိုး အထင်ကြီးဖို့ကောင်းတဲ့ သင်ကြားရေးစွမ်းရည် ရှိနေပြီ။ ဒါက 'ဘီ' အဆင့် ကျောင်းတွေမှာတောင် လွှမ်းမိုးဖို့ လုံလောက်နေပြီ။ သူ့ရဲ့

တိုက်ခိုက်ရေးအစွမ်းက သာမန်ထက် အားနည်းနေရင်တောင် လက်ခံလို့ ရသေးသည်။

ပိုပြီး တိတိကျကျပြောရလျှင် အခုအချိန်မှာ 'ဘီ' အဆင့် ကျောင်းခေါင်းဆောင်တွေက ဆွန်းမိုရဲ့ တိုက်ခိုက်ရေး အစွမ်းက အရမ်း မမြင့်နိုင်ဘူးလို့ ခန့်မှန်းထားကြသည်။ ဒီလိုမှမဟုတ်ရင် မဟာကိုးပါးကျောင်းတွေက သူ့ကို အလေးထားပြီး အမဲလိုက်မှာ သေချာသည်။ အဲဒီလိုသာဆိုလျှင် ဆွန်မိုကို တခြားလူတွေက ဘာပေးနိုင်မှာလဲ။

"အခုတော့ မင်းနာမည်ကြီးနေပြီ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းက ခံစားချက်တွေနဲ့ သက်ပြင်းချလိုက်သည်။

ကျောင်းဝင်ပေါက်နှင့် အောင်စာရင်းကြေငြာဘုတ်ကြားမှာ အကွာအဝေးက မီတာ ၂၀၀၀ လောက်သာရှိသည်။ ဒါပေမယ့် လမ်းမှာ ဆွန်းမိုကို ဖိတ်ခေါ်ဖို့အတွက် လူငါးယောက် တားခဲ့သည်။

သူတို့ထဲမှ တစ်ယောက်ကဆို ဆွန်းမိုက သူတို့ကျောင်းမှာ အလုပ်လုပ်ဖို့ ဆန္ဒရှိနေသ၍ ဒုကျောင်းအုပ်ကြီးရာထူး ချက်ခြင်း ပေးမယ်လို့ ပြောခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီအချက်က ဆွန်းမိုကို ကျောင်းအုပ်ကြီးအဖြစ် ပြုစုပျိုးထောင်မယ့် ပျိုးပင်အဖြစ် ဆက်ဆံမယ်လို့ ဖော်ပြသွားခဲ့သည်။

သဘာဝအားဖြင့်ကတော့ သူသည် ဒုကျောင်းအုပ်ဆရာကြီး ဖြစ်လာနိုင်သည်၊ မဖြစ်လာနိုင်သည် ဆိုတဲ့အချက်က သူနှင့် အခြားကိုယ်စားလှယ်လောင်းများအကြား ယှဉ်ပြိုင်မှုအပေါ် မူတည်နေမည်။ ဒါပေမယ့် ဒီဂတိတစ်ခုတည်းကပင် ဆွန်းမိုကို ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ဖော်ပြနေသည်။

နာမည်ကြီးကျောင်းတွေရဲ့ ကျောင်းအုပ်ဆရာကြီး ရာထူးအတွက်မှာတော့ သူတို့အားလုံးသည် အဲဒီကျောင်းကို နက်နက်ရှိုင်းရှိုင်း သံယောဇဉ်ရှိရမယ်ဆိုတာ သိထားရမည်။ ဒီလိုမှပဲ တတ်စွမ်းသမျှ ပေးဆပ်ပြီး ကျောင်းအတွက်လည်း ပေးဆပ်နိုင်လိမ့်မည်။

"ကျေးဇူးပါ"

ဆွန်းမို မျက်နှာပေါ်မှာ အပြုံးတစ်ခု ပေါ်လာသည်။

ခေတ်တွေ ဘယ်လိုပဲဖြစ်နေပါစေ မြတ်ဆရာတစ်ယောက်ရဲ့ အဆင့်အတန်းကို

ဆုံးဖြတ်လေ့ရှိတဲ့ အရာတွေကတော့ အမြဲတမ်း ကျော်ကြားမှုနဲ့ပဲ တိုင်းတာကြသည်။ ကျော်ကြားမှုသည် အရေးကြီးဆုံးစံနှုန်းဖြစ်သည်။ လူတစ်ယောက်ရဲ့ ကျော်ကြားမှု အားကောင်းနေမှသာလျှင် ကိုယ်ပိုင် ဆရာအဖြစ် တင်မြှောက်ဖို့အတွက် ကျောင်းသား တော်တော်များများက လာရှာကြလိမ့်မည်။

“ဘာဖြစ်လို့ မဟာကိုးပါးကျောင်းတွေက လာဖိတ်တဲ့ ဆရာ တစ်ယောက်မှ မရှိသေးတာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက မကျေမနပ် ဖြစ်နေသည်။ ဆွန်မိုကို လာဖိတ်တဲ့လူတွေ အားလုံးက ဆားနယ်ငါးတွေပါ။ သူတို့၏ကျောင်းတွေသည် ပျမ်းမျှသာရှိပြီး လုံးဝ မကျော်ကြားပါ။

"ကျောင်းကောင်းတွေက အခြေအနေ စောင့်ကြည့်နေတုန်းပဲ။ သူတို့ရဲ့ ကိုယ်ပိုင်သတင်း လိုင်းတွေကနေ အခြားကျောင်းတွေ ပေးတဲ့ဈေးနှုန်းတွေကို စုံစမ်းရှာဖွေနိုင်တယ်။ ပြီးရင်တော့ လိုချင်တဲ့ဆရာဆီ မသွားခင် အရာအားလုံးကို စဉ်းစားပြီးမှ ဗျူဟာချလိမ့်မယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက ရှင်းပြလိုက်သည်.။

ရီးယဲလ်မက်ဒရစ်နဲ့ ဘာကာတို့က ကစားသမားတွေကို ဝယ်ယူချင်တဲ့အခါ တခြားဘောလုံးအသင်းတွေက ကစားသမားတွေနဲ့ ညှိနှိုင်းပြီးသွားပြီ ဒါမှမဟုတ် စာချုပ်ချုပ်ပြီးသွားရင်တောင် ကစားသမားတွေကို ရအောင်ယူဖို့ နည်းလမ်းတွေ ရှိနေသေးသည်။

ဒီအသင်းနှစ်သင်းဆီကနေ ခေါ်ယူခြင်းခံရဖို့အတွက် ဘောလုံးကစားသမားတွေဟာ ပြစ်ဒဏ်ချမှတ်ခံရပြီး သူတို့ရဲ့လစာကို

လျှော့ချဖို့ ဆန္ဒရှိကြသည်။ တကယ်တော့ သူတို့ဟာ အဲဒီအသင်းဆီ ဝင်ရောက်ဖို့အတွက်က သူတို့ရဲ့ အိပ်မက်ပဲလို့ မကြာခဏ ထုတ်ဖော်ပြောတတ်ကြသေးသည်။

ဒါက အသင်းကြီးနှစ်သင်းရဲ့ လွှမ်းမိုးမှုပါ။

အလယ်ကမ္ဘာ ပြည်နယ်ကိုးခုမှာလည်း ထိပ်တန်းအဆင့် သတ်မှတ်ခံထားရတဲ့ ကျောင်းတွေသည် မြတ်ဆရာအားလုံးရဲ့ အိပ်မက်ပါ။

အကောင်းဆုံးကျောင်းတွင် သင်ကြားခြင်း၊ အမြင့်ဆုံးလစာနှင့် အကျိုးခံစားခွင့်များရရှိခြင်း၊

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရည်အချင်းအရှိဆုံး ပါရမီရှင်များကို ပညာပေးခြင်း၊ အခြားသူများက မနာလိုခြင်းနှင့် အားကျခံရခြင်း......

(ဒီလို သာလွန်မြင့်မြတ်တဲ့ဘ၀ကို မကြိုက်တဲ့ မြတ်ဆရာတွေ ရှိလို့လား။)

"အဲဒီကျောင်းတွေက မောက်မာလွန်းတယ်"

လုချီဟွာက မဲ့ရွဲ့ပြီး ပြောလိုက်သည်။ သူမဆရာက အကောင်းဆုံးပါ။ ဒီလိုအခြေအနေတွင် မဟာကိုးပါး ကျောင်းတွေက အလျင်အမြန်လာကာ သူမဆရာကို ခေါ်ယူဖို့အတွက် စိတ်ရင်းအမှန်ဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်ဆောင်တစ်ခု၊ အကောင်းဆုံးစာချုပ်တစ်ခု ပြင်ဆင်ထားသင့်သည်။

“သူတို့ မောက်မာလား၊ မမောက်မာဘူးလားဆိုတာ ငါ ဂရုမစိုက်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါက ဗဟိုပြည်နယ်အကယ်ဒမီက ထွက်ခွာဖို့ အစီအစဉ်မရှိဘူး”

ဆွန်းမိုက ရယ်ပြီး ပြောလိုက်သည်။

ဒီစကားကိုကြားလိုက်လျှင် ကူရှုပ်ရှင်း သက်ပြင်းခိုးချလိုက်သည်။ ဒါပေမယ့် သူမသည်

စိတ်နှလုံး မအေးချမ်းနိုင်သေးဘဲ “ဘာလို့လဲ၊ အစ်မ ရှိဝေ ကြောင့်လား”

“မဟုတ်ဘူး”

ဆွန်းမို ခေါင်းခါလိုက်သည်။

"အဆင့်မြင့်ပြီးသား ကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်ရတာထက်စာရင် အောက်ခြေမှာရှိတဲ့ ကျောင်းတစ်ကျောင်းကို မဟာကိုးပါးအဆင့်အထိ ရောက်အောင် ကူညီပေးချင်တယ်။ ပြီးတော့ မဟာကိုးပါး ကျောင်းတွေကို ချေမှုန်းပြီး ဗဟိုပြည်နယ်အကယ်ဒမီကို

မဟာကိုးကျောင်းတွေထဲမှာ အထွင့်အထိပ်ရောက်အောင် လုပ်ပေးတာက အရမ်းအထာကျတယ်လို့ မထင်ဘူးလား”

“..........”

ကူရှုပ်ရှင်းသည် ဆွန်းမို စကားကြောင့် ထိတ်လန့်သွားသည်။

ထန်ထန်ယုထန် ကတော့ နှုတ်ခမ်းမဲ့သွားသည်။

'ဆရာ၊ မင်းရဲ့ ပန်းတိုင်က နည်းနည်းတော့ လက်တွေ့မကျဘူး' လို့ ပြောနေသလိုပဲ။

သူတို့ အားလုံးကို ချေမှုန်းပြီး မဟာကိုးပါးကျောင်းတွေထဲမှာမှ အထွတ်အထိပ်သို့ တက်လှမ်းဖို့ဆိုတဲ့ အချက်ကို အသာထားလိုက်အုံး မင်း တစ်သက်လုံး ကြိုးစားပြီး ဗဟိုပြည်နယ် အကယ်ဒမီကို မဟာကိုးပါး အဆင့်အထိ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ရင်ကို အမွေးတိုင် မီးရှို့ပြီး ဘုရားတွေအားလုံးကို ကျေးဇူးတင်သင့် နေပြီ။

"ဆရာက အရမ်း ရက်စက်တာပဲ"

လုချီဟွာရဲ့ ကြီးမားတဲ့ မျက်လုံးတွေသည် ကြယ်ပွင့်တွေအလား တောက်ပနေသည်။

"ဟီးဟီး"

ဆွန်းမိုက လုချီဟွာခေါင်းကို ပွတ်လိုက်သည်။

ရိုးရိုးသားသားပြောရလျှင် 'သူတို့ကိုမနိုင်ရင် သူတို့နဲ့ပူးပေါင်းပါ' ဆိုတဲ့ အတွေးအခေါ်ရှိတဲ့ ကောင်တွေ အနှိမ်ခံရဆုံးပဲ။ ဒီလိုဆိုရင် ဆုဖလားရဖို့က ဘာအတွက်လဲ။

"သွားပြီး မဲနှိုက်ရအောင်"

ဆွန်းမို လှည့်ထွက်သွားသည်။

စာမေးပွဲဖြေဆိုသူအားလုံး မဲနှိုက်ဖို့အတွက် အုပ်ချုပ်ရေးနယ်မြေသို့ အမြန်သွားရမည် ဆိုပြီး

လူထုကြေငြာဘုတ်တွင် ကြေငြာထားသည်။ မြတ်ဆရာတိုက်ပွဲက နေ့လည် ၂ နာရီတွင် တရားဝင် စတင်မည်ဖြစ်သည်။

"ဒီကောင် ဘယ်သူတုန်း။ သူ့စကားတွေက မောက်မာလွန်းတယ်"

ဆွန်းမို နောက်ကျောကို စိုက်ကြည့်ရင်း ခေါင်းထိပ်ကွက်နေတဲ့ ဖြေဆိုသူက အမှတ်တမဲ့ မေးလိုက်သည်။ ပြီးတော့ ဆွန်းမိုကလည်း သူ့အသံကို တမင်တကာ လျှော့မပြောခဲ့ပါ။ ထို့ကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့စကားတွေကို လူတော်တော်များများ ကြားလိမ့်မည်။

"ဆွန်းမိုကိုတောင် မသိဘူးလား။ မြွတ်ဆရာလောကမှာ ဘယ်လို အသက်ရှင်နေတာလဲ"

“ဘာ သူက ဆွန်းမိုလား”

အဲဒီဖြေဆိုသူက သူ့ရဲ့ဦးရေပြားကို ကုတ်လိုက်သည်။ သူ့အနေနဲ့ ဆွန်းမိုကို လေးစားမှု ဒါမှမဟုတ် သိချင်စိတ် မရှိခဲ့ပေ။ အဲဒီအစား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စိတ်လှုပ်ရှားလာပြီး မဲနှိုက်တဲ့အခါ ဆွန်းမိုနဲ့ တိုက်ခိုက်ခွင့်ရဖို့ မျှော်လင့်နေသည်။

(ဆွန်းမိုကို အနိုင်ယူပြီး တစ်ချက်တည်းနဲ့ ကျော်ကြားလာအောင် လုပ်ရမယ်)

ဒီလိုအတွေးမျိုး သူတစ်ယောက်တည်း ရှိတာတော့ မဟုတ်ပါ။ ဒါကြောင့် လျိုတုံသည် သူ့ရဲ့ ပထမဆုံးပြိုင်ဘက်က ဆွန်းမို ဖြစ်နေတာ မြင်လိုက်လျှင် ကြောင်သွားသည်။ ဒါပေမယ့် စင်ပေါ်ကနေ ဆင်းပြီးတာနဲ့ ချက်ချင်းဆိုသလို အပျော်လုံးဆို့နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဆွန်းမို တောင်းပန်ပါတယ်။ ငါ နာမည်ကြီးလာအောင် မင်းကို ချနင်းမှရမယ်။)

....

" ငါတို့ အချင်းချင်း မတိုက်ရဘူး ကံကောင်းတာပဲ"

ကူရှုပ်ရှင်းသည် သူမရဲ့ပြိုင်ဘက်နာမည်ကိုမြင်ပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်သည်။ တကယ်လို့ သူမသာ ဆွန်းမိုနဲ့ တိုက်ခိုက်ရမယ်ဆို အနိုင်ရရန် နည်းလမ်းမရှိတာ သိနေသဖြင့် သူမဘက်ကစပြီး အရှုံးကို ဝန်ခံရလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

……………………...

အနောက်တောင်မြို့၏ လေထုသည် တိမ်ထူနေသည်။ အပူချိန်က အေးစိမ့်စိမ့်ဖြစ်နေသဖြင့် တိုက်ပွဲအတွက် သင့်တော်နေသည်။

နေ့လည် ၁ နာရီလောက်တွင် ဖြေဆိုသူအများစုသည် ဒီနေရာနဲ့ ရင်းနှီးအောင် အရင်ရောက်လာကြသည်။

လယ်ကွင်းထဲတွင် အဖြူရောင် ထုံးကျောက်လိုင်းများဖြင့် နေရာ ၁၂ ခု ခွဲထားသည်။ ကနဦးတိုက်ပွဲများကို ဒီနေရာတွင် ကျင်းပမည်။

ဒုတိယအဆင့်သို့ ရောက်ရှိလာတဲ့ အနိုင်ရသူများသည် တိုက်ခိုက်ရေးခန်းမသို့ သွားကာ သူတို့၏ တိုက်ပွဲအတွက် ဒီကွင်းကို အသုံးပြုရန် အရည်အချင်း ရှိလာမည်။

သိပ်မကြာခင် ပြိုင်ပွဲစတော့သည်။ တချို့က စောင့်ကြည့်ဖို့ ရွေးချယ်ကြပြီး တချို့က ပြိုင်ဘက်ကို ချက်ချင်း ချေမှုန်းကြသည်။ တချို့ကတော့ ကံဆိုးစွာဖြင့် မိုက်နာလာလို့ အရှုံးပေးရန် ရွေးချယ်ခဲ့ကြရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနောက်တောင်မြို့မှာရှိတဲ့ အစားအစာတွေက ‘တကယ် စပ်လွန်းတယ်ဗျို့’ မပြောပဲ မနေနိုင်ကြပေ။ 'နည်းနည်းစပ်တယ်' ဆိုတဲ့ စာတန်းဖြင့် ရောင်းချတဲ့ အစားအသောက်ကို မှာကြည့်လိုက်ပါ။ အနောက်နိုင်ငံကလူတွေ ဒူးထောက် အရှုံး ပေးသွားလိမ့်မည်။

ဒီနေရာမှာ 'စပ်စပ်' ဆိုတဲ့ စကားလုံးက အချဲ့ကားဆုံးပဲ။ တည်းခိုခန်းမှ ဝန်ထမ်းတစ်ယောက်က 'အစပ်' ဆိုတဲ့

စကားလုံးအရှေ့တွင် 'နည်းနည်း' ဆိုတဲ့ စကားလုံး ဆယ်လုံး ထည့်ထားရင်တောင် သူတို့ကို မယုံသင့်ပေ။

“ငါ အခု သွားပြိုင်တော့မယ်။ ငါတို့နှစ်ယောက်လုံး ဖြတ်ကျော်နိုင်မယ်လို့ မျှော်လင့်တယ်"

ကူရှုပ်ရှင်းက ဆွန်းမိုပုခုံးကို သာမန်ကာလျှံကာ ပုတ်ပြီး သူမ၏နေရာသို့ ထွက်သွားသည်။

ဆွန်းမိုလည်း နံပါတ် ၉ နေရာသို့ အမြန်သွားလိုက်သည်။ သူတော်စင်ဂိတ်သည် အပြင်လူများကို ကြည့်ဖို့ မတားမြစ်ထားသောကြောင့် ဒီနေ့တွင် အနောက်တောင်အကယ်ဒမီမှာ လူတွေ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြည့်လျှံနေသည်။ ဖြေဆိုသူနှင့် သူတို့ရဲ့တပြည့်များ အပြင် ပြည်သူတွေကလည်း ပွဲကောင်းကောင်း ကြည့်ရအောင် ရောက်လာကြသည်။

ခေါင်းတွေ သွေးထွက်တဲ့အထိ ရိုက်နေတာကို ဘယ်သူက မကြိုက်လို့လဲ။

ဒါ့အပြင် ဘယ်သူနိုင်မလဲဆိုပြီး အလောင်းအစား ပြုလုပ်ရန် လောင်းကစားစခန်း အမျိုးအစားများလည်း တည်ထောင်ထားသည်။ အကြီးဆုံး ဆုကြေးငွေသည် ငွေတစ်သန်းအထိ ရှိသည်ဟု ဆိုကြသည်။

နံပါတ် ၉ နေရာတွင် ငါးကြိမ်ယှဉ်ပြိုင်ပြီးနောက် အဓိကစာစစ်ဆေးသူသည် နောက်ဆုံးတော့ ဆွန်းမို နာမည်ကို ခေါ်လိုက်သည်။

"အမှတ် ၁၉၈ ဆွန်းမိုနဲ့ အမှတ် ၇၁၆ လျို့တုံ တိုက်ခိုက်ဖို့အတွက် ကျေးဇူးပြုပြီး ကွင်းထဲသို့ ဝင်ကြပါ"

ရှစ်

အရင်က ဆူညံနေတဲ့ ပတ်ဝန်းကျင်သည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ လူတိုင်းက ခေါင်းဘယ်ညာလှည့်ပြီး ဆွန်းမိုရဲ့ပုံစံကို

လိုက်ရှာနေကြသည်။ မြင့်တက်လာတဲ့ ကြယ်ပွင့်ရဲ့ ပုံစံကို မြင်ဖူးချင်ကြသည်။

နောက်တစက္ကန့်မှာတော့ တခြားနေရာက လူတွေလည်း ဒီမှာလာစုကြသည်။ ဆွန်းမိုက အရမ်းနာမည်ကြီးနေသည်။ လူတော်တော်များများကလည်း အနည်းဆုံး ထိပ်ဆုံး ဆယ်ယောက်ဝင်မယ်ဆိုပြီး လောင်းထားကြသည်။

"ဘာဖြစ်နေတာလဲ"

"ဆွန်းမို တိုက်တော့မယ်လို့ ကြားတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မြန်မြန်သွားကြည့်ရအောင်၊ နံပါတ် ၉ နေရာမှာ ဆွန်းမို တိုက်ခိုက်တော့မယ်"

"တောက်၊ ဘယ်ကောင် ငါ့ဖင်ကို လာဆိတ်တာလဲ။ မင်းလက်ကို ငါဖြတ်မယ်"

မြင်ကွင်းက နည်းနည်း ရှုပ်ထွေးနေသည်။

"တိတ်ကြပါ"

အသက် ၄၀ ဝန်းကျင်လောက်ရှိတဲ့ အဓိက စာစစ်သူ အော်ဟာစ်လိုက်သည်။ အသံချဲ့ကျောက်တုံး၏ အကျိုးသက်ရောက်မှုအောက်တွင် သူ့အသံက

မိုးခြိမ်းသံအလား လူတိုင်းရဲ့ နားစည်ကို ရိုက်ခတ်သွားသည်။ ပရိတ်သတ်တချို့ နား နာသွားပြီး အံ့ကြိတ်ထားရသည်။

"ဆွန်းမို၊ လျှိုတုံ ဒီကိုလာ"

အဓိကစာစစ်သူက လောလိုက်သည်။ သူ့မျက်နှာက တည်ငြိမ်နေသော်လည်း ဆွန်းမိုရဲ့ တိုက်ခိုက်ရေး အစွမ်းကို အရမ်းသိချင်နေသည်။

ဆွန်းမိုက အဖြူရောင် ထုံးကျောက်မျဉ်းဖြင့် ပိုင်းခြားထားတဲ့ နေရာထဲသို့ ဝင်ရောက်လာသည်။

"တောက် သူက ချောလှချည်လား"

"ချီ၊ သူဖြစ်နိုင်တယ်"

"အရမ်းချောတာပဲ။ သူကြိုက်ရင် ကြိုက်သလောက် မိန်းမ ရနိုင်တာပဲ။ အိပ်ရာထဲမှာ ဘယ်လောက်ကြာကြာ နေနိုင်လဲဆိုတာက အရေးမကြီးဘူး"

အမျိုးသမီးတချို့က အော်ဟစ်နေကြသည်။ ဒါကို ကြားလိုက်ကြတဲ့ ယောကျ်ားတွေက ချက်ခြင်းဆိုသလို မနာလို ဖြစ်ကုန်သည်။ ထက်မြက်ပြီး ချောတဲ့ ကောင်လေး။ တခြားကောင်တွေ မနာလိုမဖြစ်ဘဲ ဘယ်လိုနေရမလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှိုတုံသည် အရပ် ၁.၅ မီတာအောက်နိမ့်ပြီး အရပ်ပုပုတိုတိုလေး ဖြစ်သည်။ ဒါပေမယ့်လည်း သူ့ရဲ့ ကိုယ်လုံးကိုယ်ပေါက်သည် အလွန်သန်မာသဖြင့် သေးငယ်တဲ့ တင့်ကားနဲ့ တူနေသည်။ သူ့ရဲ့ ခြေလက်လေးချောင်းက တိုလွန်းတာကြောင့် ခန္ဓာကိုယ် အားနည်းချက်ကို ဖြည့်ဆည်းဖို့ လက်နက်အဖြစ် နှစ်ခြေရှည်တဲ့လှံကို အသုံးပြုထားသည် (ခြေ - တရုတ်အတိုင်းအတာ)

"ဆွန်းမိုကို အနိုင်ယူနိုင်ရင် တိုက်ပွဲတပွဲတည်းနဲ့ ကျော်ကြားမှု ပေါက်ကွဲသွားလိမ့်မယ်။

အနည်းဆုံးတော့ 'C' အဆင့်ကျောင်းတွေက ငါ့ကို လိုက်ရှာကြလိမ့်မယ်။ ဟုတ်တယ်ဟုတ်။ ကောင်းပြီလေ ဒါက 'D' အဆင့် ကျောင်းဆိုရင်တောင် အထင်သေးမှာ မဟုတ်ဘူး”

လျိုတုံက သူ့ရဲ့ လှပတဲ့အနာဂတ်ကို တွေးနေသည်။ သူ့ရဲ့အောင်မြင်မှုတွေက မဆိုးပေမယ့် သူ့ပုံစံကြောင့် အလုပ်ရဖို့ အရမ်းခက်ခဲသည်။ နောက်ဆုံးတော့ သာမန်ကျောင်းတစ်ခုမှာပဲ အလုပ်လုပ်ခဲ့ရသည်။

"ငါ ရုပ်ဆိုးတာက ဘာဖြစ်လို့လဲ။ ရုပ်ဆိုးနေလို့ မသင်ပေးရတော့ဘူးလား"

ဆွန်းမိုရဲ့ အရုပ်မြင့်တဲ့ ပုံစံကိုမြင်လိုက်လျှင် လျှိုတုံသည် ဆွန်းမိုက သူနဲ့ အရုပ်တူတူ ဖြစ်လာအောင် ခြေထောက်တွေ ရိုက်ချိုးဖို့ ဆုံးဖြတ်လိုက်သည်။

"ဆွန်းမို ၊ နတ်ဘုရားခွန်အား နယ်ပယ် ဒုတိယအဆင့် ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ဆွန်းမိုကလက်သီး ဆုပ်ပြီး ပြောလိုက်သည်။

ဟာ

ဆွန်းမိုက သူ့ရဲ့ ကျင့်ကြံမှုအဆင့်ကို ဖော်ထုတ်တာနဲ့ ကြည့်ရှုနေတဲ့လူများ အံ့အားသင့်သွားကြသည်။ ဆွန်းမို အသက်အရွယ်နဲ့ဆိုရင် သူ့ရဲ့ ကျင့်ကြံမှုအဆင့်က အရမ်းမြင့်မားတယ်လို့ ပြောလို့ရသည်။

မြတ်ဆရာတွေအတွက် အသက်လေးဆယ်အရွယ်မှာ နတ်ဘုရားခွန်အား အဆင့်ကို ရောက်နေလျှင် တော်တော်ကောင်းနေပြီလို့ ပြောရမည်။

အဓိကစာစစ်သူနှင့် ဒုတိယအဓိက စာစစ်သူသည် ဆွန်းမိုကို အကဲဖြတ်ဖို့အတွက် အလိုလို ကြည့်မိလိုက်ကြသည်။

အရင်တုန်းက တိုက်ခိုက်ဖို့ စိတ်အားထက်သန်နေတဲ့ လျှိုတုံသည် ဆွန်းမိုက သူ့ကို လုံး၀ အထင်သေးနေတာ မြင်လိုက်လျှင် အနည်းငယ် ရှက်သွားသည်။

သူ့ရဲ့ အရပ်ကြောင့်လည်း လူတော်တော်များများက လှောင်ပြောင်နေကြသည်။

"ကောင်းပြီလေ၊ မင်းဘယ်လို ယဉ်ကျေးတာ မြင်လိုက်ရတော့ မင်းခြေထောက်တစ်ဖက်ကို ငါချိုးပစ်မယ်"

လျိုတုံက ဆုံးဖြတ်ချက်ချပြီး လက်သီးဆုပ်ကာ နှုတ်ဆက်လိုက်သည်။

"လျိုတုံ၊ နတ်ဘုရားခွန်အား နယ်ပယ် တတိယအဆင့် ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

လျိုတုံမျက်နှာမှာ ယုံကြည်မှုအပြည့် ရှိနေသည်။ (မင်းရဲ့အသက်အရွယ်နဲ့ နတ်ဘုရားခွန်အားနယ်ပယ် ရောက်နေတယ်ဆိုတော့ မင်းက ပါရမီရှင်တစ်ယောက်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖြစ်တယ်ဆိုတာ သက်သေပြဖို့ လုံလောက်ပါတယ်။ ငါက မင်းထက်နိမ့်ကျတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် တောင်းပန်ပါတယ်၊ ဒီအချိန်မှာ ငါ့ရဲ့ ကျင့်ကြံမှုအဆင့်က မင်းထက်မြင့်တယ်။)

(ဒါကြောင့် ဒီတိုက်ပွဲက ငါ့အတွက် အောင်ပွဲပဲ)

ဟား

လျိုတုံ၏ ကျင့်ကြံခြင်းအဆင့်ကို ကြားပြီးနောက် ပွဲကောင်းကြည့်ရန် ဒီနေရာကို ရောက်နေတဲ့လူတချို့သည် ချက်ချင်း ရယ်မောလိုက်ကြသည်။ ဖြစ်နိုင်တာကတော့

ဆွန်းမိုသည်   သူ့ရဲ့ပထမဆုံးတိုက်ပွဲမှာပဲ အုတ်တံတိုင်းဆီ ပြေးဝင်သွားခဲ့တာ ဖြစ်နိုင်သည်။

အခန်း(၅၆၂) - ပထမဆုံး တိုက်ပွဲ။

"တိုက်ပွဲစ"

အမိကစာစစ်သူက ကြေညာလိုက်သည်။ အဲဒီနောက် နောက်ပြန်ဆုတ်ပြီး ပြိုင်ပွဲကို အနှောင့်အယှက်မဖြစ်အောင် အစွမ်းကုန်ကြိုးစားခဲ့သည်။ ဒါပေမယ့်လည်း စာစစ်ဆေးသူသည် ဒဏ်ရာ ပြင်းပြင်းထန်ထန်ရခြင်းမှ ကာကွယ်ရန် အန္တရာယ်ရှိတဲ့ အခိုက်အတန့်မှာ ဝင်ရောက်စွက်ဖက်နိုင်သေးသည်။

"ဆရာဆွန်း၊ မင်းအရင်တိုက်ခိုက်ပါ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျိုတုံသည် ကျင့်ကြံခြင်းအဆင့် ပိုမြင့်နေသဖြင့် သဘောထားကြီးတဲ့ ပုံပေါက်အောင် လုပ်ဆောင်လိုက်သည်။ ဒါ့အပြင် သူက လှလှပပလေး အနိုင်ယူပြီး အဖွင့်ကောင်းချင်သည်။

"အရမ်း ယဉ်ကျေးနေစရာ မလိုပါဘူး"

ဆွန်းမိုက သစ်သားဓားကို ဆွဲထုတ်လိုက်သည်။ လုံး၀ မစိုးရိမ်ပေ။ ထို့နောက် လျိုတုံ၏ ကိန်းဂဏာန်းများကို စစ်ဆေးရန် နတ်ဘုရားမျက်စိအားရုံကို အသက်သွင်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြွံခိုင်မှု - ၃၉ - တန့်ကလေး ဆိုတဲ့ နာမည်ပြောင်ကို အတုအယောင်လို့ ထင်နေလား။ မင်းခေါင်းကို လက်သီးတစ်ချက်နဲ့ ဖောက်ခွဲပစ်နိုင်သည်။

ဉာဏ်ရည် - ၃၅ - သာမန်လူတစ်ယောက်ရဲ့ စံနှုန်း။ နည်းနည်း နိမ့်။ အချိန်တော်တော်ကြာအောင် လှောင်ပြောင်ခြင်း ခံလာရသဖြင့် အနည်းငယ် အမုန်းစိတ် ရှိနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သွက်လက်မှု - ၂၇ - ခြောက်ထောက်က ယုန်ထက်တိုသည်။ သူနဲ့ အပြေးပြိုင်ဖို့လား။ ဒါဆိုရင်တော့ မင်းကိုယ်မင်း ဒုက္ခရှာနေတာပဲ။

ခံနိုင်ရည် - ၃၇ - ရိုးသား၊ ကြိုးစားပြီး ခွဲနပဲကြီးသည်။ ခပ်ပြတ်ပြတ် ပြောရလျှင် ဝီရိယရှိပြီး အသိစိတ်ရှိတဲ့ နွားအိုကြီး တစ်ကောင်အလား ပင်ပန်းတဲ့အလုပ်တွေကို ကိုင်တွယ် ဖြေရှင်းနိုင်သည်။ ဘယ်လိုပဲပြောပြော မင်းမှာ ရုပ်ရည်မရှိဘူး ဒါတောင် ပျင်းနေသေးရင် မင်းဘဝ တကယ်ကို အဓိပ္ပါယ် ကင်းမဲ့သွားပြီ။

ဆန္ဒ - ၃၃ - အပေါ်ယံမှာ ငြိမ်သက်နေပေမယ့် သူများတွေက သူ့ကို လှောင်ပြောင်ရင် အရမ်းမုန်းသည်။ တစ်ယောက်ယောက်က သူ့ကို လေးစားမှုပြုရင် တကယ်ကို ကျေးဇူးတင် လေးစားလိမ့်မည်။

....

အလားအလာ တန်ဖိုး - အရမ်းမြင့်မား။

မှတ်ချက် - သူ့ရဲ့ရုပ်ရည်ကြောင့် ဝန်ပိနေတဲ့ ပါရမီရှင် တစ်ယောက်ပါ။ သူ့မှာ ကိုယ်ပိုင်ဆရာ

မရှိသဖြင့် လက်ရှိအောင်မြင်မှုတွေကို သူ့ဘာသာသူ ကြိုးစား တည်ဆောက်လာရသည်။

“စနစ်၊ မင်းရဲ့ အကဲဖြတ်မှုက အမှားအယွင်း မရှိတာ သေချာလား”

ဆွန်းမိုက သူ့မျက်လုံးကိုသူ သံသယ ဖြစ်နေသည်။

ဒီအတွက်လည်း ဖြေရှင်းချက်မရှိပါ။ (အသက်လေးဆယ် အရွယ်မှာ နတ်ဘုရားခွန်အား တတိယအဆင့် ရောက်တဲ့ အမျိုးသားတစ်ယောက်၊ ဒါတောင် သူ့ရဲ့ အလားအလာတန်ဖိုးက

အရမ်းမြင့်တယ်လို့ ငါ့ကို ပြောနေသေးတာလား။ နောက်နေတာလား။)

"ရုပ်ဆိုးတာ မူရင်းအပြစ်ပဲ"

လျိုတုံရဲ့ ဘဝတစ်ဝက်ကို စကားလုံး ခုနှစ်လုံး သုံးပြီး ဖော်ပြလိုက်သည်။

"....."

ဆွန်းမို တိတ်ဆိတ်သွားပြီး လျိုတုံရဲ့ အခြေအနေက အနည်းငယ် သနားစရာကောင်းတယ်လို့ ရုတ်တရက် ခံစားလိုက်ရသည်။ အဖြစ်မှန်က ဒီလိုပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်က ပိုကြည့်ကောင်းလေလေ၊ အခွင့်အရေး ပိုရလေလေပဲ။

အရည်အချင်းရှိခြင်းက ကိုယ်ဝန်ရှိခြင်းနှင့် အတူတူပါ။ အချိန်ကြာလာတာနဲ့အမျှ လူတိုင်းမြင်နိုင်လာလိမ့်မည်။ ဒါပေမယ့် လျှိုတုံသည် ရုပ်ဆိုးလွန်းတာကြောင့် သူ့ကိုကြည့်ရန် ဘယ်သူမှ စိတ်မဝင်စားပေ။

ဆွန်းမို မလှူပ်ရှားသဖြင့် လျှိုတုံက တစ်ခုခု လုပ်ဆောင်ရန် ရှက်သွားသည်။ ဒါပေမယ့် ဆွန်းမိုက သူ့ကို ကြောက်နေတယ်လို့ မခံစားရပါ။

"ဆွန်းမိုက သစ်သားခါးသုံးဖို့ပဲ တကယ် ရွေးချယ်တာလား"

သာမန် ဖြေဆိုသူတွေက သိချင်လာသည်။

"သစ်သားဓါးတစ်ချောင်းက ထိပ်တန်းလက်နက် တစ်ခုလည်း ဖြစ်နိုင်တယ်"

ရုပ်ဆိုးတဲ့ ဖြေဆိုသူတစ်ယောက်က လှောင်ပြောင်လိုက်သည်။

သူတို့စကားပြောနေတုန်း တစ်ယောက်ယောက်က အနောက်ကနေ တွန်းထုတ်နေသလို ရုတ်တရက် ခံစားလိုက်ရသည်။ မကျေမနပ်နှင့်

လှည့်ကြည့်လိုက်လျှင် မငြီးတွားခင် ချက်ချင်း ပြုံးသွားကြသည်။

"တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး လမ်းလေး ပေးလို့ရမလား"

လီရှုအိုလန်က ပြုံးပြီး ဆံပင်တွေကို လက်နဲ့ သပ်လိုက်သည်။

ဖြေဆိုသူ နှစ်ယောက်သည် တောက်ပတဲ့ မျက်လုံးတွေ၊ လှပတဲ့ သွားလေးတွေနဲ့ ပြုံးပြနေတဲ့ သတင်းထောက်မလေး လီကို ကြည့်ပြီး

ချစ်မိသွားသလို ခံစားလိုက်ရသည်။ အလိုလို ရှောင်ထွက်ပြီး လမ်းဖယ်ပေးလိုက်ကြသည်။

“ပြုံးလိုက်ရင် အရမ်းလှတာပဲ”

ရုပ်ဆိုးတဲ့ ဖြေဆိုသူသည် ရင်တွေတဒိတ်ဒိတ် ခုန်လာသဖြင့် ဘယ်ဘက်ရင်အုံကို လက်နဲ့ အုပ်ထားလိုက်ရသည်။ ဆန့်ကျင်ဘက် လိင်တွေကြား ချစ်တဲ့စိတ်ကို တစ်ခါမှ မခံစားဖူးသဖြင့် ဒီအချိန်က သူ့ဘဝရဲ့ အထွဋ်အထိပ် ဖြစ်နေသည်။

“ပြောစမ်းပါအုံး။ သူမက ငါ့ကို အပြုံးချိုချိုလေးနဲ့ ပြုံးပြနေတယ်။ ငါ့ကို စိတ်ဝင်စားနေတာလား”

သာမန်လူတွေရဲ့ နှလုံးခုန်နှုန်း တိုးလာကာ သူတို့ရဲ့အကြည့်က လီရှုအိုလန်ရဲ့ နောက်ကျောဆီ ကပ်ပါသွားသည်။

"ငမ်းနေတာ ရပ်လိုက်တော့။ သူမက ငါ့ကို ပြုံးပြနေတာ သိသာနေတာပဲ"

အနောက်မှ ငြင်းခုန်နေတဲ့အသံတွေကို ကြားလိုက်လျှင် လီရှုအိုလန် မှုန်ကုပ်ကုပ်လေး ပြုံးလိုက်မိသည်။ မိန်းမလှလေး နံပါတ် ၁၁ နေရာမှာ ရပ်တည်နေသဖြင့် ပြဿနာတော်တော်များများကို ဖြေရှင်းဖို့ ပြုံးလိုက်ဖို့ပဲ လိုသည်။

“ကံကောင်းလိုက်တာ၊ တိုက်ပွဲ မစသေးဘူး”

အရှေ့မှာ ထိုင်ခုံနေရာ ကောင်းကောင်း ရပြီးနောက် လီရှူအိုလန်သည် ပုံရိပ်ဖမ်းကျောက်တုံးကို ထုတ်ကာ ဆွန်းမိုကို ချိန်လိုက်သည်။

“ ဒါက မြတ်ဆရာမှတ်တမ်းရဲ့ ရွှေတံဆိပ်ဆုရှင် အဓိက စာရေးဆရာနဲ့ သတင်းထောက် လီရှူအိုလန်ပဲ။ ဆွန်းမိုတိုက်ပွဲကို လာကြည့်မယ်လို့ မထင်ထားမိဘူး”

"မင်းက ပေါက်ကရတွေ ပြောနေတာပဲ။ ဆွန်းမိုတိုက်ပွဲကို လာမကြည့်ရင် မင်းကို လာကြည့်ရမှာလား"

"ဆွန်းမို ဒီပြိုင်ပွဲမှာ ရှုံးနိမ့်ဖို့ တကယ်မျှော်လင့်တယ်"

ပရိသတ်များက အချင်းချင်း တီးတိုး ပြောဆိုနေကြသည်။ လူအများစုက ဆွန်းမိုရဲ့ ကျော်ကြားမှုကို မနာလိုဖြစ်ပြီး ရှုံးနိမ့်ဖို့ မျှော်လင့်နေကြသည်။

"ဆရာဆွန်း"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျိုတုံ မျက်မှောင်ကြုတ်သွားသည်။ (သူ ဘာလုပ်နေတာလဲ။ စိတ်ရှည်သည်းခံမှု ပြိုင်ချင်နေတာလား)

“ဆရာလျို၊ ဘယ်မှာ သင်ပေးနေလဲဆိုတာ အရဲတင်းပြီး မေးလို့ရမလား”

ဆွန်းမိုက လက်မနဲ့ သစ်သားဓါးကို ပွတ်သပ်ရင်း မေးလိုက်သည်။ လျိုတုံကို ခေါ်ယူဖို့အတွက် ဘယ်လောက် ကမ်းလှမ်းရင် ကောင်းမလဲဆိုတာ တွေးနေသည်။

အချက်အလက်တွေအရတော့ ဒီလူက လက်နက်တွေ ဖန်တီးတဲ့နေရာမှာ ထူးချွန်တယ်လို့ ပြသနေသည်။

"မင်း ဘာပြောချင်တာလဲ"

လျိုတုံ မျက်နှာ မည်းသွားသည်။ ဆွန်းမိုက သူ့အနာကို ရုတ်တရတ် ပြောချလာသည်။

"အထင်မလွဲပါနဲ့။ ဆရာလျိုကို ဗဟိုပြည်နယ် အကယ်ဒမီမှာ အလုပ်လုပ်ချင်လားလို့ မေးမလို့ပါ"

ဆွန်းမိုက ဖိတ်ခေါ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“လစာနဲ့ ပက်သက်လို့ကတော့ ၊ ဆရာလျို စိတ်ကျေနပ်အောင် အစွမ်းကုန် ကြိုးစားပေးမယ်”

ဘူး

လျိုတုံ ပြန်မဖြေခင် ပတ်ဝန်းကျင်မှာရှိတဲ့ ဖြေဆိုသူတွေက အော်ဟစ်ဆူညံနေပြီဖြစ်သည်။ တကယ်တော့ တချို့လူတွေဆို ဆွန်းမိုကို အရှက်မရှိဘူးလို့တောင် ကျိန်ဆဲနေကြသည်။

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး မင်းစကားတွေကို ဂရုစိုက်ပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစိကစာစစ်သူက မျက်မှောင်ကြုတ်ပြီး ဆွန်းမိုကို ကြင်နာတဲ့ ရည်ရွယ်ချက်နဲ့ သတိပေးလိုက်သည်။

အခြား စာမေးပွဲဖြေဆိုသူတွေက ဆွန်းမို ဘာလုပ်ချင်သလဲဆိုတာ မသိကြပေ။ လျှိုတုံက အရည်အချင်းရှိနေတယ်လို့ သူတကယ် ခံစားနေရလို့လား။ (တစ်ခုခုတော့ မှားနေပြီ မင်းတို့ အချင်းချင်း မသိကြဘူးလေ။ သူ့အရည်အချင်း ရှိ၊ မရှိ ဘယ်လို သိမှာလဲ။)

"တောင်းပန်ပါတယ်။ ငါ့စကား မှားသွားတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက တောင်းပန်လိုက်သည်။ လျှိုတုံက နောက်ပိုင်းတွင် ဆိုးဆိုးဝါးဝါး အနှိပ်စက်ခံရပြီး အော်တဇင်(စိတ်ရောဂါ) ဖြစ်လာကာ သူ့ကို မုန်းသွားမှာပဲ စိုးရိမ်နေခဲ့မိသည်။ အဲဒီအချိန်ဆို လျှိုတုံကို အလုပ်ခေါ်ဖို့ မအောင်မြင်နိုင်တော့ချေ။

“မင်း ငါ့ကို လှောင်နေတာလား”’

လျှိုတုံ အမူအရာ မည်းမှောင်နေသည်။ အခုအချိန်မှာ အမဲလိုက်ခံရဖို့ မပြောနဲ့ လက်ရှိလုပ်နေတဲ့ အလုပ်မှာတောင် အရမ်းသတိထားနေရသည်။

ဘာဖြစ်လို့လဲဆိုတော့ ဒီအလုပ်ပြုတ်သွားရင် အလုပ်အသစ်ရဖို့ မဖြစ်နိုင်တော့ပေ။

ဘွဲ့ရပြီးနောက် အလုပ်မရဘဲ ငါးနှစ်လောက် အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။

"တိုက်ပွဲပြီးမှပဲ ဆက်ပြောရအောင်"

ဆွန်းမိုက အထင်လွဲ မခံချင်ပါ။

"ကောင်းတယ်"

ဆွန်းမို စကားကြောင့် လျို့တုံ ဒေါသထွက်လာသည်။ သူက ဆွန်းမိုကို တိုက်ခိုက်ဖို့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မစောင့်နိုင်တော့ဘဲ ရှေ့သို့ အမြန်ပြေးပြီး ညာခြေထောက်နဲ့ ကန်လိုက်သည်။

ဝုန်း

လျှိုတုံက လုံ့ရှည်နဲ့ ထိုးလိုက်ရင်း မျက်စိတစ်မှိတ်အတွင်း ဆွန်းမိုအရှေ့သို့ ရောက်သွားပြီး ရေလွှမ်းမိုးလာတဲ့အလား ဖြစ်သွားသည်။

ကြမ်းတမ်းတဲ့ကျား အမဲလိုက်ခြင်း။

"မြန်လိုက်တာ"

"ရက်စက်လိုက်တာ"

"ဆွန်းမိုက ဒါကို ဘယ်လို ကာကွယ်မှာလဲ"

အနီးပတ်ဝန်းကျင်တွင် ထိတ်လန့်တကြား အော်ဟစ်သံများ ထွက်ပေါ်လာသည်။ တစ်ယောက်ယောက်က လှုပ်ရှားလိုက်တာနဲ့ ထိုလူသည် ကျွမ်းကျင်သူ ဟုတ်မဟုတ်၊ လူတိုင်း သိနိုင်သည်။ လျိုတုံသည် ရှေ့သို့ အရှိန်အဟုန်ဖြင့် ပြေးနေသော်လည်း သူ့ရဲ့ အရှိန်အဟုန်၊ အမြန်နှုန်းနှင့် လုံ့ဖြင့် ထိုးဖောက်မှုက အရမ်းကောင်းမွန်သည်။ သူက သွေးအေးတဲ့ အငွေ့အသက်တွေနဲ့ ပြည့်နှက်နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူးယူခြင်းကို အသုံးပြုထားတာက စိတ်မကောင်းစရာပင်။ ဆွန်းမိုအတွက်တော့ လိပ်တစ်ကောင် တွားသွားတာထက်တောင် နှေးကွေးနေသေးသည်။

ဒင်

ဆွန်းမိုက လှုပ်တောင် မလှုပ်ပေ။ ဓါးကလေး စောင်းလိုက်ရုံနဲ့ လုံ့ကို ပုတ်ထုတ်ပြီးသား ဖြစ်သွားသည်။

“အရမ်း ကောင်းတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဓိကစာစစ်သူက ကျယ်လောင်စွာ ချီးမွမ်းလိုက်သည်။

လျို့တုံ ပြသထားတဲ့ခွန်အားက ဆွန်းမိုထက် အဆမတန် ကြီးမားသည်။ ဒါပေမယ့် ဆွန်းမိုရဲ့ ရိုးရှင်းတဲ့ လှုပ်ရှားမှု တစ်ခုကြောင့် တွန်းလှန်ခြင်း ခံလိုက်ရသည်။ ဒါက ဆွန်းမိုမျက်လုံး၊ လက်နဲ့ ခန္ဓာကိုယ် တွဲဖက်လုပ်ဆောင်မှုသည် ထိပ်တန်းအဆင့်သို့ ရောက်နေပြီး အရမ်းတိကျနေတယ်ဆိုတာ ပြသနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြီးမားဆုံး ရလဒ်ရရန် အနည်းဆုံးသော အားစိုက်ထုတ်မှုကို အသုံးပြုခဲ့သည်။

အဓိကစာစစ်သူက ဒါကို အနုပညာ တစ်ခုလို့တောင် သတ်မှတ်လို့ရတယ်လို့ ခံစားမိသည်။

"အဟွတ် အဟွတ်"

ဒါပေမယ့် ရုတ်တရက် ရှက်သွားသည်။ ဘယ်လိုပဲပြောပြော သူ့ရဲ့ အထောက်အထားက စာစစ်သူရဲ့ တစ်စိတ်တစ်ပိုင်းလို့ ယူဆရပြီး ဘာမှမလုပ်ရ ဒါမှမဟုတ် ဘာမှ မပြောရပေ။

ဒင် ဒင် ဒင်

ဆွန်းမိုက လျိုတုံရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုတိုင်းကို ဓါးနဲ့ တိကျစွာ ပယ်ထုတ်နေသည်။

လီရှူအိုလန်ကလည်း ပုံရိပ်ဖမ်းကျောက်တုံးနဲ့ ဆွန်းမိုကို ချိန်ထားတာ ကြာနေပြီ။ သူ့ရဲ့ တိုက်ခိုက်မှု ပုံစံ ရိုးရှင်းလွန်းသည်။

လျိုတုံသည် အရမ်းရဲရင့်သူဖြစ်ပြီး သူ့ရဲ့တိုက်ခိုက်မှုတိုင်းက ခွန်အားအလှနှင့် ပြည့်နှက်နေသည်။ ဒါပေမယ့် ဆွန်းမိုသည်

ခါးလှိုင်းများဖြင့် သူ့ရဲ့တိုက်ခိုက်မှုအားလုံးကို အလွယ်တကူ ချေဖျက်နေခဲ့သည်။

"လျိုတုံ မင်းအနိုင်ယူနိုင်မှာ မဟုတ်ဘူး"

ဆွန်းမို သက်ပြင်းချလိုက်သည်။ လျိုတုံသည် ကျားငါးကောင် ဂိတ်ဝ ချိုးဖျက်ခြင်း လှံကျင့်စဉ်ကို လေ့ကျင့်ထားသည်။ သူ့ရဲ့ ကျွမ်းကျင်မှုအဆင့်က မဟာအဆင့်သို့ ရောက်ရှိနေသော်လည်း ဒီကျင့်ကြံမှု ကျင့်စဉ်သည် ဆန်းကြယ်မြေကြီးအဆင့် တစ်ခုမျှသာ ဖြစ်သည်။ အမြင့်မားဆုံး ကျွမ်းကျင်မှုအဆင့်အထိ

ရောက်အောင် လေ့ကျင့်နိုင်ရင်တောင် အသုံးမဝင်သေးပါ။

ဆွန်းမိုမှာ ကောင်းကင်အဆင့် ကျင့်စဉ်တွေ အများကြီး ရှိနေပြီး ဒါကို လေ့ကျင့်မလား ၊မလေ့ကျင့်ဘူးဆိုလား ဆိုတာ သူ့ရဲ့စိတ်ခံစားချက် အပေါ်ပဲ မူတည်သည်။

“စကားမပြောခင် ငါ့ကို အရင်နိုင်အောင် တိုက်လိုက်အုံး”

လျိုတုံက အော်ဟစ်လိုက်သည်။ သူက လှံကို ဒေါသတကြီး ခါယမ်းပြီး ပြေးဝင်သွားသည်။

ဝုန်း ဘုန်း ဒိုင်း

လုံချက်တွေ ရုတ်တရုတ် ထွက်ပေါ်လာသည်။ လုံတစ်ချက်ထိုးလိုက်တိုင်း ဝိညာဉ်ချီ အများကြီး ထွက်ပေါ်လာပြီး ဆွန်းမိုဆီသို့ ကျားငါးကောင်အဖြစ် ထိုးဝင်သွားသည်။

ဝေါင်း ဝေါင်း ဝေါင်း

ကျားဟိန်းဟောက်သံတွေက ကောင်းကင်မှာ ပြည့်နှက်နေသည်။

ဆွန်းမိုကတော့ မရှောင်ပါ။ ခါးကို ဇွေ့ယမ်းရုံပဲ ဇွေ့ယမ်းနေသည်။

ရေနဂါး ဟိန်းဟောက်သံ။ အမိန့်ဆယ်ရှစ်ခု။

သစ်သားခါးက လေအတားအဆီးများကို ချိုးဖျက်လာတဲ့အသံများ ထွက်ပေါ်လာသည်။ အသက်ရှူချိန် အနည်းငယ်အကြာမှာ ရက်စက်တဲ့ ကျားငါးကောင်က အပေါက်ပေါင်း တစ်ထောင်လောက်နဲ့ ပျားအုံတစ်ခု အလား ဖြစ်သွားသည်။

“သူတို့ရဲ့ ကျင့်ကြံခြင်းကျင့်စဉ်က ကွာခြားချက် ကြီးမားလွန်းတယ်”

“ဟုတ်တယ်။ သူနိုင်မှာ မဟုတ်ဘူး”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တကယ်ဆို ဒါက ကျားငါးကောင် ဂိတ်ဝ ချိုးဖြတ်ခြင်း လုံ့ကျင့်စဉ်ပဲ မဟုတ်လား။ ငါတို့မျိုးနွယ်ရဲ့ ကျွန်တွေတောင် ဒါကို လေ့ကျင့်မှာ မဟုတ်ဘူး”

သုံးသပ်ချက်ကောင်းမွန်တဲ့ မြတ်ဆရာတချို့ကတော့ အလိုလို ခေါင်းယမ်းသွားကြသည်။ လျိုတုံ ရှုံးမှာ သေချာနေပြီ။

လျိုတုံကိုယ်တိုင်လည်း ဒီအချက်ကို ရှာတွေ့ပြီး မျက်နှာပေါ်မှာ ဝမ်းနည်း ကြေကွဲတဲ့ အကြည့်တွေပေါ်လာသည်။ သာမန်ကာလျှံကာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လှုပ်ရှားမှုတွေနဲ့ သူ့ရဲ့ တိုက်စစ်တွေကို တွန်းလှန်နေခဲ့သည်။

"ဒါပေမယ့် ငါ အရှုံးမပေးဘူး"

လျိုတုံက အံကြိတ်ပြီး အဆုံးစွန်ဆုံးသော တိုက်ကွက်ကို ထုတ်ဖော်လိုက်သည်။

တကယ်လို့ သူ့ရဲ့ ပြိုင်ဘက်က လုံလုံလောက်လောက် သန်မာပြီး ကျင့်ကြံခြင်းကျင့်စဉ် ကောင်းကောင်း ရှိနေပါက ဆွန်းမိုက ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ဖို့ စိတ်ဝင်စားအုံးမည်။ ဒါပေမယ့်........

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက ဓါးသုံးပြီးလက်ကောက်ဝတ်ကို ခါလိုက်ကာ လှံချက်ကို ပုတ်ထုတ်လိုက်သည်။ ထို့နောက် ဘယ်ဘက်လက်သီးနဲ့ ထိုးလိုက်သည်။

ထာဝရ အယူဝါဒ၊ မဟာ ဂရုဏာတော်။

ဒိုင်း

လျိုတုံသည် ဆွန်းမိုရဲ့ တိုက်ခိုက်မှုကို မတားဆီးနိုင်တော့ဘဲ ရင်ဘက်ကို လက်သီး ထိမှန်သွားပြီးနောက် ရုတ်တရက် သက်ရောက်မှုကြောင့် လဲကျသွားသည်။

ဒီအတွက်လည်း ဖြေရှင်းချက်မရှိပေ။ သူက အမည်မရှိတဲ့ကျောင်းသေးသေးလေးမှာ နေထိုင်ခဲ့ပြီး သူ့ရဲ့ ပြိုင်ဘက်တွေဆိုတာလည်း မြေကြီးအဆင့် ကျင့်စဉ် ကျင့်ကြံသူတောင် အနည်းငယ်ပဲ ရှိသည်။ သူတော်စင်အဆင့် ကျင့်စဉ်ကို ဘယ်လိုလုပ် မြင်ဖူးမှာလဲ။

ဒါက အသိပညာ ရှားပါးသူရဲ့ အားနည်းချက်ပါ။

ဖုန်း

လျိုတုံ မြေပေါ်သို့ လဲကျသွားပြီး ပါးစပ်မှ သွေးအန်နေသည်။ မတ်တပ်ရပ်ဖို့ ရုန်းကန်နေပြီး တိုက်ပွဲ ဆက်တိုက်ချင်သေးသည်။

"မတ်တပ်ရပ်၊ သူ့ကို ရိုက်…."

တစ်ယောက်ယောက်က သူ့ကို အားပေးလိုက်သည်။

"ဆရာလျို၊ မြတ်ဆရာတစ်ယောက်အနေနဲ့ သုံးသပ်ချက်က အရမ်းအရေးကြီးတယ်။ ငါ့ကို အနိုင်မယူနိုင်ဘူးဆိုတာ မင်းမမြင်ဘူးလား"

ဆွန်းမို သက်ပြင်းချလိုက်သည်။

လျို့တုံ စိတ်ဝိညာဉ်များ တောင့်တင်းသွားသည်။ စက္ကန့်အနည်းငယ်ကြာအောင် တိတ်ဆိတ်သွားပြီးနောက် သူက ရှင်းပြသည်။

"ငါ အရှုံးမပေးချင်ဘူး။ မျှော်လင့်ချက် မှေးမှိန်သွားရင်တောင် ကြိုးစား ကြည့်ချင်သေးတယ်"

ရိုးရိုးသားသားပြောရလျှင် လျို့တုံတစ်ယောက် အရမ်း ဝန်ပိနေပြီ။ အနှစ် ၄၀ ရှိနေပြီ သူ့မှာ ဇနီးလည်း မရှိသလို ညဘဝလည်း မရှိပါ။ သူက လေ့ကျင့်ရင်း၊ ပန်းပဲထုရင်း အချိန်တွေအကုန်လုံး ကုန်ဆုံးခဲ့ရသည်။

သူ့ရဲ့ တိုက်ရိုက်တပြည့်ကလည်း ခြေသလုံး အိမ်တိုင်သမား တစ်ယောက်ပါ။

ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲ ဖြေဖို့ သူ့တပြည့်ကို ခေါ်လာတဲ့ အချိန်တုန်းကလည်း သူ့နောက်ကွယ်တွင် လူတွေက မဖြစ်နိုင်တာကို စိတ်ကူးယဉ်နေတယ်လို့ လှောင်ပြောင်နေကြသည်။

ဒါကိုတွေးမိပြီး လျိုတုံရဲ့အမူအရာက ပြတ်သားသွားပြန်သည်။ ဘဝတစ်လျှောက်လုံး ကြယ်နှစ်ပွင့် မြတ်ဆရာတစ်ယောက် မဖြစ်လာလည်း ရသည်။ ဆွန်းမိုကိုသာ အနိုင်ယူနိုင်လိုက်လျှင် သူ့ဘဝရဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြီးကျယ် အခမ်းနားဆုံး အခိုက်အတန့်ပါ။ နှစ်အနည်းငယ် ကြာတဲ့အထိ ကြွားနေလို့ရသည်။

နောက်ဆုံး အရှုံးနဲ့ ပြန်သွားရင်တောင် ကျောင်းအုပ်ကြီးနဲ့ ရင်ဆိုင်နိုင်သေးသည်။

အခန်း(၅၆၃) - ဆွန်းမိုက တစ်ယောက်ယောက်ကို အမဲလိုက်ခြင်း။

လျို့တုံ မတ်တပ်ထရပ်လိုက်လျှင် ပါးစပ်ထဲက သွေးတွေ ထွက်ကျလာသည်။ သူက နောက်ဆုံးအကြိမ်အဖြစ် အရှုံးအမှူးတိုက်ခိုက်ရန် ပြင်ဆင်နေရင်း ဝိညာဉ်ချီ စတင်ပျံ့နှံ့နေချိန်မှာ ဆွန်းမိုကို ကြည့်လိုက်သည်။

"ငါတို့ သူ့ကို တားသင့်လား"

စာစစ်သူ တစ်ယောက်က မေးလိုက်သည်။ လျို့တို့ အမှုအရာက သေတဲ့အထိ တိုက်ပွဲဝင်ရန် ပြင်ဆင်ထားတာ ထင်ရှားနေသည်။ အများအားဖြင့်တော့ ဒီလိုအခြေအနမှာ လူသေဆုံးခြင်းမရှိလျှင်တောင် မမျှော်လင့်ထားတာတွေ ဖြစ်လာတတ်ပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားကာ အနာဂတ်ကို ထိခိုက်သွားစေနိုင်သည်။

လူတစ်ယောက်ရဲ့ အနာဂတ်ကို ဖျက်ဆီးချင်တာမဟုတ်ဘဲ ထူးချွန်တဲ့ မြတ်ဆရာများ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ခေါ်ယူချင်လို့ ကြီးကျယ်တဲ့ စာမေးပွဲကို ကျင်းပခဲ့ကြတာပါ။

"ဆရာဆွန်း ညှာတာလိမ့်မယ်လို့ ငါယုံတယ်"

အဓိက စာစစ်သူသည် အနည်းငယ် တွေဝေသွားသော်လည်း နောက်ဆုံးတွင် တိုက်ပွဲကို ရပ်တန့်ရန် မရွေးချယ်ခဲ့ပါ။ ဆွန်းမိုကို အနိုင်မယူနိုင်ဘူးလို့ သူမပြောနိုင်ပါ။ ဒါပေမယ့် လက်လျှော့လိုက်တာတော့ အကောင်းဆုံးပဲ။

ဒါက ရှုံးနိမ့်တာထက်တောင် ပိုအရှက်ရဖို့ ကောင်းသည်။

စာစစ်သူသည် စာမေးပွဲ စကတည်းက ဆွန်းမိုသည် သူ့ကိုယ်သူ အရမ်းလေးစား ယုံကြည်နေလိမ့်မယ်လို့ မမျှော်လင့်ထားပေ။ သူတို့ ကျင့်ကြံခြင်းအဆင့်က တဆင့်ကွာနေတာကို မေ့ထားလို့ မရပါ။

ဆွန်းမို အနိုင်ယူဖို့ဆိုတာ အရမ်းရိုးရှင်းသည်။ ဒါပေမယ့် လျိုတုံကို အရမ်းမထိခိုက်စေပဲ အနိုင်ယူဖို့ဆိုတာကတော့ ခက်လိမ့်မည်။ ဒီလို မလုပ်နိုင်ခင် တဖက်လူကို အကြွင်းမဲ့ လွှမ်းမိုးထားနိုင်ဖို့ လိုအပ်သည်။

"မင်း ဆန္ဒအတိုင်းပဲ"

ဆွန်းမိုက ဟေးလားဝါးလား တစ်ယောက်မဟုတ်ပါ။ တဖက်လူက တိုက်ခိုက်ချင်ရင် သူကလည်း အဆုံးထိ ကစားပေးလိုက်မည်။

လျိုတုံက အဓိပ္ပါယ်မရှိတဲ့ စကားတွေ မပြောတော့ပါ။ သူက အော်ဟစ်ပြီး ဆွန်းမိုအရှေ့မှာ ပေါ်လာသည်။ သူ့ရဲ့လှံရှည်က သမုဒ္ဒရာထဲကနေ ဒေါသတကြီး ခုန်ထွက်လာတဲ့ ဝေလငါးကြီးအလား ဆွန်းမို ဗိုက်ဆီ တိုးဝင်လာသည်။

ရှစ်

သူ့ရဲ့လှုံ့ရှည်က ဆွန်းမိုကို လုပ်ကြံနိုင်တော့မှာ မြင်လျှင် လျှိုတုံမျက်နှာပေါ်တွင် ဝမ်းသာတဲ့ အမူအရာ ပေါ်လာသည်။ အောင်မြင်အောင် ဒါမှမဟုတ် ပိုပြင်းထန်စွာ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်တဲ့အခါမှာတော့ အနောက်ဘက်ကနေ ဝင်လာတဲ့ ပြင်းထန်သော တိုက်ခိုက်မှုတစ်ခုက သူ့ကို ထိမှန်သွားခဲ့ပြီး လူတစ်ကိုယ်လုံး ယိမ်းထိုးသွားကာ ခြေလှမ်းအနည်းငယ် ယိုင်ထွက်သွားသည်။

."တကယ်ကြည့်ကောင်းတဲ့ ကိုယ်ပွားပဲ"

"ဒါက သူတော်စင်အဆင့်ကျင့်စဉ် ဖြစ်နိုင်တယ် မဟုတ်လား"

"ကျားငါးကောင် ဂိတ်ဝ ချိုးဖြတ်ခြင်း ကျင့်စဉ်က သူတော်စင်အဆင့်ကျင့်စဉ်ကို ဆန့်ကျင်ပြီး တိုက်ခိုက်နေတယ်။ ဘယ်လောက်တောင် ဝမ်းနည်းကြေကွဲဖို့ ကောင်းလိုက်သလဲ။ ကြည့်တောင် မကြည့်ရက်တော့ဘူး"

ကြည့်ရှုနေတဲ့ သူများကြားတွင် တချို့က ဆွန်းမိုခွန်အားကို မြတ်နိုးကြပြီး တချို့ကတော့ လျိုတုံကို သနားသဖြင့် သက်ပြင်းချ နေကြသည်။ ဒါကလည်း

အာဏာနှင့် အဆင့်အတန်းမရှိတဲ့ သာမန်လူတစ်ယောက်ရဲ့ ကံကြမ္မာသာ ဖြစ်သည်။ သူတို့မှာ ပိုက်ဆံနည်းနည်းရှိရင်တောင် အများဆုံးကတော့ သူတို့ကိုယ်သူတို့ ကျွေးမွေးပြီး နွေးနွေးထွေးထွေးပဲ နေနိုင်လိမ့်မည်။ ထိပ်တန်းအဆင့် ကျင့်စဉ်ကို ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ။

ဆွန်းမိုက ထိန်းချုပ်လိုက်သည်။ ရှေ့ဟောင်း လောကနတ်ကျင့်စဉ်ကို အသုံးပြုလိုက်တဲ့ အချိန်မှာတော့ လျှိုတုံက လေထဲ မြောက်တက်နေခဲ့သည်။ လက်တုန့်ပြန်ဖို့

အသာထားလိုက်အုံး မြေပေါ်တောင် ပြန်မရောက်တော့ပေ။ သူက သဲအိတ်တစ်ခုအလား ဖြစ်နေပြီး လုံး၀ လွှမ်းမိုးခံလိုက်ရသည်။

လျှိုတုံလည်း အရိုက်ခံနေရတဲ့အတွက် အရမ်းအံ့အောသင့်နေသည်။ သူ့တစ်ကိုယ်လုံး ချာချာလည်နေပြီး ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ပါ။ သူ့အမြင်အာရုံထဲမှာလည်း မရေမတွက်နိုင်တဲ့ ဓါးရိပ်များက ဖျက်ကနဲဖျက်ကနဲသာ မြင်နေရသည်။

တစ်မိနစ်လောက် ကြာပြီးတော့ ဆွန်းမို ဓါးပြန်သိမ်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘုန်း

လျှိုတုံ မြေပေါ်သို့ ပြားပြားကလေးနေအောင် ကျသွားပြီး ခြေတွေလက်တွေ တုန်ယင်သွားသည်။ သူ့ခြေထောက်ပေါ်တောင် သူ မတ်တပ် မရပ်နိုင်တော့ပါ။

ဆွန်းမိုရဲ့ လှပတဲ့တိုက်ခိုက်မှုများကြောင့် လူတိုင်း အံ့အားသင့် နေကြသည်။ သိပ်မသိတဲ့ ပြည်သူတွေတောင် သူ့ရဲ့တိုက်ခိုက်မှုများက အလွန်စွဲမက်ဖွယ်ကောင်းတယ်လို့ ခံစားနေရသည်။

"လျှိုတုံ ထပ်တိုက်ချင်သေးလား"

အဓိက စာစစ်သူ မေးလိုက်သည်။

"သူ မထနိုင်တော့ဘူး"

ဆွန်းမိုက ရှင်းပြလိုက်သည်။

ဒီစကားကို ကြားလိုက်လျှင် စာစစ်သူက ချက်ခြင်းရောက်လာပြီး စစ်ဆေးသည်။ တချိန်တည်းမှာပင် သူက လှမ်းအော်ခေါ်လိုက်သည်။

"ဆရာဝန် တစ်ယောက်လောက် ကျေးဇူးပြုပြီး လာပါအုံး"

“ဒဏ်ရာ သိပ်မပြင်းပါဘူး။ မိနစ် အနည်းငယ်လောက် အနားယူလိုက်ရင် ပြန်ကောင်းသွားလိမ့်မယ်”

ဆွန်းမိုက သူတော်စင်အဆင့်ကျင့်စဉ်ရဲ့ အစွမ်းကို နက်နက်ရှိုင်းရှိုင်း တွေ့ကြုံ ခံစားလိုက်ရသည်။

“စာစစ်သူ ဒဏ်ရာက ပေါ့ပေါ့ပါးပါးပဲ”

ဆရာဝန်ရဲ့တင်ပြမှုကို ကြားပြီးနောက် စာစစ်သူသည် ဆွန်းမိုကို တအံ့တအော ကြည့်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အစောပိုင်းတုန်းက ဆွန်းမိုသည် ဒေါသကြီးနေတဲ့ ပင်လယ်လှိုင်းတွေအလား တိုက်ခိုက်မှုကို အဆက်မပြတ် ထုတ်လွှင့်ခဲ့သည်။ ဒါကို မြင်လိုက်လျှင် လျို့တုံတစ်ယောက်တော့ သေတဲ့အထိ အရိုက်မခံရရင်တောင် တော်တော်တော့ ခံစားသွားရလိမ့်မယ်လို့ တွေးလိုက်မိသည်။ ဒါဆို သူက ဒဏ်ရာနည်းနည်းလေးပဲ ရသွားတာပေါ့။

ဒဏ်ရာတချို့က လွဲလျှင် လျို့တုံ သွေးထွက်လွန်ခြင်း မရှိပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြောချင်တာက ဆွန်းမိုသည် သူ့ရဲ့ခွန်အားကို အလေး၊ အပေါ့ လိုသလို ထိန်းချုပ်နိုင်တဲ့ အဆင့်သို့ ရောက်နေပြီ။

"နေ့ခင်းဘက် အပြောင်းအလဲလုပ်ပြီးရင် ဆွန်းမိုက ထိပ်ဆုံးရှစ်ယောက်ထဲ ဝင်မယ်ဆိုတဲ့ လောင်းကြေး သွားလောင်းအုံးမယ်"

စာစစ်သူက သူ့မင်္ဂလာဆောင်အတွက် စုထားတဲ့ ပိုက်ဆံတွေကို လောင်းဖို့ ဆုံးဖြတ်လိုက်သည်။ နောက်သုံးရက်ဆိုရင်တော့ ပိုက်ဆံအများကြီး သေချာပေါက် ရလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

ကျန်းဖော်၏ လေးစားအထင်ကြီးမှု +၅၀၊ ရင်းနှီး(၁၃၀/၁,၀၀၀)

အကြောင်းကြားချက်ကိုကြားပြီးနောက် ဆွန်းမိုသည် သူ့မျက်လုံးကို ဆုပ်နယ်လိုက်သည်။ ဒီအချိန်အတောအတွင်း လူစိမ်းတွေရဲ့ နာမည်ကို ကြားနေရသဖြင့် လေးစားအထင်ကြီးမှုအမှတ်ကို ဘယ်သူတွေက ထောက်ပံ့ပေးနေသလဲဆိုတာ စိတ်မဝင်စား နိုင်တော့ပါ။

"လူသား ဆန်လွန်းတယ်"

ဆွန်းမို လျှောင်လိုက်သည်။

“ဒီလိုဆိုရင် နောင်ကျရင်အပြောင်းအလဲ လုပ်ပေးမယ်”

စနစ်က ပြန်ဖြေသည်။

“ဒီပြိုင်ပွဲမှာ ဆွန်းမို အနိုင်ရတယ်”

“အိုး ရက်စ်၊ ဆရာ အနိုင်ရပြီ”

လုချီဟွာက ကျယ်လောင်စွာ အားပေးပြီး လက်ခုပ်တီးနေသည်။

“ဒါက ပုံမှန်ပဲ မဟုတ်ဘူးလား”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီ အရမ်းတည်ငြိမ်နေသည်။ ဘာဖြစ်လို့လဲဆိုတော့ သူမမျက်လုံးထဲတွင် လျိုတုံက ဆားနယ်ငါး တစ်ကောင်မျှသာ ဖြစ်သည်။ တစ်ယောက်ယောက်က သူ့ကို အနိုင်ယူခဲ့ရင်တောင် ပျော်နေစရာ အကြောင်းမရှိပါ။

(မဟာကိုးပါးက ဖြေဆိုသူကို ဆရာ ချေမှုန်းတာ မြင်ချင်လိုက်တာ)

ဒီလိုမျိုး အရည်အချင်းရှိတဲ့ လူတွေကပဲ ဆရာရဲ့ ကျော်ကြားမှုကို တွန်းတင်ပေးနိုင်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပြိုင်ပွဲက ဆက်ရှိနေတုန်းပါ။ လျို့တုံကို စစ်ဆေးလို့ အဆင်ပြေတာ သိသွားရင် အဓိကစာစစ်သူတွေက အဲဒီနေရာကို ရှင်းပြီး တိုက်ပွဲစတင်ကြောင်း ကြေငြာလိုက်သည်။

"ဆရာဆွန်း"

လီရှုအိုလန်သည် ဆွန်းမိုကို အင်တာဗျူးဖို့ လုပ်ထားသော်လည်း ရှီချန်က သူမထက် ပိုမြန်နေသေးသည်။ သူက တခါတည်း ပြေးထွက်လာပြီး ပြုံးပြလိုက်သည်။

"မင်းရဲ့အောင်ပွဲအတွက် ဂုဏ်ယူပါတယ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျေးဇူးအများကြီး တင်ပါတယ်"

ဆွန်းမိုက ဒီလူအပေါ် အမြင်ကောင်းသည်။

"မင်း တိုက်ပွဲကရော ဘယ်လိုလဲ"

"ငါလည်း အနိုင်ရခဲ့တယ်"

ရှီချန်က စကားကို ပေါ့ပေါ့ပါးပါးပြောပြီး သေတ္တာလေးထုတ်ကာ ဆွန်းမိုဆီ ပေးလိုက်သည်။

"မနေ့က ကျုံချောင်အတွက် အရမ်းစိုးရိမ်ပြီး အလုပ်တွေ ရှုပ်နေတော့ လိုအပ်ချက်တွေ ရှိသွားတယ်။ ပြီးမှပဲ စိန်ဆေးပြားကို မပေးလိုက်ရတာ သတိရတယ်။

ဒီဆေးပြားကို လက်မခံရင် မင်းနဲ့ တွေ့တော့မှာ မဟုတ်ဘူး”

ရှီချန်က ဒူးထောက်ချလိုက်သည်။

ဒါက ရှီချန်သည် ဆွန်းမိုကို အတင်းအကြပ် လုပ်ခိုင်းတာ မဟုတ်ဘဲ၊ ကျေးဇူးတင်စိတ်ကို အမှန်တကယ် ပြသချင်ခဲ့သည်။ ဆွန်းမိုသာ စိန်ဆေးပြားကို လက်မခံခဲ့ရင် ဒီကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမလဲ မသိတော့ပါ။

“ဆရာရှီ၊ ကျေးဇူးပြုပြီး မတ်တပ်ရပ်ပါ”

ဆွန်းမိုက သူ့ကို ထူပေးလိုက်သည်။

ဒါပေမယ့် ရှီချန် ပြန်ထဖို့ ငြင်းဆန်ခဲ့သည်။

“ဒါက ဆေးတစ်ပြားပဲလေ။ ဒီလို လုပ်စရာ လိုလို့လား”

ဆွန်းမို မချိုပြုံး ပြုံးပြီး ပြောလိုက်သည်။

“ဆရာဆွန်း အတွက်တော့ စိန်ဆေးပြားက သိပ်တန်ဖိုး မရှိပါဘူး။ ဒါပေမယ့် ဒါက ငါတတ်နိုင်တဲ့ တန်ဖိုးအရှိဆုံးအရာပါ”

ထုံးစံအတိုင်းတော့ ရှီချန်သည် ဂျိုရှားအကယ်ဒမီမှာ ထိပ်တန်းအဆင့်

ကျင့်စဉ်တချို့ကို သိသော်လည်း ကျောင်းအုပ်ကြီး၏ ခွင့်ပြုချက်မရဘဲ ဒါတွေကို တခြားသူဆီ ပေးလို့မရပါ။

“ကောင်းပြီလေ ငါလက်ခံလိုက်မယ်”

ဆွန်းမိုလည်း ကူကယ်ရာမဲ့သွားပြီး သဘောတူဖို့ပဲ တတ်နိုင်တော့သည်။

အခုမှပဲ ရှီချန်လည်း စိတ်သက်သာ ရသွားကာ ပြုံးလိုက်သည်။ ဒီကျေးဇူးတရားကို ဘယ်လိုဖော်ပြရမလဲတောင် သူမသိတော့ပါ။ ဆွန်းမိုကို ဖက်လိုက်ချင်သော်လည်း သူ့ရဲ့ အပြုအမူတွေက ရတ်တရတ်ဆန်သွားမှာ

စိုးရိမ်နေသည်။ ဒါကြောင့်လည်း အနည်းငယ် စိတ်မကောင်း ဖြစ်သွားသည်။

အမှန်တိုင်းပြောရလျှင် ဆွန်းမိုနဲ့ တကယ် မိတ်ဖွဲ့ချင်သည်။ ဒါက သူ့ဘဝတခုလုံးရဲ့ ကံကြမ္မာပါ။

ဒင်

ရှီချန်၏ လေးစားအထင်ကြီးမှု +၂၀၀ ၊ ရင်းနှီး(၂,၅၀၂/၁၀,၀၀၀)

“မြတ်ဆရာ တိုက်ပွဲပြီးရင် ထမင်းအတူတူ စားကြတာပေါ့”

ဆွန်းမိုက ရှီချန်ကို ရင်ဘက်ပုတ်ပြီး ပြောလိုက်သည်။

"အင်း"

ရှီချန်က လေးလေးနက်နက် ခေါင်းညိတ်လိုက်ပြီး

"ငါ ကျွေးမယ်"

ဘေးနားက လူတွေကို လုံးဝလျစ်လျူရှုထားကြသည်။ ဆွန်းမိုအရှေ့မှာ ဒူးထောက်နေတဲ့ ရှီချန်ကို မြင်လိုက်လျှင် တခါတည်း ထိတ်လန့်သွားကြသည်။

ရှီချန်သည် ဂျိရှားအကယ်ဒမီမှ ထိပ်တန်းဘွဲ့ရတစ်ယောက်ဖြစ်ပြီး မြတ်ဆရာသူရဲကောင်းအဆင့်တွင်လည်း အဆင့် (၁၀) ဝင်တဲ့ မြတ်ဆရာတစ်ယောက်ပါ။ ဒီလို လူမျိုးက သူတို့ကျောင်းရဲ့ မျက်နှာကို ကိုယ်စားပြုပြီး အလွယ်တကူ ဒူးထောက်မှာ မဟုတ်ပေ။

လီရှူအိုလန်ရဲ့ ကြီးမားလှပတဲ့ မျက်လုံးများ ကလည်ကလည် ဖြစ်သွားသည်။ သတင်းထောက်တစ်ယောက်ရဲ့ ဗီဇအရ ဒါက သတင်းကြီး တစ်ပုဒ်ဆိုတာ သူမကို ပြောနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုနှင့် ရှီချန်တို့သည် တစ်ယောက်နှင့်တစ်ယောက် ရယ်မောကာ နောက်ပြောင်နေတဲ့အချိန်တွင် လျိုတုံတစ်ယောက် သတိပြန်ရလာပြီး စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချလိုက်သည်။ သူက အညစ်အကြေးခဲ တစ်ခဲမျှသာ ဖြစ်ပြီး ကျောက်မျက်ရတနာ ဖြစ်လာနိုင်ဖို့ ဘာဖြစ်လို့ စိတ်ကူးယဉ်ခဲ့ရတာလဲ။

တကယ်ကို စိတ်ကူးယဉ်နေတဲ့ အရူးပဲ။

လျိုတုံသည် ကုန်းရုန်းပြီး မတ်တပ်ထရပ်လိုက်ကာ ကိုယ့်ကိုယ်ကို လှောင်ပြုံး ပြုံးလိုက်သည်။ ထို့နောက် ထွက်ပေါက်ဘက်သို့ ဦးတည်ပြီး ထွက်သွားသည်။

ပြန်ရောက်သွားရင် ကျောင်းအုပ်ကြီးဆီမှာ နှုတ်ထွက်စာတင်မည်။ သူက ရပ်ဆိုးပြီး အသုံးမဝင်ပါ။ အဲဒီမှာဆက်နေရင် ကျောင်းသားတွေ ရွံ့ရှာတာပဲ အဖတ်တင်မည်။

"ဆရာ လျို၊ ဆရာလျို"

ဆွန်းမိုက လှမ်းခေါ်လိုက်သည်။ လျိုတုံ စိတ်ဓါတ်ကျပြီး ပြန်မတုန့်ပြန်တာ မြင်လိုက်လျှင်

ဆွန်းမိုသည် အနောက်မှ အမြန် ပြေးလိုက်သွားကာ လျိုတုံ လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

"ဆရာလျို၊ ကျေးဇူးပြုပြီး နေပါအုံး"

"ဘာဖြစ်လို့လဲ ။ မင်းအနိုင်ရတာတောင် မလုံလောက်သေးဘူးလား။ မင်းငါ့ကို အရှက်ခွဲချင်သေးလို့လား"

လျိုတုံက ပြန်မေးသည်။

"ဆရာလျို ဘာဖြစ်လို့ ဒီလိုပြောတာလဲ။ ငါက မင်းကို ဗဟိုပြည်နယ်အကယ်ဒမီမှာ အလုပ်လာလုပ်ဖို့အတွက် ဖိတ်ခေါ်ချင်လို့ပါ"

ဆွန်းမိုက ရှင်းပြသည်။

"အမ်"

"ဘာကြီးလဲ ဆွန်းမို ရူးသွားပြီလား"

"သေချာတယ်။ လျိုတုံက ရုပ်ဆိုးပြီး အသားလည်းမဲတယ်။ အားလည်း နည်းတယ်။ ဆွန်းမိုက ဘာဖြစ်လို့ သူ့ကို ဖိတ်ခေါ်နေတာလဲ"

လူစုခွဲတော့မည့် ပရိတ်သတ်များသည် ဒီမြင်ကွင်းကို မြင်လိုက်လျှင် မတ်တပ်ရပ်ပြီး စိတ်ဝင်တစား ကြည့်နေကြသည်။ ဆွန်းမို ဘာလုပ်ဖို့ ကြိုးစားနေတာလဲ သိချင်နေကြသည်။

"အမ်"

လျိုတုံလည်း အံ့အောသွားပြီး ဆွန်းမိုကို တအံ့တအော စိုက်ကြည့်နေသည်။ ပထမဆုံး စဉ်းစားမိတာက ဆွန်းမို အပျော်အပြက် နောက်နေတာလား ဒါပေမယ့် ကျိုးကြောင်း ဆင်ခြင်ဉာဏ်အရ ဆွန်းမိုသည် ဒီလိုမျိုးအခြေအနေနဲ့ ဟာသလုပ်မှာ မဟုတ်ပေ။ ဒီလိုမှမဟုတ်ရင် သူ့ရဲ့ အကျင့်စာရိတ္တမှာ အမဲစက် ထင်သွားမည်။

"လစာနဲ့ ပက်သက်ပြီး ညှိနှိုင်းလို့ ရပါတယ်"

ဆွန်းမိုက ညာလက်ကို ဆန့်ပြီးပြောလိုက်သည်။

လျိုတုံက လက်မကိုင်လိုက်ပါ။ အဲဒီအစား ဆွန်းမိုကို သံသယ မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။

"မင်းက ငါ့ကို တကယ်ပဲ အမဲလိုက်ချင်နေတာလား"

"ဟုတ်တယ်"

ဆွန်းမိုက ခေါင်းညိတ်လိုက်သည်။

"ငါ အခုလက်ရှိ အလုပ်လုပ်နေတဲ့ ကျောင်းက သေးသေးလေးဖြစ်ပြီး သနားဖို့ကောင်းတာ မင်းသိလား။ ကျောင်းသားနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆရာတွေပေါင်းရင်တောင် လူပေါင်း တစ်ထောင် မရှိဘူး”

လျိုတုံက ဆွန်းမိုကို ပြန်ပြောလိုက်သည်။

ဟာ

အဲဒီစကားကို ကြားပြီးနောက် ဖြေဆိုသူတွေဆီက အံ့အောတဲ့ အာမေဒိတ်အသံများ ထွက်ပေါ်လာသည်။ လူပေါင်း တစ်ထောင်တောင် မပြည့်ဘူး ဟုတ်လား။ ဒါဆို တော်တော်သေးတဲ့ ကျောင်းပဲ။ သူတို့ ဆရာတွေရဲ့ ခွန်အားနှင့် အရည်အချင်းက အရမ်းနိမ့်ကျမှာ သေချာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကျားငါးကောင် ဂိတ်ဝ ချိုးဖျက်ခြင်း ကျင့်စဉ်က သူတို့ကျောင်းရဲ့ အကောင်းဆုံးကျင့်စဉ်ကလွဲရင် ဘာဖြစ်မှာလဲ"

တစ်ယောက်က အရွှန်းဖောက်လိုက်သည်။

"အခုလက်ရှိ မင်းလေးစားရတဲ့ကျောင်းမှာ မင်းရဲ့ အရည်အချင်းတွေ အပြည့်အဝ ပြသခွင့်မရဘူးလို့ ငါထင်နေတယ်။ ဒါကြောင့် ဗဟိုပြည်နယ် အကယ်ဒမီမှာ ပါဝင်ဖို့ ဖိတ်ခေါ်ချင်တယ်"

ဆွန်းမိုက ရိုးသားတဲ့လေသံနဲ့ ပြောလိုက်သည်။

(အရှူးလုပ်နေတာလား)

လျိုတုံသည် ဒါကို ပြောဖို့ စိတ်အားထက်သန်လာပေမယ့် နောက်ဆုံးမှာ မလုပ်ဖြစ်ခဲ့ပါ။

“ဆွန်းမို ၊ မင်းဘာလုပ်နေတာလဲ”

ကူရှုပ်ရှင်းရဲ့ တိုက်ပွဲက ပြီးသွားတာ တော်တော်ကြာနေပြီ။ ဒါပေမယ့် ဒီနေရာမှာ လူအုပ်ကြီးဖြစ်နေလို့ အပြင်ဘက်ကပဲ ရပ်စောင့်နေခဲ့သည်။ ဒါပေမယ့် ဆွန်းမိုက မဆီမဆိုင် ကိစ္စတစ်ခု လုပ်နေတာမြင်လိုက်လျှင် သူ့ကို တားဖို့အတွက် အမြန်ပြေးလာခဲ့သည်။

“ဒါက ကူရှုပ်ရှင်းပါ မရီဒန်အကယ်ဒမီက ထိပ်တန်းဘွဲ့ရပဲ”

ဆွန်းမိုက မိတ်ဆက်ပေးလိုက်သည်။

ဒီနေ့ တိုက်ခိုက်ရမည့်နေ့ဖြစ်သဖြင့် ကူရှုပ်ရှင်း သိုင်းဝတ်စုံ ဝတ်ဆင်ထားသည်။ သူမရဲ့ရှည်လျားတဲ့ ခြေတံအလှအပကို အပြည့်အဝ ဖော်ကျူးနေသည်။

သူမရဲ့နာမည်ကိုကြားပြီး ကူရှုပ်ရှင်းရဲ့ အရပ်ရှည်တဲ့ပုံစံကို ကြည့်ကာ လျိုတုံသည် ချက်ခြင်းဆိုသလို အော်တဇင် (အလိုလို အားငယ်တတ်တဲ့ စိတ်ရောဂါ) ဖြစ်သွားသည်။

"ဆရာဆွန်း ၊ကျေးဇူးပြုပြီး ငါ့ကို မစပါနဲ့တော့"

လျိုတုံက ကို့ကိုယ်ကို လှောင်ပြုံးပြုံးပြီး လှည့်ထွက်သွားသည်။ သူ့လို အမှိုက်တစက ဒီလိုမျိုးလှပတဲ့ မြတ်ဆရာမနဲ့ ဘယ်လိုလုပ်ပြီး လုပ်ဖော်ကိုင်ဖက် ဖြစ်လာမှာလဲ။

"ဆရာ လျို"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး လျိုတုံရဲ့ လက်မောင်းကို ဖမ်းဆွဲလိုက်ပြန်သည်။ သူ့လေသံက မတင်းမာဘဲ မနေနိုင်တော့ချေ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ကို့ကိုယ်ကိုတောင် အထင်သေးနေရင် တခြားသူလေးစားလာအောင် ဘယ်လိုလုပ်မှာလဲ"

ရွှစ်

မြတ်ဆရာအရှိန်အဝါ ဖြာထွက်လာသည်။

လက်ရှိတိုက်ပွဲဝင်နေတဲ့ ဆရာနှစ်ယောက်လည်း အရှိန်အဝါရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရပြီး တိုက်ခိုက်နေရင်း တန်းလန်းနဲ့ နှေးကွေးသွားသည်။ ဒါက တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက် ဖြစ်နေလို့ ကံကောင်းသည်။ သူတို့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို မထိခိုက်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်လား”

“တောက်၊ အချင်းဝက်က ကြီးမားလိုက်တာ”

“ဒါကဘာအတွက်လဲ”

ပရိတ်သတ်အားလုံး စဉ်းစားမရဖြစ်သွားသည်။

“ထင်ထားသလိုပဲ ဒါကို ထပ်လုပ်ပြန်ပြီ”

ကျူရှုပ်ရှင်းတစ်ယောက် အခုတော့ အရှုံးတောင် ဖောက်နေနိုင်ပြီ။ တကယ်လို့ ဆွန်းမိုက ရှေ့စကား ခဏခဏ မပြောရင် ဘယ်လိုလုပ်ပြီး ဆွန်းမို ဖြစ်နေအုံးမှာလဲ။ ဒါပေမယ့် ဒီတစ်ကြိမ်တော့

စကားလုံးတွေက အလေးချိန် လုံလောက်မယ့်ပုံ မရှိပါ။

အခန်း(၅၆၄ - က) - ဒီအမျိုးသမီး ဆရာကြီးက မင်းကို ငါ့စကတ်အောက်မှာ သေချာပေါက် ဒူးထောက်ခိုင်းမယ်။

ဆွန်းမိုရဲ့ တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်က မဟာအဆင့် ရောက်နေသဖြင့် သက်ရောက်မှုက အရမ်းပြင်းထန်သည်။

လျိုတုံအပေါ် ရွှေရောင်အလင်းတန်းများ ဖြာကျသွားလျှင် အဲဒီနေရာမှာပဲ ရပ်တန့်သွားသည်။ ဒီအလင်းတွေကြောင့် သူ့ခန္ဓာကိုယ်ကလည်း ရွှေရောင်အလင်းတွေ လျှင်မြန်စွာ ဖြာထွက်လာသည်။

အဲဒီအချိန်တွင် လျိုတုံသည် ကြီးမားတဲ့ ခေါင်းလောင်းကြီး သူ့ခေါင်းထဲမှာ မြည်ဟီးနေသလို ခံစားရသည်။ နှစ် ၄၀လောက် ဖြတ်သန်းခဲ့ရတဲ့ ခါးသီးတဲ့အတွေ့အကြုံတွေက သူ့ခေါင်းထဲ ပြည့်လျှံလာသည်။

ဟုတ်တယ်။ ဒါတွေ အားလုံးကို ဘယ်အချိန်ကစခဲ့တာလဲ။ သူ့ကိုယ်သူတောင် စပြီး အထင်သေးနေပြီလား။

အခြားသူတွေက လျှောင်ပြောင် ဝေဖန်နေတာကို မမြင်ချင်ယောင်၊ မကြားချင်ယောင် ဆောင်နေလို့ ရသည်။ ငယ်ငယ်တုန်းကလည်း သူ့ကို စော်ကားခဲ့တဲ့ ကလေးတွေကို လက်သီးသေးသေးလေး မြှောက်ပြီး ပြန်ရိုက်ခဲ့သည်။ ဒါပေမယ့် အခုတော့ သူ့သတ္တိ ဘယ်ရောက်သွားပြီလဲ။

"ငါ....."

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လျှိုတုံဆီကနေ မချိပြုံးတစ်ခု ဖျစ်ညှစ်ပြီး ထွက်ပေါ်လာသည်။ နှလုံးသားထဲတွင် အကူအညီမဲ့နေပြီး စိတ်အချဉ်ပေါက်လာသည်။

“ရုပ်ဆိုးတာ မင်းအပြစ် မဟုတ်ဘူး။ ဒါပေမယ့် ဆူပူကြိမ်းမောင်းပြီး လက်တုန့်မပြန်တာကတော့ မင်းအပြစ်ပဲဆိုတာ သေချာတယ်”

ဆွန်းမိုက စိတ်အားထက်သန်စွာ ပြောလိုက်သည်။

“ဒါနဲ့ စကားဖြတ်ပြောလိုက်မယ်။ မင်းက ရုပ်ဆိုးပေမယ့် အလားအလာ အများကြီး ရှိတယ်”

ဆွန်းမိုက နှစ်သိမ့်လိုက်သည်။

လျိုတုံက ချီးကျူးတာကို လက်မခံဘဲ လက်သီးဆုပ်လိုက်သည်။

လီဇီချီနှင့် လုချီဟွာ တို့ကတော့ ထုံးစံအတိုင်း ဆွန်းမိုရဲ့စကားကို သံသယ မရှိပါ။ ဒါပေမယ့် ကူရှုပ်ရှင်း၊ လီရှုအိုလန်နှင့် ရှီချန်တို့ကတော့ မနေနိုင်ဘဲ လျိုတုံကို ဂရုတစိုက် အကဲခတ်နေကြသည်။

"ဆွန်းမို၊ ငါမှတ်မိတာ မမှားရင် ငါတို့အခုမှ ပထမဆုံး တွေ့ဖူးတာ မဟုတ်လား။ သူ့မှာ

အလားအလာကောင်းတွေ ရှိတယ်ဆိုတာ မင်းဘယ်လို သိတာလဲ”

ကူရှုပ်ရှင်း အရမ်းသိချင်နေသည်။

တခြားသူတွေလည်း ဒီကိစ္စကို စဉ်းစား မရဖြစ်နေသည်။

“သူ့ရဲ့ တိုက်ခိုက်မှုကနေ ပြောနိုင်တာ”

ဆွန်းမို ပြုံးပြီး ပြောလိုက်သည်။

သူလိမ်ခဲ့တာ မဟုတ်ပေ။ တကယ်လို့ တစ်ယောက်ယောက်မှာ အရမ်းမြင့်မားတဲ့ အလားအလာရှိပြီး စရိုက်မကောင်းပါက ဆွန်းမို

ဖိတ်ခေါ်မှာ မဟုတ်ပါ။ ဒါပေမယ့်လည်း လျို့တုံမှာ သူ့ရဲ့ လှုပ်ရှားမှုတိုင်းက ရိုးရှင်းပြီး ခိုင်မာတဲ့ ခံစားချက်တွေ ပါနေသည်။

ဒါက သူသည် အထီးကျန်မှုနှင့် လှောင်ပြောင်မှုတွေကို ခံနိုင်ရည် ရှိကြောင်း ဖော်ပြနေသည်။ သူ့ကို လမ်းပြပေးမယ့် ဆရာကောင်းကောင်း မရှိခဲ့လို့သာ မအောင်မြင်ခဲ့တာ ဖြစ်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူက အသက်တော့ နည်းနည်းကြီးပေမယ့် အရောင်မတင်ရသေးတဲ့ ကျောက်စိမ်းတုံးလို့ ဆိုနိုင်သည်။

"ချီ၊ သူ့စကားတွေက ချဲ့ကားလွန်းတယ်"

ပြည်သူတွေက ဆွန်းမိုစကားကို မယုံကြည်ဘဲ သိသိသာသာ မှတ်ချက်ပေးနေကြသည်။ လျိုတုံက အလှတရားလေး မဟုတ်တာ ကံကောင်းသည်။ ဒီလိုမှမဟုတ်ရင် ဆွန်းမိုက သူ့ဘောင်းဘီထဲ ထည့်ချင်လို့ လုပ်နေတာလားဆိုပြီး လူတိုင်း ခန့်မှန်းနေကြမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းနှင့် ရှီချန်တို့၏ မျက်လုံးသည် စဉ်းစားဆင်ခြင်ဉာဏ် ရှိသည်။ သူတို့အဆင့်နဲ့ဆိုလျှင် လူတစ်ယောက်ရဲ့ တိုက်ခိုက်မှု စတိုင်ကနေ တချို့အရာတွေကို အမှန်တကယ် ခံစားနိုင်သည်။

"..............."

လျိုတုံသည် ဆွန်းမိုရဲ့ ရိုးသာတဲ့အပြုံးကို ကြည့်လိုက်သည်။ အမှန်တိုင်းပြောရလျှင် သူအရမ်းအံ့အောနေသည်။ (ငါက တကယ် အရည်အချင်း ရှိတာလား။) သူသေသေချာချာ

ပြန်တွေးကြည့်နေသည်။ ဆွန်းမိုက သူ့ကိုလိမ်စရာအကြောင်း မရှိပေ။

(ငါ့ကို စက်ရုံမှာ ကျွန်တစ်ယောက်အနေနဲ့ ရောင်းဖို့လား)

အဲဒီ ကျွန်ပိုင်ရှင်တွေတောင် သူက ရုပ်ဆိုးလွန်းတယ် ထင်ပြီး ခွေးစာ တန်းကျွေးလိမ့်မည်။

"ဆရာလျို ၊ ဒီကိစ္စကမင်းအပေါ် သက်ရောက်မှုအများကြီး ရှိမယ်ဆိုတာ ငါသိပါတယ်။ အလျင်လိုစရာမလိုပါဘူး။ သေသေချာချာ စဉ်းစားပါ။

မြတ်ဆရာစာမေးပွဲ မပြီးခင် ငါ့ကို အဖြေပေးလို့ ရပါတယ်”

ဆွန်းမိုက ပြုံးပြီး

“ဒါပေမယ့် အရင်ပြောလိုက်မယ်။ မင်းကို ခေါ်ဖို့အတွက် ငါလက်လျှော့မှာ မဟုတ်ဘူး”

“ဆရာဆွန်း မင်းရဲ့စိတ်ရင်းကို ငါခံစားရပေမယ့် အရဲတင်းပြီး မေးခွန်းတစ်ခုလောက် မေးလို့ရမလား။ ကျောင်းကိုယ်စား ဆုံးဖြတ်ချက် ချနိုင်လို့လား”

ဒီလိုမေးပြီးနောက် လျို့တုံရဲ့ နှလုံးခုန်နှုန်းတွေ မြန်ဆန်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါက 'စီ-အဆင့် နာမည်ကြီးကျောင်းဖြစ်တဲ့ ဗဟိုပြည်နယ် အကယ်ဒမီပါ တချိန်တုန်းက မဟာကိုးပါး တစ်စိတ်တစ်ပိုင်းတောင် ဖြစ်ခဲ့ဖူးသည်။

(ငါ့လိုလူက အဲဒီနေရာမှာ အလုပ်လုပ်လို့ ရလား)

"ငါတို့ ဆရာက ဗဟိုပြည်နယ် အကယ်ဒမီရဲ့ဒုကျောင်းအုပ်ကြီး တစ်ယောက် ဖြစ်သလို ဘဏ္ဍာရေးနဲ့ ထောက်ပံ့ရေး တာဝန်ခံပါ"

လီဇီချီက ဂုဏ်ယူဝံ့ကြွားနေတဲ့ မျက်နှာနဲ့ မိတ်ဆက်လိုက်သည်။

ရှူး

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်လျှင် ပတ်ဝန်းကျင်မှာ ကျယ်လောင်တဲ့ အာမေဒိတ်အသံများ ထွက်ပေါ်လာသည်။

ဆွန်းမိုက အသက်ဘယ်လောက် ရှိသေးလို့လဲ။

တကယ်တော့သူက ဒုကျောင်းအုပ်ကြီးလား။

ထို့အပြင် သူက ဘဏ္ဍာရေးနှင့် ထောက်ပံ့ရေး တာဝန်ခံလည်း ဖြစ်နေသေးသည်။

ဒီရာထူးတစ်ခုစီတိုင်းက ကျောင်းတိုင်းတွင် လေးနက်ပြီး အလေးချိန်ကြီးမားတဲ့ ရာထူးတွေပါ။ ငွေကြေးနှင့် အာဏာ ......ဒီထဲက တစ်ခုခုကို

ရလိုက်ရုံနှင့် အဓိက ဇာတ်ကောင်တစ်ယောက် ဖြစ်လာနိုင်သည်။

"ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးက ရူးသွားပြီလား။ ဆွန်းမိုက သူ့သား ဖြစ်နေရင်တောင် ဒီလိုမျိုး မပျိုးထောင်သင့်ဘူးလေ။ ဆွန်းမိုက ကျောင်းကို ကမောက်ကမ ဖြစ်အောင် လုပ်လိုက်မှာ သူမကြောက်ဘူးလား"

တစ်ယောက်က မေးခွန်းထုတ်လိုက်သည်။

"အဓိက အချက်ကတော့ တခြားသူတွေက ဘယ်လိုယုံကြည်မှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျောင်း၏ကျောရိုးတွင် မြတ်ဆရာအိုကြီးတွေ ပါဝင်သည်။ အသက် နှစ်ဆယ်လောက်ရှိတဲ့ လူငယ်တစ်ယောက်ရဲ့စကားကို သူတို့ နားထောင်ပါ့မလား။

အမှန်အတိုင်းပြောရလျှင် လူအများစုက သေချာပေါက် မကျေမနပ် ဖြစ်ကြလိမ့်မည်။

အခုအချိန်မှာတော့ ဆွန်းမိုကို နာမည်ကြီး တစ်ယောက်လို့ သတ်မှတ်ထားကြသည်။ ဒါကြောင့် သူနဲ့ ပက်သက်တဲ့ အချက်အလက်တွေ ပျံ့နှံ့နေပြီ။

ဒါကြောင့် သိပြီးသား တချို့လူတွေက ချက်ခြင်း ရှင်းပြလိုက်သည်။

“ဗဟိုပြည်နယ် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးဟောင်းက သူတော်စင်အဆင့် တက်လှမ်းတာ မအောင်မြင်ခဲ့ဘူး။ ဒါကြောင့် ကျောင်းအုပ်ကြီး နေရာကို သူ့မြေးမလေးနဲ့ အစားထိုးလိုက်တယ်၊ ဆွန်းမိုနဲ့က ငယ်ရည်စားတွေဖြစ်ပြီး သူ့မြေးမလေးနဲ့ လက်ထပ်ဖို့ အရင်ကျောင်းအုပ်ကြီး ကိုယ်တိုင် စီစဉ်ပေးခဲ့တာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီစကားကို ကြားလိုက်လျှင် အတင်းအဖျင်းပြောနေတဲ့လူတွေ ချက်ခြင်း သဘောပေါက်သွားကြသည်။ ထင်ထားသလိုပဲ ဒီလုပ်ငန်းကြီး နောက်ကွယ်မှာ အရိပ်မိုးနေတာပဲ။

ဆွန်းမို အရည်အချင်းနဲ့ ပက်သက်လို့ကတော့ ဘယ်သူမှ သံသယ မရှိပေ။ ဒါပေမယ့် ဆွန်းမိုက နာမည်ကြီး ကျောင်းတစ်ခုမှာ ဒုကျောင်းအုပ်ကြီး ရာထူးနဲ့ ရပ်တည်နိုင်ပါ့မလား အခြေခံအားဖြင့်တော့ ဒါက အဓိပ္ပါယ်မရှိပါ။

ကူရှူပ်ရှင်းသည် သူတို့၏ မယုံကြည်နိုင်တဲ့ အမူအရာကို ကြည့်ပြီး တရားမျှတမှု မရှိသလို ခံစားလိုက်ရသည်။ ဆွန်းမိုက အထင်ကြီးဖို့ကောင်းတဲ့ လူတစ်ယောက်ပါ။ သူက ကျောင်းရဲ့ ထောက်ပံ့ပို့ဆောင်ရေး ပြဿနာနှင့် ဘဏ္ဍာရေး အကျပ်အတည်းကို ဖြေရှင်းပေးခဲ့တဲ့သူပါ။ ကျောင်းရဲ့အမှိုက်တွေကို ရှင်းလင်းပြီး ကျန်ဟန်ဖူကိုလည်း ဖယ်ရှားခဲ့သည်။ သူ့ကြောင့် ကျောင်းက နောက်တစ်ကြိမ် တောက်ပလာခဲ့ပြီး မြတ်ဆရာတစ်ယောက်ခြင်းစီကိုလည်း တောက်ပတဲ့ အနာဂတ်ရအောင် လုပ်ပေးခဲ့သည်။

ဆွန်းမိုသာမရှိရင် ဗဟိုပြည်နယ်အကယ်ဒမီက 'ဒီ' အဆင့် လိဂ်ပြိုင်မှာကတည်းက ကျရှုံးပြီး နာမည်ကြီးကျောင်းဆိုတဲ့ ဂုဏ်ပုဒ်ကိုလည်း လက်လွှတ်ရမည်။

"ဆရာလျို ၊ ငါ မင်းကို အရမ်းသဘောကျပေမယ့် ငါ့မှာ အဆင်မပြေတာတစ်ခုရှိလို့ ကြိုပြောထားမယ်။ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ ပြိုင်ဆိုင်မှု သဘာဝက အရမ်းပြင်းထန်တယ်။ အနိမ့်ဆုံး လစာကစပြီး လူတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကို အခြေခံကာ ငွေကြေးဆိုင်ရာ ဆုတွေပေးတယ်။

မင်းလုပ်နိုင်လေလေ ဆုလာဘ်တွေ များလေလေပဲ။ ဒါပေမယ့် အောက်ခြေမျဉ်းကို ကျော်သွားတာမျိုး ဒါမှမဟုတ် မင်းရဲ့စွမ်းဆောင်ရည်က ဘားတန်းထိအောင် မလုပ်နိုင်ဘူးဆိုရင်တော့ မင်းကို အလုပ်ထုတ်ခံရလိမ့်မယ်။ ဒါကို ငါကြို တောင်းပန်ပါတယ်"

ဆွန်းမိုက လျှိုတုံအား အပျက်သဘောဆောင်တဲ့ မှတ်ချက်တွေ ထုတ်ပြောပြီး ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ထင်ထားသလိုပဲ လျှိုတုံဆီက ထိတ်လန့်တဲ့ အမူအရာ ပေါ်လာသော်လည်း စိတ်ထဲမှာ ကြိုးစားကြည့်ဖို့ ရည်ရွယ်နေပြီ။

“ငါတို့ ဗဟိုပြည်နယ်အကယ်ဒမီရဲ့ တံခါးတွေက အမြဲတမ်း ဖွင့်ထားတယ်။ လူငယ်သူရဲကောင်းတွေ အားလုံး မင်းတို့ရဲ့အရည်အချင်းတွေ ပြသဖို့ နေရာတစ်ခုလိုချင်ရင်တော့ ဗဟိုပြည်နယ် အကယ်ဒမီမှာ အင်တာဗျူးဝင်လို့ရတယ်”

ဆွန်းမိုက ရုတ်တရက် ကျယ်လောင်စွာပြောပြီး ဗဟိုပြည်နယ် အကယ်ဒမီကို ကြေငြာလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိုယ်ရေးကိုယ်တာ အခြေအနေ မကောင်းတဲ့ မြတ်ဆရာတချို့က ဒီစကားကိုကြားလိုက်လျှင် အနည်းငယ် စိတ်လှုပ်ရှားသွားသည်။ ဘယ်ပဲဖြစ်ဖြစ် လူတိုင်းက ပိုကောင်းတဲ့နေရာကို သွားချင်ကြသည်။ “စီ’ အဆင့် နာမည်ကြီးကျောင်းဆိုရင်လည်း မဆိုးသေးပါ။

“အဟွတ် အဟွတ်၊ ဆရာဆွန်း ကျေးဇူးပြုပြီး ကွင်းထဲကို အာရုံစိုက်ပေးပါ။ ဒီမှာ မြတ်ဆရာတိုက်ပွဲတွေ ရှိသေးတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အဓိက စာစစ်သူက နောက်ဆုံးတော့ သတိပြန်ရလာပြီး ဆွန်းမိုကို တခြားသူတွေအား အနှောက်အယှက်မဖြစ်အောင် ထွက်သွားဖို့ တိုက်တွန်းလိုက်သည်။

“အဓိကစာစစ်သူ၊ တိုက်ပွဲပြီးသွားပြီ”

စာစစ်သူ တစ်ယောက်က သတိပေးလိုက်သည်။ ဒါပေမယ့် သူ့ရဲ့ စူးစမ်းတဲ့အကြည့်က ဆွန်းမို ဆီရောက်နေတုန်းပါ။

အခုလက်ရှိတိုက်ပွဲမှာ အနိုင်ရသွားတဲ့လူသည် အသက်မကြီးသေးသော်လည်း ခေါင်း

ထိပ်ကွက်နေသည်။ အခုချိန်မှာတော့ မြို့သိပ်ထားတဲ့ ခါးသီးမှုနှင့် စိတ်ဓါတ်ကျတဲ့ အကြည့်တွေနဲ့ ဆွန်းမိုကို စိုက်ကြည့်နေသည်။

သူ့ရဲ့ ပထမအဆင့်တိုက်ပွဲမှာ ရှိသမျှစွမ်းရည်တွေ အားလုံး ထုတ်ဖော်ပြီး ပြသခဲ့သည်။ ဒါကို တခြားသူတွေမြင်လျှင် သဘောကျပြီး တစ်ပွဲတည်းနဲ့ ကျော်ကြားလာလိမ့်မည်။

ဒါပေမယ့် နောက်ဆုံးမှာတော့ ဘယ်သူမှ ဂရုမစိုက်ခဲ့ပါ။

“တောင်းပန်ပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုက တောင်းပန်ပြီး တပြည့်တွေ ခေါ်ဆောင်ကာ ထွက်သွားသည်။

အဲဒီအချိန်မှာ စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

ဒင်

"တာဝန် အသစ်ထုတ်ပြန်လိုက်တယ်။ ကျေးဇူးပြုပြီး လျှိုတုံကို ခေါ်ပါ။ ဂုဏ်သိက္ခာကြီးမြတ်ပြီး အကျင့်သီလနဲ့ ပြည့်စုံတဲ့ မြတ်ဆရာတစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးပါ။

အနည်းဆုံး ကြယ် ၅ ပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လာရမယ်”

“......”

ဆွန်းမို ရပ်တန့်သွားသည်။ ကြယ်ငါးပွင့် ဟုတ်လား (စနစ်၊ မင်းငါ့ကို သိပ်ယုံကြည်နေသလား၊ ဒါမှမဟုတ် မင်းလျှိုတို့ရဲ့ အလားအလာကို ယုံကြည်မှုအပြည့်ရှိနေတာလား။)

“ဆရာဆွန်း၊ ကျေးဇူးပြုပြီး စောင့်ပါအုံး”

လီရှုအိုလန် အနောက်မှ ကမန်းကတန်း လိုက်သွားသည်။

ဟူး

ဆွန်းမို ထွက်သွားတာနဲ့ ပရိတ်သတ်တွေသည် ဒီနေရာမှာ ဆက်နေဖို့ စိတ်မဝင်စားတော့ဘဲ သူတို့ ကြည့်ချင်တဲ့နေရာသို့ အသီးသီး ခွဲထွက်သွားသည်။

“အဓိကစာစစ်သူ ဆွန်းမိုကို ဘယ်လိုထင်လဲ”

စာစစ်သူတစ်ယောက်က သိချင်နေသည်။

" ဒီအခွင့်အရေးကို အသုံးချပြီး သူ့အရည်အချင်းတွေ ထုတ်ဖော်ဖို့ ကြိုးစားနေတယ်လို့ ငါထင်တယ်"

အဓိကစာစစ်သူက ခွဲခြမ်းသုံးသပ်လိုက်သည်။ အမှန်အတိုင်းပြောရလျှင် လျိုတုံမှာ အလားအလာအများကြီး ရှိတယ်လို့ သူမထင်ပါ။ အသက် ၄၀ အရွယ်မှ နတ်ဘုရားခွန်အား တတိယအဆင့်ကို ရောက်လာတဲ့လူ၊ ဒီလူမှ အမှိုက်မဟုတ်ရင် ဘယ်သူက အမှိုက်လဲ။

စာစစ်သူက ခေါင်းလိုက်သည်။ သူလည်း ဒီလို ထင်နေသည်။

....

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာဆွန်း၊ ဆရာဆွန်း၊ ခဏစောင့်ပါအုံး၊ အင်တာဗျူးချင်လို့ပါ”

လီရှုအိုလန်က အပြုံးမျက်နှာလေးနဲ့ ဆွန်းမိုကို မှီအောင်လိုက်လာခဲ့သည်။ ဆွန်းမို လုံးဝရင်မခုန်တာ သနားစရာပဲ။

“ဆရာလျှိုကို သဘောကျတယ်လို့ ပြောလိုက်တာ မင်းက အရည်အချင်း ပြည့်ဝတဲ့လူတွေ လိုချင်တယ်ဆိုတာ ဖော်ထုတ်ချင်လို့ မဟုတ်လား။ ဒါပေမယ့် မင်းရဲ့ တွက်ချက်မှု လွဲသွားတယ်လို့ ငါထင်တယ်။ ဒီလိုလူတွေက ကြယ်နှစ်ပွင့် မြတ်ဆရာ

စာမေးပွဲ အောင်ရင်တောင် ဗဟိုပြည်နယ် အကယ်ဒမီကို တိုးတက်အောင် လုပ်ပေးနိုင်မှာ မဟုတ်ဘူး”

လီရှုအိုလန်က လိုရင်းတန်းပြောလိုက်ပြီး လေသံက အနည်းငယ် ပြင်းထန်နေသည်။

လျိုတုံမှာ အရည်အချင်း ရှိမယ်လို့ သူမလည်း မထင်ပေ။ တကယ်လို့ သူမသာ အမှတ်ပေးရမယ်ဆိုရင် တစ်မှတ်ပေးရင်တောင် များလွန်းတယ်လို့ ခံစားရသည်။

“ငါ လျိုတုံကို လုံးဝ သဘောကျတယ်”

ဆွန်းမို လေသံက တည်ငြိမ်လှသည်။

“ငါနောက်လည်း မလိုက်ပါနဲ့ အရမ်း စိတ်ရှုပ်လို့ပါ”

ဆွန်းမိုက မိန်းမလှလေးအဆင့် ၁၁ မှာရှိတဲ့ လီရှုအိုလန်ကို ဒီလိုပုံစံနဲ့ ပြောလိုက်တာ မြင်လိုက်လျှင် ကူရှုပ်ရှင်းနဲ့ လီဇီချီတို့ နှစ်ယောက်စလုံး စိတ်ထဲကနေ ချက်ခြင်း လက်မထောင်ပြလိုက်သည်။

အခန်း(၅၆၄ - ခ) - ဒီအမျိုးသမီး ဆရာကြီးက မင်းကို ငါ့စကတ်အောက်မှာ သေချာပေါက် ဒူးထောက်ခိုင်းမယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီရှုအိုလန် အံ့အောသွားသည်။ အလုပ်စလုပ်ကတည်းက အခုချိန်အထိ ဒီလိုမျိုး အေးစက်စက် ဆက်ဆံတာမျိုး တစ်ခါမှ မခံခဲ့ဖူးပါ။ အချိန်တစ်ခုကြာအောင် အဲဒီနေရာမှာပဲ မှင်တက်နေမိသည်။

ဆွန်းမိုက တစ်ချက်တောင် လှည့်မကြည့်ဘဲ ထွက်သွားတာမြင်လျှင် လီရှုအိုလန်သည် ဆွန်းမိုက နောက်ဆုတ်သွားမယ့်ပုံစံနဲ့ အရှေ့တိုးဖို့ လှည့်စားတာ မဟုတ်မှန်း သိသွားသည်။ တကယ်က အင်တာဗျူး မဖြေချင်ခဲ့ပါ။

“တောက်၊ သုံးလအတွင်းမှာ ဒီအမျိုးအမီး ဆရာမကြီးက မင်းကို ငါ့စကတ်အောက်မှာ ဒူးထောက်ခိုင်းမယ်”

လီရှူအိုလန် အရမ်း စိတ်ဆိုးသွားပြီး လက်ထဲက ပုံရိပ်ဖမ်းကျောက်တုံးကို ပစ်ချလိုက်သည်။ ဒါပေမယ့် သိပ်မကြာခင် ပြန်ကောက်ပြီး ရှီချန်ကို အင်တာဗျူးဖို့ ပြင်ဆင်လိုက်သည်။

ဒီအတွက်လည်း အဖြေမရှိပါ။ အခုချိန်မှာ ဆွန်းမိုက ရေပန်းအစားဆုံးပါ။ တကယ်လို့ သူမက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တခြားသူအကြောင်း ရေးရင် စာဖတ်သူတွေ ဖတ်ကြမှာ မဟုတ်ပေ။

....

လျိုတုံ ဟိုတယ်သို့ ပြန်ရောက်လာလျှင် သူ့ရဲ့တိုက်ရိုက်တပြည့် ကျောက်ပိုင် ပြေးလာသည်။

"ဆရာ တိုက်ပွဲရလဒ်က ဘယ်လိုလဲ"

လျိုတုံသည် မျှော်လင့်ချက်အပြည့်နဲ့ ကြည့်နေတဲ့ ကျောက်ပိုင် မျက်လုံးကိုကြည့်ပြီး လုံးဝ အနေရခက်သွားသည်။ ငါရှုံးသွားတယ်ဆိုတဲ့ စကားကို ပြောမထွက်နိုင် ဖြစ်သွားသည်။

ကျောက်ပိုင်သည် တုံးတစ်ယောက် မဟုတ်ပါ။ လျှိုတုံရဲ့အကြည့်ကို မြင်ပြီးနောက် အဖြေကို သိနေပြီ။ ဒါပေမယ့် စက္ကန့်အနည်းငယ်လောက် စိတ်ပျက်သွားပြီးနောက် လျှိုတုံကို နှစ်သိမ့်ဖို့အတွက် ပြုံးပြလိုက်သည်။

"ဆရာ၊ နောက်နှစ်မှ ပြန်လာရအောင်။ ငါတို့ သေချာပေါက် အောင်မြင်မှာပါ"

ဒီအချိန်မှာ ဆရာက သူ့ထက်တောင် ပိုစိတ်ပျက်နေနိုင်သည်။ ဒါကြောင့် ကျောက်ပိုင်သည် နောက်နှစ်မှာလည်း သူတို့အတွက် မျှော်လင့်ချက်

မရှိတာ သိပေမယ့် သူ့ဆရာကို နှစ်သိမ့်နိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားလိုက်သည်။

"ငါ စိတ်မကောင်းပါဘူး"

တပြည့်ရဲ့ စိုးရိမ်ပူပန်နေသည့် မျက်လုံးတွေကိုမြင်လိုက်လျှင် လျိုတုံမျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လာသည်။ သူ့တပြည့်ကို စိတ်ပျက်သွားစေပြန်ပြီ။ သူ့ကိုယ်သူ သက်သေပြဖို့အတွက် ကျောက်ပိုင်သည် ခြေထောက်နာကျင်မှုကို တောင့်ခံကာ နေ့စဉ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ညနက်တဲ့အထိ ကျင့်ကြံနေတာကို မြင်ယောင်နေမိသည်။

ဝမ်းနည်းစရာက သူ့တပြည့်သည် အရည်အချင်း ပြသဖို့ အခွင့်အရေးတောင် မရခဲ့ပေ။

"ဆရာ၊ မနက်ဖြန် ပြန်ရအောင်"

ကျောက်ပိုင်က အကြံပေးလိုက်သည်။ မျှော်လင့်ချက် မရှိတော့ရင် လက်တွေ့ဘဝနဲ့ ရင်ဆိုင်ရမည်။ သူ့ဆရာ အရမ်းဆင်းရဲတာ သူသိသည်။ နောက်ပြီးတော့ ဒီစာမေးပွဲအတွက် ကျောင်းက လမ်းစရိတ်နှင့် တည်းခိုခန်းစရိတ်

ပြန်မပေးပါ။ ဒါကြောင့် သူတို့ဒီမှာ ကြာကြာပိုနေလေ သူတို့အတွက် ငွေကြေးဆိုင်ရာ ဝန်ထုတ်ဝန်ပိုး ပိုများလာလေလေ ဖြစ်သွားမည်။

နောက်လဆိုရင် ပေါင်မုန့်အလွတ်ချည်းပဲ ရက်တော်တော်ကြာအောင် စားရအုံးမည်။

'ပိုင်အာ၊ ငါတို့ နောက်ထပ် ရက်နည်းနည်းလောက် စောင့်ရအောင်"

လျိုတုံက ဆုံးဖြတ်ချက် ချလိုက်သည်။

"အင်း"

ကျောက်ပိုင် အံ့အောသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အောင်စာရင်း ကြည့်ချင်လို့လား”

ကျောက်ပိုင်က သူတော်စင်ဂိတ်က ထုတ်ဝေတဲ့ မြွတ်ဆရာမှတ်တမ်း ကြည့်လို့ရတယ် ပြောလိုက်ချင်ပေမယ့် သူ့ဆရာ ကျရှုံးထားတာ ပြန်သတိရပြီး စကားမပြောဖို့ ဆုံးဖြတ်လိုက်သည်။ သူ့ဆရာကိုသာ ဒီမှာရက်နည်းနည်းလောက် ပိုနေခွင့် ပေးလိုက်လျှင် စိတ်ပြေလက်ပျောက် ဖြစ်သွားမည်။

“မဟုတ်ဘူး။ စာမေးပွဲပြီးသွားရင် ဆရာဆွန်းနဲ့ ညှိနှိုင်းဖို့ ပြင်ဆင်နေတယ်။ အဲဒါက ဆွန်းမို၊ တောခွေးနက်ကြီးဆွန်း”

လျိုတုံက ရှင်းပြသည်။

ကျောက်ပိုင် အံ့အောသင့်သွားသည်။

“တစ်မဲဆွန်းလား”

“အင်း”

လျိုတုံက ခေါင်းညိတ်လိုက်သည်။

“.....”

ကျောင်ပိုင်သည် သူ့ဆရာက ဒီလောက် နာမည်ကြီးတဲ့လူနဲ့ ဘယ်လိုသိလဲလို့ မေးလိုက်ချင်သည်။ အနောက်တောင်မြို့မှာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အသာထားလိုက်အုံး သူတို့ ကျောင်းမှာတောင် ဆရာက ပွင့်ပွင့်လင်းလင်း သမားကြီးပါ။

လုပ်ဖော်ကိုင်ဖက်တွေ အတူတူ ထမင်းစုစားရင်တောင် သူ့ကို ဘယ်သူမှ မခေါ်ပေ။

"သူက ငါ့ကို ဗဟိုပြည်နယ်အကယ်ဒမီမှာ လာသင်ဖို့ ဖိတ်ခေါ်နေတယ်"

လို့တုံ စကားပြောပြီးတာနဲ့ ကျောက်ပိုင်ရဲ့ အမူအရာ ချက်ခြင်းပြောင်းသွားသည်။ ကျောက်ပိုင်၏ မျက်နှာတွင် အံ့အောခြင်း၊ စိတ်လှုပ်ရှားခြင်း

တုန်လှုပ်ခြင်းတွေ ဖြစ်ပေါ်နေပြီး အသက်ရှူသံလည်း မြန်လာသည်။

ကိုယ်ပိုင် ဆရာတစ်ယောက်အနေနဲ့ လျိုတုံသည် ကျောက်ပိုင် ဂုဏ်ယူရအောင် တစ်ခါမှ မလုပ်ဖူးပေ။ ဒါကသူလုပ်တဲ့ ပထမဆုံးအကြိမ်ပါ။ နောက်ဆုံးတော့ ဆွန်းမိုက သူ့ကို သဘောကျသွားခဲ့သည်။

"ဆရာဆွန်းက ငါ့ကို ဗဟိုပြည်နယ် အကယ်ဒမီမှာ ဝင်ခွင့်ပေးခဲ့ရင် ဒီဂရုဏာကို အတတ်နိုင်ဆုံး ကြိုးစားပြီး ပြန်ဆပ်ပါ့မယ်"

လျိုတုံက စိတ်ထဲကနေ ဂတိပြုလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒင်

လျိုတုံ၏ လေးစားအထင်ကြီးမှု +၅၀၀၊ ရင်းနှီး(၅၀၀/၁,၀၀၀)

"ဗဟိုပြည်နယ် အကယ်ဒမီက 'ဒီ' အဆင့်ကျောင်း မဟုတ်လား"

ကျောက်ပိုင်သည် ကျောင်းမတက်ခင်တုန်းက နာမည်ကြီးကျောင်းတချို့ကို လေ့လာခဲ့ဖူးသည်။ နာမည်ကြီးကျောင်း မတက်ချင်တဲ့လူရှိလို့လား။ ဝမ်းနည်းစရာကောင်းတာက သူ့ခြေထောက်ကြောင့် ဘယ်ကျောင်းမှ အခွင့်အရေး မပေးခဲ့ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"'စီ-အဆင့်၊   မနှစ်က တက်သွားတယ်"

လျိုတုံက မိတ်ဆက်လိုက်သည်။

"'စီ' အဆင့်...."

ကလု

ကျောက်ပိုင် တံတွေးတစ်ချက် မြိုချလိုက်သည်။ သူ့ဆရာကိုသာ ဗဟိုပြည်နယ် အကယ်ဒမီမှာ အလုပ်ခန့်လိုက်လျှင် သူက တိုက်ရိုက် တပြည့်တစ်ယောက်အနေနဲ့ ရလဒ်တွေဘယ်လိုပဲ ဆိုးနေပါစေ ဗဟိုပြည်နယ်အကယ်ဒမီမှာ ပညာသင်ကြားဖို့ အရည်အချင်း ပြည့်မီသွားမည်။

"ဒီအကြောင်းကိုသာ အမေသိသွားရင် ၁၀၀ ကီလိုဂရမ်လောက်ရှိတဲ့ ဝက်ကို ပေါ်ပြီး အောင်ပွဲကျင်းပဖို့အတွက် သေချာပေါက် ချက်ပေးလိမ့်မယ်"

ကျောက်ပိုင် မျက်လုံးထဲတွင် မျှော်လင့်ချက်များနဲ့ ပြည့်နှက်နေသည်။ ဒါပေမယ့် သိပ်မကြာခင် သူ့စိတ်ထဲမှာ သံသယတွေ ပြည့်နှက်လာပြန်သည်။

"ဆရာ၊ ဆွန်းမိုက မင်းကို လိမ်နေတာလား"

သူပြောပြီးမှ သူ့ဆရာကို အထင်သေးသလို ဖြစ်သွားမှန်း သဘောပေါက်လိုက်သည်။ သူ့ရဲ့ စိုးရိမ်ကြောင့်ကြမှုကို ဘယ်သူမှ အပြစ်တင်လို့ မရပါ။

တကယ်လည်း လျိုတုံကို တော်တော်လေး လူမကြိုက်မှန်း သိသာနေသည်။

စိတ်ဓါတ်ကျမှုနှင့် အထီးကျန်မှုကို ဖြေဖျောက်ဖို့အတွက် သူ့ဆရာ တစ်ယောက် အရက်သောက်နေတာ မြင်ဖူးသည်။

"လုံဝ မဖြစ်နိုင်ဘူး"

ဒီအခိုက်အတန့်တွင် လျိုတုံသည် ဆွန်းမိုကို ယုံကြည်ရုံသာ ရှိတော့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အမှန်တရားကတော့ ဆွန်းမို ပြောခဲ့တဲ့အတိုင်း ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ ငါက ပါရမီရှင်တစ်ယောက် ဒါပေမယ့် ဒါကို ငါမသိလိုက်တာ အမှန်ပဲ)

(လျိုတုံ၊ မင်းက ဆွန်းမိုဖိတ်ခေါ်တာ ခံရလို့ အရမ်းပျော်နေပြီလား။ မှန်ထဲမှာ မင်းကိုယ်မင်း သွားကြည့်သင့်တယ်။ မှန်တောင် မင်းကို ရှုံ့ချပြီး ကွဲထွက်သွားအုံးမယ်)

....

ညနေငါးနာရီတွင် ပထမအဆင့် တိုက်ပွဲ ပြီးသွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျတဲ့လူတွေကို ဖယ်ရှားပြီး အောင်မြင်တဲ့လူတွေက ဆက်ပြီး မဲနှိုက်ခဲ့ကြသည်။ မနက်ဖြန်တွင် တရားဝင် တိုက်ပွဲများ စတင်မည်။

“ကြောက်စရာကောင်းတဲ့ ပြိုင်ဘက်နဲ့ မတွေ့ဖို့ မျှော်လင့်ပါတယ်”

ရှာယွန် ဆုဆောင်းနေသည်။

ဖြေဆိုသူတွေသည် ပြိုင်ဘက်နာမည်ကို မသိရုံသာမက ဘယ်အချိန်မှာ တိုက်ခိုက်ရမလဲဆိုတာလည်း မသိပေ။ ဒါက လှည့်စားခြင်းကို ကာကွယ်ဖို့အတွက်ပါ။

ဆွန်းမိုလည်း ဖိအားတွေ ခံစားနေရသည်။ သူက ငယ်ရွယ်သည်။ ဒါက အဓိက အားနည်းချက်ပါ။ အကြိမ်အနည်းငယ် ဖြေဆိုဖူးတဲ့ လူလတ်ပိုင်း မြတ်ဆရာတွေသည် ကျင့်ကြံမှုအဆင့် မြင့်မားကြသည်။

"ငါ့မှာ နတ်ဘုရားခွန်အား အသီးရှိတာ ကံကောင်းတယ်"

ဆွန်းမိုသည် ညစာစားပြီးတာနဲ့ အခန်းအဝတွင် အင်ဘိုင်ပူနှင့် ရှန်ယွန်ပေါင်တို့ကို အစောင့်ထားပြီး

အခန်းထဲမှာ နတ်ဘုရားခွန်အားအသီးကို မျိုချဖို့ လုပ်လိုက်သည်။

ဆွန်းမိုမှာ နတ်ဘုရားခွန်အားအသီးစားတဲ့ အတွေ့အကြုံ ရှိပြီးသားပါ။ ဒါ့အပြင် သူ့ရဲ့ ဖွဲ့စည်းပုံကလည်း မဆိုးသဖြင့် လုပ်ငန်းစဉ်တစ်ခုလုံး အဆင်ပြေပြေ ချောချောမွေ့မွေ့ ပြီးဆုံးသွားသည်။

အဲဒီနောက်မှာတော့ နောက်တစ်နေ့ ရောက်လာသည်။ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ပွဲ စတင်တဲ့ နေ့ပါ။

အခန်း(၅၆၅) - မြေပဲ ပြခန်း။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနောက်တောင်အကယ်ဒမီရဲ့ တိုက်ပွဲခန်းမသည် လူပေါင်း ၃၆,၀၀၀ ဆံ့သည်။

ဖြေဆိုသူများ၊ ဝန်ထမ်းများအပြင် အနောက်တောင်အကယ်ဒမီရဲ့ မြတ်ဆရာတွေနဲ့ ထူးချွန်တဲ့ကျောင်းသား တစ်ထောင်ကျော်လည်း အခမဲ့ ထိုင်ခုံရကြသည်။ ကျန်တဲ့ထိုင်ခုံတွေကိုတော့ ရောင်းချသည်။

ဒီမှာရှိတဲ့ လူတော်တော်များများသည် တော်တော်လေး ချမ်းသာကြပြီး ပွဲကောင်းကြည့်ရတာ ကြိုက်နှစ်သက်ကြသည်။ ဒါကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်မှတ်တွေသည် အနည်းငယ် စျေးကြီးသော်လည်း အားလုံး ရောင်းကုန်သွားသည်။

လီဇီချီက ပိုက်ဆံမရှားသဖြင့် မြင်ကွင်းအကောင်းဆုံး စျေးအကြီးဆုံး ထိုင်ခုံ ဆယ်လုံးကို တခါတည်း ဝယ်ခဲ့သည်။

“ငါတို့မှာ လူအများကြီး မရှိဘူး မဟုတ်လား”

လုချီဟွာက ရေတွက်လိုက်သည်။ ကျန်ရန်ဇောင်နဲ့ ကျန်ဟောင် အပါအဝင်မှ လူရှစ်ယောက်ပဲ ရှိသည်။

“တိုက်ပွဲ ကြည့်နေတုန်း ငါတို့ကို ဘယ်သူမှ မနှောက်ယှက်စေချင်ဘူး”

လီဇီချီက လွှမ်းမိုးချုပ်ကိုင်စွာ ပြောလိုက်သည်။ သူမဆီကနေ ချမ်းသာကြွယ်ဝတဲ့ အငွေ့အသက်တွေ ထွက်ပေါ်နေသည်။

"ထိုင်ခုံအားလုံး ဝယ်လိုက်ရင် မကောင်းတတ်လို့ ဒီလိုမှမဟုတ်ရင် တစ်ခန်းလုံး ဌားပစ်လိုက်တယ်"

အင်ဘိုင်ဝူကတော့ လီဇီချီ ဒီလိုမျိုး ပိုက်ဆံဖြုန်းနေတာကို မကြိုက်ဘဲ မျက်မှောင်ကြုတ်သွားသည်။

လီဇီချီက ပုံရိပ်ဖမ်းကျောက်တုံး ၆ တုံး ထုတ်ပြီး လူတိုင်းကို ဝေပေးလိုက်သည်။ အဲဒီနောက်မှာတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သတင်းအချက်အလက် အနည်းငယ် ကိုလည်း ဖြန့်ဝေပေးလိုက်သည်။

"အို သူတို့အားလုံး တိုက်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေပြီ"

ကျန်ဟောင်သည် တစ်စုံကို ယူပြီး ကြည့်လိုက်လျှင် ဖြေဆိုသူတွေရဲ့ အချက်အလက်တွေ ပါဝင်နေတာ တွေ့လိုက်ရသည်။ ဒါ့အပြင် အမည်တစ်ခုစီတိုင်း၏ ဘေးတွင် ကိုယ်တစ်ဝက် ပုံတူများ ရေးဆွဲထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒီလိုဆိုရင် အချက်အလက်တွေကို မှားယွင်းစရာ အကြောင်း မရှိတော့ပေ။

“.....”

ကျန်ရန်ဖောင် ဆွံ့အသွားသည်။ (ဒီလောက် ဝိရိယ ထားစရာ လိုလို့လား)

“ချမ်းသာတာ အရမ်းကောင်းတာပဲ”

ကျန်ဟောင်က ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

(မင်းလိုချင်တာ ဘာမဆို ဝယ်လို့ရတယ်)

"သူမမှာ ပိုက်ဆံရှိရုံသာမက ဉာဏ်ပညာနဲ့ စိတ်ရှည်သည်းခံမှုလည်း ရှိတယ်"

ထန်ထန်ယုထန်ကလည်း အချက်အလက် စာရွက်တွေကို လှန်ကြည့်နေသည်။

"မင်းက တခြားသူတွေဆီက ဝယ်ထားတဲ့ အချက်အလက်တွေကို အလွယ်တကူ သုံးနိုင်မယ်လို့ ထင်နေတာလား။ မင်းမှားနေပြီ။ သူမ ဒါကို သေသေချာချာ အချောသပ်ထားရသေးတယ်"

ဒီရက်ပိုင်းတွင် အလုပ်အရှုပ်ဆုံးလူမှာ လီဇီချီကလွဲလျှင် တခြားသူ မဟုတ်တာ ရောဂါသည်

သိနေသည်။ ဆွန်းမိုနဲ့ အတူလိုက်သွားတဲ့ အချိန်က လွှဲလျှင် ကျန်တဲ့အချိန်တွေကို သူတို့ဆရာရဲ့ ပြိုင်ဘက်တွေအကြောင်း လေ့လာရင်းနဲ့ အချိန်ကုန်နေခဲ့သည်။

“ကောင်းပြီလေ။ တိုက်ပွဲစတော့မယ် မြန်မြန်ထိုင်ကြ”

လုချီဟွာက မလှုပ်ရှားဘဲ ရပ်နေကြတာ မြင်လိုက်လျှင် အမြန် တိုက်တွန်းလိုက်သည်။ သူတို့ဆရာရဲ့တိုက်ပွဲနဲ့ လွှဲချော်သွားပါက တစ်သက်လုံး နောင်တရနေ ရမည်။

ထို့နောက် လုချီဟွာသည် သူ့မအိတ်ကိုဖွင့်ပြီး ဖရဲသီးတစ်လုံး ထုတ်လိုက်ကာ ဓါးကို အသုံးပြုပြီး ခွဲခြမ်း လိုက်သည်။

ကျွတ်

ဖရဲသီးကို တစ်ဝက်ခွဲထားသည်။ အစိမ်းရောင် အခွံနှင့် အနီရောင်အတွင်းသားတွေက လတ်ဆက်လွန်းသည်။ တစ်ချက်ကြည့်လိုက်ရုံနဲ့ အရမ်းအရာသာရှိပြီး ချိုမှန်း သိသာသည်။

လုချီဟွာ စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး တစ်ဖဲ့ကိုက်လိုက်သည်။

"ဘယ်သူ စားချင်လဲ"

လုချီဟွာက သူမအစားအသောက်တွေကို ဝေပေးဖို့ စိတ်မဝင်စားပါ။ ထို့နောက် သူမက ဆက်ပြောလိုက်သည်။

"ငါ့အိတ်ထဲမှာ မုန့်တွေကျန်သေးတယ်။ စားချင်တဲ့သူ ကိုယ်ဘာသာကိုယ် ယူစားကြ"

"....."

သူတို့တွေ အရမ်းအံ့အော နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းက ဒီကို ဘာလာလုပ်တာလဲ။ ဖရဲသီး တကယ်ယူလာတာလား။ မင်းစိတ်အခြေအနေက နည်းနည်း မကြီးလွန်းဘူးလား)

“ဒီလို အခြေအနေမျိုးမှာတောင် မင်းက စားနိုင်သေးတာလား”

ကျန်ဟောင်က လုချီဟွာစိတ်က ရိုးရှင်းလွန်းတယ်လို့ ထင်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ အရမ်းစိုးရိမ်ပြီး စားချင်စိတ် မရှိပေ။

“ဘာဖြစ်လို့ မစားရမှာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး ပြောလိုက်သည်။

"အော်, ငါနားလည်ပြီ၊ မင်းက ငါ့ဆရာအတွက် စိတ်ပူနေတာလား။ မဖြစ်နိုင်ဘူး။ ငါ့ဆရာက သေချာပေါက် နိုင်လိမ့်မယ်"

လုချီဟွာအသံက ကျယ်လည်း မကျယ်သလို တိုးလည်းမတိုးပါ။ ဒါကြောင့် တခြားကျောင်းသားများသည် ဒါကို ကြားပြီး မျက်မှောင်မကြုတ်ဘဲ မနေနိုင်တော့ချေ။

"ဒါက ဘယ်သူလဲ၊ မောက်မာလှချည်လား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“သေချာပေါက်နိုင်မယ် ဟုတ်လား”

“သူမက ပိုင်ရှမ်ရဲ့တပြည့်လား”

“မင်းက ဘာတွေ မျက်လုံးမှိတ်ပြီး လျှောက်ပြောနေတာလဲ။ ပိုင်ရှမ်ရဲ့တပြည့်က ပိန်ပြီး အရပ်ရှည်တဲ့ ယောကျ်ားလေး။ ဒါ့အပြင် သူမဆရာက ပိုင်ရှမ်ဆိုရင်တောင် အနိုင်ရမယ်လို့ ဘယ်သူက အာမခံနိုင်လို့လဲ”

ကျောင်းသားတွေ ပြောဆိုနေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါ မမောက်မာဘူး။ ငါ့ဆရာက တကယ် အထင်ကြီးဖို့ကောင်းတယ်"

လုချီဟွာက ဖြေရှင်းလိုက်သည်။

"ဒါကို မောက်မာတယ်လို့ မခေါ်သေးဘူးလား။ မင်းဆရာနာမည်က ဘာလဲ။ နောက်ကျမှပဲ သူဘယ်လို ရှုံးမလဲဆိုတာ စောင့်ကြည့်ရမယ်"

လူတိုင်းက ငယ်ရွယ်ပြီး သူတို့ဆရာကို ကိုးကွယ်ကြသည်။ ဒါကြောင့် ဒီလိုအချိန်မှာ နိမ့်ကျတယ်လို့ ဘယ်သူမှ ဝန်မခံချင်ပါ။

"ချီဟွာ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လီဇီချီက အကြီးဆုံးအစ်မကြီး အမူအရာနဲ့ သူမကို တားလိုက်သည်။

“ထပ်ငြင်းမနေနဲ့တော့ ဆရာမျက်နှာ ပျက်ရလိမ့်မယ်”

“အို”

လုချီဟွာက တော်တော်လေး နာခံမှုရှိသည်။ ချက်ခြင်း မတ်တပ်ရပ်ပြီး သူမရဲ့ ပညာသင်ဘက် မောင်နှမများကို လှမ်းခေါ်လိုက်သည်။

“လာ ၊ တစ်ခုခု စားရအောင်”

“မင်း ဆရာနာမည်က ဘာလဲ ၊ မြန်မြန်ပြောစမ်း”

ထုံးစံအတိုင်းဆို ပွဲကို ကောင်းကောင်းမွန်မွန် ကြည့်ချင်တဲ့လူတွေက ဒီလိုမျိုး ထပ်ရှုပ်မှာ မဟုတ်ပေ။

"မောင်လေး ယွန်ပေါင်၊ ဒီကိစ္စတွေ မင်းလက်ထဲ အပ်လိုက်မယ်"

လီဇီချီက ညွှန်ကြားလိုက်သည်။ ဒီလူတွေက ဆူညံလွန်းသည်။

ဝုန်း

အရင်ကတည်းက လက်တယားယား ဖြစ်နေတဲ့ ရှန်ယွန်ပေါင်က ချက်ခြင်း မတ်တပ်ထရပ်လိုက်သည်။

သူက စူးရှတဲ့အကြည့်တွေနဲ့ ကျောင်းသားတွေကို ကြည့်လိုက်သည်။

"ငါ့ဆရာ နာမည်ကို သိချင်လား။ ငါနဲ့ လာတိုက်ခိုက်။ မင်းတို့ အနိုင်ရရင် ငါပြောပြမယ်"

စိုက်ကြည့်ခံနေရတဲ့ ကျောင်းသားသည် အဲဒီနေရာမှာပဲ ရပ်တန့်နေသည်။ သူက အရပ်ရှည်ပြီး ထွားကျိုင်းတယ်ဆိုပေမယ့် ရှန်ယွန်ပေါင်ထက် ၃၀ စင်တီမီတာလောက် ပိုနိမ့်သေးသည်။ ဒါ့အပြင် ကျောင်းသားတွေနဲ့ မြွတ်ဆရာတွေလည်း ခန်းမထဲသို့ ဝင်နေကြသေးသည်။ ဒီလူငယ်က တကယ်ပဲ သူ့ကို

ပစ်မှတ်ထားနေသည်။ သူ့ခံယူချက်က အထင်ကြီးစရာပဲ။

"ဘာဖြစ်လို့ ကြောင်နေတာလဲ။ လုပ်လိုက်ကြစို့"

ရှန်ယွန်ပေါင်က တိုက်တွန်းလိုက်သည်။ လှံကို ကိုင်ပြီး ထိုင်ခုံနေရာမှ ထွက်လာသည်။

အနီးအနားမှာရှိတဲ့ ကျောင်းသားတွေလည်း လှမ်းကြည့်နေကြသည်။

ဒီအတွက်လည်း ဖြေရှင်းချက် မရှိပါ။ ရှန်ယွန်ပေါင်က ထင်ပေါ်လွန်းသည်။ သူက တော်တော်လေး အရပ်ရှည်ပြီး ဗလတောင့်သည်။

သူက အဲဒီနေရာမှ ရပ်နေပေမယ့် အချိန်မရွေး ထိုးဖောက်လာတော့မည့် လှံတစ်စင်းအလား ကြီးမားတဲ့ဖိအားကို ပေးစွမ်းနေသည်။

ဒါပေမယ့် သူက ဥပဒေမဲ့ပြီး အကြောက်လန့်ကင်းတဲ့ အကြည့်တွေကို အကြောက်ဆုံးပါ။ စစ်မှန်တဲ့ တိုက်ခိုက်ချင်စိတ်နဲ့ ပြည့်နေသော ရက်စက်တဲ့ သားရဲတစ်ကောင်လိုပဲ။

"ပြိုင်ပွဲကစတော့မယ်။ မင်းကို စိတ်မဝင်စားနိုင်သေးဘူး"

အဲဒီကျောင်းသားလေးက အထင်အမြင်သေးတဲ့ပုံနဲ့ ကြည့်လိုက်ပေမယ့် စိတ်ထဲမှာတော့ ကြောက်လန့်နေသည်။ ဒီလိုလူက ကျောင်းသားတိုက်ခိုက်ရေးပြိုင်ပွဲ သေချာပေါက် ဝင်ပြိုင်လိမ့်မည်။ အဲဒီအချိန်ကျရင် ရှန်ယွန်ပေါင်နဲ့ မဆုံမိဖို့ တကယ်ပဲမျှော်လင့်နေသည်။

"ချီ"

ရှန်ယွန်ပေါင် စိတ်ဓါတ်ကျသွားသည်။ ဆက်ပြီးရန်ဖြစ်ဖို့ကလည်း မဖြစ်နိုင်တော့ပါ။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လက်လျှော့ဖို့ တွေဝေနေသေးသည်။ ဒါကြောင့် ပတ်ဝန်းကျင်ကို တစ်ချက် လှမ်းကြည့်ပြီး

"ဘယ်သူများ နည်းနည်းလောက် သွေးပူလေ့ကျင့်ခန်း လုပ်ချင်လဲ"

ဘယ်သူမှ ပြန်မဖြေပါ။

လီဇီချီကတော့ ရှုန်ယွန်ပေါင်ကို အသုံးပြုလို့ရမယ့် နေရာသစ်တွေ့သွားသဖြင့် မျက်လုံး အရောက်တောက်နေသည်။ သူက သူတို့ရဲ့ အမဲလိုက်ခွေး ဖြစ်လာနိုင်ပြီး လူတိုင်းကို ခြိမ်းခြောက်နိုင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဘယ်သူမှ ရန်ဖြစ်မှာ မဟုတ်ဘူး။ ထိုင်လိုက်တော့"

လုချီဟွာက ဖရဲသီးတစ်စိတ် ထုတ်လိုက်ပြီး

"လာ၊ ဖရဲသီး စားရအောင်"

ကွေ့ကျားလုံက မနီးမဝေးမှာ ထိုင်နေသည်။ အရာအားလုံးကို စောင့်ကြည့်နေပြီး မျက်လုံးထဲမှာ သဘောကျမှုနဲ့ ပြည့်နေသည်။ နောက်ဆုံးတော့ သူ့အကြည့်တွေက ရှန်ယွန်ပေါင်ဆီ ရောက်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(အင်း၊ ဒီအရပ်က တကယ်သန်မာတဲ့ ပုံပဲ။ သူနဲ့ တိုက်ခိုက်ဖို့အတွက် သင့်တော်လောက်တယ် မဟုတ်လား)

ရွှစ်

ချန်လုံက စိတ်မသက်မသာဖြစ်ပြီး လှည့်ကြည့်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် ကွေ့ကျားလုံနဲ့ အကြည့်ခြင်း ဆုံသွားပြီးနောက် မျက်လုံး မှိတ်လိုက်သည်။

ဝိုး

(ဒီကောင် မဆိုးဘူး)

ကွေ့ကျားလုံက မေးစေ့ပွတ်လိုက်ပြီး အခုလက်ရှိ ဒီကောင်နဲ့ မကစားနိုင်တာကို မုန်းတီးနေမိသည်။

"ဘာကြည့်နေတာလဲ"

လုချီဟွာက လက်ကိုဆန့်ပြီး ဖရဲသီးတစ်စိတ်ကို မျက်နှာသေနဲ့ ရှိနေတဲ့ ချန်လုံကို ပေးလိုက်သည်။

"ဒါကိုစား၊ အရမ်းချိုတယ်"

ဒင်

ချန်လုံသည် ခေါင်းလှည့်လိုက်သော်လည်း အဲဒီလူငယ်ရဲ့ အကြည့်က စိတ်ထဲစွဲနေပြီး မေ့မရနိုင်

ဖြစ်နေသည်။ ခြံထဲမှာ နေတုန်းကလည်း ဒီလို အကြည့်မျိုး မြင်ဖူးခဲ့သည်။

ဒါက ကြောင်တွေကို အနိုင်ကျင့်ရတာ ကြိုက်တဲ့ ညီအစ်ကို တစ်ယောက်ရဲ့ လျှောင်ပြောင်တဲ့ အကြည့်နဲ့ တူနေသည်။ အဲဒီ ညီအစ်ကိုက တောကြောင်တစ်ကောင် ဖမ်းမိတိုင်း ဒီလိုအကြည့်နဲ့ ကြည့်တတ်သည်။

....

သူတော်စင်ဂိတ်ရဲ့ စာစစ်သူများသည် အမြဲတမ်း လျှင်မြန်ပြတ်သားစွာ အလုပ် လုပ်ကြသည်။

အဖွင့်မိန့်ခွန်းလည်း မရှိပေ။ တန်ရီမင်က စင်ပေါ်တက်လာပြီး တိုက်ပွဲ စတင်ကြောင်း တခါတည်း ကြေငြာလိုက်သည်။

ပထမအဆင့်မှာ အားနည်းတဲ့လူတွေကို ဖယ်ထုတ်ပြီးသွားပြီ ဒါကြောင့် ဒီနေ့တိုက်ပွဲတွေက ပိုစွဲဆောင်မှု ရှိလိမ့်မည်။

ထုံးစံအတိုင်း မြတ်ဆရာအများစုသည် သတိကောင်းကောင်းထားပြီး တိုက်ပွဲဝင်ကြသည်။ ဒီပွဲပြီးရင် အနားယူဖို့ အချိန်အများကြီး မရှိပါ။

ဒါကြောင့် ဒဏ်ရာမရအောင် အစွမ်းကုန်ကြိုးစားနေကြသည်။

ကူရှုပ်ရှင်းအလှည့် အရင်ရောက်လာသည်။ အံ့အောစရာတွေ ရှိခဲ့ပေမယ့် မထင်မှတ်ထားတဲ့ အဖြစ်အပျက်မျိုး မရှိခဲ့ပါ။ သူမက ဒုတိယအဆင့်တွင်လည်း အောင်ပွဲ ရခဲ့သည်။

၂၆ ကြိမ်မြောက်မှာတော့ ဆွန်းမိုအလှည့် ရောက်လာသည်။

“အမှတ် ၁၇၈ ဆွန်းမို နဲ့ အမှတ်၂၃၉ မာဖန် ၊ ဒီနှစ်ယောက် စင်ပေါ် တက်လာပါ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင်၏စကားသံ ဆုံးသွားတာနဲ့ ရုတ်ရုတ်သဲသဲ အသံတွေ ထွက်ပေါ်လာသည်။ ပရိတ်သတ်တွေက ဆွန်းမို တိုက်ခိုက်မှာကို အကြာကြီး စောင့်ခဲ့ရသည်။

သူက အရမ်း ရေပန်းစားနေသည်။

ငြီးငွေ့နေတဲ့ ပရိတ်သတ်တွေလည်း ရုတ်တရက် စိတ်လှုပ်ရှားလာကြသည်။

“ မင်းတို့စင်ပေါ်က ပြုတ်ကျရင် ဒါမှမဟုတ် တိုက်ခိုက်နိုင်စွမ်း မရှိတော့ရင် ဒိုင်လူကြီးက အရှုံးလို့ သတ်မှတ်မယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင်က စည်းကမ်းများကို အလေးပေးပြီး ရှင်းပြသည်။

စင်က တစ်ပေခွဲ လောက်မြင့်ပြီး ဘောလုံးကွင်းတစ်ဝက်စာလောက် ရှိသည်။ တော်တော်လေး ကြီးတယ်လို့ ယူဆနိုင်သည်။

မာဖန် ထိပ်ကွက်နေတဲ့ သူ့ခေါင်းကို ပွတ်လိုက်ပြီး စိတ်လှုပ်ရှားစွာ ပြုံးလိုက်သည်။ သူ့ပြိုင်ဘက်က တကယ်ပဲ ဆွန်းမိုလား။

(အရမ်းကောင်းတယ်။ ကြည့်ရတာ ငါတော့ နာမည် ကြီးလာတော့မယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မာဖန်သည် မနေ့က ဆွန်းမိုတိုက်ပွဲကို ကြည့်ခဲ့ပြီးပြီ။ ဆွန်းမိုက အရမ်းသန်မာပေမယ့် သူနဲ့ တိုက်ခိုက်ဖို့ မလုံလောက်သေးပါ။ ဘယ်လိုပဲပြောပြော သူက ဆွန်းမိုထက် ကျင့်ကြံခြင်းအဆင့် ပိုမြင့်ပြီး နတ်ဘုရားခွန်အား တတိယအဆင့်တွင် ရှိသည်။ ဒါ့အပြင် သူက သာလွန်ကောင်းကင်အဆင့်ဖြစ်တဲ့ ဗုဒ္ဓဂရုဏာတော် လက်ဝါးကို ကျင့်ကြံထားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဟွန်န့်၊ မင်းနာမည်ပြောင်က တောခွေးနက်ကြီး ဆွန်းနော်၊ မင်းရဲ့ ခွေးခေါင်းကို ဘယ်လိုရိုက်ခွဲမလဲဆိုတာ ကြည့်နေလိုက်)

မာဖန်သည် စင်ပေါ်ခုန်တက်လာပြီး လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပေးလိုက်သည်။

“မာဖန်၊ နတ်ဘုရားခွန်အား တတိယအဆင့်၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ”

“ကောင်းပြီလေ။ နောက်ထပ် တစ်ကြောင်းလောက် ထည့်ပြောလိုက်ပါ့မယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သာလွန်ကောင်းကင်အဆင့် ကျင့်စဉ်ကို ကျင့်ကြံနေတယ်”

စကားပြောပြီးနောက် မာဖန်သည် ဆွန်းမို မျက်လုံးကို ယုံကြည်ချက် အပြည့်နဲ့ စိုက်ကြည့်လိုက်သည်။

(ဟားဟား၊ တည်ငြိမ်ချင်ယောင် ဆောင်နေတာလား။ အရမ်း ကြောက်လန့်နေပြီ မဟုတ်လား)

(အင်း၊ ဆွန်းမိုကို အနိုင်ယူပြီးရင် တော်တော်လေး နာမည်ကြီးလာတော့မယ်။ အဲဒီလိုသာဆိုရင် လှပတဲ့

မြတ်ဆရာမတချို့က သူမတို့ဘက်ကစပြီး ငါ့ကို ညစအတူတူ စားဖို့ ဖိတ်နေအုံးမယ်)

မာဖန်သည် အနည်းငယ် ယားလာသဖြင့် ထိပ်ကွက်နေတဲ့ နေရာကို ကုတ်လိုက်သည်။ စိတ်ကူးထဲက ဇာတ်လမ်းကတော့ အံ့အောဖို့ ကောင်းလွန်းသည်။

ဆွန်းမိုက နှုတ်ခွန်းဆက် စကား ပြန်ပြောလိုက်သည်။

“ဆွန်းမို နတ်ဘုရားခွန်အား တတိယအဆင့် ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ”

အမ်

မာဖန်စိတ်ထဲက ဇာတ်လမ်းတွေ လုံးဝ ပျောက်သွားသည်။

“မနေ့ကပဲ နတ်ဘုရားခွန်အား ဒုတိယအဆင့် မဟုတ်လား”

အလိုလို မေးလိုက်မိသည်။ နှလုံးသားထဲက ယုံကြည်မှုတွေလည်း တဖြည်းဖြည်းနဲ့ ပျောက်ဆုံးကုန်သည်။

“ဟုတ်တယ်”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အမ်”

မာဖန် အံ့အောသွားသည်။

(မင်းတိုးတက်နှုန်းက မမြန်လွန်းဘူးလားကွာ)

ဒါပေမယ့် နောက်ပိုင်းမှာတော့ ကျင့်ကြံခြင်း အဆင့်တူနေရင် သူက အတွေ့အကြုံပိုများတယ်လို့ ဖြေသိမ့်လိုက်မှပဲ စိတ်သက်သာရာ ရသွားသည်။

*ကိစ္စမရှိဘူး။ ငါ့ရဲ့ကျင့်ကြံခြင်း ကျင့်စဉ်အဆင့်က သူ့ထက်သေချာပေါက် မြင့်လိမ့်မယ်”

“အင်း၊ နောက်ထပ် စာကြောင်းတစ်ကြောင်း ထပ်ထည့်ပါရစေ။ ငါက ဆန်းကြယ် သူတော်စင်အဆင့် ကျင့်စဉ်ကို ကျင့်ကြံနေတယ်”

ဆွန်းမိုကလည်း မာဖန်စကားကို အတုယူပြီး ပြောလိုက်သည်။

ဟားဟား

ပရိတ်သတ် အားလုံး ရယ်မောနေကြသည်။ ဒီမာဖန်က တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းသည်.။ ဒါက ဘာခေတ်လဲ။ သူက ပြိုင်ဘက်ကို စိတ်ပိုင်ဆိုင်ရာ လှည့်ကွက်နဲ့ တိုက်ခိုက်ဖို့

ကြိုးစားခဲ့တယ် နောက်ဆုံးတော့ သူပဲ အလျှောင်ခံလိုက်ရသည်။

"ဟားဟား၊ ငါမယုံဘူး၊ ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကို လမ်းဘေးက ဂေါ်ဖီထုပ်လို့ ထင်နေတာလား"

မာဖန် သူ့ကိုယ်သူ နှစ်သိမ့်လိုက်ပေမယ့် စိတ်ထဲမှာ ငိုကြွေးနေပြီး မျက်နှာ ဖြူဖျော့နေသည်။

(တောက် ၊ ငါတော့ မကြာခင် အလောင်းကောင် ဖြစ်တော့မယ်။ ကျင့်ကြံခြင်းအဆင့် တဆင့်သာတာ

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘယ်ရောက်သွားပြီလဲ၊ ကျင့်စဉ်အဆင့် တဆင့်သာတာရော ဘယ်မှာလဲ)

(ဇာတ်ညွှန်းများ ဖတ်မိတာလား)

“မြန်မြန်စတော့”

အဓိက စာစစ်သူက တိုက်တွန်းလိုက်သည်။

“ကျေးဇူးပြုပြီး”

ဆွန်းမို သစ်သားဓါးကို ဆွဲထုတ်လိုက်သည်။

“မာဖန်၊ မစိုးရိမ်နဲ့”

မာဖန်က သူ့ကိုယ်သူ အားပေးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်း စိတ်တွေကို တည်ငြိမ်အောင် လုပ်လိုက်၊ မင်းအနိုင်ရလိမ့်မယ်”

အား

နောက်ထပ်အခိုက်တန့်မှာ မာဖန်က အော်ဟစ်ပြီး ဘေးသို့ လိမ့်ထွက်လိုက်သည်။ ဆွန်းမိုရဲ့ ခါးရိပ်တွေက သူ့ကို ဖုံးလွှမ်းနေတာ တွေ့လိုက်ရသည်။

ဗုဒ္ဓ၏ ဂရုဏာတော်လက်နဲ့ ဖိနိပ်ခြင်း

အား

မာဖန် လက်ဆန့်ထုတ်လိုက်တဲ့ အခါ သစ်သားခါးနဲ့ ထိမှန်သွားသည်။ နာကျင်လွန်းလို့ မျက်ရည်ကျလုမတတ် ဖြစ်သွားသည်။

ဆွန်းမိုက ရှေ့ဟောင်းလောကနတ် ကျင့်စဉ်ကို အသုံးပြုပြီး တိုက်ခိုက်မှု အရှိန်အဟုန်ကို မြှင့်တင်လိုက်သည်။ သစ်သားခါးက မာဖန်ရဲ့ ခန္ဓာကိုယ်ကို အဆက်မပြတ် ထိမှန်နေပြီး ရပ်တန့်သွားမည့် အရိပ်အယောင်လည်း မပြပေ။

မာဖန်က ဗုဒ္ဓဂရုဏာတော် လက်ဝါးကို အသေးစားအောင်မြင်ခြင်းအဆင့်ထိ

အောင်မြင်အောင် လေ့ကျင့်ထားပေမယ့် အကူညီမရဖြစ်နေသည်။ ရွှေရောင် အလင်းတန်းက သူ့လက်ဖဝါးကို ဖုံးအုပ်သွားတဲ့ အခါမှာတော့ ဆွန်းမိုရဲ့ တိုက်ခိုက်မှုကို တကယ်ပဲ တားဆီးနိုင်ခဲ့သည်။

"အခွင့်အရေး"

မာဖန် ယုံကြည်မှု ပြန်ရှိလာသည်။ ဆွန်းမိုရဲ့ တိုက်ခိုက်မှုကြောင့် မာဖန်ထိခိုက်မှု မရှိပေမယ့် မာရီယိုက သေတ္တာကို ခေါင်းတိုက်နေလို့ မှိုတွေ ထွက်လာတဲ့အလား စာမျက်နှာတွေ လေထဲဝဲ နေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သိပ်မကြာခင် စာမျက်နှာ သုံးဆယ်လောက် လေထဲ ဝဲပျံနေသည်။

အခန်း(၅၆၆) - ဖျက်ဆီးမရတဲ့ ဗုဒ္ဓလက်သီး။

အား

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အား

အား

မာဖန်သည် ရွှေရောင်အလင်းတွေ ဖုံးအုပ်ထားတဲ့ လက်ဖဝါးနဲ့ ဆွန်းမိုခေါင်းဆီ အဆက်မပြတ် ထိုးပုတ်နေရင်း အော်ဟစ်နေသည်။

"ရှိသမျှ ထွက်လာစမ်း"

မာဖန် အစွမ်းကုန် ကြိုးစားနေသည်။ သစ်သားခါးရဲ့ တိုက်ခိုက်မှုကို လက်တွေ့အသုံးပြုပြီး အပြင်းအထန် ကာကွယ်နေရသည်။ ထို့နောက်

လက်ကောက်ဝတ်ကို လှမ်းလိုက်ပြီး ဖြောင်းကနဲဆိုတဲ့ အသံနဲ့ သစ်သားဓါးကို ဖမ်းဆုပ်နိုင်ခဲ့သည်။

ဆွန်းမိုက သစ်သားဓါးကို ပြန်မဆွဲထုတ်ဘဲ အားနဲ့ တွန်းထုတ်လိုက်သည်။

“အနိုင်ရနိုင်တယ်”

မာဖန်မျက်လုံးတွေ တောက်ပနေသည်။ နှစ် ၂၀လောက် လေ့ကျင့်လာတဲ့ အတွေ့အကြုံကြောင့် စဉ်းစားစရာမလိုပဲ လက်တစ်ဖက်က အလိုလို တုန့်ပြန်လာသည်။

ဗုဒ္ဓ၏ ကောင်းကင် တုန်လှုပ်ခြင်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဝုန်း

ဗုဒ္ဓလက်ဖဝါးက ဆွန်းမိုကို မထိပေမယ့် ရွှေရောင်အလင်းတန်းတွေက ဆွန်းမိုဆီ ပြေးဝင်လာသည်။

ဝုန်း

ချီလှိုင်းလုံးကြီးတွေ ပေါက်ကွဲထွက်လာသည်။

မာဖန်ရဲ့ လက်ဖဝါးရိုက်ချက်က မြန်ဆန်ပြီး လေအတားအဆီးကိုတောင် ချိုးဖြတ်နိုင်စွမ်း ရှိသည်။

“အရမ်းကောင်းတယ်”

ရှန်ယွန်ပေါင်က ကိုယ်ကို အရှေ့သို့ကိုင်းညွှတ်ပြီး အော်လိုက်သည်။ ကွင်းထဲမှာ သူ့ဆရာအစား ဝင်တိုက်ခိုက်ဖို့ကလွဲလျှင် ဘာမှမလိုချင်ပါ။

“မင်းကဘယ်သူ့ကို အားပေးနေတာလဲ”

လုချီဟွာက မဲ့ပြီး ပြောလိုက်သည်။

ရှန်ယွန်ပေါင်က သူမကို လျစ်လျူရှုထားပြီး ကွင်းထဲကိုပဲ အပြည့်အဝ အာရုံစိုက်နေသည်။

“စိတ်လျှော့”

လီဇီချီရဲ့ သုံးသပ်ချက်က တော်တော်လေး ကောင်းမွန်သည်။ ဒါက မာဖန်ရဲ့ နောက်ဆုံး

ရန်းကန်မှုဆိုတာ သူမ နားလည်သည်။ နောက်ပြီးတော့ သူမဆရာမှာ အသုံးမပြုရသေးတဲ့ အကောင်းဆုံး တိုက်ကွက်တွေ အများကြီး ရှိသေးသည်။

"သူက ဖျက်ဆီးမရတဲ့ရွှေကိုယ်ထည်ကို အသုံးပြုပြီး ကိုယ်ပွားထုတ်ကာ ပြန်တိုက်ခိုက်သင့်တယ်"

အင်ဘိုင်ဝူက တိုက်ပွဲထဲမှာ သူမကိုယ်တိုင် ရောက်နေသလို စိတ်ကူးပြီး တိုက်ပွဲရဲ့စီးဆင်းမှုကို ခွဲခြမ်းစိတ်ဖြာဖို့ ကြိုးစားနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် ဆွန်းမိုက သူ့ဓါးကို တကယ်ပဲ လွှင့်ပစ်လိုက်သည်။

ဟာ

ဒီမြင်ကွင်းကို မြင်လိုက်လျှင် ကြည့်ရှုနေတဲ့ လူတွေအားလုံး အလန့်တကြား ထအော်သည်။ လက်နက်ဆိုတာက ကျင့်ကြံသူတစ်ယောက်ရဲ့ နောက်ဆုံး အကာအကွယ်ပါ။ စွန့်ပစ်လိုက်တာနဲ့ တပြိုင်နက် အခြေအနေက သူတို့အတွက် ဆိုးဝါးသွားလိမ့်မည်။

"ဆွန်းမို ရူးတော့မှာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကို မကြိုက်တဲ့ ပရိတ်သတ်တွေကတော့ ချက်ခြင်း ပျော်ရွှင်လာသည်။ တချို့ဆို မာဖန်အား မတ်တပ်ရပ်ပြီး အားပေးနေကြသည်။

တန်ရီမင်က တိုက်ပွဲ ပြီးဆုံးတော့မှာကို သွေးအေးအေးနဲ့ တိတ်တဆိတ် စောင့်ကြည့်နေသည်။

ထင်ထားသလိုပဲ နောက်ထပ်တစ်စက္ကန့်တွင် ဆွန်းမိုက နောက်ဆုတ်ပြီး မရွေးချယ်ခဲ့ပါ။ အဲဒီအစား သူ့ဆီကစွမ်းအားတွေ ပေါက်ကွဲထွက်လာသည်။

နတ်ဆိုး နှိမ့်နင်းမယ့် ဓမ္မ

ဆွန်းမိုရဲ့ အမူအရာက လောကပေါ် ဆင်းသက်လာတဲ့ ဗုဒ္ဓလို သန့်ရှင်းစင်ကြယ်ကာ တည်ကြည်ပြီး လေးနက်နေသည်။ သူ့အနောက်မှာ ဗုဒ္ဓပုံရိပ် ပေါ်လာတာလူတိုင်း မြင်နေရသည်။

ထို့နောက် ဖြောင့်မတ်ခြင်းနှင့် ဂရုဏာ အရိပ်အဝါတွေ ပြည့်လျှံနေတဲ့ ဆွန်းမို၏ နတ်ဆိုး နှိမ့်နင်းခြင်းလက်သီးသည် မာဖန်နဲ့ ထိပ်တိုက် တွေ့ဆုံသွားသည်။

ဘုန်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ချီလှိုင်းလုံးတွေ ပေါက်ကွဲထွက်လာပြီး ဖုန်တွေ လွှင့်စင်လာသည်။

အား

မာဖန်တစ်ယောက် အော်ဟစ်ပြီး ကွင်းအပြင်ဘက်သို့ လွှင့်ထွက်လာသည်။ သူ့ရဲ့ ဘယ်ဘက်လက်မောင်းက လိမ်နေသည်။ ရှင်းပါတယ်။ အရိုးကျိုးသွားပြီ။

ခန်းမတစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်သွားသည်။ ဆွန်းမိုကို မကျေမနပ်ဖြစ်နေတဲ့ ပရိတ်သတ်အားလုံးလည်း

အရမ်းအံ့အော သင့်နေကြသည်။ ဒီတုန့်ပြန်မှုက ထက်မြတ်ပြီး အစွမ်းထက်လွန်းသည်။

ဆွန်းမိုသည် စောစောတုန်းက လွှင့်ပစ်ထားတဲ့ ဓါးကို ပြန်ဖမ်းလိုက်သည်။ ထို့နောက် လေထဲမှာ လှလှပပလေး ပြုတ်ကျလာကာ ဓါးကို ဓါးအိမ်ထဲ ထည့်ပြီး ခါးမှာချိတ်လိုက်သည်။

"ငါ ရှုံးသွားတာလား"

မာဖန်မျက်နှာပေါ်တွင် အသိကင်းမဲ့သည်။ လက်မောင်းက နာကျင်မှုကြောင့်

အံကြိတ်ထားရသည်။ ထို့နောက် ခါးသီးစွာ ပြုံးလိုက်သည်။

“တောက်၊ ဒါက တကယ့် သူတော်စင်အဆင့် ကျင့်စဉ်ပဲ။ သူ့ကိုအနိုင်မယူနိုင်ဘူး”

သူ့ရဲ့ ဗုဒ္ဓဂရုဏာတော်လက်က သောက်ကျိုးနဲ့ အဆင့်မြင့်ပြီး သူ့ရဲ့ ထုတ်လုပ်နိုင်စွမ်းက သောက်ကျိုးနဲ့ပြင်းထန်သော်လည်း သူ့တိုက်ခိုက်မှုက ဗုဒ္ဓပုံရိပ် မထုတ်လုပ်နိုင်ပါ။

“ဆရာမာ ၊မင်းအဆင်ပြေရဲ့လား”

ဆွန်းမိုသည် ကွင်းအစွန်းမှာ ပေါ်လာသည်။

"ငါ ရှုံးသွားပြီ"

မာဖန် သက်ပြင်းချပြီး အရှုံးကို အပြည့်အဝ လက်ခံလိုက်သည်။ သူသည် နောက်ဆုံး တုန့်ပြန်မှုအတွက် ထိပ်တိုက်တွေ့ဆုံခြင်း ဒါမှမဟုတ် ကာကွယ်ခြင်း မလုပ်ဘဲ အရာအားလုံးကို ပြီးပြည့်စုံအောင် လုပ်ဆောင်ခဲ့သည်။

တစ်ခုခု အပြစ်တင်ရမယ်ဆိုလျှင် ဆွန်းမိုက သူ့ထက်အဆင့်မြင့်တာကိုပဲ အပြစ်တင်ရမည်။

"အင်း၊ ကောင်းပြီလေ။ သူက တဆင့်မြင့်ရုံပဲ မဖြစ်နိုင်ဘူး"

“ခဏာနေပါအုံး”

မာဖန် ဒဏ်ရာအခြေအနေ သိပ်မပြင်းထန်တာ မြင်လိုက်လျှင် သူအလျှင်စလို ဆင်းစရာ မလိုတော့ပေ။ နောက်လှည့်ပြီး လက်ညှိုးညွှန်ကာ တစ်ခုခုကို ဖမ်းဆွဲတဲ့ဟန်လုပ်လိုက်သည်။

ဖောက်

ပရိတ်သတ်တွေက သူ့လုပ်ရပ်ကို နားမလည်ကြသော်လည်း ဆွန်းမိုရဲ့ အမြင်အာရုံထဲတွင် ရွှေရောင်စာမျက်နှာ ၃ဂကျော်က သူ့ဆီကို ပျံလွှားငှက်တွေအလား ပျံသန်းလာကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လမ်းမှာတင် ရွှေရောင် စာအုပ်တစ်အုပ် အဖြစ်ပေါင်းစပ်သွားသည်။

ဒင်

“ဗုဒ္ဓဂရုဏာတော် လက်ဝါးကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒါက ပျမ်းမျှ ကောင်းကင်အဆင့် ကျင့်စဉ် တစ်ခုပါ။ ကျွမ်းကျင်မှုအဆင့် - အခြေခံ”

“..............”

မိတ်ဆက်ကို မြင်လိုက်လျှင် ဆွန်းမို ဆွံ့အသွားသည်။

(တကယ်တော့ မင်းက လူလိမ်ပဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်တုန်းကတော့ ဆွန်းမိုသည် သာလွန်ကောင်းကင်အဆင့် ကျင့်စဉ်တစ်ခု ရလိမ့်မယ်လို့ မျှော်လင့်ထားခဲ့မိသည်။ ဒီလိုမျိုးတော့ လုံးဝ မထင်ထားပါ။

(ထားလိုက်ပါ။ ဘာမှ မရတာထက်တော့ ပိုကောင်းပါတယ်လေ)

"လေ့လာမယ်"

ဆွန်းမို ညွှန်ကြားလိုက်ပြီးနောက် စင်ပေါ်မှ ခုန်ဆင်းကာ မာဖန်ဆီ လျှောက်သွားလိုက်သည်။

ဒင်

“ဗုဒ္ဓဂရုဏာတော် လက်ဝါးကို ကျွမ်းကျင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

စနစ်ဆီက ဂုဏ်ပြုသံ ထွက်ပေါ်လာပြီးနောက် ဆွန်းမိုစိတ်ထဲတွင် ဦးခေါင်းထက်မှာ ဗုဒ္ဓပုံရိပ် ပေါ်လာသည်။ လက်ဖဝါး ပုံစံအမျိုးမျိုးကို ရိုက်ထုတ်နေသည်။

လက်ဖဝါး ရိုက်ထုတ်မှုတွေက တဖြည်းဖြည်းနဲ့ အရေအတွက်များလာပြီး တစ်ရာကနေ တစ်ထောင်အထိ တိုးတက်လာကာ နောက်ဆုံး နှစ်ခုထဲ ပြန်ဖြစ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“မင်း ဘာလုပ်ချင်လို့လဲ”

မာဖန် အနည်းငယ် စိတ်ရှုပ်နေသည်။ ဆွန်းမိုရဲ့ အကြည့်တွေက သူ့ရဲ့ လျှို့ဝှက်ချက်တွေ အကုန်လုံးကို ဖောက်ထွင်းပြီး မြင်နေရတယ်လို့ ခံစားနေရသည်။

“ဒီပွဲမှာ ဆွန်းမို အနိုင်ရတယ်”

တန်ရီမင်က ရလဒ်ကို အံ့အောခြင်းမရှိဘဲ ကြေငြာလိုက်သည်။ တချိန်တည်းမှာပင် ဆရာဝန်တွေက မာဖန်ကို ကုသပေးဖို့ ပြင်ဆင်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"နည်းနည်းလောက်သည်းခံပါ။ မင်းအရိုးအထိုင်ကျသွားအောင် ကူညီပေးမယ်"

ဆွန်းမိုက ပြောပြီးတာနဲ့ မာဖန်လက်ကိုကိုင်လိုက်သည်။ ရှေ့ဟောင်းအနှိပ်ပညာကို ဖော်ထုတ်ချင်တာ မဟုတ်ပဲ မာဖန်ကို မကုသပေးပါက အလုံးစုံ ပျောက်ကင်းသွားဖို့အတွက် အနည်းဆုံး သုံးလလောက်ကြာလိမ့်မည်။

ဒါ့အပြင် ဆရာဝန်ရဲ့စံနှုန်းမကောင်းရင် ဖုံးကွယ်နေတဲ့ ဒဏ်တွေ ကျန်ခဲ့နိုင်သေးသည်။

ဘယ်လိုပဲပြောပြော မာဖန်သည် ဆန်းကြယ်သူတော်စင်အဆင့် ကျင့်စဉ်ကြောင့် ဒဏ်ရာရသွားခဲ့သည်။ အပေါ်ယံမှာ ရိုးရိုးဒဏ်ရာတစ်ခုလို့ ထင်ရပေမယ့် တကယ်မှာ လက်မောင်းတစ်ခုလုံးရှိ အရိုးတွေ ကြေမွသွားသည်။ အရိုးတချို့ဆို အမှုန့်လို ဖြစ်သွားပြီး ကြွက်သားတွေထဲ ဝင်ရောက်သွားသည်။

"အမ်"

မာဖန်သည် ဆွန်းမိုရဲ့ ကျော်ကြားလှတဲ့ နတ်ဘုရားလက်ဆိုတဲ့ နာမည်ကို ကြားဖူးသော်လည်း

လက်တွေ့တော့ မမြင်ဖူးပါ။ ဒါကြောင့် သူသည် ဆွန်းမိုကို မယုံကြည်နိုင်ဘဲ တကယ့်ဆရာဝန် အစစ်က ကုသပေးတာကိုပဲ ပိုသဘောကျသည်။

ထုံးစံအတိုင်းတော့ သူ့ကို ဒီလိုဆက်ဆံတဲ့ ဆွန်းမို သဘောထားနဲ့ ပက်သက်ပြီး အရမ်းကျေးဇူးတင်မိသည်။ တကယ်ဆို ဆွန်းမိုက ဒီလိုလုပ်ဖို့ မလိုပါ။

ဆရာဝန်တွေက မာဖန်ရဲ့ အတွေးကို ဂရုမစိုက်တာကတော့ ဝမ်းနည်းစရာပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာဆွန်း၊ မင်းရဲ့ အံ့မခန်းနည်းစနစ်ဖြစ်တဲ့ နတ်ဘုရားလက်အကြောင်း ကြားဖူးနေတာ တော်တော်ကြာနေပြီ။ အခုတော့ ဒီအခွင့်အရေးကို အသုံးချပြီး ကြည့်လို့ရပြီ"

ဆရာဝန် ခေါင်းဆောင်က မုတ်ဆိတ်ဖြူနဲ့အဘိုးကြီး တစ်ယောက်ပါ။ ဆွန်းမိုကို ဝမ်းသာအားရ ကြည့်နေသည်။

"ငါစည်းကျော်သွားပြီလား"

ဆွန်းမိုက ပြုံးပြီး အရိုအသေ ပေးလိုက်သည်။ ဘယ်လိုပဲပြောပြော ဒီလိုလုပ်ခြင်းက ဆရာဝန်တွေရဲ့

အရည်အချင်းကို မယုံကြည်ဘူးလို့ တခြားသူတွေ ထင်ကောင်း ထင်သွားနိုင်သည်။

“ဆရာဆွန်း၊ အစိုးရိမ် လွန်နေပြီ”

အဘိုးအိုက အရွှန်းဖောက်လိုက်သည်။ သူက ဒီလောက် သဘောထားမသေးပါ။ ထို့နောက် သူ့ရဲ့အဖွဲ့သားတွေကို မှာကြားလိုက်သည်။

“မင်းတို့တွေ အလေးအနက်ထားပြီး စောင့်ကြည့်ကြ”

ဆွန်းမိုက အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုလိုက်သည်။ သူ့ရဲ့ မဟာအဆင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျွမ်းကျင်မှုက ဒီကိစ္စကို ကိုင်တွယ်ဖို့ လုံလောက်သည်။

ဆရာဝန်အိုကြီး နာမည်က မာကျန်းပါ။ သတိထားလိုက်မိတာနဲ့ အရင်တုန်းက တည်ငြိမ်နေတဲ့ အမူအရာ ပျောက်သွားပြီး တုန်လှုပ်ခြောက်ခြားနေတဲ့ အမူအရာပေါ်လာသည်။ မုတ်ဆိတ်ကို ပွတ်နေရင်း အမွှေးအနည်းငယ်ကို ဆွဲနှုတ်လိုက်မိသည်။

“ဒီ နည်းက.......”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မာကျန်းသည် ပိုပြီး ရှင်းရှင်းလင်းလင်း မြင်ရအောင် ငုံ့ကြည့်နေပြီးနောက် အရှေ့တိုးလာသည်။

ဆွန်းမိုရဲ့နည်းစနစ်က မဟာသခင်မာရဲ့ စိတ်ဝင်စားမှုကို မီးထိုးပေးနေကြောင်း သိပ်မကျေနပ်တဲ့ အသင်းသားတွေ သိနေကြသည်။ ထို့နောက် မျက်လုံးကြီး ပြူးပြီး အသေးစိတ်အချက်အလက် တစ်ခုခု လွဲချော်သွားမှာ စိုးရိမ်ပြီး ကြောက်လန့်တကြား ကြည့်နေကြသည်။

"အချိန်ဘယ်လောက်ကြာကြာ လိုသလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင်က စင်ပေါ်မှာ မတ်တပ်ရပ်ပြီး မေးလိုက်သည်။ စာမေးပွဲ လုပ်ငန်းစဉ်ကို မနှောက်နှေးစေချင်ပါ။

"ဆရာဆွန်း"

မာကျန်းက ဆွန်းမိုကို လှမ်းကြည့်လိုက်သည်။

"အခုရွှေ့လို့ ရပါတယ်"

ဆွန်းမိုက မာဖန် လက်မောင်းကို ပင့်ပေးထားပြီး တန်ရီမင်ကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ ခေါင်းညိတ်ပြလိုက်သည်။

"စကြိုန်မှာပဲ လက်ကို ကုသရအောင်"

မာကျန်းက အကြံပြုလိုက်သည်။

တိုက်ပွဲခန်းမမှာ ဆေးခန်းတစ်ခန်းရှိသော်လည်း အရိုးကျိုးတဲ့ လူတွေကို တတ်နိုင်သမျှမရွှေ့တာ အကောင်းဆုံးပါ။ ဒါကြောင့် သူတို့အားလုံး နေရာပြောင်းလိုက်ကြသည်။

“ရပါတယ်”

ဆွန်းမိုက စိတ်ထဲမထားပါ။ သူ့ကို ကုသပေးဖို့အတွက် အရိုးအထိုင်ချခြင်း နည်းစနစ်ကို အသုံးပြုပေးဖို့ပဲ လိုသည်။ ရောင်ရမ်းနေတဲ့ ကြွက်သားတွေ အတွက်ကတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကြွက်သားပြုပြင်ခြင်း နည်းစနစ်ကို အသုံးပြုခဲ့သည်။ ဒါပေမယ့် သူ့ရဲ့ ဝိညာဉ်ချီကို ဖြုန်းတီးဖို့တော့ စိတ်မဝင်စားပါ။

ငါးမိနစ်လောက်ကြာတော့ ဆွန်းမို လက်ပြန်ရုတ်လိုက်သည်။

"အမ်၊ ဆရာဆွန်း၊ ပြဿနာ ရှိလို့လား"

ဆွန်းမို ရပ်လိုက်တာ မြင်လိုက်လျှင် ဆရာဝန်လေးတစ်ယောက်က မျက်လုံး ဖျက်ကနဲ ဖြစ်သွားသည်။ ဆွန်းမိုက မာဖန်ကို မကုပေးနိုင်ရင် သူကူညီပေးနိုင်သည်။ ဒီလိုလုပ်လိုက်ရင်

မဟာသခင်မာ အရှေ့မှာ အရည်အချင်း ပြသခွင့်ရပြီး တန်ဖိုးထားမှုလည်း ရရှိလိမ့်မည်။

"ပြဿနာ လုံးဝ မရှိပါဘူး။ ကုသမှု ပြီးသွားပြီ"

ဆွန်းမိုက မတ်တပ်ရပ်လိုက်ပြီး

"လက် ဘယ်မှာဆေးရမလဲ"

"ဟိုနားမှာ ဘယ်ဘက်ကွေ့သွား သန့်စင်ခန်း ရှိတယ်"

မာကျန်းက စကားပြောပြီးနောက် မာဖန် လက်မောင်းကို ခေါင်းမဖော်တန်းဆက်ပြီး စိုက်ကြည့်နေသည်။ အမှန်တော့ သူက မာဖန် ဘေးမှာ

ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး လက်ညှိုးနှင့် လက်မသုံးကာ စစ်ဆေးကြည့်နေသည်။

"ကုသမှု ပြီးသွားပြီလား"

"ပတ်တီးတွေ ဘာတွေ မလိုဘူးလား။ အရိုးအထိုင် နေရာမှန်သွားအောင် ကျပ်စည်းတာတို့ ပတ်တီးစည်းတာတို့ လုပ်ဖို့ မလိုဘူးလား"

"အကိုက်အခဲ ပျောက်ဆေး မလိုဘူးလား"

လူငယ်ဆရာဝန်တွေက အချင်းချင်း တီးတိုး ပြောဆိုနေကြသည်။

"ဖုံးကွယ်နေတဲ့ဒဏ်တွေ ဘာတွေ ကျန်ခဲ့မလား"

မာဖန် အရမ်းစိုးရိမ်နေသည်။ တကယ်လို့ ပြဿနာမရှိရင် ဆရာဝန်အဖွဲ့က ဒီလောက် သတိထားနေမှာလား။

“မယုံနိုင်စရာပဲ၊ မယုံနိုင်စရာပဲ။ ဒီလက်မောင်းက တစ်ခါမှ ဒဏ်ရာ မရထားသလိုပဲ”

မာကျန်း မျက်နှာပေါ်တွင် တုန်လှုပ်နေတဲ့ အမူအရာ အပေါ်လာပြီး တိုးတိုးလေး ရေရွတ်နေသည်။

ဒီနည်းစနစ်က တကယ် အံ့အောဖို့ ကောင်းလွန်းသည်။

ထို့နောက် မာကျန်းက မေးလိုက်သည်။

"ရှီကလေး မင်းဘယ်လိုထင်လဲ"

ဒင်

မာကျန်း၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၁၀၀/၁,၀၀၀)

ရှီကလေးလို့ခေါ်လိုက်တဲ့ လူငယ်က မာကျန်းရဲ့ တိုက်ရိုက်တပြည့်ပါ။

"အမ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှီကလေး မျက်နှာပေါ်တွင် အူကြောင်ကြောင် အမူအရာ ပေါ်လာသည်။

(ငါ ဘာပြောနိုင်မှာလဲ။ ငါ မကြည့်လိုက်မိဘူး။ ငါ ပထမဆုံး ပြည့်တန်ဆာဆီ သွားတဲ့ အတွေ့အကြုံထက်တောင် ဆွန်းမို လုပ်သွားတာက ပိုမြန်နေသေးတယ်)

“အင်း၊ ဒီလို အခွင့်အရေးမျိုးက အရမ်းရှားတယ်”

ထူးချွန်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်ချင်တယ်ဆိုရင် သင်ယူလို့ရတဲ့ အခွင့်အရေး မှန်သမျှ လက်လွှတ်ခံလို့ မရပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာ၊ အမှားသိပါပြီ”

ရှီကလေးက တောင်းပန်လိုက်သည်။

“ဒီဆယ်ရက်အတွင်း လက်မောင်းကို ပိုအာရုံစိုက်ပါ။ အသေးစိတ် အချက်အလက်တွေကို မှတ်တမ်းတင်ထားပါ”

မာကျန်းက မာဖန်ကို တစ်ချက်ကြည့်ပြီး ညွှန်ကြားလိုက်သည်။

“စိတ်မပူနဲ့။ ဆွန်းမိုရဲ့ နတ်ဘုရားလက်က သူ့ဂုဏ်သတင်းနဲ့ထိုက်တန်တယ်။ မင်းရဲ့လက်တွေ လုံးဝကောင်းနေပြီ”

"တကယ်"

မာဖန်တစ်ယောက် ဝမ်းသာသွားသည်။ အမှတ်တမဲ့ လက်ခုပ်တီးလိုက်မိကာ ကျယ်လောင်တဲ့ လက်ခုပ်သံ ပေါ်လာသည်။

ရှူး

ဒီမြင်ကွင်းကို မြင်လိုက်လျှင် လူငယ် ဆရာဝန်တွေအားလုံးက ဆွန်းမိုက ဘယ်လောက် အထင်ကြီးဖို့ ကောင်းသလဲဆိုတာ နားလည်သွားသည်။ ပုံမှန်ဆိုရင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်လက်ကျိုးပါက ချက်ခြင်း အားစိုက်ထုတ်လို့ မရပါ။

“ဘာဖြစ်လို့ ငါ့မှာ ပိုပြီး အားရှိလာရတာလဲ”

မာဖန်က ထင်ယောင်ထင်မှားဖြစ်နေတယ်လို့ တွေးပြီး စဉ်းစားမရ ဖြစ်နေသည်။

တကယ်တော့ ဆွန်းမိုက ပျက်ဆီးနေတဲ့ စွမ်းအင်လမ်းကြောင်းကို ချိတ်ဆက်ပေးတဲ့အချိန်မှာ မာဖန်၏ ဗုဒ္ဓဂရုဏာတော်လက်ဝါး လေ့ကျင့်လို့ ပျက်ဆီးသွားတဲ့ စွမ်းအင်လမ်းကြောင်းတွေပါ ပြန်ချိတ်ဆက်ပေးခဲ့သည်။

စွမ်းအင်လမ်းကြောင်း ပိုများလာတာနဲ့အမျှ ဝိညာဉ်ချီ စီးဆင်းမှုက ပိုများပြားလာမည်။ ထုတ်လုပ်နိုင်စွမ်းကလည်း သဘာဝအတိုင်း တိုးတက်လာမည်။

မာကျုန်းဘက်ကစပြီး အကြောင်းပြချက် ဖော်ထုတ်ပေးလိုက်သည်။ ဒါပေမယ့် သူက မာဖန်ကို သတိမပေးဘဲ မနေနိုင်ချေ။

"မင်း ပိုသန်မာချင်ရင် ဆရာဆွန်းနဲ့ တိုင်ပင်ကြည့်"

"အင်း အင်း"

ကြယ်နှစ်ပွင့် မြတ်ဆရာစာမေးပွဲမှာ ဆရာဝန်အဖွဲ့ခေါင်းဆောင်ဆိုတော့ မာကျန်းသည် အနည်းဆုံး ကြယ်ငါးပွင့် မြတ်ဆရာတစ်ယောက် ဖြစ်လိမ့်မည်။ ဒါကြောင့်လည်း မာဖန်သည် သူ့စကားများကို မှတ်ထားလိုက်သည်။

"ငါနဲ့ ဆွန်းမို..... တို့ကြားက ဆက်ဆံရေးက ရန်ဖြစ်ပြီး ရင်းနှီးလာတဲ့ ဆက်ဆံရေးလို့ ပြောလို့ရတယ် မဟုတ်လား။ သူနဲ့တိုင်ပင်ဖို့အတွက် အခက်အခဲ မရှိလောက်ဘူး"

မာဖန် စဉ်းစားနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆရာဆွန်းက ကြင်နာတတ်တဲ့လူတစ်ယောက်ပါ။ သူသာမရှိရင် မင်းလက်ပြန်ကောင်းလာဖို့အတွက် အနည်းဆုံးငါးလလောက်တော့ အချိန်ယူရလိမ့်မယ်”

မာကျန်းသည် ပြောပြီးနောက် လက်ကိုနောက်မှာထားကာ ထွက်သွားသည်။

ဒီလို ဒဏ်ရာမျိုးက ကုသရတာလွယ်သည်။ ဆွန်းမိုကို မျက်နှာသာပေးချင်တဲ့စိတ်သာ မရှိရင် တခြားဆရာဝန်ဆီ လွှဲပေးလိုက်မည်။

ထုံးစံအတိုင်းတော့ သူ့ရဲ့နှုတ်ထွက် စကားတွေက မမှားပါ။ ဆွန်းမိုက ပရိုဖက်ရှင်နယ် ဆရာဝန် တစ်ယောက် မဟုတ်သလို ဆေးအကြောင်းလည်း သိပ်မသိပါ။ စောစောတုန်းက ဆွန်းမို သုံးလလို့ ခန့်မှန်းတာက အနီးစပ်ဆုံး ခန့်မှန်းချက်သာ ဖြစ်သည်။

"ငါ နားလည်ပြီ"

မာဖန်သည် ဘာက သူ့အတွက် ကောင်းတဲ့အရာလည်းဆိုတာ မသိတဲ့လူတစ်ယောက် မဟုတ်ပါ။

ဒင်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မာဖန်၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး(၂၁၀/၁,၀၀၀)

ဆွန်းမိုသည် ဒီနေရာက ကိစ္စတွေပြီးတာနဲ့ အနားယူတဲ့နေရာသို့ ပြန်သွားသည်။ ပထမအကျော့ လုံး၀ ပြီးသွားတာနဲ့ စောင့်ဆိုင်းရေးနေရာသို့ ပြန်လာပြီး ဒုတိယအကြိမ် တိုက်ပွဲအတွက် ပြင်ဆင်နေခဲ့သည်။

သိပ်မကြာခင် လီဇီချီနဲ့ ကျန်တဲ့လူတွေ ပြေးလာကြသည်။

"ဆရာ၊ မင်းရဲ့ ဒုတိယအောင်ပွဲအတွက် ကြိုပြီး ဂုဏ်ပြုပါတယ်"

အကြီးဆုံးအစ်မကြီး အနေနဲ့ လီဇီချီက အားလုံးကိုယ်စား ဂုဏ်ပြုစကား ပြောလိုက်သည်။

"ဆရာ၊ ဖရဲသီးစား"

လုချီဟွာက အရည်ရွှမ်းပြီး အရသာရှိတဲ့ ဖရဲသီးတစ်ခြမ်း ထုတ်ယူလိုက်သည်။ ဒါက သူမဆရာအတွက် အထူးချန်ထားတဲ့ အပိုင်းပါ။

"ဒုတိယအကျော့မှာ ပြိုင်ဘက်က ဘယ်သူလို့ တွေးမိလဲ"

ထန်ထန်ယုထန်က သိချင်လာသည်။ ထိုက်တန်တဲ့ ပြိုင်ဘက်နဲ့ တွေ့ဖို့ မျှော်လင့်နေသည်။

ဆွန်းမို စကားပြောဖို့ လုပ်တဲ့အချိန်မှာပဲ စနစ်ဆီက အကြောင်းကြားချက် ထွက်ပေါ်လာသည်။

အခန်း(၅၆၇) - ချေဖို့ အခွင့်အရေးလေးတောင် မပေးတော့ဘူးလား။

ဒင်

"အဓိက ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အသိအမှတ်ပြုခြင်းကို ရရှိလိုက်လို့ ဂုဏ်ပြုပါတယ်၊ ဆုလဒ် အနက်ရောင် ရတနာသေတ္တာတစ်လုံး"

ဆွန်းမို ကြောင်သွားသည်။ ဒီရတနာသေတ္တာက မာကျုန်းဆီမှ ဆိုတာ သိသာနေသည်။ မာကျုန်းက ရှေ့ဟောင်းအနှိပ်ပညာအပေါ် ဒီလောက် မြင့်မြင့်မားမား အကဲဖြတ်လိမ့်မယ်လို့ မထင်ထားခဲ့မိပါ။

နောက်ဆုံးတော့လည်း ရှေ့ဟောင်းအနှိပ်ပညာက ဆရာဝန်ကြီးတစ်ယောက်ရဲ့ အသိအမှတ်ပြုမှုကို ရရှိခဲ့ပြီ။

"အရင်တုန်းကတော့ လူတွေသည် ဒါက ဘယ်လို အံ့အောဖို့ကောင်းပြီး သဘောကျဖို့ ကောင်းတာပဲ

သိတယ်။ သူတို့ကဒါရဲ့ တကယ့် တန်ဖိုးနဲ့ အနှစ်သာရကို နားမလည်ကြဘူး”

စနစ်က ဂုဏ်ယူစွာ ပြောလိုက်သည်။

“စောစောတုန်းက ငါ့တိုက်ပွဲကို မင်းတို့ ဘယ်လိုထင်လဲ”

ဆွန်းမိုက သူ့တပြည့် ခြောက်ယောက်ကို မေးလိုက်သည်။ တချိန်တည်းမှာပင် လုချီဟွာ ခေါင်းကို ပုတ်လိုက်ပြီး

“ရတနာသေတ္တာဖွင့်”

ရွှစ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အလင်းရောင်တွေ ပျောက်သွားပြီးနောက် စွမ်းရည်စာအုပ်တစ်အုပ် ကျန်ခဲ့သည်။

ဒါက အမှောင်ထု ရက်စက်ကြမ်းကြုတ်တဲ့ သားရဲပေါင်း ၂၀၀၈၏ အသေးစိတ် အချက်အလက်တွေပါ။ ကျွမ်းကျင်မှုအဆင့်က အခြေခံအဆင့်၊ ဒီဆုက အကောင်းကြီး မဟုတ်ပေမယ့် အနက်ရောင် ရတနာသေတ္တာက ရသဖြင့် မဆိုးဘူးပြောရမည်။

"မာဖန်ရဲ့ လက်ဖဝါး ရိုက်ချက်တွေက စိတ်ဝင်စားဖို့ ကောင်းတယ်။ သူနဲ့ တစ်ခါလောက်တော့ တိုက်ကြည့်ချင်တယ်"

ရှန်ယွန်ပေါင် အဖြေက သူ့ပုံစံနဲ့ တော်တော်လေး လိုက်ဖက်သည်။

"အမ်၊ ငါတို့ တိုက်ပွဲကို အာရုံစိုက်ဖို့လိုတယ်"

လက်ရှိ ဖရဲသီးစားနေတဲ့ လုချီဟွာ တစ်ယောက် ရပ်တန့်သွားသည်။ ထို့နောက် အဖြေတစ်ခုကို ဖျစ်ညှစ်ပြီး စဉ်းစားနေသည်။

(အို၊ မဟုတ်ဘူး။ စောစောတုန်းက တိုက်ပွဲမှာ ဆရာရဲ့ ကြော့ရှင်းတဲ့ ကိုယ်နေဟန်ကို ကြည့်နေတာနဲ့ အလုပ်ရှုပ်ပြီး တိုက်ပွဲကို အနီးကပ် မကြည့်ဖြစ်ခဲ့ဘူး။ အခု ဘယ်လိုလုပ်ရမလဲ)

လုချီဟွာက အသနားခံတဲ့အကြည့်နဲ့ လီဇီချီကို ကြည့်လိုက်သည်။

(အကြီးဆုံး အစ်မကြီး ကယ်ပါအုံး)

“မာဖန်ရဲ့အခြေခံအုတ်မြစ်က တော်တော်လေး တည်ငြိမ်တယ်။ အားကုန်သုံးလိုက်တဲ့အချိန်မှာ

အရမ်းသန်မာတယ်။ ဒါပေမယ့် ကြံ့ရည်ဖန်ရည် မရှိဘူး”

လီဇီချီက သုံးသပ်လိုက်သည်။

“ဒါ အမှန်ပဲ”

ဆွန်းမို ခေါင်းညိတ်လိုက်သည်။

“မာဖန်က သူ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်မှု ရလာတဲ့လူပဲ။ ဒါပေမယ့် သူက စိတ်ပိုင်းဆိုင်ရာ ကြံ့ရည်ဖန်ရည် ဘယ်လို တိုးတက်အောင် လုပ်ရမလဲ မသိဘူး။ တီထွင်ဆန်းသစ်မှု မရှိဘူးလို့ ပြောရမယ်။ သူ့ရဲ့

တိုက်စစ်ပုံစံက မင်းရဲ့အတွေးထက် ကျော်လွန်မှာ မဟုတ်ဘူး”

“ဆရာက အရမ်းတော်တာပဲ”

လုချီဟွာက စိတ်နှလုံးအကြွင်းမဲ့နဲ့ ချီးကျူးလိုက်သည်။

ချန်လုံ ခေါင်းညိတ်လိုက်သည်။ ထန်ထန်ယုထန်ပင် ဆွန်းမိုကို လေးစားတဲ့ အရိပ်အယောင်ပေါ်လာပြီး လေးလေးနက်နက် စဉ်းစားဆင်ခြင်နေတဲ့ အမူအရာ ဖော်ပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဆရာ ဒါက ဖျက်ဆီးမရတဲ့ရွှေကိုယ်ထည် ထုတ်မသုံးရတဲ့ အကြောင်းအရင်းလား။ ဒီလိုမှမဟုတ် ကိုယ်ပွားကို မသုံးခဲ့တဲ့အကြောင်းအရင်းလား"

အင်ဘိုင်ဝူက မေးလိုက်သည်။

"မင်းရဲ့ ဝှက်ဖဲကို လူတွေမသိအောင် တမင်သက်သက် မသုံးခဲ့တာလား"

"မဟုတ်ဘူး"

ဆွန်းမို ခေါင်းခါလိုက်သည်။

"ဒါဆို ဘာလို့လဲ"

သံခေါင်း မိန်းကလေး အံ့အောသွားသည်။

"ငါ့ရဲ့ ခံစစ်စွမ်းရည်အပြင် ခမ္မကောင်းကင် တုန်လှုပ်ခြင်း လက်သီးရဲ့ အကန့်အသတ်ကို ဒီအခွင့်အရေး အသုံးပြုပြီး စမ်းသပ်ခဲ့တယ်။ ဒါကြောင့်လည်း တိကျတဲ့ အချက်အလက်ကို စုဆောင်းနိုင်ခဲ့တာ"

ဆွန်းမိုက ပြုံးရင်း ပြန်ဖြေလိုက်သည်။

"ငါ့ဆီက မသင်နဲ့။ လုံးဝပြည့်စုံတဲ့ တုန့်ပြန်မှုက သဏ္ဌာန်မဲ့မြင်မြတ် စကြဝဠာကိုယ်ပွားကို အသုံးချတာပဲ။ ဒီလိုလုပ်လိုက်ရင် ငါက မရှုံးနိုင်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနေအထားမှာ ရှိနေလိမ့်မယ်။ ပြန်မတိုက်နိုင်ရင်တောင် ဒဏ်ရာမရဘူး”

အင်ဘိုင်ဝူ ဉာဏ်အလင်းပွင့်သွားသည်။

“ဒါက တစ်ယောက်ခြင်းစီရဲ့ တိုက်ခိုက်ရေးပုံစံပါ။ အင်ဘိုင်ဝူ ဒါကို မင်းသင်စရာမလိုဘူး”

ဆွန်းမိုက စိတ်ထဲကနေ ပြောလိုက်သည်။

(သံခေါင်း မိန်းကလေးအနေနဲ့ ရန်သူတွေကို အမြန် အနိုင်ယူလိုက်ဖို့ဘဲ လိုတယ်)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဘေးနားမှာရှိနေတဲ့ ကျန်ရန်ဖောင်လည်း လေးလေးနက်နက် နားထောင်နေသည်။ ဒီစကားတွေကြောင့် မျက်စိပွင့် သွားခဲ့သည်။

ဒင်

ကျန်ရန်ဖောင်၏ လေးစားအထင်ကြီးမှု +၁၀၀၊ လေးစား(၁,၉၀၀/၁၀,၀၀၀)

ခဏလောက်ကြာတော့ ရှာယွန် အနားယူတဲ့ နေရာသို့ ပြန်ရောက်လာသည်။

“ဆရာ ရှာ၊ ဘယ်လိုလဲ”

ဆွန်းမိုက နတ်ဘုရားမျက်စိအာရုံကို အသုံးပြုပြီး ရှာယွန်ရဲ့ အခြေအနေကို စစ်ဆေးကြည့်လိုက်သည်။

“ကြက်ကန်း ဆန်အိုးတိုးပြီး နိုင်ခဲ့တယ်”

ရှာယွန်ရဲ့ အမှုအရာက အနည်းငယ် လေးလံနေသည်။ ထပ်ဆုံး အယောက်တစ်ထောင်ထဲ ပါဝင်မှုပဲ နောက်တစ်ဆင့် ဖြစ်တဲ့ တိုက်ရိုက်တပြည့်တွေ တိုက်ခိုက်တဲ့ စာမေးပွဲကို ဝင်ဖြေလို့ရမည်။ ဒါပေမယ့် အဲဒီအချိန်အထိ ဆက်ပြီး မရပ်တည်နိုင်တော့ဘူးလို့ ထင်နေမိသည်။

"ဆရာရှာ စိတ်ခံစားချက်တွေကို ဖြေလျှော့ထား။ ဒီလိုမျိုး ငိုင်မနေနဲ့။ မင်းကိုကြောက်ပြီး ကံကောင်းခြင်းတွေ ထွက်ပြေးသွားအုံးမယ်"

ဆွန်းမို နှစ်သိမ့်လိုက်သည်။

"အင်"

ရှာယွန်က ဖျစ်ညှစ်ပြီး ပြုံးပြလိုက်သည်။

နောက်ဆုံးတော့ တိုက်ပွဲခန်းမတွင် ပါရမီရှင်တချို့က သူတို့ရဲ့ ကျွမ်းကျင်မှုကို ထုတ်ဖော်ပြသလာသဖြင့် တခါတလေ အားပေးသံများ ၊ လက်ခုပ်သံများ ထွက်ပေါ်နေသည်။

ဆွန်းမိုကို ရန်စနေတဲ့ ရှမ်ရီက ခြေတစ်လှမ်းတောင် မလှမ်းဘဲ အရင်နေရာကနေ ပြိုင်ဘက် လက်ချောင်းတွေကို ဖြတ်ပစ်လိုက်သဖြင့် သူ့ပြိုင်ဘက်က တခါတည်း သတိလစ်သွားသည်။ ဒီလိုမျိုး တိုက်ခိုက်ရေးအစွမ်းကြောင့် ဖြေဆိုသူ အများကြီး ကြောက်လန့်သွားကြသည်။ နောက်တစ်ကျော့မှာ သူနဲ့ မဆုံဖို့ ဆုတောင်းနေကြသည်။

ရှမ်ရီသည် နေရာလေးတစ်ခုက ဆင်းသက်လာပြီး ဒီတိုက်ပွဲပြီးတာနဲ့ ချက်ခြင်းဆိုသလို

နာမည်ကြီးလာကာ ဒီပြိုင်ပွဲရဲ့ အကြီးမားဆုံး မြင်းနက်တစ်ကောင် ဖြစ်လာခဲ့သည်။

ရှီချန်၊ ပိုင်ရွှမ်နှင့် 'အအေ' အဆင့်ကျောင်းများက ထိပ်တန်းပါရမီရှင်များသည် အလွယ်တကူ နိုင်ခဲ့ကြသည်။ သူတို့က တော်တော်လေး တတ်ကျွမ်းရုံသာမက တိုက်ခိုက်ရေး အစွမ်းကလည်း အရမ်းအားကောင်းပြီး ကြောက်ဖို့ ကောင်းလှသည်။ သူတို့ သိသိသာသာ အစွမ်းထက်နေခဲ့ကြသည်။

ဆွန်းမိုသည် ပွဲအနည်းငယ်လောက် ကြည့်ရှုပြီး ဗဟိုပြည်နယ်အကယ်ဒမီရဲ့ လက်ရှိအင်အားနဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မဟာကိုးပါးအဆင့်ကို အသာထားလိုက်အုံး "အေ' အဆင့်တောင် တက်နိုင်မှာ မဟုတ်မှန်း သိလိုက်ရသည်။

ကွာခြားချက် ကြီးမားလွန်းသည်။

(ဒီနှစ်ကုန်ရင် 'ဘီ"အဆင့်ကို အရင်ရောက်အောင် ကြိုးစားရမယ်)

ဒုတိယအကျော့ တိုက်ပွဲများသည် မွန်းလွဲပိုင်းအထိ ကြာမြင့်ခဲ့သည်။ ဒါပေမယ့်လည်း ဖြေဆိုသူ တစ်ဝက်လောက်ကို ထုတ်ပစ်ပြီးတဲ့နောက်မှာ နောက်ပိုင်း တိုးတက်မှု မြန်ဆန်လာခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒုတိယအကျော့ အထုတ်ခံလိုက်ရတဲ့ ဖြေဆိုသူတွေသည် မဲနှိုက်ပြီး အရှုံးသမားတွေ တိုက်ခိုက်တဲ့ကွင်းမှာ တိုက်ခိုက်နိုင်သေးသည်။ သူတို့မှာ အခွင့်အရေး ကျန်နေသေးသည်။

ကူရှုပ်ရှင်း အလှည့်ကနီးလာပြီ။ ဒါကြောင့် သူမက နေ့လည်စာ မစားခဲ့ပါ။ ဗိုက်ပြည့်နေရင် တိုက်ခိုက်ရေးအစွမ်း ထိခိုက်လိမ့်မည်။

နေ့လည် ၂ နာရီ ၁၅ မိနစ်မှာ ကူရှုပ်ရှင်း အလှည့် ရောက်လာသည်။ သူမကံတရားက အနည်းငယ်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆိုးဝါးပြီး 'အေ အဆင့် ကျောင်းက ပါရမီရှင် တစ်ယောက်နဲ့ ကြုံတွေ့လိုက်ရသည်။

ဒီတိုက်ပွဲက နည်းနည်း ခက်ခဲခဲ့သည်။ နောက်ဆုံးတော့ ကူရှုပ်ရှင်းသည် နံရိုးငါးချောင်းကျိုးတဲ့ စျေးနှုန်းနဲ့ ပြိုင်ဘက်ကို အနိုင်ရခဲ့သည်။

တန်ရီမင်က တိုက်ပွဲပြီးဆုံးကြောင်း ကြေငြာလိုက်လျှင် ဆရာဝန်များချက်ခြင်း ပြေးလာကြသည်။

"မဆင်မခြင် မလှုပ်နဲ့။ ဒဏ်ရာ ပိုဆိုးလာလိမ့်မယ်"

ရှီကလေးက အရင်ဆုံး ပြေးလာခဲ့သည်။ သူက ကူရှုပ်ရှင်းကို လက်နဲ့ တစ်ခါတည်း ထူထားပြီး သူ့အမူအရာတွေက လေးနက်နေသည်။

(ဟွန့်၊ ဒီလောက်လှတဲ့လူနာကို ငါ့ဆီက ဘယ်သူမှ လုသွားခွင့် မပေးဘူး)

ရိုးရိုးသားသားပြောရလျှင် ကူရှုပ်ရှင်း စင်ပေါ်ကို ပထမဆုံး တက်လာကတည်းက ရှီကလေး စိတ်ကူးယဉ်နေခဲ့သည်။ အနံ့အသက်ဆိုးတဲ့ ကောင်တွေကို ကုသပေးရတာနဲ့ အလှကလေးကို ကုသပေးရတာ ဘယ်လိုလုပ်ပြီး ယှဉ်လို့ရမှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူမဆီမှာ အမြင်ကောင်းလေး ရအောင်လုပ်နိုင်ခဲ့ရင် သူတို့ကြားက ဆက်ဆံရေး တိုးတက်လာနိုင်သည်။

(အသက် ၂၅ နှစ်ရှိနေပြီ။ လက်ထပ်ဖို့ အချိန်ရောက်ပြီ)

ရီကလေးသည် ကူရှုပ်ရှင်းကိုကြည့်ပြီး သူမရဲ့ လှပတဲ့ပုံစံနှင့် အသွင်အပြင်က သူ့အကြိုက်နဲ့ လိုက်ဖက်တယ်လို့ ခံစားရသည်။ အထူးသဖြင့် ရှည်လျားတဲ့ ပေါင်တံလေးတွေပါ။ သူတို့လေးတွေက လွန်လွန်ကဲကဲကို အံ့အောဖို့ ကောင်းသည်။

(သူမရဲ့ပေါက်ကွဲအား နည်းနည်း ပိုကောင်းလည်း ရတယ်။ စိတ်ထဲမထားဘူး။ သူမ ဒေါသ အခုထက်ပိုဆိုးနေရင်တောင် ငါ သည်းခံနိုင်သေးတယ်)

ရှီကလေးက ဆွဲဆောင်မှု ပိုကောင်းလာအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားနေတုန်း ကူရှုပ်ရှင်းက ခန္ဓာကိုယ်ကို တွန်းပြီး အဝေးဖယ်ထွက်သွားတာကို တွေ့လိုက်ရသည်။

"အမ်"

ရှီကလေး ရပ်တန့်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တောင်းပန်ပါတယ်။ ငါ့သူငယ်ချင်းကိုပဲ ကုသခိုင်းလိုက်မယ်”

ကူရှုပ်ရှင်းက ပြောပြီးတာနဲ့ အမြန်ထွက်သွားသည်။

ဒီဆရာဝန်လေးရဲ့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုကို အပြည့်အဝ မယုံကြည်နိုင်ပါ။ သူမရဲ့ ပြိုင်ဘက်က သူမထက်ဒဏ်ရာ ပိုပြင်းထန်နေတာ သိသာနေသော်လည်း အဲဒီလူဆီ သွားရမည့်အစား သူမဆီ ပြေးလာခဲ့သည်။ သူ့ရဲ့ ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်မှာ ပြဿနာရှိနေပြီ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(မင်းက လှတာသိပေမယ့် ဒီလိုချေတာ ငါမကြိုက်ဘူး)

"မင်းရဲ့ ဒဏ်ရာက အရမ်းပြင်းထန်နေတယ်။ ကျွမ်းကျင်တဲ့ ဆရာဝန်တွေကို ကုသခွင့် ပေးလိုက်တာ အကောင်းဆုံးပဲ။ ပြီးတော့ ငါက မာကျန်း ၊မြတ်ဆရာမာရဲ့ တိုက်ရိုက်တပြည့်ပါ"

ရှီကလေးက မာနကြီးတဲ့ အမူအရာနဲ့ မိတ်ဆက်လိုက်သည်။

ကျွမ်းကျင်တဲ့ ဆရာဝန်ဆိုတဲ့ နာမည်ကြောင့် အထက်တန်းအသိုင်းအဝိုင်းတွင် အရမ်းမြင့်မားတဲ့

အဆင့်အတန်း ရှိသည်။ တော်တော်လေး သဘောကျကြပြီး ချီးမြှောက် ကြသည်။

“ကောင်းပြီလေ။ ဒါဆိုလည်း ငါ့ပြိုင်ဘက်ကို မြန်မြန် ကုပေးလိုက်”

ကူရှုပ်ရှင်းက လှည့်တောင် မကြည့်ဘဲ ပြန်ပြောခဲ့သည်။ ပြင်ဆင်တဲ့ နေရာကနေ ဆွန်းမို ပေါ်လာတာမြင်လိုက်လျှင် ကူရှုပ်ရှင်း မျက်နှာပေါ်မှာ အပြုံးတစ်ခု ချက်ခြင်းပေါ်လာသည်။

“ဆရာဆွန်း”

ဒါကိုကြားလိုက်လျှင် ရှီကလေး နှလုံးခုန်သံတွေ ပြင်းထန်လာသည်။ ချစ်မိသွားပြီဆိုတာ သူသိနေသည်။ ကူရှုပ်ရှင်းရဲ့ အပြုံးက နွေရာသီမှာ ပွင့်တဲ့ မက်မွန်ပွင့်လေးတွေအလား ဖြစ်နေသည်။ ဒါက ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးတစ်ယောက် အသွင်အပြင်နှင့် မေလရဲ့ မြက်ခင်မွေ့ရနံ့ အရိပ်အမြွက် ထွက်နေသည်။ ချစ်ခြင်း မျိုးစေ့များသည် ရှီကလေး နှလုံးသားထဲမှာ ပေါက်ဖွားလာသည်။

ဒါပေမယ့် ခဏလောက်ကြာတော့ ရှီကလေးက ချစ်ဖို့ကောင်းအောင် လုပ်လိုက်ပြန်သည်။

ကောင်မလေး မျက်နှာပေါ်က အပြုံးက သူ့အတွက် မဟုတ်ခဲ့ပါ။

"ငါ့ရဲ့ မျိုးရိုးနာမည်ကလည်း ဆွန်းပဲလေ"

ကူရှုပ်ရှင်းရဲ့ လှပတဲ့ကျောကလေးကို ကြည့်ပြီး တံတွေးတွေ မြိုချနေရသည်။

"ရှီကလေး ၊ ဘာကြောင်နေတာလဲ။ ဒဏ်ရာရတဲ့ လူကို မြန်မြန်လာကုပေးအုံး"

သူ့အဖော်တစ်ယောက်က တိုက်တွန်းလိုက်သည်။

....

“ဆွန်းမို၊ မင်းကို ဒုက္ခပေးရတော့မယ်”

ကူရှုပ်ရှင်း ရှက်သွားသည်။

“ငါ့ကို လူစိမ်းတစ်ယောက်လို ဆက်ဆံနေတာလား”

ဆွန်းမိုက အပြစ်တင်လိုက်သည်။ လက်တစ်ဖက်က ကူရှုပ်ရှင်းရဲ့ လက်မောင်းကို ကိုင်ပြီး ဖေးမထားလိုက်သည်။

ကူရှုပ်ရှင်း နဖူးပေါ်မှာ ချွေးတွေ စိုနေသဖြင့် ဆွန်းမိုက သူမကို သုတ်ပေးဖို့ လက်ကိုင်ပုဝါ ထုတ်လိုက်သည်။

သူတို့ ပြုမူနေတဲ့ပုံစံက အရမ်းရင်းနှီးနေသဖြင့် ကူရှုပ်ရှင်း ရှတ်တရှတ် ရှက်သွားသည်။

ဆေးခန်းထဲမှာ…

ဆွန်းမိုက ကူရှုပ်ရှင်းရဲ့ အရိုးတွေကို ဆက်ပေးနေပြီး အရောင်ကျအောင် လုပ်ပေးနေသည်။ လီဇီချီနှင့် လုချီဟွာကိုလည်း ဘေးမှာ စောင့်ခိုင်းထားသည်။

"ရှုပ်ရှင်း၊ အခုမင်း တိုက်ခိုက်နေတဲ့ ပုံစံက အန္တရာယ် များလွန်းတယ်"

ဆွန်းမို ပြောလိုက်သည်။

"မင်းရဲ့ ခွန်အားအရဆိုရင် သူ့ကို အချိန်ဆွဲပြီး တည်တည်ငြိမ်ငြိမ် တိုက်ခိုက်ရင်လည်း မင်းအနိုင်ပဲလေ"

ဘေးက ကြည့်တဲ့လူက ရှင်းရှင်းလင်းလင်း ပိုမြင်ရတယ်ဆိုတဲ့ စကားနဲ့ တူနေသည်။

"မင်းကို ကျောထောက်နောက်ခံ ပြုထားလို့ ဒီလိုမျိုး တိုက်ခိုက်ရဲတာပေါ့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း ရယ်မောရင်း နှလုံးသားထဲက အဆင်မပြေမှုတွေကို ဖုံးကွယ်ထားလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ နံရိုးများ ကျိုးသွားသဖြင့် ဆွန်းမိုက အရိုးတွေ ဆက်ပေးလို့ရအောင် သူမရဲ့ အဝတ်အစားတွေကို ဖယ်ရှားခဲ့ရသည်။ လွယ်လွယ်ကူကူ မမြင်နိုင်တဲ့ နေရာမှန်သမျှကို ဆွန်းမို မြင်သွားသည်။

ထုံးစံအတိုင်း ဒါကြောင့် ကူရှုပ်ရှင်းသည် ရှီကလေးနဲ့ သူ့အဖော်တွေ ကုသပေးမှာကို ငြင်းဆန်ခဲ့သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဟွန်နဲ့၊ နံ့စော်နေတဲ့ကောင်တွေငါ့လက်တစ်ချောင်းတောင် ထိဖို့ မစဉ်းစားနဲ့)

(ဆွန်းမိုက အန်ရှီဝေနဲ့ စေ့စပ်ထားတဲ့ အချက်ကို ခြွင်းချက်လုပ်လိုက်ရင် လူစိမ်းလို့ မဆိုနိုင်ပါ)

အစောပိုင်း အရှက်သည်းပြီးနောက် ဆွန်းမိုရဲ့ လက်တွေက သူမရဲ့ခန္ဓာကိုယ်ကို ထိလိုက်တိုင်း ဖော်ပြရခက်တဲ့ စိတ်လှုပ်ရှားမှုကို ရုတ်တရက် ခံစားလိုက်ရသည်။

ဆွန်းမိုက ခေါင်းခါပြီး သူမကို ဖျောင်းဖျလိုက်သည်။

“ဒီလို အန္တရာယ်ရှိတဲ့ပုံစံနဲ့ မတိုက်ခိုက်တာ ပိုကောင်းမယ်”

“ဆရာ၊ ငါ စမ်းရေအလှဆေးထုပ် ယူလာပြီး ကျောင်းနားက ရေချိုးခန်းကိုလည်း ဌားထားတယ်။ နောက်တစ်ကျော့ မစခင် ဆရာကူကို ဆေးရေစိမ်ခိုင်းထားလိုက်မယ်၊ ဘယ်လိုလဲ”

လီဇီချီက မေးလိုက်သည်။

ရထားလုံးကလည်း ကျောင်းအရှေ့မှာ အဆင်သင့်စောင့်နေသည်။

ထုံးစံအအတိုင်း လီဇီချီသည် ဒီလို အချိန်တိုလေးအတွင်းမှာ ဒီလို စီစဉ်နိုင်ဖို့အတွက် အနောက်တောင်အကယ်ဒမီရဲ့ တံခါးစောင့်ကို သုံးဆ ပေးခဲ့ရသည်။

ကူရှုပ်ရှင်း ထွက်သွားပြီး သိပ်မကြာခင် တန်ရီမင်က ဆွန်းမိုကို ကြေငြာလိုက်သည်။

"အမှတ် ၁၈၇ ဆွန်းမို......"

တန်ရီမင် ရုတ်တရက် ရပ်သွားသည်။

ဆွန်းမိုနာမည်ကို ကြေငြာတာ ကြားလိုက်လျှင် အရင်က ဆူညံနေတဲ့ တိုက်ပွဲခန်းမသည် ရုတ်တရက်

တိတ်ဆိတ်သွားသည်။ ဆွန်းမိုက ကျော်ကြားတဲ့ လူဖြစ်နေသဖြင့် သူ့ရဲ့ပြိုင်ဘက်က ဘယ်သူလဲဆိုတာ သိချင်နေကြသည်။ အခိက စာစစ်သူ ဆက်မဖတ်သဖြင့် သည်းမခံနိုင်အောင် ဖြစ်နေကြသည်။

တန်ရီမင်က တမင်သက်သက် လုပ်တာတော့ မဟုတ်ပါ။ ဒါပေမယ့် ဆွန်းမိုရဲ့ပြိုင်ဘက်နာမည်ကို မြင်ပြီးနောက် အနည်းငယ်တော့ စိတ်မကောင်း ဖြစ်သွားသည်။ ဒီတိုက်ပွဲမှာ အနည်းဆုံး ပါရမီရှင်တစ်ယောက်တော့ ထွက်ရလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် သိပ်မကြာခင် တန်ရှီမင်ရဲ့ စိတ်ထဲမှာ မျှော်လင့်ချက်များ မြင့်တက်လာသည်။ ဆွန်းမိုက အတိအကျဆို ဘယ်လောက် သန်မာမလဲ။ ဒါက အရမ်းကောင်းတဲ့ စမ်းသပ်မှုတစ်ခုပဲ။

နိုင်သွားရင် သူ့နာမည် ပိုကျယ်လောင်လာမည်။ တကယ်လို့ သူရှုံးသွားရင်လည်း မူလအခြေအနေကို ပြန်ရောက်သွားပြီး သာမန် ပါရမီရှင် အသစ်တစ်ယောက် ဖြစ်နေအုံးမည်။

"အတိအကျဆို ဘယ်သူလဲ ။ မြန်မြန် နာမည် ဖတ်ပါတော့"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“အရမ်း စိတ်ပူပြီး ဝမ်းချုပ်သွားတာလား”

လူတိုင်းက တိုက်တွန်းလိုက်သည်။

ပြင်ဆင်တဲ့နေရာမှာ ရှိနေတဲ့ ဖျော်ဖြေသူတွေလည်း လက်သီးဆုပ်ထားပြီး သူတို့ မဖြစ်ပါစေနဲ့လို့ မသိစိတ်ထဲက ဆုတောင်းနေသည်။

“တောက် မြန်မြန်လေး ဖတ်ပါတော့”

ရှမ်ရှီသည် မတ်တပ်ရပ်နေပြီး ဆွန်းမိုကို အနိုင်ယူဖို့အတွက် မစောင့်နိုင်အောင် ဖြစ်နေသည်။ တစ်ပွဲတည်းနဲ့ နာမည်ကြီးလာအောင် ဆွန်းမိုကို အနိုင်ယူချင်နေသည်။

အခန်း(၅၆၈) - ငါရှုံးတယ်။

“အမှတ် ၂၃ ရှီချန်”

တန်ရီမင်အသံက တိုက်ပွဲခန်းမ တစ်ခုလုံး ပဲ့တင်သံ ထပ်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အရင်တုန်းက အရမ်းဆူညံနေတဲ့ တိုက်ပွဲခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။

“တောက် ၊ ဘာဖြစ်လို့ ရှုံချန်လဲ။ ဆွန်းမို ချန်ပီယံဖြစ်မယ်ဆိုပြီး လောင်းကြေးထပ်ထားတာ။ အခုတော့ အခြေအနေတွေ ဆိုးကုန်ပြီ”

သာမန် ပွဲကြည့်ပရိတ်သတ် တစ်ယောက်ကတော့ စိတ်ဓါတ်ကျသွားသည်။

“မင်းနောက်နေတာလား။ ဆွန်းမိုကို ထိပ်ဆုံးရှစ်ယောက်ထဲရောက်မယ်လို့ လောင်းရင် လုံလောက်နေပြီကို”

ဘေးမှာထိုင်နေတဲ့ ရုပ်ဆိုးဆိုးနဲ့ လူတစ်ယောက်က လှောင်ပြောင်လိုက်သည်။

(ငါက ရုပ်ဆိုးပေမယ့် မင်းထက် ဉာဏ်ကောင်းတယ်)

“လူသားတွေ အိပ်မက် မရှိဘူးဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ။ ဒီလိုဆိုရင် ဆားနယ်ငါးနဲ့ ဘာကွာတော့မှာလဲ။ နှစ်ဦးနှစ်ဖက် ဒဏ်ရာရပြီး နောက်ဆုံး ဆွမ်းမိုက အကျိုးအရှိဆုံး ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ”

သာမန်ပွဲကြည့်ပရိတ်သတ်က ဘေးမှာ ထိုင်နေတဲ့ ကိုရုပ်ဆိုးကို စူးစူးဝါးဝါးကြည့်ပြီး ပြောလိုက်သည်။

ထုံးစံအတိုင်း ဒီအခြေအနေမှာ အကျိုးအမြတ် လိုချင်ရင် သူတို့ကိုယ်တိုင် ခွန်အားကြီးမားနေဖို့ လိုအပ်သည်။ ဆွန်းမိုကတော့ ဒီဖြစ်နိုင်ခြေနဲ့ အံကိုက်ပါ။

ဒီအခိုက်အတန့်တွင် တိုက်ပွဲခန်းမထဲမှာ ခံစားချက် အမျိုးမျိုး ပျံ့နှံ့နေသည်။

ဆွန်းမိုဘက်က လောင်းတဲ့လူများသည် သူ့ရဲ့ ကျော်ကြားမှုကို ကြည့်ပြီး လောင်းခဲ့ကြသည်။ သူက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူ့ဂုဏ်သတင်းနဲ့ ထိုက်တန်မယ်ဆိုတဲ့ အချက်ကို အခြေခံပြီး လောင်းခဲ့ကြသည်။ သူ့ရဲ့ ပြိုင်ဘက်က ရှီချန် ဖြစ်လာတဲ့အချိန်မှာတော့ ဘယ်သူမှ မယုံရဲကြတော့ပါ။

ရှီချန်ဆိုတာ ဘယ်သူလဲ။

ပြီးခဲ့တဲ့လေးနှစ်က ဂျိရှားအကယ်ဒမီရဲ့ ထိပ်ဆုံး ဘွဲ့ရတစ်ယောက်ပါ။ ဒီပါရမီရှင်တွေအားလုံးက အရမ်းအလုပ်များပြီး စာမေးပွဲဖို့အတွက် တကူးတက အချိန်ယူကြရသည်။ သူတို့ ဖြေဆိုသ၍လည်း သေချာပေါက် အောင်မြင်လိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နောက်ထပ် လေးနှစ်လေ့ကျင့်ပြီးတဲ့နောက် ရှီချန် ဘယ်လောက် သန်မာလာမလဲဆိုတာ လူတိုင်း ခြေထောက်သုံးပြီး စဉ်းစားရင်တောင် အလွယ်တကူ စဉ်းစားလို့ ရသည်။

ရှီချန်ဘက်မှ လောင်းတဲ့လူတွေလည်း စိတ်ဓါတ်ကျနေကြသည်။

သူတို့က နှစ်လှည့် သုံးလှည့် နောက်ကျပြီးမှ တွေ့စေချင်သည်။ ဒါပေမယ့် နောက်ဆုံးတော့ ဆွန်းမိုနှင့် ရှီချန်တို့က စောစောတွေ့သွားကြသည်။

ဆွန်းမိုကို ဘယ်သူမှ အထင်မသေးရဲပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါကြောင့် ရှီချန်က ဆွန်းမိုကို နိုင်သွားနိုင်ပေမယ့် ဒဏ်ရာမရဘဲ နိုင်ပါ့မလားဆိုတာ မသေချာပေ။ တကယ်လို့သူသာ ဒဏ်ရာရသွားရင် ထိပ်ဆုံး ဆယ်လောက်ထဲ ဝင်နိုင်ပါအုံးမလား။

"အားလုံးပဲ မလန့်ကြပါနဲ့"

ပွဲကြည့် ပရိတ်သတ် တစ်ယောက်က နှစ်သိမ့်လိုက်သည်။ ဒါပေမယ့် သူ့နဖူးပေါ်က ချွေးတွေက သစ္စာဖောက်နေသည်။

ဒီအခိုက်အတန့်မှာ တခြားဖြေဆိုသူတွေကို လောင်းထားတဲ့လူတွေက အပျော်ဆုံး

ဖြစ်နေကြသည်။ အခုလို ပြင်းထန်တဲ့ တိုက်ပွဲ တစ်ခုပေါ်လာသဖြင့် အားကြီးတဲ့ပြိုင်ဘက် နှစ်ယောက် ဖယ်ရှားခံရတော့မယ်ဆိုတာ သိသာနေပြီ။

"ဆွန်းမို၊ ရှီချုန် စင်ပေါ် မြန်မြန်တက်လာပါ"

တန်ရီမင်က တိုက်တွန်းလိုက်သည်။

"ချီ"

ရှမ်ရှီက မကျေနပ်တဲ့မျက်နှာနဲ့ လက်ပိုက်ပြီး ပြန်ထိုင်ချလိုက်သည်။ သူက အရင်ကတည်းက

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပါရမီရှင်တွေ တစ်ယောက်ပြီးတစ်ယောက်ကို ချေမှုန်းပစ်ချင်ခဲ့သည်။

အနားယူတဲ့နေရာတွင် ဖြေဆိုသူအားလုံးသည် သူတို့ ခွန်အားနှင့် စွမ်းအင်ကို ထိန်းသိမ်းထားကြသည်။ ဒါပေမယ့် သူတို့အားလုံးသည် တန်ရီမင်ရဲ့ ကြေငြာသံကို ကြားလိုက်လျှင် ပြင်ဆင်တဲ့နေရာကို အားလုံး ပြေးသွားကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ပါရမီရှင် နှစ်ယောက်တိုက်ပွဲကို စောင့်ကြည့်ခြင်းအားဖြင့် သူတို့ တိုးတက်မှုအတွက် အထောက်အကူဖြစ်မှာ သေချာသည်။

သိပ်မကြာခင် အနားယူတဲ့ နေရာမှာ လူတွေပြည့်လျှံသွားသည်။

"ဆရာ ရှီ"

ဆွန်းမိုက လက်သီးဆုပ်ပြီး နှုတ်ဆက်လိုက်သည်။

"ကျုံချောင် အခုလက်တလော အခြေအနေ ကောင်းရဲ့လား"

"အရမ်းကောင်းပါတယ်"

ရှီချန် မျက်နှာပေါ်မှာ ကျေးဇူးတင်တဲ့ အရိပ်အယောင်တွေ ပေါ်နေသည်။

“ဒါတွေ အားလုံး ဆရာဆွန်း အကူအညီကြောင့်ပါ။ ကျေးဇူးတင်ပါတယ်”

“ဟားဟား ၊ ဒါဆိုရင် ကောင်းတယ်။ မင်းလည်း စိုးရိမ်မှု လျှော့ကျသွားပြီဆိုတော့ ကောင်းမွန်တဲ့ တိုက်ပွဲတစ်ခုကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြတာပေါ့”

ဆွန်းမိုက အသက်ရှူနှုန်းကို ထိန်းညှိပြီး အကောင်းဆုံးပြင်ဆင်နေသည်။ ဒီလို ပြိုင်ဘက်မျိုးကို

ဆန့်ကျင်တိုက်ခိုက်လျှင် သူ့ရဲ့အလားအလာကို လုံးဝ အကန့်အသတ် ရောက်တဲ့အထိ သေချာပေါက် ညှစ်ထုတ်ရလိမ့်မည်။

"ဆွန်းမို၊ နတ်ဘုရားခွန်အား နယ်ပယ် အဆင့်(၃) ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

"ဆရာဆွန်း"

ရှီချန်က တိုက်ပွဲမစခင် လုပ်ရတဲ့ထုံးစံကို မလုပ်ဘဲ မချိပြုံး ပြုံးလိုက်သည်။

"မင်း ငါ့အတွက် အခက်တွေ့နေတာ မဟုတ်ဘူးလား"

“အမ်”

ဆွန်းမို မျက်မှောင် ကြုတ်သွားသည်။ အဲဒီနောက်မှာတော့ သူနားလည် သဘောပေါက်သွားသည်။

“ဆရာရှီ၊ အဲဒါကို စိတ်ထဲမထားနဲ့။ ငါ ကျုံချောင်ကို ကယ်တင်တဲ့အချက်က ဒီပွဲနဲ့ ဘာမှမဆိုင်ဘူး”

“မှားတယ်”

ရှီချန် ခေါင်းခါလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ငါကကျေးဇူးရှင်ကို ဘယ်လိုလုပ်ပြီး တိုက်ခိုက်နိုင်မှာလဲ။ မင်းသာမရှိရင် ကျုံချောင်ရဲ့ အနာဂတ်ပျက်ဆီးသွားပြီ"

"မင်းတို့ နှစ်ယောက်......"

မျှော်လင့်ချက်အပြည့်နဲ့ စောင့်ကြည့်နေတဲ့ တန်ရီမင်သည် ဒီမြင်ကွင်းကို မြင်လိုက်လျှင် အနည်းငယ် အံ့အောသွားသည်။ ဘာတွေ ဖြစ်နေတာလဲ။ ဆွန်းမိုက ကျုံချောင်ရဲ့ ကယ်တင်ရှင် ဘယ်လို ဖြစ်လာတာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင် အလုပ်အရမ်းရှုပ်နေသဖြင့် ဆွန်းမိုက ကျုံချောင်ကို ကုသပေးခဲ့တယ်ဆိုတဲ့ ကောလဟာလကို မကြားမိပါ။

"ဆရာရှီ တကယ်ပဲ စိတ်ထဲမထားပါနဲ့"

ဆွန်းမိုဆွံ့အနေသည်။ သူ့ရဲ့ အကျင့်စာရိတ္တက ဘယ်လောက်တောင် ခိုင်မာလိုက်သလဲ။ စနစ်က သူ့ကို လူကောင်းတစ်ယောက်လို့ အကဲဖြတ်ပေးတာ မဆန်းတော့ပေ။

"ငါ ရှီချန်၊ အရှုံးပေးတယ်"

ရှီချန်က ဆွန်းမိုကို ပြန်မဖြေခင် တန်ရီမင်ကို တန်းပြောလိုက်သည်။ ထို့နောက် စင်ပေါ်မှ တခါတည်း ခုန်ချသွားသည်။

ဟာ

ရုတ်ရုတ်သဲသဲ အသံတွေ ပေါက်ကွဲထွက်လာသည်။

ပရိတ်သတ်တွေ မျက်လုံးပြူးပြီး ထိတ်လန့်ထကြွား ထရပ်ကြသည်။ (ဘာဖြစ်နေတာလဲ။ ရှီချန်က ခြိမ်းခြောက် ခံထားရတာလား။ ဒီလိုမှမဟုတ်ရင် ဆွန်းမိုက

အမှောင်လျို့ဝှက်ပညာသုံးပြီး စိတ်ထိန်းချုပ်လိုက်တာလား။ ဒီလိုမှမဟုတ်ရင် စင်ပေါ်က ဘာဖြစ်လို့ ခုန်ဆင်းမှာလဲ။

ဖြေဆိုသူတစ်ယောက်က စင်ပေါ်သို့ တက်လာတာနှင့် စာမေးပွဲ အလိုလို စတင်နေပြီဆိုတာ သိထားရမည်။ စင်ပေါ်က ဆင်းသွားရင် အရှုံးလို့သတ်မှတ်လိမ့်မည်။

“ရှီချန်၊ မင်း..........”

တန်ရီမင် ခွင်းချက်မရှိ ထိတ်လန့်သွားသည်။

"မြွတ်ဆရာ စာမေးပွဲမှာတောင် နောက်ကွယ်က အရိပ်တွေ လွှမ်းမိုးနေပြီလား"

"တောက်၊ ဘာဖြစ်ကုန်တာလဲ။ ငါ့ပိုက်ဆံ ပြန်အမ်းပေး"

"အခုတိုက်ခိုက်တော့လေ။ ဘာဖြစ်လို့ မင်းတို့နှစ်ယောက် မတိုက်ခိုက်သေးတာလဲ"

ခဏလောက် အံ့အောသင့်နေပြီးမှ ပရိတ်သတ်တွေ ပေါက်ကွဲကုန်သည်။ အထူးသဖြင့် ရှိချန် နိုင်မယ်လို့ လောင်းထားကြတဲ့ လူတွေပါ။ ပြင်းပြင်းထန်ထန် အော်ဟစ် ကျိန်ဆဲနေကြသည်။

ရှီချန်သည် အရင်တုန်းကတော့ အနားယူတဲ့နေရာကို လျှောက်သွားချင်ခဲ့သည်။ ဒီလို အော်ဟစ်နေတဲ့အသံတွေ ကြားလိုက်လျှင် ဆွန်းမို အထင်လွဲ ခံသွားရမှာ စိုးရိမ်နေသည်။ ဒါကြောင့် သူက အသံကျယ်ကျယ်နဲ့ စပြောလိုက်သည်။

“ဆရာဆွန်းက နတ်ဘုရားလက် အသုံးပြုပြီး ငါ့တပြည့်ရဲ့ဒဏ်ရာကို အရှင်းပျောက်အောင် ကုပေးခဲ့တယ်။ သူ့ရဲ့ အနာဂတ်ကို ကယ်တင်ပေးခဲ့တယ်။ အသုံးမကျတဲ့ ဆရာတစ်ယောက်လို့ ငါ့ကိုယ်ငါ အပြစ်မတင်ရအောင်

လုပ်ပေးခဲ့တယ်။ ငါက သူ့ကို တိုက်ခိုက်လိုက်ရင် ငါ့ရဲ့ ကျင့်ဝတ်စည်းမျဉ်းတွေကို ဖောက်ဖျက်သလို ဖြစ်သွားလိမ့်မယ်”

“တကယ်လို့ ငါက ဒီတိုက်ပွဲကို တိုက်ခိုက်လို့ အနိုင်ရခဲ့ရင်တောင် ဒါကမတရားတဲ့ အနိုင်ပဲ ဖြစ်လိမ့်မယ်။ ငါ့တပြည့်ကို ကုသဖို့အတွက် ဆရာဆွန်းက ဝိညာဉ်ချီနဲ့ စွမ်းအင်တွေအများကြီး အကုန်ခံထားခဲ့ရတယ်”

“ဒါကြောင့် ငါ့ကိုအားပေးတဲ့ ပရိတ်သတ်တွေကို ဒီလောက်ပဲ ပြောနိုင်တာ တောင်းပန်ပါတယ်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ရှီချန်က ပြောပြီးနောက် ပရိတ်သတ်ဘက်သို့ လှည့်ပြီး ၉၀ ဒီဂရီ ခါးကွေးကာ ဦးညွှတ်လိုက်သည်။

ဒင်

ရှီချန်၏ လေးစားအထင်ကြီးမှု +၅၀၀၊ လေးစား (၃,၅၀၂/၁၀,၀၀၀)

အကြောင်းကြားချက်ကိုရတော့ ဆွန်းမို ပြုံးလိုက်မိသည်။ ဒီလိုလူတွေက မိတ်ဆွေလုပ်ဖို့ တကယ် ထိုက်တန်သည်။

ပရိတ်သတ်ကြီး ငြိမ်ကျသွားသည်။ ဒါဆို တကယ့် အကြောင်းအရင်းက ဒီလိုလား။

ထင်ထားသလိုပဲ ရှီချန်က ကောလဟာလ အတိုင်းပဲ။ သူက အရည်အချင်းရှိပြီး အကျင့်သီလ ကောင်းတဲ့ မြတ်ဆရာတစ်ယောက်ပါ။ အရှုံးခံပြီးရင် အရှုံးသမား ကွင်းထဲဝင်နိုင်ပေမယ့် ပိုခက်ခဲတယ်ဆိုတာ သိထားရမည်။

ဒါ့အပြင် ဒီမှာရှုံးပြီးကတည်းက ပထမနေရာကို ဘယ်တော့မှ မရနိုင်တော့ပါ။

ဒါပေမယ့်လည်း အခုအချိန်မှာ မကျေမနပ်ဖြစ်နေတဲ့ လူနည်းစုက လွဲရင် ပရိတ်သတ်အများစက၊ ရှီချန်ဘက်မှ လောင်းထားတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတွေတောင် မတ်တပ်ရပ်ပြီး လက်ခုပ်တီးနေကြသည်။

ဖြောင်း ဖြောင်း ဖြောင်း

တန်ရီမင်လည်း လက်ခုပ်တီးလိုက်သည်။

“မင်းရဲ့ ချီးကျူးမှုကို ငါလက်မခံရဲဘူး”

ရှီချန်က လက်သီးဆုပ်ပြီး ပြောလိုက်သည်။ ဆွန်းမိုကို တောင်းပန်ပြီးနောက် အနားယူတဲ့နေရာသို့ အမြန် ပြန်သွားသည်။ ဒါကလည်း သူ့ရဲ့မူလ ရည်ရွယ်ချက်ပါ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ရှီချန်က ဒဏ်ရာရနေတဲ့ သူ့တပြည့်အတွက် လူတော်တော်များများကို တောင်းပန်ပြီး ငွေလည်း တော်တော်လေး သုံးခဲ့တယ်လို့ ကြားတယ်။ သူက တကယ်ကို အရည်အချင်း ပြည့်မှီတဲ့ မြတ်ဆရာတစ်ယောက်ပါ"

"တကယ်တော့ ဆွန်းမိုရဲ့ နတ်ဘုရားလက်ကို ပိုစိတ်ဝင်စားတယ်။ ကျုံချောင်ရဲ့ အရိုးတွေ အကုန်လုံး ကျိုးကြေသွားတယ်လို့ ကြားတယ်။ ဒီလိုမျိုးကိုတောင် ကုသပေးလို့ ရတာလား"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ဆွန်းမိုရဲ့ အကျင့်စာရိတ္တကလည်း မဆိုးဘူး။ တခြားသူတွေဆို မြတ်ဆရာတိုက်ပွဲအတွက် ခွန်အားနဲ့ စွမ်းအင်ကို ထိန်းသိမ်းကြတာ မဟုတ်လား”

ဆက်လက်ပြီး ဆွေးနွေးနေတာနဲ့အမျှ ဆွန်းမို ပုံရိပ်နှင့် ဂုဏ်သတင်းက ပိုပို အားကောင်းလာသည်။

အရင်တုန်းကတော့ သူ့ရဲ့အပြုအမူတိုင်းသည် အရည်အချင်း ပြည့်မီတဲ့ ထွန်းတောက်စ ကြယ်ပွင့် အသစ်လို့ လူတိုင်း ခံစားရသည်။ ဒါပေမယ့် အခုတော့ လူတွေက ပိုလေးစားလာကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုအရှေ့မှာ လေးစားအထင်ကြီးမှု အမှတ်တွေပြသတဲ့ စက်ခရင် တစ်ခုပေါ်လာသည်။ တကယ်တော့ မြတ်ဆရာတော်တော်များများက အမှတ်တွေ ထောက်ပံ့ပေးခဲ့ကြသည်။

“ဒီပွဲမှာ ဆွန်းမို အနိုင်ရတယ်”

တန်ရီမင်က ကြေငြာပြီးနောက် ပြုံးရင်း ဆွန်းမိုကို ခေါင်းညိတ်ပြလိုက်သည်။

ဒင်

တန်ရီမင်၏ လေးစားအထင်ကြီးမှု +၂၀၀၊ ရင်းနှီး(၆၁၀/၁,၀၀၀)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တန်ရီမင်သည် ဉာဏ်ရည်ထက်မြတ်ပြီး အရည်အချင်းမြင့်မားတဲ့ ထိပ်တန်းပါရမီရှင် မြတ်ဆရာတွေကို တွေ့ဖူးသည်။ ဒါပေမယ့် အကျင့်စာရိတ္တကောင်းတဲ့ မြတ်ဆရာတွေကတော့ တော်တော်လေး ရှားသည်။ အမှန်လည်း လူတိုင်းက ဆွန်းမိုလို ကိုယ်ကျိုးမဖက်ကြလျှင် ကမ္ဘာကြီးမှာ သူတော်စင်တွေနဲ့ ပြည့်နှက်နေမည်။

ပရိတ်သတ်ရဲ့ လက်ခုပ်သံတွေက ပိုပြင်းထန်လာသည်။ သူတို့ထဲမှ ၈၀ ရာခိုင်နှုန်းက

ဆွန်းမိုကို လေးစားကြောင်း ပြသတဲ့အနေနဲ့ မတ်တပ်ရပ်နေကြသည်။

သာမန်ပုံစံနဲ့ကောင်လေးသည် ဘေးနားက လူတွေကို တစ်ချက်ကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။

"ဒါဆို လူသားတိုင်း အိပ်မက်မက်နိုင်တယ်။ ဆွန်းမို ချန်ပီယံဖြစ်ဖို့ ခြေတစ်လှမ်း ပိုနီးလာပြီ။

"……"

ကိုရုပ်ဆိုးသည် မှုန်ကုတ်ကုတ် ဖြစ်နေပြီး စိတ်ထဲကပဲ ကျိန်ဆဲနိုင်တော့သည်။ ဒါပေမယ့် ရှီချန်ကိုတော့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မမုန်းပါ။ အဲဒီအစား သူ့ရဲ့ လုပ်ရပ်ကြောင့် ပိုတောင် အထင်ကြီးလာသေးသည်။

"ဆရာရှီက လူကောင်းပဲ"

လုချီဟွာသည် လက်ထဲက ဖရဲသီးကို ကြည့်ပြီး တစ်ဝက်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

"လုံးဝ မပျော်ရဘူး"

ရှန်ယွန်ပေါင်က မဲ့ပြီး ပြောလိုက်သည်။

"မင်း ဘာသိလို့လဲ။ သီလကို အသုံးပြုပြီး လူတဖက်သားကို ဆွဲဆောင်ခြင်းလို့ ခေါ်တယ်။

ခွန်အားသုံးပြီး ပြိုင်ဘက်ကို အနိုင်ယူတဲ့ တိုက်ပွဲထက် ပိုမွန်မြတ်သေးတယ်”

လီဇီချီ မျက်လုံးပြူးပြီး ပြောလိုက်သည်။ တိုက်ခိုက်ရေးသမားကတော့ တိုက်ခိုက်ဖို့ ၊ သတ်ဖြတ်ဖို့လောက်ပဲ သိကာ တော်တော်လေး မိုက်မဲသည်။

“ငါတို့အနားယူတဲ့ နေရာကို သွားရမလား။ ဒါမှမဟုတ် နောက်တစ်ကျော့ တိုက်ခိုက်ဖို့ ဒီနေရာမှာပဲ စောင့်နေကြမလား”

ထန်ထန်ယုထန်က မေးလိုက်သည်။

"ထုံးစံအတိုင်းပဲ။ ငါတို့ သွားကြမယ်"

လုချီဟွာက ရှီချန်ကို ဖရဲသီးတစ်ခြမ်းပေးမယ်လို့ ဆုံးဖြတ်လိုက်သည်။ (အမ်၊ ဒုတိယအကြီးဆုံး အပိုင်းပဲရမယ်။) အကြီးဆုံးနဲ့ အချိုဆုံး အပိုင်းက သူ့ဆရာအတွက် သီးသန့်ပဲ။

တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့သည်။ ရှီချန်ကို ဖယ်ရှားလိုက်တာနဲ့အမျှ ကျန်တဲ့ မြတ်ဆရာတွေ ပိုပြီး စိတ်တက်ကြွလာသည်။ အင်အားကြီးမားတဲ့ ပြိုင်ဘက်တစ်ယောက် လျော့သွားသဖြင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

သူတို့အောင်မြင်ဖို့ အခွင့်အလမ်းလည်း တိုးများလာခဲ့သည်။

ဘာဖြစ်လို့လဲဆိုတော့ စည်းမျဉ်းအရ အရှုံးသမားကွင်းတွင် ဆယ်ယောက်သာ အများဆုံးအောင်မြင်ပြီး ပုံမှန်ကွင်းနဲ့ ယှဉ်လို့မရပေ။

“ဆွန်းမို ကျေးဇူးတင်ပါတယ်”

ဒီအခိုက်အတန့်တွင် ရှီချန်ကို ဖယ်ရှားပေးလိုက်တဲ့အတွက် ကျေးဇူးတင်နေတဲ့ လူများလည်း ရှိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

စောင့်ဆိုင်းတဲ့ နေရာမှာရှိတဲ့ ဆရာဝန်များသည် တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ပြီး အံ့အောနေကြသေးသည်။

"ဆွန်းမိုက ကျုံချောင်ကို ကုသပေးခဲ့တာလား"

တခြား ဆရာဝန်တွေက ရှီကလေးကို ကြည့်လိုက်သည်။ (ငါတွေးမိတာ မင်းက ကျုံချောင်ကို အဆုံးသတ်သွားပြီ ပြောခဲ့သလားလို့)

ဆွန်းရှောင်လျို မျက်နှာပေါ်တွင် အရမ်းအံ့အောသင့်နေတဲ့ အမူအရာ ဖြစ်နေသည်။ ကျုံချောင်သည် လျှို့ဝှက်ဆန်းကြယ်တဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လူတစ်ယောက်ရဲ့ ရိုက်နှက်ခြင်း ခံလိုက်ရပြီးနောက် ရှိချန်သည် မာကျန်းကို ချက်ခြင်းပဲ အကူအညီတောင်းခံခဲ့သည်။ ဆွန်းရှောင်လျိုက သူ့ဆရာအနောက်ကနေ လိုက်သွားပြီး ကျုံချောင်အခြေအနေက ကုသပေးဖို့ မရနိုင်မှန်း သိခဲ့ရသည်။ ထိပ်တန်းအဆင့် လျှို့ဝှက်ဆေးဝါး ဒါမှမဟုတ် သူတော်စင် ဆရာဝန်ကို ဖိတ်ခေါ်ခြင်းမှလွဲ၍ တခြားနည်းလမ်း မရှိတော့ပါ။

"ငါ မသိတော့ဘူး"

ဆွန်းရှောင်လျို ခေါင်းရမ်းလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ပျောက်ကင်းအောင် ကုသပေးတယ်ဆိုတာ ဘာလဲ။ မူလ အခြေအနေအတိုင်း ပြန်ဖြစ်အောင် ကုသပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး မဟုတ်လား။။။

ဆရာဝန်တစ်ယောက်က မယုံနိုင် ဖြစ်နေသည်။

“သူ့ရဲ့ မူလအခြေအနေအတိုင်း ပြန်ဖြစ်နေပြီ ထင်တယ်။ ဒီလိုမှမဟုတ်ရင် ဆွန်းမိုက သူ့တပြည့်ရဲ့ အနာဂတ်ကို ကယ်တင်ပေးလိုက်တယ်လို့ ရှီချိန်က ဘာဖြစ်လို့ ပြောမှာလဲ”

“မဖြစ်နိုင်ဘူး”

ဆွန်းရှောင်လျို အမှတ်တမဲ့ ပြောလိုက်မိသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ငါ့ဆရာမှာတောင် ကုသဖို့ နည်းလမ်းမရှိတော့တဲ့ ဒဏ်ရာတစ်ခုကို ဆွန်းမိုက ဘယ်လိုကုသနိုင်မှာလဲ) ဒါပေမယ့် ဆွန်းမိုက မာဖန် လက်ကျိုးနေတာကို ကုသပေးခဲ့တဲ့အကြောင်း ပြန်စဥ်းစားပြီး မယုံဘဲ မနေနိုင်တော့ချေ။

ဆွန်းရှောင်လျို (ရှီကလေး) သည် အလိုလို ခေါင်းခါသွားပြီး သူ့ဆရာက အနည်းငယ် ရှင်းပြစေချင်နေသည်။ နောက်ဆုံးတော့ အသေးစိတ်ဂုဏ်သိက္ခာများကို အမြဲတမ်း

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဂရုစိုက်တတ်တဲ့ သူ့ဆရာသည် အရူးတစ်ယောက်လို အနားယူတဲ့နေရာသို့ ပြေးသွားတာ မြင်လိုက်ရသည်။

"ဘယ်သွားမလို့လဲ"

ဆွန်းရှောင်လျို တွေဝေနေပေမယ့် ကျန်တဲ့ ဆရာဝန်တွေကတော့ ဘာဖြစ်နေလဲ နားလည်သွားပြီး ပြေးသွားကြသည်။

"ဆရာ မြောင်၊ ဆရာလျို ၊ ဆရာကျုံ ၊ မင်းတို့ သုံးယောက် ကျန်ခဲ့"

ဒုအဖွဲ့ခေါင်းဆောင်က လှမ်းအော်လိုက်သည်။ (အားလုံးပျောက်သွားရင် ဘယ်သူက ကုပေးမှာလဲ)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကံဆိုးသူ သုံးယောက်သည် မျက်နှာပေါ်တွင် ခါးသီးတဲ့ အမူအရာတွေ ပေါ်လာသည်။

အခန်း(၅၆၉) - ချေတဲ့လူတွေ အားလုံး ကြောက်ဖို့ကောင်းတဲ့ သေခြင်းနဲ့ သေသင့်တယ်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အနားယူတဲ့နေရာတွင် အောင်ပွဲရခဲ့တဲ့ မိုင်ဇီယူက ဆွန်းမိုကိုကြည့်ပြီး အနည်းငယ် ဝေခွဲရခက်နေသည်။

(သူ့ကို သွားနှုတ်ဆက်ရင် ကောင်းမလား)

မိုင်ဇီယူက သွားချင်ပေမယ့် ရှက်နေသည်။ ဘယ်လိုပဲပြောပြော သူမက မိန်းကလေး တစ်ယောက်ပါ။ သူမဘက်ကသာ ယောကျ်ားလေး တစ်ယောက်ကို စပြီး နှုတ်ဆက်လိုက်လျှင် အနည်းငယ် ဒွဲ့တိုး ဆန်သွားလိမ့်မည်။

(ဒါပေမယ့် ဆွန်းမိုနဲ့ ကူရှုပ်ရှင်း ကြားထဲက ဆက်ဆံရေးက လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေး

သက်သက်ပဲလား၊ ဘာဖြစ်လို့ သူတို့က ဒီလောက် ရင်းနှီးနေတဲ့ ပုံဖြစ်နေရတာလဲ)

မိုင်ဇီယူသည် သူမကိုယ်သူမ ကူရှုပ်ရှင်းနဲ့ နှိုင်းယှဉ်ကာ အနည်းငယ် စိတ်ဓါတ်ကျသွားသည်။ ကူရှုပ်ရှင်းက အရမ်းလှပြီး ရှည်လျားတဲ့ ခြေတံတွေလည်း ရှိသည်။

သိုင်းဝတ်စုံကို ဝတ်ထားသဖြင့် သူမက သူ့ရဲကောင်းဆန်ပြီး ပိုဆွဲဆောင်မှု ရှိနေသည်။ မိုင်ဇီယူက ဘယ်လိုလုပ်ပြီး သူမနဲ့ တူမှာလဲ။

နှိုင်းယှဉ်ကြည့်ရင် မိုင်ဇီယူက အဟာရ ချို့တဲ့နေတဲ့ ရီဘွန်းငါး တစ်ကောင်အလား ဖြစ်နေသည်။

ခဏလောက်ကြာတော့ ခါးအထိဆံပင်ရှည်တဲ့ မိုင်ဇီယူရဲ့ အကြည့်သည် ကူရှုပ်ရှင်း ရင်ဘက်ဆီ ရောက်သွားသည်။

"ဒီနေရာမှာတော့ ငါက နည်းနည်း ပိုကြီးသင့်တယ် မဟုတ်လား"

မိုင်ဇီယူသည် သက်ပြင်းတစ်ချက် ခိုးချလိုက်ပြီး နောက်ဆုံးတော့ ယုံကြည်ချက် နည်းနည်း ပိုရှိလာသည်။ ဒါပေမယ့် ရင်ဘက်ကို အလိုလို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကိုင်ကြည့်လိုက်တဲ့အခါမှာ စိတ်ပျက်အားငယ်တဲ့ အကြည့်ပေါ်လာသည်။

အင်း၊ ကူရှပ်ရှင်း အရွယ်အစားနဲ့ အတူတူလောက်ပဲ။

....

"မင်းက ဒီတိုက်ပွဲမှာ ကောင်းကောင်း အစွမ်းပြနိုင်ခဲ့တယ်။ ဒါပေမယ့် မင်းကဘက်လက် အသုံးပြုတာ နည်းလွန်းတယ်"

ဆွန်းမိုက သတိပေးလိုက်သည်။

ဆွန်းမိုရဲ့ နတ်ဘုရားမျက်စိ အာရုံအောက်မှာ ဆိုလျှင် ကူရှုပ်ရှင်းရဲ့ အသေးစိတ် အချက်အလက်များကို မြင်နေရသည်။ သူမက ညာလက်အသုံးပြုတဲ့ အလေ့အထ များနေပြီး အဆုံးအစွန်ဆုံး တိုက်ကွက်တွေ အသုံးပြုသည့်တိုင် ညာလက်ကိုသာ အသုံးပြုခဲ့သည်။ သူမ၏ ဘယ်လက်ကို ကာကွယ်ဖို့အတွက်ပဲ အသုံးပြုသည်။ ဒီလိုသာဆိုလျှင် ပုံမှန် စံက ကွဲထွက်နေတဲ့လူတွေကို ကိုင်တွယ်နိုင်ပါ့မလား။ ဒါပေမယ့် သူမက အဆင့်ကျော်ပြီး ပိုသန်မာတဲ့လူနဲ့

တိုက်ခိုက်ချင်တယ်ဆို ဒီအချက်က အားနည်းချက်ဖြစ်လာလိမ့်မည်။

"ငါသိပေမယ့် ဘယ်လက်ကို အခုမှလေ့ကျင့်ရင် အရမ်းနောက်ကျနေပြီ"

ကူရှပ်ရှင်းလည်း သူမ အားနည်းချက်ကို သိနေသည်။ ဒါပေမယ့် ဒီကိစ္စတွင် အလေ့အကျင့်က ကြောက်စရာ အကောင်းဆုံး အရာဖြစ်နေသည်။ ဘယ်ဘက်လက်နဲ့ တစ်ခါမှ မလေ့ကျင့်ဖူးပါ။ အလေ့အကျင့်ပြောင်းပြီး အခုမှစသုံးရင် အချိန်တွေအများကြီး ပေးနေရမည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါ့အပြင် ကူရှုပ်ရှင်းသည် သူမရဲ့စွမ်းအင်တွေကို သင်ကြားရေးနှင့် သင်ကြားရေး အတွေ့အကြုံ စုဆောင်းခြင်းတွင် အသုံးပြုထားသည်။ ဒါကြောင့်လည်း သူမမှာ ဘယ်ဘက်လက်ကို လေ့ကျင့်ဖို့အချိန် ဒါမှမဟုတ် စွမ်းအင်မရှိတော့ပါ။

မြတ်ဆရာတွေအတွက်ကတော့ တိုက်ခိုက်ရေးအစွမ်း အရမ်း အားမနည်းနေရင် လုံလောက်ပြီ။

"နောက်ကျနေရင်တောင် လေ့ကျင့်ရမယ်။ ဒီလိုမှမဟုတ်ရင် နောင်တစ်ချိန်မှာ သေချာပေါက် နောင်တရနေလိမ့်မယ်"

ဆွန်းမိုက မျက်မှောင်ကြုတ်ပြီး အဖြေတစ်ခု ကြိုးစားပြီး စဉ်းစားနေသည်။

"အေး၊ ငါ့ကိုပဲ အရင်ဂရုစိုက် မနေနဲ့အုံး။ မင်းနဲ့ မိုင်ဇီယူ ဆက်ဆံရေးက ဘာလဲ"

ကူရှုပ်ရှင်း သိချင်နေသည်။

"ငါက သူမကို အနည်းငယ်ပဲ တွေ့ဖူးတယ်"

ဆွန်းမိုမှာ ဒီမိန်းကလေးနဲ့ ပက်သက်ပြီး အရမ်းကောင်းမွန်တဲ့ ခံစားချက် ရှိသည်။

“တကယ်လား”

ကူရှူပ်ရှင်း မျက်လုံးထဲတွင် သံသယ ရှိနေသည်။

“ဒီလိုမှ မဟုတ်ရင်”

ဆွန်းမို ဆွံ့အသွားသည်။

“သူမက ငါ့ကို မြင်မြင်ခြင်းပဲ ချစ်မိသွားတာ မဟုတ်ပါဘူးနော်”

“……………….”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်းရဲ့ အကြည့်သည် ဆွန်းမို မျက်နှာပေါ်ကနေ မိုင်ဇီယူဆီ ရောက်သွားသည်။ အနက်ရောင် ဆံပင်ရှည်နဲ့ မိန်းကလေးသည် အဝေးကနေ ဆွန်းမိုကို တစ်ချက်တစ်ချက် ခိုးကြည့်နေသည်။

ကူရှုပ်ရှင်းသည် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ တစ်ခါမှ မချစ်ခဲ့ဖူးသော်လည်း ဒီလိုမျိုး အကြည့်များကို မြင်ဖူးသည်။ သူမကို ကြိုက်ပေမယ့် ဝန်မခံတဲ့

ယောကျ်ား အများစုလည်း ဒီလိုပုံစံမျိုး ခိုးကြည့်တတ်သည်။

ဒီလို ပထမဆုံး အချစ်နိုးထတဲ့ အပြုအမူမျိုးကို ယောကျ်ားလေးတွေလည်း လုပ်တတ်ကြသည်။

"မိုင်ဇီယူက မင်းကို ဆက်တိုက် ကြည့်နေတယ်"

ကူရှပ်ရှင်းက မိုင်ဇီယူ ရှိရာဘက်သို့ မေးငေါ့ပြလိုက်သည်။

ကြိုက်တာလား။

ဆွန်းမိုအပေါ်မှာ မိုင်ဇီယူရဲ့ ခံစားချက်သည် အဲဒီအဆင့်အထိ မရောက်သေးသော်လည်း ဆွန်းမိုကို

အရမ်းသဘောကျနေတယ်ဆိုတဲ့ အချက်ကတော့ ငြင်းလို့မရပါ။

“အမ်”

ဆွန်းမို လှည့်ကြည့်လိုက်လျှင် မိုင်ဇီယူနဲ့ အကြည့်ခြင်း ဆုံသွားသည်။

ရှစ်

မိုင်ဇီယူ ခေါင်းငုံ့ပြီး ဆွန်းမိုရဲ့အကြည့်ကို ရှောင်လိုက်သည်။ မျက်နှာနီသွားပြီး ရင်တွေတဖျတ်ဖျတ်ခုန်ကာ လက်ကို ဘယ်မှာ

ထားရမလဲ မသိတော့ပေ။ နောက်ဆုံးတော့ အကျီစကို အမှတ်တမဲ့ ဆုတ်ချေနေမိသည်။

မိုင်ဇီယူ၊ မင်းဘာလုပ်နေတာလဲ။ ဘာဖြစ်လို့ သူ့ကို သွားမနှုတ်ဆက်တာလဲ။ မင်းဒီလို လုပ်နေရင် သူက နားလည်မှုလွဲသွားပြီး သူ့ကို မုန်းနေတယ်လို့ ထင်သွားရင် ဘယ်လိုလုပ်မလဲ.။

မိုင်ဇီယူ စိတ်ရှုပ်သွားသည်။ ရှက်တဲ့စိတ်ကို တောင့်ခံပြီး ခေါင်းမော့ကြည့်လိုက်သည်။ နောက်ဆုံးမှာ ဆွန်းမိုက သူမကို ပြုံးပြနေတာ

မြင်လိုက်ရသည်။ အကြည့်တွေဆုံသွားတဲ့အခါ လက်တောင် ဝှေ့ယမ်း ပြနေသေးသည်။

“ဇီယူ”

ဆွန်းမိုက နှုတ်ဆတ်လိုက်သည်။ ထို့နောက် ပြန်လှည့်ကာ ကူရှပ်ရှင်းနဲ့ စကားဆက်ပြောနေသည်။

ဟူး

မိုင်ဇီယူ သက်ပြင်းချလိုက်သည်။ အဲဒီနောက်သူမရဲ့ နှုတ်ခမ်းတွေ အနည်းငယ် ကွေးသွားပြီး ပျော်သွားတဲ့ အပြုံးလေးပေါ်လာသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

နွေးဦးမှာ ပွင့်လန်းတဲ့ မွှေးရနံ့သင်းနေတဲ့ ပန်းကလေးနဲ့တောင် တူသေးသည်။

(ကောင်းလိုက်တာ၊ သူ့ငါ့ကို မမုန်းသွားဘူး)

....

ဆွန်းမို စကားအနည်းငယ် ဆက်ပြောနေသည်။ ကူရှုပ်ရှင်း မတုန့်ပြန်တာကို သတိထားမိလို့ လှည့်ကြည့်လိုက်လျှင် ရာဇဝတ်ကောင် ဘာလုပ်မလဲဆိုပြီး သတိထားစောင့်ကြည့်နေတဲ့ အကြည့်မျိုးကို တွေ့လိုက်သည်။

"ဘာဖြစ်လို့ ငါ့ကို ဒီလိုကြည့်တာလဲ"

"မင်းက စေ့စပ်ထားတဲ့ လူတစ်ယောက်နော်။ အစ်မအန် အထင်သေးစေမယ့် အရာမျိုး မလုပ်သင့်ဘူး"

ကူရှုပ်ရှင်းက လေသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။ ဘာကြောင့်မှန်းမသိပေမယ့် ဒီစကား ပြောလိုက်တဲ့အချိန်တွင် ရင်ခုန်သံတွေ မြန်လာသည်။ ရုတ်တရက် အပြစ်ရှိသလိုလည်း ခံစားလာရသည်။

ဆွန်းမို အကြည့်တွေနဲ့တောင် မဆုံရဲတော့ပေ။

"ဟားဟား"

ဆွန်းမို ရယ်လိုက်သည်။ ဒီကိစ္စတွေက သူစီစဉ်ထားတာလဲ မဟုတ်ပေ။ တကယ်လို့ အန်ရှီဝေ မကျေနပ်ပါက စေ့စပ်ထားမှုကို အချိန်မရွေး ဖျက်သိမ်းလိုက်လို့ရသည်။ “အရှေ့ဘက်ကို စီးဆင်းတဲ့ နှစ် ၃၀ ၊ အနောက်ဘက်သို့ စီးဆင်းတဲ့ နှစ် ၃၀၊ ဆင်းရဲတဲ့အတွက် လူငယ်တွေကို အနိုင်မကျင့်နဲ့” ဒီစကားပဲ အော်ပြောလိုက်ချင်သည်။

(ဒါနဲ့ ပြောရကြေးဆိုရင် စေ့စပ်ကြောင်းလမ်းမှု ပျက်သွားရင် ချင်ဟွာ မြစ်ကမ်းတလျှောက်သွားပြီး

ဂုဏ်ပြုညီချင်းနဲ့ ကလိုက်အုံးမယ်။ လွတ်လပ်သွားလို့ ဆိုပြီး)

"ခဏာနေပါအုံး ၊ မဟာတန်အင်ပါယာ မှာ ယောကျာ်းတစ်ယောက်က မိန်းမအများကြီး ယူလို့ ရတယ် မဟုတ်လား"

ရုတ်တရက် ဆွန်းမို တစ်ခုခု တွေးလိုက်မိသည်။

ဖောင့်

ဒီစကားကို ကြားလိုက်လျှင် ကူရှုပ်ရှင်းသည် ဆွန်းမိုနံရိုးကို တံတောင်နဲ့ ခပ်ပြင်းပြင်းလေး ထိုးလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တောက် , မင်းက ဘဝအောင်နိုင်သူလို့ ထင်နေတာလား”

“အထီးကျန်သမားကို အနိုင်ကျင့်ရတာ အရမ်းပျော်ဖို့ ကောင်းလား”

“နောက်ပိုင်း ဆွန်းမို ငါနဲ့တိုက်ခိုက်ရရင် သူ့လက်ကို ချိုးပြီး သုံးလလောက် မလှုပ်နိုင်အောင် သေချာပေါက် လုပ်ပစ်မယ်”

အနားယူတဲ့နေရာမှာရှိတဲ့ ဖြေဆိုသူများသည် ဒီမြင်ကွင်းကို မြင်လိုက်လျှင် မျက်နှာတွေ မှုန်ကုတ်ကုတ် ဖြစ်နေပြီး မနာလို ဖြစ်နေကြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ဘာဖြစ်လို့ ဒီလောက်လှတဲ့ သူငယ်ချင်း မရှိရတာလဲ)

အရပ်ရှည်တဲ့ ကူရှုပ်ရှင်းကို ကြည့်ပြီး မြတ်ဆရာတွေသည် ဆွန်းမို၏ လက်ကိုချိုးဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဒါမှ ဆရာမလှလှလေးကို မထိနိုင်မှာ။

“ဆရာ၊ ဆရာ ၊ ငါအရေးကြီးတဲ့ သတင်းတစ်ခု သိလာတယ်”

လုချီဟွာက ပြေးလာပြီး ဆွန်းမိုလက်မောင်းကို ဖက်ရင်း ပြောလိုက်သည်။ ထို့နောက် သူမက အနားကပ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"တကယ်လား"

ဆွန်းမိုက လုချီဟွာ အနောက်မှာရပ်နေတဲ့ လီဇီချီကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် မျက်မှောင် တော်တော်ကြုတ်သွားသည်။

"အင်း"

လီဇီချီက ရှင်းပြသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“ငါ သတင်းတွေ စုဆောင်းနေတုန်း ကျန်လီ နဲ့ ဖန်ဝူဂျီ တို့ စကားပြောနေတာ အမှတ်တမဲ့ တွေ့လိုက်တယ်။ ဒါကြောင့် နည်းနည်းလေး နားထောင်ခဲ့တယ်”

ဖန်ဝူဂျီသည် ပြိုင်ဘက်ကျောင်းမှ ပါရမီရှင် တစ်ယောက်ပါ။ ဒါပေမယ့် အဆုံးသတ်မှာ ဒီလို ဖြစ်လာလိမ့်မယ်လို့ သူ မထင်ထားခဲ့ပါ။

“ငါတို့ ဘာလုပ်ကြမလဲ”

ကူရှုပ်ရှင်းက ဆွန်းမိုကို တစ်ချက်ကြည့်လိုက်သည်။ သူမရဲ့ ကြားနိုင်တဲ့

စွမ်းရည်အရ လုချီဟွာ တိုးတိုးလေး ပြောတာကိုကြားလိုက်ရသည်။

ဆွန်းမို အနည်းငယ် တွေဝေသွားသော်လည်း နောက်ဆုံးမှာ လုပ်ဆောင်ဖို့ ဆုံးဖြတ်လိုက်သည်။

“ငါ့ကို လမ်းပြ”

လုချီဟွာက အမွေးပွ ခွေးတစ်ကောင်အလား အရှေ့မှ လျှောက်သွားသည်။

ကူရှပ်ရှင်း ပြုံးလိုက်မိသည်။ ဆွန်းမို ဘာလုပ်ချင်သလဲဆိုတာ သူမ ခန့်မှန်းပြီးသားပါ။

စစ်မှန်တဲ့ မြတ်ဆရာတစ်ယောက်မှပဲ ဒီလောက်ကြီးမားတဲ့ စိတ်နှလုံး ပိုင်ဆိုင်လိမ့်မည်။

“အမ်၊ ဆရာ ဘာလုပ်ချင်တာလဲ။ သူ့အမှုအရာအရဆို ဒီကိစ္စက အရမ်းအရေးကြီးတဲ့ပုံပဲ”

မိုင်ဇီယူလည်း စိတ်ပူသွားပြီး အနောက်မှ လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

ဆွန်းမို ထွက်သွားပြီး သိပ်မကြာခင် မာကျန်း ရောက်လာသည်။

“ဆွန်းမိုရော ၊ သူ ဘယ်ရောက်သွားလဲ”

မာကျန်း မေးတာကို ကြားလျှင် ဘေးနားရှိတဲ့ ဖြေဆိုသူတစ်ယောက်က လေးစားစွာ ပြန်ဖြေလိုက်သည်။

"ကျေးဇူး အများကြီး တင်ပါတယ်"

မာကျန်းက လက်သီးဆုပ်ပြီး နှုတ်ဆက်လိုက်သည်။

ဖြေဆိုသူက ကမန်းကတန်း ခေါင်းငုံ့ပြီး ကျေးဇူးတင်တာကို လက်မခံရဲကြောင်း ပြန်ပြောသည်။ မာကျန်းက ကြယ် ၅ ပွင့် မြတ်ဆရာ

တစ်ယောက်ပါ။ ပုံမှန်သာဆိုလျှင် ဒီလိုလူနဲ့ စကားပြောဖို့ အခွင့်အရေးတောင် ရှိမှာမဟုတ်ပေ။

....

တိုက်ပွဲခန်းမ အပြင်ဘက်၊ ပန်းခင်းကြီး ဘေးမှာ............

ဖန်ဝူဂျီက ခုံတန်းလျားတစ်ခုပေါ်မှာ ပက်လက် အိပ်နေပြီး လှပတဲ့ကောင်းကင်ကြီးကို အဓိပ္ပါယ်မဲ့စွာ ငေးကြည့်နေသည်။

တိမ်တွေက အုံ့မှိုင်းလာပြီး အခုလောလောဆယ် မိုးဖွဲဖွဲလေး ကျလာကာ သင်းပျံ့တဲ့

ပန်းရနံ့တွေကလည်း လေထုထဲသို့ စိမ့်ဝင်နေသည်။ မူလကတော့ ဒီမြင်ကွင်းသည် ရိုမန်တစ်ဆန်တဲ့ ဇာတ်ဝင်ခန်း တစ်ခု ဖြစ်သင့်သော်လည်း ဖန်ဝူဂျီရဲ့ စိတ်တွေသည် အပင်တစ်ခုအောက်မှာ ကြိုးဆွဲချ သက်သေသွားတဲ့ လူတစ်ယောက်အလား ဖြစ်နေသည်။

(ငါ့အချစ်က တကယ်ပဲ အဆုံးသတ်သွားပြီပဲ”

“ယောကျ်ားတစ်ယောက်အနေနဲ့ မင်းတကယ် ငိုနေတာလား။ ရှက်ဖို့ကောင်းလိုက်တာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူဂျီသည် တခြားသူတွေနဲ့ စကားများရန်ဖြစ်ရတာကို သဘောမကျပါ။ ပြောတဲ့လူကို တစ်ချက်တောင် လှည့်ကြည့်ချင်စိတ် မရှိပါ။

ဆွန်းမိုက ခုံတန်းလျားအရှေ့မှာ ရပ်နေပြီး အခုအခါမှာ ခွေးသေကောင် တစ်ကောင်အလား ဖြစ်နေတဲ့ ဖန်ဝူဂျီကို ကြည့်လိုက်သည်။ တစ်ချက်တောင်မတွေးဘဲ ခြေထောက်ကို မြှောက်လိုက်သည်။

ဘုန်း

ဖန်ဝူဂျီက ခြေထောက်ဘက်ကနေ အကန်ခံလိုက်ရသည်။ ခုံတန်းပေါ်မှ တခါတည်း ပြုတ်ကျပြီး ဗွက်အိုင်ထဲ ရောက်သွားသည်။

"အ"

လုချီဟွာ လန့်ဖြန့်ပြီး ထခုန်သည်။

"ဆရာ"

လီဇီချီလည်း ထိတ်လန့်သွားသည်။ ဖန်ဝူဂျီသာ ဒေါသထွက်ပြီး သူ့မဆရာနဲ့ တိုက်ခိုက်မယ်ဆိုရင် ဒီတိုက်ပွဲက ဘယ်သူ့အတွက်မှ အကျိုးမရှိပါ။

ကူရှုပ်ရှင်းက ဘာမှမတွေးဘဲ ခြေလှမ်းကြီးတွေနဲ့ လျှောက်လာပြီး ဆွန်းမိုအရှေ့မှာ ပိတ်ရပ်လိုက်သည်။

သေချာတာကတော့ သူမက ဒီပြိုင်ပွဲမှာ ချန်ပီယံ မဖြစ်နိုင်ပါ။ ဒါကြောင့် ဆွန်းမိုကို ကာကွယ်ပေးဖို့ အတွက် အတတ်နိုင်ဆုံး ကြိုးစားရမည်။

"မင်း ရှုံးသွားပြီလား"

ဖန်ဝူဂျီက ဒေါသတကြီး အော်ဟစ်လာသည်။

"ဆရာဖန်၊ မင်းက ကျောင်းအုပ်ကြီးချောင် အရမ်းလေးစားရတဲ့ ဂျူနီယာ တစ်ယောက်ပါ။ မင်းက

မရီဒန်အကယ်ဒမီတစ်ခုလုံးရဲ့ မျှော်လင့်ချက်ကြယ်ပွင့်ဆိုလည်း ဟုတ်တယ်”

ကူရှုပ်ရှင်း အနည်းငယ် စိတ်ဒုက္ခရောက်နေပေမယ့် ဖျောင်းဖြလိုက်သည်။

“အခုလက်ရှိ မင်းပုံစံကိုလည်း ကြည့်အုံး ၊ မင်းရဲ့တပြည့် ကွမ်ချောင်တောင် မင်းကြောင့် မျက်နှာပျက်နေရပြီ သိလား”

ဆွန်းမိုသည် သံမဏိဖြစ်တဲ့ သံကိုမုန်းတီးသည်။

ဖန်ဝူဂျီ မျက်နှာသည် ဒေါသကြောင့် နီရဲနေသည်။ ဒါပေမယ့် ကွမ်ချောင် နာမည်ကို ကြားပြီး

ရပ်တန့်သွားသည်။ ဟုတ်တယ်၊ မှန်တယ်၊ သူ့အနိုင်ရရမယ် ၊ သူက အရှုံးကို ဂရုမစိုက်ရင်တောင် သူ့တပြည့် ကွမ်ချောင် အတွက်ကရော။

ကွမ်ချောင်က ဒီနေ့ကို စောင့်မျှော်နေခဲ့တာ တော်တော်ကြာနေပြီ။

“ ဒီကမ္ဘာမှာ အချစ်ရူးတွေ အများကြီးပဲ။ ဒါပေမယ့် မင်းလို စောက်သုံးမကျဘဲ ၊ ရူးမိုက်တဲ့ကောင်ကို တွေ့ဖူးတာ ပထမဆုံးပဲ”

ဆွန်းမို ဆက်ပြီး ဆူပူကြိမ်းမောင်းနေသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ပြောစမ်းပါအုံး။ ဘာဖြစ်လို့ မင်းအမေက မင်းကို မွေးခဲ့တာလဲ"

" မင်းပျော်ပျော်ရွှင်ရွှင် ကောင်းကောင်းမွန်မွန် နေထိုင်ပြီး မင်းအတွက် ဂုဏ်ယူပြီး အိမ်နီးနားချင်းတွေကို ကြွားချင်လို့ မဟုတ်ဘူးလား" မင်းကတော့ မင်းကို မချစ်တဲ့ မိန်းမတစ်ယောက်အတွက် အလုပ်အကိုင်ကိုတောင် မလိုချင်တော့ဘူး"

“မင်းရဲ့ နတ်ဘုရားမအတွက် မင်းရဲ့ စွန့်လွှတ်မှုတွေက တကယ်ကို ဂုဏ်ယူထိုက်ပါတယ်။ ကြီးကြီးကျယ်ကျယ်ကို ဂုဏ်ပြုရမယ်”

ဆွန်းမို ဒေါသအရမ်းထွက်ပြီး သွေးတောင် အန်ချင်နေသည်။

ကျန်လီက ဖန်ဝူဂျီကို ရှာနေတာ လီဇီချီ မြင်ခဲ့သည်။ သူမသည် ကွင်းထဲတွင် စုံလျောင်နဲ့ ဆုံတွေ့ခဲ့ပါက ဖန်ဝူဂျီက အလွယ်တကူ လွှတ်ပေးလိုက်စေချင်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကျန်းလန်က သူမသည် ဖန်ဝူဂျီအပေါ် အကြွေးအများကြီး တင်နေပြီး နောက်ဘဝမှပဲ ပြန်ဆပ်နိုင်တော့မယ်လို့ ပြောသွားခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမ သနားဖို့ကောင်းအောင် ဆက်တိုက် ပြောနေခဲ့သဖြင့် ဖန်ဝူဂျီက သဘောတူခဲ့သည်။

"ဒါက အချစ်အတွက် လုပ်ခဲ့တာ"

ဖန်ဝူဂျီက ကျယ်လောင်စွာ ပြန်အော်သည်။

"ဟုတ်ပါတယ်၊ မင်းက အချစ်အတွက် လုပ်ခဲ့တာ"

ဆွန်းမိုက ခနဲ့ လိုက်သည်။

"ဆွန်းမို"

ကူရှပ်ရှင်း အံ့အောသွားသည်။ မသိစိတ်က ဖန်ဝူဂျီကို စိုက်ကြည့်နေမိသည်။ (မင်း သူ့ကို စိတ်ပြောင်းသွားအောင် ဖျောင်းဖျ ချင်နေမှန်း ငါသိတယ်။ ဒါပေမယ့် မင်းစကားလုံးတွေရဲ့ သတ်ဖြတ်နိုင်စွမ်းက နည်းနည်းလေး မပြင်းထန်လွန်းဘူးလား)

ထင်ထားသလိုပဲ ဖန်ဝူဂျီ ဒေါသ ပေါက်ကွဲသွားသည်။

"ငါ မင်းကို သတ်မယ်"

ဖန်ဝူဂျီသည် မျက်လုံးချက်ခြင်းနီလာကာ ဆွန်းမိုကို ဆတ်ခနဲ လှမ်းကြည့်လာသည်။

"ဆရာဖန်၊ စိတ်အေးအေးထား"

ကူရှုပ်ရှင်းသည် ဆတ်ခနဲ ခုန်ပြီး ဖန်ဝူဂျီကို ဆွဲထားလိုက်သည်။

"ဘေးဖယ်.....၊ ဒီကောင်ကို တကယ် ကောင်းကောင်းလေး ရိုက်ဖို့ လိုနေပြီ"

ဆွန်းမိုသည် အရင်ဘဝကတည်းက ဒီလိုမျိုး အချစ်ရူးတွေကို အများကြီးတွေ့ဖူးသည်။

ဒီလိုအချစ်ရူးတွေကို တော်တော်လေး အထင်သေးမိသည်။

ချစ်သူများနေ့မှာ ပန်းစည်းအများကြီး ဝယ်ပြီး မိန်းကလေးအဆောင်ရှေ့မှာ တစ်ညလုံး ဒူးထောက်နေတဲ့ ကောင်တွေတောင် ရှိသေးသည်။ နောက်ဆုံးတော့ ကောင်မလေးက မျက်နှာတောင် မပြခဲ့ပါ။ ချမ်းသာတဲ့ ဒုတိယမျိုးဆက်နဲ့ ဟိုတယ် သွားဖူးတယ်လို့ ပြောကြသည်။

ဆွန်းမိုရဲ့ အခန်းဖော်တစ်ယောက်ကို ATMလို့တောင် နောက်ပြောင်ပြီး ခေါ်ခဲ့ကြသေးသည်။

ခြိုးခြံချွေတာပြီး သူကြိုက်တဲ့ မိန်းကလေးအတွက် အလှကုန်ပစ္စည်းနှင့် တံဆိပ် အိတ်တွေ ဝယ်ပေးဖို့အတွက် ပုံမှန်မဟုတ်တဲ့ အလုပ်တွေတောင် လုပ်ခဲ့သည်။ သူကတော့ ဆားနယ်ထားတဲ့ အသီးတွေနဲ့ ပေါင်မုန့် ရိုးရိုးတွေပဲ နေ့တိုင်းစားသည်။ နောက်ဆုံးတော့လည်း နာမည်ကြီး တံဆိပ်အိတ် ဝယ်ပေးဖို့အတွက် တစ်ခေါက်ပျက်သွားတာနဲ့ ပါးရိုက်ခံရပြီး ကို့ကိုယ်ကို ပြန်စဉ်းစားသုံးသပ်ဖို့အတွက် ဒူးထောက်ခဲ့ရသေးသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် အဆောင်နေဖက်ကတော့ စိတ်မဆိုးရုံသာမက နောက်လမှာ ဝယ်ပေးမယ်လို့ အာမခံခဲ့သေးသည်။ အဲဒီနောက်မှာတော့ ပိုက်ဆံလိုက်ချေးတော့သည်။ သူငယ်ချင်းတွေက မချေးတဲ့အခါ ဘက်ထရီသုံးကားကို ခိုးဖို့ လုပ်သဖြင့် လုံခြုံရေးက ဖမ်းမိသွားပြီးနောက် ကျောင်းထုတ်ခံလိုက်ရသည်။

ကောင်မလေးကတော့ လုံးဝ ဂရုမစိုက်ခဲ့ပါ။ တပတ်မပြည့်ခင် ချစ်သူအသစ် ရသွားသည်။

ဆွန်းမိုကတော့ ဖန်ဝူဂျီ ဒီလုပ်နေတာ မထိုက်တန်ဘူးလို့ တကယ် ခံစားမိသည်။

“မင်းလို ချောတဲ့ကောင်က ဘာသိမှာလဲ”

ဖန်ဝူဂျီက ဆွန်းမိုကို ဒေါသတကြီး စိုက်ကြည့်ပြီး အော်ဟစ်လိုက်သည်။ စိတ်ထဲမှာ စိတ်ပျက်မှုတွေပဲ ကြီးစိုးနေသည် ။

“ငါနှစ်တော်တော်ကြာအောင် နေထိုင်ခဲ့ပြီးပြီ။ ငါကျန်လီဆိုတဲ့ ချစ်သူတစ်ယောက်ပဲ ရှိတယ်။ အနည်းဆုံးတော့ အရင်က သူမ ငါ့ကို ချစ်ခဲ့သေးတယ်။

ဒီအချစ်ကို ကောင်းကောင်းမွန်မွန်လေး အဆုံးသတ်ချင်တယ်။ ငါ့လုပ်ရပ်က ဘာမှားနေလို့လဲ”

“မင်းကို ကြည့်အုံး၊ ငါတောင် မတိုက်ခိုက်ရသေးဘူး ထောင်သောင်းချီတဲ့ ပရိတ်သတ်တွေရှိတဲ့ မရီဒန် အကယ်ဒမီက အလှဘုရင်မက မင်းကို ကာကွယ်ပြီးသား ဖြစ်နေပြီ။ ငါ့လို ရုပ်ဆိုးတဲ့လူတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုကို မင်းနားမလည်ပါဘူး။ အချစ်ရဲ့ သဘောတရားကို မင်းမသိပါဘူးကွာ။ မင်းရွဲ့စောင်းပြောဖို့ပဲ သိတာပါကွာ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူဂျီက စောက်ပြစ်တင်လိုက်သည်။

အခန်း(၅၇၀) - မျက်နှာ ခွဲစိတ်မှု လုပ်ချင်လား။

"ငါ မဟုတ်ဘူး။ မင်းပဲ အဓိပ္ပါယ် မရှိတာပြောနေတာ။ ငါနဲ့ဆွန်းမိုက ဘာမှမဖြစ်ဘူး"

ကူရှပ်ရှင်း သုံးခါဆက်တိုက် ငြင်းလိုက်သည်။

"မင်းပြောတာကိုလည်း နားထောင်ကြည့်အုံး။ မင်း ဆွန်းမိုလို့ ခေါ်နေတာက သဘာဝကျကျ ဂရုစိုက်နေတဲ့ ပုံစံပဲ။ သူ့ကို ဆရာဆွန်းလို့ ခေါ်ရမှာ မဟုတ်ဘူးလား"

ဖန်ဝူဂျီက လှောင်ပြောင်သည်။ သူက နှံအချင် နုအမည် ဒါပေမယ့် မရှုးပါ။

"အမ်"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ကူရှုပ်ရှင်း အရမ်းအံ့အောသွားကာ စိတ်မလုံဘဲ ဆွန်းမိုကို တစ်ချက်ခိုးကြည့်လိုက်သည်။

“ဆရာကူ၊ အခုလက်ရှိ မင်းရဲ့ပုံစံကို ကျောင်းအုပ်ကြီးအန် မမြင်သွားရင် ပိုကောင်းမယ်။ စိတ်သဘောထား နည်းနည်းသေးရင် မင်းကို အိမ်ထောင်ရေး ဖောက်ပြန်တယ်ဆိုပြီး စွပ်စွဲလိမ့်မယ်”

လီဇီချီ တိတ်တိတ်လေး သက်ပြင်းချလိုက်သည်။

“ဘာဖြစ်လို့လဲ ငါရမ်းပြောတာ မှန်သွားလို့လား”

ဖန်ဝူဂျီက အေးစက်စက် ပြုံးလိုက်သည်။

“ဟွန့်၊ ဘာဖြစ်လို့ ငါ့စကားကို မငြင်းတာလဲ”

“အရင်ကတည်းက ဒီလိုမျိုးဆက်ဆံရေးမျိုး မရှိဘူး။ တကယ်ဆို အခုအချိန်ထိ ငါမချစ်ဖူးသေးဘူး”

ဆွန်းမို မှားယွင်းနေတယ်လို့ ခံစားနေရသည်။

(အရင်ဘဝမှာလည်း ဆင်းရဲလို့ အလယ်တန်းကျောင်းနှင့် အလယ်တန်းကောလိပ်တွေမှာ ခက်ခက်ခဲခဲ ပညာသင်ခဲ့ရတယ်။ တက္ကသိုလ်တက်တော့လည်း ပိုက်ဆံမရှိလို့ ရည်စားမထားနိုင်ဘူး)

ခေတ်သစ်မိန်းမတွေက စောစော ရင့်ကျက်ကြသည်။ သူမတို့အားလုံး ကောင်းမွန်တဲ့

ဘဝတစ်ခု လိုချင်ကြပြီး အဲဒီလို တတ်နိုင်တဲ့ ယောကျာ်းတွေနဲ့ပဲ ချိန်းတွေ့ချင်ကြသည်။

နာမည်ကြီးတံဆိပ် နှုတ်ခမ်းနီ တစ်ထောင့်နှင့် နာမည်ကြီး မျက်နှာပြုပြင်ဖို့ မျက်နှာဖုံး တစ်စုံဈေးနှုန်းက ဆွန်းမို လစာပေါင်းများစွာ တန်ဖိုးရှိသည်။ ဒီလောက်ကုန်ကျစရိတ်က အရေပြားအတွက် ခဏတာပဲ ရှိသေးသည်။

ထုံးစံအတိုင်း ငွေနောက်မလိုက်တဲ့ မိန်းကလေးတွေ ရှိကောင်းရှိနိုင်သည်။ ဒါပေမယ့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကတော့ တစ်ယောက်နဲ့မှ တွေ့ဖို့ ကံကြမ္မာ မပါခဲ့ပါ။

ဆွန်းမိုစကားကို ကြားပြီးနောက် လီဇီချီ မျက်လုံးတွေ အရောင် တဖျတ်ဖျတ် တောက်ပလာသည်။

"ဒါ အမှန်လား"

ကူရှူပ်ရှင်း ရင်ခုန်သံတွေ မြန်လာသည်။ ဆွန်းမို ဘယ်သူ့ကိုမှ မချစ်ဖူးသေးဘူးလား။ (ဒါဆို ငါက ပထမဆုံး ဖြစ်ခွင့်ရမှာ မဟုတ်လား)

.....

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

(ခဏနေအုံး ကူရှုပ်ရှင်း၊ မင်းဘာတွေ မျက်လုံးမှိတ်ပြီး လျှောက်တွေးနေတာလဲ)

(သူက အစ်မအန်နဲ့ စေ့စပ်ထားတဲ့လူလေ။ တမျိုးစဉ်းစားရင် မင်းခဲအိုလို့ ပြောလို့ရတယ်)

"အမ်"

ဖန်ဂူဂျီ အံ့အောသွားသည်။ ဆွန်းမို မကျေမနပ် ဖြစ်နေတဲ့ အမူအရာကိုမြင်ပြီး လက်ဆန့်ပြီး ဆွန်းမိုပခုံးကို ပုတ်လိုက်သည်။

(ငအ၊ ငါ့ကို သနားနေတာလား။ မင်းက ငါ့ကို သနားနေတာ ဟုတ်လား)

ဆွန်းမိုက လက်သီး တင်းတင်းဆုပ်ထားသည်။ ဖန်ဝူဂျီ မျက်နှာကို တကယ်ပဲ ပစ်ထိုးပစ်လိုက်ချင်သည်။ (မခန့်လေးစား အစာကွင်းဆက်ထဲမှာ မင်းလို အချစ်ရူးနဲ့ ယှဉ်လိုက်ရင် ငါကအဆင့်ပိုမြင့်တယ် ဟုတ်ပြီလား)

"အရင်က နမ်းဖူးတယ်"

ဖန်ဝူဂျီက ရုတ်တရက် ထပြောလိုက်သည်။

"အမ်"

ဆွန်းမို မှင်တက်သွားပြီး စိတ်မလုံ ဖြစ်သွားသည်။ သူ့မှာ ဒီလို အတွေ့အကြုံမျိုး တစ်ခါမှ မရှိပါ။

ဖန်ဝူဂျီက ပြန်တမ်းတတဲ့ အမူအရာ ထုတ်ဖော်လိုက်သည်။ သူ့အမူအရာက ကြည်နူးခြင်းတွေနဲ့ ပြည့်နှက်နေသည်။

“မွေးကတည်းက ရုပ်ဆိုးလို့ မိန်းကလေးတွေ မပြောနဲ့ ယောကျာ်းလေးတွေတောင် ငါနဲ့ မကစားချင်ကြဘူး။ ကျောင်းပြီးသွားရင် ပိုအဆင်ပြေမယ်လို့ ထင်ခဲ့ပေမယ့် မိန်းကလေးတွေကို လိုက်တဲ့အခါ သုံးကြိမ် အငြင်းခံရတယ်”

ဖန်ဝူဂျီက မချိပြုံး ပြုံးလိုက်သည်။

ရုပ်ဆိုးတဲ့လူတွေက အချစ်နဲ့ မထိုက်တန်ဘူး။ ဒီစကားက ဟာသသက်သက် မဟုတ်ခဲ့ပါ။

"နောက်ဆုံး အချစ်တွေကို စွန့်လွှတ်ပြီး သင်ကြားရေးအပေါ်ပဲ အပြည့်အဝ အာရုံစိုက်ခဲ့တယ်။ မရီဒန်အကယ်ဒမီမှာ ကျန်လီနဲ့ မတွေ့ခင်အထိ ဆိုပါတော့။ အဲဒီနောက်မှာ တစ်ယောက်ယောက်ဆီက ဂရုစိုက် ၊ အလေးထားခံရတဲ့ ခံစားချက်ကို ပထမဆုံး သိလာတယ်။ အဖက်ခံရတဲ့ ခံစားချက်

အရမ်းနူးညံ့တယ်။ အနမ်းခံရတဲ့ခံစားချက်က အရမ်းချိုမြိန်တယ်”

ဖန်ဝူဂျီ ပြုံးနေသည်။ အဲဒီတုန်းက တကယ်ပျော်ခဲ့ရသည်။ ဒါပေမယ့် အမှတ်တရတွေကို ပြန်စဉ်းစားမိတဲ့အခါမှာ ပိုကြေကွဲလာသည်။

“ကောင်းကင်ဘုံ ငါရောက်တဲ့ အချိန်ဆိုတာ ချစ်မိနေတဲ့အချိန်ပဲ ဖြစ်လိမ့်မယ်”

ကူရှုပ်ရှင်းသည် ဒီစကားကို ကြားလိုက်လျှင် အရမ်း ဝမ်းနည်းသွားသည်။ ကျန်လီက ကျောင်းမှာအလုပ်ရချင်လို့ သူ့ရည်းစား

ဖြစ်ခဲ့တယ်ဆိုတာ တကယ်ကို ပြောထုတ်လိုက်ချင်သည်။ ဒါပေမယ့်လည်း ဖန်ဝူဂျီရဲ့ အမူအရာကိုမြင်ပြီး ကူရှုပ်ရှင်းသည် သူ့ရဲ့လှပတဲ့ အမှတ်တရတွေကို မဖျက်ဆီး ရက်တော့ပါ။

“မင်းတို့နှစ်ယောက် ဟိုနားမှာ သွားကစားကြ”

ဆွန်းမိုက မောင်းထုတ်လိုက်သည်။ ဒီလိုအကြောင်းအရာတွေက လီဇီချီနှင့်လုချီဟွာတို့ မနားထောင်သင့်ဘူးလို့ သူထင်သည်။

နှစ်ယောက်သား လန့်ဖြန့်သွားပေမယ့် မထွက်သွားချင်ကြပါ။ ဒီလို အတင်းအဖျင်းတွေက နားထောင်လို့ ကောင်းသည်။

ညောင်ပင်အနောက်မှာ ပုန်းနေတဲ့ မိုင်ဇီယူလည်း ရင်ထဲ မထိပါ။ သူမက အချစ်ရဲ့ အရသာကို တစ်ခါမှ မမြည်းစမ်းဖူးသေးပါ။

ဒါပေမယ့် အဝေးမှာ လက်နှစ်ဖက် အနောက်ပစ်ပြီး ရပ်နေတဲ့ မာကျန်းကတော့ ဒီစကားကို ကြားလိုက်လျှင် သက်ပြင်း ခပ်လေးလေး လေး ချလိုက်မိသည်။

ငယ်တဲ့အချိန်မှာ အချစ်ကို မရှုးသွပ်ဖူးဘူးလို့ ဘယ်သူပြောရဲလဲ။

ယောကျာ်းတွေက အချစ်ရူးကြပေမယ့် နောက်ဆုံးမှာ ကြီးထွားပြီး ရင့်ကျက်လာကြသည်။

“အိပ်မက်က နိုးဖို့ အချိန်တန်ပြီ”

ဆွန်းမိုက နှုတ်ခမ်း ကွေးလိုက်သည်။

“ကျန်လီအတွက် ဒါတွေ အကုန်လုံး လိုက်လုပ်ပေးနေတာ ထိုက်တန်လို့လား”

“သေဆုံးသွားတဲ့ ငါ့အချစ်တွေကို ပြန်သတိရနေနိုင်မယ့် နည်းလမ်းတစ်ခုပဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူဂျီက ရက်ရက်စက်စက် သက်ပြင်းချလိုက်သည်။

"မင်းက ချောင် ဆိုတဲ့ သေတဲ့အထိ ချစ်သွားမယ် ဆိုတဲ့ သီချင်းဆိုနေတယ် ထင်နေတာလား"

အချစ်သေဆုံးခြင်း အခမ်းအနားတွေဘာတွေ လုပ်ပေးရင်ကောင်းမလားလို့ ဆွန်းမို မျက်လုံးပြူးပြီး စဉ်းစားလိုက်သည်။ (မင်းက အချစ်ရူးလေးပဲ။ မင်းအချစ်နဲ့ မထိုက်တန်ဘူးဆိုတာ နားမလည်ဘူးလား)

"ချောင်က ဘယ်သူလဲ ။ သူကလည်း အချစ်ရူးပဲလား"

ဖန်ဝူဂျီက သူ့ကိုယ်သူ လှောင်ပြောင်ပြီး ရယ်မောလိုက်သည်။

"မဟုတ်ဘူး၊ သူက ဘ၀ အောင်နိုင်သူ။ သူက အရမ်းအရည်အချင်း ရှိရုံသာမက တော်တော်လေး လှတဲ့ မိန်းမတစ်ယောက်နဲ့လည်း အိမ်ထောင်ကျခဲ့တယ်"

ဆွန်းမိုက စကားလုံးတွေကို စဉ်းစားနေသည်။ ကျန်လီက တကယ်ပဲ မထိုက်တန်တဲ့အကြောင်း ဖန်ဝူဂျီကို ဖျောင်းဖျဖို့အတွက် လက်မလျှော့ချင်ပါ။

"ဆရာဆွန်း ၊ဒါတွေကို ငါ့အတွက်ကြောင့် ပြောနေမှန်း ငါသိပါတယ်။ မင်း စိတ်ပူပေးလို့လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါ့ဘဝက အမြဲတမ်း ဒီလိုပဲ ဖြစ်နေမှာပဲ"

ဖန်ဝူဂျီ လက်သီးဆုပ်ပြီး လှည့်ထွက်သွားသည်။

"ကျန်လီကို ပြန်မလိုက်ချင်ဘူးလား"

ဆွန်းမိုက ရုတ်တရက် ပြောလိုက်သည်။

ဖန်ဝူဂျီရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားသည်။

"အရည်အချင်းအရ ပြောရရင် မင်းက ချင်လင်ကျောက်စိမ်းအမွှာထဲက တစ်ယောက်ပဲ။ နောက်ခံအရပြောရရင် မင်းက သာမန်မိသားစုက ဆိုပေမယ့် မင်းမှာ ခွန်အားရှိတော့ မင်းကို အလားအလာရှိတဲ့ လူတစ်ယောက်လို့ သတ်မှတ်လို့ရတယ်။ နောင်ဆိုရင်လည်း အဆင့်မြင့်တဲ့ မြတ်ဆရာတစ်ယောက် ဖြစ်လာပြီး အရမ်းချမ်းသာကာ အဆင့်အတန်းလည်း မြင့်လာအုံးမယ်။ သူမကို စွန့်လွှတ်ဖို့ ရွေးချယ်ရတဲ့

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

အကြောင်းပြချက် အများစုက မင်းရုပ်ဆိုးလို့ နိမ့်ကျတယ် ထင်တာ မဟုတ်လား”

ဆွန်းမိုက ပြုံးပြီး ပြောလိုက်သည်။

“ဒါဆို မျက်နှာခွဲစိတ်မှု လုပ်ချင်လား”

သူ့လေသံက ယုံကြည်မှု ပြည့်နှက်နေသည်။

“ဘာ”

ဖန်ဝူဂျီ နားမလည်ပါ။ မျက်နှာ ခွဲစိတ်မှု ဟုတ်လား။ ဒီစကားလုံးတွေက ရုပ်ရည်ပြောင်းလဲမှုနဲ့ တစ်စုံတစ်ခု ပက်သက်နေမှန်းတော့ နားလည်သည်။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး အောင်မြင်နိုင်မှာလဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"မင်းက ရုပ်ဆိုးလို့ ကျန်လီကို ဆက်မလိုက်ရဲဘူးဆိုရင် မင်းကို ရုပ်ချောတဲ့ ကောင်ဖြစ်အောင် ပြောင်းလဲပေးနိုင်ပါတယ်။ မဟုတ်သေးဘူး တော်တော်လေး ချောတဲ့ကောင်"

ဆွန်းမိုက ဗျူဟာ ပြောင်းလိုက်သည်။ ဖန်ဝူဂျီ ကိုယ်တိုင် အရှုံးမပေးသ၍ အရာအားလုံး အဆင်ပြေသည်။ ကျန်လီစရိုက်နဲ့ ပက်သက်လျှင် အရာအားလုံးကို အချိန်တစ်ခုယူပြီး ဖန်ဝူဂျီကို ဖြည်းဖြည်းခြင်း ဆွဲထုတ်ပြလို့ ရသည်။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူဂျီက ဆွန်းမိုကို မယုံကြည်နိုင်တဲ့ အမူအရာနဲ့ ငေးကြည့်နေသည်။

သူကလည်း မာနကြီးတဲ့ လူတစ်ယောက်ပါ။ အကယ်ဒမီတစ်ခုရဲ့ ဒုကျောင်းအုပ်ကြီးသားဆိုတဲ့ အခွင့်အာဏာကိုကြောက်လို့ လက်လွှတ်ပေးခဲ့တာ မဟုတ်ပေ။ သူ့ရဲ့ ချမ်းသာမှုကြောင့်လည်း မဟုတ်ပါ။ ဒါက သူ့ရုပ်ရည်ကြောင့်သာ ဖြစ်ပြီး ကျန်လီရဲ့ အလားအလာကိုလည်း မနှောင့်နှေးစေချင်ခဲ့ပါ။

(ချစ်လို့ အနစ်နာခံခဲ့တာ)

ပြုံင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

“တခြားသူတွေ မလုပ်နိုင်ပေမယ့် ငါ့ဆရာကတော့ သေချာပေါက် လုပ်နိုင်တယ်”

လုချီဟွာက ခါးပေါ် လက်နှစ်ဘက်တင်ကာ ဂုဏ်ယူဝံ့ကြွားတဲ့ အမူအရာနဲ့ ပြောလိုက်သည်။

(ငါ့ဆရာမှာ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတဲ့ နတ်ဘုရားလက်တစ်စုံ ရှိတယ်)

“လူတွေကို မျက်နှာလွှဲစိတ်မှု မလုပ်ပေးဖြစ်တာက လူတစ်ယောက်ရဲ့ တန်းဖိုကို သူတို့အရည်အချင်းနဲ့ မြင့်မြတ်တဲ့ စိတ်ထားအပေါ် ဆုံးဖြတ်တယ် ထင်လို့ပဲ။ ရုပ်ရည်ဆိုတာကလည်း ပြင်ပအရာလေး တစ်ခုပါပဲ။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဒါပေမယ့် မင်းအတင်းတောင်းဆိုရင် ငါလုပ်ပေးနိုင်တယ်”

ဆွန်းမိုက ဖန်ဝူဂျီကို လေးလေးနက်နက် ကြည့်ပြီး ပြောလိုက်သည်။

ဘီး,,,,,,

မြတ်ဆရာအရှိန်အဝါ ထွက်ပေါ်လာပြီး ဒီနေရာ တစ်ခုလုံး လင်းထိန်းသွားသည်။

“တန်ဖိုးဖြတ်မရတဲ့ အကြံပြုချက်”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မာကျန်း အနောက်မှာရပ်နေတဲ့ ဆွန်းရှောင်လျို ထိတ်လန့်သွားသည်။ ဆွန်းမိုရဲ့ လောကပေါ်အမြင်က တော်တော်လေး အထင်ကြီးဖို့ ကောင်းသည်။

"အင်း၊ မြင့်မြတ်တဲ့စိတ်ထားပဲ။ စကားပြောကောင်းတယ်"

မာကျန်းသည် မှတ်ဆိတ်မွှေးကို သပ်နေပြီး ချီးကျူးမှု အပြည့်နဲ့ ပြုံးနေသည်။

ဒင်

မာကျန်း၏ လေးစားအထင်ကြီးမှု +၁၀၀၊ ရင်းနှီး(၂၀၀/၁,၀၀၀)

"စကားပြော အရမ်းကောင်းတယ်"

မိုင်ဇီယူက ဆွန်းမိုကို စိုက်ကြည့်လိုက်သည်။ နေရောင်တွေ ဖြာကျနေသသဖြင့် သူ့ပုံစံက သန့်စင်ပြီး မြင့်မြတ်ကာ သူတော်စင် တစ်ယောက်အလား ဖြစ်နေသည်။

ကူရှုပ်ရှင်းသည် မျက်လုံးပြူးပြီး ဒီဖြစ်စဉ်တွေကို ကျင့်သားရနေပြီ။ ဆွန်းမိုက နှစ်ရက်သုံးရက် တစ်ကြိမ် ရွှေစကားတွေ မထွက်လာမှပဲ ထူးဆန်း နေလိမ့်မည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဖန်ဝူဂျီ မေးခွန်း ထုတ်ခံလိုက်ရသည် ။ အရှိန်အဝါရဲ့ လွှမ်းမိုးမှုကြောင့်လည်း အတွေးထဲ နစ်မျောသွားသည်။

ဆွန်းမို စကားတွေက အရမ်းမှန်သည်။ လူတစ်ယောက်က မွန်မြတ်လား၊ မမွန်မြတ်ဘူးလားဆိုတာကို သူတို့ အရေပြားအစား စိတ်ထားကို ကြည့်ရမည်။ ဒါပေမယ့် ဖန်ဝူဂျီသည် ရုပ်ဆိုးလူတစ်ယောက်အနေနဲ့ ငယ်ငယ်လေးကတည်းက အခုချိန်အထိ ခွဲခြား ဆက်ဆံ ခံနေရသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

တကယ်တော့ ဖန်ဝူဂျီသည် သူ့ရုပ်ရည်ကြောင့် ဘဝပြောင်းနိုင်တဲ့ အခွင့်အရေး အများကြီး ဆုံးရှုံးခဲ့ရသည်၊ ဥပမာပြောရလျှင် ကျော်ကြားတဲ့ မြတ်ဆရာ မျိုးရိုးကဆင်းသက်လာတဲ့ မြတ်ဆရာတစ်ယောက်ရဲ့ လက်အောက် သင်ကြားဖို့အတွက် မဝင်ရောက်နိုင်ခဲ့ပါ။

အခုလက်ရှိ ကိုယ်ပိုင်ဆရာကတော့ သူ့ကို အထင်သေးခြင်းမရှိဘဲ တပြည့်အဖြစ်လက်ခံခဲ့သည်။

ဒါပေမယ့် အခုလက်ရှိဆရာရဲ့ စွမ်းဆောင်ရည်က နိမ့်ကျတယ်ဆိုတာ ဝန်ခံရမည်။

ထုံးစံအတိုင်း ဖန်ဝူဂျီသည် သူ့ဆရာကို အရမ်းကျေးဇူးတင်နေသေးသည်။ ဒါပေမယ့် အနည်းငယ်ချောခဲ့ရင် အငြင်းခံရမှာ မဟုတ်ဘူးလို့ တွေးနေမိသည်။

“ဆရာဖန်၊ မျက်နှာခွဲစိတ်မှုနဲ့ ပက်သက်ပြီး ဝေခွဲရ ခက်နေစရာ မလိုဘူး။ ဒါက မင်းအရေပြား ပြောင်းလဲသွားတာပဲ ရှိမယ်၊ မင်းစိတ်ဝိညာဉ် ပြောင်းလဲသွားမှာ မဟုတ်ဘူး”

ဖန်ဝူဂျီ တစ်ယောက် ဆုံးဖြတ်ရခက်နေတာကို ကူရှုပ်ရှင်းက ဖျောင်းဖျလိုက်သည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆွန်းမိုကတော့ စကားထပ်မပြောတော့ပါ။ ဖန်ဝူဂျီ ဘယ်လိုပဲ ရွေးချယ်ပါစေ ဒါက သူ့ဆုံးဖြတ်ချက်ပါ။

"ဆရာ၊ ဆွန်းမိုက လူတစ်ယောက်ရဲ့ ပုံစံကို ပြောင်းလဲပေးနိုင်လို့လား"

ဆွန်းရှောင်လျို သိချင်လာသည်။

"သူ့ကို ဆရာဆွန်းလို့ ခေါ်ပါ။

မာကျန်းက ဆူပူကြိမ်းမောင်းလိုက်သည်။ သူ့ဆရာ ဒီလို တင်းတင်းကြပ်ကြပ် လုပ်တာမျိုး ရှားသည်။ နောက်ဆုံးတော့ သူ့ဆရာက သူ့ကို

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ဆူပူကြိမ်းမောင်းတော့မည်။ ဒါကြောင့် သူက မနာခံရဲပဲ ခေါင်းငုံ့လိုက်သည်။

“မင်းပြောတဲ့အတိုင်း ငါလုပ်မယ်”

ဖန်ဝူဂျီက လက်မလျှော့ဖို့ ပြောနေတာများ ဖြစ်နေမလား”

မာကျန်း ခန့်မှန်းလိုက်သည်။ အချိန်တော်တော် ကြာအောင် ပိုကြည့်မှ အခြေအနေတစ်ခုလုံးကို နားလည်သွားသည်။

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

မျက်နှာ ခွဲစိတ်မှုနဲ့ ပက်သက်ပြီးတော့လား။

ဒီသဘောတရားကို တစ်ခါမှ မကြားဖူးပါ။ ရုပ်ဖျက်ခြင်းကတော့ အစဉ်အလာနဲ့ ဆန့်ကျင်နေသဖြင့် လူတိုင်း မျက်မှောင်ကြုတ်နေကြသည်။

ဒါဆိုရင် သာမန်လူတွေက ဘာဖြစ်လို့ ရုပ်ဖျက်နေကြတာလဲ။ အမှောင်ရိပ်ထဲတွင် လျှို့ဝှက်တဲ့ ဒုစရိုက်မှု လုပ်ဖို့လား။

“ဆရာဖန်၊ သက်တောင့်သက်သာ ဖြစ်အောင် စိတ်လျှော့ထား။”

လီဇီချီက နှစ့်သိမ့်လိုက်သေးသည်။ ဖန်ဝူဂျီရဲ့ အကြောင်းအရာတွေကို အရင်ကတည်းက စုံစမ်းထားခဲ့သည်။ ဆင်းရဲတဲ့ ကျောင်းသားတွေကို ထောက်ပံ့ဖို့အတွက် လူ့လစာကို လတိုင်း လှူဒါန်းနေခဲ့တယ်ဆိုတာ သိခဲ့ရသည်။

ဒီလို လူကောင်းတစ်ယောက်က ဒီလို ဖြစ်မနေသင့်ပါ။

"ဆရာဖန်၊ မင်းရဲ့ စိတ်ဝိညာဉ်က အရမ်းလှတယ်လို့ ခံစားလိုက်ရတယ်။ မျက်နှာခွဲစိတ်မှု

မလုပ်ရင်တောင် မင်းက ငါ့အတွက် ချောမောတဲ့ကောင်လေးလို့ သတ်မှတ်တယ်”

“ဟား ဟား ၊ ငါက ချောတဲ့ ကောင်လေးဆိုရင် မင်းဆရာကကော”

လုချီဟွာ ဘယ်လောက် စိတ်ရင်းကောင်းတယ်ဆိုတာ ကြားလိုက်သဖြင့် ဖန်ဝူဂျီက အလိုလို စနောက်လိုက်မိသည်။

“ငါ့ဆရာနဲ့တော့ ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ”

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

လုချီဟွာက မစဉ်းစားဘဲ တန်းဖြေချလိုက်သည်။ သူမရဲ့ ဟန်ပန်အမူအရာနှင့် လေသံက အမှန်တရား တစ်ခုကို ပြောလိုက်သလိုပဲ။

“.....”

ကူရှုပ်ရှင်းနှင့် လီဇီချီသည် ရုတ်တရက် ချွေးတွေပြန်လာကာ ရှက်ပြီး သေချင်စိတ် ပေါက်လာသည်။

(ဒါက အမှန်ဆိုပေမယ့် သဘော်သီးမိန်းကလေး မင်း ဒီလောက်တော့ မတုံးအ သင့်ဘူးမဟုတ်လား)

(သေတဲ့အထိ နှိပ်စက်နေတာလား)

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

"ဟားဟား"

ဖန်ဝူဂျီက ရယ်မောလိုက်သည်။ ဒါက တကယ်ကို ဖြူစင်ပြီး အပြစ်ကင်းတဲ့ ကလေးမလေးပါ။ မနေနိုင်ဘဲ လုချီဟွာခေါင်းကို ပုတ်ဖို့ လုပ်လိုက်သည်။

ဖောက်

လုချီဟွာက ခေါင်းကို လက်နှစ်ဖက်နဲ့ ကာလိုက်သည်။

(ငါ့ဆရာတစ်ယောက်ပဲ ငါ့ခေါင်းကို ထိလို့ရမယ်။ အမ်၊ ငါ့အဖေရောပဲ)

"မင်း စဉ်းစားပြီးပြီလား"

ဆွန်းမို အမူအရာနဲ့ လေသံက လေးနက်လာသည်။

“ဟုတ်တယ်။ မျက်နှာခွဲစိတ်မှု လုပ်ချင်တဲ့ အကြောင်းပြချက်က ကျန်လီကြောင့် ပိုချောချင်တာ မဟုတ်ဘူး။ ငါ့ကြောင့် ငါ့တပြည့်တွေကို သူတစ်ပါး အထင်သေးတာမျိုး မဖြစ်စေချင်လို့”

ဖန်ဝူဂျီက ပြုံးပြီး ပြောလိုက်သည်။

“အို ဟုတ်ပြီ။ ငါ့ကို အရမ်းချောနေအောင် လုပ်ပေးစရာ မလိုဘူး။ ပုံမှန် ကြည့်ကောင်းတယ်ဆိုရင် ငါပျော်ပြီ။ အချစ်အတွက်ကတော့ ..... ငါ့ရုပ်ရည်ကြောင့်

ပြိုင်ဘက်ကင်းဆရာကြီး (ဘာသာပြန်ဟာရီကိန်း)

ငါ့ကိုစိတ်မပျက်ဘဲ ချစ်တဲ့မိန်းကလေး ရှာတွေ့နိုင်ရင်ရပြီ”

“ပြဿနာ မရှိဘူး”

ဆွန်းမိုက လက်ချောင်းတွေကို လှေ့ကျင့်လိုက်သည်။

“မင်းက ဟစ်ပိုတစ်ကောင်ရဲ့ မျက်နှာလိုချင်ရင်တောင် မင်းအတွက် ငါလုပ်ပေးနိုင်တယ်”

“ငါ သံသယ မရှိဘူး”

ဖန်ဝူဂျီက ရယ်မောလိုက်သည်။ သူ့အရမ်း တည်ငြိမ်နေသည်။

“ငါလည်း ချင်လင်ကဆိုတာ မမေ့ပါနဲ့ နတ်ဘုရားလက်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဂုဏ်သတင်းကို ကြားဖူးနေတာ ကြာပြီ”